Holy Bible

Aionian Edition®

မြန်မာယုဒသန်သမ္မာကျမ်း

Myanmar Burmese Judson Text

AionianBible.org

ဤသည်မှာ ဟီဘရူးနှင့် ဂရိဘာသာသို့ ပြန်ဆိုထားသည့် ကမ္ဘာ့ပထမဆုံးသော သန့်ရှင်းသော သမ္မာကျမ်းစာဖြစ်သည်။

၁၀၀% အခမဲ့ ကူးယူ ပုံနှိပ်နိုင်သည်။

ခရမ်းရောင် သမ္မာကျမ်းစာဟုလည်း လူသိများသည်။

Holy Bible Aionian Edition ®

မြန်မာယုဒသန်သမ္မာကျမ်း
Myanmar Burmese Judson Text

Creative Commons Attribution 4.0 International, 2018-2024
Source text: eBible.org
Source version: 8/25/2024
Source copyright: Public Domain
Adoniram Judson, Jr., 1835

Formatted by Speedata Publisher 4.19.20 (Pro) on 9/5/2024
100% Free to Copy and Print
TOR Anonymously
https://AionianBible.org

Published by Nainoia Inc
https://Nainoia-Inc.signedon.net

We pray for a modern Creative Commons translation in every language
Translator resources at https://AionianBible.org/Third-Party-Publisher-Resources
Report content and format concerns to Nainoia Inc
Volunteer help is welcome and appreciated!

Celebrate Jesus Christ's victory of grace!

နိဒါန်း

မြန်မာဘာသာ at AionianBible.org/Preface

The *Holy Bible Aionian Edition* ® is the world's first Bible *un-translation*! What is an *un-translation*? Bibles are translated into each of our languages from the original Hebrew, Aramaic, and Koine Greek. Occasionally, the best word translation cannot be found and these words are transliterated letter by letter. Four well known transliterations are *Christ*, *baptism*, *angel*, and *apostle*. The meaning is then preserved more accurately through context and a dictionary. The Aionian Bible un-translates and instead transliterates eleven additional Aionian Glossary words to help us better understand God's love for individuals and all mankind, and the nature of afterlife destinies.

The first three words are *aiōn*, *aiōnios*, and *aïdios*, typically translated as *eternal* and also *world* or *eon*. The Aionian Bible is named after an alternative spelling of *aiōnios*. Consider that researchers question if *aiōn* and *aiōnios* actually mean *eternal*. Translating *aiōn* as *eternal* in Matthew 28:20 makes no sense, as all agree. The Greek word for *eternal* is *aïdios*, used in Romans 1:20 about God and in Jude 6 about demon imprisonment. Yet what about *aiōnios* in John 3:16? Certainly we do not question whether salvation is eternal! However, *aiōnios* means something much more wonderful than infinite time! Ancient Greeks used *aiōn* to mean *eon* or *age*. They also used the adjective *aiōnios* to mean *entirety*, such as *complete* or even *consummate*, but never infinite time. Read Dr. Heleen Keizer and Ramelli and Konstan for proofs. So *aiōnios* is the perfect description of God's Word which has *everything* we need for life and godliness! And the *aiōnios* life promised in John 3:16 is not simply a ticket to eternal life in the future, but the invitation through faith to the *consummate* life beginning now!

The next seven words are *Sheol*, *Hadēs*, *Geenna*, *Tartaroō*, *Abyssos*, and *Limnē Pyr*. These words are often translated as *Hell*, the place of eternal punishment. However, *Hell* is ill-defined when compared with the Hebrew and Greek. For example, *Sheol* is the abode of deceased believers and unbelievers and should never be translated as *Hell*. *Hadēs* is a temporary place of punishment, Revelation 20:13-14. *Geenna* is the Valley of Hinnom, Jerusalem's refuse dump, a temporal judgment for sin. *Tartaroō* is a prison for demons, mentioned once in 2 Peter 2:4. *Abyssos* is a temporary prison for the Beast and Satan. Translators are also inconsistent because *Hell* is used by the King James Version 54 times, the New International Version 14 times, and the World English Bible zero times. Finally, *Limnē Pyr* is the Lake of Fire, yet Matthew 25:41 explains that these fires are prepared for the Devil and his angels. So there is reason to review our conclusions about the destinies of redeemed mankind and fallen angels.

The eleventh word, *eleēsē*, reveals the grand conclusion of grace in Romans 11:32. Take the time to understand these eleven words. The original translation is unaltered and a note is added to 64 Old Testament and 200 New Testament verses. To help parallel study and Strong's Concordance use, apocryphal text is removed and most variant verse numbering is mapped to the English standard. We thank our sources at eBible.org, Crosswire.org, unbound.Biola.edu, Bible4u.net, and NHEB.net. The Aionian Bible is copyrighted with creativecommons.org/licenses/by/4.0, allowing 100% freedom to copy and print, if respecting source copyrights. Check the Reader's Guide and read online at AionianBible.org, with Android, and TOR network. Why purple? King Jesus' Word is royal… and purple is the color of royalty!

History

မြန်မာဘာသာ at AionianBible.org/History

04/15/85 - Aionian Bible conceived as B. and J. pray.
12/18/13 - Aionian Bible announced as J. and J. pray.
06/21/15 - Aionian Bible birthed as G. and J. pray.
01/11/16 - AionianBible.org domain registered.
06/21/16 - 30 translations available in 12 languages.
12/07/16 - Nainoia Inc established as non-profit corporation.
01/01/17 - Creative Commons Attribution No Derivatives 4.0 license added.
01/16/17 - Aionian Bible Google Play Store App published.
07/01/17 - 'The Purple Bible' nickname begins.
07/30/17 - 42 translations now available in 22 languages.
02/01/18 - Holy Bible Aionian Edition® trademark registered.
03/06/18 - Aionian Bibles available in print at Amazon.com.
10/20/18 - 70 translations now available in 33 languages.
11/17/18 - 104 translations now available in 57 languages.
03/24/19 - 135 translations now available in 67 languages.
10/28/19 - Aionian Bible nursed as J. and J. pray.
10/31/19 - 174 translations now available in 74 languages.
02/22/20 - Aionian Bibles available in print at Lulu.com.
05/25/20 - Illustrations by Gustave Doré, La Grande Bible de Tours, Felix Just.
08/29/20 - Aionian Bibles now available in ePub format.
12/01/20 - Right to left and Hindic languages now available in PDF format.
03/31/21 - 214 translations now available in 99 languages.
11/17/21 - Aionian Bible Branded Leather Bible Covers now available.
12/20/21 - Social media presence on Facebook, Twitter, LinkedIn, YouTube, etc.
01/01/22 - 216 translations now available in 99 languages.
01/09/22 - StudyPack resources for Bible translation study.
02/14/22 - Strong's Concordance from Open Scriptures and STEPBible.
02/14/23 - Aionian Bible published on the TOR Network.
12/04/23 - Eleēsē added to the Aionian Glossary.
02/04/24 - 352 translations now available in 142 languages.
05/01/24 - 370 translations now available in 164 languages.
08/05/24 - 377 translations now available in 166 languages.
08/18/24 - Creative Commons Attribution 4.0 International, if source allows.

မာတိကာ

ဓမ္မဟောင်းကျမ်း

ကမ္ဘာဦး 11
ထွက်မြောက်ရာ 91
ဝတ်ပြုရာ 155
တောလည်ရာ 198
တရားဟောရာ 262
ယောရှု 319
တရားသူကြီးမှတ်စာ 355
ရုသ 392
၁ ဓမ္မရာဇဝင် 398
၂ ဓမ္မရာဇဝင် 449
၃ ဓမ္မရာဇဝင် 491
၄ ဓမ္မရာဇဝင် 539
၁ ရာဇဝင်ချုပ် 584
၂ ရာဇဝင်ချုပ် 626
ဧဇရ 678
နေဟမိ 693
ဧသတာ 714
ယောဘ 726
ဆာလံ 768
သုတ္တံကျမ်း 882
ဒေသနာ 919
ရှောလမုန်သီချင်း 932
ဟေရှာယ 939
ယေရမိ 1023
မြည်တမ်းစကား 1114
ယေဇကျေလ 1122
ဒံယေလ 1198
ဟောရှေ 1222
ယောလ 1235
အာမုတ် 1240
ဩဗဒိ 1250
ယောန 1252
မိက္ခာ 1255
နာဟုံ 1262
ဟဗက္ကုတ် 1265
ဇေဖနိ 1269
ဟဂ္ဂဲ 1273
ဇာခရိ 1276
မာလခိ 1290

ဓမ္မသစ်ကျမ်း

မဿဲ 1297
မာကု 1353
လုကာ 1388
ယောဟန် 1448
တမန်တော်ဝတ္ထု 1494
ရောမ 1552
၁ ကောရိန္သု 1578
၂ ကောရိန္သု 1603
ဂလာတိ 1620
ဧဖက် 1629
ဖိလိပ္ပိ 1638
ကောလောသဲ 1645
၁ သက်သာလောနိတ် 1651
၂ သက်သာလောနိတ် 1657
၁ တိမောသေ 1660
၂ တိမောသေ 1667
တိတု 1672
ဖိလေမုန် 1675
ဟေဗြဲ 1677
ယာကုပ် 1696
၁ ပေတရု 1703
၂ ပေတရု 1710
၁ ယောဟန် 1714
၂ ယောဟန် 1721
၃ ယောဟန် 1722
ယုဒ 1723
ဗျာဒိတ်ကျမ်း 1725

နောက်ဆက်တွဲ

စာဖတ်သူလမ်းညွှန်
ခက်ဆစ်
မြေပုံများ
ဖူးစာ
သရုပ်ဖော်ပုံများ, Doré

ဓမ္မဟောင်းကျမ်း



ထိုသို့ လူ ကို နှင်ထုတ် ပြီးလျှင်၊ အသက် ပင် လမ်း ကို စောင့်ရှောက် စေခြင်းငှါ၊
မီး စင်လက်နက်နှင့်တကွ ခေရုဗိမ် တို့ကို ဥယျာဉ် အရှေ့ ဘက်၌ ထား တော်မူ၏။
ကမ္ဘာဦး ၃:၂၄

၁ အစ အဦး၌ ဘုရားသခင် သည် ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူ၏။ ၂ မြေကြီး သည်အဆင်း သဏ္ဌာန်မရှိ၊ လွတ်လပ် လဟာဖြစ်၏။ နက်နဲ ရာအရပ် ကို မှောင်မိုက် ဖုံးလွှမ်း၍ ဘုရားသခင် ၏ ဝိညာဉ် တော်သည် ရေ မျက်နှာပြင် ပေါ် မှာ လှုပ်ရှား တော်မူ၏။ ၃ ဘုရား သခင်ကလည်း အလင်း ဖြစ်စေ ဟု အမိန့် တော်ရှိ၍ အလင်း ဖြစ်လေ၏။ ၄ ထို အလင်း ကောင်း သည်ကို ဘုရား သခင်မြင် ၍ ၊ အလင်း နှင့် မှောင်မိုက် ကိုပိုင်းခြား ခွဲထားတော်မူ၏။ ၅ အလင်း ကို နေ့ဟူသောအမည်ဖြင့်၎င်း ၊ မှောင်မိုက် ကို ညဉ့် ဟူသောအမည်ဖြင့်၎င်း ၊ ခေါ်ဝေါ် သမုတ် တော်မူ၍ ည ဦးနှင့် နံနက် သည် ပဌမ နေ့ရက် ဖြစ် လေ၏။ ၆ တဖန် ဘုရားသခင် က ရေ အလယ် ၌ မိုဃ်း မျက်နှာကြက်ဖြစ် စေ၊ ရေ နှင့် ရေ ချင်း ခြားနား စေဟု အမိန့် တော်ရှိသဖြင့်၊ ၇ မိုဃ်း မျက်နှာကြက်ကို ဘုရား သခင်ဖန်ဆင်း တော်မူ၍ ၊ မိုဃ်း မျက်နှာကြက်အောက် ၌ ရှိသောရေ နှင့်၊ မိုဃ်း မျက်နှာကြက်အပေါ် ၌ ရှိသောရေ ကို ပိုင်းခြား တော်မူသည်အတိုင်း ဖြစ်လေ၏။ ၈ မိုဃ်း မျက်နှာကြက်ကိုလည်း မိုဃ်းကောင်းကင် ဟူသောအမည်ဖြင့် ဘုရား သခင်ခေါ်ဝေါ် သမုတ်တော်မူ ၍ ၊ ည ဦးနှင့် နံနက် သည် ဒုတိယ နေ့ ရက်ဖြစ် လေ၏။ ၉ တဖန် ဘုရား သခင်က မိုဃ်း ကောင်းကင်အောက် ၌ ရှိသောရေ စုဝေး စေ၊ ကုန်း ပေါ် စေဟု အမိန့် တော် ရှိသည်အတိုင်း ဖြစ် လေ၏။ ၁၀ ကုန်း ကိုမြေ ဟူသောအမည်ဖြင့်၎င်း၊ ရေ စုဝေး ရာကို ပင်လယ် ဟူသောအမည် ဖြင့်၎င်း ၊ ဘုရား သခင်ခေါ်ဝေါ် သမုတ်တော်မူ၍ ထို အမှုအရာကောင်း သည်ကို ဘုရား သခင်မြင် တော်မူ၏။ ၁၁ တဖန် ဘုရား သခင်က၊ မြေ သည် မြက် ပင်ကို၎င်း၊ စပါး သီးကို ဖြစ်စေသော စပါး ပင် ကို၎င်း၊ မြေ ပေါ် မှာ မျိုးစေ့ ပါလျက် သစ်သီး မျိုးကို ဖြစ် စေသော သစ်ပင်ကို၎င်း၊ ပေါက် စေဟု အမိန့် တော်ရှိသည် အတိုင်း ဖြစ် လေ၏။ ၁၂ မြေ သည်မြက် ပင်ကို၎င်း စပါး သီးမျိုးကို ဖြစ်စေသော စပါး ပင်ကို၎င်း၊ မိမိ ၌ မျိုးစေ့ ပါလျက် သစ်သီး မျိုး ကို ဖြစ်စေ သော သစ်ပင် ကို၎င်း ပေါက် စေ၏။ ၁၃ ထို အမှုအရာကောင်း သည်ကို ဘုရား သခင်မြင် တော်မူ၍ ၊ ည ဦးနှင့် နံနက် သည် တတိယ နေ့ရက် ဖြစ် လေ၏။ ၁၄ တဖန် ဘုရား သခင်က၊ နေ့ နှင့် ညဉ့် ကို ပိုင်းခြား စေခြင်းငှါ မိုဃ်းကောင်းကင် မျက်နှာကြက် ၌ အလင်း အိမ် တည် စေ၊ နိမိတ် လက္ခဏာ၊ ချိန်းချက် သောအချိန်၊ နေ့ ရက်အပိုင်းအခြား၊ နှစ် အပိုင်းအခြားတို့ ဖြစ် စေ။ ၁၅ မိုဃ်းကောင်းကင် မျက်နှာကြက် ၌ တည်၍ မြေကြီး လင်း စရာ အလင်း အိမ်ဖြစ် စေဟု အမိန့်တော်ရှိ သည့်အတိုင်း ဖြစ် လေ၏။ ၁၆ ထိုသို့ ဘုရား သခင်သည် အလင်း အိမ်ကြီး နှစ် လုံးတည်းဟူသောနေ့ ကိုအုပ်စိုး ရသောအကြီး တလုံး၊ ညဉ့် ကို အုပ်စိုး ရသောအငယ် တလုံးနှင့်တကွ ကြယ် များတို့ကို ဖန်ဆင်း တော်မူပြီးလျှင်၊ ၁၇ မြေကြီး ၌ လင်း စေခြင်းငှာ၎င်း၊ နေ့ နှင့် ညဉ့် ကို အုပ်စိုး ၍ အလင်း နှင့် မှောင်မိုက် ကို ပိုင်းခြား စေခြင်းငှာ၎င်း ၊ မိုဃ်းကောင်းကင် မျက်နှာကြက် ၌ ဘုရား သခင်ထား တော်မူ၏။ ၁၈ ထို အမှုအရာ ကောင်း သည်ကို ဘုရား သခင် မြင် တော်မူ၍၊ ၁၉ ည ဦးနှင့် နံနက် သည် စတုတ္ထ နေ့ ရက်ဖြစ် လေ၏။ ၂၀ တဖန် ဘုရား သခင်က အသက် ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန် တို့ကို ရေ သည်များပြား စွာ မွေးဘွားစေ။ ငှက် တို့လည်း မြေ ပေါ် မိုဃ်းကောင်းကင် မျက်နှာကြက် ပြင် ဝယ်ပျံ စေဟု အမိန့်တော်ရှိ၏။ ၂၁

ထိုသို့လျှင် ရေသည် တိရစ္ဆာန်အမျိုး အလိုက် များပြား စွာ မွေးဘွားး၍၊ ငါးကြီး အစ ရှိသော အသက်ရှင် ၍ လှုပ်ရှား တတ်သော တိရစ္ဆာန် အပေါင်း တို့ကိုဂင်း၊ ပျံ တတ်သော ငှက် မျိုးအပေါင်း တို့ကိုဂင်း ဘုရား သခင်ဖန်ဆင်း ၍၊ ထို အမှုအရာကောင်း သည်ကို မြင် တော်မူ၏။ ၂၂ ဘုရား သခင်ကလည်း များပြား စွာ မွေးဘွား ကြလော့။ ပင်လယ် ရေ များကို ပြည့် စေကြလော့။ ငှက် တို့ လည်း မြေ ပေါ် ၌ များပြား စေသတည်းဟု ထို တိရစ္ဆာန်တို့ကို ကောင်းကြီး ပေးတော်မူ၍၊ ၂၃ ည ဦးနှင့် နံနက် သည် ပဉ္စမ နေ့ ရက်ဖြစ် လေ၏။ ၂၄ တဖန် ဘုရား သခင်က၊ မြေ သည် အသက်ရှင် သောသတ္တဝါ မျိုးတည်းဟူသောသားယဉ်တို့ကိုဂင်း၊ တွား တတ်သော တိရစ္ဆာန် တို့ကိုဂင်း ၊ သားရဲ မျိုး တို့ကိုဂင်း ၊ မွေးဘွား စေဟုအမိန့် တော်ရှိသည်အတိုင်း ဖြစ် လေ၏။ ၂၅ ထို သို့ ဘုရား သခင်သည် သားရဲ မျိုး၊ သားယဉ်မျိုး၊ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန် မျိုး အပေါင်းတို့ကို ဖန်ဆင်း ၍ ၊ ထို အမှုအရာကောင်း သည်ကို မြင် တော်မူ၏။ ၂၆ တဖန် ဘုရား သခင်က ငါ တို့ပုံသဏ္ဌာန်နှင့်အညီတသဏ္ဌာန်တည်း လူ ကို ဖန်ဆင်း ကြစို့။ သူသည် ပင်လယ် ငါး တို့ကိုဂင်း ၊ မိုဃ်းကောင်းကင် ငှက် တို့ကိုဂင်း ၊ သား ယဉ်တို့ကိုဂင်း ၊ မြေ တပြင်လုံး နှင့်တကွ၊ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန် အပေါင်း တို့ကိုဂင်း ၊ အုပ်စိုး စေဟု အမိန့်တော်ရှိ၏။ ၂၇ ထိုသို့ ဘုရား သခင်သည် မိမိ ပုံသဏ္ဌာန် နှင့်အညီ လူ ကိုဖန်ဆင်း တော်မူ၏။ ဘုရား သခင်၏ ပုံ သဏ္ဌာန် တော်နှင့်အညီ လူယောကျ်ား ၊ လူမိန်းမ ကိုဖန်ဆင်း ပြီးလျှင်၊ ၂၈ အချင်းတို့ များပြား စွာမွေးဘွား ကြလော့။ မြေကြီး ကို ပြည့် စေ၍ နိုင် ကြလော့။ ပင်လယ် ငါး တို့ကိုဂင်း၊ မိုဃ်းကောင်းကင် ငှက် တို့ကိုဂင်း၊ အသက် ရှင်၍ မြေ ပေါ် မှာ လှုပ်ရှား တတ်သော တိရစ္ဆာန်အပေါင်း တို့ကိုဂင်းအုပ်စိုး ကြလော့ဟုမိန့် တော်မူ၍ ၊ သူ တို့ကိုကောင်းကြီး ပေးတော်မူ၏။ ၂၉ ဘုရား သခင်ကလည်း ကြည့်ရှု လော့။ မြေ တပြင်လုံး ၌ စပါး သီးကို ဖြူစ်စေသော စပါး ပင် အမျိုးမျိုး တို့ကိုဂင်း၊ မျိုးစေ့ ကိုဖြစ်စေသော အသီး နှင့်ပြည့်စုံသော သစ်ပင် အမျိုးမျိုး တို့ကိုဂင်း၊ သင် တို့စားစရာ ဘို့ ငါပေး ၏။ ၃၀ မြေ သား၊ မိုဃ်းကောင်းကင် ငှက် ၊ အသက် ရှင်၍ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန်မျိုးအပေါင်း တို့ စားစရာ ဘို့ ၊ မြက် ပင် အမျိုးမျိုး တို့ကို ငါပေးမည်ဟု မိန့်တော်မူသည်အတိုင်း ဖြစ် လေ၏။ ၃၁ ဘုရား သခင်သည် မိမိဖန်ဆင်း သမျှ သောအရာတို့ကို ကြည့်ရှု လျှင် ၊ အလွန် ကောင်း သည်ကို မြင် တော်မူ၍ ၊ ည ဦးနှင့် နံနက် သည် ဆဋ္ဌမ နေ့ ရက်ဖြစ် လေ၏။

၂ ထိုသို့ ကောင်းကင် မြေကြီး နှင့်တကွ ခပ်သိမ်း သော တန်ဆာ တို့သည် ပြီးစီး လျက်ရှိကြ၏။ ၂ သတ္တမ နေ့ ရက်ရောက်လျှင်၊ ဘုရား သခင်သည် ဖန်ဆင်း သောအမှု ကို လက်စသတ် တော်မူခဲ့ပြီးသည် ဖြစ်၍ ၊ ဖန်ဆင်း သမျှ သောအမှု အရာတို့သည် ပြီးစီးပြီးမှ၊ ထို သတ္တမ နေ့ ၌ ငြိမ်ဝပ် စွာနေတော်မူ၏။ ၃ ထို သတ္တမ နေ့ ကို ဘုရား သခင်သည် ကောင်းကြီး ပေး၍ သန့်ရှင်း စေတော်မူ၏။ အကြောင်းမူကား ၊ ဖန်ဆင်း ပြုပြင်တော်မူသောထိုအမှု အရာအလုံးစုံ တို့သည် ပြီးစီးသောကြောင့်ထိုနေ့ရက်၌ ငြိမ်ဝပ် စွာနေ တော်မူ၏။ ၄ ဤ အကြောင်းအရာကား၊ ထာဝရ အရှင်ဘုရား သခင်သည် ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူသောနေ့ ၊ ဖန်ဆင်း ရာကာလ ၌ ကောင်းကင် နှင့် မြေကြီး ၏ မူလ အတ္ထုပတ္တိပေတည်း။ ၅ မြေ ၌ လယ် ယာပျိုး ပင်မ ပေါက်မှီ၊ လယ် ယာ၌ စပါးပင်မ ကြီးပွားမှီ၊ အပင် ရှိ

သမျှတို့ကိုဖန်ဆင်း တော်မူ၏။ ထိုအခါ ထာဝရ အရှင်ဘုရား သခင်သည် မြေ ပေါ် ၌ မိုးကိုရွာ စေတော်မ မူသေး။ မြေ ၌လုပ် သော လူ လည်း မ ရှိသေးသည်ဖြစ်၍၊ ၆ မြေ မှ အခိုး အငွေ့ထွက် သဖြင့် မြေ တပြင်လုံးကို စို စေလေ၏။ ၇ ထိုနောက် ၊ ထာဝရ အရှင်ဘုရား သခင်သည် မြေ မှုန့်ဖြင့် လူ ကို ဖန်ဆင်း ၍၊ သူ ၏နှာခေါင်း ထဲသို့ ဇီဝ အသက် ကို မှုတ် တော်မူလျှင် ၊ လူ သည် အသက်ရှင် သော သတ္တဝါ ဖြစ် လေ၏။ ၈ ထာဝရ အရှင် ဘုရား သခင်သည်လည်း အရှေ့ မျက်နှာ၊ ဧဒင် အရပ်၌ ဥယျာဉ် ကို စိုက်ပျိုး ပြီးလျှင်၊ ဖန်ဆင်း တော်မူသောလူ ကို ထို ဥယျာဉ်၌ နေရာ ချတော်မူ၏။ ၉ ထို မြေ ထဲက အဆင်း လှ၍၊ စားဘွယ် ကောင်း သော အပင် အမျိုးမျိုး ကို ထာဝရ အရှင်ဘုရား သခင်ပေါက် စေတော်မူ၏။ ထိုဥယျာဉ် အလယ် ၌ အသက် ပင် လည်း ရှိ၏။ ကောင်း မ ကောင်းကို သိကျွမ်း ရာအပင် လည်း ရှိ၏။ ၁၀ ထို ဥယျာဉ်ကို စို စေလိုသော ဌာ မြစ် တမြစ်သည် ဧဒင် အရပ်ထဲက စီးထွက် သဖြင့် ၊ ဥယျာဉ် ပြင်မှာ လေးဖြာကွဲ ၍ မြစ်မ လေး သွယ်ဖြစ် လေ၏။ ၁၁ ပဌမ မြစ်ကား ဖိရုန် အမည် ရှိ၏။ ထို မြစ်သည် ရွှေ ရှိသော ဟာဝိလ ပြည် နား တရှောက်လုံး ကို စီးသွား လေ၏။ ၁၂ ထို ပြည် မှဖြစ်သောရွှေ သည် ကောင်း လှ၏။ ၁၃ ဗဒေလသစ်စေး နှင့် ရှဟံ ကျောက် လည်းရှိ၏။ ဒုတိယ မြစ်ကား ဂိဟုန် အမည် ရှိ၏။ ထိုမြစ် သည် ကုရှ ပြည် နား တရှောက်လုံး ကို စီးသွားလေ၏။ ၁၄ တတိယ မြစ် ကား ဟိဒကေလ အမည် ရှိ၏။ ထို မြစ်သည် အာရှုရိ တိုင်း အရှေ့ သို့ စီးသွား လေ၏။ စတုတ္ထ မြစ် ကား ဥဖရတ် အမည်ရှိ၏။ ၁၅ ထိုအခါ ထာဝရ အရှင်ဘုရား သခင်သည် လူ ကိုယူ ၍ ဧဒင် ဥယျာဉ် ကို ပြုစုစောင့်ရှောက် စေခြင်းငှါထား တော်မူ၏။ ၁၆ ထာဝရ အရှင်ဘုရား သခင်ကလည်း ၊ ကောင်း မ ကောင်းကို သိကျွမ်း ရာအပင်မှတပါး၊ ထိုဥယျာဉ် ၌ ရှိသမျှ သော အပင် တို့၏အသီးကို သင်သည် စား ရသောအခွင့်ရှိ၏။ ၁၇ ထို အပင် ၏ အသီးကိုကား မ စား ရ။ စား သောနေ့ တွင် ဧကန်အမှန်သေ ရမည်ဟု လူ ကို ပညတ် ထားတော်မူ၏။ ၁၈ ထာဝရ အရှင်ဘုရား သခင်ကလည်း ၊ ယောကျ်ား သည် တ ယောက်တည်းမ နေ ကောင်း ၊ သူ နှင့်တော် သော အထောက် အမကို သူ ဘို့ ငါလုပ် ဦးမည်ဟု အကြံ ရှိတော်မူ၏။ ၁၉ ထာဝရ အရှင်ဘုရား သခင်သည် မြေ တိရစ္ဆာန် တို့နှင့်၊ မိုဃ်းကောင်းကင် ငှက် အပေါင်း တို့ကို မြေ ဖြင့်ဖန်ဆင်း တော်မူပြီးလျှင်၊ လူသည် အဘယ်သို့ ခေါ် ဝေါ် သမုတ်မည်ကို သိ ခြင်းငှာ ၊ လူ ရှိရာသို့ ဆောင် ခဲ့တော်မူ၏။ လူ သည် လည်း အသက်ရှင် သော သတ္တဝါ အပေါင်း တို့ကို ခေါ် ဝေါ် သမုတ်သည့်အတိုင်း ၊ နာမည် အသီးအသီးရှိကြ၏။ ၂၀ ထိုသို့ လူ သည် သားယဉ် အပေါင်း တို့ကို ၎င်း ၊ မိုဃ်းကောင်းကင် ငှက် အပေါင်းတို့ကို ၎င်း ၊ သားရဲ အပေါင်း တို့ကို ၎င်း၊ အမည်ပေး ၍မှည့်လေ၏။ သို့သော်လည်း လူ နှင့် တော် သော အထောက် အမ မ ပေါ် မရှိသေး၊ ၂၁ ထိုအခါ ထာဝရ အရှင်ဘုရား သခင်သည် လူ ကို ကြီး သောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူ သည် အိပ်ပျော် စဉ် ၊ နံရိုး တ ချောင်းကို ဘုရားသခင်ထုတ် ပြီးလျှင်၊ ထို အရိုးအစား အသား ကို စေ့စပ် စေတော်မူ၏။ ၂၂ ထာဝရ အရှင်ဘုရား သခင်သည် လူ ထဲက ထုတ် သော နံရိုး ဖြင့် လူမိန်းမ ကိုဖန်ဆင်း၍ လူ ရှိရာသို့ ဆောင် ခဲ့ တော်မူ၏။ ၂၃ လူ ကလည်း ၊ ယခု ဤ သူသည်ငါ့ အရိုး ထဲက အရိုး ၊ ငါ့ အသား ထဲက အသား ဖြစ်၏။ လူ ထဲက ထုတ် သောကြောင့် သူ့ ကိုလူမိန်းမ ဟု ခေါ် ဝေါ် အပ်သည်ဟု ဆိုလေ၏။ ၂၄ ထို အကြောင်းကြောင့် ယောကျ်ား သည်

ကိုယ် မိဘ ကို စွန့် ၍ ၊ ကိုယ့် ခင်ပွန်း ၌မှီဝဲ သဖြင့် ၊ ထိုသူတို့သည် တသား တကိုယ်တည်း ဖြစ် ရလိမ့်မည်။ ၂၅ ထို သူလင်မယား နှစ် ဦးတို့သည် အဝတ် မဝတ်ဘဲ နေ၍ ရှက်ကြောက် ခြင်းနှင့် ကင်းလွတ် ကြ၏။

၃ မြွေ သည် ထာဝရ အရှင်ဘုရား သခင် ဖန်ဆင်း တော်မူ သောမြေ တိရစ္ဆာန် တကာ တို့ထက် လိမ္မာ သည် ဖြစ် ၍ ၊ မိန်းမ အား သင်တို့သည် ဥယျာဉ် ၌ ရှိသမျှ သောအပင် တို့၏ အသီးကိုမ စား ရဟု ဧကန် စင်စစ် ဘုရား သခင် မိန့် တော်မူသလောဟု မေး ၏။ ၂ မိန်းမ ကလည်း ၊ ငါတို့သည် ဥယျာဉ် ရှိ သောအပင် တို့၏ အသီး ကိုစား ရသောအခွင့်ရှိ၏။ ၃ ဥယျာဉ် အလယ် ၌ ရှိသောအပင် ၏အသီး ကိုကား၊ သင်တို့သည် မ ကိုင် မ စား ပဲ နေကြလော့၊ သို့မဟုတ် သေ မည်ဟု ဘုရား သခင်အမိန့် တော်ရှိသည်ဟု မြွေ အား ဆို ၏။ ၄ မြွေ ကလည်း သင်တို့သည် ဧကန်အမှန်သေ ရမည်မ ဟုတ်၊ ၅ အကြောင်းမူကား ၊ ထို အသီးကိုစား သောနေ့ ၌ သင်တို့ သည် မျက်စိ ပွင့် လင်းလျက် ကောင်း မကောင်း ကို သိ ၍ ၊ ဘုရား သခင်ကဲ့သို့ ဖြစ် ကြ လတံ့သည်ကို၊ ဘုရား သခင်သိ တော်မူသည်ဟု မိန်းမ အား ဆို ၏။ ၆ ထို အပင် သည် စားဘွယ် ကောင်း ခြင်း၊ အဆင်း လည်း လှခြင်း၊ ပညာ တိုးပွားစေလိုသောငှါ ၊ နှစ်သက် ဖွယ်သော အပင် ဖြစ်ခြင်းကို မိန်းမ သည် မြင်လျှင် ၊ အသီး ကို ယူ ၍ စား ၏။ မိမိ ခင်ပွန်း အား လည်း ပေး ၍ သူ သည်လည်း စား ၏။ ၇ ထိုသူနှစ် ယောက်တို့သည် မျက်စိ ပွင့် လင်း၍ မိမိ တို့ ၌ အဝတ် အချည်းစည်းရှိသည်ကို သိ မြင်လျှင် ၊ မိမိ တို့ ဝတ် ရန်ဖို့ သဧော် သဖန်းပင်အရွက် တို့ကို ချုပ် စပ်၍ ခါးစည်းကိုလုပ် ကြ၏။ ၈ နေ့သောအချိန် တွင် ၊ ထိုဥယျာဉ် ၌ ထာဝရ အရှင်ဘုရား သခင်ကြွ တော်မူသောအသံ ကို လုလင်မယားတို့သည် ကြား လျှင် ၊ အထံတော်မှ လွတ်ခြင်းငှါ၊ ဥယျာဉ် အပင် တို့တွင် ပုန်း ကွယ်လျက် နေကြ၏။ ၉ ထာဝရ အရှင် ဘုရား သခင်ကလည်း ၊ သင် သည် အဘယ် မှာရှိသနည်းဟု၊ လူ ကိုခေါ် တော်မူ၏။ ၁၀ လူကလည်း ဥယျာဉ် ၌ ကိုယ်တော် ၏ အသံ ကို ကျွန်တော်ကြား လျှင်၊ အဝတ် အချည်းစည်းရှိသောကြောင့် ၊ ကြောက် ၍ ပုန်း လျက် နေပါသည်ဟု လျှောက် လေ၏။ ၁၁ ဘုရားသခင်ကလည်း၊ သင် ၌ အဝတ် အချည်းစည်းရှိသည်ကို သင် အား အဘယ်သူ ပြော သနည်း။ မ စား ရဟု ငါပညတ် သော အပင် ၏အသီးကို စား ပြီလောဟု မေး တော်မူ၏။ ၁၂ လူ ကလည်း ကျွန်တော် ၌ အပ်ပေး တော်မူသောမိန်းမ သည် ထိုအပင် ၏အသီးကိုပေး ၍ ကျွန်တော်စား မိပါသည်ဟု လျှောက် လေ၏။ ၁၃ ထာဝရ အရှင်ဘုရား သခင်ကလည်း ၊ သင်သည် အဘယ်သို့ ပြု ပြီးသနည်းဟု မိန်းမအားမေး တော်မူလျှင် ၊ မိန်းမ က မြွေ သည် ကျွန်တော်မ ကို လှည့်စား ၍ ၊ ကျွန်တော်မသည်စား မိပါပြီဟု လျှောက် လေ၏။ ၁၄ ထာဝရ အရှင်ဘုရား သခင်သည် မြွေ ကိုခေါ် ၍ သင်သည် ဤ အမှုကို ပြု သောကြောင့် သားယဉ် သားရဲ အပေါင်း တို့ထက် ကျိန် ခြင်းကို ခံရ၏။ သင် သည် ဝမ်း ဖြင့် သွား ၍ မြေမှုန့် ကို တသက်လုံး စား ရမည်။ ၁၅ သင် နှင့် မိန်းမ ကိုငင်း ၊ သင် ၏အမျိုးအနွယ် နှင့် မိန်းမ ၏ အမျိုးအနွယ် ကိုငင်း ၊ ငါသည်ရန်ငြိုး ဖွဲ့ စေမည်။ သူသည် သင် ၏ခေါင်း ကို ကြိတ် လိမ့်မည်၊ သင်သည် သူ ၏ဖနောင့် ကို ကြိတ် လိမ့်မည်ဟု မိန့်တော်မူ၏။ ၁၆ မိန်းမ ကို လည်း၊ သင် ၌ ကိုယ်ဝန်ဆောင် ခြင်း ဝေဒနာ ကို ငါအလွန် များပြား စေရမည်။ ပင်ပန်းစွာ ဝေဒနာ ကို ခံ ၍ သား ဘွား ရမည်။ ကိုယ် ခင်ပွန်း ၏ အလို သို့ လိုက်၍ သူ ၏အုပ်စိုး

ခြင်းကိုလည်း ခံရမည်ဟု မိန့် တော်မူ၏။ ၁၇ ယောက်ျား ကို လည်း ၊ ထို အပင်၏အသီးကို မ စား ရဟု ငါပညတ် သော်လည်း၊ သင်သည်မယား ၏ စကား ကို နားထောင် ၍ စား မိသောကြောင့် ၊ မြေ သည် သင် ၏အတွက် ကျိန် ခြင်းကိုခံ လျက်ရှိ၏။ မြေ၏အသီးကို တသက် ပတ်လုံးပင်ပန်း စွာ စား ရမည်။ ၁၈ ဆူး ပင်အမျိုးမျိုးတို့ကိုလည်း သင် အဖို့ မြေပေါက် စေမည်။ လယ် ၌ ဖြစ်သော ဟင်းသီးဟင်းရွက် တို့ကို သင် စား ရမည်။ ၁၉ သင် ထွက် ရာမြေ သို့ မပြန် မီတိုင်အောင် ၊ သင် ၏ မျက်နှာ မှချွေး ထွက်လျက် အစာ ကိုစား ရမည်။ အကြောင်းမူကား ၊ သင် သည် မြေမှုန့် ဖြစ်၍မြေမှုန့် သို့ ပြန် ရမည်ဟု မိန့် တော်မူ၏။ ၂၀ ထိုအခါ လူ သည် မိမိ မယား ကို ဧဝ အမည် ဖြင့် မှည့် လေ၏။ အကြောင်းမူကား ၊ သူ သည် အသက်ရှင် သော သူအပေါင်း တို့၏ အမိ ဖြစ် သတည်း။ ၂၁ ထာဝရ အရှင် ဘုရား သခင်သည်လည်း လူ လင်မယား တို့ သားရေ ဖြင့် ဝတ်လုံ ကိုလုပ် ၍ ဝတ် ခြုံစေတော်မူ ၏။ ၂၂ ထာဝရ အရှင်ဘုရား သခင်ကလည်း ၊ လူ သည် ငါ တို့တွင် တပါးပါး ကဲ့သို့ ဖြစ် ၍၊ ကောင်း မကောင်း သိ တတ်၏။ ယခု မှာ သူသည် ထာဝရ အသက် ကို ရခြင်းငှါ၊ လက် ကိုဆန့် လျက် အသက် ပင် ၏အသီးကို ယူ ၍ မ စား သင့်ဟု မိန့်တော်မူ၏။ ၂၃ လူ သည် မိမိထွက် သော မြေ ၌ လုပ် ရမည်အကြောင်း ၊ ထာဝရ အရှင်ဘုရား သခင်သည် ဧဒင် ဥယျာဉ် ထဲက လွှတ် လိုက်တော်မူ၏။ ၂၄ ထိုသို့ လူ ကို နှင်ထုတ် ပြီးလျှင်၊ အသက် ပင် လမ်း ကို စောင့်ရှောက် စေခြင်းငှါ ၊ မီး စင်လက်နက်နှင့်တကွ ခေရုဗိမ် တို့ကို ဥယျာဉ် အရှေ့ဘက်၌ ထား တော်မူ၏။

၄ ထိုနောက်၊ လူ အာဒံသည် မယား ဧဝ နှင့်ဆက်ဆံ သဖြင့် ၊ ဧဝသည် ပဋိသန္ဓေ စွဲယူ၍ ၊ ကာဣန ကို ဘွားမြင် လျှင် ၊ ထာဝရ ဘုရား၏ လူ ကို ငါရ ပြီဟုဆို လေ၏။ ၂ တဖန် သူ ညီ အာဗေလ ကို ဘွားမြင် လေ၏။ အာဗေလ ကား သိုး ထိန်း ဖြစ် ၏။ ကာဣန ကားလယ် လုပ် သောသူဖြစ် ၏။ ၃ အချိန် စေ့ သောအခါ ၊ ကာဣန သည် ထာဝရဘုရား ထံ ပူဇော်သက္ကာ ဘို့၊ မြေ အသီး ကို ဆောင် ခဲ့၏။ ၄ အာဗေလ သည်လည်း မိမိ သိုး စုတွင် အဦး ဘွားသော သားအချို့နှင့်၊ သိုး ဆီ ဥကိုဆောင် ခဲ့၏။ ထာဝရဘုရား သည် အာဗေလ နှင့် သူ ၏ပူဇော်သက္ကာ ကို ပမာဏ ပြုတော်မူ၏။ ၅ ကာဣန နှင့် သူ ၏ ပူဇော်သက္ကာ ကို ပမာဏ ပြုတော်မ မူ၊ ထိုကြောင့် ကာဣန သည် အလွန် စိတ်ဆိုး ၍ မျက်နှာ ပျက် လေ၏။ ၆ ထာဝရဘုရား ကလည်း သင် သည် အဘယ်ကြောင့် စိတ်ဆိုး သနည်း။ အဘယ်ကြောင့် မျက်နှာ ပျက် သနည်း။ ၇ သင်သည် ကောင်းမွန် စွာ ပြုလုပ်အခွင့် မ ရလော။ ကောင်းမွန် စွာ မ ပြုလျှင် ၊ အပြစ် ဖြေသော ယဇ်ကောင် သည်တံခါး နား မှာ ဝပ် လျက်ရှိ၏။ သူ သည် သင် ၏ အလို သို့လိုက်၍၊ သင် သည် သူ့ ကို အုပ်စိုး ရ၏ဟု ကာဣန ကို မိန့် တော်မူ၏။ ၈ ကာဣန ကလည်း လယ်သို့ သွားကြကုန်အံ့ဟု ညီ အာဗေလ ကို ခေါ် ၍ ၊ လယ် သို့ ရောက်သောအခါ၊ ညီ အာဗေလ ကိုရန် ဘက်ပြု၍ သတ် လေ၏။ ၉ ထာဝရဘုရား ကလည်း သင့် ညီ အာဗေလ သည် အဘယ်မှာ ရှိသနည်းဟု ကာဣန ကို မေး တော်မူလျှင် အကျွန်ုပ်မ သိ ပါ။ အကျွန်ုပ် သည် ညီ ကို စောင့် ရသောသူ ဖြစ် ပါသလောဟု လျှောက် ဆို၏။ ၁၀ ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ ပြု ပြီးသနည်း။ သင် ညီ အသွေး ၏အသံ သည် မြေ ထဲက ငါ့ ကို အော်ဟစ် လျက်ရှိသည်တကား။ ၁၁ သို့ ဖြစ်၍ သင့် ညီ ၏ အသွေး ကိုခံယူ ခြင်းငှါ ၊ မိမိ ပစပ် ကိုဖွင့် သော မြေကြီး

၏ ကျိန် ခြင်းကို သင် သည် ခံရသောကြောင့်၊ ၁၂ ယခုမှစ၍မြေ ၌လုပ် သောအခါ ပကတိ အတိုင်း အသီးအနှံ ကို မ ရရ။ မြေကြီး ပေါ် မှ ပြေးရသောသူ၊ အရပ်ရပ်လည် ရသောသူဖြစ် ရလိမ့်မည်ဟု မိန့် တော်မူ၏။ ၁၃ ကာဣန ကလည်း အကျွန်ုပ် အပြစ် သည် မဖြေ နိုင်အောင် ကြီး ပါသလော။ ၁၄ အကျွန်ုပ် ကို မြေကြီး ပြင် မှယနေ့ နှင်ထုတ် တော်မူပြီ၊ မျက်နှာ တော်ကိုလည်း မမြင် ရ။ မြေကြီး ပေါ် မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူဖြစ် ပါရမည်။ တွေ့ သမျှ သောသူတို့ သည် အကျွန်ုပ် ကိုသတ် ပါလိမ့်မည် ဟု ထာဝရဘုရား ကို လျှောက် ဆို၏။ ၁၅ ထာဝရဘုရား ကလည်း သို့ ဖြစ်၍ ကာဣန ကို သတ် သောသူမည်သည်ကား၊ ခုနစ် ဆသောအပြစ် ဒဏ်ကိုခံ ရလိမ့်မည်ဟု မိန့် တော်မူပြီးလျှင်၊ ကာဣန ကိုတွေ့ သောသူ တစုံတယောက် မျှ မ သတ် စေခြင်းငှါ၊ ထာဝရဘုရား သည် သူ ၌ အမှတ် ပေး တော်မူ၏။ ၁၆ ကာဣန သည် ထာဝရဘုရား ထံ တော်မှ ထွက်သွား ၍ ၊ ဧဒင် ပြည် အရှေ့ ၊ နောဒ ပြည် တွင် နေ လေ၏။ ၁၇ ထိုအခါ ကာဣန သည် မိမိ မယား နှင့် ဆက်ဆံ သဖြင့်၊ သူ သည် ပဋိသန္ဓေစွဲယူ၍ ၊ သားဧနောက် ကို ဘွားမြင် လေ၏။ ကာဣန သည်လည်း မြို့ ကိုတည် ၍ မိမိ သား ၏ အမည် အလိုက် ၊ ထိုမြို့ ကို ဧနောက် မြို့ ဟု သမုတ် လေ၏။ ၁၈ ဧနောက် သားကား၊ ဣရဒ် ၊ ဣရဒ် သားကား၊ မဟုယေလ ၊ မဟုယေလ သားကား၊ မသုရှလ ၊ မသုရှလ သားကား၊ လာမက် တည်း။ ၁၉ လာမက် သည်၊ အာဒ နှင့် ဇိလ အမည် ရှိသောမိန်းမ နှစ် ယောက်နှင့် အိမ်ထောင် ဘက်ပြု၍၊ ၂၀ အာဒ သည် သားယာဗလ ကိုဘွား မြင်လေ၏။ ထိုသားကား၊ တဲ ၌နေ သောသူ ၊ သိုး နွားစသည်တို့ကို မွေးသောသူတို့ ၏ အဘ ဆရာ ဖြစ် လေသတည်း။ ၂၁ ယုဗလ အမည် ရှိသောညီ မူကား၊ စောင်း မျိုး၊ နှဲခရာ မျိုးတို့ကို တီးမှုတ် တတ်သောသူ အပေါင်း တို့၏ အဘ ဆရာဖြစ် လေသတည်း။ ၂၂ ဇိလ သည်လည်း ၊ သားတုဗလကာဣန ကို ဘွားမြင် လေ၏။ သူသည် ပန်းတဉ်း သမား၊ ပန်းပဲ သမား အပေါင်း တို့၏ဆရာ ဖြစ်လေ၏။ တုဗလကာဣန ၏နှမ ကား၊ နေမ အမည်ရှိ၏။ ၂၃ လာမက် ကလည်း အာဒ နှင့် ဇိလ ၊ ငါ ပြော သံကို မှတ် ကြလော့။ လာမက် မယား တို့၊ ငါ့ စကား ကို နားထောင် ကြလော့။ ငါ့ ကိုထိခိုက် သော လူ တယောက်တည်းဟူသော ၊ ငါ့ ကိုညှဉ်းဆဲ သောလူပျို တယောက်ကို ငါသတ် ခဲ့ပြီ။ ၂၄ ကာဣန သည် ခုနစ် ဆသောတရား ကိုရလျှင်၊ အကယ်၍ လာမက် သည်၊ အဆခုနစ် ဆယ် ခုနစ် ဆသော တရားကို ရလိမ့်မည်ဟု မိမိမယားတို့ကိုပြောဆို၏။ ၂၅ အာဒ သည်လည်း မိမိ မယား နှင့် တဖန် ဆက်ဆံ ပြန်လျှင်၊ မယားသည် သား ကို ဘွားမြင် ၍ ရှေသ ဟူသောအမည် ဖြင့် မှည့် လေ၏။ အကြောင်းမူကား ၊ ကာဣန သတ် သော အာဗေလ ကိုယ်စား တပါး သောအနွယ် ကို အကျွန်ုပ် အဘို့ ဘုရား သခင်၌ ခန့်ထားတော်မူပြီဟု ဆိုသတည်း။ ၂၆ ရှေသ သည်လည်း သား ကိုရ ၍ ဧနုတ် ဟူသောအမည် ဖြင့် မှည့် လေ၏။ ထိုကာလ၌ ထာဝရဘုရား ၏ နာမတော် ကို အမှီပြု၍ ကိုးကွယ်စ ပြုကြလေ၏။

၅ အာဒ ၏သားစဉ်မြေးစက် စာရင်း ဟူမူကား၊ လူ ကို ဖန်ဆင်း တော်မူသောကာလ ၌ ၊ မိမိ ပုံသဏ္ဌာန် နှင့်အညီ၊ ဘုရား သခင်ဖန်ဆင်း တော်မူ၏။ ၂ လူယောကျ်ား လူမိန်းမ ကို ဖန်ဆင်း ၍ ၊ ကောင်းကြီး ပေးတော်မူ၏။ ဖန်ဆင်း သောနေ့ ၌ လည်း သူ တို့ကို အာဒ အမည် ဖြင့် မှည့် တော်မူ၏။ ၃ အာဒ သည် အသက် တရာ့ သုံး ဆယ်ရှိသော်၊ မိမိ ပုံသဏ္ဌာန်

နှင့်အညီသဏ္ဌာန် တည်းသားကိုမြင် ရ၍ ရှေသ အမည် ဖြင့် မှည့် လေ၏။ ၄ ရှေသ ကို ဘွားမြင် သောနောက် အာဒံ သည် အနှစ် ရှစ် ရာ အသက်ရှင်၍၊ သား သမီး များကိုမြင် လေ၏။ ၅ အာဒံ သည် အသက် နှစ် ပေါင်း ကိုး ရာ သုံး ဆယ် စေ့သော် သေ လေ၏။ ၆ ရှေသ သည် အသက် တရာ ငါး နှစ် ရှိသော်၊ သားဧနုတ် ကို မြင် လေ၏။ ၇ ဧနုတ် ဘွားမြင် သောနောက် ၊ ရှေသ သည် အနှစ် ရှစ် ရာ ခုနှစ် နှစ် အသက် ရှင်၍ ၊ သား သမီး များကို မြင် လေ ၏။ ၈ ရှေလ သည် အသက် နှစ် ပေါင်းကိုး ရာ တဆယ် နှစ် နှစ် စေ့သော် သေ လေ၏။ ၉ ဧနုတ် သည် အသက် ကိုး ဆယ်ရှိသော်၊ သား ကာကွနန် ကို မြင် လေ၏။ ၁၀ ကာကွနန် ဘွားမြင် သောနောက် ၊ ဧနုတ် သည် အနှစ် ရှစ် ရာ တဆယ် ငါး နှစ် အသက် ရှင်၍ သား သမီး များ ကို မြင် လေ၏။ ၁၁ ဧနုတ် သည် အသက် နှစ် ပေါင်းကိုး ရာ ငါး နှစ် စေ့ သော်သေ လေ၏။ ၁၂ ကာကွနန် သည် အသက် ခုနစ် ဆယ်ရှိသော်၊ သားမဟာလေလ ကို မြင် လေ၏။ ၁၃ မဟာလေလ ဘွား မြင်သောနောက် ၊ ကာကွနန် သည် အနှစ် ရှစ် ရာ လေး ဆယ်အသက် ရှင်၍ ၊ သား သမီး များကို မြင် လေ၏။ ၁၄ ကာကွနန် သည် အသက် နှစ် ပေါင်းကိုး ရာ တဆယ့် စေ့ သော် သေ လေ၏။ ၁၅ မဟာလေလ သည် အသက် ခြောက် ဆယ့်ငါး နှစ် ရှိသော် ၊ သားယာရက် ကို မြင် လေ၏။ ၁၆ ယာရက် ဘွားမြင် သောနောက် မဟာလေလ သည် အနှစ် ရှစ် ရာ သုံး ဆယ်အသက် ရှင်၍ သား သမီး များကို မြင် လေ၏။ ၁၇ မဟာလေလ သည် အသက် နှစ် ပေါင်းရှစ် ရာ ကိုး ဆယ့်ငါး နှစ် စေ့ သော် သေ လေ၏။ ၁၈ ယာရက် သည် အသက် တ ရာခြောက် ဆယ်နှစ် နှစ် ရှိသော်သားဧနောက် ကိုမြင် လေ၏။ ၁၉ ဧနောက် ဘွားမြင် သောနောက် ယာရက် သည် အနှစ် ရှစ် ရာ အသက် ရှင်၍ ၊ သား သမီး များကိုမြင် လေ၏။ ၂၀ ယာရက် သည် အသက် နှစ် ပေါင်းကိုး ရာ ခြောက်ဆယ် နှစ် နှစ် စေ့ သော် သေ လေ၏။ ၂၁ ဧနောက် သည် အသက်ခြောက်ဆယ် ငါး နှစ် ရှိသော်သားမသုရှလ ကို မြင် လေ၏။ ၂၂ မသုရှလ ဘွားမြင် သောနောက် ဧနောက် သည် အနှစ် သုံး ရာ ပတ်လုံးဘုရား သခင်နှင့်အတူ သွား လာ၍ သား သမီး များကို မြင် လေ၏။ ၂၃ ဧနောက် အသက် နှစ် ပေါင်းသုံး ရာ ခြောက် ဆယ်ငါး နှစ် တည်း၊ ၂၄ ဧနောက် သည် ဘုရား သခင်နှင့်အတူ သွား လာ၏။ နောက် တဖန် သူ သည်မ ရှိ အကြောင်းမူကား ၊ ဘုရား သခင် သိမ်းယူ တော်မူသောကြောင့် တည်း။ ၂၅ မသုရှလ သည် အသက် တရာ့ ရှစ် ဆယ်ခုနစ် နှစ် ရှိသော်၊ သား လာမက် ကို မြင် လေ၏။ ၂၆ လာမက် ဘွားမြင် သောနောက် ၊ မသုရှလ သည် အနှစ် ခုနှစ် ရာ ရှစ် ဆယ်နှစ် နှစ် အသက် ရှင်၍ သား သမီး များကို မြင် လေ၏။ ၂၇ မသုရှလ သည် အသက် နှစ် ပေါင်းကိုး ရာ ခြောက် ဆယ် ကိုး နှစ် စေ့ သော် သေ လေ၏။ ၂၈ လာမက် သည် အသက် တ ရာရှစ် ဆယ်နှစ် နှစ် ရှိသော်သား ကို မြင် ၍၊ ၂၉ ဤ သူသည်ကား၊ ထာဝရဘုရား ကျိန် တော်မူသောမြေ ၌ လုပ် ၍ ပင်ပန်း စွာ ခံရသောငါ တို့အား သက်သာ စေသောသူဖြစ်လိမ့်မည်ဟူ၍ သူ့ကိုနောဧ ဟူသောအမည် ဖြင့် မှည့် လေ၏။ ၃၀ နောဧ ဘွားမြင် သောနောက် ၊ လာမက် သည် အနှစ် ငါး ရာ ကိုး ဆယ်ငါး နှစ် အသက် ရှင်၍ သား သမီး များ ကို မြင် လေ၏။ ၃၁ လာမက် သည် အသက် နှစ် ပေါင်း ခုနှစ် ရာ ခုနစ် ဆယ် ခုနစ် နှစ် စေ့ သော်သေ လေ၏။ ၃၂ နောဧ သည် အသက် ငါး ရာ ရှိ ၏။ နောဧ သား ကား၊ ရှေမ ၊ ဟာမ ၊ ယာဖက် တည်း။

၆ မြေကြီး မျက်နှာ ပေါ် မှာလူ တို့သည် များပြား ၍ သမီး များကိုလည်း ရ ကြသောအခါ၊ ၂ ဘုရား သခင်၏သား တို့သည် လူ သမီး တို့ လှ ကြောင်း ကိုမြင် ၍ ၊ ကိုယ် စိတ် ရှိသည်အတိုင်း စုံဘက် ကြ၏။ ၃ ထာဝရဘုရား ကလည်း ငါ့ ဝိညာဉ် သည် လူ တို့တွင် အစဉ် မ ဆုံး မရ။ အကြောင်းမူကား လူ တို့သည် အသား ဖြစ်၏။ သူ ၏အသက် တန်းသည်လည်း၊ အနှစ် တရာ နှစ် ဆယ်ဖြစ် စေဟုမိန့် တော်မူ၏။ ၄ ထို ကာလ ၌ ၊ မြေကြီး ပေါ် မှာ ကိုယ် ကြီးမားသော သူအချို့ရှိကြ၏။ ထိုနောက် ၌လည်း ၊ ဘုရား သခင်၏ သား တို့သည်၊ လူ သမီး တို့နှင့် ဆက်ဆံ၍ ရ သောသားတို့သည်၊ အား ကြီးသောသူ၊ ရှေး ကာလမှစ၍ ၊ ကျော်စော သောသူ ဖြစ် ကြ၏။ ၅ မြေကြီး ပေါ် မှာ လူ အပြစ် ကြီး ၍ ၊ သူ ၏ စိတ်နှလုံး အကြံအစည် ရှိသမျှ တို့သည် အစဉ်မပြတ် ဆိုးညစ် ခြင်းသက်သက် ရှိကြောင်းကို၊ ဘုရား သခင်သိမြင် တော်မူလျှင်၊ ၆ မြေကြီး ပေါ် မှာ လူ ကို ဖန်ဆင်း တော်မူသည်ကို နောင်တရ ၍၊ နှလုံး တော်ပူပန် လျက် ရှိတော်မူ၏။ ၇ ထာဝရဘုရား ကလည်း ၊ ငါဖန်ဆင်း သော လူ ကိုငှင်း၊ လူ မှစ၍ သားများ၊ တွား တတ်သော တိရစ္ဆာန် များ၊ မိုဃ်းကောင်းကင်ငှက် များတို့ကိုငှင်းမြေကြီး မျက်နှာ မှာ ငါသုတ်သင် ပယ်ရှင်းမည်။ သူ တို့ကို ဖန်ဆင်း သောကြောင့် ငါနောင်တရသည်ဟု မိန့် တော်မူ၏။ ၈ နောဧ မူကား ၊ ထာဝရဘုရား စိတ်တော်နှင့် တွေ့ သောသူဖြစ်သတည်း။ ၉ နောဧ အထွာပွတ္တိဟူမူကား ၊ နောဧ သည် ဖြောင့်မတ် သောသူ ၊ မိမိ အမျိုး ၌ စုံလင် သောသူဖြစ် ၏။ ဘုရား သခင်နှင့်အတူ သွား လာ၏။ ၁၀ နောဧ သည် ရှေမ ၊ ဟာမ ၊ ယာဖက် တည်း ဟူသော သား သုံး ယောက်ကို မြင် လေ၏။ ၁၁ ထိုအခါ မြေကြီး သည် ဘုရား သခင့်ရှေ့ မှာ ပုပ်စပ် လျက်ရှိ၏။ မြေကြီး သည် အဓမ္မ အမှုနှင့် ပြည့်စုံ လေ၏။ ၁၂ ဘုရား သခင်သည် မြေကြီး ကိုကြည့်ရှု သောအခါ ၊ ပုပ်စပ် လျက်ရှိသည်ကို မြင် တော်မူ၏။ အကြောင်းမူကား မြေကြီး ပေါ် မှာ လူ အပေါင်း တို့သည် ဖေါက်ပြန် ခြင်းသို့ ရောက်ကြပြီ။ ၁၃ ထိုအခါ ဘုရား သခင်သည်၊ နောဧ အား မိန့် တော်မူသည်ကား၊ သတ္တဝါ အပေါင်း တို့၏ အဆုံး သည် ငါ့ မျက်မှောက် တွင် ပေါ် လာပြီ။ သူ တို့ကြောင့် မြေကြီး သည် အဓမ္မ အမှုနှင့်ပြည့်စုံ လေ၏။ အကယ်စင်စစ်မြေကြီး နှင့်တကွ သူ တို့ကို ငါ ဖျက်ဆီး မည်။ ၁၄ ဂေါဖရ သစ်သား ဖြင့် သင်္ဘော် ကို ကိုယ် ဘို့ တည်လုပ် လော့။ အထဲ၌ လည်း အခန်း များကို လုပ် လော့။ အတွင်း ၊ ပြင် ၊ ပတ်လည်ကို ထင်းရူးစေး နှင့် သုတ် လော့။ ၁၅ လုပ် ရမည်ပုံ ဟူမူကား၊ သင်္ဘော် အလျား အတောင် သုံး ရာ ၊ အနံ အတောင် ငါး ဆယ်၊ အမြင့် အတောင် သုံး ဆယ်ရှိစေရမည်။ ၁၆ အပေါ် ၌ လည်းအမိုး ကိုလုပ် ရမည်။ ထိုအမိုး အပေါ် အလယ်ချက်၌၊ ထိပ်အုပ်အနံတတောင် အကျယ် ရှိ စေရမည်။ သင်္ဘော် နံ တစ်ဖက်၌ လည်း တံခါး ကို လုပ်ရမည်။ အောက် ဆင့်၊ အလယ် ဆင့်၊ အပေါ် ဆင့်ဟူ၍၊ သုံး ဆင့်ကိုလည်း ရှိ စေရမည်။ ၁၇ အသက် ရှင် သော သတ္တဝါ အပေါင်း တို့ကို၊ ကောင်းကင် အောက် မှ ငါ့ ကိုယ်တိုင်ပယ်ရှင်း ခြင်းငှါ ၊ မြေကြီး ကို ရေ လွှမ်းမိုး စေသဖြင့် ၊ မြေ ပေါ် မှာ ရှိသမျှ တို့သည် သေ ကြရမည်။ ၁၈ သင် ၌ မူကား ၊ ငါ့ ပဋိညာဉ် ကို ငါတည် စေမည်။ သင် သည် သား ၊ မယား ၊ ချွေးမများနှင့်တကွ ၊ သင်္ဘော် ထဲ သို့ ဝင် ရမည်။ ၁၉ အသက် ရှင်သော တိရစ္ဆာန် အမျိုးမျိုး ထဲက ၊ အထီး အမ ၊ အစုံတို့ကိုယူ၍၊ သင် နှင့်အတူ အသက် ချမ်းသာစေခြင်းငှါ ၊ သင်္ဘော် ထဲ သို့ သွင်း ရမည်။ ၂၀ ငှက် လည်းအမျိုး အလိုက် ၊

သားလည်း အမျိုး အလိုက် ၊ တွား တက်သော တိရစ္ဆာန်အပေါင်း လည်း အမျိုး အလိုက် ၊ အထီးအမ၊ အစုံ တို့သည် အသက် ချမ်းသာစေခြင်းငှါ ၊ သင့် ထံသို့ လာ ကြလိမ့်မည်။ ၂၁ ကိုယ် စားစရာအဘို့ ၊ တိရစ္ဆာန် တို့စားစရာ အဘို့ ၊ စား အပ်သော အစာ အမျိုးမျိုး ကို ယူ ၍ သိုက ထားရမည်ဟု၊ ဘုရားသခင်မှာထားတော်မူ၏။ ၂၂ မှာ ထားတော်မူသည်အတိုင်း လည်း နောဧ ပြု လေ၏။

၇ ထိုနောက် ၊ ထာဝရဘုရား သခင်သည် နောဧ ကို တဖန် မိန့် တော်မူပြန်သည်ကား၊ ဤ ကာလ အမျိုးတွင် သင် သည် ငါ့ ရှေ့ ၌ ဖြောင့်မတ် ကြောင်းကို ငါသိမြင် သည် ဖြစ်၍၊ သင် ၏အိမ်သူ အိမ်သားအပေါင်း တို့နှင့်တကွ ၊ သင်္ဘော ထဲ သို့ ဝင် ကြလော့။ ၂ မြေကြီး ပေါ် မှာ တိရစ္ဆာန်အမျိုး မပျက်ဆက်နွယ်စေခြင်းငှါ ၊ စင်ကြယ် သော သား မျိုး၊ တမျိုးတမျိုးတွင် အထီး အမ ခုနစ် စုံစီ၊ မ စင်ကြွယ် သော သား မျိုး၊ တမျိုး တမျိုးတင်လည်း အထီး အမ နှစ် စုံစီ၊ ၃ မိုယ်းကောင်းကင် ငှက် ၊ တမျိုးမျိုးတွင်လည်း အထီး အမ ခုနစ် စုံစီ၊ အသီးသီး တို့ကို သိမ်းယူ ရမည်။ ၄ အကြောင်းမူကား ၊ ယနေ့ မှစ၍ ခုနစ်ရက်စေ့လျှင်၊ အရက် လေးဆယ် ပတ်လုံးမြေကြီး ပေါ် သို့ မိုးယိုး ရွာ စေမည်။ ငါဖန်ဆင်း သော သတ္တဝါ အပေါင်း တို့ကို၊ မြေကြီး မျက်နှာ ပေါ် မှ ငါပယ်ရှင်း မည်ဟု၊ ထာဝရဘုရား မှာထားတော်မူ၏။ ၅ မှာ ထားတော်မူသည်အတိုင်း လည်း နောဧ ပြု လေ၏။ ၆ မြေကြီး ကို ရေ လွှမ်းမိုး သောအခါ နောဧ သည် အသက် ခြောက် ရာ ရှိ သတည်း။ ၇ ရေ လွှမ်းမိုး ခြင်းဘေးကြောင့် ၊ နောဧ သည် မိမိ သား ၊ မယား ၊ ချွေးမ များနှင့်တကွ ၊ သင်္ဘော ထဲသို့ ဝင် ၍ ၈ ဘုရား သခင်မှာ ထားတော်မူသည့်အတိုင်း စင်ကြယ် သောသား ၊ မ စင်ကြယ် သောသား ၊ ငှက် များနှင့် မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန်များအထဲ က၊ ၉ အထီး အမ အစုံ တို့သည်၊ နောဧ နှင့်အတူသင်္ဘော ထဲသို့ ဝင် ကြ၏။ ၁၀ ခုနစ် ရက် စေ့သောအခါ ၊ လွှမ်းမိုး အပ်သော ရေ သည် မြေ ပေါ် ၌ ပေါ် လာ၏။ ၁၁ နောဧ အသက် ခြောက် ရာ စေ့သောနှစ် ၊ ဒုတိယ လ ၊ ဆယ် ခုနစ် ရက် နေ့တွင် ၊ ကြီးစွာ သော နက်နဲ ရာ ရေ ပေါက်ရေတွင်းတို့၏ အဆီး အတားရှိသမျှ ကို ပယ်ရှင်း၍၊ မိုယ်း ကောင်းကင်ပြွန်၀ များကို ဖွင့် သဖြင့်၊ ၁၂ အရက်လေး ဆယ်ပတ်လုံးမြေကြီး ပေါ် မှာ မိုးယိုး ရွာ လေ၏။ ၁၃ ထို နေ့ ရက်တွင် ၊ နောဧ နှင့် မိမိ မယား မှစ၍ ရှေမ ၊ ဟာမ ၊ ယာဖက် တည်းဟူသောနောဧ သား သုံးယောက်၊ ချွေးမ သုံး ယောက်တို့သည် သင်္ဘော ထဲ သို့ ဝင် ကြ၏။ ၁၄ သားရဲ မျိုး ၊ သားယဉ် မျိုး ၊ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန် မျိုး ၊ ပျံ တတ်သော ကြက် ငှက် မျိုး၊ ၁၅ အသက် ရှင်သော တိရစ္ဆာန် အမျိုးအမျိုးအပေါင်း တို့အထဲက ၊ အထီးအမအစုံ တို့သည်၊ နောဧ နှင့်အတူသင်္ဘော ထဲသို့ ဝင် ကြလေ၏။ ၁၆ ထိုသို့နောဧကို ဘုရား သခင်မှာ ထားတော်မူသည်အတိုင်း ဝင် သောတိရစ္ဆာန်တို့သည်၊ ခပ်သိမ်း သော တိရစ္ဆာန် တို့အထဲက ၊ အထီး အမ စုံလျက်ဝင် ကြ၏။ ထာဝရဘုရား သည်လည်း နောဧ ကို အထဲမှာ ပိတ် ထားတော်မူ၏။ ၁၇ ရေ လွှမ်းမိုးခြင်းသည် အရက် လေး ဆယ်ပတ်လုံးမြေကြီး ပေါ် မှာ အစဉ်အတိုင်းတိုးတက် ၍ သင်္ဘော ကို မြေ မှ ခွါ လျက် ဆောင်ယူ လေ၏။ ၁၈ တဖန် ရေ သည်အားကြီး၍ မြေကြီး ပေါ် မှာ အလွန် တိုးတက် သဖြင့် ၊ သင်္ဘော သည် ရေ မျက်နှာ ပေါ် ၌ မျော လျက်နေလေ၏။ ၁၉ နောက်တဖန်ရေ သည် မြေကြီး ပေါ် မှာ အလွန် အားကြီး သဖြင့် မိုယ်း ကောင်းကင်အောက် ၌ ရှိသမျှ သော တောင်

ကြီး အပေါင်း တို့သည် မြှုပ် ကြ၏။ ၂၀ ရေမြှုပ်သောတောင် တို့ အထက် ၌ လွှမ်း တတ်သော ရေ သည် ဆယ့် ငါး တောင် ရှိသတည်း။ ၂၁ မြေ ပေါ် မှာ လူပ်ရှားတတ်သော တိရစ္ဆာန် မျိုးတည်းဟူသောငှက် ၊ သားယဉ် ၊ သားရဲ ၊ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန်အပေါင်း တို့နှင့် လူ အပေါင်း တို့သည် သေ ကြကုန်၏။ ၂၂ အသက် ရှူ လျက် ကုန်း ပေါ် မှာ ရှိလေသမျှ တို့သည် သေ ကြကုန်၏။ ၂၃ မြေ မျက်နှာ ပေါ် ၌ ရှိသောလူ ဖြစ်စေ ၊ သား ဖြစ်စေ တွား တတ်သော အရာဖြစ်စေ ၊ မိုဃ်း ကောင်းကင်ငှက် ဖြစ်စေ၊ အသက် ရှင်သော အရာရှိ ရှိသမျှတို့ကို မြေကြီး ပေါ် က ပယ်ရှင်း တော်မူ၍ ၊ ပျက်စီး ကွယ်ပျောက်ခြင်းသို့ ရောက်ကြကုန်၏။ နောဧ မှစ၍ နောဧနှင့်အတူ သင်္ဘော ထဲ ၌ရှိသော သူတို့ သာ ကျန် ကြွင်းကြလေ၏။ ၂၄ ရေ သည်လည်း မြေကြီး ပေါ် မှာ ရက် ပေါင်း တရာ့ ငါး ဆယ်တတ်လုံးအား ကြီးစွာတည်လေ၏။

၈ ဘုရား သခင်သည်၊ နောဧ မှစ၍ အသက် ရှင်သမျှ သောသတ္တဝါ၊ နောဧ နှင့်အတူ သင်္ဘော ထဲ ၌ရှိသောတိရစ္ဆာန် အပေါင်း တို့ကို အောက်မေ့ ၍ ၊ မြေကြီး ပေါ် မှာ လေ လာစေတော်မူသဖြင့် ရေ ငြိမ် လေ၏။ ၂ နက်နဲ ရေပေါက် ရေတွင်းများ မိုဃ်းကောင်းကင် ပြွန်ဝ များကို ဆို့ပိတ် ၍ မိုဃ်း ကို စဲ စေတော်မူ၏။ ၃ ရေ သည်လည်း မြေ ပေါ် မှာ အစဉ် အတိုင်းစီး သွား၍ ၊ အရက် တရာ့ ငါး ဆယ်စေ့ သောအခါ ယုတ် လျော့ လေ၏။ ၄ သတ္တမ လ ၊ ဆယ် ခုနစ် ရက် နေ့တွင် သင်္ဘော် သည် အာရရရတ် အမည်ရှိသောတောင် ပေါ် မှာ တင် လေ၏။ ၅ ဒသမ လ တိုင်အောင် ရေ သည် အစဉ် မပြတ်ယုတ် လျော့၍ ၊ ထိုလဆန်း တရက် နေ့တွင် တောင် ထိပ် တို့သည် ပေါ် ကြ၏။ ၆ ထို အရက် လေး ဆယ်ကြာ လျှင်၊ နောဧ သည် သင်္ဘော် ထဲ၌ လုပ် ခဲ့သော ပြတင်းပေါက် ကိုဖွင့် ၍ ၊ ကျီး တကောင်ကို လွှတ် လေ၏။ ၇ ထိုကျီးအသည် မြေ ပေါ် မှာ ရေ မခန်း မခြောက် မှီတိုင်အောင် ၊ သွား လာလျက် နေလေ၏။ ၈ တဖန် မြေ မျက်နှာ ပေါ် မှာ ရေ ကုန်သည် မကုန် သည်ကို သိ ခြင်းငှါ ၊ ချိုး တကောင်ကို လွှတ် ပြန်လေ၏။ ၉ မြေ တပြင်လုံး ၌ ရေ ရှိသေးသောကြောင့် ၊ ချိုး သည် ခြေ ဖြင့်နင်း၍ အမော ဖြေစရာကို မ တွေ့ သဖြင့် ၊ နောဧ ရှိရာ သင်္ဘော် သို့ ပြန် လာလေ၏။ နောဧ သည်လည်း လက် ကိုဆန့် ၍ ၊ ချိုး ကိုကိုင် ယူပြီးလျှင် ၊ မိမိ နေရာ သင်္ဘော် ထဲသို့ သွင်း လေ၏။ ၁၀ တဖန် ခုနစ် ရက် နေ ပြီးမှထိုချိုး ကို သင်္ဘော် ထဲက လွှတ် ပြန်၏။ ၁၁ ညဦး အချိန် ၌ ချိုး သည် နောဧ ထံသို့ ပြန်လာ ၍ ၊ မိမိဆိတ်ယူသော သံလွင် ရွက် ကို မိမိ နှုတ် သီးဖြင့် ဆောင် ခဲ့ သောကြောင့်၊ ၁၂ မြေကြီး ပေါ် မှာ ရေ ကုန် ကြောင်း ကို နောဧ သိ လေ၏။ တဖန် ခုနစ် ရက် နေ ပြီးမှထိုချိုး ကို လွှတ် ပြန်၏။ နောက် တဖန်ချိုး သည် မ ပြန် မလာနေ၏။ ၁၃ အနှစ် ခြောက် ရာ တခု ပဌမ လ ဆန်းတရက် နေ့တွင် ၊ မြေကြီး ပေါ် မှာ ရေ ခန်း ခြောက်သည်ရှိသော်၊ နောဧ သည် သင်္ဘော် မိုး ကို ပယ်ဖျက် ၍ ကြည့်ရှု သောအခါ ၊ မြေ မျက်နှာ သွေ့ ခြောက်စရှိသည်ကို မြင် ၏။ ၁၄ ဒုတိယ လ ၊ နှစ် ဆယ်ခုနစ် ရက် နေ့တွင် မြေကြီး သွေ့ ခြောက်လေ၏။ ၁၅ ဘုရား သခင်ကလည်း သင် သည် သား မယား ၊ ချွေးမ တို့နှင့်တကွ ၊ သင်္ဘော် ထဲက ထွက် ဆင်းလော့။ ၁၇ သင် ထံမှာ အသက် ရှင်သော တိရစ္ဆာန် ၊ ငှက် များ၊ သား များ မြေ ပေါ် ၌ တွား တတ်သောတိရစ္ဆာန်များ တို့သည်၊ မြေ ပေါ် မှာသားကိုမွေး ၍ အလွန် တိုးပွား များပြား မည်အကြောင်း ၊

ထိုတိရစ္ဆာန်ရှိသမျှ တို့ကို ကိုယ် နှင့်အတူ ထုတ် ဆောင်လော့ဟု၊ နောဧ ကို မိန့် တော်မူ၏။ ၁၈ ထိုအခါ နောဧ မှစ၍ သား ၊ မယား ၊ ချွေးမ တို့သည် ထွက် ဆင်းကြ၏။ ၁၉ သား များ၊ တွား တတ်သော တိရစ္ဆာန်များ၊ ငှက် များ၊ မြေ ပေါ် မှာ လှုပ်ရှား တတ်သမျှ သောအမျိုးမျိုး အပေါင်းတို့သည်လည်း၊ သင်္ဘော ထဲက ထွက် ဆင်းကြ၏။ ၂၀ နောဧ သည်လည်း ၊ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် ပြီးမှ စင်ကြယ် သောသား ၊ စင်ကြယ် သော ငှက် အမျိုးမျိုး ထဲက ယူ ၍ ၊ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့သော ယဇ် ကို ပူဇော်လေ၏။ ၂၁ ထာဝရဘုရား သည်လည်း မွှေးကြိုင် သော အနံ့ ကို ခံယူ ၍ ၊ ငါသည် နောက်တဖန် လူတို့အတွက် မြေကြီး ကို မ ကျိန်။ အကြောင်းမူကား ၊ လူ တို့သည် ငယ် သောအရွယ်မှစ၍ ၊ စိတ် နှလုံးအကြံအစည် ဆိုး ကြ၏။ ငါသည် ယခုတခါ ပြု ပြီးသကဲ့သို့ ၊ အသက် ရှင်သောအရာရှိသမျှ တို့ကို နောက် တဖန်ဒဏ် မ ခတ်။ ၂၂ မြေကြီး မကုန်မှိတိုင်အောင်မျိုးစေ့ ကြဲရသောကာလ၊ အသီးအနှံ ကို သိမ်းရသောကာလ၊ ချမ်း သောကာလ၊ ပူ သောကာလ၊ နွေ ကာလ၊ ဆောင်း ကာလ မ ပြတ် ရဟု အမိန့် တော်ရှိ၏။

၉ ဘုရား သခင်သည်လည်း ၊ နောဧ နှင့် သူ ၏သား တို့ကိုကောင်းကြီး ပေးတော်မူ၍ ၊ သင်တို့သည်များပြား စွာ မွေးဘွား လျက် မြေကြီး ပြည့် စေကြလော့။ ၂ မြေ တိရစ္ဆာန် ၊ မိုဃ်းကောင်းကင် ငှက် အစ ရှိသော၊ မြေ ပေါ် မှာ လှုပ်ရှား တတ်သမျှ နှင့် ၊ ပင်လယ် ငါး အပေါင်း တို့သည်၊ သင် တို့ရှေ့မှာကြောက်ရွံ့ တုန်လှုပ် ခြင်းသဘောရှိ ကြလိမ့်မည်။ ထိုတိရိစ္ဆာန်တို့ကို သင် တို့လက် ၌ ငါ အပ် ၏။ ၃ အသက် ရှင်၍ လှုပ်ရှား တတ်သမျှ သည်၊ အသီး အရွက်ကဲ့သို့ ၊ သင် တို့စားစရာ ဘို့ ဖြစ် ရမည်။ ခပ်သိမ်း သောအရာတို့ကို သင် တို့ ၌ ငါအပ်ပေး ၏။ ၄ သို့သော်လည်း အသက် တည်းဟူသောအသွေးနှင့်တကွ အသား ကို မ စား ရ။ ၅ အကယ်၍ သင် တို့အသက် တည်းဟူသော၊ သင် တို့အသွေး ကို ငါတောင်း မည်။ လူ ၊ တိရစ္ဆာန် အပေါင်း တို့ ၌ ငါတောင်း မည်။ ခပ်သိမ်းသော လူ တို့၏ ညီအစ်ကို ၌ လူ ၏အသက် ကို ငါတောင်း မည်။ ၆ အကြင်သူသည် လူ ၏အသွေး ကိုသွန်း ၏။ ထိုသူ ၏အသွေး ကို လူ လက်ဖြင့် သွန်း ရမည်။ အကြောင်းမူကား ဘုရား သခင်သည် မိမိပုံသဏ္ဌာန် နှင့်အညီ လူ ကို ဖန်ဆင်း တော်မူ၏။ ၇ သင် တို့သည် သားကိုဘွား ၍ များပြား ကြလော့။ မြေ ပေါ် မှာ အလွန်မွေးဘွား ၍ များပြား ကြလော့ဟု မိန့် တော်မူ၏။ ၈ တဖန် ဘုရား သခင်သည်၊ နောဧ နှင့် သူ ၏သား တို့ကို မိန့် တော်မူသည်ကား၊ ၉ သင် တို့နှင့် ၎င်း၊ နောက် ဖြစ်လတံ့သော အမျိုး အနွယ်နှင့်၎င်း၊ ၁၀ သင် တို့ထံမှာ အသက် ရှင်သော တိရစ္ဆာန် တည်းဟူသော ငှက် ၊ သားယဉ် ၊ သားရဲ ရှိသမျှ သင်္ဘော ထဲက ထွက် ဆင်းသမျှ မှစ၍ ၊ မြေ တိရစ္ဆာန် အပေါင်း တို့နှင့် ၎င်း၊ ငါ သည်ကိုယ်တိုင်ပဋိညာဉ် ပြု ၏။ ၁၁ သင် တို့နှင့် ငါ ပြု သော ပဋိညာဉ် ဟူမူကား ၊ ရေ လွှမ်းမိုး ခြင်းအားဖြင့် ၊ ခပ်သိမ်း သော သတ္တဝါ တို့သည် နောက် တဖန်မ ဆုံး ရကြ။ မြေကြီး ကို ဖျက်ဆီး ဘို့ ရာနောက် တဖန်ရေ လွှမ်းမိုးခြင်း မ ရှိ ရ။ ၁၂ ထိုမှတပါး ငါ တဘက်၊ သင် တို့နှင့် သင် တို့ထံမှာ အသက် ရှင်သမျှ သောတိရစ္ဆာန် တို့ တစ်ဖက်၌ သား မြေး အစဉ် အဆက်မပြတ်၊ ငါ ပြု သော ပဋိညာဉ် ၏ လက္ခဏာ သက်သေဟူမူကား၊ ၁၃ ငါ ၏ သက်တံ့ ကို မိုဃ်း တိမ်၌ ငါထား ၏။ ထိုသက်တံ့သည် မြေကြီး နှင့် ငါ ပြုသော ပဋိညာဉ် ၏ သက်သေ ဖြစ် လိမ့်မည်။ ၁၄ ငါ သည် မိုဃ်း ကို အုံ့စေသောအခါ ၊ မိုဃ်းတိမ် ၌ သက်တံ့ သည် ထင်ရှား လိမ့်မည်။

၁၅ ထိုအခါငါ တဘက်၊ သင် တို့မှစ၍ ၊ အသက် ရှင်သောသတ္တဝါ ၊ တိရစ္ဆာန်ရှိသမျှ တို့ တစ်ဖက်၌ရှိသော ၊ ငါ ၏ ပဋိညာဉ် ကိုငါ အောက်မေ့ သဖြင့် ခပ်သိမ်း သော သတ္တဝါ တို့ကို ဖျက်ဆီး ခြင်းငှါ နောက် တဖန်ရေ လွှမ်းမိုးခြင်းမ ရှိ ရ။ ၁၆ မိုဃ်းတိမ် ၌ သက်တံ ရှိ သည်ကို ငါကြည့်ရှု သဖြင့် ၊ ဘုရား သခင်နှင့် မြေကြီး ပေါ် မှာ အသက် ရှင်သော သတ္တဝါ တိရစ္ဆာန်အပေါင်း တို့ စပ်ကြား မှာရှိသော ထာဝရ ပဋိညာဉ် ကို ငါအောက်မေ့ မည်။ ၁၇ ဤ သည်ကား ငါ နှင့် မြေကြီး ပေါ် မှာရှိသော သတ္တဝါ အပေါင်း တို့၏ စပ်ကြား မှာ၊ ငါအမြဲဖွဲ့ သော ပဋိညာဉ် ၏ လက္ခဏာ သက်သေဖြစ်သတည်းဟု နောဧ ကို ဘုရား သခင်မိန့် တော်မူ၏။ ၁၈ သင်္ဘော ထဲက ထွက် ဆင်းသော နောဧ သား တို့၏အမည်ကား ရှေမ ၊ ဟာမ ၊ ယာဖက် တည်း၊ ဟာမ သည် ခါနာန် ၏ အဘ ဖြစ် ၏။ ၁၉ ဤ သူတို့သည် နောဧ ၏ သား သုံး ယောက်ဖြစ်၍ မြေကြီး တပြင်လုံး ၌ နှံ့ ပြား ကြ၏။ ၂၀ နောဧ သည် လယ် လုပ်သောအတတ်ကို ပြုစု ၍ ၊ စပျစ် ဥယျာဉ်ကို စိုက် လေ၏။ ၂၁ စပျစ် ရည်ကိုလည်း သောက် ၍ ယစ်မူး သဖြင့် ၊ မိမိ ထဲ ၌ အဝတ် မခြုံဘဲနေလေ၏။ ၂၂ ခါနာန် ၏ အဘ ဟာမ သည်၊ မိမိ အဘ ၌ အဝတ်အချည်းစည်း ရှိသည်ကိုမြင် လျှင် ပြင် မှာ ရှိသော အစ်ကို နှစ် ယောက်ကို ပြော လေ၏။ ၂၃ ရှေမ နှင့် ယာဖက် တို့သည် အဝတ် ကိုယူ ၍ ပခုံး ပေါ် မှာ တင် ပြီးလျှင် ၊ နောက် သို့ဆုတ်သွား ၍ မိမိ အဘ ၌၊ အဝတ်အချည်းစည်း ရှိသည်ကို ဖုံး ကြ၏။ သူ တို့သည် အပြင်သို့မျက်နှာ ပြူသောကြောင့် ၊ မိမိ အဘ ၌ အဝတ် အချည်းစည်း ရှိသည်ကို မ မြင် ရ။ ၂၄ နောဧ သည် ယစ်မူးခြင်းပျောက်၍ နိုး သောအခါ ၊ မိမိ ၌သား ငယ် ပြု သည်ကို သိ လျှင်၊ ၂၅ ခါနာန် သည် ကျိန် ခြင်းကိုခံ ပါစေ။ အစ်ကို တို့၏ကျွန် တို့ ၌ ကျွန် ဖြစ် ပါစေဟုဆို ၏။ ၂၆ တဖန် ရှေမ ၏ ဘုရား သခင်ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ခါနာန် သည် ရှေမ ၏ကျွန် ဖြစ် ပါစေ။ ၂၇ ဘုရား သခင်သည် ယာဖက် ကို ကျယ် စေတော်မူသဖြင့် ၊ ရှေမ ၏ တဲ တို့တွင် နေ ပါစေ။ ခါနာန် မူကား ၊ သူ ၏ကျွန် ဖြစ် ပါစေဟု ဆို လေ၏။ ၂၈ နောဧ သည် ရေ လွှမ်းမိုးသောနောက် ၊ အနှစ် သုံး ရာ ငါး ဆယ် အသက် ရှင်၍၊ ၂၉ အသက် ပေါင်း ကိုး ရာ ငါး ဆယ်စေ့ သော် အနိစ္စ ရောက်လေ၏

၁၀ ရေ လွှမ်းမိုးသောနောက် ၊ နောဧ သား ရှေမ ၊ ဟာမ ၊ ယာဖက် တို့မှ ဆင်းသက် သော သားစဉ် မြေးဆက်တို့ကို ဆိုပေအံ့။ ၂ ယာဖက် ၏သား ကား ဂေါမာ ၊ မာဂေါဂ ၊ မာဒဲ ၊ ယာဝန် ၊ တုဗလ ၊ မေရှက် ၊ ထိုက် တည်း။ ၃ ဂေါမ သား ကား၊ အာရှကေနတ် ၊ ရိဖတ် တော်ဂမ တည်း။ ၄ ယာဝန် သား ကား၊ ဧလိရှာ ၊ တာရှု ၊ ကိတ္တိမ် ၊ ဒေါဒနိမ် တည်း။ ၅ ဤ သူတို့သည် လူ အမျိုးမျိုးတကျွန်း တနိုင်ငံမြေ နယ်တို့ကို ဘာသာ အသီးအသီး ၊ အမျိုးအနွယ် အသီးသီးရှိသည့်အတိုင်း ၊ အချင်းချင်းခွဲ ဝေကြ၏။ ၆ ဟာမ သား ကား၊ ကုရှ ၊ မိဇရိမ် ၊ ဖုတ ၊ ခါနာန် တည်း။ ၇ ကုရှ သား ကား၊ သေဘ ၊ ဟာဝိလ ၊ သာဘတ ၊ ရာဂမ ၊ သတ္တေခါ တည်း။ ရာဂမ သား ကား၊ ရှေဘ ၊ ဒေဒန် တည်း။ ၈ ကုရှ သည် သား နိမ်ရောဒ ကိုလည်း ရသေး၏။ ထို သားသည် မြေကြီး ပေါ် မှာ အဦး စွမ်း နိုင်သောသူဖြစ် ၏။ ၉ ထာဝရဘုရား ရှေ့မှာ အားကြီး သော မုဆိုး ဖြစ်၏။ ထိုကြောင့်စကားပုံ၌ကား၊ ဘုရား ရှေ့ နိမ်ရောဒ ၊ အား ကြီးမုဆိုး ၊ ပြု လုပ်သည်လိုဟု စပ် ဆိုသတည်း။ ၁၀ သူ ၏ နိုင်ငံ အဦး ကား၊ ရှိနာ ပြည် ၌ ဗာဗုလုန် မြို့၊ ဧရက် မြို့၊ အက္က မြို့ကာလနေ မြို့တည်း။ ၁၁ ထို ပြည် မှာအာရှရိ

ပြည်သို့ သွား၍ နိုနေဝေ မြို့၊ ရဟောဘုတ် မြို့ ကာလ မြို့ကိုဂင်း၊ ၁၂ နိနေဝေ မြို့နှင့် ၊ ကာလ မြို့စပ်ကြား မှာ ကြီး စွာသော မြို့ တည်းဟူသောရေသင် မြို့ကိုဂင်းတည်ဆောက် လေ၏။ ၁၃ မိဇရိမ် သား ကား၊ လုဒိမ် လူ၊ အာနမိမ် လူ၊ လဟာဗိမ် လူ၊ နတ္တုဟိမ် လူ၊ ၁၄ ပါသရူသိမ် လူ၊ ကာသလုဟိမ် လူ၊ ကတ္တောရိမ် လူတည်း။ ကာသလုဟိမ်အမျိုးထဲက ဖိလိတ္တိ လူဖြစ် သတည်း။ ၁၅ ခါနာန် သား အကြီး ကား၊ ဇိဒုန်။ ထိုနောက် ဟေသ။ ၁၆ ထိုနောက် ယေဗုသိ လူ၊ အာမောရိ လူ။ ဂိရဂါရှိ လူ၊ ၁၇ ဟိဝိ လူ၊ အာကိ လူ၊ သိနိ လူ၊ ၁၈ အာဝဒိ လူ၊ ဇေမရိ လူ၊ ဟာမသိ လူတည်း။ ထိုနောက် ခါနာန် အမျိုးသားအသီးသီး တို့သည် နှံ့ပြား ကြ လေ၏။ ၁၉ ခါနာန် အမျိုးသားနေရာ ပြည်နယ်သည် ဇိဒုန် မြို့မှ ဂေရာ မြို့၊ ဂါဇ မြို့တိုင်အောင် ၎င်း တဖန်သောဒုံ မြို့၊ ဂေါမောရ မြို့၊ အာဒမာ မြို့ ဇောဘိုင် မြို့ကိုလွန်၍ လာရှ မြို့ တိုင်အောင် ၎င်း ရှိ သတည်း။ ၂၀ ဤ သူတို့သည် သီးခြားသော အမျိုး အနွယ်၊ သီးခြားသော ဘာသာ အလိုက် ၊ အပြည် အပြည်အတိုင်း တိုင်း၌ နေသောဟာမ သား များ ဖြစ်သတည်း။ ၂၁ ယာဖက် ညီ၊ ဟေဗြဲ လူအပေါင်း တို့၏ အဘ ၊ ရှေမ သည်လည်း သား များကိုမြင် လေ၏။ ၂၂ ရှေမ သား ကား၊ ဧလံ ၊ အာရှရ ၊ အာဖဇဒ် ၊ လုဒ ၊ အာရံ တည်း။ ၂၃ အာရံ သား ကား၊ ဥဇ ၊ ဟုလ ၊ ဂေသာ ၊ မာရှ တည်း။ ၂၄ အာဖာဇဒ် သား ရှာလ ၊ ရှာလ သား ဟေဗာ တည်း။ ၂၅ ဟေဗာ သည်လည်း သား နှစ် ယောက်ကို မြင် လေ၏။ သား တယောက်ကား၊ ဖာလက် အမည် ရှိ၏။ အကြောင်း မူကား၊ သူ့ လက်ထက် ၌ မြေကြီး ကို ခွဲဝေ ကြ၏။ သူ ၏ညီ ကား၊ ယုတ္တန် အမည် ရှိ၏။ ၂၆ ယုတ္တန် သား ကား၊ အာလမောဒဒ် ၊ ရှေလပ် ၊ ဟာဇာမာဝက် ၊ ယေရ၊ ၂၇ ဟဒေါရံ ၊ ဥဇလ ၊ ဒိကလ၊ ၂၈ ဩဗလ အဘိမေလ ၊ ရှေဘာ၊ ၂၉ ဩဖိရ ဟဝိလ ၊ ယောဗပ် ၊ ဤ သူအပေါင်း တို့ သည် ယုတ္တန် သား ဖြစ်သတည်း။ ၃၀ သူ တို့နေရာ မူကား၊ မေရှ မြို့မှ သည် အရှေ့ မျက်နှာ၌သေဖာ တောင် တိုင်အောင် ရှိ သတည်း။ ၃၁ ဤ သူ တို့သည် သီးခြားသော အမျိုးအနွယ် ၊ သီးခြားသော ဘာသာ အလိုက် ၊ အပြည် ပြည်အတိုင်းတိုင်း တို့ ၌ နေသောရှေမ သား များဖြစ်သတည်း။ ၃၂ ဤ ရှေ့ကား မိမိတို့အမျိုးအနွယ် အသီးသီးအလိုက်မှတ်သားထားသော နောဧ သား ဆွေစဉ်မျိုးဆက် စာရင်းပေသတည်း။ ထိုသူ တို့သည် ရေ လွှမ်းမိုးသောနောက် ၊ မြေကြီး ပေါ် မှာ သီးခြား သော တိုင်းပြည် တို့ကိုတည်ထောင်ကြလေ၏။

၁၁ မြေကြီး သားအပေါင်း တို့သည် ဘာသာ တ မျိုးတည်း။ စကား တ မျိုးတည်းရှိ ကြသည်ဖြစ်၍၊ ၂ အရှေ့ မျက်နှာမှ ခရီး သွားသဖြင့် ၊ ရှိနာ ပြည် ၌ မြေညီ ရာအရပ် ကိုတွေ့ ၍ နေရာ ချကြ၏။ ၃ သူတို့ကလည်း လာ ကြ။ အုတ် လုပ် ၍ ခိုင်မာစွာ ဖုတ် ကြကုန်အံ့ဟု၊ တ ယောက်ကို တယောက် ပြော ကြ၏။ ထိုသို့ ကျောက် အရာ ၌ အုတ် ကို ၎င်း ၊ သရွတ် အရာ ၌ ရေညှိ တမျိုးကိုဂင်း ရပြီးလျှင်၊ ၄ လာ ကြ၊ မြေကြီး တပြင်လုံး ၌ အရပ်ရပ် ကွဲပြား မည်ကို စိုးရိမ် ၍၊ မြို့ ကို ၎င်း ၊ မိုဃ်းကောင်းကင် သို့ မှီရသော ရဲတိုက် ကိုဂင်း တည် လုပ်သဖြင့် ၊ ကျော်စော ကိတ္တိရှိစေခြင်းငှါ ပြု ကြကုန်အံ့ဟု ပြောဆို ကြ၏။ ၅ ထိုသို့ လူ သား တို့တည် လုပ်သော မြို့ နှင့် ရဲတိုက် ကို ကြည့်ရှု ခြင်းငှါ၊ ထာဝရဘုရား သည် ဆင်းသက် တော်မူ ၏။ ၆ ထာဝရဘုရား က ကြည့်ရှု လော့။ လူ တ မျိုးတည်း ၊ စကား တ မျိုးတည်း ရှိသည်ဖြစ်၍၊ သူ တို့သည် ဤ အမှုကို အဦး ပြု ကြ၏။ ယခု ကြံစည် သမျှ တို့ကို အဆီး အတားမ ရှိ၊ သူ တို့ပြု ကြလိမ့်မည်။ ၇ လာ

ကြ၊ ဆင်းသက် ကြကုန်အံ့။ သူတို့သည် အချင်းချင်း နား မ လည်စေခြင်းငှါ၊ သူ တို့စကား ကို ရှုပ်ထွေး ကြကုန်အံ့ဟု မိန့်တော်မူ၏။ ၈ ထိုသို့ ထာဝရဘုရား သည် သူ တို့ကို မြေကြီး တပြင်လုံး ၌ အရပ်ရပ်ကွဲပြား စေတော်မူသဖြင့် ၊ သူတို့သည် မြို့ ကိုမ တည်ပဲ နေကြ၏။ ၉ သို့ ဖြစ်၍ ထိုမြို့၌ ထာဝရဘုရား သည် မြေကြီး သားအပေါင်း တို့၏ စကား ကိုရှုပ် ထွေး၍ ၊ သူ တို့ကို မြေကြီး တပြင်လုံး ၌ အရပ်ရပ် ကွဲပြား စေတော်မူသောကြောင့် ထို မြို့ သည် ဗာဗုလုန် မြို့ဟူ၍တွင် သတည်း။ ၁၀ ရှေမ ၏ သားစဉ်မြေးဆက်ဟူမူကား ၊ ရှေမ သည် အသက် တ ရာရှိ၍ ၊ ရေ လွှမ်းမိုးသောနောက် နှစ် နှစ်ကြာ သော်၊ သားအာဖာဇဒ် ကို မြင် လေ၏။ ၁၁ အာဖာဇဒ် ဘွားမြင် သောနောက် ၊ ရှေမ သည် အနှစ် ငါး ရာ အသက် ရှင်၍ သား သမီး များကို မြင် လေ၏။ ၁၂ အာဖာဇဒ် သည် အသက် သုံး ဆယ်ငါး နှစ်ရှိ သော်၊ သားရှာလ ကို မြင် လေ၏။ ၁၃ ရှာလ ဘွားမြင် သောနောက် ၊ အာဖာဇဒ် သည် အနှစ် လေး ရာ သုံး နှစ် အသက်ရှင် ၍ ၊ သား သမီး များကို မြင် လေ၏။ ၁၄ ရှာလ သည် အသက် သုံး ဆယ်ရှိ သော်၊ သားဟေဗာ ကို မြင် လေ၏။ ၁၅ ဟေဗာ ဘွားမြင် သောနောက် ၊ ရှာလ သည် အနှစ် လေး ရာ သုံး နှစ် အသက် ရှင်၍ ၊ သား သမီး များကို မြင် လေ၏။ ၁၆ ဟေဗာ သည် အသက်သုံး ဆယ့်လေး နှစ်ရှိ သော်၊ သားဖာလက် ကို မြင် လေ၏။ ၁၇ ဖာလက် ဘွားမြင် သောနောက် ၊ ဟေဗာ သည် အနှစ် လေး ရာ သုံး ဆယ်အသက် ရှင်၍ ၊ သား သမီး များကို မြင် လေ၏။ ၁၈ ဖာလက် သည် အသက် သုံး ဆယ်ရှိ သော်၊ သားရာဂေါ ကို မြင် လေ၏။ ၁၉ ရာဂေါ ဘွားမြင် သောနောက် ၊ ဖာလက် သည် အနှစ် နှစ် ရာကိုး နှစ် အသက် ရှင်၍ ၊ သား သမီး များကို ဘွားမြင် လေ၏။ ၂၀ ရာဂေါ သည် အသက် သုံး ဆယ်နှစ် နှစ်ရှိ သော်၊ သားစေရောက် ကို မြင် လေ၏။ ၂၁ စေရောက် ဘွားမြင် သောနောက် ၊ ရာဂေါ သည် အနှစ် နှစ် ရာခုနစ် နှစ် အသက် ရှင်၍ ၊ သား သမီး များကို မြင် လေ၏။ ၂၂ စေရောက် သည်အသက် သုံး ဆယ်ရှိ သော်၊ သားနာခေါ် ကို မြင် လေ၏။ ၂၃ နာခေါ် ဘွားမြင် သောနောက် ၊ စေရောက် သည် အနှစ် နှစ် ရာအသက် ရှင်၍ သား သမီး များကို မြင် လေ၏။ ၂၄ နာခေါ် သည် အသက် နှစ် ဆယ်ကိုး နှစ်ရှိ သော်၊ သားတေရ ကို မြင် လေ၏။ ၂၅ တေရ ဘွားမြင် သောနောက် ၊ နာခေါ် သည် အနှစ် တ ရာတဆယ် ကိုး နှစ် အသက် ရှင်၍ ၊ သား သမီး များကို မြင် လေ၏။ ၂၆ တေရ သည် အသက် ခုနစ် ဆယ်ရှိ သော်၊ သားအာဗြံ ၊ နာခေါ် ၊ ခါရန် တို့ကိုမြင် လေ၏။ ၂၇ တေရ ၏ သားစဉ် မြေးဆက်ဟူမူကား ၊ တေရ သည် အာဗြံ ၊ နာခေါ် ၊ ခါရန် တို့ကိုမြင် လေ၏။ ၂၈ ခါရန် သည်လည်း လောတ ကိုမြင် လေ၏။ ခါရန် သည်၊ အဘ တေရ မ သေမှီ၊ မိမိ ဘွား ရာအရပ် ၊ ခါလဒဲ ပြည်သားတို့နေသောဥရ မြို့၌ သေ လေ၏။ ၂၉ အာဗြံ နှင့် နာခေါ် သည် မယား ကို ယူ ၍ ၊ အာဗြံ ၏ မယား ကား၊ စာရဲ အမည် ရှိ၏။ နာခေါ် ၏ မယား ကား၊ ခါရန် ၏သမီး မိလခါ အမည် ရှိ၏။ ခါရန်သည် မိလခါ နှင့် ဣသခ ၏အဘ ဖြစ်သတည်း။ ၃၀ စာရဲ မူကား မြို့ သော မိန်းမဖြစ် ၍ သားသမီး မ ရှိ။ ၃၁ တေရ သည်သား အာဗြံ ကိုဂုင်း ၊ ခါရန် ၏သား ဖြစ်သောမြေး လောတ ကိုဂုင်း ၊ သားအာဗြံ ၏မယား ဖြစ် သော မိမိ ချွေးမ စာရဲ ကိုဂုင်း ခေါ် ၍၊ သူတို့သည် ခါနာန် ပြည် သို့ သွား ခြင်းငှါ ၊ ခါလဒဲ ပြည်သားတို့နေသောဥရ မြို့မှ ထွက် သဖြင့်၊ ခါရန် မြို့သို့ ရောက် ၍ နေ ကြ၏။ ၃၂ တေရ သည် အသက် နှစ် ပေါင်းနှစ် ရာငါး နှစ် ရှိ သော်၊ ခါရန် မြို့၌ သေ လေ၏။

၁၂ ထာဝရဘုရား သည်လည်း အာဗြံ ကို ခေါ် တော်မူ၍၊ သင် ၏ပြည် နှင့်တကွ အမျိုးသား ချင်းပေါက်ဘော်များထဲက ထွက် ပြီးလျှင် ၊ ငါပြ လတံ့သော ပြည် သို့ သွားလော့။ ၂ ငါသည် သင့် ကို လူမျိုး ကြီး ဖြစ် စေမည်။ ငါ ကောင်းကြီး ပေး၍ သင် ၏နာမ ကို ကြီးမြတ် စေမည်။ သင် သည် ကောင်းကြီး ခံရသောသူဖြစ် လိမ့်မည်။ ၃ သင့် ကို ကောင်းကြီး ပေးသောသူကို ငါကောင်းကြီး ပေးမည်။ သင့် ကို ကျိန်ဆဲ သောသူကို ငါကျိန်ဆဲ မည်။ သင် အားဖြင့် လည်း လူမျိုး အပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၄ ထိုသို့ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ၊ အာဗြံ ထွက်သွား ၍ လောတ လည်းလိုက် လေ၏။ အာဗြံ သည် ခါရန် မြို့မှ ထွက်သွား သောအခါ အသက် ခုနစ် ဆယ်ငါး နှစ် ရှိ၏။ ၅ အာဗြံ သည် မယား စာရဲ ၊ အစ်ကို သား လောတ နှင့် ၊ ဥစ္စာ ရ တတ်သမျှ ကို ၎င်း ၊ ခါရန် မြို့၌ ရ သောလူ တို့ကိုဎင်း ၊ ယူပြီးလျှင် ခါနာန် ပြည် သို့ ရောက် ခြင်းငှါ ၊ ထွက်သွား ၍ ၊ ထိုပြည် သို့ ရောက်ကြ၏။ ၆ အာဗြံ သည် ထိုပြည် ကို ရှောင်သွား ၍ ရှိခင် အရပ် ၊ မောရေ သပိတ် ပင်သို့ ရောက်လေ၏။ ထိုအခါ ၊ ခါနာန် အမျိုးသားတို့သည် ထိုပြည် ၌ ရှိကြရ၏။ ၇ ထာဝရဘုရား သည် အာဗြံ အား ထင်ရှား ၍ ၊ ဤ ပြည် ကို သင် ၏အမျိုး အနွယ်အား ငါပေး မည်ဟု မိန့် တော်မူ၏။ ထိုသို့ ထင်ရှား တော်မူသောထာဝရဘုရား ဘို့ ၊ ထို အရပ်၌၊ ယဇ်ပလ္လင်ကို တည် လေ၏။ ၈ ထို အရပ်မှ သွား ပြန်၍ ၊ ဗေသလ မြို့အရှေ့၌ ရှိသောတောင် သို့ ပြောင်းသဖြင့်၊ ဗေသလ မြို့အရှေ့၊ အာဂ္ဂ မြို့ အနောက် စပ်ကြားမှာ တဲ ကိုဆောက် ၍ ၊ ထာဝရဘုရား သို့ ယဇ် ပလ္လင်ကို တည် ပြီးလျှင် ၊ ထာဝရဘုရား ၏ နာမ တော်ကို ပဌာန ပြု၏။ ၉ အာဗြံ သည် ခရီး သွားလျက် ၊ ပြောင်း လျက် ၊ တောင် မျက်နှာသို့ ရောက် လေ၏။ ၁၀ ထို့နောက် ၊ ခါနာန်ပြည် ၌ အစားခေါင်းပါး ခြင်းဖြစ် ၏။ အလွန် အစား ခေါင်းပါးသောကြောင့် ၊ အာဗြံ သည် အဲဂုတ္တ ပြည်၌ တည်းခို ခြင်းငှါ သွား လေ၏။ ၁၁ အဲဂုတ္တ၊ ပြည်နှင့် နီး သောအခါ၊ မိမိ မယား စာရဲ ကို ၊ သင် သည် အဆင်း လှ သော မိန်းမ ဖြစ်သည်ကို ငါသိ ၏။ ၁၂ အဲဂုတ္တ၊ လူတို့သည် သင့် ကိုမြင် သောအခါ ၊ ဤ မိန်းမသည် သူ ၏မယား ဖြစ်၏ဟုဆို လျက် ၊ ငါ့ ကိုသတ် ၍ သင့် ကို အသက် ချမ်းသာပေးလိမ့်မည်။ ၁၃ သို့ ဖြစ်၍ သင် သည် ငါ့ နှမ ဖြစ်ကြောင်းကို ပြော ပါလော့။ သို့ ပြောလျှင် သင့်အတွက် ငါ ကောင်းစား လိမ့်မည်။ သင် ၏ကျေးဇူးအားဖြင့် ငါ အသက် ချမ်းသာ ရလိမ့်မည်ဟု ဆို၏။ ၁၄ အာဗြံ သည် အဲဂုတ္တ ပြည်သို့ ရောက် သောအခါ ၊ သူ၏မယား သည် အလွန် အဆင်း လှသည်ကို အဲဂုတ္တ၊ လူတို့သည် မြင် ကြ၏။ ၁၅ ဖါရော ဘုရင်၏မှူး တော်မတ်တို့လည်း မြင် ၍ ၊ ရှေ့တော်၌ ချီးမွမ်း ပြီးလျှင် ၊ နန်း တော်သို့ သွင်း ရကြ၏။ ၁၆ ဖာရောဘုရင်သည် ထိုမိန်းမ အတွက် အာဗြံ ၌ ကျေးဇူး ပြုသဖြင့် ၊ သူ သည် သိုး ၊ နွား ၊ မြည်းထီး ၊ မြည်း မ၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမ၊ ကုလားအုပ် များနှင့် ကြွယ်ဝ၏။ ၁၇ ထာဝရဘုရား သည် အာဗြံ ၏ မယား စာရဲ အတွက် ကြောင့်၊ ဖါရော ဘုရင်မှစ၍ နန်းတော် သားတို့ကို ကြီး သော ဘေးဒဏ် ဖြင့် ဆုံးမ တော်မူ၏။ ၁၈ ဖါရော ဘုရင်သည်လည်း အာဗြံ ကို ခေါ် ၍ ၊ သင်သည်ငါ ၌ ပြု သောအမှု ကား အဘယ်သို့ နည်း။ သူ သည် သင် ၏မယား ဖြစ်ကြောင်း ကို ၊ ငါ အား အဘယ်ကြောင့် မ ပြော သနည်း။ ၁၉ ငါ သည် သူ့ ကို သိမ်းပိုက် စေခြင်းငှါ၊ သူ သည် ငါ့ နှမ ဖြစ်သည်ဟု အဘယ်ကြောင့် ဆို သနည်း။ သင် ၏ မယား ကို ယခု ယူ ၍ သွား လော့ဟု အမိန့်

ရှိ၏။ ၂၀ ထိုသို့အာဗြဟ္မအမှုကို စီရင်၍၊ မိမိလူ တို့အား မှာ ထားသဖြင့်၊ သူတို့သည် အာဗြဟ္မ ၌ ရှိသမျှ သော ဥစ္စာနှင့်တကွ၊ သမီး မောင်နှံတို့ကို လွှတ်လိုက်ကြ၏။

၁၃ အာဗြဟ္မ သမီး မောင်နှံတို့သည်လည်း၊ လောတ နှင့်တကွ မိမိ တို့ ၌ ရှိသမျှ သော ဥစ္စာကိုယူ၍၊ အဲဂုတ္တု ပြည်မှ ထွက်သွား သဖြင့်၊ ခါနာန်ပြည်တောင် ပိုင်းသို့ ရောက်ကြ၏။ ၂ ထိုအခါ အာဗြဟ္မ သည်၊ သိုး၊ နွားစသည်တို့ကိုလည်း၊ ရွှေ ငွေ ကို လည်း အလွန် ရ တတ်၏။ ၃ တဖန် တောင် ပိုင်းမှ ခရီး သွား ၍၊ ဗေသလ နယ် အတွင်း၊ ဗေသလ မြို့၊ အာက္ခ မြို့စပ်ကြား ၌၊ အထက် က တဲ ကိုဆောက်၍၊ ၄ ယဇ် ပလ္လင်ကိုတည် ခဲ့ဘူးသော အရပ် သို့ ရောက်ပြန်လျှင်၊ ထို အရပ်တွင် ထာဝရဘုရား၏ နာမ တော်ကို ပဌနာ ပြု၏။ ၅ အာဗြဟ္မ နှင့်အတူ လိုက် လာသောလောတ သည်လည်း သိုး၊ နွား များနှင့် တဲ အများရှိ သဖြင့်၊ ၆ ထိုလူနှစ်ဦးတို့သည် အတူ နေ ခြင်းငှါ ထိုမြေ မ ဆံ့ နိုင်။ ဥစ္စာ များ လွန်း၍၊ သူ တို့သည် တ ရပ်တည်း မ နေ နိုင် ကြ။ ၇ အာဗြဟ္မ၏ နွား ကျောင်းသား၊ လောတ ၏ နွား ကျောင်းသားတို့သည်လည်း ခိုက်ရန် ပြုကြ၏။ ထိုအခါ၊ ခါနာန် အမျိုးသား၊ ဖေရိဇ အမျိုးသားတို့သည် ထိုပြည် ၌ နေ ကြသတည်း။ ၈ အာဗြဟ္မ ကလည်း၊ ငါ တို့သည် ညီအစ်ကို ချင်းဖြစ်လျက်၊ ငါ နှင့် သင် ၌ ငင်း၊ ငါ့ နွား ကျောင်းသားတို့နှင့်၊ သင့် နွား ကျောင်းသားတို့ ၌ ငင်း၊ ခိုက်ရန် မ ရှိ ပါစေနှင့်။ ၉ မြေ တပြင်လုံး သည် သင့် ရှေ့မှာရှိသည် မ ဟုတ်လော့။ ငါ နှင့် ခွာ ၍နေပါလော့။ သင်သည် လက်ဝဲ ဘက်သို့ သွားလျှင်၊ ငါသည် လက်ျာ ဘက်သို့သွားမည်။ သင်သည် လက်ျာ ဘက်သို့ သွားလျှင်၊ ငါသည် လက်ဝဲ ဘက်သို့ သွားမည်ဟု ဆို၏။ ၁၀ ထိုကာလအခါ၊ သောဒုံ မြို့နှင့် ဂေါမောရ မြို့ကို ထာဝရဘုရား ဖျက်ဆီး တော်မ မူမီ၊ ဇောရ မြို့သို့ သွား သောလမ်း၊ ယော်ဒန် မြစ် ပတ်ဝန်းကျင် အရပ်ရပ် ၌ ရေ များ၍ ထာဝရဘုရား၏ ဥယျာဉ် တော်ကဲ့သို့ ၎င်း အဲဂုတ္တု ပြည် ကဲ့သို့ ၎င်း ဖြစ်သည်ကို၊ လောတ မြော် ကြည့် ၍ မြင် လျှင်၊ ၁၁ ယော်ဒန် ချိုင့် တရှောက်လုံး ကို ရွေးချယ် ၍၊ အရှေ့ သို့ ပြောင်း သွားသဖြင့်၊ အချင်းချင်း တ ဦးနှင့် တဦးကွဲပြား ကြ၏။ ၁၂ အာဗြဲ သည် ခါနာန် ပြည် ၌ နေ လေ၏။ လောတ မူကား၊ မြစ် ပတ်ဝန်းကျင်မြို့ တို့တွင် နေ ၍၊ သောဒုံ မြို့ နား မှာ တဲ ကို ဆောက်လေ၏။ ၁၃ သောဒုံ မြို့သား တို့သည် ဆိုး သောသူ၊ ထာဝရဘုရား ရှေ့၌၊ အလွန် အပြစ် များသောသူဖြစ် ကြသတည်း။ ၁၄ လောတ သည် အာဗြဲ နှင့် ခွါ ၍ သွားပြီးမှ၊ ထာဝရဘုရား သည် အာဗြဲကိုခေါ်၍၊ သင် ရှိသော အရပ် က၊ တောင်၊ မြောက်၊ အရှေ့၊ အနောက် သို့ မြော် ကြည့် လော့။ ၁၅ သင် မြင် သော မြေ တပြင်လုံး ကို၊ သင် နှင့် သင် ၏ အမျိုး အနွယ်အား၊ ငါသည်ကာလ အစဉ်အမြဲပေး မည်။ ၁၆ သင် ၏အမျိုး အနွယ်ကို မြေ မှုန့် ကဲ့သို့ ငါများပြားစေမည်။ သို့ ဖြစ်၍ လူ သည်မြေ မှုန့် ကို ရေတွက် နိုင် လျှင်၊ သင် ၏ အမျိုး အနွယ်ကို ရေတွက် နိုင်ကြလိမ့်မည်။ ၁၇ သင်ထ ၍မြေ ကို အလျား အားဖြင့် ၎င်း၊ အနံ အားဖြင့် ၎င်း ရှောက် သွားလော့။ သင် အား ငါပေး မည်ဟု မိန့် တော်မူ၏။ ၁၈ တဖန် အာဗြဲ သည် တဲ ကိုပြောင်း၍၊ ဟေဗြုန် မြို့၊ မံရေ သပိတ်တော သို့ ရောက် မှ နေရာ ကျ၍ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် လေ၏။

၁၄ ထို ရောအခါ၊ ရှိနှာ မင်းကြီး အံရဖေလ ၊ ဧလောသာ မင်းကြီး အာရုတ် ၊ ဧလံ မင်းကြီး ခေဒေါရလောမာ ၊ ဂေါအိမ် မင်းကြီး တိဒလ တို့သည်၊ ၂ သောဒုံ မင်းကြီး ဗေရ ၊ ဂေါမောရ မင်းကြီး ဗိရရှ ၊ အာဓမာ မင်းကြီး ရှိနပ် ၊ ဇောဘိုင် မင်းကြီး ရှေမဘာ ၊ ဗေလာ မင်းကြီး တို့နှင့် စစ် တိုက် ကြ၏။ ဗေလပြည်ကား ၊ ဇောရ အမည်လည်းရှိသတည်း။ ၃ ထို ပြည်ရှိသမျှ တို့သည်၊ သောဒုံ အိုင် ဖြစ် သော စိဒ္ဒိမ် ချိုင့် တွင် နီးစပ် လျက်ရှိကြ၏။ ၄ တဆယ် နှစ် နှစ် ပတ်လုံးခေဒေါရလောမာ မင်းကြီးထံ ကျွန် ခံပြီးလျှင် ၊ တဆယ် သုံး နှစ် မြောက်သောအခါ ပုန်ကန် ကြ၏။ ၅ တဆယ် လေး နှစ် မြောက်လျှင် ၊ ခေဒေါရလောမာ မင်းသည်၊ မိမိ ဘက်ကနေသော မင်းကြီး တို့နှင့်တကွ လာ ၍ ၊ အာရှတရုတ်ကာနိမ် မြို့၌ ၊ ရေဖိမ် လူများကိုလည်း ၊ ဟာမ မြို့၌ ဇူဇိမ် လူများကိုလည်း ၊ ကိရယသိမ် ချိုင့်၌ ဧမိမ် လူများကိုလည်း၊ ၆ စိရ တောင် ပေါ် မှာဟောရိ လူများကိုလည်း လုပ်ကြံ၍၊ တော နား မှာရှိသော ဧလပါရန် မြို့တိုင်အောင် လိုက်ကြ၏။ ၇ တဖန် ပြန် လာ၍ ၊ ကာဒေရှ ပြည်၊ အင်မိရှပတ် မြို့သို့ ရောက် ပြီးလျှင်၊ အာမလက် ပြည် ရှိသမျှ ကိုလည်း ၊ ဟာဇေဇုန်တာမာ မြို့၌ နေ သောအာမောရိ လူများကိုလည်း လုပ်ကြံ ကြ၏။ ၈ ထိုအခါ သောဒုံ မင်းကြီး ၊ ဂေါမောရ မင်းကြီး ၊ အာဓမာ မင်းကြီး ၊ ဇောဘိုင် မင်းကြီး ၊ ဇောရ တည်း ဟူသော ဗေလာ မင်းကြီး တို့သည် ချီ ထွက်၍ စိဒ္ဒိမ် ချိုင့် ၌ စစ် ပြိုင် ကြ၏။ ၉ ထိုသို့ ဧလံ မင်းကြီး ခေဒေါရလောမာ ၊ ဂေါအိမ် မင်းကြီး တိဒလ ၊ ရှိနှာ မင်းကြီး အံရဖေလ ၊ ဧလောသာ မင်းကြီး အာရုတ် တည်း ဟူသော၊ မင်းကြီး လေး ပါးနှင့်၊ မင်းကြီးငါး ပါးတို့သည် စစ်ပြိုင်ကြ၏။ ၁၀ စိဒ္ဒိမ် ချိုင့် ၌ ရေညှိ အကျိအခွဲနှင့် ပြည့်သော တွင်း များ ရှိ၏။ သောဒုံ မင်းကြီး ၊ ဂေါမောရ မင်းကြီးတို့သည် ပြေး ၍ ထို တွင်းများ၌ ကျ လေ၏။ ကြွင်း သောသူတို့သည် တောင် သို့ ပြေး ကြ၏။ ၁၁ အောင်သောမင်းတို့သည်၊ သောဒုံ မြို့နှင့် ဂေါမောရ မြို့၌ ရှိသမျှ သော ဥစ္စာ နှင့် မြို့ရိက္ခါ ရှိသမျှ တို့ကို ယူ ၍ သွား ကြ၏။ ၁၂ သောဒုံ မြို့၌ နေ သောအာဗြံ အစ်ကို သား လောတ နှင့် သူ ၏ဥစ္စာ တို့ကိုလည်း သိမ်းယူ ၍ သွား ၏။ ၁၃ ထိုဘေးမှ လွတ် ၍ ပြေးသော သူတယောက်သည်၊ ဟေဗြဲ လူ အာဗြံ နှင့် မိဿဟာယ ဖွဲ့ သောသူ၊ ဧရှကောလ နှင့် အာနေရ ၏အစ်ကို အာမောရိ လူမံရေ ၏ သပိတ်တော နား မှာ နေ သောအာဗြံ ထံသို့ ရောက် ၍ ၊ သိတင်းကြား ပြောလေ၏။ ၁၄ အာဗြံ သည် မိမိ အစ်ကို သားကို ဘမ်း သွား ကြောင်း ကိုကြား လျှင် ၊ မိမိ အိမ် ၌ ဘွား ၍ သွန်သင် သော လူသုံး ရာ တဆယ် ရှစ် ယောက်တို့ကို စီရင် ၍ ၊ ဒန် မြို့ တိုင်အောင် လိုက် လေ၏။ ၁၅ ညဉ့် အခါ၊ မိမိ လူ တို့ကိုခွဲ ၍ တိုက် စေသဖြင့် ၊ လုပ်ကြံ ပြီးလျှင် ၊ ဒမာသက် မြို့မြောက် ဘက် ဟောဘ မြို့ တိုင်အောင် လိုက် ပြန်လေ၏။ ၁၆ ရန်သူတို့သိမ်း သွားသော ဥစ္စာ ရှိသမျှ ကိုလည်း ၊ မိမိ အစ်ကို သား လောတ နှင့် သူ ၏ဥစ္စာ ကိုလည်း ၊ မိန်းမ များ နှင့် လူ များကိုလည်း၊ တဖန် ဆောင် ယူခဲ့လေ၏။ ၁၇ ခေဒေါရလောမာ နှင့် ၊ သူ့ဘက်ကနေသောမင်းကြီး တို့ကို လုပ်ကြံ ရာမှ အာဗြံပြန် လာသောအခါ ၊ သောဒုံ မင်းကြီး သည် ခရီးဦးကြို ပြုခြင်းငှါ ရှာဝေ ချိုင့် တည်းဟူသောမင်းကြီး ချိုင့် သို့ ထွက်သွား ၏။ ၁၈ အမြင့်ဆုံး သော ဘုရား သခင်၏ ယဇ်ပုရောဟိတ်ဖြစ်သော၊ ရှာလင် မင်းကြီး မေလခိဇေဒက် သည်လည်း ၊ မုန့် နှင့် စပျစ်ရည် ကို ဆောင် ခဲ့ပြီးလျှင်၊ ၁၉ ကောင်းကင် မြေကြီး ရှင် ၊ အမြင့်ဆုံး သော ဘုရား သခင်သည် အာဗြံ အား ကောင်းကြီး ပေးတော်မူပါစေသောဟု၊

အာဗြဲ ကို ကောင်းကြီး ပေး၍၊ ၂၀ သင် ၏ ရန်သူ တို့ကို သင် ၏လက် ၌ အပ်နှံ တော်မူသော အမြင့်ဆုံး သော ဘုရား သခင်လည်း မင်္ဂလာ ရှိတော်မူစေသတည်းဟု မြွက်ဆို ၏။ အာဗြဲသည်လည်း ဥစ္စာ ရှိသမျှတို့ကို၊ ထိုမင်း အား ဆယ် ဘို့တဘို့ လှူ လေ၏။ ၂၁ သောဒုံ မင်းကြီး ကလည်း ၊ လူ တို့ကို ကျွန်ုပ် အား ပြန်ပေး ပါ၊ ဥစ္စာ တို့ကိုကား၊ ကိုယ်တိုင် ယူ ပါလော့ဟု အာဗြဲ အား ပြော လိုလျှင်၊ ၂၂ အာဗြဲက၊မင်းကြီးသည်အာဗြဲ ကိုငါ ရတတ် စေပြီဟုပြော စရာမ ရှိစေခြင်းငှါ ၂၃ ကျွန်ုပ်နှင့်အတူလိုက်လာသောသူ၊အာနေရ၊ဧရှကောလ၊မံရေ တို့သည်မိမိ တို့အဘို့ ကိုယူ စေခြင်းငှါအခွင့်ပေးသဖြင်သူတို့ယူသောအဘို့ ကိုဂင်း၊ထား၍၊မင်းကြီး၏ဥစ္စာ၊အပ်ခြည်တမျှင်ဖြစ်စေခြေနင်း ကြိုး တပင်ဖြစ်စေ၊တစုံတခု ကိုငါမ ယူ ဟု ၂၄ ကောင်းကင် မြေကြီး ရှင်၊အမြင့်ဆုံး သောဘုရား သခင်ထာဝရဘုရား ရှေ့တော်၌၊ကျွန်ုပ် သည်လက် ကိုချီ ၍အဓိဋ္ဌာန်ပြုပါပြီဟု၊သောဒုံ မင်းကြီး အား ပြောဆို လေ၏။

၁၅ ထိုနောက်မှဗျာဒိတ်တော်အားဖြင့်၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် အာဗြဲ သို့ ရောက် ၍၊ အချင်းအာဗြဲ ၊ မ စိုးရိမ် နှင့်။ ငါ သည် သင် ၏ အကွယ် အကာဖြစ်၏။ သင် ၏အကျိုး သည် အလွန် ကြီး လှ၏ဟု မိန့် တော်မူလျှင်၊ ၂ အာဗြဲ က၊ အရှင် ထာဝရဘုရား ၊ အကျွန်ုပ် သည် သား မရှိဘဲ သွား ရပါ၏။ ဤဒမာသက် မြို့သား ဧလျာဇာ သည် အကျွန်ုပ် ၏ အမွေခံ ဖြစ်ရပါ၏။ သို့ ဖြစ်၍ အဘယ် ကျေးဇူးကို ပြု တော်မူပါမည်နည်းဟု လျှောက် ဆို၏။ ၃ တဖန် အာဗြဲ က အကျွန်ုပ် အား အမျိုး အနွယ်ကိုပေး တော်မ မူပါ။ အကျွန်ုပ် ၏ အိမ် ၌ ဘွား သောသူသည် အကျွန်ုပ် ၏ အမွေခံ ဖြစ်ရပါသည်တကားဟု လျှောက် ဆို၏။ ၄ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော် ရောက်လာသည်ကား၊ ဤသူ သည် သင် ၏အမွေခံ မ ဖြစ်ရ။ သင် ၏ ကိုယ် ထဲက ထွက် သောသူသည် သင် ၏ အမွေခံ ဖြစ်လိမ့်မည်ဟု မိန့် တော်မူပြီးလျှင်၊ ၅ အာဗြဲ ကိုပြင် သို့ ထုတ် ဆောင်တော်မူ၍ ၊ မိုယ်းကောင်းကင် ကို မြော်ကြည့် လော့။ ကြယ် များကို ရေတွက် နိုင် လျှင် ရေတွက် လော့။ သင် ၏အမျိုး အနွယ်သည်ထိုသို့ ဖြစ် လိမ့်မည်ဟု မိန့် တော်မူ၏။ ၆ အာဗြဲသည် ထာဝရဘုရား ကို ယုံကြည် သည် ဖြစ်၍ ၊ သူ ၏ယုံကြည်ခြင်းကို ဖြောင့်မတ် ခြင်းကဲ့သို့မှတ် တော်မူ၏။ ၇ တဖန် ၊ ငါ သည် ဤ ပြည် ကို သင်အမွေခံ စရာဘို့ ၊ သင် အား ပေး လို သောငှါ၊ ခါလဒဲ ပြည်သားတို့နေသောဥရ မြို့မှ သင့် ကို ထုတ် ဆောင်သော ထာဝရဘုရား ဖြစ်သည်ဟု မိန့် တော်မူလျှင်၊ ၈ အရှင် ထာဝရဘုရား ၊ ဤပြည်ကို အကျွန်ုပ် အမွေ ခံရမည်ကို အဘယ်သို့ သိ ရပါအံ့နည်းဟု မေးလျှောက် လေ၏။ ၉ ထာဝရဘုရားကလည်း၊ သုံး နှစ်အသက်ရှိသောနွား မတကောင်၊ သုံး နှစ်အသက်ရှိသောဆိတ် တကောင်၊ သုံး နှစ်အသက်ရှိသောသိုး ထီးတကောင်၊ ချိုး တကောင်၊ ခို သငယ်တကောင်တို့ကို ငါ ဘို့ ယူ လော့ဟု မိန့် တော်မူသည်အတိုင်း၊ ၁၀ ထို တိရစ္ဆာန်အပေါင်း တို့ကို ယူ ၍ ၊ တကောင် တကောင်ကို ထက်ဝက် စီ ခွဲပြီးလျှင် ၊ ခွဲ သောအသားတို့ကို အဘက် တချက်၌ ထား လေ၏။ ငှက် ကောင်တို့ကို မ ခွဲ။ ၁၁ ငှက် ရဲတို့သည် အသေ ကောင်တို့ အပေါ် သို့ ဆင်း လာသောအခါ ၊ အာဗြဲ သည် နှင် လေ၏။ ၁၂ နေ ဝင် သောအခါ ၊ အာဗြဲ သည် ကြီး သော အိပ် ခြင်းဖြင့် အိပ်ပျော် လျက်၊ ထူသောမှောင်မိုက် နှင့် တွေ့ ၍၊ ထိတ်လန့် ခြင်းသို့ ရောက် လေ၏။ ၁၃ ထာဝရဘုရားကလည်း၊ သင် ၏ အမျိုး အနွယ်သည်၊ သူတပါးပိုင်သောပြည် ၌ ဧည့်သည်

ဖြစ် ကြသဖြင့် ၊ သူတပါး တို့ ၌ ကျွန် ခံခြင်း၊ နှိပ်စက် ညှဉ်းဆဲခြင်းကို အနှစ် လေး ရာ ပတ်လုံးခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။ ၁၄ သူတို့ကို စေခိုင်း သော လူမျိုး ကိုလည်း ငါ စီရင် မည်။ ထိုနောက်မှ ၊ သူတို့သည် များစွာ သောဥစ္စာ နှင့် ထွက် ကြလိမ့်မည်။ ၁၅ သင်သည်ဘိုးတော် တို့ထံ သို့ငြိမ်ဝပ် စွာ သွား ရလိမ့်မည်။ အသက် ကြီးရင့်လျက် သင်္ဂြိဟ် ခြင်းကိုခံရလိမ့်မည်။ ၁၆ လူမျိုး လေး ဆက်လွန်သောအခါ ၊ သူတို့သည် ဤ ပြည်သို့ ပြန် လာကြလိမ့်မည်။ အာမောရိ အမျိုးသားတို့၏ ဒုစရိုက် အပြစ်သည် မ စုံလင် သေးဟု အာဗြဲ အား မိန့် တော်မူ၏။ ၁၇ တဖန် နေ ဝင် ၍ မိုက် သောအခါ ၊ ခွဲ ထားသော အသားအလယ်၌၊ မီးခိုး ထွက်သောမီးဖို ၊ မီး ထွန်းလင်းသော မီးခွက် သည် ထင်ရှားစွာ ရှောက်သွားလေ၏။ ၁၈ ထို နေ့ ၌ ထာဝရဘုရား သည် အာဗြဲ နှင့် ပဋိညာဉ် ပြု တော်မူလျက်၊ အဲဂုတ္တု မြစ် မှစ၍ မြစ်ကြီး တည်းဟူသော၊ ဥဖရတ် မြစ် တိုင်အောင်၊ ဤ ပြည် ကိုငင်း၊. ၁၉ ကေနိ လူ၊ ကေနဇိ လူ၊ ကာဒမောနိ လူ၊ ၂၀ ဟိတ္တိ လူ၊ ဖေရဇိ လူ၊ ရေဖိမ် လူ၊ အာမောရိ လူ၊ ခါနနိ လူ၊ ဂိရဂါရှိ လူ၊ ယေဗုသိ လူတို့ကိုငင်း၊ ၂၁ သင် ၏ အမျိုးအနွယ် အား ငါအပ်ပေး ပြီဟု မိန့် တော်မူ၏။

၁၆ အာဗြဲ ၏ မယား စာရဲ ၌ သားဘွား ခြင်းမ ရှိသဖြင့် ၊ အဲဂုတ္တု ပြည်သူဟာဂရ အမည် ရှိသောကျွန် မတယောက် ရှိသည်ဖြစ်၍၊ ၂ စာရဲ က၊ အကျွန်ုပ် အား သားဘွား ရသောအခွင့်ကို ထာဝရဘုရား ပေးတော်မမူ။ အကျွန်ုပ် ၏ ကျွန် မထံသို့ ဝင် ပါလော့။ သူ့ အားဖြင့် အကျွန်ုပ်သည် တည်ဆောက် ခြင်း ရှိကောင်းရှိပါလိမ့်မည်ဟု အာဗြဲ အား ပြောဆို ၍ ၊ အာဗြဲ သည် စာရဲ ၏စကား ကို နားထောင် လေ၏။ ၃ ထိုသို့ အာဗြဲ သည် ခါနာန် ပြည် ၌ ဆယ် နှစ် နေ ပြီးမှ၊ အာဗြဲ ၏မယား စာရဲ သည် မိမိ ကျွန် မအဲဂုတ္တ ပြည်သူဟာဂရ ကိုယူ ၍၊ မိမိ ခင်ပွန်း အာဗြဲ သိမ်းပိုက် စေဘို့ အပ်နှင်း လေ၏။ ၄ အာဗြဲသည်လည်း ဟာဂရ ထံသို့ ဝင် ၍ ၊ ဟာဂရသည် ပဋိသန္ဓေ စွဲလေ၏။ ဟာဂရသည် မိမိတွင် ပဋိသန္ဓေ စွဲနေကြောင်း ကို သိ လျှင်၊ မိမိ သခင် မကို မထီမဲ့မြင် ပြုလေ၏။ ၅ စာရဲ ကလည်း အကျွန်ုပ် ခံရ သောအပြစ်သည် ကိုယ်တော် ခေါင်းပေါ် ၌ တည်ရှိပါစေ။ အကျွန်ုပ် ၏ ကျွန် မကို ကိုယ်တော် ရင်ခွင် ၌ အကျွန်ုပ် အပ်နှင်း ပါပြီ။ သူသည် ကိုယ်၌ပဋိသန္ဓေ စွဲနေကြောင်း ကို သိ လျှင်၊ အကျွန်ုပ်ကို မထီမဲ့မြင် ပြုပါသည်တကား။ ထာဝရဘုရား သည် အကျွန်ုပ် နှင့် ကိုယ်တော် အမှု ကို စီရင် တော်မူပါစေ သောဟု၊ အာဗြဲ အား ဆို လေ၏။ ၆ အာဗြဲ ကလည်း ၊ သင် ၏ ကျွန် မသည် သင် ၏လက် ၌ ရှိ၏။ သူ ၌ ပြု ချင်သမျှပြု ပါလော့ဟု စာရဲ အား ပြန်ပြော လျှင်၊ စာရဲ သည် ကျွန် မကို ညှဉ်းဆဲ သဖြင့် ၊ ကျွန်မသည် သခင် မထံမှ ထွက် ပြေးလေ၏။ ၇ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ရှုရ မြို့ သို့သွားရာတော လမ်း ၌ရှိသောစမ်း ရေ တွင်း နား မှာ ဟာဂရ ကိုတွေ့ လျှင်၊ ၈ စာရဲ ကျွန် မဟာဂရ ၊ အဘယ် က လာ သနည်း။ အဘယ် အရပ်သို့ သွား မည်နည်းဟုမေးသော်၊ ကျွန်မ သည် သခင် မစာရဲ ထံမှ ပြေး လာပါသည်ဟု ဆို လေ၏။ ၉ ထာဝရဘုရား ၏ ကောင်းကင် တမန်ကလည်း ၊ သင် ၏ သခင် မထံသို့ ပြန် ၍ ၊ သူ ၏အုပ်စိုး ခြင်းကိုခံ လော့ဟု အမိန့် ရှိ၏။ ၁၀ တဖန် ထာဝရဘုရား ၏ ကောင်းကင် တမန်က၊ သင် ၏ အမျိုးအနွယ် ကို မ ရေတွက် နိုင်အောင်၊ ငါအလွန် များပြား စေမည်ဟူ၍ငင်း၊ ၁၁ သင် သည် ကိုယ်ဝန် ဆောင်သည်ဖြစ်၍ ၊ သား ယောကျ်ားကို ဘွားမြင် လိမ့်မည်။ ထို

သားကို ကျရှုမေလ အမည် ဖြင့် မှည့် ရမည်။ အကြောင်းမူကား ၊ ထာဝရဘုရား သည် သင် ၏ ဆင်းရဲ ဒုက္ခကို ကြား သိတော်မူပြီ။ ၁၂ သူ သည်လူ ရိုင်း ဖြစ် လိမ့်မည်။ လူ အပေါင်းတို့ကို ရန်ဘက်ပြုလိမ့်မည်။ သူ့ ကိုလည်း လူအပေါင်း တို့သည် ရန်ဘက်ပြုကြလိမ့်မည်။ မိမိ ညီအစ်ကို အပေါင်း တို့၏ အပါး၌ နေ ရလိမ့်မည်ဟူ၍ငင်း မြွက်ဆိုလေ၏။ ၁၃ ထိုသို့ မိန့် မြွက်တော်မူသောထာဝရဘုရား ကို၊ အာတောဧလရော ဟူသောအမည် ဖြင့် ခေါ် ဝေါ် ၍၊ ငါ့ ကိုမြင် တော်မူသောသူကို ဤ အရပ်၌ပင် ငါဖူး မြင်ရသည်တကားဟု ဟာဂရဆို လေ၏။ ၁၄ ထို အကြောင်းကိုအစွဲပြု၍၊ ထို ရေတွင်းကို ဗေရလဟဲရော ဟု သမုတ် ကြ၏။ ကာဒေရှ မြို့နှင့် ဗေရက် မြို့ ၏စပ်ကြား မှာ ရှိသတည်း။ ၁၅ ထိုနောက် ဟာဂရ သည် အာဗြံ အား သား ကို ဘွားမြင် ၏။ အာဗြံ လည်း ဟာဂရ တွင် မြင် သော သား ကို ဣရှမေလ အမည် ဖြင့် မှည့် လေ၏။ ၁၆ အာဗြံ သည် သား ဣရှမေလ ကို ဟာဂရ ဘွားမြင် သောအခါ ၊ အသက် ရှစ် ဆယ်ခြောက် နှစ် ရှိသတည်း။

၁၇ ထိုနောက် ၊ အာဗြံ သည် အသက် ကိုး ဆယ်ကိုး နှစ် ရှိ သောအခါ ၊ ထာဝရဘုရား သည် အာဗြံ အား ထင်ရှား တော်မူ၍ ၊ ငါ သည် အနန္တ တန်ခိုးရှင် ဘုရား သခင်ဖြစ်၏။ ငါ့ ရှေ့ မှာ သွား လာ၍ စုံလင် ခြင်းရှိ လော့။ ၂ ငါ ၏ ပဋိညာဉ် ကို သင် နှင့် ငါပြု မည်။ သင့် ကို ငါအလွန် များပြား စေမည်ဟု မိန့် တော်မူ၏။ ၃ အာဗြံ သည်လည်း ပြပ်ဝပ် လျှင် ၊ ဘုရား သခင်က၊ ၄ ငါ ပြုသော ပဋိညာဉ် သည် သင် ၌ ရှိ၏။ သင်သည် လူမျိုး အများ တို့၏ အဘ ဖြစ် လိမ့်မည်။ ၅ နောက်တဖန် သင် ၏ အမည် ကို အာဗြံ ဟုမ ခေါ် ရ။ သင် ၏အမည် ကို အာဗြဟံ ဟုခေါ် ရ၏။ အကြောင်းမူကား ၊ ငါသည် သင့် ကို များ စွာသော လူ အမျိုးတို့၏ အဘ အရာ၌ ခန့်ထား ပြီ။ ၆ ငါသည် သင့် ကို အလွန် ပွား များစေမည်။ သင် အားဖြင့်လူအမျိုးမျိုးတို့ကို ဖြစ် စေမည်။ သင် ၏ အမျိုးအနွယ် ၌ လည်း ရှင်ဘုရင် ဖြစ် ရကြလိမ့်မည်။ ၇ ငါသည်သင်၏ဘုရား၊ သင့် နောက် ၌ သင့် အမျိုးအနွယ် ၏ ဘုရား ဖြစ်မည်ဟု၊ သင် နှင့် သင် ၏ အမျိုးအနွယ် အစဉ် အဆက်တို့ ၌ ၊ ငါ့ ပဋိညာဉ် ကို ထာဝရ ပဋိညာဉ် ဖြစ် စေမည်။ ၈ သင် သည် ယခုဧည့်သည် ဖြစ်၍နေသောပြည် တည်းဟူသော၊ ခါနာန် ပြည် တရှောက်လုံး ကို၊ သင် အား ၎င်း ၊ သင့် နောက် ၌သင် ၏အမျိုးအနွယ် အား ၎င်း ၊ အစဉ်အမြဲ အပိုင် ပေး မည်။ သူ တို့၏ ဘုရား လည်း ငါဖြစ် မည်ဟု မိန့်မြွက်တော်မူ၏။ ၉ တဖန် ဘုရား သခင်က၊ သို့ ဖြစ်၍ သင် နှင့်တကွ သင့် နောက် ၌ သင် ၏အမျိုးအနွယ် အစဉ် အဆက်တို့သည်၊ ငါ ၏ပဋိညာဉ် ကို စောင့်ရှောက် ရကြမည်။ ၁၀ သင် နှင့်တကွ သင့် နောက် ၌ သင် ၏အမျိုးအနွယ် သည်၊ ငါ့ ရှေ့မှာ စောင့်ရှောက် ရသောငါ ၏ ပဋိညာဉ် ဟူမူကား ၊ သင် တို့တွင် သား ယောကျ်ားတိုင်း အရေဖျား လှီးမင်္ဂလာကို ခံရမည်။ ၁၁ အရေဖျား လှီးမင်္ဂလာသည်၊ ငါ နှင့် သင် တို့ပြုသောပဋိညာဉ် ၏ လက္ခဏာ သက်သေဖြစ် ရလိမ့်မည်။ ၁၂ သင် တို့အမျိုး အစဉ်အဆက်တို့ ၌ သား ယောကျ်ားတိုင်း ၊ ကိုယ်အိမ် ၌ဘွား သောသူဖြစ်စေ၊ ကိုယ့် အမျိုး မ ဟုတ်၊ တပါး အမျိုးသား၌ ငွေ နှင့်ဝယ် သောသူ ဖြစ်စေ ၊ အသက်ရှစ် ရက် မြောက်လျှင် ၊ အရေဖျား လှီး မင်္ဂလာကို ခံရမည်။ ၁၃ ကိုယ် အိမ် ၌ ဘွား သောသူ၊ ကိုယ် ငွေ နှင့်ဝယ် သောသူသည်၊ အရေဖျား လှီးမင်္ဂလာကို ခံရမည်။ ငါ့ ပဋိညာဉ် လည်း သင် တို့၏အသား ၌ ထာဝရ

ပဋိညာဉ် ဖြစ် လိမ့်မည်။ ၁၄ အရေဖျား မလှီး၊ အရေဖျား လှီးမင်္ဂလာကို မ ခံသောသား ယောကျ်ားကို သူ ၏ အမျိုး မှ ပယ်ရှင်း ရ၏။ ထို သူ သည် ငါ့ ပဋိညာဉ် ကို ဖျက် လေပြီဟု အာဗြဟံ အား မိန့် တော်မူ၏။ ၁၅ တဖန် ဘုရား သခင်က၊ သင် ၏မယား စာရဲ ကို မူကား၊ စာရဲ ဟူသောအမည် ဖြင့်မ ခေါ် ရ၊ စာရာ ဟူသောအမည် ဖြင့်ခေါ် ရ၏။ ၁၆ သူ့ ကိုငါကောင်းကြီး ပေး၍ ၊ သူ့ အားဖြင့် လည်း သင် အား သား ကိုပေး မည်။ အကယ်စင်စစ်သူ့ ကို ကောင်းကြီး ပေး၍ ၊ သူသည် လူအမျိုးမျိုးဖြစ်လိမ့်မည်။ သူ ၏အမျိုးအနွယ် ၌ လည်း အပြည် ပြည်သော ရှင်ဘုရင် ဖြစ် ကြ လိမ့်မည်ဟု၊ အာဗြဟံ အား မိန့် တော်မူ၏။ ၁၇ ထိုအခါ အာဗြဟံ သည် ပြပ်ဝပ် လျက် အသက် တ ရာရှိသောသူသည် သား ကို ရ လိမ့်မည်လော။ အသက် ကိုး ဆယ်ရှိသောစာရာ သည် သား ကိုဘွား လိမ့်မည်လော ဟု ရယ် လျက် ၊ စိတ် နှလုံးထဲမှာ အောက်မေ့ပြီးလျှင်၊ ၁၈ ဣရှမေလ သည် ရှေ့ တော်၌ အသက်ရှင် ပါစေသောဟု၊ ဘုရား သခင်ကို လျှောက် သောအခါ၊ ၁၉ ဘုရား သခင်က၊ သင် ၏မယား စာရာ သည် သင် အား သား ကိုဘွား လိမ့်မည်။ ထို သားကိုလည်း ဣဇာက် အမည် ဖြင့် မှည့် ရမည်။ သူ ၌ ၎င်း သူ့ နောက်မှ သူ ၏ အမျိုးအနွယ် ၌ ၎င်း ငါ ၏ပဋိညာဉ် ကို ထာဝရ ပဋိညာဉ် ဖြစ်စေမည်။ ၂၀ ဣရှမေလ အမှု၌ ကား ၊ သင် ၏စကားကို ငါနားထောင် ၏။ သူ့ ကို ငါကောင်းကြီး ပေး၏။ သူ့ အနွယ်ကို တိုးပွား စေ၍ သူ့ ကို အလွန် များပြား စေမည်။ သူသည် မင်း သားဆယ် နှစ် ပါးတို့၏အဘ ဖြစ်လိမ့်မည်။ ကြီး သော လူမျိုး ဖြစ် စေခြင်းငှါလည်း ငါပြု မည်။ ၂၁ သို့သော်လည်း ၊ နောင် နှစ် ၊ ချိန်းချက် သောအချိန်တွင်၊ စာရာ သည် သင် အား ဘွား လတ္တံသော သားဣဇာက် ၌ ၊ ငါ ၏ပဋိညာဉ် ကို ငါတည် စေမည်ဟု မိန့် တော်မူပြီးလျှင်၊ ၂၂ မိန့် မြွက်တော်မူသံငြိမ်း ၍ ဘုရား သခင်သည် အာဗြဟံ မှ တက် ကြွတော်မူ၏။ ၂၃ အာဗြဟံ သည်လည်း ၊ သား ဣမေလ မှစ၍ ၊ ကိုယ် အိမ် ၌ ဘွား သော သူအပေါင်း ၊ ကိုယ် ငွေ နှင့် ဝယ် သော သူအပေါင်း တည်းဟူသော ၊ အာဗြဟံ အိမ် နှင့်ဆိုင်သော ယောကျ်ား အပေါင်း တို့ကို ယူ၍၊ ဘုရား သခင်မိန့် တော်မူသည် အတိုင်း ၊ တ နေ့ခြင်းတွင် အရေဖျား လှီးမင်္ဂလာကို ပေးလေ၏။ ၂၄ အာဗြဟံ သည် ကိုယ်တိုင် အရေဖျား လှီးမင်္ဂလာကို ခံသောအခါ ၊ အသက် ကိုး ဆယ်ကိုး နှစ်ရှိ၏။ ၂၅ သား ဣရှမေလ သည် အရေဖျား လှီး မင်္ဂလာကို ခံသောအခါ ၊ အသက် တ ဆယ်သုံး နှစ်ရှိ၏။ ၂၆ တ နေ့ခြင်းတွင် အာဗြဟံ နှင့် သား ဣရှမေလ သည် အရေဖျား လှီးမင်္ဂလာကို ခံလေ၏။ ၂၇ သူ ၏အိမ် ၌ ဘွား သော သူတပါး အမျိုးသား၌ သူ၏ငွေ နှင့် ဝယ် သောသူ၊ သူ၏အိမ် နှင့်ဆိုင်သော ယောကျ်ား အပေါင်း တို့သည်၊ သူ နှင့်အတူ အရေဖျား လှီး မင်္ဂလာကို ခံကြလေ၏။

၁၈ ထာဝရဘုရား သည် မံရေ သပိတ် တောနား မှာ၊ အာဗြဟံ အား ထင်ရှား တော်မူသည် အကြောင်းအရာဟူမူကား ၊ နေ ပူ သောအချိန်တွင် အာဗြဟံသည် တဲ တံခါးဝ ၌ ထိုင် လျက်၊ ၂ မြော် ကြည့် ၍ ၊ မိမိ ရှေ့ မှာ လူ သုံး ယောက် ရပ် နေကြသည်ကို မြင် သောအခါ ၊ ခရီးဦးကြိုပြု ခြင်းငှါ တဲ တံခါးဝ မှ ပြေး ၍ မြေ သို့ ဦးညွတ် ချလျက်၊ ၃ အကျွန်ုပ်သခင် ၊ ရှေ့ တော်၌ အကျွန်ုပ်သည် မျက်နှာ ရလျှင် ကိုယ်တော် ကျွန် မှ လွန် ၍ မ သွားပါနှင့်။ ၄ ရေ အနည်းငယ် ကို ယူ ခဲ့ပါရစေ။ ခြေ ကို ဆေး ပြီးလျှင် သစ်ပင် အောက် ၌ လျောင်း နေကြပါလော့။ ၅ မုန့် အနည်းငယ် ကိုလည်း ယူ ခဲ့ပါမည်။

အမောအပန်း ပြေသောအခါ သွား ကြပါလော့။ ထိုသို့ သော ကျေးဇူးတော်ကိုခံ စေခြင်းငှါ၊ ကိုယ်တော် ကျွန် ရှိရာသို့ ရောက် ပါပြီဟုဆို၏။ ထိုသူတို့ကလည်း ၊ ပြော သည်အတိုင်း ပြု ပါလော့ဟုဆို ကြ၏။ ၆ အာဗြဟံ သည်လည်း ၊ တဲ အတွင်း ၌ရှိသောစာရာ ဆီသို့ အလျင်အမြန် ဝင်ပြီးလျှင် ၊ ဂျုံမုန့်ညက် သုံး စလယ် ကို အသော့ ပြင်၍နယ် ပါ။ ပေါင်မုန့် ကို လုပ် ပါဟုဆို လေ၏။ ၇ တဖန် နွား စုသို့ ပြေး ၍ နုထွား ကောင်းမွန်သော နွားသငယ် ကို ယူခဲ့၍၊ လုလင် ၌ အပ် သဖြင့် မြန်မြန် ပြင်ဆင် စေ ၏။ ၈ ထိုနောက် နို့ နှင့် နို့ခမ်း ကိုငင်း၊ ပြင်ဆင် သော နွား သငယ် ကိုငင်း ယူ ၍၊ ထိုသူ တို့ရှေ့၌ ထည့် ပြီးလျှင် ၊ သစ်ပင် အောက် ၊ သူ တို့အနား မှာရပ် နေ၍ ၊ သူတို့သည် စား ကြ၏။ ၉ ပြီး သောအခါ၊ သင် ၏ မယား စာရာ သည် အဘယ် မှာရှိသနည်းဟုမေး ကြလျှင်၊ တဲ အတွင်း ၌ ရှိပါသည်ဟု ပြန် ပြော၏။ ၁၀ ထိုသူတို့တွင် တပါးကလည်း၊ ဘွားချိန်စေ့သောအခါ၊ ငါသည် သင့် ဆီသို့ ဆက်ဆက်ပြန်လာ ဦးမည်။ ထိုအခါ သင် ၏မယား စာရာ သည် သား ကို ရလိမ့်မည်ဟု ပြောဆို၏။ ထိုသို့ဆိုသောသူ ၏နောက် ၌ တံခါး၀ အနား မှာ၊ စာရာရှိသောကြောင့်ထိုစကားကိုကြား၏။ ၁၁ ထိုအခါ အာဗြဟံ နှင့် စာရာ သည် အသက် အရွယ် ကြီးရင့်လှပြီ။ စာရာ သည် မိန်းမ တို့ ၌ ဥတုရောက် မြဲ ရှိသည့်အတိုင်း မ ရောက်ပြီ။ ၁၂ ထိုကြောင့် စာရာ က၊ ငါ လည်းအို ပြီ၊ ငါ့ သခင် လည်း အို ပြီ၊ သို့ ဖြစ်၍ငါ သည် ပျော်မွေ့ ခြင်းရှိလိမ့်မည် လောဟု ဆိုလျှက်၊ တိတ်ဆိတ်စွာ ရယ် လေ၏။ ၁၃ သင်၏မယားစာရာ က၊ အကယ်၍ငါ သည် အို ပြီး မှ၊ သားကို ဘွား လိမ့်မည်လောဟုဆို လျက် ၊ အဘယ်ကြောင့် ရယ် သနည်း။ ၁၄ ထာ၀ရဘုရား မ တတ်နိုင်သောအမှု တစုံတခု ရှိသလော။ ချိန်းချက်သော ဘွားချိန် စေ့သောအခါ ၊ သင့် ဆီသို့ ငါပြန် လာ၍၊ စာရာ သည် သား ကို ရလိမ့်မည်ဟု ထာ၀ရဘုရား သည် အာဗြဟံ အား မိန့် တော်မူ၏။ ၁၅ စာရာ ကလည်း ကျွန်မမ ရယ် ပါဟု၊ ကြောက် ၍ ငြင်း လေ၏။ မဟုတ် ဘူး။ သင်ရယ် ပြီဟုမိန့် တော်မူ၏။ ၁၆ ထိုလူ တို့သည် ထို အရပ်က ထ ၍ သောဒုံ မြို့သို့ မျက်နှာ ပြုလျက် သွားကြ၏။ အာဗြဟံ သည်လည်း သူ တို့ ကို ပို့ ခြင်းငှါ လိုက် လေ၏။ ၁၇ ထာ၀ရဘုရား ကလည်း ၊ ငါ ပြု မည်အမှုကို အာဗြဟံ အား မဘော်မပြဘဲ ဝှက် ထားရမည်လော။ ၁၈ အာဗြဟံ သည် ကြီးမြတ် ၍ ၊ တန်ခိုး နှင့်ပြည့်စုံသော လူမျိုး ဖြစ် လိမ့်မည်။ လူမျိုး အပေါင်း တို့သည် သူ့ အားဖြင့် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်။ ၁၉ အကြောင်းမူကား ၊ သူ သည် မိမိ နောက် ၌ ဖြစ်သော သား များ၊ အိမ်သူ များတို့အား ပညတ် မည့်အရာကို ငါသိ၏။ သူတို့သည်လည်း ထာ၀ရဘုရား ၏ တရား လမ်းသို့ လိုက် ၍ ဟုတ်မှန် ဖြောင့်မတ် ကျင့် ကြ လိမ့်မည်။ သို့ ဖြစ်၍ ဂတိတော် ရှိသည့်အတိုင်း ၊ ထာ၀ရဘုရား သည် အာဗြဟံ ၌ ပြုရသော အခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။ ၂၀ တဖန် ထာ၀ရဘုရား က၊ သောဒုံ မြို့၊ ဂေါမောရ မြို့၌ ကြွေးကြော် သော အသံသည်ကြီး၍၊ အလွန် အပြစ် လေးသောကြောင့်၊ ၂၁ ယခု ငါသွား ၍ ငါ့ ရှေ့သို့ရောက် ခဲ့ပြီးသော ကြွေးကြော် ခြင်းရှိသည်အတိုင်း ၊ သူတို့သည် အမှန်ပြုသည် မ ပြုသည်ကို ငါကြည့်ရှု မည်။ မ ပြု လျှင် မပြုကြောင်း ကို ငါသိ မည် ဟု မိန့် တော်မူ၏။ ၂၂ ထိုသူတို့သည် ထို အရပ်မှ မျက်နှာလှည့် ၍ သောဒုံ မြို့သို့ သွား ကြ၏။ အာဗြဟံ မူကား ၊ ထာ၀ရဘုရား ရှေ့တော်၌ ရပ် နေလျက်ရှိ သေး၏။ ၂၃ ထိုအခါ အာဗြဟံ ချဉ်းကပ် ၍ ၊ ကိုယ်တော်သည် ဖြောင့်မတ် သောသူတို့ ကို၊ မတရား

သောသူတို့ နှင့်တကွ ဖျက်ဆီး တော်မူမည်လော။ ၂၄ ထိုမြို့ တွင် ဖြောင့်မတ် သောသူငါး ဆယ်ရှိ လျှင် ၊ ဖျက်ဆီး တော်မူမည်လော။ ဖြောင့်မတ် သောသူ ငါး ဆယ်ပါသောမြို့ကို သူ တို့အတွက် မ နှမြော ဘဲ ဖျက်ဆီးတော်မူ မည်လော။ ၂၅ ထိုသို့ ပြု၍ ဖြောင့်မတ် သောသူတို့ ကို မတရား သောသူတို့ နှင့်တကွ ကွပ်မျက် ခြင်းအမှုသည် ကိုယ်တော် နှင့် ဝေး ပါစေသတည်း။ ဖြောင့်မတ် သောသူတို့ ကို မတရား သောသူတို့ကဲ့သို့ ခံ စေသောအမှု သည် ကိုယ်တော် နှင့် ဝေး ပါစေသတည်း၊ မြေကြီး လုံး ကို စီရင် တော်မူသောသခင်သည်၊ တရား သဖြင့် ပြု တော်မူမည် မ ဟုတ်လောဟု လျောက် ဆို၏။ ၂၆ ထာဝရဘုရား ကလည်း ၊ သောဒုံ မြို့၌ ဖြောင့်မတ် သောသူငါး ဆယ်ကို ငါတွေ့ လျှင် ၊ သူ တို့အတွက် ထိုအရပ် လုံး ကို ငါနှမြော မည်ဟု မိန့် တော်မူ၏။ ၂၇ တဖန် အာဗြဟံ က၊ အကျွန်ုပ် သည် မြေ မှုန့်နှင့် ပြာ သက်သက်ဖြစ်သော်လည်း ၊ ဘုရား ရှင်ကို ယခု လျှောက် မည်ဟု အားထုတ် ပါ၏။ ၂၈ ဖြောင့်မတ် သောသူ ငါး ဆယ်တို့တွင် ငါး ယောက်မ ပြည့်လျှင် ၊ ထိုငါး ယောက်မပြည့်သော အတွက်ကြောင့်၊ ထိုမြို့ လုံး ကို ဖျက်ဆီး တော်မူမည်လောဟု မေးလျှောက်ပြန်သော်၊ ထို မြို့၌ လေး ဆယ့်ငါး ယောက်ကို ငါတွေ့ လျှင် ၊ ငါမ ဖျက်ဆီး ဟု မိန့် တော်မူ၏။ ၂၉ တဖန် တုံ၊ ထိုမြို့၌ လေး ဆယ်ကိုတွေ့ကောင်းတွေ့ တော်မူလိမ့်မည်ဟု လျှောက် ဆိုပြန်လျှင် ၊ ထိုလေး ဆယ်အတွက် ငါမ ပြု ဘဲနေမည်ဟု မိန့် တော်မူ၏။ ၃၀ တဖန် တုံ၊ အိုဘုရား ရှင်၊ စိတ် ရှိတော်မ မူပါနှင့်၊ အကျွန်ုပ် လျှောက် ပါရစေ။ ထို မြို့၌သုံး ဆယ်ကို တွေ့ ကောင်းတွေ့ တော်မူလိမ့်မည်ဟု လျှောက် ဆိုပြန်လျှင် ၊ ထို မြို့၌ သုံး ဆယ်ကိုငါတွေ့ လျှင် ၊ ငါမ ပြု ဟုမိန့် တော်မူ၏။ ၃၁ တဖန်တုံ ၊ အကျွန်ုပ်သည် ထာဝရ ဘုရားကို ယခု လျှောက် မည်ဟု အားထုတ် ပါ၏။ ထို မြို့၌ နှစ် ဆယ်ကို တွေ့ကောင်းတွေ့ တော်မူလိမ့်မည်ဟု လျှောက် ဆိုပြန်လျှင် ၊ နှစ် ဆယ်အတွက် ငါမ ဖျက်ဆီး ဘဲနေမည်ဟု မိန့် တော်မူ၏။ ၃၂ အိုဘုရား ရှင်၊ စိတ် ရှိတော်မ မူပါနှင့်။ သည် တကြိမ် အကျွန်ုပ်လျှောက် ပါရစေဦး။ ထို မြို့၌ တ ဆယ်ကို တွေ့ကောင်းတွေ့ တော်မူလိမ့်မည်ဟု လျှောက် ဆိုပြန်လျှင် ၊ တ ဆယ်အတွက် ငါမ ဖျက်ဆီး ဘဲနေမည်ဟု မိန့် တော်မူ၏။ ၃၃ ထာဝရဘုရား သည် အာဗြဟံ နှင့် နှုတ်ဆက် ခြင်း အမှုကုန်စင် ပြီးမှကွ သွားတော်မူ၏။ အာဗြဟံ သည် လည်း မိမိ နေရာ အရပ်သို့ ပြန် လေ၏။

၁၉ ကောင်းကင် တမန်နှစ် ပါးတို့သည် ညဦး အချိန်၌ သောဒုံ မြို့သို့ ရောက် လာ၏။ လောတ သည် မြို့ တံခါးဝ ၌ ထိုင် လျက် သူ တို့ကိုမြင် လျှင် ၊ ခရီးဦးကြိုပြု ခြင်းငှါ ထ ၍ မြေ ၌ ဦးညွတ် ချလျက်၊ ၂ အကျွန်ုပ် သခင် တို့၊ ကိုယ်တော် တို့ ကျွန် ၏အိမ် သို့ ဝင် ၍ တညဉ့် လုံးနေကြပါ။ ခြေ ကိုဆေး ကြပါ။ နံနက်စောစော ထ၍ ကြွ သွားကြပါလော့ဟု ဆို လေ၏။ ကောင်းကင်တမန်တို့က၊ ငါတို့သည်မဝင်၊ တညဉ့် လုံးလမ်း ၌ နေတော့မည်ဟု ဆို သော်လည်း၊ ၃ ကျပ်ကျပ် သွေးဆောင် သောကြောင့် တဖန် လောတနေရာသို့ လှည့်၍ သူ ၏အိမ် သို့ ဝင် ကြ၏။ လောတ လည်း သူ တို့အတို့ ပွဲ လုပ်၍ တဆေးမပါသော မုန့် ကို ပေါင်း ပြီးမှသူတို့သည်စား ကြ၏။ ၄ ထိုသူတို့သည် မ အိပ် မီ သောဒုံ မြို့ သား ယောကျ်ား အကြီးအငယ်၊ အရပ်ရပ်ကလာသော သူ အပေါင်း တို့သည် အိမ် ကို ဝိုင်း၍၊ ၅ လောတ ကို ဟစ် ခေါ်လျက် ယနေ့ည မှာ သင့် အိမ်သို့ ဝင် သော လူ တို့သည် အဘယ် မှာရှိသနည်း။ ထိုသူ တို့နှင့်ငါတို့သည် ဆက်ဆံ လိုသည်

ဖြစ်၍ ငါ တို့ထံသို့ ထွက် စေလော့ဟု ဆို ကြ၏။ ၆ လောတ သည်လည်း၊ တံခါး ပြင် မှာ သူ တို့ထံသို့ ထွက် ၍ ၊ မိမိ နောက် ၌ တံခါးကို ပိတ် ပြီးလျှင်၊ ၇ ညီအစ်ကို တို့၊ အဓမ္မ အမှုကို ဤ မျှလောက်မ ပြုကြပါနှင့်။ ၈ အကျွန်ုပ် ၌ ယောကျ်ား နှင့် မ ဆက်ဆံ သော သမီး နှစ် ယောက်ရှိပါ၏။ သူ တို့ကို သင် တို့ထံသို့ ထုတ် ရသောအခွင့်ကိုပေးကြပါလော့။ သူ တို့ ၌ ပြု ချင် သမျှပြုကြပါလော့။ ဤလူ တို့ ၌ အလျှင်မ ပြု ကြပါနှင့်။ အကြောင်းမူကား၊ သူ တို့သည် အကျွန်ုပ် အိမ် မိုးအရိပ် ကို ခို နေပါ၏ဟု တောင်းပန်သော်လည်း၊ ၉ သူတို့က ဆုတ် လော့ဟုဆို ကြ၏။ တဖန် ကား၊ သင်သည် တည်းခို ခြင်းငှာ သာရောက် လာသည်နှင့် တရားသူကြီး လုပ်ရမည်လော။ ယခု မှာ ထို သူတို့ ၌ ပြု သည်ထက် ၊ သင် ၌ သာ၍ဆိုးသောအမှုကိုပြုမည်ဟုဆိုလျက်၊ လောတ ကို ကျပ်ကျပ် ဖိ ၍ တံခါး ကိုလည်း ပေါက် ခွဲချိုးဖဲ့ ခြင်းငှါ ချဉ်း လာကြ၏။ ၁၀ ထိုအခါ ကောင်းကင်တမန်တို့သည် လက် ကိုဆန့် ၍ လောတ ကို မိမိ တို့နေရာအိမ် အတွင်း သို့ ဆွဲ သွင်း ပြီးလျှင် တံခါး ကို ပိတ် ကြ၏။ ၁၁ အိမ် တံခါး နားမှာ ရှိသောသူ အကြီး အငယ် တို့ကို မျက်စိ ကန်းစေခြင်းငှါ ဒဏ်ခတ် သဖြင့် သူတို့သည် တံခါး ကိုရှာ ၍ ပင်ပန်း ခြင်းသို့ ရောက်ကြ၏။ ၁၂ ကောင်းကင်တမန်တို့ကလည်း၊ ဤ အရပ်၌ သင် နှင့် ဆိုင်သောသူ ရှိ သေးသလော။ သားသမီး ၊ သမက် ၊ မြို့ ထဲမှာ သင် ၌ ရှိသမျှ ကို ဤအရပ် က ထုတ် ဆောင် လော့။ ၁၃ ဤ အရပ် ကို ငါ တို့သည် ဖျက်ဆီး ရမည်။ အကြောင်းမူကား ၊ အရပ်သားတို့သည် ထာဝရဘုရား ရှေ့ တော်မှာ အလွန် ကြွေးကြော် ခြင်းရှိသည်ဖြစ်၍ ၊ ဖျက်ဆီး စေခြင်းငှါ ထာဝရဘုရား သည် ငါ တို့ကို စေလွှတ် တော်မူပြီဟု လောတ အား ပြော ဆိုကြ၏။ ၁၄ လောတ ထွက် ၍ သမီး နှင့်စုံဘက် သောသူ၊ မိမိ သမက် တို့အား ထကြ ၊ ဤ အရပ် မှ ထွက်သွား ကြ၊ ဤ မြို့ကို ထာဝရဘုရား ဖျက်ဆီး တော်မူမည်ဟုဆို သော်လည်း ၊ ကျီစား ဟန် သည်ဟု သမက် တို့ ထင် ကြ၏။ ၁၅ မိုဃ်းသောက် သောအခါ ၊ ကောင်းကင် တမန် တို့သည် လောတ ကို ဆော် လျက် ၊ သင် သည်ထ ၍ ဤအရပ်၌ရှိသောမယား နှင့် သမီး နှစ် ယောက်တို့ကို ယူ သွားလော့။ သို့မဟုတ် ၊ မြို့ ၏အပြစ် ၌ ဆုံး ခြင်းသို့ ရောက် လိမ့်မည်ဟု ဆိုသော်လည်း၊ ၁၆ သူသည်ဖဝှာ်ခွဲ သောအခါ ထာဝရဘုရား သနား တော်မူသောကြောင့် ကောင်းကင်တမန်တို့သည် သူ နှင့် သူ ၏ မယား ၊ သူ ၏သမီး နှစ် ယောက်တို့ကို လက် ဆွဲ ၍ မြို့ ပြင် သို့ ထုတ် ဆောင်ကြ၏။ ၁၇ ပြင် သို့ ရောက် သောအခါ၊ သင် သည် အသက် ချမ်းသာ ရခြင်းငှါ ပြေးလော့။ နောက် သို့လှည့်၍ မ ကြည့် နှင့် မြေညီသောအရပ် ၌ အလျှင်း မ နေ နှင့်။ တောင် ပေါ် သို့ ပြေး လော့။ သို့မဟုတ် ဆုံး လိမ့်မည်ဟု ဆိုလေ၏။ ၁၈ လောတ ကလည်း ၊ အကျွန်ုပ် သခင် ထိုသို့မ ဆိုပါနှင့်။ ၁၉ ယခု မှာ ကိုယ်တော် ကျွန် သည် ရှေ့ တော်၌ မျက်နှာ ရပါပြီ။ အကျွန်ုပ် အသက် ချမ်းသာစေ သဖြင့်၊ အကျွန်ုပ်၌ ပြု တော်မူသောကရုဏာ ကျေးဇူးများပြား လှပါ၏။ ဘေးလွတ်၍ တောင် ပေါ် သို့ မ ပြေး နိုင်ပါ။ ဘေး တစုံတခု တွေ့ ၍ သေ မည်ကို စိုးရိမ် ပါ၏။ ၂၀ ကြည့် ပါ။ ထို မြို့ နီး ပါ၏။ပြေး သာပါ၏။ ငယ် သောမြို့လည်း ဖြစ်ပါ၏။ ဘေးလွတ်၍ ထို အရပ်သို့ ပြေး ပါရစေ။ ထို မြို့သည် ငယ် သောမြို့မ ဟုတ်လော။ သို့ပြေးလျှင် အသက် ချမ်းသာရပါမည်ဟု လျှောက်ဆို၏။ ၂၁ ထိုသူ ကလည်း ၊ ကြည့် ပါ။ ဤ အမှုအရာ၌လည်း သင်၏ စကား ကို ငါနား ထောင်စေခြင်းငှါ ထိုမြို့ အတွက် တောင်းပန် သောကြောင့် ငါမ ဖျက်ဆီး။ ၂၂

ဘေးလွတ်ခြင်းငှါထို မြို့သို့ အလျင်အမြန် ပြေး လော့။ ထို မြို့သို့ မ ရောက် မီ ငါသည် အဘယ်အမှု ကိုမျှ မ ပြု နိုင်ဟုဆို လေ၏။ ထိုကြောင့် ထိုမြို့ ကို ဇောရ မြို့ဟု သမုတ် ကြ၏။ ၂၃ လောတ သည် ဇောရ မြို့သို့ ဝင် သောအခါ ၊ မြေကြီး ပေါ်မှာ နေ ထွက် ချိန်ဖြစ်သတည်း။ ၂၄ ထိုအခါ ထာဝရဘုရား သည် ကောင်းကင် ထက် ၊ အထံတော်မှ သောဒုံ မြို့နှင့် ဂေါမောရ မြို့အပေါ် သို့ ကန့် နှင့် မီး မိုးယံး ကို ရွာစေတော်မူ၏။ ၂၅ ထို မြို့ တို့ကိုငင်း ၊ ချိုင့်အရပ် တရှောက်လုံး ကိုငင်း၊ မြို့ သား အပေါင်း တို့ကိုငင်းမြေ ၌ ပေါက် သမျှကိုငင်း၊ မှောက် လဲတော်မူ၏။ ၂၆ လောတ ၏ မယား မူကား နောက် သို့ လှည့်ကြည့် ၍ ဆား တိုင် ဖြစ် လေ၏။ ၂၇ နံနက် စောစောအာဗြဟံ သည် ထ ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ ရပ်နေသောအရပ် သို့ သွားပြီးလျှင်၊ ၂၈ သောဒုံ မြို့နှင့် ဂေါမောရ မြို့မှစသော ချိုင့် အရပ် တရှောက်လုံး ကို ကြည့်ရှု ၍ ၊ မီးဖို၌ အခိုး ကဲ့သို့ ၊ တပြည် လုံးအခိုး တက် သည်ကို မြင် လေ၏။ ၂၉ ထိုသို့ ဘုရား သခင်သည် ချိုင့်ထဲမှာ ရှိ သောမြို့ တို့ကို ဖျက်ဆီး သောအခါ အာဗြဟံ ကို အောက်မေ့ တော်မူ ၏။ လောတ နေ သောမြို့ တို့ကို မှောက် လှဲသောအခါ မှောက် လှဲရာထဲက လောတ ကို လွှတ် လိုက်တော်မူ၏။ ၃၀ လောတ သည် ဇောရ မြို့မှ ထွက် ၍ ၊ သမီး နှစ် ယောက်နှင့်တကွ တောင် ပေါ် မှာနေ ၏။ ဇောရ မြို့၌ မ နေ ဝံ့၍ ၊ သမီး နှစ် ယောက်နှင့်တကွ ဥမှင် ၌ နေ ၏။ ၃၁ သမီးအကြီး က၊ ငါ တို့အဘ အို ပြီး မြေကြီး သား အပေါင်း တို့၏ ဘာသာအတိုင်း ငါ တို့ထံသို့ဝင်ရသောယောကျ်ား တယောက် မျှ မြေပေါ်မှာ မရှိ။ ၃၂ လာကြ။ ငါ တို့အဘာ ကိုစပျစ်ရည် တိုက် ကြစို့။ ငါ တို့အဘ ၏ အမျိုးအနွယ် ကို စောင့် မ၍ သူ နှင့် အိပ် ကြ စို့ဟု ညီမ ကို ပြောဆို ၏။ ၃၃ ထို နေ့ညမှာ သူ တို့သည် အဘ ကို စပျစ်ရည် တိုက် ပြီးလျှင် ၊ သမီးအကြီး သည် ဝင် ၍ အဘ နှင့် အိပ် လေ ၏။ သူ အိပ် ကြောင်းကိုငင်း ၊ ထ ကြောင်းကိုငင်း အဘ မ သိ။ ၃၄ နက်ဖြန် နေ့တွင် အကြီး ကလည်း မနေ့ ညမှာ ငါသည် အဘ နှင့် အိပ် လေပြီ။ ယနေ့ည တဖန် သူ့ ကို စပျစ်ရည် တိုက် ကြစို့။ သင်သည်ဝင် ၍ အဘ ၏အမျိုးအနွယ် ကို စောင့် မခြင်းငှါ ၊ သူ နှင့် အိပ် လော့ဟု ညီမ ကို ပြော ဆို၏။ ၃၅ ထို နေ့ည၌လည်း သူ တို့သည် အဘ ကို စပျစ်ရည် တိုက် ပြီးလျှင်၊ အငယ် သည်ဝင် ၍ အဘ နှင့် အိပ် လေ၏။ အိပ်ကြောင်းကိုငင်း ၊ ထ ကြောင်းကိုငင်း အဘမ သိ။ ၃၆ ထိုသို့ လောတ ၏ သမီး နှစ် ယောက်တို့သည်၊ မိမိ အဘ အားဖြင့် ပဋိသန္ဓေ စွဲနေ၏။ ၃၇ သမီးအကြီး သည် သား ကို ဘွား ၍ မောဘ အမည် ဖြင့် မှည့် လေ၏။ ထိုသူ သည် ယနေ့တိုင်အောင်ရှိသောမောဘ အမျိုးသားတို့၏ အဘ ဖြစ်သတည်း။ ၃၈ သမီးအငယ် သည်လည်း သား ကိုဘွား ၍ ဗေနမ္မိ အမည် ဖြင့် မှည့် လေ၏။ ထိုသူ သည် ယနေ့ တိုင်အောင်ရှိသောအမ္မုန် အမျိုးသား တို့၏ အဘ ဖြစ်သတည်း။

၂၀ တဖန် အာဗြဟံ သည် တောင် ပြည် သို့ ခရီးသွား သဖြင့် ၊ ကာဒေရှ မြို့နှင့် ရှုရ မြို့စပ်ကြား မှာနေ ၍ ၊ ဂေရာ မြို့သို့ တည်းခို ၏။ ၂ ထိုအခါ မိမိ မယား စာရာ သည် မိမိ နှမ ဖြစ်သည် ဟု၊ သူတပါးတို့အား အာဗြဟံ ဆို သောကြောင့် ၊ ဂေရာ မင်းကြီး အဘိမလက် သည် မိမိလူကို စေလွှတ် ၍ ၊ စာရာ ကို ယူ စေ၏။ ၃ ညဉ့် အချိန်တွင် အိပ်မက် အားဖြင့် ဘုရားသခင် သည် အဘိမလက် ဆီသို့ ကြွလာ ၍ ၊ သင် သည် လူ သေ ဖြစ်၏။ အကြောင်း မူကား၊ သင်ယူ သော မိန်းမ သည် သူ့ မယားဖြစ်၏ဟု မိန့် တော်မူ၏။ ၄ အဘိမလက် သည်၊ ထိုမိန်းမ နှင့် မ ပေါင်းဘော် သေးသည်ဖြစ်၍ ၊

အိုဘုရား ရှင်၊ ဖြောင့်မတ် သော လူမျိုး ကို ကွပ်မျက် တော်မူမည်လော။ ၅ သူ သည် ငါ နှမ ဖြစ်၏ဟု အကျွန်ုပ် အား ယောကျ်ား ဆို သည် မဟုတ် ပါလော။ အကျွန်ုပ်အား သူ သည်ငါ့ မောင် ဖြစ်၏ဟု မိန်းမလည်း ဆိုသည် မဟုတ် ပါလော။ ဖြောင့်မတ် သော သဘော ရှိ၍ သန့်ရှင်း သော လက် နှင့် ဤ အမှုကို အကျွန်ုပ် ပြု ပါပြီဟု လျှောက်ဆို ၏။ ၆ ထိုအိပ်မက် ၌ ဘုရားသခင် ကလည်း ၊ မှန် ပေ၏။ သင် သည် ဖြောင့်မတ် သောသဘော နှင့် ပြု သည်ကို ငါသိ ၏။ သင် သည်ငါ့ ကို မပြစ်မှား စေခြင်းငှါ၊ သင့် ကို ငါ ဆီးတား ပြီး။ သို့ ဖြစ်၍ ထိုမိန်းမ နှင့် ပေါင်းဘော် ရသောအခွင့်ကို ငါမ ပေး။ ၇ ယခု မှာ သူ ၏မယား ကို သူ့အားပြန် ပေးလော့။ သူ သည် ပရောဖက် ဖြစ်၏။ သင့် အဘို့ ဆုတောင်း လျက် ၊ သင်သည် အသက် ချမ်းသာရလိမ့်မည်။ ပြန် ၍ မ ပေးဘဲ နေလျှင် သင် မှစ၍ သင် နှင့်ဆိုင် သော သူအပေါင်း တို့ သည် ဧကန် အမှန်သေ မည်ဟု မိန့် တော်မူ၏။ ၈ နံနက် စောစောအဘိမလက် သည် ထ ၍ ၊ မိမိ ကျွန် အပေါင်း တို့ကိုခေါ် ပြီးမှ အမှု အရာအလုံးစုံ ကို ပြော သဖြင့် ၊ ထို သူတို့သည် အလွန် ကြောက် ကြ၏။ ၉ အာဗြဟံ ကို လည်း အဘိမလက် ခေါ် ၍ ၊ သင် သည် ငါ တို့ ၌ အဘယ်သို့ ပြု သနည်း။ သင့် ကို ငါတို့သည် အဘယ်သို့ ပြစ်မှား သောကြောင့် ၊ သင်သည် ငါ ၌ ၎င်း ငါ့ နိုင်ငံ ၌ ၎င်း၊ ကြီးစွာ သော အပြစ် ကိုရောက် စေသနည်း။ သင်သည် မ ပြု အပ်သောအမှု ကို ငါ ၌ ပြု ပါသည်တကားဟု ဆို လေ၏။ ၁၀ တဖန် အဘိမလက် က၊ သင်သည် အဘယ် အမှုကို မြင် ၍ ဤ သို့ပြု သနည်းဟု အာဗြဟံ ကိုမေး လျှင်၊ ၁၁ အာဗြဟံ က၊ ဤ အရပ် သားတို့သည် ဘုရားသခင် ကို မ ကြောက် ၊ အကျွန်ုပ် ၏မယား အတွက် အကျွန်ုပ် ကို သတ် ကြလိမ့်မည်ဟု အကျွန်ုပ်ထင်သောကြောင့်၊ ထိုသို့ပြုမိ ပါပြီ။ ၁၂ သို့သော်လည်း သူ သည်အကျွန်ုပ် နှမ မှန် ပါ ၏။ အကျွန်ုပ် အဘ ၏သမီး ဖြစ်၏။ အမိ ၏သမီး မ ဟုတ်။ အကျွန်ုပ် မယား လည်း ဖြစ် ပါ၏။ ၁၃ ဘုရားသခင် သည် အကျွန်ုပ် ကိုအဘ ၏ အိမ် မှ ခေါ် ၍ လည် စေတော်မူသောအခါ ၊ အကျွန်ုပ် က၊ သင် သည် ငါ ၌ ပြု ရသောကျေးဇူး ဟူမူကား ၊ ငါသည် သင်၏မောင် ဖြစ် ကြောင်းကို ရောက်လေရာရာ ၌ ပြော ရမည်ဟု၊ မယား ကို မှာ ထားပါသည်ဟု ပြန်ပြောလေ၏။ ၁၄ ထိုအခါ အဘိမလက် သည်၊ သိုး ၊ နွား ၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမတို့ကိုယူ ၍ အာဗြဟံ အား ပေး လေ ၏။ မယား စာရာ ကို လည်း ပြန် ပေး၏။ ၁၅ အဘိမလက် ကလည်း ၊ ငါ့ မြေ သည် သင့် ရှေ့ မှာ ရှိ၏။ အလို ရှိသည်အတိုင်း နေ ပါဟု အမိန့် ရှိ၏။ ၁၆ စာရာ ကို လည်း သင် နှင့် သင့်အပေါင်း အဘော်တို့ အဘို့ မျက်နှာ ဖုံး များကို ဝယ်စရာဖို့ သင် ၏မောင် အား ငွေ တထောင် ကို ငါပေး ပြီဟု အမိန့် ရှိသဖြင့် သူသည် လည်း အရာရာ ၌ အဆုံး အမခံရ၏။ ၁၇ အာဗြဟံ သည်လည်း၊ ဘုရားသခင် ကို ဆုတောင်း ၍ ၊ ဘုရားသခင် သည် အဘိမလက် နှင့် သူ ၏ မယား ၊ သူ ၏ကျွန် မတို့ကို အနာ ပျောက်စေတော်မူသဖြင့် ၊ သူတို့သည် သား ကိုဘွားကြ၏။ ၁၈ အထက်က အာဗြဟံ ၏ မယား စာရာ ကြောင့် ထာဝရဘုရား သည် အဘိမလက် ၏အိမ်သူ ၊ မိန်းမတယောက် မျှ ပဋိသန္ဓေ မယူစေခြင်းငှါ စီရင် တော်မူသတည်း။

၂၁ ထာဝရဘုရား သည်၊ အမိန့်တော်ရှိသည်အတိုင်း ၊ စာရာ ကို အကြည့် အရှုကြွတော်မူ၍ ၊ ဂတိတော် ရှိသည်နှင့် လျော်စွာ သူ ၌ ပြု တော်မူသဖြင့်၊ ၂ စာရာ သည် ပဋိသန္ဓေစွဲ ယူ၍ ၊ ဘုရားသခင် အမိန့် တော်နှင့် ချိန်းချက် သောအချိန်၌ ၊

အာဗြဟံ အသက်ကြီး သောအခါ၊ သူ့ အားသား ကို ဘွား လေ၏။ ၃ အာဗြဟံ သည်လည်း၊ မိမိ ရ သောသားတည်းဟူသော၊ စာရာ ဘွား သောသား ကို ဣဇာက် အမည် ဖြင့် မှည့် လေ၏။ ၄ ဘုရားသခင် မှာ ထားတော်မူသည်အတိုင်း၊ အာဗြဟံ သည်ရှစ် ရက် မြောက်သောနေ့၌၊ သား ဣဇာက် ကို အရေဖျား လှီးမင်္ဂလာပေးလေ၏။ ၅ သား ဣဇာက် ကို မြင် ရသောအခါ အာဗြဟံ သည် အသက် တ ရာ ရှိသတည်း။ ၆ စာရာ ကလည်း၊ ငါ ရယ် ရသောအခွင့်ကို ဘုရားသခင် ပေး တော်မူပြီ။ ဤသိတင်းကို ကြား သောသူ အပေါင်း တို့သည်လည်း၊ ငါ နှင့်အတူ ရယ် ကြလိမ့်မည်ဟူ၍ဆင်း၊ ၇ စာရာ သည် သား ကို နို့တိုက် လိမ့်မည်ဟု အာဗြဟံ အား အဘယ်သူ ပြော နှင့်ရသနည်း။ သူ သည် အသက် ကြီးသောအခါ၊ ငါသည် သား ကို ဘွား ပြီးဟူ၍ ၎င်း ဆို လေ၏။ ၈ ထိုသူငယ် ဣဇာတ် သည် ကြီးပွား ၍ နို့ နှင့် ကွာလေ၏။ နို့ ကွာသောနေ့ ၌ အာဗြဟံ သည် ပွဲ ကြီး လုပ် လေ၏။ ၉ အဲဂုတ္တ အမျိုးသားဟာဂရ တွင် အာဗြဟံ ရ သော သား သည် ဆဲရေး သည်ကို စာရာ သိ မြင်လျှင်၊ ၁၀ ဤ ကျွန်မ ၏သား သည် အကျွန်ုပ် ၏သား ဣဇာက် နှင့်အတူ အမွေ မ ခံရဟု အာဗြဟံ အား ဆို လေ၏။ ၁၁ အာဗြဟံ လည်း၊ မိမိ သား ဖြစ် သောကြောင့်၊ ထိုအမှု အလွန် ခက် သည်ဟု ထင် လေ၏။ ၁၂ သို့ရာတွင် ဘုရားသခင် က၊ ထိုသူငယ် နှင့် သင် ၏ ကျွန်မ ကြောင့်၊ ဤအမှုခက် သည်ဟု မ ထင် နှင့်။ စာရာ ပြော လေရာရာ၌ သူ ၏စကား ကို နားထောင် လော့။ အကြောင်းမူကား၊ ဣဇာက် ၌ သာ သင် ၏ အမျိုး တည် လိမ့်မည်။ ၁၃ ကျွန်မ ၏သား သည် သင် ၏အမျိုး ဖြစ်သောကြောင့်၊ သူ့ ကိုလည်း လူမျိုး ဖြစ် စေမည်ဟု အာဗြဟံ အား မိန့် တော်မူ၏။ ၁၄ အာဗြဟံ သည် နံနက် စောစောထ ၍၊ မုန့် နှင့် ရေ ဘူး ကိုယူ သဖြင့်၊ ဟာဂရ ပခုံး ၌ တင် ပြီးလျှင်၊ သူငယ် ကို အပ် ၍ ကျွန်မ ကို လွှတ် လိုက်လေ၏။ သူသည်လည်း သွား ၍ ဗေရရှေဘာ တော ၌ လှည့်လည် လျက် နေ၏။ ၁၅ ဘူး ၌ ရေ ကုန် သောအခါ၊ သူငယ် ကို ချုံဖုတ် အောက် ၌ ထား ၍၊ ၁၆ ငါသည်သူငယ်သေ သည်ကို မ မြင် လိုဟုဆို လျက်၊ ခပ်ဝေးဝေး လေး တ ပစ်ခန့် လောက် သွားပြီးလျှင်၊ သူ ငယ်ရှေ့မှာ ထိုင် ၍ နေလေ၏။ ထို သို့ထိုင် ၍ နေစဉ် သူ သည်အသံ ကို လွှင့် ၍ ငိုကြွေး လေ၏။ ၁၇ ဘုရားသခင် သည် လုလင် ၏အသံ ကို ကြား တော်မူ ၍ ဘုရားသခင် ၏၊ ကောင်းကင် တမန်က၊ ဟာဂရ၊ သင် ၌ အဘယ် အမှုရှိသနည်း။ မ စိုးရိမ် နှင့်။ လုလင် နေ သောအရပ်ထဲက သူ ၏အသံ ကို ဘုရားသခင် ကြား တော်မူပြီ။ ၁၈ ထ လော့။ လုလင် ကိုကြွ ၍ လက် နှင့်မ လော့။ ငါသည်သူ့ ကို လူမျိုး ကြီး ဖြစ် စေမည်ဟု ကောင်းကင် ထဲက ခေါ် ၍ ဟာဂရ အား မြွက်ဆို ၏။ ၁၉ ထိုအခါ ဘုရားသခင် သည် ဟာဂရ ၏ မျက်စိ ကို ဖွင့် တော်မူသဖြင့်၊ သူသည်ရေ တွင်း ကို မြင် လေသော်၊ သွား ၍ ဘူး ကို ရေ ဖြည့်ပြီးလျှင်၊ လုလင် အား ရေ ကို တိုက် လေ၏။ ၂၀ ထိုလုလင် ဘက် ၌လည်း၊ ဘုရားသခင် ရှိ တော်မူ ၏။ သူသည် ကြီးပွား ၍ တော ၌ နေ သဖြင့်၊ လေး သမား ဖြစ် လေ၏။ ၂၁ ပါရန် တော ၌ နေ သည်ဖြစ်၍ သူ့ အမိ သည် အဲဂုတ္တ၊ ပြည် မှ မိန်းမ တယောက်ကိုခေါ် ၍ သူ နှင့် စုံဘက် စေ၏။ ၂၂ ထို ရောအခါ၊ အဘိမလက် မင်းနှင့် ဗိုလ်ချုပ် မင်းဖိကောလ တို့သည် အာဗြဟံ ကို ခေါ် ၍၊ သင်သည် ပြု လေရာရာ၌ သင့် ဘက် မှာ ဘုရားသခင် ရှိ တော်မူ၏။ ၂၃ သို့ ဖြစ်၍ သင်သည်ငါ့ ကိုဎင်း၊ ငါ့ သား ကိုဎင်း ၊ ငါ့ မြေး ကိုဎင်း ၊ မ လှည့်စား၊ ငါသည် သင် ၌ ကျေးဇူးပြု သကဲ့သို့ ငါ ၌ ဎင်း ၊ သင်တည်း နေရာ ငါ့ပြည် ၌ ဎင်း၊ ကျေးဇူး

ပြုမည်ဟု ဘုရားသခင် ကို တိုင်တည်၍ ငါ့ အား ကျိန် ဆိုပါလော့ဟုပြောဆို ၏။ ၂၄ အာဗြဟံ ကလည်း ၊ ထိုအတိုင်းငါ ကျိန် ဆိုပါမည်ဟု ပြန်ပြော လေ၏။ ၂၅ အဘိမလက် မင်း၏ ကျွန် တို့သည် အနိုင် အထက်လုယူသော ရေ တွင်း အကြောင်းကြောင့် ၊ အာဗြဟံ သည် လည်း အဘိမလက် မင်းကို အပြစ်တင် လေ၏။ ၂၆ အဘိမလက် မင်းကလည်း ၊ ဤ အမှု ကို အဘယ်သူ ပြု သည်ကို ငါမ သိ။ သင် သည်ငါ့ ကို မ ပြော။ ငါ လည်း ယနေ့ တိုင်အောင် မ ကြား ရဟု ဆို ၏။ ၂၇ အာဗြဟံ သည်လည်း သိုး ၊ နွား တို့ကို ယူ ပြီးလျှင် ၊ အဘိမလက် အား ပေး ၍ ထို နှစ် ပါးတို့သည် ပဋိညာဉ် ပြု ကြ ၏။ ၂၈ အာဗြဟံ သည်လည်း သိုးသငယ် မ ခုနစ် ကောင် တို့ကို သိုး စုနှင့်ခွဲ ထားလေ၏။ ၂၉ အဘိမလက် ကလည်း ၊ ခွဲ ထားသော ဤ သိုးသငယ် မခုနစ် ကောင်တို့သည်၊ အဘယ်သို့ နည်းဟုမေး သော်၊ ၃၀ အာဗြဟံ က၊ ဤ ရေ တွင်းကို ငါတူး ပြီးဟု ဤသိုးသငယ် မခုနစ် ကောင်တို့သည် ငါ့ ဘက် ၌ သက်သေ ဖြစ် မည် အကြောင်း သူတို့ကို သင်သည်ငါ့ လက် မှ ခံ ယူရမည်ဟု ဆို လေ၏။ ၃၁ သို့ ဖြစ်၍ ထို အရပ်၌ ထို နှစ် ပါးတို့သည် ကျိန်ဆို သောကြောင့် ၊ ထို အရပ် ကို ဗေရရှေဘ ဟု တွင် ကြ၏။ ၃၂ ထိုသို့ ဗေရရှေဘ အရပ်၌ ပဋိညာဉ် ပြု ကြ၏။ အဘိမလက် နှင့် ဖိုလ်ချုပ် မင်း ဖိကောလ တို့သည်ထ ၍ ဖိလိတ္တိ ပြည် သို့ ပြန် ကြ၏။ ၃၃ အာဗြဟံ သည် ဗေရရှေဘ အရပ်၌ မန်ကျည်း ပင်ကိုစိုက် ၍ ၊ အစဉ် အမြဲတည်တော်မူသောဘုရား သခင်တည်းဟူသော၊ ထာဝရဘုရား ၏ နာမတော် ကို ပဌနာ ပြု လေ၏။ ၃၄ ဖိလိတ္တ ပြည် မှာ ကာလ ရှည် ကြာစွာ တည်း နေ သတည်း။

JJ ထိုနောက်မှ ဘုရားသခင် သည်၊ အာဗြဟံ ကို စုံစမ်း ခြင်းဌ၊ အာဗြဟံ ဟု ခေါ် တော်မူ၍ အာဗြဟံ က၊ အကျွန်ုပ် ရှိ ပါ၏ဟု လျှောက် လျှင်၊ ၂ သင်သည် အလွန်ချစ် သော တ ယောက်တည်း သော သား ဣဇာတ် ကိုယူ ၍ မောရိ ပြည် သို့ သွား လော့။ ငါပြ လတံ့သော တောင် ပေါ် မှာ သူ့ ကိုမီးရှို့ ရာ ယဇ်ပြု၍ ပူဇော် လော့ဟု မိန့် တော်မူ၏။ ၃ အာဗြဟံ သည် နံနက် စောစော ထ၍ ၊ မြည်း ကို ကုန်းနှီး တင်ပြီးလျှင် ၊ မိမိ သား ဣဇာက် နှင့် ငယ်သား နှစ် ယောက်ကိုခေါ် ၍ ယဇ် ရှို့စရာ ထင်း ကိုခွဲ ပြီးမှ ၊ ဘုရားသခင် မိန့် တော်မူသောအရပ် သို့ ထ သွားလေ၏။ ၄ သုံး ရက်မြောက် သောနေ့၌ မြော် ကြည့်၍၊ ထိုအရပ် ကို အဝေး က မြင် လျှင်၊ ၅ ငယ်သား နှစ်ယောက်တို့အား ၊ သင် တို့သည် ဤ အရပ်၌မြည်း နှင့်အတူ နေ ရစ်ကြလော့။ ငါ သည် သားနှင့်အတူထိုအရပ် သို့သွား ၍ ၊ ကိုးကွယ် ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ ၊ သင် တို့ဆီသို့ ပြန် လာဦးမည်ဟု ဆို လေ၏။ ၆ ထိုအခါ ယဇ် ရှို့စရာထင်း ကိုယူ ၍ သား ဣဇာတ် အပေါ် မှာ တင် ပြီးလျှင် ၊ မီး နှင့် ထား ကို မိမိ လက် ၌ ကိုင် လျက် ၊ နှစ် ယောက်အတူ သွား ကြ၏။ ၇ သွားကြစဉ်တွင်၊ ဣဇာက် သည် အဘ အာဗြဟံ ကို အဘ ဟုခေါ် လျှင် ၊ ငါ့ သား ၊ ငါ ရှိ ၏ဟု ထူး လေ၏။ ဣဇာက်ကလည်း မီး ပါ၏၊ ထင်း လည်းပါ၏။ ယဇ် ရှို့စရာဘို့ သိုးသငယ် သည် အဘယ်မှာ ရှိသနည်းဟုမေး လျှင်၊ ၈ အာဗြဟံ က ငါ့ သား ၊ ယဇ် ရှို့စရာဘို့ သိုးသငယ် ကို ဘုရားသခင် သည် မိမိ အဘို့ ပြင်ဆင် တော်မူလိမ့်မည်ဟု ဆို လေ၏။ ၉ ထိုသို့ နှစ် ယောက်အတူ သွား ၍ ၊ ဘုရားသခင် မိန့် တော်မူသောအရပ် သို့ ရောက် ကြသောအခါ ၊ အာဗြဟံ သည် ယဇ် ပလ္လင်ကိုတည် ၍ ထင်း ကိုခင်း ပြီးလျှင် ၊ သား ဣဇာက် ကိုချည်နှောင် ၍ ၊ ယဇ် ပလ္လင်၌ ထင်း ပေါ် မှာ တင် ထား၏။ ၁၀ မိမိ လက် ကို ဆန့် ၍ သား

ကိုသတ် ခြင်းငှါ ၊ ထား ကို ကိုင် ယူလေ၏။ ၁၁ ထိုအခါ ၊ ထာဝရဘုရား ၏ ကောင်းကင် တမန်က၊ အာဗြဟံ ၊ အာဗြဟံ ဟု ကောင်းကင် ပေါ် က ခေါ် လေ၏။ အာဗြဟံ က၊ အကျွန်ုပ် ရှိ ပါ၏ဟု လျှောက် လျှင်၊ ၁၂ ထိုလုလင် ကို မ ထိ မခိုက်နှင့်။ အလျှင်း မ ပြု နှင့်။ သင် သည် ဘုရားသခင် ကို ကြောက်ရွံ့ သည်ဟု ယခု ငါသိ ၏။ အကြောင်းမူကား ၊ သင် ၏သား သင် ၌တ ယောက် တည်းသောသားကိုငါတောင်း၍ သင် သည် ငါ့ ကိုမ ငြင်း ဟု မိန့် တော်မူ၏။ ၁၃ ထိုအခါ အာဗြဟံ သည် မြော် ကြည့် ၍ မိမိ နောက်မှ ချုံဖုတ် ၌ ချို ညိ လျက် ရှိသောသိုး ကိုမြင် လေ၏။ ထိုသိုး ကိုသွား ၍ ယူ ပြီးလျှင် မိမိ သား ကိုယ်စား မီးရှို့ ယဇ် ပြု၍ ပူဇော် လေ၏။ ၁၄ ထို အရပ် ကို ယေဟောဝါ ယိရဟု အာဗြဟံ သမုတ် လေ၏။ ထိုသို့ နှင့်အညီတောင် ပေါ် မှာ ထာဝရဘုရား ပြင်ဆင် တော်မူမည်ဟု ယနေ့ တိုင်အောင်ဆို လေ့ ရှိသတည်း။ ၁၅ တဖန် ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ကောင်းကင် ပေါ် က အာဗြဟံ ကို ခေါ် လျက်၊ ၁၆ သင်သည် ဤ အမှု ကိုပြု ၍ ၊ သင် ၏သား သင်၌ တ ယောက်တည်းသောသားကို၊ ငါ့အား မ ငြင်း သောကြောင့်၊ ၁၇ ငါသည် သင့် အား အစဉ်အမြဲကောင်းကြီး ပေးမည်။ သင် ၏အမျိုးအနွယ် ကိုလည်း ကောင်းကင် ကြယ် ကဲ့သို့ ၎င်း ၊ သမုဒ္ဒရာ သဲ လုံးကဲ့သို့ ၎င်း၊ အစဉ်အမြဲပွား များစေမည်။ သင် ၏အမျိုးအနွယ် သည် ရန်သူ တို့၏ မြို့တံခါး များကို အစိုး ရလိမ့်မည်။ ၁၈ သင် ၏အမျိုးအနွယ် အားဖြင့် ၊ လူမျိုး ပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ ၏ စကား ကို သင်နားထောင် သော ကြောင့် ၊ ငါသည်ကိုယ်ကိုကိုယ် တိုင်တည်၍ ကျိန်ဆို ၏ဟု ထာဝရ ဘုရား၏ အမိန့် တော်ကို ဆင့် ဆိုလေ၏။ ၁၉ ထိုအခါ အာဗြဟံ သည် ငယ်သား တို့ ရှိရာသို့ ပြန် ၏။ သူတို့သည် ထ ပြီးလျှင် ဗေရာရဗတ အရပ်သို့ လိုက်သွား ကြ၏။ ထို အရပ်၌ အာဗြဟံ နေ လေ၏။ ၂၀ ထိုနောက်မှ ၊ အာဗြဟံ ကြား သော သိတင်းစကား ဟူမူကား ၊ သင် ၏အစ်ကို နာခေါ် မယားမိလခါ သည် သား ကို ဘွား မြင်လေပြီ။ ၂၁ သား အကြီးဟုဇ ၊ သူ့ ညီ ဗုဇ ၊ အာရံ အဘ ကေမွေလ၊ ၂၂ ခေသက် ၊ ဟာဇော ၊ ပိလဒါရှ ၊ ယိဒလပ် ၊ ဗေသွေလ တည်းဟူသော၊ ၂၃ သားရှစ် ယောက်တို့ကို၊ အာဗြဟံ အစ်ကို နာခေါ် ၏ မယားမိလခါ ဘွား မြင်လေ၏။ ဗေသွေလ ကား ၊ ရေဗက္က အဘ တည်း။ ၂၄ ရုမာ အမည် ရှိသောနာခေါ် ၏ မယား ငယ်သည်လည်း တေဘ ဂါဟံ ၊ သဟာရှ မာခါ တို့ကို ဘွား မြင်လေ၏။

၂၃ စာရာ သည် အသက် တရာ နှစ် ဆယ်ခုနစ် နှစ် ရှိ ၏။ ထိုမျှလောက်အသက်ကြီးသော်၊ ၂ ခါနာန် ပြည်၊ ဟေဗြုန် မြို့တည်းဟူသော၊ ကိရယသာဘ မြို့၌ သေ လေ၏။ အာဗြဟံ သည်လည်း စာရာ ကြောင့် ညည်းတွားငိုကြွေး ခြင်းငှါ လာ ၏။ ၃ အာဗြဟံ သည် မိမိမယားအသေ ကောင်ရှေ့ က ထ ၍ ၊ ဟေသ အမျိုးသား တို့အား၊ ၄ ငါ သည် သင် တို့ထံမှာဧည့်သည် အာဂန္တုဖြစ်ပါ ၏။ ငါ၏မယားအသေ ကောင်ကို မျက်ကွယ် မြုပ်မည် အကြောင်း ၊ သင် တို့တွင် သင်္ချိုင်း ကို ငါ့ အား အခွင့် ပေး ပါ လော့ဟု ဆို၏။ ၅ ဟေသ အမျိုးသား တို့က၊ အကျွန်ုပ် တို့သခင် ၊ နားထောင် ပါ။ ၆ ကိုယ်တော်သည်၊ အကျွန်ုပ်တို့တွင်၊ ဘုရား သခင်နှင့်ဆိုင်သောမင်း ဖြစ်ပါ၏။ အကျွန်ုပ် တို့၏သင်္ချိုင်း များ တွင် ရွေး ၍ ၊ ကိုယ်တော် ၏မယား အသေ ကောင်ကို သင်္ဂြိဟ် ပါလော့။ ကိုယ်တော် ၏မယားအသေ ကောင်ကို မ သင်္ဂြိဟ် စေခြင်းငှါ၊ အကျွန်ုပ် တို့တွင် အဘယ်သူမျှမိမိ သင်္ချိုင်း ကို မပေးဘဲမနေပါဟု၊ အာဗြဟံ အား ပြန် ပြောကြ ၏။ ၇

အာဗြဟံ သည် ထ ၍ ၊ ထိုပြည် သား တည်းဟူသောဟေသ အမျိုးသား များရှေ့မှာ ဦးညွတ် ချလျက်၊ ၈ ငါသည် ငါ
၏မယားအသေ ကောင်ကို မျက်ကွယ် မြုပ်စေခြင်းငှါ သင် တို့အလိုရှိ လျှင် ၊ ငါ့ စကားကို နားထောင် ကြပါလော့။ ၉
သင်တို့တွင် ငါပိုင် ထိုက်သောသချိုင်း ရှိစေခြင်းငှါ၊ ဧဖာဟာ သား ဧဖရုန် သည်၊ မိမိ လယ်ပြင် အစွန်း ၌ ရှိသောမပွေလ
မြေတွင်း ကို၊ အဘိုး ထိုက် သမျှ ငွေနှင့်ငါ့ အား ရောင်း စေခြင်းငှါ၊ ငါ့ အတွက် သူ့ကို တောင်းပန်ကြပါလော့ ဟု
နှုတ်ဆက်၍ ပြောဆို၏။ ၁၀ ထိုအခါ ဧဖရုန် သည်၊ ဟေသ အမျိုးသား တို့တွင် ထိုင် လျက်ရှိ၏။ သို့ ဖြစ်၍ မြို့ တံခါး သို့
ဝင် သောသူ အပေါင်း တည်းဟူသောဟေသ အမျိုးသား ပရိတ်သတ် ၌ ၊ ဟိတ္တိ အမျိုးသားဧဖရုန် က၊ ထိုသို့မဟုတ်ပါ။
၁၁ အကျွန်ုပ် သခင် ၊ အကျွန်ုပ် စကားကို နားထောင် ပါ။ ထိုလယ်ပြင် ကိုငှင်း၊ ကိုယ်တော် အား အကျွန်ုပ်ပေး ပါ၏။
အကျွန်ုပ် အမျိုးသား များ ရှေ့ ၌၊ ကိုယ်တော် အား အကျွန်ုပ်ပေး ပါ၏။ ကိုယ်တော် ၏ မယားအသေ ကောင်ကို
သင်္ဂြိဟ် ပါဟု၊ အာဗြဟံ အား ပြန်ပြော လေ၏။ ၁၂ အာဗြဟံ သည်လည်း ၊ ထိုပြည် သား များ ရှေ့မှာ ဦးညွတ် ချလျက်၊
အကယ်၍ငါ့စကားကို နားထောင်ပါ။ ၁၃ ထိုလယ်ပြင် အဘိုး ငွေကို ငါပေး မည်။ ငွေကိုယူ ပါ၊ သို့ ဖြစ်လျှင် ၊ ထို အရပ်၌
ငါ ၏မယားအသေ ကောင်ကို ငါသင်္ဂြိဟ် ပါမည်ဟု ပြည် သား ပရိသတ် တို့ရှေ့မှာ၊ ဧဖရုန် အား ပြောဆို ၏။ ၁၄ ဧဖရုန်
ကလည်း ၊ အကျွန်ုပ် သခင် ၊ နားထောင် ပါ။ ၁၅ ထိုမြေ သည် ငွေ လေး ပိသာ အဘိုးထိုက်ပါ၏။ ကိုယ်တော် နှင့်
အကျွန်ုပ် ၌ အဘယ် အတွက်ရှိသနည်း။ ကိုယ်တော် ၏မယား အသေ ကောင်ကို သင်္ဂြိဟ် ပါလော့ဟု၊ အာဗြဟံ အား
ပြန်ပြော ၏။ ၁၆ အာဗြဟံ သည်လည်း ၊ ဧဖရုန် စကားကို နားထောင် သည်ဖြစ်၍ ၊ ကုန်သည် သုံးတတ်သော ငွေမျိုး၊
ဟေသ အမျိုးသား ပရိသတ် ရှေ့၊ ဧဖရုန် အဘိုး ပြတ် သည် အတိုင်း ၊ ငွေ လေး ပိသာ ကို ချိန် ၍ ၊ သူ့အားပေးလေ၏။
၁၇ ထိုသို့ မံရေ မြို့ရှေ့မှာ၊ မပွေလ အရပ်၌ ရှိသောဧဖရုန် ၏လယ်ပြင် ကိုငှင်း ၊ လယ်ပြင် ၌ ရှိသောမြေတွင်း နှင့် သစ်ပင်
များ၊ ပတ်ဝန်းကျင် သစ်ပင်များကိုငှင်း၊ ၁၈ ဟေသ အမျိုးသား ပရိတ်သတ် ၌ ၊ မြို့ တံခါး သို့ ဝင် သောသူအပေါင်း တို့ရှေ့
မှာ၊ အာဗြဟံ ဥစ္စာ ဘို့ လုံခြုံစွာ အပ်ပေးလေ၏။ ၁၉ ထိုနောက်မှ အာဗြဟံ သည်၊ မံရေ မြို့ရှေ့မှာ၊ မပွေလ လယ်ပြင်
မြေတွင်း ၌ မယား စာရာ ကို သင်္ဂြိဟ် ရလေ ၏။ ထိုအရပ် ကား၊ ခါနာန် ပြည် ဟေဗြုန် အရပ် ဖြစ် သတည်း။ ၂၀
ထိုလယ်ပြင် နှင့် မြေတွင်း ကို၊ အာဗြဟံ ပိုင် ထိုက် သော သချိုင်း ဖြစ်စေခြင်းငှါ၊ ဟေသ အမျိုးသား တို့သည် လုံခြုံစွာ
အပ်ပေးကြ၏။

၂၄ အာဗြဟံ သည်အို ၍ ၊ အသက် အရွယ်ကြီးရင့် လှပြီ။ ထာဝရဘုရား သည်၊ အရာရာ ၌ သူ့ ကို ကောင်းကြီး
ပေးတော်မူပြီ။ ၂ အာဗြဟံ သည်၊ မိမိ အိမ်သား တို့တွင် အသက် ကြီး၍ ဘဏ္ဍာစိုး လုပ်သောသူကို ခေါ် လျက်၊ ၃ သင်
သည်၊ ငါ နေ သောခါနာန် အမျိုးသမီး တို့ တွင်၊ ငါ့ သား ဘို့ မယား ကို မ ရွေး မယူဘဲ၊ ၄ ငါ့ ပြည် ငါ့ အမျိုးသား
ချင်းတို့ထံသို့ သွား ၍ ၊ ငါ့ သား ဣဇာက် အဘို့ မယား ကို ယူ ရမည်ဟု၊ သင် ၏လက် ကို ငါ့ ပေါင် အောက် ၌ထား ပြီးမှ၊
ကောင်းကင် မြေကြီး အရှင် ဘုရားသခင် ၊ ထာဝရဘုရား ကို တိုင်တည်၍၊ ငါကျိန် ဆိုစေ ပါမည်ဟုဆို၏။ ၅ ကျွန်
ကလည်း ၊ မိန်းမ သည်ကျ ပြည် သို့ ကိုယ်တော် ၏သား ကို တဖန်ကျွန်တော်ခေါ် သွားရပါမည်လောဟု မေး လေသော်၊

၆ အာဗြဟံ က၊ ထို ပြည်သို့ ငါ့ သား ကိုခေါ် ၍ မ သွား နှင့်။ သတိပြု လော့။ ၇ ငါ့ အဘ ၏အိမ် မှ ၎င်း၊ ငါ့ အမျိုးသား နေရာပြည် မှ ၎င်း ငါ့ ကိုခေါ် ၍၊ သင် ၏အမျိုးအနွယ် အား ဤ ပြည် ကို ငါပေး မည်ဟု၊ ငါ့ အား ဗျာဒိတ် တော်ပေး၍ ကျိန်ဆို တော်မူသော ကောင်းကင် ဘုံရှင် ဘုရားသခင် ထာဝရဘုရား သည်၊ မိမိ ကောင်းကင်တမန် ကို သင့် ရှေ့၌ စေလွှတ် တော်မူသဖြင့် ၊ သင်သည်ထို ပြည်မှ ငါ့ သား ဘို့ မယား ကို ယူ ရလိမ့် မည်။ ၈ မိန်းမ သည်သင် နှင့်အတူ မ လိုက် လို လျှင် ၊ သင် သည်၊ ယခုငါ ပေးသောကျိန်ဆို ခြင်းနှင့် ကင်းလွတ် စေ။ ငါ့ သား ကို ထို ပြည်သို့ ခေါ် ၍ မ သွားနှင့်ဟုဆိုပြီးမှ၊ ၉ ကျွန် သည် သခင် အာဗြဟံ ၏ ပေါင် အောက် ၌ လက် ကိုထား ၍ ထို အမှု ၌ ကျိန်ဆို လေ၏။ ၁၀ ထိုကျွန် သည်လည်း ၊ မိမိ သခင်၏ဥစ္စာ ရှိသမျှ ကို စီရင် သော သူဖြစ်၍၊ သခင် ၏ကုလားအုပ် စုထဲက ၊ ကုလားအုပ် ဆယ် စီးကိုယူ ၍ထ သွား သဖြင့် ၊ မေသောပေါဘာမိ တိုင်း၊ နာခေါ် မြို့ သို့ ရောက် လေ၏။ ၁၁ မိန်းမများရေခပ် သော ညဦး ယံအချိန် ၌ ၊ မြို့ ပြင် ရေတွင်း နား မှာ ကုလားအုပ် တို့ကို ဝပ် စေပြီးလျှင်၊ ၁၂ အကျွန်ုပ် ၏သခင် ၊ အာဗြဟံ ၏ ဘုရားသခင် ထာဝရဘုရား ယနေ့ အကျွန်ုပ် အကြံကို ထမြောက် စေ၍ ၊ အကျွန်ုပ် ၏သခင် အာဗြဟံ ၌ ကျေးဇူး ပြု တော်မူပါဟု၊ အကျွန်ုပ်ဆုတောင်း ပါ၏။ ၁၃ အကျွန်ုပ် သည်၊ ဤရေတွင်း နား မှာ ရပ်နေ ၍ ၊ ထိုမြို့ သူ သတို့သမီး တို့သည်၊ ရေ ခပ် ခြင်းငှါ လာ ကြသည် တွင်၊ ၁၄ အကြင်သတို့သမီးကို၊ ကျွန်ုပ်သောက် ခြင်းငှါသင် ရေ ဘူးကို ချ ပါဟုဆို သော်၊ သောက် ပါ။ သင် ၏ကုလားအုပ် တို့ကိုလည်း ရေ တိုက်ပါမည်ဟု၊ ပြန် ဆိုသော သမီး သည်၊ ကိုယ်တော် ၏ကျွန် ဣဇာက် ဘို့ ခန့်ထားတော်မူ သောသူဖြစ် ပါစေသော။ ထိုသို့အားဖြင့်၊ အကျွန်ုပ် ၏ သခင် ၌ ကျေးဇူး ပြု တော်မူကြောင်း ကို၊ အကျွန်ုပ်သိ ရပါ မည်ဟု လျှောက်ဆို၏။ ၁၅ ထိုသို့လျှောက်ဆို၍မ ပြီး မှီ၊ အာဗြဟံ အစ်ကို နာခေါ် မယား မိလခါ သား ၊ ဗေသွေလ ၏ သမီး ရေဗက္က သည်၊ ရေ ဘူးကိုထမ်း လျက် ထွက် လာသည်ကိုမြင် ၏။ ၁၆ ထို သတို့သမီး သည်၊ အလွန် အဆင်း လှ ၍၊ ယောကျ်ား နှင့် မ ဆက်ဆံ သေးသော ကညာ ဖြစ်၏။ ရေတွင်း သို့ ဆင်း ၍ ၊ ရေဘူး ကို ရေနှင့်ဖြည့် ပြီးမှ တက် လာ ၏။ ၁၇ ကျွန် သည်လည်း၊ ထိုမိန်းမ နှင့် တွေ့ ခြင်းငှါ ပြေး ၍ ၊ သင် ၏ရေ ဘူး၌ ရေ အနည်းငယ် ကို သောက် ပါရစေဟု ဆို လေသော်၊ ၁၈ မိန်းမက၊ သောက် ပါလောအရှင် ဟုဆို သဖြင့် ၊ မိမိ လက်ပေါ်မှာ၊ အလျင် အမြန်ရေ ဘူးကို ချ ၍ ၊ ရေကို ပေး လေ၏။ ၁၉ ရေကို ပေး ပြီးလျှင် ၊ သင် ၏ကုလားအုပ် တို့သည် လည်း ၊ ဝစွာ သောက် စရာဘို့ ရေခပ် ပါမည်ဟု ဆို သည် အတိုင်း၊ ၂၀ အလျင် အမြန်ဘူး၌ရှိသောရေကိုရေ တိုက်ခွက် ထဲ၌ လောင်း ပြီးလျှင် ၊ တဖန် ခပ် ခြင်းငှါ ရေတွင်း သို့ ပြေး ၍ ၊ ကုလားအုပ် အဘို့ ရေခပ် လေ၏။ ၂၁ ယောကျ်ား သည် ထိုမိန်းမ ကို အံ့ဩ ၍ ၊ မိမိ ရောက် လာသောအမှုကို ထာဝရဘုရား ပြုစု တော်မူသည်၊ မ မူသည်ကို သိ လိုရှု ၊ တိတ်ဆိတ် စွာ နေလေ၏။ ၂၂ ကုလားအုပ် များကို ရေသောက် စေပြီး သော နောက်၊ ယောကျ်ား သည်၊ အချိန် ငါး မူးရှိသောရွှေ နှာခွံ ၊ အကျပ်တ ဆယ်အချိန် ရှိသောရွှေ လက်ကောက် တရံ ကို ထုတ် ၍၊ ၂၃ သင် သည် အဘယ်သူ ၏သမီး ဖြစ်သနည်း။ ကျွန်ုပ် ကို ပြော ပါ။ သင် ၏အဘ အိမ် ၌ ကျွန်ုပ်တို့ တည်းခို စရာ အရပ် ရှိ သလောဟု မေး လေသော် ၂၄ မိန်းမက၊ ကျွန်ုပ် သည် နာခေါ် ၏မယားမိလခါ ဘွား မြင်သော၊ ဗေသွေလ ၏သမီး ဖြစ်သည်ဟူ၍ငင်း၊ ၂၅

ကျွန်ုပ် တို့ ၌ မြက် ခြောက်များ၊ စားဘွယ် သောက်ဘွယ်များနှင့် တည်းခို စရာ အရပ် လည်း ရှိသည်ဟူ၍ငင်း ဆို လေ၏။ ၂၆ ထိုအခါ ယောက်ျား သည် ဦးညွှတ် ချ၍ ထာဝရဘုရား ကို ကိုးကွယ် လျက်၊ ၂၇ ကရုဏာ ၊ သစ္စာ တော်ကို အကျွန်ုပ် သခင် မှ ရှုပ်သိမ်း တော်မ မူသော၊ အကျွန်ုပ် သခင် အာဗြဟံ ၏ ဘုရားသခင် ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေ သတည်း။ လမ်း မှာ သွားလျက်ရှိသောအကျွန်ုပ် ကို ထာဝရဘုရား သည် အကျွန်ုပ် သခင် ၏ညီအစ်ကို တို့အိမ် သို့ ပို့ဆောင် တော်မူပါသည်တကားဟု မြွက်ဆို ၏။ ၂၈ သတို့သမီး သည်လည်း ပြေး၍ အမိ ၏အိမ် ၌ ဤ အရာ များကို ကြား ပြောလေ၏။ ၂၉ ရေဗက္က ၌ လာဗန် အမည် ရှိသောမောင် တယောက်ရှိ၏။ လာဗန် သည် ယောက်ျား ရှိရာ ရေတွင်း သို့ ပြေး ၏။ ၃၀ သူ သည်နှာဆွဲ ကိုငင်း ၊ နှမ လက် ၌ လက်ကောက် ကိုငင်း မြင် ၍ ၊ ထိုယောက်ျား သည်ကျွန်ုပ် ကို ဤသို့ ပြော သည်ဟု၊ နှမ ရေဗက္က ဆိုသော စကား ကို ကြား သောအခါ ၊ ရေတွင်း ၌ ကုလားအုပ် အနား မှာရပ် နေသောယောက်ျား ထံသို့ ရောက် သောအခါ၊ ၃၁ ထာဝရဘုရား ကောင်းကြီး ပေးတော်မူသောသူ၊ ကျွန်ုပ်အိမ်သို့ ဝင် ပါလော့။ ပြင် ၌အဘယ်ကြောင့် ရပ် နေသနည်း။ အိမ် ကိုငင်း၊ ကုလားအုပ် များနေရာ အရပ်ကိုငင်း ၊ ကျွန်ုပ် ပြင် ပါပြီဟုဆို သဖြင့်၊ ၃၂ ယောက်ျား ကိုအိမ် သို့ သွင်း ၍ ကုလားအုပ် တို့ တန်ဆာကို ချွတ် ပြီးမှ ၊ သူတို့အားမြက် ခြောက်နှင့် စားစရာ ကိုပေး ၏။ ယောက်ျား ခြေ ၊ လိုက်သောသူ တို့ ခြေ ဆေး ဘို့ ရေ ကိုလည်း ပေးလေ၏။ ၃၃ သူ့ ရှေ့ မှာ စား စရာကို ထည့် သောအခါ ၊ သူက၊ ကျွန်ုပ်သည် ကိုယ် အမှု ကိုမပြော မှီ မ စား လိုပါဟုဆို လျှင် ၊ ပြော ပါဟုဆို ၏။ ၃၄ ယောက်ျားကလည်း၊ ကျွန်ုပ် ကားအာဗြဟံ ၏ ကျွန် ဖြစ်ပါ၏။ ၃၅ ထာဝရဘုရား သည် ကျွန်ုပ် ၏သခင် ကို အလွန် ကောင်းကြီး ပေးတော်မူသဖြင့် ၊ သူသည်ကြီးမြတ် ခြင်းသို့ ရောက်လေပြီ။ သိုးစု ၊ နွားစု ၊ ရွှေ ၊ ငွေ ၊ ကျွန် ယောက်ျား၊ ကျွန် မိန်းမ၊ ကုလားအုပ် နှင့် မြည်း များတို့ကိုပေး တော်မူပြီ။ ၃၆ ကျွန်ုပ် သခင် ၏မယား စာရာ သည်၊ သခင် အသက် အိုသောအခါ ၊ သူ့အားသား ကို ဘွားမြင် သဖြင့် ၊ ထို သားအား ဥစ္စာရှိသမျှ ကိုသခင်သည် အပ်ပေး ပြီ။ ၃၇ ကျွန်ုပ် ၏သခင် ကလည်း ၊ သင်သည်ငါ နေ သောခါနာန် အမျိုးသမီး တို့တွင် ၊ ငါ့ သား ဘို့ မယား ကို မ ရွေး ဘဲ၊ ၃၈ ငါ့ အဘ ၏အိမ် ၊ ငါ့ အမျိုးသား ချင်းတို့ထံသို့ သွား ၍ ၊ ငါ့ သား ဘို့ မယား ကို ယူ ရမည်ဟု အကျွန်ုပ် ကို ကျိန်ဆို စေ၏။ ၃၉ အကျွန်ုပ် ကလည်း၊ မိန်းမ သည်မ လိုက် လိုလျှင် အဘယ်သို့ နည်းဟု သခင် ကို မေး လေသော်၊ ၄၀ သခင်က၊ အကြင်ထာဝရဘုရား သခင်ရှေ့တော် ၌ ငါသွား လာ၏၊ ထိုဘုရားသည် မိမိ ကောင်းကင်တမန် ကို သင် နှင့်အတူ စေလွှတ် ၍ ၊ သင် သွား သောအမှုကို ပြုစု တော်မူသဖြင့် ၊ ငါ့ အမျိုးသား ချင်း၊ ငါ့ အဘ ၏အိမ် ထဲက ငါ့ သား ဘို့ မယား ကိုယူ ရမည်။ ၄၁ ငါ့ အမျိုးသား ချင်းတို့ထံသို့ ရောက် သောအခါ ၊ သင်သည် ငါ ပေးသော ကျိန်ဆို ခြင်းနှင့် ကင်းလွတ် စေ။ ထိုသူတို့သည်မိန်းမကိုမ ပေး သော်လည်း ၊ သင် သည် ငါ ပေးသော ကျိန်ဆို ခြင်းနှင့် ကင်းလွတ် စေ မည်ဟု ပြော ၏။ ၄၂ ကျွန်ုပ်သည်ယနေ့ ရေတွင်း သို့ ရောက် ပြီးလျှင် ၊ ကျွန်ုပ် သခင် အာဗြဟံ ၏ဘုရားသခင် ထာဝရဘုရား ၊ အကျွန်ုပ် ရောက် လာသောအမှုကို ယခု ပြုစု တော်မူလျှင်၊ ၄၃ အကျွန်ုပ် သည် ရေတွင်း နား မှာရပ် နေ၍၊ ရေခပ် ခြင်းငှါ လာ သောအကြင်သမီး ကညာကို၊ ကျွန်ုပ် သောက် ဘို့ သင် ၏ရေဘူး ၌ ရေ အနည်းငယ် ကိုပေး ပါဟုတောင်း သော်၊

၄၄ သောက် ပါ။ သင် ၏ကုလားအုပ် တို့ဘို့ လည်း ရေခပ် ပါမည်ဟု ပြန်ဆိုသောသမီးကညာသည်၊ ကိုယ်တော် ကျွန်
၏သား ဘို့ ၊ ခန့်ထား တော်မူသောမိန်းမ ဖြစ်ပါစေ သောဟု လျှောက်ဆို ၏။ ၄၅ ထိုသို့စိတ်နှလုံး ၌ လျှောက်ဆို ၍ မ ပြီး
မှီ၊ ရေဗက္က သည် ရေဘူး ကို ထမ်း လျက် ထွက် လာသဖြင့် ၊ ရေတွင်း သို့ ဆင်း ၍ ရေခပ် သည်ကို ကျွန်ုပ် မြင် လျှင်၊
ရေ သောက်ပါရ စေဟု သူ့ ကို တောင်း လေသော်၊ ၄၆ သူသည်အလျင် အမြန်ပခုံးပေါ် က ရေဘူး ကို ချ လျက် ၊
သောက် ပါလော့။ သင် ၏ ကုလားအုပ် တို့ကိုလည်း ၊ ရေ တိုက်ပါမည်ဟုဆို သည်အတိုင်း ၊ ကျွန်ုပ်သောက် ရ၏။
ကုလားအုပ် တို့ကိုလည်း ရေတိုက် လေ၏။ ၄၇ ကျွန်ုပ်ကလည်း၊ သင် သည် အဘယ်သူ ၏ သမီး ဖြစ်သနည်းဟုမေး
သော်၊ သူက၊ ကျွန်ုပ်သည် မိလခါ ဘွားမြင် သော နာခေါ် သား ဗေသွေလ ၏သမီး ဖြစ်သည် ဟုပြော ဆို၏။ ကျွန်ုပ်သည်
မိလခါဘွားမြင်သော နာခေါ်သားဗေသွေလ၏သမီးဖြစ်သည်ဟုပြောဆို၏။ ကျွန်ုပ် သည်လည်း၊ သူ ၏ မျက်နှာ ၌
နှာဆွဲ ကိုဂင်း၊ သူ ၏လက် ၌ လက်ကောက် တို့ကိုဂင်းထည့် ပြီးလျှင်၊ ၄၈ ဦးညွှတ် ချ၍ ၊ ကျွန်ုပ် သခင် အစ်ကို ၏
မြေး ကို သခင် ၏သား ဘို့ ယူ စေခြင်းငှါ ၊ မှန် သောလမ်း ဖြင့် ပို့ဆောင် တော်မူသောကျွန်ုပ် သခင် အာဗြဟံ ၏
ဘုရားသခင် ထာဝရဘုရား ကို ကောင်းကြီး ပေး၍ ကိုးကွယ် လေ၏။ ၄၉ ယခု တွင်သင် တို့သည်၊ ကျွန်ုပ် သခင် ၌
သစ္စာ နှင့် ကျေးဇူး ပြုမည်၊ မ ပြုမည်ကို ပြော ပါ။ ကျွန်ုပ် သည်လည်း ၊ လက်ျာ လမ်းဖြစ်စေ ၊ လက်ဝဲ လမ်းဖြစ်စေ၊
တလမ်းလမ်းသို့ လိုက်သွားပါမည်ဟု ပြောဆို၏။ ၅၀ လာဗန် နှင့် ဗေသွေလ တို့ကလည်း ၊ ဤအမှုသည် ထာဝရဘုရား
စီရင်တော်မူသောအမှုဖြစ်၏။ အကျွန်ုပ်တို့ သည်၊ သင့် အား ကောင်း မကောင်း ကို မ ပြော နိုင် ပါ။ ၅၁ ရေဗက္က သည်
သင့် ရှေ့၌ရှိပါ၏။ ယူ သွားပါ လော့။ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ သင် ၏ သခင် သား ၏ မယား ဖြစ်
စေဟုပြန် ဆို၏။ ၅၂ ထိုစကားကိုကြား လျှင် ၊ အာဗြဟံ ကျွန် သည် ဦးညွှတ်ချ၍၊ ထာဝရဘုရား ကို ကိုးကွယ် ပြီးမှ၊ ၅၃
ငွေ ဖလား ၊ ရွှေ ဖလား ၊ အဝတ် တန်ဆာများကို ထုတ် ၍ ရေဗက္က အား ပေး ၏။ သူ ၏အမိ ၊ မောင် အား လည်း၊
အဘိုးထိုက်သော လက်ဆောင် ကိုပေး ၏။ ၅၄ သူ နှင့် သူ ၏အဘော်အပေါင်းတို့သည်၊ စားသောက် ၍ ညဉ့် ကို
လွန်စေပြီးမှ ၊ နံနက် ယံ၌ ထ လျက် ၊ ကျွန်ုပ် သည်၊ သခင် ထံသို့ ပြန် ပါရစေဟု ဆို လေသော်၊ ၅၅ မောင် နှင့် အမိ က၊
မိန်းမ ကလေးသည်၊ ကျွန်ုပ် တို့ ထံမှာ ၊ ဆယ် ရက် ခန့် လောက်နေ ပါစေဦး။ နောက်မှ ၊ သူ့ကို သွားပါစေမည်ဟု ဆို
ကြ၏။ ၅၆ ထို သူကလည်း ၊ ကျွန်ုပ် ကို မ ဆီးတား ပါနှင့်။ ထာဝရဘုရား သည်၊ ကျွန်ုပ် ရောက် လာသောအမှုကို ပြုစု
တော်မူပြီ။ ကျွန်ုပ် သည် သခင် ထံသို့ သွား ရသောအခွင့် ကိုပေး ပါလော့ဟုဆိုလျှင်၊ ၅၇ သူတို့က၊ မိန်းကလေး ကို
ခေါ် ၍ ၊ သူ့ အလို ကို မေး ပါဦးမည်ဟု ဆို သည်နှင့်၊ ၅၈ ရေဗက္က ကို ခေါ် ၍ သင်သည်ဤ လူ နှင့်အတူ ယခုလိုက်
မည်လောဟု မေး သောအခါ ၊ ကျွန်ုပ်လိုက် ပါမည် ဟုဆို ၏။ ၅၉ သို့ ဖြစ်၍ ၊ မိမိ နှမ ရေဗက္က နှင့် သူ ၏အထိန်း ကိုဂင်း
၊ အာဗြဟံ ကျွန် နှင့် သူ ၏လူ တို့ကိုဂင်းလွှတ် လိုက် ကြ၏။ ၆၀ ရေဗက္က ကိုလည်း ၊ သင် သည် ကျွန်ုပ် တို့၏နှမ
ဖြစ်၏။ အသောင်း အသိန်းတို့၏အမိဖြစ်ပါစေသော။ သင် ၏အမျိုးအနွယ် သည် ရန်သူ တို့၏ တံခါး များကို အစိုး
ရပါစေသောဟု ကောင်းကြီး ပေးကြ၏။ ၆၁ ရေဗက္က နှင့် သူ ၏မိန်းမငယ် တို့သည်ထ ၍ ၊ ကုလားအုပ် ကိုစီး လျက် ၊

ထိုယောကျ်ား နှင့်အတူ လိုက် ကြ ၏။ ထိုသို့ အာဗြဟံကျွန် သည် ရေဗက္က ကို ဆောင်ယူ သွား လေ၏။ ၆၂ ထိုအခါ တောင် ပြည် အတွင်း ၌ နေ သောကြောက် သည်၊ ဗေရလဟဲရော လမ်းဖြင့် ရောက် လာသည် ဖြစ်၍၊ ၆၃ ညဦး အချိန်၌ ဆင်ခြင် လိုသောငှါ၊ တော အရပ် သို့ ထွက်သွား ၍ ၊ မြော် ကြည့် လျှင် ၊ ကုလားအုပ် များ လာ သည်ကို မြင် လေ၏။ ၆၄ ရေဗက္က သည်လည်း ၊ မြော် ကြည့် ၍ ကြောက် ကို မြင် သောအခါ ၊ ကုလားအုပ် အပေါ် မှ ဆင်း ပြီးလျှင်၊ ၆၅ ကျွန်ုပ် တို့ကို ကြိုဆို ခြင်းငှါ ၊ တော ၌ လာ သောထိုသူကား၊ အဘယ်သူ နည်းဟု ကျွန် ကို မေး လေသော် ၊ ကျွန်က၊ ထိုသူ သည် ကျွန်ုပ် သခင် ဖြစ်ပါ၏ဟု ပြောဆို သောစကားကိုကြားလျှင်၊ ရေဗက္ကသည် မျက်နှာဖုံး ကို ယူ ၍ ဖုံး လေ၏။ ၆၆ ကျွန် သည်လည်း၊ မိမိပြု လေသမျှ တို့ကို ကြောက် အား ကြား ပြောပြီးမှ၊ ၆၇ ကြောက် သည် မိမိ အမိ စာရာ ၏ တဲ သို့ ရေဗက္က ကို ဆောင်ယူ ၍ စုံဘက် လေ၏။ ရေဗက္က ကိုချစ် နှစ်မြို့သဖြင့် ၊ အမိ သေသောအမှုဌ် သက်သာ ခြင်းသို့ ရောက် လေ၏။

၂၅ တဖန် အာဗြဟံ သည်၊ ကေတုရ အမည် ရှိသောမိန်းမ နှင့် စုံဘက် ၍၊ ၂ ထိုမိန်းမ သည် ဇိမရံ၊ ယုတ်ရှန် ၊ မေဒန် ၊ မိဒျန် ၊ ဣရှဗက် ၊ ရှုအာ တို့ကို ဘွားမြင် လေ၏။ ၃ ယုတ်ရှန် သား ကား ၊ ရှေဘ နှင့် ဒေဒန် တည်း။ ဒေဒန် သား ကား ၊ အာရှုရိမ် လူ၊ လေတုရှိမ် လူ၊ လုမ်မိမ် လူတည်း။ ၄ မိဒျိန် သား ကား ၊ ဧဖါ ၊ ဧဖေရ ၊ ဟာနုတ် ၊ အဘိဒ ၊ ဧလဒါ တည်း။ ထို သူအပေါင်း တို့ကား ကေတုရ အနွယ် ဖြစ်ကြသတည်း။ ၅ အာဗြဟံ သည်၊ မိမိ ဥစ္စာရှိသမျှ ကို ဣဇာက် အား ပေး လေ၏။ ၆ မယားငယ် တို့ ၌ ရသောသား တို့အား လည်း ၊ မိမိ အသက် ရှင်စဉ်တွင်ဆုလပ် များကိုဝေပေး ၍ ၊ သား ဣဇာတ် ထံမှ အရှေ့ပြည် သို့ လွှတ် လိုက်လေ၏။ ၇ ထိုနောက် အာဗြဟံ သည် အသက် ကြီးရင့်၍ ၊ အိုမင်း ခြင်း၊ နေ့ရက် ကာလပြည့်စုံ ခြင်းနှင့်တကွ ၊ အသက် ပေါင်း တရာ ခုနစ် ဆယ်ငါး နှစ် ရှိသော်၊ ၈ အသက်ချုပ် ၍ အနိစ္စ ဖြစ်သဖြင့် ၊ မိမိ လူမျိုး စည်းဝေး ရာသို့ ရောက်လေ၏။ ၉ သား ဣဇာက် နှင့် ဣရှမေလ တို့သည်၊ မံရေ မြို့ ရှေ့မှာ ၊ ဟိတ္တိ အမျိုးသား၊ ဇောရ သား ဧဖရုန် ၏လယ်ပြင် တွင် ၊ မပြေလ မြေတွင်း ၌ အဘကို သင်္ဂြိုဟ် ကြ၏။ ၁၀ ဟေသ အမျိုးသား တို့အား အဘိုးပေး၍ အာဗြဟံ ဝယ် သောလယ်ပြင် ၌ ၊ အာဗြဟံ နှင့် မယား စာရာ တို့ကို သင်္ဂြိုဟ် ကြသတည်း။ ၁၁ အာဗြဟံ သေ သောနောက် ၊ သား ဣဇာက် ကို ဘုရားသခင် ကောင်းကြီး ပေးတော်မူ၏။ ဣဇာက် သည် ဗေရလဟဲရော မြို့မှာ နေ သတည်း။ ၁၂ စာရာ ၏ကျွန်မ ၊ အဲဂုတ္တု ၊ အမျိုးသားဟာဂရ ဘွားမြင် သော အာဗြဟံ သား ဣရှမေလ ၏ သားစဉ်မြေးဆက် တည်းဟူသော၊ ၁၃ မိမိ အမျိုးအနွယ် အလိုက် ၊ ဣရှမေလ သား များအမည် ဟူမူကား ၊ သား အကြီး နဗာယုတ်။ ထိုနောက် ကေဒါ ၊ အာဒဗေလ ၊ မိဗသံ၊ ၁၄ မိရှမ ၊ ဒုမာ ၊ မာစ ၊ ၁၅ ဟာဒဒ် ၊ တေမ ၊ ယေတုရ ၊ နာဖိရှ ၊ ကေဒမာ တည်းဟူသော၊ ၁၆ ဣရှမေလ သား တည်း။ ထို သို့အမည် ရှိသောသူ တို့ သည်၊ မိမိ မြို့ ၊ မိမိ ရဲတိုက် အလိုက် ၊ အမျိုးမျိုး သော မင်း ဆယ် နှစ် ပါးဖြစ်သတည်း။ ၁၇ ဣရှမေလ သည် အသက် တရာ သုံး ဆယ်ခုနစ် နှစ် ရှိသော်၊ အသက် ချုပ်၍ သေ သဖြင့် ၊ မိမိ လူမျိုး စည်းဝေး ရာသို့ ရောက်လေ၏။ ၁၈ သူတို့သည်လည်း၊ အာရှုရိ ပြည်သို့ သွား ရာလမ်း အရှေ့ ရှုရ မြို့ တိုင်အောင် နေ ကြ၏။ ထိုသို့ ဣရှမေလ၏ နေရာသည်၊ မိမိ ညီအစ်ကို အပေါင်း အနား ၌ ကျ သတည်း။ ၁၉ အာဗြဟံ သား ဣဇာက် ၏အဆက်အနွယ် ဟူမူကား ၊ အာဗြဟံ သား ကား ဣဇာက်

တည်း။ ၂၀ ကြာဇာက် သည်၊ အသက် လေးဆယ် ရှိ သောအခါ၊ ပါဒနာရံ အရပ်သူ၊ ရှုရှိ အမျိုးဗေသွေလ ၏သမီး ၊ ရှုရှိ လူ လာဗန် ၏ နှမ ရေဗက္က နှင့် အိမ်ထောင် လေ၏။ ၂၁ ကြာဇာက် သည်၊ မိမိ မယား ရေဗက္က မြို့ သောကြောင့် ၊ ထာဝရဘုရား ကို တောင်းပန် ၍ ၊ ထာဝရဘုရား နားထောင် တော်မူသဖြင့် ၊ သူ ၏မယား သည် ပဋိသန္ဓေ စွဲယူလေ၏။ ၂၂ ဝမ်းအတွင်း ၌ တည်သောသူငယ် တို့သည်၊ အချင်းချင်းတိုက်ခိုက် ကြ၏။ အမိကလည်း၊ ထိုသို့ ဖြစ်၍ငါ ၌အဘယ် အမှုရောက်ပါလိမ့်မည်နည်းဟု ဆို သဖြင့် ၊ ထာဝရဘုရား ကို မေးလျှောက် ခြင်းငှါ သွား လေ၏။ ၂၃ ထာဝရဘုရား ကလည်း ၊ သင် ၏ ဝမ်းအတွင်း ၌ လူမျိုး နှစ် မျိုးရှိ၏။ သင် ၏ဝမ်း ထဲက ခြားနား သော လူစု နှစ် စု ကို ဘွားရလိမ့်မည်။ လူ တမျိုးသည် တမျိုး ထက် အားကြီး လိမ့်မည်။ အကြီး သည်အငယ် ၌ ကျွန် ခံရလိမ့်မည်ဟု မိန့် တော်မူ၏။ ၂၄ ဘွား ချိန် စေ့ သောအခါ ၊ သူ ၏ဝမ်း ၌ သား အမွှာ ရှိ သဖြင့်၊ ၂၅ အဦး ဘွား သောသားသည်၊ အမွေး ပါသောအဝတ် ကဲ့သို့ ဖြစ်၍ ၊ တကိုယ်လုံး အဆင်းနီ ၏။ သူ့ ကို ဧသော ဟူသောအမည် ဖြင့် မှည့် ကြ၏။ ၂၆ ထိုနောက်မှ သူ့ ညီ သည်၊ အစ်ကို ဧသော ၏ ဖနှောင့် ကို ကိုင် လျက် ဘွား လာ၏။ သူ့ ကိုကား၊ ယာကုပ် အမည် ဖြင့် မှည့် ကြ၏။ ထို သားနှစ်ယောက်ကို ဘွား သောအခါ ၊ ကြာဇာက် သည် အသက် ခြောက် ဆယ်ရှိသတည်း။ ၂၇ သူငယ် တို့သည် ကြီးပွား ၍ ၊ ဧသော ကား လိမ္မာ သော တော သား မုဆိုး ဖြစ် လေ၏။ ယာကုပ် ကားတဲ ၌ နေ တတ်၍ စိတ်ကောင်း သောသူ ဖြစ်၏။ ၂၈ ကြာဇာက် သည်၊ ဧသော ပေးသောအမဲသား ကို စားလေ့ရှိသောကြောင့် သူ့ ကိုချစ် ၏။ ရေဗက္က မူကား ယာကုပ် ကို ချစ် ၏။ ၂၉ တနေ့သ၌၊ ယာကုပ် သည် စားစရာကို ချက်ပြုတ်စဉ်တွင် ၊ ဧသော သည် တော မှ လာ ၍ မော သောကြောင့်၊ ၃၀ ယာကုပ် အား ၊ ထို နီ သောစားစရာနှင့် ငါ့ ကို ကျွေး ပါလော့၊ ငါ မော ပါသည်ဟုဆို လေ၏။ ထိုကြောင့် သူ ၏နာမည် ကို ဧဒုံ ဟုတွင် သတည်း။ ၃၁ ယာကုပ် ကလည်း ၊ ယနေ့ ပင် သင် ၏သားဦး အရာကို၊ ငါ့ အား ရောင်း ပါဟုဆိုလျှင်၊ ၃၂ ဧသော က၊ ငါ သေ လုပြီ။ သားဦး အရာအားဖြင့် အဘယ် အကျိုး ရှိပါလိမ့်မည်နည်းဟုဆို ၏။ ၃၃ ယာကုပ် ကလည်း ၊ ယနေ့ပင် ငါ့ အား ကျိန်ဆို ခြင်းကို ပြုပါဟုဆိုသော် ၊ သူသည်ကျိန်ဆို သဖြင့် ၊ ယာကုပ် အား မိမိ သားဦး အရာကို ရောင်း လေ၏။ ၃၄ ထိုအခါ ယာကုပ် သည်၊ မုန့် နှင့် ပဲဟင်း ကို ဧသော အား ပေး သဖြင့်၊ သူသည် စားသောက် ပြီးမှ ထ ၍ သွား လေ ၏။ ထိုသို့ ဧသော သည်၊ မိမိနှင့် ဆိုင်သောသားဦး အရာကို မထီမဲ့မြင် ပြုသတည်း။

၂၆ အာဗြဟံ လက်ထက် ထိုပြည် ၌ ဖြစ် ဘူးသော အစာခေါင်းပါး ခြင်းမှတပါး ၊ နောက်တဖန်အစာခေါင်းပါး ခြင်း ရှိပြန်သည်ဖြစ်၍ ၊ ကြာဇာက် သည် ဖိလိတ္တိ မင်းကြီးအဘိမလက် နေရာဂေရာ မြို့သို့ သွား လေ၏။ ၂ ထာဝရဘုရား သည်လည်း သူ့ အား ထင်ရှား ၍ ၊ သင်သည် အဲဂုတ္တု ပြည်သို့ မ သွား နှင့်၊ ငါပြော လတံ့သော ပြည် ၌ နေ လော့။ ၃ ယခု ဤပြည် ၌ တည်းခို ၍နေလော့။ သင့် ဘက် မှာ ငါနေ ၍ ကောင်းကြီး ပေးမည်။ အကြောင်းမူကား ၊ သင် နှင့် သင် ၏အမျိုးအနွယ် အား ဤ ပြည် ရှိသမျှ တို့ကို ငါပေး မည်။ သင် ၏အဘ အာဗြဟံ အား ငါကျိန်ဆို သော စကားရှိသည်အတိုင်း ငါပြု မည်။ ၄ သင် ၏အမျိုးအနွယ် ကို ကောင်းကင် ကြယ် ကဲ့သို့ များပြား စေမည်။ သင် ၏အမျိုးအနွယ် အား လည်း ၊ ဤ ပြည် ရှိသမျှ တို့ကို ငါပေး မည်။ သင် ၏အမျိုးအနွယ် အားဖြင့် လည်း ၊ လူမျိုး

အပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်။ ၅ အကြောင်းမူကား ၊ အာဗြဟံ သည် ငါ့ စကား ကို နားထောင် ၍ ၊ ငါ စီရင် မှာထားသော ပညတ် တရား အမျိုးမျိုးတို့ကို စောင့်ရှောက် သတည်းဟုမိန့်တော်မူ၏။ ၆ ဣဇာက် သည် ဂေရာ မြို့၌ နေ စဉ်တွင် ၊ – မြို့သားတို့သည် သူ၏မယားအကြောင်းကို မေးသောအခါ၊ ရေဗက္ကသည် လှသောအဆင်းအရောင်ရှိသောကြောင့်၊ ၇ ဤပြည် သားယောကျ်ား တို့သည် သူ့ အကြောင်းကြောင့် ငါ့ ကိုသတ် မည်ဟုစိုးရိမ် ၍၊ သူသည် ငါ့ မယား ဖြစ်သည်ဟု မ ပြော မဆိုဝံ့၊ ငါ့ နှမ ဖြစ်သည် ဟု ပြော ဆို၏။ ၈ ထို မြို့၌ ကာလအတန်ကြာ နေပြီးမှ ၊ တနေ့သ၌၊ ဣဇာက် သည် မိမိ မယား ရေဗက္က နှင့် ကစား သည်။ ဖိလိတ္တိ မင်းကြီး အဘိမလက် သည် ပြတင်းပေါက် ဝက ကြည့် မြင်လျှင်၊ ၉ ဣဇာက် ကို ခေါ် ၍ ၊ ထို မိန်းမသည်၊ အကယ်စင်စစ် သင် ၏မယား ဖြစ်၏။ သို့ရာတွင် ၊ သူသည် ငါ့ နှမ ဖြစ်၏ဟု အဘယ် ကြောင့်သင်ပြော ရ သနည်းဟုမေး သော်၊ ဣဇာက် က၊ သူ့ အတွက် ကြောင့် ကျွန်ုပ်သေ မည်ကို စိုးရိမ်ပါသည်ဟု လျှောက်ဆို ၏။ ၁၀ အဘိမလက် မင်းကလည်း ၊ ငါ တို့ ၌ သင်ပြု သောအမှု ကား အဘယ်သို့ နည်း။ တစုံတယောက် သောသူသည်၊ သင် ၏မယား နှင့် အမှတ်တမဲ့ သင့် နေလျှင်၊ ငါ တို့ ခေါင်းပေါ် မှာ သင်သည် အပြစ် ရောက် စေလိမ့်မည် တကားဟု ဆိုပြီးမှ၊ ၁၁ ဤ လင် မယားကို ပြစ်မှား သောသူသည် ဆက်ဆက်အသေ ခံရမည်ဟု မိမိလူ အပေါင်း တို့ကို မှာ ထားသနည်း။ ၁၂ ထို ပြည် ၌ ဣဇာက် သည် မျိုးစေ့ကိုကြဲ ၍ ၊ တနှစ် ခြင်းတွင် အဆ တရာ သော အသီးအနှံ ကို ရလေ၏။ ထာဝရဘုရား သည်လည်း ၊ ကောင်းကြီး ပေးတော်မူသဖြင့်၊ ၁၃ သူ သည်ကြီးပွါး ၍ ၊ အလွန် စည်းစိမ် ကြီး သည် တိုင်အောင် တိုးတက် လျက် ၊ စီးပွါးဥစ္စာများပြားစွာ ဖြစ်လေ၏။ ၁၄ သိုးစု ၊ နွားစု များ၊ ကျွန် များ နှင့် ပြည့်စုံ ကြွယ်ဝ၏။ ထိုကြောင့် ၊ ဖိလိတ္တိ လူတို့သည် သူ့ ကိုငြူစူ ကြ၏။ ၁၅ အဘာ အာဗြဟံ လက်ထက် ၌ ၊ အဘာ ၏ကျွန် တို့ တူး သော ရေတွင်း ရှိသမျှ တို့ကို မြေ နှင့် ဖို့ ပိတ်ကြ၏။ ၁၆ အဘိမလက် မင်းကလည်း ၊ သင်သည် ငါ့ တို့ထက် တန်ခိုး ကြီး၏။ ငါ တို့ထံမှ ထွက် သွားလော့ဟု၊ ဣဇာက် ကို အမိန့် ရှိသောကြောင့်၊ ၁၇ ဣဇာက် သည် ထို မြို့မှ ထွက်သွား ပြီးလျှင် ၊ ဂေရာ ချိုင့် ၌ တဲ ကို ဆောက်၍ နေ လေ၏။ ၁၈ ထိုအခါ ဣဇာက် သည်၊ အဘာ အာဗြဟံ ကျွန်တို့ တူး ၍ ၊ အဘသေ သောနောက် ၊ ဖိလိတ္တိ လူတို့ဖို့သော ရေ တွင်း တို့ကို တူး ဘော်ပြန်၍ ၊ အထက်က အဘာ သမတ် သော အမည် ဖြင့် သမုတ် လေ၏။ ၁၉ ဣဇာက် ကျွန် တို့လည်း ၊ ချိုင့် ထဲ၌ တူး ၍ စမ်း ရေ တွင်း ကို တွေ့ ကြ၏။ ၂၀ ဂေရာ အမျိုးသားနွား ကျောင်းတို့ကလည်း ၊ ဤရေ သည် ငါ တို့ရေဖြစ်၏ဟု၊ ဣဇာက် ၏နွား ကျောင်းတို့ နှင့် လုယက် ပြော ဆိုကြ၏။ ထိုသို့ အချင်းချင်းလုယက် ကြသောကြောင့် ၊ ထိုရေတွင်း ကို ဧသက် အမည် ဖြင့်မှည့် လေ၏။ ၂၁ နောက် တဖန် အခြား သောရေတွင်း ကို တူး ပြန် ကြ၏။ ထို ရေတွင်းကို လည်း တဖန် လု ကြသောကြောင့် ၊ သိတန အမည် ဖြင့် မှည့် လေ၏။ ၂၂ ထို အရပ်မှ နေရာ ပြောင်း၍ ၊ အခြား သော ရေတွင်း ကို တူး ကြ၏။ ထို ရေတွင်းကို အဘယ်သူမျှမ လုယက် သောကြောင့် ၊ ငါတို့ နေစရာအခွင့်ကို ယခု ထာဝရဘုရား ပေး တော်မူပြီ ဖြစ်၍ ၊ ဤပြည် ၌ ငါ တို့သည် စီးပွါး များကြလိမ့်မည်ဟုဆို လျက် ၊ ထို ရေတွင်းကို ရဟောဘုတ် အမည် ဖြင့် မှည့် သတည်း။ ၂၃ တဖန် ထို အရပ်မှ ဗေရရှေဘ အရပ်သို့ ပြောင်း လေ၏။

၂၄ ထို နေ့ည မှာ ထာဝရဘုရား သည် ထင်ရှား ၍ ၊ ငါ သည် သင် ၏အဘ အာဗြဟံ ၏ ဘုရား ဖြစ်၏။ မ စိုးရိမ် နှင့်။ ငါ သည်သင့် ဘက် မှာရှိ၏။ ငါသည်ကောင်းကြီး ပေး မည်။ ငါ ၏ကျွန် အာဗြဟံ အတွက် ၊ သင် ၏အမျိုးအနွယ် ကို ငါများပြား စေမည်ဟု မိန့် တော်မူ၏။ ၂၅ ထို အရပ်၌ ယဇ် ပုလ္လင်ကို တည် ၍ ၊ ထာဝရ ဘုရား ၏ နာမတော် ကို ပဌနာ ပြု၏။ တဲ ကိုလည်း တည်ဆောက် ၍ ၊ ကျွန် တို့သည် ရေတွင်း ကို တူး ကြ၏။ ၂၆ ထိုအခါ အဘိမလက် မင်းသည်၊ အဆွေ တော် အဟုဇာတ် နှင့် ဗိုလ်ချုပ် မင်းဖိကောလ တို့ကို ခေါ် ၍၊ ဂေရာ မြို့မှ ကျဇောက် ရှိရာသို့ သွား ၏။ ၂၇ ကျဇောက် ကလည်း ၊ သင် တို့သည် ငါ့ ကို မြင်ပျင်း ၍ နှင်ထုတ် ပြီးမှ ၊ အဘယ်ကြောင့် လာ ကြသနည်းဟုမေး လျှင်၊ ၂၈ ထိုသူတို့က၊ ထာဝရဘုရား သည် သင့် ဘက် မှာ ရှိ တော်မူကြောင်း ကို၊ ငါ တို့အမှန် သိမြင် သည်ဖြစ်၍၊ ၂၉ ငါ တို့သည် သင့် ကိုမ ထိ မခိုက်၊ ကျေးဇူး ကိုသာ ပြု ၍ ၊ ငြိမ်ဝပ် စွာလွှတ် လိုက်သည်နည်းတူ ၊ သင် သည်ငါတို့ကို အပြစ် မ ပြုရဟု၊ ငါ တို့တစ်ဖက် ၊ သင့် တစ်ဖက် ၊ နှစ်ဘက်သား တို့သည်၊ သစ္စာ ဂတိထား၍ မိသဟာယ ဖွဲ့ ကြစို့။ သင် သည် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသောသူဖြစ် ပါ၏ဟု ဆိုကြလေသော်၊ ၃၀ ကျဇောက်သည်၊ သူ တို့အဘို့ စားသောက်ပွဲ ကို လုပ် ၍ ၊ အတူစား သောက် ကြ၏။ ၃၁ နံနက် စောစော ထ၍ ၊ အချင်းချင်း တ ဦးနှင့် တဦးသစ္စာ ပြုလိုက်ပြီးမှ ၊ ကျဇောက် သည် သူ့ တို့ကို လွှတ် လိုက်၍ ၊ သူတို့သည် ငြိမ်ဝပ် စွာသွား ရကြ၏။ ၃၂ ထိုနေ့ ၌ ပင် ကျဇောက် ကျွန် တို့သည် လာ ၍ ၊ မိမိတို့ တူး သောတွင်း ၌ ရေ တွေ့ ကြောင်းကို ပြော ဆိုကြလျှင်၊ ၃၃ ထို ရေတွင်းကို ရှေဘ အမည် ဖြင့် မှည့် လေ၏။ ထိုကြောင့် ထိုအရပ်၌ တည်သောမြို့ ကို ဗေရရှေဘ မြို့ဟု ယနေ့ တိုင်အောင် တွင်လေသတည်း။ ၃၄ ဧသော သည် အသက် လေးဆယ် ရှိ သောအခါ ၊ ဟိတ္တိ အမျိုးသားဗေရိ ၏သမီး ယုဒိတ် ၊ ဟိတ္တိ အမျိုးသားဧလုန် ၏သမီး ဗာရှမတ် တို့နှင့် အိမ်ထောင် လေ၏။ ၃၅ ထိုမိန်းမတို့သည် ကျဇောက် နှင့် ရေဗက္က ၌ စိတ် နှလုံး ပူပန် စရာအကြောင်း ဖြစ် သတည်း။

၂၇ ထိုနောက်ကျဇောက် သည် အို ၍ မျက်စိ မှုန် သဖြင့် မမြင် နိုင်သောအခါ ၊ သား အကြီး ဧသော ကို၊ ငါ့ သား ဟု ခေါ် လျှင် ၊ အကျွန်ုပ် ရှိ ပါ၏ဟု ထူး လေ၏။ ၂ အဘကလည်း၊ ယခု ငါအို လှပြီ။ အဘယ်သောအခါ သေ ရမည်ကို ငါမ သိ။ ၃ မ သေ မီ ငါ့ ဝိညာဉ် သည် သင့် ကို ကောင်းကြီး ပေးမည်အကြောင်း ၊ သင် ၏လက်နက် တည်းဟူသောလေး နှင့် မြား တောင့်ကို ဆောင်ယူ လျက် တော သို့ သွား၍ ၊ ငါစားစရာ ဘို့ အမဲ ကောင်ကို ရအောင်ရှာပြီးလျှင်၊ ၄ ငါမြိန်ရှက် တတ်သော အမဲဟင်း လျာကို ချက် ၍ ငါ့ ထံသို့ ယူ ခဲ့ပါလော့ဟု ပြောဆို၏။ ၅ ထိုသို့ ကျဇောက် သည် သား ဧသော အား ပြောဆို သောစကားကို၊ ရေဗက္က ကြား သည်ဖြစ်၍ ၊ ဧသော သည် အမဲသား ကို ရအောင်တော သို့ အရှာသွား စဉ်တွင်၊ ၆ ရေဗက္က သည် သား ယာကုပ် ကို ခေါ် ၍၊ ၇ သင် ၏အဘ က၊ ငါ မ သေ မီ ထာဝရ ဘုရား၏ ရှေ့ တော်မှာ သင့် ကို ငါကောင်းကြီး ပေးမည်အကြောင်း ၊ ငါစား စရာဘို့ အမဲသား ကို ယူ ခဲ့၍၊ အမဲဟင်း လျာကို ချက် ပါဟု သင် ၏အစ်ကို ဧသော အား ပြော သည်ကို ငါကြား ပြီ။ ၈ သို့ ဖြစ်၍ ငါ့ သား ၊ ငါ မှာ ထားသမျှသော စကား ကို နားထောင် ပါ လော့။ ၉ ယခု ဆိတ် စုရှိရာသို့ သွား ၍၊ ကောင်းသော ဆိတ် သငယ် နှစ် ကောင်ကို ငါ့ ထံသို့ ယူ ခဲ့ပါလော့။ သင် ၏အဘ မြိန်ရှက်

တတ်သော အမဲဟင်းလျာကို ငါချက် မည်။ ၁၀ သင် ၏အဘ မ သေ မှီ သင့် ကို ကောင်းကြီး ပေး မည်အကြောင်း ၊ ထိုအစာကို အဘ စား စေခြင်းငှါသင် သည် အဘထံသို့ ပို့ဆောင် ရမည်ဟု ဆိုလေ၏။ ၁၁ ယာကုပ် ကလည်း ၊ ကျွန်ုပ် အစ်ကို ဧသော ကား အမွေး ရှိသောသူ ၊ ကျွန်ုပ် ကားချောမွတ် သောသူ ဖြစ် ၏။ ၁၂ ကျွန်ုပ် အဘ သည် ကျွန်ုပ် ကို စမ်းသပ်ကောင်း စမ်းသပ် လိမ့်မည်။ သို့ ဖြစ်လျှင် ကျွန်ုပ်ကိုလှည့်စား သော သူဟူ၍ ထင် သဖြင့်၊ ကျွန်ုပ် သည် မင်္ဂလာ ကိုမ ရဘဲ ကျိန်ခြင်း အမင်္ဂလာကိုသာ ခံရ လိမ့်မည်ဟု အမိ ကိုဆို လေ၏။ ၁၃ အမိ ရေဗက္ကလည်း၊ ငါ့ သား ၊ သင် ခံရသောကျိန်ခြင်း အမင်္ဂလာသည် ငါ၌ သင့်ရောက်ပါစေ။ ငါ့ စကား ကို နားထောင် ၍ ဆိတ်သငယ်တို့ကိုသာ ယူ ခဲ့ပါဟု ဆိုသည်အတိုင်း၊ ၁၄ သူသည် သွား ၍ ဆိတ်သငယ်တို့ကို အမိ ထံသို့ ယူ ခဲ့သဖြင့် ၊ အမိ သည်လည်း အဘ မြိန်ရှက် တတ်သော အမဲဟင်းလျာကိုချက် လေ၏။ ၁၅ ထိုအခါ ရေဗက္က သည် အိမ် တွင် မိမိ လက် ၌ ရှိသောသား ကြီး ဧသော ၏အဝတ် ၊ ကောင်းမွန် သော အဝတ်ကိုယူ ၍၊ သား ငယ် ယာကုပ် ကို ဝတ် စေလျက်၊ ၁၆ ဆိတ် သငယ် ၏ သားရေ ကိုလည်း ယူ၍ သူ ၏ လက် ၌ဌင်း ၊ လည်ပင်း ချော သော ဘက်၌ ၎င်း ဆင် ယင်ပြီးလျှင်၊ ၁၇ မိမိချက် သော အမဲဟင်း နှင့် မုန့် ကိုသား ယာကုပ် လက် ၌ အပ်ပေး ၏။ ၁၈ ယာကုပ်လည်း အဘ ထံ သို့ သွား ၍ ၊ အဘ ဟု ခေါ် လေ၏။ အဘကလည်း၊ ငါ ရှိ ၏ငါ့ သား။ သင် သည် အဘယ် သူနည်းဟုမေး ၏။ ၁၉ ယာကုပ် ကလည်း ၊ အကျွန်ုပ် ကား သား အကြီး ဧသော ဖြစ်ပါ၏။ အဘမှာ ထားသည်အတိုင်း ပြု ပါပြီ။ ထ ၍ထိုင် ပါ။ အဘ၏ဝိညာဉ် သည် အကျွန်ုပ် ကို ကောင်းကြီး ပေးမည်အကြောင်း ၊ အကျွန်ုပ် ၏အမဲသား ကို စား ပါလော့ဟု ဆို လေ၏။ ၂၀ အဘက္လောက် ကလည်း ၊ ငါ့ သား ၊ ဤ မျှလောက်လျင်မြန်စွာတွေ့ရသောအကြောင်းကား၊ အဘယ်သို့ နည်း ဟု သား အား မေး လျှင်၊ အဘ၏ ဘုရားသခင် ထာဝရဘုရား သည် အကျွန်ုပ် ရှိရာသို့ ဆောင် ခဲ့တော်မူသောကြောင့် ၊ လျင်မြန် စွာတွေ့ ရပါသည်ဟု ပြန်ဆို လေ၏။ ၂၁ ဣသာက် ကလည်း ၊ ငါ့ သား ၊ သင် သည် ငါ့ သား ဧသော မှန် သည် မ မှန်သည်ကိုသိလို၍၊ သင့် ကို ငါစမ်းသပ် စေခြင်းငှါ၊ ငါ့ထံပါးသို့ချဉ်းကပ် ပါလော့ဟုဆို လျှင်၊ ၂၂ ယာကုပ် သည် အဘထံပါးသို့ချဉ်းကပ် ၍ ၊ အဘသည် စမ်းသပ် လျက် ၊ အသံ ကား ယာကုပ် ၏အသံ ၊ လက် တို့ကား ဧသော ၏လက် ဖြစ်ပေသည်ဟု ဆို လေ၏။ ၂၃ ထိုသို့သူ ၏ လက် တို့သည် ဧသော ၏လက် ကဲ့သို့ အမွေး ပါသောကြောင့် ၊ ယာကုပ်ဖြစ်မှန်းကို အဘ မ ရိပ်မိ သဖြင့် ၊ ကောင်းကြီး ပေးလေ၏။ ၂၄ သို့ရာတွင် တဖန်ကား၊ သင်သည် ငါ့ သား ဧသော စင်စစ် အမှန်ပင် ဖြစ်သလောဟုမေး ပြန်လျှင်၊ မှန်ပါသည် ဟု ဆို ၏။ ၂၅ အဘကလည်း၊ ငါ့ ထံ ပါးသို့ သွင်း ခဲ့ပါ။ ငါ့ ဝိညာဉ် သည် သင့် ကို ကောင်းကြီး ပေးမည်အကြောင်း ၊ ငါ့ သား ၏ အမဲသား ကို ငါစား အံ့ဟုဆိုလျှင် ၊ ယာကုပ်သည် အဘ ထံ ပါးသို့ သွင်း ၍ ၊ အဘစား လေ၏။ စပျစ်ရည် ကိုလည်း ပေး ၍ အဘသောက် လေ၏။ ၂၆ ထိုနောက် အဘက၊ ငါ့ သား ချဉ်းကပ် ၍ ငါ့ ကို နမ်း ပါလော့ဟု ဆိုလျှင်၊ ယာကုပ်သည် ချဉ်းကပ် ၍ အဘ ကို နမ်း လေ၏။ ၂၇ အဘ ဣသာက် ကလည်း၊ သူ့ အဝတ် ၏ အနံ့ ကိုခံ ၍ ကြည့် ပါ။ ငါ့ သား ၏အနံ့ သည်၊ ထာဝရဘုရား ကောင်းကြီး ပေးတော်မူသောလယ် ၏အမွှေး အကြိုင်နှင့် တူ၏။ ၂၈ ထိုကြောင့် ဘုရားသခင် ပင် မိုယ်းကောင်းကင် ၏နှင်း ကို ၎င်း ၊ မြေကြီး ၏ဆီဥ ကို ၎င်း ၊ များစွာ သော ဆန် စပါး၊

စပျစ်ရည် ကိုငင်း ၊ သင့် အား ပေး တော်မူစေသတည်း။ ၂၉ သူ တပါးတို့သည် သင် ၌ကျွန် ခံ၍ ၊ အပြည်ပြည်တို့သည် သင့် ရှေ့မှာ ဦးညွတ် ကြရစေသတည်း။ သင်သည် သင် ၏ညီအစ်ကို တို့ ၌ အရှင် ဖြစ်၍ ၊ သင့် အမိ သား တို့သည် သင့် ရှေ့မှာ ဦးညွတ် ရကြစေသတည်း။ သင့် ကို ကျိန်ဆဲ သောသူအပေါင်းတို့သည် ကျိန်ဆဲ ခြင်းကိုခံရကြစေ သတည်း။ သင့် ကို ကောင်းကြီး ပေးသောသူအပေါင်းတို့ သည် ကောင်းကြီး ကိုခံရကြစေသတည်းဟု ကောင်းကြီးပေးလေ၏။ ၃၀ ယာကုပ် သည်၊ အဘ ဣဇာက် ပေးသော ကောင်းကြီး မင်္ဂလာကို ခံ၍၊ အဘထံ မှ ထွက်သွား သော ခဏခြင်း တွင်၊ အစ်ကို ဧသော သည် မုဆိုး ပြုရာမှ ရောက် လာ၏။ ၃၁ သူ သည်လည်း အမဲဟင်း လျာကို ချက် ၍ အဘ ထံ သို့ဆောင် ခဲ့ပြီးလျှင် ၊ အကျွန်ုပ် အဘ ၏ဝိညာဉ် သည်၊ အကျွန်ုပ် ကိုကောင်းကြီး ပေးမည်အကြောင်း ၊ သား ၏ အမဲသား ကို ထ ၍ စား ပါလော့ဟုဆို လေ၏။ ၃၂ အဘ ဣဇာက် ကလည်း ၊ သင် သည် အဘယ်သူ နည်းဟုမေး လျှင်၊ အကျွန်ုပ် ကား သား အကြီး ဧသော ဖြစ်ပါ၏ဟု ဆို လေသော် ၊ အဘဣဇာက်သည် အလွန် တုန်လှုပ်၍ အဘယ်သူနည်း၊ ၃၃ အမဲသား ကိုရ၍၊ ငါ့ ထံ သို့ဆောင် ခဲ့ပြီးသော သူ သည် အဘယ် မှာရှိသနည်း။ သင်မ ရောက် မှီ ငါသည် အကုန်အစင် စား ပြီး၍ ၊ သူ့ ကို ကောင်းကြီး ပေးမိပြီ။ သူ သည် ကောင်းကြီး မင်္ဂလာကို ဧကန် အမှန်ခံရလိမ့်မည်ဟု ဆို လေ၏။ ၃၄ အဘ ဆိုသော စကား ကိုဧသော ကြား လျှင် ၊ အလွန် ပြင်း သောအသံနှင့် သည်းထန် စွာ ငိုကြွေး လျက် ၊ အိုအဘ ၊ အကျွန်ုပ် ကိုလည်း ကောင်းကြီး ပေးပါလော့၊ ပေးပါလော့ဟုဆို လေသော်၊ ၃၅ အဘက၊ သင့် ညီ သည် လိမ္မာ စွာလာ ၍ ၊ သင် ၏ ကောင်းကြီး မင်္ဂလာကို ယူ သွားပြီဟု ဆို လေ၏။ ၃၆ ဧသောကလည်း၊ သူ့ ကို ယာကုပ် ဟူသောအမည် ဖြင့် လျောက်ပတ် စွာ မှည့် ပါပြီ မဟုတ်လော။ အကျွန်ုပ် ကို နှစ် ကြိမ်လှည့်စား ၍ နိုင်ပါပြီ။ သားဦး အရိပ် အရာကို အရင်ယူ သွားပါပြီ။ ယခု လည်း တဖန် အကျွန်ုပ် ၏ကောင်းကြီး မင်္ဂလာကို ယူ သွားပါပြီဟူ၍ငင်း ၊ အကျွန်ုပ် အဘို့ ကောင်းကြီး မင်္ဂလာတပါးကိုမျှ မ ခြွင်း ပါသလောဟူ၍ငင်း ဆို လေ၏။ ၃၇ ဣဇာက် ကလည်း ၊ သူ့ ကို သင် ၏အရှင် ဖြစ် စေပြီ။ ညီအစ်ကို အပေါင်း တို့ကို သူ ၌ ကျွန် ခံ စေပြီ။ ဆန် စပါး၊ စပျစ်ရည် နှင့် သူ့ ကိုထောက် မပြီး။ သို့ ဖြစ်၍ ငါ့ သား ၊ သင် ၌ အဘယ်သို့ ပြု နိုင်တော့အံ့နည်းဟု၊ ဧသော အား ပြန် ပြောလျှင်၊ ၃၈ ဧသော က၊ အိုအဘ ၊ ကောင်းကြီး မင်္ဂလာ တစုံတခု မျှ မရှိပါသလော၊ အိုအဘ၊ အကျွန်ုပ် ကိုလည်း ကောင်းကြီး ပေးပါလော့၊ ပေးပါလောဟု အဘ အား ပြော ဆိုလျက် ၊ တဖန် အသံ ကိုလွှင့် ၍ ငိုကြွေး လေ၏။ ၃၉ အဘ ဣဇာက် ကလည်း ၊ ကြည့်ရှု ပါ။ သင် ၏ နေရာ သည် မြေကြီး ၏ဆီဥ နှင့် ၎င်း ၊ အထက် မိုယံး ကောင်းကင် ၏နှင်း နှင့် ၎င်း ပြည့်စုံ လိမ့်မည်။ ၄၀ ထား ဖြင့် အသက် ကိုမွေးရလိမ့်မည်။ ညီ ၌ ကျွန် ခံရလိမ့်မည်။ နောက် တဖန် အစိုးရ သောအခါ ၊ သူ တင် သောထမ်းဘိုး ကို သင် ၏လည်ပင်း မှ ချိုး ပယ်လိမ့်မည်ဟု ပြန် ၍ဆိုလေ၏။ ၄၁ အဘ သည် ယာကုပ် အားပေး သော ကောင်းကြီး မင်္ဂလာကြောင့် ၊ ဧသော သည် ယာကုပ်ကို အငြိုး ထား၍ ၊ ငါ့ အဘ ကြောင့် ညည်းတွား ရသော နေ့ရက် ကာလ အချိန် နီး ပြီ။ ထိုအခါ ငါ့ ညီ ယာကုပ် ကို ငါသတ် မည်ဟု၊ အကြံ နှင့် ပြော လေ၏။ ၄၂ ထိုသို့သား ကြီး ဧသော ပြောသောစကား ကို အမိ ရေဗက္က ကြား လျှင် ၊ သား ငယ် ယာကုပ် ကိုခေါ် ၍ ၊ သင် ၏ အစ်ကို ဧသော သည် သင့် ကို

သတ် သဖြင့် ၊ သင့် အမှု၌ စိတ် ပြေလိမ့်မည်။ ၄၃ ထိုကြောင့် ၊ ငါ့ သား ၊ ငါ့ စကား ကို နားထောင် ပါ။ ငါ့ မောင် လာဗန် နေရာခါရန် မြို့သို့ ထ၍ ပြေး သွား ပါလော့။ ၄၄ သင် ၏အစ်ကို စိတ် ပြေ သည်တိုင်အောင် ၊ သူ့ ထံမှာ ခဏရှောင်၍ နေ ပါလော့။ ၄၅ သင် ၏အစ်ကို စိတ် ပြေ ၍၊ သင် သည် သူ ၌ ပြု သောအမှု ကိုသူမေ့လျော့ သောအခါ ၊ ငါမှာ လိုက်၍ ၊ ထို အရပ်မှ သင့် ကို ဆောင် ခဲ့စေမည်။ ငါ့သားနှစ် ယောက် လုံးကို တ နေ့ ခြင်းတွင် အဘယ်ကြောင့် ငါရှုံး ရမည်နည်း ဟု ဆိုလေ၏။ ၄၆ တဖန် ရေဗက္က သည် လ္ကဇာက် ထံ သို့သွား၍၊ ကျွန်မ သည် ဟေသ အမျိုးသမီး တို့ ကြောင့်၊ ကိုယ်အသက် ကို ငြီးငွေ့ လှ၏။ ဤ ပြည် သူသမီး ကဲ့သို့ သောသူ၊ ဟေသ အမျိုးသမီး နှင့် ယာကုပ်အိမ်ထောင် ဘက်ပြု လျှင် ၊ ကျွန်မ အသက်ရှင် ၍ အဘယ် ကျေးဇူးရှိပါလိမ့်မည်နည်းဟု ပြောဆို လေ၏။

၂၈ ထိုအခါ လ္ကဇာက် သည် ယာကုပ် ကို ခေါ် ၍ ၊ သင်သည် ခါနာန် အမျိုးသမီး နှင့် အိမ်ထောင် ဘက်မ ပြု ရ။ ၂ အမိ ၏အဘ ဗေသွေလ အမျိုးသားနေရာ ပါဒနာရံ အရပ်သို့ ထ၍ သွား လော့။ သင့် ဦးရီး လာဗန် ၏ သမီး တစုံတယောက်နှင့် အိမ်ထောင် ဘက်ပြု လော့။ ၃ အနန္တ တန်ခိုးရှင် ဘုရား သခင်သည် ကောင်းကြီး ပေး၍ တိုးပွား စေသဖြင့်၊ သင်သည် အမျိုး ကြီး ဖြစ် မည် အကြောင်း နှင့် များပြား စေတော်မူစေသတည်း။ ၄ အထက်က အာဗြဟံ အား ပေး တော်မူ၍ ၊ သင် ယခု ဧည့်သည် ဖြစ်လျက်နေသောဤပြည် ကို၊ သင် အမွေ ခံရမည်အကြောင်း ၊ သင့် အားလုံး၊ သင် ၏အမျိုးအနွယ် အား ၎င်း ၊ အာဗြဟံ ၏ ကောင်းကြီး မင်္ဂလာကို ပေး တော်မူ စေသတည်းဟု ကောင်းကြီး ပေးလျက် မှာ ထား၍ လွှတ် လိုက်လေ၏။ ၅ ထိုသို့ ယာကုပ် နှင့် ဧသော ၏ အမိ ၊ ရေဗက္က ၏ မောင် ၊ ရှုရိ လူဗေသွေလ သား လာဗန် နေရာ ပါဒနာရံ ပြည် သို့ ယာကုပ် သွား လေ၏။ ၆ ထိုသို့ လ္ကဇာက် သည် ယာကုပ် ကို ကောင်းကြီး ပေး၍ ၊ ပါဒနာရံ ပြည်၌ အိမ်ထောင် ဘက်ပြု စေခြင်းငှါ လွှတ် လိုက်သောအကြောင်းကိုလည်း၊ ခါနာန် အမျိုးသမီး နှင့် အိမ်ထောင် ဘက်မ ပြု ရဟု၊ ကောင်းကြီး ပေးသောအခါ မှာ ထားကြောင်းကိုလည်း၊ ၇ ယာကုပ် သည် မိဘ စကားကို နားထောင် ၍ ၊ ပါဒနာရံ ပြည်သို့ သွား ကြောင်း ကိုလည်း၊ ၈ ခါနာန် အမျိုးသမီး တို့ကို အဘ လ္ကဇာက် မ နှစ်သက်ကြောင်း ကိုလည်း၊ ၉ ဧသော သိ မြင်လျှင်၊ ၉ လ္ကရှမေလ ထံ သို့သွား ၍ အထက် မယား တို့မှတပါး၊ အာဗြဟံ သား လ္ကရှမေလ သမီး ၊ နဗာယုတ် နှမ ၊ မဟာလတ် နှင့် တဖန် အိမ်ထောင် ဘက် ပြုပြန်လေ၏။ ၁၀ ယာကုပ် သည် ဗေရရှေဘ ရွာမှ ထွက် ၍ ၊ ခါရန် ပြည်သို့ ခရီးသွား စဉ်တွင်၊ ၁၁ တစုံတခုသောအရပ် သို့ ရောက် ၍ ၊ မိုဃ်းချုပ် သောကြောင့် ၊ ညဉ့် ကို လွန်စေမည်အကြံရှိသည်နှင့်၊ ထိုအရပ် ၌ ကျောက် ကိုယူ ၍ ခေါင်းအုံး ဘို့ ထား ပြီးလျှင် အိပ် လေ၏။ ၁၂ မြင် ရသောအိပ်မက် ဟူမူကား ၊ မြေကြီး ပေါ် ၌ လှေကား ထောင် လျက် အဖျား သည် မိုဃ်းကောင်းကင် တိုင်အောင် မှီ ၏။ ဘုရားသခင် ၏ ကောင်းကင် တမန်တို့ သည်၊ ထို လှေကားဖြင့် ဆင်း လျက် တက် လျက် ရှိ ကြ၏။ ၁၃ ထာဝရဘုရား သည် လှေကားထက် ၌ ရပ် တော်မူလျက် ၊ ငါ သည် သင် ၏အဘ အာဗြဟံ ဘုရား ၊ လ္ကဇာက် ၏ ဘုရား တည်းဟူသော ထာဝရဘုရား ဖြစ်၏။ သင် အိပ် သော မြေ ကို သင် နှင့် သင် ၏ အမျိုးအနွယ် အား ငါပေး မည်။ ၁၄ သင် ၏အမျိုးအနွယ် သည် မြေမှုန့် ကဲ့သို့ များပြားလိမ့်မည်။ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် ၊ လေးမျက်နှာအရပ်

တို့သို့ နှံ့ပြား ကြလိမ့်မည်။ သင်နှင့်သင် ၏အမျိုးအနွယ် အားဖြင့် လူမျိုး အပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကို ခံကြရလိမ့်မည်။ ၁၅ ငါ သည် သင့် ဘက် မှာရှိ၏။ သင်သွား လေရာရာ၌ ငါစောင့် မမည်။ ဤပြည် သို့ တဖန် ဆောင် ခဲ့ဦးမည်။ ဂတိ ထားသည်အတိုင်း မပြည့်စုံမှီ၊ သင့် ကိုငါမ စွန့် ဟု မိန့်တော်မူ၏။ ၁၆ ယာကုပ် သည်အိပ်ပျော် ရာမှ နိုး လျင် ၊ အကယ်စင်စစ် ထာဝရဘုရား သည် ဤအရပ် ၌ ရှိ တော်မူ၏။ ရှိ တော်မူကြောင်းကို ငါ မ သိ။ ၁၇ ဤအရပ်ကား၊ အဘယ်မျှလောက်ကြောက်မက်ဘွယ်ဖြစ်သည်တကား။ ဤအရပ်ကား၊ အခြားမဟုတ်၊ ဘုရားသခင် ၏ ဘုံ ဗိမာန်၊ ကောင်းကင် တံခါး ဝ ဖြစ်သည် တကားဟု၊ ကြောက်ရွံ့ခြင်းသို့ ရောက်၍ ဆို ၏။ ၁၈ နံနက် စောစော ယာကုပ် သည်ထ၍ ၊ ခေါင်းအုံး သော ကျောက် ကို ယူ သဖြင့် ၊ မှတ် တိုင်ဖြစ် စေလျက် ထူ ထောင်ပြီးလျှင်၊ ကျောက် ထိပ် ဖျားအပေါ် ၌ ဆီ ကို လောင်း လေ၏။ ၁၉ ထို အရပ် ကိုလည်း၊ ဗေသလ အမည် ဖြင့် မှည့် လေ၏။ ထိုမြို့ ၏ အမည် ဟောင်း ကား၊ ဥလံလုဇ ဟူ သတည်း။ ၂၀ ထိုအခါ ယာကုပ် က၊ ဘုရားသခင် သည် ငါ့ ဘက် ၌ ရှိ လျက် ၊ ငါ ယခု သွားရာလမ်း မှာ ၊ ငါ့ ကို စောင့်မ ၍ စား စရာ အစား ၊ ဝတ် စရာ အဝတ် ကိုပေး သနားတော်မူလျှင် ၎း၊ ၂၁ ငါသည် တဖန် အဘ ၏အိမ် သို့ ငြိမ်ဝပ် စွာ ပြန် ရောက်၍ ၊ ထာဝရဘုရား သည်ငါ ၏ ဘုရား ဖြစ် တော်မူလျှင် ၎း၊ မှတ် တိုင်ပြု၍ ငါထူထောင် သော ဤ ကျောက် သည်လည်း ၊ ဘုရားသခင် ၏ ဗိမာန် ဖြစ် ရမည်။ ၂၂ ပေး သနားတော်မူသမျှ တို့ကို ဆယ်ဘို့ တဘို့ပူဇော် ပါမည်ဟူ၍သစ္စာ ပြုလေ၏။

JC တဖန် ယာကုပ် သည် ခရီးသွား ၍ ၊ အရှေ့ပြည်သား တို့နေရာ အရပ်သို့ ရောက်ပြီးလျှင်၊ ၂ မြော် ကြည့်၍ တော စဉ် ရေတွင်း တခုကို မြင် ၏။ ထိုတွင်း ရေ ဖြင့် သိုးစု များကို တိုက်တတ်သည်ဖြစ်၍၊ တွင်းနား မှာ သိုးစု သုံး စု အိပ် လျက်ရှိ၏။ ရေတွင်း ဝ ပေါ် မှာ ကြီးစွာ သော ကျောက် ရှိ၏။ ၃ သိုး ထိန်းအပေါင်း တို့သည် ထို အရပ်၌ စုဝေး သောအခါ ၊ ရေတွင်း ဝ ၌ ဖုံးအုပ်သော ကျောက် ကို လှိမ့် လှန်၍ ၊ သိုး များကို ရေ တိုက်ပြီးလျှင် ၊ ထိုကျောက် ကို မိမိ နေရာ ရေတွင်း ဝ ပေါ် မှာ တဖန် တင်ထားလေ့ရှိ၏။ ၄ ယာကုပ် ကလည်း ၊ ငါ့ ညီအစ်ကို တို့၊ သင် တို့သည် အဘယ် အရပ်က လာကြသနည်းဟုမေး လျှင်၊ ငါ တို့သည် ခါရန် မြို့က လာကြသည်ဟုပြော ဆိုလေ၏။ ၅ တဖန် ယာကုပ်က၊ နာခေါ် သား လာဗန် ကို သိ သလောဟု မေး လျှင်၊ သိ ၏ဟု ပြန် ဆိုသော်၊ ၆ သူသည်မာ ပါ၏လောဟု တဖန် မေး ပြန်လျှင် ၊ မာ ပါ၏။ သူ ၏သမီး ရာခေလ သည် သိုး များနှင့်တကွ လာ လိမ့်မည်ဟု ဆို ကြလေ၏။ ၇ ယာကုပ်ကလည်း၊ နေ့ အချိန် အလွန်များ စွာရှိသေး၏။ သိုး တို့ကို စုဝေး ရာအချိန် မ ဟုတ်သေး။ ရေတိုက် ပြီးလျှင်၊ သွား ၍ ထိန်း ကြဦးလော့ဟု ဆို လေ၏။ ၈ သူတို့ကလည်း၊ သိုး ထိန်းအပေါင်း စုဝေး ၍ ၊ ရေတွင်း ဝ ၌ ဖုံးအုပ်သော ကျောက် ကို လှိမ့် လှန်ပြီးမှ သာ၊ သိုး တို့ကို ရေတိုက် ရ၏။ သို့မဟုတ်၊ မ တိုက်ရဟု ပြန် ဆိုကြ ၏။ ၉ ထိုသို့ တဦးနှင့်တဦးနှုတ်ဆက် ကြစဉ်တွင် ၊ ရာခေလ သည်၊ မိမိ အဘ ၏သိုး တို့ကို ထိန်းရသည် ဖြစ်၍ ၊ သိုး တို့ကို ဆောင် လျက်လာ၏။ ၁၀ ယာကုပ် သည်၊ မိမိ ဦးရီး လာဗန် ၏သမီး ရာခေလ နှင့် ဦးရီး လာဗန် ၏သိုး တို့ကို မြင် သောအခါ ၊ အနီးသို့ချဉ်း ၍ ၊ ရေတွင်း ၌ ဖုံးအုပ်သော ကျောက် ကို လှိမ့် လှန်ပြီးလျှင် ၊ ဦးရီး လာဗန် ၏ သိုး တို့ကို ရေတိုက် လေ၏။ ၁၁ ထိုနောက် ၊ ယာကုပ်

သည် ရာခေလ ကို နမ်း ၍ ၊ ကျယ် သော အသံ နှင့် ငို လေ၏။ ၁၂ မိမိသည် ရာခေလ အဘ ၏ တူ၊ ရေဗက္က ၏သား ဖြစ်ကြောင်း ကို ကြားပြော လျှင် ၊ ရာခေလ သည်ပြေး ၍ မိမိ အဘ အား ပြန် ကြားလေ၏။ ၁၃ လာဗန် သည် မိမိ တူ ယာကုပ် ၏ သိတင်း စကား ကို ကြား သောအခါ ၊ ကြိုဆို ခြင်းငှါ အလျင်အမြန် သွား၍ ၊ ပိုက် ဘက်နမ်းရှုတ် လျက် ၊ မိမိ အိမ် သို့ ဆောင် သွားလေ၏။ ယာကုပ်သည်လည်း မိမိ အမှုအရာ ရှိသမျှ ကို ကြား ပြောလျှင်၊ ၁၄ လာဗန် က၊ အကယ်စင်စစ် သင် သည် ငါ့ အရိုး အသား ပင်ဖြစ်၏ဟု ဆို လေ၏။ ၁၅ ယာကုပ် သည် တ လခန့်မျှ နေ ပြီးမှ၊ လာဗန် က၊ သင် သည် ငါ့ တူ ဖြစ်သောကြောင့် ၊ အကျိုး မဲ့ကျွန် ခံရပါ မည် လော။ ခံလိုသောအခ ကို ငါ့ အား ပြော လော့ဟု ဆို လေ၏။ ၁၆ ထိုအခါ လာဗန် ၌ သမီး နှစ် ယောက်ရှိ၏။ အကြီး ကား၊ လေအာ အမည် ရှိ၏။ အငယ် ကား၊ ရာခေလ အမည် ရှိ၏။ ၁၇ လေအာ ကား၊ မျက်စိ နုညံ့ ၏။ ရာခေလ ကား၊ ပုံ ပြင်ယဉ်ကျေး ၍ အသွေး အဆင်းလည်းလှ ၏။ ၁၈ ယာကုပ် သည် ရာခေလ ကို ချစ် သောကြောင့်၊ လာဗန်အား၊ ဦးမင်းသမီး အငယ် ရာခေလ ကိုရခြင်းငှါ၊ ခုနစ် နှစ် အစေ ခံပါမည်ဟု ဆို လျှင်၊ ၁၉ လာဗန် က၊ အခြား သောသူ အား ပေးစား သည် ထက် ၊ သင့် အား ပေးစား သော် သာ၍ကောင်း ၏။ ငါ နှင့်အတူ နေ လော့ဟုဆို ၏။ ၂၀ ယာကုပ် သည်လည်း ၊ ရာခေလ ကို ရခြင်းငှါခုနစ် နှစ် အစေခံ လေ၏။ ရာခေလ ကိုချစ် သောကြောင့် ၊ ခုနစ်နှစ်ကို နည်း သောနေ့ရက် ကဲ့သို့ ထင် မှတ်သတည်း။ ၂၁ ယာကုပ် ကလည်း ၊ ချိန်းချက်သော အချိန် စေ့ ပါပြီ။ ကျွန်ုပ် သည် မယား နှင့် ဆက်ဆံ ဘို့ရာ ပေးစား ပါဟု လာဗန် အား ဆို လျှင်၊ ၂၂ လာဗန် သည် ထိုအရပ် ၌နေသောသူ အပေါင်း တို့ကို စည်းဝေး စေ၍ ပွဲ လုပ် လေ၏။ ၂၃ ည ဦးအချိန်ရောက် မှ၊ ဓိလပအမည်ရှိသောကျွန်မကို သမီး လေအာ ၌ လက်ဖွဲ့ လျက် ၊ ၂၄ ထိုသမီး ကို ဆောင် သွင်း၍ ၊ ယာကုပ်သည် သူ နှင့် ဆက်ဆံ လေ၏။ ၂၅ နံနက် အချိန်ရောက် မှ ယာကုပ်သည် ကြည့်ရှုသောအခါ၊ လေအာ ဖြစ် ကြောင်းကို သိမြင် လျှင် ၊ လာဗန် ထံသို့ သွား၍ ကျွန်ုပ် ၌ ပြု သောအမှုကား၊ အဘယ်သို့ နည်း။ ကျွန်ုပ်သည် ရာခေလ ကိုရခြင်းငှါ အစေခံ ရပြီ မ ဟုတ်လော။ ကျွန်ုပ် ကို အဘယ်ကြောင့် လှည့်စား ရသနည်းဟု ဆို သော်၊ ၂၆ လာဗန် က၊ ငါ တို့ ပြည် ၌ သမီး အကြီးကို မ ပေးစား မှီ၊ အငယ် ကို မပေးစားရ။ ၂၇ ခုနစ် ရက်စေ့ အောင် ငံ့ဦးလော့။ နောက် တဖန် ခုနစ် နှစ် အစေခံ ရသည်အတွက် ၊ ရာခေလကိုလည်း သင့် အား ပေးစား ဦးမည်ဟု ဆိုသည်အတိုင်း၊ ၂၈ ယာကုပ် ဝန်ခံ ၍ ခုနစ် ရက်စေ့ ပြီးမှ ၊ ၂၉ လာဗန် သည် ဗိလဟာ အမည်ရှိသောကျွန် မကို လက်ဖွဲ့ လျက် ၊ သမီး ရာခေလ ကို ပေးစား လေ၏။ ၃၀ ယာကုပ်သည် ရာခေလ နှင့် ဆက်ဆံ ၍ ၊ လေအာ ကို ချစ်သည်ထက် သာ၍ချစ် ၏။ လာဗန်ထံမှာတဖန် ခုနစ် နှစ် အစေခံ လေ၏။ ၃၁ လေအာ သည် အမုန်း ခံရသည်ကို ထာဝရဘုရား သိမြင် ၍ ၊ သား ဘွားရသောအခွင့် ကိုပေး တော်မူ၏။ ရာခေလ မူကား မြို ၏။ ၃၂ လေအာ သည် ပဋိသန္ဓေ ယူသဖြင့် ၊ သား ကို ဘွားမြင် ၍ ရုဗင် အမည် ဖြင့် မှည့် လေ၏။ အကြောင်း မူကား၊ ထာဝရဘုရား သည် ငါ ၏ဆင်းရဲ ခံခြင်းကို အမှန် ကြည့် မြင်တော်မူပြီ။ သို့ ဖြစ်၍ယခု ငါ့ လင် သည် ငါ့ ကိုချစ် လိမ့်မည်ဟု ဆို သတည်း။ ၃၃ တဖန် ပဋိသန္ဓေ ယူပြန်၍ သား ကိုဘွားမြင် သော် ၊ ငါ သည် အမုန်း ခံရကြောင်းကို ထာဝရဘုရား ကြား သောကြောင့် ၊ ဤ သားကိုလည်း ပေး သနားတော်မူပြီဟု ဆို ပြီးလျှင် ၊ ထို သားကို

ရှိမောင် အမည် ဖြင့် မှည့် လေ၏။ ၃၄ တဖန် ပဋိသန္ဓေ ယူပြန်၍ သား ကိုဘွားမြင် သော် ၊ ငါ့ လင် အား သား သုံး ယောက်ကို ငါဘွားမြင် သောကြောင့် ၊ ယခုတခါသူသည် ငါ နှင့်ပေါင်းဘော် လိမ့်မည်ဟု ဆို ၍ ၊ ထို သားကို လေဝိ အမည် ဖြင့် မှည့် လေ၏။ ၃၅ တဖန် ပဋိသန္ဓေ ယူပြန်၍ သား ကို ဘွားမြင် သော် ၊ ထာဝရဘုရား ကို ယခုငါချီးမွမ်း မည်ဟု ဆို သည် ဖြစ်၍ ၊ ထို သားကို ယုဒ အမည် ဖြင့် မှည့် လေ၏။ ထိုနောက် ၊ သား ပြတ်၍ မဘွားဘဲနေ၏။

၃၀ ရာခေလ သည် ယာကုပ် အား သား မ ဘွား ကြောင်း ကို မိမိသိမြင် သောအခါ ၊ အစ်မ ကို ငြူစူ သောစိတ် ရှိ၍ ၊ ငါ့ အား သား ကိုပေး ပါ။ သို့မဟုတ် ငါ သေ တော့ အံ့ဟု ယာကုပ် ကို ဆို လေ၏။ ၂ ယာကုပ် ကလည်း ၊ ငါ သည် သင့် အား သား ဘွားသောအခွင့်ကိုပေး တော်မမူသော ဘုရားသခင် ကိုယ်စား တော်ဖြစ်သလောဟု၊ ရာခေလ ကို အမျက် ထွက် ၍ ပြန်ဆို ၏။ ၃ ရာခေလကလည်း၊ အကျွန်ုပ် ၌ ကျွန် မဗိလဟာ ရှိ ပါ၏။ သူ့ ထံသို့ ဝင် ပါ။ သူသည် အကျွန်ုပ် ဒူး ပေါ် မှာ သားဘွား ၍ ၊ သူ့ အားဖြင့် အကျွန်ုပ် သည် တည်ဆောက် ခြင်းရှိပါလိမ့်မည်ဟု ဆို လျက်၊ ၄ ကျွန် မဗိလဟာ ကို ယာကုပ် ၏ မယား ဖြစ် စေခြင်းငှါအပ် ၍ ၊ သူ့ ထံ သို့ယာကုပ် ဝင် လေ၏။ ၅ ဗိလဟာ သည် ပဋိသန္ဓေ ယူ၍ ၊ ယာကုပ် အား သား ကို ဘွားမြင် သည်ရှိသော်၊ ၆ ရာခေလ က၊ ဘုရားသခင် သည် ငါ့ ဘက်၌ တရားစီရင် တော်မူပြီ။ ငါ့ စကား ကို ကြား ၍ သား ကို ပေး သနားတော်မူပြီဟု ဆို သည်နှင့်အညီ ၊ ထို သားကို ဒန် အမည် ဖြင့် မှည့် လေ၏။ ၇ တဖန် ရာခေလ ၏ကျွန်မ ဗိလဟာ သည် ပဋိသန္ဓေ ယူပြန်၍ ၊ ယာကုပ် အား နှစ် ကြိမ်မြောက်သော သား ကိုဘွား မြင်သည်ရှိသော်၊ ၈ ရာခေလ က၊ ငါသည် ငါ့ အစ်မ နှင့် ကျပ်ကျပ် လုံးထွေး၍ နိုင် ခဲ့ပြီဟု ဆို ၍ ၊ ထို သားကို နဿလိ အမည် ဖြင့် မှည့် လေ၏။ ၉ လေအာ သည် သား ပြတ်၍ မဘွားဘဲနေ ကြောင်းကို မိမိသိမြင် သောအခါ ၊ မိမိ ကျွန် မ ဇိလပ ကို ယူ ၍ ၊ ယာကုပ် ၏မယား ဖြစ် စေခြင်းငှါအပ် လေ၏။ ၁၀ လေအာ ၏ ကျွန် မဇိလပ သည်လည်း ယာကုပ် အား သား ကိုဘွား မြင်သည်ရှိသော်၊ ၁၁ လေအာ က၊ ကောင်းကျိုး လာသည်ဟု ဆို ၍ ၊ ထို သားကို ဂဒ် အမည် ဖြင့် မှည့် လေ၏။ ၁၂ တဖန် လေအာ ၏ ကျွန် မဇိလပ သည် ယာကုပ် အား နှစ် ကြိမ်မြောက်သောသား ကို ဘွားမြင် သည် ရှိသော်၊ ၁၃ လေအာ က၊ ငါ ၌ မင်္ဂလာ ရှိ၏။ လူ သမီးတို့သည် ငါ့ ကိုမင်္ဂလာ ရှိသောသူဟူ၍ ခေါ်ကြလိမ့်မည်ဟု ဆို သဖြင့် ၊ ထို သားကို အာရှာ အမည် ဖြင့် မှည့် လေ၏။ ၁၄ ထိုနောက် ၊ ဂျုံ စပါးကို စုသိမ်း သော အချိန် ကာလ ၌ ၊ ရုဗင် သည် လယ်ပြင် သို့ ထွက်သွား ပြီးလျှင် ၊ အနုဆေးသီး ကိုတွေ့ ၍ ၊ မိမိ အမိ လေအာ ထံ သို့ ဆောင် ခဲ့လေ ၏။ ရာခေလ ကလည်း ၊ သင် ၏သား ရခဲ့သော အနုဆေးသီး အချို့ကိုပေး ပါလော့ဟု၊ လေအာ ကို တောင်း လျှင်၊ ၁၅ လေအာက၊ သင်သည် ငါ့ လင် ကိုယူ ၍ အတွက် မရှိထင်သလော။ ငါ့ သား ၏ အနုဆေးသီး ကိုလည်း ယူ ချင် သေးသည်တကားဟု ဆို လေသော် ၊ ရာခေလ က၊ သို့ ဖြစ်လျှင် ၊ သင့် သား ၏ အနုဆေးသီး အတွက် ၊ လင်သည် ယနေ့ညဉ့်တွင် သင် နှင့် အိပ်ရမည်ဟု ဆို၏။ ၁၆ ညဦး အချိန်၌ ၊ လယ်ပြင် မှ ယာကုပ် လာ သောအခါ ၊ လေအာ သည် ခရီးဦးကြိုပြု ခြင်းငှါ သွား ၍ ၊ သင် သည် အကျွန်ုပ် ထံသို့ ဝင် ရမည်။ အကျွန်ုပ် ၏သား ရခဲ့ သော အနုဆေးသီး နှင့် သင့် ကို အကျွန်ုပ်ငှါး သည် မှန်ပါ ၏ဟုဆို သဖြင့် ၊ ထို နေ့ညဉ့် တွင် သူ နှင့် အိပ် ရလေ၏။ ၁၇ လေအာ စကားကို ဘုရားသခင် နားထောင်

တော်မူသဖြင့် ၊ သူသည် ပဋိသန္ဓေ ယူ၍ ၊ ယာကုပ် အား ပဉ္စမ သား ကို ဘွားမြင် လေသော်၊ ၁၈ ငါ့ ကျွန် မကို ငါ့ လင် အား ပေး သောကြောင့် ၊ ဘုရားသခင် သည် ငါ့ အား အခ ကို ပေး တော်မူပြီဟုဆို ၍ ၊ ထို သားကို ဣသခါ အမည် ဖြင့် မှည့် လေ၏။ ၁၉ တဖန် လေအာ သည် ပဋိသန္ဓေ ယူပြန် ၍ ၊ ယာကုပ် အား ဆဋမ သား ကို ဘွားမြင် လေသော်၊ ၂၀ ဘုရားသခင် သည် ကောင်း သောလက် ဖွဲ့ကိုပေး သနားတော်မူပြီ။ ငါ့ လင် အား သား ခြောက် ယောက်ကို ဘွားမြင် သောကြောင့် ၊ ယခု ငါ နှင့် အမြဲ နေလိမ့်မည်ဟု ဆို ၍ ၊ ထို သားကို ဇာဗုလုန် အမည် ဖြင့် မှည့် လေ၏။ ၂၁ ထိုနောက်မှ သမီး ကိုဘွား ၍ ၊ ဒိန အမည် ဖြင့် မှည့် လေ၏။ ၂၂ ထိုအခါ ဘုရားသခင် သည် ရာခေလ ကို အောက်မေ့ တော်မူ၏။ သူ ၏စကားကို နားထောင် ၍ ၊ သား ဘွားသောအခွင့် ကိုပေး တော်မူသဖြင့်၊ ၂၃ သူသည် ပဋိသန္ဓေ ယူ၍ သား ကိုဘွားမြင် လျှင် ၊ ငါ ခံရသောကဲ့ရဲ့ ခြင်းအကြောင်းကို ဘုရားသခင် သည် ပယ် တော်မူပြီဟူ၍ဝင်း၊ ၂၄ ထာဝရဘုရား သည် အခြား သောသား ကို ထပ် ၍ပေးတော်မူပါစေသောဟူ၍ဝင်း ဆိုလျက်၊ ထို သားကို ယောသပ် အမည် ဖြင့် မှည့် လေ၏။ ၂၅ ရာခေလ သည် ယောသပ် ကို ဘွားမြင် ပြီး သော နောက်၊ ယာကုပ် က၊ အကျွန်ုပ် သည် ကိုယ် နေရင်း ပြည် သို့ သွား မည်အကြောင်း အကျွန်ုပ် ကို လွှတ် ပါလော့။ ၂၆ ကျွန်ုပ် သည် အစေခံ ၍ရသော မယား နှင့် သား တို့ကို ဆောင်ယူ၍၊ သွား ရသောအခွင့် ကိုပေး ပါလော့။ ကျွန်ုပ် အစေခံ သည်အကြောင်း ကို အဘ သိ ပါသည်ဟု လာဗန် အား ဆို လျှင်၊ ၂၇ လာဗန် က၊ သင် ၏စိတ် နှင့် တွေ့ ပါစေ။ ထာဝရဘုရား သည် သင် ၏အကြောင်း ကြောင့် ငါ့ အား ကောင်းကြီး ပေးတော်မူသည်ကို ငါရိပ်မိ ပြီ။ ၂၈ ငါ ပေးရမည့်အခ ကို ပြော ပါ၊ ငါပေး မည်ဟု ဆို လေသော်၊ ၂၉ ကျွန်ုပ်သည် အဘ၌ အဘယ်သို့ အစေခံ သည် ကိုဎင်း အဘ၏တိရစ္ဆာန် တို့သည် ကျွန်ုပ် ၌ အဘယ်သို့ ရှိ နေသည်ကိုဎင်းအဘ သိ ပါ၏။ ၃၀ အထက် က အဘ ၏ ဥစ္စာနည်း လှ၏။ ယခု တိုးပွါး ၍ များပြား လျက်ရှိ၏။ ကျွန်ုပ် သွား လာလုပ် ကိုင်သောအားဖြင့်၊ ထာဝရဘုရား သည် အဘ အား ကောင်းကြီး ပေးတော်မူပြီ။ ယခုမှာ၊ ကျွန်ုပ် သည် ကိုယ် အိမ်သူအိမ်သား တို့ကို အဘယ် သောအခါ ကျွန်ုပ်ပြု စု ရပါအံ့နည်းဟု ဆိုလေ၏။ ၃၁ လာဗန်ကလည်း၊ အဘယ် အခကို ပေး ရ မည်နည်းဟုမေး ပြန်လျှင် ၊ ယာကုပ် က၊ ဘာကိုမျှ မ ပေး ပါနှင့်၊ ကျွန်ုပ် ၌ ကျေးဇူးတခု ပြု လိုလျှင် ၊ အဘ၏သိုး စု၊ ဆိတ်စုကို တဖန် ကျွေးမွေးစောင့်ထိန်း ပါဦးမည်။ ၃၂ ယနေ့ သိုးစု၊ ဆိတ်စုတရှောက်လုံး ကို ကျွန်ုပ် သွား ၍ ၊ ပြောက် ကျား သောဆိတ် များ ညို သော သိုး များ၊ ရှိသမျှ တို့ကိုခွေးနှုတ် ခွဲထားပါမည်။ နောက်မှပြောက်ကျားသောဆိတ်၊ ညိုသောသိုး တို့သည် ကျွန်ုပ် ၏ အခ ဖြစ် စေလော့။ ၃၃ သို့ဖြစ်၍ ၊ နောင် ကာလ ၌ ကျွန်ုပ် ၏အခ သည်၊ အဘရှေ့ သို့ ရောက် သောအခါ ၊ ကျွန်ုပ် ၏ဖြောင့်မတ် ခြင်း သည် ကျွန်ုပ် ကို စောင့်ရှောက် ပါလိမ့်မည်။ မ ပြောက် မကျားသော ဆိတ် ၊ မညို သောသိုး ရှိသမျှ တို့ကို ၊ ကျွန်ုပ် ခိုး သော အကောင်ဟူ၍မှတ်စေလော့ဟု ဆိုလေ၏။ ၃၄ လာဗန် ကလည်း၊ သင် ပြော တိုင်း ဖြစ် လော့ဟု ဝန်ခံ ၍ ၊ ထိုနေ့ ၌ ပင်၊ ပြောက် ကျားသော ဆိတ် ထီး၊ ပြောက် ကျားသောဆိတ် မ၊ ၃၅ အဖြူ ပါသော ဆိတ်ရှိသမျှ တို့နှင့် ၊ အဆင်းညို သော သိုးရှိသမျှ တို့ကိုရွေး ၍ ၊ မိမိ သား တို့လက် သို့ အပ် ပေးလေ၏။ ၃၆ ကိုယ် နေရာ အရပ်နှင့် ၊ ယာကုပ် နေရာအရပ်ကို သုံး ရက် ခရီး ကွာ စေခြင်းငှါ စီရင် သေး၏။ ယာကုပ် သည် ကြွင်း သော

လာဗန် ၏သိုး ဆိတ်များကို ထိန်း လျက် နေရ လေ၏။ ၃၇ ထိုအခါ ယာကုပ် သည်၊ စိမ်း သောလိဗနာ ပင်၊ လုဇ ပင်၊ အာရမုန် ပင်တို့၏ အခက် တံဖျားများကိုယူ ၍၊ အဖြူ ၊ အစိမ်း၊ အတန့်တန့်ပေါ် အောင်အခွံ ကို လှီး ခွာ ပြီးလျှင်၊ ၃၈ ရေသောက် လာ သောသိုး ၊ ဆိတ်အထီးအမ ရှက်တင် စေမည်အကြံရှိ၍၊ ရေသောက် လာ သောအခါ ၊ အခွံ ခွာပြီးသော တံဖျား တို့ကို ရေ သောက်ကျင်း၊ သောက် ခွက်တို့ ၌ သိုး ဆိတ်တို့ ရှေ့ မှာစိုက်ထား လေ၏။ ၃၉ သိုး ဆိတ်တို့သည် တံဖျာ များရှေ့မှာ ရှက်တင် ၍ ၊ အပြောက် အကျား စသည်တို့ကို ဘွား ကြ၏။ ၄၀ ယာကုပ် သည် သိုး ၊ ဆိတ်သငယ်တို့ကိုလည်း ခွဲ ထား၍ ၊ လာဗန် ၏သိုး စု၊ ဆိတ်စုတွင် အဆင်း ပြောက် ကျားသော အကောင်၊ အဆင်း ညိသော အကောင်ရှိသမျှ တို့ ရှေ့မှာ သိုး ဆိတ်များကိုမျက်နှာ ပြု စေ၏။ မိမိတိရစ္ဆာန် များနှင့်လာဗန် ၏ တိရစ္ဆာန် များကိုလည်း မ ရော မနှော စေဘဲ၊ တစုစီခွဲထားလေ၏။ ၄၁ အားကြီး သောအကောင်တို့သည် ရှက်တင် သောအခါ ၊ တံဖျာ တို့တွင် ရှက်တင် စေခြင်းငှါ ၊ ယာကုပ် သည် တံဖျာများကို ရေကျင်း၍၊ သူတို့ မျက်မှောက် တွင် ထား တတ်၏။ ၄၂ အားနည်း သောအကောင် တို့ရှေ့ မှာ တံဖျာ တို့ကို မ ပြ မထား။ ထိုကြောင့် အားနည်း သောအကောင်တို့သည် လာဗန် ၏ ဥစ္စာဖြစ်လေ၏။ အားကြီး သော အကောင်တို့မူကား၊ ယာကုပ် ၏ ဥစ္စာဖြစ်လေ၏။ ၄၃ ထိုသို့ ယာကုပ် ၌ စည်းစိမ်တိုးပွား ၍ ၊ သိုး ၊ ဆိတ်၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမ၊ ကုလားအုပ် ၊ မြည်း အများ ရှိ ကြ၏။

၃၁ ထိုအခါ လာဗန် သား တို့က၊ ငါ တို့သခင် ၏ဥစ္စာရှိသမျှ ကို ယာကုပ် သည် ယူ သွားလေပြီတကား၊ ငါ တို့အဘ ၏ဥစ္စာအားဖြင့် ၊ သူ၌ဤ မည်သော စည်းစိမ် ရှိသမျှ သည် ဖြစ် လေပြီဟု၊ ဆို ကြသည်ကို ယာကုပ်ကြား ၍၊ ၂ လာဗန် ၏ မျက်နှာ ကို ကြည့် သောအခါ ၊ ရှေ့ က ကဲ့သို့ မဟုတ် ၊ ခြားနားသည်ကို သိ မြင်၏။ ၃ ထာဝရဘုရား ကလည်း ၊ သင် ၏ဘိုး ဘနေသောပြည် ၊ သင် ၏အမျိုးသား ချင်းထံ သို့ ပြန် သွားလော့။ ငါသည် သင့် ဘက် ၌ရှိ နေမည်ဟု ယာကုပ် အား မိန့် တော်မူ ၏။ ၄ ယာကုပ် သည် လူကိုစေလွှတ် ၍ ၊ ရာခေလ နှင့် လေအာ ကို ၊ သိုး စုရှိရာတော သို့ ခေါ် ပြီးလျှင်၊ ၅ သင် တို့အဘ ၏ မျက်နှာ သည် ငါ ၌ ရှေ့ ကကဲ့သို့ မ ဟုတ်၊ ခြားနားသည်ကို ငါ သိ မြင်၏။ သို့သော်လည်း ၊ ငါ့ အဘ ၏ဘုရားသခင် သည်၊ ငါ့ ဘက် ၌ ရှိ တော်မူ၏။ ၆ သင် တို့အဘ ၏အမူကို၊ ငါ တတ် နိုင်သမျှ အတိုင်း၊ ငါစောင့် သည်ကို သင် တို့သိ ကြ၏။ ၇ သင် တို့အဘ သည်လည်း ငါ့ ကိုလှည့်စား ၍ ၊ ငါ ရထိုက်သော အခ ကိုဆယ် ကြိမ် လဲ ခဲ့ပြီ။ သို့သော်လည်း ၊ ငါ့ ကိုညှဉ်းဆဲ စေခြင်းငှါ ၊ ဘုရားသခင် အခွင့် ပေးတော်မ မူ။ ၈ သူက၊ ပြောက် သောအကောင်တို့သည်၊ သင် ၏ အခ ဖြစ်စေ ဟုဆို လျှင် ၊ သိုး ၊ ဆိတ်ရှိသမျှ တို့သည် ပြောက် သောအကောင်တို့ကို မွေး ကြ၏။ ကျား သော အကောင်တို့ သည်၊ သင် ၏အခ ဖြစ်စေ ဟုဆို လျှင် ၊ သိုး ၊ ဆိတ် ရှိသမျှ တို့ သည် ကျား သောအကောင်တို့ကို မွေး ကြ၏။ ၉ ထိုသို့ ဘုရားသခင် သည်၊ သင် တို့အဘ ၏ တိရစ္ဆာန် တို့ကို နှုတ် ၍ ငါ့ အား ပေး တော်မူပြီ။ ၁၀ ထိုတိရစ္ဆာန် များတို့သည်၊ ရှက်တင် ကြသောအခါ ၊ ငါ မြော် ကြည့် ၍ ၊ တိရစ္ဆာန်မတို့နှင့် ပေါင်းဘော် သော တိရစ္ဆာန်အထီး ရှိသမျှတို့သည်၊ အပြောက် အကျားမှစ၍ ၊ အထွေထွေသော အဆင်းရှိကြောင်းကို အိပ်မက် ၌ ငါမြင် ရ၏။ ၁၁ ဘုရားသခင် ၏ကောင်းကင် တမန်ကလည်း ၊ ယာကုပ် ဟု အိပ်မက်

၌ ငါ့ ကို ခေါ် လျှင် ၊ ကျွန်ုပ် ရှိ ပါ၏ဟု ငါထူး ၏။ ၁၂ သူ ကလည်း မြော် ၍ကြည့် လော့။ တိရစ္ဆာန် မနှင့် ပေါင်းဘော်သော တိရစ္ဆာန်အထီး ရှိသမျှ တို့သည်၊ အပြောက် အကျားမှစ၍ ၊ အထွေထွေသော အဆင်းရှိကြ ၏။ အကြောင်းမူကား၊ သင် ၌ လာဗန် ပြု သမျှ တို့ကို ငါမြင် ၏။ ၁၃ ငါ ကား၊ သင်သည် မှတ် တိုင်ကိုဆီ လောင်း၍၊ ငါ ၌ သစ္စာပြုရာ ဗေသလ အရပ်၏ဘုရား ဖြစ်၏။ ယခု ထ ၍ ဤ အရပ်မှ ထွက် သဖြင့်၊ အမျိုးသား ချင်းတို့နေသောပြည်သို့ ပြန် သွားလော့ဟု ငါ့အားမိန့်တော်မူ၏ဟု ယာကုပ်သည် ကြားပြောပြီးလျှင်၊ ၁၄ ရာခေလ နှင့် လေအာ တို့က၊ အကျွန်ုပ် တို့သည် ကိုယ်အဘ ၏အိမ် နှင့် အဘယ်သို့ဆိုင်သနည်း။ အဘယ်သို့ အမွေခံ ရသေး သနည်း။ ၁၅ သူ သည် ကျွန်ုပ်တို့ကို တကျွန်း တနိုင်ငံသားကဲ့သို့ မှတ် တတ်သည်မ ဟုတ်လော။ ကျွန်ုပ် တို့ကို ရောင်း စား ခဲ့ပြီ တကား။ ၁၆ ကျွန်ုပ် တို့အဘ မှ ဘုရားသခင် ရပ်သိမ်း တော်မူသော စည်းစိမ် ရှိသမျှ သည် ငါ တို့ ဥစ္စာ၊ ငါ တို့ သားသမီး များ ဥစ္စာဖြစ် ၏။ သို့ ဖြစ်၍ ဘုရားသခင် မှာ ထားတော်မူသည် အတိုင်း ယခု တွင် ပြု ပါလော့ဟုပြန်ပြော ကြ၏။ ၁၇ ထိုအခါ ယာကုပ် သည်ထ ၍ ၊ မိမိ သား မယား တို့ကို ကုလားအုပ် ပေါ် မှာ စီး စေ၏။ ၁၈ မိမိ တိရစ္ဆာန် တည်းဟူသော၊ ပါဒနာရံ အရပ်၌ ရ သော တိရစ္ဆာန် ရှိသမျှ တို့နှင့်၊ ရ တတ်သမျှ သောဥစ္စာ တို့ကို ဆောင် ယူ၍ ၊ အဘ ဣဇာက် နေရာ ခါနာန် ပြည်သို့ ခရီးသွား လေ၏။ ၁၉ လာဗန် သည် သိုးမွေး ကို ညှပ်ခြင်းငှါ ၊ အခြား တပါးသို့ သွား ခိုက်တွင်၊ ရာခေလ သည်၊ သူ ၏တေရပ် ရုပ်တု တို့ကို ခိုး ယူလေ၏။ ၂၀ ယာကုပ် သည် မိမိ ပြေး မည်အကြောင်း ကို မ ကြား မပြောဘဲနေ၍ ၊ ရှုရိ လူဖြစ်သော လာဗန် ကို ပရိယာယ် အားဖြင့် နှိုင် လေ၏။ ၂၁ ထိုသို့ မိမိ ဥစ္စာရှိသမျှ ပါလျက် ပြေး သွား၍ ၊ မြစ် တစ်ဖက်သို့ အလျင်အမြန်ကူး ပြီးလျှင် ၊ ဂိလဒ် တောင် ကို ရှေ့ရှု ပြုလျက် ခရီး သွားလေ၏။ ၂၂ ယာကုပ် ပြေး ကြောင်း ကို၊ သုံး ရက်မြောက် သောနေ့ ၌ လာဗန် ကြား သိလျှင်၊ ၂၃ ညီအစ်ကို တို့ကိုခေါ် ၍ ၊ ခုနစ် ရက် ခရီး လိုက် သဖြင့် ၊ ဂိလဒ် တောင် ပေါ် မှာ မှီ လေ၏။ ၂၄ ဘုရားသခင် သည် ရှုရိ လူလာဗန် ဆီသို့ ညဉ့် အချိန်တွင် အိပ်မက် ၌ ကြွ တော်မူ၍ ၊ သင်သည် ယာကုပ် အား ကောင်း မကောင်း ကို မ ပြော နှင့်၊ သတိပြုလော့ဟု မိန့် တော်မူ၏။ ၂၅ ထိုအခါ ယာကုပ် သည် မိမိ တဲ ကို ဂိလဒ် တောင် ပေါ် မှာ ဆောက် နှင့်ပြီ။ လာဗန် သည် လိုက်၍မှီ သောအခါ ၊ မိမိ ညီအစ်ကို တို့နှင့်တကွ ၊ ထိုတောင် ပေါ် မှာတဲ ကို ဆောက်လေ၏။ ၂၆ လာဗန် ကလည်း ၊ သင်သည် အဘယ်သို့ ပြု သနည်း။ စစ်တိုက် ရာ၌ ဘမ်းမိ သောသူတို့ကို သိမ်းသွား သကဲ့သို့ ၊ ငါ့ ကိုလှည့်စား၍၊ ငါ့ သမီး တို့ကို သိမ်း သွား လေပြီတကား။ ၂၇ ငါ့ ကို လှည့်စား ၍ ၊ အဘယ်ကြောင့် တိတ်ဆိတ် စွာ ထွက် ပြေးသနည်း။ ငါသည် ပျော်မွေ့ ခြင်းကိုပြု၍ သီချင်း ဆိုလျက် ၊ ပတ်သာ နှင့် စောင်း တီးလျက်၊ သင့် ကို လွှတ် လိုက်စေခြင်းငှါ ၊ အဘယ်ကြောင့်ငါ့ ကို မ ကြား မပြောဘဲ နေသနည်း။ ၂၈ ငါ့ သားသမီး တို့ကို ငါ နမ်း စေခြင်းငှါ ၊ အဘယ်ကြောင့် အခွင့် မ ပေးသနည်း။ သင်သည် မိုက် စွာ ပြု လေ ပြီတကား။ ၂၉ ယခုသင့် ကို ငါ ညှဉ်းဆဲ နိုင်၏။ သို့သော်လည်း၊ မနေ့ ညမှာ သင် ၏အဘ ကိုးကွယ်သော ဘုရားသခင် သည် ကြွလာ၍၊ ယာကုပ် အား ကောင်း မကောင်း ကို မ ပြော နှင့်။ သတိပြုလော့ဟု ငါ့ အား မိန့် တော်မူ၏။ ၃၀ ယခု မှာ၊ သင် သည် မိဘ အိမ် ကို အလွန် အောက်မေ့ သောကြောင့် ၊ သွား ရသည်

ဟုတ်စေတော့။ ငါ ၏ ဘုရား တို့ကို အဘယ်ကြောင့် ခိုးယူ ခဲ့ရသနည်းဟု ယာကုပ် ကို ဆို၏။ ၃၁ ယာကုပ် ကလည်း ၊ သင် သည်ကိုယ်သမီး တို့ကို အနိုင်သိမ်း ယူကောင်းသိမ်းယူလိမ့်မည်ဟု ကျွန်ုပ်စိုးရိမ် သောကြောင့် ထွက်ပြေးရ၏။ ၃၂ သင် ၏ဘုရား တို့ကိုမူကား၊ အကြင်သူ ၌ တွေ့ လျှင်၊ ထိုသူကို သေ စေလော့။ ကျွန်ုပ် တို့ ညီအစ်ကို များ ရှေ့ တွင်၊ သင်၏ဥစ္စာကိုပြည့်နှန်၍ ယူ ပါလော့ဟု၊ လာဗန် အား ပြန်ပြော ၏။ ရာခေလ ခိုး ကြောင်း ကို ယာကုပ် မ သိ။ ၃၃ လာဗန် သည် ယာကုပ် တဲ ၊ လေအာ တဲ ၊ ကျွန် မနှစ် ယောက်တို့၏ တဲ သို့ ဝင် ၍ ရှာသော်လည်း မ တွေ့ လျှင် ၊ လေအာ တဲ ထဲမှ ထွက် ၍ ၊ ရာခေလ တဲ သို့ ဝင် လေ၏။ ၃၄ ရာခေလ သည်၊ ထိုရုပ်တု တို့ကိုယူ ၍ ကုလားအုပ် ကုန်းနှီး တန်ဆာထဲ သို့ သွင်း ထားပြီးလျှင် ၊ ထိုတန်ဆာ ပေါ် မှာ ထိုင် လျက်နေ၏။ လာဗန် သည် တဲတဲလုံး ကို ရှာဖွေ ၍ မ တွေ့ လျှင်၊ ၃၅ ရာခေလက၊ သခင် ရှေ့ မှာ ကျွန်မမ ထ နိုင် သည် ဖြစ်၍၊ စိတ် ရှိတော်မ မူပါနှင့်။ မိန်းမ တို့ ၌ ဖြစ်မြဲရှိသည် အတိုင်း၊ ကျွန်မ ၌ ဖြစ်ပါသည်ဟု အဘ အား ဆို လေ၏။ ထိုသို့ လာဗန်သည် ရှာဖွေ ၍ ရုပ်တု တို့ကိုမ တွေ့ ရ။ ၃၆ ထိုအခါ ယာကုပ် သည် စိတ်ဆိုး ၍ လာဗန် ကို ဆုံးမ သည်ကား၊ ကျွန်ုပ် သည် အဘယ်သို့ ပြစ်မှား ၍၊ အဘယ် အပြစ် ရှိသောကြောင့်၊ ကျွန်ုပ် ကို ဤမျှလောက်ပြင်းထန်စွာ လိုက် ရသနည်း။ ၃၇ ကျွန်ုပ် ဥစ္စာ ရှိသမျှ ကို ရှာဖွေ သည်ဖြစ်၍၊ သင် ၏ ဥစ္စာ ပရိဏံ တစုံ တခုကို တွေ့ မိလျှင်၊ သင် ၏ညီအစ်ကို ၊ ကျွန်ုပ် ညီအစ်ကို တို့ ရှေ့ တွင်၊ ဤ အရပ်၌ထား ပါ။ သူတို့ သည်၊ ငါ တို့နှစ် ယောက်စပ်ကြား မှာ စီရင် ပါစေ။ ၃၈ ကျွန်ုပ် သည် သင့် ထံ၌ အနှစ် နှစ်ဆယ် ပတ်လုံးနေရာတွင်၊ သင် ၏သိုးမ ၊ ဆိတ်မ တို့သည် ဝမ်း ပိုးမ ပျက်။ ဆိတ် ထီး၊ သိုး ထီးတို့ကို ကျွန်ုပ်မ စား။ ၃၉ သားရဲ ကိုက်သတ်သော အကောင်ကိုသင့် ထံ သို့ကျွန်ုပ်မ ဆောင် ခဲ့၊ ကိုယ် အရှုံး ခံရ၏။ နေ့ မှာ ခိုး သည် ဖြစ်စေ ၊ ည မှာခိုး သည်ဖြစ်စေ၊ သင်သည် ကျွန်ုပ် တွင် အစားတောင်း လေ့ရှိ၏။ ၄၀ နေ့ အချိန်၌ လည်း နေပူ ကိုဂင်း၊ ညဉ့် အချိန်၌ လည်း နှင်းခဲ ကိုဂင်း ခံရပြီ။ အအိပ် ပျက်ခြင်းကိုလည်း ခံရပြီ။ ၄၁ ထိုသို့ ၊ ကျွန်ုပ် သည် အနှစ် နှစ်ဆယ် ပတ်လုံးသင် ၏အိမ် ၌ နေ၍၊ သင် ၏သားသမီး နှစ် ယောက် အတွက် ကြောင့် ဆယ် လေး နှစ် ၊ သိုး ဆိတ်တို့အတွက် ကြောင့် ခြောက် နှစ် အစေ ခံရပြီ။ သို့ရာတွင် သင်သည်၊ ကျွန်ုပ် အခ ကို ဆယ် ကြိမ် လဲ ပြီတကား။ ၄၂ ယခုလည်း ကျွန်ုပ် အဘ ၏ ဘုရားသခင် ၊ အာဗြဟံ ၏ဘုရားသခင် ၊ ဣဇာက် ၏ကြောက်ရွံ့ရာ ဘုရား သည် ကျွန်ုပ် ဘက် ၌မ ရှိ လျှင်၊ သင်သည် ကျွန်ုပ် ကို ဇကန် အမှန်လက်ချည်း လွှတ် လိုက်လိမ့်မည်တကား။ အကယ်စင်စစ်ကျွန်ုပ် ဆင်းရဲ ခံရခြင်း၊ ပင်ပန်းစွာ လုပ်ကိုင် ရခြင်းကို ဘုရားသခင် မြင် ၍ ၊ မနေ့ ညမှာ သင့်ကို ဆုံးမ တော်မူပြီဟု ဆိုလေ၏။ ၄၃ လာဗန် ကလည်း ၊ ဤသမီး တို့သည် ငါ့ သမီး ဖြစ်ကြ၏။ ဤသူငယ် တို့သည်၊ ငါ့ သား ဖြစ်ကြ၏။ ဤတိရစ္ဆာန် တို့လည်း၊ ငါ့ တိရစ္ဆာန် ဖြစ်ကြ၏။ မြင် သမျှ သော ဥစ္စာသည် ငါ့ ဥစ္စာဖြစ်၏။ ငါ့ သမီး တို့ ၌ဂင်း၊ သူတို့ ဘွားမြင် သော ငါ့သူငယ် တို့ ၌ဂင်း ၊ အဘယ်သို့ ငါပြု နိုင် သနည်း။ ၄၄ သို့ ဖြစ်၍ ၊ ယခုသင် နှင့် ငါ စပ်ကြား ၌ သက်သေ ဖြစ်စေ ၍ ၊ ငါ တို့နှစ်ယောက်သည် ပဋိညာဉ် ပြု ကြစို့ဟု ယာကုပ် အား ပြန်ပြော ၏။ ၄၅ ယာကုပ် သည်လည်း ကျောက် ကိုယူ ၍ ၊ မှတ်တိုင် ဘို့ စိုက် ထူပြီးလျှင်၊ ၄၆ ကျောက် များကို စု ထားကြပါဟု ညီအစ်ကို တို့ အား ဆိုသည်အတိုင်း၊ သူတို့သည် ကျောက်များကိုယူ ၍

၊ ကျောက် ပုံ ကို တည် လုပ်ပြီးမှ ၊ ထို ကျောက် ပုံအပေါ် ၌ စားသောက် ခြင်းကို ပြုကြ၏။ ၄၇ ထို ကျောက်ပုံကို လာဗန် သည် ယေဂါသဟာဒုသ ဟူ၍ဂင်း၊ ယာကုပ် သည် ဂိလဒ် ဟူ၍ဂင်း၊ သမုတ် လေ၏။ ၄၈ လာဗန် ကလည်း ၊ ယနေ့ ဤ ကျောက် ပုံသည် ငါ နှင့် သင် ၏စပ်ကြား ၌ သက်သေ ဖြစ်သည်ဟုဆို ၏။ ထိုကြောင့် ဂိလဒ် ဟူ၍သမုတ် ကြ၏။ ၄၉ မိဇပါ ဟူ၍သမုတ်ကြသေး၏။ အကြောင်း မူကား၊ လာဗန်က၊ ငါတို့သည် တ ယောက်နှင့်တယောက် ခွါ သွားကြသော နောက်၊ ထာဝရဘုရား သည် ငါ နှင့် သင် ၏ စပ်ကြား ၌စောင့် တော်မူစေသတည်း။ ၅၀ သင်သည် ငါ့ သမီး တို့ကို ညှဉ်းဆဲ သည်ဖြစ်စေ ၊ ငါ့ သမီး တို့မှတပါး အခြားသော မိန်းမ နှင့် စုံဘက် သည် ဖြစ်စေ ၊ ငါ တို့ ၌ လူ သက်သေမရှိ၊ ဘုရားသခင် သည် ငါ နှင့် သင် ၏ စပ်ကြား ၌သက်သေ မ ရှိ၊ ဘုရားသခင် သည် ငါနှင့်သင်၏စပ်ကြား၌ သက်သေဖြစ်စေတော်မူသတည်း ဟူ၍ဂင်း၊ ၅၁ တဖန် လည်း၊ ငါ နှင့် သင် ၏စပ်ကြား ၌ သင်သည် တည်လုပ် ခဲ့ပြီးသော ဤ ကျောက် ပုံနှင့် ဤ မှတ်တိုင် ကို ကြည့် ပါလော့။ ၅၂ ငါ သည် သင့် ကိုခိုက် ရန်ပြုခြင်းငှါ ၊ ဤ ကျောက် ပုံ၊ ဤမှတ်တိုင်ကို မ ကျော် ရ၊ သင် သည် ငါ့ ကိုခိုက်ရန်ပြု ခြင်းငှါ၊ ဤ ကျောက် ပုံ၊ ဤ မှတ် တိုင်ကို မ ကျော် ရဟု ဤ ကျောက် ပုံနှင့် ဤ မှတ်တိုင် သည် သက်သေဖြစ်စေသတည်း ။ ၅၃ အာဗြဟံ ၏ ဘုရားသခင် ၊ နာခေါ် ၏ ဘုရားသခင် ၊ သင့်အဘ ၏ဘုရားသခင် သည် ငါ တို့စပ်ကြား ၌ စီရင် တော်မူစေသတည်းဟူ၍ဂင်း၊ ယာကုပ် အား ဆို ၏။ ယာကုပ် သည်လည်း၊ မိမိ အဘ ကြောက်ရွံ့ ရာ ဘုရားကို တိုင်တည် ၍ ကျိန်ဆိုခြင်းကို ပြုလေ၏။ ၅၄ ထိုအခါ ယာကုပ် သည် တောင် ပေါ် မှာ ယဇ် ပူဇော်၍၊ ညီအစ်ကို များကို အစာ စား စေခြင်းငှါ ခေါ် ဘိတ် သဖြင့် ၊ သူတို့သည် စားသောက် ၍ ၊ တောင် ပေါ် မှာ ညဉ့် ကို လွန်စေကြ၏။ ၅၅ နံနက် စောစောလာဗန် ထ ၍ မိမိ သားသမီး များ ကို နမ်း လျက် ကောင်းကြီး ပေးပြီးမှ ၊ မိမိ နေရာ ပြည်သို့ ပြန် သွားလေ၏။

၃၂ ယာကုပ် သည် ခရီး သွားပြန် ၍ ၊ ဘုရားသခင် ၏ ကောင်းကင် တမန်တို့သည် ကြို့ဆို ခြင်းငှါ လာကြသည်ကို၊ ၂ ယာကုပ် မြင် လျှင် ဘုရားသခင် ၏ တပ် တော်ဖြစ် သည်ဟု ဆို ၍ ၊ ထို အရပ် ကို မဟာနိမ် အမည် ဖြင့် မှည့် လေ ၏။ ၃ ထိုအခါ ယာကုပ် သည်၊ အစ်ကို ဧသော နေရာ ဧဒုံ ပြည် တည်းဟူသောစိရ ပြည် သို့ ၊ တမန် တို့ကို မိမိ ရှေ့ မှာ စေလွှတ် ၍ မှာလိုက်သည်ကား၊ ၄ ကိုယ်တော် ၏ကျွန် ယာကုပ် က၊ ကျွန်တော်သည် လာဗန် ထံ မှာတည်းခို ၍ ၊ ယခု တိုင်အောင် နေ ပါပြီ။ ၅ ကျွန်တော် ၌ နွား ၊ မြည်း ၊ သိုး ၊ ဆိတ်၊ ကျွန် ယောကျ်ား မိန်းမ များ ရှိ ကြပါ၏။ ကျွန်တော် သည် သခင် ၏ စိတ် တော်နှင့် တွေ့ စေခြင်းငှါ ၊ လျှောက်ကြားလိုက်ပါသည် ဟု၊ ငါ့ သခင် ဧသော ကို လျှောက် ကြဟု မှာ လိုက် လေ၏။ ၆ တမန် တို့လည်း ယာကုပ် ထံ သို့ ပြန်လာ ၍ ၊ ကျွန်တော်တို့သည်၊ ကိုယ်တော် ၏အစ်ကို ဧသော ထံ သို့ ရောက် ခဲ့ပါပြီ။ သူ သည်ကိုယ်တော် ကို တွေ့ ခြင်းငှါ ၊ လူ လေး ရာ နှင့် ချီ လာပါသည်ဟု လျှောက် ကြ၏။ ၇ ထိုအခါ ယာကုပ် သည်၊ အလွန် ကြောက် ၍ စိတ် ပူပန်လျှင်၊ မိမိ တွင်ပါ သော လူ စု၊ သိုး ဆိတ်စု၊ နွား စု၊ ကုလားအုပ် များတို့ကို နှစ် စု ခွဲ ၍ ထားလေ၏။ ၈ အကြောင်း မူကား၊ တ စု ကို ဧသော တွေ့ ၍ လုပ်ကြံ လျှင် ၊ ကြွင်း သော တစု လွတ် လိမ့်မည်ဟု ဆို ၏။ ၉ တဖန် ယာကုပ် က၊ အကျွန်ုပ် အဘ အာဗြဟံ ၏ ဘုရားသခင် ၊ အကျွန်ုပ် အဘ ဣဇာက်

၏ဘုရားသခင် ၊ ထာဝရဘုရား ကိုယ်တော်က၊ သင် ၏ပြည် သင် ၏ အမျိုးသား ချင်းတို့ ထံ သို့ ပြန် လော့။ ငါသည် သင် ၌ ကျေးဇူး ပြုမည် ဟု မိန့် တော်မူပါပြီ။ ၁၀ ကိုယ်တော် ကျွန် ၌ ပြ တော်မူသောကရုဏာ သစ္စာ တော်အငယ်ဆုံးကို မျှ အကျွန်ုပ်မ ခံထိုက်ပါ။ အကျွန်ုပ်သည် အထက်က၊ ဤ ယော်ဒန် မြစ်ကို လက်စွဲတောင်ဝေး နှင့် သာ ကူး ပါ၏။ ယခု မူကား ၊ အပေါင်းအသင်း နှစ် စုဖြစ် ပါ၏။ ၁၁ သို့ ဖြစ်၍ ၊ အကျွန်ုပ် ကို အစ်ကို ဧသော လက် မှ ကယ်လွှတ် တော်မူမည်အကြောင်း ဆုတောင်းပါ၏။ သူသည် လာ ၍ အကျွန်ုပ် ကို၎င်း ၊ သား မယား တို့ကို၎င်းသတ် မည်ဟု အလွန်စိုးရိမ် ပါ၏။ ၁၂ ကိုယ်တော်က၊ ငါသည်သင် ၌ အမှတ်ကျေးဇူး ပြု၍ ၊ မ ရေတွက် နိုင်အောင် များပြား သော သမုဒ္ဒရာ သဲ လုံး နှင့်အမျှ သင် ၏အမျိုးအနွယ် ကို ငါဖြစ် စေမည်ဟု မိန့် တော်မူပါပြီဟု တောင်းလျောက်လေ၏။ ၁၃ ထို အရပ်၌ တညဉ့် ပတ်လုံး နေ ပြီးမှ ၊ မိမိ လက် ရှိ ဥစ္စာ စုထဲက အစ်ကို ဧသော အား လက်ဆောင် ဆက်စရာ ဘို့၊ ၁၄ ဆိတ် မနှစ် ရာ၊ ဆိတ် ထီးနှစ် ဆယ်၊ သိုး မနှစ် ရာ၊ သိုး ထီးနှစ် ဆယ်၊ ၁၅ နို့စို့သား ငယ်နှင့်တကွ ၊ နို့ ညှစ်ကုလားအုပ် မ သုံး ဆယ်၊ နွား မလေး ဆယ်၊ နွား ထီးတ ဆယ်၊ မြည်း မ နှစ် ဆယ်နှင့် မြည်း ကလေးတ ဆယ်တို့ကို ယူ၍၊ ၁၆ အသီးအသီးတစု တခြားစီ ခွဲသန့်လျက်၊ ကျွန် တို့ လက် သို့ အပ် ပြီးလျှင် ၊ သင်တို့သည် ငါ့ ရှေ့မှာကူး သွား၍ ၊ တစု နှင့် တစု ကို ခရီးကွာ စေလော့ဟု၊ ကျွန် တို့အား မှာ ထားလေ၏။ ၁၇ ရှေ့ဦးစွာ သွားသောသူကိုလည်း၊ ငါ့ အစ်ကို ဧသော သည် သင့် ကိုတွေ့ ၍ ၊ သင် ကား၊ အဘယ်သူ ၏ လူဖြစ်သနည်း၊ အဘယ် အရပ်သို့ သွား သနည်း။ သင့် ရှေ့ မှာရှိသော တရိစ္ဆာန် များကား အဘယ်သူ ၏ ဥစ္စာ ဖြစ်သနည်းဟုမေး လျှင်၊ ၁၈ ကိုယ်တော် ကျွန် ယာကုပ် ၏ဥစ္စာဖြစ်ပါ၏။ သခင် ဧသော အား ဆက်သ လိုက်သော လက်ဆောင် ဖြစ်ပါ၏။ သူ သည်လည်း နောက် မှာ ရှိပါ၏ဟု၊ လျှောက် ရမည်ဟု မှာ ထားလေ၏။ ၁၉ ထိုနည်းတူ ၊ ဒုတိယ သူ၊ တတိယ သူမှစ၍ ၊ အစုစု တို့နှင့် လိုက် သောသူအပေါင်း ကိုလည်း ၊ သင် တို့သည် ဧသော နှင့် တွေ့ လျှင် ၊ ဤ သို့လျှောက် ရမည်ဟူ၍ဎင်း၊ ၂၀ ကိုယ်တော် ကျွန် ယာကုပ် သည်လည်း နောက် မှာ ရှိပါ၏ဟု၊ ကြား လျှောက်ရမည်ဟူ၍ ၎င်း မှာထားလေ၏။ ယာကုပ်က၊ ယခု ငါ့ ရှေ့ တွင် ထွက်သွား သော လက်ဆောင် ဖြင့် ၊ သူ၏စိတ်ကို ငါဖြေ မည်။ နောက်မှ မျက်နှာချင်းဆိုင် တွေ့ သောအခါ၊ ငါ့ ကိုလက်ခံ ကောင်း လက်ခံလိမ့်မည်ဟု အကြံ ရှိသတည်း။ ၂၁ ထိုသို့ ယာကုပ် ရှေ့မှာ လက်ဆောင် သည် အရင် ကူး သွား၍ ၊ သူ ကိုယ်တိုင်ထို ညဉ့် ၌ လူ အစုအဝေးနှင့်အတူ အိပ် ၍ နေ၏။ ၂၂ ညဉ့် မကုန်မီထ ၍ မယား နှစ် ယောက်၊ ကျွန် မနှစ် ယောက်၊ သား တဆယ် နှင့် တ ယောက်တို့ကို ဆောင်ယူ ၍ ၊ ယဗ္ဗုတ် ချောင်းရေတိမ်ရာအရပ် ကိုကူး လေ၏။ ၂၃ ထိုသို့ သူ တို့ကိုယူ ၍ မိမိ ဥစ္စာရှိသမျှနှင့်တကွချောင်း တစ် ဖက်သို့ ကူး စေပြီးမှ၊ ၂၄ ယာကုပ် သည် တယောက် တည်းနေရစ် ၍ ၊ လူ တဦးသည် မိုဃ်းလင်း သည်တိုင်အောင် သူ နှင့် လုံး ထွေး လေ၏။ ၂၅ ထိုသူသည် မိမိ မ နိုင် မှန်းကို သိ လျှင် ၊ ယာကုပ် ပေါင် ချန် ကို ထိုး ၍ ၊ လုံးထွေး စဉ် တွင်ပေါင် ဆစ် ပြုတ် လေ ၏။ ၂၆ ထိုသူကလည်း၊ ငါ့ ကိုလွှတ် ပါ၊ မိုဃ်းလင်း ဆဲရှိ ပြီ ဟုဆို လျှင် ၊ ယာကုပ်က၊ ကိုယ်တော် သည် အကျွန်ုပ် ကို ကောင်းကြီး မ ပေးလျှင် ၊ မ သွား ရဟုဆို ၏။ ၂၇ ထိုသူ က လည်း ၊ သင် ၏အမည် ကား အဘယ်သို့ နည်းဟုမေး လျှင် ၊ ယာကုပ် ဖြစ်ပါသည်ဟု ပြန်ဆို ၏။ ၂၈

နောင် ၌ သင် ၏အမည် ကို ယာကုပ် ဟူ၍မ ခေါ် ရ၊ ဣသရေလ ဟူ၍ခေါ် ရမည်။ အကြောင်း မူကား၊ သင်သည် ဘုရားသခင် နှင့် ၎င်း ၊ လူ နှင့် ၎င်း ၊ မင်းကဲ့သို့ပြိုင် ၍ နိုင် လေပြီဟု မိန့် တော်မူ၏။ ၂၉ ယာကုပ် ကလည်း ၊ နာမ တော်ကား အဘယ်သို့နည်း။ အကျွန်ုပ်အား ဘော်ပြ တော်မူပါဟု မေးလျှောက် လျှင် ၊ ငါ့ နာမ ကို အဘယ်ကြောင့် မေး သနည်းဟု ဆို ၍ ၊ ထို အရပ်၌ ကောင်းကြီး ပေးတော်မူ၏။ ၃၀ ထိုအရပ် ကို ပေနေလ ဟူ၍၊ ယာကုပ် သည် သမုတ် လေ၏။ အကြောင်း မူကား၊ ငါသည် ဘုရားသခင် ကို မျက်နှာချင်းဆိုင် ၍ ဖူးမြင် ရသော်လည်း၊ အသက် ချမ်းသာ ပြီဟု ဆိုသတည်း။ ၃၁ ပေနွေလ အရပ်ကို ယာကုပ်လွန် သွားသောအခါ ၊ နေ ထွက် ချိန်ရှိ၍ ၊ သူ သည် ထော့နဲ့ သွားလေ၏။ ၃၂ ထိုသို့ ယာကုပ် ၏ပေါင်ချန် အကြောကြီးကို ထိုး တော်မူသောကြောင့် ၊ ဣသရေလ အမျိုးသား တို့သည်၊ ပေါင်ချန် ၌ ရှိသောအကြော ကြီးကို ယနေ့ တိုင်အောင် မ စား ရှောင်လေ့ရှိကြ၏။

၃၃ ထိုအခါ ယာကုပ် သည် မြော် ကြည့် ၍ ၊ အစ်ကို၎သော သည် လူ လေး ရာ ပါလျက် ၍ လာသည်ကိုမြင် လျှင် ၊ လေအာ ၊ ရာခေလ ၊ ကျွန် မနှစ် ယောက်တို့တွင် သား များ တို့ကို ဝေ ပေးလေ၏။ ၂ ကျွန် မနှစ်ယောက်ကိုကား၊ သူ တို့သား များနှင့် ရှေ့ ကနေစေ၍ ၊ လေအာ နှင့် သူ ၏သား တို့ကို အလယ်၌ ၎င်း၊ ရာခေလ နှင့် ယောသပ် ကို နောက် ၌၎င်း ထား လေ ၏။ ၃ သူ တို့ရှေ့ မှာ ကိုယ်တိုင် လွန် သွား၍ ၊ ခုနစ် ကြိမ် တိုင်အောင် ဦးညွှတ် ပြပ်ဝပ်လျက် ၊ အစ်ကို အနီးသို့ ချဉ်းကပ် လေ၏။ ၄ ထိုအခါ ၎သော သည် ကြိုဆိုခြင်း ငှါ ပြေး လာ၍ ၊ လည် ချင်း ရှက် လျက် ၊ ပိုက်ဘက် နမ်းရှုတ် ခြင်းကိုပြု၍၊ နှစ်ယောက်စလုံးတို့သည် ငိုကြွေး ကြ၏။ ၅ ထိုနောက် ၊ မြော် ကြည့် ၍ ၊ မိန်းမ များ၊ သူငယ် များကို မြင် လျှင် ၊ သင် ၌ပါ သောဤ သူတို့သည်၊ အဘယ် သူနည်းဟုမေး သော်၊ ကိုယ်တော် ၏ ကျွန် အား ၊ ဘုရားသခင် ပေး သနားတော်မူသောသူငယ် ဖြစ်ကြပါ၏ဟု ပြန်ပြော ပြီးမှ၊ ၆ ကျွန် မတို့သည်၊ မိမိ တို့သား များနှင့် ချဉ်းကပ် ၍ ဦးညွှတ် ကြ၏။ ၇ ထိုနောက် ၊ လေအာ သည် သူ ၏သား များနှင့် ချဉ်းကပ် ၍ ဦးညွှတ် ကြ၏။ ထိုနောက် ၊ ယောသပ် နှင့် ရာခေလ သည် ချဉ်းကပ် ၍ ဦးညွှတ် ခြင်းကို ပြုကြ၏။ ၈ ၎သောကလည်း၊ ကျွန်ုပ်တွေ့ သော တိရစ္ဆာန် စု အပေါင်း တို့သည်၊ အဘယ်သို့ သောအရာနည်းဟုမေး လျှင်၊ သခင် ၏စိတ် တော်နှင့် တွေ့ စေခြင်းငှါ ဖြစ်ပါသည် ဟု ပြန်ပြော ၏။ ၉ ၎သော ကလည်း၊ ငါ့ ညီ ၊ ငါ ၌ လုံလောက် အောင် ရှိ ၏။ သင် ၏ ဥစ္စာတို့ကို ယူ ထားဦးလော့ဟုဆို ၏။ ၁၀ ယာကုပ် ကလည်း ၊ ထိုသို့မဆိုပါနှင့်။ စိတ်တော် နှင့် တွေ့ သည်မှန်လျှင် ၊ ကျွန်တော် ဆက် သော လက်ဆောင် ကို ခံယူ တော်မူပါ။ ဘုရားသခင် ၏ မျက်နှာ တော် ကို ဖူးမြင် ရသကဲ့သို့ ၊ ကိုယ်တော် ၏ မျက်နှာ ကို ဖူးမြင် ရပါ၏။ စိတ် တော်သည်လည်းနူးညွတ် ပါ၏။ ၁၁ ကိုယ်တော် ထံ သို့ရောက် သော ကျွန်တော် ၏ မင်္ဂလာ ကိုခံယူ တော်မူပါ။ ဘုရားသခင် သည်၊ ကျွန်တော် ၌ များစွာသောကျေးဇူး ကို ပြုတော်မူပြီ။ ကျွန်တော် ၌ လုံလောက် အောင်ရှိ ပါ၏ဟူ၍ တိုက်တွန်း သောကြောင့် ခံယူ လေ၏။ ၁၂ ၎သောကလည်း၊ ခရီး သွားကြစို့၊ သင့် ရှေ့ မှာ ကျွန်ုပ်သွား မည်ဟုဆို လျှင်၊ ၁၃ ယာကုပ်က၊ သခင် သိ သည်အတိုင်း၊ ဤသူငယ် တို့သည် နုငယ် ပါ၏။ သား ငယ်ပါသောသိုး ၊ ဆိတ်၊ နွားမ တို့သည် ကျွန်တော် ၌ပါပါ၏။ တနေ့ ခြင်းတွင် အနှင် လွန် လျှင် ၊ ရှိသမျှ တို့သည် သေ ကြပါလိမ့်မည်။ ၁၄ ထိုကြောင့်သခင်

သည်၊ ကိုယ်တော် ၏ ကျွန် ရှေ့ မှာကြွ နှင့်တော်မူပါ။ ကျွန်တော်မူကား၊ ကျွန်တော်ဆောင် ခဲ့သော တိရစ္ဆာန်များ၊ သူငယ် များ၊ တတ်နိုင်သမျှအတိုင်း ၊ သခင် နေရာ စိရ ပြည်သို့ ရောက် အောင်၊ တဖြည်းဖြည်း ပို့ဆောင် ပါမည်ဟု လျှောက်လေ၏။ ၁၅ ဧသော ကလည်း ၊ သို့ ဖြစ်လျှင်အကျွန်ုပ် ၌ ပါ သောသူ အချို့တို့ကို ညီ၌ထား ခဲ့ပါရစေဟုဆိုလျှင် ၊ ယာကုပ်က၊ အဘယ် အကြောင်းရှိပါသနည်း။ သခင် ၏ စိတ် တော်နှင့်တွေ့ ပါစေဟု ပြန် ဆိုသော်၊ ၁၆ ဧသော သည် ထိုနေ့ ခြင်းတွင် စိရ ပြည်သို့ ခရီး သွား၍ ပြန် လေ၏။ ၁၇ ယာကုပ် လည်း ၊ သုကုတ် အရပ်သို့ ခရီး သွား၍ ၊ ကိုယ် နေတို့ အိမ် ကိုဂင်း ၊ တိရစ္ဆာန် များနေတို့ တင်းကုပ် တို့ကိုဂင်း၊ ဆောက် လေ၏။ ထို့ကြောင့် ထိုအရပ် ကို၊ သုကုတ် ဟူ၍တွင် လေသတည်း။ ၁၈ ထိုနောက်မှ ၊ ရှေခင် မြို့ သို့ ဘေးမဲ့ ရောက် လေ၏။ ပါဒနာရံ ပြည်မှ ပြန်လာ၍၊ ခါနာန် ပြည် သို့ ရောက် သော လမ်းခရီးတွင် ၊ ထိုမြို့ ရှိသတည်း။ ထိုမြို့ ရှေ့ မှာတဲ့ ကို ဆောက်လေ၏။ ၁၉ တဲ့ ဆောက် ရာမြေ အကွက် ကို ရှေခင် ၏အဘ ၊ ဟာမော် ၏သား တို့တွင်၊ ငွေ တပိသာ အဘိုးပေး၍ ဝယ် ရသတည်း။ ၂၀ ထို အရပ်၌လည်း ယဇ် ပလ္လင်ကို တည် ပြီးလျှင် ၊ ဧလေလောဂ္ဂသရေလ ဟူ၍ သမုတ် လေ၏။

၃၄ ယာကုပ် ၏မယား၊ လေအာ ဘွားမြင် သောသမီး ဒိန သည်၊ ထိုပြည် ၏ အမျိုးသမီး တို့ကို အကြည့်အရှု သွားရာ တွင်၊ ၂ ထိုပြည် ကို အစိုးရ သောဟိဝိ အမျိုး၊ ဟာမော် မင်း ၏သား ရှေခင် သည် ဒိန ကိုမြင် လျှင် ၊ ယူ သွား၍ အိပ် ဘော်ပြုလျက် ၊ သူ့ အသရေကို ရှုတ်ချ လေ၏။ ၃ နောက်မှသူ့ကိုချစ်သောစိတ် မကုန်၊ အမြဲ ချစ် ၍ ၊ မေတ္တာစကားနှင့်ဖြားယောင်းလျက် နေ၏။ ၄ ခမည်း တော်ဟာမော် ထံသို့ လည်း ဝင်၍၊ ဤ မိန်းမ ကို အကျွန်ုပ် ကြင်ဘက် ဖြစ်စေခြင်းငှါ ၊ တောင်း၍ ပေးတော်မူပါဟု လျှောက်ဆို ၏။ ၅ ယာကုပ် သည် မိမိ သမီး ဒိန ကို၊ ရှေခင်မင်းသားရှုတ်ချ ကြောင်း ကို ကြား သိသော် လည်း၊ မိမိ သား တို့သည် တော အရပ်မှာ တိရစ္ဆာန် တို့နှင့်အတူ ရှိ သည်ဖြစ်၍ ၊ သူတို့ ကို ငုံ့လင့်လျက် တိတ်ဆိတ် စွာနေလေ၏။ ၆ ထိုနောက် ၊ ရှေခင် အဘ ဟာမော် မင်းသည် ယာကုပ် နှင့် နှုတ်ဆက် ခြင်းငှါ လာ ၍၊ ၇ ယာကုပ် ၏သား တို့လည်း သိတင်း ကြားသောအခါ၊ တော အရပ်မှ ပြန်ရောက် ကြ၏။ ထိုမင်းသားသည် ယာကုပ် ၏သမီး နှင့် အိပ် မိ၍၊ ဣသရေလ အမျိုး၌ မိုက် သောအမှု၊ မ ပြု အပ်သော အရာကို ပြု မိသောကြောင့် ၊ သူတို့သည် စိတ်နာ ၍ အလွန် အမျက်ထွက် ကြ၏။ ၈ ဟာမော် မင်းလည်း သူတို့နှင့်နှုတ်ဆက်လျက်၊ ငါ့ သား ရှေခင် သည်၊ သင် တို့သမီး ကို အလွန် ချစ်အားကြီးပါ၏။ ထိမ်းမြားပေးစား ကြပါလော့။ ၉ သင် တို့သည် ငါ တို့နှင့်အချင်းချင်း ထိမ်းမြားခြင်း ကို ပြုလျက်၊ သင် တို့သမီး ကို ပေးစား ကြလော့။ ငါ တို့သမီး နှင့် လည်း စုံဘက် ကြလော့။ ၁၀ သင်တို့သည် ငါ တို့နှင့်အတူ နေ ၍ ၊ ဤပြည် ၌ အဆီးအတားမရှိ၊ နေရာ ချလျက် ၊ ဖေါက် ကားရောင်းဝယ် ခြင်းကို ပြု၍ ၊ အပိုင်ယူ ကြလော့ဟု ဆိုလေ၏။ ၁၁ ရှေခင် ကလည်း ၊ သင် တို့စိတ် နှင့်တွေ့ ကြပါစေ။ တောင်း သမျှ ကို ပေး ပါမည်။ ၁၂ ကန်တော့ ဥစ္စာဖြစ်စေ ၊ လက်ဆောင် ပဏ္ဏာဖြစ်စေ ၊ နည်းများမဆို၊ တောင်း သည့်အတိုင်း ပေး ပါမည်။ ဤမိန်းမ ကိုသာ ငါ့ အား ထိမ်းမြားပေးစား ကြပါဟု၊ မိန်းမ ၏အဘ နှင့် မောင် တို့အား ဆို လေ၏။ ၁၃ ယာကုပ် ၏ သား တို့သည်၊ နှမ ဒိန ကို ရှေခင် မင်းသားရှုတ်ချ သောအကြောင်း ကို ဆင်ခြင် ၍ ၊ မင်းသား နှင့်အဘ ဟာမော် ကို

ပရိယာယ် ဖြင့် ပြန် ပြောသည်မှာ၊ ၁၄ ကျွန်ုပ်တို့ နှမ ကို အရေဖျား လှီးမင်္ဂလာကို မခံ သော သူ အား မ ပေးစား နိုင် ပါ။ ပေးစားလျှင်၊ ကဲ့ရဲ့ ဘွယ် သောအကြောင်းဖြစ်ပါ၏။ ၁၅ သင် တို့သည် ကျွန်ုပ် တို့ ဘာသာအတိုင်း ပြု ၍ ၊ ယောကျ်ား တိုင်း အရေဖျား လှီးမင်္ဂလာကို ခံလျှင် ၊ ကျွန်ုပ်တို့သည် ဝန်ခံ ကြပါမည်။ ၁၆ သို့ပြုလျှင် ၊ ကျွန်ုပ် တို့သမီး ကို သင် တို့အား ပေးစား ၍ ၊ သင် တို့၏သမီး နှင့် လည်း စုံဘက် ကြသဖြင့် ၊ သင် တို့နှင့်အတူ နေထိုင် ၍ ၊ တမျိုး တည်းဖြစ် ကြလိမ့်မည်။ ၁၇ သို့မဟုတ် ကျွန်ုပ် တို့စကားကို နား မ ထောင်၊ အရေဖျား လှီးမင်္ဂလာကိုမခံလျှင် ၊ ကျွန်ုပ် တို့ သမီး ကိုယူ ၍ သွား မည်ဟုဆို ကြ၏။ ၁၈ ထို စကား ကို ဟာမော် မင်းနှင့် သား တော်ရှေခင် သည် နှစ်သက် ၍။ ၁၉ ထိုမင်းသား သည်၊ ယာကုပ် ၏သမီး ကို ချစ် အားကြီး သောကြောင့် ၎င်း၊ အဘ ၏ အမျိုးသား ချင်းအပေါင်း တို့ထက် အသရေ ရှိသောကြောင့် ၎င်း၊ ချက်ခြင်းဝန်ခံလေ ၏။ ၂၀ ထိုအခါ ၊ ဟာမော် မင်းနှင့် သား တော် ရှေခင် သည်၊ မိမိ မြို့ တံခါး သို့ သွား ၍ ၊ မြို့ သား တို့နှင့် နှုတ်ဆက်လျက်၊ ၂၁ အချင်းတို့၊ ဤ သူ တို့သည် ငါ တို့နှင့် သင့်တင့် ကြပြီ။ ငါတို့ ပြည် ၌ နေ ၍ ဖေါက်ကား ရောင်းဝယ်မှုကို ပြုကြပါစေ။ ငါတို့ ပြည် သည် သူ တို့နေသာအောင် ကျယ် ပေ၏။ သူ တို့သမီး များနှင့် အိမ်ထောင် ဘက် ပြု ကြ စို့။ ငါ တို့သမီး များကိုလည်း သူ တို့အား ထိမ်းမြား ပေးစားကြစို့။ ၂၂ သို့ရာတွင်သူ တို့သည် အရေဖျား လှီးမင်္ဂလာ ကိုခံသကဲ့သို့ ၊ ငါ တို့တွင် ယောကျ်ား တိုင်း အရေဖျား လှီး မင်္ဂလာကို ခံမှ သာ၊ ထိုလူ တို့သည် ငါ တို့တွင် နေ ၍ တမျိုး တည်း ဖြစ်စေ ခြင်းငှါ ဝန်ခံ ကြလိမ့်မည်။ ၂၃ သူ တို့၏သိုး နွားမှစ၍ တိရစ္ဆာန် များ၊ ဥစ္စာ များတို့ သည် ငါတို့ ဥစ္စာ ဖြစ်ကြလိမ့်မည် မဟုတ်လော။ သူတို့ အလိုသို့လိုက်ကြစို့။ သို့ပြုလျှင် သူ တို့သည် ငါ တို့တွင် နေ ကြလိမ့်မည်ဟု၊ ၂၄ ဟာမော် မင်းနှင့် သား တော်ရှေခင် ပြောသော စကားကို၊ မြို့ တံခါး မှ ထွက် သောသူအပေါင်း တို့သည် နားထောင် ၍ ယောကျ်ား ရှိသမျှ တို့သည် အရေဖျား လှီး မင်္ဂလာကိုခံကြ၏။ ၂၅ ထိုသို့ခံ ၍ သုံး ရက်မြောက်သောနေ့ ၌ ၊ အလွန် နာကြသောအခါ ၊ ယာကုပ် သား ၊ ဒိန ၏မောင် ရှိမောင် နှင့် လေဝိ ညီနောင်နှစ် ယောက်တို့သည်၊ ထား လက်နက်တယောက်တစင်းစီ စွဲကိုင်လျက်၊ သတိ မရှိသော ထိုမြို့ ကို တိုက် ၍ ၊ ယောကျ်ား အပေါင်း တို့ကိုသတ် လေ၏။ ၂၆ ဟာမော် မင်းနှင့် သား တော်ရှေခင် ကိုလည်း ထား လက်နက် ဖြင့် သတ် ပြီးလျှင်၊ ဒိန ကို ရှေခင် အိမ် မှ နှုတ် ယူ၍ ပြန် သွားကြ၏။ ၂၇ မိမိ တို့နှမ ရှုတ်ချ ခြင်းကို ခံရသောကြောင့် ၊ တဖန်ယာကုပ် သား တို့သည် အသေ သတ်ပြီးသောသူတို့ ဆီသို့ သွား ပြန်၍၊ မြို့ ကိုလုယက် ဖျက်ဆီးသဖြင့်၊ ၂၈ သူ တို့ သိုး ၊ ဆိတ်၊ နွား ၊ မြည်း မှစ၍ ၊ မြို့ ၌ ၌ ရှိသမျှ ၊ လယ် ၌ ရှိသမျှ သော ဥစ္စာကို၎င်း၊ ၂၉ သူ တို့သားမယား သူငယ် အပေါင်း ကို၎င်းသိမ်းယူ ၍ ၊ အိမ် တို့ ၌ ရှိသမျှ ကိုလည်း လုယက် ဖျက်ဆီးကြ၏။ ၃၀ ထိုအခါ ယာကုပ် က၊ သင်တို့သည် ငါ့ကို ညှဉ်းဆဲကြပြီတကား။ ခါနနိ လူ၊ ဖေရဇိ လူတည်းဟူသော၊ ဤပြည် သား တို့သည် ငါ့ ကို ရွံရှာ အောင် ပြုကြပြီတကား။ ငါ တို့ ၌ လူ အရေ အတွက် အားနည်းသောကြောင့်၊ သူတို့သည် စုဝေး ၍ ငါ့ ကိုတိုက် သတ်သဖြင့် ၊ ငါ နှင့် ငါ့ အိမ်သူ အိမ်သားတို့ကို ဖျက်ဆီး ကြလိမ့်မည်ဟု ၊ ရှိမောင် နှင့် လေဝိ တို့အား ဆို လေသော်၊ ၃၁ သူတို့က၊ ငါ တို့နှမ ကို ပြည်တန်ဆာ ကဲ့သို့ မှတ်၍ ပြု ရမည်လောဟု ပြန် ဆိုလေ၏။

၃၅ ထိုနောက် ဘုရားသခင် က၊ သင်ထ၍ ဗေသလ အရပ်သို့ သွားနေ လော့။ သင် သည် အစ်ကို ဧသော ထံ မှ ပြေး သောအခါ၊ သင့် အား ထင်ရှား သော ဘုရား သခင်အဘို့၊ ထို အရပ်၌ ယဇ် ပလ္လင်ကို တည် လော့ဟု၊ ယာကုပ် အား မိန့် တော်မူ၏။ ၂ ထိုအခါ ယာကုပ် သည် အိမ်သူ အိမ်သားများနှင့်၊ မိမိ၌ ရှိသောသူ အပေါင်း တို့ကို ခေါ်၍၊ သင် တို့တွင် ပါ သော၊ တပါး အမျိုးသားတို့၏ ဘုရား တို့ကို ပယ် ပစ် ကြလော့။ အဝတ် ကို လဲ၍ သန့်ရှင်း ခြင်း ရှိစေကြလော့။ ၃ ယခုထ၍ ဗေသလ အရပ်သို့သွား ကြစို့။ ငါသည် ဆင်းရဲ ခံရသောကာလ ငါ့ ကိုထူး၍၊ ငါသွား သော လမ်း၌ ကြွတော်မူသောဘုရား သခင်အဘို့ ထို အရပ်၌ ယဇ် ပလ္လင်ကို ငါတည် မည်ဟု ဆိုလေ၏။ ၄ သူတို့သည်လည်း၊ မိမိ တို့၌ ပါ သောတပါး အမျိုးသားတို့၏ ဘုရား အပေါင်း တို့နှင့်၊ နား၌ ပန်သော နား ပန်တန်ဆာရှိသမျှတို့ကို၊ ယာကုပ် အား ပေး၍၊ ယာကုပ် လည်း၊ ရှေခင် မြို့နား တွင် ရှိသော သပိတ် ပင် အောက် ၌ မြှုပ် ထားလေ၏။ ၅ သူတို့ပြောင်း သွား ကြသောအခါ၊ ပတ်ဝန်းကျင် မြို့ သားတို့သည်၊ ဘုရားသခင် ကို ကြောက်ရွံ့၍၊ ယာကုပ် သား တို့ကို မ လိုက် ဝံ့ဘဲနေကြ၏။ ၆ ယာကုပ် သည် မိမိ၌ ပါသောသူ အပေါင်း နှင့်တကွ၊ ခါနာန် ပြည် လုဇ မြို့တည်းဟူသော၊ ဗေသလ အရပ်သို့ ရောက် ကြသော်၊ ၇ ယဇ် ပလ္လင်ကိုတည် ၍၊ ထိုအရပ် ကို ဗေသလ အမည်ဖြင့် တဖန် သမုတ် ပြန်လေ၏။ အကြောင်း မူကား၊ အစ်ကို ထံ မှ ပြေး သောအခါ၊ ထို အရပ်၌ ဘုရားသခင် ထင်ရှား တော်မူသတည်း။ ၈ ရေဗက္က ၏အထိန်း ဒေဗောရ သေ၍၊ ဗေသလ အရပ်၌ သပိတ် ပင်အောက် တွင် သင်္ဂြိဟ် ခြင်းကို ခံရလေ ၏။ ထို အပင်ကို အာလုမ္ဘာကုတ် ဟူ၍တွင် သတည်း။ ၉ ယာကုပ် သည် ပါဒနာရံ အရပ်မှ ပြန် လာသောနောက်၊ တဖန်ဘုရားသခင် ထင်ရှား၍ ကောင်းကြီး ပေး တော်မူပြီးလျှင်၊ ၁၀ သင် သည် ယခု ယာကုပ် အမည် ရှိ၏။ နောင်၌ သင် ၏အမည် ကို ယာကုပ် ဟူ၍မ ခေါ် ရ။ ဣသရေလ ဟူ၍ခေါ်ရမည်ဟု မိန့် တော်မူလျက် ဣသရေလ အမည် ဖြင့် သမုတ် တော်မူ၏။ ၁၁ တဖန် ဘုရားသခင် က၊ ငါ သည် အနန္တ တန်ခိုးရှင်ဘုရား သခင်ဖြစ်၏။ တိုးပွါး များပြားလော့။ လူ တမျိုး မက၊ အမျိုးမျိုးတို့သည် သင် ၌ ဖြစ် ကြလိမ့်မည်။ ရှင် ဘုရင်တို့သည် သင် ၏ အမျိုးအနွယ်၌ ဖြစ် ကြလိမ့်မည်။ ၁၂ အာဗြဟံ နှင့် ဣဇာက် အား ငါပေး သော မြေ ကို သင် နှင့် သင် ၏ အမျိုးအနွယ် အား ငါပေး မည်ဟု မိန့် တော်မူ ၏။ ၁၃ ထိုသို့ ယာကုပ် နှင့် နှုတ်ဆက်၍ မိန့် မြွက်တော်မူရာအရပ် မှ၊ ဘုရားသခင် တက် ကြွတော်မူ၏။ ၁၄ ဘုရားသခင်နှုတ်ဆက်၍ မိန့် မြွက်တော်မူရာ အရပ် ၌၊ ယာကုပ် သည် ကျောက်တိုင် ကို စိုက် ၍၊ ကျောက်ဖျာ ပေါ် ၌ သွန်းလောင်း ရာ ပူဇော် သက္ကာကိုငင်း၊ ဆီ ကို ငင်း လောင်း လေ၏။ ၁၅ ဗျာဒိတ် တော်ကို ခံရသောထိုအရပ် ကိုလည်း၊ ဗေသလ ဟူ၍တဖန် သမုတ် ပြန်လေ၏။ ၁၆ ထိုနောက် တဖန် ဗေသလ အရပ်မှ ခရီး သွားပြန်၍၊ ဧဖရတ် မြို့နှင့် နီးသောအခါ၊ ရာခေလ သည် သားဘွား အံ့သောအချိန် ရောက်၍၊ ပြင်းစွာသော ဝေဒနာကို ခံရ၏။ ၁၇ ထိုသို့ ပြင်းစွာခံနေရစဉ်တွင်၊ ဝမ်းဆွဲ က၊ မ စိုးရိမ် နှင့်၊ သား ယောကျ်ားကို ရပြီဟုဆို လေ၏။ ၁၈ ရာခေလ သည် သေ အံ့ဆဲဆဲရှိ၍၊ နံ ဝိညာဉ် ထွက် စဉ် အခါ၊ ထို သားကို ဗေနောနိ အမည် ဖြင့် မှည့် လေ ၏။ အဘ မူကား ဗင်္ယာမိန် အမည် ဖြင့် မှည့်သတည်း။ ၁၉ ရာခေလ သေ၍၊ ဗက်လင် အမည်ရှိသောဧဖရတ် မြို့သို့ သွား သော လမ်းခရီးတွင်၊ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ ၂၀ ယာကုပ်

လည်း သခ်ျိုင်း အပေါ် မှာ မှတ်တိုင် ကို စိုက် လေ၏။ ထို မှတ်တိုင် ကား၊ ယနေ့ တိုင်အောင် ရာခေလ ၏ သခ်ျိုင်း မှတ်တိုင်ဖြစ်သတည်း။ ၂၁ ဣသရေလ သည် တဖန် ခရီး သွားပြန်၍ ၊ ဧဒါလင့်စင် ကို လွန် ပြီးမှတဲ့ ကိုဆောက် လေ၏။ ၂၂ ထိုအရပ် ၌ နေ သောအခါ ၊ ရုဗင် သည်သွား ၍ အဘ ၏မယားငယ် ၊ ဗိလဟာ နှင့် အိပ် လေ၏။ ထို သတင်း ကို ဣသရေလ ကြား ၏။ ၂၃ ယာကုပ် သား တကျိပ် နှစ် ပါးရှိ ၏။ လေအာ တွင် မြင်သော သား ကား၊ ယာကုပ် ၏သားဦး ရုဗင် ၊ အစရှိ သော ရှိမောင် ၊ လေဝိ ၊ ယုဒ ၊ ဣသခါ ၊ ဇာဗုလုန် တည်း။ ၂၄ ရာခေလ သား ကား၊ ယောသပ် နှင့် ဗင်္ယာမိန် တည်း။ ၂၅ ရာခေလ ၏ ကျွန်မ ဗိလဟာ သား ကား၊ ဒန် နှင့် နဿလိ တည်း။ ၂၆ လေအာ ၏ ကျွန်မ ဇိလပ သား ကား၊ ဂဒ် နှင့် အာရှာ တည်း။ ဤ သူတို့ကား၊ ပါဒနာရံ ပြည်၌ ဘွားမြင် သော ယာကုပ် ၏သား များတည်း။ ၂၇ ထိုနောက် ယာကုပ် သည် အာဗြဟံ နှင့် ဣဇာက် တည်းခို ရာ၊ မံရေ အရပ်၊ ဟေဗြုန် မြို့တည်းဟူသော ကိရယသာဘ မြို့၌နေ သော၊ အဘ ဣဇာက် ထံ သို့ရောက် လေ၏။ ၂၈ ဣဇာက် အသက် သည် အနှစ် တရာ ရှစ်ဆယ် နှင့် ပြည့်စုံ သည်ရှိသော်၊ ၂၉ အသက် ကြီးရင့်ရာ၊ ကာလ ပြည့်စုံ ရာ၌ အသက်ချုပ် ၍ အနိစ္စ ဖြစ်သဖြင့် ၊ မိမိ လူမျိုး စည်းဝေး ရာသို့ ရောက် လေ၏။ သား ဧသော နှင့် ယာကုပ် တို့သည် သင်္ဂြိဟ် ကြ၏။

၃၆ ဧဒုံ အမည်ရှိ သောဧသော အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိ များဟူမူကား၊ ၂ ဧသော သည် ဟိတ္တိ အမျိုးဧလုန် ၏သမီး အာဒ တယောက်၊ ဟိဝိ အမျိုးဇိဘောင် သား အာန ၏ သမီး အဟောလိဗာမ တယောက်၊ ခါနာန် အမျိုးသမီး နှစ်ယောက်နှင့်ငင်း၊ ၃ ဣရှမေလ သမီး တည်းဟူသောနဗာယုတ် နှမ ဗာရှမတ် တယောက်နှင့် ၎င်း အိမ် ထောင်လေ၏။ ၄ ဧသော မယား အာဒ ဘွား သော သားကား၊ ဧလိဖတ် ၊ ဗာရှမတ် ဘွား သောသားရွေလ တည်း။ ၅ အဟောလိဗာမ ဘွား သော သားကား၊ ယုရှ ၊ ယာလံ ၊ ကောရ တည်း။ ဤ သူတို့ကား၊ ခါနာန် ပြည် ၌ ဧသော မြင် သောသားတည်း။ ၆ ဧသော သည် မယား သား သမီး နှင့်တကွ ၊ အိမ်သူ အိမ်သားအပေါင်း တို့ကိုငင်း၊ သိုး နွား စသည်တို့နှင့် တိရစ္ဆာန် ရှိသမျှ တို့ကိုငင်း၊ ခါနာန် ပြည် ၌ ရ တတ်သော ဥစ္စာ ရှိသမျှ တို့ကိုငင်းယူ ၍ ၊ ညီ ယာကုပ် ထံ မှ ပြောင်းသွား လေ၏။ ၇ အကြောင်း မူကား၊ ထို သူနှစ်ပါးတို့သည် ဥစ္စာ များ လွန်းသောကြောင့်တရပ် တည်းမ နေ နိုင်ကြ။ သူ တို့ နေရာမြေ သည်၊ သူ တို့တိရစ္ဆာန် များကြောင့် မဆံ့ နိုင်ရာ။ ၈ သို့ ဖြစ်၍ ဧဒုံ အမည်ရှိသောဧသော သည် စိရ တောင် ပေါ်မှာ နေ လေ၏။ ၉ စိရ တောင် ပေါ်မှာ ဧဒုံ အမျိုးသားတို့၏ အဘ ဧသော ၏ သားစဉ် မြေးဆက်တို့ကို ဆိုပေအံ့။ ၁၀ ဧသော ၏ သား တို့အမည် ကား၊ မယား အာဒ ဘွားသောသား ဧလိဖတ် ၊ မယား ဗာရှမတ် ဘွားသော သား ရွေလ တည်း။ ၁၁ ဧလိဖတ် သား ကား၊ တေမန် ၊ ဩမရ ၊ ဇေဖေါ ၊ ဂါတံ ၊ ကေနတ် တည်း။ ၁၂ ဧသော သား ဧလိဖတ် ၏ မယားငယ် ၊ တိမန ဘွား သောသားကား၊ အာမလက် တည်း။ ဤ သူတို့သည် ဧသော မယား အာဒ ၏အနွယ် ဖြစ် သတည်း။ ၁၃ ရွေလ သား ကား၊ နာဟတ် ၊ ဇေရ ၊ ရှမ္မ ၊ မိဇ္ဇ တည်း။ ဤ သူတို့သည် ဧသော မယား ဗာရှမတ် ၏အနွယ် ဖြစ် သတည်း။ ၁၄ ဇိဘောင် သား အာန ၏သမီး ၊ ဧသော မယား အဟောလိဗာမ ဘွား သောသား ကား၊ ယုရှ ၊ ယာလံ ၊ ကောရ တည်း။ ၁၅ ဧသော သား တို့တွင် ဗိလ် လုပ်သောသူဟူမူကား ၊ သားဦး ဧလိဖတ် ၏သား ဗိလ် တေမန် ၊ ဗိလ် ဩမရ ၊ ဗိလ်

ဧဖေါ ၊ ဗိုလ် ကေနတ်၊ ၁၆ ဗိုလ် ဂါတံ ၊ ဗိုလ် အာမလက် တည်း။ ဤ ဗိုလ် တို့ သည် အာဒ ၏အန္တယ် ၊ ဧဒုံ ပြည် ၌ ဧလိဖတ် ရသောသားဖြစ်သတည်း။ ၁၇ ဧသော သား ရွေလ ၏ သား ကား၊ ဗိုလ် နာဟတ် ၊ ဗိုလ် ဧရေ ၊ ဗိုလ် ရှမ္မ ၊ ဗိုလ် မိဇ္ဇ တည်း။ ဤ ဗိုလ် တို့သည် ဧသော မယား ဗာရှမတ် ၏အန္တယ် ၊ ဧဒုံ ပြည် ၌ ရွေလ ရသောသားဖြစ်သတည်း။ ၁၈ ဧသော မယား အဟောလိဗာမ ၏ သား ကား၊ ဗိုလ် ယုရှ ၊ ဗိုလ် ယာလံ ၊ ဗိုလ် ကောရ တည်း။ ဤ ဗိုလ် တို့သည် အာန ၏သမီး ၊ ဧသော မယား အဟောလိဗာမ သား ဖြစ်သတည်း။ ၁၉ ဧဒုံ အမည်ရှိသောဧသော ၏ သား မြေးများ၊ သူ တို့တွင် ဗိုလ် လုပ်သောသူများ၊ ဤ သို့တည်း။ ၂၀ ထိုပြည် ၌နေ သောဟောရိ အမျိုး၊ စိရ ၏သား ကား၊ လောတန် ၊ ရှောဗလ ၊ ဇိဘောင် ၊ အာန၊ ၂၁ ဒိရှန် ၊ ဧဇာ ၊ ဒိရှန် တည်း။ ဤ သူတို့သည် ဧဒုံ ပြည် ၌ ဟောရိ အမျိုး၊ စိရ ၏သား တို့တွင် ဗိုလ် လုပ်သောသူဖြစ် သတည်း။ ၂၂ လောတန် သား ကား၊ ဟောရိ နှင့် ဟေမံ တည်း။ ၂၃ ရှောဗလ သား ကား၊ အာလဝန် ၊ မနာဟတ် ၊ ဧဗလ ၊ ရှေဖေါ ၊ ဩနံ တည်း။ ၂၄ ဇိဘောင် သား ကား၊ အာယ နှင့် အာန တည်း။ ထို အာန ကား ၊ အဘ ဇိဘောင် ၏ မြည်း တို့ကို ထိန်း သောအခါ ၊ တော ၌ နွေး သော စမ်းရေတွင်းတို့ကို တွေ့ သောသူ ပေတည်း။ ၂၅ အာန သား ကား၊ ဒိရှန် နှင့် သမီး အဟောလိဗာမ တည်း။ ၂၆ ဒိရှန် သား ကား၊ ဟဒံန် ၊ ဧရှဗန် ၊ ကြသရန် ၊ ခေရန် တည်း။ ၂၇ ဧဇာ သား ကား၊ ဗိလဟန် ၊ ဇာဝန် ၊ အာကန် တည်း။ ၂၈ ဒိရှန် သား ကား၊ ဥဇ နှင့် အာရန် တည်း။ ၂၉ ဟောရိ အမျိုးဗိုလ် များကား ၊ ဗိုလ် လောတန် ၊ ဗိုလ် ရှောဗလ ၊ ဗိုလ် ဇိဘောင် ၊ ဗိုလ် အာန၊ ၃၀ ဗိုလ် ဒိရှန် ၊ ဗိုလ် ဧဇာ ၊ ဗိုလ် ဒိရှန် တည်း။ ဤ သူတို့ သည် စိရ ပြည် ၌ ဗိုလ် လုပ်သောသူ တို့ တွင်၊ ဟောရိ အမျိုး ဗိုလ် ဖြစ်သတည်း။ ၃၁ ကြသရေလ အမျိုး ၌ အစိုး ရသောမင်း ကြီး မ ရှိမှီ၊ ဧဒုံ ပြည် ၌ အစိုး ရသောမင်းကြီး ဟူမူကား၊ ၃၂ ဗောရ သား ဗေလာ သည် ဧဒုံ ပြည်၌ မင်း ပြု၏။ မြို့ တော်ကား၊ ဒိန္နာဗာ မြို့ တည်း။ ၃၃ ဗေလာ မင်းသေ ၍ သူ ၏အရာ ၌ ဗောဇရ အရပ် သား၊ ဇေရ ၏သား ယောဗပ် သည် မင်း ပြုလေ၏။ ၃၄ ယောဗပ် မင်းသေ ၍ ၊ သူ ၏အရာ ၌ တေမနိ အရပ် သား ဟုရှံ သည် မင်း ပြုလေ၏။ ၃၅ ဟုရှံ မင်းသေ ၍ ၊ မောဘ လွင်ပြင် ၌ မိဒျန် လူတို့ ကို လုပ်ကြံ သောသူ၊ ဗေဒဒ် သား ဟာဒဒ် သည်၊ ဟုရှံ အရာ ၌ မင်း ပြုလေ၏။ မြို့ တော်ကား၊ အာဝိတ် မြို့ တည်း။ ၃၆ ဟာဒဒ် မင်းသေ ၍ ၊ သူ ၏အရာ ၌ မာသရက် အရပ်သားစာမလ သည် မင်း ပြုလေ၏။ ၃၇ စာမလ မင်းသေ ၍ ၊ သူ ၏အရာ ၌ မြစ် နားမှာ နေသောရဟောဘုတ် အရပ်သားရှောလ သည် မင်း ပြု လေ၏။ ၃၈ ရှောလ မင်းသေ ၍ သူ ၏အရာ ၌၊ အာခဗော် သား ဗာလဟာနန် သည် မင်း ပြုလေ၏။ ၃၉ အာခဗော် သား ဗာလဟာနန် မင်းသေ ၍ သူ ၏ အရာ ၌ဟာဒါ သည် မင်း ပြုလေ၏။ မြို့ တော်ကား၊ ပေါ မြို့ တည်း။ မျောက်သားတော်ကား၊ မေဇောပ် သမီး မာတရက် ၏သမီး မဟေတဗေလ တည်း။ ၄၀ ဧသော မှ ဆင်းသက်၍ မိမိ အမျိုး အနွယ်၊ နေရာ အရပ်၊ ခံရသောဘွဲ့ နာမအလိုက် ၊ ဗိုလ် လုပ်သောသူ ဟူမူကား ၊ ဗိုလ် တိမနာ ၊ ဗိုလ် အာလဝ ၊ ဗိုလ် ယေသက်၊ ၄၁ ဗိုလ် အဟောလိဗာမ ၊ ဗိုလ် ဧလာ ၊ ဗိုလ် ပိနုန်၊ ၄၂ ဗိုလ် ကေနတ် ၊ ဗိုလ် တေမန် ၊ ဗိုလ် မိဗဇာ၊ ၄၃ ဗိုလ် မာဂဒျေလ ၊ ဗိုလ် ကြရံ တည်း။ ဤ သူတို့သည် မိမိ နေရာ အရပ်၊ မိမိ ပိုင် သော ပြည် ၌ ၊ ဧဒုံ ဗိုလ် များ ဖြစ်သတည်း။ ဧသော သည် ဧဒုံ အမျိုးသားတို့၏ အဘ ဖြစ်သတည်း။

၃၇ ယာကုပ် သည် မိမိ အဘ တည်းခို ရာခါနာန် ပြည် ၌ နေ ၏။ ၂ ယာကုပ် အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိ များ ဟူမူကား ၊ ယောသပ် သည် အသက် တဆယ် ခုနစ် နှစ်ရှိ ၍၊ အစ်ကို တို့နှင့်အတူ သိုး ဆိတ်များကို ထိန်း လေ၏။ အဘ ၏မယား ဗိလဟာ နှင့် ဇိလပ ၏သား တို့နှင့်အတူ နေ၍၊ သူ တို့အပြစ် ကို အဘ အား ကြား ပြောတတ်၏။ ၃ ဣသရေလ သည် အသက် ကြီးစဉ်အခါသား ယောသပ်ကို ရသောကြောင့် ၊ အခြားသော သား အပေါင်း တို့ကို ချစ် သည်ထက် ယောသပ် ကို သာ၍ချစ်၏။ အဆင်း အရောင်ထူးခြားသော အင်္ကျီ ကို ချုပ် ၍ ပေး၏။ ၄ အဘ သည် မိမိသားအပေါင်းတို့တွင်၊ ယောသပ် ကိုသာ၍ ချစ် ကြောင်းကို၊ အစ်ကို တို့သည် သိမြင် သောအခါ ၊ သူ့ ကိုမုန်း ၍ မေတ္တာ စကားကို သူ့ အား မ ပြော နိုင်ကြ။ ၅ ယောသပ် သည် အိပ်မက် ကို မြင် ၍ ၊ အစ်ကို တို့ အား ပြန်ပြော သဖြင့် ၊ သူတို့သည် သာ၍ မုန်း ကြ၏။ ၆ အိပ်မက်ကို အဘယ်သို့ ပြန်ပြောသနည်းဟူမူကား၊ ကျွန်ုပ်မြင် ရသောအိပ်မက် ကို နားထောင် ကြပါ လော့။ ၇ ကျွန်ုပ် တို့သည် လယ် ၌ ကောက်လှိုင်း ကို စည်း ၍ နေကြစဉ်တွင်၊ ကျွန်ုပ် ကောက်လှိုင်း သည် ထ ၍ မတ်တတ်နေသဖြင့်၊ သင် တို့၏ ကောက်လှိုင်း တို့သည် ဝိုင်း ၍ ရပ် လျက် ၊ ကျွန်ုပ် ကောက်လှိုင်း ကို ရှိခိုး ကြသည်ဟု ပြောဆို လေ၏။ ၈ အစ်ကို တို့ကလည်း၊ သင်သည် ငါ တို့ ၌ မင်း ပြု ရလိမ့်မည်လော၊ ငါ တို့ကို အစိုး ရလိမ့်မည်လောဟု ပြန် ဆို ၍ ၊ သူ ၏အိပ်မက် နှင့် သူ ၏စကား အကြောင်း ကြောင့် သာ၍ မုန်း ကြ၏။ ၉ တဖန် အိပ်မက် ကိုမြင် ပြန်၍ အစ်ကို တို့အား ၊ အခြားသော အိပ်မက် ကို ကျွန်ုပ်မြင် ရပြီ။ နေ ၊ လ နှင့်တကွ ၊ ကြယ် ဆယ့် တလုံး တို့သည်၊ ကျွန်ုပ် ကို ရှိခိုး ကြ၏ဟု ကြားပြော လေ၏။ ၁၀ ထိုသို့အဘ နှင့် အစ်ကို တို့အား ကြားပြော သောအခါ ၊ အဘ က ၊ သင်မြင် သောအိပ်မက် သည် အဘယ်သို့ နည်း။ ငါ နှင့် သင် ၏အမိ ၊ သင် ၏ အစ်ကို တို့သည် သင့် ထံ သို့ စင်စစ် လာ ၍ ဦးညွှတ် ချရမည်လောဟူ၍၊ သူ့ ကို ဆုံးမ လေ၏။ ၁၁ အစ်ကို တို့သည် သူ့ ကို ငြူစူ ကြ၏။ အဘ သည် ထိုအရာ ကို မှတ် လေ၏။ ၁၂ အစ်ကို တို့သည် အဘ ၏သိုး ဆိတ်များကို ရှေခင် မြို့မှာ ထိန်း ခြင်းငှါ သွား ကြ၏။ ၁၃ ဣသရေလ သည် ယောသပ် ကို ခေါ် ၍ ၊ သင် ၏ အစ်ကို တို့သည် သိုးဆိတ်များကို ရှေခင် မြို့မှာ ထိန်း ကြသည်မ ဟုတ်လော။ လာ ပါ။ သင့် ကို သူ တို့ရှိရာသို့ ငါ စေလွှတ် မည်ဟုခေါ်လျှင်၊ ကျွန်ုပ် ရှိ ပါသည်ဟုဆို သော်၊ ၁၄ အဘ က သွား ပါ၊ အစ်ကို တို့သည် ချမ်းသာ သလော၊ သိုး ဆိတ်တို့လည်း ကောင်းမွန် စွာရှိသလောဟူ၍ကြည့်ရှု ပြီးလျှင် ၊ ငါ့ အားသိတင်း ကြားပြော ပါဟု မှာ လိုက်လျက်၊ ဟေဗြုန် ချိုင့် မှ စေလွှတ် သဖြင့် ၊ သူသည် ရှေခင် မြို့သို့ ရောက် လေ၏။ ၁၅ တော ၌ လှည့်လည် စဉ်တွင်၊ တစုံတယောက် သောသူနှင့် တွေ့ ၍ ထိုသူ က၊ သင်သည် ဘာ ကိုရှာ သနည်း ဟုမေး လျှင်၊ ၁၆ အစ်ကို များကို ရှာ ၏။ အဘယ် မှာထိန်း ကြသည် ကို ပြော ပါဟုဆိုသော်၊ ၁၇ ထိုသူ က၊ ဤ အရပ်မှ ထွက် သွားပြီ။ ဒေါသန် မြို့သို့ သွား ကြစို့ဟု သူတို့ပြော သံကို ကျွန်ုပ်ကြား ခဲ့ပြီဟုဆို ၏။ ယောသပ် သည်လည်း ၊ အစ်ကို တို့ကို လိုက် ရှာ၍ ဒေါသန် မြို့မှာ တွေ့ လေ၏။ ၁၈ အနီးသို့မ ရောက် မီ အဝေး ၌ ရှိစဉ်ပင်၊ အစ်ကိုတို့ သည်မြင် လျှင် ၊ သတ် ခြင်းငှါ တိုင်ပင် လျက်၊ ၁၉ ကြည့် လော့။ အိပ်မက် ဆရာ လာ ပြီ။ ၂၀ ကိုင်ကြ။ သူ့ ကိုသတ် ၍ တစုံတခု သောတွင်း ထဲ သို့ ချ ပစ်ကြစို့။ ဆိုး သောသားရဲ တစုံတခုကိုက်စား ပြီဟု ပြော ကြစို့။ ထိုသို့ပြုလျှင်၊ သူ ၏ အိပ်မက်

တို့သည် အဘယ်သို့ နေရာ ကျမည်ကို ကြည့် ကြစို့ဟု အချင်းချင်းပြောဆိုကြ၏။ ၂၁ ထိုစကားကို ရုဗင် ကြား လျှင် ၊ သူ့ကို မ သတ် ဘဲ နေကြစို့ဟုဆို လျက် ၊ သူ တို့လက် မှ ယောသပ် ကို နှုတ် လေ၏။ ၂၂ တဖန် ရုဗင် က၊ သူ ၏အသွေး ကို မ သွန်း ကြနှင့်။ ကိုယ်လက် နှင့် မ ပြု ဘဲ၊ တော ၌ ဤ မည်သောတွင်း ထဲ သို့ ချ ကြစို့ဟု သူ တို့လက် မှ ယောသပ် ကို နှုတ် ယူ၍၊ အဘ ၌ တဖန် အပ် မည်အကြဲရှိသည်နှင့်ဆို လေ၏။ ၂၃ ယောသပ် သည် အစ်ကို တို့ထံ သို့ရောက် သောအခါ ၊ သူ ဝတ်သောအင်္ကျီ ၊ အဆင်း ထူးခြားသောအင်္ကျီ ကို ချွတ် ပြီးမှ၊ ၂၄ သူ့ ကိုကိုင် ယူ၍ တွင်း ထဲ သို့ ချ ကြ၏။ ထိုတွင်း ၌ ရေ မရှိ၊ သွေ့ခြောက် သောတွင်း ဖြစ်သတည်း။ ၂၅ ထိုနောက် အစာ စား ခြင်းငှါ ထိုင် ကြစဉ် မြော်ကြည့် ၍ ၊ ဂလဒ်ရမေလ အမျိုးသားအစုအဝေးသည် ဂိလဒ် ပြည်မှ လာ ၍ နံ့သာ မျိုး၊ ဗာလစံစေး ၊ မုရန်စေး များ ကို ကုလားအုပ် ပေါ်၌ တင် ဆောင်လျက်၊ အဲဂုတ္တု ပြည်သို့ ခရီးသွား ကြသည်ကို မြင် လျှင်၊ ၂၆ ယုဒ က၊ ငါတို့သည် ညီ ကိုသတ် ၍ သေ ကြောင်းကို ဖွက် ထားလျှင် အဘယ် ကျေးဇူး ရှိသနည်း။ ၂၇ ကိုင်းကြ။ ကိုယ်တိုင် မ ညှဉ်းဆဲဘဲ၊ ဂ္ဂရှမေလ လူတို့အား ရောင်း လိုက်ကြစို့။ သူသည် တို့ ညီ ၊ တို့ အမျိုး ဖြစ်၏ဟု အစ်ကိုတို့အားဆိုသည်ရှိသော်၊ ညီအစ်ကိုတို့ သည် ဝန်ခံ ကြ၏။ ၂၈ ထိုအခါ၊ မိဒျန် အမျိုးသား ကုန်သည် တို့သည် ခရီးသွား ကြစဉ်တွင် ၊ အစ်ကိုတို့သည် ယောသပ် ကို တွင်း ထဲက ဆွဲ တင် ပြီးလျှင် ၊ ငွေ အကျပ်နှစ်ဆယ် အဘိုး နှင့် ဂ္ဂရှမေလ လူတို့အား ရောင်း ၍၊ ထိုသူတို့သည် ယောသပ် ကိုအဲဂုတ္တု ပြည်သို့ ဆောင်သွား ကြ၏။ ၂၉ ရုဗင် သည်လည်း တွင်း သို့ သွား ၍ ၊ တွင်း ထဲမှာ ယောသပ် မ ရှိသည်ကို မြင် လျှင်၊ မိမိ အဝတ် ကို ဆွဲဆုတ် လျက်၊ ၃၀ ညီ တို့ရှိရာသို့ သွား ၍ ၊ သူငယ် မ ရှိပါတကား။ ငါ သည် အဘယ်သို့ သွား ရပါ မည်နည်းဟု ဆို လေ၏။ ၃၁ သူတို့သည်လည်း၊ ယောသပ် အင်္ကျီ ကိုယူ ၍ ၊ ဆိတ် သငယ် ကိုသတ် ပြီးမှ ၊ အင်္ကျီ ကိုအသွေး ၌ နှစ် လေ၏။ ၃၂ ထိုနောက်မှ ၊ အဆင်း ထူးခြားသော ထိုအင်္ကျီ ကို ပေး လိုက်၍၊ အချို့တို့သည် အဘ ထံ သို့ဆောင် ခဲ့လျက် ၊ ဤ အင်္ကျီကို အကျွန်ုပ်တို့ တွေ့ ပါပြီ။ သား ၏အင်္ကျီ ဟုတ် သည် မဟုတ်သည်ကို ကြည့် ပါဟုဆို လျှင်၊ ၃၃ ထို အင်္ကျီကို အဘမှတ်မိ ၍ ၊ ငါ့ သား ၏ အင်္ကျီ မှန်၏။ သူ့ကိုဆိုး သော သားရဲ ကိုက်စား ပြီ။ အကယ်၍ယောသပ် ကိုအပိုင်းပိုင်းကိုက်ဖြတ် ပါပြီတကားဟုဆို လျက်၊ ၃၄ မိမိ အဝတ် ကို ဆွဲဆုတ် ၍ ၊ လျှော်တေ အဝတ်ကို ပတ်စည်း သဖြင့် ၊ အင်တန် ကာလပတ်လုံး၊ သား ကြောင့် စိတ် မသာ ညည်းတွားလျက် နေလေ၏။ ၃၅ သား သမီး အပေါင်း တို့သည်၊ အဘ ကို နှစ်သိမ့် စေခြင်းငှါ ကြိုးစားသော်လည်း ၊ သူသည် နှစ်သိမ့် စေသော စကားကို နား မထောင်ဘဲ၊ ငါ့ သား ရှိ ရာ မရဏာ နိုင်ငံသို့ စိတ် မသာညည်းတွားလျက် ဆင်းသက် တော့မည်ဟု ဆို လေ၏။ ထိုသို့ယောသပ်အဘသည် သား ကြောင့် ငိုကြွေး မြည်တမ်းလျက် နေလေ၏။ (Sheol h7585) ၃၆ ယောသပ် ကိုကား၊ မိဒျန် လူတို့သည် အဲဂုတ္တု ပြည် သို့ ဆောင်သွား၍၊ ဖါရော ဘုရင်၏ အမတ် ဖြစ်သော ကိုယ်ရံတော် မှူး၊ ပေါတိဖါ ထံ မှာ ရောင်း ကြ၏။

၃၈ ထို ကာလအခါ ယုဒ သည် ညီအစ်ကို နေရာမှ သွား ၍ ၊ ဟိရ အမည် ရှိသော၊ အဒုလံ အမျိုးသား ထံ သို့ဝင် လေ၏။ ၂ ထို အရပ်၌ ရှုအာ အမည် ရှိသော၊ ခါနာန် အမျိုးသား ၏သမီး ကို တွေ့ မြင်၍ ၊ အိမ်ထောင် ဘက် ပြုလျက်၊ ၃

ထိုမိန်းမသည် ပဋိသန္ဓေ ယူ၍ သား ကို ဘွားမြင် ၏။ ထို သားကို ဧရ အမည် ဖြင့် မှည့် လေ၏။ ၄ တဖန် ပဋိသန္ဓေ ယူပြန်၍ ဘွားမြင် သောသား ကို ဩရ အမည် ဖြင့် မှည့် လေ၏။ ၅ တဖန် ပဋိသန္ဓေယူပြန်၍ ဘွားမြင် သောသား ကို ရှေလ အမည် ဖြင့် မှည့် လေ၏။ ရှေလဘွားသောအခါ၊ အဘသည် ခေဇိပ် မြို့မှာ ရှိ သတည်း။ ၆ ထိုနောက်မှ ယုဒ သည် မိမိ သားဦး ဧရ ကို တာမာ အမည် ရှိသောသတို့သမီး နှင့် စုံဘက် စေ၏။ ၇ ယုဒ ၏သားဦး ဧရ သည် ထာဝရဘုရား ရှေ့ ၌ ဆိုး သောသူဖြစ် ၍ ၊ သူ့ ကိုထာဝရဘုရား ကွပ်မျက် တော်မူ ၏။ ၈ ထိုအခါ ယုဒ သည် ဩနန် ကို ခေါ်ပြီးလျှင်၊ သင် ၏အစ်ကို မယား ထံသို့ ဝင် ၍ သူ နှင့် အိမ်ထောင် ဘက် ပြုသဖြင့်၊ အစ်ကို အမျိုး ကို ဆက်နွယ် လော့ဟုဆို ၏။ ၉ ဩနန် သည် သားကိုရလျှင်မူကား၊ မိမိ သား မမှတ်ရဟုသိ၍ အစ်ကိုအား သားကိုမ ပေး လိုဘဲ၊ အစ်ကို မယား ထံ သို့ဝင် သောအခါ ၊ သုတ်ရည်ကိုထုတ်၍ စွန့် လေ၏။ ၁၀ ထိုအမှုကို ထာဝရဘုရား နှစ်သက်တော်မမူ သောကြောင့်၊ ဩနန် ကိုလည်း ကွပ်မျက် တော်မူ၏။ ၁၁ သားငယ်ရှေလသည် အစ်ကို တို့သေသကဲ့သို့ သေ မည်ဟုယုဒ သည် စိုးရိမ် ၍ ၊ မိမိ ချွေးမ တာမာ ကို ခေါ်ပြီးလျှင်၊ ငါ့ သား ရှေလ မ ကြီး မှီ သင်သည် သင့် အဘ အိမ် ၌ မုတ်ဆိုးမ ပြု၍ နေ ပါဟုဆိုသည်အတိုင်း၊ တာမာ သွား ၍ မိမိ အဘ ၏အိမ် ၌နေ လေ၏။ ၁၂ ကာလ အတန်ကြာ သော် ၊ ရှုအာ သမီး ဖြစ်သော ယုဒ မယား လည်း သေ လေ၏။ ယုဒ သည်နှစ်သိမ့် ပြီးမှ ၊ မိမိ သိုးမွေး ညှပ်သောသူတို့ရှိ ရာ တိမနတ် မြို့သို့ မိမိ အဆွေ အဒုလံ အမျိုး ဟိရ နှင့်အတူ သွား လေ၏။ ၁၃ မိမိ ယောက္ခမ သည် သိုးမွေး ကိုညှပ် ခြင်းငှါ ၊ တိမနတ် မြို့သို့ သွား ကြောင်းကို၊ တာမာ ကြား လျှင်၊ ၁၄ မုတ်ဆိုးမ အဝတ် ကို ချွတ် ၍ မျက်နှာဖုံး နှင့် မျက်နှာ ကိုဖုံး လျက် ၊ ကိုယ်ကိုလည်းခြုံရုံလျက်၊ တိမနတ် မြို့ သို့ သွားသောလမ်း အနား ၊ ဧနိမ် မြို့တံခါး ဝ၌ ထိုင် နေလေ ၏။ အကြောင်း မူကား၊ ရှေလ ကြီးသော်လည်း ၊ မိမိ နှင့် အိမ်ထောင် ဘက်မ ပြု ရဟု သိမြင် သောကြောင့် တည်း။ ၁၅ ယုဒ သည် ထိုမိန်းမ ကိုမြင် သောအခါ ၊ သူသည် မိမိ မျက်နှာ ကိုဖုံး ၍ နေသောကြောင့် ၊ ပြည်တန်ဆာ ဖြစ်သည်ဟု ထင်မှတ် လျက်၊ ၁၆ လမ်း ကိုလွှဲ ၍ အနားသို့ ချဉ်းပြီးလျှင် ၊ သင့် ထံ သို့ငါဝင် ရသောအခွင့်ကိုပေးပါလော့ဟု ဆို လေသော်၊ မိန်းမက၊ သင်သည် ကျွန်မ ထံ သို့ဝင် လိုသောငှါအဘယ် ဆုကို ပေး မည်နည်းဟုမေးလျှင်၊ ၁၇ ယုဒက၊ ဆိတ် သငယ် ကိုပေး လိုက်မည်ဟု ဆို လေ ၏။ မိန်းမကလည်း၊ မ ပေး လိုက်မှီ တစုံတခုသောအရာကို ပေါင် ထားမည်လောဟုမေး လျှင်၊ ၁၈ ယုဒက အဘယ် အရာကို ပေါင် စေချင်သနည်း ဟု ပြန်၍မေး လေသော် ၊ မိန်းမက၊ သင် ၏တံဆိပ် ၊ စလွယ် ၊ လက်စွဲ တောင်ဝေး တို့ကို ပေါင်တော့ဟု ဆိုသည်အတိုင်း၊ ထိုဥစ္စာကိုအပ် ၍ မိန်းမ ထံ သို့ဝင် သဖြင့် ၊ သူသည် ပဋိသန္ဓေစွဲ ယူလေ၏။ ၁၉ ထိုနောက်မှ ၊ မိန်းမသည် ထ သွား ၍ မျက်နှာဖုံး ကို ချွတ် ပြီးလျှင် ၊ မုတ်ဆိုးမ အဝတ် ကို ဝတ်မြဲဝတ် ပြန်လေ၏။ ၂၀ ယုဒ သည် မိန်းမ ၌ပေါင် သောဥစ္စာကို ရွေး ယူ ခြင်းငှါ ၊ မိမိ အဆွေ အဒုလံ အမျိုးသားတွင် ဆိတ် သငယ် ကိုပေး လိုက်၏။ အဒုလံအမျိုးသားသည် ထိုမိန်းမ ကို မ တွေ့ လျှင်၊ ၂၁ ဧနိမ် မြို့လမ်း နား မှာ ထိုင်နေသောပြည်တန်ဆာမ သည် အဘယ် မှာရှိသနည်းဟု ထိုအရပ်သား တို့ကို မေး လေသော်၊ အရပ်သားတို့က ၎ အရပ်၌ ပြည်တန်ဆာမ မ ရှိ ဟုဆို ကြလျှင်၊ ၂၂ ယုဒ ထံ သို့ ပြန် ၍ ၊ ကျွန်ုပ်သည် ထိုမိန်းမ ကို ရှာ၍မ တွေ့။ အရပ်

သား တို့ကလည်း ၊ ဤ အရပ်၌ ပြည်တန်ဆာမ မ ရှိ ဟု ဆိုကြောင်းကို ပြော လေ၏။ ၂၃ ယုဒ ကလည်း ၊ အရှက် မကွဲမည်အကြောင်း ၊ ယူ ပါ လေစ။ ကြည့် ပါ။ ဤ ဆိတ် သငယ်ကို ကျွန်ုပ်ပေး လိုက်၍ သင်သည် မိန်းမ ကိုရှာ၍ မ တွေ့ ပါတကားဟုဆို ၏။ ၂၄ ထိုနောက် သုံး လ ခန့် လွန်သည်ရှိ သော်၊ သူတပါး က၊ သင် ၏ချွေးမ တာမာ သည် ပြည်တန်ဆာ လုပ်၍ မ တရားသောမေထုန် ပြုသဖြင့် ကိုယ်ဝန် ဆောင်လျက် နေပြီတကားဟု ယုဒ အား ပြောဆို လျှင်၊ ယုဒ က သူ့ ကို ထုတ် ၍ မီးရှို့ စေဟု စီရင် လေ၏။ ၂၅ ထုတ် သောအခါ ၊ တာမာ သည် တံဆိပ် ၊ စလွယ် ၊ တောင်ဝေး တို့ကို ယောက္ခမ ထံ သို့ ပို့ စေ၍၊ ဤ ဥစ္စာကို ပိုင်သောသူအားဖြင့် ကျွန်မ သည် ပဋိသန္ဓေ ယူပြီ။ ဤ ဥစ္စာတို့သည် အဘယ်သူ ၏ ဥစ္စာဖြစ်သည်ကို ကြည့် ပါလော့ဟု မှာ လိုက်၏။ ၂၆ ထိုဥစ္စာ ကိုယုဒ မှတ်မိ ၍ သူ အပြစ်ထက် ငါ့ အပြစ်သာ၍ ကြီးပေ၏။ သူ့ အား ငါ့ သား ရှေလ ကို ငါမ ပေးစား ဘဲနေမိပြီဟု ပြောဆို ၏။ နောက်တဖန် သူ့ ကို မ ချဉ်းကပ် ဘဲနေ၏။ ၂၇ ထိုနောက် တာမာ သည် သားဘွား ချိန် ရောက် လျှင် ၊ ဝမ်း ထဲ တွင် သား နှစ်ယောက်ရှိ ၏။ ၂၈ ဘွား စဉ်တွင် သားတယောက်သည် လက် ကို ထုတ် ဆန့်၍ ၊ ဝမ်းဆွဲ က ဤ သူငယ်သည် အရင် ဘွား လိမ့်မည် ဟုဆို လျက် လက် ကိုကိုင် ၍ နီ သောကြိုးနှင့် စည်း လေ ၏။ ၂၉ သို့သော်လည်း ထိုသူသည်မိမိ လက် ကိုရုပ် ပြန်၍ သူ့ အစ်ကို ဘွား သည်ကို ဝမ်းဆွဲက၊ သင်သည် အဘယ်ကြောင့် အနိုင် အထက်ပြုရသနည်း။ အနိုင်အထက် ပြုသော ဤအမှုသည် သင်၌စွဲစေဟုဆိုလျက် သူ့ ကိုဖါရက် အမည် ဖြင့် မှည့် လေ၏။ ၃၀ ထိုနောက်မှ လက် ၌ ကြိုးနီ စည်းသောညီ ဘွား ၍၊ သူ့ ကိုဇာရ အမည် ဖြင့် မှည့် သတည်း။

၃၉ ကျရှမေလ လူတို့သည် ယောသပ် ကို ဆောင်သွား ၍ အဲဂုတ္တု ပြည်သို့ ရောက် သောအခါ ၊ အဲဂုတ္တု အမျိုးသား ဖါရော ဘုရင်၏အမတ် ဖြစ်သော ကိုယ်ရံတော် မှူး ပေါတိဖါ ထံ မှာ ရောင်းကြ၏။ ၂ ထာဝရဘုရား သည် ယောသပ် ဘက် ၌ ရှိ တော်မူသဖြင့် သူ သည် အကြံ ထမြောက်တတ်၏။ အဲဂုတ္တု အမျိုးသားမိမိ သခင် ၏အိမ် ၌ နေ ရလေ၏။ ၃ သူ့ ဘက် ၌ ထာဝရဘုရား သည် ရှိတော်မူ၍၊ သူ ပြု လေရာရာ ၌ အောင် စေတော်မူကြောင်းကို သခင် လည်း သိမြင် ၏။ ၄ ထိုကြောင့် ယောသပ် သည် သခင် ရှေ့ ၌ မျက်နှာ ရ၍ ခစား လျက် နေရ၏။ သခင်သည်လည်း မိမိ အိမ်တွင် အိမ် အုပ် အရာနှင့် ခန့် ထား၍ ဥစ္စာရှိသမျှ ကို အပ် လေ၏။ ၅ ထိုသို့ အိမ် နှင့် ဥစ္စာရှိသမျှ ကို အုပ်စိုး စေသည် ကာလ မှစ၍ ထာဝရဘုရား သည် ယောသပ် အတွက် ထိုအဲဂုတ္တု သား၏အိမ် ကို ကောင်းကြီး ပေးတော်မူသဖြင့်၊ ပေးတော်မူသောကောင်းကြီး မင်္ဂလာသည် အတွင်း ၊ ပြင် ၊ ဥစ္စာရှိရှိသမျှ အပေါ် မှာလည်း သက်ရောက် လေ၏။ ၆ သခင် သည် မိမိ ၌ ရှိသမျှ ကို ယောသပ် လက် သို့ အပ် ၍ ၊ မိမိ စား သော အစာ မှတပါး အခြား သော ဥစ္စာ ရှိမှန်းကိုမျှ မ သိ မမှတ်ဘဲနေ၏။ ယောသပ် သည် ပုံပြင် ယဉ်ကျေး ၍ အသွေး အဆင်းလည်း လှ သောသူဖြစ် ၏။ ၇ ထိုနောက်မှ သခင် ၏မယား သည် ယောသပ် ကို တပ် သောစိတ်ရှိ၍ ငါ နှင့်အတူ အိပ် ပါဟုဆို ၏။ ၈ ယောသပ်ကလည်း၊ ကျွန်တော် သခင် သည် အိမ် တော်၌ ရှိသမျှ သော ဥစ္စာတို့ကို ကျွန်တော် လက် သို့ အပ် ပါပြီ။ ကျွန်တော်၌ အဘယ် ဥစ္စာရှိမှန်းကိုမျှ မ သိ မမှတ်ပါ။ ၉ ဤ အိမ် တွင် လည်း ကျွန်တော် ထက် သာ၍ကြီး သောသူမ ရှိပါ။ ကိုယ် မယား

ဖြစ်သော သခင်မ မှတပါး အဘယ် အရာကိုမျှ ကျွန်တော် အား မ မြစ်တား ပါ။ သို့ ဖြစ်လျှင် အပြစ် ကြီး သောဤ အမှုကို ကျွန်တော်ပြု ၍ ဘုရားသခင် ကို အဘယ်သို့ ပြစ်မှား နိုင်သနည်းဟု သခင် ၏မယား ကို ငြင်း ၍ ပြန်ဆို ၏။ ၁၀ ထိုသို့ သခင်မသည် နေ့ တိုင်းသွေးဆောင်သော်လည်း ၊ ယောသပ် သည် သူ ၏စကား ကို နား မ ထောင်၊ သူ နှင့်အတူ အိပ် ခြင်း၊ နေခြင်းအမှုကို ရှောင်လေ၏။ ၁၁ တနေ့သ၌ ယောသပ် သည် အမှု ဆောင် ခြင်းငှါ အိမ် ထဲသို့ ဝင် ၍ အိမ်သားယောကျ်ား တယောက် မျှ မ ရှိ သောအခါ၊ ၁၂ သခင်မက ငါ နှင့်အတူ အိပ် ပါဟုဆို လျက် ၊ ယောသပ် အဝတ် ကို ကိုင် ဆွဲလျှင်၊ ယောသပ်သည် မိမိ အဝတ် ကိုစွန့် ၍ ပြင် သို့ ထွက် ပြေး လေ၏။ ၁၃ ထိုသို့ သခင်မ လက် ၌ မိမိ အဝတ် ကိုစွန့် ၍ ပြင် သို့ ထွက်ပြေး သည်ကို သခင်မ သိမြင် သောအခါ၊ ၁၄ အိမ်သား ယောကျ်ား တို့ကို ခေါ် ၍ ၊ သင် တို့ကြည့်ကြ။ ငါ တို့ ၌ မ ရိုမသေပြုစေခြင်းငှါ ဤဟေဗြဲ လူ ကို သခင်သွင်း ထားပြီတကား။ သူသည် ငါ နှင့်အတူ အိပ် ခြင်းငှါ ဝင်လာ ၍ ငါသည် ကျယ် သောအသံ နှင့် အော်ဟစ် ရ၏။ ၁၅ ကျယ်ကျယ်အော်ဟစ် သံ ကို ကြား လျှင် ၊ သူသည် မိမိ အဝတ် ကိုစွန့် ၍ ပြင် သို့ ထွက် ပြေး သည်ဟုဆို ပြီးလျှင်၊ ၁၆ သခင် ရောက် သည်တိုင်အောင် ထိုအဝတ် ကို မိမိ ၌ ထား လေ၏။ ၁၇ သခင်ရောက်သောအခါ၊ ကိုယ်တော်သွင်း ထား သော ဟေဗြဲ ကျွန် သည် ကျွန်ုပ် ကို မ ရိုမသေပြုခြင်းငှါ ဝင် လာပါ၏။ ၁၈ ကျွန်ုပ် သည် ကျယ် သောအသံ နှင့် အော်ဟစ် သောအခါ ၊ သူသည် မိမိ အဝတ် ကို စွန့် ၍ ပြင် သို့ ထွက်ပြေး ပါသည်ဟူသော စကား ဖြင့် ကြားပြော လေ၏။ ၁၉ ကိုယ်တော် ၏ကျွန် သည် ကျွန်ုပ် ၌ ဤ သို့ပြု ခဲ့ပြီဟု မယား ပြောသောစကား ကို သခင် ကြား လျှင် ၊ ယောသပ် ကို အမျက်ထွက် ၍၊ ၂၀ ခေါ် ပြီးမှ ၊ ရှင်ဘုရင် ချုပ်ထားသောသူတို့ နေရာ ထောင် ထဲ မှာ လှောင် ထားသဖြင့် ၊ ယောသပ်သည် ထောင် ထဲ မှာ နေ ရ၏။ ၂၁ သို့သော်လည်း ထာဝရဘုရား သည် သူ ဘက် ၌ ရှိ၍ ကယ်မသနား တော်မူသဖြင့် ၊ ထောင် မှူး ထံ မျက်နှာ ရစေ တော်မူ၏။ ၂၂ သို့ ဖြစ်၍ ထောင် မှူး သည် ထောင်၌ ချုပ် ထားသော သူအပေါင်း တို့ကို ယောသပ် လက် သို့ အပ်၍၊ ထောင် ထဲ တွင် ပြု သမျှ သောအမှုကို ယောသပ်စီရင် ရ၏။ ၂၃ ထိုနောက်ထောင် မှူး သည် ထောင်အမှုကို ကိုယ်တိုင်ပြန်၍ မ ကြည့် မရှုရ။ အကြောင်း မူကား၊ ထာဝရဘုရား သည် ယောသပ် ဘက် မှာရှိ၍ သူ ပြု လေရာရာ ၌ အောင် စေတော်မူသတည်း။

၄၀ ထို နောက်မှအဲဂုတ္တ ရှင်ဘုရင် ထံ ဖလား တော် ဝန်နှင့် စား တော်ဝန်တို့သည် မိမိ တို့အရှင် အဲဂုတ္တ ရှင်ဘုရင် ကို ပြစ်မှား ကြ၏။ ၂ ဖါရော ဘုရင်သည် ထို အမတ် နှစ် ယောက်တည်းဟူသောဖလား တော်ဝန်နှင့် စား တော်ဝန်တို့ကို အမျက်ထွက် ၍၊ ၃ ယောသပ် အချုပ် ခံရာ ထောင် တည်းဟူသော ကိုယ်ရံတော် မှူး၏အိမ် ၌ ချုပ် ထားတော်မူ၏။ ၄ ကိုယ်ရံတော် မှူးသည် သူ တို့ကို ယောသပ် ၌ အပ်၍၊ ယောသပ်သည် ပြု စုရ၏။ သူတို့လည်း အင်တန် ကာလ အချုပ် ခံလျက် နေ ရကြ၏။ ၅ ထိုသို့ထောင် ထဲ မှာ အချုပ် ခံလျက်နေရသော အဲဂုတ္တ ရှင် ဘုရင်၏ ဖလား တော်ဝန်နှင့် စား တော်ဝန် နှစ် ယောက်တို့သည်၊ အသီးအသီး မိမိ တို့ ကိုယ်စီဆိုင်သော အနက် နှင့်ပြည့်စုံသော အိပ်မက် ကို တညဉ့် ခြင်း တွင် တယောက်တနည်းစီ မြင် မက်ကြ၏။ ၆ နံနက် အချိန်ရောက် မှ ယောသပ် သည် သူ တို့ ထံ သို့ဝင် ၍ ကြည့်ရှု သောအခါ ၊ သူ တို့မျက်နှာ ညှိုးငယ်လျက် ရှိသည်ကိုမြင် လျှင်၊ ၇ သင် တို့သည် ယနေ့ အဘယ်ကြောင့် မျက်နှာ

ညှိုးငယ် သနည်းဟု မိမိ သခင် အိမ် ၌ မိမိ နှင့်အတူ အချုပ် ခံ နေရသော ဖါရော မင်း၏ အမတ် တို့အား မေး ၏။ ၈ သူတို့ကလည်း၊ ငါတို့သည် အိပ်မက်ကိုမြင်ရပြီ။ အနက်ကို ဘတ်နိုင်သောသူ မရှိဟုဆိုကြသော်၊ ယောသပ် က၊ အိပ်မက်အနက်များကို ဘုရားသခင် ဆိုင်တော်မူသည် မ ဟုတ်လော။ သို့ ဖြစ်၍သင်တို့အိပ်မက်ကို ကျွန်ုပ် အား ကြား ပြောကြပါဟုဆို ၏။ ၉ ထိုအခါ ဖလား တော်ဝန်သည် မိမိ အိပ်မက် ကို ယောသပ် အား ကြား ပြောသည်ကား၊ ငါ မြင်မက်သော အိပ်မက် တွင် ၊ ငါ့ ရှေ့ မှာ စပျစ် နွယ်ပင် ရှိ၏။ ၁၀ ထိုစပျစ် နွယ်ပင်၌ အလက် သုံး လက်ရှိ၏။ ထိုအလက်တို့ ၌ ပန်း ငုံကဲ့သို့ရှိ၏။ အပွင့် လည်း ပွင့်၏။ အသီး ပြွတ် တို့လည်း မှည့် သောစပျစ် သီး ဖြစ်လေ၏။ ၁၁ ဖါရော မင်း၏ ဖလား တော်ကို ငါ ကိုင် လျက် ၊ ထိုစပျစ် သီးကိုယူ ၍ ဖလား တော်၌ ညှစ် ပြီးမှ လက် တော် တွင် ဆက်သည်ဟုပြောဆို၏။ ၁၂ ယောသပ် ကလည်း သင် ၏အိပ်မက် အနက် ဟူမူကား ၊ စပျစ်နွယ်သုံး လက် တို့သည် သုံး ရက် ဖြစ်၏။ ၁၃ သုံး ရက် လွန်မှ ဖါရော မင်းသည် သင် ၏ဦးခေါင်း ကို ချီးမြှောက် ၍ သင် ၏အရာ ကို ပြန် ပေးတော်မူသဖြင့် ၊ သင်သည်အထက် က ဖလား တော်ဝန်ဖြစ် ၍ပြုဘူးသည် နည်းတူ ၊ တဖန်ဖလား တော်ကို ဖါရော မင်း၏လက် တွင် ဆက်မြဲ ဆက် ရလိမ့်မည်။ ၁၄ သင်သည် ချမ်းသာရသောအခါ ကျွန်ုပ် ကို အောက်မေ့ ၍ ကျေးဇူး ပြုပါလော့။ ဖါရော ဘုရင်ကိုလျှောက်၍ ကျွန်ုပ် ကို ဤ အိမ် မှ နှုတ် ယူပါ။ ၁၅ အကယ်စင်စစ် ကျွန်ုပ်ကို ဟေဗြဲ ပြည် မှ ခိုး ယူခဲ့ ကြ၏။ ဤ ပြည်မှာလည်း ကျွန်ုပ် ၌ အပြစ် မ ရှိဘဲ ထောင်ထဲမှာ လှောင် ထားကြသည်ဟုဆို၏။ ၁၆ ထိုအိပ်မက်အနက် ကောင်း သည်ကို စား တော် ဝန် သိ မြင်လျှင် ၊ ငါ သည်လည်း ဖြူသောတောင်း သုံး လုံးကို ကိုယ်တိုင် ရွက် နေသည်ကို မြင် မက်၏။ ၁၇ အပေါ် တောင်း တွင် ဖါရော မင်းစားတော်ခေါ် ဘို့ ချက် ပြီးသော ခဲဘွယ် စားဘွယ်အမျိုးမျိုး ရှိ၍၊ ငှက် တို့သည်လည်း ငါ ရွက် သော တောင်း ထဲ ကနှုတ်၍ စား ကြသည်ဟု ယောသပ် အား ပြောဆို ၏။ ၁၈ ယောသပ် ကလည်း ၊ သင်၏အိပ်မက်အနက် ဟူမူကား ၊ တောင်း သုံး လုံးသည် သုံး ရက် ဖြစ်၏။ ၁၉ သုံး ရက် လွန်မှ ဖါရော မင်းသည် သင် ၏ဦးခေါင်း ကို ကိုယ်နှင့်ခွါ မြှောက်လျှက် သစ်ပင် ၌ ဆွဲ ထားတော်မူ၍၊ ငှက် တို့သည် သင် ၏အသား ကို နှုတ်၍စား ကြလိမ့်မည်ဟု ပြန်ပြော ၏။ ၂၀ ထိုနောက် သုံး ရက် လွန်သောအခါ၊ ဖါရော မင်း ဘွား သောနေ့ရက် ၌ နှစ်စဉ်ပွဲ ကိုခံ ၍ ကျွန်တော် မျိုး အပေါင်း တို့ကို ကျွေးမွေးတော်မူစဉ်တွင်၊ ဖလား တော်ဝန် ၏ဦးခေါင်း နှင့် စား တော်ဝန်၏ဦးခေါင်း ကို ကျွန်တော် မျိုး တို့တွင် ဖော် တော်မူ၍၊ ၂၁ အိပ်မက် အနက်ကို ယောသပ် ဘတ် သည် အတိုင်း ၊ ဖလား တော်ဝန်ကို အထက် အရာ၌ တဖန် ခန့်ထား တော်မူသဖြင့် ၊ သူ သည်ဖလား တော်ကို ဖါရော မင်း၏လက် တွင် ဆက် မြဲဆက်ရ၏။ ၂၂ စား တော်ဝန်ကိုမူကား ၊ ဆွဲ ထားတော်မူ၏။ ၂၃ သို့သော်လည်း ဖလား တော်ဝန်သည် ယောသပ် ကို မ အောက်မေ့ ဘဲ မေ့လျော့ ၍နေလေ၏။

၄၁ ထိုနောက် နှစ် နှစ်လွန် သောအခါ ၊ ဖါရော မင်း သည် အိပ်မက် ကို မြင်မက်သည်ကား၊ မိမိသည် မြစ် နား ၌ ရပ် နေ၏။ ၂ အဆင်း လှ ၍ ဝ သော နွား ခုနစ် ကောင်တို့သည် မြစ် ထဲ ကထွက်၍ မြစ်နားမှာပေါက်သော မြက်ပင် ကို စား လျက် နေကြ၏။ ၃ ထိုနွားတို့နောက်မှ အဆင်း မ လှ၊ ပိန်သော နွား ခုနစ် ကောင်တို့သည် မြစ် ထဲ ကထွက် ၍ အရင်နွား

တို့ အနား ၌ ကမ်း ပေါ် မှာ ရပ် နေကြ၏။ ၄ အဆင်း မ လှ ပိန် သောနွား တို့သည်၊ အဆင်း လှ ၍ ဝ သောနွား ခုနစ် ကောင်တို့ကို ကိုက်စား ကြ၏။ ဖါရော မင်းလည်း နိုး လေ၏။ ၅ တဖန် အိပ် ပြန်၍ အိပ်မက် ကို မြင်မက်ပြန်သည် ကား၊ အလုံး ကြီး ၍ ကောင်း သော စပါးခုနစ် နှံတို့သည် စပါး တပင် တည်း၌ ဖြစ်ကြ၏။ ၆ ထိုနောက်မှ အလုံး သေး၍ အရှေ့ လေဖြင့် ပျက် သော စပါး ခုနစ် နှံတို့သည် ပေါက် ကြ၏။ ၇ အလုံး သေးသော စပါး ခုနစ် နှံတို့သည် အလုံး ကြီး၍ ကောင်း သော စပါး ခုနစ်နှံတို့ကို စား ကြ၏။ ဖါရော မင်းလည်း နိုး ၍ အိပ်မက် ဖြစ်သည်ကို သိ လေ၏။ ၈ နံနက် အချိန် ရောက် သောအခါ၊ ဖါရော မင်း သည် စိတ် ပူပန် ၍ ၊ အဲဂုတ္တု ဗေဒင် တတ် ပညာရှိအပေါင်း တို့ကို ခေါ် ၍ အိပ်မက် တော်ကို ပြန်ကြား တော်မူ၏။ သို့သော်လည်း ရှေ့ တော်၌အနက် ကို ဘတ်နိုင်သောသူ တယောက် မျှမရှိ။ ၉ ထိုအခါ ဖလား တော်ဝန်က ၊ ကျွန်တော် သည် ကိုယ် အပြစ် ကို ယနေ့ အောက်မေ့ ပါ၏။ ၁၀ ဖါရော ဘုရင်သည် ကျွန်တော် နှင့် စား တော်ဝန် ကို အမျက်ထွက် ၍ ကိုယ်ရံတော် မှူးအိမ် ၌ ချုပ် ထားတော်မူ သောအခါ၊ ၁၁ ကျွန်တော် တို့နှစ်ယောက်သည် အသီးအသီး မိမိတို့ ကိုယ်စီဆိုင်သော အနက် နှင့်ပြည့်စုံသော အိပ်မက် ကို တည့် ခြင်း တွင် မြင် မက်ကြပါ၏။ ၁၂ ကျွန်တော် တို့ ၌ ကိုယ်ရံတော် မှူး၏ကျွန် ဟေဗြဲ လူလင် တယောက်ရှိ၏။ ထိုသူ အား ကျွန်တော်တို့သည် ကြားပြော ၍ သူ သည် အိပ်မက် ၏အနက် ကို ဘတ်ပါ၏။ တ ယောက်စီမြင် မက်သည်အတိုင်း ဘတ် ပါ၏။ ၁၃ ဘတ် သည်အတိုင်း လည်း မှန် ပါ၏။ ကျွန်တော် သည်အရင်အရာ ကိုရ ပြန်၍၊ စား တော်ဝန်မူကား ၊ ဆွဲ ထား ခြင်းကိုခံရပါသည်ဟု လျှောက်လေ၏။ ၁၄ ထိုအခါ ဖါရော မင်းသည် လူကိုစေလွှတ် ၍ ယောသပ် ကို ခေါ် တော်မူ၏။ ယောသပ်သည် ထောင် ထဲ က အလျင် အမြန်ထွက်ရ၍ ၊ မုတ်ဆိတ် ညှပ်ခြင်း၊ အဝတ် လဲ ခြင်းကို ပြုပြီး မှ အထံ တော်သို့ ဝင် ရ၏။ ၁၅ ဖါရော မင်းကလည်း ၊ ငါသည်အိပ်မက် ကို မြင် မက်ပြီ။ အနက်ကို အဘယ် သူမျှမဘတ် နိုင်။ သင် သည် အိပ်မက် ကို နားလည် သော ဉာဏ်နှင့် အနက် ဘတ်နိုင် သည်ကို ငါကြား ရပြီဟုဆို ၏။ ၁၆ ယောသပ် ကလည်း ၊ ကျွန်တော် သည် အလို အလျောက်မ တတ်နိုင်ပါ။ ဘုရားသခင် သည် မင်္ဂလာ အဖြေ စကားကို ဖါရော ဘုရင်အား ပေး တော်မူပါစေသော ဟု လျှောက် လေ၏။ ၁၇ ဖါရော မင်းကလည်း ၊ ငါ မြင် မက်သည်မှာ ၊ မြစ် နား ၌ ငါ ရပ် နေ၏။ ၁၈ အဆင်း လှ ၍ ဝ သော နွား ခုနစ် ကောင်တို့သည် မြစ် ထဲ ကထွက် ၍ ၊ မြစ်နားမှာပေါက်သော မြက်ပင် ကို စား လျက် နေကြ၏။ ၁၉ ထိုနွားတို့နောက်မှ၊ အဆင်း မ လှ ပိန် ကြုံသော နွား ခုနစ် ကောင်တို့သည် ထွက် လာကြ၏။ ထိုမျှလောက် အရုပ် ဆိုးသော နွားတို့ကို အဲဂုတ္တု ပြည် တရှောက်လုံး တွင် တခါမျှ မမြင် ရစဖူး။ ၂၀ အဆင်းမ လှ ပိန် သောနွား တို့သည်၊ ဝ သော အရင် နွား ခုနစ် ကောင်တို့ကို ကိုက်စား ကြ၏။ ၂၁ စားပြီးသောနောက်၊ စား မှန်းကို အဘယ်သူမျှမ သိ ရ။ အရင် ကဲ့သို့ အရုပ် ဆိုး သေး၏။ ငါလည်း နိုး ၏။ ၂၂ တဖန် ငါ မြင် မက် ပြန်သည် ကား၊ အလုံး ကြီး၍ ကောင်း သော စပါး ခုနစ် နှံတို့သည် စပါးတပင် တည်း၌ ဖြစ် ကြ၏။ ၂၃ ထိုနောက်မှ ညှိုးနွမ်း လျက် အလုံး သေး၍ အရှေ့ လေဖြင့် ပျက် သော စပါး ခုနစ် နှံတို့သည် ပေါက် ကြ၏။ ၂၄ အလုံး သေးသော စပါး နှံတို့သည် ကောင်း သော စပါး ခုနစ် နှံတို့ကို စား ကြ၏။ ထိုအိပ်မက်ကို ဗေဒင် တတ် တို့အား ငါကြား ပြော၍ အနက်ကို အဘယ်သူ မျှမဘတ်

နိုင်ဟု ယောသပ်အား ပြောဆိုတော်မူ၏။ ၂၅ ယောသပ် ကလည်း၊ ဖါရော ဘုရင် မြင်မက်တော်မူ သောအိပ်မက် ကား တပါးတည်း ဖြစ်ပါ၏။ ဘုရားသခင် ပြု လတ္တံ့သောအမှု ကို ဖါရော ဘုရင်အား ပြ တော်မူပြီ။ ၂၆ ကောင်း သော နွား ခုနစ် ကောင်တို့သည် ခုနစ် နှစ် ဖြစ်ပါ၏။ ကောင်း သောစပါး ခုနစ် နှံတို့သည်လည်း ခုနစ် နှစ် ဖြစ်ပါ၏။ အိပ်မက် တော်ကား တပါး တည်း ဖြစ်ပါ၏။ ၂၇ ထိုနွားတို့နောက် ထွက် လာသောနွား၊ ပိန် ၍ အရုပ် ဆိုးသော နွား ခုနစ် ကောင်တို့သည် ခုနစ် နှစ် ဖြစ်ပါ ၏။ အရှေ့လေဖြင့်ပျက် သော စပါး ဖျင်း ခုနစ် နှံတို့သည် လည်း၊ အစာခေါင်းပါး သော ခုနစ် နှစ် ဖြစ် ပါ၏။ ၂၈ ဖါရော ဘုရင်အား ကျွန်တော်လျှောက် လိုသော အရာ ဟူမူကား၊ ဘုရားသခင် ပြု လတ္တံ့သော အမှုကိုဖါရော ဘုရင်အား ပြ တော်မူ၏။ ၂၉ အဲဂုတ္တု ပြည် တရှောက်လုံး တွင် ဝ ပြောသောနှစ် ခုနစ် နှစ် ရှိ လိမ့်မည်။ ၃၀ ထိုနောက်မှ အစာခေါင်းပါး သောနှစ် ခုနစ် နှစ် ပေါ် လာ၍ ၊ အဲဂုတ္တု ပြည် ၌ အလုံးစုံ သော ဝ ပြောခြင်းသည် တိမ်မြုပ် လျက် အစာခေါင်းပါး ခြင်းအားဖြင့်တပြည် လုံးပျက်စီး လိမ့်မည်။ ၃၁ အစာခေါင်းပါး ခြင်းသည် အလွန် အားကြီး သောကြောင့် ၊ အရင် ဝပြောခြင်း၏ လက္ခဏာမ ထင် ရ။ ၃၂ ဖါရော ဘုရင်သည် ထပ်၍ အိပ်မက် မြင်ရသည် အရာမှာ၊ ထိုအမှု ကို ဘုရားသခင် မြဲမြံ ခိုင်ခံ့စေ၍ အလျင်အမြန် စီရင် တော်မူလိမ့်မည်။ ၃၃ သို့ ဖြစ်၍ ဖါရော ဘုရင်သည် ဉာဏ် ပညာနှင့် ပြည့်စုံ သောသူ ကို ရွေးချယ် ၍ အဲဂုတ္တု ပြည် ကို အုပ်စိုး စေတော်မူပါ။ ၃၄ ခန့်ထားတော်မူသောသူသည်လည်း တပြည် လုံး၌ အကြီး အကြပ်တို့ကို ခန့် ထား၍ ၊ ဝပြော သောနှစ် ခုနစ် နှစ် ပတ်လုံး တပြည် လုံးတွင် ငါး ဘို့တဘို့ကောက်ယူကြ ပါစေ။ ၃၅ ထို သူတို့သည်ဖြစ် လတ္တံ့သော မင်္ဂလာ နှစ် တို့တွင် ရိက္ခာ ရှိသမျှ ကို စုရုံး ၍ ဖါရော ဘုရင်ထံ တော်၌ စပါး များ ကို ဆည်းဘူး ကြပါစေ။ မြို့ များ၌ လည်း ရိက္ခာ ကို သို ထား ကြပါစေ။ ၃၆ သို့ ဖြစ်၍ အဲဂုတ္တု ပြည် ၌ အစာခေါင်းပါး သောနှစ် ခုနစ် နှစ်ရောက် သောအခါ ၊ ပြည် သူပြည်သားစားစရာ ဘို့ သို ထားလျက် ရှိ နှင့်၍ အစာခေါင်းပါး သော ကာလတွင် ပြည် တော်မ ပျက် ရဟု ဖါရောမင်းအား လျှောက်လေ၏။ ၃၇ ထိုသို့ ယောသပ်လျှောက်သောစကား ကို ဖါရော မင်းအစရှိသော ကျွန် တော်မျိုးအပေါင်း တို့သည် နှစ်သက် ကြ၍၊ ၃၈ ဖါရော မင်းက ၊ ဘုရားသခင် ၏ ဝိညာဉ် တော်ကို ရ၍ ဤ ကဲ့သို့ သောသူ ကို အဘယ်မှာ ရှာ ၍ တွေ့မည်နည်း ဟု ကျွန် တော်မျိုးတို့အား မိန့် တော်မူ၏။ ၃၉ ယောသပ် အား လည်း ၊ ဘုရားသခင် သည် ဤအမှု အလုံးစုံ တို့ကို သင့် အား ပြု တော်မူသည်ဖြစ်၍သင် ကဲ့သို့ ဉာဏ် ပညာနှင့် ပြည့်စုံ သောသူ မရှိ။ ၄၀ သင် သည် နန်းတော် အုပ် ဖြစ် ရမည်။ သင် ၏ စကား အတိုင်း ငါ ၏ပြည်သား အပေါင်း တို့ကို ငါစီရင် စေမည်။ ရာဇ ပလ္လင်အားဖြင့်သာ ငါသည် သင့် ထက် ကြီးမြတ် မည်ဟု မိန့်တော်မူ၏။ ၄၁ တဖန် ကြည့် ပါ၊ အဲဂုတ္တု ပြည် တပြည်လုံး ကို သင် အုပ်စိုး စေခြင်းငှါ ငါခန့် ထားပြီဟု ယောသပ် အား မိန့် တော်မူလျက်၊ ၄၂ လက်စွပ် တော်ကိုချွတ် ၍ ယောသပ် လက် ၌ စွပ် စေတော်မူ၏။ ပိတ်ချော အဝတ် ကိုလည်း ဝတ် စေ၍ ၊ လည်ပင်း ၌ ရွှေ စလွယ် ကိုဆွဲ ပြီးလျှင်၊ ၄၃ ဒုတိယ ရထား တော်ကို စီး စေတော်မူ၏။ ပြပ်ဝပ် ၍ နေကြဟု သူ့ ရှေ့မှာ ဟစ် ကြ၏။ ထိုသို့လျှင် အဲဂုတ္တု ပြည် တပြည်လုံး ကို အုပ်စိုး စေတော်မူ၏။ ၄၄ ဖါရော မင်းကလည်း၊ ငါ သည် ဖါရော ဘုရင် မှန်၏။ သို့ ဖြစ်၍ သင် ၏အခွင့် မရှိလျှင် အဲဂုတ္တု ပြည် တရှောက်လုံး

တွင် အဘယ်သူမျှမိမိ လက် ခြေ ကိုမ ကြွ ရဟု မိန့် တော်မူ၏။ ၄၅ ဖါရောမင်းသည်လည်း၊ ဧာဖဏာသဖါဏ တည်း ဟူသောဘွဲ့ နာမနှင့်ယောသပ် ကို ချီးမြှောက် ၍ သြန မြို့၏ ယဇ်ပုရောဟိတ် ပေါတိဖေရ ၏သမီး အာသနတ် နှင့် စုံဘက် စေတော်မူ၏။ ထိုသို့ယောသပ် သည် အဲဂုတ္တု နိုင်ငံ အုပ်အရာနှင့် အထံ တော်ကထွက် လေ၏။ ၄၆ ယောသပ် သည် အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်း ထံ ၌ အခွင့် ရသောအခါ ၊ အသက် အနှစ်သုံးဆယ် ရှိသတည်း။ အထံတော်ကထွက် ၍ အဲဂုတ္တု ပြည် တရှောက်လုံး သို့ သွား လေ၏။ ၄၇ ဝပြော နှစ် ခုနစ် နှစ်ပတ်လုံးမြေ အသီးအနှံတို့ သည် အလွန် များပြားကြ၏။ ၄၈ ခုနစ်နှစ်ပတ်လုံးအဲဂုတ္တု ပြည် တွင် ရှိသမျှ သော ရိက္ခာ ကိုစုရုံး ၍ မြို့ တို့ ၌ သို ထားလေ၏။ မြို့ ပတ်ဝန်းကျင် လယ်တို့ ၌ရသောရိက္ခာကိုမြို့အသီးအသီးတို့တွင် သိုထား လေ၏။ ၄၉ စပါး ကိုကား သမုဒ္ဒရာ သဲ လုံးနှင့်အမျှ အလွန် များ စွာစု ထား၍ မ ရေတွက် နိုင်အောင် များသောကြောင့် မ ရေတွက် ဘဲနေသတည်း။ ၅၀ အစာခေါင်းပါး သောနှစ် မ ရောက် မီ၊ ယောသပ် သည် သြန မြို့၏ယဇ် ပုရောဟိတ်ပေါတိဖေရ ၏သမီး အာသနတ် တွင် သား နှစ် ယောက်တို့ကို မြင် ရ၏။ ၅၁ သား ဦးကိုကား မနာရှေ အမည် ဖြင့် မှည့် လေ၏။ အကြောင်း မူကား၊ ငါ ခံရသမျှ သော ပင်ပန်း ခြင်းနှင့် ငါ့ အဘ ၏ အိမ်သား အပေါင်း တို့ကို ငါ မေ့ စေခြင်းငှါ ဘုရားသခင် ပြုတော်မူပြီဟု ဆိုသတည်း။ ၅၂ နောက် ရသောသားကိုကား၊ ဧဖရိမ် အမည် ဖြင့် မှည့် လေ၏။ အကြောင်း မူကား၊ ဘုရားသခင် သည် ငါ ဆင်းရဲ ခံရသောပြည် ၌ ငါ့ ကိုပွါး များ စေတော်မူပြီဟု ဆိုသတည်း။ ၅၃ ထိုနောက် အဲဂုတ္တု ပြည် ၌ ဝပြော သောနှစ် ခုနစ် နှစ် ကုန် လေ၏။ ၅၄ ယောသပ် ပြော သည်အတိုင်း အစာခေါင်းပါး သော နှစ် တို့သည် ရောက် စ ရှိ၏။ ထိုအခါ ခပ်သိမ်း သော ပြည် တို့ ၌ အစာခေါင်းပါး ခြင်းရှိ သော်လည်း အဲဂုတ္တု ပြည် ၌ ဆန် စပါးရှိ သေး၏။ ၅၅ နောက်တဖန် အဲဂုတ္တု ပြည် သူပြည်သားအပေါင်း တို့သည် မွတ်သိပ် သောအခါ စား စရာကိုရပါ မည်အကြောင်း ဖါရော မင်းထံ ၌ ကြွေးကြော် ကြ၏။ ဖါရော မင်းကလည်း ၊ ယောသပ် ထံ သို့သွား ကြ၊ သူစီရင် သည်အတိုင်း ပြု ကြဟု အဲဂုတ္တု ပြည်သူ ပြည်သားအပေါင်း တို့ကို မိန့် တော်မူ၏။ ၅၆ မြေပြင် တရှောက်လုံး ၌ အစာခေါင်းပါး သောအခါ ၊ ယောသပ် သည် စပါးကျီရှိသမျှ တို့ကို ဖွင့် ၍ အဲဂုတ္တု လူတို့အား ရောင်း လေ၏။ ထိုအခါ အဲဂုတ္တု ပြည် ၌ အစဉ်အတိုင်း အစာခေါင်းပါး သတည်း။ ၅၇ ခပ်သိမ်းသော ပြည် တို့ ၌ လည်း အလွန်အစာ ခေါင်းပါး သောကြောင့် ၊ အသီးသီး သောပြည် သားတို့သည် စပါးကိုဝယ် ခြင်းငှါ အဲဂုတ္တု ပြည် ယောသပ် ထံ သို့လာ ရောက်ကြ၏။

၄၂ အဲဂုတ္တု ပြည်၌ စပါး ရှိ ကြောင်း ကို ယာကုပ် ကြား သိလျှင် ၊ သင်တို့သည် အဘယ်ကြောင့် တယောက်ကို တယောက် ကြည့်ရှု၍ နေကြသနည်း။ ၂ အဲဂုတ္တု ပြည်၌ စပါး ရှိ ကြောင်း ကို ငါကြား ရပြီ။ ငါတို့သည်မ သေ အသက်ရှင် မည်အကြောင်း ၊ ထို ပြည်သို့ သွား၍ ငါ တို့အဘို့ ကို ဝယ် ကြလော့ဟု မိမိ သား တို့အား ဆို သည်အတိုင်း၊ ၃ ယောသပ် ၏ အစ်ကို တကျိပ် တို့သည် စပါး ကို ဝယ် ခြင်းငှါ အဲဂုတ္တု ပြည်သို့ သွား ကြ၏။ ၄ ယောသပ် ၏ညီ ဗင်္ယာမိန် ကိုကား အစ်ကို တို့နှင့်အတူ ယာကုပ် သည်မ စေ မလွှတ်။ အကြောင်း မူကား၊ သူ ၌ ဘေး ရောက် ကောင်းရောက်လိမ့်မည်ဟု စိုးရိမ် သတည်း။ ၅ ထိုအခါ ခါနာန် ပြည် ၌ အစာခေါင်းပါး သောကြောင့် ၊ အဲဂုတ္တုပြည်သို့ရောက်လာ သောသူတို့

တွင်၊ ကျသရေလ သား တို့သည် စပါးကိုဝယ် ခြင်းငှါ လာ ကြ၏။ ၆ ယောသပ် သည် နိုင်ငံ အုပ်ဖြစ်၍ပြည်သား အပေါင်း တို့အား ရောင်း သောအမှုကို စီရင်လေ၏။ ယောသပ် အစ်ကို တို့သည်လာ ၍ သူ့ ရှေ့မှာ ဦးညွတ် ချကြ၏။ ၇ ယောသပ် သည် အစ်ကို တို့ကိုမြင် လျှင် သိ ၏။ သို့သော်လည်း မ သိဟန်ဆောင်၍ ကြမ်းတမ်း စွာ ပြော လျက် ၊ သင်တို့သည် အဘယ် က လာ ကြသနည်းဟုမေး ၏။ သူတို့ကလည်း၊ အစာ ကိုဝယ် ခြင်းငှါ ခါနာန် ပြည် က လာကြပါသည် ဟုလျှောက် ကြ၏။ ၈ ယောသပ် သည် အစ်ကို တို့ကိုသိ သော်လည်း ၊ သူ တို့သည် ယောသပ် ကို မ သိ ကြ။ ၉ ယောသပ် သည် သူ တို့အကြောင်း နှင့် မြင် ရသောအိပ်မက် တို့ကို အောက်မေ့ လျက် ၊ သင် တို့သည် သူလျှို ဖြစ်ကြ၏။ ပြည် တော်၌ အားနည်း သောအရပ်ကို ကြည့်ရှု ခြင်းငှါ လာ ကြပြီဟုဆိုလျှင်၊ ၁၀ သူ တို့က၊ မဟုတ် ပါသခင်။ ကိုယ်တော် ၏ကျွန် တို့ သည် အစာ ကို ဝယ် ခြင်းငှါ သာ လာ ကြပါ၏။ ၁၁ ကျွန်တော် တို့သည် တယောက် တည်းသောသူ ၏ သား ဖြစ်ကြပါ၏။ ဖြောင့်မတ် သောသူလည်း ဖြစ်ကြပါ၏။ ကိုယ်တော် ၏ကျွန် တို့သည် သူလျှို မ ဟုတ်ပါဟု လျှောက် ကြ၏။ ၁၂ ယောသပ်ကလည်း၊ မ ဟုတ်ဘူး။ ပြည် တော်၌ အားနည်း သော အရပ်ကိုကြည့်ရှု ခြင်းငှါ လာ ကြပြီဟု ဆို ပြန်၏။ ၁၃ သူတို့ကလည်း၊ ကိုယ်တော် ကျွန် တို့သည် ခါနာန် ပြည် ၌ တ ယောက်တည်းသောသူ ၏သား ၊ ညီအစ်ကို တကျိပ် နှစ် ယောက် ဖြစ်ကြပါ၏။ အငယ်ဆုံး သောသူကား အဘ နှင့်အတူ ယခု ရှိရစ်ပါ၏။ တ ယောက်ကားမ ရှိပါဟု လျှောက် ပြန်လျှင်၊ ၁၄ ယောသပ် က၊ သင် တို့သည် သူလျှို ဖြစ်ကြ၏ဟု ငါဆိုသည် အရာ မှာ၊ ၁၅ သင်တို့ကို အဘယ်သို့စုံစမ်း ရမည်နည်းဟူမူကား ၊ အငယ် ဆုံးသောညီ မ လာ လျှင်၊ ဖါရော ဘုရင် အသက် ရှင်တော်မူသည်အတိုင်း သင်တို့သည် ဤ အရပ်မှ မ ထွက် မသွားရ။ ၁၆ သင် တို့စကား မှန် သည်မမှန်သည်ကို စုံစမ်း ၍ သိစေခြင်းငှါ သင် တို့တွင် တ ယောက်သောသူကို စေလွှတ် ၍ ညီ ကိုဆောင် ခဲ့စေ။ ကြွင်းသောသူတို့ကို ထောင် ထဲမှာ ချထားမည်။ သို့မဟုတ် ဖါရော ဘုရင် အသက် ရှင်တော်မူ သည်အတိုင်း၊ အကယ်စင်စစ်သင် တို့သည် သူလျှို ဖြစ်ကြ၏ဟုဆိုပြီးလျှင်၊ ၁၇ အစ်ကို အပေါင်းတို့ကို သုံး ရက် ချုပ် ထားလေ၏။ ၁၈ သုံး ရက်မြောက်သောနေ့ ၌ ယောသပ် သည် သူ တို့ကိုခေါ် ၍ ၊ ငါ သည် ဘုရားသခင် ကို ကြောက်ရွံ့ သောသူဖြစ် ၏။ သို့ ဖြစ်၍သင်တို့သည် အသက် ချမ်းသာစေခြင်းငှါပြု ရသောအမှုဟူမူကား၊ ၁၉ သင် တို့သည် ဖြောင့်မတ် သောသူမှန်လျှင် ၊ သင် တို့ ညီအစ်ကို တို့တွင် တစုံတယောက် ကို ထောင် အိမ် ၌ အချုပ် ခံလျက်နေစေပြီးလျှင်၊ ကြွင်းသောသူတို့ မူကား သွား ကြလော့။ အိမ်သူ အိမ်သားတို့ ၌ အစာ ခေါင်းပါးသောကြောင့်စပါး ကိုယူ ၍ သွားကြလော့။ ၂၀ အငယ်ဆုံး သောညီကို ငါ့ ထံ သို့ဆောင် ခဲ့ကြလော့။ သို့ပြုလျှင် သင် တို့စကား မှန် လိမ့်မည်။ သင်တို့အသက်လည်း ချမ်းသာ ရလိမ့်မည်ဟုဆိုသည်အတိုင်း သူတို့သည်ပြု ကြ၏။ ၂၁ ထိုအခါ သူတို့အချင်းချင်း ဆို ကြသည်ကား၊ အကယ်စင်စစ်ငါ တို့ သည် ညီ ၏အမှု၌ အပြစ် ကြီးကြ၏။ သူ သည် ငါ တို့ကိုတောင်းပန် သောအခါ ၊ သူ စိတ် ဆင်းရဲ ခြင်းကို ငါတို့သည် မြင် လျက်နှင့် နား မ ထောင်ဘဲနေကြ ၏။ ထိုကြောင့် ဤအမှုသည် ငါ တို့အပေါ် မှာ ယခု ရောက် လာပြီဟု တယောက်ကိုတယောက် ပြောဆိုကြ၏။ ၂၂ ရုဗင် ကလည်း၊ သူငယ် ကို မ ပြစ် မှားပါနှင့်ဟု

ကျွန်ုပ်ဆို သည်မ ဟုတ် လော။ သင်တို့သည် နား မ ထောင်ဘဲ နေကြသောကြောင့် သူ ၏အသွေး အတွက် ယခု အစစ် ခံရကြသည်ဟု ပြန် ၍ဆို၏။ ၂၃ ထိုသို့ မိမိတို့ ပြောဆိုကြသောစကားကို ယောသပ် နားလည် သည်ဟု သူ တို့မ ထင် ကြ။ အကြောင်း မူကား၊ ယောသပ်သည် စကားပြန် နှင့် သူ တို့ကို ပြောတတ်သောကြောင့် တည်း။ ၂၄ ထိုအခါ ယောသပ်သည် သူ တို့ထံ မှခဏ ခွါ၍ ငို လေ၏။ တဖန် လာ ပြန်၍ နှုတ်ဆက် ပြီးလျှင် ၊ ရှိမောင် ကို သူ တို့အစုထဲ ကယူ ၍ သူ တို့ရှေ့ တွင် ချည်နှောင် လေ၏။ ၂၅ ထိုနောက် သူ တို့အိတ် များကို စပါး နှင့် ပြည့် စေ၍ ၊ သူ တို့ငွေ ကိုလည်း အသီးအသီး အိတ် တို့တွင် ပြန်ထည့် စေခြင်းငှါ ၎င်း၊ လမ်းခရီး ၌ စား စရိတ်ကို ပေး စေခြင်းငှါ ၎င်း စီရင်၍ ထိုသို့လျှင် သူ တို့ ၌ ပြု လေ၏။ ၂၆ သူတို့သည်လည်း မြည်း များအပေါ် ၌ စပါး ကို တင် ၍ ထွက်သွား ကြ၏။ ၂၇ စားခန်း သို့ ရောက် သောအခါ ၊ တယောက်သောသူသည် မြည်း ကို အစာ ကျွေးခြင်းငှါ မိမိ အိတ် ကိုဖွင့် လျှင် ၊ အိတ် ဝ တွင် ရှိသောငွေ ကိုမြင် လေ၏။ ၂၈ ညီအစ်ကို တို့အား လည်း ကျွန်ုပ် ငွေ ကို ပြန် ထား ပြီ။ ကြည့် ပါ အိတ် ထဲ မှာရှိသည်ဟုဆိုသော်၊ သူ တို့သည် စိတ် နှလုံးလျော့ ၍ ကြောက်လန့် လျက် ၊ ငါ တို့ ၌ ဘုရားသခင် ပြု တော်မူသောဤ အမှုသည် အဘယ် အမှုဖြစ် ပါလိမ့်မည်နည်းဟု တ ယောက်ကိုတယောက်ဆို ကြ၏။ ၂၉ ခါနာန် ပြည် အဘ ယာကုပ် ထံ သို့ရောက် လျှင် ၊ မိမိ တို့ ၌ ဖြစ် လေသမျှ တို့ကို ကြား ပြောသည်ကား၊ ၃၀ ထိုပြည် ကိုအုပ်စိုး သောသူ သည် ကြမ်းတမ်း စွာ ပြော လျက် ၊ ကျွန်ုပ် တို့ကို ထိုပြည် ၌ သူလျှို လုပ်သူဟူ၍ မှတ် လေ၏။ ၃၁ ကျွန်ုပ် တို့ကလည်း ၊ ကျွန်တော် တို့သည် ဖြောင့်မတ် သောသူဖြစ် ကြပါ၏။ သူလျှို မ ဟုတ်ပါ။ ၃၂ တဘ တည်းသား ၊ ညီအစ်ကို ချင်း တကျိပ် နှစ် ယောက်ဖြစ်ကြပါ၏။ တ ယောက်ကားမ ရှိပါ။ အငယ်ဆုံး သောသူကား ခါနာန် ပြည် ၌ အဘ နှင့်အတူ ယခု ရှိရစ် ပါသည်ဟု လျှောက်သောအခါ၊ ၃၃ ထိုပြည် ကို အုပ်စိုး သောသခင်က၊ သင် တို့သည် ဖြောင့်မတ် သောသူမှန် သည်ကို အဘယ်သို့ငါသိ နိုင်မည်နည်း ဆိုသော်၊ သင် တို့ ညီအစ်ကို တို့ တွင် တစုံတယောက် ကို ငါ့ ထံ ၌ထား ရစ်ကြလော့။ သင် တို့အိမ်သူ အိမ်သားတို့ ၌ အစာ ခေါင်းပါးသောကြောင့် အစာကိုယူ ၍ သွား ကြလော့၊ ၃၄ အငယ်ဆုံး သောညီ ကို ငါ့ ထံ သို့ဆောင် ခဲ့ကြလော့။ သို့ပြုလျှင်သင် တို့သည် သူလျှို မ ဟုတ် ဖြောင့်မတ် သောသူဖြစ်သည်ကို ငါသိ လိမ့်မည်။ သင် တို့ ညီအစ်ကို ကို လည်း ငါပြန် ၍အပ်မည်။ သင်တို့သည် ပြည် တော်၌ ဖေါက် ကားရောင်းဝယ်ရကြမည်ဟု ဆိုကြောင်းကို ကြားပြောကြပြီးမှ၊ ၃၅ မိမိ တို့အိတ် များအထဲက စပါးကို ထုတ် သောအခါ ၊ အသီးအသီး ဆိုင်သော ငွေ ထုပ် တို့သည် မိမိ တို့အိတ် ၌ ရှိ ကြ၏။ ငွေ ထုပ် များကို သူ တို့နှင့် အဘ သည် မြင် သောအခါ ကြောက်လန့် ကြ၏။ ၃၆ အဘ ယာကုပ် ကလည်း၊ သင်တို့သည် ငါ့သား တို့ကို လု ယူကြပြီ။ ယောသပ် မ ရှိ၊ ရှိမောင် မ ရှိ၊ ဗင်္ာမိန် ကိုလည်း ယူ သွားချင်သည်တကား။ ဤ အမှုအလုံးစုံ တို့ သည် ငါ နှင့်ဆန့်ကျင် ဘက်ဖြစ်သည်တကားဟု သူ တို့အား ဆို ၏။ ၃၇ ရုဗင် ကလည်း ၊ ကျွန်ုပ်သည် ဗင်္ာမိန် ကို အဘ ထံ သို့ ပြန်၍ မ ဆောင် ခဲ့လျှင် ၊ ကျွန်ုပ် သား နှစ် ယောက်တို့ကိုသတ် ပါလော့။ သူ့ ကိုကျွန်ုပ် လက် ၌ အပ် ပါ။ ကျွန်ုပ်တဖန် အဘ ထံ သို့ ပြန် ၍ ဆောင်ခဲ့ပါမည်ဟု အဘ အား ဆို ၏။ ၃၈ အဘကလည်း၊ သင် တို့နှင့်အတူ ငါ့ သား မ သွား ရ။ သူ

၏အစ်ကို သေ ပြီ။ သူ သည် တယောက် တည်း ကျန်ရစ် ၏။ သင်တို့သွား ရာလမ်း ခရီးတွင် သူ ၌ ဘေး ရောက် လျှင် ၊ သင်တို့သည် ငါ့ ဆံပင် ဖြူကို ဝမ်းနည်း ခြင်းနှင့်တကွ မရဏာ နိုင်ငံသို့ သက်ရောက် စေကြလိမ့်မည်ဟု ဆို လေ ၏။

(Sheol h7585)

၄၃ ခါနာန်ပြည် ၌ အလွန် အစာခေါင်းပါး သည် ဖြစ်၍၊ ၂ အဲဂုတ္တု ပြည်မှ ဆောင် ခဲ့သောစပါး ကို စား ကုန် ပြီးမှ၊ အဘ က၊ တဖန်သွား၍ ငါ တို့စား စရာအနည်း ငယ်ကို ဝယ် ကြပါဦးဟုဆို ၏။ ၃ ယုဒ ကလည်း၊ ထိုသူ သည် ကျွန်ုပ် တို့ကို ကျပ်ကျပ်ခြိမ်းချောက် လျက်၊ သင် တို့ ညီ မ ပါ လျှင် ငါ့ မျက်နှာ ကို မ မြင် ရဟု ပြော ထားပြီ။ ၄ ကျွန်ုပ် တို့ ညီ ကို ထည့် လျှင် သွား ၍ အဘ စား ဘို့ရာ ဝယ် ပါမည်။ ၅ ညီကို မ ထည့် လျှင် မသွား ပါ၊ အကြောင်း မူကား၊ ထိုသူ က သင် တို့ ညီ မ ပါ လျှင် ငါ့ မျက်နှာ ကို မ မြင် ရဟု ပြော ထားပြီဟု အဘအား ပြန်ဆိုလေ၏။ ၆ ဣသရေလ ကလည်း ၊ သင် တို့ ၌ ညီ ရှိမှန်းကို ထိုသူ အား ပြော ၍ အဘယ်ကြောင့် ငါ့ ကို ညှဉ်းဆဲ ကြ သနည်းဟုဆိုသော်၊ ၇ သူတို့က၊ ထိုသူ သည် ကျွန်ုပ် တို့၏အကြောင်း အရာ အမျိုးအနွယ် တို့ကို ကျပ်ကျပ်မေး လျက် ၊ သင် တို့အဘ အသက် ရှင်သေး သလော၊ ညီ ရှိ သေးသလောဟုမေးသောအခါ၊ ကျွန်ုပ်တို့သည် သူ ၏စကား သဘောသို့ လိုက်၍ ပြန် ပြောရပါ၏။ သင် တို့ ညီ ကို ဆောင် ခဲ့ကြဟု သူပြော မည် ကို ကျွန်ုပ်တို့သည် အမှန်သိ နိုင်ပါသလောဟု ဆို ကြ၏။ ၈ ယုဒ ကလည်း၊ သူငယ် ကို ကျွန်ုပ် နှင့်အတူ လွှတ် ပါ။ သို့ပြုလျှင်အဘမှစ၍ကျွန်ုပ် တို့နှင့် သူငယ် များတို့ သည် မ သေ ၊ အသက် ရှင်မည်အကြောင်း ၊ ကျွန်ုပ်တို့ ထ ၍ သွား ကြပါမည်။ ၉ ကျွန်ုပ်သည် သူ ၏အာမခံ ဖြစ်ပါမည်။ ကျွန်ုပ် တွင် သူ့ ကို တောင်း ပါ။ သူ့ ကိုပြန်၍မ ဆောင် အဘ ရှေ့မှာ မထား လျှင် ၊ အစဉ် မပြတ်အပြစ် ကိုခံ ပါစေ။ ၁၀ ဤမျှလောက်မ ဖင့်နွှဲ့ လျှင်၊ အကယ်၍ ဒုတိယ အကြိမ်တွင် ပြန် ရောက်ပါပြီဟု အဘ ဣသရေလ အား ဆို ၏။ ၁၁ အဘ ဣသရေလ ကလည်း၊ သို့ ဖြစ်လျှင် ဤသို့ ပြု ကြလော့။ ထိုသူ အား ဆက် စရာဘို့ သင် တို့အိတ် ဝတို့တွင် ခါနာန်ပြည် ၏ အသီးမျိုးအကောင်းဆုံး တည်းဟူသောဗလစံစေး အနည်းငယ် ၊ ပျားရည် အနည်းငယ် ၊ နံ့သာ မျိုး၊ မုရန်စေး ၊ သစ်အယ်သီး ၊ ဗာတံသီး တို့ကို ယူ ကြလော့။ ၁၂ သင် တို့လက် ၌ ငွေ နှစ်ဆ ကိုလည်း ယူ ကြလော့။ အိတ် ဝ တွင် ဆောင် ခဲ့သောငွေ ကို တဖန်လက် ၌ ဆောင် သွား ကြဦးလော့။ ထို အမှုသည် သတိ လစ်သောအမှု ဖြစ် ဟန်ရှိ၏။ ၁၃ သင် တို့ ညီ ကိုလည်း ယူ ၍ တဖန် ထိုသူ ထံ သို့ ထ သွား ကြလော့။ ၁၄ ထိုသူသည် သင် တို့အစ်ကိုတယောက်နှင့် ဗင်္ာမိန် ကို လွှတ် လိုက်မည်အကြောင်း ၊ သင်တို့သည် သူ့စိတ်နှင့်တွေ့ရသောအခွင့်ကို အနန္တ တန်ခိုးရှင်ဘုရား သခင် ပေး တော်မူပါစေသော။ သို့ရာတွင် ငါ သည် သား ဆုံးခြင်းကိုခံရလျှင် ခံရတော့မည်ဟု သားတို့အား ဆိုသည်အတိုင်း၊ ၁၅ သူ တို့သည် ထိုလက်ဆောင် ကိုငင်း၊ မိမိ လက် ၌ ငွေ နှစ် ဆကိုငင်း ၊ ဗင်္ာမိန် ကိုငင်း ၊ ယူ ၍ထ ပြီးလျှင် ၊ အဲဂုတ္တု ပြည်သို့သွား ၍ ယောသပ် ရှေ့မှာ ရပ် နေကြ၏။ ၁၆ သူ တို့နှင့်အတူ ဗင်္ာမိန် ပါလာသည်ကို ယောသပ် မြင် လျှင် ၊ ဝန် စာရေးကိုခေါ် ၍ ၊ ဤသူ တို့ကို အိမ် သို့ ခေါ် သွားလော့။ အကောင် များကိုသတ် ၍ စားစရာကို ပြင်ဆင် လော့။ သူတို့သည် ငါ နှင့်အတူ မွန်းတည့် စာကို စား ရကြလိမ့်မည်ဟု မှာ ထားသည် အတိုင်း၊ ၁၇ ဝန် စာရေးပြု ၍ ၊ သူ တို့ကို

ယောသပ် အိမ် သို့ ခေါ် သွား၏။ ၁၈ ယောသပ် အိမ် သို့ ခေါ်သွား သောအခါ ၊ သူတို့ သည် ငါ တို့အိတ် ၌ ယမန် ပြန်ပေး သောငွေ ကြောင့် ခေါ်သွင်းပြီ။ သူသည်အမှုရှာလိမ့်မည်။ ငါတို့ကို အပြစ်ပြု သဖြင့် ကျွန်ခံ စေ၍ ၊ မြည်း တို့ကို သိမ်း လိမ့်မည်ဟု ဆို ကြပြီးလျှင်၊ ၁၉ ယောသပ် ၏ ဝန်စာရေး အနီးသို့ ချဉ်းကပ် ၍ အိမ် တံခါး နားမှာ နှုတ်ဆက် လျက်၊ ၂၀ သခင် ၊ ယမန် က အကျွန်ုပ် တို့သည် အစာ ကို ဝယ် ခြင်းငှါ အမှန်လာ ပါ၏။ ၂၁ စားခန်း သို့ ရောက် ၍ အိတ် များကိုဖွင့် သောအခါ ၊ လူ တိုင်းဆိုင်သောငွေ သည် အလျှင်းမလျော့ဘဲ အိတ် ဝ တွင် ရှိပါ၏။ ထို ငွေ ကို တဖန် ဆောင် ခဲ့ကြပါပြီ။ ၂၂ ယခုလည်းအစာ ကို ဝယ် ခြင်းငှါ အခြား သော ငွေ ကို ကိုယ် ၌ ဆောင် ခဲ့ကြပါ၏။ ထိုငွေ ကို အကျွန်ုပ် တို့ အိတ် များ၌ အဘယ်သူ ထား သည်ကို မ သိ နိုင်ပါဟု ဆို ကြသော်၊ ၂၃ ဝန်စာရေးက၊ ချမ်းသာ ပါစေ၊ မ စိုးရိမ် ကြနှင့်။ သင် တို့ဘုရားသခင် ၊ သင် တို့၏အဘ ဘုရားသခင် သည် သင် တို့အိတ် များ၌ ဘဏ္ဍာ ကိုသနား တော်မူပြီ။ သင် တို့ငွေ ကို ငါ ခံရ ပြီဟုဆို သဖြင့် ၊ ရှိမောင် ကိုထုတ် ၍ အပ်လိုက် လေ၏။ ၂၄ ယောသပ် အိမ် သို့ သွင်းပြီးမှ ၊ ဝန်စာရေးသည် ရေ ကို ပေး ၍ ခြေ ဆေး စေ၏။ မြည်း တို့ကိုလည်း ကျွေး လေ၏။ ၂၅ မွန်းတည့် ချိန်၌ ယောသပ် လာ လိမ့်မည်ဟု သူတို့သည် မြော်လင့်၍ လက်ဆောင် ကို ပြင် နှင့်ကြ၏။ ထိုအိမ်၌ သူတို့သည် အစာ ကိုစား ရလိမ့်မည်ဟု သူတို့ သည် ကြား လေသတည်း။ ၂၆ ယောသပ် သည် အိမ် သို့ ရောက် သောအခါ ၊ သူတို့သည် ကိုယ် ၌ ပါ သောလက်ဆောင် ကို အိမ် ထဲ ယောသပ် ထံ သို့သွင်း ၍ သူ့ရှေ့ မှာဦးညွတ် ချလျက် နေကြ၏။ ၂၇ ယောသပ်သည် နှုတ်ဆက်ပြီးလျှင်၊ သင် တို့အဘ တည်းဟူသောသင်တို့အရင်ပြော သော အသက်ကြီး သူ သည် ကျန်းမာ ပါ၏လော။ အသက် ရှင်သေး၏လောဟု မေး လျှင်၊ ၂၈ သူတို့က၊ ကိုယ်တော် ကျွန် ၊ ကျွန်တော် တို့အဘ သည် ကျန်းမာ ပါ၏၊ အသက် ရှင်ပါသေး၏ဟု လျှောက် လျက်၊ ဦးညွတ် ချ၍ ရှိခိုးလျက် နေကြ ၏။ ၂၉ ထိုအခါ ယောသပ် သည် မြော် ကြည့် ၍ မိမိ အမိ ၏သား ၊ မိမိ ညီ ရင်းဗင်္ာမိန် ကိုမြင် လျှင် ၊ ဤ သူကား သင်တို့အရင်ပြော သော သင် တို့ ညီ ဖြစ်သလောဟုမေး လျက်၊ သင့် ကို ဘုရားသခင် ကယ် မသနားတော်မူပါစေသော ငါ့ သား ဟု ဆို ပြီးမှ၊ ၃၀ ညီ ရင်းကိုမြင်ရ၍ ကြင်နာ သောစိတ် ရှိသောကြောင့် အလျင်အမြန် ထသွား လေ၏။ ငို ရာအရပ်ကို ရှာ သဖြင့် ၊ အိပ် ခန်းထဲ သို့ဝင် ၍ ငို လေ၏။ ၃၁ တဖန် မျက်နှာ ကိုသစ် ၍ ဣန္ဒြေချုပ်တည်း လျက် ပြင်သို့ထွက် ပြီးလျှင် ၊ စားပွဲ ကို ပြင် ကဟု အမိန့် ရှိ၏။ ၃၂ ယောသပ်ဘို့တပွဲ၊ အစ်ကိုတို့ဘို့တပွဲ၊ ယောသပ် နှင့် စား သော အဲဂုတ္တ၊ လူတို့ ဘို့တပွဲ အသီးအသီးတို့ကို ပြင် ကြ၏။ အဲဂုတ္တ၊ လူတို့သည် ဟေဗြဲ လူတို့နှင့်အတူ မ စား ရ၊ ထို အမှုကို အဲဂုတ္တ၊ လူတို့သည် ရှုံ့ တတ်ကြ၏။ ၃၃ ညီအစ်ကိုတို့သည် အကြီး မှစ၍ အငယ် တိုင်အောင်အရွယ် အလိုက် ယောသပ် ရှေ့ မှာ ထိုင် နေကြ၏။ သူတို့သည် အချင်းချင်း ကြည့်ရှု၍ အံ့သြ ခြင်းရှိကြ၏။ ၃၄ ယောသပ်သည်လည်း သူ တို့စားရန်အတို့ အသီးအသီး တို့ကို မိမိ ထံ မှပေး လိုက်၏။ ဗင်္ာမိန် ရသောအဘို့ သည် အစ်ကို တို့ရသောအဘို့ ထက် ငါး ဆ များ သတည်း။ သူတို့သည်သောက် ၍ ပျော်မွေ့ ခြင်းသို့ ရောက်ကြ၏။

၄၄ ယောသပ်သည်လည်း ဝန်စာရေး ကို ခေါ် ၍ ထိုသူ တို့အိတ် များ၌ ရိက္ခါ ပါနိုင် သမျှ အပြည့် ထည့် လော့။ လူတိုင်း ဆိုင်သောငွေ ကို မိမိ တို့အိတ် ဝ တွင် ၎င်း၊ ၂ စပါးအဘိုးငွေ နှင့် ငါ ငွေဖလား ကို၊ အငယ်ဆုံး သောသူ ၏အိတ် ဝ တွင် ၎င်း ထည့် ထားလော့ဟု မှာ သည် အတိုင်း ဝန်စာရေးပြု လေ၏။ ၃ နံနက် မိုဃ်းလင်း သောအခါ၊ ထိုသူ တို့ကို မြည်း များနှင့်တကွ လွှတ် လိုက်လေ၏။ ၄ မြို့ ပြင်သို့ရောက် ၍ မ ဝေး သေးသောအခါ၊ ယောသပ် သည် ဝန်စာရေး ကို ခေါ် ၍၊ ထိုသူ တို့ကို မြန်မြန်လိုက် လော့။ မှီ သောအခါ သင်တို့သည် ကျေးဇူး ကို မကောင်း သောအမှုနှင့် အဘယ်ကြောင့် ဆပ် ကြသနည်း။ ၅ ငါ့ သခင် သောက် သော ဖလား မ ဟုတ်လော။ ထူးဆန်းသော ဥာဏ်ကိုဖြစ်စေတတ်သော ဖလားမဟုတ် လော။ သင်တို့ပြု သောဤအမှု သည် မ ကောင်းပါတကား ဟု ပြောဆိုလော့ဟု မှာသည်အတိုင်း၊ ၆ ဝန်စာရေးလိုက်၍ မှီ သောအခါ ပြော ဆိုလေ၏။ သူ တို့က လည်း ဤ စကား ကို သခင် သည် အဘယ်ကြောင့် ပြော ပါသနည်း။ ၇ ကိုယ်တော် ကျွန် တို့နှင့် ထို သို့သော အမှု ဝေး ပါ စေသတည်း။ ၈ ယမန်ကအိတ် ဝ တွင် တွေ့ သောငွေ ကို၊ ခါနာန် ပြည် မှ ကိုယ်တော် ထံ သို့တဖန်ဆောင် ခဲ့ပါပြီ။ သို့ ဖြစ်လျှင်ကိုယ်တော် ၏သခင် အိမ် ၌ ရွှေ ငွေ ကို အဘယ်ကြောင့် ခိုး ရပါအံ့နည်း။ ၉ ကိုယ်တော် ၏ကျွန် တို့တွင် မည် သူ၌ တွေ့ လျှင်၊ ထိုသူကိုသေ စေ။ ကျွန်တော် တို့သည်လည်း သခင် ၏ကျွန် ခံ ကြပါမည်ဟု ဆိုကြ၏။ ၁၀ ဝန်စာရေးကလည်း၊ သင် တို့စကား အတိုင်း ဖြစ်စေ။ သို့သော်လည်းမည် သူ၌ တွေ့ လျှင်၊ ထိုသူ သည် ငါ့ ကျွန် ဖြစ်စေ။ သင် တို့မူကား အပြစ် လွှတ်ကြ စေဟု ဆိုသော်၊ ၁၁ ထိုသူအပေါင်းတို့သည် အသီးအသီး မိမိ တို့အိတ် များကို မြေ ၌ ချ ၍ ဖွင့် ကြ၏။ ၁၂ ဝန်စာရေးသည်လည်း၊ အကြီး မှ စ ၍ အငယ် တိုင်အောင် ရှာ သဖြင့် ဗင်္ယာမိန် အိတ် ၌ ဖလား ကိုတွေ့ ၏။ ၁၃ ထိုအခါ သူတို့သည် မိမိ အဝတ် ကိုဆုတ် ၍ လူ တိုင်းမိမိ မြည်း ပေါ် မှာ ဝန် ကို တင်ပြန်သဖြင့် မြို့ သို့ ပြန် သွားကြ၏။ ၁၄ ယုဒ နှင့် ညီအစ်ကို တို့သည် ယောသပ် အိမ် သို့ ရောက် ၍၊ သူ သည်အိမ် ၌ရှိ သေးသဖြင့်၊ သူ့ ရှေ့ မှာ ပြပ်ဝပ် လျက် နေကြ၏။ ၁၅ ယောသပ် ကလည်း၊ သင်တို့သည် အဘယ်သို့ ပြု ပြီးသနည်း။ ငါ ကဲ့သို့ သောယောကျ်ား သည် ထူးဆန်း သောဥာဏ်ရှိကြောင်း ကို သင်တို့မ သိ ကြသလောဟု ဆို ၏။ ၁၆ ယုဒ ကလည်း၊ ကျွန်တော် တို့သည် သခင် အား အဘယ် စကားဖြင့် လျှောက် ရပါအံ့နည်း။ အဘယ်သို့ ပြော ရပါအံ့နည်း။ ဤအမှုနှင့် အဘယ်သို့ လွတ် နိုင်ပါအံ့နည်း။ ကိုယ်တော် ကျွန် တို့၏အပြစ် ကို ဘုရားသခင် စစ်၍ တွေ့ တော်မူပြီ။ အကြင်သူ ၌ ဖလား တော်ကိုတွေ့ ၏။ ထို သူမှစ၍ ကျွန်တော် တို့ ရှိသမျှသည် သခင် ၏ ကျွန် ဖြစ်ကြပါ၏ဟု လျှောက် လေသော်၊ ၁၇ ထိုသို့ငါမပြုရ။ အကြင်သူ ၏လက် ၌ ငါ့ဖလား ကို တွေ့ ၏။ ထိုသူ သည် ငါ့ ကျွန် ဖြစ်စေ။ သင် တို့မူကား အဘ ထံ သို့ငြိမ်ဝပ် စွာသွား ကြလောဟု စီရင် လေ၏။ ၁၈ ထိုအခါ ယုဒ သည်ချဉ်းကပ်လျက်၊ သခင် ဘုရား၊ ကိုယ်တော် ကျွန် သည် စကား တခွန်းဖြင့် နား တော်လျှောက် ရသောအခွင့်ကိုပေး တော်မူပါ။ ကိုယ်တော် ကျွန် ၌ အမျက် ထွက် တော်မ မူပါနှင့်။ ကိုယ်တော် သည် ဖါရော ဘုရင်ကဲ့သို့ ဖြစ် တော်မူ၏။ ၁၉ သခင် က၊ သင် တို့သည် အဘ ရှိသလော။ ညီ ရှိ သလောဟု ကျွန်တော် တို့အား မေး တော်မူလျှင်၊ ၂၀ ကျွန်တော်တို့က၊ ကျွန်တော် တို့အဘ အသက် ကြီး သောသူရှိပါ၏။ အဘအသက် ကြီးစဉ်အခါ ရသောသား ငယ် တယောက်ရှိ ပါ၏။ သူ

၏အစ်ကို သေ ပါပြီ။ သူ့ အမိ ဘွားသောသားတို့တွင် သူတယောက်တည်း ကျန်ရစ် ပါ၏။ ထိုကြောင့်သူ ၏အဘ သည် သူ့ ကို ချစ် ပါ၏ဟု သခင် အား ပြန်လျှောက် လေသော်၊ ၂၁ ကိုယ်တော်က၊ ထိုသူ ကို ငါ ကြည့်ရှု ရ အောင် ငါ့ ထံ သို့ခေါ် ခဲ့ကြဟု ကိုယ်တော် ကျွန် တို့အား မိန့် တော်မူ ၏။ ၂၂ ကျွန်တော် တို့က ထိုသူငယ် ကို အဘ နှင့်မ ခွါ နိုင် ပါ။ အဘ နှင့်ခွါ လျှင် အဘသေ ပါလိမ့်မည်ဟု သခင် အား လျှောက် လေသော်လည်း၊ ၂၃ ကိုယ်တော်က၊ သင် တို့ ညီ မ ပါ လျှင် သင်တို့သည် ငါ့ မျက်နှာ ကိုနောက် တဖန်မ မြင် ရဟု ကိုယ်တော် ကျွန် တို့ အား မိန့် တော်မူ၏။ ၂၄ ထိုနောက် ကျွန်တော်တို့သည် ကိုယ်တော် ကျွန် တည်းဟူသောကျွန်တော် တို့ အဘ ထံ သို့ ပြန်၍ ရောက် သောအခါ၊ သခင် စကား တော်ကို အဘ အား ပြန် ကြားပါ၏။ ၂၅ ကျွန်တော် တို့အဘ ကလည်း၊ တဖန်သွား၍ ငါ တို့ စားစရာ အနည်းငယ် ကို ဝယ် ကြပါဟုဆို သောအခါ၊ ၂၆ ကျွန်တော်တို့က၊ အကျွန်ုပ်တို့သည် မ သွား နိုင် ပါ။ ညီ ပါ လျှင် သွား နိုင်ပါ၏။ ညီ မ ပါ လျှင် ထိုသူ ၏ မျက်နှာ ကိုမ မြင် ရ ပါဟု ပြန်ပြော ပါ၏။ ၂၇ ကိုယ်တော် ကျွန် ၊ ကျွန်တော် အဘ ကလည်း ၊ သင် တို့သိ သည့်အတိုင်း ငါ့ မယား သည် ငါ့ အား သား နှစ် ယောက်ကို ဘွား၏။ ၂၈ တ ယောက်ကား ငါ့ ထံ မှ ထွက်သွား ၏။ အကယ် စင်စစ်သူသည် အပိုင်းအပိုင်း ကိုက် ဖြတ်ခြင်းကိုခံရပါပြီ တကားဟု ငါဆို ရ၏။ ထိုကာလမှစ၍သူ့ ကိုငါမ မြင် ရ။ ၂၉ ဤ သူကိုလည်း ငါ့ ထံ မှယူ သွား၍ သူ ၌ဘေး ရောက် လျှင် ၊ သင်တို့သည် ငါ့ ဆံပင် ဖြူကို ဝမ်းနည်း ခြင်း နှင့်တကွ မရဏာ နိုင်ငံသို့ သက်ရောက် စေကြလိမ့်မည်ဟု ကျွန်တော် တို့အား ဆို ပါ၏။ **(Sheol h7585)** ၃၀ သို့ ဖြစ်၍ ကျွန်တော်သည် ကိုယ်တော် ကျွန် ၊ ကျွန်တော် အဘ ထံ သို့ရောက် သောအခါ၊ သူငယ် မ ပါ လျှင် အဘ ၏အသက် သည် သူငယ် ၏အသက် ၌ မှီ လျက်ရှိသောကြောင့်၊ ၃၁ သူငယ် မ ရှိသည်ကို မြင် သောအခါ အဘသေ ပါလိမ့်မည်။ ကိုယ်တော် ကျွန် တို့သည်၊ ကိုယ်တော် ကျွန် တည်းဟူသောကျွန်တော် တို့အဘ ဆံပင် ဖြူကို ဝမ်းနည်း ခြင်းနှင့်တကွ မရဏာ နိုင်ငံသို့ သက်ရောက် စေကြပါ လိမ့်မည်။ **(Sheol h7585)** ၃၂ ကိုယ်တော် ကျွန် က၊ အကျွန်ုပ် သည် တဖန် သူငယ် ကို အဘ ထံ သို့ ပြန်၍မ ဆောင် ခဲ့လျှင် ၊ အစဉ်မပြတ် အဘ ရှေ့ မှာ အပြစ် ကိုခံပါစေဟုဆို သဖြင့် ၊ အဘ ထံ မှာ သူငယ် ၏အာမခံ ဖြစ်ပါ၏။ ၃၃ သို့ ဖြစ်၍ ကိုယ်တော် ကျွန် သည် သူငယ် အတွက် နေရစ် ၍ သခင် ထံ ကျွန် ခံရသောအခွင့်၊ သူငယ် ကိုကား အစ်ကို တို့နှင့်အတူ သွား ရသောအခွင့်ကိုပေး တော်မူပါ။ ၃၄ သူငယ် သည် ကျွန်တော် တို့ ၌ မ ပါလျှင်၊ ကျွန်တော် အဘ ထံ သို့ အဘယ်သို့ ကျွန်တော်သွား နိုင်ပါမည်နည်း။ သို့ပြုလျှင် ကျွန်တော် အဘ ၌ ရောက် လတံ့သော ဘေးဥပဒ် ကို ကျွန်တော်မြင် ရပါလိမ့်မည်တကားဟု လျှောက် လေ၏။

၄၅ ထိုအခါ ယောသပ် သည် မိမိ ထံ ၌ရှိ သောသူအပေါင်း တို့ရှေ့ တွင်၊ ကျွန်ုပ်ကို မ ချုပ်တည်း နိုင် သောကြောင့် ၊ လူ အပေါင်း တို့ငါ့ ထံ မှ ထွက် သွားကြဟု ဟစ် ၍ မိမိဇာတိ အဖြစ်ကို အစ်ကို တို့အား ပြသောအခါ ၊ အခြား သော သူတယောက်မျှ မ ရှိရ။ ၂ သူ သည်လည်း ကျယ် သောအသံ နှင့် ငိုကြွေး ၏။ အဲဂုတ္တု လူတို့သည် နန်းတော် တိုင်အောင်ကြား ကြ၏။ ၃ အစ်ကို တို့အား လည်း ၊ ကျွန်ုပ် ယောသပ် ဖြစ်၏။ ကျွန်ုပ် အဘ သည် အသက် ရှင်သေး သလောဟုဆို ၏။ အစ်ကို တို့သည် စကားတုံ့ ပြန်၍ မ ပြော နိုင် အောင် သူ့ ရှေ့ မှာ မိန်းမော တွေဝေလျက် နေကြ၏။ ၄

ယောသပ် ကလည်း ၊ ကျွန်ုပ် အနီးအပါးသို့ လာ ကြ ပါလော့ဟု အစ်ကိုတို့အားဆိုလျှင်၊ သူတို့သည် အနီးအပါး သို့ ချဉ်း လာကြ၏။ သူ ကလည်း ကျွန်ုပ် သည် အဲဂုတ္တု ပြည် သို့ ရောင်း လိုက်သော သင် တို့ ညီ ဖြစ်ပါ၏။ ၅ သို့ရာတွင် သင် တို့သည် ကျွန်ုပ် ကို ဤ အရပ်သို့ ရောင်း လိုက်မိသောကြောင့် စိတ် မ ညှိုးငယ်ကြနှင့်။ ကိုယ်ကိုအမျက် မ ထွက်ကြနှင့်။ အကြောင်း မူကား၊ ဘုရားသခင် သည် လူတို့အသက် ကို စောင့်မစေခြင်းငှါ သင် တို့ရှေ့ မှာ ကျွန်ုပ် ကိုစေလွှတ် တော်မူပြီ။ ၆ မြေ ပေါ် မှာ နှစ် နှစ်အစာခေါင်းပါး ခဲ့ပြီ။ လယ်လုပ် ခြင်း၊ စပါး ရိတ်ခြင်းကို မ ပြုရသောနှစ် ငါး နှစ် ရှိ သေး၏။ ၇ ဘုရားသခင် သည် သင် တို့ကို မြေကြီး ပေါ် မှာ ကျန်ကြွင်း စေခြင်းငှါ၎င်း၊ ကြီး စွာသော ကယ်တင် ခြင်း အားဖြင့် သင် တို့အသက် ကို ချမ်းသာစေခြင်းငှါ၎င်း၊ သင် တို့ရှေ့ မှာ ကျွန်ုပ် ကို စေလွှတ် တော်မူပြီ။ ၈ သို့ ဖြစ်၍ သင် တို့သည် ကျွန်ုပ် ကိုဤ အရပ်သို့ စေလွှတ် သည်မ ဟုတ်၊ ဘုရားသခင် စေလွှတ်တော်မူသတည်း။ ကျွန်ုပ် ကို ဖါရော ဘုရင်၏ အဘ အရာ၌ ၎င်း၊ နန်းတော် အုပ် အရာ၌ ၎င်း၊ အဲဂုတ္တု ပြည် လုံး ကို အုပ်စိုး သောသခင် အရာ၌ဌင်း ခန့် ထားတော်မူပြီ။ ၉ အလျင်အမြန် ထ၍ အဘ ထံ သို့ သွား ကြလော့။ အဘ အား လည်း ၊ သား ယောသပ် က၊ ဘုရားသခင် သည် ကျွန်ုပ် ကို အဲဂုတ္တု ပြည်လုံး သခင် ဖြစ် စေတော်မူပြီ။ ကျွန်ုပ် ထံ သို့လာ ပါ၊ မ ဆိုင်း ပါနှင့်။ ၁၀ အဘသည် ဂေရှင် အရပ် ၌ နေ ရမည်။ ကျွန်ုပ် အနား မှာ ရှိ ရမည်။ အဘ မှစ၍ သား မြေး ၊ သိုး ၊ နွား နှင့်တကွ ရှိသမျှ ပါရမည်။ ၁၁ ထို အရပ်၌ ကျွန်ုပ်ကျွေးမွေး ပါမည်။ သို့မဟုတ်အဘ မှစ၍ အိမ်သူ အိမ်သားနှင့်တကွ ရှိသမျှ တို့ သည် ဆင်းရဲခြင်း သို့ ရောက်ကြလိမ့်မည်။ အစာ ခေါင်းပါး သောနှစ် ငါး နှစ်ရှိ သေးသည်ဟု ပြောကြလော့။ ၁၂ ကျွန်ုပ် သည် ကိုယ်တိုင်သင် တို့နှင့် နူတ်ဆက် သည်ကို ၊ သင် တို့မျက်စိ ၊ ကျွန်ုပ် ညီ ဗင်္ယာမိန် မျက်စိ အမြင် သားဖြစ်၏။ ၁၃ အဲဂုတ္တု ပြည်၌ ကျွန်ုပ် ရသောဘုန်း စည်းစိမ်းမှစ၍ သင်မြင် သမျှ တို့ကို အဘ အား ပြော ရမည်။ အလျင်အမြန် ပြု၍ အဘ ကို ဤ ပြည်သို့ ဆောင် ခဲ့ရမည်ဟု ဆိုပြီးလျှင်၊ ၁၄ ညီ ဗင်္ယာမိန် လည်ပင်း ကို ဘက် ၍ ငို လေ၏။ ဗင်္ယာမိန် သည်လည်း သူ ၏လည်ပင်း ၌ ငို လေ၏။ ၁၅ တဖန် အစ်ကို ရှိသမျှ တို့ကို နမ်း ၍ သူ တို့နှင့် ငို သော နောက် အချင်းချင်း နူတ်ဆက် ကြ၏။ ၁၆ ယောသပ် အစ်ကို တို့သည် ရောက် လာကြပြီဟု နန်းတော် ၌ သိတင်း ကြား ၍ ၊ ဖာရော ဘုရင် အစ ရှိသော ကျွန်တော်မျိုးတို့သည် နှစ်သက် ကြ၏။ ၁၇ ဖါရော ဘုရင်သည်လည်း ယောသပ် ကိုခေါ် ၍၊ သင် ၏အစ်ကို တို့အား အဘယ်သို့ပြော ရမည်နည်းဟူမူကား၊ သင်တို့သည် ဤသို့ ပြု ကြလော့။ မြည်း တို့ကို ဝန် တင်၍ ခါနာန် ပြည် သို့ ပြန် သွား သဖြင့်၊ ၁၈ သင် တို့အဘ နှင့် အိမ်သူ အိမ်သားတို့ကိုယူ ၍ ကျွန်ုပ် ထံ သို့လာ ကြလော့။ အဲဂုတ္တု ပြည် ၏စည်းစိမ်း ကို ငါပေး ၍ ၊ သင် တို့သည် မြေဩ ကိုသာ စား ရကြ လိမ့်မည်။ ၁၉ အမိန့် တော်ရှိသည်ဖြစ်၍ ဤသို့ ပြု ကြလော့။ သင် တို့မိန်းမ များ၊ သူငယ် များတို့ ၊ အဲဂုတ္တု ပြည် ထဲ က လှည်း တို့ကို ယူ ပြီးလျှင် အဘ ကိုဆောင် ၍ လာ ခဲ့ကြလော့။ ၂၀ သင် တို့ ဥစ္စာများကို မ နှမြော ကြနှင့်။ အဲဂုတ္တု ပြည် ၏ စည်းစိမ် ရှိသမျှ သည် သင် တို့ ဥစ္စာ ဖြစ်၏ဟု အမိန့် တော်ရှိသည်အတိုင်း၊ ၂၁ ဣသရေလ ၏ သား တို့သည်ပြု ၍ ၊ ယောသပ် သည် လှည်း တို့ကိုငင်း၊ လမ်း ခရီး၌ စားစရိတ် များကိုငင်း ပေး ၏။ ၂၂ အစ်ကို ရှိသမျှ တို့အား လည်း အဝတ် လဲ စရာတို့ ပေး ၏။ ဗင်္ယာမိန်

အား လည်း ၊ ငွေ အကျပ်သုံး ရာ နှင့် အဝတ် လဲစရာဘို့ အဝတ် ငါး စုံ ကို ထပ်၍ပေး ၏။ ၂၃ အဘ အား လည်း အဲဂုတ္တု ပြည်၏ ကောင်း သောအရာတို့ကို ဆောင် သော မြည်း တဆယ် ၊ လမ်း ခရီး၌ အဘ စားစရာ ဘို့ စပါး ၊ မုန့် ၊ ခဲဘွယ်စားဘွယ်များကို ဆောင် သောမြည်း တဆယ် ကိုပေး လိုက်၏။ ၂၄ သင်တို့သည် လမ်း ၌ ရန် မ တွေ့ကြနှင့်ဟု မှာ ထားလျက် အစ်ကို တို့ကို လွှတ် လိုက်၍ သူတို့သည် သွား ကြ၏။ ၂၅ ထိုသို့ အဲဂုတ္တု ပြည်မှ ထွက်သွား ၍ ၊ ခါနာန် ပြည် အဘ ယာကုပ် ထံ သို့ရောက် ကြလျှင်၊ ၂၆ ယောသပ် သည် အသက် ရှင်သေး ၏။ အဲဂုတ္တု ပြည် လုံး ကို အုပ်စိုး ရ၏ဟု ကြား ပြောကြသည်ရှိသော် ၊ ယာကုပ် သည် စိတ် နှလုံးလျော့ ၏။ သူ တို့စကားကို မ ယုံ နိုင်။ ၂၇ သူ တို့သည်လည်း ယောသပ် ပြော သမျှ သော စကား တို့ကို ပြန် ပြောကြ၏။ အဘ ယာကုပ် သည် မိမိ စီး စရာဘို့ ယောသပ် ပေး လိုက်သော လှည်း တို့ကို မြင် သောအခါ စိတ် နှလုံးအားဖြည့် ပြန်၏။ ၂၈ ဣသရေလ ကလည်း ၊ တန် တော့။ ငါ့ သား ယောသပ် အသက် ရှင်သေး ၏။ ငါမ သေ မှီ သူ့ ကိုသွား ၍ ကြည့် မည်ဟုဆို ၏။

၄၆ ထိုအခါ ဣသရေလ သည် မိမိ ဥစ္စာရှိသမျှ နှင့်တကွ ခရီး သွား၍ ဗေရရှေဘ အရပ်သို့ ရောက် လျှင် ၊ မိမိ

အဘ ဣဇာက် ၏ ဘုရား သခင်အား ယဇ် ပူဇော် ခြင်းကို ပြုလေ၏။ ၂ ည၌ အခါ ဗျာဒိတ် တော်အားဖြင့် ဘုရား သခင်က၊ ယာကုပ် ၊ ယာကုပ် ဟုခေါ် တော်မူလျှင် ၊ ယာကုပ်က အကျွန်ုပ် ရှိ ပါသည်ဟု လျှောက် လေ၏။ ၃ ထာဝရဘုရားကလည်း၊ ငါ သည် ဘုရား သခင်ဖြစ်၏။ သင့် အဘ ၏ ဘုရား သခင်ဖြစ်၏။ အဲဂုတ္တု ပြည်သို့ သွား ရမည်အခွင့်ကို မ စိုးရိမ် နှင့်။ ငါသည် ထို ပြည်၌ သင့် ကို လူမျိုး ကြီး ဖြစ် စေမည်။ ၄ အဲဂုတ္တု ပြည်သို့ သင် နှင့်အတူ ငါ သွား မည်။ တဖန် ငါ ဆောင် ခဲ့ဦးမည်။ ယောသပ် သည် မိမိ လက် ကို သင် ၏မျက်စိ ပေါ် မှာ တင် ရလိမ့်မည်ဟု မိန့် တော်မူ၏။ ၅ တဖန် ယာကုပ် သည် ဗေရရှေဘ အရပ်မှ ထွက် ၍ ၊ သူ စီး စရာဘို့ ဖါရော မင်းပေး လိုက်သော လှည်း တို့ ဖြင့် ဣသရေလ ၏သား တို့သည် အဘ မှစ၍ မိန်းမ များနှင့် သူငယ် များတို့ကို ဆောင် လျက်၊ ၆ ခါနာန် ပြည် ၌ ရ သောတိရစ္ဆာန် များနှင့် ဥစ္စာ များကို လည်း ယူ ၍ အဲဂုတ္တု ပြည်သို့ သွား ကြ၏။ ၇ ယာကုပ် သည် ကိုယ်တိုင်မှစ၍သားသမီးမြေးတည်းဟူသောအမျိုးအနွယ် အပေါင်း တို့ကို အဲဂုတ္တု ပြည် သို့ ဆောင် သွားလေ၏။ ၈ အဲဂုတ္တု ပြည်သို့ ရောက် သော ဣသရေလ သား တို့၏အမည် ကား ၊ ယာကုပ် နှင့် သူ ၏သား များ။ သား ဦးရုဗင်။ ၉ ရုဗင် သား။ ဟာနုတ် ၊ ဖါလု ၊ ဟေဇရုံ ၊ ကာမိ။ ၁၀ ရှိမောင် သား။ ယေမွေလ ၊ ယာမိန် ၊ ဩဟဒ် ၊ ယာခိန် ၊ ဇောဟာ ၊ ခါနာန် အမျိုး မိန်းမ၏သား ရှောလ။ ၁၁ လေဝိ သား။ ဂေရရှုံ ၊ ကောဟတ် ၊ မေရာရိ။ ၁၂ ယုဒ သား။ ဧရ ၊ ဩနန် ၊ ရှေလ ၊ ဖါရက် ၊ ဇာရ။ ထိုသူ တို့တွင် ဧရ နှင့် ဩနန် သည် ခါနာန် ပြည် ၌ သေ သတည်း။ ဖါရက် သား ၊ ဟေဇရုံ နှင့် ဟာမုလ။ ၁၃ ဣသခါ သား။ တောလ ၊ ဖုဝါ ၊ ယောဘ ၊ ရှိမရုန်။ ၁၄ ဇာဗုလုန် သား။ သရက် ၊ ဧလုန် ၊ ယာလေလ။ ၁၅ ဤသူတို့ကား၊ ယာကုပ် မယားလေအာ သည် ပါဒနာရံ အရပ်၌ ဘွား သော သား တည်း။ သမီး ဒိန နှင့်တကွ ၊ သား သမီး ပေါင်း သုံးဆယ် သုံး။ ၁၆ ဂဒ် သား။ ဇိဖျုန် ၊ ဟဂ်ဂိ ၊ ရှုနိ ၊ ဧဇဗုန် ၊ ဧရီ ၊ အရောဒိ ၊ အရေလိ။ ၁၇ အာရှာ သား။ ယိမန။ ဣရှွာ ၊ ဣရှွိ ၊ ဗေရိယ ၊ နှမ စေရ တည်း။ ဗေရိယ သား ၊ ဟေဗာ နှင့် မာလချေလ။ ၁၈ ဤ သူတို့ကား၊ လာဗန် သည် သမီး

လေအာ အား ၊ လက်ဖွဲ့ သော ယာကုပ် မယား ဇိလပ ဘွား သော သား တည်း။ ပေါင်းတဆယ် ခြောက်။ ၁၉ ယာကုပ် မယား ရာခေလ သား။ ယောသပ် နှင့် ဗင်္ယာမိန်။ ၂၀ အဲဂုတ္တု ပြည် ၌ ဩန မြို့၏ ယဇ် ပုရောဟိတ်ပေါတိဖေရ သမီး အာသနတ် တွင် ယောသပ် နှင့် ရ သောသား၊ မနာရှေ နှင့် ဧဖရိမ်။ ၂၁ ဗင်္ယာမိန် သား။ ဗေလ ၊ ဗေခါ ၊ အာရှဗေလ ၊ ဂေရ ၊ နေမန် ၊ ဧဟိ ၊ ရောရှ ၊ မုပိမ် ၊ ဟုပိမ် ၊ အာရဒ။ ၂၂ ဤသူတို့ကား၊ ယာကုပ် မယား ရာခေလ ဘွား သောသား တည်း။ ပေါင်း တဆယ် လေး။ ၂၃ ဒန် သား။ ဟုရှိမ်။ ၂၄ နဿလိ သား။ ယာဇေလ ၊ ဂုနိ ၊ ယေဇာ ၊ ရှိလင်။ ၂၅ ဤသူတို့ကား၊ လာဗန် သည် သမီး ရာခေလ အား လက်ဖွဲ့ သော ယာကုပ် မယား ဗိလဟာ ဘွား သော သား တည်း။ ပေါင်း ခုနစ် ၂၆ ယာကုပ် ချွေးမ များကို မ ဆိုဘဲ၊ ယာကုပ် မှ ဆင်း သက်၍၊ သူနှင့်အတူအဲဂုတ္တု ပြည်သို့ သွား သော လူ ပေါင်း ကား၊ ခြောက်ဆယ် ခြောက် ယောက်တည်း။ ၂၇ အဲဂုတ္တု ပြည်၌ ယောသပ် ရ နှင့်သော သား နှစ် ယောက်ရှိ၏။ သို့ ဖြစ်၍အဲဂုတ္တု ပြည်သို့ ရောက် သော ယာကုပ် ၏အမျိုးသား အပေါင်း ကား ခုနစ် ဆယ်တည်း။ ၂၈ ယောသပ် ထံ သို့ဂေါရှင် ပြည်ကို သွားစေခြင်းငှါ ယုဒ ကို အရင်စေလွှတ် ပြီးမှ ဂေါရှင် ပြည် သို့ ရောက် ကြ၏။ ၂၉ ယောသပ် သည် ရထား ကိုပြင် ၍ အဘ ဣသရေလ ကို ခရီးဦးကြိုပြု ခြင်းငှါ ဂေါရှင် ပြည်သို့ သွား ၍ အဘ ရှေ့သို့ရောက် သော် ၊ အဘ ၏လည်ပင်း ကို ဘက် လျက် ကြာကြာ ငို လေ၏။ ၃၀ ဣသရေလ ကလည်း ၊ ယခု ငါသေ ပါစေသော။ သင် ၏မျက်နှာ ကို ငါ မြင် ရပြီ။ သင် သည် အသက် ရှင်သေး ၏ဟု ယောသပ် အား ဆို လေ၏။ ၃၁ ယောသပ် ကလည်း၊ ဖါရော မင်းထံ သို့ကျွန်ုပ် သွား ဦးမည်။ ခါနာန် ပြည် ၌ နေသော ကျွန်တော် အစ်ကို များ၊ ကျွန်တော် အဘ ၏ အိမ်သား များတို့သည် ကျွန်တော် ထံ သို့ရောက် ကြပါပြီ။ ၃၂ ထိုသူ တို့သည် သိုး ထိန်း ဖြစ်ပါ၏။ သိုး နွားတို့ကို မွေး သောသူဖြစ် ပါ၏။ သူတို့သိုး နွား မှစ၍ ရှိသမျှ တို့ကို ဆောင် ခဲ့ကြပါပြီဟု လျှောက် မည်။ ၃၃ နောက် တခါ သင် တို့ကို ဖါရော မင်းခေါ် ၍ သင် တို့သည် အဘယ်သို့ လုပ်ဆောင် တတ်သနည်းဟုမေး တော်မူလျှင်၊ ၃၄ ကိုယ်တော် ကျွန် တော်တို့သည် ဘိုးဘေး နှင့်တကွ ၊ ငယ် သော အရွယ်မှစ၍ ယခု တိုင်အောင် သိုး နွားတို့ကို မွေး သောသူဖြစ် ကြပါ၏ဟု လျှောက် ရမည်။ သို့ ဖြစ်၍ ဂေါရှင် ပြည် မှာ နေ သောအခွင့်ကို ရကြလိမ့်မည်။ သိုး ထိန်း ဖြစ်သောသူကို အဲဂုတ္တု လူတို့သည် ရွံရှာ တတ်ကြ၏ ဟု အစ်ကို များ အဘ ၏အိမ်သား များတို့ကို ပြော ဆို၏။

၄၇ ထိုစကားအတိုင်း ယောသပ် သည် ဖါရော မင်းထံ သို့သွား ၍ ၊ ကျွန်တော် အဘ နှင့် အစ်ကို တို့သည် သိုး နွား၊ ဥစ္စာရှိသမျှ ကို ဆောင်လျက် ခါနာန် ပြည် ကရောက် လာ၍ ၊ ဂေါရှင် ပြည် ၌ ရှိကြပါသည်ဟု လျှောက် သဖြင့်၊ ၂ အစ်ကို စု ထဲက ရွေး ၍ ငါး ယောက်တို့ကို အထံ တော်သို့သွင်း လေ၏။ ၃ ဖာရော မင်းကလည်း ၊ သင် တို့သည် အဘယ်သို့ လုပ်ဆောင် လေ့ရှိကြသနည်းဟုမေး လျှင်၊ သူတို့က၊ ကိုယ်တော် ကျွန် တို့သည် ဘိုးဘေး နှင့်တကွ သိုး ထိန်း ဖြစ်ကြပါ၏ဟူ၍ဆင်း၊ ၄ ခါနာန် ပြည် ၌ အလွန် အစာခေါင်းပါး ၍ သိုး နွား ကျက်စား ရာမ ရှိသောကြောင့် ၊ ကိုယ်တော် ကျွန် တို့သည် ပြည် တော်၌ တည်းခို ခြင်းငှါ လာ ကြပါ၏။ သို့ ဖြစ်၍ ကိုယ်တော် ကျွန် တို့သည် ဂေါရှင် ပြည် ၌ နေ ရမည် အကြောင်းအခွင့်ပေးတော်မူပါဟူ၍ဆင်း လျှောက် ကြ၏။ ၅ ဖါရော မင်းကလည်း ၊ သင် ၏အဘ နှင့် အစ်ကို တို့

သည် သင့် ထံ သို့ရောက် လာကြသည်ဖြစ်၍၊ ၆ အဲဂုတ္တု ပြည် သည် သင့် ရှေ့မှာ ရှိ၏။ သင် ၏ အဘ နှင့် သင် ၏အစ်ကို တို့ကို အကောင်း ဆုံးသော အရပ် ဂေါရှင် ပြည် ၌ နေရာ ချလော့။ သူ တို့တွင် အစွမ်း သတ္တိ ရှိသောသူ အချို့တို့ကို တွေ့ လျှင် ငါ ၏သိုး နွားအုပ်အရာ ၌ ခန့်ထား လော့ဟု ယောသပ်အား မိန့်တော်မူ၏။ ၇ ယောသပ် သည် အဘ ယာကုပ် ကို သွင်း ၍ ဖါရော မင်းရှေ့ မှာထား သဖြင့် ၊ ယာကုပ် သည် ဖါရော မင်း ကို ကောင်းကြီး ပေး၏။ ၈ ဖါရော မင်းက၊ သင် သည် အသက် အဘယ် မျှလောက် ရှိပြီနည်းဟု ယာကုပ် အား မေး လျှင်၊ ၉ ကျွန်တော် သည် နှစ်သည် အာဂန္တုဖြစ်၍ လွန် သော အသက် သည် အနှစ်တရာ သုံး ဆယ်ရှိ ပါပြီ။ ကျွန်တော် အသက် ရှင် သော နှစ် ပေါင်းနည်း ၍ ဆိုး ပါ၏။ နှစ်သည် အာဂန္တုဖြစ်သော ဘိုးဘေး တို့၏ အသက် တန်း ကို မ မှီ ပါဟု လျှောက် ဆိုပြီးလျှင်၊ ၁၀ ဖါရော မင်းကို ကောင်းကြီး ပေး၍ အထံ တော်က ထွက်သွား လေ၏။ ၁၁ ဖါရော မင်းအမိန့် တော်ရှိသည့်အတိုင်း ၊ ယောသပ် သည် အဘ နှင့် အစ်ကို တို့ကို နေရာ ချ၍ အဲဂုတ္တု ပြည် ၌ အကောင်း ဆုံးသောအရပ် ရာမသက် မြေ ကို အပိုင် ပေး ၏။ ၁၂ အဘ နှင့် အစ်ကို များ၊ အဘ ၏အိမ်သား ရှိသမျှ တို့ ကို အနည်း အများအလိုက် ကျွေးမွေး ၏။ ၁၃ အလွန် အစာခေါင်းပါး ၍ တပြည် လုံး စားစရာ မ ရှိသောကြောင့် ၊ အဲဂုတ္တု ပြည် နှင့် ခါနာန် ပြည် သည် အားလျော့ လေ၏။ ၁၄ ပြည်သားဝယ် သော စပါး အဘိုး ၊ အဲဂုတ္တု ပြည် ၊ ခါနာန် ပြည် ၌ တွေ့ သမျှ သောငွေ ကိုယောသပ် စုသိမ်း ၍ နန်းတော် သို့ သွင်း ထားလေ၏။ ၁၅ အဲဂုတ္တု ပြည် ၊ ခါနာန် ပြည် ၌ ငွေ ကုန် သောအခါ ၊ အဲဂုတ္တု လူအပေါင်း တို့သည် ယောသပ် ထံ သို့လာ ၍ စားစရာ ဘို့ ပေး သနားတော်မူပါ။ ကျွန်တော်တို့သည် ငွေ ကုန် သော်လည်း ရှေ့ တော်၌ အဘယ်ကြောင့် သေ ရပါအံ့နည်းဟု လျှောက်ကြသော်၊ ၁၆ ယောသပ် က၊ ငွေ ကုန် လျှင် တိရစ္ဆာန် များကိုပေး ကြ။ တိရစ္ဆာန် အတွက် စပါးကိုပေး မည်ဟုဆို သည် အတိုင်း၊ ၁၇ သူတို့သည် တိရစ္ဆာန် တို့ကိုယူ ခဲ့၍ ၊ ယောသပ် သည် မြင်း ၊ သိုး ၊ နွား ၊ မြည်း တို့အတွက် စပါးကိုပေး သဖြင့် ထို နှစ် တွင် တိရစ္ဆာန် ရှိသမျှ တို့အတွက် ပြည်သား များကို ကျွေးမွေး ၏။ ၁၈ ထို နှစ် ကုန် ပြီးမှ ဒုတိယ နှစ် တွင် လာ ကြလျှင် ၊ ကျွန်တော်တို့ ငွေ ကုန် ကြောင်း ကို သခင် ရှေ့မှာ မ ထိမ်ဝှက် ပါ။ ကျွန်တော်တို့ တိရစ္ဆာန် များကိုလည်း သခင် ရပါပြီ။ သခင် ရှေ့မှာ ကျွန်တော် တို့ကိုယ် နှင့် မြေ မှတပါး အဘယ် အရာမျှ မ ကျန် ပါ။ ၁၉ ရှေ့ တော်၌ အဘယ်ကြောင့် သေ၍ ပြည် တော် ပျက် ရပါအံ့နည်း။ အစာ ကို ပေး၍ကျွန်တော် တို့နှင့် ကျွန်တော် တို့မြေ ကို ဝယ် ပါ။ ကျွန်တော် တို့သည် မြေ နှင့်တကွ ဖါရော ဘုရင်၏ ကျွန် ခံ ပါမည်။ ကျွန်တော်တို့သည် မ သေ ၊ အသက် ရှင်စေခြင်းငှါငင်း၊ ပြည် တော်သည် လူမ ဆိတ်ညံ စေခြင်းငှါငင်း၊ မျိုးစေ့ ကိုပေး ပါဟု လျှောက်ကြသော်၊ ၂၀ ယောသပ် သည် အဲဂုတ္တု မြေ ရှိသမျှ ကို ဖါရော မင်းဘို့ ဝယ် လေ၏။ အစာခေါင်းပါး ၍ အဲဂုတ္တု လူတို့သည် မတတ်နိုင်သောကြောင့်၊ အသီးအသီး ပိုင်သော မြေ အကွက်တို့ကို ရောင်း ကြသဖြင့် မြေ သည် ဘဏ္ဍာ တော် ဖြစ် လေ၏။ ၂၁ လူ တို့ကိုကား ၊ အဲဂုတ္တု ပြည် တစွန်း မှ သည် တစွန်း တိုင်အောင်မြို့ တို့သို့ ပြောင်း စေ၏။ ၂၂ ယဇ်ပုရောဟိတ် တို့ ပိုင်သောမြေ ကိုကားမ ဝယ်။ သူတို့သည် ဖါရော မင်းကျွေးမွေး သည်အတိုင်း ကျွေးမွေး သော အစာ ကိုစား ရကြ၏။ ထိုကြောင့် မိမိ တို့မြေ ကို မ ရောင်း ရကြ။ ၂၃ ယောသပ် ကလည်း ၊ သင် တို့နှင့် သင် တို့မြေ

ကို ဖါရော မင်းဘို့ ယနေ့ ငါဝယ် ပြီ။ မျိုးစေ့ ကို ယူ၍ လယ် လုပ် ကြလော့။ ၂၄ အသီး အနှံကို ရ သောအခါ ၊ ငါး ဘို့တွင်တဘို့ကို ဖါရော မင်းအား ဆက် ရကြမည်။ လေး ဘို့ကိုကား သင် တို့ယူ ၍ နောက်တဖန်မျိုးစေ့ ကို ကြဲကြလော့။ သင် တို့စား ၍ အိမ် သားများ၊ သူငယ် များတို့ကို ကျွေး ကြလော့ဟု ပြည်သား တို့အား ဆို ၏။ ၂၅ သူတို့ကလည်း၊ ကိုယ်တော်သည် ကျွန်တော် တို့ အသက်ကို ကယ် ပါပြီ။ သနားသောစိတ် နှင့် ကြည့်ရှု တော်မူ ပါ။ ကျွန်တော်တို့သည် ဖာရော ဘုရင်၏ ကျွန် ခံ ရပါမည် ဟု လျှောက် ကြ၏။ ၂၆ ထိုကြောင့်ဖါရော မင်းမ ပိုင်သော ယဇ်ပုရောဟိတ် တို့ မြေ ကိုထား၍၊ ဖါရော မင်းသည် ငါး ဘို့တွင် တဘို့ကိုပိုင်တော်မူစေဟု ယနေ့ တိုင်အောင်အဲဒုတ္တု ပြည် ၌တည်သော ဓမ္မသတ် ကို ယောသပ် စီရင် ၍ ထား သတည်း။ ၂၇ ဣသရေလ သားတို့သည်၊ အဲဒုတ္တု ပြည် ဂေါရှင် အရပ် ၌ နေ သဖြင့် ၊ ဥစ္စာ ရတတ်၍ တိုး ပွါးများပြား ကြ၏။ ၂၈ ယာကုပ် သည် အဲဒုတ္တု ပြည် ၌ ဆယ် ခုနစ် နှစ် အသက် ရှင်၍ အသက် နှစ် ပေါင်း တရာ လေးဆယ် ခုနစ် နှစ် ရှိ သတည်း။ ၂၉ ဣသရေလ သည် သေ ရသောအခါနီး နီး သော် ၊ သား ယောသပ် ကို ခေါ် ၍ ငါ့ကိုသနားလျှင် သင် ၏ လက် ကို ငါ့ ပေါင် အောက် ၌ ထားပါလော့။ ကရုဏာ သစ္စာ နှင့်အညီ ငါ ၌ ပြု ပါ။ အဲဒုတ္တု ပြည်၌ ငါ့ ကိုမ သင်္ဂြိဟ် ပါနှင့်။ ၃၀ ငါ သည်ဘိုးဘေး နှင့်အတူ အိပ် ချင်ပါ၏။ အဲဒုတ္တု ပြည်မှ ငါ့ ကို ဆောင်သွား ၍ သူ တို့သင်္ချိုင်း ၌ သင်္ဂြိဟ် ရမည်ဟုဆို၏။ ယောသပ်ကလည်း၊ အဘ ဆို သည် အတိုင်း အကျွန်ုပ်ပြု ပါမည်ဟု ဝန်ခံ လေ၏။ ၃၁ ငါ့ အား ကျိန်ဆို ခြင်းကို ပြုပါဟု ဆို ပြန်လျှင် ၊ ကျိန်ဆို ခြင်းကို ပြု၏။ ဣသရေလ သည်လည်း ခုတင် ခေါင်း ရင်းပေါ် မှာ ကိုးကွယ် လေ၏။

၄၈ နောက်တဖန်ယောသပ် သည် အဘ နာ ကြောင်းကို ကြား သဖြင့် ၊ သား နှစ် ယောက်မနာရှေ နှင့် ဧဖရိမ် ကို ယူ ၍သွား၏။ ၂ သား ယောသပ် လာ ကြောင်း ကို ယာကုပ် သည် ကြား လျှင် ၊ အားထုတ် ၍ ခုတင် ပေါ် မှာထိုင် ၏။ ၃ ထိုအခါ ယာကုပ် က၊ အနန္တ တန်ခိုးရှင်ဘုရား သခင် သည်၊ ခါနာန် ပြည် လုဇ မြို့၌ ငါ့ အား ထင်ရှား ၍ ကောင်းကြီး ပေးတော်မူလျက်၊ ၄ ငါ သည်သင့် ကို တိုး ပွါးများပြား စေမည်။ သင့် ကို များစွာ သော လူ ဖြစ်စေ မည်။ သင် ၏အမျိုးအနယ် သည် သင့် နောက်မှ ဤ ပြည် ကို အစဉ် အမြဲပိုင် စေခြင်းငှါ ငါပေး မည်ဟု မိန့် တော်မူ၏။ ၅ သင်နေသောအဲဒုတ္တု ပြည် သို့ ငါ မ ရောက် မီ၊ အဲဒုတ္တု ပြည်၌ သင်ရ နှင့်သော သား နှစ် ယောက်၊ ဧဖရိမ် နှင့် မနာရှေ တို့သည် ငါ့ သားဖြစ်ရမည်။ ရုဗင် နှင့် ရှိမောင် ကဲ့သို့ ငါ့ သားဖြစ် ရမည်။ ၆ နောက်မှ သင်ရ သောသား တို့သည် သင် ၏သား ဖြစ်၍မိမိ အမွေ ခံရာတွင် မိမိအစ်ကို တို့အမည် ဖြင့် သမုတ် ရကြမည်။ ၇ ငါ သည်ပါဒနာရံ အရပ်မှ လာ သည်ကာလ ၊ ခါနာန် ပြည် ၌ ခရီး သွား၍၊ ဧဖရတ် မြို့နှင့်နီး သောအခါ ၊ သင့်အမိရာခေလ သည် ငါ့ အနား မှာ သေ ရှာ၏။ သေ သောအရပ် ဗက်လင် အမည်ရှိသောဧဖရတ် မြို့သို့ သွား သောလမ်း ၌ သင်္ဂြိဟ် လေသည်ဟု ယောသပ်အားဆို၏။ ၈ တဖန် ဣသရေလ သည် ယောသပ် ၏သား တို့ကို ကြည့်ရှု ၍ ၊ ဤ သူတို့ကား အဘယ် သူနည်းမေး လျှင်၊ ၉ ယောသပ် က ၊ ဤ ပြည်၌ အကျွန်ုပ် အား ဘုရားသခင် ပေး သနားတော်မူသောအကျွန်ုပ် ၏ သား ဖြစ်ပါသည် ဟု အဘ အားဆိုသော် ၊ အဘက၊ ငါ့ ထံ သို့လာ ပါစေလော့။ သူ တို့ကို ငါကောင်းကြီး ပေးမည်ဟု ဆို ၏။

၁၀ ကျသရေလ သည် အသက် ကြီး၍ မျက်စိ မှုန် သဖြင့်၊ မ မြင် နိုင် သောကြောင့် ၊ သား တို့ကို အနီးသို့ ချဉ်းကပ် စေ၍ ပိုက် ဘက်နမ်းရှုပ် လေ၏။ ၁၁ ကျသရေလ ကလည်း ၊ ငါသည် သင် ၏မျက်နှာ ကို မြင် ရမည်ဟု ငါမ ထင်။ ယခုတွင်သင် ၏သား တို့ကိုပင် ဘုရားသခင် ပြ တော်မူပြီဟု ယောသပ် အား ဆို ၏။ ၁၂ ယောသပ် သည်လည်း ၊ သား တို့ကို အဘ ၏ဒူး ကြားမှ ထုတ် ၍ အဘ ရှေ့၌ဦးညွတ် ချစေ၏။ ၁၃ တဖန် ယောသပ် သည် သား တို့ကိုယူ ၍ ဧဖရိမ် ကို လက်ျာ လက်နှင့် ကိုင်လျက်၊ ကျသရေလ လက်ဝဲ လက်သို့ဝင်း၊ မနာရှေ ကို လက်ဝဲ လက်နှင့် ကိုင်လျက်၊ ကျသရေလ လက်ျာ လက်သို့ဝင်း ချဉ်းကပ် စေ၏။ ၁၄ မနာရှေ သည်သားဦး ဖြစ်သော်လည်း ၊ ကျသရေလ သည် မိမိ လက် တို့ကို ဆန့် ၍ လိမ္မာစွာ ပဲ့ပြင်လျက် ၊ အသက် ငယ်သောသူ ဧဖရိမ် ၏ခေါင်း ပေါ် မှာ လက်ျာ လက်ကို တင် ပြီးလျှင်၊ လက်ဝဲလက်ကို မနာရှေ ၏ ခေါင်း ပေါ် မှာ တင်၏။ ၁၅ ယောသပ် ကို ကောင်းကြီး ပေးလျက် ၊ ငါ့ အဘ အာဗြဟံ နှင့် ဣဇာက် ကိုးကွယ်သော ဘုရားသခင် ၊ ငါ့ ကို တသက်လုံး ယနေ့ တိုင်အောင် ကျွေးမွေး တော်မူသောဘုရားသခင် တည်းဟူသော၊ ၁၆ ငါ့ ကိုခပ်သိမ်း သော ဘေးဒဏ် အထဲ က ကယ်နှုတ် တော်မူသောကောင်းကင် တမန်သည်၊ ဤသူငယ် တို့ကို ကောင်းကြီး ပေးတော်မူပါစေသော။ သူ တို့ကို ငါ့ အမည် ဖြင့်၎င်း ၊ ငါ့ အဘ အာဗြဟံ နှင့် ဣဇာက် ၏အမည် ဖြင့်၎င်း၊ ထပ်၍မှည့် ပါစေသော။ သူတို့သည် မြေကြီး ပေါ် မှာ အလွန်တိုး ပွါးများပြား ပါစေသောဟု မြွက်ဆို၏။ ၁၇ အဘ သည်လက်ျာ လက် ကို ဧဖရိမ် ၏ခေါင်း ပေါ် မှာ တင် သည်ကို ယောသပ် မြင် လျှင် ၊ အား မရ သည်ဖြစ်၍၊ ၁၈ မ ဟုတ်ပါအဘ။ ဤ သူသည် သားဦး ဖြစ်ပါ၏။ သူ ၏ခေါင်း ပေါ် မှာ လက်ျာ လက်ကိုတင် ပါဟု ဆို လျက် အဘ ၏ လက် ကိုဧဖရိမ် ခေါင်း ပေါ် က မနာရှေ ခေါင်း ပေါ် သို့ ပြောင်း ခြင်းငှါ ချီ လေ၏။ ၁၉ အဘ သည်ငြင်း၍ ၊ ငါသိ ၏ငါ သား ၊ ငါသိ ၏။ သူသည် ကြီးစွာ သော လူ စုဖြစ် လိမ့်မည်။ သို့သော်လည်း ၊ သူ့ ညီ သည် သူ့ ထက် သာ၍ ကြီးသဖြင့် ၊ သူ ၏ အမျိုး အနွယ်သည် များစွာ သော လူ အစုစုဖြစ် လိမ့်မည်ဟု ဆို ၏။ ၂၀ တဖန် ဘုရားသခင် သည် သင့် ကို ဧဖရိမ် ကဲ့သို့ ၎င်း ၊ မနာရှေ ကဲ့သို့ ၎င်း ဖြစ်စေ တော်မူပါစေသောဟူ၍ ကျသရေလ အမျိုးသားတို့ သည်သင် အားဖြင့် ကောင်းကြီး ပေးကြလိမ့်မည်ဟု ထိုနေ့ ၌ သူ တို့ကိုကောင်းကြီး ပေးလေ၏။ ထိုသို့ မနာရှေ ရှေ့ မှာ ဧဖရိမ် ကိုနေရာ ချသတည်း။ ၂၁ ကျသရေလ ကလည်း ၊ ငါ သေ တော့မည်။ သို့သော်လည်း ၊ ဘုရားသခင် သည် သင် တို့ဘက် ၌ရှိ ၍ ၊ သင် တို့ကို ဘိုးဘေး နေရာ ပြည် သို့ တဖန် ဆောင် တော်မူလိမ့်မည်။ ၂၂ ထိုမှတပါး သင် ၏အစ်ကို တို့အား ပေး သည်ထက် သင့် အားသာ၍ပေးသောအရာဟူမူကား၊ ငါ့ ထား ၊ ငါ့ လေး ဖြင့် အာမောရိ အမျိုးသားလက် မှ နှုတ်ယူ သောအရာ ကို သင့်အား ငါပေးသည်ဟု ယောသပ် ကို ပြော ဆို၏။

၄၉ ထို ရောအခါ၊ ယာကုပ် သည် မိမိ သား တို့ကို ခေါ် ၍ ၊ သင် တို့သည် စည်းဝေး ကြလော့။ နောင် ကာလ အခါ၊ သင် တို့ ၌ ဖြစ် လတ္တံသော အမှု အရာများကို ငါဟောပြော မည်။ ၂ ယာကုပ် ၏သား တို့၊ စည်းဝေး ၍ ကြား ကြလော့။ အဘ ဣသရေလ ၏စကားကို နားထောင် ကြလော့။ ၃ အိုရုဗင် ၊ သင် သည် ငါ့ သားဦး ၊ ငါ့ အစွမ်း သတ္တိ၊ ငါ ခွန်အား အစ အဦး၊ ဘုန်း အထွဋ် ၊ တန်ခိုး အထွဋ် ဖြစ်၏။ ၄ သို့သော်လည်းရေ ကဲ့သို့ ပွက်ထ သော

သဘောရှိသည်ဖြစ်၍၊ ထူးမြတ် ခြင်းသို့ မ ရောက်ရ။ အကြောင်း မူကား၊ သင် သည် အဘ ၏အိပ်ရာ ကို တက်၍ ညစ်ညူး စေ၏။ ငါ့ ခုတင် ထက်သို့တက် လေပြီတကား။ ၅ ရှိမောင် နှင့် လေဝိ သည် ညီအစ်ကို ဖြစ်၏။ အဓမ္မ အမှုကို ကြဲသည်အတိုင်း ပြီးစီးကြပြီ။ ၆ ငါ့ ဝိညာဉ် သည် သူ တို့လျှို့ဝှက် ခြင်း အမှုထဲ သို့မ ဝင် ရ။ ငါ့ ဘုန်း သည် သူ တို့စည်းဝေး ရာနှင့် အသင်း မ ဖွဲ့ရ။ သူတို့သည် အမျက် ထွက်၍ လူ အသက်ကိုသတ် ကြပြီ။ ကိုယ် အလို သို့လိုက်၍ မြို့ ကိုဖြို ဖျက်ကြပြီ။ ၇ သူ တို့ ပြင်းစွာ ထွက်သောအမျက် ၊ ကြမ်းတမ်း စွာသော ဒေါသ သည် ကျိန်ခြင်း ကိုခံ ပါစေသော။ ယာကုပ် အမျိုး၊ ကျသရေလ အနွယ်သားတို့တွင် သူ တို့ကို ငါကွဲပြား ပြန့်လွင့်စေမည်။ ၈ အိုယုဒ ၊ သင် သည်ညီအစ်ကို တို့ ချီးမွမ်း ရသောသူဖြစ် ၏။ သင် ၏လက် သည် သင် ၏ရန်သူ လည်ပင်း ပေါ် မှာ ရှိလိမ့်မည်။ အဘ ၏သား တို့သည် သင့် ရှေ့မှာ ဦးညွှတ် ချကြလိမ့်မည်။ ၉ ယုဒ သည် ခြင်္သေ့ ပျို ဖြစ်၏။ ငါ့ သား ၊ သင်သည် ဘမ်း ယူကိုက်စားရာမှ တက် လာတတ်၏။ ဝပ် လျက် နေ၏။ ခြင်္သေ့ ကဲ့သို့ ၎င်း ၊ ခြင်္သေ့ မကဲ့သို့ ၎င်း ဝပ် တွားတတ် ၏။ အဘယ်သူ နှိုးဆော် ဝံ့မည်နည်း။ ၁၀ ရှိလောမရောက် မှီတိုင်အောင် ၊ ရာဇလှံတံ သည် ယုဒ ထံ မှ၎င်း၊ မင်း အာဏာသည် သူ၏အမျိုးအနွယ် ထံ မှ၎င်း မ ရွေ့ ရ။ ရှိလော ၌ လူမျိုး တို့သည် ဆည်းကပ် ကြလိမ့်မည်။ ၁၁ မိမိ မြည်း ကို စပျစ် နွယ်ပင်၌ ၎င်း ၊ မြည်း ကလေး ကို အမြတ် ဆုံးသော စပျစ်နွယ်ပင်၌ ၎င်း ချည်နှောင် ၍၊ မိမိ အဝတ် ပုဆိုးများကို စပျစ်သီး အသွေး တည်းဟူသော စပျစ်ရည် ဖြင့် လျှော် လိမ့်မည်။ ၁၂ သူ၏မျက်စိ သည် စပျစ်ရည် နှင့် နီ လိမ့်မည်။ သွား သည်လည်း နို့ နှင့် ဖြူ လိမ့်မည်။ ၁၃ ဇာဗုလုန် သည် ကမ်း နား မှာ နေ ၍ ၊ သင်္ဘော ဆိပ် ဖြစ် လိမ့်မည်။ သူ ၏နယ် သည် ဇိဒုန် မြို့တိုင်အောင် ကျယ်ဝန်းလိမ့်မည်။ ၁၄ ဣသခါ သည် တောင် ကြား မှာ ဝပ် လျက် အား ကြီးသောမြည်း ဖြစ်၏။ ၁၅ ငြိမ်ဝပ် ရာအရပ်ကောင်း ၍ မြေ သာယာ သည်ကို မြင် သဖြင့် ၊ မိမိ ပခုံး ပေါ် မှာ ထမ်းပိုးကို တင်ထမ်း ၍၊ အခွန်ပေးသော ကျွန် ဖြစ် လေ၏။ ၁၆ ဒန် သည် ဣသရေလ အနွယ် တစုံ တပါးကဲ့သို့ ၊ မိမိ လူ တို့ကို စီရင် လိမ့်မည်။ ၁၇ ဒန် သည် လမ်း ၌ နေသောမြွေ ဖြစ် လိမ့်မည်။ မြင်းစီး သောသူ ကို နောက် သို့ လဲ စေခြင်းငှါ လမ်းကြား မှာ နေ ၍၊ မြင်း ခြေ ကို ကိုက် တတ်သော မြွေဆိုး ဖြစ်လိမ့်မည်။ ၁၈ အိုထာဝရဘုရား ၊ ကယ်တင် တော်မူခြင်းကျေးဇူးကို အကျွန်ုပ်မြော်လင့် လျက်နေပါပြီ။ ၁၉ ဂဒ် မူကား၊ စစ်သူရဲ တို့သည် သူ တို့တိုက် ကြ၍ ၊ သူ သည် ပြန်တိုက် လိမ့်မည်။ ၂၀ အာရှာ ၌ဖြစ်သော အစာ သည် အရသာနှင့် ပြည့်စုံ ၍ ၊ မင်း ၏ ခဲဘွယ် စားဘွယ်တို့ကို ထုတ်ပေး လိမ့်မည်။ ၂၁ နဿလိ သည် လှ သောအခက်အလက်နှင့် ပြည့်စုံ၍၊ ကျယ်ဝန်း သော သပိတ်ပင်ဖြစ်၏။ ၂၂ ယောသပ် သည် သန် သောပျိုး ပင်၊ ရေတွင်း နား မှာ သန် သော ပျိုး ပင်ဖြစ်၏။ အခက် အလက်တို့သည် အုတ် ရိုးပေါ် မှာ ကျော် သွားကြ၏။ ၂၃ လေး သမား တို့သည် သူ့ ကို အငြိုးထား ၍ ၊ အလွန်ညှဉ်းဆဲ ပစ်ခတ် ကြ၏။ ၂၄ သို့သော်လည်း သူ ၏လေး သည် အား မလျော့။ သူ ကိုင် သော လက်နက်တို့သည်၊ ယာကုပ် အမျိုး၌ တန်ခိုး ကြီးသော ဘုရား၏လက် ဖြင့်၎င်း၊ သိုးထိန်း တည်းဟူသောကျသရေလ အမျိုး၏ကျောက် ဖြင့်၎င်း၊ ၂၅ သင့် ကိုမစ တော်မူသောသင့် အဘ ၏ ဘုရား သခင် အားဖြင့် ၎င်း၊ သင့် ကိုကောင်းကြီး ပေးတော်မူသောအနန္တ တန်ခိုးရှင်အားဖြင့်

ငင်း ခိုင်မာလျက်ရှိ၏။ ထိုဘုရားသည် အထက် မိုဃ်းကောင်းကင် ၏ မင်္ဂလာ ၊ အောက် နက်နဲ သောအရပ်၏မင်္ဂလာ ၊ သားမြတ် နှင့်ဆိုင်သောမင်္ဂလာ ၊ ဝမ်း နှင့်ဆိုင်သောမင်္ဂလာတို့ ဖြင့် သင့်ကို ကောင်းကြီးပေးတော်မူမူပါစေသော။ ၂၆ သင် ၏အဘ ပေးသော ကောင်းကြီး မင်္ဂလာသည်၊ ထာဝရ တောင် တို့ ၌ဖြစ်သော ကောင်းကြီး မင်္ဂလာ၊ ထာဝရ ကုန်း တို့ ၌ နှစ်သက်ဘွယ်သောအရာတို့ထက် သာ၍မြတ်၏။ ထိုမင်္ဂလာသည် ယောသပ် ခေါင်း ပေါ် ၊ မိမိ အစ်ကို တို့တွင် အကြီးအကဲဖြစ်သောသူ၏ ခေါင်းထိပ်ပေါ်မှာ သက်ရောက် ပါစေသော။ ၂၇ ဗင်္ာမိန် သည် လုယူကိုက် စားတတ်သော တော ခွေးဖြစ်လိမ့်မည်။ ဘမ်း ရသောအရာကိုနံနက် အချိန်၌ ကိုက် စား၍ ၊ လုယူ သောအရာကိုလည်း ည အချိန်၌ ဝေဖန် လိမ့်မည်ဟုမြွက်ဆို၏။ ၂၈ ဤ သူတို့ကား၊ ဣသရေလ အမျိုး ဆယ် နှစ် မျိုး ဖြစ်၏။ ဤ စကားသည်လည်း သူ တို့အဘ မြွက်ဆို ၍ ၊ သူ တို့ အသီးသီး ခံရသောမင်္ဂလာ ရှိသည်အတိုင်း၊ ကောင်းကြီးပေးသော စကားပေတည်း။ ၂၉ တဖန် တုံ့၊ ငါ့ လူမျိုး စည်းဝေး ရာသို့ ငါသွားရမည်။ ဟိတ္တိ အမျိုးသား၊ ဧဖရုန် ၏လယ်ပြင် တွင် ရှိသောမြေတွင်း ၌ ၊ ငါ့ အဘ တို့နှင့်အတူ ငါ့ ကို သင်္ဂြိဟ် ကြပါ။ ၃၀ ခါနာန် ပြည် မံရေ မြို့ ရှေ့မှာ ၊ မပေ့လ လယ်ပြင် ၌ ရှိသောထို မြေတွင်း ကို ၊ အာဗြဟံ သည် ကိုယ်ပိုင် သော သင်္ချိုင်း ဘို့ လယ်ပြင် နှင့်တကွဟိတ္တိ အမျိုးသားဧဖရုန် ၌ ဝယ် လေပြီ။ ၃၁ ထို မြေတွင်း၌ အာဗြဟံ နှင့် မယား စာရာ ကို သင်္ဂြိဟ် ကြပြီ။ ဣဇာက် နှင့် မယား ရေဗက္က ကိုလည်း သင်္ဂြိဟ် ကြပြီ။ လေအာ ကိုလည်း ငါသင်္ဂြိဟ် ပြီ။ ၃၂ ထို မြေတွင်း ရှိသောထိုလယ်ပြင် ကို၊ ဟေသ အမျိုးသား ရှေ့မှာ ဝယ် သတည်းဟု မှာထား၏။ ၃၃ ထိုသို့ ယာကုပ် သည် မိမိ သား တို့ကို အကုန်အစင်မှာ ထားပြီးလျှင် ၊ မိမိ ခြေ တို့ကို ခုတင် ပေါ် မှာ ရုပ်သိမ်း သဖြင့် ၊ အသက် ချုပ်၍ မိမိ လူမျိုး စည်းဝေး ရာသို့ ရောက်လေ၏။

၅၀ ထိုအခါ ယောသပ် သည် အဘ ၏မျက်နှာ ပေါ် မှာ ငုံ့ ၍ ၊ ငို လျက် နမ်း လျက်နေ၏။ ၂ အဘ ၏အလောင်း ကို နံ့သာမျိုးနှင့် ပြင်ဆင်စေခြင်းငှါ ၊ မိမိ ကျွန် ဆေးသမား တို့ကို အမိန့် ရှိ၍ ၊ သူတို့သည် နံ့သာမျိုးနှင့် ပြင်ဆင်ကြ၏။ ၃ နံ့သာမျိုး နှင့်ပြင်ဆင်သော အလောင်းကို၊ ထုံးစံ ရှိသည်အတိုင်း ထား၍၊ အရက် လေးဆယ် လွန်လျှင်၊ အဲဂုတ္တု လူတို့သည် ယာကုပ် ကြောင့်၊ အရက် ခုနစ် ဆယ် ပတ်လုံးငိုကြွေး မြည်တမ်းခြင်းကိုပြုကြ၏။ ၄ ငိုကြွေး မြည်တမ်းသောနေ့ရက် လွန် သောအခါ ၊ ယောသပ် သည် နန်းတော် သား အချို့တို့ကိုခေါ် ၍ ၊ သင် တို့ သည် ကျွန်ုပ်ကိုစေတနာ စိတ်ရှိ လျှင် ၊ ဖာရော ဘုရင် ထံ တော်သို့သွား၍၊ ၅ ကျွန်တော် အဘ က၊ ငါ သေ တော့မည်။ ခါနာန် ပြည် ၌ ကိုယ် ဘို့ ငါတူး ဘူးသော သင်္ချိုင်း တွင်း၌ ၊ ငါ့ ကို သင်္ဂြိဟ် ရမည်ဟူ၍ကျွန်တော် ကို ကျိန်ဆို စေပါပြီ။ ထိုကြောင့်ကျွန်တော်သွား ၍ ၊ အဘ ကို သင်္ဂြိဟ် ပြီးမှ ပြန် လာပါမည် အကြောင်းကို အသနားတော်ခံပါသည်ဟု နားတော် လျှောက်ကြပါလော့ဟုဆို၏။ ၆ ဖာရော မင်းကလည်း ၊ သင် ၏အဘ ကျိန်ဆို စေသည်အတိုင်း သွား ၍ ၊ သင်္ဂြိဟ် လော့ဟု မိန့် တော်မူ၏။ ၇ ယောသပ် သည် အဘ ကိုသင်္ဂြိဟ် ခြင်းငှါ ထွက်သွား ၍ ၊ ဖာရော မင်း၏ ကျွန် များတည်းဟူသောနန်းတော် အရာရှိ ၊ အဲဂုတ္တု ပြည် အရာရှိ အပေါင်း တို့နှင့်၊ ၈ ယောသပ် အိမ်သား၊ အစ်ကို တို့ အိမ်သား ၊ အဘ အိမ်သား ရှိသမျှ တို့ သည်လိုက်ကြ၏။ သူငယ် တို့နှင့် သိုး နွား များကိုသာ ၊ ဂေရှင် ပြည် ၌ ကျန်ရစ် စေကြ၏။ ၉ ထိုသို့လျှင် ရထား များ၊ မြင်းစီးသူရဲ

များတည်းဟူသောအလွန် များစွာသော အလုံး အရင်းတို့သည် ယောသပ် နှင့်တကွ လိုက်သွား ကြ၏။ ၁၀ ယော်ဒန် မြစ်နား မှာ အာတဒ် ကောက်နယ်တလင်းသို့ ရောက် သောအခါ၊ အလွန် ကြီးစွာ သော ငိုကြွေး မြည်တမ်းခြင်းကို ပြု ကြပြန်၏။ ယောသပ်သည် မိမိ အဘ ကြောင့် ခုနစ် ရက်ပတ်လုံးငိုကြွေး မြည်တမ်း ခြင်း ကိုပြု လေ၏။ ၁၁ ထိုသို့အာတဒ် ကောက်နယ်တလင်း၌ ပြုသောငိုကြွေးမြည်တမ်းခြင်းကို၊ ထို ပြည်သား ခါနာန် လူတို့သည် မြင် လျှင်၊ အဲဂုတ္တ၊ လူတို့သည် ပြင်းစွာ ငိုကြွေး မြည်တမ်းပါသည်တကားဟုဆို ကြ၏။ ထိုကြောင့် ယော်ဒန် မြစ်နား မှာ ရှိသော ထို အရပ်ကို၊ အဗေလမိဇရိမ် ဟူ၍သမုတ် ကြသတည်း။ ၁၂ ယာကုပ် သား တို့သည်၊ အဘမှာ ထားသည် အတိုင်း ပြု ကြ၏။ ၁၃ ခါနာန် ပြည် သို့ ဆောင်သွား ၍၊ အာဗြဟံ သည် ကိုယ်ပိုင် သောသချိုင်း ဘို့၊ ဟိတ္တိ အမျိုးသားဧဖရုန် ၌ ဝယ် သော မံရေ မြို့ရှေ့၊ မပွေလ လယ်ပြင် တွင်ရှိသောမြေတွင်း ၌ သင်္ဂြိဟ် ကြ၏။ ၁၄ ယောသပ် သည် အဘ ကိုသင်္ဂြိဟ် ပြီးလျှင်၊ အစ်ကို များမှစ၍ မသာလိုက် လာသောသူအပေါင်း တို့နှင့်တကွ၊ အဲဂုတ္တ၊ ပြည်သို့ ပြန် လေ၏။ ၁၅ ယောသပ် အစ်ကို တို့သည် အဘ သေ သည်ကို သိမြင် လျှင်၊ ငါ တို့ကို ယောသပ် သည် အငြိုး ထားကောင်း ထားလိမ့်မည်။ ငါ တို့သည် အထက်က သူ့ ကို ညှဉ်းဆဲ သောကြောင့်၊ ငါ တို့အား ဧကန်အမှန်ပြန် ၍ ညှဉ်းဆဲလိမ့်မည်ဟု စိုးရိမ်လျက်၊ ၁၆ သူ့ ထံ သို့တမန်ကိုစေလွှတ် ၍၊ ကိုယ်တော် အစ်ကို တို့သည် မကောင်း သောအမှုကို ကိုယ်တော်အား ပြု မိ၍၊ ၁၇ ကိုယ်တော် ကို ပြစ်မှား သောအပြစ် ကို လွှတ်တော်မူပါဟု၊ ကိုယ်တော်အား ကြား လျှောက်ရမည် အကြောင်း၊ ခမည်း တော်မသေမီ ကျွန်တော်တို့ကို မှာ ထားခဲ့သည်ဖြစ်၍၊ ယခု တွင် ခမည်း တော်၏ ဘုရားသခင် ကျွန် တို့၏ အပြစ် ကို လွှတ် တော်မူပါဟု လျှောက်ကြ၏။ ထိုသို့ လျှောက် ကြသောအခါ၊ ယောသပ် သည် မျက်ရည် ကျလေ၏။ ၁၈ အစ်ကို တို့သည်လည်း ဝင် ၍ ယောသပ် ရှေ့ မှာ ပြပ်ဝပ် လျက်၊ ကျွန်တော် တို့သည် ကိုယ်တော် ၏ ကျွန် ဖြစ်ကြပါသည်ဟု လျှောက် ကြ၏။ ၁၉ ယောသပ် ကလည်း၊ မ စိုးရိမ် ကြနှင့်။ ကျွန်ုပ် သည် ဘုရားသခင် ကိုယ်စား ဖြစ်သလော။ ၂၀ သင် တို့သည် ကျွန်ုပ် ကို ညှဉ်းဆဲ မည်ကြံ ကြသော်လည်း၊ ဘုရားသခင် သည် ယနေ့ ဖြစ်သည်အတိုင်း၊ လူ များ အသက် ချမ်းသာစေခြင်းငှါ ကျေးဇူး ပြု မည် ကြံ တော်မူ၏။ ၂၁ ထိုကြောင့်၊ မ စိုးရိမ် ကြနှင့်။ သင် တို့နှင့် သူငယ် များကို ကျွန်ုပ် ကျွေးမွေး မည်ဟုဆိုလျက်၊ သူ တို့ကို နှစ်သိမ့် စေ၍ မေတ္တာ စကားကို ပြော လေ၏။ ၂၂ ထိုသို့ ယောသပ် သည် မိမိ အဘ ၏ အမျိုးသား တို့နှင့် အဲဂုတ္တ၊ ပြည်၌ နေ ၍၊ အသက် တရာ တဆယ် ကိုမှီ ၏။ ၂၃ ဖရိမ် ၏မြေး ကို မြင် ရ၏။ မနာရှေ ၏သား၊ မာခိရ ၏သားသမီး တို့ကိုလည်း မိမိ ဒူး ပေါ် မှာ မွေးစား ရ၏။ ၂၄ ယောသပ် ကလည်း၊ ကျွန်ုပ် သေတော့မည်။ အကယ် စင်စစ်ဘုရားသခင် သည် သင် တို့ကို အကြည့် အရှု ကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့အား ကျိန်ဆို တော်မူသော ပြည် သို့၊ ဤ ပြည် မှ ဆောင်သွား တော်မူမည်ဟု အစ်ကို တို့အား ဆို ၏။ ၂၅ တဖန် တုံ့၊ အကယ်စင်စစ်ဘုရားသခင် သည် သင် တို့ကို အကြည့် အရှုကြွလာတော်မူမည်။ ကျွန်ုပ် အရိုး တို့ကို ဤ အရပ်မှ ယူ သွားရမည်ဟူ၍ဣသရေလ အမျိုးသား တို့ကို ကျိန်ဆို စေ၏။ ၂၆ ထိုသို့ ယောသပ် သည် အသက် တရာ

တဆယ် ရှိသော်အနိစ္စ ရောက်လေ၏။ အလောင်း ကိုကား၊ နံ့သာမျိုး နှင့် ပြင်ဆင်ပြီးလျှင် အဲဂုတ္တု ပြည်၌ တလား နှင့်
ထား ကြလေ၏။

၁ မိမိ တို့ အိမ်သူအိမ်သား ပါ လျက်၊ အဘယာကုပ် နှင့်အတူ အဲဂုတ္တု ပြည်သို့ ရောက် လာသောကြသရေလ သား တို့၏အမည် ဟူမူကား၊ ၂ ရုဗင် ၊ ရှိမောင် ၊ လေဝိ ၊ ယုဒ၊ ၃ ဣသခါ ၊ ဇာဗုလုန် ၊ ဗင်္ယာမိန်၊ ၄ ဒန် ၊ နဿလိ ၊ ဂဒ် ၊ အာရှာ တည်း။ ၅ ယာကုပ် အမျိုးသား ပေါင်း ကား၊ ခုနစ်ဆယ် တည်း။ ယောသပ် သည် အဲဂုတ္တု ပြည်၌ ရှိ နှင့်သတည်း။ ၆ ယောသပ် နှင့် အစ်ကို များမှစ၍ ၊ ထို ကာလ အမျိုးသားအပေါင်း တို့သည် သေ ကြကုန်၏။ ၇ ကြသရေလ အမျိုးသား တို့သည် သားကိုဘွား ၍ အလွန်တိုး ပွား များပြား သဖြင့် ၊ အလွန် အားကြီး၍ တပြည် လုံး၌ နှံ့ ပြား ကြလေ၏။ ၈ ထိုနောက် မှအဲဂုတ္တု ပြည်၌ ယောသပ် ကို မ သိ သော ရှင်ဘုရင် သစ် ပေါ် လာ၏။ ၉ ထိုရှင်ဘုရင်ကလည်း၊ ကြသရေလ အမျိုးသား တို့သည် ငါ တို့ထက် သာ၍များ ကြ၏။ သာ၍အားကြီး ကြ၏။ ၁၀ လာ ကြ၊ သူ တို့ကို လိမ္မာစွာ ပြုကြစို့။ သို့မဟုတ် သူတို့သည် များပြား ကြလိမ့်မည်။ နောက်တခါ စစ်မှု ရောက် လျှင် ငါ တို့ရန်သူ ဘက်သို့ ဝင်စား ၍ ငါ တို့ကို တိုက် သဖြင့် ၊ ပြည် တော်ထဲက ထွက်သွား ကြလိမ့်မည်ဟု မိမိ လူ တို့အား ဆို လေ၏။ ၁၁ ထို့ကြောင့် အဲဂုတ္တုမင်းတို့သည်၊ ကျပ်တည်းစွာ နှိပ်စက် ညှဉ်းဆဲစေခြင်းငှါ အအုပ်အချုပ် ခန့်ထား ကြ၏။ ကြသရေလလူတို့သည်၊ ဘဏ္ဍာတော်သို ထားဘို့ ၊ ပိသုံ မြို့ နှင့် ရာမသက် မြို့ကို တည်ဆောက် ရကြ၏။ ၁၂ သို့သော်လည်း ၊ နှိပ်စက် ခြင်းကိုခံရသည်အတိုင်း ၊ တိုးပွား များပြား လျက် ရှိကြ၏။ သူ တို့ကြောင့် အဲဂုတ္တု လူတို့သည် စိတ်ညစ် ၍၊ ၁၃ အလွန် ကြမ်းတမ်းစွာညှဉ်းဆဲ ကြ၏။ ၁၄ သရွတ် နှင့် အုတ် လုပ် သောအမှု၊ လယ် လုပ်သောအမှုအမျိုးမျိုး ၌ ခဲယဉ်းစွာစေခိုင်း ၍ အလွန်ဆင်းရဲ ပင်ပန်းစေကြ၏။ စေခိုင်းလေရာရာ၌ လည်း ခဲယဉ်း စွာ စေခိုင်းကြ၏။ ၁၅ ရှိဖရ နှင့် ပုအာ အမည် ရှိသောဟေဗြဲ ဝမ်းဆွဲမတို့ကို ၊ အဲဂုတ္တု ရှင်ဘုရင် က၊ ၁၆ သင် တို့သည် ဟေဗြဲ မိန်းမတို့အား ဝမ်းဆွဲ လုပ်၍ မွေးရာ အရပ်၌ စောင့် နေသောအခါ ၊ ယောကျ်ား ဖြစ်လျှင် သေ စေ၊ မိန်းမ ဖြစ်လျှင် အသက်ရှင် စေဟု အမိန့် တော် ရှိ၏။ ၁၇ ဝမ်းဆွဲ မတို့သည် ဘုရားသခင် ကိုကြောက်ရွံ ၍ ၊ အဲဂုတ္တု ရှင်ဘုရင် မိန့် တော်မူသည်အတိုင်း မ ပြု ၊ ယောကျ်ား တို့ကို အသက်ချမ်းသာ ပေးကြ၏။ ၁၈ အဲဂုတ္တု ရှင်ဘုရင် သည်လည်း ၊ ဝမ်းဆွဲမ တို့ကို ခေါ် ၍ သင်တို့သည် အဘယ်ကြောင့် ဤသို့ ပြု သနည်း။ ယောကျ်ား တို့ကိုအဘယ်ကြောင့်အသက် ချမ်းသာပေးသနည်းဟုမေး စစ်သော်၊ ၁၉ ဝမ်းဆွဲမ တို့က၊ ဟေဗြဲ မိန်းမတို့သည်၊ အဲဂုတ္တု ၊ မိန်းမ ကဲ့သို့ မဟုတ် ၊ သန်စွမ်း သောကြောင့် ၊ ဝမ်းဆွဲမ မ ရောက် မှီ သား ကိုဘွားတတ်ကြ၏ဟု ပြန်လျှောက် လေ၏။ ၂၀ ထို့ကြောင့် ဘုရားသခင် သည် ဝမ်းဆွဲမ တို့ကို ကျေးဇူးပြု တော်မူ၏။ ထိုလူ အမျိုးသည်လည်း များပြား ၍ အလွန် အားကြီး ကြလေ၏။ ၂၁ ဝမ်းဆွဲမ တို့သည် ဘုရားသခင် ကို ကြောက်ရွံ့သောကြောင့် ၊ သူ တို့အိမ်သူအိမ်သား များကို ပြုစု တော်မူ ၏။ ၂၂ ဖာရော ဘုရင်ကလည်း ၊ ကြသရေလအမျိုးသားတို့တွင်၊ ဘွားမြင် သောသူငယ် ယောကျ်ား အပေါင်းတို့ကို မြစ် ထဲသို့ ချပစ် စေ။ မိန်းမ ကိုမူကား အသက်ရှင် စေဟု မိမိ လူ အပေါင်း တို့ကို မှာ ထားတော်မူ၏။

J ထို ကာလ၌ လေဝိ အမျိုးသား တယောက်သည်၊ လေဝိ အမျိုးသမီး နှင့် အိမ်ထောင် ဘက်ပြု၍၊ ၂ မိန်းမ သည် ပဋိသန္ဓေ ယူသဖြင့် သား ယောကျ်ားကို ဘွားမြင် လေ၏။ ထိုသား သည် အဆင်းလှ ကြောင်း ကို အမိမြင် လျှင် ၊ သုံး လ ပတ်လုံးဖွက် ထားလေ၏။ ၃ နောက်တဖန် ဖွက် ၍မ ထား နိုင်သောအခါ ၊ ဂမာကိုင်း ပင်ဖြင့် ရက်သောပုခက် ကိုယူ ၍ ရေညှိ နှင့် သစ်စေး ဖြင့် လူး ပြီးလျှင် ၊ ပုခက် ထဲတွင် သူငယ် ကိုထည့် ၍ မြစ် ကမ်း နား ကိုင်း တောရ် ထား လေ၏။ ၄ သူငယ် အစ်မ လည်း အဘယ်သို့ ဖြစ် မည်ကို သိမြင် ခြင်းငှါ အဝေး ၌ ရပ် နေလေ၏။ ၅ ဖာရော ဘုရင်၏သမီး တော်သည် ရေချိုး ခြင်းငှါ ဆင်း လာ၍ ၊ ကျွန်မ တို့နှင့် မြစ် ကမ်းနား ၌ လှည့်လည် စဉ်၊ ကိုင်း တောရ် ပုခက် ကိုမြင် ၍ ဆောင်ယူ စေခြင်းငှါ ကျွန်မ တယောက်ကို စေလွှတ် လေ၏။ ၆ ပုခက်ဖုံးကို ဖွင့် သောအခါ ၊ ဝို လျက်နေသောသူငယ် ကိုမြင် ၍ ၊ သနား သောစိတ်ရှိလျှင် ၊ ဤ သူငယ်သည် ဟေဗြဲ အမျိုး ဖြစ်လိမ့်မည်ဟု ဆို ပြီး သော်၊ ၇ သူငယ် ၏အစ်မ က၊ ကိုယ်တော် အတွက် သူငယ် ကို ထိန်း ရသောဟေဗြဲ အထိန်း ကို ကျွန်မသွား ၍ ခေါ် ရပါမည် လောဟု ဖာရော ဘုရင်၏ သမီး တော်အား မေးလျှောက် ၍၊ ၈ မင်းသမီး ကသွား လော့ဟု အခွင့်ပေး လျှင် ၊ မိန်းမ ငယ်သွား၍ သူငယ် ၏အမိ ကိုခေါ် လေ၏။ ၉ ဖာရော ဘုရင်၏သမီး တော်က၊ ဤ သူငယ် ကို ယူသွား ၍ ငါ့ ဘို့ ထိန်း လော။ အခ ကို ငါ ပေး မည်ဟု မှာ ထားသည်အတိုင်း၊ ထိုမိန်းမ သည် သူငယ် ကို ယူသွား ၍ ထိန်း လေ၏။ ၁၀ သူငယ် ကြီးပွား သောအခါ ၊ ဖာရော ဘုရင်၏ သမီး တော်ထံသို့ ပို့ဆောင် ၍ မင်းသမီး သည် သား အရာ၌ ခန့်ထား လျက် ၊ မောရှေ အမည် ဖြင့် မှည့် ၏။ အကြောင်းမူကား ၊ ရေ ထဲက ငါနှုတ်ယူ သည်ဟု ဆို သတည်း။ ၁၁ မောရှေ သည် ကြီး သောအခါ ၊ မိမိ အမျိုးသား ချင်းတို့ရှိရာသို့ သွား ၍ သူ တို့အမှုထမ်း ရသောအခြင်း အရာတို့ကို ကြည့်ရှု လေ၏။ မိမိ အမျိုးသား ဟေဗြဲ လူ တယောက်ကို၊ အဲဂုတ္တု လူ ရိုက် သည်ကိုမြင် လျှင်၊ ၁၂ ပတ်လည်ကြည့်ရှု ၍ အဘယ်သူ မျှမရှိ သည်ကို သိ သောအခါ၊ အဲဂုတ္တု လူကိုသတ် ၍ သဲ ထဲ ၌ မြှုပ် ထားလေ ၏။ ၁၃ နက်ဖြန် နေ့ ၌ ထွက် ပြန်သော် ၊ ဟေဗြဲ လူ နှစ် ယောက်တို့သည် အချင်းချင်းသတ် ကြသည်ကို မြင် လျှင် ၊ သင်သည် သင် ၏အပေါင်းအဘော် ကို အဘယ်ကြောင့် ရိုက် သနည်းဟု ညှဉ်းဆဲ သောသူအား မေး သည်ရှိသော်၊ ၁၄ ထိုသူက၊ အဘယ်သူ သည် သင့် ကို ငါ တို့အပေါ် မှာ အကဲအမှူး တရားသူကြီး အရာ၌ ခန့်ထား သနည်း။ အဲဂုတ္တု လူကို သတ် သကဲ့သို့ ငါ့ ကို သတ် လို သလောဟု ပြန်ဆို ၏။ ထိုအခါ မောရှေ သည် မိမိပြုသောအမှု ထင်ရှား ပြီဟု သိ ၍ ကြောက် လေ၏။ ၁၅ ထို သိတင်း ကို ဖါရော ဘုရင်ကြား သောအခါ ၊ မောရှေ ကို သတ် ခြင်းငှါ ရှာကြံ လေ၏။ မောရှေ သည် ဖါရော ဘုရင်ထံမှ ထွက်ပြေး ၍၊ မိဒျန် ပြည် သို့ ရောက် လျှင် ၊ ရေတွင်း နား မှာ ထိုင် ၍နားနေလေ၏။ ၁၆ ထိုအခါ မိဒျန် ယဇ်ပုရောဟိတ် ၏ သမီး ညီအစ်မခုနစ် ယောက်တို့သည်၊ မိမိ တို့အဘ ၏ သိုး ဆိတ်များကို ရေတိုက် ခြင်းငှါ လာ ၍ ရေခပ် ပြီးလျှင် ၊ ရေသောက်ခွက်တို့ ၌ လောင်း ကြ၏။ ၁၇ သိုးထိန်း အချို့တို့လည်း လာ ၍ သိုး ဆိတ်များကို မောင်း ကြ၏။ ထိုအခါ မောရှေ သည်ထ ၍ ထို မိန်းမတို့ဘက်၌နေလျက်၊ သိုး ဆိတ်များကို ရေတိုက် လေ၏။ ၁၈ ထိုမိန်းမတို့သည် အဘ ရွှေလ ထံသို့ ရောက် ကြသော် ၊ အဘက အဘယ်ကြောင့် ယနေ့ အလျင်အမြန် ရောက် လာရကြသနည်းဟုမေး လေ၏။ ၁၉

သူတို့ကလည်း၊ အဲဂုတ္တာ လူ တယောက်သည် အကျွန်ုပ် တို့ကို သိုးထိန်း တို့လက် မှ ကယ်နှုတ် ၍ ၊ ရေ လိုသမျှကို ခပ်သဖြင့် ၊ သိုး ဆိတ်များကို ရေတိုက် ပါသည်ဟု ပြန်ပြော ၏။ ၂၀ အဘာကလည်း၊ ထိုသူ သည် အဘယ်မှာ ရှိသနည်း။ အဘယ်ကြောင့် သူ့ ကိုပစ် ထားခဲ့သနည်း။ အစာ စား စေခြင်းငှါ သူ့ ကို ခေါ် ချေကြဟု ဆို လေ၏။ ၂၁ မောရှေ သည် ထိုသူထံမှာ နေ ၍ ပျော်မွေ့ သဖြင့် ၊ သမီး ဇိပေါရ ကို မောရှေ အား ထိမ်းမြားပေးစား လေ၏။ ၂၂ ထိုမိန်းမဘွား သောသား ကို ဂေရရှံ့ အမည် ဖြင့် မှည့် ၏။ အကြောင်းမူကား ၊ ငါသည်တကျွန်းတနိုင်ငံ ၌ ဧည့်သည် အာဂန္တုဖြစ် ရပြီဟုဆို သတည်း။ ၂၃ ကာလ အင်တန်ကြာ ပြီးမှ၊ အဲဂုတ္တာ ရှင်ဘုရင် အနိစ္စရောက် လေ၏။ ဣသရေလ အမျိုးသား တို့လည်း အစေ ကျွန်ခံရသောကြောင့်ညည်းတွား ငိုကြွေးကြ၏။ ထိုသို့ အစေ ကျွန်ခံ၍ငိုကြွေး သော အသံသည် ဘုရား သခင် ထံတော်သို့ တက် ရောက်လေ၏။ ၂၄ သူ တို့ ညည်းတွား မြည်တမ်းခြင်း အသံကို ဘုရား သခင်ကြား တော်မူလျှင် ၊ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် နှင့် ပြုခဲ့ဘူးသောပဋိညာဉ် ကို အောက်မေ့ တော်မူ၏။ ၂၅ ဘုရား သခင်သည်လည်း ၊ ဣသရေလ အမျိုးသား တို့ကို ကြည့်ရှု ၍ သူတို့အမှုကို ဆင်ခြင် တော်မူ၏။

၂ မောရှေ သည်၊ မိမိ ယောက္ခမ မိဒျန် ယဇ်ပုရောဟိတ် ယေသရော ၏သိုး ဆိတ်များကို ထိန်း စဉ် ၊ တော နောက်ဘက်သို့ ဆောင်သွား ၍ ၊ ဟောရပ် အမည်ရှိသောဘုရား သခင်၏တောင် သို့ ရောက် လေ၏။ ၂ ထိုအခါ ဘုရား သခင်၏ ကောင်းကင်တမန် သည် ချုံ ထဲ က ထွက်သော မီးလျှံ ၌ ထင်ရှား ၏။ မောရှေသည် ကြည့် သောအခါ ၊ မီး လောင် ၍ ချုံ မ ကျွမ်း ဘဲ ရှိသည်ကို မြင် လျှင်၊ ၃ အဘယ်ကြောင့် ချုံ မ ကျွမ်း ဘဲရှိသနည်း။ ဤ ထူးဆန်း သောရူပါရုံ ကို ငါသွား ၍ ကြည့်ရှု မည်ဟုဆို ၏။ ၄ မောရှေသွား ၍ ကြည့်ရှု ကြောင်း ကို ထာဝရဘုရား မြင် တော်မူလျှင် ၊ မောရှေ ၊ မောရှေ ဟု ချုံ ထဲ က ခေါ် တော်မူ၏။ မောရှေကလည်း၊ အကျွန်ုပ် ရှိ ပါ၏ဟု လျှောက် လေ၏။ ၅ ဘုရားသခင်ကလည်း၊ မ ချဉ်း နှင့်။ သင် ၏ခြေနင်း ကို ချွတ် လော့။ သင် နင်း သော အရပ် ကား သန့်ရှင်း သော မြေ ဖြစ်သည်ဟူ၍ငင်း၊ ၆ ငါ သည်သင့် အဘ ၏ဘုရား ၊ အာဗြဟံ ၏ဘုရား ၊ ဣဇာက် ၏ဘုရား ၊ ယာကုပ် ၏ဘုရား ဖြစ်သည်ဟူ၍ငင်း မိန့် တော်မူ၏။ မောရှေ သည် ဘုရား သခင်ကို မ ကြည့် ဝံ့၊ မိမိ မျက်နှာ ကို ဖုံး လျက်နေ၏။ ၇ ထာဝရဘုရား ကလည်း၊ အဲဂုတ္တာ ပြည်၌ ရှိသောငါ ၏လူ တို့ခံရသောညှဉ်းဆဲ ခြင်းကို ငါစေ့စေ့မြင် ခဲ့ပြီ။ သူ တို့ကို စေခိုင်း သော သခင်တို့ကြောင့် သူ တို့ မြည်တမ်း သောအသံကိုလည်း ငါကြား ခဲ့ပြီ။ သူ တို့နာကြည်း ခြင်း ဝေဒနာကို ငါသိ ၏။ ၈ သူ တို့ကို အဲဂုတ္တာပြည်၊ အဲဂုတ္တာ လူတို့လက် မှ ကယ်နှုတ် ၍ ၊ ခါနန် လူ၊ ဟိတ္တိ လူ၊ အာမောရိ လူ၊ ဖေရဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့နေရာ ၊ နို့ နှင့် ပျားရည် စီး တတ်သော ပြည် သို့ ပို့ဆောင် ခြင်းငှါ ငါဆင်း လာပြီ။ ၉ ယခု တွင်လည်း ဣသရေလ အမျိုးသား တို့ ငိုကြွေးသောအသံ သည် ငါ့ ထံ သို့တက်ရောက် ၍ ၊ သူ တို့ကို အဲဂုတ္တာ လူတို့သည် ညှဉ်းဆဲ ခြင်းအမှုကိုလည်း ငါမြင် ရပြီ။ ၁၀ ထိုကြောင့် ယခု သွား လော့။ သင်သည် ငါ ၏လူ ဣသရေလ အမျိုးသား တို့ကို အဲဂုတ္တာ ပြည်မှ နှုတ် ဆောင် မည်အကြောင်း ၊ သင့် ကိုဖါရော ဘုရင်ထံ သို့ငါစေလွှတ် မည်ဟု မိန့် တော်မူ၏။ ၁၁ မောရှေ ကလည်း ၊ အကျွန်ုပ် သည် အဘယ်သို့ သောသူဖြစ်၍၊ ဖါရော ဘုရင်ထံ သို့ဝင် သဖြင့် ၊ ဣသရေလ အမျိုးသား တို့ကို အဲဂုတ္တာ ပြည်မှ နှုတ်

ဆောင်ရပါမည်နည်းဟု ဘုရား သခင်အား လျှောက် လျှင်၊ ၁၂ ဘုရားသခင်က၊ အကယ်စင်စစ် ငါသည် သင့် ဘက် ၌ရှိ လိမ့်မည်။ ငါ သည် သင့် ကိုစေလွှတ် ခြင်း လက္ခဏာ သက်သေဟူမူကား၊ သင် သည်ထို လူ တို့ကို အဲဂုတ္တု ပြည်မှ နှုတ် ဆောင်ပြီးလျှင်၊ ဤ တောင် ပေါ် မှာ ဘုရား သခင်အား ဝတ်ပြု ရကြလိမ့်မည်ဟု မိန့် တော်မူ၏။ ၁၃ မောရှေ ကလည်း၊ အကျွန်ုပ် သည် ဣသရေလ အမျိုးသား တို့ ရှိရာသို့ ရောက် ၍ ၊ သင် တို့ဘိုးဘေး များ၏ ဘုရား သခင်သည် ငါ့ ကိုသင် တို့ ရှိရာသို့ စေလွှတ် တော်မူပြီဟု အကျွန်ုပ်ဆို လျှင်၊ သူတို့က၊ ထိုဘုရား သခင်၏ နာမ တော်ကား အဘယ်သို့ နည်းဟု အကျွန်ုပ် ကို ပြုန်၍ မေး သောအခါ၊ အဘယ်သို့ ပြန်ပြော ရပါမည်နည်းဟု ဘုရား သခင်အား မေး လျှောက်လေ၏။ ၁၄ ဘုရား သခင်ကလည်း၊ ငါဖြစ် သည်အတိုင်း ငါဖြစ် ၏ဟူ၍ငင်း၊ ငါဖြစ် သည်ဟု အမည်ရှိသောသူသည်၊ ငါ့ ကိုသင် တို့ရှိရာသို့ စေလွှတ် တော်မူပြီဟု ဣသရေလ အမျိုးသား တို့အား ပြန်ပြော လော့ဟူ၍ငင်း၊ မောရှေ အား မိန့် တော်မူ၏။ ၁၅ တဖန် ဘုရား သခင်က၊ သင် တို့ဘိုးဘေး များ၏ ဘုရား သခင်၊ အာဗြဟံ ၏ဘုရား၊ ဣဇာက် ၏ဘုရား၊ ယာကုပ် ၏ဘုရား တည်းဟူသောထာဝရဘုရား သည်၊ ငါ့ ကို သင် တို့ရှိရာသို့ စေလွှတ် တော်မူပြီဟု ဣသရေလ အမျိုးသား တို့အား ပြော ရမည်။ ထို အမည်သည် အစဉ် ငါ့ အမည် ဖြစ်၏။ လူမျိုး အစဉ်အဆက် မပြတ် ငါ့ ဘွဲ့ နာမ ဖြစ်၏။ ၁၆ သွား၍ ဣသရေလ အမျိုးအသက်ကြီး သူတို့ကို စုဝေး စေပြီးလျှင်၊ သင် တို့ဘိုးဘေး များ၏ ဘုရား သခင်၊ အာဗြဟံ ၏ဘုရား၊ ဣဇာက် ၏ဘုရား၊ ယာကုပ် ၏ဘုရားတည်းဟူသောထာဝရဘုရား သည် ငါ့ အား ထင်ရှား တော်မူလျက်၊ အကယ်စင်စစ်သင် တို့ကို ငါအကြည့့်အရှု လာ၍၊ အဲဂုတ္တု ပြည်၌ သင် တို့အား ပြု သောအမှုကိုငါမြင်ပြီ။ ၁၇ အဲဂုတ္တု ပြည်၌ ခံရသောဒုက္ခ ထဲက သင် တို့ကို ငါနှုတ်၍၊ ခါနန် လူ၊ ဟိတ္တ လူ၊ အာမောရိ လူ၊ ဖေရိဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့နေရာ ၊ နို့ နှင့် ပျားရည် စီး တတ်သော ပြည် သို့ ပို့ဆောင် မည် ငါဂတိ ရှိသည်ဟု မိန့် တော်မူပြီဟု သူ တို့အား ပြော လော့။ ၁၈ သူတို့သည် သင် ၏စကား ကို နားထောင် ၍ ၊ သင် သည် ဣသရေလ အမျိုးသားအသက်ကြီး သူများပါလျက်၊ အဲဂုတ္တု ရှင်ဘုရင် ထံ သို့ဝင် သဖြင့် ၊ ဟေဗြဲ လူတို့၏ ဘုရား သခင်ထာဝရဘုရား သည် အကျွန်ုပ် တို့နှင့် တွေ့ တော်မူပြီ။ အကျွန်ုပ် တို့၏ဘုရား သခင်ထာဝရဘုရား အား ယဇ်ပူဇော် ခြင်းငှါတော သို့ သုံး ရက် ခရီး သွား ရသောအခွင့်ကိုပေး တော်မူပါဟု လျှောက် ရမည်။ ၁၉ အဲဂုတ္တု ရှင်ဘုရင် သည် ကြီးစွာ သောတန်ခိုး ကို မ တွေ့မမြင်လျှင် ၊ သွား ရသောအခွင့်ကို သင် တို့အား မ ပေး ကြောင်းကို ငါ သိ ၏။ ၂၀ ငါ သည်လည်း လက် ကိုဆန့် ၍ ၊ အဲဂုတ္တု ပြည်ထဲ ၌ ငါပြု လတံ့သော ဂါ ၏အံ့ဘွယ် သောအမှုရှိသမျှ တို့နှင့် ထို ပြည်ကို ဒဏ်ခတ် မည်။ ထိုနောက် အဲဂုတ္တုရှင်ဘုရင်သည် သင် တို့ကို လွှတ် လိမ့်မည်။ ၂၁ ထို လူမျိုး သည် အဲဂုတ္တု လူတို့ထံ၌ မျက်နှာရ သော အခွင့်ကို ငါပေး ၍ ၊ သင်တို့သည် ထွက် သွားသောအခါ လက်ချည်း မ သွား ရကြ။ ၂၂ အကြောင်းမူကား၊ မိန်းမ တိုင်းမိမိ အိမ်နီးချင်း ၊ မိမိ အိမ် မှာ တည်း သောသူ၌ ငွေ တန်ဆာ ၊ ရွှေ တန်ဆာ နှင့် အဝတ် တန်ဆာများကို တောင်း ၍ ၊ သင် တို့သား သမီး များကို တန်ဆာဆင် စေသဖြင့် ၊ အဲဂုတ္တု လူတို့၏ဥစ္စာကို လုယူ ကြလိမ့်မည်ဟု မောရှေ အား မိန့် တော်မူ၏။

၄ မောရှေ ကလည်း ၊ ထိုသူတို့သည် အကျွန်ုပ် ကို မ ယုံ ၊ အကျွန်ုပ် စကား ကို နား မ ထောင်ဘဲနေ၍ ၊ ထာဝရဘုရား သည် သင့် အား ထင်ရှား တော်မ မူဟု ဆို ကြပါ လိမ့်မည်ဟု ပြန်လျှောက် လေ၏။ ၂ ထာဝရဘုရား ကလည်း ၊ သင် ၏လက် ၌ အဘယ် အရာရှိသနည်းဟုမေး တော်မူလျှင်၊ လုံတံ ရှိပါ၏ဟု လျှောက် ၏။ ၃ မြေ ပေါ် မှာပစ်ချ လော့ဟု မိန့် တော်မူသည်အတိုင်း ပစ်ချ သဖြင့် ၊ လုံတံသည် မြွေ ဖြစ် ၍ ၊ မောရှေ သည် သူ ရှေ့မှ ပြေး လေ၏။ ၄ ထာဝရဘုရား ကလည်း ၊ သင့် လက် ကိုဆန့် ၍ သူ့ အမြီး ကို ကိုင် ဘမ်းလော့ဟု မိန့်တော်မူသည်အတိုင်း ၊ မောရှေသည် လက် ကိုဆန့် ၍ ဘမ်း မိသဖြင့် ၊ သူ ၏လက် ၌ လုံတံ ဖြစ် ပြန်လေ၏။ ၅ သို့ပြုလျှင် သူ တို့ဘိုးဘေး များ၏ ဘုရား သခင်၊ အာဗြဟံ ၏ဘုရား ၊ ဣဇာက် ၏ဘုရား ၊ ယာကုပ် ၏ဘုရား တည်းဟူသောထာဝရဘုရား သည် သင့် အား ထင်ရှား တော်မူကြောင်း ကို ထိုသူတို့သည် ယုံ ကြလိမ့်မည်ဟု မိန့် တော်မူ၏။ ၆ တဖန် ထာဝရဘုရား က၊ သင် ၏လက် ကိုသင် ၏ ရင်ခွင် သို့ သွင်း လော့ဟု မိန့် တော်မူသည်အတိုင်း ၊ လက် ကို ရင်ခွင် သို့ သွင်း ၍ ထုတ် ပြန်သောအခါ ၊ လက် သည် မိုယ်းပွင့် အဆင်းကဲ့သို့ နူ လေ၏။ ၇ တဖန် သင် ၏လက် ကို သင့် ရင်ခွင် သို့ သွင်း ဦးလော့ဟု မိန့် တော်မူသည်အတိုင်း ၊ တဖန် လက် ကို ရင်ခွင် သို့ သွင်း၍ ထုတ် ပြန်သောအခါ ၊ ပကတိအသား ဖြစ် ပြန်လေ၏။ ၈ ထိုသူတို့သည် သင့် ကို မ ယုံ ၊ ပဌမ နိမိတ် သက်သေကို နား မ ထောင်လျှင် ၊ နောက် ဖြစ်သော နိမိတ် သက်သေကို ယုံ ကြလိမ့်မည်။ ၉ သို့မဟုတ် ထို နိမိတ် နှစ် ပါးကို မ ယုံ ၊ သင် ၏ စကား ကို နား မ ထောင်လျှင် ၊ သင်သည် မြစ် ရေ အချို့ကို ယူ ၍ ကုန်း ပေါ် မှာသွန်း လော့။ ထိုသို့ မြစ် ထဲက ယူ သော ရေ သည် ကုန်း ပေါ် မှာ အသွေး ဖြစ် လိမ့်မည်ဟု မိန့်တော်မူ ၏။ ၁၀ မောရှေ ကလည်း ၊ အို ဘုရား ရှင်၊ အကျွန်ုပ် သည် နှုတ် သတ္တိမ ရှိပါ။ အထက် ကလည်း မရှိပါ။ ကိုယ်တော် ကျွန် အား မိန့် တော်မူသောအခါ၌ပင် မရှိပါ။ နှုတ် လေး သောသူ၊ စကား နှေးနှေး ပြောတတ်သောသူဖြစ် ပါ၏ဟု ထာဝရဘုရား အား လျှောက် ဆို၏။ ၁၁ ထာဝရဘုရား ကလည်း၊ လူ ၏နှုတ် ကို အဘယ်သူ ဖန်ဆင်း သနည်း။ စကားအ သောသူ၊ နားပင်း သောသူ၊ မျက်စိမြင် သောသူ၊ မမြင် သောသူတို့ကို အဘယ်သူ ဖန်ဆင်း သနည်း။ ငါ ထာဝရဘုရား ဖန်ဆင်းသည် မဟုတ် လော။ ၁၂ သို့ ဖြစ်၍ ယခု သွားလော့။ သင် ၏ နှုတ် ၌ ငါ ရှိ ၍ ၊ သင် သည် အဘယ်သို့ ပြော ရမည်ကို သွန်သင် မည်ဟု မိန့် တော်မူ၏။ ၁၃ မောရှေကလည်း၊ အို ဘုရား ရှင်၊ အလိုတော်ရှိသောသူ၏လက်တွင် ပေး လိုက်တော်မူပါဟု လျှောက် သော်၊ ၁၄ ထာဝရဘုရား သည် မောရှေ အား အမျက် တော်ထွက်၍ ၊ လေဝိ လူ အာရုန် သည် သင် ၏အစ်ကို ဖြစ်သည် မဟုတ် လော။ သူ သည် ကောင်းမွန် စွာပြောတတ်သည်ကို ငါသိ ၏။ သူ သည်လည်း သင့် ကိုခရီးဦးကြို ပြုခြင်းငှါ ယခုလာ ၏။ တွေ့ မြင်သောအခါ ဝမ်းမြောက် လိမ့်မည်။ ၁၅ သင်သည် သူ နှင့် စကားပြော ၍ ၊ သူ ပြောစရာစကား ကိုပေး ရမည်။ သင် ၏နှုတ် ၌ ၎င်း ၊ သူ ၏နှုတ် ၌ ၎င်း ငါ ရှိ ၍ ၊ သင် တို့သည် အဘယ်သို့ ပြု ရမည်ကို သွန်သင် မည်။ ၁၆ သူ သည်လည်း လူ တို့ရှေ့မှာ သင် ၏ စကားပြန် လုပ်၍ ၊ သင် ၏ နှုတ် ကိုယ်စားဖြစ် လိမ့်မည်။ သင် သည် လည်း သူ ၏ဘုရား သခင်ကိုယ်စားဖြစ် လိမ့်မည်။ ၁၇ သင်သည် နိမိတ် သက်သေတို့ကို ပြ လတ့ံသော ဤ လုံတံ ကိုလည်း၊ သင် ၏လက် ၌ ကိုင် ရမည်ဟု မိန့် တော်မူ ၏။ ၁၈ မောရှေ

သည်လည်း ယောကျ်မ ယေသရော ထံသို့ ပြန် သွား၍ ၊ အဲဂုတ္တု ပြည်၌ ရှိသောကျွန်ုပ် အမျိုးသား ချင်းတို့သည် အသက်ရှင် သေးသလောဟုကြည့်ရှု ခြင်းငှါ၊ သူတို့ရှိရာသို့ ကျွန်ုပ်သွား ရသောအခွင့်ကိုပေး ပါလော့ဟု ဆို သော်၊ ယေသရော က၊ ငြိမ်ဝပ် စွာ သွား လော့ဟု ပြန်ဆို လေ၏။ ၁၉ ထာဝရဘုရား ကလည်း၊ အဲဂုတ္တု ပြည်သို့ ပြန် သွားလော့။ သင် ၏အသက် ကို ရှာ သောသူ အပေါင်း တို့သည် သေ ကြပြီဟု မိဒျန် ပြည်၌ မောရှေ အား မိန့် တော်မူ၏။ ၂၀ ထိုအခါ ၊ မောရှေ သည် မယား နှင့် သား နှစ်ယောက်တို့ကို ယူ ၍ မြည်း ကိုစီး စေသဖြင့် ၊ ဘုရား သခင်၏ လုံတံ တော်ကိုလက် စွဲ လျက် ၊ အဲဂုတ္တု ပြည် သို့ ပြန် လေ၏။ ၂၁ ထာဝရဘုရား ကလည်း ၊ သင် သည် အဲဂုတ္တု ပြည်သို့ သွား ၍ ရောက် လျှင် ၊ သင် ၌ ငါအပ် သော အံ့ဘွယ် သော အမှုအလုံးစုံ တို့ကို ဖါရော ဘုရင်ရှေ့မှာ ပြ လော့။ ထိုသို့ ပြသော်လည်းသူ ၏နှလုံး ကို ငါ ခိုင်မာ စေ၍၊ သူသည် ကျွန်ုပရေလလူ တို့ကို မ လွှတ် ဘဲ နေလိမ့်မည်။ ၂၂ ဖါရော ဘုရင်ကို လည်း ထာဝရဘုရား က ကျွန်ုပရေလ သည် ငါ့ သား ဖြစ်၏။ ငါ့ သားဦး ဖြစ်၏။ ၂၃ ငါ့ သား သည် ငါ့ အားဝတ်ပြု သောအခွင့် ရှိစေခြင်းငှါ လွှတ် လော့။ မလွှတ်ဘူးဟု ငြင်း လျှင်၊ သင် ၏သား ၊ သင် ၏သားဦး ကိုပင် ငါ ကွပ်မျက် မည်ဟု မိန့် တော်မူကြောင်းကို ဆင့်ဆို လော့ဟု မောရှေ အား မှာ ထားတော်မူ၏။ ၂၄ ခရီး သွား စဉ်တွင် ၊ စားခန်း စရပ်၌ ထာဝရဘုရား သည် မောရှေ ကိုတွေ့ ၍ ကွပ်မျက် ခြင်းငှါရှာကြံ တော်မူ ၏။ ၂၅ ထိုအခါ ၊ ဇိပေါရ သည် ထား ကိုယူ ၍ သား ၏ အရေဖျား ကို လှီးဖြတ် ပြီးမှ ၊ လင် ၏ခြေ ရင်း၌ ပြပ်ဝပ်လျက် ၊ အကယ် စင်စစ်သင် သည် အကျွန်ုပ် ၌ အသွေး နှင့်ယှဉ်သော လင် ဖြစ်သည်ဟု ဆို ၏။ ၂၆ ထိုအခါ မောရှေ ကို လွှတ် တော်မူ၏။ မယားကလည်း ၊ အရေဖျား လှီးမင်္ဂလာကြောင့် ၊ သင်သည် အကျွန်ုပ်၌ အသွေး နှင့်ယှဉ်သောလင် ဖြစ်၏ဟု ဆို သတည်း။ ၂၇ ထာဝရဘုရား ကလည်း ၊ မောရှေ ကို ခရီးဦးကြိုပြု ခြင်းငှါ တော သို့သွား လော့ဟု အာရုန် အား မိန့် တော်မူသည် အတိုင်း ၊ အာရုန်သည်သွား လျှင် ၊ ဘုရား သခင်၏ တောင် ပေါ် ၌ မောရှေ ကို တွေ့ ၍ နမ်း ခြင်းကို ပြု၏။ ၂၈ မောရှေ သည်လည်း ၊ မိမိ ကိုစေလွှတ် တော်မူသော ထာဝရဘုရား ၏စကား တော်အလုံးစုံ တို့ကိုငှင်း ၊ မှာ ထားတော်မူသမျှသော နိမိတ် သက်သေတို့ကိုငှင်း၊ အာရုန် အား ကြားပြော လေ၏။ ၂၉ ထို သူညီနောင်နှစ်ပါးတို့သည် သွား ၍ ကျွန်ုပရေလ အမျိုးသား အသက်ကြီး သူတို့ကို စုဝေး စေပြီးလျှင် ၊ ၃၀ အာရုန် သည် မောရှေ အား ထာဝရဘုရား မိန့် တော်မူသော စကား တော်အလုံးစုံ တို့ကို ပြန်ပြော ၍ ၊ လူ တို့ရှေ့မှာ နိမိတ် သက်သေတို့ကိုပြ လေ၏။ ၃၁ ထိုလူ များတို့သည် ယုံ ကြ၏။ ထာဝရဘုရား သည် ကျွန်ုပရေလ အမျိုးသား တို့ကို အကြည့့် အရှုကြတော်မူသည် ကို ၎င်း ၊ သူ တို့ခံရသောဆင်းရဲ ခြင်းကို မှတ် တော်မူသည်ကို ၎င်းကြား သောအခါ ၊ ဦးညွှတ် ချ၍ ကိုးကွယ် ကြ၏။

၅ ထိုနောက်မှ ၊ မောရှေ နှင့် အာရုန် သည် ဖါရော ဘုရင်ထံသို့ ဝင် ၍ ၊ ကျွန်ုပရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား က၊ ငါ ၏လူ တို့သည် တော ၌ ငါ့ အတို့ ပွဲခံ စေခြင်းငှါ လွှတ် ရမည်ဟု မိန့် တော်မူကြောင်းကို လျှောက် ၏။ ၂ ဖါရော မင်းကလည်း ၊ ထာဝရဘုရား ၏စကား ကို နားထောင် ၍ ၊ ကျွန်ုပရေလ အမျိုးသားတို့ကို ငါလွှတ် စေ ခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း။ ထာဝရဘုရား ကို ငါမ သိ ၊ ကျွန်ုပရေလ အမျိုးသားတို့ကို ငါမ လွှတ် ဟု ဆို လေ၏။

၃ သူတို့ကလည်း၊ ဟေဗြဲ လူတို့၏ ဘုရား သခင်သည် ကျွန်တော် တို့နှင့် တွေ့ တော်မူပြီ။ တော သို့ သုံး ရက် ခရီး သွား ၍ ၊ ကျွန်တော် တို့ ဘုရား သခင်ထာဝရဘုရား အား ယဇ်ပူဇော် ရသောအခွင့်ကိုပေး တော်မူပါ။ သို့မဟုတ် ကာလနာ ဘေး၊ ထား ဘေးတစုံတခုဖြင့် ကျွန်တော် တို့ကို ဒဏ်ခတ် တော်မူလိမ့်မည်ဟု လျှောက် ဆို၏။ ၄ အဲဂုတ္တု ရှင်ဘုရင် ကလည်း ၊ မောရှေ နှင့် အာရုန် ၊ သင်တို့သည် ဤလူ များတို့ကို အဘယ်ကြောင့် အလုပ် ပြတ် စေသနည်း။ အမှု တော်ကို သွား ၍ ဆောင်ရွက်ကြဟု မိန့် တော်မူ၏။ ၅ တဖန် လည်း ပြည် တော်၌ ထိုလူ တို့သည် ယခု များ ကြ၏။ အမှု မထမ်း စေခြင်းငှါသင်တို့သည် အခွင့်ပေး ကြသည်တကားဟု ဖါရော ဘုရင်ဆို ၍ ၊ ၆ ထိုနေ့ ခြင်းတွင် အအုပ်အချုပ် ၊ အကြပ်အဆော်တို့ကို ခေါ်ပြီးလျှင်၊ ၇ အုတ် လုပ် စရာဘို့ ကောက်ရိုး ကို လူ တို့အား အရင် ပေးသကဲ့သို့ မ ပေး နှင့်။ သူ တို့သည် ကောက်ရိုး ကို ကိုယ် ဘို့ ရှာ ယူကြစေ။ ၈ အုတ် ကိုကား၊ အရေအတွက် အားဖြင့်အရင် ကဲ့သို့လုပ် စေရမည်၊ အလျှင်းမ လျော့ စေနှင့်။ သူ တို့သည် ပျင်းရိ ကြ၏။ ထိုကြောင့် သွား ၍ငါ တို့ ဘုရား သခင်အား ယဇ်ပူဇော် ကြစို့ဟု ကြွေးကြော် တတ်ကြ၏။ ၉ သို့ ဖြစ်၍စည်းကြပ်လျက် လုပ် စေကြ။ ပင်ပန်း စေကြ။ လူမိုက် စကား ကို နား မ ထောင်စေနှင့်ဟု မိန့်တော်မူ၏။ ၁၀ အအုပ်အချုပ် အကြပ်အဆော် တို့သည် ထွက် ၍ ၊ ဖါရော ဘုရင်က ကောက်ရိုး ကိုငါ မ ပေး။ ၁၁ ကောက်ရိုး ကို တွေ့ နိုင်ရာအရပ် ၌ ရှာ ကြ။ သို့သော်လည်း လုပ်ရသောအလုပ် အလျှင်းမ လျော့ ရဟု အမိန့် တော်ရှိသည်ဟု လူ တို့အား ပြန်ကြား ကြ၏။ ၁၂ သို့ ဖြစ်၍ လူ တို့သည် ကောက်ရိုး အတွက် အမှိုက် ကို ရှာ ယူခြင်းငှါ အဲဂုတ္တု ပြည် တရှောက်လုံး တွင် အရပ်ရပ်ကွဲပြား ကြ၏။ ၁၃ အုပ်ချုပ် သောသူတို့ ကလည်း ၊ ကောက်ရိုး ကို ရ သည်ကာလ၌ နေ့ တိုင်းလုပ် ရသည်အတိုင်း ၊ ပြီး အောင် လုပ်ကြဟု သူတို့ကိုနှိုးဆော် ကြ၏။ ၁၄ ဖါရော မင်း၏ အအုပ်အချုပ် တို့သည် ခန့် ထားသော ဣသရေလ အမျိုး အကြပ်အဆော် တို့ကို သင်တို့သည် အရင် ကလုပ်သည်အတိုင်း ၊ ယနေ့ နှင့်မနေ့ ၌ အုတ် လုပ်ရသောအမှု ကို အဘယ်ကြောင့် မ ပြီးစီး စေကြ သနည်းဟု စစ်၍ရိုက် ကြ၏။ ၁၅ ထိုအခါ၊ ဣသရေလ အမျိုး အကြပ်အဆော် တို့သည်၊ ဖါရော မင်းထံသို့ သွား ၍ ၊ ကိုယ်တော်သည် ကိုယ်တော် ကျွန် တို့ကို အဘယ်ကြောင့် ဤသို့ စီရင် တော်မူသနည်း။ ၁၆ ကိုယ်တော် ကျွန် တို့အား ၊ ကောက်ရိုး ကိုမ ပေး ၊ အုပ်ချုပ်သောသူတို့ ကလည်း၊ အုတ် ကိုလုပ် ကြဟု ဆို သဖြင့်၊ ကျွန်တော်တို့သည် အရိုက် ခံရကြပါ၏။ ကိုယ်တော် လူ တို့ ၌သာ အပြစ် ရှိပါသည်ဟု အော်ဟစ် ကြ၏။ ၁၇ ဖါရောဘုရင်ကလည်း ၊ သင် တို့သည် ပျင်းရိ သည်၊ ပျင်းရိ သည်။ ထိုကြောင့် ငါတို့သည်သွား ၍ ထာဝရဘုရား အား ယဇ်ပူဇော် ကြစို့ဟု သင် တို့ဆို တတ်ကြ၏။ ၁၈ သို့သောကြောင့် ယခု သွား ၍လုပ် ကြ။ ကောက်ရိုး ကိုမ ပေး ရ။ သို့သော်လည်းအုတ် ကိုပေးမြဲပေး ရမည်ဟု မိန့် တော်မူ၏။ ၁၉ ထိုသို့ နေ့ တိုင်းလုပ်ရသောအုတ် အရေအတွက်၌ အလျှင်းမ လျော့ ရဟု အမိန့်တော်ရှိသည်ဖြစ်၍၊ ဣသရေလ အမျိုး အကြပ်အဆော် တို့သည် မိမိ တို့ ၌ အမှုကြီးရောက်ကြောင်းကို သိမြင် ကြ၏။ ၂၀ ဖါရော မင်းထံမှ ထွက်သွား ကြစဉ် ၊ လမ်း၌ စောင့် လျက်နေသောမောရှေ နှင့် အာရုန် ကို တွေ့ လျှင် ၊ ၂၁ ထာဝရဘုရား သည် သင် တို့ကို ကြည့်ရှု ၍ စီရင် တော်မူပါစေသော။ အကြောင်းမူကား၊ ဖါရော မင်းနှင့် အမှု တော်ထမ်းအပေါင်းတို့သည်

ငါ တို့ကို ရွံရှာ စေခြင်းငှါ ၎င်း၊ ငါ တို့ကိုသတ် ရသောအခွင့်ရှိစေခြင်းငှါ ၎င်း၊ သင်တို့သည် ပြုကြပြီတကားဟု ဆို ကြ၏။ ၂၂ မောရှေ သည်လည်း ၊ ထာဝရဘုရား ထံ တော်သို့သွား ၍ ၊ အိုဘုရား ရှင်၊ ကိုယ်တော်သည် ဤ လူမျိုး ကို အဘယ်ကြောင့် ညှဉ်းဆဲ တော်မူသနည်း။ အကျွန်ုပ် ကို အဘယ်ကြောင့် စေလွှတ် တော်မူသနည်း။ ၂၃ အကျွန်ုပ်သည် ကိုယ်တော်အခွင့် နှင့် ပြော ခြင်းဌာ ၊ ဖါရော မင်း ထံ သို့ဝင် သည်နေ့မှစ၍ ၊ သူသည် ဤ လူမျိုး ကို ညှဉ်းဆဲ ပါပြီ။ ကိုယ်တော်သည် ကိုယ်တော် ၏ လူ တို့ကို အလျှင်းကယ်လွှတ် တော်မ မူပါဟု လျှောက် ၏။

၆ ထာဝရဘုရား ကလည်း ၊ ငါသည် ဖါရော မင်း၌ အဘယ်သို့ ပြု မည်ကို သင်သည် ယခု သိ လိမ့်မည်။ သူသည် ကြီးစွာ သောတန်ခိုး ကို တွေ့မြင်၍၊ ငါ၏လူ တို့ကို လွှတ် ရလိမ့်မည်။ ကြီးစွာ သော တန်ခိုး ကို တွေ့မြင်၍ သူ တို့ကို မိမိ ပြည် မှ နှင် ရလိမ့်မည်ဟု မောရှေ အား မိန့် တော်မူ၏။ ၂ တဖန် ဘုရား သခင်သည် မောရှေ၌ ဗျာဒိတ် ထားတော်မူသည်ကား၊ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၃ ငါသည် အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့အား ၊ အနန္တ တန်ခိုးရှင်၊ ဘုရား သခင်နာမနှင့် ထင်ရှား သော်လည်း ၊ ထာဝရဘုရား နာမ အားဖြင့်သူ တို့သည် ငါ့ကို မ သိ ကြ။ ၄ သူ တို့သည် အရပ်ရပ်လည် ၍၊ ဧည့်သည်နေရာပြည် ၊ ခါနာန် ပြည် ကို သူ တို့အား ပေး ခြင်းငှါ ၊ သူ တို့နှင့် ငါ ပြုသောပဋိညာဉ် ကို ငါတည် စေပြီ။ ၅ အဲဂုတ္တု လူတို့သည် အစေ ကျွန်ခံစေသော ဣသရေလ အမျိုးသားတို့၏ ညည်းတွား မြည်တမ်းခြင်းအသံကို ငါ ကြား ရပြီ။ ငါ ပဋိညာဉ် ကိုလည်း ငါအောက်မေ့ ၏။ ၆ ထိုကြောင့်ဣသရေလ အမျိုးသားတို့အား ပြောရသောစကားဟူမူကား၊ ငါ သည် ထာဝရဘုရား ဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တု လူတို့လက် မှ လွှတ် ၍ ၊ သူ တို့၏ ညှဉ်းဆဲ ခြင်းထဲက နှုတ်ယူ မည်။ လက် ဆန့် ခြင်း၊ ကြီးစွာ သော ဒဏ်ခတ် ခြင်းအားဖြင့် သင် တို့ကို ငါရွေး မည်။ ၇ ငါ ၏လူမျိုး ဖြစ်စေခြင်းငှါ ၊ သင် တို့ကို ငါသိမ်းယူ မည်။ ငါသည်လည်း သင် တို့၏ ဘုရား သခင်ဖြစ် မည်။ ငါ သည်သင် တို့ကို အဲဂုတ္တု လူတို့လက် မှ လွှတ် သော သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့သိ ကြလိမ့်မည်။ ၈ ငါသည်လည်း ၊ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့ အား ပေး မည်ဟု ကျိန်ဆိုသောပြည် သို့ ငါပို့ဆောင် ၍ ၊ အမွေ ခံစရာဘို့ ပေး မည်။ ငါ သည် ထာဝရဘုရား ဖြစ်၏ဟု မိန့် တော်မူ၏။ ၉ ထိုသို့မောရှေ သည် ဣသရေလ အမျိုးသားတို့အား ဆင့်ဆို သော်လည်း ၊ သူတို့သည် အလွန်စိတ် ပင်ပန်း ၍ ကြမ်းတမ်း စွာ ညှဉ်းဆဲခြင်း ကို ခံရသောကြောင့် ၊ မောရှေ စကားကို နား မ ထောင်ဘဲနေကြ၏။ ၁၀ ထာဝရဘုရား ကလည်း ၊ အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်းထံ သို့ဝင် ၍၊ ၁၁ သူသည် ဣသရေလ အမျိုးသားတို့ကို မိမိ ပြည် မှ လွှတ် ရမည်အကြောင်း ပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၁၂ မောရှေ ကလည်း ၊ ဣသရေလ အမျိုးသားတို့သည် အကျွန်ုပ် ပြောသောစကားကို နား မ ထောင်ဘဲ နေသည်ဖြစ်၍ ၊ အရေဖျား လှီးခြင်းကို မခံသောနှုတ် နှင့် ပြောတတ်သော အကျွန်ုပ် ၏စကားကို ဖါရော မင်းသည် အဘယ်သို့ နားထောင် ပါမည်နည်းဟု ထာဝရဘုရား ရှေ့မှာ လျှောက်ဆို ၏။ ၁၃ သို့ရာတွင်မောရှေ နှင့် အာရုန် သည် ဣသရေလ အမျိုးသားတို့ကိုအဲဂုတ္တု ပြည် မှ နှုတ်ဆောင် ရမည် အကြောင်း၊ ထာဝရဘုရား သည် သူတို့ကိုခေါ်၍ ဣသရေလ အမျိုးသားတို့ထံသို့ ၎င်း၊ အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်းထံသို့ ၎င်း

စေခိုင်း မှာ ထားတော်မူ၏။ ၁၄ ကြသရေလ အဆွေအမျိုး သူကြီး တို့၏ အမည်ဟူမူကား၊ ကြသရေလ သားဦး ရှဗင် ၏သား ကား၊ ဟာနုတ် ၊ ဖါလု ၊ ဟေဇရုံ ၊ ကာမိ တည်း။ ဤ သူတို့သည် ရှဗင် အမျိုးအနွယ် ဖြစ်၏။ ၁၅ ရှိမောင် ၏သား ကား၊ ယမွေလ ၊ ယာမိန် ၊ ဩဟဒ် ၊ ယာခိန် ၊ ဇောဟာ ၊ ခါနာန် အမျိုးသမီးမိန်းမ၏သား ရှောလ တည်း။ ဤ သူတို့သည် ရှိမောင် အမျိုးအနွယ် ဖြစ်၏။ ၁၆ လေဝိ သား အဆွေအမျိုး အလိုက်ဟူမူကား ၊ ဂေရရှုံ ၊ ကောဟတ် ၊ မေရာရိ တည်း။ လေဝိ အသက် သည် အနှစ် တရာ သုံးဆယ် ခုနစ် နှစ် ရှိသတည်း။ ၁၇ ဂေရရှုံ သား အဆွေအမျိုး အလိုက် ဟူမူကား၊ လိဗနိ နှင့် ရှိမိ တည်း။ ၁၈ ကောဟတ် သား ကား၊ အာမရံ ၊ ဣဇဟာ ၊ ဟေဗြုန် ၊ ဩဇေလ တည်း။ ကောဟတ် အသက် သည် အနှစ် တရာ သုံးဆယ် သုံး နှစ် ရှိသတည်း။ ၁၉ မေရာရိ သား ကား၊ မဟာလိ နှင့် မုရှိ တည်း။ ဤ သူတို့သည် လေဝိ အဆွေအမျိုး အသီးအသီးဖြစ်သတည်း။ ၂၀ အာမရံ သည် မိမိ အရီး ယောခေဗက် နှင့် စုံဘက် ၍ ၊ သူ သည် အာရုန် နှင့် မောရှေ ကိုငင်း၊ သူတို့အစ်မမိရိအံကိုငင်းဘွား လေ၏။ အာမရံ အသက် သည် အနှစ် တရာ သုံးဆယ် ခုနစ် နှစ် ရှိသတည်း။ ၂၁ ဣဇဟာ သား ကား၊ ကောရ ၊ နေဖက် ၊ ဇိခရိ တည်း။ ၂၂ ဩဇေလ သား ကား၊ မိရှေလ ၊ ဧလဇာဖန် ၊ သိသရိ တည်း။ ၂၃ အာရုန် သည် အမိနဒပ် သမီး ၊ နာရှုန် နှမ ဧလိရှဘ နှင့် စုံဘက် ၍ ၊ သူသည်နာဒပ် ၊ အဘိဟု ၊ ဧလဇာ ၊ ဣသမာ တို့ကို ဘွား လေ၏။ ၂၄ ကောရ သား ကား၊ အသိရ ၊ ဧလကာန ၊ အဗျာသပ် တည်း။ ဤ သူတို့သည် ကောရ အဆွေအမျိုး ဖြစ်သတည်း။ ၂၅ အာရုန် သား ဧလဇာ သည် ပုတျေလ သမီး တယောက်နှင့်စုံဘက် ၍ ၊ သူသည် ဖိနဟတ် ကိုဘွား လေ၏။ ဤ သူတို့သည် လေဝိ အမျိုး၊ အသီးအသီးတို့၏ အဆွေအမျိုး သူကြီး ဖြစ်ကြသတည်း။ ၂၆ ထာဝရဘုရား က ကြသရေလ အမျိုးသား ဗိုလ်ပါတို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် လော့ဟု မိန့် တော်မူသောစကားကိုခံ သောသူ၊ ၂၇ ကြသရေလ အမျိုးသား တို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် ခြင်းငှါ ၊ အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်းထံ ၌ လျှောက် ရသောသူ တို့သည်၊ ထို အာရုန် နှင့် မောရှေ ဖြစ်သတည်း။ ၂၈ အဲဂုတ္တု ပြည် မှာ ထာဝရဘုရား သည်၊ မောရှေ အား ဗျာဒိတ် ထားတော်မူသောနေ့ရက် ၌ လည်း ၊ ၂၉ ငါ သည် ထာဝရဘုရား ဖြစ်၏။ ငါ မှာ လိုက်သမျှတို့ကို ၊ အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်းအား ပြန်ပြော ရမည်ဟု မောရှ အား ထာဝရဘုရား မိန့် တော်မူ၏။ ၃၀ မောရှေ ကလည်း ၊ အကျွန်ုပ် သည် အရေဖျား လိုးခြင်းကို မခံသောနှုတ် ရှိသည်ဖြစ်၍ ၊ ဖါရော ဘုရင်သည် အကျွန်ုပ် စကားကို အဘယ်သို့ နားထောင် ပါလိမ့်မည်နည်းဟု ထာဝရဘုရား ရှေ့မှာ လျှောက်ဆို ၏။

၇ ထာဝရဘုရား ကလည်း၊ သို့ ဖြစ်၍ သင့် ကိုဖါရော ဘုရင်၏ ဘုရား အရာ၌ ငါခန့် ထား၏။ သင် ၏အစ်ကို အာရုန် သည်၊ သင် ၏ပရောဖက် ဖြစ် ရလိမ့်မည်။ ၂ ငါမိန့် တော်မူသမျှ တို့ကို သင် သည် ပြန်ပြော ရမည်။ ဖါရောဘုရင်သည် ကြသရေလ အမျိုးသား တို့ကို မိမိ ပြည် မှ လွှတ် လိုက်ရမည်အကြောင်း ကို၊ သင် ၏အစ်ကို အာရုန် သည် သူ့ ထံ၌ လျှောက် ရမည်။ ၃ ငါ သည်လည်း ဖါရော မင်း၏ နှလုံး ကို ခိုင်မာ စေ၍ ၊ အဲဂုတ္တု ပြည် ၌ ငါ ၏နိမိတ် လက္ခဏာ အံ့ဘွယ် သော အမှုတို့ကို များပြား စေမည်။ ၄ သို့သော်လည်း ဖါရော မင်းသည် သင် တို့စကားကို နား မ ထောင်ဘဲနေလိမ့်မည်။ ငါသည်လည်း ငါ့ လက် ကို အဲဂုတ္တု ပြည်အပေါ် မှာတင် ၍ ကြီးစွာ သောဒဏ်ခတ် ခြင်းအားဖြင့် ငါ ၏ဗိုလ်ပါ များ၊ ငါ

၏လူ ကျသရုလ အမျိုးသား တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် မည်။ ၅ ထိုသို့ အဲဂုတ္တု ပြည်အပေါ် မှာ ငါ့ လက် ကိုဆန့် ၍ ၊ ကျသရေလ အမျိုးသား တို့ကို သူ တို့အထဲ မှ နှုတ်ဆောင် သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်းကို အဲဂုတ္တု လူတို့သည် သိ ကြလိမ့်မည်ဟု မောရှေ အား မိန့် တော်မူ၏။ ၆ မောရှေ နှင့် အာရုန် တို့သည် ထာဝရဘုရား မိန့် တော်မူသမျှ အတိုင်း ပြု ကြ၏။ ၇ ဖါရော ဘုရင်ထံ ၌ လျှောက် ကြသောအခါ ၊ မောရှေ ၏အသက် သည် အနှစ် ရှစ်ဆယ် ရှိ၏။ အာရုန် ၏ အသက် သည် အနှစ် ရှစ်ဆယ် သုံး နှစ်ရှိ၏။ ၈ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် တို့အား မိန့် တော်မူသည်ကား၊ ၉ ဖါရော ဘုရင်က၊ သင် တို့အတွက် ထူးဆန်း သော တန်ခိုးကို ပြ လော့ဟုဆို လျှင် ၊ သင် ၏ လှံတံ ကိုယူ ၍ ရှေ့တော်၌ချ လော့ဟု အာရုန် အား ပြော လော့။ လှံတံသည်လည်း မြွေ ဖြစ် လိမ့်မည်ဟု မိန့်တော်မူ၏။ ၁၀ မောရှေ နှင့် အာရုန် သည် ဖါရော ဘုရင်ထံ သို့ဝင် ၍ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ပြု သဖြင့်၊ အာရုန် သည် ဖါရော ဘုရင်ရှေ့ သူ ၏ကျွန် များရှေ့ မှာ လှံတံ ကိုချ ၍ မြွေ ဖြစ် လေ၏။ ၁၁ ထိုအခါ ဖါရော ဘုရင်သည် ပညာရှိ များ၊ ပြုစား တတ်သောသူများတို့ကိုခေါ် ၍ ၊ အဲဂုတ္တု အမျိုး ဝိဇ္ဇာဆရာ တို့သည်၊ ဝိဇ္ဇာအတတ် အားဖြင့် ထိုအတူ ပြု ၍ ၊ ၁၂ မိမိ တို့ကိုင်သော လှံတံ များကိုချ ၍ မြွေ ဖြစ် ကြလေ၏။ သို့သော်လည်း အာရုန် ၏လှံတံ သည် သူ တို့၏ လှံတံ များကို မျိုု လေ၏။ ၁၃ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ ဖါရော ဘုရင်သည် နှလုံး ခိုင်မာ ၍ သူ တို့၏စကားကို နား မ ထောင်ဘဲနေ၏။ ၁၄ ဖါရော ဘုရင်သည် နှလုံး ခိုင်မာ ၍ ကျသရေလလူ တို့ကို မ လွှတ်ဘဲနေ၏။ ၁၅ နံနက် အချိန်၌ ဖါရော ဘုရင်ထံ သို့သွား လော့။ သူသည် ရေ ဆိပ်သို့ သွား လိမ့်မည်။ သူမရောက်မီ သင် သည် မြစ် ကမ်းနား မှာ ရပ် နေလော့။ မြွေ ဖြစ် သော လှံတံ ကိုလည်း လက် တွင် ကိုင် လော့။ ၁၆ ဟေဗြဲ အမျိုးသားတို့၏ ဘုရား သခင်ထာဝရဘုရား က၊ ငါ့ လူ တို့သည်တော ၌ ငါ့ အား ဝတ်ပြု မည် အကြောင်း ၊ သူတို့ကိုလွှတ် လော့ဟု အမိန့်တော်ပါသောကျွန်ုပ် ကို ကိုယ်တော် ထံ သို့စေလွှတ် တော်မူပြီ။ ကိုယ်တော်သည် ယခု တိုင်အောင် နား မ ထောင်ဘဲနေပါသည် တကား။ ၁၇ ထာဝရဘုရား က ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်းကို သင်သည်အဘယ်သို့သိ ရမည်နည်းဟူမူကား ၊ ငါ ကိုင် သောလှံတံ နှင့် မြစ် ရေကို ရိုက် ၍ ထိုရေ သည် အသွေး ဖြစ် လိမ့်မည်။ ၁၈ မြစ် ၌ ရှိသောငါး တို့သည်သေ ကြလိမ့်မည်။ မြစ် ရေလည်း နံ လိမ့်မည်၊ အဲဂုတ္တု လူတို့သည်လည်း မြစ် ရေ ကို ရွံ ကြလိမ့်မည် အကြောင်းကို ပြန်ပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၁၉ တဖန် ထာဝရဘုရား သည် မောရှေ ကို မိန့်တော်မူပြန်သည်ကား၊ အာရုန် အား သင် ၏လှံတံ ကိုယူ ၍ အဲဂုတ္တု ပြည်၌ရှိသောချောင်း ရေ၊ မြစ် ရေ၊ အိုင် အင်းရေ၊ ကန် ရေ၊ တွင်းရေ ရှိသမျှအပေါ် မှာ လက် ကိုဆန့် လော့။ ထို ရေ ရှိသမျှ တို့သည် အသွေး ဖြစ် လိမ့်မည်။ အဲဂုတ္တု ပြည် တရှောက်လုံး ၊ သစ် ခွက်၊ ကျောက် အိုး၌ မျှ မကြွင်း အသွေး ရှိ လိမ့်မည်အကြောင်းကို ပြော လော့ဟု မိန့် တော်မူ၏။ ၂၀ မောရှေ နှင့် အာရုန် သည် ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ပြု ၍ ၊ အာရုန်သည် ဖါရော ဘုရင် ရှေ့၊ သူ ၏ကျွန် များရှေ့ မှာ လှံတံ ကိုချီ ၍ မြစ် ရေ ကို ရိုက် သဖြင့် ၊ မြစ် ရေ ရှိသမျှ သည် အသွေး ဖြစ် လေ၏။ ၂၁ မြစ် ၌ ရှိသောငါး တို့သည်လည်း သေ ကြ၍ ၊ မြစ် ရေနံ သောကြောင့် ၊ အဲဂုတ္တု လူတို့သည် မြစ် ရေ ကို မ

သောက် နိုင် ကြ။ အဲဂုတ္တာ ပြည် တရှောက်လုံး ၌ အသွေး နှံ့ ပြားလျက် ရှိ လေ၏။ ၂၂ အဲဂုတ္တာ အမျိုးသားဝိဇ္ဇာဆရာ တို့လည်း ဝိဇ္ဇာအတတ် အားဖြင့် ထိုအတူ ပြု ကြ၏။ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ ဖါရော ဘုရင်သည် နှလုံး ခိုင်မာ ၍ သူ တို့၏စကားကို နား မ ထောင်ဘဲနေ၏။ ၂၃ နန်းတော် သို့ လှည့်လည် ပြန် သွား၍ ထို အမှုကို နှလုံး မ သွင်း ဘဲ နေလေ၏။ ၂၄ ထိုအခါ အဲဂုတ္တာ လူတို့သည် မြစ် ရေ ကို မ သောက် နိုင် သောကြောင့် ၊ သောက် ရေ ကိုရခြင်းငှါ မြစ် နား မှာ တွင်းတူး ကြ၏။ ၂၅ ထာဝရဘုရား သည်မြစ် ကိုဒဏ်ခတ် ၍ ခုနစ် ရက် ကိုလွန် စေတော်မူ၏။

၈ ထာဝရဘုရား ကလည်း ၊ သင်သည် ဖါရော ဘုရင်ထံ သို့ဝင် ၍ ငါ ၏လူ တို့သည် ငါ့ အားဝတ်ပြု မည်အကြောင်း ၊ သူတို့ကိုလွှတ် လော့။ ၂ မလွှတ် ဘူးဟုငြင်း လျှင် ၊ သင် ၏ပြည် တရှောက်လုံး ကို ဘား တို့ ဖြင့် ဒဏ်ခတ် ဦးမည်။ ၃ မြစ် သည်လည်း များစွာ သော ဘား တို့ကိုဘွား၍၊ သူတို့သည် သင် ၏အိမ် ၌ဌင်း ၊ အိပ် ခန်း ၌ ဌင်း ၊ အိပ်ရာ ပေါ် ၌ဌင်း ၊ သင် ၏ကျွန် တို့ အိမ် ၌ ဌင်း ၊ သင် ၏လူ တို့အပေါ် ၌ဌင်း ၊ သင် ၏မီးဖို ၌ ဌင်း ၊ မုန့် နယ်သော ခွက်၌ ဌင်း တက် ကြလိမ့်မည်။ ၄ သင် မှစ၍ သင် ၏လူ ၊ သင် ၏ကျွန် ရှိသမျှ တို့ အပေါ် ၌ တက် ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူသည် အကြောင်းကို ကြားပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၅ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့်တော်မူပြန်သည်ကား၊ အာရုန် သည် ချောင်း ရေ၊ မြစ် ရေ၊ အိုင် အင်းရေတို့အပေါ် ၌ လှံတံ ကို ကိုင်လျက်၊ လက် ကို ဆန့် ၍ အဲဂုတ္တာ ပြည် အပေါ် သို့ ဘား များကို တက် စေ ခြင်းငှါ ပြော လော့ဟု မိန့် တော်မူ၏။ ၆ အာရုန် သည် အဲဂုတ္တာ ပြည်၌ရှိသောရေ အပေါ် မှာ လက် ကိုဆန့် သဖြင့် ၊ ဘား တို့သည်တက် ၍ အဲဂုတ္တာ ပြည် တရှောက်လုံးကို ဖုံးလွှမ်း ကြ၏။ ၇ ဝိဇ္ဇာဆရာ တို့သည်လည်း ဝိဇ္ဇာအတတ် အားဖြင့် ထိုအတူ ပြု ၍ ဘား တို့ကို အဲဂုတ္တာ ပြည် အပေါ် သို့ ဆောင် ကြ၏။ ၈ ထိုအခါ ဖါရော မင်းသည်၊ မောရှေ နှင့် အာရုန် ကို ခေါ် ၍ ၊ ထာဝရဘုရား သည် ဘား တို့ကိုငါ နှင့် ငါ့ လူ တို့ ထံမှ ပယ်ရှား တော်မူမည်အကြောင်း တောင်းပန် လော့။ ကွသရေလလူ တို့သည် ထာဝရဘုရား အား ယဇ်ပူဇော် ရသောအခွင့် ကို ငါပေးမည်ဟု ဆို ၏။ ၉ မောရှေ ကလည်း ၊ ကိုယ်တော် နှင့် ကိုယ်တော် အိမ် များမှ ဘား တို့ကို ပယ်ရှင်း ဖျက်ဆီး၍၊ မြစ် ၌ သာ နေ စေ ခြင်းငှါ၊ ကိုယ်တော် နှင့် ကိုယ်တော် ကျွန် များ၊ လူ များအဘို့ အကျွန်ုပ်တောင်းပန် ရသောအချိန် ကို ချိန်းချက် တော်မူပါဟု လျှောက် သော်၊ ၁၀ နက်ဖြန် နေ့ တောင်းပန်လော့ဟု မိန့် တော်မူသည်ဖြစ်၍ ၊ မောရှေက၊ အကျွန်ုပ် တို့ဘုရား သခင်ထာဝရဘုရား နှင့်တူ သော ဘုရားမရှိ ကြောင်းကို ကိုယ်တော်သိ စေခြင်းငှါ အမိန့် တော်အတိုင်း ဖြစ်၍ ၊ ၁၁ ဘား တို့သည်ကိုယ်တော် နှင့် ကိုယ်တော် အိမ် များ၊ ကျွန် များ၊ လူ များထံမှ ထွက် သွား၍ မြစ် ၌ သာ နေ ကြလိမ့်မည်ဟု မောရှေလျှောက် ပြီးလျှင်၊ ၁၂ အာရုန် နှင့်အတူ အထံတော်မှ ထွက်သွား ၍ ၊ ဖါရော ဘုရင်အပေါ် သို့ ထာဝရဘုရား ဆောင် တော်မူ သောဘား တို့အကြောင်း ကြောင့် ၊ မောရှေ သည် ဆုတောင်း ပဌနာပြုလေ၏။ ၁၃ ထာဝရဘုရား သည် မောရှေ တောင်း လျှောက်သော စကားအတိုင်း ပြု တော်မူသဖြင့် ၊ ဘား တို့သည် အိမ် များ၊ ရွာ များ၊ လယ်ပြင် များတို့တွင် သေ ကြ၏။ ၁၄ အသေကောင် တို့ကို စုပုံ ၍ထားသဖြင့် တပြည်လုံး နံ လေ၏။ ၁၅ ဖါရော မင်းလည်း၊ သက်သာ ရကြောင်းကို သိမြင် သောအခါ ၊ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း

၊ နှလုံး ခိုင်မာ ၍ သူ တို့စကားကို နား မ ထောင်ဘဲ နေပြန် လေ၏။ ၁၆ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ အဲဂုတ္တု ပြည် တရှောက်လုံး ၌ ရှိသောမြေမှုန့်သည် ခြင် ကောင်ဖြစ် စေခြင်းငှါ၊ အာရုန် သည် လှံတံ ကိုကိုင်လျက် လက်ကိုဆန့် ၍၊ မြေမှုန့် ကို ရိုက် စေ ခြင်းငှါ ပြော လော့ဟု မိန့်တော်မူသည်အတိုင်း၊ ၁၇ အာရုန် သည် လှံတံ ကိုကိုင်လျက် လက် ကိုဆန့် ၍ မြေမှုန့် ကို ရိုက် လေ၏။ မြေမှုန့်သည်လည်း လူ ၌ ၎င်း၊ တိရစ္ဆာန် ၌ ၎င်း ခြင် ကောင်ဖြစ် လေ၏။ အဲဂုတ္တု ပြည် တရှောက်လုံး ၌ မြေမှုန့် ရှိသမျှ သည် ခြင် ကောင်ဖြစ် လေ၏။ ၁၈ ဝိဇ္ဇာဆရာ ကိုလည်း၊ ခြင် ကောင်တို့ကို ဖြစ် စေ ခြင်းငှါ ဝိဇ္ဇာအတတ် အားဖြင့် ထိုအတူ ပြု ၍ မ တတ် နိုင် ကြ။ သို့ ဖြစ်၍ လူ တို့နှင့် တိရစ္ဆာန် တို့ ၌ ခြင် ကောင်တို့သည် ရှိ ကြ၏။ ၁၉ ထိုအခါ ဝိဇ္ဇာဆရာ တို့က၊ ဤ အမှုသည် ဘုရား သခင် ၏ တန်ခိုး ကြောင့်ဖြစ်သည်ဟု ဖါရော ဘုရင်အား လျှောက် ကြားကြ၏။ သို့သော်လည်း ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ ဖာရော ဘုရင်သည် နှလုံး ခိုင်မာ ၍ သူ တို့စကားကို နား မ ထောင်ဘဲနေပြန်လေ၏။ ၂၀ ထာဝရဘုရား ကလည်း၊ သင်သည် နံနက် စောစော ထလော့။ ရေ ဆိပ်သို့ ထွက်သွား သော ဖါရော ဘုရင်ရှေ့မှာ ရပ် ၍ ထာဝရဘုရား က၊ ငါ ၏လူ တို့သည် ငါ့ အား ဝတ်ပြု မည်အကြောင်း၊ သူတို့ကိုလွှတ် လော့။ ၂၁ မ လွှတ် ဘဲနေလျှင် သင် နှင့် သင် ၏ကျွန် များ၊ လူ များ၊ အိမ် များထဲသို့ ယင်ရဲ တို့ကို ငါ စေလွှတ် သဖြင့် အဲဂုတ္တု လူတို့နေသောအိမ်၊ ရပ်သောမြေ သည် ယင်ရဲ နှင့်အပြည့် ရှိရလိမ့်မည်။ ၂၂ ငါ သည် မြေကြီး အလယ် ၌ ထာဝရဘုရား ဖြစ်ကြောင်းကို သင်သိ စေခြင်းငှါ ငါ ၏လူ တို့နေရာ ဂေါရှင် ပြည် ကို ထို နေ့ ၌ ငါခြားနား စေ၍၊ ထို ပြည်၌ ယင်ရဲ မ ရှိ ရ။ ၂၃ ထိုသို့ ငါ ၏လူ တို့နှင့် သင် ၏လူ တို့ကို ငါခြားနား စေ မည်။ နက်ဖြန် နေ့၌ ထို နိမိတ် ထင်ရှား လိမ့်မည်ဟု မိန့် တော်မူကြောင်းကို ပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၂၄ ထိုသို့ ထာဝရဘုရား ပြု တော်မူသဖြင့် ၊ အလွန် ကြမ်းတမ်း သော ယင်ရဲ တို့သည်၊ ဖါရော ဘုရင်အိမ် အစရှိသော သူ ၏ကျွန် တို့အိမ် ၊ အဲဂုတ္တု ပြည် တရှောက်လုံး ၌ ရောက် လာ၍၊ ထိုယင်ရဲ တို့ကြောင့် အဲဂုတ္တုပြည် ပျက် လေ၏။ ၂၅ ထိုအခါ ၊ ဖါရော ဘုရင်သည် မောရှေ နှင့် အာရုန် ကို ခေါ် ပြီးလျှင် ၊ သင်တို့သည် ဤပြည် ၌ သင် တို့၏ ဘုရား သခင် အား ယဇ်ပူဇော် သွား ကြလော့ဟု မိန့် တော်မူသော်၊ ၂၆ မောရှေ က ထိုသို့ မ ပြု သင့်။ ပြုလျှင်အဲဂုတ္တု လူ တို့၏ ရွံရှာ ဘွယ်သောအရာကို အကျွန်ုပ် တို့ဘုရား သခင်ထာဝရဘုရား အား ယဇ်ပူဇော်ရပါမည်။ အဲဂုတ္တု လူတို့၏ ရွံရှာဘွယ် သောအရာကို သူ တို့မျက်မှောက် ၌ ယဇ်ပူဇော် လျှင် ၊ သူတို့သည် အကျွန်ုပ် တို့ကိုခဲနှင့်ပစ် ကြပါလိမ့်မည်မဟုတ် လော။ ၂၇ သို့ ဖြစ်၍တော ၌ သုံး ရက် ခရီး သွား ၍ အကျွန်ုပ် တို့ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ယဇ်ပူဇော် ကြပါမည်ဟု လျှောက်ဆို ၏။ ၂၈ ဖါရော ဘုရင်ကလည်း ၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား အား ၊ တော ၌ ယဇ် ပူဇော်မည်အကြောင်း ၊ သွားရသောအခွင့် ကို ငါ ပေးမည်။ သို့ရာတွင် ဝေး ဝေး မ သွား ရကြ။ ငါ့ အဘို့ တောင်းပန် လော့ဟု မိန့် တော်မူ၏။ ၂၉ မောရှေ ကလည်း ၊ အကျွန်ုပ် သည် ကိုယ်တော် ထံ မှ ထွက်သွား ၍ ယင်ရဲ တို့သည် ဖါရော ဘုရင်နှင့် သူ ၏ ကျွန် များ၊ လူ များထံမှ ၊ နက်ဖြန် နေ့သွား မည်အကြောင်း ထာဝရဘုရား ကို တောင်းပန် ပါမည်။ သို့ရာတွင် ဣသရေလ လူ တို့သည် ထာဝရဘုရား အား ယဇ်

မပူဇော်ရမည် အကြောင်း ၊ နောက်တဖန် ဆီးတား ၍ လှည့်စား တော် မ မူပါနှင့်ဟု လျှောက် ပြီးလျှင် ၊ ၃၀ ဖါရော ဘုရင်ထံ မှ ထွက် သွား၍ ထာဝရဘုရား ကို တောင်းပန် လေ၏။ ၃၁ ထာဝရဘုရား သည်လည်း ၊ မောရှေ စကား ကို နားထောင် ၍ ယင်ရဲ တို့ကို ဖါရော ဘုရင်နှင့်သူ ၏ကျွန် များ၊ လူ များထံမှာ တကောင် မျှ မ ကျန် စေခြင်းငှါ ပယ်ရှား တော်မူ၏။ ၃၂ ထို အခါ ၌ လည်း ၊ ဖါရော ဘုရင်သည် နှလုံး ခိုင်မာ ပြန်၍ ၊ ဣသရေလလူ တို့ကို မ လွှတ် ဘဲနေလေ၏။

၉ ထာဝရဘုရား ကလည်း ၊ သင်သည် ဖါရော ဘုရင် ထံသို့ ဝင် ၍ ငါ ၏လူ တို့သည် ငါ့ အား ဝတ်ပြု မည် အကြောင်း ၊ သူတို့ကို လွှတ် လော့။ ၂ မလွှတ်ဘူးဟုငြင်း ၍ ဆီးတား သေး လျှင် ၊ ၃ ထာဝရဘုရား ၏လက် တော်သည် လယ်ပြင် ၌ ရှိသောတိရစ္ဆာန် ၊ မြင်း ၊ မြည်း ၊ ကုလားအုပ် ၊ သိုး ၊ နွား တို့အပေါ် ၌ ရောက် ၍ အလွန် ပြင်းစွာ သော ရောဂါ စွဲလိမ့်မည်။ ၄ ထာဝရဘုရား သည်၊ ဣသရေလ လူတို့၏ တိရစ္ဆာန် နှင့် အဲဂုတ္တ၊ လူတို့၏ တိရစ္ဆာန် ကို ခြားနား စေသဖြင့် ၊ ဣသရေလ အမျိုးသား ပိုင်သော တိရစ္ဆာန် တကောင် မျှမ သေ ရ။ ၅ နက်ဖြန် နေ့၊ အဲဂုတ္တ၊ပြည် ၌ ထို အမှု ကို ထာဝရဘုရား ပြု တော်မူမည်ဟု မှန်သောအချိန် ကို ချိန်းချက် တော်မူပြီဟု ဟေဗြဲ လူတို့၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည် အကြောင်းကိုပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၆ နက်ဖြန် နေ့၌ ထို အမှု ကိုပြု တော်မူသဖြင့် ၊ အဲဂုတ္တ၊ လူတို့၏ တိရစ္ဆာန် အမျိုးမျိုး သေ ကြ၏။ ဣသရေလ လူ တို့၏ တိရစ္ဆာန် တကောင် မျှမ သေ။ ၇ ဖါရော ဘုရင်သည် လူကိုစေလွှတ် ၍ ၊ ဣသရေလ အမျိုးသားတို့၏ တိရစ္ဆာန် တ ကောင်မျှ မ သေ ကြောင်းကို သိ ရ၏။ သို့သော်လည်း နှလုံး ခိုင်မာ ပြန်၍ ၊ ဣသရေလလူ တို့ကို မ လွှတ် ဘဲနေလေ၏။ ၈ ထာဝရဘုရား ကလည်း ၊ မီးဖို ထဲကပြာ ကို လက် နှင့်ယူ ၍ မောရှေ သည် ဖါရော ဘုရင်ရှေ့၌ မိုဃ်းကောင်းကင် သို့ ပစ် လွှင့်စေ။ ၉ ထိုပြာသည် အဲဂုတ္တ၊ ပြည် တရှောက်လုံး ၌ နှံ့ ပြားသော အမှုန့် ဖြစ် ၍ ၊ ပြည် တရှောက်လုံး တွင် လူ နှင့် တိရစ္ဆာန် တို့ ၌ အခဲအကျိတ် ပြည့် သော အနာဆိုး ဖြစ် လိမ့်မည် ဟု မောရှေ နှင့် အာရုန် တို့အား မိန့် တော်မူသည်အတိုင်း၊ ၁၀ သူတို့သည် မီးဖို ထဲကပြာ ကိုယူ ၍ ၊ ဖါရော ဘုရင် ရှေ့ မှာရပ် လျက် ၊ မောရှေ သည် မိုဃ်းကောင်းကင် သို့ ပစ် လွှင့်သဖြင့် ၊ ထိုပြာသည် လူ နှင့် တိရစ္ဆာန် တို့ ၌ အခဲအကျိတ် ပြည့် သော အနာဆိုး ဖြစ် လေ၏။ ၁၁ ဝိဇ္ဇာဆရာ တို့သည် အနာဆိုး ကြောင့် ၊ မောရှေ ရှေ့၌မ ရပ် မနေနိုင်။ ထိုအနာဆိုး သည် ဝိဇ္ဇာဆရာ တို့ ၌ ၎င်း ၊ အဲဂုတ္တ၊ လူအပေါင်း တို့ ၌ ၎င်း စွဲ သတည်း။ ၁၂ ထာဝရဘုရား သည် ဖါရော ဘုရင်၏နှလုံး ကို ခိုင်မာ စေတော်မူသည်ဖြစ်၍ ၊ မောရှေ အား မိန့် တော်မူသည် အတိုင်း ၊ သူ တို့စကားကို နား မ ထောင်ဘဲ နေလေ၏။ ၁၃ တဖန် ထာဝရဘုရား က၊ နံနက် စောစော ထ၍ ၊ ဖါရော ဘုရင်ရှေ့ မှာရပ် လျက် ၊ ဟေဗြဲ လူတို့၏ ဘုရား သခင် ထာဝရဘုရား က၊ ငါ ၏လူ တို့သည် ငါ့ အား ဝတ်ပြု မည်အကြောင်း ၊ သွားရသောအခွင့် ကိုပေးလော့။ ၁၄ သို့မဟုတ် ယခု ကာလ အခါ သင် ၏နှလုံး ၌ ၎င်း ၊ သင် ၏ကျွန် များ၊ လူ များ၌ ၎င်း ၊ ငါ ၏ဘေးဒဏ် အလုံးစုံ တို့ကို သင့် ရောက်စေမည်။ မြေကြီး တရှောက်လုံး ၌ ငါ ကဲ့သို့ သောသူ မရှိ ကြောင်းကို သင်သည် သိ ရလိမ့်မည်။ ၁၅ ငါ့ လက် ကို ငါဆန့် ၍ သင် နှင့် သင် ၏လူ တို့ကို ကာလနာ ဖြင့် ဒဏ်ခတ် မည်။ သင့်ကိုလည်း မြေကြီး ပေါ် က သုတ်သင် ပယ်ရှင်းမည်။ ၁၆ အကယ်စင်စစ်ငါ့ တန်ခိုး ကို သင် ၌ ငါပြ ခြင်းငှါ ၎င်း၊ ငါ့

နာမ ကို မြေကြီး တပြင်လုံး တွင် ကျော်စော စေ ခြင်းငှါ ၎င်း၊ သင့် ကို ငါချီးမြှောက် ခဲ့ပြီ။ ၁၇ သင် သည် ငါ ၏လူ တို့ကိုမ လွှတ် ဘဲ၊ သူ တို့ကို စော်ကား သေး သလော။ ၁၈ ကြည့်ရှု လော့။ အဲဂုတ္တု ပြည် တည် သည်ကာလ မှ စ၍ယခု တိုင်အောင် မ ရွာ ဘူးသော အလွန် ကြီးစွာ သော မိုဃ်းသီး ရွာခြင်းကို နက်ဖြန် နေ့ ဤအချိန် ၌ ငါ ဖြစ် စေမည်။ ၁၉ ထိုကြောင့် ယခု စေလွှတ် ၍ ၊ လယ်ပြင် ၌ ရှိသောတိရစ္ဆာန် များနှင့် ရှိလေသမျှ တို့ကို သိမ်း ယူလော့။ အိမ် သို့ မ ဆောင် လျင်၊ လယ်ပြင် ၌ တွေ့ သမျှ သောလူ နှင့် တိရစ္ဆာန် တို့အပေါ် မှာ မိုဃ်းသီး ကျ ၍ ၊ သူတို့သည် သေ ကြလိမ့်မည်အကြောင်းကို ပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၂၀ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို ကြောက်ရွံ့ သော ဖာရော ဘုရင်၏ ကျွန် တို့သည်၊ မိမိ ကျွန် နှင့် မိမိ တိရစ္ဆာန် တို့ကို အိမ် သို့ ပြေး စေကြ၏။ ၂၁ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို ပမာဏ မ ပြုသောသူတို့သည်၊ မိမိ ကျွန် ၊ မိမိ တိရစ္ဆာန် တို့ကို လယ်ပြင် ၌ ထား ကြ၏။ ၂၂ ထာဝရဘုရား ကလည်း ၊ အဲဂုတ္တု ပြည် တရှောက်လုံး ၌ လူ တို့အပေါ် မှာ ၎င်း ၊ တိရစ္ဆာန် တို့အပေါ် မှာဂင်း ၊ လယ်ပြင် ၌ ရှိလေသမျှ သော အပင် များအပေါ် မှာဂင်း၊ မိုဃ်းသီး ရွာ စေခြင်းငှာ ၊ သင် ၏လက် ကို မိုဃ်းကောင်းကင် သို့ ဆန့် လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၂၃ မောရှေ သည် မိမိ လှံတံ ကို မိုဃ်းကောင်းကင် သို့ ဆန့် ၍ ၊ ထာဝရဘုရား သည် မိုဃ်းကြိုး နှင့် မိုဃ်းသီး ကို လွှတ် တော်မူ၏။ မီး သည်လည်း မြေ ပေါ် မှာပြေး လေ၏။ ထိုသို့ ထာဝရဘုရား သည်၊ အဲဂုတ္တု ပြည် ၌ မိုဃ်းသီး ရွာ စေတော်မူသဖြင့်၊ ၂၄ အဲဂုတ္တု ပြည် တည်ထောင် သည်ကာလမှစ၍ တခါမျှ မဖြစ် ဘူးသော မိုဃ်းသီး ၊ မီး နှင့်ရောရွ၍ အလွန် ပြင်းထန် စွာသော မိုဃ်းသီး ဖြစ် လေ၏။ ၂၅ အဲဂုတ္တု ပြည် တရှောက်လုံး ၌ ၊ လယ်ပြင် မှာ ရှိသမျှ သော လူ နှင့် တိရစ္ဆာန် များ၊ မြက်ပင် များ၊ သစ်ပင် များ တို့ကို မိုဃ်းသီး ထိ လေ၏။ ၂၆ သို့ရာတွင် ဂေ္ဂသရေလ အမျိုးသား နေရာ ဂေရှင် ပြည် ၌ မိုဃ်းသီး မ ကျ မရွာ။ ၂၇ ထိုအခါ ဖာရော ဘုရင်သည် လူကိုစေလွှတ် ၍ ၊ မောရှေ နှင့် အာရုန် ကို ခေါ် ပြီးလျှင် ၊ ဤအမှု၌ ငါပြစ်မှား ပြီ။ ထာဝရဘုရား သည် ဖြောင့်မတ် တော်မူ၏။ ငါ နှင့် ငါ ၏လူ တို့သည် အပြစ် များပါ၏။ ၂၈ တန် ပါပြီ။ အားကြီး သော မိုဃ်းကြိုး နှင့် မိုဃ်းသီး စဲမည်အကြောင်း၊ ထာဝရဘုရား ကို တောင်းပန် ပါ။ သင် တို့ကို ငါမ ဆီးမတား အလျင်အမြန်လွှတ် မည်ဟု ဆို လေ၏။ ၂၉ မောရှေ ကလည်း ၊ မြို့ ထဲက ကျွန်ုပ် ထွက် သွားသောအခါ ၊ ထာဝရဘုရား ရှေ့တော်၌ ကျွန်ုပ် လက်ဝါး တို့ကို ဖြန့် ပါမည်။ ထာဝရဘုရား သည် မြေကြီး ကို အစိုးရတော်မူကြောင်းကို ကိုယ်တော်သိ စေခြင်းငှာ မိုဃ်းကြိုး စဲ လိမ့်မည်။ မိုဃ်းသီး လည်း မ ကျ မရွာရ။ ၃၀ သို့သော်လည်း ကိုယ်တော် နှင့် ကိုယ်တော် ၏ကျွန် တို့သည်၊ ထာဝရ အရှင်ဘုရား သခင်ကို မ ကြောက် သေး ကြောင်းကို အကျွန်ုပ်သိ ပါသည်ဟု လျှောက်ဆို ၏။ ၃၁ ပိုက်ဆန် ပင်၊ မုယော ပင်ကို မိုဃ်းသီးထိ ၏။ မုယော ပင်သည် အသီး အနှုံနှင့်ပြည့်စုံပြီ။ ပိုက်ဆန် ပင်လည်း အသီးမှည့် ပြီ။ ၃၂ ဂျုံ စပါး၊ ကောက် စပါးပင်ကိုကား မ ထိ။ ထို အပင်တို့သည် မ ပေါက်ကြသေး။ ၃၃ မောရှေ သည် ဖာရော ဘုရင်ထံမှ ထွက် ၍ မြို့ ပြင်သို့သွားပြီးလျှင် ၊ ထာဝရဘုရား ရှေ့တော်၌ လက်ဝါး တို့ကို ဖြန့် သဖြင့် ၊ မိုဃ်းကြိုး နှင့် မိုဃ်းသီး စဲ လေ၏။ မြေ ပေါ် ၌ လည်း မိုဃ်း မ ရွာ။ ၃၄ ထိုသို့ မိုဃ်း မရွာ၍ မိုဃ်းသီး နှင့် မိုဃ်းကြိုး စဲ သည်ကို ဖာရော ဘုရင်မြင် လျှင် ၊ တဖန်

ပြစ်မှား ၍ ၊ ကျွန် များနှင့်တကွ နှလုံး ခိုင်မာ လျက်နေ၏။ ၃၅ ထိုသို့ ဖာရောဘုရင်သည် နှလုံး ခိုင်မာ သည်ဖြစ်၍ ၊ မောရှေ၌ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား တို့ကို မ လွှတ် ဘဲနေပြန်သတည်း။

၁၀ တဖန် ထာဝရဘုရား က၊ သင်သည် ဖာရော ဘုရင်ထံ သို့ဝင် လော့။ ငါသည် ဤ နိမိတ် တို့ကို သူ ရှေ့၌ ပြ ခြင်းငှာ ၎င်း၊ ၂ အဲဂုတ္တုပြည်၌ ငါပြုသောအမှု၊ အဲဂုတ္တု လူတို့တွင် ငါပြ သောနိမိတ် တို့ကို၊ သင် ၏သား မြေးတို့အား ကြား ပြောသဖြင့် ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့သိ စေခြင်းငှာ ၎င်း၊ သူ ၏နှလုံး ၊ သူ ၏ကျွန် တို့နှလုံး ကို ငါ ခိုင်မာ စေပြီဟု မောရှေ အား မိန့် တော်မူ၏။ ၃ မောရှေ နှင့် အာရုန် တို့သည်၊ ဖာရော ဘုရင်ထံ သို့ဝင် ပြီးလျှင် ၊ ဟေဗြဲ လူတို့၏ ဘုရား သခင်ထာဝရဘုရား က၊ သင်သည် ငါ့ ရှေ့မှာ ကိုယ်ကိုကိုယ်မ နှိမ့်ချ ဘဲ အဘယ်မျှ ကာလ ပတ်လုံးနေလိမ့်မည်နည်း။ ငါ ၏လူ တို့ သည် ငါ့ အား ဝတ်ပြု မည်အကြောင်း ၊ သွားရသောအခွင့် ကိုပေး လော့။ ၄ သို့မဟုတ် ငါ ၏လူ တို့ကို မ လွှတ် ဘဲနေလျှင် ၊ ကြည့်ရှု လော့။ ကျိုင်းကောင် တို့ကို သင် ၏ပြည် သို့ နက်ဖြန် ငါ ဆောင် ခဲ့မည်။ ၅ မြေ မ ထင်ပေါ် နိုင် အောင် သူတို့သည် မြေ မျက်နှာ ကို ဖုံးလွှမ်း ကြလိမ့်မည်။ မိုဃ်းသီး မဖျက်၊ သင် တို့ ၌ ကျန် ကြွင်း သေးသမျှကိုဂင်း၊ သင် တို့အဘို့ မြေ ၌ ပေါက် သမျှသော အပင် တို့ကိုဂင်းစား ကြလိမ့်မည်။ ၆ သင် ၏ဘိုးဘေး တို့သည် မြေ ပေါ် မှာဖြစ် သည် ကာလ မှစ၍ ၊ ယနေ့ တိုင်အောင် မ မြင် ဘူးသကဲ့သို့၊ သင် ၏အိမ် များ၊ သင် ၏ကျွန် တို့အိမ် များ၊ အဲဂုတ္တု လူအပေါင်း တို့၏ အိမ် များတို့ကို ဖြည့် ကြလိမ့်မည်ဟု ဆို ပြီးလျှင် ၊ လှည့် ၍ ဖာရော ဘုရင်ထံမှ ထွက် သွားလေ၏။ ၇ ဖာရော ဘုရင်၏ ကျွန် တို့ကလည်း ၊ ဤ လူသည် ငါ တို့ကို အဘယ်မျှ ကာလ ပတ်လုံးနှောင့်ရှက် ပါလိမ့်မည်နည်း။ ထိုသူတို့သည် သူ တို့၏ဘုရား သခင်ထာဝရဘုရား အား ဝတ်ပြု မည်အကြောင်း အခွင့် ပေးတော်မူပါ။ အဲဂုတ္တု ပြည်ပျက် ကြောင်း ကို သိ တော်မ မူသေးသလောဟုလျှောက် ကြလျှင် ၊ ၈ မောရှေ နှင့် အာရုန် ကို တဖန် ဖာရော ဘုရင်ထံ သို့သွင်း ပြန်၍ ၊ သင် တို့၏ဘုရား သခင်ထာဝရ ဘုရားအား ဝတ်ပြု ခြင်းငှာသွား ကြလော့။ သို့ရာတွင် သွား ရသောသူတို့သည် အဘယ်သူ နည်းဟုမေး လျှင်၊ ၉ မောရှေ က၊ အကျွန်ုပ်တို့သည် သူငယ် ၊ သူအို၊ သားသမီး ၊ သိုး ၊ နွား ပါလျက် သွား ပါမည်။ အကြောင်းမူကား ၊ ထာဝရဘုရား ရှေ့တော်၌ ပွဲ ခံရပါမည်ဟု ပြန်ဆို လေသော်၊ ၁၀ ဖာရောမင်းက၊ သင် တို့နှင့် သူငယ် များကို ငါလွှတ် သည်အတိုင်း ၊ ထာဝရဘုရား သည် သင် တို့ ၌ ရှိစေသော။ သတိပြု ၊ မကောင်း သောအကြံကို ကြံကြသည်တကား။ ၁၁ ထိုသို့ မ ဖြစ်ရာ။ အရင်တောင်း လျှောက်သည်အတိုင်း၊ ယောကျ်ား ဖြစ်သောသူတို့သာသွား ၍ ထာဝရ ဘုရားအား ဝတ်ပြု ကြဟု မိန့် တော်မူသဖြင့်၊ သူ တို့ကို အထံ တော်မှ နှင် ကြလေ၏။ ၁၂ ထာဝရဘုရား ကလည်း ၊ ကျိုင်း တို့သည် အဲဂုတ္တု ပြည် သို့ ရောက် လာ၍ မိုဃ်းသီး မဖျက်၊ မြေ ပေါ် မှာ ကျန်ရစ် သောအပင် ရှိသမျှ တို့ကို စား စေခြင်းငှာ ၊ အဲဂုတ္တု ပြည် အပေါ် မှာ လက် ကိုဆန့် လော့ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၁၃ မောရှေ သည် မိမိ လုံတံ ကို အဲဂုတ္တု ပြည် အပေါ် မှာ ဆန့် သဖြင့် ၊ ထို နေ့ နှင့် ထိုညဉ့် ပတ်လုံး ၊ အရှေ့လေ ကို မြေ ပေါ် မှာထာဝရဘုရား လာ စေတော်မူ၍၊ နံနက် ရောက် မှ အရှေ့လေ သည် ကျိုင်း တို့ကို ဆောင် ခဲ့လေ၏။ ၁၄ ထိုကျိုင်း တို့သည် အဲဂုတ္တု ပြည်

လုံး ကို လွှမ်းမိုး ၍ ၊ ပြည် နယ်နိမိတ် ရှိသမျှ အပေါ် မှာ နား သဖြင့် အလွန် များပြား ကြ၏။ ထိုသို့ သော ကျိုင်း တို့သည် ရှေး ကမ ဖြစ် စဖူး၊ နောက် ၌လည်း မ ဖြစ် ရလတံ့။ ၁၅ မြေ မည်း သည်တိုင်အောင်မြေ တပြင်လုံး ကို ဖုံးအုပ် ၍ တပြည် လုံးတွင် မြက်ပင် ရှိသမျှ မိုဃ်းသီး နှင့် လွတ် သောသစ်သီး ရှိသမျှ ကို စား ကြသဖြင့် ၊ အဲဂုတ္တာ ပြည် တရှောက်လုံး တွင် သစ်ပင် မြက်ပင် တို့ ၌ စိမ်း သောအရာ တစုံတခုမျှ မ ကျန်ရစ်။ ၁၆ ထိုအခါ ဖာရော ဘုရင်သည် မောရှေ နှင့် အာရုန် ကို အလျင်အမြန် ခေါ် ၍ ၊ သင် တို့၏ ဘုရား သခင် ထာဝရဘုရား ကိုငင်း ၊ သင် တို့ကိုငင်း ငါပြစ်မှား ပါပြီ။ ၁၇ သို့ ဖြစ်၍ သည်တခါ ငါ့ အပြစ် ကို သည်းခံ ပါလော့။ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည်၊ ဤ သေဘေး တခုကိုသာ ငါ မှ ပယ်ရှား ပါမည်အကြောင်း တောင်းပန် ပါဟု ဆို သည်ရှိသော်၊ ၁၈ မောရှေသည် အထံ တော်မှ ထွက် ၍ ၊ ထာဝရဘုရား ကို တောင်းပန် လေ၏။ ၁၉ ထာဝရဘုရား သည် အားကြီး သော အနောက် လေ ကို လွှတ် တော်မူသဖြင့် ၊ ထိုလေသည် ကျိုင်း တို့ကို ဆောင်သွား ၍ ဧဒုံ ပင်လယ် ၌ ချ ပစ်လေ၏။ အဲဂုတ္တာ ပြည် တရှောက်လုံး ၌ ကျိုင်း တကောင် မျှ မ ကျန်ရစ်။ ၂၀ သို့သော်လည်း ၊ ထာဝရဘုရား သည် ဖာရော ဘုရင်၏နှလုံး ကို ခိုင်မာ စေတော်မူသဖြင့် ၊ သူသည် ဣသရေလ အမျိုးသား တို့ကို မ လွှတ် ဘဲနေပြန်လေ၏။ ၂၁ တဖန် ထာဝရဘုရား က၊ အဲဂုတ္တာ ပြည် တရှောက်လုံး၌ မှောင်မိုက် သာမည်မဟုတ်၊ စမ်းသပ် ၍ တွေ့ရသောမှောင်မိုက် ဖြစ် စေခြင်းငှာ ၊ သင် ၏လက် ကို မိုဃ်းကောင်းကင် သို့ ဆန့် လော့ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၂၂ မောရှေ သည် မိမိ လက် ကို မိုဃ်းကောင်းကင် သို့ ဆန့် ၍ ၊ အဲဂုတ္တာ ပြည် တရှောက်လုံး ၌ ထူထပ် သော မှောင်မိုက် သည် သုံး ရက် ပတ်လုံးဖြစ် လေ၏။ ၂၃ ထိုအခါ တယောက်ကိုတယောက်မ မြင် နိုင်ကြ။ သုံး ရက် ပတ်လုံးအဘယ်သူမျှ မိမိ နေရာ မှ မ ထ ရကြ။ သို့ရာတွင် ဣသရေလ အမျိုးသား အပေါင်း တို့သည်၊ မိမိ တို့နေရာ ၌ အလင်း ကို ရ ကြ၏။ ၂၄ ထိုအခါ ဖာရော ဘုရင်သည် မောရှေ နှင့် အာရုန်ကို ခေါ် ၍ ထာဝရ ဘုရားအား ဝတ်ပြု ခြင်းငှာသွား ကြလော့။ သို့ရာတွင်သိုး နွား များကို ထား ခဲ့ကြစေ။ သူငယ် များကို ခေါ် ကြစေဟု မိန့် တော်မူ၏။ ၂၅ မောရှေ ကလည်း ၊ ကျွန်ုပ် တို့ဘုရား သခင်ထာဝရဘုရား အား ယဇ်ပူဇော် စရာဘို့ ယဇ်ကောင် များ၊ မီးရို့ ရာပူဇော်သက္ကာများကို ကိုယ်တော် ပေး ရမည်။ ၂၆ ကျွန်ုပ် တို့သည် တိရစ္ဆာန် များကို ဆောင်သွား ရမည်။ တကောင်မျှ မ ကျန်ရစ် ရ။ အကြောင်းမူကား ၊ သူ တို့အထဲက ကျွန်ုပ် တို့ဘုရား သခင်ထာဝရဘုရား အား ဝတ်ပြု စရာဘို့ ရွေး ယူရမည်။ ထာဝရ ဘုရားအား အဘယ် မည်သောအကောင်နှင့် ဝတ်ပြု ရမည်ကို ထို အရပ်သို့ မ ရောက် မှီ မ သိ ပါဟု ဆို လေသော်၊ ၂၇ ထာဝရဘုရား သည် ဖာရော ဘုရင်၏ နှလုံး ကို ခိုင်မာ စေတော်မူသဖြင့် ၊ သူသည် ဣသရေလ အမျိုးသားတို့ကို မ လွှတ် ။ ၂၈ မောရှေ ကို လည်း ၊ ငါ့ ထံမှ ထွက် သွားလော့။ နောက် တဖန် ငါ့ မျက်နှာ ကို မ မြင် အောင် သတိပြု လော့။ ငါ့ မျက်နှာ ကို မြင် သောနေ့ ၌ သေ မည်ဟု မိန့် တော်မူ၏။ ၂၉ မောရှေ ကလည်း ၊ မိန့် တော်မူချက်သည် လျောက်ပတ် ပါ၏။ မျက်နှာ တော်ကို နောက် တဖန်မ မြင် ပါဟု လျှောက်ဆို ၏။

၁၁ ထိုအခါ ထာဝရဘုရား က၊ ဖာရော ဘုရင်နှင့် အဲဂုတ္တု ပြည်အပေါ် မှာ ဘေး တပါး ကို ငါရောက် စေဦး မည်။ ထိုနောက် သင် တို့ကို လွှတ် လိမ့်မည်။ လွှတ် သောအခါ ၌လည်း၊ အကယ်၍သင် တို့ကို တပြိုင်နက် နှင် လိမ့်မည်။ ၂ ဣသရေလလူယောကျ်ားသည်၊ အိမ်နီးချင်း ယောကျ်ား ၌ ၎င်း၊ မိန်းမသည် အိမ်နီးချင်း မိန်းမ ၌ ၎င်း ၊ ငွေ တန်ဆာ ၊ ရွှေ တန်ဆာ ၊ အဝတ်တန်ဆာတို့ကို တောင်း စေခြင်းဌာ ၊ လူ များတို့အား ပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၃ သူတို့တောင်းသည်အတိုင်း၊ အဲဂုတ္တု လူတို့သည် ပေးချင်သောစေတနာ စိတ်ကို ထာဝရဘုရား ဖြစ် စေ တော်မူ၏။ မောရှေ သည်လည်း ၊ အဲဂုတ္တု ပြည် တွင် ဖာရော ဘုရင်၏ ကျွန် များ၊ လူ များရှေ့၌ ကြီးစွာ သော အသရေ ရှိလေ၏။ ၄ ထိုအခါ မောရှေ က၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သန်းခေါင် အချိန်၌ အဲဂုတ္တု ပြည်အလယ် သို့ ငါ ထွက်သွား မည်။ ၅ နန်း ထိုင် သော ဖာရော ဘုရင်၏ သားဦး မှစ၍ ၊ ကြိတ်ဆုံ နောက်၌ ထိုင်သော ကျွန်မ ၏သားဦး တိုင်အောင် ၊ အဲဂုတ္တု ပြည် ၌ ရှိသမျှ သော သားဦး တို့နှင့် တိရစ္ဆာန် တို့၏ သားဦး ရှိသမျှ တို့သည် သေ ကြလိမ့်မည်။ ၆ အဲဂုတ္တု ပြည် တရှောက်လုံး တွင် ၊ ရှေးကာလ၌ မ ဖြစ် စဖူး၊ နောင်ကာလ၌လည်း မ ဖြစ် လတံ့သော ကြီးစွာ သော ငိုကြွေး ခြင်း ဖြစ် ရလိမ့်မည်။ ၇ သို့ရာတွင် ထာဝရဘုရား သည်၊ အဲဂုတ္တု လူတို့နှင့် ဣသရေလ လူတို့ကို ခြားနား စေတော်မူကြောင်း ကို သင်တို့သိ စေခြင်းဌာ ၊ ဣသရေလ လူ တစုံတယောက်ကို ခွေး တကောင်မျှ မ ဟိန်း ရဟု မိန့် တော်မူ၏။ ၈ ကိုယ်တော် ၏ ကျွန် ဖြစ်သော ဤ လူအပေါင်း တို့သည်လည်း ကျွန်ုပ် ထံ သို့လာ ၍ ပြပ်ဝပ် လျက် ထွက်သွားပါ။ ကိုယ်တော် နှင့် ကိုယ်တော် နောက် ၌ လိုက်သော လူ အပေါင်း တို့ ထွက်သွား ကြပါဟု ပြောဆို ပြီးမှ ကျွန်ုပ်ထွက်သွား ပါမည်ဟု လျှောက်ဆိုသဖြင့် ၊ အမျက် ထွက်၍ ဖာရော ဘုရင်ထံမှ ထွက်သွား လေ၏။ ၉ ထာဝရဘုရား ကလည်း ၊ အံ့ဘွယ် သော အမှုတော်တို့သည် အဲဂုတ္တု ပြည် ၌ များပြား မည်အကြောင်း ၊ ဖာရော ဘုရင်သည် သင် တို့၏စကားကို နား မ ထောင်ဘဲနေလိမ့်မည်ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၁၀ မောရှေ နှင့် အာရုန် တို့သည် ဖာရော ဘုရင်ရှေ့မှာ ဤ အံ့ဘွယ် သော အမှုအလုံးစုံ တို့ကို ပြု သော်လည်း ၊ ထာဝရဘုရား သည် ဖာရော ဘုရင်၏ နှလုံး ကို ခိုင်မာ စေတော်မူသဖြင့် ၊ ဣသရေလ အမျိုးသား တို့ကို ပြည် တော်မှ ထွက်သွားရသောအခွင့် ကို မ ပေးဘဲ နေသတည်း။

၁၂ ထာဝရဘုရား သည် အဲဂုတ္တု ပြည် ၌ မောရှေ နှင့် အာရုန် တို့အား မိန့် တော်မူသည်ကား၊ ၂ ဤ လ သည် သင် တို့ ၌ လဦး တည်းဟူသောနှစ် စဉ်တွင် ပဌမ လ ဖြစ်ရမည်။ ၃ သင်တို့သည် ဣသရေလ အမျိုး ပရိသတ် အပေါင်း တို့ကို မှာ ထားရသောစကားဟူမူကား၊ ဤ လ ဆယ် ရက် နေ့၌ သင်တို့ရှိသမျှသည်၊ မိမိအိမ်ထောင် အသီးအသီး အတိုင်း တအိမ်ထောင် လျှင် သိုးသငယ် တကောင်စီ ယူ ရမည်။ ၄ အိမ်ထောင် ငယ် ၍ သိုးသငယ်တကောင်နှင့် မတန်လျှင် ၊ နီးစပ် သော အိမ်နီးချင်း နှင့် စပ်ဘက် ၍ လူ မည်မျှရှိသည်ဟု ရေတွက် ပြီးလျှင်၊ တကောင်ကို စား လောက်သော သူများကိုထောက် ၍ သိုးသငယ် တကောင်ကို ယူရမည်။ ၅ သိုး သငယ်ဖြစ်စေ ၊ ဆိတ် သငယ်ဖြစ်စေ၊ သင်တို့ယူ သော အကောင်သည် အပြစ် မပါ၊ အခါ မလည်သော အထီး ဖြစ် ရမည်။ ၆ ထိုသိုးသငယ်တို့ကို၊ ထို လ

ဆယ် လေး ရက် တိုင်အောင် စောင့် ထားပြီးမှ ၊ ညဦး အချိန်၌ ဣသရေလ အမျိုး အစည်းအဝေး ပရိသတ် အပေါင်း တို့သည် သတ် ရကြမည်။ ၇ သိုးသငယ် ၏အသားကို စား ရသောအိမ် ၏ တံခါးထုပ် နှင့် တံခါးတိုင် နှစ် ဘက်၌ ၊ သိုးသငယ်၏အသွေး ကို ယူ ၍ ထိုး ရမည်။ ၈ အသား ကို မီး နှင့်ကင် ပြီးမှ ၊ ထို ည၌ ခြင်းတွင် တဆေးမပါသောမုန့် ၊ ခါး သော ဟင်းသီးဟင်းရွက်နှင့် စား ရမည်။ ၉ အသားစိမ်း သည်ဖြစ်စေ ၊ ရေ နှင့် ပြုတ် သည်ဖြစ်စေမ စား ရ။ ခေါင်း ၊ ခြေထောက် ၊ အသည်း ၊ နှလုံး စသည်တို့နှင့်တကွ ၊ မီး ကင် ပြီးမှစားရမည်။ ၁၀ နံနက် တိုင်အောင် ထိုအသား ကို မ ကြွင်း စေရ။ အနည်းငယ်ကြွင်း လျှင် မီး နှင့် ရှို့ ရမည်။ ၁၁ အဘယ်သို့စား ရမည်နည်းဟူမူကား၊ ခါးစည်း ကို စည်း လျက်၊ ခြေနင်း ကို စီး လျက် ၊ တောင်ဝေး ကို ကိုင် လျက် အလျင်အမြန် စား ရမည်။ ထာဝရဘုရား ၏ ပသခါ ဖြစ်သတည်း။ ၁၂ အကြောင်းမူကား၊ ယနေ့ည၌ တွင် အဲဂုတ္တု ပြည် ကို ငါသည် ထုတ်ချင်းခပ်သွား ၍ ၊ အဲဂုတ္တု ပြည် ၌ ရှိသောလူ တို့၏ သားဦး များနှင့် တိရစ္ဆာန် တို့၏ သားဦးများအပေါင်း တို့ကို ဒဏ်ခတ် ၍ ၊ အဲဂုတ္တု ပြည်၏ ဘုရား တို့ကို တရားစီရင် မည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၁၃ သိုးသငယ်၏ အသွေး သည် သင် တို့နေရာ အိမ် ၌ သင် တို့၏ လက္ခဏာ သက်သေဖြစ် ၍ ၊ ထို အသွေး ကို ငါမြင် သောအခါ ၊ သင် တို့ကို ငါလွန် သွားမည်။ ထိုသို့ အဲဂုတ္တု ပြည် ကို ငါ သည် ဒဏ်ခတ် သောအခါ ၊ ဖျက်ဆီး ခြင်း ဘေးဥပဒ် သည် သင် တို့ကို မ သင့် မရောက်ရ။ ၁၄ ဤ နေ့ရက် သည်လည်း သင် တို့အောက်မေ့ စရာဘို့ ဖြစ် ၍ ၊ သင် တို့၏အမျိုး အစဉ်အဆက်မပြတ် ဤနေ့ရက်၌ ထာဝရဘုရား အား ပွဲခံ ရကြမည်။ ပညတ် တော်ရှိသည်ဖြစ်၍ ၊ ထိုပွဲ ကို အစဉ် အမြဲခံရကြမည်။ ၁၅ ခုနစ် ရက် ပတ်လုံးတဆေး မပါသောမုန့်ကို စား ရမည်။ ပဌမ နေ့ရက် ၌ တဆေး ကို အိမ် များမှ ပယ် ရမည်။ ပဌမ နေ့ မှစ၍ ခုနစ် ရက် နေ့တိုင်အောင် ၊ တဆေး ပါသောမုန့်ကို စား သောသူ မည်သည်ကား၊ ဣသရေလ အမျိုးမှ ပယ်ရှင်း ခြင်းကိုခံရမည်။ ၁၆ ပဌမ နေ့ ၌ ၎င်း ၊ ခုနစ် ရက် နေ့၌ ၎င်း၊ ဓမ္မ စည်းဝေး ခြင်းကို ပြုရမည်။ ထို နေ့ရက်၌ လူ တိုင်း စား ခြင်းကိစ္စနှင့်ဆိုင်သော အလုပ်အဆောင်မှတပါး အခြားသောအလုပ် ကို မ လုပ် မဆောင်ရ။ ၁၇ ထိုအဇုမ ပွဲကိုခံရ သောအကြောင်းဟူမူကား၊ထို နေ့ ရက်၌ သင် တို့ဗိုလ်ခြေ များကို၊ အဲဂုတ္တု ပြည် ထဲက ငါနှုတ်ဆောင် သည်ဖြစ်၍ ၊ ထိုအကြောင်းကြောင့် ပညတ် တော်ရှိသည်အတိုင်း၊ သင် တို့၏အမျိုး အစဉ် အဆက်မပြတ်ထို နေ့ရက် ကို အမြဲစောင့် ရကြမည်။ ၁၈ ပဌမ လ ဆယ် လေး ရက် နေ့ညဦး မှစ၍နှစ်ဆယ် တ ရက်နေ့ ညဦး တိုင်အောင် ၊ သင်တို့သည် တဆေး မပါသောမုန့်ကို စား ရကြမည်။ ၁၉ ခုနစ် ရက် ပတ်လုံးသင် တို့အိမ် များ၌ တဆေး မ ရှိ ရ။ တဆေး ပါသောမုန့်ကို စား သောသူ မည်သည်ကား၊ တကျွန်းတနိုင်ငံ သားဖြစ်စေ ၊ ပြည် သား ဖြစ်စေ၊ ဣသရေလ အမျိုး ပရိသတ် မှ ပယ်ရှင်း ခြင်းကိုခံရမည်။ ၂၀ သင် တို့နေရာ အရပ်ရပ် တို့ ၌ တဆေး ပါသောမုန့်ကို မ စား ရ။ တဆေး မပါသောမုန့်ကိုသာ စား ရမည်ဟု မိန့် တော်မူ၏။ ၂၁ ထိုအခါ မောရှေ သည် ဣသရေလ အမျိုး အသက်ကြီး သူအပေါင်း တို့ကိုခေါ် ၍ ၊ သင် တို့သည် အိမ်ထောင် များ အသီးအသီးကိုယ်စီကိုယ်စီသိုးသငယ် တို့ကို ယူ ၍ ပသခါ ပွဲဘို့ သတ် ကြလော့။ ၂၂ ဟုသုပ် ပင်ညွန့်တစည်း ကို ယူ ၍ အင်တုံ ၌ ထည့်သော အသွေး ထဲမှာ နှစ် ပြီးလျှင် ၊ တံခါးထုပ် တံခါးတိုင် နှစ်

ဘက်တို့ကို ထိုးသုတ် ကြလော့။ ထိုနောက်မှ နံနက် တိုင်အောင် အဘယ်သူမျှ မိမိ အိမ် တံခါး ပြင်သို့ မ ထွက် မသွားရ။ ၂၃ အကြောင်းမူကား၊ ထာဝရဘုရား သည် အဲဂုတ္တု လူတို့ကို ဒဏ်ခတ် ခြင်းငှာ ထုတ်ချင်းခတ်သွား တော်မူမည်။ တံခါးထုပ် နှင့် တံခါးတိုင် နှစ် ဘက်၌ ရှိသောအသွေး ကို မြင် သောအခါ ၊ ထာဝရဘုရား သည် တံခါး ကို လွန်သွားတော်မူမည်။ ဖျက်ဆီး သောသူသည် သင်တို့ကို ဒဏ်ခတ် ခြင်းငှာ ၊ အိမ် ထဲ သို့ဝင် ရသောအခွင့် ကိုပေး တော်မ မူ။ ၂၄ သင် တို့နှင့် သင် တို့၏သား များ၌ ပညတ် တော်ရှိသည်ဖြစ်၍၊ ဤ အမှု ကို အစဉ်အမြဲ စောင့် ရကြမည်။ ၂၅ ဂတိ တော်ရှိသည်အတိုင်း ၊ ထာဝရဘုရား ပေး တော်မူလတံ့သော ပြည် သို့ သင်တို့သည် ရောက် ကြသောအခါ ဤ ဝတ် ကို ပြု ရမည်။ ၂၆ သင် တို့၏ သား မြေးတို့က၊ ဤ ဝတ် ကိုပြု၍ အဘယ်သို့ ဆိုလိုသနည်းဟု မေးမြန်း ကြလျှင် ၊ ၂၇ ထာဝရဘုရားသည် အဲဂုတ္တု လူတို့ကို ဒဏ်ခတ် ၍ ၊ ငါ တို့အိမ် များကို ချမ်းသာ ပေးတော်မူသောအခါ ၊ အဲဂုတ္တု ပြည်၌ ဣသရေလ အမျိုးသား တို့၏အိမ် များကို လွန် သွားတော်မူသောထာဝရဘုရား ၏ ပသခါ ယဇ် ဖြစ်သတည်းဟု ပြန်ပြော ရကြမည်ဟု မောရှေဆို ပြီးလျှင် ၊ ထိုသူ တို့သည် ဦးညွတ်ချ ၍ ကိုးကွယ် ကြ၏။ ၂၈ ထိုသို့ မောရှေ နှင့် အာရုန် တို့ကို ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား တို့ သည် ပြု ကြ၏။ ၂၉ သန်းခေါင် အချိန်၌ ၊ ထာဝရဘုရား သည် နန်း ထိုင် သော ဖာရော ဘုရင်၏ သားဦး မှစ၍ ထောင် ထဲမှာ အချုပ် ခံရသောသူ ၏သားဦး တိုင်အောင် ၊ အဲဂုတ္တု ပြည် ၌ သားဦး ရှိသမျှ ကိုဂင်း ၊ တိရစ္ဆာန် တို့၏ သားဦး ရှိသမျှ ကို ၎င်း ဒဏ်ခတ် တော်မူ၏။ ၃၀ ထိုညဉ့် တွင်၊ ဖာရော ဘုရင်နှင့် သူ ၏ကျွန် များ၊ အဲဂုတ္တု လူများတို့သည် ထ ကြ၍၊ အသေကောင် ကင်း သောအိမ် တအိမ်မျှ မရှိ သောကြောင့် ၊ အဲဂုတ္တု ပြည်၌ ကြီးစွာ သော ငိုကြွေး ခြင်း ဖြစ် လေ၏။ ၃၁ ထိုညဉ့် ခြင်းတွင် မောရှေ နှင့် အာရုန် ကို ခေါ် တော်မူလျှင် ၊ သင် တို့မှစ၍ ဣသရေလ အမျိုးသား တို့၊ ထ ၍ ငါ့ လူ စုထဲက ထွက်သွား ကြလော့။ သင် တို့တောင်း သည်အတိုင်း ထာဝရဘုရား အား သွား ၍ ဝတ်ပြု ကြလော့။ ၃၂ သင်တို့တောင်း သည်အတိုင်း သိုး နွား များကို ယူ ၍ သွား ကြလော့။ ငါ့ ကိုလည်း ကောင်းကြီး ပေးကြလော့ဟု မိန့် တော်မူ၏။ ၃၃ အဲဂုတ္တု လူတို့ကလည်း ၊ ငါ တို့ရှိသမျှ သည် အသေကောင် ဖြစ်ကြပြီဟုဆို လျက်၊ ဣသရေလလူ တို့ကို အဲဂုတ္တုပြည် ထဲက အလျင်အမြန် လွှတ် ခြင်းငှာ ကျပ်ကျပ်နှိုးဆော် ကြ၏။ ၃၄ ထိုလူ တို့သည် တဆေး မ ရောသေးသော မုန့်စိမ်း ကိုယူ ၍ မုန့် နယ်သောခွက်တို့ကိုလည်း အဝတ် နှင့်တကွ ထုပ် ၍ ထမ်း ကြ၏။ ၃၅ မောရှေ စီရင် သည်အတိုင်း ၊ ဣသရေလ အမျိုးသား တို့သည် ငွေ တန်ဆာ ၊ ရွှေ တန်ဆာ ၊ အဝတ် တန်ဆာများကို အဲဂုတ္တု လူတို့ ၌ တောင်း ကြ၏။ ၃၆ တောင်း သည်အတိုင်းလည်း၊ ပေးချင်သောစေတနာ စိတ်ကို အဲဂုတ္တု လူတို့အား ထာဝရဘုရား ပေး တော်မူသဖြင့် ၊ အဲဂုတ္တု လူတို့၏ ဥစ္စာများကို လုယူ ကြ၏။ ၃၇ ဣသရေလ အမျိုးသား မိန်းမနှင့် သူငယ် ကို မ ဆိုဘဲ၊ ယောကျ်ား အရေအတွက်အားဖြင့်ခြောက် သိန်းခန့်မျှ ရှိသောသူတို့သည်၊ ရာမသက် မြို့မှ ထွက်၍ သုကုတ် အရပ်သို့ ခရီးသွား ကြ၏။ ၃၈ အမျိုးမျိုးသော လူ အများ တို့သည်လည်း ၊ သိုး နွား အစရှိသော များစွာ သောတိရစ္ဆာန် တို့နှင့်တကွ လိုက် ကြ၏။ ၃၉ တဆေး မ ရောဘဲ အဲဂုတ္တု ပြည်မှ ဆောင် ခဲ့သော မုန့်စိမ်း ကိုယူ၍၊ တဆေး မပါသောမုန့် ကို ဖုတ် ရကြ၏။

အကြောင်း မူကား၊ အဲဂုတ္တု ပြည်၌ မန္တန်မဖင့် အနှင် ခံရသောကြောင့် ၊ ကိုယ် စားစရာ ကို မ ပြင် ကြ။ ၄၀ ဣသရေလ အမျိုးသား တို့သည် အဲဂုတ္တု ပြည်၌ ဧည့်သည်ဖြစ်၍၊ တည် နေကြသော ကာလ နှစ် ပေါင်း လေး ရာ သုံးဆယ် ဖြစ်သတည်း။ ၄၁ အနှစ် လေး ရာ သုံးဆယ် စေ့ သောနေ့ ခြင်းတွင် ၊ ထာဝရဘုရား ၏ ဗိုလ်ခြေ အပေါင်း တို့သည်၊ အဲဂုတ္တု ပြည် မှ ထွက် သွားကြ၏။ ၄၂ အဲဂုတ္တု ပြည် မှ နှုတ် ဆောင်တော်မူသောအတွက်ကြောင့်၊ ထို နေ့ညဉ့် ကို အထူးသဖြင့်ထာဝရဘုရား ၌ စောင့် စရာကောင်း၏။ ဣသရေလ အမျိုးသား တို့၏ အမျိုး အစဉ် အဆက်မပြတ်စောင့် ရသောထာဝရဘုရား ၏ ညဉ့်ကား၊ ဤ သည် ညဉ့် ပေတည်း။ ၄၃ ပသခါ ပွဲတရား ဟူမူကား ၊ တပါး အမျိုးသားမ စား ရ။ ၄၄ သို့ရာတွင် ငွေ နှင့် ဝယ် သော ကျွန် သည် အရေဖျား လှီးမင်္ဂလာကို ခံပြီးလျှင် စား ရ၏။ ၄၅ တကျွန်း တနိုင်ငံသားဖြစ်စေ ၊ အခစား သောကျွန်ဖြစ်စေ၊ မ စား ရ။ ၄၆ တအိမ် တည်း၌ တကောင်ကိုစား ရ၏။ အသား ကို အိမ် ပြင် သို့ ယူ မ သွားရ။ အရိုး ကိုလည်း မ ချိုး ရ။ ၄၇ ဣသရေလ အမျိုးသားပရိသတ် အပေါင်း တို့သည် ထိုပွဲ ကို ခံရကြမည်။ ၄၈ သင် တို့ထံမှာ တည်းခို သော တပါး အမျိုးသားသည် ထာဝရဘုရား အဘို့ ပသခါပွဲ ကို ခံခြင်းငှာအလို ရှိလျှင် ၊ သူ ၌ ရှိသောယောကျ်ား အပေါင်း တို့သည် အရေဖျား လှီးမင်္ဂလာကို ခံကြစေ။ သို့ပြီးမှ ထိုသူသည် ပြည် သား ကဲ့သို့ ဖြစ် သောကြောင့်၊ ချဉ်း၍ ထိုပွဲ သို့ ဝင် စေ။ အရေဖျား လှီးမင်္ဂလာကို မခံသောသူမည်သည်ကား၊ ထိုပွဲ၌ ဝင်၍ မ စား ရ။ ၄၉ အမျိုးသား ချင်းဖြစ်သောသူ၊ သင် တို့တွင် တည်းခို သော တပါး အမျိုးသားဖြစ်သောသူတို့သည်၊ တပါး တည်းသောတရား နှင့် ဆိုင် ကြ၏ဟု ထာဝရဘုရား သည် မောရှေ နှင့် အာရုန် ၌ ပညတ် ထားတော်မူ၏။ ၅၀ ထိုသို့ မောရှေ နှင့် အာရုန် ၌ ထာဝရဘုရား ပညတ် ထားတော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား အပေါင်း တို့သည် ပြု ကြ၏။ ၅၁ ထို နေ့ ခြင်းတွင် ထာဝရဘုရား သည်၊ ဣသရေလ အမျိုးသား ဗိုလ်ခြေ တို့ကို အဲဂုတ္တု ပြည် မှ ဆောင်သွား တော်မူပြီးလျှင်၊

၁၃ မောရှေ ကို ခေါ်၍ ဣသရေလ အမျိုးသား တို့တွင် အဦးဘွားသောသူ၊ ၂ လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ ၊ သားဦး အပေါင်း တို့ကို ငါ့ အဘို့ သန့်ရှင်း စေလော့။ ငါ့ ဥစ္စာဖြစ်ကြသည်ဟု မိန့် တော်မူ၏။ ၃ မောရှေ ကလည်း ၊ သင်တို့သည် ကျွန် ခံနေရာ အဲဂုတ္တု ပြည်မှ ထွက် သွားသော ဤ နေ့ ရက်ကို အောက်မေ့ ကြလော့။ ထာဝရဘုရား သည် အားကြီး သောလက် တော်ဖြင့် သင် တို့ကို ထို ပြည်မှ နှုတ် ဆောင်တော်မူပြီ။ တဆေး ပါသောမုန့်ကို မ စား ရ။ ၄ အဗိဗ လ ၊ ယနေ့ ၌ ပင် သင် တို့သည် ထွက် လာကြပြီ။ ၅ သင် တို့အား ပေး ခြင်းငှာ ဘိုးဘေး များ၌ ထာဝရဘုရားကျိန်ဆို တော်မူသော ပြည်၊ ခါနန် လူ၊ ဟိတ္တိ လူ၊ အာမောရိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့နေရာ တည်းဟူသောနို့ နှင့် ပျားရည် စီး သောပြည် သို့ ပို့ဆောင် တော်မူပြီးမှ ၊ ယခု လ တွင် သင်တို့သည် ဤ ဝတ် ကိုပြု ရကြမည်။ ၆ ခုနစ် ရက် ပတ်လုံးတဆေး မပါသောမုန့်ကို စား ပြီးမှ ၊ ခုနစ် ရက်မြောက်သောနေ့ တွင် ၊ ထာဝရဘုရား အဘို့ ပွဲ ခံရကြမည်။ ၇ တဆေး မပါသောမုန့်ကို စား ရသောခုနစ် ရက် ပတ်လုံးသင် တို့ ၌ တဆေး ကို မ တွေ့ မမြင်ရ။ သင် တို့နေ သောအရပ်ရပ် တို့ ၌ လည်း မ တွေ့ မမြင်ရ။ ၈ ငါ တို့သည် အဲဂုတ္တု ပြည်မှ ထွက် သောကာလ ၊ ထာဝရဘုရား ပြု

တော်မူသောကျေးဇူး တော်ကြောင့် ဤသို့ပြုရ၏ဟု ထို နေ့ ၌ သား မြေးတို့အား ကြား ပြောရမည်။ ၉ ထာဝရဘုရား ၏ တရား သည်၊ သင် ၏နှုတ် ၌ တည် မည်အကြောင်း ၊ ဤအရာသည် သင် ၏လက် ၌ လက္ခဏာ သက်သေ၊ သင် ၏မျက်စိ ကြား မှာ အောက်မေ့ ဘို့ရာဖြစ် ရမည်။ အားကြီး သောလက် တော်ဖြင့် ထာဝရဘုရား သည်၊ သင့် ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူပြီ။ ၁၀ ထို့ကြောင့် စီရင်တော်မူသောဤ ထုံးစံ ကို၊ မိမိ အချိန် ၌ နှစ် စဉ်အတိုင်း စောင့် ရကြမည်။ ၁၁ သင် တို့ ၌ ၎င်း ၊ ဘိုးဘေး ၌ ၎င်း၊ ကျိန်ဆို တော်မူသည်အတိုင်း ၊ ထာဝရဘုရား သည် သင် တို့ကို ပို့ဆောင် ၍ ၊ ထိုပြည်ကိုပေး သနားတော်မူသောအခါ၊ ၁၂ သင်တို့ ၌ အဦး ဘွား သောသားအပေါင်း တို့နှင့် သင်တို့ ၌ရှိသောတိရစ္ဆာန် တို့၏ သားဦး အပေါင်း တို့ကို၊ ထာဝရဘုရား အဘို့ အသီးအခြားခွဲ ထားရကြမည်။ အထီး ရှိသမျှတို့သည်၊ ထာဝရဘုရား ၏ ဥစ္စာဖြစ် ရကြမည်။ ၁၃ မြည်း မ၌ အဦး ဘွားသော မြည်းသငယ်ကို၊ သိုးသငယ် နှင့် ရွေး ရမည်။ မ ရွေး လိုလျှင် ၊ မြည်း သငယ် လည်ပင်း ကို ချိုးရမည်။ လူသား တို့တွင် သားဦး အပေါင်း ကို ရွေး ရမည်။ ၁၄ နောင်ကာလ၌ သင် ၏သား ကလည်း၊ အဘယ်သို့ နည်းဟု မေးမြန်း လျှင်၊ သင်ကလည်း ကျွန် ခံနေရာ အဲဂုတ္တု ပြည်မှ ၊ ထာဝရဘုရား သည် အားကြီး သော လက် တော်ဖြင့် ငါ တို့ကို နှုတ်ဆောင် တော်မူ၏။ ၁၅ ဖာရော ဘုရင်သည်၊ ငါ တို့ကို အလွယ်တကူမ လွှတ် ဘဲနေသောအခါ ၊ အဲဂုတ္တု ပြည် ၌ လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ၊ သားဦး အပေါင်း တို့ကို ထာဝရဘုရား ကွပ်မျက် တော်မူ၏။ ထိုကြောင့် အဦး ဘွားသော တိရစ္ဆာန် အထီး ရှိသမျှ တို့ကို ထာဝရဘုရား အား ယဇ်ပူဇော် ရမည်။ ကိုယ် သား တို့တွင် သားဦး ကို ရွေး ရမည်ဟု ပြန်ဆို ရမည်။ ၁၆ ဤအရာသည်လည်း၊ သင် ၏လက္ခဏာ သက်သေ၊ သင် ၏မျက်စိ ကြား မှာ သင်းကျပ် ဖြစ် ရမည်။ အကြောင်းမူကား ၊ ထာဝရဘုရား သည် အားကြီး သောလက် တော်ဖြင့် ငါ တို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူပြီဟု လူ များတို့အား ပြောဆို လေ၏။ ၁၇ ဣသရေလလူ တို့ကို ဖာရော ဘုရင်လွှတ် သောနောက် ၊ ဖိလိတ္တိ ပြည် ကို ရှောက်သောလမ်း သည် ဖြောင့် သော်လည်း ၊ ထို လမ်းဖြင့် ဘုရား သခင်ဆောင် တော်မ မူ။ အကြောင်းမူကား ၊ သူ တို့သည် စစ်မှု ကို တွေ့မြင် သောအခါ စိတ်ပျက် ၍ ၊ အဲဂုတ္တု ပြည်သို့ ပြန်ကောင်းပြန် ကြလိမ့်မည်ဟု သိ တော်မူ၏။ ၁၈ ထိုကြောင့် ဘုရား သခင်သည်၊ သူ တို့ကို ဧဒုံ ပင်လယ် နားတော လမ်း ဖြင့် ဝိုင်း၍ ဆောင် တော်မူ၏။ ဣသရေလ အမျိုးသား တို့သည်၊ ခင်းကျင်းသော တပ် အစဉ်အတိုင်းအဲဂုတ္တု ပြည် မှ ထွက် သွားကြ၏။ ၁၉ အထက်ကာလ၌ ယောသပ်က၊ အကယ်စင်စစ်ဘုရား သခင်သည် သင် တို့ကို အကြည့်အရှု ကြွလာ တော်မူမည်။ ကျွန်ုပ် အရိုး တို့ကို ဤ အရပ်မှ ယူ သွားရမည်ဟူ၍ဣသရေလ အမျိုးသား တို့ကို ကျပ်ကျပ်ကျိန်ဆို စေသောကြောင့် ၊ သူ ၏အရိုး တို့ကို မောရှေ သည် မိမိ ၌ ယူဆောင် လေ၏။ ၂၀ တဖန် သူတို့သည် သုကုတ် အရပ်မှ ထွက် သွား၍ တော အနား ၊ ဧသံ မြို့၌ စားခန်းချ ကြ၏။ ၂၁ သူ တို့သည် နေ့ ည သွား နိုင် အောင် ထာဝရဘုရား သည် နေ့ ၌ကား၊ လမ်း ပြ ဘို့ မိုဃ်းတိမ် တိုင် အားဖြင့် ၎င်း ၊ ည၌ ၌ကား၊ အလင်း ပေးဘို့ မီး တိုင် အားဖြင့် ၎င်း၊ သူ တို့ရှေ့က ကြွ တော်မူ၏။ ၂၂ နေ့ အချိန်၌ မိုဃ်းတိမ် တိုင် ၊ ည၌ အချိန်၌ မီး တိုင် ကို သူ တို့ရှေ့မှ ရုပ်သိမ်း တော်မ မူ။

၁၄ ထာဝရဘုရား ကလည်း ၊ ကျသရေလ အမျိုးသား တို့သည် လည် ၍ ၊ ပိဟဟိရုတ် မြို့နား၊ ၂ မိဂဒေါလ မြို့နှင့် ပင်လယ် စပ်ကြား ၊ ဗာလဇေဖုန် မြို့ ရှေ့ မှာ တပ်ချ စေခြင်းငှာ မှာ လိုက်လော့။ ထိုမြို့ ရှေ့ ပင်လယ် ကမ်းနားမှာ တပ်ချ ရကြမည်။ ၃ အကြောင်းမူကား၊ ဖာရော ဘုရင်က၊ ကျသရေလ အမျိုးသား တို့သည် ကျဉ်းကျပ် ရာသို့ ရောက် ကြပြီ။ တော လမ်းပိတ် လျက်ရှိ၏ဟု ဆို လိမ့်မည်။ ၄ ငါသည်လည်း ၊ ဖာရော ဘုရင်၏ နှလုံး ကို ခိုင်မာ စေ၍ ၊ သူသည် ကျသရေလ တို့ကို လိုက် လိမ့်မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်းကို အဲဂုတ္တ၊ လူတို့သည် သိ စေခြင်းငှာ၊ ထိုမင်း နှင့် သူ ၏စစ်သူရဲ အလုံးအရင်း အားဖြင့် ငါ့ဘုန်းပွင့် လိမ့်မည်ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း ၊ ထိုသူတို့သည် ပြု ကြ၏။ ၅ ထိုလူ တို့ထွက်ပြေး ကြောင်း ကို၊ အဲဂုတ္တ၊ ရှင်ဘုရင် အား ကြား ရှောက်သဖြင့် ၊ သူ မှစ၍ ကျွန် များတို့သည် မနာလိုသောစိတ် ဖောက်ပြန် လျှင်၊ ငါတို့သည် ဤ သို့ပြု ၍ ကျသရေလ လူတို့ကို ငါ တို့စေခိုင်း ရာမှ အဘယ်ကြောင့် လွှတ် ရသနည်းဟု ပြောဆို ကြ၏။ ၆ ထိုအခါ ဖာရောဘုရင်သည်၊ ရထား တော်ကို ပြင် ၍ ၊ မိမိ လူ အပေါင်းတို့ကို ခေါ် လေ၏။ ၇ ရွေး သော ရထား ခြောက် ရာ ၊ အဲဂုတ္တ၊ မြင်းစီးသူရဲ အပေါင်း နှင့်တကွ ၊ ဗိုလ် မင်းအသီးအသီး တို့ကို ခေါ် ယူ လေ၏။ ၈ ထာဝရဘုရား သည်၊ ဖာရော ဘုရင် ၏ နှလုံး ကို ခိုင်မာ စေတော်မူသဖြင့် ၊ သူသည် ကျသရေလ အမျိုးသား တို့ကို လိုက် လေ၏။ သို့သော်လည်း၊ ကျသရေလ လူ တို့သည် ဝါကြွား သောအခြင်းအရာနှင့် ထွက်သွား ကြ၏။ ၉ ထိုသို့ ဖာရော ဘုရင်၏ မြင်း တော်၊ ရထား တော်၊ မြင်းစီးသူရဲ ဗိုလ်ပါ ၊ အဲဂုတ္တ၊ လူအပေါင်းတို့သည် လိုက် ၍ ပိဟဟိရုတ် မြို့နား ၊ ဗာလဇေဖုန် မြို့ ရှေ့ ၌ ပင်လယ် ကမ်းနားမှာ တပ်ချ လျက်နေသောကျသရေလ လူတို့ကို မှီ ကြ၏။ ၁၀ ဖာရော ဘုရင်သည် ချဉ်း လာသောအခါ ၊ ကျသရေလ အမျိုးသား တို့သည် မြော် ကြည့်၍ ၊ အဲဂုတ္တ၊ လူတို့ စစ်ချီ လာကြောင်းကို မြင် လျှင် ၊ အလွန် ကြောက်လန့် ၍ ထာဝရဘုရား အား အော်ဟစ် ကြ၏။ ၁၁ မောရှေ ကို လည်း ၊ အဲဂုတ္တ၊ ပြည်၌ သချိုင်း မ ရှိသောကြောင့် ၊ ဤတော ၌ သေ စေခြင်းငှာ ငါ တို့ကို ဆောင် ခဲ့သလော။ ငါ တို့ကို ဤ သို့ပြု ၍၊ အဲဂုတ္တ၊ ပြည်မှ အဘယ်ကြောင့် ဆောင် ခဲ့သနည်း။ ၁၂ ငါ တို့သည် အဲဂုတ္တ၊ လူတို့ထံ၌ အစေ ကျွန်ခံနေလျက် ရှိ ကြပါစေဟု အဲဂုတ္တ၊ ပြည်၌ ငါတို့ပြော ရာတွင်၊ ဤ အမှု ကို ရည်ဆောင်၍ ပြော သည်မဟုတ် လော။ ငါ တို့သည် ဤတော ၌ သေ ရသည်ထက် ၊ အဲဂုတ္တ၊ လူတို့ထံ၌ အစေ ကျွန်ခံလျှင် သာ၍ ကောင်းသည်ဟု ဆို ကြ၏။ ၁၃ မောရှေ ကလည်း မ စိုးရိမ် ကြနှင့်။ ငြိမ်ဝပ်စွာရပ် နေကြ။ ထာဝရဘုရား သည်၊ ယနေ့ ပြ တော်မူသော ကယ်တင် ခြင်းကို ကြည့်ရှု ကြလော့။ သင်တို့သည် ယနေ့ မြင် သော အဲဂုတ္တ၊ လူတို့ကို၊ နောက်တဖန် အလျှင်းမ မြင် ရကြ။ ၁၄ သင် တို့ဘက် ၌ ထာဝရဘုရား သည် စစ်တိုက် တော်မူလိမ့်မည်။ သင် တို့သည် ငြိမ်ဝပ် စွာနေရကြမည်ဟု လူ များတို့အား ဆို ၏။ ၁၅ ထာဝရဘုရား ကလည်း ၊ အဘယ်ကြောင့် ငါ့ ကို အော်ဟစ် သနည်း။ ကျသရေလ အမျိုးသား တို့သည် တက်သွား စေခြင်းငှာ မှာ လိုက်လော့။ ၁၆ သင် မူကား ၊ လှံတံ ကို ချီ ပြီးလျှင် ၊ ပင်လယ် ပေါ် မှာ လက် ကိုဆန့် ၍ ပင်လယ် ရေကို ခွဲ လော့။ ကျသရေလ အမျိုးသား တို့သည် ပင်လယ် အလယ်၌ မြေ ပေါ် မှာ ရှောက်သွား ရကြမည်။ ၁၇ ငါ သည်လည်း အဲဂုတ္တ၊ လူတို့၏ နှလုံး ကို ခိုင်မာ စေသဖြင့် ၊ သူတို့သည် လိုက် ကြလိမ့်မည်။ ဖာရော ဘုရင်နှင့် သူ ၏ဗိုလ်ခြေ ၊ ရထား ၊

မြင်းစီးသူရဲ များအားဖြင့် ငါ့ဘုန်းပွင့် လိမ့်မည်။ ၁၈ ထိုသို့ ဖာရော ဘုရင်နှင့် သူ ၏ရထား များ၊ မြင်းစီးသူရဲ များအားဖြင့် ငါ့ ဘုန်းပွင့် သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်းကို ၊ အဲဂုတ္တ လူတို့သည် သိရ ကြလိမ့်မည်ဟု မောရှေ အား မိန့် တော်မူ၏။ ၁၉ ထိုအခါ ဣသရေလ တပ် ရှေ့မှာ သွား သော ဘုရား သခင်၏ ကောင်းကင်တမန် သည် နောက်၌ လိုက် သဖြင့်၊ မိုးယံတိမ် တိုင် သည် သူ တို့ရှေ့ က ရွှေ့ ၍ နောက်၌ ရပ် နေလေ၏။ ၂၀ ထိုသို့ အဲဂုတ္တ လူ တပ် နှင့် ဣသရေလ တပ် စပ်ကြား သို့ ရောက် လျှင် ၊ အဲဂုတ္တလူတို့ ၌ မိုက် သော မိုးယံတိမ် ဖြစ်၍၊ ဣသရေလလူတို့အား အလင်း ကိုပေး လျက်နေသဖြင့် ၊ တညဉ့် လုံး တပ်တဦး နှင့်တဦးမ ချဉ်း နိုင်ရာ။ ၂၁ မောရှေ သည် ပင်လယ် ပေါ် မှာ လက် ကိုဆန့် ၍ ၊ ထာဝရဘုရား သည် တညဉ့် လုံး ၌ အားကြီး သော အရှေ့ လေ အားဖြင့် ပင်လယ် ရေကို လှန် ပြန်၍ ၊ မြေ ကို ပေါ် စေတော်မူသည်နှင့် ၊ ရေ သည် ကွဲပြတ် လျက်ရှိ၏။ ၂၂ ဣသရေလ အမျိုးသား တို့သည် ပင်လယ် အလယ် ၌ မြေ ပေါ် မှာ ရှောက်သွား ကြ၍ ၊ ရေ သည် သူ တို့ လက်ျာ ဘက်၊ လက်ဝဲ ဘက်မှာ ကျောက်ထရံ ကဲ့သို့ရှိနေ၏။ ၂၃ အဲဂုတ္တ လူများ၊ ဖာရော ဘုရင်၌ပါသောမြင်း ၊ ရထား ၊ မြင်းစီးသူရဲ အပေါင်း တို့သည်၊ ပင်လယ် အလယ် သို့ လိုက် ဝင် ကြ၏။ ၂၄ နံနက် ယံ ၌ ထာဝရဘုရား သည် မီး မိုးယံတိမ် တိုင် အားဖြင့် အဲဂုတ္တ တပ် ကို ကြည့်ရှု ၍ နှောင့်ရှက် တော်မူ၏။ ၂၅ သူ တို့ရထား အသွား ခက် စေခြင်းငှာ ရထားဘီး များကို ချို့တဲ့ စေတော်မူ၏။ အဲဂုတ္တ လူတို့ကလည်း ၊ ဣသရေလ လူတို့ထံမှ ပြေး ကြစို့။ ထာဝရဘုရား သည် သူ တို့ဘက်၊ အဲဂုတ္တ လူတို့တဘက်၌ စစ်တိုက် သည်ဟု ပြောဆို ကြ၏။ ၂၆ ထာဝရဘုရား ကလည်း ၊ ပင်လယ်ရေ သည် အဲဂုတ္တ လူများ၊ ရထား များ၊ မြင်းစီးသူရဲ များတို့အပေါ် သို့ ပြန် စေခြင်းငှာ ၊ ပင်လယ် အပေါ် မှာ လက် ကိုဆန့် လော့ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၂၇ မိုးယံလင်း သောအခါ ၊ မောရှေ သည် လက် ကို ပင်လယ် ပေါ် မှာ ဆန့် သဖြင့် ၊ ပင်လယ် ရေသည် အားကြီး၍ ပြန် လာသည်ကို၊ အဲဂုတ္တ လူတို့သည် ပြေး ကြသော်လည်း၊ ထာဝရဘုရား သည် သူ တို့ကို ပင်လယ် အလယ် ၌ လဲ့ တော်မူ၏။ ၂၈ ထိုသို့ ပင်လယ်ရေ သည် ပြန်လာ ၍ ၊ ပင်လယ် ထဲသို့ လိုက် ဝင်သော ဖာရော ဘုရင်၏ ရထား ၊ မြင်းစီးသူရဲ ၊ ဗိုလ်ခြေ အပေါင်း တို့ကို လွှမ်းမိုး သဖြင့်၊ တစုံတယောက် မျှ မ ကျန်ရစ် ရ၊ ၂၉ ဣသရေလ အမျိုးသား တို့မူကား ၊ ပင်လယ် အလယ် ၌ မြေ ပေါ် မှာ ရှောက်သွား ၍ ၊ ရေ သည် သူ တို့လက်ျာ ဘက်၊ လက်ဝဲ ဘက်မှာ ကျောက်ထရံ ကဲ့သို့ရှိနေ၏။ ၃၀ ထိုသို့ ထာဝရဘုရား သည် ထိုနေ့ ၌ ဣသရေလ လူတို့ကို ၊ အဲဂုတ္တ လူတို့လက် မှ ကယ်လွှတ် တော်မူသဖြင့် ၊ ပင်လယ် ကမ်းနား မှာ အဲဂုတ္တ လူ အသေ ကောင်တို့ကို မြင် ရကြ၏။ ၃၁ ထိုသို့ အဲဂုတ္တ လူတို့ ၌ ထာဝရဘုရား ပြု တော်မူသော အမှု ကြီး ကို၊ ဣသရေလ လူတို့သည် မြင် ၍ ၊ ထာဝရဘုရား ကို ကြောက်ရွံ့ ကြ၏။ ထာဝရဘုရား နှင့် ကိုယ်တော် ၏ ကျွန် မောရှေ ကို ယုံကြည် ကြ၏။

၁၅ ထိုအခါ မောရှေ နှင့် ဣသရေလ အမျိုးသား တို့သည်၊ ထာဝရဘုရား အား သီချင်း ဆို သော စကား ဟူမူကား ၊ ထာဝရဘုရားသည် ဘုန်းပွင့် လျက် အောင်ပွဲ ခံတော်မူသည်ဖြစ်၍ ၊ ကိုယ်တော် အား သီချင်း ဆိုပါအံ့။ မြင်း နှင့် မြင်းစီး သူရဲကို ပင်လယ် ထဲသို့ လဲ့ချ တော်မူပြီ။ ၂ ထာဝရ ဘုရားသည် ငါ့ အစွမ်း သတ္တိ၊ ငါသီချင်း ဆိုကြောင်း၊ ငါ့ ကို ကယ်တင်

သော အရှင်ဖြစ် တော်မူ၏။ ထို ဘုရား သည် ငါကိုးကွယ်သော ဘုရားသခင်ဖြစ်တော်မူ၍၊ ထောမနာ ပြုပါမည်။ ငါ့ဘိုးဘေး တို့၏ ဘုရား သခင်ဖြစ်တော်မူ၍ ၊ ငါချီးမွှောက် ပါမည်။ ၃ ထာဝရဘုရား သည် စစ်သူရဲ ဖြစ်တော်မူ၏။ ထာဝရဘုရားတည်းဟူသောနာမ တော်ရှိတော်မူ၏။ ၄ ဖာရော ဘုရင်၏ ရထား နှင့် ဗိုလ်ခြေ တို့ကို ပင်လယ် ထဲသို့ လှဲချတော်မူပြီ။ ရွေး သော ဗိုလ် မင်းတို့သည်၊ ဧဒုံ ပင်လယ် ထဲ၌ မြုပ် လျက်ရှိကြ၏။ ၅ နက် စွာသောအရပ်၌ လွှမ်းမိုး လျက်ရှိကြ၏။ ကျောက် ကဲ့သို့ အောက် သို့ ဆင်း ကြ၏။ ၆ အို ထာဝရဘုရား ၊ လက်ျာ လက်တော်သည် တန်ခိုး အားဖြင့် ဘုန်းကြီး တော်မူ၏။ အို ထာဝရဘုရား ၊ လက်ျာ လက်တော်သည် ရန်သူ တို့ကို ချိုးဖဲ့ ဖျက်ဆီးတော်မူ၏။ ၇ ကိုယ်တော် တဘက်၌ ထ သောသူတို့ကို၊ ဘုန်း တန်ခိုးအာနုဘော်တော်တို့နှင့် လှဲ တော်မူ၏။ အမျက် တော်ကို လွှတ် ၍၊ သူ တို့ကို အမှိုက် ကဲ့သို့ မီးလောင် စေတော်မူ၏။ ၈ နှာခေါင်း တော်လေ အားဖြင့် ရေ သည် စုဝေး ၍ ၊ စီး သောရေသည် ပုံပုံကြွ ၍၊ ပင်လယ် ၏အထဲ ၌ ပင် နက် သောရေသည် တောင့်မာ လျက်နေရ၏။ ၉ ရန်သူ က၊ ငါလိုက် မည်။ သူတို့ကို မှီ လိမ့်မည်။ လုယူသောဥစ္စာ ကို ဝေ ၍ သူ တို့ ၌ ငါ ချင်ရဲပြေ လိမ့်မည်။ ထား ကို အိမ်မှ ထုတ် ၍ သူ တို့ကို ငါ့ လက် နှင့် ဖျက်ဆီး မည်ဟု ဆို သတည်း။ ၁၀ ကိုယ်တော် သည် လေ ကို မှုတ် တော်မူသဖြင့် ၊ ပင်လယ် သည် သူ တို့ကို လွှမ်းမိုး ၍ သူတို့သည် အားကြီး သောရေ ထဲ မှာ ခဲ ကဲ့သို့ ဆင်း ကြလေ၏။ ၁၁ အို ထာဝရဘုရား ၊ ဘုရား များတို့တွင် အဘယ်မည်သော ဘုရားသည် ကိုယ်တော် နှင့်တူ ပါသနည်း။ သန့်ရှင်း ခြင်းအားဖြင့် ဘုန်းကြီး တော်မူထသော၊ ချီးမွမ်းခြင်းကိုခံစဉ်တွင်၊ ကြောက်မက် ဘွယ် ဖြစ်တော်မူထသော၊ အံ့ဘွယ် သောအမှုတို့ကို ပြု တော်မူသော၊ ကိုယ်တော် နှင့် အဘယ် ဘုရား တူ ပါသနည်း။ ၁၂ လက်ျာ လက်တော်ကို ဆန့် တော်မူသဖြင့်၊ သူ တို့ကို မြေ မြုပ် လေ၏။ ၁၃ ရွေး တော်မူသော လူ မျိုးကို ကရုဏာ တော်အားဖြင့် ပို့ဆောင် တော်မူ၏။ သန့်ရှင်း သော နေ တော်မူရာသို့ တန်ခိုး တော်အားဖြင့် လမ်းပြ တော်မူ၏။ ၁၄ လူမျိုး တို့သည် သိတင်းကြား ၍ ကြောက်လန့် ကြလိမ့်မည်။ ပါလေတ္တိန ပြည်သူ ပြည်သားတို့သည် ပူပန် ခြင်းသို့ ရောက် ကြလိမ့်မည်။ ၁၅ ဧဒုံ ဗိုလ် တို့သည် မိန်းမော တွေဝေခြင်း၊ မောဘ သူရဲ တို့သည် တုန်လှုပ် ခြင်း၊ ခါနာန် ပြည်သား အပေါင်း တို့ သည် စိတ်ပျက် ခြင်းသို့ ရောက် ကြလိမ့်မည်။ ၁၆ အို ထာဝရဘုရား ၊ ကိုယ်တော် ၏လူ တို့သည် လွန် သွားသောအခါ ၊ ရွေး တော်မူသော ကိုယ်တော်၏လူ တို့ သည် လွန်သွား သောအခါ ၊ ထိုလူအမျိုးမျိုးတို့သည် ကြောက်သောစိတ်၊ ထိတ်လန့်သောစိတ်အားကြီး၍ လက်ရုံး တော်တန်ခိုး ကြောင့် ၊ သူတို့သည် ကျောက် ကဲ့သို့ ငြိမ်ငြိမ် နေကြလိမ့်မည်။ ၁၇ အို ထာဝရ ဘုရား၊ အမွေခံ တော်မူရာ တောင် တည်းဟူသောကျိန်းဝပ် တော်မူရာ ဘို့ ဖန်ဆင်း တော်မူသော အရပ်ထဲသို့ ကိုယ်တော်၏လူ တို့ကို သွင်း တော်မူလိမ့်မည်။ အို ထာဝရဘုရား ၊ လက် တော်နှင့် တည် တော်မူသော သန့်ရှင်း ရာဌာနတော်၌ နေရာချတော်မူလိမ့်မည်။ ၁၈ ထာဝရဘုရား သည် ကာလ အစဉ်အမြဲ စိုးစံ တော်မူစေသတည်းဟု သီချင်းဆို ကြလေ၏။ ၁၉ အကြောင်းမူကား၊ ဖာရော ဘုရင်၏ မြင်း များ၊ ရထား များ၊ မြင်းစီးသူရဲ များတို့သည် ပင်လယ် ထဲသို့ ဝင် ၍ ၊ ထာဝရဘုရား သည် သူ တို့အပေါ် မှာ ပင်လယ် ရေ ကို လွှမ်းမိုး စေတော်မူ၏။ ဣသရေလ အမျိုးသား တို့မူကား ၊ ပင်လယ် အလယ် ၌ မြေ ပေါ် မှာ ရှောက်သွား ကြ၏။ ၂၀ အာရုန် ၏ အစ်မ

ဖြစ်သော ပရောဖက်မ မိရိအံ သည် ပတ်သာ ကို ကိုင် ၍ ၊ မိန်းမ အပေါင်း တို့သည် ပတ်သာ တီးလျက် က လျက် လိုက်သွားကြ၏။ ၂၁ မိရိအံ ကလည်း ၊ ထာဝရဘုရားသည် ဘုန်းပွင့် လျက် အောင်ပွဲ ကို ခံတော်မူသည်ဖြစ်၍ ၊ ကိုယ်တော် အား သီချင်း ဆိုကြလော့။ မြင်း နှင့် မြင်းစီး သူရဲကို ပင်လယ် ထဲသို့ လှဲချ တော်မူပြီဟု သူ တို့နှင့် အသံပြိုင်၍ ဆို လေ၏။ ၂၂ ထိုနောက် မောရှေ သည် ကျသရေလ လူတို့ကို၊ ဧဒုံ ပင်လယ် မှ ဆောင်သွား ၍ ၊ သူတို့သည် ရှုရ တော သို့ ရောက် ကြ၏။ ထိုတော ၌ သုံး ရက် ခရီးသွား ၍ ရေ ကို မ တွေ့ မရကြ။ ၂၃ မာရ အရပ်သို့ ရောက် သောအခါ ၊ မာရ ရေ သည် ခါး သောကြောင့် မ သောက် နိုင် ကြ။ ထိုကြောင့် ထိုအရပ်ကို မာရ ဟု သမုတ် ကြသတည်း။ ၂၄ လူ များတို့သည် မောရှေ ကို အပြစ်တင် ၍ မြည်တမ်းလျက်၊ အဘယ်သို့ သောက် ရပါမည်နည်းဟု ဆို ကြ၏။ ၂၅ မောရှေသည် ထာဝရဘုရား အား အော်ဟစ် ၍ ထာဝရဘုရား သည် သစ်ပင် တပင်ကို ပြ တော်မူ၏။ ထိုအပင်ကို ရေ ထဲသို့ ချ ပြီးလျှင် ၊ ရေ သည် ချို လေ၏။ ထို အရပ်၌ သူ တို့ကို စုံစမ်း ၍ စီရင် ထုံးဖွဲ့ တော်မူသည်ကား၊ ၂၆ သင်တို့သည် သင်တို့၏ ဘုရား သခင်ထာဝရဘုရား ၏ စကား ကို စေ့စေ့နားထောင် ၍ နှစ်သက် တော်မူသောအကျင့်ကို ကျင့် လျှင်ဂင်း၊ ပညတ် တရားတော်အလိုသို့ လိုက် ၍ စီရင် တော်မူချက်တို့ကို စောင့်ရှောက် လျှင် ဂင်း၊ ငါသည် အဲဂုတ္တု လူတို့ ၌ စွဲ စေသော ရောဂါ တစုံ တခုကိုမျှ သင် တို့ ၌ မ စွဲ စေ။ ငါ သည် သင် တို့၏ ရောဂါ ကို ငြိမ်းစေသော ထာဝရဘုရား ဖြစ်သည်ဟု မိန့် တော်မူ၏။ ၂၇ ထိုနောက်မှ ရေတွင်း ဆယ် နှစ် တွင်း၊ စွန်ပလွဲ ပင် ခုနစ်ဆယ် နှင့် ပြည့်စုံရာ ဧလိမ် ရွာသို့ ရောက် ၍ ၊ ထို အရပ်တွင် ရေ ရှိရာအနား မှာ တပ်ချ ကြ၏။

၁၆ တဖန် ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့သည်၊ ဧလိမ် အရပ်မှ ထွက်၍ ခရီးသွား ကြ၏။ အဲဂုတ္တု ပြည် မှ ထွက်သွား သောနောက်၊ ဒုတိယ လ ဆယ် ငါး ရက် နေ့တွင် ၊ ဧလိမ် အရပ်နှင့် သိနာ တောင် စပ်ကြား မှာ သိန် တော သို့ ရောက် ကြ၏။ ၂ ထိုတော ၌ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့က၊ ၃ ငါတို့သည် အဲဂုတ္တု ပြည် ၌ အမဲသား ချက်သော အိုး ကင်းနား မှာ ထိုင် ၍ ဝ စွာစား ရသောအခါ ၊ ထာဝရဘုရား ၏ လက် တော်ဖြင့် သေလျှင် သာ၍ကောင်း၏။ ယခု မူကား၊ ဤ စည်းဝေး လျက်ရှိသောလူအပေါင်း တို့ကို ငတ်မွတ် ခြင်းအားဖြင့် သတ်လိုသောဌာ ၊ ဤ တော အရပ်သို့ ဆောင် ခဲ့ပြီတကားဟု မောရှေ နှင့် အာရုန် ကို အပြစ်တင် ၍ မြည်တမ်းလျက်ဆို ကြ၏။ ၄ ထိုအခါ ထာဝရဘုရား က ကြည့်ရှု လော့။ ငါ သည် သင် တို့အဘို့ မိုဃ်းကောင်းကင် က မုန့် မိုဃ်း ကို ရွာစေမည်။ လူ တို့သည် နေ့တိုင်းထွက် ၍ တနေ့ စာလောက်အောင် သိမ်း ယူရကြမည်။ ငါ ၏တရား အတိုင်း ကျင့် မည်လော၊ မ ကျင့်လောဟု ထို သို့သောအားဖြင့် သူ တို့ကို ငါစုံစမ်း မည်။ ၅ နေ့ တိုင်းသိမ်းယူ သော အရာ ထက် ၊ ခြောက် ရက်မြောက်သောနေ့ ၌ နှစ်ဆ ကို သိမ်းယူ ၍ ပြင် ရကြမည်ဟု မောရှေ အား မိန့် တော်မူ၏။ ၆ မောရှေ နှင့် အာရုန် တို့ကလည်း ၊ ထာဝရဘုရား သည် သင် တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် တော်မူသည် ဟု ယနေ့ညဦး ယံ၌ သင်တို့သိ ကြလိမ့်မည်။ ၇ နံနက် ယံ၌ လည်း ၊ ထာဝရဘုရား ၏ ဘုန်း တော်ကို မြင် ရကြလိမ့်မည်။ ထာဝရဘုရား ကို အပြစ်တင်လျက် မြည်တမ်း ကြသောအသံကိုကြား တော်မူပြီ။ ငါ တို့ကို အပြစ်တင်လျက် မြည်တမ်း စေခြင်းငှာ ၊

ငါ တို့သည် အဘယ်သို့ သောသူဖြစ် သနည်းဟု ဣသရေလ အမျိုးသား အပေါင်း တို့အား ဆို လေ၏။ ၈ တဖန် လည်းမောရှေ က၊ ထာဝရဘုရား သည် ညဦး ယံ၌ သင် တို့စား စရာအမဲသား ကိုဎင်း ၊ နံနက် ယံ၌ ဝ လောက်အောင် မုန့် ကိုဎင်းပေး တော်မူသောအခါ ၊ ဤစကားပြည့်စုံလိမ့်မည်။ သင် တို့သည် အပြစ်တင်လျက် မြည်တမ်း ကြသော အသံကို ထာဝရဘုရား ကြား တော်မူပြီ။ ငါ တို့သည် အဘယ်သို့ သောသူဖြစ် သနည်း။ သင် တို့သည် အပြစ်တင်လျက် မြည်တမ်း ကြသော စကားသည်၊ ငါ တို့ကို မ ထိ မခိုက်၊ ထာဝရဘုရား ကို ထိခိုက် သည်ဟု ဆို လေ၏။ ၉ တဖန် သင် တို့သည် အပြစ်တင်လျက်၊ မြည်တမ်း သောအသံကို ထာဝရဘုရား ကြား တော်မူသည် ဖြစ်၍ ၊ အထံ တော်သို့ ချဉ်းကပ် ကြလော့ဟု ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့အား ဆင့်ဆို လော့ဟု အာရုန် ကို မှာ ထားသည်အတိုင်း ၊ ၁၀ အာရုန် သည် ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့အား ဆင့်ဆို သောအခါ၊ သူတို့သည် တော သို့ မျှော် ကြည့်၍ ၊ မိုးယံတိမ် ၌ ထင်ရှား သော ထာဝရဘုရား ၏ ဘုန်း တော်ကို မြင် ရကြ၏။ ၁၁ ထာဝရဘုရား ကလည်း ၊ ဣသရေလ အမျိုးသား တို့သည် အပြစ်တင်လျက် မြည်တမ်း သောအသံကို ငါကြား ရပြီ။ ၁၂ ညဦး ယံ၌ သင်တို့သည် အမဲသား ကို စား ရကြလိမ့်မည်။ နံနက် ယံ၌ လည်း မုန့် နှင့် ဝ ရကြလိမ့်မည်။ ငါ သည် သင် တို့၏ဘုရား သခင်ထာဝရဘုရား ဖြစ်ကြောင်းကို သိ ကြလိမ့်မည်ဟု သူ တို့ကို ပြော လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၁၃ ညဦး ယံ၌ ငုံး ငှက်တို့သည် တပ် ကိုအနှံ့အပြားတက် လာကြ၏။ နံနက် ယံ၌ လည်း တပ် ပတ်လည် အရပ်ရပ်တွင် နှင်း ကျ လျက်ရှိ၏။ ၁၄ နှင်း တက် ပြီးသောအခါ ၊ နှင်းခဲ ကဲ့သို့ သေးသေး လုံးလုံး အရာသည် မြေ မျက်နှာပေါ် မှာ ရှိရစ်လေ၏။ ၁၅ ထို အရာကို ဣသရေလ အမျိုးသား တို့သည် မြင် သောအခါ ၊ အဘယ် အရာနည်းဟု မ သိ သောကြောင့် ၊ တ ယောက်ကို တယောက်မေး ကြ၏။ မောရှေ ကလည်း ၊ ဤ အရာသည်သင် တို့စားစရာ ဘို့ ထာဝရဘုရား ပေး သနားတော်မူသော မုန့် ဖြစ်၏။ ၁၆ လူတိုင်း မိမိ တဲ ၌ ရှိသော သူ အရေအတွက် နှင့်အညီ၊ လူအသီးအသီး စား လောက်အောင် တယောက်တသြမဲ စီ သိမ်းယူ ကြလော့ဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို ပြန်ပြော လေ၏။ ၁၇ ဣသရေလ အမျိုးသား တို့သည် ထိုသို့ ပြု ၍ ၊ အနည်း အများ အလိုက် သိမ်းယူ ကြ၏။ ၁၈ သြမဲ တောင်းနှင့် ခြင် ကြသောအခါ ၊ များ များရသောသူမ ပို ၊ နည်းနည်း ရသောသူ မ လို ၊ အသီးအသီး တို့သည် စား လောက်အောင် သိမ်း ယူကြ၏။ ၁၉ မောရှေ ကလည်း ၊ နံနက် တိုင်အောင် အဘယ်သူမျှ မ ကျန် စေနှင့်ဟု ဆို သော်လည်း ၊ ၂၀ အချို့တို့သည် မောရှေ စကားကို နား မ ထောင်ဘဲ၊ နံနက် တိုင်အောင် ကျန် စေသဖြင့် ၊ ပိုး ဖြစ် ၍ နံ လေသော် ၊ မောရှေ သည် အမျက် ထွက်၏။ ၂၁ ထိုသူ အသီးအသီးတို့သည် နေ့ တိုင်း မိမိ တို့စား လောက် သမျှကို သိမ်းယူ ကြ၏။ နေ ပူ သောအခါ အရေ ဖြစ်လေ၏။ ၂၂ ခြောက် ရက်မြောက်သောနေ့ ၌ ၊ မုန့် နှစ်ဆ တည်းဟူသောတယောက်နှစ် သြမဲ စီ သိမ်း ရကြ၏။ ထိုအကြောင်းကို ပရိသတ် အုပ် အပေါင်း တို့သည် မောရှေ အား ကြားပြော လေ၏။ ၂၃ သူကလည်း၊ နက်ဖြန် နေ့သည် ထာဝရဘုရား ရှေ့၌ သန့်ရှင်း သောဥပုသ် နေ့၊ ငြိမ်ဝပ် စွာနေရသောနေ့ဖြစ်၏။ မုန့်ကို ပေါင်း ချင်သည်အတိုင်း ပေါင်း ကြလော့။ ပြုတ် ချင်သည်အတိုင်း ပြုတ် ကြလော့။ ကျန် သောအရာ ကို နံနက် တိုင်အောင် စောင့် ၍ သို

ထားကြလော့ဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို ပြန်ပြော လေ၏။ ၂၄ မောရှေ မှာ ထားသည်အတိုင်း ၊ နံနက် တိုင်အောင် သို ထားကြ၏။ နံ ခြင်းနှင့် ကင်းလွတ် ၏။ ပိုး လည်း မ ရှိ။ ၂၅ မောရှေ ကလည်း ၊ ကျန်သောအရာကို ယနေ့ စား ကြလော့။ ယနေ့ သည် ထာဝရဘုရား ၏ ဥပုသ် နေ့ဖြစ်၏။ ယနေ့ တွင် ထိုအရာကို တော ၌ မ တွေ့ ရ။ ၂၆ ခြောက် ရက် ပတ်လုံးသိမ်းယူ ရကြ၏။ ဥပုသ် နေ့တည်းဟူသောခုနစ် ရက်မြောက်သောနေ့ တွင် မ ရှိ မတွေ့ရဟု ဆို လေ၏။ ၂၇ ခုနစ် ရက်မြောက်သောနေ့ ၌ ၊ အချို့တို့သည် သိမ်းယူ ခြင်းငှာ ထွက်သွား ရာတွင်၊ ရှာ၍ မ တွေ့ ရကြ။ ၂၈ ထာဝရဘုရား ကလည်း၊သင်တို့သည်ငါ့ ပညတ် တရား များတို့ကိုအဘယ် မျှကာလ ပတ်လုံးငြင်းပယ် ကြလိမ့်မည်နည်း။ ၂၉ ထာဝရဘုရား သည် ဥပုသ် နေ့ကို သင် တို့အား ပေး တော်မူပြီ။ ထိုကြောင့် ခြောက် ရက်မြောက်သောနေ့ ၌ နှစ်ရက် အတွက်မုန့် ကိုပေး တော်မူ၏။ လူ တိုင်းမိမိ နေရာ ၌နေ စေ၊ ခုနစ် ရက်မြောက်သောနေ့ ၌ မိမိ နေရာ မှ အဘယ်သူမျှ မ သွား စေနှင့်ဟု မောရှေ အား မိန့် တော်မူ၏။ ၃၀ ထိုကြောင့် လူ များတို့သည်ခုနစ် ရက်မြောက်သောနေ့ ၌ ငြိမ်ဝပ် စွာနေကြ၏။ ၃၁ ဣသရေလ အမျိုးသား တို့သည် ထို စားစရာကို မန္နာ ဟုခေါ် ဝေါ် ကြ၏။ နံနံ စေ့ ကဲ့သို့ ဖြစ်၍ ဖြူ သောအဆင်းရှိ၏။ ပျားရည် နှင့် ရောသောမုန့်ကြွပ် နှင့် အရသာ တူ ၏။ ၃၂ မောရှေ ကလည်း ၊ သင် တို့ကိုအဲဂုတ္တု ပြည် မှ ငါ နှုတ်ဆောင် သောအခါ ၊ တော ၌ သင် တို့အား ကျွေး သော မုန့် ကို၊ သင် တို့အမျိုး အစဉ်အဆက်တို့သည်မြင် စေခြင်းငှာ ၊ သူတို့အဘို့သို ထားရသောဩမဲ တဩမဲကိုဖြည့် ကြလော့ဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို ပြန်ပြော လေ၏။ ၃၃ တဖန် အာရုန် ကို လည်း၊ အိုး တလုံး ကိုယူ ၍ မန္နာ တဩမဲ ကိုအပြည့် ထည့် ပြီးလျှင်၊ သင် တို့လူမျိုး အစဉ်အဆက်ဘို့ စောင့် စေခြင်းငှာ ၊ ထာဝရ ဘုရားရှေ့တော်၌ သို ထားလော့ဟုဆို ၍၊ ၃၄ မောရှေ ကို ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ထိုမန္နာကိုအာရုန် စောင့် စေခြင်းငှာ ၊ သက်သေ တော်ရှေ့ မှာသို ထားလေ၏။ ၃၅ ဣသရေလ အမျိုးသား တို့သည်၊ လူနေ ရာပြည် သို့ မ ရောက် မှီတိုင်အောင်၊ အနှစ် လေးဆယ် ပတ်လုံးမန္နာ ကိုစား ကြ၏။ ခါနာန် ပြည် နယ်နိမိတ် သို့ မ ရောက် မှီတိုင်အောင် မန္နာ ကိုစား ကြ၏။ ၃၆ ဩမဲ မူကား ၊ ဧဖာ ဆယ်စု တစုဖြစ်သတည်း။

၁၇ ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့သည်၊ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ သိန် တော ထဲက ထွက်၍ ခရီး သွား သဖြင့် ၊ ရေဖိဒိမ် အရပ်၌ စားခန်းချ ကြ၏။ ထိုအရပ်၌ လူ များသောက် ဘို့ ရာရေ မ ရှိ။ ၂ ထိုကြောင့် လူ များတို့က၊ သောက် ဘို့ရေ ပေး ပါဟု ဆို ၍ မောရှေ ကို ရန်တွေ့ ကြ၏။ မောရှေ ကလည်း ၊ ငါ့ ကို အဘယ်ကြောင့် ရန်တွေ့ ကြသနည်း။ ထာဝရဘုရား ကို အဘယ်ကြောင့် စုံစမ်း ကြသနည်းဟု ဆို လေ၏။ ၃ လူ များတို့သည် ရေ ငတ် ၍ မောရှေ ကို အပြစ်တင်မြည်တမ်း လျက်၊ ငါ တို့မှစ၍ သားသမီး တိရစ္ဆာန် တို့ကို အငတ် ထား၍ သတ် ခြင်းအလိုဌာ ၊ အဲဂုတ္တု ပြည်မှ အဘယ်ကြောင့် ဆောင် ခဲ့သနည်းဟု ဆို ကြ၏။ ၄ ထိုအခါ မောရှေ သည်ထာဝရဘုရား အား အော်ဟစ်၍၊ ဤ လူ တို့အား အကျွန်ုပ်သည်အဘယ်သို့ ပြု ရပါမည်နည်း။ အကျွန်ုပ် ကိုခဲနှင့်ပစ် လု ကြပါပြီဟု လျှောက် လေ၏။ ၅ ထာဝရဘုရား ကလည်း ၊ လူ များရှေ့ သို့သွား ၍ ဣသရေလ အမျိုးအသက် ကြီးသူတို့ကိုခေါ် လော့။ မြစ် ကိုရိုက် သော သင် ၏လှံတံ ကိုကိုင် လျက် ၊ ဟောရပ်အရပ်သို့သွား လော့။ ၆ ထို အရပ်၌ ရှိသောကျောက် ပေါ် တွင် သင့် ရှေ့ မှာငါ

ရပ် နေမည်။ သင်သည် ထိုကျောက် ကိုရိုက် ရမည်။ လူများသောက် ဘို့ ထို ကျောက်ထဲက ရေ ထွက် လိမ့်မည်ဟု မောရှေ အား မိန့် တော်မူ၏။ မောရှေ သည်လည်း ကျသရေလ အမျိုးအသက်ကြီး သူတို့ရှေ့ မှာ ထို သို့ပြု လေ၏။ ၇ ကျသရေလ အမျိုးသား တို့က၊ ထာဝရဘုရား သည် ငါ တို့တွင် ရှိ သလော မရှိ လောဟု ထာဝရဘုရား ကို စုံစမ်း ၍ ရန်တွေ့ သောအကြောင်းကြောင့် ၊ ထိုအရပ် ကို မဿာ နှင့် မေရိဘ ဟု သမုတ် သတည်း။ ၈ ထိုအခါ အာမလက် လူတို့သည် လာ ၍ ၊ ရေဖိဒိမ် အရပ်၌ ကျသရေလ လူတို့ကို စစ်တိုက် ကြ၏။ ၉ မောရှေ ကလည်း ၊ လူ တို့ကိုရွေး ၍ အာမလက် လူတို့ကို စစ် တိုက်ခြင်းဌာ ထွက် လော့။ နက်ဖြန် နေ့၌ ဘုရား သခင်၏လှံတံ ကိုကိုင် လျက်၊ တောင် ထိပ် ပေါ် မှာ ငါ ရပ် နေမည်ဟု ယောရှု အား ဆို ၏။ ၁၀ မောရှေ မှာ လိုက်သည်အတိုင်း ယောရှု ပြု ၍ ၊ အာမလက် လူတို့ကို စစ် တိုက်လေ၏။ မောရှေ ၊ အာရုန် ၊ ဟုရ တို့သည် တောင် ထိပ် ပေါ် သို့တက် ကြ၏။ ၁၁ မောရှေ သည် လက် ကိုချီ သောအခါ ၊ ကျသရေလ လူတို့သည် နိုင် ကြ၏။ လက် ကိုချ သောအခါ ၊ အာမလက် လူတို့သည် နိုင် ကြ၏။ ၁၂ သို့ရာတွင် မောရှေ ၏လက် သည်ညောင်း သောကြောင့် ၊ သူတို့သည် ကျောက် ကိုယူ ၍ မောရှေကိုထိုင် စေပြီးလျှင် ၊ အာရုန် နှင့် ဟုရ တို့သည် တယောက် တဘက်နေ၍ သူ ၏လက် ကိုမ ကြ၏။ သို့ ဖြစ်၍ နေ ဝင် သည်တိုင်အောင် သူ ၏လက် တို့သည် အမြဲနေ လေ၏။ ၁၃ ယောရှု သည်လည်း အာမလက် မင်းနှင့် လူ များတို့ကို ထား လက်နက် ဖြင့် လုပ်ကြံ လေ၏။ ၁၄ ထာဝရဘုရား ကလည်း ၊ ဤ အမှုကိုအောက်မေ့ စရာဘို့စာရေး ထား၍ ယောရှု အား ဘတ်ရွတ် လော့။ အကြောင်း မူကား၊ ကောင်းကင် အောက် ၌ အာမလက် ၏အမှတ် ရှိသမျှကို ငါပယ်ရှင်း မည်ဟု မောရှေ အား မိန့် တော်မူ၏။ ၁၅ မောရှေ သည်လည်း ယဇ် ပလ္လင်ကို တည် ၍ ၊ ယေဟောဝါ နိဿိ ဟု သမုတ် လေ၏။ ၁၆ အကြောင်းမူကား၊ အာမလက်လူမျိုး၏လက် သည် ထာဝရ ဘုရား၏ရာဇပလ္လင် တော်၏ရန်ဘက်ဖြစ်သောကြောင့် ၊ ထာဝရဘုရား သည် ကာလအစဉ်အဆက် အာမလက် အမျိုး ကို စစ် တိုက်တော်မူလိမ့်မည်ဟု ဆို သတည်း။

၁၈ ဘုရား သခင်သည် မောရှေ မှစ၍ ကိုယ်တော် ၏လူ ကျသရေလ အမျိုးအဘို့ ပြု တော်မူသမျှ ကို ၎င်း၊ ထာဝရဘုရား သည် ကျသရေလ အမျိုးကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူကြောင်းကိုဌင်း၊ မိဒျန် ယဇ် ပုရောဟိတ်ဖြစ်သောမောရှေ ၏ယောက္ခမ ယေသရော ကြား သည်ရှိသော်၊ ၂ မောရှေလွှတ်ခဲ့သောမယားနှင့် ၎ သူ ၏သား နှစ် ယောက်ကို ယူ၍ သွားလေ၏။ သားတယောက် ကား၊ ဂေရရှံ့ အမည် ရှိ၏။ အကြောင်းမူကား ၊ ငါသည် တကျွန်း တနိုင်ငံ၌ ဧည့်သည် အာဂန္တုဖြစ် ရပြီဟု အဘဆို သတည်း။ ၄ သားတယောက်ကား၊ ဧလျေဇာ အမည် ရှိ၏။ အကြောင်း မူကား၊ ငါ့ ဘိုးဘေး တို့၏ ဘုရားသခင် သည် ငါ့ ကို မစ ၍ ဖာရော ဘုရင်၏ ထား မှ ကယ်လွှတ် တော်မူပြီဟု ဆိုသတည်း။ ၅ မောရှေ ၏ ယောက္ခမ ယေသရော သည် မောရှေ မယား နှင့် သား တို့ကို ယူ၍၊ တော ၌ ဘုရား သခင်၏ တောင် တော်နား၊ မောရှေ တပ်ချ ရာအရပ်သို့ ရောက် လာလျှင် ၊ ၆ ကိုယ်တော် ၏ယောက္ခမ ယေသရော နှင့် ကိုယ်တော် ၏ မယား ၊ သား နှစ် ယောက်တို့သည် ကိုယ်တော် ထံ သို့ရောက် လာပါပြီဟု မောရှေ အား ကြား ပြောသော် ၊ ၇ မောရှေ သည် ယောက္ခမ ကို ခရီးဦးကြိုပြု ခြင်းငှာ ထွက် ၍ ဦးချ နမ်း ရှုပ်လျက် ၊ ကျန်းမာ ကြောင်း ကို တ

ယောက်နှင့်တယောက် မေးမြန်း လျက် တဲ့ သို့ ဝင် ကြ၏။ ၈ ထာဝရဘုရား သည် ဣသရေလ အမျိုးအတွက် ဖာရော ဘုရင်နှင့် အဲဂုတ္တု လူတို့ ၌ ပြု တော်မူသမျှ ကို ၎င်း၊ လမ်းခရီး တွင် ခံ ရသောဆင်းရဲ ဒုက္ခအလုံးစုံ ကိုဂင်း၊ ထိုဆင်းရဲဒုက္ခမှ ထာဝရဘုရား ကယ်လွှတ် တော်မူကြောင်းကိုဂင်း၊ မောရှေ သည် ယောက္ခမ အား ကြားပြော လေ၏။ ၉ ထာဝရဘုရား သည် ဣသရေလ အမျိုးကို အဲဂုတ္တု လူတို့လက် မှ ကယ်နှုတ် ၍၊ ပြု တော်မူသောကျေးဇူး ကြောင့် ယေသရော သည် ဝမ်းမြောက် လျက် ၊ ၁၀ အဲဂုတ္တု လူတို့လက် မှဂင်း ၊ ဖာရော ဘုရင်လက် မှ ၎င်း၊ သင့် ကို ကယ်နှုတ် တော်မူထသော ၊ လူ များတို့ကို အဲဂုတ္တု လူတို့လက် မှ ကယ်နှုတ် တော်မူသော ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၁၁ ထာဝရဘုရားသည် အခြားသောဘုရား ရှိသမျှ တို့ထက် သာ၍ကြီးမြတ် တော်မူကြောင်းကို ယခု ငါသိ ၏။ အကြောင်း မူကား၊ လူတို့သည် မာန ထောင်လွှားသော အမှု အရာတွင်၊ ထာဝရဘုရားနိုင်တော်မူ၏ဟု ဆိုပြီးမှ ၊ ၁၂ မောရှေ ၏ ယောက္ခမ ယေသရော သည်၊ မီးရှို့ စရာယဇ်နှင့် ဘုရား သခင်အဘို့ ယဇ် များကို ဆောင် ခဲ့၍ ၊ အာရုန် နှင့် ဣသရေလ အမျိုး အသက်ကြီး သူအပေါင်း တို့သည်၊ မောရှေ ၏ ယောက္ခမ နှင့် အတူဘုရား သခင့်ရှေ့ တော်၌ အစာ စား ခြင်းဌာ လာ ကြ၏။ ၁၃ နက်ဖြန် နေ့၌ မောရှေ သည်၊ လူ များကို တရား စီရင်ခြင်းဌာ ထိုင် လေ၏။ နံနက် မှစ၍ ညဦး တိုင်အောင် ၊ လူ များတို့သည် မောရှေ ရှေ့မှာ နေ ကြ၏။ ၁၄ မောရှေ သည် လူ များတို့အား ပြု သမျှ ကို ယောက္ခမ မြင် လျှင် ၊ ဤ လူ များတို့အား ပြု သောအမှု အဘယ် သို့နည်း။ သင် သည် တယောက်တည်းထိုင် လျက် ၊ လူ အပေါင်း တို့သည် နံနက် မှစ၍ ညဦး တိုင်အောင် သင့် ရှေ့မှာ အဘယ် ကြောင့်နေ ရကြသနည်းဟု ဆို ၏။ ၁၅ မောရှေ ကလည်း ၊ ဤသူတို့သည် ဘုရား သခင်၏ အယူ တော်ကိုခံ လို၍ ကျွန်ုပ် ထံ သို့လာ သောကြောင့် ဤသို့ ဖြစ်၏။ ၁၆ သူ တို့သည် အမှု ရှိ လျှင် အကျွန်ုပ် ထံ သို့လာ ၍ သူတို့၏အမှုကို ကျွန်ုပ်ဆုံးဖြတ် ရ၏။ ဘုရား သခင်၏ ပညတ် တရား များကို သင် ချရ၏ဟု ယောက္ခမ အား ပြော လျှင် ၊ ၁၇ ယောက္ခမ က၊ သင် ပြု သော အမှု သည် မ တော် မသင့်ဖြစ်၏။ ၁၈ သင် မှစ၍ သင် ၌ ပါသော ဤ လူ များတို့သည် အမှန် အားလျော့ ကြလိမ့်မည်။ ဤအမှုသည် သင်၌ အလွန် လေး၏။ တယောက်တည်း မ တတ် နိုင်သောအမှု ဖြစ်၏။ ၁၉ ငါ့ စကား ကို နားထောင် လော့။ ငါအကြံ ပေးမည်။ ဘုရား သခင်သည်လည်း သင့် ဘက်၌ ရှိ တော်မူလိမ့်မည်။ သင် သည် ဘုရား သခင်နှင့်ဆိုင် သော အမှု ၌ လူများတို့၏ အမှုကို စောင့်လျက် ဘုရား သခင်အထံ တော်သို့ ဝင်၍ လျှောက်ရမည်။ ၂၀ သူ တို့အားလည်း ပညတ် တရား တော်များကို သင် ချရမည်။ သူ တို့သွား ရာလမ်း ၊ ပြု ရသော အမှု ကိုလည်း ပြ ရမည်။ ၂၁ ထိုမှတပါး ဘုရား သခင်ကို ကြောက်ရွံ့ လျက်၊ သစ္စာ နှင့်ပြည့်စုံလျက်၊ လောဘ ကို ရွံရှာ လျက် ၊ တတ်စွမ်း နိုင်သောသူ တို့ကို လူ အပေါင်း တို့အထဲ က ရွေးကောက် ၍၊ တထောင် အုပ် ၊ တရာ အုပ် ၊ ငါးဆယ် အုပ် ၊ တဆယ် အုပ် အရာ၌ ခန့် ထားရမည်။ ၂၂ ထိုသူတို့သည် ခပ်သိမ်း သောအချိန် ၌ လူ များတို့ကို တရား စီရင်ကြစေ။ ကြီး သောအမှု ၌ သင် ၏အယူ ကို ခံကြစေ။ ငယ် သောအမှု ကို အလိုလို စီရင် ကြစေ။ သို့ ဖြစ်လျှင် သူတို့သည် ဝိုင်းညီ၍ အမှုထမ်း သဖြင့် သင် သည် သက်သာ လိမ့်မည်။ ၂၃ ထိုသို့ ဘုရား သခင်အခွင့် နှင့် ပြု လျှင် သင်သည် ခိုင်ခံ့ လိမ့်မည်။ ဤ လူ အပေါင်း တို့သည် မိမိ နေရာ ပြည် သို့ ငြိမ်ဝပ် စွာ

သွား ကြလိမ့်မည်ဟု ပြော ဆို၏။ ၂၄ မောရှေ သည်လည်း ယောက္ခမ ၏စကား ကို နားထောင် ၍ စကား ရှိသည်အတိုင်း ပြု လျက်၊ ၂၅ တတ်စွမ်း နိုင်သောသူ တို့ကို ကြသရေလ အမျိုးထဲက ရွေးကောက် ၍ လူတထောင် အုပ် ၊ တရာ အုပ် ၊ ငါးဆယ် အုပ် ၊ တဆယ် အုပ် အသီးအသီးခေါင်း အရာ၌ ခန့် ထားလေ၏။ ၂၆ ထိုသူတို့သည် ခပ်သိမ်း သောအချိန် ၌ လူ တို့ကို တရား စီရင်ကြ၏။ ခက် သောအမှု ၌ မောရှေ ၏အယူ ကို ခံကြ၏။ လွယ် သောအမှု ကို အလိုလို စီရင် ကြ၏။ ၂၇ ထိုနောက် မောရှေ သည် ယောက္ခမ သွားရသောအခွင့် ကိုပေး ၍ ၊ သူသည် မိမိ နေရာ သို့ သွား လေ၏။

၁၉ ကြသရေလ အမျိုးသား တို့သည် အဲဂုတ္တု ပြည် မှ ထွက်သွား သောနောက်၊ တတိယ လ တရက်နေ့ ၌ သိနာ တော သို့ ရောက် ကြ၏။ ၂ ရေဖိဒိမ် အရပ်က ထွက်သွား ပြီးမှ သိနာ တော သို့ ရောက် ၍ ၊ ထိုတော ၌ တောင် ရှေ့မှာ တပ်ချ ကြ၏။ ၃ မောရှေ သည် ဘုရား သခင်ထံ တော်သို့ တက် သွားလျှင် ၊ ထာဝရဘုရား သည် တောင် ပေါ် က ခေါ် တော်မူ၍၊ သင်သည် ယာကုပ် အမျိုး ၊ ကြသရေလ သား တို့အား ပြန်ပြော ရသော အမိန့် တော်ဟူမူကား ၊ ၄ ငါသည် အဲဂုတ္တု လူတို့ ၌ ပြု သော အကြောင်း၊ သင် တို့ကို ရွှေလင်းတ အတောင် ဖြင့် ထမ်း ၍ ကိုယ် ဘို့ သိမ်းယူ သောအကြောင်းကို သင် တို့သည် သိ မြင်ရကြပြီ။ ၅ ထိုကြောင့် ယခု တွင် သင်တို့သည် ငါ့ စကား ကို အမှန်နားထောင် ၍ ငါ့ ပဋိညာဉ် ကို စောင့်ရှောက် လျှင် အခြားသောလူမျိုး တကာ တို့ထက် သင်တို့သည် ငါ ပိုင်ထိုက်သော ဘဏ္ဍာ တော်ဖြစ် ရကြလိမ့်မည်။ မြေကြီး ရှိသမျှ သည် ငါ ၏ ဥစ္စာဖြစ်၏။ ၆ သင် တို့သည်လည်း မင်း စည်းစိမ်ရှိသောယဇ်ပုရောဟိတ် မျိုး၊ သန့်ရှင်း သောလူမျိုး ဖြစ် ရကြလိမ့်မည် ဟူသောအမိန့် တော်ကို ကြသရေလ အမျိုးသားတို့အား ဆင့်ဆို လော့ဟု မိန့်တော်မူ၏။ ၇ မောရှေ သည် ပြန်လာ ၍ လူ တို့တွင် အသက်ကြီး သူတို့ကို ခေါ် ပြီးလျှင် ၊ ထာဝရဘုရား မှာ ထားတော်မူသော စကား အလုံးစုံ တို့ကို ပြန်ပြောလေ ၏။ ၈ လူ အပေါင်း တို့ကလည်း ထာဝရဘုရား မိန့် တော်မူသမျှ တို့ကို အကျွန်ုပ်တို့သည် ပြု ပါမည်ဟု တညီ တညွတ်တည်း ပြန် ပြောကြ၏။ မောရှေ သည်လည်း သူ တို့၏စကား ကို ထာဝရဘုရား အား ပြန်လျှောက် လေ၏။ ၉ ထာဝရဘုရား ကလည်း ကြည့်ရှု လော့။ သင် နှင့် ငါ ပြော သောအခါ လူ များတို့သည် ကြား ၍ အစဉ်အမြဲ သင့် ကို ယုံ မည်အကြောင်း ၊ မိုးယံတိမ် တိုက် ၌ သင့် ဆီ သို့ ငါ လာ မည်ဟု မောရှေ အား မိန့် တော်မူ၏။ မောရှေ သည်လည်း ထာဝရဘုရား ၏ စကား တော်ကို လူ များတို့အား ပြန်ပြော လေ၏။ ၁၀ ထာဝရဘုရား ကလည်း လူ တို့ရှိရာသို့ သွား ၍ ၊ ယနေ့ နှင့် နက်ဖြန် ၌ သူ တို့ကို သန့်ရှင်း စေလော့။ သူ တို့အဝတ် ကို လျှော် စေ၍၊ ၁၁ သုံး ရက်မြောက်သောနေ့ ၌ အသင့် ရှိ နေစေလော့။ အကြောင်း မူကား၊ သုံး ရက်မြောက်သောနေ့ ၌ ထာဝရဘုရား သည် လူ အပေါင်း တို့ရှေ့ ၊ သိနာ တောင် ပေါ် သို့ ဆင်းသက် တော်မူမည်။ ၁၂ လူတို့မကျော်ရသောအဆီးအကာတို့ကို တောင်ပတ်လည် ၌ စီရင် ၍၊ သင်တို့သည် တောင် ပေါ် သို့ မတက် ၊ တောင် ခြေရင်း ကို မထိ ရအောင် သတိပြု ကြဟု ပြော လော့။ တောင် ကို ထိမိ သောသူ မည်သည်ကား၊ ဧကန်အမှန် အသေ ခံစေ။ ၁၃ ထိုသူ ကို လက် နှင့်မ ထိ ရ။ အကယ်စင်စစ်ကျောက်ခဲနှင့်ပစ် ရမည်။ သို့မဟုတ် လုံနှင့်ထိုး ရမည်။ လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ ၊ အသက် မ ရှင်ရ။ တံပိုး သည် ကြာကြာမြည် သောအခါ ၊ လူ များတို့သည် တောင် သို့ လာ ရ ကြမည်ဟု မောရှေ အား မိန့် တော်မူ၏။ ၁၄

မောရှေ သည် တောင် ပေါ် မှ လူ တို့ရှိရာသို့ ဆင်းသက် ၍ ၊ သူ တို့ကို သန့်ရှင်း စေ၏။ သူတို့သည် မိမိ အဝတ် များကို လျှော် ကြ၏။ ၁၅ မောရှေကလည်း၊ သုံး ရက်မြောက်သောနေ့ ၌ အသင့် ရှိ စေကြလော့။ မယား ကို မ ချဉ်း ကြနှင့်ဟု လူ တို့အား ဆို လေ၏။ ၁၆ သုံး ရက်မြောက်သောနေ့ ၊ နံနက် အချိန်၌ တောင် ပေါ် မှာ မိုးယံချုန်း ခြင်း၊ လျှပ်ပြက် ခြင်းနှင့်တကွ မိုယံးတိမ် တိုက် လွှမ်းမိုး ၍ ကြီး သောအသံနှင့် တံပိုး မြည် သဖြင့် ၊ တပ် ၌ ရှိသော လူ အပေါင်း တို့သည် တုန်လှုပ် ကြ၏။ ၁၇ မောရှေ သည်လည်း ဘုရား သခင်နှင့် တွေ့ စေခြင်းငှာ ၊ လူ များတို့ကို တပ် ထဲက ဆောင် ခဲ့သဖြင့် ၊ သူတို့သည် တောင် ခြေ ရင်းအောက်၌ ရပ် နေကြ၏။ ၁၈ ထာဝရဘုရား သည် မီး ဖြင့် လွှမ်းလျက်၊ သိနာ တောင်ပေါ် သို့ ဆင်းသက် တော်မူသောကြောင့် ၊ တတောင်လုံး မီးခိုး ထွက်လေ၏။ မီးခိုး သည်လည်း မီးဖို ၏မီးခိုး ကဲ့သို့ တက် ၍ တတောင် လုံး ပြင်းစွာ လှုပ် လေ၏။ ၁၉ တံပိုး မြည် သံသည် ကြာကြာမြည် လျက် ၊ အသံတိုး ၍ ကြီး သောအခါ၊ မောရှေ သည် ခေါ် ၍ ၊ ဘုရား သခင်သည် စကား သံနှင့် ထူး တော်မူ၏။ ၂၀ ထာဝရဘုရား သည်လည်း သိနာ တောင် ထိပ် ပေါ် သို့ ဆင်းသက် ၍ ၊ မောရှေ ကို တောင် ထိပ် ပေါ် သို့ ခေါ် တော်မူလျှင် ၊ မောရှေ သည် တက် လေ၏။ ၂၁ ထာဝရဘုရား ကလည်း ၊ လူ တို့သည် ကြည့်ရှု ခြင်းငှာ ထာဝရဘုရား ထံ သို့ကျော် ဝင်၍ ၊ အများ တို့သည် သေ ကြလိမ့်မည်ဟု စိုးရိမ်စရာရှိသောကြောင့်ဆင်း ၍ သတိပေး လော့။ ၂၂ ထာဝရဘုရား ထံသို့ ချဉ်းကပ် သော ယဇ် ပုရောဟိတ်တို့သည်လည်း ၊ ကိုယ်ကိုကိုယ်သန့်ရှင်း စေရမည်။ သို့မဟုတ် ထာဝရဘုရား သည် ဒဏ်ခတ် တော်မူမည်ဟု မောရှေ အား မိန့် တော်မူ၏။ ၂၃ မောရှေ ကလည်း ၊ လူ တို့သည် သိနာ တောင် သို့ မ တက် နိုင် ကြပါ။ အကြောင်း မူကား၊ မကျော်ရသောအဆီး အကာတို့ကို တောင် ပတ်လည်၌ စီရင်၍ ၊ သန့်ရှင်း စေလော့ဟု မှာ ထားတော်မူပြီဟု ထာဝရဘုရား အား ပြန်လျှောက် လေ၏။ ၂၄ ထာဝရဘုရား ကလည်း ၊ ဆင်း သွားလော့။ သင် နှင့် အာရုန် သာလျှင် တက် ရမည်။ ယဇ် ပုရောဟိတ်များ၊ လူ များတို့သည် ထာဝရဘုရား ထံ သို့တက် ခြင်းငှာ မ ကျော် မဝင်စေနှင့်။ သို့မဟုတ်သူ တို့ကို ဒဏ်ခတ် တော်မူမည် ဟု မိန့် တော်မူ၏။ ၂၅ မောရှေ သည်လည်း လူ များတို့ရှိရာသို့ ဆင်း ၍ ကြားပြော လေ၏။

၂၀ ထိုအခါ ဘုရား သခင်မိန့်တော်မူသောစကား များဟူမူကား၊ ၂ ငါ သည် သင့် ကို ကျွန် ခံနေရာ အဲဂုတ္တု ပြည် မှ ကယ်နှုတ် ဆောင်ယူခဲ့ပြီးသော သင် ၏ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၃ ငါ မှတပါး အခြား သောဘုရား ကို မ ကိုးကွယ် နှင့်။ ၄ အထက် မိုယ်း ကောင်းကင်၌ ၎င်း ၊ အောက် အရပ် မြေကြီး ပေါ်၌ ၎င်း၊ မြေကြီးအောက် ရေ ထဲ၌၎င်း ရှိသောအရာနှင့် ပုံသဏ္ဌာန် တူအောင်၊ ရုပ်တု ဆင်းတုကို ကိုယ် အဘို့ မ လုပ် နှင့်။ ၅ ဦး မ ချဝတ် မ ပြုနှင့်။ အကြောင်း မူကား၊ သင် ၏ဘုရား သခင်ငါ ထာဝရဘုရား သည်၊ သင်၌အပြစ် ရှိသည် ဟု ယုံလွယ်သောဘုရား ၊ ငါ့ ကို မုန်း သောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယ အဆက်၊ စတုတ္ထ အဆက် တိုင်အောင်၊ အဘ တို့၏ အပြစ် ကို သား တို့ ၌ ဆပ်ပေး စီရင်သောဘုရား၊ ၆ ငါ့ ကို ချစ် ၍ ငါ့ ပညတ် တို့ကို ကျင့် သောသူတို့၏ အမျိုးအစဉ်အဆက် အထောင် အသောင်းတိုင်အောင် ၊ ကရုဏာ ကို ပြ သော ဘုရားဖြစ်၏။ ၇ သင် ၏ဘုရား သခင်ထာဝရဘုရား ၏ နာမ

တော်ကို မုသာ နှင့်ဆိုင်၍ မ မြွက် မဆိုနှင့်။ အကြောင်း မူကား၊ နာမ တော်ကို မုသာ နှင့်ဆိုင်၍ မြွက်ဆို သောသူ ကို အပြစ် မရှိဟု ထာဝရဘုရား မှတ်တော်မ မူ။ ၈ ဥပုသ် နေ့ကို သန့်ရှင်း စေခြင်းငှာ ၊ ထိုနေ့ရက် ကို အောက်မေ့ လော့။ ၉ ခြောက် ရက် ပတ်လုံးအလုပ် မျိုးကို ကြိုးစား ၍ လုပ်ဆောင် လော့။ ၁၀ သတ္တမ နေ့ရက် သည် သင် ၏ဘုရား သခင်ထာဝရဘုရား ၏ ဥပုသ် နေ့ဖြစ်၏။ ထိုနေ့၌ သင် မှစ၍ သင် ၏သား သမီး ၊ ကျွန် ယောကျ်ား မိန်းမ၊ တိရစ္ဆာန် ၊ သင် ၏ တံခါး အတွင်း၌ နေသော ဧည့်သည် အာဂန္တုသည် အလုပ် မ လုပ် ရ။ ၁၁ အကြောင်း မူကား၊ ထာဝရဘုရား သည် မိုဃ်းကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ ၊ အရပ်ရပ် ၌ ရှိသမျှ တို့ကို ခြောက် ရက် တွင် ဖန်ဆင်း ၍ သတ္တမ နေ့ရက် ၌ ငြိမ်ဝပ် စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရား သည် သတ္တမ နေ့ ရက်ကို ကောင်းကြီး ပေး၍ သန့်ရှင်း စေတော်မူ၏။ ၁၂ သင် ၏ဘုရား သခင်ထာဝရဘုရား ပေး သနားတော်မူသော ပြည် ၌ သင် ၏အသက် တာရှည် မည် အကြောင်း ၊ သင် ၏မိဘ ကို ရိုသေ စွာပြုလော့။ ၁၃ လူအသက် ကို မ သတ်နှင့်။ ၁၄ သူမယားကို မ ပြစ်မှား နှင့်။ ၁၅ သူ့ဥစ္စာကို မ ခိုး နှင့်။ ၁၆ ကိုယ် နှင့်စပ်ဆိုင်သောသူတဘက် ၌ မမှန် သောသက်သေ ကို မ ခံ နှင့်။ ၁၇ ကိုယ် နှင့်စပ်ဆိုင်သောသူ၏ အိမ် ကို တပ်မက် လိုချင်သောစိတ်မရှိ စေနှင့်။ ကိုယ် နှင့်စပ်ဆိုင်သောသူ၏ မယား ၊ သူ ၏ကျွန် ယောကျ်ား မိန်းမ ၊ နွား ၊ မြည်း မှစ၍ ကိုယ် နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာ တစုံတခု ကိုမျှ တပ်မက် လိုချင်သောစိတ် မရှိ စေနှင့်ဟု မိန့်တော်မူ၏။ ၁၈ လူ အပေါင်း တို့သည် မိုဃ်းချုန်း ခြင်း၊ လျှပ်ပြက် ခြင်း၊ တံပိုး သံ မြည်ခြင်း၊ တောင် ထဲကမီးခိုး ထွက်ခြင်း အကြောင်းအရာတို့ကို မြင် သောအခါ ၊ ကြောက် သောကြောင့် ရွှေ့၍ အဝေး ၌ ရပ် နေကြ၏။ ၁၉ မောရှေ ကို လည်း ၊ အကျွန်ုပ် တို့အား ကိုယ်တော် မိန့် တော်မူပါ၊ အကျွန်ုပ်တို့သည် နားထောင် ပါမည်။ အကျွန်ုပ် တို့အား ဘုရား သခင်မိန့် တော်မ မူပါစေနှင့်။ အကျွန်ုပ်တို့သည် သေ မည်ကို စိုးရိမ်ပါသည်ဟု လျှောက် ဆိုကြ၏။ ၂၀ မောရှေ ကလည်း ၊ မ စိုးရိမ် ကြနှင့်။ သင် တို့ကို စုံစမ်း ခြင်းငှာ ၎င်း၊ သင်တို့သည် ပြစ်မှား ခြင်းနှင့် လွတ် မည်အကြောင်း ကိုယ်တော် ကို ကြောက် စေ ခြင်းငှာ ၎င်း၊ ဘုရား သခင်ကြွ လာတော်မူပြီဟု လူ များတို့အား ပြောဆို ၏။ ၂၁ လူ များတို့သည်လည်း အဝေး ၌ ရပ် နေကြ၏။ မောရှေ မူကား ၊ ဘုရား သခင်ရှိတော်မူရာ ထူထပ် သော မှောင်မိုက်သို့ ချဉ်းကပ် လေ၏။ ၂၂ ထာဝရဘုရား ကလည်း ၊ ဣသရေလ အမျိုးသား တို့အား ပြန်ပြော ရသော စကားဟူမူကား၊ ငါသည် ကောင်းကင် ဘုံမှ သင် တို့နှင့် နှုတ်ဆက် ကြောင်းကို သင် တို့သည် သိ မြင်ကြပြီ။ ၂၃ ငါ့ ကို ကိုးကွယ်သောအမှု၌ ကိုယ်သုံးဘို့ ငွေ ဘုရား ၊ ရွှေ ဘုရား ကို မ လုပ် ရ။ ၂၄ ငါ့ အဘို့ မြေ ယဇ် ပလ္လင်ကို တည် ရမည်။ ထိုပလ္လင် ပေါ် မှာ သင် ၏မီးရှို့ သောယဇ်၊ မိဿဟာယ ယဇ် တည်းဟူသောသင် ၏သိုး နွား တို့ကို ယဇ် ပူဇော်ရမည်။ ငါ့အခွင့်ရှိရှိ၊ ငါ့ နာမ ကို ကိုးကွယ် ရာ အရပ် ခပ်သိမ်း တို့ ၌ ၊ သင့် ဆီ သို့ ငါကြွ လာ၍ ကောင်းကြီး ပေးမည်။ ၂၅ သင်သည် ကျောက် ယဇ် ပလ္လင်ကို ငါ့ အဘို့ တည် လျှင် ၊ ဆစ် သောကျောက်ကို မ တည် ရ။ သံတန်ဆာ ပါ၍ တည်သောယဇ်ပလ္လင်သည် ညစ်ညူး ခြင်းရှိ၏။ ၂၆ သင် ၌ ရှက်စရာ အကြောင်းမ ထင် မပေါ် စေခြင်းငှာ ၊ ယဇ်ပလ္လင် ပေါ် သို့ လှေကား ဖြင့် မ တက် ရဟု မိန့် တော်မူ၏။

၂၁ ထာဝရဘုရားကလည်း၊ သင်သည် ကြသရေလ အမျိုးသားတို့ ၌ စီရင် ရသော ဓမ္မသတ် ဟူမူကား၊ ၂ ဟေဗြဲ အမျိုးဖြစ်သောကျွန် ကို ဝယ် လျှင် ၊ ခြောက် နှစ် သာ အစေ ကျွန်ခံစေရမည်။ သတ္တမ နှစ်ရောက် သော်၊ ကိုယ်ဘိုးကို မ တောင်းဘဲ လွှတ် ရမည်။ ၃ ကျွန်ခံစက တယောက် တည်းခံလျှင် ၊ တယောက် တည်းထွက် ရမည်။ လင် မယား နှစ်ယောက်ခံလျှင် ၊ မယား နှင့်တကွ ထွက် စေရမည်။ ၄ သို့မဟုတ်သခင် ပေးစား သောမယား ရှိ၍ ထိုမယားသည် သား သမီး ကို ဘွားမြင် လျှင် ၊ မယား နှင့် သားသမီး တို့ကို သခင် ပိုင် ရမည်။ ကျွန်မူကား၊ တ ယောက်တည်းထွက် ရမည်။ ၅ သို့မဟုတ် ကျွန် က၊ ကျွန်တော် သခင် နှင့် မယား သားသမီး တို့ကို ကျွန်တော်ချစ် ပါ၏။ မ ထွက် မသွားလိုပါ ဟု အတည့်အလင်းပြောဆို လျှင် ၊ ၆ သခင် သည် ဘုရား သခင်ရှေ့ တော်သို့ဆောင်း၊ အိမ်တံခါး တိုင် သို့ ဆောင် ယူ၍ ၊ နားရွက် ကို စူး ဖြင့် ဖောက် ပြီးမှ ၊ ထိုကျွန်သည် အစဉ် အမြဲကျွန် ခံရမည်။ ၇ အဘ သည် သမီး ကို ကျွန် ခံစေခြင်းဘ ရောင်း လျှင် ထိုမိန်းမသည် ကျွန် ယောကျ်ားကဲ့သို့ လွတ် ရသည် မဟုတ်။ ၈ သခင် သည် ထိုမိန်းမ ကို သိမ်းယူ၍ မကြိုက် လျှင် ၊ ရွေး စေခြင်းဘ အခွင့်ပေးရမည်။ သူ့ ကို လှည့်ဖြား မိ သောကြောင့် ၊ တပါးအမျိုးသား တို့သို့ ရောင်း ချပိုင်သောအခွင့် မရှိ။ ၉ မိမိ သား ၌ ပေးစား လျှင် မူကား ၊ သမီး ကဲ့သို့ ပြုစု ရမည်။ ၁၀ အခြား မိန်းမကို သိမ်း ပြန်လျှင် ၊ အရင်သိမ်းသော မိန်းမ ၏ အဝတ် အစား နှင့် မယား ဝတ်ကို မ လျှော့ ရ။ ၁၁ ထို သုံး ပါးကို မ ပြု လျှင် ၊ ကိုယ်ဘိုး ကို မ တောင်းဘဲ လွှတ် ရမည်။ ၁၂ လူ ကို အသေ သတ် သောသူသည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၁၃ အသေသတ်မည် အကြံ မ ရှိဘဲ၊ သူ ၏လက် ၌ လူအသက်ကို ဘုရား သခင်အပ် တော်မူလျှင်၊ ပြေး ရသောအရပ် ကို ငါခန့် ထားမည်။ ၁၄ အိမ်နီးချင်း ကိုသတ် မည် အကြံ ရှိ၍ အနိုင်တိုက်သောသူ ကိုကား ၊ ငါ့ ယဇ် ပလ္လင်၌ ခိုလှုံသော်လည်း၊ ဆွဲယူ ၍ သတ် ရမည်။ ၁၅ မိ ဘ ကို အသေသတ် သောသူသည်၊ အသေသတ် ခြင်းကို အမှန်ခံရမည်။ ၁၆ လူကို ခိုး သောသူသည်၊ ရောင်း သည်ဖြစ်စေ ၊ သူ ၏လက် ၌ ရှိသည်ဖြစ်စေ၊ အသေသတ် ခြင်းကို အမှန်ခံရမည်။ ၁၇ မိ ဘ ကို ကျိန်ဆဲ သောသူသည် အသေသတ် ခြင်းကို အမှန်ခံရမည်။ ၁၈ လူ ချင်းခိုက်ရန် ပြု၍ တယောက် သည် ကျောက်ခဲ နှင့် ထု သည်ဖြစ်စေ၊ လက်သီး နှင့် ထိုးသည်ဖြစ်စေ၊ အရှိုက်ခံရသောသူသည် မ သေ သော်လည်း ၊ အိပ်ရာ ၌ တုံးလုံးနေ ရလျှင်၎င်း၊ ၁၉ တဖန်ထ ၍ တောင်ဝေး နှင့် သွား လျှင် ၎င်း၊ ရိုက်သောသူကို အပြစ် လွှတ် ရမည်။ သို့ရာတွင် နာသောသူသည် အလုပ်ပျက်ရသည်အတွက်၊ အနာ ပျောက်စေခြင်းငှါ ကုသ ရသည်အတွက်၊ ငွေကို လျော် ရမည်။ ၂၀ သခင်သည် ကျွန် ယောကျ်ားကျွန် မိန်းမကို ဒုတ် နှင့် ရိုက် ၍ ထိုကျွန်သေ လျှင် ၊ သခင်သည် လေးသော ဒဏ် ကိုခံ ရမည်။ ၂၁ သို့ရာတွင် ကျွန်သည် တရက် နှစ်ရက် နာ၍ မသေဘဲနေ လျှင် ၊ သခင်သည် ထိုကျွန်ကို ပိုင် သောကြောင့် ဒဏ် နှင့် လွတ်ရမည်။ ၂၂ လူ ချင်းခိုက်ရန် ပြုကြ၍ ၊ ကိုယ်ဝန် ဆောင်သော မိန်းမ ကို ထိခိုက် သဖြင့် ကိုယ်ဝန် ပျက်၍ အခြားသော အနာ မ ဖြစ် လျှင် ၊ မိန်းမ လင် စီရင် သည်အတိုင်း ဒဏ် ခံရမည်။ မင်း စီရင်သည်အတိုင်းလည်း ငွေကို လျော် ရမည်။ ၂၃ အခြားသော အနာ ဖြစ်လျှင် ၊ အသက် အတွက် အသက် ကိုငင်း၊ ၂၄ မျက်စိ အတွက် မျက်စိ ကိုငင်း၊ သွား အတွက် သွား ကိုငင်း၊ လက် အတွက် လက် ကိုငင်း၊ ခြေ အတွက် ခြေ

ကိုၚင်း၊ ၂၅ မီး လောင်ခြင်းအတွက် မီး လောင်ခြင်းကိုၚင်း၊ ရှုန ခြင်းအတွက် ရှုန ခြင်းကိုၚင်း၊ ဒဏ်ချက် ရာအတွက် ဒဏ်ချက် ရာကိုၚင်း ခံ ရမည်။ ၂၆ သခင် သည် ကျွန် ယောကျ်ား ကျွန် မိန်းမ၏ မျက်စိ ကို ပျက် အောင်ရိုက် လျှင် ၊ မျက်စိ ပျက်သည်အတွက် လွှတ် ရမည်။ ၂၇ ထိုအတူ ကျွန် ယောကျ်ား ကျွန် မိန်းမ၏ သွား ကို ကျိုး အောင်ရိုက်လျှင်၊ သွား ကျိုးသည်အတွက် လွှတ် ရမည်။ ၂၈ နွား သည် လူယောကျ်ား မိန်းမ ကို ခွေ့ ၍ လူသေ လျှင် ၊ စင်စစ်ထိုနွား ကို ကျောက်ခဲနှင့် ပစ် ၍ သတ်ရမည်။ အသား ကိုလည်း မ စား ရ။ နွား ရှင် ကိုကား ၊ အပြစ်လွှတ် ရမည်။ ၂၉ ၎င်းနည်း နွား သည် အထက် က ခွေ့ ဘူး၍ ၊ ခွေ့ကြောင်းကို နွားရှင် ကြား သိလျက် မ ချည် မနှောင် အလွတ်ထား၍၊ နွားသည် ယောကျ်ား မိန်းမ ကို သတ် မိလျှင် ၊ ထိုနွား ကို ကျောက်ခဲနှင့် ပစ် သတ်ရမည်။ နွား ရှင် ကိုလည်း အသေ သတ်ရမည်။ ၃၀ သို့မဟုတ်ငွေ လျော်စေဟု စီရင် လျှင် ၊ စီရင် သည်အတိုင်း မိမိ အသက် ရွေး ရန် အဘိုးကို လျော် ရမည်။ ၃၁ သူတပါး၏ သား သမီး ကို ခွေ့ လျှင် ၊ စီရင် သည်အတိုင်း ခံ ရမည်။ ၃၂ ကျွန် ယောကျ်ားကျွန် မိန်းမကို ခွေ့ လျှင် မူကား၊ နွားရှင်သည် ကျွန် ရှင် အား ငွေ အကျပ် သုံးဆယ် ကို လျော် ရမည်။ နွား ကိုလည်း ကျောက်ခဲနှင့် ပစ် သတ်ရမည်။ ၃၃ လူ သည် တွင်း ကို ဖွင့် ၍ ထားသည်ဖြစ်စေ ၊ တွင်း ကိုတူး ၍ မ ပိတ် ဘဲ ထားသည်ဖြစ်စေ၊ သူတပါး၏ မြင်း ၊ နွား သည် ထို တွင်း၌ ကျ လျှင်၊ ၃၄ တွင်း ရှင် သည် မြင်း၊ နွားအဘိုး ကို လျော် ၍ အသေ ကောင်ကို ယူ ရမည်။ ၃၅ အကြင် သူ၏ နွား သည်၊ သူတပါး ၏ နွား ကို အသေ ခွေ့လျှင်၊ နွားရှင်နှစ်ဦးတို့သည်၊ အသက်ရှင် သော နွား ကို ရောင်း ၍ အဘိုး ကို ဝေ ယူရမည်။ သေ သောနွားကိုလည်း ဝေ ယူရမည်။ ၃၆ ၎င်း နည်းနွားသည် အထက် က ခွေ့ ဘူးကြောင်းကို ၊ နွား ရှင် သိ လျက်နှင့် မ ချည် မနှောင် အလွတ် ထားလျှင်၊ နွားသေ ကောင်ကို ကိုယ်တိုင် ယူ ရမည်။ ထိုနွား တကောင်အတွက် တ ကောင်ကို အမှန်လျော် ရမည်။

JJ လူ သည် သိုး နွား ကိုခိုး ၍ သတ် သည်ဖြစ်စေ ၊ ရောင်း သည်ဖြစ်စေ၊ နွား တကောင်အတွက် နွား ငါး ကောင် ကိုၚင်း၊ သိုး တကောင်အတွက် သိုး လေး ကောင်ကိုၚင်းပြန်ပေး ရမည်။ ၂ သူခိုး သည် အိမ်ကိုထွင်း ဖောက်စဉ်၊ သူတပါးတွေ့ ၍ သေ အောင် သတ် သော်လည်း၊ သေစား မ သေ စေရ။ ၃ သို့သော်လည်းနေ ထွက် လျှင် သေ စားသေစေရမည်။ အကြောင်းမူကား၊ ပြန်ပေးစရာအကြောင်းရှိ၏။ ဥစ္စာအလျှင်းမရှိလျှင်၊ ခိုးသည်ဥစ္စာအတွက် ကိုယ်ကိုရောင်းရမည်။ ၄ သူခိုးလက်၌ ခိုး သောနွား ၊ သိုး ကို အသက်ရှင် လျက် အမှန်တွေ့ လျှင်၊ နှစ်ဆ ပြန်ပေး ရမည်။ ၅ သူ့လယ် ၊ သူ့စပျစ် ဥယျာဉ်ကို စား စေသော်၎င်း၊ မိမိ တိရိစ္ဆာန် ကို သူ့ လယ် ၌ ထိန်း ကျောင်းသော်၎င်း ၊ မိမိ လယ် ၊ မိမိ စပျစ် ဥယျာဉ်ထဲကအကောင်း ဆုံးကို ထုတ်၍ ပြန်ပေး ရမည်။ ၆ မီးရှို့ သောအခါမြက်ပင် ကြောင့် အစဉ်အတိုင်းရှောက် ၍ လောင်လျက်၊ ကောက် လှိုင်း၊ စပါး ပင်၊ လယ် ၌ရှိသောအရာတို့ကို လောင် လျှင် ၊ မီးရှို့ သောသူသည် အမှန်လျော် ရမည်။ ၇ လူ တဦးသည် အိမ်နီးချင်း တဦး၌ ရွှေငွေ အစရှိသော ဥစ္စာ တစုံတခုကို အပ်နှံ ၍ ၊ အပ်နှံခံသောသူ ၏အိမ် မှ သူခိုးခိုး သွားလျှင် ၊ သူခိုး ကို တွေ့ မိသောအခါ နှစ်ဆ လျော် စေ။ ၈ သူခိုး ကို မ တွေ့ လျှင် ၊ အိမ် ရှင် သည် မိမိ အိမ်နီးချင်း ဥစ္စာ ကို ယူ သလောမ ယူလောဟု ဘုရား သခင့်ရှေ့တော်၌ အစစ် ခံရမည်။ ၉ သူ့ ဥစ္စာကို

ပြစ်မှားသည် အမှု မှာ ၊ နွား ၊ မြည်း ၊ သိုး ၊ အဝတ် အစ ရှိသောပျောက်သော ဥစ္စာ တစုံတခု ကို တွေ့၍၊ ဤ ဥစ္စာကား၊ ငါ၏ဥစ္စာဖြစ်သည်ဟု တစုံတယောက်ဆို လျှင်၊ အမှု သည် နှစ်ဦး တို့သည် ဘုရား သခင်ရှေ့ တော်၌အစစ်ခံရ၍၊ တရား ရှုံးသော သူသည် နှစ်ဆ လျော် ရမည်။ ၁၀ လူ သည် အိမ်နီးချင်းလယ်၌ မြည်း ၊ နွား ၊ သိုး အစရှိသော တိရစ္ဆာန် တစုံတခု ကို အပ်နှံ ၍ ၊ ထိုတိရစ္ဆာန် သေ သော်၎င်း ၊ ထိခိုက် ၍နာသော်၎င်း ၊ သက်သေ မရှိ ဘဲ သူတပါးမောင်း ၍သွားသော်၎င်း၊ ၁၁ အပ်နှံခံသောသူသည် ငါ့အိမ်နီးချင်း ၏ဥစ္စာ ကို ငါမ ယူ ဟု နှစ်ဦး သဘောတူလျက်၊ ထာဝရဘုရား ရှေ့မှာ အကျိန် ခံရလျှင်၊ ဥစ္စာ ရှင် သည် ဝန်ခံ ရမည်။ အပ်နှံခံသူလည်း မ လျော် ရ။ ၁၂ သို့ရာတွင် သူတပါးခိုး သွားလျှင် ၊ အပ်နှံခံသူသည် ဥစ္စာ ရှင် အား ပြန်ပေး ရမည်။ ၁၃ သားရဲကိုက် လျှင် သက်သေ ဘို့ အသေ ကောင်ကိုပြ စေ။ ပြန်ငင်လျှင် အလျော် မ ခံရ။ ၁၄ လူ သည် အိမ်နီးချင်း ၌ တစုံတခုကို ငှါး ၍ ဥစ္စာရှင် မ ပါ ဘဲ သေ သော်၎င်း၊ ထိခိုက် ၍ နာသော်၎င်း၊ အမှန်လျော် ရမည်။ ၁၅ ဥစ္စာရှင် ပါ လျှင် ၊ ငှါးသောသူသည် မ လျော် ရ။ အခ နှင့် ငှါးလျှင် မူကား၊ ဥစ္စာရှင်သည် အခ ကိုသာ တောင်းရမည်။ ၁၆ မ ပေးစား လိုသော အပျို ကို၊ အကြင်ယောကျ်ား သည် ချော့မော့ ၍ သင့်နေလျှင် ၊ ကန်တော့ ဥစ္စာကို ပေး ၍ ထိုမိန်းမကို မယား အရာ၌ မြှောက်ထားရမည်။ ၁၇ မိန်းမ ၏အဘ သဘော မတူမပေးစား လိုလျှင် ၊ ကန်တော့ ရသည်နှင့်အမျှ ငွေ ကို လျော် ရမည်။ ၁၈ စုန်းမ ကို အသက် ရှင်စေခြင်းငှါ အခွင့်မ ပေး၍။ ၁၉ တိရစ္ဆာန် နှင့် သင့် နေသောသူသည် အသေ သတ် ခြင်းကို အမှန်ခံရမည်။ ၂၀ ထာဝရဘုရား မှတပါး အခြားသော ဘုရား ရှေ့ မှာ ယဇ် ပူဇော်သောသူကို ရှင်းရှင်းဖျက်ဆီး ရမည်။ ၂၁ တပြည်တနိုင်ငံသားဖြစ်သော ဧည့်သည် ကို မ နှောင့်ရှက် မ ညှဉ်းဆဲ ရ။ သင်တို့သည် အဲဂုတ္တု ပြည် ၌ ဧည့်သည် ဖြစ် ကြဘူးပြီ။ ၂၂ မိဘ မရှိသောသူငယ်နှင့် မုတ်ဆိုးမ ကို သင်တို့သည် မ နှောင့်ရှက် ရ။ ၂၃ နှောင့်ရှက် ခြင်းတစုံတခုကို ပြု၍ သူတို့သည် ငါ့ အား အနည်းငယ်အော်ဟစ် လျှင် ၊ ငါသည် ထိုအသံ ကို အမှန်ကြား ၍၊ ၂၄ ငါ အမျက် ပြင်းစွာထွက် လျက် သင် တို့ကို ထား ဘေးဖြင့် ကွပ်မျက် မည်။ သင် တို့မယား များသည်လည်း မုတ်ဆိုးမ ဖြစ်၍ ၊ သားသမီး များသည်လည်း မိဘ မရှိသော သူငယ်ဖြစ်ကြလိမ့်မည်။ ၂၅ ငါ့ လူ ဖြစ်သော ဆင်းရဲသား အိမ်နီးချင်းအား သင်သည် ငွေ ကို ချေး လျှင် ၊ အတိုး စားသော သူကဲ့သို့ သူ ၌ မ ပြု၊ အတိုး ကို မ တောင်း ရ။ ၂၆ အိမ်နီးချင်း သည် မိမိစောင် ကို သင် ၌ ပေါင် ထားလျှင် ၊ မိုဃ်းမချုပ်မှီ ပြန် ပေးရမည်။ ၂၇ အကြောင်း မူကား၊ အခြားသောခြုံ စရာမရှိ။ ကိုယ် ခြုံ ဘို့ ဖြစ်၏။ သူသည် အဘယ်သို့ အိပ် နိုင်သနည်း။ ငါ့ အား အော်ဟစ် လျှင် ငါကြား မည်။ ငါ သည် သနား သော သဘောရှိ၏။ ၂၈ ဘုရား သခင်ကို လွန်ကျူး ၍ မ ပြောရ။ သင် ၏အမျိုး ကို အုပ်စိုး သော မင်း ကို မ ကျိန်ဆဲ ရ။ ၂၉ အဦးမှည့် သောအသီး၊ အဦးညှစ် သောအရည်ကို မ ထိမ် မဝှက်ဘဲ ဆက်ကပ်ရမည်။ အဦး ဘွားသော သား ယောကျ်ားကိုလည်း ငါ့ အား ဆက်ကပ် ရမည်။ ၃၀ ထိုနည်းတူ သိုး နွား တို့ကို ပြု ရမည်။ ခုနစ် ရက် ပတ်လုံးသိုးနွားသငယ်ကို အမိ နှင့် အတူ နေ စေ၍၊ အဋ္ဌမ နေ့ ရောက်မှ ငါ့ အား ဆက်ကပ် ရမည်။ ၃၁ သင်တို့သည် ငါ့ ထံ ၌ သန့်ရှင်း သောသူ ဖြစ် ရကြမည်။ တော ၌ သားရဲ ကိုက်သော အမဲသား ကို မ စား ရ။ ခွေး တို့အား ပစ် ပေးရမည်။

JR သင်သည် မှား သော သိတင်း စကားကို မ ကြား မပြော‌ရ။ မတရား သောသူတို့နှင့် ဝိုင်းညီ၍ မ မှန်သော သက်သေ ကို မ ခံ ရ။ ၂ လူများ နောက် သို့ လိုက် ၍ မတရား သဖြင့် မ ပြု‌ရ။ တရား တွေ့သည်အမှုမှာ ကြီး သောသူဘက် ၌ နေ၍၊ တရားလမ်းမှ လွဲ စေခြင်းငှါ မ ပြော ရ။ ၃ ဆင်းရဲ သောသူဘက်၌လည်း မ ငဲ့ကွက် ရ။ ၄ သင် သည် ရန်သူ၏မြင်း နွား လမ်း လွဲသည်ကို တွေ့မြင် လျှင် ၊ အမှန်ပြန်ပို့ ရမည်။ ၅ သင့် ကို မုန်း သောသူ ၏မြည်း သည်၊ မိမိ ဆောင်ရွက်သော ဝန် အောက် မှာ လဲ နေသည်ကို တွေ့မြင် လျှင် ၊ မ မစဘဲ နေနိုင်သလော။ အမှန်ဝိုင်းညီ၍ မစ ရမည်။ ၆ သင် ၌ ဆင်းရဲ သောသူသည် တရား တွေ့သောအခါ ၊ သူ့ကို မတရား သဖြင့် မ စီရင် ရ။ ၇ မ ဟုတ်မမှန်သော အမှု ကို ရှောင် ရမည်။ အပြစ် မရှိသောသူ၊ ဖြောင့်မတ် သောသူကို မ ကွပ်မျက် ရ။ အကြောင်း မူကား၊ ငါသည် မတရား သောသူကို အပြစ်မ လွှတ်။ ၈ သင်သည် တံစိုး မ စား ရ။ တံစိုး သည် ပညာရှိ တို့၏မျက်စိကို ကွယ် စေ၍ ၊ ဖြောင့်မတ် သောသူတို့၏ စကား ကို လွဲ စေတတ်၏။ ၉ တကျွန်းတနိုင်ငံသားဖြစ်သော ဧည့်သည် ကို မ ညှဉ်းဆဲ ရ။ သင်တို့သည် အဲဂုတ္တု ပြည် ၌ ဧည့်သည် ဖြစ် ခဲ့ ဘူးသောကြောင့် ၊ ဧည့်သည် ၏စိတ် သဘောကို သိ ကြ၏။ ၁၀ ခြောက် နှစ် ပတ်လုံးလယ် လုပ် ၍ အသီး ကို သိမ်း ရမည်။ ၁၁ သတ္တမ နှစ်တွင် လယ် ကို မလုပ် ဘဲ အလွတ် ထားရမည်။ သို့ပြုလျှင် ဆင်းရဲ သောအမျိုးသား ချင်းတို့သည်၊ စား ရသောအခွင့် ရှိလိမ့်မည်။ ကြွင်း သောအရာကိုလည်း ၊ မြေ တိရစ္ဆာန် တို့သည် စား ရကြလိမ့်မည်။ ထိုနည်းတူ ၊ စပျစ် ဥယျာဉ်၊ သံလွင် ဥယျာဉ်ကိုလည်း ပြု ရမည်။ ၁၂ ခြောက် ရက် ပတ်လုံးအလုပ် လုပ် ရမည်။ သတ္တမ နေ့ ရက်၌ ငြိမ်ဝပ် စွာနေရမည်။ သို့ပြုလျှင် သင် ၏နွား မြည်း တို့သည် ငြိမ်ဝပ် စွာ နေရသောအခွင့် ရှိလိမ့်မည်။ သင် ၏ ငယ်သား များ၊ ဧည့်သည် များတို့လည်း သက်သာ ရ ကြလိမ့်မည်။ ၁၃ ငါပညတ် သမျှ တို့ ၌ သတိပြု ကြလော့။ အခြား သောဘုရား ၏ နာမ ကို မ မြွက် မဆိုနှင့်။ သင် ၏နှုတ် ထဲက မြွက်သံကို သူတပါးမ ကြား စေနှင့်။ ၁၄ တနှစ် တွင် သုံး ကြိမ် ငါ့ အဘို့ ပွဲခံ ရမည်။ ၁၅ ငါမှာ ထားခဲ့ပြီးသည်အတိုင်း ၊ အဗီဗ လ ချိန်းချက် သော နေ့ရက်အချိန်၌ အဇုမ ပွဲကိုခံ ၍၊ ခုနစ် ရက် ပတ်လုံးတဆေး မဲ့သော မုန့်ကို စား ရမည်။ အကြောင်း မူကား၊ ထို လတွင် သင်သည် အဲဂုတ္တု ပြည်က ထွက် လာသတည်း။ ထိုပွဲကို ခံစဉ် ငါ့ ထံသို့ အဘယ်သူမျှလက်ချည်း မ ပေါ် မလာ‌ရ။ ၁၆ လယ်လုပ်၍ အသီးအနှံ ကို သိမ်းစရှိသည်ကာလ၊ သိမ်း ပွဲ ကိုငင်း၊ လယ် လုပ် ၍ အသီးအနှံ ကို သိုထား သည်ကာလ၊ နှစ် လဲ သောအခါ ၊ သိုထား ပွဲ ကိုငင်း ခံရမည်။ ၁၇ သင် တို့တွင် ယောကျ်ား အပေါင်း တို့သည်၊ တနှစ် လျှင် သုံး ကြိမ် ထာဝရ အရှင်ဘုရားသခင့် ရှေ့ တော်၌ မျက်နှာ ပြရကြမည်။ ၁၈ ငါ့ ယဇ်ကောင် ၏ အသွေး ကို၊ တဆေး ပါသောမုန့်နှင့် ရော၍ မ ပူဇော် ရ။ ငါ့ ယဇ်ကောင် ဆီဥ ကို နံနက် တိုင်အောင် မ ကြွင်း စေ‌ရ။ ၁၉ သင် ၏မြေ ၌ အဦး သီးသော အသီးအနှံအကောင်း ဆုံးကို၊ သင် ၏ဘုရား သခင်ထာဝရ ဘုရား၏ အိမ် တော်ထဲသို့ ဆောင် သွင်းရမည်။ ဆိတ် သငယ်ကို အမိ နို့ ရည်နှင့် မ ချက် မပြုတ်‌ရ။ ၂၀ ကြည့်ရှု လော့။ လမ်း ခရီး၌ သင့် ကို စောင့်ရှောက် ၍ ၊ ငါပြင်ဆင် နှင့်သော အရပ် သို့ ပို့ စေခြင်းငှာ ၊ ကောင်းကင်တမန် ကို သင့် ရှေ့၌ ငါ စေလွှတ် ၏။ ၂၁ ထိုတမန် ကို ရိုသေ စွာပြုလော့။ စကား တော်ကို နားထောင် လော့။ အာဏာတော်ကို မ ဆန် နှင့်။ သင် တို့ ပြစ်မှားသောအပြစ် ကို

သူသည် မ လွတ်။ ငါ့ နာမ သည် သူ ၌ တည်ရှိ၏။ ၂၂ အကယ်စင်စစ်သင်သည် သူ့ စကား ကို နားထောင် ၍ ငါပညတ်
သမျှ အတိုင်း ပြု လျှင် ၊ သင် ၏ ရန်သူ တို့ကို ငါသည် ရန်ဘက် ပြုမည်။ သင့် ကို ဆီးတား သောသူတို့ကိုလည်း
ငါဆီးတား မည်။ ၂၃ ငါ့ တမန် သည် သင့် ရှေ့၌သွား ၍ သင့် ကို အာမောရိ လူ၊ ဟိတ္တိ လူ၊ ဖေရဇိ လူ၊ ခါနန် လူ၊
ဂိရဂါရှိလူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့ရှိရာသို့ ဆောင် သွင်း၍ ၊ သူ တို့ကို ပယ်ရှင်း မည်။ ၂၄ သူ တို့ဘုရား များကို ဦး မ
ချဝတ် မ ပြု၍။ သူ တို့ဘာသာ အတိုင်း မ ကျင့် ရ။ သူ တို့ကို အကုန်အစင်မှောက် လဲ၍ ၊ ရုပ်တု ဆင်းတုများကိုလည်း
ရှင်းရှင်းဖြို့ဖျက် ရမည်။ ၂၅ သင် တို့၏ဘုရား သခင်ထာဝရဘုရား ကို ဝတ်ပြု ရမည်။ သင် ၏မုန့် ကိုငင်း ၊ ရေ ကိုငင်း၊
ကောင်းကြီး ပေး တော်မူမည်။ အနာရောဂါ ကိုလည်း သင် ၏အထဲ က နှုတ်ယူ ပယ်ရှားတော်မူမည်။ ၂၆ သင် ၏ပြည်
တွင် ကိုယ်ဝန် ပျက်သော သတ္တဝါ၊ မြို့ သောသတ္တဝါနှင့် ကင်းလွတ် လိမ့်မည်။ သင် ၏အသက် တန်း ကို ငါစုံလင်
စေမည်။ ၂၇ ငါ့ ကိုကြောက် တတ်သော သဘောကို သင့် ရှေ့သို့ ငါစေလွှတ် ၍ ၊ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်း
သောလူမျိုး ကို ငါဖျက်ဆီး မည်။ သင် ၏ရန်သူ အပေါင်း တို့ကို နောက် သို့ လှည့်စေ မည်။ ၂၈ ပျားတူ များကိုလည်း
သင့် ရှေ့သို့ ငါစေလွှတ် ၍ ၊ သူတို့သည် ဟိဝိ လူ၊ ခါနန် လူ၊ ဟိတ္တိ လူတို့ကို သင့် ရှေ့မှာ နှင်ထုတ် ကြလိမ့်မည်။ ၂၉
ထိုလူများကို တ နှစ်ခြင်းတွင် သင့် ရှေ့ မှာ ငါမ နှင်ထုတ်။ သို့ပြုလျှင်ပြည် သည် လူဆိတ်ညဲ့ ၍ သားရဲ သည် သင့်
တဘက်၌ များပြား လိမ့်မည်။ ၃၀ သင်သည် တိုးပွား ၍ တပြည် လုံးကို ဝင်စား သည်တိုင်အောင် ၊ သူ တို့ကို သင့် ရှေ့မှာ
ဖြည်းဖြည်း ငါနှင်ထုတ် မည်။ ၃၁ သင့် နေရာ နယ် အပိုင်းအခြားကို၊ ဧဒုံ ပင်လယ် မှ သည် ဖိလိတ္တိ ပင်လယ် တိုင်အောင်
၎င်း ၊ တော မှ သည် မြစ် တိုင်အောင် ၎င်း ငါမှတ်သား မည်။ ထိုအရပ် သား များကို သင့် လက် သို့ ငါအပ် ၍၊ သင်သည်
နှင်ထုတ် ရ လိမ့်မည်။ ၃၂ သူ တို့နှင့် ၎င်း၊ သူ တို့ဘုရား များနှင့်၎င်း၊ သင် သည် မိဿဟာယ မ ဖွဲ့ ရ။ ၃၃ သင် သည်
ငါ့ ကို ပြစ်မှား စေခြင်းငှာ၊ သူတို့သည် ပြုမည်ကို စိုးရိမ်စရာရှိသောကြောင့်၊ သူတို့သည် သင့် ပြည် ၌ မ နေ ရကြ။
သင်သည် သူ တို့ဘုရား ကို ဝတ်ပြု လျှင် ၊ ထိမိ ၍ လဲစရာအကြောင်းအမှန် ဖြစ် လိမ့်မည်ဟု မောရှေအား မိန့်တော်မူ၏။

၂၄ တဖန် ထာဝရဘုရားက၊ သင်သည် အာရုန် ၊ နာဒပ် ၊ အဘိဟု အစရှိသော ဣသရေလ အမျိုး အသက်ကြီး
သူ ခုနစ်ကျိပ် နှင့်တကွ၊ ထာဝရဘုရား ထံ တော်သို့ တက် ၍ ၊ သူတို့သည် ဝေးဝေး ကိုးကွယ် ကြစေ။ ၂ သင်တ
ယောက်တည်းသာ ထာဝရဘုရား ထံ တော်သို့ ချဉ်းကပ် ရမည်။ အခြားသောသူ မချဉ်း မ ကပ်ရ။ လူ များတို့သည်
သင် နှင့်အတူ မ တက် ရကြဟု မောရှေ အား မိန့် တော်မူ၏။ ၃ မောရှေ သည်လည်း လူ များတို့ရှိရာသို့ လာ ၍
၊ ထာဝရဘုရား ၏ စကား တော်အလုံးစုံ ကိုငင်း၊ စီရင် တော်မူချက်အလုံးစုံ ကိုငင်း ပြန်ကြား ၍၊ လူ များအပေါင်း
ကလည်း ၊ ထာဝရဘုရား မိန့် တော်မူသမျှ အတိုင်း အကျွန်ုပ်တို့ ပြု ပါမည်ဟု တ သံ တည်းပြန် ပြောကြ၏။ ၄ မောရှေ
သည်ထာဝရဘုရား ၏ စကား တော်အလုံးစုံ တို့ကို ရေးထား ပြီးမှ ၊ နံနက် စောစောထ ၍ ၊ တောင် ခြေရင်း ၌ ယဇ်
ပလ္လင်ကိုငင်း၊ ဣသရေလ အမျိုး တဆယ် နှစ် မျိုးနှင့်အမျှ ကျောက် တိုင်တဆယ် နှစ် တိုင်ကိုငင်း တည် လေ၏။ ၅
ဣသရေလ အမျိုးသား လူပျို တို့ကို စေခိုင်း သည်အတိုင်း ၊ သူတို့သည် နွားများကိုယူ၍ ထာဝရဘုရား ရှေ့ မှာ မီးရှို့

သောယဇ်၊ မိဿဟာယ ယဇ် ကို ပူဇော် ကြ၏။ ၆ မောရှေ သည်လည်း ၊ အသွေး တဝက် ကို အင်တုံ ၌ ထည့် ၍ ၊ တဝက် ကို ယဇ်ပလ္လင် ပေါ် မှာ ဖြန်း လေ၏။ ၇ ပဋိညာဉ် စာ ကိုလည်း ယူ ၍ ၊ ပရိသတ် များရှေ့ မှာ ဘတ် ပြီးလျှင် ၊ သူတို့ကလည်း၊ ထာဝရဘုရား မိန့် တော်မူသမျှ အတိုင်း အကျွန်ုပ်တို့ပြု ပါမည်၊ နားထောင် ပါမည်ဟု ပြောဆို ကြ၏။ ၈ မောရှေ သည်လည်း ၊ အသွေး ကို ယူ ၍ လူ များအပေါ် မှာ ဖြန်း လျက် ၊ ဤအသွေးကား ဤအမှုအရာ တို့တွင် သင် တို့ ၌ ထာဝရဘုရား ဝန်ခံ တော်မူသော ပဋိညာဉ် ၏အသွေး ဖြစ်သည်ဟု ပြောဆို ၏။ ၉ ထိုအခါ မောရှေ ၊ အာရုန် ၊ နာဒပ် ၊ အဘိဟု အစရှိသော ဣသရေလ အမျိုး အသက်ကြီး သူ ခုနစ်ကျိပ် တို့ သည် တက် ၍ ၊ ၁၀ ဣသရေလ အမျိုး၏ ဘုရား သခင်ကို မြင် ကြ၏။ ခြေ တော်အောက် ၌ နီလာ ကျောက် ဖြင့်ပြီးသောကျောက် ခင်းကဲ့သို့ ၎င်း၊ ကြည်လင် သော ကောင်းကင် မျက်နှာကဲ့သို့ ၎င်း ထင်လေ၏။ ၁၁ ဣသရေလ အမျိုးသား မူးမတ် တို့ကို အပြစ် ပေးတော်မ မူ။ သူတို့သည် ဘုရား သခင်ကို မြင် ရသော်လည်း ၊ စား သောက် လျက် နေကြ၏။ ၁၂ ထာဝရဘုရား ကလည်း ၊ ငါ ရှိရာတောင် ပေါ် သို့ တက် ၍ နေ လော့။ လူ များတို့အား သွန်သင် ဘို့ရာ ကျောက် ပြား ပေါ် မှာ ငါရေး ထားသော ပညတ် တရား များကို သင် ၌ ငါအပ် ပေးမည်ဟု မောရှေ အား မိန့် တော်မူလျှင်၊ ၁၃ မောရှေ သည် မိမိ လက်ထောက် ယောရှု နှင့်အတူ ထ ၍ ဘုရား သခင်၏ တောင် တော်ပေါ် သို့ တက် သွား၏။ ၁၄ အသက်ကြီး သူတို့အား လည်း ၊ ငါတို့မ လာ မှီတိုင်အောင်ဤ အရပ်၌ ငံ့ နေကြလော့။ အာရုန် နှင့် ဟုရ သည် သင် တို့ ၌ ရှိသည်ဖြစ်၍၊ မည်သည့်သူမဆို အမှုအခင်း ရှိလျှင်၊ သူ တို့ထံသို့ သွား စေဟု မှာ ထားလေ၏။ ၁၅ မောရှေ သည် တောင် တော်ပေါ် သို့တက် ၍ ၊ မိုဃ်းတိမ် သည် တောင် တော်ကို လွှမ်းမိုး ၏။ ၁၆ ထာဝရဘုရား ၏ ဘုန်း တော်သည် သိနာ တောင် ပေါ် မှာထိ ၍ ၊ မိုဃ်းတိမ် သည် ခြောက် ရက် ပတ်လုံးလွှမ်းမိုး ၏။ သတ္တမ နေ့ရက် ၌ မိုဃ်းတိမ် အထဲ က အသံတော်ထွက်၍၊ မောရှေ ကို ခေါ် တော်မူ၏။ ၁၇ ထာဝရဘုရား ၏ ဘုန်း တော်သည် တောင် ထိပ် ပေါ် မှာလောင် သော မီး ကဲ့သို့ ထင် ၍ ၊ ဣသရေလ အမျိုးသား တို့သည် မြင် ရကြ၏။ ၁၈ မောရှေ သည် မိုဃ်းတိမ် အထဲသို့ ဝင် သဖြင့် တောင် ပေါ် သို့ရောက် ၍ အရက် လေးဆယ် ပတ်လုံးတောင် ပေါ် မှာ နေ လေ၏။

၂၅ ထာဝရဘုရား ကလည်း ၊ ဣသရေလအမျိုးသားတို့သည် ၂ ငါ့ အား လက်ဆောင် ပဏ္ဏာကိုဆောင် ခဲ့ရမည်အကြောင်း ဆင့်ဆို လော့။ ကြည်ညိုသောစေတနာစိတ် နှင့် ငါ့ အားလှူ သမျှ သော သူတို့ ၌ သင်သည် အလှူ ကိုခံရ မည်။ ၃ ခံ ရသော အလှူ ဟူမူကား ၊ ရွှေ ၊ ငွေ ၊ ကြေးဝါ ၊ ၄ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ၊ ဆိတ် မွေး။ ၅ အနီ ဆိုးသောသိုး ရေ ၊ တဟာရှ သားရေ ၊ အကာရှ သစ်သား။ ၆ လိမ်း ရန်ဆီ ဘော်ဘို့ ၊ မီးရှို့ရာ နံ့သာ ပေါင်းမွှေး ဘော်ဘို့ရာ၊ နံ့သာ မျိုး၊ မီးထွန်း စရာ ဆီ ၊ ၇ ရှဟံ ကျောက် ၊ ယဇ်ပုရောဟိတ်သင်တိုင်း နှင့် ရင်ဖွဲ့ ၌ စီစရာ ကျောက် မြတ် တည်းဟူသောအလှူကို ခံရမည်။ ၈ ငါသည် သင် တို့တွင် ကျိန်းဝပ် ရာဘို့ သန့်ရှင်း ရာဌာနကို လုပ် ကြစေ။ ၉ ငါ ပြ သမျှ သော တဲ တော်ပုံ ၊ တဲ တော်တန်ဆာ ပုံ နှင့် အညီ လုပ် ရမည်။ ၁၀ အလျား နှစ် တောင်ထွာ၊ အနံ တ တောင်ထွာ၊ စောက် တ တောင်ထွာရှိသော သေတ္တာ ကို၊ အကာရှ သား နှင့်လုပ် ၍ ၊ သေတ္တာအတွင်း

အပြင် ကို ရွှေ စင် နှင့် မွမ်းမံရမည်။ ၁၁ သေတ္တာ အပေါ်နားပတ်လည် ၌ ကွပ် သော ရွှေ တန်ဆာကိုလည်း လုပ် ရမည်။ ၁၂ ရွှေ လေး ကွင်း ကို သွန်း ၍ ၊ သေတ္တာ လေး ထောင့်၌ တ မျက်နှာ နှစ် ကွင်း စီ တပ် ရမည်။ ၁၃ အကာရှ သား ထမ်းဘိုး ကို လုပ် ၍ ရွှေ နှင့်မွမ်းမံ ပြီးမှ၊ ၁၄ သေတ္တာ ထမ်း စရာဘို့ တဘက် တချက် ရွှေကွင်း ထဲသို့ လျှို ထားရမည်။ ၁၅ ထိုထမ်းဘိုး ကိုလည်း သေတ္တာ ရွှေကွင်း ထဲ က မ နှုတ် အစဉ် ရှိ စေရမည်။ ၁၆ ငါပေး သော သက်သေခံချက် ကို၊ ထိုသေတ္တာ ထဲမှာ ထား ရမည်။ ၁၇ အလျား နှစ် တောင်ထွာ၊ အနံ တ တောင်ထွာရှိသော သေတ္တာအဖုံးကိုလည်း ရွှေ နှင့်လုပ် ရမည်။ ၁၈ ရွှေ ခေရုဗိမ် နှစ်ပါး ကိုလည်း သေတ္တာအဖုံး တွင် အလျားတဘက် တချက်၌ ထု လုပ် ရမည်။ ၁၉ ထို ခေရုဗိမ် နှစ်ပါး ကို သေတ္တာဖုံး ကိုယ်ထဲကထုတ်၍၊ သေတ္တာဖုံးအပေါ်၌ တဘက် တပါး စီ လုပ် ပြီးလျှင်၊ ၂၀ ခေရုဗိမ်နှစ်ပါးတို့သည် မျက်နှာ ချင်းဆိုင် ၍၊ သေတ္တာဖုံး ကို ရှု လျက်၊ မိမိ အတောင် ကို ဖြန့် ၍ သေတ္တာဖုံး ကို မိုး ရမည်။ ၂၁ သေတ္တာအဖုံး ကို သေတ္တာ ပေါ် မှာ တင် ရမည်။ ငါပေး သော သက်သေခံချက် ကိုလည်း သေတ္တာ ထဲမှာ ထား ရမည်။ ၂၂ ထို အရပ်၌ ငါသည် သင် နှင့် တွေ့ ၍ ၊ သက်သေခံ ချက်ထားသော သေတ္တာ ဖုံး အပေါ် ၊ ခေရုဗိမ် နှစ်ပါး စပ်ကြား မှာ သင် နှင့် နှုတ်ဆက် သဖြင့်၊ ဣသရေလ အမျိုးသား တို့ ၌ ဆင့်ဆို ရာသမျှ တို့ကို စီရင်မည်။ ၂၃ အလျား နှစ်တောင် ၊ အနံ တတောင် ၊ အမြင့် တ တောင်ထွာရှိသော စားပွဲ ကိုလည်း အကာရှ သား နှင့် လုပ် ၍ ၊ ၂၄ ရွှေ စင် နှင့် မွမ်းမံ ရမည်။ စားပွဲအပေါ် နားပတ်လည် ၌ ကွပ် သော ရွှေ တန်ဆာကိုဝင်း၊ ၂၅ အနံ လက် တဝါးရှိသောခါးပန်း ကိုဝင်း၊ ခါးပန်းအပေါ် နားပတ်လည် ၌ ကွပ် သော ရွှေ တန်ဆာ ကိုဝင်း လုပ် ရမည်။ ၂၆ ရွှေ လေး ကွင်း ကိုလည်း လုပ် ၍ ၊ ခြေထောက် လေး ခု အထက်စားပွဲလေး ထောင့် ၌ တပ် ရမည်။ ၂၇ ထိုရွှေကွင်း တို့သည် ခါးပန်း ပေါ် မှာရှိ၍၊ စားပွဲ ထမ်း စရာ ထမ်းဘိုး နေရာ ဖြစ် ရမည်။ ၂၈ စားပွဲ ထမ်း စရာ အကာရှ သား ထမ်းဘိုး ကို လုပ် ၍ ရွှေ နှင့်မွမ်းမံ ရမည်။ ၂၉ စားပွဲနှင့်ဆိုင်သော လင်ပန်း ၊ ဇွန်း ၊ အင်တုံ ၊ လောင်း စရာဖလား များကိုလည်း ရွှေ စင် နှင့် လုပ် ရမည်။ ၃၀ ငါ့ ရှေ့ ၊ စားပွဲ ပေါ် မှာ ရှေ့ တော်မုန့် ကို အစဉ် တင် ရမည်။ ၃၁ မီးခုံ ကိုလည်း ရွှေ စင် နှင့်လုပ်၍၊ မီးခုံ တိုင် အစရှိသော အလက် များ၊ ခွက် များ၊ ဘူးသီး များ၊ ကြာပွင့် များတို့ကို တစပ်တည်းထု ရမည်။ ၃၂ မီးခုံတိုင် တဘက် တချက်သုံး လက် စီထွက် ၍၊ အလက် ခြောက် လက်ရှိရမည်။ ၃၃ မီးခုံ တိုင်ထဲက ထွက်သော အလက် သုံး လက်တွင်၊ တလက် တလက်၌ ဘူး ကြာပွင့် နှင့်တကွ ၊ ဗာတံ သီးနှင့် ပုံတူသော ခွက် သုံး ခွက် ရှိရမည်။ ၃၄ မီးခုံ တိုင်၌ လည်း ဘူး ကြာပွင့် နှင့်တကွ ၊ ဗာတံ သီးနှင့်ပုံတူသော ခွက် လေး ခွက် ရှိရမည်။ ၃၅ မီးခုံ တိုင်ထဲက ထွက် သော အလက် ခြောက် လက်ရှိသည်အတိုင်း ၊ အလက် နှစ်ဘက် အောက် ၌လည်း ဘူး သီးတလုံးစီ ရှိရမည်။ ၃၆ ဘူး များ၊ အလက် များတို့ကို တကိုယ် တစပ်တည်းဖြစ်စေ ၍၊ မီးခုံတကိုယ်လုံးကို ရွှေ စင် နှင့် ထုလုပ် ရမည်။ ၃၇ မီးခွက် ခုနစ် လုံးကိုလည်း လုပ် ရမည်။ စားပွဲ ကို လင်း စေခြင်းငှာ ထိုမီးခွက် ကို ထွန်း ရမည်။ ၃၈ မီးညှပ် နှင့် မီးညှပ်ခံစရာခွက် တို့သည်လည်း ရွှေ စင် ဖြစ်ရမည်။ ၃၉ မီးခုံ နှင့် မီးခုံ တန်ဆာ ရှိသမျှ တို့ကို၊ ရွှေ စင် အခွက် တဆယ်နှင့် လုပ် ရမည်။ ၄၀ တောင် ပေါ် မှာ သင့် အား ပြ ခဲ့ပြီးသော ပုံ နှင့် ညီလျော် စွာ လုပ် ခြင်းငှာ သတိပြု ရမည်။

၂၆ တနည်းကား၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်ဖြင့် ပြီး သော ခေရုဗိမ် အရုပ်နှင့်
ချယ် လှယ်သော၊ ပိတ် ချောကုလားကာ ဆယ် ထည်ဖြင့် တဲ တော်ကို လုပ် ရမည်။ ၂ ကုလားကာ သည် အလျား
နှစ်ဆယ် ရှစ် တောင်၊ အနံ လေး တောင် ရှိ၍၊ ကုလားကာ ချင်း အလျား အနံ တူ ရမည်။ ၃ ကုလားကာ ငါး ထည်စီ
တစပ်တည်းချုပ် ရမည်။ ၄ ကုလားကာတထည်ပြင်ဘက်မှာ၊ ကုလားကာ နား ချင်း ဆက်မှီရာ၌ ကွင်း များကို ပြာ
သောအထည်နှင့် လုပ် ရမည်။ အခြား သော ကုလားကာပြင်ဘက်မှာ၊ ကုလားကာ နား ချင်း ဆက်မှီရာ၌ လည်း ထိုအတူ
လုပ် ရမည်။ ၅ ကုလားကာ တထည်၌ ကွင်း ငါးဆယ် ကိုငင်း၊ အခြား သောကုလားကာ အနား ဆက်မှီရာ၌ ကွင်း
ငါးဆယ် ကို ငင်း၊ ကွင်း ချင်း ဆိုင် မိအောင် လုပ် ရမည်။ ၆ ရွှေ ချောင်း ငါးဆယ် ကိုလည်း လုပ် ၍ ၊ ထိုရွှေချောင်း
ဖြင့် ကုလားကာ များကို ပူးတွဲ သဖြင့် ၊ တဲ တော် တဆောင် တည်း ဖြစ် ရမည်။ ၇ တဲ တော်ဖုံးအုပ် ဘို့ အခြားသော
ကုလားကာ ဆယ် တ ထည်ကို ဆိတ် မွေးနှင့် လုပ် ရမည်။ ၈ ကုလားကာ သည် အလျား အတောင် သုံးဆယ် ၊ အနံ
လေး တောင် ရှိ၍၊ ကုလားကာ ဆယ် တ ထည်တို့သည် အလျား အနံချင်း တူ ရမည်။ ၉ ကုလားကာ ငါး ထည် တစပ် ၊
ခြောက် ထည် တစပ် တည်း ချုပ် ၍ ၊ ဆဌမ ကုလားကာ ကို တဲ တော်ဦး ၌ ခေါက် ထားရမည်။ ၁၀ ကုလားကာများ
ဆက် မှီရာ ၌၊ ပြင် ဘက်ကနေသောကုလားကာ တထည် အနား မှာ ၊ ကွင်း ငါးဆယ် ကိုငင်း၊ ဆက် မှီသော အခြား
ကုလားကာ အနား မှာ ၊ ကွင်း ငါးဆယ် ကိုငင်းလုပ် ရမည်။ ၁၁ ကြေးဝါ ချောင်း ငါးဆယ် ကိုလည်း လုပ် ၍ ၊ ကွင်း
တို့ ၌ လျှို ပြီးလျှင်၊ အပေါ် တဲတပိုင်းနှင့် တပိုင်း ပူးတွဲ သဖြင့် ၊ တဲ တဆောင် တည်း ဖြစ် ရမည်။ ၁၂ ထိုအပေါ် တဲ
၌ ပို သော ကုလားကာ တဝက် ကိုကား၊ တဲ တော်နောက်ဖေး မှာ တွဲလွဲ ဆွဲ ထားရမည်။ ၁၃ အပေါ် တဲ၌ ပို သော
ကုလားကာ အလျား နှစ်တောင်တွင်၊ တဲ တော်ဖုံးအုပ် ဘို့ တဘက်တချက် တတောင် စီ တွဲလွဲဆွဲ ထားရမည်။ ၁၄
အပေါ် တဲ ဖုံးအုပ် ဘို့ အနီ ဆိုးသောသိုး ရေ ကိုငင်း၊ ထိုသိုးရေအပေါ် ၌ တဟာရှ သားရေ ကိုငင်း လုပ် ရမည်။ ၁၅ တဲ
တော်ကာရန် ထောင် ထားရသောအကာရှ ပျဉ်ပြားတို့ကိုလည်း လုပ် ရမည်။ ၁၆ ပျဉ်ပြား သည် အလျား ဆယ် တောင် ၊
အနံ တတောင် ထွာ ရှိရမည်။ ၁၇ ထိုပျဉ်ပြား ရှိသမျှ တို့ ၌ ခြေထောက် နှစ် ခုစီ တတန်း တည်းရှိစေခြင်းငှာ လုပ်
ရမည်။ ၁၈ တဲ တော်တောင် ဘက် ၌ ကာရန်ပျဉ်ပြား နှစ်ဆယ် ကို လုပ် ရမည်။ ၁၉ ထိုပျဉ်ပြား နှစ်ဆယ် တွင် ၊
တပြားတပြားအောက် ၌ ခြေထောက် နှစ် ခုစီ စွပ်စရာဘို့ ငွေ ခြေစွပ် လေးဆယ် ကို လုပ် ရမည်။ ၂၀ ထိုအတူ တဲ
တော်မြောက် ဘက် ၌ ကာရန်ပျဉ်ပြား နှစ်ဆယ် ရှိရမည်။ ၂၁ ထိုပျဉ်ပြား ၌ လည်း ငွေ ခြေစွပ် လေးဆယ် ၊ တပြားနှစ်
ခုစီ ရှိရမည်။ ၂၂ တဲ တော်အနောက် ဘက်၌ ကာရန် ပျဉ်ပြား ခြောက် ပြားကိုငင်း၊ ၂၃ ထောင့် တဘက် တချက်၌
ကာရန် ပျဉ်ပြား နှစ် ပြားကိုငင်းလုပ် ရမည်။ ၂၄ အထက် ၌ ငင်း ၊ အောက် ၌ငင်း၊ ကွင်း ကိုတပ်၍ စေ့စပ်လျက် ထောင့်
နှစ်ခုကို ပြီး စေရမည်။ ၂၅ ပျဉ်ပြား ရှစ် ပြား၊ ငွေ ခြေစွပ် ဆယ် ခြောက် ခု၊ တပြားနှစ် ခုစီ ရှိ ရမည်။ ၂၆ တဲတော်၌
ကာရသော ပျဉ်ပြား ကို လျှိုစရာဘို့ အကာရှ သား ကန့်လန့်ကျင် တို့ကို တဘက် ငါး ချောင်းစီ လုပ် ရမည်။ ၂၇ တဲ
တော်နောက် ဖေး၌ ကာရသော ပျဉ်ပြား ကို လျှိုစရာဘို့ ကန့်လန့်ကျင် ငါး ချောင်းကိုလည်း လုပ်ရမည်။ ၂၈ အလယ်

ကန့်လန့်ကျင် ကို၊ ထောင့်တဘက် တချက်၌ ဆုံး စေရမည်။ ၂၉ ပျဉ်ပြား တို့ကို ၌ နှင့်မွှမ်းမံ ရမည်။ ကန့်လန့်ကျင် လျှို ဘို့ ရာ ၌ ကွင်း ကိုလည်း လုပ် ၍ ၊ ကန့်လန့်ကျင် တို့ကို ၌ နှင့်မွှမ်းမံ ရမည်။ ၃၀ တောင် ပေါ် မှာ သင့်အားပြ သော ပုံ နှင့်အညီ ၊ တဲ တော်ကို တည်ဆောက် ရမည်။ ၃၁ တနည်းကား၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ဖြင့်ပြီး ၍၊ ခေရုဗိမ် အရုပ်နှင့် ချယ်လှယ် သော ကုလားကာ တထည်ကို ချုပ် ရမည်။ ၃၂ ၌ ချ သော အကာရှ သား တိုင် လေး တိုင်အပေါ် မှာ၊ ထိုကုလားကာ ကို ဆွဲ ထားရမည်။ ထိုတိုင် တို့သည် ၌ တံစို့ နှင့်ငင်း၊ ငွေ ခြေစွပ် လေး ခုနှင့်ငင်း ပြည့်စုံရမည်။ ၃၃ သက်သေခံ ချက်ထားသော သေတ္တာ ကို၊ ကုလားကာ အတွင်း သို့ သွင်း စရာဘို့ ထိုကုလားကာ ကို ၌ချောင်း ဖြင့် ဆွဲကာ ၍ ၊ ဟျာ အရပ်၊ ဟျာဟျံ အရပ် နှစ်ပါးစပ်ကြား ၌ အပိုင်း အခြား ဖြစ်ရမည်။ ၃၄ ဟျာဟျံ အရပ်၌ သက်သေခံ ချက်သေတ္တာ အပေါ် မှာ၊ သေတ္တာအဖုံး ကို တင် ထားရမည်။ ၃၅ ကုလားကာ ပြင် မှာ စားပွဲ ကို ထားရမည်။ တဲ တော်တောင် ဘက်နား မှာ မီးခုံ ကိုငင်း ၊ မြောက် ဘက်နား မှာ စားပွဲ ကိုငင်း၊ တဘက်နှင့်တဘက် ဆိုင်မိအောင် ထား ရမည်။ ၃၆ တဲ တော်တံခါးဝ ၌ ကာရန်၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ဖြင့် ပြီး ၍၊ ချယ်လှယ် သော ကုလားကာ တထည်ကို လုပ် ရမည်။ ၃၇ ထိုကုလားကာ ဘို့ ၌ တံစို့ နှင့်ပြည့်စုံသော အကာရှ တိုင် ငါး တိုင်ကို လုပ် ၍ ၌နှင့်မွှမ်းမံ ရမည်။ ကြေးဝါ ခြေစွပ် ငါး ခုကိုလည်း သွန်း ရမည်။

၂၇ တနည်းကား၊ အလျား ငါး တောင် ၊ အနံ ငါး တောင် ရှိ၍ စတုရန်း လေးထောင့်ဖြစ်သော ယဇ် ပလ္လင်ကို၊ အကာရှ သား နှင့်လုပ် ရမည်။ အမြင့် လည်း သုံး တောင် ရှိ ရမည်။ ၂ ယဇ်ပလ္လင် လေး ထောင့် အပေါ် မှာ၊ ဦးချို့ လေးချောင်းကို အကာရှသားနှင့်လုပ် ၍ ကြေးဝါ နှင့် မွှမ်းမံ ရမည်။ ၃ ခံ စရာအိုး နှင့်တကွ တူးရွင်း ပြား၊ အင်တုံ ၊ အမဲသား ချိတ်၊ လင်ပန်း အစရှိသော ယဇ်ပလ္လင်နှင့် ဆိုင်သော တန်ဆာ ရှိသမျှ တို့ကို ကြေးဝါ နှင့် လုပ်ရမည်။ ၄ ကြေးဝါ ဆန်ခါ ကိုငင်း ၊ ဆန်ခါ လေး ထောင့် အပေါ် မှာ ကြေးဝါ လေး ကွင်း ကိုငင်းလုပ် ပြီးလျှင် ၊ 5ယဇ်ပလ္လင် ခါးပန်း အောက် ၊ အလယ် ၌ ထား ရမည်။ ၅ ယဇ်ပလ္လင် ထမ်း စရာ အကာရှ သား ထမ်းဘိုး တို့ကို လုပ် ၍ ကြေးဝါ နှင့် မွှမ်းမံ ပြီးမှ ၊ ၆ ယဇ် ပလ္လင်ကို ထမ်း စရာဘို့ တဘက် တချက် ကွင်း များ၌ လျှို ထားရမည်။ ၇ တောင် ပေါ် မှာ သင့် အား ပြ သည်အတိုင်း ၊ ထိုယဇ်ပလ္လင်ကို အပေါ် အောက် ဟင်းလင်း ဖြစ်စေခြင်းငှာ၊ ပျဉ်ပြား နှင့် လုပ် ရမည်။ ၈ တဲ တော်ဝင်း ကာရန်မူကား၊ အလျားအတောင် တရာ ရှိသော ပိတ်ချော နှင့် တောင် ဘက် ၌ ကုလားကာ ကို လုပ် ရမည်။ ၉ ထိုကုလားကာဘို့ တိုင် နှစ်ဆယ် ၊ တိုင်ခြေစွပ် နှစ်ဆယ် ကို ကြေးဝါ နှင့်လုပ်၍ တိုင် တံစို့ ၊ တိုင်တန်း တို့ကို ငွေ ဖြင့် ပြီးစေရမည်။ ၁၀ ထိုနည်းတူ ၊ မြောက် ဘက် ၌ ကာရန် အလျား အတောင်တရာ ရှိသော ကုလားကာနှင့်တကွ ငွေတံစို့ ၊ ငွေ တန်း ပါသောကြေးဝါတိုင် နှစ်ဆယ်၊ ကြေးဝါ ခြေစွပ် နှစ်ဆယ် ရှိရမည်။ ၁၁ ဝင်း အနောက် ဘက် အနံ၌ ကာရန်၊ အလျားအတောင် ငါးဆယ် ရှိသောကုလားကာနှင့်တကွတိုင်တဆယ် ၊ ခြေစွပ် တဆယ် ရှိရမည်။ ၁၂ ဝင်း အရှေ့ ဘက်၌ လည်း အနံ အတောင် ငါးဆယ် ရှိရမည်။ ၁၃ တံခါးဝတဘက်တချက်၌ ကာရန်၊ အလျားဆယ် ငါး တောင် ရှိသောကုလားကာ နှင့်တကွ

တိုင် သုံး တိုင်၊ ၁၄ ခြေစွပ် သုံး ခုရှိရမည်။ ၁၅ ဝင်း တံခါးဝ ၌ ကာရန် ၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ဖြင့်ပြီး ၍၊ ချယ်လှယ် သော ကုလားကာ အတောင် နှစ်ဆယ် နှင့်တကွတိုင် လေး တိုင် ခြေစွပ် လေး ခုရှိရမည်။ ၁၆ ဝင်း ပတ်လည် ၌ တိုင် ရှိသမျှ တို့သည် ငွေ တံစို့ ၊ ငွေ တန်း၊ ကြေးဝါ ခြေစွပ် နှင့် ပြည့်စုံ ရမည်။ ၁၇ ဝင်း သည် အလျား အတောင် တရာ ၊ အနံ ငါးဆယ် ၊ အမြင့် ငါး တောင် ရှိ၍၊ ပိတ်ချော နှင့်ကြေးဝါ ခြေစွပ် ဖြင့် ပြီး ရမည်။ ၁၈ အမှု တော်ထမ်းဘို့ တဲ တော်အသုံးအဆောင် ရှိသမျှ ကိုငင်း၊ တဲ တော်တံသင် ၊ ဝင်း နှင့်ဆိုင်သော တံသင် ရှိသမျှ ကိုငင်း ကြေးဝါ နှင့်လုပ်ရမည်။ ၁၉ ပရိသတ်စည်းဝေးရာ တဲတော်တွင်၊ သက်သေခံချက်ထားရာအရပ်ကို ကာသော ကုလားကာပြင်မှာ၊ မီးခုံ၌ အစဉ် မပြတ်မီး ထွန်း စရာဘို့ ၊ သံလွင်သီးကို ထောင်း ၍ယူသော သံလွင် ဆီ စစ် ကို၊ ဣသရေလ အမျိုးသား တို့သည် ဆောင် ခဲ့ရကြမည်အကြောင်း ဆင့်ဆို လော့။ ၂၀ အာရုန် နှင့် သူ ၏သား တို့သည်၊ ညဦး မှသည် နံနက် တိုင်အောင် ၊ ထာဝရဘုရား ရှေ့ တော်၌ ထိုအမှု ကို စီရင် ရမည်။ ဣသရေလ အမျိုး တို့သည်၊ သား အစဉ် အဆက်စောင့်ရသောပညတ် တော် ဖြစ်သတည်း။ ၂၁ သင် ၏ အစ်ကို အာရုန် သည်၊ ငါ့ ရှေ့မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင် ရမည်အကြောင်း ၊ သူ နှင့် သူ ၏ သား တည်းဟူသောနာဒပ် ၊ အဘိဟု ၊ ဧလာဇာ ၊ ဣသမာ တို့ကို၊ ဣသရေလ အမျိုးသား တို့အထဲ က ရွေးချယ်၍ သင့် အောက်၌ ခန့် ထားလော့။

၂၈ သင် ၏အစ်ကို အာရုန် ၌ ဘုန်း အသရေထင်ပေါ် စေခြင်းငှာ ၊ သန့်ရှင်း သော အဝတ် ကို လုပ် ၍ပေး ရမည်။ ၂ အာရုန်သည် ငါ့ ရှေ့ မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက် ရသောအခွင့်ရှိ၍၊ သူ့ ကို သန့်ရှင်း စေခြင်းငှါ ၊ ငါပေး သော ဉာဏ် ကိုရသော ပညာရှိ အပေါင်း တို့သည် ထိုအဝတ် ကို လုပ် ရမည် အကြောင်း မှာ ထားရမည်။ ၃ လုပ် ရသော အဝတ် ဟူမူကား၊ ရင်ဖုံး ၊ သင်တိုင်း ၊ ဝတ်လုံ ၊ ချယ်လှယ်သောအင်္ကျီ ၊ ဗေါင်း ၊ ခါးပန်း တည်း ဟူသောသင် ၏အစ်ကို အာရုန် နှင့် သူ ၏သား တို့သည်၊ ငါ့ ရှေ့ မှာ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက် ရမည်အကြောင်း ၊ သန့်ရှင်း သောအဝတ် ကို လုပ် ခြင်းငှါ ၊ ၄ ရွှေ နှင့် ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော တို့ကို ယူ ရမည်။ ၅ ထိုရွှေ အစရှိသည်တို့နှင့် သင်တိုင်း ကို ထူးဆန်း စွာ လုပ် ရမည်။ ၆ သိုင်းကြိုး နှစ် ပင်ရှိ ၍၊ သင်တိုင်း အပေါ် နားချင်းတွဲ မိစေခြင်းငှာ ၊ တဘက် တချက်ကို ဆွဲချုပ် ရမည်။ ၇ သင်တိုင်းအပေါ် နား၌ ထူးဆန်းသော ရင်စည်း ကိုလည်း ၊ သင်တိုင်းကိုယ်ကဲ့သို့ ရွှေ နှင့်ငင်း၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော တို့ကိုငင်းလုပ် ရမည်။ ၈ ရှုဟံ ကျောက် နှစ် လုံးကိုယူ ၍ ၊ ဣသရေလ အမျိုး တဆယ်နှစ်မျိုးကို၊ ၉ အသက်အကြီးအငယ် အလိုက် ၊ ကျောက် နှစ်လုံးပေါ် မှာ အမျိုးနာမည် ခြောက် ခုစီ အက္ခရာ တင် ရမည်။ ၁၀ တံဆိပ် ပေါ် မှာ အက္ခရာတင် သကဲ့သို့၊ ကျောက် လုပ် သော အလုပ် နှင့်တကွ၊ ဣသရေလ အမျိုး ၏ နာမည် တို့ကို ထိုကျောက် နှစ် လုံးအပေါ် မှာ အက္ခရာ တင်၍ ရွှေ ကျောက်အိုး ၌ ထည့် ရမည်။ ၁၁ ဣသရေလအမျိုးသား တို့ကို အောက်မေ့ စေခြင်းငှါ ၊ ထိုကျောက် နှစ် လုံးကို သင်တိုင်း သိုင်းကြိုး ပေါ် မှာ တပ် ရမည်။ ထိုသို့ ဣသရေလအမျိုးသားတို့ကို အောက်မေ့ စေခြင်းငှါ ၊ သူ တို့နာမည် များကို အာရုန် သည် ထာဝရဘုရား ရှေ့ တော်၌ မိမိ ပခုံး ပေါ် မှာ ဆောင်

ရမည်။ ၁၂ ကျောက် အိုးတို့ကို ရွှေ နှင့်လုပ် ရမည်။ ၁၃ အဆုံးဥ်္ဒတပ်ရသောကြိုး နှစ် ပင်တို့ကို ရွှေ စင် နှင့်ကျစ် ၍ လုပ် ပြီးမှကျောက်အိုး ဥ်္ဒ တွဲ ရမည်။ ၁၄ ရွှေ နှင့်ငင်း၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော နှင့်ငင်း၊ သင်တိုင်း ကို လုပ် သည်နည်းတူ ၊ ဗျာဒိတ် ရင်ဖုံး ကို ထူးဆန်း စွာ လုပ် ရမည်။ ၁၅ နှစ်ထပ်ခေါက် လျက်၊ အလျား တထွာ၊ အနံ တထွာ၊ စတုရန်း လေးထောင့် ဖြစ် ရမည်။ ၁၆ ထိုရင်ဖုံး ဥ်္ဒ ကျောက် မြတ်ကို လေး တန်း စီ ရမည်။ ပဌမ အတန်း ကား၊ ကျောက်နီ ၊ ဥဿဖရား ၊ ပတ္တမြား၊ ၁၇ ဒုတိယ အတန်း ကား ၊ မြ ၊ နီလာ ၊ စိန် ၊ ၁၈ တတိယ အတန်း ကား ၊ ဝှါကိန္တ ၊ မဟူရာ ၊ ဂေါ်မိတ်။ ၁၉ စတုတ္ထ အတန်း ကား ၊ မျက်ရွဲ ၊ ကြောင် ၊ နဂါးသွဲ့ ဖြစ်၍ ၊ အသီးအသီး တို့ကို ရွှေ အိုးဥ်္ဒ စီ ရမည်။ ၂၀ ဣသရေလ အမျိုး တဆယ် နှစ် မျိုး ရှိ သည်အတိုင်း၊ တံဆိပ် ပေါ်မှာ အက္ခရာ တင်သကဲ့သို့ထိုကျောက် တို့ ဥ်္ဒ၊ ထို တဆယ့်နှစ်ပါးသော နာမည် အသီးသီးတို့ကို တင်လျက်၊ ကျောက်တ လုံးလျှင်နာမည် တပါးစီပါ ရမည်။ ၂၁ ရင်ဖုံး အပေါ်ထောင့် နှစ် ခုဥ်္ဒ ရွှေ နှစ် ကွင်း ကိုငင်း၊ ကျစ် သောရွှေ ကြိုး နှစ်ပင်ကိုငင်း လုပ် ပြီးမှ၊ ထိုရွှေကွင်း ဥ်္ဒတပ် ၍၊ သင်တိုင်း သိုင်းကြိုး ပေါ်မှာ ရှိသောကျောက်အိုးတို့ ဥ်္ဒ တွဲ ရမည်။ ၂၆ တဖန် ရွှေ နှစ် ကွင်း ကိုလုပ် ၍ သင်တိုင်း အောက်နား မှာ ရှိသော ရင်ဖုံး အောက် ထောင့် နှစ် ခုဥ်္ဒ တပ် ရမည်။ ၂၇ အခြားသော ရွှေ နှစ် ကွင်း ကိုလည်း လုပ် ၍ ၊ သင်တိုင်း ရှေ့ဘက်အောက် နားဥ်္ဒ ထူးဆန်းသော ရင်စည်း အပေါ် နားဆက်မှီ ရာတွင် ၊ သင်တိုင်း ကိုယ် တဘက် တချက်ဥ်္ဒ တပ် ရမည်။ ၂၈ ရင်ဖုံးရွှေနှစ်ကွင်းကို သင်တိုင်း ရွှေနှစ်ကွင်း နှင့်တွဲ၍၊ ပြာ သောကြိုး ဖြင့် ပြီးစေရမည်။ ထိုသို့ ရင်ဖုံး ကို ထူးဆန်းသော ရင်စည်း အပေါ်နားမှာ ဆွဲ ၍၊ သင်တိုင်း နှင့်မ ကွာ အမြဲရှိစေရမည်။ ၂၉ အာရုန် သည်လည်း ၊ သန့်ရှင်း ရာအရပ်ဌာနတော်ထဲသို့ ဝင် သောအခါ ၊ ဣသရေလ အမျိုးသား တို့ကို ထာဝရဘုရား အစဉ် အောက်မေ့ တော်မူစေခြင်းငှါ ၊ ဗျာဒိတ် ရင်ဖုံး ဥ်္ဒ ပါသောသူတို့ နာမည် များကို မိမိ နှလုံး ပေါ် မှာ ဆောင် ရမည်။ ၃၀ ဗျာဒိတ် ရင်ဖုံး အထဲ ဥ်္ဒ ဥရိမ် နှင့် သုမိမ် ကို သွင်း ထားရမည်။ အာရုန် သည် ထာဝရဘုရား ရှေ့တော်သို့ ဝင် သောအခါ ၊ မိမိနှလုံး အပေါ် မှာ ဥရိမ်နှင့် သုမိမ်ပါ သည်ဖြစ်၍ ၊ ဣသရေလ အမျိုးသား တို့အမှုဥ်္ဒ စီရင် တော်မူချက်ကို ထာဝရဘုရား ရှေ့၊ မိမိ နှလုံး ပေါ် မှာ ဆောင် ရမည်။ ၃၁ သင်တိုင်း နှင့်ဆိုင်သော ဝတ်လုံ ကို၊ ပြာ သောအထည်နှင့်သာ လုပ် ရမည်။ ၃၂ ဝတ်လုံ ဥ်္ဒ လည်စွပ်ပါ ၍ လည်စွပ် ကို မ စုပ် စေခြင်းငှါ ၊ သံချပ်လည်စွပ်ကွပ်သကဲ့သို့ ၊ ရက် သောအထည် နှင့် ကွပ်ရမည်။ ၃၃ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်နှင့် လုပ်သော သလဲ သီးများကိုငင်း ၊ ရွှေ ဆည်းလည်း များကိုငင်း၊ ဝတ်လုံ အောက်စွန်းနားပတ်လည် ဥ်္ဒ ၊ ၃၄ သလဲ သီးတလုံး၊ ရွှေ ဆည်းလည်း တလုံးစီခြားလျက်၊ အစဉ်အတိုင်းဆွဲထားရမည်။ ၃၅ အာရုန် သည် အမှု တော်ကို ဆောင်၍ ၊ သန့်ရှင်း ရာအရပ် ဌာနတော်ထဲမှာ ၊ ထာဝရဘုရား ရှေ့တော်ဥ်္ဒ ထွက် ဝင် သောအခါ ၊ သေ ဘေးနှင့် ကင်းလွတ် မည်အကြောင်း ၊ ထိုဝတ်လုံကို ဝတ်၍ သူ၏ အသံ ကို ကြား ရမည်။ ၃၆ ရွှေ စင် သင်းကျစ် ကိုလည်း လုပ် ၍ ၊ တံဆိပ် ပေါ် မှာ အက္ခရာတင် သကဲ့သို့၊ ထာဝရဘုရား အား သန့်ရှင်း ခြင်းဟု အက္ခရာတင် ၍၊ ၃၇ ပြာ သောကြိုး နှင့်ဗေါင်း ရှေ့ဥ်္ဒ ချည် ထားရမည်။ ၃၈ အာရုန် သည် ထိုသင်းကျစ်ကို နဖူး ဥ်္ဒ ဆင် သဖြင့် ၊ ဣသရေလ အမျိုးသား တို့၏

သန့်ရှင်း သော အလှူ ဒါနနှင့်ဆိုင်၍၊ သန့်ရှင်း စေသမျှသော အရာ တို့ ၌ ပါသောအပြစ် ကို ဆောင် ရမည်။ သူ တို့သည် ထာဝရဘုရား ၏ စိတ် တော်နှင့် တွေ့ခြင်းငှါ ၊ အာရုန် ၏ နဖူး ၌ အစဉ် ဆင် ရမည်။ ၃၉ ပိတ်ချော အင်္ကျီ ကိုလည်း လုပ် ၍ ချယ်လှယ်ရမည်။ ဗေါင်း ကိုလည်း ပိတ်ချော နှင့်လုပ် ရမည်။ ခါးပန်း ကိုလည်း ချယ်လှယ် သော အလုပ် နှင့် ပြီး စေရမည်။ ၄၀ အာရုန် ၏သား တို့ ဘုန်း အသရေ ကို ထင်ပေါ် စေခြင်းငှါ ၊ အင်္ကျီ ၊ ခါးပန်း ၊ ဦးထုပ် များကို လုပ် ပေးရမည်။ ၄၁ ထိုသို့ သင် ၏ အစ်ကို အာရုန် နှင့် သူ ၏သား တို့ကို ဝတ်ဆင် စေပြီးမှ ၊ သူ တို့သည် ငါ့ ရှေ့မှာ ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်မည်အကြောင်း ၊ သူ တို့ကို ဆီ နှင့်လိမ်းသဖြင့် အရာ၌ ခန့်ထား၍ သန့်ရှင်း စေရမည်။ ၄၂ သူ တို့ ၌ ရှက် စရာအကြောင်း၊ မ ထင်မပေါ် စေခြင်းငှါ ၊ ခါး မှ ပေါင် သို့အထိ ပိတ် ပေါင်းဘီ ကို ချုပ် ၍ ပေးရမည်။ ၄၃ အာရုန် နှင့် သူ ၏သား တို့သည်၊ ပရိတ်သတ်စည်းဝေး ရာ တဲ တော်ထဲသို့ ဝင် သော် ၎င်း၊ သန့်ရှင်း ရာအရပ် ဌာန၌ ယဇ် ပလ္လင်အနားသို့ ချဉ်းကပ် သော် ၎င်း ၊ အပြစ် ရောက် ၍ မ သေ စေခြင်းငှါ ထိုသို့ ဝတ် ရမည်။ အာရုန် မှစ၍ သူ ၏အမျိုး အစဉ်အဆက်တို့သည် စောင့်ရသောပညတ် တော် ဖြစ်သတည်း။

၂၉ သူ တို့သည် ငါ့ရှေ့၌ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက် မည်အကြောင်း ၊ အဘယ်သို့သန့်ရှင်း စေရမည် နည်းဟူမူကား၊ အပြစ်မပါသော နွား သငယ် အထီးနှင့် သိုး နှစ် ကောင်တို့ကိုဎင်း၊ ၂ တဆေး မပါသော ဂျုံမုန့် ၊ တဆေး မပါဘဲ ဆီ နှင့် လုပ် သော ဂျုံမုန့်ပြား ၊ တဆေး မပါဘဲ ဆီ နှင့် လူး သော ဂျုံမုန့်ကြွပ် တို့ကိုဎင်းယူ ရမည်။ ၃ ထိုမုန့် များကို တောင်း တလုံးထဲ ၌ထည့် ပြီးမှ ၊ နွား တကောင်၊ သိုး နှစ် ကောင်နှင့်တကွ ဆောင်ခဲ့ရမည်။ ၄ အာရုန် နှင့် သူ ၏သား တို့ကို၊ ပရိသတ် စည်းဝေး ရာ တံခါး နားသို့ ခေါ် ခဲ့၍ ရေချိုး ရမည်။ ၅ အဝတ်တန်ဆာ များကိုယူ ၍၊ အင်္ကျီ ၊ ဝတ်လုံ ၊ သင်တိုင်း ၊ ရင်ဖုံး နှင့် အာရုန် ကို ဝတ် စေ၍၊ ထူးဆန်းသောသင်တိုင်း ရင်စည်း နှင့် စည်း ရမည်။ ၆ သူ ၏ ခေါင်း ပေါ် မှာ ဗေါင်း ကိုတင် ၍ ၊ ဗေါင်း ၌ သန့်ရှင်း သော သင်းကျစ် ကို တပ် ရမည်။ ၇ ထိုအခါ လိမ်း စရာ ဆီ ကိုယူ ၍ သူ ၏ ခေါင်း ပေါ် ၌ လောင်း သဖြင့် သူ့ ကိုလိမ်း ရမည်။ ၈ သူ ၏သား တို့ကိုလည်း ခေါ် ခဲ့၍ အင်္ကျီ ဝတ် စေရမည်။ ၉ ခါးပန်း ကိုလည်း စည်း ၍ ၊ ဦးထုပ် ကိုလည်း ဆောင်း စေပြီးလျှင်။ သူ တို့သည် ထာဝရပညတ်တော် အတိုင်း ယဇ်ပုရောဟိတ်အရာကို ဆိုင် ရမည်။ ထိုသို့ အာရုန် နှင့် သူ ၏သား တို့ကို၊ ယဇ်ပုရောဟိတ် အရာ၌ ခန့်ထားရမည်။ ၁၀ ထိုနောက်၊ နွားထီး တကောင်ကို ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ သို့ ဆောင် ခဲ့၍ ၊ အာရုန် နှင့် သူ ၏သား တို့သည်၊ မိမိ တို့ လက် ကို နွား ခေါင်း ပေါ် မှာ တင်ရကြမည်။ ၁၁ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နားမှာ ထာဝရဘုရား ရှေ့ တော်၌ ထိုနွား ကိုသတ် ရမည်။ ၁၂ အသွေး ကို ယူ ၍ ယဇ်ပလ္လင် ဦးချို တို့ ၌ လက်ညှိုး နှင့် ထည့် ပြီးမှ ၊ ကြွင်း သောအသွေး ကို ယဇ်ပလ္လင် ခြေရင်း နား၌ သွန် ရမည်။ ၁၃ အအူ ကို ဖုံး သောဆီဥ ရှိသမျှ ၊ အသည်း ပေါ် ၌ ရှိသောအမြှေး ၊ ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ကိုယူ ၍ ယဇ်ပလ္လင် ပေါ် မှာ မီးရှို့ ရမည်။ ၁၄ နွား ၏အသား ၊ အရေ ၊ ချေးနှ ကိုကား ၊ တပ် ပြင် မှာ မီးရှို့ ရမည်။ အပြစ် ဖြေရာယဇ် ဖြစ်၏ ၁၅ သိုးထီး တကောင်ကိုလည်း ယူ ၍ ၊ အာရုန် နှင့် သူ ၏သား တို့သည်၊ မိမိ တို့လက် ကို သိုး ခေါင်း ပေါ် မှာ တင် ရမည်။ ၁၆ ထိုသိုး ကိုသတ် ပြီးလျှင်

အသွေး ကိုယူ ၍ ယဇ်ပလ္လင် အပေါ် နား ပတ်လည် ၌ ဖြန်း ရမည်။ ၁၇ သိုး ကိုလည်း အပိုင်းပိုင်း ဖြတ် ၍ ဝမ်းထဲ ၌ရှိသောအရာနှင့် ခြေ တို့ကို ဆေးကြော ပြီးလျှင် ၊ ခေါင်း နှင့် သားတစ်များကို စု ထား၍ ၊ ၁၈ သိုး တကောင်လုံး ကို ယဇ်ပလ္လင် ပေါ် မှာ မီးရှို့ ရမည်။ ထာဝရဘုရား အား မီးရှို့ သောယဇ်ဖြစ်၏။ ထာဝရဘုရားအား မီးဖြင့် ဆက်ကပ်၍၊ မွှေးကြိုင် သော ပူဇော် သက္ကာဖြစ်၏။ ၁၉ အခြား သော သိုး ကိုလည်း ယူ ၍ ၊ အာရုန် နှင့် သူ ၏သား တို့သည် မိမိ တို့လက် ကို သိုး ခေါင်း ပေါ် မှာ တင် ရမည်။ ၂၀ ထိုသိုး ကိုသတ် ပြီးလျင် အသွေး ကိုယူ ၍ အာရုန် ၏ လက်ျာနားပျဉိုး ၌ ၎င်း၊ သူ ၏သား တို့၏ လက်ျာ နားပျဉိုး ၌ ၎င်း။ သူ တို့၏ လက်ျာ လက်မ ၌ ၎င်း၊ လက်ျာ ခြေမ ၌ ၎င်း ထည့် ၍ ၊ ယဇ်ပလ္လင် အပေါ် ပတ်လည် ၌ ဖြန်း ရမည်။ ၂၁ ယဇ်ပလ္လင် ပေါ် မှာရှိသော အသွေး နှင့် လိမ်း စရာဆီ ကိုယူ ၍ အာရုန် နှင့် သူ ၏ အဝတ် ၌ ၎င်း ၊ သူ ၏ သား တို့နှင့် သူ တို့ အဝတ် ၌ ၎င်း၊ ဖြန်း သဖြင့် ၊ အာရုန် မှစ၍ သား များ၊ အဝတ် များတို့သည် သန့်ရှင်း ကြလိမ့်မည်။ ၂၂ ထိုသိုးသည် အရာ၌ ခန့်ထားရာသိုး ဖြစ်သောကြောင့်၊ ဆီဥ ၊ အမြီး ၊ အအူ ကို ဖုံး သောဆီဥ ၊ အသည်း ပေါ်၌ ရှိသောအမြှေး ၊ ကျောက်ကပ် နှစ်ခု နှင့် ကျောက်ကပ်ကိုဖုံးသော ဆီဥ ၊ လက်ျာ ပခုံး ၊ ၂၃ ထာဝရဘုရား ရှေ့တော်၌ထား သော တဆေး မဲ့ မုန့်တောင်း ထဲက မုန် တလုံး၊ ဆီ နှင့် လုပ်သော မုန့် ပြားတပြား၊ မုန့် ကြွပ်တချပ်ကို ယူ၍၊ ၂၄ အာရုန် လက် ၊ သူ ၏ သား တို့လက် ၌ ထိုအရာတို့ကို ထား ပြီးလျှင် ၊ ထာဝရဘုရား ရှေ့တော်၌ ခါလွှဲ ၍၊ ခါလွှဲသော ပူဇော် သက္ကာ ပြုရမည်။ ၂၅ ထို အရာတို့ကို သူ တို့လက် မှ ခံယူ ၍ ၊ ထာဝရဘုရား ရှေ့တော်တွင် မွှေးကြိုင် သောအနံ့ ဖြစ်စေခြင်းငှါ ၊ ယဇ်ပလ္လင် ၌ မီးရှို့ ရာ ယဇ်အပေါ် မှာ ရှို့ ရမည်။ ထာဝရဘုရား အား မီး ဖြင့် ပြုသောပူဇော်သက္ကာ ဖြစ်၏။ ၂၆ အာရုန် ၏အရာ ၌ ခန့်ထားရာ သိုး ၏ရင်ပတ် ကို ယူ ၍ ၊ ထာဝရဘုရား ရှေ့တော်၌ ခါလွှဲသဖြင့်၊ ခါလွှဲသော ပူဇော် သက္ကာပြုပြီးမှ ၊ သိုး၏ ရင်ပတ်သည် သင် ၏ အဘို့ ဖြစ် ရမည်။ ၂၇ ထိုသို့ အာရုန် နှင့် သား တို့၏ အရာ ၌ ခန့်ထားသော သိုး ထဲက ၊ ခါလွှဲသော ပူဇော်သက္ကာပြု၍၊ ခါလွှဲ သော ရင်ပတ် ကိုငင်း၊ ခါ မြှောက်သော ပူဇော်သက္ကာပြု၍ ၊ ခါမြှောက်သော ပခုံး ကိုငင်းသန့်ရှင်း စေ ပြီးမှ ၊ ၂၈ ထိုရင်ပတ်၊ ပခုံးတို့သည် ထာဝရ ပညတ်တော်အတိုင်း၊ ဣသရေလ အမျိုးသား လှူ သော အာရုန် ၏ အဘို့၊ သူ့ သား တို့၏အဘို့ ဖြစ် ရမည်။ ဣသရေလ အမျိုးသား ပြုသောမိဿဟာယ ယဇ်ထဲက ၊ ထာဝရဘုရား ရှေ့တော်၌ ချီးမြှောက် ၍၊ ချီးမြှောက်ရာ ပူဇော် သက္ကာ ဖြစ် ၏။ ၂၉ အာရုန် ၏ သန့်ရှင်း သော အဝတ် တန်ဆာကို၊ သူ ၏သား တို့သည် အမွေခံ သဖြင့်၊ ဆီလိမ်း ခြင်း မင်္ဂလာနှင့် ယဇ်ပုရောဟိတ်အရာ၌ ခန့် ထားသောအခါ၊ ၃၀ အာရုန် ကိုယ်စား ယဇ် ပုရောဟိတ်လုပ်သော သား သည်၊ သန့်ရှင်း ရာဌာန၌ အမှုတော် ကို ဆောင်ခြင်းငှါ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ဝင် သောအခါ ခုနစ် ရက် ပတ်လုံးဝတ်ဆင် ရမည်။ ၃၁ အရာ ၌ခန့်ထားရာ သိုး ၏အသား ကို ယူ ၍ ၊ သန့်ရှင်း ရာဌာန ၌ ပြုတ် ပြီးမှ ၊ ၃၂ အာရုန် နှင့် သူ ၏သား တို့သည် ထိုအသား ကိုငင်း ၊ တောင်း ထဲ၌ ရှိသော မုန့် ကိုငင်း၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နားမှာ စားရကြမည်။ ၃၃ သူတို့ကို သန့်ရှင်းစေ၍၊ အရာ၌ ခန့်ထား စေခြင်းငှါ ၊ အပြစ် ဖြေရာ မင်္ဂလာပြုခြင်းနှင့် ဆိုင်သော အရာတို့ကို၊ သူတို့သည် စား ရကြမည်။ ထို အရာတို့သည် သန့်ရှင်း သောကြောင့် ၊ မဆိုင် သောသူ မ စား ရ။ ၃၄ အရာ ၌

ခန့်ထားရာနှင့် ဆိုင်သောအမဲသား ဖြစ်စေ ၊ မုန့် ဖြစ်စေ၊ နံနက် တိုင်အောင် ကျန် ကြွင်းလျှင် ၊ ထိုအကြွင်း ကို မီးရှို့ ရမည်။ သန့်ရှင်း သောကြောင့် ၊ အဘယ်သူမျှမ စား ရ။ ၃၅ ထိုသို့ ငါပညတ် သမျှ အတိုင်း အာရုန် နှင့် သူ ၏ သား တို့ အား ပြု၍၊ ယဇ်ပုရောဟိတ်အရာ၌ ခန့်ထား ခြင်း မင်္ဂလာကို၊ ခုနစ် ရက် ပတ်လုံးဆောင် ရမည်။ ၃၆ ထိုမှတပါး၊ အပြစ် ဖြေခြင်းအလိုငှါ ၊ နေ့ တိုင်း နွားထီး တကောင်ကို ပူဇော် ၍၊ အပြစ် ဖြေရာယဇ် ပြုရမည်။ ထိုသို့ ယဇ်ပလ္လင်ဘို့ အပြစ် ဖြေခြင်းကို ပြုပြီးမှ ၊ ပလ္လင် ကို စင်ကြယ် စေရမည်။ ထို့နောက် သန့်ရှင်း စေခြင်းငှါ ဆီ နှင့် လိမ်းရမည်။ ၃၇ ခုနစ် ရက် ပတ်လုံးယဇ်ပလ္လင် ဘို့ အပြစ် ဖြေခြင်းကို ပြု၍ သန့်ရှင်း စေပြီးမှ ၊ အလွန်သန့်ရှင်း သော ယဇ်ပလ္လင် ဖြစ် ၍၊ ထိုပလ္လင် နှင့် တွေ့ သမျှ သောအရာတို့သည် သန့်ရှင်း သောအရာ ဖြစ်ရမည်။ ၃၈ ယဇ်ပလ္လင် ပေါ် မှာ ပူဇော် ရသော အရာ ဟူမူကား ၊ အခါ မလည်သော သိုးသငယ် နှစ် ကောင်ကို ယူ၍၊ ၃၉ နေ့ တိုင်း အစဉ်မပြတ် နံနက် ယံ၌ တ ကောင်၊ ညဦး ယံ၌ တ ကောင်ကို ပူဇော် ရမည်။ ၄၀ သိုးသငယ်တကောင်ကို ပူဇော်သောအခါ၊ သံလွင်သီးကိုထောင်း ၍၊ ရသောသံလွင်ဆီ သုံးလောဃ နှင့် ရော သော မုန့်ညက် တသြဇဲကိုငင်း၊ သွန်းလောင်း ရာ ပူဇော်သက္ကာဘို့ စပျစ်ရည် သုံးလောဃ ကို ၎င်း၊ သိုးသငယ် နှင့် အတူ ပူဇော်ရမည်။ ၄၁ အခြား သော သိုးသငယ် ကို ညဦး ယံ၌ ပူဇော် သောအခါ၊ နံနက်ယံ ၌ ဘောဇဉ်ပူဇော်သက္ကာ ၊ သွန်းလောင်း ရာ ပူဇော်သက္ကာပါသည်နည်းတူ ပါလျက်၊ ထာဝရဘုရား အား မီး ဖြင့် ဆက်ကပ်၍၊ မွှေးကြိုင် သော ပူဇော် သက္ကာပြုရမည်။ ၄၂ ထိုသို့ သင် တို့သား စဉ်မြေးဆက်တို့သည် သင် နှင့် ငါတွေ့ ၍ နှုတ်ဆက်ရာအရပ် ၊ ထာဝရဘုရား ရှေ့ တော် ၌၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နားမှာ အစဉ်မပြတ် မီးရှို့ သောယဇ်ကို ပူဇော်ရကြမည်။ ၄၃ ထို အရပ်၌ ဣသရေလ အမျိုးသား တို့နှင့် ငါတွေ့ ၍ ၊ ငါ့ ဘုန်း တော်အားဖြင့် သူတို့ကို သန့်ရှင်း စေမည်။ ၄၄ ငါ့ ရှေ့၌ ယဇ် ပုရောဟိတ်အမှုကို ဆောင်စေ ခြင်းငှါ ၊ အာရုန် နှင့် သူ ၏သား တို့ကိုငင်း၊ ပရိသတ် စည်းဝေး ရာ တဲ တော်ကိုငင်း ၊ ယဇ်ပလ္လင် ကိုငင်း ၊ ငါသန့်ရှင်း စေမည်။ ၄၅ ဣသရေလ အမျိုးသား တို့တွင် ငါနေ ၍ ၊ သူ တို့၏ ဘုရား ဖြစ် မည်။ ၄၆ ငါ သည် သူတို့တွင် နေ ခြင်းငှါ ၊ သူ တို့ကို အဲဂုတ္တု ပြည် ထဲက ကယ်နှုတ် ဆောင်ယူခဲ့သော သူ တို့ ၏ ဘုရား သခင်ထာဝရဘုရား ဖြစ်ကြောင်းကို သူတို့ သိ ကြလိမ့်မည်။ ငါ သည် သူ တို့ ဘုရား သခင်ထာဝရဘုရား ဖြစ်၏ဟု မောရှေအား မိန့်တော်မူ၏။

၃၀ တနည်းကား၊ နံ့သာ ပေါင်းကို မီးရှို့ စရာ ယဇ်ပလ္လင် ကို အကာရှ သား နှင့် လုပ် ရမည်။ ၂ ထိုပလ္လင်သည် အလျား တတောင် ၊ အနံ တတောင် ၊ စတုရန်း လေးထောင့်ဖြစ်၍ ၊ အမြင့် နှစ်တောင် ရှိ ရမည်။ ဦးချို့ တို့ကိုလည်း အကာရှသား ဖြင့် ပြီး စေရမည်။ ၃ ပလ္လင်ထိပ် ၊ နံရံ ၊ ဦးချို့ တို့ကို ရွှေ စင် နှင့် မွမ်းမံ ၍ ၊ အပေါ် နားပတ်လည် ၌ ကွပ်သော ရွှေ တန်ဆာ ကိုလည်း လုပ် ရမည်။ ၄ ရွှေတန်ဆာ အောက်၊ ပလ္လင် တဘက် တချက်ထောင့်၌ ရွှေ ကွင်း နှစ် ကွင်းကို လုပ် ၍၊ ပလ္လင် ထမ်း စရာ ထမ်းဘိုး နေရာ ဖြစ် ရမည်။ ၅ ထမ်းဘိုး တို့ကို အကာရှ သား နှင့် လုပ် ၍ ရွှေ နှင့်မွမ်းမံ ရမည်။ ၆ ငါသည် သင် နှင့် တွေ့ ရာအရပ် ၊ သက်သေခံ ချက် ထားသောသေတ္တာ ကို၊ ကာသော ကုလားကာ ရှေ့၌ ထိုပလ္လင် ကို ထား ရမည်။ ၇ အာရုန် သည် နံနက် တိုင်း မီးခွက် တို့ကို ပြင်သောအခါ၊ ထိုပလ္လင်ပေါ် မှာ

မွေး သော နံ့သာ ပေါင်းကို ရှိ့ ရမည်။ ၈ ညဦး ယံ၌ လည်း မီးခွက် တို့ကို ထွန်း သောအခါ ၊ ထိုပလ္လင်ပေါ်မှာ နံ့သာ ပေါင်းကို ရှိ့ ရမည်။ ထိုသို့ သင် တို့သား စဉ်မြေးဆက်တို့သည် ထာဝရဘုရား ရှေ့ တော်၌ အစဉ်အမြဲ ပြုရသော နံ့သာပေါင်းရှိ့ခြင်း ဖြစ်သတည်း။ ၉ ထိုပလ္လင် ပေါ် မှာ ထူးခြား သော နံ့သာ ပေါင်းကို မရှိ့ရ။ မီးရှိ့ သော ယဇ်ကို မပြုရ။ ဘောဇဉ်ပူဇော်သက္ကာ ကိုလည်း မပြုရ။ သွန်းလောင်း ရာ ပူဇော်သက္ကာကိုလည်း မ ပြု ရ။ ၁၀ အာရုန် သည် တနှစ်တခါ အပြစ် ဖြေ ရာယဇ် ကောင်အသွေး ကိုယူ၍၊ ထိုပလ္လင် ၏ ဦးချို တို့ ၌ အပြစ် ဖြေခြင်း မင်္ဂလာကို ပြုရမည်။ သင် တို့သား စဉ်မြေးဆက်တို့သည် တနှစ် တခါ ထိုသို့ ပြုရ ကြမည်။ ထာဝရဘုရား အား အလွန်သန့်ရှင်း သော ယဇ်ပလ္လင်ဖြစ်သည်။ ၁၁ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့် တော်မူသည်ကား၊ ၁၂ ဣသရေလ အမျိုးသား တို့ကို ရေတွက် ၍ စာရင်းယူသောအခါ ၊ ဘေး လွတ် မည်အကြောင်းရှိသမျှတို့ သည် အသီးအသီးမိမိ အသက် ရွေးရန် အဘိုး ကို ထာဝရဘုရား အား ဆက်ကပ် ရမည်။ ၁၃ ရေတွက် ၍ စာရင်းဝင် သော သူအပေါင်း တို့သည် အကျပ် တော်အလိုက် ၊ ငွေအကျပ် တဝက် စီ ထာဝရဘုရား အား ဆက်ကပ် ရမည်။ အကျပ်ကား၊ ဂေရ နှစ်ဆယ် ဖြစ်သတည်း။ ၁၄ အသက် နှစ်ဆယ် မှစ၍ ၊ ပို့လွန် သောသူ အပေါင်း တို့သည် စာရင်း ဝင်၍၊ ထိုသို့သော ပူဇော် သက္ကာကို ထာဝရဘုရား အားပြု ရမည်။ ၁၅ ကိုယ် အသက် ကို ရွေး ခြင်းငှါ ၊ ထာဝရဘုရား အား ပူဇော် သက္ကာကို ပြု သောအခါ၊ ငွေ ရတတ်သောသူတို့ သည် မ ပို ၊ ဆင်းရဲ သောသူတို့ သည် မ လျော့ ဘဲ၊ လူတိုင်း အကျပ် တဝက် စီ ပေးရမည်။ ၁၆ ဣသရေလ အမျိုးသား တို့၏ အရွေး ငွေ ကို ယူ ၍ သူ တို့အသက် ကို ရွေး ခြင်းငှာ ၊ ထာဝရဘုရား ရှေ့ တော်၌ ဣသရေလ အမျိုးသား တို့၏ သက်သေ ဖြစ် ရမည်အကြောင်း၊ ပရိသတ်စည်းဝေး ရာ တဲ တော်စရိတ် အဘို့ အလိုငှာ ထား ရမည်ဟု မိန့် တော်မူ၏။ ၁၇ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့် တော်မူသည်ကား၊ ၁၈ အာရုန်နှင့် သူ၏သားတို့ လက်ခြေဆေး စရာဘို့ ကြေးဝါ ခြေထောက် ပါသောကြေးဝါ အင်တုံ ကို လုပ် ၍ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်နှင့် ယဇ်ပလ္လင် စပ်ကြား ၌ ထား ရမည်။ ၁၉ သူ တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ဝင် သော် ၎င်း၊ ၂၀ အမှုတော် ကို ထမ်း၍ ထာဝရဘုရား အား မီးရှို့ သောယဇ်ကို ပူဇော် ခြင်းငှာ ၊ ယဇ်ပလ္လင် အနားသို့ ချဉ်းကပ် သော် ၎င်း၊ ၂၁ သေ ဘေးနှင့် ကင်းလွတ် မည်အကြောင်း ၊ မိမိတို့လက်ခြေကို ဆေး ရမည်။ ထိုသို့သူတို့နှင့် သူတို့အမျိုးအနွယ် အစဉ်အဆက်တို့သည် စောင့်ရသောပညတ်တော်ဖြစ်သတည်းဟု မိန့် တော်မူ၏။ ၂၂ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့် တော်မူပြန်သည်ကား၊ ၂၃ သင် သည် မြတ်သောနံ့သာ မျိုးကို အကျပ်တော်နှင့်ချိန်လျက်၊ စင်ကြယ် သော မုရန် စေး အကျပ်ငါးရာ ၊ မွေး သော သစ်ကြံပိုး နှစ်ရာ ငါးဆယ် ၊ မွေး သောကြံ နှစ်ရာ ငါးဆယ် ၊ ၂၄ သစ်ကြံပိုး တမျိုးငါးရာ ၊ သံလွင် ဆီ တဟိန် ကို ယူ၍၊ ၂၅ ဆေးသမားအတတ် နှင့် ဖယောင်း ဆီကို ဘော်တတ်သည်အတိုင်း၊ လိမ်း ရန်ဆီ တည်းဟူသောသန့်ရှင်း သော နံ့သာ ဆီကို ဘော် ပြီးမှ ၊ ၂၆ ပရိသတ်စည်းဝေး ရာ တဲ တော်နှင့် သက်သေခံ ချက်သေတ္တာ ကိုငင်း၊ ၂၇ စားပွဲ နှင့် စားပွဲတန်ဆာ ရှိသမျှ ကိုငင်း၊ မီးခုံ နှင့် မီးခုံတန်ဆာ ကိုငင်း ၊ နံ့သာ ပေါင်းရှိသောပလ္လင် ၊ ၂၈ မီးရှို့ ရာ ယဇ်ပူဇော်သောပလ္လင် နှင့် ပလ္လင်တန်ဆာ ရှိသမျှ ကိုငင်း ၊

အင်တုံ နှင့် အင်တုံခြေထောက် ကိုဂင်း၊ ထိုနံ့သာ ဆီနှင့် လိမ်း သဖြင့် ၊ ၂၉ ထို အရာတို့ကို အလွန်သန့်ရှင်း စေ ခြင်းငှာ ၊ ထိုသို့ သန့်ရှင်း စေရမည်။ ထို အရာတို့နှင့် တွေ့ သမျှသော အရာသည် သန့်ရှင်း သောအရာဖြစ်ရမည်။ ၃၀ အာရုန် နှင့် သူ ၏သား တို့ကို လိမ်း၍ ၊ သူ တို့သည် ငါ့ ရှေ့၌ ယဇ်ပုရောဟိတ် အမှုကို ဆောင်စေခြင်းငှာ ၊ ယဇ်ပုရောဟိတ်အရာ၌ ခန့်ထား ရမည်။ ၃၁ ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့သား စဉ်မြေးဆက်အပေါင်းတို့ ၌ ဤဆီ သည်၊ ငါ့ အဘို့ သန့်ရှင်း သော လိမ်း ရန်ဆီ ဖြစ် ရမည်။ ၃၂ လူ ၏ကိုယ် ပေါ် မှာ မ လောင်း ရ။ ထိုဆီကို ဘော်သည်နည်းတူ ၊ အခြားသောဆီကို မ ဘော် ရ။ သန့်ရှင်းသည်ဖြစ်၍၊ သန့်ရှင်းသည်ဟု သင်တို့သည် မှတ်ရမည်။ ၃၃ ထိုဆီနှင့်တူ အောင် ဘော် သော သူ ၊ မ ဆိုင်သောလူ၌ လိမ်း သောသူ မည်သည်ကား၊ မိမိ အမျိုး မှ ပယ်ရှင်း ခြင်းကိုခံ ရမည်ဟု မိန့် တော်မူ၏။ ၃၄ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့်တော်မူသည်ကား၊ မွှေးသော နံ့သာမျိုးတည်းဟူသောနတ်စေး ၊ မွှေး သော ငါးခွံ ၊ ဂါလဗန် စေး၊ စင် သော လောဗန် စေးတို့ကို အညီအမျှ ချိန် ယူ၍ ၊ ၃၅ ဆေးသမားအတတ် နှင့် နှာဆေးကို ဘော်တတ်သည်နည်းတူရောနှော၍၊ သန့်ရှင်း စင်ကြယ် သော နံ့သာ ပေါင်းကို ဘော် ရမည်။ ၃၆ အချို့ကိုလည်း ညက်ညက်ထောင်း ပြီးမှ ၊ ငါသည် သင် နှင့် တွေ့ ရာအရပ် ၊ ပရိသတ်စည်းဝေး ရာတဲ တော်၌ သက်သေခံ ချက်ရှေ့ မှာ ထား ရမည်။ သင် တို့တွင် အလွန်သန့်ရှင်း ရမည်။ ၃၇ ထိုသို့ သောနံ့သာ ပေါင်းကို ဘော် သည်နည်းတူ၊ အခြားသော နံ့သာပေါင်းကို ကိုယ် သုံးဘို့ မ ဘော် ရ။ သင် တို့တွင် ထာဝရဘုရား အဘို့ သန့်ရှင်း ရမည်။ ၃၈ အကြင် သူ သည် မိမိရှူ စရာဘို့ ထိုနံ့သာပေါင်း နှင့် တူ အောင်ဘော် ၏။ ထိုသူသည် မိမိ အမျိုး မှ ပယ်ရှင်း ခြင်းကိုခံ ရမည်ဟု မိန့် တော်မူ၏။

၃၁ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့် တော်မူပြန်သည်ကား၊ ၂ နားထောင် လော့၊ ငါသည် ယုဒ အမျိုးသား ဟုရ ၏သား ဖြုစ်သော ဥရိ ၏သား ဗေဇလေလ ကို အမည် ဖြင့် ခန့် ထား၏။ ၃ သူသည် ရွှေ ငွေ ကြေးဝါ ကိုလုပ် သောအတတ် ၊ ကျောက် ကိုသွေး ၍စီ သောအတတ်၊ သစ်သား ကိုထုလုပ် သောအတတ်နှင့် အမျိုးမျိုး သောအလုပ် ကို ထူးဆန်းစွာလုပ် တတ်မည် အကြောင်း၊ ဉာဏ်ပညာ နှင့်တကွ သိပ္ပံအတတ် အမျိုးမျိုး တို့ကို ငါပေး၍ ဘုရားသခင် ၏ဝိညာဉ် တော်နှင့် ပြည့်စုံ စေ၏။ ၆ သူနှင့်အတူ ဒန် အမျိုးသား အဟိသမက် ၏သား ၊ အဟောလျာဘ ကိုလည်း ငါခန့် ထား၏။ ငါသည် သင့် အား မှာ ထားသမျှ တို့ကို လိမ္မာသောသူအပေါင်းတို့သည် လုပ် တတ်မည်အကြောင်း ၊ သူတို့နှလုံး ထဲသို့ ဉာဏ် ပညာကို ငါသွင်း ထားပြီ။ ၇ ထိုသူတို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်၊ သက်သေခံ ချက်သေတ္တာ ၊ သေတ္တာ အပေါ် မှာ တင်သော သေတ္တာအဖုံး ၊ တဲ တော်တန်ဆာ ရှိသမျှ ကိုဂင်း၊ ၈ စားပွဲ နှင့် စားပွဲတန်ဆာ ကိုဂင်း ၊ စင်ကြယ် သော မီးခုံ နှင့် မီးခုံတန်ဆာ ရှိသမျှ ကိုဂင်း၊ နံ့သာ ပေါင်း ရှိသော ပလ္လင် ၊ ၉ မီးရှို့ ရာယဇ်ပူဇော်သော ပလ္လင် တန်ဆာ ရှိသမျှ ကိုဂင်း၊ ၁၀ အမှုတော်ကို ထမ်းစရာအဝတ်၊ ယဇ် ပုရောဟိတ်အမှုကို ဆောင်သောအခါ၊ ယဇ်ပုရောဟိတ် အာရုန် နှင့် သူ ၏သား ဝတ် ဘို့ သန့်ရှင်း သောအဝတ် ကိုဂင်း၊ ၁၁ လိမ်း စရာဆီ နှင့် သန့်ရှင်း ရာဌာန၌ သုံးဘို့ နံ့သာ ပေါင်းမွှေး ကိုဂင်း၊ ငါမှာ ထားသမျှ အတိုင်း လုပ် ရကြမည် ဟု မိန့် တော်မူ၏။ ၁၂ တဖန် ထာဝရဘုရား က၊ သင်

သည် ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၁၃ ငါ သည် သင် တို့ကို သန့်ရှင်း စေသော ထာဝရဘုရား ဖြစ်ကြောင်းကို သင်တို့သိ စေခြင်းငှါ၊ ငါနှင့်သင် တို့၏ သား စဉ်မြေးဆက် စပ်ကြား၌ လက္ခဏာ သက်သေဖြစ်ဘို့ ရာ၊ ငါ့ ဥပုသ် နေ့ကို စင်စစ် စောင့် ရကြမည်။ ၁၄ ဥပုသ် နေ့သည် သင် တို့အား သန့်ရှင်း သောကြောင့် ထိုနေ့ကို စောင့် ရကြမည်။ ဥပုသ် နေ့ကို ဖျက် သောသူတိုင်း အသေခံ ရမည်။ ထိုနေ့ ၌ အလုပ်လုပ် သော သူမည်သည်ကား၊ မိမိ အမျိုး မှ ပယ်ရှင်း ခြင်းကိုခံ ရမည်။ ၁၅ ခြောက် ရက် ပတ်လုံးအလုပ် လုပ် ရမည်။ သတ္တမ နေ့ သည် ထာဝရဘုရား အား သန့်ရှင်း ၍ ငြိမ် ရသောဥပုသ် နေ့ဖြစ်၏။ ဥပုသ် နေ့ ၌ အလုပ် လုပ် သောသူမည်သည်ကား၊ ဧကန်အမှန် အသေ ခံရမည်။ ၁၆ သို့ ဖြစ်၍ ကျသရေလ အမျိုးသား အစဉ် အဆက်တို့သည်၊ ထာဝရ ပဋိညာဉ် ဖြစ်စေခြင်းငှါ၊ ဥပုသ် နေ့ရက်အစဉ်အတိုင်းဥပုသ် စောင့် ရကြမည်။ ၁၇ ထိုသို့ စောင့်လျှင်၊ ငါ နှင့် ကျသရေလ အမျိုးသား စပ်ကြား ၌ ထာဝရ လက္ခဏာ သက်သေဖြစ်လိမ့်မည်။ အကြောင်း မူကား၊ ထာဝရဘုရား သည် မိုဃ်းကောင်းကင် နှင့် မြေကြီး ကို၊ ခြောက် ရက် တွင် ဖန်ဆင်း ၍ ၊ သတ္တမ နေ့ရက် ၌ ငြိမ်ဝပ် စွာ နေလျက် အားဖြည့်တော်မူသည်ဟု မောရှေအား မိန့်တော်မူ၏။ ၁၈ ထိုသို့ ဘုရားသခင် သည် သိနာ တောင် ပေါ်မှာ မောရှေနှင့် နှုတ်ဆက်တော်မူသည်အဆုံး ၌၊ လက်ညှိုး တော်နှင့် အက္ခရာတင် သော သက်သေခံ ချက်၊ ကျောက် ပြား နှစ် ပြားကိုပေး တော်မူ၏။

၃၂ မောရှေ သည် တောင် ပေါ်မှာ ကြာမြင့် စွာ ရှိနေကြောင်းကို လူ များတို့သည် သိမြင် သောအခါ ၊ အာရုန် ထံသို့စည်းဝေး ကြ၍ ၊ ထ ပါ။ ငါ တို့ရှေ့မှာ သွား ရသော ဘုရား တို့ကို ငါ တို့အဘို့ လုပ် ပါ။ ငါ တို့ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင်သော ထို မောရှေ ၌ အဘယ်သို့ ဖြစ် သည်ကို ငါတို့မ သိ ပါဟု ပြော ဆိုကြ၏။ ၂ အာရုန် ကလည်း ၊ သင် တို့မယား သား သမီး များ၏ နား ၌ ဆင်သော ရွှေ နားတောင်း များကို ချွတ် ၍ ၊ ငါ့ ထံသို့ ဆောင် ခဲ့ကြဟုဆို လျှင်၊ ၃ လူ အပေါင်း တို့သည် မိမိ တို့နား ၌ ဆင်သော ရွှေ နားတောင်း များကို ချွတ် ၍ ၊ အာရုန် ထံသို့ ဆောင် ခဲ့ကြ၏။ ၄ အာရုန်သည်လည်း လက်ခံ ၍ ၊ နွား သငယ်ရုပ်ပုံသဏ္ဌာန်ကို ကညစ် နှင့် ရေးသား ပြီးလျှင် သွန်း လေ၏။ လူများတို့ကလည်း အို ကျသရေလ အမျိုး၊ ဤ ဘုရားသည် သင့်ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင်သောသင် ၏ ဘုရား ဖြစ်တော်မူသည်ဟု ဆို ကြ၏။ ၅ အာရုန် သည် ထိုအမှုကို သိမြင် လျှင် ၊ ရုပ်တု ရှေ့မှာ ယဇ်ပလ္လင် ကို တည် ၍ ၊ နက်ဖြန် နေ့သည် ထာဝရဘုရား အဘို့ ပွဲခံ ရသောနေ့ဖြစ်သည်ဟု တပ်ကိုလည်၍ ကြော်ငြာ စေ၏။ ၆ နက်ဖြန် နံနက်စောစော လူ တို့သည် ထ၍ ၊ မီးရှို့ ရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော် ပြီးမှ ၊ စား သောက် လျက် ထိုင် နေကြ၏။ နောက်တဖန် ကခုန် မြူးထူးခြင်းငှါ ထ ကြ၏။ ၇ ထာဝရဘုရား က၊ သင်သည် ဆင်း သွား လော့။ အဲဂုတ္တု ပြည် မှ သင်နှုတ် ဆောင်ခဲ့သော သင် ၏ လူ တို့သည် ဖောက်ပြန် ကြပြီ။ ၈ ငါမှာ ထားသော လမ်း မှ အလျင်အမြန် လွှဲ သွား၍၊ နွားသငယ် ရုပ် ကို သွန်း ပြီးလျှင် ၊ အို ကျသရေလ အမျိုး၊ ဤ ဘုရားသည် သင့် ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင်ခဲ့သော ဘုရား ဖြစ်တော်မူ၏ဟု ဆို လျက် ၊ ရုပ်တု ရှေ့မှာ ယဇ်ပူဇော် ကိုးကွယ် ကြပြီဟူ၍ငင်း၊ ၉ ဤ လူမျိုး ကို ငါကြည့် မြင်ပြီ။ လည်ပင်း ခိုင်မာ သောအမျိုး ဖြစ်၏။ ၁၀ သို့ ဖြစ်၍ ငါ့ ကို ရှိ စေတော့။ ငါသည် အမျက် ပြင်းစွာထွက်၍

သူ တို့ကို ဖျက်ဆီး မည်။ သင့် ကိုကား ကြီး သော အမျိုး ဖြစ် စေမည်ဟူ၍ငင်း၊ မောရှေ အား မိန့် တော်မူ၏။ ၁၁ မောရှေ ကလည်း ၊ အို ထာဝရဘုရား ၊ ကိုယ်တော်သည် မဟာ တန်ခိုး အားကြီး သော လက် နှင့် အဲဂုတ္တု ပြည် မှ နူတ် ဆောင်ခဲ့သော ကိုယ်တော် ၏ လူ တို့ကို ၊ အဘယ် ကြောင့်အမျက် ပြင်းစွာထွက်တော်မူသနည်း။ ၁၂ အဲဂုတ္တု လူတို့ကလည်း၊ ဘုရားသခင် သည် မကောင်း သော အကြံရှိသဖြင့်၊ သူ တို့ကို တောတောင် များ၌ သတ် ၍ မြေကြီး ပေါ် က သုတ်သင် ပယ်ရှင်းခြင်း အလိုငှါ သာ၊ နူတ် ဆောင်လေသည်ဟု အဘယ်ကြောင့် ဆို ဘွယ်အကြောင်းရှိရပါမည်နည်း။ ပြင်းစွာ သော အမျက် တော်ကို ပယ် တော်မူပါ။ ကိုယ်တော် ၏ လူ တို့ ၌ ဤသို့အပြစ် ပေးမည်အကြံကို နောင်တရ တော်မူပါ။ ၁၃ ကိုယ်တော်က သင် တို့အမျိုးအနွယ် ကို ကောင်းကင် ကြယ် ကဲ့သို့ ငါများပြား စေမည်။ ငါပြော ခဲ့သော ဤ မြေ ရှိသမျှ ကို သင် တို့အမျိုးအနွယ် အား ငါပေး သဖြင့် ၊ သူတို့သည် အစဉ်အမြဲ အမွေခံ ရကြလိမ့်မည်ဟု ကိုယ် ကို ကိုယ်တိုင်တည် ၍ ကျိန်ဆို တော်မူသောစကားကိုခံ ခဲ့ပြီးသော ကိုယ်တော် ၏ ကျွန် အာဗြဟံ ၊ ဣဇာက် ၊ ဣသရေလ တို့ကို အောက်မေ့ တော်မူပါဟု မိမိ ဘုရား သခင် ထာဝရဘုရား ရှေ့ တော်၌ တောင်းပန် လေ၏။ ၁၄ ထာဝရဘုရား သည် မိမိ လူ တို့အား အပြစ် ပေးမည်အကြံကို နောင်တရ တော်မူ၏။ ၁၅ မောရှေ သည် သက်သေခံ ချက် ကျောက် ပြားနှစ် ပြားကို ကိုင် ယူလျက်၊ လှည့် ၍ တောင် ပေါ် က ဆင်း သွားလေ၏။ ထို ကျောက်ပြားနှစ် မျက်နှာ ၌ အက္ခရာတင် လျက် ရှိ၏။ ၁၆ ထိုကျောက်ပြားတို့သည် ဘုရား သခင် ဖန်ဆင်း တော်မူသောကျောက် ပြား၊ စာ သည်လည်း ဘုရား သခင်အက္ခရာ တင်တော်မူသောစာဖြစ်သတည်း။ ၁၇ လူ များ ကြွေးကြော် သံ ကို ယောရှု သည်ကြား လျှင် ၊ တပ် ၌ စစ်တိုက် သံ ကို ကြားပါသည်ဟု မောရှေ အား ဆို ၏။ ၁၈ မောရှေကလည်း၊ ငါ ကြား သော အသံသည် အောင် ၍ ကြွေးကြော် သံ မဟုတ် ၊ ရှုံး ၍ ငိုကြွေး သံ လည်း မဟုတ် ၊ သီချင်းဆို သံ ဖြစ်သတည်းဟု ပြန်ပြော ၏။ ၁၉ တပ် အနီးသို့ ရောက် သောအခါ ၊ နွား သငယ်ကိုငင်း ၊ ကခုန် ခြင်းကိုငင်းမြင် လျှင် ၊ မောရှေ သည် အမျက် ထွက် သဖြင့် ကျောက် ပြားတို့ကို ချ ၍ တောင် ခြေရင်း ၌ ချိုးဖဲ့ ၏။ ၂၀ သူတို့လုပ် သော နွား သငယ်ကိုလည်း ယူ ၍ အရည်ကျို ၏။ ညက်ညက်ခြေ ပြီးမှ ရေ ပေါ် မှာ ဖြူး ၍ ဣသရေလ အမျိုးသား တို့ကို သောက် စေ၏။ ၂၁ အာရုန် ကို လည်း ခေါ် ၍၊ သင်သည် သူတို့ ၌ ဤမျလောက်ကြီး သော အပြစ် ကို ရောက် စေခြင်းငှါ သူ တို့သည် သင် ၌ အဘယ်သို့ ပြု သနည်းဟုမေး လျှင်၊ ၂၂ အာရုန် က၊ သခင် ၊ အမျက် မ ထွက် ပါနှင့်။ ဤလူ တို့သည် မကောင်း သော အကြံရှိကြောင်းကို ကိုယ်တော်သိ ပါ၏။ ၂၃ သူတို့ကလည်း ၊ ငါ တို့ရှေ့ မှာ သွား ရသော ဘုရား တို့ကို ငါ တို့အဘို့ လုပ် ပါ။ ငါ တို့ကို အဲဂုတ္တု ပြည် မှ နူတ် ဆောင်ခဲ့သောသူ ၊ ထို မောရှေ ၌ အဘယ်သို့ ဖြစ် သည်ကို ငါတို့မ သိ ပါဟု အကျွန်ုပ် အား ပြော ဆိုကြလျှင်၊ ၂၄ အကျွန်ုပ်က၊ ရွှေ ရှိသောသူ သည် ချွတ် စေဟုဆို သည်နှင့် အညီ၊ သူတို့ပေးသော ရွှေ ကို အကျွန်ုပ်သည် မီး ထဲ၌ ထည့် လျှင် ၊ ဤ နွား သငယ်ထွက် လာပါသည်ဟု ပြန်ပြော ၏။ ၂၅ ထိုသို့ အာရုန် သည် လူ များကို ရန်သူတို့ ရှေ့မှောက်၌ အဝတ်တန်ဆာကို ချွတ် စေသည်ဖြစ်၍ ၊ အဝတ်တန်ဆာအချည်းစည်း ရှိကြကြောင်း ကို မောရှေ မြင် သောအခါ၊ ၂၆ တပ် တံခါးဝ မှာ ရပ် လျက် ၊ ထာဝရဘုရား ဘက် ၌ အဘယ်သူ နေသနည်း။ ငါ့ ထံသို့

လာစေဟုဆို လျှင် ၊ လေဝိ အမျိုးသား အပေါင်း တို့သည် သူ့ ထံ ၌ စည်းဝေး ကြ၏။ ၂၇ မောရှေကလည်း၊ လူတိုင်း ထား လွယ် လျက် တပ် တမျက်နှာတံခါးမှ တမျက်နှာတံခါးတိုင်အောင်ထုတ်ချင်းခပ်သွား ၍ ၊ အသီးအသီး မိမိ ညီအစ်ကို ၊ မိမိ အပေါင်း အဘော်၊ မိမိ အိမ်နီးချင်း ကိုသတ် စေဟု ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အမိန့် ရှိတော်မူသည်ဟု၊ ၂၈ မောရှေ စီရင် သည်အတိုင်း ၊ လေဝိ အမျိုးသား တို့သည် ပြု ၍ ၊ ထိုနေ့ ၌ လူ သုံး ထောင် လောက် သေ ကြ၏။ ၂၉ တဖန် မောရှေ က၊ ထာဝရဘုရား သည် ယနေ့ ကောင်းကြီး ပေး တော်မူစေခြင်းငှါ ၊ သင်တို့သည် အသီးအသီး ကိုယ်သား ၊ ကိုယ် ညီအစ်ကို ကို ထိခိုက်သောအားဖြင့်၊ သင်တို့ သည် ယနေ့ ကိုယ်ကို ချီးမြှောက် ကြ ပြီးဟု ဆို လေ၏။ ၃၀ နက်ဖြန် နေ့၌ လည်း ၊ သင် တို့ ပြစ်မှား သော အပြစ် ကြီး လှ၏။ ယခု မှာ ထာဝရဘုရား အထံ တော်သို့ ငါတက် သွား၍၊ သင်တို့ အပြစ် ဖြေ နိုင်လျှင် ဖြေစေခြင်းငှါ ပြုမည်ဟု မောရှေ သည် လူ များတို့အား ဆို ပြီးမှ၊ ၃၁ ထာဝရဘုရား အထံ တော်သို့ ပြန် သွား၍ ၊ အို ဘုရားသခင်၊ ဤ လူ တို့သည် ပြစ်မှား သော အပြစ် ကြီး လှပါ၏။ မိမိ တို့အဘို့ ရွှေ ဘုရား ကို လုပ် ပါပြီ။ ၃၂ သို့ သော်လည်းသူ တို့အပြစ် ကို လွှတ်ခြင်းငှါအလို တော်ရှိလျှင် လွှတ် တော်မူပါ။ သို့မဟုတ် ၊ ကိုယ်တော် စီရင် တော်မူသော စာရင်း ၌ အကျွန်ုပ် နာမကို ချေ တော်မူပါ။ ၃၃ အကျွန်ုပ် တောင်းပန်ပါ၏ဟု လျှောက်လျှင်၊ ၃၄ ထာဝရဘုရား က၊ အကြင်သူ သည် ငါ့ ကို ပြစ်မှား ၏၊ ထိုသူ ၏ နာမကို ငါ့ စာရင်း ၌ ငါချေ မည်။ ၃၄ သို့ ဖြစ်၍ငါမှာ ထားသောအရပ် သို့ သူ တို့ကို ယခု သွား ၍ ပို့ဆောင် လော့။ ငါ့ တမန် သည် သင့် ရှေ့ မှာ သွား လိမ့်မည်။ သို့ သော်လည်းငါ သည် အကြည့့် အရှုကြွလာသောအခါ ၊ သူ တို့ ၌ အပြစ် ပေးလျက် ကြွလာမည်ကို မိန့် တော်မူ၏။ ၃၅ အာရုန် နှင့် လူများ တို့သည် နွားသငယ် ကို လုပ် ကြသောကြောင့် သူ တို့ကို ဒဏ်ခတ်တော်မူ ၏။

၃၃ တဖန် ထာဝရဘုရား က၊ သင် မှစ၍ အဲဂုတ္တု ပြည် မှ သင်နှုတ် ဆောင်ခဲ့သော လူ တို့၊ ဤ အရပ်မှ ထွက် ၍ သင် ၏ အမျိုးအနွယ် အား ငါပေး မည်ဟု အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် ၌ ငါကျိန်ဆို သော ပြည် သို့ သွား ကြလော့။ ၂ ကောင်းကင်တမန် ကိုလည်း သင် တို့ရှေ့ သို့ ငါစေလွှတ် ၍ ၊ သူသည်ခါနာန် လူ၊ အာမောရိ လူ၊ ဟိတ္တိ လူ၊ ဖေရဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့ကို နှင်ထုတ်၍၊ ၃ နို့ နှင့် ပျားရည် စီး သော ပြည် သို့ သင်တို့ကို ပို့ဆောင်လိမ့်မည်။ သင်တို့နှင့်အတူ ငါကိုယ်တိုင် မ သွား။ သင် တို့သည် လည်ပင်း ခိုင်မာ သောလူမျိုး ဖြစ်သောကြောင့် ၊ လမ်း ၌ သွားစဉ် သင် တို့ကို ငါဖျက်ဆီး မည် စိုးရိမ် စရာရှိသည်ဟု မောရှေ အား မိန့် တော်မူ၏။ ၄ ထို မကောင်း သော သိတင်း ကို လူ များတို့သည်ကြား သောအခါ ၊ ငိုကြွေး မြည်တမ်းလျက် ၊ အဘယ်သူမျှ တန်ဆာ မ ဆင် ဘဲနေကြ၏။ ၅ အကြောင်း မူကား၊ ထာဝရဘုရား က၊ သင်သည် ဣသရေလ အမျိုးသား ကို ဆင့်ဆို ရမည်မှာ၊ သင် တို့သည် လည်ပင်း ခိုင်မာ သော အမျိုး ဖြစ်ကြ၏။ သင်တို့အလယ် ၌ ချက်ချင်း ငါပေါ်လာ ၍ ဖျက်ဆီး မည်။ ထို့ကြောင့်သင် တို့ ၌ အဘယ်သို့ ငါပြု ရမည်ကို ငါသိ ခြင်းငှါ၊ သင် တို့တန်ဆာ များကို ချွတ် ကြလော့ဟု မောရှေ အား မိန့် တော်မူနှင့်သတည်း။ ၆ ဣသရေလ အမျိုးသား တို့သည် ဟောရပ် တောင် ခြေရင်း၌ မိမိ တို့တန်ဆာ များကိုချွတ် ကြ၏။ ၇ မောရှေ သည် တဲ တော်ကို ယူ ၍ တပ် ပြင် ၌ ခပ်ဝေး ဝေးဆောက် ပြီးလျှင် ၊ ပရိသတ် စည်းဝေး ရာတဲ ဟူ၍ ခေါ် ဝေါ်၏။ ထာဝရဘုရား ကို ရှာ

သောသူ အပေါင်း တို့သည် တပ် ပြင် ၌ ရှိသော ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ထွက်သွား ကြ၏။ ၈ မောရှေ သည် တဲ တော်သို့ ထွက်သွား သောအခါ ၊ လူ အပေါင်း တို့သည် ထ ၍ အသီးအသီး မိမိ တို့တဲ တံခါး ဝ၌ ရပ် လျက် တဲ တော်အထဲ သို့ မောရှေ ဝင် သည် တိုင်အောင် ကြည့် ရှုလျက်နေကြ၏။ ၉ မောရှေ သည်တဲ တော်အထဲသို့ ဝင်ပြီးမှ၊ မိုဃ်းတိမ် တိုင် ဆင်းသက် ၍ တဲ တော်တံခါးဝ ၌ ရပ် သဖြင့် ၊ ထာဝရဘုရားသည် မောရှေ နှင့် နှုတ်ဆက် တော်မူ၏။ ၁၀ တဲ တော်တံခါးဝ ၌ မိုဃ်းတိမ် တိုင် ရပ် နေသည်ကို မြင် လျှင် ၊ လူ အပေါင်း တို့သည် ထ ၍ အသီးအသီး မိမိ တို့တဲ တံခါးဝ ၌ ကိုးကွယ် ကြ၏။ ၁၁ ထာဝရဘုရား သည် အဆွေ ခင်ပွန်းချင်းကို နှုတ်ဆက် တတ်သည် နည်းတူ ၊ မောရှေနှင့် မျက်နှာ ချင်းဆိုင် ၍ နှုတ်ဆက် တော်မူ၏။ မောရှေ သည် တပ် ထဲသို့ ပြန်ဝင် သောအခါ သူ ၏လက်ထောက် နုန်၏သား ယောရှု မည်သော လုလင် သည်၊ တဲ တော်မှ မ ထွက် ဘဲ နေ၏။ ၁၂ မောရှေ ကလည်း ၊ ဤ လူ တို့ကို ပို့ဆောင် လော့ဟု ကိုယ်တော် မိန့် တော်မူသည်တွင်၊ အကျွန်ုပ် နှင့်အတူ အဘယ်သူ ကို စေလွှတ် တော်မူသည်ကို အကျွန်ုပ် မ သိ ရ။ သို့သော် လည်းကိုယ်တော် က သင့် ကို သင်၏နာမ ဖြင့် ငါသိ ၏။ သင်သည် ငါ့ ရှေ့၌ မျက်နှာ ရပြီဟု အကျွန်ုပ်အား မိန့် တော်မူပြီ။ ၁၃ သို့ ဖြစ်၍ အကျွန်ုပ်သည် ရှေ့ တော်၌ မျက်နှာ ရ လျှင် ၊ မျက်နှာ ရကြောင်းကို အကျွန်ုပ်သိ ပါမည် အကြောင်း ၊ ကိုယ်တော် ၏လမ်း ကိုပြ တော်မူပါ။ ဤ လူမျိုး သည် ကိုယ်တော် ၏လူ ဖြစ်ကြောင်း ကို ဆင်ခြင် တော်မူ ပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု ထာဝရဘုရား အား လျှောက်ဆို ၏။ ၁၄ ငါကိုယ်တိုင်သွား ၍ ငြိမ်ဝပ် ခြင်းချမ်းသာကို ပေးမည်ဟု မိန့် တော်မူ၏။ ၁၅ တဖန် မောရှေ က၊ ကိုယ်တော် တိုင် မ သွား လျှင် အကျွန်ုပ် တို့ကို ဤ အရပ်မှ ပို့ တော်မ မူပါနှင့်။ ၁၆ အကျွန်ုပ် နှင့် ကိုယ်တော် ၏လူ တို့သည် ရှေ့ တော်၌ မျက်နှာ ရသောအကြောင်း သည် အဘယ် သို့ထင်ရှား ပါမည်နည်း။ အကျွန်ုပ် တို့နှင့် ကြွ သွားတော်မူသောအားဖြင့် သာ ထင်ရှားပါမည် မဟုတ် လော။ ထိုသို့ အကျွန်ုပ် နှင့် ကိုယ်တော် ၏လူ တို့သည် မြေကြီး ပေါ် မှာ ရှိသမျှ သော လူ တို့နှင့် ခြားနား ရပါမည်ဟု လျှောက်ဆိုလျှင်၊ ၁၇ ထာဝရဘုရား က၊ သင်လျှောက် သည်အတိုင်း ငါပြု မည်။ သင်သည် ငါ့ ရှေ့၌ မျက်နှာ ရပြီ။ သင့် ကို သင်၏နာမ ဖြင့် ငါသိ ၏ဟု မောရှေ အား မိန့် တော်မူ၏။ ၁၈ တဖန် တုံ၊ ကိုယ်တော် ၏ ဘုန်း ကိုအကျွန်ုပ် အား ပြ တော်မူပါ၏။ အကျွန်ုပ်တောင်းပန်ပါ၏ဟု လျှောက် လျှင် ၊ ၁၉ ထာဝရဘုရားက ငါ ၏ကောင်းမွန် ခြင်းရှိသမျှ ကို သင့် ရှေ့၌ ငါ ရှောက် သွားစေမည်။ ထာဝရဘုရား ၏နာမ တော်ကိုလည်း၊ သင့် ရှေ့၌ ငါကြွေးကြော် မည်။ ငါသည် ကျေးဇူး ပြုလိုသောသူ ကို ကျေးဇူး ပြုမည်။ သနား လိုသောသူ ကိုလည်း သနား မည်။ ၂၀ သို့ရာတွင်သင်သည် ငါ့ မျက်နှာ ကို မ မြင် နိုင် ရာ။ ငါ့မျက်နှာကို မြင် လျှင် အသက်ရှင် ရသောလူ တစုံ တယောက်မျှမရှိ ဟူ၍ငင်း၊ ၂၁ ငါ့ အနား မှာ နေရာ တခုရှိ၏။ သင်သည်ကျောက် ပေါ် မှာ ရပ် ရမည်။ ၂၂ ငါ့ ဘုန်း ရှောက် သွားသောအခါ ၊ သင့် ကို ကျောက် ကြား ၌ ငါသွင်း ထား၍ ငါ ကြွ သွားသည်အခိုက်၊ သင့် ကို ငါ့ လက် နှင့် ဖုံးအုပ် မည်။ ၂၃ ငါ လက် ကို သိမ်း ရုပ်သောအခါ ၊ ငါ့ ကျော ကိုသာ မြင် ရမည်၊ ငါ့ မျက်နှာ ကိုမ မြင် ရဟူ၍ငင်း မိန့် တော်မူ ၏။

၃၄ တဖန် ထာဝရဘုရား က၊ အရင် ကျောက်ပြားနှစ်ပြားနှင့်တူ အောင် ကျောက် ပြားနှစ် ပြားကို ခုတ် လော့။ သင်ချိုးဖဲ့ သော အရင် ကျောက် ပြား၌ စကား ပါ သည်အတိုင်း နောက်ကျောက် ပြားပေါ် မှာ ငါရေး ထားမည်။ ၂ နက်ဖြန်နံနက် သင်သည် အသင့် နေလျက်၊ သိနာ တောင် ပေါ် သို့ တက် ၍ တောင် ထိပ် ၌ ငါ့ ရှေ့ မှာကိုယ်ကို ပြ လော့။ ၃ သင် နှင့်အတူ အဘယ်သူမျှမ တက် ရ။ တောင် တပြင်လုံး ၌ လူ ကို မ ထင်ရှား စေနှင့်။ တောင် ခြေရင်း ၌ သိုး နွား တို့ကို ကျက်စား ရာမ ပြုစေနှင့်ဟု မောရှေ အား မိန့် တော်မူ၏။ ၄ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ အရင် ကျောက် ပြားနှင့်တူ အောင် ကျောက်ပြားနှစ် ပြားကို ခုတ် ပြီးမှ ၊ မောရှေ သည် နံနက် စောစောထ ၍ ထိုကျောက် ပြားနှစ် ပြားကို ကိုင် လျက် ၊ သိနာ တောင် ပေါ် သို့ တက် လေ၏။ ၅ ထာဝရဘုရား သည် မိုးယံးတိမ် ဖြင့် ဆင်းသက် ၍ ၊ ထို အရပ်၌ မောရှေ အနား မှာရပ် လျက်၊ ထာဝရဘုရား ၏နာမ တော်ကို ကြွေးကြော် တော်မူ၏။ ၆ ထာဝရဘုရား သည် မောရှေ ရှေ့ ၌ ကြွ သွားတော်မူလျက် ၊ ထာဝရဘုရား ၊ ထာဝရဘုရား ၊ ချစ် သနားခြင်း မေတ္တာ ကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည် ခြင်း၊ ကျေးဇူး ပြုခြင်း၊ သစ္စာ စောင့်ခြင်းနှင့် ကြွယ်ဝ တော်မူထသော၊ ၇ အထောင် အသောင်းများသောသူတို့အား သနားခြင်းကျေးဇူး တရားကို စောင့် တော်မူထသော၊ အဓမ္မ ကျင့်ခြင်း၊ တရားတော်ကို လွန်ကျူး ခြင်း၊ ပြစ်မှားခြင်းအပြစ် တို့ကို ဖြေလွှတ် သော်လည်း ၊ အချည်းနှီးသက်သက်ဖြေလွှတ် တော်မ မူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘ တို့၏ အပြစ် ကိုသား တို့ ၌ ဆပ်ပေး စီရင်တော်မူသောဘုရား သခင်ဟု ကြွေးကြော် တော်မူ၏။ ၈ မောရှေ သည် အလျင်အမြန် ဦး ညွှတ်ချ၍ ကိုးကွယ် လျက် ၊ ၉ အိုဘုရားရှင် ၊ အကျွန်ုပ်သည် ရှေ့ တော်၌ မျက်နှာ ရ လျှင် ၊ အကျွန်ုပ်အရှင် သည် အကျွန်ုပ် တို့နှင့်အတူ ကြွ တော်မူပါစေသော၊ အကျွန်ုပ်တောင်းပန် ပါ၏။ ဤ လူမျိုးသည် လည်ပင်း ခိုင်မာ သော အမျိုး ဖြစ်သော်လည်း ၊ အကျွန်ုပ် တို့ ပြစ်မှားမိသော ဒုစရိုက် အပြစ် များကို လွှတ် ၍ အကျွန်ုပ် တို့ကို ကိုယ်တော်အမွေ ဥစ္စာဘို့ သိမ်းယူတော်မူပါဟုလျှောက် လျှင် ၊ ၁၀ ထာဝရဘုရားက၊ ကြည့်ရှု လော့။ ငါ ပဋိညာဉ် ပြု ၏။ မြေကြီး ပေါ် မှာ လူမျိုး ၌ မ ပြု စဖူးသော အံ့ဘွယ် သောအမှုတို့ကို သင် ၏လူမျိုး ရှေ့ မှာ ငါပြု မည်။ သင် တို့အဘို့ ငါ ထာဝရဘုရား ပြု ရသော အမှုသည် ကြောက်မက် ဘွယ်သောအမှု ဖြစ်ကြောင်း ကို သင် ပေါင်းဘော် သော လူ အပေါင်း တို့သည် မြင် ရကြလိမ့်မည်။ ၁၁ ယနေ့ ငါ မှာ ထားသော စကားကို မှတ် လော့။ သင့် ရှေ့ မှာ အာမောရိ လူ၊ ခါနန် လူ၊ ဟိတ္တိ လူ၊ ဖေရိဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့ကို ငါ နှင်ထုတ် မည်။ ၁၂ သင် သည် ယခုသွားသော ပြည်သူ ပြည်သားတို့နှင့် မိသဟာယ ဖွဲ့ သဖြင့်၊ သင့် အလယ်၌ တိုက်မိ၍ လဲစရာ အကြောင်းမ ဖြစ် စေခြင်းငှာ ၊ ကိုယ်ကိုကိုယ်သတိ ပြုလော့။ ၁၃ သူ တို့ယဇ်ပလ္လင် များကို ဖျက်ဆီး ရမည်။ သူ တို့ရုပ်တု ဆင်းတုများကို ချိုးဖဲ့ ရမည်။ သူ တို့ အာရှရ ပင် များကို ခုတ် လဲ့ရမည်။ ၁၄ အခြား သောဘုရား ကို သင်သည် မ ကိုးကွယ် ရ။ အပြစ် ရှိယုံလွယ်အမည် ရှိသောထာဝရဘုရား သည် အပြစ်ရှိသည်ဟု ယုံ လွယ်သော ဘုရား သခင်ဖြစ်တော်မူ၏။ ၁၅ သင်သည် ထိုပြည်သူ ပြည်သားတို့နှင့် မိသ ဟာယဖွဲ့ သဖြင့်၊ သူတို့သည် မိမိ တို့ဘုရား နှင့် မှားယွင်း ခြင်းကို ပြု၍ ၊ ထိုဘုရား တို့အား ယဇ် ပူဇော်သောအခါ၊ သင့် ကို ခေါ်

၍ သင်သည် ထိုယဇ် ကောင်ကို စား မည်ဟူ၍၎င်း၊ ၁၆ သင်သည် သူ တို့ သမီး များကိုယူ ၍၊ ကိုယ် သား တို့နှင့် ထိမ်းမြားပေးစားသဖြင့်၊ ထိုသမီး တို့သည် မိမိ တို့ ဘုရား နှင့် မှားယွင်း ခြင်းကို ပြု၍ သင် ၏သား တို့ကို ထိုဘုရား တို့နှင့် မှားယွင်း စေမည်ဟူ၍၎င်း စိုးရိမ်စရာ ရှိ၏။ ၁၇ သင်သည် ကိုယ် အဘို့ သွန်း သော ဘုရား တို့ကို မ လုပ် ရ။ ၁၈ သင်သည် အဖိဿ လ ၌ အဲဂုတ္တု ပြည်မှ ထွက် သောကြောင့် ၊ ငါပညတ် သည်အတိုင်း ၊ အဖိဿ လ တွင် ခုနစ် ရက် ပတ်လုံးတဆေး မဲ့မုန့်ကို စား ၍ အဓိမ ပွဲကို ခံ ရမည်။ ၁၉ သားဦး အပေါင်း တို့သည် ငါ့ ဥစ္စာဖြစ်ကြ၏။ သင် ၏တိရစ္ဆာန် တို့တွင်လည်း ၊ နွား ဖြစ်စေ ၊ သိုး ဖြစ်စေ၊ သားဦး အပေါင်း တို့သည် ငါ့ဥစ္စာဖြစ်ကြ၏။ သို့ရာတွင် ၊ မြည်း သားဦး ကို သိုး သငယ်နှင့် ရွေး ယူရမည်။ ၂၀ မ ရွေး လိုလျှင် ၊ မြည်း သငယ်၏လည်ပင်းကို ချိုး ရမည်။ သင် ၏သားဦး အပေါင်း တို့ကို ရွေး ရမည်။ ငါ့ ထံသို့ အဘယ်သူမျှလက်ချည်း မ ပေါ် မလာရ။ ၂၁ ခြောက် ရက် ပတ်လုံးအလုပ်လုပ် ရမည်။ သတ္တမ နေ့ရက် ၌ ငြိမ်ဝပ် စွာ နေရမည်။ လယ် လုပ်ရာ ကာလ၊ အသီးအနှံ သိမ်းရာကာလဖြစ်သော်လည်း၊ သတ္တမနေ့ရက်၌ ငြိမ်ဝပ် စွာ နေရမည်။ ၂၂ ဂျုံ စပါးကို သိမ်း စရှိသည်ကာလခုနစ်သိတင်း ပွဲ ကိုဂင်း၊ နှစ် လဲ သောအခါ သိုထား ပွဲ ကိုဂင်း ခံ ရမည်။ ၂၃ သင် တို့အမျိုးသား ယောကျ်ားအပေါင်း တို့သည်၊ ဣသရေလ အမျိုး၏ ဘုရား သခင်တည်းဟူသောထာဝရ အရှင်ဘုရား သခင့် ရှေ့ တော်၌ တနှစ် လျှင် သုံး ကြိမ် မျက်နှာပြ ရကြမည်။ ၂၄ တပါးအမျိုးသား များကို သင် တို့ရှေ့ က ငါနှင်ထုတ် ၍ ၊ သင် တို့နေရာနယ် ကို ငါ ကျယ် စေမည်။ သင် ၏ ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ တနှစ် တွင် သုံး ကြိမ် မျက်နှာပြ သွား သောအခါ ၊ သင် ၏မြေ ကို အဘယ်သူ မျှမ တပ်မက် ရ။ ၂၅ ငါ့ ယဇ်ကောင် အသွေး ကို တဆေး နှင့် ရော၍ မ ပူဇော် ရ။ ပသခါ ပွဲ ယဇ်ကောင် ကို၊ နံနက် တိုင်အောင် မ ကြွင်း စေရ။ ၂၆ သင် ၏မြေ ၌ အဦး သီးသော အသီးအနှံအကောင်းဆုံး ကို သင် ၏ ဘုရား သခင်ထာဝရဘုရား ၏ အိမ် တော်ထဲသို့ ဆောင် သွင်းရမည်။ ဆိတ် သငယ်ကို အမိ နို့ ရည်နှင့် မ ပြုတ် မချက်ရ။ ၂၇ ဤ စကား များကို ရေး ထားလော့။ ဤ စကား များလာသည် အတိုင်း သင် မှစ၍ ဣသရေလ အမျိုးနှင့် ငါပဋိညာဉ် ပြု သည်ဟု မောရှေ အား မိန့် တော်မူ၏။ ၂၈ ထို အရပ်မှာ မောရှေသည် အစာ ကို မ စား ၊ ရေ ကို မ သောက် ဘဲ ၊ အရက် လေးဆယ် ပတ်လုံးထာဝရဘုရား အထံတော်၌ နေ လေ၏။ ကျောက် ပြားပေါ် မှာ ပဋိညာဉ် စကား ၊ ပညတ် တော်ဆယ် ပါးကို ရေး ထားတော်မူ ၏။ ၂၉ မောရှေ သည် သက်သေခံ ချက် ကျောက် ပြားနှစ် ပြားကို ကိုင် လျက်၊ သိနာ တောင် ပေါ် မှ ဆင်းသက် သောအခါ ၊ မိမိ နှင့် ဘုရား သခင်နှုတ်ဆက် တော်မူသောကြောင့် ၊ မိမိ မျက်နှာ အရေ ထွန်းပ ကြောင်း ကို မိမိမ သိ။ ၃၀ အာရုန် နှင့် ဣသရေလ အမျိုးသား အပေါင်း တို့သည်၊ မောရှေ ကို မြင် သောအခါ ၊ သူ ၏မျက်နှာ အရေ ထွန်းပ သောကြောင့် ၊ သူတို့သည် မချဉ်း မ ကပ်ဝံ့ကြ။ ၃၁ မောရှေ သည် သူ တို့ကို ခေါ် ၍ ၊ အာရုန် နှင့် ပရိသတ် သူကြီး တို့သည် ချဉ်းကပ် ကြလျှင် ၊ မောရှေ သည် နှုတ်ဆက် လေ၏။ ၃၂ ထိုနောက် ဣသရေလ အမျိုးသား အပေါင်း တို့သည် ချဉ်းကပ် ကြလျှင် ၊ သိနာ တောင် ပေါ် မှာ ထာဝရဘုရား မိန့် တော်မူသမျှ တို့ကို သူ တို့အား ဆင့်ဆို လေ၏။ ၃၃ မောရှေ သည် သူ တို့အား ဟောပြော ၍ မပြီး မှီ မိမိ မျက်နှာ ကို ဖုံးအုပ်လေ၏။ ၃၄ ထာဝရဘုရား ရှေ့ တော်သို့ ဝင် ၍လျှောက်သောအခါ ၊ မ

ထွက် မှီတိုင်အောင်မျက်နှာဖုံး ကို ချွတ် ထား၏။ တဖန် ထွက် ၍ အမိန့် တော်ကို ကြသရေလ အမျိုးသားတို့အား ဆင့်ဆို ၏။ ၃၅ သူ ၏မျက်နှာ အရေ ထွန်းပ ကြောင်း ကို ကြသရေလ အမျိုးသား တို့သည် မြင် ကြလျှင် ၊ တဖန် အထဲသို့ ဝင်၍ မ လျှောက် မှီတိုင်အောင်မိမိ မျက်နှာ ကို ဖုံးအုပ် ပြန်၏။

၃၅ မောရှေ သည်၊ ကြသရေလ အမျိုး ပရိသတ် အပေါင်း ကို စည်းဝေး စေ၍ ၊ ထာဝရဘုရား မိန့် တော်မူသော သင်တို့ကျင့်ဝတ်တရားဟူမူကား၊ ၂ ခြောက် ရက် ပတ်လုံးအလုပ် လုပ် ရမည်။ သတ္တမ နေ့ ရက်သည် သင် တို့ ၌ သန့်ရှင်း သောနေ့၊ ထာဝရဘုရား အဘို့ ငြိမ်ဝပ် စွာ နေရသော ဥပုသ် နေ့ဖြစ် ၏။ ထိုနေ့ ၌ အလုပ် လုပ် သော သူ မည်သည်ကား အသေ ခံရမည်။ ၃ သင် တို့နေရာ အရပ်၌ ဥပုသ် နေ့ မှာ မီး ကို မ မွေး ရဟု ဆင့်ဆို ၏။ ၄ တဖန် မောရှေ သည်၊ ကြသရေလ အမျိုးသား ပရိသတ် အလယ်၌ ထာဝရဘုရား ၏အမိန့် တော်ကို ဆင့်ဆို သည်ကား၊ ၅ သင် တို့တွင် ထာဝရဘုရား အား လှူသော အလှူ ကို ပြင်ဆင် ကြလော့။ ကြည်ညို သော စေတနာစိတ် ရှိသမျှ သောသူတို့ သည်၊ ရွှေ ၊ ငွေ ၊ ကြေးဝါ၊ ၆ ပြာ သော အထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ၊ ဆိတ် မွေး၊ ၇ အနီ ဆိုးသောသိုး ရေ ၊ တဟာရှ သားရေ ၊ အကာရှ သစ် သား၊ ၈ လိမ်း ရန် ဆီ ဘော်ဘို့ ၊ မီးရှို့ရာနံ့သာ ပေါင်း မွှေး ဘော်ဘို့ ရာနံ့သာ မျိုး၊ မီး ထွန်းစရာဆီ ၊ ၉ ရှဟံ ကျောက် ၊ ယဇ်ပုရောဟိတ်သင်တိုင်း နှင့် ရင်ဖွဲ့ ၌ စီ စရာကျောက် မြတ်တည်းဟူသောထာဝရဘုရား အား လှူ သောအလှူကို ဆောင် ခဲ့ကြလော့။ ၁၀ သင် တို့တွင် လိမ္မာ သောသူ ရှိသမျှ တို့သည်လာ ၍ ၊ ၁၁ တဲ တော်နှင့် အပေါ် တဲ ၊ အပေါ် တဲအဖုံး ၊ ရွှေချောင်း ၊ ပျဉ်ပြား ၊ ကန့်လန့်ကျင် ၊ တိုင် ၊ ခြေစွပ် တို့ကိုဂင်း၊ ၁၂ သေတ္တာ နှင့် သူ ၏ထမ်းဘိုး ၊ သေတ္တာအဖုံး ၊ ကာ ရသော ကုလားကာ ကိုဂင်း၊ ၁၃ စားပွဲ နှင့် သူ ၏ထမ်းဘိုး ၊ သူ ၏တန်ဆာ ရှိသမျှ နှင့် ရှေ့ တော်မုန့် ကိုဂင်း၊ ၁၄ မီး ထွန်းစရာဘို့ မီးခုံ နှင့် သူ ၏တန်ဆာ ၊ မီးခွက် များ၊ မီး ထွန်းစရာဆီ ကိုဂင်း ၊ ၁၅ နံ့သာ ပေါင်းရှို့သော ပလ္လင် နှင့် သူ ၏ထမ်းဘိုး ၊ လိမ်း ရန်ဆီ ၊ မွှေး သော နံ့သာ ပေါင်း၊ တဲ တော်တံခါး ဝ ကာရန် ကုလားကာ ကိုဂင်း၊ ၁၆ မီးရှို့ ရာယဇ်ပူဇော်သော ပလ္လင် နှင့် ကြေးဝါ ဆန်ခါ ၊ ထမ်းဘိုး ၊ တန်ဆာ ရှိသမျှ ၊ အင်တုံ နှင့် ခြေထောက် ကိုဂင်း၊ ၁၇ တဲတော်ဝင်း ကုလားကာ ၊ တိုင် ၊ ခြေစွပ် ၊ ဝင်း တံခါးဝ ကာစရာ ကုလားကာ ကိုဂင်း၊ ၁၈ တဲ တော်တံသင် ၊ ဝင်း တံသင် ကြိုး များကိုဂင်း၊ ၁၉ သန့်ရှင်း ရာဌာန၌ အမှုတော်ကို ထမ်း စရာအဝတ် ၊ ယဇ် ပုရောဟိတ်အမှုကို ဆောင်သောအခါ၊ ယဇ်ပုရောဟိတ် အာရုန် နှင့် သူ ၏သား ဝတ်၍ သန့်ရှင်း သော အဝတ် ကိုဂင်း၊ ထာဝရဘုရား မှာ ထားတော်မူသမျှ အတိုင်း လုပ် ရကြမည်ဟု ဆင့်ဆို ၏။ ၂၀ ကြသရေလ အမျိုးသား ပရိသတ် အပေါင်း တို့သည်၊ မောရှေ ထံ မှ ထွက်သွား ကြ၍ ၊ ၂၁ မိမိ စိတ်နှလုံး နှိုးဆော် သော သူ ၊ ကြည်ညိုသောစေတနာစိတ် သဘောရှိသော သူ အပေါင်း တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်လုပ် ဘို့ ၎င်း ၊ အမှု တော်ထမ်းစရာဘို့ ၎င်း၊ သန့်ရှင်း သောအဝတ် ကိုဂင်း၊ ထာဝရဘုရား အား လှူသောအလှူ ကို ဆောင် လျက် လာကြ၏။ ၂၂ ကြည်ညိုသော စေတနာ စိတ် ရှိသောယောကျ်ား မိန်းမ တို့သည်၊ လက်ကောက် ၊ နားတောင်း ၊ လက်စွပ် ၊ နှာခေါင်းဘူး၊ ရွှေ တန်ဆာ ရှိသမျှ ကို ဆောင် ခဲ့သဖြင့် ၊ လှူ သောသူ အသီးအသီး တို့သည်၊ ထာဝရဘုရား အား ရွှေ ကို

လူကြ၏။ ၂၃ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ၊ ဆိတ် မွေး၊ အနီ ဆိုးသောသိုး ရေ ၊ တဟာရ္ဂ သားရေ ရှိ သော သူ တိုင်း ဆောင် ခဲ့၏။ ၂၄ ငွေ နှင့် ကြေးဝါ ကို လူ သောသူတိုင်း ထာဝရဘုရား အား လူ လေ၏။ အမှုတော်နှင့်ယှဉ်သော အလုပ် လုပ်စရာဘို့ အကာရ္ဂ သစ် သားရှိ သော သူတိုင်း လည်း ဆောင် ခဲ့လေ၏။ ၂၅ ရက်ကန်းတတ် သော မိန်းမ အပေါင်း တို့လည်း ၊ ကိုယ် လက် နှင့် ရက် ၍ ၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ရက် သမျှကို ဆောင် ခဲ့ကြ၏။ ၂၆ မိမိ ဉာဏ် နှိုးဆော် သော မိန်းမ အပေါင်း တို့သည် ဆိတ် မွေးကို ရက် ကြ၏။ ၂၇ သူကြီး တို့သည်လည်း ၊ ရှဟံ ကျောက် ၊ ယဇ်ပုရောဟိတ်သင်တိုင်း နှင့် ရင်ဖွဲ့ ၌ စီ စရာကျောက် ကိုထင်း၊ ၂၈ မီး ထွန်းစရာဘို့ လိမ်း ရန် ဆီ ဘော်ဘို့ မီးရှို့ရာ နံ့သာ ပေါင်းမွှေး ဘော်ဘို့ ရာနံ့သာ မျိုးနှင့် ဆီ ကိုထင်း ဆောင်ခဲ့ကြ၏။ ၂၉ ထိုသို့ ထာဝရဘုရား သည် မောရှေ အားဖြင့် မှာ ထားတော်မူသော အလုပ် အမျိုးမျိုး ရှိသမျှအဘို့ ၊ ဣသရေလ အမျိုးသား တို့တွင် ကြည်ညိုသော စေတနာစိတ် နှိုးဆော် သော ယောကျ်ား မိန်းမ အပေါင်း တို့သည်၊ ထာဝရဘုရား အား ကြည်ညို သောစိတ် နှင့် လူ ကြ၏။ ၃၀ တဖန် မောရှေ က၊ နားထောင် ကြလော့။ ထာဝရဘုရား သည် ယုဒ အမျိုးသား ဟုရ ၏သား ဖြို့စ်သော ဥရိ ၏သား ဗေဇလေလ ကို အမည် ဖြင့် ခန့် ထားတော်မူပြီ။ ၃၁ သူသည် ရွှေ ငွေ ကြေးဝါ ကိုလုပ် သောအတတ် ၊ ကျောက် ကိုသွေး ၍စီ သောအတတ်၊ သစ်သား ကိုထုလုပ် သောအတတ်နှင့်အမျိုးမျိုး သောအလုပ်ကို ထူးဆန်းစွာလုပ်တတ်မည်အကြောင်း၊ ဉာဏ်ပညာ နှင့်တကွသိပ်ပံ အတတ်အမျိုးမျိုး ကိုပေး၍၊ ဘုရားသခင် ၏ဝိညာဉ် တော်နှင့်ပြည့်စုံ စေတော်မူပြီ။ ၃၄ သူ နှင့် ဒန် အမျိုးသား အဟိသမက် ၏သား အဟောလျာဘ သည်၊ သူတပါးအား အတတ်သင် ပေးနိုင် မည်အကြောင်း ၊ ဉာဏ် ကိုပေး တော်မူပြီ။ ၃၅ ထိုသူ တို့သည် ထုလုပ်တတ်သောသူ၏ အလုပ်၊ ဆန်းပြားသောလက်သမား၏ အလုပ်၊ ပြာ သော အထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ကို ချယ်လှယ် တတ်သောသူ ၏အလုပ်၊ ရက် တတ်သောသူ၏အလုပ်၊ အနည်းနည်းလုပ်တတ်သောသူ၏အလုပ် ၊ ထူးဆန်းစွာကြံစည်တတ်သောသူ၏အလုပ်အမျိုးမျိုးရှိသမျှ တို့ကို လုပ် တတ်မည် အကြောင်း ၊ ဉာဏ် ပညာနှင့် ပြည့်စုံ တော်မူပြီ။

၃၆ ထိုသို့ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ သန့်ရှင်း ရာဌာန၌ အမှု တော်ဆောင် စရာဘို့ ၊ အမျိုးမျိုး သောအလုပ်ကို လုပ်တတ်သော ဉာဏ် ပညာကို ထာဝရဘုရား ပေး သွင်းတော်မူသောပညာရှိ အပေါင်း တို့နှင့်တကွ ၊ ဗေဇလေလ ၊ အဟောလျာဘ တို့သည် အလုပ်လုပ် ကြလိမ့်မည်ဟု ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလေ၏။ ၂ တဖန် မောရှေ သည်၊ ဗေဇလေလ ၊ အဟောလျာဘ ကိုထင်း ၊ ထာဝရဘုရား ပေး တော်မူသော ဉာဏ် သဘောကို ရ၍၊ အလုပ် လုပ် ချင်သော စေတနာစိတ် ရှိသော ပညာရှိ အပေါင်း တို့ကို ထင်းခေါ် ပြီးလျှင်၊ ၃ သန့်ရှင်း ရာဌာနနှင့် အမှုတော်ထမ်းရန် တန်ဆာတို့ကို လုပ်ကိုင် စေခြင်းငှာ ၊ ဣသရေလ အမျိုးသား တို့ ဆောင် ခဲ့သော အလှူ ရှိသမျှ ကို ထိုသူတို့သည် မောရှေ လက်မှ ခံ ကြ၏။ ကြည်ညိုသောစိတ်နှင့် လူသောအလှူ ကို နံနက် တိုင်း ထပ်၍ဆောင် ခဲ့ကြသေး၏။ ၄ ထိုအခါ သန့်ရှင်း ရာဌာနတော်အလုပ် ကို လုပ်ကိုင် သော ပညာရှိ အပေါင်း တို့သည်၊ အသီးအသီး

မိမိ လုပ် ရာမှ ၊ ၅ မောရှေ ထံသို့ လာ၍ ထာဝရဘုရား မှာ ထားတော်မူသော အလုပ် ပြီးလောက်ရုံမျှမက ၊ ပို ၍ ဆောင် ခဲ့ကြ ပါပြီဟု ကြား ပြောလျှင်၊ ၆ မောရှေ က၊ သန့်ရှင်း ရာဌာနတော်အဘို့ လူ ခြင်းငှာ အဘယ်ယောကျ်ား မိန်းမ မျှ ထပ်မံ ၍ မ လုပ် စေနှင့် ဟု စီရင်၍၊ တတပ် လုံး၌ ကြော်ငြာ စေသဖြင့် ၊ လူ များအလှူဆောင် ခြင်းအမှုကို ဆီးတား ၏။ ၇ ရခဲ့သောဥစ္စာ သည် လုပ် ရှိသမျှ ကို ပြီးစီးလောက် ရုံမျှမက ပို လျက်ရှိ သတည်း။ ၈ သန့်ရှင်း ရာဌာနတော်အလုပ် ကို လုပ်ကိုင် သောသူတို့ တွင် ၊ ပညာရှိ သောသူသည် ပိတ်ချော၊ ပြာ သော အထည်၊ မောင်း သောအထည်၊ နီ သောအထည်ဖြင့် ပြီး သော ခေရုဗိမ် အရုပ်နှင့် ချယ်လှယ် သော ပိတ်ချော ကုလားကာ ဆယ် ထည်ကို လုပ် လေ၏။ ၉ ကုလားကာ သည် အလျား နှစ်ဆယ် ရှစ် တောင် ၊ အနံ လေး တောင် ရှိ၍၊ ကုလားကာ ချင်း အလျား အနံတူ ၏။ ၁၀ ကုလားကာ ငါး ထည်စီ တစပ်တည်းချုပ် လေ၏။ ၁၁ ကုလားကာတထည် ပြင် ဘက်ကုလားကာ နား ချင်းဆက်မှီရာ၌ ကွင်း များကို ပြာ သောအထည်နှင့် လုပ် ၍၊ အခြား သော ကုလားကာပြင် ဘက် ကုလားကာ နား ချင်းဆက်မှီရာ၌ လည်း ထိုအတူ လုပ် လေ၏။ ၁၂ ကုလားကာ တထည်၌ ကွင်း ငါးဆယ် ကိုငင်း၊ အခြားသော ကုလားကာ အနား ဆက်မှီရာ၌ ကွင်း ငါးဆယ် ကိုငင်း လုပ် သဖြင့်၊ ကွင်း ချင်း ဆိုင် မိကြ၏။ ၁၃ ရွှေ ချောင်း ငါးဆယ် ကိုလည်း လုပ် ၍ ၊ ထိုရွှေချောင်း ဖြင့် ကုလားကာ များကို ပူးတွဲ သဖြင့် တဲ တော် တ ဆောင်တည်းဖြစ် လေ၏။ ၁၄ တဲ တော်ဖုံးအုပ် ဘို့ အခြားသော ကုလားကာ ဆယ် တ ထည်ကို ဆိတ် မွေးနှင့် လုပ် လေ၏။ ၁၅ ကုလားကာ သည် အလျား အတောင် သုံးဆယ် ၊ အနံ လေး တောင် ရှိ၍ ကုလားကာ ဆယ် တထည် တို့သည် အလျား အနံချင်း တူ ၏။ ၁၆ ကုလားကာ ငါး ထည်တစပ်၊ ခြောက် ထည်တစပ်တည်း ချုပ် လေ၏။ ၁၇ ကုလားကာများဆက်မှီ ရာ၌၊ ပြင် ဘက်ကနေသောကုလားကာ တထည်အနား မှာ ကွင်း ငါးဆယ် ကိုငင်း၊ ဆက်မှီ သော အခြား ကုလားကာ အနား မှာ ကွင်း ငါးဆယ် ကိုငင်းလုပ် လေ၏။ ၁၈ ကြေးဝါ ချောင်း ငါးဆယ် ကိုလည်း လုပ် ၍ အပေါ် တဲ တပိုင်းနှင့် တပိုင်းကို ပူးတွဲ သဖြင့်၊ တဲတဆောင် တည်းဖြစ်လေ၏။ ၁၉ အပေါ် တဲ ဖုံးအုပ် ဘို့ အနီ ဆိုးသော သိုး ရေ ကိုငင်း၊ ထိုသိုးရေအပေါ် ၌ တဟာရှ သားရေ ကိုငင်း လုပ် လေ၏။ ၂၀ တဲ တော်ကာရန်ထောင် ထားသော အကာရှ ပျဉ်ပြား တို့ကိုလည်း လုပ် လေ၏။ ၂၁ ပျဉ်ပြား သည် အလျား ဆယ် တောင် ၊ အနံ တတောင် ထွာ ရှိ၏။ ၂၂ ထိုပျဉ်ပြား ရှိသမျှ တို့ ၌ ခြေထောက်နှစ်ခုစီ တတန်း တည်းရှိစေခြင်းငှာ လုပ် လေ၏။ ၂၃ တဲ တော်တောင် ဘက် ၌ ကာရန် ပျဉ်ပြား နှစ်ဆယ် ကို လုပ် ၍၊ ၂၄ ထိုပျဉ်ပြား နှစ်ဆယ် တွင်၊ တပြားတပြားအောက် ၌ ခြေထောက် နှစ် ခုစီ စွပ်စရာဘို့ ငွေ ခြေစွပ် လေးဆယ် ကို လုပ် လေ၏။ ၂၅ ထိုအတူ တဲ တော်မြောက် ဘက် ၌ ကာရန် ပျဉ်ပြား နှစ်ဆယ် ကို လုပ် ၍၊ ၂၆ ထိုပျဉ်ပြား ၌လည်း ငွေ ခြေစွပ် လေးဆယ် ၊ တပြား နှစ် ခုစီ လုပ်လေ၏။ ၂၇ တဲ တော်အနောက် ဘက်၌ ကာရန် ပျဉ်ပြား ခြောက် ပြားကိုငင်း၊ ၂၈ ထောင့် တဘက် တချက်၌ ကာရန် ပျဉ်ပြား နှစ် ပြားကိုငင်းလုပ် လေ၏။ ၂၉ အထက် ၌ ငင်း၊ အောက် ၌ငင်း ၊ ကွင်း ကိုတပ် ၍ စေ့စပ်လျက် ထောင့် နှစ် ခုပြီး လေ၏။ ၃၀ ပျဉ်ပြား ရှစ် ပြား၊ ငွေ ခြေစွပ် ဆယ် ခြောက် ခု၊ တပြား နှစ် ခုစီ ရှိ လေ၏။ ၃၁ တဲ တော်၌ ကာရသော ပျဉ်ပြား ကို လျှို့စရာဘို့ အကာရှ သား ကန့်လန့်ကျင် တို့ကို၊

တဘက် ငါး ချောင်းစီ လုပ် လေ၏။ ၂၂ တဲ တော်နောက်ဖေး ၌ ကာရသော ပျဉ်ပြား ကို လျှို့စရာဘို့ ၊ ကန့်လန့်ကျင် ငါး ချောင်းကိုလည်း လုပ်လေ၏။ ၂၃ အလယ် ကန့်လန့်ကျင် ကို ထောင့်တဘက်တချက် ၌ ဆုံး စေ၏။ ၂၄ ပျဉ်ပြား တို့ကို ချွေ နှင့်မွမ်းမံ လေ၏။ ကန့်လန့်ကျင် လျှို့ ဘို့ရာ ချွေ ကွင်း ကိုလည်း လုပ် ၍ ကန့်လန့်ကျင် တို့ကို ချွေ နှင့်မွမ်းမံ လေ၏။ ၂၅ တနည်းကား၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ဖြင့် ပြီး ၍၊ ခေရုဗိမ် အရုပ်နှင့်၊ ချယ်လှယ် သော ကုလားကာ တထည်ကိုထင်း၊ ၂၆ ထိုကုလားကာဘို့ ချွေ ချ သော အကာရှ သားတိုင် လေး တိုင်ကိုထင်းလုပ် လေ၏။ ထိုတိုင် တို့သည် ချွေ တံစို့ နှင့် ပြည့်စုံ၍၊ ငွေ ခြေစွပ် လေး ခုကိုလည်း သွန်း လေ၏။ ၂၇ တဲ တော်တံခါး ဝ၌ ကာရန်၊ ပြာ သောအထည်၊ မောင်း သော အထည်၊ နီ သော အထည် ပိတ်ချော ဖြင့် ပြီး ၍ ချယ်လှယ် သော ကုလားကာ တထည်ကိုထင်း၊ ၂၈ ထိုကုလားကာ ဘို့ တံစို့ နှင့် ပြည့်စုံသော တိုင် ငါး တိုင်ကိုထင်းလုပ်၍၊ တိုင် ထိပ် နှင့်တိုင် တန်း တို့ကို ချွေ နှင့် မွမ်းမံ လေ၏။ ကြေးဝါ ခြေစွပ် ငါးခု လည်း ရှိ၏။

၂၇ တဖန် ဗေဇလေလ သည်၊ အလျား နှစ်တောင် ထွာ ၊ အနံ တတောင် ထွာ၊ စောက် တတောင် ထွာ ရှိသောသေတ္တာ ကို အကာရှ သား နှင့်လုပ် ၍ ၊ ၂ သေတ္တာအတွင်း အပြင် ကို ချွေ စင် နှင့်မွမ်းမံ လေ၏။ သေတ္တာပေါ် နားပတ်လည် ၌ကွပ် သောချွေ တန်ဆာကိုလည်း လုပ် လေ၏။ ၃ ချွေ လေး ကွင်း ကို သွန်း ၍၊ သေတ္တာ လေး ထောင့်၌ တ မျက်နှာ နှစ် ကွင်း စီတပ်လေ၏။ ၄ အကာရှ သား ထမ်းဘိုး ကို လုပ် ၍ ချွေ နှင့်မွမ်းမံ ပြီးမှ ၊ ၅ သေတ္တာ ထမ်း စရာဘို့ တဘက်တချက် ချွေကွင်း ၌ လျှို့ထား လေ၏။ ၆ အလျား နှစ်တောင် ထွာ ၊ အနံ တတောင် ထွာ ရှိသောသေတ္တာအဖုံး ကိုလည်း ၊ ချွေ စင် နှင့်လုပ် လေ၏။ ၇ ချွေ ခေရုဗိမ် နှစ် ပါးကိုလည်း ၊ သေတ္တာအဖုံး တွင် အလျားတဘက်တချက် ၌ ထု လုပ် လေ၏။ ၈ ထိုသို့ ခေရုဗိမ် နှစ် ပါးကို၊ သေတ္တာဖုံး ကိုယ်ထဲက ထုတ်၍၊ သေတ္တာဖုံးအပေါ် ၌ တဘက်တပါးစီ လုပ် ပြီးလျှင် ၊ ၉ ခေရုဗိမ်နှစ်ပါးတို့သည် မျက်နှာ ချင်း ဆိုင် ၍၊ သေတ္တာဖုံး ကို ရှု လျက်၊ မိမိ အတောင် ကို ဖြန့် ၍ သေတ္တာဖုံး ကို မိုး လျက် ရှိ ၏။ ၁၀ အလျား နှစ်တောင် ၊ အနံ တတောင် ၊ အမြင့် တတောင် ထွာ ရှိသော စားပွဲ ကိုလည်း ၊ အကာရှ သား နှင့် လုပ် ၍ ၊ ၁၁ ချွေ စင် နှင့် မွမ်းမံ လေ၏။ စားပွဲအပေါ် နားပတ်လည် ၌ ကွပ် သော ချွေ တန်ဆာကိုထင်း၊ ၁၂ အနံ တလက်ဝါး ရှိသောခါးပန်း ကိုထင်း၊ ခါးပန်း အပေါ် နားပတ်လည်၌ ကွပ် သော ချွေ တန်ဆာကိုထင်း လုပ် လေ၏။ ၁၃ ချွေ လေး ကွင်း ကိုလည်း သွန်း ၍ ခြေထောက် လေး ခုအထက်၊ စားပွဲလေး ထောင့် ၌ တပ် လေ၏။ ၁၄ ထိုချွေကွင်း တို့သည် ခါးပန်း ပေါ် မှာရှိ၍၊ စားပွဲ ထမ်း စရာ ထမ်းဘိုး နေရာ ဖြစ် ၏။ ၁၅ စားပွဲ ထမ်း စရာ အကာရှ သား ထမ်းဘိုး ကို လုပ် ၍ ချွေ နှင့် မွမ်းမံ လေ၏။ ၁၆ စားပွဲ တန်ဆာ တည်းဟူသောလင်ပန်း ၊ ဇွန်း ၊ အင်တုံ ၊ လောင်း စရာ ဖလား များကိုလည်း ချွေ စင် နှင့် လုပ် လေ၏။ ၁၇ မီးခုံ ကိုလည်း ချွေ စင် နှင့်လုပ် ၍၊ မီးခုံ တိုင်အစရှိသော အလက် များ၊ ခွက် များ၊ ဘူးသီး များ၊ ကြာပွင့် များတို့ကို တစပ်တည်းထု လေ၏။ ၁၈ မီးခုံ တိုင် တဘက် တချက် သုံး လက်စီ ထွက် ၍၊ အလက် ခြောက် လက်ရှိ၏။ ၁၉ မီးခုံ တိုင်ထဲက ထွက် သော အလက် သုံးလက်တွင်၊ တလက်တလက်၌ဘူး ၊ ကြာပွင့် နှင့်တကွ ဗာတံ သီးနှင့် ပုံတူသော ခွက် သုံး ခွက်ရှိ၏။ ၂၀ မီးခုံ တိုင်၌ လည်း ဘူး ၊ ကြာပွင့် နှင့်တကွ ဗာတံ

သီးနှင့်ပုံတူသော ခွက် လေး ခွက်ရှိ၏။ ၂၁ မီးခုံ တိုင်ထဲက ထွက် သော အလက် ခြောက် လက်ရှိသည်အတိုင်း ၊ အလက် နှစ်ဘက် အောက် ၌လည်း ဘူးသီး တလုံးစီရှိ၏။ ၂၂ ဘူး များ၊ အလက် များတို့ကို တကိုယ်တစပ်တည်း ဖြစ် စေ၍ မီးခုံ တကိုယ် လုံးကို ရွှေ စင် နှင့် ထု လုပ်လေ၏။ ၂၃ မီးခွက် ခုနစ် လုံး၊ မီးညှပ် နှင့် မီးညှပ်ခံစရာခွက် များကိုလည်း ရွှေ စင် နှင့် လုပ် လေ၏။ ၂၄ မီးခုံနှင့် မီးခုံတန်ဆာ ရှိသမျှ တို့ကို ရွှေ စင် အခွက် တဆယ်နှင့် လုပ် သတည်း။ ၂၅ တနည်းကား၊ နံ့သာ ပေါင်းကို မီးရှို့စရာ ယဇ် ပလ္လင်ကို အကာရှ သားနှင့် လုပ် လေ၏။ ထိုပလ္လင်သည် အလျား တတောင် ၊ အနံ တတောင် ၊ စတုရန်း လေးထောင့်ဖြစ်၍အမြင့် နှစ်တောင် ရှိလေ၏။ ဦးချို တို့ကိုလည်း အကာရှ သားဖြင့် ပြီး စေ၏။ ၂၆ ပလ္လင်ထိပ်၊ နံရံ၊ ဦးချို တို့ကို ရွှေ စင် နှင့် မွမ်းမံ ၍၊ အပေါ် နားပတ်လည် ၌ကွပ် သော ရွှေ တန်ဆာကို လုပ် လေ၏။ ၂၇ ရွှေတန်ဆာအောက် ပလ္လင်တဘက် တချက်ထောင့်၌ ရွှေ ကွင်း နှစ် ကွင်းကိုလုပ် ၍ ပလ္လင် ထမ်း စာရာ ထမ်းဘိုး နေရာ ဖြစ်၏။ ၂၈ ထမ်းဘိုး တို့ကို အကာရှ သား နှင့်လုပ် ၍ ရွှေ နှင့်မွမ်းမံ လေ၏။ ၂၉ ဆေးသမားအတတ် နှင့်ဆေးပေါင်းကိုဘော် တတ်သည်အတိုင်း၊ သန့်ရှင်း သော လိမ်း ရန်နံ့သာဆီ ကို ၎င်း၊ နံ့သာ မျိုးနှင့်ဘော်သော မီးရှို့ရာနံ့သာ ပေါင်းစင် ကိုဌင်းလုပ် လေ၏။

၃၈ တနည်းကား၊ အလျား ငါး တောင် ၊ အနံ ငါး တောင် ရှိ၍ စတုရန်း လေးထောင့်ဖြစ်သော မီးရှို့ ရာ ယဇ်ပလ္လင် ကို အကာရှ သား နှင့်လုပ် လေ၏။ အမြင့် လည်း သုံး တောင် ရှိ၏။ ၂ ယဇ်ပလ္လင် လေး ထောင့် အပေါ် မှာ ဦးချို လေးချောင်းကို အကာရှ သားနှင့်လုပ် ၍ ကြေးဝါ နှင့် မွမ်းမံ လေ၏။ ၃ အိုး နှင့်တကွ တူးခွင်း ပြား၊ အင်တုံ ၊ အမဲသား ချိတ်၊ လင်ပန်း အစရှိသော ယဇ်ပလ္လင် နှင့် ဆိုင်သောတန်ဆာ ရှိသမျှ တို့ကို ကြေးဝါ နှင့်လုပ် လေ၏။ ၄ ကြေးဝါ ဆန်ခါ ကို လုပ် ၍ ယဇ်ပလ္လင် ခါးပန်း အောက် အလယ် ၌ထား၍၊ ၅ ထမ်းဘိုး ထား ရာ ဆန်ခါ လေး ထောင့် ၌ တပ်ရသောကြေးဝါ လေး ကွင်း ကို သွန်း ၆ အကာရှ သား ထမ်းဘိုး တို့ကို လုပ် ၍ ကြေးဝါ နှင့် မွမ်းမံ ပြီးမှ၊ ၇ ယဇ်ပလ္လင် ကို ထမ်း စရာဘို့ တဘက် တချက်ကွင်း များ၌ လျှို့ထား လေ၏။ ထိုယဇ်ပလ္လင်ကို အပေါ် အောက် ဟင်းလင်း ဖြစ်စေခြင်းငှာ၊ ပျဉ်ပြား နှင့် လုပ် လေ၏။ ၈ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့မှာ စည်းဝေး တတ်သော မိန်းမ တို့၏ ကြေးဝါ မှန် များကို ယူ၍ ကြေးဝါ အင်တုံ နှင့် ကြေးဝါ ခြေထောက် ကို လုပ် လေ၏။ ၉ တဲတော်ဝင်း ကာရန်မူကား၊ အလျားအတောင် တရာ ရှိသော ပိတ်ချော နှင့် တောင် ဘက်၌ ကုလားကာ ကို လုပ် လေ၏။ ၁၀ ထိုကုလားကာ ဘို့ တိုင် နှစ်ဆယ် ၊ တိုင် ခြေစွပ် နှစ်ဆယ် ကို ကြေးဝါ နှင့်လုပ်၍ တိုင် တံစို့ ၊ တိုင်တန်း တို့ကို ငွေ ဖြင့်ပြီး စေ၏။ ၁၁ ထိုနည်းတူမြောက် ဘက် ၌ ကာရန်အလျားအတောင် တရာ ရှိသော ကုလားကာနှင့်တကွ ငွေတံစို့ ၊ ငွေ တန်း ပါသောကြေးဝါ တိုင် နှစ်ဆယ် ၊ ကြေးဝါ ခြေစွပ် နှစ်ဆယ် ရှိ၏။ ၁၂ အနောက် ဘက် ၌ ကာရန် အလျားအတောင် ငါးဆယ် ရှိသောကုလားကာ နှင့်တကွ တိုင် တဆယ် ၊ ခြေစွပ် တဆယ် ရှိ၏။ ၁၃ အရှေ့ ဘက် ၌လည်း အတောင် ငါးဆယ် ရှိ၏။ ၁၄ တံခါး ဝ တဘက် တချက်၌ ကာရန် အလျားဆယ် ငါး တောင် ရှိသောကုလားကာ နှင့်တကွ တိုင် သုံး တိုင်၊ ခြေစွပ် သုံး ခုရှိ၏။ ၁၅ ဝင်း ပတ်လည် ၌ကာသော ကုလားကာ ရှိသမျှ တို့သည် ပိတ်ချော ဖြင့်ပြီး ၏။ ၁၇ တိုင်

တို့သည် ကြေးဝါ ခြေစွပ် ၊ ငွေတံစို့ ၊ ငွေ တန်း နှင့်ပြည့်စုံ၍ တိုင် ထိပ် များကိုလည်း ငွေ နှင့် မွမ်းမံ လေ၏။ ဝင်း တိုင် တန်း ရှိသမျှ တို့သည် ငွေ တန်းဖြစ်၏။ ၁၈ ဝင်း တံခါး ဝ၌ ကာရန် ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ဖြင့်ပြီး ၍ ချယ်လှယ် သော ကုလားကာ ၊ အလျား အတောင် နှစ်ဆယ် ၊ အမြင့် ငါး တောင် ရှိ၍၊ ဝင်း ကာသော ကုလားကာ နှင့် တညီတညွတ်း ဖြစ်၏။ ၁၉ ဝင်း တံခါးဝတိုင် လေး ခုရှိ၍၊ ကြေးဝါ ခြေစွပ် လေး ခု၊ ငွေ တံစို့ ၊ ငွေ တန်း များ၊ ငွေနှင့်မွမ်းမံ သော ထိပ် များနှင့် ပြည့်စုံကြ၏။ ၂၀ တဲ တော်တံသင်ဝင်း ပတ်လည် ၌ စိုက်သော တံသင် ရှိသမျှ တို့သည် ကြေးဝါ တံသင်ဖြစ်ကြ၏။ ၂၁ ဤ ရွှေကား၊ မောရှေ စီရင် သည်အတိုင်း၊ ယဇ်ပုရောဟိတ် အာရုန် ၏သား ဣသမာ သည်၊ လေဝိ လူများ အမှု တော်ဆောင်စရာ တဲ တော်ကို ရေတွက်မှတ်သား သော သက်သေခံ ချက် တဲ့ တော်စာရင်း ပေတည်း။ ၂၂ မောရှေ အား ထာဝရဘုရား မှာ ထားတော်မူသမျှတို့ ကို ၊ ယုဒ အမျိုးသား ဟုရ ၏သား ဖြစ်သော၊ ဥရိ ၏ သား ဗေဇလေလ သည် လုပ် လေ၏။ ၂၃ ထိုမှတပါး ၊ ထုလုပ်တတ်သောသူ၏ အလုပ်၊ ဆန်းပြား သော လက်သမား အလုပ်၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော ကို ချယ်လှယ် တတ်သောသူ၏ အလုပ်ကို လုပ်တတ်သော ဒန် အမျိုးသား အဟိသမက် ၏သား အဟောလျာဘ လည်းရှိ ၏။ ၂၄ သန့်ရှင်း ရာ ဌာနတော်ပြီး အောင် လှူ ၍ လုပ်သော ရွှေ ချိန်ပေါင်း ကား အကျပ်တော်အတိုင်း အခွက် နှစ်ရာ ကိုးဆယ် ခုနစ် ပိသာ သုံးဆယ် ဖြစ် သတည်း။ ၂၅ စာရင်း ဝင်သော ပရိသတ် များပေးသော ငွေ ချိန်ပေါင်းကား၊ အကျပ် တော်အတိုင်း အခွက် တထောင် နှင့် တဆယ် ခုနစ် ပိသာခုနစ်ဆယ် ငါး ကျပ် ဖြစ်သတည်း။ ၂၆ အသက် နှစ်ဆယ် မှစ၍ ပိုလွန် သမျှသောသူ စာရင်း ဝင်သည်အတိုင်း၊ လူခြောက် သိန်းသုံး ထောင် ငါး ရာ ငါးဆယ် တို့သည်၊ အကျပ် တော်အလိုက် ငွေချိန်အကျပ် တဝက် စီ ပေးရကြ၏။ ၂၇ ခြေစွပ် တခု၌ ငွေအခွက် တဆယ် စီဝင်သည်ဖြစ်၍၊ ငွေ အခွက် တထောင် နှင့် တဲ တော် ခြေစွပ် ၊ အတွင်းကုလားကာ ခြေစွပ် တည်းဟူသောခြေစွပ် တရာ ကို သွန်း လေ၏။ ၂၈ ကျန်သောငွေအခွက်တဆယ် ခုနစ် ပိသာခုနစ်ဆယ် ငါး ကျပ်နှင့် တိုင် တံစို့ နှင့် တိုင်တန်းတို့ကို လုပ် ၍ တိုင် ထိပ် များကို မွမ်းမံ လေ၏။ ၂၉ လှူ သော ကြေးဝါ ပေါင်းကား အခွက် ခုနစ်ရာ နှစ်ဆယ် နှင့် လေး ပိသာ ဖြစ်သတည်း။ ၃၀ ထိုကြေးဝါ နှင့် ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ဝခြေစွပ် ၊ ကြေးဝါ ယဇ်ပလ္လင်၊ ကြေးဝါ ဆန်ခါ ၊ ယဇ်ပလ္လင်တန်ဆာ ရှိသမျှ ကိုဂင်း၊ ၃၁ ကာသောဝင်း ခြေစွပ် ၊ ဝင်း တံခါး ဝခြေစွပ် ၊ တဲ တော်တံသင် ၊ ဝင်း ပတ်လည် ၌ စိုက်သော တံသင် ရှိသမျှ ကို ဂင်းလုပ် လေ၏။

၃၉ သန့်ရှင်း ရာဌာန၌ အမှုတော်ကို ဆောင် သောအခါ ၊ ဝတ် ရသောအဝတ် ကိုဂင်း၊ အာရုန် ဝတ်ဘို့ သန့်ရှင်း သော အဝတ် ကိုဂင်း၊ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည်အတိုင်း ၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်နှင့် လုပ် လေ၏။ ၂ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော နှင့် ယဇ်ပုရောဟိတ်သင်တိုင်း ကို လုပ်ရာတွင်၊ ၃ ရွှေ ကို အပြား ခတ် ၍ ရွှေ ကြိုးကို လှီး ပြီးမှ၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော တို့ကို ထူးဆန်း စွာ အပြောက်ထိုးလေ၏။ ၄ သိုင်းကြိုး နှစ်ပင်ကို လုပ် ၍

သင်တိုင်းအပေါ် နားချင်းတွဲမိ စေခြင်းငှာ ၊ တဘက် တချက်ကို ဆွဲချုပ် လေ၏။ ၅ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည်အတိုင်း ၊ သင်တိုင်း အပေါ် နား၌ ထူးဆန်းသော ရင်စည်း ကိုလည်း သင်တိုင်း ကိုယ်ကဲ့သို့ ရွှေ နှင့်ငင်း၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော တို့နှင့်ငင်း လုပ် လေ၏။ ၆ ရှဟံ ကျောက်နှစ်လုံးကို သွေး ၍ တံဆိပ် ပေါ်မှာ အကွရာတင် သကဲ့သို့ ဣသရေလ အမျိုး ၏ နာမ တို့ကို အကွရာတင် ပြီးမှ၊ ရွှေ ကျောက်အိုး ၌ ထည့် လေ၏။ ၇ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား တို့ကို အောက်မေ့ ဘို့ရာ ၊ ထိုကျောက် နှစ်လုံးကို သင်တိုင်း သိုင်းကြိုး အပေါ် မှာ တပ် လေ၏။ ၈ ရွှေနှင့်ငင်း၊ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချော နှင့်ငင်း၊ သင်တိုင်း ကို လုပ် သည်နည်းတူ ၊ ရင်ဖုံး ကို ထူးဆန်း စွာ လုပ် လေ၏။ ၉ ရင်ဖုံး နှစ်ထပ်ခေါက် လျက်၊ အလျား တထွာ ၊ အနံ တထွာ ၊ စတုရန်း လေးထောင့်ဖြစ်၏။ ၁၀ ထိုရင်ဖုံး ၌ ကျောက် မြတ်ကို လေး တန်း စီ လေ၏။ ပဌမ အတန်း ကား ကျောက်နီ ၊ ဥသဖရား ၊ ပတ္တမြား။ ၁၁ ဒုတိယ အတန်း ကား မြ ၊ နီလာ ၊ စိန်။ ၁၂ တတိယ အတန်း ကား ဝှါကိန္တ္ဂ ၊ မဟူရာ ၊ ဂေါမိတ်။ ၁၃ စတုတ္ထ အတန်း ကား မျက်ခွ ၊ ကြောင် ၊ နဂါးသွဲ့ ဖြစ်၍၊ အသီးအသီး တို့ကို ရွှေ အိုး ၌ စီ လေ၏။ ၁၄ ဣသရေလ အမျိုး တဆယ်နှစ် မျိုးရှိသည်အတိုင်း တံဆိပ် ပေါ်မှာ အကွရာတင် သကဲ့သို့၊ ထိုကျောက် တို့ ၌ ထိုတဆယ် နှစ်ပါး သော နာမည် အသီးအသီးတို့ကို တင်လျက် ကျောက်တလုံးလျှင် နာမည် တပါးစီ ပါ၏။ ၁၅ ရင်ဖုံး အပေါ် ထောင့် နှစ် ခု၌ ၊ ရွှေနှစ် ကွင်း ကိုငင်း၊ ရွှေကျောက်အိုး နှစ်လုံးကိုငင်းကျစ် သော ရွှေ ကြိုး နှစ် ပင်ကိုငင်းလုပ် ပြီးမှ ၊ ထိုရွှေ ကွင်း ၌ တပ် ၍ သင်တိုင်း သိုင်းကြိုး အပေါ်မှာရှိသော ကျောက်အိုးတို့ ၌ တွဲ လေ၏။ ၁၉ တဖန် ရွှေ နှစ် ကွင်း ကို လုပ် ၍ သင်တိုင်း အောက်နား မှာ ရှိသော ရင်ဖုံး အောက်ထောင့် နှစ် ခု၌ တပ် လေ၏။ ၂၀ အခြားသောရွှေ နှစ် ကွင်း ကိုလည်း လုပ် ၍ သင်တိုင်း အရှေ့ ဘက်အောက် နား နှင့် ထူးဆန်းသော ရင်စည်း အပေါ် နားဆက်မှီ ရာတွင် သင်တိုင်းကို တဘက်တချက်၌ တပ် လေ၏။ ၂၁ ရင်ဖုံး ရွှေနှစ်ကွင်း ကို၊ သင်တိုင်း ရွှေနှစ်ကွင်း နှင့် တွဲ၍၊ ပြာ သောကြိုး ဖြင့် ပြီးစေ၏။ ထိုသို့ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည်အတိုင်း ၊ ရင်ဖုံး သည် ထူးဆန်းသော ရင်စည်း အပေါ်မှာ ဆွဲ ၍ သင်တိုင်း နှင့် မ ကွာ ဘဲ ၂၂ ထိုမှတပါး ၊ ပြာ သောအထည်ကို ရက် ပြီးမှ၊ သင်တိုင်း နှင့်ဆိုင်သော ဝတ်လုံ ကို ထိုအထည်နှင့်သာ လုပ် လေ၏။ ၂၃ ဝတ်လုံ ၌ လည်စွပ်ပါ၍ လည်စွပ် ကို မ စုတ် စေခြင်းငှာ၊ သံချပ်လည်စွပ် ကွပ်သကဲ့သို့ ကွပ်လေ၏။ ၂၄ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သောအထည်၊ ပိတ်ချောနှင့်လုပ် သော သလဲ သီးများကိုငင်း၊ ၂၅ ရွှေ စင် ဆည်းလည်း များကိုငင်း၊ ဝတ်လုံ အောက်စွန်းနားပတ်လည် ၌ ၊ ၂၆ သလဲ သီးတလုံး၊ ဆည်းလည်း တလုံးစီခြားလျက် အစဉ်အတိုင်းဆွဲထားသဖြင့်၊ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည်အတိုင်း ၊ အမှုတော်ကို ဆောင် ရသောဝတ်လုံ ကို လုပ် ၍ပြီးလေ၏။ ၂၇ တဖန် ထာဝရဘုရားသည် မောရှေအား မှာထားတော်မူသည်အတိုင်း၊ အာရုန် နှင့် သူ ၏သား တို့အဘို့ ရက် သော ပိတ်ချော အင်္ကျီ များကိုငင်း၊ ၂၈ ပိတ်ချော ဓေါင်း ကိုငင်း၊ တင့်တယ်သောပိတ်ချော ဦးထုပ် များကိုငင်း ၊ ပိတ်ချော ပေါင်းဘီ များကိုငင်း ၊ ၂၉ ချယ်လှယ် သော ပိတ်ချော၊ အထည်ပြာ ၊ အထည်မောင်း ၊

အထည်နီ ဖြင့်ပြီး သော ခါးပန်း ကိုဂင်းလုပ် လေ၏။ ၃၀ မောရှေ အား ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ သန့်ရှင်း သော သင်းကျစ် ပြားကိုလည်း ရွှေ စင် နှင့်လုပ်၍ တံဆိပ် ပေါ်မှာ အက္ခရာတင်သကဲ့သို့၊ ထာဝရဘုရား အား သန့်ရှင်း ခြင်းဟု အက္ခရာတင် ၍၊ ၃၁ ပြာ သောကြိုး နှင့် ဗေါင်း အပေါ် နား၌ ချည် ထားလေ၏။ ၃၂ ထိုသို့ မောရှေ အား ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား တို့သည် ပြု ၍ ပရိသတ်စည်းဝေး ရာ တဲ တော်အလုပ် ရှိသမျှ ကို ပြီးစီး ကြ၏။ ၃၃ ထိုအခါ ဣသရေလအမျိုးသားတို့သည်၊ တဲ တော်နှင့် အပေါ် တဲ မှစ၍ ၊ ရွှေချောင်း ၊ ပျဉ်ပြား ၊ ကန့်လန့်ကျင် ၊ တိုင် ၊ ခြေစွပ် တည်းဟူသောတဲ တော်တန်ဆာ ရှိသမျှ ကိုဂင်း၊ ၃၄ အနီ ဆိုးသော သိုး ရေ အမိုး ၊ တဟာရှ သားရေ အမိုး ၊ ကွယ်ကာ ရာအတွင်းကုလားကာ ကိုဂင်း၊ ၃၅ သက်သေခံ ချက်သေတ္တာ နှင့် သူ ၏ထမ်းဘိုး ၊ သူ၏အဖုံး ကိုဂင်း၊ ၃၆ စားပွဲ မှစ၍စားပွဲတန်ဆာ နှင့် ရှေ့တော်မုန့် ကိုဂင်း၊ ၃၇ စင်ကြယ် သော မီးခုံ မှစ၍၊ ပြင်ဆင်ရသောမီးခွက် များ၊ မီးခုံ တန်ဆာ ရှိသမျှ နှင့် မီးထွန်း စရာ ဆီ ကိုဂင်း၊ ၃၈ ရွှေ ယဇ်ပလ္လင် ၊ လိမ်း ရန်ဆီ ၊ မီးရှို့ရာနံ့သာ ပေါင်းမွှေး ၊ တဲ တော်တံခါး ဝ ကာစရာ ကုလားကာ ကိုဂင်း၊ ၃၉ ကြေးဝါ ယဇ် ပလ္လင်၊ ကြေးဝါ ဆန်ခါ ၊ ပလ္လင် ထမ်းဘိုး အစရှိ သော တန်ဆာ ရှိသမျှ ကိုဂင်း၊ အင်တုံ နှင့် သူ ၏ခြေထောက် ကိုဂင်း၊ ၄၀ ဝင်း ကုလားကာ ၊ ဝင်း တိုင် ၊ ခြေစွပ် ၊ ဝင်း တံခါး ဝကာစရာ ကုလားကာ ကြိုး များ၊ တံသင် များကိုဂင်း၊ တဲ တော်အတွင်း၌ အမှုတော်ကို ဆောင် စရာတန်ဆာ၊ ပရိသတ်စည်းဝေး ရာ တဲ တော်တန်ဆာ ရှိသမျှ ကိုဂင်း၊ ၄၁ သန့်ရှင်း ရာဌာန၌ အမှုတော်ကို ဆောင် သောအခါ ဝတ် ရသောအဝတ် ၊ ယဇ် ပုရောဟိတ်အမှုကို ဆောင်သောအခါ၊ ယဇ်ပုရောဟိတ် အာရုန် ဝတ်ဘို့ သန့်ရှင်း သော အဝတ် ၊ သူ ၏သား ဝတ်ရသောအဝတ် ကိုဂင်း၊ ၄၂ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည်အတိုင်း ပြီးစီးအောင် လုပ် ပြီးမှမောရှေထံသို့ ဆောင်ခဲ့ကြ၏။ ၄၃ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ အလုပ် ရှိသမျှ ကို ပြီးစီးစေခြင်းငှါ၊ လုပ် ကြောင်းကို မောရှေ သိမြင် သောအခါ ၊ သူ တို့ကို ကောင်းကြီး ပေးလေ၏။

၄၀ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့် တော်မူသည်ကား၊ ၂ သင်သည် ပဌမ လ ၊ ပဌမ နေ့ ၌ ပရိသတ်စည်းဝေး ရာ တဲ တော်ကို ဆောက် ရမည်။ ၃ တဲတော်အထဲ၌၊ သက်သေခံ ချက် သေတ္တာ ကို သွင်း ထား၍ ၊ အတွင်းကုလားကာ ဖြင့် ကွယ်ကာ ရမည်။ ၄ စားပွဲ ကိုလည်း သွင်း ၍ ၊ စားပွဲ ပေါ်မှာ ပြင်ဆင်ရသမျှတို့ကို ပြင်ဆင် ရမည်။ မီးခုံ ကိုလည်း သွင်း ၍၊ မီးခွက် တို့ကို ထွန်း ရမည်။ ၅ နံ့သာ ပေါင်းရှို့ရာ ရွှေ ပလ္လင် ကို သက်သေခံ ချက် သေတ္တာ ရှေ့၌ တည် ထား၍ ၊ တဲ တော်တံခါး ဝကာသော ကုလားကာ ကို ဆွဲ ကာရမည်။ ၆ ယဇ်ကောင်ရှို့ ရာ ပလ္လင် ကိုလည်း ၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့၌ တည် ထားရမည်။ ၇ အင်တုံ ကိုလည်း ပရိသတ် စည်းဝေး ရာ တဲ တော်နှင့် ယဇ် ပလ္လင်စပ်ကြား မှာ တည် ထား၍ ၊ အင်တုံ၌ ရေ ကို ထည့် ရမည်။ ၈ တဲတော်ပတ်လည် ဝင်း ကို ထူ၍၊ ဝင်း တံခါး ဝကာသော ကုလားကာ ကို ဆွဲ ကာရမည်။ ၉ လိမ်း ရန် ဆီ ကို ယူ ၍ ၊ တဲ တော်နှင့် တဲတော်၌ ရှိသမျှ တို့ကို လိမ်း သဖြင့် တဲတော်နှင့် တဲတော်တန်ဆာရှိသမျှ တို့ကို သန့်ရှင်း စေရမည်။ ထိုသို့ တဲတော်သည် သန့်ရှင်း ရ

လိမ့်မည်။ ၁၀ ယဇ်ကောင်ရှိ ရာပလ္လင် နှင့် တန်ဆာ ရှိသမျှ တို့ကို လိမ်း ၍ သန့်ရှင်း စေသဖြင့်၊ ထိုပလ္လင် သည် အလွန် သန့်ရှင်း သော ပလ္လင် ဖြစ် ရမည်။ ၁၁ အင်တုံ နှင့် ခြေထောက် ကိုလည်း လိမ်း ၍ သန့်ရှင်း စေရမည်။ ၁၂ အာရုန် နှင့် သူ ၏သား တို့ကို၊ ပရိသတ်စည်းဝေး ရာ တံခါး နားသို့ ခေါ် ခဲ့၍ ရေချိုး ရမည်။ ၁၃ အာရုန် သည် ငါ့ ရှေ့၌၊ ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်မည်အကြောင်း၊ သန့်ရှင်း သောအဝတ် နှင့် ဝတ် စေ၍ ဆီလိမ်း သဖြင့် သန့်ရှင်း စေရမည်။ ၁၄ သူ ၏သား တို့သည်လည်း ငါ့ ရှေ့၌ ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်မည်အကြောင်း၊ သူ တို့ကို ခေါ် ခဲ့၍ အင်္ကျီ ဝတ် စေလျက်၊ သူတို့အဘ ကို ဆီလိမ်း သကဲ့သို့၊ သူ တို့ကို ဆီ လိမ်းရမည်။ ၁၅ အကယ်စင်စစ်သူ တို့ ဆီလိမ်းခြင်း ဘိသိက် သည် သား စဉ်မြေးဆက်ပတ်လုံး၊ ထာဝရ ယဇ် ပုရောဟိတ်အရာဖြစ်သတည်းဟု၊ ၁၆ ထာဝရဘုရား မိန့် တော်မူသမျှ အတိုင်း မောရှေ ပြု လေ၏။ ၁၇ သက္ကရာဇ် နှစ်ခု၊ ပဌမ လ၊ ပဌမ နေ့၌ မောရှေသည် တဲ တော်ကို ဆောက် လေ၏။ ၁၈ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း၊ ခြေစွပ် များကို နေရာချ ၍၊ ပျဉ်ပြား များကို ထောင် ပြီးလျှင်၊ ကန့်လန့်ကျင် များကို လျှို ၍၊ တိုင် တို့ကို ထူ လေ၏။ ၁၉ တဲ တော်အပေါ် မှာ တဲ ကို ဖြန့် မိုး၍ ထိုတဲအပေါ် မှာ လည်း အထပ်ထပ်မိုး ပြန်လေ၏။ ၂၀ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ သက်သေခံချက်ကို သေတ္တာထဲမှာ သွင်းထား၍၊ သေတ္တာ ကွင်းတို့ ၌ ထမ်းဘိုးကို လျှို၍၊ သေတ္တာပေါ် မဖုံးကိုတင်ပြီးမှ၊ ၂၁ သေတ္တာကို တဲတော်၌ သွင်း၍ ကွယ်ကာရာ အတွင်းကုလားကာကို ကာထားသဖြင့်၊ သက်သေခံချက် သေတ္တာကို ကွယ်ကာလေ၏။ ၂၂ ထာဝရဘုရားမှာထားတော်မူသည်အတိုင်း၊ စားပွဲကိုလည်း ပရိသတ်စည်းဝေးရာ တဲတော်အတွင်း မြောက်ဘက်နား ကုလားကာပြင်မှာထား ၍၊ ၂၃ စားပွဲပေါ်မှာ ထာဝရဘုရားရှေ့တော်၌ မုန့်ကို ပြင်ဆင်လေ၏။ ၂၄ ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ မီးခုံ ကိုလည်း ပရိသတ် စည်းဝေး ရာ တဲ တော်အတွင်း၊ တောင်ဘက်နား စားပွဲ ဆိုင်ရာတွင် ထား ၍၊ ၂၅ ထာဝရဘုရား ရှေ့ တော်၌ မီးခွက် များကို ထွန်း လေ၏။ ၂၆ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း၊ ရွှေ ပလ္လင် ကိုလည်း ပရိသတ်စည်းဝေး ရာ တဲ တော်အတွင်း၊ ကုလားကာ ပြင် မှာ ထား ၍၊ ၂၇ ထိုပလ္လင် ပေါ် ၌ မွှေး သော နံ့သာ ပေါင်းကို မီးရှို့ လေ၏။ ၂၈ တဲ တော်တံခါး ဝ၌လည်း၊ ကုလားကာ ကို ဆွဲကာ လေ၏။ ၂၉ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း၊ မီးရှို့ရာ ယဇ်ပလ္လင်ကိုလည်း၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့မှာထား ၍၊ ထိုပလ္လင်ပေါ်၌ မီးရှို့ ရာ ယဇ်ကိုငင်း၊ ဘောဇဉ်ပူဇော်သက္ကာ ကိုငင်း ပူဇော် လေ၏။ ၃၀ အင်တုံ ကိုလည်း ပရိသတ်စည်းဝေး ရာတဲ နှင့် ယဇ် ပလ္လင်စပ်ကြား မှာထား ၍၊ ဆေး စရာ ရေ ကို အင်တုံ၌ ထည့် လေ၏။ ၃၁ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း၊ မောရှေ နှင့် အာရုန် မှစ၍ သူ ၏သား တို့သည် ပရိသတ် စည်းဝေး ရာ တဲ တော်အထဲသို့ ဝင် သော် ၎င်း၊ ၃၂ ယဇ် ပလ္လင်အနီးသို့ ချဉ်းကပ် သော် ၎င်း၊ လက် ခြေ တို့ကို ဆေး ရကြ၏။ ၃၃ တဲ တော်နှင့် ယဇ် ပလ္လင်ပတ်လည် ဝင်း ကိုထူ ၍၊ ဝင်း တံခါးဝ ၌ ကာသော ကုလားကာ ကို ဆွဲ လေ၏။ ထိုသို့ မောရှေ သည် အလုပ် ကို ပြီးစီး စေသတည်း။ ၃၄ ထိုအခါ မိုဃ်းတိမ် သည် ပရိသတ်စည်းဝေး ရာ တဲ တော်ကို လွှမ်းမိုး ၍၊ ထာဝရဘုရား ၏ ဘုန်း တော်သည် တဲ တော်ကို ဖြည့် လေ၏။ ၃၅ ထိုသို့ မိုဃ်းတိမ်သည်

ပရိသတ်စည်းဝေးရာ တဲ တော်အပေါ် ၌ နေ သောကြောင့် ၊ မောရှေ သည် အထဲသို့ မ ဝင် ရ။ ထာဝရဘုရား ၏ ဘုန်း တော်သည် တဲ တော်ကို ဖြည့် လျက်နေ၏။ **၃၆** ဣသရေလ အမျိုးသား တို့သည် ခရီး သွားလေရာရာ တွင် ၊ မိုဃ်းတိမ် သည် တဲ တော်အပေါ် မှ ကွာ မြောက်သောအခါ ခရီးသွား ကြ၏။ **၃၇** မိုဃ်းတိမ် မ ကွာ မမြောက်လျှင် ၊ မကွာ မ မြောက်မှိန့် တိုင်အောင်၊ ခရီးမ သွား ဘဲ နေကြ၏။ **၃၈** ခရီး သွားလေရာရာ တွင် ဣသရေလ အမျိုးသား အပေါင်း တို့ရှေ့မှောက် ၌ ထာဝရဘုရား ၏ မိုဃ်းတိမ် သည် နေ့အခါ တဲ တော်အပေါ် မှာ တည်နေ၏။ ညဉ့် အခါ မီးလျှံ ဖြစ် လျက် တည်နေလေသတည်း။

၁ ထာဝရဘုရား သည် ပရိသတ်စည်းဝေး ရာ တဲ တော်ထဲက အသံကို လွှင့်လျက် မောရှေ ကို ခေါ် တော်မူ၍ ၊ ၂ သင်သည် ကျသရေလ အမျိုးသား တို့ကို ဆင့်ဆို ရမည်မှာ၊ သင် တို့တွင် တစုံ တယောက်သောသူသည် ထာဝရဘုရား အား ပူဇော် သက္ကာကို ပြုလိုလျှင် ၊ ယဉ်သောတိရစ္ဆာန် တည်းဟူသောနွား ၊ သိုး ၊ ဆိတ်ကို ဆောင် ခဲ့၍ ဆက်ရမည်။ ၃ နွား ကို မီးရှို့ ရာယဇ် ပြုလိုလျှင်၊ အပြစ် မပါသော အထီး ကို ဆောင်ခဲ့၍၊ ထာဝရဘုရား စိတ် တော်နှင့် တွေ့ခြင်းငှါ ၊ ပရိသတ်စည်းဝေး ရာ တဲ တော် တံခါး အနားမှာ ဆက် ရမည်။ ၄ ပူဇော် သော နွား၏ခေါင်း ပေါ် မှာ မိမိ လက် ကို တင် ရသဖြင့် ၊ သူ ၏အပြစ် ကို ဖြေမည်အကြောင်း လက်ခံ တော်မူမည်။ ၅ ထာဝရဘုရား ရှေ့ တော်၌ ထိုနွား ကိုသတ် ပြီးလျှင် ၊ အာရုန် ၏သား ယဇ် ပုရောဟိတ်တို့သည် အသွေး ကိုယူ ၍၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး အနားယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း ရမည်။ ၆ ပူဇော် သောသူသည် ထိုအကောင်၏ အရေ ကို ချွတ်၍ အပိုင်းပိုင်း ဖြတ် ရမည်။ ၇ အာရုန် ၏သား ၊ ယဇ် ပုရောဟိတ်တို့သည်၊ ယဇ် ပလ္လင်ပေါ် မှာ မီး ကိုထည့် ၍ မီး ပေါ် မှာ ထင်း ကိုခင်း ပြီးမှ၊ ၈ ထင်း ပေါ် မှာ ခေါင်း ၊ ဆီဥ ၊ သား တစ်များကို တင် ရမည်။ ၉ ခြေထောက် နှင့် အအူ အစရှိသည်တို့ကို ရေ နှင့် အရင်ဆေး ရမည်။ ယဇ် ပုရောဟိတ်သည်၊ ထိုယဇ် တကောင်လုံး ကို ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ ရမည်။ မီးရှို့ရာယဇ် ဖြစ်သတည်း။ ထာဝရဘုရား အား မီးဖြင့် ဆက်ကပ်၍ မွှေးကြိုင် သော ပူဇော်သက္ကာ ဖြစ်သတည်း။ ၁၀ သိုး ၊ ဆိတ် ကို မီး ရှို့ရာယဇ်ပြုလိုလျှင်၊ အပြစ် မပါသော အထီး ကို ဆောင် ခဲ့၍၊ ၁၁ ထာဝရဘုရား ရှေ့ တော်၌ ယဇ် ပလ္လင်မြောက် ဘက်နား မှာ သတ် ပြီးလျှင် ၊ အာရုန် ၏သား ယဇ် ပုရောဟိတ်တို့သည်၊ အသွေး ကို ယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း ရမည်။ ၁၂ ပူဇော်သောသူသည် အပိုင်း ပိုင်းဖြတ် ၍ ခေါင်း နှင့် ဆီဥ ကို စုထားပြီးလျှင်ယဇ် ပုရောဟိတ်သည်၊ ယဇ် ပလ္လင်ပေါ် ၌ ရှိသော ထင်း မီး အပေါ် မှာ ခင်း ရမည်။ ၁၃ ခြေထောက် နှင့် အအူ အစရှိသည်တို့ကို ရေ နှင့် အရင် ဆေး ရမည်။ ယဇ် ပုရောဟိတ်သည် တကောင်လုံး ကို ဆောင် ခဲ့၍ ၊ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ မီး ရှို့သော ယဇ်ဖြစ်သတည်း။ ထာဝရဘုရား အား မီး ဖြင့်ဆက်ကပ်၍ မွှေးကြိုင် သော ပူဇော်သက္ကာဖြစ်သတည်း။ ၁၄ ထာဝရဘုရား အား ငှက် ကို မီး ရှို့ရာယဇ်ပြုလိုလျှင် ၊ ခို ဖြစ်စေ ၊ ချိုး ကလေး ဖြစ်စေဆောင်ခဲ့၍ ဆက် ရမည်။ ၁၅ ယဇ် ပုရောဟိတ်သည်၊ ယဇ် ပလ္လင်သို့ ဆောင် ခဲ့၍ ၊ ခေါင်း ကို လိမ် ဖြတ်ပြီးလျှင် ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ အသွေး ကို ယဇ် ပလ္လင်နား မှာ ညှစ် ရမည်။ ၁၆ စာလုတ် မှစ၍စာလုတ်၌ ရှိသောအရာကို ချွတ် ပြီးလျှင် ၊ ပြာ စုထားရာအရပ် ၊ ယဇ် ပလ္လင်အရှေ့ ဘက်နား ၌ ပစ် ထားရမည်။ ၁၇ အတောင် ပါလျက် ငှက်ကောင်ကိုခွဲ ဖွင့်၍ ၊ ယဇ် ပုရောဟိတ်သည်၊ ယဇ် ပလ္လင်ပေါ် ၌ရှိသောထင်း မီး အပေါ် မှာ မီး ရှို့ရမည်။ မီး ရှို့သောယဇ် ဖြစ်သတည်း။ ထာဝရဘုရား အား မီး ဖြင့် ဆက်ကပ်၍ မွှေးကြိုင် သော ပူဇော်သက္ကာဖြစ်သတည်း။

၂ ထာဝရဘုရား အား ဘောဇဉ်ပူဇော်သက္ကာ ပြုလိုလျှင် ၊ မုန့်ညက် ကို ဆက် ရမည်။ မုန့်ညက် အပေါ် မှာ ဆီ ကိုလောင်း ၍ ၊ လောဗန် ကိုလည်း ထည့် ပြီးမှ၊ ၂ အာရုန် ၏သား ယဇ်ပုရောဟိတ် ထံ သို့ဆောင် ခဲ့၍ ၊ ယဇ် ပုရောဟိတ်သည် မုန့်ညက် တလက် ဆွန်း၊ ဆီ အချို့ လောဗန် ရှိသမျှ ကို ယူ ၍ ၊ ထိုအတွက် အတာကို ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ထာဝရဘုရား အား မီး ဖြင့် ဆက်ကပ်၍၊ မွှေးကြိုင် သော ပူဇော်သက္ကာ ဖြစ်သတည်း။ ၃ ကျန် ကြွင်းသော ဘောဇဉ်ပူဇော်သက္ကာ မူကား ၊ အာရုန် နှင့် သူ ၏သား တို့အဘို့ ဖြစ်ရမည်။ ထာဝရဘုရား အား မီး ဖြင့် ပြုသောပူဇော်သက္ကာထဲက အလွန်သန့်ရှင်း သော အရာဖြစ်၏။ ၄ မီးဖို ၌ ဖုတ် သောမုန့်ကို ဘောဇဉ်ပူဇော်သက္ကာ ပြု လိုလျှင် ၊ ဆီ နှင့် မုန့်ညက် ဖြင့် လုပ်သော တဆေး မဲ့ မုန့် ပြားသော်၎င်း၊ ဆီ လူး သော တဆေး မဲ့ မုန့် ကြွပ်သော်၎င်းဖြစ်ရမည်။ ၅ သံ ပြားပူနှင့်လုပ်သောမုန့်ကို ဘောဇဉ်ပူဇော်သက္ကာ ပြုလိုလျှင် ၊ ဆီ ရော ၍ တဆေး မပါသော မုန့်ညက် နှင့် လုပ် ရမည်။ ၆ ထိုမုန့် ကို ချိုးဖဲ့ ၍ ဆီ ကို လောင်း ရမည်။ ဘောဇဉ်ပူဇော်သက္ကာ ဖြစ်သတည်း။ ၇ အိုး ကင်းနှင့် ကြော်သောမုန့်ကို ဘောဇဉ်ပူဇော်သက္ကာ ပြုလိုလျှင် ၊ ဆီ ရောသော မုန့်ညက် နှင့် လုပ် ရမည်။ ၈ ထို ဘောဇဉ်ပူဇော်သက္ကာ အမျိုးမျိုးတို့ကို၊ ထာဝရဘုရား အထံ တော်သို့ ဆောင် ခဲ့၍ ၊ ယဇ်ပုရောဟိတ် အား ဆက် ပြီးမှ ၊ သူသည် ယဇ် ပလ္လင်သို့ ဆောင် ခဲ့ရမည်။ ၉ ထိုဘောဇဉ်ပူဇော်သက္ကာ ထဲက အတွက်အတာကို နှိုက်ယူ ၍ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ထာဝရဘုရား အား မီး ဖြင့် ဆက်ကပ်၍ မွှေးကြိုင် သော ပူဇော်သက္ကာဖြစ်သတည်း။ ၁၀ ကျန် ကြွင်းသော ဘောဇဉ်ပူဇော်သက္ကာ မူကား ၊ အာရုန် နှင့် သူ ၏သား တို့အဘို့ ဖြစ်ရမည်။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာထဲက အလွန်သန့်ရှင်း သော အရာဖြစ်၏။ ၁၁ ထာဝရဘုရား အား ဆက် သော ဘောဇဉ်ပူဇော်သက္ကာ ၌ တဆေး မ ပါ ရ။ ထာဝရဘုရား အား မီး ဖြင့် ပူဇော်သက္ကာပြုသောအခါ၊ တဆေးကို မီး မ ရှို့ရ။ ပျားရည် ကိုလည်း မရှို့ရ။ ၁၂ အဦး သီးသော အသီးအနှံကို ပူဇော် သော အမှုမှာ၊ တဆေးနှင့် ပျားရည်ကို၊ ထာဝရဘုရား အား ပူဇော် ရသော်လည်း ၊ မွှေးကြိုင် ရာဘို့ ယဇ် ပလ္လင်ပေါ် မှာ မီး မ ရှို့ရ။ ၁၃ ဘောဇဉ်ပူဇော်သက္ကာ ပြုလေ ရာရာ၌ ဆား ခပ်ရမည်။ သင် ပြုသောဘောဇဉ်ပူဇော်သက္ကာ ၌ ၊ သင် ၏ ဘုရား သခင်ပဋိညာဉ် ဆား ကို မ ခပ်ဘဲမနေရ။ ၁၄ အဦး သီးသော အသီးအနှံကို၊ ထာဝရဘုရား အား ဘောဇဉ်ပူဇော်သက္ကာ ပြု လိုလျှင် ၊ စပါးနှံကို အရည်စစ် အောင် မီး နားမှာ ထား ၍၊ စပါးစေ့ကို ပွတ်ယူပြီးမှ၊ ၁၅ ဆီ ကိုလောင်း ၍ ၊ လောဗန် ကိုတင် လျက် ၊ ပူဇော်သက္ကာကို ပြုရမည်။ ဘောဇဉ်ပူဇော်သက္ကာ ဖြစ်သတည်း။ ၁၆ ပွတ်ယူသော စပါး စေ့အချို့ ဆီ အချို့ လောဗန် ရှိသမျှ တည်းဟူသောထိုဘောဇဉ်ပူဇော်သက္ကာအတွက် အတာကို၊ ယဇ် ပုရောဟိတ်သည် မီး ရှို့ရမည်။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာ ဖြစ်သတည်း။

၃ နွား ကို မိဿဟာယ ယဇ်ပြုလိုလျှင် ၊ အပြစ် မပါသော အထီး အမ တကောင်ကောင်ကို၊ ထာဝရဘုရား ရှေ့ တော်၌ ဆက်ရမည်။ ၂ ပူဇော် သော နွား၏ ခေါင်း ပေါ် မှာ မိမိ လက် ကို တင် ၍ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နားမှာ သတ် ပြီးလျှင် ၊ အာရုန် ၏သား ယဇ် ပုရောဟိတ်တို့သည်၊ အသွေး ကို ယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း

ရမည်။ ၃ အအူ ကိုဖုံး သောဆီဥ ၊ အအူ နှင့်ဆိုင်သမျှ သောဆီဥ ၊ ခါး အတွင်းနား ၌ရှိသော ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ၊ ကျောက်ကပ် နှင့်တကွ အသည်း ပေါ် ၌ ရှိသောအမြွေး တို့ကို၊ မိဿဟာယ ယဇ်ကောင် ထဲက ယူ၍ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာဘို့ဆက်ပြီးမှ၊ ၄ အာရုန် ၏ သား တို့သည် ယဇ် ပလ္လင်အပေါ် ၌ရှိသောထင်း မီး ပေါ် မှာ တင်သော ယဇ် ကောင်နှင့်အတူ မီး ရှို့ရမည်။ ထာဝရဘုရား အား မီး ဖြင့် ဆက်ကပ်၍၊ မွှေးကြိုင် သော ပူဇော်သက္ကာ ဖြစ်သတည်း။ ၆ ထာဝရဘုရား အား သိုး ၊ ဆိတ်ကို၊ မိဿဟာယ ယဇ်ပြုလိုလျှင် ၊ အပြစ် မပါသော အထီး အမ တကောင် ကောင်ကို ဆက် ရမည်။ ၇ သိုးသငယ် ကို ပူဇော် လိုလျှင်၊ ထာဝရဘုရား ရှေ့ တော်၌ ဆက် ပြီးမှ၊ ၈ ပူဇော် သော သိုး၏ ခေါင်း ပေါ် မှာ မိမိ လက် ကို တင် ၍ ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့မှာ သတ် ပြီးလျှင် ၊ အာရုန် ၏ သား တို့သည် အသွေး ကို ယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း ရမည်။ ၉ အကောင်ဆီဥ ၊ ကျောရိုး ကတိတိဖြတ် သော အမြီး ရှိသမျှ ၊ အအူ ကို ဖုံး သော အဆီဥ ၊ အအူ နှင့် ဆိုင်သမျှ သောအဆီဥ၊ ၁၀ ခါး အတွင်းနား ၌ ရှိသော ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ၊ ကျောက်ကပ် နှင့်တကွ အသည်း ပေါ် ၌ရှိသောအမြွေး တို့ကို၊ မိဿဟာယ ယဇ်ကောင်ထဲက ယူ၍ ထာဝရဘုရား အား မီး ဖြင့် ပြုသောပူဇော်သက္ကာဘို့ ဆက် ပြီးမှ၊ ၁၁ ယဇ် ပုရောဟိတ်သည် ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာ အစာ အာဟာရ ဖြစ်သတည်း။ ၁၂ ဆိတ် ကို ပူဇော် လိုလျှင် ၊ ထာဝရဘုရား ရှေ့ တော်၌ ဆက် ပြီးမှ ၊ ၁၃ ဆိတ် ခေါင်း ပေါ် မှာ မိမိ လက် ကိုတင် ၍ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ မှာ သတ် ပြီးလျှင် ၊ အာရုန် ၏ သား တို့သည် အသွေး ကို ယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း ရမည်။ ၁၄ အအူ ကို ဖုံး သော ဆီဥ ၊ အအူ နှင့်ဆိုင်သမျှ သောဆီဥ၊ ၁၅ ခါး အတွင်းနား ၌ရှိသော ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ၊ ကျောက်ကပ် နှင့်တကွ အသည်း ပေါ် ၌ရှိသောအမြွေး တို့ကို၊ မိမိ ပူဇော် သက္ကာထဲ တွင် ယူ၍ ထာဝရဘုရား အား မီး ဖြင့် ပြုသောပူဇော်သက္ကာဘို့ ဆက် ပြီးမှ၊ ၁၆ ယဇ် ပုရောဟိတ်သည် ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ မွှေးကြိုင် ရာဘို့ မီး ဖြင့် ပြုသောပူဇော်သက္ကာ အစာ အာဟာရ ဖြစ်သတည်း။ ဆီဥ ရှိသမျှ ကို ထာဝရဘုရား ဆိုင်တော်မူ၏။ ၁၇ သင် တို့အမျိုး အစဉ်အဆက်တို့သည်၊ နေ လေ ရာရာ၌ ဆီဥ ကိုမ စား ရ၊ အသွေး ကို မစားရဟု ထာဝရ ပညတ် တော် ဖြစ်သည်ဟု မိန့်တော်မူ၏။

၄ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည်ကလသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊တရားကိုမသိ၊ထာဝရဘုရား ၏ပညတ် တော်ကိုလွန်ကျူးပြစ်မှား၍မပြုအပ်သောအမှုကိုပြုမိသည်အရာတွင်၊ ၃ ဘိသိက် ခံသော ယဇ် ပုရောဟိတ်သည် လူ များကို အပြစ် ထဲ သို့ သွေးဆောင်၍ ကိုယ်တိုင်ပြစ်မှား လျှင် ၊ ထို အပြစ် အတွက် အပြစ် ဖြေရာယဇ်ဘို့ အပြစ် မပါ၊ အသက်ပျို သော နွား ထီးကို၊ ၄ ပရိသတ်စည်းဝေး ရာ တဲ တော် တံခါး နား ၊ ထာဝရဘုရား ရှေ့ တော် သို့ ဆောင် ခဲ့၍ ၊ ထာဝရဘုရား အား ဆက် ရမည်။ ထိုအခါ နွား ၏ခေါင်း ပေါ် မှာ မိမိ လက် ကို တင် ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ နွား ကို သတ် ရမည်။ ၅ ဘိသိက် ခံသော ယဇ် ပုရောဟိတ်သည်၊ နွား ၏ အသွေး ကို ယူ ၍ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ဆောင် ခဲ့ပြီးလျှင်၊ ၆ မိမိ လက်ညှိုး ကို အသွေး ၌ နှစ် ၍ သန့်ရှင်း ရာဌာနတော်

ကုလားကာ ရှေ့၊ ထာဝရဘုရား ရှေ့တော်၌ ခုနစ် ကြိမ် ဖြန်း ရမည်။ ၇ တဖန် ယဇ် ပုရောဟိတ်သည်၊ ပရိသတ်စည်းဝေး ရာ တဲ တော်အတွင်း ၊ ထာဝရဘုရား ရှေ့တော်မှာ ရှိသောနံ့သာ ပေါင်းမွှေးကို မီးရှို့ရာ ပလ္လင် ဦးချို တို့ ၌ နွားအသွေး ကို ထည့် ၍ ၊ ကြွင်းသော အသွေး ကို၊ ပရိသတ် စည်းဝေး ရာ တဲ တော်တံခါး ရှေ့၌ရှိသော မီး ရှို့ရာ ယဇ်ပလ္လင်ခြေရင်း နားမှာ သွန် ရမည်။ ၈ မိသဟာယ ယဇ် ပြုသောနွား ၏ဆီဥကိုယူ သက့ဲသို့ ၊ အပြစ် ဖြေရာ ယဇ်ပြုသောနွားအအူ ကို ဖုံး သော ဆီဥ ၊ အအူ နှင့် ဆိုင်သမျှ သောဆီဥ၊ ၉ ခါး အတွင်းနား ၌ရှိသော ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ၊ ကျောက်ကပ် နှင့်တကွ အသည်း ပေါ် ၌ရှိသောအမြှေး တည်းဟူသော၊ နွား ဆီဥ ရှိသမျှ ကို ယူ၍၊ မီးရှို့ရာယဇ် ပလ္လင် ပေါ် မှာ ရှို့ ရမည်။ ၁၀ နွား ၏ခေါင်း ၊ ခြေထောက် ၊ အအူ ၊ ချေးနှ နှင့်တကွအရေ ၊ အသား ရှိသမျှ တည်းဟူသော၊ ၁၂ နွား တကောင်လုံး ကို၊ တပ် ပြင် မှာ ပြာ သွန် ထားရာ ရှင်းလင်း သော အရပ် သို့ ယူ သွား၍ ထင်း အပေါ် ၌ မီး ရှို့ရမည်။ ပြာ သွန် ၍ ထားရာအရပ်၌ မီး ရှို့ ရမည်။ ၁၃ ဣသရေလ အမျိုးသားပရိသတ် အပေါင်း တို့သည် တရားကိုမသိ၊ အကျိုးအပြစ်ကို မရိပ်မိဘဲ၊ ထာဝရဘုရား ၏ ပညတ် တော်ကို လွန်ကျူး ပြစ်မှား၍ မ ပြု အပ်သောအမှုကို ပြု မိသဖြင့် အပြစ်ရောက် လျှင်၊ ၁၄ ထိုသို့ ပြစ်မှား မိသော အပြစ် ကိုသိ သောအခါ ၊ ထိုအပြစ် အတွက် ပရိသတ် တို့သည် အသက်ပျို သော နွား ထီးကို၊ ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ သို့ ဆောင် ခဲ့၍ ဆက် ရမည်။ ၁၅ ပရိသတ် တွင် အသက် ကြီးသောသူတို့ သည်၊ ထာဝရဘုရား ရှေ့တော်၌ မိမိ တို့လက် ကို နွား ခေါင်း ပေါ် မှာ တင် ၍ ၊ ထိုနွား ကို ရှေ့တော်၌ သတ် ရကြမည်။ ၁၆ ဘိသိက် ခံသော ယဇ် ပုရောဟိတ်သည် နွား အသွေး ကို ပရိသတ် စည်းဝေး ရာ တဲ တော်သို့ ဆောင် ခဲ့ ပြီးလျှင် ၊ ၁၇ မိမိ လက်ညှိုး ကို အသွေး ၌ နှစ် ၍ ၊ ကုလားကာ ရှေ့ထာဝရဘုရား ရှေ့တော်၌ ခုနစ် ကြိမ် ဖြန်း ရမည်။ ၁၈ တဖန် ယဇ်ပုရောဟိတ်သည်၊ ပရိတ်သတ်စည်းဝေး ရာ တဲ တော်အတွင်း ၊ ထာဝရဘုရား ရှေ့တော်မှာ ရှိသောပလ္လင် ဦးချို တို့ ၌ အသွေး ကို ထည့် ၍ ၊ ကြွင်းသောအသွေး ကို၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့၌ရှိသော မီး ရှို့ရာယဇ်ပလ္လင်ခြေရင်း နားမှာ သွန် ရမည်။ ၁၉ နွားဆီဥ ရှိသမျှ ကို ယူ ၍ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ၂၀ အပြစ် ဖြေရာ ယဇ်ပြုသောနွား ကို ပြု သကဲ့သို့ ၊ ထိုနည်းတူဤနွား ကို ပြု သဖြင့် ၊ ယဇ် ပုရောဟိတ်သည် လူ များတို့အဘို့ အပြစ် ဖြေခြင်းကို ပြုလျှင် ၊ သူ တို့အပြစ် လွတ် လိမ့်မည်။ ၂၁ ထိုနောက်မှနွား ကို တပ် ပြင် သို့ ဆောင် သွား၍ ၊ အရင် နွား ကို မီး ရှို့သကဲ့သို့ ရှို့ ရမည်။ ပရိသတ် အဘို့ အပြစ် ဖြေစရာ ယဇ်ဖြစ်သတည်း။ ၂၂ မင်း သည်လည်း တရားကိုမသိ၊ မိမိ ဘုရား သခင် ထာဝရဘုရား ၏ ပညတ် တော်ကို လွန်ကျူး ပြစ်မှား၍ မ ပြု အပ်သော အမှုကို ပြု မိသဖြင့် အပြစ် ရောက်လျှင် ၊ ၂၃ မိမိ ပြစ်မှား မိသော အပြစ် ကို သိ သောအခါ ၊ အပြစ် မပါသော ဆိတ် သငယ် အထီး ကို ပူဇော် သက္ကာဘို့ ဆောင် ခဲ့ရမည်။ ၂၄ ဆိတ် ခေါင်း ပေါ် မှာ မိမိ လက် ကိုတင် ၍ ထာဝရဘုရား ရှေ့တော်၌ မီး ရှို့ရာယဇ်ကောင်သတ် ရာအရပ် တွင် သတ် ရမည်။ အပြစ် ဖြေရာ ယဇ်ဖြစ်သတည်း။ ၂၅ ယဇ် ပုရောဟိတ်သည် ထိုအပြစ် ဖြေရာယဇ်၏ အသွေး ကို လက်ညှိုး နှင့် ယူ ၍ မီး ရှို့ရာ ယဇ်ပလ္လင်ဦးချို တို့ ၌ ထည့် ပြီးမှ ၊ ကြွင်းသော အသွေး ကို ထိုပလ္လင် ခြေရင်း နား၌ သွန် ရမည်။ ၂၆ မိသဟာယ ယဇ်ကောင်ဆီဥ ကို ပြုသကဲ့သို့ ဆီဥ ရှိသမျှ ကို ယဇ်

ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ထိုသို့ ယဇ် ပုရောဟိတ်သည် မင်း ၏ အပြစ် အတွက် အပြစ် ဖြေခြင်းကိုပြုလျှင် ၊ သူ ၏ အပြစ်လွတ် လိမ့်မည်။ ၂၇ ဆင်းရဲသားတစုံတယောက်သည် တရားကို မသိ၊ ထာဝရဘုရား ၏ ပညတ် တော်ကို လွန်ကျူး ပြစ်မှား ၍ ၊ မပြု အပ်သော အမှုကို ပြု မိသဖြင့် အပြစ် ရောက်လျှင်၊ ၂၈ မိမိ ပြစ်မှား မိသော အပြစ် ကို သိသောအခါ ၊ ထိုအပြစ် အတွက် ပူဇော် သက္ကာဘို့ အပြစ် မပါသော ဆိတ် သငယ် အမ ကို ဆောင် ခဲ့ရမည်။ ၂၉ အပြစ် ဖြေရာ ယဇ်ပြုသောဆိတ်ခေါင်း ပေါ် မှာ မိမိ လက် ကိုတင် ၍ မီး ရှို့ရာယဇ်ကောင်ကိုသတ် ရာအရပ် ၌ ထိုဆိတ်ကိုသတ်ရမည်။ ၃၀ ယဇ် ပုရောဟိတ်သည် အသွေး ကို လက်ညှိုး နှင့် ယူ ၍ မီး ရှို့ရာ ယဇ်ပလ္လင်ဦးချို့ တို့ ၌ ထည့် ပြီးမှ ၊ ကြွင်းသော အသွေး ကို ယဇ် ပလ္လင်ခြေရင်း နား၌ သွန် ရမည်။ ၃၁ မိသဟာယ ယဇ် ကောင်ဆီဥ ကို ယူ သက့ဲသို့ ၊ ဆီဥ ရှိသမျှ ကို ယူ ၍ ထာဝရဘုရား အား မွှေးကြိုင် စရာ ဘို့ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ထိုသို့ ယဇ် ပုရောဟိတ်သည် ထိုသူ အဘို့ အပြစ် ဖြေခြင်းကို ပြုလျှင် ၊ သူ ၏ အပြစ်လွတ် လိမ့်မည်။ ၃၂ သိုးသငယ် ကို အပြစ် ဖြေရာယဇ် ပြုလိုလျှင် ၊ အပြစ် မပါသော အမ ကို ဆောင် ခဲ့ရမည်။ ၃၃ အပြစ် ဖြေရာ ယဇ်ပြုသောသိုးခေါင်း ပေါ် မှာ မိမိ လက် ကို တင် ၍ မီး ရှို့ရာယဇ်ကောင်ကိုသတ် ရာအရပ် ၌ အပြစ် ဖြေရာယဇ်ဖြစ်စေခြင်းငှါသတ် ရမည်။ ၃၄ ယဇ် ပုရောဟိတ်သည်၊ ထိုယဇ်ကောင် အသွေး ကို လက်ညှိုး နှင့် ယူ ၍ မီး ရှို့ရာ ယဇ်ပလ္လင်ဦးချို့ တို့ ၌ ထည့် ပြီးမှ ဖြန်းသော အသွေး ကို ထိုပလ္လင်ခြေရင်း နား၌ သွန် ရမည်။ ၃၅ မိသဟာယ ယဇ် ကောင် သိုးသငယ် ဆီဥ ကို ပြုသကဲ့သို့ ၊ ဆီဥ ရှိသမျှ ကို ယူ၍ ၊ ထာဝရဘုရား အား မီး ဖြင့် ပူဇော်သက္ကာနှင့်အတူယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ထိုသို့ ယဇ် ပုရောဟိတ်သည် ထိုသူ ပြစ်မှား မိသော အပြစ် အတွက် အပြစ် ဖြေခြင်းကို ပြုလျှင် ၊ သူ ၏ အပြစ်လွတ် လိမ့်မည်။

၅ တစုံ တယောက်သောသူသည် အမှုကို မြင် သည်ဖြစ်စေ ၊ သိ သည်ဖြစ်စေ ၊ ကျိန်ဆို စေသော စကား ကို ကြား ၍ ၊ သက်သေ ဖြစ်လျက်နှင့် ပြန်မ ပြော ဘဲနေသဖြင့် ပြစ်မှား ၍ ၊ မိမိ ဒုစရိုက် အပြစ်ကို ခံရ သော်၎င်း၊ ၂ တစုံ တယောက်သောသူ သည် မ စင်ကြယ်သော သားရဲ ၊ သားယဉ်၊ တွား တတ်သော တိရစ္ဆာန်၏ အသေ ကောင် အစရှိသော မ စင်ကြယ်သော အရာ တစုံ တခုကို အမှတ်တမဲ့ထိမိ သဖြင့် ၊ မ စင်ကြယ်ရာသို့ ရောက်၍ အပြစ် ရှိသော်၎င်း၊ ၃ လူ ၌ ကပ်သော မ စင်ကြယ်သော အရာတစုံတခုကို လည်း မသိဘဲ ထိမိ ၍ နောက်တဖန် သိလျှင်၊ အပြစ်ရှိရာသို့ ရောက်သော်၎င်း၊ ၄ တစုံ တယောက်သောသူသည် ကောင်း သောအမှု၊ မ ကောင်းသောအမှုကို ပြုမည်ဟု အကျိုးအပြစ်ကို မသိဘဲ ကျိန်ဆို လျက် သစ္စာပြု၍ နောက်တဖန်သိလျှင် ၊ အရင်ကျိန်ဆိုလျက် သစ္စာ ပြုလေရာရာ၌ အပြစ် တစုံတခုရောက်သော်၎င်း ၊ ၅ ထိုသို့သောအပြစ် တစုံ တခုရောက်လျှင် ၊ ထိုအပြစ် ကို ဘော်ပြ တောင်းပန်ရမည်။ ၆ ပြစ်မှား မိသော အပြစ် အတွက် အပြစ် ဖြေရာ ယဇ်ဖြစ်စေခြင်းငှါသိုးသငယ် ဖြစ်စေ ၊ ဆိတ် သငယ် ဖြစ်စေ၊ အမတကောင်ကောင်တည်းဟူသောဒုစရိုက် ဖြေရာယဇ်ကို ထာဝရဘုရား အထံ တော်သို့ ဆောင် ခဲ့ပြီးလျှင် ၊ ယဇ် ပုရောဟိတ်သည် ထိုသူ ၏ အပြစ် အတွက် အပြစ် ဖြေခြင်းကို ပြုရမည်။ ၇ သိုးသငယ် ကို မ တတ် နိုင်လျှင် ၊ ပြစ်မှား မိသော အပြစ်အတွက် အပြစ် ဖြေရာယဇ်ဘို့ တကောင်၊ မီး ရှို့ရာယဇ်ဘို့ တကောင် ၊ ခို နှစ် ကောင်၊ သို့မဟုတ် ချိုး

ကလေး နှစ် ကောင်ကို ထာဝရဘုရား အထံတော်၊ ၈ ယဇ်ပုရောဟိတ် ရှေ့ သို့ ဆောင် ခဲ့ရမည်။ ယဇ်ပုရောဟိတ်သည် အပြစ် ဖြေရာ ယဇ်ကောင်ကို အရင် ပူဇော် လျက် ၊ ခေါင်း ကိုလိမ် ၍ ဖြတ်ရမည်။ ကိုယ်ကို ရှင်းရှင်းမ ခွဲ ရ။ ၉ ထိုအပြစ် ဖြေရာ ယဇ်ကောင်အသွေး ကို ယဇ် ပလ္လင်နံရံ ၌ ဖြန်း ၍ ၊ ကြွင်း သော အသွေး ကို ယဇ် ပလ္လင်ခြေရင်း နားမှာ ညှစ် ရမည်။ အပြစ် ဖြေရာယဇ် ဖြစ်သတည်း။ ၁၀ ဒုတိယ ငှက်ကောင်ကို၊ ပညတ် တရားအတိုင်း မီး ရှို့ရာ ယဇ်ပူဇော် ရမည်။ ထိုသို့ ယဇ် ပုရောဟိတ်သည်၊ ထိုသူ ပြစ်မှား မိသော အပြစ် အတွက် အပြစ် ဖြေခြင်းကိုပြုလျှင် ၊ သူ ၏ အပြစ်လွတ် လိမ့်မည်။ ၁၁ ခို နှစ် ကောင်ဖြစ်စေ ၊ ချိုး ကလေး နှစ် ကောင်ဖြစ်စေ၊ တခုခုကို မ တတ် နိုင်လျှင် ၊ ပြစ်မှား သော သူ သည် အပြစ် ဖြေရာယဇ် အရာ၌ မုန့်ညက် တသြမဲကို ဆောင် ခဲ့၍ ဆက်ရမည်။ အပြစ်ဖြေရာယဇ် ဖြစ်သောကြောင့် ဆီ ကို မ လောင်း ရ။ လောဗန် ကို မ တင် ရ။ ၁၂ ယဇ်ပုရောဟိတ် ထံ သို့ဆောင် ခဲ့ပြီးလျှင် ၊ ယဇ် ပုရောဟိတ်သည် မုန့်ညက်တလက် ဆွန်းတည်းဟူသောပူဇော်သက္ကာအတွက် အတာကိုယူ ၍ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာနှင့်အတူယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ အပြစ် ဖြေရာယဇ် ဖြစ်သတည်း။ ၁၃ ထိုသို့ ယဇ် ပုရောဟိတ်သည်၊ ထိုသူ ပြစ်မှား မိသော အပြစ် တစုံ တခုအတွက် အပြစ် ဖြေခြင်းကို ပြုလျှင် ၊ သူ ၏ အပြစ်လွတ် လိမ့်မည်။ ကြွင်းသောအရာသည် ဘောဇဉ်ပူဇော်သက္ကာ ကဲ့သို့ ၊ ယဇ်ပုရောဟိတ် အဘို့ ဖြစ် သည်ဟု မောရှေအား မိန့်တော်မူ၏။ ၁၄ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၁၅ တစုံတယောက် သောသူသည် တရားကိုမသိ၊ ထာဝရဘုရား နှင့်ဆိုင်သောအရာတို့ ၌ လွန်ကျူး ပြစ်မှား မိလျှင်၊ ထိုပြစ်မှား ခြင်းအတွက် ဒုစရိုက်ဖြေရာယဇ် တည်းဟူသောအပြစ် မပါသော သိုးထီး ကိုငင်း၊ အကျပ် တော်အလိုက် ချင့်တွက် ၍ ချိန်သော အလျော်ငွေကိုငင်း၊ ထာဝရဘုရား အထံ တော်သို့ ဆောင် ခဲ့ရမည်။ ၁၆ ထိုသို့ ဘုရား နှင့်ဆိုင်သော အရာ၌ ပြစ်မှား မိရာကို ပြုပြင် ပြီးလျှင် ၊ ငါး စုတစုကိုလည်း ထပ် ၍ယဇ်ပုရောဟိတ် အား ပေး ရမည်။ ယဇ် ပုရောဟိတ်သည်လည်း ၊ ဒုစရိုက် ဖြေရာယဇ်ဖြစ်သော သိုး အားဖြင့် ၊ ထိုသူ အဘို့ အပြစ် ဖြေခြင်းကို ပြုလျှင်၊ သူ ၏ အပြစ်လွတ် လိမ့်မည်။ ၁၇ တစုံ တယောက်သောသူသည်၊ ထာဝရဘုရား ပညတ် တော်မူသောအမှုတစုံ တခုကို ပြု ၍ ပြစ်မှား မိလျှင် ၊ ကိုယ်ပြစ်မှားမှန်းကို မ သိ သော်လည်း အပြစ် ရောက်၍ ထိုအပြစ် ကိုခံရ မည်။ ၁၈ ဒုစရိုက် ဖြေရာယဇ်ကိုပြုခြင်းငှါ ချင့်တွက်သော အလျော်ငွေ နှင့်တကွ၊ အပြစ် မပါသော သိုး ထီးကို ဆောင် ခဲ့ရမည်။ တရားကိုမသိ ပြစ်မှား မိသော်လည်း ၊ ကိုယ်ပြစ်မှားမှန်းကို မ သိ သောသူ အဘို့ ယဇ် ပုရောဟိတ်သည် အပြစ် ဖြေခြင်းကို ပြုလျှင် ၊ ထိုသူ ၏ အပြစ်လွတ် လိမ့်မည်။ ၁၉ ဒုစရိုက် ဖြေသောယဇ် ဖြစ်သတည်း။ အကယ်စင်စစ်ထိုသူ သည် ထာဝရဘုရား ကို ပြစ်မှား ရာ ရောက်သတည်းဟု မိန့်တော်မူ၏။

၆ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ တစုံ တယောက်သောသူသည် သူတပါး အပ်နှံ သော ဥစ္စာအတွက် ပေါင် ထားသော ဥစ္စာအတွက် ၊ မိမိနှင့် စပ်ဆိုင်သောသူအား မုသား စကားကို ပြောသော်၎င်း ၊ သူဥစ္စာကို အနိုင် အထက်ယူသော်၎င်း၊ မိမိ နှင့် စပ်ဆိုင် သောသူကို လှည့်စား သော်၎င်း၊ ၃ ပျောက်သောဥစ္စာ ကို

တွေ့ သောအခါ ၊ မုသာ စကားကိုပြော၍ မ ဟုတ်မမှန်ဘဲ ကျိန်ဆို သော်၎င်း ၊ ထိုသို့သော ဒုစရိုက်တစုံ တခုကို ပြု ၍ ထာဝရဘုရားကို ပြစ်မှားမိလျှင်၊ ၄ ထိုသူသည် ပြစ်မှား ၍ အပြစ် ရောက်သောကြောင့် ၊ အနိုင် အထက်ယူသော ဥစ္စာ ၊ လှည့်စား ၍ ရသော ဥစ္စာ ၊ သူတပါး အပ်နှံ သော ဥစ္စာ၊ ပျောက် ၍တွေ့ သော ဥစ္စာ၊ ၅ မ ဟုတ်မမှန်ဘဲ ကျိန်ဆို ၍ ရသောဥစ္စာ အဘိုးနှင့်တကွ၊ ငါး စုတစုကို ထပ် ၍ဒုစရိုက် ဖြေသော ယဇ်ပူဇော်သောနေ့ ၌ ဥစ္စာရှင်အား ပြန်ပေး ရမည်။ ၆ ဒုစရိုက် ဖြေရာယဇ်ကို ပြုခြင်းငှါ ချင့်တွက်သော အလျော်ငွေနှင့်တကွ၊ ဒုစရိုက် ဖြေရာယဇ်တည်းဟူသော အပြစ် မပါသော သိုး ထီးကို၊ ထာဝရဘုရား ထံ တော်၊ ယဇ်ပုရောဟိတ် ရှေ့သို့ ဆောင်ခဲ့ရမည်။ ၇ ယဇ် ပုရောဟိတ်သည် ထိုသူ အဘို့ ထာဝရဘုရား ရှေ့ တော်၌ အပြစ် ဖြေခြင်းကို ပြုလျှင် ၊ သူပြစ်မှားသမျှ သောအပြစ် လွတ် လိမ့်မည်ဟု မိန့်တော်မူ၏။ ၈ တဖန် မောရှေ အား ထာဝရဘုရား က၊ ၉ သင်သည် အာရုန် နှင့် သူ ၏သား တို့အား ဆင့်ဆို ရသော မီး ရှို့ရာ ယဇ်ပူဇော်ခြင်းတရား ဟူမူကား ၊ ယဇ်ကောင်ကိုယဇ် ပလ္လင်ထင်းမီးပေါ် မှာ တည်၌လုံး နံနက် တိုင်အောင် ရှိစေ၍၊ ယဇ် ပလ္လင်မီး သည် အစဉ်လောင် ရမည်။ ၁၀ ယဇ် ပုရောဟိတ်သည် ပိတ် အင်္ကျီ ၊ ပိတ် ပေါင်းဘီ ကို ဝတ် လျက် ၊ ယဇ် ပလ္လင်ပေါ် မှာ ကျွမ်းလောင် သော မီးရှို့ ရာ ယဇ်ပြာ ကို ကျုံး ၍ ပလ္လင် အနား မှာထား ရမည်။ ၁၁ တဖန် အဝတ် ကိုလဲ ၍ ၊ ထိုပြာ ကို တပ် ပြင် ၌ ရှင်းလင်း သောအရပ် သို့ ယူ သွားရမည်။ ၁၂ ယဇ် ပလ္လင်မီး သည် မ သေ ဘဲ အစဉ်လောင် ရမည်။ ယဇ် ပုရောဟိတ်သည် နံနက် တိုင်း ထင်း မီးထည့်၍၊ ထင်းပေါ် မှာ မီး ရှို့ရာယဇ်ကို ခင်း ရမည်။ ထိုပလ္လင်ပေါ် မှာလည်း ၊ မိဿဟာယ ယဇ်ဆီဥ ကို မီး ရှို့ရမည်။ ၁၃ ယဇ် ပလ္လင်မီး သည် အလျှင်းမ သေ ဘဲ၊ အစဉ် မပြတ်လောင် ရမည်။ ၁၄ ဘောဇဉ်ပူဇော်သက္ကာ တရား ဟူမူကား ၊ အာရုန် ၏သား တို့သည် ထိုပူဇော်သက္ကာကို ထာဝရဘုရား ထံ တော်၊ ယဇ် ပလ္လင်ရှေ့ မှာ ပူဇော် သောအခါ၊ ၁၅ ဘောဇဉ်ပူဇော်သက္ကာ မုန့်ညက် တလက်ဆွန်း၊ ဆီ အချို့ လောဗန် ရှိသမျှ တည်းဟူသော ပူဇော် သက္ကာ အတွက်အတာကိုယူ ၍ ထာဝရဘုရား အား မွှေးကြိုင် စရာဘို့ ယဇ် ပလ္လင်ပေါ်မှာ မီး ရှို့ရမည်။ ၁၆ ကြွင်း သောအရာတို့ကို၊ အာရုန် နှင့် သူ ၏သား တို့သည်၊ ပရိသတ်စည်းဝေး ရာ တဲ တော်ဝင်း အတွင်း တွင် ၊ သန့်ရှင်း ရာဌာန ၌ တဆေး မပါဘဲ စား ရမည်။ ၁၇ ထိုမုန့်ညက်ကို တဆေး ထည့်၍ မုန့်မ လုပ် ရ။ မီး ဖြင့် ငါ့ အား ပြုသောပူဇော်သက္ကာထဲက ထိုမုန့်ညက်ကို သူ တို့အဘို့ ဖြစ်စေခြင်းငှါငါပေး ပြီ။ အပြစ် ဖြေရာယဇ်၊ ဒုစရိုက် ဖြေရာယဇ်ကဲ့သို့ အလွန်သန့်ရှင်း ပေ၏။ ၁၈ အာရုန် ၏ သား ယောကျ်ား အပေါင်း တို့သည် စား ရကြမည်။ မီး ဖြင့် ထာဝရဘုရား အား ပြုသောပူဇော်သက္ကာကို ကိုင် သောသူအပေါင်း တို့သည် သန့်ရှင်း ရကြမည်ဟု သင် တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် တော် ဖြစ်သတည်းဟု မိန့်တော်မူ၏။ ၁၉ တဖန် ထာဝရဘုရား သည်၊ မောရှေ အား မိန့် တော်မူသည်ကား၊ ၂၀ အာရုန် နှင့် သူ ၏သား တို့သည် ဘိသိက် ခံသောနေ့ မှစ၍ ထာဝရ ဘောဇဉ်ပူဇော်သက္ကာ ဖြစ်စေခြင်းငှါ၊ မုန့်ညက် တဩမဲကို၊ နံနက် တဝက် ၊ ည တဝက် ထာဝရဘုရား အား ပူဇော် ရမည်။ ၂၁ ထိုမုန့်ညက်ကို ဆီထည့်၍ သံပြား ပူနှင့် မုန့်လုပ် ပြီးမှ၊ ဆောင် ခဲ့၍ ချိုးဖဲ့ သဖြင့် ဘောဇဉ်ပူဇော်သက္ကာ အကျိုး အပဲ့တို့ကို ထာဝရဘုရား အား မွှေးကြိုင် စရာဘို့ ပူဇော် ၂၂ အာရုန် အရာ ၌ ဘိသိက် ခံသော သား သည်လည်း၊

ထိုပူဇော်သက္ကာကို ပြု ရမည်။ ထာဝရဘုရား အဘို့ ထာဝရ ပညတ် တော် ဖြစ်သတည်း။ ၂၃ ယဇ်ပုရောဟိတ် အတွက် ပြုသောဘောဇဉ်ပူဇော်သက္ကာ ရှိသမျှ ကို အကုန် အစဉ် မီး ရှို့ရမည်။ အလျှင်း မ စား ရဟု မိန့်တော်မူ၏။ ၂၄ တဖန် မောရှေ အား ထာဝရဘုရား မိန့် တော်မူသည်မှာ၊ ၂၅ သင်သည် အာရုန် နှင့် သူ ၏သား တို့အား ဆင့်ဆို ရသော အပြစ် ဖြေရာယဇ် ပူဇော်ခြင်းတရား ဟူမူကား ၊ မီး ရှို့ရာယဇ်ကောင်သတ် ရာအရပ် ၌ ထာဝရဘုရား ရှေ့ တော်မှာ အပြစ် ဖြေရာယဇ်ကိုသတ် ရမည်။ အလွန်သန့်ရှင်း ပေ၏။ ၂၆ အပြစ် ဖြေဘို့ ပူဇော်သော ယဇ် ပုရောဟိတ်သည်၊ ပရိသတ်စည်းဝေး ရာ တဲ တော်ဝင်း အတွင်းတွင် သန့်ရှင်း ရာဌာန ၌ စား ရမည်။ ၂၇ ထိုအသား ကို ထိ သမျှ သည် သန့်ရှင်း ၏။ အသွေး ဖြန်း သမျှသောအဝတ် တို့ကို သန့်ရှင်း ရာဌာန ၌ လျော် ရမည်။ ၂၈ ထိုအသားပြုတ် သော မြေ အိုး ကို ခွဲ ရမည်။ ကြေးဝါ အိုး ဖြစ်လျှင် ပွတ် ၍ ရေ နှင့် ဆေး ရမည်။ ၂၉ ယဇ် ပုရောဟိတ်ယောကျ်ား အပေါင်း တို့သည် စား ရကြမည်။ အလွန်သန့်ရှင်း ပေ၏။ ၃၀ အပြစ် ဖြေရာယဇ် အသွေး ကို သန့်ရှင်း ရာဌာန၌ အပြစ် ဖြေခြင်းငှါ ၊ ပရိတ်သတ်စည်းဝေး ရာ တဲ တော်အတွင်း သို့ ဆောင် ခဲ့လျှင် ၊ ထိုယဇ်အသားကို မ စား ရ။ မီး ရှို့ ရမည်။

၇ ဒုစရိုက် ဖြေသော ယဇ်ပူဇော်ခြင်းတရား ဟူမူကား ၊ အလွန်သန့်ရှင်း ပေ၏။ ၂ မီး ရှို့ရာယဇ်ကောင်ကိုသတ် ရာအရပ် ၌ ဒုစရိုက် ဖြေသော ယဇ်ကောင်ကိုသတ် ၍ အသွေး ကို ယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း ရမည်။ ၃ အမြီး နှင့်တကွ အအူ ကို ဖုံး သောဆီဥ၊ ၄ ခါး အတွင်းနား ၌ ရှိသော ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ၊ ကျောက်ကပ် နှင့်တကွ အသည်း ပေါ် ၌ရှိသောအမြွှေး တည်းဟူသောဆီဥ ရှိသမျှ ကိုယူ ၍ ဆက် လျှင် ၊ ၅ ယဇ် ပုရောဟိတ်သည် ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့၍ ထာဝရဘုရား အား မီး ဖြင့် ပူဇော်သက္ကာပြုရမည်။ ဒုစရိုက် ဖြေရာယဇ် ဖြစ်သတည်း။ ၆ အသားကို ယဇ် ပုရောဟိတ်ယောကျ်ား အပေါင်း တို့သည်၊ သန့်ရှင်း ရာဌာန ၌ စား ရကြမည်။ အလွန်သန့်ရှင်း ပေ၏။ ၇ အပြစ် ဖြေရာယဇ်၊ ဒုစရိုက် ဖြေရာယဇ်၏ တရား တပါး တည်းဖြစ်၍၊ ဒုစရိုက် အပြစ် ဖြေခြင်းကို ပြုသော ယဇ် ပုရောဟိတ်သည် ယူရမည်။ ၈ လူ တစုံတယောက်ပြုသောမီး ရှို့ရာယဇ်ကို ပူဇော် သော ယဇ် ပုရောဟိတ်သည်၊ မိမိပူဇော် သော ယဇ် ကောင်အရေ ကိုယူရမည်။ ၉ မီးဖို ၌ ဖုတ် သော ဘောဇဉ်ပူဇော်သက္ကာ ၊ အိုး ကင်း၊ သံပြား ပူနှင့် လုပ် သော အရာရှိသမျှ ကို ပူဇော် သော ယဇ် ပုရောဟိတ်သည် ယူရမည်။ ၁၀ ဆီ ထည့် သည်ဖြစ်စေ ၊ မ ထည့်သည်ဖြစ်စေ၊ ဘောဇဉ်ပူဇော်သက္ကာ ရှိသမျှ ကို အာရုန် ၏ သား အပေါင်း တို့သည် အညီအမျှ ယူရကြရမည်။ ၁၁ ထာဝရဘုရား အား ပြုရသော မိဿဟာယ ယဇ် ပူဇော်ခြင်းတရား ဟူမူကား ၊ ၁၂ ကျေးဇူး တော်ဝန်ခံဘို့ ရာပူဇော် လျှင် ၊ ကျေးဇူး တော် ဝန်ခံရာယဇ်နှင့်တကွ ဆီ ရော သော တဆေး မဲ့ မုန့်ပြား ၊ ဆီ နှင့် လုပ် သော တဆေး မဲ့မုန့်ကြွပ် ၊ ဆီ ရော သော မုန့်ညက် နှင့် လုပ်၍ ကြော် သော မုန့်ပြား တို့ကို ပူဇော် ရမည်။ ၁၃ ထိုမုန့်ပြားမှတပါး၊ မိဿဟာယ ပူဇော်သက္ကာနှင့်ဆိုင်သော ကျေးဇူး တော်ဝန်ခံရာယဇ်နှင့်တကွ ၊ တဆေး ပါသောမုန့် ကိုလည်း ပူဇော် ရမည်။ ၁၄ ပူဇော် သက္ကာရှိသမျှ အထဲ က မုန့်တလုံး ကို ထာဝရဘုရား အား ချီမြှောက်သော ပူဇော် သက္ကာပြု၍ ထိုမုန့်ကို မိဿဟာယ ယဇ် အသွေး ဖြန်း သောယဇ် ပုရောဟိတ် ယူ ရမည်။ ၁၅ ကျေးဇူး တော်ဝန်ခံဘို့ရာပူဇော်သော မိဿဟာယ ယဇ်အသား ကို၊

ပူဇော် သောနေ့ ခြင်းတွင် စား ရမည်။ နံနက် တိုင်အောင် မ ကြွင်း စေရ။ ၁၆ သို့မဟုတ် သစ္စာ ပြု၍ ယဇ် ပူဇော်သည်ဖြစ်စေ ၊ ကိုယ် အလိုအလျောက်ပူဇော်သည်ဖြစ်စေ၊ ပူဇော် သောနေ့ ခြင်းတွင် ၊ ယဇ် အသားကို စား၍ အကြွင်းကိုလည်း နက်ဖြန် နေ့စား ရမည်။ ၁၇ ကြွင်း သေးသော အသား ကိုလည်း သန်ဘက် နေ့ ၌ မီး ရှို့ ရမည်။ ၁၈ မိသဟာယ ယဇ် အသား အနည်းငယ်ကို၊ သန်ဘက် နေ့ ၌ စား မိလျှင် စိတ် တော်နှင့်မ တွေ့။ ပူဇော် သောသူ သည် အကျိုး ကိုမ ရ။ ခွံရှာ ဘွယ် ဖြစ် လိမ့်မည်။ စား သောသူ သည် ကိုယ် အပြစ် ကိုခံရ လိမ့်မည်။ ၁၉ မ စင်ကြယ်သောအရာနှင့် ထိမိ သော ယဇ်သား ကို မ စား ရ။ မီး ရှို့ ရမည်။ စင်ကြယ် သောသူ တို့ သာလျှင် ထိုယဇ်သား ကို စား ရကြမည်။ ၂၀ ထာဝရဘုရား နှင့် ဆိုင်သော မိသဟာယ ယဇ်သား ကို အကြင် သူသည် မ စင်ကြယ်သော အပြစ်ရှိ လျက်နှင့် စား မိ၏။ ထို သူ ကို သူ ၏ အမျိုး မှ ပယ်ရှင်း ရမည်။ ၂၁ အကြင်သူသည်လည်း၊ လူ ၌ မ စင်ကြယ်သော အရာ၊ မ စင်ကြယ်သောသား ၊ မ စင်ကြယ်သော ပိုးရွ အစ ရှိသော မ စင်ကြယ်သောအရာ တစုံ တခုကို ထိမိ ၍ ၊ ထာဝရဘုရား နှင့် ဆိုင်သော မိသဟာယ ယဇ်သား ကို စား ၏။ ထို သူ ကို သူ ၏ အမျိုး မှ ပယ်ရှင်း ရမည်ဟု မိန့်တော်မူ၏။ ၂၂ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂၃ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင်တို့သည် သိုး ၊ ဆိတ် ၊ နွား ဆီဥ ကို အလျှင်း မ စား ရ။ ၂၄ အလိုလို သေသော တိရစ္ဆာန်ဆီဥ ၊ သားရဲ ကိုက်၍ သေသော တိရစ္ဆာန်ဆီဥ ကို အခြားသို့ သုံး ရသော်လည်း၊ အလျှင်းမ စား ရ။ ၂၅ အကြင်သူသည် ထာဝရဘုရား အား မီး ဖြင့် ပူဇော်သက္ကာပြု သော တိရစ္ဆာန် ဆီဥ ကို စား ၏။ ထိုသူ ကို သူ ၏ အမျိုး မှ ပယ်ရှင်း ရမည်။ ၂၆ သင် တို့သည် နေ လေ ရာရာ၌ ငှက် သွေး၊ သား သွေးမှစ၍ အသွေး မည်မျှကို မ စား ရ။ ၂၇ အကြင် သူသည် တစုံ တခုသောအသွေး ကို စား ၏။ ထို သူ ကို သူ ၏ အမျိုး မှ ပယ်ရှင်း ရမည်ဟု မိန့်တော်မူ၏။ ၂၈ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂၉ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ထာဝရဘုရား အား မိသဟာယ ယဇ် ကို ပူဇော် သောသူသည်၊ မိမိ ပူဇော် သော ယဇ်အထဲက၊ ထာဝရဘုရား အား ဆက် ဘို့ရာဆောင် ခဲ့ရမည်။ ၃၀ ထာဝရဘုရား ရှေ့ တော်၌ ရင်ပတ် ကိုချီလွှဲ ၍၊ ချီလွှဲ သော ပူဇော်သက္ကာ ပြုစေခြင်းငှါ ၊ ရင်ပတ် နှင့် ဆီဥ တည်းဟူသောမီး ဖြင့် ထာဝရဘုရား အား ပူဇော်သောအရာကို ကိုယ်တိုင် ဆောင် ခဲ့ရမည်။ ၃၁ ယဇ် ပုရောဟိတ်သည်၊ ဆီဥ ကို ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့၍ ၊ ရင်ပတ် ကို အာရုန် နှင့် သူ ၏သား တို့သည် ယူရကြမည်။ ၃၂ မိသဟာယ ယဇ်ထဲက လက်ျာ ပခုံး ကို ချီမြှောက်သော ပူဇော် သက္ကာဘို့ ယဇ်ပုရောဟိတ် အား ပေး ရမည်။ ၃၃ မိသဟာယ ယဇ် အသွေး နှင့် ဆီဥ ကို၊ အာရုန် ၏သား တို့တွင် ပူဇော် သောသူသည်၊ လက်ျာ ပခုံး ကို မိမိ အဘို့ ယူရမည်။ ၃၄ ဣသရေလ အမျိုးသား တို့ပြုသောမိသဟာယ ယဇ်များထဲက ချီလွှဲ သော ရင်ပတ် ၊ ချီမြှောက်သော ပခုံး ကို ငါနှုတ် ယူ၍ ဣသရေလ အမျိုးသား တို့တွင် ယဇ်ပုရောဟိတ် အာရုန် နှင့် သူ ၏သား တို့အား ထာဝရ ပဋိညာတ် တော်အားဖြင့် ငါပေး ပြီဟု မိန့်တော်မူ၏။ ၃၅ ထိုသို့ အာရုန် နှင့် သူ ၏သား တို့သည်၊ ထာဝရဘုရား ရှေ့တော်မှာ ယဇ် ပုရောဟိတ်အမှုကို ဆောင်ရွက် မည်အကြောင်း၊ သူတို့ကို ခန့် ထားသောနေ့ ၌ ၊ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာများထဲက ၊ သူတို့ခံရသောအဘို့ ဖြစ်၏။ ၃၆ ဣသရေလ အမျိုးသား တို့လက်မှ

ထိုသို့သောအဘို့ကိုခံရမည်အကြောင်း၊ သူ တို့ကို ဘိသိက် ပေးတော်မူသောနေ့ ၌ ၊ ထာဝရဘုရား မှာ ထားတော်မူ၏။ သူ တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် ဖြစ်သတည်း။ ၃၇ ဤ ရွေ့ကား၊ ဣသရေလ အမျိုးသား တို့သည်၊ သိနာ တော ၌ ထာဝရဘုရား အား ပူဇော် သက္ကာပြုရမည် အကြောင်းမှာ ထားတော်မူသောနေ့ ၌ သိနာ တောင် ပေါ် မှာ ထာဝရဘုရား သည် မောရှေ အား ပေးတော်မူသောမီး ရှိရာယဇ်တရား ၊ ဘောဇဉ်ပူဇော်သက္ကာ တရား၊ အပြစ် ဖြေရာယဇ်တရား၊ ဒုစရိုက် ဖြေရာ ယဇ်တရား၊ အရာ ၌ ခန့်ထားရာ ယဇ်တရား၊ ၃၈ မိဿဟာယ ယဇ်တရား ဖြစ်သတည်းဟု မိန့် တော်မူ၏။

၈ တဖန် ထာဝရဘုရား က၊ ၂ သင်သည် အာရုန် နှင့် သူ ၏သား များ၊ အဝတ် များ၊ လိမ်း ရန်ဆီ ၊ အပြစ် ဖြေရာ ယဇ်ဘို့ နွား ထီး၊ သိုး ထီးနှစ် ကောင်၊ တဆေး မဲ့ မုန့်တတောင်း ကိုယူ ၍၊ ၃ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့သို့ ပရိသတ် အပေါင်း ကို စည်ဝေး စေလော့ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၄ မောရှေ ပြု ၍ ၊ ပရိသတ် တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့မှာ စည်းဝေး ကြ၏။ ၅ မောရှေ ကလည်း ၊ ဤသို့ ထာဝရဘုရား မှာ ထား တော်မူပြီဟု ပရိသတ် တို့အား ပြောဆို လျက်၊ ၆ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ အာရုန် နှင့် သူ ၏သား တို့ကို ခေါ် ခဲ့၍ ရေချိုး ပြီးလျှင် ၊ ၇ အာရုန်ကို အင်္ကျီ ဝတ် စေ၍ ၊ ခါးပန်း ကို စည်း စေလေ၏။ ဝတ်လုံ နှင့် သင်တိုင်း ကိုလည်း ခြုံ စေ၍ ၊ ထူးဆန်းသောသင်တိုင်း ခါးစည်း ဖြင့် စည်း လေ၏။ ၈ ရင်ဖုံး ကိုလည်း ဆင်စေ၍ ၊ ရင်ဖုံး အထဲ ၌ ဥရိမ် နှင့် သုမိမ် ကို သွင်း ထားလေ၏။ ၉ သူ ၏ခေါင်း ပေါ် မှာ ဗေါင်း ကိုတင် ၍ ၊ သန့်ရှင်း သော ရွှေ သင်းကျစ် ပြား ကို ဗေါင်း ရှေ့ ၌ တပ် လေ၏။ ၁၀ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ မောရှေ သည် လိမ်း ရန်ဆီ ကိုယူ ၍ ၊ တဲ တော်နှင့် တဲတော် တန်ဆာရှိသမျှ ကို လိမ်း သဖြင့် သန့်ရှင်း စေ၏။ ၁၁ ထိုဆီကို ယဇ် ပလ္လင်ပေါ် မှာ ခုနစ် ကြိမ် ဖြန်း ၍ ၊ ယဇ် ပလ္လင်တန်ဆာ ရှိသမျှ ကိုလည်း ၊ အင်တုံ နှင့် ခြေထောက် ကိုလည်း ၊ သန့်ရှင်း စေခြင်းငှါ လိမ်း လေ၏။ ၁၂ လိမ်း ရန်ဆီ ကို အာရုန် ခေါင်း ပေါ် မှာ လောင်း ၍ သူ့ ကိုသန့်ရှင်း စေခြင်းငှါ လိမ်း လေ၏။ ၁၃ အာရုန် ၏သား တို့ကိုလည်း အင်္ကျီ ဝတ် စေ၍ ၊ ခါးပန်း ကို စည်း စေလျက် ၊ ဦးထုပ် ကို ဆောင်း စေလေ၏။ ၁၄ ထာဝရဘုရား မှာ ထား တော်မူသည်အတိုင်း ၊ အပြစ် ဖြေရာယဇ်ဘို့ နွား ထီးကို ဆောင် ခဲ့၍ ၊ အာရုန် နှင့် သူ ၏သား တို့သည်၊ မိမိ တို့လက် ကို နွား ခေါင်း ပေါ် မှာ တင် ကြ၏။ ၁၅ နွားကိုသတ် ၍ ၊ မောရှေ သည် ယဇ် ပလ္လင်ပတ်လည် ဦးချို့ တို့ ၌ အသွေး ကို လက်ညှိုး နှင့် ယူ ၍ ထည့် သဖြင့် ၊ ယဇ် ပလ္လင်ကို စင်ကြယ် စေပြီးမှ ၊ ကြွင်းသော အသွေး ကို ယဇ် ပလ္လင်ခြေရင်း နား၌ သွန် ၍ ၊ ထိုယဇ်ပလ္လင်ပေါ် မှာ အပြစ် ဖြေခြင်းကို ပြုမည်အကြောင်း သန့်ရှင်း စေ၏။ ၁၆ အအူ ကိုဖုံး သော ဆီဥ ရှိသမျှ ၊ အသည်း ပေါ် ၌ရှိသောအမြှေး ၊ ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ်ဆီဥ ကိုယူ ၍ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့လေ၏။ ၁၇ အရေ ၊ အသား ၊ ချေးနှ နှင့်တကွ နွား ကောင်ကို၊ တပ် ပြင် မှာ ရှို့ ရ၏။ ၁၈ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ မီး ရှို့ရာယဇ်ပြုသောသိုး ထီးကိုလည်း ဆောင် ခဲ့၍ ၊ အာရုန် နှင့် သူ ၏သား တို့သည်၊ မိမိ တို့လက် ကို သိုး ခေါင်း ပေါ် မှာ တင် ကြ၏။ ၁၉ သိုးကိုသတ် ပြီးလျှင် ၊ မောရှေ သည် အသွေး ကို ယဇ် ပလ္လင်အပေါ် ၌

ပတ်လည် ဖြန်း လေ၏။ ၂၀ သိုး ကိုလည်း အပိုင်း ပိုင်းဖြတ် ပြီးလျှင် ၊ ခေါင်း မှစ၍သားတစ် များနှင့် ဆီဥ ကို မီး ရှို့လေ၏။ ၂၁ ဝမ်းထဲ ၌ရှိသောအရာနှင့် ခြေ တို့ကို ဆေးကြော ၍ ၊ သိုး တကောင်လုံး ကို ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့လေ၏။ မွှေးကြိုင် ရာဘို့ မီး ရှို့သော ယဇ်ဖြစ်သတည်း။ မီး ဖြင့် ထာဝရဘုရား အား ပြုသောပူဇော်သက္ကာ ဖြစ်သတည်း။ ၂၂ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ အခြား သောသိုး ၊ အရာ ၌ ခန့်ထားရာ သိုး ကိုဆောင် ခဲ့၍ ၊ အာရုန် နှင့် သူ ၏သား တို့သည် မိမိ တို့လက် ကို သိုး ခေါင်း ပေါ် မှာ တင် ကြ၏။ ၂၃ သိုးကိုသတ် ပြီးမှ ၊ မောရှေ သည် အသွေး ကိုယူ ၍ ၊ အာရုန် ၏ လက်ျာ နား ပျဉ်း ၌ ၎င်း၊ လက်ျာ လက်မ ၌ ၎င်း ၊ လက်ျာ ခြေမ ၌ ၎င်း ၊ ထည့် လေ၏။ ၂၄ အာရုန် ၏ သား တို့ကိုလည်း ခေါ် ခဲ့၍ ၊ သူ တို့လက်ျာ နား ပျဉ်း ၊ လက်ျာ လက်မ ၊ လက်ျာ ခြေမ တို့ ၌ အသွေး ကိုထည့် ပြီးမှ ၊ ယဇ် ပလ္လင်အပေါ် ၌ ပတ်လည် ဖြန်း လေ၏။ ၂၅ ဆီဥ ၊ အမြီး ၊ အအူ ကို ဖုံး သော ဆီဥ ၊ အသည်း ပေါ် ၌ ရှိသောအမြှေး ၊ ကျောက်ကပ် နှစ် ခုနှင့် ကျောက်ကပ် ကိုဖုံးသော ဆီဥ ၊ လက်ျာ ပခုံး ၊ ၂၆ ထာဝရဘုရား ရှေ့ တော်၌ ထားသော တဆေး မဲ့ မုန့်တောင်း ထဲက တဆေး မဲ့ မုန့်တလုံး ၊ ဆီ နှင့် လုပ်သော မုန့်ပြား တပြား ၊ မုန့်ကြပ် တချပ် ကိုယူ ၍ ၊ မုန့်များကို ဆီဥ နှင့် လက်ျာ ပခုံး ပေါ် မှာ ထည့် ပြီးလျှင်၊ ၂၇ အာရုန် ၏လက် ၊ သူ ၏သား တို့လက် ၌ ထိုအရာတို့ကို ထား ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ ၊ ချီလွှဲ သဖြင့် ၊ ချီလွှဲ သော ပူဇော်သက္ကာပြုလေ၏။ ၂၈ ထိုအရာတို့ကို သူ တို့လက် မှ ခံယူ ၍ ၊ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရာယဇ်နှင့်အတူ ရှို့ လေ၏။ မွှေးကြိုင် သော အနံ့ရှိ၍ အရာ ၌ ခန့်ထားရာ ယဇ်ဖြစ်သတည်း။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာ ဖြစ်သတည်း။ ၂၉ ထိုနောက် မောရှေ သည် ရင်ပတ် ကို ယူ ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ သဖြင့်၊ ချီလွှဲ သော ပူဇော်သက္ကာပြုလေ၏။ အရာ ၌ ခန့်ထားရာ သိုး ၏ ရင်ပတ်သည် မောရှေ ၏အဘို့ ဖြစ်သတည်း။ ၃၀ တဖန် ယဇ် ပလ္လင်ပေါ် မှာရှိသော အသွေး နှင့် လိမ်း ရန်ဆီ ကိုယူ ၍ အာရုန် နှင့် သူ ၏ အဝတ် ၌ ၎င်း၊ သူ ၏သား တို့နှင့် သူတို့အဝတ် ၌ ၎င်း၊ ဖြန်း သဖြင့်၊ အာရုန် မှစ၍သား များ၊ အဝတ် များတို့ကို သန့်ရှင်း စေ လေ၏။ ၃၁ မောရှေ သည်၊ အာရုန် နှင့် သူ ၏သား တို့အား လည်း ၊ ထိုသိုး၏ အသား ကို ပရိသတ်စည်းဝေး ရာ တဲ တော် တံခါး နားမှာ ပြုတ် ကြလော့။ ထာဝရဘုရားက၊ အာရုန် နှင့် သူ ၏သား တို့သည် ထိုအသားကို စား ရကြမည် ဟု ငါ့အား မှာ ထားတော်မူသည်အတိုင်း ၊ ထိုအသားကိုဂင်း၊ အရာ ၌ ခန့်ထားရာ မုန့်တောင်း ၌ ရှိသော မုန့် ကိုဂင်း၊ ထို အရပ်၌ စား ကြလော့။ ၃၂ ကျန် ကြွင်းသော အသား နှင့် မုန့် ကိုမီး ရှို့ ရမည်။ ၃၃ သင် တို့ကို အရာ ၌ ခန့်ထားရာ ကာလ ခုနစ် ရက် မ စေ့မှီ ပရိတ်သတ်စည်းဝေး ရာ တဲ တော်တံခါး ပြင် သို့ မ ထွက် ရကြ။ ခုနစ် ရက် ပတ်လုံးအရာ၌ ခန့်ထားခြင်း မင်္ဂလာကို ဆောင်ရကြမည်။ ၃၄ ယနေ့ ပြု သည်အတိုင်း သင် တို့အဘို့ အပြစ် ဖြေခြင်းကို ပြုမည်အကြောင်း ထာဝရဘုရား မှာ ထား တော်မူပြီ။ ၃၅ ထိုကြောင့် သင်တို့သည် သေ ဘေးနှင့် ကင်း လွတ်ခြင်းငှါ၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား မှာ၊ ခုနစ် ရက် ပတ်လုံးနေ့ ညဉ့်မပြတ်နေ ၍ ၊ ထာဝရဘုရား အမှု တော်ကို စောင့်ရကြမည်။ ထိုသို့ ငါ့အားမှာ ထားတော်မူပြီဟု ဆင့်ဆိုသည်ဖြစ်၍၊ ၃၆ မောရှေ အားဖြင့် ထာဝရဘုရား မှာ ထားတော်မူသမျှ အတိုင်း ၊ အာရုန် နှင့် သူ ၏သား တို့သည် ပြု ကြ၏။

၉ အဋ္ဌမ နေ့ ၌ မောရှေ သည် အာရုန် နှင့် သူ ၏သား များ၊ ဣသရေလ အမျိုးအသက် ကြီးသူများတို့ကို ခေါ် ၍၊ ၂ အာရုန် အား ၊ သင် သည် အပြစ် ဖြေရာယဇ်ဘို့ အပြစ်မပါသော နွား သငယ် တကောင်၊ မီးရှို့ ရာ ယဇ်ဘို့ အပြစ် မပါသော သိုး ထီးတကောင်ကိုယူ ၍ ထာဝရဘုရား ရှေ့ တော်၌ ပူဇော် လော့။ ၃ ဣသရေလ အမျိုးသား တို့အား လည်း သင်တို့သည် အပြစ် ဖြေရာယဇ်ဘို့ ဆိတ် သငယ် တကောင်၊ မီး ရှို့ရာယဇ်ဘို့ အပြစ် မပါ အခါ မလည်သော နွား သငယ်တကောင်၊ သိုး သငယ်တကောင် ၄ ထာဝရဘုရား ရှေ့ တော်၌ ပူဇော် သော မိဿဟာယ ယဇ်ဘို့ နွား ထီးတကောင်၊ သိုး ထီးတကောင်၊ ဆီ နှင့် ရော သော ဘောဇဉ်ပူဇော်သက္ကာ ကို ယူ ကြလော့။ ယနေ့ ထာဝရဘုရား သည် သင် တို့အား ထင်ရှား တော်မူမည်ကို ပြော လော့ဟု ဆို လေ၏။ ၅ မောရှေ မှာ ထားသောအရာတို့ကို ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ သို့ ဆောင် ခဲ့ပြီးမှ ၊ ပရိသတ် အပေါင်း တို့သည် ချဉ်းကပ် ၍ ထာဝရဘုရား ရှေ့ တော်၌ ရပ် နေကြ၏။ ၆ မောရှေ ကလည်း ၊ သင်တို့သည် ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ဤသို့ ပြု ကြ၍ ၊ ထာဝရဘုရား ၏ ဘုန်း တော်သည် သင် တို့အား ထင်ရှား မည်ဟူ၍ဂင်း၊ ၇ အာရုန် အား လည်း ၊ သင်သည် ယဇ် ပလ္လင်သို့ သွား ၍ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ သင် ၏ အပြစ် ဖြေရာယဇ်၊ မီး ရှို့ရာယဇ်ကို ပူဇော် သဖြင့် ၊ သင် နှင့် လူ များအတွက် အပြစ် ဖြေခြင်းကို ပြုလော့။ လူ များ ဆောင်ယူခဲ့သော ပူဇော် သက္ကာကိုလည်း ပူဇော် ၍ ၊ သူ တို့အတွက် အပြစ် ဖြေခြင်းကို ပြုလော့ဟူ၍ဂင်း ဆိုလေ၏။ ၈ အာရုန် သည်လည်း ၊ ယဇ် ပလ္လင်သို့ သွား ၍ မိမိ နှင့် ဆိုင်သော အပြစ် ဖြေရာယဇ် နွား သငယ်ကိုသတ် လေ၏။ ၉ သူ၏ သား တို့လည်း အသွေး ကို ယူဆောင် ခဲ့သဖြင့် ၊ အာရုန်သည် မိမိ လက်ညှိုး ကို အသွေး ၌ နှစ် ၍ ယဇ် ပလ္လင်ဦးချို တို့ ၌ ထည့် ပြီးမှ ၊ ကြွင်းသောအသွေး ကို ယဇ် ပလ္လင်ခြေရင်း နား၌ သွန် လေ၏။ ၁၀ အပြစ် ဖြေရာ ယဇ်ကောင်ဆီဥ ၊ ကျောက်ကပ် ၊ အသည်း ပေါ် ၌ရှိသောအမြွှေး ကို ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့လေ၏။ ထိုသို့ ထာဝရဘုရား သည် မောရှေ အားမှာ ထား တော်မူ၏။ ၁၁ အသား နှင့် အရေ ကို တပ် ပြင် မှာ မီး ရှို့ လေ၏။ ၁၂ မီး ရှို့ရာယဇ်ကောင်ကိုလည်း သတ် ၍ ၊ သူ၏သား တို့သည် အသွေး ကို ဆက် ပြီးလျှင် ၊ သူသည် ယဇ် ပလ္လင်အပေါ် ပတ်လည် ၌ ဖြန်း လေ၏။ ၁၃ သူတို့သည် မီး ရှို့ရာယဇ်ကောင်သားတစ် များနှင့် ခေါင်း ကိုဆက် ၍ ၊ သူသည် ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့လေ၏။ ၁၄ ဝမ်းထဲ ၌ရှိသောအရာများနှင့် ခြေ တို့ကို ဆေးကြော ၍ ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရာယဇ်နှင့်အတူ ရှို့ လေ၏။ ၁၅ လူ များ ပူဇော် သက္ကာကိုလည်း ဆောင် ခဲ့၍ ၊ လူ များအပြစ် ဖြေရာယဇ်ဖြစ်သော ဆိတ် ကိုယူ သတ် ပြီးလျှင် ၊ ရှေ့ နည်းအတူအပြစ် အတွက် ပူဇော်လေ၏။ ၁၆ မီး ရှို့ရာ ယဇ်ကောင်ကိုလည်း ဆောင် ခဲ့၍ ၊ ထိုနည်းတူပူဇော် လေ၏။ ၁၇ ဘောဇဉ်ပူဇော်သက္ကာ ကိုလည်း ဆောင် ခဲ့ပြီးလျှင် ၊ တလက်ဆွန်းကိုယူ၍ ယဇ် ပလ္လင်၌ နံနက် မီး ရှို့ရာယဇ်နားမှာ မီး ရှို့လေ၏။ ၁၈ လူ များအတွက် မိဿဟာယ ယဇ် နွား ထီး၊ သိုး ထီးကိုလည်း သတ် ၍ ၊ သူ၏ သား တို့သည် အသွေး ကို ဆက် ပြီးလျှင် ၊ သူသည် ယဇ် ပလ္လင်အပေါ် ပတ်လည် ၌ ဖြန်း လေ၏။ ၁၉ အမြီး နှင့်တကွ အအူကိုဖုံး သော ဆီဥ၊ ကျောက်ကပ် ၊ အသည်း အမြွှေး တည်းဟူသောသိုး နွား ဆီဥ ကို၊ ၂၀ ရင်ပတ် ပေါ် မှာ တင် ၍ ယဇ် ပလ္လင်၌ မီး ရှို့လေ၏။ ၂၁ ရင်ပတ် နှင့် လက်ျာ ပခုံး ကို ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ ၍၊ ချီလွှဲ သော

ပူဇော်သက္ကာကို ပြုလေ၏။ ထိုသို့ ပြုရမည်ဟု မောရှေ မှာ ထားသတည်း။ ၂၂ အာရုန် သည် မိမိ လက် ကို လူ များရှေ့ သို့ ချီ လျက် ၊ ကောင်းကြီး ပေး၍ ၊ အပြစ် ဖြေရာယဇ်၊ မီး ရှို့ရာယဇ်၊ မိသဟာယ ယဇ်ကို ပူဇော်ရာမှ ဆင်း လေ၏။ ၂၃ တဖန် မောရှေ နှင့် အာရုန် တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်ထဲ သို့ ဝင် ၍ ထွက် ပြီးမှ ၊ လူ များကို ကောင်းကြီး ပေးသဖြင့် ၊ ထာဝရဘုရား ၏ ဘုန်း တော်သည် လူ များတို့အား ထင်ရှား လေ၏။ ၂၄ ထာဝရဘုရား ထံ တော်မှ မီး ထွက် ၍ ယဇ် ပလ္လင်ပေါ် မှာရှိသော မီး ရှို့ရာယဇ်နှင့်ဆီဥ ကို လောင် လေ၏။ ထိုအကြောင်းအရာကို လူ များတို့သည် မြင် သောအခါ ကြွေးကြော် ၍ ပြပ်ဝပ် ကြ၏။

၁၀ အာရုန် ၏သား နာဒပ် နှင့် အဘိဟု တို့သည်၊ ကိုယ်စီဆိုင်သော လင်ပန်း တို့ကို ယူ လျက် မီး ကိုထည့် ၍ လောဗန် ကို တင် ပြီးလျှင် ၊ ထာဝရဘုရား မှာ ထားတော်မူသောမီးမ ဟုတ်၊ ထူးခြား သော မီး ကို ရှေ့ တော်၌ ပူဇော် ၏။ ၂ ထိုအခါ ထာဝရဘုရား ထံ တော်မှ မီး ထွက် ၍ ၊ သူ တို့ကို လောင် သဖြင့် ရှေ့ တော်၌ သေ ကြ၏။ ၃ ထိုအခါ မောရှေ သည် အာရုန် ကို ခေါ် ၍၊ ထာဝရဘုရား က၊ ငါသည် သန့်ရှင်း ခြင်းရှိသည်ဟု ငါ့ ထံသို့ ချဉ်းကပ် သောသူတို့သည် မှတ်ရမည်။ လူ အပေါင်း တို့သည် ငါ့ဘုန်း ကို ချီးမြှင့်ရကြမည်ဟု မိန့် တော်မူရာ၌၊ ထိုသို့သော အမှုကို ရည်ဆောင်၍ မိန့်တော်မူသည်ဟု ဆိုလျှင်၊ အာရုန် သည် တိတ်ဆိတ် စွာ နေလေ၏။ ၄ မောရှေ သည် အာရုန် ၏ ဘထွေး ဩဇေလ သား မိရှေလ နှင့် ဧလဇာဖန် ကို ခေါ် ၍ ၊ လာ ကြ။ သင် တို့ပေါက်ဘော် တို့ကို သန့်ရှင်း ရာ ဌာနတော်က ၊ တပ် ပြင် သို့ ယူ သွားကြလော့ဟု ဆို သည်အတိုင်း၊ ၅ သူတို့သည် လာ ၍ အင်္ကျီ ဝတ်လျက်ရှိသောအသေကောင်ကို တပ် ပြင် သို့ ယူ သွားကြ၏။ ၆ မောရှေ သည် အာရုန် နှင့် သူ ၏သား ဧလာဇာ နှင့် ဣသမာ တို့ကိုခေါ် ၍၊ သင်တို့လည်းသေမည်။ လူ အပေါင်း တို့အပေါ် မှာ အမျက် တော်သင့်ရောက်မည်ကို စိုးရိမ်သည်ဖြစ်၍၊ သင်တို့ ဦးထုပ်ကို မချွတ်နှင့်။ အဝတ် ကို မ ဆုတ် နှင့်။ သင် တို့ ညီအစ်ကို ဣသရေလ အမျိုးသားရှိသမျှ တို့သည် ထာဝရဘုရား ပြု တော်မူသော မီးလောင် ခြင်းကိုသာ ငိုကြွေး မြည်တမ်းကြစေ။ ၇ သင်တို့သေ မည်ကိုစိုးရိမ်သည်ဖြစ်၍ ၊ ပရိသတ်စည်းဝေး ရာ တံခါး ပြင်သို့ မ ထွက် နှင့်။ ထာဝရဘုရား ၏ ဘိသိက် ဆီသည် သင် တို့အပေါ် ၌ရှိသည်ဟု ဆိုသည်အတိုင်း သူတို့ပြု ကြ၏။8တဖန် အာရုန် အား ထာဝရဘုရား က ၉ သင် နှင့် သင် ၏သား တို့သည် သေဘေး နှင့်ကင်းလွတ်ခြင်းငှါငင်း ၊ သန့်ရှင်း သောအရာ၊ မသန့်ရှင်း သောအရာ၊ စင်ကြယ် သောအရာ၊ မစင်ကြယ် သောအရာတို့ကိုပိုင်းခြား တတ်ခြင်းငှါ ၎င်း၊ ထာဝရဘုရား သည် မောရှေ အားဖြင့် မှာထား သမျှ သောပညတ် တို့ကို ဣသရေလ အမျိုးသား တို့ ၌ သွန်သင် တတ်ခြင်းငှါ ၎င်း ၊ ပရိသတ်စည်းဝေး ရာတဲ တော်သို့ ဝင် သောအခါ ၊ စပျစ်ရည် အစရှိသောယစ်မျိုး ကိုမ သောက် နှင့်။ သင် တို့အမျိုး အစဉ်အဆက်စောင့် ရသောပညတ်ဖြစ်သတည်းဟု မိန့် တော်မူ၏။ ၁၂ မောရှေ သည်လည်း ၊ အာရုန် နှင့် ကြွင်း သော သား ဧလာဇာ ၊ ဣသမာ တို့ကို ခေါ် ၍၊ သင်တို့သည် ထာဝရဘုရား အား မီး ဖြင့်ပြုသောဘောဇဉ်ပူဇော်သက္ကာ အကြွင်း ကိုယူ ၍ တဆေး မပါဘဲ ယဇ် ပလ္လင်နား မှာ စား ကြလော့။ အလွန်သန့်ရှင်း ပေ၏။ ၁၃ ထိုအကြွင်းသည် ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာထဲက သင် နှင့် သင် ၏ သား တို့ ခံထိုက်သောအဘို့ ဖြစ်၍၊ သန့်ရှင်း

ရာဌာန တော်၌ စား ရကြမည်။ ထိုပညတ် တော်ကို ငါခံရပြီ။ ၁၄ ချီလွှဲ သောရင်ပတ် ၊ ချီမြှောက်သော ပခုံး ကိုကား၊ သင် နှင့်တကွ သင် ၏ သား သမီး တို့သည် စင်ကြယ် သောအရပ် ၌ စား ရကြမည်။ ဣသရေလ အမျိုးသား တို့သည် ပူဇော်သော မိဿဟာယ ယဇ်ထဲက ၊ သင် နှင့် သင် ၏သား တို့သည် ခံထိုက်သောအဘို့ ဖြစ်သတည်း။ ၁၅ မီး ဖြင့် ပူဇော်သော ယဇ်ကောင်ဆီဥ နှင့်တကွ ၊ ချီမြှောက်ရာပခုံး ၊ ချီလွှဲ ရာရင်ပတ် ကို ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ ၍ ၊ ချီလွှဲ သော ပူဇော်သက္ကာကို ပြုခြင်းငှါ ဆောင် ခဲ့ရကြ၍ ၊ ထာဝရ ပညတ် တော် အတိုင်း ၊ သင် နှင့် သင် ၏ သား တို့သည် ကိုယ်အဘို့ယူရကြမည်။ ထိုသို့ ထာဝရဘုရား မှာ ထားတော်မူပြီ ဟုဆိုလေ၏။ ၁၆ တဖန် မောရှေ သည် အပြစ် ဖြေရာ ယဇ်ပြုသောဆိတ် ကို ကြိုးစား၍ ရှာ သော်လည်း မတွေ့။ မီး ရှို့နှင့်ပြီ။ ထိုကြောင့် ကြွင်း သော အာရုန် သား ဧလာဇာ ၊ ဣသမာ တို့ကို အမျက် ထွက်လျက် ဆို သည်ကား၊ ၁၇ အပြစ် ဖြေရာယဇ်သားသည် အလွန်သန့်ရှင်း ၏။ သင် တို့သည် ပရိသတ် တို့ အပြစ် ကိုခံ ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ သူ တို့အဘို့ အပြစ် ဖြေခြင်းကို ပြုစေခြင်းငှါ ထိုယဇ်သားကိုပေး တော်မူသည်ဖြစ်၍၊ သန့်ရှင်း ရာ ဌာန တော်၌ အဘယ်ကြောင့် မ စား သနည်း။ ၁၈ ထိုယဇ်သား အသွေး ကိုလည်း သန့်ရှင်း ရာဌာနထဲ သို့ မ သွင်း ပါတကား။ အကယ်၍ငါမှာ ထားခဲ့သည် အတိုင်း ၊ ထိုယဇ်သားကို သန့်ရှင်း ရာဌာနတော်၌ စား ရမည်ဟုဆိုလျှင်၊ ၁၉ အာရုန် က၊ ယနေ့ သူတို့သည် လူများတို့ အပြစ် ဖြေရာယဇ်၊ မီး ရှို့ရာယဇ်ကို ပူဇော် ပါပြီ။ အကျွန်ုပ် ၌ ထိုသို့ သော အမှုရောက် သည်တွင်၊ ယနေ့ အပြစ် ဖြေရာ ယဇ်သားကို စား မိလျှင် ၊ ထာဝရဘုရား နှစ်သက် တော်မူပါမည်လောဟု မောရှေ ကို ပြောဆို ၏။ ၂၀ မောရှေ သည် ထိုစကားကို ကြား လျှင် ဝန်ခံ လေ၏။

၁၁ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် တို့ကို ခေါ်တော်မူ၍၊ ၂ သင်တို့သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ ၊ မြေကြီး ပေါ် မှာရှိသော သား တကာ တို့ တွင်၊ ၃ ခွါ ကွဲပြား ၍ စားမြို့ပြန် သော သား များကို သင်တို့သည် စား ရသောအခွင့်ရှိ၏။ ၄ သို့သော်လည်း ၊ စားမြို့ပြန် သောသား၊ ခွါ ကွဲပြား သော သားတို့တွင် မ စား ရသောသားဟူမူကား ၊ ကုလားအုပ် သည် စားမြို့ပြန် သော်လည်း ခွါ မ ကွဲပြား သောကြောင့် သင် တို့ ၌ မ စင်ကြယ်။ ၅ ရှာဖန် သည် စားမြို့ပြန် သော်လည်း ၊ ခွါ မ ကွဲပြား သောကြောင့် သင် တို့ ၌ မ စင်ကြယ်။ ၆ အာရနဘက် သည် စားမြို့ပြန် သော်လည်း ခွါ မ ကွဲပြား သောကြောင့် သင် တို့ ၌ မ စင်ကြယ်။ ၇ ဝက် သည် ခွါ ကွဲပြား သော်လည်း ၊ စားမြို့ မ ပြန် သောကြောင့် သင် တို့ ၌ မ စင်ကြယ်။ ၈ ထိုသို့သော တိရစ္ဆာန်အသား ကို မ စား ရ။ အသေ ကောင်ကိုလည်း မ ထိ ရ။ မ စင်ကြယ်ဟု သင် တို့မှတ်ရကြမည်။ ၉ ပင်လယ် ရေ ၊ မြစ် ရေ အစရှိသော ရေ ၌ နေသော တိရစ္ဆာန်တကာ တို့တွင် ၊ အယပ် နှင့် အကြေး ရှိသော တိရစ္ဆာန်ကိုသာစား ရမည်။ ၁၀ အယပ် နှင့် အကြေး မ ရှိ၊ ပင်လယ် ရေ၊ မြစ် ရေအစရှိသော ရေ ၌ လှုပ်ရှား လျက် အသက် ရှင်လျက် နေသောတိရစ္ဆာန် ရှိသမျှ တို့သည် သင် တို့ ၌ ရွံရှာ ဘွယ် ဖြစ်ရကြမည်။ ၁၁ အယပ် အကြေး နှင့် မပြည့်စုံသော ရေတိရစ္ဆာန်အသား ကို သင်တို့သည် မ စား ရ။ ၁၂ သူ တို့ အသေ ကောင်ကိုလည်း ရွံရှာ ရကြမည်။ ၁၃ သင်တို့သည် ရွံရှာ ဘွယ်မှတ်၍ မ စား ရသောငှက် မျိုးဟူမူကား ၊ ရွှေလင်းတ

၊ ပင်လယ် လင်းတ၊ လင်းယုန်၊ ၁၄ ဒါဟ ၊ စွန် မျိုး၊ ၁၅ ကျီး မျိုး ရှိသမျှ၊ ၁၆ ကုလားအုပ်ငှက် ၊ ငှက်ဆိုး ၊ ဥဗျိုင်း ၊ သိမ်း မျိုး၊ ၁၇ ဇီးကွက် ၊ ကြိုးကြာ ၊ ဣဗိတ်၊ ၁၈ ငှက်ကျား ၊ ဝံပို ၊ ဝံလို၊ ၁၉ တောင်နှိး ၊ ဒုံးစပ် မျိုး ၊ ဒုံးကုလား ၊ လင်းနို့ မှစ၍၊ ၂၀ အတောင် ရှိလျက် ခြေလေး ချောင်းနှင့် တွား တတ်သော တိရစ္ဆာန်မျိုးရှိသမျှ တို့သည် သင် တို့ ၌ ရွံရှာ ဘွယ်ဖြစ်ရကြမည်။ ၂၁ သို့ရာတွင် အတောင် ရှိလျက် ခြေလေး ချောင်းနှင့် တွား တတ်၍၊ မြေ ပေါ် မှာ ခုန် စရာတို့ အခြားခြေ ထက် ရှည်သော ခြေထောက် ရှိသောတိရစ္ဆာန်တို့တွင်၊ ၂၂ အာရာဘ ကျိုင်းမျိုး ၊ သလောင် ကျိုင်းမျိုး ၊ ခရဂလ ကျိုင်းမျိုး ၊ ခါဂပ် ကျိုင်းမျိုး ကို စား ရမည်။ ၂၃ အတောင် ရှိ၍ ခြေ လေး ချောင်းနှင့် တွား တတ်သော အခြားတိရစ္ဆာန်တို့သည် သင် တို့ ၌ ရွံရှာ ဘွယ် ဖြစ်ရကြမည်။ ၂၄ ထို တိရစ္ဆာန်အားဖြင့် သင်တို့စင်ကြယ် ခြင်း ပျက်တတ်၏။ သူ တို့အသေ ကောင်ကို ထိ သောသူသည်၊ ညဦး တိုင်အောင် မ စင်ကြယ်။ ၂၅ ထိုအသေ ကောင်ကို ဆောင် သွားသောသူသည် မိမိ အဝတ် ကိုလျှော် ရမည်။ ညဦး တိုင်အောင် လည်း မ စင်ကြယ်။ ၂၆ ခွါ မ ကွဲပြား သော တိရစ္ဆာန်၊ စားမြို့ မ ပြန် သော တိရစ္ဆာန် ရှိသမျှ တို့သည် သင် တို့ ၌ မ စင်ကြယ်။ သူ တို့ အသေကောင်ကို ထိ သမျှ သောသူတို့ သည် မ စင်ကြယ်ကြ။ ၂၇ ခွါမရှိသောသားအမျိုးမျိုးတို့သည် သင် တို့ ၌ မ စင်ကြယ်ကြ။ သူ တို့အသေ ကောင်ကို ထိ သောသူသည် ညဦး တိုင်အောင် မ စင်ကြယ်။ ၂၈ သူ တို့ အသေ ကောင်ကို ဆောင် သွားသောသူသည် မိမိ အဝတ် ကို လျော် ရမည်။ ညဦး တိုင်အောင် လည်း မ စင်ကြယ်။ ၂၉ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန်တို့တွင် ပွေး ၊ ကြွက် ၊ အိမ်မျောင် မျိုး၊ ၃၀ တောက်တဲ့ ၊ မြွေပါ ၊ သင်းချော၊ ပုတတ်၊ ပုတ်သင် တို့သည် သင်တို့ ၌ မစင်ကြယ်ကြ။ ၃၁ သူ တို့အသေကောင်ကို ထိ သောသူသည် ညဦး တိုင်အောင် မ စင်ကြယ်။ ၃၂ ထိုအသေကောင်သည် သစ်ခွက် ၊ အဝတ် ၊ အရေ ၊ အမွေး၊ အိတ် အစရှိသော အသုံး အဆောင်တစုံ တခု ပေါ် သို့ကျ လျှင် ထိုအသုံးအဆောင်မ စင်ကြယ်။ ရေ ၌ နှစ်ရမည်။ ညဦး တိုင်အောင် လည်း မ စင်ကြယ်။ ထိုနောက် စင်ကြယ် လိမ့်မည်။ ၃၃ မြေ ခွက် တစုံ တခုပေါ် သို့ အသေကောင်ကျ လျှင် ထိုမြေခွက် မ စင်ကြယ်သောကြောင့် ခွဲ ရမည်။ ၃၄ ထိုမြေခွက်ရေသည်၊ စားစရာအမဲသားပေါ် သို့ ကျလျှင်၊ အမဲသားမစင်ကြယ်။ ထိုမြေခွက်၌ သောက် စရာရေ လည်း မ စင်ကြယ်။ ၃၅ အကြင်အရာအပေါ် ၌ ထိုအသေ ကောင်ကျ ၏။ ထိုအရာသည် မီးဖို ဖြစ်စေ ၊ ခုံလောက် ဖြစ်စေ၊ မ စင်ကြယ်ရာသို့ ရောက်၍ သင် တို့ ၌ မ စင်ကြယ်သောကြောင့် ဖြိုဖျက် ရမည်။ ၃၆ သို့ရာတွင် ရေ စုဝေး ရာ စမ်း ရေတွင်း၊ တူးသော ရေတွင်း သည် မ စင်ကြယ်ရာသို့ မရောက်။ အသေ ကောင်ကို ထိမိ သော အရာသာ မ စင်ကြယ်ရာသို့ရောက်၏။ ၃၇ ကြဲစရာ မျိုးစေ့ အပေါ် ၌ ထိုအသေ ကောင်ကျ လျှင် ၊ မျိုးစေ့သည် မ စင်ကြယ်ရာသို့မရောက်။ ၃၈ ရေ ၌စိမ်ထားပြီးသော မျိုးစေ့ အပေါ် ၌ ထိုအသေ ကောင်ကျ လျှင် ၊ မျိုးစေ့သည် သင် တို့ ၌ မ စင်ကြယ်။ ၃၉ သင် တို့စား အပ်သော တိရစ္ဆာန် သေ လျှင် ၊ အသေ ကောင်ကို ထိမိ သောသူသည် ညဦး တိုင်အောင် မ စင်ကြယ်။ ၄၀ ထိုအသေ ကောင်ကို စား သောသူသည်၊ မိမိ အဝတ် ကို လျှော် ရမည်။ ညဦး တိုင်အောင် မ စင်ကြယ်။ ထိုအသေ ကောင်ကို ဆောင် သွားသောသူသည်လည်း မိမိ အဝတ် ကို လျှော် ရမည်။ ညဦး တိုင်အောင်

မ စင်ကြယ်။ ၄၁ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန် ရှိသမျှ တို့သည် ခွံရှာ ဘွယ်ဖြစ်၍သင်တို့မ စား ရ။ ၄၂ ခြေမရှိ၊ ဝမ်း ဖြင့် သွား သည်ဖြစ်စေ၊ ခြေလေး ချောင်းဖြင့် သွား သည်ဖြစ်စေ၊ ခြေလေးချောင်းမက များ သော ခြေ ဖြင့်သွားသည်ဖြစ်စေ၊ မြေ ပေါ် တွား တတ်သော တိရစ္ဆာန် တစုံ တခုကို မျှ မ စား ရ။ ခွံရှာ ဘွယ် ဖြစ်၏။ ၄၃ တွား တတ်သော တိရစ္ဆာန် တစုံ တခုအားဖြင့် သင် တို့သည် ကိုယ် ကို ခွံရှာ ဘွယ် မ ဖြစ်စေရ။ ထိုသို့ အားဖြင့် ကိုယ်ညစ်ညူး အောင် ကိုယ်၌မ စင်ကြယ်သည်ကို မ ပြုရ။ ၄၄ ငါ သည် သင် တို့ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ငါ သည် သန့်ရှင်း သောကြောင့် ၊ သင်တို့သည်လည်း ကိုယ့်ကိုကိုယ် သန့်ရှင်း စေ၍ သန့်ရှင်း ခြင်းရှိ ရကြမည်။ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန် တစုံ တခုအားဖြင့် မျှ သင် တို့သည် ကိုယ် ကိုကိုယ်မ ညစ်ညူး စေရကြ။ ၄၅ ငါ သည် သင်တို့၏ ဘုရား သခင်ဖြစ်ခြင်းငှါ ၊ သင် တို့ကို အဲဂုတ္တု ပြည် မှ ကယ် နုတ်သော ထာဝရဘုရား ဖြစ်၏။ ငါ သည် သန့်ရှင်း သောကြောင့် ၊ သင်တို့သည်သန့်ရှင်း ခြင်းရှိ ရကြမည်။ ၄၆ ဤရွေ့ကား ၊ စင်ကြယ် ၊ မစင်ကြယ် ၊ စား အပ်၊ မ စား အပ်သောတိရစ္ဆာန် တို့ကိုပိုင်းခြား စေခြင်းငှါ၊ သား ၊ ငှက် ၊ ရေ ၌သွား ၍အသက်ရှင် သောတိရစ္ဆာန် ၊ မြေ ပေါ် မှာ တွား တတ်သောတိရစ္ဆာန် ရှိသမျှ နှင့်ဆိုင်သောတရား ဖြစ်သတည်းဟု မိန့်တော်မူ၏။

၁၂ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၂ မိန်းမ သည် ပဋိသန္ဓေယူ၍ သား ယောကျ်ားကို ဘွားမြင် ပြီးလျှင် ၊ ဥတုရောက်၍ ခုနစ် ရက် မ စင်ကြယ်သကဲ့သို့ ခုနစ်ရက် မစင်ကြယ်နေရမည်။ ၃ အဋ္ဌမ နေ့ ၌ သားယောကျ်ားအား အရေဖျား လှီးခြင်းကို ပြုရမည်။ ၄ ထိုနောက် အမိသည် စင်ကြယ် စေခြင်းနှင့် ဆိုင်သော အသွေး ရှိ၍၊ အရက် သုံး ဆယ်သုံး ရက် ပတ်လုံးနေ ရမည်။ စင်ကြယ် စေခြင်းနေ့ ရက်မ စေ့ မှီတိုင်အောင်သန့်ရှင်း သောအရာကို မ ကိုင် ရ။ သန့်ရှင်း ရာ ဌာနတော်သို့ မ သွား ရ။ ၅ သားမိန်းမ ကို ဘွားမြင် လျှင် ၊ ဥတုရောက်သကဲ့သို့ တဆယ် လေးရက်ပတ်လုံးမ စင်ကြယ်နေရမည်။ စင်ကြယ် စေခြင်းနှင့် ဆိုင်သောအသွေး ရှိ၍၊ အရက် ခြောက် ဆယ်ခြောက် ရက် ပတ်လုံးနေ ရမည်။ ၆ သား ယောကျ်ားဖြစ်စေ ၊ မိန်းမ ဖြစ်စေ၊ စင်ကြယ် စေခြင်းနေ့ ရက်ကာလစေ့ သောအခါ ၊ မီး ရှို့ရာယဇ် ဘို့ အခါ မလည်သော သိုးသငယ် တကောင်၊ အပြစ် ဖြေရာယဇ်ဘို့ ချိုး ကလေး တကောင်၊ သို့မဟုတ်ခို တကောင်ကို၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့ ယဇ်ပုရောဟိတ် ထံ သို့ဆောင် ခဲ့ရမည်။ ၇ ယဇ်ပုရောဟိတ်သည် ထာဝရဘုရား ရှေ့ တော်၌ ပူဇော် ၍ ၊ ထိုမိန်းမ အဘို့ အပြစ် ဖြေခြင်းကို ပြုသဖြင့် ၊ သူသည် အသွေး သွန် ခြင်းအပြစ်မှ သန့်ရှင်း ရလိမ့်မည်။ ၈ သိုးသငယ် ကို မ တတ် နိုင်လျှင် ၊ ခို နှစ် ကောင်ဖြစ်စေ ၊ ချိုး ကလေး နှစ် ကောင်ဖြစ်စေ၊ မီး ရှို့ရာယဇ်ဘို့ တကောင် ၊ အပြစ် ဖြေရာယဇ်ဘို့ တကောင် ကို ဆောင် ခဲ့၍ ၊ ယဇ် ပုရောဟိတ်သည် သူ့ အဘို့ အပြစ် ဖြေခြင်းကို ပြုသဖြင့် ၊ သူသည် သန့်ရှင်း ရလိမ့်မည်။ ဤ ရွေ့ကား၊ သား ယောကျ်ား၊ သားမိန်းမ ကို ဘွားမြင် သော အမိနှင့် ဆိုင်သောတရား ဖြစ်သတည်းဟု မိန့်တော်မူ၏။

၁၃ တဖန် ထာဝရဘုရား သည်၊ မောရှေ နှင့် အာရုန် အား မိန့် တော်မူသည်ကား၊ ၂ လူ သည် ကိုယ် အရေ ၌ အဖူး ဖြစ်စေ ၊ ယားနာ ဖြစ်စေ ၊ နူကွက် ဖြစ်စေ၊ နူ သောလက္ခဏာပေါ် လျှင် ၊ ထိုသူကို ယဇ်ပုရောဟိတ် အာရုန် ထံ သို့ ဖြစ်စေ ၊ သူ ၏သား ယဇ်ပုရောဟိတ် တစုံ တယောက်ထံ သို့ ဖြစ်စေခေါ် ခဲ့ရမည်။ ၃ ယဇ် ပုရောဟိတ်သည်၊ ထိုသူ၏ အရေ ၌ ပေါ် သော အနာ ကို ကြည့်ရှုသောအခါ၊ အနာ ၌ ရှိသောအမွေး သည် ဖြူ လျှင် ၎င်း၊ အနာ သည် အရေ အောက်၌ စွဲဟန် ရှိလျှင်၎င်း နူနာ မှန်၏။ ယဇ် ပုရောဟိတ်သည် ထိုသူ ကို ကြည့်ရှု ပြီးမှ ၊ မ စင်ကြယ်ဟု စီရင်ရမည်။ ၄ ကိုယ် အရေ ၌ ရှိသောနူကွက် သည် ဖြူ လျှင် ၎င်း၊ အရေ အောက်၌ စွဲဟန် မ ရှိ၊ အမွေး မ ဖြူ လျှင်၎င်း၊ ယဇ် ပုရောဟိတ်သည်၊ အနာ ရှိသောသူကို ခုနစ် ရက် ပတ်လုံးချုပ် ထားရမည်။ ၅ သတ္တမ နေ့ ၌ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ ၊ အနာ သည် အရေ ၌ မ တိုးမလျော့နေလျှင် ၊ တဖန် ခုနစ် ရက် ပတ်လုံးချုပ် ထားရမည်။ ၆ တဖန် သတ္တမ နေ့ ၌ ကြည့်ရှု ၍ အနာ သည် အရေ ၌ မ တိုးပွား ၊ ခပ်မည်းမည်း ဖြစ်လျှင် ၊ ထိုသူ သည် စင်ကြယ် ၏ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ ယားနာသက်သက် ဖြစ်၏။ မိမိ အဝတ် ကို လျှော် ၍ စင်ကြယ် ရ၏။ ၇ စင်ကြယ် စေခြင်းငှါ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ပြီးမှ ၊ နောက်တဖန် ယားနာ တိုးပွား ပြန်လျှင် ၊ ယဇ် ပုရောဟိတ် ကြည့်ရှု ပြန်၍၊ ၈ ယားနာ တိုးပွား သည်ကိုမြင်သောအခါ ၊ ထိုသူ သည် မ စင်ကြယ်ဟု စီရင်ရမည်။ နူနာ ဖြစ်၏။ ၉ နူနာ စွဲသောသူ ကို ယဇ်ပုရောဟိတ် ထံ သို့ခေါ် ခဲ့ရမည်။ ၁၀ ယဇ်ပုရောဟိတ် ကြည့်ရှု ၍ ၊ အရေ ၌ ထ သော အဖူးနှင့်တကွ အမွေး သည် ဖြူ လျှင် ၎င်း၊ အဖူး ၌ အသား စို ရှိလျှင်၎င်း၊ ၁၁ ကိုယ် အရေ ၌ ဟောင်း သော နူနာ ဖြစ်၏။ ထိုသူသည် မ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်၍ ချုပ်ထားသဖြင့် ၊ သူ သည် မ စင်ကြယ်ဘဲနေရမည်။ ၁၂ နူနာ သည် အရေ ၌ တိုးပွား ၍ အနာ စွဲသော သူတကိုယ်လုံး ၊ ခေါင်း ထိပ်မှ သည် ခြေဘဝါး တိုင်အောင် ၊ ယဇ်ပုရောဟိတ် ကြည့်ရှု လေရာရာ ၌ နူနာ နှံ့ ပြား လျှင်၊ ၁၃ ထိုသို့ တကိုယ်လုံး အနာ နှံ့ ပြား သောသူ သည် စင်ကြယ် ၏ဟု ယဇ်ပုရောဟိတ် ဆင်ခြင် ၍ စီရင်ရမည်။ တကိုယ်လုံး ဖြူသည်ဖြစ်၍စင်ကြယ် ၏။ ၁၄ သို့မဟုတ် အသား စို ပေါ် လျှင် မ စင်ကြယ်။ ၁၅ ယဇ် ပုရောဟိတ်သည် အသား စို ကို ကြည့်ရှု ၍ ထိုသူ သည် မ စင်ကြယ်ဟု စီရင်ရမည်။ အသား စို သည် မ စင်ကြယ်။ နူနာ အမှန်ဖြစ်၏။ ၁၆ အသား စို သည် ခြားနား ၍ ဖြူ ပြန်လျှင် ၊ ယဇ်ပုရောဟိတ် ထံ သို့တဖန် လာ ရမည်။ ၁၇ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ ၊ အနာ ဖြူ ပြန်သည်ကိုမြင် လျှင် ၊ ထိုအနာ ရှိသောသူ စင်ကြယ် ၏ဟု ယဇ်ပုရောဟိတ် စီရင်ရသဖြင့် သူ သည် စင်ကြယ် ၏။ ၁၈ ကိုယ် အရေ ၌ အနာစိမ်း ဖြစ် ၍ ပျောက် ပြီးမှ၊ ၁၉ အနာ ရွတ်၌ ဖြူ သောအဖူး ဖြစ်စေ ၊ ဖြူ နီ သော အနူကွက်ဖြစ်စေ၊ ပေါ် လာသည်ကို ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍၊ ၂၀ အရေ အောက်၌ စွဲဟန် ရှိ၍ အမွေး ဖြူလျှင် ၊ ထိုသူ သည် မ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ အနာစိမ်း ထဲက ထွက်သော နူနာ ဖြစ်၏။ ၂၁ ယဇ် ပုရောဟိတ်သည် ကြည့်ရှု သောအခါ ၊ ဖြူ သောအမွေး မ ရှိ၊ အရေ အောက်၌ မ စွဲ၊ ခပ်မည်းမည်း ဖြစ်လျှင် ၊ ယဇ် ပုရောဟိတ်သည် ထိုသူ ကို ခုနစ် ရက် ပတ်လုံးချုပ် ထားရမည်။ ၂၂ အရေ ၌ တိုးပွား လျှင် ၊ ထိုသူ သည် မ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ နူနာ ဖြစ်၏။ ၂၃ သို့မဟုတ် နူကွက် မ ရွေ့ မ တိုးပွား လျှင် အနာစိမ်း ရွတ် ဖြစ်၏။ ထိုသူ

စင်ကြယ် ၏ဟု စီရင်ရမည်။ ၂၄ အရေ အသား ၌ မီး လောင် နာရှိ ၍ ၊ မီးလောင်နာ အသားစိုး၌ ဖြူ နီ သော နူကွက် ရှိ လျှင်၊ ၂၅ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ရမည်။ နူကွက် အမွေး ဖြူ ၍ အရေ အောက်၌ စွဲဟန် ရှိလျှင် ၊ မီး လောင်နာ ထဲက ထွက် သော နူနာ ဖြစ်၏။ ထိုသူ သည် မ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ နူနာ မှန်၏။ ၂၆ ယဇ် ပုရောဟိတ်သည် ကြည့်ရှု သောအခါ ၊ နူကွက် ၌ ဖြူ သော အမွေး မ ရှိ၊ အရေ အောက်၌ မ စွဲ၊ ခပ်မည်းမည်း ဖြစ်လျှင် ၊ ယဇ် ပုရောဟိတ်သည် ထိုသူ ကို ခုနစ် ရက် ပတ်လုံးချုပ် ထားရမည်။ ၂၇ သတ္တမ နေ့ ၌ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ နူကွက်သည် အရေ ၌ တိုးပွား လျှင် ၊ ထိုသူ သည် မ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ နူနာ ဖြစ်၏။ ၂၈ သို့မဟုတ် နူကွက် မ ရွေ့ အရေ ၌ မ တိုးပွား ခပ်မည်းမည်း ဖြစ်လျှင် ၊ မီ လောင်နာ အဖူး ဖြစ်၏။ ထိုသူ သည် စင်ကြယ် ၏ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ မီး လောင်သော အနာရွတ် သက်သက်ဖြစ်၏။ ၂၉ ယောကျ်ား မိန်းမ သည်လည်း ၊ ခေါင်း ၌ ဖြစ်စေ ၊ မေး ၌ ဖြစ်စေ၊ အနာ ပေါက်၍၊ ၃၀ ယဇ် ပုရောဟိတ်သည် ကြည့်ရှု သောအခါ ၊ အရေ အောက်၌ စွဲဟန် နှင့်တကွ အမွေး ဝါဝါ ပါးပါး ရှိလျှင် ၊ ထိုသူ မ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ ခေါင်း ၌ဖြစ်စေ ၊ မေး ၌ဖြစ်စေ၊ ဗောက်နူနာ ဖြစ်၏။ ၃၁ ထိုအနာ ကို ယဇ် ပုရောဟိတ်သည် ကြည့်ရှု သောအခါ ၊ အရေ အောက်၌ စွဲဟန် မ ရှိ၊ နက် သော အမွေး လည်း မ ရှိလျှင် ၊ ထိုအနာ ပေါက်သောသူကို၊ ယဇ် ပုရောဟိတ်သည် ခုနစ် ရက် ပတ်လုံးချုပ် ထားရမည်။ ၃၂ သတ္တမ နေ့ ၌ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ အနာ မ တိုးပွား ၊ ပါးသောအမွှေး မ ရှိ ၊ အရေ အောက်၌ စွဲဟန် လည်း မ ရှိလျှင်၊ ၃၃ ထိုသူ၏ အမွေးကိုရိတ် ရမည်။ အနာ အမွေးကိုကား မ ရိတ် ရ။ တဖန် ခုနစ် ရက် ပတ်လုံးချုပ် ထားရမည်။ ၃၄ သတ္တမ နေ့ ၌ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ အရေ ၌ အနာ မ တိုးပွါး ၊ အရေ အောက်၌ မ စွဲလျှင် ၊ ထိုသူ သည် စင်ကြယ် ၏ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ မိမိ အဝတ် ကို လျှော် ၍ စင်ကြယ် ရ၏။ ၃၅ စင်ကြယ် စေခြီးမှ ၊ နောက်တဖန် ဗောက်နူနာ တိုးပွါး လျှင်၊ ၃၆ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ပြန်၍ အနာ တိုးပွါး သည်မှန်လျှင် ၊ ယဇ် ပုရောဟိတ်သည် ဝါ သောအမွေး ကို မ ရှာ ရ။ ထိုသူ သည် မ စင်ကြယ်။ ၃၇ သို့မဟုတ် ဗောက်နူနာ သည် ရပ် နေဟန်ရှိ၍ နက် သော အမွေး ပေါက် လျှင် ၊ အနာ ပျောက် ၍ ထိုသူ သည် စင်ကြယ် သောကြောင့် ၊ ယဇ် ပုရောဟိတ်က ထိုသူ သည် စင်ကြယ် ၏ဟု စီရင်ရမည်။ ၃၈ ယောကျ်ား မိန်းမ သည်လည်း ၊ ကိုယ် အရေ ၌ ဖြူ သောနူကွက် ရှိ ၍၊ ၃၉ ယဇ် ပုရောဟိတ်သည် ကြည့်ရှု သောအခါ မွဲ သောအဆင်းရှိလျှင်၊ အရေ ၌ ပေါက် သော ညှင်း ဖြစ်၏။ ထိုသူ သည် စင်ကြယ် ၏။ ၄၀ ဆံပင် ကျွတ် သောသူ သည်၊ ခေါင်းပြောင် သော်လည်း စင်ကြယ် ၏။ ၄၁ နဖူး ဆံ ကျွတ် သောသူ သည် နဖူးပြောင် သော်လည်းစင်ကြယ် ၏။ ၄၂ ပြောင် သောခေါင်း၌ ဖြစ်စေ ၊ ပြောင် သောနဖူး၌ ဖြစ်စေ၊ ဖြူ နီ သောအနာ ပေါက် လျှင် ၊ ထိုပြောင်ရာ၌ ပေါက်သော နူနာဖြစ်၏။ ၄၃ ထိုအခါ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ ၊ ကိုယ် အရေ ၌ နူနာ ထင် သကဲ့သို့ ၊ ပြောင် ရာ၌ ပေါက်သော အနာ ၏အဖူး ဖြူ နီ လျှင်၊ ၄၄ ထိုသူ သည် မ စင်ကြယ်။ လူ နူ ဖြစ်၏။ ခေါင်း ၌ အနာ ပေါက်သောကြောင့်၊ အလျှင်းမ စင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်။ ၄၅ နူနာ စွဲသောသူသည် စုတ် သော အဝတ် ကို ဝတ် ရမည်။ ခေါင်း ကို မ ဖုံး၊ အထက် နူတ်ခမ်းကို ဖုံး

လျက် ၊ မ စင်ကြယ်၊ မ စင်ကြယ်ဟု ဟစ်ကြော် ရမည်။ ၄၆ ထိုအနာ စွဲသည် ကာလ ပတ်လုံး ၊ သူသည် ညစ်ညူး ၏ မ စင်ကြယ်သည်ဖြစ်၍တယောက် တည်းနေ ရမည်။ သူ့ နေရာ သည် တပ် ပြင် မှာ ရှိရမည်။ ၄၇ ငင်း နည်းနှနာ စွဲသော အဝတ် သည်၊ ပိတ် အဝတ် ဖြစ်စေ ၊ သိုးမွေး အဝတ်ဖြစ်စေ၊ ၄၈ ရက်ကန်း ပင်ဖြစ်စေ ၊ ရက်ကန်း သားဖြစ်စေ၊ သားရေ ဖြစ်စေ၊ သားရေ နှင့်လုပ် သော အသုံးအဆောင် ဖြစ်စေ၊ ၄၉ အဝတ် ၌ စွဲသောအနာသည် ခပ်စိမ်းစိမ်း ၊ ခပ်နီနီ ရှိလျှင်၊ နူနာ ဖြစ် ၏။ ယဇ်ပုရောဟိတ် အား ပြ ရမည်။ ၅၀ ယဇ် ပုရောဟိတ်သည် အနာ စွဲသော အဝတ်ကို ကြည့်ရှု ၍ ခုနစ် ရက် ပတ်လုံးလုံခြုံ စွာ ထားရမည်။ ၅၁ သတ္တမ နေ့ ၌ တဖန်ကြည့်ရှု ၍ အဝတ် ၌ အနာ တိုးပွါး လျှင် ၊ ရက်ကန်း ပင်ဖြစ်စေ ၊ ရက်ကန်း သားဖြစ်စေ၊ သားရေ ဖြစ်စေ ၊ သားရေနှင့် လုပ် သော အရာ ဖြစ်စေ၊ မ စင်ကြယ်။ စားတတ်သော နူနာ စွဲပြီ။ ၅၂ ထိုအဝတ် ကို မီး ရှို့ရမည်။ စားတတ်သော နူနာ စွဲသော ရက်ကန်း ပင်၊ ရက်ကန်း သား၊ ပိတ် အဝတ်၊ သိုးမွေး အဝတ်၊ သားရေ အသုံး အဆောင်ကို မီး ရှို့ ရမည်။ ၅၃ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ ၊ ရက်ကန်း ပင်၊ ရက်ကန်း သားအဝတ် ၊ သားရေ အသုံး အဆောင်၌ အနာ မ တိုးပွါး လျှင်၊ ၅၄ အနာ စွဲသောအရာကို ဆေး လျော်စေမည်အကြောင်း ၊ ယဇ်ပုရောဟိတ် စီရင် ၍ တဖန် ခုနစ် ရက် ပတ်လုံး လုံခြုံ စွာ ထားရမည်။ ၅၅ ဆေး လျော်ပြီးမှ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ပြန်၍ ၊ အနာ မ တိုးပွါး သော်လည်း ၊ အဆင်း မ ခြားနား လျှင် ၊ မ စင်ကြယ်။ မီး ရှို့ ရမည်။ အတွင်း ၌ ဖြစ်စေ ၊ ပြင် ၌ ဖြစ်စေ၊ ဆွေးမြေခြင်းရှိ၏။ ၅၆ ဆေး လျော်ပြီးမှ ၊ ယဇ် ပုရောဟိတ်သည် ကြည့်ရှု ၍ အနာ သည် ခပ်မည်းမည်း ဖြစ်လျှင် ၊ အဝတ် ၊ သားရေ ၊ ရက်ကန်း ပင်၊ ရက်ကန်း သားထဲက အနာကွက်ကို ဆုတ် ဖဲ့ရမည်။ ၅၇ နောက် တဖန် ထိုရက်ကန်း ပင်၊ ရက်ကန်း သားအဝတ် ၊ သားရေ အသုံး အဆောင်၌ အနာပေါ် ပြန်လျှင် ၊ တိုးပွား တတ်သောအနာ ဖြစ်၏။ ထိုသို့အနာ စွဲသောဥစ္စာကို မီး ရှို့ ရမည်။ ၅၈ ရက်ကန်း ပင်၊ ရက်ကန်း သားအဝတ် ၊ သားရေ အသုံး အဆောင်ဟူသမျှ ကို ဆေး လျော်၍ အနာ ပျောက် လျှင် ၊ ဒုတိယ အကြိမ် ဆေး လျော်၍ စင်ကြယ် ရ၏။ ၅၉ ဤရွေ့ကား ၊ စင်ကြယ် သည်၊ မ စင်ကြယ်သည်ကို စီရင်စေခြင်းငှါ ၊ နူနာ စွဲသော ပိတ် အဝတ်၊ သိုးမွေး အဝတ် ၊ ရက်ကန်း ပင်၊ ရက်ကန်း သား၊ သားရေ အသုံး အဆောင်တို့နှင့်ဆိုင်သောတရား ဖြစ်သတည်းဟု မိန့်တော်မူ၏။

၁၄ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ နူနာ စွဲသောသူသည် စင်ကြယ် စေသောနေ့ ၌ ကျင့်ရသောတရား ဟူမူကား၊ ခေါ် ထိုသူကို ယဇ်ပုရောဟိတ် ထံ သို့ခေါ် ခဲ့ပြီးမှ ယဇ် ပုရောဟိတ်သည်၊ တပ် ပြင် သို့ ထွက် ၍ ကြည့်ရှု သောအခါ ၊ နူနာ ပျောက် သည်မှန်လျှင် ၃ စင်ကြယ် စေခြင်းကို ခံရသောထိုသူအဘို့ ၊ အသက် ရှင်၍ စင်ကြယ် သော ငှက် နှစ် ကောင်၊ အာရဇ် သစ်သား ၊ နီမောင်း သောကြိုး ၊ ဟုဿုပ် ပင်ညွန့်တို့ကို မှာ လိုက်၍၊ ၅ စီး သောရေ ကိုထည့်သော မြေ အိုး ထဲ ၌ငှက် တကောင် ကိုသတ် စေပြီးမှ၊ ၆ အာရဇ် သစ်သား ၊ နီမောင်း သောကြိုး ၊ ဟုဿုပ် ပင်ညွန့်နှင့်တကွ ၊ အသက် ရှင်သော ငှက် ကိုယူ ၍ ၊ ငှက် သွေး ရောပြီးသော ရေ ၌ နှစ် ပြီးလျှင်၊ ၇ နူနာစင်ကြယ် စေရသော လူအပေါ် မှာ ခုနစ် ကြိမ် တိုင်အောင်ဖြန်း ၍ ၊ ထိုသူ သည် စင်ကြယ် သည်ဟု စီရင်ရမည်။ ထိုနောက် အသက် ရှင်သော ငှက် ကို ဟင်းလင်း သော အရပ် ၌ လွှတ် လိုက်ရမည်။ ၈ စင်ကြယ် စေရသောသူသည် မိမိ အဝတ်

ကို လျှော် ၍ ၊ မိမိ ဆံပင် ကို အကုန် အစင်ရိတ် ပြီးမှ ၊ စင်ကြယ် စေခြင်းငှါ ရေချိုး ရမည်။ ထိုနောက် ၊ တပ် ထဲ သို့ ဝင် ၍ ၊ မိမိ တဲ ပြင် ၌ ခုနစ် ရက် နေ ရမည်။ ၉ သတ္တမ နေ့ ၌ မိမိ ဆံပင် ၊ မုတ်ဆိတ် ၊ မျက်ခုန်းမွေး အစရှိသော ကိုယ်မွေး ရှိသမျှ ကို ရိတ် ၍၊ မိမိ အဝတ် ကို လျှော် ပြီးမှ ၊ ရေချိုး ၍ စင်ကြယ် ရ၏။ ၁၀ အဋ္ဌမ နေ့ ၌ လည်း ၊ အပြစ် မရှိ၊ အခါ မလည်သော သိုးသငယ် အထီးနှစ် ကောင်၊ အမ တကောင် ကိုဂင်း ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့၊ ဆီ ရော သော မုန့်ညက် သုံး သြမဲနှင့် ဆီ တ လောဃ ကိုဂင်း ယူ ပြီးလျှင်၊ ၁၁ စင်ကြယ် စေသော ယဇ် ပုရောဟိတ်သည်၊ စင်ကြယ် စေအပ်သော လူ ကို၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား၊ ထာဝရဘုရား ရှေ့ တော်၌ ထိုပူဇော်သက္ကာနှင့်တကွ ဆက် ရမည်။ ၁၂ သိုးသငယ် အထီးတကောင် ကို ယူ ပြီးလျှင် ဒုစရိုက် ဖြေရာယဇ်ဘို့ ပူဇော် ၍ ၊ ထာဝရဘုရား ရှေ့ တော် ၌ ချီလွှဲ သော ပူဇော်သက္ကာဘို့ ဆီ တလောဃ နှင့်တကွ ချီလွှဲ ရမည်။ ၁၃ ထိုသိုးသငယ် ကို အပြစ် ဖြေရာ ယဇ်ကောင်၊ မီး ရှို့ရာယဇ်ကောင်ကိုသတ် ရာအရပ် ၊ သန့်ရှင်း ရာဌာန ၌ သတ် ရမည်။ အကြောင်း မူကား၊ အပြစ် ဖြေရာ ယဇ်ကောင်ကို၊ ယဇ်ပုရောဟိတ် ယူပိုင်သကဲ့သို့ ဒုစရိုက် ဖြေရာယဇ်ကောင်ကို ယူပိုင်၏။ အလွန်သန့်ရှင်း ပေ၏။ ၁၄ ယဇ် ပုရောဟိတ်သည် ဒုစရိုက် အပြစ်ဖြေရာ ယဇ်ကောင်အသွေး ကိုယူ ၍ စင်ကြယ် စေရသောသူ၏ လက်ျာ နား ပျဉ်း ၌ ၎င်း၊ လက်ျာ လက်မ ၊ လက်ျာ ခြေမ ၌ ၎င်း ၊ ထည့် ရမည်။ ၁၅ ဆီအချို့ကိုလည်း ယူ၍၊ မိမိလက်ဝဲလက်ဝါး၌ လောင်းပြီးလျှင်၊ ၁၆ ထို ဆီ ကို မိမိ လက်ျာ လက်ညှိုး နှင့် တို့ယူ၍ ထာဝရဘုရား ရှေ့ တော်၌ ခုနစ် ကြိမ် တိုင်အောင်ဖြန်း ရမည်။ ၁၇ မိမိ လက် ၌ ကြွင်း သောဆီ ကို စင်ကြယ် စေရသောသူ ၏ လက်ျာ နား ပျဉ်း ၌ ၎င်း၊ လက်ျာ လက်မ ၊ လက်ျာ ခြေမ ၌ ၎င်း ရှိသောဒုစရိုက် ဖြေရာ ယဇ်ကောင်အသွေး အပေါ် မှာ ထည့် ရမည်။ ၁၈ မိမိလက် ၌ ကြွင်း သေးသောဆီ ကို၊ စင်ကြယ် စေရသောသူ ၏ခေါင်း ပေါ် မှာ လောင်း ၍ ထိုသူ အဘို့ အပြစ် ဖြေခြင်းကို ထာဝရဘုရား ရှေ့ တော်၌ ပြုရမည်။ ၁၉ ထိုမှတပါး၊ စင်ကြယ် စေရသော သူအဘို့ အပြစ် ဖြေခြင်းငှါ ၊ အပြစ် ဖြေရာယဇ်ကို ပူဇော် ၍ ၊ နောက် တဖန် မီး ရှို့ရာယဇ်ကောင်ကိုသတ် ရမည်။ ၂၀ မီး ရှို့ရာယဇ်ကောင်နှင့် ဘောဇဉ်ပူဇော်သက္ကာ ကို ယဇ် ပလ္လင်ပေါ် မှာ ပူဇော် သဖြင့် ထိုလူအဘို့ အပြစ် ဖြေခြင်းကို ပြု၍ ၊ သူသည်သန့်ရှင်း ရ၏။ ၂၁ ထိုသူ သည် ဆင်းရဲ ၍ ဤမျှလောက်မ တတ် နိုင်လျှင် ၊ ချီလွှဲ ၍ မိမိ အပြစ် ဖြေခြင်းကို ပြုစရာဘို့ ၊ ဒုစရိုက် ဖြေရာယဇ် သိုးငယ် တကောင် ကိုဂင်း၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ဆီ ရော သော မုန့်ညက် တသြမဲနှင့် ဆီ တလောဃ ကိုဂင်း၊ ၂၂ တတ်နိုင် သမျှအတိုင်း ၊ ခို နှစ် ကောင်၊ သို့မဟုတ် ချိုး ကလေး နှစ် ကောင်၊ အပြစ် ဖြေရာ ယဇ်ဘို့တကောင် ၊ မီး ရှို့ရာယဇ်ဘို့တကောင် ကိုဂင်းယူ၍၊ ၂၃ မိမိ စင်ကြယ် ခြင်းအလိုငှါ ၊ ထာဝရဘုရား ရှေ့ တော်တွင် ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား၊ ယဇ်ပုရောဟိတ် ထံ သို့၊ အဋ္ဌမ နေ့ ၌ ဆောင် ခဲ့ပြီးမှ၊ ၂၄ ယဇ် ပုရောဟိတ်သည် ဒုစရိုက် အပြစ်ဖြေရာ ယဇ်သိုးသငယ် နှင့် ဆီ တလောဃ ကို ယူ ၍ ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ ရာပူဇော်သက္ကာဘို့ ချီလွှဲ ရမည်။ ၂၅ ထိုသိုးသငယ် ကိုသတ် ပြီးလျှင် ၊ အသွေး ကိုယူ ၍ စင်ကြယ် စေရသောသူ၏ လက်ျာ နား ပျဉ်း ၌ ၎င်း၊ လက်ျာ လက်မ ၊ လက်ျာ ခြေမ ၌ ၎င်း ထည့် ရမည်။ ၂၆ ဆီ အချို့ကိုလည်း မိမိလက်ဝဲ လက်ဝါး ၌ လောင်း ပြီးလျှင်၊ ၂၇ ထို ဆီ ကို မိမိ လက်ျာ လက်ညှိုး နှင့် ထာဝရဘုရား ရှေ့

တော်၌ ခုနစ် ကြိမ် တိုင်အောင်ဖြန်း ရမည်။ ၂၈ မိမိ လက် ၌ ကြွင်းသောဆီ ကို စင်ကြယ် စေရသောသူ၏ လက်ျာ နား ပျဉ်း ၌ ၎င်း၊ လက်ျာ လက်မ ၊ လက်ျာ ခြေမ ၌ ၎င်း ရှိသောဒုစရိုက် ဖြေရာ ယဇ်ကောင်အသွေး ပေါ် မှာထည့် ၍၊ ၂၉ မိမိ၌ ကြွင်း သေးသော ဆီ ကို ထိုလူခေါင်း အပေါ် မှာ လောင်း ၍၊ သူ့ အဘို့ အပြစ် ဖြေခြင်းကို ထာဝရဘုရား ရှေ့ တော်၌ ပြုရမည်။ ၃၀ ထိုသူသည် တတ် နိုင်သမျှအတိုင်း ခို နှစ်ကောင်ဖြစ်စေ ၊ ချိုး ကလေး နှစ်ကောင်ဖြစ်စေ၊ ၃၁ အပြစ် ဖြေရာယဇ်ဘို့ တကောင် ၊ ဘောဇင်ပူဇော်သကွာ နှင့်တကွ မီး ရှို့ရာယဇ်ဘို့တကောင် ကို ဆောင်ခဲ့၍၊ ယဇ် ပုရောဟိတ်သည် ပူဇော်လျက်၊ ထိုသူအဘို့ အပြစ် ဖြေခြင်းကို ထာဝရဘုရား ရှေ့ တော်၌ ပြုရမည်။ ၃၂ ဤ ရွေ့ကား၊ နူနာ စွဲ၍ မိမိ စင်ကြယ် စေ ခြင်းငှါ မ တတ် နိုင်အောင် ဆင်းရဲသောသူနှင့် ဆိုင်သော တရား ဖြစ်သတည်းဟု မိန့်တော်မူ၏။ ၃၃ ထာဝရဘုရား သည် မောရှေ နှင့် အာရုန် အား မိန့် တော်မူသည်ကား၊ ၃၄ သင် တို့ပိုင် ထိုက်ရာ၊ ငါ ပေး သော ခါနာန် ပြည် သို့ သင်တို့ရောက် သောအခါ ၊ သင် တို့နေရာ ထိုပြည် တွင် အိမ် တစုံတခု၌ နူနာ ကို ငါစွဲစေလျှင် ၎င်း ၃၅ အိမ်ရှင်သည် ယဇ်ပုရောဟိတ် ထံ သို့သွား ၍ ၊ အကျွန်ုပ် အိမ် ကို နူနာ စွဲဟန် ရှိပါ၏ဟု ပြောဆို လျှင် ၎င်း၊ ၃၆ ထို အိမ် ၌ ရှိသမျှ တို့သည်၊ မ စင်ကြယ် ရာသို့ ရောက်မည်ကို စိုးရိမ်၍၊ ယဇ် ပုရောဟိတ်သည် နူနာ ကို အကြည့် အရှုမ ဝင်မှီ၊ ရှိသမျှကို ထုတ် စေခြင်းငှါ စီရင် ရမည်။ ထိုနောက် ယဇ် ပုရောဟိတ်သည် ထိုအိမ် ကို အကြည့် အရှုဝင် ၍၊ ၃၇ အနာ ကို ကြည့်ရှု သောအခါ ၊ ကျောက်ထရံ ချိုင့်ရာတို့ ၌ ခပ်စိမ်းစိမ်း ၊ ခပ်နီနီ ဖြစ်၍၊ ကျောက်ထရံ ထဲ ၌အနာစဲဟန် ရှိလျှင်၊ ၃၈ အိမ် တံခါး ပြင်သို့ ထွက် ၍ ၊ ထိုအိမ် ကို ခုနစ် ရက် ပတ်လုံးပိတ် ထားရမည်။ ၃၉ သတ္တမ နေ့ ၌ ယဇ် ပုရောဟိတ်သည် အကြည့် အရှုလာ ၍ ၊ ကျောက်ထရံ ၌ အနာ တိုးပွား လျှင်၊ ၄၀ အနာ စွဲသော ကျောက် တို့ကို နှုတ် ပယ်၍ ၊ မြို့ ပြင် မ စင်ကြယ်သော အရပ် ၌ ပစ် ထားစေခြင်းငှါ ယဇ် ပုရောဟိတ် စီရင် ၍၊ ၄၁ ထိုအိမ် ကို အတွင်း ပတ်လည်၌ ခြစ် စေရမည်။ ခြစ် ၍ကျသော အမှုန့် ကိုလည်း မြို့ ပြင် မ စင်ကြယ်သောအရပ် ၌ သွန် ပစ်ရမည်။ ၄၂ အရင်ကျောက် အစား ၌ အခြား သော ကျောက် ကိုယူ ၍ ထည့်ပြီးလျှင် ၊ အသစ် သော အင်္ဂတေနှင့် မွမ်းမံ ရမည်။ ၄၃ ထိုသို့ ကျောက် ကို နှုတ် ပယ်၍ အိမ် ကိုခြစ် ခြင်း၊ အသစ်မွမ်းမံ ခြင်းကို ပြုပြီးမှ ၊ တဖန် အနာစွဲ ပြန်လျှင်၊ ၄၄ ယဇ်ပုရောဟိတ် လည်း အကြည့် အရှုလာ ၍ ထိုအိမ် ၌ အနာ တိုးပွါး သည် မှန်လျှင်၊ စားတတ်သော နူနာ ဖြစ်၏။ ထိုအိမ် သည် မစင်ကြယ် သောကြောင့်၊ ၄၅ ကျောက် ၊ သစ်သား ၊ အင်္ဂတေ ရှိသမျှ ကို ဖြိုဖျက် ၍ ၊ မြို့ ပြင် မ စင်ကြယ်သော အရပ် သို့ ယူ သွားရမည်။ ၄၆ ထိုမှတပါး၊ ထိုအိမ်ကို ပိတ် ထားသည် ကာလ ပတ်လုံး ၊ အထဲ သို့ ဝင် မိသောသူသည်၊ ညဦး တိုင်အောင် မ စင်ကြယ်။ ၄၇ ထိုအိမ် ၌ အိပ် သောသူ၊ စား သောက်သောသူသည်၊ မိမိ အဝတ် ကို လျှော် ရမည်။ ၄၈ ယဇ် ပုရောဟိတ်သည် အကြည့် အရှုလာ သောအခါ ၊ အိမ် ကို အသစ်မွမ်းမံ ပြီးမှ အနာ မ တိုးပွါး လျှင် ၊ အနာ ပျောက် သောကြောင့် ထိုအိမ် သည် စင်ကြယ် ၏ဟု စီရင်ရမည်။ ၄၉ ထိုအိမ် ကို စင်ကြယ် စေခြင်းငှါ ငှက် နှစ် ကောင်၊ အာရဇ် သစ်သား ၊ နီမောင်း သောကြိုး ၊ ဟုဿုပ် ပင်ညွှန့် တို့ကိုယူ ၍၊ ၅၀ စီး သောရေ ကို ထည့်သောမြေ အိုး ထဲ ၌ငှက် တကောင် ကိုသတ် ပြီးမှ၊ ၅၁ အာရဇ် သစ်သား ၊ ဟုဿုပ် ပင်ညွှန့်၊ နီ သောကြိုး ၊ အသက် ရှင်သော ငှက်

ကို ယူ ၍ ငှက် သွေး ရောသော ရေ ၌ နှစ် ပြီးလျှင် ၊ ထိုအိမ် ကို ခုနစ် ကြိမ် တိုင်အောင်ဖြန်း ရမည်။ ၅၂ ထိုသို့ ငှက် သွေး အစရှိသည်တို့နှင့် ထိုအိမ် ကို စင်ကြယ် စေပြီးမှ၊ ၅၃ အသက် ရှင်သော ငှက် ကို မြို့ ပြင် ဟင်းလင်း သောအရပ် ၌ လွှတ် လိုက်၍ ၊ ထိုအိမ် အဘို့ ၊ အပြစ် ဖြေ ခြင်းကို ပြုလျှင် ၊ စင်ကြယ် ခြင်း ရှိလိမ့်မည်။ ၅၄ ဤ ရွေ့ကား၊ စင်ကြယ် သည်၊ မ စင်ကြယ်သည်ကို ပိုင်းခြား ၍ သိစေခြင်းငှါ၊ ဗောက်နှုနာ အစရှိသော နှုနာ အမျိုးမျိုး ၊ အဝတ် ၌ စွဲသောနှုနာ ၊ အိမ် ၌ စွဲသောနှုနာ၊ အဖူး ၊ ယားနာ ၊ နူကွက် နှင့်ဆိုင်သော နှုနာ တရား ဖြစ်သတည်းဟု မိန့် တော်မူ၏။

၁၅ ၂ တဖန် မောရှေ နှင့် အာရုန် အား ထာဝရဘုရား က၊2သင်တို့သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ရိနာ စွဲသော ယောကျ်ား သည် မ စင်ကြယ်။ ၃ အစဉ်ယို သည်ဖြစ်စေ ၊ တခါတလေရပ် သည်ဖြစ်စေ၊ ထိုသူ သည် မ စင်ကြယ်။ ၄ အိပ် သမျှ ထိုင် သမျှ သော အိပ် ရာထိုင်ရာတို့သည်လည်း မ စင်ကြယ်။ ၅ သူ ၏အိပ်ရာ ကို ထိ သော သူ ၊ သူ့ထိုင်ရာ အပေါ်မှာ ထိုင် သောသူ၊ သူ၏ကိုယ် ကို ထိ သောသူ၊ သူ၏တံထွေး ထိမိသောသူသည်၊ မိမိ အဝတ် ကိုလျှော် ၍ကိုယ်ကိုရေချိုး ရမည်။ ညဦး တိုင်အောင် မစင်ကြယ် ဖြစ်၏။ ၆ ရိနာ စွဲသော သူစီး သော ကုန်းနှီး လည်း မ စင်ကြယ်။ ၁၀ သူ့ အောက် ၌ရှိ သော အရာ ကို ထိ သောသူသည် ညဦး တိုင်အောင် မ စင်ကြယ်။ ထိုအရာ တစုံတခုကို ဆောင် သောသူသည်၊ မိမိ အဝတ် ကို လျှော် ၍ ကိုယ်ကို ရေချိုး ရမည်။ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ၁၁ ရိနာ စွဲသောသူသည်၊ လက် မ ဆေး ဘဲ သူတပါး ကို လက်နှင့်ထိ လျှင် ၊ ထိုသူသည် မိမိ အဝတ် ကို လျှော် ၍ ကိုယ်ကို ရေချိုး ရမည်။ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ၁၂ ရိနာ စွဲသောသူ ထိ သော မြေ တန်ဆာ ကို ခွဲ ရမည်။ သစ်သား တန်ဆာ ကို ရေ နှင့် ဆေး ရမည်။ ၁၃ ရိနာ စွဲသောသူသည် အနာ ပျောက်သောအခါ ၊ ပျောက်သောနေ့က စ၍၊ ခုနစ် ရက် လွန်မှ မိမိ အဝတ် ကို လျှော် ၍ ၊ စီး သောရေ နှင့် ကိုယ် ကိုချိုး သဖြင့် စင်ကြယ် ရ၏။ ၁၄ အဋ္ဌမ နေ့ ၌ လည်း ၊ ခို နှစ် ကောင်ဖြစ်စေ ၊ ချိုး ကလေး နှစ် ကောင်ဖြစ်စေ၊ တခုခုကို ထာဝရဘုရား ရှေ့ တော်၌ ပရိသတ်စည်းဝေး ရာ တံခါး နားသို့ ဆောင် ခဲ့၍ ၊ ယဇ်ပုရောဟိတ် အား ပေး ရမည်။ ၁၅ ယဇ် ပုရောဟိတ်သည် အပြစ် ဖြေရာယဇ်ဘို့တကောင် ၊ မီး ရှို့ရာယဇ်ဘို့တကောင် ကို ပူဇော် ၍ ၊ ရိနာစွဲသော သူ အဘို့ ထာဝရဘုရား ရှေ့ တော်၌ အပြစ် ဖြေခြင်းကို ပြုရမည်။ ၁၆ ယောကျ်ား သည် သုတ် ရည်ထွက် လျှင် တကိုယ်လုံး ရေချိုး ရမည်။ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ၁၇ သုတ် ရည်ထိသောအဝတ် ၊ သားရေ ရှိသမျှ တို့ကို ရေ နှင့် လျှော် ရမည်။ ညဦး တိုင်အောင် မစင်ကြယ် ဖြစ်၏။ ၁၈ ယောကျ်ား သည် မိန်းမ နှင့် သံဝါသ ပြုလျှင် ၊ နှစ်ယောက်စလုံးတို့သည် ရေချိုး ရမည်။ ညဦး တိုင်အောင် မစင်ကြယ် ဖြစ်၏။ ၁၉ မိန်းမ သည် ဥတု ရောက် လျှင် ၊ ခုနစ် ရက် ပတ်လုံးဥတု မစင်ကြယ်ရာ၌ နေရမည်။ သူ့ ကို ထိ သောသူသည် ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ၂၀ ဥတု မစင်ကြယ်လျက် အိပ် သမျှ ၊ ထိုင် သမျှ တို့သည် မ စင်ကြယ်ဖြစ်၏။ ၂၁ သူ ၏အိပ်ရာ ၊ သူ၏ထိုင် ရာကို ထိ သောသူသည်၊ မိမိ အဝတ် ကိုလျှော် ၍ ကိုယ်ကို ရေချိုး ရမည်။ ညဦး တိုင်အောင် မစင်ကြယ် ဖြစ်၏။ ၂၂ သူ၏နေရာ ထိုင် ရာစွန်းလျှင် ၊ ထိုနေရာထိုင်ရာကို ထိ သောသူသည် ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ၂၃ ဥတု ရောက် သော မိန်းမ နှင့် သံဝါသ ပြုသောသူသည်

ခုနှစ် ရက် ပတ်လုံးမ စင်ကြယ်၊ အိပ်ရာ ရှိသမျှ လည်း မ စင်ကြယ်ဖြစ်၏။ ၂၆ ဥတု မစင်ကြယ်ရာ ကာလလွန် မှ၊ သွေးယိုနာမပျောက်လျှင်၊ အနာမပျောက်မှီတိုင်အောင်ဥတု မစင်ကြယ်လျက် နေရသကဲ့သို့ မ စင်ကြယ်ဖြစ် ၏။ ၂၇ အနာမပျောက်မှီတိုင်အောင်သူ၏အိပ်ရာ သည် ဥတု မစင်ကြယ်သော အိပ်ရာ ကဲ့သို့ ၎င်း၊ ထိုင် ရာသည်လည်း ထိုကဲ့သို့ ၎င်း မစင်ကြယ် ဖြစ် ကြ၏။ ၂၈ ထိုအရာတို့ကို ထိ သောသူသည်လည်း မ စင်ကြယ်သောကြောင့် ၊ မိမိ အဝတ် ကို လျှော် ၍ ကိုယ်ကို ရေချိုး ရမည်။ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ၂၉ ထိုမိန်းမသည် သွေးယိုနာ ပျောက် ၍ ခုနစ် ရက် လွန် လျှင် စင်ကြယ် လိမ့်မည်။ ၃၀ အဋ္ဌမ နေ့ ၌ ခို နှစ် ကောင်ဖြစ်စေ ၊ ချိုး ကလေး နှစ် ကောင်ဖြစ်စေ၊ တခုခုကို ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား၊ ယဇ်ပုရောဟိတ် ထံ သို့ဆောင် ခဲ့ရမည်။ ၃၁ ယဇ် ပုရောဟိတ်သည် အပြစ် ဖြေရာယဇ်ဘို့တကောင် ၊ မီး ရှို့ရာယဇ်ဘို့တကောင် ကို ပူဇော် ၍ ၊ ဥတုမ စင်ကြယ်သော မိန်းမ အဘို့ ထာဝရဘုရား ရှေ့တော်၌ အပြစ် ဖြေခြင်းကို ပြုရမည်။ ၃၂ ထိုသို့ ကျသရေလ အမျိုးသား တို့သည် မိမိ တို့တွင် ရှိသောငါ့ တဲ တော်ကို ညစ်ညူး စေ၍ ၊ မိမိ တို့ မ စင်ကြယ်ရာ၌ မ သေ စေခြင်းငှါ ၊ သူ တို့ကို မ စင်ကြယ်ခြင်းနှင့် ကင်းစင် စေရမည်။ ၃၃ ဤ ရွေ့ကား၊ ရိနာ စွဲသောသူ၊ သုတ်ရည် ထွက် ၍ညစ်ညူး သောသူ၊

၁၆ ဥတု ရောက်သော မိန်းမ ၊ သံဝါသပြုသော ယောကျ်ား မိန်းမ ၊ မ စင်ကြယ်သောမိန်းမနှင့် သံဝါသ ပြုသော ယောကျ်ား စောင့်ရသောတရား ဖြစ်သတည်းဟု မိန့် တော်မူ ၏။ ၂ အာရုန် ၏ သား နှစ် ယောက်တို့သည်၊ ထာဝရဘုရား ရှေ့တော်၌ ပူဇော် ၍ သေ သောနောက် ၊ ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၃ သင် ၏အစ်ကို အာရုန် သည် သေ ဘေးနှင့်ကင်းလွတ် မည်အကြောင်း ၊ သန့်ရှင်း ရာဌာနတော်အထဲ ၊ သေတ္တာ အပေါ် မှာ တင်သော အဖုံး ကို ကွယ်ကာသော ကုလားကာ အတွင်းသို့ အခါခပ်သိမ်းမ ဝင် စေ ခြင်းငှါ ဆင့်ဆို လော့။ ငါသည် သေတ္တာအဖုံး အပေါ် ၊ မိုးယံတိမ် ၌ ထင်ရှား မည်။ ၄ အာရုန် သည် သန့်ရှင်း ရာဌာနတော်အထဲ သို့ အဘယ်သို့ဝင် ရမည်နည်းဟူမူကား၊ အပြစ် ဖြေရာယဇ် ဘို့ အသက်ပျို သော နွား ထီးတကောင်၊ မီး ရှို့ရာယဇ်ဘို့ သိုး ထီးတကောင်ပါရမည်။ ၅ သန့်ရှင်း သော ပိတ်ချော အင်္ကျီ ၊ ပိတ်ချော ပေါင်းဘီ ကို ဝတ် ၍ ၊ ပိတ်ချော ခါးပန်း ကို စည်း ရမည်။ ပိတ်ချော ဗေါင်း ကိုလည်း ဆောင်း ရမည်။ ထိုအဝတ် တန်ဆာတို့သည် သန့်ရှင်း သောကြောင့်၊ ကိုယ်ကို ရေချိုး ပြီးမှ ဝတ်ဆင် ရမည်။ ၆ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် သငယ်နှစ် ကောင်၊ မီး ရှို့ရာယဇ်ဘို့ သိုး တကောင် ကို၊ ကျသရေလ အမျိုးသား ပရိသတ် လက်မှ ခံယူ ရမည်။ ၇ အာရုန် သည် မိမိ နှင့်ဆိုင်သော မိမိအပြစ် ဖြေရာယဇ်နွား ကို ပူဇော် ၍ ၊ မိမိ အဘို့ နှင့် မိမိ အိမ်သူ များ အဘို့ အပြစ် ဖြေခြင်းကို ပြုရမည်။ ၈ ဆိတ် နှစ် ကောင်ကိုလည်း ယူ ၍ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား၊ ထာဝရဘုရား ရှေ့တော်၌ ဆက် ရမည်။ ၉ အာရုန် သည် ထိုဆိတ် နှစ် ကောင်ကို ထာဝရဘုရား အဘို့ စာရေးတံ တ တံ၊ လွတ်လပ် လဟာအဘို့ တ တံ၊ စာရေးတံ နှစ်တံချ ၍၊ ၁၀ ထာဝရဘုရား အဘို့ စာရေးတံ ကျ သော ဆိတ် ကို ဆောင် ခဲ့၍ အပြစ် ဖြေရာယဇ်ဘို့ ပူဇော် ရမည်။ ၁၁ လွတ်လပ် လဟာအဘို့ စာရေးတံ ကျ သော ဆိတ် ကို၊ အသက် ရှင်လျက် ထာဝရဘုရား ရှေ့ တော်၌ ဆက် ၍၊ သူ့ အပေါ် မှာ အပြစ် ဖြေခြင်းကို ပြုပြီးလျှင်၊ တော ၌ လွတ်လပ်

လဟာသို့ လွှတ် လိုက်ရမည်။ ၁၂ အာရုန် သည် မိမိ နှင့် ဆိုင်သော အပြစ် ဖြေရာယဇ်နွား ကို ဆောင် ခဲ့ပြီးလျှင် ၊ မိမိ အဘို့ နှင့် မိမိ အိမ်သူ အိမ်သားများအဘို့ အပြစ် ဖြေခြင်းကို ပြု၍ ၊ မိမိ နှင့် ဆိုင်သော အပြစ် ဖြေရာယဇ်နွား ကိုသတ် ရမည်။ ၁၃ ထာဝရဘုရား ရှေ့တော် ယဇ် ပလ္လင်မီးခဲ နှင့် ပြည့် သောလင်ပန်း ကို ကိုင် လျက် ၊ ညက်စွာသော နံ့သာ ပေါင်းမွှေးအမှုန့်ကို မိမိ လက် ၌ အပြည့် ယူ၍၊ ကုလားကာ အတွင်း သို့ ဆောင် သွားရမည်။ ၁၄ ထိုအခါ သူသည်သေ ဘေးနှင့် ကင်းလွတ် မည်အကြောင်း ၊ နံ့သာပေါင်းအခိုးအငွေ့သည် သက်သေခံ ချက် အပေါ် မှာရှိသော သေတ္တာအဖုံး ကို မွှန်း စေခြင်းငှါ ၊ ထာဝရဘုရား ရှေ့တော်၌ နံ့သာ ပေါင်းကို မီး ပေါ် မှာ တင် ရမည်။ ၁၅ နွား အသွေး အချို့ကိုလည်းယူ ၍ ၊ အရှေ့ မျက်နှာဘက် သေတ္တာဖုံး အပေါ် ၌ လက်ညှိုး နှင့် ဖြန်း ရမည်။ သေတ္တာဖုံး ရှေ့၌ လည်း ခုနှစ် ကြိမ် တိုင်အောင်လက်ညှိုး နှင့် ဖြန်း ရမည်။ ၁၆ ထိုနောက် လူ များနှင့်ဆိုင်သော အပြစ် ဖြေရာယဇ်ဆိတ် ကိုသတ် ၍ ၊ အသွေး ကို ကုလားကာ အတွင်း သို့ ဆောင် ခဲ့ပြီးလျှင် ၊ နွား အသွေး ကို ဖြန်း သကဲ့သို့ ၊ သေတ္တာဖုံး အပေါ် ၌ငင်း၊ ရှေ့၌ ငင်း ဖြန်း ရမည်။ ၁၇ ဣသရေလ အမျိုးသား တို့၏ မ စင်ကြယ်သော အပြစ်ကြောင့် ငင်း ၊ ပြစ်မှား သော အပြစ် အမျိုးမျိုး တို့ ကြောင့် ငင်း ၊ သန့်ရှင်း ရာ ဌာနတော်အဘို့ အပြစ် ဖြေခြင်းကို ပြုရမည်။ ထိုသို့ ဣသရေလအမျိုးသားတို့၏ မ စင်ကြယ်သော အပြစ်ထဲ မှာ နေ ရသော ပရိသတ်စည်းဝေး ရာ တဲ တော်အဘို့ ပြု ရမည်။ ၁၈ သန့်ရှင်း ရာဌာနတော်၌ အပြစ် ဖြေခြင်းကို ပြုအံ့သောငှါ ဝင် သောအခါ ၊ မိမိ အဘို့ ၊ မိမိ အိမ်သူ အိမ်သားများအဘို့ ၊ ဣသရေလ ပရိသတ် အပေါင်း တို့အဘို့ အပြစ် ဖြေခြင်းကိုပြု၍ မထွက် မီတိုင်အောင် ၊ ပရိသတ်စည်းဝေး ရာ တဲ တော်ထဲ မှာ အဘယ်သူ မျှမ နေ ရ။ ၁၉ နောက် တဖန် ထာဝရဘုရား ရှေ့တော် ယဇ် ပလ္လင်သို့ ထွက် လာ၍ ၊ ထိုပလ္လင် အဘို့ အပြစ် ဖြေခြင်းကို ပြုအံ့သောငှါ၊ နွား အသွေး ၊ ဆိတ် အသွေး ကိုယူ ၍ ယဇ် ပလ္လင်ပတ်လည် ဦးချို တို့ ၌ ထည့် ရမည်။ ၂၀ ယဇ်ပလ္လင် အပေါ် ၌လည်း ၊ ထိုအသွေး ကို လက်ညှိုး နှင့် ခုနှစ် ကြိမ် တိုင်အောင်ဖြန်း ၍ ဣသရေလ အမျိုးသား တို့၏ မ စင်ကြယ်သောအပြစ်မှ စင်ကြယ် သန့်ရှင်း စေရမည်။ ၂၁ ထိုသို့ သန့်ရှင်း ရာ ဌာနတော်အဘို့၊ ပရိသတ်စည်းဝေး ရာ တဲ တော်အဘို့၊ ယဇ် ပလ္လင်အဘို့ အပြစ် ဖြေခြင်းကို ပြီးစီး ပြီးမှ ၊ အသက် ရှင်သော ဆိတ် ကို ဆောင် ခဲ့ရမည်။ ၂၂ အာရုန် သည် အသက် ရှင်သော ဆိတ် ခေါင်း ပေါ် မှာ လက် နှစ် ဘက်ကို တင် လျက် ၊ ဣသရေလ အမျိုးသား တို့၏ ဒုစရိုက် မှစ၍ ပြစ်မှား သောအပြစ် အမျိုးမျိုး ရှိသမျှ တို့ကို ဘော်ပြ ၍ ၊ ဆိတ် ခေါင်း ပေါ် မှာ တင် ထားပြီးလျှင် ၊ တော်လျော် သော လူ တွင် တော သို့ စေလွှတ် ရမည်။ ၂၃ သူ တို့အပြစ် ရှိသမျှ ကို၊ လူမ နေသောအရပ် သို့ ဆောင် သွားသော ထိုဆိတ် ကို တော ၌ လွှတ် လိုက်ရမည်။ ၂၄ တဖန် အာရုန် သည် ပရိသတ်စည်းဝေး ရာ တဲ တော်ထဲ သို့ဝင် ၍ ၊ သန့်ရှင်း ရာဌာနတော်ထဲ သို့ အရင် ဝင် သောအခါ ၊ ဝတ် သော ပိတ်ချော အဝတ် ကို ချွတ် ၍ ထို အရပ်၌ ထား ရမည်။ ၂၅ သန့်ရှင်း ရာ ဌာန ၌ ကိုယ် ကို ရေချိုး ၍ ၊ မိမိ အဝတ် ကို ဝတ် ပြီးမှ တဖန် ထွက် လာ၍ ၊ မိမိ မီး ရှို့ရာယဇ်၊ လူ များမီး ရှို့ရာယဇ်ကို ပူဇော် သဖြင့် ၊ မိမိ အဘို့ နှင့် လူ များအဘို့ အပြစ် ဖြေခြင်းကို ပြုရမည်။ ၂၆ အပြစ် ဖြေရာ ယဇ်ကောင်ဆိဉ ကို ယဇ် ပလ္လင်ပေါ် မှာ မီး ရှို့ရမည်။ ၂၇ လွတ်လပ် လဟာသို့

ဆိတ် ကို လွှတ် လိုက်သောသူသည်လည်း မိမိ အဝတ် ကို လျှော် ၍ ကိုယ် ကို ရေချိုး ရမည်။ ထို နောက်မှတပ် ထဲ သို့ ဝင် ရမည်။ ၂၈ သန့်ရှင်း ရာဌာနတော်၌ အပြစ် ဖြေခြင်းကို ပြုအံ့သောငှါ ဆောင် သွင်းသော အသွေး နှင့်ဆိုင်သော အပြစ် ဖြေရာယဇ်နွား ကိုငင်း ၊ အပြစ် ဖြေရာယဇ် ဆိတ် ကိုငင်း ၊ တပ် ပြင် သို့ ယူ သွား၍ အရေ ၊ အသား ၊ ချေးနှ ကို မီး ရှို့ရမည်။ ၂၉ မီး ရှို့သောသူသည်လည်း မိမိ အဝတ် ကို လျော် ၍ ကိုယ် ကို ရေချိုး ရမည်။ ထို နောက်မှတပ် ထဲ သို့ ဝင် ရမည်။ ၃၀ သင် တို့သည် အစဉ် စောင့်ရသောပညတ် တော်ဟူမူကား၊ အမျိုးသား ချင်းဖြစ်စေ ၊ သင် တို့တွင် တည်း နေသော တပါး အမျိုးသားဖြစ်စေ၊ သတ္တမ လ ဆယ် ရက်နေ့၌ အလုပ် ကို အလျှင်း မ လုပ် ၊ ခြိုးခြံ စွာကျင့် လျက် နေ ရကြမည်။ ၃၁ အကြောင်း မူကား၊ သင်တို့သည် ထာဝရဘုရား ရှေ့ တော်၌ အပြစ် ရှိသမျှ တို့နှင့် ကင်းစင် မည်အကြောင်း၊ ထို နေ့ ရက်၌ ယဇ်ပုရောဟိတ်သည် သင် တို့ကို စင်ကြယ် စေခြင်းငှါ ၊ အပြစ် ဖြေခြင်းကို ပြုရမည်။ ၃၂ ထိုနေ့ရက်သည် ထာဝရ ပညတ် တော်အတိုင်း၊ သင် တို့ငြိမ်ဝပ် ရာ ဥပုသ် နေ့၊ ခြိုးခြံ စွာကျင့်ရသောနေ့ ဖြစ်သတည်း။ ၃၃ အဘ အရာ ၌ ယဇ် ပုရောဟိတ်အမှုကို ဆောင်စေခြင်းငှါ ၊ အရင်ယဇ် ပုရောဟိတ်လက် မှ ဘိသိက် နှင့်တကွ ယဇ်ပုရောဟိတ်အရာကို ခံသောသူသည်၊ ထိုအပြစ် ဖြေခြင်းကို ပြုရမည်။ ထိုယဇ်ပုရောဟိတ်သည် သန့်ရှင်း သော ပိတ်ချော အဝတ် ကို ဝတ် ၍၊ ၃၄ သန့်ရှင်း ရာဌာနတော်အဘို့၊ ပရိသတ်စည်းဝေး ရာ တဲ တော်အဘို့၊ ယဇ် ပလ္လင်အဘို့၊ ယဇ် ပုရောဟိတ်များအဘို့၊ ပရိသတ် အပေါင်း တို့အဘို့ အပြစ် ဖြေခြင်းကို ပြုရမည်။

၁၇ ဤ ရွေ့ကား၊ ဣသရေလ အမျိုးသား တို့၏ အပြစ် ရှိသမျှ တို့ကြောင့် တနှစ် တခါ အပြစ် ဖြေခြင်းကို ပြုမည်အကြောင်း ၊ သင် တို့သည် အစဉ် စောင့်ရသောပညတ် တော်ဖြစ် သတည်းဟု မောရှေ အား ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း အာရုန်ပြု လေ၏။ ၂ တဖန် မောရှေ အား ထာဝရဘုရား က၊ ၃ သင်သည် အာရုန် နှင့် သူ ၏သား ၊ ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၄ ဣသရေလ အမျိုးသားတစုံ တယောက်သည် သိုး ၊ ဆိတ် ၊ နွား ကို တပ် ထဲ မှာ သတ် သည်ဖြစ်စေ ၊ တပ် ပြင် မှာ သတ် သည်ဖြစ်စေ၊ ၅ ထာဝရဘုရား ၏ တဲ တော်ရှေ့ တွင် ထာဝရဘုရား အား ပူဇော် သက္ကာ ပြု ခြင်းငှါ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး သို့ မ ဆောင် ခဲ့လျှင် ၊ ထို သူ သည် အသက်သတ်သော အပြစ်ရှိသည်ဟု မှတ် ရမည်။ အသက်သတ်သော ထို သူ ကို သူ ၏အမျိုး မှ ပယ်ရှင်း ရမည်။ ၆ ဣသရေလ အမျိုးသား တို့သည် တော ၌ ပူဇော် သောယဇ် တို့ကို၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့တွင် ထာဝရဘုရား ထံ တော်မှာ ယဇ်ပုရောဟိတ် ရှေ့ သို့ ဆောင် ခဲ့၍ ၊ ထာဝရဘုရား အား မိဿဟာယ ယဇ် ပူဇော် စေခြင်းငှါ ထိုသို့ စီရင်ရသတည်း။ ၇ ယဇ် ပုရောဟိတ်သည်၊ ထိုယဇ်ကောင်အသွေး ကို ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား၌ရှိသောထာဝရဘုရား ၏ ယဇ် ပလ္လင်ပေါ် မှာ ဖြန်း ၍ ၊ ဆီဥ ကိုလည်း ထာဝရဘုရား အား မွှေးကြိုင် ရာဘို့ မီး ရှို့ရမည်။ ၈ သူ တို့သည် အထက်က မှားယွင်း သကဲ့သို့ နောက် တဖန် နတ်ဆိုး တို့အား ယဇ် မ ပူဇော်ရ။ ဤ ပညတ် သည် သူ တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် တော် ဖြစ်သတည်း။ ၉ ဣသရေလ အမျိုးသားချင်း ဖြစ်စေ ၊ သင် တို့တွင် တည်း နေသော တပါး အမျိုးသားဖြစ်စေ၊ မီး ရှို့ရာ ယဇ် အစရှိသော အခြားသောယဇ် တစုံတခုကို

ပူဇော် သောအခါ၊ ၁၀ ထာဝရဘုရား အား ပူဇော်သက္ကာပြု ခြင်းငှါ ၊ ပရိသတ်စည်းဝေး ရာ တံခါး သို့ မ ဆောင် ခဲ့လျှင် ၊ ထို သူ ကို သူ ၏အမျိုး မှ ပယ်ရှင်း ရမည်ဟု သူ တို့အား ဆင့်ဆို ရမည်။ ၁၁ ဣသရေလ အမျိုးသားမှစ၍ ၊ သင် တို့တွင် တည်း နေသောတပါး အမျိုးသားတစုံ တယောက်သည်၊ အသွေး တမျိုးမျိုး ကို စား လျှင် ၊ ထိုသူကို ငါသည် မျက်နှာ ထား၍ သူ ၏ အမျိုး မှ ပယ်ရှင်း မည်။ ၁၂ အကြောင်း မူကား၊ ကိုယ်ခန္ဓါ အသက် သည် အသွေး၌ တည်၏။ သင် တို့ပြုသောအပြစ် ကို ဖြေစေခြင်းငှါ ၊ ထိုအသွေးကို သင် တို့အား ယဇ် ပလ္လင်ပေါ် မှာ ငါ ပေး ပြီ။ လူအပြစ် ကို ဖြေသောအရာကား၊ အသွေး ဖြစ်သတည်း။ ၁၃ ထိုကြောင့် သင် တို့ ၌ အဘယ်သူ မျှအသွေး ကို မ စား ရ။ သင် တို့တွင် တည်း နေသောတပါး အမျိုးသား လည်း အသွေး ကို မ စား ရဟု ဣသရေလ အမျိုးသား တို့အား ငါ့အမိန့် တော်ရှိ၏။ ၁၄ ဣသရေလ အမျိုးသား မှစ၍ သင် တို့တွင် တည်း နေသောတပါး အမျိုးသားတစုံ တယောက်သည်၊ မုဆိုး လုပ်၍ စားစရာဘို့ သား ၊ ငှက် ကို ဘမ်း မိလျှင် ၊ အသွေး ကို သွန် ၍ မြေ နှင့် ဖုံး ရမည်။ ၁၅ အသွေး သည် ခပ်သိမ်း သော ကိုယ်ခန္ဓါ အသက် ရှင်ရာအကြောင်းဖြစ်၏။ ထိုကြောင့် သင်တို့သည် တစုံ တခုသောကိုယ်ခန္ဓါ ၏ အသွေး ကို မ စား ရဟု ဣသရေလ အမျိုးသား တို့အား ငါ့အမိန့် တော်ရှိ၏။ ခပ်သိမ်း သော ကိုယ်ခန္ဓါ အသက် သည် အသွေး၌ တည်သောကြောင့်၊ အသွေးကို စား သောသူ မည်သည်ကား၊ ပယ်ရှင်း ခြင်းကိုခံရမည်။ ၁၆ အလိုလို သေသောအကောင်၊ သားရဲ ကိုက်၍သေသော အကောင်၏အသားကို စား သော ကိုယ် အမျိုးသား ၊ တပါး အမျိုးသားမည်သည်ကား၊ စားလျှင် မိမိ အဝတ် ကိုလျှော် ၍ ကိုယ်ကို ရေချိုး ရမည်။ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်၏။ ထိုနောက် စင်ကြယ် ခြင်းရှိ၏။

၁၈ အဝတ်ကို မ လျှော် ရေ မ ချိုးလျှင် ၊ ကိုယ် အပြစ် ကို ကိုယ်ခံရ မည်ဟု ထာဝရဘုရား သည် ပညတ် တော်မူ ၏။ ၂ တဖန် မောရှေ အား ထာဝရဘုရား က၊ ၃ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ ၊ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၄ သင်တို့နေ ဘူးသော အဲဂုတ္တု ပြည် ၏ အကျင့် ကိုငင်း၊ သင် တို့ကို ငါ ပို့ဆောင် လတ့်သော ခါနာန် ပြည် ၏ အကျင့် ကိုငင်း၊ သင်တို့သည် မ ကျင့် ၊ သူ တို့ တရား လမ်းသို့ မ လိုက် ရကြ။ ၅ ငါ စီရင် ချက်ရှိသည်အတိုင်း ကျင့်၍၊ ငါ့ ပညတ် တရားလမ်းသို့ လိုက် ခြင်းငှါ စောင့်ရှောက် ရကြမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၆ ထိုကြောင့် ငါ့ စီရင် ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက် ရကြမည်။ ထိုအကျင့် ကို ကျင့် သောသူ သည် ထိုအကျင့်အားဖြင့် အသက် ရှင်လိမ့်မည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၇ သင်တို့တွင် အဘယ်သူ မျှကိုယ် ပေါက်ဘော်တော်သောသူ ကို ချဉ်း၍ သံဝါသ မ ပြုရ။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၈ သင်၏ အဘ နှင့်သာဆိုင်သောသင် ၏ အမိ ကို မချဉ်းရ။ ကိုယ် အမိ ဖြစ်သောကြောင့်သံဝါသ မ ပြုရ။ ၉ ကိုယ် အဘ ၏ မယား မည်သည်ကို မ ချဉ်း ရ။ အဘနှင့်သာဆိုင်၏။ ၁၀ တအိမ် တည်း၌ မွေးဘွား သည်ဖြစ်စေ ၊ အခြား သော အရပ်၌ မွေးဘွား သည်ဖြစ်စေ၊ သင် ၏ နှမ ကို မ ချဉ်း ရ။ ၁၁ ကိုယ်ရင်သွေးဖြစ်သောသင် ၏မြေးကို မ ချဉ်း ရ။ ၁၂ အမိခြားသော်လည်းတဘတည်းဖြစ်သော နှမ ကို မ ချဉ်း ရ။ ၁၃ သင့် အဘ ၏ ပေါက်ဘော် ရင်းဖြစ်သော အဘ ၏ နှမ ကိုငင်း၊ ၁၄ သင့် အမိ ၏ ပေါက်ဘော် ရင်းဖြစ်သော အမိ ၏ ညီအစ်မ ကိုငင်း၊ ၁၅ အဘ ၏ ညီအစ်ကို နှင့်သာဆိုင်သော

မိကြီး မိထွေးဖြစ်သော အဘ၏ ညီအစ်ကိုမယား ကိုဎင်း၊ ၁၆ သား ၏မယား တည်းဟူသောချွေးမ ကိုဎင်း၊ ၁၇ ညီအစ်ကို နှင့်သာဆိုင်သော ညီအစ်ကို ၏ မယား ကိုဎင်း မ ချဉ်း ရ။ ၁၈ ကိုယ်မယား၏ ပေါက်ဘော်ရင်းဖြစ်သော မယား၏သမီး၊ မယား၏ မြေးကို မချဉ်းရ။ မတရားသောအမှုဖြစ်၏။ ၁၉ ကိုယ်မယားကို နှောင့်ရှက် ခြင်းငှါ သူ အသက် ရှင်စဉ် တွင်သူ ၏ ညီအစ်မ ကို မ သိမ်း ရ။ ၂၀ ဥတု ရောက်၍ မ စင်ကြယ်သော မိန်းမ ကို လည်း မ ချဉ်း ရ။ ၂၁ ကိုယ်ကို ညစ်ညူး စေလျက် ၊ သူ့ မယား ကို မ ပြစ်မှား ရ။ ၂၂ သင် ၏ သား သမီးတို့ကို၊ မောလုတ် ဘုရားအား မီးဖြင့်မ ပူဇော် ရ။ သင် ၏ ဘုရား သခင်နာမ တော်ကို မ ရှုတ် မချရ။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၂၃ မိန်းမ နှင့် ပေါင်းဘော် သကဲ့သို့ယောကျ်ား ချင်း မ ပေါင်းဘော် ရ။ ခွံရှာ ဘွယ်အမှုဖြစ်၏။ ၂၄ ကိုယ့်ကိုကိုယ် ညစ်ညူး စေ၍ တိရစ္ဆာန် နှင့် မ ပေါင်းဘော် ရ။ မိန်းမ သည်လည်း မိမိ နှင့် တိရစ္ဆာန် ၏ ပေါင်းဘော် ခြင်းကို မ ခံရ။ ခွံရှာဘွယ်သော ရောနှောခြင်းဖြစ်၏။ ၂၅ ထိုသို့ သော အမှုအားဖြင့် ကိုယ်ကို ကိုယ် မ ညစ်ညူး စေရ။ သင် တို့ရှေ့ မှာ ငါ နှင်ထုတ် သော လူ အမျိုးမျိုး တို့သည်၊ ထိုသို့ သောအမှုကို ပြု၍ ညစ်ညူး ကြ၏။ ၂၆ သူတို့ ပြည် သည်လည်း ညစ်ညူး ၏။ ညစ်ညူးသော အပြစ် ကြောင့် ငါဆုံးမ ၍ ၊ ထိုပြည် သည် မိမိ သား တို့ကို အော့အန် လိမ့်မည်။ ၂၇ သင် တို့မူကား ၊ ငါ့ စီရင်ထုံးဖွဲ့ ချက်တို့ကို စောင့်ရှောက် ရကြမည်။ ထိုပြည် သည်သင် တို့ရှေ့၌ရှိသော လူအမျိုးမျိုး တို့ကို အော့အန် သကဲ့သို့ တဖန်ညစ်ညူး ခြင်းကိုခံ၍ ၊ သင် တို့ကို မ အော့အန် စေခြင်းငှါ ၊ ကိုယ်အမျိုးသား ဖြစ်စေ ၊ သင် တို့တွင် တည်းနေ သောတပါးအမျိုးသား ဖြစ်စေ၊ ထိုသို့သော ခွံရှာဘွယ် အမှုတို့ကိုမ ပြု ရ။ သင် တို့ရှေ့၌ ရှိသော ပြည်သား တို့သည်၊ ထိုသို့သော ခွံရှာဘွယ် အမှုတို့ကိုပြု သောအားဖြင့် သူတို့ ပြည် သည်ညစ်ညူး ခြင်းရှိ၏။ ၂၉ ထိုသို့ သော ခွံရှာ ဘွယ်အမှုတို့ကို ပြု သော သူ မည်သည် ကား၊ သူ ၏အမျိုး မှ ပယ်ရှင်း ခြင်း ခံရမည်။ ၃၀ သို့ ဖြစ်၍ သင် တို့ရှေ့၌ ပြု ဘူးသော ထိုခွံရှာ ဘွယ် ထုံးစံ ဓလေ့သို့ သင်တို့သည် လိုက် ၍ ၊ ကိုယ့်ကိုကိုယ် မ ညစ်ညူး စေခြင်းငှါ၊ ငါ့ ပညတ် တရားကို စောင့်ရှောက် ရကြမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏ဟု မိန့် တော်မူ၏။

၁၉ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့အား ဆင့်ဆို ရမည်မှာ ၊ သင် တို့၏ ဘုရား သခင်ငါ ထာဝရဘုရား သည် သန့်ရှင်း သောကြောင့် ၊ သင်တို့လည်း သန့်ရှင်း ခြင်းရှိ ကြလော့။ ၃ လူတိုင်း ကိုယ် မိဘ ကို ရိုသေ ရမည်။ ငါ့ ဥပုသ် နေ့တို့ကိုလည်း စောင့် ရမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၄ ရုပ်တု ဆင်းတုကိုလည်း မ ချဉ်း မကပ်ရ။ ကိုယ် အဘို့ သွန်း သော ဘုရား တို့ကို မ လုပ် ရ။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၅ မိဿဟာယ ယဇ်ကို ထာဝရဘုရား အား ပူဇော် လျှင် ၊ စိတ် တော်နှင့်တွေ့အောင် ပူဇော် ရမည်။ ၆ ပူဇော် သောနေ့ နှင့် နက်ဖြန် နေ့၌ စား ရမည်။ သန်ဘက် နေ့ တိုင်အောင် ကျန် ကြွင်းလျှင် မီး ရှို့ ရမည်။ ၇ သန်ဘက် နေ့ ၌ အနည်းငယ်ကိုမျှစား လျှင် ခွံရှာ ဘွယ်ဖြစ်၏။ စိတ် တော်နှင့်မ တွေ့။ ၈ စား သောသူသည် ထာဝရဘုရား ၏ သန့်ရှင်း သောအရာကို ရှုတ်ချ သောကြောင့် မိမိ အပြစ် ကိုခံရ မည်။ ထို သူ ကို သူ ၏အမျိုး မှ ပယ်ရှင်း ရမည်။ ၉ ကိုယ် မြေ ၌ဖြစ်သော စပါးကိုရိတ် သောအခါ၊ လယ် ထောင့် တို့ကို အကုန် အစင်မ ရိတ်

ရ။ သိမ်းရာတွင် ကျန်ကြွင်းသော အရာကို ပြန်၍ မကောက်မသိမ်းရ။ ၁၀ ကိုယ် စပျစ်သီး ကိုလည်း အကုန်အစင်မ သိမ်းရ။ ကျန်ကြွင်းသော အသီးကို ပြန်၍ မ ဆွတ် ရ။ ထိုအသီးကို ဆင်းရဲ သောသူ ဧည့်သည် အာဂန္တုအဘို့ ချန်ခြွင်းရမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၁၁ သူ့ဥစ္စာကို မ ခိုး ရ။ သူတပါး ကို မ လှည့်စား ရ။ တယောက်ကိုတယောက်မုသာ စကားမ ပြောရ။ ၁၂ ငါ့ နာမ ကို တိုင်တည်၍ မ ဟုတ်မမှန်ဘဲ ကျိန်ဆို ခြင်းကို မ ပြုရ။ သင် ၏ ဘုရား သခင်နာမ ကို မရှုတ် မချရ။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၁၃ ကိုယ် နှင့်စပ်ဆိုင်သောသူ ၏ဥစ္စာကို မ တရားသဖြင့် မ သိမ်းရ။ အနိုင် အထက်ပြု၍ မ ယူရ။ သူငှါး ခံ ထိုက်သော အခ ကို တညဉ့်လုံးနံနက် တိုင်အောင် မ ထား ရ။ ၁၄ နားပင်း သောသူကို မ ကျိန်ဆဲ ရ။ မျက်စိ မမြင်သောသူရှေ့မှာ ထိမိ ၍ လဲစရာကို မ ထား ရ။ သင် ၏ ဘုရား သခင်ကို ကြောက်ရွံ့ ရမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၁၅ တရား တွေ့သည်အမှုမှာ မ တရားသဖြင့် မ စီရင် ရ။ ဆင်းရဲ သောသူဘက် ၌ မ ငဲ့ကွက် ၊ ကြီး သောသူ၏ မျက်နှာ ကို မ ထောက် ဘဲ၊ ကိုယ်အမျိုးသားချင်းကို တရား သဖြင့် စီရင် ရမည်။ ၁၆ သူ့အသရေ ပျက်သော သိတင်းကို ကြားပြောခြင်းငှါ၊ ကိုယ် အမျိုးသား ချင်းတို့တွင် မ လှည့်လည် ရ။ ကိုယ် နှင့်စပ်ဆိုင်သောသူကို သေစေခြင်းငှါ မကြံစည်ရ။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၁၇ သင် ၏ ညီအစ်ကို ကို စိတ်အခုအခံမရှိရ။ ကိုယ် နှင့် စပ်ဆိုင်သောသူ ၌ရှိသောအပြစ် ကို တတ်တိုင်း မရှိစေဘဲ၊ သူ့ကို အမှန်ဆုံးမ ရမည်။ ၁၈ သင့် အမျိုးသား ချင်းသည် သင့်ကို ပြစ်မှားလျှင်၊ ကိုယ်တိုင်အပြစ်ပြန်၍ မ တုံ့ ရ။ အငြိုး မ ထားရ။ ကိုယ် နှင့်စပ်ဆိုင်သောသူကို ကိုယ် နှင့် အမျှ ချစ် ရမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၁၉ ငါ ၏ ပညတ်တရားကို သင်တို့သည် စောင့် ရကြမည်။ အမျိုး ခြားသော တိရစ္ဆာန် အထီးအမတို့ကို မ ရှက် မတင်စေရ။ ခြားနားသော မျိုးစေ့ကို ရောနှော၍ လယ် ၌ မ ကြဲ ရ။ ဝါ နှင့်သိုးမွေးရောရ၍ ရက်သောအဝတ် ကို မ ဝတ် ရ။ ၂၀ ထိမ်းမြားဆောင်နှင်းလျက်၊ မ ရွေး မ လွတ် သေးသော ကျွန် မိန်းမ နှင့် သင့် နေသောသူသည် ရှိက်နှက် ခြင်းကိုခံရ မည်။ ထိုမိန်းမသည် သူ့ကျွန်ဖြစ်သောကြောင့်သေ ပြစ်နှင့် လွတ် ရမည်။ ၂၁ ယောကျ်ားသည်လည်း၊ ဒုစရိုက် ဖြေရာယဇ်ဘို့ သိုး ထီးတကောင်ကို ပရိသတ်စည်းဝေး ရာ တဲ တော် တံခါး နား ထာဝရဘုရား ထံ တော်သို့ ဆောင် ခဲ့ရမည်။ ၂၂ ထိုယောကျ်ားပြု မိသော အပြစ် ကို ဖြေခြင်းငှါ၊ ဒုစရိုက် ဖြေရာယဇ် သိုး ကို၊ ယဇ် ပုရောဟိတ်သည် ထာဝရဘုရား ရှေ့မှာ ပူဇော်ရမည်။ ထိုယောကျ်ားသည် အပြစ် လွတ်ခြင်းသို့ ရောက်လိမ့်မည်။ ၂၃ သင်တို့သည် ငါပေးသောပြည် သို့ ရောက် ၍ ၊ စားအပ်သော အပင် အမျိုးမျိုး ကို စိုက် ပြီးမှ ၊ သုံး နှစ် ပတ်လုံး သီးသော အသီး ကို၊ အရေဖျား လှီးခြင်းကို မခံသော အသီးဟူ၍မှတ်ရမည်။ ထိုအသီးကို မ စား ရ။ ၂၄ စတုတ္ထ နှစ် တွင် သီးသောအသီး ရှိသမျှ သည် သန့်ရှင်း ၍ ၊ ထာဝရ ဘုရား၏ ကျေးဇူး တော်ကို ချီးမွမ်းဘို့ရာဖြစ် ရမည်။ ၂၅ ပဉ္စမ နှစ် တွင် သီးသောအသီး ကို စား ရမည်။ ထိုသို့ပြုလျှင် အပင်တို့သည် သာ၍ သီးကြလိမ့်မည်။ ငါ သည် သင် တို့၏ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၂၆ အသွေးပါသောအသေကောင်ကို မ စား ရ။ မကောင်းသော အတတ်ကို မပြုစုရ။ ကာလဗေဒင်ကို မကြည့်ရ။ ၂၇ ဦးခေါင်း အနားပတ်လည်၌ ဆံပင်ကိုဝန်း၍ မ ရိတ် ရ။ ပါးမုန်း ကိုလည်း မ ရိတ် ရ။ ၂၈ သေ သောသူအတွက် ကိုယ် အသား ကို မ ခုတ်

မရှရ။ သံပူ မ ထိုး ရ။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၂၉ ကိုယ် သမီး ကို ပြည်တန်ဆာ ဖြစ်စေခြင်းငှါ မ ရှုတ် မချရ။ သို့ပြုလျှင် တပြည်လုံး သည် မ တရားသောမေထုန် သို့လိုက်၍ အဓမ္မ အမှုနှင့် ပြည့် လိမ့်မည်။ ၃၀ ငါ့ ဥပုသ် နေ့တို့ကို စောင့် ၍ ၊ ငါ့ သန့်ရှင်း ရာဌာနတော်ကို ရိုသေ ရမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၃၁ ကိုယ်ကိုကိုယ်ညစ်ညူး စေခြင်းငှါ ၊ နတ်ဝင် သူကို မ မှီဝဲ ရ။ စုန်း လုပ်သူကိုလည်း မ ရှာဖွေ ရ။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၃၂ ဆံပင် ဖြူသောသူရှေ့မှာ ထ ရမည်။ အသက် ကြီးသောသူ၏ မျက်နှာ ကို ရိုသေ ရမည်။ သင် ၏ ဘုရား သခင်ကို ကြောက်ရွံ ရမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၃၃ သင် ၏ ပြည် ၌ တည်း နေသောဧည့်သည် ကို မ ညှဉ်းဆဲ ရ။ ၃၄ သင် နှင့်အတူ နေ သောဧည့်သည် ကို ကိုယ် အမျိုးသား ချင်းကဲ့သို့ မှတ် ရမည်။ ကိုယ် နှင့် အမျှ ချစ် ရမည်။ သင်တို့သည် အဲဂုတ္တု ပြည် ၌ ဧည့်သည် ဖြစ် ကြဘူးပြီ။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၃၅ တိုင်းထွာ သောအမှု၊ ချိန်တွယ် သောအမှု၊ ခြင်တွက် သောအမှု၌ မ တရားစွာ မ ပြု ရ။ ၃၆ မှန် သောချိန်ခွင် ၊ မှန် သောအလေး ၊ မှန် သောဇော ၊ မှန် သောဟိန် တို့ကို သုံး ရမည်။ ငါသည်သင် တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သော သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၃၇ သင်တို့သည် ငါ့ စီရင် ထုံးဖွဲ့ချက် အလုံးစုံ တို့ကို စောင့်ရှောက် ရကြမည်။ ငါ သည် ထာဝရဘုရား ဖြစ်သည်ဟု မိန့် တော်မူ၏။

၂၀ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ဣသရေလ အမျိုးသား ဖြစ်စေ ၊ ဣသရေလ အမျိုး၌ တည်း နေသောတပါး အမျိုးသားဖြစ်စေ၊ မိမိ သား ကို မောလုတ် ဘုရားအား ဆက်ကပ် သော သူသည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ပြည် သား တို့လည်း ခဲ နှင့် ပစ် ရကြမည်။ ၃ ငါ့ သန့်ရှင်း ရာဌာနတော်ကို ညစ်ညူး စေလျက် ၊ ငါ့ သန့်ရှင်း သော နာမ တော်ကို ရှုတ်ချ လျက် ၊ မိမိ သား ကို မောလုတ် ဘုရားအား ဆက်ကပ် သောသူကို၊ ငါ သည် မျက်နှာ ထား ၍ သူ ၏ အမျိုး မှ ပယ်ရှင်း မည်။ ၄ မိမိ သား ကို မောလုတ် ဘုရားအား ဆက်ကပ် သောသူကို၊ ပြည် သား တို့သည် အမှုမထား မ သတ် ဘဲ နေလျှင်၊ ၅ ထိုသို့ နေသောသူ နှင့် သူ ၏ အိမ်သူ အိမ်သားတို့ကို ၊ ငါ သည် မျက်နှာ ထား ၍ ၊ ထိုသူ ကိုငင်း ၊ သူ နှင့်အတူ မောလုတ် ဘုရားထံ ၌ မှားယွင်း သောသူကိုငင်း ၊ သူ တို့အမျိုး မှ ပယ်ရှင်း မည်။ ၆ လမ်းလွဲ၍ နတ်ဝင် သူ၊ စုန်း လုပ်သူနောက်သို့ လိုက်လျက်၊ မှားယွင်း သောသူကို ငါသည် မျက်နှာ ထား ၍ သူ ၏ အမျိုး မှ ပယ်ရှင်း မည်။ ၇ သင် တို့၏ ဘုရား သခင်ငါ ထာဝရဘုရား သည် သန့်ရှင်းသောကြောင့် ၊ သင်တို့သည် ကိုယ်ကိုသန့်ရှင်း စေ၍ ၊ သန့်ရှင်း ခြင်းရှိ ကြလော့။ ၈ ငါ့ နည်း နိဿယတို့ကို ကျင့်ဆောင် ရကြမည်။ ငါ သည် သင် တို့ကို သန့်ရှင်း စေသော ထာဝရဘုရား ဖြစ်၏။ ၉ မိဘ ကို ကျိန်ဆဲ သော သူ တိုင်း အသေ သတ်ခြင်းကို အမှန်ခံရမည်။ မိဘ ကို ကျိန်ဆဲ သောကြောင့်သေထိုက်သော အပြစ်ရှိ၏။ ၁၀ သူ့ မယား ကို ပြစ်မှား သောသူသည်၊ မှားယွင်း သော မိန်းမနှင့်တကွ အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၁၁ ကိုယ် အဘ ၏ မယား နှင့် သင့် နေသော သူ သည် အဘနှင့်သာဆိုင်သောအရာကို ပြစ်မှားသောကြောင့်၊ ထိုမိန်းမနှင့်တကွအသေ သတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ် ရှိ၏။ ၁၂ ယောကျ်ား သည် ကိုယ် ချွေးမ

နှင့် သင့် နေလျှင် ၊ ထိုသူနှစ်ယောက်တို့သည် ရွံရှာဘွယ်သော ရောနှော ခြင်း ကို ပြု သောကြောင့်အသေ သတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ် ရှိ၏။ ၁၃ မိန်းမ နှင့်ပေါင်းဘော် သကဲ့သို့ယောကျ်ား ခြင်းပေါင်းဘော် လျှင် ထို သူနှစ် ယောက်တို့သည်၊ ရွံရှာ ဘွယ် သောအမှုကို ပြု သောကြောင့်၊ အသေ သတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ် ရှိ၏။ ၁၄ ယောကျ်ား သည် သမီး နှင့် အမိ ကို မယား ပြုလျှင် ၊ မ တရားသောအမှုဖြစ်၏။ သင် တို့တွင် မ တရားသော အမှုမ ရှိ စေခြင်းငှါ ၊ ထိုသူ သုံးယောက်တို့ကို မီး ရှို့ ရမည်။ ၁၅ ယောကျ်ား သည် တိရစ္ဆာန် နှင့် ပေါင်းဘော် လျှင် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ထိုတိရစ္ဆာန် ကိုလည်း သတ် ရမည်။ ၁၆ မိန်းမ သည်လည်း ၊ မိမိ နှင့် တိရစ္ဆာန် ၏ ပေါင်းဘော် ခြင်းကိုခံလျှင် ၊ ထိုမိန်းမ နှင့် တိရစ္ဆာန် သည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ် ရှိ၏။ ၁၇ ယောကျ်ား သည် အဘ ၏သမီး ၊ အမိ ၏သမီး ဖြစ်သော မိမိ နှမ နှင့်သင့် နေလျှင် ၊ မတရားသော အမှုဖြစ်၏။ ထိုသူတို့သည် အမျိုးသား ချင်းတို့ ရှေ့မှောက် ၌ ပယ်ရှင်း ခြင်းကိုခံရကြမည်။ ထိုယောကျ်ား သည် နှမ နှင့်သင့်နေသောကြောင့်၊ မိမိ အပြစ် ကိုခံရ မည်။ ၁၈ ယောကျ်ား သည် ဥတု ရောက်လျက်ရှိသောမိန်းမ နှင့် သင့် နေလျှင် ၊ ထိုသူတို့သည် သဘောတူ၍၊ သွေးသွန် အနာကို ထင်ရှား စေသောကြောင့်၊ သူ တို့အမျိုး မှ ပယ်ရှင်း ခြင်းကိုခံရကြမည်။ ၁၉ အဘ ၏နှမ ၊ အမိ ၏ညီမ နှင့်မသင့်မနေရ။ ထိုသို့သော ပေါက်ဘော် ရင်းနှင့် သင့်နေသောသူတို့သည် မိမိ အပြစ် ကိုခံရ ကြမည်။ ၂၀ အဘ ၏ ညီအစ်ကို မယားနှင့် သင့် နေလျှင်၊ အဘ ၏ ညီအစ်ကိုနှင့်သာဆိုင်သော အရာကို ပြစ်မှားသောကြောင့်၊ ထိုသူတို့သည် မိမိ အပြစ် ကိုခံရ သဖြင့်၊ တသက်လုံးသား မရဘဲ နေရလိမ့်မည်။ ၂၁ ညီအစ်ကို ၏ မယား နှင့် သင့် နေလျှင် ညစ်ညူး သောအမှုဖြစ်၏။ ညီအစ်ကို နှင့်သာ ဆိုင်သောအရာ ကိုပြစ်မှားသောကြောင့်ထိုသူတို့သည် သား မရဘဲနေ ရလိမ့်မည်။ ၂၂ သင် တို့ကို ငါ ပို့ဆောင် ၍ နေရာ ချသော ပြည် သည် မ အော့အန် စေခြင်းငှါ ၊ သင်တို့သည် ငါ စီရင် ထုံးဖွဲ့သမျှ တို့ကို ကျင့်ဆောင် ရမည်။ ၂၃ သင် တို့ရှေ့မှ ငါ နှင်ထုတ် သော လူ အမျိုးမျိုးတို့၏ ဘာသာဓလေ့ သို့ မ လိုက် ရ။ သူတို့သည် ထိုသို့ သော အမှုခပ်သိမ်း တို့ကို ပြု သောကြောင့် ငါရွံရှာ ၏။ ၂၄ သူ တို့ ပြည် တည်းဟူသောနို့ နှင့် ပျားရည် စီး သောပြည် ကို သင် တို့သည် အမွေခံ စေခြင်းငှါ ငါ အပိုင်ပေး မည်ဟု ငါ့အမိန့် တော်ရှိပြီ။ ငါသည် သင် တို့ကို အခြားသော အမျိုး နှင့် ခွဲ ထားသော သင် တို့ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၂၅ ထိုအကြောင်းကြောင့်၊ စင်ကြယ် သောသား ၊ မ စင်ကြယ်သောသား၊ စင်ကြယ် သောငှက် ၊ မ စင်ကြယ်သောငှက်တို့ကို ပိုင်ခြား ရမည်။ ငါခွဲ ထားသည်အတိုင်း ၊ မ စင်ကြယ်သောသား ၊ ငှက် ၊ မြေ ပေါ်မှာ တွား တတ်သော တိရစ္ဆာန်တစုံ တခုအားဖြင့် ကိုယ် ကိုကိုယ်ရွံရှာ ဘွယ် မ ဖြစ်စေရ။ ၂၆ ငါ ထာဝရဘုရား သန့်ရှင်း သည်ဖြစ်၍ ၊ သင်တို့ကို ငါအလိုရှိသဖြင့်၊ အခြားသော အမျိုး နှင့် ခွဲ ထားသောကြောင့် ၊ ငါ့ အဘို့ သန့်ရှင်း ခြင်းရှိ ရကြမည်။ ၂၇ ယောကျ်ား ဖြစ်စေ ၊ မိန်းမ ဖြစ်စေ၊ နတ်ဝင် သောသူ၊ စုန်း လုပ်သောသူသည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ထိုသို့သောသူကို ခဲ နှင့် ပစ် ရကြမည်။ သူ ၌ သေထိုက်သော အပြစ် ရှိသည်ဟု မိန့် တော်မူ၏။

၂၁ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် အာရုန် ၏သား ၊ ယဇ်ပုရောဟိတ် တို့အား ဆင့်ဆို ရမည်မှာ၊ အမျိုးသားချင်း သေသောအတွက် သင်တို့တွင် အဘယ်သူမျှညစ်ညူး ခြင်းမ ရှိရ။ ၂ သို့ရာတွင်ပေါက်ဘော် ရင်းတည်းဟူသောမိဘ ၊ သား သမီး ၊ ညီအစ်ကို၊ ၃ လင် မနေသောကညာနှမ ရင်းအတွက် ညစ်ညူး ခြင်းကို ခံရသောအခွင့်ရှိ ၏။ ၄ အမျိုးသား ချင်း သူကြီး အတွက်၊ ကိုယ်ကိုကိုယ်ရှုတ်ချ ၍ ညစ်ညူး ခြင်းမ ရှိရ။ ၅ ယဇ်ပုရောဟိတ်သည် ဆံပင်ကို မ ရိတ် ရ။ ပါးမုန်း ကို မ ရိတ် ရ။ အသား ၌ ခုတ်ရှ ခြင်းကို မ ပြုရ။ ၆ သူသည် မိမိ ဘုရား သခင်အဘို့ သန့်ရှင်း ရမည်။ မိမိ ဘုရား သခင်၏ နာမ တော်ကို မ ရှုတ် မချရ။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာ၊ မိမိ ဘုရား သခင်၏ အစာအာဟာရကို ပူဇော် သောကြောင့် သန့်ရှင်း ခြင်းရှိ ရမည်။ ၇ သူသည် ပြည်တန်ဆာ မိန်းမ ၊ သီလပျက်သောမိန်းမ၊ လင် နှင့် ကွာ သောမိန်းမ နှင့် မ စုံဘက် ရ။ မိမိ ဘုရား သခင်အဘို့ သန့်ရှင်း ၏။ ၈ သင် ၏ ဘုရား သခင်ပွဲတော် ကို ဆက် သောကြောင့် ၊ သူ့ ကို သန့်ရှင်း စေ၍ ၊ သူသည် သင့် အဘို့ သန့်ရှင်း ရမည်။ သင် တို့ကို သန့်ရှင်း စေသော ငါ ထာဝရဘုရား သန့်ရှင်း ၏။ ၉ ယဇ်ပုရောဟိတ် သမီး သည်၊ ပြည်တန်ဆာ လုပ်၍ ကိုယ့်ကိုကိုယ်ရှုတ်ချ လျှင် ၊ မိမိ အဘ ကို ရှုတ်ချ ရာ ရောက်၏။ ထိုသူကို မီး ရှို့ ရမည်။ ၁၀ မိမိ အမျိုးသား ချင်းတို့တွင် ၊ အဝတ်တန်ဆာဆင်လျက်၊ အရာ၌ ခန့်ထား၍ မိမိ ခေါင်း ပေါ် မှာ ဆီ လောင်း ခြင်း ဘိသိက်ကိုခံသော ယဇ်ပုရောဟိတ် မင်း သည်၊ မိမိ ခေါင်း ၌ တန်ဆာ ကို မ ချွတ် ရ။ မိမိ အဝတ် ကို မ ဆုတ် ရ။ ၁၁ အသေ ကောင်ကို မ ချဉ်း ရ။ မိဘ အတွက် ညစ်ညူး ခြင်းကို မ ခံရ။ ၁၂ သန့်ရှင်း ရာဌာနတော်ထဲက မ ထွက် ရ။ မိမိ ဘုရား သခင်၏ သန့်ရှင်း ရာဌာနတော်ကို မ ရှုတ် မချရ။ အကြောင်း မူကား၊ မိမိ ဘုရား သခင်၏ ဘိသိက် ဆီ နှင့်ဆိုင်သော သင်းကျစ် ကို ဆောင်းရသောသူဖြစ် ၏။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၁၃ ယဇ် ပုရောဟိတ်မင်းသည်၊ အပျို ကညာနှင့် သာစုံဘက် ရမည်။ ၁၄ မုတ်ဆိုးမ ၊ လင်နှင့်ကွာ သောမိန်းမ၊ သီလ ပျက်သောမိန်းမ၊ ပြည်တန်ဆာ မိန်းမနှင့် မ စုံဘက် ရ။ မိမိ အမျိုးသား ချင်း အပျို ကညာနှင့် သာ စုံဘက် ရမည်။ ၁၅ မိမိ သား ကို၊ အမျိုးသား ချင်းတို့တွင် မ ရှုတ် မချရ။ ငါ ထာဝရဘုရား သည်၊ ယဇ် ပုရောဟိတ်မင်းကို သန့်ရှင်း စေသည်ဟု မိန့် တော်မူ၏။ ၁၆ တဖန် မောရှေ အား ထာဝရဘုရား က၊ ၁၇ သင်သည် အာရုန် အား ဆင့်ဆို ရမည်မှာ၊ သင် ၏ အမျိုး အစဉ် အဆက်တွင် ကိုယ် ၌ အပြစ် ရှိ သော သူသည်၊ မိမိ ဘုရား သခင်၏ ပွဲတော် ကို ဆက်ကပ် အံ့သောငှါ မ ချဉ်း မကပ်ရ။ ၁၈ မျက်စိ ကန်းသောသူ ၊ ခြေဆွံ့ သောသူ၊ နှာခေါင်း ပိသောသူ၊ အင်္ဂါပိုလွန်သောသူ၊ ၁၉ လက် ကျိုး သောသူ၊ ခြေ ကျိုး သောသူ၊ ၂၀ ကျော ကုန်းသောသူ၊ ပု သောသူ၊ မျက်စိ နာ သောသူ၊ ဝဲ စွဲသောသူ၊ ယားနာ စွဲသောသူ၊ ဝှေးစေ့ ပျက် သောသူသည် မ ချဉ်း မကပ်ရ။ ၂၁ ယဇ်ပုရောဟိတ် အာရုန် အမျိုး တွင် ၊ ကိုယ် ၌ အပြစ် ပါသော သူ တစုံ တယောက်မျှ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာကို ဆက်ကပ် အံ့သောငှါ မ ချဉ်း မကပ်ရ။ ကိုယ် ၌ အပြစ် ပါသောကြောင့်၊ မိမိ ဘုရား သခင်၏ မုန့် တော်ကို ဆက်ကပ် အံ့သောငှါ မ ချဉ်း မကပ်ရ။ ၂၂ သန့်ရှင်း သော မုန့်ဖြစ်စေ ၊ အလွန်သန့်ရှင်း သော မုန့်ဖြစ်စေ၊ မိမိ ဘုရား သခင်၏ မုန့် တော်ကို စား ရမည်။ ၂၃ ကိုယ် ၌ အပြစ် ပါသောကြောင့် ၊ ငါ့ သန့်ရှင်း ရာ

ဌာနအရပ်တို့ကို ရှုတ်ချ မည်ကို စိုးရိမ်၍ ၊ ကုလားကာ အတွင်း သို့ မ ဝင် ရ။ ယဇ် ပလ္လင်သို့ မ ချဉ်း မကပ်ရ။ ငါ ထာဝရဘုရား သည် ထိုအရပ်တို့ကို သန့်ရှင်း စေ သည်ဟု မိန့် တော်မူ၏။ ၂၄ မောရှေ သည် အာရုန် နှင့် သူ ၏သား ကြသရေလ အမျိုးသား အပေါင်း တို့အား ဆင့်ဆို လေ၏။

၂၂ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ အာရုန် နှင့် သူ ၏သား တို့သည် ငါ့ အဘို့ သန့်ရှင်း စေသောအရာအားဖြင့်၊ သန့်ရှင်း သော ငါ ၏ နာမ တော်ကို မ ရှုတ် မချဘဲ၊ ကြသရေလ အမျိုးသား တို့၏ သန့်ရှင်း သော အရာများနှင့် ကိုယ်ကိုကိုယ်ကွာ စေရမည် အကြောင်း ဆင့်ဆို လော့။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၃ ထာဝရဘုရား အဘို့ ကြသရေလ အမျိုးသား သန့်ရှင်း စေသဖြင့် ၊ သန့်ရှင်း ခြင်းရှိသောအရာတို့ကို ၊ ကိုယ် မ စင်ကြယ်လျက် နှင့် ချဉ်းကပ် သော ယဇ်ပုရောဟိတ်အမျိုးသား မည်သည်ကား၊ ငါ့ ထံ မှ ပယ်ရှင်း ခြင်းကိုခံရမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၄ နှုနာ ၊ ရိနာ စွဲသော အာရုန် ၏ အမျိုးသား မည်သည်ကား၊ မစင်ကြယ် မှီတိုင်အောင် သန့်ရှင်း သော အရာကို မ စား ရ။ အသေ ကောင်နှင့်ဆိုင်၍ မ သန့်ရှင်းသောအရာကို ထိ သောသူ၊ သုတ် ရည်ထွက် သော သူ၊ ၅ ညစ်ညူး စေ၍ တွား တတ်သော တိရစ္ဆာန်ကိုထိ သော သူ ၊ ညစ်ညူး ခြင်းတစုံ တခုစွဲ၍ ညစ်ညူး သော သူ ၊ ထိုသို့သောသူ ကို ထိ သမျှသော သူ တို့သည်၊ ၆ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်လိမ့်မည်။ ကိုယ် ကို ရေ မချိုးဘဲနေလျှင် ၊ သန့်ရှင်း သောအရာကို မ စား ရ။ ၇ နေ ဝင် သောနောက်မှသန့်ရှင်း ခြင်းသို့ ရောက်သည်ဖြစ်၍၊ သန့်ရှင်း သောအရာသည် သူ တို့ စားစရာ ဖြစ်သောကြောင့် ၊ ထို နောက်မှစား ရကြမည်။ ၈ အလိုလို သေသောအကောင်၊ သားရဲ ကိုက်၍ သေသောအကောင်အားဖြင့် ကိုယ်ကိုညစ်ညူး စေ၍ မ စား ရ။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၉ ယဇ်ပုရောဟိတ်တို့သည် ငါ့ ပညတ် တော်ကို ဖျက် သဖြင့် ၊ ကိုယ် အပြစ် ကိုခံ လျက် မ သေ ရမည်အကြောင်း ငါ့ပညတ်တရားကို စောက်ရှောက် ရကြမည်။ ငါ ထာဝရဘုရား သည် သူ တို့ကို သန့်ရှင်း စေ၏။ ၁၀ တပါး အမျိုးသားသည် သန့်ရှင်း သောအရာကို မ စား ရ။ ယဇ်ပုရောဟိတ် ၌ တည်းနေသောဧည့်သည် မစား ရ။ သူငှါး လည်း မ စား ရ။ ၁၁ ယဇ် ပုရောဟိတ်သည် ကိုယ် ငွေ နှင့် ဝယ် သောသူ၊ သူ ၏ အိမ် ၌မွေး သောသူသည် သူ ၏အစာ ကို စား ရမည်။ ၁၂ ယဇ်ပုရောဟိတ် သမီး သည် တပါး အမျိုးသား၏ မယားဖြစ် လျှင် ၊ သန့်ရှင်း သော ပူဇော် သက္ကာအရာကို မ စား ရ။ ၁၃ သို့ရာတွင် လင် သေသော်၎င်း ၊ လင်နှင့်ကွာ သော်၎င်း၊ သား မ ရှိဘဲ မိမိ အဘ အိမ် သို့ ပြန် ၍ ငယ်စဉ် အခါနေသကဲ့သို့ နေပြန်လျှင်၊ အဘ ၏အစာ ကို စား ရမည်။ တပါး အမျိုးသားမ စား ရ။ ၁၄ လူ သည် သန့်ရှင်း သောအရာကို မ သိဘဲ စား မိလျှင် ၊ စားမိသောအရာ၏ အဘိုးနှင့်တကွငါး စုတစု ကိုထပ် ၍ ယဇ်ပုရောဟိတ် အား ပေး ရမည်။ ၁၅ ကြသရေလ အမျိုးသား တို့သည် ထာဝရဘုရား အား ပူဇော် ၍ ၊ သန့်ရှင်း သောအရာတို့ကို မ ရှုတ် မချရ။ ၁၆ ထိုအရာတို့ကို စား မိ၍ ပြစ်မှားသောအပြစ် ကို မခံ စေရ။ ငါ ထာဝရဘုရား သည် သူ တို့ကို သန့်ရှင်း စေ သည်ဟု မိန့်တော်မူ၏။ ၁၇ တဖန် မောရှေ အား ထာဝရဘုရား က သင်သည် အာရုန် နှင့် သူ ၏သား ကြသရေလ အမျိုးသား အပေါင်း တို့အား ဆင့်ဆို ရမည်မှာ၊ ၁၈ ကြသရေလ အမျိုးသားဖြစ်စေ ၊

ဣသရေလ အမျိုး၌ တည်းနေသောတပါး အမျိုးသားဖြစ်စေ၊ သစ္စာ ဂတိ ရှိ၍ ပြုသောပူဇော် သက္ကာ၊ အလိုလို ပြုသော ပူဇော်သက္ကာတည်းဟူသောမီး ရှို့ရာယဇ်ကို ထာဝရဘုရား အား ပူဇော် လိုလျှင်၊ ၁၉ စိတ် တော်နှင့်တွေ့ခြင်းငှါ၊ အပြစ် မပါသောသိုး ၊ ဆိတ် ၊ နွား အထီး ကို ပူဇော် ရမည်။ ၂၀ အပြစ် ပါသောအကောင်ကို မ ပူဇော် ရ။ ပူဇော်လျှင် စိတ် တော်နှင့်မ တွေ့။ ၂၁ သစ္စာ ဂတိရှိ၍ ပြုသောပူဇော်သက္ကာ၊ အလိုလို ပြုသော ပူဇော်သက္ကာ သိုး ၊ ဆိတ်၊ နွား ကို ထာဝရဘုရား အား ယဇ် ပူဇော် လိုလျှင် ၊ စိတ် တော်နှင့် တွေ့ခြင်းငှါ စုံလင် ရမည်။ အပြစ်တစုံတခုမျှ မရှိရ။ ၂၂ မျက်စိ ကန်းသောအပြစ်၊ အရိုးကျိုး သောအပြစ်၊ အင်္ဂါချို့တဲ့ သောအပြစ်၊ မြင်းဖု ရှိသောအပြစ်၊ ဝဲနာ ၊ ယားနာ စွဲသောအပြစ်၊ တစုံတခုရှိလျှင်၊ ထာဝရဘုရား အား မ ပူဇော် ရ။ ယဇ် ပလ္လင်ပေါ် မှာ ထာဝရဘုရား အား မီး ဖြင့် ပူဇော်သက္ကာမ ပြု ရ။ ၂၃ သို့ရာတွင် အင်္ဂါပိုခြင်း၊ ချို့တဲ့ ခြင်း အပြစ်ရှိသောသိုး ၊ ဆိတ်၊ နွား ကို အလိုလို ပူဇော်သက္ကာဘို့ ပူဇော် ရမည်။ သစ္စာ ဂတိနှင့်ဆိုင်၍ ပူဇော်လျှင် စိတ် တော်နှင့်မ တွေ့။ ၂၄ ကြိတ် နယ် စုတ် ပြတ် ရာ အနာရှိသော အထီးကို ထာဝရဘုရား အား မ ပူဇော် ရ။ သင် တို့ ပြည် ၌ ထိုသို့သောအကောင်ကို ပူဇော်သက္ကာမ ပြု ရ။ ၂၅ ထိုသို့သောအကောင်ကို တပါး အမျိုးသားဆက် သော်လည်း ပျက် သောအပြစ် ပါသောကြောင့် ၊ သင် တို့၏ ဘုရား သခင့်ပွဲတော် ဘို့ မ ပူဇော် ရ။ ပူဇော်လျှင် စိတ် တော်နှင့်မ တွေ့ဟု မိန့် တော်မူ၏။ ၂၆ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂၇ သိုး ၊ ဆိတ် ၊ နွား တို့သည် မွေးဘွား သောအခါ ခုနစ် ရက် အတွင်းတွင် သားငယ်ကို အမိ နှင့် မကွာစေရ။ အဌမ နေ့ မှစ၍ ထာဝရဘုရား အား မီး ဖြင့် ပူဇော် သက္ကာဘို့ တော်သင့် ၏။ ၂၈ နွား ဖြစ်စေ ၊ သိုး ဆိတ်ဖြစ်စေ၊ သား အမိနှစ်ကောင်ကို တ နေ့ခြင်းတွင် မ သတ် ရ။ ၂၉ ကျေးဇူး တော်ဝန်ခံရာယဇ် ကို ထာဝရဘုရား အား ပူဇော် လိုလျှင် ၊ စိတ် တော်နှင့်တွေ့ခြင်းငှါ ပူဇော် လော့။ ၃၀ တနေ့ ခြင်းတွင် စား ရမည်။ နက်ဖြန်နေ့ တိုင်အောင် မ ကြွင်း စေရ။ ငါ သည်ထာဝရဘုရား ဖြစ်၏။ ၃၁ သင်တို့သည် ငါ့ ပညတ် တို့ကိုကျင့်စောင့် ရကြမည်။ ငါ သည်ထာဝရဘုရား ဖြစ်၏။ ၃၂ သန့်ရှင်း သောငါ ၏နာမ တော်ကို မ ရှုတ် မချရ။ ထာဝရဘုရားသန့်ရှင်း တော်မူသည်ဟု ဣသရေလ အမျိုးသား တို့သည် ထင်မှတ်ရကြမည်။ ၃၃ ငါ သည် သင် တို့၏ ဘုရားသခင် ဖြစ် ခြင်းငှါ၊ သင် တို့ကို အဲဂုတ္တုပြည် မှ နူတ်ဆောင် ၍၊ သန့်ရှင်း စေသောထာဝရဘုရား ဖြစ်၏။ ငါ သည်ထာဝရဘုရား ဖြစ်သည်ဟုမိန့် တော်မူ၏။

၂၃ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင်တို့သည် စီရင် ရသောဓမ္မစည်းဝေး ခြင်းတည်းဟူသောငါ ထာဝရဘုရား ၏ ပွဲတော် များဟူမူကား၊ ၃ ခြောက် ရက် ပတ်လုံးအလုပ် လုပ် ရမည်။ သတ္တမ နေ့ ရက်သည် ငြိမ်ဝပ် စွာနေရသော ဥပုသ် နေ့၊ ဓမ္မ စည်းဝေး ခြင်းကို ပြုရသောနေ့ဖြစ်၏။ ထို နေ့၌ သင်တို့သည် အလုပ် မ လုပ် ရကြ။ သင် တို့နေရာ အရပ် ရပ်၌ ထာဝရဘုရား ၏ ဥပုသ်နေ့ဖြစ်၏။ ၄ အချိန် တန်မှ သင်တို့ကြော်ငြာ ရသော ဓမ္မစည်းဝေး ခြင်းတည်းဟူသောထာဝရဘုရား ၏ ပွဲတော် များ ဟူမူကား ၊ ၅ ပဌမ လ ဆယ် လေး ရက်နေ့ ညဦး ယံ၌ ၊ ထာဝရဘုရား ၏ ပသခါ ပွဲဖြစ်၏။ ၆ ၎င်း လ ဆယ် ငါး ရက် နေ့၌ ထာဝရဘုရား အဘို့ အဇုမပွဲကို ခံရကြမည်။ ခုနစ် ရက် ပတ်လုံးတဆေး မဲ့မုန့် ကို စား ရကြမည်။ ၇ ပဌမ

နေ့ ၌ ဓမ္မစည်းဝေး ခြင်းကို ပြု ရမည်။ လောကီအလုပ် ကို မ လုပ် ရ။ ၈ ခုနှစ် ရက် ပတ်လုံးထာဝရဘုရား အား မီး ဖြင့်ပူဇော်သကဲ့သကို ပြု ရမည်။ သတ္တမ နေ့ ၌ လည်း ဓမ္မစည်းဝေး ခြင်းကို ပြုရမည်။ လောကီအလုပ် ကို မ လုပ် ရဟု မိန့် တော်၏။ ၉ တဖန် မောရှေ အား ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၁၀ သင်တို့သည် ငါ ပေး သော ပြည် သို့ ရောက် ၍ စပါးကိုရိတ် သောအခါ၊ အဦး ရိတ် သော ကောက်လှိုင်း တစည်းကို ယဇ်ပုရောဟိတ် ထံ သို့ဆောင် ခဲ့ရမည်။ ၁၁ သင် တို့သည် စိတ် တော်နှင့် တွေ့ခြင်းငှါ ယဇ်ပုရောဟိတ်သည် ဥပုသ် နေ့လွန်မှ၊ နက်ဖြန် နေ့တွင် ထိုကောက်လှိုင်း ကို ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ ရမည်။ ၁၂ ကောက်လှိုင်း ကို ချီလွှဲ သောနေ့ ၌ အခါ မလည်အပြစ် မပါသော သိုးသငယ် အထီးကို ထာဝရဘုရား အဘို့ မီး ရှို့ရာယဇ်ပြု၍ ပူဇော် ရမည်။ ၁၃ ထိုယဇ်နှင့်ဆိုင်သောဘောဇဉ်ပူဇော်သကဲ့သ ကား၊ ထာဝရဘုရား အား မွှေးကြိုင် ရာဘို့ မီး ဖြင့်ပြုသောပူဇော်သကဲ့သတည်းဟူသောဆီ နှင့် ရော သော မုန့်ညက် နှစ် သြမဲဖြစ်ရမည်။ သွန်း လောင်းရာ ပူဇော်သကဲ့သ ကား၊ စပျစ်ရည် သုံးလောဃ ဖြစ်ရမည်။ ၁၄ သင် တို့၏ ဘုရား သခင်ထံတော်သို့ ပူဇော် သကဲ့သ ကို ဆောင် ခဲ့သောနေ့မ ရောက်မှီ၌၊ မုန့် ၊ ဆန် လှော်၊ စိမ်း သောအသီးအနှံကို မ စား ရ။ သင် တို့နေရာ အရပ်ရပ် ၌ သင် တို့အမျိုး အစဉ် အဆက် စောင့်ရသော ပညတ် တော်ဖြစ်သတည်း။ ၁၅ ချီလွှဲ ရာ ပူဇော်သကဲ့သကောက်လှိုင်း ကို ဆောင် ခဲ့သောနေ့ ၊ ဥပုသ် နေ့အလွန် နက်ဖြန် နေ့က စ၍သီတင်းခုနစ် သီတင်းစေ့ အောင် ရေတွက် ရမည်။ ၁၆ သတ္တမ ဥပုသ် နေ့အလွန် နက်ဖြန် နေ့အထိ အရက် ငါး ဆယ်တိုင်တိုင်ရေတွက် ပြီးလျှင် ၊ ထာဝရဘုရား အား ဘောဇဉ်ပူဇော်သကဲ့သ အသစ် ကို ဆက် ရကြမည်။ ၁၇ ထာဝရဘုရား အဘို့ အဦး သီးသော အသီး၊ တဆေး ဖြင့် ဖောင်းကြွသော မုန့်ညက် နှစ် သြမဲနှင့် လုပ်သော ချီလွှဲ ရာမုန့် နှစ် လုံးကို သင် တို့အိမ် မှ ထုတ် ဆောင်ခဲ့၍၊ ၁၈ ထိုမုန့် နှင့်တကွ အခါ မလည် အပြစ် မပါသော သိုးသငယ် ခုနစ် ကောင်၊ နွား သငယ် အထီးတကောင်၊ ဆိတ် နှစ် ကောင်ကို ဆက် ၍၊ ဘောဇဉ်ပူဇော်သကဲ့သ ၊ သွန်း လောင်းရာ ပူဇော်သကဲ့သနှင့်တကွ ၊ ထာဝရဘုရား အား မွှေးကြိုင် ရာဘို့ မီး ဖြင့်ပြုသောပူဇော်သကဲ့သ တည်းဟူသောမီး ရှို့ရာယဇ်ကို ထာဝရဘုရား အား ပူဇော်ရမည်။ ၁၉ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် သငယ် တကောင် ကိုငင်း၊ မိသဟာယ ယဇ်ဘို့ အခါ မလည်သော သိုးသငယ် နှစ် ကောင်ကိုငင်း ပူဇော် ၍ ၂၀ ယဇ် ပုရောဟိတ်သည် အဦး သီးသော အသီးမုန့် နှင့်တကွ ချီလွှဲ သဖြင့် ၊ သိုး သငယ်နှစ် ကောင်ပါ လျက်၊ ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ ရာ ပူဇော်သကဲ့သ ပြုရမည်။ ထိုအရာတို့သည်လည်း၊ ယဇ်ပုရောဟိတ် အဘို့ ထာဝရဘုရား ရှေ့ မှာ သန့်ရှင်း သော အရာဖြစ် သတည်း။ ၂၁ ထို နေ့ ၌ လည်း ဓမ္မစည်းဝေး ခြင်းကို စီရင် ရကြမည်။ လောကီအလုပ် ကို မ လုပ် ရ။ သင် တို့နေရာ အရပ်ရပ် ၌ သင် တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် ဖြစ်သတည်း။ ၂၂ ကိုယ် မြေ ၌ ဖြစ်သောစပါးကိုရိတ် သောအခါ၊ လယ် ထောင့် တို့ကို အကုန်အစင်မ ရိတ် ရ။ သိမ်း ရာတွင် ကျန်ကြွင်းသောအရာကို ပြုန်၍ မ ကောက် မသိမ်းရ။ ထိအရာကို ဆင်းရဲ သောသူ ဧည့်သည် အာဂန္တု အဘို့ ချန် ခွင်းရမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်သည်ဟု မိန့် တော်မူ၏။ ၂၃ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂၄ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊

သင်တို့သည် သတ္တမ လ ၊ ပဌမ နေ့ရက်၌ တံပိုးမှုတ် ပွဲ၊ ဓမ္မစည်းဝေး ခြင်းကို ပြုရသော ဥပုသ် နေ့ကို စောင့်ရကြမည်။ ၂၅ လောကီအလုပ် ကို မ လုပ် ရ။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာကို ဆက် ရမည်ဟု မိန့် တော်မူ၏။ ၂၆ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂၇ သတ္တမ လ ၊ ဒသမ နေ့သည်လည်း အပြစ် ဖြေရာနေ့ ၊ ဓမ္မ စည်းဝေးခြင်းကို ပြုသောနေ့ဖြစ်၏။ ခြိုးခြဲ စွာကျင့် ရမည်။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာကို ဆက်ကပ် ရမည်။ ၂၈ ထို နေ့ ၌ အဘယ် အလုပ် ကိုမျှ မ လုပ် ရ။ သင် တို့ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ ကိုယ်အပြစ် ဖြေခြင်းကို ပြုရသောနေ့ ဖြစ်၏။ ၂၉ ထို နေ့ ၌ ခြိုးခြဲ စွာ မ ကျင့်သောသူ မည်သည် ကား၊ မိမိ အမျိုး မှ ပယ်ရှင်း ခြင်းကိုခံရမည်။ ၃၀ ထို နေ့ ၌ အလုပ် တစုံ တခုကို လုပ် သော သူ မည်သည်ကို၊ သူ ၏အမျိုး မှ ငါပယ်ရှား ဖျက်ဆီးမည်။ ၃၁ အဘယ် အလုပ် ကိုမျှ မ လုပ် ရ။ သင် တို့နေရာ အရပ်ရပ် ၌ သင် တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် တော်ဖြစ်သတည်း။ ၃၂ ထို နေ့သည် ငြိမ်ဝပ် စွာ နေရသောနေ့၊ ခြိုးခြဲ စွာကျင့်ရသောနေ့ဖြစ်၏။ နဝမ နေ့ ညဦး မှစ၍ နက်ဖြန်ညဦး တိုင်အောင် ဥပုသ် စောင့် ရမည်ဟု မိန့် တော်မူ၏။ ၃၃ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၃၄ သင်တို့သည် သတ္တမ လ ၊ ဆယ် ငါး ရက် နေ့မှစ၍ခုနှစ် ရက် ပတ်လုံးထာဝရဘုရား အဘို့ သကေနေ ပွဲ ကိုခံရကြမည်။ ၃၅ ပဌမ နေ့ ၌ ဓမ္မစည်းဝေး ခြင်းကို ပြုရမည်။ အလုပ် ကို မ လုပ် ရ။ ၃၆ ခုနစ် ရက် ပတ်လုံးထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာကို ဆက်ကပ် ရမည်။ အဋ္ဌမ နေ့ ၌ လည်း၊ ဓမ္မစည်းဝေး ခြင်းကို ပြု ၍ ၊ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာကို ဆက်ကပ် ရမည်။ထူးဆန်းသောစည်းဝေး ခြင်းဖြစ်၍ လောကီ အလုပ်ကိုမ လုပ် ရ။ ၃၇ ဤရွေ့ကား ၊ ထာဝရဘုရား ၏ဥပုသ် နေ့၊ ထာဝရဘုရား အား ဆက်ကပ် ရသော အလှူဒါန၊ သစ္စာဂတိ နှင့်ဆိုင်သောပူဇော်သက္ကာ ၊ အလိုလို ပြုသောပူဇော်သက္ကာမှတပါး၊ နေ့ရက်အသီးသီးတို့ ၌ထာဝရဘုရားအား မီး ဖြင့်ပြုသောပူဇော်သက္ကာ၊ မီးရှို့ ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ ၊ ယဇ် ပူဇော်ခြင်း၊ သွန်းလောင်း ရာပူဇော်သက္ကာကိုပြုစေခြင်းငှါစီရင်ရသောဓမ္မ စည်းဝေးခြင်း၊ ထာဝရဘုရား ၏ပွဲ တော်များဖြစ်သတည်း။ ၃၉ ထိုမှတပါး၊ သင် တို့သည် မြေ အသီး အနှံကို သိမ်းယူ သောနောက် ၊ သတ္တမ လ ဆယ် ငါး ရက် နေ့မှစ၍ခုနှစ် ရက် ပတ်လုံးထာဝရဘုရား အား ပွဲ ခံကြရမည်။ ပဌမ နေ့ နှင့် အဋ္ဌမ နေ့ ၌ ဥပုသ် စောင့်ရကြမည်။ ၄၀ ပဌမ နေ့ ၌ ကောင်းမွန် သော သစ်သီး ၊ စွန်ပလွံ ခက် ၊ မိုဃ်းမခ ပင် အစရှိသော အရွက်များ သော အပင် ၏ အကိုင်း အခက်တို့ကိုယူ ၍ ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ ခုနစ် ရက် ပတ်လုံးရွှင်လန်း ခြင်းကို ပြုရကြမည်။ ၄၁ ထိုပွဲတော် ကို တနှစ် တနှစ်လျှင် ခုနစ် ရက် ပတ်လုံးထာဝရဘုရား အဘို့ ခံရ ကြမည်။ သင် တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် တော်ဖြစ်သတည်း။ ထိုပွဲတော်ကို သတ္တမ လ ၌ ခံရ ကြမည်။ ၄၂ ဣသရေလ အမျိုးသား တို့ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင်သောအခါ၊ ၄၃ သစ်ခက်တဲ ၌ နေ စေကြောင်းကို သင် တို့အမျိုး အစဉ်အဆက်တို့သည် သိမှတ် မည်အကြောင်း ၊ ဣသရေလ အမျိုးသား အပေါင်း တို့သည် သစ်ခက်တဲ

၌ ခုနှစ် ရက် ပတ်လုံးနေ ရကြမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်သည်ဟု မိန့် တော်မူ၏။ ၄၄ မောရှေ သည်လည်း ၊ ထာဝရဘုရား ၏ ပွဲတော် များကို ဣသရေလ အမျိုးသား တို့အား ပြန်ကြား လေ၏။

၂၆ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ ပရိသတ်စည်းဝေး ရာ တဲ တော်တွင် သက်သေခံ ချက် ကုလားကာ ပြင် မှာ မီးခုံ ၌ အစဉ် မပြတ်မီး ထွန်းရာဘို့ ၊ သံလွင်သီးကို ထောင်း ၍ ယူသော သံလွင် ဆီ စစ် ကို၊ ဣသရေလ အမျိုးသား တို့သည် သင့် ထံ သို့ဆောင် ခဲ့ရမည်အကြောင်း ဆင့်ဆို လော့။ ၃ အာရုန် သည်လည်း၊ ညဦး မှ သည် နံနက် တိုင်အောင် ထာဝရဘုရား ရှေ့ တော်၌ ထိုအမှုကို စီရင် ရမည်။ သင် တို့အမျိုး အစဉ် အဆက် စောင့်ရသောပညတ် တော်ဖြစ်သတည်း။ ၄ စင်ကြယ် သော မီးခုံ ၌ မီးခွက် များကို၊ အာရုန်သည် ထာဝရဘုရား ရှေ့ တော်မှာ အစဉ် အမြဲပြင်ဆင် ရမည်။ ၅ သင်သည် မုန့်ညက် ကိုယူ ၍ ၊ မုန့် တလုံး လျှင် နှစ်ဩမဲစီ၊ မုန့်ဆယ် နှစ် လုံးကို လုပ် ပြီးလျှင်၊ ၆ ထာဝရဘုရား ရှေ့ စင်ကြယ် သော စားပွဲ ပေါ် မှာ မုန့်တလုံးပေါ်၌ တလုံးကို ထပ်ဆင့်၍၊ တပုံခြောက် လုံးစီ၊ နှစ် ပုံပုံ ရမည်။ ၇ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာတည်းဟူသောအောက်မေ့ တော်မူဘို့ ရာ ဖြစ်စေ ခြင်းငှါ ထိုမုန့်နှစ်ပုံပေါ် မှာ စင်ကြယ် သော လောဗန် ကို တင် ထားရမည်။ ၈ ထာဝရဘုရား၏ပဋိညာဉ်နှင့်အညီ၊ ဣသရေလ အမျိုးသား တို့ လက်မှ ခံယူသောထိုမုန့်ကို၊ အာရုန်သည် ထာဝရဘုရား ရှေ့ တော်၌ ဥပုဿ် နေ့ တိုင်းအစဉ် အမြဲပြင်ဆင် ရမည်။ ၉ ထိုမုန့်ကို အာရုန် နှင့် သူ ၏သား တို့သည် ပိုင်၍၊ သန့်ရှင်း ရာ ဌာန တော်၌ စား ရကြမည်။ ထာဝရဘုရား အား မီး ဖြင့်ပြုသောပူဇော်သက္ကာထဲက ထိုမုန့်သည်၊ ထာဝရ ပညတ် တော်အတိုင်း၊ အာရုန် အဘို့ အလွန်သန့်ရှင်း သော အရာဖြစ် သည်ဟု မိန့်တော်မူ၏။ ၁၀ အဲဂုတ္တု လူ နှင့် ဣသရေလ မိန်းမ ရ၍ ဣသရေလ အမျိုးသား တို့နှင့်အတူ လိုက်လာ သောသား တယောက်သည်၊ တပ် ထဲ မှာ ဣသရေလ လူ နှင့် ရန်တွေ့ သဖြင့်၊ ၁၁ နာမ တော်ကို ပြစ်မှား လျက် ကျိန်ဆဲ လေ၏။ ထိုသူ ၏ အမိ ကား၊ ဒန် အမျိုး ၊ ဒိဗရိ သမီး ရှေလောမိတ် ဖြစ်သတည်း။ ၁၂ ပြစ်မှားသောသူကို မောရှေ ထံ သို့ ဆောင် ယူခဲ့၍ ၊ ထာဝရဘုရား ၏ အလို တော်ကို မသိမှီတိုင်အောင်ချုပ် ထား ကြ၏။ ၁၃ ထာဝရဘုရား ကလည်း ၊ ကျိန်ဆဲ သောသူကို တပ် ပြင် သို့ ဆောင် သွား၍၊ ၁၄ သူ၏စကားကို ကြား သော သူအပေါင်း တို့သည် သူ ၏ခေါင်း ပေါ် မှာ လက် ကိုတင် ပြီးမှ ၊ ပရိသတ် အပေါင်း တို့သည် ကျောက်ခဲ နှင့် ပစ်ကြစေ။ ၁၅ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ ၊ မိမိ ဘုရား သခင်ကို ကျိန်ဆဲ သောသူသည် မိမိ အပြစ် ကိုခံရ မည်။ ၁၆ ထာဝရဘုရား ၏ နာမ တော်ကို ပြစ်မှား သောသူသည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ပရိသတ် အပေါင်း တို့သည်၊ ထိုသူ ကို အမှန် ကျောက်ခဲ နှင့် ပစ်ရကြမည်။ အမျိုးသား ချင်းဖြစ်စေ ၊ တပါး အမျိုးသားဖြစ်စေ၊ နာမ တော်ကို ပြစ်မှား လျှင် အသေ သတ်ခြင်းကိုခံရမည်။ ၁၇ လူ အသက် ကိုသတ် သောသူ သည်လည်း အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၁၈ တိရစ္ဆာန် အသက် ကိုသတ် သောသူသည်လည်း ဥစ္စာရှင်အား တကောင် အတွက် တကောင် ကို လျော် ရမည်။ ၁၉ လူ သည် အိမ်နီးချင်း ကို နာ အောင်ပြု လျှင် ၊ သူ ကို ပြု သည်အတိုင်း ကိုယ်ခံရ မည်။ ၂၀ အရိုးကို ချိုး သည်အတွက် အရိုးချိုး ခြင်းကိုငင်း၊ မျက်စိ ကိုဖျက်သည့်အတွက်

၊ မျက်စိ ဖျက်ခြင်းကိုငင်း၊ သွား ကိုချိုးသည်အတွက် ၊ သွား ချိုးခြင်းကိုငင်း၊ သူ့ကို နာကျင် စွာပြု သည်အတိုင်း ၊ ကိုယ်တိုင် နာကျင် စွာ ခံရမည်။ ၂၁ တိရစ္ဆာန် အသက်ကိုသတ် သောသူသည်၊ တကောင်အတွက် တကောင်ကို ပြန်ပေး ရမည်။ လူ အသက် ကိုသတ် သောသူသည် အသေ သတ်ခြင်းကိုခံရမည်။ ၂၂ ကိုယ်အမျိုးသား ဖြစ်စေ၊ သူတပါး အမျိုးသားဖြစ်စေ၊ တပါး တည်းသောတရား နှင့်သာ စီရင်ခြင်းကိုခံရမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်သည်ဟု မောရှေ အား မိန့် တော်မူ၏။ ၂၃ ကျသရေလ အမျိုးသား တို့သည်၊ ကျိန်ဆဲ သောသူကို တပ် ပြင် သို့ ဆောင် သွား၍ ၊ ကျောက်ခဲ နှင့် ပစ်ရမည် အကြောင်း မောရှေဆင့်ဆိုသည်ဖြစ်၍၊ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူသည် အတိုင်း သူတို့သည် ပြု ကြ၏။

၂၅ တဖန် သိနာ တောင် ပေါ် မှာ၊ မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင်တို့သည် ငါ ပေး သော ပြည် သို့ ရောက် သောအခါ ၊ ထိုပြည် သည် ထာဝရဘုရား အဘို့ ဥပုသ် စောင့် ရမည်။ ၃ ခြောက် နှစ် ပတ်လုံးလယ် လုပ်လျက်၊ စပျစ် ဥယျာဉ်ကို သုတ်သင် ၍ အသီး ကို သိမ်း လျက် နေရမည်။ ၄ သတ္တမ နှစ် သည်၊ ထာဝရဘုရား အဘို့ ဥပုသ် နှစ်၊ တပြည်လုံး ငြိမ်ဝပ် စွာနေ၍ ဥပုသ် စောင့်ရသောနှစ်ဖြစ်၏။ လယ် မ လုပ် ရ။ စပျစ် ဥယျာဉ်ကို မ သုတ်သင် ရ။ ၅ လယ်၌ အလိုလို ပေါက်သော အသီး အနှံကိုမျှ မ ရိတ် ရ။ မ သုတ်သင်သော စပျစ်ဥယျာဉ် အသီး ကိုမျှ မ ဆွတ် ရ။ တပြည်လုံး ငြိမ်ဝပ် စွာ နေရသော နှစ် ဖြစ် ၏။ ၆ ပြည် ဥပုသ် တည်းဟူသောအလိုလို ဖြစ်ပွားသော အရာရှိသမျှသည်၊ သင်ကိုယ်မှစ၍သင် ၏ ကျွန် ၊ ကျွန် မ၊ သူငှါး ၊ ဧည့်သည် စားစရာ၊ ၇ သင် ၏ ပြည် ၌ ရှိသော သားယဉ် သားရဲ စားစရာဖြစ် ရမည်။ ၈ ဥပုသ် နှစ် ခုနစ် နှစ်ကို ရေတွက် ၍ ၊ ခုနှစ် နှစ် ခုနှစ် လ ီ တည်းဟူသောလေး ဆယ်ကိုး နှစ် စေ့ပြီးမှ၊ ၉ သတ္တမ လ ဆယ် ရက်နေ့ အပြစ် ဖြေခြင်းပြုရာနေ့ ၌ ၊ ယုဘိလတံပိုး ကို တပြည်လုံး မှုတ် စေရမည်။ ၁၀ ငါး ဆယ်မြောက်သောနှစ် ကို သန့်ရှင်း စေသဖြင့် ၊ တပြည်လုံး ၌ ပြည်သား အပေါင်း တို့အား ၊ လွတ် ရာ အခွင့်ကို ကြွေးကြော် ရမည်။ ယုဘိလ နှစ်ဖြစ်၍၊ လူတိုင်း မိမိ ပိုင် သောမြေ၊ မိမိ အဆွေ အမျိုးထံ သို့ ပြန် ရမည်။ ၁၁ ငါး ဆယ်မြောက်သောနှစ် သည် ယုဘိလ နှစ် ဖြစ် သောကြောင့် လယ် မ လုပ်ရ။ အလိုလို ပေါက်သော အပင်ကိုမျှ မ ရိတ် ရ။ မ သုတ်သင်သော စပျစ်ဥယျာဉ်အသီးကိုမျှ မ ဆွတ် ရ။ ၁၂ ယုဘိလ နှစ်သည် သန့်ရှင်း သော နှစ်ဖြစ်သောကြောင့် ၊ လယ် ၌ ရသောအသီး အနှံကိုသာ စား ရမည်။ ၁၃ ယုဘိလ နှစ် တွင် လူ တိုင်း မိမိ ပိုင် သော မြေသို့ ပြန် ရမည်။ ၁၄ သင်တို့သည် အချင်းချင်း ရောင်း ဝယ် မှုကို ပြုလျှင် ၊ တယောက် ကို တယောက်မ ညှဉ်းဆဲ ရ။ ၁၅ ယုဘိလ နှစ်လွန် ၍ လိုသေးသော နှစ် ပေါင်း၊ အသီး အနှံသီးလတံ့သော နှစ် ပေါင်းကို ရေတွက်၍ ရောင်း ဝယ်မှုကို ပြုရမည်။ ၁၆ ထိုသို့ အသီးသီးရသောနှစ်များကို လိုက်၍ ရောင်းသောကြောင့်၊ နှစ်ပေါင်း အနည်းအများအလိုက် အဘိုး လျော့ လျက်၊ တိုး လျက် ရောင်း ဝယ်ရမည်။ ၁၇ သင်တို့သည် တယောက် ကိုတယောက်မ ညှဉ်းဆဲ ရ။ သင် တို့၏ ဘုရား သခင်ကို ကြောက်ရွံ့ ရမည်။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၁၈ သင်တို့သည် ငါ့ စီရင် ထုံးဖွဲ့ချက်တို့ကို ကျင့် စောင့်လျှင်၊ ထိုပြည် ၌ ဘေး

လွတ်လျက် နေ ရကြလိမ့်မည်။ ၁၉ မြေ သည်လည်း မိမိ အသီး အနှံကိုပေး သဖြင့် ၊ သင်တို့သည် ဝ စွာစား၍ ဘေး လွတ်လျက် နေ ရကြ လိမ့်မည်။ ၂၀ သင်တို့ကလည်း၊ သတ္တမ နှစ် တွင် ငါတို့သည် အဘယ် သို့စား ရမည်နည်း။ လယ် မ လုပ်ရ။ အသီး အနှံကို မ သိမ်း ရပါတကားဟု ဆို လျှင်၊ ၂၁ ဆဋ္ဌမ နှစ် တွင် သင် တို့ကို ငါ ကောင်းကြီး ပေး၍ ၊ ထိုနှစ်တွင် သုံး နှစ် အဘို့ အသီး အနှံကို ဖြစ် စေမည်။ ၂၂ သင်တို့သည် အဋ္ဌမ နှစ် တွင် လယ် လုပ်၍ နဝမ နှစ် တွင် အသီး အနှံကို သိမ်းရာ ကာလတိုင်အောင် ဟောင်း သော အသီး အနှံကို စား ရကြမည်။ ၂၃ မြေ ကို သူတပါး အစဉ် ပိုင်စေခြင်းငှါမ ရောင်း ရ။ မြေ သည် ငါ့ ဥစ္စာဖြစ်၏။ သင် တို့သည် ငါ ၌ တည်းသော ဧည့်သည် အာဂန္တုဖြစ်ကြ၏။ ၂၄ သင် တို့သည် မြေ ကို ပိုင် လေရာရာ ၌ ရွေးနှုတ် ရသောအခွင့်ကိုပေး ရကြမည်။ ၂၅ သင် ၏ အမျိုးသား ချင်းသည် ဆင်းရဲ၍ မိမိ ပိုင် သောမြေကို ရောင်း လျှင် ၎င်း ၊ သူ ၏ပေါက်ဘော် တစုံတယောက်သည် ဝယ်ခြင်းငှါလာ လျှင် ၎င်း၊ မိမိ ပေါက်ဘော် ရောင်း သောဥစ္စာကို ရွေးနှုတ် ရသောအခွင့်ရှိရမည်။ ၂၆ ထိုမြေကို ရွေးနှုတ်သောသူတယောက်မျှ မပေါ် မရှိ၍၊ မြေရှင်ဟောင်းသည် ကိုယ်တိုင်ရွေးနှုတ်နိုင်လျှင်၊ ၂၇ မိမိ မြေ သို့ ပြန် အံ့သောငှါ ၊ ရောင်း ၍လွန်သော နှစ် ပေါင်းကို ရေတွက် ပြီးမှ ၊ လိုသေးသော အဘိုးကို အထက်က ရောင်း ခဲ့သော သူ အား ပြန် ပေးရမည်။ ၂၈ ပြန်၍မ ပေး နိုင်လျှင် ရောင်း ခဲ့သောဥစ္စာကို ယုဘိလ နှစ် တိုင်အောင် ဝယ် သောသူလက် ၌ ရှိ စေရမည်။ ယုဘိလ နှစ်တွင် လက်လွှတ် ၍ အရှင်ဟောင်းလက်သို့ ရောက် စေရမည်။ ၂၉ မြို့ ထဲ၌ရှိသောအိမ် ကို အိမ်ရှင်ရောင်း လျှင် ၊ တနှစ် အတွင်းတွင် ရွေးနှုတ် သော အခွင့်ရှိ စေရမည်။ ၃၀ တနှစ် အတွင်းတွင် မ ရွေးနှုတ် လျှင် ၊ ထို အိမ် ကို ဝယ် သောသူမှစ၍သားစဉ် မြေးဆက်တို့သည် အမြဲ ပိုင်ရကြမည်။ ယုဘိလ နှစ်ရောက်သော်လည်းလက်မ လွှတ် ရ။ ၃၁ မြို့ရိုး မ ရှိ၊ ရွာ ၌ရှိသောအိမ် ကို လယ်ယာ ကဲ့သို့မှတ် ၍ ရွေးနှုတ် ရသောအခွင့်ရှိ ၏။ ယုဘိလ နှစ်ရောက်သောအခါ လက်လွှတ် ရမည်။ ၃၂ သို့ရာတွင် လေဝိ သားပိုင်သော မြို့ နှင့်မြို့ အိမ် တို့ကို၊ အဘယ် ကာလအချိန်မဆိုဘဲ ရွေးနှုတ် ရသောအခွင့်ရှိ ၏။ ၃၃ လေဝိ သားပိုင် သော မြို့ ကို၎င်း၊ အိမ် ကို၎င်း၊ သူတပါးဝယ်လျှင်၊ ယုဘိလ နှစ်ရောက်သောအခါ လက်လွှတ် ရမည်။ အကြောင်း မူကား၊ ဣသရေလ လူအမျိုးသားတို့တွင် လေဝိ သားတို့သည်၊ ကိုယ် နေရာ မြို့ အိမ် မှတပါး အခြားသော ဥစ္စာမရှိ။ ၃၄ သို့ ဆိုသော်လည်း၊ လေဝိ သားမြို့ နယ် ၌ရှိသောလယ်ယာ တို့ကို မ ရောင်း ရ။ အစဉ် အမြဲပိုင် ရမည်။ ၃၅ သင် ၏ အမျိုးသား ချင်းသည် ဆင်းရဲ၍ လက် အားလျော့ သဖြင့် တပါး အမျိုးသားဧည့်သည် အာဂန္တု ကဲ့သို့ ဖြစ်လျှင်၊ သင့် ထံ မှာနေ စေခြင်းငှါ သူ့ ကို မစ ရမည်။ ၃၆ သူ၌ အတိုး အပွားကို မ ယူ ရ။ သင် ၏ အမျိုးသား ချင်းသည် သင့် ထံ မှာနေ စေခြင်းငှါ ၊ သင် ၏ ဘုရား သခင်ကို ကြောက်ရွံ့ လော့။ ၃၇ အတိုး အပွါး ကို မြော်လင့်၍ ငွေ ကို၎င်း၊ စားစရာ ကို၎င်း၊ သူ ၌ မ ချေး မငှါးရ။ ၃၈ ငါသည် ခါနာန် ပြည် ကို သင် တို့အား ပေး၍ ၊ သင် တို့၏ ဘုရား သခင်ဖြစ် အံ့သောငှါ ၊ သင် တို့ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင်သော သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၃၉ သင် ၏ အမျိုးသား ချင်းသည် ဆင်းရဲ၍ သင် ၌ အရောင်း ခံလျှင် ၊ အစေခံ ကျွန်ကိုပြု သကဲ့သို့သူ့ ကို အနိုင်မ ပြု ရ။ ၄၀ သူသည် သူငှါး ကဲ့သို့ ၎င်း၊ ဧည့်သည် ကဲ့သို့ ၎င်း၊ သင့် ထံ မှာနေ ၍ ယုဘိလ

နှစ် တိုင်အောင် အစေခံ ရမည်။ ၄၁ ထိုအခါ သူ သည် သား သမီးနှင့်တကွ ထွက် ၍ ၊ မိမိ အဆွေ အမျိုး၊ မိမိ ဘိုး ဘပိုင် သောမြေသို့ ပြန် ရမည်။ ၄၂ အကြောင်း မူကား၊ သူ တို့သည် အဲဂုတ္တု ပြည် မှ ငါနှုတ် ဆောင်သော ငါ ၏ အမှုထမ်း ဖြစ်၍၊ အစေခံ ကျွန်ဖြစ်စေခြင်းငှါ၊ မ ရောင်း ရ။ ၄၃ သူ့ ကို ကြမ်းတမ်း စွာ မ စီရင် ရ။ သင် ၏ ဘုရား သခင်ကို ကြောက်ရုံ့ ရမည်။ ၄၄ သင် သည် စေခိုင်းသောကျွန် ၊ ကျွန် မတို့ကို၊ သင့် ပတ်လည် ဝန်းကျင်တို့ ၌ နေသော သာသနာပ လူတို့ တွင် ဝယ် ရမည်။ ၄၅ ထိုမှတပါး၊ သင် တို့တွင် တည်း နေသောတကျွန်း တနိုင်ငံသားတို့ကိုငင်း၊ သင် တို့ ပြည် ၌ သူတို့ရ သော သား သမီးများကို ၎င်းဝယ် ၍ ပိုင် ရမည်။ ၄၆ သူတို့သည် ကျွန်သားပေါက်ဖြစ်၍၊ သင် တို့နှင့် သင် တို့သား သမီးတို့သည် အမွေ ခံ၍ ပိုင် ရမည်။ ကိုယ် အမျိုးသား ချင်းတည်းဟူသောကွသရေလ အမျိုးသား ဖြစ်လျှင်၊ တယောက် ကိုတယောက်ကြမ်းတမ်း စွာ မ စီရင် ရ။ ၄၇ သင့် အနား မှာတည်းနေသောတကျွန်း တနိုင်ငံသားသည် ငွေရတတ် ၍ သူ ၏အနား မှာနေသောသင် ၏ အမျိုးသားချင်း ဆင်းရဲ သဖြင့် ၊ သင့် အနား မှာ တည်းနေသောတကျွန်း တနိုင်ငံသားခြံ ၎င်း၊ သူ၏ သား မြေးခြံ ၎င်း၊ ကိုယ်ကိုရောင်းချ လျှင်၊ ၄၈ ရောင်း ပြီးမှ ရွေးနှုတ် သော အခွင့်ရှိ စေရမည်။ မိမိ အမျိုးသား တစုံ တယောက်သည် ရွေးနှုတ် ရမည်။ ၄၉ ဘကြီး ၊ ဘထွေး၊ ညီအစ်ကို တော်မှစ၍အဆွေ အမျိုးပေါက်ဘော် ရင်း တစုံတယောက်သည် ရွေးနှုတ် ရမည်။ ကိုယ်တိုင်တတ်နိုင် လျှင်လည်း ကိုယ်ကိုရွေးနှုတ် ရမည်။ ၅၀ သခင်နှင့် ကျွန်တို့သည်၊ ရောင်း ဝယ်သော နှစ် မှစ၍ ယုဘိလ နှစ် တိုင်အောင် နှစ်ပေါင်းကို ရေတွက် ပြီးလျှင် ၊ နှစ်ပေါင်းအနည်းအများကိုထောက်၍၎င်း၊ သူ့ငှါး လုပ် ရသည် ကာလ ကို ထောက်၍၎င်း၊ ကိုယ် အဘိုး ကို စီရင် ရမည်။ ၅၁ ယုဘိလ နှစ် မ ရောက်မှီ၊ အစေခံရသောနှစ် ပေါင်း အနည်း အများကို ရေတွက် ၍၊ ၅၂ လိုသေးသော နှစ် ပေါင်း အနည်းအများ အလိုက် ရွေးရန်အဘိုးကို၊ ဝယ် ရင်းငွေ ထဲက နှုတ် ၍ ပြန် ပေး ရမည်။ ၅၃ ထိုသူသည် တနှစ် နောက်တနှစ်၊ သူငှါး ကဲ့သို့ နေ ရမည်။ သင့် မျက်မှောက် ၌ ညှဉ်းဆဲ ခြင်းကို မ ခံရ။ ၅၄ ထိုသို့သောနည်းဖြင့် မ ရွေး မနှုတ်လျှင် ၊ ယုဘိလ နှစ် ရောက်သောအခါ ၊ သူ ကို သား မယားနှင့်တကွ သခင်လက်မှ လွှတ် ရမည်။ ၅၅ အကြောင်း မူကား၊ ကွသရေလ အမျိုးသား တို့သည်၊ ငါ ၏ အမှုထမ်း ဖြစ်ကြ၏။ အဲဂုတ္တု ပြည် မှ ငါနှုတ် ဆောင်ခဲ့သော ငါ၏ အမှုထမ်းဖြစ်ကြ၏။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။

၂၆ သင် တို့သည် ကိုယ် အဘို့ ထုလုပ် သော ရုပ်တု ဆင်းတု ကို မ ရှိစေရ။ သင် တို့ ပြည် ၌ ကိုးကွယ် စရာ မှတ်တိုင် ကို မ စိုက် ရ။ ထုသောကျောက် ကို ထောင်၍မ ထား ရ။ ငါ သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၂ ငါ့ ဥပုသ် နေ့တို့ကိုစောင့် ၍ ၊ ငါ့ သန့်ရှင်း ရာဌာနတော်ကို ရိုသေ ရမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၃ သင်တို့သည်၊ ငါ့ ထုံးဖွဲ့ ရာလမ်းသို့ လိုက် ၍၊ ငါ ပညတ် တို့ကို ကျင့် စောင့် လျှင်၊ ၄ အချိန် တန်မှ ငါသည် သင် တို့အဘို့ မိုးယံ ရွာစေ သဖြင့် ၊ မြေ သည် မိမိ ဘဏ္ဍာ ကိုပေး ၍ ၊ ဥယျာဉ် အပင် တို့သည် အသီး သီး ကြလိမ့်မည်။ ၅ စပါးနှင်း နယ်သော အမှုသည်၊ စပျစ်သီး ညှစ်ရာ ကာလတိုင်အောင်၎င်း၊ စပျစ်သီး ညှစ်သောအမှုသည်၊ မျိုးစေ့ ကြဲရာ ကာလတိုင်အောင်၎င်း မှီ သဖြင့် ၊ သင်တို့သည် ဝ စွာစား ၍ ၊ ကိုယ် ပြည် ၌ ဘေး လွတ်လျက် နေ ရကြလိမ့်မည်။ ၆

သင်တို့ ပြည် ၌ စစ်မှုကို ငါငြိမ်း စေ၍ ၊ ခြိမ်းချောက် သောသူ မ ရှိဘဲ သင်တို့သည် အိပ် ရကြလိမ့်မည်။ ဆိုး သော သားရဲ တို့ကိုလည်း ငါပယ်ရှား မည်။ တပြည်လုံး သည် ထား ဘေးနှင့် ကင်းလွတ် လိမ့်မည်။ ၇ သင်တို့သည် ရန်သူ များကို လိုက် ၍ ထား လက်နက်ဖြင့် အောင်ကြလိမ့်မည်။ ၈ သင် တို့တွင် လူငါး ယောက်သည်၊ ရန်သူတရာ ကို လိုက် လိမ့်မည်။ လူတရာ သည် ရန်သူ တ သောင်းကို ပြေး စေ၍ ၊ ထား လက်နက်ဖြင့် အောင် ကြလိမ့်မည်။ ၉ သင် တို့ကို ငါစောင့်မ သဖြင့် တိုးပွား များပြားစေ၍ ၊ သင် တို့နှင့် ငါ ပြုသော ပဋိညာဉ် ကို ငါမြဲမြံ စေမည်။ ၁၀ သိုထားသော စပါးဟောင်း ကို စား ၍ မကုန်မီ၊ စပါးသစ် ပေါ် သောကြောင့် ၊ အဟောင်း ကို ထုတ် ရကြမည်။ ၁၁ ငါသည် စက်ဆုပ် ရွံရှာခြင်းမ ရှိဘဲ သင် တို့တွင် တဲ တော်ကို တည် မည်။ ၁၂ သင် တို့တွင် လည်း လှည့်လည် ၍ သင် တို့၏ ဘုရား သခင်ဖြစ် မည်။ သင် တို့သည်လည်း ငါ ၏ လူ ဖြစ် ကြလိမ့်မည်။ ၁၃ အဲဂုတ္တု ပြည် ၌ အစေ ကျွန်ခံရ သော သင် တို့ကို ငါလွှတ်၍ နှုတ် ဆောင်သော သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ သင် တို့၏ ထမ်းဘိုး ကြိုးကို ငါဖြတ် ၍ သင် တို့ကို တည့်မတ် စေပြီ။ ၁၄ သင်တို့သည် ငါ့ စကားကို နား မထောင်၊ ဤ ပညတ် အလုံးစုံ ကို မ စောင့်၊ ၁၅ ငါ့ စီရင် ထုံးဖွဲ့ချက်များကို ရွံရှာ ၍ ၊ မထီမဲ့မြင် ပြုလျက် ၊ ငါ့ ပညတ် တရားကိုမ ကျင့် ၊ ငါ့ ပဋိညာဉ် သစ္စာကို ဖျက် လျှင်၊ ၁၆ သင် တို့ ၌ ငါ ပြု လတံ့သောအမှုဟူမူကား ၊ သင် တို့ ၌ မျက်စိ ပျက် လျက် ၊ စိတ်ပူပန် လျက် ရှိစေခြင်းငှါ၊ ထိတ်လန့် သော သဘော၊ တူလာ ၊ ဖျားနာ တို့ကို သင်တို့အပေါ် မှာ ငါခန့် ထားမည်။ သင် တို့သည် မျိုးစေ့ ကို ကြဲ သော်လည်းအကျိုး မရှိ။ ရန်သူ တို့သည် အသီးအနှံကို စား ကြလိမ့်မည်။ ၁၇ သင် တို့ကို ငါ မျက်နှာ ထား ၍ ၊ ရန်သူ ရှေ့ မှာ ဆုံး စေမည်။ သင် တို့သည် ရန်သူ ၏ အုပ်စိုး ခြင်းကို ခံရ၍ ၊ အဘယ်သူမျှမ လိုက် သော်လည်း ၊ ပြေး ကြလိမ့်မည်။ ၁၈ ထိုမျှလောက် ခံရသော်လည်း၊ ငါ့ စကားကို နား မ ထောင်ဘဲ နေသေးလျှင် ၊ သင် တို့အပြစ် ကြောင့် ခုနစ် ဆသော ဒဏ် ကို ငါပေးဦးမည်။ ၁၉ သင် တို့မာန အစွယ်ကို ငါချိုး မည်။ မိုဃ်းကောင်းကင် ကို သံ ကဲ့သို့ ၎င်း၊ မြေကြီး ကို ကြေးဝါ ကဲ့သို့ ၎င်း၊ ငါဖြစ် စေသဖြင့်၊ ၂၀ သင် တို့သည် အချည်းနှီး ကြိုးစား အားထုတ် ကြလိမ့်မည်။ သင် တို့မြေ သည် မိမိ ဘဏ္ဍာ ကို မ ပေး။ ဥယျာဉ် အပင် တို့သည် အသီး မ သီး ကြ။ ၂၁ သင်တို့သည် ငါ့ စကားကို နား မ ထောင်၊ ငါ့ ကို ဆန့်ကျင်ဘက် ပြုလျှင် ၊ သင် တို့အပြစ် အလျောက် ခုနစ် ဆ သောဘေး ကြီးကို ငါသက်ရောက်စေမည်။ ၂၂ သင် တို့၏ သား သမီးများကို ချီသွား၍ ၊ သင် တို့၏ တိရစ္ဆာန် များကို ဖျက်ဆီး လျက် ၊ သင် တို့ကို နည်း စေ ခြင်းငှါ ၊ သားရဲ များကို ငါစေလွှတ် သဖြင့် ၊ သင် တို့သွားရာ လမ်းမ တို့သည် လူဆိတ်ညံ ရာ ဖြစ်ကြလိမ့်မည်။ ၂၃ ထိုသို့ ခံရသော်လည်း၊ သင်တို့သည် သတိမရ၊ ငါ့ ကို ဆန့်ကျင် ဘက် ပြုသေးလျှင်၊ ၂၄ ငါ သည်လည်း သင် တို့ကို ဆန့်ကျင် ဘက်ပြု၍ ၊ သင် တို့အပြစ် ကြောင့် ခုနစ် ဆသော ဒဏ် ကိုပေး ဦးမည်။ ၂၅ ငါ့ပဋိညာဉ် ဘက်၌ နေ၍၊ တရားစီရင် ရသောထား ဘေးကိုသင် တို့အပေါ် မှာ ငါသက်ရောက် စေမည်။ သင် တို့သည် မြို့ ထဲ ၌ စုဝေး သောအခါ ၊ ကာလနာ ဘေးကို ငါစေလွှတ် ၍ ၊ ရန်သူ လက် သို့ ရောက် စေမည်။ ၂၆ သင် တို့၏ အစာ အာဟာရ အထောက် အပင့်ကို ငါ ပယ်ရှား သောအခါ ၊ မိန်းမ တကျိပ် တို့သည် သင် တို့၏ မုန့် ကို မီးဖို တဖို၌ ဖုတ် ပြီးမှ ၊ ထိုမုန့် ကို

ချိန် ပေးသဖြင့် သင်တို့သည် ဝ စွာမ စား ရကြ။ ၂၇ ထိုမျှလောက် ခံရသော်လည်း၊ ငါ့ စကားကို နား မ ထောင်၊ ငါ့ကို ဆန့်ကျင် ဘက် ပြုသေးလျှင်၊ ၂၈ ငါသည်လည်း အမျက် ထွက်၍ သင် တို့ကို ဆန့်ကျင် ဘက်ပြုသဖြင့် ၊ သင်တို့အပြစ် ကြောင့် ခုနစ် ဆ သော ဒဏ် ကိုပေး ဦးမည်။ ၂၉ သင်တို့သည် ကိုယ် သား သမီး တို့၏ အသား ကို စား ရကြလိမ့်မည်။ ၃၀ သင် တို့ မြင့် သော အရပ်များကို ငါဖြိုဖျက် ၍ ၊ ရုပ်တု ဆင်းတုများကို ခုတ်လဲ့ မည်။ သင် တို့အသေကောင် များကို၊ ရုပ်တု ဆင်းတုအသေ ကောင်အပေါ် မှာ ပစ်ချ ၍ ၊ သင် တို့ကို စက်ဆုပ် ရွံရှာမည်။ ၃၁ သင် တို့မြို့များကို ငါဖျက်ဆီး ၍ ၊ သန့်ရှင်း ရာဌာနတော်ကို သုတ်သင် ပယ်ရှင်းသဖြင့် ၊ သင် တို့နံ့သာပေါင်း အမွှေး အကြိုင်ကို ငါမ နမ်း။ ၃၂ တပြည်လုံး ကို ငါ သုတ်သင် ပယ်ရှင်းသော အမှုကို၊ ထိုပြည်၌ နေ သော သင် တို့၏ ရန်သူ တို့သည် မြင်၍ မိန်းမော တွေဝေကြလိမ့်မည်။ ၃၃ သာသနာပ လူတို့တွင် သင် တို့ကို အရပ်ရပ်ငါကွဲပြား စေ၍ ၊ ထား မိုးလျက် လိုက်မည်။ သင် တို့ ပြည် သည်လည်း လူဆိတ်ညံ့ လျက် ၊ မြို့ သည်လည်း ပျက်စီး လျက်ရှိ လိမ့်မည်။ ၃၄ ထိုသို့ သင်တို့သည် ရန်သူ ပြည် ၌ နေ၍၊ ကိုယ်ပြည် သည် လူဆိတ်ညံ့ လျက်နေသောကာလ ပတ်လုံး ငြိမ်ဝပ် စွာနေ၍ ၊ မိမိ ဥပုသ် နေ့တို့ ၌ မွေ့လျော် ရလိမ့်မည်။ ၃၅ လူဆိတ်ညံ့ လျက်နေရသော ကာလ ပတ်လုံး ငြိမ်ဝပ် လိမ့်မည်။ သင် တို့ရှိနေသောအခါ၊ ဥပုသ် နေ့တို့ ၌ ပြည်သည် မ ငြိမ် မဝပ်ရ။ ၃၆ ရန်သူ ပြည် မှာ ကျန် ကြွင်းသော သင် တို့စိတ် နှလုံးထဲ သို့၊ ထိတ်လန့် သော သဘောကို ငါပေးသွင်း သဖြင့် ၊ သစ်ရွက် လှုပ်သံ ကြောင့် သင်တို့သည် ကြောက်၍၊ ထား ဘေးမှ ပြေးသကဲ့သို့ပြေးကြလိမ့်မည်။ အဘယ်သူမျှ မ လိုက် သော်လည်းလဲ ကြလိမ့်မည်။ ၃၇ အဘယ်သူမျှမ လိုက် ဘဲ ထား ဘေးမှ ပြေးသောသူကဲ့သို့ တယောက် အပေါ် မှာ တယောက် လဲ ကြလိမ့်မည်။ ရန်သူ ရှေ့ မှာ ရပ် နိုင်သော တန်ခိုးမ ရှိ ရ။ ၃၈ ရန်သူ ပြည် သည် သင် တို့ကို မျိုစား ၍ ၊ သာသနာပ လူတို့တွင် ဆုံးရှုံး ကြလိမ့်မည်။ ၃၉ ကျန် ကြွင်းသော သင် တို့သည်၊ ရန်သူ ပြည် ၌ ကိုယ် အပြစ် ၊ ဘိုးဘ တို့အပြစ် ကိုခံ လျက်၊ ဘိုးဘနှင့်တကွ အားလျော့ ကြလိမ့်မည်။ ၄၀ သို့ရာတွင် သူတို့သည် ငါ့ ကို ပြစ်မှား ၍ ၊ ငါ့ ကို ဆန့်ကျင် ဘက်ပြုသောကြောင့်၊ ၄၁ ငါ သည် သူ တို့ကို ဆန့်ကျင် ဘက်ပြု၍ ရန်သူပြည် သို့ ပို့ဆောင် သော အကြောင်းများနှင့်တကွ၊ ကိုယ် အပြစ် ၊ ဘိုးဘ တို့ အပြစ် များကို ဘော်ပြ တောင်းပန်လျှင်ထင်း၊ အရေဖျား လှီးခြင်းကို မခံသော မိမိ တို့ နှလုံး ကို နှိမ့်ချ ၍ ၊ မိမိ တို့အပြစ် ကြောင့် ခံရသောဒဏ်ကို ဝန်ခံလျှင်ထင်း၊ ၄၂ ငါသည် ယာကုပ် နှင့်ပြုသောပဋိညာဉ် ၊ ဣဇာက် နှင့်ပြုသောပဋိညာဉ် ၊ အာဗြဟံ နှင့်ပြုသောပဋိညာဉ် ကိုထင်း၊ ထိုပြည် ကိုထင်းငါအောက်မေ့ မည်။ ၄၃ ထိုပြည် သည် သူ တို့ လက်မှ လွတ် ၍၊ သူ တို့မရှိဘဲ လူဆိတ်ညံ့ လျက်နေစဉ် တွင် မိမိ ဥပုသ် နေ့တို့ ၌ မွေ့လျော် လိမ့်မည်။ သူတို့သည် ငါ့ စီရင် ထုံဖွဲ့ချက်များကို ရွံရှာ ၍ မထီမဲ့မြင် ပြုသော အပြစ် ကြောင့်၊ ခံရသောဒဏ်ကို ဝန်ခံရကြလိမ့်မည်။ ၄၄ သို့ရာတွင် ရန်သူ ပြည် ၌ နေ ကြသောအခါ ၊ သူ တို့ကို ရှင်းရှင်းဖျက်ဆီး ၍ ၊ သူ တို့နှင့် ငါပြုသော ပဋိညာဉ် ကို ပယ် သည်တိုင်အောင် သူ တို့ကို ငါမ စွန့်ပစ် မ ရွံရှာ။ ငါ သည် သူ တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၄၅ ငါသည် သူ တို့၏ ဘုရား သခင်ဖြစ် အံ့သောငှါ သာသနာပ လူတို့ မျက်မှောက် ၌ ၊ အဲဂုတ္တ ပြည် မှ ငါနှုတ် ဆောင်သော သူ တို့ ဘိုးဘေး နှင့် ငါပြုသော ပဋိညာဉ် ကို သူ တို့အတွက် ငါအောက်မေ့ မည်၊

ငါ သည် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။ ၄၆ ဤ ရွှေကား ထာဝရဘုရား သည်၊ သိနာ တောင် ပေါ် မှာ ကျသရေလ အမျိုးသား တို့အဘို့ မောရှေ လက် တွင် ထား တော်မူသော စီရင် ထုံးဖွဲ့ချက် ပညတ် တရား ဖြစ်သတည်း။

၂၇ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ လူ သည် သစ္စာ ဂတိပြု၍ ပူဇော်လျှင်၊ ပူဇော်အပ်သောသူသည်၊ သင် အဘိုး ပြတ်သည်အတိုင်း ထာဝရဘုရား ၏ ဘဏ္ဍာတော် ဖြစ်ရမည်။ ၃ သင် သည် အဘယ်မျှ အဘိုး ပြတ်ရမည်နည်းဟူမူကား၊ ယောကျ်ား ကို အသက် နှစ် ဆယ်မှသည် ခြောက် ဆယ်တိုင်အောင် ၊ အကျပ် တော်အလိုက် ငွေ အကျပ် ငါး ဆယ်နှင့် အဘိုး ပြတ်ရမည်။ ၄ မိန်းမ ဖြစ်လျှင် ၊ ငွေအကျပ် သုံး ဆယ်နှင့် အဘိုး ပြတ်ရမည်။ ၅ အသက် ငါး နှစ်မှ သည် ဆယ်နှစ်တိုင်အောင် ၊ ယောကျ်ား ကို အကျပ် နှစ် ဆယ်၊ မိန်းမ ကို အကျပ် တဆယ် နှင့် အဘိုး ပြတ်ရမည်။ ၆ အသက်တလ မှ သည် ငါး နှစ် တိုင်အောင် ၊ ယောကျ်ား ကို ငွေ ငါး ကျပ် ၊ မိန်းမ ကို သုံး ကျပ် နှင့် အဘိုး ပြတ်ရမည်။ ၇ အသက် ခြောက် ဆယ်လွန် လျှင် ၊ ယောကျ်ား ကို ဆယ် ငါး ကျပ် ၊ မိန်းမ ကို တဆယ် နှင့် အဘိုး ပြတ်ရမည်။ ၈ သင် အဘိုး ပြတ်သည်အတိုင်း၊ မ တတ်နိုင်လျှင် ၊ ယဇ်ပုရောဟိတ် ထံ သို့ချဉ်းကပ် ၍ ၊ ယဇ် ပုရောဟိတ်သည် သစ္စာ ဂတိပြုသောသူ တတ်နိုင် သမျှအတိုင်း အဘိုး ပြတ်ရမည်။ ၉ လူသည် တိရစ္ဆာန် ကို ထာဝရဘုရား အား ပူဇော် လျှင်၊ ပူဇော် သမျှ သည် သန့်ရှင်း ရမည်။ ၁၀ ကောင်း သည်ဖြစ်စေ ၊ ညံ့ သည်ဖြစ်စေ၊ တကောင်အတွက် တကောင်ကို မ လဲ ရ။ လဲ လိုလျှင် ၊ နှစ်ကောင် စလုံး သန့်ရှင်း ရမည်။ ၁၁ ထာဝရဘုရား အား မ ပူဇော် အပ်၊ မ စင်ကြယ်သော တိရစ္ဆာန် ဖြစ်လျှင် ၊ ယဇ်ပုရောဟိတ် အား ပြ ၍၊ ၁၂ ကောင်း မ ကောင်းရှိသည်အလျောက် ၊ ယဇ်ပုရောဟိတ် အဘိုး ပြတ်ရမည်။ ယဇ်ပုရောဟိတ် ပြတ်သည်အတိုင်း အဘိုးရှိ ရမည်။ ၁၃ ပူဇော်သောသူသည် ရွေး လိုလျှင် ၊ အဘိုး ရင်းနှင့် ငါး စုတစုကို ထပ် ၍ ပေးရမည်။ ၁၄ လူ သည် မိမိ အိမ် ကို ထာဝရဘုရား အဘို့ သန့်ရှင်း စေလျှင် ၊ ကောင်း မ ကောင်းရှိသည်အလျောက် ၊ ယဇ်ပုရောဟိတ် အဘိုး ပြတ်ရမည်။ ယဇ်ပုရောဟိတ် ပြတ်သည်အတိုင်း အဘိုး ရှိ ရမည်။ ၁၅ ထိုအိမ် ကို သန့်ရှင်း စေသောသူ ရွေး လိုလျှင် ၊ ပြတ်သောအဘိုး ရင်းနှင့် ငါး စုတစုကို ပေး ၍ အိမ်ကို ယူရမည်။ ၁၆ လူ သည် ကိုယ် ပိုင် သော လယ်ယာ ကို ထာဝရဘုရား အဘို့ သန့်ရှင်း စေလျှင် ၊ မုယောမျိုးစေ့ ကြဲရသည် အတိုင်း အဘိုး ပြတ်ရမည်။ မျိုးစေ့ တသြဲမဲကြဲရသော လယ်ကို၊ ငွေ အကျပ် ငါး ဆယ်နှင့် အဘိုးပြတ် ရမည်။ ၁၇ ယုဘိလ နှစ် မှစ၍မိမိ လယ် ကို သန့်ရှင်း စေလျှင် ၊ ပြတ်သည်အတိုင်း အဘိုး ရှိ ရမည်။ ၁၈ ယုဘိလ နှစ်လွန် မှ မိမိ လယ် ကို သန့်ရှင်း စေလျှင် ၊ နောင် ယုဘိလ နှစ် မှီ အောင် လိုသေးသော နှစ် ပေါင်းကို၊ ယဇ်ပုရောဟိတ် ရေတွက် ၍ ပြတ်သော အဘိုး ရင်းငွေကို လျှော့ ရမည်။ ၁၉ မိမိ လယ် ကို သန့်ရှင်း စေသောသူသည် ရွေး လိုလျှင် ၊ ပြတ်သော အဘိုး ရင်းနှင့် ငါး စုတစုကို ပေး ၍ လယ်ကို အပိုင်ယူရမည်။ ၂၀ သို့မဟုတ် လယ် ကိုမ ရွေး လို၊ အခြား သောသူအား ရောင်း မိလျှင် ၊ နောက် တဖန် မ ရွေး ရ။ ၂၁ ယုဘိလ နှစ်တွင် ထိုလယ် သည် အမှုလွတ် သောအခါ ၊ ကျိန်ဆို သောလယ် ကဲ့သို့ ၊ ထာဝရဘုရား အား သန့်ရှင်း ၍ ယဇ်ပုရောဟိတ် ၏ ဥစ္စာ ဖြစ် ရမည်။ ၂၂ လူသည် ကိုယ်ပိုင် ရင်းမ ဟုတ်၊ ဝယ် သော လယ်ယာ ကို ထာဝရဘုရား အဘို့

သန့်ရှင်း စေလျှင်၊ ၂၃ ယုဘိလ နှစ် တိုင်အောင် ပြတ်သောအဘိုး ကို၊ ယဇ်ပုရောဟိတ် ရေတွက် ၍ ၊ ထာဝရဘုရား အဘို့ သန့်ရှင်း စေသော နေ့ ၌ အဘိုးပြတ်သောငွေ ကို ပေး ရမည်။ ၂၄ ယုဘိလ နှစ် ရောက်သောအခါ ၊ ထိုလယ် ကို အရင်ပိုင် ၍ ရောင်းသောသူ လက်သို့ ပြန် စေရမည်။ ၂၅ အဘိုး ပြတ်လေရာရာ ၌ အကျပ် တော်အလိုက် ပြတ်ရမည်။ အကျပ် ကား၊ ဂေရ နှစ် ဆယ်ဖြစ် သတည်း။ ၂၆ ထာဝရဘုရား ပိုင်ထိုက်သော တိရစ္ဆာန် သားဦး ကို၊ အဘယ် သူမျှမ သန့်ရှင်း စေရ။ နွား ဖြစ်စေ ၊ သိုး ဆိတ် ဖြစ်စေ ၊ ထာဝရဘုရား ဥစ္စာဖြစ်၏။ ၂၇ မ စင်ကြယ်သော တိရစ္ဆာန် ဖြစ်လျှင် ၊ အဘိုးပြတ်သည်အတိုင်း ရွေး ၍ ၊ ငါး စုတစုကို ထပ် ၍ ပေးရမည်။ မ ရွေး လိုလျှင် ၊ အဘိုး ပြတ်သည်အတိုင်း ရောင်း ရမည်။ ၂၈ သို့ရာတွင် လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ၊ ကိုယ်ပိုင် ရင်းလယ် ဖြစ်စေ ၊ ထာဝရဘုရား အား ကျိန်ဆို ၍ ပူဇော် သမျှ ကို မ ရောင်း မ ရွေး ရ။ ကျိန်ဆို ၍ ပူဇော်သမျှ တို့သည် ထာဝရဘုရား အား အလွန်သန့်ရှင်း ရမည်။ ၂၉ လူ ကိုပင် ကျိန်ဆို ၍ ပူဇော် လျှင်၊ နောက်တဖန် မ ရွေး ရ၊ သတ် ရမည်။ ၃၀ စပါး ဖြစ်စေ၊ သစ်သီး ဖြစ်စေ၊ မြေ ကဖြစ်သမျှ သောအသီးအနှံဆယ် စုတစုသည် ထာဝရဘုရား ၏ ဘဏ္ဍာတော် ဖြစ်၏။ ထာဝရဘုရား အဘို့ သန့်ရှင်း ရမည်။ ၃၁ ဆယ် စုတစုကို ရွေး လိုလျှင် ၊ အဘိုးရင်းနှင့်ငါး စုတစုကို ထပ် ၍ပေးရမည်။ ၃၂ နွား ဖြစ်စေ ၊ သိုး ဆိတ်ဖြစ်စေ၊ ကြိမ်လုံး အောက် ၌ သွား သမျှ သော အကောင်ဆယ် စုတစုသည်၊ ထာဝရဘုရား အဘို့ သန့်ရှင်း ရမည်။ ၃၃ ကောင်း သလော၊ ညံ့ သလောဟုမ မေးမစစ် ရ။ တကောင်အတွက် တကောင်ကို မ လဲ ရ။ လဲ လိုလျှင် နှစ်ကောင်စလုံး သန့်ရှင်း ရမည်။ အလျှင်းမ ရွေး ရဟု မိန့် တော်မူ၏။ ၃၄ ဤ ရွေ့ကား ထာဝရဘုရား သည်၊ သိနာ တောင် ပေါ် မှာ ဣသရေလ အမျိုးသား တို့အဘို့ မောရှေ ၌ ထား တော်မူသော ပညတ် တော်များ ဖြစ်သတည်း။

၁ ကျသရေလအမျိုးသားတို့သည်၊ အဲဂုတ္တု ပြည် မှ ထွက် ၍ ဒုတိယ နှစ် ၊ ဒုတိယ လ ၊ ပဌမ နေ့၌ သိနာ တော
တွင် ပရိသတ်စည်းဝေး ရာ တဲ တော်မှာ ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ သင် နှင့်
အာရုန် သည် ကျသရေလ အမျိုးသား ပရိသတ် တို့တွင်၊ အသက် နှစ်ဆယ် လွန် ၍၊ ၃ စစ်တိုက် နိုင်သောယောက်ျား
အပေါင်း တို့ကို သူ တို့အဆွေအမျိုး အသီးသီးအလိုက် စာရင်း ယူ လျက်၊ တပ်ခင်းကျင်း ၍ရေတွက် လော့။ ၄
အမျိုးအနွယ် အသီးသီးတမျိုးတယောက်စီ မိမိတို့ အဆွေအမျိုး၌ သူကြီး ဖြစ်သော လူတို့သည် သင် တို့နှင့်အတူ
ကူညီ၍ ထိုအမှုကိုဆောင်ရကြမည်။ ၅ သင်တို့နှင့်အတူကူညီ၍ အမှုကိုဆောင်ရသောသူဟူမူကား၊ ရုဗင် အမျိုး၊ ရှေဒုရ
သား ဧလိဇုရ။ ၆ ရှိမောင် အမျိုး၊ ဇုရိရှဒ္ဒဲ သား ရှေလုမျေလ။ ၇ ယုဒ အမျိုး၊ အမိနဒပ် သား နာရှုန်။ ၈ ကျသခါ အမျိုး၊
ဇုအာ သား နာသနေလ။ ၉ ဇာဗုလုန် အမျိုး၊ ဟေလုန် သား ဧလျောဘ။ ၁၀ ယောသပ် သား တွင်၊ ဧဖရိမ် အမျိုး၊ အမိဟုဒ်
သား ဧလိရှမာ ၊ မနာရှေ အမျိုး၊ ပေဒါဇုရ သား ဂါမလျေလ။ ၁၁ ဗင်္ယာမိန် အမျိုး၊ ဂိဒေါနိ သား အဘိဒန်။ ၁၂ ဒန် အမျိုး၊
အမိရှဒဲ သား အဟေဇာ။ ၁၃ အာရှာ အမျိုး၊ ဩကရန် သား ပါဂျေလ။ ၁၄ ဂဒ် အမျိုး၊ ဒွေလ သား ဧလျာသပ်။ ၁၅ နဿလိ
အမျိုး၊ ဧနန် သား အဟိရ တည်း။ ၁၆ ဤသူ တို့သည် ပရိသတ် တွင် ကျော်စော သောသူ၊ အဆွေအမျိုး သူကြီး
မင်းဖြစ်၍ကျသရေလ အမျိုး ၌ လူတထောင်စီအုပ်ရသောသူဖြစ် ကြသတည်း။ ၁၇ ထိုသို့နာမည် ဖြင့် ရွေး တော်မူသော
ထို သူ တို့ကို၊ မောရှေ နှင့် အာရုန် သည်ခေါ် ၍ ၊ ၁၈ ဒုတိယ လ ၊ ပဌမ နေ့၌ ပရိသတ် အပေါင်း ကို စည်းဝေး
စေပြီးမှ ၊ အဆွေအမျိုး စာရင်းကို ဘော်ပြ ၍၊ အနှစ် နှစ်ဆယ် အလွန် သောသူတို့၏ နာမည် ပေါင်း ကို မှတ်သဖြင့်၊
၁၉ ထာဝရဘုရား သည် မောရှေ အား မှာ ထားတော်မူ သည်အတိုင်း ၊ သိနာ တော ၌ ကျသရေလအမျိုးသားတို့
ကို ရေတွက် လေ၏။ ၂၀ ကျသရေလ ၏သားဦး ၊ ရုဗင် ၏အမျိုးသား တို့တွင်၊ အဆွေအမျိုး အသီးအသီးလိုက်၍
နာမည် များကို စာရင်း ၌ မှတ်သားသည်အတိုင်း၊ ၂၁ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက်နိုင်သော ယောက်ျားပေါင်း
လေးသောင်း ခြောက်ထောင်ငါး ရာ ရှိကြ၏။ ၂၂ ရှိမောင် အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီး လိုက် ၍
နာမည် များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၂၃ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောက်ျား ပေါင်း
ငါးသောင်း ကိုးထောင်သုံး ရာ ရှိကြ၏။ ၂၄ ဂဒ် အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီးလိုက် ၍ နာမည် များကို
စာရင်း ၌ မှတ်သား သည်အတိုင်း၊ ၂၅ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောက်ျားပေါင်း လေးသောင်း
ငါးထောင်ခြောက် ရာ ငါးဆယ် ရှိကြ၏။ ၂၆ ယုဒ အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီးလိုက် ၍ နာမည် များကို
စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၂၇ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သောယောက်ျားပေါင်း ခုနစ်သောင်း ၊
လေးထောင်ခြောက် ရာ ရှိကြ၏။ ၂၈ ကျသခါ အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီး ကိုလိုက် ၍ နာမည်
များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၂၉ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောက်ျားပေါင်း
ငါးသောင်း လေးထောင်လေး ရာ ရှိကြ၏။ ၃၀ ဇာဗုလုန် အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီး လိုက် ၍

နာမည် များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၃၁ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း ငါးသောင်း နှစ်ထောင်လေး ရာ ရှိကြ၏။ ၃၂ ယောသပ် မှ ဆင်းသက်သော ဧဖရိမ် အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီးလိုက် ၍ နာမည် များကို စာရင်း ၌ မှတ်သား သည်အတိုင်း၊ ၃၃ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း လေးသောင်း ငါး ရာ ရှိကြ၏။ ၃၄ မနာရှေ အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီး လိုက် ၍ နာမည် များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၃၅ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း သုံးသောင်း နှစ်ထောင်နှစ်ရာ ရှိကြ၏။ ၃၆ ဗင်္ယာမိန် အမျိုးသား တို့တွင် အဆွေအမျိုး အသီးသီး လိုက် ၍ နာမည် များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၃၇ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း သုံးသောင်း ငါးထောင်လေး ရာ ရှိကြ၏။ ၃၈ ဒန် အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီးလိုက် ၍ နာမည် များကို စာရင်း ၌ မှတ်သား သည်အတိုင်း၊ ၃၉ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း ခြောက်သောင်း နှစ်ထောင်ခုနစ် ရာ ရှိကြ၏။ ၄၀ အာရှာ အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီးလိုက် ၍ နာမည် များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၄၁ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း လေးသောင်း တထောင်ငါး ရာ ရှိကြ၏။ ၄၂ နဿလိ အမျိုးသား တို့တွင် အဆွေအမျိုး အသီးအသီး လိုက် ၍ နာမည် များကို စာရင်း ၌ မှတ်သား သည် အတိုင်း၊ ၄၃ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ယောကျ်ားပေါင်း ငါးသောင်း သုံးထောင်လေး ရာ ရှိကြ၏။ ၄၄ ထိုသို့ မောရှေ နှင့် အာရုန် အစရှိသော ဣသရေလ အမျိုး၌ အဆွေအမျိုး သူကြီးဖြစ်သော မင်း ဆယ် နှစ်ပါးတို့သည် ၄၅ ဣသရေလ အမျိုးသား အပေါင်း တို့ကို အဆွေအမျိုး အလိုက် ရေတွက် ၍ စာရင်းယူသည်အတိုင်း၊ ၄၆ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော လူပေါင်း ကား ခြောက် သိန်းသုံး ထောင်ငါး ရာ ငါး ဆယ်ရှိ သတည်း။ ၄၇ လေဝိ သားတို့သည်၊ ဘိုးဘ အမျိုး အလိုက် စာရင်း မ ဝင်ရသည် အမှုမှာ၊ ၄၈ ထာဝရဘုရား သည် မောရှေ အား မိန့်တော်မူသည်ကား၊ ၄၉ လေဝိ သား တို့ကို၊ ဣသရေလ အမျိုးသား တို့နှင့် ရောနှော၍ မ ရေတွက် ရ။ စာရင်း ထဲ၌မ သွင်း ရ။ ၅၀ လေဝိ သားတို့အား သက်သေခံ ချက် တဲ တော်ကိုဂင်း၊ တဲတော်တန်ဆာ ရှိသမျှ ကို ဂင်း၊ တဲ တော်နှင့်ဆိုင်သမျှ တို့ကိုဂင်းအပ် ၍၊ သူတို့သည် တဲ တော်နှင့် တဲ တော်တန်ဆာ အလုံးစုံ ကို ဆောင်ရွက် ရကြမည်။ တဲ တော်မှကိုလည်း ထမ်း ရကြမည်။ တပ်ချသောအခါ၊ တဲ တော်ပတ်လည် ၌ မိမိတို့နေရာ ချရကြမည်။ ၅၁ တဲ တော်ကို ယူသွား ချိန် ရောက်သောအခါ ၊ လေဝိ သားတို့သည် ရုပ်သိမ်း ရမည်။ နေရာ ချချိန်ရောက်သောအခါ ၊ ထူထောင် ပြန်ရမည်။ လေဝိ အမျိုးသားမှတပါး အခြား သော အမျိုးသားသည် ချဉ်းကပ် လျှင်၊ အသေ သတ်ခြင်းကိုခံရမည်။ ၅၂ ဣသရေလ အမျိုးသား တို့သည် တပ်ချ သောအခါ ၊ အလုံးအရင်း တရှောက်လုံး၊ လူတိုင်း မိမိ ဆိုင်သော တပ် တွင် မိမိ ဆိုင်သော အလံ နားမှာ မိမိတဲကို ဆောက်ရမည်။ ၅၃ ဣသရေလ အမျိုးသား စည်းဝေးရာ၊ ပရိသတ် အပေါ် မှာ အမျက် တော်မသက်ရောက် စေခြင်းငှါ ၊ လေဝိ သားတို့သည် သက်သေခံ ချက် တဲ တော်ပတ်လည် ၌ နေရာ ချ၍ ၊ သက်သေခံ ချက်တဲ

တော်ကို စောင့်ရှောက် ရမည် ဟု၊ ၅၄ မောရှေ အား ထာဝရဘုရား မှာ ထားတော်မူသည် အတိုင်း ဣသရေလ အမျိုးသား တို့သည် ပြု ကြ၏။

ဇ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် အား မိန့် တော်မူသည်ကား၊ ၂ ဣသရေလ အမျိုးသား အသီးအသီးတို့သည်၊ မိမိ တပ်နှင့်ဆိုင်သောအလံ၊ မိမိ အဆွေအမျိုး နှင့် ဆိုင်သော အလံ အနား မှာ၊ ပရိသတ်စည်းဝေး ရာ တဲ တော်ကို ရှေ့ရှုပြု၍ နေရာ ချရမည်။ ၃ နေ ထွက်ရာ အရှေ့ မျက်နှာ၌ ၊ ယုဒ တပ် အလံ နှင့် ဆိုင်သော အလုံးအရင်း သည် နေရာ ကျ၍ ၊ အမိနဒပ် သား နာရှုန် သည်၊ ယုဒ အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၄ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ ခုနစ်သောင်း လေးထောင်ခြောက် ရာ ရှိသတည်း။ ၅ ယုဒတပ်အနား မှာ၊ ဣသခါ တပ်ချ ၍ ၊ ဇုအာ သား နာသနေလ သည်၊ ဣသခါ အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၆ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ ငါးသောင်း လေးထောင်လေး ရာ ရှိသတည်း။ ၇ ထိုနောက်၊ ဇာဗုလုန် တပ်ချ၍၊ ဟေလုန် သား ဧလျာဘ သည်၊ ဇာဗုလုန် အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၈ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ ငါးသောင်း ခုနစ်ထောင်လေး ရာ ရှိသတည်း။ ၉ ယုဒ တပ် နှင့်ဆိုင်သော အလုံးအရင်း အရေအတွက် ကား၊ တသိန်း ရှစ်သောင်း ခြောက် ထောင် လေး ရာ ရှိသတည်း။ ဤသူတို့သည်၊ တပ် ဦး အရာ၌ ချီ ရကြမည်။ ၁၀ တောင် မျက်နှာ၌ ၊ ရုဗင် တပ် အလုံးအရင်း သည်၊ ရုဗင်အလံ ကိုထူ၍၊ ရှေဒုရ သား ဧလိဇုရ သည်၊ ရုဗင် အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၁၁ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ လေးသောင်း ခြောက်ထောင်ငါး ရာ ရှိသတည်း။ ၁၂ ရုဗင်တပ်အနား မှာ ရှိမောင် တပ်ချ ၍ ၊ ဇုရိရှဒဲ သား ရှေလုမျေလ သည်၊ ရှိမောင် အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၁၃ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ လေးသောင်း ငါးထောင်ခြောက် ရာ ငါးဆယ် ရှိသတည်း။ ၁၄ ရုဗင် တပ် နှင့်ဆိုင်သော အလုံးအရင်း အရေအတွက် ကား၊ တသိန်း ငါးသောင်း တထောင်လေး ရာ ငါးဆယ် ရှိသတည်း။ ဤသူတို့သည် ဒုတိယ တပ် အရာ၌ ချီ ရကြမည်။ ၁၅ ထိုအခါ ၊ တပ်မ အလယ် ၌ ပရိသတ်စည်းဝေး ရာ တဲ တော်နှင့်တကွ၊ လေဝိ တပ် ချီ ရမည်။ တပ်ချသည် အတိုင်း ၊ လူအသီးသီး တို့သည်၊ မိမိ နေရာ ၌ မိမိ ဆိုင်သော အလံ နှင့်အတူလိုက်လျက်ချီ ရကြမည်။ ၁၈ အနောက် မျက်နှာ၌ ဧဖရိမ်တပ် အလုံးအရင်း သည်၊ ဧဖရိမ် အလံ ကိုထူ၍၊ အမိဟုဒ် သား ဧလိရှမာ သည်၊ ဧဖရိမ် အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၁၉ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ လေးသောင်း ငါး ရာ ရှိသတည်း။ ၂၀ ဧဖရိမ်တပ်အနား မှာ မနာရှေ တပ်ချ၍၊ ပေဒါဇုရ သား ဂါမလေလျှလ သည်၊ မနာရှေ အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၂၁ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ သုံးသောင်း နှစ်ထောင်နှစ်ရာ ရှိသတည်း။ ၂၂ ထိုနောက် ဗင်္ယာမိန် တပ်ချ၍၊ ဂိဒေါနိ သား အဘိဒန် သည်၊ ဗင်္ယာမိန် အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၂၃ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ သုံးသောင်း ငါးထောင်လေး ရာ ရှိသတည်း။ ၂၄ ဧဖရိမ် တပ် နှင့်ဆိုင်သော

အလုံးအရင်း အရေအတွက် ကား၊ တသိန်း ရှစ်ထောင် တရာ ရှိသတည်း။ ဤသူတို့သည် တတိယ တပ် အရာ၌ ချီ ရကြမည်။ ၂၅ တပ်များ မြောက် မျက်နှာ၌ ၊ ဒန်တပ်အလုံးအရင်း သည်၊ ဒန် အလံ ကိုထူ၍၊ အမိရှဒ္ဒဲ သား အဟေဇာ သည်၊ ဒန် အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၂၆ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ ခြောက်သောင်း နှစ်ထောင်ခုနှစ် ရာ ရှိသတည်း။ ၂၇ ဒန်တပ်အနား မှာ၊ အာရှာ တပ်ချ၍၊ ဩကရန် သား ပါဂျေလ သည်၊ အာရှာ အမျိုးသား တို့တွင် ဗိုလ် လုပ် ရမည်။ ၂၈ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ လေးသောင်း တထောင်ငါး ရာ ရှိသတည်း။ ၂၉ ထိုနောက် ၊ နဿလိ တပ်ချ၍၊ ဧနန် သား အဟိရ သည်၊ နဿလိ အမျိုးသား တို့တွင် ဗိုလ် လုပ်ရမည်။ ၃၀ သူ အုပ်ရသောအလုံးအရင်း အရေအတွက် ကား၊ ငါးသောင်း သုံးထောင်လေး ရာ ရှိသတည်း။ ၃၁ ဒန် တပ် နှင့်ဆိုင်သော အလုံးအရင်း အရေအတွက် ကား၊ တသိန်း ငါးသောင်း ခုနစ်ထောင်ခြောက် ရာ ရှိသတည်း။ ဤသူတို့သည်၊ မိမိ တို့အလံ ပါလျက် နောက်ဆုံး တပ်အရာ၌ ချီ ရကြမည်။ ၃၂ ထိုသို့နှင့်အညီ၊ အဆွေအမျိုး အလိုက် ရေတွက် သော ဣသရေလ အမျိုးသား တပ် အလုံးအရင်း လူပေါင်း ကား၊ ခြောက် သိန်းသုံးထောင် ငါးရာ ငါးဆယ် ရှိသတည်း။ ၃၃ ထာဝရဘုရား သည်၊ မောရှ အား မှာ ထားတော်မူသည်အတိုင်း ၊ လေဝိ သားတို့ကို၊ ဣသရေလ အမျိုးသား တို့ နှင့် ရောနှော၍ မ ရေတွက် ရ။ ၃၄ ထာဝရဘုရား သည်၊ မောရှေ အား မှာ ထား တော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား အသီးသီး တို့သည်၊ မိမိ အလံ အနားမှာ မိမိနေရာချ ခြင်းကိုငင်း၊ မိမိ ဘိုး ဘ အမျိုး အလိုက် ချီ ခြင်းကိုငင်းပြု ရကြ၏။

၃ ထာဝရဘုရား သည်၊ သိနာ တောင် ပေါ် မှာ မောရှ အား ဗျာဒိတ် ပေးတော်မူသောအခါ၊ အာရုန် နှင့် မောရှေ အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိ များကို မှတ်သားသည်တွင်၊ ၂ အာရုန် ၏သား ဟူမူကား၊ သားဦး နာဒပ် ၊ ဦအဘိဟု ၊ ဧလာဇာ ၊ ဣသမာ တည်း။ ၃ ဤ သူတို့ကား၊ အဘသည် ယဇ်ပုရောဟိတ် အမှုကို ဆောင်စေခြင်းငှါ ဆီလောင်းခြင်းဘိသိက်ကိုပေး၍ အရာ၌ခန့်ထားသော အာရုန် ၏ သား ဖြစ်ကြသတည်း။ ၄ နာဒပ် နှင့် အဘိဟု သည်၊ သိနာ တော တွင် ထာဝရဘုရား ရှေ့ တော်၌၊ ထူးခြား သောမီး ကို ပူဇော် သောအခါ ၊ ထာဝရဘုရား ရှေ့ တော်၌ သေ ကြ၏။ သူတို့ ၌ သား မ ရှိ သည်ဖြစ်၍၊ ဧလာဇာ နှင့် ဣသမာ သည်၊ အဘ အာရုန် ရှေ့ မှာ ယဇ်ပုရောဟိတ် အမှုကို ဆောင်ရွက်ကြ၏။ ၅ ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၆ သင်သည် လေဝိ အမျိုးသား တို့ကို ခေါ် ခဲ့၍ ယဇ်ပုရောဟိတ် အာရုန် အမှု ကို ဆောင်စေခြင်းငှါ၊ အာရုန်ထံ၌နေရာ ချလော့။ ၇ သူတို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ မှာ၊ အာရုန်နှင့် ပရိသတ် အပေါင်း တို့ ဆောင် ရသောအမှု တည်းဟူသောတဲ တော်အမှု ကို ဆောင်ရွက် ရကြမည်။ ၈ သူတို့သည် ပရိသတ်စည်းဝေး ရာ တဲ တော် တန်ဆာ ရှိသမျှ တို့ကို ကြည့်ရှု ပြုစု၍ ၊ ဣသရေလ အမျိုးသား ဆောင်ရသောတဲ တော်အမှု ကို ဆောင် ရကြမည်။ ၉ လေဝိ သားတို့ကို၊ အာရုန် နှင့် သူ ၏သား တို့ ၌ အပ် ရမည်။ ဣသရေလ အမျိုး ထဲက သူ တို့ကိုရွေး၍ ငါ့အား အပိုင်ပေး ရမည်။ ၁၀ အာရုန် နှင့် သူ ၏သား တို့ကိုလည်း ခန့်ထား ၍၊ သူတို့သည် ယဇ်ပုရောဟိတ် အမှုကို စောင့် ရကြမည်။ သူ၏အမျိုးမှတပါး၊ အခြား သောသူသည် ချဉ်းကပ် လျှင်၊

အသေ သတ်ခြင်းကိုခံရမည်ဟု မိန့်တော်မူ၏။ ၁၁ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၁၂ ဣသရေလ အမျိုး တွင် အဦး ဘွားမြင်သော သားဦး များအတွက်၊ လေဝိ သားတို့ကို ငါ ရွေး ယူသောကြောင့်၊ လေဝိ သားတို့သည် အထူးသဖြင့်ငါ ၏လူဖြစ် ရကြမည်။ ၁၃ အကြောင်းမူကား ၊ အဲဂုတ္တု ပြည် ၌ သားဦး အပေါင်း တို့ကို ငါ သည် ဒဏ်ခတ် သောအခါ ၊ ဣသရေလ အမျိုးတွင် လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ၊ သားဦး အပေါင်း တို့ကို ငါ့ အဖို့ ငါသန့်ရှင်း စေသောကြောင့်၊ သားဦး အပေါင်း တို့ကို အထူးသဖြင့်ငါ ပိုင် ရ၏။ ငါ သည် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။ ၁၄ တဖန် ထာဝရဘုရား သည်၊ သိနာ တော ၌ မောရှေ အား မိန့် တော်မူသည်ကား၊ ၁၅ လေဝိ သား တို့တွင် အသက်တလ ကျော် ရှိသောယောကျ်ား အပေါင်း တို့ကို အဆွေအမျိုး အလိုက် ရေတွက် လော့ဟု၊ ၁၆ မှာထား တော်မူသည်အတိုင်း ၊ မောရှေ သည် လေဝိ သားတို့ကို ရေတွက် လေ၏။ ၁၇ လေဝိ သား တို့၏ နာမည် ဟူမူကား ၊ ဂေရရှုန် ၊ ကောဟတ် ၊ မေရာရိ တည်း။ ၁၈ မိမိ အဆွေအမျိုး အလိုက် ဂေရရှုန် သား တို့၏ အမည် ကား၊ လိဗနိ နှင့် ရှိမိ တည်း။ ၁၉ မိမိ အဆွေအမျိုး အလိုက် ကောဟတ် သား တို့၏ နာမည်ကား၊ အာမရံ ၊ ဣဇှာ ၊ ဟေဗြုန် ၊ ဩဇေလ တည်း။ ၂၀ မိမိ အဆွေအမျိုး အလိုက် မေရာရိ သား တို့၏ နာမည်ကား၊ မဟာလိ နှင့် မုရှိ တည်း။ ဤ သူ တို့သည်၊ မိမိ ဘိုးဘ အမျိုး အလိုက် ရေတွက်သော လေဝိ အမျိုးအနွယ် ဖြစ်ကြ၏။ ၂၁ ဂေရရှုန် မှဆင်းသက်လာသောလိဗနိ အဆွေအမျိုး ၊ ရှိမိ အဆွေအမျိုး တို့သည်၊ ဂေရရှုန် အမျိုးအနွယ် ဖြစ်ကြ၏၊ ၂၂ ထိုအဆွေအမျိုးတို့ကို ရေတွက် ၍ အသက် တလ ကျော် ရှိသောယောကျ်ား ပေါင်း ကား၊ ခုနစ် ထောင် ငါး ရာ ရှိသတည်း။ ၂၃ ဂေရရှုန် အဆွေအမျိုး တို့သည်၊ တဲ တော်အနောက် မျက်နှာ၌ နေရာ ချရမည်။ ၂၄ ဂေရရှုန် အဆွေအမျိုး သူကြီး ကား၊ လေလ သား ဧလျာသပ် တည်း။ ၂၅ ဂေရရှုန် သား တို့ အင်နေးအတာ ဟူမူကား၊ ပရိသတ်စည်းဝေး ရာ တဲ တော်၊ အပေါ် တဲ ၊ အပေါ် တဲ အဖုံး ၊ ပရိသတ်စည်းဝေး ရာတဲ တော်တံခါးဝ ၌ ကာသော ကုလားကာ ၊ ၂၆ တဲ တော်နှင့် ယဇ်ပလ္လင် ပတ်လည် ဝင်း ကုလားကာ ၊ ဝင်း တံခါးဝ ၌ ကာသောကုလားကာ ၊ ကြိုး များ အစရှိသည်တို့ကို ကြည့်ရှုပြုစုရကြမည်။ ၂၇ ကောဟတ် မှဆင်းသက်သော အာမရံ အဆွေအမျိုး ၊ ဣဇှာ အဆွေအမျိုး ၊ ဟေဗြုန် အဆွေအမျိုး ၊ ဩဇေလ အဆွေအမျိုး တို့သည်၊ ကောဟတ် အမျိုးအနွယ် ဖြစ်ကြ၏။ ၂၈ တဲ တော်ကို စောင့် သောသူ၊ ထိုအဆွေအမျိုးတို့ကို ရေတွက်၍ အသက်တလ ကျော် ရှိသောယောကျ်ား ပေါင်း ကား၊ ရှစ် သောင်း ခြောက် ရာ ရှိသတည်း။ ၂၉ ကောဟတ် အဆွေအမျိုး တို့သည်၊ တဲ တော် တောင် မျက်နှာ၌ နေရာ ချရမည်။ ၃၀ ကောဟတ် အဆွေအမျိုး သူကြီး ကား၊ ဩဇေလ သား ဧလိဇာဖန် တည်း။ ၃၁ သူ တို့အင်နေးအတာ ဟူမူကား၊ သေတ္တာ ၊ စားပွဲ ၊ ယဇ်ပလ္လင် များ၊ အမှု တော်ထမ်းစရာ တဲ တော်တန်ဆာ များ၊ အတွင်းကုလားကာ အစရှိသည်တို့ကို ကြည့်ရှုပြုစုရကြ မည်။ ၃၂ ယဇ်ပုရောဟိတ် အာရုန် သား ဧလာဇာ သည်၊ လေဝိ အဆွေအမျိုးသူကြီး တို့ကို အုပ်၍၊ တဲ တော်စောင့် သောသူတို့ ကို ကြည့်ရှု စီရင်ရမည်။ ၃၃ မေရာရိ မှ ဆင်းသက်သော မဟာလိ အဆွေအမျိုး ၊ မုရှိ အဆွေအမျိုး တို့သည်၊ မေရာရိ အမျိုးအနွယ် ဖြစ်ကြ၏။ ၃၄ ထိုအဆွေအမျိုးတို့ကို ရေတွက် ၍ အသက်တလ ကျော် ရှိသောယောကျ်ား ပေါင်း ကား၊ ခြောက် ထောင် ခုနစ်

ရာရှိသတည်း။ ၃၅ မေရာရိ အဆွေအမျိုး သူကြီး ကား၊ အဘိဟဲလ သား ဓုရေလ တည်း။ ဤသူတို့သည် တဲ တော်မြောက် မျက်နှာ၌ နေရာ ချရမည်။ ၃၆ မေရာရိ သား တို့ အင်နံးအတာ ဟူမူကား၊ တဲ တော်ပျဉ်ပြား များ၊ ကန့်လန့်ကျင် များ၊ တိုင် များ၊ ခြေစွပ် များ၊ ထိုအရာနှင့်ဆိုင်သော တန်ဆာ များ အစရှိသည်တို့ကိုငင်း၊ ဝင်း တိုင် များ၊ ၃၇ ခြေစွပ် များ၊ တံသင် များ၊ ကြိုး များတို့ကိုငင်းကြည့်ရှု ပြုစုရကြမည်။ ၃၈ မောရှေ နှင့် အာရုန် မှစ၍၊အာရုန် ၏ သား တို့ သည်၊ ဣသရေလ အမျိုးသား တို့အဘို့ ၊ သန့်ရှင်း ရာဌာန တော်ကို စောင့် လျက်၊ ပရိသတ်စည်းဝေး ရာတဲ တော် အရှေ့ မျက်နှာ၌ နေရာ ချရမည်။ သူတို့အမျိုးမှတပါး၊ အခြား သောသူသည် ချဉ်းကပ် လျှင် အသေ သတ်ခြင်းကိုခံရမည်။ ၃၉ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ မောရှေ သည် လေဝိ သားတို့ကို အဆွေအမျိုး အလိုက် ရေတွက် ၍၊ အသက်တလ ကျော် ရှိသောယောကျ်ား အပေါင်း ကား၊ နှစ်သောင်း နှစ်ထောင်ရှိသတည်း။ ၄၀ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသား တို့တွင်၊ အသက် တလ ကျော် ရှိသောသားဦး ယောကျ်ား အပေါင်း တို့ကို ရေတွက် ၍ စာရင်း ယူလော့။ ၄၁ ဣသရေလ အမျိုး သားဦး အပေါင်း တို့အတွက် လေဝိ သားတို့ကိုငင်း ၊ ဣသရေလ အမျိုးသား တို့ ၌ တိရစ္ဆာန် သားဦး အပေါင်း တို့အတွက် လေဝိ သား တို့ ၌ ရှိသောတိရစ္ဆာန် များကိုငင်း၊ ငါ့ အဘို့ ယူ လော့။ ငါ သည် ထာဝရဘုရား ဖြစ်သည်ဟု၊ ၄၂ မှာထား တော်မူသည်အတိုင်း ၊ မောရှေ သည် ဣသရေလ အမျိုး သားဦး အပေါင်း တို့ကို ရေတွက် ၍ ၊ ၄၃ အသက်တလ ကျော် ရှိသောသားဦး ယောကျ်ား နာမည် ပေါင်း ကား၊ နှစ်သောင်း နှစ်ထောင်နှစ်ရာ ခုနစ်ဆယ် သုံး ယောက် ရှိ သတည်း။ ၄၄ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၄၅ ဣသရေလ အမျိုး သားဦး အပေါင်း တို့အတွက် လေဝိ သားတို့ကိုငင်း ၊ ဣသရေလ အမျိုးသားတို့ ၌ တိရစ္ဆာန် များအတွက် လေဝိ သားတို့ ၌ရှိသောတိရစ္ဆာန် များကိုငင်းယူ လော့။ လေဝိ သားတို့သည် ငါ ၏ လူဖြစ် ရကြမည်။ ငါ သည် ထာဝရဘုရား ဖြစ်၏။ ၄၆ လေဝိ သားတို့ထက် ပို သော ဣသရေလ အမျိုး သားဦး နှစ်ရာ ခုနစ်ဆယ် သုံး ယောက်တို့ကို ရွေး ရမည်အမှု မှာ၊ ၄၇ အကျပ် တော်အလိုက် လူတကိုယ်လျှင် ငါး ကျပ် စီ ခံယူ ရမည်။ အကျပ် ကား၊ ဂေရ နှစ်ဆယ် ဖြစ်သတည်း။ ၄၈ ပို သောသူတို့ပေးရသောအရွေး ငွေကို၊ အာရုန် နှင့် သူ ၏သား တို့အား ပေး ရမည်ဟု မိန့် တော်မူသည် အတိုင်း ၊ ၄၉ လေဝိ သားတို့နှင့် ဣသရေလ အမျိုး သားဦး တို့ကိုရွေး ၍၊ ပို သေးသော သားဦးတို့၏ အရွေး ငွေ ကို၊ ၅၀ မောရှေ သည် အကျပ် တော်နှင့်ချိန်လျှက်၊ အခွက် တဆယ်သုံး ပိသာခြောက်ဆယ်ငါးကျပ်ကိုယူ ပြီးလျှင် ၊ ၅၁ ထာဝရဘုရား မှာထား တော်မူသောစကား တော်အတိုင်း ၊ ထိုအရွေး ငွေ ကို အာရုန် နှင့် သူ ၏သား တို့အား ပေး လေ၏။

၄ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် အား မိန့် တော်မူသည်ကား၊ ၂ လေဝိ အမျိုး ၊ ကောဟတ် အနွယ်သား တို့တွင်၊ အသက် သုံးဆယ် လွန် ၍ ငါးဆယ် မ မှီ၊ ပရိသတ်စည်းဝေး ရာ တဲ တော်အမှု ကိုဆောင် ခြင်းငှါ ၊ ၃ အလုံးအရင်း ဝင် သောသူအပေါင်း တို့ကို၊ ဘိုး ဘအဆွေအမျိုး အလိုက် စာရင်းယူ လော့။ ၄ အလွန် သန့်ရှင်းသော အရာတို့နှင့်ဆိုင်၍ ပရိသတ်စည်းဝေး ရာတဲ တော်၌ ကောဟတ် သား များ စောင့်ရှောက်ရသောအမှု ဟူမူကား၊ ၅ တပ်

ချီ ချိန် ရောက်သောအခါ ၊ အာရုန် နှင့် သူ ၏သား တို့သည် လာ ၍ ၊ အတွင်းကုလားကာ ကို ချ ပြီးလျှင် ၊ သက်သေခံ ချက် သေတ္တာ ကို အုပ် ရမည်။ ၆ ကုလားကာ အပေါ် မှာ တဟာရှ သားရေ နှင့် အုပ် ပြန်၍ သားရေအပေါ် မှာလည်း ပြာ သောအထည် ကို ခင်း ပြီးမှ ၊ ထမ်းဘိုး တို့ကို လျှို ထားရမည်။ ၇ ရှေ့ တော်မုန့်စားပွဲ ပေါ်မှာ ပြာ သောအထည် ကို ခင်း ၍ ၊ လင်ပန်း ၊ ဇွန်း ၊ လောင်း စရာဖလား များနှင့်တကွ ၊ အမြဲ ထည့် ရသောမုန့် ကို တင် ပြီးမှ၊ ၈ ထိုအရာတို့ကို၊ နီ သောအထည် နှင့် အုပ် ရမည်။ တဖန် တဟာရှ သားရေ နှင့် အုပ် ပြန်၍ ၊ ထမ်းဘိုး တို့ကို လျှို ထားရမည်။ ၉ မီး ထွန်းရာ မီးခုံ ၊ မီးခွက် ၊ မီးညှပ် ၊ မီးညှပ်ခံရာ ခွက် ၊ ဆီ အိုး အစရှိသည်တို့ကို၊ ပြာ သောအထည် နှင့် အုပ် ပြီးမှ ၊ ၁၀ ထိုတန်ဆာ ရှိသမျှ တို့ကို၊ တဟာရှ သားရေ အိတ် ထဲ၌ သွင်း ထား၍ ၊ ထမ်းဘိုး ကို တပ် ရမည်။ ၁၁ ရွှေ ယဇ်ပလ္လင် ပေါ်မှာ ၊ ပြာ သောအထည် ကို ခင်း ၍ ၊ တဟာရှ သားရေ နှင့် အုပ် ပြီးလျှင် ၊ ထမ်းဘိုး တို့ကို လျှိုထား ရမည်။ ၁၂ သန့်ရှင်း ရာဌာန၌ အမှု တော်ကို ဆောင်ရွက်ရန် တန်ဆာ ရှိသမျှ တို့ကို၊ ပြာ သောအထည် အိတ်ထဲ၌ သွင်း ထား၍ ၊ တဟာရှ သားရေ ဖြင့် အုပ် ပြီးမှ၊ထမ်းဘိုး ကို တပ် ရမည်။ ၁၃ ယဇ်ပလ္လင် မှ ပြာ ကိုပယ်ရှင်း၍ ၊ ပလ္လင် ပေါ်မှာ မောင်း သောအထည် ကို ခင်း ပြီးလျှင် ၊ ၁၄ ထိုပလ္လင်နှင့်ဆိုင်သော အမှု တော်ထမ်းရန် တန်ဆာ တည်းဟူသောလင်ပန်း ၊ အမဲသား ချိတ်၊ တူးရွင်းပြား ၊ အင်တုံ အစရှိသော ယဇ်ပလ္လင် တန်ဆာ ရှိသမျှ တို့ကို တင် ၍ ၊ တဟာရှ သားရေ နှင့် အုပ် ပြီးမှ၊ထမ်းဘိုး တို့ကို လျှို ထားရမည်။ ၁၅ ထိုသို့ တပ် ချီ ချိန်ရောက်သောအခါ ၊ အာရုန် နှင့် သူ ၏သား တို့သည်၊ သန့်ရှင်း ရာဌာနတော်နှင့် သန့်ရှင်း သော တန်ဆာ ရှိသမျှ တို့ကို ဖုံးအုပ် သောနောက် ၊ ကောဟတ် သား တို့သည် ထမ်း ခြင်းငှါ ချဉ်းကပ် ရကြမည်။ သို့ရာတွင် သူတို့သည် သေ ဘေးနှင့် လွတ်မည်အကြောင်း၊သန့်ရှင်း သောအရာကို မ ကိုင် ရ၊ ဤရွေ့ကား ပရိသတ် စည်းဝေး ရာ တဲ တော်၌ ကောဟတ် သား များ ဆောင်ရွက် ရသောအမှုပေတည်း။ ၁၆ ယဇ်ပုရောဟိတ် အာရုန် သား ဧလာဇာ ၏ အရာနှင့်ဆိုင်သော အမှုဟူမူကား၊ မီး ထွန်းစရာ ဆီ၊ မီးရှို့ရာ နံ့သာပေါင်း မွှေး၊ နေ့ရက် အစဉ်အတိုင်းဆက်ကပ်ရသောဘောဇဉ်ပူဇော်သက္ကာ ၊ လိမ်း ရန်ဆီ အစရှိသော တဲ တော် နှင့် တဲ တော်တန်ဆာရှိသမျှ တို့ကိုငင်း၊ သန့်ရှင်း ရာဌာနတော်နှင့် သန့်ရှင်းသောတန်ဆာ ရှိသမျှတို့ကိုငင်း ကြည့်ရှု ပြုစုရမည်။ ၁၇ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် အား မိန့် တော်မူသည်ကား၊ ၁၈ ကောဟတ် အဆွေအမျိုး အနွယ်သား တို့ကို၊ လေဝိ သားစုထဲက မ ပယ် မဖြတ်နှင့်။ ၁၉ သူတို့သည် အလွန် သန့်ရှင်းသောအရာတို့ကို ချဉ်းကပ် သောအခါ ၊ သေ ဘေးလွတ် ၍ အသက်ရှင် မည်ကြောင်း ၊ အာရုန် နှင့် သူ ၏သား တို့သည် အရင်ဝင် ၍ ၊ လူ အသီးသီး စောင့်ရသောအမှု ၊ ထမ်း ရသောဝန်တို့ကို ခွဲခန့် ရမည်။ ၂၀ သို့ရာတွင် သန့်ရှင်း သောအရာတို့ကို ဖုံးအုပ် စဉ်အခါ၊ ကောဟိတ် သားတို့သည် သေ ဘေးနှင့် လွတ်မည်အကြောင်း၊ အထဲ သို့ဝင် ၍ မ ကြည့် ရဟု မိန့် တော်မူ၏။ ၂၁ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂၂ ဂေရရှုန် အနွယ်သား တို့တွင်၊ အသက် သုံးဆယ် လွန် ၍ ငါးဆယ် မ မှီ၊ ပရိသတ်စည်းဝေး ရာတဲ တော်အမှု ကိုဆောင် ခြင်းငှါ အလုံးအရင်းဝင် သောသူအပေါင်း တို့ကို၊ ဘိုးဘေး အဆွေအမျိုး အလိုက် စာရင်း ယူ လော့။ ၂၄ ဂေရရှုန် အဆွေအမျိုး တို့သည် စောင့်ရသောအမှု ၊ ထမ်း

ရသောဝန်ဟူမူကား ၊ ၂၅ အတွင်းတဲ့ တော် ကုလားကာ ၊ ပရိသတ်စည်းဝေး ရာ တဲ့ တော်ကုလားကာ၊ အပေါ် တဲ့ ၊ တဟာရ္ဂ သားရေအဖုံး ၊ ပရိသတ်စည်းဝေး ရာ တဲ့ တော်တံခါးဝ ၌ ကာသောကုလားကာ ၊ ၂၆ တဲ့ တော်နှင့် ယဇ်ပလ္လင် ပတ်လည် ဝင်း ကုလားကာ ၊ ဝင်း တံခါးဝ ၌ကာသော ကုလားကာ ၊ ကြိုး များအစရှိ သည်တို့ကိုဂင်း၊ ထိုအရာများနှင့် ဆိုင်၍ အမှု တော်ထမ်း ရန် တန်ဆာ ရှိသမျှ တို့ကိုဂင်းထမ်းရွက် ရကြမည်။ ၂၇ ဂေရရှုန် သား များ အမှု စောင့်လေရာရာ ၊ ဝန်ထမ်း လေရာရာ ၌၊ အာရုန် နှင့် သူ ၏သား တို့ ခွဲခန့် စီရင် သည်အတိုင်း ဆောင်ရွက် ရကြမည်။ ၂၈ ဤရွေ့ကား ၊ ပရိသတ်စည်းဝေး ရာတဲ့ တော်၌ ၊ ဂေရရှုန် အဆွေအမျိုး သား များ ဆောင်ရွက်ရသောအမှု ပေတည်း။ ယဇ်ပုရောဟိတ် အာရုန် ၏ သား ဣသမာ သည် သူ တို့ကိုအုပ် ရမည်။ ၂၉ မေရာရိ သား တို့တွင်လည်း၊ အသက် သုံးဆယ် လွန် ၍ ငါးဆယ် မ မှီ၊ ပရိသတ်စည်းဝေး ရာတဲ့ တော်အမှု ကို ဆောင် ခြင်းငှါ ၊ အလုံးအရင်းဝင် သောသူအပေါင်း တို့ကို ဘိုးဘ အဆွေအမျိုး အလိုက် စာရင်း ယူလော့။ ၃၀ သူတို့သည် ပရိသတ်စည်းဝေး ရာ တဲ့ တော်၌ စောင့်ရသောအမှု ၊ ထမ်း ရသောဝန် ဟူမူကား ၊ တဲ့ တော် ပျဉ်ပြား ၊ ကန့်လန့်ကျင် ၊ တိုင် ၊ ခြေစွပ် ၊ ၃၂ ဝင်း တိုင် ၊ ခြေစွပ် ၊ တံသင် ၊ ကြိုး များတို့ကိုဂင်းထိုအရာများနှင့်ဆိုင်၍ အမှု တော်ထမ်းရန် တန်ဆာ ရှိသမျှ တို့ကိုဂင်းထမ်းရွက်ကြရမည်။ သူ တို့ထမ်းရွက် ရသော တန်ဆာ တို့ကို အမည် မှတ်၍ ရေတွက် ရမည်။ ၃၃ ဤရွေ့ကား ၊ ယဇ်ပုရောဟိတ် အာရုန် ၏ သား ဣသမာ အုပ်၍၊ ပရိသတ်စည်းဝေး ရာ တဲ့ တော်၌ မေရာရိ အဆွေအမျိုး သား များ ဆောင်ရွက်ရသောအမှု ပေတည်း။ ၃၄ မောရှေ နှင့် အာရုန် အစရှိသော ပရိသတ် သူကြီး တို့သည်၊ ကောဟတ် သား တို့တွင် အသက် သုံးဆယ် လွန် ၍ ငါးဆယ် မမှီ၊ ပရိသတ်စည်းဝေး ရာတဲ့ တော်အမှု ကို ဆောင် ခြင်းငှါ ၊ အလုံးအရင်းဝင် သောသူအပေါင်း တို့ကို၊ ဘိုးဘ အဆွေအမျိုး အလိုက် ရေတွက် ၍ စာရင်းသွင်း သောလူပေါင်းကား၊ နှစ် ထောင်ခုနစ် ရာ ငါးဆယ် ရှိ သတည်း။ ၃၅ ဤ သူတို့သည်၊ မောရှေ ၌ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ မောရှေ နှင့် အာရုန် သည် ရေတွက် ၍ ပရိသတ်စည်းဝေး ရာ တဲ့ တော်အမှုကို ဆောင်ရွက် ရသော ကောဟတ် အဆွေအမျိုး သားပေတည်း။ ၃၆ ဂေရရှုန် သား တို့တွင် အသက် သုံးဆယ် လွန် ၍ ငါးဆယ် မမှီ၊ ပရိသတ်စည်းဝေး ရာတဲ့ တော်အမှု ကို ဆောင် ခြင်းငှါ ၊ အလုံးအရင်းဝင် သောသူအပေါင်း တို့ကို၊ ဘိုးဘ အဆွေအမျိုး အလိုက် ရေတွက် ၍ စာရင်းသွင်း သောလူပေါင်းကား၊ နှစ် ထောင်ခြောက် ရာ သုံးဆယ် ရှိ သတည်း။ ၃၁ ဤ သူတို့သည်၊ ထာဝရဘုရား မှာထား တော်မူသည် အတိုင်း ၊ မောရှေ နှင့် အာရုန် သည် ရေတွက် ၍ ပရိသတ်စည်းဝေး ရာ တဲ့ တော်အမှုကို ဆောင်ရွက် နေရ သော ဂေရရှုန် အဆွေအမျိုး သား ပေတည်း။ ၃၂ မေရာရိ သား တို့တွင် အသက် သုံးဆယ် လွန် ၍ ငါးဆယ် မမှီ၊ ပရိသတ်စည်းဝေး ရာတဲ့ တော်အမှု ကို ဆောင် ခြင်းငှါ ၊ အလုံးအရင်းဝင် သောသူအပေါင်း တို့ကို၊ ဘိုးဘ အဆွေအမျိုး အလိုက် ရေတွက် ၍ စာရင်းသွင်း သောလူပေါင်းကား၊ သုံး ထောင် နှစ် ရာရှိ သတည်း။ ၃၃ ဤ သူတို့သည်၊ မောရှေ ၌ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ မောရှေ နှင့် အာရုန် သည် ရေတွက် သော မေရာရိ အဆွေအမျိုး သား ပေတည်း။ ၃၆ ထိုသို့နှင့်အညီ၊ လေဝိ သားတို့တွင်အသက် သုံးဆယ် လွန် ၍ ငါးဆယ် မမှီ၊ ပရိသတ်စည်းဝေး ရာတဲ့ တော်အမှု

တော်ကိုစောင့် ၍ ဝန်များကိုထမ်း ခြင်းငှါ ဝင် သောသူအပေါင်း တို့ကို၊ ဘိုးဘေး အဆွေအမျိုး အလိုက် မောရှေ နှင့် အာရုန် အစရှိသောကလသရေလ အမျိုးသူကြီး တို့သည် ရေတွက် ၍စာရင်းသွင်း သောလူပေါင်းကား၊ ရှစ် ထောင် ငါး ရာ ရှစ်ဆယ် ရှိ သတည်း။ ၄၉ မောရှေ၌ ထာဝရဘုရား ထား တော်မူသောပညတ်တော်အတိုင်း ၊ လူ အသီးသီး စောင့်ရသောအမှု ၊ အသီးအသီး ထမ်း ရသောဝန်တို့ကိုထောက်၍မောရှေရေတွက် သတည်း။

၅ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ ငါ နေ သော တပ် ကို မ ညစ်ညူး စေခြင်းငှါ၊ ကလသရေလ အမျိုးသား တို့သည်၊ နူ သောသူ၊ ရိနာစွဲ သောသူ၊ အသေကောင် ထိ၍ မစင်ကြယ် သောသူယောကျ်ား မိန်းမ အပေါင်း တို့ကို၊ တပ် ပြင် မှာ နေရာ ချထားရမည်အကြောင်း ဆင့်ဆို လော့ဟု၊ ၄ မောရှေ အား မိန့် တော်မူသည်အတိုင်း ၊ ကလသရေလ အမျိုးသား တို့သည် ပြု ကြ၏။ ၅ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် ကလသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၆ လူ ပြုတတ်သော ဒုစရိုက် ကိုပြု ၍၊ ထာဝရဘုရား ကို ပြစ်မှား သဖြင့် အပြစ် ရောက်သော ယောကျ်ား မိန်းမ သည်၊ ၇ ထို အပြစ် ကို ဘော်ပြ ၍ တောင်းပန်ရမည်။ ပြစ်မှား သောအတွက်၊ ငါးစုတစု ကိုထပ်၍ ပြစ်မှား ခံသောသူ အား ပေး ရမည်။ ၈ ထိုအပြစ်အတွက် ပေးသောဥစ္စာကိုခံထိုက်သော အမျိုးသား ချင်းမ ရှိလျှင် ၊ ယဇ်ပုရောဟိတ် အဘို့ ထာဝရဘုရား အား ပူဇော် ရမည်။ ထိုမှတပါး၊ အပြစ် ဖြေစေခြင်းငှါ၊ အပြစ် ဖြေရာယဇ်ဘို့၊ သိုး တကောင်ကို ပူဇော်ရမည်။ ၉ ယဇ်ပုရောဟိတ် အား ကလသရေလ အမျိုးသား ပူဇော်၍ သန့်ရှင်း သောအရာရှိသမျှ တို့သည်၊ ယဇ်ပုရောဟိတ် ၏ဥစ္စာ ဖြစ် ရမည်။ ၁၀ လူ တိုင်းသန့်ရှင်း စေ၍ ယဇ်ပုရောဟိတ် အား လူ သမျှတို့သည်လည်း၊ ယဇ်ပုရောဟိတ် ၏ ဥစ္စာဖြစ် ရမည်ဟု မိန့် တော်မူ၏။ ၁၁ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် ကလသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၁၂ လင်ရှိသောမိန်းမ သည် အခြားတပါးသော ယောကျ်ား နှင့် မှားယွင်း ၍ လင် ကို ပြစ်မှား လျှင် ၎င်း ၊ မှားယွင်း စဉ်တွင်သူတပါးမ တွေ့ မိ၊ သက်သေ မ ရှိ၊ သီလပျက် သော်လည်း ၊ ထိုအမှုကိုဝှက် ထား၍ လင် မသိ လျှင်၎င်း၊ ၁၄ သီလ ပျက်သည်ဖြစ်စေ၊ မပျက်သည်ဖြစ်စေ၊ လင်သည် မယား ကိုမ ယုံလျှင် ၎င်း၊ ၁၅ ထိုမိန်းမ ပြုရသော ပူဇော်သက္ကာ ဘို့မုယော မုန့်တည်မဲ့ ပါလျက်၊ သူ့ကိုယဇ်ပုရောဟိတ် ထံသို့ ခေါ် သွားရမည်။ မုန့်ညက်ပေါ်မှာ ဆီ ကိုမ လောင်း ရ။ လောဗန် ကိုမ တင် ရ။ မယားကိုမ ယုံခြင်းပူဇော်သက္ကာ ၊ အပြစ် ကိုဖော် တင်ရာပူဇော်သက္ကာ ဖြစ်၏။ ၁၆ ယဇ်ပုရောဟိတ် သည်၊ ထိုပူဇော်သက္ကာကို ယူ ၍ ထာဝရဘုရား ရှေ့ တော်၌ ထား ရမည်။ ၁၇ ယဇ်ပုရောဟိတ် သည် သန့်ရှင်း သော ရေ ကို မြေ အိုး ၌ လောင်း ပြီးလျှင် ၊ တဲ တော်၌ရှိသောမြေမှုန့် ကို ယူ ၍ ရေ ထဲမှာ ထည့် ရမည်။ ၁၈ ထိုမိန်းမ ကို ထာဝရဘုရား ရှေ့ တော်မှာထား ပြီးလျှင် ၊ ခေါင်း ၌ အချည်းစည်း ရှိစေ၍၊ မယားကိုမ ယုံခြင်းပူဇော်သက္ကာ တည်းဟူသော သတိပေး ရာပူဇော်သက္ကာကို မိန်းမ လက် ၌ ထည့် ရမည်။ ကျိန် ခြင်းဘေးကိုဖြစ်စေသော ရေ ခါး ကို၊ ယဇ်ပုရောဟိတ် ကိုယ်တိုင်ကိုင် ရမည်။ ၁၉ ထိုအခါ ယဇ်ပုရောဟိတ် သည်၊ ထိုမိန်းမ ကို အကျိန် တိုက်လျက်၊ သင်သည် ကိုယ် ခင်ပွန်း မှတပါး အခြားသောယောကျ်ား နှင့် မှားယွင်း ခြင်း၊ ညစ်ညူး ခြင်းမ ရှိလျှင် ၊ ကျိန် ခြင်းဘေးကိုဖြစ်စေသော၊ ဤရေ ခါး နှင့် ကင်းလွတ် စေသတည်း။ ၂၀ ကိုယ် ခင်ပွန်း မှတပါး

အခြားသော ယောကျ်ား နှင့် မှားယွင်း ၍ ညစ်ညူး ခြင်းရှိလျှင် ၊ ၂၁ ထာဝရဘုရား သည်၊ သင် ၏ပေါင် ကို ပိန် စေ၍ ဝမ်း ကိုလည်း ရောင် စေသဖြင့်၊ သင့် ကိုကျိန် အပ်သောသူ၊ အထိမ်းအမှတ်ပြု၍ လူ များကျိန်ဆို ခြင်းကို ခံရသောသူဖြစ် စေခြင်းငှါစီရင်တော်မူစေသတည်း။ ၂၂ ကျိန် ခြင်းဘေး ဖြစ်စေသော ဤ ရေ သည်သင် ၏ ဝမ်း ထဲသို့ ဝင် ၍ ဝမ်း ရောင် ခြင်း၊ ပေါင် ပိန် ခြင်းကိုဖြစ်စေ သတည်းဟု ယဇ်ပုရောဟိတ် သည် ကျိန် ခြင်းအကျိန် တိုက် လျှင် ၊ မိန်းမ က၊ အာမင် ၊ အာမင် ဟု ဝန်ခံ ရမည်။ ၂၃ ယဇ်ပုရောဟိတ် သည်လည်း၊ ထို အကျိန် တို့ကို ရေးမှတ် ၍ ၊ တဖန် ရေ ခါး နှင့်ချေ ပြီးမှ ၊ ၂၄ ကျိန် ခြင်းဘေးဖြစ်စေသောရေ ခါး ကို မိန်းမ အား တိုက် ရမည်။ ထိုရေ သည် မိန်းမ ထဲသို့ ဝင် ၍ ခါး လိမ့်မည်။ ၂၅ ထိုအခါ ယဇ်ပုရောဟိတ် သည်၊ မယားကို မ ယုံ ခြင်းပူဇော်သက္ကာကို မိန်းမ လက် မှ ယူ ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ ချီ လွှဲလျက် ယဇ်ပလ္လင် ပေါ်မှာ ဆက် ပြီးလျှင်၊ ၂၆ မုန့်ညက်တလက်ဆွန်း တည်းဟူသောပူဇော်သက္ကာ အတွက်အတာ ကို ယဇ်ပလ္လင် ပေါ်မှာ မီး ရှို့၍ ၊ ထိုနောက် အကျိန်ရေ ကို မိန်းမ သောက် စေရမည်။ ၂၇ ထိုမိန်းမသည် လင် ကိုပြစ်မှား ၍ ညစ်ညူး ခြင်း ရှိလျှင် ၊ ကျိန်ခြင်းဘေးဖြစ်စေသော ရေ ကိုသောက် ပြီးမှ ၊ သူ့ အထဲ၌ ရေ ဝင် ၍ ခါး သဖြင့် ၊ ဝမ်း ရောင် ခြင်း၊ ပေါင် ပိန် ခြင်းသို့ရောက်၍ ထိုမိန်းမ သည် မိမိ အမျိုး ၌ ကျိန် အပ် သောသူဖြစ် လိမ့်မည်။ ၂၈ သို့မဟုတ် ထိုမိန်းမ သည် မ ညစ်ညူး ၊ စင်ကြယ် ခြင်းရှိလျှင် ၊ ဘေးနှင့်လွတ် ၍ ပဋိသန္ဓေ ယူသော အခွင့် ရှိလိမ့်မည်။ ၂၉ ဤရွေ့ကား ၊ မိန်းမ သည် ကိုယ် ခင်ပွန်း မှတပါး အခြားသော ယောကျ်ားနှင့် မှားယွင်း ၍ ညစ်ညူး ခြင်း ရှိသော်ငင်း၊ ၃၀ ယောကျ်ား သည် မယားကို မ ယုံသောသဘော စွဲလမ်းသော်ငင်း၊ စောင့်ရသောတရား ပေတည်း။ ယောကျ်ားသည် မယား ကိုမ ယုံ၊ ထာဝရဘုရား ရှေ့ တော်၌ ထား သောအခါ ၊ ယဇ်ပုရောဟိတ် သည် ဤ တရား အတိုင်း စီရင် သဖြင့်၊ ၃၁ ယောကျ်ား သည် အပြစ် နှင့် ကင်းလွတ် ၍ မိန်းမ သည် မိမိ အပြစ် ကိုခံရ မည်ဟု မိန့်တော်မူ၏။

၆ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ယောကျ်ား ဖြစ်စေ ၊ မိန်းမ ဖြစ်စေ၊ ထာဝရဘုရား အဘို့ မိမိကိုခြားနား စေ၍ နာဇရိ သစ္စာ ပြုခြင်းငှါ ၊ မိမိကို မိမိခွဲထားသောအခါ၊ ၃ စပျစ်ရည် နှင့် ယစ် မျိုးကို ရှောင် ရမည်။ စပျစ်ရည် ချဉ် နှင့် ယစ် မျိုးချဉ် ကိုလည်း မ သောက် ရ။ စပျစ်သီး ဖြင့် လုပ်သောအရည် ကိုအလျှင်း မ သောက် ရ။ စပျစ်သီး အစိမ်း အခြောက် ကိုလည်း မ စား ရ။ ၄ ခြားနား လျက်နေသောကာလ ပတ်လုံး ၊ စပျစ်သီးအဆန် ၊ စပျစ်သီးအခွံ မှစ၍စပျစ်ပင် က ဖြစ် သမျှ ကို မ စား ရ။ ၅ ခြားနား ခြင်းသစ္စာ စောင့်သော ကာလ ပတ်လုံး ဦးဆံ ကို မ ရိတ် ရ။ ထာဝရဘုရား အဘို့ မိမိကို ခြားနား စေ သော ကာလ မ စေ့ မှီတိုင်အောင်၊ သူသည် သန့်ရှင်း ရ သဖြင့်၊ မိမိ ဆံပင် ကို အလိုအလျောက်တိုးပွား စေမည်။ ၆ ထာဝရဘုရား အဘို့ မိမိ ကိုခြားနား စေသော ကာလ ပတ်လုံး ၊ အသေကောင် ကို မ ချဉ်း မကပ်ရ။ ၇ သူ ၏ဘုရားသခင် အဘို့ သူ ၏ခေါင်း ကို ခြားနား စေသောကြောင့် ၊ မိ ဘ ၊ ညီအစ်ကို ၊ နှမ သေ သော်လည်း ၊ ညစ်ညူး ခြင်းကိုမ ခံရ။ ၈ ခြားနား လျက်နေသောကာလ ပတ်လုံး ၊ ထာဝရဘုရား အဘို့ သန့်ရှင်း ရမည်။ ၉ သူ့ အနား မှာ တစုံတယောက်သောသူသည် ချက်ခြင်း သေ ၍ ၊ သူသည် ခြားနား စေသောခေါင်း ကို ညစ်ညူး စေလျှင် ၊ စင်ကြယ် စေသောနေ့ တည်းဟူသောသတ္တမ

နေ့ ၌ ဦးဆံ ကိုရိတ် ရမည်။ ၁၀ အဌမ နေ့ ၌ ခို နှစ် ကောင်ဖြစ်စေ ၊ ချိုး ကလေး နှစ် ကောင်ဖြစ်စေ၊ တခုခုကို ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့၊ ယဇ်ပုရောဟိတ် ထံသို့ ဆောင် ခဲ့ရမည်။ ၁၁ ယဇ်ပုရောဟိတ် သည်လည်း ၊ အပြစ် ဖြေရာယဇ် ဘို့ တ ကောင်၊ မီးရှို့ ရာယဇ်ဘို့ တ ကောင်ကို ပူဇော် ၍ ၊ ထိုသူ ၌ အသေကောင် အားဖြင့် ရောက်သော အပြစ် ဖြေခြင်းကို ပြုပြီးမှ ၊ ထိုနေ့ခြင်း တွင် သူ ၏ခေါင်း ကို သန့်ရှင်း စေ ရမည်။ ၁၂ အရင်ခြားနား စေသော ကာလ ကို ထာဝရဘုရား အဘို့ တဖန် ခြားနား စေ၍၊ အခါမလည် သော သိုးသငယ် တကောင်ကို ဒုစရိုက် ဖြေရာ ယဇ်ပြု၍ ပူဇော် ရမည်။ အရင်ခြားနား ခြင်းပျက် သောကြောင့် ၊ လွန် သောကာလ ပျောက် ရမည်။ ၁၃ ခြားနား ၍ နေသောကာလ စေ့ ပြီးမှ၊ နာဇရိ လူ စောင့်ရသောတရား ဟူမူကား ၊ သူသည် ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့သို့ လာ ၍ ၊ ၁၄ မီးရှို့ ရာယဇ်ဘို့ အခါမလည် ၊ အပြစ် မပါသော သိုးသငယ် အထီးတ ကောင်၊ အပြစ် ဖြေရာယဇ်ဘို့ အခါမလည် ၊ အပြစ် မပါသော သိုးသငယ် အမတ ကောင်၊ မိဿဟာယ ယဇ်ဘို့ အပြစ် မပါသောဆိတ် တ ကောင်၊ ၁၅ ဆီ ရော သောမုန့်ညက် နှင့်လုပ်သော မုန့်ပြား ၊ ဆီ လူး သော တဆေးမဲ့ မုန့်ကြွပ် တည်းဟူသောတဆေးမဲ့ မုန့်တတောင်း ၊ ဘောဇဉ်ပူဇော်သက္ကာ ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကို ထာဝရဘုရား အား ဆက် ရမည်။ ၁၆ ထိုပူဇော်သက္ကာများကို၊ ယဇ်ပုရောဟိတ် သည် ထာဝရဘုရား ထံ တော်သို့သွင်း ၍ ၊ အပြစ် ဖြေရာ ယဇ်၊ မီးရှို့ ရာယဇ်ကို ပူဇော် ရမည်။ ၁၇ တဆေးမဲ့ မုန့်တတောင်း နှင့်တကွ ၊ မိဿဟာယ ယဇ်ဆိတ် ကိုငင်း ၊ ဘောဇဉ်ပူဇော်သက္ကာ ၊ သွန်းလောင်း ရာပူဇော်သက္ကာကိုငင်း၊ ထာဝရဘုရား အား ပူဇော် ရမည်။ ၁၈ နာဇရိ လူသည်၊ ပရိသတ်စည်းဝေး ရာ တဲ တော် တံခါး နားမှာ၊ မိမိ ခြားနား သော ဦးဆံ ကိုရိတ် ၍ ၊ ထိုဆံ ကို မိဿဟာယ ယဇ်အောက် ၌ရှိသောမီး ထဲမှာ ထည့် ရမည်။ ၁၉ ခြားနား သော ဦးဆံကိုရိတ် ပြီးမှ ၊ ယဇ်ပုရောဟိတ် သည် ပြုတ် သော ဆိတ် ပခုံး တဘက်၊ တောင်း ထဲက တဆေးမဲ့ မုန့်ပြား တ ပြား၊ တဆေးမဲ့ မုန့်ကြွပ် တ ချပ်ကို ယူ ၍၊ နာဇရိ လူလက် ၌ ထည့် ပြီးလျှင် ၊ ၂၀ ထာဝရဘုရား ရှေ့ တော်၌ ချီလွှဲ ရာပူဇော်သက္ကာဘို့ ချီလွှဲ ရမည်။ ထိုအရာတို့သည်၊ ချီလွှဲ ရာရင်ပတ် ၊ ချီလွှဲရာ ပခုံး နှင့်တကွ၊ ယဇ်ပုရောဟိတ် အဘို့ သန့်ရှင်း ရမည်။ ထိုနောက်မှ ၊ နာဇရိ လူသည် စပျစ်ရည် ကို သောက် ရသောအခွင့်ရှိ၏။ ၂၁ ဤရွေ့ကား ၊ သစ္စာ ပြုသော နာဇရိ လူသည်၊ အလိုအလျောက်တတ်နိုင် သမျှ မှတပါး၊ မိမိ ခြားနား ခြင်းအတွက် ၊ ထာဝရဘုရား အား ဆက်ရသောပူဇော်သက္ကာ နှင့် ဆိုင် သော တရား ပေတည်း။ သစ္စာ ပြုသည်အတိုင်း ၊ ခြားနား ခြင်းတရား နှင့်အညီ ပြု ရမည်ဟု မိန့်တော်မူ၏။ ၂၂ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂၃ သင်သည် အာရုန် နှင့် သူ ၏သား တို့အား ဆင့်ဆို ရမည်မှာ၊ သင်တို့သည်၊ ဣသရေလ အမျိုးသား တို့အား ကောင်းကြီး ပေး၍ မြွက် ရသောစကားဟူမူကား ၊ ၂၄ ထာဝရဘုရား သည်၊ သင့် ကို ကောင်းကြီး ပေး၍ စောင့်မ တော်မူပါစေသော။ ၂၅ ထာဝရဘုရား သည်သင် ၌ မျက်နှာ တော်အလင်း ကို လွှတ်၍ ကရုဏာ ကျေးဇူးပြုတော်မူပါစေသော၊ ၂၆ ထာဝရဘုရား သည် သင့် ကို မြော်ကြည့် ၍ ချမ်းသာ ပေး တော်မူပါစေသောဟု၊ ၂၇ ဣသရေလ အမျိုးသား တို့ အပေါ် မှာ ငါ့ နာမ ကို မြွက်ဆို၍ တင် လျှင် ၊ ငါ သည်ထိုသူ တို့ကို ကောင်းကြီး မင်္ဂလာပေးမည်ဟု မိန့် တော်မူ၏။

၇ မောရှေ သည် တဲ တော်ကို ထူထောင် ၍၊ တဲတော် နှင့် တဲ တော်တန်ဆာ ရှိသမျှ တို့ကိုငင်း၊ ယဇ်ပလ္လင် နှင့် ယဇ်ပလ္လင် တန်ဆာ ရှိသမျှ တို့ကိုငင်း ဆီ လူး၍ ၊ သန့်ရှင်း စေခြင်း အမှုကို လက်စသတ် သောနေ့ ၌ ၊ ၂ စာရင်း ဝင်သောသူတို့ကို အုပ် ၍ ဣသရေလ အမျိုးအနွယ်အသီးသီးတို့ ၌ မင်း ဖြစ်သောသူ၊ အဆွေအမျိုး သူကြီးမင်း တို့သည်၊ ၃ မင်းတပါးနွားထီး တကောင်စီ ၊ မင်း နှစ် ပါးအမိုး ပါသောရထား တခုစီ၊ ရထား ခြောက် ခု၊ နွား ဆယ် နှစ် ကောင်တို့ကို တဲ တော်ရှေ့သို့ ဆောင် ခဲ့၍ ထာဝရဘုရား အား ပူဇော်သက္ကာ ပြု ကြ၏။ ၄ ထာဝရဘုရား ကလည်း ၊ သင်သည် ပရိသတ် စည်းဝေး ရာ တဲ တော်အမှု ဆောင်ရွက် စရာတို့ ခံယူ ၍ အမှု ကို ဆောင်ရွက်ရသည့်အတိုင်း၊ ၅ လေဝိ သား အသီးသီး တို့ အား ပေး လော့ဟု မိန့် တော်မူ၏။ ၆ မောရှေ သည်ရထား နှင့် နွား တို့ကိုခံယူ ၍ လေဝိ သားတို့အား ပေး သဖြင့် ၊ ၇ အမှု ဆောင်ရွက်စရာရှိသည်အတိုင်း ၊ ယဇ်ပုရောဟိတ် အာရုန် ၏သား ဣသမာ အုပ်သော ဂေရရှုန် သား တို့ အား ရထား နှစ် ခုနှင့် နွား လေး ကောင်တို့ကိုငင်း၊ ၈ မေရာရိ သား တို့အား ရထား လေး ခုနှင့် နွား ရှစ် ကောင်တို့ကိုငင်းပေး လေ၏။ ၉ သန့်ရှင်း ရာဌာနတော်အမှု ကို စောင့်ရသောကောဟတ် သား တို့သည်၊ မိမိ တို့ ပခုံး ၌ ထမ်းရွက် ရသောကြောင့် ၊ သူတို့အား ရထားနှင့် နွားတို့ကိုမ ပေး။ ၁၀ ယဇ်ပလ္လင် ကို ဆီ လူးသောနေ့ ၌ အနုမောဒနာ ပြုစရာတို့ ယဇ်ပလ္လင် ရှေ့မှာ အခြားသော ပူဇော်သက္ကာ ကို ပြု ကြ၏။ ၁၁ ထာဝရဘုရား ကလည်း ၊ ယဇ်ပလ္လင် ကို အနုမောဒနာ ပြုစရာတို့ ၊ မင်း အသီးအသီး တို့သည် နေ့ ရက်အစဉ်အတိုင်းမိမိ ပူဇော်သက္ကာ ကိုပြု ရကြမည်ဟု မောရှေ အား မိန့် တော်မူ ၏။ ၁၂ ထိုသို့နှင့်အညီ၊ ပဌမ နေ့ ၌ ယုဒ အမျိုး ၊ အမိနဒပ် သား နာရှုန် သည် ဆက် သော ပူဇော်သက္ကာ ဟူမူကား၊ ၁၃ အကျပ် တော်အလိုက် တပိသာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့်ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၁၄ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဇွန်း ၊ ၁၅ မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၁၆ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် သငယ် တ ကောင်၊ ၁၇ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို အမိနဒပ် သား နာရှုန် သည် ပူဇော် လေ ၏။ ၁၈ ဒုတိယ နေ့ ၌ ဣသခါ အမျိုးတွင် မင်း ဖြစ်သော ဇုအာ သား နာသနေလ ဆက် သော ပူဇော်သက္ကာ ဟူမူကား၊ ၁၉ အကျပ် တော်အလိုက် တပိသာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၂၀ မီးရှို့ရာနံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဇွန်း၊ ၂၁ မီးရှို့ ရာ ယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၂၂ အပြစ် ဖြေရာ ယဇ်ဘို့ ဆိတ် သငယ် တ ကောင်၊ ၂၃ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ဇုအာ သား နာသနေလ သည် ပူဇော် လေ ၏။ ၂၄ တတိယ နေ့ ၌ ဇာဗုလုန် အမျိုး တွင် မင်း ဖြစ် သော ဟေလုန် သား ဧလျာဘ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၂၅ အကျပ် တော်အလိုက် တပိသာ သုံးဆယ်အချိန်

ရှိသောငွေ အင်တုံ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၂၆ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဇွန်း ၊ ၂၇ မီးရှို့ ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တ ကောင်၊ သိုးထီး တကောင် ၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၂၈ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၂၉ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင် တို့ကို၊ ဟေလုန် သား ဧလျာဘ သည်ပူဇော် လေ၏။ ၃၀ စတုတ္ထ နေ့ ၌ ရုဗင် အမျိုး တွင်မင်း ဖြစ်သော ရှေဒုရ သား ဧလိဇုရ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၃၁ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၃၂ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဇွန်း ၊ ၃၃ မီးရှို့ ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၃၄ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၃၅ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ရှေဒုရ သား ဧလိဇုရ သည်ပူဇော် လေ၏။ ၃၆ ပဉ္စမ နေ့ ၌ ရှိမောင် အမျိုး တွင် မင်း ဖြစ်သော ဇုရိရှဒ္ဒဲ သား ၊ ရှေလုမျေလ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၃၇ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၃၈ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ် တဆယ် အချိန်ရှိသောရွှေ ဇွန်း ၊ ၃၉ မီးရှို့ ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၄၀ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၄၁ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ဇုရိရှဒ္ဒဲ သား ရှေလုမျေလ သည် ပူဇော် လေ၏။ ၄၂ ဆဋ္ဌမ နေ့ ၌ ဂဒ် အမျိုး တွင် မင်း ဖြစ်သော ဒွေလ သား ဧလျာသပ် ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၄၃ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၄၄ မီးရှို့ရာနံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဇွန်း ၊ ၄၅ မီးရှို့ ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၄၆ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၄၇ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ဒွေလ သား ဧလျာသပ် သည် ပူဇော် လေ၏။ ၄၈ သတ္တမ နေ့ ၌ ဧဖရိမ် အမျိုး တွင် မင်း ဖြစ်သော အမိဟုဒ် သား ဧလိရှမာ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၄၉ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သောမုန့်ညက် ၊ ၅၀ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ

ဌန်း ၊ ၅၁ မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၅၂ အပြစ် ဖြေရာ ယဇ်ဘို့ ဆိတ်သငယ် တ ကောင် ၅၃ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ အမိဟုဒ် သား ဧလိရှမာ သည် ပူဇော်လေ၏။ ၅၄ အဋ္ဌမ နေ့ ၌ မနာရှေ အမျိုး တွင်မင်း ဖြစ်သော ပေဒါဇုရ သား ဂါမလျေလ ဆက်သောပူဇော်သက္ကာဟူမူကား၊ ၅၅ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၅၆ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဌန်း ၊ ၅၇ မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၅၈ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၅၉ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ပေဒါဇုရ သား ဂါမလျေလ သည် ပူဇော် လေ၏၊ ၆၀ နဝမ နေ့ ၌ ဗင်္ာမိန် အမျိုး တွင် မင်း ဖြစ်သော ဂိဒေါနိ သား အဘိဒန် ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၆၁ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန်ရှိသော ငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့်ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၆၂ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဌန်း ၊ ၆၃ မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၆၄ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၆၅ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သောသိုးသငယ် ငါး ကောင်တို့ကို၊ ဂိဒေါနိ သား အဘိဒန် သည် ပူဇော် လေ၏၊ ၆၆ ဒသမ နေ့ ၌ ဒန် အမျိုး တွင် မင်း ဖြစ်သော အမိရှဒဲ့ သား အဟေဇာ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၆၇ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့်ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၆၈ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဌန်း ၊ ၆၉ မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၇၀ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၇၁ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ အမိရှဒဲ့ သား အဟေဇာ သည် ပူဇော် လေ၏။ ၇၂ ဧကာဒသမ နေ့ ၌ အာရှာ အမျိုး တွင် မင်း ဖြစ် သော ဩကရန် သား ပါဂျေလ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၇၃ အကျပ် တော်အလိုက် တပိဿာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား ၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့် ရော ၍ အပြည့် ထည့်သော မုန့်ညက် ၊ ၇၄ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဌန်း ၊ ၇၅ မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၇၆ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၇၇ မိဿဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး

ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ဩကရန် သား ပါဂျေလ သည် ပူဇော် လေ၏။ ၇၈ ဒွါဒသမ နေ့ ၌ နသလိ အမျိုး တွင် မင်း ဖြစ်သော ဧနန် သား အဟိရ ဆက်သော ပူဇော်သက္ကာ ဟူမူကား၊ ၇၉ အကျပ် တော်အလိုက် တပိသာ သုံးဆယ်အချိန် ရှိသောငွေ အင်တုံ၊ ခုနစ်ဆယ် အချိန်ရှိသောငွေ ဖလား၊ ဘောဇဉ်ပူဇော်သက္ကာ ဘို့ ထိုအင်တုံ၊ ဖလား၌ ဆီ နှင့်ရော ၍ အပြည့် ထည့်သော မုန့်ညက်၊ ၈၀ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် ၍ အကျပ်တဆယ် အချိန်ရှိသောရွှေ ဇွန်း၊ ၈၁ မီးရှို့ ရာယဇ်ဘို့ အသက်ပျိုသော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် တ ကောင်၊ ၈၂ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်၊ ၈၃ မိသဟာယ ယဇ်ဘို့ နွား နှစ် ကောင်၊ သိုး ငါး ကောင်၊ ဆိတ် ငါး ကောင်၊ အခါမလည် သော သိုးသငယ် ငါး ကောင်တို့ကို၊ ဧနန် သား အဟိရ သည် ပူဇော် လေ၏။ ၈၄ ထိုသို့ ကျသရေလ အမျိုးတို့ ၌ မင်း ဖြစ်သောသူတို့ သည်၊ ယဇ်ပလ္လင် ကို ဆီ လူးသောနေ့ ၌ အနုမောဒနာ ပြုစရာဘို့ ဆက်သော ငွေ အင်တုံ ပေါင်းဆယ် နှစ် လုံး၊ ငွေ ဖလား ပေါင်းဆယ် နှစ် လုံး၊ ရွှေ ဇွန်း ပေါင်း ဆယ် နှစ် စင်း တည်း။ ၈၅ ငွေ အင်တုံ အချိန်ကား၊ တလုံးလျှင် တပိသာ သုံးဆယ်စီ၊ ငွေ ဖလား အချိန်ကား၊ တလုံးလျှင် ခုနစ်ဆယ် စီ ရှိ၍ ငွေချိန်ပေါင်းကား၊ အကျပ် တော်အလိုက်၊ အခွက် နှစ်ဆယ်လေးပိသာရှိသတည်း။ ၈၆ မီးရှို့ရာ နံ့သာပေါင်း နှင့်ပြည့် သော ရွှေ ဇွန်း ဆယ် နှစ် စင်း အချိန်ကား၊ အကျပ် တော်အလိုက် ဆယ် ကျပ်စီရှိ၍၊ ရွှေ ချိန်ပေါင်း ကား တပိသာ နှစ်ဆယ်ရှိသတည်း။ ၈၇ မီးရှို့ ရာယဇ်ဘို့ ဘောဇဉ်ပူဇော်သက္ကာ နှင့်တကွ နွား ပေါင်းဆယ် နှစ် ကောင်၊ သိုးထီး ဆယ် နှစ် ကောင်၊ အခါမလည် သောသိုးသငယ် ဆယ် နှစ် ကောင်၊ အပြစ် ဖြေရာ ယဇ်ဘို့ ဆိတ်သငယ် ပေါင်း ဆယ် နှစ် ကောင်၊ ၈၈ မိသဟာယ ယဇ်ဘို့ နွား ပေါင်း ၊ နှစ်ဆယ် လေး ကောင်၊ သိုးထီး ခြောက်ဆယ် ၊ ဆိတ်ထီး ခြောက်ဆယ် ၊ အခါမလည် သော သိုးသငယ် ခြောက်ဆယ် ရှိသတည်း။ ဤရွှေကား ၊ ယဇ်ပလ္လင် ဆီ လူးသောနောက် ၊ အနုမောဒနာ ပြုဘို့ ဆက်သော ပူဇော်သက္ကာပေတည်း။ ၈၉ မောရှေ သည် ဘုရားသခင် ကို လျှောက် ခြင်းငှါ ပရိသတ်စည်းဝေး ရာ တဲ တော်ထဲသို့ ဝင် သောအခါ၊ ခေရုဗိမ် နှစ် ပါးကြားမှာ ၊ သက်သေခံ ချက်သေတ္တာ အပေါ် ၌ တင်သောအဖုံး ထက် က ၊ ဘုရားသခင်ခေါ် တော်မူသံ ကို မောရှေသည်ကြား ၍ ထူး လေ၏။

၈ ထာဝရဘုရား ကလည်း၊ ၂ သင်သည်အာရုန် အား ဆင့်ဆို ရမည်မှာ၊ မီးခွက် များကို ထွန်း သောအခါ၊ မီးခွက် ခုနစ် လုံး တို့သည် မီးခုံ တဘက်တချက် ၌ ထွန်းလင်း ရမည်ဟု၊ ၃ မောရှေ အား မှာထား တော်မူသည်အတိုင်း၊ အာရုန် ပြု ၍ မီးခုံ တဘက်တချက် ၌ မီးခွက် များကို ထွန်း လေ၏။ ၄ မီးခုံမူကား၊ ထာဝရဘုရား သည် မောရှေ အား ပြ တော်မူသောပုံ နှင့်အညီ၊ မီးခုံ တိုင် မှစ၍ ကြာပွင့် တိုင်အောင် ရွှေ ဖြင့် တစပ်တည်းထု လုပ်သော မီးခုံ ဖြစ်သတည်း။ ၅ ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၆ လေဝိ သားတို့ကို၊ ကျသရေလ အမျိုးသား တို့ အထဲ က ရွေးကောက် ၍ စင်ကြယ် စေလော့။ ၇ စင်ကြယ် စေခြင်းငှါ ပြု ရမည်အမှုဟူမူကား၊ စင်ကြယ် ခြင်း မင်္ဂလာရေ ကို သူ တို့အပေါ် မှာဖြန်း ၍၊ သူ တို့ သည် တကိုယ်လုံး ကို အမွေး ရိတ်ခြင်း၊ အဝတ် လျှော် ခြင်း ကို ပြုသဖြင့် စင်ကြယ် စေရမည်။ ၈ ဆီ ရော သော မုန့်ညက် တည်းဟူသောဘောဇဉ်ပူဇော်သက္ကာ နှင့်တကွ၊ အသက်ပျိ

သော နွားထီး တကောင်၊ အပြစ် ဖြေရာယဇ်ဘို့ အသက်ပျိုသော နွားထီး တကောင်ကို ယူ ပြီးလျှင် ၊ ၉ လေဝိ သားတို့ကို ပရိသတ်စည်းဝေး ရာ တဲ တော် ရှေ့သို့ ခေါ် ခဲ့၍ ၊ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ကို စည်းဝေး စေပြီးမှ ၊ ၁၀ လေဝိ သားတို့ကို ထာဝရဘုရား ရှေ့ တော်သို့ ဆောင် ခဲ့၍ ၊ သူ တို့ခေါင်းပေါ်မှာ ကျသရေလ အမျိုးသား တို့သည် လက် ကိုတင် သဖြင့် ၊ ၁၁ သူတို့သည် ထာဝရဘုရား ၏ အမှု တော်ကို ထမ်း စေခြင်းငှါ ၊ ကျသရေလ အမျိုးသား တို့ပြုသောပုဇော်သကျွတည်းဟူသောလေဝိ သားတို့ကို အာရုန် သည် ထာဝရဘုရား အား ဆက် ရမည်။ ၁၂ လေဝိ သားတို့သည်လည်း ၊ နွား ခေါင်း ပေါ်မှာ မိမိ တို့ လက် ကို တင် ၍ ၊ သူ တို့အဘို့ အပြစ် ဖြေခြင်းကို ပြုလိုသောငှါ ၊ ထာဝရဘုရား ရှေ့မှာ နွားတ ကောင်ကို အပြစ် ဖြေရာယဇ်၊ တ ကောင်ကို မီးရှို့ ရာ ယဇ်ပြု ၍ ပုဇော်ရကြမည်။ ၁၃ လေဝိ သားတို့ကို၊ အာရုန် နှင့် သူ ၏ သား တို့ရှေ့မှာ ထား ၍ ထာဝရဘုရား အား ပူဇော်သကျွာ ပြု ရမည်။ ၁၄ ထိုသို့ လေဝိ သားတို့ကို ကျသရေလ အမျိုးသား တို့ နှင့် တခြားစီ ခွဲထား၍ ၊ သူတို့သည် အထူးသဖြင့်ငါ့ လူဖြစ် ရကြ လိမ့်မည်။ ၁၅ ထိုနောက်မှ လေဝိ သားတို့သည်၊ ပရိသတ် စည်းဝေး ရာ တဲ တော်အမှုကို ဆောင်ရွက် ခြင်းငှါ ဝင် ရကြ လိမ့်မည်။ သူ တို့ကို စင်ကြယ် စေ၍၊ ပူဇော်သကျွာ ပြု ရ သော အကြောင်းဟူမူကား၊ ၁၆ ကျသရေလ အမျိုး ထဲက သူ တို့ကို ရွေးကောက် ၍၊ ငါ့ အား အပိုင်ပေးရမည်။ ကျသရေလ အမျိုး တွင် အဦး ဘွားမြင်သော သားဦး များအတွက် သူတို့ကို ငါသိမ်းယူ ၏။ ၁၇ အဲဂုတ္တု ပြည် ၌ သားဦး အပေါင်း တို့ကို ငါသည် ဒဏ်ခတ် သောအခါ၊ ကျသရေလ အမျိုး တွင် လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ၊ သားဦး အပေါင်း တို့ကို ကိုယ် အဘို့ သန့်ရှင်း စေသောကြောင့် ၊ သားဦးအပေါင်းတို့ကို အထူးသဖြင့် ငါ ပိုင်ရမည်။ ၁၈ တဖန် ကျသရေလ အမျိုး သားဦး အပေါင်း တို့ အတွက်၊ လေဝိ သားတို့ကို ငါယူ ၏။ ၁၉ သူတို့သည်လည်း ပရိသတ်စည်းဝေး ရာ တဲ တော် ၌ ၊ ကျသရေလ အမျိုးသား ဆောင်ရွက်ရသောအမှု ကို ဆောင်ရွက် စေခြင်းငှါ ၎င်း ၊ ကျသရေလ အမျိုးသား တို့သည် သန့်ရှင်း ရာ ဌာနတော်သို့ ချဉ်းကပ် သောအခါ ၊ ဘေးဒဏ် နှင့် လွတ် မည်အကြောင်း ၊ အပြစ် ဖြေခြင်းကို ပြုစေခြင်းဟု ၎င်း၊ ကျသရေလ အမျိုး ထဲ က လေဝိ သားတို့ကို၊ အာရုန် နှင့် သူ ၏သား တို့အား စွန့်ကြဲ ပေးကမ်းသည်ဟု၊ ၂၀ လေဝိ သားအမှု၌၊ ထာဝရဘုရား သည် မောရှေ အား မှာထား တော်မူသည်အတိုင်း ၊ မောရှေ နှင့် အာရုန် အစရှိသော ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ သည် လေဝိ သားတို့ကို ပြု ကြလျှင် ၊ ၂၁ သူတို့သည် စင်ကြယ် ခြင်းသို့ရောက်၍ မိမိ တို့ အဝတ် ကို လျှော် ကြ၏။ အာရုန် သည်လည်း ၊ သူ တို့ကို ထာဝရဘုရား အား ဆက်ကပ် ၍ သူ တို့အဘို့ အပြစ် ဖြေခြင်းကို ပြုသဖြင့် စင်ကြယ် စေလေ၏။ ၂၂ ထိုနောက်မှ လေဝိ သားတို့သည် အာရုန် နှင့် သူ ၏ သား တို့ရှေ့၌ ပရိသတ်စည်းဝေး ရာတဲ တော်အမှု ကို ဆောင်ရွက် ခြင်းငှါ ဝင် ကြ၏။ လေဝိ သားတို့အမှု၌ ထာဝရဘုရား သည် မောရှေ အား မှာထား တော်မူသည် အတိုင်း ၊ လူအပေါင်းတို့သည် ပြု ကြ၏။ ၂၃ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂၄ လေဝိ သားတို့သည် အသက် နှစ်ဆယ် ငါး နှစ် လွန် မှ၊ ပရိသတ်စည်းဝေး ရာ တဲ တော်အမှု ကို ဆောင်ရွက် ခြင်းငှါ ဝင် ရကြမည်။ ၂၅ အသက် ငါးဆယ် လွန်မှ အမှု လွတ် ၍ နောက်တဖန် မ ဆောင်ရွက် ဘဲ၊ ၂၆ ပရိသတ်စည်းဝေး ရာတဲ

တော်၌ မိမိ ညီအစ်ကို တို့နှင်အတူကူညီ ၍ အလှည့်လှည့်စောင့် ရကြမည်။ ထိုသို့လေဝိ သားများစောင့် ရသောအမှုကို စီရင် ရမည်ဟု မိန့် တော်မူ၏။

၉ အဲဂုတ္တု ပြည် မှ ထွက် ၍ ဒုတိယ နှစ် ၊ ပဌမ လ ၌ သိန တော တွင် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူ သည်ကား၊ ၂ ကြသရေလ အမျိုးသား တို့သည်၊ ချိန်းချက် သော ကာလအချိန်၌ ပသခါ ပွဲကို ခံရ ကြမည်။ ၃ စီရင် ထုံးဖွဲ့သမျှ သောထုံးစံ အတိုင်း ၊ ချိန်းချက် သော ကာလအချိန်တည်းဟူသောယခု လ တဆယ် လေး ရက် နေ့ ညဦးယံ ၌ စောင့် ရကြမည်ဟု မိန့် တော်မူ၏။ ၄ ကြသရေလ အမျိုးသား တို့သည် ပသခါ ပွဲကို ခံရ မည်အကြောင်း၊ မောရှေ ဆင့်ဆို သည်အတိုင်း ၊ ၅ သိန တော တွင် ပဌမ လ တဆယ် လေး ရက် နေ့ ညဦးယံ ၌ ပသခါ ပွဲကိုခံရ ကြ၏။ မောရှေ အား ထာဝရဘုရား မှာထား တော်မူသမျှ အတိုင်း ၊ ကြသရေလ အမျိုးသား တို့သည် ပြု ကြ၏။ ၆ ထို နေ့ ၌ ပသခါ ပွဲကိုမ ခံရ မည်အကြောင်း၊ လူ အသေကောင် အားဖြင့် ညစ်ညူး ခြင်းသို့ ရောက် သော လူ အချို့တို့သည်၊ ထို နေ့ ၌ မောရှေ နှင့် အာရုန် ထံသို့ ချဉ်းကပ် ၍၊ ၇ အကျွန်ုပ် တို့သည် လူ အသေကောင် အားဖြင့် ညစ်ညူး ခြင်း ရှိပါ၏။ ချိန်းချက် သောအချိန်၌ ကြသရေလ အမျိုးသား တို့နှင့်အတူ ၊ ထာဝရဘုရား အား ပူဇော်သကြာ ကို မ ပြု စေခြင်းငှါ၊ အကျွန်ုပ်တို့ကို ဆီးတား ပါမည်လောဟု မေးလျှောက် ကြ၏။ ၈ မောရှေ ကလည်း ၊ နေ ကြဦးလော့။ သင် တို့အမှု၌ ထာဝရဘုရား မိန့် တော်မူသော စကားကို ငါနားထောင် ဦးမည်ဟု ပြန်ဆို ၏။ ၉ ထိုအခါ မောရှေ အား ထာဝရဘုရား က၊ ၁၀ သင်သည်ကြသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့အမျိုးသား သည် အသေကောင် အားဖြင့် ညစ်ညူး ခြင်းရှိ သော်၎င်း ၊ ဝေး သောအရပ်သို့ ခရီး သွားသော်၎င်း၊ ထာဝရဘုရား အဘို့ ပသခါ ပွဲကိုခံရ မည်။ ၁၁ ဒုတိယ လ တဆယ် လေး ရက် နေ့ညဦးယံ ၌ ပွဲ ခံ၍၊ သိုးသငယ်အသားကို တဆေး မပါသော မုန့်၊ ခါး သော ဟင်းသီးဟင်းရွက်နှင့် စား ရမည်။ ၁၂ ထိုအသားကို နံနက် တိုင်အောင် မ ကြွင်း စေရ။ အရိုး ကိုလည်း မ ချိုး ရ။ ပသခါ ပွဲနှင့်ဆိုင်သောအထုံးအဖွဲ့ရှိသမျှ တို့ ကို လိုက်၍ ပွဲ ခံရသောအခွင့်ရှိ၏။ ၁၃ ညစ်ညူး ခြင်းမရှိ၊ အခြားတပါးသို့ ခရီး မ သွား သောသူသည် ပသခါ ပွဲကို မ ခံ ပဲနေလျှင်၊ ထို သူ ကို သူ ၏ အမျိုး မှ ပယ်ရှင်း ရမည်။ ချိန်းချက် သော အချိန်၌ ထိုသူသည်၊ ထာဝရဘုရား အဘို့ ပူဇော်သကြာ ကို မ ဆောင် ခဲ့ သောကြောင့်မိမိ အပြစ် ကိုခံရ မည်။ ၁၄ သင် တို့ထံမှာတည်းခို သော တပါး အမျိုးသားသည်၊ ထာဝရဘုရား အဘို့ ပသခါ ပွဲကို ခံ ခြင်းငှါအလိုရှိလျှင် ၊ စီရင် ထုံးဖွဲ့၍ ခံရသောထုံးစံ အတိုင်း ပွဲ ခံရ မည်။ သင်တို့တွင် တည်းခိုသော တပါး အမျိုးသားဖြစ်သောသူ၊ အမျိုးသား ချင်းဖြစ်သောသူတို့သည် ထုံးစံ တပါးတည်း သာ ရှိ ရကြမည်ဟုမိန့် တော်မူ၏။ ၁၅ တဲ တော်ကို ထူထောင် သောနေ့ ၌ ၊ မိုးယံတိမ် သည် တဲ တော်အပေါ် မှာ တည်၍၊ သက်သေခံ ချက် တဲ တော်ကို ဖုံးအုပ် လေ၏။ ညဦး မှစ၍ နံနက် တိုင်အောင် တဲ တော်ပေါ်မှာ မီး ကဲ့သို့ ထင်လေ၏။ ၁၆ ထိုသို့ အစဉ် ဖြစ် ၍နေ့အချိန်၌မိုးယံတိမ် ဖုံးအုပ် လျက် ၊ ည အချိန်၌မီး ကဲ့သို့ထင်လျက်ရှိ၏။ ၁၇ မိုးယံတိမ် သည် တဲ တော်အပေါ် မှ ကွာ မြောက်သောအခါ ၊ ကြသရေလ အမျိုးသား တို့သည် ခရီးသွား ကြ၏။ မိုးယံတိမ် တည် လေရာရာ ၌ လည်း ၊ တဲ များကို ဆောက်ပြန်ကြ၏။

၁၈ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသား တို့သည် ခရီးသွား ကြ၏။ ထာဝရဘုရား မိန့် တော်မူသည် အတိုင်း လည်း တဲ များကို ဆောက်ကြ၏။ မိုယ်းတိမ် သည် တဲ တော်အပေါ် မှာ တည် နေသမျှသော ကာလ ပတ်လုံး သူတို့သည် တဲ ၌နေကြ၏။ ၁၉ မိုယ်းတိမ် သည် တဲ တော်အပေါ် မှာ နေ့ ရက်ကြာမြင့် စွာတည် နေသောအခါ ၊ ဣသရေလ အမျိုးသား တို့ သည် ခရီး မ သွားဘဲ ထာဝရဘုရား ထံတော်၌ စောင့် နေကြ ၏။ ၂၀ မိုယ်းတိမ် သည် တဲ တော်အပေါ် မှာ နေ့ ရက်အနည်းငယ် မျှ တည် နေသောအခါ ၊ ထာဝရဘုရား အမိန့် တော်အတိုင်း ၊ သူတို့သည် တဲ ၌ နေကြ၏။ ထာဝရဘုရား အမိန့် တော်အတိုင်း လည်း၊ ခရီးသွား ကြ၏။ ၂၁ ညဦးယံ မှစ၍ နံနက် အချိန်တိုင်အောင် မိုယ်းတိမ် တည် နေ၍၊ နံနက် အချိန်၌ မြောက် သောအခါ ခရီးသွား ကြ၏။ နေ့ ဖြစ်စေ ၊ ည ဖြစ်စေ၊ မိုယ်းတိမ် မြောက် သောအခါ ခရီးသွား ကြ၏။ ၂၂ နှစ်ရက် ဖြစ်စေ ၊ တလ ဖြစ်စေ ၊ တနှစ် ဖြစ်စေ ၊ မိုယ်းတိမ် သည် တဲ တော်ပေါ်မှာ တည် နေသမျှသော ကာလပတ်လုံး ဣသရေလ အမျိုးသား တို့သည် ခရီး မ သွားဘဲ တဲ ၌နေကြ၏။ တဖန် မိုယ်းတိမ်မြောက် ပြန် သောအခါ ခရီးသွား ကြ၏။ ၂၃ ထာဝရဘုရား အမိန့် တော်အတိုင်း တဲ ၌ နေကြ ၏။ထာဝရဘုရား အမိန့် တော်အတိုင်း လည်း ခရီးသွား ကြ၏။ ထာဝရဘုရားသည် မောရှေ အားဖြင့် မိန့် တော်မူသည် အတိုင်း ထာဝရဘုရား အထံတော်၌ စောင့် နေကြ၏။

၁၀ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ သင်သည် ပရိသတ် စည်းဝေး စေခြင်းငှါ ၎င်း ၊ တပ် တို့ကို ချီ စေခြင်းငှါ ၎င်း၊ မှုတ်ရသောငွေ တံပိုး နှစ် လုံး ကို၊ တလုံးလျှင် ငွေတတုံးစီဖြင့်မဆက်ဘဲလုပ် ရမည်။ ၃ တံပိုးမှုတ် သောအခါ ၊ ပရိသတ် အပေါင်း တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး ရှေ့၊ သင့် ထံ၌ စည်းဝေး ရကြမည်။ ၄ တံပိုးတလုံးတည်း ကို မှုတ် လျှင် ၊ ဣသရေလ အမျိုး၌ လူတထောင် ကို အုပ် သောမင်း တို့သည် သင့် ထံ၌ စည်းဝေး ရကြမည်။ ၅ နှိုးဆော် သံနှင့်မှုတ် သောအခါ ၊ အရှေ့တပ် တို့ သည် ချီ သွားရကြမည်။ ၆ ဒုတိယ အကြိမ်နှိုးဆော် သံနှင့် မှုတ် သောအခါ ၊ တောင် တပ် တို့ သည် ချီ သွားရကြမည်။ တတိယအကြိမ် နှိုးဆော်သံနှင့် မှုတ်သောအခါ၊ အနောက်တပ်တို့သည် ချီသွားရကြမည်။ စတုတ္ထအကြိမ်နှိုးဆော်သံနှင့် မှုတ်သောအခါ၊ မြောက်တပ်တို့သည် ချီသွားရကြမည်။ အစဉ်အတိုင်းချီ သွားစေခြင်းငှာ နှိုးဆော် သံနှင့်မှုတ် ရမည်။ ၇ ပရိသတ် စည်းဝေး စေခြင်းငှါနှိုးဆော် သံကိုမ ပြု ဘဲ တံပိုးမှုတ် ရမည်။ ၈ အာရုန် ၏ သား ၊ ယဇ်ပုရောဟိတ် တို့သည် ထိုတံပိုး ကို မှုတ် ရကြမည်။ သင် တို့အမျိုး အစဉ်အဆက် စောင့်ရသောပညတ် ဖြစ် သတည်း။ ၉ သင်တို့သည် ကိုယ် ပြည် ၌ နေသောအခါ၊ တိုက် လာသောရန်သူ တို့ကို စစ် ချီ လျှင် ၊ နှိုးဆော် သံနှင့် တံပိုး မှုတ်ရမည်။ ထိုအခါ သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည် သင်တို့ကို အောက်မေ့ ၍ ၊ ရန်သူ လက်မှ ကယ်တင် တော်မူမည်။ ၁၀ သင် တို့သည် ရွှင်လန်း ခြင်းကို ပြုသောနေ့ ၊ ပွဲသဘင် နေ့၊ လဆန်း နေ့တို့ ၌ ၊ သင် တို့ဘုရားသခင် အောက်မေ့ တော်မူဘို့ရာ၊ သင် တို့မီးရို့ ရာယဇ်၊ မိဿဟာယ ယဇ် ပူဇော်သက္ကာ များအပေါ် မှာ တံပိုး မှုတ် ရကြမည်။ ငါ သည် သင် တို့၏ဘုရားသခင် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။ ၁၁ ဒုတိယ နှစ် ၊ ဒုတိယ လ အရက်နှစ်ဆယ် မြောက် သော နေ့ရက်၌၊

မိုယ်းတိမ် သည် သက်သေခံ ချက်တဲ့ တော် မှ ကွာ မြောက်သည်ဖြစ်၍၊ ၁၂ ကျသရေလ အမျိုးသား တို့သည် သိနာ
တောင် မှ ခရီးသွား ကြ၏။ နောက် တဖန် မိုယ်းတိမ် သည် ပါရန် တော ၌ တည် နေ၏။ ၁၃ ထိုသို့ ထာဝရဘုရား သည်
မောရှေ အားဖြင့် မိန့် တော်မူသည်အတိုင်း ၊ ပဌမ ခရီး သွားခြင်းကို ပြုကြ၏။ ၁၄ ယုဒ တပ် အစဉ်အတိုင်းအလုံးအရင်း
တို့သည်၊ အလံ နှင့်တကွရှေ့ဦးစွာ ချီ သွားကြ၏။ ယုဒတပ်ကို၊ အမိနဒပ် သား နာရှုန် အုပ်ရ၏။ ၁၅ ကျသခါ တပ် ကို၊
ဇုအာ သား နာသနေလ အုပ်၏။ ၁၆ ဇာဗုလုန် တပ် ကို၊ ဟေလုန် သား ဧလျာဘ အုပ်ရ၏။ ၁၇ တဲ တော်ကိုဖြုတ်
ချ၍ ဂေရရှုန် သား ၊ မေရာရိ သား တို့သည် တဲ တော်ကို ထမ်း လျက်ချီ သွားကြ၏။ ၁၈ ရုဗင် တပ် အစဉ်အတိုင်း
အလုံးအရင်း တို့သည် အလံ နှင့်တကွချီ သွားကြ၏။ ရုဗင် တပ် ကို ရှေဒုရ သား ဧလိဇုရ အုပ်ရ၏။ ၁၉ ရှိမောင် တပ် ကို
ဇုရိရှဒ္ဒဲ သား ရှေလုမျေလ အုပ် ရ၏။ ၂၀ ဂဒ် တပ် ကို ဒွေလ သား ဧလျာသပ် အုပ်ရ၏။ ၂၁ ကောဟတ် သားတို့သည်
သန့်ရှင်း ရာဌာန တန်ဆာတို့ကို ထမ်း လျက် ချီ သွားကြ၏။ သူ တို့မ ရောက် မှီ အရင်သွားသောသူတို့ သည် တဲ
တော်ကို ထူထောင် ရကြ၏။ ၂၂ ဧဖရိမ် တပ် အစဉ်အတိုင်းအလုံးအရင်း တို့သည် အလံ နှင့်တကွချီ သွားကြ၏။
ဧဖရိမ် တပ် ကို အမိဟုဒ် သား ဧလိရှမာ အုပ်ရ၏။ ၂၃ မနာရှေ တပ် ကို ပေဒါဇုရ သား ဂါမလျေလ အုပ်ရ၏။
၂၄ ဗင်္ယာမိန် တပ် ကို ဂိဒေါနိ သား အဘိဒန် အုပ် ရ၏။ ၂၅ နောက်ဆုံးတပ်တည်းဟူသောဒန် တပ် အစဉ်အတိုင်း
အလုံးအရင်း တို့သည် အလံ နှင့်တကွချီ သွားကြ ၏။ ဒန်တပ်ကို အမိရှဒ္ဒဲ သား အဟေဇာ အုပ်ရ၏။ ၂၆ အာရှာ တပ်ကို
ဩကရန် သား ပါဂျေလ အုပ်ရ၏။ ၂၇ နဿလိ တပ် ကိုဧနန် သား အဟိရ အုပ်ရ၏။ ၂၈ ထိုသို့ ကျသရေလ အမျိုးသား
တို့သည်ချီသွားသောအခါ၊ တပ် များအစဉ်အတိုင်း ချီ ၍ ခရီးသွား ကြ၏။ ၂၉ မောရှေ ကလည်း ၊ ထာဝရဘုရား ၏
ဂတိတော် အတိုင်း ငါတို့အားပေး တော်မူမည်အရပ် သို့ ငါ တို့ သည် ယခုခရီးသွား ကြ၏။ ငါ တို့နှင်အတူ လိုက်၍လာ
ပါ။ ငါတို့သည် ကျေးဇူး ပြုပါမည်။ ထာဝရဘုရား သည် ကျသရေလ အမျိုးသားတို့ ၌ ကျေးဇူး ပြုတော်မူမည် ဂတိ
ရှိပါ၏ဟု မိမိယောက္ခမ မိဒျန် အမျိုး၊ ရှေလ သား ဟောဗပ် အား ဆို လျှင်၊ ၃၀ ဟောဗပ်ကငါမ လိုက် မသွားပါ၊ ငါ့
နေရင်းပြည် ၊ ငါ့ အဆွေအမျိုး ရှိရာသို့ ပြန်သွား ပါမည်ဟု မောရှေ အား ဆို ၏။ ၃၁ မောရှေကလည်း၊ ငါ တို့ကို စွန့်ပစ် ၍
မ သွားပါ နှင့်။ သင်သိ သည်အတိုင်း ငါ တို့သည်တော ၌ စားခန်းချ ရမည်။ သင်သည် ငါ တို့မျက်စိ ဖြစ် ရပါ၏။ ၃၂ ငါ
တို့နှင့်အတူ လိုက် လျှင် ထာဝရဘုရား ပြု တော်မူ သောကျေးဇူး တော်ကို ငါ တို့သည် ခံရသည်အတိုင်း၊ သင် ၌ ကျေးဇူး
ပြုပါမည်ဟု ဆို လေ၏။ ၃၃ ကျသရေလအမျိုးသားတို့သည် ထာဝရဘုရား ၏ တောင် တော်မှ ထွက် ၍၊ သုံး ရက်
ကွာသော ခရီး ကို သွားကြ ၏။ ထိုသုံး ရက် ကွာသော ခရီး ကိုသွားကြစဉ်၊ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ သည် သူ
တို့အဘို့ စားခန်းချ ရာအရပ်ကို ရှာ ၍ သူ တို့ရှေ့ ကသွား လေ၏။ ၃၄ သူတို့သည် နေ့ အချိန်၌ တပ် ချီ ၍ သွားသောအခါ
၊ ထာဝရဘုရား ၏ မိုယ်းတိမ် သည် သူ တို့အပေါ် မှာ ရှိလေ၏။ ၃၅ သေတ္တာ တော်သွား သောအခါ ၊ မောရှေ က၊
အိုထာဝရဘုရား ၊ ထ တော်မူပါ၊ ကိုယ်တော် ၏ ရန်သူ တို့ သည် လွင့် ကြပါစေသော။ ကိုယ်တော် ကို မုန်း သောသူတို့

သည် ရှေ့တော်မှ ပြေး ကြပါစေသောဟူ၍ငင်း၊ ၃၆ သေတ္တာတော်မသွားဘဲ ရပ် နေသောအခါ ၊ အိုထာဝရဘုရား၊ ကျသရေလ အမျိုးသားအထောင် ၊ အသောင်းရှိရာသို့ ပြန်လာ တော်မူပါဟူ၍ငင်း လျှောက်ဆို လေ့ရှိ၏။

၁၁ တဖန် လူ များတို့သည် အလို တော်မရှိသော မြည်တမ်း ခြင်းကို ပြုကြသဖြင့်၊ ထာဝရဘုရား သည် သူတို့ စကားကိုကြား ၍ အမျက် ထွက်တော်မူ၏။ ရှိုတော်မူသောမီး သည် သူ တို့တွင် လောင် ၍ တပ် အစွန် အနား၌ ရှိသောသူအချို့တို့ကို သေ စေလေ၏။ ၂ လူ များတို့သည် မောရှေ အား အော်ဟစ် ၍ ၊ မောရှေ သည် ထာဝရဘုရား ကို ဆုတောင်း သဖြင့် မီး ငြိမ်း လေ၏။ ၃ ထာဝရဘုရား ၏ မီး သည် သူ တို့တွင် လောင် သောကြောင့် ၊ ထို အရပ် ကို တဗေရ ဟူသောအမည် ဖြင့် မှည့် လေ၏။ ၄ ကျသရေလအမျိုးသားတို့နှင့် ရောနှော လျက် ပါသောတပါးအမျိုးသားတို့သည် တောင့်တ သောစိတ် စွဲလမ်း ကြ၏။ ကျသရေလ အမျိုးသား တို့သည်လည်း တဖန် ငိုကြွေး လျက် ငါ တို့စား စရာတို့ အမဲသား ကို အဘယ်သူ ပေးလိမ့်မည်နည်း။ ၅ အဲဂုတ္တု ပြည်၌ အလိုအလျောက် စား ရသော ငါး သား၊ သခွါးသီး ၊ ဖရဲသီး ၊ ကြက်သွန် အနီ၊ အဖြူ ၊ အရိုင်းအမျိုးမျိုးတို့ကို အောက်မေ့ ၏။ ၆ ယခု မှာ ငါ တို့အသက် သည် အားလျော့ ပြီ။ ဤ မန္နမှတပါး တစုံတခု ကိုမျှ မ မြင် ရဟုဆိုကြ၏။ ၇ မန္န သည် နံနံ စေ့ နှင့်တူ ၍ ဗဒေလ သစ်စေ့ကဲ့သို့ အဆင်း ဖြစ်၏။ ၈ လူ များတို့သည်လှည့်လည် လျက် မန္နကိုစုသိမ်း ၍ ဆုံ ၌ ကြိတ် ခြင်း၊ ထောင်း ခြင်းကိုပြုပြီးမှ အိုး နှင့် ပြုတ် ကြ၏။ မုန့်ပြား ကိုလည်း လုပ် ကြ၏။ အရသာ သည် မုန့်ဆီကြော် အရသာ နှင့် တူ၏။ ၉ စားခန်းချ ရာအရပ်၌ ညဉ့် အခါနှင်း နှင့်အတူ မန္နကျ တတ်၏။ ၁၀ ထိုအခါ လူ များအသီးအသီးတို့သည် မိမိ တဲ တံခါးဝ ၌ မိမိ အိမ်ထောင် နှင့်တကွငိုကြွေး ကြသည်ကို မောရှေ ကြား ရ၏။ ထာဝရဘုရား သည် ပြင်းစွာ အမျက် ထွက်တော်မူ၏။ အပြစ် ရှိသည်ကို မောရှေ သိမြင် လျှင် ၊ ၁၁ ဤ လူ အပေါင်း တို့ကို ထမ်းစေဟု သူတို့ကို ကိုယ်တော် ကျွန် အပေါ် မှာ တင် ၍ အဘယ်ကြောင့် အကျွန်ုပ် ကို ညှဉ်းဆဲ တော်မူပါသနည်း။ အဘယ်ကြောင့် ရှေ့တော်၌ မျက်နှာ မ ရဘဲ နေရပါသနည်း။ ၁၂ သူ တို့ဘိုးဘေး များ၌ ကျိန်ဆို တော်မူသော ပြည် သို့ သွား၍၊ အထိန်း သည် နို့စို့ သူငယ်ကိုဆောင် သကဲ့သို့ ၊ ဤလူတို့ကို ပိုက်ချီ လျက်ဆောင်လော့ဟု အကျွန်ုပ် အား မိန့် တော်မူမည်အကြောင်း ၊ ဤ လူ အပေါင်း တို့ကို အကျွန်ုပ် သည် ကိုယ်ဝန်ဆောင် ပါသလော။ ဘွားမြင် ပါသလော။ ၁၃ ဤ လူ အပေါင်း တို့အား ကျွေး စရာတို့ အမဲသား ကို အကျွန်ုပ် သည် အဘယ်မှာ ရနိုင်ပါအံ့နည်း။ သူတို့က အကျွန်ုပ် တို့ စား စရာတို့ အမဲသား ကိုပေး ပါဟု ငိုကြွေး လျက် အကျွန်ုပ် ကို တောင်း ကြပါ၏။ ၁၄ ဤ လူ အပေါင်း တို့ကို အကျွန်ုပ် တယောက်တည်း သာ မ ဆောင်ရွက် နိုင် ပါ။ ဆောင်ရွက်ရသောဝန်လည်း လေး လွန်းပါ၏။ ၁၅ ထိုသို့ အကျွန်ုပ် ၌ ပြု တော်မူလျှင် ၎င်း၊ စိတ် တွေ့တော်မူလျှင် ၎င်း၊ အကျွန်ုပ် ကိုအလျင်အမြန်သေ စေတော်မူပါ။ ကိုယ် ဆင်းရဲ ကို ကိုယ်မ သိ မမြင်ပါစေနှင့်ဟု ဘုရား အား လျှောက်ဆို ၏။ ၁၆ ထာဝရဘုရား ကလည်း ၊ သင်ကျွမ်းကျင် သော ကျသရေလ အမျိုးသား အသက်ကြီး ခုနစ်ကျိပ် တို့ကို ငါ့ ရှေ့မှာ စုဝေး စေပြီးလျှင်၊ ပရိသတ်စည်းဝေး ရာ တဲ တော် သို့ ခေါ် ခဲ့၍ သင် နှင့်အတူ ရပ် နေကြစေလော့။ ၁၇ ငါသည်လည်း ထို အရပ်သို့ ဆင်းသက် ၍ သင် နှင့် နှုတ်ဆက် မည်။ သင့် အပေါ် မှာ ကျိန်းဝပ်သော ဝိညာဉ်

အချို့ကို ငါယူ ၍ သူ တို့အပေါ် မှာ တင် မည်။ ဤလူတို့ ကို သင် တယောက်တည်း သာ ဆောင်ရွက် ရမည် မ ဟုတ်၊ ထိုအသက်ကြီးသူတို့သည် ဝိုင်းညီ၍ ဆောင်ရွက် ရကြမည်။ ၁၈ သင်သည်လည်း လူ များတို့အား ဆင့်ဆို ရမည်မှာ၊ နက်ဖြန် နေ့အဘို့ ကိုယ်ကိုကိုယ်သန့်ရှင်း စင်ကြယ်လော့။ အမဲသား ကိုစား ရကြမည်။ သင်တို့က အဘယ်သူသည် ငါ တို့ အား အမဲသား ကိုပေး လိမ့်မည်နည်း။ အဲဂုတ္တု ပြည်၌ နေစဉ်၊ ငါ တို့သည် ချမ်းသာ စွာနေကြ၏ဟု ငိုကြွေး လျက် ပြောဆို သံကို ထာဝရဘုရား ကြား သောကြောင့်၊ အမဲသား ကိုပေး တော်မူသဖြင့် သင်တို့သည် စား ရကြမည်။ ၁၉ တ ရက် ၊ နှစ်ရက် ၊ ငါး ရက် ၊ ဆယ် ရက် ၊ အရက် နှစ်ဆယ် သာ စား ရကြမည်မ ဟုတ်။ ၂၀ သင် တို့နှာခေါင်း ထဲက အမဲသားထွက် ၍ ရွံ စရာ ဖြစ် သည်တိုင်အောင် တလ ပတ်လုံးစားရကြမည်။ အကြောင်းမူကား ၊ သင် တို့တွင် ရှိတော်မူသောထာဝရဘုရား ကို၊ သင်တို့သည် မထီမဲ့မြင်ပြု လျက်၊ ငါတို့သည် အဲဂုတ္တု ပြည်မှ အဘယ်ကြောင့် ထွက်လာ ရကြသနည်းဟု ရှေ့ တော်၌ ငိုကြွေး လျက် ပြောဆို ကြပြီ တကားဟု မောရှေ အား မိန့် တော်မူ၏။ ၂၁ မောရှေ ကလည်း ၊ အကျွန်ုပ် နှင့် ဆိုင်သော လူ ယောကျ်ားအပေါင်းခြောက် သိန်းရှိကြသည်ဖြစ်၍ကိုယ်တော်က တ လစား စရာဘို့ သူ တို့အား အမဲသား ကို ငါပေး မည်ဟု မိန့် တော်မူပါသည်တကား၊ ၂၂ သူ တို့ကို ဝ စွာကျွေးခြင်းငှါ၊ သိုး ဆိတ်နွား စုတို့ကိုသတ် ရပါမည်လော။ သို့မဟုတ်ဝ စွာကျွေးခြင်းငှါ၊ ပင်လယ် ငါး ရှိသမျှ တို့ ကိုစုဝေး ရပါမည်လောဟု လျှောက် လျှင်၊ ၂၃ ထာဝရဘုရား က၊ ထာဝရဘုရား လက် တို သလော။ ငါ့ စကား တည် မည် မ တည်မည်ကို သင်သိ လိမ့်မည်ဟု မောရှေ အား မိန့် တော်မူ၏။ ၂၄ မောရှေ သည် ထွက် ၍ ထာဝရဘုရား ၏ စကား တော်ကို လူ များတို့အား ဆင့်ဆို ပြီးလျှင် ၊ အမျိုးသား အသက်ကြီး သူခုနစ်ကျိပ် တို့ကို စုဝေး စေ၍ ၊ ပရိသတ် စည်းဝေးရာ တဲ တော်ပတ်လည် ၌ ထား လေ၏။ ၂၅ ထာဝရဘုရား သည် မိုးယံးတိမ် ဖြင့် ဆင်းသက် ၍ မောရှေ နှင့် နှုတ်ဆက် တော်မူ၏။ မောရှေ အပေါ် မှာ ကျိန်းဝပ်သော ဝိညာဉ် အချို့ကို ယူ ၍ အသက်ကြီး သူ ခုနစ်ကျိပ် တို့အပေါ် မှာ တင် တော်မူသဖြင့် ၊ ထိုဝိညာဉ် သည် သူ တို့အပေါ် မှာ ကျိန်းဝပ် သောအခါ ၊ သူတို့သည် ပရောဖက်ပြု ၍ မပြတ်မစဲ ဟောကြ၏။ ၂၆ ထိုလူ စုံ၌ ပါသောသူ ဧလဒဒ် နှင့် မေဒဒ် တို့သည် စာရင်း ဝင်သော်လည်း ၊ တဲ တော်သို့ မ သွား ဘဲ တပ် ထဲမှာ နေရစ် စဉ်တွင်သူ တို့အပေါ် မှာ ထိုဝိညာဉ် ကျိန်းဝပ် သဖြင့် သူတို့သည်လည်း ပရောဖက်ပြု ၍ တပ် ထဲမှာ ဟောကြ၏။ ၂၇ လုလင် တယောက်သည်လည်း မောရှေ ထံသို့ ပြေး ၍ ၊ ဧလဒဒ် နှင့် မေဒဒ် တို့သည် တပ် ထဲမှာ ပရောဖက်ပြု ၍ဟောပါ၏ဟု လျှောက် လျှင် ၊ ၂၈ မောရှေ ၏ လက်ထောက် ဖြစ်သော လုလင်နုန် သား ယောရှု က၊ သခင် မောရှေ ၊ သူ တို့ကို ဆီးတား တော်မူပါဟုဆို သော်၊ ၂၉ မောရှေ က၊ သင် သည် ငါ့ အတွက် ငြူစူ သောစိတ် ရှိသလော။ ထာဝရဘုရား ၏ လူ အပေါင်း တို့သည် ပရောဖက် ဖြစ် ကြပါစေသော။ ထာဝရဘုရား သည် ဝိညာဉ် တော်ကို သူ တို့အပေါ် မှာ တင် တော်မူပါစေသောဟု ဆို ပြီးမှ ၊ ၃၀ ဣသရေလ အမျိုးသားအသက်ကြီး သူတို့နှင့်အတူ တပ် ထဲသို့ ပြန် သွားလေ၏။ ၃၁ ထိုအခါ ထာဝရဘုရား သည် လေ ကိုစေလွှတ် ၍ ၊ ငုံး များကို ပင်လယ် မှ ဆောင် ခဲ့သဖြင့် ၊ တပ် ပတ်လည်တရက် ခရီး စီတိုင်တိုင်ကွာသော အရပ်တို့ ၌၊ မြေ ပေါ် မှာ ဒှန့်တောင် ခန့် မျှ ဆင်း စေတော်မူ၏။ ၃၂ လူ များတို့သည် တနေ့လုံး ၊

တညဉ့်လုံး ၊ နက်ဖြန် လည်း တနေ့လုံး ထ ၍ ငုံး များကို စုသိမ်း ကြ၏။ နည်းနည်း သိမ်းသောသူသည် ဆယ် ဟောမဲ ကို သိမ်း ရ၏။ တပ် ပတ်လည် အရပ်ရပ်၌ ဖြန့် ထားကြ၏။ ၃၃ သို့ရာတွင်ငုံးသား ကို ကိုက် ၍ မ ဝါး မှီ၊ ထာဝရဘုရား သည် သူတို့ကို အမျက် တော်ထွက်၍ အလွန် ပြင်း သော ဘေး နှင့်ဒဏ်ခတ် တော်မူ၏။ ၃၄ တောင့်တ သောသူ တို့ကို သင်္ဂြိဟ် ရာထိ အရပ် ကို ကိုဗြုတ်ဟတ္တဝါ ဟူသောအမည်ဖြင့် မှည့် လေ၏။ ၃၅ လူ များတို့သည် ကိဗြုတ်ဟတ္တဝါ အရပ်မှ ထွက် ပြီးလျှင်၊ ဟာဇရုတ် အရပ်သို့ ရောက်၍နေ ကြ၏။

၁၂ မောရှေသည် ကုရှ အမျိုးသားမိန်းမ နှင့် စုံဘက် သည်ဖြစ်၍ ၊ ထိုမိန်းမကြောင့် မိရိအံ နှင့် အာရုန် သည် မောရှေ ကို အပြစ်တင် လျက် ၊ ၂ အကယ်၍ ထာဝရဘုရား သည်၊ မောရှေ အားဖြင့် သာ ဗျာဒိတ် ပေးတော်မူသလော။ ငါ တို့အားဖြင့် လည်း ပေး တော်မ မူလောဟု ဆို ကြ၏။ ထိုစကားကို ထာဝရဘုရား ကြား တော်မူ၏။ ၃ မောရှေ သည် မြေကြီး ပေါ်မှာ ရှိနေသောသူ အပေါင်း တို့ထက် သာ၍နူးညံ့ သိမ်မွေ့သော သဘောရှိ၏။ ၄ ထာဝရဘုရား ကလည်း ၊ သင် တို့သုံး ယောက် သည် ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ထွက်သွား ကြလော့ ဟု မောရှေ ၊ အာရုန် ၊ မိရိအံ တို့အား ချက်ခြင်း မိန့် တော်မူ၍ သူတို့သည် ထွက်သွား ကြ၏။ ၅ ထာဝရဘုရား သည် မိုးယံးတိမ် တိုင် ဖြင့် ဆင်းသက် ၍ ၊ ပရိသတ်စည်းဝေးရာ တဲ တော်တံခါးဝ ၌ ရပ် လျက်၊ အာရုန် နှင့် မိရိအံ ကို ခေါ် တော်မူ၍ ၊ သူတို့သည် ချဉ်းကပ် ကြ၏။ ၆ ထာဝရဘုရားကလည်း၊ ငါ့ စကား ကို နားထောင် ကြလော့။ သင် တို့တွင် ပရောဖက် ရှိ လျှင် ၊ ငါထာဝရဘုရား သည် ထိုသူ ၌ ထူးဆန်းသော ရူပါရုံ အားဖြင့် ကိုယ်ကိုပြ မည်။ သို့မဟုတ်အိပ်မက် အားဖြင့် ဗျာဒိတ် ပေးမည်။ ၇ အိမ် တော်တအိမ်လုံး၌ သစ္စာ စောင့်သော ငါ့ ကျွန် မောရှေ သည် ထိုသို့ မ ဟုတ်။ ၈ သူ ၌ ဗျာဒိတ် ပေးသောအခါ ၊ နက်နဲ သောစကား အားဖြင့် မ ပေး၊ ကိုယ်တိုင် ကိုယ်ကြပ်ထင်ရှား စွာ ဗျာဒိတ် ပေးမည်။ သူသည် ထာဝရဘုရား ၏ ပုံသဏ္ဌာန် ကိုလည်း မြင် ရမည်။ သို့ ဖြစ်၍ သင်တို့သည် ငါ့ ကျွန် မောရှေ ကို အဘယ့်ကြောင့် အပြစ်တင် ဝံ့ သနည်းဟု မိန့် တော်မူလျက် ၊ ၉ အမျက် တော်ထွက် ၍ ထာဝရဘုရား ကြွ သွား တော်မူသဖြင့် ၊ ၁၀ မိုးယံးတိမ် သည် တဲ တော်အပေါ် မှ ကွာ သွား၏။ မိရိအံ သည်လည်း ၊ နူနာ စွဲ၍ မိုးယံးပွင့် ကဲ့သို့ ဖြူလေ၏။ အာရုန် ကြည့် ၍ မိရိအံ နူ သည်ကိုမြင် လျှင် ၊ ၁၁ အို အကျွန်ုပ် သခင် ၊ အကျွန်ုပ်တို့သည် မိုက် သောအမှုကို ပြုမိ၍ ပြစ်မှား သောအပြစ် ကို အကျွန်ုပ် တို့အပေါ် မှာ တင် တော်မ မူပါနှင့်၊ အကျွန်ုပ် တောင်းပန်ပါ၏။ ၁၂ ဘွား စက ပင် ကိုယ် အသား တဝက် ပျက် သောအသေကောင် ကဲ့သို့ သူသည် မ ဖြစ် ပါစေနှင့်ဟု တောင်းပန် လျှင် ၊ ၁၃ မောရှေ က၊ အို ဘုရားသခင် ၊ သူ ၏အနာကို ပျောက် စေတော်မူပါ၊ အကျွန်ုပ် တောင်းပန်ပါ၏ဟု ထာဝရဘုရား အား အော်ဟစ် လေ၏။ ၁၄ ထာဝရဘုရား ကလည်း ၊ သူ ၏ အဘ သည် သူ ၏ မျက်နှာ ကို တံထွေး နှင့် ထွေးရုံမျှသာပြုလျှင်၊ သူသည် ခုနစ် ရက် ပတ်လုံးအရှက် ကွဲခြင်းကိုခံရမည် မ ဟုတ်လော။ ယခုတွင် သူ့ကိုနှင်ထုတ်၍ ခုနစ် ရက် ပတ်လုံးတပ် ပြင် မှာ နေစေ။ ထို့နောက်မှ တပ်ထဲသို့ တဖန် ဝင်စေဟု မောရှေ အား မိန့် တော်မူသည်အတိုင်း ၊ ၁၅ မိရိအံ ကို နှင်ထုတ် ၍ သူသည် ခုနစ် ရက် ပတ်လုံးတပ် ပြင် မှာ

နေရ၏။ မိရိအံ့ အနာမ ပျောက်မှီတိုင်အောင်လူ များတို့သည် ခရီးမ သွား ဘဲ နေကြ၏။ ၁၆ ထို့နောက် ဟာဇရုတ် အရပ်မှ ပြောင်း၍ ပါရန် တော ၌ တဲ ဆောက်ကြ၏။

၁၇ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ ကလသရေလ အမျိုးသား တို့အား ငါ ပေး သော ခါနာန် ပြည် ကို စူးစမ်း စေခြင်းငှါ၊ အမျိုးအနွယ် အသီးအသီး ထဲက အဆွေအမျိုး သူကြီး ဖြစ်သောသူ တမျိုး တယောက်စီ ခွေးကောက်၍ စေလွှတ် လော့ဟု၊ ၃ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း၊ မောရှေ သည် လူ တို့ကို ပါရန် တော က စေလွှတ် လေ၏။ စေလွှတ်သောသူအပေါင်း တို့သည် ကလသရေလ အမျိုး ၌ အကဲအမှူး ဖြစ်ကြ၏။ ၄ သူ တို့အမည် ကား၊ ရုဗင် အမျိုး ၊ ဇက္ကရ သား ရှမ္မွာ။ ၅ ရှိမောင် အမျိုး ၊ ဟောရိ သား ၊ ရှာဖတ်။ ၆ ယုဒ အမျိုး ၊ ယေဖုန္နေ သား ကာလက်။ ၇ ကလသခါ အမျိုး ၊ ယောသပ် သား ကလဂါလ။ ၈ ဧဖရိမ် အမျိုး ၊ နုန် သား ဩရှေ။ ၉ ဗင်္ယာမိန် အမျိုး ၊ ရာဖု သား ပါလတိ။ ၁၀ ဇာဗုလုန် အမျိုး ၊ သောဒိ သား ဂါဒျေလ။ ၁၁ ယောသပ် သား တွင် မနာရှေ အမျိုး ၊ သုသိ သား ဂဒ္ဒိ။ ၁၂ ဒန် အမျိုး ၊ ဂေမလ္လိ သား အမျေလ။ ၁၃ အာရှာ အမျိုး ၊ မိကေ္ခလ သား သေသုရ။ ၁၄ နဿလိ အမျိုး ၊ ဝါဖသိ သား နာဘိ။ ၁၅ ဂဒ် အမျိုး မာခိ သား ဂွေလ တည်းဟူသော၊ ၁၆ ခါနာန်ပြည် ကို စူးစမ်း စေခြင်းငှါ မောရှေ စေလွှတ် သောသူတို့ ၏အမည် တည်း။ နုန် ၏သား ဩရှေ ကို ယောရှု ဟူသောအမည်ဖြင့် မောရှေ မှည့် လေ၏။ ၁၇ ခါနာန် ပြည် ကို စူးစမ်း စေခြင်းငှါ မောရှေ စေလွှတ် လျက် ၊ သင်တို့သည် တောင် မျက်နှာလမ်းဖြင့် သွား၍ တောင်ရိုး ပေါ် သို့တက် ကြလော့။ ၁၈ ထိုပြည် သည် အဘယ်သို့ သော ပြည်ဖြစ် သနည်း။ ပြည်သား တို့သည် အားကြီး သလော၊ အားနည်း သလော။ များ သလော၊ နည်း သလော။ ၁၉ သူ တို့နေ သောပြည် သည် ကောင်း သလော၊ မကောင်း လော။ သူ တို့နေ သော မြို့ ရွာတို့သည် အဘယ်သို့ နည်း။ တဲ နှင့် နေကြသလော။ ခိုင်ခံ့ သော မြို့နှင့် နေကြသလော။ ၂၀ ထိုမြေ သည် ကောင်း သလော၊ မကောင်း လော။ တော များသလော၊ နည်း သလောဟုကြည့်ရှုကြလော့။ ရဲရင့် သောစိတ်ရှိကြလော့။ သစ်သီး အချို့ကိုလည်း ယူ ခဲ့ ကြလော့ဟု မှာလိုက်လေ၏။ ထိုကာလ သည် စပျစ်သီး မှည့် စကာလ ဖြစ်သတည်း။ ၂၁ ထိုသူတို့သည် ဇိန တော မှ သွား၍ ဟာမတ် မြို့သို့ ရောက်သော လမ်းနား၊ ရဟောဘ မြို့တိုင်အောင် ခါနာန် ပြည် ကို စူးစမ်း ကြ၏။ ၂၂ တောင် မျက်နှာ၌ ရှောက်သွား၍ အာနက အမျိုးသား အဟိမန် ၊ ရှေရှဲ ၊ တာလမဲ နေသောဟေဗြုန် မြို့သို့ ရောက် ကြ၏။ ဟေဗြုန် မြို့ကား၊ အဲဂုတ္တု ပြည်၌ ဇောန မြို့ မ တည်မီ ခုနစ် နှစ် ကတည် သော မြို့ဖြစ်သတည်း။ ၂၃ ဧရှကောလ ချိုင့် သို့ ရောက် လျှင် ၊ အသီး တ ပွြတ် ပါသောစပျစ်နွယ်ပင်အခက် တခက်ကို ခုတ် ၍ လူ နှစ် ယောက်တို့သည် ထမ်းဘိုး နှင့်ထမ်း ကြ၏။ သလဲသီး ၊ သဘော်သဖန်းသီး များကိုလည်း ဆောင်ခဲ့ကြ၏။ ၂၄ ကလသရေလ အမျိုးသား ခုတ် ယူသော စပျစ်သီး ပွြတ်ကိုထောက်၍ ၊ ထို ချိုင့် ကို ဧရှကောလ ချိုင့် ဟူသောအမည်ဖြင့် မှည့် သတည်း။ ၂၅ အရက် လေးဆယ် လွန် မှ ခါနာန်ပြည် ကို စူးစမ်း သော အမှူပြီး၍ ပြန် လာကြ၏။ ၂၆ မောရှေ နှင့် အာရုန် မှစ၍ကလသရေလ အမျိုးသား ပရိသတ် အပေါင်း တို့နေရာ ပါရန် တော ၊ ကာဒေရှ အရပ်သို့ ရောက် သောအခါ ၊ ပရိသတ် အပေါင်း တို့အား သိတင်း ကြားပြော၍ ၊ ထိုပြည် ၌ သီးသော အသီး ကို ပြ ကြ၏။ ၂၇ မောရှေ အား လည်း ၊

အကျွန်ုပ်တို့သည်ကိုယ်တော်စေလွှတ် သော ပြည် သို့ ရောက် ခဲ့ပါပြီ။ အကယ်စင်စစ် ထိုပြည်သည် နို့ နှင့် ပျားရည် စီး သော ပြည်ဖြစ်ပါ၏။ ဤ အသီးတို့ ကား ထိုပြည်၌သီးသော အသီး ဖြစ်ပါ၏။ ၂၈ သို့ရာတွင် ပြည်သူ ပြည်သားတို့သည် အားကြီး ပါ၏။ ခိုင်ခံ့ သော မြို့ ကြီး နှင့်နေကြပါ၏။ ထိုမျှမက ၊ အာနက အမျိုးသား တို့ကိုလည်း မြင် ရပါ၏။ ၂၉ အာမလက် အမျိုးသားတို့သည် တောင် ဘက် ၌၎င်း၊ ဟိတ္တိ လူ၊ ယေဗုသိ လူ၊ အာမောရိ လူတို့သည် တောင်ရိုး ပေါ် ၌ ၎င်း၊ ခါနာနိ လူတို့သည် ပင်လယ် နား ယော်ဒန် မြစ်နား၌၎င်း၊ နေ ကြပါသည်ဟု လျှောက်ဆို ကြ ၏။ ၃၀ ကာလက် ကလည်း ချက်ခြင်းချီ သွား၍ ထိုပြည် ကို သိမ်းယူ ကြစို့။ အောင်နိုင် ကောင်းသည်ဟု ဆို ၍ မောရှေ ရှေ့မှာ လူ များတို့ကို ငြိမ်း စေ၏။ ၃၁ သူ နှင့်အတူ လိုက် သွားသော သူ တို့က၊ ထိုပြည်သား တို့ကို ငါတို့ မ တိုက် နိုင်။ သူ တို့သည် ငါ တို့ထက် သာ၍အားကြီး ကြသည်ဟူ၍၎င်း၊ ၃၂ ငါတို့သွား ၍ စူးစမ်း သော ပြည် သည် မိမိ သား တို့ကို ဖျက်ဆီး တတ်၏။ ငါတို့တွေ့မြင် သော ပြည်သား အပေါင်း တို့သည် အလွန် အရပ်မြင့်ကြ၏။ ၃၃ ကိုယ် ကြီးသောလူအမျိုးအနွယ်၊ အာနက အမျိုးအနွယ် ဖြစ်၍၊ အလွန် ကြီးမားသောသူတို့ ကိုလည်း မြင် ခဲ့ ကြပြီ။ သူတို့ရှေ့မှာငါတို့သည် ကိုယ် အထင် အတိုင်း နှံကောင် ကဲ့သို့ ဖြစ် ကြ၏။ သူ တို့အထင် အတိုင်း လည်း ထိုသို့ ဖြစ် ကြသည်ဟူ၍၎င်း၊ မိမိတို့စူးစမ်း သော ပြည် ကို ကျသရေလ အမျိုးသား တို့အား မကောင်း သော သိတင်းကို ကြားပြော ကြလေ၏။

၁၄ ထိုအခါ ပရိသတ် အပေါင်း တို့သည် အသံ ကို လွှင့် ၍ မြည်တမ်းသဖြင့် ၊ တညဉ့်လုံး ငိုကြွေး ကြ၏။ ၂ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ သည်၊ မောရှေ နှင့် အာရုန် ကို အပြစ်တင် သော စကားနှင့် မြည်တမ်းလျက် ၊ ငါတို့သည် အဲဂုတ္တု ပြည် ၌ မသေ ပါလေ။ ဤ တော ၌ မသေ ပါလေ။ ၃ ငါတို့သည် ထား ဖြင့် သေ ၍ သား မယား တို့သည် ရန်သူ လက်သို့ ရောက်စေခြင်းငှါ၊ ထာဝရဘုရား သည် အဘယ်ကြောင့် ငါ တို့ကို ဤ အရပ် သို့ ဆောင် ခဲ့တော်မူသနည်း။ အဲဂုတ္တု ပြည်သို့ ပြန် ကောင်း သည်မ ဟုတ်လော ဟု မောရှေနှင့် အာရုန်အားဆို ပြီးမှ ၊ ၄ တဖန် လူတစုံတယောက်ကိုချီးမြှောက် ၍ ၊ အဲဂုတ္တု ပြည်သို့ ပြန် ကြစို့ဟု တယောက် ကို တယောက်ဆို ကြ၏။ ၅ မောရှေ နှင့် အာရုန် တို့သည်၊ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ရှေ့မှာ ပြပ်ဝပ် လျက် နေကြ၏။ ၆ ခါနာန်ပြည် ကို စူးစမ်း သောလူစုထဲက နုန် ၏ သား ယောရှု၊ ယေဖုန္နာ ၏သား ကာလတ် တို့သည် မိမိ တို့အဝတ် ကို ဆုတ် ၍ ၊ ၇ ကျသရေလ အမျိုးသား အပေါင်း တို့အား ခေါ် လျက်၊ ငါတို့ရှောက်သွား ၍စူးစမ်း သော ပြည် သည် အလွန်တရာ ကောင်း သော ပြည် ဖြစ်ပါ၏။ ၈ ထာဝရဘုရား သည် ငါ တို့ကိုနှစ်သက် လျှင် ၊ နို့ နှင့် ပျားရည် စီး သော ထိုပြည် သို့ ငါ တို့ကို ဆောင် သွင်း၍ အပိုင်ပေး တော်မူလိမ့်မည်။ ၉ ထာဝရဘုရား ကို မ ပုန်ကန် ကြပါနှင့်။ ထိုပြည်သူ ပြည်သားတို့ကို မ ကြောက် ကြနှင့်။ သူ တို့သည် ငါ တို့ စားစရာ ဘို့ ဖြစ်ကြ၏။ သူ တို့ ၌ အမှီတကဲ့ မ ရှိ။ ထာဝရဘုရား သည် ငါ တို့ဘက်၌ ရှိတော်မူ၏။ သို့ ဖြစ်၍သူ တို့ကို မ ကြောက် ကြနှင့်ဟု ပြောဆို ကြလေသော်။ ၁၀ ပရိသတ် အပေါင်း တို့သည်၊ ထိုသူ နှစ်ယောက်ကို ကျောက်ခဲ နှင့် ပစ် စေခြင်းငှါ စီရင် ကြ၏။ ထိုအခါ ထာဝရ ဘုရား ၏ဘုန်း တော်သည် ကျသရေလ အမျိုးသား အပေါင်း တို့ ရှေ့မှာ ပရိသတ်စည်းဝေး ရာ တဲ တော်၌ ထင်ရှား လေ ၏။ ၁၁

ထာဝရဘုရား ကလည်း ၊ ဤ လူမျိုး သည် အဘယ်မျှ ကာလပတ်လုံးငါ့ ကို မရိုမသေ ပြုကြလိမ့်မည်နည်း။ သူ တို့ ၌ ငါပြ
ခဲ့ပြီးသမျှ သော နိမိတ် လက္ခဏာတို့ကို မြင်ရ သော်လည်းအဘယ်မျှ ကာလပတ်လုံးငါ့ ကို မ ယုံ ဘဲနေကြလိမ့်မည်နည်း။
၁၂ သူ တို့ကိုကာလနာ ဘေးဖြင့် ငါသည် ဒဏ်ခတ် ၍ သား၏ အရာကိုနှုတ် မည်။ သူ တို့ထက် သင့် ကိုသာ၍စည်ပင်
သောအမျိုး ၊ သာ၍တန်ခိုးကြီး သောအမျိုး ဖြစ် စေမည်ဟု မောရှေ အား မိန့် တော်မူ၏။ ၁၃ မောရှေ ကလည်း
၊ ကိုယ်တော်သည် ဤ လူမျိုး ကို တန်ခိုး တော်အားဖြင့် အဲဂုတ္တု လူတို့ထဲက နှုတ်ဆောင် ခဲ့ တော်မူသည်ဖြစ်၍ ၊
နောက်တဖန် ဤသိတင်းကို အဲဂုတ္တု လူတို့သည် ကြား ပြန်လျှင် ၊ ၁၄ ဤ ပြည် ၌ နေ သောသူတို့အား သိတင်းပြော ကြ
လိမ့်မည်။ ထာဝရဘုရား ၊ ကိုယ်တော် သည် ဤ လူမျိုး ၌ ရှိတော်မူကြောင်းကို၎င်း၊ ထာဝရဘုရား ၊ ကိုယ်တော် သည်
ထင်ရှား တော်မူကြောင်းကို၎င်း၊ မိုဃ်းတိမ် တော်သည် သူ တို့ကို လွှမ်းမိုး ကြောင်းကို၎င်း၊ ကိုယ်တော် သည် နေ့ အချိန်၌
မိုဃ်းတိမ် တိုင် ၊ ညဉ့် အချိန်၌ မီး တိုင် ဖြင့် သူ တို့ ရှေ့က ကြွ တော်မူကြောင်းကို၎င်းကြား ရကြပြီ။ ၁၅ ယခုမှာ၊ ဤ လူမျိုး
ကို လူ တ ယောက်ကဲ့သို့ မှတ်၍ သုတ်သင် ပယ်ရှင်းတော်မူလျှင် ၊ သိတင်း တော်ကို ကြား ဘူး သော လူ အမျိုးမျိုးတို့က၊
၁၆ ထာဝရဘုရား သည် ထိုလူ တို့အား ဤမည်သော ပြည်ကို ငါပေးမည်ဟု ကျိန်ဆို သော်လည်း၊ ထို ပြည် သို့ သူတို့ကို
ဆောင် သွင်းခြင်းငှါ မ တတ်နိုင် သောကြောင့် ၊ တော ၌ သုတ်သင် ပယ်ရှင်းပြီဟု ပြောဆို ကြပါလိမ့်မည်။ ၁၇
ကိုယ်တော်က၊ ထာဝရဘုရား သည်သည်းခံ သောသဘော၊ သနား သောသဘောနှင့်ပြည့်စုံတော်မူထသော၊ အဓမ္မ
ကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း အပြစ် တို့ကို ဖြေလွှတ် သော်လည်း ၊ အချည်းနှီးသက်သက်ဖြေလွှတ် တော်မ
မူထသော၊ လူအစဉ်အဆက်၊ တတိယ အဆက်၊ စတုတ္ထ အဆက်တိုင်အောင် ၊ အဘ တို့၏အပြစ် ကိုသား တို့ ၌
ဆပ်ပေး စီရင်တော်မူသော ဘုရားသခင်ဖြစ်၏ဟု မိန့် တော်မူသည်အတိုင်း ၊ ၁၈ အကျွန်ုပ် တို့၏ဘုရားရှင် တန်ခိုး
တော်သည်ကြီး ပါစေသော။ ၁၉ အဲဂုတ္တု ပြည်ကထွက်သောနေ့ မှစ၍ ယခု တိုင်အောင် ဤ လူမျိုး ၏အပြစ်ကို လွှတ်
တော်မူသည်နည်းတူ ၊ ကရုဏာ တော်များပြား သည်နှင့်အညီ ၊ ယခု လည်း လွှတ် တော်မူပါ၊ အကျွန်ုပ်တောင်းပန်ပါ၏ဟု
ထာဝရဘုရား အား လျှောက်ဆိုလျှင်၊ ၂၀ ထာဝရဘုရား က၊ သင် တောင်းပန် သည်အတိုင်း ငါလွှတ် ၏။ ၂၁ ငါ အသက်
ရှင်သည်ဖြစ်၍ ၊ ထာဝရဘုရား ၏ ဘုန်း တော်သည် မြေ တပြင်လုံး ၌ နှံ့ ပြား လိမ့်မည်။ ၂၂ ငါ့ ဘုန်း တော်ကို၎င်း ၊
အဲဂုတ္တု ပြည်မှစ၍ ဤ တော ၌ ထူးဆန်း သော တန်ခိုးတော်ကို၎င်းမြင် ရသောလူ အပေါင်း တို့သည်၊ ငါ့ စကား ကိုနား
မ ထောင်၊ဆယ် ကြိမ် တိုင်အောင်ငါ့ ကိုစုံစမ်း သောကြောင့် ၊ ၂၃ သူ တို့ဘိုးဘေး တို့အား ငါကျိန်ဆို သော ပြည်
ကို အကယ်စင်စစ်သူတို့သည်မ မြင် ရကြ။ ငါ့ ကိုမရိုမသေ ပြု သော သူတစုံတယောက် မျှ မ မြင် ရ။ ၂၄ ငါ့ ကျွန်
ကာလက် မူကား ထူးခြား သော သဘော ရှိ ၍ ၊ ငါ့ နောက်သို့ လုံးလုံး လိုက်သောကြောင့် ၊ သူသွား ခဲ့ပြီးသော ပြည် သို့
သူ့ ကို ငါဆောင် သွင်းသဖြင့် ၊ သူ ၏သား မြေးတို့သည် အမွေ ခံရကြ လိမ့်မည်။ ၂၅ အာမလက် အမျိုးသားနှင့်
ခါနာန် အမျိုးသားတို့သည် ချိုင့် မှာ နေ ကြသည်ဖြစ်၍ ၊ သင် တို့သည် နက်ဖြန် နေ့ ၌လှည့်လည် ၍ ဧဒုံ ပင်လယ်
လမ်း ဖြင့် တော သို့သွား ကြလော့ဟု မိန့် တော်မူ၏။ ၂၆ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် အား မိန့်

တော်မူသည်ကား၊ ၂၇ ငါ့ ကို အပြစ်တင် ၍ မြည်တမ်း သောဤ ပရိသတ် ဆိုး တို့ကို အဘယ်မျှ ကာလပတ်လုံးငါသည် သည်းခံရအံ့နည်း။ ဣသရေလ အမျိုးသား တို့သည် ငါ့ ကိုအပြစ်တင် ၍ မြည်တမ်းသော စကားတို့ကို ငါကြား ရပြီ။ ၂၈ သင်သည် သူ တို့အား ဆင့်ဆို ရမည်မှာ၊ ထာဝရဘုရား က၊ ငါ အသက် ရှင်သည်ဖြစ်၍၊ သင်တို့သည် ငါ့ ကို ကြား စေခြင်းငှါပြော ကြသော စကားအတိုင်း သင် တို့ကို ငါပြု မည်။ ၂၉ သင် တို့ကို ရေတွက် ၍ စာရင်း ယူသည်အတိုင်း၊ အသက် နှစ်ဆယ် လွန် သောသူ၊ ငါ့ ကို အပြစ်တင် ၍ မြည်တမ်း သောသူအပေါင်း တို့သည် သေ ၍ ဤ တော ၌ အသေကောင် ဖြစ်လျက် နေရစ်ကြလိမ့်မည်။ ၃၀ ငါသည် ဤမည်သောပြည် ၌ သင် တို့ကို နေရာ ချမည်ဟု ငါကျိန်ဆို ၏။ ထို ပြည် သို့ ယေဖုန္နာ ၏သား ကာလက် ၊ နုန် ၏သား ယောရှု မှတပါး အဘယ်သူ မျှမရောက် ရ။ ၃၁ ရန်သူလုယူ ရာ ဖြစ် လိမ့်မည်ဟု သင်တို့ဆို သော သူငယ် တို့ကို ငါဆောင် သွင်း၍ သင်တို့ပယ် သော ပြည် ကို သူတို့သည်သိ ရကြလိမ့်မည်။ ၃၂ သင် တို့မူကား ၊ ဤ တော ၌ သေ ၍ အသေကောင် ဖြစ်လျက်၊ နေရစ်ရကြလိမ့်မည်။ ၃၃ ဤတော ၌ သင် တို့အသေကောင် များ ပျောက်ပျက် သည်တိုင်အောင် ၊ ကိုယ် သားသမီး တို့သည် မိဘ မှားယွင်း ခြင်းအပြစ်များကို ဆောင် ၍၊ ဤတော ၌ အနှစ် လေးဆယ် ပတ်လုံးလှည့်လည် ရကြလိမ့်မည်။ ၃၄ ထိုပြည် ကို စူးစမ်း ရာ နေ့ ရက်ပေါင်း အရက် လေးဆယ် နှင့်အညီ၊ တရက် ကို တနှစ် ထား၍၊ အနှစ် လေးဆယ် ပတ်လုံးကိုယ် အပြစ် ကိုဆောင် လျက်၊ ငါ့ စွန့်ပစ် ခြင်းကို သိ ရကြလိမ့်မည်။ ၃၅ အကယ်စင်စစ် ငါ တဘက် ၌ စည်းဝေး သော ဤ ပရိသတ် ဆိုး အပေါင်း တို့ကို ထိုသို့ငါပြု ၍ သူတို့သည် ဤ တော ၌ သေကြေ ပျောက်ပျက် ကြ လိမ့်မည်ဟု ငါ ထာဝရ ဘုရား မိန့် တော်မူ၏။ ၃၆ မောရှေ စေလွှတ် သော အခွင့်နှင့် ခါနာန်ပြည် ကို စူးစမ်း ၍ ပြန်လာ သောအခါ ၊ ထိုပြည် ကို ကဲ့ရဲ့ သဖြင့် ပရိသတ် အပေါင်း မြည်တမ်း စေခြင်းငှါတိုက်တွန်းသောသူ ၊ ၃၇ ခါနာန်ပြည် ကို မကောင်း သောသိတင်း ကြားပြောသောသူ တို့ သည်၊ ထာဝရဘုရား ရှေ့ တော်၌ ကာလနာ ဘေးနှင့် သေ ကြလေ၏။ ၃၈ ထိုပြည် ကို စူးစမ်း ၍ သွား သောလူတို့တွင် နုန် ၏ သား ယောရှု နှင့် ယေဖုန္နေ ၏သား ကာလက် တို့သာ အသက် ချမ်းသာရကြ၏။ ၃၉ မောရှေ သည် ဣသရေလ အမျိုးသား အပေါင်း တို့ အား စကား တော်များကို ဆင့်ဆို သောအခါ ၊ လူ များတို့ သည် အလွန် ညည်းတွား လျက် နေကြ၏။ ၄၀ နံနက် စောစောထ ၍ တောင် ထိပ် ပေါ် သို့ တက် ပြီးလျှင် ၊ ငါတို့သည် ပြစ်မှား ပြီ။ သို့သော်လည်း ယခုအသင့် ရှိပါ၏။ ထာဝရဘုရား ဂတိ ထားတော်မူသော ပြည် သို့ သွား ပါမည်ဟုဆို ကြသော်၊ ၄၁ မောရှေ က၊ ထာဝရဘုရား ၏ အမိန့် တော်ကို အဘယ်ကြောင့် လွန်ကျူး ကြသနည်း။ သင်တို့အကြံ မ ထမြောက်ရ။ ၄၂ မ သွား ကြနှင့်၊ ထာဝရဘုရား သည် သင် တို့ဘက်၌ ရှိတော်မ မူ။ သွားလျှင် ရန်သူ ရှေ့မှာ ရှုံး ရကြလိမ့်မည်။ ၄၃ အာမလက် အမျိုးသားနှင့် ခါနာန် အမျိုးသားတို့ သည် သင် တို့မ ရောက်မှီရောက်နှင့်သည်ဖြစ်၍၊ သင်တို့သည် ထား ဖြင့် ဆုံး ကြလိမ့်မည်။ ထာဝရဘုရား ထံ တော်မှ လွှဲသွား သောကြောင့် ၊ ထာဝရဘုရား သည် သင် တို့ဘက်၌ နေ တော်မ မူဟုဆို သော်လည်း ၊ ၄၄ သူတို့သည်ခိုင်ခံ့ သောစိတ်နှင့် တောင် ထိပ် ထက် သို့ တဖန်တက် ကြ၏။ သို့ရာတွင် ၊ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်နှင့်တကွ ၊ မောရှေ သည် တပ် ပြင် သို့ မ ထွက် မသွားဘဲ နေလေ၏။ ၄၅ ထိုအခါ တောင်

ပေါ်မှာရှိ နှင့်သော အာမလက် အမျိုးသားနှင့် ခါနာန် အမျိုးသားတို့သည် ဆင်းလာ လျက် ၊ ကျသရေလအမျိုးသားတို့ကို တိုက် ၍ အောင်သဖြင့်၊ ဟောမာ မြို့တိုင်အောင် လိုက် ကြလေ၏။

၁၅ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ကျသရေလ အမျိုးသား တို့ကို ဆင့်ဆို ရမည်မှာ၊ သင် တို့နေရာ ဖြစ်သော ငါ ပေး သော ပြည် သို့ ရောက် ၍ နေကြသောအခါ၊ ၃ သစ္စာ ဂတိရှိ၍ ပူဇော် သော်ငင်း ၊ အလိုလို ပူဇော်သော်ငင်း ၊ ပွဲ သဘင်ခံ၍ ပူဇော်သော်ငင်း ၊ မီးရှို့ ရာယဇ် အစရှိသော အခြားသောယဇ်ကို မီး ဖြင့်ပူဇော်၍၊ သိုး နွား အားဖြင့်ထာဝရဘုရား အဘို့ မွှေးကြိုင် သော အနံ့ ကို ပြု ခြင်းငှါ အလိုရှိလျှင်၊ ၄ ထာဝရဘုရား အား ပူဇော်သက္ကာ ကိုပြု သောသူသည်၊ သိုးသငယ် ကိုပူဇော်လျှင်၊ မီးရှို့ရာယဇ် ဖြစ်စေ ၊ အခြားသောယဇ် ဖြစ်စေ၊ ၅ ယဇ်နှင့်တကွ ဘောဇဉ် ပူဇော်သက္ကာကို ဆီ သုံး လောဃရော သောမုန့်ညက် တသြမဲ ကိုငင်း၊ သွန်းလောင်း ရာပူဇော်သက္ကာဘို့ စပျစ်ရည် သုံး လောဃကိုငင်း၊ ပြင်ဆင် ၍ဆောင် ခဲ့ရမည်။ ၆ သိုး ကိုပူဇော်လျှင်၊ ထာဝရဘုရား အဘို့မွှေးကြိုင် သောအနံ့ ရှိစေခြင်းငှါ၊ ၇ ဘောဇဉ် ပူဇော်သက္ကာဘို့ ဆီ လေး လောဃရော သောမုန့်ညက် နှစ် သြမဲကိုပြင်ဆင် ၍ သွန်းလောင်း ရာပူဇော်သက္ကာဘို့ စပျစ်ရည် လေး လောဃကိုပူဇော် ရမည်။ ၈ ထာဝရဘုရား အား မီးရှို့ ရာယဇ်၊ သစ္စာ ဂတိရှိ၍ ပူဇော်သောယဇ် ၊ မိဿဟာယ ယဇ်ဘို့ နွား ကို ပြင်ဆင် လျှင်၊ ၉ မီး ဖြင့်ပူဇော်၍ ထာဝရဘုရား အဘို့ မွှေးကြိုင် သော အနံ့ ရှိစေခြင်းငှါ၊ ၁၀ နွား နှင့်တကွဘောဇဉ် ပူဇော်သက္ကာဘို့ ဆီ ခြောက် လောဃရော သောမုန့်ညက် သုံး သြမဲကိုငင်း၊ သွန်းလောင်း ရာပူဇော်သက္ကာဘို့ စပျစ်ရည် ခြောက် လောဃကိုငင်းဆောင် ခဲ့ရမည်။ ၁၁ နွား တကောင်၊ သိုး တ ကောင်၊ သိုးသငယ် တကောင်၊ ဆိတ်သငယ် တကောင်ကို ယဇ်ပူဇော်သောအခါထိုသို့ ပြု ရမည်။ ၁၂ ပြင်ဆင် သော သိုး နွားအရေအတွက် သို့ လိုက်၍၊ တကောင်တကောင် ကို ထိုသို့ ပြု ရမည်။ ၁၃ ပြည်သား အပေါင်း တို့သည် မီး ဖြင့် ပူဇော် ၍ ထာဝရဘုရား အဘို့ မွှေးကြိုင် သော အနံ့ ရှိစေခြင်းငှါ၊ ထိုသို့ နှင့်အညီပြု ရကြမည်။ ၁၄ သင် တို့တွင် တည်းခို သော တပါး အမျိုးသားဖြစ်စေ ၊ အခြား တပါးသောသူဖြစ်စေ၊ မီး ဖြင့် ပူဇော် ၍ ထာဝရဘုရား အဘို့ မွှေးကြိုင် သောအနံ့ ရှိစေခြင်းငှါအလိုရှိ လျှင်၊ သင်တို့ပြု သည်နည်းတူ သူသည်လည်း ပြု ရမည်။ ၁၅ ပရိသတ် အဝင်ဖြစ်သောသူ၊ သင် တို့တွင် တည်းခို သော တပါး အမျိုးသားဖြစ်သောသူတို့သည်၊ သင် တို့အမျိုး အစဉ်အဆက် စောင့်ရသောတပါးတည်းသော ထုံးစံ ရှိ၍၊ ထာဝရဘုရား ရှေ့ တော်၌ သင် တို့သည် ဖြစ် သည်နည်းတူ သူသည်လည်း ဖြစ် ရမည်။ ၁၆ သင် တို့ကိုယ်တိုင်မှစ၍ သင် တို့တွင် တည်းခို သော တပါး အမျိုးသားတို့သည် တပါးတည်း သော တရား ၊ တပါးတည်း သော ထုံးစံ ရှိ ရကြမည်ဟု မိန့်တော်မူ၏။ ၁၇ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၁၈ ငါ ပို့ဆောင် သော ပြည် သို့ သင် တို့သည် ရောက် ၍ ၊ ၁၉ ထိုပြည် ၌ဖြစ်သော မုန့် ကို စား ကြသောအခါ ၊ ထာဝရဘုရား အား ချီမြှောက် ရာ ပူဇော်သက္ကာကို ဆက် ရမည်။ ၂၀ အဦး နယ်သော မုန့်စိမ်း ဖြင့် လုပ်သော မုန့်ပြား ကို ချီမြှောက် ရာ ပူဇော်သက္ကာပြု၍၊ ကောက်နယ် တလင်း ထဲက ချီမြှောက် ရာ ပူဇော်သက္ကာကို ပြုသကဲ့သို့ ချီမြှောက် ရမည်။ ၂၁ သင် တို့အမျိုး အစဉ်အဆက်တို့သည်၊ အဦး နယ် သော

မုန့်စိမ်း ထဲက ချီမြွောက် ရာ ပူဇော်သက္ကာကိုထာဝရ ဘုရား အား ဆက် ရကြမည်။ ၂၂ ထာဝရဘုရား သည် မောရှေ ကို မှာထား သော နေ့ မှစ၍ ၊ မောရှေ အားဖြင့် သင် တို့ ၌ ထား တော်မူသောပညတ်၊ ၂၃ သင် တို့အမျိုး အစဉ်အဆက်၌ ထားတော်မူလတံ့သောပညတ် အလုံးစုံ တို့ကို သင်တို့သည် မ စောင့် မှားယွင်း ခြင်းသို့ရောက်ကြသည်အမှုမှာ၊ ၂၄ ပရိသတ် အပေါင်းတို့သည် မသိဘဲ သတိလစ် ၍ မှားယွင်း ခြင်းသို့ရောက် လျှင် ၊ ပရိသတ် အပေါင်း တို့သည် ထာဝရဘုရား အဘို့ မွေးကြိုင် သောအနံ့ ရှိစေခြင်းငှါ၊ ထုံးဖွဲ့ သော ထုံးစံရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာနှင့်တကွ၊ အသက်ပျို သော နွားထီး ဖြင့် မီးရှို့ ရာယဇ်ကိုလည်း ၊ ဆိတ် ဖြင့် အပြစ် ဖြေရာ ယဇ်ကိုလည်းပူဇော် ရကြမည်။ ၂၅ ယဇ်ပုရောဟိတ် သည်၊ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့အဘို့ အပြစ် ဖြေခြင်းကို ပြုရသဖြင့် ၊ သူတို့သည် သတိလစ် ၍ ပြစ်မှားသောကြောင့် ၊ ထိုအပြစ် ကို လွှတ်ရလိမ့်မည်။ သူ တို့သည်လည်း သတိလစ် သော အပြစ်ကြောင့် ၊ အပြစ် ဖြေရာယဇ်နှင့်တကွ၊ မီး ဖြင့်ပြုသောပူဇော်သက္ကာ ကို ထာဝရဘုရား ထံ တော်သို့ ဆောင် ခဲ့ရကြမည်။ ၂၆ ထိုသို့ပြုလျှင် ၊ လူ အပေါင်း တို့သည် ပြစ်မှားသော်လည်း၊ သတိလစ် ၍ ပြစ်မှားသောကြောင့် ၊ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း ကိုဎင်း ၊ သူ တို့ထံမှာ တည်းခို သော တပါး အမျိုးသားကိုဎင်းထိုအပြစ် မှ လွှတ်ရ လိမ့်မည်။ ၂၇ လူတစုံတယောက် သည် သတိလစ် ၍ ပြစ်မှား လျှင် ၊ အပြစ် ဖြေရာ ယဇ်ဘို့ အခါမလည် သော ဆိတ်မ တကောင်ကိုဆောင် ခဲ့ရမည်။ ၂၈ ထာဝရဘုရား ရှေ့ တော်၌ သတိလစ် ၍ ပြစ်မှား မိသော ထိုသူအဘို့ ယဇ်ပုရောဟိတ် သည် အပြစ် ဖြေခြင်း ကို ပြုရသဖြင့် ထိုအပြစ် ကို လွှတ်ရလိမ့်မည်။ ၂၉ ကျသရေလ အမျိုးသား ဖြစ်သောသူ၊ တည်းခို သော တပါး အမျိုးသားဖြစ်သောသူတို့သည် သတိလစ် ၍ ပြစ်မှား သောအခါ၊ တပါးတည်း သော တရား ကို စောင့် ရကြမည်။ ၃၀ ကျသရေလ အမျိုးသားဖြစ်စေ ၊ တပါး အမျိုးသားဖြစ်စေ ၊ ရဲရင့် စွာပြစ်မှား လျှင် ၊ ထာဝရဘုရား ကို မ ရိုသေရာသို့ ရောက်သည်ဖြစ်၍၊ ထို သူကို သူ ၏အမျိုး မှ ပယ်ရှင်း ရမည်။ ၃၁ ထာဝရဘုရား ၏စကား တော်ကို မထီမဲ့မြင်ပြု ၍ ပညတ် တော်ကို လွန်ကျူး သောကြောင့် ၊ ထိုသူကို ရှင်းရှင်းပယ်ရှား ရမည်။ မိမိ အပြစ် ကို မိမိခံရမည်ဟု မိန့်တော်မူ၏။ ၃၂ ကျသရေလ အမျိုးသား တို့သည် တော ၌ ရှိ ကြ သောအခါ ၊ တနေ့သောဥပုသ် နေ့ ၌ ထင်းခွေ သောသူ တယောက်ကို တွေ့ လေ၏။ ၃၃ တွေ့ သောသူတို့သည်၊ ထိုသူ ကို မောရှေ ၊ အာရုန် ၊ ပရိသတ် အပေါင်း တို့ ရှေ့သို့ ခေါ် ခဲ့ကြ၏။ ၃၄ သူ ၏အမှုကို စီရင် ရာလမ်းမ ထင်ရှား သေးသောကြောင့် ချုပ် ထားကြ၏။ ၃၅ ထာဝရဘုရား ကလည်း ၊ ထိုသူသည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ပရိသတ် အပေါင်း တို့သည် တပ် ပြင် မှာ သူ့ ကို ကျောက်ခဲ နှင့် ပစ် ရကြမည်ဟု မောရှေ အား မိန့် တော်မူ၍ ၊ ၃၆ ထိုအမိန့် တော်အတိုင်း ပရိသတ် အပေါင်း တို့ သည် ထိုသူကို တပ် ပြင် သို့ ဆောင် သွား၍ ၊ ကျောက်ခဲ နှင့် ပစ် ကြသဖြင့် သူသည် အသေ ခံရ၏။ ၃၇ တဖန် မောရှေ အား ထာဝရဘုရား က၊ သင် သည် ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၃၈ သူ တို့အမျိုး အစဉ်အဆက်တို့သည်၊ အဝတ် စွန်း တို့ ၌ ဆွဲစရာဘို့ ပန်းပွား တို့ကို လုပ် ၍ ၊ ပြာ သော ကြိုး နှင့် ချည် တွဲရကြမည်။ ၃၉ ထိုပန်းပွား တို့ကို သင်တို့သည် ကြည့် မြင်သောအခါ ၊ ထာဝရဘုရား ပညတ် တော်မူသမျှ တို့ကို အောက်မေ့ ၍ ကျင့်

ကြမည်အကြောင်း၊ အထက်က ကိုယ် အလို သို့ လိုက်လျက်၊ ကိုယ် ဉာဏ် ကို မှီဝဲလျက် မှားယွင်း သကဲ့သို့မ လိုက် မမှီဝဲ၊ ၄၀ ငါ ပညတ် သမျှ တို့ကို အောက်မေ့ ၍ ကျင့် သဖြင့် ၊ သင် တို့ဘုရားသခင် အဘို့ သန့်ရှင်း မည်အကြောင်းထိုသို့ ပြု ရမည်။ ၄၁ ငါသည် သင် တို့၏ ဘုရားသခင် ဖြစ် ခြင်းငှါ ၊ သင် တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် ခဲ့သော သင် တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ ငါ သည် သင် တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။

၁၆ လေဝိ အမျိုး ၊ ကောဟတ် သား ဣဇဟာ ၏ သား ကောရ သည်၊ ရုဗင် အမျိုး ဧလျာဘ ၏သား ဒါသန် နှင့် အဘိရံ ၊ ပေလက် ၏သား သြန တို့ကို ခေါ် ပြီးလျှင် ၊ ၂ ပရိသတ် ၌ ကျော်စော ၍ ဂုဏ် အသရေရှိသောသူ၊ အစည်းအဝေး ၌ မင်း ပြုသောသူ၊ ဣသရေလ အမျိုးသား နှစ်ရာ ငါးဆယ် နှင့်တကွ၊ မောရှေ ကို ပုန်ကန် ၍၊ ၃ မောရှေ နှင့် အာရုန် တဘက် ၌ စုဝေး လျက် ၊ သင်တို့သည် အမှုတော်ကို စောင့်လွန်း၏။ ပရိသတ် ရှိသမျှ အပေါင်း တို့သည် သန့်ရှင်း ကြ၏။ ထာဝရဘုရား သည် သူ တို့တွင် ရှိတော်မူ၏။ သို့ ဖြစ်၍ သင်တို့သည် ထာဝရဘုရား ၏ပရိသတ် အပေါ် မှာ အဘယ်ကြောင့် ကိုယ်ကိုကိုယ်ချီးမွှောက် ရသနည်းဟု ဆို လေ၏။ ၄ ထိုစကားကို မောရှေ ကြား လျှင် ပြပ်ဝပ် လျက် နေ၏။ ၅ တဖန် မောရှေက၊ အဘယ်သူ သည် ထာဝရ ဘုရား ၏လူဖြစ်သည်ကိုငင်း၊ အဘယ်သူသန့်ရှင်း သည်ကိုငင်း၊ အဘယ်သူကို ချဉ်းကပ် စေမည်ကိုငင်း၊ နက်ဖြန် နေ့၌ ထာဝရဘုရား ပြ တော်မူမည်။ ရွေးကောက် တော်မူသောသူ ကိုလည်း အနီးအပါးသို့ ချဉ်းကပ် စေတော်မူမည်။ ၆ အိုကောရ နှင့် ကောရ၏အပေါင်းအသင်း ရှိသမျှ တို့၊ သင် တို့ပြု ရမည်အမှုဟူမူကား၊ လင်ပန်း တို့ကို ယူ ၍ ၊ ၇ နက်ဖြန် နေ့၊ ထာဝရဘုရား ရှေ့ တော်၌ မီး နှင့် လောဗန် ကို တင် ကြလော့။ ထိုအခါ ထာဝရဘုရား ရွေးကောက် တော်မူသော သူသည်၊ သန့်ရှင်း သောသူ ဖြစ် စေ။ အိုလေဝိ သား တို့၊ သင်တို့သည် အမှုတော်ကို စောင့်လွန်းကြသည်ဟု ဆို လေ၏။ ၈ တဖန် မောရှေ က၊ အိုလေဝိ သား တို့၊ နားထောင် ကြပါလော့။ ၉ သင်တို့သည် ထာဝရဘုရား ၏ တဲ တော်အမှု ကို ဆောင်ရွက် ၍၊ ပရိသတ် ရှေ့မှာ ရပ် လျက်၊ သူ တို့အမှု ကို လည်း စောင့်စေမည်အကြံရှိတော်မူသည်နှင့်၊ ဣသရေလ အမျိုး၏ဘုရားသခင် သည်၊ သင် တို့ကို အနီးအပါး သို့ ခေါ် ၍ နေရာချခြင်းငှါ၊ ဣသရေလ အမျိုး ပရိသတ် နှင့် ခွဲ ထား၍ ၊ ၁၀ သင့် ကိုငင်း ၊ သင့် ညီအစ်ကို လေဝိ သား အပေါင်း တို့ကိုငင်း၊ အနီးအပါး ၌ နေရာချတော်မူသောကျေးဇူးတော်ကို မထီမဲ့မြင်ပြု၍၊ ယဇ်ပုရောဟိတ် အရာကိုလည်း ရှာ ကြသည်တကား။ ၁၁ ထိုကြောင့် သင် နှင့် သင် ၏အပေါင်းအသင်း ရှိသမျှ တို့ သည် ထာဝရဘုရား တဘက် ၌ စုဝေး ကြပြီ တကား။ အာရုန် ကို အပြစ်တင် ၍ မြည်တမ်းရမည် အကြောင်း ၊ သူ သည်အဘယ်သို့ သောသူဖြစ်သနည်းဟု ကောရ အား ဆို ပြီးမှ ၊ ၁၂ ဧလျာဘ သား ဒါသန် နှင့် အဘိရံ တို့ကို ခေါ် ခြင်းငှါ စေလွှတ် လေ၏။ သူတို့ကလည်း ငါတို့မ လာ။ ၁၃ သင်သည် ဤတော ၌ ငါ တို့ကိုသတ် လိုသ၍ နို့ နှင့် ပျားရည် စီး သော ပြည် မှ ဆောင် ခဲ့သော်လည်း၊ ငါ တို့ အပေါ် ၌ လုံးလုံးမင်း မပြုရလျှင်၊ စိတ်မပြေသေးသည် တကား။ ၁၄ ထိုမှတပါး နို့ နှင့် ပျားရည် စီး သော ပြည် သို့ ငါ တို့ကို မ ဆောင် ၊ လယ်ယာ များ၊ စပျစ် ဥယျာဉ်များကို မပေး ဘဲ၊ ဤ လူ တို့၏မျက်စိ ကို ဖောက် ချင်သလော။ ငါတို့သည် သင့်ထံသို့မ လာ ဟု ပြန်ဆို၏။ ၁၅ မောရှေ သည် အလွန် အမျက် ထွက်၍ ၊

ဤသူ တို့ ပူဇော်သက္ကာကို ပမာဏ ပြုတော်မ မူပါနှင့်။ သူတို့ ဥစ္စာ မြည်း တ ကောင်ကိုမျှ အကျွန်ုပ်မ သိမ်း ပါ။ သူ
တို့တွင် တယောက် ကိုမျှ မ ညှဉ်းဆဲ ပါဟု ထာဝရဘုရား အား လျှောက် ၍ ၊ ၁၆ ကောရ အား လည်း၊ အာရုန် နှင့်
သင် အစရှိသောသင် ၏အပေါင်းအသင်း ရှိသမျှ တို့သည်၊ နက်ဖြန် နေ့ ထာဝရဘုရား ရှေ့ တော်၌ ရှိ ကြလော့။ ၁၇
လူအသီးအသီး တို့သည် မိမိ တို့ လင်ပန်း များကို ယူ ၍ လောဗန် ကို တင် ပြီးမှ ၊ သင် နှင့် အာရုန် သည်လည်း မိမိ
တို့ လင်ပန်း ပါလျက်၊ လူအပေါင်းတို့သည် လင်ပန်း နှစ်ရာ ငါးဆယ် တို့ကို ထာဝရဘုရား ရှေ့ တော်သို့ ဆောင် ခဲ့
ကြလော့ဟု ဆို သည်အတိုင်း ၊ ၁၈ ထိုသူအသီးအသီး တို့သည် မိမိ တို့ လင်ပန်း များ ကို ယူ ၍ မီး နှင့် လောဗန်
ကို တင် ပြီးမှ ၊ မောရှေ ၊ အာရုန် နှင့်အတူ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါးဝ ၌ ရပ် နေကြ ၏။ ၁၉ ကောရ
သည်လည်း၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါးဝ ၌ ပရိသတ် အပေါင်း တို့ကို မောရှေနှင့် အာရုန်တဘက် ၌
စုဝေး စေပြီးမှ ၊ ထာဝရဘုရား ၏ ဘုန်း တော်သည် ပရိသတ် အပေါင်း တို့ ၌ ထင်ရှား လေ၏။ ၂၀ ထာဝရဘုရား
ကလည်း ၊ ဤ ပရိသတ် တို့နှင့် ခွာ၍ တခြားစီ နေလော့။ ၂၁ ငါသည် သူ တို့ကိုချက်ခြင်း ဖျက်ဆီး မည်ဟု မောရှေ
နှင့် အာရုန် အားမိန့် တော်မူလျှင်၊ ၂၂ သူတို့က ပြပ်ဝပ် လျက် ၊ အိုဘုရားသခင် ၊ ခပ်သိမ်း သော သတ္တဝါ တို့၏
အသက် ဝိညာဉ်များကို အစိုးရတော်မူသောဘုရားသခင် ၊ လူ တစ် ယောက်ပြစ်မှား သောအပြစ်ကြောင့် ပရိသတ်
အပေါင်း တို့ကို အမျက် ထွက်တော်မူမည်လောဟု လျှောက်ဆို လေ၏။ ၂၃ ထာဝရဘုရား ကလည်း၊ ၂၄ ကောရ
၊ ဒါသန် ၊ အဘိရံ တို့၏ တဲ များကို ရှောင် ၍ နေစေခြင်းငှါ၊ ပရိသတ် တို့အား ဆင့်ဆို လော့ဟုမောရှေ အား မိန့်
တော်မူသည်အတိုင်း၊ ၂၅ မောရှေ ထ ၍ ဣသရေလ အမျိုး အသက်ကြီး သူတို့ နှင့်တကွ၊ ဒါသန် ၊ အဘိရံ နေရာသို့
သွား ပြီးမှ ၊ ၂၆ ဤ လူဆိုး တို့၏နေရာ တဲ များကို ရှောင် ၍ နေကြ ပါလော့။ သူ တို့၏ဥစ္စာတစုံတခု ကိုမျှမ ထိ
ကြပါနှင့်။ သို့မဟုတ် သူတို့နှင့်အတူ၊ သူ တို့အပြစ် ကြောင့် ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပရိသတ် တို့အား
ဆင့်ဆို လျှင် ၊ ၂၇ လူများတို့သည် ကောရ ၊ ဒါသန် ၊ အဘိရံ တဲ ပတ်ဝန်းကျင် ၌မနေဘဲ ရှောင် လွှဲ၍ သွားကြသဖြင့် ၊
ဒါသန် ၊ အဘိရံ သည်၊ သား မယား ကလေး များနှင့်တကွ ထွက် ၍ မိမိ တို့တဲ တံခါးဝ ၌ ရပ် နေကြ၏။ ၂၈ မောရှေ
ကလည်း ၊ ဤ အမှု အလုံးစုံ တို့ကို ငါသည် အလိုလို မ ပြု၊ ထာဝရဘုရား စေခိုင်း တော်မူ၍ ငါပြု သည် အကြောင်း ကို
သင်တို့သည် အဘယ်သို့သိ ရမည်နည်းဟူမူကား၊ ၂၉ ခပ်သိမ်း သော လူ သတ္တဝါတို့ခံရသောသေ ခြင်း၊ ခပ်သိမ်း သော
လူ သတ္တဝါတို့ ခံရသောဆုံးမ ခြင်းကိုသာ ဤလူတို့ ခံရလျှင်၊ ထာဝရဘုရား သည် ငါ့ ကို စေလွှတ် တော်မ မူ။ ၃၀
သို့မဟုတ် ထာဝရဘုရား သည် အသစ် ဖန်ဆင်း တော်မူသဖြင့် ၊ မြေကြီး ကွဲ ပွင့်လျက် ဤလူတို့ကိုငင်း၊ သူ တို့
နှင့်ဆိုင်သမျှ ကိုငင်း မျိုချ၍၊ သူတို့သည် အသက်ရှင် လျက် သေမင်း နိုင်ငံသို့ ဆင်း သွားလျှင် ၊ ထာဝရဘုရား ၌ ပြစ်မှား
ကြောင်း ကို သင်တို့သည် သိ နားလည်ကြရလိမ့်မည်ဟု၊ **(Sheol h7585)** ၃၁ ပြောဆို ပြီး သည်အဆုံး၌၊ သူတို့နင်းရာ
မြေကြီး သည် ကွဲ ၍၊ ၃၂ မိမိ ခံတွင်း ကို ဖွင့် သဖြင့် ၊ သူ တို့နှင့် သူ တို့အိမ် များကိုငင်း ၊ ကောရ နှင့် ဆိုင်သမျှ
သောသူ တို့ နှင့် သူတို့ ဥစ္စာ ရှိသမျှ ကိုငင်း မျိုလေ၏။ ၃၃ ထိုသူ တို့သည် ကိုယ်တိုင်မှစ၍၊ ဆိုင်သမျှ သောသူတို့

နှင့်တကွ ၊ အသက်ရှင် လျက် သေမင်း နိုင်ငံသို့ ဆင်းသက် ၍ ၊ သူ တို့အပေါ် မှာ မြေ စေ့ ပြန်သဖြင့် ၊ သူတို့သည် ပရိသတ် မှ ပယ်ရှင်း ခြင်းကိုခံရကြ၏။ **(Sheol h7585)** **၃၄** သူ တို့အော်ဟစ် သံကို ပတ်ဝန်းကျင် ၌ရှိသောကျသရေလ အမျိုးသားတို့သည် ကြားလျှင်၊ ငါ တို့ကိုလည်း မြေ မျိုကောင်းမျိုလိမ့်မည်ဟု စိုးရိမ်လျက် ပြေး ကြ၏။ **၃၅** နံ့သာပေါင်း ကို မီးရှို့၍ ပူဇော် သောသူ နှစ်ရာ ငါးဆယ် တို့ကိုလည်း၊ ထာဝရဘုရား ထံ တော်က မီး ထွက် ၍ လောင် လေ၏။ **၃၆** ထာဝရဘုရား ကလည်း ၊ **၃၇** ထိုသန့်ရှင်း သော လင်ပန်း တို့ကို မီးလောင် ရာထဲက ကောက်ယူ ၍မီး ကို ပစ်ချ ပြီးမှ၊ **၃၈** ကိုယ် အသက် ကို သေစေခြင်းငှါပြစ်မှား သောသူတို့ ၏ လင်ပန်း တို့ ဖြင့် ယဇ်ပလ္လင် ကို ဖုံးအုပ် စရာ ကြေးဝါ ပြားတို့ကို လုပ် ရမည်အကြောင်း၊ ယဇ်ပုရောဟိတ် အာရုန် ၏သား ဧလာဇာ ကို ဆင့်ဆို လော့။ ထာဝရဘုရား ရှေ့ တော်၌ ပူဇော် သောကြောင့် ၊ ထိုလင်ပန်းတို့သည် သန့်ရှင်း သည်ဖြစ်၍ ၊ ကျသရေလ အမျိုးသား တို့အား နိမိတ် ဖြစ် ရကြမည်ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း ၊ **၃၉** ယဇ်ပုရောဟိတ် ဧလာဇာ သည်၊ မီးလောင် ခြင်း ကို ခံရသောသူတို့ ပူဇော် သော လင်ပန်း များကို ယူ ၍ ယဇ်ပလ္လင် ကို ဖုံးအုပ် စရာ ကြေးဝါပြားတို့ကို လုပ်လေ၏။ **၄၀** ထိုသို့ အာရုန် အမျိုး မ ဟုတ် အခြား တပါးသော အမျိုးသား သည်၊ ထာဝရဘုရား ရှေ့ တော်၌ နံ့သာပေါင်း ကို မီးရှို့ ၍ ပူဇော်သောအားဖြင့်၊ ကောရ နှင့် သူ ၏ အပေါင်းအသင်း ကဲ့သို့ မ ဖြစ် စေမည်အကြောင်း၊ ထာဝရဘုရား သည် မောရှေ အားဖြင့် မှာထား တော်မူသည် အတိုင်း ၊ ထိုလင်ပန်းတို့သည် ကျသရေလ အမျိုးသား တို့ အား သတိပေး ရာနိမိတ်ဖြစ်ရကြ၏။ **၄၁** နက်ဖြန် နေ့၌ ကျသရေလ အမျိုးသား ပရိသတ် အပေါင်း တို့က၊ သင်တို့သည် ထာဝရဘုရား ၏လူ တို့ကိုသတ် ကြပြီဟုဆို လျက်၊ မောရှေ နှင့် အာရုန် တို့ကို အပြစ်တင် ၍ မြည်တမ်းကြ၏။ **၄၂** ပရိသတ် အပေါင်းတို့သည် မောရှေ နှင့် အာရုန် တဘက် ၌ စုဝေး ကြသောအခါ ၊ ပရိသတ်စည်းဝေး ရာ တဲ တော်သို့ မျှော်ကြည့် ၍ ၊ မိုဃ်းတိမ် သည် တဲ တော်ကို လွှမ်းမိုး ၍ ၊ ထာဝရဘုရား ၏ဘုန်း တော်သည် ထင်ရှား လေ၏။ **၄၃** မောရှေ နှင့် အာရုန် တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ သို့ ချဉ်းကပ် ကြ၏။ **၄၄** ထာဝရဘုရား ကလည်း၊ **၄၅** ဤ ပရိသတ် တို့ကိုရှောင် ၍ နေကြလော့။ ငါသည် သူ တို့ကို ချက်ခြင်း ဖျက်ဆီး မည်ဟု မောရှေ အား မိန့် တော်မူလျှင် ၊ သူတို့သည် ပြပ်ဝပ် လျက် နေကြ၏။ **၄၆** မောရှေ ကလည်း ၊ သင်သည် လင်ပန်း ကို ကိုင် ၍ ယဇ်ပလ္လင် ပေါ် က မီး ကို ယူထည့် ပြီးလျှင် ၊ လောဗန် ကိုလည်း တင် လျက် ၊ ပရိသတ် ရှိရာသို့ အလျင်အမြန် သွား ၍ အပြစ် ဖြေခြင်းကို ပြုလော့။ ထာဝရဘုရား ထံ တော်က အမျက် တော်ထွက် ၍ ဘေးဥပဒ် ရောက် လျက် ရှိပြီဟု၊ **၄၇** အာရုန် အား မှာထား သည်အတိုင်း ၊ အာရုန် သည် ယူ ၍ ပရိသတ် ထဲသို့ ပြေး လေ၏။ ထိုအခါ လူ တို့ ၌ ဘေးဥပဒ် ရောက်စ ရှိသည်ဖြစ်၍၊ လောဗန် ကို တင် သဖြင့် လူ များတို့အဘို့ အပြစ် ဖြေခြင်းကို ပြု၏။ **၄၈** အသက် ရှင်သောသူ၊ သေ သောသူ စပ်ကြား မှာ ရပ် နေ၍၊ ဘေးဥပဒ် ငြိမ်း လေ၏။ **၄၉** ကောရ အမှု ကြောင့် သေ သောသူတို့ကို ထား၍ ထိုဘေးဥပဒ် ဖြင့် သေ သော လူပေါင်းကား၊ တသောင်း လေးထောင်ခုနစ်ရာရှိ သတည်း။ **၅၀** ထိုဘေးဥပဒ် ငြိမ်း ပြီးမှ ၊ အာရုန် သည် ပရိသတ် စည်းဝေး ရာ တဲ တော်တံခါးဝ ၊ မောရှေ ထံသို့ ပြန်လာ ၏။

၁၇ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၂ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ပြီးမှ ၊ ဘိုး ဘအဆွေအမျိုး အလိုက် ဣသရေလဆယ်နှစ် မျိုးခွဲ မင်း ပြုသောသူအသီးအသီး ပေးရသောလုံတံ ဆယ် နှစ် ချောင်းတို့ကို ယူ၍၊ လူတိုင်းအမည် ကို သူ့ လုံတံ ပေါ်မှာ ရေး ထားလော့။ ၃ လေဝိ အမျိုး၏လုံတံ ပေါ်မှာ အာရုန် အမည် ကို ရေး ထားလော့။ ဘိုး ဘအဆွေအမျိုး သူကြီး တဦးလျှင် လုံတံ တ ချောင်းစီရှိရမည်။ ၄ ထိုလုံတံတို့ကို ဂါဗျာဒိတ် ပေးရာအရပ် ၊ ပရိသတ် စည်းဝေး ရာ တဲ တော်အတွင်း ၊ သက်သေခံ ချက်ရှေ့မှာ တင် ထားလော့။ ၅ ငါရွေးကောက် သောသူ ၏ လုံတံ သည် အပွင့် ပွင့် လိမ့်မည်။ ထိုသို့ပြုမှ ဣသရေလ အမျိုးသား တို့သည် သင် ၌ အပြစ်တင် ၍ မြည်တမ်းခြင်းကို နောက်တဖန်ငါနား မငြီးရာဟု မိန့် တော်မူသည်အတိုင်း၊ ၆ မောရှေ သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ၍ ၊ မင်း အပေါင်း တို့သည် ဘိုးဘ အဆွေအမျိုး အလိုက်၊ မင်း တ ဦးလျှင် လုံတံ တချောင်းစီ လုံတံ ဆယ် နှစ် ချောင်းတို့ကိုပေး ကြ၏။ အာရုန် ၏လုံတံ သည် လုံတံ များ ၌ ပါသတည်း။ ၇ မောရှေ သည် ထိုလုံတံ တို့ကို သက်သေခံ ချက် တဲ တော်အတွင်း ၊ ထာဝရဘုရား ရှေ့ တော်၌ တင် ထား လေ၏။ ၈ နက်ဖြန် နေ့၌ သက်သေခံ ချက်တဲ တော်အတွင်း သို့ မောရှေ ဝင် သောအခါ ၊ လေဝိ အမျိုးနှင့်ဆိုင်သော အာရုန် ၏လုံတံ သည် အရွက်ထွက် လျက်၊ ငုံ လျက်၊ ပွင့် လျက်၊ ဗာတံ သီးကို သီး လျက်ရှိ၏။ ၉ မောရှေ သည် လုံတံ ရှိသမျှ တို့ကို ထာဝရဘုရား ထံတော်က ဣသရေလ အမျိုးသား တို့ ရှေသို့ ထုတ်ဆောင် သဖြင့် ၊ သူတို့သည် ကြည့်ရှု ၍ ၊ လူ တိုင်း မိမိ လုံတံ ကို ယူ ပြန် လေ၏။ ၁၀ ထာဝရဘုရား ကလည်း ၊ ပုန်ကန် သောသူတို့ တဘက်၌ သက်သေ ဖြစ်စေခြင်းငှါ၊ အာရုန် ၏ လုံတံ ကို သက်သေခံ ချက်ရှေ့၌ ပြန် ထား၍ အမြဲရှိ စေလော့။ ထိုသို့ သူတို့သည် သေ ဘေးနှင့် လွတ် မည်အကြောင်း ၊ သူ တို့ အပြစ်တင် ၍ မြည်တမ်းခြင်းကို ငါနား မငြီးရာဟု၊ ၁၁ မောရှေ အား မှာထား တော်မူသည်အတိုင်း ၊ မောရှေ သည် ပြု လေ၏။ ၁၂ ဣသရေလ အမျိုးသား တို့ကလည်း ၊ အကျွန်ုပ်တို့ သည် သေကြေ ပျက်စီး ကြပါ၏။ တယောက် မျှမကြွင်း ပျက်စီး ရကြပါ၏။ ၁၃ ထာဝရဘုရား ၏ တဲ တော်ကို ချဉ်းကပ် သောသူ တိုင်း သေ ပါလိမ့်မည်။ အကျွန်ုပ်တို့ ရှိသမျှသည် သေ ဘေးသင့်၍ ဆုံးရှုံး ခြင်းသို့ ရောက်ရကြပါဦးမည်လော ဟု မောရှေ အား လျှောက်ဆို ကြ၏။

၁၈ တဖန် ထာဝရဘုရား သည် အာရုန် အား မိန့် တော်မူသည်ကား၊ သင် နှင့် သင် ၏သား မြေးအဆွေအမျိုး တို့သည်၊ သန့်ရှင်း ရာဌာနတော်နှင့်ဆိုင်သောအပြစ် ၊ သင် တို့ယဇ်ပုရောဟိတ် အရာနှင့် ဆိုင်သော အပြစ် ကိုခံရ ကြမည်။ ၂ သင် ၏ ဘိုးဘ အဆွေအမျိုး ၊ လေဝိ အမျိုးသား ညီအစ်ကို ချင်းတို့သည်၊ သင် နှင့်အတူ ကူညီ ၍ အမှု တော်ကို ဆောင်ရွက်စေခြင်းငှါခေါ် ထားလော့။ သို့ရာတွင် သင် နှင့်တကွ သင် ၏သား တို့သည်၊ သက်သေခံ ချက် တဲ တော်ရှေ့မှာ အမှုတော်ကို ဆောင်ရွက်ရကြမည်။ ၃ လေဝိသားတို့သည် သင့် ကိုဂင်း ၊ တဲ တော်ရှိသမျှ ကို ဂင်းစောင့် ရကြမည်။ သို့ရာတွင်သင် တို့နှင့် သူတို့ သည် သေ ဘေးလွတ် မည်အကြောင်း ၊ သူတို့သည် တဲ တော် တန်ဆာ ၊ ယဇ်ပလ္လင် တန်ဆာများကို မ ချဉ်းကပ် ရကြ။ ၄ သူတို့သည် သင် တို့နှင့်အတူ ကူညီ ၍ ၊ ပရိသတ် စည်းဝေး ရာ တဲ တော်ကို စောင့် လျက်၊ တဲ တော်အမှု ရှိသမျှ ကို ထမ်းရကြမည်။ မ ဆိုင်သောသူသည် သင် တို့အနီး သို့ မချဉ်းမ

ကပ်ရ။ ၅ နောက် တဖန် အမျက် တော်ထွက်၍ ဣသရေလ အမျိုးသား တို့အပေါ် သို့ မ ရောက် မည်အကြောင်း ၊ သင်တို့သည် သန့်ရှင်း ရာဌာနတော်နှင့် ယဇ်ပလ္လင် ကို စောင့် ရကြမည်။ ၆ ထိုသို့ သင် တို့၏ ညီအစ်ကို လေဝိ သားတို့ကို၊ ဣသရေလ အမျိုးသား တို့ထဲက ရွေးယူ ၍၊ ပရိသတ်စည်းဝေး ရာ တဲ တော်အမှု ကို ထမ်း စေခြင်းငှါ ၊ ထာဝရဘုရား အား ပြု သောပူဇော်သက္ကာ ကဲ့သို့သင် တို့အား ငါပေး၏။ ၇ ထိုကြောင့် သင် နှင့် သင် ၏သား တို့သည်၊ ယဇ်ပလ္လင် နှင့်ဆိုင်သောအမှု ၊ ကုလားကာ အတွင်း ၌ ဆောင်ရွက် စရာအမှုရှိသမျှ တို့ကို၊ ယဇ်ပုရောဟိတ် ပြု၍ ဆောင်ရွက် ရကြမည်။ သင်တို့အား ကျေးဇူးပြု၍ ယဇ်ပုရောဟိတ် အရာကို ငါပေး ပြီ။ မ ဆိုင်သောသူသည် အနီးအပါး သို့ ချဉ်းကပ်လျှင်၊ အသေ သတ်ခြင်းကိုခံရမည်ဟု မိန့် တော်မူ၏။ ၈ တဖန် ထာဝရဘုရား သည် အာရုန် အား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသား တို့သည် သန့်ရှင်း စေ၍ ဆက်ကပ်သမျှ သောပူဇော်သက္ကာတို့အထဲက၊ ငါ့ အား ချီးမြှောက်သော ပူဇော်သက္ကာ တို့ကို သင် ၌ အပ် ၍၊ သင် နှင့် သင် ၏သား တို့အဘို့ ဖြစ်စေခြင်းငှါ၊ ထာဝရ ပညတ် တရားအားဖြင့် ငါပေး ၏။ ၉ မီး သို့မရောက်၊ သန့်ရှင်း သော အရာထဲက သင် တို့ ဆိုင်သောအရာဟူမူကား ၊ ဣသရေလအမျိုးသားလူ သောဥစ္စာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ အပြစ် ဖြေရာယဇ်၊ ဒုစရိုက် ဖြေရာယဇ်ပူဇော်လေသမျှ တို့သည် သင် နှင့် သင် ၏သား တို့အဘို့ သန့်ရှင်း ရကြမည်။ ၁၀ သန့်ရှင်း ရာဌာန၌ စား ရမည်။ ယောကျ်ား အပေါင်း တို့သည် စား ရသောအခွင့်ရှိ၏။ သင် တို့အဘို့ သန့်ရှင်း ပေ၏။ ၁၁ ထိုမှတပါး ဣသရေလ အမျိုးသား တို့ ပူဇော်သော ချီမြှောက် ရာ ပူဇော်သက္ကာ၊ ချီလွှဲ ရာ ပူဇော်သက္ကာတို့ကို၊ သင် နှင့် သင် ၏သား သမီး တို့အား ထာဝရ ပညတ် တရားအားဖြင့်ငါပေး ပြီ။ သင့် အိမ် ၌ သန့်ရှင်း သောသူ အပေါင်း တို့သည် စား ရသောအခွင့်ရှိ၏။ ၁၂ ဣသရေလအမျိုးသားရွေး၍ ထာဝရဘုရား အား ပူဇော် သမျှ အကောင်းဆုံး သောဆီ ၊ အကောင်းဆုံး သော စပျစ်ရည် ၊ အကောင်းဆုံးသော ဂျုံ စပါးကို သင် တို့အား ငါပေး ပြီ။ ၁၃ ထာဝရဘုရား ထံ တော်သို့ ဆောင် ခဲ့သမျှ အဦး မှည့်သော သစ်သီးကိုလည်း သင် ဆိုင် ရ မည်။ သင့် အိမ် ၌ သန့်ရှင်း သော သူအပေါင်း တို့သည် စား ရသောအခွင့် ရှိ၏။ ၁၄ ဣသရေလ အမျိုး၌ ကျိန်ဆို ၍ ပူဇော်သမျှ တို့ကိုလည်း သင် ဆိုင် ရ မည်။ ၁၅ အဦး ဘွားသောသား၊ လူ ဖြစ်စေ ၊ တိရစ္ဆာန် ဖြစ်စေ၊ ထာဝရဘုရား ထံ တော်သို့ ဆောင် ခဲ့သမျှ တို့ကို သင် ဆိုင် ရ မည်။ သို့ရာတွင် လူ ၏သားဦး နှင့် မ စင်ကြယ်သော တိရစ္ဆာန် ၏သားဦး ကို အမှန်ရွေး ရမည်။ ၁၆ ရွေး ရသောသား တို့ကို အသက်တလ လွန်မှ၊ သင်အဘိုး ပြတ်သည်အတိုင်း ဂရ နှစ်ဆယ် နှင့်မျှသော အကျပ် တော်အလိုက် ငွေ ငါး ကျပ် နှင့် ရွေး ရမည်။ ၁၇ နွား သားဦး ၊ သိုး သားဦး ၊ ဆိတ် သားဦး သည် သန့်ရှင်း သောကြောင့်မ ရွေး ရ။ သူ ၏အသွေး ကို ယဇ်ပလ္လင် ပေါ် မှာ ဖြန်း ရမည်။ ဆီဥ ကိုလည်း ထာဝရဘုရား အဘို့ မွှေးကြိုင် သောအနံ့ ရှိစေ၍၊ မီး ဖြင့် ပူဇော်သက္ကာပြုရမည်။ ၁၈ အသား မူကား ချီလွှဲ ရာပူဇော်သက္ကာ၏ရင်ပတ် နှင့် လက်ျာ ပခုံး ကဲ့သို့ သင့် အဘို့ ဖြစ် ရမည်။ ၁၉ ဣသရေလ အမျိုးသား တို့သည် သန့်ရှင်း စေ၍ ထာဝရဘုရား အား ဆောင် ခဲ့သော ပူဇော်သက္ကာ ရှိသမျှ တို့ကို သင် နှင့် သင် ၏ သား သမီး တို့အား ထာဝရ ပညတ် တရားအားဖြင့် ငါပေး ပြီ။ သင် အစရှိသောသင် ၏အမျိုးအနွယ် နှင့်ဆို၍ ထာဝရဘုရား ရှေ့ တော်၌ ဆား

နှင့်ယှဉ် သော ထာဝရ ပဋိညာဉ်ဖြစ်သတည်းဟု မိန့်တော်မူ၏။ ၂၀ တဖန် ထာဝရဘုရား သည် အာရုန် အား မိန့်တော်မူသည်ကား၊ ဣသရေလ အမျိုးသားတို့ နေရာပြည် ၌ သင့်အမွေ ခံရာမြေ၊ သူတို့နှင့်ရော ၍ ပိုင်သောအဘို့ မ ရှိ ရ။ ငါ သည်ကား သူ တို့တွင် သင် ပိုင်သောအဘို့ သင့် အမွေ ဥစ္စာဖြစ်၏။ ၂၁ လေဝိ သား တို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်အမှု ကို ဆောင်ရွက် သောကြောင့်၊ သူ တို့အမွေခံ စရာ ဣသရေလ အမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ ကို ငါပေး ပြီ။ ၂၂ ယခုမှစ၍ဣသရေလ အမျိုးသား တို့သည် ကိုယ်အပြစ် ကိုခံ ၍ သေ ဘေးနှင့် မတွေ့မည်အကြောင်း၊ ပရိသတ်စည်းဝေး ရာ တဲ တော်အနီးအပါးသို့ မ ချဉ်း မကပ် ရကြ။ ၂၃ လေဝိ သားတို့သည် ပရိသတ်စည်းဝေး ရာ တဲ တော်အမှု ကို ဆောင်ရွက် ၍ ၊ ကိုယ် အပြစ် ကို ကိုယ်ခံရ ကြမည်။ သူတို့သည် ဣသရေလ အမျိုးသား တို့နှင့် ရော၍ အမွေ မ ခံရ ကြဟု သင် တို့အမျိုး အစဉ်အဆက် စောင့်ရသော ပညတ် ဖြစ်သတည်း။ ၂၄ ဣသရေလ အမျိုးသား တို့သည် ထာဝရဘုရား အား ပူဇော်သက္ကာ ပြုသော ကိုယ်ဥစ္စာဆယ်ဘို့တဘို့ ကို၊ လေဝိ သားအမွေ ခံစရာဘို့ ငါပေး ပြီ။ ထို့ကြောင့် သူတို့ သည် ဣသရေလ အမျိုးသား တို့နှင့် ရော၍ အမွေ မ ခံရ ဟု ငါ့အမိန့် တော်ရှိ၏။ ၂၅ တဖန် မောရှေ အား ထာဝရဘုရား က၊ သင် သည် လေဝိ သားတို့အား ဆင့်ဆို ရမည်မှာ၊ ၂၆ သင် တို့အမွေခံ စရာ ငါပေး သော ဣသရေလ အမျိုးသား တို့၏ ဥစ္စာဆယ်ဘို့တဘို့ ကို သင်တို့သည် ခံယူ သောအခါ ၊ ထိုအဘို့ကို ဆယ် ဘို့ဘို့ ပြန်၍ တဘို့ကို ထာဝရဘုရား အား ပူဇော်သက္ကာ ပြု ရကြမည်။ ၂၇ ထိုပူဇော်သက္ကာ ကို၊ ကောက်နယ် တလင်းထဲက ယူသော ဆန် စပါးကဲ့သို့ ၎င်း ၊ စပျစ်သီး နယ်ရာ ကျင်းထဲက ယူသောစပျစ်ရည်ကဲ့သို့ ၎င်း၊ သင် တို့အဘို့ မှတ် ရ လိမ့်မည်။ ၂၈ ထိုသို့ သင်တို့သည် ဣသရေလ အမျိုးသား တို့မှ ခံယူ သော ဆယ်ဘို့တဘို့ ထဲက ၊ ထာဝရဘုရား အား ပူဇော်သက္ကာ ပြု ရကြမည်။ ထိုပူဇော်သက္ကာကိုလည်း၊ ယဇ်ပုရောဟိတ် အာရုန် အား လှူ ရကြမည်။ ၂၉ သင် တို့ခံရသမျှ သော အလှူ တို့အထဲ က အကောင်းဆုံး သောအဘို့ သန့်ရှင်း သောအဘို့ကို နှုတ်ယူ၍ထာဝရဘုရား အား ပူဇော်သက္ကာ ပြု ရကြမည်။ ၃၀ သို့ ဖြစ်၍ သူ တို့အား ဆင့်ဆို ရမည်မှာ၊ လေဝိ သား တို့သည် အကောင်းဆုံး သောအဘို့ကို နှုတ်ယူပူဇော်ပြီးမှ ၊ ကြွင်းသောအဘို့ကို ကောက်နယ် တလင်း၏ ကျေးဇူး ၊ စပျစ်သီး နယ်ရာကျင်း၏ ကျေးဇူး ကဲ့သို့ မိမိတို့အဘို့ မှတ် ရ လိမ့်မည်။ ၃၁ ထိုကြွင်းသောအဘို့ကို၊ ကိုယ်တိုင်မှစ၍အိမ်သူ အိမ်သားတို့သည် စားချင်သောအရပ်ရပ် ၌ စား ရသောအခွင့်ရှိ၏။ ပရိသတ်စည်းဝေး ရာတဲ တော်၌ အမှု စောင့် သောအတွက် ငါချသောဆု ဖြစ်၏။ ၃၂ အကောင်းဆုံး သော အဘို့ကို နှုတ်ယူပူဇော် ပြီးမှ ၊ ကြွင်းသောအဘို့အားဖြင့်အပြစ် ရောက် စရာအကြောင်းမ ရှိ။ သေ ဘေးနှင့် မ တွေ့မည်အကြောင်း၊ ဣသရေလ အမျိုးသား တို့၏ သန့်ရှင်း သော အရာတို့ကို မ ညစ်ညူး စေ ရဟု မိန့် တော်မူ၏။

၁၉ တဖန် ထာဝရဘုရား သည် မောရှေ နှင့် အာရုန် တို့ကို ခေါ်၍၊ ထာဝရဘုရား စီရင် ထုံးဖွဲ့တော်မူသော ပညတ် တရားဟူမူကား၊ ၂ အပြစ် မပါ၊ တခါမျှ ထမ်းဘိုး မတင် ၊ ကွက်ကျား ခြင်းမ ရှိ၊ အဆင်းနီ သော နွားမ ပျိုကို၊ ဣသရေလ အမျိုးသား တို့သည် ဆောင် ခဲ့မည်အကြောင်း ဆင့်ဆို လော့။ ၃ ယဇ်ပုရောဟိတ် ဧလာဇာ ၌ အပ် ၍ တပ် ပြင် သို့ ဆောင် သွားပြီးမှ ၊ သူ့ ရှေ့၌ အခြားသူ သတ် ရမည်။ ၄ ယဇ်ပုရောဟိတ် ဧလာဇာ သည် အသွေး ကို လက် နှင့်ယူ ၍

ပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့ စူးစူး၌ ခုနစ် ကြိမ် ဖြန်း ရမည်။ ၅ ယဇ်ပုရောဟိတ် ရှေ့မှာ ထိုနွားမ၏ အရေ၊ အသား ၊ အသွေး ၊ ချေးနှ နှင့်တကွတကောင်လုံးကို အခြား သူသည် မီးရှို့ ရမည်။ ၆ ယဇ်ပုရောဟိတ် သည်လည်း အကာရှ သစ်သား ၊ ဟုသုပ် ပင်ညွန့်နှင့် နီမောင်း သော အထည်ကို ယူ၍၊ နွားမ မီးလောင် ရာထဲသို့ ပစ်ချ ရမည်။ ၇ ထိုနောက် မိမိ အဝတ် ကို လျှော် ၍ ကိုယ် ကိုလည်း ရေချိုး ပြီးမှ ၊ တပ် ထဲသို့ ဝင် ၍ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်လိမ့်မည်။ ၈ မီးရှို့ သောသူသည် လည်း ၊ မိမိ အဝတ် ကို လျှော် ၍ ကိုယ် ကိုလည်း ရေချိုး ပြီးမှ ၊ ညဦး တိုင်အောင် မစင်ကြယ် ဖြစ်လိမ့်မည်။ ၉ စင်ကြယ် သောသူ တစုံတယောက်သည် နွားမ ၏ ပြာ ကို စုသိမ်း ၍ ၊ တပ် ပြင် မှာ စင်ကြယ် သော အရပ် ၌ ထား ရမည်။ ကလသရေလ အမျိုး ပရိသတ် အဘို့ စင်ကြယ် စေသော ရေဘော် ဘို့၊ ထိုပြာကို သိုထားရမည်။ အပြစ် နှင့် ကင်းစင်စေစရာဘို့ ဖြစ် သတည်း။ ၁၀ နွားမ ၏ပြာ ကို စုသိမ်း သောသူသည်လည်း ၊ မိမိ အဝတ် ကိုလျှော် ၍ ညဦး တိုင်အောင် မ စင်ကြယ်ဖြစ်လိမ့်မည်။ ဤ၌ကား၊ ကလသရေလ အမျိုးသား ၊ တည်းခို သော တပါး အမျိုးသားတို့သည် အစဉ်အမြဲ စောင့်ရသောပညတ် ဖြစ်သတည်း။ ၁၁ လူသေကောင် ကို ထိ သောသူသည် ခုနစ် ရက် မ စင်ကြယ်ဖြစ်လိမ့်မည်။ ၁၂ သုံး ရက်မြောက်သောနေ့ ၌ ထိုပြာနှင့် ကိုယ် ကိုသန့်ရှင်း စေ၍ ၊ ခုနစ် ရက်မြောက်သောနေ့ ၌ စင်ကြယ် လိမ့်မည်။ သုံး ရက်မြောက်သောနေ့ ၌ ကိုယ်ကိုမ သန့်ရှင်း စေ လျှင် ၊ ခုနစ် ရက်မြောက်သောနေ့ တိုင်အောင် မ စင်ကြယ် ရ။ ၁၃ လူသေကောင် ကိုထိ ၍ ကိုယ်ကိုမ သန့်ရှင်း စေ သောသူသည်၊ ထာဝရဘုရား ၏ တဲ တော်ကို ညစ်ညူး စေ ၏။ ထိုသူ ကို ကလသရေလ အမျိုးမှ ပယ်ရှင်း ရမည်။ စင်ကြယ် စေသောရေ ဖြန်း ခြင်းကို မ ခံသောကြောင့် မ စင်ကြယ်ဖြစ်၏။ စင်ကြယ် ခြင်းသို့ မရောက်သေး။ ၁၄ တဲ ၌ လူ သေ လျှင် စောင့်ရသောတရား ဟူမူကား ၊ တဲ သို့ ဝင် သောသူ၊ တဲ ၌ ရှိနေသောသူအပေါင်း တို့သည် ခုနစ် ရက် ပတ်လုံးမ စင်ကြယ်ဖြစ်ကြလိမ့်မည်။ ၁၅ မ ဖုံး ဘဲ ဖွင့် ထားသောအိုး ရှိသမျှ တို့သည်လည်း မ စင်ကြယ်ဖြစ်ကြလိမ့်မည်။ ၁၆ သတ်၍သေ သောသူ၊ နာ၍သေ သောသူ၊ လူ သေ အရိုး ၊ လူသရဲျင်း ကို လယ်ပြင် ၌ တွေ့၍ထိ လျှင်၊ ခုနစ် ရက် ပတ်လုံးမ စင်ကြယ်ဖြစ်လိမ့်မည်။ ၁၇ မ စင်ကြယ်သောသူတို့ အပြစ် ကင်းစေရာ မီးရှို့ သောနွားမ၏ပြာ အချို့ကို ယူ ၍ ၊ စီး သောရေ နှင့်အတူအိုး ၌ ထည့် ပြီးမှ ၊ ၁၈ စင်ကြယ် သောသူသည်၊ ဟုသုပ် ပင်ညွန့်ကို ရေ ၌ နှစ် ၍ တဲ ပေါ် မှာ ၎င်း၊ တန်ဆာ များ၊ တဲ၌ရှိ သောလူ များပေါ် မှာ ၎င်း၊ လူသေအရိုး ၊ သတ် ၍သေသောသူ၊ နာ ၍သေသောသူ၊ လူသရဲျင်း ကို ထိ သောသူပေါ် မှာ ၎င်း၊ ထိုရေကို ဖြန်း ရမည်။ ၁၉ စင်ကြယ် သောသူသည် မ စင်ကြယ်သောသူကို သုံး ရက်မြောက်သောနေ့ ၊ ခုနစ် ရက်မြောက်သောနေ့ ၌ ဖြန်း ရမည်။ ခုနစ် ရက်မြောက်သောနေ့ ၌ ကိုယ်ကိုသန့်ရှင်း စေ လျက် ၊ မိမိ အဝတ် ကို လျှော် ၍ ရေချိုး လျှင် ၊ ညဦး အချိန် တွင် စင်ကြယ် လိမ့်မည်။ ၂၀ မ စင်ကြယ်သော သူ သည် ကိုယ်ကိုသန့်ရှင်း စေခြင်းငှါမ ပြုလျှင် ၊ ထာဝရဘုရား ၏ သန့်ရှင်း ရာဌာန တော်ကို ညစ်ညူး စေသောကြောင့် ၊ ပရိသတ် မှ ပယ်ရှင်း ခြင်းကိုခံရမည်။ စင်ကြယ် စေသော ရေ ဖြန်း ခြင်းကို မ ခံသောကြောင့်၊ မ စင်ကြယ်ဘဲနေ၏။ ၂၁ အစဉ်အမြဲ စောင့်ရသောပညတ် ဟူမူကား ၊ စင်ကြယ် သော ရေ ကို ဖြန်း သောသူသည် မိမိ အဝတ် ကို လျှော် ရမည်။ ထိုရေ ကို ထိ သောသူလည်း ၊ ညဦး တိုင်အောင် မ

စင်ကြယ်ဖြစ်လိမ့်မည်။ ၂၂ မ စင်ကြယ်သောသူ ထိ သမျှ သော အရာသည် လည်း မ စင်ကြယ်ဖြစ်လိမ့်မည်။ ထိုအရာကို ထိ သောသူ လည်း ညဉီး တိုင်အောင် မ စင်ကြယ်ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။

၂၀ သက္ကရာဇ်လေးဆယ်၊ ပဌမ လ ၌ ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့သည်၊ ဇိန တော သို့ ရောက်၍ ၊ ကာဒေရှ အရပ်၌ နေ ကြ၏။ ထို အရပ်၌ မိရိအံ သေ၍ သင်္ဂြိဟ် လေ၏။ ၂ ပရိသတ် တို့သောက်စရာ ရေ မရှိ သောကြောင့် ၊ မောရှေ နှင့် အာရုန် တဘက် ၌ စုဝေး ကြလျက်၊ ၃ ထာဝရဘုရား ရှေ့မှာ ငါ တို့အစ်ကို များသေသောအခါ ၊ ငါတို့လည်း မသေ ပါလေ။ ၄ ငါ တို့နှင့် ငါ တို့တိရစ္ဆာန် များကို သေ စေခြင်းငှါ ၊ ထာဝရဘုရား ၏ပရိသတ်ကို ဤ တော သို့ အဘယ်ကြောင့် ဆောင် ခဲ့သနည်း။ ၅ ငါ တို့ကို အဲဂုတ္တု ပြည်မှ ထွက် စေ၍၊ ဤ ဆိုး သော အရပ် သို့ အဘယ်ကြောင့် ဆောင် ခဲ့သနည်း။ ဤအရပ် သည် လယ် လုပ်စရာမ ကောင်း၊ သင်္ဘောသဖန်း ပင်၊ စပျစ်နွယ် ပင်၊ သလဲ ပင်စိုက်စရာမကောင်း။ သောက် စရာရေ မျှ မ ရှိဟု မောရှေ ကို အပြစ်တင် ၍ ဆို ကြ၏။ ၆ မောရှေ နှင့် အာရုန် တို့သည် လူ အစုအဝေးမှ ထွက် ၍၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါးဝ သို့ သွား သဖြင့် ၊ ပြပ်ဝပ် လျက် နေကြစဉ်၊ ထာဝရဘုရား ၏ ဘုန်း တော်သည် ထင်ရှား လေ၏။ ၇ ထာဝရဘုရား ကလည်း၊ ၈ လှံတံတော် ကို ကိုင် ယူ၍ သင်၏အစ်ကို အာရုန် ပါလျက်၊ ပရိသတ် များကို စုဝေး စေလော့။ သူ တို့ရှေ့မှာ ကျောက် ကိုမှာထား လော့။ ကျောက်သည် မိမိ ရေ ကိုပေး လိမ့်မည်။ ထိုသို့ သင်သည် ကျောက် ထဲက ရေ ကို ထွက် စေ၍ ၊ ပရိသတ် များနှင့် သူ တို့တိရစ္ဆာန် များတို့အား သောက် ဘို့ ရေကို ပေးရမည်ဟု၊ ၉ မောရှေ အား မိန့် တော်မူသည်အတိုင်း ၊ မောရှေ သည် လှံတံတော် ကို ထာဝရဘုရား ရှေ့ တော်က ယူ ၍၊ ၁၀ အာရုန် ပါလျက်၊ ပရိသတ် တို့ကို ကျောက် ရှေ့မှာ စုဝေး စေပြီးလျှင် ၊ အချင်းသူပုန် တို့၊ နားထောင် ကြလော့။ ငါတို့သည် သင် တို့အဘို့ ဤ ကျောက် ထဲက ရေ ကို ထွက် စေ ရမည်လောဟု ဆို လျက်၊ ၁၁ မိမိ လက် ကို ဆန့် ၍ ကျောက် ကို လှံတံ နှင့် နှစ် ကြိမ်ရိုက် သဖြင့် ၊ ရေ သည် များစွာ ထွက် ၍ ၊ လူ ပရိသတ် တို့နှင့် တိရစ္ဆာန် တို့သည် သောက် ရကြ၏။ ၁၂ ထာဝရဘုရား ကလည်း ၊ သင်တို့သည် ငါ့ ကို မ ယုံကြည် ၊ ဣသရေလ အမျိုးသား တို့ရှေ့မှာ ငါ့ ကိုမရိုမသေ ပြုသောကြောင့် ၊ ဤ ပရိသတ် တို့အား ငါပေး သော ပြည် သို့ သင်တို့သည် ပို့ဆောင် သောအခွင့်ကို မ ရကြဟု မောရှေ နှင့် အာရုန် တို့အား မိန့် တော်မူ၏။ ၁၃ ဣသရေလ အမျိုးသား တို့သည် ထာဝရဘုရား ကို ဆန့်ကျင်ဘက် ပြုသော်လည်း ၊ သူ တို့တွင် ရိုသေ လေးမြတ်ခြင်းကိုခံ တော်မူသောကြောင့်၊ ထို ရေသည် မေရိဘ ရေ ဖြစ်သတည်း။ ၁၄ မောရှေ သည် ကာဒေရှ အရပ်မှ ဧဒုံ ရှင်ဘုရင် ထံသို့ သံတမန် တို့ကို စေလွှတ် ၍၊ ကိုယ်တော့် ညီ ဣသရေလ က၊ အကျွန်ုပ် တို့ တွေ့ ရသော အမှု အလုံးစုံ တည်းဟူသော၊ ၁၅ အကျွန်ုပ်တို့ဘိုးဘေး သည် အဲဂုတ္တု ပြည်သို့ သွား ၍ အကျွန်ုပ်တို့ သည်အဲဂုတ္တု ပြည် မှာ ကာလ ကြာမြင့် စွာနေ သဖြင့် ၊ အဲဂုတ္တု လူတို့သည် အကျွန်ုပ် တို့နှင့် ဘိုးဘေး များကို ညှဉ်းဆဲ ကြောင်း၊ ၁၆ အကျွန်ုပ်တို့သည် ထာဝရဘုရား ကို အော်ဟစ်သောအခါ ၊ ကောင်းကင်တမန် ကို စေလွှတ် ၍ ၊ အကျွန်ုပ် တို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူကြောင်းကို ကိုယ်တော်သိ ပါ၏။ ယခု မှာ အကျွန်ုပ် တို့သည် ကိုယ်တော် ၏ နိုင်ငံ အစွန်အနား ၊ ကာဒေရှ အရပ်၌ ရှိကြပါ၏။ ၁၇

ကိုယ်တော့် ပြည် အလယ် ၌ရှောက် ၍ သွားပါရစေ။ လယ်ယာ များ၊ စပျစ် ဥယျာဉ်များကို မ နင်း ပါ။ တွင်း ရေ ကိုလည်း မ သောက် ပါ။ ကိုယ်တော့် ပြည်နယ် ကို မ လွန် မှီတိုင်အောင်၊ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ လွှဲ ၊ မင်း လမ်း သို့သာ ရှောက် လိုက်ပါမည်ဟု တောင်းပန်စေ၏။ ၁၈ ဧဒုံ ကလည်း ၊ သင်သည် ငါ့ ပြည်အလယ် ၌ မ ရှောက် မသွားရ။ ရှောက်သွားလျှင်၊ ထား လက်နက်နှင့် ဆီးတား မည်ဟု ပြန်ပြော ၏။ ၁၉ ဣသရေလ အမျိုးသား တို့ကလည်း ၊ မင်း လမ်းသို့ သာ ရှောက် လိုက်ပါမည်။ ကိုယ်တိုင် မှစ၍တိရစ္ဆာန် တို့ သည် ကိုယ်တော့် ရေ ကို သောက် လျှင် အဘိုး ကိုပေး ပါမည်။ အခြားသောအမှု ကို မ ပြုဘဲ၊ ခြေ ဖြင့် သွား ရုံမျှသာ ပြုပါမည်ဟု ဆို သော်လည်း၊ ၂၀ ဧဒုံ က၊ သင်သည် ရှောက် ၍မ သွားရဟုဆို လျက် ၊ များစွာ သော ဗိုလ်ခြေ အလုံးအရင်း နှင့်တကွဆီးတား ခြင်းငှါ ထွက်လာ ၏။ ၂၁ ထိုသို့ ဧဒုံ သည် သူ ၏ပြည် အလယ် ၌ရှောက်သွား သော အခွင့်ကို ဣသရေလ အား မ ပေး သောကြောင့် ၊ ဣသရေလ သည် လွှဲရှောင် လေ၏။ ၂၂ ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ သည် ကာဒေရှ အရပ်မှ ပြောင်း ၍ ဟောရ တောင် သို့ ရောက် ကြ၏။ ၂၃ ဧဒုံ ပြည် စွန် နား၊ ဟောရ တောင် ပေါ်မှာ ထာဝရဘုရား သည် မောရှေ နှင့် အာရုန် တို့ကို ခေါ် ၍၊ ၂၄ သင်တို့သည် မေရိဘ စမ်းရေ နားမှာ ငါ့ စကား ကို ဆန့်ကျင် သောကြောင့် ၊ ဣသရေလ အမျိုးသား တို့အား ငါပေး သော ပြည် သို့ အာရုန် သည် မ ဝင် ရ။ မိမိ လူမျိုး စည်းဝေး ရာသို့ သွားရမည်။ ၂၅ သို့ ဖြစ်၍အာရုန် နှင့် သူ ၏သား ဧလာဇာ ကို ခေါ် ၍ ဟောရ တောင် ပေါ်သို့ဆောင် သွားပြီးလျှင် ၊ ၂၆ အာရုန် ၏အဝတ် ကို ချွတ် ၍ သူ ၏သား ဧလာဇာ ကို ဝတ် စေပြီးမှ ၊ အာရုန် သည် ထို အရပ်၌သေ ၍ မိမိလူမျိုးစည်းဝေး ရာသို့ သွားရမည်ဟု၊ ၂၇ မိန့် တော်မူသည်အတိုင်း ၊ မောရှေ ပြု ၍ ၊ သူတို့ သည် ပရိသတ် အပေါင်း တို့ရှေ့မှာ ဟောရ တောင် ပေါ်သို့ တက် ကြ၏။ ၂၈ မောရှေ သည် အာရုန် ၏အဝတ် ကို ချွတ် ၍ သား ဧလာဇာ ကို ဝတ် စေပြီးမှ ၊ အာရုန် သည် တောင် ထိပ် ၌ သေ လေ၏။ မောရှေ နှင့် ဧလာဇာ တို့သည် တောင် ပေါ်က ဆင်းလာ ကြ၏။ ၂၉ အာရုန် သည် အနိစ္စ ရောက်ကြောင်း ကို ပရိသတ် အပေါင်း တို့သည် သိမြင် သောအခါ ၊ ဣသရေလ အမျိုးသား ရှိသမျှ တို့သည်၊ အာရုန် အတွက် အရက် သုံးဆယ် ပတ်လုံး ငိုကြွေး မြည်တမ်းခြင်းကို ပြုကြ၏။

၂၁ ဣသရေလ အမျိုးသည် အသရိမ် လမ်း ဖြင့် လာ ကြသည်သိတင်းကို တောင် မျက်နှာ၌နေ သောခါနာန် အမျိုး အာရဒ် မင်းကြီး ကြား လျှင် ၊ ဣသရေလ အမျိုးကို စစ်တိုက် ၍ လူအချို့တို့ကို ဘမ်းဆီး သိမ်းသွားလေ၏။ ၂ ဣသရေလ အမျိုးကလည်း ၊ ကိုယ်တော်သည် ဤ လူမျိုး ကို အကျွန်ုပ် တို့လက် သို့ အပ် တော်မူလျှင် ၊ သူ တို့ မြို့ များကို ရှင်းရှင်းဖျက်ဆီး ပါမည်ဟု ထာဝရဘုရား အား သစ္စာ ဂတိပြုလေ၏။ ၃ ထာဝရဘုရား သည်လည်း ၊ ဣသရေလ အမျိုး၏ စကား ကို နားထောင် ၍ ၊ ထိုခါနာန် အမျိုးသားတို့ကိုအပ် တော်မူ၏။ သူ တို့နှင့် သူ တို့မြို့ များကို ဣသရေလလူတို့သည် ရှင်းရှင်းဖျက်ဆီး ၍၊ ထိုအရပ် ကို ဟော်မာ အမည် ဖြင့် သမုတ် ကြ၏။ ၄ ဟောရ တောင် မှ ထွက် ၍ ဧဒုံ ပြည် ကို ဝိုင်း ခြင်းငှါ ၊ ဧဒုံ ပင်လယ် လမ်း ဖြင့် ချီသွားကြစဉ်၊ အသွား ခက်သောကြောင့် ၊ လူ များတို့သည် စိတ် အားလျော့ ကြ၍၊ ၅ သင်သည် ငါတို့ကို ဤတော ၌ သေ စေခြင်းငှါ ၊ အဲဂုတ္တု ပြည်မှ အဘယ်ကြောင့် ဆောင်

ခဲ့သနည်း။ မုန့် မ ရှိ၊ ရေ လည်း မ ရှိ၊ ဤပေါ့ပျက် သောစားစရာ ကိုလည်း ငါ တို့သည် အလွန်ခံရှာ ၏ဟု ဘုရားသခင် နှင့် မောရှေ ကို ဆန့်ကျင်ဘက် ပြု၍ ဆို ကြ၏။ ၆ ထိုအခါ ထာဝရဘုရား သည်၊ ဣသရေလအမျိုးသား တို့တွင် မီး မြွေ များကို စေလွှတ် တော်မူ၍ ၊ လူ အများ တို့သည် အကိုက် ခံရသဖြင့် သေ ကြ၏။ ၇ ထိုကြောင့် လူ များတို့သည် မောရှေ ထံသို့ လာ ၍ အကျွန်ုပ်တို့သည် ထာဝရဘုရား နှင့် ကိုယ်တော် ကို ဆန့်ကျင် လျက် ပြောဆို၍ ပြစ်မှား ပါပြီ။ ထာဝရဘုရားသည် မြွေ များကို အကျွန်ုပ် တို့မှ ပယ်ရှား တော်မူမည်အကြောင်းဆုတောင်း ပါဟု လျှောက်လျှင်၊ မောရှေ သည် လူ များအတို့ ဆုတောင်း လေ၏။ ၈ ထာဝရဘုရား ကလည်း ၊ မီးမြွေ ရုပ်ကိုလုပ် ၍ တိုင် ပေါ်မှာ မြှောက် ထားလော့။ အကိုက် ခံရသောသူ တိုင်း ကြည့်ရှု လျှင် အသက် ချမ်းသာရလိမ့်မည်ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၉ မောရှေ သည် ကြေးဝါ ဖြင့် မြွေ ကို လုပ် ၍ တိုင် ပေါ်မှာ မြှောက်ချီ ထားပြီးလျှင် ၊ မြွေ ကိုက် သောသူမည်သည်ကား၊ ကြေးဝါ မြွေ ကို ကြည့်ရှု သောအခါ အသက် ချမ်းသာရကြ၏။ ၁၀ တဖန် ဣသရေလ အမျိုးသား တို့သည် နေရာ ပြောင်း၍ သြဗုတ် အရပ်၌ စားခန်းချ ကြ၏။ ၁၁ သြဗုတ် အရပ်မှ ပြောင်း ပြန်၍ ၊ နေ ထွက်ရာ ဘက် ၊ မောဘ ပြည်ရှေ့ တွင်ရှိသောတော မှာ ၊ ဣဇာဗရိမ် အရပ်၌ စားခန်းချ ကြ၏။ ၁၂ ထို အရပ်မှ ပြောင်း ၍ ၊ ဇာရက် ချောင်း နား ၌ စားခန်းချ ကြ၏။ ၁၃ ထို အရပ်မှ တဖန်ပြောင်း ပြန်၍ ၊ အာမောရိ ပြည်နယ် နှင့် စပ်သော တော ၌ ရှိသောအာနုန် ချောင်းနား တဘက်တချက် ၌ စားခန်းချ ကြ၏။ အာနုန် ချောင်းကား၊ မောဘ ပြည်၊ အာမောရိ ပြည်စပ်ကြား အပိုင်းအခြား ဖြစ်သတည်း။ ၁၄ ထိုသို့နှင့်အညီ၊ ထာဝရဘုရား စစ်တိုက် စာ ၌ ကား၊ ဇာရက် အရပ်၊ သုပ အရပ်၊ အာနုန် ချောင်း တို့၊ ၁၅ အာရ ပြည်သို့ စီး ၍ မောဘ ပြည်အနား ၌ ရှောက်သွားသော ချောင်း အသွယ်သွယ်ဟု လာသတည်း။ ၁၆ အာနုန်ချောင်းမှ ဗေရ ရေတွင်းသို့ ခရီးသွားကြ၏။ ထိုရေတွင်းကား အခြားမဟုတ်၊ ထာဝရဘုရား က၊ လူ များကို စုဝေး စေလော့၊ ရေ ကို ငါပေး မည်ဟု မောရှေ အား မိန့် တော်မူရာ၌ ရည်ဆောင်သော ရေတွင်း ဖြစ် သတည်း။ ၁၇ ထိုအခါ ဣသရေလ အမျိုးက၊ အိုတွင်း ရေ၊ ထွက် လော့။ ထွက်အော်ခေါ် သီချင်း ဆိုကြလော့။ ၁၈ တရားမင်းစီရင်သည်အတိုင်း၊ မှူးမတ် တို့သည် ရေတွင်း ကို တူး ကြပြီ။ လူ တို့တွင် အကဲအမှူး တို့သည် တောင်ဝေး တို့နှင့် ရေတွင်းကို တူး ကြပြီဟု သီချင်း ဆိုလေ၏။ ၁၉ ထိုတော မှ မတ္တနာအရပ်သို့၎င်း၊ မတ္တနာ အရပ်မှ နဟာလျေလ အရပ်သို့၎င်း ၊ နဟာလျေလ အရပ်မှ ဗာမုတ် အရပ်သို့၎င်း၊ ၂၀ ဗာမုတ် အရပ်မှ မောဘ ချိုင့် သို့ ၎င်း၊ ယေရှိမုန် မြို့ကို မျက်နှာပြု သော ပိသဂါ တောင်ထိပ် သို့၎င်း ခရီးသွားကြ၏။ ၂၁ ထိုအခါ ဣသရေလ အမျိုးသားတို့သည်၊ အာမောရိ ရှင်ဘုရင် ရှိဟုန် မင်းထံသို့ သံတမန် တို့ကို စေလွှတ် လျက်၊ ၂၂ အကျွန်ုပ်တို့သည် မင်းကြီးပြည် အလယ် ၌ ရှောက် ၍ သွားပါရစေ။ လယ်ယာ သို့ ၎င်း ၊ စပျစ် ဥယျာဉ် သို့ ၎င်း မ ဝင် ပါ။ တွင်း ရေ ကိုလည်း မ သောက် ပါ။ မင်းကြီးပြည် ကို မ လွန် မှီတိုင်အောင်၊ မင်း လမ်း သို့သာ ရှောက် လိုက်ပါမည်ဟု အခွင့်တောင်းကြ၏။ ၂၃ ထိုပြည် အလယ် ၌ ရှောက်သွား ရသောအခွင့်ကို၊ ရှိဟုန် မင်းသည် ဣသရေလ အမျိုးသားတို့အား မ ပေး။ မိမိ လူ အပေါင်း တို့ကို စုဝေး စေ၍ ၊ ဣသရေလ အမျိုးသားတို့ကို ဆီးတား ခြင်းငှါ ၊ သူတို့ရှိရာတော သို့ ထွက် ၍ ယာဟတ် မြို့သို့

ရောက် ပြီးလျှင် စစ်တိုက် ၂၄ ထိုမင်းကို၊ ဣသရေလ အမျိုးသားတို့သည် ထား နှင့် လုပ်ကြံ ၍၊ အာနုန် ချောင်းမှ သည် ယဗ္ဗုတ် ချောင်း တိုင်အောင် ၎င်း၊ အမ္မုန် အမျိုးသား နေရာတိုင်အောင် ၎င်း၊ ထိုမင်းပိုင်သော မြေ ကို သိမ်းယူ ကြ၏။ အမ္မုန် အမျိုးသား နေရာ နယ်စပ် ကား အားကြီး ၏။ ၂၅ ထိုသို့ ဣသရေလ အမျိုးသားတို့သည်၊ ဟေရှဘုန် မြို့မှစ၍အာမောရိ အမျိုးသားနေသောမြို့ ရွာ ရှိသမျှ တို့ကို သိမ်းယူ ၍ နေ ကြ၏။ ၂၆ ဟေရှဘုန် မြို့ကား၊ မောဘ ပြည်ကို အစိုးရသောအရင် ရှင်ဘုရင် နှင့် စစ်တိုက် ၍ အာနုန် ချောင်းတိုင်အောင် ပြည် ကို လုယူ သော အာမောရိ ရှင်ဘုရင် ရှိဟုန် မင်းနေသောမြို့ ဖြစ်သတည်း။ ၂၇ ထိုအကြောင်းကို ရည်ဆောင်၍ လင်္ကာ ဆရာတို့ က၊ ဟေရှဘုန် မြို့သို့ သွား ၍ တဖန်တည် ကြစို့။ ရှိဟုန် ဘုရင်နေသောမြို့ ကို ပြင်ဆင် ကြစို့။ ၂၈ ရှိဟုန်ဘုရင်နေရာ ဟေရှဘုန် မြို့မှ မီးလျှံ ထွက် ၍ မောဘ ပြည်အာရ မြို့နှင့်တကွ၊ အာနုန် ချောင်းနား၊ မြင့် သောအရပ်၌ အစိုးရ သောမင်းတို့ကို လောင် လေပြီ။ ၂၉ အိုမောဘ ပြည်၊ သင် သည် အမင်္ဂလာ ရှိ၏။ အိုခေမုရှ တပည့် တို့၊ သင်တို့သည် အကျိုး နည်းကြပြီ။ ပြေး ရသောမိမိ သား သမီး တို့ကို အာမောရိ ရှင်ဘုရင် ရှိဟုန် လက် သို့ ရောက်စေခြင်းငှါ၊ ထိုဘုရားသည် အခွင့်ပေး ပြီ တကား။ ၃၀ တဖန် ငါတို့သည် အာမောရိသားတို့ကို တိုက် ပြန်သောကြောင့်၊ ဟေရှဘုန် ပြည်သည် ဒိဘုန် မြို့တိုင်အောင် ပျက် လေပြီ။ မေဒဘ မြို့နှင့် နီးစပ်သော နောဖာ မြို့တိုင်အောင် သူတို့ကို သုတ်သင် ပယ်ရှင်းကြပြီဟု ဆိုသတည်း။ ၃၁ ထိုသို့ ဣသရေလ အမျိုးသားတို့သည် အာမောရိ ပြည် ၌ နေ ရကြ၏။ ၃၂ မောရှေ သည်လည်း၊ ယာဇာ မြို့ကို စူးစမ်း ခြင်းငှါ လူကို စေလွှတ် ပြီးလျှင်၊ ထိုမြို့ ရွာတို့ကို သိမ်းယူ ၍၊ အရင် နေသောအာမောရိ အမျိုးသားတို့ကို နှင်ထုတ် ကြ၏။ ၃၃ တဖန် ဣသရေလအမျိုးသားတို့သည် လှည့် ၍၊ ဗာရှန် ပြည်သို့ ခရီး သွား ကြ၏။ ဗာရှန် ရှင်ဘုရင် ဩဃ သည်၊ မိမိ လူ အပေါင်း တို့နှင့် ဧဒြဲ အရပ်မှာ စစ်တိုက် ခြင်းငှါချီ သွား၏။ ၃၄ ထာဝရဘုရား ကလည်း၊ သူ့ ကို မ ကြောက် နှင့်။ သူ နှင့်တကွ သူ ၏လူ အပေါင်း ကိုငင်း၊ သူ ၏မြေ ကိုငင်း၊ သင့် လက် ၌ ငါအပ်ပေး ပြီ။ ဟေရှဘုန် မြို့နေ အာမောရိ ရှင်ဘုရင် ရှိဟုန် ကို ပြု သကဲ့သို့ ၊ ဤမင်းကိုလည်း ပြု ရမည် ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ ၃၅ ထိုမင်း နှင့် သား များ၊ လူ များအပေါင်း တို့ကို တယောက်မျှ မ ကြွင်း လုပ်ကြံ ၍ သူ ၏ပြည် ကို သိမ်းယူ ကြ၏။

JJ တဖန် ဣသရေလ အမျိုးသား တို့သည် ခရီးသွား ၍ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား ၊ ယေရိခေါ မြို့ တဘက် ၌ တဲ ဆောက်ကြ၏။ ၂ အာမောရိ အမျိုးသားတို့ ၌ ပြု ကြသော အမှုအလုံးစုံ ကို၊ ဇိဖေါ် သား ဗာလက် မင်းသိမြင် လျှင် ၊ ၃ ဣသရေလ အမျိုးသား တို့သည် များပြား သောကြောင့် ၊ မောဘ ပြည်သားတို့သည် အလွန် ကြောက်ရွံ့ကြ၍ ၊ ၄ နွား သည် မြက်ပင် ကို လှမ်း ၍ စားသကဲ့သို့ ဤအလုံးအရင်း သည် ငါ တို့ပတ်လည် ၌ ရှိသမျှ ကို လှမ်း ၍ စားလိမ့်မည်ဟု ပူပန်သောစိတ်ရှိလျက်၊ မိဒျန် ပြည်သားအသက်ကြီး သူတို့အား ဆို ကြ၏။ ထို အခါ ဇိဖေါ် သား ဗာလက် သည်၊ မောဘ ရှင်ဘုရင် ဖြစ်သည်နှင့်၊ ၅ အမ္မုန်ပြည်၌ စီးသောမြစ် ၏အနား မှာရှိသော ပေသော် မြို့နေ ဗောရ သား ဗာလမ် ကို ခေါ် ပင့် ခြင်းငှါ ၊ သံတမန် တို့ကို စေလွှတ် ၍၊ အဲဂုတ္တု ပြည်မှ ရောက်လာ သော လူ တမျိုးသည် မြေ မျက်နှာ ကို ဖုံးလွှမ်း လျက် ငါ့ အနား ၌ နေရာ ချကြပြီ။ ၆ သို့ ဖြစ်၍ ၊ ကြွလာ ပါ။ ဤ လူမျိုး သည် ငါ့ ထက် အားကြီး သောကြောင့်

သူတို့ကို ငါ့ အဘို့ ကျိန်ဆဲ ပါ။ သို့ပြုလျှင် သူ တို့ကို ငါတိုက် ၍ ငါ့ပြည် မှ နှင်ထုတ် နိုင် ကောင်း နှင်ထုတ်နိုင်လိမ့်မည်။ ကိုယ်တော်ကောင်းကြီး ပေးသောသူ သည် ကောင်းကြီး မင်္ဂလာခံရသည်ကိုထင်း ၊ ကိုယ်တော်ကျိန်ဆဲ သောသူ သည် ကျိန်ဆဲ အပ်သောသူဖြစ်သည်ကိုထင်းငါသိ သည်ဟု မှာလိုက်လေ၏။ ၇ မောဘ ပြည်သားအသက်ကြီး သူတို့နှင့် မိဒျန် ပြည်သားအသက်ကြီး သူတို့သည် ပြူစား ခြင်းလက်ဆောင်ပါလျက်သွား ၍ ၊ ဗာလမ် ထံသို့ ရောက် သောအခါ ၊ ဗာလက် မင်းစကား ကို ကြားလျှောက် လေ၏။ ၈ ဗာလမ်က၊ ယနေ့ည မှာ ဤ အရပ်၌နေ ကြပါဦး။ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း ငါပြန် ပြောမည်ဟု ဆို လျှင် ၊ မောဘ အရာရှိ တို့သည် ဗာလမ် ထံမှာ နေ ကြ၏။ ၉ ဘုရားသခင် သည် ဗာလမ် ရှိရာသို့ လာ ၍ ၊ သင် ၌ ရှိသောဤ လူ တို့သည် အဘယ်သူ နည်းဟုမေး တော်မူလျှင်၊ ၁၀ ဗာလမ် က၊ မောဘ ရှင်ဘုရင် ဇိဖော် သား ဗာလက် သည် အကျွန်ုပ် ဆီသို့ လူကို စေလွှတ် ၍၊ ၁၁ အဲဂုတ္တု ပြည်မှ ရောက်လာသောလူ အများ သည်၊ မြေ မျက်နှာ ကို ဖုံးလွှမ်း လျက်နေကြပြီ။ သို့ ဖြစ်၍ကြွလာ ပါ။ ဤလူမျိုးကို ငါ့ အဘို့ ကျိန်ဆဲ ပါ။ သို့ပြုလျှင်၊ သူ တို့ကို ငါတိုက် ၍ နှင်ထုတ် နိုင် ကောင်းနှင်ထုတ်နိုင်လိမ့်မည် ဟု ခေါ်ပင့်ကြောင်းကို၊ ဘုရားသခင် အား လျှောက်ဆို ၏။ ၁၂ ဘုရားသခင် ကလည်း၊ သင်သည် ဤလူ တို့နှင့်အတူ မ လိုက် မသွားရ။ ထိုလူမျိုး ကို မ ကျိန်ဆဲ ရ။ ကောင်းကြီး မင်္ဂလာကို ခံရသောလူမျိုးဖြစ်သည်ဟု ဗာလမ် အား မိန့် တော်မူ၏။ ၁၃ နံနက် ရောက်မှ၊ ဗာလမ် သည် ထ ၍ သင်တို့သည် ကိုယ် ပြည် သို့ ပြန်သွား ကြပါလော့။ သင် တို့နှင့်အတူ ငါလိုက်ရသောအခွင့် ကို ထာဝရဘုရား ပေးတော်မ မူဟု ဗာလက် မင်းစေလွှတ်သော အရာရှိ တို့အား ပြန်ပြော လေ၏။ ၁၄ ထိုအခါ မောဘ ပြည်အရာရှိ တို့သည် ဗာလက် မင်းထံသို့ ပြန် သွား၍ ၊ ဗာလမ် သည် ကျွန်တော် တို့နှင့်အတူ မ လိုက် လိုပါဟု လျှောက်ကြ၏။ ၁၅ တဖန် ဗာလက် မင်းသည်၊ အရင်ထက် အရေအတွက်အားဖြင့်များ ၍ အရာအားဖြင့် ဘုန်းကြီး သော မှူးမတ် တို့ကို စေလွှတ် ပြန် သည်အတိုင်း၊ ၁၆ သူတို့သည် ဗာလမ် ထံသို့ ရောက်လာ ၍ ဇိဖော် သား ဗာလက် မင်းက၊ ကိုယ်တော်သည် ငါ့ ထံသို့ မလာ မည် အကြောင်းအဘယ်အဆီးအတား မျှ မရှိပါစေနှင့်။ ၁၇ ငါသည် ကိုယ်တော် ကို အလွန် ချီးမြှောက် မည်။ ကိုယ်တော်တောင်း သမျှ ကို ပေး မည်။ သို့ ဖြစ်၍ ကြွလာ ပါ။ ဤ လူမျိုး ကို ငါ့ အဘို့ ကျိန်ဆဲ ပါဟု မိန့် တော်မူကြောင်းကို ပြန်ပြော ကြ၏။ ၁၈ ဗာလမ် ကလည်း၊ ဗာလက် မင်းသည် ရွှေ ငွေ နှင့် ပြည့် သော မိမိ နန်းတော်ကိုပင် ပေး သော်လည်း ၊ ငါကိုးကွယ်သော ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို လွန်ကျူး ၍ အမှုအကြီး အငယ် တစုံတခုကိုမျှ ငါမ ပြု နိုင်။ ၁၉ သို့ရာတွင် ထာဝရဘုရား သည် အဘယ်သို့ ထပ်၍ မိန့် တော်မူမည်ကို ငါသိ မည်အကြောင်း၊ ယနေ့ည မှာ ဤ အရပ်၌ နေ ကြပါဦးဟု ဗာလက် မင်းကျွန် တို့အား ပြန်ပြော ၏။ ၂၀ ည အချိန်၌ ဘုရားသခင် သည် ဗာလမ် ရှိရာသို့ လာ ၍၊ ထိုလူ တို့သည် သင့် ကိုခေါ် ခြင်းငှါ လာ လျှင် ၊ သူ တို့ နှင့်အတူ ထ ၍ လိုက် လော့။ သို့ရာတွင် ငါမှာထား သမျှ အတိုင်းသာ ပြု ရမည်ဟု မိန့် တော်မူ၏။ ၂၁ နံနက် ရောက်မှ ဗာလမ် ထ ၍ မြည်း ကို ကုန်းနှီး တင်ပြီးလျှင် ၊ မောဘ အရာရှိ တို့နှင့်အတူ လိုက် လေ၏။ ၂၂ ထိုသို့ လိုက်သောကြောင့်၊ ဘုရားသခင် အမျက် တော်ထွက် ၍၊ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် သူ့ ကို ဆီးတား ခြင်းငှါလမ်း ၌ ရပ် နေ၏။ ထိုအခါ

ဗာလမ် သည် မြည်း ကို စီး ၍ ငယ်သား နှစ် ယောက်နှင့် သွား စဉ်တွင်၊ ၂၄ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ထား ကို မိုးလျက်၊ လမ်း ၌ ရပ် နေသည်ကို မြည်း သည် မြင် လျှင် ၊ လမ်းလွဲ ၍ လယ် သို့ ဝင် လေ၏။ ဗာလမ် လည်း မြည်း ကို လမ်း သို့ ပြန် စေခြင်းငှါ ရိုက် လေ၏။ ၂၄ ထာဝရဘုရား ၏ ကောင်းကင်တမန် သည်၊ စပျစ် ဥယျာဉ်စောင်ရန်း နှစ်ဘက်စပ်ကြား လမ်း ၌ တဖန် ရပ် နေ၏။ ၂၅ ထာဝရဘုရား ၏ ကောင်းကင်တမန် ကို မြည်း သည် မြင် ပြန်သောအခါ ၊ စောင်ရန်း တဘက် ၌ တိုး ၍ ဗာလမ် ၏ခြေ ကို ဖိ လေ၏။ ဗာလမ်လည်း တဖန် ရိုက် ပြန်လေ၏။ ၂၆ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် လွန် သွား၍ လမ်းတဘက်ဘက်မျှ မ လွဲ နိုင်အောင်ကျဉ်းမြောင်း သော အရပ် ၌ ရပ် နေ၏။ ၂၇ မြည်း သည်လည်း ထာဝရဘုရား ၏ကောင်းကင်တမန် ကို မြင် ပြန်သောအခါ ၊ ဗာလမ် အောက် ၌ ဝပ် လျက် နေ၏။ ဗာလမ် သည် အမျက် ထွက် ၍ တောင်ဝေး နှင့် မြည်း ကိုရိုက် လေ၏။ ၂၈ ထိုအခါ ထာဝရဘုရား သည် မြည်း ၏နှုတ် ကို ဖွင့် တော်မူ၍ ၊ မြည်းက သင်သည် ငါ့ ကို သုံး ကြိမ် တိုင်အောင် ရိုက် ရမည်အကြောင်း ၊ ငါသည် သင် ၌ အဘယ်သို့ ပြု ဘိသနည်းဟု ဗာလမ် အား မေး လျှင်၊ ၂၉ ဗာလမ် က၊ သင်သည် ငါ့ ကို ကျီစား ပါသည် တကား။ ငါ၌ ထားရှိပါစေသော။ ထား ရှိ လျှင် သင့် ကို ယခု သတ် မည်ဟု မြည်း အား ဆို ၏။ ၃၀ မြည်း ကလည်း ၊ ငါ သည် ယနေ့ တိုင်အောင် သင် ၏အစီး ကို အစဉ် ခံရသောသင် ၏ မြည်း ဖြစ်သည်မ ဟုတ် လော။ သင် ၌ တခါမျှ ဤသို့ ငါပြု ဘူး သလော ဟုဗာလမ် အား မေး လျှင် ၊ မ ပြုဘူးဟု ပြန်ပြော ၏။ ၃၁ ထိုအခါ ထာဝရဘုရား သည် ဗာလမ် မျက်စိ ကို ဖွင့် တော်မူ၍ ၊ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ထား ကိုမိုးလျက်၊ လမ်း ၌ ရပ် နေသည်ကို ဗာလမ်သည် မြင် သဖြင့် ဦးချ ၍ ပြပ်ဝပ် လေ၏။ ၃၂ ထာဝရဘုရား ၏ကောင်းကင် တမန်ကလည်း ၊ သင် ၏မြည်း ကို သုံး ကြိမ် တိုင်အောင်အဘယ်ကြောင့် ရိုက် သနည်း။ သင်သွားသောလမ်း သည် ငါနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ၊ သင့်ကို ဆီးတား ခြင်းငှါ ငါထွက်လာ ပြီ။ ၃၃ မြည်း သည် ငါ့ ကို မြင် ၍ သုံး ကြိမ် ရှောင် ခဲ့ပြီ။ ထိုသို့ မရှောင် လျှင်၊ အကယ်စင်စစ် သင့် ကိုငါသတ် ၍ မြည်း ကို အသက် ချမ်းသာပေးလေပြီဟု ဆို ၏။ ၃၄ ဗာလမ် ကလည်း ၊ အကျွန်ုပ်ပြစ်မှား ပါပြီ။ ကိုယ်တော် သည် လမ်း ၌ ကန့်လန့် နေ တော်မူသည်ကို အကျွန်ုပ် မ သိ ပါ။ ယခု မှာ အလို တော်မရှိလျှင် အကျွန်ုပ်ပြန် သွားပါမည် ဟု ထာဝရဘုရား ၏ ကောင်းကင် တမန်အား ဆို လျှင်၊ ၃၅ ထာဝရဘုရား ၏ကောင်းကင် တမန်က၊ သူ တို့နှင့်အတူ လိုက် လော့။ သို့ရာတွင် ငါမှာထား သော စကား ကိုသာ ဟောပြော ရမည်ဟု ဗာလမ် အား မိန့် တော်မူ သည်အတိုင်း ၊ သူသည် ဗာလက် မင်း၏ ကျွန် တို့နှင့်အတူ လိုက် သွားလေ၏။ ၃၆ ဗာလမ် ရောက် သောသိတင်းကို ဗာလက် မင်း ကြား လျှင် ၊ ခရီးဦးကြိုပြု ခြင်းငှါ၊ မောဘ ပြည် စွန်း အာနုန် ချောင်းနား မှာရှိသော မြို့တမြို့သို့ ထွက်သွား ၏။ ၃၇ ဗာလက် မင်းကလည်း၊ ကိုယ်တော် ကို ခေါ်ပင့် စေခြင်းငှါ ငါသည် အထပ်ထပ်စေလွှတ် သည်မ ဟုတ် လော ။ အဘယ်ကြောင့် နှေး ပါသနည်း။ ကိုယ်တော် ကို ငါချီးမြှောက် နိုင် သည်မ ဟုတ်လော ဟု ဗာလမ် အား ဆို လျှင် ၊ ၃၈ ဗာလမ် က၊ မင်းကြီး ထံသို့ ငါလာ ပါပြီ။ သို့ရာတွင်ငါသည် စကားတခွန်း ကိုမျှ ပြော ပိုင် သလော။ ငါ့ နှုတ် ၌ ဘုရားသခင် ထား တော်မူသော စကား ကိုသာ ငါပြော ပါ မည်ဟု ပြန်ပြော ပြီးမှ၊ ၃၉

ဗာလက် မင်းနှင့်အတူ လိုက်၍ ကိရဃသုဒုတ် မြို့သို့ ရောက် ကြ၏။ ၄၀ ဗာလက် မင်းသည်လည်း ၊ သိုး နွား တို့ကို ပူဇော် ၍ ဗာလမ် နှင့် အရာရှိ တို့အား ပေး လိုက်လေ၏။ ၄၁ နက်ဖြန် နေ့၌ ဗာလက် မင်းသည် ဗာလမ် ကို ခေါ်၍ ဣသရေလအမျိုးသားအပေါင်းတို့ကို အကုန်အစင် ပြခြင်းငှါဗာလဘုရားနှင့်ဆိုင်သော ကုန်းရိုး ပေါ် သို့ပို့ဆောင် လေ၏။

JR ထိုအခါ ဗာလမ် က၊ ဤ အရပ်၌ ငါ့ အဘို့ ယဇ်ပလ္လင် ခုနစ် ခုကို တည် လော့။ နွားထီး ခုနစ် ကောင်၊ သိုးထီး ခုနစ် ကောင်တို့ကို ပြင်ဆင် လော့ဟု ဗာလက် မင်း အား ဆို သည်အတိုင်း ၊ ၂ ဗာလက် မင်းသည် ပြူ ပြီးလျှင် ၊ ထိုသူနှစ်ပါးတို့ သည် ယဇ်ပလ္လင် တခုတခုအပေါ် မှာနွား တကောင်စီနှင့် သိုး တကောင်စီကို ပူဇော် ကြ၏။ ၃ ဗာလမ် ကလည်း၊ မင်းကြီးပူဇော်သော မီးရှို့ ရာ ယဇ်နား မှာရပ် လော့။ ငါသည် အခြားတပါးသို့ သွား ပါမည်။ ထာဝရဘုရား သည် ငါ့ ကို ကြိုဆို ခြင်းငှါ ကြွလာ ကောင်းကြွလာတော်မူလိမ့်မည်။ ငါ့ အား ပြ တော်မူသမျှကို မင်းကြီးအား ငါကြားပြော ပါမည်ဟု ဗာလက် မင်းအား ဆို ပြီးမှ ကုန်း တခုပေါ် သို့ တက် သွား၏။ ၄ ဘုရားသခင် သည် ဗာလမ် ကို ကြိုဆို တော်မူလျှင် ၊ ဗာလမ်က အကျွန်ုပ် သည် ယဇ်ပလ္လင် ခုနစ် ခုကို ပြင်ဆင်၍ ပလ္လင် တခုတခုအပေါ် မှာ နွားထီး တကောင်စီနှင့် သိုးထီး တကောင်စီကို ပူဇော် ပါပြီဟု လျှောက် လေ၏။ ၅ ထာဝရဘုရား သည် ဗာလမ် နှုတ် ၌ စကား ကို ထား လျက် ၊ သင်သည် ဗာလက် မင်းထံသို့ ပြန် ၍ ဤသို့ ပြော လော့ဟု မိန့် တော်မူသည်အတိုင်း ၊ ၆ ဗာလမ်ပြန် သောအခါ ၊ ဗာလက်မင်းသည် မောဘ မှူးမတ် အပေါင်း တို့နှင့်တကွ ၊ မိမိ ပူဇော်သော မီးရှို့ ရာယဇ်နား မှာ ရပ် နေ၏။ ၇ ထိုအခါ ဗာလမ်သည်၊ ပရောဖက် စကားအားဖြင့် မြွက်ဆို သည်ကား၊ မောဘ ရှင်ဘုရင် ဗာလက် က၊ လာ ပါ။ ငါ့ အဘို့ ယာကုပ် အမျိုးကို ကျိန်ဆဲ ပါ။ လာ ပါ။ ဣသရေလ အမျိုးကို ပျက်စီး ခြင်းသို့ အပ်လိုက်ပါဟု ခေါ်၍ ငါ့ ကို အာရုံ ပြည်အရှေ့ တောင်ရိုး မှ ဆောင် ခဲ့ပြီ။ ၈ ဘုရားသခင် ကျိန်ဆဲ တော်မ မူသောသူကို အဘယ်သို့ ငါကျိန်ဆဲ နိုင်မည်နည်း။ ဘုရားသခင် သည် ပျက်စီး ခြင်းသို့ အပ်တော်မ မူသောသူကို အဘယ်သို့ ငါအပ် နိုင်မည်နည်း။ ၉ ကျောက် ပေါ် က သူ့ ကို ငါမြင် ၏။ တောင် ပေါ် က သူ့ ကို ငါကြည့်ရှု ၏။ ထိုလူမျိုး သည် တမျိုးတည်း နေ၍ အခြား တပါးသော လူမျိုးတို့နှင့် မ ရောနှော ရ။ ၁၀ ယာကုပ် အမျိုးမြေမှုန့် ကို အဘယ်သူ ရေတွက် နိုင်သနည်း။ ဣသရေလ အမျိုးလေးစုတစု ကိုမျှ အဘယ်သူ ရေတွက်နိုင်သနည်း။ ဖြောင့်မတ် သောသူသေ သကဲ့သို့ငါ သေ ပါစေသော။ ငါ့ အဆုံး သည် သူ ၏အဆုံးကဲ့သို့ ဖြစ် ပါစေသောဟု မြွက်ဆို ၏။ ၁၁ ဗာလက် မင်းကလည်း ၊ သင်သည် ငါ၌ အဘယ်သို့ ပြု သနည်း။ ငါ ၏ရန်သူ တို့ကို ကျိန်ဆဲ စေခြင်းငှါ သင့် ကို ငါခေါ် ခဲ့ပြီ။ သို့သော်လည်း သင်သည် လုံးလုံးကောင်းကြီး ပေးလေပြီတကားဟု ဗာလမ် အား ဆို လျှင် ၊ ၁၂ ဗာလမ်က၊ ထာဝရဘုရား သည် ငါ့ နှုတ် ၌ ထား တော်မူသောစကားကို ပြော ရအောင် ငါသတိမ ပြုရ သလော ဟုပြန် ဆို၏။ ၁၃ ဗာလက် မင်းကလည်း ၊ ဣသရေလအမျိုးသားအပေါင်း တို့ကို တပြိုင်နက်မ မြင် ရဘဲ တပိုင်း ကိုမျှသာ ကြည့်မြင် ရာ၊ အခြား သောအရပ် သို့ ငါ နှင့်အတူ လိုက် ပါ လော့။ ထို အရပ်၌ သူ တို့ကို ငါ့ အဘို့ ကျိန်ဆဲ ပါဟု ဆို လျက်၊ ၁၄ ပိသဂါ တောင်ပေါ် ၊ ဇောဖိမ် လယ်ပြင် သို့ ဆောင် သွား၍ ယဇ်ပလ္လင် ခုနစ် ခုကို တည်ပြီးမှ၊ ပလ္လင် တခု တခုအပေါ် မှာ နွား တကောင်စီနှင့် သိုး တကောင်စီကို ပူဇော် လေ၏။

၁၅ ဗာလမ်ကလည်း၊ မင်းကြီးပူဇော်သော မီးရှို့ ရာ ယဇ်နား မှာ ရပ် လော့။ ငါ သည် ထာဝရဘုရားကို ခရီးဦးကြိုပြု ခြင်းငှါအခြားတပါးသို့ သွားပါမည်ဟု ဗာလက် မင်းအား ဆို ၏။ ၁၆ ထာဝရဘုရား သည် ဗာလမ် ကို ကြိုဆို ၍ သူ ၏ နှုတ် ၌ စကား ကိုထား လျက်၊ သင်သည် ဗာလက် မင်းထံသို့ ပြန် ၍ ဤသို့ ပြော လော့ဟု မိန့် တော်မူသည်အတိုင်း ၊ ၁၇ ဗာလမ်ပြန် သောအခါ ၊ ဗာလက်မင်းသည် မောဘ မှူးမတ် တို့နှင့်တကွ ၊ မိမိ ပူဇော်သော မီးရှို့ ရာယဇ် နား မှာ ရပ် နေလျက်၊ ထာဝရဘုရား သည် အဘယ်သို့ မိန့် တော်မူသနည်းဟုမေး လေ၏။ ၁၈ ထိုအခါ ဗာလမ်သည်၊ ပရောဖက် စကားအားဖြင့် မြွက်ဆို သည်ကား၊ အိုဇိဖော်၏ သား ဗာလက် မင်း၊ ထ လော့။ ငါ့ စကားကို စေ့စေ့နားထောင် လော့။ ၁၉ ဘုရားသခင် သည် မုသာ စကားကို ပြောအံ့သောငှါ လူ ဖြစ်တော်မူသည်မ ဟုတ်။ နောင်တရ အံ့သောငှါ လူ သား ဖြစ်တော်မူသည်မဟုတ်။ မိန့် တော်မူပြီးမှ ၊ စကားတော်အတိုင်း မ ပြု ဘဲ နေတော်မူမည်လော။ ဂတိ ထားတော်မူပြီးမှ ၊ ဂတိတော်မ တည် ဘဲနေတော်မူမည်လော။ ၂၀ ကောင်းကြီး ပေးရမည်အကြောင်း၊ အမိန့်တော် ကို ငါခံရ ပြီ။ ဘုရားသခင်ကောင်းကြီး ပေးတော်မူပြီ။ ထိုကောင်းကြီးကို ငါမ ဖျက် နိုင်။ ၂၁ ယာကုပ် အမျိုးကို ညှဉ်းဆဲ သောအမှု၊ ဣသရေလ အမျိုးတဘက်၌ ပြုသောနှောင့်ရှက် ခြင်းအမှုကို ဘုရားသခင် သည် ကြည့်ရှု ၍ နေတော်မ မူ။ သူ တို့ ဘုရားသခင် ထာဝရဘုရား သည် သူ တို့နှင့်အတူ ရှိတော်မူ၏။ ရှင်ဘုရင် ကြွေးကြော် ခြင်းအသံကို သူ တို့တွင် ကြားရ၏။ ၂၂ ဘုရားသခင် သည် အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူသည်ဖြစ်၍၊ ဣသရေလအမျိုးသည် ကြံ့ အားကြီး သကဲ့သို့ အားကြီး၏။ ၂၃ အကယ်စင်စစ် ယာကုပ် အမျိုးကို၊ ထူးဆန်း သော အတတ်အားဖြင့်မ နိုင်ရာ။ ဣသရေလ အမျိုးကို အဘယ်သူမျှမ ပြုစား ရာ။ ဘုရားသခင် သည် အဘယ်သို့ ပြု တော်မူပြီတကားဟု ယခု ကာလကို ထောက်၍ ယာကုပ် အမျိုး၊ ဣသရေလ အမျိုးကို ရည်ဆောင် လျက် ဆို လေ့ရှိ လိမ့်မည်။ ၂၄ ဤလူမျိုး သည်၊ ခြင်္သေ့ ကဲ့သို့ ထ လိမ့်မည်။ ခြင်္သေ့ပျို ကဲ့သို့ ထွက် လိမ့်မည်။ ဘမ်းမိ သော အကောင်ကို မ စား မှီ၊ သတ် အပ်သော တိရစ္ဆာန်အသွေး ကို မသောက် မှီ တိုင်အောင်ငြိမ်ဝပ် စွာမ နေဟု မြွက်ဆို၏။ ၂၅ ဗာလက် မင်းကလည်း ၊ သူ တို့ကို အလျှင်း မ ကျိန်ဆဲ ပါနှင့်။ ကောင်းကြီး ကိုလည်း အလျှင်း မ ပေးပါနှင့်ဟု ဗာလမ် အား ဆို လျှင် ၊ ၂၆ ဗာလမ်က၊ ထာဝရဘုရား မိန့် တော်မူသမျှ အတိုင်း ငါပြု ရပါမည်ဟု မင်းကြီး အား အရင်ပြော နှင့်ပြီ မ ဟုတ်လော ဟု ဗာလက် မင်းအား ပြန်ပြော ၏။ ၂၇ တဖန် ဗာလက် မင်းက၊ လာ ပါတော့။ အခြား သော အရပ် သို့ ဆောင် သွားပါမည်။ ထို အရပ်၌ သူ တို့ကို ငါ့ အဘို့ ကျိန်ဆဲ စေခြင်းငှါဘုရားသခင် အလို တော်ရှိကောင်းရှိတော်မူလိမ့်မည်ဟု ဗာလမ် အား ဆို လျက်၊ ၂၈ ယေရှိမုန် မြို့ကို မျက်နှာပြု သော ပေဂုရ တောင်ထိပ် သို့ ဆောင် သွားလေ၏။ ၂၉ ဗာလမ် ကလည်း ၊ ဤ အရပ်၌ ငါ့ အဘို့ ယဇ်ပလ္လင် ခုနစ် ခုကို တည် လော့။ နွားထီး ခုနစ် ကောင်၊ သိုးထီး ခုနစ် ကောင်တို့ကို ပြင်ဆင် လော့ဟု ဗာလက် မင်းအား ဆို သည်အတိုင်း ၊ ၃၀ ဗာလက် မင်းသည်ပြု ၍ ၊ ယဇ်ပလ္လင် တခုတခုအပေါ် မှာ နွား တကောင်စီနှင့် သိုး တကောင်စီကို ပူဇော် လေ၏။

၂၄ ထာဝရဘုရား သည်၊ ဣသရေလ အမျိုးကို ကောင်းကြီး ပေးခြင်းငှါ အလိုရှိ တော်မူကြောင်း ကို ဗာလမ် သိမြင် လျှင် ၊ ထူးဆန်း သော အတတ်ကို ရှာ ခြင်းငှါ အရင် သွားသကဲ့သို့ မ သွား ဘဲ၊ တော သို့ မျက်နှာပြု လေ၏။ ၂ သို့ရာတွင်

၊ မြော်ကြည့် ၍ ဣသရေလ အမျိုးသားတို့သည် အမျိုးအနွယ် အလိုက် အသီးအသီးတပ်ချ လျက် နေကြသည်ကို မြင် သောအခါ ၊ ဘုရားသခင် ၏ ဝိညာဉ် တော်သည် သူ့ အပေါ် မှာ သက်ရောက် တော်မူလျှင်၊ ၃ သူသည် ပရောဖက် စကားအားဖြင့်မြွက်ဆို လေသည်မှာ၊ မျက်စိ ပွင့် သောသူ၊ ဗောရ သား ဗာလမ် ၏ စကား ၊ ၄ ဘဝင် ဖြစ်၍ မျက်စိ ပွင့် လျက် အနန္တ တန်ခိုးရှင် ၏ ရူပါရုံ ကိုမြင် ၍၊ ဘုရားသခင် ၏ အမိန့် တော်ကို ကြား သောသူ၏ စကား ဟူမူကား၊ ၅ အိုယာကုပ် အမျိုး၊ သင် တို့၏တဲ များ၊ အိုဣသရေလ အမျိုး၊ သင် တို့၏ ဘုံဗိမာန် များတို့သည် အဘယ်မျှ လောက် တင့်တယ် ကြသည်တကား။ ၆ ကျယ်ဝန်း သော ချိုင့် များ၊ မြစ် နား မှာရှိသော ဥယျာဉ် များ၊ ထာဝရဘုရား စိုက် တော်မူသောအကျော် ပင်များ၊ ရေ နား မှာပေါက်သော အာရဇ ပင်များကဲ့သို့ ဖြစ် ကြသည်တကား၊ ၇ ထိုအမျိုး ၏ ရေပုံး တို့မှ ရေ စီး လိမ့်မည်။ ရေ ပေါ သော အရပ်၌ မျိုးစေ့ ကျလိမ့်မည်။ သူ ၏ ရှင်ဘုရင် သည် အာဂတ် မင်းထက် ဘုန်းကြီး၍၊ နိုင်ငံတော် သည် ချီးမွှောက် သော နိုင်ငံဖြစ်လိမ့်မည်။ ၈ ဘုရားသခင် သည် အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူသည်ဖြစ်၍၊ ဣသရေလအမျိုးသည်၊ ကြံ့ အားကြီး သကဲ့သို့ အားကြီး၏။ ရန်သူ ဖြစ်သော လူမျိုး တို့ကို ကိုက်ဝါး ၍ ၊ အရိုး တို့ကို ချိုးဖဲ့ လိမ့်မည်။ မြား ဖြင့် ထုတ်ချင်းခပ် အောင် ခွင်းလိမ့်မည်။ ၉ ဝပ် လျက်နေ၏။ ခြေသုံ့ ကဲ့သို့ ၎င်း ၊ ခြေသုံ့ မကဲ့သို့ ၎င်း ဝပ်တွား လေ၏။ အဘယ်သူ နှိုးဆော် ဝံ့မည်နည်း။ သင့် ကို ကောင်းကြီး ပေးသောသူသည် ကောင်းကြီး မင်္ဂလာရှိ၏။ သင့် ကို ကျိန်ဆဲ သောသူသည် ကျိန်ဆဲ ခြင်းကိုခံရသည်ဟု မြွက်ဆို ၏။ ၁၀ ထိုအခါ ဗာလက် မင်းသည်၊ ဗာလမ် ကို အမျက် ထွက် ၍ လက်ခုပ်တီး လျက်၊ ဘိ ၏ ရန်သူ တို့ကို ကျိန်ဆဲ စေခြင်းငှါ သင့် ကို ဝါခေါ် ခဲ့၏။ သင်သည် သုံး ကြိမ် တိုင်အောင် အကြွင်းမဲ့ကောင်းကြီး ပေးလေပြီတကား။ ၁၁ ထိုကြောင့် သင့် နေရာ ပြည်သို့ ပြေး သွားလော့။ သင့် ကို ချီးမွှောက် မည်ဟု အထက်က ဘိအကြံ ရှိ၏။ သို့ရာတွင် ထာဝရဘုရား သည် သင်၏ဘုန်း ကို မတိုးပွားစေခြင်းငှါဆီးတား လေပြီဟု ဆို ၏။ ၁၂ ဗာလမ် ကလည်း ၊ ဗာလက် မင်းသည် ရွှေ ငွေ နှင့် ပြည့် သော မိမိ နန်း တော်ကိုပင် ပေး သော်လည်း ၊ ၁၃ ထာဝရဘုရား ၏ ပညတ် တော်ကို လွန်ကျူး ၍ ကောင်း သောအမှု၊ မကောင်း သောအမှုတစုံတခုကို ကိုယ် အလိုအလျောက်ဘိမ ပြု နိုင်။ ထာဝရဘုရား မိန့် တော်မူသမျှ ကို ဘိပြော ပါမည်ဟု မင်းကြီးစေလွှတ် သော သံတမန် တို့အား ဘိပြော နှင့်ပြီ မ ဟုတ်လော။ ၁၄ ယခု မူကား ၊ ဘို့ အဆွေအမျိုး တို့ထံသို့ ဘိ သွား တော့မည်။ နားထောင်ပါ။ နောင် ကာလ ၌ ဤ လူမျိုး သည် မင်းကြီး ၏လူမျိုး ၌ အဘယ်သို့ ပြု မည်အရာကို မင်းကြီး အား ကြားပြော ပါမည်ဟု ဗာလက်မင်းအား ပြန် ဆိုပြီးမှ၊ ၁၅ ပရောဖက် စကားအားဖြင့်မြွက်ဆို လေသည်မှာ၊ မျက်စိ ပွင့် သောသူ ဗောရ သား ဗာလမ် ၏စကား ၊ ၁၆ ဘဝင် ဖြစ်၍ မျက်စိ ပွင့် လျက်၊ အနန္တ တန်ခိုးရှင် ၏ ရူပါရုံ ကို မြင် ၍၊ အမြင့်ဆုံး သော ဘုရားပေးတော်မူသော ဉာဏ် ကို ရ ၍ ၊ ဘုရားသခင် ၏အမိန့် တော်ကို ကြား သောသူ၏စကား ဟူမူကား၊ ၁၇ ထိုအရာကို ဘိမြင် ၏။ သို့သော်လည်း ယခု မ ဖြစ်ရသေး။ ထိုအရာကို ဘိရှု ၏။ သို့သော်လည်း ဖြစ် ရသောအချိန် မ နီး သေး။ ကြယ် တလုံးသည် ယာကုပ် အမျိုး၌ ပေါ် ထွန်း ၍ ၊ ရာဇလှံတံ သည် ဣသရေလ အမျိုး ၌ ထင်ရှားလိမ့်မည်။ မောဘ ပြည်စွန်း တိုင်အောင်ထိခိုက် ၍ မငြိမ်မဝပ် ရုန်းရင်းခပ်ပြုတတ်သော

သူအပေါင်း တို့ကို ဖျက်ဆီး လိမ့်မည်။ ၁၈ ဧဒုံ ပြည်ကိုလည်း သိမ်းယူ လိမ့်မည်။ စိရ တောင် သည်လည်း ရန်သူ လက် သို့ ရောက်လိမ့်မည်။ ကြသရေလ အမျိုးသည် ရဲရင့် စွာ ပြု လိမ့်မည်။ ၁၉ အစိုးရ သောသူတပါးသည်၊ ယာကုပ် အမျိုးထဲက ထွက်၍၊ ကျန်ကြွင်း သောမြို့သူ မြို့သားတို့ကို ဖျက်ဆီး လိမ့်မည် ဟု မြွက်ဆို၏။ ၂၀ တဖန် အာမလက် ပြည်ကို ကြည့်ရှု၍ ပရောဖက် စကားအားဖြင့်မြွက်ဆို ပြန်သည်ကား၊ အာမလက် အမျိုး သည် လူမျိုးတကာတို့ထက် အထွဋ်ဖြစ်ဘူးသော်လည်း ၊ အဆုံး၌ ရှင်းရှင်းပျက်စီးခြင်း သို့ ရောက်လိမ့်မည်ဟု မြွက်ဆို ၏။ ၂၁ တဖန် ကေနိ အမျိုးသားတို့ကို ကြည့်ရှု၍ ပရောဖက် စကားအားဖြင့်မြွက်ဆို ပြန်သည်ကား၊ သင် တို့နေရာ သည် အားကြီး ၏။ ကျောက် ပေါ်မှာ အသိုက် ကို လုပ် ကြပြီ။ ၂၂ သို့သော်လည်း အာရှရိ မင်းသည် သိမ်းယူ ၍ မ သွားမီတိုင်အောင်၊ ကေနိ အမျိုးသည် အမျက် ကိုခံရလိမ့်မည်ဟု မြွက်ဆို၏။ ၂၃ တဖန် ပရောဖက် စကားအားဖြင့်မြွက်ဆို ပြန် သည်ကား၊ အလိုလေ့၊ ဤအမှုကို ဘုရားသခင် စီရင် တော်မူသောအခါ ၊ အဘယ်သူ သည် အသက် ချမ်းသာရလိမ့်မည်နည်း။ ၂၄ သင်္ဘော် တို့သည်လည်း ခိတ္တိမ် ပြည် မှ လာ၍ အာရှရိ ပြည်ကိုဂင်း ၊ ဟေဗာ ပြည်ကိုဂင်းနှောင့်ရှက် ကြ လိမ့်မည်။ သူ တို့သည်လည်း ရှင်းရှင်းပျက်စီး ကြလိမ့်မည် ဟု မြွက်ဆိုပြီးမှ၊ ၂၅ ဗာလမ် သည် ထ ၍ မိမိ နေရာ အရပ်သို့ ပြန် သွား၏။ ဗာလက် မင်းသည်လည်း သွား လေ၏။

၂၅ ကြသရေလ အမျိုးသားတို့သည် ရှိတ္တိမ် အရပ်၌ နေ သောအခါ ၊ အချို့တို့သည် မောဘ မိန်းမ တို့နှင့် မတရား သောမေထုန် ကိုပြုကြ၏။ ၂ ထိုမိန်းမတို့သည် မိမိ တို့ ဘုရား ရှေ့မှာ ယဇ်ပူဇော် ရာပွဲသို့ ကြသရေလလူ တို့ကို ခေါ် သွားသဖြင့် ၊ ယောကျ်ားတို့ သည် ယဇ်သားကို စား ၍ ထိုဘုရား ရှေ့မှာ ဦးချ ကြ၏။ ၃ ထိုသို့ ကြသရေလ အမျိုးသားတို့သည်၊ ဗာလပေဂုရ ဘုရားကို ဆည်းကပ် သောကြောင့် ၊ ထာဝရဘုရား သည် အမျက် ထွက် တော်မူ၏။ ၄ ထာဝရဘုရား ကလည်း ၊ ငါသည်ပြင်းစွာ သော အမျက် တော်ကို ကြသရေလ အမျိုးမှ လွဲ စေခြင်းငှာ ၊ ကြသရေလမင်း အပေါင်း တို့ကို ခေါ် ၍ ၊ ပြစ်မှားသောသူတို့ ကို ဘုရား ရှေ့မှာ ထင်ရှား စွာ ဆွဲထား လော့ဟု မောရှေ အား မိန့် တော်မူ၏။ ၅ မောရှေ သည် ကြသရေလ မင်း တို့ကို ခေါ် ၍၊ ဗာလပေဂုရ ဘုရားကို ဆည်းကပ် သောသူတို့ ကို သင်တို့အသီးသီး ဆိုင်သည်အတိုင်း ကွပ်မျက် ကြလော့ဟု မှာထား လေ၏။ ၆ ထိုအခါ ကြသရေလ အမျိုးသား တယောက်သည်၊ မောရှေ ရှေ့၌ ၎င်း ၊ ပရိသတ်စည်းဝေး ရာ တဲ တော် တံခါး နားမှာ ငိုကြွေး သော ကြသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ရှေ့၌ ၎င်း၊ မိဒျန် မိန်းမကိုလည်း၊ မိမိ ညီအစ်ကို တို့ ထံသို့ ဆောင် ခဲ့လေ၏။ ၇ ထိုအမှုကို ယဇ်ပုရောဟိတ် အာရုန် ၏သား ဧလာဇာ ၏သား ဖိနဟတ် သည် မြင် လျှင် ၊ ပရိသတ် ထဲမှာ ထ ၍ လှံ ကိုကိုင် လျက်၊ ၈ ထိုကြသရေလ လူ ကို တဲ အတွင်း သို့ လိုက် ပြီးမှ ၊ ယောကျ်ား ကို ထုတ်ချင်းခပ်အောင်၎င်း၊ မိန်းမ ကို ဝမ်းပေါက်အောင်၎င်း ထိုး လေ၏။ ထိုသို့ပြုသောအားဖြင့် ကြသရေလ အမျိုးသား တို့တွင် ဘေး ငြိမ်း လေ၏။ ၉ ထိုဘေး ဖြင့် သေ သောလူပေါင်းကား၊ နှစ်သောင်း လေးထောင်ရှိ သတည်း။ ၁၀ ထာဝရဘုရား ကလည်း ၊ ငါသည် အမျက် ထွက် ၍ ကြသရေလ အမျိုးသား တို့ကို မ ဖျက်ဆီး မည်အကြောင်း ၊ ၁၁ ယဇ်ပုရောဟိတ် အာရုန် ၏သား ဧလာဇာ ၏ သား ၊ ဖိနဟတ် သည် သူ

တို့တွင် ငါ့ဘက်၌ စိတ်အားကြီး၍ ငါ့အမျက်ကို သူတို့မှလွှဲပြီ။ ၁၂ သို့ ဖြစ်၍ သင်ပြော ရသည်ကား၊ ငါ ၏ချမ်းသာ
ပဋိညာဉ် ကို သူ့ အား ငါ ပေး ၏။ ၁၃ သူသည် မိမိဘုရားသခင် ဘက်၌ စိတ်အားကြီး ၍ ကျသရေလ အမျိုးသား
တို့အဘို့ အပြစ် ဖြေခြင်းကို ပြုသောကြောင့် ၊ သူ မှစ၍ သားစဉ်မြေးဆက် တို့သည် ထိုပဋိညာဉ်တည်းဟူသောထာဝရ
ယဇ်ပုရောဟိတ် အရာနှင့်ဆိုင်သော ပဋိညာဉ် ကို ရပြီဟု မောရှေ အား မိန့် တော်မူ၏။ ၁၄ မိဒျန် မိန်းမနှင့် အသေ
သတ်ခြင်းကိုခံရသောကျသရေလ လူ ၏ အမည် ကား၊ ရှိမောင် အမျိုး၌ ထင်ရှားသော အဆွေအမျိုး တွင် အကဲအမှူး
သာလု ၏သား ဇိမရိ ဖြစ်သတည်း။ ၁၅ အသေ သတ်ခြင်းကိုခံရသောမိဒျန် မိန်းမ အမည် ကား၊ မိဒျန် အမျိုး၌
ထင်ရှားသော အဆွေအမျိုး တွင် အကဲအမှူး ဇုရ ၏ သမီး ကောဇဘိ ဖြစ် သတည်း။ ၁၆ ထာဝရဘုရား ကလည်း ၊ မိဒျန်
အမျိုးသားတို့ကို နှောင့်ရှက် ၍ လုပ်ကြံ ကြလော့။ ၁၇ အကြောင်းမူကား ၊ သူတို့သည် ပေဂုရ ဘုရား အမှု ၌ ၎င်း၊ ပေဂုရ
ဘုရားကြောင့် ဘေး ရောက်သောနေ့ ၌ အသေ သတ်ခြင်းကို ခံရသောသူ တို့ နှမ မိဒျန် မင်း သမီး ကောဇဘိ အမှု ၌
၎င်း၊ ၁၈ သင် တို့ကို ပရိယာယ် များ အားဖြင့် လှည့်စား နှောင့်ရှက် ကြပြီဟု မောရှေ အား မိန့် တော်မူ၏။

၂၆ ထိုဘေး ငြိမ်းသောနောက် ၊ ထာဝရဘုရား က၊ ၂ အသက် နှစ်ဆယ် လွန် ၍ စစ်တိုက် နိုင်သော ကျသရေလ
အမျိုးသား ပရိသတ် အပေါင်း တို့ကို၊ ဘိုးဘ အဆွေအမျိုး အလိုက် စာရင်းယူ ကြလော့ဟု မောရှေ နှင့်
ယဇ်ပုရောဟိတ် ဧလာဇာ တို့အား မိန့် တော်မူသည် အတိုင်း၊ ၃ သူတို့သည် မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား
၊ ယေရိခေါ မြို့တဘက်၌၊ ၄ အသက် နှစ်ဆယ် လွန် သောသူတို့ကို စာရင်းယူရ မည်အကြောင်းဆင့်ဆို ကြ၏။ ၅
အဲဂုတ္တု ပြည် မှ ထွက်လာ သောကျသရေလ အမျိုးသား တို့တွင်၊ ကျသရေလ ၏ သားဦး ရုဗင် ၏သား ဟူမူကား
ဟာနုတ် မှဆင်းသက်သော ဟောနောခိ အဆွေအမျိုး ၊ ဖါလု မှ ဆင်းသက်သော ဖာလို အဆွေအမျိုး၊ ၆ ဟေဇရုံ မှ
ဆင်းသက်သော ဟေဇရောနိ အဆွေအမျိုး ၊ ကာမိ မှ ဆင်းသက်သော ကာမိတ် အဆွေအမျိုး တည်း။ ၇ ဤ သူတို့သည်
ရုဗင် အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ လေးသောင်း သုံးထောင်ခုနစ်ရာသုံးဆယ်ရှိသတည်း။
၈ ဖာလု ၏သား ဧလျာဘ ၊ ဧလျာဘ ၏သား နေမွေလ ၊ ဒါသန် ၊ အဘိရံ တည်း။ ၉ ဤ ဒါသန် ၊ အဘိရံ တို့သည်
အခြားမဟုတ်၊ ကောရ အပေါင်းအသင်း သည် ထာဝရဘုရား နှင့် ဆန့်ကျင်ဘက် ပြုသောအခါ ၊ ပရိသတ် ၌ ကျော်စော
၍ မောရှေ နှင့် အာရုန် ကို ဆန့်ကျင်ဘက် ပြုသော ဒါသန်၊ အဘိရံ ဖြစ်ကြ၏။ ၁၀ မြေကြီး သည် မိမိ ခံတွင်း
ကိုဖွင့် ၍ သူ တို့ကိုငင်း ၊ ကောရ ကိုငင်း မျိုသဖြင့် ၊ ထိုအပေါင်းအသင်း ဝင်သူတို့ သည် သေ ကြ၏။ မီး သည်
လည်း လူနှစ်ရာ ငါးဆယ် တို့ကို အသက် ဆုံးစေ၏။ ထိုသူတို့သည် သတိပေး သော သက်သေဖြစ် သတည်း။ ၁၁
သို့ရာတွင် ကောရ ၏ သားသမီး တို့သည် သေ ဘေးနှင့် လွတ်ကြ၏။ ၁၂ ဘိုးဘအဆွေအမျိုး အလိုက် ရှိမောင် ၏သား
ဟူမူကား၊ ယေမွေလ မှ ဆင်းသက်သော ယေမွေလိ အဆွေအမျိုး ၊ ယာမိန် မှ ဆင်းသက်သော ယာမိနိ အဆွေအမျိုး ၊
ယာခိန် မှ ဆင်းသက်သော ယာခိနိ အဆွေအမျိုး၊ ၁၃ ဇေရ မှ ဆင်းသက်သောဇေရဟိ အဆွေအမျိုး ၊ ရှောလ မှ
ဆင်းသက်သော ရှောလိ အဆွေအမျိုး တည်း။ ၁၄ ဤ သူတို့သည် ရှိမောင် အဆွေအမျိုး ဖြစ်၍လူပေါင်းကား၊ နှစ်သောင်း

နှစ်ထောင်နှစ်ရာရှိသတည်း။ ၁၅ ဘိုးဘအဆွေအမျိုး အလိုက် ဂဒ် ၏သား ဟူမူကား၊ ဧဖုန် မှ ဆင်းသက်သော ဧဖေါနိ အဆွေအမျိုး ၊ ဟဂ္ဂိ မှ ဆင်းသက်သော ဟဂ္ဂိတ် အဆွေအမျိုး ၊ ရှုနိ မှ ဆင်းသက်သော ရှုနိတ် အဆွေအမျိုး၊ ၁၆ ဩဧနိ မှ ဆင်းသက်သော ဩဧနိတ် အဆွေအမျိုး ၊ ဧရိ မှ ဆင်းသက်သော ဧရိတ် အဆွေအမျိုး၊ ၁၇ အာရုဒ် မှ ဆင်းသက်သော အာရောဒိ အဆွေအမျိုး ၊ အရေလိ မှ ဆင်းသက်သော အရေလိတ် အဆွေအမျိုး တည်း။ ၁၈ ဤ သူတို့သည်ဂဒ် အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင် သော လူပေါင်းကား၊ လေးသောင်း ငါး ရာ ရှိသတည်း။ ၁၉ ယုဒ ၏သား ဟူမူကား၊ ခါနာန် ပြည် ၌ သေ သော ဧရ နှင့် ဩနန် အစရှိသော၊ ၂၀ ဘိုးဘအဆွေအမျိုး အလိုက် ၊ ရှေလ မှ ဆင်းသက်သော ရှေလနိ အဆွေအမျိုး ၊ ဖါရဇ် မှ ဆင်းသက်သော ဖါရဇိ အဆွေအမျိုး ၊ ဧရေ မှ ဆင်းသက်သော ဧရေဟိ အဆွေအမျိုး တည်း။ ၂၁ ဖါရဇ် ၏သား ၊ ဟေဇရုံ မှ ဆင်းသက်သော ဟေဇရောနိ အဆွေအမျိုး ၊ ဟာမုလ မှ ဆင်းသက်သော ဟာမုလိ အဆွေအမျိုး တည်း။ ၂၂ ဤ သူတို့သည် ယုဒ အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ခုနစ်သောင်း ခြောက်ထောင်ငါးရာရှိသတည်း။ ၂၃ ဘိုးဘအဆွေအမျိုး အလိုက် ဣသခါ ၏သား ဟူမူကား၊ တောလ မှဆင်းသက်သော တောလိ အဆွေအမျိုး ၊ ဖုဝါ မှ ဆင်းသက်သော ဖုဝနိ အဆွေအမျိုး၊ ၂၄ ယာရှုပ် မှ ဆင်းသက်သော ယာရှုဘိ အဆွေအမျိုး ၊ ရှိမရုန် မှ ဆင်းသက်သော ရှိမရောနိ အဆွေအမျိုး တည်း။ ၂၅ ဤ သူတို့သည် ဣသခါ အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ခြောက်သောင်း လေးထောင်သုံးရာရှိသတည်း။ ၂၆ ဘိုးဘအဆွေအမျိုး အလိုက် ဇာဗုလုန် ၏သား ဟူမူကား၊ သရက် မှ ဆင်းသက်သော သရဒိ အဆွေအမျိုး ၊ ဧလုန် မှ ဆင်းသက်သော ဧလောနိ အဆွေအမျိုး ၊ ယာလေလ မှဆင်းသက်သော ယာလေလိ အဆွေအမျိုးတည်း။ ၂၇ ဤ သူတို့သည် ဇာဗုလုန် အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ခြောက်သောင်း ငါးရာရှိသတည်း။ ၂၈ ဘိုးဘအဆွေအမျိုး အလိုက် ယောသပ် ၏သား မနာရှေ နှင့် ဧဖရိမ် တို့တွင်၊ ၂၉ မနာရှေ ၏သား ဟူမူကား၊ မာခိရ မှ ဆင်းသက်သော မာခိရိ အဆွေအမျိုး၊ ၃၀ ယေဇေရ မှဆင်းသက်သော ယေဇေရိ အဆွေအမျိုး ၊ ဟေလက် မှ ဆင်းသက်သော ဟေလကိ အဆွေအမျိုး၊ ၃၁ အသရေလ မှဆင်းသက်သော အာသရေလိ အဆွေအမျိုး ၊ ရှေခင် မှ ဆင်းသက်သော ရှေခေမိ အဆွေအမျိုး၊ ၃၂ ရှမိဒ မှ ဆင်းသက်သော ရှမိဒိ အဆွေအမျိုး ၊ ဟေဖါ မှဆင်းသက်သော ဟေဖေရိ အဆွေအမျိုး တည်း။ မာခိရ၏သားဂိလဒ်မှ ဆင်းသက်သော ဂိလဒိအဆွေအမျိုးတည်း။ ၃၃ ဟေဖါ ၏သား ဧလောဖဒ် ၌ကား၊ သား ယောက်ျားမ ရှိ ၊ သမီး သက်သက်သာ ရှိ၏။ ဧလောဖဒ် ၏ သမီး တို့ အမည် ကား၊ မာလာ ၊ နောအာ ၊ ဟောဂလာ ၊ မိလကာ ၊ တိရဇာ တည်း။ ၃၄ ဤ သူတို့သည် မနာရှေ အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ငါးသောင်း နှစ်ထောင်ခုနစ်ရာရှိသတည်း။ ၃၅ ဘိုးဘအဆွေအမျိုး အလိုက် ဧဖရိမ် ၏သား ဟူမူကား ၊ ရှုသလ မှ ဆင်းသက်သော ရှုသလိ အဆွေအမျိုး ၊ ဗေခါ မှ ဆင်းသက်သော ဗေခရိ အဆွေအမျိုး ၊ တာဟန် မှ ဆင်းသက်သော တာဟနိ အဆွေအမျိုး တည်း။ ၃၆ ရှုသေလ ၏သား ဧရန် မှ ဆင်းသက်သော ဧရနိ အဆွေအမျိုး တည်း။ ၃၇ ဤ သူတို့သည် ဧဖရိမ် အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ သုံးသောင်း နှစ်ထောင်ငါးရာရှိသတည်း။

ဤ သူတို့သည် ဘိုးဘအဆွေအမျိုး အလိုက် ယောသပ် ၏သားစဉ်မြေးဆက် ဖြစ်သတည်း။ ၃၈ ဘိုးဘအဆွေအမျိုး အလိုက် ဗယ်ာမိန် ၏သား ဟူမူကား၊ ဗေလ မှ ဆင်းသက်သော ဗေလိအဆွေအမျိုး၊ အာရှဗေလ မှ ဆင်းသက်သော အာရှဗေလိ အဆွေအမျိုး ၊ အဟိရံ မှ ဆင်းသက်သော အဟိရမိ အဆွေအမျိုး။ ၃၉ ရှုဖံ မှ ဆင်းသက်သော ရှုဖမိ အဆွေအမျိုး ၊ ဟုဖံ မှ ဆင်းသက်သော ဟုဖမိ အဆွေအမျိုး တည်း။ ၄၀ ဗေလ သား အာရဒ မှဆင်းသက်သော အာရဒိ အဆွေအမျိုး ၊ နေမန် မှ ဆင်းသက်သော နေမနိ အဆွေအမျိုး တည်း။ ၄၁ ဤ သူတို့သည် ဗယ်ာမိန် အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား လေးသောင်း ငါးထောင်ခြောက်ရာရှိသတည်း။ ၄၂ ဘိုးဘအဆွေအမျိုး အလိုက် ဒန် ၏သား ဟူမူကား ၊ ရှုဟံ မှ ဆင်းသက်သောရှုဟမိ အဆွေအမျိုး တည်း။ ဤ သူတို့သည် ဒန် အဆွေအမျိုး ဖြစ်၍၊ ၄၃ စာရင်း ဝင်သော ရှုဟမိ လူပေါင်း ကား၊ ခြောက်သောင်း လေးထောင်လေးရာရှိသတည်း။ ၄၄ ဘိုးဘအဆွေအမျိုး အလိုက် အာရှာ ၏သား ဟူမူကား၊ ယိမန မှ ဆင်းသက်သော ယိမနိ အဆွေအမျိုး ၊ ယေသဝိ မှ ဆင်းသက်သော ယေသဝိတ် အဆွေအမျိုး ၊ ဗေရိ မှဆင်းသက်သော ဗေရိတ် အဆွေအမျိုး တည်း။ ၄၅ ဗေရိ ၏သား ဟေဗေရ မှ ဆင်းသက်သော ဟေဗေရိ အဆွေအမျိုး ၊ မာလချေလ မှ ဆင်းသက်သော မာလချေလိ အဆွေအမျိုး တည်း။ ၄၆ အာရှာ ၏ သမီး အမည် ကား၊ စာရာ တည်း။ ၄၇ ဤ သူတို့သည် အာရှာ အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ ငါးသောင်း သုံးထောင်လေးရာရှိသတည်း။ ၄၈ ဘိုးဘအဆွေအမျိုး အလိုက် နဿလိ ၏သား ဟူမူကား၊ ယာဧေလ မှ ဆင်းသက်သော ယာဧေလိ အဆွေအမျိုး ၊ ဂုနိ မှ ဆင်းသက်သော ဂုနိတ် အဆွေအမျိုး ၊ ၄၉ ယေဧေရ မှ ဆင်းသက်သော ယေဧေရိ အဆွေအမျိုး ၊ ရှိလ္လင် မှ ဆင်းသက်သော ရှိလ္လမိ အဆွေအမျိုး တည်း။ ၅၀ ဤ သူတို့သည် နဿလိ အဆွေအမျိုး ဖြစ်၍၊ စာရင်း ဝင်သော လူပေါင်းကား၊ လေးသောင်း ငါးထောင်လေးရာရှိသတည်း။ ၅၁ ထိုသို့ ဣသရေလ အမျိုး ၊ စာရင်း ဝင်သူ လူပေါင်း ကား ခြောက်သိန်း တထောင်ခုနစ်ရာငါးဆယ်ရှိ သတည်း။ ၅၂ ထာဝရဘုရား ကလည်း ၊ ဤ သူတို့အား အရေအတွက် ရှိသည်အတိုင်း၊ ၅၃ ခါနန်ပြည် ကို ဝေ ရမည်။ ၅၄ လူများ လျှင်များ သော အမွေ မြေကိုငင်း၊ လူနည်း လျှင် နည်း သော အမွေ မြေကိုငင်း၊ အနည်း အများ အလိုက် အသီးသီး တို့အား အမွေ မြေကို ဝေပေး ရမည်။ ၅၅ သို့ရာတွင် ထိုပြည် ကို စာရေးတံ ချ၍ ဝေ ရမည်။ ဘိုးဘ အမျိုးအနွယ် အလိုက် အမွေ ခံရကြမည်။ ၅၆ စာရေးတံ ကျသည်အတိုင်း မြေ ကိုဝေ ၍ အနည်း အများ အလိုက် ပိုင်ရကြမည်ဟု မောရှေ အား မိန့် တော်မူ၏။ ၅၇ ဘိုးဘအဆွေအမျိုး အလိုက် စာရင်း ဝင်သော လေဝိ ၏သား ဟူမူကား ၊ ဂေရရှုန် မှ ဆင်းသက်သော ဂေရရှောနိ အဆွေအမျိုး ၊ ကောဟတ် မှ ဆင်းသက်သော ကောဟသိ အဆွေအမျိုး ၊ မေရာရိ မှ ဆင်းသက်သော မေရောရိတ် အဆွေအမျိုး တည်း။ ၅၈ ဤသည်လျှင် လေဝိ အဆွေအမျိုး ဖြစ်၍၊ လိဗနိ အဆွေအမျိုး ၊ ဟေဗြောနိ အဆွေအမျိုး ၊ မာလိ အဆွေအမျိုး ၊ မုရှိ အဆွေအမျိုး ၊ ကောရသိ အဆွေအမျိုး ပါသတည်း။ ကောဟတ် ၏ သားကား၊ အာမရံ တည်း။ ၅၉ အာမရံ ၏ မယား ကား၊ အဲဂုတ္တု ပြည်၌ လေဝိ မယား ဘွားမြင် သော လေဝိ ၏ သမီး ယောခေဗက် တည်း။ ထိုမိန်းမသည် အာမရံ ၏ မယားဖြစ်၍၊ အာရုန် ၊ မောရှေ ၊ နှမ မိရိအံ တို့ကို ဘွားမြင် လေ၏။ ၆၀ အာရုန် ၏သားကား၊

နာဒပ် ၊ အဘိဟု ၊ ဧလောဇာ ၊ ကျသမာ တည်း။ ၆၁ နာဒပ် နှင့် အဘိဟု တို့သည် ထာဝရဘုရား ရှေ့ တော်၌ ထူးခြား သောမီး ကို ပူဇော် သောအခါ သေ ကြ၏။ ၆၂ အသက် တလ လွန် ၍ စာရင်း ဝင်သော လေဝိ သား ယောက်ျား ပေါင်း ကား၊ နှစ်သောင်း သုံးထောင်ရှိသတည်း။ သူတို့သည် ကျသရေလ အမျိုးသား တို့နှင့်အတူ အမွေ မ ခံရ သောကြောင့် ၊ ရောနှော၍ စာရင်း မ ဝင်ရကြ။ ၆၃ ဤရွေ့ကား ၊ မောရှေ နှင့် ယဇ်ပုရောဟိတ် ဧလာဇာ တို့သည်၊ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား ၊ ယေရိခေါ မြို့တဘက်၌ စာရင်း ယူသော ကျသရေလ အမျိုးသား ပေတည်း။ ၆၄ မောရှေ နှင့် ယဇ်ပုရောဟိတ် အာရုန် တို့သည်၊ သိနာ တော ၌ ကျသရေလ အမျိုးသား တို့ကို စာရင်း ယူ၍၊ ထို စာရင်း၌ ဝင် သောသူ တယောက် မျှ မပါ။ ၆၅ အကြောင်းမူကား ၊ ထိုသူတို့သည်တော ၌ အမှန် သေ ရကြမည်ဟု ထာဝရဘုရား မိန့် တော်မူပြီ။ ယေဖုန္နာ ၏သား ကာလက် နှင့် နုန် ၏သား ယောရှု မှတပါး ၊ အရင်းလူတယောက် မျှ မကြွင်း မကျန်ရ။

J2 ထိုအခါ ယောသပ် ၏သား ၊ မနာရှေ အဆွေအမျိုး ၌ပါလျက်၊ မနာရှေ ၊ မာခိရ ၊ ဂိလဒ် ၊ ဟေဖေရ တို့မှ ဆင်းသက်သော ဧလောဖဒ် ၏သမီး မာလာ ၊ နောအာ ၊ ဟောဂလာ ၊ မိလကာ ၊ တိရဇာ တို့သည်လာ ၍၊ ၂ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နား၊ မောရှေ နှင့် ယဇ်ပုရောဟိတ် ဧလာဇာ ၊ မင်း များ၊ ပရိသတ် များအပေါင်း တို့ ရှေ့မှာ ရပ် လျက်၊ ၃ အကျွန်ုပ် တို့၏အဘ သည် တော ၌ သေ ပါ၏။ ထာဝရဘုရား တဘက် ၌ စုဝေး သော အပေါင်းအသင်း ၊ ကောရ ၏အပေါင်းအသင်း ၌ မ ပါ။ မိမိ အပြစ် ကြောင့် သေ ပါ၏။ သူ ၌ သား ယောက်ျား မ ရှိ ပါ။ ၄ ထိုသို့ သား ယောက်ျားမ ရှိ သောကြောင့် ၊ အကျွန်ုပ် တို့အဘ ၏ အမည် သည် အကျွန်ုပ်တို့အဆွေအမျိုး ၌ ပျောက် ရပါမည်လော။ အကျွန်ုပ် တို့အဘ ၏ ညီအစ်ကို တို့နှင့်အတူ ၊ အကျွန်ုပ် တို့အား အမွေပေး ပါဟု လျှောက် ကြ၏။ ၅ သူ တို့အမှု ကို မောရှေ သည် ထာဝရဘုရား ရှေ့ တော်၌ ထား လေ၏။ ၆ ထာဝရဘုရား ကလည်း ၊ ဧလောဖဒ် သမီး တို့၏ စကားသည် လျောက်ပတ် ပေ၏။ ၇ အကယ်စင်စစ်သူ တို့အဘ ၏ ညီအစ်ကို တို့နှင့်အတူ အမွေ ခံရသောအခွင့်ကို သူ တို့အား ပေး ရမည်။ သူ တို့အဘ ၏အမွေ ဥစ္စာသည် သူ တို့လက်သို့ ရောက် စေရ မည်။ ၈ သင်သည် ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ လူ သည် သား ယောက်ျားမ ရှိဘဲသေ လျှင် ၊ သူ ၏အမွေ ဥစ္စာကို သူ ၏သမီး လက်သို့ ရောက် စေရမည်။ ၉ သမီး မ ရှိလျှင် ၊ သူ ၏ အမွေ ဥစ္စာကို သူ ၏ ညီအစ်ကို တို့အား ပေး ရမည်။ ၁၀ ညီအစ်ကို မ ရှိလျှင် ၊ အမွေ ဥစ္စာကို ဘကြီး ဘထွေးတို့အား ပေး ရမည်။ ၁၁ ဘကြီး ဘထွေးမ ရှိလျှင် ၊ သူ ၏အဆွေအမျိုး ၌ နီးစပ် ရင်းခြာသော ပေါက်ဘော် အား ပေး ၍ ၊ ထိသူသည် ပိုင် ရမည်။ ဤရွေ့ကား၊ ထာဝရဘုရား သည် မောရှေ အား မှာထား တော်မူသည်အတိုင်း ၊ ကျသရေလ အမျိုးသား တို့ ၌ စီရင် ထုံးဖွဲ့ချက်ဖြစ် စေဟု မောရှေ အား မိန့် တော်မူ၏။ ၁၂ တဖန် ထာဝရဘုရား က၊ သင်သည် ဤ အာဗရိမ် တောင် ပေါ် သို့ တက် လော့။ ကျသရေလ အမျိုးသား တို့ အား ငါပေး သောပြည် ကို ကြည့်ရှု လော့။ ၁၃ သို့ပြီးမှ ၊ သင် ၏အစ်ကို အာရုန် သည် မိမိ လူမျိုး စည်းဝေး ရာသို့ သွားသကဲ့သို့ ၊ သင် သည်လည်း သွား ရမည်။ ၁၄ အကြောင်းမူကား၊ ပရိသတ် တို့သည် ဇိန တော ၊ ကာဒေရှ အရပ်၊ မေရိဘ စမ်းရေ အနားဌ ရုန်းရင်းခတ် ပြု ကြသောအခါ ၊ သင်တို့သည် ငါ့စကား ကို ဆန့်ကျင်ဘက် ပြု၍၊ သူ တို့ရှေ့မှာ ငါ့ကို

မရှိမသေ ပြုသော အပြစ်ရှိသည် ဟု မောရှေ အား မိန့် တော်မူ၏။ ၁၅ မောရှေ ကလည်း ၊ ထာဝရဘုရား ၏ ပရိသတ် တို့သည် အထိန်း မ ရှိသော သိုး ကဲ့သို့ မ ဖြစ် မည် အကြောင်း ၊ ခပ်သိမ်း သော သတ္တဝါ တို့၏ အသက် ဝိညာဉ် ကို အစိုးရတော်မူသောဘုရားသခင် ထာဝရဘုရား သည်၊ ဤပရိသတ် တို့ရှေ့၌ ထွက် ဝင် နိုင်သောသူ ၊ ပြင် သို့ ထုတ် ခြင်း၊ အတွင်း သို့ သွင်းခြင်းအမှုကို တတ်နိုင်သောသူ တစုံတယောက် ကို သူ တို့အပေါ် မှာ ခန့်ထား တော်မူပါစေသောဟု ထာဝရဘုရား အား လျှောက် လေ၏။ ၁၈ ထာဝရဘုရား ကလည်း ၊ ဝိညာဉ် တော်ကိုရသော နုန် ၏သား ယောရှု ကိုခေါ် ၍ ၊ သင် ၏လက် ကို သူ့ အပေါ် မှာတင် လော့။ ၁၉ ယဇ်ပုရောဟိတ် ဧလာဇာ ရှေ့ ၊ ပရိသတ် အပေါင်း တို့ရှေ့၌ သူ့ ကိုထား ၍ မှာ ခဲ့လော့။ ၂၀ ဣသရေလ အမျိုးသား အပေါင်း တို့သည်၊ သူ၏ စကားကို နားထောင် မည်အကြောင်း ၊ သင် ၏ ဘုန်း အသရေအချို့ ကို သူ့ အပေါ် ၌ တင် ထားလော့။ ၂၁ ထိုသူသည်ယဇ်ပုရောဟိတ် ဧလာဇာ ရှေ့မှာ ရပ် သောအခါ ၊ ယဇ်ပုရောဟိတ်သည် ထာဝရဘုရား ရှေ့ တော်၌ ဥရိမ် စီရင် ဆုံးဖြတ်သော တရားအတိုင်း၊ သူ့ အတွက် မေးမြန်း ရမည်။ သူ စီရင် သည်အတိုင်း ၊ သူ နှင့်အတူ ဣသရေလ အမျိုးသား ပရိသတ် အပေါင်း တို့ သည် ထွက် ဝင် ရကြမည်ဟု ထာဝရဘုရား သည် မောရှေ အား မှာထား တော်မူသည်အတိုင်း မောရှေ ပြု လျက်၊ ယောရှု ကိုခေါ် ၍ ယဇ်ပုရောဟိတ် ဧလာဇာ ရှေ့ ၊ ပရိသတ် အပေါင်း တို့ရှေ့၌ ထား ပြီးလျှင် ၊ ၂၃ သူ့ အပေါ် မှာလက် ကိုတင် ၍ မှာ ခဲ့လေ၏။ ထိုသို့ ထာဝရဘုရား သည်မောရှေ အားဖြင့် ပညတ် ထားတော်မူ၏။

၂၈ တဖန် မောရှေ အား ထာဝရဘုရား က၊ ၂ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ငါ ၏ပူဇော် သက္ကာကိုငင်း၊ ငါ့ အဘို့ မွေးကြိုင် သောအနံ့ ရှိစေခြင်းငှာမီး ဖြင့်ပြုသောငါ ၏ အစာ အာဟာရကိုငင်း၊ အချိန်တန် မှ ငါ့ အား ပူဇော် ခြင်းငှာ သတိပြု ရကြမည်။ ၃ တဖန် ဆင့်ဆို ရမည်မှာ၊ နေ့ တိုင်းအစဉ်အမြဲ မီးရှို့ ရာယဇ်ဘို့၊ အခါမလည် အပြစ် မပါသော သိုးသငယ် နှစ် ကောင်ကို ထာဝရဘုရား အား မီး ဖြင့်ပူဇော် ရမည်။ ၄ နံနက်ယံ ၌ သိုးသငယ် တ ကောင်၊ ညဦးယံ ၌ တ ကောင်ကို ပူဇော် ရမည်။ ၅ သံလွင်သီးကို ထောင်း ၍ရသောသံလွင်ဆီ သုံး လောဃနှင့် ရော သော မုန့်ညက် တဩမဲကို လည်း ပူဇော်ရမည်။ ၆ ဤရွှေကား၊ သိနာ တောင် ပေါ် မှာ စီရင် တော်မူ သည်အတိုင်း၊ ထာဝရဘုရား အဘို့ မွေးကြိုင် သော အနံ့ နှင့် မီး ဖြင့်ပြုသောပူဇော်သက္ကာ၊ အစဉ်အမြဲ ပြု ရသောမီးရှို့ ရာယဇ်ဖြစ်သတည်း။ ၇ သိုးသငယ် တ ကောင်နှင့်အတူ သွန်းလောင်း ရာ ပူဇော်သက္ကာဘို့၊ စပျစ်ရည် သုံး လောဃကို ပူဇော်၍၊ သန့်ရှင်း ရာဌာန၌ သွန်းလောင်း ရာ ပူဇော်သက္ကာဘို့၊ ထာဝရဘုရား အား သွန်းလောင်း ရမည်။ ၈ အခြား သော သိုးသငယ် ကို ညဦးယံ ၌ ပူဇော် သောအခါ ၊ နံနက်ယံ ၌ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာပါသည်နည်းတူ ပါလျက်၊ ထာဝရဘုရား အဘို့ မွေးကြိုင် သောအနံ့ နှင့် ပြည့်စုံ၍ မီး ဖြင့်ပူဇော်သော ယဇ်ကို ပြု ရမည်။ ၉ နေ့ တိုင်း အစဉ်ပူဇော်သော မီးရှို့ ရာယဇ်၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ဥပုသ် နေ့ ရက်၌ အခါမလည် အပြစ် မပါသော သိုးသငယ် နှစ် ကောင်ကိုငင်း၊ သွန်းလောင်း ရာ ပူဇော်သက္ကာပါလျက်၊ ဘောဇဉ် ပူဇော်သက္ကာဘို့၊ ဆီ ရော သောမုန့်ညက် နှစ် ဩမဲကိုငင်း ပူဇော်ရမည်။ ၁၁ လဆန်း တရက်နေ့၌ ၊ အသက်ပျို

သော နွားထီး နှစ် ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် ၊ အပြစ် မပါသော သိုးသငယ်ခုနစ် ကောင်တို့ကို၊ ထာဝရဘုရား အား မီးရှို့ ရာယဇ်ပြု၍ ပူဇော် ရမည်။ ၁၂ နွား တ ကောင်အဘို့၊ ဆီ ရော သော မုန့်ညက် သုံး သြမဲ၊ သိုး တ ကောင်အဘို့၊ ဆီ ရော သော မုန့်ညက် နှစ် သြမဲ၊ ၁၃ သိုးသငယ် တ ကောင်အဘို့၊ ဆီ ရော သော မုန့်ညက် တ သြမဲစီတည်းဟူသောဘောဇဉ် ပူဇော်သက္ကာနှင့်တကွ၊ ထာဝရဘုရား အား မီး ဖြင့်ပူဇော်၍ မီးရှို့ ရာ ယဇ်ကို ပြုရမည်။ ၁၄ သွန်းလောင်း ရာ ပူဇော်သက္ကာဘို့ကား၊ နွား တကောင်နှင့် စပျစ်ရည်ခြောက် လောဃ၊ သိုး တကောင်နှင့် လေး လောဃ၊ သိုးသငယ် တကောင်နှင့် သုံး လောဃ ကို ပူဇော်ရမည်။ ထိုသို့ လ တိုင်း အစဉ်မပြတ်မီးရှို့ ရာ ယဇ်ကို ပူဇော်ရမည်။ ၁၅ နေ့ တိုင်းအစဉ်ပူဇော်သော မီးရှို့ ရာယဇ်၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ အပြစ် ဖြေရာ ယဇ်ဘို့ ထာဝရဘုရား အား ဆိတ်သငယ် တ ကောင်ကိုလည်း ပူဇော် ရမည်။ ၁၆ ပဌမ လ တဆယ် လေး ရက် နေ့၌ ၊ ထာဝရဘုရား ၏ ပသခါ ပွဲဖြစ်၏။ ၁၇ ၎င်း လ တဆယ် ငါး ရက် နေ့၌ ပွဲ ကိုခံရမည်။ ခုနစ် ရက် ပတ်လုံးတဆေးမဲ့ မုန့်ကို စား ရကြမည်။ ၁၈ ပဌမ နေ့ ၌ ဓမ္မ စည်းဝေးခြင်းကို ပြုရမည်။ လောကီ အလုပ်ကို မ လုပ် ရ။ ၁၉ ထာဝရဘုရား အား မီး ဖြင့်ပြုသောယဇ်တည်းဟူသောအသက်ပျို သော နွားထီး နှစ် ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ခုနစ် ကောင်တို့ကို မီးရှို့ ရာယဇ်ပြု၍ ပူဇော် ရမည်။ ၂၀ နွား တကောင်လျှင် ဆီ ရော သော မုန့်ညက် သုံး သြမဲ၊ သိုး တကောင်လျှင် နှစ် သြမဲ၊ ၂၁ သိုးသငယ် ခုနစ် ကောင်စေ့အောင်၊ တ ကောင်လျှင် တ သြမဲစီနှင့် ဘောဇဉ် ပူဇော်သက္ကာပြု ရမည်။ ၂၂ အပြစ် ဖြေခြင်းကို ပြုအံ့သောဌာ ၊ အပြစ် ဖြေရာ ယဇ်ဘို့ ဆိတ် တ ကောင်ကိုလည်း ပူဇော်ရမည်။ ၂၃ နေ့ ရက်အစဉ် နံနက် တိုင်းပူဇော်သော မီးရှို့ ရာ ယဇ်မှတပါး ၊ ထို ယဇ်များကို ထပ်၍ပူဇော် ရမည်။ ၂၄ ထိုသို့ အစဉ်အမြဲ ပူဇော် သောမီးရှို့ ရာယဇ်၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ခုနစ် ရက် ပတ်လုံးတနေ့ တနေ့လျှင် ထာဝရဘုရား အဘို့ မွှေးကြိုင် သောအနံ့ နှင့် မီး ဖြင့်ပြုသောပူဇော်သက္ကာအစာ အာဟာရကို ပူဇော် ရမည်။ ၂၅ သတ္တမ နေ့ ၌ လည်း ၊ ဓမ္မ စည်းဝေးခြင်းကို ပြု ရ မည်။ လောကီ အလုပ်ကို မ လုပ် ရ။ ၂၆ ထိုမှတပါး ၊ သိတင်း ခုနစ်သိတင်းစေ့ပြီးမှ၊ ဘောဇဉ် ပူဇော်သက္ကာအသစ် ကို ထာဝရဘုရား ထံ တော် သို့ ဆောင် ခဲ့သောနေ့၊ အဦး သီးသောအသီး နေ့ ရက်၌ ဓမ္မ စည်းဝေးခြင်းကို ပြု ရမည်။ လောကီ အလုပ်ကို မ လုပ် ရ။ ၂၇ ထာဝရဘုရား အဘို့ မွှေးကြိုင် သောအနံ့ နှင့် မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး နှစ် ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် သော သိုးသငယ် ခုနစ် ကောင်တို့ကို ပူဇော် ရမည်။ ၂၈ နွား တ ကောင်လျှင် ဆီ ရော သောမုန့်ညက် သုံး သြမဲ၊ သိုး တ ကောင်လျှင် နှစ် သြမဲ၊ ၂၉ သိုးသငယ် ခုနစ် ကောင်စေ့အောင်၊ တ ကောင်လျှင် တ သြမဲစီနှင့် ဘောဇဉ် ပူဇော်သက္ကာပြုရမည်။ ၃၀ အပြစ် ဖြေခြင်းကို ပြုအံ့သောဌာ ၊ ဆိတ်သငယ် တ ကောင်ကိုလည်း ပူဇော်ရမည်။ ၃၁ ထိုသို့ အစဉ်အမြဲ ပူဇော်သော မီးရှို့ ရာယဇ်၊ ဘောဇဉ် ပူဇော်သက္ကာမှတပါး ၊ သွန်းလောင်း ရာ ပူဇော်သက္ကာနှင့်တကွ ၊ အပြစ် မပါသော ယဇ်ကောင်များတို့ကို ထပ်၍ပူဇော် ရမည်။

JC သတ္တမ လ ၊ ပဌမ နေ့ရက်၌ ဓမ္မ စည်းဝေးခြင်းကို ပြု ရမည်။ လောကီ အလုပ်ကို မ လုပ် ရ။ တံပိုးမှုတ် ခြင်းကို ပြုရသောနေ့ ဖြစ် ၏။ ၂ ထာဝရဘုရား အဘို့ မွေးကြိုင် သော အနှံ့ နှင့် မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ခုနစ် ကောင်တို့ကို ပူဇော် ရမည်။ ၃ နွား တကောင်လျှင် ဆီ ရော သောမုန့်ညက် သုံး ဩမဲ၊ သိုး တကောင်လျှင် နှစ် ဩမဲ၊ ၄ သိုးသငယ် ခုနစ် ကောင်စေ့အောင်၊ တ ကောင်လျှင် တ ဩမဲစီနှင့်ဘောဇဉ် ပူဇော်သက္ကာပြုရမည်။ ၅ အပြစ် ဖြေခြင်းကို ပြုအံ့သောငှါ၊ အပြစ် ဖြေရာ ယဇ်ဘို့ ဆိတ်သငယ် တ ကောင်ကိုလည်း ပူဇော်ရမည်။ ၆ ထိုသို့ ထုံးစံ ရှိသည့်အတိုင်း ၊ လဆန်း နေ့မီးရှို့ ရာ ယဇ်နှင့် သူ ၏ဘောဇဉ် ပူဇော်သက္ကာ၊ နေ့ တိုင်းပြုသောမီးရှို့ ရာယဇ်နှင့် သူ ၏ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထာဝရဘုရား အဘို့ မွေးကြိုင် သောအနှံ့ နှင့် မီး ဖြင့်ပြုသောယဇ်ပူဇော်သက္ကာကို ပူဇော်ရမည်။ ၇ ၎င်း လ ၊ ဒသမ နေ့ရက်၌ ဓမ္မ စည်းဝေးခြင်းကို ပြု ၍ ခြိုးခြံ စွာကျင့် ရမည်။ အဘယ် အလုပ် ကိုမျှ မ လုပ် ရ။ ၈ ထိုနေ့၌ ထာဝရဘုရား အဘို့ မွေးကြိုင် သောအနှံ့ နှင့် မီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ခုနစ် ကောင်တို့ကို ပူဇော် ရမည်။ ၉ နွား တကောင်လျှင် ဆီ ရော သောမုန့်ညက် သုံး ဩမဲ၊ သိုး တ ကောင်လျှင်နှစ် ဩမဲ၊ ၁၀ သိုးသငယ် ခုနစ် ကောင်စေ့အောင်၊ တ ကောင်လျှင် တ ဩမဲစီနှင့်ဘောဇဉ် ပူဇော်သက္ကာပြုရမည်။ ၁၁ အပြစ်ဖြေခြင်းကို ပြုအံ့သောငှါ၊ အပြစ် ဖြေရာ ယဇ်ဘို့ ဆိတ်သငယ် တ ကောင်ကို ပူဇော်ရမည်။ ထိုသို့ အပြစ် ဖြေခြင်းငှါအပြစ် ဖြေရာယဇ်၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်၊ သူ ၏ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ထပ်၍ပြုရမည်။ ၁၂ ၎င်း လ တဆယ် ငါး ရက် နေ့၌ ဓမ္မ စည်းဝေးခြင်းကို ပြု ရမည်။ လောကီ အလုပ်ကို မ လုပ် ဘဲ ခုနစ် ရက် ပတ်လုံးထာဝရဘုရား အဘို့ ပွဲ ခံရ မည်။ ၁၃ ပဌမနေ့၌ ထာဝရဘုရား အဘို့ မွေးကြိုင် သော အနှံ့ နှင့် မီး ဖြင့်ပြုသောမီးရှို့ ရာယဇ်ဘို့ အသက်ပျို သော နွားထီး ဆယ် သုံး ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်တို့ကို ပူဇော် ရမည်။ ၁၄ နွား ဆယ် သုံး ကောင်စေ့အောင်၊ တ ကောင်လျှင် ဆီ ရော သောမုန့်ညက် သုံး ဩမဲစီ၊ သိုး နှစ် ကောင်စေ့ အောင်၊ တ ကောင်လျှင် နှစ် ဩမဲစီ၊ ၁၅ သိုးသငယ် ဆယ် လေး ကောင်စေ့အောင်၊ တ ကောင်လျှင် တ ဩမဲစီနှင့် ဘောဇဉ် ပူဇော်သက္ကာပြုရ မည်။ ၁၆ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်ကို အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ထပ်၍ပူဇော်ရမည်။ ၁၇ ဒုတိယ နေ့ ၌ ၊ အသက်ပျို သော နွားထီး ဆယ် နှစ် ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်ကိုဌင်း၊ ၁၈ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဌင်း၊ ၁၉ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်ကိုဌင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော်ရမည်။ ၂၀ တတိယ နေ့ ၌ ၊ နွားထီး ဆယ် တ ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်ကိုဌင်း၊

၂၁ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဎင်း၊ ၂၂ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် တ ကောင်ကိုဎင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော်ရမည်။ ၂၃ စတုတ္ထ နေ့ ၌ နွားထီး ဆယ် ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်ကိုဎင်း၊ ၂၄ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဎင်း၊ ၂၅ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် တ ကောင်ကိုဎင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော်ရမည်။ ၂၆ ပဉ္စမ နေ့ ၌ နွားထီး ကိုး ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်ကိုဎင်း၊ ၂၇ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဎင်း၊ ၂၈ အပြစ် ဖြေရာယဇ်ဘို့ ဆိတ်သငယ် တ ကောင်ကိုဎင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော်ရမည်။ ၂၉ ဆဋ္ဌမ နေ့ ၌ ၊ နွားထီး ရှစ် ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်ကိုဎင်း၊ ၃၀ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဎင်း၊ ၃၁ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် တ ကောင်ကိုဎင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော်ရမည်။ ၃၂ သတ္တမ နေ့ ၌ နွားထီး ခုနစ် ကောင်၊ သိုးထီး နှစ် ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ဆယ် လေး ကောင်ကိုဎင်း၊ ၃၃ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဎင်း၊ ၃၄ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် တ ကောင်ကိုဎင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော်ရမည်။ ၃၅ အဋ္ဌမ နေ့ ၌ ဓမ္မစည်းဝေး ခြင်းကိုပြု ရမည်။ လောကီ အလုပ်ကို မ လုပ် ရ။ ၃၆ ထိုနေ့၌ ထာဝရဘုရား ဘို့ မွှေးကြိုင် သော အနံ့ နှင့် မီး ဖြင့်ပြုသော မီးရှို့ ရာယဇ်ဘို့ နွားထီး တ ကောင်၊ သိုးထီး တ ကောင်၊ အခါမလည် အပြစ် မပါသော သိုးသငယ် ခုနစ် ကောင်ကိုဎင်း၊ ၃၇ သိုး ၊ နွား ၊ သိုးသငယ် အနည်း အများအလိုက် ၊ ထုံးစံ ရှိသည်အတိုင်း ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုဎင်း၊ ၃၈ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် တ ကောင်ကိုဎင်း၊ အစဉ်အမြဲ ပြုသော မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာမှတပါး ၊ ထပ်၍ပူဇော် ရမည်။ ၃၉ ထိုသို့ သစ္စာ ဂတိရှိ၍ ပြုသောပူဇော်သက္ကာ၊ အလိုလို ပြုသော ပူဇော်သက္ကာ၊ မီးရှို့ ရာပူဇော်သက္ကာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာပူဇော်သက္ကာ၊ မိဿဟာယ ပူဇော်သက္ကာမှတပါး၊ ချိန်းချက် သော ပွဲတို့ ၌ ထာဝရဘုရား အား ထပ်၍ပူဇော် ရမည်ဟု မိန့်တော်မူ၏။ ၄၀ ထိုသို့ မောရှေ သည်၊ မိမိအား ထာဝရဘုရား မှာထား တော်မူသမျှ တို့ကို၊ ဣသရေလ အမျိုးသား တို့အား ဆင့်ဆို လေ၏။

၃၀ တဖန် ထာဝရဘုရား မိန့် တော်မူသော စကား ကို မောရှေ သည်၊ ဣသရေလ အမျိုးသား တို့တွင် အမျိုးအနွယ် တို့ ၌ မင်း ဖြစ်သောသူတို့အား ဆင့်ဆို သည်ကား၊ ၂ လူ ယောက်ျားသည် ထာဝရဘုရား အား သစ္စာ ဂတိပြုသော်၎င်း ၊ ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် ၍ ကျိန်ဆို ခြင်းကို ပြုသော်၎င်း၊ မိမိ ပြောသောစကား ကို မ ဖျက် ဘဲ၊ မိမိ နှုတ် ထွက် ရှိသည်အတိုင်း ပြု ရမည်။ ၃ မိန်းမ သည် အဘ အိမ် ၌ အသက် ငယ်စဉ်အခါ၊ ထာဝရဘုရား အား သစ္စာ ဂတိပြုသော်၎င်း၊ ၄ ထိုသစ္စာ စကား၊ ကိုယ် စိတ် ဝိညာဉ်၌ ချည်နှောင် သော စကားကို အဘ သည် ကြား လျက် တိတ်ဆိတ် စွာ နေလျှင် ထိုသစ္စာ စကားရှိသမျှ တို့နှင့် ကိုယ် စိတ် ဝိညာဉ်၌ ချည်နှောင် သော စကားဟူသမျှ တို့သည် တည် ရကြမည်။ ၅ သို့မဟုတ် အဘ သည် ကြား သောနေ့ ၌ မြစ်တား လျှင်၊ ထိုသစ္စာ စကားမည်မျှ၊ ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် သော စကား မည်မျှမ တည် ရ။ အဘ မြစ်တား သောကြောင့် ၊ ထာဝရဘုရား လွှတ် တော်မူမည်။ ၆ မိန်းမသည် လင် ရှိ လျက်၊ သစ္စာဂတိ ပြု၍ ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် ခြင်းငှာနှုတ် မြွက် သောအခါ၊ ၇ လင် သည် ကြား လျှင် ၎င်း၊ ကြား သောနေ့ ၌ တိတ်ဆိတ် စွာနေလျှင်၎င်း၊ ထိုသစ္စာ စကား၊ ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် သော စကား တည် ရမည်။ ၈ သို့မဟုတ် လင် သည် ကြား သောနေ့ ၌ မြစ်တား လျှင် ၊ ထိုသစ္စာ စကား၊ ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် သော စကားကို လင်သည်ပယ် ၍ ၊ ထာဝရဘုရား လည်း လွှတ် တော်မူမည်။ ၉ လင် သေသောမိန်းမ၊ လင်နှင့်ကွာ သော မိန်းမသည် ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် သော သစ္စာ ဂတိ အလုံးစုံ တို့သည် တည် ရကြမည်။ ၁၀ လင် အိမ် ၌ ရှိစဉ်အခါ၊ သစ္စာ ဂတိပြုသော်၎င်း ၊ ကျိန်ဆို ခြင်းအားဖြင့် ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် သော်၎င်း၊ ၁၁ လင် သည် ကြား သော်လည်း မ မြစ်တား တိတ်ဆိတ် စွာနေလျှင် ၊ ထိုသစ္စာ ဂတိရှိသမျှ ကိုယ်စိတ် ဝိညာဉ်၌ ချည်နှောင် ခြင်းရှိသမျှ တို့သည် တည် ရကြမည်။ ၁၂ သို့မဟုတ် လင် သည် ကြား သောနေ့ ၌ ရှင်းရှင်းပယ် ဘူးလျှင် ၊ သစ္စာ ဂတိနှင့်၎င်း ၊ စိတ် ဝိညာဉ်၌ ချည်နှောင် ခြင်းနှင့်၎င်း ဆိုင်သော စကား မည်မျှမ တည် ရ။ လင် သည် ပယ် သောကြောင့် ၊ ထာဝရဘုရား လည်း လွှတ် တော်မူမည်။ ၁၃ ခပ်သိမ်း သောသစ္စာ ဂတိ၊ ခြိုးခြံ စွာကျင့် ခြင်းနှင့် ဆိုင်သမျှ သောအချည်အနှောင် ကျိန်ဆို ခြင်းတို့ကို၊ လင် သည် တည် စေပိုင်သောအခွင့်၊ ပယ် ပိုင်သော အခွင့်ရှိ၏။ ၁၄ လင် သည် တနေ့ ထက်တနေ့တိတ်ဆိတ် စွာနေ လျှင် ၊ မယား ပြုသောသစ္စာ ဂတိရှိသမျှ တို့နှင့် မယား ၌ ချည်နှောင် ခြင်း ရှိသမျှ တို့ကို တည် စေ၏။ ကြား သောနေ့ ၌ တိတ်ဆိတ် စွာ နေသောကြောင့် တည် စေပြီ။ ၁၅ ထိုစကားကို ကြား သောနေ့နောက်မှ ၊ လင်သည် ပယ် အံ့သောငှါပြုလျှင် ၊ မယား အပြစ် ကို ကိုယ်တိုင်ခံရ မည်။ ၁၆ ဤရွေ့ကား ၊ မယား နှင့်လင် စပ်ကြား ၌ငင်း၊ အဘ အိမ် မှာ အသက် နုငယ်သောသမီး နှင့် အဘ စပ်ကြား ၌ငင်း၊ မောရှေ အားဖြင့်ထာဝရဘုရား ထား တော်မူသော ပညတ် တရားဖြစ်သတည်း။

၃၁ တဖန် ထာဝရဘုရား က၊ မိဒျန် အမျိုးသားတို့ သည် ဣသရေလ အမျိုးသား တို့ကို ပြစ်မှား သောအပြစ် အလျောက်ဣသရေလအမျိုးသားဘက်၌ နေ၍ တရား စီရင်လော့။ ၂ သို့ပြီးမှ သင်သည် မိမိ လူမျိုး စည်းဝေး ရာသို့ သွားရမည်ဟု မောရှေ အား မိန့် တော်မူ၏။ ၃ မောရှေ သည်လည်း လူ များတို့ကိုခေါ်၍၊ အချို့တို့သည် လက်နက် ကို

ကိုင်လျက်၊ မဒျန် အမျိုးသားတို့သို့ စစ် ချီ ၍ ထာဝရဘုရား ဘက်၌ တရား စီရင်စေ။ ၄ ဣသရေလ အမျိုးအနွယ်တို့တွင် တမျိုးတမျိုးထဲက၊ လူတထောင် စီရွေး၍ စစ်ချီ စေဟု စီရင်သည် အတိုင်း၊ ၅ ဣသရေလ အမျိုးသားအထောင်အသောင်းတို့ တွင် တမျိုးတမျိုးထဲက၊ စစ်တိုက် လက်နက် ပါသောသူ တထောင် စီ၊ လူပေါင်း တသောင်း နှစ်ထောင်ကို အပ် ၍၊ ၆ မောရှေ သည်ထိုသူ တို့ကိုငင်း၊ သန့်ရှင်း သော လက်နက် နှင့်တကွ ၊ မူတ် ရာတံပိုး တို့ကို ကိုင် သော ယဇ်ပုရောဟိတ် ဧလာဇာ သား ဖိနဟတ် ကိုငင်းစစ် ချီ စေ၏။ ၇ မောရှေ အား ထာဝရဘုရား မှာထား တော်မူသည် အတိုင်း ၊ ထိုသူတို့သည် မဒျန် အမျိုးသားတို့ကို တိုက် ၍ လူယောကျ်ား အပေါင်း တို့ကိုသတ် ကြ၏။ ၈ အသေသတ်ခြင်းကို ခံရသောသူတို့တွင် ဧဝိ ၊ ရေကင် ၊ ဇုရ ၊ ဟုရ ၊ ရေဘ တည်းဟူသောမိဒျန် မင်းကြီး ငါး ပါးပါကြ၏။ ဗောရသား ဗာလမ် ကိုလည်း ထား နှင့် သတ် ကြ၏။ ၉ ဣသရေလ အမျိုးသား တို့သည်၊ မိဒျန် မိန်းမ များ၊ သူငယ် များတို့ကို လက်ရ သိမ်းယူ၍ ၊ သိုး ၊ ဆိတ်၊ နွား အစရှိသော ဥစ္စာ အလုံးစုံ တို့ကို လုယူ ကြ၏။ ၁၀ မိဒျန်အမျိုးသားတို့ နေသောမြို့ရွာရှိသမျှ တို့ကို မီး ရှို့ ကြ၏။ ၁၁ ဘမ်းရသောလူ ၊ တိရစ္ဆာန် နှင့်တကွ၊ လက်ရ ဥစ္စာ အလုံးစုံ တို့ကို သိမ်း သွား၍ ၊ ၁၂ မောဘ လွင်ပြင် ယော်ဒန် မြစ်နား ၊ ယေရိခေါ မြို့ တဘက်၌ တပ်ချ လျက်နေသောမောရှေ ၊ ယဇ်ပုရောဟိတ် ဧလာဇာ ၊ ဣသရေလ အမျိုးသား ပရိသတ် တို့ထံသို့ ဆောင် ခဲ့ကြ၏။ ၁၃ မောရှေ နှင့် ယဇ်ပုရောဟိတ် ဧလာဇာ မှစ၍ ပရိသတ် တို့ ၌ မင်း အပေါင်း တို့သည် ကြိုဆို ခြင်းငှာ တပ် ပြင် သို့ ထွက်သွား ကြ၏။ ၁၄ မောရှေ သည် စစ်တိုက် ရာမှ ပြန်လာ သောတပ်မှူး များ၊ ဗိုလ် မင်း များတို့ကို အမျက် ထွက်၍၊ ၁၅ သင်တို့သည် မိန်းမ အပေါင်း တို့ကို အဘယ်ကြောင့်အသက်ရှင် စေကြသနည်း။ ၁၆ ဣသရေလ အမျိုးသား တို့သည်၊ ပေဂုရ ဘုရားအမှု ၌ ထာဝရဘုရား ကို ပြစ်မှား စေခြင်းငှာ ၊ ဤမိန်းမတို့သည် ဗာလမ် ပေးသောအကြံ ကို လိုက်၍ ပြုကြသောကြောင့်၊ ထာဝရဘုရား ၏ပရိသတ် ၌ ဘေး ရောက် လေသည် တကား။ ၁၇ ထိုကြောင့် ၊ သူငယ် ယောကျ်ား အပေါင်း ကိုငင်း ၊ ယောကျ်ား နှင့် ဆက်ဆံ ဘူးသော မိန်းမ အပေါင်း ကိုငင်း၊ သတ် ကြလော့။ ၁၈ ယောကျ်ား နှင့် မ ဆက်ဆံ ဘူးသော မိန်းမငယ် အပေါင်းတို့ကို၊ မိမိ တို့အဘို့ အသက် ချမ်းသာပေးကြလော့။ ၁၉ သင် တို့သည် ခုနစ် ရက် ပတ်လုံးတပ် ပြင် မှာ နေ ရကြမည်။ လူကို သတ် သောသူ၊ အသေကောင် ကို ထိ သောသူ အပေါင်း တို့ ကိုယ်ကိုငင်း၊ သိမ်းယူ သောသူတို့ ကိုငင်း၊ တတိယ နေ့ ၊ သတ္တမ နေ့ ၌ စင်ကြယ် စေ ကြလော့။ ၂၀ သင်တို့အဝတ် နှင့် သားရေ တန်ဆာ ရှိသမျှ ၊ ဆိတ်မွေး ဖြင့် ရက်သောအရာ ၊ သစ်သား ဖြင့် လုပ်သောအရာ ရှိသမျှ တို့ ကို စင်ကြယ် စေကြလော့ဟု မှာထား လေ၏။ ၂၁ ယဇ်ပုရောဟိတ် ဧလာဇာ သည်လည်း ၊ စစ်တိုက် သွား သော စစ်သူရဲ တို့ကိုခေါ်၍၊ မောရှေ ၌ ထာဝရဘုရား ထား တော်မူသော ပညတ် တရား ဟူမူကား၊ ၂၂ ရွှေ ၊ ငွေ ၊ ကြေးဝါ ၊ သံ ၊ ကြေးဖြူ ၊ ခဲ အစရှိသော၊ ၂၃ မီး ကိုခံနိုင် သော အရာ ရှိသမျှ တို့ကို မီး အလယ် ၌ သွား စေ သဖြင့် စင်ကြယ် စေရမည်။ သို့ရာတွင် စင်ကြယ် စေသောရေ ဖြင့် လည်း စင်ကြယ် စေရမည်။ မီး မ ခံနိုင် သော အရာရှိသမျှ တို့ ကို ရေ အလယ် ၌ သွား စေရမည်။ ၂၄ သတ္တမ နေ့ ၌ မိမိ အဝတ် ကို လျှော် ပြီးမှ ၊ စင်ကြယ် ခြင်းရှိ၍ ၊ တပ် ထဲသို့ ဝင် ရကြမည်ဟု မှာထား လေ၏။ ၂၅ ထာဝရဘုရား ကလည်း ၊ သင် နှင့် ယဇ်ပုရောဟိတ် ဧလာဇာ

၊ ၂၆ ပရိသတ် အဆွေအမျိုး သူကြီး တို့သည်၊ ယခု လက်ရ သိမ်းယူ ခဲ့သော ဥစ္စာ၊ လူ ၊ တိရစ္ဆာန် အပေါင်းတို့ကို ယူ ၍ ၊ ၂၇ ထက်ဝက် ခွဲပြီးလျှင်တဝက်ကို စစ်မှုထမ်း ၍ အတိုက် သွားသောသူတို့ အားငင်း၊ တဝက်ကို ပရိသတ် အပေါင်း တို့အားငင်း ပေးဝေလော့။ ၂၈ စစ်တိုက် သွား သော စစ်သူရဲ တို့သည်၊ ထာဝရဘုရား အား ပေး ရသောအခွန် ကို ခွဲ ၍ လူ ၊ နွား ၊ မြည်း ၊ သိုး အကောင်ငါး ရာ တွင် တ ကောင်ကို ကောက်ယူပြီးလျှင်၊ ၂၉ သူ တို့ခံရသောထက်ဝက် အဘို့ထဲက နှုတ်၍၊ ထာဝရဘုရား ရှေ့တော်၌ ချီမြှောက် ရာ ပူဇော်သက္ကာပြု ဘို့ရာယဇ်ပုရောဟိတ် ဧလာဇာ အား ပေး ရမည်။ ၃၀ ဣသရေလ အမျိုးသား ခံရသောထက်ဝက် အဘို့ထဲက လည်း လူ ၊ နွား ၊ မြည်း ၊ သိုး အစရှိသော တိရစ္ဆာန် မျိုး အကောင်ငါးဆယ် တို့တွင် တ ကောင်ကို ကောက်ယူ ၍ ထာဝရဘုရား ၏ တဲ တော်ကို စောင့် သော လေဝိ သားတို့အား ပေး ရမည်ဟု၊ ၃၁ မောရှေ အား ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ မောရှေ နှင့် ယဇ်ပုရောဟိတ် ဧလာဇာ တို့ သည် ပြု လေ၏။ ၃၂ စစ်သူရဲ တို့သည် လက်ရ သိမ်းယူ ခဲ့၍ ကျန်ကြွင်း သော ဥစ္စာပေါင်းကား၊ သိုး ခြောက်သိန်း ခုနစ်သောင်း ငါးထောင် ၊ ၃၃ နွား ခုနစ်သောင်း နှစ်ထောင်၊ ၃၄ မြည်း ခြောက်သောင်း တထောင်၊ ၃၅ ယောကျ်ား နှင့် မ ဆက်ဆံ ဘူးသောမိန်းမ သုံးသောင်း ခုနစ်ထောင်ရှိသတည်း။ ၃၆ စစ်တိုက် သွား သောသူတို့ ခံရသောထက်ဝက် အဘို့ ကား၊ သိုး သုံးသိန်း သုံးသောင်း ခုနစ်ထောင် ငါးရာ ရှိသည်ဖြစ်၍၊ ၃၇ ထာဝရဘုရား ခံရသောအခွန် ကား၊ သိုး ခြောက်ရာ ခုနစ်ဆယ်ငါးကောင်တည်း။ ၃၈ နွား သုံးသောင်း ခြောက်ထောင်ရှိသည်ဖြစ်၍၊ ထာဝရဘုရား ခံရသောအခွန် ကား၊ နွားခုနစ်ဆယ် ခုနစ် ကောင်တည်း။ ၃၉ မြည်း သုံးသောင်း ငါးရာရှိသည်ဖြစ်၍၊ ထာဝရဘုရား ခံရသောအခွန် ကား၊ မြည်းခြောက်ဆယ် တ ကောင်တည်း။ ၄၀ လူ တသောင်း ခြောက်ထောင်ရှိသည်ဖြစ်၍၊ ထာဝရဘုရား ခံရသောအခွန် ကား၊ လူ သုံးဆယ် နှစ် ယောက်တည်း။ ၄၁ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ မောရှေ သည် ရှေ့တော်၌ ချီမြှောက် ရာ ပူဇော်သက္ကာပြု ဘို့ရာအခွန် ကို ယဇ်ပုရောဟိတ် ဧလာဇာ အား အပ် ပေးလေ၏။ ၄၂ တဖန် စစ်တိုက် သောသူတို့လက်မှ မောရှေ ယူ ၍၊ ဣသရေလ အမျိုးသား၊ ၄၃ ပရိသတ် တို့ခံရသောထက်ဝက် အဘို့ကား၊ သိုး သုံးသိန်း သုံးသောင်းခုနစ်ထောင်ငါးရာ၊ ၄၄ နွား သုံးသောင်း ခြောက်ထောင်၊ ၄၅ မြည်း သုံးသောင်း ငါးရာ၊ ၄၆ လူ တသောင်း ခြောက်ထောင်ရှိသည်ဖြစ်၍ ၊ ၄၇ ဣသရေလ အမျိုးသား ခံရသောထက်ဝက် အဘို့ လူ ၊ တိရစ္ဆာန် အကောင်ငါးဆယ် တို့တွင် တ ကောင်ကို မောရှေ ကောက်ယူ ၍ ထာဝရဘုရား ၏ တဲ တော်ကို စောင့် သော လေဝိ သားတို့အား ပေး ၏။ ထိုသို့ ထာဝရဘုရား မှာထား တော်မူ၏။ ၄၈ လူတရာ ၊ တထောင် ကိုအုပ်သော တပ်မှူး များ၊ ဗိုလ် များတို့သည်လည်း ၊ မောရှေ ထံသို့ ချဉ်းကပ် ၍ ၊ ၄၉ ကိုယ်တော် ကျွန် တို့သည် အုပ်သောစစ်သူရဲ တို့ ကို စာရင်း ယူပြန်၍၊ လူတယောက်မျှ မ လျော့ ပါ။ ၅၀ ထိုကြောင့် ထာဝရဘုရား ရှေ့ တော်၌ အသက် အဘိုးကို ဖြေ ဘို့ ရာ လူ အသီးအသီးရ သော ရွှေ တန်ဆာ ၊ လည်ဆွဲ ၊ လက်ကောက် ၊ လက်စွပ် ၊ နားတောင်း ၊ နှာခေါင်းဆွဲ ဘူးတို့ကို ထာဝရဘုရား အား ပူဇော် လျက် ဆောင် ခဲ့ ပါပြီဟု လျှောက်ဆိုလျှင်၊ ၅၁ မောရှေ နှင့် ယဇ်ပုရောဟိတ် ဧလာဇာ တို့သည်၊ ထိုရွှေ တည်းဟူသောလုပ် ပြီးသောတန်ဆာ ရှိသမျှ တို့ကိုခံယူ ကြ၏။ ၅၂ ထိုသို့ စစ်သူရဲ အသီးအသီး တို့သည် မိမိ တို့အဘို့ သိမ်းယူ ၍၊ ၅၃

တပ်မှူး များ၊ ဗိုလ် များတို့သည် ထာဝရဘုရား အား ပူဇော် သော ချွေ ချိန်ပေါင်း ကား၊ တရာ ခြောက်ဆယ်ခုနှစ်ပိသာနှင့် အကျပ်ငါးဆယ်ရှိသတည်း။ ၅၄ တပ်မှူး များ၊ ဗိုလ်များ ပူဇော်သောချွေ ကို မောရှေ နှင့် ယဖ်ပုရောဟိတ် ဧလာဇာ တို့သည်ယူ ၍၊ ဣသရေလ အမျိုးသား တို့ကို ထာဝရဘုရား အောက်မေ့ တော်မူတို့ရာ ပရိသတ်စည်းဝေး ရာတဲ တော်၌ သွင်းထား ကြ၏။

၃၂ ရုဗင် အမျိုးသား နှင့် ဂဒ် အမျိုးသား တို့သည် အလွန် များပြားသော တိရစ္ဆာန် တို့နှင့် ကြွယ်ဝ သည်ဖြစ်၍၊ ယာဇာ ပြည် ၊ ဂိလဒ် ပြည် တို့ ၌ တိရစ္ဆာန် ကျက်စားစရာဘို့ ကောင်းသည်ကို မြင် ကြလျှင် ၊ ၂ မောရှေ နှင့် ယဖ်ပုရောဟိတ် ဧလာဇာ အစရှိ သော ပရိသတ် တို့တွင် မင်း များတို့ထံသို့ လာ ၍ ၊ ၃ အတာရုတ် ၊ ဒိဘုန် ၊ ယာဇာ ၊ နိမရ ၊ ဟေရှဘုန် ၊ ဧလာလေ ၊ ရှေဘံ ၊ နေဗော ၊ ဗောန တည်းဟူသော၊ ၄ ဣသရေလ ပရိသတ် ရှေ့မှာ ထာဝရဘုရား လုပ်ကြံ တော်မူသော ဤပြည် သည် တိရစ္ဆာန် နှင့် တော်လျော်ပါ၏။ ကိုယ်တော် ကျွန် တို့ ၌ လည်း တိရစ္ဆာန် များပြားပါ၏။ ၅ သို့ ဖြစ်၍ ကျွန်တော်တို့သည် ရှေ့ တော်၌ မျက်နှာရ လျှင် ၊ ဤ ပြည် ကို ကိုယ်တော် ကျွန် တို့အား အပိုင်ပေး တော်မူပါ။ ကျွန်တော် တို့ကို ယော်ဒန် မြစ်တဘက်သို့ ပို့ဆောင် တော်မ မူပါနှင့်ဟု လျှောက် ကြ၏။ ၆ မောရှေ ကလည်း ၊ သင်တို့သည် ဤ အရပ်၌ နေရစ် ၍၊ သင် တို့ ညီအစ်ကို များတို့သည် စစ်တိုက် သွား ရမည်လော။ ၇ ထာဝရဘုရား ပေး တော်မူသော ပြည် သို့ ဣသရေလ အမျိုးသား တို့သည် မကူး မသွားမည် အကြောင်း၊ သူတို့စိတ် ကို အဘယ်ကြောင့် ဖျက် ကြသနည်း။ ၈ ပြည် တော်ကို ကြည့်ရှု စေခြင်းငှါ၊ သင် တို့အဘ တို့ကို ကာဒေရှဗာနာ အရပ်က ငါ စေလွှတ် သောအခါ ထိုသို့ ပြု ကြ၏။ ၉ ဧရှကောလ ချောင်း သို့ သွား ၍ ပြည် တော်ကို ကြည့် မြင်ပြီးမှ၊ ထာဝရဘုရား ပေး တော်မူသော ပြည် သို့ ဣသရေလ အမျိုးသား တို့သည် မ သွား မည်အကြောင်းသူတို့စိတ် ကို ဖျက် ကြ၏။ ၁၀ ထိုအခါ ထာဝရဘုရား သည် အမျက် တော်ထွက် လျက်၊ အကယ်စင်စစ်အာဗြဟံ ၊ ဣဇာတ် ၊ ယာကုပ် တို့ အား ငါကျိန်ဆို ၍ ပေးသောပြည် ကို၊ အဲဂုတ္တု ပြည်မှ ထွက်လာ သောသူတို့တွင် ကေနက် အမျိုး ယေဖုန္နာ ၏သား ကာလက် နှင့် နုန် ၏သား ယောရှု မှတပါး ၊ အဘယ်သူမျှဝ့ဲ နောက်သို့ လုံးလုံးမ လိုက်သောကြောင့် ၊ အသက် နှစ်ဆယ် လွန် သောသူ တစုံတယောက်မျှ မ မြင် ရ။ ထိုသူ နှစ်ယောက်သာ ထာဝရဘုရား နောက်သို့ လုံးလုံးလိုက်ကြ ပြီဟု ကျိန်ဆို တော်မူ၏။ ၁၂ ထိုသို့ ထာဝရဘုရား ရှေ့ တော်၌ ဆိုး သောအမှု ကို ပြု သောလူအပေါင်း တို့သည် မ ပျက်စီး မှီတိုင်အောင်၊ ထာဝရဘုရား သည် ဣသရေလ အမျိုးသားတို့ကို အမျက် ထွက် ၍ အနှစ် လေးဆယ် ပတ်လုံးတော ၌ လှည့်လည် စေ တော်မူ၏။ ၁၄ ယခုမူကား၊ ထာဝရဘုရား သည် ဣသရေလ အမျိုးသားတို့ကို သာ၍ ပြင်းစွာ အမျက် တော်ထွက်စေမည် အကြောင်း၊ သာ၍ ဆိုး သောသူတည်းဟူသောသင်တို့သည် သင် တို့အဘ များကိုယ်စား ပေါ်ထ ကြပြီတကား။ ၁၅ သင်တို့သည် နောက် တော်သို့မလိုက်ဘဲ လွဲသွား ကြလျှင် ၊ တဖန် ဣသရေလအမျိုးသားတို့ကို တော ၌ စွန့်ပစ် တော်မူသဖြင့် ၊ သင်တို့သည် ဤ လူမျိုး အပေါင်း ကို ဖျက်ဆီး ကြလိမ့်မည်ဟု ဂဒ် အမျိုးသား ၊ ရုဗင် အမျိုးသား တို့ အား ပြန်ပြော ၏။ ၁၆ ထိုသူတို့သည်၊ အနီးအပါးသို့ချဉ်းကပ် ၍၊ ကျွန်တော်တို့သည် ကျွန်တော် တို့

တိရစ္ဆာန် များအဘို့ ဤ အရပ်၌ သိုး ခြံတို့ကိုဂင်း ၊ ကျွန်တော် တို့ သူငယ် များ အဘို့ မြို့ တို့ကိုဂင်းတည် ပါမည်။ ၁၇ သို့ရာတွင် ဣသရေလအမျိုးသားတို့ကို သူ တို့ နေရာ အရပ်သို့ မ ပို့ မဆောင်မှီတိုင်အောင်၊ ကျွန်တော်တို့သည် လက်နက် ကိုင်လျက် သူတို့ရှေ့မှာ သွား ပါမည်။ ဤပြည် ၌ ကျန်ကြွင်း သေးသော လူတို့ကြောင့် ကျွန်တော် တို့သူငယ် များသည် ခိုင်ခံ့ သောမြို့ ၌ နေ ရပါမည်။ ၁၈ ဣသရေလ အမျိုးသား အပေါင်းတို့သည် အမွေ ခံရသောမြေကို မ ဝင်စား မှီတိုင်အောင်ကျွန်တော်တို့သည် ကိုယ် အိမ် သို့ မ ပြန် မလာပါ။ ၁၉ ကျွန်တော်တို့သည် ယော်ဒန် မြစ်တဘက် ၌ သူ တို့ နှင့်အတူ အမွေ ကို မ တောင်းမခံပါ။ ကျွန်တော် တို့အမွေ ခံရာမြေသည် ယော်ဒန် မြစ်အရှေ့ဘက်၌ ကျပါသည်ဟု လျှောက် ပြန်ကြ၏။ ၂၀ မောရှေ ကလည်း ၊ သို့ ဖြစ်၍သင်တို့သည် ထာဝရဘုရား ရှေ့ တော်၌ လက်နက် ကိုင်လျက် စစ်တိုက် သွား လျှင် ၎င်း၊ ၂၁ ထာဝရဘုရားသည် ရန်သူ တို့ကို ရှေ့ တော်မှ နှင်ထုတ် ၍ ထိုပြည် ကို အောင် တော်မ မူမှီတိုင်အောင်၊ ၂၂ သင် တို့ရှိသမျှ သည် လက်နက် ကိုင်လျက် ထာဝရဘုရား ရှေ့ တော်၌ ယော်ဒန် မြစ်တဘက်သို့ ကူး သွားလျှင် ၎င်း၊ ထိုနောက်မှ ထာဝရဘုရား ရှေ့ ဣသရေလ အမျိုးသားရှေ့၌အပြစ် ကင်းလွတ်လျက်၊ ဤ ပြည် သို့ ပြန်လာ ၍ ထာဝရဘုရား အခွင့်နှင့် အမွေ ခံရ ကြမည်။ ၂၃ ထိုသို့မ ပြု လျှင် မူကား ၊ သင်တို့သည် ထာဝရဘုရား ကို ပြစ်မှား ခြင်းရှိသည်အတိုင်း ၊ ထိုအပြစ် သည် သင် တို့ကို လိုက် ၍ မှီလိမ့်မည်။ ၂၄ သူငယ် များအဘို့ မြို့ တို့ကိုဂင်း ၊ သိုး များအဘို့ သိုးခြံ တို့ကိုဂင်း၊ တည် လုပ်ကြလော့။ ယခုပြော သမျှ အတိုင်း ပြု ကြလော့ဟုဆိုလျှင်၊ ၂၅ ဂဒ် အမျိုးသား နှင့် ရုဗင် အမျိုး တို့က၊ ကိုယ်တော် ကျွန် တို့သည် သခင် မိန့် တော်မူသည်အတိုင်း ပြု ပါမည်။ ၂၆ ကျွန်တော် တို့ မယား သားသူငယ် များနှင့် သိုး နွား အလုံးစုံ တို့သည် ဤ အရပ်၊ ဂိလဒ် မြို့ တို့ ၌ နေရစ် ရပါမည်။ ၂၇ ကိုယ်တော် ကျွန် အပေါင်းတို့မူကား ၊ သခင် မိန့် တော်မူသည်အတိုင်း ၊ လက်နက် ကိုင်လျက် ထာဝရဘုရား ရှေ့ တော်၌ စစ်တိုက် ခြင်းငှါကူး သွားပါမည်ဟု လျှောက်ထား ကြ၏။ ၂၈ ထိုအမှုကြောင့်၊ မောရှေ သည် ယဇ်ပုရောဟိတ် ဧလာဇာ ၊ နုန် ၏သား ယောရှု အစရှိသော ဣသရေလ အမျိုးသား အဆွေအမျိုး သူကြီး များတို့ကို ခေါ် ၍ ၊ ၂၉ ဂဒ် အမျိုးသား နှင့် ရုဗင် အမျိုးသား တို့သည် စစ်တိုက်ခြင်းငှါအသီးအသီးလက်နက် ကိုင်လျက် ထာဝရဘုရား ရှေ့ တော်၌ သင် တို့နှင့်အတူ ယော်ဒန် မြစ်တဘက် သို့ ကူး သွား၍၊ သင်တို့သည် ထိုပြည် ကို အောင် ပြီးလျှင် ၊ ထိုအမျိုးသား တို့အား ဂိလဒ် ပြည် ကို အပိုင် ပေး ရကြမည်။ ၃၀ သို့မဟုတ် သူတို့သည်လက်နက် ကိုင်လျက် သင် တို့နှင့်အတူ မ ကူး မသွားလျှင် ၊ ခါနာန် ပြည် ၌ သင် တို့တွင် ကိုယ်ပိုင်ရာမြေကို ခံယူ ရကြမည်ဟု မှာထား လေ၏။ ၃၁ ဂဒ် အမျိုးသား နှင့် ရုဗင် အမျိုးသား တို့ကလည်း၊ ထာဝရဘုရား သည် ကိုယ်တော် ကျွန် တို့အား မိန့် တော်မူသည် အတိုင်း ၊ ကျွန်တော်တို့သည် ပြု ကြပါမည်။ ၃၂ ယော်ဒန် မြစ်အရှေ့ဘက်၌ အမွေ ခံရပါမည်အကြောင်း၊ ကျွန်တော် တို့သည် လက်နက် ကိုင်လျက် ထာဝရဘုရား ရှေ့ တော်၌ ခါနာန် ပြည် သို့ ကူး သွားပါမည် ဟု ပြန်လျှောက် ကြ၏။ ၃၃ ထိုအခါ မောရှေ သည် အာမောရိ ရှင်ဘုရင် ရှိဟုန် ၏ နိုင်ငံ ဆိုင်သမျှ၊ ဗာရှန် ရှင်ဘုရင် ဩဃ ၏ နိုင်ငံ ဆိုင်သမျှသောနယ်မြေ မြို့ ရွာတို့ကို ဂဒ် အမျိုးသား ၊ ရုဗင် အမျိုးသား ၊ ယောသပ် ၏သား မနာရှေမှ ဆင်းသက်သော မနာရှေ အမျိုးသား တဝက် ၌ အပ်

ပေးလေ၏။ ၃၄ ဂဒ် အမျိုးသား တို့သည် ဒီဗုန် ၊ အတရုတ် ၊ အာရော် ၊ ၃၅ အာတရုတ် ၊ ရှောဖန်၊ ယာဇာ ၊ ယုမ္မေဟ ၊ ၃၆ ဗက်နိမရာ ၊ ဗေသာရန် မြို့ များကိုလင်း ၊ သိုး ခြံများ ကိုလင်းတည် လုပ်ကြ၏။ ၃၇ ရုဗင် အမျိုးသား တို့သည် ဟေရှဘုန် ၊ ဧလာလေ ၊ ကိရယသိမ် ၊ ၃၈ နေဗော ၊ ဗာလမောန ၊ ရှိဗမ မြို့ များကို အသစ် သောအမည် ဖြင့် သမုတ် ၍ တည် ကြ၏။ ၃၉ မနာရှေ မှ ဆင်းသက်သော မာခိရ အမျိုးသား တို့သည်၊ ဂိလဒ် မြို့သို့ သွား ၍ သိမ်းယူ ပြီးလျှင် ၊ အရင် မြို့သား အာမောရိ လူတို့ကို နှင်ထုတ် ကြ၏။ ၄၀ မောရှေ သည် ဂိလဒ် မြို့ကို မနာရှေ ၏သား မာခိရ အမျိုးသားတို့အား ပေး ၍ သူတို့သည် နေ ကြ၏။ ၄၁ မနာရှေ အမျိုးသား ယာကြရ သည်လည်း သွား ၍ ဂိလဒ်ရွာ များကို သိမ်းယူ ပြီးမှ ၊ ဟာဝုတ် ယာကြရ အမည် ဖြင့် သမုတ် လေ၏။ ၄၂ နောဗာ သည်လည်း သွား ၍ ကေနတ် မြို့ ရွာတို့ကို သိမ်းယူ ပြီးမှ ၊ မိမိ အမည် ဖြင့် နောဗာ မြို့ဟု သမုတ် လေ၏။

၃၂ မောရှေ နှင့် အာရုန် စီရင်၍ အဲဂုတ္တု ပြည် မှ ထွက်လာ သောကြသရေလ အမျိုးသား အလုံးအရင်း တို့ သည် ခရီးသွား ခြင်း အကြောင်းအရာများကို၊ ၂ ထာဝရဘုရား အမိန့် တော်အတိုင်း မောရှေ မှတ်သား ၍ ၊ ထို ခရီးသွား ခြင်း အကြောင်းအရာပါသော စာရင်း ဟူမူကား၊ ၃ ပဌမ လ တဆယ် ငါး ရက် နေ့၌ ရာမသက် မြို့မှ ထွက်လာ ကြ၏။ ပသခါ ပွဲကို ခံပြီးသောနောက်၊ နက်ဖြန် နေ့၌ ဣသရေလ အမျိုးသား တို့သည် အဲဂုတ္တု လူအပေါင်း တို့ရှေ့မှာ ဝါကြွား သောအခြင်းအရာနှင့် ထွက်လာ ကြ၏။ ၄ အကြောင်းမူကား၊ ထာဝရဘုရား ဒဏ်ခတ် တော်မူသောသားဦး အပေါင်း တို့ကို အဲဂုတ္တု လူတို့သည် သင်္ဂြိဟ် ရကြ၏။ သူ တို့၏ ဘုရား များကိုလည်း ၊ ထာဝရဘုရား သည် တရား စီရင် တော်မူ၏။ ၅ ဣသရေလ အမျိုးသား တို့သည် ရာမသက် မြို့မှ ပြောင်း ၍ သုကုတ် အရပ်၌ စားခန်းချ ကြ၏။ ၆ သုကုတ် အရပ်မှ ပြောင်း ၍ တော စပ် နား ၊ ဧသံ မြို့၌ စားခန်းချ ကြ၏။ ၇ ဧသံ မြို့မှ ပြောင်း ၍ ဗာလဇေဖုန် မြို့ရှေ့မှာ ရှိ သော ပိဟဟိရုတ် မြို့သို့ တဖန် လည်၍ မိဂဒေါလ မြို့ ရှေ့၌ စားခန်းချ ကြ၏။ ၈ ပိဟဟိရုတ် မြို့မှ ပြောင်း ၍ ပင်လယ် အလယ် ၌ ရှောက်သွား သဖြင့် ဧသံ တော သို့ ရောက်၍၊ ထိုတော ထဲ၌ သုံး ရက် ခရီး သွား ပြီးလျှင် ၊ မာရ အရပ်၌ စားခန်းချ ကြ၏။ ၉ မာရ အရပ်မှ ပြောင်း ၍ ရေတွင်း ဆယ် နှစ် တွင်း နှင့် စွန်ပလွံ ပင် ခုနစ်ဆယ် ရှိသောဧလိမ် ရွာသို့ ရောက် ၍ စားခန်းချ ကြ၏။ ၁၀ ဧလိမ် ရွာမှ ပြောင်း ၍ ဧဒုံ ပင်လယ် နားမှာ စားခန်းချ ကြ၏။ ၁၁ ဧဒုံ ပင်လယ် မှ ပြောင်း ၍ သိန် တော ၌ စားခန်းချ ကြ၏။ ၁၂ သိန် တော မှ ပြောင်း ၍ ဒေါဖကာ အရပ်၌ စားခန်းချ ကြ၏။ ၁၃ ဒေါဖကာ အရပ်မှ ပြောင်း ၍ အာလုရှ အရပ်၌ စားခန်းချ ကြ၏။ ၁၄ အာလုရှ အရပ်မှ ပြောင်း ၍ လူ များသောက် စရာရေ မ ရှိ သော ရေဖိဒိမ် အရပ်၌ စားခန်းချ ကြ၏။ ၁၅ ရေဖိဒိမ် အရပ်မှ ပြောင်း ၍ သိနာ တော ၌ စားခန်းချ ကြ၏။ ၁၆ သိနာ တော မှ ပြောင်း ၍ ကိဗြုတ်ဟတ္တဝါ အရပ်၌ စားခန်းချ ကြ၏။ ၁၇ ကိဗြုတ်ဟတ္တဝါ အရပ်မှ ပြောင်း ၍ ဟာဇရုတ် အရပ်၌ စားခန်းချ ကြ၏။ ၁၈ ဟာဇရုတ် အရပ်မှ ပြောင်း ၍ ရိသမ အရပ်၌ စားခန်းချ ကြ၏။ ၁၉ ရိသမ အရပ်မှ ပြောင်း ၍ ရိမ္မုန်ဖါရက် ၌ စားခန်းချ ကြ၏။ ၂၀ ရိမ္မုန်ဖါရက် အရပ်မှ ပြောင်း ၍ လိဗန ရွာ၌ စားခန်းချ ကြ၏။ ၂၁ လိဗန ရွာမှ ပြောင်း ၍ ရိဿ အရပ်၌ စားခန်းချ ကြ၏။ ၂၂ ရိဿ အရပ်မှ ပြောင်း ၍ ကေဟလာသ အရပ်၌ စားခန်းချ ကြ၏။ ၂၃

ကေဟလာသ အရပ်မှ ပြောင်း ၍ ရှာဖါ တောင် ၌ စားခန်းချ ကြ၏။ ၂၄ ရှာဖါ တောင် မှ ပြောင်း ၍ ဟာရဒ အရပ်၌ စားခန်းချ ကြ၏။ ၂၅ ဟာရဒ အရပ်မှ ပြောင်း ၍ မက္ကလုတ် အရပ်၌ စားခန်းချ ကြ၏။ ၂၆ မက္ကလုတ် အရပ်မှ ပြောင်း ၍ တာဟတ် အရပ်၌ စားခန်းချ ကြ၏။ ၂၇ တာဟတ် အရပ်မှ ပြောင်း ၍ တာရ အရပ်၌ စားခန်းချ ကြ၏။ ၂၈ တာရ အရပ်မှ ပြောင်း ၍ မိသကာ အရပ်၌ စားခန်းချ ကြ၏။ ၂၉ မိသကာ အရပ်မှ ပြောင်း ၍ ဟာရှမောန အရပ်၌ စားခန်းချ ကြ၏။ ၃၀ ဟာရှမောန အရပ်မှ ပြောင်း ၍ မောသရုတ် အရပ်၌ စားခန်းချ ကြ၏။ ၃၁ မောသရုတ် အရပ်မှ ပြောင်း ၍ ဗယ်ကန် အရပ် ၌ စားခန်းချ ကြ၏။ ၃၂ ဗယ်ကန် အရပ်မှ ပြောင်း ၍ ဟောရဂိဒ်ဂဒ် အရပ်၌ စားခန်းချ ကြ၏။ ၃၃ ဟောရဂိဒ်ဂဒ် အရပ်မှ ပြောင်း ၍ ယုဗ္ဗာသ အရပ်၌ စားခန်းချ ကြ၏။ ၃၄ ယုဗ္ဗာသ အရပ်မှ ပြောင်း ၍ ဇဗြောန အရပ်၌ စားခန်းချ ကြ၏။ ၃၅ ဇဗြောန အရပ်မှ ပြောင်း ၍ ဧဇျုန်ဂါဗာ အရပ် ၌ စားခန်းချ ကြ၏။ ၃၆ ဧဇျုန်ဂါဗာ အရပ်မှ ပြောင်း ၍ ဇိန တော ၊ ကာဒေရှ အရပ်၌ စားခန်းချ ကြ၏။ ၃၇ ကာဒေရှ အရပ်မှ ပြောင်း ၍ ဧဒုံ ပြည် အနား မှာ ဟောရ တောင် ၌ စားခန်းချ ကြ၏။ ၃၈ ဣသရေလ အမျိုးသား တို့သည် အဲဂုတ္တု ပြည် မှ ထွက် သောနောက်၊ သက္ကရာဇ် လေးဆယ် ၊ ပဉ္စမ လ ပဌမ နေ့ရက်၌ ထာဝရဘုရား အမိန့်တော်ရှိသည်တိုင်း၊ ယဇ်ပုရောဟိတ် အာရုန် သည် ဟောရ တောင် ပေါ် သို့ တက် ၍ အနိစ္စ ရောက်လေ၏။ ၃၉ အာရုန် သည် ဟောရ တောင် ပေါ် မှာ အနိစ္စ ရောက်သောအခါ ၊ အသက် တရာ နှစ်ဆယ် သုံး နှစ် ရှိသတည်း။ ၄၀ ခါနာန် ပြည် တောင် ပိုင်း၌ နေ သောခါနနိ ရှင်ဘုရင် အာရဒ် သည် ဣသရေလ အမျိုးသား ရောက် ကြောင်းကို ကြား လေ၏။ ၄၁ သူတို့သည် ဟောရ တောင် မှ ပြောင်း ၍ ၊ ဇာလမောန အရပ်၌ စားခန်းချ ကြ၏။ ၄၂ ဇာလမောန အရပ်မှ ပြောင်း ၍ ပုနုန် အရပ်၌ စားခန်းချ ကြ၏။ ၄၃ ပုနုန် အရပ်မှ ပြောင်း ၍ သြဗုတ် အရပ်၌ စားခန်းချ ကြ၏။ ၄၄ သြဗုတ် အရပ်မှ ပြောင်း ၍ ဣဇာဗာရိမ် အရပ်၌ စားခန်းချ ကြ၏။ ၄၅ ဣဇာဗာရိမ်အရပ်မှ ပြောင်း ၍ ဒိဗုန် ဂဒ် အရပ်၌ စားခန်းချ ကြ၏။ ၄၆ ဒိဗုန် ဂဒ် အရပ်မှ ပြောင်း ၍ အာလမုန်ဒိဗလသိမ် အရပ်၌ စားခန်းချ ကြ၏။ ၄၇ အာလမုန်ဒိဗလသိမ် အရပ်မှ ပြောင်း ၍ နေဗော တောင်ရှေ့တွင် အာဗရိမ် တောင်ရိုး ၌ စားခန်းချ ကြ၏။ ၄၈ အာဗရိမ် တောင်ရိုး မှ ပြောင်း ၍ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား ၊ ယေရိခေါ မြို့တဘက်၌ စားခန်းချ ကြ၏။ ၄၉ ထိုသို့ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နားမှာ ဗက်ယေရှိမုတ် မြို့မှ အာဗေလရှိတ္တိမ် မြို့ တိုင်အောင် စားခန်းချ ကြ၏။ ၅၀ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား၊ ယေရိခေါ မြို့ တဘက်၌ ထာဝရဘုရား သည် မောရှေ ကို ခေါ် ၍၊ ၅၁ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့သည် ယော်ဒန် မြစ်ကိုကူး ၍ ခါနာန် ပြည် သို့ ရောက်ကြသောအခါ၊ ၅၂ ထိုပြည်သူ ပြည်သားအပေါင်း တို့ကို နှင်ထုတ် ရကြမည်။ သူ တို့ရေး သော အရုပ်၊ သွန်း သော ရုပ်တု ဆင်းတုရှိသမျှ တို့ကို ဖျက် ရကြမည်။ သူ တို့လုပ်သော ကုန်း ရှိသမျှ တို့ ကို ဖြိုချ ရကြမည်။ ၅၃ ထိုပြည် ကို သင် တို့အား ငါအပိုင် ပေး သောကြောင့် ၊ ထိုပြည်သားတို့ကို နှင်ထုတ် ၍ သင်တို့ကိုယ်တိုင်နေ ရကြမည်။ ၅၄ သင် တို့အဆွေအမျိုး တို့အား စာရေးတံချ ၍ ထိုမြေ ကို ဝေ ရမည်။ လူများ လျှင်များ သောမြေ၊ လူနည်း လျှင် နည်း သောမြေကို ပေးရမည်။ အသီးအသီးတို့သည် စာရေးတံ ကျ သည်အတိုင်း၊ ဘိုးဘ အမျိုးအနွယ် အလိုက် အမွေ

ခံရကြမည်။ ၅၅ သင်တို့သည် ထိုပြည်သူ ပြည်သားတို့ကို အကုန်အစင် မ နှင်ထုတ် လျှင် ၊ ကျန်ကြွင်း သောသူတို့ သည် သင် တို့မျက်စိ ၌ အပ် ဖျားကဲ့သို့ ၎င်း ၊ သင် တို့နံဘေး ၌ ဆူး ကဲ့သို့ ၎င်း ဖြစ်၍၊ သင် တို့နေ သောပြည် မှာ သင် တို့ကို နှောင့်ရှက် ကြလိမ့်မည်။ ၅၆ ထိုမှတပါး ၊ သူ တို့အား ငါကြံစည် သည်အတိုင်း သင် တို့ကို ငါပြု မည်ဟု မိန့် တော်မူ၏။

၃၄ တဖန် မောရှေ အား ထာဝရဘုရား က၊ သင်သည် ကလသရေလ အမျိုးသား တို့အား ဆင့်ဆို ရ မည်မှာ၊ ၂ သင် တို့သည် ခါနာန် ပြည် သို့ ရောက် ကြသောအခါ ၊ သင်တို့အမွေ ခံရ သော ခါနာန် ပြည်နယ် အပိုင်းအခြား ဟူမူကား၊ ၃ တောင် မျက်နှာ တွင် ဧဒုံ တောင် မှ ဧဒုံ ပြည် အနား ၌ ရှောက်လျှင်၊ သောဒုံ အိုင် အရှေ့ စွန်းသည် တောင် ဘက်အပိုင်းအခြား ဖြစ် ရမည်။ ၄ တောင် ဘက်အပိုင်းအခြား သည် တောင် မျက်နှာမှလည် ၍၊ အာကရဗ္ဗိမ် ကုန်း ကို ရှောက် လျက် ဇိန ရွာသို့ ရောက်ရမည်။ ထိုရွာကပြန်၍ ကာဒေရှဗာနာ ရွာ၊ ဟာဇရဒ္ဒါ ရွာ၊ အာဇမုန် ရွာကိုရှောက် သဖြင့် ၊ ၅ အာဇမုန် ရွာမှ ပြန် ၍ အဲဂုတ္တု ချောင်း ကို လိုက် လျက် ပင်လယ် ၌ ဆုံး ရမည်။ ၆ အနောက် ဘက်၌ ပင်လယ် ကြီး သည် အနောက် အပိုင်းအခြား ဖြစ် ရမည်။ ၇ မြောက် ဘက်အပိုင်းအခြား သည် ကြီး သော ပင်လယ် က ထွက်၍ ဟောရ တောင် ကို ရှေ့ရှု သွားပြီးလျှင်၊ ၈ ထိုတောင် မှ ဟာမတ် လမ်း၀၊ ဇေဒဒ် ရွာ၊ ၉ ဇိဖြုန် ရွာကို ရှောက် ၍ ဟာဇရေနန် ရွာ၌ ဆုံး ရမည်။ ၁၀ အရှေ့ အပိုင်းအခြား သည် ဟာဇရေနန် ရွာမှ ထွက်၍ ရှေဖံ ရွာသို့ ရောက်ပြီးလျှင်၊ ၁၁ အက္ကန ရွာအရှေ့ ၌ ရှောက်၍ ရိဗလ ရွာသို့ သွား ရမည်။ ထိုရွာမှထွက်၍ ဂနေ်သရက် အိုင် အရှေ့ ကမ်း ကို ရှောက် သဖြင့်၊ ၁၂ ယော်ဒန် မြစ်ကို လိုက်၍ သောဒုံ အိုင် ၌ ဆုံး ရမည်။ ဤရွှေ့ကား ၊ သင်တို့အမွေခံရသောပြည်နယ် အပိုင်းအခြား ဖြစ် သတည်းဟု မိန့် တော်မူ၏။ ၁၃ မောရှေ ကလည်း ၊ ဤရွှေ့ကား ၊ သင်တို့သည် စာရေးတံ ချ၍ အမွေ ခံရသောပြည်၊ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ အမျိုး ကိုး မျိုးနှင့် အမျိုး တဝက် ၌ ဝေ ပေးရသောပြည် ဖြစ်သတည်း။ ၁၄ ရုဗင် အမျိုးသား ၊ ဂဒ် အမျိုးသား ၊ မနာရှေ အမျိုးသား တဝက် တည်းဟူသောအမျိုး နှစ် မျိုးနှင့် တဝက် တို့ သည် မိမိ တို့အမွေ ခံသောမြေကို ယော်ဒန် မြစ်အရှေ့ ၊ ယေရိခေါ မြို့တဘက်၊ နေ ထွက်ရာဘက်၌ ဘိုးဘ အဆွေအမျိုး အလိုက် ခံရ ကြပြီဟု ကလသရေလ အမျိုးသား တို့အား မှာထား လေ၏။ ၁၆ တဖန် ထာဝရဘုရား သည် မောရှေ အား မိန့် တော်မူသည်ကား၊ ၁၇ အမျိုးသား တ မျိုးလျှင် မင်း တ ပါးစီရွေး ၍ ၊ ထိုမင်းတို့သည် ယဇ်ပုရောဟိတ် ဧလာဇာ ၊ နုန် ၏သား ယောရှု တို့နှင့် ဝိုင်းလျက်၊ ၁၈ ခါနာန်ပြည် ကို ဝေ၍ သင် တို့အား အမွေ ပေးရကြမည်။ ၁၉ ရွေးရသောမင်း တို့၏အမည် ကား၊ ယုဒ အမျိုးသား ထဲက ယေဖုန္နာ သား ကာလင်။ ၂၀ ရှိမောင် အမျိုးသား ထဲက အမိဟုဒ် သား ရှေမွေလ။ ၂၁ ဗယ်ာမိန် အမျိုး ထဲက ခိသလုန် သား ဧလိဒဒ်။ ၂၂ ဒန် အမျိုး ကို အုပ်စိုး သောသူ၊ ယောဂလိ သား ဗုက္ကိ။ ၂၃ ယောသပ် သား တို့တွင် မနာရှေ အမျိုး ကို အုပ်စိုး သောသူ၊ ဧဖုဒ် သား ဟံယေလ။ ၂၄ ဧဖရိမ် အမျိုး ကို အုပ်စိုး သောသူ၊ ရှိဖတန် သား ကေမွေလ။ ၂၅ ဇာဗုလုန် အမျိုး ကို အုပ်စိုး သောသူ၊ ပါနက် သား ဧလိဇဖန်။ ၂၆ ဣသခါ အမျိုး ကို အုပ်စိုး သောသူ၊ အဇ္ဇန် သား ပါလတေလ။ ၂၇ အာရှာ အမျိုး ကို အုပ်စိုး သောသူ၊ ရှေလောမိ သား အဘိဟုဒ်။ ၂၈ နဿလိ အမျိုး ကို အုပ်စိုး သောသူ၊ အမိဟုဒ် သား ပေဒဟေလ တည်း။ ၂၉ ဤ သူတို့သည် ခါနာန်

ပြည် ၌ ဣသရေလ အမျိုးသား တို့အား အမွေ မြေကို ဝေပေးစေခြင်းငှါ ထာဝရဘုရား ခန့်ထား တော်မူသောသူ ဖြစ်ကြသတည်း။

၃၅ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား ၊ ယေရိခေါ မြို့ တဘက် ၌ ထာဝရဘုရား သည် မောရှေ ကို ခေါ် တော်မူ ၍၊ ၂ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သူတို့သည် အမွေခံ သောမြေ၌ လေဝိ သားတို့နေ စရာဘို့ မြို့ တို့ကိုငင်း၊ မြို့ပတ်လည် နယ် တို့ကိုငင်း၊ ပေး ရကြမည်။ ၃ ထိုမြို့ တို့သည် လေဝိသားနေ စရာဘို့ ဖြစ်၍၊ မြို့ ပတ်လည်နယ် တို့ ၌ သိုး နွား အစရှိသော တိရစ္ဆာန် များနှင့် ဥစ္စာ များကို ထား ရမည်။ ၄ လေဝိ သားတို့အား ပေး သော မြို့ နယ် တို့ကို မြို့ ပြင် ပတ်လည် ၌ အတောင် တထောင် ကျယ်စေရမည်။ ၅ မြို့ ပြင် ၊ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် အရပ်လေးမျက်နှာ၌ နှစ်ထောင် စီ တိုင်းထွာ ၍၊ ထို မြေ အလယ် ချက်၌ မြို့ တည်ရမည်။ ဤရွေ့ကား၊ မြို့ နယ် အတိုင်း အရှည်ဖြစ် ရသတည်း။ ၆ လေဝိ သားတို့အား ပေး သော မြို့ တို့တွင်၊ လူကို သတ် သောသူသည် ပြေး ၍မှီခို ရာမြို့ ခြောက် မြို့ တို့ကို ရွေးထားရမည်။ ထို မြို့ မှတပါး အခြားသော မြို့ လေးဆယ် နှစ် မြို့ တို့ကိုပေး ရမည်။ ၇ ထိုသို့ လေဝိ သားတို့အား ပေး ရသော မြို့ ပေါင်း ကား၊ နယ် နှင့်တကွ လေးဆယ် ရှစ် မြို့ ဖြစ်သတည်း။ ၈ ထို မြို့ တို့ကို ဣသရေလ အမျိုးသား ပိုင် သော မြေထဲက နှုတ်ရမည်။ များ သောမြေကို ရသောသူသည် များ သောမြို့၊ နည်း သောမြေကို ရသောသူသည်နည်း သောမြို့ တို့ကိုပေး ရမည်။ လူအသီးသီး တို့သည် အမွေ ခံရသည်အတိုင်း ၊ မိမိ တို့မြို့ များထဲက နှုတ်၍ လေဝိ သားတို့အား ပေး ရမည်။ ၉ တဖန် မောရှေ အား ထာဝရဘုရား က၊ ၁၀ သင်သည် ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့သည် ယော်ဒန် မြစ်ကို ကူး ၍၊ ခါနာန် ပြည် သို့ ရောက်ကြသောအခါ၊ ၁၁ လူအသက် ကို အမှတ်တမဲ့ သတ် မိသောသူပြေး ၍ မှီခို ရာမြို့ တို့ကို ရွေး ထားရမည်။ ၁၂ ထိုမြို့ တို့ကား၊ လူအသက်ကိုသတ် သောသူသည် ပရိသတ် ရှေ့သို့ ရောက် ၍၊ တရား စီရင်ခြင်းကို မခံမီ့ တိုင်အောင်၊ သေစားသေစေ သောသူ၏လက်မှ လွတ် ၍ မှီခို ရာမြို့ ဖြစ် ရသတည်း။ ၁၃ လေဝိသားတို့အားပေး သော မြို့ တို့တွင် ယော်ဒန် မြစ်အရှေ့ ဘက်၌ မှီခိုရာမြို့ သုံး မြို့၊ ၁၄ ခါနာန် ပြည် ၌ မှီခို ရာမြို့ သုံး မြို့၊ ပေါင်းခြောက် မြို့ တို့ကို ရွေးထားရမည်။ ၁၅ ထို မြို့ ခြောက် မြို့ တို့ကား၊ လူအသက် ကို အမှတ်တမဲ့ သတ် မိသော ဣသရေလ အမျိုးသား ၊ သင်တို့တွင် တည်းခို သော တပါး သော အမျိုးသားတို့သည် ပြေး ၍ မှီခို ရာမြို့ ဖြစ် သတည်း။ ၁၆ သို့ရာတွင် လူအသက်ကို သေ စေခြင်းငှါ ၊ သံ လက်နက် နှင့် ရိုက် လျှင် လူသတ် ဖြစ်၏။ လူသတ် သည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၁၇ လူအသက်ကို သေ စေခြင်းငှာ ကျောက်ခဲ နှင့် ပစ် လျှင် လူသတ် ဖြစ်၏။ အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၁၈ လူအသက်ကို သေ စေခြင်းငှာ သစ်သား လက်နက် နှင့် ရိုက် လျှင် လူသတ် ဖြစ်၏။ အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၁၉ သေစားသေစေ သောသူသည် လူသတ် ကို တွေ့ သောအခါ ၊ ကိုယ်တိုင် သတ် ရမည်။ ၂၀ သူတပါးကို အငြိုးထား ၍ တွန်းချ သော်၎င်း ၊ သေ စေခြင်းငှါ ချောင်းမြောင်း ၍ တစုံတခုနှင့် ပစ် သော်၎င်း၊ ၂၁ သေ စေခြင်းငှါ မုန်း သောစိတ်ရှိ၍ လက် နှင့် ရိုက် သော်၎င်း ၊ ထိုသို့ပြုသောသူသည် လူသတ် ဖြစ်သောကြောင့်၊ အသေ သတ်ခြင်းကို အမှန်ခံရမည်။ သေစားသေစေ

သောသူသည် တွေ့ သောအခါ သတ် ရမည်။ ၂၂ သို့မဟုတ် မုန်း သောစိတ်မ ရှိဘဲ အမှတ်တမဲ့ တွန်းချ သော်၎င်း ၊ မ
ချောင်းမြောင်း ဘဲ တစုံတခု နှင့် ပစ် မိ သော်၎င်း၊ ၂၃ သူ ၏ရန်သူ မ ဟုတ်၊ မုန်း သောစိတ်မ ရှိ၊ သူ့ကို မ မြင် ဘဲလျက်
သေ အောင် ကျောက်ခဲ နှင့် ပစ်မိသော်၎င်း၊ ၂၄ ယခုစီရင် ထုံးဖွဲ့သည်အတိုင်း ၊ ပရိသတ် တို့သည် သတ် သောသူနှင့်
သေစားသေစေ သောသူ စပ်ကြား ၌ တရား စီရင်၍၊ ၂၅ သတ် သောသူကို သေစားသေစေ သောသူ၏ လက် မှ နှုတ်
သဖြင့် ၊ အထက်ကပြေး ၍ မှီခို သောမြို့ သို့ ပြန် ပို့ရမည်။ ဓမ္မ ဆီ လောင်း ခြင်းကို ခံရသောယဇ်ပုရောဟိတ် မင်း မ သေ
မှီတိုင်အောင်ထိုမြို့ ၌ နေ ရမည်။ ၂၆ လူအသက်ကိုသတ် မိသောသူသည် ပြေး ၍ မှီခို သောမြို့ နယ် ပြင်သို့ ထွက် သော် ၊
၂၇ သေစားသေစေ သောသူသည် မြို့ နယ် ပြင် မှာ ထိုသူ ကို တွေ့ ၍ သတ် လျှင်၊ လူအသက်ကိုသတ် သောအပြစ်
မ ရှိ။ ၂၈ အကြောင်းမူကား ၊ ထိုသူသည် ယဇ်ပုရောဟိတ် မင်း မ သေ မှီတိုင်အောင်၊ မိမိ မှီခို သော မြို့ ထဲမှာ နေ
ရ မည်။ ယဇ်ပုရောဟိတ် မင်း သေ သောနောက်မှ ၊ ထိုသူသည် မိမိ ပိုင် သောမြေ သို့ ပြန် ရသောအခွင့်ရှိ၏။ ၂၉
ဤရွေ့ကား ၊ သင် တို့သည် နေ လေရာရာ ၌ သားမြေး အစဉ်အဆက်စောင့်ရသောစီရင် ထုံးဖွဲ့ချက် ဖြစ် သတည်း။ ၃၀
လူအသက် ကိုသတ် ၍ လူသတ် ဖြစ်သောသူ မည်သည်ကား၊ သက်သေခံ ချက် ရှိသည်အတိုင်း အသေ သတ်ခြင်းကို
အမှန်ခံရမည်။ သို့ရာတွင် သက်သေ တယောက်တည်း သာရှိလျှင် မ သတ် ရ။ ၃၁ အသေခံထိုက်သော လူသတ် ၏
အသက် ဘိုးငွေ ကို မ ခံ မယူရ။ သူသည် အသေ သတ်ခြင်းကို အမှန် ခံရမည်။ ၃၂ မှီခို ရာမြို့ သို့ ပြေး သောသူသည်၊
ယဇ်ပုရောဟိတ် မင်း မ သေ မှီ၊ မိမိနေရင်းအရပ် သို့ ပြန် ၍ နေ မည် အကြောင်း၊ အရွေး ငွေကို မ ခံ မယူရ။ ၃၃
ထိုသို့ သင် တို့နေသောပြည် ကို မ ညစ်ညူး စေရ။ လူအသွေး သည်ပြည် ကိုညစ်ညူး စေတတ်၏။ လူအသွေးကို သွန်း
သောသူ၏အသွေး အားဖြင့် သာ ထိုညစ်ညူးခြင်းကို စင်ကြယ် စေနိုင်၏။ ၃၄ ငါ ကျိန်းဝပ် ၍ သင် တို့နေ သောပြည် ကို
မ ညစ်ညူး စေရ။ ငါ ထာဝရဘုရား သည် ဣသရေလ အမျိုးသား တို့တွင် ကျိန်းဝပ် သည်ဟု မိန့်တော်မူ၏။

၃၆ ယောသပ် အမျိုး ဖြစ်သော မနာရှေ နှင့် မာခိရ တို့ မှ ဆင်းသက်သော ဂိလဒ် ၏သား အဆွေအမျိုး သူကြီး

တို့သည်၊ မောရှေ အစရှိသော ဣသရေလ အမျိုးသား အဆွေအမျိုး သူကြီးတို့ထံသို့ လာ၍၊ ၂ အကျွန်ုပ် တို့သခင်
သည် စာရေးတံချ သဖြင့်၊ ဣသရေလ အမျိုးသား တို့အား ခါနာန်ပြည် ကို အမွေ ပေး စေခြင်းငှါ ၎င်း၊ အကျွန်ုပ်
တို့အစ်ကို ဇလောဖဒ် ၏ အမွေ မြေကို သူ ၏သမီး တို့အား ပေး စေခြင်းငှါ ၎င်း၊ ထာဝရဘုရား အမိန့် တော် ရှိပါ၏။ ၃
ထိုမိန်းမတို့သည် မိမိအမျိုး မှတပါး ၊ အခြားသော ဣသရေလ အမျိုးသား နှင့် စုံဘက် လျှင်၊ သူ တို့အမွေ မြေကို
အကျွန်ုပ် တို့ မိဘ အစဉ်အဆက်အမွေ မှ နှုတ် ၍ သူတို့ ဝင် သော အမျိုး ၏ အမွေ ထဲ၌ ပါ သွားသဖြင့် ၊ အကျွန်ုပ် တို့
အမွေ မြေသည် လျော့ ပါလိမ့်မည်။ ၄ ဣသရေလ အမျိုးသား တို့ ၌ ယုဘိလ နှစ်ရောက် သောအခါ ၊ သူ တို့အမွေ
မြေသည် သူတို့ဝင် သော အမျိုး ၏ အမွေ ၌ အမြဲတည်သဖြင့်၊ အကျွန်ုပ် တို့၏ မိစဉ်ဘဆက် အမွေ မှ အစဉ်နှုတ် လျက်
ရှိပါလိမ့်မည်ဟု လျှောက်ထားကြ၏။ ၅ ထိုအခါ မောရှေ သည် ထာဝရဘုရား ၏ အမိန့် တော်အတိုင်း ၊ ဣသရေလ
အမျိုးသား တို့အား မှာထား လေ သည်မှာ၊ ယောသပ် အမျိုးသား တို့၏ စကား သည် လျောက်ပတ် ပေ၏။ ၆ ဇလောဖဒ်

သမီး တို့၏ အမှု၌ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူ တို့သည် အလိုရှိ သောသူနှင့် စုံဘက် ပါလေစေ။ သို့ရာတွင် မိစ္ဆာဘဆက် အမျိုးသား မှတပါး၊ အခြားသူနှင့် စုံဘက် ခြင်းကို မပြုစေနှင့်။ ၇ ဣသရေလ အမျိုးသား တို့၏ အမွေ မြေသည် တမျိုး မှ တမျိုး သို့ မ ပြောင်း ရ။ ဣသရေလ အမျိုးသား အပေါင်းတို့သည်၊ အသီးအသီး မိမိ တို့မိစ္ဆာဘဆက် အမွေ မြေ၌ နေ ရကြမည်။ ၈ ဣသရေလ အမျိုး တစုံတမျိုး၌ အမွေ မြေရှိသော မိန်းမ သည် မိမိ တို့ မိစ္ဆာဘဆက် အမျိုးသား နှင့် စုံဘက် ရမည်။ ထိုသို့ ဣသရေလ အမျိုးသား အသီးအသီး တို့သည် မိမိတို့ မိစ္ဆာဘဆက် အမွေ မြေကို ခံစား ရကြမည်။ ၉ အမွေ မြေသည် တမျိုး မှ တမျိုး သို့ မ ပြောင်း ရ။ ဣသရေလ အမျိုးသား အသီးအသီး တို့သည် မိမိ တို့အမွေ မြေ၌ နေ ရကြမည်ဟု မိန့်တော်မူ၏။ ၁၀ ထာဝရဘုရား သည် မောရှေ အား မှာထား တော်မူ သည်အတိုင်း ၊ ဇလောဖဒ် ၏ သမီး မာလာ ၊ ၁၁ တိရဇာ ၊ ဟောဂလာ ၊ မိလကာ ၊ နောအာ တို့သည် ပြု ၍၊ ဘကြီး သား ၊ ဘထွေးသားတို့နှင့် စုံဘက် ကြ၏။ ၁၂ ထိုသို့ ယောသပ် တွင်မြင်သော မနာရှေ သား အဆွေအမျိုး ၌ စုံဘက် ခြင်းအမှုကို ပြု၍ ၊ သူ တို့အမွေ မြေ သည် သူ တို့မိစ္ဆာဘဆက် အမျိုး တည် နေ၏။ ၁၃ ဣရှေကား ၊ မောဘ လွင်ပြင် ၊ ယော်ဒန် မြစ်နား ယေရိခေါ မြို့တဘက်၌ ထာဝရဘုရား သည် မောရှေ အားဖြင့် ဣသရေလ အမျိုးသား တို့အား ထား တော်မူသော စီရင် ထုံးဖွဲ့ချက် ဖြစ်သတည်း။

၁ တောကြီး လွင်ပြင် ၊ ယော်ဒန် မြစ်နား ၊ သုဖမြို့ တဘက် ၊ ပါရန် မြို့၊ တောဖလ မြို့၊ လာဗန် မြို့၊ ဟာဇရုတ် မြို့၊ ဒိဇဟတ် မြို့တို့အလယ်၌ မောရှေ သည် ဣသရေလ အမျိုးသားတို့အား ဟောပြော သောစကား များကို ပြန်ရ လေသည်မှာ၊ ၂ ကာဒေရှဗာနာ အရပ်သည်၊ စိရ တောင် လမ်း ဖြင့် ဟောရပ် အရပ်နှင့် ဆယ် တ ရက် ခရီး ကွာသတည်း။ ၃ မောရှေ သည် ဟရှဘုန် မြို့၌ နေ သော အာမောရိ ရှင်ဘုရင် ရှိဟုန် ကို ၎င်း ၊ ဧဒြဲ ပြည်၊ အာရှတရုတ် မြို့၌ နေ သော ဗာရှန် ဘုရင် ဩဃ ကို ၎င်း လုပ်ကြံ ပြီးမှ ၊ သက္ကရာဇ် လေးဆယ် ပြည့်၊ ဧကာဒသမ လ ၊ ပဌမ နေ့ရက်၌ မောဘ ပြည် ၊ ယော်ဒန် မြစ်နားမှာ ထာဝရဘုရား မှာထား တော်မူနှင့်သမျှ အတိုင်း ၊ ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ၍ဟောပြော သောတရား စကားဟူမူကား၊ ၆ ငါ တို့ဘုရား သခင်ထာဝရဘုရား သည်၊ ဟောရပ် အရပ်၌ ငါ တို့အား မိန့် တော်မူသည်ကား၊ သင် တို့သည် ကာလအချိန်စေ့အောင် ဤ တောင် ၌ နေ ကြပြီ။ ၇ လှည့်လည် ၍ ခရီး သွားကြလော့။ အာမောရိ တောင် သို့၎င်း ၊ ထိုတောင် နှင့် နီး သောအရပ်၊ လွင်ပြင် ၊ တောင် ရိုး၊ ချိုင့် ၊ တောင် မျက်နှာ၊ ပင်လယ် နား သို့၎င်း ၊ ခါနာန် ပြည် ၊ လေဗနုန် တောင်၊ ဥဖရတ် မြစ် ကြီး တိုင်အောင် ၎င်း သွား ကြလော့။ ၈ ထိုပြည် ကို သင် တို့ရှေ့ မှာ ငါထား ပြီ။ ထာဝရဘုရား သည် သင် တို့အဘ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် မှစ၍ ၊ သူ တို့အမျိုးအနွယ် အား ပေး မည်ဟု ကျိန်ဆို တော်မူသောပြည် ကို ဝင် ၍ သိမ်းယူ ကြလော့ဟု မိန့် တော်မူ၏။ ၉ ထိုအခါ သင် တို့အား ငါပြော သည်ကား၊ သင် တို့အမှုကို ငါ တယောက်တည်း မ ထမ်း နိုင်။ ၁၀ သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် သင် တို့ကို များပြား စေတော်မူ၍ ၊ သင် တို့သည် အရေ အတွက်အားဖြင့် ကောင်းကင် ကြယ် ကဲ့သို့ ယနေ့ ဖြစ်ကြ၏။ ၁၁ သင် တို့အဘ များ၏ ဘုရား သခင်ထာဝရဘုရား သည် သင် တို့ကို အဆ အထောင် အားဖြင့် များပြား စေတော်မူပါစေသော။ ဂတိ တော်ရှိသည်အတိုင်း ကောင်းကြီး ပေးတော်မူပါစေသော။ ၁၂ သင်တို့ပင်ပန်းခြင်း၊ အမှု ဆောင်ရွက်ခြင်း၊ ရန်တွေ့ ခြင်းဝန် ကို ငါ တယောက်တည်း အဘယ်သို့ ထမ်း နိုင် မည်နည်း။ ၁၃ ဉာဏ် ပညာနှင့် ပြည့်စုံ ၍ အသရေ ရှိသောသူတို့ ကို သင် တို့အမျိုး များထဲက ရွေး ပေးကြလော့။ သူ တို့ကို မင်း အရာ၌ ငါခန့် ထားမည်ဟု ပြော ဆိုလျှင်၊ ၁၄ သင်တို့က ကိုယ်တော်ပြော သည်အတိုင်း ပြု ကောင်း ပါသည်ဟု ပြန် ဆိုကြ၏။ ၁၅ ထိုကြောင့် သင် တို့အမျိုး များ၌ အသရေ ရှိသော လူကြီး ၊ ပညာ ရှိတို့ကို ငါရွေးချယ် ပြီးလျှင် ၊ သင် တို့တွင် မင်း လုပ် ရသောသူတည်း ဟူသောလူတထောင် အုပ် ၊ တရာ အုပ် ၊ ငါးဆယ် အုပ် ၊ တဆယ် အုပ် ၊ အကြပ် အဆော်အရာ ၌ ခန့်ထား၏။ ၁၆ တရား သူကြီးတို့အားလည်း ၊ သင် တို့ ညီအစ်ကို ၏ အမှုတို့ကို နားထောင် ၍ အမျိုးသားချင်း တရားတွေ့ သည်ဖြစ်စေ၊ တပါး အမျိုးသားနှင့် တွေ့သည်ဖြစ်စေ ၊ တရား သဖြင့် စီရင် ကြလော့။ ၁၇ တရား အမှုကို စီရင်သောအခါအဘယ်သူ၏ မျက်နှာ ကို မ ထောက် ရ။ လူငယ် စကားကို လူကြီး စကားကဲ့သို့ မှတ် ရမည်။ အဘယ် လူကိုမျှ မ ကြောက် ရ။ အကြောင်း မူကား၊ တရား အမှုကို ဘုရား သခင်ပိုင်တော်မူသောကြောင့် တည်း။ ကိုယ်တိုင်မစီရင်တတ်သော အမှု ကို ငါ့ ထံမှာ အယူခံ ရမည်။ ငါလည်း နားထောင် မည်ဟု မှာခဲ့၏။ ၁၈ သင် တို့ပြု ရသမျှ သော အမှု တို့ကိုလည်း

ထိုအခါ ငါမှာ ထားခဲ့၏။ ၁၉ ငါတို့သည် ဟောရပ် အရပ်မှ ထွက် သောနောက် ၊ အာမောရိ တောင် သို့ သွားသော လမ်း
နားမှာ ကြောက်မက် ဘွယ်ဖြစ်၍ သင်တို့တွေ့မြင် သော တော ကြီး အလယ် ၌၊ ငါ တို့ဘုရား သခင်ထာဝရဘုရား
မှာ ထားတော်မူသည် အတိုင်း ရှောက်သွား ၍ ၊ ကာဒေရှဗာနာ အရပ်သို့ ရောက် ကြ၏။ ၂၀ ထိုအခါ ငါကလည်း၊
ငါ တို့ဘုရား သခင်ထာဝရဘုရား ပေး တော်မူသောအာမောရိ တောင် သို့ သင် တို့သည် ရောက် ကြပြီ။ ၂၁ သင်
တို့ဘုရား သခင်ထာဝရဘုရား သည် ပြည် တော်ကို သင် တို့ရှေ့မှာထား တော်မူပြီ။ သင် တို့အဘ များ၏ ဘုရား
သခင်ထာဝရဘုရား မိန့် တော်မူသည် အတိုင်း ၊ တက် သွား၍ သိမ်းယူ ကြလော့။ မ ကြောက် ကြနှင့်။ စိတ် လည်း မ
ပျက်ကြနှင့်ဟု ပြော ဆို၏။ ၂၂ ထိုအခါ သင် တို့ရှိသမျှ သည် ငါ့ ထံသို့ ချဉ်းကပ် ၍ ၊ အကျွန်ုပ် တို့ရှေ့၌ လူ တို့ကို
စေလွှတ် ပါမည်။ သူတို့သည် ထိုပြည် ကို စူးစမ်း ပြီးမှ ၊ အကျွန်ုပ်တို့သည် အဘယ်လမ်း သို့သွား လျှင် အဘယ်မြို့ သို့
ရောက် ရမည်ကို ကြားပြော ကြပါ လိမ့်မည်ဟု၊ ၂၃ လျှောက်ဆိုသောစကား ကို ငါ နှစ်သက် ၍ ၊ သင် တို့တွင် တမျိုး
တယောက် စီ၊ လူ ပေါင်း တကျိပ် နှစ် ယောက်တို့ကို ရွေး ထား၏။ ၂၄ ထိုသူတို့သည် တောင် ပေါ်သို့ လှည့် သွား ၍ ၊
ဧရှကောလ ချိုင့် သို့ ရောက် သဖြင့် စူးစမ်း ကြ၏။ ၂၅ ထိုပြည် ၌ ရသောသစ်သီး ကို ထမ်း ၍ ဆောင် ခဲ့ လျက် ၊ ငါ
တို့ဘုရား သခင်ထာဝရဘုရား ပေး တော်မူသောပြည် သည် ကောင်း သော ပြည်ဖြစ်၏ဟု ကြားပြော ကြသော်လည်း၊
၂၆ သင်တို့သည် မ သွား ဘဲ၊ သင် တို့ဘုရား သခင်ထာဝရဘုရား ၏ အမိန့် တော်ကို ဆန် လျက်၊ ၂၇ ထာဝရဘုရား သည်
ငါ တို့ကိုမုန်း ၍ ဖျက်ဆီး ချင် သောကြောင့် ၊ အာမောရိ လူတို့ လက် ၌ အပ် လိုသောဘုံ၊ အဲဂုတ္တု ပြည် မှ နှုတ်ဆောင်
တော်မူသည်တကား။ ၂၈ ငါ တို့သည် အဘယ်သို့ သွား ရမည်နည်း။ ညီအစ်ကို တို့က၊ ထို ပြည်သားတို့သည် ငါ
တို့ထက်သာ၍ကြီး ၏။ အရပ်လည်း သာ ၍မြင့် ၏။ မြို့ လည်း မိုးယံး ကောင်းကင်သို့ ထိသော မြို့ရိုး လည်း ရှိ၏။
ထို ပြည်၌ လည်း ၊ အာနက အမျိုးသား တို့ကို မြင် ရ၏ဟု ငါတို့စိတ် ကို ဖျက် ကြပြီဟု သင် တို့သည် တဲ များ၌
ဆန့်ကျင် ဘက်ပြုကြ ၏။ ၂၉ ထိုအခါ ငါက၊ မ ထိတ်လန့် ကြနှင့်၊ သူ တို့ကို မ ကြောက် ကြနှင့်။ ၃၀ သင် တို့ရှေ့
မှာကြွ တော်မူသော သင် တို့၏ ဘုရား သခင် ထာဝရဘုရား သည် သင် တို့မျက်မှောက် ၊ အဲဂုတ္တု ပြည်၌ ၎င်း၊ ၃၁
သင်တို့လိုက်လာသောလမ်း တလျှောက်လုံး ၊ ဤ အရပ် တိုင်အောင် အဘသည် သား ကို ချီပိုက် သကဲ့သို့ ၊ သင် တို့၏
ဘုရား သခင်ထာဝရဘုရား သည် သင် တို့ကို ချီပိုက် တော်မူသောကျေးဇူးတော်ကိုခံ ရာတော ၌ ၎င်း ၊ သင် တို့အဘို့ ပြု
တော်မူသကဲ့သို့ ၊ သင် တို့ဘက် ၌ စစ် ကူ တော်မူမည်ဟု ဆိုသော်လည်း၊ ၃၂ သင် တို့တဲ စားခန်းချရာ အရပ် ကို ရှာ ၍
သင်တို့သွား လတံ့သော လမ်း ကို ပြ ခြင်းဘုံ ၊ ညဉ့် ခါ မီး ၌ ၎င်း၊ နေ့ အခါ မိုးယံးတိမ် ၌ ၎င်း၊ ၃၃ သင် တို့ရှေ့မှာ ကြွ
တော်မူသော သင် တို့ဘုရား သခင်ထာဝရ ဘုရား၏ စကားတော်ကို ထို အမှု ၌ သင် တို့မ ယုံ ကြပါတကား။ ၃၄ သင်
တို့စကား သံ ကို ထာဝရဘုရား ကြား ၍ မျက် တော်ထွက်လျက်၊ ၃၅ သူတို့ဘိုးဘေး တို့အား ငါပေး မည်ဟု ငါကျိန်ဆို
သော ပြည် ကောင်း ကို ၊ ယေဖုန္နာ ၏သား ကာလက် မှတပါး ၊ ဤ ဆိုး သောလူမျိုး တစုံ တယောက်မျှ ဆက်ဆက်မ
မြင် ရ။ ၃၆ ထိုသူ သည် ထာဝရဘုရား နောက် တော်သို့ လုံးလုံး လိုက်သောကြောင့် မြင် ရ၏။ သူနင်း သောပြည် ကို သူ

မှစ၍ သူ ၏သား မြေးတို့အား ငါပေး မည်ဟု ကျိန်ဆိုတော်မူ၏။ ၃၇ သင် တို့အတွက် ထာဝရဘုရား သည် ငါ့ ကိုလည်း အမျက် တော်ထွက်၍ ၊ သင် သည် ထို ပြည်သို့ မ ဝင် စားရ။ ၃၈ သင့် လက်ထောက် နုန် ၏သား ယောရှု သည် ဝင်စား ရမည်။ သူ သည် ဣသရေလ အမျိုးသားအမွေခံ စေမည့်သူ ဖြစ်သောကြောင့် ၊ သူ့ ကို အား ပေးလော့။ ၃၉ ရန်သူလုယူ ရာဖြစ် မည်ဟု သင် တို့ဆို သော သူငယ် များ၊ ထိုအခါ ကောင်း မ ကောင်းကို ပိုင်းခြားမ သိနိုင် သေးသော သားသမီး များတို့သည် ထို ပြည်ကို ဝင်စား ၍ ၊ ငါပေး သည်အတိုင်း သိမ်းယူ ကြလိမ့်မည်။ ၄၀ သင် တို့မူကား ၊ လှည့် ၍ဧဒုံ ပင်လယ် လမ်း ဖြင့် တော သို့ခရီး သွားကြဦးလော့ဟု မိန့်တော်မူ၏။ ၄၁ သင်တို့ကလည်း ၊ အကျွန်ုပ် တို့သည် ထာဝရဘုရား ကို ပြစ်မှား မိပါပြီ။ အကျွန်ုပ် တို့ ဘုရား သခင်ထာဝရဘုရား မှာ ထားတော်မူသမျှ အတိုင်း ၊ ယခုသွား ၍ စစ်တိုက် ပါမည်ဟု ငါ့ အား လျှောက်ဆို လျက် ၊ လူ အပေါင်းတို့သည် လက်နက် စွဲကိုင် လျက် ၊ တောင် ပေါ်သို့ တက် ခြင်းငှါ အသင့် နေကြ၏။ ၄၂ ထာဝရဘုရား ကလည်း ၊ တက် ၍ မ တိုက် ကြနှင့်။ သင် တို့ဘက် ၌ ငါ မ ရှိ။ တိုက်လျှင် ရန်သူ ရှေ့မှာ ရှုံး ရကြ လိမ့်မည်ဟု သင်တို့အား ဆင့်ဆို ရမည်အကြောင်း ၊ ငါ့ အား မိန့် တော်မူသည်အတိုင်း၊ ၄၃ ငါဆင့်ဆို သော်လည်း သင် တို့သည် နား မ ထောင်၊ ထာဝရ ဘုရား၏ အမိန့် တော်ကို ငြင်းဆန် ၍ ခိုင်ခံ့ သောစိတ်နှင့် တောင် ပေါ်သို့ တက် ကြ၏။ ၄၄ ထိုအခါ တောင် ပေါ် မှာရှိ နှင့်သော အာမောရိ အမျိုးသားတို့သည် သင် တို့တဘက် ၌ ထွက် လာလျက်၊ ပျား များအုံ၍ လိုက် သကဲ့သို့ သင် တို့ကိုလိုက် ၍ ၊ စိရ အရပ်၊ ဟောမာ မြို့တိုင်အောင် ဖျက်ဆီး ကြ၏။ ၄၅ သင်တို့သည်လည်း ပြန်လာ ၍ ထာဝရဘုရား ရှေ့ တော်၌ ငိုကြွေး ကြ၏။ သို့သော်လည်း သင် တို့စကား ကို ထာဝရဘုရား နားထောင် နာယူ တော်မ မူ။ ၄၆ ထိုကြောင့် ကာဒေရှ အရပ်၌ အရင်နေ သကဲ့သို့ ကြာမြင့် စွာ နေ ပြန်ရကြ၏။

J တဖန် ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် အတိုင်း ၊ ငါတို့သည် လှည့် ၍ ၊ ဧဒုံ ပင်လယ် လမ်း ဖြင့် တော သို့ ခရီး သွားလျက် ၊ စိရ တောင် ကို ကြာမြင့် စွာ လှည့်လည် ကြ၏။ ၂ ထာဝရဘုရား ကလည်း ၊ သင်တို့သည် ကာလ အချိန်စေ့အောင် ဤ တောင် ကို လှည့်လည် ကြပြီ။ တဖန် မြောက် မျက်နှာသို့သွား ကြဦးလော့။ ၃ သင်တို့သည် ကာလအချိန်စေ့အောင် ဤတောင်ကိုလှည့်လည်ကြပြီ။ တဖန် မြောက်မျက်နှာသို့ သွားကြဦးလော့။ ၄ သင် သည် လူ များတို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့၏ညီအစ်ကို ဧသော အမျိုးသား တို့ နေ သောစိရ ပြည်အနား မှာ သင် တို့ရှောက်သွား သောအခါ ၊ သူတို့ သည် ကြောက် ကြလိမ့်မည်။ ထို့ကြောင့် သတိ ပြုကြ လော့။ ၅ သူ တို့ကို အလျင်းမ ပြု ကြနှင့်။ သူ တို့ ပြည် ကို သင် တို့အား ငါမ ပေး။ ခြေ နင်း ရာခန့်ကိုမျှ မပေး။ စိရ တောင် ကို ဧသော အား ငါ အပိုင် ပေး ပြီ။ ၆ သင်တို့သည် စား ဘို့ရာအစာ ကိုငင်း ၊ သောက် ဘို့ရာ ရေ ကိုငင်း သူ တို့ထံ ငွေ နှင့် ဝယ် ရကြမည်။ ၇ သင် တို့ပြု လေရာရာ၌ သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် ကောင်းကြီး ပေးတော်မူပြီ။ ဤ တော ကြီး ၌ သင် တို့လှည့်လည် သော အကြောင်း အရာတို့ကို သိ တော်မူ၏။ အနှစ် လေးဆယ် ပတ်လုံးသင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် သင် တို့နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊ သင်တို့ ၌ ဘာမျှ မ လို ဟု ဆင့်ဆိုရ၏။ ၈ စိရ

ပြည်မှာ နေ သောငါ တို့ ညီအစ်ကို ဧသော အမျိုးသား တို့အနား ၌ ရှောက် လျက် ဧလပ် မြို့၊ ဧဇယုန်ဂါဗါ မြို့မှ သွားသော လွင်ပြင် လမ်းသို့ လိုက် ပြီးလျှင် ၊ တဖန် လှည့် ၍ မောဘ တော လမ်း ဖြင့် သွား ကြ၏။ ၉ ထာဝရဘုရား ကလည်း ၊ မောဘ ပြည်သားတို့ကို မ နှောင့်ရှက် နှင့်။ စစ် မ တိုက်နှင့်။ သူ တို့ ပြည် ကို သင့် အား ငါအပိုင် မ ပေး။ အာရ ပြည်ကို လောတ အမျိုးသား တို့အား ငါအပိုင် ပေး ပြီဟု ငါ့ အား မိန့် တော်မူ၏။ ၁၀ ရှေး ကာလ၌ အာနက အမျိုးသားကဲ့သို့ ကြီး မြင့် များပြား သောလူ ၊ ဧမိမ် အမျိုးသားတို့သည် ထိုပြည် မှာ နေ ကြ၏။ ၁၁ ထိုသူ တို့သည် အာနက အမျိုးသားကဲ့သို့ အလွန် ကြီးမားသော လူတို့အဝင်ဖြစ်သည်ကို လူများ ထင်မှတ် ကြ၏။ သို့ရာတွင် မောဘ ပြည်သားတို့သည် ထိုသူ တို့ကို ဧမိမ် ဟူ၍ခေါ် ကြ၏။ ၁၂ ရှေး ကာလ၌ ဟောရိ လူတို့သည်လည်း စိရ ပြည် မှာ နေ ကြ၏။ ထိုသူ တို့ကို ဧသော အမျိုးသား တို့သည် သုတ်သင် ပယ်ရှင်း၍ သူ တို့နေရာ ၌ နေ ကြ၏။ ထိုအတူ ထာဝရဘုရား အပိုင် ပေး တော်မူသော ပြည် ကို ကသရေလ အမျိုးသားတို့သည် ပြု ရကြသတည်း။ ၁၃ ယခု ထ ၍ ဇေရက် ချောင်း ကို ကူး ကြလော့ဟု မိန့်တော်မူသည်အတိုင်း ၊ သင်တို့သည် ဇေရက် ချောင်း ကို ကူး ကြ၏။ ၁၄ ကာဒေရ္နာနာ အရပ်သို့ အရင်ရောက်သော ကာလမှစ၍ဇေရက် ချောင်း ကို ကူး သောကာလ တိုင်အောင် နှစ် ပေါင်းသုံး ဆယ်ရှစ် နှစ် လွန် သတည်း။ ထာဝရဘုရား ကျိန်ဆို တော်မူသည်အတိုင်း ၊ အရင်စစ်သူရဲ မျိုး အပေါင်းတို့သည် လူ အလုံး အရင်းထဲက သေကြေ ကွယ်ပျောက်ရကြ၏။ ၁၅ ထိုသူ တို့ မကွယ် မပျောက်မှီတိုင်အောင်၊ ထာဝရဘုရား သည် သူ တို့ကို အလုံး အရင်းထဲက ပယ်ရှား ခြင်းငှါ လက် တော်ကို ဆန့်တော်မူ၏။ ၁၆ စစ်သူရဲ အပေါင်း တို့သည် လူစု ထဲက သေ ကြေကွယ်ပျောက် ပြီးမှ၊ ၁၈ ထာဝရဘုရား က၊ သင် သည် မောဘ ပြည် ၊ အာရ နယ်အလယ်၌ ယနေ့ ရှောက် သွားရမည်။ ၁၉ အမ္မုန် အမျိုးသား တို့အနီးသို့ ရောက် သောအခါ သူ တို့ကိုမ နှောင့်ရှက် နှင့်၊ အလျှင်းမ ပြု နှင့်။ အမ္မုန် အမျိုးသား နေသောပြည် ကို သင့် အား ငါအပိုင် မ ပေး ၊ ထိုပြည် ကို လောတ အမျိုးသား တို့အား ငါအပိုင် ပေး ပြီဟု ငါ့ အား မိန့် တော်မူ၏။ ၂၀ ထိုပြည် ကိုလည်း ၊ အလွန် ကြီးမားသောသူတို့ ၏ နေရာဖြစ်သည်ဟု လူများထင်မှတ် ကြ၏။ ရှေး ကာလ၌ ထိုသို့သောလူတို့သည် နေကြ၏။ သူ တို့ကို အမ္မုန် ပြည်သားတို့သည် ဇံဇုမ္မိမ် ဟူ၍ခေါ် ကြ၏။ ၂၂ ထိုလူမျိုးသည် အာနက အမျိုးသားကဲ့သို့ ကြီး မြင့် များပြား သောလူ ဖြစ်ကြ၏။ သို့သော်လည်း စိရ ပြည်၌ နေ သောဧသော အမျိုးသား ရှေ့ မှာ ဟောရိ လူတို့ကို ထာဝရဘုရား ဖျက်ဆီး တော်မူသဖြင့်၊ သူ တို့နေရာ ၌ဧသောအမျိုးသားတို့သည် ယနေ့ တိုင်အောင် နေကြသကဲ့သို့ ၊ အမ္မုန် အမျိုးသားတို့ရှေ့ မှာ ဇံဇုမ္မိမ် လူတို့ကို သုတ်သင် ပယ်ရှင်းတော်မူသဖြင့်၊ သူတို့နေရာ၌ အမ္မုန်အမျိုးသားတို့သည်နေ ကြ၏။ ၂၃ ထိုအတူ ၊ ဟာဇရိမ် မြို့မှစ၍ အဇ္ဇာ မြို့တိုင်အောင် နေ ဘူးသော အာဝိမ် လူတို့ကို၊ ကတ္တောရ မြို့မှ ထွက် သော ကတ္တောရိမ် လူတို့သည် ဖျက်ဆီး ၍ သူ တို့ နေရာ ၌ နေ ကြ၏။ ၂၄ သင်တို့သည် ထ ၍ ခရီး သွားသဖြင့် အာနုန် မြစ် ကို ကူး ကြလော့။ အာမောရိ အမျိုး၊ ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် နှင့် သူ ၏မြေ ကို သင် တို့လက် ၌ ငါအပ် သောကြောင့်၊ ထိုမြေ ကို သိမ်း စ ပြု၍ ထိုမင်းကို စစ်တိုက် ကြလော့။ ၂၅ မိုဃ်း ကောင်းကင်အောက် ၌ ရှိသမျှ သောလူမျိုး တို့သည် ယနေ့ သင် တို့ကို ကြောက်ရွံ့ ထိတ်လန့်စ ရှိ

မည်အကြောင်း ငါပြု မည်။ သင် တို့၏သိတင်း ကို ကြား ၍ တုန်လှုပ် ခြင်း၊ စိုးရိမ် ကြောင့်ကြခြင်းသို့ ရောက်ကြ
လိမ့်မည်ဟု မိန့်တော်မူ၏။ ၂၆ ငါသည်လည်း၊ ကောဒမုတ် တော မှ ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် မင်းထံသို့ သံတမန်
တို့ကို စေလွှတ် လျက်၊ ၂၇ မင်းကြီး ၏ ပြည် အလယ် ၌ ကျွန်ုပ်ရှောက်သွား ပါရစေ။ မင်းလမ်း သို့ သာ လိုက် ပါမည်။
လက်ျာ ဘက်လက်ဝဲ ဘက်သို့မ လွှဲ ပါ။ ၂၈ စိရ ပြည်၌ နေ သောဧသော အမျိုးသား ၊ အာရ ပြည်၌ နေ သောမောဘ
အမျိုးသားတို့သည် ကျွန်ုပ် ၌ ပြု သကဲ့သို့ ကျွန်ုပ်စားဘို့ရာအစာ ကိုငင်း၊ သောက်ဘို့ရာရေ ကိုငင်း၊ မင်းကြီးသည်ငွေ
နှင့်ရောင်း ပါလော့။ ကျွန်ုပ် တို့ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် သို့ ကျွန်ုပ်သည်ယော်ဒန် မြစ်ကို ကူး
၍မ ရောက်မှီတိုင်အောင် မင်းကြီးပြည်အလယ်၌ခြေ ဖြင့် သွား ရုံမျှသာ ပြုပါမည်ဟု မိသဟာယ စကား နှင့်ပြောဆို
သော်လည်း၊ ၃၀ ကျွန်ုပ် တို့ ရှောက်သွား ရသောအခွင့် ကို ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် မင်းသည် မ ပေး။ အကြောင်း
မူကား၊ ယနေ့ ထင်ရှားသည်အတိုင်း၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် ထိုမင်း ကို သင် တို့လက် ၌ အပ်
ခြင်းငှါ ၊ ခက်ထန် သောစိတ် သဘော၊ ခိုင်မာ သောနှလုံးကို သူ ၌ ပေးသွင်းတော်မူ၏။ ၃၁ ထာဝရဘုရား ကလည်း ၊
ရှိဟုန် မင်းနှင့် သူ ၏ မြေ ကို သင့် အား ငါပေး စ ပြု၏။ ထို မြေ ကို အမွေခံ အံ့သောငှါ ၊ သိမ်း စ ပြုလော့ဟု ငါ့ အား မိန့်
တော်မူ၏။ ၃၂ ထိုအခါ ရှိဟုန် မင်းသည် သူ ၏လူ အပေါင်း တို့ နှင့်တကွ ယာဟတ် မြို့မှာ ငါ တို့ကိုတိုက် ခြင်းငှါ ထွက်
လာ၏။ ၃၃ ငါ တို့ဘုရား သခင်ထာဝရဘုရား သည်ထိုမင်း ကို ငါ တို့ ၌ အပ် တော်မူသဖြင့် သူ မှစ၍ သား များ၊ လူ
များအပေါင်း တို့ကို ငါတို့သည် လုပ်ကြံ ကြ၏။ ၃၄ ထိုအခါ သူ ၏မြို့ ရှိသမျှ တို့ကို တိုက် ယူ၍၊ ယောကျ်ား မိန်းမ
သူငယ် တို့ကို တယောက်မျှ မ ကြွင်း စေခြင်းငှါရှင်းရှင်းဖျက်ဆီး ကြ၏။ ၃၅ တိရစ္ဆာန် များ၊ မြို့ ရွာ၌ လက်ရဉ်စွာ
များကိုသာ ကိုယ် ဘို့ သိမ်းယူ ကြ၏။ ၃၆ အာနုန် မြစ် နား ၌ ရှိသော အာရော်ဲ မြို့မှစ၍ ဂိလဒ် မြို့တိုင်အောင် ၊ မြစ် နား၌
ရှိသမျှသော မြို့တို့တွင် ငါတို့မအောင်နိုင်သော မြို့တမြို့မျှမရှိ။ ငါ တို့ဘုရား သခင် ထာဝရဘုရား သည် အလုံးစုံ တို့ကို ငါ
တို့ ၌ အပ် တော်မူ၏။ ၃၇ သို့ရာတွင် အမ္မုန် အမျိုးသား နေသောမြေ ၊ ယဗ္ဗုတ် မြစ် နှင့် ဆိုင်သော မြေ၊ တောင် ရိုးမြို့
အစရှိသော၊ ငါ တို့ဘုရား သခင်ထာဝရဘုရား မြစ်တား တော်မူသောအရာ တစုံတခုကိုမျှ မ ချဉ်း ရကြ။

၃ ထိုအခါ ငါတို့သည်လှည့် ၍ ၊ ဗာရှန် ပြည်သို့ ခရီး သွား ကြ၏။ ဗာရှန် ရှင်ဘုရင် ဩဃ သည်လည်း မိမိ လူ အပေါင်း
တို့နှင့်တကွ ဧဒြဲ အရပ်မှာ စစ်တိုက် ခြင်းငှါ ချီ လာ၏။ ၂ ထာဝရဘုရား ကလည်း ၊ သူ့ ကိုမ ကြောက် နှင့်။ သူ နှင့်တကွ
သူ ၏ လူ အပေါင်း တို့ကိုငင်း ၊ သူ့ မြေ ကိုငင်း၊ သင့် လက် ၌ ငါအပ် ပေးမည်။ ဟေရှဘုန် မြို့နေ အာမောရိ ရှင်ဘုရင်
ရှိဟုန် ကို ပြု သကဲ့သို့ ဤ မင်းကိုလည်း ပြု ရ မည်ဟု ငါ့ အား မိန့် တော်မူ၏။ ၃ ထိုသို့ ငါ တို့ဘုရား သခင်ထာဝရဘုရား
သည်၊ ဗာရှန် ရှင်ဘုရင် ဩဃ နှင့် သူ ၏လူ အပေါင်း တို့ကို ငါ တို့လက် ၌ အပ် တော်မူသဖြင့် ၊ တယောက်မျှ မ
ကြွင်း စေခြင်းငှါ လုပ်ကြံ ကြ၏။ ၄ ထိုအခါ ငါတို့သည် မြို့ ခြောက်ဆယ် နှင့် ပြည့်စုံ သော အာဂေါဘ တိုင်း ၊ ဗာရှန်
ရှင်ဘုရင်ဩဃ မင်း၏ နိုင်ငံ ကို၊ တမြို့ မျှ မ ကြွင်းစေခြင်းငှါ တိုက်ယူ ကြ၏။ ၅ ထို မြို့ ရှိသမျှ တို့သည် မြင့် သောမြို့ရိုး ၊
မြို့တံခါး များ၊ ကန့်လန့်ကျင် များနှင့် ခိုင်ခံ့သော မြို့ ဖြစ်သတည်း။ ထိုမှတပါး များစွာ သော ရွာ တို့ကိုလည်း တိုက်ယူ၍

ရှင်းရှင်းဖျက်ဆီး ကြ၏။ ၆ ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် ကို ပြု သကဲ့သို့ ၊ အရပ်ရပ် ၌ ယောကျ်ား မိန်းမ သူငယ် တို့ကို သုတ်သင် ပယ်ရှင်းကြ၏။ ၇ တိရစ္ဆာန် များ၊ မြို့ ရွာ၌ လက်ရဥစ္စာ များ ရှိသမျှ တို့ ကို ကိုယ် ဘို့ သိမ်းယူ ကြ၏။ ၈ ထိုအခါ အာနုန် မြစ် မှစ၍ ဟေရမုန် တောင် တိုင်အောင် ၊ ယော်ဒန် မြစ်အရှေ့ ဘက်၌ ရှိ သောမြေ ကို ငါတို့သည် သိမ်းယူ ကြ၏။ ၉ ဟေရမုန် တောင်ကို ဇိဒုန် လူတို့သည် စိရုန် ဟူ၍ငင်း ၊ အာမောရိ လူတို့သည် ရှုနိရ ဟူ၍ငင်း ခေါ် ဝေါ် ကြ၏။ ၁၀ ချိုင့်၌ ရှိသမျှ သောမြို့ တို့နှင့် ဂိလဒ် ပြည် တရှောက်လုံး ၊ သြဃ မင်း၏ နိုင်ငံ အဝင်၊ သာလက မြို့၊ ဧဒြဲ မြို့ တိုင်အောင် ဗာရှန် ပြည်တရှောက်လုံး ကို သိမ်းယူကြ၏။ ၁၁ အလွန်ကြီးမားသော လူမျိုးမှ ဆင်းသက်သော ဗာရှန် ရှင်ဘုရင် သြဃ တယောက်တည်း သာ ကျန်ကြွင်း ၏။ လူ အတောင် အားဖြင့် အလျား ကိုး တောင် ၊ အနံ လေး တောင် ရှိသောသူ ၏ သံ ခုတင် သည် အမှုန် ပြည် ရဗ္ဗတ် မြို့ ၌ ရှိသည်မဟုတ်လော။ ၁၂ ထိုအခါ ငါတို့သိမ်းယူ သောမြေ ကို၊ အာနုန် မြစ် နား တွင်ရှိသော အာရော် မြို့မှစ၍ ဂိလဒ် တောင် တဝက် တိုင်အောင် ၊ မြို့ များနှင့်တကွ ရုဗင် အမျိုးသား၊ ဂဒ် အမျိုးသား တို့အား ငါပေး ၏။ ၁၃ ဂိလဒ် တောင်တဝက် နှင့် သြဃ မင်းအစိုးရသောနိုင်ငံအဝင်၊ အလွန် ကြီးမားသော လူမျိုးနေရာ ဟူ၍ခေါ် ဝေါ် သော အာဂေါဘ တိုင်း ၊ ဗာရှန် ပြည် တပြည်လုံး ကို မနာရှေ အမျိုးသား တဝက် အား ငါပေး ၏။ ၁၄ မနာရှေ အမျိုးသား ယာကွရ သည်၊ အာဂေါဘ တိုင်း တတိုင်းလုံး ကို ဂေရှုရ ရွာ ၊ မာခါ ရွာအထိ သိမ်းယူ ပြီးမှ ၊ ယနေ့ တိုင်အောင် မိမိ အမည် ကို လိုက် ၍ ဗာရှန် ဟာဝုတ် ယာကွရ ပြည်ဟု သမုတ် လေ၏။ ၁၅ ဂိလဒ် မြို့ကိုကား ၊ မာခိရ အမျိုးသားတို့အား ငါပေး ၏။ ၁၆ ရုဗင် အမျိုးသား၊ ဂဒ် အမျိုးသားတို့အား လည်း ၊ ဂိလဒ် မြို့မှ အာနုန် မြစ် တိုင်အောင် ၊ မြစ် ကွေ့သော မြေ နှင့်တကွ ၊ အမှုန် ပြည် အပိုင်း အခြားဖြစ်သော ယဗ္ဗုတ် မြစ် တိုင်အောင် မြေတရှောက်လုံးကိုငင်း၊ ၁၇ လွင်ပြင် နှင့်တကွ ယော်ဒန် မြစ်နား၊ ဂနေ်သရက် အရပ်မှ လွင်ပြင် နှင့်ဆိုင်သော သောဒုံ အိုင် အရှေ့ ၊ အာဇုတ် ပိသဂါ မြို့တိုင်အောင် ၊ မြေတရှောက်လုံးကိုငင်းငါပေး၏။ ၁၈ ထိုအခါ ငါက၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် ဤ မြေ ကို သင် တို့အား အပိုင် ပေး တော်မူပြီ။ သို့ရာတွင်စစ်တိုက် တတ်သော သူအပေါင်း တို့သည် လက်နက်ကိုကိုင်၍၊ သင် တို့ ညီအစ်ကို ဣသရေလ အမျိုးသား တို့ရှေ့ မှာ ကူး သွားရကြမည်။ ၂၀ ထာဝရဘုရား သည် သင် တို့အားချမ်းသာ ပေးတော်မူသည်နည်းတူ ၊ ညီအစ်ကို တို့အား ပေးတော်မ မူမှီတိုင်အောင်ငင်း၊ ယော်ဒန် မြစ်တဘက် ၌ သင် တို့၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော မြေ ကို သူ တို့သည်မသိမ်း မယူမှီတိုင်အောင်ငင်း၊ သင် တို့မယား ၊ သား သူငယ် များ၊ တိရစ္ဆာန် များတို့သည် ငါပေး သော မြို့ တို့ ၌ နေ ရကြမည်။ သင် တို့တွင် တိရစ္ဆာန် များစွာ ရှိသည် ကိုငါသိ ၏။ အမှုပြီးမှငါပေး နှင့်သည်အတိုင်း၊ သင်တို့ရှိသမျှသည်အသီးအသီး ပိုင်ထိုက် သောမြေသို့ ပြန်လာ ရကြမည်ဟု သင် တို့အား ငါမှာ ထား၏။ ၂၁ ထိုအခါ ယောရှု ကိုလည်း၊ သင် ၏ဘုရား သခင်ထာဝရဘုရား သည် ဤ ရှင်ဘုရင် နှစ်ပါး ၌ ပြု တော်မူသော အမှု အလုံးစုံ ကို သင်သည် ကိုယ်တိုင်မြင် ရပြီ။ ထိုအတူ၊ ထာဝရဘုရား သည် သင်ရောက်သမျှသောတိုင်း နိုင်ငံတို့ ၌ ပြု တော်မူလိမ့်မည်။ ၂၂ ထိုသူ တို့ကို မ ကြောက် နှင့်။ သင် ၏ဘုရား သခင်ထာဝရဘုရား သည် သင့် ဘက် ၌ စစ်ကူ တော်မူမည်ဟု

ငါမှာထားလေ၏။ ၂၃ ထိုအခါ ထာဝရဘုရား ကို ငါတောင်းပန် သည် ကား၊ ၂၄ အိုအရှင် ထာဝရဘုရား ၊ ကိုယ်တော် သည် ကိုယ်တော် ကျွန် အား တန်ခိုး အာနုဘော်တော်ကိုငင်း၊ အားကြီး သော လက် တော်ကိုငင်း ပြ စ ပြုတော်မူပြီ။ ကိုယ်တော် စီရင် ၍ တန်ခိုး တော်ကို ပြသည်အတိုင်း ၊ ကောင်းကင် မြေကြီး ပေါ် မှာအဘယ် မည်သော ဘုရား ပြု နိုင်ပါသနည်း။ ၂၅ အကျွန်ုပ်သည် ယော်ဒန် မြစ်တဘက် သို့ ကူး ၍၊ ထို ကောင်းမွန် သောပြည် နှင့် လေဗနုန် တောင်မှစ၍ တင့်တယ် သော တောင် များကို မြင် ရမည်အကြောင်း အခွင့်ပေးတော်မူပါဟု တောင်းပန်သော်လည်း၊ ၂၆ ထာဝရဘုရား သည် သင် တို့အတွက် ငါ့ ကို အမျက် ထွက်တော်မူသောကြောင့် ၊ ငါ့ စကားကို နားထောင် တော်မ မူ။ ထာဝရဘုရား ကလည်း ၊ တန် တော့၊ ဤ အမှု နှင့် ဆိုင်သော စကားကို နောက် တဖန် မ လျှောက် နှင့်။ ၂၇ ပိသဂါ တောင်ထိပ် ပေါ် သို့ တက် ပြီးလျှင် ၊ အရှေ့ ၊ အနောက် ၊ တောင် ၊ မြောက် လေးမျက်နှာသို့မြော် ၍ ထို ပြည်ကို ကြည့်ရှု လော့။ ယော်ဒန် မြစ်ကို မ ကူး ရ။ ၂၈ သို့ရာတွင် ယောရှု ကိုမှာ ခဲ့၍ အား ပေးလော့။ မစ ထောက်ပင့်လော့။ သူ သည် ဤ လူမျိုး ရှေ့မှာသွား ၍ ၊ သင်မြင် ရသော ပြည် ကို အမွေခံ စေရမည်ဟု ငါ့အား မိန့်တော်မူ၏။ ၂၉ ထိုသို့ ငါတို့သည် ဇက်ပေဂုရ မြို့တဘက် ၌ ရှိသောချိုင့် တွင် နေ ရကြ၏။

၄ အိုကြသရေလ အမျိုးသားတို့၊ သင်တို့သည် အသက်ရှင် ၍ ၊ သင် တို့ဘိုးဘေး ကိုးကွယ်သော ဘုရား သခင် ထာဝရဘုရား ပေး တော်မူသော ပြည် ကို ဝင်စား မည်အကြောင်း ၊ သင် တို့ကျင့် စရာဘို့ ငါ သွန်သင် သော စီရင်ထုံးဖွဲ့ချက်တို့ကို နားထောင် ကြလော့။ ၂ ငါ မှာ ထားသော စကား ၌ သင်တို့သည် အသစ် မ သွင်းရ။ အလျှင်း မ နုတ်မပယ် ရ။ ငါ မှာ ထားသည် အတိုင်း ၊ သင် တို့ဘုရား သခင်ထာဝရဘုရား ၏ ပညတ် တော်တို့ကို စောင့်ရှောက် ရကြမည်။ ၃ ထာဝရဘုရား သည် ဗာလပေဂုရ ကြောင့် ပြု တော်မူသော အမှုကို သင်တို့သည် ကိုယ်တိုင် မြင် ရကြပြီ။ ဗာလပေဂုရ ၌ ဆည်းကပ် သော သူ အပေါင်း တို့ကို သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် သင် တို့အထဲ က သုတ်သင် ပယ်ရှင်းတော်မူပြီ။ ၄ သင် တို့ဘုရား သခင်ထာဝရဘုရား ၌ မှီဝဲ သမျှ သော သင် တို့မူကား ၊ ယနေ့ တိုင်အောင် အသက်ရှင် ရကြ၏။ ၅ သင် တို့သည် သွား၍ ဝင်စား သောပြည် ၌ ကျင့် စရာဘို့ ၊ ငါ ၏ဘုရား သခင်ထာဝရဘုရား မှာ ထား တော်မူသည်အတိုင်း ၊ စီရင် ထုံးဖွဲ့ တော်မူချက်တို့ကို သင် တို့အား ငါသွန်သင် ပြီ။ ၆ သို့ ဖြစ်၍ ထို ပညတ် တရားတို့ကို ကျင့်စောင့် ကြလော့။ သို့ပြုလျှင် ၊ ထို ပညတ် တရား ရှိသမျှ တို့ကို ကြား ရသောလူမျိုး များရှေ့ မှာ၊ သင် တို့၏ ဉာဏ် ပညာ သည် ထင်ရှားလိမ့်မည်။ သူတို့ကလည်း၊ ဤ ကြီးမြတ် သော လူမျိုး သည် အကယ် စင်စစ်ဉာဏ် ပညာနှင့် ပြည့်စုံသော အမျိုး ဖြစ်၏ဟု ဆို ကြလိမ့်မည်။ ၇ ငါ တို့သည် ဆုတောင်း လေရာရာ ၌ ၊ ငါ တို့ဘုရား သခင် ထာဝရဘုရား ကြည့်ရှုပြုစုတော်မူခြင်း ကျေးဇူးကိုခံရသည်နည်းတူ၊ အခြား သောဘုရား ကြည့်ရှုပြုစုသော ကျေးဇူးကို အဘယ်မည်သော လူမျိုး ကြီး ခံရသနည်း။ ၈ ငါ သည် ယနေ့ သင် တို့ ၌ထား သော တရား အပေါင်း နှင့်အမျှ ဖြောင့်မတ် သော စီရင် ထုံးဖွဲ့ချက်တို့ကို ရသော အဘယ် လူမျိုး ကြီး ရှိသနည်း။ ၉ သင်တို့သည်၊ ဟောရပ် အရပ်မှာ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ ရပ် နေကြသောအခါ ၊ ကိုယ်တိုင် မြင် သော အမှု

အရာတို့ကို မ မေ့ မလျော့။ နောက်တသက်လုံး နှလုံးသွင်းနိုင်မည်အကြောင်းကိုယ် ကို ကိုယ်သတိ ပြုကြလော့။ ကိုယ် စိတ်နှလုံး ကို ကြိုးစား၍ စောင့်ရှောက် ကြလော့။ ထိုအရာတို့ကို သား မြေးတို့အား လည်း သွန်သင် ကြလော့။ ၁၀ ထိုအခါ ထာဝရဘုရား က၊ လူ များတို့ကို ငါ့ ထံမှာ စုဝေး စေလော့။ သူ တို့သည် မြေကြီး ပေါ် မှာ အသက်ရှင် သမျှ သော ကာလ ပတ်လုံး ငါ့ ကို ကြောက်ရွံ့၍ သား မြေး တို့အား သွန်သင် စေခြင်းငှာ။ ငါ့ စကား ကို ကြား စေမည်ဟု ငါ့ အား မိန့် တော်မူသည်အတိုင်း၊ ၁၁ သင်တို့သည် အနီးတော်သို့ ချဉ်းကပ် ၍ ၊ တောင် ခြေရင်း၌ ရပ် နေကြ၏။ တောင် ထိပ်သည် မိုဃ်း ကောင်းကင်အလယ် ၌ မီး လောင် လျက် ၊ မည်း သော အဆင်း၊ မိုဃ်းတိမ် တိုက်၊ ထူထပ် သော မှောင်မိုက်နှင့် ပြည့်စုံလေ၏။ ၁၂ ထာဝရဘုရား သည်လည်း ၊ မီး ထဲက သင် တို့အား မိန့် မြွက်တော်မူ၏။ သင် တို့သည် သဏ္ဌာန် တော်ကို မ မြင် ရဘဲ၊ စကား တော်အသံ ကိုသာ ကြား ရကြ၏။ ၁၃ သင် တို့ကျင့် စရာဘို့ မှာ ထားတော်မူသော ပဋိညာဉ် တရားတည်း ဟူသောပညတ် တော်ဆယ် ပါးတို့ကို မိန့် မြွက်၍ ကျောက် ပြားနှစ် ပြားပေါ်၌ ရေး ထားတော်မူ၏။ ၁၄ သင် တို့သည် သွား ၍ ဝင်စား သော ပြည် ၌ ကျင့် စရာဘို့ သင် တို့အား ငါသွန်သင် ရသော စီရင် ထုံးဖွဲ့ချက်တို့ကိုလည်း ၊ ထိုအခါ ထာဝရဘုရား သည် ငါ့ အား မှာ ထား တော်မူ၏။ ၁၅ ဟောရပ် အရပ်၌ ထာဝရဘုရား သည် မီး ထဲက သင် တို့အား မိန့် မြွက်တော်မူသောအခါ၊ မည်သည့် အဆင်း သဏ္ဌာန်ကိုမျှ မ မြင် ရသည်ဖြစ်၍၊ ၁၆ နောက်တဖန် သင်တို့သည် လူယောကျ်ား ၊ လူမိန်းမ သဏ္ဌာန်၊ ၁၇ မြေကြီး ပေါ် မှာရှိသော တိရစ္ဆာန် သဏ္ဌာန် ၊ မိုဃ်း ကောင်းကင်၌ ပျံ တတ်သော ငှက် သဏ္ဌာန်၊ ၁၈ မြေ ပေါ် မှာ တွား တတ်သော တိရစ္ဆာန်သဏ္ဌာန် ၊ မြေ နိမ့် ရာ ရေ ၌ နေသော ငါး သဏ္ဌာန် ရှိသောရုပ်တု ကို၊ သင်တို့သည် ဖောက်ပြန် ၍ ကိုယ့် အဘို့ မ လုပ် ရမည်အကြောင်း၊ ၁၉ မိုဃ်း ကောင်းကင်ကို မြော် ၍ ၊ နေ ၊ လ ၊ ကြယ် များ တည်းဟူသောမိုဃ်း ကောင်းကင်တန်ဆာ ရှိသမျှ တို့ကို မြင် သောအခါ ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည်၊ မိုဃ်း ကောင်းကင်အောက် ၌ ရှိသမျှ သော လူမျိုး တို့ အား ဝေ့ ပေးကမ်းတော်မူသော ထိုတန်ဆာ တို့ကို ဝတ်ပြု ကိုးကွယ်စေခြင်းငှာ ၊ သူတပါးတို့သည် သွေးဆောင်၍ မရနိုင်မည်အကြောင်း၊ ကိုယ်ကိုကိုယ်သတိပြု ကြလော့။ ၂၀ သင် တို့သည် ယနေ့ ၌ ဖြစ်သကဲ့သို့ ၊ ထာဝရဘုရား အမွေခံ တော်မူသောလူမျိုး ဖြစ်စေ ခြင်းငှာ၊ သင် တို့ကို အဲဂုတ္တ၊ ပြည် သံ မီးဖို ထဲက နူတ် ၍ ယူဆောင် တော်မူပြီ။ ၂၁ ထိုမှတပါး၊ ထာဝရဘုရား သည် သင် တို့အတွက် ငါ့ ကို အမျက် တော်ထွက်၍ ၊ ငါ သည် ယော်ဒန် မြစ် တဘက်သို့ မ ကူး ရမည်အကြောင်းနှင့် သင် တို့၏ ဘုရား သခင် ထာဝရဘုရား သည် သင် တို့အမွေခံ စရာဘို့ ပေး တော်မူသော ထိုပြည် မြတ် သို့ မ ဝင်စား ရမည် အကြောင်းကျိန်ဆို တော်မူပြီ။ ၂၂ သို့ ဖြစ်၍ ဤ ပြည် ၌ ငါ သေ ရမည်၊ ယော်ဒန် မြစ် ကို မ ကူး ရ။ သင် တို့သည် ကူး ၍ ထို ကောင်းမွန် သော ပြည် ကို ဝင်စား ကြလိမ့်မည်။ ၂၃ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် သင် တို့ ၌ ထား တော်မူသော ပဋိညာဉ် တရားကို မေ့လျော့ ၍၊ သင် တို့ဘုရား သခင်ထာဝရဘုရား မြစ်တား တော်မူသော အရာ တို့၏ သဏ္ဌာန် ရှိသောရုပ်တု ကို မ လုပ် မည် အကြောင်း ၊ ကိုယ်ကိုကိုယ် သတိ ပြုကြလော့။ ၂၄ အကြောင်း မူကား၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် လောင် သောမီး ၊

အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရား ဖြစ်တော်မူ၏။ ၂၅ သင်တို့သည် သား မြေး တို့ကို ဘွား မြင်၍၊ ထိုပြည် ၌ ကြာမြင့်စွာ နေ ပြီးမှ ၊ တဖန် ဖောက်ပြန် သဖြင့် ၊ သဏ္ဌာန် တစုံတခု ရှိသော ရုပ်တု ကို လုပ် ၍ ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား အမျက် တော်ကို နှိုးဆော်ခြင်းငှာ ရှေ့တော်၌ ဒုစရိုက် ကို ပြု လျှင်၊ ၂၆ ကောင်းကင် မြေကြီး ကို သင် တို့တဘက် ၌ ယနေ့ ငါတိုင်တည် သည်ကား၊ သင် တို့သည် ယော်ဒန် မြစ်ကို ကူး ၍ ဝင်စား သောပြည် ၌ ၊ မကြာ မမြင့်မှီဆက်ဆက်ပျောက်ပျက် ရကြ လိမ့်မည်။ ထိုပြည် ၌ တာရှည်စွာ အသက် မ ရှင်ရ။ ရှင်းရှင်းပျက်စီး ခြင်းသို့ ရောက်ရကြ လိမ့်မည်။ ၂၇ ထာဝရဘုရား သည်လည်း ၊ သင် တို့ကို တပါး အမျိုးသားတို့တွင် အရပ်ရပ် ကွဲပြား စေ၍၊ နှင်ထုတ် တော်မူ သော သာသနာပ လူတို့တွင် သင်တို့သည် နည်းနည်း ကျန်ကြွင်း ရကြလိမ့်မည်။ ၂၈ ထို အရပ်တို့ ၌၊ လူ လက် ဖြင့်လုပ် ၍ မ မြင် နိုင်၊ မ ကြား နိုင်၊ မ စား နိုင်၊ မ နမ်း နိုင်သော သစ်သား ဘုရား၊ ကျောက် ဘုရား တို့ကို သင်တို့သည် ဝတ်ပြု ရကြလိမ့်မည်။ ၂၉ သို့သော်လည်း၊ ထို အရပ်တို့ ၌ သင် တို့၏ဘုရား သခင် ထာဝရဘုရား ကို တဖန်ရှာ လိုသောအခါ ၊ စိတ်နှလုံး အကြွင်းမဲ့ ရှာ လျှင် တွေ့ ရကြလိမ့်မည်။ ၃၀ သင် တို့သည် နောင် ကာလ ၌ ဒုက္ခဆင်းရဲ ကို ခံ ရ၍ ၊ ဤ အမှု အလုံးစုံ တို့နှင့် တွေ့ကြုံသောအခါ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ထံ တော်သို့ ပြန်လာ ၍ စကား တော်ကို နားထောင် လျှင်၊ ၃၁ သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် သနား တတ်သောဘုရား ဖြစ်တော်မူသောကြောင့် သင် တို့ကို စွန့်ပစ် ဖျက်ဆီး တော်မ မူ။ သင် တို့ဘိုးဘေး တို့ အား ကျိန်ဆို တော်မူသော ပဋိညာဉ် တရားကို မေ့လျော့ တော်မ မူ။ ၃၂ ဘုရားသခင် သည် မြေကြီး ပေါ် မှာ လူ ကို ဖန်ဆင်း တော်မူသော နေ့ မှစ၍ ၊ သင် တို့မ ဖြစ် မှီ လွန်လေ ပြီးသော ကာလ ပတ်လုံး၊ မိုဃ်း ကောင်းကင်တဘက် မှ တဘက် တိုင်အောင် မေးမြန်းကြလော့။ ဤ မျှလောက်ကြီး သောအမှု ဖြစ် ဘူးသလော။ ဤကဲ့သို့ သော အမှု၏ သိတင်းကို ကြား ဘူးသလော။ ၃၃ ဘုရားသခင် သည် မီး ထဲက မိန့် မြွက်တော်မူသံ ကို သင် တို့သည် ကြား သကဲ့သို့ ၊ အခြားသောလူမျိုး သည် ကြား ၍ ၊ အသက် ချမ်းသာရဘူးသလော။ ၃၄ သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည်၊ အဲဂုတ္တု ပြည်မှာ သင် တို့မျက်မှောက် ၌ ပြု တော်မူသကဲ့သို့ ၊ စုံစမ်း ခြင်းနိမိတ် လက္ခဏာနှင့် အံ့ဘွယ် သောအမှုတို့ကို ပြခြင်း၊ စစ်မှု ကိုရောက်စေခြင်း၊ အားကြီး သော လက်ရုံး တော်ကို ဆန့် ခြင်း၊ ကြောက်မက် ဘွယ်သော ရူပါရုံတို့ကို ပြခြင်းအားဖြင့်၊ အခြား တပါးသော ဘုရား သည် သွား ၍ လူ တမျိုးထဲက တမျိုးကို မိမိ အဘို့ နှုတ်ယူ ဘူးသလော။ ၃၅ ထာဝရဘုရား သည် ဘုရားသခင် ဖြစ်တော်မူကြောင်း ကိုငင်း၊ ကိုယ်တော်မှတပါး အခြား သောဘုရား မ ရှိကြောင်းကိုငင်း၊ သင်တို့သိ စေခြင်းငှာ ၊ ထိုအခြင်းအရာတို့ ကို သင် တို့အား ပြ တော်မူပြီ။ ၃၆ သင် တို့ကို သွန်သင် ၍ ကောင်းကင် ထဲက စကား တော်သံကို ကြား စေတော်မူပြီ။ မြေကြီး ပေါ် မှာ ကြီးစွာ သော မီး တော်ကိုလည်း ပြ တော်မူ၍၊ သင်တို့သည် မီး ထဲက စကား တော်ကို ကြား ရကြပြီ။ ၃၇ သင် တို့ဘိုးဘေး များကို ချစ် တော်မူသောကြောင့် ၊ သူ တို့ အမျိုးအနွယ် ကို ရွေးကောက် တော်မူပြီ။ ၃၈ သင် တို့ထက် အားကြီး ၍ များပြား သောလူမျိုး တို့ကို သင် တို့ရှေ့မှ နှင်ထုတ် တော်မူ၍ ၊ ယနေ့ ပင် ဖြစ်သကဲ့သို့ သူ တို့မြေ ထဲသို့ သင် တို့ကို သွင်း ၍ အမွေခံ စေခြင်းငှာ ၊ မဟာ တန်ခိုး တော်အားဖြင့် အဲဂုတ္တု

ပြည်မှ ရှေ့ တော်၌ နှုတ်ဆောင် တော်မူပြီ။ ၃၉ သို့ ဖြစ်၍ ထာဝရဘုရား သည် အထက် ကောင်းကင် ပေါ် ၊ အောက် အရပ် မြေကြီး ပေါ် မှာ ဘုရား သခင်ဖြစ်တော်မူကြောင်း ကို၎င်း၊ အခြားတပါးသောဘုရား မ ရှိ ကြောင်းကို၎င်း၊ ယနေ့ သိ မှတ်၍ နှလုံး ၌ သွင်း မိကြလော့။ ၄၀ သင် တို့နှင့်တကွ သား မြေးတို့သည် ချမ်းသာ ရ ခြင်းငှာ ၎င်း ၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ၌ အသက်တာ ရှည် စေခြင်းငှာ ၎င်း ၊ ယနေ့ ငါ မှာ ထားသော ပညတ် တရားတော်တို့ကို စောင့်ရှောက် ရကြမည်ဟု မောရှေသည် ဟောပြောလေ၏။ ၄၁ ထိုအခါ အိမ်နီးချင်း ကို အငြိုး မ ထားဘဲ၊ အမှတ်တမဲ့ သတ် မိသော သူသည် ပြေး၍ ၊ အသက် ချမ်းသာရသောမြို့သုံး မြို့ တို့ကို ယော်ဒန် မြစ်အရှေ့၊ နေထွက် ရာဘက်၌ မောရှေ သည်ခွဲ ထားလေ၏။ ၄၂ ထိုမြို့တို့၏ အမည်ကား၊ ရုဗင် အမျိုးသားနေရာတော လွင်ပြင်၌ ဗေဇာ မြို့၊ ဂဒ် အမျိုးသား နေရာ ဂိလဒ် ပြည်၌ ရာမုတ် မြို့၊ မနာရှေ အမျိုးသားနေရာ ဗာရှန် ပြည် ၌ ဂေါလန် မြို့တည်း။ ၄၃ ဤ ရွေးကား၊ မောရှေ သည် ဣသရေလ အမျိုးသား တို့ ၌ ထား သော တရား၊ ၄၅ သူတို့သည် အဲဂုတ္တု ပြည်မှ ထွက် သော နောက်၊ ဟေရှဘုန် မြို့နေ အာမောရိ ရှင်ဘုရင် ရှိဟုန် ၏ နိုင်ငံ အတွင်း ၊ ယော်ဒန် မြစ်အရှေ့ဘက်၊ ဗက်ပေဂုရ မြို့ တဘက် ၌ရှိသောချိုင့် တွင် ၊ မောရှေ ဟောပြော သော သက်သေ စကား၊ စီရင် ထုံးဖွဲ့သော စကားတည်း။ ၄၆ မောရှေ နှင့် ဣသရေလ အမျိုးသား တို့သည် အဲဂုတ္တု ပြည်မှ ထွက် ကြသော နောက်၊ ထိုရှင်ဘုရင်နှင့်၊ ၄၇ ဗာရှန် ရှင်ဘုရင် သြဃ တည်းဟူသော ၊ ယော်ဒန် မြစ်အရှေ့၊ နေ ထွက် ရာဘက်၌ နေသောအာမောရိ ရှင်ဘုရင် နှစ်ပါး ကို လုပ်ကြံ ၍ ၊ သူ တို့ ပြည် ကို၊ ၄၈ အာနုန် မြစ် နား မှာ ရှိသော အာရော် မြို့မှစ၍ ဟေရမုန် တောင်တည်းဟူသော ဇိအုန် တောင် တိုင်အောင် ၎င်း၊ ၄၉ ယော်ဒန် မြစ်အရှေ့ဘက် လွင်ပြင် နှင့် တကွ လွင်ပြင် နှင့်ဆိုင်သော အိုင် နား၊ အာဇုတ် ပိသဂါ မြို့တိုင်အောင် ၎င်း သိမ်းယူကြ၏။

၅ တဖန် မောရှေ သည် ဣသရေလ အမျိုးသားအပေါင်း တို့ကိုခေါ် ၍ ၊ အိုဣသရေလ အမျိုးသားတို့၊ ယနေ့ သင် တို့အား ငါ ဟောပြော သော စီရင် ထုံးဖွဲ့ချက်တို့ကို သင်တို့သည် သွန်သင် ၍ ကျင့် ခြင်းငှာ သတိ ပြုမည် အကြောင်းနားထောင် ကြလော့။ ၂ ငါ တို့ဘုရား သခင်ထာဝရဘုရား သည် ဟောရပ် တောင်၌ ငါ တို့နှင့် ပဋိညာဉ် ပြု တော်မူ၏။ ၃ ထို ပဋိညာဉ် တရားကို ထာဝရဘုရား သည် ငါ တို့ ဘိုးဘေး များနှင့် သာ ပြု တော်မူသည်မ ဟုတ်။ ယနေ့ ပင် အသက်ရှင် ၍ ဤ အရပ် ၌ ရှိသမျှ သော ငါ တို့နှင့် ပြုတော်မူ၏။ ၄ ထာဝရဘုရား သည် တောင် ပေါ် မှာ မီး ထဲက သင် တို့နှင့် မျက်နှာ ချင်းဆိုင်၍ မိန့် မြွက်တော်မူ၏။ ၅ ထိုအခါ သင်တို့သည် မီး ကိုကြောက် ၍ တောင် ပေါ် သို့ မ တက် ဝံ့သောကြောင့် ၊ ငါ သည် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ခြင်းငှာ ၊ ထာဝရဘုရား နှင့် သင် တို့စပ်ကြား မှာ ရပ် နေ၏။ ၆ မိန့်မြွက်တော်မူသောစကားဟူမူကား၊ ငါ သည် သင့် ကို ကျွန် ခံနေရာ အဲဂုတ္တု ပြည် မှ ကယ်နှုတ် ဆောင်ယူခဲ့ ပြီးသော သင် ၏ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၇ ငါ မှတပါး အခြား သောဘုရား ကို မ ကိုးကွယ် နှင့်။ ၈ အထက် မိုဃ်း ကောင်းကင်၌ ၎င်း၊ အောက် အရပ် မြေကြီး ပေါ် ၌ဌင်း၊ မြေကြီး အောက် ရေ ထဲ ၌ဌင်း ရှိသော အရာ နှင့် ပုံ သဏ္ဌာန်တူစွာ ရုပ်တု ဆင်းတုကို ကိုယ် အဘို့ မ လုပ် နှင့်။ ၉ ဦး မ ချ၊ ဝတ် မ ပြုနှင့်။

အကြောင်း မူကား၊ သင် ၏ဘုရား သခင်၊ ငါ ထာဝရဘုရား သည် သင်၌ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်း သောသူတို့ ၏ အမျိုးအစဉ်အဆက်၊ တတိယ အဆက်၊ စတုတ္ထ အဆက်တိုင်အောင် ၊ အဘ တို့၏ အပြစ် ကို သား တို့ ၌ ဆပ် ပေးစီရင်သောဘုရား၊ ၁၀ ငါ့ ကိုချစ် ၍ ငါ့ ပညတ် တို့ကိုကျင့် သောသူတို့ ၏ အမျိုးအစဉ်အဆက် အထောင် အသောင်းတိုင်အောင် ကရုဏာ ကို ပြ သောဘုရား ဖြစ်၏။ ၁၁ သင် ၏ဘုရား သခင်ထာဝရဘုရား ၏ နာမတော် ကို မုသာ နှင့် ဆိုင်၍ မ မြွက် မဆိုနှင့်။ အကြောင်း မူကား၊ နာမ တော်ကို မုသာ နှင့် ဆိုင်၍ မြွက်ဆို သောသူ ကို အပြစ်မရှိဟု ထာဝရဘုရား မှတ် တော်မ မူ။ ၁၂ သင် ၏ဘုရားသခင် ထာဝရဘုရား မှာ ထား တော်မူသည်အတိုင်း ၊ ဥပုသ် နေ့ ကို သန့်ရှင်း စေခြင်းဌာ ၊ ထိုနေ့ရက်ကို စောင့် လော့။ ၁၃ ခြောက် ရက် ပတ်လုံးအလုပ် မျိုး ကို ကြိုးစား ၍ လုပ်ဆောင် လော့။ ၁၄ သတ္တမ နေ့ရက် သည် သင် ၏ဘုရားသခင် ထာဝရဘုရား ၏ ဥပုသ် နေ့ဖြစ်၏။ ထိုနေ့၌ သင် မှစ၍သင် ၏သား သမီး ၊ ကျွန် ယောကျ်ား မိန်းမ ၊ နွား မြည်း အစရှိသောသင် ၏တိရစ္ဆာန် ၊ သင် ၏တံခါး အတွင်း ၌ နေသော ဧည့်သည် အာဂန္တုသည် အလုပ် မ လုပ် ရ။ သင် သည် ငြိမ်ဝပ်စွာ နေသကဲ့သို့ ၊ သင် ၏ကျွန် ယောကျ်ား မိန်းမ တို့သည် ငြိမ်ဝပ်စွာ နေရကြမည်။ ၁၅ သင်သည် အဲဂုတ္တု ပြည် ၌ ကျွန် ခံ ကြောင်း ကိုငင်း ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် အားကြီး သော လက်ရုံး တော်ကို ဆန့် ၍ ၊ ထို ပြည်မှ သင့် ကို နှုတ်ဆောင် တော်မူကြောင်း ကိုငင်းအောက်မေ့ လော့။ ထို အကြောင်းကြောင့်၊ သင်သည် ဥပုပ် နေ့ကို စောင့် ရမည်ဟု သင် ၏ ဘုရားသခင် ထာဝရဘုရား မှာ ထားတော်မူ၏။ ၁၆ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး သနား တော်မူသောပြည် ၌ သင် သည် အသက်တာ ရှည် ၍ ကောင်းစား ရမည်အကြောင်း ၊ သင် ၏ဘုရားသခင် ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ သင်၏ မိဘ ကို ရိုသေ စွာပြုလော့။ ၁၇ လူအသက်ကို မ သတ် နှင့်။ ၁၈ သူ့မယားကိုမ ပြစ်မှား နှင့်။ ၁၉ သူ့ ဥစ္စာကို မ ခိုး နှင့်။ ၂၀ ကိုယ် နှင့်စပ်ဆိုင် သောသူ တဘက် ၌ မ မှန်သော သက်သေ ကို မ ခံ နှင့်။ ၂၁ ကိုယ် နှင့်စပ်ဆိုင် သောသူ ၏မယား ကို တပ်မက် သောစိတ် မ ရှိစေနှင့်။ ကိုယ် နှင့်စပ်ဆိုင် သောသူ ၏အိမ် ၊ လယ်ယာ ၊ ကျွန် ယောကျ်ား မိန်းမ ၊ နွား မြည်း မှစ၍ ကိုယ် နှင့်စပ်ဆိုင် သောသူ ၏ ဥစ္စာ တစုံ တခုမျှ တပ်မက် လိုချင်သောစိတ် မ ရှိစေနှင့်ဟု မိန့်တော်မူ၏။ ၂၂ ထို စကား တော်ကို ထာဝရဘုရား သည် တောင် ပေါ် မှာ မီး ၊ မိုးယံတိမ် ၊ ထူထပ် သော မှောင်မိုက်ထဲက ကြီးစွာ သောအသံ နှင့် သင် တို့စည်းဝေးရာ ပရိသတ် အပေါင်း တို့အား မိန့် မြွက်တော်မူ၏။ ထပ် ၍မိန့်မြွက် တော်မမူ။ ထိုစကားတော်ကိုလည်း ကျောက် ပြား နှစ် ပြား ပေါ် မှာရေး ၍ ငါ ၌ အပ် တော်မူ၏။ ၂၃ သင် တို့သည် မှောင်မိုက် ထဲက စကား သံကို ကြား ၍ ၊ တောင်ထိပ် သည် မီး လောင် လျက်ရှိသောအခါ ၊ သင် တို့မျိုးနွယ် တို့ ၌ မင်း ဖြစ်သောသူ၊ အသက်ကြီး သူတို့ သည် ငါ့ ထံသို့ ချဉ်းကပ် ၍၊ ၂၄ အကျွန်ုပ် တို့ ဘုရားသခင် ထာဝရဘုရား သည် ဘုန်း တန်ခိုး အာနုဘော်တော်ကို အကျွန်ုပ် တို့အား ပြ တော်မူပြီ။ မီး ထဲက စကားတော်အသံ ကို အကျွန်ုပ်တို့သည် ကြား ရပါပြီ။ ဘုရားသခင် သည် လူ နှင့် နှုတ်ဆက် တော်မူ သော်လည်း ၊ လူသည် အသက်ရှင် သေးသည်ကို၊ ယနေ့ ၌ အကျွန်ုပ်တို့သည် သိမြင် ရပါပြီ။ ၂၅ အကျွန်ုပ်တို့သည် အဘယ် ကြောင့်ယခု သေ ရပါ မည်နည်း။ ဤ ကြီးစွာ သောမီး ဖြင့် အကျွန်ုပ်တို့သည်

ဆုံးရှုံး ပါလိမ့်မည်။ အကျွန်ုပ် တို့ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသောအသံ တော်ကိုတဖန် ကြား ရလျှင် သေ ရပါလိမ့်မည်။ ၂၆ အသက်ရှင် တော်မူသောဘုရားသခင် သည်မီး ထဲက မိန့် မြွက်တော်မူ သောအသံ တော်ကို အကျွန်ုပ် တို့ ကြားရ သကဲ့သို့ အဘယ် လူ သတ္တဝါသည် ကြား ၍ အသက်ရှင် သနည်း။ ၂၇ ကိုယ်တော် သည် အနီးအပါးသို့ ချဉ်း သွား၍ ၊ အကျွန်ုပ် တို့ဘုရားသခင် ထာဝရဘုရား မိန့် တော်မူသမျှ ကို နားထောင် တော်မူပါ။ အကျွန်ုပ် တို့ဘုရား သခင်ထာဝရဘုရား သည် ကိုယ်တော် အား မိန့် တော်မူသမျှ ကို ဆင့်ဆို တော်မူပါ။ အကျွန်ုပ်တို့သည် နားထောင် ၍ ပြု ပါမည်ဟု လျှောက်ဆိုကြ၏။ ၂၈ ထိုသို့ သင် တို့သည် ငါ့ အား လျှောက် သော စကား ကို ထာဝရဘုရား ကြား တော်မူ၏။ ထာဝရဘုရား ကလည်း ၊ ဤ လူမျိုး သည် သင့် အား လျှောက် သော စကား သံ ကို ငါကြား ရပြီ။ လျှောက် လေသမျှ သော စကား သည် လျောက်ပတ် ပေ၏။ ၂၉ သူ တို့နှင့် သား မြေးအစဉ် အဆက်တို့သည် ချမ်းသာ ရမည်အကြောင်း ၊ ငါ့ ကို ကြောက်ရွံ့ ၍ ငါ ပညတ် သမျှ တို့ကို အစဉ် စောင့်ရှောက် ချင်သောစိတ် နှင့် ပြည့်စုံ ကြပါစေသော။ ၃၀ တဲ များသို့ ပြန် သွား ကြလော့ဟု သူ တို့အား ပြော လော့။ ၃၁ သင် မှာမူကား ၊ ဤ အရပ်၌ ငါ့ အနားမှာ ရပ် နေ လော့။ သူ တို့အား ငါ အပိုင် ပေး သော ပြည် ၌ သူတို့ကျင့် ဘို့ရာ သင်သည် သူ တို့အား သွန်သင် ရသော စီရင် ထုံးဖွဲ့ ချက်၊ ပညတ် တရားအလုံးစုံ တို့ကို ငါ မြွက်ဆိုမည်ဟု ငါ့အား မိန့်တော်မူ၏။ ၃၂ သို့ ဖြစ်၍ သင် တို့၏ ဘုရားသခင် ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ သင် တို့သည် ကျင့် အံ့သောဘှာ စောင့် နေရကြမည်။ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ လွှဲ မရှောင်ရကြ။ ၃၃ သင်တို့ဝင်စား လတ္တံသော ပြည် ၌ သင် တို့သည် သေဘေး လွတ်လျက် ချမ်းသာ ရ၍ ၊ အသက်တာ ရှည်မည် အကြောင်း ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား မှာ ထားတော်မူသော လမ်း အပေါင်း တို့ ၌ ရှောက်သွား ရကြမည်။

၆ သင် တို့နှင့် သား မြေး တို့သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား ကို ကြောက်ရွံ့ ၍၊ ၂ ငါ ပေး ထားသော ပညတ် တရား တော်ရှိသမျှ တို့ ကို တသက်လုံး စောင့်ရှောက် မည်အကြောင်း နှင့် သင် တို့၏ အသက်တာ ရှည် စေမည်အကြောင်း ၊ သင် တို့သွား ၍ ဝင်စား လတ္တံသော ပြည် ၌ ကျင့် ဘို့ရာ သင် တို့အား ငါသွန်သင် စိမ့်သောဘှာ ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား မှာ ထားတော်မူသော စီရင် ထုံးဖွဲ့ချက် ပညတ် တရားဟူမူကား၊ ၃ အိုဣသရေလ အမျိုး၊ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ဂတိ တော်ရှိသည်အတိုင်း ၊ သင် သည် နို့ နှင့် ပျားရည် စီး သောပြည် ၌ ချမ်းသာ ရ၍ အလွန် ပွား များမည် အကြောင်း နားထောင် လော့။ သတိ နှင့် ကျင့် စောင့်လော့။ ၄ အိုဣသရေလ အမျိုး၊ နားထောင် လော့။ ငါ တို့၏ ဘုရား သခင်ထာဝရဘုရား သည် တဆူ တည်းသော ထာဝရ ဘုရား ဖြစ်တော်မူ၏။ ၅ သင် ၏ဘုရား သခင်ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ၊ အစွမ်း သတ္တိရှိသမျှ နှင့် ချစ် လော့။ ၆ ယနေ့ ငါ မှာ ထားသော စကား ကို နှလုံး သွင်း ရမည်။ ၇ ထို စကားကို သင် ၏သားသမီး တို့အား ကြိုးစား ၍ သွန်သင်ရမည်။ အိမ် ၌ ထိုင် လျက် နေသည်ဖြစ်စေ၊ ခရီး ၌ သွား သည်ဖြစ်စေ ၊ အိပ် လျက် ၊ ထ လျက်ရှိသည် ဖြစ်စေ ၊ ထို စကားကို ပြော ရမည်။ ၈ ထိုစကားကိုလည်း သင် ၏ လက် ၌ လက္ခဏာ သက်သေဘို့ရာ၎င်း၊ သင် ၏ မျက်စိ ကြား မှာ သင်းကျစ်

ကဲ့သို့ ၎င်း ချည် ထားရမည်။ ၉ အိမ် တံခါး ၊ မြို့တံခါး တို့ ၌ လည်း ရေးထား ရမည်။ ၁၀ သင်မ တည် သော မြို့ ကြီး မြို့မြတ် တို့ကို၎င်း ၊ သင်မ ဖြည့် ဘဲကောင်း သောအရာနှင့်ပြည့် သောအိမ် တို့ကို၎င်း၊ သင်မ တူး သော ရေတွင်း တို့ကို၎င်း ၊ သင်မ စိုက်ပျိုး သော စပျစ်ဥယျာဉ် နှင့် သံလွင်ပင် တို့ကို၎င်း၊ သင့် အား ပေး ခြင်းငှာ၊ သင် ၏အဘ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့အား ကျိန်ဆို တော်မူသော ပြည် သို့ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ကိုဆောင်သွင်း တော်မူ၍၊ သင်သည်ဝစ္စာ စား လျက်နေရသောအခါ၊ ၁၂ ကျွန် ခံနေရာ အဲဂုတ္တု ပြည် မှ သင့် ကို ကယ်နှုတ် ဆောင်ယူခဲ့သော ထာဝရဘုရား ကို မ မေ့လျော့ မည် အကြောင်း၊ ကိုယ် ကို ကိုယ်သတိ ပြုလော့။ ၁၃ သင် ၏ဘုရားသခင် ထာဝရဘုရား ကို ကြောက်ရွံ့ ရမည်။ ထို ဘုရားသခင်ကိုသာ ဝတ်ပြု ရမည်။ နာမ တော် အားဖြင့် လည်း ကျိန်ဆို ခြင်းကိုပြုရမည်။ ၁၄ အခြား တပါးသောဘုရား ၊ သင့် ပတ်လည် ၌ နေသော လူမျိုး တို့၏ ဘုရား ကို မ ဆည်း မကပ်ရ။ ၁၅ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင် တို့ ၌ အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရား ဖြစ်တော်မူ၏။ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင့် ကို အမျက် ထွက် ၍ မြေကြီး ပြင် မှာ သုတ်သင် ပယ်ရှင်းတော်မူမည်ဟု စိုးရိမ်စရာရှိ၏။ ၁၆ သင်သည် မသာ အရပ်၌ ပြု သကဲ့သို့ ၊ သင် ၏ ဘုရား သခင်ထာဝရဘုရား ကို အစုံအစမ်း မ ပြုရ။ ၁၇ သင် ၏ဘုရား သခင်ထာဝရဘုရား ထား တော်မူသော သက်သေခံ ချက်၊ စီရင် ချက်၊ ပညတ် တရားတို့ကို ကြိုးစား၍ စောင့်ရှောက် ရမည်။ ၁၈ သင်သည် ချမ်းသာရခြင်းငှာ၎င်း၊ ၁၉ ထာဝရဘုရား ဂတိ တော်ရှိသည်အတိုင်း ရန်သူ အပေါင်း တို့ကို သင့် ရှေ့မှ နှင်ထုတ် သဖြင့် ၊ သင် ၏ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပြည် မြတ် ကို ဝင်စား ၍ နေ ခြင်းငှာ၎င်း ၊ ထာဝရဘုရား ရှေ့ တော်၌ ဖြောင့်မတ် လျောက်ပတ် သောအမှုတို့ကို ပြု ရမည်။ ၂၀ နောင် ကာလ၌ သင် ၏သား က၊ ငါ တို့ဘုရား သခင် ထာဝရဘုရား ထား တော်မူသော ဤသက်သေခံ ချက်၊ စီရင် ထုံးဖွဲ့ ချက်တို့သည် အဘယ်သို့ ဆိုလို သနည်းဟု မေးမြန်း လျှင်၊ ၂၁ သင်က၊ ငါတို့သည် အဲဂုတ္တု ပြည်၌ ဖါရော ဘုရင် ၏ ကျွန် ဖြစ် ၍နေစဉ်အခါ၊ ထာဝရဘုရား သည် အားကြီး သောလက် တော်နှင့် ငါ တို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူ၏။ ၂၂ ထာဝရဘုရား သည်လည်း ၊ ကြီးမား ခက်ထန် သော နိမိတ် လက္ခဏာ အံ့ဘွယ် သရဲတို့ကို အဲဂုတ္တု ပြည် အပေါ် မှာ၎င်း၊ ဖာရော ဘုရင်နှင့် နန်းတော် သားတို့အပေါ် မှာ၎င်း၊ ငါ တို့မျက်မှောက် ၌ ပြတော်မူပြီးလျှင်၊ ၂၃ ငါ တို့ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပြည် သို့ သွင်း ၍ နေရာချ ခြင်းအလို့ငှာ ၊ ထို ပြည်မှ နှုတ်ဆောင် တော်မူ၏။ ၂၄ ထာဝရဘုရား သည် ယနေ့ တိုင်အောင် ကျေးဇူး ပြုတော်မူသကဲ့သို့ ၊ ငါ တို့အသက် ကို စောင့်တော်မူမည် အကြောင်း ၊ ငါတို့သည် ကိုယ်အကျိုးကိုထောက် ၍၊ ငါ တို့ ဘုရား သခင်ထာဝရဘုရား ကို ကြောက်ရွံ့ လျက် ၊ ဤ ပညတ် အလုံးစုံ တို့ကို ကျင့် စေခြင်းငှာ မှာ ထားတော်မူ၏။ ၂၅ သို့ ဖြစ်၍ ငါ တို့ဘုရား သခင်ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ဤ ပညတ် အလုံးစုံ တို့ကို ရှေ့ တော်၌ ကျင့် စောင့်ခြင်းငှာ သတိပြု လျှင် ၊ ဖြောင့်မတ် ရာသို့ ရောက် ရကြလိမ့်မည်ဟု ပြန်ပြောရမည်။

၇ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင် သွား ၍ ဝင်စား လတ္တံ့သော ပြည် သို့ သင့် ကို ဆောင် သွင်း လျက် ၊ ဟိတ္တိ လူ၊ ဂိရဂၢါရှိ လူ၊ အာမောရိ လူ၊ ခါနာန် လူ၊ ဖေရဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတည်းဟူသော၊ သင့် ထက် ကြီးမြင့် များပြား သော လူမျိုး ခုနစ် မျိုးတို့ကို သင့် ထံ က နှင်ထုတ် ၍၊ ၂ တဖန် သင့် လက်၌ အပ် တော်မူသောအခါ၊ သူ တို့ ကို လုပ်ကြံ ၍ အကုန်အစင်သုတ်သင် ပယ်ရှင်းရမည်။ သူ တို့နှင့် မိသဟာယ မ ဖွဲ့ ရ၊ ကရုဏာ ကို မ ပြရ။ ၃ သူ တို့နှင့် စုံဘက် ခြင်းကို မ ပြု ရ။ သင် ၏သမီး ကို သူ ၏သား နှင့်ငင်း၊ သင်၏သားကို သူ၏သမီးနှင့်ငင်း ထိမ်းမြားပေးစားခြင်းကို မပြု ရ။ ၄ အကြောင်း မူကား၊ သူတို့သည် သင် ၏သား ကို ငါ၌ မဆည်းမကပ်စေဘဲ၊ အခြား တပါးသော ဘုရား အား ဝတ်ပြု စေခြင်းဟူသွေးဆောင်ကြလိမ့်မည်။ ထိုအခါ အမျက် ထွက် ၍ သင် တို့ကို ချက်ခြင်း ဖျက်ဆီး တော်မူလိမ့်မည်။ ၅ သို့ ဖြစ်၍ ၊ သူ တို့ ၌ အဘယ်သို့ပြု ရမည်နည်း ဟူမူကား ၊ သူ တို့ယဇ် ပလ္လင်များကို ဖျက် ရမည်။ ရုပ်တု များကို ဖြိုချ ရမည်။ အာရှရ ပင်များကို ခုတ် လဲရမည်။ ထုသောရုပ်တု ဆင်းတုများကို မီးရို့ ရမည်။ ၆ အကြောင်း မူကား၊ သင် သည် သင် ၏ ဘုရားသခင် ထာဝရဘုရား အဘို့ သန့်ရှင်း သောအမျိုး ဖြစ်၏။ မြေကြီး ပေါ် မှာ ရှိသမျှ သော လူမျိုး ထက် သင် ၏ဘုရားသခင် ထာဝရဘုရား ပိုင် ထိုက်သော အမျိုး ဖြစ် စေခြင်းငှာ သင့် ကို ရွေးချယ် တော်မူပြီ။ ၇ သင် သည် အခြားသောလူမျိုး ထက် သာ၍များ သောကြောင့် ၊ ထာဝရဘုရား သည် သင့် ကို ချစ် ၍ ရွေးချယ် တော်မူသည်မ ဟုတ်။ သင် သည် အခြားသော လူမျိုး တကာ တို့ထက် သာ၍နည်း ၏။ ၈ ထာဝရဘုရား သည် သင့် ကိုချစ် သောကြောင့် ၎င်း ၊ သင် ၏ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော အကျိန် ကို မ ဖျက်လိုသောကြောင့် ၎င်း၊ ကျွန် ခံနေရာ အဲဂုတ္တ၊ ပြည်ကို အစိုးရ သောဖါရော ဘုရင်လက် မှ အားကြီး သော လက် တော်နှင့် သင့် ကို ရွေးနှုတ် ဆောင်ယူခဲ့တော်မူပြီ။ ၉ သို့ ဖြစ်၍ သင် ၏ဘုရားသခင် ထာဝရဘုရား သည် မှန်သောဘုရား ၊ သစ္စာ စောင့်သောဘုရား ၊ ကိုယ်တော် ကို ချစ် ၍ ပညတ် တော်တို့ကို စောင့်ရှောက် သောသူတို့ ၏ အမျိုး အစဉ်အဆက် အထောင် အသောင်းတိုင်အောင် ပဋိညာဉ် စကားတည် ၍ ကရုဏာ ကို ပြသောဘုရား၊ ၁၀ ကိုယ်တော် ကို မုန်း သောသူတို့ကို ဖျက်ဆီး ခြင်းဘ ၊ သူ တို့မျက်မှောက် ၌ အပြစ် ပေးသော ဘုရားဖြစ်တော်မူ ကြောင်းကို သိမှတ်လော့။ ကိုယ်တော် ကို မုန်း သောသူတို့ ကို အား မ နာဘဲ၊ သူ တို့မျက်မှောက် ၌ အပြစ် ပေး တော်မူမည်။ ၁၁ သို့ ဖြစ်၍ ယနေ့ငါ ထား သော စီရင် ထုံးဖွဲ့ချက်၊ ပညတ် တရားတို့ကို ကျင့် အံ့သောဘ စောင့်ရှောက် ရမည်။ ၁၂ ထို ပညတ် တို့ကို သင်သည် ကျင့်ဆောင် အံ့သောဘနားထောင် လျှင် ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင် ၏ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပဋိညာဉ် နှင့် ကရုဏာ တော်ကို စောင့် တော်မူမည်။ ၁၃ သင့် ကိုချစ် သဖြင့် ကောင်းကြီး ပေး၍ များပြား စေတော်မူမည်။ သင့် အား ပေး ခြင်းဘ ၊ သင် ၏ဘိုးဘေး တို့ အား ကျိန်ဆို တော်မူသော ပြည် ၌ သင် ဘွားမြင် သော သား တို့ကိုငင်း ၊ သင် ၏မြေ အသီးအနှံ ၊ စပါး ၊ စပျစ်ရည် ၊ ဆီ ၊ နွား အစီး အပွား၊ သိုး စုတို့ကိုငင်းကောင်းကြီး ပေး တော်မူမည်။ ၁၄ သင်သည် လူမျိုး တကာ တို့ထက် သာ၍ကောင်းကြီး ခံရသောသူဖြစ် ၍၊ သင် ၌ မြို့ သော ယောက်ျားမိန်းမတယောက်မျှ၊ တိရစ္ဆာန် တွင် မြို့သော အထီးအမ တကောင်မျှမ ရှိ ရ။ ၁၅ ထာဝရဘုရား သည်လည်း ၊

အနာ ရောဂါရှိသမျှ တို့ကို သင့် ဆီ က ပယ်ရှား ၍ ၊ သင်သိ သော အဲဂုတ္တုပြည်၏ အနာ ဆိုးကို သင် ၌ စွဲ စေတော်မ မူ။ သင့် ကိုမုန်း သောသူ အပေါင်း တို့ ၌ စွဲ စေတော်မူမည်။ ၁၆ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင် ၌ အပ်ပေး တော်မူသောလူမျိုး အပေါင်း ကို ဖျက်ဆီး ရမည်။ သင် ၏မျက်စိ သည် သူ တို့ကို မ သနား ရ။ သူ တို့ ဘုရား အား ဝတ် မ ပြု ရ။ ဝတ်ပြုလျှင်၊ ထိမိ ၍ လဲစရာ အကြောင်း ဖြစ်လိမ့်မည်။ ၁၇ ထို လူမျိုး တို့သည် ငါ့ ထက် သာ၍များ ၏။ ငါသည် သူ တို့ကို အဘယ်သို့ နှင်ထုတ် နိုင် မည်နည်းဟု သင် သည် စိတ် ထဲမှာ အောက်မေ့ လျက်၊ ၁၈ သူ တို့ကို မ ကြောက် ရ။ သင် ၏ဘုရားသခင် ထာဝရဘုရား သည် ဖါရော ဘုရင်နှင့် အဲဂုတ္တုပြည် တပြည်လုံး ၌ ပြု တော်မူသောအမှု ကိုငင်း၊ ၁၉ ကိုယ်တိုင် မြင် ၍ ကြီးစွာ သော စုံစမ်း ခြင်းတို့ကိုငင်း ၊ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင့် ကို နှုတ်ဆောင် သောအခါ ၊ ပြတော်မူသော နိမိတ်လက္ခဏာ အံ့ဘွယ် သော အမှုတို့ကိုငင်း၊ အားကြီး သော လက်ရုံး တော်ကို ဆန့် တော်မူခြင်းကိုငင်းစေ့စေ့အောက်မေ့ရမည်။ ထိုနည်းတူ ၊ သင် ကြောက် တတ်သော လူမျိုး ရှိသမျှ တို့ ၌ သင် ၏ ဘုရား သခင်ထာဝရဘုရား ပြု တော်မူမည်။ ၂၀ ထို မှတပါး၊ ကျန်ကြွင်း ၍ ပုန်းရှောင် လျက်နေ သောသူတို့ သည် မ ပျက်စီး မှီတိုင်အောင်၊ သင် ၏ ဘုရား သခင် ထာဝရဘုရား သည် ပျားတူ များကို သူ တို့တွင် စေလွှတ် တော်မူမည်။ ၂၁ သူ တို့ကြောင့် ထိတ်လန့် ခြင်း မ ရှိရ။ အကြောင်း မူကား၊ တန်ခိုးကြီး ၍ ကြောက်မက် ဘွယ်သောသင် ၏ ဘုရား သခင်ထာဝရဘုရား သည် သင် တို့တွင် ရှိတော်မူ ၏။ ၂၂ သင် ၏ ဘုရား သခင်ထာဝရဘုရား သည် ထို လူမျိုး တို့ကို သင့် ထံ က တရွေ့ရွေ့ နှင်ထုတ် တော်မူလိမ့်မည်။ တော သားရဲ တို့သည် သင့် တဘက် ၌ များပြား မည်ကို စိုးရိမ်၍၊ သူ တို့ကို ချက်ခြင်း မ ပယ် မရှားသင့်။ ၂၃ သို့ရာတွင် သင် ၏ ဘုရား သခင်ထာဝရဘုရား သည် သူ တို့ကို သင် ၌ အပ် ၍ ၊ သူ တို့ မ ပျက်စီး မှီတိုင်အောင်၊ ကြီး စွာသော ပျက်စီး ခြင်းကို စီရင် တော်မူမည်။ ၂၄ သူ တို့ရှင် ဘုရင်များကိုလည်း သင့် လက် ၌ အပ် တော်မူသဖြင့် ၊ သူ တို့ဘွဲ့နာမ ကိုပင် ကောင်းကင် အောက် မှာ ပယ်ရှင်း ရမည်။ သူ တို့ကို မ ဖျက်ဆီး မှီ တိုင်အောင်သင့် ရှေ့ မှာ အဘယ်သူ မျှမ ရပ် မနေနိုင်ရာ။ ၂၅ သူ တို့ထုသော ရုပ်တု ဆင်းတုဘုရား များကို မီးရှို့ ရမည်။ ရုပ်တုဆင်းတု၌ ပါသောရွှေ ငွေ ကို မ တပ်မက် ရ၊ မသိမ်းမယူရ။ ယူ လျှင် အပြစ်ရောက်မည်ဟု စိုးရိမ်စရာရှိ၏။ သင် ၏ ဘုရား သခင်ထာဝရဘုရား သည် စက်ဆုပ် ရွံရှာတော်မူ၏။ ၂၆ စက်ဆုပ် ရွံရှာဘွယ်သောအရာကို သင့် အိမ် ထဲသို့ မ သွင်း ရ။ သွင်းလျှင် ၊ သင်သည် ထို အရာကဲ့သို့ ကျိန် အပ် သောအရာ ဖြစ် မည်ဟု စိုးရိမ်စရာရှိ၏။ ထိုသို့သောအရာ ကို သင် သည် အကြွင်းမဲ့စက်ဆုပ် ရွံရှာရမည်။ ကျိန် အပ် သော အရာပင်ဖြစ်ပေ၏။

၈ သင်သည် အသက်ရှင် ၍ များပြား မည်အကြောင်း ၊ ထာဝရဘုရား သည် သင် ၏ဘိုးဘေး တို့အား ကျိန်ဆို တော်မူ သော ပြည် သို့ သွား ၍ ဝင်စား မည်အကြောင်း၊ ယနေ့ ငါ မှာထား သော ပညတ် အလုံးစုံ တို့ကို ကျင့်ဆောင် အံ့သောဌာ သတိပြု ရမည်။ ၂ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင့် ကို နှိမ့်ချ စုံစမ်း ၍ ၊ ပညတ် တော်တို့ကို ကျင့် ချင်သောစိတ် ရှိသည် မ ရှိသည်ကို သိ မည်အကြောင်း ၊ လွန်ခဲ့ပြီး သော အနှစ် လေးဆယ် ပတ်လုံးတော ၌ ပို့ဆောင် တော်မူသော လမ်း ခရီးတရှောက်လုံး ကို အောက်မေ့ ရမည်။ ၃ ထိုသို့ သင့် ကိုနှိမ့်ချ ၍ အငတ် အမွတ်ခံစေတော်မူ

သောအခါ ၊ သင် သည် ကိုယ်တိုင်မ သိ ၊ သင် ၏ဘိုးဘေး မ သိ ဘူးသော မန္တ နှင့် ကျွေးမွေး တော်မူသဖြင့် ၊ လူ သည် မုန့် အားဖြင့် သာ အသက် ကို မွေးရသည်မ ဟုတ်။ ဘုရားသခင် မိန့် တော်မူသမျှ အားဖြင့် အသက် မွေးရသည် ကို သိ စေတော်မူ၏။ ၄ လွန်ခဲ့ပြီးသော အနှစ် လေးဆယ် ပတ်လုံးသင် ဝတ်သောအဝတ် မ ဟောင်း မနွမ်း၊ သင့် ခြေ လည်း မ ပွန်း မရောင်။ ၅ အဘ သည် သား ကိုဆုံးမ သကဲ့သို့ ၊ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင့် အား ဆုံးမ တော်မူသည် ကို စိတ် ထဲမှာ အောက်မေ့ ရမည်။ ၆ သို့ ဖြစ်၍ သင် ၏ ဘုရားသခင် ထာဝရဘုရား စီရင်တော်မူသောလမ်း သို့ လိုက် ၍ ၊ ကိုယ်တော် ကို ကြောက်ရွံ့ သဖြင့် ပညတ် တော်တို့ကို စောင့်ရှောက် ရမည်။ ၇ အကြောင်း မူကား၊ သင် ၏ ဘုရား သခင်ထာဝရဘုရား သည် ကောင်း သောပြည် ၊ ချိုင့် ထဲ ၊ တောင် ထဲက ပေါက် သောမြစ် ၊ ချောင်း၊ စမ်းရေတွင်း၊ ရေကန်များနှင့် ပြည့်စုံသောပြည်၊ ၈ ဂျုံ ၊ မုယော ၊ စပျစ် ပင်၊ သင်္ဘော် သဖန်းပင်၊ သလဲ ပင်နှင့် ပြည့်စုံသောပြည် ၊ သံလွင် ဆီ ၊ ပျားရည် နှင့် ပြည့်စုံသောပြည်၊ ၉ ဘာမျှ မ လို ဘဲဝစွာ စား ရသောပြည် ၊ သံ ကျောက် နှင့် ပြည့်စုံ၍၊ တောင် ထဲက ကြေးနီ ကို တူး ရသောပြည် သို့ သင့်ကို ဆောင်သွားတော်မူ၏။ ၁၀ ထို ကောင်းမွန် သော ပြည် ကိုပေး သနားတော်မူသည် ဖြစ်၍၊ သင်သည် ဝ စွာစား ရသောအခါ ၊ သင် ၏ ဘုရား သခင်ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ရမည်။ ၁၁ ယနေ့ ငါ ဆင့်ဆို သော စီရင် ထုံးဖွဲ့ချက်၊ ပညတ် တရားတော်တို့ကို သင်သည် မ စောင့် ၊ သင် ၏ ဘုရား သခင် ထာဝရဘုရား ကို မေ့လျော့ သောအပြစ်ကို သတိ နှင့်ရှောင်လော့။ ၁၂ သင်သည် ဝ စွာစား ၍ ကောင်း သောအိမ် ကို ဆောက် လျက် နေ ရစဉ်၊ ၁၃ သင် ၏ သိုး နွား ၊ ရွှေ ငွေ အစ ရှိသော ဥစ္စာမျိုး များပြား စဉ်အခါ၊ ၁၄ သင် သည် မာန ထောင်လွှားခြင်းသို့ ရောက်၍ ၊ အထက် ကျွန် ခံနေရာ အဲဂုတ္တ၊ ပြည် မှ ကယ်နှုတ်ဆောင် ယူခဲ့ တော်မူထသော၊ ၁၅ မီး မြွေ ၊ ကင်းမြီးကောက် များ၍ ၊ ရေ မ ရှိ၊ အငတ် ခံရာအရပ်၊ ကြောက်မက် ဘွယ်သော တော ကြီး အလယ် ၌ သင့် ကို ပို့ဆောင် ၍ မီး ပါကျောက်ထဲက ရေ ကို ထွက် စေတော်မူထသော၊ ၁၆ သင့် ကိုနှိမ့်ချ စုံစမ်း ၍ ၊ နောက်ဆုံး ၌ ကျေးဇူး ပြု လိုသောဌာ ၊ သင် ၏ ဘိုးဘေး မ သိ ဘူးသော မန္တ နှင့် တော ၌ ကျွေးမွေး တော်မူသောသင် ၏ဘုရားသခင် ထာဝရဘုရား ကို မေ့လျော့ ၍၊ ၁၇ ငါ့ တန်ခိုး ၊ ငါ့ လက် သတ္တိ အားဖြင့် ဤ စည်းစိမ် ကို ငါ ရ တတ်သည်ဟုစိတ် ထဲမှာ အောက်မေ့ခြင်းအပြစ်ကို သတိနှင့် ကြဉ်ရှောင်လော့။ ၁၈ သင် ၏ဘုရားသခင် ထာဝရဘုရား ကိုသာ အောက်မေ့ ရမည်။ အကြောင်း မူကား၊ သင် ၏ ဘိုးဘေး တို့ အား ကျိန်ဆို တော်မူသော ပဋိညာဉ် တရားတော်ကို ယနေ့ ကဲ့သို့ တည် စေလိုသောဌာ ၊ စည်းစိမ် ရ တတ်သော အစွမ်း သတ္တိကို ဘုရားသခင်ပေး တော်မူ၏။ ၁၉ သင် ၏ ဘုရားသခင် ထာဝရဘုရား ကို သင် သည် မေ့လျော့ သဖြင့် ၊ အခြား တပါးသော ဘုရား တို့ကို ဆည်းကပ် ၍ ဝတ်ပြု ကိုးကွယ် လျှင် ၊ ပျက်စီး ခြင်းသို့ အမှန်ရောက်လိမ့်မည်ဟု ယနေ့ ငါသည် သင့် တဘက် ၌ သက်သေခံ ၏။ ၂၀ သင် ၏ဘုရား သခင်ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်သောကြောင့် ၊ ထာဝရဘုရား သည် သင့် ရှေ့မှာ ဖျက်ဆီး တော်မူသောလူမျိုး များကဲ့သို့ ၊ ထိုနည်းတူ သင်သည် ပျက်စီး ခြင်းသို့ ရောက်ရလိမ့်မည်။

၉ အို ဣသရေလ အမျိုး၊ နားထောင် လော့။ သင့် ထက် အားကြီး ၍ များပြား သော လူမျိုး တို့ကိုငင်း၊ မိုးယံး ကောင်းကင်ကို ထိသော မြို့ရိုး နှင့် ပြည့်စုံသော မြို့ ကြီး တို့ကိုငင်း၊ ၂ အာနက အမျိုးသား ရှေ့မှာ အဘယ်သူ ရပ် နိုင် သနည်းဟူသောစကားကို သင် ကြား ၍ ၊ သင် သိ သော အာနက အမျိုးသား တည်းဟူသောအလွန် ကြီးမြင့်သော လူမျိုး ကိုငင်းတိုက်ယူ ခြင်းငှာ ၊ ယခု ယော်ဒန် မြစ် တဘက် သို့ ကူး လုပြီ။ ၃ သို့ ဖြစ်၍ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ရှေ့မှာ ကြွ သဖြင့်၊ လောင် သောမီး ကဲ့သို့ ဖြစ်လျက် သူ တို့ကို ဖျက်ဆီး ၍ ၊ သင့် မျက်မှောက် ၌ နှိမ့်ချ တော်မူမည်အကြောင်းကို ယခု သဘော ကျလော့။ ထာဝရဘုရား မိန့် တော်မူသည် အတိုင်း ၊ သင် သည် သူ တို့ကို နှင်ထုတ် ၍ အလျင် အမြန်ဖျက်ဆီး ရလိမ့်မည်။ ၄ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သူ တို့ ကို သင့် ရှေ့မှ နှင်ထုတ် တော်မူသောနောက် ၊ သင်က၊ ငါ့ ကုသိုလ် ကြောင့် ထာဝရဘုရား သည် ငါ့ ကိုသွင်း ၍၊ ဤ ပြည် ကို အပိုင် ပေးတော်မူသည်ဟူ၍မ အောက်မေ့ ရ။ ထို လူမျိုး တို့၏ မ ကောင်းမှုကြောင့် ထာဝရဘုရား သည် သူ တို့ကို ငါ့ ရှေ့မှ နှင်ထုတ် တော်မူသည်ဟူ၍စိတ် ထဲမှာ အောက်မေ့ ရမည်။ ၅ သင် ပြုသောကုသိုလ် ကြောင့် ၎င်း၊ ဖြောင့်မတ် သော သဘော ကြောင့် ၎င်း၊ ထို ပြည် ကို သွား ၍ ဝင်စား ရမည် မ ဟုတ်။ ထို လူမျိုး တို့၏ မကောင်းမှု ကြောင့် ၎င်း၊ ထာဝရဘုရား သည် သင် ၏အဘ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့အား ကျိန်ဆို တော်မူသော စကား တော်ကို တည် စေလိုသောဟု ၎င်း ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သူ တို့ကို သင့် ရှေ့မှ နှင်ထုတ် တော်မူ၏။ ၆ သို့ ဖြစ်၍ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင် ၏ကုသိုလ် ကြောင့် ၊ ထို ကောင်းမွန် သော ပြည် ကိုပေး တော်မူသည်မ ဟုတ်။ သင် သည် လည်ပင်း ခိုင်မာ သော အမျိုး ဖြစ်၏။ ၇ သင်သည်၊ သင် ၏ ဘုရားသခင် ထာဝရဘုရား ကို အမျက် တော်ထွက်စေခြင်းငှာ၊ တော ၌ ပြုမိသည်ကို မ မေ့ နှင့်၊ အောက်မေ့ လော့။ သင်သည် အဲဂုတ္တု ပြည် ထဲက ထွက် သော နေ့ မှစ၍ ဤ အရပ် သို့ ရောက် သည် တိုင်အောင် ထာဝရဘုရား ကို ပုန်ကန် ပြီ။ ၈ ဟောရပ် အရပ်၌ ထာဝရဘုရား ကို အမျက် တော်ထွက်စေသဖြင့် ၊ သင့် ကို ဖျက်ဆီး လောက်အောင် အမျက် ထွက်တော်မူ၏။ ၉ ထာဝရဘုရား သည် သင် တို့နှင့် ဖွဲ့ သော ပဋိညာဉ် တရားကို ရေးထားသော ကျောက်ပြား တို့ကိုခံ ယူခြင်းငှာ ၊ တောင် ပေါ် သို့ ငါ တက် သောအခါ ၊ အရက် လေးဆယ် ပတ်လုံးမုန့် ကိုမ စား ၊ ရေ ကို မ သောက် ဘဲ တောင် ပေါ် မှာနေ လေ၏။ ၁၀ သင် တို့သည် စည်းဝေး ကြသောနေ့ ၌ ထာဝရဘုရား သည် တောင် ပေါ် မှာ မီး ထဲက မြွက်ဆို တော်မူသော စကား တော်အလုံးစုံ တို့ကို လက်ညှိုး တော်ဖြင့် ရေးထား သော ကျောက်ပြား နှစ် ပြားတို့ကို ထာဝရဘုရား သည် ငါ့ အား အပ် ပေးတော်မူ၏။ ၁၁ အရက် လေးဆယ် စေ့ သောအခါ ၊ ထိုပဋိညာဉ် ကျောက် ပြား နှစ် ပြား ကို ထာဝရဘုရား သည် ငါ့ အား ပေး တော်မူလျှင်၊ ၁၂ သင်သည် ထ ၍ အလျင် အမြန်ဆင်း သွားလော့။ အဲဂုတ္တု ပြည်မှ သင်နှုတ်ဆောင် ခဲ့သောသင် ၏ လူ တို့သည် ဖောက်ပြန် ၍ ၊ ငါမှာထား သော လမ်း မှ အလျင် အမြန်လွှဲ ၍၊ ရုပ်တု ကို သွန်း ကြပြီဟု မိန့် တော်မူ၏။ ၁၃ တဖန် ထာဝရဘုရား က၊ ဤ လူမျိုး ကို ငါကြည့် မြင်ပြီ။ လည်ပင်း ခိုင်မာ သော အမျိုး ဖြစ်၏။ ၁၄ သို့ ဖြစ်၍ ငါ့ ကို ရှိ စေလော့။ သူ တို့ကို ငါဖျက်ဆီး မည်။ သူ တို့နာမ ကိုလည်း ကောင်းကင် အောက် မှာ ငါချေ မည်။ သင့်ကိုမူကား၊ သူ

တို့ထက် အားကြီး ၍ များပြား သော အမျိုး ဖြစ် စေမည်ဟု ငါ့ အား မိန့် တော်မူ၏။ ၁၅ ထိုအခါ ငါ သည် ပဋိညာဉ် ကျောက်ပြား နှစ် ပြား ကို ကိုင် လျက် ၊ လှည့် ၍ မီး လောင် သော တောင် ပေါ် က ဆင်း လာ၏။ ၁၆ သင်တို့သည် သင် တို့ဘုရားသခင် ထာဝရဘုရား ကို ပြစ်မှား ၍ ၊ နွားသငယ် ရုပ်တု ကို သွန်း ကြောင်း နှင့် ထာဝရဘုရား မှာထား တော်မူသော လမ်း မှ အလျင်အမြန် လွှဲ သွားကြောင်းကို ငါသည် ကြည့် မြင်လျှင်၊ ၁၇ လက် နှစ် ဘက်နှင့် ကိုင် သော ကျောက်ပြား တို့ကို ချ ၍၊ သင် တို့မျက်မှောက် ၌ ငါချိုးဖဲ့ ၏။ ၁၈ သင် တို့သည် ထာဝရဘုရား ကို အမျက် တော် ထွက်စေခြင်းဌာ ၊ ရှေ့ တော်၌ ဒုစရိုက် ကို ပြု မိသောအပြစ် ရှိသမျှ တို့ကြောင့် ၊ ငါသည် အရင်ပြုသကဲ့သို့ထာဝရဘုရား ရှေ့ တော်၌ ပြပ်ဝပ် ၍ အရက် လေးဆယ် ပတ်လုံးမုန့် ကိုမ စား ၊ ရေ ကို မ သောက် ဘဲနေရ၏။ ၁၉ အကြောင်း မူကား၊ ထာဝရဘုရား သည် သင် တို့ကို ဖျက်ဆီး ခြင်းဌာ အလွန် ပြင်းစွာထွက် သော အမျက် တော်အရှိန်ကို ငါကြောက် ၏။ သို့ရာတွင် ထာဝရဘုရား သည် ငါ့ စကားကို တဖန် နားထောင် တော်မူ၏။ ၂၀ ထာဝရဘုရား သည်လည်း ၊ အာရုန် ကို ဖျက်ဆီး ခြင်းငှါ အလွန် အမျက် ထွက်တော်မူသောကြောင့် ၊ အာရုန် အဘို့ ကိုလည်း ဆုတောင်း လေ၏။ ၂၁ သင် တို့ဒုစရိုက် တည်းဟူသော သင်တို့လုပ် သော နွားသငယ် ကို ငါယူ သဖြင့် အရည်ကျို ၍၊ အမှုန့် ဖြစ် အောင် ညက်ညက် ချေပြီးလျှင်၊ တောင် ထဲက ထွက် သော ချောင်း ရေပေါ် မှာ ချပစ် လေ၏။ ၂၂ တဗေရ အရပ်၊ မဿာ အရပ်၊ ကိဗြုတ် ဟတ္တဝါအရပ်၌ လည်း ၊ သင်တို့သည် ထာဝရဘုရား ကို အမျက် တော်ထွက်အောင် ပြု ကြ၏။ ၂၃ ကာဒေရှဗာနာ အရပ်၌ လည်း ၊ ထာဝရဘုရား က၊ သွား ၍ ငါပေး သော ပြည် ကို သိမ်းယူ ကြလော့ဟု သင် တို့ကို စေခိုင်း တော်မူသောအခါ ၊ သင် တို့သည် သင် တို့၏ ဘုရားသခင် ထာဝရဘုရား အမိန့် တော်ကို ငြင်းဆန် ကြ၏။ ကိုယ်တော် ကို မ ယုံ ၊ စကား တော်ကို နား မ ထောင်ဘဲနေကြ၏။ ၂၄ ငါ သိ ကျွမ်းသောနေ့ မှစ၍ ၊ သင် တို့သည် ထာဝရဘုရား ကို ပုန်ကန် လျက်နေ ကြပြီ။ ၂၅ ထာဝရဘုရား သည် သင် တို့ကို ဖျက်ဆီး မည်ဟု မိန့် တော်မူသောကြောင့် ၊ ငါသည် အရင်ပြပ်ဝပ် သကဲ့သို့၊ အရက် လေးဆယ် ပတ်လုံးပြပ်ဝပ် လျက်နေရ၏။ ၂၆ ထာဝရဘုရား အား လည်း ၊ အိုအရှင် ဘုရားသခင်၊ တန်ခိုး တော်အားဖြင့် ရွေး တော်မူ၍ ၊ အားကြီး သော လက် တော်နှင့် အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူသော ကိုယ်တော် ၏အမွေ ဥစ္စာဖြစ်သော ဤလူ တို့ ကို ဖျက်ဆီး တော်မ မူပါနှင့်။ ၂၇ ကိုယ်တော် ၏ကျွန် အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့ကို အောက်မေ့ တော်မူပါ။ ဤ လူမျိုး သည် ခိုင်မာ သော သဘောရှိ၍၊ ပြစ်မှားမိသော ဒုစရိုက် အပြစ် ကို မှတ် တော် မ မူပါနှင့်။ ၂၈ သို့မဟုတ် အကျွန်ုပ် တို့ကို နှုတ်ဆောင် တော်မူသော ပြည်သား တို့က၊ ထာဝရဘုရား သည် ဂတိ ထားသော ပြည် သို့ သူ တို့ကို ဆောင် သွင်းခြင်းဌာ မ တတ် နိုင်သောကြောင့် ၎င်း၊ သူ တို့ကို မုန်း သောကြောင့် ၎င်း၊ တော ၌ သတ် လိုသောဌာ ထုတ် သွားပြီဟု ဆို ကြပါ လိမ့်မည်တကား။ ၂၉ ဤလူ တို့သည်ကား ၊ မဟာတန်ခိုး တော်နှင့် လက်ရုံး တော်ကို ဆန့် သဖြင့် နှုတ်ဆောင် တော်မူသော ကိုယ်တော် ၏ အမွေ လူဖြစ်ကြပါသည်ဟု ငါသည် ဆုတောင်းလေ၏။

၁၀ ထိုအခါ ထာဝရဘုရား က၊ အရင် ကျောက်ပြား နှစ် ပြားနည်းတူ ၊ ကျောက်ပြားနှစ်ပြားကို ခုတ် ဦးလော့။ ငါ ရှိရာသို့ တက် လာလော့။ သေတ္တာ ကိုလည်း လုပ် လော့။ ၂ သင်ချိုးဖဲ့ သော အရင် ကျောက်ပြား ၌ စကား ပါ သည် အတိုင်း ၊ နောက်ကျောက်ပြား ပေါ် မှာ ငါရေးထား ဦးမည်။ သင်သည် ထို ကျောက်ပြားကို သေတ္တာ ထဲမှာ ထား ရမည်ဟု ငါ့ အား မိန့် တော်မူ၏။ ၃ ငါသည်လည်း ၊ အကာရှ သစ်သား ဖြင့် သေတ္တာ ကို လုပ် ၍ ၊ အရင် ကျောက်ပြား နည်းတူ ကျောက်ပြားနှစ် ပြားကို ခုတ် ပြီးမှ ၊ ထိုကျောက်ပြား ကို ကိုင် လျက် တောင် ပေါ် သို့ တက် လေ၏။ ၄ သင် တို့စည်းဝေး သောနေ့ ၌ ထာဝရဘုရား သည် တောင် ပေါ် မှာ မီး ထဲက မိန့် မြွက်တော်မူသော ပညတ် တော်ဆယ် ပါးတို့ကို၊ အရင် စာ ၌ လာသည်အတိုင်း ၊ ထာဝရဘုရား သည် ရေးထား ၍ ငါ့ အား ပေး တော်မူ၏။ ၅ ငါသည်လည်း လှည့် ၍ တောင် ပေါ် က ဆင်း သဖြင့် ၊ လုပ် ပြီးသော သေတ္တာ ထဲ ၌ ထိုကျောက်ပြား ကို ထား ၍ ၊ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ထို သေတ္တာထဲ ၌ ယခုရှိ ၏။ ၆ ငါ သည်တောင် ပေါ် မှာ အရင် နေ သောကာလ နှင့်အမျှ ၊ အရက် လေးဆယ် ပတ်လုံးတဖန်နေပြန်၍၊ ထိုအခါ ၌ လည်း ထာဝရဘုရား သည် သင် တို့ကို မ ဖျက်ဆီး မည်အကြောင်း၊ ငါ့ စကားကို နားထောင် တော်မူ၏။ ၇ ထာဝရဘုရားကလည်း၊ ထလော့။ ဤလူမျိုးအားပေး ခြင်းငှာ၊ သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသောပြည်သို့ သူတို့သည် သွား၍ သိမ်းယူမည်အကြောင်း၊ သူတို့ရှေ့မှာ ခရီးသွားလော့ဟု ငါ့အား မိန့်တော်မူ၏။ ၈ ဣသရေလ အမျိုးသား တို့သည် မောသရုတ် အရပ်မှ ခရီး သွား၍၊ ဗယ်ာကန်အရပ်၌စားခန်းချကြ၏။ ထိုအရပ်မှ ခရီးသွား၍ ဟောရဂိဒ်ဂဒ်အရပ်၌စားခန်းချကြ၏။ ထိုအရပ်မှခရီးသွား၍ ဗေြာနအရပ်၌စားခန်းချကြ၏။ ထိုအရပ်မှခရီးသွား၍ ဧဇယုန်ဂါဗာအရပ်၌စားခန်းချကြ၏။ ၉ ထိုအရပ်မှခရီးသွား၍ ဇိနတောကာဒေရှအရပ်၌စားခန်းချကြ၏။ ထိုအရပ်မှခရီးသွား၍ ဟောရတောင်၌စားခန်းချကြ၏။ ထို အရပ်၌အာရုန် သည်အနိစ္စရောက် ၍၊ သူကိုသင်္ဂြိဟ် ရ၏။ သူ ၏သား ဧလာဇာ သည် အဘ ၏အရာ ၌ယဇ်ပုရောဟိတ် အမှုကိုဆောင်ရ၏။ ၁၀ လေဝိ သားတို့သည် ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ ကို ထမ်း စေခြင်းငှာ ၎င်း၊ ရှေ့ တော်၌ ရပ် ၍ အမှုတော် ကို ဆောင်ရွက်စေခြင်းငှာ ၎င်း၊ အခွင့် တော်နှင့် ကောင်းကြီး ပေးစေခြင်းငှာ ၎င်း၊ ယနေ့ တိုင်အောင် ထို သူတို့ ကို ခွဲ ခန့်တော်မူ၏။ ၁၁ ထို့ကြောင့် လေဝိ သားတို့သည် ညီအစ်ကို တို့နှင့် ရော ၍ အဘို့ ကိုမပိုင်၊ အမွေ ကိုမ ခံ ရ။ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သူ တို့ခံရသောအမွေ ဖြစ် တော်မူ၏။ ၁၂ အို ဣသရေလ အမျိုး၊ သင် ၏ဘုရားသခင် ထာဝရဘုရား ကို ကြောက်ရွံ့ ၍ ၊ လမ်း တော်သို့ လိုက်သွား ခြင်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ချစ် ၍ အမှုတော် ကို ဆောင်ရွက်ခြင်း၊ ၁၃ သင် ၏ အကျိုး ကို ထောက် ၍ ယနေ့ ငါ ဆင့်ဆို သော ထာဝရဘုရား ၏ ပညတ် တော်ကို စောင့်ရှောက် ခြင်းအမှုမှတပါး ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် အဘယ် အမှုကို တောင်း တော်မူသနည်း။ ၁၄ မိုဃ်း ကောင်းကင်နှင့် ကောင်းကင် ဘဝဂ်ကိုငင်း၊ မြေကြီးနှင့် မြေကြီး တန်ဆာရှိသမျှ ကိုငင်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား ပိုင်တော်မူ၏။ ၁၅ သို့ရာတွင် ထာဝရဘုရား သည် သင် ၏ဘိုးဘေး တို့ကို ချစ်ခင် မြတ်နိုးး၍၊ ယနေ့ ရှိသကဲ့သို့ ၊ သူ တို့အမျိုးအနွယ် တည်းဟူသော သင့် ကို ၊ အခြားသော

လူမျိုး တကာ တို့ တွင် ရွေးကောက် တော်မူ၏။ ၁၆ သို့ ဖြစ်၍ သင် ၏နှလုံး အရေဖျား ကို လှီး ဖြတ် လော့။ နောက် တဖန် ခိုင်မာ သောလည်ပင်း မ ရှိစေနှင့်။ ၁၇ အကြောင်း မူကား၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ ဘုရား တို့၏ ဘုရား ၊ သခင် တို့၏သခင် ၊ ကြီးမြတ် သောဘုရား ၊ တန်ခိုး နှင့် ပြည့်စုံ၍ ကြောက်မက် ဘွယ်သောဘုရား၊ လူမျက်နှာ ကို မ ထောက် ၊ တံစိုး ကို မ စား ဘဲ၊ ၁၈ မိဘ မရှိသော သူငယ်၊ မုတ်ဆိုးမ ဘက်၌ တရားစီရင် ၍ ၊ ဧည့်သည် အာဂန္တုတို့ကို စုံမက် သဖြင့်၊ အဝတ် အစား တို့ကိုပေး သနားသော ဘုရားဖြစ်တော်မူ၏။ ၁၉ သို့ ဖြစ်၍ ဧည့်သည် တို့ကို ချစ် ကြလော့။ အကြောင်း မူကား၊ သင်တို့သည် အဲဂုတ္တု ပြည် ၌ ဧည့်သည် ဖြစ် ကြဘူးပြီ။ ၂၀ သင် ၏ဘုရားသခင် ထာဝရဘုရား ကို ကြောက်ရွံ့ ၍ အမှုတော် ကို ဆောင်ရွက်ရမည်။ ကိုယ်တော် ၌ ဆည်းကပ် ရမည်။ နာမ တော်အားဖြင့် ကျိန်ဆို ခြင်းကို ပြုရမည်။ ၂၁ ထာဝရဘုရားသည် သင် ၏ဂုဏ် အသရေ၊ သင် ၏ဘုရား သခင်ဖြစ်တော်မူ၏။ သင်သည် ကိုယ် မျက်စိ နှင့် မြင် သည်အတိုင်း ၊ ကြောက်မက် ဘွယ်သော အမှုအရာကြီး တို့ကို သင့် အဘို့ ပြု တော်မူပြီ။ ၂၂ သင် ၏ ဘိုးဘေး တို့သည်၊ အရေ အတွက်အားဖြင့် လူ ခုနစ် ဆယ်မျှသာ ရှိလျက် ၊ အဲဂုတ္တု ပြည်သို့ ဆင်း သွားကြ၏။ ယခု မူကား၊ အရေအတွက်အားဖြင့်မိုဃ်း ကောင်းကင်ကြယ် နှင့်အမျှ သင် ၏ဘုရား သခင်ထာဝရဘုရား သည် များပြားစေ တော်မူပြီ။

၁၁ သို့ ဖြစ်၍ သင်သည် သင် ၏ဘုရားသခင် ထာဝရဘုရား ကို ချစ် ရမည်။ စီရင် ထုံးဖွဲ့တော်မူချက်၊ မှာထား တော်မူသောပညတ် တော်တို့ကို အစဉ် စောင့်ရှောက် ရမည်။ ၂ သင် ၏ဘုရားသခင် ထာဝရဘုရား ဆုံးမ တော်မူခြင်း ကိုငင်း၊ ဘုန်း အာနုဘော်တော်ကိုငင်း၊ အားကြီး သော လက်ရုံး ဆန့် တော်မူခြင်းကိုငင်း၊ ၃ ထူးဆန်း သော တန်ခိုးတော်ကိုငင်း ၊ အဲဂုတ္တု ပြည် ၌ ၊ အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်းနှင့် ပြည်သူ ပြည်သားများတို့အား ပြု တော်မူသော အမှု ကိုငင်း၊ ၄ အဲဂုတ္တု စစ်သူရဲ အလုံးအရင်းတည်းဟူသောမြင်း စီးသူရဲ၊ ရထား စီးသူရဲတို့အား ပြု တော်မူသောအမှု ကို ငင်း ၊ သင် တို့ကိုလိုက် သောသူ တို့ ကို ဧဒုံ ပင်လယ် ရေ လွှမ်းမိုး စေ၍ ၊ ယနေ့ တိုင်အောင် ဖျက်ဆီး တော်မူကြောင်း ကိုငင်း၊ ၅ ဤ အရပ် သို့ မ ရောက် မီ၊ တော ၌ လှည့်လည်စဉ်တွင် သင် တို့အား ပြု တော်မူသောအမှု ကိုငင်း၊ ၆ ရုဗင် အမျိုး ၊ ဧလျာဘ သား ဒါသန် နှင့် အဘိရံ တို့ အား ပြု တော်မူသောအမှု ကိုငင်း ၊ မြေကြီး သည် မိမိ ခံတွင်း ကို ဖွင့် ၍ သူ တို့နှင့် အိမ်သူ အိမ်သားများ၊ တဲ များ၊ သူ တို့ ၌ ရတတ်သမျှ သော ဥစ္စာ ပစ္စည်းများကို၊ ဣသရေလ အမျိုးသားတို့ အလယ် ၌ ၊ မျိုချ ကြောင်းကိုငင်း မ သိ မမြင် သော သင် တို့၏ သားသမီး တို့အား ငါမပြော၊ သင်တို့ကိုယ်တိုင် သိမှတ် ကြလော့။ ၇ ထာဝရဘုရား ပြု တော်မူသော အမှု ကြီး အလုံးစုံ တို့ကို သင် တို့သည် ကိုယ်တိုင် မြင် ကြပြီ။ ၈ ထို့ကြောင့် ၊ သင်တို့သည်သွား ၍ ဝင်စား လတံ့ သောပြည် ကို ကြီးစွာသောခွန်အား နှင့် ဝင်စား မည် အကြောင်း၊ ၉ ထာဝရဘုရား သည် သင် တို့၏ ဘိုးဘေး တို့နှင့် သူ တို့အမျိုးအနွယ် အား ပေး ခြင်းငှာ ကျိန်ဆို တော်မူသော ပြည် ၊ နို့ နှင့် ပျားရည် စီး သောပြည် ၌ သင်တို့အသက်တာ ရှည် မည်အကြောင်း ၊ ယနေ့ ငါ မှာ ထားသမျှ သောပညတ် တို့ကို စောင့်ရှောက် ရကြမည်။ ၁၀ သင် တို့သွား ၍ ဝင်စားလတံ့သော ပြည် သည် ကား ၊ ယာ လုပ်သကဲ့သို့ မျိုးစေ့ ကြဲ ၍ ခြေ ဖြင့် ရေ

လောင်း ရသောပြည်တည်းဟူသောသင်တို့ထွက် လာသော အဲဂုတ္တုပြည် နှင့် တူသည်မ ဟုတ်။ ၁၁ သင် တို့သွား၍ ဝင်စား လတံ့သော ပြည် သည် တောင် များ၊ ချိုင့် များနှင့် ပြည့်စုံ၍ မိုးယံ ရေကို သောက် သောပြည်၊ ၁၂ သင် တို့၏ဘုရားသခင် ထာဝရဘုရား ပြုစု၍ တနှစ် ပတ်လုံးကြည့်ရှု တော်မူသော ပြည် ဖြစ်၏။ ၁၃ သင် တို့ဘုရားသခင် ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ချစ် ၍ အမှုတော် ကို ဆောင်ရွက်မည် အကြောင်း ၊ ယနေ့ ငါ မှာ ထားသမျှသော ပညတ် တို့ကို စေ့စေ့နားထောင် လျှင်၊ ၁၄ သင် တို့သည် စပါး ၊ စပျစ် ရည်၊ ဆီ တို့ကို စုသိမ်း စေခြင်းငှာ အရင်မိုးယံး ၊ နောက် မိုးယံး တည်းဟူသောသင် တို့ ပြည် နှင့်ဆိုင်သော မိုးယံး ရေကို ငါပေး မည်။ ၁၅ သင်တို့သည် ဝ စွာစား ရမည်အကြောင်း ၊ သင် တို့တိရစ္ဆာန် များအဘို့ လွင်ပြင် ၌ မြက်ပင် ကို ငါပေါက် စေမည်။ ၁၆ သင် တို့သည် မိစ္ဆာဒိဋ္ဌ အယူကိုစွဲ၍ လမ်းမလွဲ ၊ အခြား တပါးသော ဘုရား တို့ကို ဝတ်ပြု ၊ ကိုးကွယ် ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ၊ ကိုယ် ကိုကိုယ်သတိ ပြုကြ လော့။ ၁၇ သို့မဟုတ်ထာဝရဘုရား သည် အမျက် တော် ထွက် ၍ မိုးယံး မ ရွာ ၊ မြေ၏အသီးအနှံ ကို မ ဖြစ် စေခြင်းငှာ။ မိုးယံးကောင်းကင် ကို ပိတ် တော်မူမည်။ ထာဝရဘုရား ပေး တော်မူသော ကောင်းမွန် သောပြည် ၌ သင်တို့သည် အလျှင် အမြန် ပျောက် ပျက်ကြလိမ့်မည်။ ၁၈ သို့ ဖြစ်၍ ငါ ဟောပြောသော ဤ စကား ကို စိတ် နှလုံး၌ သွင်း ထား၍ ၊ လက် ၌ လက္ခဏာ သက်သေဘို့ ရာဇင်း၊ မျက်စိ ကြား မှာ သင်းကျစ် ကဲ့သို့ ၎င်း ချည် ထားရကြမည်။ ၁၉ ထို စကားကို သင် တို့သည် အိမ် ၌ ထိုင် လျက် နေသည်ဖြစ်စေ၊ ခရီး သွား သည်ဖြစ်စေ ၊ အိပ် လျက် ထ လျက် ရှိသည်ဖြစ်စေဟောပြော ၍ ၊ သားသမီး တို့အား သွန်သင် ရကြမည်။ ၂၀ အိမ် တံခါး မြို့တံခါး ၌ လည်း ရေး ထားရကြမည်။ ၂၁ သို့ပြုလျှင် ထာဝရဘုရား သည် ဘိုးဘေး တို့အား ပေး ခြင်းငှာ ကျိန်ဆို တော်မူသော ပြည် ၌ သင် တို့အသက် ၊ သားသမီး များ အသက်တာ သည်၊ ကောင်းကင် ၌ အသက်တာ ရှည် သကဲ့သို့ ၊ မြေကြီး ပေါ် မှာ တာရှည် ရလိမ့်မည်။ ၂၂ သင် တို့သည် သင် တို့၏ဘုရားသခင် ထာဝရဘုရား ကို ချစ် သောစိတ်နှင့် လမ်း တော်သို့ လိုက် ၍၊ ကိုယ်တော် ၌ ဆည်းကပ်မှီဝဲ မည် အကြောင်း၊ ငါ မှာ ထားသမျှသော ဤ ပညတ် တို့ကို ကျင့် အံ့သောငှာ သတိနှင့် စောင့်ရှောက် လျှင်၊ ၂၃ ထာဝရဘုရား သည် ဤ လူမျိုး ခပ်သိမ်း တို့ကို သင် တို့ရှေ့မှ နှင်ထုတ် တော်မူသဖြင့် ၊ သင် တို့သည် ကိုယ်ထက် အားကြီး ၍ များပြား သော လူမျိုး တို့ကို အစိုးရ ကြ လိမ့်မည်။ ၂၄ သင် တို့သည် ခြေ နှင့်နင်း သမျှ သောအရပ် ကို ပိုင်သဖြင့်၊ တော မှစ၍ လေဗနုန် တောင်တိုင်အောင်ဂင်း၊ ဥဖရတ် မြစ် ကြီးမှစ၍ ပင်လယ် ကမ်းနားတိုင်အောင် ဂင်း၊ မြေတရှောက်လုံးသည် သင် တို့၏ နိုင်ငံ အဝင် ဖြစ် လိမ့်မည်။ ၂၅ သင် တို့ရှေ့မှာ အဘယ်သူ မျှမ ရပ် မနေနိုင် အောင်၊ သင်တို့နင်း သော မြေ အရပ်၌ ရှိသောသူအပေါင်း တို့သည် သင် တို့ကို ကြောက်ရွံ့ ထိတ်လန့် မည် အကြောင်း၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည်၊ ဂတိ တော်ရှိသည်အတိုင်း ပြု တော်မူမည်။ ၂၆ ယနေ့ ကောင်းကြီး ပေးခြင်းနှင့် ကျိန် ခြင်းတည်းဟူသောဤနှစ်ပါးကို သင် တို့ရှေ့မှာ ငါ ထား ၏။ ၂၇ ယနေ့ ငါ ဆင့်ဆို သော သင် တို့ဘုရားသခင် ထာဝရဘုရား ၏ ပညတ် တော်တို့ကို နားထောင် လျှင် မူကား၊ ကောင်းကြီး ပေးခြင်း၊ ၂၈ သင် တို့ဘုရားသခင် ထာဝရဘုရား ၏ ပညတ် တော်တို့ကို နား မ ထောင်၊ ယနေ့ ငါ မှာ ထားသော လမ်း မှ လွှဲ

ရှောင်၍ ၊ မ သိ ဘူးသော အခြား တပါးသောဘုရား ကို မှီဝဲဆည်းကပ်လျှင်မူကား ကျိန် ခြင်းကို ငါထား၏။ ၂၉ သင် တို့သည်သွား ၍ ဝင်စား လတံ့သောပြည် သို့ သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည် ဆောင် သွင်း တော်မူပြီးမှ ၊ ကောင်းကြီး မင်္ဂလာကို ဂေရဇိမ် တောင် ပေါ် ၌၎င်း၊ ကျိန် ခြင်းကို ဧဗလ တောင် ပေါ် ၌၎င်း တင် ထားရကြမည်။ ၃၀ ထိုတောင်တို့သည် ယော်ဒန် မြစ်အနောက် ၊ နေ ဝင် ရာဘက် မှာ ခါနန် လူတို့နေရာ အရပ်တည်းဟူသော၊ မောရေ သပိတ် တောအနား ၊ ဂိလဂါလ မြို့နှင့် ဆိုင်သော လွင်ပြင် ၌ ရှိသည်မ ဟုတ်လော။ ၃၁ သင် တို့၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူ သော ပြည် ကို ဝင်စား ခြင်းငှာ ၊ ယော်ဒန် မြစ်တဘက်သို့ ကူး သွား၍၊ ထိုပြည်ကို ဝင်စား လျက် နေ ရကြမည်။ ၃၂ ယနေ့ ငါ ထား သမျှ သော စီရင် ထုံးဖွဲ့ချက်တို့ကို ကျင့် အံ့သောငှာ စောင့်ရှောက် ရကြမည်။

၁၂ သင် တို့သည် မြေကြီး ပေါ် မှာ အသက်ရှင် သမျှ သော ကာလပတ်လုံး ဝင်စား စေခြင်းငှာ သင် တို့ဘိုးဘေး ကိုးကွယ်သော ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ၌ ကျင့် အံ့သောငှာ စောင့်ရှောက် ရသော စီရင် ထုံးဖွဲ့ချက်များ ဟူမူကား ၊ ၂ သင် တို့အစိုးရ သော လူမျိုး တို့သည် တောင် ကြီး ၊ တောင် ငယ်အပေါ် ၊ စိမ်း သော သစ်ပင်အောက် ၌ မိမိ တို့ ဘုရား များကို ဝတ်ပြု ရာအရပ် ရှိသမျှ တို့ကို ရှင်းရှင်းဖျက်ဆီး ရမည်။ ၃ သူ တို့ယဇ် ပလ္လင်များကိုလည်း ဖျက် ရမည်။ ရုပ်တု များကို ဖြိုချ ရမည်။ အာရှရ ပင်များကို မီး ရှို့ ရမည်။ ထုလုပ်သော ဘုရား ဆင်းတု များကို ခုတ်လှဲ ရမည်။ ထို အရပ် ၌ ထို ဘုရားတို့၏ နာမ ကိုပင် ပယ်ရှင်း ရမည်။ ၄ သူ တို့ပြုသကဲ့သို့၊ သင်တို့သည် သင် တို့၏ ဘုရားသခင် ထာဝရဘုရား အား မ ပြု ရဘဲ၊ ၅ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည်၊ သင် တို့အမျိုးအနွယ် ရှိသမျှ တို့တွင် နာမတော် ကို တည် စေဘို့ရာ ရွေးကောက် တော်မူသော အရပ် တည်းဟူသောကျိန်းဝပ် တော်မူရာအရပ် ကို ရှာ ၍ လာ ရကြမည်။ ၆ ထို အရပ်သို့ သင် တို့သည် မီးရှို့ ရာယဇ်အစ ရှိ သော ယဇ် များ၊ ဆယ် ဘို့တဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာပူဇော် သက္ကာ၊ သစ္စာ ဂတိနှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလို ပြုသော ပူဇော်သက္ကာမှစ၍ ၊ သိုး နွား တွင် အဦး ဘွားသော သားငယ်တို့ကို ဆောင် ခဲ့ရကြမည်။ ၇ ထို အရပ်၌ သင် တို့၏ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ စား ရကြမည်။ ပြု လေရာရာ ၌ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသဖြင့် ၊ ကိုယ်တိုင် မှစ၍ အိမ်သူ အိမ်သားတို့သည် ရွှင်လန်း ခြင်းကို ပြုရကြမည်။ ၈ ယခု ကာလ၊ ဤ အရပ်၌ပြု သကဲ့သို့ ၊ ထိုအရပ်၌ လူတိုင်း ကိုယ် ဉာဏ် ကို လိုက်၍ မ ပြု ရကြ။ ၉ သင် တို့၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော အမွေ ခံရာ ချမ်းသာ ထဲသို့ သင်တို့သည် မ ဝင် ရကြ သေး။ ၁၀ သင်တို့သည် ယော်ဒန် မြစ်တဘက်သို့ကူး ၍ ၊ သင် တို့အမွေခံ ရာဘို့ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ပေးတော်မူသောပြည် ၌ နေ ကြသောအခါ ၊ ရန်သူ အပေါင်း တို့လက်မှ သင် တို့ကို ကယ်နှုတ် တော်မူသဖြင့် ငြိမ်ဝပ် စွာ နေ ကြသောအခါ၊ ၁၁ နာမ တော်ကို တည် စေဘို့ရာ ၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ရှိ ရမည်။ ထို အရပ်သို့ ငါ မှာ ထားသမျှ အတိုင်း ၊ သင် တို့မီးရှို့ ရာယဇ် အစ ရှိသောယဇ် များ၊ ဆယ်ဘို့ တဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော် သက္ကာ၊ ထာဝရဘုရား အား ဂတိ ရှိသည်အတိုင်း ၊ မြတ် သော ပူဇော်သက္ကာတို့ကို ဆောင် ခဲ့ရကြမည်။ ၁၂ ကိုယ်တိုင် မှစ၍ ၊ သား သမီး ၊ ကျွန်

ယောက်ျား မိန်းမ တို့နှင့် ကိုယ် အဘို့ မရှိ၊ အမွေ မ ခံရဘဲ၊ သင် တို့ ၌ တည်းခို သော လေဝိသား တို့သည် သင် တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ရွှင်လန်း ခြင်းကို ပြုရကြမည်။ ၁၃ တွေ့မြင် ရာအရပ် ၌ မီးရှို့ ရာယဇ်ကို မ ပူဇော် ရမည် အကြောင်း သတိ ပြုကြလော့။ ၁၄ သင် တို့အမျိုး တမျိုး တွင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ၌ မီးရှို့ ရာယဇ်ကို ပူဇော် ၍ ၎ င် မှာ ထားသမျှ တို့ကို ပြု ရကြမည်။ ၁၅ သို့ရာတွင် သင် ၏ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသည် အတိုင်း ၊ သင် တို့နေရာ အရပ်ရပ် ၌ စား ချင်သော အလိုသို့လိုက်၍ သတ် စားရသော အခွင့်ရှိကြ၏။ သမင် ၊ ဒရယ် ကို စား သကဲ့သို့ ၊ စင်ကြယ် သောသူ၊ မ စင်ကြယ်သောသူတို့သည် အတူစား ရကြမည်။ ၁၆ သို့ရာတွင် အသွေး ကိုမ စား ရ။ ရေ ကိုသွန် သကဲ့သို့ မြေ ပေါ် မှာ သွန်ရမည်။ ၁၇ စပါး ၊ စပျစ်ရည် ၊ ဆီ ဆယ် ဘို့တွင် ပူဇော်သော တဘို့၊ သိုး နွား တွင် အဦး ဘွားသော သားငယ်၊ သစ္စာ ဂတိ နှင့်ဆိုင်သော ပူဇော်သက္ကာ၊ အလိုလို ပြုသော ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော် သက္ကာ တစုံတခု ကိုမျှ၊ သင် တို့သည် ကိုယ် နေရာအရပ်၌ မ စား ရ ကြ။ ၁၈ သင် တို့၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ၌ ၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့ မှာ ကိုယ်တိုင် မှစ၍ သား သမီး ၊ ကျွန် ယောက်ျားမိန်းမ ၊ တည်းခိုသော လေဝိသား တို့သည် စား ရကြမည်။ ပြု လေရာရာ ၌ သင် တို့၏ဘုရားသခင် ထာဝရဘုရား ရှေ့ တော်မှာ ရွှင်လန်း ခြင်းကို ပြုရကြမည်။ ၁၉ မြေကြီး ပေါ် မှာ အသက်ရှင် သမျှ သော ကာလ ပတ်လုံး၊ လေဝိသား တို့ကို မ မေ့လျော့ မည်အကြောင်း သတိ ပြုကြလော့။ ၂၀ သင် ၏ဘုရားသခင် ထာဝရဘုရား သည် ဂတိ တော် ရှိသည်အတိုင်း ၊ သင် ၏နေရာ ပြည် ကို ကျယ် စေ တော်မူသောအခါ ၊ သင် သည် အမဲသား ကို စား ချင်သောစိတ် ရှိ၍၊ အမဲသား ကို ငါစား မည်ဟုဆို လျှင် ၊ စား ချင်တိုင်း စား ရသောအခွင့်ရှိ၏။ ၂၁ သင် ၏ဘုရားသခင် ထာဝရဘုရား သည် နာမ တော် ကို တည် စေဘို့ရာ ရွေးကောက် တော်မူသောအရပ် သည် သင့် နေရာနှင့် ဝေး လွန်းလျှင် ၊ ထာဝရဘုရား ပေး တော်မူသော သိုး နွား ကို၊ ငါမှာ ထားသည်အတိုင်း သတ် ၍ ၊ သင့် နေရာ အရပ်၌ စား ချင်တိုင်းစား ရသောအခွင့်ရှိ၏။ ၂၂ သမင် ၊ ဒရယ် ကို စားသကဲ့သို့ စား ရမည်။ စင်ကြယ် သောသူ၊ မ စင်ကြယ်သောသူတို့သည် ရောနှော၍ စား ရသောအခွင့်ရှိကြ၏။ ၂၃ သို့ရာတွင် ၊ အသွေး ကို မ စား မည်အကြောင်း၊ သတိ ပြုလော့။ အသက် သည် အသွေး ၌ တည်၏။ အသား နှင့်တကွ အသက် ကို မ စား ရ။ ၂၄ ထို့ကြောင့်အသွေး ကို မ စား ရ။ ရေ ကို သွန် သကဲ့သို့ မြေ ပေါ် မှာ သွန်ရမည်။ ၂၅ သင် သည် ထာဝရဘုရား နှစ်သက် တော်မူတွယ် သောအမှုကို ပြု သဖြင့် ၊ ကိုယ်တိုင် မှစ၍သား မြေးတို့သည် ချမ်းသာ စွာ နေရမည်အကြောင်း ၊ အသွေး ကို ရှောင် ရမည်။ ၂၆ သင် ၌ သန့်ရှင်း သော ပူဇော်သက္ကာ၊ သစ္စာဂတိ အတိုင်းပြုသောပူဇော်သက္ကာတို့ကို ယူ ၍ ၊ ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် သို့ သွား ရမည်။ ၂၇ အသား နှင့် အသွေး ကို ရောနှော၍၊ မီးရှို့ ရာယဇ် တို့ကို၊ သင် ၏ ဘုရားသခင် ထာဝရဘုရား ၏ ယဇ် ပလ္လင်ပေါ် မှာ ပူဇော် ရမည်။ ယဇ် ကောင်အသွေး ကို၊ သင် ၏ ဘုရားသခင် ထာဝရဘုရား ၏ ယဇ် ပလ္လင်ပေါ် မှာ သွန်းလောင်း ၍ ၊ အသား ကို စား ရမည်။ ၂၈ သင် ၏ဘုရားသခင် ထာဝရဘုရား နှစ်သက် မြတ်နိုးတော်မူတွယ်သောအမှုကို ပြု သဖြင့် ၊ ကိုယ်တိုင် မှစ၍ သားမြေး အစဉ်အဆက် တို့သည် ချမ်းသာ စွာ

နေရမည်အကြောင်း ၊ ငါ မှာထား သမျှ သော ဤ စကား တို့ကို စေ့စေ့နားထောင် ၍ စောင့်ရှောက် လော့။ ၂၉ သင် သွား ၍ ဝင်စား လတ္တံသော ပြည်၌ရှိသောလူမျိုး တို့ကို၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ရှေ့မှာ ပယ်ရှင်း တော်မူသဖြင့်၊ သူ တို့နေရာပြည် ၌ သင်သည် ဝင်၍နေ သောအခါ၊ ၃၀ သူ တို့သည် သင့် ရှေ့မှာ ပျက်စီး သောနောက် ၊ သူ တို့အကျင့်အတိုင်း သင်ကျင့်၍ အပြစ် မ ရောက်မည်အကြောင်း၊ ထို လူမျိုး တို့သည် သူ တို့ဘုရား များကို အဘယ် သို့ဝတ်ပြု သနည်း။ ထိုနည်းတူ ငါပြု မည်ဟု သူ တို့ဘုရား ဝတ်ကို မ မေးမြန်း မည်အကြောင်း ၊ ကိုယ်ကိုကိုယ် သတိ ပြု လော့။ ၃၁ သူတို့ပြုသကဲ့သို့၊ သင် ၏ဘုရားသခင် ထာဝရဘုရား အား သင်မ ပြု ရ။ သူတို့သည်၊ ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူသမျှ တို့ကို သူ တို့ဘုရား ၌ ပြု ကြပြီ။ ကိုယ် သား သမီး ကိုပင် သူ တို့ဘုရား အား ဝတ်ပြု၍ မီး ရှို့ ကြပြီ။ ၃၂ ငါ မှာ ထားသမျှ တို့ကို ကျင့် အံ့သောဘ့ာ စောင့်ရှောက် လော့။ ထပ် ၍မ ပို၍၊ နှုတ် ၍ မ လျော့စေရ။

၁၃ သင် တို့တွင် ပရောဖက် ပြုသောသူ၊ အိပ်မက် ကို မြင် သောသူသည် ပေါ် လာ၍၊ ၂ သင်တို့မ သိ သော အခြား တပါးသောဘုရား ကို ဆည်းကပ် ၍ ဝတ်ပြု ကြစို့ဟု ပြော ဆိုလျက် ၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုကို ပေး ၍ ၊ ထိုနိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုသည် ပြည့်စုံသော်လည်း၊ ၃ ထို ပရောဖက် ပြုသောသူ၊ အိပ်မက် ကို မြင် သောသူတို့ ၏ စကား ကို နား မ ထောင်ရ။ အကြောင်း မူကား၊ သင် တို့သည် သင် တို့၏ဘုရားသခင် ထာဝရဘုရား ကို စိတ် နှလုံးအကြွင်းမဲ့ ချစ် သည်မချစ်သည်ကို၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည် စုံစမ်း တော်မူ၏။ ၄ သင် တို့၏ ဘုရားသခင် ထာဝရဘုရား နောက် တော်သို့ လိုက် ရကြမည်။ ကြောက်ရွံ့ သောစိတ်နှင့် ပညတ် တော်တို့ကို စောင့် ရကြမည်။ စကား တော်ကို နားထောင် လျက် ဝတ်ပြု ၍ ၊ ကိုယ်တော် ၌ ဆည်းကပ်မှီဝဲ ရ ကြမည်။ ၅ ကျွန် ခံနေရာအဲဂုတ္တ၊ ပြည် မှ သင် တို့ကို ကယ်နှုတ် ဆောင်ယူ ခဲ့တော်မူသော သင် တို့၏ဘုရားသခင် ထာဝရဘုရား ထံတော်မှ လွဲ စေခြင်းဘ့ာ ၎င်း၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည်၊ သင်တို့လိုက် စရာဘို့ မှာ ထား တော်မူသော လမ်း မှ ထွက် စေခြင်းဘ့ာဝင်း ဟောပြော သောကြောင့် ၊ ထို ပရောဖက် ပြုသူနှင့် အိပ်မက် မြင် သူတို့ သည် အသေ သတ်ခြင်းကိုခံ ရကြမည်။ ထိုသို့ ဒုစရိုက် အပြစ်ကို သင် တို့အထဲ က ပယ်ရှင်း ရကြမည်။ ၆ သင် ၏ညီအစ်ကို ရင်း၊ သင် ၏သား သမီး ၊ သင် ၏ ရင်ခွင် ၌နေသောမယား ၊ ကိုယ်ကဲ့သို့ မှတ်တတ်သော အဆွေခင်ပွန်းတစုံတယောက်က၊ သွားကြစို့။ သင်လည်း မသိ၊ ဘိုးဘေး တို့လည်း မ သိ သော အခြား တပါးသော ဘုရား ၊ ၇ သင့် ပတ်လည် အနီး အဝေး ၌ နေသောသူ၊ မြေကြီး စွန်း တဘက်မှသည် တဘက်တိုင်အောင်၊ ကိုးကွယ်သောဘုရားကို ဝတ်ပြုကြစို့ဟု တိတ်ဆိတ်စွာ သွေးဆောင် လျှင်၊ ၈ သင်သည် ဝန် မ ခံရ။ သူ ၏စကားကို နား မ ထောင်ရ။ သူ့ ကို မြင် သောအခါ မ သနား ရ။ နှမြော သဖြင့် ဖွက် ၍ မ ထားရဘဲ၊ သူ့ကို အမှန်သတ်ရမည်။ ၉ သူ သည် အသေ သတ်ခြင်းကိုခံ စိမ့်သောဘ့ာ၊ သင် သည် အဦး ပြုပြီးမှ ၊ လူ အပေါင်း တို့သည် ပြု ရကြမည်။ ၁၀ ကျွန် ခံနေရာ အဲဂုတ္တ၊ ပြည် မှ သင် တို့ကို နှုတ်ဆောင် တော်မူသောသင် ၏ဘုရားသခင် ထာဝရဘုရား ထံတော်မှ လွဲ စေခြင်းဘ့ာ ကြဲစည် သောကြောင့် ၊ ထိုသူ ကို ကျောက်ခဲ နှင့် ပစ် ၍ အသေ သတ်ရကြမည်။ ၁၁ ထိုသိတင်းကို ကြားရေလ အမျိုးသားအပေါင်း တို့ သည်

ကြား ၍ ၊ ထိုသို့ သော အဓမ္မ အမှု ကို သင် တို့တွင် နောက် တဖန်မ ပြု ဝံ့ ဘဲနေကြလိမ့်မည်။ ၁၂ အဓမ္မလူတို့သည် သင်တို့အထဲကထွက်၍၊ သင်တို့မသိသော၊ ၁၃ အခြား တပါးသော ဘုရား ထံသို့ သွား ၍ ဝတ်ပြု ကြစို့ဟု ပြောဆို လျက် ၊ သူ တို့မြို့သူ မြို့သားတို့ကို သွေးဆောင် ကြောင်းကို၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် နေ စရာဘို့ ပေး တော်မူသောမြို့ တစုံ တမြို့၌ သင်သည် သိတင်းကြား လျှင် ၊ ထို အမှုကို စေ့စေ့မေးမြန်း စစ်ကြောရမည်။ ၁၄ သိတင်း ကြားသည်အတိုင်း ထင်ရှားစွာ ဧကန် မှန်၍၊ ထိုသို့ သော စက်ဆုပ် ဘွယ်အမှုကို သင် တို့တွင် အမှန် ပြု မိလျှင်၊ ၁၅ ထို မြို့သူ မြို့သားတို့ကို ထား နှင့် လုပ်ကြံ ရမည်။ မြို့ မှစ၍ မြို့၌ရှိသောလူ နှင့် တိရစ္ဆာန် အပေါင်း တို့ကို ထား နှင့် ရှင်းရှင်းဖျက်ဆီး ရမည်။ ၁၆ လုယူ ရာဥစ္စာရှိသမျှ ကို မြို့ လမ်းမအလယ် ၌ စုပုံ ၍ ၊ ထိုမြို့ နှင့်တကွ လုယူ ရာဥစ္စာရှိသမျှ ကို သင် ၏ ဘုရားသခင် ထာဝရဘုရား အတို့ မီး ရှို့ ရမည်။ ထိုမြို့သည် အစဉ်အမြဲ အမှိုက်ပုံ ဖြစ် ရမည်။ နောက် တဖန် မ တည် မဆောက်ရ။ ၁၇ ထာဝရဘုရား သည် အမျက် တော်အရှိန် ကို ငြိမ်းစေ၍၊ သင် ၏ဘိုးဘေး တို့အား ဂတိတော်ရှိသည် အတိုင်း၊ သင့် ကို ကယ်မ သနားတော်မူသဖြင့် များပြား စေတော်မူမည်အကြောင်း၊ ကျိန် အပ်သောဥစ္စာ တစုံတခုကို မျှ မသိမ်းမယူဘဲ၊ အလုံးစုံတို့ကို စွန့်ပစ်ရမည်။ ၁၈ ယနေ့ ငါ မှာ ထားသည်အတိုင်း သင် ၏ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို နားထောင် ၍ ပညတ် တော်အလုံးစုံ တို့ကို ကျင့် သဖြင့် ၊ သင် ၏ဘုရားသခင် ထာဝရဘုရား နှစ်သက် တော်မူဘွယ်ပြု သောအခါ ၊ ရှေးဂတိတော်အတိုင်း ပြုတော်မူမည်။

၁၄ သင် တို့သည် သင် တို့ဘုရားသခင် ထာဝရဘုရား ၏ သား ဖြစ်ကြ၏။ သေ သောသူအတွက် အသားကို မ ခုတ် မရှရ။ မျက်မှောင် ကြား မှာ အမွေးကို မ ရိတ် ရ။ ၂ သင် တို့သည် သင် တို့၏ ဘုရားသခင် ထာဝရဘုရား အတို့ ၊ သန့်ရှင်း သောလူမျိုး ဖြစ်ကြ၏။ ထာဝရဘုရား သည် မြေကြီး ပေါ် မှာရှိသမျှ သော လူမျိုး ထက်၊ ကိုယ်တော် ပိုင် ထိုက်သော အမျိုး ဖြစ် စေခြင်းငှာ သင် တို့ကို ရွေးချယ် တော်မူပြီ။ ၃ စက်ဆုပ် ရွံရှာဘွယ်သော အရာ ကို သင်တို့မ စား ရ။ ၄ စား ရသော တိရစ္ဆာန် ဟူမူကား ၊ နွား ၊ သိုး ၊ ဆိတ် ၊ ၅ သမင် ၊ ဒရယ် ၊ ဆတ် ၊ ဂျီ ၊ ဒိရွှန် ၊ စိုင် ၊ ဧမေရ အစရှိသော၊ ၆ ခွါ ကွဲပြား ၍ စားမြို့ ပြန်သော သား များကို စား ရသောအခွင့်ရှိ၏။ ၇ သို့သော်လည်း စားမြို့ ပြန်သောသား၊ ခွာ ကွဲပြား သော သားတို့တွင် မ စား ရသောသားဟူမူကား ၊ ကုလားအုပ် ၊ အာရနဘက် ၊ ရှာဖန် တို့သည် စားမြို့ ပြန်သော်လည်း ၊ ခွာ မ ကွဲပြား သောကြောင့် သင် တို့ ၌ မ စင်ကြယ်။ ၈ ဝက် သည် ခွာ ကွဲပြား သော်လည်း ၊ စားမြို့ မ ပြန် သောကြောင့် ၊ သင် တို့ ၌ မ စင်ကြယ်။ အသား ကို မ စား ရ။ အသေ ကောင်ကို လည်း မ ထိ ရ။ ၉ ရေ ၌ နေသော တိရစ္ဆာန်တကာ တို့တွင် အယပ် နှင့် အကြေး ရှိသောတိရစ္ဆာန် ကို သာ စား ရ၏။ ၁၀ အယပ် နှင့် အကြေး မ ရှိသော တိရစ္ဆာန် ကို မ စား ရ။ သင် တို့ ၌ မ စင်ကြယ်။ ၁၁ စင်ကြယ် သော ငှက် အမျိုးမျိုး ကို စား ရသောအခွင့်ရှိ၏။ ၁၂ မ စား ရသော ငှက်ဟူမူကား ၊ ရွှေလင်းတ ၊ ပင်လယ် လင်းတ၊ လင်းယုန်၊ ၁၃ ဒါဟ ၊ စွန် ၊ လင်းတ ကြမ်းမျိုး၊ ၁၄ ကျီး မျိုး ရှိသမျှ၊ ၁၅ ကုလားအုပ် ငှက်၊ ငှက် ဆိုး၊ ဥဗျိုင်း ၊ သိမ်း မျိုး၊ ၁၆ ဇီကွက် ၊ ဣဗိတ် ၊ ငှက် ကျား၊ ၁၇ ဝံပို ၊ ဝံလို ၊ ကြိုးကြာ၊ ၁၈ တောင်နှင်း ၊ ဒုံးစပ် မျိုး ၊ ဒုံးကုလား ၊ လင်းနို့ မှစ၍၊ ၁၉ အတောင် ရှိလျက် တွား တတ်သော တိရစ္ဆာန် ရှိသမျှ တို့သည် သင် တို့ ၌ မ

စင်ကြယ်သည်ဖြစ်၍ အသား ကို မ စား ရ။ ၂၀ စင်ကြယ် သော ငှက် အမျိုးမျိုး ကို စား ရသောအခွင့်ရှိ၏။ ၂၁ အလိုလို သေသောအကောင်ကို မ စား ရ။ သင် တို့ ၌ တည်းခို သော တပါး အမျိုးသားစားစရာ ဘို့ ပေး ရမည်။ သို့မဟုတ် တကျွန်း တနိုင်ငံသားတို့အား ရောင်း ရမည်။ သင် တို့သည် သင် တို့၏ဘုရားသခင် ထာဝရဘုရား အဘို့ သန့်ရှင်း သော လူမျိုး ဖြစ်ကြ၏။ ဆိတ် သငယ်ကို အမိ နို့ ရည်နှင့် မ ပြုတ် မချက်ရ။ ၂၂ လယ်ယာ ၌ တနှစ် တနှစ် တွင် သိမ်း ရသောအသီးအနှံ ဆယ်ဘို့ တဘို့ကို အမှန်ခွဲထားရမည်။ ၂၃ သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည်၊ နာမ တော်ကို တည် စေဘို့ရာ ရွေးကောက် တော်မူသော အရပ် ၌ စပါး ၊ စပျစ်ရည် ၊ ဆီ မှစ၍ ၊ သိုး ၊ နွား တွင် အဦး ဘွားသော သားငယ်ဆယ်ဘို့ တဘို့ကို ရှေ့ တော်မှာ စား ရကြမည်။ ထိုသို့ ပြုလျှင်၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကို အစဉ် ကြောက်ရွံ့ ရမည်အကြောင်း ၊ သင်ရကြလိမ့်မည်။ ၂၄ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသောအခါ ၊ နာမ တော်ကို တည် စေ ဘို့ရာ ရွေးကောက် တော်မူသော အရပ် သည် ဝေး လွန်း၍ ခရီး ရှည်လျား သဖြင့် ၊ ဥစ္စာဆယ်ဘို့တဘို့ကို ဆောင်၍ မ သွားနိုင် လျှင်၊ ၂၅ ထိုဥစ္စာ ကို ရောင်း ပြီးမှ ၊ ငွေ ကိုကိုင် လျက် ၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် သို့ သွား ၍၊ ၂၆ စား ချင်သောစိတ် အလိုရှိသည်အတိုင်း ၊ နွား ၊ သိုး ၊ စပျစ်ရည် ၊ သေရည် အစရှိသောစားချင်သမျှကို ဝယ်၍၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့ တော် မှာ၊ အိမ်သူ အိမ်သားများနှင့်တကွ စား သောက်လျက် ၊ ရွှင်လန်း ခြင်းကို ပြုရကြမည်။ ၂၇ သို့ရာတွင် ၊ သင် တို့ ၌ တည်းခို သော လေဝိ သား ဟူမူကား၊ သင် တို့နှင့် ရောရ၍၊ အဘို့ မရှိ၊ အမွေ ကို မ ခံရ သောကြောင့် ၊ သူ့ ကို မ စွန့် မပစ်ရဘဲ၊ ၂၈ တတိယ နှစ် တွင် သိမ်း သောအသီး အနှံ ဆယ်ဘို့ တဘို့ ရှိသမျှ ကို ထုတ်၍ မြို့ ထဲမှာ သိုထား ရမည်။ ၂၉ သင် တို့နှင့် ရောရ၍ အဘို့မ ရှိ၊ အမွေ ကို မခံရသော လေဝိ သား၊ သင် တို့နေရာ အရပ်၌ ရှိသော တပါး အမျိုးသား၊ မိဘ မရှိသော သူငယ်၊ မုတ်ဆိုးမ များတို့သည် လာ ၍ ဝ စွာစား ရကြမည်။ သို့ ဖြစ်လျှင် သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည်၊ သင် တို့ပြု လေရာရာ ၌ ကောင်းကြီး ပေးတော်မူမည်။

၁၅ ခုနစ် နှစ် တခါ လွှတ် ခြင်းကို ပြု ရမည်။ ၂ လွှတ် ခြင်းတရား ဟူမူကား ၊ ကိုယ် နှင့်စပ်ဆိုင် သောသူအား ဥစ္စာကို ချေးငှားသော ကြွေးရှင် မည်သည်ကား၊ ထို ကြွေး ကို လွှတ် ရမည်။ ထာဝရဘုရား လွှတ် ခြင်းကာလဖြစ်သောကြောင့် ၊ ထိုကြွေးကို အိမ်နီးချင်း၊ ညီအစ်ကို ချင်း၌ မ တောင်း ရ။ ၃ တကျွန်း တနိုင်ငံသား၌ တောင်း ရသောအခွင့် ရှိ၏။ ညီအစ်ကို ၌ ရှိ သောကိုယ် ဥစ္စာ ကို မတောင်းဘဲ လွှတ် ရမည်။ ၄ သင် ၌ ဆင်းရဲသား မ ရှိ စေခြင်းငှာ ၊ ထိုသို့ပြုရ မည်။ သင် ၏ဘုရားသခင် ထာဝရဘုရား သည် အမွေခံ ဘို့ ရာအပိုင် ပေး တော်မူသော ပြည် ၌ သင့် ကို အလွန် ကောင်းကြီး ပေးတော်မူမည်။ ၅ ယနေ့ ငါ မှာ ထားသမျှ သော ဤ ပညတ် တို့ကို ကျင့် မည်အကြောင်း စောင့်ရှောက် ခြင်းငှာ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို စေ့စေ့နားထောင် လော့။ ၆ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ ဂတိတော် ရှိသည်အတိုင်း ကောင်းကြီး ပေးတော်မူသဖြင့် ၊ သင် သည် လူမျိုး များတို့အား ချေးငှား ရသောအခွင့်ရှိ လိမ့်မည်။ သူတို့သည် သင့် အား ချေးငှား သော အခွင့်မ ရှိရ။ သင်သည် လူမျိုး များတို့ကို အစိုး ပိုင်ရလိမ့်မည်။ သူတို့

သည် သင့် ကို အစိုး မ ပိုင်ရကြ။ ၇ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် တွင် ၊ မြို့ တစုံတမြို့၌ ဆင်းရဲ သော ညီအစ်ကို ချင်း ရှိ လျှင် ၊ ထိုဆင်းရဲ သော ညီအစ်ကို ၌ သင် သည် သနားသောစိတ် ကို မ ချုပ်တည်း ရ။ လက် ကိုလည်း မ ပိတ် ရ။ ၈ သင် ၏လက် ကို သူ့ အဘို့ ကျယ်ကျယ်ဖွင့် ၍ ၊ သူ ၏ ဆင်းရဲ ပျောက်လောက် အောင် ချေးငှား ရမည်။ ၉ သင့် စိတ် နှလုံး၌ ဆိုးညစ် သော သဘော ရှိ ၍ ၊ သတ္တမ နှစ် တည်းဟူသောလွှတ်ရာနှစ်နီးပြီဟု အောက်မေ့လျက်၊ ထိုဆင်းရဲသော ညီအစ်ကိုကို မနာလိုသောစိတ်ရှိ ၍၊ ဘာမျှမပေးဘဲနေလျှင် သူ သည်ထာဝရဘုရား အား အော်ဟစ် သဖြင့် ၊ သင် ၌ အပြစ် မ ရောက် မည်အကြောင်း သတိ ပြုလော့။ ၁၀ အကယ်စင်စစ်သူ့ အား ပေး ရမည်။ ပေး သောအခါ နှမြော သောစိတ်မ ရှိရ။ အကြောင်း မူကား၊ ထို ဒါန ကြောင့် သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ သင် ပြု လေရာရာ ၊ လုပ်ဆောင် လေရာရာ ၌ ကောင်းကြီး ပေးတော်မူမည်။ ၁၁ သင့်နေရာပြည် ၌ ဆင်းရဲသား မ ပြတ် ရ။ ထို့ကြောင့် ၊ သင့် ပြည် ၌ ဆင်းရဲ ငတ်မွတ်သော ညီအစ်ကို ချင်းတို့အား သင် ၏လက် ကို ကျယ်ကျယ်ဖွင့် ရမည်အကြောင်း ငါ မှာ ထား၏။ ၁၂ သင် ၏ညီအစ်ကို ချင်း၊ ဟေဗြဲ အမျိုးယောကျ်ား မိန်းမ သည် သင် ၌ ကျွန် ဖြစ်၍ ၊ ခြောက် နှစ် အစေခံ ပြီးမှ ၊ သတ္တမ နှစ် ရောက် လျှင် လွှတ် ရမည်။ ၁၃ လွှတ် သောအခါ ၊ လက်ချည်း မ လွှတ် ဘဲ၊ ၁၄ သင် ၏ဘုရားသခင် ထာဝရဘုရား သည် ကောင်းကြီး ပေးတော်မူသည်အတိုင်း ၊ သင် ၏သိုးစု ၊ ကောက်နယ် တလင်း၊ စပျစ်သီး နယ်ရာကျင်းထဲက များစွာပေး ရမည်။ ၁၅ သင်သည် အဲဂုတ္တု ပြည် ၌ ကျွန် ခံ ခဲ့ဘူးကြောင်းကို ၎င်း ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ကို ရွေးနှုတ် တော်မူကြောင်း ကိုဎင်း၊ အောက်မေ့ ရမည်။ ထိုကြောင့် ဤ ပညတ် ကို ယနေ့ ငါ ထား ၏။ ၁၆ သို့ရာတွင် ကျွန်က၊ ကျွန်တော်သည် မ ထွက် မသွားလိုပါ။ ကိုယ်တော်နှင့် ကိုယ်တော် အိမ်သူ အိမ်သားတို့ကို ချစ် ပါ၏။ နေ၍ပျော် ပါ၏ ဟုဆို လျှင်၊ ၁၇ သင်သည် စူး ကိုယူ ၍ တံခါး ၌ ကျွန် ၏နားရွက် ကို ဖောက် ပြီးမှ ၊ သူသည် အစဉ်အမြဲ ကျွန် ခံ ရမည်။ ထိုအတူ ကျွန် မ၌ လည်း ပြု ရမည်။ ၁၈ သင် ၏ကျွန် ကို လွှတ် သောအခါ ခက် သည်ဟူ၍မ ထင် ရ။ အကြောင်း မူကား၊ ခြောက် နှစ် ပတ်လုံးအစေခံ သဖြင့် ၊ သူငှား ဆောင်ရွက် သောအမှု နှစ်ဆ ကို သူသည်ဆောင်ရွက်လေပြီ။ သင် ၏ဘုရားသခင် ထာဝရဘုရား သည်လည်း သင်ပြု လေရာရာ ၌ ကောင်းကြီး ပေးတော်မူမည်။ ၁၉ သင် ၏သိုး နွားတို့တွင် အဦး ဘွား သော အထီး ရှိသမျှ တို့ ကို သင် ၏ဘုရားသခင် ထာဝရဘုရား အဘို့ သန့်ရှင်း စေရမည်။ အဦး ဘွားသောနွား ၊ အဦး ဘွားသော သိုး ကို မ သုံးဆောင် ရ။ ၂၀ ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ၌ သင် ၏ဘုရားသခင် ထာဝရဘုရား ရှေ့ တော်မှာ ထိုသိုးနွားတို့ကို နှစ် စဉ်မပြတ် အိမ်သူ အိမ်သားတို့နှင့်တကွ ကိုယ်တိုင် စား ရမည်။ ၂၁ ထို သိုးနွားတို့ ၌ ခြေဆွံ့ ၊ မျက်စိကန်း အစ ရှိသော အင်္ဂါချို့တဲ့ခြင်းအပြစ် ၊ အခြားသောအပြစ် တစုံတခု ရှိ လျှင် ၊ သင် ၏ဘုရားသခင် ထာဝရဘုရား အား ယဇ် မ ပူဇော်ရ။ ၂၂ သင့် နေရာ အရပ်၌ စား ရမည်။ သမင် ၊ ဒရယ် ကို စားသကဲ့သို့ စင်ကြယ် သောသူ၊ မ စင်ကြယ်သောသူတို့ သည် အတူ စားရကြမည်။ ၂၃ သို့ရာတွင် အသွေး ကို မ စား ရ။ ရေ ကို သွန် သကဲ့သို့ မြေ ပေါ် မှာသွန်ရမည်။

၁၆ သင် ၏ဘုရားသခင် ထာဝရဘုရား သည် အဓိဗလ ၊ ညဉ့် အခါ၌ သင့် ကို အဲဂုတ္တု ပြည်မှ နူတ်ဆောင် တော်မူသောကြောင့် ၊ အဓိဗလ ကို မှတ် ၍ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား အား ပသခါ ပွဲကို ခံ လော့။ ၂ ထာဝရဘုရား သည် နာမ တော်ကို တည် စေ ဘို့ရာ ရွေးကောက် တော်မူသော အရပ် ၌ သိုး နွား တို့ကို ယဇ် ပူဇော်၍ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား အား ပသခါ ပွဲကို ခံရမည်။ ၃ သင် သည် အဲဂုတ္တု ပြည် မှ ထွက် လာသော နေ့ရက် ကို တသက်လုံး အောက်မေ့ ဘို့ရာပသခါပွဲခံစဉ်၊ တဆေး ပါသော မုန့်ကို မ စား ရဘဲ၊ တဆေး မပါသော မုန့်တည်းဟူသောဒုက္ခ မုန့် ကို ခုနှစ် ရက်ပတ်လုံး စား ရမည်။ အကြောင်း မူကား၊ သင်သည် အဲဂုတ္တု ပြည် မှ အလျင် တဆောထွက် လာသတည်း။ ၄ ခုနှစ် ရက် ပတ်လုံး ၊ သင့် နေရာပြည် ၌ တဆေး ပါ သောမုန့်မ ရှိ ရ။ ပဌမ နေ့ ညဦးယံ ၌ ပူဇော် သော ယဇ်၏အသား ကို တညဉ့်လုံး နံနက် တိုင်အောင် မ ကျန်ကြွင်း စေရ။ ၅ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော မြို့ အရပ်ရပ်တို့တွင် ပသခါ ယဇ် ကို ပူဇော်ရသောအခွင့် ရှိသည်မ ဟုတ်။ ၆ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ နာမ တော် ကို တည် စေဘို့ရာ ရွေးကောက် တော်မူသော အရပ် တွင် ၊ သင်သည် အဲဂုတ္တု ပြည်မှ ထွက် လာသောအချိန် ၊ နေဝင်ရာညဦးယံ အချိန်၌ ပသခါ ယဇ် ကို ပူဇော်ရမည်။ ၇ သင် ၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် မှာ မီး နှင့်ကင်၍ စား ပြီးမှ ၊ နံနက် အချိန် ၌ အိမ် သို့ ပြန်သွား ရမည်။ ၈ ခြောက် ရက် ပတ်လုံးတဆေး မဲ့မုန့်ကို စား ရမည်။ သတ္တမ နေ့ ၌ သင် ၏ဘုရားသခင် ထာဝရဘုရား အဘို့ ဓမ္မ စည်းဝေး ခြင်းကို ပြု ရမည်။ ထိုနေ့ရက်၌ အလုပ်မလုပ်ရ။ ၉ စပါး ကိုရိတ် စ ကာလနောက် ၊ အရေအတွက် အားဖြင့် ခုနှစ် သိတင်း လွန်မှ၊ ၁၀ သင် ၏ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ကိုယ်တိုင်မှစ၍သင် ၏ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသည်အတိုင်း ၊ အလိုလို ပြုသော ပူဇော်သက္ကာကို ဆောင် ခဲ့ရမည်။ ၁၁ သင် ၏ဘုရားသခင် ထာဝရဘုရား သည် နာမ တော် တည် စေဘို့ရာ ရွေးကောက် တော်မူသော အရပ် တွင် ၊ သင် ၏ဘုရားသခင် ထာဝရဘုရား အဘို့ ခုနှစ် သိတင်းပွဲကိုခံ၍ သား သမီး ၊ ကျွန် ယောကျ်ား မိန်းမ ၊ သင့် နေရာ ၌ တည်းခိုသော လေဝိ သား၊ ဧည့်သည် အာဂန္တု၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ တို့သည် ရွှင်လန်း ခြင်းကို ပြုရကြမည်။ ၁၂ သင်သည် အဲဂုတ္တု ပြည်၌ ကျွန် ခံ ခဲ့ဘူးကြောင်း ကို အောက်မေ့ ၍ ၊ ဤ ပညတ် တရားတို့ကို ကျင့် စောင့် ရမည်။ ၁၃ စပါး နှင့် စပျစ်ရည် ကို သိမ်းယူ ပြီးမှ ၊ ခုနှစ် ရက် ပတ်လုံးသကေနေ ပွဲ ကို ခံ ရကြမည်။ ၁၄ ထိုပွဲ ခံစဉ်၊ ကိုယ်တိုင် မှစ၍ ၊ သား သမီး ၊ ကျွန် ယောကျ်ား မိန်းမ ၊ သင့် နေရာ ၌ တည်းခိုသော လေဝိ သား၊ ဧည့်သည် အာဂန္တု၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ တို့သည် ရွှင်လန်း ခြင်းကို ပြုရကြမည်။ ၁၅ ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ၌ ၊ ခုနှစ် ရက် ပတ်လုံးသင် ၏ဘုရားသခင် ထာဝရဘုရား အဘို့ ၊ ဓမ္မပွဲ ကို ခံရမည်။ သင် ၏ ဘုရားသခင် ထာဝရဘုရား သည်၊ တိုးပွား လေရာရာ ၊ သင် လုပ်ဆောင် လေရာရာ ၌ ကောင်းကြီး ပေးတော်မူသောကြောင့် ၊ အမှန် ရွှင်လန်း ခြင်းကို ပြု ရမည်။ ၁၆ အဓုမ ပွဲ ခံချိန်၊ ခုနှစ် သိတင်းပွဲ ခံချိန်၊ သကေနေ ပွဲ ခံချိန်တည်းဟူသောတနှစ် တွင် သုံး ကြိမ် မြောက်အောင် သင် တို့ယောကျ်ား အပေါင်း တို့သည်၊ သင် ၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ၌ ရှေ့ တော်မှာ မျက်နှာ

ပြရကြမည်။ ထိုအခါ ထာဝရဘုရား ထံ တော်သို့ အဘယ်သူ မျှလက်ချည်း မပေါ်မလာရ။ ၁၇ သင် ၏ဘုရားသခင် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသဖြင့် ၊ လူအသီးသီး တို့သည် တတ်နိုင် သည် အတိုင်း ဆက် ရကြမည်။ ၁၈ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော မြို့ ရှိသမျှ တို့တွင် ၊ တရားသူကြီး ၊ အရာရှိ တို့ကို သင့် နေရာခရိုင်များ၌ အနှံ့အပြားခန့်ထား ရမည်။ သူတို့ သည်၊ လူမျိုး တို့တွင် တရား မှုကို တရား သဖြင့် စီရင် ရကြမည်။ ၁၉ သင်သည် တရား လမ်းမှ မ လွှဲ ရ။ လူမျက်နှာ ကို မ ထောက် ရ။ တံစိုး ကို မ စား ရ။ တံစိုး သည် ပညာရှိ မျက်စိ ကို ကွယ် စေတတ်၏။ ဖြောင့်မတ် သောသူ၏ စကား ကို ကောက် စေတတ်၏။ ၂၀ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ကို သင် သည် အသက်ရှင် ၍ အမွေခံ မည်အကြောင်း ၊ ဖြောင့် သောတရားလမ်းသို့သာ လိုက် ရမည်။ ၂၁ သင် ၏ဘုရားသခင် ထာဝရဘုရား အဘို့ သင် တည် သော ယဇ် ပလ္လင်အနား မှာ အဘယ်သို့သော အာရှရ ပင် ကို မျှ မ စိုက် ရ။ ၂၂ သင် ၏ဘုရားသခင် ထာဝရဘုရား မုန်း တော်မူသော ရုပ်တု ဆင်းတုကို မ တည် မထားရ။

၁၇ ပါသောသိုး ၊ နွား၊ ယုတ် သောလက္ခဏာ ပါသောသိုး၊ နွား ကို၊ သင် ၏ဘုရားသခင် ထာဝရဘုရား အား ယဇ် မ ပူဇော်ရ။ ထိုသို့ သော ယဇ်ကို သင် ၏ဘုရားသခင် ထာဝရဘုရား သည် စက်ဆုပ် ရွံရှာတော်မူ၏ ၂ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော မြို့ တို့တွင်၊ ၃ နေ ၊ လ ၊ မိုဃ်း ကောင်းကင်တန်ဆာ အစရှိသော ငါမြစ်တား သမျှ အခြားတပါး သောဘုရား တို့ကိုသွား ၍ ဝတ်ပြု ကိုးကွယ် သဖြင့်၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ပဋိညာဉ် ကိုလွန်ကျူး ၍၊ ရှေ့တော်၌ ဒုစရိုက် ကို ပြု မိသော ယောကျ်ား မိန်းမ ရှိ သည်ဟု၊ ၄ သင် သည် သိတင်းကြား ၍ စေ့စေ့ မေးမြန်းသောအခါ ၊ ကွသရေလ အမျိုး၌ ထို စက်ဆုပ် ရွံရှာဘွယ်သော အမှု ကို ပြု မိသည်မှန် လျှင်၊ ၅ ထို ဒုစရိုက် ကို ပြု မိသော ယောကျ်ား မိန်းမ ကို မြို့တံခါး၀ သို့ ထုတ် ပြီးလျှင် ၊ ကျောက်ခဲ နှင့် ပစ် ၍ အသေ သတ်ရမည်။ ၆ သက်သေခံ နှစ် ယောက် သုံး ယောက်ရှိလျှင် သေ ထိုက်သောသူသည် အသေ ခံရမည်။ သက်သေခံ တယောက် တည်းရှိလျှင် အသေ မ ခံရ။ ၇ ထိုသူ ကို အသေ သတ်စိမ့်သောငှာ ၊ သက်သေခံ တို့သည် အဦး ပြု ပြီးမှ ၊ လူ အပေါင်း တို့သည် ပြု ရကြမည်။ ထိုသို့ ပြုလျှင် သင် တို့မှ ဒုစရိုက် ကို ပယ် ရကြလိမ့်မည်။ ၈ သင့် နေရာ မြို့တွင် လူ အသက်ကို သတ်ခြင်းအမှု၊ တရား တွေ့ခြင်းအမှု၊ လူ ချင်းရိုက်ပုတ်ခြင်းအမှုတို့သည် မင်းရှေ့သို့ရောက်၍ မစီရင် မဆုံးဖြတ်နိုင်လျှင်၊ သင် ၏ ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် သို့ သွား ၍၊ ၉ ထို ကာလ အခါ တရားသူကြီး လုပ်သောသူ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့ရှေ့မှာ အစီရင်ခံရမည်။ သူတို့သည်လည်း စီရင် ချက်ကို ဘော်ပြ ရမည်။ ၁၀ ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် သားတို့သည် ဘော်ပြ သော စီရင် ချက်အတိုင်း ၊ သင်သည် ပြု ရမည်။ သူတို့သွန်သင် သည်အတိုင်း ပြု ရခြင်းငှာ စောင့်ရှောက် ရမည်။ ၁၁ သူတို့ဘော်ပြ သော ဓမ္မသတ် စီရင်ချက်၊ ကြားပြော သော ဆုံးဖြတ်ချက်ရှိသည်အတိုင်း ပြု ရမည်။ သူတို့ ပြ သော စီရင် ချက်မှ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ လွှဲ ရ။ ၁၂ သင် ၏ ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ အမှု တော်ကို စောင့် သော ယဇ်ပုရောဟိတ် ၊ တရားသူကြီး စကားကို နား မ ထောင်ဘဲ ရဲရင့် စွာပြု သော သူ ကို အသေ သတ်သဖြင့် ကွသရေလ အမျိုးမှ ဒုစရိုက် ကို ပယ်

ရမည်။ ၁၃ ထို သိတင်းကို လူ ခပ်သိမ်း တို့သည် ကြား လျှင် ကြောက်ရွံ့ သောစိတ်ရှိသဖြင့် နောက် တဖန် ရဲရင့် စွာ မ ပြုဘဲနေကြလိမ့်မည်။ ၁၄ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ကို သင်သည် ဝင်စား ၍ နေသောအခါ၊ သင်က၊ ငါ့ ပတ်လည် ၌ နေသော တပါး သော လူမျိုးအပေါင်း တို့ နည်းတူ၊ ငါ သည် ရှင်ဘုရင် အရာ ၌ တစုံတယောက်ကို ချီးမြှောက် မည်ဟု ဆို လျှင်၊ ၁၅ သင် ၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူသောသူ၊ ညီအစ်ကို အမျိုးသားချင်းကိုသာ ရှင်ဘုရင် အရာ၌ ချီးမြှောက် ရမည်။ ညီအစ်ကို အမျိုးသားချင်းမ ဟုတ်သော တပါး အမျိုးသားကို မ ချီးမြှောက် ရ။ ၁၆ ထိုရှင်ဘုရင်သည် ကိုယ် အဘို့ များစွာ သော မြင်း တို့ကို မ မွေးရ။ မြင်း များပြား စေခြင်းငှာ အဲဂုတ္တု ပြည်သို့ လူ ကို မ ပြန် စေရ။ အကြောင်း မူကား၊ ထို လမ်း သို့ မ ပြန် မသွားရဟု ထာဝရဘုရား အမိန့် တော်ရှိ၏။ ၁၇ သူ ၏ စိတ် နှလုံးသည် ဖောက်ပြန် ခြင်းနှင့် ကင်းလွတ်မည်အကြောင်း များစွာ သော မယား တို့ကို မ ယူ ရ။ ရွှေ ငွေ ကိုလည်း များ စွာမ ဆည်းဖူး ရ။ ၁၈ ထိုရှင်ဘုရင်သည် သားစဉ်မြေးဆက်နှင့်တကွ၊ ကွသရေလအမျိုး၌ အသက်တာရှည်စွာ စိုးစံခြင်းအလိုငှာ၊ ၁၉ သူ၏ဘုရားသခင်ကို ကြောက်ရွံ့၍ ဤပညတ်တရား စကားတော်အလုံးစုံတို့ကို ကျင့်စောင့်အောင် သွန်သင်မည်အကြောင်း၊ ၂၀ သူ ၏ညီအစ်ကို တို့ကို မထီမဲ့မြင်ပြု၍ မာနထောင်လွှားသဖြင့်၊ တရားလမ်းမှ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ လွှဲ မည်အကြောင်း၊ နန်းတော် ပေါ် မှာ ထိုင် သောအခါ လေဝိ သား ယဇ်ပုရောဟိတ် ၌ ရှိသောဤ ဓမ္မပညတ်တရား စာ ကို ရေးကူး ၍ လက်ခံစာကို တသက်လုံး စောင့်ရှောက်ကြည့်ရှုဘတ်ရွတ်ရ မည်။

၁၈ လေဝိ သားယဇ်ပုရောဟိတ် အစရှိသော လေဝိ သားအပေါင်း တို့သည် ကွသရေလ အမျိုးသားတို့နှင့် ရောရ၍ အဘို့ မ ရှိ အမွေ မခံရဘဲ၊ ထာဝရဘုရား ၏ အမွေ တည်းဟူသော မီး ဖြင့်ပြုသောပူဇော်သက္ကာတို့ကို စား ရကြမည်။ ၂ ထို့ကြောင့်၊ သူ တို့သည် ညီအစ်ကို များနှင့်အတူ အမွေ မ ခံ ရကြ။ ထာဝရဘုရား သည် အမိန့် တော်ရှိသည် အတိုင်း သူ တို့၏ အမွေ ဖြစ်တော်မူ၏။ ၃ လူ တို့သည် ယဇ် ပူဇော်သောအခါ၊ နွား ဖြစ်စေ၊ သိုး ဖြစ်စေ၊ ယဇ်ပုရောဟိတ် ခံရသောအဘို့ ပခုံး တဘက်၊ ပါး နှစ်ဘက်၊ အအူ များကိုငင်း၊ ၄ အဦး သိမ်းသော စပါး၊ စပျစ်ရည်၊ ဆီ၊ သိုး မွေး ကိုငင်း လှူ ရမည်။ ၅ အကြောင်း မူကား၊ သူ မှစ၍သား စဉ်မြေးဆက် တို့သည် ထာဝရဘုရား အခွင့် နှင့် အမှု တော်ကို အစဉ် ဆောင်ရွက် စေခြင်းငှာ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ သင် ၏ အမျိုးအနွယ် အပေါင်း တို့တွင် သူ့ ကို ရွေးကောက် တော်မူပြီ။ ၆ ကွသရေလ မြို့ ရွာတို့ ၌ တည်းခို သော လေဝိ သား တစုံ တယောက်သည်၊ ထာဝရဘုရား ရွေးကောက် တော်မူသော အရပ် ကို ကြည်ညိုသောစိတ် အားကြီး၍ ရောက် လာ လျှင်၊ ၇ ထာဝရဘုရား ရှေ့ တော်၌ နေရာ ရသော ညီအစ်ကို လေဝိ သားအပေါင်း တို့နည်းတူ သူ ၏ဘုရား သခင်ထာဝရဘုရား အခွင့် နှင့် အမှုတော် ကို ဆောင်ရွက်ရမည်။ ၈ သူ ၏အမွေကို ရောင်း ၍ရသောဥစ္စာ မှတပါး၊ လေဝိသားများတို့နှင့်အတူအညီ အမျှခံရမည်။ ၉ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် သို့ သင် သည် ဝင်စား သောအခါ၊ ထို ပြည်၌နေသော လူမျိုး တို့ပြုတတ်သော စက်ဆုပ် ရွံရှာဘွယ်အမှု တို့ကို ပြု ခြင်းငှာ မ သင် ရ။ ၁၀ သင် တို့တွင် မိမိ သား သမီး ကို မီး ဖြင့် ပူဇော်

သောသူ၊ ဖြစ် လတံ့သောအမှုကို ကိုယ်ဉာဏ်နှင့် ဟောပြောသောသူ၊ ကာလ ဗေဒင်ကို ကြည့်သောသူ၊ မ ကောင်းသော အတတ်ကို ပြုစုသောသူ၊ ၁၁ ပြုစား တတ်သောသူ၊ နတ်ဆိုး နှင့်ပေါင်းသောသူ၊ ဝိဇ္ဇာ အတတ်ကို ပြုစုသောသူ၊ လူသေ ကို မေးမြန်း သောသူ တစုံတယောက်မျှ မရှိရ။ ၁၂ ထိုသို့ ပြု တတ်သောသူ အပေါင်း တို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ ထို စက်ဆုပ် ရွံရှာဘွယ်သော အမှုများတို့ကြောင့် သင် ၏ ဘုရားသခင် ထာဝရဘုရား သည် ထို လူမျိုးတို့ကို သင့် ရှေ့မှ နှင်ထုတ် တော်မူ၏။ ၁၃ သင်သည်၊ သင် ၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ စုံလင် ခြင်းရှိ ရမည်။ ၁၄ သင် အစိုးရ အံ့သော လူမျိုး တို့သည်၊ ကာလ ဗေဒင်ကို ကြည့်သောသူ၊ ဖြစ်လတံ့သောအမှုကို ကိုယ် ဉာဏ်အားဖြင့်ဟောပြော သောသူတို့ စကားကို နားထောင် တတ်ကြ၏။ သင် မူကား ထိုသို့ ပြုရအောင် သင် ၏ ဘုရားသခင် ထာဝရဘုရား သည် အခွင့် ပေးတော်မ မူ။ ၁၅ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ သင် ၏ အမျိုးသား ချင်းတို့အထဲ ၌ ငါ နှင့် တူသော ပရောဖက် တပါးကို သင့် အဘို့ ပေါ်ထွန်း စေတော်မူမည်။ ထို ပရောဖက်၏ စကားကို နားထောင် ရမည်။ ၁၆ ဟောရပ် အရပ်တွင် စည်းဝေး ကြသောနေ့ ၌ သင်က၊ နောက် တဖန် အကျွန်ုပ် ဘုရားသခင် ထာဝရဘုရား ၏ စကားတော်အသံ ကို မ ကြား ရပါစေနှင့်။ ထို ကြီး စွာသော မီး ကို မ မြင် ရပါစေနှင့်။ အကျွန်ုပ်သေ မည် ကို စိုးရိမ် ပါသည်ဟု သင် ၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ တောင်းပန် သမျှ အတိုင်း၊ ၁၇ ထာဝရဘုရား က၊ သူတို့ စကား သည် လျောက်ပတ် ပေ၏။ ၁၈ သူ တို့အမျိုးသား ချင်းတို့အထဲ ၌ သင် နှင့် တူသော ပရောဖက် တပါးကို သူ တို့အဘို့ ငါပေါ်ထွန်း စေ၍ ၊ ထို ပရောဖက်နှုတ် ၌ ငါ့ စကား ကို ငါအပ် သဖြင့် ငါမှာထား သမျှ တို့ကို သူ တို့အား ဆင့်ဆို ရလိမ့်မည်။ ၁၉ ထိုပရောဖက်သည် ငါ့ အခွင့် နှင့် ဟောပြော သော ငါ့ စကား တို့ကို အကြင်သူ သည် နား မ ထောင်ဘဲ နေအံ့၊ ထိုသူ ကို ငါ စစ်ကြော မည်။ ၂၀ ငါမ မှာ ထားဘဲ ငါ့ အခွင့် ကို ဆောင်၍ ရဲရင့် စွာ ဟောပြော သော ပရောဖက် ၊ အခြား တပါးသော ဘုရား အခွင့် နှင့် ဟောပြော သော ပရောဖက် သည် အသေ သတ်ခြင်းကိုခံ ရမည်ဟု ငါ့အား မိန့် တော်မူ၏။ ၂၁ သင် ကလည်း ထာဝရဘုရား မိန့် တော်မူသည် မ မူသည်ကို ငါတို့သည် အဘယ် သို့သိ နိုင်သနည်းဟု တွေးတော လျှင်၊ ၂၂ ပရောဖက် သည် ထာဝရဘုရား ၏ အခွင့် ကို ဆောင် ၍ ဟောပြော သည်အတိုင်း အမှုမ ဖြစ်၊ ဟောပြောသောစကား မ ပြည့်စုံ လျှင် ၊ ထို စကား ကို ထာဝရဘုရား မိန့် တော်မ မူ၊ ပရောဖက် သည် ရဲရင့် စွာဟောပြော ပြီ။ သူ့ ကို မ ကြောက် ရ။

၁၉ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ၌ နေသောလူမျိုး တို့ကို သင် ၏ဘုရားသခင် ထာဝရဘုရား ပယ်ဖြတ် တော်မူသဖြင့် ၊ သင်သည် သူ တို့ အရာ၌ ဝင်စား ၍ ၊ သူ တို့မြို့ ၊ သူ တို့အိမ် ၌ နေ သောအခါ၊ ၂ သင် ၏ဘုရားသခင် ထာဝရဘုရား သည် အပိုင် ပေး တော်မူသော ထိုပြည် အတွင်း ၌ မြို့ သုံး မြို့တို့ကို ခွဲ ထား ရမည်။ ၃ လူအသက်ကိုသတ် မိသောသူအပေါင်း တို့သည် ထို မြို့သို့ ပြေး နိုင် မည်အကြောင်း ၊ သင့် အမွေခံစရာဘို့ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ကို သုံးပိုင်း ပိုင်း၍ လမ်း ခရီးကိုလည်း ပြင်ဆင် ရမည်။ ၄ လူအသက်ကိုသတ် မိ၍ ၊ ကိုယ်အသက် ချမ်းသာစေခြင်းငှာ ၊ ထို မြို့သို့ ပြေး ရသောသူ ၏အမှု

ဟူမူကား ၊ လူသည် ထင်း ခုတ် ခြင်းငှာ အဘော် နှင့် တော သို့ သွား ၍ သစ်ပင် ကိုခုတ်လှဲ စဉ်အခါ ၊ ပုဆိန် သည် အရိုးကျွတ်၍အဘော် ကိုထိ သောကြောင့်၊ မိမိအဘော်သေအောင်ပြုမိသောသူနှင့်တူ၍၊ ၅ ရန်ငြိုးဖွဲ့ ခြင်းမ ရှိဘဲမိမိ အဘော် ကိုအမှတ်တမဲ့ သတ်မိ သောသူသည်၊ ထို မြို့ တစုံတမြို့ သို့ ပြေး ၍ အသက် ချမ်းသာရလိမ့်မည်။ ၆ သို့မဟုတ် သေ စားသေစေသောသူသည် စိတ် မာန် ထစဉ်အခါ၊ လူ သတ်ကို လိုက် လျက် ခရီး ဝေး သောကြောင့် မှီ ၍ သတ် လိမ့်မည်။ ထိုသို့ မသတ်သင့်။ အကြောင်းမူကား၊ ထိုသူသည် မိမိအဘော်ကို ရန်ငြိုး ဖွဲ့ ခြင်း မ ရှိသောကြောင့် အသေ သတ်ခြင်းကို မ ခံထိုက်။ ၇ ထိုကြောင့် မြို့ သုံး မြို့ကို ခွဲ ထားရမည်ဟု ငါ မှာ ထား၏။ ၈ ယနေ့ ငါ မှာထား သမျှ သော ဤ ပညတ် တော်တို့ကိုကျင့်စောင့် ၍၊ သင်၏ဘုရားသခင်ထာဝရဘုရားကို ချစ် သောစိတ်နှင့် အစဉ်အမြဲ လမ်း တော်သို့ လိုက် လျှင်ထင်း၊ ၉ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ သင် ၏ဘိုးဘေး တို့အား ပေး ခြင်းငှာ ဂတိထား သော ပြည် ရှိသမျှ ကို သင့် အား ပေး တော်မူ၍ ၊ သင် ၏ဘိုးဘေး တို့အား ကျိန်ဆို သည်အတိုင်း ၊ သင့် နေရာပြည် ကို ကျယ်ဝန်း စေတော်မူလျှင် ထင်း၊ ၁၀ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် အမွေခံစရာ ဘို့ပေး တော်မူသော ပြည် ၌ အသေမခံထိုက်သောသူသည်အသေခံ၍ လူ့အသက်ကိုသတ်သောအပြစ်သည် သင့် အပေါ် မှာ မ ရောက်မည် အကြောင်း၊ ယခု ဆိုခဲ့ပြီးသောမြို့ သုံး မြို့ မှတပါး၊ အခြား သောမြို့ သုံး မြို့ ကိုထပ်၍ ခွဲထားရမည်။ ၁၁ တနည်းကား၊ မိမိ အဘော် ကို ရန်ငြိုး ဖွဲ့သဖြင့် ချောင်းမြောင်း ၍ သေအောင်တိုက်သောသူသည် ထိုမြို့ တစုံတမြို့ သို့ ပြေး၍ ရောက်သော်လည်း၊ ၁၂ သူ့ နေရာမြို့ ၌ အသက်ကြီး သူတို့သည် လူကို စေလွှတ် ၍ ထိုသူ ကို ဆောင် ခဲ့သဖြင့် ၊ သေ စေခြင်းငှာ သေစား သေစေသောသူ၏ လက် ၌ အပ် လိုက်ရကြမည်။ ၁၃ သင်၏မျက်စိ သည် သူ့ ကို မ သနား ရ၊ သင် သည် ချမ်းသာ ရမည်အကြောင်း ၊ လူ့ အသက်သတ်ခြင်းအပြစ်ကို ဣသရေလ အမျိုးမှ ပယ်ရှင်း ရမည်။ ၁၄ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် အား အပိုင် ပေး တော်မူသော ပြည် မှာ အမွေခံ ရာ မြေ၌ ရှေး လူဟောင်းတို့သည် စိုက် ထားနှင့်သော အိမ်နီးချင်း ၏ မြေ မှတ်တိုင်ကို မ ရွှေ့ ရ။ ၁၅ လူ သည် ပြုမိသော ဒုစရိုက်၊ ပြစ်မှားမိသော အပြစ်ကို စစ်ကြောသောအခါ၊ သက်သေခံ တဦး တည်း ရှိလျှင် သူ၏စကားမ တည် ရ။ သက်သေခံ နှစ် ဦး၊ သုံး ဦးအားဖြင့် စကား ရှိသမျှ တို့သည် တည် ရလိမ့်မည်။ ၁၆ မမှန်သော သက်သေခံတယောက်သည်၊ သူတပါး တဘက် ၌ မ မှန်သောသက်သေ ကို ခံ လျှင်၊ ၁၇ တရား တွေ့သောသူနှစ် ယောက်တို့သည် ထာဝရဘုရား ရှေ့ တော်သို့ဝင်း ၊ ထို ကာလ ၌ ရှိသောယဇ်ပုရောဟိတ်၊ တရားသူကြီး ရှေ့ သို့ဝင်း လာ သဖြင့်၊ ၁၈ တရားသူကြီး တို့သည် စေ့စေ့ စစ်ကြော ၍ ထိုသက်သေ ခံသောသူသည် မိမိ အဘော် တဘက် ၌ မ မှန် သောသက်သေ ကို ခံ ပြီးလျှင်၊ ၁၉ မိမိ အဘော် ၌ ပြု မည်ဟု အကြံ ရှိသည်အတိုင်း သူ ၌ ပြု ရမည်။ ဒုစရိုက် အပြစ်ကို သင် တို့အထဲ က ထိုသို့ ပယ်ရှား ရမည်။ ၂၀ ကြွင်း သောသူတို့သည်လည်း ထိုသိတင်းကို ကြား ၍ ကြောက် သောကြောင့် ၊ နောက် တဖန် ထိုသို့ သော ဒုစရိုက် ကို မ ပြု ဘဲနေကြလိမ့်မည်။ ၂၁ သင် ၏မျက်စိ သည် မ သနား ရ။ အသက် အတွက် အသက် ကိုငင်း ၊ မျက်စိ အတွက် မျက်စိ ကိုငင်း၊ သွား အတွက် သွား ကိုငင်း၊ လက် အတွက် လက် ကိုငင်း၊ ခြေ အတွက် ခြေ ကိုငင်း ဒဏ်ပေးရမည်။

၂၀ သင် သည် ရန်သူ တို့ကို စစ်တိုက် ခြင်းငှာ ချီ သွား သောအခါ ၊ ကိုယ် ထက် သာ၍ များသောမြင်း ၊ ရထား ၊ လူ တို့ကို မြင် သော်လည်း မ ကြောက် နှင့်။ သင့် ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သောသင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ဘက် ၌ ရှိတော်မူ၏။ ၂ စစ်တိုက် ချိန်နီး သောအခါ ၊ ယဇ် ပုရောဟိတ်တို့ သည် ချဉ်း ၍ ၃ အိုဣသရေလ အမျိုးသားတို့၊ ယနေ့ သင် တို့သည် စစ်တိုက် ခြင်းငှာ ရန်သူ တို့ကို ချဉ်း ကြပြီ။ သူ တို့ကြောင့် စိတ်ပျက် ခြင်း၊ ကြောက်ရွံ့ ခြင်း၊ တုန်လှုပ် ခြင်း၊ ထိတ်လန့် ခြင်း မ ရှိကြနှင့်။ ၄ အကြောင်း မူကား၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည် ရန်သူ တို့ကို စစ်တိုက် ၍ သင် တို့ကို ကယ်တင် ခြင်းအလိုငှာ ၊ သင် တို့နှင့်အတူ ကြွ တော်မူသည် ဟု လူ တို့အား ပြောဆို ရကြမည်။ ၅ ဗိုလ် တို့ကလည်း၊ အိမ် သစ် ကို ဆောက် ၍ ဘုရားသခင်၌ မအပ်ရသေးသောသူရှိလျှင်၊ မိမိ အိမ် သို့ ပြန် ၍ အပ်ပါလေစေ။ သို့မဟုတ် စစ်တိုက် ရာတွင် သေ ၍ အခြား သောသူ သည် ထိုအိမ်ကို အပ်လိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ ၆ စပျစ် ဥယျာဉ်ကို စိုက် ၍ စပျစ်သီး ကို မ စား ရသေး သော သူ ရှိ လျှင်၊ မိမိ အိမ် သို့ ပြန် သွား ပါလေစေ။ သို့မဟုတ် စစ်တိုက် ရာတွင် သေ ၍ အခြား သောသူ သည် ထို စပျစ်သီးကို စား လိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ ၇ မိန်းမ နှင့် လက်ထပ် ၍ မ သိမ်း ရသေးသော သူ ရှိ လျှင်၊ မိမိ အိမ် သို့ ပြန် သွားပါလေစေ။ သို့မဟုတ် စစ်တိုက် ရာတွင် သေ ၍ အခြားသော သူ သည် ထို မိန်းမကို သိမ်း လိမ့်မည်ဟု စိုးရိမ်စရာရှိသည်ဟု လူများတို့အား ပြောရကြမည်။ ၈ တဖန် လည်း၊ ဗိုလ် တို့က ကြောက် တတ်သော သဘောရှိ၍ စိတ်ပျက် သောသူ ရှိ လျှင်၊ မိမိ အိမ် သို့ ပြန် သွားပါလေစေ။ သို့မဟုတ် လျှင် ထိုသူ စိတ် ပျက်သကဲ့သို့ သူ ၏အဘော် တို့သည် စိတ်ပျက် ကြလိမ့်မည်ဟု စိုးရိမ်စရာရှိသည်ဟု လူ များတို့အား ပြော ရကြမည်။ ၉ ဗိုလ် တို့သည် လူ များတို့အား ထိုသို့ပြော ပြီးမှ တပ်မှူး တို့သည် လူ များကို စစ်ချီစေရကြမည်။ ၁၀ သင်သည် မြို့ တစုံတမြို့ကို တိုက် ခြင်းငှာ ချဉ်း သောအခါ ၊ စစ် ငြိမ်းမည်အကြောင်း ကို ဟစ်ကြော် ရမည်။ ၁၁ ထိုမြို့သည် စစ် ငြိမ်းရာစကားပြေကို ပြန်ပြော ၍ မြို့တံခါးကို ဖွင့် ထားလျှင် ၊ ထိုမြို့ ၌ ရှိ သောသူ အပေါင်း တို့ သည် သင့် အား အခွန် ပေး၍ သင့် အမှူ ကို ထမ်းရကြမည်။ ၁၂ သို့မဟုတ် စကားပြေ မ ပြောဘဲ သင့် ကို စစ်တိုက် လျှင် ၊ ထိုမြို့ ကို ဝိုင်း ထား၍၊ ၁၃ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် လက် ၌ အပ် တော်မူသောအခါ ၊ ယောကျ်ား ရှိသမျှ တို့ကို ထား နှင့် လုပ်ကြဲ ရမည်။ ၁၄ မိန်းမ ၊ သူငယ် ၊ တိရစ္ဆာန် အစ ရှိသော မြို့ ၌ တွေ့ သော ဥစ္စာ ရှိသမျှ ကို ကိုယ် ဘို့ သိမ်း ၍ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော သင် ၏ရန်သူ လက် မှ ရသောဥစ္စာကို စား ရမည်။ ၁၅ ဤ လူမျိုး နေသောမြို့ မှတပါး သင် နှင့် ဝေး သော မြို့ ရှိသမျှ တို့အား ထိုသို့ ပြု ရမည်။ ၁၆ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် အမွေခံ စရာဘို့ ၊ ဤ လူမျိုး နေရာမြို့ တို့ ၌ အသက်ရှူသော လူသတ္တဝါတစုံတယောက်ကိုမျှ အသက်မရှင်စေရ။ ၁၇ ဟိတ္တိ လူ၊ အာမောရိ လူ၊ ခါနန် လူ၊ ဖေရဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့သည် မိမိ တို့ဘုရား များ၌ ပြု သော စက်ဆုပ် ရွံရှာဘွယ်အမှုတို့ကို သင့်အား သွန်သင် ၍၊ ၁၈ သင်သည် သင် ၏ဘုရားသခင် ထာဝရဘုရား ကို မပြစ်မှား မည်အကြောင်း သင် ၏ဘုရားသခင် ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ ထိုလူမျိုးအပေါင်းတို့ကို ရှင်းရှင်းဖျက်ဆီး ရမည်။ ၁၉ သင်သည် မြို့ တစုံတမြို့ကို တိုက်ယူ ခြင်းငှာ

ကြာမြင့် စွာ ဝိုင်း ထားလျှင် ၊ သစ်ပင် များကို မ ခုတ် မဖြတ် ရ။ မြေ ၌ ပေါက်သော အပင် တို့သည် လူ အသက် မွေးဘို့ရာဖြစ်သောကြောင့် အသီးကိုသာ စားရမည်။ မြို့ကို ဝိုင်း ထားရာ အမှုကို ဆောင်၍ အပင်ကို မ လှဲ ရ။ ၂၀ သို့ရာတွင် မ စား ရသော သစ်ပင် တို့ကို ခုတ်လှဲ ၍ ၊ သင် နှင့် စစ်တိုက် သော မြို့ ကို မ အောင် မှီတိုင်အောင်၊ စစ်တိုက်ရာ တန်ဆာ တို့ကို ဆောက်လုပ် ရသောအခွင့်ရှိ၏။

၂၁ သင် ၏ဘုရားသခင် ထာဝရဘုရား အပိုင် ပေး တော်မူသော ပြည် တွင် ၊ လွတ်လပ် သောအရပ်၌ လူအသေ ကောင်ရှိ သည်ကို တွေ့ ၍၊ အဘယ်သူ သတ် သည်ကို မ သိ လျှင်၊ ၂ သင် ၌ အသက်ကြီး သူ၊ တရားသူကြီး တို့သည် ထွက် ၍ ၊ ပတ်ဝန်းကျင် မြို့ ရွာများတိုင်အောင် တိုင်းထွာ ရကြမည်။ ၃ အသေ ကောင်နှင့် အနီး ဆုံးသောမြို့ ၌ အသက်ကြီး သူတို့သည် ထမ်းဘိုး တင် ခြင်း၊ စေခိုင်း ခြင်းကို မ ပြုဘူး သေးသော နွားသငယ် ကို ယူ ၍၊ ၄ လယ် မ လုပ်မျိုးစေ့မ ကြဲ နိုင်အောင် ရေ မပြတ် သော ချောင်း သို့ ဆောင် သွား၍ ၊ ထို ချောင်း ၌ နွား လည်ပင်း ကို ဖြတ်ပြီးမှ၊ ၅ သင် ၏ဘုရားသခင် ထာဝရဘုရား အမှု တော်ကို ဆောင်ရွက်စေခြင်းငှာဎင်း၊ ထာဝရဘုရား အခွင့် နှင့် ကောင်းကြီး ပေးစေခြင်းငှာ ဎင်း ရွေးချယ် တော်မူ သော လေဝိ သား ယဇ် ပုရောဟိတ်တို့သည် ချဉ်း ၍ တရား တွေ့ခြင်းအမှု၊ ရိုက်ပုတ် ခြင်းအမှု ရှိသမျှ တို့ကို စီရင် ဆုံးဖြတ်ရကြမည်။ ၆ အသေ ကောင်နှင့် အနီး ဆုံးသော မြို့ သား အသက်ကြီး သူ အပေါင်း တို့သည်၊ ထိုချောင်း ၌ လည်ပင်း ဖြတ်ပြီးသော နွားမ အပေါ် မှာ မိမိ တို့လက် ကို ဆေး လျက်၊ ၇ ငါ တို့လက် သည် ဤ အသွေး ကို မ သွန်း ၊ ငါ တို့ မျက်စိ သည် မ မြင်။ ၈ အိုထာဝရဘုရား ၊ ရွေး တော်မူသော ကိုယ်တော် ၏လူ ဣသရေလ အမျိုးကို သနား တော်မူပါ။ မ သေထိုက် သောသူကို သတ် သောအပြစ်သည် ကိုယ်တော် ၏လူ ဣသရေလ အမျိုးအပေါ် သို့ ရောက် စေတော်မ မူပါနှင့်ဟု မြွက်ဆို ရကြမည်။ သို့ပြုလျှင် အသက် ကိုသတ် သော အပြစ် လွတ်လိမ့်မည်။ ၉ ထိုသို့ သင်သည် ထာဝရဘုရား ရှေ့ တော်၌ ကောင်း သောအမှုကို ပြု သောအခါ၊ မ သေထိုက်သောသူ ၏ အသွေး ကို ပယ်ရှင်း ရလိမ့်မည်။ ၁၀ သင် သည် ရန်သူတို့ကို စစ်တိုက် သွား ၍ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သူ တို့ကို သင့် လက် ၌ အပ် တော်မူသဖြင့် ၊ သင်သည် ဘမ်းယူ သောအခါ၊ ၁၁ ဘမ်းယူ သောသူတို့တွင် အဆင်း လှသော မိန်းမ ကို မြင် ၍ စုံဘက် ခြင်းငှာ အလို ရှိလျှင်၊ ၁၂ သင့် အိမ် သို့ သူ့ ကိုခေါ် သွား၍ ၊ သူ သည် ဦးဆံ ရိတ် ခြင်း၊ လက်သည်း လှီးဖြတ်ခြင်းကို ပြု လျက်၊ ၁၃ ဘမ်းယူ ရာအဝတ် ကို ချွတ် ပယ်၍ တလ ပတ်လုံးမိဘ တို့ကို မြည်တမ်း လျက် သင့် အိမ် ၌ နေ ပြီးသောနောက် ၊ သင်သည် သူ နှင့် စုံဘက် ၍ သူ သည် သင် ၏ မယား ဖြစ် မည်။ ၁၄ နောက် တဖန် သူ့ ကို မ ချစ် လျှင် ၊ သူ့ အလို အလျောက် သွား သောအခွင့်ကိုပေး ရမည်။ သူ့ ကိုရှုတ်ချ သောကြောင့် ငွေ နှင့် မ ရောင်း ရ၊ ကျွန် အရာ၌ မ ထားရ။ ၁၅ လင်ချစ် သော မယား၊ မုန်း သော မယား နှစ်ယောက်တို့သည် သား ကို ဘွား ၍ ၊ အဦး ဘွားသော သား သည် မုန်း သောမယား၏ သားဖြစ် လျှင်၊ ၁၆ ထိုသူသည် မိမိ အမွေ ဥစ္စာကို ဝေ သောအခါ ၊ မုန်း သောမယား၏ သား ဦး ကို နှိမ့်ချ၍ ချစ် သောမယား၏ သား ကို သားဦး အရာ၌ မ ချီးမြှောက်ရ။။ ၁၇ မုန်း သောမယား၏ သား သည် သားဦး ဖြစ်သည် ဟု ဝန်ခံ ၍ ၊ နှစ်ဆ သော အမွေ ဥစ္စာကို သူ အား

ပေး ရမည်။ အကြောင်း မူကား၊ ထိုသားသည် အဘ ၏ ခွန်အား အစဦး ဖြစ်၏။ သားဦး အရိပ် အရာနှင့် ဆိုင် ပေ၏။ ၁၈ အဘ ၌ ဆိုး သောသား၊ ခက်ထန် သောသဘော ရှိ၍ မိဘ စကား ကို နား မ ထောင်သောသား၊ မိဘတို့ ဆုံးမ သော်လည်း ဆုံးမခြင်းကို မ ခံ သောသား ရှိ လျှင်၊ ၁၉ မိဘ တို့သည် ထို သားကို ဆွဲကိုင် ၍ ၊ မြို့ ၌ အသက်ကြီး သူတို့ရှိ ရာ မြို့တံခါးဝ သို့ ဆောင် ခဲ့ပြီးလျှင်၊ ၂၀ အကျွန်ုပ် တို့သား သည် ဆိုး သောသူ၊ ခက်ထန် သောသဘောရှိ၍ အကျွန်ုပ် တို့စကား ကို နား မ ထောင်သောသူ ဖြစ် ပါ၏။ စားကြူး သောသူ၊ သောက်ကြူး သောသူ ဖြစ်ပါ၏ဟု မြို့ ၌ အသက်ကြီး သူတို့အား လျှောက်ဆို ရမည်။ ၂၁ မြို့ သားယောကျ်ား အပေါင်း တို့သည် ထို သားကို ကျောက်ခဲ နှင့် ပစ် ၍ အသေ သတ်ရကြမည်။ ထိုသို့ သင် တို့တွင် ဒုစရိုက် အပြစ်ကို ပယ်ရှား သဖြင့် ၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် ထိုသိတင်းကို ကြား ၍ ကြောက်ရွံ့ခြင်း ရှိကြလိမ့်မည်။ ၂၂ သေ ထိုက်သော အပြစ် ရှိ သောသူ ကို သစ်တိုင် ၌ ဆွဲ ၍ သတ် လျှင်၊ ၂၃ အသေ ကောင်ကို သစ်တိုင် ၌ တည့်တုံးလုံး မ ထား ရ။ ထိုနေ့ ခြင်းတွင် မြေ၌ ဆက်ဆက်မြှုပ် ရမည်။ သစ်တိုင်၌ ဆွဲ ထားခြင်းကို ခံရသောသူသည် ကျိန် ခြင်းကို ခံရသောသူဖြစ် ၏။ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် အမွေခံ စရာဘို့ ပေး တော်မူသော ပြည် သည် မ ညစ်ညူး စေမည် အကြောင်း ထိုသို့ ပြုရမည်။

၂၂ သင့် ညီအစ်ကို ၏ သိုး နွား သည် လမ်းလွဲ သည်ကို ကြည့် ၍မ နေရ။ ညီအစ်ကို ထံသို့ ဆက်ဆက်ပြန် ပို့ရမည်။ ၂ ညီအစ်ကို ဝေး သော် ၎င်း ၊ သူ့ ကို မ သိ သော် ၎င်း၊ ထိုသိုးနွားကို ကိုယ် အိမ် သို့ ဆောင် ခဲ့ရမည်။ ညီအစ်ကို သည်မရှာ ၊ သူ ၌ မ အပ် မှီတိုင်အောင်ကိုယ် အိမ်၌ ထား ရမည်။ ၃ မြည်း ဖြစ်စေ ၊ အဝတ် ဖြစ်စေ ၊ ညီအစ်ကို ၏ဥစ္စာ တစုံတခု ပျောက် ၍ သင်တွေ့ မိလျှင် ၊ ကြည့် ၍မနေဘဲ ထိုအတူ ပြု ရမည်။ ၄ ညီအစ်ကို မြည်း နွား သည် လမ်း ၌ လဲ လျက်ရှိသည် ကို ကြည့် ၍မ နေရ။ ညီအစ်ကို နှင့် ဝိုင်း၍ ဆက်ဆက်မစ ရမည်။ ၅ မိန်းမ သည် ယောကျ်ား အဝတ် ကို မ ဝတ် ရ။ ယောကျ်ား သည်လည်း မိန်းမ အဝတ် ကို မ ဝတ် ရ။ ထိုသို့ ဝတ် သောသူရှိသမျှ တို့ကို သင် ၏ဘုရားသခင် ထာဝရဘုရား သည် စက်ဆုပ် ရွံရှာတော်မူ၏။ ၆ သစ်ပင် ပေါ် မြေ ပေါ် မှာ ငှက် သိုက် ၌ ငှက်မ သည် အဥ များ၊ သား ငယ်များကို ဝပ် လျက် နေသည်ကို တွေ့ လျှင် ၊ သား ငယ်တို့နှင့်အတူ အမိ ကိုမ ယူ ရ။ ၇ သင် သည် ကောင်းစား ၍ အသက်တာ ရှည်မည် အကြောင်း ၊ သား ငယ်တို့ကို သိမ်းယူ လျှင် လည်း အမိ ကို လွှတ် လိုက်ရမည်။ ၈ လူသည် အိမ် မိုးပေါ် ကကျ ၍ လူအသက်ကိုသတ် သော အပြစ်မ ရောက်မည်အကြောင်း ၊ အိမ် အသစ် ကို ဆောက် သောအခါ ၊ အမိုး နားပတ်လည်၌ အဆီး အတားကို လုပ် ရမည်။ ၉ စပျစ် ဥယျာဉ်၌ ခြားနား သော မျိုးစေ့ တို့ကို ရောနှော၍ မ ကြဲ ရ။ ထိုသို့ ကြဲ လျှင် ၊ မျိုးစေ့အသီး ၊ စပျစ် ပင် အသီး နှစ်ပါးစလုံး ပျက် လိမ့်မည်။ ၁၀ နွား နှင့် မြည်း ကို ဘက် ၍ လယ် မ ထွန်ရ။ ၁၁ ဝါ နှင့် သိုးမွေး ကို ရောနှော ၍ ရက်သောအဝတ် ကို မ ဝတ် ရ။ ၁၂ သင်ခြုံ သော အဝတ် စွန် လေး ဘက်၌ ပန်းပွား တို့ ကို ဆွဲ ရမည်။ ၁၃ လူ သည် မယား နှင့် ထိမ်းမြား ဆက်ဆံပြီးမှ ၊ တဖန် ထိုမိန်းမ ကို မုန်း ၍၊ ၁၄ ငါသည် ဤ မိန်းမ နှင့် ထိမ်းမြား ဆက်ဆံသောအခါ ၊ ကညာ မ စစ်ကြောင်း ကို သိရ ပြီဟု ထိုမိန်းမ ၌ ကဲ့ရဲ့ စရာအကြောင်းကို ပြု ၍ သူ့ အသရေ ကို ဖျက် လျှင်၊ ၁၅ ထိုမိန်းမ ၏ မိဘ တို့သည်

ကညာ ၏ လက္ခဏာ သက်သေကို ဆောင် လျက် ၊ မြို့ ၌ အသက်ကြီး သူတို့ရှိ ရာ မြို့တံခါး၀ သို့ သွား ၍၊ ၁၆ ထိုမိန်းမ ၏အဘ က၊ အကျွန်ုပ် သမီး ကို ဤ လူ ၌ အကျွန်ုပ်ပေးစား ပါပြီ။ သူသည် အကျွန်ုပ် သမီးကို မုန်း ၍၊ ၁၇ သင် ၏သမီး သည် ကညာ မ စစ်ကြောင်းကို ငါတွေ့ ပြီဟု ဆို လျက် ကဲ့ရဲ့ စရာအကြောင်းကို ပြု ပါ၏။ သို့ရာတွင် ဤ သည်ကား၊ အကျွန်ုပ် သမီး ၏ ကညာ လက္ခဏာ သက်သေဖြစ်ပါ၏ဟု အသက်ကြီး သူတို့အား လျှောက် ဆိုလျက် ထိုအ၀တ် ကို သူတို့ရှေ့ မှာလှန် ၍ ပြရမည်။ ၁၈ ထိုအခါ မြို့ ၌ အသက်ကြီး သူတို့သည် ထို လူ ကို ယူ ၍ ရိုက် ပြီးမှ၊ ၁၉ ငွေ တစ် ပိဿာကို လျော် စေ၍ ၊ မိန်းမ ၏ အဘ အား ပေး ရမည်။ အကြောင်း မူကား၊ ဣသရေလ အမျိုး ကညာ ၏ အသရေ ကို ထိုသူဖျက်လေပြီ။ ထိုမိန်းမသည် သူ ၏မယား ဖြစ် ရမည်။ တသက်လုံး ထိုမိန်းမ နှင့် မ ကွာ ရ။ ၂၀ သို့မဟုတ်လင်စကား မှန် ၍ ၊ ထို မိန်းမ ၌ ကညာ လက္ခဏာသက်သေမ ရှိ လျှင်၊ ၂၁ မြို့ သားယောကျ်ား တို့သည် ထိုမိန်းမ ကို အဘ အိမ် တံခါး သို့ ဆောင် ခဲ့ပြီးလျှင် ကျောက်ခဲ နှင့် ပစ် ၍ အသေ သတ်ရကြမည်။ အကြောင်း မူကား၊ သူ သည် အဘ အိမ် ၌ မတရား သောမေထုန် သို့လိုက်၍ ဣသရေလ အမျိုး၌ မိုက်မဲ သောအမှုကို ပြု လေပြီ။ ထိုသို့ သင် တို့တွင် ဒုစရိုက် အပြစ်ကို ပယ်ရှား ရကြမည်။ ၂၂ လင် ရှိသောမိန်းမ နှင့် အခြားသောယောကျ်ား သင့် နေသည်ကို တွေ့ မိလျှင် ၊ ထိုယောကျ်ား နှင့် မိန်းမ နှစ် ယောက်တို့သည် အသေ သတ်ခြင်းကိုခံ ရမည်။ ထိုသို့ ဒုစရိုက် အပြစ်ကို ဣသရေလ အမျိုးမှ ပယ်ရှား ရမည်။ ၂၃ အပျို ကညာကို ယောကျ်ား နှင့် ထိမ်းမြား ဆောင်နှင်း ပြီးမှ၊ အခြားသောယောကျ်ား သည် မြို့ ထဲမှာ တွေ့ ၍ သင့် နေလျှင်၊ ၂၄ ထိုသူနှစ် ယောက်တို့ကို မြို့ တံခါး၀ သို့ ထုတ် ဆောင် ပြီးလျှင် ကျောက်ခဲ နှင့် ပစ် ၍ အသေ သတ်ရကြမည်။ မိန်းမ သည် မြို့ ထဲမှာ ရှိလျက်ပင် မ အော် မဟစ်သောကြောင့် ၎င်း၊ ယောကျ်ား လည်း သူ့ မယား ကို ရှုတ်ချ သောကြောင့် ၎င်း၊ ထိုသူနှစ်ယောက်တို့သည် အသေသတ်ခြင်း ကိုခံ ရမည်။ ထိုသို့ သင် တို့တွင် ဒုစရိုက် အပြစ်ကို ပယ်ရှား ရကြမည်။ ၂၅ အပျို ကို ယောကျ်ား နှင့် ထိမ်းမြား ဆောင်နှင်းပြီးမှ အခြားသော ယောကျ်ား သည် တော ၌ တွေ့ ၍ အနိုင် အထက် ပြုလျှင် ၊ ထို ယောကျ်ား တယောက်တည်းကိုသာ အသေ သတ်ရမည်။ ၂၆ သေ ထိုက်သော အပြစ် မ ရှိသော ထိုမိန်းမ ကို သင်သည် အဘယ်သို့မျှ မ ပြု ရ။ ၂၇ အကြောင်း မူကား၊ ယောကျ်ား သည် ထိုမိန်းမ ကို တော ၌ တွေ့ ၍ မိန်းမ အော်ဟစ် သော်လည်း ကူညီ သောသူ မ ရှိသောကြောင့်၊ ထို အမှု သည်လူ ချင်းတယောက်ကို တယောက်ရန် ပြု၍ သတ် သောအမှုနှင့် တူ၏။ ၂၈ ယောကျ်ား နှင့် မ ထိမ်းမြား မဆောင်နှင်းသေး သော အပျို ကညာကို အခြားသောယောကျ်ားသည် တွေ့ ၍ ကိုင် ဆွဲသင့် နေသည်ကို တွေ့ မိလျှင်၊ ၂၉ ထိုယောကျ်ား သည် မိန်းမ ၏ အဘ အား ငွေ ငါးဆယ် ကို လျော် ရမည်။ ထိုမိန်းမသည်လည်း သူ ၏ မယား ဖြစ် ရမည်။ သူ့ ကို ရှုတ်ချ သောကြောင့် တသက်လုံး မ ကွာ ရ။ ၃၀ လူ သည် မိမိ အဘ နှင့် သာဆိုင်သော အဘ ၏ မယား ကို မ သိမ်း ရ။

၂၃ ယောကျ်း ၏ အင်္ဂါလက္ခဏာ မ စုံလင်၊ ချို့တဲ့သောယောကျ်ားသည် ထာ၀ရဘုရား ၏ ပရိသတ် တော်၌ အပါအ၀င် မ ဖြစ်ရ။ ၂ မျောက်မထား ၍ ရသောသားသည် ထာ၀ရဘုရား ၏ ပရိသတ် တော်၌ အပါအ၀င် မ ဖြစ်ရ။ ဆယ် ဆက် မြောက်အောင် မ ၀င် ရ။ ၃ အမ္မုန် အမျိုးသား၊ မောဘ အမျိုးသားသည် လည်း ၊ ထာ၀ရဘုရား ၏ ပရိသတ်

တော်၌ အပါအဝင် မ ဖြစ်ရ။ ကာလ အစဉ်မကုန်၊ ဆယ် ဆက် မြောက်အောင် မ ဝင် ရ။ ၄ အကြောင်း မူကား၊ သင်သည် အဲဂုတ္တု ပြည်မှ ထွက် လာသောအခါ၊ သူတို့သည် မုန့် နှင့် ရေ ကို ဆောင်၍ ခရီးဦးကြို မ လာကြ။ သင့် ကို ကျိန်ဆဲ စေခြင်းငှာ၊ မေသော ပေါတာမိပြည်၊ ပေသော် မြို့၌ နေသောဗောရ သား ဗာလမ် ကို ငှား ကြ၏။ ၅ သို့ရာတွင် သင် ၏ဘုရားသခင် ထာဝရဘုရား သည် ဗာလမ် စကားကို နား မ ထောင်။ သင့် ကိုချစ် သောကြောင့် ကျိန်ဆဲ ခြင်းကို သင် ၌ ကောင်းကြီး မင်္ဂလာ ဖြစ် စေတော်မူ၏။ ၆ သင် သည် သူ တို့ချမ်းသာ၊ သူ တို့စည်းစိမ် ကို တသက်လုံး အစဉ် မ ပြုစု ရ။ ၇ ဧဒုံ အမျိုးသားကို မူကား၊ မ မုန်း ရ။ သူ သည် သင် ၏ ညီအစ်ကို ဖြစ်၏။ အဲဂုတ္တု အမျိုးသားကိုလည်း မ မုန်း ရ။ သူ ၏ပြည် ၌ သင်သည် ကျွန် ခံ ခဲ့ဘူးပြီ။ ၈ သူ တို့အမျိုးအနွယ် သည် သုံး ဆက် မြောက်မှသာ ထာဝရဘုရား ၏ ပရိသတ် တော်၌ အပါအဝင် ဖြစ်ရသောအခွင့်ရှိ၏။ ၉ ရန်သူ တို့ကို စစ်တိုက် သွားသောအခါ၊ မ တရား သောအမှု ရှိသမျှ ကို ရှောင် လော့။ ၁၀ ညဉ့် အချိန်၌ ရောက် တတ်သော မစင်ကြယ်သော အကြောင်းကြောင့် မ စင်ကြယ် သော သူ သည် သင် တို့တွင် ရှိ လျှင် သူသည် တပ် ပြင် သို့ ထွက် ရမည်၊ တပ် ထဲသို့ မ ဝင် ရ။ ၁၁ မိုယ်းချုပ် သောအခါ ရေချိုး ၍၊ နေ ဝင် ပြီးမှ တပ် ထဲသို့ ဝင် ရမည်။ ၁၂ သင့် ကျင်ကြီးစွန့်ရာအရပ် သည် တပ် ပြင် ၌ ရှိ ရ မည်။ ၁၃ တပ်ပြင် သို့ထွက်၍ စွန့် သောအခါ၊ ကိုယ် ၌ပါသော သစ်သား တူးခွင်းနှင့် မြေ ၌ တူး ရမည်။ နောက် တဖန် လှည့် ၍ မစင် ကို ဖုံးအုပ် ရမည်။ ၁၄ အကြောင်း မူကား၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ကိုကယ်တင် ၍ ရန်သူ တို့ကို သင့် လက်၌ အပ် ခြင်းငှာ၊ သင် ၏တပ် ထဲမှာ သွား လာတော်မူ၏။ ထို့ကြောင့်၊ သင့် အထဲ ၌ မ စင်ကြယ်သောအရာ တစုံတခုကို မြင် ၍ သင် မှ ရှောင် သွားတော် မ မူမည်အကြောင်း၊ သင် ၏ တပ် သည် သန့်ရှင်း ရမည်။ ၁၅ မိမိ သခင် ထံ က ပြေး ၍ သင့် ထံသို့ ရောက်သော ကျွန် ကို သခင် ၌ မ အပ် ရ။ ၁၆ ထို ကျွန်သည် အလို အလျောက်နေချင်သော အရပ်၊ သင့် နေရာ မြို့ တစုံ တမြို့၌ သင့် ထံမှာ နေ ရသော အခွင့်ရှိ၏။ သူ့ ကို မ ညှဉ်းဆဲ ရ။ ၁၇ ဣသရေလ အမျိုးသမီး တို့တွင် ပြည်တန်ဆာ မ ရှိ ရ။ ဣသရေလ အမျိုးသား တို့တွင် ယောကျ်ားအလိုသို့ လိုက်တတ်သော မိန်းမလျာ မ ရှိ ရ။ ၁၈ ပြည်တန်ဆာ လုပ်၍ ရ သောငွေ၊ ခွေး ကိုရောင်း ၍ ရသောငွေကိုသစ္စာ ဂတိပြေစေခြင်းငှာ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ အိမ် တော်သို့ မ သွင်း ရ။ ထိုသို့ သောငွေကို စက်ဆုပ် ရွံရှာတော်မူ၏။ ၁၉ သင် ၏ အမျိုးသားချင်း၌ အတိုး ယူ၍၊ ငွေ ၊ စားစရာ ၊ အသုံး အဆောင်ကို မ ချေး မငှားရ။ ၂၀ တပါး အမျိုးသား၌ အတိုး ယူ၍ ချေးငှားရ၏။ သင် သွား ၍ ဝင်စား သော ပြည် တွင် သင် ပြု လေရာရာ ၌ သင် ၏ဘုရားသခင် ထာဝရဘုရား သည် ကောင်းကြီး ပေး တော်မူမည်အကြောင်း၊ အမျိုးသား ချင်း၌ အတိုး ယူ၍ ချေးငှားခြင်းကို ရှောင်ရမည်။ ၂၁ သင် ၏ဘုရားသခင် ထာဝရဘုရား အား သစ္စာ ဂတိထားလျှင် ၊ ထားသည်အတိုင်း မပြုဘဲမနေရ။ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် ဧကန်အမှန်တောင်း တော်မူမည်။ သင်သည် မပြုဘဲနေလျှင် အပြစ် ရောက် လိမ့်မည်။ ၂၂ သစ္စာ ဂတိ မထားဘဲနေလျှင် အပြစ် မ ရောက်။ ၂၃ သင်သည် သင် ၏ ဘုရားသခင် ထာဝရဘုရား အား ကိုယ် အလိုအလျောက်သစ္စာဂတိထား၍၊ ကိုယ် နှုတ် နှင့် မြွက်ဆို သော စကား ကို တည် စေ၍ ၊ ဂတိ ရှိသည်အတိုင်း ပြု ရမည်။ ၂၄ သင် သည် အိမ်နီးချင်း ၏

စပျစ် ဥယျာဉ်ထဲသို့ ဝင် သောအခါ ၊ အလို အလျောက်စပျစ်သီး ကို ဝ စွာစား ရ သော်လည်း မ သိမ်း မယူရ။ ၂၅ အိမ်နီးချင်း ၏ စပါး လယ်ထဲသို့ ဝင် သောအခါ၊ စပါးနှံ ကိုလက် နှင့် ဆွတ် ရသော်လည်း တံစဉ် နှင့်မ ရိတ် ရ။

၂၆ တစုံ တယောက်သောသူသည် မယား နှင့် ထိမ်းမြား ၍ ဆက်ဆံ ပြီးမှတဖန် အပြစ် တင်စရာအကြောင်း ရှိ သောကြောင့် စိတ် မ တွေ့လျှင် ၊ ဖြတ် စာကို ရေး ၍ သူ ၌ အပ်ပေး သဖြင့် လွှတ် လိုက်ရမည်။ ၂ ထိုမိန်းမသည် လင် အိမ် မှ ထွက် သွား သော နောက်၊ အခြား သောသူ ၏မယား ဖြစ် ရသောအခွင့်ရှိ၏။ ၃ နောက် နေသောလင် သည်လည်း သူ့ ကိုမုန်း လျှင် ၊ ဖြတ် စာကို ရေး ၍ သူ ၌ အပ် သဖြင့် လွှတ် လိုက်သည် ဖြစ်စေ၊ ထို လင် သေ သည်ဖြစ်စေ၊ ၄ အရင် လွှတ် လိုက်သော လင် ဟောင်းသည် ညစ်ညူး ခြင်းရှိသောထိုမိန်းမ ကို နောက် တဖန်မ သိမ်း ရ။ ထာဝရဘုရား ရှေ့ တော်၌ စက်ဆုပ် ဘွယ်သောအမှုဖြစ် ၏။ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် အမွေခံ စရာဘို့ ပေး တော်မူသော ပြည် ၌ အပြစ် မ ရောက်စေရ။ ၅ အိမ်ထောင် ဘက်ပြုစရှိသောသူသည် စစ်တိုက် မ သွား ရ။ မင်း အမှုကို မ ဆောင် ရ။ တနှစ် ပတ်လုံးကိုယ် အိမ် ၌ အလွတ် နေ ၍ မယား ကို ကျွေးမွေး ပြုစုရမည်။ ၆ ကြိတ်ဆုံ အပေါ် ကျောက်ပြားကို ဖြစ်စေ ၊ အောက်ကျောက်ပြားကို ဖြစ်စေ၊ အဘယ်သူမျှအပေါင် မ ယူရ။ ထိုသို့ယူလျှင်၊ သူ့အသက်ကို အပေါင်ယူသည်နှင့် တူ၏။ ၇ လူသည် မိမိ အမျိုးသား ချင်းဖြစ်သော ဣသရေလ အမျိုးသား ကို ခိုး ၍ ကျွန် အရာ၌ ထားသည်ဖြစ်စေ ၊ ရောင်း သည်ဖြစ်စေ ၊ ထို သူခိုး ကို တွေ့ မိလျှင် အသေ သတ်ရမည်။ သင် တို့တွင် ဒုစရိုက် အပြစ်ကို ထိုသို့ ပယ်ရှား ရကြမည်။ ၈ နူနာ ဘေး ရောက်သောအခါ ၊ လေဝိ သား ယဇ် ပုရောဟိတ် တို့ သွန်သင် သမျှ အတိုင်း သတိ ပြု၍ စေ့စေ့စောင့်ရှောက် လော့။ သူ တို့ကို ငါမှာ ထားသည်အတိုင်း ကျင့် စောင့်ကြလော့။ ၉ သင် တို့သည် အဲဂုတ္တု ပြည်မှ ထွက် ၍ ခရီး သွားကြ စဉ်တွင် ၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည်၊ မိရိအံ ၌ ပြု တော်မူသောအမှု ကို အောက်မေ့ ကြလော့။ ၁၀ သင် သည် အမျိုးသား ချင်း၌ တစုံတခု ကို ချေးငှား လျှင် ၊ အပေါင် ထားသောဥစ္စာကို ယူ ခြင်းငှာ သူ့ အိမ် ထဲသို့ မ ဝင် ရ။ ၁၁ သင်သည် အိမ်ပြင် မှာ ရပ် နေ၍ ၊ ထို သူ သည် အပေါင် ထားသော ဥစ္စာကို သင့် ရှိ ရာအိမ်ပြင် သို့ ဆောင် ခဲ့ ရမည်။ ၁၂ ထိုသူ သည်ဆင်းရဲ လျှင် ၊ ပေါင် ၍ထားသော ဥစ္စာကို ပြန်မ အပ်ဘဲ ညဉ့် ကိုမလွန်စေရ။ ၁၃ သူ သည် မိမိ အဝတ် ကို ဝတ်ခြုံလျက် အိပ်ပျော် ၍ သင့် ကိုကောင်းကြီး ပေးမည် အကြောင်း ၊ သူပေါင် ၍ထား သော ဥစ္စာကို နေ ဝင် လျှင် ဆက်ဆက်ပြန် အပ်ရမည်။ ထိုသို့ပြုသောအမှုသည် သင် ၏ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ဖြောင့်မတ် သောအမှု ဖြစ် လိမ့်မည်။ ၁၄ အမျိုးသား ချင်းဖြစ်စေ ၊ သင့် နေရာ မြို့ရွာ တို့ ၌ တည်းခိုသော တပါး အမျိုးသားဖြစ်စေ၊ ဆင်းရဲ ငတ်မွတ် သောသူငှား ကို မ ညှဉ်းဆဲ ရ။ ၁၅ နေ့စဉ် မပြတ် သူ့ အခ ကို ပေး ရမည်။ မ ပေးဘဲ နေ မဝင် စေနှင့်။ သူ သည် ဆင်းရဲ သောကြောင့် ရထိုက် သော အခကိုလည်း စိတ်စွဲလမ်းလျက် ရှိလိမ့်မည်။ မပေးဘဲနေလျှင် သူသည် သင့်ကို အပြစ်တင်၍ ထာဝရဘုရား ကို အော်ဟစ် သဖြင့် သင် ၌ အပြစ် ရောက် မည်ဟု စိုးရိမ်စရာရှိ၏။ ၁၆ အဘ သည် သား ၏အပြစ်ကြောင့် ၎င်း ၊ သား သည် အဘ ၏အပြစ်ကြောင့် ၎င်း၊ အသေ မ ခံရ။ လူတိုင်း မိမိ အပြစ် ကြောင့် သာ အသေ ခံရမည်။ ၁၇

တရားတွေ့ခြင်းအမှုမှာ တပါး အမျိုးသားနှင့် မိဘ မရှိသောသူကို အရှုံး မ ပေးရ။ မုတ်ဆိုးမ အဝတ် ကို အပေါင် မ ယူရ။ ၁၈ သင်သည် အဲဂုတ္တု ပြည်၌ ကျွန် ခံ ခဲ့ဘူးကြောင်း ကိုငင်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ကို ထို ပြည်မှ ရွေးနှုတ် တော်မူကြောင်း ကိုငင်းအောက်မေ့ ရမည်။ ထို့ကြောင့် ဤ ပညတ် ကို ငါ ထား ၏။ ၁၉ သင် သည် ကိုယ် လယ် ၌ အသီးအနှံ ကိုရိတ် သောအခါ ၊ မေ့လျော့ သောကောက်လှိုင်း ကို ပြန် ၍ မ ယူ ရ။ သင် ပြု လေရာရာ ၌ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ကို ကောင်းကြီး ပေးတော်မူမည်အကြောင်း ၊ ထိုကောက်လှိုင်းကို တပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ အဘို့ ထား ရမည်။ ၂၀ သင် ၏သံလွင် သီးကို ရိုက် ချေသောအခါ ၊ ကျန်ကြွင်းသောအသီး ကို ပြန်၍ မ ရိုက်ချေရ။ တပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ အဘို့ ထား ရမည်။ ၂၁ သင် ၏စပျစ် ဥယျာဉ်၌ စပျစ်သီးကို ဆွတ် ယူ သောအခါ ပြန်၍ ကောက် သိမ်းခြင်းကို မ ပြုရ။ ကျန်ကြွင်းသောအသီးသည် တပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ အဘို့ ဖြစ် ရမည်။ ၂၂ သင်သည် အဲဂုတ္တု ပြည် ၌ ကျွန် ခံ ခဲ့ဘူးကြောင်း ကို အောက်မေ့ ရမည်။ ထို့ကြောင့် ဤ ပညတ် ကို ငါ ထား ၏။

၂၅ လူ ချင်း အမှု ရှိ ၍ မင်း ထံ ၌ အစီရင်ခံလျက်၊ မင်းရှေ့မှာ တရားတွေ့ကြသောအခါ၊ ဖြောင့်မတ် သောသူကို အပြစ် လွတ်စေခြင်းဟာ ၎င်း ၊ ဆိုး သောသူကို အရှုံး ခံစေခြင်းဟာ၎င်း စီရင် ရမည်။ ၂ ဆိုး သောသူသည် အရိုက် ခံထိုက်လျှင် ၊ တရား သူကြီး သည် ကိုယ် မျက်မှောက်၌ သူ့ကို ချ ၍ ၊ အပြစ် နှင့် အလျောက်မည် မျှသော ဒဏ်ချက်ဖြင့် ရိုက် စေရမည်။ ၃ သို့သော်လည်းဒဏ်ချက် လေးဆယ် ထက် မ လွန် စေရ။ လွန်၍ များစွာ သော ဒဏ်ချက် ဖြင့် ရိုက် လျှင် ၊ သင် ၏အမျိုးသား ချင်းသည် ယုတ်ညံ့ သောသူဖြစ် ဟန်ရှိ မည်ဟု စိုးရိမ်စရာရှိ၏။ ၄ စပါးနင်းနယ် သော နွား ၏နှုတ် ကို မ ချုပ်တည်းရ။ ၅ အတူ နေ သောညီအစ်ကို တို့ တွင် ၊ တစုံ တယောက်သောသူသည် သား မ ရှိဘဲသေ လျှင် ၊ သေ သောသူ ၏ မယား သည် အခြားတပါးသောလူစိမ်း နှင့် စုံဘက်ခြင်း ကို မ ပြု ရ။ သူ ၏လင် ညီသည် သူ့ ကို သိမ်းယူ ဆက်ဆံ၍ မရီး ၌ ပြု အပ်သောဝတ်ကို ပြုရမည်။ ၆ ဤသရေလ အမျိုး၌ အစ်ကို အမည် ကို မ ပျောက် စေခြင်းဟာ ၊ အဦး ဘွားသော သားသည် သေ သောဘကြီး ၏ အရိပ် အရာကို ခံ ရမည်။ ၇ ညီ သည် အစ်ကို မယားကို မ ယူ လို လျှင် ၊ မိန်းမ သည် အသက်ကြီး သူတို့ရှိရာ မြို့တံခါးဝ သို့ သွား ၍ ၊ ကျွန်မ ၏ လင် ညီသည် အစ်ကို အမည် ကို ဤသရေလ အမျိုး၌ မတည် စေလိုပါ။ သူပြု အပ်သောဝတ်ကို မ ပြုလို ပါဟု လျှောက် လျှင်၊ ၈ မြို့ ၌ အသက်ကြီး သူတို့သည် ထိုသူ ကို ခေါ် ၍ မေးမြန်းရကြမည်။ သူကလည်း၊ ထိုမိန်းမ ကို အကျွန်ုပ် မ ယူ လို ပါဟုဆို ၍ ခိုင်မာ စွာနေလျှင်၊ ၉ သူ ၏မရီး သည် အသက်ကြီး သူတို့ရှေ့ မှာ သူ့ အပါးသို့ ချဉ်း ၍ သူ ၏ခြေနင်း ကို ချွတ် လျက် ၊ သူ ၏ မျက်နှာ ၌ တံထွေး ထွေးလျက် ၊ မိမိ အစ်ကို အိမ် ကို မ ဆောက် လိုသောသူ ၌ ဤသို့ ပြု သင့်သည်ဟု သူ့အား ပြန် ပြောရမည်။ ၁၀ နောက်မှ ၊ ထိုသူ ကို ခြေနင်း ချွတ် ရသောအမျိုး ဟူ၍ဤသရေလ အမျိုး၌ ခေါ်ဝေါ် သမုတ်ရမည်။ ၁၁ လူ ချင်းခိုက်ရန် ပြုကြစဉ်တွင်၊ တယောက် သောသူ ၏မယား သည် အပါးသို့ချဉ်း ၍ မိမိ လင် ကို ကူညီ လိုသောဘာ ခိုက်ရန် ပြုသောသူ ၏ ယောကျ်ားတန်ဆာကို ကိုင်ဆွဲ မိလျှင်၊ ၁၂ ထိုမိန်းမ လက် ကို ဖြတ် ရမည်။ သင် ၏ မျက်စိ သည်

သူ့ကို မ သနား ရ။ ၁၃ သင့် အိတ် ၌ ကြီး သောအလေး ၊ ငယ် သောအလေး တည်းဟူသောခြားနားသော အလေးကို မ ရှိ စေရ။ ၁၄ သင့် အိမ် ၌ ခြားနားသော ခြင် စရာတန်ဆာအကြီး အငယ် ကို မ ရှိ စေရ။ ၁၅ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ၌ သင် ၏အသက်တာ ရှည် မည်အကြောင်း ၊ မှန်ကန် သောအလေး ၊ မှန်ကန် သောခြင် စရာ တန်ဆာများကိုသာ သုံး ရမည်။ ၁၆ အထက် ဆိုခဲ့ပြီးသော အမှုကို ပြု သောသူအပေါင်း တို့နှင့် မတရား သဖြင့် ပြု သောသူအပေါင်း တို့ကို၊ သင် ၏ဘုရားသခင် ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ ၁၇ သင် သည် အဲဂုတ္တု ပြည်မှ ထွက် ၍ ခရီး သွားသောအခါ၊ ၁၈ သင် သည် အားကုန် ၍ မော လျက်နေစဉ်တွင်၊ သင့် နောက် ၌ လိုက်သောသူ၊ အားနည်း သောသူတို့ ကို အာမလက် အမျိုးသားတို့သည် လမ်း ၌ ဆီးကြို ၍ လုပ်ကြံ ကြောင်း ကို၎င်း ၊ ဘုရားသခင် ကို မ ကြောက်ရွံ့ ကြောင်းကို၎င်း ၊ အောက်မေ့ လော့။ ၁၉ သို့ ဖြစ်၍ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် အမွေခံ စရာဘို့ အပိုင် ပေး တော်မူသောပြည် ၌ သင့် ပတ်လည် ၌ နေသောရန်သူ အပေါင်း တို့၏ လက်မှ ကယ်လွှတ်၍ ချမ်းသာ ပေးတော်မူသောအခါ ၊ အာမလက် အမျိုးကို အောက်မေ့ စရာ မရှိစေခြင်းငှာ၊ ကောင်းကင် အောက် ၌ သုတ်သင် ပယ်ရှင်းရမည်။ ထိုအမှုကို မ မေ့ မလျော့ရ။

၂၆ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ သင့် အမွေခံ စရာဘို့ ပေး တော်မူသောပြည် သို့ သင်သည် ဝင်စား ၍ နေသောအခါ၊ ၂ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသောပြည် ၌ အဦးသီး သော အသီး အမျိုးမျိုး ကိုယူ ၍ ခြင်တောင်း ၌ ထည့် ပြီးမှ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ နာမ တော်တည် စရာဘို့ ရွေးကောက် တော်မူသော အရပ် သို့ သွား ၍၊ ၃ ထိုကာလ ၌ ယဇ် ပုရောဟိတ်လုပ်သော သူ ထံ သို့ချဉ်း လျက် ၊ ထာဝရဘုရား သည် ငါ့ အား ပေး ခြင်းငှာ ၊ ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပြည် သို့ အကျွန်ုပ် ရောက် ပါပြီဟု ကိုယ်တော် ၏ဘုရားသခင် ထာဝရဘုရား အား ယနေ့ အကျွန်ုပ်ဝန်ခံ ပါသည်ဟု ယဇ် ပုရောဟိတ်အား ပြောဆို ရမည်။ ၄ ယဇ် ပုရောဟိတ်သည်လည်း ခြင်တောင်း ကို သင့် လက် မှ ယူ ၍ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ ယဇ် ပလ္လင်ရှေ့မှာ ချ ထားရမည်။ ၅ သင်ကလည်း၊ အရပ်ရပ်သို့ လှည့်လည် သော ရှုရိ အမျိုးသားသည် အကျွန်ုပ် အဘ ဖြစ်ပါ၏။ သူသည် အဲဂုတ္တု ပြည်သို့ သွား ၍ လူ အနည်းငယ် နှင့်တကွ တည်းခို စဉ်တွင် ကြီးမား များပြား သော လူမျိုး ဖြစ် ပါ၏။ ၆ အဲဂုတ္တု လူတို့သည် အကျွန်ုပ် တို့ကို ညှဉ်းဆဲ နှိပ်စက်၍ ကျပ်တည်း စွာ ကျွန် ခံ စေကြ၏။ ၇ ဘိုးဘေး တို့ကိုးကွယ်သော ဘုရားသခင် ထာဝရဘုရား ကို အော်ဟစ် ၍ လျှောက်ကြသောအခါ၊ ထာဝရဘုရား သည် နားထောင် တော်မူသဖြင့် ၊ အကျွန်ုပ် တို့ ခံရသောညှဉ်းဆဲ နှိပ်စက်ခြင်း၊ ပင်ပန်း ခြင်းတို့ကို ကြည့်ရှု တော်မူ၏။ ၈ ထိုအခါ ထာဝရဘုရား သည် တန်ခိုး ကြီးသော လက်ရုံး တော်ကို ဆန့် ၍ ကြောက်မက် ဘွယ်သော နိမိတ် လက္ခဏာ အံ့ဘွယ် သောအမှုတို့ ဖြင့် အကျွန်ုပ် တို့ကို အဲဂုတ္တု ပြည်မှ နှုတ် ပြီးလျှင်၊ ၉ နို့ နှင့် ပျားရည် စီး သော ဤ ပြည် သို့ ပို့ဆောင် ၍ ပေး သနားတော်မူ၏။ ၁၀ ယခုမှာ အိုထာဝရဘုရား ၊ ကိုယ်တော်ပေး သနား တော်မူသော ပြည် ၌ အဦး သီးသော အသီး ကို အကျွန်ုပ် ဆောင် ခဲ့ပါပြီဟု သင်၏ဘုရားသခင်ထာဝရဘုရားအား လျှောက်ဆိုလျက်၊ ထိုအသီးကို

သင် ၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ ထား ရမည်။ ရှေ့တော်၌လည်း ကိုးကွယ် ခြင်းကို ပြုရမည်။ ၁၁ သင် ၏ဘုရားသခင် ထာဝရဘုရား သည်၊ သင် နှင့် သင် ၏အိမ်သူ အိမ်သားတို့အား ပြု တော်မူသမျှ သော ကျေးဇူး ၌ ၊ သင် သည် သင် နှင့်အတူ တည်းခိုသော လေဝိ သားမှစ၍ တပါး အမျိုးသားတို့နှင့်တကွ ပျော်မွေ့ ခြင်းကို ပြုရမည်။ ၁၂ သုံး နှစ် တွင် ဆယ်ဘို့ တဘို့ပေး ရသောတတိယ နှစ် ရောက်သောအခါ၊ အစီးအပွား ရှိသမျှ တို့ကို ဆယ်ဘို့ တဘို့ ကောက်ယူ၍ ၊ လေဝိ သား၊ တပါး အမျိုးသား၊ မိဘ မရှိ သောသူ၊ မုတ်ဆိုးမ တို့ကို သင့် နေရာ မြို့များ၌ ဝ စွာကျွေးမွေး ပြီးမှ၊ ၁၃ သင် ၏ဘုရားသခင် ထာဝရ ဘုရားအား၊ ကိုယ်တော် သည် အကျွန်ုပ် ကို မှာထား တော်မူသမျှ အတိုင်း ၊ သန့်ရှင်း သောဥစ္စာတို့ကို အိမ် မှ ထုတ် ၍ လေဝိ သား၊ တပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ တို့အား ပေး ပါပြီ။ ပညတ် တော်တို့ကို မ လွန်ကျူး ၊ မ မေ့လျော့ ပါ။ ၁၄ မသာအမှုကို ဆောင်စဉ်အခါ ထိုဥစ္စာကို အကျွန်ုပ်မ စား ပါ။ မ စင်ကြယ်သော အသုံးအဆောင်ဘို့ အနည်းငယ်ကိုမျှ မယူပါ။ သေ သောသူတို့အဘို့ အနည်းငယ် ကိုမျှ မ ပေး ပါ။ အကျွန်ုပ် ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို နားထောင် ပါပြီ။ ကိုယ်တော်မှာထား တော်မူသမျှအတိုင်း ပြုပါပြီ။ ၁၅ ကိုယ်တော် ၏ သန့်ရှင်း သော နေရာ ကောင်းကင်ဘုံ မှ ငုံကြည့် ၍ ၊ ကိုယ်တော် ၏ လူ ကွသရေလ အမျိုးကိုငဲ့ ၊ ဘိုးဘေး တို့အား ကျိန်ဆို တော်မူသည်အတိုင်း ၊ အကျွန်ုပ် တို့ အား ပေး တော်မူသော ပြည် ၊ နို့ နှင့် ပျားရည် စီး သော ပြည် ကိုငဲ့ကောင်းကြီး ပေးတော်မူပါဟု လျှောက်ဆိုရမည်။ ၁၆ ယခု စီရင် ထုံးဖွဲ့ သမျှအတိုင်း ကျင့် ရမည်ဟု သင် ၏ဘုရားသခင် ထာဝရဘုရား မှာ ထားတော်မူသည် ဖြစ်၍စိတ်နှလုံး အကြွင်းမဲ့ ကျင့် စောင့်ရမည်။ ၁၇ ထာဝရဘုရား သည် သင် ၏ဘုရားသခင် ဖြစ် တော်မူသည်ဟူ၍၎င်း၊ လမ်း တော်သို့ လိုက် ပါမည်၊ စီရင် ထုံးဖွဲ့တော်မူသောပညတ် တရားတော်ကို စောင့်ရှောက် ပါမည်၊ စကား တော်ကို နားထောင် ပါမည်ဟူ၍၎င်း၊ ယနေ့ သင်သည် ဝန်ခံ ပြီ။ ၁၈ ထာဝရဘုရား သည်လည်း ဂတိ ထားတော်မူသမျှ အတိုင်း ၊ သင် သည် ပညတ် တော် အလုံးစုံ တို့ကို စောင့်ရှောက် စေခြင်းငှာ ၊ အထူးသဖြင့်ကိုယ်တော် ၏ လူမျိုး ဖြစ် သည်ဟူ၍၎င်း၊ ၁၉ ဖန်ဆင်း တော်မူသော လူမျိုး တကာ တို့ထက် သင် ၏ဂုဏ် အသရေကျော်စော ကိတ္တိကို လွန်ကဲ စေတော်မူမည်ဟူ၍၎င်း ဂတိ တော်ရှိသည်အတိုင်း ၊ သင် ၏ဘုရားသခင် ထာဝရဘုရား အဘို့ သန့်ရှင်း သောလူမျိုး ဖြစ် စေခြင်းငှာ ၎င်း ယနေ့ ဝန်ခံ တော်မူပြီဟု ကွသရေလအမျိုးသားတို့အား ဟောပြောလေ၏။

၂၆ တဖန် မောရှေ သည်၊ ကွသရေလ အမျိုး၌ အသက်ကြီး သူတို့နှင့်တကွ လူ များတို့ကို မှာ ထားသည်ကား၊ ယနေ့ ငါ ထား သမျှ သောပညတ် တို့ကို စောင့်ရှောက် ကြလော့။ ၂ သင်သည် ယော်ဒန် မြစ်ကို ကူး ၍ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် သို့ ရောက် သောအခါ ၊ ကြီး သောကျောက် တို့ကို ထူထောင် ၍ အင်္ဂတေ နှင့် မွမ်းမံ ရမည်။ ၃ ဘိုးဘေး တို့ ကိုးကွယ်သော ဘုရားသခင် ထာဝရဘုရား သည်၊ ဂတိ တော်ရှိသည်အတိုင်း သင့် အား ပေး တော်မူသော ပြည် ၊ နို့ နှင့် ပျားရည် စီး သောပြည် သို့ ဝင်စား အံ့သောငှာ ကူး သွားပြီးမှ ၊ ဤ တရား စကား တော် အလုံးစုံ တို့ကို ထို ကျောက်ပေါ် မှာ ရေးထား ရမည်။ ၄ ယော်ဒန် မြစ်ကို ကူး ပြီးမှ ၊ ယနေ့ ငါ မှာထား

သော ကျောက် တို့ကို ဧဗလ တောင် ပေါ် မှာ ထူထောင် ၍ အင်္ဂတေ နှင့် မွမ်းမံ ရမည်။ ၅ ထို အရပ်၌လည်း သင် ၏ဘုရားသခင် ထာဝရဘုရား အဘို့၊ ၆ ယဇ် ပလ္လင်ကို ကျောက် နှင့်တည် ရမည်။ သံ တန်ဆာကို မ သုံးဆောင်ဘဲ၊ မ ကွဲမပြတ်သော ကျောက် တို့နှင့် တည် ရမည်။ သင် ၏ဘုရားသခင် ထာဝရဘုရား အား မီးရှို့ ရာယဇ်တို့ကို ထိုပလ္လင် ပေါ် မှာ ပူဇော် ရမည်။ ၇ မိသဟာယ ယဇ်တို့ကိုလည်း ပူဇော် ၍ ၊ ထို အရပ် တွင် စား သောက်လျက် ရှေ့ တော်၌ ပျော်မွေ့ ခြင်းကို ပြုရမည်။ ၈ ထိုကျောက် ပေါ် မှာ ဤ တရား စကား တော် အလုံးစုံ တို့ကို သေချာ စွာ ရေးထား ရမည်ဟု ပြောဆိုကြ၏။ ၉ တဖန် မောရှေ နှင့် ယဇ် ပုရောဟိတ်များ၊ လေဝိ သားများတို့က၊ အိုဂ္ဂသရေလ အမျိုး၊ သတိ နှင့် နားထောင် လော့။ ယနေ့ သင်သည် သင် ၏ဘုရားသခင် ထာဝရဘုရား ၏ လူမျိုး ဖြစ် လေပြီ။ ၁၀ သို့ ဖြစ်၍ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို နားထောင် ရမည်။ ယနေ့ ငါ တို့ ဆင့်ဆိုသော စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ကျင့်ရမည်ဟု ဣသရေလအမျိုးသားအပေါင်းတို့အား ပြောဆိုကြ၏။ ၁၁ တဖန် မောရှေ သည် ထို နေ့၌ လူ များတို့ကို မှာထား သည်မှာ၊ ၁၂ သင် တို့သည် ယော်ဒန် မြစ်ကို ကူး သောနောက် ၊ လူ များတို့အား ကောင်းကြီး ပေးခြင်းအလိုငှာ ဂေရဇိမ် တောင် ပေါ် မှာ ရပ် ရသောသူဟူမူကား ၊ ရှိမောင် ၊ လေဝိ ၊ ယုဒ ၊ ဣသခါ ၊ ယောသပ် ၊ ဗင်္ယာမိန် တည်း။ ၁၃ ကျိန် ခြင်းအလိုငှာ ၊ ဧဗလ တောင် ပေါ် မှာ ရပ် ရသော သူဟူမူကား ၊ ရုဗင် ၊ ဂဒ် ၊ အာရှာ ၊ ဇာဗုလုန် ၊ ဒန် ၊ နဿလိ တည်း။ ၁၄ ထိုအခါ လေဝိ သားတို့သည် ကြီး သောအသံ နှင့် ဣသရေလ အမျိုးသား အပေါင်း တို့အား ဟစ်ကြော် ရ သောစကားဟူမူကား၊ ၁၅ ထာဝရဘုရား စက်ဆုပ် ခံရှာသောအရာ၊ လက်သမား လက် နှင့် ထု လုပ်သော ရုပ်တု ၊ သွန်း သော ဆင်းတုကို လုပ်၍ မ ထင်ရှားသော အရပ်၌ ထား သောသူ သည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၁၆ မိဘ ကို မထီမဲ့မြင် ပြုသောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၁၇ အိမ်နီးချင်း ၏ မြေ မှတ်တိုင်ကို ရွှေ့ သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၁၈ မျက်စိ မမြင်သောသူကို လမ်းလွဲ စေသောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၁၉ တရား တွေ့ခြင်းအမှုမှာတပါး အမျိုးသား၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ ကို မ တရားသဖြင့် အရှုံးပေးသောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၀ အဘ နှင့် သာဆိုင်သော အဘ ၏ မယား နှင့် ပေါင်းဘော် သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၁ တိရစ္ဆာန် တစုံ တမျိုးနှင့် ပေါင်းဘော် သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၂ အဘ ၏ သမီး ၊ အမိ ၏ သမီး တည်းဟူသောမိမိ အစ်မ နှမနှင့် ပေါင်းဘော် သောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၃ မယား ၏ အမိနှင့် ပေါင်းဘော် သောသူသည် အမင်္ဂလာ ရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၄ အိမ်နီးချင်း ကို မ ထင်မရှား ရိုက် သောသူသည်

အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၅ အပြစ် မရှိသောသူ ၏ အသက် ကို သတ် ခြင်းငှာ အခ ကို ယူ သောသူသည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။ ၂၆ ဤ ပညတ် တရားစကား တို့ကို အမြဲမ ကျင့် သောသူ သည် အမင်္ဂလာရှိစေသတည်းဟု ကျိန် လျှင်၊ လူ အပေါင်း တို့က အာမင် ဟု ဝန်ခံ ရကြမည်။

၂၈ ယနေ့ ငါ ဆင့်ဆို သမျှ သော ပညတ် တော်တို့ကို သင်သည် ကျင့် စောင့် ခြင်းငှာ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို စေ့စေ့နားထောင် လျှင် ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် လူမျိုး တကာ တို့ ထက် သင့် ကို ချီးမြှောက် တော်မူမည်။ ၂ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို နားထောင် လျှင် ၊ သင့် အပေါ် မှာ သက်ရောက် လတ္တံသော ကောင်းကြီး မင်္ဂလာများ ဟူမူကား ။ ၃ သင် သည် မြို့ ၌ မင်္ဂလာ ရှိလိမ့်မည်၊ တော ၌ မင်္ဂလာ ရှိလိမ့်မည်။ ၄ သားသမီး အားဖြင့်၎င်း၊ မြေ အသီး အနှံအားဖြင့်၎င်း ၊ တိရစ္ဆာန် ဘွားသော သားငယ်အားဖြင့်၎င်း ၊ သိုး နွား အစီးအပွား အားဖြင့်၎င်း မင်္ဂလာ ရှိလိမ့်မည်။ ၅ ခြင်တောင်း ၌၎င်း၊ မုန့် နယ်သော ခွက်၌၎င်း မင်္ဂလာ ရှိလိမ့်မည်။ ၆ မိမိအိမ်ထဲသို့ ဝင် သောအခါ မင်္ဂလာ ရှိ လိမ့်မည်၊ ပြင်သို့ထွက် သောအခါ မင်္ဂလာ ရှိလိမ့်မည်။ ၇ သင့် တဘက် ၌ ထ သော ရန်သူ တို့ကို သင့် မျက်မှောက် ၌ ထာဝရဘုရား သည် ဒဏ် ခံစေတော်မူမည်။ သူတို့သည် တ လမ်းတည်းဖြင့် သင် ရှိရာသို့ လာ သော်လည်း ၊ လမ်း ခုနှစ် သွယ်ဖြင့် သင့် ရှေ့မှ ပြေး ကြလိမ့်မည်။ ၈ သင် ၏ ဘဏ္ဍာ တိုက်၌ ၎င်း၊ သင် ပြု လေရာရာ ၌ ၎င်း ၊ ထာဝရဘုရား သည် သင့် အပေါ် မှာ မင်္ဂလာ ရောက် စေခြင်းငှာမိန့် တော်မူမည်။ သင် ၏ ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် ၌ သင့် ကို ကောင်းကြီး မင်္ဂလာပေးတော်မူမည်။ ၉ သင် သည် သင် ၏ ဘုရားသခင် ထာဝရဘုရား ၏ပညတ် တော်တို့ကိုစောင့် ၍ လမ်း တော်သို့ လိုက် လျှင် ထာဝရဘုရား ကျိန်ဆို သည်အတိုင်း၊ သင့် ကို ကိုယ်တော် အဘို့ သန့်ရှင်း သောအမျိုး အစဉ်အမြဲ ဖြစ်စေတော်မူမည်။ ၁၀ သင် သည် ထာဝရဘုရား ၏ နာမတော် ဖြင့် ခေါ် ဝေါ် သမုတ်ခြင်းကိုခံရသည်ဟု လူမျိုး ခပ်သိမ်း တို့ သည် သိမြင် ၍ သင့် ကို ကြောက်ရွံ့ ကြလိမ့်မည်။ ၁၁ ထာဝရဘုရား သည် သင့် အား ပေး ခြင်းငှာ ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပြည် ၌ ဥစ္စာ ပစ္စည်း၊ သားသမီး ၊ တိရစ္ဆာန် အတိုးအပွား၊ မြေ အသီးအနှံ များကို ကြွယ်ဝ စေတော်မူမည်။ ၁၂ ထာဝရဘုရား သည် အချိန်တန် မှ သင် ၏ပြည် ၌ မိုယ်း ရွာ စေခြင်းငှာ ၎င်း၊ သင် ပြု လေရာရာ ၌ ကောင်းကြီး ပေးခြင်းငှာ ၎င်း ၊ ဘဏ္ဍာ တော်တိုက် တည်းဟူသောမိုယ်းကောင်းကင် ကို ဖွင့် တော်မူမည်။ သင်သည် လူမျိုး များတို့အား ချေးငှား ရသောအခွင့် ရှိလိမ့်မည်။ သူတို့သည် သင့် အား ချေးငှား ရသောအခွင့် မ ရှိရ။ ၁၃ ထာဝရဘုရား သည် သင့်ကို အမြီး မ ဖြစ် စေဘဲ ခေါင်း ဖြစ် စေတော်မူသဖြင့် ၊ သင်သည် အောက် ၌ မ နေ ရ ဘဲ အပေါ် ၌ သာ နေရသောအခွင့် ရှိလိမ့်မည်။ ယနေ့ ငါ ဆင့်ဆို သော ၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ ပညတ် တော်တို့ကို ကျင့်စောင့်ခြင်းငှာ နားထောင် လျှင် ၎င်း၊ ၁၄ ယနေ့ ငါ ဆင့်ဆို သော စကား တော်လမ်းမှ ထွက် ၍ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ လွှဲ ၊ အခြား တပါးသော ဘုရား နောက် သို့ လိုက် ၍ ဝတ် မပြုဘဲနေလျှင်၎င်း၊ ထိုသို့ သော ကျေးဇူးတော်ကိုခံရလိမ့်မည်။ ၁၅ ယနေ့

ငါ ဆင့်ဆို သော သင် ၏ဘုရားသခင် ထာဝရဘုရား စီရင် ထုံးဖွဲ့တော်မူချက် အလုံးစုံ တို့ ကို ကျင့် စောင့် ခြင်းငှာ စကား တော်ကို နား မ ထောင်လျှင် ၊ သင့် အပေါ် မှာ သက်ရောက် လတ္တံ့သော ကျိန်ခြင်းအမင်္ဂလာ များ ဟူမူကား၊ ၁၆ သင် သည် မြို့ ၌ အမင်္ဂလာ ရှိလိမ့်မည်၊ တော ၌ အမင်္ဂလာ ရှိလိမ့်မည်။ ၁၇ ခြင်တောင်း ၌ငင်း ၊ မုန့် နယ်သော ခွက်၌ငင်း အမင်္ဂလာ ရှိလိမ့်မည်။ ၁၈ သားသမီး အားဖြင့်ငင်း၊ မြေ အသီး အနှံအားဖြင့်ငင်း၊ သိုး နွား အစီးအပွား အားဖြင့်ငင်း အမင်္ဂလာ ရှိလိမ့်မည်။ ၁၉ မိမိ အိမ်ထဲသို့ ဝင် သောအခါ အမင်္ဂလာ ရှိလိမ့်မည်။ ပြင်သို့ ထွက် သောအခါ အမင်္ဂလာ ရှိလိမ့်မည်။ ၂၀ ထာဝရဘုရား ကို စွန့် ၍ ပြု မိသော ဒုစရိုက် အပြစ်ကြောင့် အလျင်အမြန် ပျက်စီး ဆုံးရှုံးခြင်းသို့ မ ရောက်မှီတိုင်အောင်၊ ပြု လေရာရာ ၌ ကျိန်ဆဲ ခြင်း၊ နှောင့်ရှက် ခြင်း၊ ကဲ့ရဲ့ ခြင်းတို့ကို သင့် အပေါ် မှာ သက်ရောက် စေတော်မူမည်။ ၂၁ သင် သွား ၍ ဝင်စား လတ္တံ့သော ပြည် မှ သုတ်သင် ပယ်ရှင်းတော်မ မူမှီ တိုင်အောင်၊ ကာလနာ ကို သင် ၌ စွဲ စေတော်မူမည်။ ၂၂ ထာဝရဘုရား သည် သင့် ကို တူလာ ၊ ဖျားနာ ၊ ဒလခက်နာ ၊ ခရခရနာ ဖြင့် ၎င်း ၊ ထား ဘေး၊ လေထိ ၍ အပင်သေဘေး၊ အရည် ယိုး၍ အပင်သေဘေးဖြင့် ၎င်း ဒဏ်ခတ် တော်မူ၍ ၊ သင် သည် မ ပျက်စီး မှီတိုင်အောင်ထိုဘေးတို့သည် လိုက် ကြလိမ့်မည်။ ၂၃ သင့် ခေါင်း ပေါ် မှာ မိုးယံကောင်းကင် သည် ကြေးဝါ ကဲ့သို့ဂင်း ၊ သင့် အောက် ၌ မြေ သည် သံ ကဲ့သို့ဂင်း ဖြစ် လိမ့်မည်။ ၂၄ ထာဝရဘုရား သည် သင့် နေရာပြည် ၌ ရွာသော မိုးယံ ရေကို မြေမှုန့် ၊ ဖုံ ဖြစ် စေတော်မူသဖြင့် ၊ သင် သည် မ ပျက်စီး မှီတိုင်အောင်သင့် အပေါ် မှာ ကျ ရလိမ့်မည်။ ၂၅ သင် ၏ရန်သူ ရှေ့ မှာ ထာဝရဘုရား သည် သင့် ကို ဒဏ် ပေးတော်မူမည်။ သင်သည် တလမ်း တည်းဖြင့် သူ တို့ ရှိရာသို့ သွား သော်လည်း ၊ လမ်း ခုနှစ် သွယ်ဖြင့် သူ တို့ရှေ့ မှ ပြေး၍ မြေ ပေါ် မှာရှိ သော အတိုင်းတိုင်း အပြည်ပြည်သို့ ပြောင်း သွားရလိမ့်မည်။ ၂၆ သင် ၏အသေ ကောင်သည် မိုးယံ ကောင်းကင်ငှက် ၊ တော သားရဲ စားစရာ ဘို့ ဖြစ် ရလိမ့်မည်။ ထိုတိရစ္ဆာန် တို့ကို အဘယ်သူ မျှမမောင်း ရ။ ၂၇ ထာဝရဘုရား သည် သင့် ကို အဲဂုတ္တု အနာစိမ်း ၊ မြင်းသရိုက် နာ၊ ဝဲနာ ၊ မ ပျောက် နိုင် သော ယားနာ ဖြင့် ဒဏ်ခတ် တော်မူမည်။ ၂၈ ရူး သောအနာ၊ မျက်စိ ကန်းသောအနာ၊ မိန်းမော တွေဝေသောအနာဖြင့် ဒဏ်ခတ် တော်မူ၍၊ ၂၉ မျက်စိ ကန်းသောသူသည် မှောင်မိုက် ၌ စမ်းသပ် ရသကဲ့သို့ ၊ သင်သည် မွန်းတည့် အချိန်၌ ပင် စမ်းသပ် ရ လိမ့်မည်။ သင် ပြု သောအမှု၌ မ အောင် ဘဲ ညှဉ်းဆဲ ခြင်း၊ လုယူ ခြင်းကိုသာ ခံ ရလိမ့်မည်။ အဘယ်သူ မျှမကယ်တင် ရ။ ၃၀ မိန်းမ နှင့်လက်ထပ် ပြီးသော်လည်း အခြား သောသူသည် ပေါင်းဘော် ရလိမ့်မည်။ အိမ် ကို ဆောက် သော်လည်း ကိုယ်တိုင် မ နေ ရ။ စပျစ် ဥယျာဉ်ကို စိုက် သော်လည်း စပျစ်သီး ကို မ ဆွတ် မယူရ။ ၃၁ သင့် နွား ကို သင့် မျက်မှောက် ၌ သတ် ၍သေ သော်လည်း သင့်ကိုယ်တိုင်မ စား ရ။ သင့် မြည်း ကို သင့် ရှေ့မှောက် ၌ အနိုင်အထက် ယူသွားပြီးမှ ၊ နောက်တဖန်ပြန် ၍ မ ပေးရ။ သင့် သိုး တို့ကို သင့် ရန်သူ ၌ အပ် သောအခါ ကယ်နှုတ် သောသူမပေါ် မ ရှိရ။ ၃၂ သင့် သားသမီး တို့သည် သူတပါး လက်သို့ ရောက် ၍ ၊ သင့် မျက်စိ သည် တနေ့လုံး မြော်ကြည့် လျက် အားကုန် လိမ့်မည်။ သင့် လက် သည်လည်း ခွန်အား မ ရှိရ။ ၃၃ သင် မ သိ မကျွမ်းသော လူမျိုး သည် သင့် နေရာ ပြည် ၏ အသီးအနှံ ကိုငင်း၊ သင် လုပ်ဆောင် ၍ရသောဥစ္စာကိုငင်း စား လိမ့်မည်။

သင်သည် ညှဉ်းဆဲ နှိပ်စက် ခြင်းကိုသာ အစဉ် မပြတ်ခံ ရလိမ့်မည်။ ၃၄ ထိုသို့ ကိုယ်တိုင်တွေ့မြင် သော အမှုကြောင့် သင်သည် အရှုံး ဖြစ် ရလိမ့်မည်။ ၃၅ ထာဝရဘုရား သည် သင့် ဒူး နှင့် ခြေထောက် မက၊ ခြေဘဝါး မှစ၍ ဦးခေါင်း ထိပ်တိုင်အောင် မ ပျောက် နိုင် သော အနာစိမ်း ဖြင့် ဒဏ်ခတ် တော်မူမည်။ ၃၆ ထာဝရဘုရား သည်၊ သင် ချီးမြှောက် သော ရှင် ဘုရင် ကို သင် နှင့် သင့် ဘိုးဘေး တို့ မ သိ မကျွမ်းဘူးသော လူမျိုး ရှိရာသို့ ဆောင်သွား တော်မူသဖြင့် ၊ သင် သည် အခြား တပါးသော ဘုရား၊ သစ်သား ဘုရား၊ ကျောက် ဘုရား တို့ကို ဝတ်ပြု ရလိမ့်မည်။ ၃၇ ထာဝရဘုရား သည် သင့် ကို ဆောင်သွား တော်မူသော အပြည်ပြည် တို့ ၌ သင်သည် အံ့သြ ရာ၊ ပုံခိုင်း ရာ၊ ကဲ့ရဲ့ ရာဖြစ် လိမ့်မည်။ ၃၈ သင်သည် များစွာ သော မျိုးစေ့ ကို လယ် သို့ယူသွား ၍ ကျိုင်းကောင် တို့သည် ကိုက်စား သောကြောင့် ၊ နည်း သောစပါးကို သိမ်း ရလိမ့်မည်။ ၃၉ စပျစ် ဥယျာဉ်တို့ကို စိုက် ၍ ပြုစု သော်လည်း ၊ ပိုး များ ကိုက်စား သောကြောင့် ကိုယ်တိုင် စပျစ်သီး ကို မ ဆွတ်ရ၊ စပျစ်ရည် ကိုလည်း မ သောက် ရ။ ၄၀ သင့် နေရာ အရပ်ရပ် ၌ သံလွင် ပင်ရှိ သော်လည်း ၊ အသီးမမှည့်မီ ကြွေ သောကြောင့် သင်သည် သံလွင်ဆီ နှင့် ကိုယ်ကိုမ လိမ်း ရ။ ၄၁ သား သမီးကို ဘွားမြင် သော်လည်း ၊ သူ တို့နှင့် မ ပျော်မွေ့ရ။ ရန်သူတို့သည် သိမ်း သွား ကြလိမ့်မည်။ ၄၂ သင့် နေရာပြည် ၌ သစ်ပင် ရှိသမျှ ၊ မြေအသီးအနှံ ရှိသမျှကို ကျိုင်းကောင် တို့သည် ကိုက်စား ကြလိမ့်မည်။ ၄၃ သင် နှင့်အတူ နေသော တပါး အမျိုးသားသည် မြင့် လျက်၊ သင့် အပေါ် သို့ တက် လိမ့်မည်။ သင် မူကား ၊ အောက် သို့ဆင်း ၍ နေရလိမ့်မည်။ ၄၄ သူ သည် သင့် အား ချေးငှား သောအခွင့်ရှိ လိမ့်မည်။ သင် မူကား ၊ သူ့ အားချေးငှား သော အခွင့်မ ရှိရ။ သူ သည် ခေါင်း ဖြစ် ၍ ၊ သင် သည် အမြီး ဖြစ် လိမ့်မည်။ ၄၅ သင် ၏ဘုရားသခင် ထာဝရဘုရား ထား တော်မူသော စီရင် ထုံးဖွဲ့ချက်တရားကို စောင့်ရှောက် ခြင်းငှာ ၊ သင် သည် စကား တော်ကို နား မ ထောင်သောကြောင့် ၊ မ ပျက်စီး မှီတိုင်အောင်ဤ ကျိန်ခြင်းအမင်္ဂလာ ရှိသမျှ တို့ သည် သင့် အပေါ် မှာ သက်ရောက် လျက် ၊ သင့် ကိုလိုက် ၍ မှီ လျက် ရှိကြလိမ့်မည်။ ၄၆ သင့် အပေါ် ၌ငင်း ၊ သင့် အမျိုးအနွယ် အပေါ် ၌ ၎င်း ၊ အစဉ်မပြတ် နိမိတ် လက္ခဏာ အံ့ဘွယ် သောအမှု ဖြစ် ကြလိမ့်မည်။ ၄၇ သင်သည် ဥစ္စာ ကြွယ်ဝသောအခါ ၊ ဝမ်းမြောက် ရွှင်လန်း သောစိတ် နှင့် သင် ၏ဘုရားသခင် ထာဝရဘုရား ၏ အမှု တော်ကို မ ဆောင်မရွက်သောကြောင့်၊ ၄၈ ထာဝရဘုရား စေလွှတ် တော်မူသော ရန်သူ ၏ အမှုကို သင် သည် မွတ်သိပ် ခြင်း၊ ရေ တော်ခြင်း၊ အဝတ် အချည်းစည်းရှိခြင်းနှင့်တကွ ၊ အရာရာ ၌ ဆင်းရဲ စွာ ဆောင်ရွက် ရလိမ့်မည်။ သင် သည် မ ပျက်စီး မှီတိုင်အောင်သင့် လည်ပင်း ၌ သံ ထမ်းဘိုး ကို တင် ထားတော်မူမည်။ ၄၉ ရွှေလင်းတ ပျံ တတ်သကဲ့သို့ လျင်မြန်သောလူမျိုး၊ ကြမ်းတမ်း သောမျက်နှာ နှင့် ပြည့်စုံလျက်၊ အသက်ကြီး သူကို မ ရိုသေ ၊ အသက်ငယ် သူကိုမ သနား တတ်သောလူမျိုး ကို၊ ၅၀ ဝေး သောအရပ်၊ မြေကြီး စွန်း မှ ထာဝရဘုရား သည်ခေါ် ၍ သင့်ကိုတိုက်စေတော်မူမည်။ ၅၁ သင် သည် မ ပျက်စီး မှီတိုင်အောင်၊ ထိုရန်သူသည် သင် ၏ သိုးသငယ်၊ နွားသငယ်၊ မြေ အသီးအနှံ ကို စား ရလိမ့်မည်။ သင့် ကို မ ဖျက်ဆီး မှီတိုင်အောင်၊ ဆန် စပါး၊ စပျစ်ရည် ၊ ဆီ ၊ သိုး နွား အစီး အပွားကို သင့် အဘို့ မ ချန် မထားရ။ ၅၂ သင့် နေရာပြည် အရပ်ရပ် တို့ ၌ သင်

ကိုးစား သော မြို့ရိုး၊ မြင့် ၍ ခိုင်ခဲ့ သော မြို့ရိုး တို့သည် မပြို မ ကျမှီ တိုင်အောင်၊ သင့် နေရာ မြို့ ရှိသမျှ တို့ကို ဝိုင်း ထားလိမ့်မည်။ သင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော ပြည် အရပ်ရပ် တို့ ၌ ၊ မြို့ ရှိသမျှ တို့ကိုလည်း ဝိုင်း ထားလိမ့်မည်။ ၅၃ ထိုသို့ ဝိုင်း ထား၍ ရန်သူ သည် ကျဉ်းကျပ် စေ သောအခါ ၊ ကိုယ် ရင်သွေး တည်းဟူသောသင် ၏ဘုရားသခင် ထာဝရဘုရား ပေး တော်မူသော သားသမီး တို့၏ အသား ကို သင်စား ရလိမ့်မည်။ ၅၄ သင့် နေရာမြို့ တို့ကို ရန်သူ ဝိုင်းထား၍ ကျဉ်းကျပ် စေသောအခါ၊ ၅၅ အလွန် နူးညံ့ သိမ်မွေ့ သော ယောကျ်ား သည် စားစရာအလျှင်း မကျန်ကြွင်းသောကြောင့်၊ မိမိ သားသမီး ၏ အသား ကို စား ရသော်လည်း၊ မိမိ ညီအစ်ကို ၊ မိမိ ရင်ခွင် ၌ ရှိသောမယား ၊ ကျန်ကြွင်း သေးသော သားသမီး တို့ကို မနာလိုသောစိတ်ရှိ၍၊ ထိုအသားကို သူတို့အား မဝေမပေးဘဲ စားလိမ့်မည်။ ၅၆ သင့် နေရာမြို့ တို့ကို ရန်သူ ဝိုင်းထား ၍ ကျဉ်းကျပ် စေသောအခါ၊ အလွန်နူးညံ့ သိမ်မွေ့ သဖြင့်မြေ ကို မနင်း ဝံ့သော မိန်းမသည်လည်း၊ စားစရာအလျှင်း မ ရှိသောကြောင့်၊ ၅၇ မိမိ ရင်ခွင် ၌ရှိသောလင် ၊ မိမိ သား သမီး ၊ မိမိဝမ်း ထဲက ထွက် သောအချင်း ၊ မိမိဘွားမြင် သော သူငယ် တို့ကိုမ နာလိုသောစိတ်ရှိ၍၊ မိမိသူငယ်ကိုတိတ်ဆိတ် စွာစား ရလိမ့်မည်။ ၅၈ သင် ၏ဘုရားသခင် ထာဝရဘုရား သည် ဘုန်းကြီး ၍ ကြောက်မက် ဘွယ်သော နာမ တော်ကို ကြောက် စေခြင်းငှာ ၊ ဤ ကျမ်းစာ ၌ ရေး ထားသော ဤ တရား တော်စကား အလုံးစုံ တို့ကို သင်သည် မ ကျင့် မစောင့်ဘဲ နေလျှင်၊ ၅၉ ထာဝရဘုရား သည် သင် ခံရသောဘေး ၊ သင့် အမျိုးအနွယ် ခံရသောဘေး တို့ကို အံ့သြ ဘွယ်သော ဘေး ၊ အလွန် ကြီး၍ မြဲမြံ သောဘေး၊ အလွန် ပြင်း၍ မြဲမြံ သောရောဂါ ဝေဒနာ ဖြစ်စေတော်မူမည်။ ၆၀ ထို မှတပါး၊ သင်ကြောက် တတ်သော အဲဂုတ္တု ပြည်၏ အနာ ရောဂါရှိသမျှ တို့ကို သင့် အပေါ် မှာ သက်ရောက် စေတော်မူသဖြင့် ၊ သင် ၌ ထို အနာရောဂါတို့သည် စွဲကပ် ကြလိမ့်မည်။ ၆၁ ထိုမှတပါး၊ ဤ ပညတ္တိ ကျမ်းစာ ၌ ရေး ၍မ ထား သော အနာ ရောဂါဘေးဥပဒ် ရှိသမျှ တို့ကို သင် သည် မ ပျက်စီး မှီတိုင်အောင်၊ သင့် အပေါ် မှာ ထာဝရဘုရား သက်ရောက် စေတော်မူမည်။ ၆၂ သင်သည် အရေအတွက် အားဖြင့် မိုးယံး ကောင်းကင် ကြယ် ကဲ့သို့ များသော်လည်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်သောကြောင့် နည်းနည်း ဖြစ် ရလိမ့်မည်။ ၆၃ သင့် ကို ကျေးဇူး ပြု၍ များပြား စေသောအမှု၌ ထာဝရဘုရား ပျော်မွေ့ တော်မူသည်နည်းတူ ၊ တဖန် သင့် ကို ဖျက်ဆီး ၍ အကျိုး နည်းစရာအမှု၌ ပျော်မွေ့ တော်မူသဖြင့် ၊ သင်သွား၍ ဝင်စား လတံ့သော ပြည် ထဲက သင်သည် သုတ်သင် ပယ်ရှင်းခြင်းသို့ ရောက်ရလိမ့်မည်။ ၆၄ ထာဝရဘုရား သည်လည်း၊ မြေကြီး စွန်း တဘက် မှ သည် တဘက် တိုင်အောင် ၊ လူမျိုး အပေါင်း တို့တွင် သင့် ကို အရပ်ရပ်ကွဲပြား စေတော်မူသဖြင့် ၊ သင် နှင့် သင့် ဘိုးဘေး တို့ မ သိ ဘူးသော အခြား တပါးသောဘုရား ၊ သစ်သား ဘုရား၊ ကျောက် ဘုရားတို့ကို ဝတ်ပြု ရလိမ့်မည်။ ၆၅ ထို လူမျိုး တို့တွင် သင် သည် သက်သာ ခြင်းမ ရှိရာ၊ နေရာ မ ကျ ရာ။ နှလုံး တုန်လှုပ် ခြင်း၊ မျက်စိ မြော် ၍ အားကုန်ခြင်း၊ ဝမ်းနည်း ခြင်းအကြောင်း ကို ထာဝရဘုရား စီရင် တော်မူသဖြင့်၊ ၆၆ သင်သည် အသက်ဆုံးလုသည်ဖြစ်၍၊ နေ့ ညဉ့် မပြတ်စိုးရိမ်လျက် သေဘေးနှင့် လွတ်မည်မလွတ်မည်ကို မသိဘဲလျက် နေ ရလိမ့်မည်။ ၆၇ သင် ၏စိတ် နှလုံးထဲမှာ

ကြောက်ရွံ့ ရသောအကြောင်း ၊ သင့် မျက်စိ နှင့် မြင် ရသောအရာကြောင့် ၊ နံနက် အချိန်၌ သင်က၊ ည၌ ရောက် ပါစေဟူ၍ငင်း၊ ည၌ အချိန်၌ နံနက် ရောက် ပါစေဟူ၍ငင်း ဆုတောင်း ရလိမ့်မည်။ ၆၈ ထိုလမ်း ကို နောက် တဖန် သင် မ မြင် ရဟု မိန့် တော်မူသော လမ်းဖြင့် ထာဝရဘုရား သည် တဖန် သင့် ကို အဲဂုတ္တု ပြည်သို့ သင်္ဘော နှင့် ပို့ဆောင် တော်မူသဖြင့်၊ ထို ပြည်တွင် ကျွန် ယောကျ်ား၊ ကျွန် မိန်းမဖြစ်စေ ခြင်းငှာရန်သူ တို့ ၌ ရောင်း ကြလိမ့်မည်။ သို့ရာတွင် အဘယ်သူမျှသင့်ကို မ ဝယ် လိုဟု ဣသရေလလူမျိုးတို့ကို ဟောပြောလေ၏။

Jဧ ဤ ရွေ့ကား၊ ဟောရပ် အရပ်၌ ထာဝရဘုရား သည် ဣသရေလ အမျိုး နှင့် ပြု တော်မူသောပဋိညာဉ်မှတပါး၊ မောဘ ပြည် ၌ မောရှေ သည် ထို လူမျိုးနှင့် ပဋိညာဉ် ပြု စေခြင်းငှာ ၊ ထာဝရဘုရား မှာ ထားတော်မူသော ပဋိညာဉ် စကား တော် ဖြစ်သတည်း။ ၂ တဖန် မောရှေ သည် ဣသရေလ အမျိုးသားအပေါင်း တို့ကို ခေါ် ၍ ၊ ထာဝရဘုရား သည် အဲဂုတ္တု ပြည် မှာ ဖာရော ဘုရင်၌ ၎င်း၊ သူ ၏ကျွန် အပေါင်း တို့ ၌ ၎င်း၊ သူ ၏ပြည် တရှောက်လုံး ၌ ၎င်း ၊ သင် တို့မျက်မှောက် တွင် ပြု တော်မူသမျှ တည်းဟူသော၊ ၃ ကိုယ် မျက်စိ နှင့်မြင် သော အလွန် ကြီးစွာသော စုံစမ်း ခြင်းအမှု၊ အလွန် ကြီးသော နိမိတ် လက္ခဏာ၊ ထူးဆန်း သော တန်ခိုးများကို သင် တို့သည် မြင် ရကြပြီ။ ၄ သို့သော်လည်း နားလည် နိုင်သောနှလုံး ၊ မြင် နိုင်သော မျက်စိ ၊ ကြား နိုင်သော နား တို့ကို ယနေ့ တိုင်အောင် ထာဝရဘုရား သည် ပေး တော်မ မူသေး။ ၅ အနှစ် လေးဆယ် ပတ်လုံးသင် တို့ကို တော ၌ ငါပို့ဆောင် တော်မူပြီ။ သင် တို့အဝတ် သည် မ ဟောင်း မနွမ်း။ သင် တို့စီးသော ခြေနင်း လည်း မ ပျက်။ ၆ သင်တို့သည် မုန့် ကိုမ စား။ စပျစ်ရည် နှင့် သေရည် သေရက်ကို မ သောက် ဘဲ နေသောကြောင့် ၊ ထာဝရဘုရား သည် သင် တို့၏ ဘုရားသခင် ဖြစ်ကြောင်းကို သိ ရ၏။ ၇ သင်တို့သည် ဤ အရပ် သို့ ရောက် သောအခါ ၊ ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် ၊ ဗာရှန် ရှင်ဘုရင် ဩဃ တို့သည် ငါ တို့ကို စစ်တိုက် ခြင်းငှာ ထွက် လာသဖြင့် ၊ ငါတို့သည် သူ တို့ကို လုပ်ကြံ ၍၊ ၈ သူ တို့ ပြည် ကို သိမ်းယူ ပြီးမှ ၊ ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် ၌ ပေး လေ၏။ ၉ သို့ ဖြစ်၍ သင်တို့ပြု လေရာရာ ၌ အောင် နိုင်မည် အကြောင်း ဤ ပဋိညာဉ် စကား တို့ကို စောင့်ရှောက် ၍ ကျင့် ကြလော့။ ၁၀ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင် နှင့် ယနေ့ ပြု တော်မူသော သစ္စာ ကို သင် သည်ခံ ၍၊ သင် ၏ဘုရားသခင် ထာဝရဘုရား နှင့် ပဋိညာဉ် ပြုခြင်းငှာ ၎င်း၊ ၁၁ သင့်ကို ကိုယ်တော်၏ လူမျိုးအရာ၌ ယနေ့ခန့်ထား တော်မူစေခြင်းငှာဝင်း၊ ၁၂ အထက်က မိန့်တော်မူ၍၊ သင် ၏အဘ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့အား ကျိန်ဆို တော်မူသည်အတိုင်း ၊ သင် ၏ဘုရားသခင် ဖြစ် တော်မူစေခြင်းငှာ ၎င်း၊ ၁၃ သင် တို့အမျိုးအနွယ် ၏ အကဲအမှူး၊ အသက်ကြီး သူ၊ မင်းအရာရှိ၊ ဣသရေလ အမျိုးယောကျ်ား ၊ မိန်းမ ၊ သူငယ် ၊ ထင်း ခုတ် သောသူ၊ ရေ ခပ် သောသူမှစ၍ တပ် ၌ ရှိသမျှသောသူ တို့သည် သင် တို့ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ယနေ့ ရပ် နေကြ၏။ ၁၄ ထိုမှတပါး ဤ ပဋိညာဉ် ၊ ဤ သစ္စာ ကို သင် တို့နှင့် သာ ငါ ပြု သည်ထက်မ က၊ ၁၅ ငါ တို့ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ယနေ့ ရပ် နေသောသူတို့ နှင့်ငင်း၊ ငါ တို့တွင် ယနေ့ မ ပါ သော သူတို့ နှင့် ၎င်း ငါပြု၏။ ၁၆ သင် တို့သည် အဲဂုတ္တု ပြည် ၌ ပေါင်းဘော် သောသူ၊ ခရီးသွား ၍ လမ်း ၌ တွေ့ကြုံသော လူမျိုး တို့ကို သင်တို့သိ ကြ၏။

၁၇ သူ တို့ ၌ ရှိသော စက်ဆုပ်ရွံရှာ ဘွယ်သော သစ်သား ရုပ်တု ၊ ကျောက် ရုပ်တု၊ ရွှေ ရုပ်တု၊ ငွေ ရုပ်တုတို့ကို မြင် ကြပြီ။ ၁၈ ငါ တို့ဘုရားသခင် ထာဝရဘုရား ထံ တော်မှ လွှဲရှောင် ချင်သော သဘော ရှိလျက် ၊ ထို လူမျိုး တို့၏ ဘုရား များထံသို့ သွား ၍ ဝတ်ပြု သောယောကျ်ား ၊ မိန်းမ ၊ အဆွေ အမျိုးတစုံတယောက်သည် သင် တို့တွင် ပါမည်ဟူ၍ငင်း၊ ခါး စွာသောအသီး၊ ဒေါန ကို သီး တတ်သော အပင်မြစ် သည် သင် တို့တွင် ပေါက်မည်ဟူ၍ငင်း၊ ၁၉ ထိုသို့သောသူသည် ဤ ကျိန် ခြင်းစကား ကို ကြား သောအခါ ၊ စိတ် ခိုင်မာ သည်အတိုင်း ၊ ငါကျင့်၍ ရေတော် ခြင်းအပေါ်၌ ယစ်မူးခြင်းကို ထပ်ဆင့်သော်လည်း၊ ချမ်းသာ ရမည်ဟုစိတ် ထဲမှာ ကိုယ်ကိုကိုယ်ကောင်းကြီး ပေးမည်ဟူ၍ငင်း စိုးရိမ်စရာရှိ၏။ ၂၀ ထိုသူ ကို ထာဝရဘုရား နှမြော တော်မ မူ။ အပြစ် ရှိသည်ဟု ထင်လွယ်သောစိတ်၊ အမျက် တော်အရှိန် မီးခိုး ထွက်၍ ဤ ကျမ်းစာ ၌ ရေးထား သော အမင်္ဂလာ ရှိသမျှ တို့ သည် ထိုသူ အပေါ် မှာ တည် နေကြလိမ့်မည်။ ထာဝရဘုရား သည် သူ ၏အမည် ကို မိုဃ်း ကောင်းကင်အောက် ၌ ချေ တော်မူလိမ့်မည်။ ၂၁ ဤ ပညတ္တိ ကျမ်းစာ ၌ ရေးထား သော ပဋိညာဉ် အမင်္ဂလာ ရှိသမျှ တို့နှင့်အညီ ၊ ထိုသူကို ဣသရေလ အမျိုးအနွယ် အပေါင်း တို့ထဲက ၊ ထာဝရဘုရား နှုတ်၍ အပြစ် ပေးဘို့ရာ ခွဲထား တော်မူလိမ့်မည်။ ၂၂ သူ့ နေရာအရပ်၌ ထာဝရဘုရား ဒဏ်ခတ် တော်မူသော၊ ၂၃ အနာရောဂါ ဘေးဥပဒ် တို့ကိုငင်း၊ ထာဝရဘုရား သည်ဒေါသ အမျက် တော်ထွက်၍ မှောက်လှန် တော်မူသော သောဒုံ မြို့၊ ဂေါမောရ မြို့၊ အာဒမာ မြို့၊ ဇေဘိုင် မြို့တို့ပြိုပျက် ရာကဲ့သို့ ၊ တပြည်လုံး ကိုကန့် နှင့် မီးကျွမ်းလောင် သောဆား သက်သက်ဖြစ်၍၊ မျိုးစေ့မ ကြဲ ၊ အသီးအနှံမ သီး ၊ မြက်ပင် မ ပေါက် ကြောင်းကိုငင်း၊ သင် တို့နောက်မှာ ဖြစ်လတံ့ သော သင် တို့အမျိုးသား ၊ ဝေး သောအရပ် မှ လာ သော တပါးအမျိုးသား တို့သည်မြင် ကြသောအခါ၊ ၂၄ ထာဝရဘုရား သည် ဤ ပြည် ၌ အဘယ်ကြောင့် ဤသို့ ပြု တော်မူသနည်း။ ဤ ပြင်းစွာ သော အမျက် တော် အရှိန် ကား၊ အဘယ်သို့ နည်းဟု လူ အမျိုးမျိုး တို့သည် မေးမြန်း ကြလျှင်၊ ၂၅ သူတပါးတို့က၊ ထိုသူ တို့၏ ဘိုးဘေး တို့ ကိုးကွယ်သော ဘုရားသခင် ထာဝရဘုရား သည် သူ တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သောအခါ ၊ သူ တို့နှင့် ဖွဲ့ တော်မူသော ပဋိညာဉ် ကို သူတို့သည် စွန့် ကြသောကြောင့် ၎င်း၊ ၂၆ အထက်ကသူ တို့မ သိ ၊ သူ တို့အား အဘယ်အရာ ကိုမျှ မ ပေး သော အခြား တပါးသော ဘုရား တို့အား ဝတ်ပြု ကိုးကွယ် ကြသောကြောင့်၎င်း၊ ၂၇ ဤ မည်သောကျမ်းစာ ၌ ရေး ထားသော အမင်္ဂလာ ရှိသမျှ တို့ကို ဤ ပြည် ၌ သင့်ရောက် စေခြင်းငှာ ၊ ထာဝရဘုရား သည် အမျက် တော်ထွက် သဖြင့်၊ ၂၈ ပြင်းစွာသော ဒေါသ အမျက် အရှိန်အားကြီး လျက် သူ တို့ ပြည် ထဲက သူ တို့ကို နှုတ်ပယ် ၍ ၊ ယနေ့ တိုင်အောင် အခြား တပါးသောပြည် သို့ နှင်ထုတ် တော်မူသည် ဟု ပြန်ပြောကြလိမ့်မည်။ ၂၉ မ ထင်ရှားသောအရာတို့သည်၊ ငါ တို့ဘုရားသခင် ထာဝရဘုရား ၏ အငန်းအတာဖြစ်ကြ၏။ ဘော်ပြ တော်မူသောအရာတို့သည် ကာလ အစဉ်မပြတ် ငါ တို့နှင့် ငါ တို့သားသမီး များတို့၏ အငန်းအတာဖြစ်၍၊ ဤ ပညတ် တရားစကား အလုံးစုံ တို့ကို စောင့်ရှောက် ရမည်အကြောင်း တည်း။

၃၀ သင့် ရှေ့ ၌ ငါထား ၍ အထက်ဆိုခဲ့ပြီး သမျှသော အရာတည်း ဟူသော ကောင်းကြီး မင်္ဂလာနှင့် ကျိန်ခြင်းအမင်္ဂလာတို့သည် သင့် အပေါ် မှာ ရောက် ၍ ၊ သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင့် ကို နှင်ထုတ်တော်မူရာ အပြည်ပြည် တို့ ၌ ထို အရာ တို့ကို အောက်မေ့ လျက်၊ ၂ သင် ၏ဘုရားသခင် ထာဝရဘုရား ထံ တော်သို့ ပြန်လာ ၍ ၊ ယနေ့ ငါ မှာ ထားသမျှ အတိုင်း ၊ သင် နှင့် သားသမီး တို့သည် စကား တော်ကို စိတ်နှလုံး အကြွင်းမဲ့ နားထောင် လျှင်၊ ၃ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင် ခံရ သောသိမ်းသွား ခြင်းအမှုကို ကုန်စေမည် အကြောင်း၊ သင့် ကို သနား သဖြင့် တဖန် ပြန်လာ ၍၊ အထက်ကအရပ်ရပ်နှင်ထုတ် ရာ အပြည်ပြည် တို့မှ သိမ်းယူတော်မူလိမ့်မည်။ ၄ သင်၏လူအချို့ တို့သည် မိုဃ်း ကောင်းကင်အောက် အဝေးဆုံးသော အရပ် သို့ နှင်ထုတ် ခြင်းကို ခံရသော်လည်း ၊ ထို အရပ်မှ သင် ၏ဘုရားသခင် ထာဝရဘုရား သိမ်းယူ ဆောင်ခဲ့တော်မူလိမ့်မည်။ ၅ ဘိုးဘေး တို့ ဝင်စား သော ပြည် သို့ တဖန် ဆောင် ခဲ့ တော်မူသဖြင့် ၊ သင်သည် ဝင်စား ရလိမ့်မည်။ ထိုအခါ ကျေးဇူး ပြုတော်မူပြန်သဖြင့်၊ ဘိုးဘေး များတို့ထက် သင့် ကို သာ၍များ စေတော်မူလိမ့်မည်။ ၆ သင် သည် အသက်ရှင် မည်အကြောင်း ၊ သင် ၏ ဘုရားသခင် ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ချစ် စေခြင်းငှာ ၊ သင့် နှလုံး နှင့် သင့် အမျိုး ၏ နှလုံး အရေဖျား ကို လှီးဖြတ်တော်မူလိမ့်မည်။ ၇ သင် ၏ရန်သူ တည်းဟူသော သင့် ကိုမုန်း ၍ ညှဉ်းဆဲ သောသူတို့ အပေါ် ၌လည်း၊ အထက်ဆိုခဲ့ပြီးသော ကျိန် ခြင်းအမင်္ဂလာ ရှိသမျှ တို့ကို သက်ရောက် စေတော်မူလိမ့်မည်။ ၈ သင် သည် ပြန်လာလျက် ထာဝရဘုရား ၏ စကား တော်ကို နားထောင် ၍ ၊ ယနေ့ ငါ မှာ ထားသမျှ သော ပညတ် တော်တို့ကို စောင့်ရှောက် လိမ့်မည်။ ၉ သင်သည် သင် ၏ ဘုရားသခင် ထာဝရဘုရား ၏ စကား တော်ကို နားထောင် ၍၊ ၁၀ ဤပညတ္တိ ကျမ်းစာ ၌ ရေး ထားသော စီရင် ထုံးဖွဲ့တော်မူချက်တို့ကို စောင့်ရှောက် လျှင် ၎င်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား ထံ တော်သို့ စိတ် နှလုံးအကြွင်းမဲ့ ပြန် လာလျှင် ၎င်း၊ သင် ပြု လေရာရာ ၌ အောင်မည်အကြောင်းနှင့် သင် ၏သားသမီး ၊ တိရစ္ဆာန် ၊ အသီးအနှံတိုးပွားများပြား မည်အကြောင်းကို စီရင်၍ သင့်အကျိုးကို ပြုစုတော်မူလိမ့်မည်။ ထာဝရဘုရား သည် သင် ၏ဘိုးဘေး တို့ ၌ အားရ ဝမ်းမြောက်သကဲ့သို့ သင် ၌ အားရ ဝမ်းမြောက်၍၊ သင့်အကျိုးကို ပြုစုတော်မူလိမ့်မည်။ ၁၁ ယနေ့ ငါ မှာထား သော ပညတ် တရားတော် သည် သင် နားမလည် နိုင်သော တရားမဟုတ်။ ၁၂ သင် နှင့် ဝေး သည်မဟုတ်။ တရားတော်ကို ငါ တို့ သည် နားထောင် ၍ စောင့်ရှောက် မည်အကြောင်း ၊ ကောင်းကင် သို့ အဘယ်သူ တက် ၍ ငါ တို့ထံသို့ ဆောင် ခဲ့ လိမ့်မည်နည်းဟုမေး စေခြင်းငှာ ကောင်းကင် ၌ ရှိသည် မဟုတ်။ ၁၃ တရားတော်ကို ငါတို့သည် နားထောင်၍ စောင့်ရှောက် မည်အကြောင်း၊ ပင်လယ် ကို အဘယ်သူ ကူး ၍ ငါတို့ထံသို့ဆောင်ခဲ့လိမ့်မည်နည်းဟုမေး စေခြင်းငှာ၊ ပင်လယ် တဘက် ၌ ရှိသည်မဟုတ်။ ၁၄ တရား တော်သည် သင်စောင့်ရှောက် ဘို့ ရာသင် နှင့် အလွန်နီး ၏။ သင် ၏နှုတ် ၌ ၎င်း၊ သင် ၏နှလုံး ၌ ၎င်း ရှိ၏။ ၁၅ ကြည့် ပါတော့၊ အသက်ရှင် ခြင်း ချမ်းသာ နှင့် သေ ခြင်း ဆင်းရဲ တို့ကို သင့် ရှေ့ မှာ ယနေ့ ငါထား ၏။ ၁၆ သင်သည် အသက်ရှင် ၍ တိုးပွား မည်အကြောင်းနှင့် သင် ဝင်စား လတံ့သောပြည် ၌ ၊ သင် ၏ဘုရားသခင် ထာဝရဘုရား သည် သင့် ကို

ကောင်းကြီး ပေးတော်မူမည် အကြောင်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား ကို ချစ် သဖြင့် နောက် တော်သို့ လိုက် ၍ ၊ စီရင် ထုံးဖွဲ့တော်မူချက်ပညတ် တရားတော်တို့ကို စောင့်ရှောက် လော့ဟု ငါ မှာထား ၏။ ၁၇ သို့မဟုတ်သင့် နှလုံး လွဲ သွားသဖြင့် ၊ သင်သည် နား မ ထောင်ဘဲ သူတပါး သွေးဆောင် ရာသို့ လိုက်၍ ၊ အခြား တပါးသောဘုရား တို့ကို ဝတ်ပြု ကိုးကွယ်လျှင်၊ ၁၈ ယော်ဒန် မြစ်ကို ကူး ၍ ဝင်စား လတံ့သော ပြည် ၌ အသက်တာ မ ရှည် ၊ ဧကန်အမှန်ပျက်စီး ခြင်းသို့ ရောက် လိမ့်မည်ဟု ယနေ့ ငါသတိ ပေး၏။ ၁၉ အသက်ရှင် ခြင်း၊ သေ ခြင်း၊ ကောင်းကြီး ပေး ခြင်း၊ ကျိန် ခြင်းတို့ကို သင့် ရှေ့ ၌ ငါထား သည်ဟု သင့် တဘက် ၌ ကောင်းကင် မြေကြီး ကို ငါတိုင်တည် ၏။ ၂၀ သို့ ဖြစ်၍ ၊ သင် နှင့် သင့် အမျိုးအနွယ် သည် အသက်ရှင် မည် အကြောင်း နှင့်ငင်း၊ သင် ၏ဘုရားသခင် ထာဝရဘုရား ကို ချစ် ၍ စကား တော်ကို နားထောင် သဖြင့် ၊ အသက်ရှင် ခြင်းအကျိုး၊ အသက်တာ ရှည် ခြင်း အကျိုးကိုပေး တော်မူသောကိုယ်တော် ကို ဆည်းကပ် မှီဝဲ မည် အကြောင်း နှင့် ၎င်း၊ ထာဝရဘုရား သည် သင် ၏ဘိုးဘေး အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့အား ကျိန်ဆို တော်မူ သော ပြည် ၌ နေ မည်အကြောင်း နှင့် ယှဉ်သော အသက် တရားကို ရွေးယူ လော့ဟု ဣသရေလအမျိုးအား ဟောပြော ၏။

၃၁ တဖန် မောရှေ သည် သွား ၍ ဣသရေလ အမျိုးသားအပေါင်း တို့အား ဟောပြော သည်ကား၊ ၂ ငါ သည် ယနေ့ အသက် တရာ နှစ်ဆယ် စေ့ပြီ။ သင်တို့ရှေ့မှာ ထွက် ဝင် ခြင်းငှာ နောက် တဖန် မ တတ်နိုင်။။ ထာဝရဘုရား ကလည်း ၊ သင်သည် ယော်ဒန် မြစ်ကို မ ကူး ရဟု မိန့် တော်မူပြီ။ ၃ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည် သင် တို့ ရှေ့ မှာကူး ၍၊ ထို ပြည်သား အမျိုးမျိုးတို့ကို ဖျက်ဆီး တော်မူသဖြင့်၊ သူ တို့နေရာကို သင်တို့ဝင်စား ရကြ လိမ့်မည်။ ထာဝရဘုရား အမိန့် တော်အတိုင်း ၊ ယောရှု သည် လည်း သင် တို့ရှေ့ မှာ ကူး ရလိမ့်မည်။ ၄ ထာဝရဘုရား သည်လည်း ၊ အာမောရိ ရှင်ဘုရင် ရှိဟုန် နှင့် ဩယ တို့ ၌ ၎င်း၊ ဖျက်ဆီး တော်မူသော သူ တို့ ပြည် ၌ ၎င်း ပြု သကဲ့သို့ ၊ ထို ပြည်သားအမျိုးမျိုးတို့ ၌ ပြု တော်မူလိမ့်မည်။ ၅ ထာဝရဘုရား သည် သူ တို့ကို သင် တို့ ၌ အပ် တော်မူသဖြင့် ၊ ငါမှာထား သမျှ သော ပညတ် တို့အတိုင်း ၊ သူ တို့ ၌ ပြု ရကြလိမ့်မည်။ ၆ အားယူ ၍ ရဲရင့် ခြင်းရှိကြလော့။ မ စိုးရိမ် ကြနှင့်။ သူ တို့ကို မ ကြောက် ကြနှင့်။ ထာဝရဘုရား သည် သင် တို့ဘုရားသခင် ဖြစ်၍သင် တို့နှင့်အတူ ကိုယ်တိုင်ကွ တော်မူမည်။ သင် တို့ကို စွန့် တော်မ မူ၊ ပစ် ထားတော်မ မူဟု ဟောပြော ၏။ ၇ တဖန် ယောရှု ကို ခေါ် ၍ ၊ သင် သည် အားယူ ၍ ရဲရင့် ခြင်းရှိလော့။ အကြောင်း မူကား၊ ထာဝရဘုရား သည် ဤ လူ တို့အား ပေး ခြင်းငှာ ၊ ဘိုးဘေး တို့အား ကျိန်ဆို တော်မူ သော ပြည် သို့ သင်သည် သူ တို့နှင့်အတူ သွား ၍ အမွေခံ စေရမည်။ ၈ သင့် ရှေ့ မှာ ထာဝရဘုရား သည် ကိုယ်တိုင်ကွ ၍ သင် နှင့် ရှိ တော်မူလိမ့်မည်။ သင့် ကိုစွန့် တော်မ မူ၊ ပစ် ထား တော်မ မူ။ မ စိုးရိမ် နှင့်၊ စိတ် မ ပျက်နှင့်ဟု ဣသရေလ အမျိုးသားအပေါင်း တို့ရှေ့ မှာ ပြော ဆို၏။ ၉ ဤ ပညတ် တရားကို မောရှေ သည် ရေး ထား၍ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို ထမ်း သော လေဝိ သား ယဇ် ပုရောဟိတ်များ၊ ဣသရေလ အမျိုး အသက် ကြီးသူများ အပေါင်း တို့ ၌ အပ် ၍၊ ၁၀ မှာထား သည်ကား ၊ ခုနစ် နှစ် စေ့ ၍ ကျွန်များကို လွှတ် ခြင်းငှာ ချိန်းချက်

သောနှစ် ၊ သကေနေ ပွဲ ခံချိန် ရောက်မှ၊ ၁၁ သင် တို့၏ဘုရားသခင် ထာဝရဘုရား ရွေးကောက် တော်မူလတံ့သော အရပ် တွင် ဣသရေလ အမျိုးသားအပေါင်း တို့သည် ရှေ့ တော်၌ ကိုယ် ကို ပြခြင်းငှာ လာ ကြသောအခါ ၊ ဤ ပညတ် တရားကို ထိုပရိသတ် အပေါင်းတို့ရှေ့မှာ ဘတ်ရွတ် ရမည်။ ၁၂ ယောကျ်ား ၊ မိန်းမ ၊ သူငယ် များ၊ တည်းခို သော တပါး အမျိုးသားများတို့သည် ကြား ၍ နားလည် သဖြင့် ၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကို ကြောက်ရွံ့ ၍ ၊ ဤ ပညတ် တရားစကား အလုံးစုံ တို့ကို စောင့်ရှောက် စေခြင်းငှာ ပရိသတ် တို့ကို စုဝေး စေကြလော့။ ၁၃ ထိုသို့ပြုလျှင်၊ နား မ လည်သေးသော သူငယ် တို့ သည် ကြား သဖြင့် ၊ သင် တို့သည် ယော်ဒန် မြစ်ကိုကူး ၍ ဝင်စား လတံ့သော ပြည် ၌ နေ သည်ကာလ ပတ်လုံး၊ သင် တို့ဘုရားသခင် ထာဝရဘုရား ကို ကြောက်ရွံ့ စေခြင်းငှာ သင် ကြလိမ့်မည်ဟု မှာထားသတည်း။ ၁၄ ထာဝရဘုရား ကလည်း ၊ သင် သည် သေ ရသော အချိန် နီး ပြီ။ ယောရှု ကို ခေါ် ၍ ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ချဉ်းကပ် လော့။ သူ့ ကိုငါမှာထား မည်ဟု မောရှေ အား မိန့် တော်မူသည်အတိုင်း၊ မောရှေ နှင့် ယောရှု သည် သွား ၍ ပရိသတ်စည်းဝေး ရာ တဲ တော်သို့ ချဉ်းကပ် ကြ၏။ ၁၅ ထာဝရဘုရား သည် တဲ တော်တွင် မိုဃ်းတိမ် တိုင် ၌ ထင်ရှား တော်မူ၍ ၊ မိုဃ်းတိမ် တိုင် သည် တဲ တော် တံခါးဝ အပေါ် မှာ တည် နေ၏။ ၁၆ တဖန် မောရှေ အား ထာဝရဘုရား က၊ သင် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် သောအခါ ၊ ဤ လူမျိုး သည် ထ ၍ ယခုသွား သော ပြည် ၌နေသောတပါး အမျိုးသားကိုးကွယ်သော ဘုရား တို့နှင့် မှားယွင်း ၍ ငါ့ ကိုစွန့် လျက် ၊ ငါဖွဲ့ ထားသော ပဋိညာဉ် တရားကို ဖျက် လိမ့်မည်။ ၁၇ ထိုအခါ ငါ သည် အမျက် တော်ထွက် ၍ သူ တို့ကို စွန့် မည်။ သူ တို့မှ ငါ့ မျက်နှာ ကို လွှဲ သဖြင့် ၊ သူတို့သည် ပျက်စီး ၍ ဘေးဒဏ်ရန်မာန်အပေါင်းတို့နှင့် တွေ့ကြုံကြ လိမ့်မည်။ ထိုအခါ သူတို့က၊ ငါ တို့ဘုရားသခင် သည် ငါတို့ တွင် ရှိတော်မမူသောကြောင့်၊ ဤ ဘေးဒဏ် တို့သည် ငါ တို့ အပေါ်မှာ ရောက် သည်မ ဟုတ်လော ဟု ဆိုကြလိမ့်မည်။ ၁၈ သူတို့သည် အခြား တပါးသော ဘုရား တို့နောက် သို့ လွှဲ သွား၍ ပြု သော ဒုစရိုက် အပေါင်း တို့ကြောင့် ၊ ထိုအခါ ငါ သည် ကိုယ် မျက်နှာ ကို ဧကန် အမှန် လွှဲမည်။ ၁၉ ယခု မှာ ဓမ္မသီချင်း ကို ရေး ထားကြလော့။ ထို သီချင်း ကို ဣသရေလ အမျိုး တဘက်၌ ငါ့ အတို့ သက်သေ ဖြစ်စေ ခြင်းငှာ၊ သူ တို့သည် နှုတ် ကျက်ရအောင် သင် စေ ကြလော့။ ၂၀ အကြောင်း မူကား၊ သူ တို့၏ဘိုးဘေး တို့အား ငါကျိန်ဆို ၍ နို့ နှင့် ပျားရည် စီး သော ပြည် သို့ သူ တို့ကို ငါဆောင်သွင်း သဖြင့် သူတို့သည် ဝ စွာစား ရ၍ ဆူဖြိုး သောအခါ ၊ အခြား တပါးသော ဘုရား တို့ထံသို့ လွှဲ သွား၍ ဝတ်ပြု ကြလိမ့်မည်။ ငါ့ ကို ပုန်ကန် ၍ ငါ့ ပဋိညာဉ် တရား ကို ဖျက် ကြလိမ့်မည်။ ၂၁ ဘေးဒဏ် ရန်မာန် အပေါင်း တို့နှင့် တွေ့ကြုံ သောအခါ ၊ ထို သီချင်း သည် သူ တို့တဘက် ၌ သက်သေခံ လိမ့်မည်။ သူ တို့အမျိုးအနွယ် သည် နှုတ် ကျက်မ မေ့လျော့ ရ။ ငါကျိန်ဆို သော ပြည် သို့ ငါဆောင် ၍ မ သွင်းမီ၊ ယခု ပင် သူ တို့ကြံစည် သော အကြံအစည် ကို ငါသိ ၏ဟု မိန့်တော်မူ၏။ ၂၂ မောရှေ သည်လည်း၊ ထို နေ့ ၌ ဓမ္မသီချင်း ကို ရေး ထား ၍ ဣသရေလ အမျိုးသား တို့အား သင် လေ၏။ ၂၃ တဖန် နုန် ၏သား ယောရှု အား ထာဝရဘုရား က၊ သင် သည် အားယူ ၍ ရဲရင့် ခြင်းရှိလော့။ ငါကျိန်ဆို သော ပြည် သို့ ဣသရေလ အမျိုးသား တို့ကို ဆောင်သွင်း ရမည်။ ငါ

သည် သင် နှင့်အတူ ရှိ မည်ဟု မှာ ထားတော်မူ၏။ ၂၄ မောရှေ သည် ဤ ပညတ် တရားစကား တော် အလုံးစုံတို့ကို အကုန်အစင် ရေး ထားပြီးမှ၊ ၂၅ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို ထမ်း သောလေဝိ သားတို့ကို ခေါ် ၍၊ ၂၆ ဤ ပညတ္တိ ကျမ်းစာ သည် သင် တို့အမျိုးတဘက် ၌ သက်သေ ဖြစ် မည်အကြောင်း၊ ထိုစာကိုယူ ၍ သင် တို့ဘုရားသခင် ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော် အနား မှာ တင် ထားကြလော့။ ၂၇ သင် တို့အမျိုးသည် ပုန်ကန် တတ်သော သဘော၊ ခိုင်မာ သောသဘော ရှိကြောင်းကို ငါ သိ ၏။ ငါ အသက် ရှင်၍၊ သင် တို့တွင် နေ စဉ်အခါ၊ ယနေ့ ပင် သင်တို့သည် ထာဝရဘုရား ကို ပုန်ကန် ကြပြီ။ ငါ သေ သောနောက် ထိုမျှမက ပြူ ကြလိမ့်မည်။ ၂၈ သင် တို့အမျိုးအနွယ် အသက်ကြီး သူ၊ အရာ ရှိသူ အပေါင်းတို့ကို ငါ့ ထံမှာ စုဝေး စေကြလော့။ ဤ စကား တို့ ကို သူ တို့အား ဟောပြော ၍ သူ တို့တဘက် ၌ ကောင်းကင် မြေကြီး ကို ငါတိုင်တည် မည်။ ၂၉ အကြောင်း မူကား၊ ငါ သေ သောနောက် ၊ သင်တို့သည် လုံးလုံးဖောက်ပြန် ၍ ငါမှာထား သော လမ်း မှ လွှဲ သွား ကြလိမ့်မည်ကို ငါသိ ၏။ နောင် ကာလ တွင် ၊ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု ၍ ကိုယ် လက် နှင့် လုပ်ဆောင် သောအားဖြင့် အမျက် တော်ကို နှိုးဆော်သောကြောင့်၊ သင် တို့သည် ဘေး ဥပဒ်နှင့် တွေ့ကြုံ ကြလိမ့်မည်ဟု သတိပေး လေ၏။ ၃၀ မောရှေ သည် ဣသရေလ ပရိသတ် အပေါင်း တို့ အား အကုန်အစင် မြွက်ဆို သော သီချင်း စကား ဟူမူကား၊

၃၂ အို ကောင်းကင် ၊ နားထောင် လော့၊ ငါပြော မည်။ အိုမြေကြီး ၊ ငါ မြွက်ဆို သောစကား ကို ကြား လော့။ ၂ ငါ့ ဒေသနာ သည် မိုးယံ ရေကဲ့သို့ စက်စက် ကျ၍၊ ငါ့ စကား သည် နှင်း ကဲ့သို့ ဖြည်းညှင်း စွာ သက်ရောက်လိမ့်မည်။ နုသောပျိုးပင် ပေါ် မှာ ရွာသောမိုးယံ ကဲ့သို့ ၎င်း၊ မြက်ပင် ပေါ် မှာ များပြားသော မိုးယံ ရေကဲ့သို့ ၎င်း ဖြစ်လိမ့်မည်။ ၃ ငါသည် ထာဝရဘုရား ၏ နာမတော် ကို ဘော်ပြ သည်ဖြစ်၍ ၊ ငါ တို့ဘုရားသခင် ၏ ဘုန်း အာနုဘော်တော် ကို ချီးမွမ်း ကြလော့။ ၄ ဘုရားသခင် သည် မူလအမြစ်ဖြစ်၍၊ အမှု တော်သည် စုံလင် ပေ၏။ စီရင် တော်မူသမျှ တို့သည် တရား နှင့် ညီလျက်၊ သစ္စာ စောင့်သောဘုရား ၊ အပြစ် ကင်းလွတ် ၍ ဟုတ်မှန် ဖြောင့်မတ် သော ဘုရားဖြစ်တော်မူ၏။ ၅ သူ တို့သည် ယိုယွင်း ကြပြီ။ ဘုရားသခင် ၏ သား မ ဟုတ်၊ အညစ် အကြေးကပ်ကြ၏။ သဘော ကောက်၍ ဖောက်ပြန် သောအမျိုး ဖြစ်ကြ၏။ ၆ အို ပညာ မဲ့ သော လူမိုက် တို့၊ ထာဝရဘုရား ၏ ကျေးဇူးတော်ကို ဤသို့ ဆပ် မည်လော။ ထာဝရဘုရား သည် သင့် ကို ဖြစ် စေသောအဘ ၊ သင့် ကို ဖန်ဆင်း ၍ နေရာချသောသူဖြစ် တော်မူသည် မ ဟုတ်လော။ ၇ ရှေး ကာလ ကို အောက်မေ့ လော့။ လွန်လေ ပြီးသော နှစ် ပေါင်းများကို ဆင်ခြင် လော့။ သင့် အဘ ကို မေးမြန်း လျှင် သူသည် ဘော်ပြ လိမ့်မည်။ အသက်ကြီး သူတို့ ကို မေးမြန်းလျှင် သူတို့သည် ပြောဆိုကြလိမ့်မည်။ ၈ အမြင့်ဆုံး သော ဘုရားသည် အာဒံ၏အမျိုးအနွယ်ဖြစ်သော လူမျိုး တို့ကို ပိုင်းခြား ၍ အမွေ မြေ ကို ဝေပေးသောအခါ ၊ ဣသရေလ အမျိုးသား တို့ အရေအတွက် ကို ထောက်ရှု ၍၊ လူမျိုး တို့နေရာအပိုင်းအခြားကို စီရင်တော်မူ၏။ ၉ ထာဝရဘုရား ၏ အဘို့ ကား ၊ လူမျိုး တော်တည်း။ ယာကုပ် အမျိုးသည် အမွေခံ တော်မူရာ ဖြစ်သတည်း။ ၁၀ လူ ဆိတ်ညံသောအရပ် ၊ သားရဲ မြည်၍၊ လွတ်လပ် သောတောလွင်ပြင် ၌ ယာကုပ် ကို တွေ့ တော်မူသောအခါ ဝန်းရံ ဆီးကာခြင်း၊ သွန်သင်

ခြင်းကျေးဇူးကို ပြု၍ မျက် ဆန် တော်ကဲ့သို့ စောင့် တော်မူ၏။ ၁၁ ရွှေလင်းတ သည် အသိုက် ကို မွေ့ လျက်၊ သား ငယ်တို့အပေါ် မှာ လှုပ်ရှား လျက်၊ အတောင် တို့ကို ဖြန့် လျက်၊ သားငယ် တို့ကိုယူ ၍ မိမိ အတောင် တို့ ဖြင့် ဆောင် သကဲ့သို့၊ ၁၂ ထာဝရဘုရား တပါး တည်းသာလျှင်၊ ယာကုပ် ကို ဆောင် သွားတော်မူ၏။ အခြား တပါးသောဘုရား မည်မျှမ ရှိ။ ၁၃ မြေကြီး ပေါ် မှာမြင့်မြတ် သော အရပ်တို့ ၌ နေရာ ချတော်မူသဖြင့် ၊ သူသည် မြေ အသီးအနှံ ကိုစား ၍ ကျောက် ထဲ ကပျားရည် ကိုငင်း၊ မီး ပါကျောက် ထဲ ကဆီ ကို ၎င်း၊ ၁၄ သိုးသငယ် ဆီဥ ၊ ဗာရှန် အမျိုး ၏သိုး ထီး၊ ဆိတ် ထီး ဆီဥ၊ ဂျုံ စပါး၊ ကျောက်ကပ် ဆီဥ နှင့်တကွ နွား နို့ခမ်း နှင့် သိုး နို့ ကိုငင်းစို့မည်အကြောင်းစီရင်တော်မူ၍၊ သင်သည် စပျစ်သီး အသွေး စစ်ကို သောက် ရ၏။ ၁၅ သို့ရာတွင် ၊ ယေရှုရုန် သည် ဆူဝ ၍ ခြေ နှင့်ကန် လေ၏။ ဆူဝ လျက်၊ တုတ် လျက်၊ ဆီဥ နှင့်ပြည့်စုံလျက် နေသဖြင့် ၊ ဖန်ဆင်း တော်မူသောဘုရားသခင် ကို စွန့် ၍ ၊ ကယ်တင် ရာကျောက် ကို မထီမဲ့မြင် ပြုလေ၏။ ၁၆ သူတို့သည် အခြား တပါးသောဘုရားအားဖြင့် ငြူစူ စေကြ၏။ ရွံရှာ ဘွယ်သော အမှုအရာအားဖြင့် အမျက် တော်ကို နှိုးဆော်ကြ၏။ ၁၇ ဘုရား မ ဟုတ်သော နတ်ဆိုး ၊ မ သိ ဘူးသော ဘုရား ၊ ဘိုးဘေး တို့ မ ကြောက် ဘူးသော ဘုရားသစ် တို့ အား ယဇ် ပူဇော်ကြ၏။ ၁၈ သင် ဖြစ်ရာမူလ အမြစ်ကို သင်မ မှတ်မိ။ သင့် ကို ဖန်ဆင်း တော်မူသောဘုရားသခင် ကို သင်မေ့လျော့ ပြီ။ ၁၉ ထိုအမှုကို ထာဝရဘုရား မြင် သောအခါ ၊ အမျက် တော်ထွက်၍ သား သမီး တော်တို့ကို စွန့်ပစ် တော်မူလျက်၊ ၂၀ ငါသည် ကိုယ် မျက်နှာ ကို သူ တို့မှ လွှဲ မည်။ သူ တို့ သည် အဘယ်သို့ ဆုံး မည်ကို ငါကြည့် မည်။ သဘော ခိုင်မာသောအမျိုး ၊ သစ္စာ မ ရှိသော သား သမီးဖြစ်ကြ၏။ ၂၁ ဘုရား မ ဟုတ်သောအရာအားဖြင့် ငါ သည် ငြူစူ သောစိတ်ရှိစေခြင်းငှါပြုကြပြီ။ အချည်းနှီး သောအရာ အားဖြင့် ငါ့ အမျက် ကို နှိုးဆော်ကြပြီ။ သို့ ဖြစ်၍ မ ရေရာ သော လူမျိုး အားဖြင့် သူ တို့သည် ငြူစူ သောစိတ်ရှိစေခြင်းငှါငင်း၊ ပညာ မရှိသောလူမျိုး အားဖြင့် စိတ်ဆိုး စေခြင်းငှါငင်း ငါပြုမည်။ ၂၂ ငါ သည် အမျက် ထွက်၍ မီး ရှို့ သဖြင့် ၊ အနက်ဆုံး သောမရဏာ နိုင်ငံသို့ လောင် လိမ့်မည်။ မြေ နှင့် မြေ အသီးအနှံ ကို ကျွမ်း စေ၍ တောင် ခြေရင်း တိုင်အောင်လောင် လိမ့်မည်။ (Sheol h7585) ၂၃ သူ တို့အပေါ် မှာ ဘေးဥပဒ် များကို ငါ ပို့မည်။ ငါ့ မြား တို့ကို အကုန်အစင် ပစ်မည်။ ၂၄ သူတို့သည် မွတ်သိပ် ခြင်းအရှိန်ကို ခံ ရ၍ ၊ ပူလောင် ခြင်းဘေး၊ ပြင်းစွာ သောဗျက်ဆီး ခြင်းဘေး အားဖြင့် ဆုံးရှုံး ကြလိမ့်မည်။ သားရဲ တို့၏ သွား ကိုငင်း ၊ မြေ ၌ ကျင်လည်သော မွေ့ အဆိပ် ကို ၎င်း၊ သူ တို့ ၌ ငါစေလွှတ် မည်။ ၂၅ အိမ်ပြင် ၌ ထား ဘေး၊ အိမ် အတွင်း၌ ကြောက်မက် ဘွယ်သောဘေးသည် လူပျို နှင့် အပျို ကိုငင်း၊ နို့စို့ သူငယ် နှင့် ဦးဆံ ဖြူသောသူ ကိုငင်း ဖျက်ဆီး လိမ့်မည်။ ၂၆ ရန်သူ ၏ မာန် မာနကို ငါမ ကြောက် လျှင်ငင်း၊ ၂၇ ရန်ဘက် ပြုသောသူတို့သည် ထောင်လွှားလျက်၊ ဤ အမှုအလုံးစုံ ကို ထာဝရဘုရား မ ပြု ၊ ဘုန်းကြီး သောငါ တို့ လက်ရုံး ပြုပြီဟု ပြော မည်ကို စိုးရိမ် စရာမရှိလျှင်ငင်း၊ သူ တို့ ကို မြေကြီးစွန်းတိုင်အောင်အရပ်ရပ်သို့ ကွဲပြား စေ၍၊ အဘယ်သူမျှမအောက်မေ့ စေခြင်းငှါပယ်ရှင်း မည်ဟု ငါအကြံ ရှိ၏။ ၂၈ အကြောင်း မူကား၊ သူ တို့သည် ပညာ သတိမ ရှိ၊ ဉာဏ် ကင်း သော လူမျိုး ဖြစ်ကြ၏။ ၂၉ ပညာ ကိုရ၍ ဤ အမှုကို နားလည် ကြပါစေ သော။ နောက်ဆုံး ကာလ၌

အဘယ်သို့ ဖြစ်မည်ကို ဆင်ခြင် ကြပါစေသောဟု မိန့်တော်မူ၏။ ၃၀ သူ တို့ခိုလှုံစရာကျောက် သည် သူ တို့ကိုမ
ရောင်း ၊ ထာဝရဘုရား သည် သူ တို့ကို အပ် တော်မမူလျှင် ၊ လူတယောက် သည် လူတထောင် ကို အဘယ်သို့
နှင်နိုင်မည်နည်း။ လူနှစ် ယောက်သည် လူတသောင်း ကို အဘယ်သို့ပြေး စေနိုင်မည်နည်း။ ၃၁ ငါ တို့၏ရန်သူ များ စီရင်
ဆုံးဖြတ်သော်လည်း ၊ သူ တို့ကျောက် သည် ငါ တို့ကျောက် နှင့်မ တူ။ ၃၂ သူ တို့စပျစ် နွယ်ပင်သည် သောဒုံ စပျစ်
နွယ်ပင် မျိုး၊ ဂေါမောရ မြေ၌ ပေါက်သော အပင်မျိုးဖြစ်၏။ သူ တို့ စပျစ်သီး သည် ခါး သောအပင်၏ အသီး ဖြစ်၍၊
စပျစ်သီးပွင့် တို့သည် ခါး သောအရသာနှင့် ပြည့်စုံကြ၏။ ၃၃ သူ တို့ စပျစ်ရည် သည် နဂါး အဆိပ် ၊ ပြင်းထန် သော
မြွေဆိုး အဆိပ် အတောက်ဖြစ်၏။ ၃၄ ဤ အမှုသည် ငါ့ ထံမှာ သိုထား လျက်၊ ငါ့ ဘဏ္ဍာ တိုက် ၌ တံဆိပ် ခပ်လျက်
ရှိသည်မ ဟုတ်လော။ ၃၅ အပြစ်တရားကို စီရင်ရသောအခွင့်၊ အပြစ် နှင့် အလျောက်ဆပ် ပေးရသောအခွင့်ကို ငါပိုင်၏။
အချိန် တန်မှ သူ တို့ခြေ သည် ချော် လိမ့်မည်။ သူ တို့ ၌ ဘေး ရောက်သောအချိန် နီး ပြီ။ သူ တို့တွေကြုံရသောအမှုသည်
အလျင်အမြန် ရောက်လာလိမ့်မည်။ ၃၆ ထာဝရဘုရား သည် မိမိ လူ တို့အဘို့ တရား စီရင်တော်မူမည်။ ကိုယ်တော်
၏ ကျွန် တို့သည် တန်ခိုး ကုန် ကြောင်း ၊ အချုပ် ခံရသောသူ၊ လွတ် သောသူတယောက် မျှ မရှိကြောင်းကို မြင်
သောအခါ ၊ သူတို့အမှုကြောင့် နောင်တ ရ တော်မူလျက်၊ ၃၇ သူ တို့ဘုရား ၊ သူတို့ခိုလှုံ သောကျောက် သည် အဘယ်
မှာရှိသနည်း။ ၃၈ သူ တို့ပူဇော် သော ဆီဥ ကို စား၍ သွန်းလောင်း ရာ ပူဇော်သက္ကာ စပျစ်ရည် ကို သောက် သောသူ တို့
သည် အဘယ်မှာရှိသနည်း။ သူ တို့သည် ထ၍ သင် တို့ကို ကွယ်ကာ စောင့်မပါလေစေ။ ၃၉ ငါ သည် ကိုယ်တိုင်
အားဖြင့်ဘုရားဖြစ်ကြောင်း ကိုငင်း၊ ငါ မှတပါး အခြားသောဘုရား မ ရှိကြောင်းကိုငင်းကြည့်ရှု ကြလော့။ ငါ သည်
အသက်ကို သေ စေ၏။ အသက် ကိုလည်း ရှင်စေ၏။ ငါသည် အနာပေါ် စေခြင်းငှါဒဏ်ခတ်၏။ အနာ ကိုလည်း ပျောက်
စေ၏။ ငါ့ လက် မှ အဘယ်သူ မျှမကယ် မနှုတ်နိုင်။ ၄၀ ငါ သည် အစဉ်အမြဲ အသက် ရှင်ပေ၏ဟု ငါ့ လက် ကို
ကောင်းကင် သို့ ချီ ၍ ကျိန်ဆို ၏။ ၄၁ ငါသည် ပြောင်လက် သောထား ကို သွေး ၍ ၊ တရားစီရင်စပြုလျက် ငါ့ ရန်သူ
တို့ ၌ အပြစ် တရားကို စီရင် မည်။ ငါ့ ကိုမုန်း သောသူတို့ ခံ ထိုက်သောအပြစ်အလျောက် ငါဆပ် ပေးမည်။ ၄၂ ငါ့ မြား
တို့ကို အသွေး နှင့် ယစ်မူး စေမည်။ ငါ့ ထား သည် အသား ကို စား လိမ့်မည်။ သတ် သောသူ၊ လက်ရ သောသူတို့၏
အသွေး ၊ ရန်သူ အကဲအမှူး တို့၏ ဦးခေါင်း ကို စားသောက်လိမ့်မည်။ ၄၃ တပါးအမျိုးသား တို့၊ သင်တို့သည် ဘုရားသခင်
၏ လူမျိုး နှင့်အတူဝမ်းမြောက် ခြင်းရှိကြလော့။ အကြောင်း မူကား၊ ကိုယ်တော် ၏ ကျွန် တို့ကိုသတ် သော အပြစ် နှင့်
အလျောက်ဒဏ် ပေး၍ ကိုယ်တော် ၏ ရန်သူ တို့ ၌ အပြစ် တရားကို စီရင်တော်မူမည်။ ပြည် တော်နှင့် မိမိ လူမျိုး ကို
ကယ်မ သနားတော်မူမည်ဟူသော၊ ၄၄ ဤ သီချင်း စကား ကို မောရှေ သည် လာ ၍ နုန် သား ယောရှု နှင့်အတူ လူ
များတို့အား ဟောပြော မြွက်ဆို၏။ ၄၅ ထိုသို့ မောရှေ သည် ဤ စကား အလုံးစုံ တို့ကို ဣသရေလ အမျိုးသားအပေါင်း
တို့အား အကုန်အစင် ဟောပြောမြွက်ဆို ပြီးလျှင်၊ ၄၆ သင် တို့အား ယနေ့ ငါ သက်သေခံ သမျှ သော စကား တို့ကို နှလုံး
သွင်း ကြလော့။ သင် တို့သား သမီးတို့ သည် ဤ ပညတ် တရား စကား တော်အလုံးစုံ တို့ကို စောင့်ရှောက် စေခြင်းငှါ၊

သူ တို့အား ထပ်ဆင့်၍ မှာထား ရကြမည်။ ၄၇ ဤအမှုသည် သာမညအမှုမဟုတ်။ သင်တို့အသက်နှင့်ဆိုင်သော အမှုဖြစ်၏။ ယော်ဒန် မြစ်ကိုကူး၍ ဝင်စား လတံ့သော ပြည် ၌ ဤ အမှု ကို စောင့်ရှောက်လျှင်၊ ကိုယ် အသက်တာ ရှည်ကြလိမ့်မည်ဟု ပြောဆို၏။ ၄၈ ထိုနေ့ ခြင်း တွင် ထာဝရဘုရား က၊ ယေရိခေါ မြို့ တဘက် ၊ မောဘ ပြည် အာဗရိမ် တောင်ရိုး ၊ နေဗော တောင် ထိပ် ပေါ် သို့တက် ၍၊ ၄၉ ကလသရေလ အမျိုးသား တို့အား ငါ အပိုင် ပေး သော ခါနာန် ပြည် ကို ကြည့်ရှု လော့။ ၅၀ သင့် အစ်ကို အာရုန် သည် ဟောရ တောင် ပေါ် မှာ သေ ၍ မိမိ လူမျိုး စည်းဝေး ရာသို့ ရောက်သကဲ့သို့ ၊ သင် သည်လည်း တက် သွားသော ဤတောင် ပေါ် မှာ သေ ၍ ၊ သင် ၏လူမျိုး စည်းဝေး ရာသို့ ရောက်လော့။ ၅၁ အကြောင်း မူကား၊ သင်တို့သည် ဇိန တော ၊ ကာဒေရှ ရွာ၊ မေရိဘ စမ်းရေ အနား၌ ကလသရေလ အမျိုးသား တို့ရှေ့ မှာ ငါ့ ကို မ ရိုမသေပြု၍ ပြစ်မှား ကြပြီ။ ၅၂ ထို့ကြောင့် ကလသရေလ အမျိုးသား တို့အား ငါ ပေး သော ပြည် ကို သင်သည် ကိုယ်မျက်စိနှင့် မြင် ရသော်လည်း ၊ ထို ပြည်သို့ မ ဝင်စား ရဟု မောရှေ အား မိန့် တော်မူ၏။

၃၂ ဘုရားသခင် ၏လူ မောရှေ သည် မ သေ မှီ ကလသရေလ အမျိုးသား တို့ကို ကောင်းကြီး ပေးသော မင်္ဂလာ စကား ဟူမူကား ၊ ၂ ထာဝရဘုရား သည် သိနာ တောင်ပေါ် က ကြွ တော်မူ၏။ စိရ အရပ်မှ ထိုလူ တို့အား နေထွက် တော်မူ၏။ ပါရန် တောင် ပေါ် က ရောင်ခြည် ထွန်းပတော်မူ၍ ၊ သန့်ရှင်း သောသူ အထောင် အသောင်းတို့နှင့်အတူ ကြွ တော်မူ၍၊ ဓမ္မ မီးသည် ကလသရေလလူတို့အဘို့၊ လက်ျာ လက်တော် မှ ထွက်လေ၏။ ၃ အကယ် စင်စစ်ထိုလူမျိုး ကို ချစ် တော်မူ၏။ မိမိ သန့်ရှင်း သူအပေါင်း တို့သည် အထံ တော်ပါးတွင် ရှိကြ၏။ သူ တို့သည် ခြေ တော်ရင်း၌ ပြပ်ဝပ် ၍ စကား တော်တို့ကို နားခံ ကြလေ၏။ ၄ ယာကုပ် အမျိုး ပရိသတ် အမွေ ခံရသောဓမ္မ တရားကို မောရှေ သည် ငါ တို့အား ထား ၏။ ၅ ကလသရေလ အမျိုး မင်း များနှင့်တကွ ၊ အမျိုးအနွယ် များတို့သည် စည်းဝေး သောအခါ ၊ ထိုသူသည် ယေရှုရုန် အမျိုး၌ ရှင်ဘုရင် ဖြစ် ၏။ ၆ ရုဗင် အမျိုး မ သေ ၊ အသက်ရှင် ၍ သူ ၏လူ တို့ သည် များ ပါ စေသော။ ၇ ယုဒ အမျိုးကိုကား ၊ အိုထာဝရဘုရား ၊ ယုဒ စကား သကို နားထောင် ၍ သူ့ ကို အမျိုးသား ချင်းတို့ရှိရာသို့ ဆောင် ခဲ့တော်မူပါ။ မိမိ လက် တို့သည် မိမိ အဘို့ တန်ပါစေ သော။ သူ့ ကို ရန်သူ တို့လက်မှ ကယ်တင် တော်မူပါ။ ၈ လေဝိ အမျိုးကိုကား ၊ သင် ၏သုမိမ် နှင့် ဥရိမ် သည် မသာ အရပ်၌ သင်စုံစမ်း ၍ ၊ မေရိဘ စမ်းရေ အနား မှာ သင်ဆန့်ကျင်ဘက်ပြုသော သင် ၏ သန့်ရှင်း သူ ၌ ရှိပါစေသော၊ ၉ ထိုသူသည် ကိုယ်မိဘ ဖြစ်သော်လည်းငါမ တွေ့ မမြင်ဟု ဆို တတ်၏။ ကိုယ် ညီအစ်ကို ကိုလည်း မ မှတ် တတ်။ ကိုယ် သားသမီး ကိုလည်း မ သိ တတ်။ အကြောင်း မူကား၊ စကား တော်ကို နားထောင် ၍ ပဋိညာဉ် တရားတော် ကို စောင့်ရှောက် တတ်၏။ ၁၀ သူတို့သည် စီရင် တော်မူချက်တို့ကို ယာကုပ် အမျိုး ၌ ၎င်း၊ တရား တော်ကို ကလသရေလ အမျိုး၌ ၎င်း သွန်သင် ကြလိမ့်မည်။ မီးရှို့ရာနံ့သာပေါင်း ကို ရှေ့ တော်၌၎င်း၊ တကိုယ်လုံး မီးရှို့ရာယဇ်ကို ယဇ် ပလ္လင်တော်ပေါ် ၌၎င်း တင် ထားကြလိမ့်မည်။ ၁၁ အိုထာဝရဘုရား ၊ သူ ၏ဥစ္စာ ကို ကောင်းကြီး ပေး ၍ သူ လုပ်ဆောင် သောအမှု ကို လက်ခံ တော်မူပါ။ သူ့ တဘက်၌ ထ ၍ သူ့ ကို မုန်း သောသူတို့သည် နောက်တဖန် မ ထ နိုင်အောင် သူတို့ခါး ကို ချိုး တော်မူပါ။ ၁၂ ဗင်္ယာမိန် အမျိုးကိုကား ၊ ထာဝရဘုရား ချစ် တော်မူသောသူသည် အထံ

တော်ပါးတွင် လုံခြုံ စွာ နေ ရ လိမ့်မည်။ သူ ကို အစဉ်အမြဲ ဖုံးလွှမ်း ၍ သူ ၏ပခုံး ကြားမှာ နေရာ ချတော်မူလိမ့်မည်။ ၁၃ ယောသပ် အမျိုးကိုကား ၊ ထို အမျိုးနေသောပြည် သည် အထက်မိုဃ်း ကောင်းကင်ဘဏ္ဍာ အားဖြင့် ၎င်း၊ အောက် အရပ်၌ ပုန်းကွယ် ၍ နက်နဲ သော အရာအားဖြင့် ၎င်း၊ ၁၄ နေ ဖြစ်စေသော ဘဏ္ဍာ ၊ လ ဖြစ်စေသော ဘဏ္ဍာ အားဖြင့် ၎င်း၊ ၁၅ အသက်ကြီး သောတောင် ထိပ် ၊ မြဲမြဲ သောတောင် ထဲက ထွက်သော ဘဏ္ဍာ အားဖြင့် ၎င်း၊ ၁၆ မြေကြီး ဘဏ္ဍာ စုံလင် ရာအားဖြင့် ၎င်း ၊ ထာဝရဘုရား ပေးတော်မူရာ၌ မင်္ဂလာရှိပါစေသော။ ချို၌ ၌နေ တော်မူသောသူ၏ ကျေးဇူး တော်သည် ယောသပ် ခေါင်း ပေါ် ၊ မိမိ အစ်ကို တို့တွင် အကြီးအကဲ ဖြစ်သောသူ၏ ခေါင်း ထိပ်ပေါ် မှာ သက်ရောက် ပါစေသော။ ၁၇ သူ ၏ ဘုန်း သည် နွားလား ဥသဘဘုန်းကဲ့သို့ဝင်း၊ သူ ၏ ဦးချို တို့သည် ကြဲ့ ဦးချို ကဲ့သို့ဝင်း ဖြစ်ကြ၏။ ထို ဦးချိုတို့နှင့် လူ အမျိုးမျိုးတို့ကို မြေကြီး စွန်း တိုင်အောင်တပြိုင်နက် ထိုးခတ် လိမ့်မည်။ ဧဖရိမ် အမျိုးသားအသောင်း သောင်း၊ မနာရှေ အမျိုးသားအထောင် ထောင်ပေတည်း။ ၁၈ ဇာဗုလုန် အမျိုးကို ကား ၊ အိုဇာဗုလုန် အမျိုး၊ ထွက်သွား ရာအမှု၌ ဝမ်းမြောက် လော့။ အိုဣသခါ အမျိုး၊ မိမိ တဲ ၌ နေလျက် ဝမ်းမြောက်လော့။ ၁၉ ထိုအမျိုးတို့သည် လူ များတို့ကို တောင် တော်သို့ ခေါ် ၍၊ တောင် တော်၌ တရား သဖြင့် ယဇ် ပူဇော် ကြ လိမ့်မည်။ ပင်လယ် စည်းစိမ် ၊ သဲ ၌ဝှက်ထား လျက်ရှိသောဘဏ္ဍာကို နို့စို့ ကြလိမ့်မည်။ ၂၀ ဂဒ် အမျိုးကို ကား ၊ ဂဒ် အမျိုးကို ကျယ်ဝန်း စေ သောသူသည် မင်္ဂလာ ရှိတော်မူစေသတည်း။ ထိုအမျိုး သည် ခြသေ့် ကဲ့သို့ နေ ၍ ၊ လက်ရုံး နှင့် ဦးထိပ် ကို ဆုတ်ဖဲ့ တတ်၏။ ၂၁ ရှေ့ဦးစွာ သောအဘို့ကို မိမိ အဘို့ ရွေး ယူ၍ ၊ တရား မင်းခွဲဝေ ရာ ထို အရပ်၌ လုံခြုံ ရ၏။ လူ များတို့၏ အကဲအမှူး ပြုလျက် လိုက်လာ ၍ ၊ ထာဝရဘုရား ၏ တရားမှု ၊ ဣသရေလ အမျိုး၌ စီရင် တော်မူချက်တို့ကို ပြု လေ၏။ ၂၂ ဒန် အမျိုးကိုကား ၊ ဒန် အမျိုးသည် ခြသေ့် သငယ် ဖြစ်၍ဗာရှန် ပြည်မှ ခုန် လိမ့်မည်။ ၂၃ နဿလိ အမျိုးကိုကား ၊ အိုနဿလိ အမျိုး၊ ကျေးဇူး တော်နှင့်ကြွယ်ဝ ၍ ၊ ထာဝရဘုရား ပေး တော်မူသောမင်္ဂလာနှင့် ပြည့်စုံ လျက်၊ အနောက် ပိုင်း၊ တောင် ပိုင်းကို ဝင်စား လော့။ ၂၄ အာရှာ အမျိုးကိုကား ၊ အာရှာ အမျိုးသည် သား သမီး ကို ရ၍ မင်္ဂလာ ရှိပါစေသော။ ညီအစ်ကို ချင်း၏ စိတ် နှင့်တွေ့ခြင်း၊ မိမိ ခြေ ကို ဆီ ၌ နှစ် ခြင်း ရှိပါစေသော။ ၂၅ သင် ၏တံခါး ကန့်လန့်ကျင်တို့သည် သံ နှင့် ကြေးဝါ ဖြင့် ပြီးကြလိမ့်မည်။ သင် ၏နေ့ရက် ကာလဖြစ်သည် အတိုင်း သင့် အစွမ်း သတ္တိဖြစ်လိမ့်မည်။ ၂၆ သင့်ကို ပြုစုစေခြင်းငှါဘုန်းအာနုဘော်နှင့် ပြည့်စုံလျက်၊ မိုဃ်းကောင်းကင် ကို စီး တော်မူသောယေရှုရုန် အမျိုး၏ ဘုရားသခင် နှင့် တူသောသူ မရှိ။ ၂၇ ရှေ့ဦးစွာ သောဘုရားသခင် သည် သင့်ခိုလှုံ ရာ ဖြစ်၍ ၊ နိစ္စ ထာဝရ လက်ရုံး တော်ဖြင့် သင့် ကို ထောက်မ တော်မူ၏။ ရန်သူ တို့ကို သင့် ရှေ့မှ နှင်ထုတ် ၍ သူတို့ကို ဖျက်ဆီး သောအခွင့် ပေးတော်မူမည်။ ၂၈ ဣသရေလ အမျိုးသည် ဘေးလွတ် ၍ တမျိုး တည်းနေ ရလိမ့်မည်။ ယာကုပ် အနွယ် သည် စပါး ၊ စပျစ်ရည် နှင့် ပြည့်စုံသောပြည် ၌ နေရာကျ၍၊ မိုဃ်းနှင်းရည် လည်း စက်စက် ကျလိမ့်မည်။ ၂၉ အိုဣသရေလ အမျိုး၊ သင် သည် မင်္ဂလာ ရှိ၏။ ထာဝရဘုရား ကယ်တင် တော်မူသောအမျိုး ၊ သင် နှင့်အဘယ်သူ တူသနည်း။ ထိုဘုရားသည် သင့် ကို ကွယ်ကာ သော ဒိုင်း လွှား၊ သင့် ကို ချီးမြှောက် သော ထား လက်နက်ဖြစ်တော်မူ၏။

သင် ၏ ရန်သူ တို့သည် သင့် ရှေ့ မှာရှုံး၍၊ သင် သည် သူ တို့၏ မြင့်မြတ် သောအရပ်တို့ ၌ နင်း ရ လိမ့်မည်ဟု မြွက်ဆို၏။

၃၄ ထိုနောက် ၊ မောရှေ သည် မောဘ လွင်ပြင် မှ သွား ၍ ယေရိခေါ မြို့တဘက် ၊ နေဗော တောင် ၊ ပိသဂါ ထိပ် ပေါ် သို့ တက်သဖြင့်၊ ထာဝရဘုရား သည် ဒန် မြို့တိုင်အောင် ၊ ဂိလဒ် ပြည် တရှောက်လုံး၊ ၂ နဿလိ ပြည် တရှောက်လုံး ၊ ဧဖရိမ် ပြည် ၊ မနာရှေ ပြည်နှင့်တကွ အဝေး ဆုံးသော ပင်လယ် တိုင်အောင် ၊ ယုဒ ပြည် တရှောက်လုံး၊ ၃ တောင် ပြည်နှင့်တကွ ဇောရ မြို့တိုင်အောင် စွန်ပလွံ မြို့တည်းဟူသောယေရိခေါ မြို့တည်သော ချိုင့် နှင့် လွင်ပြင် တို့ကို ပြတော်မူ၏။ ၄ ထာဝရဘုရား ကလည်း၊ ငါသည် အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့အား ကျိန်ဆို ၍ သင် ၏အမျိုးအနွယ်အား ငါပေး မည်ဟု ဂတိထားသောပြည် ကို ကြည့်လော့။ သင် သည် ကိုယ် မျက်စိ နှင့် မြင် ရသောအခွင့်ကို ငါပေး၏။ သို့ရာတွင် ကူး ၍မ သွားရဟု မိန့် တော်မူ၏။ ၅ ထိုသို့ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ၊ ထာဝရဘုရား ၏ကျွန် မောရှေ သည်မောဘ ပြည် ၊ ထို အရပ်၌အနိစ္စရောက် ၍၊ ၆ ဗက်ပေဂုရ မြို့တဘက် ၊ မောဘ ပြည် ၊ တစုံတခုသောချိုင့် ၌ သင်္ဂြိဟ် တော်မူ၏။ မောရှေ ၏ သင်္ချိုင်း ကို ယနေ့ တိုင်အောင် အဘယ်လူ မျှမ သိ ရာ။ ၇ မောရှေ သည် အနိစ္စရောက်သောအခါ အသက် တရာ နှစ်ဆယ် ရှိ၏။ သူ ၏မျက်စိ မ မှုန် သေး။ ခွန်အား လည်း မ လျော့ သေး။ ၈ ဣသရေလ အမျိုးသား တို့သည် မောရှေ ကို အောက်မေ့၍၊ မောဘ လွင်ပြင် ၌ အရက် သုံး ဆယ်ပတ်လုံးငိုကြွေး မြည်တမ်း ခြင်းကို ပြု ကြ၏။ ၉ မောရှေ အတွက် ငိုကြွေးမြည်တမ်းသော နေ့ရက် ကာလလွန်ပြီးမှ၊ နုန် ၏သား ယောရှု သည် အထက်က မောရှေ ၏ လက် တင်မင်္ဂလာကို ခံရသဖြင့်၊ ပညာ သဘော နှင့် ပြည့်စုံ သောသူဖြစ်၍၊ ဣသရေလ အမျိုးသား တို့သည် ယောရှု၏စကားကို နားထောင် လျက်၊ မောရှေ အား ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ပြု ကြ၏။ ၁၀ ထာဝရဘုရား စေလွှတ် တော်မူ၍ ၊ အဲဂုတ္တု ပြည် တွင် ဖါရော ဘုရင်နှင့် သူ ၏ကျွန် မှစ၍ပြည်သားအပေါင်း တို့ ၌ နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှု အလုံးစုံ တို့ကို ပြု၍၊ ၁၁ ဣသရေလ အမျိုးသားအပေါင်း တို့ရှေ့ မှာ မဟာတန်ခိုးတော်နှင့် အလွန် ကြောက်မက် ဘွယ်သော အမှု အရာအပေါင်း တို့ကို ပြ လေရာတွင် ၊ ၁၂ ထာဝရဘုရား ၏ မျက်နှာတော်ကို ကိုယ်တိုင်ကိုယ်ကြပ်ဖူးမြင်ရသောပရောဖက် မောရှေ ကဲ့သို့ နောက် တဖန် ဣသရေလ အမျိုး ၌ သူနှင့်တူသော ပရောဖက်တစုံတပါးမျှ မ ပေါ် မထွန်း။

၁ ထာဝရဘုရား ၏ ကျွန် မောရှေ သည် အနိစ္စ ရောက်သောနောက် ၊ မောရှေ လက်ထောက် ၊ နုန် ၏သား ယောရှု အား ထာဝရဘုရား က၊ **၂** ငါ ၏ကျွန် မောရှေ သည် အနိစ္စ ရောက်လေပြီ။ သို့ ဖြစ်၍ ၊ သင် နှင့် သင်၌ပါသောဤ လူ အပေါင်း တို့သည် ယခု ထ၍ ယော်ဒန် မြစ်တဘက်သို့ ကူး ကြလော့။ ဣသရေလ အမျိုးသား တို့အား ငါ ပေး သောပြည် ကို ဝင်စားကြလော့။ **၃** မောရှေ အား ငါဂတိ ရှိသည်အတိုင်း သင် တို့နင်း သမျှ သောမြေ ကို သင်တို့ အား ငါပေး မည်။ **၄** တော ကြီးမှစ၍ လေဗနုန် တောင်တိုင်အောင် ၎င်း၊ ဥဖရတ် မြစ် ကြီး မှစ၍ဟိတ္တိ ပြည် တရှောက်လုံး ပါလျက်၊ နေဝင် ရာဘက် ပင်လယ် ကြီး တိုင်အောင် ၎င်း၊ သင် တို့နယ် အပိုင်းအခြားဖြစ် ရမည်။ **၅** သင့် အသက် တည်သည် ကာလ ပတ်လုံး သင့် ရှေ့ မှာ အဘယ်သူမျှမ ခံ မရပ်နိုင်ရာ။ မောရှေ နှင့်အတူ ငါရှိ သကဲ့သို့ သင် နှင့်အတူ ငါရှိ လိမ့်မည်။ ငါသည် သင့် ကို မ စွန့် ၊ သင့် ကိုပစ် ၍မ ထား။ **၆** အား ယူ၍ ရဲရင့် ခြင်းရှိလော့။ ဘိုးဘေး တို့အား ပေး မည်ဟု ငါကျိန်ဆို သောပြည် ကို သင်သည် ဤ လူ တို့ အားဝေ၍ အမွေ ပေးရမည်။ **၇** သို့ ဖြစ်၍ငါ ၏ကျွန် မောရှေ မှာ ထားသော တရား အတိုင်း ကျင့် မည်ဟု စောင့်ရှောက် ခြင်းငှါ အား ယူ ၍ အလွန် ရဲရင့် ခြင်းရှိလော့။ ကြဲစည်လေသမျှ တို့ ၌ အောင် မည်အကြောင်း ထိုတရားလမ်းသို့ လိုက်လော့။ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ လွှဲ နှင့်။ **၈** ထိုပညတ္တိ ကျမ်းစာ ၌ ရေး ထားသမျှ အတိုင်း ကျင့် မည်ဟု စောင့်ရှောက် ခြင်းအလိုငှါ ကျမ်းစာကို မဘတ် မရွတ်ဘဲမနေ၊ နေ့ ည၌ မပြတ် ကြည့်ရှုဘတ်ရွတ် ရမည်။ သို့ပြုလျှင်သင်သည် အကြံထမြောက်၍ အောင်မြင် လိမ့်မည်။ **၉** သင့် ကို ငါမှာ ထားသည်မ ဟုတ်လော။ အား ယူ၍ ရဲရင့် ခြင်းရှိလော့။ မ ကြောက် နှင့်၊ စိတ် မ ပျက်နှင့်။ သွား လေရာရာ၌ သင် ၏ဘုရား သခင်ထာဝရဘုရား ရှိသည်ဟု မိန့်တော်မူ၏။ **၁၀** ထိုအခါ ယောရှု သည် ဗိုလ် မင်းများတို့ကို ခေါ်၍၊ **၁၁** တပ် တရှောက် လုံးသို့ သွား ကြလော့။ သင် တို့၏ ဘုရား သခင်ထာဝရဘုရား အပိုင်ပေးတော်မူသောပြည် ကို ဝင်စားခြင်းငှါ၊ သုံး ရက် အတွင်းတွင် ဤယော်ဒန် မြစ် တဘက်သို့ ကူးရသောကြောင့်ရိက္ခာ ကို ပြင်ဆင် ရကြမည် အကြောင်း၊ လူ များတို့အား ဆင့်ဆို ကြလော့ဟု မှာ ထား လေ၏။ **၁၂** တဖန် ယောရှု သည် ရုဗင် အမျိုးသား၊ ဂဒ် အမျိုးသား၊ မနာရှေ အမျိုးသားတဝက် တို့ကို ခေါ်၍၊ **၁၃** ထာဝရဘုရား ၏ ကျွန် မောရှေ သည်၊ သင် တို့အား မှာ ထားသော စကားဟူမူကား ၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် သင် တို့ကို ဤ ပြည် ၌ နေရာ ချတော်မူပြီ။ **၁၄** သင် တို့သား မယား ၊ သူငယ်များနှင့် တိရစ္ဆာန် များတို့သည် ယော်ဒန် မြစ်အရှေ့ဘက် မောရှေ ပေး သော ပြည် ၌ နေရစ် ရကြမည်။ **၁၅** ထာဝရဘုရားသည် သင်တို့အား နေရာချသည် အတိုင်း၊ ညီအစ်ကို တို့အား နေရာချတော်မမူမီ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ပေး တော်မူသောပြည် ကို သူတို့သည် မသိမ်းမယူမီတိုင်အောင် ၊ သင်တို့တွင် ခွန်အားကြီး သော စစ်သူရဲ အပေါင်း တို့သည် လက်နက် ကိုင်လျက်၊ သင်တို့ ညီအစ်ကို များရှေ့ မှာ ကူး၍ မစရကြမည်ဟူသောစကားကို အောက်မေ့ကြလော့။ ထိုနောက်မှထာဝရဘုရား ၏ကျွန် မောရှေ သည် ယော်ဒန် မြစ် နေ ထွက်ရာ ဘက်၌ပေး ၍၊ သင် တို့ပိုင် သောပြည် သို့ ပြန် ၍ ဝင်စားရကြမည် ဟု ပြောဆို၏။ **၁၆** ထိုသူတို့ကလည်း၊ ကိုယ်တော်မှာ

ထားတော်မူသမျှ ကို ကျွန်တော်တို့ပြု ပါမည်။ စေလွှတ် တော်မူသမျှ သော အရပ်သို့ သွား ပါမည်။ ၁၇ အရာရာ တို့ ၌ မောရှေ ၏စကားကို နားထောင် သည်နည်းတူ ကိုယ်တော် စကားကိုလည်း နားထောင် ပါမည်။ သို့ ဖြစ်၍ကိုယ်တော်၏ ဘုရား သခင်ထာဝရဘုရား သည် မောရှေ နှင့်အတူ ရှိ သကဲ့သို့ ကိုယ်တော်နှင့်အတူ ရှိတော်မူပါစေသော။ ၁၈ အာဏာ တော်ကို ဆန် ၍၊ မှာထားတော်မူသမျှ သောစကား ကို နား မ ထောင်သောသူ မည်သည်ကား၊ အသေ သတ်ခြင်းကိုခံ စေရမည်။ သို့ ဖြစ်၍အား ယူတော်မူ ပါ။ ရဲရင့် ခြင်းရှိတော်မူပါဟု ယေရှုအား ပြန်လျှောက် ကြ၏။

J နုန် ၏သား ယောရှု သည် သူလျှို နှစ် ယောက်ကို ရှိတ္တိမ် မြို့မှ တိတ်ဆိတ် စွာစေလွှတ် လျက်၊ ခါနာန်ပြည် ယေရိခေါ မြို့ကို သွား ၍ ကြည့်ရှု ကြလော့ဟု မှာထားလိုက် သည်အတိုင်း၊ သူတို့သည် သွားပြီးလျှင်ရာခပ် အမည် ရှိသော ပြည်တန်ဆာ မိန်းမ အိမ် သို့ ဝင် ၍ နေ လေ၏။ ၂ ပြည်သားအချို့တို့ကလည်း၊ ဤပြည် ကို စူးစမ်း ခြင်းငှါ ဣသရေလ အမျိုးသား အချို့တို့သည် ယနေ့ည မှာ မြို့တွင်းသို့ ဝင်ပါပြီဟု ယေရိခေါ မင်းကြီး အား လျှောက် ကြားကြသည် ရှိသော်၊ ၃ ယေရိခေါ မင်းကြီး သည် ရာခပ် အား သင့် ဆီ သို့ ရောက် လာ၍၊ သင့် အိမ် သို့ ဝင် သောသူ တို့ကို အပ် လော့။ သူတို့သည် တပြည်လုံး ကို စူးစမ်း ခြင်းငှါ ရောက် လာပြီဟု အမိန့်တော်နှင့် စေလွှတ် လေ၏။ ၄ ရာခပ်သည် ထိုသူ နှစ် ယောက်တို့ကို ဝှက် ထားနှင့်ပြီးမှ ကျွန်မ ဆီ သို့ လူ ရောက် သည် မှန် ပါ၏။ သို့ရာတွင် အဘယ် အရပ်က လာသည်ကို မ သိ ပါ။ ၅ မိုဃ်းချုပ် ၍ တံခါး ပိတ် ခြိန်ရှိ သောအခါ၊ သူ တို့ သည် ထွက် သွားကြပါ၏။ အဘယ် အရပ်သို့ ထွက် သွားသည်ကို မ သိ ပါ။ အလျင်အမြန် လိုက် ကြလော့။ မှီ ကောင်း မှီပါလိမ့်မည်ဟု ပြန် ပြော၏။ ၆ သို့ဆိုသော်လည်း ထိုသူ တို့ကို အိမ် အပေါ် သို့ တက်စေ၍ ၊ အမိုး ပေါ် မှာဖြန့် ထားသော ပိုက်ဆန် ရိုး ထဲ ၌ဝှက် ထားနှင့်ပြီ။ ၇ မင်းလုလင် တို့သည် ယော်ဒန် မြစ်ကူး ရာလမ်း သို့ လိုက် ကြ၏။ မြို့ပြင် သို့ရောက်ကြပြီးမှ မြို့တံခါး များကို ပိတ် ကြ၏။ ၈ သူလျှို တို့သည် မ အိပ် မှီ မိန်းမ သည် သူ တို့ရှိရာ အိမ်မိုး ပေါ် သို့ တက် ၍၊ ၉ ထာဝရဘုရား သည် သင် တို့အား ဤပြည် ကိုပေး တော်မူကြောင်း ကိုငင်း ၊ သင် တို့ကို ငါ တို့ကြောက်လန့် အားကြီး၍ သင် တို့ကြောင့် ပြည်သူ ပြည်သားအပေါင်း တို့သည် စိတ်ပျက် ကြောင်း ကိုငင်းကျွန်မသိ ပါ၏။ ၁၀ သင် တို့သည် အဲဂုတ္တု ပြည်မှ ထွက် လာသောအခါ၊ ဧဒုံ ပင်လယ်ရေ ကို ထာဝရဘုရား ခန်းခြောက် စေတော်မူကြောင်းကိုငင်း၊ ယော်ဒန် မြစ်တဘက် ၌နေ၍ သင်တို့ရှင်းရှင်းဖျက်ဆီး သော အာမောရိ ရှင်ဘုရင် ရှိဟုန် နှင့် ဩဃ တို့ ၌ သင်တို့ပြု သောအမှု ကိုငင်း၊ အကျွန်ုပ်တို့ကြား ရကြပြီ။ ၁၁ ထိုသိတင်းကိုကြား သောအခါ၊ အကျွန်ုပ် တို့သည် စိတ်ပျက် ၍ သင် တို့ကြောင့် တစုံတယောက် သောသူ၌ မျှ ရဲရင့်ခြင်းသတ္တိ အလျှင်း မ ကျန် ကြွင်းပါ။ အကြောင်းမူကား ၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် အထက် ကောင်းကင် ဘုံ၌ ၎င်း၊ အောက် အရပ်မြေကြီး ၌ ၎င်း၊ အစိုးရသောဘုရား သခင်ဖြစ်တော်မူ၏။ ၁၂ သို့ ဖြစ်၍ သင် တို့ ၌ ကျွန်မသည် ကျေးဇူး ပြု သောကြောင့် သင်တို့သည် ကျွန်မ ပေါက်ဘော် တို့ ၌ ကျေးဇူး ပြု ၍၊ ၁၃ ကျွန်မ မိဘ ၊ ညီအစ်မ ၊ မောင် အစရှိသောသူ တို့ နှင့်ဆိုင်သမျှ သောသူ တို့ ကို မသတ်ဘဲ အသက် ချမ်းသာပေးမည်ဟု ထာဝရဘုရား ကို တိုင်တည်၍ ကျိန်ဆို ကြပါ။ မှန် သောလက္ခဏာ သက်သေကိုလည်း ပေး

ခဲ့ကြပါဟုဆို လျှင်၊ ၁၄ ထိုသူတို့က၊ သင်သည် ငါ တို့အမှု ကို မ ဘော် မပြ လျှင် သင့် အသက်အတွက် ငါ တို့အသက်
သည် အာမခံ ဖြစ်စေတော့။ ဤပြည် ကို ထာဝရဘုရား ပေး တော်မူသောအခါ ၊ သင် ၌ သစ္စာ စောင့်၍ ကျေးဇူး ပြု
မည်ဟု ဝန်ခံ ကြ၏။ ၁၅ ထိုမိန်းမ နေ ရာ အိမ် သည် မြို့ရိုး နားမှာရှိသောကြောင့် ၊ ထိုသူ တို့ကို ပြတင်းပေါက် က ကြိုး
နှင့် လျှောချ လျက်၊ ၁၆ သင် တို့သည် လိုက် ၍ရှာသောသူတို့နှင့် လွတ် မည်အကြောင်းတောင် ပေါ် သို့ ပြေး ၍ သုံး ရက်
ပုန်း နေကြ ပါ။ ရှာ သောသူတို့သည် ပြန် သောနောက် မှသွား ကြပါဟု ဆို လျှင်၊ ၁၇ ထိုသူတို့က၊ သင်သည် ကျိန်ဆို
စေသောအကျိန် ကြောင့် ၊ ငါ တို့ ၌ အပြစ် မရောက်ပါစေနှင့်။ ၁၈ ဤပြည် သို့ ငါ တို့ရောက် လာသောအခါ ၊ ယခု
လျှောချ သော ပြတင်းပေါက် ၌ ဤ ကြိုး နီကို ချည် ထား၍ ၊ သင့် မိဘ ၊ သင့် မောင် များနှင့် ပေါက်ဘော် များအပေါင်း
တို့ ကို သင့် အိမ် ၌ ခေါ် ထားရမည်။ ၁၉ ထိုအခါ သင့် အိမ် ထဲက လမ်း သို့ ထွက်သွား သော သူ မည်သည်ကား၊
သေလျှင်သေ ပြစ်ကို ကိုယ်တိုင် ခံ စေ၊ ငါ တို့သည် အပြစ် လွတ်စေ။ သင့် အိမ် ၌ ရှိ သောသူ မည်သည်ကို အသေ
သတ်လျှင် သေ ပြစ်ကို ငါ တို့သည် ခံ စေ။ ၂၀ ငါ တို့အမှု ကိုလည်း သင်သည် ဘော်ပြ လျှင် ၊ သင် ယခုကျိန်ဆို
စေသော အကျိန် နှင့် ငါ တို့သည် လွတ် စေ ဟုဆိုလျှင်၊ ၂၁ မိန်းမက၊ သင် တို့စကား ရှိသည်အတိုင်း ဖြစ်ပါစေတော့ဟု
ဝန်ခံ လျက် လွှတ် လိုက်၍ သူတို့သည် သွား ကြ ၏။ မိန်းမသည်လည်း ထိုကြိုး နီကို ပြတင်းပေါက် ၌ ချည် ထားလေ၏။
၂၂ ထို သူတို့သည် တောင် ပေါ် သို့ ရောက် အောင် သွား ၍ လိုက် ရှာ သောသူတို့ မပြန် မီတိုင်အောင် သုံး ရက် နေ
ကြ၏။ ရှာ သောသူတို့သည်လည်း လမ်း တရှောက်လုံး ရှာ ၍ မ တွေ့ကြ။ ၂၃ ထို လူ နှစ် ယောက်တို့သည် လှည့် ၍
တောင် ပေါ် က ဆင်း ပြီးမှ မြစ်ကို ကူး သဖြင့် ၊ နုန် ၏သား ယောရှု ထံ သို့ ရောက် ၍ ၊ မိမိ တို့ ၌ ဖြစ် သမျှတို့ကို
ပြန်ကြား လျက်၊ ၂၄ အကယ်စင်စစ် ထာဝရဘုရား သည် ထိုပြည် တရှောက်လုံး ကို ငါတို့လက်သို့ အပ် တော်မူပြီ။ ငါ တို့
ကြောင့် ပြည်သူ ပြည်သားအပေါင်း တို့သည် စိတ်ပျက် လျက် ရှိကြပါ၏ဟု ယောရှု အား လျှောက် ဆို၏။

၂ ယောရှု သည် နံနက် စောစောထ၍ ကြသရေလ အမျိုးသား အပေါင်း တို့နှင့်တကွ ရှိတ္တိမ် မြို့မှ ပြောင်း ၍ ယော်ဒန်
မြစ်ကို မ ကူး မှီ မြစ်နားတွင် စားခန်းချ ကြ၏။ ၂ သုံး ရက် စေ့ သောအခါ၊ တပ်မှူး တို့သည် တပ် တရှောက်လုံး သို့သွား
၍၊ ၃ သင် တို့ဘုရား သခင်ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ ကိုငင်း ၊ သေတ္တာထမ်း သော ယဇ်ပုရောဟိတ် လေဝိ
သားတို့ကိုငင်းမြင် လျှင် ၊ သင် တို့သည် နေရာ ပြောင်း၍ လိုက် ရကြမည်။ ၄ သေတ္တာတော်နှင့် သင် တို့စပ်ကြား
ကို အတောင် နှစ်ထောင် ခြား ၍ ခရီးကွာ စေ ရမည်။ လိုက် ရသောလမ်း ကို သိ မည်အကြောင်း ၊ သေတ္တာ
တော်အနီးသို့ မ ချဉ်း ဘဲ လိုက်ရမည်။ ဤလမ်းသို့ သင်တို့သည် တခါမျှမ လိုက် ကြ သေးဟု လူ အပေါင်းတို့အား မှာ
ထားကြ၏။ ၅ ယောရှု ကလည်း ၊ သင်တို့သည် ကိုယ်ကိုကိုယ်သန့်ရှင်း စေကြလော့။ အကြောင်းမူကား ၊ နက်ဖြန် နေ့၌
ထာဝရဘုရား သည် အံ့ဘွယ် သောအမှုတို့ကို သင် တို့တွင် ပြု တော်မူမည်ဟု လူ များတို့အား မှာ ထားလေ၏။ ၆
တဖန် ယဇ်ပုရောဟိတ် တို့ကို ခေါ် ၍ သင်တို့သည် ပဋိညာဉ် သေတ္တာ တော်ကို ထမ်း လျက်၊ လူ များရှေ့ သို့ကူး
သွားကြလော့ဟု ယောရှု ဆို သည့်အတိုင်း သူတို့သည် ပဋိညာဉ် သေတ္တာ တော် ကိုထမ်း ၍ လူ များရှေ့ သို့ သွား ကြ၏။

၇ ထာဝရဘုရား ကလည်း ၊ ယောရှု ကို ခေါ်၍ ငါသည် မောရှေ နှင့်အတူ ရှိ သကဲ့သို့ သင် နှင့်အတူ ရှိ သည် ကို ကြသရေလ အမျိုးသားအပေါင်း တို့သည် သိ ကြမည် အကြောင်း ၊ သူတို့မျက်မှောက် ၌ သင့် ကို ယနေ့ ငါချီးမြှင့် စ ပြုမည်။ ၈ ပဋိညာဉ် သေတ္တာ ကို ထမ်း သော ယဇ်ပုရောဟိတ် တို့သည်၊ ယော်ဒန် မြစ်ရေ နားသို့ ရောက် သောအခါ ၊ ယော်ဒန် မြစ်၌ ရပ် နေရမည်အကြောင်းကို ဆင့်ဆို လော့ဟု မိန့်တော်မူ၏။ ၉ ယောရှု ကလည်း ၊ လာ ကြလော့။ သင် တို့ဘုရား သခင် ထာဝရဘုရား ၏ စကား တော်ကို နားထောင် ကြလော့ ဟု ကြသရေလ အမျိုးသား အပေါင်းတို့ကို ခေါ်လျက်၊ ၁၀ အသက် ရှင်တော်မူသောဘုရား သခင်သည် သင် တို့တွင် ရှိ၍ ၊ သင် တို့ရှေ့မှ ခါနန် လူ၊ ဟိတ္တိ လူ၊ ဟိဝိ လူ၊ ဖေရိဇိ လူ၊ ဂိရဂါရှိ လူ၊ အာမောရိ လူ၊ ယေဗုသိ လူတို့ကို စင်စစ်နှင်ထုတ် တော်မူမည် အကြောင်း ကို အဘယ်သို့သိ ရမည်နည်းဟူမူကား၊ ၁၁ မြေကြီး တပြင်လုံး ကို အစိုးရတော်မူသောထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ သည် သင် တို့ရှေ့မှာ၊ ယော်ဒန် မြစ်ထဲ သို့ကူး သွားလိမ့်မည်။ ၁၂ သို့ ဖြစ်၍ ကြသရေလ အမျိုးများထဲက တမျိုး တယောက် စီ၊ လူ တဆယ် နှစ် ယောက်တို့ကို ရွေးကောက် ကြလော့။ ၁၃ မြေကြီး တပြင်လုံး ကို အစိုးရတော်မူသောအရှင် ထာဝရဘုရား ၏ သေတ္တာ တော်ကိုထမ်း သော ယဇ်ပုရောဟိတ် ခြေဘဝါး တို့သည်၊ ယော်ဒန် မြစ်ရေ ကို နင်း သော ခဏခြင်းတွင်၊ မြစ်ညာရေ သည် ပြတ် ၍ ပုံပုံ ကြွ လျက် နေလိမ့်မည်ဟု ဆို လေ၏။ ၁၄ လူ များတို့သည် ယော်ဒန် မြစ်ကို ကူး အံ့သောငှါ ၊ တဲ တို့မှ ပြောင်း ၍ ပဋိညာဉ် သေတ္တာ ကို ထမ်း သောယဇ်ပုရောဟိတ် တို့သည် လူ များရှေ့မှာသွားလျက်၊ ၁၅ ယော်ဒန် မြစ်နားသို့ရောက် ၍ ခြေဘဝါး တို့သည် လျှံသောရေ ကို နင်း သောအခါ ၊ စပါး ရိတ်ရာကာလ ၌ ထိုမြစ်ရေသည် ကမ်း တရှောက်လုံး ကို လျှံ လေ့ရှိသော်လည်း၊ ၁၆ မြစ်ညာ က စီး လာသောရေ သည် တန့် ရပ်၍ ဝေး သောအရပ်၊ ဇာရတန် မြို့နား မှာ ရှိသော အာဒံ မြို့ တိုင်အောင် ပုံပုံ ကြွ လျက်နေ၏။ လွင်ပြင် အိုင် တည်းဟူသောသေဒုံ အိုင် သို့ စီး သွားသောရေသည်လည်း အကုန်အစင် ပြတ် ၍၊ လူ များတို့သည် ယေရိခေါ မြို့သို့ ရှေ့မှု ကူး ကြ၏။ ၁၇ လူ များအပေါင်း တို့သည် ယော်ဒန် မြစ်တဘက် သို့ မရောက်မီတိုင်အောင် ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ ကို ထမ်း သော ယဇ်ပုရောဟိတ် တို့သည်၊ မြစ် အလယ် တွင် မြေ ပေါ်၌ မြဲမြံ စွာနင်း ၍ ၊ ကြသရေလ အမျိုးသားအပေါင်း တို့သည် မြေ ပေါ်၌ ရှောက် သွားရကြ၏။

၄ လူ အပေါင်း တို့သည် တယောက်မျှမကြွင်း ယော်ဒန် မြစ်ကို ကူး ကြပြီး မှ၊ ထာဝရဘုရား က၊ ၂ လူ များတို့တွင် တမျိုး တယောက် စီ၊ လူ တဆယ် နှစ် ယောက်ကို ရွေးကောက် ၍၊ ၃ သူတို့သည် ယော်ဒန် မြစ်အလယ် ၊ ယဇ်ပုရောဟိတ် တို့ မြဲမြံစွာနင်း ရာ၊ ဤ အရပ် ထဲက ကျောက် တဆယ် နှစ်လုံးကို ယူ ပြီးလျှင် ထမ်း သွား၍ ၊ ယနေ့ည၌ စားခန်းချ ရာအရပ် ၌ ထား ရမည်အကြောင်းဆင့်ဆို လော့ဟု ယောရှု အား မိန့် တော်မူသည်အတိုင်း၊ ၄ ယောရှု သည် ခန့် ထားနှင့်သော ကြသရေလ အမျိုးတ မျိုး တ ယောက်စီ၊ လူ တဆယ် နှစ်ယောက်ကို ခေါ် ၍၊ ၅ သင် တို့ဘုရား သခင်ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့၊ ယော်ဒန် မြစ်အလယ် သို့ ကူး သွား၍ ၊ ကြသရေလ အမျိုးအရေအတွက် အတိုင်း ၊ လူတယောက် ကျောက် တလုံးစီ ယူ ၍ ထမ်း သွားကြလော့။ ၆ သို့ပြုလျှင် သက်သေ ကို ရ ကြလိမ့်မည်။ နောင် ကာလ၌ သင် တို့၏

သားသမီး တို့က၊ ဤ ကျောက် တို့သည် အဘယ်သို့ ဆိုလိုသနည်းဟု မေးမြန်း လျှင်၊ ၇ သင်တို့က၊ ထာဝရဘုရား ၏ သေတ္တာ တော်သည် ယော်ဒန် မြစ်ကို ကူး သောအခါ၊ သေတ္တာတော်ရှေ့မှာ မြစ် ရေ ပြတ် လေသည်ဟု ပြန်ပြော ရကြမည်။ ထိုသို့ ဤ ကျောက် တို့သည် အစဉ်မပြတ် ဣသရေလ အမျိုးသား အောက်မေ့ စရာဘို့ ဖြစ် ကြလိမ့်မည်ဟု ယောရှုမှာထား သည်အတိုင်း၊ ၈ ဣသရေလ အမျိုးသား တို့သည် ပြု ကြ၏။ ထာဝရဘုရားသည် ယောရှု အား မိန့် တော်မူသည်နှင့်အညီ ၊ ဣသရေလ အမျိုး အရေအတွက် အတိုင်း ၊ ယော်ဒန် မြစ်ထဲက ကျောက် တဆယ် နှစ် လုံးကို ယူ ပြီးမှ၊ စားခန်းချ ရာအရပ်သို့ ထမ်း သွား၍ ထား ကြ၏။ ၉ တဖန်တုံ ၊ ပဋိညာဉ် သေတ္တာ တော်ကို ထမ်း သော ယဇ်ပုရောဟိတ် တို့နင်း ရာအရပ် ယော်ဒန် မြစ်အလယ် ၌ ကျောက် တဆယ် နှစ် လုံးကို ယောရှု သည် စိုက် ထား၍ ယနေ့ တိုင်အောင် ရှိ ကြ၏။ ၁၀ ယောရှု သည် မောရှေ မှာ ထားသည်အတိုင်း ၊ လူ များတို့အား ဆင့်ဆို စေခြင်းငှါ ထာဝရဘုရား မိန့် တော်မူသမျှတို့ကို အကုန်အစင် ပြု သည်တိုင်အောင် သေတ္တာ တော်ကို ထမ်း သော ယဇ်ပုရောဟိတ် တို့သည်၊ ယော်ဒန် မြစ်အလယ် ၌ ရပ် နေကြ၏။ လူ များတို့သည်လည်း ကြိုးစား ၍ ကူး ကြ၏။ ၁၁ လူ များအပေါင်း တို့သည် အကုန်အစင်ကူး ကြပြီး မှ၊ ထာဝရဘုရား ၏ သေတ္တာ တော်နှင့်တကွ ယဇ်ပုရောဟိတ် တို့သည် လူ များမျက်မှောက် တွင် ကူး ကြ၏။ ၁၂ ရုဗင် အမျိုးသား၊ ဂဒ် အမျိုးသား၊ မနာရှေ အမျိုးသား တဝက် တို့သည် မောရှေ မှာ ခဲ့သည်အတိုင်း လက်နက် ကို စွဲကိုင်၍၊ ဣသရေလ အမျိုးသား တို့ရှေ့မှာ ကူး သွား ကြ၏။ ၁၃ ထိုအမျိုးသားတို့သည် အရေအတွက်အားဖြင့်လေးသောင်း ခန့် မျှရှိ၍၊ စစ်တိုက် ခြင်းငှါ ပြင်ဆင်လျက် ထာဝရဘုရား ရှေ့ တော်၌ ယေရိခေါ လွင်ပြင် သို့ ကူး သွား ကြ၏။ ၁၄ ထို နေ့ ၌ ထာဝရဘုရား သည် ဣသရေလ အမျိုးသားအပေါင်း တို့ရှေ့မှာ ယောရှု ကို ချီးမြှင့် တော်မူ၍ ၊ သူတို့ သည် မောရှေ ကို ကြောက်ရွံ့သကဲ့သို့ ယောရှု ကိုလည်း သူ ၏အသက် တည်သည်ကာလ ပတ်လုံး ကြောက်ရွံ့ကြ၏။ ၁၅ တဖန် ထာဝရဘုရား က၊ သက်သေခံချက် သေတ္တာ တော်ကို ထမ်း သော ယဇ်ပုရောဟိတ် တို့သည်၊ ၁၆ ယော်ဒန် မြစ်ထဲက တက်လာ ရမည်အကြောင်း ဆင့်ဆို လော့ဟုမိန့် တော်မူသည်အတိုင်း၊ ၁၇ ယော်ဒန် မြစ်ထဲက တက် လာကြလော့ဟု ယဇ်ပုရောဟိတ် တို့အား ယောရှု သည် ဆင့်ဆို လေ၏။ ၁၈ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ ကို ထမ်း သော ယဇ်ပုရောဟိတ် တို့သည်၊ ယော်ဒန် မြစ်အလယ် ထဲက တက် လာ၍၊ ခြေဘဝါး တို့သည် ကုန်း ကို နင်းမိကြ သောအခါ၊ ယော်ဒန် မြစ်ရေ သည် မိမိ နေရာ သို့ ပြန် လာ၍ ၊ အရင် ကဲ့သို့ ကမ်း တရှောက်လုံး ကို လျှံလျက်နေ၏။ ၁၉ ပဌမ လ ၊ ဒသမ နေ့ရက်တွင် ၊ လူ များတို့သည် ယော်ဒန် မြစ်ထဲက တက် လာ၍ ၊ ယေရိခေါ မြို့အရှေ့ဘက် နား မှာ ၊ ဂိလဂါလ အရပ်၌ တပ်ချ ကြ၏။ ၂၀ ယော်ဒန် မြစ်ထဲက ထုတ် ယူသော ကျောက် တဆယ် နှစ် လုံးကို ယောရှု သည် ဂိလဂါလ အရပ်၌ စိုက် ထား ၏။ ၂၁ ဣသရေလ အမျိုးသား တို့အား လည်း ၊ နောင် ကာလ ၌ သင် တို့၏သားသမီး တို့က၊ ဤ ကျောက် တို့သည် အဘယ်သို့ ဆိုလိုသနည်းဟု အဘ တို့အား မေးမြန်း လျှင်၊ ၂၂ သင်တို့က၊ ဣသရေလ လူတို့သည် မြေ ပေါ် မှာ ရှောက်သကဲ့သို့ ဤ ယော်ဒန် မြစ်ကို ကူး လာကြသည်ဟု သားသမီး တို့အား ကြားပြော ရကြမည်။ ၂၃ ထာဝရဘုရား သည် တန်ခိုးကြီး တော်မူသည်ကို မြေကြီးသား အပေါင်း တို့သည်သိ

ကြမည်အကြောင်း နှင့် သင် တို့၏ဘုရားသခင် ထာဝရဘုရား ကို သင်တို့သည်အစဉ်အမြဲ ကြောက်ရွံ့ရမည်အကြောင်း ၊ ၂၄ ငါတို့သည်ဧဒုံ ပင်လယ် ကို ကူး၍ ကမ်း တဘက်သို့မ ရောက်မှီတိုင်အောင်၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည် ငါ တို့ရှေ့ မှာ ပင်လယ်ရေကိုခန်းခြောက် စေတော်မူသည်နည်းတူ ၊ သင်တို့သည်ယော်ဒန် မြစ်ကိုကူး၍ ကမ်း တဘက်သို့မ ရောက်မှီတိုင်အောင်၊ သင် တို့ရှေ့ မှာ မြစ်ရေ ကို ခန်းခြောက် စေတော်မူသည်ဟု ယောရှုမှာထားလေ၏။

၅ ထာဝရဘုရား သည် ဣသရေလ အမျိုးသား တို့ ကူး စေခြင်းငှါ၊ ယော်ဒန် မြစ်ရေ ကို ခန်းခြောက် စေတော်မူသည်အကြောင်းကို၊ ယော်ဒန် မြစ်အနောက် ဘက် ၌ နေသောအာမောရိ မင်းကြီး အပေါင်း ၊ ပင်လယ် နား မှာ နေသောခါနန် မင်းကြီး အပေါင်း တို့သည် ကြား သိသောအခါ ၊ ရဲရင့်ခြင်းသတ္တိ အလျှင်း မ ကြွင်း၊ ဣသရေလ အမျိုးသား တို့ကြောင့် စိတ်ပျက် ကြ၏။ ၂ ထိုအခါ ထာဝရဘုရား သည် ယောရှု ကို ခေါ်၍၊ သင် သည် ကျောက် ထား များကို လုပ် ပြီးလျှင် ၊ ဣသရေလ အမျိုးသား တို့အား အရေဖျား လှီးမင်္ဂလာကို တဖန် ပေး လော့ဟု မိန့် တော်မူသည်အတိုင်း၊ ၃ ယောရှု သည် ကျောက် ထား များကို လုပ် ၍ ဂိဘာ ရာလုတ် အရပ်၌ ဣသရေလ အမျိုးသား တို့အား အရေဖျား လှီးမင်္ဂလာကို ပေးလေ၏။ ၄ ထိုသို့ အရေဖျား လှီးမင်္ဂလာကို ပေးရသောအကြောင်း ဟူမူကား ၊ အဲဂုတ္တု ပြည်မှ ထွက် လာသောစစ်သူရဲ ယောကျ်ား အပေါင်း တို့သည် တော ၌ သေ ကြ၏။ ၅ ထိုပြည်မှထွက် လာသောသူအပေါင်း တို့သည် အရေဖျား လှီးမင်္ဂလာကို ခံနှင့်ကြပြီ။ တော ၌ ခရီး သွားရာတွင် ဘွားမြင် သော သူအပေါင်း တို့မူကား အရေဖျား လှီး မင်္ဂလာကို မ ခံရကြသေး။ ၆ အဲဂုတ္တု ပြည်မှ ထွက် လာသောစစ်သူရဲ အပေါင်းတို့သည် ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်ဘဲ နေ၍၊ မသေမပျောက်မှီတိုင်အောင် ဣသရေလ အမျိုးသား တို့သည် အနှစ် လေးဆယ် ပတ်လုံးတော ၌ လှည့်လည် ရကြ၏။ ထာဝရဘုရား သည်၊ ငါပေး မည်ဟု ဘိုးတော် တို့အား ကျိန်ဆို တော်မူသောပြည် ၊ နို့ နှင့် ပျားရည် စီး သောပြည် ကို ထိုသူ တို့သည် မ မြင် ရကြဟု ကျိန်ဆို တော်မူ ၏။ ၇ သူ တို့ကိုယ်စား ဖြစ် စေတော်မူသောသူ တို့ ၏ သား များတို့သည်၊ လမ်း ၌ အရေဖျား လှီးမင်္ဂလာကို မ ခံရသေး သောကြောင့် ၊ ယောရှု သည် အရေဖျား လှီးမင်္ဂလာကို ပေးလေ၏။ ၈ လူ အပေါင်း တို့သည် အရေဖျား လှီးမင်္ဂလာကို ခံပြီးမှ ၊ အနာ မပျောက်မှီတိုင်အောင် တပ် ထဲ ၌နေ ကြ၏။ ၉ ထာဝရဘုရား ကလည်း၊ အဲဂုတ္တု ပြည်နှင့် ဆိုင် သော ကဲ့ရဲ့ စရာအကြောင်းကို သင် တို့မှ ယနေ့ ငါပယ်ရှင်း ပြီဟု ယောရှု အား မိန့် တော်မူ၏။ သို့ ဖြစ်၍ ထို အရပ် ကို ဂိလဂါလ ဟု ယနေ့ တိုင်အောင်ခေါ် ဝေါ် သတည်း။ ၁၀ ဣသရေလ အမျိုးသား တို့သည် ဂိလဂါလ အရပ် တွင် တပ်ချ ၍ ၊ ထိုလ တဆယ် လေး ရက် နေ့ ညဦး ယံ၌ ယေရိခေါ လွင်ပြင် မှာ ပသခါ ပွဲ ကို ခံကြ၏။ ၁၁ ပသခါ ပွဲကို ခံပြီးမှ၊ နက်ဖြန် နေ့၌ ခါနာန် စပါးဖြင့် လုပ် သော တဆေး မဲ့မုန့်နှင့် ပေါက်ပေါက် ကို တနေ့ ခြင်း တွင် စား ရကြ၏။ ၁၂ ခါနာန်ပြည် စပါးကို စား၍၊ နက်ဖြန် နေ့၌ မန္နာ ပြတ် လေ၏။ နောက်တဖန် ဣသရေလ အမျိုးသား တို့ သည် မန္နာ ကိုမ ရ ကြ။ ထို နှစ် တွင် ခါနာန် ပြည် ၌ ဖြစ် သော အသီးအနှံကို စား ရကြ၏။ ၁၃ ယောရှု သည် ယေရိခေါ မြို့အနားမှာ ရှိ နေ စဉ် မြော် ကြည့်၍ ၊ လူ တယောက်သည် ထား ကိုထားအိမ်မှ ထုတ် ကိုင်လျက်၊ ကန့်လန့် ရပ်နေသည်ကို မြင် လျှင်၊ သူ ထံသို့ သွား ၍ သင် သည်ငါ တို့ဘက်၌နေသောသူလော၊ ငါ တို့ရန်သူ

ဘက်၌နေသောသူလောဟုမေး သော်၊ ၁၄ ထိုသူက၊ ထိုသို့မ ဟုတ်၊ ထာဝရဘုရား ၏ဗိုလ်ခြေ ကိုအုပ်စိုးသော ဗိုလ်မှူး ဖြစ်၍ယခု ငါလာ သည်ဟုဆို ၏။ ယောရှု သည်လည်း မြေ ပေါ် မှာ ပြပ်ဝပ် ကိုးကွယ်လျက်၊ ကိုယ်တော် ကျွန် အား အဘယ်သို့ မိန့် တော်မူမည်နည်းဟု မေး လျှောက်သော်၊ ၁၅ ထာဝရဘုရား ၏ ဗိုလ်ခြေ ကိုအုပ်စိုးသော ဗိုလ်မှူး က၊ သင် ၏ခြေနင်း ကို ချွတ် လော့။ သင် နင်း သောအရပ် ကား မြေမြတ် ဖြစ်သည်ဟု ဆိုသည်အတိုင်း ယောရှု ပြု လေ၏။

၆ ထိုအခါ ကြသရေလ အမျိုးသားတို့ကြောင့် ၊ ယေရိခေါ မြို့သည် ကျပ်တည်းစွာ ပိတ် ထားလျက် ရှိ၍ ၊ ထွက် သောသူ၊ ဝင် သောသူ တစုံတယောက်မျှမ ရှိသည်နှင့်အညီ၊ ၂ ထာဝရဘုရား က၊ ကြည့်ရှု လော့။ ယေရိခေါ မြို့၊ ယေရိခေါ မင်းကြီး နှင့်တကွ ခွန်အားကြီးသော စစ်သူရဲ တို့ ကို သင့် လက် ၌ ငါအပ် လေပြီ။ ၃ သို့ ဖြစ်၍ မြို့ ကိုလှည့်ပတ် ရကြမည်။ ကြသရေလစစ်သူရဲ အပေါင်း တို့သည် ခြောက် ရက် ပတ်လုံးလှည့်ပတ် ခြင်းအမှုကို ပြု ရကြမည်။ ၄ ယဇ် ပုရောဟိတ်ခုနစ် ယောက်တို့သည် သေတ္တာ တော်ရှေ့ မှာ ယုဘိလ တံပိုး ခုနစ် လုံးကို ဆောင် ရကြမည်။ သတ္တမ နေ့ ရက်၌ ခုနစ် ကြိမ် တိုင်အောင်မြို့ ကိုလှည့်ပတ် ၍ ယဇ်ပုရောဟိတ် တို့သည် တံပိုးကိုမှုတ် ရကြမည်။ ၅ ယုဘိလ တံပိုး တို့ကို ရှည်သောအသံနှင့် မှုတ် ၍ ၊ တံပိုး သံ ကိုကြား လျှင် လူ အပေါင်း တို့သည် ကျယ် သောအသံနှင့် ကြွေးကြော် ၍ ၊ မြို့ရိုး သည် အကုန်အစင်ပြိုလဲ ရလိမ့်မည်။ ထိုအခါ လူ များတို့သည် တည့်တည့် တက် ရကြမည် ဟု ယောရှု အား မိန့် တော်မူ၏။ ၆ နုန် ၏သား ယောရှု သည် ယဇ်ပုရောဟိတ် တို့ကို ခေါ် ၍ ၊ သင်တို့သည် ပဋိညာဉ် သေတ္တာ တော်ကို ထမ်း သွားသဖြင့်၊ ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့ မှာ ခုနစ် ယောက်တို့သည် ယုဘိလ တံပိုး ခုနစ် လုံးကို ဆောင် သွားကြလော့ဟူ၍ဆင်း၊ ၇ လူ များတို့အား လည်း ၊ သင်တို့သွား ၍ မြို့ ကိုလှည့်ပတ် ကြလော့။ လက်နက်ကိုင် တို့သည် ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့ မှာ သွား ကြလော့ဟူ၍ဆင်း မှာ ထားလေ ၏။ ၈ ယောရှု သည် လူ များတို့အား မှာ ထားပြီးမှ ၊ ယုဘိလ တံပိုး ခုနစ် လုံးကို ဆောင် သော ယဇ်ပုရောဟိတ် ခုနစ် ယောက်တို့သည် ထာဝရဘုရား ရှေ့ တော်၌ တံပိုး မှုတ် လျက် သွား ကြ၏။ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်သည် သူ တို့နောက် သို့ လိုက်လေ၏။ ၉ တံပိုး မှုတ် သော ယဇ်ပုရောဟိတ် တို့ရှေ့ မှာ လက်နက်ကိုင် တို့သည် သွား ၍ ၊ ယဇ်ပုရောဟိတ်များ တံပိုး မှုတ် လျက်သွား ကြစဉ်၊ နောက်တပ်သားတို့သည် သေတ္တာ တော်နောက် သို့ လိုက် ကြ၏။ ၁၀ ယောရှု ကလည်း၊ သင် တို့သည် ကြွေးကြော် စေခြင်းငှါ ငါ မှာ ထားသောနေ့ မ ရောက်မှီတွင် မ ကြွေးကြော် ရ၊ အသံ တစုံတခုကိုမျှ မ ပြုရ၊ စကား တခွန်းကိုမျှ မ ပြော ရ။ ထိုနေ့ရောက်မှ ကြွေးကြော် ရကြမည်ဟု လူ များတို့အား မှာ နှင့်လေပြီ။ ၁၁ ထိုသို့ ထာဝရဘုရား ၏ သေတ္တာ တော်သည် မြို့ ကိုတ ကြိမ် လှည့်ပတ် ဝိုင်း သွားပြီးလျှင် ၊ တပ် ထဲသို့ ဝင် ပြန်၍ ည၌ ကိုလွန်စေကြ၏။ ၁၂ နံနက် စောစော ယောရှု သည်ထ၍ ယဇ်ပုရောဟိတ် တို့သည် ထာဝရဘုရား ၏ သေတ္တာ တော်ကို ထမ်း ယူ ကြ၏။ ၁၃ ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့ မှာ ယုဘိလ တံပိုး ခုနစ် လုံးကို ဆောင် သော ယဇ်ပုရောဟိတ် ခုနှစ် ယောက်တို့သည် သွား မြဲသွား ၍ တံပိုး မှုတ် ကြ၏။ လက်နက်ကိုင် တို့သည် သူ တို့ရှေ့ မှာသွား ၍ ယဇ်ပုရောဟိတ်များ တံပိုး မှုတ် လျက် သွား ကြစဉ်၊ နောက်တပ်သားတို့ သည် ထာဝရဘုရား ၏ သေတ္တာ တော်နောက် သို့ လိုက် ကြ ၏။ ၁၄

ဒုတိယ နေ့ ၌ မြို့ ကိုတ ကြိမ် လှည့်ပတ် ပြီးမှတပ် ထဲသို့ ပြန် လာကြ၏။ ထိုသို့ ခြောက် ရက် ပတ်လုံးပြု ကြ၏။ ၁၅ သတ္တမ နေ့ နံနက် စောစောမိုယ်းလင်းစက ထ ၍ အရင်နည်းတူ၊ ခုနစ် ကြိမ် တိုင်အောင်မြို့ ကို လှည့်ပတ် က ၏။ ထို နေ့ ၌ သာ ခုနစ် ကြိမ် တိုင်အောင်မြို့ ကို လှည့်ပတ် ရက ၏။ ၁၆ သတ္တမ အကြိမ် တွင် ယဇ်ပုရောဟိတ် တို့သည် တံပိုး မှုတ် သောအခါ ၊ ယောရှု က၊ ကြွေးကြော် ကြလော့။ ထာဝရဘုရား သည် သင် တို့အား မြို့ ကိုပေး တော်မူမည်။ ၁၇ မြို့ နှင့်တကွ မြို့ ၌ ရှိသမျှ တို့ကို ကျိန် ၍ ထာဝရဘုရား ၌ အပ်ရမည်။ သို့ရာတွင်ပြည်တန်ဆာ ရာခပ် သည် ငါတို့စေလွှတ် သော တမန် တို့ကို ဝှက် ထားသောကြောင့် ၊ သူ နှင့်တကွ သူ ၏အိမ် ၌ ရှိသမျှ တို့အား အသက် ချမ်းသာပေးရမည်။ ၁၈ သင် တို့သည် ကျိန် အပ်သောအရာကို သတိ နှင့် ရှောင်ကြလော့။ သို့မဟုတ်ထိုအရာကို သိမ်းယူ လျှင် မိမိတို့ ကိုငင်း၊ ဣသရေလ တပ် ကိုငင်းအကျိန် ခံစေ၍ ၊ နှောင့်ရှက် မည်ကို စိုးရိမ်စရာရှိ၏။ ၁၉ ရွှေ ငွေ ကိုငင်း၊ ကြေးဝါ တန်ဆာ ၊ သံ တန်ဆာရှိသမျှ တို့ကိုငင်း၊ ထာဝရဘုရား အဘို့ သန့်ရှင်း စေ၍၊ ဘဏ္ဍာ တော်ထဲသို့ သွင်း ထားရကြမည်ဟု လူ များတို့အား ယောရှုသည် မှာ ထားလေ၏။ ၂၀ ထိုသို့ နှင့်အညီတံပိုး ကို မှုတ် ၍ ၊ လူ များတို့သည် ကြွေးကြော် ကြ၏။ တံပိုး သံ ကို ကြား ၍ ကျယ် သောအသံ နှင့် ကြွေးကြော် ကြသောအခါ ၊ မြို့ရိုး သည် အကုန်အစင်ပြိုလဲ ၍၊ လူ များအပေါင်းတို့သည် မြို့ ထဲ သို့ တည့်တည့် ဝင် ပြီးလျှင် သိမ်းယူ ကြ၏။ ၂၁ မြို့ ထဲ ၌ရှိသမျှ သော ယောကျ်ား ၊ မိန်းမ ၊ အကြီး အငယ် ၊ သိုး ၊ နွား ၊ မြည်း ရှိသမျှတို့ကို ထား နှင့် ရှင်းရှင်းဖျက်ဆီး ကြ၏။ ၂၂ ထိုပြည် ကို စူးစမ်း သော လူ နှစ် ယောက်တို့အား ယောရှု က၊ သင်တို့သည် ကျိန်ဆို သည်အတိုင်း ၊ ပြည်တန်ဆာ မိန်းမ အိမ် သို့ သွား ၍ ၊ သူ နှင့်တကွ သူ ၌ ရှိသမျှ တို့ကို ဆောင် ခဲ့ကြလော့ဟု မှာ လိုက်သည်အတိုင်း၊ ၂၃ တံလျှို လုပ်သောလုလင် တို့သည် ဝင် ၍ ၊ ရာခပ် နှင့် သူ့ မိဘ ၊ သူ့ မောင် များ၊ သူ ၌ ရှိသမျှ တို့ကိုငင်း ၊ သူ့ ပေါက်ဘော် အပေါင်း တို့ကိုငင်းထုတ် ဆောင်ခဲ့၍ ၊ ဣသရေလ တပ် ပြင် မှာထား ပြီးလျှင်၊ ၂၄ မြို့ နှင့်တကွမြို့ ၌ ရှိသမျှ တို့ကို မီး ရို့ ကြ၏။ သို့ရာတွင် ရွှေ ငွေ ကိုငင်း၊ ကြေးဝါ တန်ဆာ ၊ သံ တန်ဆာတို့ကိုငင်း၊ ထာဝရဘုရား ၏ ဘဏ္ဍာ တော်ထဲသို့ သွင်း ထားကြ၏။ ၂၅ ယောရှု သည်လည်း၊ ပြည်တန်ဆာ ရာခပ် နှင့် သူ့ ပေါက်ဘော် ၊ သူ ၌ ရှိသမျှ တို့ကို အသက် ချမ်းသာပေး၍ ၊ သူသည် ဣသရေလ အမျိုးသားတို့တွင် ယနေ့ တိုင်အောင် နေ ရလေ၏။ အကြောင်းမူကား ၊ ယေရိခေါ မြို့ ကို စူးစမ်း စေခြင်းဉ ၊ ယောရှု စေလွှတ် သော တမန် တို့ကို သူသည် ဝှက် ထားသောကြောင့်တည်း။ ၂၆ ထိုအခါ ယောရှု က၊ အကြင်သူ သည် ထ ၍ ယေရိခေါ မြို့ ကို တည် ပြန်၏၊ ထိုသူ သည် ထာဝရဘုရား ရှေ့တော်၌ ကျိန် အပ်သောသူဖြစ်ပါစေ။ သူ သည် သားဦး လက်ထက်၌ မြို့ရိုးအမြစ်ကိုတည် ၍ သားထွေး လက်ထက်၌ မြို့ တံခါး တို့ကို ထောင် ပါစေဟု ကျိန်ဆို ၏။ ၂၇ ထိုသို့ ထာဝရဘုရား သည် ယောရှု နှင့်အတူ ရှိ တော်မူ၍ ၊ သူ ၏ သိတင်း သည် တပြည် လုံး ၌ နှံ့ ပြား ကျော်စော လေ၏။

၇ သို့ရာတွင် ယုဒ အမျိုး ၊ ဇေရ ၊ ဇာဗဒိ ၊ ကာမိ တို့မှ ဆင်းသက်သော အာခန် သည်၊ ကျိန် အပ်သောအရာကို သိမ်းယူ ၍ ထိုအရာအားဖြင့်ဣသရေလ အမျိုးသားတို့ သည် ပြစ်မှား သောအပြစ် ရှိသောကြောင့်၊ ထာဝရဘုရား သည် သူ တို့ ၌ အမျက်ထွက် တော်မူ၏။ ၂ ယောရှု သည်လည်း ၊ ယေရိခေါ မြို့မှ လူ တို့ကို စေလွှတ် ၍၊ သင်တို့သည် ဗေသလ

မြို့အရှေ့၊ ဗေသဝင် မြို့ အနား မှာရှိသော အာက္က မြို့သို့ သွား ၍ ထိုပြည် ကို ကြည့်ရှု ကြလော့ဟု မှာ ထားသည်အတိုင်း သူတို့သည် သွား ၍ ၊ အာက္က မြို့ကို ကြည့်ရှု ပြီးလျှင်၊ ၃ ယောရှု ထံ သို့ ပြန် လာ၍ ၊ ဤလူ တို့ကို အကုန်အစင် မ သွား ပါစေနှင့်။ လူ နှစ် ထောင်သုံး ထောင် လောက် သွား ၍ အာက္က မြို့ကို လုပ်ကြံ ပါစေ။ ထို မြို့သို့ သွားရာတွင် ဤလူ အပေါင်း တို့ကို မ ပင်ပန်း ပါစေနှင့်။ မြို့ သားတို့သည် မများ ပါဟု လျှောက် သည်နှင့်အညီ၊ ၄ လူ သုံး ထောင် ခန့် မျှ ချီ သွား၍ အာက္က မြို့ သား တို့ ရှေ့ မှာ ပြေး ရကြ၏။ ၅ အာက္က မြို့ သား တို့သည် လူ သုံးဆယ် ခြောက် ယောက်တို့ကိုသတ် ကြ၏။ မြို့ တံခါး မှ သည် ရှေဗရိမ် အရပ် တိုင်အောင် လိုက် ၍ ၊ ထိုအရပ်၌ ဆင်း ရာတွင် လုပ်ကြံ ကြသောကြောင့်၊ လူ များတို့၏ စိတ်နှလုံး သည် အရည်ကျိ ၍ ရေ ကဲ့သို့ ဖြစ် လေ၏။ ၆ ထိုအခါ ယောရှု သည် မိမိ အဝတ် ကို ဆုတ် ၍ ဣသရေလ အမျိုး အသက်ကြီး သူတို့နှင့်တကွ ၊ မိမိ တို့ခေါင်း ပေါ် ၌ မြေမှုန့် ကိုတင် ၍ ထာဝရဘုရား ၏ သေတ္တာ တော် ရှေ့ မှာ ည ဦးတိုင်အောင် ဝပ် လျက်နေကြ၏။ ၇ ယောရှု ကလည်း ၊ အို အရှင် ထာဝရဘုရား ၊ ကိုယ်တော် သည် ဤ လူ အပေါင်းတို့ကို အာမောရိ လူတို့လက် သို့ အပ် ၍ ဖျက်ဆီး စေခြင်းငှါ ယော်ဒန် မြစ်တဘက် သို့ အဘယ်ကြောင့် ဆောင်ခဲ့တော်မူသနည်း။ အကျွန်ုပ်တို့ သည် ရောင့်ရဲသောစိတ်ရှိ၍ ယော်ဒန် မြစ်အရှေ့ဘက်၌ နေ ကြပါစေသော။ ၈ အို ဘုရား ရှင်၊ ဣသရေလ အမျိုးသားတို့သည် ရန်သူ တို့ရှေ့ မှာ ကျော ကိုလှည့် ရကြသည်ဖြစ်၍ အကျွန်ုပ် သည် အဘယ်သို့ ပြော ရပါမည်နည်း။ ၉ ခါနန် လူ အစရှိသော ဤပြည်သူပြည်သား အပေါင်း တို့သည် ထိုသိတင်းကို ကြား လျှင်၊ အကျွန်ုပ် တို့ကို ဝိုင်း ၍ အကျွန်ုပ် တို့၏နာမည် ကို မြေကြီး မှ ပယ်ရှင်း ကြပါ လိမ့်မည်။ ကိုယ်တော် သည် ကြီးမြတ် သောနာမ တော်အဘို့ အလိုငှါ အဘယ်သို့ ပြု တော်မူမည်နည်းဟု လျှောက်ဆို ၏။ ၁၀ ထာဝရဘုရား ကလည်း ၊ ထ လော့။ အဘယ်ကြောင့် ဝပ် ၍နေသနည်း။ ၁၁ ဣသရေလ အမျိုးသည် ပြစ်မှား ပြီ။ ငါမှာ ထား သော ပဋိညာဉ် တရားကို ဖျက် လေပြီ။ ကျိန် အပ်သောအရာကို ခိုး ယူ၍ ပရိယာယ် ပြုသဖြင့် မိမိ ဥစ္စာ ထဲ မှာ ထား လေပြီ။ ၁၂ ထိုသို့ ဣသရေလ အမျိုးသားတို့သည် ကျိန် အပ် သောသူဖြစ် သောကြောင့် ၊ ရန်သူ တို့ရှေ့ မှာ မခံ မ ရပ်နိုင် ၊ ကျော ကို လှည့် ရကြ၏။ ကျိန် အပ်သောသူကို သင် တို့အထဲ က မ ပယ် မရှင်းလျှင် သင် တို့နှင့်အတူ ငါမ နေ။ ၁၃ ထ ၍ လူ များတို့ကို သန့်ရှင်း စေလော့။ နက်ဖြန် နေ့အဘို့ ကိုယ်ကိုကိုယ်သန့်ရှင်း စေကြဟု ဆင့်ဆို လော့။ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူ သည်ကား၊ အိုဣသရေလ အမျိုး၊ ကျိန် အပ်သောအရာ သည် သင် တို့အထဲ ၌ ရှိ၏။ ထိုအရာကို သင် တို့အထဲ က မပယ် မရှင်းမှီတိုင်အောင် ရန်သူ တို့ရှေ့ မှာ မ ခံ မရပ်နိုင် ကြ။ ၁၄ နက်ဖြန်နံနက် ၌ သင် တို့သည် အမျိုးအနွယ် အလိုက် ချဉ်းကပ် ရကြမည်။ ထာဝရဘုရား မှတ် တော်မူသော အမျိုး သည်၊ အဆွေအမျိုး အလိုက် ချဉ်းကပ် ရကြမည်။ ထာဝရဘုရား မှတ် တော်မူသောအမျိုး သည်၊ အိမ်ထောင် စုံနှင့် ချဉ်းကပ် ရကြမည်။ ထာဝရဘုရား မှတ် တော်မူသောအိမ်ထောင် သည် လူ အသီးသီးချဉ်းကပ် ရကြမည်။ ၁၅ ကျိန် အပ်သော အရာပါ လျက် မှတ် တော်မူသောသူမှစ၍၊ သူ ၌ ရှိသမျှ တို့ကို မီး ရှို့ရကြမည်။ အကြောင်းမူကား ၊ သူသည် ထာဝရဘုရား ၏ ပဋိညာဉ် တရားကို ဖျက် ၍ ဣသရေလ အမျိုး၌ အဓမ္မ အမှုကို ပြု လေပြီဟု ယောရှု

အား မိန့် တော်မူ၏။ ၁၆ နံနက် စောစောယောရှ သည် ထ၍ ဣသရေလ လူတို့ကို အမျိုးအနွယ် အလိုက် ဆောင်ခဲ့သဖြင့် ယုဒ အမျိုး ကို မှတ် တော်မူ၏။ ၁၇ ယုဒ အမျိုး ကို ဆောင် ခဲ့သဖြင့် ၊ ဇေရိ အဆွေအမျိုး ကို မှတ် တော်မူ၏။ ဇေရိ အဆွေအမျိုး အိမ်ထောင် စုံ အသီးအသီးတို့ကို ဆောင် ခဲ့သဖြင့် ဇာဗဒိ အိမ်ထောင်ကို မှတ် တော်မူ၏။ ၁၈ ထိုအိမ်ထောင် လူ အသီးအသီးတို့ကို ဆောင် ခဲ့သဖြင့် ယုဒ အမျိုး ၊ ဇေရ ၊ ဇာဗဒိ ၊ ကာမိ တို့မှ ဆင်းသက်သော အာခန် ကို မှတ် တော်မူ၏။ ၁၉ ယောရှ ကလည်း၊ ငါ့ သား ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ကို ချီးမွမ်း ၍ ရှေ့တော်၌ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ပါလော့။ သင်ပြု မိသောအမှု ကိုငါ့ အား ပြော ပါလော့။ ဝှက် ၍မ ထား ပါနှင့်ဟု အာခန် အား ဆို လျှင်၊ ၂၀ အာခန် က၊ ဟုတ် ပါ၏။ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ကို ကျွန်တော် ပြစ်မှား ပါပြီ။ ကျွန်တော်ပြု မိသောအမှု ဟူမူကား၊ ၂၁ လုယူ သော ဥစ္စာတို့တွင် မြတ် သောဗာဗုလုန် ဝတ်လုံ ၊ ငွေ နှစ် ပိသာ၊ ရွှေ တုံးအကျပ် ငါးဆယ် ကို ကျွန်တော် မြင် သဖြင့် ၊ တပ်မက် ၍ သိမ်းယူ မိပါပြီ။ ကျွန်တော် တဲ အတွင်း မြေ ၌ မြှုပ် လျက် ငွေ သည် အောက် ဆုံးရှိပါ သည်ဟု ယောရှ အား ပြန် လျှောက်လေ၏။ ၂၂ ထိုအခါ ယောရှ စေလွှတ် သောသူ တို့သည် တဲ သို့ ပြေး ၍ ထိုဥစ္စာသည် တဲ အတွင်း မြေ၌မြှုပ် လျက်၊ ငွေ သည် အောက် ဆုံးရှိသည်ကို တွေ့ သော်၊ ၂၃ တဲ ထဲ က ထုတ် ၍ ယောရှ ထံ ဣသရေလ အမျိုးသားများရှေ့ သို့ ဆောင် သွားသဖြင့် ၊ ထာဝရဘုရား ရှေ့ တော်၌ ထား ကြ၏။ ၂၄ ယောရှ နှင့် ဣသရေလ အမျိုးသားအပေါင်း တို့ သည်၊ ဇေရ သား အာခန် မှစ၍ ထိုငွေ ၊ ဝတ်လုံ ၊ ရွှေ တုံး၊ သားသမီး ၊ သိုး နွား မြည်း ၊ တဲ နှင့်တကွ သူ ၌ ရှိသမျှ တို့ကို အာခေါ် ချိုင့် သို့ ဆောင် သွားပြီးမှ၊ ၂၅ ယောရှ က၊ ငါ တို့ကို အဘယ်ကြောင့် နှောင့်ရှက် သနည်း။ ယနေ့ ထာဝရဘုရား သည် သင့် ကို နှောင့်ရှက် တော်မူမည်ဟု ဆို သဖြင့် ၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် ကျောက်ခဲ နှင့် ပစ်ကြ၏။ ကျောက်ခဲ နှင့် ပစ်ကြ ပြီးမှ ၊ မီး ရှို့ကြ၏။ ၂၆ သူ့ အပေါ် ၌ များစွာ သော ကျောက် တို့ကို ပုံ ထား ကြ၍ ယနေ့ တိုင်အောင် ရှိ၏။ ထာဝရဘုရား သည်လည်း အမျက် တော်အရှိန် ကို ငြိမ်း စေတော်မူ၏။ ထို အမှုကို အစွဲပြု ၍ ထို ချိုင့် ကို ယနေ့ တိုင်အောင် အာခေါ် ချိုင့် ဟု ခေါ် ဝေါ် ကြသတည်း။

၈ တဖန် ထာဝရဘုရား ကလည်း၊ သင်သည် မ ကြောက် နှင့်၊ စိတ် မ ပျက်နှင့်။ သင် ၌ ပါသောစစ်သူရဲ အပေါင်း တို့ကို ခေါ် ၍ အာဂ္ဂ မြို့သို့ ထ သွားလော့။ အာဂ္ဂ မင်းကြီး နှင့် သူ့ လူ များ၊ သူ့ မြို့ ၊ သူ့ မြေ ကို သင့် လက် ၌ ငါအပ် မည်။ ၂ ယေရိခေါ မြို့ နှင့် မင်းကြီး အား ပြု သကဲ့သို့ အာဂ္ဂ မြို့ နှင့် မင်းကြီး အား ပြု ရမည်။ သို့ရာတွင် လုယူ သော ဥစ္စာ၊ တိရစ္ဆာန် များကို ကိုယ် အတို့ သိမ်း ရမည်။ မြို့ နောက် မှာ ကင်းတပ်ကို ထား ရမည်ဟု ယောရှ အား မိန့် တော်မူသည်အတိုင်း၊ ၉ ယောရှ နှင့် စစ်သူရဲ အပေါင်း တို့သည် အာဂ္ဂ မြို့ ကို တိုက် ခြင်းငှါ ထ ကြ၏။ ယောရှ သည် ခွန်အားကြီးသော စစ်သူရဲ သုံးသောင်း တို့ကို ရွေးချယ် ၍ ညဉ့် အခါစေလွှတ် လျက်၊ ၄ သင် တို့သည် ထိုမြို့ ကို တိုက်ခြင်းငှါမြို့ နောက် မှာ ကင်း ထိုးလျက်နေကြလော့။ မြို့ နှင့် ဝေးဝေး ခွာ၍ မ သွား ကြနှင့်။ တညီတညွတ်တည်း အသင့် နေ ကြလော့။ ၅ ငါ နှင့်တကွ ငါ ၌ ပါသော သူ အပေါင်း တို့သည် မြို့ အနီးသို့ ချဉ်းကပ် မည်။ သူတို့သည် ယမန် ကဲ့သို့ တိုက် ခြင်းငှါ ထွက်

လာကြသောအခါ ၊ ငါတို့သည် သူ တို့ရှေ့ မှာ ပြေး ရကြမည်။ ၆ သူတို့လည်း လိုက်ခြင်းငှါမြို့ထဲကထွက်၍၊ မြို့ နှင့်
ကွာမှန်းကိုမသိဘဲ ခွါ ၍ လိုက် ကြလိမ့်မည်။ အကြောင်းမူကား ၊ သူ တို့ရှေ့ မှာ ငါတို့သည် ပြေး သောအခါ ၊ ယမန်
ကဲ့သို့ ငါ တို့ရှေ့ မှာ ပြေး ကြပြီဟု သူတို့ဆို ကြလိမ့်မည်။ ၇ ထိုအခါ သင် တို့သည် ကင်းထိုး လျက် နေရာအရပ်မှ
ထ ၍ မြို့ ကိုတိုက် လျှင်၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် သင် တို့လက် ၌ အပ် တော်မူမည်။ ၈ တိုက်
၍ အောင်သောအခါ မြို့ ကို မီး ရှို့ရကြမည်။ ထာဝရဘုရား မိန့် တော်မူသည်အတိုင်း ပြု ရကြမည်။ ထိုသို့ ငါဆင့်ဆို
သည်ဟု ထိုသူ တို့အား မှာ ထားလေ၏။ ၉ ယောရှု စေလွှတ် သည်အတိုင်း ၊ ထိုသူတို့သည် ကင်း ထိုးခြင်းငှါ သွား ၍ ၊
ဗေသလ မြို့နှင့် အာက္ကဲ မြို့ စပ်ကြား တွင် အာက္ကဲ မြို့ အနောက် ဘက်မှာ နေ ကြ၏။ ယောရှု သည် ထို ညဉ့် တွင် လူ
များထဲ မှာ နေသေး၏။ ၁၀ နံနက် စောစောထ ၍ လူ များတို့ကို ရေတွက် ပြီးမှ ၊ ဣသရေလ အမျိုး အသက်ကြီး
သူတို့နှင့်အတူ အာက္ကဲ မြို့ သို့ အဦး ချီ သွားလေ၏။ ၁၁ ယောရှု ၌ ပါသော စစ်သူရဲ အပေါင်း တို့သည် လိုက် ၍ မြို့
အနီး သို့ ရောက် ပြီးလျှင် ၊ မြို့ မြောက် ဘက်၌ တပ်ချ ကြ၏။ သူ တို့နှင့် မြို့ စပ်ကြား မှာ ချိုင့် တခုရှိ၏။ ၁၂ တဖန်
အာက္ကဲ မြို့အနောက် ၊ ထိုမြို့ နှင့် ဗေသလ မြို့စပ်ကြား မှာ ကင်းထိုး စေခြင်းငှါလူ ငါး ထောင် ခန့် မျှ ထား လေ၏။ ၁၃
ထိုသို့လျှင်၊ မြို့ မြောက် ဘက်မှာ ဗိုလ်ခြေ အပေါင်း ခင်းကျင်းလျက်၊ အနောက် ဘက်မှာ လည်း ကင်း ထိုးလျက်၊
အသီးသီးနေရာ ကျကြသောအခါ ၊ ယောရှု သည် ထို ညဉ့် တွင် ချိုင့် အလယ်သို့ သွား လေ၏။ ၁၄ ထိုအခြင်းအရာတို့ကို
အာက္ကဲ မင်းကြီး သည် မြင် လျှင် ၊ မြို့ သား ယောကျ်ားတို့သည် စောစော ထ၍ အလျင်အမြန် ပြင်ဆင်ပြီးမှ ၊ မင်းကြီး
သည် လူ အပေါင်း တို့နှင့်တကွ ဣသရေလ အမျိုးသားတို့ကို တိုက် ခြင်းငှါ ၊ ချိန်းချက် သော အချိန်၌ လွင်ပြင် သို့ ချီ
သွားလေ၏။ သို့ရာတွင် မြို့ နောက် မှာ ကင်း တပ်ရှိမှန်းကို မ သိ။ ၁၅ ယောရှု နှင့် ဣသရေလ အမျိုးသားအပေါင်း တို့
သည် ရုံး ဟန်ပြုလျက် တော လမ်း ဖြင့် ပြေး ကြ၏။ ၁၆ သူ တို့ကို လိုက် ခြင်းငှါ ၊ အာက္ကဲ မင်းကြီးသည် မြို့၌ ရှိသမျှ
သော ယောကျ်ား တို့ကို နှိုးဆော် ပြီးလျှင် ၊ မြို့သားတို့ သည် ယောရှု ကိုလိုက် ၍ ၊ မြို့ နှင့် ကွာမှန်းမသိ ခွါ သွားကြ၏။
၁၇ ဣသရေလ အမျိုးသားတို့ကို မ လိုက် ဘဲ၊ အာက္ကဲ မြို့နှင့် ဗေသလ မြို့၌ ယောကျ်ား တယောက်မျှ မ နေ ၊ မြို့ ကို
လှပ် ထားလျက် ဣသရေလ အမျိုးသားတို့ကို လိုက် ကြ၏။ ၁၈ ထာဝရဘုရား ကလည်း ၊ သင် ကိုင် သောလှံ ကို
အာက္ကဲ မြို့သို့ ရွယ် လော့။ ထိုမြို့ ကို သင့် လက် သို့ ငါအပ် မည်ဟု ယောရှု အား မိန့် တော်မူသည်အတိုင်း ၊ ယောရှု
သည် မိမိကိုင် သောလှံ ကို ထိုမြို့ သို့ ရွယ် လေ၏။ ၁၉ ရွယ်သောအခါ ၊ ကင်း တပ်သားတို့သည် ချက်ခြင်း ထ ၍
အလျင်အမြန် ပြေး လျက် မြို့ ထဲသို့ဝင် မိလျှင် ၊ ကြိုးစား ၍ သိမ်းယူ ပြီးမှ မီး ရှို့ကြ၏။ ၂၀ အာက္ကဲ မြို့သား တို့သည်
ပြန် ကြည့် ၍ ၊ မြို့ ကို လောင်သော မီး၏အခိုး သည် မိုဃ်းကောင်းကင် သို့ တက် လျက်ရှိသည်ကို မြင် သောအခါ ၊
အဘယ်အရပ်ကိုမျှ ပြေး ခြင်းငှါ မ တတ်စွမ်းနိုင်ကြ။ တော သို့ပြေး သောသူ တို့သည် လည်း လိုက် သောသူတို့ကို
ပြန် လှန်၍ တိုက် ကြ၏။ ၂၁ ကင်း တပ်သားတို့သည် မြို့ ကိုရ ၍ မြို့ ၌ မီးခိုး တက် လျက် ရှိသည်ကို ယောရှု နှင့်
ဣသရေလ အမျိုးသားအပေါင်း တို့သည် မြင် လျှင် ၊ တဖန် ပြန် လှည့်၍ အာက္ကဲ မြို့သား တို့ကို တိုက် သတ်ကြ၏။ ၂၂

အခြားသောသူတို့သည်လည်း မြို့ ထဲက ထွက် ၍ တိုက် သောကြောင့် ဣသရေလ အမျိုးသားတို့သည် အာဂ လူတို့ကို ညှပ်၍ တိုက်သဖြင့် တယောက်ကိုမျှမ လွှတ် မကျန် ကြွင်း စေခြင်းငှါ လုပ်ကြံ ကြ၏။ ၂၃ အာဂ မင်းကြီး ကို အရှင် ဘမ်း ၍ ယောရှု ထံ သို့ ဆောင် ခဲ့ကြ၏။ ၂၄ ဣသရေလ အမျိုးသားတို့သည် လွင်ပြင် ၌ ၎င်း၊ လိုက်ရှာ ရာ တော ၌ ၎င်း၊ အာဂ မြို့သား အပေါင်း တို့ကို လုပ်ကြံ ၍ ထား ဖြင့် အကုန်အစင် သုတ်သင် ပြီးမှ ၊ တဖန် မြို့သို့ ပြန် လာ၍ ထား ဖြင့် လုပ်ကြံ ကြ၏။ ၂၅ ထို နေ့ ၌ တသောင်း နှစ်ထောင်ခန့်မျှ ရှိသောအာဂ မြို့သား ယောကျ်ား မိန်းမ အပေါင်း တို့သည် သေ ကြ ၏။ ၂၆ အာဂ မြို့သူ မြို့သားအပေါင်း တို့ကို အကုန်အစင်မဖျက်ဆီး မှီတိုင်အောင် ယောရှု သည်လုံ့ ကိုင် သော လက် ကို မ သိမ်း မရုပ်။ ၂၇ သို့ရာတွင် ထာဝရဘုရား သည် ယောရှု အား မှာ ထား တော်မူသော စကား အတိုင်း ၊ တိရစ္ဆာန် များနှင့် လက်ရ ဥစ္စာများကို၊ ဣသရေလ အမျိုးသားတို့သည် ကိုယ် အဘို့ သိမ်းယူ ကြ၏။ ၂၈ ယောရှု သည်လည်း အာဂ မြို့ကို မီး ရှို့၍ ၊ ယနေ့ တိုင်အောင် ထာဝရ ဖျက်ဆီး ရာ အမှိုက်ပုံ ဖြစ် စေ၏။ ၂၉ အာဂ မင်းကြီး ကို ညဦး တိုင်အောင် သစ်ပင် တွင် ဆွဲ ထား၍ ၊ မိုဃ်းချုပ် သောအခါ ၊ ယောရှု စီရင် သည် အတိုင်း၊ အသေကောင် ကို သစ်ပင် က ချ ပြီးလျှင် မြို့ တံခါးဝ ၌ ပစ် ထား၍ ၊ အသေကောင် အပေါ် ၌ များစွာ သော ကျောက် တို့ကို စုပုံ ကြ၏။ ထိုကျောက်ပုံသည် ယနေ့ တိုင်အောင် ရှိ၏။ ၃၀ ထိုအခါ ယောရှု သည်၊ ဧဗလ တောင် ပေါ် မှာ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အဘို့ ၊ ယဇ်ပလ္လင် ကို တည် လေ၏။ ၃၁ ထာဝရဘုရား ၏ ကျွန် မောရှေ သည်၊ ဣသရေလ အမျိုးသားတို့ကို မှာ ထား၍ မောရှေ ၏ ပညတ္တိ ကျမ်း ၌ ရေး မှတ်လျက်ရှိသည်အတိုင်း ၊ သံ တန်ဆာမ ပါမသုံး ဘဲ မ ကွဲမပြတ်သော ကျောက် တို့ ဖြင့် ယဇ်ပလ္လင် ကို တည်၍၊ ထာဝရဘုရား အဘို့ မီးရှို့ ရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော် ကြ၏။ ၃၂ ယောရှုသည်လည်း ၊ ထို ကျောက် ပေါ် ၌ မောရှေ ၏ ပညတ် တရားကို ဣသရေလ အမျိုးသားတို့ရှေ့ မှာ ရေး ကူးလေ၏။ ၃၃ ဣသရေလ အမျိုးသား တို့ကို ကောင်းကြီး ပေး ခြင်း အလိုငှါ ၊ ထာဝရဘုရား ၏ကျွန် မောရှေ မှာ ထားခဲ့ သည်အတိုင်း ၊ ဣသရေလ အမျိုး အသက်ကြီး ၊ ဗိုလ် မင်း၊ တရားသူကြီး အမျိုးသားအပေါင်းတို့သည်၊ ယဇ်ပုရောဟိတ် လေဝိ သားထမ်း သော ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ နှစ်ဘက်၌ ရပ် ၍၊ အမျိုးသား စစ်နှင့် တကျွန်း နိုင်ငံသားပါလျက်၊ ဂေရဇိမ် တောင် ပေါ် မှာ လူတဝက် ၊ ဧဗလ တောင် ပေါ် မှာ တဝက် တို့သည် နေကြလျှင်၊ ၃၄ ပညတ္တိ ကျမ်း ၌ ရေး ထားသမျှ သောကောင်းကြီး မင်္ဂလာစကားနှင့် ကျိန်ခြင်းအမင်္ဂလာ စကား တည်းဟူသော တရား စကား အလုံးစုံ တို့ကို ဘတ်ရွတ် လေ၏။ ၃၅ ယောရှု သည် မောရှေ မှာ ထားသော စကား တခွန်းကိုမျှ မ ချန်မထား ၊ မိန်းမ ၊ သူငယ် ၊ တကျွန်း နိုင်ငံသားပါသောဣသရေလ အမျိုးသားပရိတ်သတ် အပေါင်း တို့ ရှေ့ မှာ အကုန်အစင်ဘတ်ရွတ် လေ၏။

၉ ယော်ဒန် မြစ် အနောက် ဘက်၊ တောင် ပေါ် ၌ ၎င်း ၊ ချိုင့် ထဲ ၌၎င်း ၊ လေဗနုန် တောင်တဘက် ၊ မဟာ ပင်လယ် ကမ်း တရှောက်လုံး ၌၎င်း နေသော ဟိတ္တိ ၊ အာမောရိ ၊ ခါနန် ၊ ဖေရဇိ ၊ ဟိဝိ ၊ ယေဗုသိ အမျိုးမင်းကြီး အပေါင်း တို့သည် သိတင်းကြား သောအခါ၊ ၂ ယောရှု နှင့် ဣသရေလ အမျိုးသားတို့ကို စစ်တိုက် ခြင်းငှါ တညီတညွတ် တည်းစည်းဝေး

ကြ၏။ ၃ ဂိဟောင် မြို့သား တို့သည် ယေရိခေါ မြို့၊ အာက္ခ မြို့ ၌ ယောရှု ပြု သောအမှု ကို ကြား သောအခါ၊ ၄ ပရိယာယ် ပြု ၍ သံတမန် လုပ်လျက် ၊ မြည်း ပေါ် မှာ ဟောင်းနွမ်း သောအိတ် တို့ကို တင်၍ ၊ ဟောင်းနွမ်း စုတ် ကွဲဖာ ပြင်သော စပျစ်ရည် သားရေ ဘူးတို့ကို ယူ ကြ၏။ ၅ ဟောင်းနွမ်း ဖာ ပြင်သော ခြေနင်း ကို စီး၍၊ ဟောင်းနွမ်း သောအဝတ် ကိုလည်း ဝတ်ကြ၏။ အောက်၍ မှို တက်လျက်ရှိ သောရိက္ခါ ကိုသာ ဆောင်ခဲ့လျက်၊ ၆ ယောရှု ရှိရာ ဂိလဂါလ တပ် သို့ ရောက် လာလျှင် ၊ အကျွန်ုပ် တို့သည် မိဿဟာယ ဖွဲ့ ခြင်းငှါ၊ ဝေး သောပြည် က လာ ကြပါသည်ဟု ယောရှု နှင့် ဣသရေလ လူ တို့အား ပြော ဆို ကြ၏။ ၇ ဣသရေလ အမျိုးသား တို့ကလည်း ၊ သင် တို့သည် ငါ တို့အနား မှာ နေသည် မနေ သည်ကို မသိနိုင်။ အဘယ်သို့ မိဿဟာယ ဖွဲ့ နိုင်သနည်းဟု ဟိဝိ လူတို့အား ဆို ကြလျှင်၊ ၈ သူတို့က အကျွန်ုပ် တို့သည် ကိုယ်တော် ကျွန် ဖြစ် ပါ၏ဟု ယောရှု အား လျှောက်ဆို ကြ၏။ ယောရှု ကလည်း ၊ သင် တို့သည် အဘယ် သို့သောသူနည်း။ အဘယ် အရပ်က လာ ကြသနည်းဟုမေး လျှင်၊ ၉ သူတို့က၊ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား ၏ နာမ တော်ကြောင့် ကိုယ်တော် ကျွန် တို့သည် အလွန် ဝေး သောပြည် က လာ ပါပြီ။ ထာဝရ ဘုရား၏ သိတင်း တော်ကိုဂင်း၊ အဲဂုတ္တု ပြည်၌ ပြု တော်မူသမျှ ကိုဂင်း၊ ၁၀ ယော်ဒန် မြစ်အရှေ့ ဘက်၌ နေသော အာမောရိ မင်းကြီး ၊ ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် ၊ အာရှတရုတ် မြို့မှာ နေသော ဗာရှန် ရှင်ဘုရင် ဩဃ တို့ ၌ ပြု တော်မူသမျှ ကို ၎င်း ကြား ပါပြီ။ ၁၁ ထိုကြောင့် အကျွန်ုပ် တို့ ၌ အသက်ကြီး သောသူတို့ နှင့် ပြည်သူ ပြည်သားအပေါင်း တို့က၊ လမ်းခရီး ရိက္ခါ ကို ယူ ၍ သူ တို့ကို ခရီးဦးကြို ပြုခြင်းငှါ သွား ကြလော့။ ငါ တို့ သည် သူ တို့၏ကျွန် ဖြစ်ကြောင်းနှင့် မိဿဟာယ ဖွဲ့ ရပါမည်အကြောင်းကို လျှောက် ထားကြလော့ဟု မှာ လိုက်ပါပြီ။ ၁၂ ကိုယ်တော် ထံ သို့ရောက် အံ့သောငှါ ထွက် လာ သောနေ့ ၌ ခရီးရိက္ခါတို့ ကိုယ် အိမ် မှ ဆောင် ယူခဲ့သော ဤ မုန့် သည် ပူနွေး လျက်ရှိပါ၏။ ယခု ကြည့် ပါ။ အောက် လျက် မှို တက်လျက်ရှိ ပါ၏။ ၁၃ စပျစ်ရည် ပြည့် သော ဤ သားရေ ဘူးတို့သည် အသစ် ဖြစ်သော်လည်း ၊ ယခုကြည့် ပါ စုတ် ကွဲလျက်ရှိပါ၏။ ဤ အဝတ် ဤခြေနင်း တို့သည်လည်း အလွန် ခရီး ဝေး သောကြောင့် ဟောင်းနွမ်း ပါပြီဟု ပြန်လျှောက် ကြ၏။ ၁၄ ဣသရေလလူတို့သည် ထာဝရဘုရား ထံတော်၌ အခွင့် မ ပန် ဘဲ ထိုသူ တို့၏ရိက္ခါ ကို စား ကြ၏။ ၁၅ ယောရှု သည်လည်း သူ တို့ကို စစ်မှုနှင့်လွတ် စေ ၍၊ အသက် ချမ်းသာစေမည်အကြောင်းမိဿဟာယ ဖွဲ့ ၏။ ပရိသတ် မင်း တို့သည်လည်း ကျိန်ဆို ခြင်းကို ပြုကြ၏။ ၁၆ မိဿဟာယ ဖွဲ့ ၍ သုံး ရက် လွန် သောအခါ ၊ ထိုသူ တို့ သည် အိမ်နီးချင်း ဖြစ်၍ ၊ အနား မှာ နေ ကြောင်း ကို ဣသရေလအမျိုးသားတို့သည် ကြား သိလျှင်၊ ၁၇ ခရီး သွား၍ သုံး ရက်မြောက်သောနေ့ ၌ သူ တို့မြို့ ရွာ သို့ ရောက် ကြ၏။ သူ တို့မြို့ ကား ဂိဗောင် မြို့၊ ခေဖိရာ မြို့၊ ဗေရုတ် မြို့၊ ကိရယတ်ယာရိမ် မြို့တည်း။ ၁၈ ပရိသတ် အကဲအမှူး တို့သည် ဣသရေလ အမျိုး ၏ ဘုရား သခင်ထာဝရဘုရား ကို တိုင်တည်၍ ကျိန်ဆို ခြင်းကို ပြုသောကြောင့် ၊ ဣသရေလ အမျိုးသားတို့သည် သူ တို့ကို မ လုပ်ကြံ ကြ။ ပရိသတ် အပေါင်း တို့သည် အကဲအမှူး တို့ကို အပြစ် တင်ကြ၏။ ၁၉ အကဲအမှူး တို့ကလည်း ၊ ငါတို့သည် ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ကို တိုင်တည်၍ ကျိန်ဆို ခြင်းကို ပြုသောကြောင့်သူ တို့ကို မ ထိ

မခိုက်ရ။ ၂၀ သူ တို့အား ကျိန်ဆို မိသောကြောင့်အပြစ် ဒဏ်ရောက် မည်ကို စိုးရိမ်၍၊ အသက် ချမ်းသာပေးသဖြင့် အဘယ်သို့ပြု ရမည်နည်းဟူမူကား၊ ၂၁ အကဲအမှူး များ ဂတိ ရှိသည်အတိုင်း အသက် ချမ်းသာပေး၍၊ ပရိသတ် အပေါင်း တို့အဘို့ ထင်း ခုတ် သောသူ၊ ရေ ခပ် သောသူဖြစ် စေရမည်ဟု ပရိသတ် အပေါင်းတို့ အား ပြန်ပြော ကြ၏။ ၂၂ ယောရှု သည်လည်း သူ တို့ကို ခေါ် ၍ ၊ သင် တို့သည် ငါ တို့အနား မှာ နေ လျက်ပင်၊ ဝေး သောအရပ်က လာပါပြီဟုဆို ၍ ငါ တို့ကို အဘယ်ကြောင့် လှည့်စား ကြသနည်း။ ၂၃ ယခု မှာ သင် တို့သည် ကျိန် အပ်သောသူဖြစ် သဖြင့် ၊ ကျွန် ခံ၍ ငါ ၏ဘုရား သခင်အိမ် တော်အဘို့ ထင်း ခုတ် ခြင်း၊ ရေ ခပ် ခြင်းအမှုနှင့် တယောက်မျှမ လွတ် ရဟု ဆို ၏။ ၂၄ သူတို့ကလည်း၊ ဤပြည် တရှောက်လုံး ကို သင် တို့အား ပေး ၍ ၊ ပြည်သူပြည်သား အပေါင်း တို့ကို သင် တို့ရှေ့မှ ပယ်ရှင်း ခြင်းငှါ ၊ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား သည် မိမိ ကျွန် မောရှေ အား မှာ ထားတော်မူကြောင်းကို ကိုယ်တော် ကျွန် တို့သည် ဆက်ဆက်ကြားသိ၍၊ သင် တို့လက်၌ အသက် ဆုံးမည်ကို အလွန် ကြောက် သောကြောင့် ၊ ဤ အမှု ကို ပြု ပါပြီ။ ၂၅ ယခု မှာ ကျွန်တော် တို့သည် ကိုယ်တော် လက် တွင် ရှိပါ၏။ ကျွန်တော် တို့ ၌ ပြုကောင်း ပြုသင့် သည်ဟုစိတ် တော်ထင်သည်အတိုင်း ပြုတော်မူပါဟု ယောရှု အား ပြန် လျှောက် ကြ၏။ ၂၆ ထိုသို့ နှင့်အညီယောရှုသည် ပြု ၍ ၊ သူ တို့ကို အသက်ချမ်းသာစေခြင်းငှါ ဣသရေလ လူတို့လက် မှ ကယ်နှုတ် သဖြင့်၊ ၂၇ ထာဝရဘုရား ရွေးကောက် တော်မူသောအရပ် ၌ တည်သော ယဇ်ပုလ္လင် တော်အဘို့ နှင့် ပရိသတ် တော်တို့ အဘို့ ထိုသူတို့သည် ယနေ့ တိုင်အောင် ထင်း ခုတ် ၍ ရေ ခပ် ရမည်အကြောင်း ၊ ထိုနေ့ ၌ စီရင် လေ၏။

၁၀ ယေရိခေါ မြို့နှင့် မင်းကြီး ကို ပြု သကဲ့သို့ ၊ အာဣ မြို့နှင့် မင်းကြီး ကို တိုက် ယူ၍ ရှင်းရှင်းဖျက်ဆီး ကြောင်းကို ၎င်း၊ ဂိဗောင် မြို့သားတို့သည် ဣသရေလ အမျိုးသားတို့နှင့် မိသဟာယ ဖွဲ့၍ အတူနေ ကြောင်းကိုဎင်း၊ ယေရုရှလင် မင်းကြီး အဒေါနိဇေဒက် သည် ကြား သောအခါ၊ ၂ ဂိဗောင် မြို့သည် မြို့တော် ကဲ့သို့ ကြီးစွာသောမြို့၊ အာဣ မြို့ထက် ကြီး ၍ မြို့သားယောဂျ်များ အပေါင်း တို့ သည် ခွန်အား နှင့်ပြည့်စုံသောကြောင့် အလွန် ကြောက်ရွံ့ကြ၏။ ၃ ထိုအခါ ယေရုရှလင် မင်းကြီး အဒေါနိဇေဒက် သည်၊ ဟေဗြုန် မင်းကြီး ဟောဟံ ၊ ယာမုတ် မင်းကြီး ပိရံ ၊ လာခိရှ မင်းကြီး ယာဖျာ ၊ ဧဂလုန် မင်းကြီး ဒေဗိရ တို့ထံ သို့စေလွှတ် ၍၊ ၄ ဂိဗောင် မြို့သည် ယောရှု မှစ၍ဣသရေလ အမျိုးသားတို့နှင့် မိသဟာယ ဖွဲ့သောကြောင့် ၊ ထိုမြို့ကို လုပ်ကြံ ခြင်းငှါငါ့ ထံ သို့လာ ၍ ငါ နှင့်အတူကူညီ ကြပါဟု နှိုးဆော် သည်အတိုင်း၊ ၅ ယေရုရှလင် မင်းကြီး ၊ ဟေဗြုန် မင်းကြီး ၊ ယာမုတ် မင်းကြီး ၊ လာခိရှ မင်းကြီး ၊ ဧဂလုန် မင်းကြီး တည်း ဟူသောအာမောရိ မင်းကြီး ငါး ပါးတို့သည် စည်းဝေး ၍ မိမိ တို့ဗိုလ်ပါ စစ်သည်အပေါင်း တို့နှင့်တကွ စစ်ချီ ၍ ၊ ဂိဗောင် မြို့ရှေ့မှာ တပ်ချ လျက် စစ်တိုက် ကြ၏။ ၆ ဂိဗောင် မြို့သား တို့သည် ယောရှု ရှိရာ ဂိလဂါလ မြို့သို့ စေလွှတ် ၍ ၊ ကိုယ်တော် ၏ ကျွန် တို့ကို ကြည့်ရှုလျက် နေတော်မမူပါနှင့်။ အလျင်အမြန် ကြွ ၍ မစ ကယ်တင် တော်မူပါ။ တောင် ပေါ်မှာနေ သောအာမောရိ မင်းကြီး အပေါင်း တို့သည် ကျွန်တော် တို့ကို တိုက် ခြင်းငှါစည်းဝေး ကြပါပြီဟု လျှောက်ကြ၏။ ၇ ယောရှု သည်လည်း ၊ စစ်မှု ၌ ကျင်လည်သောသူ၊ ခွန်အားကြီးသော သူရဲ အပေါင်း

တို့နှင့်တကွ ၊ ဂိလဂါလ မြို့မှ တက် သွားလေ၏။ ၈ ထာဝရဘုရား ကလည်း ၊ သူ တို့ကို မ ကြောက် နှင့်။ သင် ၏လက် ၌ ငါအပ် မည်။ သင့် ရှေ့မှာ လူတစုံတယောက် မျှ မ ခံ မရပ်နိုင်ရာဟု ယောရှု အား မိန့် တော်မူ၏။ ၉ ယောရှု သည် ဂိလဂါလ မြို့မှ တညဉ့်လုံး ချီ သွား ၍၊ ရန်သူတို့ကို အမှတ်တမဲ့ တိုက် လာ သဖြင့်၊ ၁၀ ထာဝရဘုရား သည် သူ တို့ကို ဂိဗောင မြို့အနား မှာ ကြီးစွာ သော လုပ်ကြဲ ခြင်းအားဖြင့်သတ် ၍ ၊ ဗေသောရုံ မြို့သို့ သွား သော လမ်း ၌ လိုက် လျက်၊ အဇေကာ မြို့၊ မက္ကဒါ မြို့တိုင်အောင် လုပ်ကြဲ တော်မူ၏။ ၁၁ ထိုသူ တို့သည် ဂိသရေလ လူတို့ရှေ့မှာ ပြေး ၍ ဗေသောရုန် မြို့သို့ ဆင်း သွားရာတွင် ၊ ထာဝရဘုရား သည် မိုဃ်းကောင်းကင် မှ ကြီးစွာ သော မိုဃ်းသီး ကို အဇေကာ မြို့တိုင်အောင် သူ တို့အပေါ် ၌ ချ တော်မူ၍၊ သူတို့သည် ဂိသရေလ လူတို့၏ ထား ကြောင့် သေ သည်ထက် မိုဃ်းသီး ကြောင့် သာ ၍သေ ကြ၏။ ၁၂ ထိုသို့ အာမောရိ လူတို့ကို ဂိသရေလ အမျိုးသားတို့ ၌ အပ် တော်မူသောနေ့ မှာ ၊ ယောရှု သည် ထာဝရဘုရား ကို ဆုတောင်း ပြီးလျှင် ၊ အိုနေ ၊ သင်သည် ဂိဗောင် မြို့၌ ၎င်း ၊ အိုလ ၊ သင်သည် အာယလုန် ချိုင့် ၌ ၎င်း ငြိမ်ဝပ် စွာ နေလော့ဟု ဂိသရေလ အမျိုးသားများရှေ့ တွင် မြွက်ဆို သည် အတိုင်း၊ ၁၃ ဂိသရေလလူတို့သည် ရန်သူ တို့အားအပြစ်ဒဏ် မပေးမီတိုင်အောင် နေ သည် ငြိမ်ဝပ် စွာနေ၍ လ သည် ရပ် လေ၏။ ယာရှာ ၏စာ ၌ ပါ သည်ကား၊ မိုဃ်း ကောင်းကင် အလယ် ၌ နေ သည် ရပ် နေ၏။ ဝင် မြဲဝင်အံ့သောငှါ တနေ့လုံး အလျင် မ ပြုဟု ပါသည်မ ဟုတ်လော။ ၁၄ ထာဝရဘုရား သည် လူ စကား ကို နားထောင် ၍၊ ထိုသို့ သော နေ့ တနေ့မျှ မ ဖြစ် စဖူး။ နောက်ဖန်လည်းဖြစ် မဖြစ်။ အကြောင်းမူကား၊ ထာဝရဘုရား သည် ဂိသရေလ အမျိုးဘက်မှာ စစ်တိုက် တော်မူ၏။ ၁၅ ထိုနောက် ၊ ယောရှု သည်၊ ဂိသရေလ လူအပေါင်း တို့နှင့်တကွ ၊ ဂိလဂါလ တပ် သို့ ပြန် သွား၏။ ၁၆ မင်းကြီး ငါး ပါးတို့သည် ပြေး ၍ မက္ကဒါ လိုဉ်ခေါင်း ၌ ပုန်း လျက်နေကြ၏။ ၁၇ မက္ကဒါ လိုဉ်ခေါင်း ၌ ပုန်း လျက်နေသောမင်းကြီး ငါး ပါးကို တွေ့ ပါပြီဟု ယောရှု အား ကြား လျှောက်လျှင်၊ ၁၈ ယောရှု က၊ လိုဉ်ခေါင်းဝ ပေါ် မှာ ကြီးစွာ သော ကျောက် တို့ကို လှိမ့် ပုံ၍ လူ စောင့် တို့ကို ထား ကြလော့။ ၁၉ သင်တို့မူကား မ ဆိုင်း မလင့်။ ရန်သူ တို့ကို လိုက် ၍ မှီသမျှသောသူ တို့ကို ကွပ်မျက် ကြ။ မြို့ ထဲ သို့ မ ဝင် စေ ကြနှင့်။ သင် တို့ဘုရား သခင်ထာဝရဘုရား သည် သူ တို့ကို သင် တို့လက် ၌ အပ် တော်မူပြီဟု မှာ ထားလေ၏။ ၂၀ ယောရှု နှင့် ဂိသရေလ လူတို့သည် ရန်သူ တို့ကို ကြီးစွာ သော လုပ်ကြဲ ခြင်းအားဖြင့်သုတ်သင် ပယ်ရှင်းပြီး မှ၊ ကျန် ကြွင်းသောသူအချို့တို့သည် ခိုင်ခံ့ သောမြို့ သို့ ဝင် ၍ နေ ကြ၏။ ၂၁ လူ အပေါင်း တို့သည် ယောရှု ရှိရာ မက္ကဒါ တပ် သို့ ငြိမ်ဝပ် စွာ ပြန် လာကြ၏။ ဂိသရေလ လူ တစုံတယောက်ကို အဘယ်သူ မျှအပြစ် မတင်ရ။ ၂၂ ယောရှု ကလည်း၊ လိုဉ်ခေါင်း ကို ဖွင့် ပြီးလျှင် ၊ ထို မင်းကြီး ငါး ပါးတို့ကို လိုဉ်ခေါင်း ထဲက ထုတ်၍ ငါ့ ထံ သို့ဆောင် ခဲ့ကြဟု မှာ လိုက်သည်အတိုင်း၊ ၂၃ သူတို့သည် ပြု ၍ ၊ ယေရုရှလင် မင်းကြီး ၊ ဟေဗြုန် မင်းကြီး ၊ ယာမုတ် မင်းကြီး ၊ လာခိရှ မင်းကြီး ၊ ဧဂလုန် မင်းကြီး ငါး ပါးတို့ကို လိုဉ်ခေါင်း ထဲက ဆောင် ခဲ့၍၊ ၂၄ ယောရှု ထံ သို့ ရောက်ပြီးမှ၊ ယောရှုသည် မိမိ နှင့်အတူ စစ်ချီ သော ဗိုလ်မင်းတို့နှင့် ဂိသရေလ လူ အပေါင်း တို့ကို ခေါ် လျှင် ၊ ချဉ်း လာကြ။ ဤ မင်းကြီး တို့၏ လည်ကုပ် အပေါ် ၌ ခြေ ကို တင် ကြဟု ဗိုလ်မင်း တို့အား

ဆို သည် အတိုင်း ၊ သူတို့သည် ချဉ်း လာ၍ ထိုမင်းကြီး တို့၏ လည်ကုပ် အပေါ် ၌ ခြေ ကို တင် ကြ၏။ ၂၅ ယောရှု ကလည်း သင် တို့တိုက် ရသောရန်သူ အပေါင်း တို့ကို ထာဝရဘုရား သည် ဤ ကဲ့သို့ပြု တော်မူမည် ဖြစ်၍ မ ကြောက် ကြနှင့်၊ စိတ် မ ပျက်ကြနှင့်။ အားယူ ၍ ရဲရင့် ခြင်းရှိကြလော့ဟု ဆို ပြီးမှ၊ ၂၆ ထို မင်းကြီးတို့ကို ထားနှင့်ကွပ်မျက် ၍ သစ်ပင် ငါး ပင်တို့ ၌ ဆွဲ ထားလေ၏။ ညဦး တိုင်အောင် သစ်ပင် ၌ ဆွဲ ထားပြီးမှ၊ ၂၇ နေဝင် ချိန် ရောက် သောအခါ ၊ ယောရှု စီရင် သည် အတိုင်း သစ်ပင် မှ ချ ပြီးလျှင် ၊ သူတို့ပုန်း လျက်နေရာ လိုင်ခေါင်း ၌ ပစ် ထား၍ ၊ လိုင်ခေါင်းဝ ပေါ် မှာ ကြီးစွာ သော ကျောက် တို့ကို စုပုံ ကြ၏။ ထိုကျောက်ပုံသည် ယနေ့ တိုင်အောင် ရှိ၏။ ၂၈ ထို နေ့ ၌ ယောရှု သည် မက္ကဒါ မြို့ကို တိုက် ယူ၍ မြို့နှင့် မင်းကြီး ကို ထား နှင့် လုပ်ကြံ ပြီးလျှင် ၊ မင်းကြီးနှင့်တကွ မြို့သားအပေါင်း တို့ကို တယောက်မျှ မ ကျန် ကြွင်းရ ဘဲ ရှင်းရှင်းဖျက်ဆီး လေ၏။ ယေရိခေါ မင်းကြီး ကို ပြု သကဲ့သို့ မက္ကဒါ မင်းကြီး ကို ပြု သတည်း။ ၂၉ ထိုနောက် ယောရှု သည် ဣသရေလ လူအပေါင်း တို့နှင့်တကွ ၊ မက္ကဒါ မြို့မှ လိဗန မြို့သို့ချီ သွား၍ တိုက် သဖြင့်၊ ၃၀ ထာဝရဘုရား သည် ထိုမြို့ နှင့် မင်းကြီး ကို ဣသရေလ လူတို့လက် ၌ အပ် တော်မူ၍ ၊ မြို့နှင့် မြို့ သား အပေါင်း တို့ကို တယောက်မျှမ ကျန် ကြွင်းရဘဲ ထား နှင့် လုပ်ကြံ ၍ ၊ ယေရိခေါ မင်းကြီး ကို ပြု သကဲ့သို့ ထိုမင်းကြီး ကို ပြု ကြ၏။ ၃၁ ယောရှု သည် ဣသရေလ လူအပေါင်း တို့နှင့်တကွ ၊ လိဗန မြို့မှ လာခိရှ မြို့သို့ ချီ သွား၍ တပ်ချ လျက် တိုက် ကြ၏။ ၃၂ ထာဝရဘုရား သည် ထို မြို့ကို ဣသရေလ လူတို့ လက် ၌ အပ် တော်မူသဖြင့် ၊ ဒုတိယ နေ့ ၌ ရ ၍ လိဗန မြို့ကို ပြု သကဲ့သို့ ထိုမြို့နှင့် မြို့သူ မြို့သားအပေါင်း တို့ကို ထား နှင့် လုပ်ကြံ ကြ၏။ ၃၃ ထိုအခါ ဂေဇာ မင်းကြီး ဟောရံ သည်၊ လာခိရှ မြို့ ကို ကူညီ မည်ဟု လာ သောကြောင့်၊ ယောရှု သည် ထို မင်းကြီး နှင့် သူ ၏လူ အပေါင်းတို့ကို တယောက်မျှမ ကျန် ကြွင်း ရဘဲ ရှင်းရှင်းလုပ်ကြံ လေ၏။ ၃၄ တဖန် ယောရှု သည် ဣသရေလ လူအပေါင်း တို့ နှင့်တကွ ၊ လာခိရှ မြို့မှ ဧဂလုန် မြို့သို့ ချီ သွား၍ တပ်ချ လျက် တိုက် ကြ၏။ ၃၅ ထိုနေ့ ခြင်းတွင် ရ ၍ လာခိရှ မြို့ကို ပြု သကဲ့သို့ ၊ ထိုမြို့ နှင့် မြို့သူ မြို့သားအပေါင်း တို့ကို ထား နှင့် လုပ်ကြံ ၍ တနေ့ ခြင်းတွင် ရှင်းရှင်းဖျက်ဆီးကြ၏။ ၃၆ တဖန် ယောရှု သည် ဣသရေလ လူအပေါင်း တို့ နှင့်တကွ ၊ ဧဂလုန် မြို့မှ ဟေဗြုန် မြို့သို့ ချီ သွား၍ တိုက် ကြ ၏။ ၃၇ ရ သောအခါ ၊ ဧဂလုန် မြို့ကို ပြု သကဲ့သို့ ထိုမြို့ နှင့် မင်းကြီး ကိုဎင်း၊ ထိုမြို့ နှင့်ဆိုင်သော မြို့ ရှိသမျှ တို့ကိုဎင်း၊ မြို့သူ မြို့သားအပေါင်း တို့ကိုဎင်း၊ တယောက်မျှ မ ကျန် ကြွင်းရဘဲ ထား နှင့် လုပ်ကြံ ၍ မြို့နှင့်မြို့သားအပေါင်းတို့ ကို ရှင်းရှင်းဖျက်ဆီး ကြ၏။ ၃၈ တဖန် ယောရှု သည် ဣသရေလ လူအပေါင်း တို့ နှင့်တကွ ၊ ဒေဗိရ မြို့သို့ ပြန် လာ၍ တိုက် ကြ၏။ ၃၉ ထိုမြို့ နှင့် မင်းကြီး ကိုဎင်း၊ ထိုမြို့နှင့်ဆိုင်သော မြို့ ရှိသမျှ တို့ကိုဎင်းရ ၍ ၊ ထား နှင့် လုပ်ကြံ သဖြင့် မြို့သား အပေါင်း တို့ကို တယောက်မျှမ ကျန် ကြွင်းရဘဲ ရှင်းရှင်းဖျက်ဆီး လေ၏။ ဟေဗြုန် မြို့၊ လိဗန မြို့နှင့် မင်းကြီး ကို ပြု သကဲ့သို့ ဒေဗိရ မြို့နှင့် မင်းကြီး ကို ပြု သတည်း။ ၄၀ ထိုသို့ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ယောရှု သည် တောင် ပေါ် အရပ် ၊ တောင် မျက်နှာအရပ်၊ ချိုင့် ထဲအရပ်၊ စမ်းရေတွင်း အရပ်ရှိသမျှ တို့နှင့်တကွ ၊ မင်းကြီး အပေါင်း တို့ကို လုပ်ကြံ ၍၊ အသက် ရှင်သောသူတယောက်မျှ မ ကျန် ကြွင်း ရဘဲ

ရှင်းရှင်းဖျက်ဆီး လေ၏။ ၄၁ ကာဒေရှဗာနာ မြို့မှစ၍ ဂါဓ မြို့တိုင်အောင် ၎င်း၊ ဂေါရှင် ပြည် တရှောက်လုံး နှင့်တကွ ၊ ဂိဗောင် မြို့တိုင်အောင် ၎င်း လုပ်ကြံ ၍၊ ၄၂ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည်၊ ဣသရေလ အမျိုးဘက်မှာ စစ်တိုက် တော်မူသောကြောင့် ၊ ထို ပြည် များနှင့်တကွ မင်းကြီး အပေါင်း တို့ကို တခါတည်း အောင် လေ၏။ ၄၃ ထိုနောက် ယောရှု သည်၊ ဣသရေလ လူအပေါင်း တို့နှင့်တကွ ဂိလဂါလ တပ် သို့ ပြန် သွား၏။

၁၁ ထိုသိတင်းကို ဟာဇော် မင်းကြီး ယာဘိန် သည် ကြား သောအခါ ၊ မာဒုန် မင်းကြီး ယောဗပ် ၊ ရှိမြုန် မင်းကြီး အာခရှပ် မင်းကြီး တို့ထံ သို့၎င်း၊ ၂ တောင် ရိုး မြောက် ဘက်အရပ်၊ ဂနေ်သရက် မြို့ တောင် ဘက်လွင်ပြင် အရပ်၊ ချိုင့်ထဲ အရပ်၊ အနောက် မျက်နှာ ဒေါရ ပြည်နယ် ၌ ရှိသောမင်းကြီး များထံ သို့၎င်း၊ ၃ အရှေ့အနောက် ၌ နေသောခါနန် လူ၊ တောင် ပေါ်မှာ နေသောအာမောရိ လူ၊ ဟိတ္တိ လူ၊ ဖေရဇိ လူ၊ ယေဗုသိ လူ၊ မိဇပါ ပြည် ၊ ဟေရမုန် တောင်ခြေရင်း ၌ နေသောဟိဝိ လူတို့ရှိရာသို့၎င်း စေလွှတ် ၍၊ ၄ ထိုမင်းကြီးများတို့သည် အရေအတွက်အားဖြင့်သမုဒ္ဒရာ သဲလုံး နှင့်အမျှ အလွန် များစွာ သော ဗိုလ်ပါအပေါင်း၊ မြင်း များ၊ ရထား များအပေါင်းတို့နှင့်တကွထွက်လာ ကြ၏။ ၅ ထို မင်းကြီး အပေါင်း တို့သည် စည်းဝေး လျက် ၊ ဣသရေလ အမျိုးကို တိုက် ခြင်းငှါ ချီ လာ၍ ၊ မေရုံ အိုင် နား မှာ တစုတည်း တပ်ချ လျက် နေကြ၏။ ၆ ထာဝရဘုရား ကလည်း ၊ သူ တို့ကို မ ကြောက် နှင့်။ ငါ သည် နက်ဖြန် နေ့ ယခု အချိန် ၌ ဣသရေလ အမျိုးရှေ့မှာ၊ ထိုသူ အပေါင်း တို့ကို အသေ အပ် မည်။ မြင်း တို့၏ ခြေ ကြောကို ဖြတ်ရမည်။ ရထား တို့ကို မီး ရှို့ရမည်ဟု ယောရှု အား မိန့် တော်မူ၏။ ၇ ယောရှု သည်လည်း ၊ မိမိ စစ်သူရဲ အပေါင်း တို့နှင့်တကွ မေရုံ အိုင် နား သို့ အမှတ်တမဲ့ စစ်ချီ ၍ တိုက် လေ၏။ ၈ ထာဝရဘုရား သည် သူ တို့ကို ဣသရေလ အမျိုးသား တို့လက် ၌ အပ် တော်မူသဖြင့် ၊ သူ တို့ကို လုပ်ကြံ ၍ ဇီဒုန်ရဗ္ဗာ မြို့၊ မိသရဖေါသမိမ် မြို့ အရှေ့မျက်နှာမိဇပါ ချိုင့် တိုင်အောင် လိုက် ၍ တယောက်ကိုမျှ မ ကျန် ကြွင်းစေခြင်းငှါလုပ်ကြံ ကြ၏။ ၉ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ယောရှု သည် မြင်း တို့၏ ခြေ ကြောကို ဖြတ်၍ ရထား တို့ကို မီး ရှို့လေ၏။ ၁၀ ထိုအခါ ယောရှု သည် ပြန် ၍ ဟာဇော် မြို့ကို တိုက် ယူသဖြင့် ၊ မင်းကြီး ကို ထား နှင့် ကွပ်မျက် လေ၏။ ရှေး ကာလ၌ ဟာဇော် မြို့သည် ထို ပြည် များတို့ကို အုပ်စိုး ရ သတည်း။ ၁၁ ထိုမြို့သူမြို့သား အပေါင်း တို့ကို ထား နှင့် ကွပ်မျက် သဖြင့် တယောက်ကိုမျှ အသက် ရှင်စေခြင်းငှါမ ထား။ ရှင်းရှင်းဖျက်ဆီး ၍ မြို့ ကိုလည်း မီး ရှို့လေ၏။ ၁၂ ထာဝရဘုရား ၏ကျွန် မောရှေ မှာ ထားသည် အတိုင်း ၊ ထိုမင်းကြီး များအစိုးရသောမြို့ ရှိသမျှ တို့နှင့် မင်းကြီးအပေါင်းတို့ကို ယောရှု တိုက် ယူ၍ ထား နှင့် လုပ်ကြံ သဖြင့် ရှင်းရှင်းဖျက်ဆီး လေ၏။ ၁၃ သို့ရာတွင် ၊ ဟာဇော် မြို့မှတပါး ၊ တောင် ပေါ် ၌ တည် သောမြို့ တို့ကို ဣသရေလ လူတို့သည် မီး မ ရှို့ကြ။ ဟာဇော်မြို့ တမြို့ကိုသာ ယောရှု မီး ရှို့သတည်း။ ၁၄ ထို မြို့ များ၌ လက်ရ ဥစ္စာနှင့် တိရစ္ဆာန် ရှိသမျှ တို့ ကို ဣသရေလ လူတို့သည် ကိုယ် အဘို့ သိမ်းယူ ကြ၏။ လူ တို့ကို မဖျက်ဆီး မီတိုင်အောင် ရှိသမျှ တို့ကို ထား နှင့် လုပ်ကြံ ကြ၏။ တယောက် ကိုမျှ အရှင် မ ကျန် ကြွင်းစေကြ။ ၁၅ ထာဝရဘုရား သည် မိမိ ကျွန် မောရှေ ကို မှာ ထား တော်မူသည်အတိုင်း ၊ မောရှေ သည် ယောရှု ကို ဆင့်ဆို ၏။ ယောရှု လည်း ထိုသို့ ပြု

လေ၏။ ထာဝရဘုရား သည် မောရှေ ကို မှာ ထားတော်မူသမျှ သော အမှု တစုံတခု ကို လုပ် ၍မ ထား။ ၁၆ ထိုသို့ စိရ
လမ်းတွင်ရှိသောဟာလက် တောင် မှစ၍ ဟေရမုန် တောင် ခြေရင်း၊ ၁၇ လေဗနုန် ချိုင့် ၌ ရှိသောဗာလဂဒ် မြို့တိုင်အောင်
၊ တောင် ပေါ် အရပ်၊ တောင် မျက်နှာအရပ်၊ ဂေါရှင် ပြည် ၊ ချိုင့် များ၊ လွင်ပြင် များ၊ ဣသရေလ တောင် ၊ ဣသရေလ
ချိုင့် နှင့်တကွ ထို ပြည် အလုံးစုံ ကို ယောရှု သည် သိမ်းယူ ၍ ၊ မင်းကြီး အပေါင်း တို့ကို အောင် သဖြင့် လုပ်ကြံ
ကွပ်မျက် လေ၏။ ၁၈ ထို မင်းကြီး အပေါင်း တို့ကို ကာလ ကြာမြင့် စွာ စစ်တိုက် ရ၏။ ၁၉ ဟိဝိ လူ၊ ဂိဗောင် မြို့သား
မှတပါး ဣသရေလ အမျိုးသားတို့နှင့် မိဿဟာယ ဖွဲ့သော မြို့ တမြို့မျှမ ရှိ။ အခြားသော မြို့ရှိသမျှ တို့ကို တိုက် ၍
အနိုင်သိမ်းယူ ရကြ ၏။ ၂၀ အကြောင်းမူကား ၊ ထာဝရဘုရား သည် မောရှေ ကို မှာ ထားတော်မူသည်အတိုင်း ၊ ထိုလူမျိုး
တို့ကို ကျေးဇူး မ ပြု အကုန်အစင်သုတ်သင် ပယ်ရှင်းစေမည် အကြောင်း ၊ သူတို့သည် ဣသရေလ အမျိုးသားတို့ကို
ဆီး ၍ တိုက် ဝံ့ သည်တိုင်အောင်သူ တို့စိတ် နှလုံးခိုင်မာ စေခြင်းငှါ ထာဝရဘုရား အလိုရှိတော်မူသတည်း။ ၂၁ ထို
ကာလ အခါ ယောရှု သည် ချီသွား ၍ ၊ အာနက လူတို့ကို တောင် ပေါ် အရပ် ဟေဗြုန် မြို့၊ ဒေဗိရ မြို့၊ အာနပ် မြို့၊ ယုဒ
တောင် ၊ ဣသရေလ တောင် ရှိသမျှ တို့မှ ပယ်ရှား ၍ ၊ သူ တို့မြို့ များနှင့်တကွ ရှင်းရှင်းဖျက်ဆီး လေ၏။ ၂၂ ဂါဇ မြို့၊
ဂါသ မြို့၊ အာဇုတ် မြို့မှတပါး ၊ ဣသရေလ တိုင်း နိုင်ငံတွင် ကျန် ကြွင်းသော အာနက လူတယောက်မျှမ ရှိ။ ၂၃
ထာဝရဘုရား သည် မောရှေ ကို မိန့် တော်မူသမျှ အတိုင်း ၊ ယောရှု သည် ထိုပြည် တရှောက်လုံး ကို သိမ်းယူ ၍
ဣသရေလ အမျိုးအနွယ် အသီးသီး တို့အား အမွေ ပေး သဖြင့် ၊ တပြည် လုံးစစ် ငြိမ်း လေ၏။

၁၂ ယော်ဒန် မြစ်အရှေ့ နေ ထွက်ရာဘက် ၌ ၊ အာနုန် မြစ် မှစ၍ ဟေရမုန် တောင် တိုင်အောင် ၊ အရှေ့ လွင်ပြင်
ရှိသမျှ ပါလျက်၊ ဣသရေလ အမျိုးသားတို့သည် လုပ်ကြံ ၍ သိမ်းယူ သောပြည် ကို အစိုးရသောမင်းကြီး များ ဟူမူကား
၊ ၂ အာနုန် မြို့အနား မှာ အာရော် မြို့၊ မြစ် တဝက် ၊ ဂိလဒ် ပြည်တဝက် မှစ၍ အမ္မုန် ပြည်စွန်း အပိုင်းအခြား ယဗ္ဗုတ်
မြစ် တိုင်အောင် ၎င်း၊ ၃ အရှေ့ မျက်နှာ၌ လွင်ပြင် မှစ၍ဂနေ်သရက် အိုင် နှင့် လွင်ပြင် အိုင် တည်းဟူသောသောဒုံ အိုင်
အရှေ့ ဘက် ဗက်ယေရှိမုတ် မြို့သို့ သွားရာလမ်း ၊ အာဇုတ် ပိသဂါ မြို့အနား၊ တောင် မျက်နှာမှ လာရာလမ်းတိုင်အောင်
၎င်း အစိုးရ၍ ၊ ဟေရှာဘုန် မြို့၌ နေ သောအာမောရိ ရှင်ဘုရင် ရှိဟုန် တပါး၊ ၄ ဟေရမုန် တောင် နှင့် သာလက
ပြည်ကိုဎင်း ၊ ဂေရှရိ လူ၊ မာခါသိ လူနေသောပြည်စွန်း တိုင်အောင် ဗာရှန် ပြည်တရှောက်လုံး ကိုဎင်း၊ ဟေရှာဘုန်
ရှင်ဘုရင် ရှိဟုန် ပိုင်သောနိုင်ငံစွန်း တိုင်အောင် ဂိလဒ် ပြည်တဝက် ကိုဎင်း အစိုးရ၍၊ ၅ အာရှတရုတ် မြို့၊ ဧဒြဲ မြို့၌ နေ
သော အလွန် ကြီးမားသောလူမျိုးထဲက ကျန်ကြွင်း သောသူဗာရှန် ရှင်ဘုရင် ဩဃ တပါး၊ ၆ ထိုရှင်ဘုရင် နှစ်ပါးကို
ထာဝရဘုရား ၏ကျွန် မောရှေ နှင့် ဣသရေလ အမျိုးသားတို့သည် လုပ်ကြံ ၍ ၊ ထာဝရဘုရား ၏ကျွန် မောရှေ သည်
သူတို့ ပြည်ကို ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် တို့အား အပိုင် ပေး လေ၏။ ၇ ယော်ဒန် မြစ်အနောက်
ဘက် မှာ လေဗနုန် ချိုင့် ၌ ရှိသောဗာလဂဒ် မြို့မှစ၍ ၊ စိရ လမ်းတွင်ရှိသောဟာလက် တောင် တိုင်အောင် တောင်
ပေါ် အရပ်၊ ချိုင့် ထဲအရပ်၊ လွင်ပြင် အရပ်၊ စမ်းရေတွင်း အရပ်၊ တော အရပ်၊ တောင် မျက်နှာအရပ်၊ ၈ ဟိတ္တိ လူ၊

အာမောရိ လူ၊ ခါနန် လူ၊ ဖေရိဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူနေရာ၊ ယောရှု နှင့် ဣသရေလ အမျိုးသား လုပ်ကြံ၍၊ ယောရှု သည် ဣသရေလ အမျိုးအနွယ် အသီးအသီးတို့အားအပိုင် ပေး သော ပြည် ကို အစိုးရသောမင်းကြီး များဟူမူကား၊ ၉ ယေရိခေါ မင်းကြီး တပါး ၊ ဗေသလ မြို့အနား မှာ ၊ အာဣ မင်းကြီး တပါး၊ ၁၀ ယေရုရှလင် မင်းကြီး တပါး ၊ ဟေဗြုန် မင်းကြီး တပါး၊ ၁၁ ယာမုတ် မင်းကြီး တပါး ၊ လာခိရှ မင်းကြီး တပါး၊ ၁၂ ဧဂလုန် မင်းကြီး တပါး ၊ ဂေဇာ မင်းကြီး တပါး၊ ၁၃ ဒေဗိရ မင်းကြီး တပါး ၊ ဂေဒါ မင်းကြီး တပါး၊ ၁၄ ဟောမာ မင်းကြီး တပါး ၊ အာရဒ် မင်းကြီး တပါး၊ ၁၅ လိဗန မင်းကြီး တပါး ၊ အဒုလံ မင်းကြီး တပါး၊ ၁၆ မက္ကဒါ မင်းကြီး တပါး ၊ ဗေသလ မင်းကြီး တပါး၊ ၁၇ တာပွါ မင်းကြီး တပါး ၊ ဟေဖါ မင်းကြီး တပါး၊ ၁၈ အာဖက် မင်းကြီး တပါး ၊ လာရှရုန် မင်းကြီး တပါး၊ ၁၉ မာဒုန် မင်းကြီး တပါး ၊ ဟာဇော် မင်းကြီး တပါး၊ ၂၀ ရှိမရုန် မင်းကြီး တပါး ၊ အာခရှပ် မင်းကြီး တပါး၊ ၂၁ တာနက် မင်းကြီး တပါး ၊ မေဂိဒ္ဒေါ မင်းကြီး တပါး၊ ၂၂ ကေဒေရှ မင်းကြီး တပါး ၊ ကရမေလ တောင်ပေါ် မှာ ယောကနမ် မင်းကြီး တပါး၊ ၂၃ ဒေါရ ပြည်နယ် မှာ ဒေါရ မင်းကြီး တပါး ၊ ဂိလဂါလ ပြည်မှာ ဂေါအိမ် မင်းကြီး တပါး၊ ၂၄ တိရဇ မင်းကြီး တပါး ၊ မင်းကြီး ပေါင်း သုံးဆယ် တပါး တည်း။

၁၃ ယောရှု သည် အို ၍ အသက် ကြီးရင့် သောအခါ ၊ ထာဝရဘုရား က၊ သင် သည် အို ၍ အသက် ကြီးရင့် ပြီ။ သိမ်းယူ ရမည့်မြေ လည်း အများ ကျန် သေး၏။ ၂ ကျန် သောမြေ ဟူမူကား ၊ ဖိလိတ္တိ ပြည် မှစ၍ ဂေရှရိ ပြည်တရော်ကလုံး၊ ၃ အဲဂုတ္တု ပြည်အရှေ့ ရှိဟောရ မြစ်မှစ၍ မြောက် မျက်နှာ၌ ဧကြုန် မြို့နယ် တိုင်အောင် ၊ ခါနန် လူနေသောပြည်၊ ဖိလိတ္တိ မင်း ငါး ပါးတည်းဟူသောဂါဇသိ လူ၊ အာဇောတိ လူ၊ ဧရှကလောနိ လူ၊ ဂိတ္တိ လူ၊ ဧကြောန် လူနှင့်တကွ ၊ အာဝိ လူနေသောပြည်၊ ၄ တောင် မျက်နှာမှစ၍ အာမောရိ ပြည် အာဖက် မြို့တိုင်အောင် ၊ ခါနန် ပြည် တရော်ကလုံး နှင့် ဇိဒုန် ပြည် အနားမှာရှိသော မာရာ ပြည်၊ ၅ နေ ထွက် ရာဘက်၊ ဟေရမုန် တောင် ခြေရင်း၌ ဗာလဂဒ် မြို့မှစ၍ ဟာမတ် ပြည်အဝင်တိုင်အောင် ဂေဗလ ပြည် ၊ လေဗနုန် ပြည် တရော်ကလုံး ကျန်သတည်း။ ၆ လေဗနုန် တောင်မှစ၍ မိသရဖေါသမိမ် မြို့တိုင်အောင် ၊ တောင် ပေါ်၌နေ သောသူနှင့် ဇိဒေါနိ လူအပေါင်း တို့ကို ဣသရေလ အမျိုးသားရှေ့မှ ငါနှင်ထုတ် မည်။ သို့ ဖြစ်၍ ငါမှာ ထားသည်အတိုင်း စာရေးတံ ပြုလျက် ထိုမြေကို ဣသရေလ လူတို့အား အမွေ ဝေဖန်လော့။ ၇ ယခု မှာ ဤ ပြည် ကို ဣသရေလအမျိုး ကိုး မျိုးနှင့် မနာရှေ အမျိုး တဝက် တို့အား အမွေ ဝေဖန် လော့။ ၈ ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေအမျိုးတဝက်တို့သည် ယော်ဒန် မြစ်အရှေ့ဘက် ၊ မောရှေ ပေး သည်အတိုင်း မိမိ တို့အမွေ မြေကို ခံ ကြပြီဟု မိန့်တော်မူ၏။ ၉ ထာဝရဘုရား ၏ကျွန် မောရှေ ပေး သော မြေဟူမူကား ၊ အာနုန် မြစ် နား၌ ရှိသော အာရော်ဝေ မြို့၊ မြစ် အကွေ့၌ ရှိသမျှသော မြို့ တို့နှင့်တကွ ၊ ဒီဘုန် မြို့တိုင်အောင် မေဒဘ လွင်ပြင်တရော်ကလုံး၊ ၁၀ အမ္မုန် ပြည် စွန်းတိုင်အောင် ၊ ဟေရှဘုန် မြို့၌ မင်းပြု သောအာမောရိ ရှင်ဘုရင် ရှိဟုန် အစိုးရသောမြို့ ရှိသမျှ၊ ၁၁ ဂိလဒ် ပြည်၊ ဂေရှုရိ လူ၊ မာခါသိ လူနေသောပြည် ၊ ဟေရမုန် တောင် ရှိသမျှ ၊ သာလက ပြည်တိုင်အောင် ဗာရှန် ပြည်တရော်ကလုံး၊ ၁၂ အလွန် ကြီးမားသောလူမျိုးထဲက ကျန်ကြွင်း သောသူ၊ အာရှတရုတ် မြို့၊ ဧဒြဲ မြို့၌ မင်းပြု သော ဗာရှန် ရှင်ဘုရင်သြယ ၏ နိုင်ငံ တရော်ကလုံး ပါသတည်း။ ထိုမင်း တို့ကို

မောရှေ သည် လုပ်ကြံ ၍ ပယ်ရှား လေ၏။ ၁၃ သို့ရာတွင် ဣသရေလ လူတို့သည် ဂေရှုရိ လူ၊ မာခါသိ လူတို့ကို မ
နှင်ထုတ် ကြ။ ထိုလူမျိုးတို့သည် ယနေ့ တိုင်အောင် ဣသရေလ အမျိုးသားတို့နှင့်အတူ နေ ကြ၏။ ၁၄ လေဝိ အမျိုး
အား အမွေ ကိုမ ပေး။ ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား အား မီး ဖြင့်ပူဇော်သောယဇ်တို့သည် အမိန့်
တော်ရှိသည်အတိုင်း သူ တို့အမွေ ဖြစ်သတည်း။ ၁၅ မောရှေ သည်၊ ရုဗင် အမျိုးသား အဆွေအမျိုး အသီးအသီး
တို့အား အမွေပေး သောပြည်များဟူမူကား၊ ၁၆ အာနုန် မြစ် နား၌ ရှိသော အာရော် မြို့၊ မြစ် အကွေ့၌ ရှိသမျှသော
မြို့ တို့နှင့်တကွ ၊ မေဒဘ လွင်ပြင်တရှောက်လုံး၊ ၁၇ ဟေရှဘုန် မြို့နှင့်တကွလွင်ပြင် ၌ ရှိသမျှ သော မြို့ ၊ ဒိဘုန် မြို့၊
ဗာမုတ်ဗာလ မြို့၊ ဗက်ဗာလမောင် မြို့၊ ၁၈ ယဟာဇ မြို့၊ ကေဒမုတ် မြို့၊ မေဖတ် မြို့၊ ၁၉ ကိရယသိမ် မြို့၊ စိဗမာ မြို့၊ ချိုင့်
တွင်တောင် ပေါ် မှာရှိသော ဇာရက်ရှာဟာ မြို့၊ ၂၀ ဗက်ပေဂုရ မြို့၊ အာဇုတ် ပိသကာ မြို့၊ ဗက်ယေရှိမုတ် မြို့၊ ၂၁ လွင်ပြင်
၌ရှိသမျှ သော မြို့ တို့နှင့်တကွ ၊ ဟေရှဘုန် မြို့၌ မင်းပြု ရသော အာမောရိ ရှင်ဘုရင် ရှိဟုန် ၏နိုင်ငံ တရှောက်လုံး
ကိုပေးသတည်း။ ထိုရှင် ဘုရင်ကိုငင်း ၊ ထိုရှင်ဘုရင်ချီးမွှောက်၍ သူ့ပြည် ၌နေ သောမိဒျန် မင်းကြီး ငါးပါး၊ ဧဝိ ၊ ရေကင်
၊ ဇုရ ၊ ဟုရ ၊ ရေဘ တို့ကိုငင်း၊ မောရှေ သည် လုပ်ကြံ လေ၏။ ၂၂ ပရောဖက် လုပ်သော ဗောရ သား ဗာလမ် ကိုလည်း ၊
အသေခံ ရသောသူ တို့နှင့်ရော ၍ ဣသရေလ လူတို့သည် ထား နှင့် ကွပ်မျက် ကြ၏။ ၂၃ ရုဗင် အမျိုးသား နေရာအပိုင်း
အခြားကား၊ ယော်ဒန် မြစ်နှင့် မြစ်ကမ်းပါး တည်း။ ဤရွေ့ကား၊ ရုဗင် အမျိုးသား အဆွေ အမျိုးအလိုက် အမွေခံ
ရသောမြို့ ရွာ များပေတည်း။ ၂၄ မောရှေ သည် ဂဒ် အမျိုးသား အဆွေ အမျိုးအသီး အသီးတို့အား အမွေပေး သော
ပြည်များဟူမူကား၊ ၂၅ ယာဇာ မြို့ မှစ၍ ဂိလဒ် မြို့ ရှိသမျှ တို့နှင့်တကွ ၊ ရဗ္ဗာ မြို့ ရှေ့၌ ရှိသော အာရော် မြို့ တိုင်အောင်
အမှုန် ပြည် တဝက်၊ ၂၆ ဟေရှဘုန် မြို့မှစ၍ ရာမတ် မိဇပါ မြို့၊ ဗေတောနိမ် မြို့ တိုင်အောင်ဂင်း ၊ မဟာနိမ် မြို့ မှစ၍
ဒေဗိရ မြို့ နယ် တိုင်အောင် ဂင်း ပါသောပြည်၊ ၂၇ ချိုင့် ၌ လည်း ၊ ဗေသာရံ မြို့၊ ဗက်နိမရ မြို့၊ သုကုတ် မြို့၊ ဇာဖုန်
မြို့အစရှိသော ယော်ဒန် မြစ်အရှေ့ဘက် ယော်ဒန် မြစ်အပိုင်း အခြား၊ ဂနေ်သရက် အိုင် နား တိုင်အောင် ၊ ဟေရှဘုန်
ရှင်ဘုရင် ရှိဟုန် ပိုင်သော နိုင်ငံ ကျန်ကြွင်း သမျှကိုပေးသတည်း။ ၂၈ ဤရွေ့ကား၊ ဂဒ် အမျိုးသား အဆွေအမျိုး
အလိုက် အမွေခံ ရသောမြို့ ရွာ များပေတည်း။ ၂၉ မောရှေ သည် မနာရှေ အမျိုး တဝက် အား အမွေပေး ၍ ၊ မနာရှေ
အမျိုးသား တဝက် သည် အဆွေအမျိုး အလိုက် အမွေခံရသောပြည်များဟူမူကား၊ ၃၀ မဟာနိမ် မြို့ မှစ၍ ဗာရှန်
ပြည်တည်းဟူသောဗာရှန် ရှင်ဘုရင် ဩဃ ၏ နိုင်ငံ တရှောက်လုံး ၊ ဗာရှန် ပြည်၌ ပါသော ယာကြရ မြို့ ခြောက် ဆယ်ကို
အမွေခံရသတည်း။ ၃၁ ဂိလဒ် ပြည်တဝက် ၊ ဗာရှန် ပြည်၌ ဩဃ ၏ နိုင်ငံ အဝင်၊ အာရှတရုတ် မြို့ နှင့် ဧဒြဲ မြို့ တို့ကို
မနာရှေ သား မာခိရ ၏ သား မြေးတဝက် အဆွေ အမျိုးအလိုက် ပိုင်ရကြ၏။ ၃၂ ဤရွေ့ကား၊ မောရှေ သည် ယော်ဒန်
မြစ်အရှေ့၊ ယေရိခေါ မြို့တစ်ဘက် ၊ မောဘ လွင်ပြင် ၌ အမွေ ဝေဖန်သော ပြည်များပေတည်း။ ၃၃ လေဝိ အမျိုး အား
အမွေ ကိုမ ပေး။ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည် အမိန့် တော်ရှိသည်အတိုင်း သူ တို့အမွေ
ဖြစ်တော်မူသတည်း။

၁၄ ခါနာန် ပြည် ၌ လည်း ယဇ်ပုရောဟိတ် ဧလာဇာ ၊ နုန် ၏သား ယောရှု အစရှိသော ဣသရေလ အမျိုး အနွယ်တို့ ၌ မင်း ဖြစ်သောသူတို့သည် အမွေ ဝေဖန်၍ ဣသရေလ အမျိုးသားတို့သည် အမွေ ခံရကြ၏။ ၂ ထာဝရဘုရား သည် မောရှေ အားဖြင့် မှာ ထားတော်မူသည်အတိုင်း ၊ ဣသရေလအမျိုး ကိုး မျိုးနှင့် တဝက် တို့သည် စာရေးတံ ပြု၍ အမွေ ခံရကြ၏။ ၃ မောရှေ သည် ဣသရေလအမျိုး နှစ် မျိုးနှင့် တဝက် တို့အား၊ ယော်ဒန် မြစ်အရှေ့ ဘက်၌ အမွေ ပေး နှင့်ပြီ။ လေဝိ သားတို့အား အခြားသောအမျိုးနှင့်ရော၍ အမွေ မ ပေး။ ၄ ယောသပ် အမျိုးသား တို့သည် မနာရှေ အမျိုး ၊ ဧဖရိမ် အမျိုးနှစ် မျိုးဖြစ် ၍ ၊ လေဝိ သားတို့နေ စရာ မြို့ ၊ သူ တို့ တိရစ္ဆာန် နှင့် ဥစ္စာ ကို ထားစရာမြို့နယ် မှတပါး အခြားသောမြေ ကို မ ပေး။ ၅ မောရှေ အား ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးသားတို့သည် ပြု ၍ မြေ ကို ဝေဖန် ကြ၏။ ၆ ထိုအခါ ယုဒ အမျိုးသား တို့သည်၊ ဂိလဂါလ မြို့၌ ယောရှု ထံ သို့လာ ၍ ၊ ကေနက် အမျိုးယေဖုန္နာ ၏သား ကာလက် က၊ ထာဝရဘုရား သည် ကာဒေရှဗာနာ အရပ်၌ ကိုယ်တော် နှင့် အကျွန်ုပ် ကို ရည်ဆောင် ၍၊ ဘုရား သခင်၏လူ မောရှေ အား မိန့် တော်မူသော စကား ကို ကိုယ်တော် သိ ပါ၏။ ၇ ဤပြည် ကို စူးစမ်း စေခြင်းငှါ ဘုရား သခင်၏ ကျွန် မောရှေ သည် အကျွန်ုပ် ကို ကာဒေရှဗာနာ အရပ်မှ စေလွှတ် သောအခါ ၊ အကျွန်ုပ် သည် အသက် လေးဆယ် ရှိပါ၏။ အကျွန်ုပ်သည် ကိုယ် စိတ် ထင်သည်အတိုင်း ပြန်ကြား လျှောက်ထားပါ၏။ ၈ အကျွန်ုပ် နှင့်အတူ သွား သော ညီအစ်ကို တို့သည်၊ လူ များစိတ်ပျက် စရာကို ပြုသော်လည်း ၊ အကျွန်ုပ် သည် အကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား နောက် တော်သို့ လုံးလုံး လိုက်ပါ၏။ ၉ ထို နေ့ ရက်၌ မောရှေ က၊ သင်သည် ငါ ၏ဘုရား သခင် ထာဝရဘုရား နောက် တော်သို့ လုံးလုံး လိုက်သောကြောင့် ၊ အကယ်၍သင်နင်း ပြီးသောမြေ သည် အစဉ် အဆက် သင် ၏အမွေ၊ သင် ၏ သား မြေးတို့၏အမွေ ဖြစ် ရလိမ့်မည်ဟု ကျိန်ဆို လေ၏။ ၁၀ ဣသရေလ အမျိုးသည် တော ၌ လှည့်လည် စဉ် အခါ၊ ထာဝရဘုရား သည် ထိုသို့ မောရှေ အား မိန့် တော်မူသောနေ့မှစ၍ ယခုတိုင်အောင်အမိန့် တော်ရှိသည်အတိုင်း ၊ အနှစ် လေး ဆယ်ငါး နှစ်ပတ်လုံးအကျွန်ုပ် အသက် ကို ရှင်စေတော်မူသဖြင့် ၊ ယနေ့ မှာ အကျွန်ုပ် သည် အသက် ရှစ် ဆယ်ငါး နှစ်ရှိပါပြီ။ ၁၁ သို့ရာတွင် မောရှေ စေလွှတ် သောနေ့ ၌ ခွန်အား ရှိသကဲ့သို့ ယနေ့၌ ရှိပါ၏။ ထိုအခါ ထွက် ဝင် ခြင်းအမှု၊ စစ်တိုက် ခြင်းအမှုကို ဆောင်ရွက်ခြင်းငှါ တတ်စွမ်း နိုင်သကဲ့သို့ ယခုလည်း တတ်စွမ်း နိုင်ပါ၏။ ၁၂ သို့ ဖြစ်၍ ထို နေ့ ၌ ထာဝရဘုရား မိန့် တော်မူသော ဤတောင် ကို အကျွန်ုပ် အား ပေး ပါ။ ဤတောင်ပေါ်မှာ အာနက လူရှိကြောင်း ကို၎င်း၊ ကြီးမား ခိုင်ခံ့ သော မြို့ တို့နှင့် ပြည့်စုံကြောင်းကို၎င်း၊ ထို နေ့ ၌ ကိုယ်တော် သည် ကြား ရပြီ။ သို့ရာတွင် ထာဝရဘုရား သည် အကျွန်ုပ် နှင့်အတူ ရှိတော်မူလျှင်၊ အမိန့် တော်ရှိသည်အတိုင်း ထိုသူ တို့ကို နှင်ထုတ် ခြင်းငှါအကျွန်ုပ်တတ်စွမ်းနိုင်ပါသည်ဟု လျှောက် ဆို၏။ ၁၃ ထိုအခါ ယောရှု သည် ကောင်းကြီး ပေး၏။ ဟေဗြုန် ပြည်ကိုလည်း ၊ ယေဖုန္နာ ၏သား ကာလက် အမွေခံ စရာဘို့ အပ် ပေးလေ၏။ ၁၄ သို့ ဖြစ်၍ ကေနက် အမျိုး ယေဖုန္နာ ၏သား ကာလက် သည်၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား နောက် တော်သို့ လုံးလုံး လိုက်သောကြောင့် ၊ ဟေဗြုန် ပြည်သည် ယနေ့ တိုင်အောင်

ကာလက်၏အမွေ မြေဖြစ် သတည်း။ ၁၅ ဟေဗြုန် မြို့သည် အထက် က ကိရယသာဘ အမည် ရှိ၏။ အာဗသည် အာနက အမျိုးသားတို့တွင် လူကြီး ဖြစ်၏။ ထိုအခါ တပြည် လုံးစစ် ငြိမ်း လေ၏။

၁၅ ယုဒ အမျိုးသား တို့သည် စာရေးတံ ပြု၍ အဆွေ အမျိုးအလိုက် အမွေခံရသောမြေဟူမူကား၊ တောင် မျက်နှာ၌ ဧဒုံ ပြည်နယ် နှင့် နီးစပ်လျက်၊ တေမန်ပြည်စွန်းမှစ၍ဇိန တော ဖြစ် သော၊ ၂ တောင် ဘက်အပိုင်း အခြားသည် သောဒုံ အိုင် ၌ တောင် အကွေ့ မှ ထွက် ၍၊ ၃ တောင် မျက်နှာနား ၊ အကရဗ္ဗိမ် ကုန်း ကို ရှောက် လျက် ဇိန ရွာသို့ ရောက် လေ၏။ တဖန် တောင် မျက်နှာနား ၊ ကာဒေရ္နာနာ ရွာ၊ ဟေဇရုန် ရွာ၊ အာဒါ ရွာ၊ ကာကာ ရွာ၊ ၄ အဇမုန် ရွာကို ရှောက် သဖြင့် အဲဂုတ္တု ချောင်း သို့ လိုက် ၍ ပင်လယ် ၌ ဆုံး လေ၏။ ၅ အရှေ့ဘက်၌ သောဒုံ အိုင် သည် ယော်ဒန် မြစ်ဝ တိုင်အောင် အရှေ့ အပိုင်း အခြားဖြစ်၏။ မြောက် ဘက် အပိုင်း အခြားသည် ယော်ဒန် မြစ်သို့ဆင်းရာ သောဒုံအိုင် ကွေ့ မှ ထွက်၍၊ ၆ ဗေသောဂလ ရွာသို့ဌင်း၊ ဗေသရာဗ ရွာ မြောက် နားမှာ ရှောက် လျက် ရုဗင် သား ဗောဟန် ၏ကျောက် သို့ဌင်း ရောက် လေ၏။ ၇ အာခေါ် ချိုင့် မြောက် ဘက်မှ ထွက် ၍ ဒေဗိရ ရွာသို့ ၎င်း၊ မြစ် တောင် ဘက် အဒုမ္မိမ် ကုန်း ရှေ့၌ ရှိသောဂိလဂါလ မြို့သို့ ၎င်း ရောက် ပြီးမှ ၊ အင်ရှေမက် အိုင် ၊ အရှော်ဂေလ ရွာလမ်းသို့ လိုက် လျက်၊ ၈ ဟိန္နံသား၏ချိုင့်နား ယေရုရှလင် မြို့ရာ ယေဗုသိ အရပ် တောင် ဘက်နား မှာ ရှောက် ၍ ဟိန္နံ ချိုင့်အနောက် ၊ ရေဖိမ် ချိုင့် မြောက် ဘက်၌ ရှိသော တောင်ပေါ် သို့ တက် လေ၏။ ၉ ထိုတောင် ပေါ် မှ ဆင်း ပြန်၍ ၊ နေဖတော စမ်း ရေတွင်း ကို ရှောက်သဖြင့် ဧဖရုန် တောင် နှင့်ဆိုင်သော မြို့ များသို့ ၎င်း၊ ကိရယတ်ယာရိမ် မြို့ ရာဗာလာ မြို့သို့ဌင်း၊ ၁၀ ဗာလာ မြို့အနောက် ဘက်နား မှာ ရှောက် လျက် စိရ တောင် သို့ ၎င်း၊ ဓေသလုန် တောင်တည်းဟူသော ယာရိမ် တောင် မြောက်ဘက် နားမှာ ရှောက် လျက် ဗက်ရှေမက် မြို့၊ တိမနာ မြို့သို့ဌင်း၊ ၁၁ ဧကြုန် မြို့မြောက် ဘက်နား မှာ ရှောက် လျက် ရှိကြုန် ရွာသို့ ၎င်း၊ ဗာလာ တောင် သို့ဌင်း၊ ယာဗနေလ ရွာသို့ဌင်း ရောက် ၍ ပင်လယ် ၌ ဆုံး လေ၏။ ၁၂ အနောက်ဘက်၌ ပင်လယ် ကြီး နှင့် ပင်လယ်ကမ်းပါး သည် အနောက် အပိုင်း အခြားဖြစ်၏။ ဤရွေကား ယုဒ အမျိုးသား အဆွေ အမျိုးအလိုက် နေရာပြည်နယ်အပိုင်း အခြားဖြစ်သတည်း။ ၁၃ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ ယောရှု သည် ယုဒ အမျိုးသား တို့တွင် ယေဖုန္နာ ၏သား ကာလက် အဘို့ ဟေဗြုန် မြို့တည်းဟူသော အာနက အဘ အာဘ ၏မြို့ ကို ချပေး လေ၏။ ၁၄ ထို မြို့ထဲက ကာလက် သည် အာနက သား သုံး ယောက်၊ ရှေရဲ ၊ အဟိမန် ၊ တာလမဲ တို့ကို နှင်ထုတ် သောနောက်၊ ၁၅ ကိရယသေဖ အမည် ဟောင်း ရှိသောဒေဗိရ မြို့သား တို့ရှိရာသို့ တဖန်ချီ သွား၍၊ ၁၆ ကိရယသေဖ မြို့ကိုတိုက်ယူ လုပ်ကြံ သောသူ အား ငါသည် သမီး အာခသ ကို ပေးစား မည်ဟုဆို လျှင်၊ ၁၇ ကာလက် ညီ ကေနတ် ၏သား ဩသံယေလ သည် ထိုမြို့ ကိုတိုက် ယူ၍ ကာလက်သည် သမီး အာခသ ကို သူ့ အား ပေးစား လေ၏။ ၁၈ ထိုမိန်းမသည် ခရီးသွားစဉ် အခါ၊ လယ် တကွက်ကို အဘ ၌ တောင်း ခြင်းငှါ လင် နှင့်တိုင်ပင် ပြီးမှ မြည်း ပေါ် က ဆင်း လေ၏။ အဘကာလက် က အဘယ် အလိုရှိသနည်းဟုမေး လျှင်၊ ၁၉ သမီးက ကောင်းကြီး ပေးစေချင်ပါ၏။ ကိုယ်တော်သည် တောင် မျက်နှာအရပ်ကိုပေး ပါပြီ။ စမ်း ရေတွင်းတို့ကိုလည်း

ပေး တော်မူပါဦးဟု တောင်းသည်အတိုင်း အဘသည် အထက် စမ်း ရေတွင်း၊ အောက် စမ်း ရေတွင်းတို့ကိုပေး လေ၏။ ၂၀ ဤရွေ့ကား၊ ယုဒ အမျိုးသား အဆွေ အမျိုးအလိုက် ခံရသော အမွေ မြေ ဖြစ်သတည်း။ ၂၁ ယုဒ အမျိုးသား ပိုင်သော မြို့ များဟူမူကား၊ ဧဒုံ ပြည် နှင့်နီးစပ် သော တောင် ပိုင်း၌ ကပ်ဧလ မြို့၊ ဧဒေရ မြို့၊ ယာဂုရ မြို့၊ ၂၂ ကိန မြို့၊ ဒိမောန မြို့၊ အာဒဒါ မြို့၊ ၂၃ ကေဒေရှ မြို့၊ ဟာဇော် မြို့၊ ကြာသနန် မြို့၊ ၂၄ ဇိဖ မြို့၊ တေလင် မြို့၊ ဗာလုတ် မြို့၊ ၂၅ ဟာဇော် မြို့သစ်၊ ဟာဇော် မြို့ဟောင်းတည်းဟူသော ဟေဇရုန် မြို့၊ ၂၆ အာမန် မြို့၊ ရှေမ မြို့၊ မောလဒ မြို့၊ ၂၇ ဟာဇာဂဒ္ဒ မြို့၊ ဟေရှမုန် မြို့၊ ဗက်ပါလက် မြို့၊ ၂၈ ဟာဇာရွာလ မြို့၊ ဗေရရှေဘာ မြို့၊ ဗိဇွောသယာ မြို့၊ ၂၉ ဗာလာ မြို့၊ ဣအိမ် မြို့၊ အာဇင် မြို့၊ ၃၀ ဧလတောလဒ် မြို့၊ ခေသိလ မြို့၊ ဟောမာ မြို့၊ ၃၁ ဇိကလတ် မြို့၊ မာဒမန္နာ မြို့၊ သံသန္နာ မြို့၊ ၃၂ လေဗောက် မြို့၊ ရှိလဟိမ် မြို့၊ အအိန် မြို့၊ ရိမ္မုန် မြို့၊ ရွာ နှင့်တကွ မြို့ ပေါင်း ကား သုံးဆယ်ခြောက်မြို့တည်း။ ၃၃ ချိုင့် ၌ လည်း ဧရှတောလ မြို့၊ ဇောရာ မြို့၊ အာရှနာ မြို့၊ ၃၄ ဇာနောာ မြို့၊ အင်္ဂန်နိမ် မြို့၊ တာပွါ မြို့၊ ဧနံ မြို့၊ ၃၅ ယာမုတ် မြို့၊ အဒုလံ မြို့၊ စောခေါ မြို့၊ အဇေကာ မြို့၊ ၃၆ ရှာရိမ် မြို့၊ အဒိသိမ် မြို့၊ ဂဒေရ မြို့၊ ဂဒေရောသိမ် မြို့၊ ရွာ နှင့်တကွ မြို့ ပေါင်းကား၊ ဆယ်ငါးမြို့တည်း။ ၃၇ ထိုမှတပါး၊ ဇေနန် မြို့၊ ဟဒါရှ မြို့၊ မိဂဒလဂဒ် မြို့၊ ၃၈ ဒိလန် မြို့၊ မိဇပါ မြို့၊ ယောကသေလ မြို့၊ ၃၉ လာခိရှ မြို့၊ ဗောဇကတ် မြို့၊ ဧကလုန် မြို့၊ ၄၀ ကဗ္ဗုန် မြို့၊ လာမံ မြို့၊ ကိသလိတ် မြို့၊ ၄၁ ဂဒေရုတ် မြို့၊ ဗက်ဒါဂုန် မြို့၊ နေမ မြို့၊ မက္ကဒါ မြို့၊ ရွာ နှင့်တကွ ဆယ် ခြောက် မြို့ တည်း။ ၄၂ ထိုမှတပါး၊ လိဗန မြို့၊ ဧသာ မြို့၊ အာရှန် မြို့၊ ၄၃ ယိဖတ မြို့၊ အာရှနာ မြို့၊ နေဇိပ် မြို့၊ ၄၄ ကိလ မြို့၊ အောခဇိပ် မြို့၊ မရေရှ မြို့၊ ရွာ နှင့်တကွ ကိုး မြို့ တည်း။ ၄၅ ထိုမှတပါး ဧကြုန် မြို့နှင့် သူ ဆိုင်သော မြို့ ရွာ များ၊ ၄၆ ဧကြုန် မြို့မှစ၍ ပင်လယ် တိုင်အောင် ၊ အာဇုတ် မြို့နှင့်နီးစပ် သောမြို့ရွာ များ၊ ၄၇ အာဇုတ် မြို့နှင့် သူ ဆိုင်သော မြို့ ရွာ များ၊ အဲဂုတ္တု မြစ် ၊ ပင်လယ် ကြီး ၊ ပင်လယ်ကမ်းပါး တိုင်အောင် ၊ ဂါဇ မြို့နှင့် သူ ဆိုင်သော မြို့ ရွာ များ၊ ၄၈ တောင် ပေါ် ၌ လည်း ၊ ရှမိရ မြို့၊ ယတ္တိရ မြို့၊ စောခေါ မြို့၊ ၄၉ ဒန္နာ မြို့၊ ဒေဗိရ မြို့တည်းဟူသော ၊ ကိရယသန္နာ မြို့၊ ၅၀ အာနပ် မြို့၊ ဧရှတမော မြို့၊ အာနိမ် မြို့၊ ၅၁ ဂေါရှင် မြို့၊ ဟောလုန် မြို့၊ ဂိလော မြို့၊ ရွာ နှင့်တကွ ဆယ် တ မြို့ တည်း။ ၅၂ အာရပ် မြို့၊ ဒုမာ မြို့၊ ဧရှန် မြို့၊ ၅၃ ယာနုံ မြို့၊ ဗက်တာပွါ မြို့၊ အာဖက် မြို့၊ ၅၄ ဟုန္တ မြို့၊ ဟေဗြုန် မြို့တည်းဟူသော ကိရယသာဘ မြို့၊ ဇိအောရ မြို့၊ ရွာ နှင့်တကွ ကိုး မြို့ တည်း။ ၅၅ မောင် မြို့၊ ကရမေလ မြို့၊ ဇိဖ မြို့၊ ယုတ္တ မြို့၊ ၅၆ ယေဇရေလ မြို့၊ ယောကဒံ မြို့၊ ဇာနောာ မြို့၊ ၅၇ ကကြန မြို့၊ ဂိဘာ မြို့၊ တိမန မြို့၊ ရွာ နှင့်တကွ ဆယ် မြို့ တည်း။ ၅၈ ဟာလဟုလ မြို့၊ ဗက်ဇုရ မြို့၊ ဂေဒေါ် မြို့၊ ၅၉ မာရပ် မြို့၊ ဗေသနုတ် မြို့၊ ဧလတေကုန် မြို့၊ ရွာ နှင့်တကွ ခြောက် မြို့ တည်း။ ၆၀ ကိရယတ်ယာရိမ် မြို့တည်းဟူသောကိရယတ်ဗာလ မြို့၊ ရဗ္ဗာ မြို့၊ ရွာ နှင့်တကွ နှစ် မြို့ တည်း။ ၆၁ တော ၌ လည်း၊ ဗေသရာဗ မြို့၊ မိဒ္ဒိန် မြို့၊ သေကာက မြို့၊ ၆၂ နိဗရှန် မြို့၊ မေလက် မြို့၊ အင်္ဂေဒိ မြို့၊ ရွာ နှင့်တကွ ခြောက် မြို့ တည်း။ ၆၃ ယေရုရှလင် မြို့၌နေ သောယေဗုသိ လူတို့ကိုကား၊ ယုဒ အမျိုးသား တို့သည် မ နှင်ထုတ် နိုင် ဘဲ သူတို့သည် ယနေ့ တိုင်အောင် ယုဒ အမျိုးသား တို့နှင့်အတူ ယေရုရှလင် မြို့၌ နေ ကြသတည်း။

၁၆ ယောသပ် အမျိုးသား တို့သည် စာရေးတံ ပြု၍ အမွေခံရသောမြေ အပိုင်းအခြားသည် ယော်ဒန် မြစ်နား၊ ယေရိခေါ မြို့အရှေ့၊ ယေရိခေါ အိုင် မှ ထွက် ၍ တော လမ်းသို့ လိုက် လျက်၊ ဗေသလ တောင် တရှောက်လုံးသွားသဖြင့်၊ ၂ ဗေသလ လုဇ မြို့သို့ ၎င်း၊ အာခိ အတရုတ် မြို့ သို့ ၎င်း၊ အနောက် မျက်နှာ၌ ယာဖလေတိ မြို့ သို့ ၎င်း၊ ၃ အောက် ဗက်ဟောရုန် မြို့ သို့ ၎င်း၊ ဂေဇာ မြို့သို့ ၎င်း ရောက် ၍ ပင်လယ် ၌ ဆုံး လေ၏။ ၄ ထိုသို့ ယောသပ် ၏သား မနာရှေ နှင့် ဧဖရိမ် တို့သည် အမွေ ခံရကြ၏။ ၅ ဧဖရိမ် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် နေ သောမြေအပိုင်း အခြားသည်၊ အရှေ့ ဘက်၌ အတရုတ်အဒ္ဒါ မြို့မှ အထက် ဗက်ဟောရုန် မြို့သို့ လိုက်၍၊ ၆ မြောက် မျက်နှာ၌ ပင်လယ် နား၊ မိတ်မေသ မြို့သို့ ထွက် ၏။ တဖန် အရှေ့ သို့ မျက်နှာ ပြု၍ တာနတ်ရှိလော မြို့အရှေ့ မှာ ရှောက် လျက်၊ ၇ ယနောဟ မြို့သို့ ၎င်း၊ ယနောဟ မြို့မှ အတရုတ် မြို့၊ နာရတ် မြို့၊ ယေရိခေါ မြို့သို့ ၎င်း ရောက် ၍ ယော်ဒန် မြစ်၌ ဆုံး လေ၏။ ၈ တာပွါ မြို့မှ အနောက် သို့ သွား ၍ ကာန မြစ် သို့ လိုက် လျက် ပင်လယ် ၌ ဆုံး လေ၏။ ဤ ဤ၌ရွေကား၊ မနာရှေ အမျိုးသား တို့ အမွေ ခံရသောမြေ၌ ဧဖရိမ် အမျိုးသား တို့အဘို့ ခွဲ ထားသော မြို့ များနှင့်တကွ ဧဖရိမ် အမျိုးသား အဆွေ အမျိုးအလိုက် အမွေ ခံရသောမြို့ ရွာ များဖြစ်သတည်း။ ၁၀ ဂေဇာ မြို့၌ နေ သောခါနနိ လူတို့ကို မ နှင်ထုတ် ဘဲ သူတို့သည် ယနေ့ တိုင်အောင် ဧဖရိမ် အမျိုးသားတို့နှင့်အတူ နေ ၍ အခွန် ပေးရကြ၏။

၁၇ ယောသပ် ၏သားဦး မနာရှေ အမျိုးသား တို့သည် စာရေးတံ ပြု ၍ အမွေခံရသောမြေဟူမူကား၊ မနာရှေ ၏သား တည်းဟူသော ဂိလဒ် ၏အဘ မာခိရ သည် စစ်သူရဲ ဖြစ် ၍ ၊ ဂိလဒ် ပြည်နှင့် ဗာရှန် ပြည်ကိုရ ၏။ ၂ ယောသပ် ၏သား မနာရှေ ၏သား ယောက်ျား အခြားတည်းဟူသော အဗျေဇာ သား ၊ ဟေလက် သား ၊ အသရေလ သား ၊ ရှေခင် သား ၊ ဟေဖာ သား ၊ ရှမိဒ သား တို့သည် အဆွေ အမျိုးအလိုက် စာရေးတံပြု၍ရကြသေး၏။ ၃ သို့ရာတွင် မနာရှေ ၊ မာခိရ ၊ ဂိလဒ် ၊ ဟေဖါ တို့မှ ဆင်းသက်သော ဧလောဖဒ် ၌ သား ယောက်ျားမ ရှိ ၊ သမီး သက်သက်သာ ရှိ၏။ သူ ၏သမီး တို့အမည် ကား၊ မာလာ ၊ နောအာ ၊ ဟောဂလာ ၊ မိလကာ ၊ တိရဇာ တည်း။ ၄ ထိုမိန်းမတို့သည် ယဇ်ပုရောဟိတ် ဧလာဇာ ၊ နုန် ၏သား ယောရှု ၊ မင်း များရှေ့သို့ ချဉ်းကပ် ၍ အကျွန်ုပ် တို့ပေါက်ဘော် နှင့်အတူအမွေ ခံရသောအခွင့်ကို အကျွန်ုပ် တို့အား ပေး စေခြင်းငှါ ထာဝရဘုရား သည် မောရှေ ကို မှာ ထားတော်မူပြီဟု လျှောက် ၍ ၊ ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း သူ တို့အဘ ၏ညီအစ်ကို တို့နှင့်အတူ အမွေ ခံရသောအခွင့်ကိုပေး ၏။ ၅ ထိုသို့ မနာရှေ ၏သမီး တို့သည် သား တို့နှင့်အတူ အမွေ ကိုခံရ ၍ ၊ မနာရှေ ၏သား အချို့တို့သည် ဂိလဒ် ပြည် ကိုရ သောကြောင့်၊ ၆ ယော်ဒန် မြစ်အရှေ့ ဘက် ဂိလဒ် ပြည် နှင့် ဗာရှန် ပြည်မှတပါး ၊ မနာရှေ အမျိုးသည်ဆယ်ဘို့ ကိုရ သေး၏။ ၇ မနာရှေ ခရိုင်အပိုင်း အခြားသည် အာရှာ ခရိုင်မှ ရှေခင် မြို့ ရှေ့တွင်ရှိသော မိတ်မေသ မြို့သို့ သွား၍ လက်ျာ ဘက်၌ အင်တာပွါ မြို့သို့ လိုက် လေ၏။ ၈ တာပွါ မြို့နယ် ကို မနာရှေ ပိုင်သော်လည်း ၊ မနာရှေ ခရိုင် စွန်းမှာ ရှိသော တာပွါ မြို့ကို ဧဖရိမ် သား တို့သည် ပိုင်ကြ၏။ ၉ တဖန် အပိုင်း အခြားသည် ကာန မြစ် တောင် ဘက်သို့ လိုက် ၍၊ မနာရှေ မြို့ တို့တွင် ဧဖရိမ် မြို့အချို့ ပါသော်လည်း ၊ မြစ် မြောက် ဘက်မြေသည် မနာရှေ မြေ ဖြစ် ၍ ပင်လယ် ၌ ဆုံး လေ၏။ ၁၀ တောင် ဘက်၌

ဧဖရိမ် မြေ၊ မြောက် ဘက်၌ မနာရှေ မြေဖြစ်လျက်၊ ပင်လယ် ကန့် ကွက်၍ မြောက် ဘက်၌ အာရှာ ခရိုင်၊ အရှေ့ဘက်၌ ဂ္ဂသခါ ခရိုင်ရှိ ၏။ ၁၁ ထိုခရိုင်၌ မနာရှေ အမျိုးရသောပြည် သုံး ပြည်ဟူမူကား ၊ ဗက်ရှန် မြို့နှင့် သူ့ မြို့ ရွာများ၊ ဂ္ဂဗလံ မြို့နှင့် သူ့ မြို့ ရွာများ၊ ဒေါရ မြို့နှင့် သူ့ မြို့ ရွာများ၊ အဒေါ်ရ မြို့နှင့် သူ့ မြို့ ရွာများ၊ တာနက် မြို့နှင့် သူ့ မြို့ ရွာများ၊ မေဂိဒ္ဒေါ မြို့နှင့် သူ့ မြို့ ရွာများတို့ကို ရသေး၏။ ၁၂ သို့ရာတွင် မနာရှေ အမျိုးသား တို့သည် ထို မြို့ တို့ကို မ သိမ်း မယူနိုင် ဘဲ၊ ခါနာန် လူတို့သည် ထို အရပ် ၌ အနိုင် နေ ကြ၏။ ၁၃ ဂ္ဂသရေလ လူတို့သည် အားတိုးပွား သောအခါ ၊ ထိုခါနာန် လူတို့ကို အကုန်အစင်မ နှင်ထုတ် ဘဲ အခွန် ပေး စေကြ၏။ ၁၄ ယောသပ် အမျိုးသား တို့ကလည်း ၊ အကျွန်ုပ် တို့သည် ထာဝရဘုရား ပေးတော်မူသောကောင်းကြီး မင်္ဂလာကိုခံရသဖြင့် အမျိုး ကြီး ဖြစ်၍၊ ကိုယ်တော်သည် တ ဘို့ တ ခရိုင် တည်းကိုသာ အဘယ်ကြောင့် ပေး ပါသနည်းဟု ယောရှု အား မေး လျှောက်ကြသော်၊ ၁၅ ယောရှု က၊ သင် တို့သည် အမျိုး ကြီး ဖြစ်၍ ဧဖရိမ် တောင် ကျဉ်းမြောင်း လျှင် ၊ တော အရပ်သို့ သွား ၍ ဖေရဇိ ပြည် ၊ ရေဖိမ် ပြည်၌ ခုတ် လှဲကြလော့ဟု ပြန်ပြော ၏။ ၁၆ ယောသပ် အမျိုးသား တို့ကလည်း ၊ ဧဖရိမ်တောင် သည် အကျွန်ုပ် တို့အဘို့ မ လောက် ပါ။ ချို့ငဲ့ အရပ် ဗက်ရှန် မြို့ ရွာတို့ ၌ ၎င်း ၊ ယေဇရေလ ချိုင့် ၌ ၎င်း နေ သောခါနာနိ လူ အပေါင်း တို့သည် သံ ရထား နှင့် ပြည့်စုံပါသည်ဟု လျှောက် ပြန်လျှင်၊ ၁၇ ယောရှု က၊ သင် တို့သည် အမျိုး ကြီး ဖြစ်၍ ခွန်အား ကြီး သောကြောင့်၊ တ ဘို့ တည်းကိုသာ မ ယူရ။ ၁၈ တောင် သည်လည်း သင် တို့အဘို့ ဖြစ် လိမ့်မည်။ သစ်ပင် များလျှင် ခုတ် လှဲရမည်။ ထွက် ရာလမ်းတို့သည်လည်း သင် တို့အဘို့ ဖြစ် လိမ့်မည်။ ခါနာနိ လူတို့သည် ခွန်အား ကြီး၍ သံ ရထား နှင့်ပြည့်စုံသော်လည်း ၊ သူတို့ကို နှင်ထုတ် ကြလိမ့်မည်ဟု ဧဖရိမ် အမျိုး၊ မနာရှေ အမျိုးတည်းဟူသောယောသပ် အမျိုးသား တို့အား ပြော ဆို၏။

၁၈ ဂ္ဂသရေလ အမျိုး ပရိသတ် အပေါင်း တို့သည်၊ ရှိလော မြို့မှာစည်းဝေး ၍ ပရိသတ်စည်းဝေး ရာ တဲ တော်ကို တည်ထောင် ကြ၏။ သူ တို့ရှေ့မှာ တပြည် လုံးနှိမ့်ချ လျက်ရှိ၏။ ၂ ထိုအခါ ဂ္ဂသရေလ အမျိုးခုနှစ် မျိုး တို့သည်၊ အမွေ မြေကို မ ခံရ သေးသည်ဖြစ်၍၊ ၃ ယောရှု က၊ သင် တို့ဘိုးဘေး များ၏ ဘုရား သခင်ထာဝရဘုရား ပေး တော်မူသော မြေ ကို သင်တို့သည် မသိမ်း မယူဘဲ အဘယ် မျှကာလ ပတ်လုံးနေ ကြလိမ့်မည်နည်း။ ၄ သင် တို့တွင် အမျိုး တမျိုးလျှင် လူ သုံး ယောက်စီ ရွေးကောက် ၍ ငါစေလွှတ် သဖြင့် ၊ သူတို့သည် တပြည် လုံးသို့ထ သွား ၍ အမွေခံ သင့်သည်အတိုင်း ရေး သားပြီးမှ ငါ့ ထံ သို့ ပြန် လာရကြမည်။ ၅ သူတို့သည် ပြည် ကို ခုနှစ် ပိုင်း ပိုင်းခြား ရကြမည်။ ယုဒ အမျိုးသည် တောင် ဘက်မိမိ နေရာ ၌ နေ ရမည်။ ယောသပ် အမျိုး သည် မြောက် ဘက်မိမိ နေရာ ၌ နေ ရမည်။ ၆ ပြည် ကို ခုနှစ် ပိုင်း ပိုင်းခြားပြီးမှ ၊ ပြည်ပုံကို ငါ့ ထံ သို့ ဆောင် ခဲ့၍ ၊ ငါ တို့ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ သင် တို့အဘို့ စာရေးတံ ပြု မည်။ ၇ လေဝိ သားတို့သည် သင် တို့နှင့် ရောလျက် အဘို့ ကို မ ယူရ။ ထာဝရဘုရား ၏ ယဇ် ပုရောဟိတ်အရာသည် သူ တို့အမွေ ဖြစ်၏။ ဂဒ် အမျိုး၊ ရုဗင် အမျိုး၊ မနာရှေ အမျိုး တဝက် တို့သည် ယော်ဒန် မြစ်အရှေ့ ဘက် ထာဝရဘုရား ၏ကျွန် မောရှေ ပေး သည်အတိုင်း ၊ အမွေ မြေကို ခံယူ ကြပြီဟု ဂ္ဂသရေလ လူတို့အား

ပြော ဆို၏။ ၈ ထိုလူ တို့သည် ထ၍ သွား သဖြင့် ၊ ယောရှ ကလည်း ၊ တပြည် လုံးသို့ ရှောက် ၍ ရေး သားပြီးလျှင် ငါ့ ထံ သို့ ပြန် လာကြလော့။ ရှိလော မြို့မှာ ထာဝရဘုရား ရှေ့တော် ၌ သင် တို့အဘို့ စာရေးတံ ပြု မည်ဟု ပြည် ပုံကို ရေး သား ခြင်းငှါ သွား သောသူတို့ကို မှာ ထားသည်နှင့်အညီ၊ ၉ သူတို့သည် တပြည် လုံးသို့ ရှောက် သွားသဖြင့် ၊ မြို့ ရွာရှိသည်အတိုင်း စာ ၌ ခုနစ် ပိုင်း ပိုင်း၍ ရေး သားပြီးမှ ယောရှ နေရာ ရှိလော တပ် သို့ ရောက် လာကြ၏။ ၁၀ ယောရှ သည် ရှိလော မြို့မှာ ထာဝရဘုရား ရှေ့တော်၌ စာရေးတံ ပြု ၍ ကွသရေလ အမျိုးသား အသီးအသီးတို့အား မြေ ကိုပိုင်းခြား လေ၏။ ၁၁ ဗင်္ာမိန် အမျိုးသား တို့သည် စာရေးတံ ပြု ၍ အဆွေ အမျိုးအလိုက် ခံရသောမြေ သည် ယုဒ အမျိုးသား တို့နှင့် ယောသပ် အမျိုးသား တို့စပ်ကြား မှာ ကျ ၏။ ၁၂ မြေအပိုင်း အခြားသည် မြောက် မျက်နှာ၌ ယော်ဒန် မြစ်မှ ထွက် ၍ ယေရိခေါ မြို့ မြောက် ဘက်နား ၌ ၎င်း၊ အနောက် ဘက်တောင် ပေါ် ၌ ၎င်း ရှောက် လျက် ဗေသဝင် တော သို့ ထွက် သွား၏။ ၁၃ တဖန် တောင် မျက်နှာသို့ သွား ၍ ဗေသလ လုဇ မြို့နား ၌ ရှောက်သဖြင့်၊ အောက် ဗက်ဟောရုန် မြို့ တောင် ဘက်မှာ ရှိသော တောင် ခြေရင်း အတရုတ်အဒ္ဒါ မြို့သို့ ရောက် ပြီးလျှင်၊ ၁၄ ထို တောင် မှ ထွက် ၍ အိုင် တောင် ကွေ့ ကို ဝိုင်း သဖြင့် ၊ ယုဒ အမျိုးသား နေသောကိရယတ်ယာရိမ် မြို့ တည်းဟူသော ကိရယတ်ဗာလ မြို့သို့ ထွက် သွား၏။ ဤ ရွေ့ကား အနောက် ဘက် အပိုင်း အခြားတည်း။ ၁၅ တောင် ဘက် အပိုင်း အခြားသည် ကိရယတ်ယာရိမ် မြို့စွန်း မှ အနောက် ဘက်နား၌ နေဖတော ရေ တွင်း သို့ ရောက် ပြီးလျှင်၊ ၁၆ ဟိန်နံ သား၏ချိုင့်ရှေ့ မှာ ၊ ရေဖိမ် ချိုင့် မြောက် ဘက်၌ ရှိသောတောင် ခြေရင်း သို့ လာ ၍ ယေဗုသိ မြို့ တောင် ဘက် ဟိန်နံ ချိုင့်သို့ဌင်း ၊ အနော်ဂေလ ရွာသို့ဌင်း၊ ၁၇ မြောက် ဘက်နား၌ အင်ရှေမက် ရွာသို့ဌင်း၊ အဒုမ္မိမ် ကုန်း တစ်ဘက် ဂေလိလုတ် ရွာသို့ ဌင်း၊ ရုဗင် သား ဗောဟန် ၏ကျောက် သို့ဌင်း ရောက် လေ၏။ ၁၈ တဖန် အရာဗ မြို့ မြောက် မျက်နှာတဘက် လွင်ပြင်နား မှာ ရှောက် ၍ အရာဗ မြို့သို့ ရောက် သဖြင့်၊ ၁၉ ဗက်ဟောဂလ မြို့ မြောက် ဘက်နား မှာ ရှောက် ၍ သောဒုံ အိုင် မြောက် ကွေ့ ၊ ယော်ဒန် မြစ်ဝ ၌ ဆုံး လေ၏။ ဤ ရွေ့ကား တောင် ဘက်အပိုင်း အခြားတည်း။ ၂၀ ယော်ဒန် မြစ်သည် အရှေ့ ဘက် ပိုင်းခြား လျက် ရှိ၏။ ဤ ရွေ့ကား ဗင်္ာမိန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် အမွေ ခံရသောမြေ နယ်ဖြစ်သတည်း။ ၂၁ ဗင်္ာမိန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ရသောမြို့ များဟူမူကား၊ ယေရိခေါ မြို့၊ ဗေသောဂလ မြို့၊ ဧမက္ကေဇဇ် မြို့၊ ၂၂ ဗေသရာဗ မြို့၊ ဇေမရိမ် မြို့၊ ဗေသလ မြို့၊ ၂၃ အာဝိမ် မြို့၊ ပါရ မြို့၊ ဩဖရာ မြို့၊ ၂၄ ခေဖါဟာမောနဲ မြို့၊ ဩဖနိ မြို့၊ ဂါဘ မြို့၊ ရွာ နှင့်တကွ ဆယ် နှစ် မြို့ တည်း။ ၂၅ ထိုမှတပါး၊ ဂိဗောင် မြို့၊ ရာမ မြို့၊ ဗေရုတ် မြို့၊ ၂၆ မိဇပါ မြို့၊ ခေဖိရ မြို့၊ မောဇ မြို့၊ ၂၇ ရေကင် မြို့၊ ဣရပေလ မြို့၊ တာရလ မြို့၊ ၂၈ ဇေလမြို့၊ ဇလ်မြို့၊ ယေရုရှလင် မြို့ တည်းဟူသော ယေဗုသိ မြို့၊ ဂိဗက် မြို့၊ ကိရယတ် မြို့၊ ရွာ နှင့်တကွ ဆယ် လေး မြို့ တည်း။ ဤ ရွေ့ကား ဗင်္ာမိန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။

၁၉ ဒုတိယ တကြိမ်စာရေးတံ ပြု ၍ ၊ ရှိမောင် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ယုဒ အမွေ မြေအတွင်း ၌ အမွေ ခံရ ကြ၏။ ၂ သူ တို့အမွေ မြေ၌ ရှိ သောမြို့ များဟူမူကား၊ ဗေရရှေဘ မြို့၊ မောလဒါ မြို့၊ ၃ ဟာဇာရွာလ မြို့၊ ဗာလာ

မြို့၊ အာဇင် မြို့၊ ၄ ဧလတောလဒ် မြို့၊ ဗေသူလ မြို့၊ ဟောမာ မြို့၊ ၅ ဓိကလတ် မြို့၊ ဗက်မာကဗုတ် မြို့၊ ဟာဇာသုသ မြို့၊ ၆ ဗက်လေဟောက် မြို့၊ ရှရုဟင် မြို့၊ ရွာ နှင့်တကွ ဆယ် သုံး မြို့ တည်း။ ၇ ထိုမှတပါး၊ အင် ရိမွန် မြို့၊ တောခင်မြို့၊ ဧသော မြို့၊ အာရှန် မြို့၊ ရွာ နှင့်တကွ လေး မြို့ တည်း။ ၈ ထိုမှတပါး တောင်မျက်နှာ၌ ဗာလတ်ဗေရ ရာမတ် မြို့တိုင်အောင် အထက်ဆိုခဲ့ပြီးသော မြို့ ပတ်ဝန်းကျင် ရွာ ရှိသမျှ ပါသတည်း။ ဤ ရွှေ့ကား ရှိမောင် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။ ၉ ရှိမောင် အမွေ မြေသည် ယုဒ အမျိုးသား ခံသော အဘို့ ထဲက နှုတ်ရ၏။ ယုဒ အမျိုးသား တို့အဘို့ သည် ကြီးကျယ် သောကြောင့် ၊ သူ တို့အမွေ မြေအတွင်း၌ ရှိမောင် အမျိုးသား တို့သည် အမွေ ခံရကြ၏။ ၁၀ တတိယ တကြိမ်စာရေးတံ ပြု၍ ဇာဗုလုန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် အမွေခံရကြ၏။ သူ တို့ အမွေ မြေအပိုင်း အခြားသည် စာရိဒ် မြို့မှထွက်၍ ၁၁ အနောက် သို့ သွား လျက် မရာလ မြို့၊ ဒဗ္ဗရှက် မြို့သို့ ၎င်း ၊ ယောကနံ မြို့ရှေ့မှာ ရှိသော မြစ် သို့ ၎င်း မှီ လေ၏။ ၁၂ တဖန် စာရိဒ် မြို့မှ နေ ထွက် ရာအရှေ့မျက်နှာသို့ လှည့်သဖြင့် ၊ ခိသလုတ္တာဗော် မြို့၊ ဒါဗရတ် မြို့သို့ ရောက် ပြီးလျှင် ၊ ယာဖျာ မြို့သို့ တက် လေ၏။ ၁၃ ထို မြို့မှစ၍ အရှေ့ဘက်နားမှာလိုက် လျက် ၊ ဂိတ္တဟေဖါ မြို့၊ အိတ္တကာဇိန် မြို့၊ ရိမွန်မေသောရ နေအာ မြို့သို့ ရောက် လေ၏။ ၁၄ မြောက်ဘက်၌ လည်း ဝိုင်း သဖြင့် ၊ ဟန္နသုန် မြို့သို့ရောက် ၍ ယိဖသေလ ချိုင့်၌ ဆုံး လေ၏။ ၁၅ ထိုမှတပါး၊ ကတ္တတ် မြို့၊ နဟာလာလ မြို့၊ ရှိမရုန် မြို့၊ ဣဒလ မြို့၊ ဗက်လင် မြို့တည်းဟူသောရွာ နှင့်တကွ ဆယ် နှစ် မြို့ ရှိသတည်း။ ၁၆ ဤ ရွှေ့ကား မြို့ ရွာ ပါလျက် ဇာဗုလုန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။ ၁၇ စတုတ္ထ တကြိမ် စာရေးတံ ပြု၍ ဣသခါ အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် အမွေခံရကြ၏။ ၁၈ သူ တို့အပိုင်း အခြားသည် ယေဇရေလ မြို့၊ ခေသုလုတ် မြို့၊ ရှုနင် မြို့၊ ၁၉ ဟာဖရိမ် မြို့၊ ရှိဟုန် မြို့၊ အာနဟာရတ် မြို့၊ ၂၀ ရဗ္ဗိတ် မြို့၊ ကိရှန် မြို့၊ အာဗက် မြို့၊ ၂၁ ရေမက် မြို့၊ အင်္ကန်မ် မြို့၊ အဟ်ဒ္ဒါ မြို့၊ ဗက်ပဇ္ဇက် မြို့ပါလျက်၊ ၂၂ တာဗော် မြို့၊ ရာဟဇိမ မြို့၊ ဗက်ရှေမက် မြို့သို့ ရောက် ၍ ယော်ဒန် မြစ်၌ ဆုံး လေ၏။ ရွာ နှင့်တကွ ဆယ် ခြောက် မြို့ ရှိသတည်း။ ၂၃ ဤ ရွှေ့ကား မြို့ ရွာ ပါလျက် ဣသခါ အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။ ၂၄ ပဉ္စမ တကြိမ် စာရေးတံ ပြု၍ အာရှာ အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် အမွေခံရကြ၏။ ၂၅ သူ တို့အပိုင်း အခြားသည် ဟေလကတ် မြို့၊ ဟာလိ မြို့၊ ဗေတင် မြို့၊ အာခရှပ် မြို့၊ ၂၆ အာလမ္မေလက် မြို့၊ အာမဒ် မြို့၊ မိရှာလ မြို့ပါ လျက်၊ အနောက် မျက်နှာ၌ ကရမေလ မြို့၊ ရှိဟောရလိဗနတ် မြို့သို့ ရောက် လေ၏။ ၂၇ တဖန် နေ ထွက် ရာဘက်သို့လှည့်၍ ဗက်ဒါဂုန် မြို့၊ ဇာဗုလုန် ခရိုင်၊ ယိဖသေလ ချိုင့်ကို ရှောက် သဖြင့် ၊ မြောက် မျက်နှာသို့ သွား၍ ဗေသမက် မြို့၊ နယေလ မြို့၊ ကာဗုလ မြို့၊ ၂၈ ဟေဗြုန် မြို့၊ ရဟောဘ မြို့၊ ဟမ္မုန် မြို့၊ ကာန မြို့၊ ဓိဒုန် မြို့ကြီး တိုင်အောင် ရောက် ပြီးလျှင်၊ ၂၉ ရာမ မြို့၊ ခိုင်ခံ့ သောတုရု မြို့ ၊ ဟောသ မြို့သို့ လှည့် လျက် ၊ ပင်လယ် ကမ်းပါးမှစ၍ အာခဇိပ် မြို့တိုင်အောင် ပင်လယ် ၌ ဆုံး လေ၏။ ၃၀ အုမ္မ မြို့၊ အာဖက် မြို့၊ ရဟောဘ မြို့နှင့်တကွ ၊ ရွာ ပါလျက် နှစ် ဆယ်နှစ် မြို့ ရှိသတည်း။ ၃၁ ဤ ရွှေ့ကား မြို့ ရွာ ပါလျက် အာရှာ အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။ ၃၂ ဆဋမ တကြိမ်

စာရေးတံ ပြု၍ နသလိ အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် အမွေခံရကြ၏။ ၃၃ သူ တို့အပိုင်း အခြားသည် ဟေလပ် မြို့၊ အာလုန်မြို့။ ဇာနန္ဒိမ် မြို့၊ အာဒမိ မြို့၊ နေကပ်မြို့၊ ယာဗနေလ မြို့၊ လာကုံ မြို့ပါလျက် ယော်ဒန် မြစ်၌ ဆုံးလေ၏။ ၃၄ တဖန် အနောက် မျက်နှာသို့ လှည့် သဖြင့် အာဇနုတ္တာဘော် မြို့၊ ဟုကုတ် မြို့သို့ ရောက် ၍ ၊ တောင် ဘက်၌ ဇာဗုလုန် ခရိုင်၊ အနောက် ဘက်၌ အာရှာ ခရိုင်၊ နေ ထွက် ရာဘက်၌ ယော်ဒန် မြစ်အပိုင်း အခြားရှိ၏။ ၃၅ ခိုင်ခံ့ သောမြို့ များဟူမူကား၊ ဇိဒ္ဒိမ် မြို့၊ ဇေရ မြို့၊ ဟမတ် မြို့၊ ရက္ကတ် မြို့၊ ဂနေ်သရက် မြို့၊ ၃၆ အာဒမာ မြို့၊ ရာမ မြို့၊ ဟာဇော် မြို့၊ ၃၇ ကေဒေရှ မြို့၊ အင်ဟာဇော် မြို့၊ ဧဒြိ မြို့၊ ၃၈ ကျရုန် မြို့၊ မိဂဒလေလ မြို့၊ ဟောရင် မြို့၊ ဗေသနတ် မြို့၊ ဗက်ရှေမက် မြို့၊ ရွာ နှင့်တကွ ဆယ် ကိုး မြို့ တည်း။ ၃၉ ဤ ရွေ့ကား မြို့ ရွာ ပါလျက်၊ နသလိ အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။ ၄၀ သတ္တမ တကြိမ် စာရေးတံ ပြု၍ ဒန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် အမွေခံရကြ၏။ ၄၁ သူ တို့အမွေ ခံရသောမြို့ များဟူမူကား၊ ဇောရာ မြို့၊ ဧရှတောလ မြို့၊ ဣရရှေမက် မြို့၊ ၄၂ ရှာလဗိန် မြို့၊ အာယလုန် မြို့၊ ယေသလ မြို့၊ ၄၃ ဧလုန် မြို့၊ သိမနာသ မြို့၊ ဧကြြန် မြို့၊ ၄၄ ဧလတေက မြို့၊ ဂိဗ္ဗသုန် မြို့၊ ဗာလပ် မြို့၊ ၄၅ ယေဟုတ် မြို့၊ ဗေနဗေရက် မြို့၊ ဂါသရိမ္မုန် မြို့၊ ၄၆ မေယာကုန် မြို့၊ ရက္ကုန် မြို့၊ ယာဖေါ မြို့ရှေ့ မှာရှိသောမြေ ပါ သတည်း။ ၄၇ ဒန် အမျိုးသား ရသောမြေ သည် ကျဉ်းမြောင်းသောကြောင့်၊ လဲရှ မြို့ကို စစ်ချီ ၍ တိုက် ယူလုပ်ကြံ သဖြင့် နေရာ ချကြ၏။ လဲရှ မြို့ကို ၊ အမျိုး၏အဘ ဒန် ကို အစွဲပြု ၍ ၊ ဒန် မြို့ဟူသောအမည်ဖြင့် မှည့် ကြ၏။ ၄၈ ဤ ရွေ့ကား မြို့ ရွာ ပါလျက်၊ ဒန် အမျိုးသား တို့သည် အဆွေ အမျိုးအလိုက် ခံရသောအမွေ တည်း။ ၄၉ ထိုသို့ ကသရေလ အမျိုးသားတို့သည် မြေ တပြင်လုံးကို အပိုင်း အခြားနှင့်တကွဝေဖန် ၍ အမွေခံပြီး မှ၊ နုန် ၏သား ယောရှ အား အမွေ မြေကို ပေး ကြ၏။ ၅၀ သူတောင်း သောမြို့ ဧဖရိမ် တောင် ပေါ်မှာ တိမနသေရ မြို့ကို ထာဝရဘုရား အမိန့် တော်အတိုင်း ပေး သဖြင့် ၊ သူသည် မြို့ ကိုတည်ထောင် ၍ နေ လေ၏။ ၅၁ ဤ ရွေ့ကား ယဇ်ပုရောဟိတ် ဧလာဇာ ၊ နုန် ၏ သား ယောရှ ၊ ကသရေလ အမျိုးသားတို့တွင် အဆွေ အမျိုးသူကြီး တို့သည်၊ ရှိလော မြို့မှာ ထာဝရဘုရား ရှေ့ ပရိသတ်စည်းဝေး ရာတဲ တော်တံခါး နား၌ ဝေ ပေးသော အမွေ ခံစရာမြေ အသီးသီးပေတည်း။ ဤရွေ့ကား၊ ပြည် ကို ဝေဖန် သောအမှု ပြီး လေ၏။

၂၀ တဖန် ထာဝရဘုရား သည် ယောရှ ကို ခေါ်တော်မူ၍၊ ၂ သင် သည် ကသရေလ အမျိုးသားတို့အား ဆင့်ဆို ရမည်မှာ၊ ငါသည် မောရှေ အားဖြင့် မှာ ထားသည်အတိုင်း၊ ၃ လူအသက်ကိုသတ် မည်ဟု အကြံ မ ရှိဘဲ အမှတ်တမဲ့ သတ် မိသောသူသည် ပြေး ၍ မှီခို ရာမြို့ တို့ကို ရွေး ထားကြလော့။ သေစား သေစေသောသူလက်နှင့်လွတ်၍ မှီခို ရာမြို့ ဖြစ် ရသတည်း။ ၄ ထို မြို့ တစုံ တမြို့သို့ ပြေး သောသူသည် မြို့ တံခါး၀ ၌ရပ် ၍ ၊ ထို မြို့ ၌ အသက်ကြီး သူတို့အား မိမိ အမှု ကို ကြားပြော သောအခါ ၊ သူတို့သည် မြို့ ထဲ သို့ခေါ် ၍ သူ တို့ထံ မှာနေရာ ချ ရကြမည်။ ၅ သေစား သေစေသောသူသည် လိုက် လာလျှင် ၊ သူ့ လက် သို့ သတ် မိသောသူကို မ အပ် ရ။ အကြောင်း မူကား၊ ထိုသူသည် မိမိ အဘော် ကို အငြိုး မ ထားဘဲ အမှတ်တမဲ့သတ် မိ၏။ ၆ ထိုသူသည် ပရိသတ် ရှေ့သို့ ရောက်၍ တရားစီရင် ခြင်းကို မ

ခံ မှီသော်ငင်း၊ ထို ကာလ ယဇ်ပုရောဟိတ် မင်း မ သေ မှီသော်ငင်း ထို မြို့ ၌ နေ ရမည်။ ထိုနောက်မှ ပြန် လာ၍ အထက်ပြေး ရသောမြို့ ၊ မိမိ နေရင်းအိမ် ၌ နေ ရသောအခွင့်ရှိရမည်ဟု မိန့်တော်မူသည်အတိုင်း၊ ၇ သူတို့သည် ဂါလိလဲ ပြည်၊ နဿလိ တောင် ပေါ်မှာ ကေဒေရှ မြို့၊ ဧဖရိမ် တောင် ပေါ်မှာ ရှေခင် မြို့၊ ယုဒ တောင် ပေါ်မှာ ဟေဗြုန် မြို့ တည်းဟူသော ကိရယသာဘ မြို့တို့ကိုငင်း၊ ၈ ယော်ဒန် မြစ်တဘက် ၊ ယေရိခေါ မြို့အရှေ့မှာ ရုဗင် ခရိုင်၊ တော လွင်ပြင် ၌ ဗေဇာ မြို့၊ ဂဒ် ခရိုင်၊ ဂိလဒ် ပြည်၌ ရာမုတ် မြို့၊ မနာရှေ ခရိုင်၊ ဗာရှန် ပြည်၌ ဂေါလန် မြို့တို့ကိုငင်း ရွေး ထားကြ၏။ ၉ ဤ မြို့ တို့ကား၊ ကလသရေလ အမျိုးသားဖြစ်စေ ၊ သူ တို့တွင် တည်းခို သော တပါး အမျိုးသားဖြစ်စေ၊ အမှတ်တမဲ့ လူ အသက်ကိုသတ် မိသောသူသည် သေစား သေစေသောသူလက် နှင့်လွတ် ၍ ပရိသတ် ရှေ့ သို့ မရောက် မှီတိုင်အောင် ပြေး ရသောအခွင့်ရှိစေခြင်းငှါ ရွေး ထားသောမြို့ဖြစ် သတည်း။

၂၁ လေဝိ သား အဆွေအမျိုးသူကြီး တို့သည်၊ ယဇ်ပုရောဟိတ် ဧလာဇာ ၊ နုန် ၏သား ယောရှု ၊ ကလသရေလ အမျိုးတို့တွင် အဆွေ အမျိုးသူကြီး တို့ထံ သို့ချဉ်းကပ် ၍၊ ၂ အကျွန်ုပ် တို့ နေ စရာဘို့ မြို့ တို့ကိုငင်း၊ တိရစ္ဆာန် များတို့မြို့နယ် တို့ကိုငင်း ပေး စေခြင်းငှါ ထာဝရဘုရား သည် မောရှေ အားဖြင့် မှာ ထားတော်မူပြီဟု ခါနာန် ပြည် ၊ ရှိလော မြို့၌ ပြောဆို ကြလျှင်၊ ၃ ကလသရေလ အမျိုးသားတို့သည် ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း ၊ မိမိ တို့အမွေ ခံရသောမြေထဲက ၊ မြို့ နှင့် မြို့နယ် တို့ကိုပေး ကြ၏။ ၄ စာရေးတံ ပြု၍ ကောဟတ် အဆွေ အမျိုးတို့သည် အမွေခံရာတွင်၊ လေဝိ သား ယဇ်ပုရောဟိတ် အာရုန် ၏ သား မြေးတို့သည် စာရေးတံ ပြုသောအားဖြင့် ၊ ယုဒ ခရိုင်၊ ရှိမောင် ခရိုင်၊ ဗယ်ာမိန် ခရိုင်ထဲက ဆယ် သုံး မြို့ ကို ရကြ၏။ ၅ ကြွင်းသော ကောဟတ် သား တို့သည် ဧဖရိမ် ခရိုင်၊ ဒန် ခရိုင်၊ မနာရှေ ခရိုင် ဝက် ထဲက ဆယ် မြို့ ကို ရကြ၏။ ၆ ဂေရရှုံ သား တို့သည် စာရေးတံ ပြုသောအားဖြင့် ၊ ကလသခါ ခရိုင်၊ အာရှာ ခရိုင်၊ နဿလိ ခရိုင်၊ ဗာရှန် ပြည်၌ မနာရှေ ခရိုင်ဝက် ထဲက ၊ ဆယ် သုံး မြို့ ကို ရကြ၏။ ၇ မေရာရိ သား တို့သည် အဆွေ အမျိုးအလိုက် ရုဗင် ခရိုင်၊ ဂဒ် ခရိုင်၊ ဇာဗုလုန် ခရိုင်ထဲက ၊ ဆယ် နှစ် မြို့ ကို ရကြ၏။ ၈ ထာဝရဘုရား သည် မောရှေ အားဖြင့် မှာ ထားတော်မူသည်အတိုင်း ၊ ကလသရေလ အမျိုးသားတို့သည် စာရေးတံ ပြု၍ ထို မြို့ တို့ကို မြို့နယ် နှင့်တကွ လေဝိ သားတို့အား ပေး ကြ၏။ ၉ ယုဒ အမျိုးသား ခရိုင်၊ ရှိမောင် အမျိုးသား ခရိုင်ထဲက ပေး ၍ လေဝိ သား ဖြစ် သော ကောဟတ် အဆွေ အမျိုး၊ ၁၀ အာရုန် ၏သားမြေး တို့သည် ပဌမ စာရေးတံ အားဖြင့်ရ သောမြို့ တို့၏အမည် များဟူမူကား၊ ၁၁ ယုဒ ခရိုင်တောင် ကြား၌ ဟေဗြုန် မြို့တည်းဟူသော အာနက အဘ အာဘ နေသောမြို့ကို မြို့နယ် နှင့်တကွ ပေး ကြ၏။ ၁၂ သို့ရာတွင် မြို့ နှင့်ဆိုင်သော လယ် များ၊ ရွာ များတို့ကို ယေဖုန္နာ ၏သား ကာလက် အား အပိုင် ပေး ကြ၏။ ၁၃ လူအသက်ကိုသတ်မိသောသူ မှီခို ရာမြို့ ဖြစ်စေခြင်းငှါ၊ ဟေဗြုန် မြို့ကို မြို့နယ် နှင့်တကွ ယဇ်ပုရောဟိတ် အာရုန် ၏သား မြေးတို့အား ပေး ကြ၏။ ၁၄ ထိုမှတပါး၊ လိဗန မြို့နှင့် မြို့နယ် ၊ ယတ္တိရ မြို့နှင့် မြို့နယ် ၊ ဧရှတေမော မြို့နှင့် မြို့နယ်၊ ၁၅ ဟောလုန် မြို့နှင့် မြို့နယ် ၊ ဒေဗိရ မြို့နှင့် မြို့နယ်၊ ၁၆ အက္ကန မြို့နှင့် မြို့နယ် ၊ ယုတ္တ မြို့နှင့် မြို့နယ် ၊ ဗက်ရှေမက် မြို့နှင့် မြို့နယ် တည်းဟူသော ထို ခရိုင်နှစ် ခရိုင်ထဲက ကိုး မြို့ တို့ကိုငင်း၊

၁၇ ဗယ်ာမိန် ခရိုင်ထဲက ဂိဟောင် မြို့နှင့် မြို့နယ် ၊ ဂေဗ မြို့နှင့် မြို့နယ်၊ ၁၈ အာနသုတ် မြို့နှင့် မြို့နယ် ၊ အာလမုန် မြို့နှင့် မြို့နယ် တည်းဟူသော လေး မြို့ တို့ကိုဂုင်း ပေးကြ၏။ ၁၉ အာရုန် ၏သား မြေး ယဇ်ပုရောဟိတ် တို့ရသောမြို့ ပေါင်း ကား၊ မြို့နယ် ပါသောမြို့ ဆယ် သုံး မြို့ရှိသတည်း။ ၂၀ ကြွင်း သောကောဟတ် သား အဆွေ အမျိုးဖြစ်သော လေဝိ သားတို့သည် စာရေးတံ ပြု၍ ဧဖရိမ် ခရိုင်ထဲက ရသည်အတိုင်း၊ ၂၁ လူအသက်ကိုသတ် မိသောသူမှီခို ရာမြို့ ဖြစ်စေခြင်းဌါ၊ ဧဖရိမ် တောင် ပေါ် မှာ ရှေခင် မြို့ကို မြို့နယ် နှင့်တကွ ပေး ကြ၏။ ၂၂ ထိုမှတပါး ဂေဇာ မြို့နှင့် မြို့နယ် ၊ ကိဗဇိမ် မြို့နှင့် မြို့နယ် ၊ ဗေသောရုန် မြို့နှင့် မြို့နယ် တည်းဟူသော လေး မြို့ တို့ကိုဂုင်း၊ ၂၃ ဒန် ခရိုင်ထဲက ဧလတေက မြို့နှင့် မြို့နယ် ၊ ဂိဗ္ဗသုန် မြို့နှင့် မြို့နယ်၊ ၂၄ အာဧလုန် မြို့နှင့် မြို့နယ် ၊ ဂါသရိမ္မုန် မြို့နှင့် မြို့နယ် တည်းဟူသောလေး မြို့ တို့ကိုဂုင်း၊ ၂၅ မနာရှေ ခရိုင်ဝက် ထဲက တာနက် မြို့နှင့် မြို့နယ် ၊ ဂါသရိမ္မုန် မြို့နှင့် မြို့နယ် တည်းဟူသောနှစ် မြို့ တို့ကိုဂုင်းပေးကြ၏။ ၂၆ ကြွင်း သော ကောဟတ် သား အဆွေ အမျိုးတို့သည် ရသောမြို့နယ် နှင့်တကွ မြို့ ပေါင်း ကား ဆယ် မြို့တည်း။ ၂၇ လေဝိ အဆွေ အမျိုး၊ ဂေရရှုံ သား တို့အား လည်း ၊ မနာရှေ ခရိုင်ဝက် ထဲက လူအသက်ကိုသတ် မိသောသူ မှီခို ရာမြို့ ၊ ဗာရှန် ပြည်၌ ဂေါလန် မြို့နှင့် မြို့နယ် ၊ ဗေရှတေရ မြို့နှင့် မြို့နယ် တည်းဟူသောနှစ် မြို့ တို့ကိုဂုင်း၊ ၂၈ ဣသခါ ခရိုင်ထဲက ကိရှုန် မြို့နှင့် မြို့နယ် ၊ ဒါဗရေ မြို့နှင့် မြို့နယ်၊ ၂၉ ယာမုတ် မြို့နှင့် မြို့နယ် ၊ အင်္ကန်မ် မြို့နှင့် မြို့နယ် တည်းဟူသောလေး မြို့ တို့ကိုဂုင်း၊ ၃၀ အာရှာ ခရိုင်ထဲက မိရှလ မြို့နှင့် မြို့နယ် ၊ အာဗဒုန် မြို့နှင့် မြို့နယ်၊ ၃၁ ဟေလကတ် မြို့နှင့် မြို့နယ် ၊ ရဟောဘ မြို့နှင့် မြို့နယ် တည်းဟူသောလေး မြို့ တို့ကိုဂုင်း၊ ၃၂ နဿလိ ခရိုင်ထဲက ၊ လူအသက်ကိုသတ် မိသော သူမှီခို ရာမြို့ ၊ ဂါလိလဲ ပြည်၌ ကေဒေရှ မြို့နှင့် မြို့နယ် ၊ ဟမ္မုဒ္ဒေါ မြို့နှင့် မြို့နယ် ၊ ကာတံ မြို့နှင့် မြို့နယ် တည်းဟူသော သုံး မြို့ တို့ကိုဂုင်းပေးကြ၏။ ၃၃ ဂေရရှုံ သားတို့သည်၊ အဆွေ အမျိုးအလိုက် ရသော မြို့နယ် နှင့်တကွ မြို့ ပေါင်း ကား ဆယ် သုံး မြို့ တည်း။ ၃၄ ကြွင်း သော လေဝိ သား၊ မေရာရိ အဆွေ အမျိုးတို့အား ဇာဗုလုန် ခရိုင်ထဲက ယောကနံ မြို့နှင့် မြို့နယ် ၊ ကာတ မြို့နှင့် မြို့နယ်၊ ၃၅ ဒိမန မြို့နှင့် မြို့နယ် ၊ နဟာလာလ မြို့နှင့် မြို့နယ် တည်းဟူသောလေး မြို့ တို့ကိုဂုင်း၊ ၃၆ ရုဗင် ခရိုင်ထဲက လူအသက်ကိုသတ်မိသောသူ မှီခိုရာမြို့၊ တောဌ် ဗေဇာ မြို့နှင့် မြို့နယ် ၊ ယဟာဇ မြို့နှင့် မြို့နယ်၊ ၃၇ ကေဒမုတ် မြို့နှင့် မြို့နယ် ၊ မေဖတ် မြို့နှင့် မြို့နယ် တည်းဟူသောလေး မြို့ တို့ကိုဂုင်း၊ ၃၈ ဂဒ် ခရိုင်ထဲက ၊ လူအသက်ကိုသတ် မိသောသူမှီခို ရာမြို့ ၊ ဂိလဒ် ပြည်၌ ရာမုတ် မြို့နှင့် မြို့နယ် ၊ မဟာနိမ် မြို့နှင့် မြို့နယ်၊ ၃၉ ဟေရှဘုန် မြို့နှင့် မြို့နယ် ၊ ယာဇာ မြို့နှင့် မြို့နယ် တည်းဟူသောလေး မြို့ တို့ကိုဂုင်းပေးကြ၏။ ၄၀ ကြွင်း သောလေဝိ အဆွေ အမျိုးမေရာရိ သား တို့သည် စာရေးတံ ပြု၍ အဆွေ အမျိုးအလိုက် ရသောမြို့နယ်နှင့်တကွမြို့ ပေါင်း ကား ဆယ် နှစ် မြို့ တည်း။ ၄၁ ဣသရေလ အမျိုးသားနေရာ နိုင်ငံအဝင်၊ လေဝိ သားနေသောမြို့ ပေါင်း ကား၊ မြို့နယ် နှင့်တကွ လေး ဆယ်ရှစ် မြို့ တည်း။ ၄၂ ထို မြို့ ရှိသမျှ တို့သည် ပတ်ဝန်းကျင် နယ် နှင့် ပြည့်စုံလျက်ရှိ သတည်း။ ၄၃ ထာဝရဘုရား ကလည်း ၊ ငါပေး မည်ဟု ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပြည် ရှိသမျှ ကို ဣသရေလ အမျိုးသားတို့အား ပေး တော်မူသဖြင့် ၊ သူတို့သည် သိမ်းယူ ၍ နေရာ ကျကြ၏။ ၄၄ ဘိုးဘေး တို့အား ကျိန်ဆို

တော်မူသမျှ အတိုင်း ၊ ပတ်ဝန်းကျင် အရပ်တို့ ၌ ငြိမ်ဝပ် ရာအခွင့်ကိုပေးတော်မူသဖြင့် ၊ သူ တို့ရှေ့ မှာ အဘယ်ရန်သူ မျှမ ရပ် နိုင်။ ရန်သူ အပေါင်း တို့ကို သူ တို့လက် သို့ အပ် တော်မူ၏။ ၄၅ ထာဝရဘုရား သည် ဣသရေလ အမျိုး အတို့ မိန့် တော်မူသော ကောင်းကျိုး တစုံ တပါးမျှမ လျော့ ၊ ရှိသမျှ တို့သည် ပြည့်စုံ ကြ၏။

JJ တဖန် ယောရှု သည် ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် တို့ကို ခေါ် ၍၊ ၂ ထာဝရဘုရား ၏ကျွန် မောရှေ မှာ ထားသမျှ အတိုင်း ၊ သင် တို့သည် ပြု ၍ ၊ ငါမှာ ထားသမျှ သော စကား ကို လည်း နားထောင် ကြပြီ။ ၃ ယနေ့ တိုင်အောင် ကြာမြင့် စွာသောကာလ ပတ်လုံးသင် တို့သည် ညီအစ်ကို များကို မ စွန့် ဘဲနေ၍၊ သင် တို့ဘုရား သခင်ထာဝရဘုရား စီရင်မှာထားတော်မူသမျှကို စောင့်ရှောက် ကြပြီ။ ၄ ယခု မှာ သင် တို့၏ဘုရား သခင်ထာဝရဘုရား ဂတိ တော်ရှိသည်အတိုင်း ၊ ညီအစ်ကို တို့အား ငြိမ်သက် ခြင်းအခွင့်ကိုပေးတော်မူသောကြောင့်၊ သင် တို့ ပြန် ၍ ကိုယ် နေရာအိမ် သို့ ၎င်း၊ ယော်ဒန် မြစ်တဘက် ၌ ထာဝရဘုရား ၏ကျွန် မောရှေ ပေး သည်အတိုင်း၊ ကိုယ် ပိုင် သော မြေ သို့ ၎င်း သွား ကြလော့။ ၅ သို့ရာတွင် ထာဝရဘုရား ၏ကျွန် မောရှေ မှာ ထားသော ပညတ် တရား အတိုင်း ကျင့် ၍ ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ကို စိတ်နှလုံးအကြွင်းမဲ့ချစ် ခြင်း၊ လမ်း တော်အလုံးစုံ တို့ ၌ လိုက်သွား ခြင်း၊ ပညတ် တော်တို့ကို စောင့်ရှောက် ခြင်း၊ ကိုယ်တော် ၌ ဆည်းကပ် ခြင်း၊ အမှုတော်ကို ဆောင်ရွက် ခြင်းငှါ ကြိုးစား၍ သတိပြု ကြလော့ဟု မှာထားလျက်၊ ၆ ကောင်းကြီး ပေး၍ လွှတ် လိုက်လေ၏။ သူတို့သည် ကိုယ် နေရာအိမ် သို့ သွား ကြ၏။ ၇ မနာရှေ အမျိုး တဝက် အား မောရှေ သည် ဗာရှန် ပြည်၌ မြေကိုပေး နှင့်ပြီ။ အမျိုးတဝက် အား ယောရှု သည် ယော်ဒန် မြစ်အနောက် ဘက် ၌ သူ တို့ ညီအစ်ကို များနှင့်အတူ မြေကိုပေး ၏။ ၈ ယောရှု ကလည်း ၊ သင်တို့သည် အလွန်ဥစ္စာ ရ တတ်၍ များ စွာသော တိရစ္ဆာန် ၊ ရွှေ ၊ ငွေ ၊ ကြေးဝါ ၊ သံ ၊ အဝတ် တန်ဆာများတို့ကို ယူဆောင်လျက် သင် တို့နေရာ အိမ် သို့ ပြန် သွားကြလော့။ ရန်သူ တို့ ၌ လုယူ၍ရသောဥစ္စာ ကို သင် တို့ ညီအစ်ကို များ၌ ဝေဖန် ကြလော့ဟု မှာ ထားလျက် ၊ ကောင်းကြီး ပေး၍ သူ တို့နေရာအိမ် သို့ လွှတ် လိုက်လေ၏။ ၉ ထာဝရဘုရား သည် မောရှေ အားဖြင့် မိန့် တော်မူသည်အတိုင်း ၊ ရုဗင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုး တဝက် တို့သည် ပိုင် ထိုက်သောမြေ ၊ ဂိလဒ် ပြည် သို့ သွား ခြင်းငှါ ၊ ဣသရေလ အမျိုးသားရှိရာ ခါနာန် ပြည် ၊ ရှိလော မြို့မှ ထွက်သွား ကြ၏။ ၁၀ ခါနာန် ပြည် ၊ ယော်ဒန် မြစ်နား သို့ ရောက် သောအခါ ၊ ရုဗင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုး တဝက် တို့သည် ယော်ဒန် မြစ်နားမှာ ထင်ရှား စွာသော ယဇ်ပလ္လင်ကြီး ကို တည် ကြ၏။ ၁၁ ထိုသို့ ရုဗင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုး တဝက် တို့သည် ခါနာန် ပြည် တဘက် ၊ ယော်ဒန် မြစ်နား ၊ ဣသရေလ အမျိုးသားကူးရာအရပ် ၌ ယဇ်ပလ္လင်ကို တည် ကြပြီဟု ဣသရေလ အမျိုးသားတို့သည် သိတင်းကြား ကြ၏။ ၁၂ ထိုသိတင်းကို ကြား သောအခါ ၊ ဣသရေလ အမျိုးသားပရိသတ် အပေါင်း တို့သည် စစ်ချီ ခြင်းငှါ ၊ ရှိလော မြို့၌ စည်းဝေး ကြ၏။ ၁၃ ဣသရေလ အမျိုးသား တို့သည်၊ ယဇ်ပုရောဟိတ် ဧလာဇာ သား ဖိနဟတ် နှင့်တကွ၊ ဣသရေလ အမျိုး အသီးအသီး တို့အထဲကရွေးကောက်၍၊ ၁၄ လူတထောင် ကိုအုပ် သောအဆွေအမျိုး သူကြီး ဆယ် ပါးတို့ကို ရုဗင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုး တဝက် ရှိရာ ဂိလဒ် ပြည် သို့

စေလွှတ် ကြ၏။ ၁၅ ထိုမင်းတို့သည် ရဖင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုး တဝက် ရှိရာ ဂိလဒ် ပြည် သို့ ရောက် ၍၊ ၁၆ ထာဝရဘုရား ၏ ပရိသတ် အပေါင်း တို့မှာလိုက်သည်ကား၊ သင် တို့သည် ထာဝရဘုရား ကို ယနေ့ ပုန်ကန် ၍ ယဇ် ပလ္လင်ကို တည် သဖြင့် ၊ ထာဝရဘုရား နောက် တော်သို့မလိုက်၊ ယနေ့လွှဲသွား ခြင်းငှါ ဣသရေလ အမျိုး၏ ဘုရား သခင်ကို ပြစ်မှား သော အပြစ် ကား အဘယ်သို့ နည်း။ ၁၇ သင်တို့သည် ထာဝရဘုရားနောက်တော်သို့ မလိုက် လွှဲသွားရမည်အကြောင်း၊ ပေဂုရ အပြစ် သည် ငါ တို့အဘို့ မ လောက်သလော။ ထာဝရဘုရား ၏ ပရိသတ် တော်၌ ဘေး ကြီးရောက် သော်လည်း ၊ ယနေ့ တိုင်အောင် ထိုအပြစ် မ ရှင်းလင်း သေး။ ၁၈ သင် တို့သည် ထာဝရဘုရား ကို ယနေ့ ပုန်ကန် ၍ နက်ဖြန် နေ့ ဣသရေလ အမျိုး ပရိသတ် အပေါင်း တို့ကို အမျက် ထွက်တော်မူမည်။ ၁၉ သို့သော်လည်း သင် တို့အပိုင် ရသောမြေ သည် မ စင်ကြယ်လျှင် ၊ ထာဝရဘုရား အပိုင် ယူတော်မူ၍၊ တဲ တော်ရှိရာမြေ သို့ ကူး သဖြင့် ငါ တို့နှင့်အတူ အပိုင်ယူ ကြ လော့။ ငါ တို့ဘုရား သခင်ထာဝရဘုရား ၏ ယဇ်ပလ္လင် တော်မှတပါး ၊ အခြားသော ယဇ် ပလ္လင်ကို ကိုယ် အဘို့ တည် ၍ ထာဝရဘုရား ကို မ ပုန်ကန် ကြနှင့်။ ငါ တို့ကိုလည်း မ ပုန်ကန် ကြနှင့်။ ၂၀ ဇေရ သား အာခန် သည် ကျိန် အပ်သောအရာ၌ ပြစ်မှား ၍ အမျက် တော်သည် ဣသရေလ အမျိုး ပရိသတ် အပေါင်း တို့အပေါ် မှာ ရောက် သည် မ ဟုတ်လော။ ထိုသူ သည် ပြစ်မှားသောအပြစ် ကြောင့် တ ယောက်တည်းသာ သေ ရသည် မ ဟုတ်ဟု ဆိုကြ၏။ ၂၁ ထိုအခါ ရဖင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုး တဝက် တို့သည် ဣသရေလ အမျိုးတွင် လူတထောင် စီအုပ်သော အကဲ အမှူးတို့အား ပြန်ပြော လေသည်မှာ၊ ၂၂ မြတ် စွာဘုရား သခင် ထာဝရဘုရား ၊ မြတ် စွာဘုရား သခင် ထာဝရဘုရား သည် ကိုယ်တော်တိုင် သိ တော်မူ၏။ ဣသရေလ အမျိုးလည်း ကိုယ်တိုင်သိရလိမ့်မည်။ ပုန်ကန် မည်အကြံ၊ ထာဝရဘုရား ကို ပြစ်မှား မည်အကြံရှိ၍၊ ထာဝရဘုရား နောက် တော်သို့ မလိုက်ဘဲ လွှဲသွား ခြင်းငှါ ငါ တို့သည် ယဇ် ပလ္လင်ကို တည် သည်မှန်လျှင်၊ ယနေ့ ဘေးမ လွတ် ပါစေနှင့်။ ၂၃ ထိုပလ္လင် ပေါ် မှာ မီးရှို့ ရာယဇ်၊ ဘောဇဉ် ပူဇော်သက္ကာ၊ မိဿဟာယ ပူဇော် သက္ကာကို ပူဇော် မည်အကြံ ရှိလျှင် လည်း ထာဝရဘုရား သည် ကိုယ်တော် တိုင် စစ်ကြော တော်မူပါစေ။ ၂၄ နောင်ကာလ၌ သင်တို့သားမြေးတို့က၊ အိုရှုဗင် အမျိုးသား၊ ဂဒ်အမျိုးသားတို့၊ သင်တို့သည် ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား နှင့် အဘယ်သို့ဆိုင် ကြသနည်း။ ၂၅ ထာဝရဘုရား သည် ငါ တို့နှင့် သင် တို့စပ်ကြား၌ ပိုင်းခြား လျက် ယော်ဒန် မြစ်ကို ထား တော်မူပြီ။ သင်တို့သည် ထာဝရဘုရားနှင့် အလျှင်းမဆိုင်ကြဟု ငါတို့သား မြေးတို့အား ပြောဆိုသဖြင့်၊ ငါ တို့သား မြေးတို့သည် ထာဝရဘုရား ကို မ ကြောက်ရွံ့ ဘဲ နေစေမည်အကြောင်း၊ သင်တို့သားမြေးတို့သည် ပြုကြမည်ဟု စိုးရိမ်၍ ဤအမှုကို ပြုပြီမဟုတ်လော။ ၂၆ သို့ ဖြစ်၍ ငါ တို့သည် ယဇ် ပလ္လင်ကို တည် ခြင်းငှါ ပြင် ကြကုန်အံ့ဟု ဆို ကြသောအခါ၊ မီးရှို့ ရာယဇ်အစရှိသော ယဇ်မျိုးကို ပူဇော် မည်အကြံရှိသည်မ ဟုတ်။ ၂၇ ငါ တို့သည် မီးရှို့ ရာယဇ် အစရှိသော ယဇ် မျိုး၊ မိဿဟာယ ပူဇော်သက္ကာအမျိုးမျိုးကို ပြုသဖြင့်၊ ထာဝရဘုရား အမှု ကို ရှေ့တော်၌ ဆောင်ရွက် ခြင်းငှါ ၎င်း၊ နောင် ကာလ၌ သင် တို့သား မြေးတို့က၊ သင် တို့သည် ထာဝရဘုရား နှင့် အလျှင်းမ ဆိုင်ကြဟု ငါ တို့သားမြေး တို့အား မ ပြော စေခြင်းငှါဎ၎င်း၊ ဤယဇ်ပလ္လင်သည် ငါ

တို့နှင့် သင် တို့စပ်ကြား ၊ ငါ တို့သား မြေးနှင့် သင်တို့သားမြေးစပ်ကြားမှာ သက်သေ ဖြစ်စေခြင်းငှါ တည်ကြပါပြီ။ ၂၈ နောင်ကာလ ၌ သူတို့သည် ငါ တို့နှင့် ငါ တို့သား မြေးတို့အား ထိုသို့ပြောဆို လျှင် ၊ ငါတို့က၊ ငါ တို့အဘ တို့သည် မီးရှို့ရာယဇ်အစရှိသောယဇ် မျိုးကို ပူဇော်ခြင်းငှါမ ဟုတ်၊ ငါ တို့နှင့် သင် တို့စပ်ကြား မှာ သက်သေ ဖြစ်စေခြင်းငှါတည် သော ထာဝရ ဘုရား၏ ယဇ်ပလ္လင် ပုံ ကို ကြည့် ကြလော့ဟု ပြန်ပြော စရာအကြောင်းရှိစေခြင်းငှါ ငါတို့သည် တိုင်ပင်ကြပြီ။ ၂၉ တဲ့ တော်ရှေ့၌ရှိသော ငါ တို့ဘုရား သခင်ထာဝရဘုရား ၏ယဇ်ပလ္လင် တော်မှတပါး အခြားသောယဇ် ပလ္လင်ကို တည်၍ မီးရှို့ ရာယဇ်အစရှိသော ယဇ်မျိုး၊ ဘောဇဉ်ပူဇော် သက္ကာမျိုးကို ပြုသဖြင့်၊ ထာဝရဘုရား ကို ပုန်ကန် ၍ နောက်တော်သို့မလိုက် လွဲ သွားခြင်းအမှုသည် ငါ တို့နှင့် ဝေး ပါစေသောဟု ပြန်ပြောကြ၏။ ၃၀ ယဇ်ပုရောဟိတ် ဖိနဟတ် နှင့် ပရိသတ်မင်း များ၊ ဣသရေလ အမျိုး၌ လူတထောင် စီအုပ်သော အကဲ အမှူးများတို့သည် ရုဗင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုးသား တို့ ပြော သော စကား ကို ကြား ရသောအခါ အားရ ကြ၏။ ၃၁ ယဇ်ပုရောဟိတ် ဧလာဇာ သား ဖိနဟတ် ကလည်း ၊ သင်တို့သည် ထာဝရဘုရား ကို မ ပြစ်မှား သောကြောင့် ၊ ထာဝရဘုရား သည် ငါ တို့တွင် ရှိတော်မူကြောင်း ကို ယနေ့ ငါတို့ သိ မြင်ကြ၏။ သင်တို့သည် ဣသရေလ အမျိုးသားတို့ကို ထာဝရဘုရား လက်တော်မှ ယခု ကယ်လွှတ် ကြပြီဟု ရုဗင် အမျိုး ၊ ဂဒ် အမျိုး ၊ မနာရှေ အမျိုးသား တို့အား ပြောဆို ကြ၏။ ၃၂ ထိုအခါ ယဇ်ပုရောဟိတ် ဧလာဇာ သား ဖိနဟတ် နှင့် မင်း များတို့သည် ရုဗင် အမျိုး ၊ ဂဒ် အမျိုးသား တို့နေရာ ဂိလဒ် ပြည် မှ ဣသရေလ အမျိုးသားနေရာ ခါနာန် ပြည် သို့ ပြန် လာ၍ သိတင်း ကြားပြောသဖြင့်၊ ၃၃ ဣသရေလ အမျိုးသားတို့သည် ဝမ်းမြောက်ခြင်းရှိ၍ ဘုရား သခင်၏ ကျေးဇူးတော်ကို ချီးမွမ်း ကြ၏။ နောက်တဖန် ရုဗင် အမျိုး ၊ ဂဒ် အမျိုးသား တို့နေ သောပြည် ကို လုပ်ကြံ အံ့သောငှါ စစ်ချီ မည်ဟု အကြံ မ ရှိကြ။ ၃၄ ရုဗင် အမျိုး ၊ ဂဒ် အမျိုးသား တို့ကလည်း ၊ ထာဝရဘုရား သည် ဘုရား သခင်ဖြစ်တော်မူကြောင်း ကို ဤယဇ် ပလ္လင်သည် ငါ တို့စပ်ကြား မှာ သက်သေခံ ပါစေသောဟု ဆိုလျက် ထိုပလ္လင်ကို ဧဒအမည်ဖြင့် မှည့် ကြ၏။

၂၃ ထာဝရဘုရား သည် ပတ်ဝန်းကျင် နေသောရန်သူ အပေါင်း တို့လက်မှ ဣသရေလ အမျိုးကို ကယ်လွှတ်၍၊ ငြိမ်သက် ခြင်းအခွင့်ကို ကြာမြင့် စွာသော ကာလ ပတ်လုံးပေးတော်မူပြီးမှ ၊ ယောရှု သည် အသက် ကြီး၍ အိုမင်းသောအခါ၊ ၂ ဣသရေလ အမျိုး အသက် ကြီးသူ၊ အကဲ အမှူး၊ တရား သူကြီး၊ အရာရှိ သောသူများနှင့်တကွ အမျိုးသားအပေါင်း တို့ကို ခေါ် ပြီးလျှင် ၊ ငါ သည် အသက် ကြီးရင့်၍ အိုမင်း ပြီ။ ၃ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် သင် တို့အတွက် ဤ လူမျိုး အပေါင်း တို့ ၌ ပြု တော်မူသမျှ ကို သင် တို့သည် သိ မြင်ကြပြီ။ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် သင် တို့ဘက် ၌ စစ်တိုက် တော်မူပြီ။ ၄ ယော်ဒန် မြစ်မှစ၍အနောက် ပင်လယ်ကြီး တိုင်အောင်၊ ငါပယ်ရှင်း သမျှ သော လူမျိုး တို့နှင့်တကွ ကြွင်း သေးသော ဤ လူမျိုး နေသောပြည်ကို သင် တို့အမျိုး များ အမွေ ခံစရာဘို့ စာရေးတံ ချ၍ ငါဝေဖန် ပြီ။ ၅ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဂတိ တော် ရှိသည်အတိုင်း ၊ ဤလူမျိုးတို့ကို နှင်ထုတ် ၍ သင် တို့မမြင်ရအောင် သုတ်သင် ပယ်ရှင်းတော်မူသဖြင့်၊ သူ တို့၏ မြေ ကို သင်တို့သည်

အပိုင် ရကြလိမ့်မည်။ ၆ သို့ ဖြစ်၍ သင်တို့သည် မောရှေ ၏ပညတ္တိ ကျမ်းစာ လမ်းမှ လက်ျာ ဘက် လက်ဝဲ ဘက်သို့ မ လွှဲ ဘဲ၊ ပါသမျှအတိုင်း ကျင့် စောင့်ခြင်းငှါ ၎င်း၊ ၇ သင် တို့တွင် ကြွင်း သေးသော ဤ လူမျိုး နှင့် မ ပေါင်းဘော် ၊ သူ တို့ဘုရား ၏နာမ ကို မြွက် ၍ မ ကျိန် ဆို၊ ဝတ် မ ပြု ဦး မ ညွှတ်ဘဲ၊ ၈ ယနေ့ တိုင်အောင် ကျင့် သကဲ့သို့ ၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား ၌ ဆည်းကပ် မှီဝဲခြင်းငှါၔင်း၊ အလွန် ရဲရင့် သောစိတ် ရှိကြလော့။ ၉ အကြောင်းမူကား၊ ကြီးမား ၍ ခွန်အား နှင့်ပြည့်စုံသော လူမျိုး တို့ကို ထာဝရဘုရား သည် သင် တို့ရှေ့မှ နှင်ထုတ် တော်မူသဖြင့် ၊ ယနေ့ တိုင်အောင် သင် တို့ရှေ့၌ အဘယ်သူ မျှမ ရပ် နိုင်။ ၁၀ သင် တို့တယောက် သော်လည်းအခြားသောသူ တထောင် ကို ပြေး စေလိမ့်မည်။ အကြောင်း မူကား၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် ဂတိ တော်ရှိသည်အတိုင်း သင် တို့ဘက် ၌ စစ်တိုက် တော်မူ၏။ ၁၁ သို့ ဖြစ်၍ သင် တို့၏ဘုရား သခင်ထာဝရဘုရား ကို ချစ် ခြင်းငှါ ကိုယ် စိတ် နှလုံးကို သတိ ပြုကြလော့။ ၁၂ သို့မဟုတ် သင်တို့သည် ရွေ့လျော့၍ ၊ သင် တို့တွင် ကျန် ကြွင်းသေးသော ဤ လူမျိုး တို့ ၌ မှီဝဲ လျက် ၊ ထိမ်းမြား ပေးစား၍ ပေါင်းဘော် ဆက်ဆံခြင်းရှိလျှင်၊ ၁၃ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် နောက်တဖန် ဤ လူမျိုး တို့ကို သင် တို့ရှေ့မှ နှင်ထုတ် တော်မ မူ။ သင် တို့၏ဘုရား သခင်ထာဝရဘုရား ပေး တော်မူ၍ ကောင်းမွန် သော ဤပြည် ၌ သင် တို့သည် မပျောက် မပျက်မှီတိုင်အောင် သူတို့သည် သင် တို့ ၌ ကျော့ကွင်း ၊ ထောင်ချောက် ၊ သင်တို့နံစောင် ၌ နှင်တံ ၊ သင် တို့မျက်စိ ၌ ဆူး ဖြစ် ကြလိမ့်မည်အကြောင်း ကို ဧကန် အမှန် သိမှတ် ကြလော့။ ၁၄ ငါ သော်ကား၊ မြေ သားအပေါင်း တို့သွားရာလမ်း သို့ ယနေ့ သွား လုပြီ။ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် သင် တို့အဘို့ မိန့် တော်မူသော ကောင်းကျိုး တစုံတပါးမျှ မ ယုတ်မလျော့ ၊ အကုန်အစင်ပြည့်စုံကြောင်းကို သင် တို့သည် စိတ် နှလုံးထဲ မှာ သိ ကြ၏။ ၁၅ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဂတိ တော် ရှိသည်အတိုင်း ၊ ကောင်းကျိုး အပေါင်း တို့သည် သင် တို့အပေါ် ၌ ရောက် သကဲ့သို့ ၊ ထိုအတူ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ပေး တော်မူသော ဤ ကောင်းမွန် သောပြည် မှ သင် တို့ကို သုတ်သင် ပယ်ရှင်းတော်မမူမီ တိုင်အောင် ၊ ထာဝရဘုရား သည် သင် တို့အပေါ် ၌ ဘေး ဥပဒ် အပေါင်း တို့ကို ရောက် စေတော်မူမည်။ ၁၆ သင် တို့သည် သင် တို့၏ဘုရား သခင်ထာဝရဘုရား ထား တော်မူသော ပဋိညာဉ် တရားကို ပြစ်မှားလျက်၊ အခြား တပါးသော ဘုရား တို့ထံသို့သွား ၍ ဦးညွှတ် ဝတ်ပြု လျှင် ၊ ထာဝရဘုရား သည် အမျက် ထွက် ၍ ၊ အရင်ပေး တော်မူသော ဤကောင်းမွန် သောပြည် ၌ သင်တို့သည် အလျင် အမြန်ပျောက် ပျက်ကြလိမ့်မည်ဟု ဟောပြော၏။

J၆ တဖန် ယောရှု သည် ဣသရေလ အမျိုး အပေါင်း တို့ကို ရှေခင် မြို့ ၌ စည်းဝေး စေ၍ ၊ ဣသရေလ အမျိုး အသက် ကြီးသူ၊ အကဲ အမှူး၊ တရား သူကြီး၊ အရာရှိ သောသူတို့ကို ခေါ် သဖြင့် ၊ သူတို့သည် ဘုရား သခင်ရှေ့ တော်သို့ ချဉ်းကပ် ကြ၏။ ၂ ထိုအခါ ယောရှု သည် လူ အပေါင်း တို့အား ဟောပြော လေသည်မှာ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ အာဗြဟံ နှင့် နာခေါ် တို့၏ အဘ တေရ မှစ၍ သင် တို့ဘိုးဘေး တို့သည် ရှေး ကာလ၌ မြစ် ကြီးတစ်ဘက် မှာ နေ ၍ အခြား တပါးသောဘုရား တို့ကို ဝတ်ပြု ကြ၏။ ၃ သင် တို့အဘ

အာဗြဟံ ကို မြစ် ကြီးတစ်ဘက် မှ ငါခေါ်ပြီးလျှင် ၊ ခါနာန် ပြည် အရပ်ရပ် သို့ ပို့ဆောင် ၍ သူ ၏ အမျိုး အနွယ်ကို များပြား စေလျက် ၊ ကျဧာက် ကို ပေး ၏။ ၄ ကျဧာက် အား လည်း ၊ ယာကုပ် နှင့် ဧသော ကို ငါပေး ၍ ၊ ဧသော အား လည်း စိရ တောင် ကို အပိုင် ပေး ၏။ ယာကုပ် နှင့် သူ ၏သား တို့သည် အဲဂုတ္တု ပြည်သို့ သွား ကြ၏။ ၅ မောရှေ နှင့် အာရုန် ကို ငါစေလွှတ် ၍ အဲဂုတ္တုလူ တို့ ၌ ပြု သည်အတိုင်း ၊ အဲဂုတ္တု ပြည်ကို ဆုံးမ သောနောက် ၊ သင် တို့ကို နှုတ် ဆောင်လေ၏။ ၆ ထိုသို့ သင် တို့အဘ များကို အဲဂုတ္တု ပြည်မှ ငါနှုတ်ဆောင် သဖြင့် ၊ သူတို့သည် ဧဒုံပင်လယ် သို့ ရောက် ၍ ၊ အဲဂုတ္တု လူတို့သည် ရထား နှင့် မြင်းစီး သူရဲပါလျက် ထိုပင်လယ် တိုင်အောင်လိုက် ကြ၏။ ၇ ထာဝရဘုရား ကို အော်ဟစ် သောအခါ ၊ သင် တို့နှင့် အဲဂုတ္တု လူတို့စပ်ကြား မှာ မှောင်မိုက် ကို ငါထား ၍ သူ တို့ကို ပင်လယ် ရေလွှမ်းမိုး စေ၏။ အဲဂုတ္တု ပြည်၌ ငါပြု သောအမှုကို သင် တို့သည် ကိုယ်တိုင်မြင် ကြပြီ။ တော ၌ လည်း ကာလ ကြာမြင့် စွာနေ ရကြ၏။ ၈ နောက် တဖန် ယော်ဒန် မြစ်အရှေ့ ဘက်၌ နေ သော အာမောရိ လူတို့ ပြည် သို့ သင် တို့ကို ငါပို့ဆောင် ၍ ၊ သူတို့သည် စစ်တိုက် သောအခါ သူ တို့ကို သင် တို့လက် ၌ ငါအပ် ၍ သူ တို့မြေ ကို သင်တို့သည် သိမ်းယူ ကြ၏။ သူ တို့ကို သင် တို့ရှေ့မှ ငါသုတ်သင် ပယ်ရှင်းလေ၏။ ၉ မောဘ ရှင်ဘုရင် ဇိဖော် ၏သား ဗာလက် သည် ထ ၍ ဣသရေလ အမျိုးကို စစ်တိုက် သဖြင့် ၊ သင် တို့ကို ကျိန်ဆဲ စေခြင်းငှါ ၊ ဗောရ ၏သား ဗာလမ် ကို ခေါ် သောအခါ။ ၁၀ ဗာလမ် ၏စကားကို ငါနား မ ထောင်သောကြောင့် ၊ သူသည် အထပ်ထပ်ကောင်းကြီး ပေး၍ သူ့ လက် မှ သင် တို့ကို ငါကယ် လွှတ်လေ၏။ ၁၁ တဖန် သင်တို့သည် ယော်ဒန် မြစ်ကို ကူး ၍ ယေရိခေါ မြို့သို့ ရောက် ကြသောအခါ ၊ ယေရိခေါ လူ ၊ အာမောရိ လူ၊ ဖေရဇိ လူ၊ ခါနန် လူ၊ ဟိတ္တိ လူ၊ ဂိရဂါရှိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့သည် သင်တို့ကို စစ်တိုက် ၍ သူ တို့ကို သင် တို့လက် ၌ ငါအပ် လေ၏။ ၁၂ သင် တို့ ၌ ထား နှင့် လေး မ ပါဘဲ၊ သင် တို့ရှေ့မှာ ပျားတူ ကို ငါစေလွှတ် ၍ ၊ အာမောရိ မင်းကြီး နှစ် ပါးကို သင် တို့ရှေ့မှ ငါနှင်ထုတ် လေ၏။ ၁၃ သင် တို့မ လုပ်သောမြေ ၊ မ တည် သော မြို့ တို့ကို ငါပေး ၍ သင်တို့သည် နေ ရကြ၏။ ကိုယ်တိုင်မ စိုက် သော စပျစ် ဥယျာဉ်၊ သံလွင် ဥယျာဉ်တို့ကို စား ရကြသည်ဟု ထာဝရဘုရား အမိန့်တော်ရှိ၏။ ၁၄ ယခု မှာ ထာဝရဘုရား ကို ကြောက်ရွံ့ ၍ ကြည်ဖြူ ခြင်း၊ သစ္စာ စောင့်ခြင်းနှင့်တကွ ဝတ်ပြု ကြလော့။ မြစ် ကြီးတစ်ဘက် ၌ ၎င်း၊ အဲဂုတ္တု ပြည်၌ ၎င်း၊ ဘိုးဘေး တို့ဝတ်ပြု သော ဘုရား များကို ပယ် ၍ ထာဝရဘုရား ကိုသာ ဝတ်ပြု ကြလော့။ ၁၅ သို့မဟုတ် ထာဝရဘုရား အား ဝတ် မ ပြုကောင်းဟု သင် တို့ထင် လျှင်၊ မြစ် ကြီးတစ်ဘက် ၌ ဘိုးဘေး တို့ဝတ်ပြု သော ဘုရား ၊ သင် တို့နေ ရာ အာမောရိ ပြည်သားတို့၏ ဘုရား များတွင်၊ အဘယ် မည်သော ဘုရားတို့အား ဝတ်ပြု မည်အရာကို ယနေ့ ရွေး ကြလော့။ ငါ နှင့် ငါ့ အိမ်သား ဖြစ်လျှင် ထာဝရဘုရား ကိုသာ ဝတ်ပြု မည်ဟု ဆိုလေသော်၊ ၁၆ လူ များတို့က အခြား တပါးသောဘုရား တို့ကို ဝတ်ပြု ခြင်းငှါ ထာဝရဘုရား ကို စွန့် သောအမှုသည် အကျွန်ုပ် တို့နှင့် ဝေး ပါစေသော။ ၁၇ ငါ တို့ဘုရား သခင်ထာဝရဘုရား သည်၊ ကျွန် ခံနေရာ အဲဂုတ္တု ပြည် မှ အဘ တို့နှင့် ငါ တို့ကို နှုတ် ဆောင်၍ ၊ ကြီးစွာ သော နိမိတ် လက္ခဏာတို့ကို ငါ တို့မျက်မှောက် ၌ ပြ တော်မူပြီ။ ငါတို့သွား လေရာရာအရပ် ၊ ရှောက်

လေရာရာလူမျိုး တို့တွင် စောင့် တော်မူပြီ။ ၁၈ ထာဝရဘုရား သည်လည်း ၊ ဤပြည် ၌ နေ သောသူ အာမောရိ လူ အပေါင်း တို့ကို ငါ တို့ရှေ့မှ နှင်ထုတ် တော်မူပြီ။ ထာဝရဘုရား အား ဝတ်ပြု ပါမည်။ ထိုဘုရား သည် ငါ တို့ဘုရား သခင်ဖြစ်တော်မူသည်ဟု ပြန်ပြောကြ၏။ ၁၉ ယောရှု ကလည်း ၊ သင်တို့သည် ထာဝရဘုရား အား ဝတ် မ ပြုနိုင်။။ ထိုဘုရား သည် သန့်ရှင်း သောဘုရား၊ အပြစ်ရှိသည်ဟု ထင်လွယ်သောဘုရား ဖြစ်တော်မူ၏။ သင် တို့လွန်ကျူး ပြစ်မှားသော အပြစ် တို့ကို သည်းခံ တော်မ မူ။ ၂၀ သင်တို့သည် ထာဝရဘုရား ကို စွန့် ၍ တကျွန်းတနိုင်ငံ ဘုရား တို့ကို ဝတ်ပြု လျှင် ၊ သင် တို့ ၌ ကျေးဇူး ပြုတော်မူပြီးမှ တဖန် လှည့် ၍ ညှဉ်းဆဲ ဖျက်ဆီးတော်မူမည်ဟု ဆိုလျှင်၊ ၂၁ လူ များတို့က၊ မ ဟုတ်ပါ။ ထာဝရဘုရား ကိုသာ ဝတ်ပြု ပါမည်ဟု ပြန်လျှောက် ကြ၏။ ၂၂ ယောရှု ကလည်း ၊ သင် တို့သည် ထာဝရဘုရား ကို ဝတ်ပြု ခြင်းငှါ ထိုဘုရားကို ရွေး ကြပြီဟု ကိုယ်အမှု၌ ကိုယ်သက်သေ ခံကြသည်ဟုဆို လျှင် သူတို့က၊ သက်သေ ခံကြပါ၏ဟု လျှောက် ကြသော်၊ ၂၃ ယောရှုက၊ သို့ ဖြစ်လျှင် ၊ သင် တို့တွင် ရှိသော တကျွန်းတနိုင်ငံ ဘုရား တို့ကို ပယ် ၍ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ဘက်သို့ စိတ် နှလုံးကို ညွှတ် ကြလော့ဟု ဆိုလေ၏။ ၂၄ လူ များတို့ကလည်း ၊ ငါ တို့ဘုရား သခင်ထာဝရဘုရား ကို ဝတ်ပြု ပါမည်။ စကား တော်ကို နားထောင် ပါမည်ဟု ဝန်ခံ ပြီးမှ၊ ၂၅ ယောရှု သည် ထို နေ့ ၌ လူ များတို့နှင့် ပဋိညာဉ် ပြု ၍ ရှေခင် မြို့မှာ စီရင် ထုံးဖွဲ့ ချက်ကို ထား လေ၏။ ၂၆ ထို စကား ကိုလည်း ဘုရား သခင်၏ ဓမ္မ ကျမ်းစာ ၌ ရေး ထား၍ ၊ ထာဝရဘုရား ၏ သန့်ရှင်း ရာဌာနတော် နား မှာရှိသော သပိတ် ပင်အောက် ၌ ကျောက် ကြီး ကို ထောင် လျက်၊ ၂၇ ဤ ကျောက် သည် ငါ တို့အား သက်သေ ဖြစ် ရလိမ့်မည်။ ထာဝရဘုရား မိန့်တော်မူသောစကား အလုံးစုံ ကို ကြား ရပြီ။ သို့ ဖြစ်၍ သင်တို့သည် ဘုရား သခင်ကို ငြင်းပယ် ခြင်းနှင့် ကင်းလွတ်မည်အကြောင်း သင် တို့အား သက်သေ ဖြစ် ရလိမ့်မည်ဟု လူ အပေါင်း တို့အား ပြောဆို ပြီးမှ၊ ၂၈ အသီး အသီးမိမိ တို့အမွေ ခံရာအရပ်သို့ ပြန် သွားရသောအခွင့်ကိုပေးလေ၏။ ၂၉ ထိုနောက်မှ ထာဝရဘုရား ၏ကျွန် ၊ နုန် ၏သား ယောရှု သည် အသက် တရာ တဆယ် ရှိသော် အနိစ္စ ရောက်လေ၏။ ၃၀ ဧဖရိမ် တောင် ပေါ် ၊ ဂါရှ ကုန်း မြောက် မှာ ရှိသောသူ ၏အမွေ ခံရာ တိမနသေရ မြို့နယ်မြေ ၌ သင်္ဂြိဟ် ကြ၏။ ၃၁ ယောရှု လက်ထက်ကာလ ပတ်လုံး ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရား ကို ဝတ်ပြု ကြ၏။ ထာဝရဘုရား သည် ဣသရေလ အမျိုးအဘို့ ပြု တော်မူသမျှ တို့ကို သိ ၍ ယောရှု မရှိသည်နောက် အသက် ရှင်သေးသော အသက်ကြီး သူတို့လက်ထက် ၌လည်း ထာဝရဘုရားကို ဝတ်ပြုကြ၏။ ၃၂ ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တု ပြည်မှ ဆောင် ခဲ့သော ယောသပ် ၏အရိုး တို့ကို၊ ရှေခင် ၏အဘ ဟာမော် ၏သား တို့တွင် ငွေ တ ပိသာနှင့် ယာကုပ် ဝယ် သော ရှေခင် မြို့နယ်မြေ အကွက် ၌ သင်္ဂြိဟ် ကြ၏။ ထိုမြေအကွက်သည် ယောသပ် သား တို့ အမွေ မြေဖြစ် သတည်း။ ၃၃ အာရုန် သား ယဇ်ပုရောဟိတ်ဧလာဇာ သည်လည်း အနိစ္စ ရောက်လေ၏။ သူ ၏သား ဖိနဟတ် အား လူများပေး ခဲ့သော ဧဖရိမ် တောင် ပေါ် ၊ ဖိနဟတ် ကုန်း ၌ သင်္ဂြိဟ် ကြ၏။

၁ ယောရှု အနိစ္စ ရောက်သောနောက် ၊ ဣသရေလ အမျိုးသားတို့က၊ အကျွန်ုပ် တို့တွင် အဘယ်သူ သည် ခါနနိ လူတို့ရှိရာသို့ ရှေ့ဦးစွာ ချီ သွားရပါမည်နည်းဟု ထာဝရဘုရား အား မေး လျှောက်ကြလျှင်၊ ၂ ထာဝရဘုရား က၊ ယုဒ သည် ချီ သွားရမည်။ ထိုပြည် ကို သူ ၏လက် ၌ ငါအပ် မည်ဟု မိန့် တော်မူ၏။ ၃ ယုဒ သည် မိမိ အစ်ကို ရှိမောင် အား ၊ ခါနနိ လူတို့ကို တိုက် ခြင်းငှါ ငါ့ အမွေမြေ သို့ ငါ နှင့်အတူ လိုက် ပါ။ သင့် အမွေမြေ သို့ လည်း သင် နှင့်အတူ ငါ လိုက် သွားမည်ဟုဆို သည်အတိုင်း ရှိမောင် သည် လိုက် သွားလေ၏။ ၄ ယုဒ ချီ သွား၍ ထာဝရဘုရား သည် ခါနနိ လူ၊ ဖေရိဇိ လူတို့ကို အပ် တော်မူသဖြင့် ၊ ဗေဇက် မြို့၌ လူ တထောင် ကိုသတ် လေ၏။ ၅ အဒေါနိဗေဇက် မင်းကို ဗေဇက် မြို့၌ တွေ့ ၍ ၊ ခါနနိ လူ၊ ဖေရိဇိ လူတို့ကိုသတ် သောအခါ၊ ၆ အဒေါနိဗေဇက် သည် ပြေး လေ၏။ ယုဒလူတို့သည် လိုက် ၍ ဘမ်း မိပြီးလျှင် လက်မ ၊ ခြေမတို့ကို ဖြတ် ကြ၏။ ၇ အဒေါနိဗေဇက် ကလည်း ၊ လက်မ နှင့် ခြေမဖြတ် သော မင်းကြီး ခုနစ်ဆယ် တို့သည်၊ အထက်က ငါ့ စားပွဲ အောက် ၌ စားနုပ်စားပေါက်ကို ကောက် ၍ စားရကြ၏။ ငါပြု ဘူးသည်အတိုင်း ၊ ဘုရား သခင်သည် ငါ ၌ အပြစ် ပေးတော်မူပြီဟု ဆို ၏။ ထိုမင်း ကို ယေရုရှလင် မြို့သို့ ပို့ ၍ သူသည် ထို မြို့မှာ သေ လေ၏။ ၈ ယုဒ အမျိုးသားတို့သည် ယေရုရှလင် မြို့ကို တိုက် ယူ ၍ ထား နှင့် လုပ်ကြံ ပြီးမှ မီး ရို့ ကြ၏။ ၉ ထိုနောက် တောင် ပေါ် ၌ငင်း ၊ တောင် မျက်နှာ၌ငင်း ၊ ချိုင့် ထဲ၌ငင်း နေ သောခါနနိ လူတို့ကို အတိုက် သွား ကြ၏။ ၁၀ တဖန် ယုဒ အမျိုးသည်၊ ကိရယသာဘ အမည် ဟောင်း ရှိသောဟေဗြုန် မြို့၌ နေ သောခါနနိ လူတို့ ရှိရာသို့ ချီ သွား၍၊ ရှေရှဲ ၊ အဟိမန် ၊ တာလမဲ တို့ကို လုပ်ကြံ ကြ၏။ ၁၁ တဖန် ကိရယသေဖာ အမည်ဟောင်း ရှိ သောဒေဗိရ မြို့သားတို့ရှိရာသို့ ချီ ပြန်၍၊ ၁၂ ကာလက် က၊ ကိရယသေဖာ မြို့ကို တိုက်ယူ လုပ်ကြံ သောသူ အား ၊ ငါ သည် သမီး အာခသ ကို ပေးစား မည်ဟု ဆို လျှင်၊ ၁၃ ကာလက် ညီ ကေနတ် ၏ သား ဩသံယေလ သည် ထိုမြို့ ကို တိုက် ယူ၍၊ ကာလက်သည် သမီး အာခသ ကို သူ့ အား ပေးစား လေ၏။ ၁၄ ထိုမိန်းမ သည် ခရီးသွား စဉ် အခါ၊ လယ် တကွက်ကို အဘ ၌ တောင်း ခြင်းငှါ လင် နှင့် တိုင်ပင် ပြီးမှ မြည်း ပေါ် က ဆင်း လေ၏။ အဘကာလက် က၊ အဘယ် အလိုရှိသနည်းဟုမေး လျှင်၊ ၁၅ သမီးက၊ ကောင်းကြီး ပေး စေချင်ပါ၏။ ကိုယ်တော်သည် တောင် မျက်နှာအရပ် ကိုပေး ပါပြီ။ စမ်း ရေတွင်း တို့ကိုလည်း ပေး တော်မူပါဦးဟု တောင်း သည်အတိုင်း အဘသည် အထက် စမ်း ရေတွင်း၊ အောက် စမ်း ရေတွင်းတို့ကိုပေး လေ၏။ ၁၆ မောရှေ ယောက္ခမ ၏သား မြေးဖြစ်သော ကေနိ အမျိုးသားတို့သည်၊ ယုဒ အမျိုးသားတို့နှင့်အတူ စွန်ပလွံ မြို့မှ အာရဒ် မြို့ တောင် ဘက်၊ ယုဒ တော သို့ လိုက် သွား၍ နေရာကျ ကြ၏။ ၁၇ တဖန် ယုဒ သည် အစ်ကို ရှိမောင် နှင့်အတူ သွား ၍ ဇေဖတ် မြို့၌နေ သောခါနနိ လူတို့ကို လုပ်ကြံ ၍ မြို့ ကို ရှင်းရှင်းဖျက်ဆီး ပြီးလျှင် ၊ ထိုမြို့ ကို ဟော်မာ အမည် ဖြင့် သမုတ် ကြ၏။ ၁၈ ယုဒ သည် ဂါဇ မြို့နှင့် မြို့နယ် ၊ အာရှကေလုန် မြို့နှင့် မြို့နယ် ၊ ဧကြုန် မြို့နှင့် မြို့နယ် တို့ကိုလည်း တိုက် ယူလေ၏။ ၁၉ ထာဝရဘုရား သည် ယုဒ နှင့်အတူ ရှိ တော်မူ၍ ၊ သူသည် တောင် ပေါ်မှာ နေသောသူတို့ ကို နှင်ထုတ် လေ၏။ ချိုင့် သားတို့ကို မ နှင်ထုတ် နိုင်။ အကြောင်းမူကား ၊ သူ

တို့သည် သံ ရထား ရှိကြ၏။ ၂၀ မောရှေ မှာ ထားသည်အတိုင်း ဟေဗြုန် မြို့ကို ကာလက် အား ပေး ကြ၍ ၊ သူသည် အာနက သား သုံး ယောက်တို့ကို ထို မြို့မှ နှင်ထုတ် လေ၏။ ၂၁ ဗယ်ာမိန် အမျိုးသားတို့သည်၊ ယေရုရှလင် မြို့၌နေ သောယေဗုသိ လူတို့ကို မ နှင်ထုတ် ဘဲ၊ သူ တို့သည် ယနေ့ တိုင်အောင် ဗယ်ာမိန် အမျိုးသားတို့နှင့်အတူ ယေရုရှလင် မြို့၌ နေ ကြသတည်း။ ၂၂ ယောသပ် အမျိုးသားတို့သည်လည်း ၊ ဗေသလ မြို့သို့ ချီ သွား၍ ၊ ထာဝရဘုရား သည် သူတို့နှင့်အတူ ရှိတော်မူ၏။ ၂၃ လုဇ အမည် ဟောင်း ရှိသောထိုမြို့ ကို စူးစမ်းစေခြင်းငှါ စေလွှတ် သော သူလျှိုတို့သည်၊ ၂၄ မြို့ ထဲက ထွက် လာသောလူ တယောက်ကို တွေ့မြင် ၍၊ မြို့ ထဲသို့ ဝင် သောလမ်းကို ပြ ပါတော့။ သို့ ပြလျှင် သင့် ကို ချမ်းသာ ပေးမည်ဟု ဆို သော်၊ ၂၅ ထိုသူသည် မြို့ ထဲသို့ ဝင် သောလမ်းကို ပြ သဖြင့် ၊ သူတို့သည် မြို့ သားတို့ကို ထား နှင့် လုပ်ကြံ ၍ ၊ ထိုလူ နှင့် သူ ၏အိမ်သား အပေါင်း တို့ကို လွှတ် ကြ၏။ ၂၆ ထိုသူ သည် ဟိတ္တိ ပြည် သို့ သွား ပြီးလျှင် ၊ မြို့ ကို တည်ထောင် ၍ လုဇ အမည် ဖြင့် သမုတ် လေ၏။ ယနေ့ တိုင်အောင် ထိုသို့ ခေါ် ဝေါ်ကြသတည်း။ ၂၇ မနာရှေအမျိုးသည်၊ ဗက်ရှန် မြို့ ရွာများ၊ တာနက် မြို့ ရွာများ၊ ဒေါရ မြို့ ရွာများ၊ ဣဗလံ မြို့ ရွာများ၊ မေဂိဒ္ဒေါ မြို့ ရွာများ၌ နေ သောသူတို့ကို မ နှင်ထုတ် ဘဲ၊ ခါနန် လူတို့သည် အနိုင်နေ ကြ၏။ ၂၈ တဖန် ဣသရေလ အမျိုးသားတို့သည် အား ကြီးသောအခါ ၊ ခါနန် လူတို့ကို မ နှင်ထုတ် သော်လည်း အခွန် ကို ဆက်သွင်းစေကြ၏။ ၂၉ ထိုအတူ ဧဖရိမ် အမျိုးသည် ဂေဇာ မြို့၌ နေ သောခါနန် လူတို့ကို မ နှင်ထုတ် ဘဲ သူတို့သည် ဂေဇာ မြို့၌ ရောနှောလျက် နေ ကြ၏။ ၃၀ ထိုအတူ ဇာဗုလုန် အမျိုးသည် ကိတရုန် မြို့ သား၊ နဟာလောလ မြို့ သားတို့ကို မ နှင်ထုတ် ဘဲ၊ ခါနန် လူတို့ သည် ရောနှော လျက်နေ ၍ ၊ အခွန် ပေးကြ၏။ ၃၁ ထိုအတူ အာရှာ အမျိုးသည် အက္ကော မြို့ သား၊ ဇိဒုန် မြို့ သား၊ အာလပ် မြို့သား၊ အာခဇိပ် မြို့သား၊ ဟေလဗ မြို့သား၊ အာဖိတ် မြို့သား၊ ရဟောဘ မြို့သားတို့ကို မ နှင်ထုတ် ဘဲ၊ ၃၂ အာရှာ အမျိုးသားတို့သည် ပြည် သားခါနန် လူတို့နှင့် ရောနှော ၍ နေ ကြ၏။ ၃၃ ထိုအတူ နဿလိ အမျိုးသည် ဗက်ရှေမက် မြို့ သား၊ ဗေသနတ် မြို့ သားတို့ကို မ နှင်ထုတ် ဘဲ၊ ပြည် သားခါနန် လူတို့နှင့် ရောနှော ၍ နေ ကြ၏။ သို့ရာတွင် ဗက်ရှေမက် မြို့ သား၊ ဗေသနတ် မြို့သားတို့ သည် အခွန် ပေးလျက် နေကြ၏။ ၃၄ အာမောရိ လူတို့သည်လည်း ဒန် အမျိုးသားတို့ကို တောင် ပေါ် သို့ နှင် သဖြင့်၊ ချိုင့် ထဲမှာ နေ ရသောအခွင့် ကို မ ပေးကြ။ ၃၅ အာမောရိ လူတို့သည် ဟေရက် တောင် ပေါ် မြို့၊ အာဇလုန် မြို့၊ ရှာလဗိမ် မြို့၌ အနိုင်နေ ကြ၏။ သို့ရာတွင် ယောသပ် အမျိုးသားတို့သည် အား ကြီး သဖြင့် အာမောရိလူတို့သည် အခွန် ပေးရကြ၏။ ၃၆ အာမောရိ လူနေရသောအရပ် သည် အကရဗ္ဗိမ် ကုန်း နား၊ သေလ မြို့မှစ၍ အထက် အရပ်ပေတည်း။

J ထာဝရဘုရား ၏ တမန် တော်သည်၊ ဂိလဂါလ မြို့မှ ဗောခိမ် မြို့သို့ လာ ၍ ၊ သင် တို့ဘိုးဘေး တို့အား ငါကျိန်ဆို သော ပြည် သို့ အဲဂုတ္တု ပြည်မှ သင် တို့ကို ငါဆောင် ခဲ့ပြီ။ သင် တို့နှင့် ငါ ဖွဲ့သော ပဋိညာဉ် ကို ငါမ ဖျက် အစဉ်အမြဲ စောင့် မည်။ ၂ သင် တို့သည် ဤ ပြည် သားတို့နှင့် မိဿဟာယ မ ဖွဲ့ ရ။ သူ တို့ ယဇ်ပလ္လင် တို့ကို လှဲ ချရမည်ဟု ငါဆိုသော်လည်း ၊ သင်တို့သည် ငါ့ စကား ကို နား မ ထောင်ကြ။ အဘယ်ကြောင့် ဤသို့ ပြု ကြသနည်း။ ၃ တဖန် ငါဆို

သည်ကား၊ ဤပြည်သားတို့ကို သင် တို့ရှေ့မှ ငါမ နှင်ထုတ်။ သူတို့သည် သင် တို့တစ်ဘက် ၌ မုဆိုးလုပ် လျက်၊ သူ တို့ဘုရား တို့သည်လည်း သင် တို့ ၌ ကျော့ကွင်း ဖြစ် ကြလိမ့်မည်ဟု မိန့် တော်မူ၏။ ၄ ထာဝရဘုရား ၏ တမန် တော်သည် ဣသရေလ အမျိုးသားအပေါင်း တို့အား ဤ သို့မိန့် တော်မူသောအခါ၊ လူ များတို့သည် အသံ ကို လွှင့် ၍ ငိုကြွေး ကြ၏။ ၅ ထို အရပ် ကို ဗောခိမ် အမည် ဖြင့် မှည့် ၍ ထာဝရဘုရား အား ယဇ်ပူဇော် ကြ၏။ ၆ အထက်က ယောရှု သည် လူ များတို့ကို လွှတ် လိုက်သောအခါ၊ ဣသရေလ အမျိုးသားတို့သည် အသီးအသီး မိမိ တို့အမွေခံ ရာမြေ ကို သိမ်းယူ ခြင်းငှါ သွား ကြ၏။ ၇ ယောရှု လက်ထက် ကာလပတ်လုံး၊ ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရား ကို ဝတ်ပြု ကြ၏။ ထာဝရဘုရား သည် ဣသရေလ အမျိုးအဘို့ ပြု တော်မူသောအမှု ကြီး အလုံးစုံ တို့ကို သိမြင် ၍၊ ယောရှု မရှိသောနောက် အသက် ရှင်သေးသော အသက်ကြီး သူတို့လက်ထက် ၌လည်း ထာဝရဘုရားကို ဝတ်ပြုကြ၏။ ၈ ထာဝရဘုရား ၏ကျွန်၊ နုန် ၏သား ယောရှု သည် အသက်တရာ တဆယ် ရှိသော်အနိစ္စရောက် လေ၏။ ၉ ဧဖရိမ် တောင် ပေါ်၊ ဂါရှ ကုန်း မြောက် မှာ ရှိသောသူ ၏အမွေခံ ရာ တိမန မြေ ၌ သင်္ဂြိဟ် ကြ၏။ ၁၀ ယောရှုလက်ထက်ကာလ၌ ဖြစ်သောသူအပေါင်း တို့သည်လည်း၊ ဘိုးဘေး တို့ စုဝေး ရာသို့ ရောက်ကြ ၏။ ထာဝရဘုရား ကိုငင်း၊ ဣသရေလ အမျိုးအဘို့ ပြု တော်မူသောအမှု တို့ကိုငင်း မ သိ သော နောင် ကာလ အမျိုးသားတို့သည် ပေါ် လာကြ၏။ ၁၁ ထိုကာလအခါ ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၍ ဗာလ ဘုရားတို့ကို ဝတ်ပြု ကြ၏။ ၁၂ အဲဂုတ္တု ပြည် မှ သူ တို့ကို ဆောင် ခဲ့တော်မူသောဘိုးဘေး တို့၏ ဘုရား သခင်ထာဝရဘုရား ကို စွန့် ၍၊ ပတ်ဝန်းကျင် ၌ရှိသောလူမျိုး တို့၏ ဘုရား တပါး တို့နောက် သို့ လိုက် လျက် ဦးညွှတ် သဖြင့် ထာဝရဘုရား အမျက် တော်ကို ထွက်စေကြ၏။ ၁၃ ထာဝရဘုရား ကို စွန့် ၍ ဗာလ ဘုရား၊ အာရှတရက် ဘုရားတို့ကို ဝတ်ပြု ကြသောကြောင့်၊ ၁၄ ထာဝရဘုရား သည် ဣသရေလ အမျိုး၌ ပြင်းစွာအမျက်ထွက် လျက်၊ လုယူ သောသူတို့ လက် သို့ အပ် ၍၊ ပတ်ဝန်းကျင် သော ရန်သူ တို့ ၌ ရောင်း တော်မူသဖြင့်၊ ရန်သူ တို့ ရှေ့မှာ သူတို့သည် တဖန် မ ရပ် နိုင် ကြ။ ၁၅ သူတို့သည် ထွက် သွားလေရာရာ၌ ထာဝရဘုရား မိန့် မြွက်ကျိန်ဆို တော်မူသည်အတိုင်း၊ လက် တော် အဆီးအတားနှင့် တွေ့ ၍ အလွန် ဆင်းရဲခြင်းသို့ ရောက်ကြ၏။ ၁၆ သို့ရာတွင် လုယူ သောသူတို့ လက် မှ ကယ်လွှတ် သော တရားသူကြီး တို့ကို ထာဝရဘုရား ပေါ်ထွန်း စေတော်မူ၏။ ၁၇ ထိုတရားသူကြီး တို့ စကားကိုလည်း သူတို့သည် နား မ ထောင်၊ အခြား တပါးသော ဘုရား တို့နှင့် မှားယွင်း ၍ ဦးညွှတ် ကြ၏။ ဘိုးဘေး တို့သည် ထာဝရ ဘုရား၏ ပညတ် တော်တို့ကို ကျင့် ၍ လိုက် သော လမ်း မှ သူတို့သည် အလျင်အမြန် လွဲ သွားသဖြင့်၊ ဘိုးဘေးကျင့်သည်အတိုင်း မ ကျင့် ကြ။ ၁၈ ထာဝရဘုရား သည် တရားသူကြီး ကို ပေါ်ထွန်း စေသောအခါ သူ နှင့်အတူ ရှိ ၍၊ သူ့ လက်ထက် ပတ်လုံး ဣသရေလ လူတို့ကို ရန်သူ ၏လက် မှ ကယ်လွှတ် တော်မူ၏။ အကြောင်းမူကား၊ သူတို့သည် နှောင့်ရှက် ညှဉ်းဆဲ ခြင်းကို ခံရ၍ မြည်တမ်း ကြသောအခါ ထာဝရဘုရား သည် နောင်တရ တော်မူ၏။ ၁၉ တရားသူကြီး သေ သောနောက်၊ သူတို့သည် တဖန် ဘိုးဘေး ထက် သာ၍ဆိုး သဖြင့်၊ အခြား တပါးသော ဘုရား

တို့နောက် သို့ လိုက် လျက် ဝတ်ပြု ၍ ဦးညွှတ် ကြ၏။ မိမိ တို့ အကျင့် ဓလ့နှင့် ကြမ်းတမ်း သော လမ်း ကို မ စွန့် မပယ်ကြ။ ၂၀ ထာဝရဘုရား သည် ကျသရေလ အမျိုးခ၌ ပြင်းစွာအမျက်ထွက် လျက်၊ ဤ လူ တို့သည် ငါ့ စကား ကို နား မ ထောင်။ သူ တို့ ဘိုးဘေး တို့နှင့် ငါဖွဲ့ သော ပဋိညာဉ် ကို ဖျက် သောကြောင့်၊ ၂၁ ယောရှု သေ သောနောက် ကျန် ကြွင်းရစ်သော လူမျိုး တစုံတမျိုးကို သူ တို့ရှေ့မှ နောက်တဖန် ငါ မ နှင်ထုတ်။ ၂၂ သူ တို့ ဘိုးဘေး တို့သည် ထာဝရဘုရား ၏လမ်း တော်သို့ လိုက် ခြင်းငှါစောင့်ရှောက် သကဲ့သို့ သူတို့သည် စောင့်ရှောက် မည်လော၊ မ စောင့်ရှောက်လောဟု ကျန်သေးသော လူမျိုးအားဖြင့်ကျသရေလ အမျိုးကို ငါစုံစမ်း မည်ဟု မိန့် တော်မူသည်နှင့်အညီ၊ ၂၃ ထို လူမျိုး ကို ယောရှု လက် ၌ မ အပ် အလျင်အမြန် မ နှင်ထုတ် ဘဲ နေ တော်မူ၏။

၃ ခါနာန် ပြည်၌ တိုက်သော စစ်မှု ရှိသမျှ တို့ကို မ သိ သော ကျသရေလ အမျိုးသားအပေါင်း တို့ကို စုံစမ်း ခြင်းငှါ ၎င်း၊ ၂ စစ်မှုကို မ သိ သော ကျသရေလ အမျိုးသားအစဉ်အဆက် တို့သည် စစ် အတတ်ကို သင် ၍ တတ်စေခြင်းငှါ ၎င်း၊ ထာဝရဘုရား ချန် ထားတော်မူသောလူမျိုး များဟူမူကား၊ ၃ ဖိလိတ္တိ မင်း ငါး ပါးအစရှိသော ခါနန် လူအမျိုးမျိုး ၊ ဇိဒုန် လူ၊ ဟာလဟေရမုန် တောင် မှ စ၍ဟာမတ် လမ်းဝတိုင်အောင် လေဗနုန် တောင် ပေါ်မှာနေ သော ဟိဝိ လူတို့သည် ကျန်ကြွင်းကြ၏။ ၄ ထာဝရဘုရား သည် မောရှေ အားဖြင့် ဘိုးဘေး တို့ကို မှာ ထားတော်မူသောပညတ် များအတိုင်း ကျင့် မည် မကျင့်မည်ကို ထင်ရှား စေခြင်းငှါ ၊ ကျသရေလ အမျိုးကို စုံစမ်း ဘို့ ရာဖြစ် သတည်း။ ၅ ကျသရေလ အမျိုးသားတို့သည် ခါနန် လူ၊ ဟိတ္တိ လူ၊ အာမောရိ လူ၊ ဖေရဇိ လူ၊ ဟိဝိ လူ၊ ယေဗုသိ လူတို့တွင် နေ ၍၊ ၆ သူ တို့သမီး နှင့် စုံဘက် ခြင်းကို ပြုလျက် ၊ မိမိ တို့သမီး ကို ပေးစား လျက် ၊ သူ တို့ဘုရား များကို ဝတ်ပြု ကြ၏။ ၇ ကျသရေလ အမျိုးသားတို့သည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု ၍ မိမိ တို့ဘုရား သခင်ထာဝရဘုရား ကို မေ့လျော့ သဖြင့်၊ ဗာလ ဘုရားများ၊ အာရှရ ပင်များကို ဝတ်ပြု သောကြောင့်၊ ၈ ထာဝရဘုရား သည် ကျသရေလ အမျိုးခ၌ ပြင်းစွာအမျက် တော်ထွက်၍ ၊ မေသောပေါတာမိ ရှင်ဘုရင် ခုရှံရိရှသိမ် ၌ ရောင်း တော်မူသဖြင့်၊ ကျသရေလ လူတို့သည် ရှစ် နှစ် ပတ်လုံးထိုရှင်ဘုရင် ထံ၌ ကျွန်ခံ ရကြ၏။ ၉ နောက်တဖန်ထာဝရဘုရား ကို အော်ဟစ် ကြသောအခါ၊ ကယ်တင် သောသခင် ၊ ကာလက် ညီ ၊ ကေနတ် ၏သား ဩသံယေလ ကို သူ တို့အဘို့ ပေါ်ထွန်း စေတော်မူ၏။ ၁၀ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် သူ့ အပေါ် သို့ သက်ရောက် သဖြင့်၊ သူသည်ကျသရေလ အမျိုးကို အုပ်စိုး ၍ စစ်ချီ လေ၏။ မေသောပေါတာမိ ရှင်ဘုရင် ခုရှံရိရှသိမ် ကို သူ့ လက် ၌ ထာဝရဘုရား အပ် တော်မူသဖြင့်၊ သူသည် ထိုရှင်ဘုရင် ကို အောင် လေ၏။ ၁၁ အနှစ် လေးဆယ် တိုင်တိုင်တပြည် လုံးငြိမ်း ဩးမှ ၊ ကေနတ် ၏သား ဩသံယေလ သည် သေ လေ၏။ ၁၂ တဖန် ကျသရေလ အမျိုးသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု သောကြောင့် ၊ မောဘ ရှင်ဘုရင် ဧဂလုန် ကို ကျသရေလ အမျိုးတစ်ဘက်၌ ခွန်အား နှင့် ပြည့်စုံစေတော်မူ၏။ ၁၃ ထိုမင်းသည် အမ္မန် အမျိုးသား၊ အာမလက် အမျိုးသားတို့ကို စုဝေး စေလျက် ချိ သွား၍၊ ကျသရေလ လူတို့ကို လုပ်ကြံ ဩးမှ ၊ စွန်ပလွံ မြို့ကို သိမ်းယူ သဖြင့်၊ ၁၄ ကျသရေလ အမျိုးသားတို့သည် တဆယ် ရှစ် နှစ် ပတ်လုံးမောဘ ရှင်ဘုရင် ဧဂလုန် မင်းထံ၌

ကျွန်ခံ ရကြ၏။ ၁၅ နောက်တဖန် ထာဝရဘုရား ကို အော်ဟစ် သောအခါ ၊ ကယ်တင် သော သခင် ၊ လက်ျာ လက် ကို မသုံးတတ်သော ဗယ်ာမိန် အမျိုး၊ ဂေရ သား ဧဟုဒ ကို ပေါ် ထွန်း စေတော်မူ၏။ သူ့ လက် တွင် ကျသရေလ လူတို့သည် လက်ဆောင် ကို မောဘ ရှင်ဘုရင် ဧဂလုန် ထံ သို့ပေး လိုက်ကြ၏။ ၁၆ ဧဟုဒ သည် အလျား တတောင် ရှိသောသန်လျက် ကို လုပ် ၍ လက်ျာ ပေါင် အဝတ် တွင်း ၌ စည်း ထားပြီးလျှင်၊ ၁၇ မောဘ ရှင်ဘုရင် ဧဂလုန် ထံ သို့လက်ဆောင် ကို ဆောင် ခဲ့လေ၏။ ဧဂလုန် သည် အလွန် ဝ သောသူ ဖြစ်၏။ ၁၈ ဧဟုဒသည် လက်ဆောင် ကို ဆက် ပြီး လျှင် ၊ လက်ဆောင် ကို ထမ်း သောသူ တို့ကို လွှတ် လိုက်၍၊ ၁၉ ဂိလဂါလ မြို့နား ၌ရှိသောကျောက်တိုင် တို့မှ ကိုယ်တိုင်ပြန် လာ၍၊ ဘုရား ကျွန်တော် သည် တိတ်ဆိတ် စွာ လျှောက်စရာအကြောင်း ရှိပါသည်ဟု ဆို လျှင် ၊ ရှင်ဘုရင် က၊ တိတ်ဆိတ် စွာနေကြဟု အမိန့် တော်ရှိသည်အတိုင်း ၊ အထံ တော်၌ ခစား သော သူအပေါင်း တို့သည် ထွက် ကြ၏။ ၂၀ ထိုအခါ ရှင်ဘုရင်သည် ကိုယ်တိုင် တ ယောက်တည်း နေတတ်သော နွေ နန်းဆောင် ၌ ထိုင် နေစဉ် ၊ ဧဟုဒ သည် ချဉ်းကပ် ၍ ကိုယ်တော် နှင့်ဆိုင် သော ဘုရား သခင်၏ အမိန့် တော်ပါပါ၏ဟု လျှောက် သော်၊ ရှင်ဘုရင်သည် ထ လေ၏။ ၂၁ ဧဟုဒ သည် လက်ဝဲ လက် ကို ဆန့် လျက် သန်လျက် ကို လက်ျာ ပေါင် မှ ထုတ် ၍ ရှင်ဘုရင် ၏ ဝမ်း ကို ထိုး သဖြင့်၊ ၂၂ လက်ကိုင် အရိုးနှင့်တကွ သန်လျက် မြှုပ် ဝင်၍ ၊ ဝမ်း ထဲက မ နှုတ် နိုင်အောင် ဆီဥ သည် သန်လျက် ကို လွှမ်း လျက်၊ ချေးနု လည်း ထွက် လျက်ရှိလေ၏။ ၂၃ ထိုအခါ ဧဟုဒ သည် အခန်း ပြင်သို့ ထွက် ပြီးလျှင် နန်းတော် တံခါး တို့ကို ပိတ် ၍ သော့ခတ် လေ၏။ ၂၄ ထွက် သွားသောနောက်၊ ကျွန် တော်များအချို့တို့သည် လာ ၍ နန်းတော် တံခါး ၌ သော့ခတ် လျက် ရှိသည်ကို မြင် လျှင် ၊ စင်စစ် နွေ နန်းဆောင် ၌ စက်တော်ခေါ် သည်ဟုဆို လျက်၊ ၂၅ ရှက်ကြောက် သည်တိုင်အောင် ငံ့ နေပြီးမှ ၊ သူတို့အရှင် သည် တံခါး ကို မ ဖွင့် သောကြောင့် ၊ သူတို့သည် သော့ ကိုယူ ၍ ဖွင့် ကြည့် သောအခါ ၊ မြေ ပေါ် မှာ လဲ ၍ သေ လျက်ရှိသောမိမိ တို့အရှင် ကို တွေ့မြင်ကြ၏။ ၂၆ ထိုသို့ သူ တို့သည် ငံ့ နေကြစဉ် တွင်၊ ဧဟုဒ သည် ဘေးလွတ် သဖြင့်၊ ကျောက်တိုင် တို့ကို လွန် ၍ စိရပ် ရွာသို့ ရောက် ပြီးမှ၊ ၂၇ ဧဖရိမ် တောင် ပေါ် မှာ တံပိုး ကို မှုတ် ၍ ၊ ကျသရေလ အမျိုးသားတို့သည် သူ့နောက်သို့ လိုက်လျက် တောင် ပေါ် က ဆင်း ကြ၏။ ၂၈ သူကလည်း ငါ့ နောက် သို့ လိုက် ကြလော့။ ထာဝရဘုရား သည် သင် တို့၏ရန်သူ မောဘ လူတို့ကို သင် တို့လက် ၌ အပ် တော်မူမည်ဟု ဆို သည်အတိုင်း ၊ သူ့ နောက် မှာ ဆင်း ၍ ယော်ဒန် မြစ်ကူး ရာ မောဘ ပြည်သို့ သွားရာလမ်းကို ဆီးတား သဖြင့်၊ လူ တစုံတယောက်ကိုမျှ မ ကူး စေ ရ။ ၂၉ ထိုအခါ ခွန်အား ကြီးသော မောဘ စစ်သူရဲတယောက်မျှ မ လွတ် ဘဲ၊ လူ တသောင်း ကိုသတ် ၍၊ ၃၀ မောဘ အမျိုးသည် ကျသရေလ အမျိုးလက် ၌ ရှုံး သဖြင့်၊ အနှစ် ရှစ်ဆယ် တိုင်တိုင်တပြည် လုံး ငြိမ်း လေ၏။ ၃၁ ဧဟုဒ နောက် မှာ အာနတ် သား ရှံဂါ ပေါ် ထွန်း ၍ ၊ တုတ်ချွန်နှင့် ဖိလိတ္တိ လူခြောက်ရာ တို့ကိုသတ် သဖြင့်၊ ကျသရေလ အမျိုးသားတို့ကို ကယ်လွှတ် လေ၏။

၄ ဧဟုဒ သေ သောနောက်၊ ကျသရေလ အမျိုးသားတို့သည် ထာဝရဘုရား ရှေ့ တော်၌ တဖန် ဒုစရိုက် ကို ပြု သောကြောင့်၊ ၂ ထာဝရဘုရား သည် ဟာဇော် မြို့၌ မင်းပြု သောခါနာန် ရှင်ဘုရင် ရာဘိန် ၌ ရောင်း တော်မူ၏။

သူခန့်ထားသော ဗိုလ်ချုပ်မင်းကား၊ ဂေါအိမ်ပြည်ဟာရောရှက် မြို့၌ နေ သောသိသရ တည်း။ ၃ ထိုမင်း၌ သံ ရထား ကိုး ရာ ရှိ၏။ ဣသရေလ အမျိုးသားတို့ကို အနှစ် နှစ်ဆယ် ပတ်လုံးအလွန် ညှဉ်းဆဲ သောကြောင့်၊ သူ တို့သည် ထာဝရဘုရား ကို အော်ဟစ် ကြ၏။ ၄ ထို ကာလ အခါ လပိဒုတ် မြို့သား ပရောဖက်မ ဒေဗောရ သည် ဣသရေလ အမျိုးကို အုပ်စိုး ၏။ ၅ သူသည် ဧဖရိမ် တောင် ပေါ်၊ ရာမ မြို့နှင့် ဗေသလ မြို့စပ်ကြား ၊ ဒေဗောရ စွန်ပလွဲ ပင်အောက် မှာနေ ၍ ၊ ဣသရေလ အမျိုးသားတို့သည် ထိုပရောဖက်မ ၏ စီရင်ခြင်း ကိုခံအံ့သောဌါ ရောက် လာတတ်ကြ၏။ ၆ တဖန် ဒေဗောရသည် လူကို စေလွှတ် ၍ ၊ နဿလိ ခရိုင်ကေဒေရှ မြို့မှာ နေသောအဘိနောင် ၏သား ဗာရက် ကို ခေါ် ပြီးလျှင် ၊ သင်သည် နဿလိ အမျိုး၊ ဇာဗုလုန် အမျိုးထဲက လူ တသောင်း ကို သွေးဆောင်၍ တာဗော် တောင် သို့ သွား လော့။ ၇ ငါသည်လည်း ယာဘိန် မင်း၏ ဗိုလ်ချုပ် သိသရ နှင့် ရထား ဗိုလ်ပါ များကို သင် ရှိ ရာ ကိရှန် မြစ် သို့ သွေးဆောင် ၍ သင့် လက် ၌ အပ် မည်ဟု ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မှာ ထားတော်မူသည်ဟု ဆင့်ဆို လေ၏။ ၈ ဗာရက် ကလည်း၊ ကိုယ်တော်သည် အကျွန်ုပ် နှင့်အတူ ကြွ လျှင် အကျွန်ုပ်သွား ပါမည်။ ကြွ တော်မ မူလျှင် မူကား မ သွား ပါဟု လျှောက် သော်၊ ၉ ဒေဗောရ က၊ ငါသည် သင် နှင့်အတူ အမှန် သွား မည်။ သို့သော်လည်း သင် သွား ရာလမ်း ၌ ဂုဏ် အသရေကို မ ရ ရာ။ ထာဝရဘုရား သည် သိသရ ကို မိန်းမ ၌ ရောင်း တော်မူမည်ဟု ဆို ပြီးမှ ထ ၍ ဗာရက် နှင့်အတူ ကေဒေရှ မြို့သို့ သွား လေ၏။ ၁၀ ဗာရက် သည် နဿလိ အမျိုးသား၊ ဇာဗုလုန် အမျိုးသားတို့ကို ကေဒေရှ မြို့သို့ ခေါ် ၍ ၊ လိုက် သောသူ တသောင်း နှင့်တကွ ဒေဗောရ ပါလျက် တက် လေ၏။ ၁၁ မောရှေ ၏ယောက္ခမ ဟောဗတ် ၏သား မြေးအဝင်၊ ကေနိ အမျိုးသားဟေဗာ သည်၊ ကေနိ လူတို့နှင့် ခွာ ၍ ကေဒေရှ မြို့အနား ၊ ဇာနိမ် သပိတ်ပင် ခြေရင်း၌ တဲ ကို ဆောက် လျက် နေနှင့်သတည်း။ ၁၂ အဘိနောင် ၏သား ဗာရက် သည် တာဗော် တောင် ပေါ် သို့ တက် ကြောင်း ကို သိသရ အား ကြားပြော လျှင်၊ ၁၃ သိသရ သည် မိမိ ရထား ရှိသမျှ တည်းဟူသော သံ ရထား ကိုး ရာ နှင့် ဂေါအိမ်ပြည်ဟာရောရှက် မြို့မှ စ၍ကိရှန် မြစ် တိုင်အောင် မိမိ လူ အပေါင်း တို့ကို စုဝေး စေ၏။ ၁၄ ဒေဗောရ ကလည်း ၊ ထ လော့။ ယနေ့ ကား ထာဝရဘုရား သည် သိသရ ကို သင့် လက် ၌ အပ် တော်မူသောနေ့ ဖြစ်၏။ ထာဝရဘုရား သည် သင့် ရှေ့မှာ ကြွ တော်မူပြီ မဟုတ် လောဟု ဆို လေသော်၊ ဗာရက် သည် လူ တသောင်း နှင့်တကွ တာဗော် တောင် ပေါ် က ဆင်း လေ၏။ ၁၅ ထာဝရဘုရား သည် သိသရ မှစ၍သူ၏ရထား များနှင့် ဗိုလ်ပါ စစ်သည်များအပေါင်း တို့ကို ဗာရက် ရှေ့မှာ ထား ဖြင့် ရှုံး စေတော်မူသောကြောင့်၊ သိသရ သည် မိမိရထား မှ ဆင်း ၍ ခြေ ဖြင့် ပြေး လေ၏။ ၁၆ ဗာရက် သည် ရထား များ၊ ဗိုလ်ပါ စစ်သည်များကို ဂေါအိမ်ပြည် ဟာရောရှက် မြို့တိုင်အောင် လိုက် ၍ ၊ သိသရ စစ်သူရဲ အပေါင်း တို့သည် တယောက် မျှ မ ကျန် ကြွင်း ထား နှင့် သေကြကုန်၏။ ၁၇ သိသရ သည် ကေနိ အမျိုးသားဟေဗာ ၏ မယား ယေလ ၏တဲ သို့ ခြေ ဖြင့် ပြေး ၏။ ထိုကာလ၌ ဟာဇော် ရှင်ဘုရင် ယာဘိန် သည် ဟေဗာ အမျိုးသား ချင်း ကေနိ လူတို့နှင့် မိဿဟာယ ဖွဲ့လျက် ရှိသတည်း။ ၁၈ ယေလ သည် သိသရ ကို ခရီးဦးကြိုပြု ခြင်းငှါ ထွက် ၍ ၊ သခင် ဝင် ပါ၊ ကျွန်မ ဆီ သို့ ဝင် ပါ။ စိုးရိမ် တော် မ မူပါနှင့်ဟု

ခေါ် သည်အတိုင်း ၊ သူသည် ယေလနေရာတဲ့ ထဲ သို့ ဝင် ၍ ယေလသည် သူ့ ကို စောင် နှင့် ခြုံ လေ၏။ ၁၉ သူကလည်း ၊ ငါရေငတ် သည်၊ ရေ အနည်းငယ် ကိုပေး ပါဟု တောင်း လျှင် ၊ မိန်းမသည် နွားနို့ ဘူး ကို ဖွင့် ၍ သောက် စေပြီးမှ တဖန် ခြုံ လေ၏။ ၂၀ သူကလည်း ၊ တဲ့ တံခါးဝ ၌ နေ ပါ။ လူ တစုံတယောက်က ယောကျ်ားရှိ သလောဟု လာ ၍ မေး လျှင် မ ရှိကြောင်းကို ပြော လော့ဟု မှာ ထားလေ၏။ ၂၁ ထိုအခါ ဟေဗာ မယား ယေလ သည် သိသရမော လျက် အိပ်ပျော် စဉ် တွင်၊ တဲ့ တံသင် တချောင်းနှင့် လက်ရိုက် ကို ကိုင် လျက် သူ့ ထံ သို့တိတ်ဆိတ် စွာ သွား ၍ တံသင် ကို မြေ ၌ စွဲ စေသည်တိုင်အောင်သူ ၏ နားပန်း ထဲ သို့ ရိုက် သွင်းသဖြင့် သိသရသည် သေ ၏။ ၂၂ ဗာရက် သည် သိသရ ကို လိုက် ရှာသောအခါ ၊ ယေလ ထွက် ၍ ကျွန်မဆီသို့ ဝင် ပါ။ ရှာ သောသူကို ပြ ပါမည်ဟု ကြိုဆို လျှင်၊ ဗာရက်သည် တဲ့ထဲသို့ ဝင် ၍ သိသရ သေ လျက်၊ နားပန်း ၌ တံသင် စူးလျက်ရှိသည်ကို မြင် လေ၏။ ၂၃ ထို နေ့ ၌ ထာဝရဘုရား သည် ခါနာန် ရှင်ဘုရင် ယာဘိန် ကို၊ ဣသရေလ အမျိုးသားတို့ရှေ့ မှာ နှိမ့်ချ တော်မူသဖြင့်၊ ၂၄ သူတို့သည် ထိုရှင်ဘုရင် ကို မဖျက်ဆီး မီတိုင်အောင် အစဉ်အောင်လျက် နေကြ၏။

၅ ထို နေ့ ၌ ဒေဗောရ နှင့် အဘိနောင် ၏ သား ဗာရက် တို့ဆို သော သီချင်းစကားဟူမူကား၊ ၂ ဣသရေလ အမျိုး၌ မင်း တို့သည် အဦးပြုသောကြောင့်၎င်း၊ ဆင်းရဲသားတို့သည် စေတနာစိတ်နှင့် မိမိကိုယ်ကိုလှူ သောကြောင့်၎င်း၊ ထာဝရ ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၃ အိုရှင်ဘုရင် တို့ ကြား ကြလော့။ အိုမင်းသား တို့ နားထောင် ကြလော့။ ငါသီချင်းဆို မည်။ ထာဝရဘုရား အား သီချင်းဆိုမည်။ ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား ၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း မည်။ ၄ အိုထာဝရဘုရား ၊ ကိုယ်တော် သည် စိရ တောင်ရိုးပေါ် မှ ကြွ ၍ ဧဒုံ တော မှ စစ်ချီ တော်မူသောအခါ ၊ မြေကြီး လှုပ် ၍ မိုယ်း ရွာသဖြင့် မိုယ်းတိမ် တို့မှ မိုယ်းရေ သည် စီး ပါ၏။ ၅ တောင်ရိုး တို့သည် ထာဝရဘုရား ရှေ့ တော်၌ ၎င်း၊ သိနာ တောင်သည်လည်း ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ ၎င်း တုန်လှုပ် ပါ၏။ ၆ အာနတ် သား ရှံဂါ မင်းလက်ထက် ၌ ၎င်း၊ ယေလ မင်းလက်ထက် ၌ ၎င်း၊ လမ်းမ တို့သည် ဆိတ်ညံ လျက် ရှိ၍ ခရီးသွား သောသူတို့သည် လမ်းကြားတို့ ၌ လိုက် သွားရကြ၏။ ၇ ဣသရေလ အမျိုး၌ မင်းဆက်ပြတ် လျက်ရှိ၏။ ငါဒေဗောရ သည် မပေါ် ၊ ငါသည် ဣသရေလ အမျိုး၌ အမိ မပေါ် ထွန်း မှိတိုင်အောင် မင်းဆက်ပြတ် လျက် ရှိ၏။ ၈ ဣသရေလအမျိုးသားတို့သည် ဘုရား သစ် တို့ကို ရွေး ယူကြ၏။ ထိုအခါ သူတို့မြို့ များကို ရန်သူတို့သည် တိုက်လာကြ၏။ ဣသရေလ အမျိုးသားလေးသောင်း တွင် ဒိုင်းလွှား တခု၊ လှံ တစင်းမျှ မရှိ။ ၉ စေတနာစိတ်ရှိ၍ ဆင်းရဲသား တို့တွင် မိမိကိုယ်ကို လှူ သော ဣသရေလ အမျိုး မင်း တို့အား ငါ စိတ် နူးညံတ်၏။ ထာဝရ ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၁၀ ဖြူ သော မြည်း ကို စီး သောသူ၊ တရားမှု ကို စီရင် သောသူ၊ လမ်း၌ သွား သောသူတို့၊ ၁၁ ရေကျင်း များအနား မှာ လက်ရဥစ္စာကို ဝေမျှသောသူတို့၏အသံ ကိုကြားသောအခါ သီချင်းဆိုကြလော့။ ထာဝရဘုရား ၏ တရား သောအမှု၊ ဣသရေလ မြို့ရွာတို့ ၌ တရား သဖြင့် ပြုတော်မူသောအမှုတို့ကို ထို အရပ်တို့တွင် ချီးမွမ်း ကြလိမ့်မည်။ ထိုအခါ ထာဝရဘုရား ၏ လူ တို့သည် မိမိတို့နေသောမြို့ သို့ ပြန် သွားကြလိမ့်မည်။ ၁၂ နိုး ပါ၊ နိုး

ပါ၊ ဒေဟေရ ။ နိုး ပါ၊ နိုး ပါ၊ သီချင်း ဆို ပါ၊ အိုဗာရက် ၊ ထ ပါ၊ အဘိနောင် သား ၊ သင် ဘမ်းဆီး ချုပ် ထားသောသူတို့ကို ထုတ်ပြပါ။ ၁၃ ထိုအခါ ကျန်ကြွင်း သောသူတို့သည် သူရဲကြီး တို့ထံသို့ ဆင်း ကြ၏။ ထာဝရဘုရား ၏လူ တို့သည် အစွမ်း တန်ခိုးကြီးသောသူတို့ထံသို့ ငါ့ အဘို့ ဆင်း ကြ၏။ ၁၄ အာမလက် လူနေရာအနားမှာ နေရာကျသောသူတို့သည် ဧဖရိမ် ခရိုင်ထဲက ထွက်လာကြ၏။ သူတို့နောက်မှာ သင်၏ ဗိုလ်ခြေတို့တွင် ဗယ်မိန် အမျိုးသားတို့သည် လိုက်ကြ၏။ မာခိရ အမျိုးထဲက မင်းများ၊ ဇာဗုလုန် အမျိုးထဲက စီရင်တတ်သော သူများတို့သည် ထွက်လာ ကြ၏။ ၁၅ ဣသခါ မင်း တို့သည်လည်း ၊ ဒေဟေရ ၌ ပါ၍ ဣသခါ အမျိုးသည် ဗာရက် ၏ လက်ရုံးဖြစ်၏။ ဗာရက် နောက် မှာ ချိုင့် ထဲ သို့ ပြေးလိုက်ကြ၏။ ရုဗင် အမျိုးနေရာ ချောင်းအသွယ်သွယ်၌ စိတ်နှလုံး ပြဋ္ဌာန်း ခြင်း များ ကြ၏။ ၁၆ နောက်တဖန်သင်သည် သိုး မြည်သံ ကို နားထောင် ခြင်းငှါ တောင် ကြား မှာ အဘယ်ကြောင့် ထိုင် နေသနည်း။ ရုဗင် အမျိုးနေရာ ချောင်းအသွယ်သွယ်၌ စိတ်နှလုံး တွန့်တို ခြင်းများ ကြသည်တကား။ ၁၇ ဂိလဒ် ပြည်သားတို့သည် ယော်ဒန် မြစ်တစ်ဘက် ၌ ငြိမ်ဝပ်စွာနေ ကြ၏။ ဒန် အမျိုးသည် သင်္ဘော ဆိပ် အနားမှာ အဘယ်ကြောင့် နေ ရစ်သနည်း။ အာရှာ အမျိုးသည်လည်း ပင်လယ် ကမ်းနား သင်္ဘောဆိုက်ရာ ကွေ့ တို့ ၌ မလှုပ်ဘဲငြိမ်ဝပ်စွာနေ သည်တကား။ ၁၈ ဇာဗုလုန် အမျိုး သည် အသက် ကို စွန့်စား သည်တိုင်အောင်ရဲရင့်၍ နဿလိ အမျိုးသည် မြင့် သော တော အရပ်၌ ထိုနည်းတူပြု၏။ ၁၉ ရှင်ဘုရင် တို့သည် လာ ၍ စစ်တိုက် ကြ၏။ ခါနန် ရှင်ဘုရင် တို့သည် မေဂိဒ္ဒေါ အိုင် ၊ တာနက် မြို့အနား မှာ တိုက် သော်လည်း၊ ငွေ ကို လုယူ ၍ မ ရ ကြ။ ၂၀ ကောင်းကင် မှ စစ်ကူ ကြ၏။ ကြယ် တို့သည် လှည့်ပတ် စဉ်အခါသိသရ ကို စစ်တိုက် ကြ၏။ ၂၁ ကိရှန် မြစ် ၊ စစ်မှုကြောင့် ကျော်စောသောမြစ် ၊ ကိရှန် မြစ် သည် ရန်သူ တို့ကို ပယ် သွား၏။ အိုငါ့ ဝိညာဉ် ၊ သင်သည် ခွန်အားကြီး သောသူကို နှိပ် နင်းပြီ။ ၂၂ ထိုအခါ မြင်းစီးသူရဲ တို့သည် မြင်း ကို နှင် လျက် နှင် လျက် စီးသောကြောင့်၊ မြင်းတို့သည် မြေကို ခွာ နှင့် ထိခိုက် လျက် ပြေးကြ၏။ ၂၃ မေရောဇမြို့သားတို့သည် ထာဝရ ဘုရားဘက်၊ စစ်သူရဲ တို့နှင့် ဝိုင်း၍ ထာဝရ ဘုရားဘက်သို့ မ ကူ ကြသောကြောင့် ၊ မေရောဇ မြို့ကို ကျိန် ကြလော့။ မြို့ သားတို့ကို ပြင်းစွာကျိန် ကြလော့ဟု ထာဝရဘုရား ၏ကောင်းကင်တမန် သည် မှာ ထား၏။ ၂၄ ကေနိ အမျိုးသားဟေဗာ ၏မယား ယေလ သည်၊ မိန်းမ တကာတို့ထက် မြတ်စွာသော မင်္ဂလာ ရှိ၏။ တဲ ၌ နေသောမိန်းမ တကာတို့ထက် မြတ်စွာသော မင်္ဂလာ ရှိ၏။ ၂၅ ထိုသူသည် ရေ ကို တောင်း ၍ ယေလသည် နို့ ကိုပေး ၏။ မင်း သုံးသော ဖလား နှင့် နို့ခမ်း ကို ဆက် လေ၏။ ၂၆ တဲတံသင် ကို ယူ ၍ လက်ျာ လက်နှင့် လက်ရိုက် ကို ကိုင်လျက် သိသရ ကို ရိုက် လေ၏။ သူ ၏ ခေါင်း ကို ထိုး ရိုက်၍ နားပန်း ကို ထုတ်ချင်း ခွင်းဖောက် လေ၏။ ၂၇ သူသည် ယေလ ခြေရင်း ၌ ကျ ၍ လဲ လျက် တံးလုံးနေ၏။ ခြေရင်း ၌ ကျ လဲ ၍ ကျ ရာအရပ် ၌ သေ လျက် လဲ နေ၏။ ၂၈ သိသရ အမိ သည် ပြတင်းပေါက် ဝဖြင့် ကြည့် ၍ ကုလားကာ အတွင်း ၌ နေလျက်၊ သူ ၏ ရထား သည် အဘယ်ကြောင့် လာ ခဲ သနည်း။ ရထား ဘီး တို့သည် အဘယ်ကြောင့် နှေး သနည်းဟု မြည်တမ်း လေ၏။ ၂၉ ပညာရှိ သော မင်းသမီး တို့သည် ပြန် လျှောက်သည်သာမက ၊ သူ့ကိုယ်တိုင်ပြန် ပြောသည်ကား၊ ၃၀ သူတို့သည် တွေ့ ၍ရသောဥစ္စာ ကို ဝေဖန်

လျက် နေကြသည်မဟုတ် လော။ စစ်သူရဲ တို့အား အပျိုကညာ တယောက်နှစ်ယောက်စီ၊ သိသရ ဘို့ ပန်းဆိုးသော အဝတ် ၊ ပန်းဆိုး၍ ချယ်လှယ် သော အဝတ် တန်ဆာ၊ အောင် သောသူတို့၏ လည်ပင်း ၌ ဆင်စရာဘို့ ပန်းဆိုး၍ ချယ်လှယ် လျက် အဆင်းအရောင်ထူးခြားသော အဝတ် တန်ဆာကို လုယူ၍ ဝေဖန်လျက် နေကြသည် မဟုတ်လောဟု သိသရ၏ အမိသည် ဆိုတတ်၏။ ၃၁ အိုထာဝရဘုရား ၊ ကိုယ်တော် ၏ ရန်သူ အပေါင်း တို့သည် ထိုသို့ ပျက်စီး ခြင်းသို့ ရောက်ကြပါစေသော။ ထာဝရ ဘုရားကို ချစ် သောသူတို့သည် အရှိန် တန်ခိုးနှင့် ထွက် သွားသော နေ မင်းကဲ့သို့ ဖြစ်ပါစေသောဟု သီချင်းဆိုကြ၏။ ထို့နောက် အနှစ် လေးဆယ် တိုင်တိုင်တပြည် လုံးငြိမ်း လေ၏။

၆ တဖန် ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု သောကြောင့် ၊ သူ တို့ကို မိဒျန် အမျိုးလက် ၌ ခုနစ် နှစ် ပတ်လုံးအပ် တော်မူသဖြင့်၊ ၂ မိဒျန် အမျိုးသည် ဣသရေလ အမျိုးကို နိုင် ၍ ညှဉ်းဆဲ သောကြောင့် ၊ ဣသရေလ အမျိုးသားတို့သည် တောင်ရိုး ၌ ခိုင်ခံ့ သော ဥမင် မြေတွင်း တို့ကို လုပ် ရကြ၏။ ၃ ဣသရေလ အမျိုးသည် လယ် လုပ်ပြီးမှ၊ မိဒျန် ပြည်သားနှင့် အာမလက် ပြည်သားအစရှိသော အရှေ့ပြည်သား တို့သည် ချီ လာ၍၊ ၄ တပ်ချ သဖြင့်၊ ဂါဇ မြို့တိုင်အောင်မြေ အသီးအနှံ ကို သုတ်သင် ပယ်ရှင်းလျက် စားစရာ ကို ချန်၍မထား။ သိုး နွား မြည်း ကိုလည်း ချန် ၍ မ ထားကြ။ ၅ အဘယ်သို့နည်းဟူမူကား၊ သူ တို့သည် တိရစ္ဆာန် များ၊ တဲ များပါလျက်၊ ကျိုင်းကောင် များပြား သကဲ့သို့ ၊ သူ တို့နှင့် ကုလားအုပ် တို့သည် မရေတွက်နိုင်အောင် များပြားသဖြင့် ဣသရေလ ပြည် ကို ဖျက်ဆီး လျက် လာ ကြ၏။ ၆ ဣသရေလ အမျိုးသားတို့သည် မိဒျန် အမျိုးသားတို့ကြောင့် အလွန် ဆင်းရဲ ၍ ထာဝရဘုရား အား ဟစ်ကြော် ကြ၏။ ၇ ထိုသို့ မိဒျန် အမျိုးသားတို့ကြောင့် ၊ ထာဝရဘုရား အား ဟစ်ကြော် ကြသောအခါ၊ ၈ ထာဝရဘုရား သည် ပရောဖက် တယောက် ကို ဣသရေလ အမျိုးသားတို့ထံ သို့စေလွှတ် တော်မူ၍ ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ကျွန် ခံနေရာ အဲဂုတ္တု ပြည်မှ သင် တို့ကို ငါနှုတ် ဆောင်ပြီ။ ၉ အဲဂုတ္တု ပြည်သားလက် မှ ၎င်း ၊ ညှဉ်းဆဲ သောသူအပေါင်း တို့လက် မှ ၎င်း၊ သင် တို့ကို ကယ်နှုတ် ၍ ၊ သူ တို့ကို သင် တို့ရှေ့မှ နှင်ထုတ် သဖြင့် သူ တို့ ပြည် ကိုပေး ပြီ။ ၁၀ ငါ သည် သင် တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ သင် တို့နေ သောအာမောရိ ပြည်သားကိုးကွယ်သော ဘုရား တို့ကို မ ကြောက်ရွံ့ကြနှင့်ဟု ငါပညတ် သော်လည်း ၊ သင်တို့သည် ငါ့ စကား ကို နား မ ထောင်ကြဟု မိန့် တော်မူ၏။ ၁၁ တဖန် ထာဝရဘုရား ၏ ကောင်းကင်တမန် သည်လာ ၍ ၊ ဩဖရ ရွာမှာ အဗျေဇာ အမျိုးသားယောရှ ပိုင်သော သပိတ် ပင်အောက် ၌ ထိုင် လေ၏။ ယောရှ သား ဂိဒေါင် သည် မိမိစပါးကို မိဒျန် လူတို့ မ တွေ့စေခြင်းငှါ ၊ စပျစ်သီး နယ်ရာ တန်ဆာအနား မှာ စပါး ကို နယ် လျက်နေ၏။ ၁၂ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ကိုယ်ထင်ရှား ၍ ၊ ခွန်အားကြီး သော အချင်းသူရဲ ၊ ထာဝရဘုရား သည် သင် နှင့်အတူ ရှိတော်မူ၏ဟု ဆို လျှင်၊ ၁၃ ဂိဒေါင် က၊ အိုသခင် ၊ ထာဝရဘုရား သည် အကျွန်ုပ် တို့နှင့်အတူ ရှိ တော်မူသည် မှန်လျှင် အဘယ်ကြောင့် ဤ အမှုကြီး ရောက် ရပါသနည်း။ ထာဝရဘရား သည် ငါ တို့ကို အဲဂုတ္တု ပြည်မှ နှုတ် ဆောင်တော်မူသည် မဟုတ် လောဟု အကျွန်ုပ် တို့အဘ များ ပြော သည်အတိုင်း ပြုတော်မူသော၊

အံ့ဘွယ် သော အမှုရှိသမျှ တို့သည် အဘယ်မှာ ရှိပါသနည်း။ ယခု မှာ ထာဝရဘုရား သည် အကျွန်ုပ် တို့ကို စွန့် ၍ မိဒျန် လူတို့လက် သို့ အပ် တော်မူပြီတကားဟု ဆို လေသော်၊ ၁၄ ထာဝရဘုရား သည် သူ့ ကို ကြည့်ရှု ၍ ယခု သင် ရသောတန်ခိုး ကို အမှီပြု လျက် သွား လော့။ သင်သည် ဣသရေလ အမျိုးကို မိဒျန် လူတို့လက် မှ ကယ်နှုတ် လိမ့်မည်။ သင့် ကို ငါစေခိုင်း သည် မဟုတ် လောဟု မိန့် တော်မူ၏။ ၁၅ ဂိဒေါင်ကလည်း ၊ အိုသခင် ၊ အကျွန်ုပ်သည် ဣသရေလ အမျိုးကို အဘယ်သို့ ကယ်နှုတ် နိုင်ပါမည်နည်း။ အကျွန်ုပ် အဆွေအမျိုး သည် မနာရှေ အမျိုး၌ သာ၍ဆင်းရဲ ပါ၏။ အကျွန်ုပ် သည်လည်း ၊ ကိုယ် အဆွေအမျိုး ၌ အယုတ် ဆုံးသောသူဖြစ် ပါ၏ဟု လျှောက် လျှင်၊ ၁၆ ထာဝရဘုရား က၊ အကယ်စင်စစ် ငါသည် သင် နှင့်အတူ ရှိ သဖြင့် ၊ သင်သည် လူ တ ယောက်ကို လုပ်ကြံသကဲ့သို့ ၊ မိဒျန် လူတို့ကို လုပ်ကြံ လိမ့်မည်ဟု မိန့် တော်မူ၏။ ၁၇ ဂိဒေါင်ကလည်း၊ အကျွန်ုပ်သည် ရှေ့တော်၌ မျက်နှာရ ပါလျှင် အကျွန်ုပ် နှင့် ယခု နှုတ်ဆက် တော်မူကြောင်း ထင်ရှားသော နိမိတ် လက္ခဏာကို ပြ တော်မူပါ။ ၁၈ အကျွန်ုပ် သည် တဖန်လာ ပြန်၍ ၊ ဘောဇဉ် ပူဇော်သက္ကာကို ဆောင် ခဲ့သဖြင့် ၊ ကိုယ်တော် ရှေ့၌ မ တင် မှီတိုင်အောင်၊ ဤ အရပ်က ကြွ သွားတော်မ မူပါနှင့်ဟု တောင်းပန် လျှင် ၊ သင် သည် ပြန် ၍ မ လာမှီတိုင်အောင်ငါနေ မည်ဟု မိန့် တော်မူ၏။ ၁၉ ဂိဒေါင် သည် သွား ၍ ဆိတ် သငယ် တကောင်ကိုဂင်း၊ မုန့်ညက် တဧဖာ နှင့် လုပ်သော တဆေး မဲ့ မုန့်ပြားတို့ကိုဂင်းပြင်ဆင် လေ၏။ ဆိတ်သား ကို တောင်း၌ ထည့် ၍ ၊ ဆိတ်သားပြုတ်ရည် ကို အိုး၌ လောင်း ပြီးမှ ၊ ကောင်းကင်တမန် ရှိရာ သပိတ် ပင်အောက် သို့ ဆောင် ခဲ့၍ ဆက် လေ၏။ ၂၀ ထာဝရဘုရား ၏ ကောင်းကင် တမန်ကလည်း ၊ အမဲသား နှင့် တဆေး မဲ့မုန့်ပြားတို့ကို ယူ ၍ ဤ ကျောက် ပေါ် မှာ တင် ထားလော့။ အမဲသားပြုတ်ရည် ကို သွန်းလောင်း လော့ဟု ဆို လျှင် ၊ ဆိုသည်အတိုင်း ဂိဒေါင်သည် ပြု လေ၏။ ၂၁ ထိုအခါ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် မိမိ ကိုင် သော တောင်ဝေး ကို ဆန့် ၍ ၊ အမဲသား နှင့် တဆေးမဲ့မုန့်ပြား တို့ကိုတို့ သဖြင့် ၊ ကျောက် ထဲက မီး ထ ၍ အမဲသား နှင့် တဆေးမဲ့မုန့်ပြား တို့ကို လောင် ပြီးမှ ၊ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ကွယ် လေ၏။ ၂၂ ထာဝရဘုရား ၏ကောင်းကင် တမန်ဖြစ်သည်ကို ဂိဒေါင် သည် သိမြင် သောအခါ ၊ အို အရှင် ထာဝရဘုရား ၊ အကျွန်ုပ်သည် ထာဝရဘုရား ၏ ကောင်းကင်တမန် ကို မျက်နှာချင်းဆိုင် ၍ မြင် ရပါပြီတကားဟုလျှောက် သော်၊ ၂၃ ထာဝရဘုရား က၊ ချမ်းသာ ပါစေ။ မ စိုးရိမ် နှင့်။ သင်သည် သေ ဘေးနှင့် လွတ် လျက်ရှိသည်ဟု မိန့် တော်မူ၏။ ၂၄ ထို အရပ်၌ ဂိဒေါင် သည် ထာဝရဘုရား အဘို့ ယဇ်ပလ္လင် ကို တည် ၍ ၊ ယေဟောဝါ ရှာလုံ အမည်ဖြင့် မှည့် လေ၏။ အဗျေဇာ သား၏ နေရာသြဖရ ရွာ၌ ယနေ့ တိုင်အောင် ရှိသတည်း။ ၂၅ ထို နေ့သည် မှာ ထာဝရဘုရား က၊ သင့် အဘ ၏နွား ပိုက် နှင့် အသက်ခုနစ် နှစ် ရှိ သောဒုတိယ နွားထီး ကို ယူ ပြီးလျှင် ၊ သင့် အဘ တည်သော ဗာလ ဘုရား၏ ယဇ်ပလ္လင် ကို ဖြိုဖျက် ၍ ၊ ယဇ်ပလ္လင် အနား မှာရှိသော အာရှရ ပင်ကို ခုတ်လဲ့ လော့။ ၂၆ ငါစီရင်သည်အတိုင်း၊ ဤ ကျောက် ပေါ် မှာ ထာဝရဘုရား အဘို့ ယဇ်ပလ္လင် ကို တည် ပြီးလျှင် ၊ ခုတ်လဲ့ သော သစ်သား ဖြင့် ဒုတိယ နွား ကို မီးရှို့ ၍ ယဇ် ပူဇော်လော့ဟု မိန့် တော်မူ၏။ ၂၇ ဂိဒေါင် လည်း မိမိ ကျွန် ဆယ် ယောက်တို့ကို ခေါ် ၍ ၊ ထာဝရဘုရား မိန့်

တော်မူသည်အတိုင်း ပြု လေ၏။ မိမိ အဘ ၏ အိမ်သား တို့ကိုဂင်း ၊ မြို့ သား တို့ကိုဂင်းကြောက် ၍၊ နေ့ အချိန်၌ မပြု ဝံ့သောကြောင့် ၊ ညဉ့် အချိန်၌ ပြု ၏။ ၂၈ နံနက် စောစောမြို့ သား တို့သည် ထ ကြသောအခါ ၊ ဗာလ ဘုရား၏ ယဇ်ပလ္လင် သည် ပြိုပျက် လျက် ၊ အနား မှာရှိသော အာရှရ ပင်လည်း လဲ လျက် ၊ နောက်တည် သော ယဇ်ပလ္လင် ပေါ် မှာ ဒုတိယ နွားထီး ကို ပူဇော် လျက်ရှိသည်ကို တွေ့ ကြလျှင်၊ ၂၉ ဤ အမှု ကို အဘယ်သူ ပြု သနည်းဟု တယောက် ကို တယောက်မေးမြန်း စစ်ကြော လျှင် ၊ ဤ အမှု ကို ယောရှ သား ဂိဒေါင် ပြု ပြီဟု လူအချို့တို့သည် ဆို ကြ၏။ ၃၀ ထိုအခါ မြို့ သား တို့သည် ယောရှ အား ၊ သင် ၏သား သည် ဗာလ ဘုရား၏ ယဇ်ပလ္လင် ကို ဖြိုဖျက် ၍ ၊ အနား မှာရှိသောအာရှရ ပင်ကို ခုတ်လဲ သောကြောင့် ၊ သူ့ကို အသေခံ စေခြင်းငှါ ထုတ် လော့ဟု ဆို သော်လည်း၊ ၃၁ ယောရှ သည် တစ်ဘက်၌ နေ သောသူအပေါင်း တို့အား ၊ သင် တို့သည် ဗာလ ဘုရားဘက်၌ အမှု စောင့်မည်လော။ သူ့ ကို ကယ်တင် မည်လော။ သူ့ ဘက်၌ အမှု စောင့်သောသူ သည်၊ နံနက် မ လွန်မီ အသေခံ ပါလေစေ။ ဗာလ သည် ဘုရား မှန်လျှင် ၊ သူ ၏ယဇ်ပလ္လင် ကို တစုံတယောက်ဖြိုဖျက် သောကြောင့် ၊ မိမိ အမှု ကို မိမိစောင့်ပါလေစေဟု ပြန်ပြော ၏။ ၃၂ ထိုသို့ ဗာလ ဘုရားသည် သူ ၏ယဇ်ပလ္လင် ကို တစုံတယောက်ဖြိုဖျက် သောကြောင့် ၊ ထိုသူတဘက် မိမိ အမှု ကို မိမိစောင့်ပါလေစေဟု ဆို လျှက် သူ၏သားကို ထို နေ့ ၌ ယေရုဗ္ဗာလ အမည်ဖြင့် မှည့် သတည်း။ ၃၃ ထိုအခါ မိဒျန် ပြည်သား၊ အာမလက် ပြည်သား၊ အရှေ့ပြည်သား အပေါင်း တို့သည် စည်းဝေး သဖြင့် ၊ ယေဇရေလ ချိုင့် သို့ ကူး သွား၍ တပ်ချ ကြ၏။ ၃၄ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ဂိဒေါင် အပေါ် မှာ သက်ရောက် ၍ ၊ သူသည် တံပိုး မှုတ် သဖြင့် အဗျေဇာ သားတို့သည် လိုက်ကြ၏။ ၃၅ တမန် တို့ကို မနာရှေ ခရိုင်တရှောက်လုံး သို့ စေလွှတ် ၍ ၊ မနာရှေအမျိုးသားတို့သည် လိုက်ကြ၏။ တဖန် အာရှာ ခရိုင်၊ ဇာဗုလုန် ခရိုင်၊ နဿလိ ခရိုင်သို့ တမန် တို့ကို စေလွှတ် ၍ ၊ ထိုခရိုင်သားတို့သည်လည်း စုဝေးရာသို့ လာ ကြ၏။ ၃၆ ဂိဒေါင် သည်လည်း ဘုရား သခင်အား ၊ ကိုယ်တော်သည် မိန့် တော်မူသည်အတိုင်း ၊ ကြွသရေလ အမျိုးကို အကျွန်ုပ် အားဖြင့် ကယ်တင် တော်မူမည်မှန်လျှင်၊ ၃၇ အကျွန်ုပ် သည် သိုး တကောင်၏အမွေးကို တလင်း ၌ ထား ပါမည်။ သိုးမွေး သည် နှင်း စို ၍ မြေ တပြင်လုံး သွေ့ခြောက် လျှင် ၊ မိန့် တော်မူသည်အတိုင်း ၊ ကြွသရေလ အမျိုးကို အကျွန်ုပ် အားဖြင့် ကယ်တင် တော်မူ မည်ကို အကျွန်ုပ်သိ ပါမည်ဟု တောင်းလျှောက်သည်အတိုင်း ဖြစ် လေ၏။ ၃၈ နံနက်စောစော ထ၍ သိုးမွေး ကို ညှစ် သဖြင့် နှင်း ရည်သည် အင်တုံ အပြည့် ရှိလေ၏။ ၃၉ တဖန် ဂိဒေါင် က၊ အမျက်ထွက် တော်မ မူပါနှင့်။ တကြိမ် သာ လျှောက် ပါဦးမည်။ သိုး တကောင်၏ အမွေးနှင့် ယခု တကြိမ် သာ စုံစမ်း ရသောအခွင့်ကိုပေးတော်မူပါ။ မြေ တပြင်လုံး သည် နှင်း စို ၍ သိုးမွေး သွေ့ခြောက် ပါစေဟု ဘုရား သခင်အား တောင်း လျှောက်သည်အတိုင်း၊ ၄၀ ထို ညဉ့် ၌ လည်း ဘုရား သခင်ပြု တော်မူသဖြင့် ၊ မြေ တပြင်လုံး သည် နှင်း စို ၍ သိုးမွေး သွေ့ခြောက် လျက် ရှိ ၏။

၇ ယေရုဗ္ဗာလ အမည်ဖြင့် ခေါ် ဝေါ် သော ဂိဒေါင် သည် နံနက်စောစော ထ၍ ၊ ရှိသမျှ သော သူ တို့နှင့်တကွ ဟာရုတ် ရေတွင်းနား မှာ တပ်ချ သဖြင့် ၊ မိဒျန် တပ် သည် မြောက် ဘက်၊ မောရေ တောင် ခြေရင်းချိုင့် ၌ ရှိ ၏။ ၂ ထာဝရဘုရား

ကလည်း ၊ သင် ၌ ပါသောလူ တို့သည် အလွန်များ ၍၊ သူ တို့လက် ၌ မဒျန် လူတို့ကို ငါ မ အပ် ရ။ အပ်လျှင် ဣသရေလ အမျိုးက၊ ငါ့ လက်ရုံး သည် ငါ့ ကို ကယ်တင် ပြီဟု ငါ့ တစ်ဘက်၌ ဝါကြွား လိမ့်မည်။ ၃ သို့ ဖြစ်၍ ၊ ကြောက်လန့် သောသူ မည်သည်ကား၊ ဂိလဒ် တောင် မှ စောစောပြန် သွားစေဟု လူ များတို့ အား ဟစ်ကြော် လော့ဟု ဂိဒေါင် အား မိန့် တော်မူသဖြင့်၊ လူ နှစ်သောင်း နှစ်ထောင်ပြန် သွား၍ တသောင်း ကျန်ရစ် ၏။ ၄ တဖန် ထာဝရဘုရား ကလည်း ၊ လူ တို့သည် အလွန် များသေး ၏။ ရေဆိပ် သို့ ခေါ် ခဲ့လော့။ သူ တို့ကို ရေဆိပ် မှာ သင့် အဘို့ ငါစုံစမ်း မည်။ ထိုအခါ ဤ မည်သောသူ သည် သင် နှင့်အတူ သွား ရမည်ဟု ငါဆို လျှင်၊ ထိုသူ သည် သွား ရမည်။ ဤ မည်သော သူ မ သွား ရဟု ငါဆို လျှင် ထိုသူ သည် မ သွား ရဟု မိန့် တော်မူသည်အတိုင်း၊ ၅ ဂိဒေါင်သည် လူ တို့ကို ရေဆိပ် သို့ ခေါ် ခဲ့၍ ၊ ထာဝရဘုရား က၊ ခွေး သည် ရေ ကိုလျက် ၍ သောက်သကဲ့သို့ လျှာ နှင့် လျက် ၍ သောက်သောသူ တစု၊ ဒူး ထောက်လျက် ဝပ် ၍ သောက် သောသူတစု၊ ထိုလူနှစ်စုကို ခွဲ ထားလော့ဟု ဂိဒေါင် အား မိန့် တော်မူ၏။ ၆ ထိုအခါ မိမိလက်ခုပ် နှင့် ရေကို ယူသဖြင့် လျက် ၍ သောက်သောသူ သုံး ရာ ရှိ ၏။ ကြွင်း သောသူ အပေါင်း တို့သည် ရေ သောက် ခြင်းငှါ ဒူး ထောက်၍ ဝပ် ကြ၏။ ၇ ထာဝရဘုရား ကလည်း ၊ လျက် ၍ သောက်သောသူ သုံး ရာ အားဖြင့် သင့် ကို ငါကယ်တင် ၍ မဒျန် လူတို့ကို သင့် လက် ၌ အပ် မည်။ ကြွင်း သောသူ တို့ကို မိမိ နေရာ သို့ ပြန် သွားစေဟု ဂိဒေါင် အား မိန့် တော်မူ၏။ ၈ ထိုသူတို့သည် စားစရိတ် နှင့် တံပိုး များကို ယူ ၍ ၊ ကြွင်း သော ဣသရေလ အမျိုးသား အပေါင်းတို့ကို မိမိ နေရာ သို့ ဂိဒေါင်သည် လွှတ် လိုက်သဖြင့် ၊ ထိုသုံး ရာ သော လူ တို့ကိုသာ မိမိနှင့်အတူချန် ထားလေ၏။ မဒျန် လူတို့သည် သူ့ အောက် ချိုင့် ၌ တပ်ချ လျက် ရှိကြ၏။ ၉ ထို ညဉ့် တွင် ထာဝရဘုရား က၊ ထ လော့။ ရန်သူတပ် ချရာသို့ ချီ သွားလော့။ သင့် လက် ၌ ငါအပ် မည်။ ၁၀ မ ချီ ဝံ့လျှင် သင် ၏ ကျွန် ဖုရ ကို ရှေ့ဦးစွာခေါ် သွားလော့။ ၁၁ သူတို့သည် အဘယ်သို့ ပြော သည်ကို ကြား လိမ့်မည်။ ထိုနောက်မှ တပ် ချရာသို့ ချီ သွားခြင်းငှါ သင့် လက် အားကြီး လိမ့်မည်ဟု မိန့် တော်မူသည်အတိုင်း ၊ ဂိဒေါင် သည် မိမိ ကျွန် ဖုရ ကို ခေါ် ၍ ရန်သူ၏ တပ် ပြင် ၌ ကင်း ထိုးသောသူရှိရာသို့ သွား လေ၏။ ၁၂ မဒျန် ပြည်သား၊ အာမလက် ပြည်သား၊ အရှေ့ပြည်သား အပေါင်း တို့သည် ချိုင့် ၌ အိပ် လျက်၊ ကျိုင်းကောင် နှင့်အမျှ များ ကြ၏။ ကုလားအုပ် တို့သည်လည်း ၊ သမုဒ္ဒရာ သဲ လုံးနှင့်အမျှ အတိုင်းမသိ များ ကြ၏။ ၁၃ ဂိဒေါင် သည် ရောက် သောအခါ ၊ လူ တယောက်သည် မိမိမြင်မက် သော အိပ်မက် ကို မိမိ အပေါင်းအဘော် အား ပြန် ပြောသည်မှာ၊ ငါမြင်မက် သည်ကား၊ မုယော မုန့် တပြား သည် မဒျန် တပ် ထဲ သို့ လိမ့် ၍ တဲ တဆောင်ကို တွေ့လျှင်၊ ထိခိုက် မှောက်လှန် ဖြို၍ လေ၏ဟု ဆို သော်၊ ၁၄ သူ ၏အပေါင်းအဘော် က၊ ထို မုန့်ပြားသည် အခြားမဟုတ် ဣသရေလ အမျိုးယောရှ သား ဂိဒေါင် ၏ ထား ဖြစ်၏။ ထိုသူ လက် ၌ ဘုရား သခင်သည် မိဒျန် အမျိုး၊ မိဒျန်ဗိုလ်ခြေ အပေါင်း ကို အပ် တော်မူမည်ဟု ပြန်ပြော ၏။ ၁၅ ထိုအိပ်မက် နှင့် အိပ်မက်အနက် ကို ဂိဒေါင် သည် ကြား သောအခါ ၊ ကိုးကွယ် ၍ ဣသရေလ တပ် သို့ ပြန် ပြီးလျှင် ၊ ထ ကြ၊ ထာဝရဘုရား သည် မိဒျန် ဗိုလ်ခြေ တို့ကို သင် တို့လက် ၌ အပ် တော်မူမည်ဟု ဆို ၏။ ၁၆ ထိုအခါ လူ သုံး ရာ တို့ကို သုံး စု ခွဲ ၍ ၊ တံပိုး တလုံးနှင့် မီးခွက် ပါသောအိုး တလုံးစီကို

လူ တိုင်း လက် ၌ ဆောင် စေ၏။ ၁၇ ငါ့ ကို ကြည့် ၍ ငါ ပြုသည်အတိုင်း ပြု ကြ။ တပ် ပြင် သို့ ရောက် သောအခါ၊ ငါပြု သည်အတိုင်း ပြု ကြ။ ၁၈ ငါ နှင့် ငါ ၌ ပါသောသူ အပေါင်း တို့သည် တံပိုး မှုတ် သောအခါ ၊ တပ် ပတ်လည် အရပ်ရပ် ၌ သင်တို့သည် တံပိုး မှုတ် ၍ ၊ ထာဝရဘုရား နှင့် ဂိဒေါင် ၏ ထားဟု ဟစ် ကြလော့ဟု မှာ ထား၏။ ၁၉ ထိုသို့ ဂိဒေါင် နှင့် သူ ၌ ပါသော လူ တရာ တို့သည် သန်းခေါင် ယံ ၌ ကင်း လဲ စက တပ် ပြင် သို့ ရောက် သဖြင့် တံပိုး မှုတ် ကြ၏။ မိမိ ကိုင် သော အိုး တို့ကိုလည်း ခွဲ ကြ၏။ ၂၀ လူသုံး စု တို့သည် တံပိုး မှုတ် ၍ အိုး တို့ကို ခွဲ သဖြင့် လက်ဝဲ လက် ၌ မီးခွက် တို့ကိုင်း ၊ လက်ျာ လက် ၌ မှုတ် စရာ တံပိုး တို့ကိုင်းကိုင် လျက် ၊ ထာဝရဘုရား နှင့် ဂိဒေါင် ၏ထား ဟု ဟစ် ကြ၏။ ၂၁ သူတို့သည် တပ် ပတ်ဝန်းကျင် ၌ လူတိုင်း မိမိ နေရာ အရပ်တွင် ရပ် နေ၍ ၊ တပ်သား အပေါင်း တို့သည် ပြေး လျက် ၊ အော် လျက် ထွက်ပြေး ကြ၏။ ၂၂ လူသုံး ရာ တို့သည် တံပိုး မှုတ် သောအခါ ၊ ထာဝရဘုရား ၏ တန်ခိုးတော်ကြောင့်၊ တပ်သား အပေါင်း တို့သည် တယောက်ကိုတယောက်တိုက်၍၊ ဇေရရတ် အရပ် ဗက်ရှိတ္တ မြို့သို့ ၎င်း၊ တဗွတ် မြို့နား မှာ အာဗေလမဟောလ မြို့နယ် သို့ ၎င်း ပြေး ကြ၏။ ၂၃ ဣသရေလ လူ တို့သည် နဿလိ ခရိုင်၊ အာရှာ ခရိုင်၊ မနာရှေ ခရိုင် အရပ်ရပ် ထဲက စု လာ၍ ၊ မိဒျန် လူတို့ကို လိုက် ကြ၏။ ၂၄ ဂိဒေါင် သည်လည်း ၊ တမန် တို့ကို ဧဖရိမ် တောင် တရှောက်လုံး သို့ စေလွှတ် ၍၊ သင်တို့သည် မိဒျန် လူတို့ကို ဆီးတား ခြင်းငှါ ယော်ဒန် မြစ်နား၊ ဗက်ဗာရ ရွာတိုင်အောင် သူ တို့အရင် စောင့် နေကြလော့ဟု မှာ လိုက်သည်အတိုင်း ၊ ဧဖရိမ် လူ အပေါင်း တို့သည် စုဝေး ၍ ၊ ယော်ဒန် မြစ်နား၊ ဗက်ဗာရ ရွာတိုင်အောင် စောင့် နေကြ၏။ ၂၅ မိဒျန် ဗိုလ်ချုပ် နှစ် ယောက်၊ ဩရှာ နှင့် ဇေဘ ကို ဘမ်းဆီး ၍ ၊ ဩရှာ ကို ဩရှာ ကျောက် ပေါ် ၌ ၎င်း၊ ဇေဘ ကိုဇေဘ စပျစ်သီးနယ်ရာ တန်ဆာ၌ ၎င်း သတ် ပြီးမှ၊ မိဒျန် လူတို့ကို လိုက် သဖြင့် ၊ ဩရှာ ၏ဦးခေါင်း နှင့် ဇေဘ ၏ဦးခေါင်းတို့ကိုယော်ဒန် မြစ်တဘက် ၊ ဂိဒေါင် ထံ သို့ဆောင် ခဲ့ကြ၏။

၈ ဧဖရိမ် လူ တို့က၊ သင်သည် မိဒျန် လူတို့ကို တိုက် သွား သောအခါ ၊ ငါ တို့ကို မ ခေါ် ဘဲ ငါ တို့ ၌ အဘယ်သို့ ပြု သနည်းဟု ကျပ်ကျပ် အပြစ်တင် ကြ၏။ ၂ ဂိဒေါင်ကလည်း၊ သင် တို့ပြုသကဲ့သို့ ငါသည် အဘယ်သို့ ပြု ပြီးသနည်း။ အဗျေဇာ စပျစ်သီး သိမ်းခြင်းထက် ဧဖရိမ် လိုက်ကောက် ခြင်းသည် သာ၍ကောင်း သည်မဟုတ် လော။ ၃ ဘုရားသခင်သည် မိဒျန် ဗိုလ်ချုပ် ဩရှာ နှင့် ဇေဘ တို့ကို သင် တို့လက် ၌ အပ် တော်မူပြီ။ သင် တို့ပြုသကဲ့သို့ ငါသည် အဘယ်သို့ ပြု နိုင် သနည်းဟု ပြန်ပြောသောစကား ကို သူတို့သည် ကြားသောအခါ စိတ် ပြေ ကြ၏။ ၄ ဂိဒေါင် သည် ယော်ဒန် မြစ်သို့ ရောက် သောအခါ ၊ သူ ၌ ရှိသော သူ သုံး ရာ တို့သည် ပင်ပန်း လျက်နှင့် ကူး ၍ လိုက် ကြ၏။ ၅ သုကုတ် မြို့သား တို့အား လည်း ၊ ငါ့ နောက် လိုက်သောသူ တို့အား မုန့် ကိုပေး ကြပါလော့။ သူ တို့သည် ပင်ပန်း ကြပြီ။ ငါ သည် မိဒျန် မင်းကြီး ဇေဘဟ နှင့် ဇာလမုန္နာ ကို ယခု လိုက် ရှာပါ၏ဟု တောင်း သော်လည်း၊ ၆ သုကုတ် မင်း တို့က၊ ငါတို့သည် သင့် အမှုထမ်း တို့အား မုန့် ကိုပေး ရမည်အကြောင်း ၊ ဇေဘဟ နှင့် ဇာလမုန္နာ သည် သင့် လက် ၌ ရှိသလောဟု ပြန်ပြော ကြ၏။ ၇ ဂိဒေါင် ကလည်း ၊ သို့ ဖြစ်၍ ထာဝရဘုရား သည် ဇေဘဟ နှင့် ဇာလမုန္နာ တို့ကို ငါ့ လက် ၌ အပ် တော်မူသောအခါ ၊ သင် တို့ကျော ကွဲအောင် တော ဆူး ပင်အမျိုးမျိုးနှင့် ငါ ရိုက်မည်ဟုဆို

ပြီးလျှင်၊ ၈ ထိုအရပ်ကပေနွေလ မြို့သို့ သွား၍ ၊ သူ တို့အား ထို နည်းတူ တောင်း သော်လည်း ၊ သုကုတ် မြို့သား တို့ ပြန်ပြော သည်နည်းတူ ၊ ပေနွေလ မြို့သား တို့သည် ပြန်ပြော ကြ၏။ ၉ ဂိဒေါင်ကလည်း ၊ ငါ သည် တဖန် ငြိမ်ဝပ် စွာ လာသောအခါ ၊ ဤ ရဲတိုက် ကို ဖြိုဖျက် မည်ဟု သူ တို့အား ဆို ၏။ ၁၀ ထိုအခါ ထား ကိုင် သော လူ တသိန်း နှစ်သောင်းသေ သောကြောင့် ၊ အရှေ့ မျက်နှာအရပ်သား အပေါင်း တို့တွင် ကျန် ကြွင်းသော လူတသောင်း ငါးထောင်ခန့် မျှသာပါ လျက်၊ ဧဗောဟ နှင့် ဇာလမုန္နု တို့သည် ကာကော် မြို့၌ ရှိကြ၏။ ၁၁ ဂိဒေါင် သည် နောဗာ မြို့၊ ယုဗ္ဗေဟ မြို့အရှေ့ ၊ တဲ ၌ နေ သူတို့လမ်း ဖြင့် ချီ သွား၍ ၊ မ စိုးရိမ်ဘဲနေ သောမိဒျန်တပ် ကို လုပ်ကြံ သဖြင့်၊ ၁၂ မိဒျန် မင်းကြီး ဧဗောဟ နှင့် ဇာလမုန္နု ပြေး သောအခါ ၊ ဂိဒေါင်သည် လိုက် ၍ တပ် ကို ဖျက် လေ၏။ ၁၃ ယောခ္ခ သား ဂိဒေါင် သည် နေမထွက်မှီ စစ်တိုက် ရာမှ ပြန်လာ ၍၊ ၁၄ သုကုတ် မြို့သား လုလင် တယောက်ကို ဘမ်းမိ ၍ မေး စစ်လျှင် ၊ ထိုသူသည်သုကုတ် မြို့အရာရှိ ၊ အသက်ကြီး သူခုနစ်ဆယ် ခုနစ် ယောက်တို့၏ အမည်အသီးအသီးတို့ကို ပြော လေ၏။ ၁၅ ဂိဒေါင်သည်လည်း ၊ သုကုတ် မြို့သား တို့ရှိရာသို့ လာ ၍ ၊ သင်တို့က၊ ပင်ပန်း သော သင့် အမှုထမ်း တို့အား ငါတို့သည် မုန့် ကိုပေး ရမည်အကြောင်း ၊ ဧဗောဟ နှင့် ဇာလမုန္နု သည် သင့် လက် ၌ ရှိသလောဟု ငါ့ ကို ကဲ့ရဲ့ ၍ သင်တို့ပြော သော ဧဗောဟ နှင့် ဇာလမုန္နု ကို ကြည့် ကြလော့ဟုဆို လျက်၊ ၁၆ ထိုမြို့ ၌ အသက်ကြီး သူတို့ကို ခေါ် ၍ တော ဆူး ပင်အမျိုးမျိုးနှင့် သုကုတ် မြို့သား တို့ကို ဆုံးမ လေ၏။ ၁၇ ပေနွေလ မြို့ ရဲတိုက် ကိုလည်း ဖြိုဖျက် ၍ မြို့ သား တို့ကို ကွပ်မျက် လေ၏။ ၁၈ ထိုအခါ ဧဗောဟ နှင့် ဇာလမုန္နု တို့အား တာဗော် မြို့မှာ သင်တို့သတ် ခဲ့သောသူ တို့ သည် အဘယ်သို့ သောသူဖြစ်သနည်းဟု မေးမြန်း သော်၊ ထိုသူတို့က၊ ကိုယ်တော် ဖြစ်သကဲ့သို့ သူ တို့ရှိသမျှ သည်ဖြစ်၍၊ ရှင်ဘုရင် သား ၏ အဆင်း အရောင်နှင့် ပြည့်စုံကြပါ၏ဟု ပြန်ပြော သော်၊ ၁၉ ဂိဒေါင်က၊ ထိုသူ တို့သည် ငါ့ အမိ ၏သား ၊ ငါ့ ညီ ဖြစ်ပါသည်တကား၊ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ သင်တို့သည် သူ တို့ကို အသက် ချမ်းသာပေးမိလျှင် ၊ သင် တို့ကို ငါမ သတ် ဘဲ နေလိမ့်မည်ဟု၊ ၂၀ မိမိ သားဦး ယေသာ အား ၊ ဤသူ တို့ကို ထ ၍ သတ် လော့ဟုဆို သော်လည်း ၊ သား သည် အသက်အရွယ်ငယ် သောကြောင့် ၊ ထား ကို မ ဆွဲ မထုတ်ဘဲနေ၏။ ၂၁ ဧဗောဟ နှင့် ဇာလမုန္နု တို့ကလည်း ၊ ကိုယ်တော် တိုင်ထ ၍ ငါ တို့ကို လုပ်ကြံ လော့။ လူ ဖြစ်သကဲ့သို့ သူ့ အစွမ်း သတ္တိဖြစ်တတ်သည်ဟုဆိုလျှင်၊ ဂိဒေါင် သည် ထ ၍ ဧဗောဟ နှင့် ဇာလမုန္နု ကို သတ် သဖြင့် ၊ သူ တို့ ကုလားအုပ် ၏ လည်ပင်း ၌ ဆင်သော တန်ဆာ တို့ကို ချွတ် ယူလေ၏။ ၂၂ ထိုအခါ ဣသရေလ လူတို့က၊ ကိုယ်တော်သည် အကျွန်ုပ် တို့ကို မိဒျန် လူတို့လက် မှ ကယ်နှုတ် သောကြောင့် ၊ သားစဉ်မြေးဆက် နှင့်တကွ အကျွန်ုပ် တို့ကို အုပ်စိုး တော်မူပါဟု၊ ဂိဒေါင် အား လျှောက် ဆိုကြသော်၊ ၂၃ ဂိဒေါင် က၊ ငါ သည် သင် တို့ကို မ အုပ်စိုး ရ။ ငါ့ သား လည်း မ အုပ်စိုး ရ။ ထာဝရဘုရား သည် သင် တို့ကို အုပ်စိုး တော်မူရ၏ဟူ၍ဆင်း၊ ၂၄ သို့ရာတွင် သင်တို့ရှိသမျှ သည် လု ယူ၍ ရသောနားတောင်း တို့ကိုပေး ပါမည်အကြောင်း ၊ ငါတောင်း ချင်သည်ဟူ၍ဆင်း ဆို လေ၏။ ရန်သူ တို့သည် ဣရှမေလ အမျိုးဖြစ်၍ ရွှေ နားတောင်း ကို ဆင်တတ်ကြသတည်း။ ၂၅ သူတို့ကလည်း၊ စင်စစ်ပေး ပါမည်ဟုဆို လျက် စောင်

ကို ခင်း ၍ ၊ လူအပေါင်းတို့သည် မိမိ တို့ လု ယူ၍ ရသောနားတောင်း များကို ချ ထားကြ၏။ ၂၆ ဂိဒေါင်တောင်း သော ရွှေ နားတောင်း များ အချိန် ကား၊ အခွက်တဆယ်ခုနစ် ပိသာရှိ ၏။ ထို မှတပါး၊ မိဒျန် မင်းကြီး ဝတ်ဆင်သော တန်ဆာ ၊ လည်ဆွဲ ၊ နီမောင်း သောအဝတ် ၊ ကုလားအုပ် လည် ကြိုး များကို ရသေး၏။ ၂၇ ထိုတန်ဆာတို့နှင့် ဂိဒေါင် သည် သင်တိုင်း တော်ကို လုပ် ၍ မိမိ နေရာ ဩဖရ မြို့မှာ ထား သဖြင့် ၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် ထိုသင်တိုင်းတော်နှင့် မှားယွင်း လျက် သွားတတ်ကြ၏။ ထိုအမှုသည် ဂိဒေါင် နှင့် သူ ၏အမျိုး ပြစ်မှား ရာအကြောင်း ဖြစ် သတည်း။ ၂၈ ထိုသို့ မိဒျန် အမျိုးသည် ဣသရေလ အမျိုးရှေ့ မှာ ရှုံး ၍ ၊ နောက်တဖန် အစိုး မ ရဘဲ နေကြ၏။ ဂိဒေါင် လက်ထက် အနှစ် လေးဆယ် တိုင်တိုင်တပြည် လုံးငြိမ်း လေ၏။ ၂၉ ယောရှ သား ယေရုပ္ဗာလ သည် မိမိ အိမ် သို့ သွား ၍ နေ သတည်း။ ၃၀ ဂိဒေါင် သည် မယား များ ၍ ၊ ကိုယ် ရ သောသား ခုနစ်ဆယ် ရှိ ၏။ ၃၁ ရှေခင် မြို့၌ နေသောမယားငယ် သည် သား ယောကျ်ားကို ဘွားမြင် ၍ ၊ ထိုသားကို အဘိမလက် အမည် ဖြင့် မှည့် လေ၏။ ၃၂ ယောရှ သား ဂိဒေါင် သည် အသက် ကြီးရင့်သော် အနိစ္စရောက် ၍ ၊ အဗျေဇာ သားနေရာ ဩဖရ မြို့မှာ ၊ အဘ ယောရှ သခ်ျိုင်း ၌ သင်္ဂြိဟ် ခြင်းကို ခံရလေ၏။ ၃၃ ဂိဒေါင် သေ သောအခါ ၊ ဣသရေလ အမျိုးသားတို့သည် ဖောက်ပြန် ၍ ဗာလ ဘုရားတို့နှင့် မှားယွင်း သဖြင့် ၊ ဗာလဗေရိတ် ကို ဘုရား အရာ ၌ ချိုးမြှောက် ကြ၏။ ၃၄ ပတ်ဝန်းကျင် ရန်သူ လက်မှ ကယ်နှုတ် တော်မူသောမိမိ တို့ဘုရား သခင်ထာဝရဘုရား ကို မ အောက်မေ့ ဘဲ၊ ၃၅ ဂိဒေါင် တည်းဟူသောယေရုပ္ဗာလ သည် ဣသရေလ အမျိုး၌ ပြု သမျှ သော ကျေးဇူး နှင့်အညီ ၊ သူ၏အမျိုး ၌ ကျေးဇူး တုံ့ကို ပြန်၍ မ ပြု ဘဲနေကြ၏။

၉ ယေရုပ္ဗာလ သား အဘိမလက် သည် ရှေခင် မြို့သို့ သွား ၍ ဦးရီး များ၊ အမိ ၏အဆွေအမျိုး များအပေါင်း တို့နှင့် နှုတ်ဆက် လျက်၊ ၂ ယေရုပ္ဗာလ သား ခုနစ်ဆယ် တို့သည် သင် တို့ကို အုပ်စိုး ကောင်း သလော။ သား တယောက် တည်း အုပ်စိုး ကောင်းသလော။ ငါ သည် သင် တို့၏ အရိုး အသား စစ်ဖြစ်ကြောင်း ကို မ မေ့ကြနှင့်ဟု ရှေခင် မြို့သား အပေါင်းတို့အား ပြော ရမည်အကြောင်းကို တိုင်ပင်လေ၏။ ၃ ထို စကား ကို ဦးရီး တို့သည် ရှေခင် မြို့သား တို့အား အကုန်အစင် ပြန်ပြော ၍၊ သူတို့က၊ အဘိမလက် သည် ငါ တို့ ညီအစ်ကို ဖြစ်သည်ဟုဆို လျှက် သူ့နောက် သို့ လိုက်ချင်သောစိတ် နူးညွတ် သဖြင့်၊ ၄ ဒွေ ခုနစ်ဆယ် ကို ဗာလဗေရိတ် အိမ် မှ ထုတ် ၍ပေးလျှင် ၊ အဘိမလက် သည် လျှပ်ပေါ် သောသူတို့ကို ထိုဒွေ နှင့် ငှါး ၍ အမှု ကို ထမ်းစေ၏။ ၅ တဖန် ဩဖရ မြို့၌ ရှိသောမိမိ အဘ အိမ် သို့ သွား ၍ ၊ မိမိ ညီအစ်ကို ယေရုပ္ဗာလ သား ခုနစ်ဆယ် တို့ကို ကျောက် တခု ပေါ် မှာ သတ် လေ၏။ သို့ရာတွင် ၊ ယေရုပ္ဗာလ သား အငယ်ဆုံး ယောသံ သည် ပုန်းရှောင် ၍ နေသောကြောင့် ကျန်ရစ် သတည်း။ ၆ ရှေခင် မြို့သား အပေါင်း တို့နှင့် မိလ္လော အဆွေအမျိုးအပေါင်း တို့သည် ရှေခင် မြို့တွင် ရှိသောအထိမ်းအမှတ် သပိတ် ပင်အနား မှာ စည်းဝေး ၍ အဘိမလက် ကို ရှင်ဘုရင် အရာ၌ ခန့် ထားကြ၏။ ၇ ထိုအမှုကို ယောသံ သည် ကြား သိသောအခါ ၊ ဂေရဇိမ် တောင် သို့ သွား ၍ ၊ တောင်ပေါ် မှာ ရပ် လျက် အသံ ကို လွှင့် ၍ ကြွေးကြော် လေသည်မှာ၊ အိုရှေခင် မြို့သား တို့၊ သင် တို့စကားကို ဘုရား သခင်နားထောင် တော်မူမည်အကြောင်း ၊ ငါ့ စကားကို နားထောင် ကြလော့။ ၈

သစ်ပင် တို့သည် မိမိ တို့ကို အုပ်စိုးရသောရှင်ဘုရင် ကို ခန့်ထားလျက် ဘိသိက် ပေးခြင်းငှါ ထွက်သွား ၍ ၊ အကျွန်ုပ် တို့ကို အုပ်စိုး တော်မူပါဟု သံလွင် ပင်အား လျှောက် ကြလျှင်၊ ၉ သံလွင် ပင်က၊ ဘုရား အသရေ ၊ လူ အသရေကို ပြုစုစရာ ငါ့ အဆီ အပြားကို ငါသည် စွန့် ၍ သစ်ပင် တို့ အပေါ် မှာ လွှမ်းမိုးရမည်လောဟု ဆို ၏။ ၁၀ တဖန် သဘော်သဖန်း ပင်အား ၊ ကိုယ်တော် ကြွ ၍ အကျွန်ုပ် တို့ကို အုပ်စိုး တော်မူပါဟု သစ်ပင် တို့သည် လျှောက် ကြလျှင်၊ ၁၁ သဘော်သဖန်း ပင်က၊ ငါ ၌ ချို သော အရသာနှင့် ကောင်း သောအသီး ကို ငါသည် စွန့် ၍ သစ်ပင် တို့ အပေါ် မှာ လွှမ်းမိုးရမည်လောဟု ဆို ၏။ ၁၂ တဖန် စပျစ် ပင်အား ကိုယ်တော် ကြွ ၍ အကျွန်ုပ် တို့ကို အုပ်စိုး တော်မူပါဟု သစ်ပင် တို့သည် လျှောက် ကြလျှင်၊ ၁၃ စပျစ် ပင်က၊ ဘုရား ၏စိတ်နှင့် လူ ၏စိတ်ကို ရွှင်လန်း စေသော ငါ့ စပျစ်ရည် ကို ငါသည် စွန့် ၍ သစ်ပင် တို့ အပေါ် မှာ လွှမ်းမိုးရမည်လောဟု ဆို ၏။ ၁၄ တဖန် ဆူးလေ ပင်အား ကိုယ်တော် ကြွ ၍ အကျွန်ုပ် တို့ကို အုပ်စိုး တော်မူပါဟု သစ်ပင် အပေါင်း တို့သည် လျှောက် ကြလျှင်၊ ၁၅ ဆူးလေ ပင်က၊ သင်တို့သည် ငါ့ ကို သင် တို့၏ ရှင်ဘုရင် ဖြစ်စေခြင်းငှါခန့်ထား၍ ဧကန်အမှန် ဘိသိက် ပေးလိုလျှင် ၊ လာ ကြ၊ ငါ့ အရိပ် ကို ခိုလှုံ ကြ။ သို့မဟုတ် ဆူးလေ ပင်ထဲက မီး ထွက် ၍ လေဗနုန် အာရစ် ပင်တို့ကို လောင် လိမ့်မည်ဟု သစ်ပင် တို့အား ပြန်ပြော ၏။ ၁၆ ယခု မှာ သင်တို့သည် အဘိမလက် ကို ရှင်ဘုရင်အရာ၌ ခန့်ထားသောအားဖြင့် သစ္စာတရားကို စောင့်၍၊ ယေရုပ္ဗာလ နှင့် သူ ၏အမျိုးအနွယ် အား ကောင်းမွန် စွာ ပြု ကြပြီလော။ ယေရုပ္ဗာလသည် ကျေးဇူးပြု၍ ခံထိုက်သည်အတိုင်း သူ့အား ကျေးဇူးဆပ်ကြပြီလော။ ၁၇ ငါ့ အဘ သည် သင် တို့အဘို့ စစ်တိုက် ၍ ကိုယ် အသက် ကို စွန့်စား လျက်၊ သင် တို့ကို မိဒျန် အမျိုးလက် မှ ကယ်နှုတ် လေပြီ။ ၁၈ သင်တို့သည် ငါ့ အဘ ၏အဆွေအမျိုး တစ်ဘက်၌ ယနေ့ ထ ၍ သူ ၏သား ခုနစ်ဆယ် တို့ကို ကျောက် တခု ပေါ် မှာ သတ် ပြီးလျှင် ၊ သူ ၏ကျွန်မ တွင် မြင်သော သား အဘိမလက် သည် သင် တို့ ညီအစ်ကို ဖြစ်သောကြောင့် ၊ သူ့ ကို ရှေခင် မြို့သား တို့၏ ရှင်ဘုရင် ခန့်ထားကြပြီတကား။ ၁၉ ယခုမှာ သင်တို့သည် ယေရုပ္ဗာလ နှင့် သူ ၏အမျိုးအနွယ် အား သစ္စာတရား အတိုင်း ယနေ့ ပြု ပြီးလျှင် ၊ အဘိမလက် ကို အမှီပြု ၍ ဝမ်းမြောက် ကြလော့။ အဘိမလက် သည်လည်း သင် တို့ကို အမှီပြု ၍ ဝမ်းမြောက် ပါစေ။ ၂၀ သို့မဟုတ် လျှင် အဘိမလက် ထဲက မီး ထွက် ၍ ၊ ရှေခင် မြို့သား နှင့် မိလ္လော အဆွေအမျိုးကိုလောင် ပါစေ။ ရှေခင် မြို့သား နှင့် မိလ္လော အဆွေအမျိုးထဲက မီး ထွက် ၍ အဘိမလက် ကို လောင် ပါစေဟု ကြွေးကြော်ပြီးမှ၊ ၂၁ အလျင်အမြန်ပြေး ၍ အစ်ကို အဘိမလက် ကို ကြောက်သောကြောင့် ဗေရ မြို့သို့ သွား ၍ နေ လေ၏။ ၂၂ အဘိမလက် သည် ဣသရေလ အမျိုးကို အုပ်စိုး ၍ သုံး နှစ် စေ့သောအခါ၊ ၂၃ ဘုရား သခင်သည် အဘိမလက် နှင့် ရှေခင် မြို့သား စပ်ကြား မှာ ဆိုး သောဝိညာဉ် ကို စေလွှတ် တော်မူ၍ ၊ ရှေခင် မြို့သား တို့သည် အဘိမလက် ၏သစ္စာကို ဖျက် ကြ၏။ ၂၄ အကြောင်းမူကား၊ ယေရုပ္ဗာလ ၏ သား ခုနစ်ဆယ် တို့ ၌ ကြမ်းတမ်းစွာပြု၍ သတ်မိသောအပြစ်သည် သူတို့ကိုသတ်သောသူ တို့ ညီအစ်ကို အဘိမလက် အပေါ် သို့ငင်း၊ ညီအစ်ကို များကိုသတ် သောအမှု၌ ဝိုင်း၍ လက်ခံသော ရှေခင် မြို့သား တို့အပေါ် သို့ငင်း ရောက် ရမည်အကြောင်းတည်း။ ၂၅ ရှေခင် မြို့သား

တို့သည် အဘိမလက်ကို ချောင်းမြောင်း စေခြင်းငှါ၊ လူတို့ကို တောင် ထိပ် ပေါ် မှာထား ၍ ထိုသူတို့သည် ခရီး သွားသောသူ အပေါင်း တို့၏ ဥစ္စာကို လု ယူကြ၏။ ထိုသတင်းကိုလည်း၊ အဘိမလက် သည်ကြား ၏။ ၂၆ ဗေက် ၏သား ဂါလ သည် မိမိ ညီအစ်ကို တို့နှင့်အတူ ရှေခင် မြို့ဘက်သို့ ဝင် ၍ ရှေခင် မြို့သား တို့သည် သူ့ ကို ကိုးစား ကြ၏။ ၂၇ ဥယျာဉ် ၌ လည် လျက် စပျစ်သီး ကို သိမ်း ယူလျက် ပျော်မွေ့ ခြင်းကို ပြု သဖြင့် ၊ မိမိ တို့ ဘုရား ၏ကျောင်း သို့သွား ၍ အဘိမလက် ကို ကျိန်ဆဲ ကြ၏။ ၂၈ ဗေက် ၏သား ဂါလ ကလည်း ၊ ငါတို့သည် အဘိမလက် အမှု ကို စောင့်ရမည်အကြောင်း ၊ အဘိမလက် ကားအဘယ်သူ နည်း၊ ရှေခင် ကား အဘယ်သူ နည်း။ အဘိမလက်သည် ယေရှုဗာလ သား မဟုတ် လော။ ဇေဗုလ သည် သူ ၏အမှုထမ်း မဟုတ်လော။ ရှေခင် အဘ ဟာမော် လူ တို့၏ အမှု ကို ထမ်းကြလော့။ အဘိမလက် အမှု ကို အဘယ်ကြောင့် ထမ်းရမည်နည်း။ ၂၉ ဤ လူ တို့သည် ငါ့ လက် သို့ ရောက် ပါစေသော။ သို့ ဖြစ်လျှင် အဘိမလက် ကို ငါပယ် မည်ဟူ၍ငင်း၊ အဘိမလက် အား သင် ၏ ဗိုလ်ခြေ တို့ကို ပြင်ဆင် ၍ လာ တော့ဟူ၍ငင်း ဆို ၏။ ၃၀ ဗေက် ၏သား ဂါလ စကား ကို မြို့ အုပ် ဇေဗုလ ကြား သောအခါ အမျက် ထွက် ၍၊ ၃၁ ပရိယာယ်အားဖြင့်အဘိမလက် ထံ သို့စေလွှတ် လျက်၊ ဗေက် ၏သား ဂါလ သည် မိမိ ညီအစ်ကို တို့နှင့်အတူ ရှေခင် မြို့သို့ လာ ၍ ကိုယ်တော် တစ်ဘက် ၌ မြို့ ကို ပြင်ဆင် ကြပါ၏။ ၃၂ သို့ ဖြစ်၍ ညဉ့် အခါ ကိုယ်တော် သည် ပါ သော သူ တို့နှင့်တကွ ထ ၍ ၊ တော ၌ ချောင်းမြောင်း လျက် နေတော်မူပါ။ ၃၃ နံနက် စောစောနေ ထွက်စကထ ၍ မြို့ ကို တိုက် တော်မူပါ။ ဂါလ သည် သူ ၌ ပါသော လူ တို့နှင့်တကွ ဆီး ၍ ကြိုသောအခါ ၊ အဆင်သင့်သည်အတိုင်း ပြု တော်မူပါဟု ကြား လျှောက်လေ၏။ ၃၄ အဘိမလက် သည် သူ ၌ ပါသမျှ သော လူ တို့နှင့်တကွ ညဉ့် အခါ ထ ၍ တပ် လေး တပ်ခွဲပြီးလျှင်၊ ရှေခင် မြို့ကို ချောင်းမြောင်း လျက်နေကြ၏။ ၃၅ ဗေက် ၏သား ဂါလ သည် ထွက် ၍ မြို့ တံခါး ဝ ၌ ရပ် လျှင် ၊ အဘိမလက် သည် မိမိ ၌ ပါသော သူ တို့ နှင့်တကွ ချောင်းမြောင်း ရာမှ ထ ကြ၏။ ၃၆ ဂါလ သည် ထိုလူ တို့ကို မြင် လျှင် ၊ တောင် ပေါ် မှ လူ များ ဆင်း လာကြသည်ဟု ဇေဗုလ အား ဆို သော် ၊ ဇေဗုလ က တောင် အရိပ် သည် လူ ကဲ့သို့ ထင် သည်ဟု ပြန်ပြော ၏။ ၃၇ တဖန် ဂါလ က၊ ကြည့် ပါ။ လူ အချို့တို့သည် တောင်ရိုးပေါ် မှ ဆင်း လာကြ၏။ အချို့တို့သည် မောနေနိမ် သပိတ် တောလမ်း ဖြင့် လာ ကြ၏ဟု ပြောဆို လျှင်၊ ၃၈ ဇေဗုလ က၊ ငါတို့သည် အဘိမလက် အမှု ကို ထမ်းရမည်အကြောင်း ၊ အဘိမလက် သည် အဘယ်သူ နည်းဟု သင်ဆို သော နှုတ် သည် ယခု အဘယ်မှာ ရှိသနည်း။ ထို လူ တို့သည် သင်မထီမဲ့မြင် ပြုသောသူမဟုတ် လော။ ထွက် ၍ သူ တို့ကို စစ်တိုက် ပါလော့ဟု ဆို သော်၊ ၃၉ ဂါလ သည် ရှေခင် မြို့သား တို့ရှေ့ မှာ ထွက် ၍ အဘိမလက် ကို တိုက် လေ၏။ ၄၀ အဘိမလက် လိုက် ၍ ဂါလပြေး သဖြင့် များ သောသူတို့သည် မြို့တံခါး ဝ တိုင်အောင် အထိအခိုက် ခံလျက် လဲ ၍ သေကြ၏။ ၄၁ အဘိမလက် သည် အရုမ မြို့မှာ နေ ၍ ဇေဗုလ သည် ဂါလ နှင့် သူ ၏ညီအစ်ကို တို့ကို ရှေခင် မြို့၌ မနေ စေခြင်းငှါနှင်ထုတ် လေ၏။ ၄၂ နက်ဖြန် နေ့၌ လူ များတို့သည် မြို့ ပြင်သို့ ထွက် မည်အကြောင်း ကို အဘိမလက် သည် ကြား လျှင်၊ ၄၃ မိမိလူ တို့ကို သုံး စု ခွဲ ၍ တော ၌ ချောင်းမြောင်း လျက် နေသဖြင့် ၊ မြို့ သားတို့သည် ထွက် လာကြသောအခါ ထ ၍ လုပ်ကြံ

လေ၏။ ၄၄ အဘိမလက် သည် မိမိ လူတစု နှင့် မြို့ တံခါး ဝ သို့ ပြေး တက်၍ စောင့် နေ၏။ အခြားသော လူနှစ်စု တို့သည် တော ၌ ရှိသောလူတို့ဆီသို့ ပြေး ၍ သတ် ကြ၏။ ၄၅ အဘိမလက် သည် တနေ့လုံး မြို့ ကို တိုက် ၍ ရ သောအခါ ၊ မြို့ ၌ တွေ့သောသူ တို့ကိုသတ် ပြီးလျှင် မြို့ ရိုး ကိုဖြိုဖျက် ၍ မြို့ ရာကို ဆား နှင့် ကြဲဖြန့် လေ၏။ ၄၆ ထိုသိတင်းကို ရှေခင်ရဲတိုက်သား အပေါင်း တို့သည် ကြား လျှင် ၊ ဗေရိတ်ဘုရား ၏ ကျောင်း ၌ ခိုင်ခံ့ သော အခန်းထဲမှာ စုဝေး ကြ၏။ ၄၇ ရှေခင်ရဲတိုက်သား အပေါင်း တို့သည် စုဝေး ကြောင်း ကို အဘိမလက် သည် ကြား လတ်သော်၊ ၄၈ ကိုယ်တိုင် မှစ၍ပါသော သူ အပေါင်း တို့သည် ဧလမုန် တောင် သို့ သွား ပြီးလျှင် ၊ အဘိမလက် သည် ပုဆိန် နှင့် သစ်ခက် ကို ခုတ် ၍ မိမိ ပုခုံး ပေါ် မှာ တင် ထမ်း လျက် ၊ ငါပြူ သည်ကို သင်တို့ မြင် သည်အတိုင်း အလျင်အမြန် ပြုကြလော့ဟု လိုက်သောသူ တို့အား ဆို လျှင်၊ ၄၉ သူ၏လူ အပေါင်း တို့သည် ထိုအတူ အသီးအသီး သစ်ခက် တို့ကို ခုတ် ၍ အဘိမလက် နောက် သို့ လိုက် လျက် ခိုင်ခံ့ သောအခန်းကို မီးရှို့ ကြ၏။ ထိုသို့ ရှေခင်ရဲတိုက်သား အပေါင်း တို့နှင့်အတူ တထောင် သော ယောကျ်ား မိန်းမ တို့သည် သေ ကြကုန်၏။ ၅၀ ထိုနောက်မှ အဘိမလက် သည် သေဇက် မြို့သို့ သွား ၍ တပ်ချ ပြီးလျှင် တိုက် ယူလေ၏။ ၅၁ သို့ရာတွင် မြို့ ထဲမှာ ခိုင်ခံ့ သော ရဲတိုက် တခုရှိ ၍ ၊ မြို့ သား ယောကျ်ား မိန်းမ အပေါင်း တို့သည် ထို ရဲတိုက်ထဲ သို့ ပြေး ဝင်ကြ၏။ တံခါးကိုလည်း ပိတ် ထား၍ ရဲတိုက် အပေါ် သို့ တက် ကြ၏။ ၅၂ အဘိမလက် သည် ရဲတိုက် ကို လာ ၍ တိုက် လျက်၊ ရဲတိုက် တံခါး ကို မီး ရှို့ ခြင်းငှါ ချဉ်းကပ်သောအခါ၊ ၅၃ မိန်းမ တယောက် သည် ကြိတ်ဆုံ ကျောက်တဖဲ့ ကို အဘိမလက် ခေါင်း ပေါ် သို့ ပစ်ချ ၍ ဦးခေါင်းခွံ ပေါက် ကွဲလေ၏။ ၅၄ သူသည် လက်နက် ကိုင် လုလင် ကို အလျင်အမြန် ခေါ် ၍ မိန်းမ သည် အဘိမလက် ကိုသတ်သည်ဟု ပြော စရာမ ရှိစေခြင်းငှါ၊ သင့် ထား ကို ထုတ် ၍ ငါ့ ကိုသတ် လော့ဟု ဆို သည်အတိုင်း ၊ လုလင် သည် ထိုး ၍ အဘိမလက် သေ လေ၏။ ၅၅ အဘိမလက် သေ ကြောင်း ကို ဣသရေလ လူ တို့သည် သိမြင် လျှင် ၊ အသီးအသီး မိမိတို့နေရာ သို့ ပြန် သွားကြ၏။ ၅၆ ထိုသို့ အဘိမလက် သည် မိမိ ညီအစ်ကို ခုနစ်ဆယ် တို့ကိုသတ် ၍ ပြူ မိသော ဒုစရိုက်အပြစ်ကို ဘုရား သခင်ဆပ် ပေးတော်မူ၏။ ၅၇ ရှေခင် မြို့သား ပြုသောဒုစရိုက် အပြစ်ကိုလည်း သူ တို့ခေါင်း ပေါ် သို့ ဘုရား သခင်ရောက် စေတော်မူသဖြင့် ၊ ယေရုဗ္ဗာလ သား ယောသံ ကျိန် သော စကားအတိုင်း သူ တို့သည် ခံရ ကြ၏။

၁၀ အဘိမလက် လက်ထက်နောက် မှ၊ ဣသရေလ အမျိုးကို ကယ်တင် သောသူ ဣသခါ အမျိုး ၊ ဒေါဒေါ သား ဖုဝါ၏သား တောလ သည် ပေါ်ထွန်း ၍ ၊ ဧဖရိမ် တောင် ပေါ်၊ ရှမိရ မြို့မှာ နေ လေ၏။ ၂ ထိုသူသည် ဣသရေလ အမျိုးကို အနှစ် နှစ်ဆယ် သုံး နှစ်ပတ်လုံးအုပ်စိုး ပြီးမှ သေ ၍ ၊ ရှမိရ မြို့မှာ သင်္ဂြိဟ် လေ၏။ ၃ ထိုသူ လက်ထက်နောက် မှ၊ ဂိလဒ် ပြည်သားယာဣရ သည် ပေါ်ထွန်း ၍ ၊ ဣသရေလ အမျိုးကို အနှစ်နှစ်ဆယ် နှစ် နှစ် ပတ်လုံးအုပ်စိုး ၏။ ၄ ထိုမင်း ၌ ကား သား သုံးဆယ် ရှိ ၍ ၊ သူ တို့သည် မြည်း သငယ်သုံးဆယ် တို့ကို စီး လျက် ဂိလဒ် ပြည် ၌ ယာဝုတ်ယာဣရ အမည်ဖြင့် ယနေ့ တိုင်အောင် ခေါ်ဝေါ် သော မြို့သုံးဆယ်တို့ကို ကံကျွေးပြုကြ၏။ ၅ ယာဣရ သေ ၍ ကာမုန် မြို့မှာ သင်္ဂြိဟ် လေ၏။ ၆ တဖန် ဣသရေလ အမျိုးသားတို့သည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၍ ၊

ဗာလ ဘုရား၊ အာရှတရက် ဘုရား၊ ရှရိ ဘုရား ၊ ဇဒုန် ဘုရား ၊ မောဘ ဘုရား ၊ အမ္မုန် ဘုရား ၊ ဖိလိတ္တိ ဘုရား တို့ကို ဝတ်ပြု ၍ ထာဝရဘုရား ကို ဝတ် မ ပြုစွန့် ထားကြ၏။ ၇ ထာဝရဘုရား သည် ဣသရေလ အမျိုးကို အမျက် ထွက် ၍ ဖိလိတ္တိ လူတို့ ၌ ၎င်း၊ အမ္မုန် အမျိုးသားတို့ ၌ ၎င်း၊ ရောင်း တော်မူသဖြင့်၊ ၈ ယော်ဒန် မြစ်တစ်ဘက် အာမောရိ လူနေရာ ဂိလဒ် ပြည်၌ နေသောဣသရေလ အမျိုးသားအပေါင်း တို့ကို ထို နှစ် မှစ၍တဆယ် ရှစ် နှစ် ပတ်လုံးညှဉ်းဆဲ ကြ၏။ ၉ အမ္မုန် အမျိုးသားတို့သည်လည်း ၊ ယော်ဒန် မြစ်ကို ကူး ၍ ယုဒ အမျိုး၊ ဗင်္ယာမိန် အမျိုး၊ ဧဖရိမ် အမျိုးသား တို့ကို တိုက် သဖြင့် ၊ ဣသရေလ အမျိုးသားတို့သည် ကြီးစွာ သော ဆင်းရဲ ခြင်းသို့ ရောက်ကြ၏။ ၁၀ ထိုအခါ ဣသရေလ အမျိုးသားတို့က၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကို ပြစ်မှား ပါပြီ။ အကျွန်ုပ် တို့၏ ဘုရား သခင်ကို စွန့် ၍ ၊ ဗာလ ဘုရားတို့ကို ဝတ်ပြု မိပါပြီဟု ထာဝရဘုရား အား ဟစ်ကြော် ကြ၏။ ၁၁ ထာဝရဘုရား ကလည်း ၊ ငါသည် သင်တို့ကို အဲဂုတ္တု လူ၊ အာမောရိ လူ၊ အမ္မုန် လူ ၊ ဖိလိတ္တိ လူတို့လက်မှ ကယ်နှုတ်သည် မဟုတ် လော။ ၁၂ ဇဒုန် လူ၊ အာမလက် လူ၊ မောနိ လူတို့ ညှဉ်းဆဲ သောအခါ၌လည်း ၊ သင်တို့သည် ငါ့ ကို ဟစ်ကြော် ၍ ၊ သူ တို့လက် မှ ငါကယ်နှုတ် ၏။ ၁၃ သို့သော်လည်း သင် တို့သည် ငါ့ ကို စွန့် ၍ အခြား တပါးသောဘုရား တို့ကို ဝတ်ပြု သောကြောင့် ၊ နောက်တဖန် ငါမ ကယ်နှုတ်။ ၁၄ သင်တို့ ရွေးယူသော ဘုရား တို့ကို သွား ၍ ဟစ်ကြော် ကြလော့။ အမှု ရောက်သော ယခု ကာလ ၌ သူ တို့သည် ကယ်နှုတ် ကြစေဟု ဣသရေလ အမျိုးသားတို့အား မိန့် တော်မူ၏။ ၁၅ ဣသရေလ အမျိုးသားတို့ကလည်း ၊ အကျွန်ုပ်တို့သည် ပြစ်မှား ပါပြီ။ စိတ်တော်ရှိသည်အတိုင်း အကျွန်ုပ် တို့ ၌ ပြု တော်မူပါ။ ယခု တကြိမ်သာ ကယ်နှုတ် တော်မူမည်အကြောင်းအကျွန်ုပ်တို့ တောင်းပန်ပါ၏ဟု ထာဝရဘုရား အား တောင်း လျှောက်လျက်၊ ၁၆ တပါး အမျိုးသားကိုးကွယ်သော ဘုရား တို့ကို ပယ် ၍ ထာဝရဘုရား ကို ဝတ်ပြု ကြ၏။ ထိုအခါ ထာဝရဘုရားသည် ဣသရေလ အမျိုး ခံရသောဒုက္ခ ဆင်းရဲကြောင့် ကြင်နာသော စိတ်နှလုံး ရှိတော်မူ၏။ ၁၇ အမ္မုန် အမျိုးသားတို့သည် စည်းဝေး ၍ ဂိလဒ် ပြည်၌ တပ်ချ ကြ၏။ ဣသရေလ အမျိုးသားတို့သည် စည်းဝေး ၍ မိဇပါ မြို့မှာ တပ်ချ ကြ၏။ ၁၈ ဂိလဒ် ပြည်သားမင်း များတို့က၊ အကြင်သူ သည် အမ္မုန် အမျိုးသားတို့ကို အဦး တိုက် ၏၊ ထိုသူသည် ဂိလဒ် ပြည်သား အပေါင်း တို့၏ အထွဋ် ဖြစ် စေဟု တိုင်ပင် စီရင်ကြ၏။

၁၁ ဂိလဒ် အမျိုးသားယေဖသ သည် ခွန်အားကြီး သော သူရဲ ဖြစ် ၏။ သူ့ အဘ ကား ဂိလဒ် ၊ သူ့အမိကား ပြည်တန်ဆာ ဖြစ်၏။ ၂ ဂိလဒ် ၏မယား ဘွားမြင် သော သား တို့သည် ကြီး သောအခါ ၊ သင် သည် အခြား တပါးသော မိန်းမ ၏ သား ဖြစ်သောကြောင့် ၊ ငါ တို့ အဆွေအမျိုး နှင့်အတူအမွေ မ ခံရဟု ယေဖသ ကို ဆို ၍ နှင်ထုတ် လေ၏။ ၃ ထိုအခါ ယေဖသ သည် ညီ တို့ဆီမှ ထွက်သွား ၍ တောဘ ပြည် ၌ နေ သဖြင့် ၊ လျှပ်ပေါ် သောသူ တို့သည် သူ့ ထံမှာ စည်းဝေး ၍ သူ့ နောက် ၌ လိုက် ကြ၏။ ၄ နောက်တဖန် အမ္မုန် အမျိုးသား တို့သည် ဣသရေလ အမျိုးကို စစ်တိုက် ကြ၏။ ၅ ထိုသို့ အမ္မုန် အမျိုးသား တို့သည် ဣသရေလ အမျိုးကို စစ်တိုက် သောအခါ ၊ ဂိလဒ် ပြည်သားအသက်ကြီး သူတို့သည် ယေဖသ ကို တောဘ ပြည် မှ ခေါ် ခြင်းငှါ သွား ၍၊ ၆ ငါတို့သည် အမ္မုန် လူတို့ကို

စစ်တိုက် ရမည်အကြောင်း၊ လာ ၍ ငါ တို့၏ ဗိုလ်ချုပ် မင်း လုပ် ပါဟု မှာ လိုက်သော်၊ ၇ ယေဖသ က၊ သင် တို့သည် ငါ့ကို မုန်း ၍ ငါ့ အဘ အိမ် မှ နှင်ထုတ် သည်မဟုတ် လော။ ယခု ဆင်းရဲ ခြင်းသို့ ရောက်သောအခါ၊ အဘယ်ကြောင့် ငါ့ ထံ သို့လာ ကြသနည်းဟု ဂိလဒ် ပြည်သားအသက်ကြီး သူတို့အား ပြောဆို ၏။ ၈ ဂိလဒ် ပြည်သားအသက်ကြီး သူတို့ကလည်း၊ ထိုကြောင့် ငါတို့သည် ယခု သင့် ထံ သို့ ပြန် လာပါ၏။ ငါ တို့နှင့်အတူ ကြွ ၍ အမ္မုန် လူတို့ကို စစ်တိုက် ပြီးလျှင်၊ ဂိလဒ် ပြည်သား အပေါင်း တို့၏ အထွဋ်ဦး လုပ် ပါဟု ယေဖသ အား တောင်းပန် ပြန်သော်၊ ၉ ယေဖသ က၊ အမ္မုန် လူတို့ကို စစ်တိုက် စေခြင်းငှါ သင် တို့သည် ငါ့ ကို ပြန် ပို့ ၍ ထာဝရဘုရား သည် သူ တို့ကို ငါ့ ရှေ့မှာ အပ် တော်မူလျှင်၊ ငါ သည် သင် တို့အထွဋ်ဦး ဖြစ် ရသောအခွင့်ကိုပေးမည်လောဟု ဂိလဒ် ပြည်သားအသက်ကြီး သူတို့အား မေး လေသော်၊ ၁၀ ဂိလဒ် ပြည်သားအသက်ကြီး သူတို့က၊ သင်ပြောသော စကား အတိုင်း ငါ တို့ မ ပြု လျှင် ထာဝရဘုရား သည် သင်နှင့် ငါတို့စပ်ကြား ၌ သက်သေ ဖြစ် တော်မူပါစေသောဟု ယေဖသ အား ပြန်ပြော ကြ၏။ ၁၁ ထိုအခါ ယေဖသ သည် ဂိလဒ် ပြည်သားအသက်ကြီး သူတို့နှင့် သွား ၍ သူ ကို လူ များတို့၏ အထွဋ်ဦး ဗိုလ်ချုပ် မင်းအရာ၌ ခန့် ထားကြ၏။ ယေဖသ သည်လည်း ထိုစကား အလုံးစုံ တို့ကို မိဇပါ မြို့မှာ ထာဝရဘုရား ရှေ့ တော်၌ ပြန်ကြား လျှောက်ထား၏။ ၁၂ ထိုနောက်မှ ယေဖသ သည်၊ အမ္မုန် ရှင်ဘုရင် ထံ သို့သံတမန် ကို စေလွှတ် ၍၊ သင် သည် ငါ နှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့ နိုင်ငံ ၌ စစ်တိုက် ခြင်းငှါ အဘယ်ကြောင့်ငါ့ ကို ရန်ပြု သနည်းဟုမေး သော်၊ ၁၃ အမ္မုန် ရှင်ဘုရင် က၊ ဣသရေလ အမျိုးသည် အဲဂုတ္တု ပြည်မှ လာ သောအခါ၊ ငါ့ မြေ ကို အာနုန် မြစ်မှစ၍ ယဗ္ဗုတ် ချောင်း၊ ယော်ဒန် မြစ်တိုင်အောင် လု ၍ယူသောကြောင့် ငါပြု၏။ ထို မြေကို ယခု အသင့်အတင့် ပြန် ပေးပါဟု ယေဖသ ၏သံတမန် အား ပြန်ပြော ၏။ ၁၄ တဖန် ယေဖသ သည် သံတမန် ကို အမ္မုန် ရှင်ဘုရင် ထံ သို့စေလွှတ် ၍၊ ၁၅ ယေဖသ မှာ လိုက်သည်ကား၊ ဣသရေလ အမျိုးသည် မောဘ မြေ၊ အမ္မုန် မြေ ကို လု ယူသည်မဟုတ်။ ၁၆ ဣသရေလ အမျိုးသည် အဲဂုတ္တု ပြည်မှ လာ ၍ ဧဒုံ ပင်လယ် အနား၊ တော ၌ လှည့်လည် သဖြင့် ကာဒေရှ ရွာသို့ ရောက် သောအခါ၊ ၁၇ ဧဒုံ ရှင်ဘုရင် ထံ သို့သံတမန် ကို စေလွှတ် ၍၊ မင်းကြီး ပြည် ကို ရှောက်သွား ပါရစေဟု အခွင့်တောင်းသော်လည်း၊ ဧဒုံ ရှင်ဘုရင် သည် နား မ ထောင်။ ထိုနည်းတူ မောဘ ရှင် ဘုရင်ထံ သို့စေလွှတ် ၍၊ သူသည်လည်း အခွင့် မ ပေးသောကြောင့်၊ ဣသရေလ အမျိုးသည် ကာဒေရှရွာ၌ နေ ရကြ၏။ ၁၈ နောက်တဖန်တော ကို ရှောက် လျက်၊ ဧဒုံ ပြည် နှင့် မောဘ ပြည် ကို ဝိုင်း ၍ မောဘ ပြည် အရှေ့ဘက်သို့ ရောက် ပြီးမှ အာနုန် မြစ်တဘက် ၌ တပ်ချ ကြ၏။ ထိုအခါ မောဘ ပြည်နယ် အတွင်းသို့ မ ဝင် ကြ။ အာနုန် မြစ်သည် မောဘ ပြည်အပိုင်းအခြား ဖြစ်သတည်း။ ၁၉ တဖန် ဣသရေလ အမျိုးသည် အာမောရိ အမျိုး ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် ထံ သို့သံတမန် ကို စေလွှတ် ၍၊ ငါ တို့နေရာ သို့ ရောက်အံ့သောငှါမင်းကြီး ပြည် ကို ရှောက်သွား ပါရစေဟု အခွင့်တောင်း သော်လည်း၊ ၂၀ ရှိဟုန် သည် ဣသရေလ အမျိုးကို မ ယုံ၊ မိမိ ပြည် ကို ရှောက်သွား စေခြင်းငှါ အခွင့်မပေးသည်သာမက၊ မိမိ လူ အပေါင်း တို့ကို စုဝေး စေ၍၊ ယာဟတ် မြို့၌ တပ်ချ ပြီးလျှင် ဣသရေလ အမျိုးကို စစ်တိုက် လေ၏။ ၂၁ ဣသရေလ အမျိုး၏ ဘုရား

သခင်ထာဝရဘုရား သည်၊ ရှိဟုန် မင်းနှင့်တကွ သူ ၏လူ အပေါင်း တို့ကို ကျသရေလ အမျိုးလက် ၌ အပ် တော်မူ၍ ၊ သူ တို့ကို လုပ်ကြံ သဖြင့် ထို ပြည် ၌နေ သောအာမောရိ လူတို့၏ မြေ တရှောက်လုံး ကို သိမ်းယူ ကြ၏။ ၂၂ အာမောရိ ပြည် နယ်မြေ တရှောက်လုံး ကို အာနုန် မြစ်မှစ၍ ယဗ္ဗုတ် ချောင်းတိုင်အောင် ၎င်း ၊ တော မှစ၍ ယော်ဒန် မြစ်တိုင်အောင် ၎င်း သိမ်းယူ ကြ၏။ ၂၃ ထိုသို့ ကျသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည်၊ အာမောရိ လူတို့ကို ကျသရေလ အမျိုး ရှေ့မှာ သူတို့ ပြည်ကို နှုတ် တော်မူသည်ဖြစ်၍ ၊ သင် သည် သိမ်းယူ ရမည်လော။ ၂၄ သင် ၏ဘုရား ခေမုရှ အပိုင်ပေး သော မြေကို သင်သိမ်းယူ ရသည်မဟုတ် လော။ ထိုအတူ ငါ တို့ ဘုရား သခင်ထာဝရဘုရား နှင်ထုတ် တော်မူသောသူတို့၏မြေကို ငါ တို့သည် သိမ်းယူ ရ၏။ ၂၅ သင် သည် မောဘ ရှင်ဘုရင် ဇိဖော် မင်း၏သား ဗာလက် ထက် သာ၍ မြတ်သလော။ သူသည် ကျသရေလ အမျိုးနှင့် ရန်တွေ့ ဘူးသလော။ စစ်တိုက် ဘူးသလော။ ၂၆ ကျသရေလ အမျိုးသည် ဟေရှဗုန် မြို့ ရွာတို့ ၌ ၎င်း ၊ အာရော် မြို့ ရွာတို့ ၌ ၎င်း ၊ အာနုန် မြစ် နားမှာ ရှိသော မြို့ ရွာအလုံးစုံ တို့ ၌၎င်း အနှစ် သုံး ရာ ပတ်လုံးနေစဉ်တွင် အဘယ်ကြောင့် သင်တို့သည် မ ရ ပြန်သနည်း။ ၂၇ သင့် ကို ငါမ ပြစ်မှား။ သင် သည် စစ်တိုက် ၍ ငါ့ ကို ညှဉ်းဆဲ ၏။ ထာဝရဘုရား သည် တရားသူကြီးလုပ်၍ ကျသရေလ အမျိုးသား၊ အမ္မုန် အမျိုးသားတို့ စပ်ကြား မှာ ယနေ့ တရားစီရင် ဆုံးဖြတ် တော်မူပါစေသောဟု မှာလိုက် လေ၏။ ၂၈ သို့သော်လည်း ယေဖသ မှာ လိုက်သော စကား ကို အမ္မုန် ရှင်ဘုရင် သည် နား မ ထောင်ဘဲနေ၏။ ၂၉ ထိုအခါ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ယေဖသ အပေါ် မှာ သက်ရောက် ၍ ၊ သူသည် ဂိလဒ် ပြည်၊ မနာရှေ ပြည်ကို ရှောက် လျက် ဂိလဒ် ပြည် မိဇပါ မြို့ကို လွန် ၍ အမ္မုန် လူတို့ရှိရာသို့ ချီ သွားလေ၏။ ၃၀ ယေဖသ သည် ထာဝရဘုရား အား သစ္စာ ဂတိထားလျက် ၊ အကယ်၍ ကိုယ်တော်သည် အမ္မုန် အမျိုးသားတို့ကို အကျွန်ုပ် လက် ၌ အပ် တော်မူလျှင်၊ ၃၁ အကျွန်ုပ်သည် အမ္မုန် အမျိုးသားတို့ရှိရာမှ ငြိမ်ဝပ် စွာ ပြန်လာ သောအခါ ၊ အကျွန်ုပ် ကို ခရီး ဦးကြိုပြုအံ့သောငှါ အကျွန်ုပ် အိမ် တံခါးဝ မှ ထွက် လာသောသူ မည်သည်ကို ထာဝရဘုရား အား အမှန်ဆက်သ၍ မီးရှို့ ရာယဇ်ပူဇော် ပါမည်ဟု သစ္စာဂတိထားပြီးမှ၊ ၃၂ အမ္မုန် အမျိုးသားတို့ကို တိုက် ခြင်းငှါ ချီ သွား၍ ၊ ထာဝရဘုရား သည် သူ တို့ကို ယေဖသ လက် ၌ အပ် တော်မူသဖြင့်၊ ၃၃ အာရော် မြို့မှစ၍ မိန္နိတ် မြို့တိုင်အောင် ၎င်း ၊ အာဗေလ ခေရမိမ်မြို့တိုင်အောင် ၎င်း ၊ မြို့ နှစ်ဆယ် တို့ကို ကြီးစွာ သောလုပ်ကြံ ခြင်းအားဖြင့် သူ တို့ကို တိုက်သတ် လေ၏။ ထိုသို့ အမ္မုန် အမျိုးသားတို့သည် ကျသရေလ အမျိုးသားတို့ ရှေ့မှာ ရှုံး ရကြ၏။ ၃၄ ယေဖသ သည် မိဇပါ မြို့ မိမိ အိမ် သို့ ရောက် လာသောအခါ ၊ မိမိ သမီး သည် ပတ်သာ တီးလျက် ၊ က လျက် ခရီး ဦးကြိုပြုအံ့သောငှါ ထွက် လာ၏။ သူ သည် တယောက် တည်းသော သမီးဖြစ်၍၊ သူ မှတပါး သား သမီး မ ရှိ။ ၃၅ ယေဖသသည် သူ့ ကို မြင် လျှင် ၊ မိမိ အဝတ် ကို ဆုတ် ၍ ၊ အို ငါ့ သမီး ၊ သင် သည် ငါ့ ကို အလွန်နှိမ့်ချ ပြီ တကား။ ငါ့ ကို နှောင့်ရှက် သော သူတယောက်ဖြစ် ပါသည်တကား။ ထာဝရဘုရား အား ငါ လျှောက် ထားပြီ။ နှုတ် ရသောအခွင့်မ ရှိ ဟု ဆို သော်၊ ၃၆ သမီးက၊ ခမည်းတော် သည် ထာဝရဘုရား အား လျှောက် ထားလျှင်၊ လျှောက် ထားသည်အတိုင်း ကျွန်မ ၌ ပြု ပါ။ အကြောင်းမူကား၊ ထာဝရဘုရား သည် ခမည်းတော် ၏ရန်သူ အမ္မုန်

အမျိုးသားတို့ ၌ ခမည်းတော်၏စိတ်ပြေစေခြင်းငှါအပြစ် ပေး တော်မူပြီ။ ၃၇ သို့ရာတွင်ကျွန်မ သည် အပေါင်းအဘော် တို့နှင့်တကွ တောင်ရိုး ပေါ် မှာ လှည့်လည် ၍ ၊ ကျွန်မ ၏ အပျို ကညာဖြစ်ခြင်းကို ငိုကြွေး မြည်တမ်းရမည်အကြောင်း၊ နှစ် လ ပတ်လုံးအလွတ် နေပါရစေဟု အဘ အား အခွင့်တောင်း သည်အတိုင်း၊ ၃၈ အဘက၊ သွား လေတော့ဟုဆို လျက် နှစ် လ ကို ချိန်းချက်၍ လွှတ် လိုက်လျှင် ၊ အပေါင်းအဘော် တို့နှင့်တကွ သွား ၍ တောင်ရိုး ပေါ် မှာ မိမိ အပျို ကညာဖြစ်ခြင်းကို ငိုကြွေး မြည်တမ်းလေ၏။ ၃၉ နှစ် လ စေ့ သောအခါ အဘ ထံ သို့ ပြန်လာ ၍ ၊ အဘသည် သစ္စာ ဂတိရှိသည်အတိုင်း ပြု လေ၏။ ထို မိန်းမသည် ယောကျ်ား နှင့် မ ဆက်ဆံ သောသူဖြစ်၏။ ၄၀ ထိုနောက်မှ ဣသရေလ အမျိုးသမီး တို့သည်၊ ဂိလဒ် အမျိုးသားယေဖသ ၏သမီး ကြောင့် တနှစ် တနှစ်လျှင် လေး ရက် ပတ်လုံးငိုကြွေး မြည်တမ်းခြင်းငှါ သွား ရသော ဣသရေလ ထုံးစံ ဓလေ့ဖြစ် လေ၏။

၁၂ ဧဖရိမ် အမျိုးသား တို့သည် စည်းဝေး ၍ မြောက် သို့ ချီ သွားလျှင် ၊ ယေဖသ အား သင်သည် ငါ တို့ကို မ ခေါ် ဘဲ၊ အမျှန် အမျိုးသား တို့ကို အဘယ်ကြောင့် တိုက် ခြင်းငှါ သွား သနည်း။ သင့် အိမ် ကို သင့် အပေါ် မှာ မီးရှို့ မည်ဟု ဆို ကြသော်၊ ၂ ယေဖသ က၊ ငါ နှင့် ငါ ၏လူ တို့သည် အမျှန် အမျိုးသား တို့နှင့် ကြီး သောအမှု ရှိ စဉ်အခါ၊ သင် တို့ကို ငါခေါ် သော်လည်း ၊ သင်တို့သည် အမျှန် လူတို့လက် မှ ငါ့ ကို မ ကယ် မနှုတ်ဘဲ နေကြ၏။ ၃ မ ကယ် မနှုတ်ကြောင်း ကို ငါသည် သိမြင် သောအခါ ၊ ကိုယ် အသက် ကို စွန့်စား လျက် အမျှန် အမျိုးသား တို့ကို တိုက်ခြင်းငှါသွား ၍ ထာဝရဘုရား သည် သူ တို့ကို ငါ့ လက် ၌ အပ် တော်မူ၏။ သင်တို့သည် ငါ့ ကို တိုက် ခြင်းငှါ အဘယ်ကြောင့် ယနေ့ လာ ကြသနည်းဟု ပြောဆို ပြီးလျှင်၊ ၄ ဂိလဒ် ပြည်သား အပေါင်း တို့ကို စုဝေး စေ၍ ဧဖရိမ် အမျိုးကို တိုက် ကြ၏။ ဧဖရိမ် လူတို့က၊ သင် တို့သည် ဧဖရိမ် အမျိုး၊ မနာရှေ အမျိုးထဲက ထွက်ပြေး ၍ အမျိုးမစစ်သောသူဖြစ်သည်ဟု ဂိလဒ် ပြည်သားတို့ကို ကဲ့ရဲ့ ဘူးသောကြောင့် ၊ ဧဖရိမ် လူတို့ကို လုပ်ကြံ ကြ၏။ ၅ ဂိလဒ် လူတို့သည် ဧဖရိမ် လူတို့ရှေ့မှာ ယော်ဒန် မြစ်ကူး ရာအရပ်တို့ကို ဆီးတား ၍ ပြေးလွတ် သော ဧဖရိမ် လူက၊ ကူး ပါရစေဟု အခွင့်တောင်း သောအခါ ၊ ဂိလဒ် လူ တို့က၊ သင် သည် ဧဖရိမ် အမျိုးသားဖြစ်သလော ဟုမေး စစ်သော် ၊ သူက မဟုတ် ပါဟု ဆို လျှင်၊ ၆ သူတို့က၊ ရှိဗောလက် ဟူသောစကားကို ပြော တော့ဟုဆို သော် ၊ ဧဖရိမ်လူသည် ထိုစကားကို ပြို အော်ခေါ် မ ပြော တတ် ဘဲ သိဗောလက် ဟု ပြော ၏။ ထိုသို့ပြောသောသူ ကို ဘမ်းဆီး ၍ ယော်ဒန် မြစ်ကူး ရာအရပ်၌ သတ် ကြ၏။ ထိုအခါ ဧဖရိမ် အမျိုးသားလေးသောင်း နှစ်ထောင်သေ ကြ၏။ ၇ ဂိလဒ် ပြည်သားယေဖသ သည် ဣသရေလ အမျိုးကို ခြောက် နှစ် အုပ်စိုး ပြီးမှ သေ ၍ ဂိလဒ် မြို့တမြို့ ၌ သင်္ဂြိဟ် လေ၏။ ၈ ယေဖသ နောက်မှ ဗက်လင် မြို့သားဣဗဇန် သည်၊ ဣသရေလ အမျိုးကို အုပ်စိုး ၏။ ၉ ထိုမင်း သည် သား သုံးဆယ် ၊ သမီး သုံးဆယ် ရှိ ၏။ သမီးများကို အခြား တပါးသို့ စေလွှတ် ၍ ခွေးမ သုံးဆယ် ကို သိမ်း ထား၏။ ၁၀ ဣဗဇန် သည် ဣသရေလ အမျိုးကို ခုနစ် နှစ် အုပ်စိုး ပြီးမှ သေ ၍ ဗက်လင် မြို့၌ သင်္ဂြိဟ် လေ၏။ ၁၁ ဣဗဇန် နောက်မှ ဧဇုလုန် အမျိုးသားဧလုန် သည်၊ ဣသရေလ အမျိုးကို ဆယ် နှစ် အုပ်စိုး ၏။ ၁၂ ဧလုန် သေ ၍ ဧဇုလုန် ခရိုင် ၊ အာဇလုန် မြို့၌ သင်္ဂြိဟ် လေ၏။ ၁၃ ဧလုန် နောက်မှ ပိရသုန် မြို့နေ

ဟိလေလ ၏သား အာဗဒုန် သည်၊ ဣသရေလ အမျိုးကို အုပ်စိုး ၏။ ၁၄ ထိုမင်း သည် သား လေးဆယ် ၊ မြေး သုံးဆယ် ရှိ ၍ သားမြေးတို့သည် ခုနစ်ဆယ် သော မြည်း သငယ်တို့ကို စီး ကြ၏။ ၁၅ ပိရသုန် မြို့ နေဟိလေလ သား အာဗဒုန် သည်၊ ဣသရေလ အမျိုးကို ရှစ် နှစ် အုပ်စိုး ပြီးမှ သေ ၍ ဧဖရိမ် ခရိုင် ၊ ပိရသုန် မြို့၊ အာမလက် တောင် ပေါ် မှာ သင်္ဂြိုဟ် လေ၏။

၁၃ တဖန် ဣသရေလ အမျိုးသားတို့သည်၊ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု သောကြောင့် ၊ ထာဝရဘုရား သည် သူ တို့ကို ဖိလိတ္တိ လူတို့လက် သို့ အနှစ် လေးဆယ် ပတ်လုံးအပ် တော်မူ၏။ ၂ ဒန် အမျိုး ၊ ဇောရာ မြို့သား မာနောဟ အမည် ရှိသောသူတယောက် ရှိ ၏။ သူ ၏မယား သည် မြို သောကြောင့် သား မ ဘွား။ ၃ ထာဝရဘုရား ၏ကောင်းကင်တမန် သည် ထိုမိန်းမ အား ကိုယ်ထင်ရှား ၍ ၊ သင်သည် မြို သောကြောင့် သား မ ဘွားသော်လည်း ၊ ယခု ပဋိသန္ဓေ ယူ၍ သား ယောကျ်ားကို ဘွားမြင် လိမ့်မည်။ ၄ သို့ ဖြစ်၍ သတိပြု လော့။ စပျစ်ရည် ကို မ သောက် နှင့်။ သေရည် သေရက်ကို မသောက်နှင့်။ မ စင်ကြယ်သော အစာကို မ စား နှင့်။ ၅ အကြောင်းမူကား ၊ ပဋိသန္ဓေ ယူ၍ ဘွားမြင် လတ္တံ့သော သား ယောကျ်ားသည် ဆံပင် ရိတ်ခြင်းကို မ ခံဘဲ၊ အမိဝမ်း ထဲမှ စ၍ ဘုရား သခင်၏ နာဇရိ လူဖြစ် ရလိမ့်မည်။ သူ သည်လည်း ဣသရေလ အမျိုးကို ဖိလိတ္တိ လူတို့လက် မှ ကယ်နှုတ် စ ပြုလိမ့်မည်ဟု ဆို ၏။ ၆ ထိုမိန်းမသည်လည်း မိမိ ခင်ပွန်း ထံ သို့သွား ၍ ဘုရား သခင်၏ ကောင်းကင် တမန်မျက်နှာ ကဲ့သို့ ကြောက်မက် ဘွယ်သော မျက်နှာ ရှိသော ဘုရား သခင်၏ လူ တယောက်သည် အကျွန်ုပ် ဆီသို့ လာ ၏။ အဘယ် က လာသနည်းဟု အကျွန်ုပ်လည်း မ မေး။ သူသည်လည်း မိမိ အမည် ကို မ ပြော။ ၇ သူကလည်း၊ သင် သည် ပဋိသန္ဓေ ယူ၍ သား ယောကျ်ားကို ဘွားမြင် လိမ့်မည်။ စပျစ်ရည် ကို မ သောက် နှင့်။ သေရည် သေရက်ကို မသောက်နှင့်။ မ စင်ကြယ်သော အစာကို မ စား နှင့်။ အကြောင်းမူကား ၊ ထိုသူငယ် သည် အမိဝမ်း ထဲမှ စ၍ သေ သောနေ့ တိုင်အောင် ဘုရား သခင်၏ နာဇရိ လူဖြစ် ရလိမ့်မည်ဟု အကျွန်ုပ် အား မိန့် မြွက်ကြောင်းကို ပြောဆို လေ၏။ ၈ ထိုအခါ မာနောဟ က၊ အို ဘုရားရှင် ၊ အကျွန်ုပ် တို့သည် ဘွားမြင် လတ္တံ့သော သူငယ် ၌ အဘယ်သို့ ပြု ရမည်ကို ဘုရား သခင်၏ တမန်တော် သည် တဖန် လာ ၍ သွန်သင် စေတော်မူပါဟု ထာဝရဘုရား အား တောင်း လျှောက်သော်၊ ၉ ထာဝရဘုရား သည် မာနောဟ စကား ကို နားထောင် တော်မူ၍ ၊ ဘုရား သခင်၏ ကောင်းကင်တမန် သည် လယ် လုပ်ရာအရပ်၌ ထိုင်လျက်ရှိသောထိုမိန်းမ ဆီသို့ လာ ပြန် ၏။ ထိုအခါ ခင်ပွန်း မာနောဟ မ ရှိ။ ၁၀ မိန်းမ သည် မိမိ ခင်ပွန်း ထံ သို့အလျင်အမြန် ပြေး ၍ ၊ တနေ့ ကလာ သောသူ သည် ယခုလာ ရောက်ပြီဟု ကြား ပြောလျှင်၊ ၁၁ မာနောဟ သည် ထ ၍ မယား နှင့်အတူ ထိုသူ ထံ သို့ သွား ပြီးလျှင် ၊ သင် သည် ဤမိန်းမ အား ပြော သော သူ မှန်သလောဟုမေး သော် ၊ မှန်သည်ဟု ဆို ၏။ ၁၂ မာနောဟ ကလည်း ၊ ကိုယ်တော် ၏စကား ပြည့်စုံ ပါစေသော။ သူငယ် သည် အဘယ်သို့ သောသူဖြစ် ပါလိမ့်မည်နည်း။ သူ၌ အဘယ်သို့ပြုရပါမည်နည်းဟုမေး သော်၊ ၁၃ ထာဝရဘုရား ၏ ကောင်းကင် တမန်က၊ ငါပြော သမျှ ကို မိန်းမ ရှောင် ရမည်။ ၁၄ စပျစ် ပင် မှ ဖြစ် သမျှ ကို မ စား ရ။ စပျစ်ရည် မှစ၍ သေရည် သေရက်ကို မ သောက် ရ။

မစင်ကြယ်သောအရာ ကို မ စား ရ။ ငါမှာ ထားသမျှ အတိုင်း စောင့်ရှောက် ရမည်ဟု မာနော် အား ပြောဆို ၏။ ၁၅ မာနော် ကလည်း ၊ ကိုယ်တော် အဘို့ ဆိတ် သငယ် ကို မပြင်ဆင် မီတိုင်အောင်ကိုယ်တော် ကို ဆီးတား ပါရစေဟု ထာဝရဘုရား ၏ကောင်းကင် တမန်အား ဆို လျှင်၊ ၁၆ ထာဝရဘုရား ၏ ကောင်းကင် တမန်က၊ ငါ့ ကို ဆီးတား သော်လည်း သင် ၏စားစရာ ကို ငါမ စား။ မီးရှို့ ရာယဇ်ကို ပူဇော် လိုလျှင် ထာဝရဘုရား အား ပူဇော် ရမည်ဟု မာနော် အား ဆို ပြန်၏။ သူ သည် ထာဝရဘုရား ၏ ကောင်းကင် တမန်ဖြစ်သည်ကို မာနော် မ သိ သေး။ ၁၇ မာနော် ကလည်း ကိုယ်တော် စကား ပြည့်စုံ သောအခါ ၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကိုချီးမွမ်း ရမည်အကြောင်း ၊ ကိုယ်တော် ၏အမည် ကား အဘယ်သို့ နည်းဟု ထာဝရဘုရား ၏ကောင်းကင် တမန်အား မေး သော်၊ ၁၈ ထာဝရဘုရား ၏ ကောင်းကင် တမန်က၊ အံ့သြ ဘွယ်ဖြစ်သော ငါ့ အမည် ကို အဘယ်ကြောင့် မေး သနည်းဟု ဆို ၏။ ၁၉ မာနော် သည် ဆိတ် သငယ် နှင့် ဘောဇဉ် ပူဇော်သက္ကာကို ယူ ၍ ကျောက် ပေါ် မှာ ထာဝရဘုရား အား ပူဇော် လေ၏။ ထိုအခါ မာနော် လင်မယားတို့သည် ကြည့် ၍ မြင်ရသောအံ့သြ ဘွယ်ဟူမူကား၊ ၂၀ မီးလျံ သည် ယဇ် ပလ္လင်ပေါ် က မိုဃ်းကောင်းကင် သို့ တက် စဉ် တွင်၊ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ယဇ် ပလ္လင်မီးလျံ၌ တက် လေ၏။ မာနော် လင်မယား တို့သည် ကြည့် ၍မြင်လျှင် မြေ ပေါ် မှာ ပြပ်ဝပ် လျက်နေကြ၏။ ၂၁ ထာဝရဘုရား ၏ကောင်းကင်တမန် သည်၊ မာနော် လင်မယား တို့အား တဖန် မ ပေါ် လာ။ ထိုအခါ မာနော် သည် ထာဝရဘုရား ၏ ကောင်းကင် တမန်ဖြစ်သည်ကို သိ ၏။ ၂၂ မာနော် ကလည်း ၊ ငါတို့သည် ဘုရား သခင်ကို မြင် သောကြောင့် ၊ ဆက်ဆက်သေ တော့မည်ဟု မယား အား ပြော သော်၊ ၂၃ မယား က၊ ထာဝရဘုရား သည် ငါ တို့ကို သတ် ခြင်းငှါ အလို တော်ရှိလျှင် ၊ မီးရှို့ ရာယဇ်နှင့် ဘောဇဉ်ပူဇော်သက္ကာ ကို ငါ တို့လက် မှ ခံယူ တော်မ မူ။ ဤ အခြင်းအရာအလုံးစုံ တို့ကိုလည်း ပြ တော်မ မူ။ ယခုအခါ ၌ ဤ သို့ သော စကားကိုလည်း မိန့် တော်မ မူဟု ပြန်ပြော ၏။ ၂၄ ထိုမိန်းမ သည် သား ယောကျ်ားကို ဘွားမြင် ၍ ၊ ရှံဆုန် အမည် ဖြင့် မှည့် ၏။ သူငယ် သည် ကြီးပွား ၍ ထာဝရဘုရား ကောင်းကြီး ပေးတော်မူ၏။ ၂၅ ထာဝရဘုရား ၏ဝိညာဉ် တော်သည်၊ ဇောရာ မြို့နှင့် ဧရှတောလ မြို့စပ်ကြား ၊ ဒန် အမျိုးတပ်၌ တခါတလေနှိုးဆော် စ ပြုတော်မူ၏။

၁၄ တရံရောအခါ၊ ရှံဆုန် သည် တိမနတ် မြို့သို့ သွား ၍ ၊ ထိုမြို့၌ ဖိလိတ္တိ အမျိုးဖြစ်သော မိန်းမ တယောက်ကို မြင် လျှင်၊ ၂ မိဘ ထံ သို့ ပြန်လာ ၍ ၊ တိမနတ် မြို့၌ ဖိလိတ္တိ အမျိုးဖြစ်သော မိန်းမ တယောက်ကို မြင် ခဲ့ပြီ။ ကျွန်ုပ် ကြင်ဘက် ဖြစ်ဘို့ ရာတောင်း ၍ ပေးပါဟုဆို သော်၊ ၃ မိဘ တို့က၊ သင် သည် အရေဖျားလှီးခြင်းကိုမခံ သော ဖိလိတ္တိ လူတို့တွင် မယား ကို သွား ၍ ယူ ရမည်အကြောင်း ၊ သင် ၏ညီအစ်ကို သမီး ငါ တို့အမျိုးသား ချင်းသမီးတို့တွင် မိန်းမတယောက်မျှ မ ရှိလောဟု ဆို သော်လည်း ၊ ရှံဆုန် က၊ ထို မိန်းမကို တောင်း ၍ ပေးပါ။ အလွန်နှစ်သိမ့် ပါသည်ဟု အဘ အား ပြောဆို ၏။ ၄ ထာဝရဘုရား စီရင်တော်မူသောအားဖြင့် ၊ ရှံဆုန်သည် ဖိလိတ္တိ လူတို့ ၌ အမှု ရှာ ကြောင်း ကို မိဘ တို့သည် မ ရိပ်မိ ကြ။ ထို ကာလ ၌ ဖိလိတ္တိ လူတို့သည် ဣသရေလ အမျိုးကို အုပ်စိုး သတည်း။ ၅ ထိုအခါ ရှံဆုန် သည် မိဘ နှင့်တကွ တိမနတ် မြို့သို့ သွား ၍ ၊ တိမနတ် စပျစ် ဥယျာဉ်များသို့ ရောက် လျှင် ၊ ခြင်္သေ့ ပျို တကောင်သည်

သူ့ ကိုတွေ့ ၍ ဟောက် လေ၏။ ၆ ထိုအခါ ရှုံဆုန် လက် ၌ တစုံတခု မျှ မ ပါသော်လည်း ၊ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် သူ့ အပေါ် မှာ သက်ရောက် သဖြင့် ၊ သူသည် ဆိတ် သငယ်ကို ဆွဲဖြတ် သကဲ့သို့ ထိုခြင်္သေ့ ကို ဆွဲဖြတ် ၏။ သို့ရာတွင် မိမိပြု သော အမှုကို မိဘ တို့အား မ ကြားမပြော ဘဲနေ၏။ ၇ မြို့သို့ ရောက် ၍ မိန်းမ နှင့် နှုတ်ဆက် သဖြင့် ရှုံဆုန် သည် နှစ်သိမ့် ၏။ ၈ အချိန် စေ့၍ ထိုမိန်းမကို သိမ်း ယူခြင်းငှါ သွား စဉ်အခါ ၊ ခြင်္သေ့ အကောင် ကို ကြည့်ရှု အံ့သောငှါ ၊ လမ်းမှ လွှဲ သွား၍ ခြင်္သေ့ အကောင် ထဲမှာ ပျား အုံ နှင့် ပျားရည် ရှိသည်ကို တွေ့မြင် လျှင်၊ ၉ နို့က် ယူ၍ စား လျက် ခရီးသွား လေ၏။ မိဘ ထံ သို့ ရောက် သော် ပေး ၍ သူတို့သည်လည်း စား ကြ၏။ သို့ရာတွင် ထိုပျားရည် ကို ခြင်္သေ့ အကောင် ထဲက နို့က် ယူကြောင်း ကို မ ကြားမပြော ဘဲ နေ၏။ ၁၀ အဘ သည်လည်း ၊ မိန်းမ နေရာအရပ်သို့ သွား ပြန်၍ ရှုံဆုန် သည် လူပျို ထုံးစံအတိုင်း ပွဲ လုပ် လေ၏။ ၁၁ ထိုအရပ်သား တို့သည် ရှုံဆုန် ကို မြင် သောအခါ ၊ သူ နှင့်အတူ ပွဲခံခြင်းငှါအပေါင်းအဘော် သုံးဆယ် တို့ကို ခေါ် ခဲ့ကြ၏။ ၁၂ ရှုံဆုန် ကလည်း ၊ သင် တို့အား စကားဝှက် ကို ငါပြော မည်။ ပွဲ ခံရာခုနစ် ရက် တွင် ဘော်ပြ နိုင်လျှင် ခြို့ထည် သုံးဆယ် ၊ အင်္ကျီ သုံးဆယ် ကို ငါပေး မည်။ ၁၃ မ ဘော် မပြနိုင် လျှင် သင် တို့သည် ခြို့ထည် သုံးဆယ် ၊ အင်္ကျီ သုံးဆယ် ကို ငါ့ အား ပေး ရမည်ဟုဆို သော်သူတို့က၊ သင့် စကားဝှက် ကို ငါတို့အား ကြား ပြော ပါဟု ဝန်ခံ ကြ၏။ ၁၄ ရှုံဆုန်ကလည်း၊ စား တတ်သောသူ၏အထဲ က အစာ ၊ သန်စွမ်း သောသူ၏အထဲ က အချို ထွက် လေစွဟု ဆို ၏။ ထိုစကားဝှက် အနက်ကို သူတို့သည် သုံး ရက် ပတ်လုံးရှာ ၍ မ တွေ့နိုင် ကြ။ ၁၅ စတုတ္ထ နေ့ ရောက် မှ၊ သူတို့က၊ သင် ၏လင် သည် စကားဝှက် အနက်ကို ဘော်ပြ စေခြင်းငှါသူ့ကို ချော့မော့ ရမည်။ သို့မဟုတ် သင် နှင့်တကွ သင့် အဆွေအမျိုး ကို မီးရို့ မည်။ ငါ တို့ ဥစ္စာကို လုယူ ခြင်းငှါ ငါ တို့ကို ခေါ် ဘိတ် သလောဟုရှုံဆုန် ၏ မယား ကို ဆို သောကြောင့်၊ ၁၆ သူသည် လင်ရှေ့မှာ ငိုကြွေး ၍ သင်သည် ငါ့ ကို မ ချစ် မုန်း ပါ၏။ ငါ့ အမျိုးသား ချင်းတို့အား စကားဝှက် ကို ပြော သော်လည်း ၊ အနက် ကို ငါ့ အား မ ပြပါတကားဟု ဆို ၏။ ရှုံဆုန်ကလည်း၊ ငါသည် ကိုယ် မိဘ ကိုမျှ မ ပြ ဘဲ သင့် အား ပြ ရမည်လောဟုဆို သော်လည်း၊ ၁၇ ပွဲ ခံရာခုနစ် ရက် စေ့အောင် လင် ရှေ့ မှာ ငိုကြွေး ၍ ခုနစ် ရက်မြောက်သောနေ့ ၌ အလွန်ပူဆာ သောကြောင့် အနက်ကို ဘော်ပြ ၏။ မိန်းမသည်လည်း အမျိုးသား ချင်းတို့အား ပြန်ပြော လေ၏။ ၁၈ မြို့ သား တို့သည် ခုနစ် ရက်မြောက်သောနေ့ နေ မ ဝင် မှီလာ၍ ပျားရည် ထက် အဘယ် အရာ ချို သနည်း။ ခြင်္သေ့ ထက် အဘယ် အရာ သန်စွမ်း သနည်းဟု ဘော်ပြ ကြ၏။ ရှုံဆုန်ကလည်း ၊ သင်တို့သည် ငါ့ နွားမပျို နှင့် မ ထွန် လျှင် ငါ့ စကားဝှက် အနက်ကို ရှာ ၍ မ တွေ့ဟုဆို ၏။ ၁၉ ထာဝရဘုရား ၏ဝိညာဉ် တော်သည် ရှုံဆုန် အပေါ် မှာ သက်ရောက် သဖြင့် ၊ သူသည် အာရှကေလုန် မြို့သို့သွား ၍ မြို့သား သုံးဆယ် ကိုသတ် ပြီးမှ သူ တို့ ဥစ္စာ ကို လုယူ ၍ စကားဝှက် အနက်ကို ဘော်ပြ သောသူတို့အား အဝတ် စုံတို့ကိုပေး ပြီးမှ ၊ အမျက် ထွက် ၍ မိမိ အဘ အိမ် သို့ ပြန် သွားလေ၏။ ၂၀ မယား ကိုကား ရှုံဆုန် ပေါင်းဘော် သော အဆွေ ခင်ပွန်းအား ပေးစားသတည်း။

၁၅ နောက်တဖန်ဣျု စပါးရိတ် ရာ ကာလ ၌ ရှုံဆုန် သည် ဆိတ် သငယ် ပါ လျက်၊ မိမိ မယား ကို ကြည့်ရှု ခြင်းငှါသွား၍၊ သူ့အခန်း ထဲမှာ သူနှင့်အတူ အိပ်မည်ဟု ကြံသော်၊ ယောက္ခမသည် ဆီးတား ၍၊ ၂ သင်သည် ငါ့သမီးကို ဆက်ဆက်မုန်း သည်ဟု ငါအထင်ရောက်သောကြောင့် ၊ သင့် အပေါင်းအဘော် အား ငါပေးစား ပြီ။ သူ့ ညီမ သည် သူ့ ထက် သာ၍လှ သည် မဟုတ် လော။ အစ်မ ၏ကိုယ်စား ညီမကို ယူပါတော့ဟု ဆို ၏။ ၃ ထိုအမှုကို ထောက်၍ ရှုံဆုန် က၊ ငါ သည် ဖိလိတ္တိ လူတို့ ၌ အပြစ် ပြု သော်လည်း၊ သူတို့သည် ငါ့ကို အပြစ်တင် စရာမရှိဟု ဆို သည်နှင့်အညီ၊ ၄ သွား ၍ မြေခွေး သုံး ရာ တို့ကို ဘမ်း ပြီးမှ ၊ မြေခွေးအမြီး တခုနှင့် တခုကို ပေါင်း လျက် ၊ အမြီး နှစ် ခုကြား ၌ မီးရှူး ကို စည်း ၍၊ ၅ မီးရှူး တို့ကို မီး ညှိ သဖြင့် ဖိလိတ္တိ လူတို့ စပါး လယ်ထဲ သို့ လွှတ် လိုက်၍ စပါး ပင်ကိုငင်း၊ ကောက်လှိုင်း ကိုငင်း၊ စပျစ် ဥယျာဉ်၊ သံလွင် ဥယျာဉ်တို့ကိုငင်း မီးလောင် လေ၏။ ၆ ဖိလိတ္တိ လူတို့ကလည်း၊ ဤ အမှုကို အဘယ်သူ ပြု သနည်းဟု မေးမြန်း သော် ၊ တိမနတ် မြို့သား၏ သားမက် ရှုံဆုန် ပြုပြီ။ သူ ၏မယား ကို သူ ၏အပေါင်းအဘော် အား ပေးစား ပြီတကားဟု ပြန် ပြောလျှင်၊ ဖိလိတ္တိ လူတို့သည် လာ ၍ ထိုမိန်းမ နှင့် သူ ၏အဘ ကို မီးရှို့ ကြ၏။ ၇ ရှုံဆုန် ကလည်း ၊ ထိုသို့ ပြု သောကြောင့် ငါသည် စိတ်ပြေ အောင်ပြုမည်။ စိတ်ပြေပြီးမှ ငြိမ်သက် စွာနေမည်ဟု ဆို လျက်၊ ၈ သူတို့ကို ကြီးစွာ သော လုပ်ကြဲခြင်းအားဖြင့်တပြိုင်နက်ရိုက်သတ်ပြီးလျှင်ဧတံ ကျောက်ထိပ်သို့ သွား၍ နေ ၏။ ၉ တဖန် ဖိလိတ္တိ လူတို့သည် ယုဒ ပြည်သို့ ချီ သွား၍ တပ်ချ သဖြင့် ၊ လေဟိ အရပ်၌ အနှံ့အပြား နေကြ၏။ ၁၀ ယုဒ လူ တို့ကလည်း ၊ အဘယ်ကြောင့် ချီ လာကြသနည်းဟုမေး သော် ၊ ငါ တို့ ၌ ရှုံဆုန်ပြု သကဲ့သို့ သူ့ ကို ချည်နှောင် ၍ ပြု ခြင်းငှါ ချီ လာသည်ဟု ပြန်ပြော ကြ၏။ ၁၁ ထိုအခါ ယုဒ လူ သုံး ထောင် တို့သည် ဧတံ ကျောက် ထိပ် သို့ သွား ၍ ၊ ဖိလိတ္တိ လူတို့သည် ငါ တို့သခင် ဖြစ်ကြောင်း ကို သင်မ သိ သလော။ သင်သည် ငါ တို့ ၌ အဘယ်သို့ ပြု သနည်းဟုမေး သော် ၊ ငါ ၌ သူတို့ပြု သကဲ့သို့ သူ တို့ ၌ ငါပြု ပြီဟု ပြန် ပြော၏။ ၁၂ သူတို့ကလည်း ၊ သင့် ကို ချည်နှောင် ၍ ဖိလိတ္တိ လူတို့လက် သို့ အပ် ခြင်းငှါ ယခု ငါတို့ လာ ကြပြီဟုဆို သော် ၊ ရှုံဆုန် က၊ သင်တို့သည် ကိုယ်တိုင် ငါ့ ကို မလုပ်ကြဲ ပါဟု ကျိန်ဆို ကြလော့ဟု ဆို လျှင်၊ ၁၃ သူတို့က၊ ငါတို့သည် မ လုပ်ကြဲပါ။ ကျပ်ကျပ်ချည်နှောင် ၍ သူ တို့လက် ၌ အပ် မည်။ အကယ်စင်စစ်ကိုယ်တိုင်သင့် ကို မ သတ် ပါဟုဆို လျက် ကြိုး သစ် နှစ် စင်းဖြင့် ချည်နှောင် ၍ ကျောက် ပေါ် က ဆောင် ခဲ့ကြ၏။ ၁၄ လေဟိ အရပ်သို့ ရောက် သောအခါ၊ ဖိလိတ္တိ လူတို့သည် ကြွေးကြော် ကြ၏။ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် သူ့ အပေါ် မှာ သက်ရောက် သဖြင့် ၊ သူ့ လက် ၌ ချည်သော ကြိုး တို့သည် မီး ထိ သော ပိုက်ဆန် ကဲ့သို့ ဖြစ်၍ အချည် အနှောင် ကျွတ် လေ၏။ ၁၅ သူသည်လည်း မြည်း မေးရိုး လတ်လတ် ကို တွေ့ ၍ ကိုင် ယူပြီးလျှင် လူ တထောင် တို့ကိုသတ် လေ၏။ ၁၆ သတ်ပြီးလျှင် မြည်း မေးရိုး ဖြင့် အပုံ ပုံ၊ မြည်း မေးရိုး ဖြင့် လူ တထောင် ကို ငါသတ် လေပြီဟု ဆို သောနောက်၊ ၁၇ မြည်းမေးရိုး ကို ပစ် လိုက်၍ ၊ ထို အရပ် ကို ရာမတ်လေဟိ အမည် ဖြင့် တွင်လေ၏။ ၁၈ အလွန် ရေတ် ၍ ထာဝရဘုရား ကို ဆုတောင်း လျက် ၊ ကိုယ်တော်သည် ဤ ကြီးစွာ သော ကယ်တင် ခြင်းကို ကိုယ်တော် ၏ကျွန် လက် ၌ ပေး တော်မူပြီးမှ ၊ ယခု အကျွန်ုပ်သည် ရေတ် သဖြင့် သေ ၍

အရေဖျားလိုးခြင်းကိုမခံ သော လူတို့လက် သို့ ရောက် ရပါမည်လောဟု လျှောက် သော်၊ ၁၉ လေဟိ အရပ်၌ ချိုင့်ဝှမ်း ရာကို ဘုရား သခင် ဖောက် တော်မူ၍ ရေ ထွက် လေ၏။ သူသည် ရေကို သောက် သဖြင့် အသက် ရှူပြန်၍ အား ဖြည့် လေ၏။ သို့ ဖြစ်၍ ထို ချိုင့်ဝှမ်းရာကို အဟက္ကောရ အမည် ဖြင့် တွင်၍ ယနေ့ တိုင်အောင် လေဟိ အရပ်၌ ရှိသတည်း။ ၂၀ ရှံဆုန်သည်လည်း ဖိလိတ္တိ လူတို့လက်ထက် ဣသရေလ အမျိုးကို အနှစ် နှစ်ဆယ် အုပ်စိုး လေ၏။

၁၆ နောက်တဖန် ရှံဆုန် သည် ဂါဇ မြို့သို့ သွား ၍ ပြည်တန်ဆာ မိန်းမ ကို တွေ့ ပြီးလျှင် သူ့ ဆီသို့ ဝင် ၍ နေ၏။ ၂ ရှံဆုန် ရောက် ကြောင်းကို ဂါဇ မြို့သားတို့သည် ကြားလျှင် ဝိုင်း ထားလျက် ၊ မြို့ တံခါးဝ ၌ တညဉ့် လုံး ချောင်းမြောင်း လျက် ၊ နံနက် မိုဃ်းလင်း သောအခါ သူ ကိုသတ် မည်ဟု ဆို ၍ တညဉ့် လုံး ငြိမ်သက် စွာနေကြ၏။ ၃ ရှံဆုန် သည် သန်းခေါင် တိုင်အောင် အိပ် ပြီးမှ ၊ သန်းခေါင် အချိန်၌ ထ ၍ မြို့ တံခါး ရွက် တို့ကို၊ တံခါးတိုင် ကန့်လန့်ကျင် နှင့်တကွ ယူ ၍ ပခုံး ပေါ် မှာ တင် လျက် ထမ်း သွား၍၊ ဟေဗြုန် မြို့ ရှေ့ ၊ တောင် ပေါ် ၌ ပစ်ထား လေ၏။ ၄ နောက်တဖန် စောရက် ချိုင့် ၌ နေသောဒေလိလ အမည် ရှိသောမိန်းမ တယောက်ကို ချစ် ပြန်၏။ ၅ ဖိလိတ္တိ မင်း တို့သည် ထိုမိန်းမ ဆီသို့ လာ ၍ ၊ ရှံဆုန်၌ ကြီး သောခွန်အား သည် အဘယ် အရာအားဖြင့် တည်သနည်း၊ သူ့ ကို ချည်နှောင် ၍ နှိပ်စက် ခြင်းငှါ အဘယ်သို့ တတ်နိုင် မည်နည်းဟု သူ့ ကို ချော့မော့ ၍ စူးစမ်း ပါ။ ငါတို့သည် ဝိုင်း၍ ငွေ ဆယ်တ ပိသာကို ပေး မည်ဟု ဆို ကြ၏။ ၆ ဒေလိလ ကလည်း ၊ သင် ၌ကြီး သော ခွန်အား သည် အဘယ် အရာအားဖြင့် တည်သည်ကိုငင်း၊ သင့် ကို နှိပ်စက် ခြင်းငှါ အဘယ်သို့ ချည်နှောင် ရမည်ကိုငင်းပြော ပါဟု ရှံဆုန် အား တောင်းပန် သော်၊ ၇ ရှံဆုန် က၊ တခါမျှ မသွေ့ခြောက် သော လျှော်ကြိုး စိမ်း ခုနစ် စင်းနှင့် ငါ့ ကို ချည်နှောင် လျှင် ငါ၌ ခွန်အား လျော့၍ အခြား သောသူ ကဲ့သို့ ငါဖြစ် လိမ့်မည်ဟု ပြောဆို ၏။ ၈ ထိုအခါ ဖိလိတ္တိ မင်း တို့သည် တခါမျှ မသွေ့ခြောက် သော လျှော်ကြိုး စိမ်း ခုနစ် စင်းတို့ကို ယူ ခဲ့၍ ၊ ထိုမိန်းမသည် ရှံဆုန် ကို ချည်နှောင် လေ၏။ ၉ ယောကျ်ားအချို့တို့သည် ထိုမိန်းမ၏ အိပ်ခန်း ထဲမှ ချောင်းမြောင်း လျက် နေ သည်ဖြစ်၍မိန်းမက၊ ရှံဆုန် ၊ ဖိလိတ္တိ လူတို့သည် သင့်ကို တိုက်လာကြသည်ဟုဆို သော် ၊ သူသည် မီး ထိ သော ပိုက်ဆန်ချည်ကဲ့သို့ ထိုကြိုးတို့ကို ဖြတ် လေ၏။ သို့ ဖြစ်၍ သူ ၏ခွန်အား ကို မ သိ ရကြ။ ၁၀ ဒေလိလ ကလည်း ၊ သင်သည် ငါ့ ကို ကျီစား ၍ မုသာ ကိုသာ ပြော ပြီ။ သင့်ကို အဘယ်သို့ ချည်နှောင် ရမည်ကို ယခု ပြော ပါဟု ရှံဆုန် အား တောင်းပန် သော်၊ ၁၁ သူက၊ မ သုံး ဘူးသော ကြိုး သစ် နှင့် ကျပ်ကျပ်ချည်နှောင် လျှင် ငါ၌ ခွန်အား လျော့၍ အခြား သော သူ ကဲ့သို့ ငါဖြစ် လိမ့်မည်ဟု ပြောဆို သည်အတိုင်း၊ ၁၂ ဒေလိလ သည် ကြိုး သစ် တို့ကို ယူ ၍ ချည်နှောင် ပြီးမှ ၊ ထိုအခန်း ၌ ချောင်းမြောင်း သော သူအချို့ ရှိ နေလျက်၊ ရှံဆုန် ၊ ဖိလိတ္တိ လူတို့သည် သင့် ကို တိုက်လာကြသည်ဟုဆို သော် ၊ ရှံဆုန်သည် လက်ရုံး ၌ ချည်သော ကြိုးတို့ကို အပ်ချည် ကဲ့သို့ ဖြတ် လေ၏။ ၁၃ ဒေလိလ ကလည်း ၊ ယခု တိုင်အောင် သင်သည် ငါ့ ကို ကျီစား ၍ မုသာ ကိုသာ ပြော ပြီ။ အဘယ်သို့ ချည်နှောင် ရမည်ကို ပြော ပါဟု ရှံဆုန် အား တောင်းပန် သော် ၊ သူက၊ ငါ့ ဆံပင် ခုနစ် စု တို့ကို ရက်ကန်းသား ၌ ရက် သွင်း၍ ထရံတွင်စို့နှင့် ရိုက်ထားလျှင် ငါ၌ ခွန်အားလျော့၍ အခြားသော သူကဲ့သို့ငါဖြစ်လိမ့်မည်ဟု ပြောဆို သည်အတိုင်း၊ ၁၄

ဒေလိလသည် သူ၏ဆံပင်ခုနစ်စုတို့ကို ရက်ကန်းသား၌ ရက်သွင်း၍ ထရံတွင်စို့ နှင့် ရိုက် ထားပြီးမှ ၊ ရှံဆုန် ၊ ဖိလိတ္တိ လူတို့သည် သင့် ကို တိုက်လာကြသည်ဟုဆို သော် ၊ ရှံဆုန်နှိုး ၍ ရက်ကန်းလက်လိပ် ၊ စို့ ၊ ရက်ကန်းသား ပါလျက် သွား ၏။ ၁၅ ဒေလိလကလည်း၊ သင် သည် ငါ့ကို ချစ် သည်ဟု စိတ်နှလုံး မ ပါ ဘဲလျက် အဘယ်သို့ ပြော နိုင်သနည်း။ သင့် ၌ ကြီး သော ခွန်အား သည် အဘယ် အရာအားဖြင့် တည်သည်ကို မ ပြော။ သုံး ကြိမ် တိုင်အောင်ငါ့ ကို ကျိစား ပြီဟု ဆို ၏။ ၁၆ ထိုသို့ ဒေလိလသည် နေ့ တိုင်း ပူဆာ ၍ သူ အသက် သေ လုအောင် နှောင့်ရှက် သောကြောင့်၊ ၁၇ ရှံဆုန်သည် မိမိ စိတ်နှလုံး ၌ ရှိသမျှ အတိုင်းပြော ၍၊ ငါ့ ဆံပင် ကို တခါမျှ မရိတ် သေး။ အမိ ဝမ်း ထဲမှ စ၍ ဘုရား သခင်၏ နာဇရိ လူဖြစ်၏။ ငါ့ဆံပင်ကိုရိတ် လျှင် ငါ၌ ခွန်အား လျော့၍ အခြား သောသူ ကဲ့သို့ ငါဖြစ် လိမ့်မည်ဟု ပြောဆို ၏။ ၁၈ ထိုသို့ မိမိ စိတ် နှလုံးထဲမှာ ရှိသမျှ အတိုင်း ပြော ကြောင်း ကို ဒေလိလ သိ လျှင် ၊ ဖိလိတ္တိ မင်း တို့ကို တဖန်ခေါ် ၍ ၊ ယခုတခါ လာ ကြပါဦး။ သူသည် မိမိ စိတ် နှလုံးရှိသမျှ အတိုင်း ပြော ပြီဟု မှာ လိုက်သဖြင့်၊ သူတို့သည် ငွေ ကို ဆောင် ယူခဲ့လျက် လာ ကြ၏။ ၁၉ ဒေလိလသည် ရှံဆုန်ခေါင်းကို မိမိ ဒူး ပေါ် မှာ တင်လျက် သူ့ ကို အိပ် စေသဖြင့် ၊ လူ တယောက်ကို ခေါ် ၍ သူ ၏ ဆံပင် ခုနစ် စု တို့ကိုရိတ် စေပြီးမှ ၊ သူ့ ကို နှောင့်ရှက် စ ပြု၍ သူ ၏ ခွန်အား သည် လျော့ပျောက် ၏။ ၂၀ မိန်းမကလည်း ၊ ရှံဆုန် ၊ ဖိလိတ္တိ လူတို့သည် သင့် ကို တိုက် လာကြသည်ဟု ဆို သော်၊ ရှံဆုန်နှိုး ၍ ထာဝရဘုရား စွန့် တော်မူကြောင်း ကို မ ရိပ်မိ သောကြောင့် ၊ အရင် ကဲ့သို့ ငါထွက် ၍ အားထုတ် မည်ဟု အကြံ ရှိသော်လည်း၊ ၂၁ ဖိလိတ္တိ လူတို့သည် ဘမ်းဆီး ၍ သူ့ မျက်စိ ကို ဖောက် ပြီးမှ ဂါဇ မြို့သို့ ယူ သွားပြီးလျှင် ကြေးဝါ ကြိုးနှင့် ချည်နှောင် ၍ ထောင် အိမ် ၌ ကြိတ်ဆုံနှင့် ကြိတ် စေကြ၏။ ၂၂ ရှံဆုန်ဆံပင်ရိတ် သောနောက်၊ တဖန် ပေါက် ပြန်သောအခါ၊ ၂၃ ဖိလိတ္တိ မင်း တို့ကို၊ ငါ တို့ဘုရား သည် ငါ တို့ ရန်သူ ကို ငါ တို့လက် သို့ အပ် တော်မူပြီဟု ဆို လျက်၊ သူ တို့ ဘုရား ဒါဂုန် အား ယဇ် ကြီး ကို ပူဇော် ၍ ပျော်မွေ့ ခြင်းကို ပြုအံ့သောငှါစည်းဝေး ကြ၏။ ၂၄ လူ များတို့သည် ရှံဆုန် ကို မြင် သောအခါ ၊ ငါ တို့ဘုရား သည် ငါ တို့ ပြည် ကို ဖျက်ဆီး ၍ ၊ ပြည်သားအများ တို့ကိုသတ် သော ငါ တို့၏ရန်သူ ကို၊ ငါ တို့လက် သို့ အပ် တော်မူပြီဟု မိမိ တို့ဘုရား ကို ချီးမွမ်း ကြ၏။ ၂၅ စိတ် နှလုံးရွှင်လန်း သောအခါ ၊ ရှံဆုန် ကို ခေါ် ခဲ့။ ငါ တို့အဘို့ ကစား ပါလေစေဟု ဆို သဖြင့် ၊ ရှံဆုန် ကို ထောင် အိမ် မှ ခေါ် ခဲ့၍ သူသည် ကစား ရ၏။ သူ့ ကိုလည်း စရပ်တိုင် ကြား မှာထား ကြ၏။ ၂၆ ရှံဆုန် ကလည်း ၊ စရပ် တိုင် တို့ကို ငါမှီ ၍ နေရအောင် လက်နှင့်တွေ့ ပါရစေဟု လက် ဆွဲ သော လူ ကလေးကို အခွင့် တောင်း၏။ ၂၇ ထိုစရပ် ၌ ယောကျ်ား မိန်းမ တို့သည် အပြည့် ရှိကြ၏။ ဖိလိတ္တိ မင်း အပေါင်း တို့လည်း ပါကြ၏။ စရပ်မိုး ပေါ် မှာလည်း သုံး ထောင် မျှ လောက်သော ယောကျ်ား မိန်းမ တို့သည် ရှံဆုန် ကစား သည်ကို ကြည့်ရှု လျက်ရှိကြ၏။ ၂၈ ရှံဆုန် ကလည်း ၊ အို အရှင် ထာဝရဘုရား ၊ အကျွန်ုပ် ကို အောက်မေ့ တော်မူပါ။ အကျွန်ုပ် မျက်စိ နှစ် ဘက်ကို ဖောက်သော ဖိလိတ္တိ လူတို့ ၌ တပြိုင်နက်အပြစ်ဒဏ် ပေးနိုင်မည်အကြောင်း၊ ယခု တကြိမ် မျှသာ ခွန်အား ကို ပြန်ပေးတော်မူပါဘုရား ဟု ထာဝရဘုရား အား ဆုတောင်း ပြီးမှ၊ ၂၉ စရပ် ခေါင် တိုင် နှစ် တိုင်တို့ကို လက်ျာ လက်၊

လက်ဝဲ လက်နှစ်ဘက်နှင့်ကိုင် ၍ မှီ နေလျက်၊ ၃၀ အကျွန်ုပ်သည် ဖိလိတ္တိ လူတို့နှင့်အတူ သေ ပါရစေဟု ဆို လျက် ၊ အား ထုတ် ၍ ကိုယ်ကိုညွှတ်ချသဖြင့်၊ စရပ် သည် မင်း များ၊ လူ များအပေါင်း တို့အပေါ် မှာ လဲ၍ ဖိလေ၏။ ထိုသို့ အသက် ရှင်စဉ် အခါ သတ် ခဲ့သည်ထက် သေ စဉ် အခါ သာ၍များ သောသူတို့ ကိုသတ် လေ၏။ ၃၁ သူ့ ညီ များ၊ အဆွေအမျိုး များ အပေါင်း တို့သည် လာ ၍ အလောင်း ကောင်ကို ထမ်း သွား ပြီးလျှင် ၊ ဇောရာ မြို့နှင့် ဧရှတောလ မြို့စပ်ကြား တွင် အဘ မာနော် ၏ သချိုင်း၌ သင်္ဂြိုလ် ကြ၏။ သူသည် ဣသရေလ အမျိုးကို အနှစ် နှစ်ဆယ် အုပ်စိုး သတည်း။

၁၇ မိကၡ၊ အမည် ရှိသောဧဖရိမ် တောင် သား တယောက်ရှိ ၏။ ၂ သူ သည် အမိ အား ၊ အိုအမေ၊ ပျောက် သောငွေ ၊ အကျွန်ုပ် ရှေ့မှာ ကျိန်ဆဲ သောစကားကိုပြော သော ငွေ ဆယ်တပိသာသည် အကျွန်ုပ် ၌ ရှိပါ၏။ အကျွန်ုပ်ယူ မိပြီဟု ဆို သော် ၊ အမိ က၊ ငါ့ သား ၊ ထာဝရဘုရား ကောင်းကြီး ပေးတော်မူပါစေသောဟု ဆို ၏။ ၃ ထိုငွေ ဆယ်တ ပိသာကို အမိ အား ပြန် ပေးသောအခါ ၊ အမိ က၊ ငါ့ သား သည် ထုသောရုပ်တု နှင့် သွန်း သော ရုပ်တုကိုလုပ် စရာဘို့ ဤငွေ ရှိသမျှကို ထာဝရဘုရား အား ငါပူဇော် နှင့်ပြီ။ ၄ သို့ ဖြစ်၍ငါ့သားအား ယခု ငါပြန် ပေးမည်ဟု ဆို သော်လည်း ၊ သားသည် ထိုငွေ ကို အမိ အား ပြန် ပေး၏။ အမိ သည်လည်း နှစ် ပိသာကိုယူ ၍ ပန်းတိမ် သမား၌ အပ် သဖြင့် ၊ သူသည် ထုသောရုပ်တု နှင့် သွန်း သော ရုပ်တုကိုလုပ် ၍ ရုပ်တုတို့သည် မိကၡ၊ အိမ် ၌ ရှိ ၏။ ၅ ထိုလူမိကၡ၊ သည် ဘုရား ကျောင်း ရှိ၍ ၊ သင်တိုင်း တော်နှင့် တေရပ်ရုပ်တုကို လုပ် ပြီးမှ ၊ မိမိ သား တယောက် ကို မိမိယဇ်ပုရောဟိတ် အရာ ၌ ခန့် ထားလေ၏။ ၆ ထို ကာလ ၌ ဣသရေလ ရှင်ဘုရင် မ ရှိ။ လူ တိုင်း မိမိ စိတ် အလိုရှိသည်အတိုင်း ပြု သတည်း။ ၇ ယုဒ အမျိုး နှင့် စပ်ဆိုင်သော ဗက်လင် ယုဒ မြို့သားလေဝိ အမျိုး လုလင် တယောက်သည်၊ ဗက်လင်မြို့မှာ တည်းခို ၍ နေပြီးလျှင်၊ ၈ တဖန် ထွက် သွား၍ တည်းခို စရာအရပ် ကို ရှာ လျက် ခရီး သွား သဖြင့် ၊ ဧဖရိမ် တောင် ၊ မိကၡ၊ အိမ် သို့ ရောက် လေ၏။ ၉ မိကၡ၊ ကလည်း ၊ သင်သည် အဘယ် က လာ သနည်းဟုမေး သော် ၊ လုလင်က၊ ငါ သည် ယုဒ ခရိုင် ဗက်လင် မြို့သားလေဝိ လူဖြစ်၏။ တည်းခို စရာအရပ် ကို ရှာ ၏ဟု ပြန် ပြောသော်၊ ၁၀ မိကၡ၊ က၊ အကျွန်ုပ် နှင့်အတူ နေ ပါ။ အကျွန်ုပ် ၏အဘ ၊ အကျွန်ုပ်၏ ယဇ်ပုရောဟိတ် လုပ် ပါ။ အကျွန်ုပ် သည် တနှစ်တနှစ်လျှင် ငွေ အကျပ်တဆယ် နှင့် အဝတ် စုံ ကိုငင်း ၊ စားစရာ ကိုငင်း ပေး ပါမည်ဟု ပင့်ဘိတ် သောအခါ၊ လေဝိ လူသည် ဝင် ၍၊ ၁၁ ထိုသူ နှင့်အတူ နေ ခြင်းငှါ အလို ရှိသဖြင့် သား ကဲ့သို့ ဖြစ် လေ၏။ ၁၂ မိကၡ၊ သည်လည်း ၊ ထိုလေဝိ လုလင်ကို မိမိယဇ်ပုရောဟိတ်အရာ၌ ခန့် ထားသည်အတိုင်း၊ လုလင် သည် ယဇ်ပုရောဟိတ် လုပ် ၍ မိကၡ၊ အိမ် ၌ နေ ၏။ ၁၃ မိကၡ၊ ကလည်း ၊ ယခု မှာ လေဝိ လူသည် ငါ ၏ယဇ်ပုရောဟိတ် ဖြစ် သောကြောင့်၊ ထာဝရဘုရား သည် ငါ၌ ကျေးဇူး ပြုတော်မူမည်ကို ငါသိ သည်ဟု ဆို ၏။

၁၈ ထို ကာလ အခါ ဣသရေလ ရှင်ဘုရင် မ ရှိစဉ်၊ ဒန် အမျိုးသား တို့သည် အမွေခံ စရာမြေကို ရှာ ကြ၏။ ထို ကာလ တိုင်အောင် အခြားသော ဣသရေလ အမျိုး တို့တွင် ၊ အမွေခံ ထိုက်သည်အတိုင်းမ ခံရ သေး။ ၂ သို့ ဖြစ်၍ ဒန် အမျိုးသား တို့သည် ပြည် ကို ကြည့်ရှု စူးစမ်း စေခြင်းငှါ မိမိ တို့ အမျိုးသား ခွန်အား ကြီးသော သူရဲ ငါး ယောက်တို့ကို သူတို့နေရာအရပ် ဇောရ မြို့၊ ဧရှတောလ မြို့မှ စေလွှတ် လျက်၊ ပြည် ကို သွား ၍ စူးစမ်း ကြလော့ဟု မှာ လိုက်ကြသည်အတိုင်း၊ သူတို့သည် ဧဖရိမ် တောင် ၊ မိကၠါ အိမ် သို့ ရောက် ပြီးလျှင် တည်းခို ၍နေကြ၏။ ၃ မိကၠါ အိမ် ၌ ရှိစဉ်အခါ၊ လေဝိ လုလင် ၏ စကား သံကို မှတ်မိ ၍ ၊ သူနေရာသို့ ဝင် လျှင် ၊ သင်သည် ဤအရပ်သို့ အဘယ်ကြောင့် ရောက်သနည်း။ ဤသူနှင့် အဘယ်သို့ဆိုင်သနည်း။ အဘယ်သို့ လုပ် ၍ နေသနည်းဟုမေးသော်၊ ၄ ထိုသူက၊ မိကၠါ သည် ဤမည်သောအမှု ဤမည်သော အရာကို ပေး၍ ငါ့ ကို ငှါး သဖြင့် ၊ ငါသည် သူ ၏ ယဇ်ပုရောဟိတ် လုပ် နေသည်ဟု ပြန် ပြော၏။ ၅ သူတို့ကလည်း၊ အကျွန်ုပ် တို့သည် ယခု ခရီး သွား ရာတွင် အကြံ မြောက်မည် မမြောက်မည်ကို သိ မည်အကြောင်း ဘုရား သခင်ကို မေးမြန်း ပါလော့ဟု တောင်းပန် သည်အတိုင်း၊ ၆ ယဇ် ပုရောဟိတ်က ငြိမ်ဝပ် စွာသွား ကြလော့။ သင် တို့သွား ရာလမ်း ကို ထာဝရဘုရား ကြည့်ရှုတော်မူသည်ဟု ပြန်ပြော ၏။ ၇ ထိုလူ ငါး ယောက်တို့သည် ထွက် သွား၍ လဲ၍ မြို့သို့ ရောက် သဖြင့် ၊ မြို့သား တို့သည် ဇိဒုန် အမျိုးသားတို့ သတိမရှိသကဲ့သို့ သတိ မရှိ၊ မ စိုးရိမ်ဘဲ ငြိမ်ဝပ် စွာ နေ ကြောင်းကို၎င်း၊ ဆုံးမ ပိုင်သော မင်း မ ရှိ ကြောင်းကို၎င်း၊ ဇိဒုန် အမျိုးသားတို့နှင့် ဝေး ၍ အဘယ်သူ နှင့် မျှ အမှု မ ဆိုင်ကြောင်းကို၎င်းကြည့်ရှု ပြီး မှ၊ ၈ အမျိုးသားချင်းရှိရာ ဇောရ မြို့၊ ဧရှတောလ မြို့သို့ ပြန်လာ ၍ အမျိုးသား ချင်းတို့က၊ သင် တို့သည် အဘယ်သို့ ပြောကြမည်နည်းဟုမေး သော်၊ ၉ သူတို့က၊ ထ ၍ သွားတိုက် ကြကုန်အံ့။ ထိုပြည် သည် ကောင်းမွန် သော ပြည်ဖြစ်သည်ကို ငါတို့ မြင် ပြီ။ ငြိမ်ဝပ် စွာနေကြသေးသလော။ ထိုပြည် ကို သိမ်းယူ ဝင်စား ခြင်းငှါ မ ဖင့်ဆွဲ ကြနှင့်။ ၁၀ သွား လျှင် သတိ မရှိသောလူမျိုး နှင့် ကျယ်ဝန်း သော ပြည် ကို တွေ့ကြလိမ့်မည်။ ဘုရား သခင်သည် သင် တို့လက် ၌ အပ် တော်မူမည်။ ထို ပြည် ၌ မြေကြီးဥစ္စာ စုံလင်လျက်ရှိသည်ဟု ပြောဆို ကြ၏။ ၁၁ ထိုအခါ ဇောရ မြို့၊ ဧရှတောလ မြို့မှ ဒန် အမျိုးသား လူ ခြောက် ရာ တို့သည် စစ်တိုက် လက်နက် ပါ လျက် ချီ သွားကြ၏။ ၁၂ သွား ရာတွင်၊ ယုဒ ခရိုင် ကိရယတ်ယာရိမ် မြို့မှာ စားခန်းချ ကြ၏။ ထို အရပ် ကို ယနေ့ တိုင်အောင် ဒန် အမျိုးတပ်ဟူ၍တွင် သတည်း။ ကိရယတ်ယာရိမ် မြို့ နောက် မှာရှိ ၏။ ၁၃ ထို အရပ်မှ သွား ၍ ဧဖရိမ် တောင် ၌ မိကၠါ အိမ် သို့ ရောက် ကြ၏။ ၁၄ ထိုအခါ လဲရှ မြို့ကို စူးစမ်း ခြင်းငှါ သွား သောသူ ငါး ယောက်တို့က၊ ဤ အိမ် တို့ ၌ သင်တိုင်း တော်၊ တေရပ်ရုပ်တု ၊ ထုသောရုပ်တု ၊ သွန်းသောရုပ်တု ရှိ ကြောင်း ကို သိ သလော။ အဘယ်သို့ ပြု ရမည်ကို ဆင်ခြင် ကြလော့ဟု အမျိုးသား ချင်းတို့အား ဆို သော်၊ ၁၅ သူတို့သည် ထို အရပ်သို့ လှည့် သွားသဖြင့် ၊ လေဝိ လုလင် နေရာ မိကၠါ အိမ် သို့ ရောက် ၍ သူ့ ကို နှုတ်ဆက် ကြ၏။ ၁၆ စစ်တိုက် လက်နက် ပါ သောဒန် အမျိုးသား ခြောက် ရာ တို့သည် တံခါး ဝ ၌ နေ ကြ၏။ ၁၇ လဲရှမြို့ကို စူးစမ်းသော လူ ငါး ယောက်တို့သည် မိကၠါ အိမ် သို့ ဝင် ၍၊ ၁၈ ထုသောရုပ်တု ၊ သင်တိုင်း တော်၊ တေရပ်ရုပ်တု ၊ သွန်းသောရုပ်တု တို့ကို ယဇ်ပုရောဟိတ်ရှေ့မှာ ယူ ကြ၏။ ယဇ်

ပုရောဟိတ်ကလည်း၊ အဘယ်သို့ ပြု ကြသနည်းဟုမေး သော်၊ ၁၉ သူတို့က တိတ်ဆိတ် စွာနေပါ။ ကိုယ်တော် နှုတ် ကို လက် နှင့်ပိတ် ၍ အကျွန်ုပ် တို့နှင့် ကြွ ပါ။ အကျွန်ုပ် တို့ အဘ လုပ် ပါ။ ယဇ်ပုရောဟိတ် လုပ်ပါ။ တ အိမ်ထောင် ၌ သာ ယဇ်ပုရောဟိတ် လုပ် ကောင်း သလော။ ကြသရေလ အမျိုး အန္တယ် တို့တွင် တမျိုးတနွယ် လုံး၌ ယဇ်ပုရောဟိတ် မလုပ် ကောင်းသလောဟုဆို ကြသော်၊ ၂၀ ယဇ် ပုရောဟိတ်သည် ဝမ်းမြောက် ၍ သင်တိုင်း တော်၊ တေရပ်ရုပ်တု ၊ ထု သောရုပ်တုကို ယူ လျက် ၊ ထိုလူစု ထဲ သို့ ဝင် သွားလေ၏။ ၂၁ ထိုသူတို့သည် သူငယ် များ၊ တိရစ္ဆာန် များ၊ ဝန်စလယ် များကို အဦး သွားစေသဖြင့် ကိုယ်တိုင်လိုက်လျက် လှည့် သွား ကြ၏။ ၂၂ မိကွဲ အိမ် နှင့် ဝေး သောအခါ၊ မိကွဲ ၏ အိမ်နီးချင်းတို့သည် စည်းဝေး ၍ ၊ ဒန် အမျိုးသား တို့ကို မှီ အောင် လိုက်ကြ၏။ ၂၃ ကြွေးကြော် သောအခါ ၊ ဒန် အမျိုးသား တို့သည် လှည့် ကြည့်လျက် သင် သည် အဘယ် အခင်းရှိ၍ လူအပေါင်းတို့နှင့် လိုက်လာသနည်းဟု မိကွဲ အား မေး သော်၊ ၂၄ မိကွဲက၊ သင်တို့သည် ငါလုပ် သော ဘုရား တို့နှင့် ယဇ် ပုရောဟိတ်ကို ယူ သွား ကြသည်တကား။ ထိုအရာမှတပါး ငါ ၌ အဘယ် အရာရှိသေးသနည်း။ သို့သော်လည်းသင်တို့က၊ အဘယ် အခင်း ရှိသနည်း ဟု ငါ့ ကို မေး ကြသည်တကားဟု ဆို လေသော်၊ ၂၅ ဒန် အမျိုးသား တို့က၊ ငါ တို့တွင် သင့် စကား ကို မ ကြား ပါစေနှင့်။ သို့မဟုတ် စိတ်ဆိုး သောသူ တို့သည် သင့် ကို တိုက် ၍ သင့် အသက် နှင့် သင့် အိမ်သား တို့ အသက် ဆုံး ကောင်းဆုံးလိမ့်မည်ဟု ဆို လျက် ခရီးသွား ကြ၏။ ၂၆ မိကွဲ သည် သူတို့ကို မိမိမနိုင်သည်ကိုသိ ၍ မိမိ အိမ် သို့ ပြန် သွားလေ၏။ ၂၇ ဒန် အမျိုးသားတို့သည်၊ မိကွဲ လုပ် သော အရာတို့နှင့် သူ ၌ နေ သောယဇ် ပုရောဟိတ်ကို ယူ သွား၍ ၊ သတိ မရှိ ငြိမ်ဝပ် စွာနေသောလဲ၍ မြို့သားတို့ဆီသို့ ရောက် သဖြင့် ထား နှင့် လုပ်ကြံ ၍ မြို့ ကို မီးရို့ ကြ၏။ ၂၈ ဇိဒုန် မြို့နှင့် ဝေး သောကြောင့် ၎င်း ၊ အဘယ်သူ နှင့် မျှ အမှု မ ဆိုင်သောကြောင့်၎င်း၊ ကယ်နှုတ်သော သူမရှိ။ ထိုမြို့သည် ဗက်ရဟောဘ မြို့အနား မှာရှိသော ချိုင့် ၌ တည်၏။ ထိုအရပ် ၌ မြို့ သစ်ကိုတည် ၍ နေ ကြ၏။ ၂၉ ထိုမြို့ကို သူ တို့အမျိုး၏ အဘ ကြသရေလ ၏ သား ဒန် အမည် ကို မှီသဖြင့် ဒန် မြို့ ဟူ၍တွင် ကြ၏။ ထိုမြို့ အမည် ဟောင်း ကား လဲရှ တည်း။ ၃၀ ဒန် အမျိုးသား တို့သည် မိကွဲထု သောရုပ်တုကို တည်ထောင် ၍ မနာရှေ သား ဂေရှုံ၏သား ယောနသန် နှင့် သူ ၏သား တို့သည် သေတ္တာ တော်ကို သိမ်း သွားသည့်နေ့ တိုင်အောင် ဒန် အမျိုး ၌ ယဇ်ပုရောဟိတ် လုပ် ကြ၏။ ၃၁ ဘုရား သခင်၏ အိမ် တော်သည် ရှိလော မြို့၌ ရှိ သည်ကာလ ပတ်လုံး ၊ မိကွဲ သွန်း သော ရုပ်တု ကိုလည်း တည်ထောင် ကြ၏။

၁၉ ကြသရေလ ရှင်ဘုရင် မ ရှိသည်ကာလ ၊ ဧဖရိမ် တောင် ခါးပန်း ၌ တည်းခို သော လေဝိ လူ တယောက်သည်၊ ယုဒ ခရိုင် ဗက်လင် မြို့သူမိန်းမ တယောက်ကို သိမ်းယူ ၏။ ၂ ထိုမိန်းမသည် လင် ကို ပြစ်မှား ၍ ဗက်လင် မြို့ မိမိ အဘ အိမ် သို့ သွား သဖြင့် လေး လ နေ လေ၏။ ၃ လင် သည် သူ့ ကို ချော့မော့ ၍ ဆောင်ခဲ့ခြင်းငှါ ငယ်သား တယောက်နှင့် မြည်း နှစ် စီးပါ လျက် ထ သွား ၍ ရောက် သောအခါ၊ မယား ငယ်သည် မိမိ အဘ အိမ် ထဲသို့ ခေါ် သွင်း၍၊ အဘ သည် သမက် ကို တွေ့မြင်လျှင် ဝမ်းမြောက် သောစိတ်ရှိ၍ သိမ်းဆည်း လေ၏။ ၄ ထိုကြောင့် သမက်သည် စား သောက် လျက် ၊ အိပ် လျက်၊ သုံး ရက် ပတ်လုံးယောကျ်မ အိမ်၌ နေ ၏။ ၅ စတုတ္ထ နေ့ ရက်နံနက် စောစော ထ၍ ထွက်

သွားအံ့သောဋ္ဌါ ပြင်ဆင် သောအခါ ၊ ယောဂ္ဓမက၊ မုန့် အနည်းငယ် ကို စား၍ အား ဖြည့်ပြီးမှ သွား ကြပါဟု သမက် အား ဆို သည့်အတိုင်း၊ ၆ နှစ် ယောက်လုံးထိုင် ၍ စား သောက် လျက် နေကြ၏။ ယောဂ္ဓမကလည်း၊ သဘောကျ ပါတော့။ ယနေ့ညဉ့်ကိုလည်း လွန်စေသဖြင့် ပျော်မွေ့ လျက် နေ ပါတော့ဟု သမက် အား ဆို ပြန်၍၊ ၇ သမက် သည် သွား အံ့သောဋ္ဌါ ထ သော်လည်း ၊ ယောဂ္ဓမ သွေးဆောင် သဖြင့် သမက်သည် ထို အရပ်၌ အိပ် ပြန်လေ၏။ ၈ ပဉ္စမ နေ့ ရက်နံနက် စောစော သွား အံ့သောဋ္ဌါ ထသောအခါ ၊ ယောဂ္ဓမက၊ အား ဖြည့်ပါဦးတော့ဟု ဆို ၍ မွန်းလွဲ သည်တိုင်အောင် နှစ် ယောက်လုံး စားသောက် လျက်နေကြ၏။ ၉ ထိုသူသည် မယားငယ် နှင့် ငယ်သား ကို ခေါ် ၍ သွား အံ့သောဋ္ဌါ ထ ပြန်သောအခါ ၊ သူ ၏ ယောဂ္ဓမ ဖြစ်သော ထိုမိန်းမ ၏ အဘ က၊ ကြည့် ပါ၊ မိုးသည်းချုပ် လုပြီ။ ယနေ့ညဉ့် ကိုလည်း လွန်စေပါတော့။ နေ့ အချိန် ကုန် လုပြီ။ ဤ အရပ်၌ အိပ် ၍ ပျော်မွေ့ လျက်နေပါတော့။ နက်ဖြန် နံနက်စောစော ထ၍ ကိုယ် နေရာ အရပ်သို့ သွား တော့ဟု ဆို သော်လည်း၊ ၁၀ သမက် သည် ထိုညဉ့် ကို မ လွန်စေဘဲ ထ သွား ၍ ကုန်းနှီး တင်သော မြည်း နှစ် စီးနှင့် မယားငယ် လည်း ပါ လျက် ယေရုရှလင် မြို့တည်းဟူသောယေဗုတ် မြို့အနီး သို့ ရောက် လေ၏။ ၁၁ ထိုမြို့ အနီး သို့ ရောက်သောအခါ ၊ မိုးသည်းချုပ် သောကြောင့်ငယ်သား က၊ နားထောင်ပါတော့။ ယေဗုသိ လူနေရာ ဤ မြို့ သို့ ဝင် ၍ အိပ် ကြကုန်အံ့ဟု သခင် အား ဆို သော်၊ ၁၂ သခင် က၊ ဣသရေလ အမျိုးမ ဟုတ်၊ တပါး အမျိုးသားနေသောမြို့ သို့ မ ဝင် ၊ ဂိဗာ မြို့သို့ သွား ဦးမည်။ ၁၃ ဂိဗာ မြို့၊ ရာမ မြို့ အစရှိ သော တစုံတခု သောအရပ် ၌ ညဉ့် ကိုလွန်စေခြင်းငှါသွား ကြကုန်အံ့ဟု ငယ်သား အား ဆို လျက်၊ ၁၄ ခရီး သွားပြန်၍ ဗင်္ယာမိန် ခရိုင် ဂိဗာ မြို့အနီး သို့ ရောက်သောအခါ နေ ဝင် လေ၏။ ၁၅ ဂိဗာ မြို့မှာ ညဉ့် ကို လွန်စေမည်အကြံနှင့် မြို့ ထဲသို့ဝင် ၍ အဘယ်သူ မျှ ဧည့် မခံသေးသောကြောင့် လမ်း မှာ ထိုင် နေ၏။ ၁၆ ဂိဗာ မြို့သားတို့သည် ဗင်္ယာမိန် အမျိုးသားဖြစ်ကြ၏။ သို့ရာတွင်တည်းခို သော ဧဖရိမ် တောင် သား လူ အို တယောက်ရှိသည်ဖြစ်၍၊ ထိုသူ သည် ညဦး ယံ၌ လယ် လုပ် ရာမှ လာ စဉ်၊ ၁၇ မြော်ကြည့်၍ ၊ မြို့ လမ်း မှာ ဧည့်သည် တယောက် ရှိသည်ကိုမြင် လျှင် ၊ သင်သည် အဘယ် အရပ်သို့ သွား သနည်း၊ အဘယ် အရပ်က လာ သနည်းဟုမေး သော်၊ ၁၈ ကျွန်ုပ် တို့သည် ယုဒ ခရိုင်ဗက်လင် မြို့မှ ဧဖရိမ် တောင် ခါးပန်း သို့ သွား ၏။ ကျွန်ုပ် သည် ဧဖရိမ်တောင် သားဖြစ်၏။ ဗက်လင် မြို့သို့ ခဏသွား ပြီးမှ ယခုထာဝရဘုရား ၏ အိမ် တော်သို့ သွား ၏။ အဘယ်သူ မျှ ဧည့် မခံသေး။ ၁၉ သို့ရာတွင်မြည်း ဘို့ မြက် ခြောက်နှင့် အခြားကျွေး စရာရှိ ၏။ ကိုယ် နှင့် ကိုယ်တော် ကျွန်မ လိုက်လာသော ငယ်သား ဘို့ မုန့် နှင့် စပျစ်ရည် ရှိ ၏။ တစုံတခု မျှ မလို ပါဟု ပြောဆို ၏။ ၂၀ လူ အို ကလည်း ၊ သင် ၌ ချမ်းသာ ရှိပါစေသော။ သင် လို သမျှ သည် ငါ့ တာ ရှိစေတော့။ လမ်း မှာ ညဉ့် ကို မ လွန်စေနှင့်ဟုဆို လျက် ၂၁ ၊မိမိ အိမ် သို့ ခေါ် သွင်း၍ မြည်း တို့ကို ကျွေး လေ၏။ သူတို့သည် ခြေ ကို ဆေး ၍ စား သောက် ကြ၏။ ၂၂ ထိုသို့ ပျော်မွေ့ လျက်နေကြသောအခါ ၊ ထိုမြို့ သား အဓမ္မ လူ အချို့တို့သည် အိမ် ကို ဝိုင်း ၍ တံခါး ကို ရိုက် ကြ၏။ အိမ်ရှင် လူအို ကိုလည်းခေါ် ၍၊ သင့် အိမ် သို့ ဝင် သောယောကျ်ား နှင့် ငါတို့သည် ဆက်ဆံ လိုသည်ဖြစ်၍ ၊ ထုတ် ခဲ့လော့ဟု ဆို ကြ၏။ ၂၃ အိမ်ရှင် သည်လည်း ထွက် ၍ ၊ ညီအစ်ကို တို့၊ ဆိုး သောအမှုကို မ ပြုပါနှင့်။ ဤ သူ သည် အကျွန်ုပ် အိမ် ၌

တည်းခို သောသူဖြစ်၍ အဓမ္မ မ ပြု ကြပါနှင့်။ ၂၄ အကျွန်ုပ် ၌ သမီး ကညာ ရှိပါ၏။ သူ ၏မယားငယ် လည်း ရှိပါ၏။ သူ တို့ကို ထုတ် ၍ ပေးပါမည်။ သူ တို့ကို ရွှတ်ချ ကြပါ။ အလို ရှိသည်အတိုင်း ပြု ကြပါ။ ဤ ယောကျ်ား ၌ ဤ မျှလောက်ဆိုး သောအမှု ကို မ ပြု ပါနှင့်ဟု တောင်းပန် သော်လည်း၊ ၂၅ သူတို့သည် နား မ ထောင်သောကြောင့် ၊ လေဝိလူ သည် မိမိ မယားငယ် ကို ထုတ် ၍အပ် သဖြင့် ၊ သူတို့သည် တညဉ့် လုံး အဓမ္မ ပြု၍ နံနက် တိုင်အောင် ရွှတ်ချ ပြီးမှ အာရုဏ် တက်မှ လွှတ် လိုက်ကြ၏။ ၂၆ အာရုဏ် တက်သောအခါ ၊ မိန်းမ သည် လာ ၍ မိမိ သခင် နေရာ အိမ် တံခါး ရှေ့မှာ မိုဃ်းလင်း သည် တိုင်အောင် လဲ နေ၏။ ၂၇ နံနက် အချိန်ရောက်မှ သူ ၏ သခင် သည် ထ ၍ အိမ် တံခါး ကို ဖွင့် သဖြင့် ၊ ခရီး သွား အံ့သောဘ့ါ ထွက် သောအခါ ၊ မယားငယ် သည် အိမ် တံခါး ရှေ့မှာလဲ ၍ တံခါး ခုံကို လက် တင်လျက် ရှိသည် မြင် သော်၊ ၂၈ ထ လော့။ သွား ကြကုန်အံ့ဟု ဆို သော်လည်း သူသည် ပြန် မ ပြောဘဲနေ၏။ ထိုအခါ ယောကျ်ားသည် သူ့ ကို မြည်း ပေါ် မှာ တင် သဖြင့် မိမိ နေရာ သို့ သွား လေ၏။ ၂၉ မိမိ အိမ် သို့ ရောက် သောအခါ ထား ကိုယူ ၍ မယားငယ် အကောင်ကို အရိုး နှင့်တကွဆယ် နှစ် ပိုင်း ပိုင်း ၍ ဣသရေလ ပြည် တရှောက်လုံး သို့ ပေး လိုက်လေ၏။ ၃၀ သိမြင် သောသူ အပေါင်း တို့က၊ ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တု ပြည် က ထွက် သောနေ့ မှစ၍ ယနေ့ တိုင်အောင် ဤ ကဲ့သို့ သောအမှုကို အဘယ်သူမျှမ ပြု၊ တခါမျှမ ဖြစ် စဖူး။ ဆင်ခြင် ၍ တိုင်ပင် စီရင် ကြလော့ဟု ပြောဆို ကြ၏။

၂၀ ထိုအခါ ဣသရေလ အမျိုးသားအပေါင်း တို့သည်၊ ဂိလဒ် ပြည် သားတို့နှင့်တကွ ထ လျက် ၊ ဒန် မြို့မှစ၍ ဗေရရှေဘ မြို့တိုင်အောင် ပရိသတ် အပေါင်းတို့သည် တယောက် သောသူ ကဲ့သို့ မိဇပါ မြို့၊ ထာဝရဘုရား ထံ တော်၌ စည်းဝေး ကြ၏။ ၂ ဣသရေလ အမျိုး အနွယ်အပေါင်း ၊ ပြည်သား အပေါင်း တို့၏ အကြီးအကဲတို့သည် စည်းဝေး ကြသော်၊ ဘုရား သခင်၏လူ ၊ ထား လက်နက်စွဲကိုင် သော ခြေသည် သူရဲ လေးသိန်း နှင့်တကွချဉ်းကပ် ကြ၏။ ၃ ဣသရေလ အမျိုးသားတို့သည် မိဇပါ မြို့သို့ သွား ကြောင်း ကို ဗယ်မိန် အမျိုးသားတို့သည် ကြား သိကြ၏။ ဣသရေလ အမျိုးသားတို့က၊ ထို အဓမ္မ အမှုကားအဘယ်သို့ နည်းဟု မေးမြန်း လျှင်၊ ၄ အသေ ခံရသောမိန်းမ ၏လင် လေဝိ လူ က၊ အကျွန်ုပ် သည် မယားငယ် နှင့်အတူ လာ ၍ ဗယ်မိန် ခရိုင်၊ ဂိဗာ မြို့မှာ ညဉ့် ကို လွန်စေပါ၏။ ၅ ညဉ့် အခါ ဂိဗာ မြို့သား တို့သည် ထ ၍ အကျွန်ုပ် တည်းခိုသောအိမ် ကို ဝိုင်း လျက်၊ အကျွန်ုပ် ကို တိုက်သတ် မည် အားထုတ် ကြပါ၏။ မယားငယ် သေ သည်တိုင်အောင်ရွှတ်ချ ကြပါ၏။ ၆ အကျွန်ုပ် သည်လည်း မယားငယ် အကောင်ကိုယူ ၍ အပိုင်းပိုင်းဖြတ် ပြီးမှ ၊ ဣသရေလ အမျိုး အမွေခံ ရာ ပြည် တရှောက်လုံး သို့ ပေး လိုက်ပါ၏။ အကြောင်း မူကား၊ သူတို့သည် ဣသရေလ အမျိုး၌ ဆိုးညစ် သောအမှု၊ အဓမ္မ အမှုကို ပြု ကြပါပြီ။ ၇ သင် တို့ရှိသမျှ သည် ဣသရေလ အမျိုး ဖြစ်ကြပါ၏။ ဤ အရပ်၌ တိုင်ပင် စီရင် ကြပါလော့ဟု ပြောဆို လေ၏။ ၈ လူ အပေါင်း တို့သည် တယောက် သောသူ ကဲ့သို့ ထ ၍ ငါတို့သည် တယောက်မျှ မိမိ တဲ သို့ မ သွား ၊ မိမိ အိမ် သို့ မ ပြန်။ ၉ ဂိဗာ မြို့၌ အဘယ်သို့ပြု မည်နည်း ဟူမူကား ၊ စာရေးတံ ချ၍ အတိုက်သွားမည်။ ၁၀ ဗယ်မိန် ခရိုင် ဂိဗာ မြို့သားတို့သည်၊ ဣသရေလ အမျိုးတို့ ၌ ပြု သမျှသော အဓမ္မ အမှုနှင့် ညီလျော်စွာ လူများတို့သည် ထိုမြို့သို့ရောက် ၍ အပြစ်ဒဏ်ပေးမည်အကြောင်း၊

သူ တို့စားစရိတ် ကို ပို့ စေခြင်းငှါ ကြသရေလ အမျိုး အနွယ်အပေါင်း တို့ ၌ လူ တရာ တွင် တဆယ် ၊ တထောင် တွင် တရာ ၊ တသောင်း တွင် တထောင် တို့ကို ရွေးကောက် ကြကုန်အံ့ဟု ဆို လျက်၊ ၁၁ ကြသရေလ အမျိုးသား အပေါင်း တို့သည် ဂိဗာမြို့ တဘက်၌ စည်းဝေး ၍ တယောက် သောသူ ကဲ့သို့ သင်း ဖွဲ့လျက်နေကြ၏။ ၁၂ ကြသရေလ အမျိုးသား တို့သည်၊ ဗင်္ယာမိန် ခရိုင်တရှောက်လုံး သို့ စေလွှတ် ၍၊ သင် တို့တွင် ပြု သော ဤ အဓမ္မ အမှုကား အဘယ်သို့ နည်း။ ၁၃ ယခု မှာ ဂိဗာ မြို့၌ ရှိသော ထိုအဓမ္မ လူ တို့ကို ငါတို့ယူ၍ သတ် သဖြင့် ကြသရေလ အမျိုးထဲက ဒုစရိုက် အပြစ်ကို ပယ်ရှား မည်အကြောင်းထိုလူတို့ကိုအပ် ကြပါဟု မှာ လိုက်ကြ၏။ သို့ရာတွင် ဗင်္ယာမိန် အမျိုးသားတို့သည်၊ ညီအစ်ကို ကြသရေလ အမျိုးသားတို့စကား ကို နား မ ထောင်ဘဲ၊ ၁၄ ထိုအမျိုးသားတို့ကို စစ်တိုက် ခြင်းငှါ ၊ အမြို့ မြို့အရွာရွာက ထွက် ၍ ဂိဗာ မြို့၌ စည်းဝေး ကြ၏။ ၁၅ ထိုအခါ ဂိဗာ မြို့သား ယောက်ျား ကောင်း ခုနစ် ရာ မှတပါး အမြို့ မြို့အရွာရွာက လာ သော ဗင်္ယာမိန် အမျိုးသား အရေအတွက်ကား၊ ထား လက်နက်စွဲကိုင် သောသူ နှစ်သောင်း ခြောက်ထောင်တည်း။ ၁၆ ထို လူ အပေါင်း တို့တွင် လက်ဝဲလက်ကို သုံးတတ်သဖြင့်၊ ဆံခြည် တပင်ကို လောက်လွဲနှင့်မှန်အောင် ပစ် နိုင်သော ယောက်ျား ကောင်း ခုနှစ် ရာ ပါသတည်း။ ၁၇ ဗင်္ယာမိန် အမျိုးသားမှတပါး ထား လက်နက်စွဲကိုင် ၍ စစ်သူရဲ ဖြစ်သော ကြသရေလ အမျိုးသား အရေအတွက်ကား လေးသိန်း တည်း။ ၁၈ ကြသရေလ အမျိုးသားတို့သည် ဘုရား သခင်၏ အိမ်တော်သို့ ထ ၍ သွား ပြီးလျှင် ၊ အကျွန်ုပ် တို့တွင် အဘယ်သူ သည် ဗင်္ယာမိန် အမျိုးကို အဦး ချီ သွားရပါမည်နည်းဟု ဘုရား သခင်ထံတော်၌ မေး လျှောက်ကြသော် ၊ ထာဝရဘုရား က၊ ယုဒ သည် အဦး ချီသွားရမည်ဟု မိန့် တော်မူ၏။ ၁၉ နံနက် စောစောကြသရေလ အမျိုးသားတို့သည် ထ ၍ ဂိဗာ မြို့အနား ၌ တပ်ချ ပြီးမှ၊ ၂၀ ဗင်္ယာမိန် အမျိုးသားတို့ကို တိုက် ခြင်းငှါ ချီ သွား၍ ဂိဗာ မြို့ရှေ့ မှာ စစ် ခင်းကျင်း လျက် နေကြ၏။ ၂၁ ဗင်္ယာမိန် အမျိုးသားတို့သည် ဂိဗာ မြို့ထဲက ထွက် ပြီးလျှင် ၊ ထို နေ့ တွင် ကြသရေလ လူ တသောင်း နှစ်ထောင်တို့ကို မြေ ပေါ် မှာ လဲ ၍ သတ်ကြ၏။ ၂၂ သို့ရာတွင် ကြသရေလ အမျိုးသားတို့သည် ရဲရင့် သောစိတ်ကိုယူ၍ ပဌမ နေ့ တွင် စစ်ခင်းကျင်း သော အရပ် ၌ တဖန် ခင်းကျင်း ကြ၏။ ၂၃ ထာဝရဘုရား ထံ တော်သို့ သွား ၍ ညဦး ယံတိုင်အောင် ငိုကြွေး လျက် ၊ အကျွန်ုပ် တို့ ညီ ဗင်္ယာမိန် အမျိုးသားတို့ကို တဖန် စစ်တိုက် ရပါမည်လောဟု ထာဝရဘုရား အား မေး လျှောက်သော် ၊ ထာဝရဘုရား က ချီ သွားကြလော့ဟု မိန့် တော်မူ၏။ ၂၄ ဒုတိယ နေ့ တွင် ကြသရေလ အမျိုးသားတို့သည် ဗင်္ယာမိန် အမျိုးတို့အနီးသို့ ချဉ်း ကြသောအခါ၊ ၂၅ ဗင်္ယာမိန် အမျိုးသားတို့သည် ဂိဗာ မြို့ထဲက ထွက် ပြီးလျှင် ၊ ထား လက်နက်စွဲကိုင် သော ကြသရေလ လူတသောင်း ရှစ်ထောင်တို့ကို မြေ ပေါ် ၌ လဲ ၍ သတ်ကြ၏။ ၂၆ ထိုအခါ ကြသရေလ အမျိုးသားအပေါင်း တို့သည် ဘုရား သခင်အိမ်တော်သို့သွား ၍ ငိုကြွေး လျက် ၊ ထာဝရဘုရား ထံ တော်၌ ဝပ် လျက် ၊ တနေ့ လုံး ညဦး ယံတိုင်အောင် အစာ ကို ရှောင်၍ ထာဝရဘုရား အား မီးရှို့ ရာယဇ်၊ မိသဟာယ ယဇ်တို့ကို ပူဇော် ကြ၏။ ၂၇ ထို ကာလ ၌ ဘုရား သခင်၏ ပဋိညာဉ် သေတ္တာ တော်ပါလျက်၊ အာရုန် ၏သား ဖြစ်သော ဧလာဇာ ၏ သား ဖိနဟတ် သည်၊ သေတ္တာ တော်ရှေ့ မှာ အမှု စောင့်သည် ဖြစ်၍၊ ၂၈ ကြသရေလ အမျိုးသားတို့က၊ အကျွန်ုပ် တို့ ညီ

ဗယ်ာမိန် အမျိုးသား တို့ကို တဖန် သွား ၍ တိုက်ရပါမည်လော၊ မ သွားဘဲနေရပါမည်လောဟု ထာဝရဘုရား အား မေး လျှောက်သော် ၊ ထာဝရဘုရား က သွား ကြလော့။ နက်ဖြန် နေ့တွင် သူ တို့ကို သင် တို့လက် ၌ ငါအပ် မည်ဟု မိန့် တော်မူ၏။ ၂၉ ဣသရေလ အမျိုးသားတို့သည် ဂိဗာ မြို့ပတ်လည် ၌ ကင်းစောင့် လူတို့ကို ထား ပြီးမှ၊ ၃၀ တတိယ နေ့ တွင် ဗယ်ာမိန် အမျိုးသားတို့ရှိရာသို့ ချီ သွား၍ ၊ ယမန် ကဲ့သို့ ဂိဗာ မြို့အနား၌ စစ် ခင်းကျင်းလျက် နေကြ၏။ ၃၁ ဗယ်ာမိန် အမျိုးသားတို့သည် အတိုက်ထွက် ၍ မြို့ နှင့် ကွာ သွားကြ၏။ ဗေသလ မြို့သို့ သွား သောလမ်း ၊ ဂိဗာ တောရွာသို့ သွားသောလမ်းတွင် ယမန် ကဲ့သို့ ဣသရေလ အမျိုးသူရဲတို့ကို လုပ်ကြံ စ ပြု၍ လူ သုံးဆယ် ခန့် မျှ သေ ကြ၏။ ၃၂ ဗယ်ာမိန် အမျိုးသားတို့က၊ သူ တို့သည် ယမန် ကဲ့သို့ ငါ တို့ရှေ့မှာ ရှုံး ကြပြီဟု ဆို သော်လည်း ၊ ဣသရေလ အမျိုးသားတို့က ပြေး ကြကုန်အံ့၊ သူ တို့ကို မြို့ နှင့် ဝေးသော လမ်း တို့သို့ သွေးဆောင်ကြကုန်အံ့ဟု ဆို လျက်၊ ၃၃ ဣသရေလ လူအပေါင်း တို့သည် မိမိ တို့ နေရာ အရပ်မှ ထ ၍ ဗာလတာမာ မြို့၌ စစ်ခင်း ကြ၏။ ကင်းစောင့် လျက်နေသော ဣသရေလ လူတို့သည်လည်း မိမိ တို့နေရာ ဂိဗာ လွင်ပြင် မှ ထ ကြသဖြင့်၊ ၃၄ ဣသရေလ အမျိုးသားယောကျ်ား ကောင်း တသောင်း တို့သည် ဂိဗာ မြို့သို့ ချီ လာ၍ ၊ ဗယ်ာမိန် အမျိုးသားတို့သည် ဘေး ရောက် လုနီးသည်ကို မ ရိပ်မိ သောကြောင့်၊ ကျပ်တည်း စွာ ဆီး၍ တိုက် ကြ၏။ ၃၅ ထိုအခါ ထာဝရဘုရား သည် ဗယ်ာမိန် လူတို့ကို ဣသရေလ လူတို့ရှေ့မှာ ရှုံး စေတော်မူသဖြင့် ၊ ထို နေ့ တွင် ဣသရေလ လူတို့သည် ထား လက်နက်စွဲကိုင် သော ဗယ်ာမိန် လူ နှစ်သောင်း ငါးထောင်တရာ တို့ကို ပယ်ရှင်း ကြ၏။ ၃၆ ဗယ်ာမိန် အမျိုးသားတို့သည် မိမိတို့ ရှုံး သည်ကို သိမြင် ကြ၏။ ဣသရေ လူ တို့သည်၊ ဂိဗာ မြို့အနား၌ ထား သော ကင်း တပ်ကို ကိုးစား သောကြောင့် ၊ အစက ဗယ်ာမိန် လူတို့ရှေ့မှာ ဆုတ် ကြ၏။ ၃၇ ကင်း တပ်သားတို့သည် ဂိဗာ မြို့သို့ တဟုန်တည်း ပြေး ဝင်၍ အနှံ့အပြားတိုက် သဖြင့် တမြို့ လုံး ကို ထား နှင့် လုပ်ကြံ ကြ၏။ ၃၈ မြို့ ထဲမှာ ကြီးစွာ သော မီးခိုး တက် စေရမည်အကြောင်း ဣသရေလ လူ တို့သည် ကင်း စောင့်လူတို့အား အကြံ ပေးနှင့်ကြပြီဖြစ်၍၊ ၃၉ ဣသရေလ လူ တို့သည် စစ်တိုက် ရာတွင် ဆုတ် သောအခါ၊ ဗယ်ာမိန် လူတို့က၊ အကယ်၍သူတို့သည် ယမန် စစ် ရှုံး သကဲ့သို့ ငါ တို့ရှေ့မှာ ရှုံး ကြပြီဟု ဆို လျက် သူရဲတို့ကို လုပ်ကြံ စ ပြု၍ လူ သုံးဆယ် ခန့် မျှ သေ ကြ၏။ ၄၀ တဖန် မီးလောင်၍ ထူထပ် သော မီးခိုး သည် မြို့ ထဲမှာ တက် စ ရှိသောအခါ ၊ ဗယ်ာမိန် လူတို့သည် ပြန် ကြည့်၍ မြို့ ကိုလောင်သော မီးလျှံသည် မိုဃ်းကောင်းကင် သို့ တက် သည်ကို မြင် ကြ၍၊ ၄၁ ဣသရေလ လူ တို့သည် လှည့် ၍ ပြန်သောအခါ ၊ ဗယ်ာမိန် လူ တို့သည် ဘေး ရောက် ကြောင်း ကို သိမြင် လျှင်၊ ၄၂ မိန်းမော တွေဝေ၍ ဣသရေလ လူ တို့ရှေ့မှာ တော လမ်း သို့ ပြေး သော်လည်း ၊ စစ်တိုက် လိုက် လာသောသူတို့သည် မှီသဖြင့် ပြေးသောသူတို့ကိုငင်း၊ မြို့ ရွာများထဲက ထွက်လာသောသူတို့ကိုငင်း၊ တပြိုင်နက်ဖျက်ဆီး ကြ၏။ ၄၃ ဗယ်ာမိန် လူတို့ကို ဝိုင်း လျက်လိုက် လျက်၊ နုခါရွာမှစ၍နေ ထွက် ရာဘက် ၊ ဂိဗာ မြို့အနား တိုင်အောင် နှိပ် နင်းကြ၏။ ၄၄ ထိုအခါ ဗယ်ာမိန် သူရဲ တသောင်း ရှစ်ထောင်တို့သည် လဲ ၍ သေကြ၏။ ၄၅ ကြွင်းသောသူတို့သည် လှည့် ၍ တော အရပ် ရိမ္မုန် ကျောက် သို့ ပြေး ကြစဉ်တွင်၊ လိုက်သောသူတို့သည် လူ ငါး ထောင် တို့ကို လမ်း မှာ ဖမ်း

မိကြ၏။ ဂိဒုံ မြို့တိုင်အောင် အပြင်းလိုက် ၍ လူ နှစ်ထောင် တို့ကိုလည်း သတ် ကြ၏။ ၄၆ ထို နေ့ တွင် လဲ ၍ သေသော ဗယ်ာမိန် ထား စွဲ သူရဲ တို့အရေအတွက်ကား၊ နှစ်သောင်း ငါးထောင်တည်း။ ၄၇ လူ ခြောက် ရာ တို့သည် လှည့် ၍ တော အရပ်ရိမ္မုန် ကျောက် ကို မှီအောင်ပြေး သဖြင့် ၊ ထိုကျောက် အောက်မှာ လေး လ နေ ကြ၏။ ၄၈ ကလသရေလ လူ တို့သည် တဖန် လှည့် ၍ ၊ ဗယ်ာမိန် အမျိုးသား တို့ကို တိုက်လျက် မြို့ ရွာ၌ ရှိသောလူ ၊ တိရစ္ဆာန် တွေ့ သမျှ တို့ကို ထား နှင့် လုပ်ကြံ ၍၊ တွေ့ သမျှ သောမြို့ ရွာတို့ကို မီး ရို့ ကြ၏။

၂၁ ကလသရေလ အမျိုးသား တို့သည် အဘယ်သူ မျှမိမိ သမီး ကို ဗယ်ာမိန် အမျိုးသား၌ မ ပေးစား ရမည်အကြောင်း၊ မိဇပါ မြို့မှာ ကျိန်ဆို ခြင်းကို ပြုနှင့်ကြပြီ။ ၂ လူ များတို့သည် ဘုရားသခင့် အိမ်တော်သို့ လာ ၍ ဘုရား သခင့် ရှေ့တော်၌ ည ဦးတိုင်အောင် နေ လျက် ၊ အသံ ကို လွှင့် ၍ ငိုကြွေး လျက်၊ ၃ အိုကလသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ၊ ကလသရေလ အမျိုး အနွယ်တို့တွင် ယနေ့ တမျိုး ချို့တဲ့ ရသောအမှု သည် အဘယ်ကြောင့် ဖြစ် ရပါသနည်းဟု လျှောက် ဆိုကြ၏။ ၄ နက်ဖြန် နံနက်စောစောလူ များတို့သည် ထ ပြီးလျှင် ၊ ယဇ် ပလ္လင်ကိုတည် ၍ မီးရို့ ရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော် ကြ၏။ ၅ ကလသရေလ အမျိုးသား တို့ကလည်း ၊ ကလသရေလ အမျိုး အနွယ်အပေါင်း တို့တွင် အဘယ်သူ သည် ပရိသတ် အပေါင်းနှင့်အတူထာဝရဘုရား ထံ တော်သို့ မ လာ ဘဲနေသနည်းဟုမေး ကြ၏။ အကြောင်း မူကား၊ မိဇပါ မြို့ထာဝရဘုရား ထံ တော်သို့ မ လာ ဘဲနေသောသူ သည် ဇကန်အမှန် အသေ သတ်ခြင်းကိုခံစေဟု ကြီးစွာ သော ကျိန်ဆို ခြင်းကိုပြု နှင့်ကြပြီ။ ၆ ကလသရေလ အမျိုးသား တို့သည်လည်း ၊ ညီ ဗယ်ာမိန် အတွက် နောင်တရ လျက် ၊ ကလသရေလ အမျိုး အနွယ်တို့တွင် ယနေ့ တမျိုး ဆုံး ပြီ။ ၇ ငါ တို့သည် ကိုယ် သမီး ကို သူ တို့အား မ ပေးစား ရမည်အကြောင်း ၊ ထာဝရဘုရား ကို တိုင်တည်၍ ကျိန်ဆို သောကြောင့် ၊ ကျန် ကြွင်းသောသူတို့အဘို့ မိန်းမ တို့ကို အဘယ်သို့ ရ နိုင်သနည်းဟူ၍ဝင်း၊ ၈ ကလသရေလ အမျိုး အနွယ်တို့တွင် အဘယ်သူ သည် မိဇပါ မြို့ ထာဝရဘုရား ထံ တော်သို့ မ လာ ဘဲ နေသနည်းဟူ၍ဝင်း မေးမြန်း လျှင် ၊ ဂိလဒ် ပြည်ယာဗက်မြို့သားတယောက် မျှ စုဝေး ရာ တပ် သို့ မ ရောက် မလာကြောင်းကို သိ ကြ၏။ ၉ လူ များတို့ကို ရေတွက် သောအခါ ၊ ဂိလဒ် ပြည်ယာဗက်မြို့သား တယောက် မျှ မပါ။ ၁၀ ထိုအခါ စုဝေး သောသူတို့သည် စစ်သူရဲ တသောင်း နှစ်ထောင်တို့ကို စေလွှတ် လျက် ၊ သင်တို့သည် သွား ၍ ဂိလဒ် ပြည် ယာဗက်မြို့သား ယောကျ်ား မိန်းမ သူငယ် တို့ကို ထား နှင့် လုပ်ကြံ ကြလော့။ ၁၁ သို့ဆိုသော်၊ ယောကျ်ား အပေါင်း ကိုငင်း ၊ ယောကျ်ား နှင့်ဆက်ဆံ သော မိန်းမ အပေါင်း ကိုငင်း၊ ရှင်းရှင်းပယ်ရှား ကြလော့ဟု မှာ ထားသည်အတိုင်း၊ ၁၂ စစ်သူရဲတို့သည် ဂိလဒ် ပြည် ယာဗက်မြို့သား တို့တွင် ၊ ယောကျ်ား နှင့် မ ဆက်ဆံ သေးသော ကညာ မိန်းမ အပျိုလေး ရာ တို့ကို တွေ့ ၍ ခါနာန် ပြည် ၌ တပ် ချရာ၊ ရှိလော မြို့သို့ ဆောင် ခဲ့ကြ၏။ ၁၃ တဖန် စုဝေး သော သူအပေါင်း တို့သည်၊ ရိမ္မုန် ကျောက် ၌ နေသော ဗယ်ာမိန်လူ တို့ကို နှုတ်ဆက် ၍ အသင့်အတင့် ခေါ် ခြင်းငှါ လူတို့ကို စေလွှတ် ကြ၏။ ၁၄ ထိုအခါ ဗယ်ာမိန် လူတို့သည် လာ ပြန်၍ ၊ ကလသရေလလူတို့သည် အရှင် ချန်ထားသော ဂိလဒ် ပြည် ယာဗက်မြို့သူ မိန်းမ တို့နှင့် ပေးစား ကြ၏။ သို့သော်လည်း မိန်းမတို့သည် မ လောက်

မကြေ။ ၁၅ ထိုသို့ ထာဝရဘုရား သည် ဣသရေလ အမျိုး အနွယ်တို့တွင် ပြိုပျက် ရာကို ပြု တော်မူသောကြောင့် ၊ ဣသရေလလူ တို့သည် ဗယ်မိန် အတွက် နောင်တရ ကြ၏။ ၁၆ စုဝေးရာ ပရိသတ် အသက်ကြီး သူတို့ကလည်း ၊ ဗယ်မိန် အမျိုးထဲက မိန်းမ တို့ကို ပယ်ရှင်း သောကြောင့် ၊ ကျန် ကြွင်းသောသူတို့ အဘို့ မိန်းမ တို့ကို အဘယ်သို့ ရ နိုင်သနည်းဟူ၍ဆင်း၊ ၁၇ ဣသရေလ အမျိုး တို့တွင် တမျိုးကို မ ပျောက် စေခြင်းငှါ သေ ဘေးမှ လွှတ်သော ဗယ်မိန် လူတို့ အမွေခံ စရာမြေရှိရမည်။ ၁၈ သို့သော်လည်းအကြင်သူသည် ဗယ်မိန် လူ၌ သမီးကို ပေးစား ၏။ ထိုသူသည် ကျိန် အပ်သောသူဖြစ်စေဟုဣသရေလ လူ တို့သည် ကျိန်ဆို ခြင်းကို ပြုသောကြောင့် ငါ တို့သည် ကိုယ် သမီး တို့ကို မ ပေးစား ရ ဟူ၍ဆင်း၊ ၁၉ ဗေသလ မြို့ မြောက် ဘက်၊ ဗေသလ မြို့မှ ရှေခင် မြို့သို့ သွား သောလမ်း အရှေ့ဘက်၊ လေဗောန မြို့တောင် ဘက်၊ ရှိလော မြို့နယ်တွင် ထာဝရဘုရား အဘို့ နှစ် စဉ်ပွဲ ခံတတ်သည်ဟူ၍ဆင်း၊ တိုင်ပင်ကြသည်နှင့်အညီ ၂၀ ဗယ်မိန် လူ တို့ကို ခေါ် ၍ သင်တို့သည် သွား ကြလော့။ စပျစ် ဥယျာဉ်တို့ ၌ ချောင်းမြောင်း လျက်နေကြလော့။ ရှိလော မြို့သမီး တို့သည် ပွဲခံအံ့သောငှါ က လျက်လာ ကြသောအခါ၊ ၂၁ စပျစ် ဥယျာဉ်ထဲက ထွက် ပြီးလျှင် ၊ ထိုမြို့သမီး တို့ကို အသီးအသီး ကိုယ် မယား ဖြစ်စေဘို့ ဘမ်းဆီး ၍ ဗယ်မိန် ပြည် သို့ ဆောင် သွားကြလော့။ ၂၂ သူ တို့အဘ နှင့်မောင် တို့သည် ငါ တို့ထံ သို့လာ ၍ အမှု လုပ်သောအခါ ၊ ငါတို့က ငါ တို့မျက်နှာကို ထောက်၍ သူ တို့ကို သနား ကြပါ။ စစ်တိုက် ရာတွင် သူ တို့ အသီးအသီးဆိုင်သော မယား တို့ကို သူတို့ အဘို့ ငါတို့သည် မ ချန် မထားမိပါ။ သင်တို့ ၌ အပြစ် ရောက်စေခြင်းငှါ ယခုပေးစား ကြသည် မ ဟုတ်ဟု သူ တို့အား ပြန်ပြော မည်ဟု မှာ ထားကြသည်အတိုင်း၊ ၂၃ ဗယ်မိန် လူ တို့သည်ပြု ၍ ပွဲခံလျက်က သော မိန်းမတို့ကို ကိုယ် အရေအတွက် အတိုင်း မယားဖြစ်ဘို့ရာ ဘမ်းဆီး ၍ ယူ သွားကြ၏။ ကိုယ် အမွေခံ ရာမြေသို့ ပြန် ရောက်ပြီးလျှင် ၊ မြို့ တို့ကို အသစ် ပြင်ဆင်၍ နေ ကြ၏။ ၂၄ ထိုအခါ ဣသရေလ လူ အပေါင်းတို့သည်လည်း ကိုယ် အမျိုး ၊ ကိုယ် အဆွေ နေရာ ကိုယ် အမွေခံ ရာမြေ သို့ ပြန် သွားကြ၏။ ၂၅ ထို ကာလ ၌ ဣသရေလ ရှင်ဘုရင် မ ရှိ၊ လူ တိုင်း မိမိ စိတ်အလို ရှိသည်အတိုင်း ပြု သတည်း။

၁ တရား သူကြီးအုပ်စိုး သောကာလ ၊ တရံရောအခါ ဣသရေလပြည် ၌ အစာအာဟာရခေါင်းပါး ၍ ယုဒ ပြည် ဗက်လင် မြို့သား တယောက်သည်၊ မယား နှင့် သား နှစ် ယောက်ပါလျက် မောဘ ပြည် ၌ တည်းခို ခြင်းငှါ သွား ၏။ ၂ ထိုသူ ၏အမည် ကား ဧလိမလက်။ မယား အမည် ကား နောမိ။ သား နှစ် ယောက်အမည် ကား မဟာလုန် နှင့် ခိလျုန် တည်း။ သူတို့သည် ယုဒ ပြည်၊ ဗက်လင် မြို့၊ ဧဖရတ် အရပ်သားဖြစ်လျက် ၊ မောဘ ပြည် သို့သွား ၍ နေ ကြ၏။ ၃ နောမိ ၏ခင်ပွန်း ဧလိမလက် သည်သေ ၍ မယား နှင့် သား နှစ် ယောက်တို့သည် ကျန်ရစ် ကြ၏။ ၄ သားတို့သည်မောဘ ပြည်သူသြရပ နှင့် ရုသ အမည် ရှိသောမိန်းမ နှစ်ယောက်တို့နှင့် စုံဘက် ခြင်းကိုပြု၍ ၊ ထို ပြည်မှာ ဆယ် နှစ် ခန့် မျှနေ ပြီးမှ၊ ၅ ထိုသား နှစ် ယောက် မဟာလုန် နှင့် ခိလျုန် တို့သည် သေ ၍ နောမိ သည်သား မရှိ ၊ ခင်ပွန်း လည်း မရှိ ကျန်ရစ် လေ၏။ ၆ တဖန် ထာဝရဘုရား သည်မိမိ လူ တို့ကိုအကြည့် အရှုကြွ၍ မုန့် ကိုပေး သနားတော်မူကြောင်းကို ထိုမိန်းမသည် မောဘ ပြည် ၌ ကြား သောအခါ ၊ မောဘ ပြည် မှ ပြန် သွားမည်ဟု ချေးမ နှစ်ယောက်နှင့်အတူ ထ ၍၊ ၇ တည်းခိုရာအရပ် က ထွက် ပြီးလျှင် ယုဒ ပြည် သို့ ရောက် လိုသောငှါ သွား ကြ၏။ ၈ သို့ရာတွင် ချေးမ နှစ် ယောက်တို့အား ၊ သင်တို့သည် ကိုယ်အမိ အိမ် သို့ ပြန် သွား ကြလော့။ သေလွန် သောသူ၌ ၎င်း၊ ငါ ၌ ၎င်း ၊ ကျေးဇူးပြု သည်နှင့်အညီ ၊ ထာဝရဘုရား သည် သင် တို့ ၌ ကျေးဇူး ပြု တော်မူပါစေသော။ ၉ သင် တို့နှစ်ယောက်သည် နောက်ရသောလင် အိမ် ၌ချမ်းသာ စွာနေရမည်အကြောင်းထာဝရဘုရား ကယ်မ သနားတော်မူပါစေသောဟုဆိုလျက် သူ တို့ကို နမ်း လေ၏။ သူတို့သည်လည်း ၊ အသံ ကိုလွှင့် ၍ ငိုကြွေး လျက်၊ ၁၀ အကယ် စင်စစ်အကျွန်ုပ်တို့သည် ကိုယ်တော် နှင့်အတူ ၊ ကိုယ်တော် ၏ အမျိုး ထံ သို့လိုက်သွား ပါမည်ဟု ဆို ကြ၏။ ၁၁ နောမိ ကလည်း ၊ ငါ့ သမီး တို့ ပြန် သွားကြလော့။ ငါ နှင့်အတူ အဘယ်ကြောင့် လိုက် ရမည်နည်း။ သင် တို့လင် လျှာဘို့ ငါ ၏ဝမ်း ၌ သား ရှိသေးသလော။ ၁၂ ငါ့ သမီး တို့ ပြန် သွားကြလော့။ ငါသည်အသက် အရွယ်လွန်၍လင် နှင့် မနေ သင့်။ သို့မဟုတ်မြော်လင့် စရာရှိသေးသည်ဟုငါဆို လျှင် ၎င်း၊ ယနေ့ည မှာလင် နေလျှင်၎င်း၊ သား တို့ကိုလည်း ဘွားမြင် လျှင်၎င်း၊ ၁၃ ထိုသားတို့သည်ကြီးပွား သည်တိုင်အောင် ငံ့ နေလိမ့်မည်လော။ လင်မနေဘဲသူတို့ကို မြော်လင့်လိမ့်မည်လော။ ငါ့ သမီး တို့ထိုသို့မ ဖြစ် ရ။ ထာဝရဘုရား လက် တော်သည် ငါ ၌ ကန့်လန့် ရှိသည်ကို သင် တို့အတွက် ငါအလွန်ကြင်နာသောစိတ် ရှိသည်ဟုဆိုလေသော်၊ ၁၄ သူတို့သည်တဖန် အသံ ကိုလွှင့် ၍ ငိုကြွေး ကြ၏။ ထိုအခါ သြရပ သည်ယောကျ်ခမ ကို နမ်း ၍မိမိအမျိုးသားတို့ထံသွားသို့ ပြန်သွား၏။ ရုသ မူကား ၊ ယောကျ်ခမ ၌ မှီဝဲ ဆည်းကပ်လျက်နေသေး၏။ ၁၅ နောမိကလည်း၊ သင့် အစ်မ သည်အမျိုးသား ရင်းဘုရား ရင်းတို့ထံ သို့ ပြန် သွားပြီ။ အစ်မ နောက် သို့ လိုက်သွား ပါဟုဆို သော်၊ ၁၆ ရုသ က၊ ကျွန်မ သည် ကိုယ်တော် ကို မစွန့် ပါရစေနှင့်။ နောက် တော်သို့မလိုက်ဘဲ ပြန် သွားစေခြင်းငှါ မ ပြု ပါနှင့်။ ကိုယ်တော်သွား လေရာရာသို့ ကျွန်မလိုက် ပါမည်။ ကိုယ်တော်အိပ် လေရာရာ၌ ကျွန်မအိပ် ပါမည်။ ကိုယ်တော် အမျိုး သည် ကျွန်မ အမျိုး ၊ ကိုယ်တော် ဘုရား သည်ကျွန်မ ဘုရား

ဖြစ်ပါစေ။ ၁၇ ကိုယ်တော်သေ ရာအရပ်၌ ကျွန်မသေ ၍ သင်္ဂြိဟ် ခံပါမည်။ သေ ခြင်းမှတပါး ၊ အခြားသောအမှုကြောင့် ကိုယ်တော် နှင့် ကျွန်မ ကွာ လျှင်၊ ထာဝရဘုရား သည် ကျွန်မ ၌ ထို မျှမကပြု တော်မူ ပါစေသောဟုပြန်ဆို၏။ ၁၈ ရှုသ သည်လိုက် ခြင်းငှါ ခိုင်ခံ့ သောစိတ်ရှိသည်ကို နောမိသည်သိမြင် သော်တိတ်ဆိတ် စွာနေလေ၏။ ၁၉ ထိုသူ နှစ် ယောက်တို့သည်ခရီးသွား ၍ဗက်လင် မြို့သို့ရောက် သောအခါ ၊ တမြို့လုံး အုတ်အုတ် ကျက်ကျက်ဖြစ်၍၊ ဤ သူကားနောမိ ဟုတ်သလောဟုမေး ကြ၏။ ၂၀ သူကလည်းနောမိ ဟူ၍မ ခေါ် ပါနှင့်။ မာရ ဟူ၍ခေါ် ပါ။ အနန္တ တန်ခိုးရှင်သည် ငါ့ အား အလွန် ခါး သောအရာကိုပေးတော်မူပြီ။ ၂၁ ငါ သည်ကြွယ်ဝ ပြည့်စုံလျက်ထွက်သွား ၏။ ယခုမူကား ဆင်းရဲ လျက် တကိုယ်တည်းရှိမှ၊ ထာဝရဘုရား သည် ငါ့ ကိုပို့ ပြန် တော်မူပြီ။ ထာဝရဘုရား သည် ငါ့ ကို နှိမ့်ချ၍ အနန္တ တန်ခိုးရှင်သည် ငါ့ ကို ဆင်းရဲ စေတော်မူသည်ဖြစ်၍၊ နောမိ အမည်ဖြင့် အဘယ်ကြောင့် ငါ့ ကို ခေါ် ကြသနည်းဟု ပြန်ပြော ၏။ ၂၂ ထိုသို့ မောဘ ပြည် မှ လိုက်လာ သောမောဘ ပြည်သူချွေးမ ရုသ နှင့်အတူ နောမိ သည်ပြန် လာ၍ ၊ မုယော စပါးကိုရိတ် စ ကာလ၌ ဗက်လင် မြို့သို့ရောက် ကြ၏။

J နောမိ ၏လင် ဧလိမလက် ၏ အဆွေ အမျိုးတွင် အလွန်ရတတ်သောပေါက်ဘော် တယောက်ရှိ၏။ သူ ၏အမည် ကား ဗောဇ တည်း။ ၂ မောဘ ပြည်သူရုသ က၊ ကျွန်မသည် လယ်ပြင် သို့သွား ၍ စိတ်နှင့်တွေ့ သောသူ နောက် မှာစပါးကျန်ကို ကောက် ပါရစေဟု နောမိ ၌ အခွင့် ပန်လျှင် ၊ နောမိက၊ သွား တော့ငါ့ သမီး ဟုဆို ၏။ ၃ ရုသသည်သွား ၍ စပါး ရိတ်သောသူတို့နောက် မှာ၊ စပါးကျန်ကို ကောက် သည်တွင်၊ ဧလိမလက် ၏ အဆွေ အမျိုးဗောဇ ပိုင်သောလယ် ၌ အမှတ်တမဲ့နေရာ ကျ၏။ ၄ ထိုအခါ ဗောဇ သည် ဗက်လင် မြို့က လာ ၍ ၊ ထာဝရဘုရား သည်သင် တို့နှင့်အတူ ရှိတော်မူပါစေသောဟု ရိတ် သောသူတို့အား ဆို လျှင်၊ သူတို့က၊ ကိုယ်တော် ကိုထာဝရဘုရား ကောင်းကြီး ပေးတော်မူပါစေသောဟု ပြန်ပြော ကြ၏။ ၅ ဗောဇ ကလည်း ၊ ထို မိန်းမ ငယ်သည် အဘယ် သူနှင့် ဆိုင်သနည်းဟု လယ် ခေါင်းအား မေး သော်၊ ၆ လယ်ခေါင်းက၊ မောဘ ပြည် မှ နောမိ နှင့်အတူ လိုက်လာ သောမောဘ အမျိုးသမီး ဖြစ်ပါ၏။ ၇ သူကလည်း၊ ကျွန်မသည် စပါး ရိတ်သောသူတို့နောက် ၌ ကောက်လှိုင်းစုထဲမှာ ကျန်သော စပါးကို ကောက် သိမ်းပါရစေဟု အခွင့်တောင်းလျက်ဝင်သဖြင့်၊ နံနက် မှစ၍ ယခု ခဏ တဲ ၌နေ သောအချိန် တိုင်အောင် လုပ်နေပါပြီဟုပြောဆို လျှင်၊ ၈ ဗောဇ သည် ရုသ ကို ခေါ် ၍ ၊ နားထောင် ပါ၊ ငါ့ သမီး။ အခြား သောလယ် သို့ သွား ၍စပါးကျန်ကို မ ကောက် နှင့်။ ဤ အရပ်က မ ထွက် ဘဲ၊ ငါ့ ကျွန် မတို့ ၌ မှီဝဲ လျက်နေတော့။ ၉ သူတို့ရိတ် သောလယ် ကွက်ကို ကြည့် မှတ်၍ သူ တို့နောက် ၌ လိုက် လော့။ လုလင် တို့သည်သင့် ကို မ နှောင့်ရှက် ရမည်အကြောင်း ငါမှာ ထားပြီ။ ရေ တပ်သောအခါ ၊ အိုး ထားရာသို့ သွား ၍ လုလင် ခပ် သောရေကို သောက် တော့ဟုဆိုလေသော်၊ ၁၀ ရုသသည်မြေ ပေါ် မှာဦးချ ပြပ်ဝပ် လျက် ၊ ကျွန်မ သည်တပါး အမျိုးသားဖြစ်၍ကိုယ်တော် သည် ကျွန်မ ကို သိမှတ် မည်အကြောင်း၊ အဘယ်သို့ စိတ် တော်နှင့်တွေ့ရပါသနည်းဟုလျှောက် လေ၏။ ၁၁ ဗောဇ ကလည်း ၊ သင် ၏လင် သေ သောနောက် ၊ သင် သည်ယောကျ္ခမ အားပြုစု သမျှ ကိုငင်း၊ သင်သည်မိဘ နှင့် မွေးဘွား ရာဌာနပြည်

ကိုစွန့် ၍ အထက် က မ သိ ဘူးသောပြည် သို့ လာ ကြောင်းကိုဂင်း ၊ ငါ့ အား သေချာစွာပြော ကြပြီ။ ၁၂ သင့် အမှု ၏အကျိုး ကိုထာဝရဘုရား ပေး တော်မူပါစေသော။ သင်သည်အတောင် တော်အောက် ၌ ခိုလှုံ ခြင်းငှါ ချဉ်းကပ် သော ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည် စုံလင် သောဆုကို ချတော်မူပါစေသောဟု ဆိုသော်၊ ၁၃ ရုသကလည်း၊ သခင်ကျွန်မသည် ရှေ့ တော်၌ မျက်နှာ ရပါစေ။ ကျွန်မ သည်ကိုယ်တော် ကျွန် မတို့နှင့် မ တူသော်လည်း ၊ ကိုယ်တော်သည် လောကဝတ် စကားကို ပြော ၍ ကျွန်မ ကို နှစ်သိမ့် စေပါပြီဟု လျှောက် လေ၏။ ၁၄ ဗောဇ ကလည်း ၊ စားသောက် သောအချိန် ရှိပြီ။ လာ ၍ မုန့် ကို စား လော့။ ပုံးရည် ၌ စားစရာကို နှစ် လော့ဟု ခေါ် ဆိုသည်အတိုင်း၊ ရုသသည် စပါး ရိတ်သောသူတို့နှင့်အတူထိုင် လျှင် ၊ ဗောဇသည် ပေါက်ပေါက် ကို လှမ်း၍ ပေး သဖြင့် ၊ သူသည် ဝ စွာစား ပြီးမှ ချန် ထားသေး၏။ ၁၅ စပါးကျန်ကို ကောက် ခြင်းငှါ ထ သွားသောအခါ ၊ ဗောဇ သည်လုလင် တို့အား ၊ ထိုမိန်းမသည် ကောက်လိုင်းစု ထဲမှာ ကျန်သောစပါးကိုကောက်သိမ်း ပါစေ၊ အရှက် မ ခွဲကြနှင့်။ ၁၆ ရိတ်ပြီးသောစပါးအချို့ကိုလည်း သူ အတို့ ချ ထားလော့။ ကောက် ယူပါစေ။ အပြစ် မ တင်ကြနှင့်ဟု မှာထား၏။ ၁၇ ရုသသည်ထိုလယ် ၌ ညဦး တိုင်အောင် စပါးကျန်ကိုကောက် ၍ ရသောစပါးကိုနယ် ပြီးလျှင် မုယော ဆန်တဖာ ခန့် မျှရှိ ၏။ ၁၈ ထိုဆန်ကိုယူ ၍ မြို့ ထဲသို့ ဝင် သဖြင့် ၊ ကောက် ၍ရသောဆန်ကိုလည်း ယောကျ်ားမ အား ပြ ၏။ ဝ စွာစားပြီးမှချန် ထားသော အရာ ကိုလည်း ထုတ် ၍ ပေးသေး၏။ ၁၉ ယောကျ်ားမ ကလည်း ၊ ယနေ့ အဘယ်မှာ စပါးကျန်ကိုကောက် သနည်း။ အဘယ်မှာ လုပ် သနည်း။ သင် သိမှတ် သောသူသည်မင်္ဂလာ ရှိ ပါစေသောဟု မြွက်ဆို လျှင်၊ ရုသက ယနေ့ ကျွန်မလုပ် သောသူ ၏အမည် ကား၊ ဗောဇ ဖြစ်ပါသည်ဟုယောကျ်ားမ အား ကြား ပြောသော်။ ၂၀ ယောကျ်ားမက၊ အသက် ရှင်သောသူ၊ သေ သောသူတို့ ၌ ကျေးဇူး မ ပြတ် ပြုတော်မူသေးသောထာဝရဘုရား သည် သူ့ ကိုကောင်းကြီး ပေးတော်မူပါစေသောဟူ၍ဂင်း၊ ထိုသူ သည် ငါ တို့နှင့်ပေါက်ဘော်တော်သောသူ၊ နီးစပ်သော အမျိုးသားချင်းအဝင်ဖြစ်သည်ဟူ၍ဂင်း၊ ချွေးမ အား ပြောဆို ၏။ ၂၁ ထိုသူက၊ ငါ့စပါး ရိတ်ခြင်းအမှု မပြီး မှီတိုင်အောင် ၊ ငါ့ လူ တို့ ၌ မှီဝဲ လျက်နေတော့ဟု ဆိုကြောင်းကိုလည်း မောဘ အမျိုးသမီးရုသ သည် ကြားပြော သော်၊ ၂၂ နောမိ က၊ ငါ့ သမီး ၊ သင်သည် သူ ၏ကျွန် မတို့နှင့် ပေါင်းဘော်ကောင်း၏။ အခြား သောလယ် ၌ သူတို့သည် သင့် ကို မတွေ့စေကောင်းဟု၊ ချွေးမ ရုသ အား ပြော သည်အတိုင်း၊ ၂၃ သူသည် မုယော စပါး၊ ဂျုံ စပါးရိတ် ခြင်းအမှု ပြီး သည်တိုင်အောင် ဗောဇ ၏ ကျွန် မတို့၌ မှီဝဲ လျက် ၊ စပါးကျန်ကိုကောက် ၍ ယောကျ်ားမ ထံ မှာနေ လေ၏။

၃ တဖန် ယောကျ်ားမ နောမိ က၊ ငါ့ သမီး ၊ သင့် ကိုချမ်းသာ စေခြင်းငှါ ငြိမ်ဝပ် ရာအရပ် ကို သင့် အတို့ ငါမ ရှာ ရသလော။ ၂ သင်ပေါင်းဘော်သော ကျွန် မတို့၏သခင်ဗောဇ သည် ငါ တို့ပေါက်ဘော် ဖြစ်သည်မ ဟုတ်လော။ ယနေ့ည မှာ ကောက်နယ်တလင်း ၌ မုယော စပါးကိုလှော် လျက်နေ၏။ ၃ သင် သည်ရေချိုးခြင်း၊ ဆီလိမ်း ခြင်း၊ အဝတ် တန်ဆာ ဆင်ခြင်းကိုပြုပြီးလျှင် ကောက်နယ်တလင်း သို့ သွား တော့။ သူသည်စား သောက် ခြင်း အမှုကို မ ပြီး မှီကိုယ် ကို မ ပြနှင့်။ ၄ သူ အိပ် သောအခါ ၊ အိပ် ရာအရပ် ကိုမှတ် ပြီးမှ ဝင် ၍ သူ့ ခြေ ၌ဖုံးသော အဝတ်ကိုဖွင့် ပြီးလျှင် အိပ်

တော့။ သင်သည် အဘယ်သို့ ပြု ရမည်ကို သူ ပြော လိမ့်မည်ဟုဆိုသော်၊ ၅ ရှုသက၊ မိခင်မှာ ထားသမျှ တို့ကို ပြု ပါမည်ဟု ဝန်ခံ လျက်၊ ၆ ကောက်နယ်တလင်း သို့သွား၍ ယောကျ်ားမ မှာ ထားသမျှ အတိုင်း ပြု လေ၏။ ၇ ဗောဇ သည်စား သောက် ၍ ရွှင်လန်း လျက်၊ စပါး ပုံအနား သို့ သွား၍ အိပ် သောအခါ၊ ရုသသည်တိတ်ဆိတ် စွာချဉ်းကပ် ၍သူ့ ခြေ ၌ဖုံးသောအဝတ်ကိုဖွင့် ပြီးလျှင် အိပ် လေ၏။ ၈ သန်းခေါင် အချိန်၌ ယောကျ်ား သည်လန့် ၍ လှည့် သဖြင့်၊ မိန်းမ သည်ခြေရင်း ၌ရှိသည်ကိုသိ လျက်၊ ၉ သင် သည်အဘယ် သူနည်းဟုမေး လျှင်၊ ကျွန်မ သည်ကိုယ်တော် ၏ ကျွန် မရှာသ ဖြစ်ပါ၏။ ကိုယ်တော် သည်ရွေး ပိုင်သော အမျိုးသားချင်းဖြစ်သောကြောင့်၊ ကိုယ်တော် ၏ ကျွန် မကိုအဝတ်တော်စွန်း နှင့် ဖုံး ပါတော့ဟုဆို သော်၊ ၁၀ သူက၊ ငါ့ သမီး၊ ထာဝရဘုရား ကောင်းကြီး ပေးတော်မူပါစေသော။ သင်သည်ငွေ ရတတ် သောလူပျို၊ ဆင်းရဲ သောလူပျို တစုံတယောက်ကို မ မှီဝဲ ဘဲနေ၍၊ အရင် ပြု သောကျေးဇူး ထက် နောက် ပြုသောကျေးဇူးသာ၍ကြီး၏။ ၁၁ မ စိုးရိမ် နှင့်ငါ့ သမီး။ တောင်း သမျှ ကို ငါပြု မည်။ သင် သည်သီလ နှင့်ပြည့်စုံသောမိန်းမ ဖြစ်ကြောင်း ကို ငါ့ လူမျိုး နေသောတမြို့လုံး သိ ၏။ ၁၂ ငါ သည်ရွေး ပိုင်သော အမျိုးသားချင်းမှန် ပေ၏။ သို့သော်လည်း ငါ့ ထက် သာ၍ရွေး ပိုင်သော အမျိုးသားချင်းတယောက်ရှိ သေး၏။ ၁၃ ယနေ့ည မှာနေ ဦးတော့။ ထိုသူသည်ရွေး ပိုင်သော အမျိုးသားချင်း ဝတ်ကိုပြုလိုလျှင် ပြုပါလေစေ။ ကောင်း ၏။ မ ပြုလျှင် ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း ငါပြု မည်။ နံနက် တိုင်အောင် အိပ် ဦးတော့ဟုဆို၏။ ၁၄ ရုသသည်နံနက် တိုင်အောင် သူ ခြေရင်း နားမှာအိပ် ပြီးမှ၊ တယောက် ကို တယောက်သိ နိုင်သော အချိန်မ ရောက်မီထ လေ၏။ ယောကျ်ားကလည်း၊ မိန်းမ သည် ဤကောက်နယ်တလင်း သို့လာ သည်ကို အဘယ်သူမျှမ သိ စေနှင့်ဟုဆို ၏။ ၁၅ တဖန် သင် ၌ ပါသော တင်းတိမ် ကိုယူ ခဲ့၍ ဖြန့် ခင်းတော့ဟုဆို သည်အတိုင်း၊ ရုသဖြန့်လျက် မုယော စပါးခြောက်သြမဲကိုခြောင် ၍ သူ့ အပေါ် မှာတင် သဖြင့်၊ သူသည်မြို့ ထဲသို့ သွား လေ၏။ ၁၆ ယောကျ်မ ထံ သို့ ရောက် သောအခါ၊ ယောကျ်မကအဘယ် သို့နည်းဟုမေး လျှင်၊ မိမိ ၌ ထိုသူပြု သမျှ ကို ၎င်း၊ ၁၇ သူက၊ သင် သည်ယောကျ်မ ထံ သို့လက်ချည်း မ သွား နှင့်ဟုဆို လျက် မုယော စပါးခြောက်သြမဲပေး ကြောင်းကို ၎င်း ကြားပြော လေ၏။ ၁၈ ယောကျ်မလည်း၊ ငါ့ သမီး၊ ဤအမှု သည်အဘယ် သို့ပြီး လိမ့်မည်ကိုမသိ မီတိုင်အောင် ထိုင်နေ တော့။ ယောကျ်ား သည် ယနေ့ ဤအမှု ကိုမပြီးစီး မီ ငြိမ်ဝပ် စွာမ နေဟုပြောဆို ၏။

၄ ထိုအခါ ဗောဇ သည်မြို့တံခါးဝ သို့ သွား၍ ထိုင် သဖြင့်၊ မနေ့ကပြော သော အမျိုးသား ချင်းရှောက် သွားသည်ကိုမြင် လျှင်၊ အိုမည်သူလှည့်၍ ထိုင် ပါတော့ဟုခေါ် သည်အတိုင်း သူသည် လှည့် ၍ ထိုင် လေ၏။ ၂ တဖန် မြို့ သား အသက် ကြီးသူ တကျိပ် တို့ကိုခေါ် ၍၊ သည် မှာထိုင် ပါတော့ဟု ဆို သည်အတိုင်းသူတို့သည်လည်း ထိုင် ကြ၏။ ၃ အမျိုးသား ချင်းကို လည်း၊ မောဘ ပြည် မှ ပြန် လာသောနောမိ သည် ငါ တို့အစ်ကို ဧလိမလက် ပိုင်သော မြေ အကွက် ကိုရောင်း မည်ဖြစ်၍၊ ၄ သင့်ကိုငါတိုင်ကြားလျက်၊ ပြည်သားများ၊ ငါတို့အမျိုး၌ အသက်ကြီးသူများ ရှေ့မှာဝယ်ပါတော့ဟု ပြောမည်အကြံရှိပါ၏။ သင်သည် ရွေးလိုလျှင် ရွေးပါတော့၊ မရွေးလိုလျှင် ကျွန်ုပ် အားကြားပြောပါတော့။ သင်မှတပါး

ရွေးပိုင်သောသူမရှိ။ သင့်နောက်မှာ ကျွန်ုပ်နေရာကျသည်ဟုဆိုသော်၊ အမျိုးသားချင်းက၊ ကျွန်ုပ်ရွေးမည်ဟု ပြန်ပြော၏။ ၅ ဗောဓ ကလည်း ၊ ထိုလယ် ကွက်ကိုနောမိ လက် မှ ဝယ် သောနေ့ ရက်တွင် ၊ သေ သောသူ၏ အမွေ ဥစ္စာအားဖြင့် သူ၏နာမည် ကိုထောက်မ ခြင်းငှါ ၊ သူ၏မယား မောဘ အမျိုးသမီးရုသ ကိုလည်း ဝယ် ရသေးသည်ဟု ဆို သော်၊ ၆ အမျိုးသား ချင်းက၊ ကျွန်ုပ်သည် ကိုယ် အဘို့ မ ရွေး နိုင် ပါ။ ရွေးလျှင် ကိုယ် အမွေ ဥစ္စာကိုဖျက် မည် စိုးရိမ်စရာရှိ၏။ ကျွန်ုပ်မ ရွေး နိုင် သောကြောင့်၊ ကျွန်ုပ်ရွေးပိုင်သောအရာကိုကိုယ်အဘို့ ရွေးပါတော့ဟုပြန်ပြော၏။ ၇ ဣသရေလ ရှေး ထုံးစံဟူမူကား ၊ ရွေး ခြင်းအမှု၊ ဥစ္စာ လဲခြင်းအမှုကို မြဲမြံ စေခြင်းငှါ တယောက် သောသူသည် မိမိ ခြေနင်း ကိုချွတ် ၍ တယောက် သောသူအား အပ် လေ့ရှိ၏။ ထိုသို့ပြုသောအားဖြင့် ဣသရေလ အမျိုးသားတို့တွင် သက်သေ တည်ရ၏။ ၈ သို့ ဖြစ်၍ အမျိုးသား ချင်းက၊ ကိုယ် အဘို့ ဝယ် ပါတော့ဟု ဗောဓ အား ဆို ၍ မိမိ ခြေနင်း ကိုချွတ် ၏။ ၉ ဗောဓ ကလည်း ၊ ဧလိမလက် ဥစ္စာ၊ ခိလျုန် ဥစ္စာ၊ မဟာလုန် ဥစ္စာ ဟူသမျှ ကို နောမိ လက် မှ ငါဝယ် ၍၊ ၁၀ သေ သောသူ၏နာမည် ကို သူ ၏ညီအစ်ကို စုထဲက ၎င်း၊ သူ နေရာမြို့ တံခါး ထဲက ၎င်း မ ပြတ် စေခြင်းငှါ၊ သူ ၏အမွေ အားဖြင့် သူ၏နာမည် ကို ထောက်မ မည် အကြောင်း၊ မဟာလုန် ၏ မယား မောဘ အမျိုးသမီးရုသ ကို ငါ ၏မယား ဖြစ်စေခြင်းငှါ ငါဝယ် သည်ကိုသင် တို့သည် ယနေ့ သက်သေ ဖြစ်ကြပါ၏ဟု အသက် ကြီးသူများ၊ လူ များအပေါင်း တို့အား ပြောဆို ၏။ ၁၁ တံခါးဝ ၌ ရှိသောအသက် ကြီးသူများ၊ လူ များအပေါင်း တို့ကလည်း ၊ ငါတို့သည်သက်သေ ဖြစ်ကြ၏။ သင့် အိမ် သို့ ရောက် သော ဤမိန်းမ သည်၊ ဣသရေလ အမျိုး ကိုတည်ထောင် သောမိန်းမနှစ် ယောက်၊ ရာခေလ နှင့် လေအာ ကဲ့သို့ ဖြစ်မည်အကြောင်းထာဝရဘုရား ပြု တော်မူ ပါစေသော။ သင်သည်လည်း ဧဖရတ် အရပ်၌ အစွမ်း သတ္တိနှင့်ပြည့်စုံ၍ ဗက်လင် မြို့၌ အသရေ ကျော်စောခြင်းရှိပါစေသော။ ၁၂ အသက် ပျိုသော ဤ မိန်းမတွင် ၊ ထာဝရဘုရား ပေး တော်မူလတံ့သော မျိုးစေ့ အားဖြင့် သင် ၏ အမျိုး အနွယ်သည် ယုဒ မယားတာမာ ဘွားမြင် သော ဖာရက် အမျိုး အနွယ်ကဲ့သို့ ဖြစ် ပါစေသောဟုပြောဆို ကြ၏။ ၁၃ ဗောဓ သည် ရုသ ကိုသိမ်း ၍ စုံဘက် လျက် ဆက်ဆံ သောအခါ ၊ ထာဝရဘုရား ၏ ကျေးဇူးတော်ကြောင့်ရုသ သည်ပဋိသန္ဓေ ယူ၍ သား ယောကျ်ားကိုဘွားမြင် လေ၏။ ၁၄ မိန်းမ တို့သည်လည်း နောမိ အား ၊ သင့်ကိုပြုစုသော အမျိုးသား ချင်းကို ယနေ့ ဖြတ် တော်မ မူသော ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူပါစေသော။ ယခုရသော အမျိုးသားချင်းသည်လည်း ဣသရေလ အမျိုး၌ အသရေ ကျော်စော ပါစေသော။ ၁၅ သူသည်သင် ၏အသက် ကိုပြုပြင် သောသူ၊ သင် အသက် ကြီးသောအခါ သင့်ကိုကောင်းမွန်စွာ ပြုစု သောသူဖြစ် ပါစေသော။ သင့် ကိုချစ် ၍ သား ခုနစ် ယောက်ထက် သင့် အဘို့ သာ၍ ကောင်းသောသင် ၏ ချွေးမ သည်သားယောကျ်ားကိုဘွားမြင် ပြီဟုပြောဆို ကြ၏။ ၁၆ နောမိ သည်ထိုသူငယ် ကိုယူ ၍ ပိုက်ချီ လျက်ထိန်း လေ၏။ ၁၇ အိမ်နီးချင်း မိန်းမတို့ကလည်း ၊ နောမိ သည် သား ယောကျ်ားကိုရ ပြီဟုဆို လျက် ၊ ထိုသူငယ် ကိုဩဗက် အမည် ဖြင့်မှည့် ကြ၏။ ဩဗက်သားကားယေရှဲ။ ယေရှဲသားကား ဒါဝိဒ် တည်း။ ၁၈ ဖာရက် ၏သားစဉ် မြေးဆက်ဟူမူကား ၊

ဖာရုက် သား ဟေဇရုံ၊ ၁၉ ဟေဇရုံ သား အာရံ ၊ အာရံ သား အမိနဒပ်၊ ၂၀ အမိနဒပ် သား နာရှုန် ၊ နာရှုန် သား စာလမုန်၊
၂၁ စာလမုန် သား ဗောဇ ၊ ဗောဇ သား သြဗက်၊ ၂၂ သြဗက် သား ယေရှဲ ၊ ယေရှဲ သား ဒါဝိဒ် တည်း။

၁ ဇဖရတ် မြို့သားဇုဖ ၊ တောဟူ ၊ ဇလိဟူ ၊ ယေရောဟံ မှ ဆင်းသက်၍ ဇဖရိမ် တောင် ပေါ်မှာ ရာမသိမ် ဇုဖိမ်မြို့၌နေသောဇလကာန အမည် ရှိသောသူတယောက် ရှိ ၏။ ၂ ထိုသူ သည် မယား နှစ် ယောက်ရှိ၏။ တယောက်ကား၊ ဟန္နာ ၊ တယောက်ကား ပေနိန္နာ အမည် ရှိ၏။ ပေနိန္နာ၌ သားသမီး ရှိ ၏။ ဟန္နာ၌ မ ရှိ။ ၃ ဇလကာနသည် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ကို ကိုးကွယ် ၍ ယဇ် ပူဇော်ခြင်းငှါ ၊ မိမိ နေရာ မြို့ မှ ရှိလော မြို့သို့ နှစ် တိုင်းသွား မြဲရှိ၏။ ထာဝရဘုရား ၏ ယဇ်ပုရောဟိတ် ဇလိ ၏သား ဟောဖနိ နှင့် ဖိနဟတ် သည် ရှိလောမြို့၌ နေသတည်း။ ၄ ဇလကာန သည် ယဇ် ပူဇော်အချိန် ရောက် သောအခါ ၊ မယား ပေနိန္နာ နှင့် သူ ၏ သား သမီး အပေါင်း တို့အား ဝေမျှ ၏။ ၅ ဟန္နာ ကိုချစ် သောကြောင့် နှစ်ဆသောအဘို့ ကိုပေး ၏။ သို့ရာတွင် ထာဝရဘုရား သည် ဟန္နာ အား သား ဘွားသောအခွင့်ကိုပေးတော်မမူ။ ၆ ထိုသို့ ထာဝရဘုရား သည် အခွင့်ကိုပေးတော်မမူသောကြောင့် ၊ ဟန္နာ စိတ် ဆိုးညစ်အောင် ရန်သူ သည် အလွန်နှောင့်ယှက် တတ်၏။ ၇ နှစ်စဉ် မပြတ်ထာဝရဘုရား ၏ အိမ် တော်သို့ သွား သောအခါ ၊ ရန်သူနှောင့်ရှက် သဖြင့် ဟန္နာသည် အစာမ စား နိုင်၊ ငို လျက် နေတတ်၏။ ၈ သူ ၏ ခင်ပွန်း ဇလကာန က၊ ဟန္နာ အဘယ်ကြောင့် ငို သနည်း။ အဘယ်ကြောင့် မ စား ဘဲနေသနည်း။ အဘယ်ကြောင့် စိတ် ညှိုးငယ် သနည်း။ သား တကျိပ် ထက် သင် ၌ ငါ သာ၍ ကောင်းသည် မ ဟုတ် လော ဟုဆို ၏။ ၉ ရှိလော မြို့၌ စား သောက် ကြသောနောက် ၊ ယဇ်ပုရောဟိတ် ဇလိ သည် ထာဝရဘုရား ၏ အိမ် တော် တိုင် နား မှာ ထိုင် စဉ်၊ ၁၀ ဟန္နာသည် ညှိုးငယ် သောစိတ် နှင့် ထ၍၊ မျက်ရည် များစွာကျလျက် ထာဝရဘုရား ကို ဆုတောင်း သည် ကား၊ ၁၁ အိုကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၊ ကိုယ်တော် ၏ ကျွန် မကို မေ့လျော့ တော်မ မူဘဲ၊ ကိုယ်တော် ကျွန် မ၏ ဆင်းရဲ ခြင်းကို ကြည့်ရှု အောက်မေ့ သဖြင့် ၊ သား ယောကျ်ား ကိုပေး သနားတော်မူလျှင်၊ သူ၏ ဆံပင်ရိတ်ခြင်းကို အလျှင်းမပြု။ တသက်လုံး ထာဝရဘုရား ၏ ကျွန်ဖြစ်စေခြင်းငှါကျွန်မအပ် ပါမည် ဟု သစ္စာ ဂတိပြုလေ၏။ ၁၂ ဟန္နာသည် ထာဝရဘုရား ရှေ့ တော်၌ ကြာမြင့် စွာ ဆုတောင်း စဉ်၊ ဧလိ သည် သူ ၏ နှုတ် ကို ကြည့် မှတ် လေ၏။ ၁၃ စိတ် နှလုံးနှင့် ဆုတောင်း ၍ နှုတ်ခမ်း လှုပ် သော်လည်း၊ စကား သံမ ထွက်သောကြောင့်၊ ယစ်မူး သည်ဟု ဧလိ ထင် လျက်၊ ၁၄ သင်သည် အဘယ်မျှ ကာလပတ်လုံး ယစ်မူး လိမ့်မည်နည်း။ သင် ၏ စပျစ်ရည် ကို ပယ် ရှောင်လော့ ဟု ဆို ၏။ ၁၅ ဟန္နာ ကလည်း၊ မ ဟုတ်ပါအရှင်။ ကျွန်မ သည် စိတ်ညှိုးငယ် သော မိန်းမ ဖြစ်ပါ၏။ စပျစ်ရည် ကို မသောက် ပါ၊ သေရည် သေရက်ကို မ သောက် ပါ၊ ထာဝရဘုရား ရှေ့ တော်၌ စိတ် နှလုံးကို သွန်းလောင်း လျက် နေပါ၏။ ၁၆ ကိုယ်တော် ၏ ကျွန် မကို အဓမ္မ မိန်းမ ဟူ၍ မ မှတ် ပါနှင့်။ မြည်တမ်း စရာ အကြောင်း၊ ဝမ်းနည်း စရာ အကြောင်းများ သည်ဖြစ်၍၊ ယခု တိုင်အောင် လျှောက် နေပါသည်ဟု ပြန် ပြောသော်၊ ဧလိ က၊ ငြိမ်ဝပ် စွာသွား လော့။ ၁၇ ယခု ဆုတောင်း သည်အတိုင်း၊ ဣသရေလ အမျိုး၏ ဘုရား သခင်ပေး သနားတော်မူပါစေသောဟု မြွက်ဆို ၏။ ၁၈ ဟန္နာကလည်း၊ ကိုယ်တော် ၏ ကျွန် မသည် ရှေ့ တော်၌ မျက်နှာ ရပါစေသောဟု လျှောက် ပြီးမှ ၊ ခြားနားသော မျက်နှာ

နှင့် သွား ၍ အစာစား လေ၏။ ၁၉ ထိုသူတို့သည် နံနက် စောစောထ ၍ ထာဝရဘုရား ရှေ့ တော်၌ ကိုးကွယ် ပြီးလျှင် ၊ ရာမ မြို့မှာရှိသော မိမိ တို့အိမ် သို့ ပြန် သွားကြ၏။ ထိုအခါ ဧလကာန သည် မယား ဟန္နာ နှင့် ဆက်ဆံ ၍ ထာဝရဘုရား အောက်မေ့ တော်မူသဖြင့်၊ ၂၀ ဟန္နာ သည် ပဋိသန္ဓေ ယူ၍ ကာလ အချိန်စေ့ သောအခါ ၊ သား ယောကျ်ားကို ဘွားမြင် ပြီးလျှင် ၊ ထိုသားကို ထာဝရဘုရား ထံ၌ဆုတောင်း သောကြောင့် ၊ ရှမွေလ အမည် ဖြင့် မှည့် လေ၏။ ၂၁ ဧလကာန သည် အိမ်သူ အိမ်သားအပေါင်း တို့နှင့်အတူနှစ်စဉ် ပြုရသော ယဇ် ကိုဂင်း၊ သစ္စာ ဂတိ နှင့်ဆိုင်သော ပူဇော်သက္ကာကိုဂင်း၊ ထာဝရဘုရား အား ပူဇော် ခြင်းငှါ တက် သွားသောအခါ –၊ ၂၂ ဟန္နာ က၊ ခို နှင့်ကွာပြီးမှ သူငယ် ကို ဆောင် သွားပါမည်။ ထိုအခါ သူသည် ထာဝရဘုရား ရှေ့ တော်သို့ ရောက် ၍ အမြဲ နေ ရလိမ့်မည်ဟုဆို လျှင်၊ ၂၃ ခင်ပွန်း ဧလကာန က၊ စိတ် ရှိသည် အတိုင်းပြု လော့။ ခို နှင့်မကွာမီတိုင်အောင် နေ လော့။ ထာဝရဘုရား ၏ ဂတိ တော်သာ တည် ပါစေသောဟု ဝန်ခံ၍၊ မယားသည် သူငယ် ကို ခို တိုက်လျက် ခို မကွာမီတိုင်အောင် မသွားဘဲနေ ၏။ ၂၄ ခို ကွာပြီးမှ၊ အသက်သုံး နှစ်ရှိသောနွားတကောင်၊ မုန့်ညက် တ ဧဖာ ၊ စပျစ်ရည် တဘူးနှင့်တကွသူငယ်ကို ဆောင် သွား၍၊ ရှိလော မြို့၌ ထာဝရဘုရား ၏ အိမ် တော်သို့ ရောက်လေ၏။ ထိုအခါ သူငယ် သည် အသက် နုသေး၏။ ၂၅ နွား ကိုသတ် ၍ သူငယ် ကို ဧလိ ထံသို့ သွင်း လျက်၊ ဟန္နာက၊ ကျွန်မ၏သခင်၊ ၂၆ ကိုယ်တော် အသက် ရှင်သည်အတိုင်း၊ ကျွန်မ သည် ယမန်တခါ ဤ အရပ်၌ ကိုယ်တော် အနား မှာ ရပ် လျက် ဆုတောင်း သော မိန်းမ ဖြစ်ပါ၏။ ၂၇ ထိုအခါ ဤ သူငယ် ကို ရမည်အကြောင်းဆုတောင်း ပါ၏။ တောင်း သည်အတိုင်း ထာဝရဘုရား သည် ပေး သနားတော်မူပြီ။ ၂၈ ထိုကြောင့် ကျွန်မ သည် သူ့ ကို ထာဝရဘုရား အား ငှါး ပါပြီ။ သူ သည် တသက်လုံး ထာဝရဘုရား ထံ တော်၌ အငှါး ခံ၍ နေ ရပါမည်သခင်ဟု လျှောက်ပြီးမှ ၊ ထို အရပ်၌ ထာဝရဘုရား ကို ကိုးကွယ် ကြ၏။

J တဖန် ဟန္နာ သည် ပဌနာ စကားကို မြွက်ဆိုသည်ကား၊ ငါ့ စိတ် နှလုံးသည် ထာဝရဘုရား ကို အမှီပြု ၍ ရွှင်လန်း လျက်၊ ထာဝရဘုရား ကြောင့် ငါ့ ဦးချို မြင့် လျက် ရှိ၏။ ကယ်တင် ခြင်း ကျေးဇူးတော်ကြောင့် ဝမ်းမြောက် ၍၊ ရန်သူ တို့အား ဝါကြွားသောစကားကို ပြောရ၏။ ၂ ထာဝရဘုရား သန့်ရှင်း တော်မူသကဲ့သို့ အဘယ်သူ မျှမ သန့်ရှင်း။ ကိုယ်တော် မှတပါး အခြားသော ဘုရားမရှိ။ ၃ ငါ တို့ ဘုရား သခင်ကဲ့သို့ သော ခိုလှုံစရာမ ရှိ။ ကိုယ့်ကိုကိုယ်မချီးမြှောက် ကြနှင့်။ ဝါကြွား စော်ကားသော စကားကိုမ ပြော ကြနှင့်။ အဓမ္မ စကားကို နှုတ် ထဲက မထွက် စေကြနှင့်။ အကြောင်း မူကား၊ ထာဝရဘုရား သည် သဗ္ဗညုတ ဘုရား ဖြစ်တော်မူ၏။ အမှု အရာတို့ကို ညှိညွှတ် တော်မူ၏။ ၄ သူရဲ တို့ ကိုင်သောလေး များ ကျိုး လျက် ၊ လဲ တတ်သောသူတို့သည် ခွန်အား နှင့် ပြည့်စုံ လျက် ရှိကြ၏။ ၅ ဝ စွာစားသောသူတို့သည် စားစရာ ကို ရခြင်းငှါ၊ သူငှါး လုပ်ရကြပြီ။ ငတ်မွတ် သောသူတို့ မူကား ၊ တဖန် ဝကြပြီ။ မြို သောသူသည် ခုနှစ် ကြိမ်တိုင်အောင် ဘွားမြင် ပြီ။ သား များ သောသူမူကား ၊ တဖန် အားလျော့ ပြီ။ ၆ ထာဝရဘုရား သည် သေ စေသော အခွင့်၊ အသက် ရှင်စေသောအခွင့်၊ မရဏာ နိုင်ငံသို့ ခိုမ့်ချ သောအခွင့်၊ ထမြောက် စေသောအခွင့် ရှိတော်မူ၏။ **(Sheol h7585)** ၇ ဆင်းရဲ စေခြင်းငှါဂင်း ၊ ရ တတ်စေခြင်းငှါဂင်း၊ ထာဝရဘုရား ပြု၍၊ ခိုမ့်ချ သောအခွင့်၊ ချီးမြှောက် သောအခွင့်ရှိတော်မူ၏။

၈ ဆင်းရဲ သောသူကို မြေမှုန့် ထဲက ၎င်း၊ ငတ်မွတ် သောသူကို နောက်ချေးပုံ ထဲက ၎င်း ချီးမြှောက် ၍၊ မင်းသား တို့နှင့် ထိုင် ရသောအခွင့်၊ ဘုန်း ကြီးသောပလ္လင် ကို အမွေ ခံရသောအခွင့်ကိုပေးတော်မူ၏။ အကြောင်း မူကား၊ မြေကြီး တိုင် တို့ကို ထာဝရဘုရား ပိုင်၍ ထိုတိုင်တို့အပေါ် မှာ လောကခါတ် ကို တည် တော်မူပြီ။ ၉ မိမိ သန့်ရှင်းသူ တို့ခြေ ကို စောင့်မ တော်မူလိမ့်မည်။ မ တရားသောသူတို့သည် မှောင်မိုက် ၌ တိတ်ဆိတ် စွာ နေရကြလိမ့်မည်။ ကိုယ်အစွမ်း သတ္တိအားဖြင့် အဘယ်သူ မျှမ နိုင် ရာ။ ၁၀ ထာဝရဘုရား သည် ရန်သူ တို့ကို ချိုးဖဲ့ တော်မူမည်။ သူတို့အပေါ် ၌ မိုးယံး ကောင်းကင်မှ မိုးယံးချုန်း စေတော်မူမည်။ ထာဝရဘုရား သည် မြေကြီး စွန်း တိုင်အောင်တရား စီရင်သဖြင့်၊ ခန့်ထားတော်မူသောရှင်ဘုရင် ကို ခွန်အား နှင့် ပြည့်စုံစေ၍၊ အထံတော်၌ ဘိသိက် ခံသောသူကို ချီးမြှောက် တော်မူမည်ဟု မြွက်ဆို ၏။ ၁၁ ထိုနောက်မှ ၊ ဧလကာန သည် ရာမ မြို့၌ရှိသောမိမိ အိမ် သို့ သွား ၍၊ သူငယ် သည် ယဇ်ပုရောဟိတ် ဧလိ ရှေ့ တွင် အမှု တော်ကို ဆောင်ရွက်လေ၏။ ၁၂ ဧလိ ၏သား တို့သည် ထာဝရဘုရား ကို မ သိ ၊ အဓမ္မ လူဖြစ်ကြ၏။ ၁၃ လူ များတို့တွင် ယဇ်ပုရောဟိတ် ပြုသောထုံးစံ ဟူမူကား ၊ ယဇ် ပူဇော်၍ အမဲသား ကို ပြုတ် စဉ်အခါ ၊ ယဇ်ပုရောဟိတ် ၏ အစေအပါ တယောက်သည်လာ ၍၊ သုံး ချောင်းရှိသောအမဲချိတ် ကို ကိုင်လျက်၊ ၁၄ အိုး အစရှိသည်တို့ ၌ ထိုးခပ် ၍၊ အမဲချိတ် တွင် ပါသမျှ ကို ယဇ် ပုရောဟိတ်သည် သိမ်း ယူတတ်၏။ ရှိလော မြို့သို့ ရောက် လာသောကြသရေလ လူအပေါင်း တို့အား ထိုသို့ ပြု ကြ၏။ ၁၅ ဆီဥ ကို မီး မ ရှို့မီ၊ ယဇ်ပုရောဟိတ် ၏ အစေအပါ သည်လာ ၍ ၊ ယဇ်ပုရောဟိတ် ဘို့ ကင် စရာအမဲသား ကိုပေး ပါ။ ပြုတ် သောအမဲသား ကိုမ ယူ။ စိမ်း သောအမဲသားကိုသာ ယူမည်ဟု ယဇ် ပူဇော်သောသူအား ဆို တတ်၏။ ၁၆ ထိုသူက၊ ဆီဥ ကိုအရင် မီး ရှို့ပါရစေ။ နောက်မှ ယူချင် တိုင်း ယူ ပါဟုဆို လျှင် ၊ မ ဟုတ်ဘူး ယခု ပေး ရမည်။ သို့မဟုတ် အနိုင်ယူ မည်ဟု ပြောဆို တတ်၏။ ၁၇ ထိုယဇ်ပုရောဟိတ်ပျိုတို့သည်၊ ထာဝရဘုရား ဝတ် ကို လူ များ ရွံ စရာပြုသောကြောင့် ၊ ရှေ့ တော်၌ အလွန် အပြစ် ကြီး သောသူဖြစ် ကြ၏။ ၁၈ သူငယ် ရှမွေလ သည် ပိတ် သင်တိုင်း ကို ဝတ် စည်းလျက်၊ ထာဝရဘုရား ရှေ့၌ အမှု တော်ကို ဆောင်ရွက်လေ၏။ ၁၉ နှစ်စဉ် ပြုရသော ယဇ်ကို ပူဇော် ခြင်းငှါ ၊ သူ၏ မိဘသည် ရောက် လာသောအခါ ၊ အမိသည် တနှစ် မပြတ်သားအဘို့ အင်္ကျီ ငယ် ကို ချုပ် ၍ ဆောင် ခဲ့တတ်၏။ ၂၀ တရံရောအခါ၊ ဧလိ က၊ သင်သည် ထာဝရဘုရား ၌ ငှါး ထားသော သားအတွက် ၊ ဤ မိန်းမ တွင် အမျိုးအနွယ် ကိုပေး တော်မူပါစေသောဟု ဧလကာန လင်မယား ကို ကောင်းကြီး ပေး၏။ ထိုသူတို့သည် နေရာအိမ် သို့ ပြန် သွားသောနောက်၊ ၂၁ ထာဝရဘုရား သည် ဟန္နာ ကို အကြည့် အရှုကြွတော်မူသဖြင့် ၊ သူသည်ပဋိသန္ဓေ ယူ၍ ၊ သား သုံး ယောက်၊ သမီး နှစ် ယောက်တို့ကို ဘွားမြင် လေ၏။ သူငယ် ရှမွေလ သည် ထာဝရဘုရား ရှေ့တော်၌ ကြီးပွား သတည်း။ ၂၂ ဧလိ သည်အသက် အရွယ်လွန်သောအခါ ၊ သူ ၏သား တို့သည် ဣသရေလ လူအပေါင်း တို့ ၌ ပြု သမျှ ကို၎င်း ၊ ပရိသတ်စည်းဝေး ရာ တဲ တော်တံခါး နားမှာ စည်းဝေး သောမိန်းမ နှင့် မှားယွင်း ကြောင်းကို၎င်းကြား သိလျှင်၊ ၂၃ သင်တို့သည် အဘယ်ကြောင့် ဤသို့ ပြု ကြသနည်း။ သင် တို့ပြုသောဒုစရိုက် တို့ကို လူ အပေါင်း တို့သည် ပြော၍ ငါ ကြား ရ၏။ ၂၄

မ ကောင်းဘူးငါ့ သား တို့။ ငါ ကြား သော သိတင်း သည် ကောင်း သော သိတင်းမ ဟုတ်။ ထာဝရဘုရား ၏ လူ တို့သည် ပြစ်မှားရမည်အကြောင်း၊ သင်တို့ပြုကြသည်တကား။ ၂၅ လူ ချင်းတယောက်ကို တယောက်ပြစ်မှား လျှင် ၊ တရားသူကြီးစစ်ကြောစီရင်ရ၏။ လူ သည် ထာဝရဘုရား ကို ပြစ်မှား လျှင် ၊ သူ့ အတွက် အဘယ်သူ တောင်းပန် လိမ့်မည်နည်းဟု ဆုံးမသော်လည်း ၊ သူတို့သည် အဘ ၏စကား ကို နား မ ထောင်ကြ။ အကြောင်း မူကား၊ ထာဝရဘုရား သည် ကွပ်မျက် ခြင်းငှါ အလို ရှိတော်မူ၏။ ၂၆ သူငယ် ရှမွေလ သည် ကြီးပွား ၍၊ ထာဝရဘုရား ရှေ့၊ လူ တို့ရှေ့၌ မျက်နှာ ရလေ၏။ ၂၇ ဘုရား သခင်၏ လူ တယောက်သည် ဧလိ ထံသို့ လာ ၍ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အဲဂုတ္တု ပြည်၊ ဖာရော ဘုရင်ထံ၌ နေရသော သင့် အဘ ၏ အမျိုး အား ငါထင်ရှား သည် မဟုတ်လော။ ၂၈ ငါ ၏ ယဇ် ပလ္လင်ပေါ် မှာ ပူဇော် ခြင်း၊ နံ့သာပေါင်း ကို မီး ရှို့ခြင်း၊ ငါ့ ရှေ့ မှာ သင်တိုင်း ကို ဝတ် ခြင်း အမှုကို စောင့်ရသောငါ ၏ ယဇ်ပုရောဟိတ် ဖြစ်စေခြင်းငှါ ၊ သူ့ ကို ကျသရေလ အမျိုး အပေါင်း တို့ အထဲက ငါရွေးကောက် သည် မဟုတ်လော။ ကျသရေလ အမျိုးသား တို့သည် မီး ဖြင့်ပြုသောပူဇော်သက္ကာ ရှိသမျှ တို့ကို၊ သင့် အဘ ၏ အမျိုး အား ငါပေး သည်မဟုတ်လော။ ၂၉ ငါ့အိမ်၌ ငါစီရင်သောယဇ်၊ ငါ့ ပူဇော် သက္ကာကို အဘယ်ကြောင့် ခြေနှင့်ကန် သနည်း။ ငါ ၏လူ ကျသရေလ အမျိုးသားတင်လူသော ပူဇော် သက္ကာရှိသမျှ တို့တွင်၊ အမြတ် ဆုံးသော အရာကို ဝစွာစား စေ၍၊ သင် ၏သား တို့ကို ငါ့ အပေါ် မှာ အဘယ်ကြောင့်ချီးမြှောက် သနည်း။ ၃၀ ထိုသို့ပြုသောကြောင့်၊ ကျသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင့် အမျိုး ၊ သင့် အဘ ၏အမျိုး သည် ငါ့ ရှေ့ မှာအစဉ် သွား လာရလိမ့်မည်ဟု ငါဆို မိသော်လည်း၊ တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုဂတိသည် ငါ နှင့် ဝေး ပါစေ။ ငါ့ ကို ချီးမြှောက် သောသူတို့ ကို ငါချီးမြှောက် မည်။ ငါ့ ကို မထီမဲ့မြင် ပြုသောသူတို့ သည် ဂုဏ်သရေပျက် ရကြလိမ့်မည်။ ၃၁ သင် ၏ အမျိုး တွင် အို သောသူတယောက်မျှ မ ရှိ စေခြင်းငှါ၊ သင် ၏ လက်ရုံး နှင့် သင့် အဆွေ အမျိုး၏ လက်ရုံး ကို ငါဖြတ် သော အချိန် ကာလရောက် လိမ့်မည်။ ၃၂ ကျသရေလ အမျိုးအား ငါပေးသော စည်းစိမ်ရှိရာ အိမ် ပေါ် မှာ ဘေး ဥပဒ်ရောက်ကြောင်းကို သင် မြင် ရလိမ့်မည်။ သင် ၏ အမျိုး တွင် အို သောသူတယောက်မျှ အစဉ် မ ရှိ ရ။ ၃၃ ငါ ၏ယဇ် ပလ္လင်မှ ငါမ ပယ် မဖြတ်သောသင် ၏အမျိုးသားသည်၊ သင့် မျက်စိ ပျက် ၍ စိတ် ကြင်နာ ဘို့ ရာဖြစ်လိမ့်မည်။ သင် ၏ သားစဉ် မြေးဆက်တို့သည် အသက်ပျိုစဉ်ပင် သေ ရကြလိမ့်မည်။ ၃၄ သင် ၏သား ဟောဖနိ နှင့် ဖိနဟတ် နှစ် ယောက်တို့ ၌ ဖြစ် စေ၍၊ သင့် အား ငါပေးသော ပုပ္ပ နိမိတ် ဟူမူကား ၊ ထိုသူ နှစ် ယောက်တို့သည် တနေ့ခြင်း တွင် သေ လိမ့်မည်။ ၃၅ တဖန် ငါ့ စိတ် နှလုံးအလိုသို့ လိုက်၍ သစ္စာ စောင့်သော ယဇ်ပုရောဟိတ် ကို ငါပေါ် ထွန်း စေမည်။ မြဲ သောအိမ် ကို သူ့ အဘို့ ငါဆောက် ပေးသဖြင့် ၊ သူသည် ငါ့ ထံ၌ ဘိသိက် ခံသောသူရှေ့ မှာ အစဉ် သွား လာရလိမ့်မည်။ ၃၆ သင် ၏ အမျိုး ၌ ကျန် ကြွင်းသော သူတိုင်း သူ့ ထံသို့ လာ ၍၊ ကျွန်တော်သည် မုန့် အနည်းငယ် ကို စားရမည် အကြောင်း၊ ယဇ် ပုရောဟိတ်အရာနှင့်ဆိုင်သော အမှုတစုံတခု ၌ ကျွန်တော် ကို စေခိုင်းပါလော့ ဟု ငွေ စ ၊ မုန့် စ ကို ရလိုသောငှါ၊ ရှိခိုးလျက် တောင်းပန်လိမ့်မည်ဟု အမိန့်တော်ကို ပြန်လေ၏။

၃ သူငယ် ရှမွေလ သည်၊ ဧလိ ရှေ့တွင် ထာဝရဘုရား ၏ အမှု တော်ကို ဆောင်ရွက်လေ၏။ ထို ကာလ ၌ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် နည်းပါး ၏။ ထင်ရှားသော ရူပါရုံ မ ရှိ။ ၂ တရံရောအခါဧလိ သည် မိမိ နေရာ ၌ အိပ် လျက်၊ သူ ၏ မျက်စိ မှုန် သောကြောင့် မ မြင် နိုင် သည်ကာလ၊ ၃ ဘုရား သခင်၏ သေတ္တာ တော်ရှိ ရာထာဝရဘုရား အိမ် တော်၌ မီးခွက် မ သေ မီ၊ ရှမွေလ သည်လည်း အိပ် လျက်ရှိသောအခါ၊ ၄ ထာဝရဘုရား သည် ရှမွေလ ကို ခေါ် တော်မူ၍ ၊ ရှမွေလက အကျွန်ုပ် ရှိ ပါသည်ဟု ထူး သဖြင့်၊ ၅ ဧလိ ထံသို့ ပြေး ၍ ၊ ကိုယ်တော်ခေါ် သောကြောင့် အကျွန်ုပ် လာပါသည်ဟု ဆို လျှင်၊ ဧလိက ငါမ ခေါ် ၊ အိပ် တော့ဟု ဆို သည်အတိုင်း ၊ ရှမွေလသွား ၍ အိပ် ပြန်လေ၏။ ၆ တဖန် ထာဝရဘုရား က၊ ရှမွေလ ဟု ခေါ် တော်မူလျှင် ၊ ရှမွေလ သည် ထ ပြီးလျှင် ၊ ဧလိ ထံသို့ သွား ၍ ၊ ကိုယ်တော်ခေါ် သောကြောင့် အကျွန်ုပ် လာပါသည်ဟု ဆို သော်၊ ဧလိက ငါမ ခေါ် ငါ့ သား ၊ အိပ် တော့ဟု ဆို ၏။ ၇ ရှမွေလ သည် ထာဝရဘုရား ကို မ သိ သေး။ ဗျာဒိတ် တော်ကို မ ခံရ သေး။ ၈ တတိယ အကြိမ် ထာဝရဘုရား က၊ ရှမွေလ ဟု ခေါ် တော်မူလျှင် ၊ ရှမွေလထ ပြီးလျှင် ဧလိ ထံသို့ သွား ၍ ၊ ကိုယ်တော်ခေါ် သောကြောင့် အကျွန်ုပ် လာပါသည်ဟုဆို သော်၊ ထာဝရဘုရား သည် ထိုသူငယ် ကို ခေါ် တော်မူကြောင်း ကို ဧလိ သည် ရိပ်မိ လျှင်၊ ၉ သင်သွား ၍ အိပ် ဦးတော့၊ နောက် တဖန်ခေါ် လျှင် ၊ အိုထာဝရဘုရား အမိန့် ရှိတော်မူပါ။ ကိုယ်တော် ကျွန် ကြား ပါသည်ဟု လျှောက် ရမည်အကြောင်းရှမွေလ ကို မှာ ထားသည်အတိုင်း ၊ ရှမွေလ သွား ၍ မိမိ နေရာ ၌ အိပ် လေ၏။ ၁၀ ထာဝရဘုရား သည်လည်း ရှေ့နည်းတူလာ ရပ် လျက် ၊ ရှမွေလ ၊ ရှမွေလ ဟု ခေါ် တော်မူလျှင်၊ ရှမွေလ က၊ အိုထာဝရဘုရား အမိန့် ရှိတော်မူပါ။ ကိုယ်တော် ကျွန် ကြား ပါသည်ဟု လျှောက် လေသော်၊ ၁၁ ထာဝရဘုရား က၊ သိတင်းကြား သောသူ တိုင်း နား နှစ် ဘက်ခါး စေခြင်းငှါ ငါ သည် ဣသရေလ အမျိုး၌ တစုံတခု ကိုပြု မည်။ ၁၂ ဧလိ အိမ်သား တို့တဘက် ၌ ငါပြော သမျှ အတိုင်း ထို နေ့ တွင် ငါပြုမည်။ ပြု စရှိပြီးမှ လက်စသတ် မည်။ ၁၃ ထိုသူ ၏သား တို့သည် ကိုယ်ယုတ်မာ သည်တိုင်အောင်၊ ကိုယ်ပြုသောဒုစရိုက် အပြစ်ကို သူသိ သော်လည်း ကျပ်တည်း စွာ မ ဆုံးမဘဲနေသောကြောင့် ၊ သူ ၏ အိမ်သား တို့ ၌ ငါ သည် အစဉ်အမြဲ ဒဏ် ပေး မည်ဟု ငါပြော ပြီ။ ၁၄ ထိုကြောင့် ဧလိ ၏အိမ်သား တို့ အပြစ် သည် ယဇ် နှင့် ပူဇော် သက္ကာအားဖြင့် မ ဖြေ ၊ အစဉ်အမြဲ တည် ရမည် အကြောင်းသူတို့အား ငါ ကျိန်ဆို ပြီဟု မိန့် တော်မူ၏။ ၁၅ ရှမွေလ သည် နံနက် တိုင်အောင် အိပ် ပြီးမှ ၊ ထာဝရဘုရား ၏ အိမ် တော်တံခါး တို့ကို ဖွင့် လေ၏။ မြင်ရသော ရူပါရုံ ကို ဧလိ အား မကြားမ ပြော ဝံ့။ ၁၆ ဧလိ က၊ ငါ့ သား ရှမွေလ ဟုခေါ် လျှင် ၊ ရှမွေလ က အကျွန်ုပ် ရှိပါသည်ဟု ထူး လေ၏။ ၁၇ ဧလိကလည်း၊ အဘယ်သို့ မိန့် တော်မူသနည်း။ ငါ့ အား ဝှက် မ ထားပါနှင့်။ မိန့် တော်မူသမျှ တစုံတခုကို ငါ့ အား ဝှက်ထား လျှင် ၊ မိန့်တော်မူသည်အတိုင်းမကသင် ၌ ပြု တော်မူပါစေသောဟု ဆို လေသော်၊ ၁၈ ရှမွေလ သည် တစုံတခုကိုမျှ ဝှက် မ ထား အလုံးစုံ တို့ကို ပြန် ကြား၏။ ဧလိကလည်း၊ ထာဝရဘုရား ဖြစ် လျှင် အလိုတော်ရှိသည်အတိုင်း ပြု တော်မူပါစေသောဟု ဝန်ခံ လေ၏။ ၁၉ ရှမွေလ သည် အစဉ်အတိုင်းကြီး ၍ ၊ ထာဝရဘုရား သည် သူ နှင့်အတူ ရှိ တော်မူသဖြင့် ၊ သူ ၏ စကား တခွန်းမျှ ပျက် စေခြင်းငှါအခွင့်ပေးတော်မ

မူ။ ၂၀ သူသည် ထာဝရဘုရား ၏ ပရောဖက် စစ် ဖြစ်ကြောင်း ကို ကျသရေလ အမျိုးသားအပေါင်း တို့သည်၊ ဒန်မြို့မှစ၍ ဗေရရှေဘ မြို့တိုင်အောင် သိ ကြ၏။ ၂၁ ထာဝရဘုရား သည် ရှိလော မြို့၌ အထပ်ထပ် ထင်ရှား တော်မူ၍၊ ထာဝရဘုရား ၏ နူတ်ကပတ် တော် အားဖြင့် ရှမွေလ အား ဗျာဒိတ် ပေးတော်မူ၏။ ရှမွေလစကားသည်လည်း၊ ကျသရေလအမျိုးတရှောက်လုံးကို နှံ့ ပြားလေ၏။

၄ တဖန် ကျသရေလ အမျိုးသားတို့သည် ဖိလိတ္တိ လူတို့ကို တိုက် ခြင်းငှါ ချီ သွား၍ ၊ ဧဗနေဇာ မြို့နား မှာ တပ်ချ လျက် ၊ ဖိလိတ္တိ လူတို့သည် အာဖက် မြို့၌ တပ်ချ လျက်နေကြ၏။ ၂ ဖိလိတ္တိ လူတို့သည် ကျသရေလ အမျိုးကို စစ်ခင်းကျင်း ၍ တိုက်ကြသောအခါ ၊ ကျသရေလ အမျိုးသည် စစ်ရှုံး ၍ ၊ ရန်သူလက်တွင် သူရဲ လေး ထောင် ခန့် မျှ သေ ကြ၏။ ၃ လူ များတို့သည် တပ် ထဲသို့ ရောက် သောအခါ ၊ ကျသရေလ အမျိုး အသက်ကြီး သူတို့က၊ ယနေ့ ထာဝရဘုရား သည် ငါ တို့ကို ဖိလိတ္တိ လူတို့ရှေ့မှာ အဘယ်ကြောင့် ရှုံး စေတော်မူသနည်း။ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်သည် လာ ၍ ၊ ငါ တို့ကို ရန်သူ လက် မှ ကယ်တင် စေခြင်းငှါ၊ ရှိလော မြို့မှ ဆောင် ခဲ့ ကြကုန်အံ့ဟု ဆို ကြသည်အတိုင်း၊ ၄ လူများတို့သည် ရှိလော မြို့သို့ လူ ကို စေလွှတ် ၍ ၊ ခေရုဗိမ် စပ်ကြားမှာနေ သောကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို ဆောင် ခဲ့သဖြင့် ၊ ဘုရား သခင်၏ ပဋိညာဉ် သေတ္တာ တော်နှင့်အတူ ဧလိ ၏ သား ဟောဖနိ နှင့် ဖိနဟတ် နှစ် ယောက်တို့သည် ပါကြ၏။ ၅ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်သည် တပ် ထဲ သို့ရောက် သောအခါ ၊ မြေကြီး အသံမြည် သည်တိုင်အောင်တပ်သားအပေါင်း တို့သည် ကြွေးကြော် ကြ၏။ ၆ ကြွေးကြော် သံ ကို ဖိလိတ္တိ လူတို့သည် ကြား လျှင် ၊ ဟေဗြဲ တပ် ၌ ပြုသောကြွေးကြော် သံ ကြီး ကား အဘယ်သို့ နည်းဟုမေး လျက် ၊ ထာဝရဘုရား ၏ သေတ္တာ တော်သည် ထိုတပ် ထဲ သို့ ရောက် ကြောင်း ကို သိ ကြ၏။ ၇ ဖိလိတ္တိ လူတို့သည် ကြောက် ၍ ၊ ဘုရား သခင်သည် ဟေဗြဲတပ် ထဲ သို့ ရောက် လေပြီ တကား။ ငါ တို့ သည် အမင်္ဂလာ ရှိကြ၏။ တခါမျှ ဤ သို့မ ဖြစ် စဖူး။ ၈ ငါ တို့သည် အမင်္ဂလာ ရှိကြ၏။ တန်ခိုး ကြီးသော ဤဘုရား သခင်၏လက် မှ ငါ တို့ကို အဘယ်သူ ကယ်တင် လိမ့်မည်နည်း။ တော ၌ အဲဂုတ္တု လူတို့ကို ဘေး အပေါင်း နှင့် ဒဏ်ခတ် သော ဘုရား ကား၊ အခြား မဟုတ် ဤ ဘုရားပေတည်း။ ၉ အို ဖိလိတ္တိ လူတို့၊ ကျသရေလလူတို့သည် သင် တို့ထံ ၌ကျွန် ခံရသကဲ့သို့ ၊ သူတို့ထံ၌ ငါတို့သည် ကျွန် မခံရမည်အကြောင်း၊ အားယူ ၍ ယောကျ်ား ပြု ကြလော့။ ယောကျ်ား ပြု ၍ တိုက် ကြလော့ဟု ပြောဆို ကြ၏။ ၁၀ ဖိလိတ္တိ လူတို့သည် စစ် တိုက်သဖြင့် ၊ ကျသရေလ အမျိုး ရှုံး ပြန်၍ ၊ လူ တိုင်း မိမိ နေရာ သို့ ပြေး လေ၏။ ကြီးစွာ သော လုပ်ကြံ ခြင်းဖြစ် ၍ ၊ ကျသရေလ ခြေသည် သူရဲ သုံး သောင်းတို့သည် သေ ကြ၏။ ၁၁ ဘုရား သခင်၏ သေတ္တာ တော်သည် ရန်သူလက် သို့ ရောက်၍ ၊ ဧလိ ၏သား ဟောဖနိ နှင့် ဖိနဟတ် နှစ် ယောက်တို့သည် အသက် ဆုံးလေ၏။ ၁၂ ဗင်္ယာမိန် အမျိုးသား တယောက်သည်၊ စစ်တိုက် ရာထဲက ပြေး လာ၍ ၊ မိမိ အဝတ် ကို ဆုတ် လျက် ၊ မိမိ ခေါင်း ပေါ် မှာ မြေမှုန့် ကိုတင်လျက်၊ ထို နေ့ခြင်းတွင် ရှိလော မြို့သို့ ရောက် လေ၏။ ၁၃ ရောက် သောအခါ ၊ ဧလိ သည် လမ်း နား ၌ ခုံ ပေါ် မှာထိုင် ၍၊ ဘုရား သခင်၏ သေတ္တာ တော်အတွက် စိတ်

နှလုံးတုန်လှုပ် လျက် စောင့် နေ၏။ ပြေးသောသူသည် မြို့ ထဲ သို့ရောက် ၍ သိတင်းပြော သဖြင့် ၊ တမြို့လုံး အော်ဟစ် ကြ၏။ ၁၄ အော်ဟစ် သံ ကို ဧလိ ကြား သော်၊ အုတ်အုတ် ကျက်ကျက်သော အသံ ကား၊ အဘယ်သို့ နည်းဟုမေး လျှင်၊ ထိုသူသည် အလျင် အမြန်လာ ၍ ဧလိ အား လျှောက် လေ၏။ ၁၅ ထိုအခါ ဧလိ သည် အသက် ကိုး ဆယ်ရှစ် နှစ်ရှိ၍ မျက်စိ မ မြင် နိုင် အောင် မျက်ကြော သေနှင့်ပြီ။ ၁၆ ပြေးသောသူက၊ အကျွန်ုပ် သည် စစ်တိုက် ရာမှ ရောက် လာသောသူဖြစ် ပါ၏။ စစ်တိုက် ရာထဲက ယနေ့ အကျွန်ုပ်ပြေး ၍ လာပါ၏ဟု လျှောက် လျှင် ၊ ဧလိက၊ ငါ့ သား ၊ အမှုကားအဘယ်သို့ နည်းဟုမေး လေသော်၊ ၁၇ တမန်က၊ ဣသရေလ အမျိုးသည် ဖိလိတ္တိ လူတို့ရှေ့ မှာပြေး ၍ ကြီးစွာ သော လုပ်ကြံ ခြင်းကိုခံရ ကြပါပြီ။ ကိုယ်တော် ၏သား ၊ ဟောဖနိ နှင့် ဖိနဟတ် နှစ် ယောက်တို့သည် သေ ပါပြီ။ ဘုရား သခင်၏ သေတ္တာ တော် သည်လည်း ရန်သူလက် သို့ရောက်ပါပြီဟု ပြန် လျှောက်လေ၏။ ၁၈ ဘုရား သခင်၏ သေတ္တာ တော် သိတင်းကိုကြား သောအခါ ၊ ဧလိသည် တံခါး နား မှာ ထိုင်သောခုံ ပေါ် က နောက် သို့လန်ကျ သဖြင့် ၊ လည်ပင်း ကျိုး ၍ သေ လေ၏။ အသက် ကြီး၍ ကိုယ်လေး သောသူဖြစ် ၏။ ထိုသူ သည် ဣသရေလ အမျိုးကို အနှစ် လေး ဆယ်အုပ်စိုး သတည်း။ ၁၉ သူ ၏ ချွေးမ ဖိနဟတ် ၏ မယား သည် ပဋိသန္ဓေ အရင့်အမာရှိ၍ အချိန်နီးလျက်၊ ဘုရား သခင်၏ သေတ္တာ တော်သည် ရန်သူလက် သို့ ရောက်ကြောင်း၊ ယောကျ်ွမ နှင့် လင် သေ ကြောင်းကို ကြား သောအခါ ၊ ကျောကုန်း ၍ သား ဘွားခြင်း ဝေဒနာကို ချက်ခြင်းခံရ၏။ ၂၀ သေ လုသောအခါ အနားမှာရှိသော မိန်းမတို့က၊ မ စိုးရိမ် နှင့်။ သား ယောကျ်ားကို ဘွားမြင် ပြီဟု ဆို သော်လည်း ပြန် မ ပြော၊ အမှု မ ထားဘဲနေ၏။ ၂၁ တဖန် ဘုရား သခင်၏ သေတ္တာ တော်သည် ရန်သူလက် သို့ ရောက်သောကြောင့် ၎င်း ၊ မိမိ ယောကျ်ွမ နှင့် လင် အမှုကြောင့် ၎င်း၊ ဣသရေလ ဘုန်း အသရေပျောက် ခဲ့ပြီဟုဆို လျက်၊ ထိုသူငယ် ကို ဣခဗုဒ် အမည် ဖြင့် မှည့်၍၊ ၂၂ ဣသရေလအမျိုး၏ ဘုရား သခင့် သေတ္တာ တော်သည် ရန်သူလက် သို့ ရောက်သောကြောင့်၊ ဣသရေလ ဘုန်း အသရေပျောက် ခဲ့ပြီဟု ဆို လေ၏။

၅ ဖိလိတ္တိ လူတို့သည် ဘုရား သခင်၏ သေတ္တာ တော်ကို ယူ ၍ ဧဗေနေဇာ မြို့မှ အာဇုတ် မြို့သို့ ဆောင် သွားကြ၏။ ၂ ဘုရား သခင်၏ သေတ္တာ တော်ကို ဒါဂုန် ကျောင်း ထဲသို့ သွင်း ၍ ဒါဂုန် အနား မှာထား ကြ၏။ ၃ အာဇုတ် မြို့သားတို့သည် နံနက်စောစောထ ကြသောအခါ ၊ ဒါဂုန် သည် ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့၌ မြေ ပေါ် မှာလဲ ၍ ပြပ်ဝပ်လျက်ရှိသည်ကို တွေ့သဖြင့်၊ သူကိုယူ ၍ သူ ၏နေရာ ၌ တင် ထား ပြန်ကြ၏။ ၄ တဖန် နက်ဖြန် နံနက် စောစောထ ကြသောအခါ ၊ ဒါဂုန် သည် ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့၌ မြေ ပေါ် မှာ လဲ ၍ ပြပ်ဝပ်လျက်၊ ခေါင်း နှင့် လက်ဝါး နှစ် ဘက်ပြတ် ၍ တံခါးခုံ ပေါ် မှာတင်လျက်၊ ဒါဂုန် ၌ ကိုယ်တိတိရှိသည်ကို တွေ့ကြ၏။ ၅ ထိုကြောင့် ဒါဂုန် ၏ ယဇ် ပုရောဟိတ်များ၊ ဒါဂုန် ကျောင်း သို့ ဝင် သောသူများတို့သည်၊ အာဇုတ် မြို့၌ ရှိသောဒါဂုန် ကျောင်းတံခါးခုံ ကို ယနေ့ တိုင်အောင် ကျော် နင်းလေ့မ ရှိကြ။ ၆ အာဇုတ် မြို့နှင့် မြို့နယ် ၌နေသောသူတို့ အပေါ် မှာ၊ ထာဝရဘုရား သည် လေး သောလက် တော်နှင့် ဖျက် တော်မူ၏။ မြင်းသရိုက် အနာနှင့် လည်း ဒဏ်ခတ် တော်မူ၏။ ၇ အာဇုတ် မြို့သား တို့သည် ထိုအမှုကို မြင် လျှင် ၊ ဣသရေလအမျိုး၏ ဘုရားသခင် သည် ငါ တို့နှင့် ငါ တို့ဘုရား ဒါဂုန် အပေါ် မှာ လေး

သောလက် တော်ကို တင်တော်မူသည်ဖြစ်၍၊ ထိုဘုရား သခင်၏ သေတ္တာ တော်ကို ငါ တို့တွင် မ ရှိ စေရဟု ဆို လျက်၊ ၈ လူကိုစေလွှတ် ၍ ဖိလိတ္တိ မင်း အပေါင်း တို့ကို စုဝေး စေပြီးလျှင် ၊ ကျသရေလ အမျိုး၏ ဘုရား သခင့် သေတ္တာ တော်ကို အဘယ်သို့ ပြု ရပါမည်နည်းဟုမေး ကြ၏။ မင်းများကလည်း၊ ကျသရေလ အမျိုး၏ ဘုရား သခင့်သေတ္တာ တော်ကို ဂါသ မြို့သို့ ဆောင် သွားစေဟု စီရင်သည်အတိုင်း ဆောင် သွားကြ၏။ ၉ ထိုမြို့သို့ ဆောင် သွားသောနောက် ၊ ထာဝရဘုရား ၏ လက် တော်သည် ထိုမြို့ ၌ ကြီးစွာ သော ဖျက်ဆီး ခြင်းကို ပြု ၍၊ မြို့သူ မြို့သားအကြီး အငယ် တို့ကို ဒဏ်ခတ် တော်မူသဖြင့် ၊ ကိုယ်အတွင်း၌ မြင်းသရိုက် အနာကို ခံရကြ၏။ ၁၀ တဖန် ဘုရား သခင်၏ သေတ္တာ တော်ကို ဧကြုန် မြို့သို့ ပို့ လိုက်သဖြင့်၊ ထိုမြို့သို့ ရောက် သောအခါ ၊ မြို့သူမြို့သားတို့က၊ ငါ တို့နှင့် ငါ တို့လူ များကိုသတ် စေခြင်းငှါ ၊ ကျသရေလ အမျိုး၏ ဘုရား သခင့် သေတ္တာ တော်ကို ဆောင် ခဲ့ပါသည်တကားဟု ဟစ်ကြော် လျက်၊ ၁၁ လူကိုစေလွှတ် ၍ ဖိလိတ္တိ မင်း အပေါင်း တို့ကို စုဝေး စေပြီးလျှင် ၊ ကျသရေလ အမျိုး၏ ဘုရား သခင့် သေတ္တာ တော်သည် ငါ တို့နှင့် ငါ တို့လူ များကို မ သတ် စေခြင်းငှါလွှတ် လိုက်ကြကုန်အံ့၊ မိမိ နေရင်း အရပ် သို့ သွား ပါလေစေဟု ဆို ကြ၏။ အကြောင်း မူကား၊ ဘုရား သခင်သည် အလွန် လေး သော လက် တော်ကို တင်တော်မူသဖြင့်၊ တမြို့လုံး သေ စေတတ်သော အနာ ရောဂါနှံ့ ပြားလေ၏။ ၁၂ သေ ဘေးနှင့်လွတ် သော်လည်းမြင်းသရိုက်နာ ဖြင့် ဒဏ်ခတ် ခြင်းကိုခံရ၍ ၊ ထိုမြို့ အော်ဟစ် သော အသံ သည် မိုဃ်း ကောင်းကင်သို့ တက် လေ၏။

၆ ထာဝရဘုရား ၏ သေတ္တာ တော်သည် ဖိလိတ္တိ ပြည် ၌ ခုနှစ် လ နေ ပြီးမှ၊ ၂ ဖိလိတ္တိ လူတို့သည် ယဇ် ပုရောဟိတ်များ၊ ပရောဖက် လုပ်သူများတို့ကို ခေါ် ၍ ထာဝရဘုရား ၏ သေတ္တာ တော်ကို အဘယ်သို့ ပြု ရပါမည်နည်း။ သူ နေရင်းအရပ် သို့ အဘယ်သို့ သောပူဇော်သက္ကာနှင့် လွှတ် လိုက်ရပါမည်နည်းဟု မေးမြန်းကြ၏။ ၃ သူတို့ကလည်း၊ ကျသရေလ အမျိုး၏ ဘုရား သခင့်သေတ္တာ တော်ကို လွှတ် လိုက်လျှင် ကိုယ် ချည်း မ လွှတ် လိုက်ကြနှင့်။ ဒုစရိုက် ပူဇော်သက္ကာကို ဆက်ဆက်ပေး လိုက်ရမည်။ သို့ပြုလျှင် ရောဂါ ငြိမ်းလိမ့်မည်။ အဘယ်ကြောင့် လက် တော်မ ရွေ့ သေးသည်ကို သိ ကြလိမ့်မည်ဟု ဆို ကြ၏။ ၄ အဘယ် အရာကို ဒုစရိုက် ဖြေရာ ပူဇော်သက္ကာဘို့ ပြန် ပေးလိုက်ရပါမည်နည်းဟုမေး လျှင် ၊ ဖိလိတ္တိ မင်း အရေအတွက် အတိုင်း ရွှေ မြင်းသရိုက် ပုံငါး ခုနှင့် ရွှေ ကြွက် ငါး ကောင်ကိုပေး လိုက်ရမည်။ သင်တို့နှင့် သင် တို့မင်း များ၌ ရောဂါ တပါးတည်း စွဲလျက်ရှိ၏။ ၅ ထိုကြောင့် မြင်းသရိုက် ပုံ ၊ မြေ ကို ဖျက် တတ်သော ကြွက် ပုံ တို့ကို လုပ် ၍ ကျသရေလ အမျိုး၏ ဘုရား သခင်ဂုဏ် တော်ကို ချီးမွမ်းရကြမည်။ လက် တော်သည် သင် တို့နှင့် သင် တို့ဘုရား အပေါ် ၊ သင် တို့မြေ အပေါ် မှာ ပေါ့ ကောင်းပေါ့လိမ့်မည်။ ၆ သို့ ဖြစ်၍ ဖာရော ဘုရင်နှင့် အဲဂုတ္တု လူတို့သည် ခိုင်မာ သော စိတ် နှလုံးရှိသကဲ့သို့ အဘယ်ကြောင့် ခိုင်မာ သော စိတ် နှလုံးရှိကြသနည်း။ သူ တို့တွင် အထူးသဖြင့်ပြု တော်မူသောအခါ ၊ သူတို့သည် လွှတ် လိုက်၍ ကျသရေလလူတို့သည် သွား ကြ၏။ ၇ ယခု မှာ လှည်း သစ် ကိုလုပ် ပြီးမှထမ်းပိုး မ တင် ၊ သား ငယ်ရှိသောနွားမ နှစ် ကောင်ကို လှည်း ၌ က ၍ ၊ နွားသငယ် တို့ကို သူ့နေရာ သို့ ပို့ ကြလော့။ ၈ ထာဝရဘုရား ၏ သေတ္တာ တော်ကို လှည်း ပေါ် မှာ တင် ၍ ပြန် ပေးလိုက်သော ဒုစရိုက် ဖြေရာ

ပူဇော်သက္ကာတည်းဟူသော၌ တန်ဆာ တို့ကို သေတ္တာတော်နား မှာ အခြားသောသေတ္တာ၌ ထား ပြီးလျှင် လွှတ် လိုက်၍ သွား ပါလေစေ။ ၉ သေတ္တာတော်သည် မိမိ ပြည် သို့ သွားသောလမ်း ဗက်ရှေမက် မြို့သို့လိုက် လျှင် ၊ ထိုဘုရားသခင် သည် ဤဘေး ကြီး ကို ငါ တို့ ၌ ဖြစ် စေပြီ။ သို့မဟုတ်ဒဏ်ခတ်တော်မူသောကြောင့်ငါတို့မခံ၊ အလိုလို ခံရသည် ကို သိရကြမည်ဟု စီရင်သည်အတိုင်း၊ ၁၀ လူ များတို့သည် ပြု သဖြင့် ၊ သား ငယ်ရှိသောနွားမ နှစ် ကောင်ကို လှည်း ၌ က ၍ ၊ နွားသငယ် တို့ကို သူ့ နေရာ ၌ ချုပ် ထားကြ၏။ ၁၁ ထာဝရဘုရား ၏ သေတ္တာ တော်နှင့်တကွ၌ ကြွက် များ၊ မြင်းသရိုက် ပုံ များပါသောသေတ္တာ တော်ကို လှည်း ပေါ် မှာ တင် ကြ၏။ ၁၂ နွားမ တို့သည် ဗက်ရှေမက် လမ်း သို့ တည့်တည့် လိုက်၍ မြည်တွန်လျက် သွားကြ၏။ လက်ျာ ဘက် လက်ဝဲ ဘက်သို့မ လွှဲ လမ်းမ သို့သာ လိုက် ကြ၏။ ဖိလိတ္တိ မင်း တို့သည် ဗက်ရှေမက် မြို့နယ် တိုင်အောင် လိုက် ကြ၏။ ၁၃ ဗက်ရှေမက် မြို့သားတို့သည် ချိုင့် ၌ ဂျုံ ၊ စပါးကိုရိတ် လျက် မြော် ကြည့်၍ သေတ္တာ တော်ကို မြင် သောအခါ ဝမ်းမြောက် ကြ၏။ ၁၄ လှည်း သည် ဗက်ရှေမက် မြို့သားယောရှု ၏ လယ်ကွက် ထဲသို့ ဝင် ၍ ကျောက် ကြီး အနားမှာ ရပ် နေ၏။ ထိုသူတို့သည် လှည်း ကို ချိုး ခွဲပြီးလျှင် နွားမ တို့ကို ထာဝရဘုရား အား မီးရှို့ ရာယဇ်ပြု၍ ပူဇော် ကြ၏။ ၁၅ ထိုအခါ လေဝိ သားတို့သည် ထာဝရဘုရား ၏ သေတ္တာ တော်နှင့် ရွှေ တန်ဆာ ပါ သော သေတ္တာ ကိုချ ၍ ကျောက် ကြီး ပေါ် မှာ တင် ထားပြီးလျှင် ၊ ဗက်ရှေမက် မြို့သား တို့သည် ထို နေ့ခြင်းတွင် မီးရှို့ ရာယဇ်မှစ၍ယဇ် မျိုးကို ထာဝရဘုရား အား ပူဇော် ကြ၏။ ၁၆ ထိုအမှုကို ဖိလိတ္တိ မင်း ငါး ယောက်တို့သည် မြင် ပြီးမှ ၊ ထို နေ့ခြင်းတွင် ဧကြုန် မြို့သို့ ပြန် သွားကြ၏။ ၁၇ ထာဝရဘုရား အား ပြန် ပေးသော ဒုစရိုက် ဖြေရာပူဇော်သက္ကာတည်းဟူသော ရွှေ မြင်းသရိုက် ပုံတို့ကား၊ အာဇုတ် မြို့ ဘို့ တခု ၊ ဂါဇ မြို့ ဘို့ တခု ၊ အာရှကေလုန် မြို့ ဘို့ တခု ၊ ဂါသ မြို့ ဘို့ တခု ၊ ဧကြုန် မြို့ ဘို့ တခု ဖြစ်သတည်း။ ၁၈ ရွှေ ကြွက် တို့ကား၊ ထာဝရဘုရား ၏ သေတ္တာ တော်ကို တင် ထားသော ကျောက် ကြီး တိုင်အောင် ခိုင်ခံ့ သော မြို့ ဖြစ်စေ၊ တော ရွာဖြစ်စေ၊ ဖိလိတ္တိ မင်း ငါး ပါးဆိုင်သမျှ သောမြို့ ရွာအရေအတွက် အတိုင်း ဖြစ်သတည်း။ ထိုကျောက်ကား ယနေ့ တိုင်အောင် ဗက်ရှေမက် မြို့သားယောရှု ၏ လယ်ကွက် ၌ ရှိ၏။ ၁၉ ဗက်ရှေမက် မြို့သား တို့သည် ထာဝရဘုရား ၏ သေတ္တာ တော်ထဲသို့ ကြည့်ရှု မိသောကြောင့် ၊ လူ ခုနစ် ဆယ်နှင့်လူ ငါး သောင်းတို့သည် ဒဏ်ခတ် တော်မူခြင်းကိုခံရကြ၏။ ထိုသို့ ထာဝရဘုရား သည် ကြီးစွာ သော လုပ်ကြံ ခြင်းအားဖြင့်ဒဏ်ပေး တော်မူသောကြောင့် ၊ လူ များတို့သည် ငိုကြွေး မြည်တမ်းကြ၏။ ၂၀ ဗက်ရှေမက် မြို့သား တို့က၊ သန့်ရှင်း တော်မူသော၌ ဘုရား သခင်ထာဝရဘုရား ရှေ့ တော်၌ အဘယ်သူ ရပ် နေနိုင် သနည်း။ ငါ တို့အရပ်က၊ အဘယ်သူ ရှိရာသို့ ကြွ သွားတော်မူမည်နည်းဟု ဆို သဖြင့်၊ ၂၁ ကိရယတ်ယာရိမ် မြို့သား တို့ထံသို့ လူကိုစေလွှတ် ၍ ဖိလိတ္တိ လူတို့သည် ထာဝရဘုရား ၏ သေတ္တာ တော်ကို တဖန်ပို့ ကြပြီ။ သင် တို့လာ ၍ ဆောင် သွားကြပါတော့ဟု မှာ လိုက်ကြ၏။

၇ ကိရယတ်ယာရိမ် မြို့သား တို့သည် လာ ၍ ထာဝရဘုရား ၏ သေတ္တာ တော်ကို ဆောင် သွားသဖြင့် ၊ တောင် ပေါ် မှာရှိသော အမိနဒပ် အိမ် ၌ ထား၍ သေတ္တာ တော်ကို စောင့် စေခြင်းငှါ ၊ သူ ၏သား ဧလာဇာ ကို သန့်ရှင်း

စေကြ၏။ ၂ သေတ္တာ တော်သည် အနှစ် နှစ် ဆယ်ပတ်လုံးကြာမြင့် စွာ ကိရယတ်ယာရိမ် မြို့၌ ရှိစဉ်အခါ၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် ထာဝရဘုရား ကို အော်က်မေ့၍ မြည်တမ်း ကြ၏။ ၃ တဖန် ရှမွေလ က၊ သင်တို့သည် အခြား တပါးသော ဘုရား တည်းဟူသောဗာလဘုရား၊ အာရှတရက် ဘုရားတို့ကို ပယ် ၍ ထာဝရဘုရား အဘို့ သင်တို့စိတ် နှလုံးကို ပြင်ဆင် လျက် ၊ ထာဝရဘုရား ထံ တော်သို့ စိတ် နှလုံးအကြွင်းမဲ့ ပြန် လာသဖြင့်၊ ထိုဘုရားကိုသာ ဝတ်ပြု ကြလျှင် ၊ ဖိလိတ္တိ လူတို့လက် မှ ကယ်တင် တော်မူမည်ဟု ဣသရေလ အမျိုးသားအပေါင်း တို့အား ဆုံးမသည်အတိုင်း၊ ၄ ဣသရေလ အမျိုးသား တို့သည် ဗာလ ဘုရား၊ အာရှတရက် ဘုရားတို့ကို ပယ် ၍ ထာဝရဘုရား ကိုသာ ဝတ်ပြု ကြ၏။ ၅ ရှမွေလ ကလည်း ဣသရေလ အမျိုးသားအပေါင်း တို့ကို မိဇပါ မြို့၌ စုဝေး စေကြလော့။ သင် တို့အဘို့ ထာဝရဘုရား ကို ငါဆုတောင်း မည်ဟု မှာ ခဲ့သည်အတိုင်း၊ ၆ သူတို့သည် မိဇပါ မြို့၌ စည်းဝေး သဖြင့် ၊ ရေ ကို ခပ် ၍ ထာဝရဘုရား ရှေ့ တော်၌ သွန်းလောင်း ခြင်း၊ အစာရှောင် ခြင်း အကျင့်တို့ကို ကျင့်လျက်၊ အကျွန်ုပ်တို့သည် ထာဝရဘုရား ကို ပြစ်မှား ပါပြီဟု ဝန်ခံ ကြ၏။ ရှမွေလ သည် မိဇပါ မြို့၌ ဣသရေလ အမျိုးသား တရားမှူတို့ကို စစ်ကြော စီရင်လေ၏။ ၇ ဣသရေလ အမျိုးသား တို့သည် မိဇပါ မြို့၌ စည်းဝေး ကြောင်း ကို ဖိလိတ္တိ လူတို့သည် ကြား လျှင် ၊ ဖိလိတ္တိ မင်း တို့သည် ဣသရေလ အမျိုးရှိရာသို့ စစ်ချီ ကြ၏။ ထိုသိတင်းကို ဣသရေလ လူ တို့သည် ကြား လျှင် ၊ ဖိလိတ္တိ လူတို့ကို ကြောက် ၍၊ ၈ ရှမွေလ အား ၊ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား သည် အကျွန်ုပ် တို့ကို ဖိလိတ္တိ လူတို့လက် မှ ကယ်တင် တော်မူမည်အကြောင်း အကျွန်ုပ် တို့အဘို့ အစဉ် မပြတ်ဆုတောင်းပါလော့ဟု ဆို ကြ၏။ ၉ ရှမွေလ သည်လည်း နို့စို့ သိုးသငယ် ကိုယူ ၍ ထာဝရဘုရား အား တကောင်လုံး မီးရှို့ ရာယဇ်ပူဇော် လျက် ၊ ဣသရေလ အမျိုးအဘို့ ဆုတောင်း၍ ထာဝရဘုရား နားထောင် တော်မူ၏။ ၁၀ ရှမွေလ သည် မီး ရှို့ရာယဇ်ကို ပူဇော် စဉ်အခါ၊ ဖိလိတ္တိ လူတို့သည် ဣသရေလ အမျိုးကို တိုက် ခြင်းငှါ ချဉ်း လာကြ၏။ ထာဝရဘုရား သည်လည်း၊ ထို နေ့၌ ဖိလိတ္တိ လူတို့အပေါ် မှာ ပြင်းစွာ မိုဃ်းချုန်း စေ၍ ၊ သူ တို့တပ်ကို ဖျက် တော်မူသဖြင့် ၊ ဣသရေလ အမျိုးရှေ့ မှာ ရှုံး ကြ၏။ ၁၁ ဣသရေလ လူ တို့သည် မိဇပါ မြို့မှ ထွက် ၍ ဖိလိတ္တိ လူတို့ကို လုပ်ကြံ လျက် ၊ ဗက်ကာ မြို့တိုင်အောင် လိုက် ကြ၏။ ၁၂ ထိုအခါ ရှမွေလ သည် ကျောက် ကို ယူ ၍ မိဇပါ မြို့နှင့် ရှင် မြို့စပ်ကြား မှာ ထူထောင် သဖြင့် ၊ ထာဝရဘုရား သည် ငါ တို့ကို ယခု တိုင်အောင် မစ တော်မူပြီဟုဆို လျက် ၊ ထိုကျောက်ကို ဧဗနေဇာ အမည် ဖြင့် မှည့် လေ၏။ ၁၃ ထိုသို့ ဖိလိတ္တိ လူတို့သည် ရှုံး သဖြင့် ၊ နောက် တဖန် ဣသရေလ အမျိုးနေရာ အရပ်သို့ မ လာ ကြ။ ရှမွေလ လက်ထက်ကာလ ပတ်လုံး ထာဝရဘုရား ၏ လက် တော်သည် ဖိလိတ္တိ လူတို့ကို ဆီးတားတော်မူ၏။ ၁၄ ဖိလိတ္တိ လူတို့သည် သိမ်းယူ သော ဣသရေလ မြို့ ရွာတို့ကို ဧကြုန် မြို့မှစ၍ ဂါသ မြို့တိုင်အောင် ပြန် ပေးရကြ၏။ မြို့နယ် တို့ကိုလည်း ဣသရေလ လူတို့သည် ဖိလိတ္တိ လူတို့လက် မှ နှုတ်ယူ ကြ၏။ ဣသရေလ လူနှင့် အာမောရိ လူတို့သည်လည်း စစ်မရှိ အသင့် အတင့်နေ ကြ၏။ ၁၅ ရှမွေလ သည် တသက်လုံး ဣသရေလ အမျိုးကို အုပ်စိုး လေ၏။ ၁၆ ဗေသလ မြို့၊ ဂိလဂါလ မြို့၊ မိဇပါ မြို့ တို့ကို နှစ် တိုင်းလှည့်ပတ် ၍ အရပ်ရပ် တွင် ဣသရေလ အမျိုး၌ စီရင်ရန် အမှုတို့ကို စစ်ကြော စီရင်လေ့ရှိ၏။

၁၇ ပြန် လာသောအခါ ၊ မိမိ အိမ် ရှိသောရာမ မြို့သို့ ပြန်လာ၍ ထိုမြို့မှာလည်းကျသရေလ အမျိုးဌ် စီရင် ရန် အမှုတို့ကို စစ်ကြော စီရင်လျက် ၊ ထာဝရဘုရား ဘို့ ယဇ် ပလ္လင်ကိုတည် လျက် နေလေ၏။

၈ ရှမွေလ သည် အသက် ကြီးသောအခါ ၊ မိမိ သား တို့ကို ကျသရေလ အမျိုးဌ် အုပ်စိုး ရသောအခွင့်နှင့် ခန့်ထား ၏။ ၂ သားဦး အမည် ကား ယောလ ၊ ဒုတိယ သားအမည် ကား အဘိရ တည်း။ ထိုသူတို့သည် ဗေရရှေဘ မြို့ဌ် တရားသူကြီး လုပ်ကြ၏။ ၃ သို့ရာတွင် အဘလမ်း သို့ မ လိုက်။ ငွေ ကို တပ်မက်သောစိတ် နှင့် လွဲ သွား၍ တံစိုး စားလျက် တရား ကို ဖျက် ကြ၏။ ၄ ထိုအခါ ကျသရေလ အမျိုး အသက် ကြီးသူအပေါင်း တို့သည် စည်းဝေး ၍ ၊ ရှမွေလ ရှိရာ အရပ် ရာမ မြို့သို့ လာ ပြီးလျှင်၊ ၅ ကိုယ်တော် သည် အသက် ကြီးပါ၏။ ကိုယ်တော် ၏သား တို့သည် ကိုယ်တော် လမ်း သို့ မ လိုက် ကြပါ။ လူမျိုး အပေါင်း တို့၏ ထုံးစံရှိသည်အတိုင်း အကျွန်ုပ် တို့ကို အုပ်စိုး ရသောရှင် ဘုရင်ကို ချီးမြှောက် ပါ လော့ဟု လျှောက် ကြ၏။ ၆ ထိုသို့ အကျွန်ုပ် တို့ကို အုပ်စိုး ရသောရှင် ဘုရင်ကိုပေး ပါလော့ဟု လျှောက် သောအမှု ကို ရှမွေလ သည် မ နှစ်သက်သောကြောင့် ထာဝရဘုရား အား ဆုတောင်း လေ၏။ ၇ ထာဝရဘုရား ကလည်း ၊ သင့် အား လူ များတို့ ပြော ဆိုသမျှ သော စကား ကို နားထောင် လော့။ သူတို့ သည် သင့် ကိုသာ မ ပယ် ၊ ငါသည် သူ တို့ကို မအုပ်စိုး စေခြင်းငှါငါ့ ကိုလည်းပယ် ကြပြီ။ ၈ သူတို့ကို အဲဂုတ္တု ပြည်မှ ငါ ဆောင် ခဲ့သောနေ့ မှစ၍ ယနေ့ တိုင်အောင် ငါ့ ကိုစွန့် ၍ အခြား တပါးသော ဘုရား တို့ကို ဝတ်ပြု သဖြင့် ကျင့် မိသမျှ သော အကျင့် အတိုင်း သင် ၌ လည်း ပြု ကြ၏။ ၉ ယခု မှာ သူ တို့စကား ကို နားထောင် လော့။ သို့ရာတွင် သတိ ပေး၍ သူ တို့ကို အုပ်စိုး သော ရှင်ဘုရင် ၏ ထုံးစံ ကို ပြ လော့ဟု မိန့် တော်မူ၏။ ၁၀ ရှမွေလ သည်လည်း ၊ ရှင်ဘုရင် ကို တောင်း သောသူတို့အား ထာဝရဘုရား အမိန့် တော်ရှိသမျှ ကို ပြန်ပြော ၍၊ ၁၁ သင် တို့ကို အုပ်စိုး သော ရှင်ဘုရင် ၏ ထုံးစံ ဟူမူကား ၊ သင် တို့သား များကိုယူ ၍ မိမိ ရထား ထိန်း၊ မြင်း ထိန်းအရာ၌ ခန့် ထား၍ ၊ အချို့တို့သည်လည်း သူ ၏ရထား ရှေ့မှာ ပြေး ရကြမည်။ ၁၂ လူတထောင် အုပ် ၊ တရာအုပ်၊ ငါး ဆယ်အုပ် ၊ တဆယ်အုပ်အရာ၌ ခန့် ထား၍၊ လယ် လုပ်ခြင်း၊ စပါး ရိတ် ခြင်း၊ စစ် တိုက်တန်ဆာ ၊ ရထား တန်ဆာ ကိုလုပ် ခြင်း အမှုများကို ဝေဖန်လိမ့်မည်။ ၁၃ သင် တို့သမီး များကိုလည်း ယူ ၍၊ ခဲဘွယ် စားဘွယ်တို့ကို ပြင်ဆင်စေခြင်းငှါ ၎င်း ၊ စားတော်ကဲ ၊ မုန့် သည် ဖြစ်စေခြင်းငှါ ၎င်း ခန့်ထားလိမ့်မည်။ ၁၄ သင် တို့လယ်ကွက် ၊ စပျစ် ဥယျာဉ်၊ သံလွင် ဥယျာဉ် အကောင်းဆုံး တို့ကို ယူ ၍ မိမိ ကျွန် တို့အား ပေး လိမ့်မည်။ ၁၅ သင် တို့မျိုးစေ့ စပျစ်သီး ဆယ်ဘို့ တဘို့ကို ယူ၍ သူ ၏အရာရှိ အမှုထမ်း တို့အား ပေး လိမ့်မည်။ ၁၆ သင် တို့ကျွန် ၊ ကျွန် မ၊ အကောင်းဆုံး သော လုလင် ၊ မြည်း များကို ယူ ၍ သူ ၏ အမှု ကို လုပ်ကိုင် စေ လိမ့်မည်။ ၁၇ သင် တို့သိုးစု ဆယ်ဘို့ တဘို့ကိုလည်းယူ၍ သင် တို့သည် သူ ၏ ကျွန် ခံရ ကြမည်။ ၁၈ သင် တို့ရွေး ယူသော ရှင်ဘုရင် ကြောင့် ၊ ထို နေ့၌ သင်တို့အော်ဟစ် သော်လည်း ၊ ထာဝရဘုရား သည် နားထောင် တော်မ မူဟု သတိပေးလေ၏။ ၁၉ သို့သော်လည်း လူ များတို့က၊ မ ဟုတ်ပါ။ အုပ်စိုးသော ရှင်ဘုရင် ကို လိုချင်ပါ၏။ ၂၀ အကျွန်ုပ် တို့သည် တပါးအမျိုးသား အပေါင်း တို့နှင့် တူမည်အကြောင်းအကျွန်ုပ် တို့ကို အုပ်စိုး သော ရှင်ဘုရင် ရှိရမည်။ အကျွန်ုပ် တို့ရှေ့မှာ ထွက် ကြွ၍ စစ်

တိုက်ရမည်ဟု ရှမ္ဘေလ ၏ စကား ကို နား မထောင်ဘဲ ဆို ကြ၏။ ၂၁ ထိုသူတို့၏ စကား များကို ရှမ္ဘေလ သည် ကြား လျှင် ၊ ထာဝရဘုရား ရှေ့တော်၌ လျှောက် လေ၏။ ၂၂ ထာဝရဘုရား ကလည်း ၊ သူ တို့စကား ကို နားထောင် ၍ သူ တို့အဘို့ ရှင် ဘုရင်ကို ချီးမြှောက်လော့ဟု မိန့် တော်မူသဖြင့် ၊ ရှမ္ဘေလ က၊ သင်တို့အသီးအသီး နေရာ မြို့ ရွာသို့ ပြန် သွားကြလော့ဟု ဣသရေလ လူ တို့အား ပြော ဆိုလေ၏။

၉ ဗယ်မိန် အမျိုးသားအာဖိ ၊ ဗေခါရတ် ၊ ဧရော် ၊ အဗျေလ မှ ဆင်းသက်၍ ကိရှ အမည် ရှိသောဗယ်မိန် အမျိုးသား တယောက်ရှိ ၏။ သူသည်အလွန် ခွန်အား ကြီးသောသူဖြစ်၏။ ၂ ထိုသူ ၌ ရှောလု အမည် ရှိသောသား တယောက်ရှိ ၏။ ထိုသားသည် အဆင်း လှ၍ ထူးဆန်းသောသူဖြစ် ၏။ ဣသရေလ အမျိုးသား တို့တွင် ထိုသူ ထက် သာ၍အဆင်းလှသော သူတယောက်မျှမ ရှိ။ သူသည် အခြား သောသူထက် ပခုံး အထက် မှာ အရပ်သာ၍မြင့် ၏။ ၃ ရှောလု အဘ ကိရှ ၏ မြည်း တို့သည် ပျောက် သောကြောင့် ၊ ကိရှ က၊ သင် သည် ငယ်သား တယောက် ကို ခေါ် ၍ မြည်း တို့ကို ရှာ အံ့သောငှါထ သွား လော့ဟု မိမိ သား ရှောလု အား ဆို သည်အတိုင်း၊ ၄ သူတို့သည် ဧဖရိမ် တောင် အရပ်နှင့် ရှလိရှ အရပ် တရှောက်လုံး၌ ရှာ ၍ မ တွေ့လျှင် ၊ တဖန် ရှာလိမ် အရပ် မှသည် ဗယ်မိန် အရပ် များ တရှောက်လုံး၌ မ တွေ့။ ၅ ဇုဖ အရပ် သို့ ရောက် သောအခါ ရှောလု က၊ ပြန် ကြစို့။ သို့မဟုတ် အဘ သည် မြည်း တို့ကြောင့် မ စိုးရိမ်၊ ငါ တို့ကြောင့် စိုးရိမ် လိမ့်မည်ဟု ငယ်သားကို ပြောဆိုလျှင်၊ ၆ ငယ်သားက၊ ဤ မြို့ ၌ အသရေ ထင်ရှားသော ဘုရား သခင်၏ လူ တယောက်ရှိ၏။ သူပြော သမျှ သော စကားသည် ဧကန်အမှန်ပြည့်စုံ တတ်၏။ သူ့ထံသို့သွား ကြစို့။ ငါ တို့ သွား ရသော လမ်း ကို သူပြ ကောင်း ပြလိမ့်မည်ဟု ဆို ၏။ ၇ ရှောလု ကလည်း ၊ သွား လျှင် အဘယ် အရာကို လှူ ရမည်နည်း။ ငါ တို့ ၌ပါသောမုန့် ကုန် ပြီ။ ဘုရား သခင် ၏ လူ ကို လှူ စရာ အလှူ တစုံတခုမျှ မရှိ။ ငါ တို့ ၌ တစုံတခုရှိသေးသလောဟုငယ်သား အား မေး သော်၊ ၈ ငယ်သား က၊ ကျွန်တော် လက် ၌ ငွေ တမတ် ရှိ ပါ၏။ ငါ တို့ကို လမ်း ပြ သည်အတွက် ဘုရား သခင်၏ လူ အား ပေး ပါမည်ဟု ရှောလု အား ပြန်ပြော ၏။ ၉ ရှေး ကာလ၌ ဣသရေလ အမျိုးသားတို့သည် ဘုရား သခင်ကို မေးမြန်း ခြင်းငှါ သွား မည်ဟု အကြံရှိလျှင်၊ မြင် သောသူထံသို့ သွား ကြစို့ဟု ဆိုတတ်ကြ၏။ ပရောဖက် ဟူ၍ခေါ် ဝေါ် သောသူကို ရှေး ကာလ၌ မြင် သောသူဟူ၍ ခေါ် ဝေါ် ကြသတည်း။ ၁၀ ရှောလု ကလည်း၊ ကောင်း ပြီသွား ကြစို့ဟု ငယ်သား အား ဆို လျက် ၊ ဘုရား သခင်၏ လူ ရှိရာမြို့ သို့ သွား ကြ၏။ ၁၁ မြို့ ပြင်ကုန်း ပေါ် သို့ ရောက် သောအခါ ၊ ရေ ခပ် လာ သောမိန်းမပျို တို့ကို တွေ့ ၍ ၊ ဤ အရပ်၌ မြင် သောသူ ရှိ သလောဟု မေး သော်၊ ၁၂ ရှိ ပါ၏။ သင် တို့ရှေ့ မှာ ရှိပါ၏။ အလျင်အမြန် သွားတော့။ မြင်သောသူသည် ဤမြို့ သို့ ယနေ့ လာ ပြီ။ လူ များ တို့သည် မြင့် သောအရပ်၌ ယနေ့ ယဇ် ပွဲကို ဆောင်ကြ၏။ ၁၃ ဆရာသည် မြင့် သောအရပ်၌ ယဇ်သားကို စား အံ့သောငှါ မ တက် မှီ သင် တို့သည် မြို့ ထဲသို့ဝင် လျှင် ချက်ခြင်းတွေ့ လိမ့်မည်။ သူ မ ရောက် မှီ လူ များတို့သည် မ စား တတ်ကြ။ သူသည် ယဇ် ပွဲ၌ ဘုရားဝတ်ကို ပြုတတ်၏။ ဝတ်ပြုပြီးမှ ခေါ် ဘိတ် သောသူတို့ သည် စား တတ်ကြ၏။ ယခု မှာ သွား လျှင် တွေ့ ကြ လိမ့်မည်ဟု ပြန်ပြော သည်နှင့်အညီ၊ ၁၄ သူ တို့သည် မြို့ ထဲ သို့

ဝင် ၍ ရှမွေလ သည် မြင့် သောအရပ်သို့ တက် သွားလျက် သူ တို့ကို ဆီး၍ ကြို လေ၏။ ၁၅ ရှောလု မ ရောက် မှီ
မနေ့၌ ထာဝရဘုရား က၊ နက်ဖြန် နေ့၊ ၁၆ ဤအချိန်၌ ဗင်္ယာမိန် ပြည် မှ လူ တယောက်ကို သင် ရှိရာသို့ ငါစေလွှတ်
မည်။ သင်သည် ထိုသူကို ငါ ၏လူ ကြသရေလ အမျိုး၏ မင်း အရာ၌ ခန့်ထား၍ ဆီလောင်းခြင်းဘိသိက် ကိုပေး
ရမည်။ သူသည် ငါ ၏ လူ တို့ကို ဖိလိတ္တိ လူတို့လက် မှ ကယ်တင် ရလိမ့်မည်။ ငါသည် သူတို့အော်ဟစ်သံကိုကြား၍၊
သူတို့ကို ကြည့်ရှု သည်ဟု ရှမွေလနားအပါး၌ မိန့်တော်မူနှင့်ပြီ။ ၁၇ ရှမွေလ သည် ရှောလု ကို မြင် သောအခါ ၊
ထာဝရဘုရား က၊ ငါပြော သော သူ ကို ကြည့် လော့၊ ဤ သူသည် ငါ ၏ လူ တို့ကို အုပ်ချုပ် ရလိမ့်မည်ဟု မိန့်
တော်မူ၏။ ၁၈ ထိုအခါ ရှောလု သည် ရှမွေလ ရှိရာ တံခါးဝ သို့ ချဉ်းကပ် လျှင်၊ မြင် သောသူ၏အိမ် ကို ပြပါလော့ဟု
တောင်းပန် သော်၊ ၁၉ ရှမွေလ က၊ ငါ သည် မြင် သောသူဖြစ် ၏။ ငါ့ ရှေ့ မှာ မြင့် သောအရပ်သို့ တက် သွားလော့။
ယနေ့ ငါ နှင့်အတူ စား ရမည်။ နက်ဖြန် နေ့ ငါလွှတ် လိုက်မည်။ သင့် စိတ် နှလုံးထဲမှာ ရှိသမျှ ကိုလည်း ငါဘော်ပြ
မည်။ ၂၀ တမြန် နေ့က ပျောက် သောသင် ၏ မြည်း တို့ကို မ အောက်မေ့နှင့် တော့ လျက်ရှိပြီ။ ကြသရေလ အမျိုး
သည် အဘယ်သူ ကို အလို ရှိသနည်း။ သင် နှင့် သင် ၏ အဆွေအမျိုး အပေါင်း ကို အလိုရှိသည် မ ဟုတ် လောဟု
ရှောလု အား ပြော ဆို၏။ ၂၁ ရှောလု ကလည်း ၊ အကျွန်ုပ် သည် ကြသရေလ အမျိုး တို့တွင် အငယ်ဆုံး သောအမျိုး၊
ဗင်္ယာမိန် အမျိုးသား ဖြစ်ပါသည် မ ဟုတ်လော။ အကျွန်ုပ် အဆွေအမျိုး သည် ဗင်္ယာမိန် အဆွေအမျိုး အပေါင်း တို့တွင်
အငယ်ဆုံး ဖြစ်ပါသည် မဟုတ်လော။ ကိုယ်တော်သည် အကျွန်ုပ် အား အဘယ်ကြောင့် ဤသို့ ပြောပါသနည်းဟု
လျှောက် လေ၏။ ၂၂ ထိုအခါ ရှမွေလ သည် ရှောလု နှင့် သူ ၏ငယ်သား ကိုခေါ် ၍ အိမ်ခန်း ထဲသို့ သွင်း ပြီးလျှင် ၊
ခေါ်ဘိတ် သောသူ သုံး ဆယ်တို့တွင် အမြတ်ဆုံး သော အရပ် ၌ ထိုင်စေ၏။ ၂၃ ပွဲသူကြီး ကို လည်းခေါ်ပြီးလျှင်၊ သင်
၌ ငါအပ် ပေး၍ အခြားစီထား စေခြင်းငှါ ၊ ငါမှာ ခဲ့သော အဘို့ ကို ယူ ခဲ့တော့ဟု ဆို သည်အတိုင်း၊ ၂၄ ပွဲသူကြီး သည်
ပခုံး နှင့် ပခုံးပေါ် မှာ ခင်းသောအရာကိုယူ ၍ ရှောလု ရှေ့ မှာထား လေ၏။ ရှမွေလက လည်း၊ ချန် ထားသောအရာကို
ယူ၍ စား တော့။ ခေါ်ဘိတ် သောသူတို့ အား ပြောနှင့်သည်အတိုင်း သင့် အဘို့ ယခုတိုင်အောင်သိုထား လျက်ရှိပြီဟု ဆို
၍ ထို နေ့၌ ရှောလု သည် ရှမွေလ နှင့်အတူ စား သောက် လေ၏။ ၂၅ ထိုသူတို့သည် မြင့် သောအရပ်မှ ဆင်း ၍ မြို့
ထဲသို့ဝင်ပြီးလျှင် ၊ ရှမွေလနှင့်ရှောလု တို့သည် အိမ်မိုး ပေါ် မှာ စကားပြော လျက် နေကြ၏။ ၂၆ နံနက်စောစောထ ၍
မိုဃ်းလင်း သောအခါ ၊ ရှမွေလ က၊ ထ လော့။ သင့် ကို ငါလွှတ် လိုက်မည်ဟု ရှောလု ကို အိမ်မိုး ပေါ် မှာ ခေါ် ပြီးလျှင် ၊
ရှောလု သည် ထ ၍ ထိုသူ နှစ် ယောက်တို့သည် ထွက်သွား ကြ၏။ ၂၇ မြို့ စွန်း သို့ ရောက်သောအခါ ရှမွေလ က၊
သင်၏ ငယ်သား ကို ရှေ့ သို့သွား စေခြင်းငှါပြော တော့ဟု ရှောလု အား ဆို သဖြင့် ၊ ငယ်သားသည် ရှေ့သို့သွား လေ၏။
ရှမွေလကလည်း ရပ် နေတော့။ ဘုရား သခင် ၏ အမိန့် တော်ကို ငါပြန် မည်ဟုဆိုလျက်၊

၁၀ ဆီ ဘူး ကိုယူ ၍ ရှောလု၏ခေါင်း ပေါ် မှာ လောင်း လေ၏။ တဖန် သူ့ ကိုနမ်း သဖြင့် ၊ ထာဝရဘုရား သည် သင့်
ကို အမွေ တော်လူမျိုး၏ မင်း အရာ ၌ ခန့်ထား၍ ဆီလောင်ခြင်း ဘိသိက် ကိုပေးတော်မူ၏။ ၂ ယနေ့ ငါ နှင့် ကွာ၍ သွား

သောအခါ ၊ ဗယ်ာမိန် ခရိုင် စွန်း၊ ဇေလဇ ရွာ၊ ရာခေလ သခိုင်း အနား မှာ လူ နှစ် ယောက်ကို တွေ့ လိမ့်မည်။ သူတို့က၊ သင်သွား ၍ ရှာ သောမြည်း တို့ကို တွေ့ ပြီ။ သင် ၏ အဘ သည် မြည်း တို့ကို အမှုမထား၊ ငါ့ သား အဘို့ အဘယ်သို့ ပြု ရပါမည်နည်းဟု ဆိုလျက် စိုးရိမ် ကြောင်းကို ပြော ကြလိမ့်မည်။ ၃ ထို အရပ်မှ လွန် ၍ တာဗော် လွင်ပြင် သို့ ရောက် လျှင် ၊ ဆိတ် သငယ်သုံး ကောင်ကို ဆောင် သောသူ တယောက် ၊ မုန့် သုံး လုံး ကို ဆောင် သော သူတယောက် ၊ စပျစ်ရည် ဘူး ကိုဆောင် သောသူ တယောက် တည်းဟူသောဗေသလ မြို့ ဘုရား သခင်ထံ တော်သို့ သွား သောသူသုံး ယောက်တို့နှင့် သင်သည် တွေ့ကြုံ လိမ့်မည်။ ၄ ထိုသူတို့သည် နှုတ်ဆက် ပြီးလျှင် မုန့် နှစ် လုံးကိုပေး ၍ ၊ သင်သည် သူ တို့လက် မှ ခံယူ ရလိမ့်မည်။ ၅ ထိုနောက်မှ ဖိလိတ္တိ တပ်ရှိရာ ဘုရား သခင်၏ တောင် သို့ ရောက် ၍ မြို့ သို့ ချဉ်းကပ် သောအခါ ၊ ပရောဖက် အပေါင်း အသင်းသည် တယော ၊ ပတ်သာ ၊ ပုလွေ ၊ စောင်း ပါလျက် ပရောဖက် ပြုလျက်၊ မြင့် သောအရပ်မှ ဆင်း လာကြသည်ကို တွေ့ လိမ့်မည်။ ၆ ထိုအခါ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် သင့် အပေါ် မှာ သက်ရောက် သဖြင့် ၊ သင်သည် သူ တို့နှင့်အတူ ပရောဖက် ပြု၍ ခြားနား သောသူဖြစ် လိမ့်မည်။ ၇ ဤ နိမိတ် လက္ခဏာတို့သည် သင် ၌ ဖြစ် သောအခါ ၊ အဆင်သင့်သည်အတိုင်း ပြု လော့။ ဘုရား သခင်သည် သင် နှင့်အတူ ရှိတော်မူ၏။ ၈ သင်သည်လည်း ငါ့ ရှေ့ မှာ ဂိလဂါလ မြို့သို့ သွား ရမည်။ ငါ သည်လည်း မီး ရှို့ရာယဇ်၊ မိဿဟာယ ယဇ် တို့ကို ပူဇော် ခြင်းငှါ သင် ရှိရာသို့ လာ မည်။ ငါ လာ ၍ သင်ပြု ရသော အမှုကို မပြ မှီတိုင်အောင် သင်သည် ငုံ့ နေရမည်ဟု ဆို၏။ ၉ ရှောလုသည် ရှမွေလ ထံမှ ထွက်သွား မည်ဟု လှည့် သောအခါ ၊ ခြားနား သော စိတ် နှလုံးကို ဘုရား သခင်ပေး တော်မူ၍ ၊ ထို နိမိတ် လက္ခဏာ အလုံးစုံ တို့သည် ထို နေ့ခြင်းတွင် ဖြစ်လေ၏။ ၁၀ တောင် တော်သို့ရောက် သောအခါ ၊ ပရောဖက် အပေါင်း အသင်းတို့သည် ဆီး ၍ ကြိုကြစဉ်တွင်၊ ဘုရား သခင်၏ ဝိညာဉ် တော်သည် ရှောလုအပေါ် သို့ သက်ရောက် တော်မူသဖြင့် ၊ သူ တို့နှင့်အတူ ပရောဖက် ပြုလေ၏။ ၁၁ ရှောလုသည် ပရောဖက် တို့နှင့်အတူ ပရောဖက် ပြုသည်ကို အထက် က သိကျွမ်း သောသူတို့သည် မြင် သောအခါ ၊ ကိရှ ၏သား၌ အဘယ်သို့ ဖြစ် သနည်း။ ရှောလု သည်လည်း ပရောဖက် တို့ ၌ ပါသလော ဟု တယောက် ကိုတယောက်မေးမြန်း ကြ၏။ ၁၂ ထို အရပ်သား တယောက်က၊ သူ တို့အဘ ကား အဘယ်သူ နည်းဟုဆို ၍၊ ရှောလု သည်လည်း ပရောဖက် တို့ ၌ ပါသလော ဟူသောစကားသည် ပုံ စကားဖြစ် လေ၏။ ၁၃ ရှောလုသည် ပရောဖက်ပြုပြီးမှမြင့်သောအရပ်သို့ သွား၏။ ၁၄ ရှောလု ၏ ဘထွေး က၊ သင်တို့သည် အဘယ် အရပ်သို့ သွားသနည်းဟု ရှောလုနှင့် ငယ်သား ကို မေး လျှင် ၊ ရှောလုက၊ မြည်း တို့ကို ရှာ ရအောင် သွား၏။ မ တွေ့သောအခါ ရှမွေလ ထံသို့ ရောက် သည်ဟု ပြန်ပြော ၏။ ၁၅ ဘထွေး ကလည်း ၊ ရှမွေလ သည် အဘယ်သို့ ပြော သနည်း။ ငါ့ အား ပြန်ပြော ပါဟု တောင်းပန် သော်၊ ၁၆ မြည်း တို့ကို တွေ့ ပြီဟု ရှမွေလသည် အတပ်ပြော ကြောင်းကိုသာ ရှောလု သည် ဘထွေး အား ပြန်ပြော ၍ ၊ ရှမွေလ ပြော သော နိုင်ငံ အမှု အရေးကို ဘထွေးအား မ ကြားမပြော ဘဲနေ၏။ ၁၇ တဖန် ရှမွေလ သည် လူ များတို့ကို မိဇပါ မြို့ ထာဝရဘုရား ထံ တော်သို့ခေါ် ၍ စည်းဝေး စေပြီးလျှင်၊ ၁၈ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား၊

ကျသရေလ အမျိုးဖြစ်သော သင် တို့ကို အဲဂုတ္တုပြည်မှ ငါ ဆောင် ခဲ့၍ ၊ အဲဂုတ္တုမင်းအစရှိသော သင် တို့ကို ညှဉ်းဆဲသော မင်း အပေါင်း တို့ လက် မှ ကယ်နှုတ် သော်လည်း၊ ၁၉ သင် တို့ကို ဒုက္ခ ဆင်းရဲဘေး ဥပဒ်ရှိသမျှ တို့အထဲ က ကယ်တင် သော သင် တို့၏ ဘုရား သခင်ကို ယနေ့ သင် တို့သည် ပယ် ကြပြီ။ အကျွန်ုပ် တို့အပေါ် မှာ ရှင်ဘုရင် ရှိစေခြင်းငှါချီးမြှောက် တော်မူပါဟု လျှောက် ကြပြီ။ သို့ ဖြစ်၍ အမျိုး အသီးအသီး၊ အဆွေအသီးအသီးအလိုက် ထာဝရဘုရား ရှေ့ တော်သို့ ချဉ်းကပ် ကြလော့ဟု ကျသရေလ အမျိုးသား တို့အား ဆို သဖြင့်၊ ၂၀ အမျိုးအနွယ် အပေါင်း တို့ကို ချဉ်းကပ် စေပြီးမှ ၊ ဗယ်မိန် အမျိုး ကို မှတ် တော်မူ၏။ ၂၁ ဗယ်မိန်အဆွေအမျိုးအလိုက် ချဉ်းကပ်စေပြီးမှ၊ မာတရိ အဆွေအမျိုးကိုထင်း၊ ကိရှ၏သား ရှောလု ကိုထင်းမှတ်တော်မူသဖြင့် သူ့ကိုရှာ၍ မတွေ့ကြ။ ၂၂ ထိုသူသည်လာ ရပါမည်လောဟု ထာဝရဘုရား အား မေး လျှောက်လျှင် ၊ ထာဝရဘုရား က၊ လှည်း များ အစရှိသည်တို့ ၌ ပုန်း၍နေသည်ဟု မိန့် တော်မူ၏။ ၂၃ သူတို့သည် ပြေး ၍ ခေါ် ခဲ့ကြ၏။ ရှောလုသည် လူ များတို့တွင် ရပ် သောအခါ ၊ ပခုံး အထက် မှာ အခြား သောသူထက် အရပ်သာ၍မြင့် ၏။ ၂၄ ရှမွေလကလည်း၊ ထာဝရဘုရား ရွေးချယ်တော်မူသောသူကို ကြည့်ကြလော့။ လူခပ်သိမ်းတို့တွင် သူနှင့်တူသော သူတစုံတယောက်မျှမရှိဟု လူအပေါင်းတို့အား ပြောဆိုလျှင်၊ လူအပေါင်းတို့က၊ ရှင်ဘုရင်အသက်တော်မြဲပါစေဟု ကြွေးကြော်ကြ၏။ ၂၅ ရှမွေလ သည်လည်း မင်း ကျင့်တရားကို လူ များတို့အား ဟောပြော ၍ စာ ၌ ရေးမှတ် သဖြင့် ၊ ထာဝရဘုရား ရှေ့ တော်၌ ထား ပြီးမှ ၊ လူ အပေါင်း တို့ကို အသီးအသီး မိမိ တို့အိမ် သို့ လွှတ် လိုက်လေ၏။ ၂၆ ရှောလု သည်လည်း ဂိဗာ မြို့ မိမိ အိမ် သို့ သွား ၍ ၊ ဘုရား သခင်သွေးဆောင်တော်မူသော လူ အပေါင်းအသင်းသည် သူ နှင့်အတူ လိုက်သွား ကြ၏။ ၂၇ အဓမ္မ လူတို့က၊ ဤသူသည် ငါ တို့ကို အဘယ်သို့ ကယ်တင် လိမ့်မည်နည်းဟု ဆို လျက် ၊ လက်ဆောင် ကို မ ဆက် ဘဲ မထီမဲ့မြင် ပြုသော်လည်း ၊ ရှောလုသည် အမှု မထားဘဲနေ၏။

၁၁ ထိုနောက်မှ အမ္မုန် အမျိုးသားနာဟတ် သည်လာ ၍ ဂိလဒ်ပြည်ယာဗက်မြို့အနား မှာ တပ်ချ လျှင် ၊ မြို့သား အပေါင်း တို့က အကျွန်ုပ် တို့နှင့် မိဿဟာယ ဖွဲ့တော်မူပါ။ ကိုယ်တော် ထံ၌ကျွန် ခံပါမည်ဟု နာဟတ် မင်းအား လျှောက်သော်လည်း၊ ၂ အမ္မုန် အမျိုးသားနာဟတ် က၊ သင် တို့ ၌ လက်ျာ မျက်စိ ရှိသမျှ ကို ဖောက် ၍ ကျသရေလ အမျိုးတမျိုးလုံး ၌ ငါကဲ့ရဲ့ ရသောအခွင့်ကိုပေး မှသာ မိဿဟာယ ဖွဲ့မည်ဟု ပြန်ပြော သော်၊ ၃ ယာဗက်မြို့သားအသက်ကြီး သူတို့က၊ အကျွန်ုပ်တို့သည် ကျသရေလ ပြည် တရှောက်လုံး သို့ တမန် တို့ကို စေလွှတ် ခြင်းငှါခုနှစ်ရက် မျှ ငံ့လင့်ပါ။ ထိုအခါ ကယ်တင် သောသူ မ ပေါ်မရှိလျှင် မင်းကြီးထံသို့ ထွက် ပါမည်ဟု ဆို ကြ၏။ ၄ တမန်တို့သည် ရှောလု နေရာ ဂိဗာ မြို့သို့လာ ၍ လူ များတို့အား သိတင်း ကြားပြော သော်၊ လူ အပေါင်း တို့သည် အသံ ကို လွှင့် ၍ ငိုကြွေး ကြ၏။ ၅ ရှောလု သည် နွားစု နောက် သို့ လိုက်လျက် လယ် လုပ်ရာမှ ရောက် လာသောအခါ ၊ လူ တို့သည် အဘယ်ကြောင့် ငိုကြွေး ကြသနည်းဟုမေး လျှင် ၊ ယာဗက် မြို့သား တို့၏ သိတင်း ကို ပြော ကြ၏။ ၆ ထို သိတင်း ကို ရှောလု ကြား သောအခါ ၊ ဘုရား သခင်၏ ဝိညာဉ် တော် သက်ရောက် ၍ သူသည် ပြင်းစွာ အမျက် ထွက်

လျက်၊ ၇ နွား တရှဉ်း ကို ယူ ၍ ခုတ်ဖြတ် ပြီးမှ ၊ သံတမန် တို့လက် တွင် ဣသရေလ ပြည် တရှောက်လုံး သို့ ပေး လိုက် ၍၊ ရှောလု နှင့် ရှမွေလ နောက် သို့ ထွက် ၍မ လိုက်သော သူ ၏ နွား တို့ကို ဤ ကဲ့သို့ပြု မည်ဟု ကြော်ငြာစေသဖြင့်၊ လူ တို့သည် ထာဝရဘုရား ကို ကြောက် ၍ တညီတညွတ် တည်းထွက် လာကြ၏။ ၈ ဗေဇက် မြို့၌ တပ်စာရင်း ယူသောအခါ ၊ ဣသရေလ အမျိုးသား သုံး သိန်း၊ ယုဒ အမျိုးသား သုံး သောင်း ရှိ ကြ၏။ ၉ ဂိလဒ်ပြည်ယာဗက်မြို့မှ လာ သောတမန် တို့အား၊ နက်ဖြန် နေ့ နေ ပူ ချိန် ရောက် သောအခါ ချမ်းသာ ရမည် အကြောင်းကို၊ မြို့သား တို့အား ကြားပြော ကြလော့ဟု မှာလိုက်သည်အတိုင်း၊ တမန် တို့သည် သွား ၍ သိတင်းကြား ပြောသဖြင့် ယာဗက် မြို့သား တို့သည် ဝမ်းမြောက် ကြ၏။ ၁၀ အဂ္ဂနုပ်တို့သည် နက်ဖြန် နေ့၌ ကိုယ်တော် ထံသို့ ထွက် ပါမည်။ ကိုယ်တော်အလို ရှိသမျှ အတိုင်း ပြု တော်မူပါဟု နာဟတ်မင်းအား လျှောက် ကြ၏။ ၁၁ နက်ဖြန် နေ့၌ ရှောလု သည် လူ တို့ကို သုံး တပ် ခွဲ ပြီးမှ ၊ နံနက်ယံ အချိန်၌ ရန်သူအလုံးအရင်း ထဲသို့ ဝင် ၍ နေပူ ချိန်တိုင်အောင် အမျိုးသားတို့ကို လုပ်ကြံ သဖြင့် ၊ ကျန် ကြွင်းသောသူတယောက်နှင့် တယောက်ပေါင်း၍ မ နေ ရသည်တိုင်အောင် လူအပေါင်းတို့သည် ကွဲပြား လျက် ရှိကြ၏။ ၁၂ ဣသရေလလူ တို့ကလည်း ၊ ရှောလု သည် ငါ တို့ကို အုပ်စိုး ရမည်လောဟု ဆို မိသောသူကား အဘယ်သူ နည်း။ ထိုသို့ဆိုမိသောသူ တို့ကိုခေါ် ၍ သတ် ကြကုန်အံ့ဟု ရှမွေလ အား ဆိုကြသော်၊ ၁၃ ရှောလု က၊ လူ တယောက်ကိုမျှ ယနေ့ မ သတ် ရ၊ ထာဝရဘုရား သည် ယနေ့ ဣသရေလ အမျိုးကို ကယ်တင် တော်မူပြီဟု ဆို ၏။ ၁၄ ရှမွေလ ကလည်း ၊ ဂိလဂါလ မြို့သို့သွား ၍ နိုင်ငံ တော်ကို ပြုပြင် ကြကုန်အံ့ဟု လူ များတို့အား ပြော ဆိုသည်အတိုင်း၊ ၁၅ လူ အပေါင်း တို့သည် ဂိလဂါလ မြို့သို့ သွား ၍ ၊ ထို မြို့၌ ထာဝရဘုရား ရှေ့တော်မှာ ရှောလု ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ကြ၏။ ထိုမြို့၌ လည်း၊ ထာဝရဘုရား ရှေ့တော်မှာ မိဿဟာယ ယဇ်ကို ပူဇော် သဖြင့် ၊ ရှောလု နှင့် ဣသရေလ အမျိုးသား အပေါင်း တို့သည် အလွန် ပျော်မွေ့ ခြင်းကို ပြုကြ၏။

၁၂ ရှမွေလ ကလည်း ၊ သင်တို့ပြော သမျှ သော စကား ကို ငါနားထောင် ၍ ၊ သင် တို့အပေါ် မှာ ရှင် ဘုရင်ကို ငါချီးမြှောက် လေပြီ။ ၂ ယခု မှာ ရှင် ဘုရင်သည် သင် တို့ရှေ့၌ ကြွ နေတော်မူ၏။ ငါ သည် အသက် ကြီး၍ ဆံပင် ဖြူပြီ။ ငါ့ သား တို့ သည် သင် တို့ ၌ ရှိကြ၏။ ငါ သည် ငယ် သော အရွယ်မှစ၍ ယနေ့ တိုင်အောင် သင် တို့ရှေ့၌ သွား ပြီ။ ၃ ဤအရပ်၌ ယခု ငါ ရှိ ၏။ အဘယ်သူ ၏ နွား ကို ငါယူ ဘူးပြီနည်း။ အဘယ်သူ ၏ မြည်း ကို ယူ ဘူးပြီနည်း။ အဘယ်သူ ကို လှည့်စား ဘူးပြီနည်း။ အဘယ်သူ ကို ညှဉ်းဆဲ ဘူးပြီနည်း။ ကိုယ် မျက်စိ ကိုကွယ် စေခြင်းငှါ အဘယ်သူ လက် မှ တံစိုး ကိုခံ ဘူးပြီနည်း။ ထာဝရဘုရား ရှေ့၊ ဘိသိက် တော်ကိုခံသောသူ ရှေ့မှာ ငါ့ တဘက် ၌ သက်သေခံ ကြလော့။ သူ ဥစ္စာကို ငါယူမိလျှင် ပြန် ပေးပါမည်ဟု ဣသရေလ လူအပေါင်း တို့အား ပြော ဆိုသော်၊ ၄ သူတို့က၊ ကိုယ်တော်သည် အဂ္ဂနုပ် တို့ကို မ လှည့်စား ပါ။ မ ညှဉ်းဆဲ ပါ။ အဘယ်သူ ၏ ဥစ္စာကိုမျှ မ ယူ ပါဟု ပြောဆို ကြ၏။ ၅ ရှမွေလကလည်း၊ သင်တို့သည် ငါ့ လက် ၌ သူတပါး၏ဥစ္စာ ကို ရှာ ၍ မ တွေ့ကြောင်း ကို ထာဝရဘုရား သည် သင် တို့တဘက် ၌ သက်သေ ဖြစ်တော်မူ၏။ ဘိသိက် တော်ကိုခံသောသူလည်း သက်သေ ဖြစ်၏ဟု ဆို လျှင် ၊ သူတို့က၊

သက်သေ ဖြစ်ပါသည်ဟု ဝန်ခံ ကြ၏။ ၆ တဖန် ရှမွေလ က၊ ထာဝရဘုရား သည် မောရှေ နှင့် အာရုန် ကို ချီးမြှောက်၍ ၊ သင် တို့ဘိုးတော း များကို အဲဂုတ္တု ပြည် မှ ဆောင် ခဲ့တော်မူ၏။ ၇ ယခု တွင် တိတ်ဆိတ်စွာနေကြလော့။ ထာဝရဘုရား သည် သင် တို့နှင့် သင် တို့ဘိုးတော း များ၌ တရား သဖြင့် ပြု တော်မူသောအမှုတို့ကို ထာဝရဘုရား ရှေ့ တော်မှာ သင် တို့အား ငါဆွေးနွေး ဟောပြောမည်။ ၈ ယာကုပ် သည် အဲဂုတ္တု ပြည်သို့ ရောက် ၍ ၊ သင် တို့ဘိုးတော း တို့သည် ထာဝရဘုရား အား အော်ဟစ် သောအခါ ၊ မောရှေ နှင့် အာရုန် ကို စေလွှတ် သဖြင့် ဘိုးတော း တို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် ၍ ဤ ပြည် ၌ နေရာ ချတော်မူ၏။ ၉ သူ တို့၏ဘုရား သခင်ထာဝရဘုရား ကို မေ့လျော့ သောအခါ ၊ ဟာဇော ဗိုလ်ချုပ် မင်း သိသရ လက် သို့ ၎င်း ၊ ဖိလိတ္တိ လူတို့ လက် သို့ ၎င်း ၊ မောဘ ရှင်ဘုရင် လက် သို့ ၎င်း ရောက်စေတော်မူသဖြင့်၊ ထိုရန်သူတို့၏တိုက်ဖျက် ခြင်းကိုခံရကြ၏။ ၁၀ တဖန် သူတို့သည် ထာဝရဘုရား အား အော်ဟစ် လျက် ၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကို စွန့် ၍၊ ဗာလ ဘုရားနှင့် အာရှတရက် ဘုရားတို့ကို ဝတ်ပြု သဖြင့် ပြစ်မှား ပါပြီ။ သို့ရာတွင် ရန်သူ လက် မှ ကယ်ချွတ် တော်မူပါ။ ကိုယ်တော် ကို ဝတ်ပြု ပါမည်ဟု လျှောက် ကြသောအခါ၊ ၁၁ ထာဝရဘုရား သည် ယေရုဗ္ဗာလ ၊ ဗာရက် ၊ ယေဖသ ၊ ရှမွေလ တို့ကို စေလွှတ် ၍ ၊ ပတ်ဝန်းကျင် ရန်သူ တို့ လက် မှ ကယ်နှုတ် တော်မူသဖြင့် သင်တို့သည် ဘေး လွတ်ရကြ၏။ ၁၂ နောက် တဖန် အမ္မုန် အမျိုးသား ရှင်ဘုရင် နာဟတ် သည် စစ်ချီမည်အကြောင်းကို သိ သောအခါ ၊ အကျွန်ုပ်တို့သည် အရင်ကဲ့သို့မ ဟုတ်၊ ရှင် ဘုရင်သည် အကျွန်ုပ် တို့ကို အုပ်စိုး ရမည်ဟု သင် တို့၏ ဘုရား သခင်ထာဝရဘုရား သည် ရှင်ဘုရင် လုပ်လျက်ပင်ငါ့ အား လျှောက် ထားကြ၏။ ၁၃ ယခု မှာ သင်တို့လိုချင် ၍ ရွေးချယ် သော ရှင် ဘုရင်ကို ကြည့်ရှု ကြလော့။ ထာဝရဘုရား သည် သင် တို့အပေါ် မှာ ရှင်ဘုရင် ဖြစ်စေခြင်းငှါချီးမြှောက် တော်မူပြီ။ ၁၄ သင်တို့သည် ထာဝရဘုရား ကို ကြောက်ရွံ့ ၍ ဝတ်ပြု ခြင်းနှင့်တကွအာဏာ တော်ကို မ ဆန် ၊ စကား တော်ကို နားထောင် လျှင် သင် တို့နှင့် သင် တို့ကို အုပ်စိုး သော ရှင် ဘုရင်သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား နောက် တော်သို့ အမြဲလိုက်ကြလိမ့်မည်။ ၁၅ သို့မဟုတ် ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်၊ အာဏာ တော်ကို ဆန် လျှင် ၊ ထာဝရဘုရား ၏ လက် တော်သည် ဘိုးတော း တို့ကို ဆီးတားသကဲ့သို့ သင် တို့ကို ဆီးတားတော်မူလိမ့်မည်။ ၁၆ ယခု မှာ သင် တို့မျက်မှောက် ၌ ထာဝရဘုရား ပြု တော်မူလတံ့သော အမှု ကြီး ကို ငြိမ်ဝပ်စွာ နေ ၍ ကြည့်ရှု လော့။ ၁၇ ယနေ့ ဂျုံ စပါးရိတ် ရာ ကာလဖြစ်သည် မ ဟုတ်လော။ သို့သော်လည်းထာဝရဘုရား ကို ငါဆုတောင်း ၍ မိုးယံချုန်း ခြင်းနှင့်တကွ မိုးယံး ရွာစေတော်မူမည်။ သို့ ဖြစ်၍ သင် တို့သည် ရှင်ဘုရင် ကို တောင်း သောအားဖြင့် ထာဝရဘုရား ရှေ့ တော်၌ ပြစ်မှား မိသော အပြစ် သည် ကြီး ကြောင်း ကို ရိပ်မိ သိမြင် ရကြမည် ဟု လူများတို့အား ပြောဆိုပြီးလျှင်၊ ၁၈ ထာဝရဘုရား ကို ဆုတောင်း ၍ ၊ ထို နေ့၌ ထာဝရဘုရား သည် မိုးယံးချုန်း ခြင်းနှင့်တကွ မိုးယံး ရွာစေ တော်မူ၍ ၊ လူ အပေါင်း တို့သည် ထာဝရဘုရား နှင့် ရှမွေလ ကို အလွန် ကြောက်ရွံ့ ကြ၏။ ၁၉ လူ အပေါင်း တို့က၊ ကိုယ်တော်၏ ကျွန်တို့သည် မ သေ ရမည်ကြောင်း ၊ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား အား ကိုယ်တော် ကျွန် တို့အဘို့ ဆုတောင်း တော်မူပါ။ အကျွန်ုပ်တို့သည်

ရှင်ဘုရင် ကို တောင်း သောအားဖြင့် အထက်အပြစ် များတို့အပေါ် မှာ ထပ် ၍ဒုစရိုက် ကို ပြုမိပါပြီဟု ရှမွေလ အား တောင်းပန် ကြ၏။ ၂၀ ရှမွေလ ကလည်း မ စိုးရိမ် ကြနှင့်။ ဤ ဒုစရိုက် အပေါင်း ကို ပြု မိသော်လည်း ၊ ထာဝရဘုရား နောက် တော်သို့ လိုက်ရာမှ မ လွှဲ ကြနှင့်။ ထာဝရဘုရား ကို စိတ် နှလုံးအကြွင်းမဲ့ ဝတ်ပြု ကြလော့။ ၂၁ ကျွးဓူး မ ပြု မ ကယ်တင် နိုင်၊ အချည်းနှီး ဖြစ်သော အရာတို့နောက် သို့ လမ်း လွှဲ၍ မ လိုက်ကြနှင့်။ ထိုသို့သောအရာသည် အချည်းနှီး သက်သက်ဖြစ်၏။ ၂၂ ထာဝရဘုရား သည် မဟာ နာမ တော်ကိုထောက် ၍ မိမိ လူ တို့ကို စွန့် တော်မ မူ။ ထာဝရဘုရား သည် သင် တို့ကို မိမိ လူ အရာ၌ ခန့် ထားခြင်းငှါ အလို ရှိတော်မူပြီ။ ၂၃ ငါ မူကား သင် တို့အဘို့ ဆု မတောင်းဘဲ နေသဖြင့်၊ ထာဝရဘုရား ကို ပြစ်မှား ခြင်းအမှုသည် ငါ နှင့် ဝေး ပါစေသော။ ကောင်းမွန် ဖြောင့်မတ် သော လမ်း ကိုလည်း သင် တို့အား ငါပြသ ဦးမည်။ ၂၄ သို့ရာတွင် ထာဝရဘုရား ကို ကြောက်ရွံ့၍ သစ္စာ နှင့်တကွ စိတ် နှလုံးအကြွင်းမဲ့ ဝတ်ပြု ကြလော့။ သင် တို့အဘို့ အဘယ် မျှလောက်ပြု တော်မူပြီးသည်ကို အောက်မေ့ ကြလော့။ ၂၅ သို့မဟုတ် သင်တို့သည် ဒုစရိုက် ပြုမြဲပြုလျှင် ၊ ရှင်ဘုရင် နှင့်တကွ ပျက်စီး ခြင်းသို့ ရောက်ရကြ လိမ့်မည်ဟု လူ များတို့အား ပြောဆို လေ၏။

၁၃ ရှောလု သည် တနှစ်ကျော် နှစ် နှစ် ခန့်လောက် ဣသရေလ အမျိုး၌ မင်း ပြုပြီးမှ ၊ ဣသရေလ အမျိုးသားသုံး ထောင် တို့ကို ရွေးကောက် ပြီးလျှင် ၊ ၂ ကိုယ်တိုင်နေသောမိတ်မတ် မြို့နှင့် ဗေသလ တောင် ပေါ် မှာ လူနှစ်ထောင် ၊ ဗယ်ာမိန် ခရိုင်၊ ဂိဗာ မြို့၊ ယောနသန် ထံ မှာတထောင် ကိုထား၍၊ အခြား သောသူတို့ ကို မိမိ တို့ အသီးအသီး နေရာအရပ် သို့ လွှတ် လိုက်လေ၏။ ၃ ယောနသန် သည် ဂိဗာ မြို့၌ ရှိသော ဖိလိတ္တိ တပ် ကို လုပ်ကြံ သဖြင့် ဖိလိတ္တိ လူတို့သည် သိတင်းကြား ကြ ၏။ ရှောလု ကလည်း မြစ်တဘက်၌ နေသောသူတို့သည် ကြား သိစေဟု တပြည်လုံး တံပိုး မှုတ် စေ၏။ ၄ ရှောလု သည်ဖိလိတ္တိ တပ် ကို လုပ်ကြံ ကြောင်းနှင့် ဖိလိတ္တိ လူတို့သည် ဣသရေလ လူတို့ကို ရွံရှာ ကြောင်း ကို ဣသရေလ အမျိုးသားအပေါင်း တို့သည် ကြားသိ ၍၊ လူ များတို့သည် ရှောလု နောက် ဂိလဂါလ မြို့၌ စည်းဝေး ကြ၏။ ၅ ဖိလိတ္တိ လူတို့သည်လည်း ၊ ဣသရေလ အမျိုးသားတို့ကို စစ်တိုက် ခြင်းငှါ ၊ ရထား သုံးထောင် နှင့် မြင်း ခြောက် ထောင် ကိုဂင်း၊ သမုဒ္ဒရာ သဲလုံး နှင့်အမျှ ရှိသောလူ များကိုဂင်းစုဝေးစေပြီးလျှင် ၊ စစ်ချီ ဗေသဝင် မြို့အရှေ့ ၊ မိတ်မတ် မြို့၌ တပ်ချ ကြ၏။ ၆ ဣသရေလ အမျိုးသား တို့သည် အလွန် ဆင်းရဲ ခံရသဖြင့် ၊ မိမိတို့ ကျဉ်းမြောင်းလျက်ရှိသည်ကို သိမြင် သောအခါ ၊ ဥမင် ၊ တောအုံ ၊ ကျောက် ကြား ၊ တောင်ထိပ် ၊ မြေတွင်း တို့ ၌ ပုန်းရှောင် ၍ နေကြ၏။ ၇ ယော်ဒန် မြစ်တဘက်၌ နေသောသူအချို့တို့သည် ကူးပြန်၍ ၊ ဂဒ် ပြည် ၊ ဂိလဒ် ပြည်သို့ သွား ကြ၏။ ရှောလု သည် ဂိလဂါလ မြို့၌ နေသေး ၍ ၊ လူ အပေါင်း တို့သည် သူ့ နောက် ၌ တုန်လှုပ် လျက်ရှိကြ၏။ ၈ ရှမွေလ ချိန်းချက် သည်အတွင်း ရှောလုသည် ခုနစ် ရက် ငံ့လင့် ၍ ၊ ရှမွေလ သည် ဂိလဂါလ မြို့သို့ မ ရောက် ၊ လူ များတို့လည်း ထွက်ပြေး ကြ၏။ ၉ ရှောလု ကလည်း ၊ မီး ရှို့ရာယဇ်နှင့် မိဿဟာယ ပူဇော်သက္ကာတို့ကို ငါ့ ထံသို့ ယူ ခဲ့ကြဟုဆို သဖြင့် ၊ မီး ရှို့ရာယဇ်ကို ပူဇော် လေ၏။ ၁၀ မီး ရှို့ရာယဇ်ပူဇော် ခြင်းအမှု ပြီး သည်အဆုံး၌ ရှမွေလ

သည် လာ ၏။ ရှောလု သည် ကောင်းကြီး ပေး၍ ခရီးဦးကြို ပြုခြင်းငှါ ထွက်သွား လျှင်၊ ၁၁ ရှမွေလ က၊ သင်သည် အဘယ်သို့ ပြု သနည်းဟုမေး သော်၊ ရှောလု က၊ လူ များတို့သည် အကျွန်ုပ် ထံမှ ထွက်ပြေး ကြောင်း ၊ ကိုယ်တော် သည် ချိန်းချက် သော အချိန်၌ မ ရောက် ကြောင်း၊ ဖိလိတ္တိ လူတို့ သည် မိတ်မတ် မြို့၌ စုဝေး ကြောင်းများကို သိမြင် သောအခါ၊ ၁၂ ဖိလိတ္တိ လူတို့သည် ငါ ရှိရာ ဂိလဂါလ မြို့သို့ စစ်ချီ ကြလိမ့်မည်။ ထာဝရဘုရား ကို ငါမ တောင်းပန် သေး ဟု အကျွန်ုပ်အောက်မေ့ သဖြင့် ၊ ကိုယ်ကို အနိုင် ပြု၍ မီး ရှို့ရာယဇ်ကို ပူဇော် မိပြီဟု ပြန်ပြော ၏။ ၁၃ ရှမွေလ ကလည်း သင်သည် မှား ပြီ။ သင် ၏ ဘုရား သခင်ထာဝရဘုရား ထား တော်မူသော ပညတ် တရားကို မ စောင့် ပါတကား။ စောင့်မိလျှင်၊ ထာဝရဘုရား သည် ဣသရေလ အမျိုးဦ၌ သင် ၏ အာဏာ ကို ယခု မှစ၍အစဉ် အမြဲတည် စေတော်မူပြီ။ ၁၄ ယခု မူကား သင် ၏ အာဏာ မ တည် ရ။ ထာဝရဘုရား သည် စိတ် နှလုံးတော်နှင့် ညီညွတ်သောသူကို ရှာ တော်မူ၏။ ထိုသူသည် လူမျိုး တော်အပေါ် မှာ မင်း ဖြစ်စေခြင်းငှါထာဝရဘုရား မိန့် တော်မူပြီ။ အကြောင်း မူကား၊ သင် သည် ထာဝရဘုရား မှာ ထားတော်မူသည်အတိုင်း မ ကျင့် ဟု ရှောလု အား ဆို ပြီးလျှင်၊ ၁၅ ထ ၍ ဂိလဂါလ မြို့မှ ဗယ်ာမိန် ခရိုင်၊ ဂိဗာ မြို့သို့ သွား ၏။ ရှောလု သည် မိမိ ၌ ရှိသောလူ တို့ကို ရေတွက် ၍ ခြောက် ရာ ခန့် မျှ ရှိ ၏။ ၁၆ သူနှင့် သား တော်ယောနသန် ၊ သူ တို့ ၌ ရှိ သောလူ အပေါင်းတို့သည် ဗယ်ာမိန် ခရိုင်၊ ဂိဗာ မြို့တွင် နေ ကြ၏။ ဖိလိတ္တိ လူတို့သည် မိတ်မတ် မြို့တွင် တပ်ချ ကြ၏။ ၁၇ လုယူသော တပ်သုံး တပ်တို့သည်၊ ဖိလိတ္တိ တပ်မ ထဲက ထွက် ၍ တတပ်သည် ရွာလ ပြည် သြဖရ မြို့ လမ်း သို့ လိုက် ၏။ ၁၈ တ တပ် သည် ဗေသောရုန် မြို့လမ်း သို့ လိုက် ၏။ တ တပ် သည် တော ဘက် မှာ ဇေဘိုင်ချိုင့် ကို မျက်နှာပြု သော ပြည် စွန်းလမ်း သို့ လိုက် ၏။ ၁၉ ဖိလိတ္တိ လူတို့က၊ ဟေဗြဲ လူတို့သည် ထား လုံ့ တို့ကို မလုပ်စေနှင့်ဟု စီရင်မြဲရှိသောကြောင့်၊ ဣသရေလ ပြည် တရှောက်လုံး တွင် ပန်းပဲ တယောက်မျှမ ရှိ။ ၂၀ ဣသရေလ လူအပေါင်း တို့သည် ထွန်သွား ၊ ပေါက်တူး ၊ ပုဆိန် ၊ တူးခွင်း ကို ထက် စေခြင်းငှါ ၊ ဖိလိတ္တိ လူတို့ရှိရာသို့ သွား ရကြ၏။ ၂၁ နောက် တဖန် ထွန်သွား ၊ ပေါက်တူး ၊ သုံးခွ ခက်ရင်း ၊ ပုဆိန် ၊ ထိုးတံချွန် တုံးလျက်ရှိကြ၏။ ၂၂ သို့ ဖြစ်၍ စစ်တိုက် ရာကာလ ရှောလု နှင့် သားတော် ယောနသန် မှတပါး အဘယ်သူ၌ မျှ ထား လုံ့ မ ရှိ။ ၂၃ တဖန် ဖိလိတ္တိ တပ်သား တို့သည် မိတ်မတ် မြို့ လမ်း၀ သို့ ထွက် ၍ နေကြစဉ်တွင်၊

၁၄ တနေ့သ၌ရှောလု ၏ သား ယောနသန် သည် ခမည်းတော် ထံ၌ အခွင့် မ ပန်ဘဲ၊ လက်နက် ဆောင် လုလင် ကို ခေါ် ၍၊ တစ်ဘက် ၌ နေသော ဖိလိတ္တိ တပ် သို့ သွား ကြကုန်အံ့ဟု ဆို လေ၏။ ၂ ရှောလု သည် ဂိဗာ မြို့စွန်း ၊ မိဂြုန် ရွာ၊ ရိမ္မုန် ကျောက်ဆောင်နားမှာ နေ ၍ ၊ အထံတော်၌ လူ ခြောက် ရာ ခန့် မျှရှိ၏။ ၃ သင်တိုင်း ဝတ် ၍ ရှိလော မြို့၌ ထာဝရဘုရား ၏ ယဇ် ပုရောဟိတ်ဖြစ်သောသူ ဧလိ နှင့်ဖိနဟတ် တို့ မှ ဆင်းသက်သော ဣခဗုဒ် ၏အစ်ကို အဟိတုပ် ၏သား အဟိယ လည်း ရှိ၏။ ယောနသန် သွား ကြောင်း ကို လူ များ မ သိ ကြ။ ၄ ယောနသန် သည် ဖိလိတ္တိ တပ် သို့ သွား စမ်းသော လမ်း ကြား မှာ၊ တစ်ဘက်တချက် ၌ ကျောက် ဥ ရှိ၏။ ကျောက် ဥ တခု သည် ဗောဇက် ၊ တခု သည် သေနေ အမည် ရှိ၏။ ၅ တခု ကား မြောက် ဘက်၌ မိတ်မတ် မြို့သို့ ၎င်း ၊ တခု ကား တောင်

ဘက်၌ ဂိဗာ မြို့သို့ ၎င်း မျက်နှာပြူ သတည်း။ ၆ ယောနသန် က၊ အရေဖျားလှီးခြင်းကိုမခံ သော ထိုတပ်သား တို့ဆီ သို့ သွား ကြကုန်အံ့။ ထာဝရဘုရား သည် ငါ တို့အမှုကို စောင့် ကောင်း စောင့်တော်မူလိမ့်မည်။ လူများ သော်၎င်း၊ နည်း သော်၎င်း၊ ထာဝရဘုရား ကယ်တင် တော်မူခြင်းကို အဆီးအတား မ ရှိနိုင်ဟု လက်နက် ဆောင် လုလင် အား ပြောဆို လျှင်၊ ၇ လုလင်က၊ စိတ် တော်ရှိသည်အတိုင်း ပြု ပါ။ လှည့် သွားပါ။ အလိုတော်ရှိသည်အတိုင်း ကျွန်တော် လိုက် ပါမည်ဟု ပြန်ပြော သော်၊ ၈ ယောနသန် က၊ ထိုလူ တို့ဆီ သို့ သွား ၍ ကိုယ်ကို ပြ ကြကုန်အံ့။ ၉ သူတို့ကနေ ကြ။ ငါ တို့လာ မည်ဟုဆို လျှင် သူ တို့ဆီ သို့မ သွား ဘဲ နေ ကြမည်။ ၁၀ သို့မဟုတ် ၊ လာ ကြဟုဆို လျှင် သွား ကြမည်။ ထာဝရဘုရား သည် သူ တို့ကို ငါ တို့လက် သို့ အပ် တော်မူ ၏။ ထိုသို့ သော ပုပ္ပ နိမိတ်ရှိရ၏ဟု ဆိုသည်နှင့်အညီ၊ ၁၁ နှစ် ယောက်တို့သည် ဖိလိတ္တိ တပ်သား တို့အား ကိုယ်ကိုပြ သောအခါ ၊ ဖိလိတ္တိ လူတို့က၊ ဟေဗြဲ လူတို့ သည် ပုန်းရှောင် ရာတွင်း ထဲက ထွက် လာပါသည်တကား ဟုဆို လျက်၊ ၁၂ တပ်သား တို့က၊ လာ ကြ။ တစုံတခုကို ပြ မည်ဟု ယောနသန် နှင့် လက်နက် ဆောင် လုလင်အားဆို လျှင် ၊ ယောနသန်က၊ ငါ့ နောက် သို့ လိုက် လော့။ ထာဝရဘုရား သည် သူ တို့ကို ဣသရေလ လူတို့ လက် သို့ အပ် တော်မူပြီဟု လုလင်အား ဆိုသဖြင့်၊ ၁၃ လေးဘက်တွားလျက် တက် ၍၊ လုလင်လည်းလိုက်၏။ ယောနသန် ရှေ့ မှာ ဖိလိတ္တိလူတို့သည် လဲ ၍ လုလင်သည် သူ့သခင့် နောက် မှာ လုပ်ကြံ လေ၏။ ၁၄ ယောနသန် နှင့် လုလင်ပြုသော ပဌမ လုပ်ကြံ ခြင်းအားဖြင့်နွားတရှဉ်း ထွန်နိုင်သော မြေကွက် အတွင်း တွင် လူ နှစ် ဆယ်ခန့် မျှ သေကြ၏။ ၁၅ စစ် သူရဲများ၊ လယ် လုပ်သူများ၊ အခြားသူများအပေါင်း တို့သည် တပ်သား များ၊ လုယူ သောသူများနှင့်တကွ တုန်လှုပ် ကြ၍၊ မြေကြီး လည်း လှုပ် သဖြင့် ၊ အလွန်ကြီးသော တုန်လှုပ် ခြင်းရှိ ၏။ ၁၆ ဗယ်ာမိန် ခရိုင် ဂိဗာ မြို့၌ ရှောလု ၏ ကင်းစောင့် တို့သည် ကြည့်ရှု သောအခါ ၊ ဖိလိတ္တိလူအလုံးအရင်း သည် လျော့ ၍ တယောက်ကိုတယောက်ထိုးရိုက်လျက်သွား ကြ၏။ ၁၇ ရှောလု ကလည်း ၊ အဘယ်သူ ထွက်သွား သည်ကို သိ ခြင်းငှါလူ များကို ရေတွက် ကြလော့ဟု အထံတော်၌ ရှိသောသူတို့အား စီရင်သည်အတိုင်း ရေတွက် ၍၊ ယောနသန် နှင့် သူ ၏လက်နက် ဆောင် လုလင် မ ရှိ။ ၁၈ ထို ကာလ အခါ ဘုရား သခင်၏ သေတ္တာ တော်သည် ဣသရေလ အမျိုးသား တို့ ၌ ရှိ သည်ဖြစ်၍ ၊ ရှောလု က၊ ဘုရား သခင်၏ သေတ္တာ တော်ကိုယူ ခဲ့ပါဟု အဟိယ အား ဆို ၏။ ၁၉ ရှောလု သည် ယဇ်ပုရောဟိတ် နှင့် စကားပြော စဉ် တွင်၊ ဖိလိတ္တိ တပ် ၌ အုတ်အုတ် ကျက်ကျက်သော အသံတိုးပွားသောကြောင့်၊ ရှောလု က နေဦးတော့ဟု ယဇ်ပုရောဟိတ် အား ဆို သဖြင့်၊ ၂၀ မိမိ နှင့် လူ အပေါင်း တို့သည် တယောက်ကိုတယောက်နှိုးဆော် လျက် စစ် ချီ၍ ရောက် သောအခါ ၊ ဖိလိတ္တိလူတို့သည် တယောက် ကိုတယောက်ခုတ်သဖြင့် အလွန် တပ်ပျက် လေ၏။ ၂၁ အထက် ကာလ၌ ဖိလိတ္တိ လူတို့ဘက် မှာနေ ၍ အရပ်ရပ် တို့က တပ် သို့ လိုက် လာသော ဟေဗြဲ လူတို့ သည်လည်း ရှောလု နှင့် ယောနသန် ၌ ပါသော ဣသရေလ လူတို့ဘက်သို့ ဝင်ကြ၏။ ၂၂ ဧဖရိမ် တောင် ၌ ပုန်းရှောင် ၍ နေသောဣသရေလ လူ အပေါင်း တို့သည်လည်း၊ ဖိလိတ္တိ လူ ပြေး ကြောင်း ကို ကြား သောအခါ စစ် ချီ၍ ကျပ်ကျပ်လိုက် ကြ၏။ ၂၃ ထိုသို့ ထာဝရဘုရား သည် ဣသရေလ အမျိုးကို ထို

နေ့၌ ကယ်တင် တော်မူသဖြင့် ၊ စစ်မှု သည် ဗေသဝင် မြို့သို့ လွန် သွားလေ၏။ ၂၄ ထို နေ့၌ ဣသရေလ လူ တို့သည် ဆင်းရဲ ခံရကြ၏။ အကြောင်းမူကား၊ ရှောလု က၊ ငါသည် ငါ့ ရန်သူ တို့ ၌ ငါ့စိတ် ပြေမည်အကြောင်း၊ ညဦး ချိန်မ ရောက်မှီ အစာ စား သော သူတိုင်း ကျိန်ဆဲ အပ်စေဟုလူ တို့ အား အကျိန် ပေးသောကြောင့် အဘယ်သူ မျှအစာ မ စား ရ။ ၂၅ လူအပေါင်း တို့သည် မြေ ပေါ် ၌ ပျားရည် ရှိ ရာတော သို့ ရောက် သဖြင့်၊ ၂၆ တော ထဲသို့ ဝင် သောအခါ ပျားရည် စက်စက် ကျလျက်ရှိသော်လည်း ၊ အကျိန် တော်ကို ကြောက် သောကြောင့် ၊ အဘယ်သူမျှမိမိ လက် ကို မိမိ ပါးစပ် ၌ မ ထည့်။ ၂၇ သို့ရာတွင် ခမည်းတော် သည် လူ များတို့အား အကျိန် ပေးသည်ကို ယောနသန် မ ကြား သောကြောင့် ၊ မိမိ ကိုင် သော လုံတံ ဖျား ကို ပျား လပို့ ၌ နှစ် ၍ မိမိ လက် နှင့် ယူစားသဖြင့် မျက်စိ ကြည်လင် လေ၏။ ၂၈ ခမည်းတော် က၊ ယနေ့ အစာ စား သော သူတိုင်း ကျိန်ဆဲ အပ်စေဟု လူ များတို့အား ကျပ်ကျပ်အကျိန် ပေးတော်မူပြီဟု လူ တယောက်ကြား လျှောက်၏။ လူ တို့သည်လည်း မော လျက်နေကြ၏။ ၂၉ ယောနသန် ကလည်း ၊ ငါ့ အဘ သည် ပြည်သား တို့ကို နှောင့်ရှက် လေပြီ။ ဤ ပျားရည် အနည်းငယ် ကို ငါစား သောကြောင့် ငါ့ မျက်စိ ကြည်လင် သည်ကို ကြည့် ပါတော့။ ၃၀ လူ များတို့သည် ယနေ့ တွေ့ မိသော ရန်သူ ၏ ဥစ္စာ ကို စား ချင်တိုင်းစားလျှင် ၊ အဘယ်မျှ လောက်အကျိုးကြီးလိမ့်မည်တကား။ ဖိလိတ္တိ လူတို့ကို သာ၍ လုပ်ကြံ ကြလိမ့်မည်တကားဟု ဆို လေ၏။ ၃၁ ထို နေ့၌ ဖိလိတ္တိ လူတို့ကို မိတ်မတ် မြို့မှ အာဇလုန် မြို့တိုင်အောင် လုပ်ကြံ ကြ၏။ ဣသရေလလူ တို့ သည် အလွန် ပင်ပန်း သဖြင့်၊ ၃၂ ရန်သူ၏ ဥစ္စာ ကို လုယူ ၍၊ သိုး ၊ နွား ၊ နွား သငယ်တို့ကို မြေ ပေါ် မှာ သတ် ပြီးလျှင် အသွေး နှင့်တကွ စား ကြ၏။ ၃၃ ထိုသို့ လူ များတို့သည် အသွေး နှင့်တကွ စား ၍ ထာဝရဘုရား ကို ပြစ်မှား သည်ဟု ရှောလု အား ကြား လျှောက်လျှင် ၊ သင်တို့သည် သစ္စာ ပျက်ကြပြီ။ ကြီးစွာ သော ကျောက် ကို ငါ့ ထံသို့ ယနေ့ လိှမ့် ခဲ့။ ၃၄ လူ များတို့တွင် အရပ်ရပ် သွား၍ လူအသီးအသီးမိမိ တို့ သိုး နွား ကို ဤအရပ်သို့ ယူ ခဲ့ပြီးလျှင် ၊ ဤ အရပ်၌ သတ် စား ကြစေ။ အသွေး နှင့်တကွ စား ၍ ထာဝရဘုရား ကို မ ပြစ်မှား စေနှင့်ဟု မိန့် တော်မူ သည်အတိုင်း ၊ လူ များတို့သည် အသီးအသီး မိမိ တို့ သိုးနွား ကို ထိုညဉ့် ၌ ယူ ခဲ့၍ ထို အရပ်၌ သတ် ကြ၏။ ၃၅ ရှောလု သည်လည်း ထာဝရဘုရား အတို့ ယဇ် ပလ္လင်ကို တည် လေ၏။ ထိုပလ္လင်ကား ထာဝရဘုရား အတို့ တည် သော ပဌမ ပလ္လင် ဖြစ်သတည်း။ ၃၆ တဖန် ရှောလု က၊ ညဉ့် အခါ ငါတို့သည် ဖိလိတ္တိ လူတို့ကို လိုက်၍ တယောက်ကိုမျှ မ ကျန်ကြွင်း စေဘဲ၊ မိုဃ်းလင်းသည်တိုင်အောင် ဖျက်ဆီး ကြကုန်အံ့ဟု စီရင်၍၊ လူများတို့က စိတ်တော်ရှိသည် အတိုင်း ပြု တော်မူပါဟု ဝန်ခံ ကြသော်၊ ယဇ်ပုရောဟိတ် က၊ ဘုရား သခင်အထံ တော်သို့ ချဉ်းကပ် ကြကုန်အံ့ဟု ဆို လေ၏။ ၃၇ ရှောလု ကလည်း၊ အကျွန်ုပ်သည် ဖိလိတ္တိ လူတို့ကို လိုက် ရပါမည်လော။ သူ တို့ကို ဣသရေလ လူတို့လက် သို့ အပ် တော်မူမည်လော ဟု ဘုရား သခင်ထံ အခွင့် ပန်သော်လည်း ၊ ထို နေ့တွင် ပြန် တော်မ မူ။ ၃၈ ရှောလု ကလည်း ၊ လူ တို့တွင် အရာရှိ အပေါင်း တို့၊ ယနေ့ အဘယ်သူ ပြစ်မှား မိသည်ကို သိ မြင် အံ့သောငှါချဉ်း ၍ လာကြလော့။ ၃၉ ဣသရေလ အမျိုးကို ကယ်တင် သော ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း ၊ ငါ့ သား ယောနသန် ဖြစ် သော်လည်း ၊ ဆက်ဆက်သေ ရမည်ဟုဆို

သော်၊ အဘယ်သူ မျှပြန် ၍မ လျှောက်ဝံ့။ ၄၀ ရှောလုကလည်း၊ သင် တို့သည် တစ်ဘက် ၊ ငါ နှင့် ငါ့ သား ယောနသန် သည် တစ်ဘက် နေ ရကြမည်ဟု ဆို လျှင် ၊ လူ များတို့က စိတ်တော်ရှိသည်အတိုင်း ပြု တော်မူပါဟု လျှောက် ကြသော်၊ ၄၁ ရှောလု က၊ ဖြောင့်မတ် စွာ စီရင်တော်မူပါဟု ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အား ဆုတောင်း သဖြင့် ၊ လူ များတို့သည် လွတ် ကြ၍ ၊ ရှောလု နှင့် ယောနသန် ကို မှတ် တော်မူ၏။ ၄၂ ရှောလု ကလည်း ၊ ငါ နှင့် ငါ့ သား ယောနသန် အဘို့ စာရေးတံ ပြုလော့ဟု ဆို သဖြင့် ၊ ယောနသန် ကို မှတ် တော်မူ၏။ ၄၃ ရှောလု ကလည်း ၊ သင်ပြု သောအမှုကို ပြော လော့ဟု ယောနသန် အား ဆို လျှင် ၊ ယောနသန် က၊ အကျွန်ုပ် ကိုင်သော လုံ ဖျား နှင့် ပျားရည် အနည်းငယ် ကို ယူ၍ မြည်းစမ်း မိပါပြီ။ ထိုအမှုကြောင့်သာ သေ ရပါမည်ဟု ပြန်ပြော ၏။ ၄၄ ရှောလု ကလည်း ၊ ယောနသန် ၊ သင်သည် ဆက်ဆက်မသေ လျှင် ၊ ဘုရား သခင်သည် ထို မျှမကငါ၌ ပြု တော်မူပါစေသောဟု ဆို သော်လည်း၊ ၄၅ လူ များတို့က၊ ဣသရေလ အမျိုး၌ ဤ ကယ်တင် ခြင်း ကျေးဇူးကို ပြု ပြီးသော ယောနသန် သည် သေ ရမည်လော။ ထိုသို့ မဖြစ်ပါစေနှင့်။ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း သူ ၏ ဆံခြည် တပင်မျှ မြေ ပေါ် မှာ မ ကျ ရ။ သူသည် ဘုရား သခင်နှင့်အတူ ယနေ့ ဝိုင်း၍ ပြု ပါပြီဟု ဆို သဖြင့် ၊ အသက် ချမ်းသာစေခြင်းငှါယောနသန် ကို ကယ်နှုတ် ကြ၏။ ၄၆ ထိုနောက် ရှောလု သည်ဖိလိတ္တိ လူတို့ကို မလိုက်။ သူတို့သည် နေရင်းအရပ် သို့ ပြန် သွားကြ၏။ ၄၇ ထိုသို့ ရှောလု သည် ဣသရေလ အမျိုးကို စိုးစံ ၍ ပတ်ဝန်းကျင် ရန်သူ ၊ မောဘ ပြည်သား၊ အမ္မုန် ပြည်သား ၊ ဧဒုံ ပြည်သား၊ ဇောဘ မင်း များ၊ ဖိလိတ္တိ လူများတို့ကို စစ်တိုက်၍ စစ်ချီလေရာရာ ၌ သူတို့ကို အောင် လေ၏။ ၄၈ ဗိုလ်ခြေ များကို နှိုးဆော် ၍ အာမလက် အမျိုးသားတို့ကို လုပ်ကြံ သဖြင့် ၊ ဣသရေလ အမျိုးသားတို့ကို လုယက် ဖျက်ဆီးသောသူတို့ လက် မှ ကယ်နှုတ် လေ၏။ ၄၉ သား တော် ကားယောနသန် ၊ ဣရွိ ၊ မေလခိရွ တည်း။ သမီး တော်နှစ် ယောက်တွင် အကြီး ကားမေရပ်။ အငယ် ကား၊ မိခါလ တည်း။ ၅၀ မြောက်သားတော်ကား အဟိမတ် ၏ သမီး အဟိနောင် တည်း။ ဗိုလ်ချုပ် မင်းကား၊ ဘထွေး တော် နေရ သား အာဗနာ တည်း။ ၅၁ ခမည်းတော် ကိရှ နှင့် အာဗနာ ၏ အဘ နေရ သည် အဗျေလ ၏ သား ဖြစ်၏။ ၅၂ ရှောလု လက်ထက် ကာလပတ်လုံး ၊ ဖိလိတ္တိ လူတို့ကို ကျပ်ကျပ်စစ်တိုက် ရကြ၏။ ခွန်အား ကြီးသောသူ၊ ရဲရင့် သောသူ တွေ့ သမျှ တို့ကို ရှောလု သည် ရွေးကောက် ခန့်ထားလေ့ရှိ၏။

၁၅ တဖန် ရှမွေလ က၊ ထာဝရဘုရား ၏လူ ဣသရေလ အမျိုးကို အုပ်စိုးစေခြင်းငှါသင့် ကို ဘိသိက် ပေးမည် အကြောင်း၊ ငါ့ ကို အထက်ကစေလွှတ် တော်မူသည်ဖြစ်၍ ၊ ယခု မှာ ထာဝရဘုရား ၏ စကား တော်ကို နားထောင် လော့။ ၂ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ အဲဂုတ္တု ပြည်မှ ထွက် လာသောဣသရေလအမျိုး၌၊ အာမလက် အမျိုးပြု သော ဆီးတားခြင်းအမှုကို ငါမှတ်လျက်ရှိ၏။ ၃ ယခု သွား ၍ ထိုအမျိုးကို လုပ်ကြံ လော့။ နှမြော ခြင်းမ ရှိဘဲ၊ ရှင်းရှင်း ဖျက်ဆီး ၍ ၊ ယောကျ်ား ၊ မိန်းမ ၊ သူငယ် ၊ နို့စို့ မှစ၍ ၊ သိုး ၊ နွား ၊ ကုလားအုပ် ၊ မြည်း တို့ကိုသတ် လော့ဟု ရှောလု အား ဆင့်ဆို သည် အတိုင်း၊ ၄ ရှောလု သည် လူ တို့ကို စုဝေး စေ၍ တေလိမ် မြို့မှာ စာရင်း ယူသဖြင့် ၊

ခြေသည် သူရဲနှစ် သိန်း၊ ယုဒ စစ်သူရဲတသောင်း ရှိကြ၏။ ၅ ရှောလု သည်လည်း အာမလက် မြို့ သို့ စစ်ချီ ၍ ချိုင့်
၌ တပ်ချ ပြီးမှ၊ ၆ ကေနိ လူတို့ရှိရာသို့ စေလွှတ်လျက်၊ သင် တို့ကို အာမလက် လူတို့နှင့်အတူ ငါဖျက်ဆီး မည်ဟု
စိုးရိမ်စရာရှိသောကြောင့်၊ သူတို့အထဲက ထွက် သွား၍ နေရာ ပြောင်းကြလော့။ ကလသရေလ အမျိုးသား တို့သည် အဲဂုတ္တု
ပြည်မှ ထွက် လာသောအခါ၊ သင်တို့သည် ကျေးဇူး ပြု ကြပြီဟု မှာ လိုက်သည် အတိုင်း၊ ကေနိ လူတို့သည် အာမလက်
လူတို့အထဲ က ထွက်သွား ကြ၏။ ၇ ရှောလု သည် ဟဝိလ မြို့မှစ၍ အဲဂုတ္တု ပြည် တစ်ဘက်တချက် ၌ နေသော ရှုရ
မြို့တိုင်အောင်အာမလက် လူတို့ကို လုပ်ကြံ လေ၏။ ၈ အာမလက် ရှင်ဘုရင် အာဂတ် ကို အရှင် ဘမ်းမိ ၏။ လူ
အပေါင်း တို့ကို ထား ဖြင့် ရှင်းရှင်းဖျက်ဆီး လေ၏။ ၉ သို့ရာတွင် ရှောလု နှင့် လူ များတို့သည် အာဂတ် မင်းနှင့်တကွ၊
သိုး နွား အမြတ် အလတ်၊ ဆူ သော သိုးသငယ်၊ ကောင်း သော ဥစ္စာရှိသမျှ ကို နှမြော ၍ ရှင်းရှင်းမ ဖျက်ဆီး ကြ။ အသုံး
မဝင် ယုတ်မာ သော ဥစ္စာ ရှိသမျှ ကိုသာ ရှင်းရှင်းဖျက်ဆီး ကြ၏။ ၁၀ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည်
ရှမွေလ သို့ ရောက် လာ၍၊ ၁၁ ငါသည် ရှောလု ကို ရှင်ဘုရင် အရာ ၌ ခန့်ထားသည်အမှုကြောင့် နောင်တရ ၏။
သူသည် ငါ ၏ ပညတ် တို့ကို မ ကျင့်၊ ငါ့ နောက် သို့မ လိုက်၊ လမ်းလွှဲပြီဟု မိန့် တော်မူ၏။ ရှမွေလ သည် ဝမ်းနည်း ၍
တညဉ့်လုံး ထာဝရဘုရား အား ဟစ်ကြော် ပြီးလျှင်၊ ၁၂ နံနက် စောစောထ ၍ ရှောလု ကို ကြိုဆို ခြင်းငှါ သွားသောအခါ၊
ရှောလု သည် ကရမေလ မြို့သို့ ရောက် ၍ အောင်တိုင် ကို စိုက် ပြီးမှ၊ လှည့်လည် သဖြင့် ဂိလဂါလ မြို့သို့ လွန်
သွားကြောင်းကို ကြားသောကြောင့်၊ ရှောလုရှိရာသို့ သွား လေ၏။ ၁၃ ရှောလု ကလည်း၊ ထာဝရဘုရား သည် ကိုယ်တော်
ကို ကောင်းကြီး ပေးတော်မူပါစေသော။ အကျွန်ုပ် သည် ထာဝရဘုရား အမိန့် တော်အတိုင်း ပြု ပါပြီဟု ဆို ၏။ ၁၄
ရှမွေလ ကလည်း၊ သို့ ဖြစ်လျှင် ငါ ကြား ရသော သိုး မြည် သံ၊ နွား မြည် သံကား အဘယ်သို့ နည်းဟုမေး သော်၊ ၁၅
ရှောလု က၊ အာမလက် ပြည်မှ ဆောင် ခဲ့ပါပြီ။ လူ များတို့သည် ကိုယ်တော် ၏ဘုရား သခင်ထာဝရဘုရား အား ယဇ်
ပူဇော်လိုသောငှါ အကောင်းဆုံး သော သိုး နွား တို့ကို နှမြော ၍၊ ကြွင်း သော အရာရှိသမျှတို့ကို ရှင်းရှင်းဖျက်ဆီး
ပါပြီဟု ဆို ၏။ ၁၆ ရှမွေလ ကလည်း၊ နေ ပါဦးလော့။ မနေ့ည မှာ ထာဝရဘုရား မိန့် တော်မူသော စကားကို
ပြန်ပြော ပါ မည်ဟု ရှောလု အား ဆို လျှင်၊ ရှောလုက ပြော ပါတော့ဟုဆို ၏။ ၁၇ ရှမွေလ ကလည်း၊ သင် သည်
ကိုယ်အထင်အတိုင်း ငယ် သောသူဖြစ်လျက်ပင်၊ ကလသရေလ အမျိုး တို့ ၏ အထွဋ် သို့ ရောက်၍၊ ကလသရေလ ရှင်ဘုရင်
အရာနှင့် ထာဝရဘုရား ဘိသိက် ပေးတော်မူသည် မ ဟုတ်လော။ ၁၈ ထာဝရဘုရား က၊ သွား လော့။ အပြစ် များသော
အာမလက် အမျိုးသားတို့ကို ရှင်းရှင်းဖျက်ဆီး လော့။ မဖျက်ဆီး မှီ တိုင်အောင် စစ်တိုက် လော့ဟု သင့် ကို ဝေး သော
အရပ်သို့ စေလွှတ် တော်မူ၏။ ၁၉ သို့ ဖြစ်၍ သင်သည် ထာဝရဘုရား ၏အမိန့် တော်ကို နား မ ထောင်ဘဲ၊ ရန်သူ၏
ဥစ္စာ ကို လုယူ၍ ထာဝရဘုရား ရှေ့ တော်၌ ဤဒုစရိုက် ကို အဘယ်ကြောင့် ပြု ဘိသနည်းဟု ပြောဆိုသော်၊ ၂၀
ရှောလု က၊ အကျွန်ုပ်သည် ထာဝရဘုရား ၏ အမိန့် တော်ကို ဧကန်အမှန်နားထောင် ပါပြီ။ ထာဝရဘုရား စေခိုင်း
တော်မူသော လမ်း သို့ လိုက် ပါပြီ။ အာမလက် ရှင်ဘုရင် အာဂတ် ကို ဆောင် ခဲ့၍၊ အာမလက် အမျိုးသားတို့ကို

ရှင်းရှင်းဖျက်ဆီး ပါပြီ။ ၂၁ သို့ရာတွင် လူ များတို့သည် ဂိလဂါလ မြို့၌ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား အား ယဇ် ပူဇော်လိုသောငှါ လုယူ သော သိုး နွား ၊ ရှင်းရှင်းဖျက်ဆီး အပ်သောအရာ အကောင်းဆုံး တို့ကို သိမ်းယူ ကြပါပြီဟု ပြောဆို ပြန်၏။ ၂၂ ရှမွေလ ကလည်း ၊ ထာဝရဘုရား ၏အမိန့် တော်ကို နားထောင် ခြင်း၌ အားရတော်မူသကဲ့သို့ ၊ မီး ရှို့ရာ ယဇ်အစရှိသော ယဇ် မျိုးတို့ကို ပူဇော်ခြင်း၌ အားရ တော်မူမည်လော။ အလို တော်သို့ လိုက်ခြင်းသည် ယဇ် မျိုးထက် သာ၍ကောင်း၏။ နားထောင် ခြင်းသည် သိုး ထီးဆီဥ ထက် သာ၍ကောင်း၏။ ၂၃ ငြင်းဆန် သော သဘောသည် နတ်ဆိုး နှင့်ပေါင်းခြင်းကဲ့သို့ပင်း၊ ခိုင်မာ သော သဘောသည် ဗေဒင်တန်ဆာကို သုံးခြင်းကဲ့သို့ပင်း အပြစ် ကြီး၏။ သင်သည် ထာဝရဘုရား ၏ စကား တော်ကို ပယ် သောကြောင့် ၊ ထာဝရဘုရားသည် ရှင်ဘုရင် အရာကို နှုတ်၍ သင့် ကို ပယ် တော်မူပြီဟု ဆို ၏။ ၂၄ ရှောလု ကလည်း ၊ အကျွန်ုပ်သည် ပြစ်မှား ပါပြီ။ လူ များကို ကြောက် ၍ သူ တို့စကား ကို နားထောင် သောကြောင့် ၊ ထာဝရဘုရား ၏ အမိန့် တော်ကိုငင်း ၊ ကိုယ်တော် ၏ စကား ကိုငင်းလွန်ကျူး ပါပြီ။ ၂၅ အကျွန်ုပ် အပြစ် ကို သည်းခံ တော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော်၏ ဘုရားသခင်ထာဝရဘုရား ကို ကိုးကွယ် မည်အကြောင်း ၊ အကျွန်ုပ် နှင့်အတူ ပြန် လာပါဟု တောင်းပန် သော်လည်း၊ ၂၆ ရှမွေလ က၊ သင် နှင့်အတူ ငါမ ပြန်။ သင်သည် ထာဝရဘုရား ၏ အမိန့် တော်ကို ပယ် သောကြောင့် ၊ ထာဝရဘုရား သည် ဣသရေလ ရှင်ဘုရင် အရာကို နှုတ်၍ သင့် ကို ပယ် တော်မူပြီဟု ရှောလု အား ဆို ပြီးမှ၊ ၂၇ လှည့် သွား သောအခါ ရှောလုသည် ရှမွေလ ၏ ဝတ်လုံ စွန်း ကို ကိုင် ဆွဲ၍ ဝတ်လုံစုတ် လေ၏။ ၂၈ ရှမွေလ ကလည်း ၊ ယနေ့ ထာဝရဘုရား သည် ဣသရေလ နိုင်ငံ ကို သင် မှ ဆုတ် ယူ၍ ၊ သင့် ထက် ကောင်း သောသင် ၏ အိမ်နီးချင်း အား ပေး တော်မူပြီ။ ၂၉ ထိုမှတပါး ဣသရေလ အမျိုး၏ အစွမ်း သတ္တိဖြစ်သော ဘုရားသည် မုသာ သုံးခြင်း၊ နောင်တရ ခြင်း နှင့် ကင်းလွတ် တော်မူ၏။ နောင်တရ အံ့သောငှါ လူ ဖြစ်တော်မ မူဟုဆို သော၊ ၃၀ ရှောလုက အကျွန်ုပ်ပြစ်မှား ပါပြီ။ သို့သော်လည်း အကျွန်ုပ် အမျိုးသား ချင်း အသက်ကြီး သူတို့ ရှေ့၌ဌင်း ၊ ဣသရေလ အမျိုးရှေ့၌ဌင်း၊ အကျွန်ုပ် ၏ ဂုဏ်အသရေကို မဖျက်ပါနှင့်။ အကျွန်ုပ်သည် ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား ကို ကိုးကွယ် ရမည်အကြောင်း ၊ အကျွန်ုပ် နှင့်အတူ ပြန် လာပါဟု တောင်းပန် သည်အတိုင်း၊ ၃၁ ရှမွေလ သည် ရှောလု နောက် သို့ လိုက်၍ ၊ ရှောလု သည် ထာဝရဘုရား ကို ကိုးကွယ် လေ၏။ ၃၂ ထိုအခါ ရှမွေလ က၊ အာမလက် ရှင်ဘုရင် အာဂတ် ကို ငါ့ ထံသို့ ခေါ် ခဲ့ကြဟု ဆို သည်အတိုင်း ၊ အာဂတ် က သေ ဘေးသည် စင်စစ် လွန် သွားပြီဟု ဆိုလျက် ရွှင်လန်း စွာလာ ၏။ ၃၃ ရှမွေလ က၊ မိန်းမ များတို့သည် သင် ၏ထား ကြောင့် သား ဆုံးသကဲ့သို့ ၊ သင် ၏ အမိ သည် သား ဆုံး သော မိန်းမ ဖြစ်ရမည်ဟုဆို လျက် ၊ ဂိလဂါလ မြို့မှာ ထာဝရဘုရား ရှေ့ တော်၌ အာဂတ် ကို အပိုင်းပိုင်း ဖြတ်စေ၏။ ၃၄ ထိုနောက် ရှမွေလ သည် ရာမ မြို့သို့သွား ၍ ရှောလု သည် မိမိ နေရာ ဂိဗာ မြို့၊ နန်းတော် သို့ ပြန် သွား လေ၏။ ၃၅ ရှောလု အနိစ္စ မရောက်မှီတိုင်အောင် ၊ ရှမွေလ သည် နောက် တဖန် အကြည့် အရှုမ လာ။ သို့ရာတွင်ရှမွေလ သည် ရှောလု အတွက် စိတ် မသာညည်းတွားလျက်နေ၏။ ထာဝရဘုရား သည် ရှောလု ကို ဣသရေလ ရှင် ဘုရင်အရာ၌ ခန့်ထားသော အမှုကို နောင်တရ တော်မူ၏။

၁၆ တဖန် ထာဝရဘုရား က၊ ရှောလုကို ကျသရေလ ရှင် ဘုရင်အရာမှ ငါ ပယ် သောကြောင့် ၊ သင် သည် အဘယ်မျှ ကာလပတ်လုံး စိတ် မသာ ညည်းတွားလျက် နေလိမ့်မည်နည်း။ သင် ၏ဘူး ကို ဆီ နှင့် ပြည့် စေလော့။ ဗက်လင်မြို့သားယေရှဲ ရှိရာသို့ ငါစေလွှတ် မည်။ သူ ၏သား တို့တွင် ငါ့ အဘို့ ရှင် ဘုရင်တပါးကို ငါပြင်ဆင် ပြီဟု ရှမွေလ အား မိန့် တော်မူ၏။ ၂ ရှမွေလ က၊ အကျွန်ုပ်သည် အဘယ်သို့ သွား နိုင်ပါမည်နည်း။ ရှောလု ကြား လျှင် သတ် ပါလိမ့်မည်ဟု လျှောက် သော် ၊ ထာဝရဘုရား က၊ နွားမတန်း ကိုယူ ၍ ငါသည် ထာဝရဘုရား အား ယဇ် ပူဇော်ခြင်းငှါ လာ ပြီဟု ပြော လော့။ ၃ ယေရှဲ ကို လည်း ယဇ် ပွဲသို့ ခေါ် ဘိတ် လော့။ ထိုအခါ သင်သည် အဘယ်သို့ ပြု ရမည်ကို ငါ ပြ မည်။ ငါသည် နာမဖြင့် ထုတ်ပြ သော သူကို ငါ့ အဘို့ ဘိသိက် ပေးရမည်ဟု မိန့် တော်မူသည်အတိုင်း၊ ၄ ရှမွေလ ပြု၍ ဗက်လင် မြို့သို့ သွား လေ၏။ ဗက်လင်မြို့သားအသက်ကြီး သူတို့သည် ရှမွေလနှင့် တွေ့ သောအခါ တုန်လှုပ် ၍ ၊ ကိုယ်တော်သည် ချမ်းသာ ပေးလျက် လာ တော်မူသလောဟု မေးလျှောက် ကြသော်၊ ၅ ချမ်းသာ ပေးလျက် ထာဝရဘုရား အား ယဇ် ပူဇော်ခြင်းငှါ ငါလာ ပြီ။ မိမိတို့ကို သန့်ရှင်း စေပြီးမှ ငါ နှင့်အတူ ယဇ် ပွဲသို့ လာ ကြဟု ဆို သဖြင့် ၊ ယေရှဲ နှင့် သူ ၏သား တို့ကို သန့်ရှင်း စေ၍ ယဇ် ပွဲသို့ ခေါ် လေ၏။ ၆ သူတို့သည် ရောက် လာသောအခါ ဧလျာဘ ကို ကြည့်ရှု ၍ ၊ စင်စစ် ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံရသောသူသည် ငါ့ရှေ့ မှာရှိ ၏ဟု ဆို လေသော်၊ ၇ ထာဝရဘုရား က၊ သူ ၏မျက်နှာ ၊ သူ ၏အရပ် ကို မ ကြည့် မရှုနှင့်။ သူ့ ကို ငါပယ် ပြီ။ ထာဝရဘုရားသည် လူ မြင်သကဲ့သို့ မြင် တော်မူသည် မ ဟုတ်။ လူသည် အဆင်း သဏ္ဌာန်ကို ကြည့်ရှု တတ်၏။ ထာဝရဘုရား မူကား နှလုံး ကို ကြည့်ရှု တတ်သည်ဟု ရှမွေလ အား မိန့် တော်မူ၏။ ၈ တဖန် ယေရှဲ သည် အဘိနဒပ် ကို ခေါ် ၍ ရှမွေလ ရှေ့ မှာ သွား စေသဖြင့် ၊ ရှမွေလက၊ ဤ သူကို လည်း ထာဝရဘုရား ရွေး တော်မ မူဟုဆို ၏။ ၉ တဖန် ယေရှဲ သည် ရှိမာ ကို သွား စေသဖြင့် ၊ ဤ သူကို လည်း ထာဝရဘုရား ရွေး တော်မ မူဟု ဆို ၏။ ၁၀ တဖန် ယေရှဲ သည် သား ခုနစ် ယောက်တို့ကို ရှမွေလ ရှေ့ မှာ သွား စေသဖြင့် ၊ ရှမွေလ က၊ ဤ သူတို့ကို လည်း ထာဝရဘုရား ရွေး တော်မ မူ။ ၁၁ သင်၌ သား မ ရှိပြီလောဟု ယေရှဲ အား မေး လျှင် ၊ ယေရှဲက အငယ်ဆုံး သော သားရှိ ပါသေး၏။ သိုး တို့ကို ထိန်း ကျောင်းလျက် နေပါသည်ဟု ပြော ဆိုသော် ၊ ရှမွေလ က သူ့ ကို ခေါ် စေခြင်းငှါလူကို စေလွှတ် ပါ။ သူ မ ရောက် မီ ပွဲသို့ ဝင်၍ မ ထိုင် ရဟု ဆို သည်အတိုင်း၊ ၁၂ စေလွှတ် ၍ သူ့ ကို ခေါ် ခဲ့၏။ သူ သည် နီ သောဆံပင်ရှိ၏။ လှ သောအဆင်း နှင့် ချစ် ဘွယ်သော မျက်နှာလည်းရှိ၏။ ထာဝရဘုရား က ဤ သူ ပေတည်း။ ထ ၍ ဘိသိက် ပေးလော့ဟု မိန့် တော်မူ၏။ ၁၃ ရှမွေလ သည်လည်း ၊ ဆီ ဘူး ကိုယူ ၍ သူ ၏ အစ်ကို စုထဲမှာ သူ့ ကို ဘိသိက် ပေးလေ၏။ ထို နေ့မှစ၍ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ဒါဝိဒ် အပေါ် မှာ သက်ရောက်လေ၏။ ရှမွေလ သည် ထ ၍ ရာမ မြို့သို့ ပြန်သွား ၏။ ၁၄ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ရှောလု မှ ထွက်သွား ၍ ၊ ထာဝရဘုရား ထံ တော်က ဆိုး သော ဝိညာဉ် သည် နှောင့်ရှက် တတ်၏။ ၁၅ ရှောလု ၏ ကျွန် တို့ကလည်း ၊ ယခု မှာ ဘုရား သခင်ထံတော်က ဆိုး သော ဝိညာဉ် သည် ကိုယ်တော် ကို နှောင့်ရှက် တတ်ပါ၏။ ၁၆ ခစားသော ကိုယ်တော် ၏ ကျွန် တို့သည်၊ သာယာစွာ စောင်း တီး တတ် သောသူ ကို ရှာဖွေ ရမည် အကြောင်းအရှင် အမိန့်

ရှိတော်မူပါ။ ဘုရား သခင်ထံတော်က ဆိုး သောဝိညာဉ် လာ သောအခါ ၊ သူသည်စောင်းတီး သဖြင့် ကိုယ်တော် သည် ချမ်းသာ ရတော်မူမည်ဟု လျှောက် လျှင်၊ ၁၇ ရှောလု က၊ သာယာ စွာ တီး တတ်သောသူ ကို ငါ့ အဘို့ ရှာဖွေ၍ ငါ့ ထံသို့ ခေါ် ခဲ့ကြဟု ကျွန် တို့အား မိန့် တော်မူသော်၊ ၁၈ ကျွန် တယောက် က၊ ကျွန်တော်တွေ့ ဘူးသော ဗက်လင် မြို့သားယေရှဲ သား သည် စောင်းတီး သောအတတ်၊ ရဲရင့် ခြင်းအစွမ်း သတ္တိနှင့် ပြည့်စုံ၍၊ စစ်မှု ၌ငင်း၊ ပညာ စကား ၌ငင်း လေ့ကျက်ပါ၏။ အဆင်း လည်း လှပါ၏။ ထာဝရဘုရား သည်သူ နှင့်အတူ ရှိတော်မူ၏ဟု လျှောက် သောကြောင့်၊ ၁၉ ရှောလု က၊ ယေရှဲ ရှိရာသို့ လူကိုစေလွှတ် ၍ ၊ သိုးထိန်းဖြစ်သောသင် ၏သား ဒါဝိဒ် ကို ငါ့ ထံသို့ စေလွှတ် ရမည်ဟု အမိန့် တော်ရှိ၏။ ၂၀ ယေရှဲ သည် မုန့် တင်သော မြည်း ၊ စပျစ်ရည် ဘူး ၊ ဆိတ် သငယ်ကို ယူ ၍ မိမိ သား ဒါဝိဒ် တွင် ရှောလု ထံသို့ ပေး လိုက်လေ၏။ ၂၁ ဒါဝိဒ် သည် ရှောလု ထံသို့ ရောက် ၍ ခစား သဖြင့် ၊ ရှောလုသည် အလွန် ချစ် ၍ လက်နက် တော်ဆောင် အရာ၌ ခန့်ထား၏။ ၂၂ ရှောလု သည်လည်း ယေရှဲ ရှိရာသို့ လူကိုစေလွှတ် ၍၊ ဒါဝိဒ် ကို ငါ့ စိတ် နှင့်တွေ့သောကြောင့် ငါ့ ထံ၌ ခစား ပါစေဟု အခွင့် တောင်းလေ၏။ ၂၃ ဘုရား သခင်ထံတော်က ဆိုးသောဝိညာဉ် သည် ရှောလု အပေါ် မှာ ရောက် သောအခါ ၊ ဒါဝိဒ် သည် စောင်း ကိုယူ ၍ တီး သဖြင့် ဆိုး သောဝိညာဉ် ထွက် သွား၍ ၊ ရှောလု သည် သက်သာ လျက် ပကတိ ကျန်းမာလျက်ရှိတတ်၏။

၁၇ ဖိလိတ္တိ လူတို့သည် ဗိုလ်ခြေ များကို နှိုးဆော်၍ ယုဒ ခရိုင် ရှောခေါ မြို့၌ စုဝေး သဖြင့် ၊ ရှောခေါ မြို့နှင့် အဇေကာ မြို့စပ်ကြား ဒမိမ် အရပ်မှာ တပ်ချ ကြ၏။ ၂ ရှောလု နှင့် ဣသရေလ လူ တို့သည် စုဝေး ၍ ဧလာချိုင့် နားမှာ တပ်ချ ၍ ဖိလိတ္တိ လူတို့ကို တိုက် မည်ဟု စစ်ခင်းကျင်း ကြ၏။ ၃ ဖိလိတ္တိ လူအချို့တို့သည် ချိုင့်တစ်ဘက်၌ တောင် ပေါ် မှာရပ် လျက်၊ ဣသရေလ လူအချို့တို့သည် ချိုင့် တစ်ဘက် ၌ တောင် ပေါ် မှာ ရပ် လျက်ရှိကြ၏။ ၄ ခြောက် တောင် နှင့် တထွာ အရပ် မြင့်သော ဂါသ မြို့သားဂေါလျာတ် အမည် ရှိသောသူရဲသည် ဖိလိတ္တိ တပ် ထဲက ထွက် လာ၏။ ၅ သူသည် ခေါင်း ပေါ် မှာ ကြေးဝါ ခမောက်လုံး ကို ဆောင်း၍ အခွက်ငါးဆယ်အချိန် ရှိသောကြေးဝါချပ်အင်္ကျီကို ဝတ် ၏။ ၆ ကြေးဝါ ခြေ စွပ်ကို စွပ်လျက် ပခုံး ကြား မှာ ကြေးဝါ ကိဒုန် လက်နက်ကို ဆွဲလျက်ရှိ၏။ ၇ လုံ ရိုး ကား ရက်ကန်း လက်လိပ်နှင့်အမျှ ကြီး၏။ လုံ ကိုယ်ကား သံ ခြောက် ပိသာ အချိန်ရှိ၏။ သူ ရှေ့မှာ ဒိုင်း လွှားကို ဆောင် သောသူတယောက်သည် သွား ရ၏။ ၈ ထိုသူရဲသည် ရပ် လျက် သင်တို့သည် စစ် ပြိုင်ခြင်းငှါ အဘယ်ကြောင့် ထွက် လာကြသနည်း။ ငါ သည် ဖိလိတ္တိ လူ၊ သင် တို့သည် ရှောလု ၏ ကျွန် ဖြစ်ကြသည် မ ဟုတ်လော။ လူ တယောက်ကို ရွေးကောက် ၍ ငါ နှင့်တိုက်ခြင်းငှါလာ ပါစေ။ ၉ သူသည် ငါ့ ကို တိုက် ၍ သတ် နိုင် လျှင် ငါတို့သည် သင် တို့၏ ကျွန် ခံ မည်။ သို့မဟုတ်ထိုသူ ကို ငါ နိုင် ၍ သတ် လျှင် ၊ သင်တို့သည် ငါ တို့၏ ကျွန် ခံ ၍ ငါ တို့အမှု ကို ဆောင်ရွက်ရကြမည်ဟု ဣသရေလ ဗိုလ်ခြေ တို့ကို ဟစ် ၍ ပြော ဆို၏။ ၁၀ တဖန် ထိုဖိလိတ္တိ လူက၊ ဣသရေလ ဗိုလ်ခြေ တို့ကို ယနေ့ ငါ ကြိမ်းပ ၏။ လူချင်းတိုက် စေခြင်းငှါလူ တယောက်ကို ပေး ကြလော့ဟု ဆို ၏။ ၁၁ ဖိလိတ္တိ လူပြောသော ထို စကား ကို ရှောလု နှင့် ဣသရေလ လူအပေါင်း တို့သည် ကြား လျှင် စိတ်ပျက် ၍ အလွန် ကြောက်ရွံ့ကြ၏။ ၁၂

ယုဒ ပြည်၊ ဗက်လင် မြို့၊ ဧဖရတ် အရပ်သားဖြစ်သော ဒါဝိဒ် ၏ အဘယေရှဲ သည် သား ရှစ် ယောက် ရှိ၏။ ရှောလု လက်ထက် ၌ ထိုသူသည် အသက် ကြီးသောသူ ၏ အရာရှိ၏။ ၁၃ ယေရှဲ ၏သား တို့တွင် အသက် အကြီးဆုံး သောသူ သုံး ယောက်တို့သည် စစ်မှု ကို ထမ်း၍ ရှောလု နောက် သို့ လိုက် ကြ၏။ သူတို့အမည် ကား သားဦး ဧလျာဘ ၊ ဒုတိယ သားအဘိနဒပ် ၊ တတိယ သားရှိမာ တည်း။ ၁၄ ဒါဝိဒ် သည် အငယ်ဆုံး သော သားဖြစ်၏။ သားကြီး သုံး ယောက်တို့သည် ရှောလု နောက် တော်သို့ လိုက် ကြသော်လည်း၊ ၁၅ ဒါဝိဒ် သည် မလိုက်၊ ဗက်လင် မြို့မှာ မိမိ အဘ ၏ သိုး တို့ကို ထိန်းကျောင်း ခြင်းငှါ ပြန် သွားလေ၏။ ၁၆ ဖိလိတ္တိ လူသည် အရက် လေး ဆယ်ပတ်လုံး၊ နံနက် တခါ၊ ညဦး တခါ ချဉ်းကပ် ၍ ကိုယ်ကို ပြ ၏။ ၁၇ ထိုအခါ ယေရှဲ သည် မိမိ သား ဒါဝိဒ် ကို ခေါ် ၍၊ သင့် အစ်ကို တို့အဘို့ ဤ ပေါက်ပေါက် တဖော နှင့် ဤ မုန့် ဆယ် လုံးတို့ကို ယူ ၍ အစ်ကို တို့ရှိရာတပ် တော်သို့ ပြေး သွားလော့။ ၁၈ ဤ ဒိန်ခဲ ဆယ် လုံးကိုလည်း ယူ ၍ သူတို့တပ်မှူး အား ဆက်လော့။ သင့် အစ်ကို တို့သည် ကျန်းမာ ခြင်း ရှိသည် မရှိသည်ကို ကြည့်ရှု ပြီးမှ ၊ သူ တို့ထံမှာသက်သေ တစုံတခုကို ခံယူ လော့ဟုမှာ လိုက်လေ၏။ ၁၉ ထိုကာလ၌ ရှောလု မှစ၍ ဒါဝိဒ်အစ်ကိုတို့နှင့် ဣသရေလ လူ အပေါင်း တို့သည် ဧလာချိုင့် မှာ ဖိလိတ္တိ လူတို့ကို စစ်တိုက် လျက် ရှိကြ၏။ ၂၀ ဒါဝိဒ် သည် နံနက် စောစောထ ၍ သိုး တို့ကို သိုးထိန်း ၌ အပ် ပြီးလျှင် ၊ အဘမှာ လိုက်သည် အတိုင်း စားစရာကိုယူသွား၍၊ ရိက္ခါလှည်းထားရာသို့ ရောက် သောအခါ၊ ၂၁ ဣသရေလ တပ်သားတို့နှင့် ဖိလိတ္တိ တပ်သားတို့သည် စစ်ခင်းကျင်း ၍ စစ် တလင်းသို့ ချီ လျက် ၊ စစ်တိုက် မည်အသံနှင့် ကြွေးကြော် ကြ၏။ ၂၂ ဒါဝိဒ် သည် မိမိ ၌ ပါသောအရာ တို့ကို ရိက္ခါ စောင့် လက် ၌ အပ် ထားပြီးလျှင် ၊ တပ်သားစုထဲသို့ ပြေး ၍ မိမိ အစ်ကို တို့ကို နှုတ်ဆက် ၏။ ၂၃ သူ တို့နှင့် ပြော စဉ်တွင်၊ ဖိလိတ္တိ လူ၊ ဂါသ မြို့သားဂေါလျာတ် အမည်ရှိသောသူရဲသည်ဖိလိတ္တိ တပ် ထဲက ထွက် လာ၍ ယမန်ကဲ့သို့ ပြောဆို သည်ကို ဒါဝိဒ် သည် ကြား လေ၏။ ၂၄ ဣသရေလ လူ အပေါင်း တို့သည် ထိုသူ ကို မြင် သောအခါ အလွန် ကြောက်ရွံ့ ၍ ပြေး ကြ၏။ ၂၅ အချို့တို့ကလည်း၊ ထို လူ ထွက် လာသည်ကို မြင် သလော။ ဣသရေလ အမျိုးကို ကြိမ်းပ လျက်ထွက် လာ ပါသည်တကား။ သူ ကိုသတ် သော သူအား ရှင် ဘုရင်သည် ကြီး သော စည်းစိမ် နှင့် ချီးမြှောက် ၍ သမီး တော်ကိုလည်း ပေးစား တော်မူမည်။ ထိုသူ ၏ အဆွေအမျိုး ကိုလည်း ဣသရေလ နိုင်ငံတွင် မင်းမူလွှတ် တော်မူမည်ဟု ပြောဆို ကြ၏။ ၂၆ ဒါဝိဒ် ကလည်း ၊ ထိုဖိလိတ္တိ လူကို သတ် ၍ ဣသရေလ အမျိုးခံသော အရှက်ကွဲ ခြင်းကို ပယ်ရှင်း သော သူသည် အဘယ် အကျိုး ကို ရလိမ့်မည်နည်း။ အသက် ရှင်တော်မူသောဘုရား သခင်၏ ဗိုလ်ခြေ တို့ကို ကြိမ်းပ ရမည်အကြောင်း ၊ အရေဖျား လှီးခြင်းကို မခံသော ထိုဖိလိတ္တိ လူသည် အဘယ်သို့ သောသူဖြစ် သနည်းဟု မိမိ အနား မှာရှိ သောသူတို့ အား မေးမြန်း လျှင်၊ ၂၇ သူတို့က၊ ထိုလူကို သတ် သော သူ သည် ဤ မည်သော အကျိုးကို ရလိမ့်မည်ဟု ယမန်ကဲ့သို့ ပြန်ပြော ကြ၏။ ၂၈ ထိုသူတို့နှင့် ဒါဝိဒ်ပြော သည်ကို အစ်ကို အကြီး ဧလျာဘ ကြား လျှင် ဒါဝိဒ် ကို အမျက် ထွက် ၍ ၊ သင်သည် အဘယ်ကြောင့် ဤ အရပ်သို့ လာ သနည်း။ ထို နည်း သော သိုး တို့ကို တော တွင် အဘယ်သူ လက်၌ အပ် ခဲ့သနည်း။ သင့် မာန ကြီးခြင်း၊ သင့် စိတ် နလုံးဆိုးညစ် ခြင်းကို ငါ သိ ၏။

စစ်ပွဲ ကို ကြည့်ရှု ခြင်းငှါ သာ လာ ပြီဟု ဆို ၏။ ၂၉ ဒါဝိဒ် ကလည်း ၊ အကျွန်ုပ်သည် အဘယ် အမှုကို ပြု မိသနည်း။ ယခု ပြော စရာ အကြောင်းမ ရှိလော ဟု ဆို သောနောက်၊ ၃၀ အခြား သောသူတို့ထံသို့ လှည့် ၍ ယမန်ကဲ့သို့ မေးမြန်း လျှင် ၊ သူတို့သည် ရှေ့အတူ ပြန် ပြောကြ၏။ ၃၁ ထိုသို့ ဒါဝိဒ် ပြော သော စကား ကို ကြား သောသူတို့ သည် ရှောလု ထံ တော်၌ ကြား လျှောက်သော်၊ ဒါဝိဒ်ကို ခေါ် တော်မူ၏။ ၃၂ ဒါဝိဒ် ကလည်း ထိုလူကြောင့် အဘယ်သူ မျှစိတ် မ ပျက် ပါစေနှင့်။ ကိုယ်တော် ကျွန် သွား ၍ ထို ဖိလိတ္တိ လူကို တိုက် ပါမည်ဟု ရှောလု အား လျှောက် လျှင်၊ ၃၃ ရှောလု က၊ သင်သည် ထို ဖိလိတ္တိ လူကို သွား၍ မ တိုက် နိုင်။။ သင် သည် နုပျို သောသူဖြစ်၏။ ထိုသူ သည် ပျို သောအရွယ်မှစ၍ စစ်သူရဲဖြစ်ခဲ့ပြီဟု ဒါဝိဒ် အား ဆို သော်၊ ၃၄ ဒါဝိဒ် က၊ ကိုယ်တော် ကျွန် သည် အဘ ၏ သိုး တို့ကို ထိန်း ကျောင်းစဉ် အခါ၊ ခြင်္သေ့ နှင့် ဝံ သည်လာ ၍ သိုးသငယ် ကို သိုးစု ထဲက ကိုက်ခဲ၍ ပါ၏။ ၃၅ ကျွန်တော်လိုက် ၍ သတ် သဖြင့် သိုးသငယ်ကို သူ့ ပစပ် ထဲက နှုတ် ပါ၏။ ဝံသည် ကျွန်တော် ကို ပြန် ၍ ကိုက်သောအခါ ၊ ဝံ၏မုတ်ဆိတ် ကို ကိုင် ၍ ရိုက် သတ် ပါ၏။ ၃၆ ကိုယ်တော် ကျွန် သည် ခြင်္သေ့ နှင့် ဝံ နှစ်ကောင်လုံးကိုသတ် ပါ၏။ အရေဖျား လှီးခြင်းကို မခံသော ထို ဖိလိတ္တိ လူသည် အသက် ရှင်တော်မူသောဘုရား သခင်၏ ဗိုလ်ခြေ တို့ကို ကြိမ်းပ သောကြောင့် ၊ ထိုအကောင်တကောင် ကဲ့သို့ ဖြစ် ပါလိမ့်မည်။ ၃၇ ခြင်္သေ့ လက် ၊ ဝံ လက် မှ ကျွန်တော် ကို ကယ်နှုတ် တော်မူသော ထာဝရဘုရား သည်၊ ထို ဖိလိတ္တိ လူလက် မှ ကယ်နှုတ် တော်မူလိမ့်မည်ဟု ရှောလုအား လျှောက် လေသော် ၊ ရှောလု ကသွား လော့။ ထာဝရဘုရား သည် သင် နှင့်အတူ ရှိ တော်မူပါစေသောဟု ဒါဝိဒ် အား ဆို လေ၏။ ၃၈ ရှောလု သည်လည်း ဒါဝိဒ် ကို မိမိ အဝတ် နှင့်ဝတ်စေသဖြင့် ၊ သူ ၏ခေါင်း ပေါ် မှာ ကြေးဝါ ခမောက်လုံး ကိုတင် ၍ ၊ သံချပ် အင်္ကျီကိုလည်း ဝတ် စေ၏။ ၃၉ ဒါဝိဒ် သည် ထား တော်ကို အဝတ် ပေါ် မှာ စည်း ၍ သွား မည်ဟု အားထုတ် သော်လည်း၊ ထိုလက်နက်များကို မ စုံစမ်း သေး။ သို့ ဖြစ်၍ ဒါဝိဒ် က ဤ လက်နက်တို့နှင့် ကျွန်တော်မ သွား နိုင် ပါ၊ မ စုံစမ်း ပါသေး ဟု ရှောလု အား လျှောက် ၍ ချွတ် ပြန်လေ၏။ ၄၀ တဖန် မိမိ တောင်ဝေး ကို ကိုင် လျက် ၊ ချော သောကျောက် ငါး လုံးကို ချောင်း ထဲက ရွေး ၍ ၊ သိုးထိန်း တန်ဆာတည်းဟူသောလွယ်အိတ် ၌ ထည့် ပြီးမှ၊ လောက်လွဲ ကိုလည်း ကိုင်၍ ဖိလိတ္တိ လူရှိရာသို့ ချဉ်း လေ၏။ ၄၁ ဖိလိတ္တိ လူသည်လည်း ဒါဝိဒ် ရှိရာသို့ ချဉ်း ၍ သူ့ ရှေ့ မှာ ဒိုင်း လွှားကို ဆောင် သောသူလည်း သွား ၏။ ၄၂ ဖိလိတ္တိ လူသည် ကြည့် ၍ ဒါဝိဒ် ကို မြင် သောအခါ မထီမဲ့မြင် ပြု၏။ အကြောင်း မူကား၊ သူသည် နုပျို သောသူ၊ ဆံပင်နီ ၍ မျက်နှာ လှ သောသူဖြစ် ၏။ ၄၃ ဖိလိတ္တိ လူက၊ သင် သည် တောင်ဝေး နှင့် ငါ့ ထံသို့ လာ ရမည်အကြောင်း ၊ ငါ သည် ခွေး ဖြစ်သလော ဟုမေး လျက် ၊ မိမိ ဘုရား တို့ကို တိုင်တည်၍ ဒါဝိဒ် ကို ကျိန်ဆဲ လေ၏။ ၄၄ တဖန် ဖိလိတ္တိ လူက လာ ခဲ့။ သင့် အသား ကို မိုဃ်း ကောင်းကင်ငှက် နှင့် တော သားရဲ တို့အား ငါပေး မည်ဟု ဒါဝိဒ် ကို ဆို ၏။ ၄၅ ဒါဝိဒ် ကသင် သည် ထား ၊ လှံ ၊ ကိဒုန် ပါ လျက် ငါ့ ထံသို့ လာ ၏။ ငါ သည် သင် ကြိမ်းပ သော ဣသရေလ ဗိုလ်ခြေ တို့၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ နာမ တော်ပါ လျက် သင် ရှိရာသို့ လာ ၏။ ၄၆ ထာဝရဘုရား သည် သင့် ကို ငါ့ လက် ၌ ယနေ့ အပ် တော်မူသဖြင့် ၊ သင့် ကို ငါသတ် ၍ လည်ပင်း ကို ဖြတ် မည်။ ဖိလိတ္တိ ဗိုလ်ခြေ

အသေကောင် များကို မိုဃ်း ကောင်းကင်ပှက် နှင့် တော သားရဲ တို့အား ယနေ့ ငါပေး မည်။ ကြသရေလ အမျိုး၌ ဘုရား သခင်ရှိ တော်မူသည်ကို မြေကြီး သားအပေါင်း တို့ သည်သိ ရကြလိမ့်မည်။ ၄၇ ထာဝရဘုရား သည် ထား လုံ အားဖြင့် ကယ်တင် တော်မ မူကြောင်း ကို၊ ဣ ပရိသတ် အပေါင်း တို့သည် သိ ရကြလိမ့်မည်။ အကြောင်း မူကား၊ ထာဝရဘုရား သည် စစ်မှု ကို ပိုင်၍၊ ငါ တို့လက် သို့ အပ်နှံ တော်မူ မည်ဟု ဖိလိတ္တိလူအား ဆို၏။ ၄၈ ဖိလိတ္တိ လူသည်ထ ၍ ဒါဝိဒ် နှင့်တွေ့ ခြင်းငှါ ချဉ်း လာသောအခါ ၊ ဒါဝိဒ် သည်လည်း ဖိလိတ္တိ လူနှင့် တွေ့ ခြင်းငှါ ဗိုလ်ခြေ ရှိရာသို့ အလျင်အမြန် ပြေး ပြီးမှ၊ ၄၉ လွယ်အိတ် ထဲက ကျောက် တလုံးကို နှိုက်ယူ ၍ လွှဲပစ် ၏။ ဖိလိတ္တိ လူ၏ နဖူး ကို မှန်၍ နဖူး ပေါက် သဖြင့် သူသည် မြေ ပေါ် မှာ ငိုက်စိုက် လဲ လေ၏။ ၅၀ ထိုသို့ ဒါဝိဒ်သည် လောက်လွှဲ နှင့် ကျောက် တလုံးအားဖြင့် နိုင်လျက် ထိခိုက် ၍ သတ် လေ၏။ ၅၁ ထိုအခါ ဒါဝိဒ် သည် ထား မ ပါသောကြောင့် ပြေး ၍ ဖိလိတ္တိ လူကို နင်း လျက် ၊ သူ ၏ ထား ကို ထားအိမ် မှ နှုတ် ဆွဲပြီးလျှင် လည်ပင်း ကို ဖြတ် ၍ အပြီးသတ်လေ၏။ ဖိလိတ္တိ လူတို့သည် သူ တို့၏ သူရဲ သေ ကြောင်း ကို မြင် သောအခါ ပြေး ကြ၏။ ၅၂ ထိုအခါ ကြသရေလ အမျိုး ၊ ယုဒ အမျိုးသားတို့သည် ထ ၍ ကြွေးကြော် လျက် ချိုင့် တိုင်အောင် ၎င်း ၊ ဧကြုန် မြို့ တံခါး တိုင်အောင် ၎င်း၊ ဖိလိတ္တိ လူတို့ကို လိုက် ကြ၏။ ထိခိုက် သော ဖိလိတ္တိ လူတို့သည် ရှာရိမ် မြို့ လမ်း နားမှစ၍ဂါသ မြို့၊ ဧကြုန် မြို့တိုင်အောင် လဲ ကြ၏။ ၅၃ ကြသရေလ အမျိုးသား တို့သည် ဖိလိတ္တိ လူတို့ကို လိုက် ရာမှ ပြန် လာ၍ သူ တို့တဲ့ များကို လုယူ ကြ၏။ ၅၄ ဒါဝိဒ် သည် ဖိလိတ္တိ လူ၏ ဦးခေါင်း ကို ယူ ၍ ယေရုရှလင် မြို့သို့ ဆောင် သွား၏။ သူ ၏လက်နက် များ ကို မိမိ တဲ ၌ ထား ၏။ ၅၅ ဒါဝိဒ် သည် ဖိလိတ္တိ လူကို တိုက် ခြင်းငှါ ထွက်သွား သည်ကို ရှောလု သည်မြင် လျှင် ၊ ထို လုလင် ကား အဘယ်သူ ၏ သား ဖြစ်သနည်းဟု ဗိုလ်ချုပ် မင်းအာဗနာ ကို မေး ၏။ အာဗနာ ကလည်း ၊ အရှင်မင်းကြီး အသက် တော် ရှင် သည်အတိုင်း ကျွန်တော်မ သိ ပါဟု လျှောက် လျှင်၊ ၅၆ ရှင်ဘုရင် က၊ ထို လုလင် သည် အဘယ်သူ ၏ သား ဖြစ်လိမ့်မည်ကို မေး စစ်လော့ဟု မိန့် တော်မူ၏။ ၅၇ ဒါဝိဒ် သည် ဖိလိတ္တိ လူကို သတ် ပြီးမှ ၊ သူ၏ ဦးခေါင်း ကို ကိုင် လျက် ပြန် လာသောအခါ ၊ အာဗနာ သည် ခေါ် ၍ ရှောလု ထံသို့ ဆောင် သွားပြီးလျှင်၊ ၅၈ ရှောလု က၊ အချင်း လုလင် ၊ သင် သည် အဘယ်သူ ၏ သား ဖြစ်သနည်းဟုမေး တော်မူ၏။ ဒါဝိဒ် ကလည်း ကျွန်တော်သည် ကိုယ်တော် ကျွန် ၊ ဗက်လင် မြို့သားယေရှဲ ၏သား ဖြစ်ပါသည်ဟု လျှောက် လေ၏။

၁၈ ထိုသို့ လျှောက် ပြီး သည်နောက်၊ ရှောလု၏ သားယောနသန် စိတ် နှလုံးသည် ဒါဝိဒ် စိတ် နှလုံးနှင့် စွဲကပ် လျက် ရှိ၍ ဒါဝိဒ်ကို ကိုယ်နှင့်အမျှ ချစ် လေ၏။ ၂ ထို နေ့၌ ရှောလု သည် ဒါဝိဒ်ကို သိမ်းဆည်း ၍ သူ့ အဘ ၏အိမ် သို့ နောက်တဖန် သွားနေရသော အခွင့် ကိုပေး တော်မ မူ။ ၃ ယောနသန် သည်လည်း ၊ ဒါဝိဒ် ကို ကိုယ် နှင့်အမျှ ချစ် သောကြောင့် သူနှင့်အတူမိသဟာယ ဖွဲ့ပြီးလျှင်၊ ၄ မိမိ ဝတ်သော ဝတ်လုံ ကို ချွတ် ၍ မိမိ အဝတ် တန်ဆာများနှင့် ထား ၊ လေး ၊ ခါးစည်း တို့ကိုပင် ဒါဝိဒ် အား ပေး လေ၏။ ၅ ဒါဝိဒ် သည် ရှောလု စေခိုင်း သမျှ ကို သွား ၍ သတိ ပညာနှင့်ပြုမူသောကြောင့် ၊ စစ်သူရဲ အုပ်အရာ၌ ခန့် ထားတော်မူသဖြင့် ၊ ဒါဝိဒ်သည် ကျွန် တော်မျိုးမှစ၍လူ အပေါင်း

တို့တွင် မျက်နှာ ရ၏။ ၆ ဒါဝိဒ် သည် ဖိလိတ္တိ လူကို သတ် ပြီးမှပြန် လာ၍၊ ရောက်လေရာရာ၌ မိန်းမ များတို့သည် ရှောလု မင်းကြီး ကို ခရီးဦးကြို ပြုအံ့သောငှါ၎ ရွှင်လန်း သောစိတ်နှင့် သီချင်း ဆိုလျက် ၊ က လျက်၊ ပတ်သာ အစရှိ သည်တို့ကို တီးလျက်၊ ကြသရေလ မြို့ ရွာများထဲက ထွက် လာသဖြင့်၊ ၇ ရှောလု အထောင်ထောင် ၊ ဒါဝိဒ် အသောင်းသောင်း သတ် လေစွတကားဟု အလှည့်လှည့် သီချင်း ဆိုကြ၏။ ၈ ရှောလု က၊ သူတို့သည် ဒါဝိဒ် အား အသောင်းသောင်း ၊ ငါ့ အား အထောင်ထောင် သာ ပေး ကြပြီ။ နိုင်ငံ တော်မှတပါး အဘယ်အရာကို ပေးနိုင်သေးသနည်းဟု အလွန် အမျက် ထွက်၍ ထို စကား ကြောင့် စိတ်ပျက် လေ၏။ ၉ ထို နေ့မှစ၍ ဒါဝိဒ် ကို အစဉ်ချောင်းမြောင်း လျက် နေ ၏။ ၁၀ နက်ဖြန် နေ့ထာဝရဘုရား ထံတော်က၊ ဆိုး သောဝိညာဉ် သည် ရှောလု အပေါ် မှာရောက် သဖြင့် ၊ ရှောလု သည် နန်းတော် အလယ် ၌ ပရောဖက် ပြုသောကြောင့် ၊ ဒါဝိဒ် သည် အရင်ကဲ့သို့ စောင်းတီး လေ၏။ ရှောလု သည် လုံ့ တိုကို ကိုင်လျက်ရှိ၍၊ ၁၁ ဒါဝိဒ် ကို ထရံ နားမှာထိုး မည်ဟု အကြံရှိသည်အတိုင်း လုံ့ တိုကို ထိုးပစ်သော်လည်း၊ ဒါဝိဒ် သည် အထံတော်မှ နှစ် ကြိမ်ရှောင်လွှဲ လေ၏။ ၁၂ ထိုသို့ ထာဝရဘုရား သည် ရှောလု ထံမှ ထွက် ၍ ဒါဝိဒ် နှင့်အတူ ရှိ တော်မူသောကြောင့် ၊ ရှောလုသည် ဒါဝိဒ်ကို ကြောက်ရွံ့ သဖြင့်၊ ၁၃ အထံ တော်မှ ရွှေ့ ၍ လူတထောင် အုပ် အရာကို ပေး ၏။ ဒါဝိဒ်သည် လူ များရှေ့၌ ထွက် ဝင် ရ၏။ ၁၄ ဒါဝိဒ် သည် အရာရာ ၌ သတိ ပညာနှင့်ပြူမူ၍ သူ နှင့်အတူ ထာဝရဘုရား ရှိ တော်မူ၏။ ၁၅ ထိုသို့ အလွန် သတိ ပညာနှင့် ပြူမူသည်ကို ရှောလုသည် မြင် လျှင် သာ၍ကြောက်ရွံ့ လေ၏။ ၁၆ ကြသရေလ အမျိုး၊ ယုဒ အမျိုးသားအပေါင်း တို့သည် ဒါဝိဒ် ကို ချစ် ကြ၏။ အကြောင်း မူကား၊ သူ တို့ ရှေ့၌ ဒါဝိဒ်သည် ထွက် ဝင် တတ်၏။ ၁၇ တဖန် ရှောလု သည် ဒါဝိဒ် ကို ခေါ် ၍ ငါ့ သမီး ကြီး မေရပ် ကို သင့် အား ငါပေးစား မည်။ သင်သည် ငါ့ အတို့ ရဲရင့် ၍ ထာဝရဘုရား အတို့ စစ်တိုက် ခြင်းကိုသာ ပြုလော့ဟု မိန့် တော်မူ၏။ အကြောင်း မူကား၊ ငါ့ လက် သည် သူ့ အပေါ် သို့ မ ရောက် စေနှင့်။ ဖိလိတ္တိ လူတို့ လက် သည် ရောက် ပါစေသောဟု ရှောလု အကြံရှိ၏။ ၁၈ ဒါဝိဒ် ကလည်း ၊ ကျွန်တော်သည် ရှင်ဘုရင် ၏ သမက် တော်ဖြစ် ရပါမည်အကြောင်း အဘယ်သို့ သောသူဖြစ်ပါသနည်း။ ကျွန်တော် အသက် နှင့် ကျွန်တော်အဆွေအမျိုး သည်၊ ကြသရေလ နိုင်ငံ၌ အဘယ်သို့ မြတ်ပါသနည်းဟု ရှောလု အား လျှောက် ၏။ ၁၉ သို့ရာတွင် ၊ ရှောလု ၏သမီး မေရပ် ကို ဒါဝိဒ် အား ပေးစား ရသောအချိန် ရောက် သောအခါ ၊ မေဟောလသိ အမျိုး အဒြေလ အား ပေးစား လေ၏။ ၂၀ တဖန် ရှောလု သမီး မိခါလ သည် ဒါဝိဒ် ကို ချစ် ၏။ ထိုအကြောင်းကို လျှောက် သောအခါ ၊ ရှောလု သည် အားရ လျက်၊ ၂၁ ငါ့သမီးသည် ဒါဝိဒ်ကိုကျော့မိ ၍ ဖိလိတ္တိ လူတို့ လက် သို့ ရောက် စေခြင်းငှါ ပေးစား မည်ဟု အကြံ ရှိ၏။ ၂၂ နန်းတော် သားအချို့ကို ခေါ် ၍၊ သင်တို့သည် ဒါဝိဒ် နှင့် တိတ်ဆိတ် စွာ စကား ပြောရမည်မှာ၊ ရှင် ဘုရင်သည် သင့် ကို စုံမက် ၍ ၊ ရှင်ဘုရင်၏ ကျွန် အပေါင်း တို့သည်လည်း ချစ် ကြ၏။ သို့ ဖြစ်၍ ရှင်ဘုရင် ၏ သမက် တော်ဖြစ်ကောင်းပါ၏ဟု မှာ ထားသည်အတိုင်း၊ ၂၃ ရှောလု ၏ ကျွန် တို့သည် ဒါဝိဒ် အား ပြော ကြ၏။ ဒါဝိဒ် ကလည်း ၊ ကျွန်ပ် သည် အသရေ မရှိသော ဆင်းရဲသား ဖြစ်လျက်နှင့် ရှင်ဘုရင် ၏ သမက် တော်လုပ်ရသောအမှုသည် သာမည

အမှု ထင် သလောဟုပြောဆို၏။ ၂၄ ရှောလု ကျွန် တို့ကလည်း ၊ ဒါဝိဒ် သည် ဤသို့ ပြောဆို ပါသည်ဟု လျှောက်လျှင်၊ ၂၅ သင်တို့သည် တဖန် ပြော ရမည်မှာ၊ ရှင် ဘုရင်သည် ရန်သူ တို့ ၌ စိတ် တော်ပြေမည်အကြောင်း ၊ ဖိလိတ္တိလူတို့၏ အရေဖျား တရာ မှ တပါးအခြားသော လက်ဖွဲ့ ရာကို အလို တော်မ ရှိဟု မှာ ထား၏။ သို့ရာတွင် ဒါဝိဒ် ကို ဖိလိတ္တိ လူတို့လက် ဖြင့် ဆုံး စေမည်ဟု ရှောလု အကြံ ရှိ၏။ ၂၆ ရှောလု ကျွန် တို့သည် ထိုစကားကို ဒါဝိဒ် အား ပြန်ပြော သောအခါ ၊ ဒါဝိဒ် သည် ရှင်ဘုရင် ၏ သမက် တော်ဖြစ်ခြင်းငှါ အလို ရှိ၏။ ထို့ကြောင့်ချိန်းချက်သော အချိန်မစေ့ မှီထ ၍၊ ၂၇ မိမိ လူ တို့နှင့်အတူ သွား သဖြင့် ၊ ဖိလိတ္တိ လူနှစ် ရာတို့ကိုသတ် ပြီးမှ ၊ ရှင်ဘုရင် ၏ သမက် တော်ဖြစ်လိုသောငှါ ၊ သူ တို့အရေဖျား များကို ယူ ခဲ့၍ ၊ စုံလင် သော အရေအတွက်အားဖြင့်ရှင်ဘုရင်အား ဆက် လေ၏။ ရှောလု သည်လည်း သမီး တော်မိခါလ ကို ပေးစား ရ၏။ ၂၈ ထာဝရဘုရား သည် ဒါဝိဒ် နှင့်အတူ ရှိတော်မူကြောင်း ကိုငင်း၊ မိမိသမီး သည် ချစ် ကြောင်းကိုငင်း၊ ရှောလု သည် မြင် ၍၊ ၂၉ ကြောက်ရွံ့ သောစိတ် စွဲလမ်းလျက် အစဉ်အမြဲရန်ငြိုး ဖွဲ့လေ၏။ ၃၀ တဖန် ဖိလိတ္တိ မင်း တို့သည် ခဲ့ သွားကြ၏။ ခဲသွားကြသည်နောက် ဒါဝိဒ် သည် ရှောလု ၏ ကျွန် အပေါင်း တို့ထက် သာ၍သတိ ပညာနှင့် ပြုမူသဖြင့် အလွန် ဂုဏ်အသရေနှင့် ပြည့်စုံ၏။

၁၉ ထို့ကြောင့် ရှောလုသည် ဒါဝိဒ် ကိုသတ် စေခြင်းငှါ ၊ သား တော်ယောနသန် နှင့် မိမိ ကျွန် အပေါင်း တို့ကို မှာထားလေ၏။ ၂ သား တော်ယောနသန် သည် ဒါဝိဒ် ကို အလွန် ချစ် ၍ ၊ ငါ့ အဘ ရှောလု သည် သင့် ကို သတ် ခြင်းငှါ ရှာကြံ ၏။ သို့ ဖြစ်၍ နံနက် တိုင်အောင်ကိုယ်ကို သတိပြု သဖြင့် ဆိတ်ကွယ် ရာအရပ်၌ ပုန်းရှောင် ၍ နေ ပါလော့။ ၃ ငါ ထွက် ၍ သင် ရှိရာတော ၌ ငါ့ အဘ ထံ ခစား လျက် ၊ သင့် အမှု၌ စကားပြော မည်။ တွေ့မြင် သမျှကို သင့် အား ငါပြန် ကြားမည်ဟု ဒါဝိဒ် အား ပြောဆို ၏။ ၄ ယောနသန် သည် အဘ ရှောလု ထံ၌ ၊ ဒါဝိဒ် ဘက်မှာပြော ၍၊ ရှင်ဘုရင်သည် ကျွန် တော်ဒါဝိဒ် ကို မ ပြစ်မှား ပါစေနှင့်။ သူသည်ကိုယ်တော် ကို မ ပြစ်မှား ပါ။ ကိုယ်တော် ၌ အလွန်ကျေးဇူး ပြုပါပြီ။ ၅ မိမိအသက်ကို မနှမြောဘဲ ဖိလိတ္တိ လူကိုသတ် ၍ ထာဝရဘုရား သည် ဣသရေလ အမျိုးတမျိုးလုံးအဘို့ ကြီးစွာ သော ကယ်တင် ခြင်း ကျေးဇူးကို ပြု တော်မူ၏။ ကိုယ်တော်သည် မြင် ၍ ဝမ်းမြောက် ပါ၏။ သို့ ဖြစ်၍ အကြောင်း မရှိဘဲ ဒါဝိဒ် ကိုသတ် သဖြင့် အဘယ်ကြောင့် အပြစ် မရှိသောသူ၏ အသက်ကိုသတ် သောအပြစ် သင့်ရောက်စေချင်ပါသနည်းဟု အဘရှောလုအားဆို သော်၊ ၆ ရှောလု သည် ယောနသန် ၏ စကား ကို နားထောင် ၍ ၊ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ သူသည် အသေ မ ခံရဟု ကျိန်ဆို လေ၏။ ၇ ယောနသန် သည် ဒါဝိဒ် ကို ခေါ် ၍ အကြောင်း အရာ၊ အလုံးစုံ တို့ကို ပြော ပြီးမှ ၊ ရှောလု ထံသို့ သွင်း ပြန်၍ အထံ တော်၌ အရင် နေသကဲ့သို့ နေ ရ၏။ ၈ တဖန် စစ်မှု ပေါ် ပြန်သောအခါ ၊ ဒါဝိဒ် ထွက် ၍ ဖိလိတ္တိ လူတို့ကို တိုက် လျက် ၊ ကြီးစွာ သော လုပ်ကြံ ခြင်းအားဖြင့် သတ် ၍ သူတို့သည် ပြေး ကြ၏။ ၉ ရှောလု သည် လှံ တိုကို ကိုင်၍နန်းတော် ၌ ထိုင် စဉ်တွင်၊ ထာဝရဘုရား ထံတော်မှ ဆိုး သောဝိညာဉ် သက်ရောက် ၍ ၊ ဒါဝိဒ် သည် စောင်းတီး လျက်နေသောအခါ၊ ၁၀ သူ့ကိုလှံ တိုနှင့် ထရံ နားမှာ ထိုး စမ်းသော်လည်း ၊ အထံ တော်မှ ရှောင်ပြေး သဖြင့် လှံ တိုသည် ထရံ ကို စူး လျက် နေ၏။ ဒါဝိဒ်

သည် ပြေး၍ ထို ညဉ့် ကို လွတ် ရ၏။ ၁၁ ရှောလု သည် သူ့ ကို စောင့် ၍ နံနက် ချိန်၌ သတ် စေခြင်းငှါ သူ့အိမ် သို့ လူ ကို လွှတ် စေ၏။ ဒါဝိဒ် မယား မိခါလ က၊ သင် သည် ယနေ့ည မှာ ကိုယ် အသက် ကို မ ကယ်မ လျှင် ၊ နက်ဖြန် နေ့၌ အသေ ခံရလိမ့်မည်ဟု ဆို လျက်၊ ၁၂ ဒါဝိဒ် ကို ပြတင်းပေါက် မှ လျှော့ချ ၍ သူသည် အလွတ် ထွက်ပြေး လေ၏။ ၁၃ မိခါလ သည်လည်း ၊ တေရပ်ရုပ်တု ကို ယူ ၍ ခုတင် ပေါ် မှာထား ပြီးလျှင် ၊ ဆိတ်မွေး ဖြင့်ရက်သော ကုလားကာ နှင့် ခေါင်းရင်း ရှေ့၌ ကာ၍ စောင် နှင့် ခြုံ လေ၏။ ၁၄ ဒါဝိဒ် ကို ဘမ်းဆီး စေခြင်းငှါ ရှောလု စေလွှတ် သောလုလင် ရောက်သောအခါ ၊ ဒါဝိဒ်နာ ၍ နေပါသည်ဟု မယားပြောဆို ၏။ ၁၅ ရှောလု ကလည်း ၊ သူ့ ကို ငါသတ် မည်အကြောင်း ခုတင် နှင့်တကွ ဆောင် ခဲ့ကြဟု ဒါဝိဒ် ကို အကြည့် အရှုစေလွှတ် ၍၊ ၁၆ တမန် တို့သည်ဝင် ကြသောအခါ ဆိတ်မွေး ဖြင့်'ရက်သော ကုလားကာ နှင့် ခေါင်းရင်း ရှေ့၌ ကာလျက်၊ ခုတင် ပေါ် မှာ တေရပ်ရုပ်တု ရှိပါသည်တကား။ ၁၇ ရှောလု ကလည်း ငါ့ ကို လှည့်စား ၍ အဘယ်ကြောင့် ငါ့ ရန်သူ ကို လွှတ် လိုက်သနည်း။ ယခု လွတ် အောင် ပြေးပါပြီတကားဟု မိခါလ အား ပြောဆို လျှင် ၊ မိခါလ က ငါသွားမည်။ သို့မဟုတ်သင့် ကို ငါသတ် မည်ဟု သူ ပြော ပါသည်ဟု ရှောလု အား ပြန်လျှောက် လေ၏။ ၁၈ ထိုသို့ ဒါဝိဒ် ပြေး ၍ ရှောလုလက်မှ လွတ် သဖြင့် ၊ ရှမွေလ ရှိရာ ရာမ မြို့သို့ ရောက် လေ၏။ ရှောလု ပြု လေသမျှ တို့ကို ပြန်ကြား ပြီးမှ ၊ ရှမွေလ သည်သွား ၍ နာယုတ် ရွာမှာ နေ ၏။ ၁၉ ဒါဝိဒ် သည် ရာမ မြို့နယ်၊ နာယုတ် ရွာမှာ ရှိကြောင်းကို ရှောလု သည် ကြား ၍၊ ၂၀ ဒါဝိဒ် ကို ဘမ်းဆီး စေခြင်းငှါ စေလွှတ် ပြန်၏။ ပရောဖက် အပေါင်း အသင်းတို့သည် ပရောဖက် ပြုလျက် ၊ ရှမွေလ စီရင်လျက်နေသည်ကို တမန်တို့သည် တွေ့မြင် သောအခါ ၊ ဘုရား သခင်၏ ဝိညာဉ် တော်သည် ရှောလု ၏ တမန် တော်တို့အပေါ် မှာ သက်ရောက် ၍ ၊ သူ တို့သည်လည်း ပရောဖက် ပြုရကြ၏။ ၂၁ ထိုသိတင်းကို ရှောလု သည်ကြား လျှင် အခြား သောသူတို့ကို စေလွှတ် ၍ ၊ သူ တို့သည်လည်း ပရောဖက် ပြုရကြ၏။ တတိယ အကြိမ် ရှောလု သည် စေလွှတ် ၍ ၊ ထို့အတူပြုကြရ၏။ ၂၂ ထိုအခါ ကိုယ်တိုင်ရာမ မြို့သို့ သွား ၍ ၊ စေခု ရွာ၌ ရှိသောရေတွင်း ကြီး သို့ ရောက် သော်၊ ရှမွေလ နှင့် ဒါဝိဒ် တို့သည် အဘယ်မှာ ရှိသနည်းဟုမေး လျှင် ၊ ရာမ မြို့နယ်၊ နာယုတ် ရွာမှာ ရှိပါသည်ဟု ကြား လျှောက်လေသော်၊ ၂၃ ထို အရပ်သို့ သွား ၍ ၊ ဘုရား သခင်၏ဝိညာဉ် တော်သည် သူ့ အပေါ် မှာ သက်ရောက် သဖြင့် ၊ နာယုတ် ရွာ တိုင်အောင် ပရောဖက် ပြုလျက် သွား လေ၏။ ၂၄ အဝတ် တော်ကိုလည်း ချွတ် ၍ ၊ ရှမွေလ ရှေ့မှာ ထိုအတူပရောဖက် ပြုလျက် ၊ အဝတ် မပါဘဲ တနေ့ နှင့် တညဉ့် လဲ လျက်နေ၏။ ထိုကြောင့် ရှောလု သည်လည်း ပရောဖက် တို့ ၌ ပါသလောဟု ဆို လေ့ရှိကြ၏။

၂၀ ဒါဝိဒ် သည် ရာမ မြို့၊ နာယုတ် ရွာမှ ပြေး ၍ ယောနသန် ထံသို့ ရောက် ပြီးလျှင် ၊ ကျွန်ုပ်သည် အဘယ်သို့ ပြု ဘိသနည်း။ အဘယ် အပြစ် ရှိသနည်း။ ခမည်းတော် သည် ကျွန်ုပ် အသက် ကို ရှာ မည်အကြောင်း ၊ ကျွန်ုပ် သည် အဘယ် ဒုစရိုက် ကို ပြုဘိသနည်းဟုမေးသော်၊ ၂ ယောနသန်က၊ ဤအမှုဝေးပါစေသော။ သင်သည် မ သေ ရ။ ကျွန်ုပ် အဘ သည် ကျွန်ုပ် အား မ ပြော ဘဲ အမှု အကြီး အငယ် တစုံတခု ကိုမျှ မ ပြု တတ်။ ဤအမှုမှန်လျှင် ကျွန်ုပ် မသိစေခြင်းငှါအဘယ်ကြောင့် ဝှက်ထား မည်နည်း။ ဤ အမှု မ မှန်ဘူးဟု ပြန်ပြော ၏။ ၃ ဒါဝိဒ် ကလည်း၊ ကျွန်ုပ်သည်

သင်၏ မိတ်ဆွေဖြစ်ကြောင်းကို သင် ၏ အဘ သည် အမှန်သိ သဖြင့်၊ ယောနသန် စိတ် မသာ ရှိမည်စိုးရိမ်၍ သူသည် ဤ အမှုကို မ သိ စေနှင့်ဟု ပြောဆို ပါပြီ။ အကယ်စင်စစ် ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ သင့် အသက် လည်း ရှင်သည်အတိုင်း၊ ကျွန်ုပ် နှင့် သေ ဘေးစပ်ကြား မှာ အသွား တလှမ်းသာ ရှိပါသည်ဟု အကျိန် နှင့် ဆို၏။ ၄ ယောနသန် ကလည်း ၊ သင့် စိတ် နှလုံးအလိုရှိသည်အတိုင်း ကျွန်ုပ်ပြု ပါမည်ဟု ဒါဝိဒ် အား ဆို လျှင်၊ ၅ ဒါဝိဒ် က၊ နက်ဖြန် နေ့သည် လဆန်း နေ့ဖြစ်၍ ၊ ကျွန်ုပ် သည် ရှင်ဘုရင် နှင့်အတူ စားပွဲ တော်နားမှာ မထိုင် ဘဲ မနေသင့်။ သို့သော်လည်း ကျွန်ုပ် သွား ၍ သုံး ရက်နေ့ ညဦး တိုင်အောင် တော ၌ ပုန်းရှောင် လျက် နေပါရစေ။ ၆ သင် ၏ အဘ သည် ကျွန်ုပ် မ ရှိသည်ကို မှတ်မိ လျှင် ၊ ဒါဝိဒ် ၏ အဆွေ အမျိုးအပေါင်း တို့သည် နှစ် စဉ်ပွဲ ခံ ချိန်ရှိသောကြောင့် ၊ မိမိ နေရာ ဗက်လင် မြို့ သို့ သွား ရမည်အကြောင်း ၊ ကျပ်ကျပ်အခွင့်ပန် ပါ၏ဟု လျှောက် ပါ။ ၇ အဘက ကောင်းပြီ ဟုဆို လျှင် ၊ ကိုယ်တော် ကျွန် သည် ချမ်းသာ ရပြီ။ သို့မဟုတ် အလွန်စိတ်ဆိုး လျှင် ၊ ဘေး ပြုမည် အကြံ ရှိသည်ကို သဘောကျပါ။ ၈ ကိုယ်တော် ကျွန် ၌ ကျေးဇူး ပြု ပါ။ ထာဝရဘုရား ၏ ပဋိညာဉ် ကို ကိုယ်တော် ကျွန် နှင့် ဖွဲ့ပါပြီ။ သို့သော်လည်း ကျွန်ုပ် ၌ အပြစ် ရှိ လျှင် ကိုယ်တော် တိုင် သတ် ပါ။ အဘယ်ကြောင့် အဘ ထံသို့ ဆောင် သွားရပါမည်နည်းဟု ယောနသန် အား ဆို ၏။ ၉ ယောနသန် က ထိုသို့သောအမှု ဝေး ပါစေသော။ ကျွန်ုပ် အဘ သည် သင် ၌ ဘေး ပြုမည်ဟု အကြံ ရှိသည်ကို ကျွန်ုပ်သည် အမှန်သိ လျှင် သင့် အား မ ပြော ဘဲနေလိမ့်မည်လောဟု ဆို ၏။ ၁၀ ဒါဝိဒ် ကလည်း ၊ ခမည်းတော် သည် ကြမ်းတမ်း စွာ ပြန် ပြောလျှင် ၊ ကျွန်ုပ် အား အဘယ်သူ ကြား ပြောလိမ့်မည်နည်းဟု ယောနသန် အား မေး သော်၊ ၁၁ ယောနသန် က၊ ငါတို့သည် တော သို့ သွား ကြကုန်အံ့ဟု ဒါဝိဒ် အား ဆို လျက် ၊ နှစ် ယောက်တို့သည် တော သို့ထွက်သွား ကြ၏။ ၁၂ ယောနသန် ကလည်း ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း၊ နက်ဖြန် နေ့၊ သန်ဘက် နေ့၌ ကျွန်ုပ် အဘ ကို စုံစမ်း သောအခါ သူသည် ဒါဝိဒ် ၌ ကောင်း သော အကြံရှိ၍ သင့် ကို ကျွန်ုပ်မ ကြားလိုက်ဘဲ နေသော်ငင်း၊ ၁၃ သို့မဟုတ်ကျွန်ုပ် အဘ သည် ဘေး ပြုခြင်းငှါ အလို ရှိ၍ သင်သည် ငြိမ်ဝပ် စွာ သွား ရမည်အကြောင်း၊ ကျွန်ုပ် သတိမပေး မလွတ်လိုက်ဘဲ နေသော်ငင်း၊ ထာဝရဘုရားသည် ထိုမျှမက ယောနသန်ကို ပြုတော်မူစေသတည်း။ ထာဝရဘုရား သည် ကျွန်ုပ် အဘ နှင့်အတူ ရှိ ခဲ့ပြီးသကဲ့သို့ သင် နှင့်အတူ ရှိ ပါစေသော။ ၁၄ သင်သည် ကျွန်ုပ် အသက် ရှင်စဉ် အခါ၌သာ အသက်ချမ်းသာစေခြင်းငှါ ထာဝရဘုရား အလိုတော်အတိုင်း ကျေးဇူး ပြု ရမည်မက၊ ၁၅ ထာဝရဘုရား သည် ဒါဝိဒ် ၏ ရန်သူ အပေါင်းတို့ကို မြေကြီး ပေါ် က ပယ်ရှင်း တော်မူသောနောက်မှာလည်း၊ ကျွန်ုပ် အမျိုးအနွယ် ၌ အစဉ်အမြဲ ကျေးဇူး ပြုရမည်ဟု ဒါဝိဒ်အားဆိုသဖြင့်ငင်း၊ ၁၆ သစ္စာပျက်လျှင် ဒါဝိဒ် ၏ ရန်သူ တို့အားဖြင့် ထာဝရဘုရား အပြစ်ပေးတော်မူစေသတည်းဟု ဒါဝိဒ် ၏ အမျိုးအနွယ် နှင့် ပဋိညာဉ်ဖွဲ့ သဖြင့် ၎င်း၊ ၁၇ ကိုယ် ဝိညာဉ် ကို ချစ် သကဲ့သို့ဒါဝိဒ်ကို ချစ် သောကြောင့် ၊ ချစ်သောစိတ်အားကြီး၍ ဒါဝိဒ် အား အထပ်ထပ် ကျိန်ဆို ၏။ ၁၈ တဖန် ယောနသန် က၊ နက်ဖြန် နေ့သည် လဆန်း နေ့ဖြစ်၍ ၊ သင် ထိုင် ရာအရပ် လပ် လျှင် သင်မ

ရှိကြောင်း ထင်ရှားလိမ့်မည်။ ၁၉ သင်သည် သုံး ရက်နေပြီးမှ အလျင်အမြန် ဆင်းလာ သဖြင့် ၊ အရင်အမှု ရှိစဉ် ပုန်းရှောင် ၍ နေရာ အရပ်သို့ ရောက် လျှင် ၊ ဧဇေလ ကျောက် နား မှာ နေ ရမည်။ ၂၀ ကျွန်ုပ် သည်လည်း ၊ စက် ကို ပစ် ဟန်ပြု၍၊ ထိုကျောက်နား သို့ မြှား သုံး စင်းပစ် မည်။ ၂၁ မြှား တို့ကို သွား ၍ ရှာ ချေဟု လူ ကလေးကို စေခိုင်း သောအခါ ၊ မြှား တို့သည် နှင့် အနား မှာရှိ၏။ ကောက် တော့ဟု သေချာစွာ ပြော လျှင် လာ ခဲ့ပါ။ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း ဘေး မ ရှိ၊ ချမ်းသာ ရပြီ။ ၂၂ သို့မဟုတ် ၊ မြှား တို့သည် နှင့် ကို လွှန် ပြီဟု လုလင် အား ဆို လျှင် သွား လော့။ ထာဝရဘုရား သည် သင့် ကို လွှတ်လိုက် တော်မူ၏။ ၂၃ ယခု ငါတို့နှစ်ယောက် ပြော သော အမှု ၌ကား၊ ထာဝရဘုရား သည် သင် နှင့် ကျွန်ုပ် စပ်ကြား မှာ အစဉ် ရှိတော်မူစေသတည်းဟု ဒါဝိဒ်အား ပြောဆိုလေ၏။ ၂၄ ဒါဝိဒ် သည် တော ၌ ပုန်းရှောင် ၍ နေ၏။ လဆန်း နေ့ရောက် မှ ရှင် ဘုရင်သည် စားတော်ခေါ် ခြင်းငှါ ထိုင် ၏။ ၂၅ ထုံးစံအတိုင်းထရံ နား မှာ ရှင်ဘုရင် ထိုင် လျှင် ၊ ယောနသန် ထ ၍ အာဗနာ သည် ရှောလု အနား မှာ ထိုင် ၏။ ဒါဝိဒ် ၏ နေရာ ထိုင်ရာသည် လပ် ၏။ ၂၆ သို့ရာတွင် ရှောလု က အကြောင်းတစုံတခု ရှိလိမ့်မည်။ သူ သည် မ စင်ကြယ်။ အကယ်၍ သူ သည် မ စင်ကြယ် ဟု ထင်မှတ် ၍ ထို နေ့၌ တိတ်ဆိတ် စွာနေ၏။ ၂၇ နက်ဖြန် နေ့ လဆန်း နှစ် ရက်နေ့၌ ဒါဝိဒ် ၏ နေရာ ထိုင်ရာသည်လပ် သောကြောင့် ရှောလု က၊ ယေရှဲ သား သည် စား ပွဲတော်သို့ မနေ့က မလာ၊ ယနေ့ လည်း မ လာ ဘဲ အဘယ်ကြောင့် နေသနည်းဟု သား တော် ယောနသန် အား မေး လျှင်၊ ၂၈ ယောနသန် က၊ ဒါဝိဒ် သည် ဗက်လင် မြို့သို့ သွားရမည်အကြောင်းကျပ်ကျပ်အခွင့် ပန်လျက်၊ ၂၉ အကျွန်ုပ် သွားရသောအခွင့် ကိုပေး ပါလော့။ အကျွန်ုပ် အဆွေအမျိုး တို့သည် ထိုမြို့ ၌ ယဇ ပွဲကို ဆောင်ကြပါ၏။ အကျွန်ုပ် အစ်ကို လည်း မှာ လိုက်ပါပြီ။ စိတ် တော်နှင့် တွေ့သည်မှန်လျှင် အကျွန်ုပ်သွား ၍ အစ်ကို တို့ကို မြင် ရမည်အကြောင်းအခွင့်ပေးပါလော့ဟု တောင်းပန်ပါ၏။ ထို့ကြောင့် စားပွဲ တော်သို့ မ လာ ပါဟု ရှောလုအား လျှောက် လေ၏။ ၃၀ ထိုအခါ ရှောလု သည် ယောနသန် ကို အမျက် ထွက် ၍ ၊ မြောက်မထား သော မိန်းမ၏သား ၊ သင် သည် ကိုယ်တိုင်အရှက် ကွဲသည်တိုင်အောင် ၎င်း၊ သင့် အမိ အဝတ် ကျွတ်၍ အရှက် ကွဲသည့်တိုင်အောင် ၎င်း၊ ယေရှဲ ၏သား ဘက် ၌ နေသည်ကို ငါမ သိ သလော။ ၃၁ ယေရှဲ ၏သား သည် မြေကြီး ပေါ် မှာ အသက် ရှင်သည်ကာလ ပတ်လုံး သင် နှင့် သင် ၏နိုင်ငံ မ တည် ရ။ ယခု စေလွှတ် ၍ သူ ကိုခေါ် ခဲ့။ သူ သည် အသေ ခံရမည်ဟုဆို လျှင်၊ ၃၂ ယောနသန် က၊ ဒါဝိဒ်သည် အဘယ်ကြောင့် အသေ ခံရမည်နည်း။ အဘယ်သို့ ပြု ဘိသနည်းဟု အဘ ရှောလု အား မေး လေသော်၊ ၃၃ ရှောလု သည် ယောနသန်ကို မှန်စေခြင်းငှါ လုံ တိုကို လက်လွှတ် ၍ ထိုး လေ၏။ သို့ ဖြစ်၍ အဘ သည် ဒါဝိဒ် ကိုသတ် မည်အကြံရှိသည်ကို ယောနသန် သည် သိ သဖြင့်၊ ၃၄ အမျက် ထွက်၍ ၊ ထိုလဆန်း နှစ် ရက်နေ့ ၌ အစာ မ စား ဘဲ ထ သွား၏။ မိမိ အဘ သည် ဒါဝိဒ်ကို အရှက် ခွဲသောကြောင့် ဒါဝိဒ် အတွက် ညှိုးငယ် သောစိတ် ရှိ၏။ ၃၅ နံနက် ရောက် မှ ဒါဝိဒ် နှင့် ချိန်းချက် သော အချိန်၌ ၊ ယောနသန် သည် လူ ကလေးကို ခေါ်၍ တော သို့ သွား ၏။ ၃၆ လူ ကလေးအား လည်း ပြေး တော့။ ငါ ပစ် သော မြှား တို့ကို ရှာ တော့ဟုဆို ၍ လူ ကလေးသည် ပြေး သောအခါ သူ့ ကို လွန် အောင်မြှား

တစင်းကို ပစ် လေ၏။ ၃၇ ယောနသန် ပစ် သော မြှား ကျရာ အရပ် သို့ လူ ကလေးရောက် သောအခါ ၊ ယောနသန် က၊ မြှား တစင်းသည် နှင့် ကို လွန် ပြီမ ဟုတ်လော။ ၃၈ ကြိုးစား၍ အလျင်အမြန် ပြေး တော့။ မ နေ နှင့်ဟု လူ ကလေးနောက် မှာ ဟစ် လေ၏။ လူ ကလေးသည်လည်း မြှား တို့ကို ကောက် ၍ မိမိ သခင့် ထံသို့ ပြန် လာ၏။ ၃၉ သို့ရာတွင် လူ ကလေးသည် ထိုအမှု ကို နား မ လည်။ ယောနသန် နှင့် ဒါဝိဒ် သာ နားလည် ကြ၏။ ၄၀ ယောနသန် သည် မိမိ လက်နက် တို့ကို လူ ကလေး၌ အပ် ၍ မြို့ ထဲသို့ယူ သွားတော့ဟု ဆို ၏။ ၄၁ လူ ကလေးသွား သောနောက် ၊ ဒါဝိဒ် သည် တောင် မျက်နှာအရပ်က ထ ၍ မြေ ပေါ် မှာ ပြပ်ဝပ် လျက် သုံး ကြိမ် တိုင်အောင်ဦးညွှတ် ပြီးလျှင် ၊ သူတို့သည် တယောက် ကို တယောက်နမ်း လျက် မျက်ရည် ကျလျက်၊ ဒါဝိဒ် သည်သာ၍ ပြုသည်တိုင်အောင်ပြုကြ၏။ ၄၂ ယောနသန် ကလည်း ၊ ထာဝရဘုရား သည် သင် နှင့် ကျွန်ုပ် စပ်ကြား ၊ သင့် အမျိုးအနွယ် နှင့် ကျွန်ုပ် အမျိုးအနွယ် စပ်ကြား မှာ အစဉ်အမြဲ ရှိ တော်မူစေသတည်းဟူ၍ထာဝရဘုရား ၏ နာမ တော်ကို တိုင်တည် သဖြင့် ၊ ငါ တို့နှစ်ယောက်သည် ကျိန်ဆိုကြသည်ကိုထောက် ၍၊ ငြိမ်ဝပ် စွာ သွား တော့ဟု ဒါဝိဒ် အား ဆို လျှင်၊ ဒါဝိဒ်သည် ထသွား၍ ယောနသန်လည်း မြို့ ထဲသို့ ဝင်လေ၏။

၂၁ ဒါဝိဒ် သည် ယဖ်ပုရောဟိတ် အဟိမလက် ရှိရာ နောဗ မြို့သို့ ရောက် ၍ ၊ အဟိမလက် သည် ဒါဝိဒ် နှင့် တွေ့သောအခါ ကြောက် ၍၊ သင် သည် လူ တယောက်မျှ မ ပါဘဲ အဘယ်ကြောင့် တကိုယ်တည်း လာသနည်းဟုမေးသော်၊ ၂ ဒါဝိဒ် က၊ ရှင်ဘုရင် အမှု တော်တခုကို အပ် ၍၊ ငါ စေခိုင်း မှာ ထားသော အမှု ကို အဘယ်သူမျှမ သိစေနှင့်ဟု မိန့် တော်မူသောကြောင့် ၊ ငါ့ကျွန် တို့ကို ဤမည်သောအရပ် ဤမည်သောအရပ်၌ ဆိုင်းလင့်စေခြင်းငှါ အရင်စေလွှတ်လေပြီ။ ၃ သို့ ဖြစ်၍ ကိုယ်တော် လက် ၌ ရှိ သော မုန့် ငါး လုံးကိုသော်၎င်း၊ တွေ့ သမျှကို သော်၎င်း၊ ကျွန်ုပ် လက် သို့ အပ် ပေးပါဟု ယဖ်ပုရောဟိတ် အဟိမလက် အား တောင်း ၏။ ၄ ယဖ် ပုရောဟိတ်က၊ ငါ့ လက်၌ လူတိုင်းစားရသောမုန့် မ ရှိ။ လုလင် တို့သည် မိန်းမ ကိုသာ ရှောင် လျှင် ၊ သန့်ရှင်း သော မုန့် ရှိ သည်ဟု ဒါဝိဒ် အားဆို ၏။ ၅ ဒါဝိဒ် ကလည်း ၊ ကျွန်ုပ် ထွက် ကတည်းကအဘယ်သူမျှမိန်းမ နှင့် မ ပေါင်းဘော်၊ လုလင် တန်ဆာတို့သည် သန့်ရှင်း ပါ၏။ ထိုမုန့်လည်း လူတိုင်းစားရသောမုန့်ကဲ့သို့ ဖြစ်ပါ၏။ အကြောင်းမူကား၊ ယနေ့ သန့်ရှင်းသောမုန့်သစ်ကို တင်ထားလျက်ရှိပါ၏ဟု ယဖ်ပုရောဟိတ် အား ပြန် ပြောသော်၊ ၆ ယဖ် ပုရောဟိတ်သည် ရှေ့ တော်မုန့် မှတပါး အခြားသော မုန့် မ ရှိ သောကြောင့် သန့်ရှင်း သော မုန့်ကိုပေး ၏။ ထိုရှေ့တော်မုန့်အစားခ္ဍ မုန့် သစ်ကို တင်ထားအံ့သောငှါ ထာဝရဘုရား ရှေ့ တော်မှ နှုတ်ပယ် နှင့်ပြီ။ ၇ ထို နေ့၌ အမှု တော်ထမ်းအဝင် သိုး တော်ထိန်းအုပ် ဧဒုံအမျိုးသား၊ ဒေါဂ အမည် ရှိသောသူသည် ထာဝရဘုရား ရှေ့ တော်၌ စောင့် နေရ၏။ ၈ ဒါဝိဒ် ကလည်း ၊ ကိုယ်တော် ၌ထား လုံ ရှိ သလော။ အမှု တော်ကို အလျင်အမြန် ဆောင်ရသောကြောင့် ၊ ထား အစရှိသော လက်နက် တစုံတခု မျှ မ ပါဟု အဟိမလက် အား ပြော လေသော်၊ ၉ ယဖ် ပုရောဟိတ်က၊ ဧလာချိုင့် ၌ သင်လုပ်ကြံ ခဲ့သော ဖိလိတ္တိ လူ ဂေါလျတ်၏ ထား သည် အဝတ် နှင့် ထုပ်ရစ် လျက် သင်တိုင်း တော်နောက် မှာ ရှိ၏။ ယူ ချင်လျှင် ယူ တော့။ အခြား သော ထားမ

ရှိဟု ဆိုလျှင်၊ ဒါဝိဒ် က ထိုထားနှင့် တူသော ထားမ ရှိ။ ပေး ပါတော့ဟု ဆို ၏။ ၁၀ ထို နေ့၌ ဒါဝိဒ် သည် ရှောလု ကို ကြောက်သောကြောင့်ထ ၍ ဂါသ မင်းကြီး အာခိတ် ထံသို့ ပြေး သွား ၏။ ၁၁ အာခိတ် မင်း၏ ကျွန် တို့က၊ ဤ ဒါဝိဒ် သည် ဣသရေလရှင်ဘုရင် ဖြစ်သည်မ ဟုတ်လော။ ရှောလု အထောင်ထောင် ၊ ဒါဝိဒ် အသောင်းသောင်း သတ် လေစွတကားဟု ဤသူရှေ့မှာ အလှည့်လှည့်က လျက် သီချင်း ဆိုကြသည် မ ဟုတ်လော ဟု လျှောက် ကြ၏။ ၁၂ ထို စကား ကို ဒါဝိဒ် သည် မှတ်မိ၍၊ ဂါသ မင်းကြီး အာခိတ် ကို အလွန် ကြောက် သောကြောင့်၊ ၁၃ ရူးသွပ်ဟန်ဆောင်၍ သူ တို့ရှေ့မှာ အရူး ကဲ့သို့ပြုလျက် ၊ တံခါးရွက် ပေါ် ၌ ရေးသား ၍ မိမိ တံထွေး ကို မုတ်ဆိတ် တွင် ယို စေ၏။ ၁၄ အာခိတ် မင်းကလည်း ကြည့် ကြလော့။ ဤသူ သည် အရူး ဖြစ်၏။ အဘယ်ကြောင့် ငါ့ ထံသို့ သွင်း ကြသနည်း။ ၁၅ အရူး ကို ငါ အသုံးလို သည်ဟု သင်တို့သည် ထင်လျက် ငါ့ ရှေ့မှာ အရူး လုပ်စေခြင်းငှါ ဤ သူကို သွင်း ကြသလော။ ဤ သူသည် နန်းတော် ထဲသို့ ဝင် ရမည်လော ဟု ကျွန် တို့အား ဆို ၏။

JJ ဒါဝိဒ် သည် ထို အရပ်မှ ပြေး ၍ အဒုလံ ဥမင် သို့ ဘေး လွတ်လျက် ရောက်လေ၏။ သူ့ အစ်ကို များ၊ အဆွေ အမျိုးများအပေါင်း တို့သည် ကြား လျှင် သူ့ ထံသို့ သွား ကြ၏။ ၂ အမှု ရောက်သောသူ ၊ ကြွေးတင် သောသူ ၊ စိတ်ညစ် သောသူ အပေါင်း တို့သည်၊ သူ့ ထံမှာ စုဝေး ကြ၍ လူ လေး ရာ ခန့် ရှိ သဖြင့် ၊ ဒါဝိဒ်သည် သူ တို့ကို အုပ် ရ၏။ ၃ ထို အရပ်မှ မောဘ ပြည် မိဇပါ မြို့သို့သွား ၍ ၊ မောဘ ရှင်ဘုရင် အား ၊ ဘုရား သခင်သည် ကျွန်တော် ၌ အဘယ်သို့ ပြု တော်မူမည်ကို ကျွန်တော်မသိ ဘဲနေစဉ်တွင်၊ ကျွန်တော် မိဘ သည် ထွက် လာ၍ ကိုယ်တော် ထံ၌ နေရသောအခွင့်ကိုပေး တော်မူပါဟု လျှောက်သဖြင့်၊ ၄ မောဘ ရှင်ဘုရင် ထံသို့ သွင်း ၍ ၊ ဒါဝိဒ် သည် ခိုင်ခံ့ သော ဥမင်၌ နေ သည်ကာလ ပတ်လုံး၊ မိဘတို့သည် မောဘရှင်ဘုရင်ထံမှာနေ ကြ၏။ ၅ တဖန် ပရောဖက် ဂဒ် က၊ ခိုင်ခံ့ သော ဥမင်၌ မ နေ နှင့်။ ထွက်၍ ယုဒ ပြည် သို့ သွား လော့ဟု ဒါဝိဒ် အား ဆို သည်အတိုင်း ဒါဝိဒ် သွား ၍ ဟာရက် တော ၌ နေ၏။ ၆ ထိုအခါ ရှောလု သည် ဂိဗာ မြို့၌ ကုန်း ပေါ် တွင် သစ်ပင် အောက် မှာ လုံ့ ကို ကိုင်လျက်၊ ကျွန် အပေါင်း တို့ သည် ခြံရံ လျက်နေစဉ်တွင်၊ ဒါဝိဒ် နှင့် သူ ၏ လူ တို့သည် ပေါ် ကြောင်း ကို ရှောလု ကြား ၍၊ ၇ အို ဗယ်ာမိန် အမျိုးသား တို့၊ ယေရှဲ ၏သား သည် လယ် များ၊ စပျစ် ဥယျာဉ်များကို သင် တို့ရှိသမျှ ၌ ဝေပေး နိုင်သလော။ သင် တို့ရှိသမျှ ကို လူတထောင် အုပ် ၊ တရာ အုပ် အရာ၌ ခန့်ထား နိုင်သလော။ ၈ ထိုသို့ ပြုနိုင်သောကြောင့်သင် တို့အပေါင်း သည် ငါ့ တဘက် ၌ သင်းဖွဲ့ ကြသလော။ ငါ့ သား သည် ယေရှဲ ၏သား နှင့် မိဿဟာယ ဖွဲ့ကြောင်းကို တယောက်မျှမ ပြော။ ငါ့ အတွက် တယောက်မျှ ဝမ်း မ နည်း။ ငါ့ ကျွန် သည် ယနေ့ ပြုသည် အတိုင်း ၊ ငါ့ ကို ချောင်းမြောင်း စေခြင်းငှါ ၊ ငါ့ သား နှိုးဆော် ကြောင်း ကို တယောက်မျှမပြော ဘဲ နေကြသည်တကားဟု အခြံအရံ တို့အား ဆို လေသော်၊ ၉ ရှောလု ၏ ကျွန် အုပ် ဧဒုံ အမျိုးသားဒေါဂ က၊ ယေရှဲ ၏သား သည် အဟိတုပ် ၏သား အဟိမလက် ရှိရာ နောဗ မြို့သို့ ရောက် ကြောင်းကို ကျွန်တော်မြင် ပါ၏။ ၁၀ အဟိမလက်သည် ယေရှဲ၏သားအဘို့ ထာဝရဘုရား ထံတော်၌ မေးမြန်း ၍ စားစရိတ် ကိုငင်း ၊ ဖိလိတ္တိ လူ ဂေါလျတ် ၏ ထား ကိုငင်းပေး ပါ၏ဟု ကြား လျှောက်လျှင်၊ ၁၁ ရှင်

ဘုရင်သည် အဟိတုပ် ၏သား ယဇ်ပုရောဟိတ် အဟိမလက် နှင့် သူ ၏အဆွေအမျိုး တည်းဟူသောနောဇ မြို့၌ နေသော ယဇ်ပုရောဟိတ် အပေါင်း တို့ကို ခေါ် ၍ ၊ သူတို့သည် အထံ တော်သို့ ရောက် လာကြ၏။ ၁၂ ရှောလု ကလည်း ၊ အဟိတုပ် ၏သား နားထောင် လော့ဟု ဆို လျှင် ၊ အဟိမလက်က အကျွန်ုပ် ရှိ ပါသည် သခင် ဟုလျှောက် ၏။ ၁၃ ရှောလု ကလည်း ၊ သင် နှင့် ယေရှဲ ၏သား သည် အဘယ်ကြောင့် ငါ့ တစ်ဘက် ၌ သင်းဖွဲ့ ကြသနည်း။ သူသည် ယနေ့ ပြုသည့်အတိုင်း ငါ့ ကို ပုန်ကန် စေခြင်းငှါ သင် သည် မုန့် နှင့် ထား ကိုပေး ၍ သူ အဘို့ ဘုရား သခင်ထံတော်၌ မေးမြန်း ပြီတကားဟု ဆို သော်၊ ၁၄ အဟိမလက် က၊ ကိုယ်တော် ၏ ကျွန် တို့တွင် ဒါဝိဒ် ကဲ့သို့ အဘယ်သူ သည် သစ္စာ ရှိသနည်း။ သမက် တော်ဖြစ်ပါ၏။ စေခိုင်းတော်မူသောသူ၊ နန်းတော် ၌ အသရေ ရှိသောသူဖြစ် ပါ၏။ ၁၅ ထိုကာလ ၌ အကျွန်ုပ်သည် ဒါဝိဒ် အဘို့ ဘုရား သခင်ထံတော်၌ မေးမြန်း စ ပြုသလော။ ထိုအမှု ဝေး ပါစေသော။ ရှင် ဘုရင်သည် ကိုယ်တော် ကျွန် နှင့် ကျွန်တော် ၏အဆွေအမျိုး တစုံတယောက် ၌ မျှ အပြစ်တင် တော်မ မူပါနှင့်၊ ကိုယ်တော် ကျွန် သည် ဤ အမှု ကို အကြီး အငယ် အားဖြင့်မျှ မ သိ ပါဟု ရှင်ဘုရင် အား လျှောက် လေ၏။ ၁၆ ရှင်ဘုရင် က၊ အဟိမလက် ၊ သင် နှင့် သင် ၏အဆွေအမျိုး အပေါင်း တို့သည် ဧကန်အမှန်အသေ ခံရမည်ဟု ဆို လျက်၊ ၁၇ ထာဝရဘုရား ၏ ယဇ် ပုရောဟိတ်တို့သည် ဒါဝိဒ် ဘက် မှာ နေ၍ ၊ သူ ပြေး ကြောင်း ကို သိ သော်လည်း ငါ့ အားမ ကြား မပြောသောကြောင့် ၊ သူတို့ကို လှည့် ၍ သတ် ကြဟု ခြံရံလျက်ရှိသောခြေသည် တို့အား အမိန့် တော်ရှိသော်လည်း ၊ ရှင်ဘုရင် ၏ ကျွန် တို့သည် ထာဝရဘုရား ၏ ယဇ် ပုရောဟိတ်တို့ကို မ လုပ်ကြံ ဘဲ နေကြ၏။ ၁၈ တဖန် ရှင် ဘုရင်က၊ သင် သည်လှည့် ၍ ယဇ်ပုရောဟိတ် တို့ကို လုပ်ကြံ တော့ဟု ဒေါဂ အား မိန့် တော်မူသည် အတိုင်း ၊ ဧဒုံ အမျိုးသားဒေါဂ သည် လှည့် ၍ ပိတ် သင်တိုင်း ကို ဝတ် သော ယဇ်ပုရောဟိတ် ရှစ် ဆယ့်ငါးပါးတို့ကို လုပ်ကြံ သဖြင့် ထို နေ့၌ သတ် လေ၏။ ၁၉ ယဇ်ပုရောဟိတ် ပိုင်သော နောဗ မြို့ ကိုလည်း တိုက်၍ ယောကျ်ား ၊ မိန်းမ ၊ သူငယ် ၊ နို့စို့ မှစ၍ နွား ၊ မြည်း ၊ သိုး တို့ကို ထား နှင့်လုပ်ကြံလေ၏။ ၂၀ အဟိတုပ် ၏ သား ဖြစ်သော အဟိမလက် ၏သား တို့တွင်၊ အဗျာသာ အမည် ရှိသောသူတယောက် သည် လွတ် ၍ ဒါဝိဒ် ရှိရာ သို့ ပြေး လေ၏။ ၂၁ ထာဝရဘုရား ၏ ယဇ် ပုရောဟိတ်တို့ကို ရှောလု သတ် ကြောင်း ကို၊ အဗျာသာ သည် ဒါဝိဒ် အား ကြားပြော သောအခါ၊ ၂၂ ဒါဝိဒ် က၊ ဧဒုံ အမျိုးသားဒေါဂ သည် ရှောလု အား ပြော မည်ဟု သူ့ကိုတွေ့သောနေ့ ၌ ငါရိပ်မိ ၏။ ငါ သည် သင် ၏ အဆွေအမျိုး အပေါင်း တို့ကို သေစေခြင်းငှါပြုမိပါပြီတကား။ ၂၃ ငါ နှင့်အတူ နေ ပါလော့။ မ စိုးရိမ် နှင့်။ ငါ့ အသက် ကို ရှာ သော သူသည် သင့် အသက် ကိုရှာ ၏။ ငါနှင့်အတူနေလျှင် ဘေးလွတ် ပါလိမ့်မည်ဟု အဗျာသာအား ပြောဆို၏။

၂၃ ဖိလိတ္တိ လူတို့သည် ကိလ မြို့ကို တိုက် ၍ ကောက်နယ် တလင်းတို့ကို လုယူ ကြောင်းကို ဒါဝိဒ် သည် ကြား သောအခါ၊ ၂ အကျွန်ုပ်သည် ထို ဖိလိတ္တိ လူတို့ကို သွား ၍ လုပ်ကြံ ရပါမည်လော ဟု ထာဝရဘုရား အား မေးလျှောက် လျှင် ၊ ထာဝရဘုရား က သွား လော့။ ဖိလိတ္တိ လူတို့ကို လုပ်ကြံ ၍ ကိလ မြို့ကို ကယ်တင် လော့ဟု ဒါဝိဒ် အား မိန့် တော်မူ၏။ ၃ ဒါဝိဒ် ၏လူ တို့ကလည်း ၊ ငါ တို့သည် ယုဒ ပြည်၌ ပင် ကြောက် ကြ၏။ ထိုမျှမက ကိလ မြို့သို့ရောက်၍

ဖိလိတ္တိ ဗိုလ်ခြေ တို့နှင့် စစ်ပြိုင်သောအခါသာ၍ကြောက်စရာရှိပါသည်တကားဟု ဆို ကြ၏။ ၄ တဖန် ဒါဝိဒ် သည် ထပ်၍ ထာဝရဘုရား အား မေးလျှောက် လျှင် ၊ ထာဝရဘုရား က၊ ထ ၍ ကိလ မြို့သို့ သွား လော့။ ဖိလိတ္တိ လူတို့ကို သင့် လက် ၌ ငါ အပ် မည်ဟု မိန့် တော်မူသည်အတိုင်း၊ ၅ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် ကိလ မြို့သို့သွား ၍ ဖိလိတ္တိ လူတို့နှင့် တိုက် သဖြင့် ၊ ထိုသူ တို့၏ တိရစ္ဆာန် များကို ယူ ၍ သူ တို့ကို ကြီးစွာ သော လုပ်ကြဲ ခြင်းအား ဖြင့်သတ် ကြ၏။ ထိုသို့ဒါဝိဒ် သည် ကိလ မြို့ကို ကယ်တင် လေ၏။ ၆ အဟိမလက် ၏သား အဗျာသာ သည်၊ ဒါဝိဒ် ရှိရာ ကိလ မြို့သို့ ပြေး လာသောအခါ သင်တိုင်း တော် ပါလျက်ရောက် လာသတည်း။ ၇ ဒါဝိဒ် သည် ကိလ မြို့သို့ ရောက် ကြောင်း ကို ရှောလု သည်ကြား လျှင် ၊ ဘုရား သခင်သည် သူ့ ကို ငါ့ လက် သို့ အပ် တော်မူပြီ။ တံခါး နှင့် ကန့်လန့်ကျင် ရှိသောမြို့ ထဲသို့ ဝင် သဖြင့်၊ အချုပ် ခံလျက် နေရသည်ဟု ဆို လျက်၊ ၈ ကိလ မြို့သို့ စစ် ချီ ၍ ဒါဝိဒ် နှင့် သူ ၏လူ တို့ကို ဝိုင်း ထားခြင်းငှါ မိမိလူ အပေါင်း တို့ကို စုဝေး စေ၏။ ၉ ရှောလု သည် မ ကောင်းသော အကြံနှင့် ကြိုးစား သည်ကို ဒါဝိဒ် သည် သိ ၍ ၊ ယဇ်ပုရောဟိတ် အဗျာသာ အား ၊ သင်တိုင်း တော်ကို ယူ ခဲ့ပါဟု ဆို ၏။ ၁၀ ထိုအခါ ဒါဝိဒ် က၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ၊ ရှောလု သည် ကိလ မြို့သို့ လာ ၍ ကိုယ်တော် ၏ကျွန် အတွက် ဖျက်ဆီး မည်ဟု အကြံ ရှိသည်ကို ဆက်ဆက်ကြား ပါ၏။ ၁၁ ကိလ မြို့သား တို့သည် အကျွန်ုပ် ကို သူ ၏လက် ၌ အပ် ကြပါလိမ့်မည်လော။ ကိုယ်တော် ၏ ကျွန် ကြား သည်အတိုင်း ရှောလု သည် လာ ပါလိမ့်မည်လော။ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် ၏ကျွန် အား အမိန့် ရှိတော်မူမည်အကြောင်းတောင်းပန်ပါ၏ဟု မေးလျှောက် သော်၊ ထာဝရဘုရား က၊ ရှောလုသည် လာ လိမ့်မည်ဟု မိန့် တော်မူ၏။ ၁၂ တဖန် ဒါဝိဒ် က၊ ကိလ မြို့သား တို့သည် အကျွန်ုပ် နှင့် အကျွန်ုပ် ၏လူ တို့ကို ရှောလု လက် သို့ အပ် ကြပါလိမ့်မည်လော ဟု မေးလျှောက် သော် ၊ ထာဝရဘုရား က၊ အပ် ကြလိမ့်မည်ဟု မိန့် တော်မူ၏။ ၁၃ ထိုအခါ ဒါဝိဒ် သည် ခြောက် ရာ ခန့် ရှိသောမိမိ လူ တို့နှင့် ထ ၍ ကိလ မြို့မှ ထွက် ပြီးလျှင် ၊ သွား နိုင် ရာအရပ်ရပ်သို့ သွား ကြ၏။ ဒါဝိဒ် သည် ကိလ မြို့မှ အလွတ် ပြေးကြောင်း ကို ရှောလု သည်ကြား ၍ ကိုယ်တိုင်မသွား ဘဲ နေ၏။ ၁၄ ဒါဝိဒ် သည် ဇိဖ တောင်အစရှိသော တော ကြိုတောင် ကြားတို့ ၌ နေ ၍ ၊ ရှောလု သည် နေ့ တိုင်း ရှာ သော်လည်း သူ ၏လက် ၌ ဒါဝိဒ်ကို ဘုရား သခင်အပ် တော်မ မူ။ ၁၅ တရံရောအခါဒါဝိဒ် သည် ဇိဖ တောအုပ် ၌ ရှိ၍၊ သူ ၏ အသက် ကိုသတ် မည်ဟု ရှောလု လာ သည်ကို သိ သောအခါ၊ ၁၆ ရှောလု ၏ သား ယောနသန် သည် ထ ၍ ဒါဝိဒ် ရှိရာ တောအုပ် သို့ သွား ပြီးလျှင် ၊ ဘုရား သခင်၌ ခိုလှုံအားကြီး စေခြင်းငှါထောက်မလျက်၊ ၁၇ မ စိုးရိမ် နှင့်။ သင် သည် ကျွန်ုပ် အဘ ရှောလု ၏ လက် မှလွတ်၍ ဣသရေလ ရှင် ဘုရင် ဖြစ်လိမ့်မည်။ ကျွန်ုပ် သည်လည်း သင့်အောက်မှာ အရာကြီးလိမ့်မည်။ ထိုသို့ ဖြစ်မည်ကို ကျွန်ုပ် အဘ ရှောလု သိ သည်ဟု ဆို သဖြင့်၊ ၁၈ ထိုသူ နှစ် ယောက်တို့သည် ထာဝရဘုရား ရှေ့ တော်၌ ပဋိညာဉ် ဖွဲ့ ကြပြီးမှ ၊ ဒါဝိဒ် သည် တောအုပ် ၌ နေ ၍ ယောနသန် သည် မိမိ အိမ် သို့ သွား ၏။ ၁၉ တဖန် ဇိဖ သားတို့သည် ရှောလု ရှိရာ ဂိဗာ မြို့သို့ လာ ၍၊ ဒါဝိဒ် သည် ကျွန်တော် တို့နေရာ ယေရှိမုန် မြို့ တောင် ဘက်မှာ ၊ ဟခိလ တော

ကြို့ တောင် ကြားခ္ဍ ပုန်း လျက်နေသည်ဖြစ်၍၊ ၂၀ အရှင်မင်းကြီး ကြွ ချင်သောစိတ် အားကြီးသည် အတိုင်းကြွ တော်မူပါ။ ထိုသူကို အရှင်မင်းကြီး လက် တော်သို့ အပ် သော အမူသည် ကျွန်တော် တို့တာရှိပါစေဟု လျှောက်လျှင်၊ ၂၁ ရှောလု က၊ သင် တို့သည် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသောသူဖြစ် ပါစေသော။ သင်တို့သည် ငါ့ ကိုသနား ကြပြီ။ ၂၂ ယခု သွား ၍ ပြင်ဆင် ကြလော့။ သူ ပုန်းရှောင်၍ နေရာ ကိုငင်း၊ အဘယ်သူ မြင် ပြီးသည်ကိုငင်း စူးစမ်း ကြလော့။ သူ သည် အလွန်လိမ္မာ သည်ကို ငါကြား၏။ ၂၃ ထိုကြောင့် သူပုန်းရှောင် ခိုလှုံရာ အရပ်ရပ် တို့ကို သေချာ စွာကြည့်ရှု သိမှတ် ပြီးမှ ၊ ငါ့ ထံသို့ တဖန် လာကြလျှင် ၊ သင် တို့နှင့်အတူ ငါလိုက် မည်။ သူသည်ထိုပြည်၌ ရှိလျှင်၊ ယုဒ အမျိုးသားအထောင် အသောင်းတို့တွင် ငါရှာ ၍ ထုတ်မည်ဟု မှာထားသည်အတိုင်း၊ ၂၄ သူတို့သည် ထ ၍ ရှောလု အရင် ဇိဖ တောသို့ သွား ကြ၏။ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် မောန တော ၊ ယေရှိမုန် မြို့ တောင် ဘက်လွင်ပြင် ၌ ရှိကြ၏။ ၂၅ ရှောလု သည်လည်း လူ များနှင့်တကွလာ၍ ရှာ သည်ကို ဒါဝိဒ် သည် ကြား ပြန်လျှင် ၊ ကျောက် ကြားမှ ထွက်သွား ၍ မောန တော ၌ နေ ၏။ ရှောလု ကြား ပြန်သော် ၊ မောန တော ၌ ဒါဝိဒ် ကို လိုက် ၍ ရှာ၏။ ၂၆ ရှောလု သည် တောင် တစ်ဘက် ၌ ၎င်း ၊ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် တစ်ဘက် ၌ ၎င်း၊ သွား ကြ၍ ရှောလု ကို ကြောက်သဖြင့်၊ လွတ်အောင်ကြိုးစားစဉ်တွင်၊ ရှောလု နှင့် သူ ၏လူ တို့သည် ဒါဝိဒ် နှင့် သူ ၏လူ တို့ကို ဝိုင်း ၍ ဘမ်းမိ လုကြပြီ။ ၂၇ ထိုအခါ တမန် ရောက် လာ၍၊ အလျင်အမြန် ကြွ လာတော်မူပါ။ ဖိလိတ္တိ လူတို့သည် ပြည် တော်ကို တိုက် လာကြပါပြီဟု ရှောလု အား ကြားလျှောက် သောကြောင့်၊ ၂၈ ရှောလု သည် ဒါဝိဒ် ကို လိုက် ရှာရာမှ ပြန် ၍ ဖိလိတ္တိ လူတို့ရှိရာသို့ ချီ သွားလေ၏။ သို့ ဖြစ်၍ ထို အရပ် ကို သေလဟမ္မလေကုပ် အမည်ဖြင့် သမုတ် သတည်း။ ၂၉ ဒါဝိဒ် သည် ထို အရပ်မှ သွား ၍ အင်ဒေဒိ မြို့နယ်၊ ခိုင်ခံ့ သော အရပ်တို့ ၌ နေ လေ၏။

၂၄ ရှောလု သည်လည်း ဖိလိတ္တိ လူတို့ကို လိုက် ရာမှ ပြန် လာသောအခါ၊ ဒါဝိဒ် သည် အင်ဒေဒိ တော ၌ ရှိ ပါ၏ဟု ကြား လျှောက်ကြလျှင်၊ ၂ ဣသရေလ အမျိုးသားအပေါင်း တို့တွင် ရွေးကောက် သော လူ သုံး ထောင် တို့ကို ခေါ် ၍ ၊ တောဆိတ် နေရာ ကျောက် တောင်တို့အပေါ် မှာ ဒါဝိဒ် နှင့် သူ ၏လူ တို့ကို ရှာ အံ့သောငှါ သွား လေ၏။ ၃ လမ်း နား မှာ သိုး ခြံ ရှိရာသို့ ရောက် ၍ ဥမင် ကို တွေ့သဖြင့် ၊ ရှောလု သည် အိပ်မည်ဟု ဝင် လေ၏။ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် ထိုဥမင် နံဖေးတစ်ဘက်တချက် ၌ နေ ကြ၏။ ၄ ဒါဝိဒ် ၏လူ တို့ကလည်း ၊ ထာဝရဘုရား က၊ သင် ၏ရန်သူ ကို သင့် လက် ၌ ငါ အပ် မည်။ သူ ၌ သင်ပြု ချင်တိုင်း ပြုရသော အခွင့်ရှိလိမ့်မည်ဟု ကိုယ်တော် အား မိန့် တော်မူသော နေ့ရက် ရောက်ပါပြီဟု ဆို ကြလျှင် ၊ ဒါဝိဒ် သည် ထ ၍ ရှောလု ဝတ်လျက်ရှိသော အင်္ကျီ အောက် ပိုင်းကို တိတ်ဆိတ် စွာ လှီးဖြတ် လေ၏။ ၅ ထိုသို့ ရှောလု ၏ အင်္ကျီကို လှီးဖြတ် မိသောကြောင့် ၊ ဒါဝိဒ် သည် နောက်တဖန် နောင်တရ၍၊ ၆ ထာဝရဘုရား ပေးတော်မူသောဘိသိက် ကိုခံသောငါ အရှင် သည်၊ ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံသူဖြစ်သောကြောင့် ၊ ထိုအရှင်ကို ထိခိုက်ခြင်းငှါငါ လက် ဆန့် သော အမှု ကို ထာဝရဘုရား ဆီးတား တော်မူပါစေသောဟု မိမိ လူ တို့အား ဆို သဖြင့်၊ ၇ ရှောလု ကို ထိခိုက် စေခြင်းငှါ အခွင့် မ ပေးမြစ်တားလေ၏။

ရှောလု သည်လည်း ထ ၍ ဥမင် ထဲက ထွက်သွား လေ၏။ ၈ ထိုနောက် ဒါဝိဒ် သည် ထ ၍ ဥမင် ထဲက ထွက် လျက် ၊ ကျွန်တော် ၏ သခင် အရှင်မင်းကြီး ဟု ရှောလု နောက် ၌ ဟစ် သဖြင့် ၊ ရှောလု သည် နောက် သို့ကြည့် သောအခါ ၊ ဒါဝိဒ် သည် မြေ ပေါ် ၌ ဦးချ ၍ ပြပ်ဝပ် လျက်၊ ၉ ဒါဝိဒ် သည် ကိုယ်တော် ၏အကျိုးကို ဖျက် ခြင်းငှါရှာကြံ သည်ဟု လူ အချို့ပြောသောစကား ကို အဘယ်ကြောင့် နားထောင် တော်မူသနည်း။ ၁၀ ယနေ့ ထာဝရဘုရား သည် ဥမင် ထဲမှာ ကိုယ်တော် ကို ကျွန်တော် လက် ၌ အပ် တော်မူကြောင်း ကို ကြည့်ရှု တော်မူပါ။ အသက်တော်ကိုသတ် စေခြင်းငှါ အချို့တို့သည် တိုက်တွန်း သော်လည်း ၊ ကျွန်တော်သည် နှမြော သောစိတ် ရှိ၍ ၊ ငါ့ အရှင် သည် ထာဝရဘုရား ၏ ဘိသိက် ခံသူ ဖြစ်တော်မူသောကြောင့် ၊ ထိုအရှင်ကို ထိခိုက်ခြင်းငှါငါသည် လက် ကို မ ဆန့် ဟု အကြဲရှိပါ၏။ ၁၁ ထိုမှတပါး ကျွန်တော် အဘ ကြည့်ရှု တော်မူပါ။ ကျွန်တော် လက် ၌ အင်္ကျီ တော်အောက် ပိုင်းကို ကြည့်ရှု တော်မူပါ။ အသက်တော်ကို မ သတ် ၊ အင်္ကျီ တော်အောက် ပိုင်းကို လှီးဖြတ် ရုံမျှသာပြုသောကြောင့် ၊ ကျွန်တော်၌ ဒုစရိုက် အပြစ်မရှိ။ လွန်ကျူး ခြင်းအပြစ်မ ရှိကြောင်း ကို သိမြင် တော်မူပါ။ ကိုယ်တော် ကို မ ပြစ်မှား ပါ။ သို့သော်လည်း ကျွန်တော် အသက် ကိုသတ် အံ့သောငှါ လိုက်၍ ရှာ တော်မူပါသည်တကား။ ၁၂ ထာဝရဘုရား သည် ကျွန်တော် နှင့် ကိုယ်တော် စပ်ကြား မှာ စီရင် တော်မူပါစေသော။ ကျွန်တော် အား ပြစ်မှားသောအပြစ်ကို ထာဝရဘုရား ဆပ်ပေး တော်မူပါစေသော။ သို့ရာတွင် ကျွန်တော် လက် သည် ကိုယ်တော် အပေါ် သို့ မ ရောက် ပါစေနှင့်။ ၁၃ ရှေး ပုံ စကားလာ သည်အတိုင်း ၊ ဆိုး သောသူလက်မှ ဆိုး သောအမှုထွက် တတ်၏။ သို့ရာတွင် ကျွန်တော် လက် သည် ကိုယ်တော် အပေါ် သို့ မ ရောက် ပါစေနှင့်။ ၁၄ ဣသရေလ ရှင် ဘုရင်သည် အဘယ်သူ ၏အတွက်ကြောင့် ကြွလာ တော်မူသနည်း။ ကိုယ်တော် သည် အဘယ်သူ ကို လိုက် ၍ ရှာတော်မူသနည်း။ ခွေး သေ ကောင်ကို လိုက် ၍ ရှာတော်မူသလော။ ခွေးလေး ကို လိုက် ၍ရှာတော်မူသလော။ ၁၅ သို့ ဖြစ်၍ ထာဝရဘုရား သည် တရားသူကြီး လုပ် တော်မူပါစေသော။ ကျွန်တော် နှင့် ကိုယ်တော် စပ်ကြား မှာ စီရင် တော်မူပါစေသော။ ကြည့်ရှု ၍ ကျွန်တော် အမှု ကို စောင့် သဖြင့် ၊ ကျွန်တော် ကို ကိုယ်တော် လက် မှ ကယ်လွှတ် တော်မူပါစေသောဟု ရှောလု အား လျှောက်ဆို ၏။ ၁၆ ထိုသို့ ဒါဝိဒ် သည် ရှောလု အား အကုန်အစင် လျှောက်ဆို ပြီးမှ ၊ ရှောလု က ငါ့ သား ဒါဝိဒ် ၊ ငါကြားသော စကားသံသည် သင့် စကား သံလောဟုမေး လျက် အသံ ကို လွှင့် ၍ ငိုကြွေး လေ၏။ ၁၇ တဖန် လည်း၊ သင် သည် ငါ့ ထက် သာ၍တရား စောင့်၏။ သင့် အကျိုးကို ငါ ဖျက် သော်လည်း ၊ သင် သည် ငါ ၌ အကျိုး ကျေးဇူးပြု ပြီ။ ၁၈ ငါ ၌ အဘယ်သို့ကျေးဇူး ပြု သည်ကို သင်သည် ယနေ့ ပြ ပြီ။ အကြောင်းမူကား၊ ထာဝရဘုရား သည် ငါ့ ကို သင့် လက် ၌ အပ် တော်မူသော်လည်း ၊ သင်သည် မ သတ် ဘဲနေပါသည်တကား။ ၁၉ လူ သည် ရန်သူ ကို တွေ့ လျှင် ချမ်းသာ စွာ လွှတ် လိမ့်မည်လော။ သို့ ဖြစ်၍ သင်သည် ငါ ၌ ယနေ့ ပြု သောကျေးဇူး ကို ထာဝရဘုရား ဆပ် တော်မူပါစေသော။ ၂၀ ယခု မှာ သင်သည် စင်စစ်ရှင် ဘုရင်ဖြစ်လိမ့်မည်ဟူ၍ငင်း၊ ဣသရေလ နိုင်ငံ သည် သင့် လက် ၌ တည် လိမ့်မည်ဟူ၍ငင်း၊ ငါအမှန်သိ ၏။ ၂၁ သို့ ဖြစ်၍ သင်သည် ငါ ၏သားစဉ် မြေးဆက်တို့ကို မ သုတ်သင် ၊ ငါ့ အဆွေအမျိုး ထဲက ငါ ၏နာမ ကို မ ပယ်ရှင်း

မည်အကြောင်းထာဝရဘုရား ကို တိုင်တည် ၍ ငါ့ အား ကျိန်ဆိုခြင်းကို ပြုလော့ဟု ဒါဝိဒ် အား ဆို ပြီးမှ၊ ၂၂ ဒါဝိဒ် သည် ရှောလု အား ကျိန်ဆို ခြင်းကိုပြု၍ ရှောလု သည် မိမိ နေရာ သို့ သွား ၏။ ဒါဝိဒ် နှင့် သူ ၏လူ တို့သည်လည်း ခိုင်ခံ့ သောအရပ်သို့ သွား ကြ၏။

၂၃ ထိုနောက် ရှမွေလ သေ သောအခါ ၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် စည်းဝေး ၍ ငိုကြွေး မြည်တမ်းခြင်းကို ပြုသဖြင့် ၊ ရာမ မြို့တွင် သူ ၏အိမ် ၌ သင်္ဂြိဟ် ကြ၏။ ဒါဝိဒ် သည် ထ ၍ ပါရန် တော သို့ သွား လေ၏။ ၂ ထိုအခါ မောန အရပ်၌ နေ၍ ကရမေလ မြို့၌ ဥစ္စာ များ သော သူ တဦးရှိ၏။ ထိုသူသည်လူ ကြီး ဖြစ်၍ ၊ သိုး သုံး ထောင် ၊ ဆိတ် တထောင် ကို ရတတ်၏။ ကရမေလ မြို့မှာ သိုး မွေးကို ညှပ် ၍နေ၏။ ၃ ထိုသူ ၏အမည် ကား နာဗလ ၊ သူ ၏မယား အမည် ကား အဘိဂဲလ တည်း။ ထိုမိန်းမ သည် ဉာဏ် ကောင်း ၍ အဆင်း လည်းလှ ၏။ ယောက်ျား မူကား ခက်ထန် သော သဘောရှိ၏။ ဆိုး သောအမှု ကိုလည်း ပြုတတ်၏။ ကာလက် အဆွေအမျိုးဖြစ်၏။ ၄ နာဗလ သည် သိုး မွေးညှပ် ၍ နေကြောင်း ကို ဒါဝိဒ် သည် တော ၌ ကြား လျှင်၊ ၅ လုလင် တကျိပ် တို့ကို ခေါ်၍ နာဗလ ရှိရာ ကရမေလ မြို့သို့ သွား ကြတော့။ ၆ စည်းစိမ်ကြီးသော ထိုသူကို ငါ့ ကိုယ်စားနှုတ်ဆက် ၍ ပြော ရမည်မှာ၊ ကိုယ်တော် မှစ၍ကိုယ်တော် ၏အိမ် ၊ ကိုယ်တော် နှင့် ဆိုင်သမျှ တို့ ၌ ချမ်းသာ ရှိပါစေသော။ ၇ ကိုယ်တော် ၌ သိုးမွေးညှပ် သော သူများရှိကြောင်း ကို အကျွန်ုပ်ကြား ပါ၏။ အကျွန်ုပ် တို့နှင့်အတူ နေ သောကိုယ်တော် ၏ သိုးထိန်း တို့ကို အကျွန်ုပ်တို့သည် မ ပြစ်မှား ပါ။ သူတို့သည် ကရမေလ မြို့မှာ နေ သောကာလ ပတ်လုံး၊ သူ တို့ ဥစ္စာ တစုံတခုမျှ မ ပျောက် ပါ။ ၈ ကိုယ်တော် ၏ လုလင် တို့ကို မေးမြန်း ပါတော့။ သူတို့သည် ပြော ကြပါလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်၏ လုလင် တို့သည် ရှေ့ တော်၌ မျက်နှာ ရကြပါစေ။ အကျွန်ုပ်တို့သည် မင်္ဂလာ နေ့ ၌ ရောက် ပါ၏။ လက် တော်၌ ရှိ သမျှကို ကိုယ်တော် ကျွန် များ၊ ကိုယ်တော် ၏သား ဒါဝိဒ် အား သနား တော်မူပါဟု နှုတ်ဆက်ရမည်အကြောင်းမှာထား၍ လွှတ်လိုက် ၏။ ၉ ဒါဝိဒ် ၏ လုလင် တို့သည် နာဗလ ထံသို့ ရောက် သောအခါ ၊ ဒါဝိဒ် မှာထားသမျှ သောစကား တို့ကို ပြန်ပြော ပြီးလျှင် တိတ်ဆိတ် စွာ နေကြ၏။ ၁၀ နာဗလ ကလည်း ၊ ဒါဝိဒ် ကား အဘယ်သူ နည်း။ ယေရှဲ ၏သား ကား အဘယ်သူ နည်း။ ယခုကာလ ၌သခင် ကို ပုန်ကန် သော ကျွန် များ ပါတကား။ ၁၁ ငါသည် ငါ့ သိုးမွေးကို ညှပ် သောသူတို့အဘို့ ပြင်ဆင် သော ငါ့ မုန့် ၊ ငါ့ ရေ ၊ ငါ့ အမဲသား ကို ယူ ၍ ငါမ သိ သော လူ တို့အား ပေး ရမည်လောဟု ဒါဝိဒ် ၏ လုလင် တို့အားပြောဆို ၏။ ၁၂ ဒါဝိဒ် ၏ လုလင် တို့သည် လှည့် သွား၍ ထို စကား အလုံးစုံ တို့ကို ဒါဝိဒ်အား ပြန်လျှောက် ကြ၏။ ၁၃ ဒါဝိဒ် ကလည်း ၊ လူ တိုင်း မိမိ ထား ကို ခါးစ်၌စည်း စေဟု မိမိ လူ တို့အား ဆို လျက် မိမိ ထား ကို စည်း လေ၏။ လူ လေး ရာ တို့သည် ဒါဝိဒ် နောက် သို့လိုက် ကြ၏။ နှစ်ရာ တို့သည် ဥစ္စာ ပစ္စည်းများကို စောင့်၍ နေ ကြ၏။ ၁၄ လုလင် တယောက် သည် နာဗလ မယား အဘိဂဲလ ထံသို့ သွား၍၊ ဒါဝိဒ် သည် အကျွန်ုပ် တို့သခင် ကို နှုတ်ဆက် အံ့သောငှါ တမန် တို့ကို တော မှ စေလွှတ် ၍ ၊ အကျွန်ုပ်တို့သခင်သည် သူ တို့ကို ဆဲ ပါ၏။ ၁၅ ထိုသူတို့သည် ကျွန်တော် တို့ ၌ အလွန် ကျေးဇူး ပြုပါပြီ။ ကျွန်တော် တို့သည် တော မှာ နေ ၍

သူ တို့နှင့်ပေါင်းဘော်သော ကာလ ပတ်လုံးအရှုံးမခံ၊ ဥစ္စာ တစုံတခုမျှ မ ပျောက် ပါ။ ၁၆ ကျွန်တော်တို့သည် သိုး ထိန်း ၍ သူ တို့နှင့် ပေါင်းဘော်သော ကာလ ပတ်လုံး၊ သူတို့သည် နေ့ ညဥ့် အစဉ်ကွယ်ကာလျက် နေ ကြပါ၏။ ၁၇ သို့ ဖြစ်၍ သခင်မသည် အဘယ်သို့ ပြု သင့်သည်ကို ကြည့်ရှု ဆင်ခြင် ပါတော့။ အကျွန်ုပ် တို့ သခင် နှင့် အိမ်သူ အိမ်သား အပေါင်း တို့ ၌ ဘေး ပြုမည်ဟု စီရင်ပါပြီ။ သခင်သည် အဓမ္မ လူဖြစ်သောကြောင့်၊ အဘယ်သူမှ၊ မပြော မလျှောက်ဝံ့ပါဟု ဆို လေသော်၊ ၁၈ အဘိဂဲလ သည် မုန့် လုံးနှစ်ရာ ၊ စပျစ်ရည် ဘူး နှစ် လုံး၊ ချက် ပြီးသော သိုး ငါး ကောင်၊ ပေါက်ပေါက် ငါး ဧဖာ ၊ စပျစ်သီး ခြောက် အပြွတ်တရာ ၊ သင်္ဘောသဖန်းသီး ပျဉ်အပြားနှစ်ရာ တို့ကို အလျင်အမြန် ယူ ၍ မြည်း တို့အပေါ် ၌တင် ပြီးလျှင်၊ ၁၉ ငါ့ ရှေ့ မှာ သွား ကြ။ ငါ လိုက် မည်ဟု ကျွန် တို့အား ဆို ၏။ လင် နာဗလ ကို အလျှင်းမ ပြော။ ၂၀ မြည်း ကို စီး လျက်သွား၍ တောင် ခြေရင်း၌ ဆင်း လှည့်စဉ်တွင်၊ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် တစ်ဘက်တချက်ဆင်းလာ၍ တယောက်နှင့် တယောက်တွေ့ကြုံ ကြ၏။ ၂၁ ထိုသို့မတွေ့မီ ဒါဝိဒ် က၊ အကယ် စင်စစ်ထိုသူ ၏ ဥစ္စာ တစုံတခုကိုမျှ မ ပျောက် စေခြင်းငှါ ၊ တော ၌ သူပိုင်သမျှ တို့ကို ငါသည် အချည်းနှီး စောင့် ပါပြီတကား။ ငါ ကောင်း သော အမှုအတွက် ၊ မကောင်း သော အမှုကို သူပြု ပါပြီတကား။ ၂၂ နက်ဖြန်မိုဃ်းလင်း သောအခါ၊ နာဗလနှင့် ဆိုင်သော သူအပေါင်းတို့တွင် ယောကျ်ားတစုံတယောက်ကို ငါချန်ထား လျှင် ၊ ထိုမျှမက ထာဝရဘုရား သည် ဒါဝိဒ် ၏ ရန်သူ တို့အား ပြု တော်မူစေသတည်းဟု ဆို နှင့်ပြီ။ ၂၃ အဘိဂဲလ သည် ဒါဝိဒ် ကို မြင် သောအခါ ၊ မြည်း ပေါ် က အလျင်အမြန် ဆင်း ပြီးလျှင် ဒါဝိဒ် ရှေ့တွင် မြေ ပေါ် မှာ ဦးညွတ် ချ၍၊ ၂၄ သူ ၏ ခြေရင်း ၌ ဝပ်တွား လျက် ၊ ကျွန်မ သခင် ၊ အပြစ် ရှိသမျှကို ကျွန်မ ခံပါမည်။ ကိုယ်တော် ၏ ကျွန် မသည် နား တော်လျှောက် ရသောအခွင့်ကိုပေး တော်မူပါ။ ၂၅ ကိုယ်တော် ၏ ကျွန် မစကား ကို နားညောင်း တော်မူပါ။ ထို အဓမ္မ လူ နာဗလ ကို ကျွန်မ သခင် မှတ် တော်မ မူပါနှင့်။ သူ ၏အမည် သည် သူ၏သဘောနှင့် ညီညွတ်ပါ၏။ သူ ၏အမည် ကား နာဗလ ။ သူ ၏ သဘောကား မိုက် ခြင်းဖြစ်သတည်း။ သခင် စေလွှတ် တော်မူသော လုလင် တို့ကို ကိုယ်တော် ကျွန် မသည် မ မြင် ရပါ။ ၂၆ ယခု မှာ ကျွန်မ သခင် ၊ ကိုယ်တော်သည် လူအသက် ကို သတ်ခြင်းငှါ မသွား မည်အကြောင်းကိုယ် လက် နှင့် ကိုယ် အမှုကို စောင့်၍ အပြစ်ဒဏ်မပေးမည်အကြောင်း၊ ထာဝရဘုရား ဆီးတား တော်မူသည်ဖြစ်၍ ၊ ထာဝရဘုရား အသက် တော် ကိုယ်တော် အသက် လည်း ရှင်တော်မူသည်အတိုင်း ၊ အကျိုးတော်ကို ဖျက်ဆီးလိုသော ကိုယ်တော် ၏ ရန်သူ တို့သည် နာဗလ ကဲ့သို့ ဖြစ် ကြပါစေသော။ ၂၇ ယခု မှာ ကိုယ်တော် ၏ ကျွန် မသည် သခင့် ထံသို့ ဆောင် ခဲ့သော လက်ဆောင် ကို ကျွန်မ သခင် နောက်တော်သို့ လိုက် သော လုလင် တို့ အား ပေး စေတော်မူပါ။ ၂၈ ကိုယ်တော် ၏ ကျွန် မအပြစ် ကို သည်းခံ တော်မူပါ။ ကျွန်မ သခင် သည် ထာဝရဘုရား ဘက်မှာ စစ်တိုက် သောကြောင့် ၎င်း၊ တသက်လုံး ကိုယ်တော် ၌ အပြစ်တင် စရာ အခွင့်မ ရှိ သောကြောင့်၎င်း၊ ထာဝရဘုရား သည် ကျွန်မ ၏သခင် အဘို့ ခိုင်ခံ့ မြဲမြံသော အိမ် ကို တည်ဆောက် တော်မူလိမ့်မည်။ ၂၉ ကိုယ်တော် ၏ အသက် ကိုသတ် အံ့သောငှါ လူ အချို့တို့သည် ထ ၍ ရှာ သော်လည်း ၊ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား သည် ကျွန်မ သခင် ၏ အသက်

ကို အသက် ထုပ် ၌ နှောင်ဖွဲ့ တော်မူလိမ့်မည်။ ကိုယ်တော် ၏ ရန်သူ တို့အသက် ကိုမူကား ၊ လောက်လွှဲ ထဲက ပစ်သကဲ့သို့ပစ် တော်မူလိမ့်မည်။ ၃၀ ထာဝရဘုရား ဂတိ ထားတော်မူသည်အတိုင်း ၊ ကိုယ်တော် ၌ ကျေးဇူး ပြု၍ ဣသရေလ အမျိုးကို အုပ်စိုးစေခြင်းငှါ ခန့်ထား တော်မူသောအခါ၊ ၃၁ ကျွန်မ ၏ သခင် ကိုယ်တော်သည် အကြောင်း မရှိဘဲ လူအသက် ကိုသတ် မိသောကြောင့်ငင်း၊ ကိုယ်အမှုကို စောင့်၍၊ အပြစ်ဒဏ်ပေးမိသောကြောင့်ငင်း၊ ကျွန်မ ၏ သခင် ကိုယ်တော်သည် စိတ် ညှိုးငယ် ခြင်း၊ ကိုယ်တိုင်ကိုယ်အပြစ်တင်ခြင်းနှင့် ကင်းလွတ်တော်မူပါစေသော။ ထာဝရဘုရား သည် ကျွန်မ ၏ သခင် ၌ ကျေးဇူး ပြုတော်မူပြီးမှ ၊ ကိုယ်တော် ၏ ကျွန် မကို အောက်မေ့ တော်မူပါဟု လျှောက် လေ၏။ ၃၂ ဒါဝိဒ် ကလည်း ၊ ယနေ့ ငါ နှင့် တွေ့ စေခြင်းငှါ ၊ သင့် ကို စေလွှတ် တော်မူသော ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၃၃ သင် ပေးသောအကြံ လည်း မင်္ဂလာ ရှိစေသတည်း။ ယနေ့ ငါသည် လူအသက် ကိုသတ် အံ့သောငှါ၊ မသွား ရမည်အကြောင်း၊ ကိုယ် လက် နှင့် ကိုယ် အမှုကို စောင့်၍ အပြစ်ဒဏ်မပေးရမည်အကြောင်းဆီးတား သောသင် သည်လည်း မင်္ဂလာ ရှိစေသတည်း။ ၃၄ အကယ်စင်စစ်သင့် ကို ငါ မညှင်းဆဲ ရမည်အကြောင်း၊ ဆီးတား တော်မူသော ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း ၊ သင်သည်ငါ နှင့် တွေ့ ခြင်းငှါ အလျင်အမြန် မ လာ လျှင် ၊ အကယ် စင်စစ်နက်ဖြန် မိုးလင်း သောအခါ၊ နာဗလ ၏ လူယောကျ်ား တစုံတယောက်ကိုမျှ ငါချန် ၍မ ထားဟု အဘိဂဲလ အား ပြောဆို လျက်၊ ၃၅ သူဆောင် ခဲ့သော လက်ဆောင်ကို သူ ၏လက် မှ ခံယူ ၍ ၊ သင် သည် နေရာအိမ် သို့ ငြိမ်ဝပ် စွာသွား လော့။ သင် ၏စကား ကို ငါနားထောင် ပြီ။ သင် ၏ မျက်နှာ ကိုလည်း ထောက် ၍ နေမည်ဟုဆို လေ၏။ ၃၆ အဘိဂဲလ သည်လည်း နာဗလ ထံသို့ ပြန် သွား၍ ၊ သူသည် ရှင်ဘုရင် ၏ ပွဲ ကဲ့သို့ သော ပွဲ ကို မိမိ အိမ် ၌ ခံသဖြင့်၊ ယစ်မူး ၍ စိတ် ရွှင်လန်း လျက်နေသောကြောင့်၊ မိုးယံ မ လင်းမီ မယားသည် အလျင်းမ ပြော။ ၃၇ မိုးယံးလင်း ၍ နာဗလ သောက်သော စပျစ်ရည် အရှိန်ကုန် သောအခါ ၊ ထို အမှု များကို မယား ပြော သဖြင့် သူသည်နှလုံး သေ ၍ ကျောက် ကဲ့သို့ ဖြစ် ၏။ ၃၈ ဆယ်ရက် လောက်လွန်မှ ထာဝရဘုရား သည် ဒဏ်ခတ် တော်မူသဖြင့် နာဗလ သေ ၏။ ၃၉ နာဗလ သေ ကြောင်း ကို ဒါဝိဒ် ကြား သောအခါ ၊ ငါ ခံရသောကဲ့ရဲ့ ခြင်းအမှု ကို စောင့် ၍ နာဗလ လက် မှ နှုတ်တော်မူ၍၊ ကိုယ်တော် ကျွန် ကို ဒုစရိုက် နှင့် ကင်းလွတ် စေတော်မူသော ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ထာဝရဘုရား သည် နာဗလ ပြုသော ဒုစရိုက် ကို သူ့ ခေါင်း ပေါ် သို့ ပြန် ရောက်စေတော်မူပြီဟု ဆို ၏။ တဖန် လူကို စေလွှတ် ၍ အဘိဂဲလ နှင့် လက်ထပ် ခြင်းငှါ နှုတ်ဆက် လေ၏။ ၄၀ ဒါဝိဒ် ၏ ကျွန် တို့သည် အဘိဂဲလ ရှိရာ ကရမေလ မြို့သို့ ရောက် သောအခါ ၊ ဒါဝိဒ် သည် သခင်မနှင့် လက်ထပ် ခြင်းငှါ ကျွန်တော် တို့ကို စေလွှတ် ပါပြီဟု ပြောဆို လျှင်၊ ၄၁ အဘိဂဲလသည် ထ ၍ မြေ ပေါ်မှာ ပြုပ်ဝပ် လျက် ၊ ကျွန် မသည် ကျွန်မ သခင် ၏ ကျွန် တို့ ခြေ ကို ဆေး သော ကျွန် မိန်းမဖြစ်စေသောဟု ဆို ပြီးမှ၊ ၄၂ အလျင်အမြန် ထ ၍ မိမိ နောက်လိုက် ကျွန် မငါး ယောက်ပါလျက် မြည်း စီး သဖြင့် ၊ ဒါဝိဒ် စေလွှတ် သော လူတို့နှင့်တကွ လိုက်၍ ဒါဝိဒ်၏ခင်ပွန်း ဖြစ် လေ၏။ ၄၃ ဒါဝိဒ် သည် ယေဇရေလ မြို့သူအဟိနောင် ကိုလည်း သိမ်း ၍

ထိုမိန်းမနှစ် ယောက်တို့သည် သူ ၏ ခင်ပွန်း ဖြစ် ကြ၏။ ၄၄ ရှောလု သည် မိမိ သမီး ဖြစ်သော ဒါဝိဒ် ၏ မယား မိခါလ ကို၊ ဂလ္လိမ် မြို့သားဖြစ်သော လဲရှ ၏သား ဖာလတိ အား ပေးစား နှင့်ပြီ။

၂၆ တဖန် ဇိဖ သားတို့သည် ရှောလု ရှိရာ ဂိဗာ မြို့သို့ လာ ၍၊ ဒါဝိဒ် သည် ယေရှိမုန် မြို့ ရှေ့ မှာ ဟခိလ တောင် ၌ ပုန်းရှောင် ၍ နေပါသည်မ ဟုတ်လော ဟု လျှောက် လျှင်၊ ၂ ရှောလု သည် ထ ၍ ရွေးကောက် သော ဣသရေလ လူ သုံး ထောင် ပါ လျက်၊ ဇိဖ တော ၌ ဒါဝိဒ် ကို ရှာ ခြင်းငှါ သွား လေ၏။ ၃ ရှောလု သည် ယေရှိမုန် မြို့ ရှေ့၊ ဟခိလ တောင် ပေါ် လမ်း နား မှာ တပ်ချ ၏။ ဒါဝိဒ် သည် တော ၌ နေ ၍ ရှောလု လိုက်ရှာ ကြောင်း ကို သိမြင် သောအခါ၊ ၄ သူလျှို တို့ကို စေလွှတ် ၍ ရှောလု ရောက် ကြောင်း ကို အတပ် သိ ၏။ ၅ ထိုအခါ ဒါဝိဒ် သည် ထ သွား၍ ၊ ရှောလု တပ်ချ ရာ အရပ် သို့ ရောက် သဖြင့် ၊ ရှောလု နှင့် ဗိုလ်ချုပ် မင်း နေရ ၏သား အာဗနာ အိပ် ရာ အရပ် ကို ကြည့်ရှု လေ၏။ ရှောလု သည် ရထားတပ်အလယ် ၌ အိပ် လျက် ၊ တပ်သားတို့သည် ပတ်လည် ၌ နေရာ ကျကြ၏။ ၆ ဒါဝိဒ် ကလည်း ၊ ရှောလု ရှိရာ တပ် သို့ ငါ နှင့်အတူ အဘယ်သူ လိုက် မည်နည်းဟု ဟိတ္တိ အမျိုးသားအဟိမလက် နှင့် ဇေရုယာ ၏သား ယွာဘ ညီ အဘိရှဲ တို့ကို မေး လျှင် ၊ အဘိရှဲ က ကျွန်တော်လိုက် ပါမည်ဟု လျှောက် သည်အတိုင်း၊ ၇ ဒါဝိဒ် နှင့် အဘိရှဲ တို့သည် ည၌ အခါ တပ်သား များရှိရာသို့ သွား ၍ ရှောလု သည် ရထားတပ်အလယ် ၌ အိပ်ပျော် လျက် ၊ လှံ တော်သည် ခေါင်းရင်း အနား မြေ ၌ စိုက် လျက် ၊ အာဗနာ နှင့် တပ်သား များတို့သည် ပတ်လည် ၌အိပ် လျက်ရှိကြ၏။ ၈ အဘိရှဲ ကလည်း ၊ ဘုရား သခင်သည် ကိုယ်တော် ၏ ရန်သူ ကို ကိုယ်တော် လက် ၌ ယနေ့ အပ် တော်မူပြီ။ ထိုကြောင့် ကျွန်တော်သည် မြေ တိုင်အောင် လှံ နှင့် တချက်တည်း ထိုး ပါရစေဟု ကျွန်တော်တောင်းပန်ပါ၏။ နှစ်ချက်တိုင်အောင်မ ထိုးပါဟု ဒါဝိဒ် ကို လျှောက် သော်လည်း၊ ၉ ဒါဝိဒ် ကသူ့ ကို မ ပြု နှင့်။ ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံသောသူကို အဘယ်သူ အပြစ် လွှတ်လျက် ထိခိုက်နိုင်သနည်းဟု အဘိရှဲ အား ပြန်ဆို ၏။ ၁၀ တဖန် ဒါဝိဒ် က၊ ထာဝရဘုရား အသက် ရှင် တော်မူသည်အတိုင်း၊ ဒဏ်ခတ် တော်မူမည်။ သို့မဟုတ် သူသေ ချိန် ရောက် လိမ့်မည်။ သို့မဟုတ် စစ်တိုက် ရာ၌ အသက် ဆုံးလိမ့်မည်။ ၁၁ ထာဝရဘုရား ပေးတော်မူသောဘိသိက် ခံသူကို ငါ မထိခိုက်မည်အကြောင်းထာဝရဘုရား ဆီးတား တော်မူပါစေသော။ သို့ရာတွင် ခေါင်းရင်း တော်နားမှာရှိသော လှံ တော်နှင့် ရေ ဘူး ကို ယူ ၍ သွား ကြကုန်အံ့ဟု ဆို လျက်၊ ၁၂ လှံ တော်နှင့် ရေ ဘူး ကို ရှောလု ခေါင်းရင်း နားက ယူ ၍ သွား ကြ၏။ အဘယ်သူ မျှမသိ မ မြင် ၊ အဘယ်သူ မျှမနိုး ၊ ကြီးစွာ သော အိပ်ခြင်းဖြင့် ထာဝရဘုရား အိပ်စေတော်မူသောကြောင့်၊ ထိုသူ အပေါင်း တို့သည် အိပ်ပျော် ကြ၏။ ၁၃ ထိုအခါ ဒါဝိဒ် သည် ကျယ်သောချိုင့် တစ်ဘက် သို့ကူး ၍၊ ဝေး သော တောင် ထိပ် အပေါ် မှာရပ် လျက်၊ ၁၄ အိုအာဗနာ ၊ သင်သည် မ ထူး သလောဟုလူ များနှင့် နေရ သား အာဗနာ ကို ဟစ် လေ၏။ အာဗနာ က၊ ရှင်ဘုရင် ကို ဟစ် သောသင် ကား အဘယ်သူ နည်းဟု ပြန် ၍မေးလျှင်၊ ၁၅ ဒါဝိဒ် က၊ သင် သည်ယောကျ်ား မ ဟုတ်လော။ ဣသရေလ အမျိုး၌ သင် နှင့်အဘယ်သူ တူ သနည်း။ သို့ ဖြစ်၍ သင် ၏သခင် ရှင်ဘုရင် ကို အဘယ်ကြောင့် မ စောင့် သနည်း။ သင် ၏သခင် ရှင် ဘုရင်ကိုသတ် အံ့သောငှါ လူ တယောက် ဝင်

လေပြီ။ ၁၆ သင်ပြု သော အမှု သည် မ လျောက်ပတ်။ ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံသောသင် ၏သခင် ကို မ စောင့် သောကြောင့်၊ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း သင် သည် အသေ ခံထိုက်ပေ၏။ ခေါင်းရင်း တော်နားမှာထား သော ရှင်ဘုရင် ၏ လုံ့ တော်နှင့် ရေ ဘူး တော်ရှိသည် မရှိသည်ကို ကြည့်ရှု လော့ဟု အာဗနာ အား ပြောဆို ၏။ ၁၇ ရှောလု သည် ဒါဝိဒ် စကား သံကို သိ ၍ ငါ့ သား ဒါဝိဒ် ၊ ငါကြားသော စကားသံသည် သင့် စကား သံလော ဟု မေး လျှင် ဒါဝိဒ် က ကျွန်တော် စကား သံမှန်ပါ၏၊ ကျွန်တော် သခင် အရှင်မင်းကြီး ဟု လျှောက် လေ၏။ ၁၈ တဖန် ဒါဝိဒ်က၊ သခင် သည် ကိုယ်တော် ကျွန် ကို အဘယ်ကြောင့် ဤသို့ လိုက် ၍ရှာတော်မူသနည်း။ ကျွန်တော်သည် အဘယ်သို့ ပြု ပါသနည်း။ ကျွန်တော် ၌ အဘယ် အပြစ် ရှိပါသနည်း။ ၁၉ ယခု မှာ ကျွန်တော် သခင် ရှင်ဘုရင် ၊ ကိုယ်တော် ကျွန် စကား ကို နားညောင်း တော်မူပါ။ ထာဝရဘုရား သည် ကိုယ်တော် ကို ကျွန်တော် တစ်ဘက် ၌ နှိုးဆော် တော်မူသည် မှန်လျှင် ၊ ယဇ် ပူဇော်ခြင်းကို လက်ခံ တော်မူပါစေသော။ သို့မဟုတ် လူ သား တို့သည် နှိုးဆော်သည် မှန်လျှင် ၊ ထာဝရဘုရား ရှေ့ တော်၌ ကျိန် ခြင်းကိုခံ ကြပါစေသော။ အကြောင်း မူကား၊ သူတို့က သွား တော့။ အခြား တပါးသော ဘုရား တို့ကို ဝတ်ပြု တော့ဟု ဆို လျက် ကျွန်တော် ကို ထာဝရဘုရား ၏ အမွေ တော်မြေ၌ မနေစေခြင်းငှါယနေ့ ပင် နှင်ထုတ် ကြပါသည်တကား။ ၂၀ သို့ ဖြစ်၍ ကျွန်တော် အသွေး သည် ထာဝရဘုရား ရှေ့ တော်၌ မြေ သို့ မ ကျ ပါစေနှင့်။ အကြောင်း မူကား၊ လူသည် ငုံး ကို တောင် ပေါ် မှာလိုက် ၍ ရှာသကဲ့သို့ ဣသရေလ ရှင် ဘုရင်သည် ခွေးလေး ကို ရှာ ခြင်းငှါ ထွက် တော်မူပါပြီတကားဟု လျှောက်ဆို ၏။ ၂၁ ရှောလု ကလည်း ငါပြစ်မှား ပါပြီ။ ငါ့ သား ဒါဝိဒ် ပြန် လာပါ။ သင် သည် ယနေ့ ငါ့ အသက် ကို နှမြော သောကြောင့် ၊ နောက် တဖန် သင့် ကို ငါမ ညှဉ်းဆဲ။ ငါသည် လူမိုက် ဖြစ်၏။ အလွန် မှားယွင်း ပြီဟု ဆို သော်၊ ၂၂ ဒါဝိဒ် က၊ ရှင်ဘုရင် လုံ့ တော်ရှိပါ၏။ လုလင် တယောက် လာ ၍ ယူ စေတော်မူပါ။ ၂၃ လူ အသီးအသီးတို့သည် ဖြောင့်မတ် ခြင်း၊ သစ္စာစောင့် ခြင်းရှိသည်အတိုင်း၊ ထာဝရဘုရား သည် အကျိုးကို ဆပ်ပေး တော်မူပါစေသော။ ထာဝရဘုရား သည် ယနေ့ ကိုယ်တော် ကို ကျွန်တော်လက် ၌ အပ် တော်မူသော်လည်း ထာဝရဘုရား ပေးတော်မူသောဘိသိက် ခံသူကို ကျွန်တော်မ ထိ မခိုက်ပါ။ ၂၄ ယနေ့ ကိုယ်တော် အသက် ကို ကျွန်တော်နှမြော သည် နည်းတူ ကျွန်တော် အသက် ကို ထာဝရဘုရား နှမြော ၍ ကျွန်တော် ကို ခပ်သိမ်း သော ဒုက္ခ ထဲက ကယ်နှုတ် တော်မူပါစေသောဟု ပြန် လျှောက်လျှင်၊ ၂၅ ရှောလု က၊ ငါ့ သား ဒါဝိဒ် ၊ သင် သည် မင်္ဂလာ ရှိပါစေသော။ ပြု လေရာရာ၌ အောင်မြင် ပါစေသောဟု ဒါဝိဒ် အား ဆို ပြီးမှ ဒါဝိဒ် သည် ထွက်သွား ၍ ရှောလု သည်လည်း မိမိ နေရာ သို့ ပြန် လေ၏။

၂၇ တဖန် ဒါဝိဒ် က၊ ငါသည် ရှောလု လက် ဖြင့် ဆုံးရှုံး ရသောအချိန် ရောက်လိမ့်မည်။ သို့ ဖြစ်၍ဖိလိတ္တိ ပြည် သို့ အလျင်အမြန်ပြေး ကောင်း၏။ သည်ထက်ကောင်း သော အရာမ ရှိ။ သို့ပြုလျှင် ရှောလု သည် ဣသရေလ ပြည်နယ် တွင် ငါ့ ကို ရှာ ၍မတွေ့နိုင်ကြောင်းကို သိလျက်၊ အားလျော့ ၍ သူ့ လက် မှ ငါလွတ် လိမ့်မည်ဟု အကြံ ရှိသည်အတိုင်း၊ ၂ မိမိ ၌ ပါသော လူ ခြောက် ရာ နှင့်တကွထ ၍ ဂါသ မင်း မောခ သား အာခိတ် ထံသို့ ကူးသွား ကြ၏။ ၃ ဒါဝိဒ် နှင့် သူ

၏လူ များတို့သည် အသီးအသီးမိမိ သား မယားပါလျက် ဂါသ မြို့၊ အာခိတ် မင်းထံမှာ နေ ကြ၏။ ဒါဝိဒ် မယား နှစ်ယောက်၊ ယေဇရေလ မြို့သူအဟိနောင် နှင့် နာဗလ မယား ၊ ကရမေလ မြို့သူအဘိဂဲလ ပါသတည်း။ ၄ ဒါဝိဒ် သည် ဂါသ မြို့သို့ ပြေး သွားကြောင်း ကို ရှောလု သည် ကြား ၍ နောက် တဖန်မ လိုက် မရှာဘဲ နေ၏။ ၅ ဒါဝိဒ် သည် အာခိတ် မင်းထံသို့ ဝင်၍၊ ကျွန်တော်သည် ရှေ့ တော်၌မျက်နှာရ သည်မှန်လျှင် ကျွန်တော် နေစရာ တောရွာ တရွာ ကို သနား တော်မူပါ။ ကိုယ်တော် ကျွန် သည် မြို့ တော်၌ ကိုယ်တော် နှင့်အတူ အဘယ်ကြောင့် နေ ရပါသနည်းဟု လျှောက် လေသော်၊ ၆ ထို နေ့၌ အာခိတ် မင်းသည် ဇိကလတ် မြို့ကိုပေး ၏။ ထို့ကြောင့် ယနေ့ တိုင်အောင် ယုဒ ရှင်ဘုရင်တို့သည် ဇိကလတ် မြို့ကို ပိုင်ကြ၏။ ၇ ဒါဝိဒ် သည် ဖိလိတ္တိ ပြည် ၌ နေ သော နေ့ရက် ပေါင်း ကား တနှစ်နှင့် လေး လ စေ့သတည်း။ ၈ တရံရောအခါဒါဝိဒ် နှင့် သူ ၏လူ တို့သည် သွား ၍ ဂေရှုရိ လူ၊ ဂေရဇိ လူ၊ အာမလက် လူတို့ကို တိုက်ကြ၏။ ထိုလူမျိုးတို့သည် ရှေး ကာလ၌ ရှုရ မြို့လမ်းမှစ၍ အဲဂုတ္တု ပြည် တိုင်အောင် အမြဲနေ သောသူဖြစ်သတည်း။ ၉ ထိုပြည် ကို ဒါဝိဒ် သည် လုပ်ကြံ ၍ ယောကျ်ား မိန်းမ တစုံတယောက်ကိုမျှ အသက် ချမ်းသာမ ပေး။ သိုး ၊ နွား ၊ မြည်း ၊ ကုလားအုပ် ၊ အဝတ် တန်ဆာတို့ကို သိမ်းယူ ၍ အာခိတ် မင်းထံသို့ ပြန် သွားလေ၏။ ၁၀ အာခိတ် မင်းက၊ သင်တို့သည် ယနေ့ အဘယ်အရပ်သို့ သွား၍ တိုက် သနည်းဟုမေး သော် ၊ ဒါဝိဒ် က၊ ယုဒ ပြည်တောင် ဘက်၊ ယေရမေလ ပြည်တောင် ဘက်၊ ကေနိ ပြည်တောင် ဘက်သို့ သွား၍ တိုက်ပါသည်ဟု လျှောက် ၏။ ၁၁ ထိုသို့ ဒါဝိဒ် ပြုပြီဟု ဂါသ မြို့သို့ လာ၍ သိတင်းကြား ပြောမည့်သူမ ရှိစေခြင်းငှါ ယောကျ်ား မိန်းမ တစုံတယောက်ကိုမျှ အသက် ချမ်းသာမ ပေး။ ဒါဝိဒ်သည် ဖိလိတ္တိ ပြည် ၌ နေ သော ကာလ ပတ်လုံး ထိုသို့ ပြုလေ့ရှိ၏။ ၁၂ အာခိတ် မင်းက၊ ဒါဝိဒ်သည် မိမိကို မိမိ လူမျိုး အလွန်စက်ဆုပ် ရွံရှာသည်တိုင်အောင်ပြုပြီ။ သို့ ဖြစ်၍ ငါ့ ထံ၌ အစဉ် ကျွန် ခံ လိမ့်မည်ဟု ဒါဝိဒ် စကားကို ယုံ လျက် ဆို ၏။

၂၈ ထို ကာလ ၌ ဖိလိတ္တိ လူတို့သည်၊ ဣသရေလ အမျိုးကို စစ်တိုက် အံ့သောငှါ ဗိုလ်ခြေ များကို စုဝေး ကြ၏။ အာခိတ် မင်းကလည်း ၊ သင် သည် လူ များပါလျက် ငါ နှင့် လိုက်၍စစ်တိုက်သွား ရမည်ကို ဆက်ဆက်သဘောကျ လော့ဟု ဒါဝိဒ် အား ဆို လျှင်၊ ၂ ဒါဝိဒ် က၊ အကယ်စင်စစ် ကိုယ်တော် ကျွန် သည် အဘယ်သို့ ပြု နိုင်သည်ကို ကိုယ်တော် သည် သိ တော်မူလိမ့်မည်ဟု လျှောက် သော် ၊ အာခိတ် မင်းက၊ သို့ ဖြစ်၍သင့် ကို ငါ့အသက် စောင့် ဗိုလ်ချုပ်အရာ၌ ငါခန့် မည်ဟုပြန်ပြော ၏။ ၃ ထိုကာလ၌ ရှမွေလ မရှိသေ လွန်ပြီ။ ဣသရေလ အမျိုးသားအပေါင်း တို့သည် ဝိုကြွေး မြည်တမ်းခြင်းကို ပြုလျက် ၊ သူ့ ကိုသူ နေရင်း ရာမ မြို့ ၌ သင်္ဂြိဟ် ကြပြီ။ ရှောလု သည် စုန်း နှင့် နတ်ဝင် ပေါင်းတို့ကို တပြည်လုံး တွင် သုတ်သင် ပယ်ရှင်းနှင့်ပြီ။ ၄ ထိုအခါ ဖိလိတ္တိ လူတို့သည် စုဝေး ၍ ရှုနင် မြို့မှာ တပ်ချ ကြ၏။ ရှောလု သည်လည်း ဣသရေလ အမျိုးသားအပေါင်း တို့ကို စုဝေး စေ၍ သူတို့သည် ဂိလဗော မြို့မှာ တပ်ချ ကြ၏။ ၅ ရှောလု သည် ဖိလိတ္တိ လူအလုံးအရင်း ကို မြင် သောအခါ ကြောက် ၍ အလွန် တုန်လှုပ် သော စိတ် နှလုံးရှိ၏။ ၆ ထာဝရဘုရား ကို မေးလျှောက် သော်လည်း ထာဝရဘုရား သည် ထူး တော်မ မူ။ အိပ်မက် အားဖြင့်

ငင်း ၊ ဥရိမ် အားဖြင့် ငင်း ၊ ပရောဖက် အားဖြင့် ငင်း ထူးတော်မမူ။ ၇ ထိုအခါ ရှောလု က၊ နတ်ဝင် မိန်းမ ကို ရှာ
ကြလော့။ ငါသွား၍ မေးမြန်း မည်ဟု ကျွန် တို့အား ဆို သည်အတိုင်း ၊ ကျွန် တို့က အဒေါ်ရ မြို့မှာ နတ်ဝင် မိန်းမ
တယောက်ရှိပါ၏ဟု လျှောက် သော်၊ ၈ ရှောလု သည် အဝတ် လဲ၍ ထူးခြားသော အယောင် ကို ဆောင်လျက် ၊ ည၌
အခါ လူ နှစ် ယောက်နှင့်တကွ ထိုမိန်းမ ဆီသို့ သွား၍ ရောက် ပြီးလျှင် ၊ သင်ပေါင်းသော နတ် ကို အမှီပြု၍ သင့် အား
ငါပြော မည့်သူ ကို ဘော် ပါလော့ဟု တောင်းပန် လေ၏။ ၉ မိန်းမ ကလည်း ၊ ရှောလု ပြု သော အမှု၊ စုန်း နှင့် နတ်ဝင်
တို့ကို တပြည်လုံး တွင် သုတ်သင် ဖယ်ရှင်းသော အမှုကို သင်သည် သိ လျက်နှင့် ငါ့ ကို သေ စေခြင်းငှါ အဘယ်ကြောင့်
ငါ့ အသက် ကို ကျော့စမ်း သနည်းဟု ပြန်ပြော သော်၊ ၁၀ ရှောလု က၊ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊
ဤ အမှု ကြောင့် အဘယ်အပြစ် မျှ မ ရောက် ရဟု ထာဝရဘုရား ကို တိုင်တည် ၍ ကျိန်ဆိုလေ၏။ ၁၁ မိန်းမ ကလည်း
၊ အဘယ်သူ ကို ငါဘော် ရမည်နည်းဟုမေး လျှင် ၊ ရှောလုက၊ ရှမွေလ ကို ဘော် ပါဟု ဆို ၏။ ၁၂ မိန်းမ သည် ရှမွေလ
ကို မြင် သောအခါ ကြီး သောအသံ နှင့် အော်ဟစ် ၍ ၊ ကိုယ်တော်သည် ကျွန်မ ကို အဘယ်ကြောင့် လှည့်စား သနည်း။
ကိုယ်တော် သည် ရှောလု ဖြစ်ပါ၏ဟု ရှောလု အား ဆို လျှင်၊ ၁၃ ရှင် ဘုရင်က မ စိုးရိမ် နှင့်။ အဘယ် အရာကို
မြင် သနည်းဟုမေး သော် ၊ မိန်းမ က၊ မြေကြီး ထဲက ဘုရား တက်လာ သည်ကို ကျွန်မမြင် ပါသည်ဟု လျှောက်
၏။ ၁၄ အဘယ်သို့ သော အယောင် ဆောင်သနည်းဟုမေး ပြန်သော် ၊ လူ အို တက်လာ ပါ၏။ ဝတ်လုံ ခြုံ လျက်
ရှိပါ၏ဟု လျှောက် ပြန်လျှင် ၊ ရှမွေလ ဖြစ်ကြောင်း ကို ရှောလု သည် ရိပ်မိ လျှင် မြေ ပေါ် ၌ ဦးညွှတ် ပြပ်ဝပ်လျက်
နေ၏။ ၁၅ ရှမွေလ ကလည်း ၊ သင်သည် ငါ့ ကို နှောက်ရှက် လျက် အဘယ်ကြောင့် ဘော် သနည်းဟု ရှောလု ကို မေး
သော် ၊ ရှောလု က၊ အကျွန်ုပ် သည် အလွန် ဆင်းရဲ ခြင်းသို့ရောက်ပါပြီ။ ဖိလိတ္တိ လူတို့သည် စစ်တိုက် ကြပါ၏။
ဘုရား သခင်သည် အကျွန်ုပ် ကို စွန့် တော်မူပြီ။ ပရောဖက် အားဖြင့် ထူး တော်မ မူ။ အိပ်မက် အားဖြင့် ထူးတော်မမူ။
အကျွန်ုပ် သည် အဘယ်သို့ ပြု ရမည်ကို၊ ကိုယ်တော် ပြ စေခြင်းငှါ ကိုယ်တော်ကို အကျွန်ုပ်ခေါ် ပါပြီဟု ပြောဆို
၏။ ၁၆ ရှမွေလ ကလည်း ၊ ထာဝရဘုရား သည် သင့် ကို စွန့် ၍ သင့် ရန်ဘက် ဖြစ် တော်မူသည် မှန်လျှင် ၊ ငါ့ ကို
အဘယ်ကြောင့် မေးမြန်း သေးသနည်း။ ၁၇ ထာဝရဘုရား သည် ငါ့ အားဖြင့် မိန့် တော်မူသည်အတိုင်း သင်၌ပြု
တော်မူပြီ။ ထာဝရဘုရား သည် ဣသရေလ ကို သင့် လက် မှ နှုတ် ၍ ၊ သင့် အိမ်နီးချင်း ဒါဝိဒ် အား ပေး တော်မူပြီ။
၁၈ အကြောင်းမူကား၊ သင်သည် ထာဝရဘုရား၏ စကား တော်ကို နား မ ထောင်။ ပြင်းစွာ သော အမျက် တော်ကို
အာမလက် အမျိုး၌ မ စီရင် သောကြောင့် ၊ ထာဝရဘုရား သည် ဤ အမှု ကို ယနေ့ သင် ၌ ရောက်စေတော်မူပြီ။
၁၉ ထိုမှတပါး သင် နှင့် ဣသရေလ အမျိုးကို ဖိလိတ္တိ လူတို့လက် ၌ အပ် တော်မူမည်။ နက်ဖြန် နေ့ သင် နှင့် သင်
၏သား တို့သည် ငါ နှင့်အတူ ရှိလိမ့်မည်။ ထာဝရဘုရား သည် ဣသရေလ လူ အလုံးအရင်း ကို ဖိလိတ္တိ လူတို့လက်
၌ အပ် တော်မူမည်ဟု ဆို ၏။ ၂၀ ထိုအခါ ရှောလု သည် မြေ ပေါ် မှာ အလျား ပြပ်ဝပ် လဲနေ၍ ၊ ရှမွေလ စကား
ကြောင့် အလွန် ကြောက်ရွံ့၏။ တနေ့ နှင့် တညဉ့်လုံး အဘယ်အစာ ကိုမျှ မ စား ဘဲနေသောကြောင့်အား ကုန်ပြီ။ ၂၁

ထိုမိန်းမ သည်လာ ၍ ရှောလု အလွန် စိတ်ညစ် သည်ကို မြင် လျှင် ၊ ကိုယ်တော် ကျွန် မသည် ကိုယ်တော် စကား ကို နားထောင် ပါပြီ။ ကိုယ် အသက် ကို မနှမြောဘဲ ကိုယ်တော် မိန့် တော်မူသော စကား ကို နားထောင် ပါပြီ။ ၂၂ သို့ ဖြစ်၍ ယခု ကိုယ်တော် ကျွန် မ၏ စကား ကို နားထောင် တော်မူပါ။ စားစရာ အနည်းငယ် ကို ရှေ့ တော်၌ တင် ပါရစေ။ ကိုယ်တော်ကြွ သွားသောအခါ အား ပြည့်စေခြင်းငှါစား တော်ခေါ် ပါဟု လျှောက် သော်လည်း၊ ၂၃ ရှောလုက ငါမ စား ဟု ငြင်းပယ် လေ၏။ သို့ရာတွင် ကျွန် တို့သည် မိန်းမ နှင့် ဝိုင်း၍ အနိုင် ပြုကြသဖြင့် ၊ ရှောလုသည် သူ တို့စကား ကို နားထောင် ၍ မြေ ပေါ် က ထ ပြီးလျှင် ခုတင် ပေါ် မှာ ထိုင် လေ၏။ ၂၄ ထိုမိန်းမ သည် မိမိအိမ် ၌ ဆူ အောင်ကျွေးသော နွား ကလေးတကောင်ရှိသည်ဖြစ်၍ အလျင်အမြန် သတ် လေ၏။ မုန့်ညက် ကိုလည်း ယူ ၍ နယ် သဖြင့် ၊ တဆေးမဲ့ မုန့်ကို ဖုတ် ပြီးမှ၊ ၂၅ ရှောလု နှင့် ကျွန် များတို့ ရှေ့၌ တင် လေ၏။ သူတို့သည် စား ၍ ထို ညဉ့် တွင် ထ သွား ကြ၏။

၂၆ ဖိလိတ္တိ လူတို့သည် ဗိုလ်ခြေ အပေါင်း တို့ကို အာဖက် မြို့မှာ စုဝေး စေကြ၏။ ဣသရေလ လူတို့သည် ယေဇရေလ မြို့မှာ ရှိသော စမ်းရေတွင်း အနား၌ တပ်ချ ကြ၏။ ၂ ဖိလိတ္တိ မင်း တို့သည် လူတရာ တပ်၊ တထောင် တပ်အစဉ်အတိုင်းချီသွား သဖြင့် ၊ ဒါဝိဒ် နှင့် သူ ၏ လူ တို့သည် နောက် တပ်၌ အာခိတ် မင်းနှင့်အတူ လိုက် ကြ၏။ ၃ ဖိလိတ္တိ မင်း တို့ကလည်း ၊ သင်နှင့်လိုက်သော ထို သူတို့သည် အဘယ်သူ နည်းဟုမေး လျှင် ၊ အာခိတ် မင်းက၊ ဤ သူသည် ဣသရေလ ရှင်ဘုရင် ရှောလု ၏ကျွန် ဒါဝိဒ် ဖြစ်သည်မ ဟုတ်လော။ ကြာမြင့်စွာ ငါ့ ထံမှာ နေပြီ။ ငါ့ထံသို့ရောက်သောနေ့ မှစ၍ ယနေ့ တိုင်အောင် သူ ၌ အပြစ်တင်စရာ တစုံတခု ကိုမျှ မ တွေ့ ဟု ဖိလိတ္တိ မင်း တို့အား ပြောဆို သော်လည်း၊ ၄ ဖိလိတ္တိ မင်း တို့သည် စိတ်ဆိုး လျက် ဤသူ ပြန် ပါစေ။ မင်းနေရာ ချသော အရပ် သို့ သွား ၍နေပါစေ။ ငါ တို့နှင့်အတူ စစ်တိုက် မ လိုက် စေနှင့်။ စစ်တိုက် ရာတွင် ငါ တို့ ရန်ဘက် ၌ နေ မည်ကို စိုးရိမ်စရာရှိ၏။ သူသည် သူ့ သခင် ၏ စိတ် ကို ပြေစေခြင်းငှါအဘယ်သို့ ပြုနိုင်သနည်း။ ငါတို့လူ များ၏ အသက် ကို အပ်၍ ပြုနိုင်သည်မ ဟုတ်လော။ ၅ ရှောလု အထောင်ထောင် ၊ ဒါဝိဒ် အသောင်းသောင်း သတ် လေစွတကားဟု အလှည့်လှည့်က လျက် သီချင်း ဆိုကြသောအခါ ၊ ဤ ဒါဝိဒ် ကို ရည်ဆောင်၍ သီချင်းဆိုကြသည်မ ဟုတ်လော ဟု အပြစ်တင်သောကြောင့်၊ ၆ အာခိတ် မင်းသည် ဒါဝိဒ် ကို ခေါ် ၍ ၊ အကယ်စင်စစ် ထာဝရဘုရား အသက် ရှင်တော်မူသည့်အတိုင်း သင် သည် ဖြောင့်မတ် စွာ ပြုပြီ။ ငါ နှင့်အတူ တပ်မှူ တပ်ရင်း၌ သင်သွား လာပြုမူခြင်းကို ငါ အားရ ပြီ။ သင် သည် ငါ့ ထံသို့ ရောက် သောနေ့ မှစ၍ ယနေ့ တိုင်အောင် သင် ၌ အပြစ် ကို မ တွေ့။ သို့သော်လည်း ဖိလိတ္တိမင်း တို့သည် သင့် ကို အလို မ ရှိကြ။ ၇ သို့ ဖြစ်၍ ယခု ငြိမ်ဝပ် စွာ ပြန် သွား တော့။ ဖိလိတ္တိ မင်း တို့ကို စိတ်ဆိုး စေခြင်းငှါမ ပြု ပါနှင့်ဟုဆိုသော်၊ ၈ ဒါဝိဒ် က ကျွန်တော်သည် ကျွန်တော် သခင် ရှင်ဘုရင် ၏ ရန်သူ တို့ကို စစ်တိုက် မ သွား စေခြင်းငှါအဘယ်သို့ ပြု ဘိသနည်း။ ကိုယ်တော် ထံမှာ နေ သမျှ ကာလ ပတ်လုံး ယနေ့ တိုင်အောင် အဘယ် အပြစ်ကို တွေ့ တော်မူသနည်းဟု အာခိတ် မင်းအား မေးလျှောက် သော်၊ ၉ အာခိတ် မင်းက၊ သင် သည် ငါ့ ရှေ့ မှာ ဘုရား သခင်၏ ကောင်းကင် တမန်ကဲ့သို့ ကောင်း သည်ကို ငါသိ ၏။ သို့သော်လည်း ငါ တို့နှင့်အတူ စစ်တိုက် မ လိုက် စေနှင့်ဟု ဖိလိတ္တိ မင်း

တို့သည် စီရင် ကြပြီ။ ၁၀ သို့ ဖြစ်၍ သင် နှင့် လိုက်လာ သော သင့် သခင် ၏ ကျွန် တို့နှင့်အတူ နံနက် စောစောထ ၍ မိုယ်းလင်း သောအခါ ပြန် သွားတော့ဟု ဒါဝိဒ် အား ဆို သည်အတိုင်း၊ ၁၁ ဒါဝိဒ် နှင့် သူ ၏ လူ တို့သည် နံနက် စောစောထ ၍ ဖိလိတ္တိ ပြည် သို့ ပြန် သွားကြ၏။ ဖိလိတ္တိ လူတို့သည်လည်း ၊ ယေဇရေလ မြို့သို့ ချီ သွားကြ၏။

၃၀ သုံး ရက် လွန်၍ ဒါဝိဒ် နှင့် သူ ၏ လူ တို့သည် ဇိကလတ် မြို့သို့ရောက် သောအခါ ၊ အာမလတ် လူတို့သည် တောင် ပြည်နှင့် ဇိကလတ် မြို့ကို တိုက် သဖြင့် ၊ ဇိကလတ် မြို့ကို လုပ်ကြံ ၍ မီး ရှို့ နှင့်ကြပြီ။ ၂ မြို့၌ ရှိသောမိန်းမ အကြီး အငယ် တယောက် ကိုမျှ မ သတ် ၊ ရှိသမျှတို့ကို သိမ်း သွားနှင့်ကြပြီ။ ၃ သို့ ဖြစ်၍ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် မြို့ သို့ ရောက် သောအခါ ၊ မြို့ကို မီး ရှို့ ၍ မယား သား သမီး များကို သိမ်း သွားကြောင်းကို တွေ့ သဖြင့်၊ ၄ ငိုသံ ကို လွှင့် ၍ အား ကုန် သည်တိုင်အောင် ငိုကြွေး ကြ၏။ ၅ ဒါဝိဒ် မယား နှစ် ယောက် ယေဇရေလ မြို့သူအဟိနောင် နှင့် နာဗလ မယား ကရေမေလ မြို့သူအဘိဂဲလ တို့သည်လည်း ပါ သွားကြပြီ။ ၆ ဒါဝိဒ် သည် အလွန် စိတ်ဋိုင်ခြင် ဆင်းရဲ၏။ လူ များတို့သည် မိမိ တို့ သား သမီး များကြောင့် စိတ် ညှိုးငယ် သဖြင့် ၊ ဒါဝိဒ်ကို ကျောက်ခဲနှင့် ပစ် ကြမည်ဟု ဆို ကြ၏။ ဒါဝိဒ် မူကား မိမိ ဘုရား သခင်ထာဝရဘုရား ကို ကိုးစား လျက်နေ၍၊ ၇ သင်တိုင်း တော်ကို ငါ့ ထံသို့ ဆောင် ခဲ့ပါလော့ဟု အဟိမလက် ၏သား အဗျာသာ ကို ဆို လျှင် ၊ အဗျာသာ သည် သင်တိုင်း တော်ကို ဒါဝိဒ် ထံသို့ ဆောင် ခဲ့လေ၏။ ၈ ဒါဝိဒ် ကလည်း ၊ အကျွန်ုပ်သည် ထို အလုံးအရင်း ကို လိုက် ရပါမည်လော။ လိုက်လျှင် မှီ နိုင်ပါမည်လောဟု ထာဝရဘုရား ကို မေးလျှောက် သော် ၊ လိုက် လော့။ ဆက်ဆက်မှီ ၍ အလုံးစုံတို့ကို ရ ပြန်မည်ဟု မိန့် တော်မူသည်အတိုင်း၊ ၉ ဒါဝိဒ် နှင့် သူ ၌ ပါသော လူ ခြောက် ရာ တို့သည် သွား ၍ ဗေသော် ချောင်း သို့ ရောက် သောအခါ ၊ အချို့တို့သည် ထိုချောင်းနားမှာ နေရစ် ကြ၏။ ၁၀ ဒါဝိဒ် နှင့် လူ လေး ရာ တို့သည် လိုက် ကြ၏။ နှစ်ရာ တို့သည်မော ၍ ဗေသော် ချောင်း ကိုမကူး နိုင်သောကြောင့် နေရစ် ကြ၏။ ၁၁ လွင်ပြင် ၌ အဲဂုတ္တု လူ တယောက်ကို တွေ့ ၍ ဒါဝိဒ် ထံသို့ ဆောင် ခဲ့သဖြင့် ၊ မုန့် ကိုပေး ၍ ထိုသူသည် စား ၏။ ရေ ကိုလည်း သောက် စေကြ၏။ ၁၂ သင်္ဘောသဖန်းသီး ပျဉ်တဖဲ့ ၊ စပျစ်သီး နှစ် ပြွတ်ကိုလည်း ပေး ၍ သူသည် စား သဖြင့် အားပြည့်ပြန်၏။ သုံး ရက်ပတ်လုံးမ စား မ သောက် ဘဲ ငတ်မွတ်ခဲ့ပြီ။ ၁၃ ဒါဝိဒ် ကလည်း၊ သင် သည် အဘယ်သူ နှင့် ဆိုင်သနည်း။ အဘယ် အရပ်က လာသနည်းဟုမေး လျှင် ၊ ကျွန်တော် သည် အာမလက် လူ ထံ၌ ကျွန် ခံရသောအဲဂုတ္တု လူ ကလေးဖြစ်ပါ၏။ သုံး ရက် အထက်က အနာ ရောက်သောကြောင့် သခင် သည် ပစ်ထား ပါ၏။ ၁၄ ခေရသိ ပြည်တောင် ပိုင်း၊ ယုဒ ပြည်နှင့် ကာလက် ပြည်တောင် ပိုင်းကို တိုက် ၍ ဇိကလတ် မြို့ကို မီး ရှို့ ပါပြီဟုပြောဆို ၏။ ၁၅ ဒါဝိဒ် ကလည်း၊ ထို အလုံးအရင်း ရှိရာသို့ လမ်းပြ နိုင်သလောဟုမေး လျှင် သူက၊ ကိုယ်တော်သည် ကျွန်တော့် ကို မ သတ် ၊ သခင့် လက် သို့ မ အပ် မည်အကြောင်းဘုရား သခင်ကို တိုင်တည် ၍ ကျိန်ဆိုပါတော့။ သို့ ဖြစ်လျှင် ထို အလုံးအရင်း ရှိရာသို့ လမ်းပြ ပါမည်ဟု ဆို သည်အတိုင်း ၊ ဒါဝိဒ်သည် ကျိန်ဆိုခြင်းကို ပြုလေ၏။ ၁၆ လူကလေးသည်လမ်းပြ၍ ဒါဝိဒ်ရောက်သောအခါ၊ ထိုလူများတို့သည် ဖိလိတ္တိ ပြည် နှင့် ယုဒ ပြည် ထဲက သိမ်းယူ သော ဥစ္စာ ပစ္စည်းများ အပေါင်း

တို့ကြောင့် စား သောက် လျက် ၊ ကခုန် လျက် မြေ တပြင်လုံး ၌ အနှံ့အပြား ရှိကြ၏။ ၁၇ ဒါဝိဒ် သည်လည်း ညဦး မှစ၍ နက်ဖြန် ညဦး တိုင်အောင် သူ တို့ကို လုပ်ကြံ သဖြင့် ၊ ကုလားအုပ် ကို စီး ၍ ပြေး သော လုလင် လေး ရာ မှတပါး လူတယောက် မှ မ လွတ်။ ၁၈ အာမလက် လူတို့သည် သိမ်းသွင်း သမျှ တို့ကို ဒါဝိဒ် သည် ရ ပြန်၍၊ မိမိ မယား နှစ်ယောက်ကိုလည်း ကယ်နှုတ် လေ၏။ ၁၉ လူအကြီး အငယ် ၊ သား သမီး ၊ ဥစ္စာ ပစ္စည်း၊ လုယူသိမ်းသွား သမျှ တို့တွင် တစုံတခုမျှမ ကျန် ၊ အလုံးစုံ တို့ကို ဒါဝိဒ် သည် ရ ပြန်လေ၏။ ၂၀ ဒါဝိဒ် သည်လည်း ထို သိုး နွားများရှေ့မှာ အရင်နှင်သော သိုး နွား အပေါင်း တို့ကိုလည်း ယူ ၍ ၊ ဤ ဥစ္စာသည် ဒါဝိဒ် ပိုင်သော လက်ရ ဥစ္စာ ဖြစ်သည်ဟုဆို ၏။ ၂၁ မော ၍ ဒါဝိဒ် နောက် သို့ မလိုက် နိုင်၊ ဗေသော် ချောင်း နား မှာ နေရစ် သော လူ နှစ် ရာရှိရာသို့ ဒါဝိဒ် ရောက် ၍ ၊ သူတို့သည် ဒါဝိဒ် နှင့် သူ ၌ ပါသော လူ တို့ကို ခရီးဦးကြို ပြုလိုသောငှါ ထွက် လာသဖြင့် ၊ ဒါဝိဒ် သည် အနီး သို့ရောက်သောအခါ သူတို့ကို နှုတ်ဆက် လေ၏။ ၂၂ ဒါဝိဒ် နှင့် လိုက် သွားသော သူ တို့တွင် အဓမ္မ လူဆိုးများတို့က၊ ဤသူတို့သည် ငါတို့နှင့်မလိုက် သောကြောင့် ၊ ငါတို့ရ သော ဥစ္စာ တို့တွင် သူ တို့သား မယား မှတပါး အခြားသော ဥစ္စာကို သူ တို့အားမ ပေး ရ။ ကိုယ်သားမယားကို ယူ ၍ ထွက်သွား ကြစေဟု ဆို ကြ၏။ ၂၃ ဒါဝိဒ် ကလည်း ၊ ငါ့ ညီအစ်ကို တို့ ငါ တို့ကို စောင့်မ ၍ ငါတို့ကို တိုက်လာ သောအလုံးအရင်း ကို ငါ တို့လက် သို့ အပ် တော်မူသောထာဝရဘုရား ပေး သနားတော်မူသော ဥစ္စာကို ထိုသို့ မ ပြု ရ။ ၂၄ ဤ အမှုဌ် သင် တို့စကား ကို အဘယ်သူ နားထောင် လိမ့်မည်နည်း။ စစ်တိုက် သွား သော သူရသည်အတိုင်း ၊ ဥစ္စာ ကို စောင့်လျက် နေရစ်သောသူရစေ။ နှစ်ပါးစလုံးတို့သည် အညီအမျှခံစေဟု စီရင်၏။ ၂၅ ထို နေ့မှစ၍ ယနေ့ တိုင်အောင် ဣသရေလ အမျိုးဌ် ထိုသို့သော ထုံးစံ ဖြစ်စေခြင်းငှါစီရင် ထုံးဖွဲ့သတည်း။ ၂၆ ဒါဝိဒ် သည် ဇိကလတ် မြို့သို့ ရောက် သောအခါ ၊ လက်ရ ဥစ္စာ အချို့ကို မိမိ အဆွေ ခင်ပွန်း၊ ယုဒ အမျိုး အသက်ကြီး သူတို့ထံသို့ ပေး လိုက်၍၊ ထာဝရဘုရား ၏ ရန်သူ လက် မှရခဲ့သော ဥစ္စာထဲက သင် တို့အဘို့ လက်ဆောင် ကို ကြည့် လော့ဟုမှာ လိုက်၏။ ၂၇ ဗေသလ မြို့၊ တောင် ရာမုတ်မြို့၊ယတ္တိယ မြို့၊ ၂၈ အာရော် မြို့၊ ရှိဖမုတ် မြို့၊ ဧရှတမော မြို့၊ ၂၉ ရာခလ မြို့၊ ယေရမေလ လူနေရာမြို့ များ၊ ကေနိ လူ နေရာမြို့ များ၊ ၃၀ ဟောမာ မြို့၊ ခေါရာရှန် မြို့၊ အာသက် မြို့၊ ၃၁ ဟေဗြုန် မြို့မှစ၍ဒါဝိဒ် နှင့် သူ ၏လူ တို့သည် တည်းခိုတတ်သော မြို့ရွာအရပ်ရပ် သို့ ပေးလိုက်သတည်း။

၃၁ ဖိလိတ္တိ လူတို့သည် ဣသရေလ လူတို့ကို စစ်တိုက် ၍ ၊ ဣသရေလ လူ တို့သည် ရန်သူရှေ့မှာ ပြေး သဖြင့်၊ ဂိလဗော တောင် ပေါ် မှာ အထိအခိုက် နှင့် လဲ ၍သေကြ၏။ ၂ ဖိလိတ္တိ လူတို့သည် ရှောလု မင်းနှင့် သူ ၏သား တို့ကို ပြင်းထန် စွာ လိုက်၍ ၊ ရှောလု ၏သား ယောနသန် ၊ အဘိနဒပ် ၊ မေလခိရွ တို့ကိုသတ် ကြ၏။ ၃ စစ်တိုက် ရာတွင် ရှောလု သည် အလွန်ခံရ၏။ လေး သမားတို့ ပစ် သော မြှားမှန်၍ အလွန် နာ သောကြောင့်၊ ၄ လက်နက် ဆောင် လုလင်ကို ခေါ်ပြီးလျှင်သင့် ထား ကို ထုတ် ၍ ငါ့ ကို ထိုး လော့။ သို့မဟုတ် အရေဖျား လှီးခြင်းကို မခံသောလူတို့သည်လာ ၍ ငါ့ ကိုထိုး ပြီးမှ မရိုမသေ ညှဉ်းဆဲကြလိမ့်မည်ဟု ဆို သော်လည်း ၊ လက်နက် ဆောင် လုလင်သည် အလွန် ကြောက် ၍ မပြုဘဲနေသောကြောင့် ၊ ရှောလု သည် ထိုထား ကို ယူ ၍ ထောင်ပြီးလျှင်၊ ထားဖျားပေါ် မှာ လဲ ၍ သေလေ၏။ ၅ ရှောလု

သေ သည်ကို လက်နက် ဆောင် လုလင် မြင် လျှင် ၊ သူ သည်လည်း ထိုထားကိုထောင်၍ ရှောလုနှင့်အတူ ထား ဖျားပေါ် မှာ လှဲ ၍ သေ ၏။ ၆ ထိုသို့ ရှောလု မှစ၍သူ ၏ သား သုံး ယောက်၊ သူ ၏ လက်နက် ဆောင် လုလင်၊ သူ ၏ လူ အပေါင်း တို့သည် ထို နေ့ခြင်းတွင် အတူ သေ ကြ၏။ ၇ ကြသရေလ လူ ပြေး ကြောင်း ၊ ရှောလု နှင့် သူ ၏သား များသေ ကြောင်း ကို ချိုင့် တစ်ဘက် ၊ ယော်ဒန် မြစ်တစ်ဘက် ၌ နေသော ကြသရေလ လူ တို့သည် သိမြင် လျှင် ၊ မြို့ ရွာတို့ကို စွန့် ပြေး သဖြင့် ၊ ဖိလိတ္တိ လူတို့သည် လာ ၍ နေ ကြ၏။ ၈ နက်ဖြန် နေ့၌ ဖိလိတ္တိ လူတို့သည် အသေကောင် တို့ ၌ အဝတ်တန်ဆာကို ချွတ် ခြင်းငှါ လာ သောအခါ ၊ ဂိလဗော တောင် ပေါ် မှာ၊ ရှောလု နှင့် သူ ၏သား သုံး ယောက်တို့သည် လဲ သေလျက် ရှိသည်ကို တွေ့မြင် ကြ၏။ ၉ ရှောလု၏ ခေါင်း ကို ဖြတ် ၍ လက်နက် တော်ကို ချွတ် ပြီးမှ သူ တို့ ရုပ်တု ကျောင်း များ၌၎င်း၊ လူ များတို့ ၌၎င်း၊ သိတင်း ကျော်စောစေခြင်းငှါ ဖိလိတ္တိ ပြည် အရပ်ရပ်သို့ ပေး လိုက်ကြ၏။ ၁၀ လက်နက် တော်ကိုလည်း အာရှတရက် ကျောင်း ၌ ထား ၍ အလောင်း တော်ကို ဗက်ရှန် မြို့ရိုး ၌ ဆွဲ ထားကြ၏။ ၁၁ ရှောလု ၌ ဖိလိတ္တိ လူတို့ ပြု သော အမှုကိုဂိလဒ် ပြည် ယာဗက်မြို့သား များကြား လျှင်၊ ၁၂ သူရဲ အပေါင်း တို့သည် ညဉ့် အခါ ထ သွား ၍ ၊ ရှောလု ၏အလောင်း နှင့် သူ ၏သား အလောင်း တို့ကို ဗက်ရှန် မြို့ရိုး မှ ချ ပြီးလျှင် ၊ ယာဗက် မြို့သို့ ဆောင် ခဲ့၍ မီး ရှို့ကြ၏။ ၁၃ အရိုး တို့ကိုလည်း ယူ ၍ ယာဗက် မြို့မှာ သစ်ပင် အောက် ၌ သင်္ဂြိဟ် ပြီးမှ ခုနစ် ရက် ပတ်လုံးအစာရှောင် ကြ၏။

၁ ရှောလု သေ သောနောက် ၊ ဒါဝိဒ် သည် အာမလက် လူတို့ကို လုပ်ကြံ ရာမှ ပြန် လာ၍ ၊ ဇိကလတ် မြို့၌ နှစ် ရက် နေ ပြီးလျှင်၊ ၂ သုံး ရက်မြောက်သောနေ့ တွင် လူ တယောက်သည် မိမိ အဝတ် ကိုဆုတ် လျက် ၊ မိမိ ခေါင်း ပေါ် မှာ မြေမှုန့် ကို တင်လျက်၊ ရှောလု တပ် က လာ ၍ ဒါဝိဒ် ထံသို့ ရောက် သော် ၊ မြေ ပေါ် မှာ ပြပ်ဝပ် လျက် ရှိခိုး ၏။ ၃ ဒါဝိဒ် ကလည်း ၊ အဘယ် အရပ်ကလာ သနည်းဟုမေး လျှင် ၊ ထိုသူက ကျွန်တော်သည် ဣသရေလ တပ် က ပြေး ၍လာပါသည်ဟု လျှောက် လေ၏။ ၄ ဒါဝိဒ် ကလည်း ၊ အမှု ကားအဘယ်သို့ နည်း။ ငါ့ အား ပြော ပါလော့ဟုမေး လျှင် ၊ သူက ဣသရေလလူ တို့ သည် စစ်တိုက် ရာတွင် ပြေး ၍အများ တို့သည် လဲ လျက် သေ ပါပြီ။ ရှောလု နှင့် သား တော်ယောနသန် လည်း သေ ပါပြီဟု ပြန်လျှောက် လေ၏။ ၅ ထိုသိတင်းကိုကြားပြော သောလုလင် အား ဒါဝိဒ် က၊ ရှောလု နှင့် သား တော်ယောနသန် သေ ကြောင်း ကို သင်သည်အဘယ်သို့ သိ သနည်းဟုမေး ပြန်လျှင်၊ ၆ ထိုလုလင် က၊ ကျွန်တော်သည် ဂိလဗော တောင် ပေါ် သို့ အလိုလိုရောက် သောအခါ၊ ရှောလု သည် လှံ တော်ကို ထောင်၍နေပါ၏။ ရထား စီးသူရဲ မြင်း စီးသူရဲတို့သည် ပြင်းထန်စွာလိုက် ကြ၏။ ၇ ရှောလုသည် နောက် တော်သို့ ကြည့် သဖြင့် ကျွန်တော် ကိုမြင် ၍ ခေါ် ပါ၏။ ၈ ကျွန်တော် ရှိ ပါသည်ဟု လျှောက် သောအခါ ၊ သင် သည် အဘယ်သူ နည်းဟုမေး လျှင် ၊ ကျွန်တော် သည် အာမလက် လူဖြစ်ပါသည်ဟု ပြန်လျှောက် ပါ၏။ ၉ ရှောလုကလည်း၊ ငါ့ ထံသို့ လာ၍ ငါ့ ကိုသတ် ပါတော့။ ငါ့ အသက် မသေနိုင်သောကြောင့် ပြင်းစွာ သော ဝေဒနာကို ခံရ ၏ဟုဆို သည်အတိုင်း၊ ၁၀ လဲ သောနောက် အသက် မ ရှင်နိုင်သည်ကို ကျွန်တော်သိ လျှင် သူ့ ထံသို့သွား၍သတ် ပါ၏။ ခေါင်း တော် ၌ ဆောင်းသောဦးရစ် နှင့် လက်ရုံး တော်၌ ဝတ်သော လက်ကောက် ကို ချွတ်ယူ ပြီးလျှင် ၊ ကျွန်တော် သခင့် ထံ တော်သို့ ဆောင် ခဲ့ပါသည်ဟု လျှောက်လေ၏။ ၁၁ ထိုအခါ ဒါဝိဒ် သည် မိမိ အဝတ် ကိုဆွဲဆုတ် ၍ ၊ သူ ၏လူ အပေါင်း တို့သည် ထိုနည်းတူပြုကြ၏။ ၁၂ ရှောလု မှစ၍သား တော်ယောနသန် ၊ ထာဝရဘုရား ၏လူ များ၊ ဣသရေလ အမျိုးသားတို့သည် ထား ဖြင့် လဲ သေသောကြောင့် ၊ သူတို့အတွက် ညဉီး တိုင်အောင် ငိုကြွေး မြည်တမ်း ၍ အစာ ကိုရှောင်ကြ၏။ ၁၃ ထိုသိတင်းကိုကြား ပြောသော လုလင် အား ဒါဝိဒ် က၊ သင် သည် အဘယ် အရပ်က လာသနည်းဟုမေးလျှင် ၊ ထိုသူက ကျွန်တော် သည် တပါး အမျိုးသားအာမလက် လူ ဖြစ်ပါ၏ဟုပြန်လျှောက် သော်၊ ၁၄ ဒါဝိဒ် က၊ ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံသောသူကို သတ် ခြင်းငှါ သင့် လက် ကိုအဘယ်သို့ ဆန့် ဝံ့သနည်းဟုဆို လျက်၊ ၁၅ လုလင် တယောက် ကိုခေါ် ၍ ၊ သူ့ ကို သွား သတ် တော့ဟုဆို သည်အတိုင်း ၊ လုလင်သည် လုပ်ကြံ ၍ သတ် လေ၏။ ၁၆ ဒါဝိဒ် ကလည်း ၊ သင် ၏အသွေး သည် သင့် ခေါင်း ပေါ် မှာတည်စေ။ ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံသောသူကို ကျွန်တော် သတ် ပါပြီဟု သင့် နှုတ် သည် သင့် တဘက် ၌ သက်သေခံ လေပြီဟုဆို ၏။ ၁၇ ဒါဝိဒ် သည် ရှောလု နှင့် သား တော် ယောနသန် ကြောင့် ငိုကြွေး မြည်တမ်း၍၊ ၁၈ ယုဒ အမျိုးသား တို့အား သင် စေသော လေး သီချင်းတည်းဟူသောယာရှာ စာ ၌ ပါသောသီချင်းစကား ဟူမူကား၊ ၁၉ အိုဣသရေလ ဂုဏ် အသရေ၊

သင် ၏မြင့် သောအရပ်တို့ ၌ သင်သည် အသေခံ လေပြီ။ သူရဲ တို့သည် လဲ သေကြပြီတကား။ ၂၀ ထိုသိတင်းကို ဂါသ မြို့၌ မ ပြော ကြနှင့်။ အာရှကေလုန် မြို့လမ်း တို့ ၌ မ ကြား မပြောကြနှင့်။ ဖိလိတ္တိ အမျိုးသမီး တို့သည် ဝမ်းမြောက် ၍ အရေဖျား လှီးခြင်းကို မခံသော အမျိုးသမီး တို့သည် ရွှင်လန်း ကြလိမ့်မည်ဟု စိုးရိမ်စရာရှိ၏။ ၂၁ အိုဂိလဟော တောင် တို့၊ သင် တို့အပေါ် မှာ နှင်း မ ကျစေနှင့်။ မိုဃ်း မ ရွာစေနှင့်။ ပူဇော် စရာအသီးကိုသီးသော လယ်ကွက် မရှိစေနှင့်။ အကြောင်း မူကား၊ ထို အရပ်၌ သူရဲ ဆောင်သော ဒိုင်း တည်းဟူသောရှောလု ဆောင်သောဒိုင်း လွှား၊ ဆီ နှင့် လိမ်း ပြီးသော လက်နက်တော်ကို ရှုတ်ချ လေပြီတကား။ ၂၂ သူရဲတို့၏အသွေး ၊ ခွန်အား ကြီးသောသူတို့ ၏ ဆီဥ မှ ယောနသန် ၏လေး သည် နောက် သို့မ လှန်။ ရှောလု၏ထား တော်သည် ကိုယ်ချည်း ပြန် ၍ မ လာတတ်။ ၂၃ ရှောလု နှင့် ယောနသန် သည် ချစ် တတ်သောသဘောရှိ၍ အသက် ရှင်စဉ် အခါ မိတ်ဆွေဖြစ်လျက် ၊ အသက်သေ သောအခါ တယောက်နှင့် တယောက်မ ကွာ ဘဲလျက်နေကြ၏။ သူတို့သည် ရွှေလင်းတ ထက် မြန် ၍ ခြင်္သေ့ ထက် ခွန်အား ကြီးကြ၏။ ၂၄ အိုက္ကသရေလ အမျိုးသမီး တို့၊ ရှောလု ကို ငိုကြွေး ကြလော့။ သင် တို့ကို လှသော ကမ္မလာ နီ နှင့် ဝတ် စေ၍၊ သင် တို့အဝတ် ၌ လည်း ရွှေ တန်ဆာ နှင့် ဆင်စေတော်မူ ၏။ ၂၅ စစ်တိုက် ပွဲ၌ သူရဲ တို့သည် လဲ သေကြပြီ။ အို ယောနသန် ၊ သင် ၏ မြင့် သောအရပ်တို့ ၌ သင်သည် အသေခံ လေပြီတကား။ ၂၆ ငါ့ ညီ ယောနသန် ၊ သင့် ကြောင့် ငါ ညှိုးငယ် ခြင်းရှိ၏။ သင်သည် ငါ့ မိတ်ဆွေကြီးဖြစ်၍၊ ငါ့ ကို ချစ်သော မေတ္တာ သည် အံ့ဩဘွယ် သောမေတ္တာ၊ မိန်းမ ကို ချစ်တတ်သော မေတ္တာ ထက် သာ၍အားကြီးသောမေတ္တာဖြစ်၏။ ၂၇ သူရဲ တို့သည်လဲ သေကြပြီတကား။ စစ်တိုက် လက်နက် တို့သည် ဆုံး ကြပြီတကားဟု ပါသတည်း။

၂ ထိုနောက် ဒါဝိဒ် က၊ အကျွန်ုပ်သည် ယုဒ မြို့ တစုံတမြို့သို့ သွား ရပါမည်လော ဟု ထာဝရဘုရား ထံတော်၌ မေးလျှောက် လျှင် ၊ ထာဝရဘုရား က သွား လော့ဟုမိန့် တော်မူ၏။ ဒါဝိဒ် ကလည်း အဘယ် မြို့သို့ သွား ရပါမည်နည်းဟုမေးလျှောက် သော်၊ ဟေဗြုန် မြို့သို့ သွားလော့ဟု မိန့် တော်မူသည်အတိုင်း၊ ၂ ဒါဝိဒ် သည် မယား နှစ် ယောက်၊ ယေဇရေလ မြို့သူအဟိနောင် ၊ နာဗလ မယား ကရမေလ မြို့သူအဘိဂဲလ တို့နှင့်တကွ သွား လေ၏။ ၃ မိမိ ၌ ပါသော လူ များ၊ အိမ်ထောင် များတို့ကိုလည်း ဒါဝိဒ် သည် ခေါ် ခဲ့၍ သူတို့သည် ဟေဗြုန် မြို့ ရွာတို့ ၌ နေ ကြ၏။ ၄ တဖန် ယုဒ လူ တို့သည် လာ ၍ ဘိသိက် ပေးသဖြင့် ဒါဝိဒ် ကို ယုဒ ရှင်ဘုရင် အရာ ၌ ချီးမြှောက်ကြ၏။ ၅ ဂိလဒ် ပြည် ယာဗက်မြို့သား တို့သည် ရှောလု ကို သင်္ဂြိဟ် ပါပြီဟု ဒါဝိဒ် အား ကြား လျှောက်သော် ၊ ဂိလဒ်ပြည် ယာဗက်မြို့သား တို့ရှိရာသို့ တမန် တို့ကိုစေလွှတ် ၍ ၊ သင် တို့သည် သင် တို့အရှင် ရှောလု ၌ ကရုဏာ ကျေးဇူးပြု ၍ အလောင်းတော်ကိုသင်္ဂြိဟ် သောကြောင့် ၊ ထာဝရဘုရား ပေးတော်မူသောကောင်းကြီး မင်္ဂလာကို ခံရကြပါစေသော။ ၆ ထာဝရဘုရား သည် သင် တို့ ၌ ကရုဏာ ကျေးဇူး၊ သစ္စာ ကျေးဇူးပြု တော်မူပါစေသော။ သင်တို့သည် ဤ အမှု ကို ပြု သောကြောင့် သင် တို့ကျေးဇူး ကို ငါ လည်း ဆပ် မည်။ ၇ ယခု မှာ အားယူ ၍ ရဲရင့် ခြင်းသတ္တိရှိ ကြလော့။ သင် တို့အရှင် ရှောလု သေ ပြီ။ ယုဒ အမျိုးသား တို့သည် ဘိသိတ် ပေးသဖြင့် ငါ့ ကိုရှင်ဘုရင် အရာ ၌ ချီးမြှောက်ကြပြီဟု မှာ

လိုက်လေ၏။ ၈ သို့ရာတွင် ရှောလု ၏ဗိုလ်ချုပ် မင်းနေရ သား အာဗနာ သည်၊ ရှောလု သား ကျရှဗောရှက် ကိုယူ ၍ မဟာနိမ် မြို့သို့ ဆောင် သွားပြီးလျှင်၊ ၉ ဂိလဒ် ပြည်၊ အာရှာ အမျိုးသားများ၊ ယေဇရေလ မြို့သားများ၊ ဇဖရိမ် ခရိုင်၊ ဗယ်ာမိန် ခရိုင်အစရှိသော ကျသရေလ နိုင်ငံလုံးကို အစိုးရသောရှင် ဘုရင်အရာ၌ ချီးမြှောက်လေ၏။ ၁၀ ရှောလု ၏သား ကျရှဗောရှက် သည် အသက် လေး ဆယ်ရှိသော်၊ ကျသရေလ နိုင်ငံကို အစိုးရ၍ နှစ် နှစ် စိုးစံ လေ၏။ ယုဒ အမျိုး မူကား ဒါဝိဒ် နောက် သို့ လိုက် ကြ၏။ ၁၁ ဒါဝိဒ် သည် ဟေဗြုန် မြို့၌ နေ ၍ ယုဒ အမျိုး ကို အစိုးရသောနှစ် ပေါင်း ကား ခုနစ် နှစ် နှင့် ခြောက် လ ဖြစ် သတည်း။ ၁၂ တဖန် နေရ သား အာဗနာ သည် ရှောလု သား ကျရှဗောရှက် ၏ကျွန် များနှင့်တကွ ၊ မဟာနိမ် မြို့မှ ဂိဗောင် မြို့သို့ သွား ၍၊ ၁၃ ဇေရုယာ သား ယွာဘ နှင့် ဒါဝိဒ် ၏ကျွန် တို့သည် ဆီးကြိုသဖြင့် ၊ ဂိဗောင် ရေကန် အနား မှာဆုံ မိလျက် ရေကန် တစ်ဘက်တချက် ၌ ထိုင် ကြ၏။ ၁၄ အာဗနာ ကလည်း ၊ လုလင် တို့သည်ထ ၍ ငါ တို့ရှေ့ မှာကစား ကြပါလေစေဟုဆို သော် ၊ ယွာဘ က ထ ကြပါ လေစေဟုဆို သည်အတိုင်း၊ ၁၅ ရှောလု သား ကျရှဗောရှက် ၏ လူဗယ်ာမိန် အမျိုးသားတကျိပ် နှစ် ယောက်နှင့် ဒါဝိဒ် ၏ကျွန် တကျိပ် နှစ် ယောက်တို့သည် ထ ၍ ကူး လာကြ၏။ ၁၆ သူတို့သည်လူ ချင်းတိုက်၍ လူတိုင်း မိမိ တိုက် ဘက်၏ ခေါင်း ကိုကိုင် လျက် ၊ နံဖေး ကိုထား နှင့်ထိုးလျက် တစုတည်း လဲ သေကြ၏။ သို့ ဖြစ်၍ ဂိဗောင် မြို့နယ်၌ ရှိသော ထို အရပ် ကို ဟေလကသဇ္ဈရိမ် ဟူသောအမည်ဖြင့် သမုတ် ကြ၏။ ၁၇ ထို နေ့၌ ပြင်းစွာ စစ်တိုက် ၍ အာဗနာ နှင့် ကျသရေလ လူ တို့သည် ဒါဝိဒ် ၏ကျွန် တို့ရှေ့ မှာ ရှုံး ကြလေ၏။ ၁၈ ဇေရုယာ သား သုံး ယောက်၊ ယွာဘ ၊ အဘိရှဲ ၊ အာသဟေလ ပါကြ၏။ အာသဟေလ သည်တော ၌ ကျင်လည်သော ဒရယ် ကဲ့သို့ လျင်မြန် ၏။ ၁၉ အာသဟေလ သည် လက်ျာ ဘက်လက်ဝဲ ဘက် သို့ မ လွှဲ အာဗနာ ကို လိုက် ၏။ ၂၀ အာဗနာ သည်နောက် သို့ကြည့် ၍ ၊ သင် သည် အာသဟေလ မှန်သလောဟုမေး သော် ၊ မှန်သည်ဟု ပြန်ပြော ၏။ ၂၁ အာဗနာ ကလည်း ၊ လက်ျာ ဘက်သော်ငင်း ၊ လက်ဝဲ ဘက်သော်ငင်းလှည့် သွားလျက် ၊ လုလင် တယောက် ကို ဘမ်းဆီး ၍ သူ ၏လက်နက် စုံကို လုယူ တော့ဟုဆို သော်လည်း ၊ အာသဟေလ သည် မ လှည့် ဘဲ လိုက် သေး၏။ ၂၂ တဖန် အာဗနာ က ငါ့ ကိုမလိုက် နှင့်။ လှည့် သွားတော့။ သင့် ကို မြေ ပေါ် သို့ အဘယ်ကြောင့် ငါလဲ့ ရမည်နည်း။ သို့ပြုလျှင် သင့် အစ်ကို ယွာဘ ရှေ့ မှာ ငါ့ မျက်နှာ ကို အဘယ်သို့ ငါပြ နိုင်မည်နည်းဟု ဆိုသော်လည်း၊ ၂၃ အာသဟေလသည် နား မထောင်သောကြောင့် ၊ အာဗနာ သည် နောက် သို့လှံ နှင့် ထိုး လျှင် ၊ ဝမ်း ၌ လှံဖျားဝင်၍ ကျော ကိုထုတ်ချင်း ဖောက်သဖြင့် ၊ အာသဟေလသည် လဲ ၍ ထို အရပ်၌သေ ၏။ အာသဟေလ လဲ ၍ သေ သော ထို အရပ် သို့ ရောက် သော သူအပေါင်း တို့သည် ရပ် နေကြ၏။ ၂၄ ယွာဘ နှင့် အဘိရှဲ သည် အာဗနာ ကိုလိုက် ၍ ဂိဗောင် တော သို့ သွားသောလမ်း နား၊ ဂိအာ မြို့ရှေ့ မှာ ရှိသော အမ္မ တောင် သို့ ရောက် သောအခါ နေ ဝင် ၏။ ၂၅ ဗယ်ာမိန် အမျိုးသား တို့သည် အာဗနာ နောက် ၌ စုဝေး ၍ တတပ် တည်းဖွဲ့လျက် တောင် ပေါ် မှာ ရပ် နေကြ ၏။ ၂၆ ထိုအခါ အာဗနာ က၊ ယွာဘ ကို ဟစ် ၍ ၊ ထား သွားသည် အစဉ် မပြတ်ကိုက်စား ရမည်လော။ နောက်ဆုံး ၌ ခါး သောအရသာကို တွေ့လိမ့်မည်ဟုမ သိ လော။

လူ များတို့သည် ညီအစ်ကို တို့ကိုမလိုက် ၊ ပြန် စေမည်အကြောင်း သင်သည်အဘယ်မျှ ကာလပတ်လုံးမ စီရင် ဘဲ နေမည်နည်းဟုဆို လျှင်၊ ၂၇ ယွာဘ က၊ ဘုရား သခင်အသက် ရှင်တော်မူသည်အတိုင်း သင်မ ပြော လျှင် ၊ မိုဃ်းလင်း မှသာ လူ များတို့သည် ညီအစ်ကို တို့ကိုမလိုက် ဘဲနေကြလိမ့်မည်ဟု ဆို လျက်၊ ၂၈ တံပိုး မှတ် ၍ လူ များတို့သည် ဣသရေလ အမျိုးသားတို့ကို မ လိုက် ၊ စစ် မ တိုက်ဘဲရပ် နေကြ၏။ ၂၉ အာဗနာ နှင့် သူ ၏လူ တို့သည် တညဉ့်လုံး လွင်ပြင် သို့ ရှောက်သွား ၍ ယော်ဒန် မြစ်ကိုကူး ပြီးလျှင် ၊ ဗိသရုန် ပြည်ကိုလွန်၍ မဟာနိမ် မြို့သို့ ရောက် ကြ၏။ ၃၀ ယွာဘ သည်လည်း အာဗနာ ကိုလိုက် ရာမှ ပြန် ၍ လူ အပေါင်း တို့ကို စုဝေး စေသောအခါ ၊ အာသဟေလ နှင့် ဒါဝိဒ် ၏ကျွန် တကျိပ် ကိုး ယောက်တို့သည် မ ရှိဆုံးကြပြီ။ ၃၁ ဒါဝိဒ် ၏ကျွန် တို့သည် ဗယ်ာမိန် အမျိုးသား၊ အာဗနာ ၏လူ သုံး ရာ ခြောက် ဆယ်တို့ကို သေ အောင် လုပ်ကြံ ကြပြီ။ ၃၂ အာသဟေလ ၏ အလောင်းကိုထမ်း သွား၍ ဗက်လင် မြို့၌ရှိသော သူ့ အဘ ၏သချိုင်း တွင် သင်္ဂြိုဟ် ကြ၏။ ယွာဘ နှင့် သူ ၏လူ တို့သည် တညဉ့်လုံး သွား ၍ ၊ မိုဃ်းလင်းစ တွင်ဟေဗြုန် မြို့သို့ ရောက်ကြ၏။

၃ ရှောလု အမျိုး နှင့် ဒါဝိဒ် အမျိုး တို့သည် ကြာမြင့် စွာစစ်တိုက် ၍ ၊ ဒါဝိဒ် သည်အား တိုးပွားလျက် ၊ ရှောလု အမျိုး သည် အား ရွေ့လျော့လျက် ရှိကြ၏။ ၂ ဟေဗြုန် မြို့၌ ဒါဝိဒ် မြင် သောသား တို့တွင် သားဦး ကား၊ ယေဇရေလ မြို့သူအဟိနောင် တွင် မြင်သောသားအာမနုန် တည်း။ ၃ ဒုတိယ သားကား၊ နာဗလ မယား ၊ ကရမေလ မြို့သူအဘိဂဲလ တွင်မြင်သောသား ဒိလပ် တည်း။ တတိယ သားကား၊ ဂေရှုရိ ရှင်ဘုရင် တာလမဲ သမီး မာခါ ၏သား အဗရှလုံ တည်း။ ၄ စတုတ္ထ သားကား၊ ဟဂ္ဂိတ် ၏ သား အဒေါနိယ တည်း။ ပဉ္စမ သားကား၊ အဘိတလ ၏သား ရှေဖတိ တည်း။ ၅ ဆဋ္ဌမ သားကား၊ မြောက်သားတော် ဧဂလာ တွင် မြင်သောသား ဣသရံ တည်း။ ဤရွှေကား ၊ ဟေဗြုန် မြို့၌ ဒါဝိဒ် မြင် သောသားတည်း။ ၆ ရှောလု အမျိုး နှင့် ဒါဝိဒ် အမျိုး စစ်တိုက် ကြစဉ် အခါ၊ အာဗနာ သည် ရှောလု အမျိုး ဘက် မှာ ကိုယ်ကို ခိုင်မာ စေ၏။ ၇ ရှောလု ၌ အဲအာ ၏သမီး ရိဇပ မည်သော မယားငယ် တယောက်ရှိ၏။ ဣရှဗောရှက်က၊ သင်သည် ငါ့ အဘ ၏ မယားငယ် ကို အဘယ်ကြောင့် သိမ်း သနည်းဟု အာဗနာ အား ဆို လျှင်၊ ၈ ထိုစကား ကြောင့် အာဗနာ သည် အလွန် စိတ်ဆိုး လျက် ၊ ငါသည် ယုဒ အမျိုးကို ဆီးတား၍ သင့် အဘ ရှောလု အမျိုး နှင့် ညီ အစ်ကိုအဆွေ ခင်ပွန်းတို့အား ယနေ့ တိုင်အောင်ကျေးဇူး ပြု သဖြင့် သင့် ကိုဒါဝိဒ် လက် သို့ မ အပ်နှံ ဘဲနေသော်၊ သင်သည်ငါ့ ကို ခွေး ၏ဦးခေါင်း ကဲ့သို့သာမှတ်၍ ထိုမိန်းမ အတွက် ယနေ့ အပြစ် တင်ရမည် လော။ ၉ ထာဝရဘုရားသည် နိုင်ငံ တော်ကို ရှောလု အမျိုး မှ နှုတ်၍ ၁၀ ဒါဝိဒ် ၏ အာဏာ တော်ကိုဒန် မြို့မှစ၍ ဗေရရှေဘ မြို့တိုင်အောင် ဣသရေလ ပြည်၊ ယုဒ ပြည်အရပ်ရပ် တို့ ၌ တည် စေခြင်းငှါ ဒါဝိဒ်အားပြုမည်ဟု ကျိန်ဆိုတော်မူသည်အတိုင်း၊ ငါလည်း ဒါဝိဒ်အားမပြုဘဲနေလျှင်၊ ထိုမျှမက ဘုရား သခင်သည် အာဗနာ အား ပြု တော်မူပါစေသောဟု ဆိုသောကြောင့်၊ ၁၁ ဣရှဗောရှက်သည် ကြောက် ၍ စကား တခွန်း ကိုမျှ မ ပြန် ဝံ့။။။ ၁၂ ထိုနောက် အာဗနာ သည် မိမိ အတွက် သံတမန် တို့ကို ဒါဝိဒ် ထံသို့ စေလွှတ် ၍၊ ပြည် ရှင်မင်းကား အဘယ်သူ နည်း။

ကျွန်တော် နှင့် မိဿဟာယ ဖွဲ့ တော်မူပါ။ ဣသရေလ အမျိုးအပေါင်း တို့ကို ကိုယ်တော် ထံသို့ ပြောင်းလဲ စေခြင်းငှါ၊ ကျွန်တော် သည် ကိုယ်တော် ဘက် သို့ ဝင်စားပါမည်ဟု လျှောက်ဆို ၏။ ၁၃ ဒါဝိဒ်ကလည်း ကောင်း ပြီ။ သင် နှင့် ငါ မိဿဟာယ ဖွဲ့ မည်။ သို့ရာတွင် ငါ တောင်း စရာတခု ရှိ၏။ ငါ့ မျက်နှာ ကိုမြင် အံ့သောငှါ လာ သောအခါ၊ ရှောလု သမီး မိခါလ ကို ဆောင် ခဲ့ရမည်။ သို့မဟုတ် ငါ့ မျက်နှာ ကို မ မြင် ရဟု ပြန်ဆို ၏။ ၁၄ ဒါဝိဒ် သည်လည်း သံတမန် တို့ကို ရှောလု သား ဣရှဗောရှက် ထံသို့ စေလွှတ် ၍၊ ငါသည် ဖိလိတ္တိ လူ အရေဖျား တရာ နှင့် ဝယ်ယူ သော ငါ့ မယား မိခါလ ကို အပ် လိုက်ရမည်ဟု မှာ လိုက်သည်အတိုင်း၊ ၁၅ ဣရှဗောရှက် သည် စေလွှတ် ၍ ထိုမိန်းမကို သူ၏လင် လဲရှ ၏ သား ဖာလတိ လက်မှ နှုတ်ယူ လေ၏။ ၁၆ သူ ၏လင် သည် ငိုကြွေး လျက် သူ့ နောက် သို့ ဗာဟုရိမ် မြို့တိုင်အောင် လိုက် လေ၏။ အာဗနာ ကလည်း ပြန် သွားတော့ဟုဆို သော် ပြန် သွားရ၏။ ၁၇ အာဗနာ သည်လည်း၊ ဣသရေလ အမျိုး အသက်ကြီး သူတို့နှင့် တိုင်ပင် လျက်၊ သင်တို့သည် အထက် က ဒါဝိဒ် ကိုရှင်ဘုရင် အရာ ၌ ချီးမြှောက်ချင်သောစိတ် ရှိ ကြသည်ဖြစ်၍၊ ၁၈ ယခု ချီးမြှောက် ကြလော့။ ထာဝရဘုရား က၊ ငါ့ ကျွန် ဒါဝိဒ် လက် ဖြင့် ငါ ၏လူ ဣသရေလ အမျိုးကို ဖိလိတ္တိ လူတို့လက် မှ ၎င်း၊ ရန်သူ အပေါင်း တို့လက် မှ ၎င်း၊ ငါကယ်နှုတ် မည်ဟု ဒါဝိဒ် အဘို့ မိန့် တော်မူပြီဟု ဆို လေ၏။ ၁၉ တဖန် အာဗနာ သည် ဗင်္ယာမိန် အမျိုးသားတို့ကိုလည်း သွေးဆောင် လေ၏။ နောက် တဖန် ဣသရေလ အမျိုး အလိုရှိသမျှ အရာ၊ ဗင်္ယာမိန် အမျိုး တညီတညွတ် တည်း အလိုရှိသမျှ သောအရာတို့ကို ဟေဗြုန် မြို့၌ ဒါဝိဒ် အား ပြန်လျှောက် ခြင်းငှါ သွား ၍၊ ၂၀ လူ နှစ်ကျိပ် ပါလျက် ဒါဝိဒ် ရှိရာဟေဗြုန် မြို့သို့ ရောက် သဖြင့်၊ ဒါဝိဒ် သည် ပွဲ လုပ် ၍ အာဗနာ နှင့် သူ ၏ လူ တို့ကိုကျွေး၏။ ၂၁ အာဗနာ ကလည်း၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် ကိုယ်တော် နှင့် မိဿဟာယ ဖွဲ့ စေခြင်းငှါ ၎င်း၊ ကိုယ်တော် သည်အလို တော်ရှိသမျှ အတိုင်း စိုးစံ စေခြင်းငှါဘဲ၊ ကျွန်တော်ထ သွား ၍ ထိုသူအပေါင်းတို့ကို ကျွန်တော် သခင်၊ ကျွန်တော်ရှင်ဘုရင် ထံ တော်၌စုဝေး စေပါမည်ဟု လျှောက် ပြီးမှ၊ ဒါဝိဒ် လွှတ်လိုက် ၍ သူသည် ငြိမ်ဝပ် စွာ သွား လေ၏။ ၂၂ ထိုအခါ ယွာဘ နှင့် ဒါဝိဒ် ၏ကျွန် တို့သည် ရန်သူအလုံးအရင်း ကို လိုက်ရာမှပြန်လာ ၍၊ လက်ရ ဥစ္စာများ ကို ယူ ခဲ့ကြ၏။ အာဗနာ သည် ဒါဝိဒ် နှင့်အတူ ဟေဗြုန် မြို့၌ မ ရှိ။ ဒါဝိဒ်သည် လွှတ်လိုက် ၍ သူသည်ငြိမ်ဝပ် စွာ သွား နှင့်ပြီ။ ၂၃ ယွာဘ နှင့် သူ ၌ ပါသော စစ်သူရဲ အပေါင်း တို့သည် ရောက် ကြသောအခါ၊ နေရ ၏သား အာဗနာ သည် ရှင်ဘုရင် ထံ တော်သို့လာ ပြီ။ ရှင်ဘုရင်သည်လည်း လွှတ်လိုက် ၍၊ သူသည်ငြိမ်ဝပ် စွာသွား ပြီဟု ယွာဘ အား ကြားပြော လျှင်၊ ၂၄ ယွာဘ သည် ရှင်ဘုရင် ထံ တော်သို့ဝင် ၍၊ ကိုယ်တော်သည် အဘယ်သို့ ပြု တော်မူသနည်း။ အာဗနာ သည်အထံ တော်သို့လာ ပြီးမှတဖန် အလွတ်သွား စေခြင်းငှါအဘယ်ကြောင့် လွှတ်လိုက် တော်မူသနည်း။ ၂၅ နေရ ၏သား အာဗနာ သည် ကိုယ်တော် ကိုလှည့်စား ၍ ကိုယ်တော် ထွက် ဝင် တော်မူခြင်း၊ စီရင် တော်မူခြင်း အလုံးစုံ ကို သိ အံ့သောငှါ သာ လာသည်ကို ကိုယ်တော်သိ တော်မူ၏ဟု လျှောက် ပြီးလျှင်၊ ၂၆ အထံ တော်ကထွက် ၍ အာဗနာ နောက် သို့ တမန် တို့ကိုစေလွှတ် လျက်၊ သိရရေတွင်း မှ ခေါ် လေ၏။ ထိုအမှုကို ဒါဝိဒ် မ သိ။ ၂၇ အာဗနာ သည် ဟေဗြုန် မြို့သို့ရောက်

သောအခါ ၊ ယွာဘ သည် အသင့်အတင့်နှုတ်ဆက် ခြင်းငှါ ၊ မြို့တံခါး နားသို့ ခေါ်ပြီးလျှင် ၊ ညီ အာသဟေလ သေ သည်အတွက် သူ၏ ဝမ်း ကိုထိုး၍ သူသည်လည်း သေ ၏။ ၂၈ ထိုနောက်ဒါဝိဒ် သည် ကြား သောအခါ ၊ နေရ ၏သား အာဗနာ ကို သတ်သောအပြစ်နှင့် ငါသည် ထာဝရဘုရား ရှေ့တော်၌ လွတ်ပါစေ။ ငါ့ နိုင်ငံ လွတ် ပါစေ။ ၂၉ ယွာဘ ခေါင်း ၊ သူ့ အဆွေအမျိုး အပေါင်း တို့၏ ခေါင်းပေါ် သို့ရောက် ပါစေ။ ယွာဘ ၏အဆွေအမျိုး ၌ ရိနာ စွဲသောသူ၊ နူနာ စွဲသောသူ၊ ကျောကုန်းသောသူ။ ထား ဖြင့် သေ သောသူ၊ ငတ်မွတ် သောသူ မ ပြတ် စေနှင့်ဟု မြွက်ဆို ၏။ ၃၀ ထိုသို့ ယွာဘ နှင့် ညီ အဘိရှဲ သည်အာဗနာ ကို သတ် ၏။ အကြောင်း မူကား၊ သူ တို့ ညီ အာသဟေလ ကို ဂိဗောင် စစ်တိုက် ပွဲ၌ အာဗနာသတ် သတည်း။ ၃၁ ဒါဝိဒ် ကလည်း ၊ ယွာဘ နှင့် မိမိ ၌ ရှိသော သူ အပေါင်း တို့အား ၊ သင် တို့အဝတ် ကိုဆုတ် ၍ လျော်တေ အဝတ်ကိုဝတ် လျက် ၊ အာဗနာ အတွက် ငိုကြွေး မြည်တမ်းခြင်းကို ပြုကြလော့ဟု အမိန့် တော်ရှိ၍ ကိုယ်တော်တိုင် မသာလိုက် လေ၏။ ၃၂ အာဗနာ ကိုဟေဗြုန် မြို့၌ သင်္ဂြိဟ် ကြ၏။ သခ်ျိုင်း အနား မှာ ရှင် ဘုရင်သည် အသံ ကိုလွှင့် ၍ ငိုကြွေး ၏။ လူ အပေါင်း တို့သည်လည်း ငိုကြွေး ကြ၏။ ၃၃ ရှင် ဘုရင်သည် အာဗနာ အတွက် မြည်တမ်း သည်ကား၊ အာဗနာ သည် လူမိုက် ကဲ့သို့ သေ သလော။ ၃၄ သင် ၏လက် ကိုမ ချည် ၊ သံ ချေချင်းမ ခတ်ဘဲ လူဆိုး လက်ဖြင့် သေ သကဲ့သို့ သေ ရှာပါပြီတကားဟု မြွက်ဆို ၏။ လူ အပေါင်း တို့သည်လည်း တဖန် ငိုကြွေး ကြ၏။ ၃၅ မိုဃ်းမချုပ်မှီ ဒါဝိဒ် သည် စားတော်ခေါ် မည် အကြောင်း လူ အပေါင်း တို့သည် ချဉ်းကပ် ကြသော်လည်း ၊ ဒါဝိဒ် က၊ နေ မဝင် မှီ မုန့် အစရှိသော စားစရာ တစုံတခု ကို ငါမြည်းစမ်း လျှင် ၊ ထိုမျှမကငါ ၌ ဘုရား သခင်ပြု တော်မူ စေသတည်းဟု ကျိန်ဆို ၏။ ၃၆ ထိုအမှုကိုလူ အပေါင်း တို့သည် မှတ် ၍ နှစ်သက် ကြ၏။ ပြု တော်မူသမျှ တို့ကိုလည်း လူ အပေါင်း တို့သည် နှစ်သက် ကြ၏။ ၃၇ ရှင် ဘုရင်သည် နေရ ၏သား အာဗနာ ကို သတ် စေခြင်းငှါ အလိုမ ရှိဟု ထို နေ့၌ ဣသရေလ အမျိုးသားများနှင့် လူ များအပေါင်း တို့သည် သိ နားလည်ကြ၏။ ၃၈ ရှင် ဘုရင်ကလည်း ၊ ဣသရေလ အမျိုး၌ မင်းသား ဖြစ်သောသူ၊ ကြီးမြတ် သောသူတပါးသည် ယနေ့ ဆုံး ကြောင်းကို သင်တို့မ သိ သလော။ ၃၉ ငါ သည်ဘိသိက် ခံရ၍ ရှင်ဘုရင် ဖြစ်သော်လည်း ယနေ့ အားနည်း ၏။ ဇေရုယာ သား ဖြစ်သော ဤ သူတို့သည် ငါ့ ထက် လွန်၍ အားကြီး ကြ၏။ မ တရားသဖြင့် ပြု သောသူကို မိမိ အပြစ် နှင့်အလျောက် ထာဝရဘုရား ဆပ်ပေး တော်မူစေသတည်းဟု မိမိ ကျွန် တို့အား မိန့် တော်မူ၏။

၄ အာဗနာ သည် ဟေဗြုန် မြို့၌ သေ ကြောင်း ကို ရှောလု ၏သား သည် ကြား သော် အားလျော့ ၏။ ဣသရေလ လူအပေါင်း တို့သည် ပူပန် သောစိတ်ရှိကြ၏။ ၂ ရှောလု ၏သား ၌ ဗာနာ နှင့် ရေခပ် အမည် ရှိသောသူတည်းဟူသောတပ်မှူး နှစ် ယောက်ရှိ ၏။ သူတို့ သည် ဗယ်ာမိန် အမျိုး ဗေရောသိ အနွယ်ရိမ္မုန် ၏သား ဖြစ်ကြ ၏။ ဗေရုတ် မြို့သည် ဗယ်ာမိန် ခရိုင်အဝင်ဖြစ်သော်လည်း၊ ၃ ဗေရောသိ လူတို့သည် ဂိတ္တိမ် မြို့သို့ ပြေး ၍ ယနေ့ တိုင်အောင် တည်းခို လျက် နေ ကြသတည်း။ ၄ ရှောလု ၏သား ယောနသန် ၌ ခြေဆွံ့ သော သား တယောက်ရှိရစ်၏။ သူသည် အသက်ငါး နှစ် ရှိ သောအခါ ၊ ယေဇရေလ မြို့မှ ရှောလု နှင့် ယောနသန် တို့၏ သိတင်း ကိုကြားလျှင်၊ အထိန်း

သည် သူ့ ကိုချီ ၍ ပြေး စဉ်တွင်၊ အလျင်အမြန် ပြေးသောကြောင့် ၊ သူငယ်သည် ကျ ၍ ခြေဆွံ့ ၏။ ထိုသူငယ် ၏အမည်ကား မေဖိဗောရှက် တည်း။ ၅ ဗေရောသိ အမျိုး ရိမ္မုန် ၏သား ရေခပ် နှင့် ဗာနာ တို့ သည် ဣရှဗောရှက် အိမ် သို့ သွား ၍ မွန်းတည့် အချိန်၌ ရောက် ၏။ ထိုအချိန်၌ ဣရှဗောရှက် သည် အိပ် တတ်၏။ ၆ ထိုညီ အစ်ကိုရေခပ် နှင့် ဗာနာ တို့သည် စပါး ကို ထုတ် ဟန်ဆောင်၍ အိမ် အလယ် သို့ ဝင် ပြီးလျှင်၊ ၇ အိပ်ခန်း ထဲ အိပ်ရာ ပေါ် မှာ အိပ်လျက်နေသောဣရှဗောရှက်၏ဝမ်း ကို ထိုး ၍ သတ် သဖြင့် ၊ ဦးခေါင်း ကို ဖြတ် ယူ ပြီးမှ တညဉ့်လုံး လွင်ပြင် လမ်း ဖြင့်ပြေး ၍ လွတ် ကြ၏။ ၈ ဣရှဗောရှက် ၏ ဦးခေါင်း ကို ဟေဗြုန် မြို့ ဒါဝိဒ် ထံ တော်သို့ ဆောင် ခဲ့၍ ၊ ကိုယ်တော် အသက် ကိုရှာ သော ကိုယ်တော် ရန်သူ ရှောလု ၏ သား ဣရှဗောရှက် ၏ ဦးခေါင်း ကို ကြည့်ရှု တော်မူပါ။ ကျွန်တော် သခင် အရှင် မင်းကြီး ခံရတော်မူသောအပြစ် ကိုထာဝရဘုရား သည် ရှောလု ၌ ၎င်း ၊ သူ ၏အမျိုးအနွယ် ၌ ၎င်း၊ ယနေ့ ဆပ်ပေး တော်မူပြီဟု အထံတော်တွင် လျှောက်ဆို သော်၊ ၉ ဒါဝိဒ် က၊ ငါ့ အသက် ကို ဘေး ဥပဒ်အပေါင်း တို့မှ ရွေး တော်မူသော ထာဝရဘုရား အသက် ရှင်တော်မူသည် အတိုင်း၊ ၁၀ အရင်တခါလူတယောက်သည် လာ၍ ဝမ်းမြောက် စရာသိတင်းကိုပြောမည်အကြံရှိ လျက်၊ ရှောလု သေ ပါပြီဟု ငါ့ အား ကြားပြော သောအခါ ၊ ထိုသိတင်းကို ပြောသောကြောင့်ဆု ကိုရမည်ဟု ထင်သောထိုသူကို၊ ဇိကလတ် မြို့၌ ငါကိုင်ဆွဲ ၍ သတ် ၏။ ၁၁ ထိုမျှမက လူဆိုး တို့သည် ဖြောင့်မတ် သောသူကိုသူ ၏ အိမ် အတွင်း အိပ်ရာ ပေါ် မှာသတ် လျှင် ၊ သာ၍ပြုသင့်သည်မဟုတ်လော။ ယခုပင်သူ ၏ အသွေး ကို သင် တို့ ၌ ငါတောင်း ၍ သင် တို့ကိုမြေကြီး ပေါ် က ပယ်ရှား သင့်သည်မ ဟုတ်လော ဟု ဗေရောသိ အမျိုး၊ ရိမ္မုန် ၏သား ရေခပ် နှင့် ညီ ဗာနာ အားဆို ပြီးလျှင်၊ ၁၂ လုလင် တို့ကိုမိန့် တော်မူ၍ ထိုသူနှစ်ယောက်ကိုသတ် ကြ၏။ လက် ခြေ တို့ကိုဖြတ် ၍ ဟေဗြုန် ရေကန် အနား မှာ ဆွဲထား ကြ၏။ ဣရှဗောရှက် ၏ ဦးခေါင်း ကိုကား ယူ ၍ ဟေဗြုန် မြို့တွင် အာဗနာ သချိုင်း ၌ သင်္ဂြိဟ် ကြ၏။

၅ ထိုအခါ ဣသရေလ အမျိုးအနွယ် အပေါင်း တို့သည် ဒါဝိဒ် ရှိရာဟေဗြုန် မြို့သို့ လာ ၍ ၊ ကျွန်တော် တို့သည် ကိုယ်တော် အရိုး ၊ ကိုယ်တော် အသား ဖြစ်ကြပါ၏။ ၂ အထက် က ရှောလု သည် ကျွန်တော် တို့ ၌ ရှင်ဘုရင် ဖြစ်သောအခါ ၊ ကိုယ်တော် သည် ဣသရေလ အမျိုးကို ဆောင် သွားလျက် ၊ သွင်း ပြန်လျက်နေ တော်မူပြီ။ ထာဝရဘုရား ကလည်း ၊ သင် သည်ငါ ၏လူ ဣသရေလ အမျိုးကို လုပ်ကျွေး အုပ်စိုး ရမည်ဟု ကိုယ်တော် အား မိန့် တော်မူပြီဟု လျှောက်ဆို ကြ၏။ ၃ ထိုသို့ ဣသရေလ အမျိုးအသက်ကြီး သူအပေါင်း တို့သည် ရှင်ဘုရင် ရှိရာဟေဗြုန် မြို့သို့ ရောက်လာ လျှင် ၊ ဒါဝိဒ် မင်းကြီး သည် ဟေဗြုန် မြို့၌ ထာဝရဘုရား ရှေ့ တော်မှာ သူ တို့နှင့် မိဿဟာယ ဖွဲ့သဖြင့်၊ သူတို့သည် ဒါဝိဒ် ကို ဘိသိက် ပေး၍ ဣသရေလ ရှင်ဘုရင် အရာ ၌ ချီးမြှောက်ကြ၏။ ၄ ဒါဝိဒ် သည် နှစ်ထိုင်သောအခါ အသက် သုံး ဆယ်ရှိ၏။ အနှစ် လေး ဆယ်စိုးစံ လေ၏။ ၅ ဟေဗြုန် မြို့၌ နေ၍ ယုဒ ပြည်ကို ခုနစ် နှစ် နှင့် ခြောက် လ မင်း ပြု၏။ ယေရုရှလင် မြို့၌ နေ၍ ယုဒ ပြည်နှင့် ဣသရေလ ပြည်တရှောက်လုံး ကို အနှစ်သုံး ဆယ်သုံး နှစ် မင်း ပြု၏။ ၆ တဖန် ရှင် ဘုရင်သည် မိမိ လူ တို့ကိုခေါ် ၍၊ ပြည်သား ရင်းယေဗုသိ လူတို့ရှိရာယေရုရှလင် မြို့သို့ ချီ

သွားလျှင် ၊ သူတို့က သင်သည် ဤ မြို့ထဲသို့မ ဝင် ရ။ မျက်စိ ကန်းသောသူနှင့် ခြေဆွံ့ သောသူတို့ကလည်း၊ ဒါဝိဒ် သည်ဤ မြို့ထဲသို့ မ ဝင် ရဟု ဆို ကာမျှနှင့် သင့် ကို ဆီးတား လိမ့်မည်ဟု ဆို ကြ၏။ ၇ သို့ရာတွင် ဒါဝိဒ် သည် ဒါဝိဒ် မြို့ တည်းဟူသော ဇိအုန် ရဲတိုက် ကို တိုက် ယူလေ၏။ ၈ ထို နေ့၌ ဒါဝိဒ် က၊ အကြင်သူသည် ယေဗုသိ လူတို့ကို တိုက်ဖျက် ပြီးမှ ကျုံး ကိုလွန်၍၊ ဒါဝိဒ်သည် ဤနေရာ သို့ မ ဝင် ရဟု ဒါဝိဒ် အသက် ကို မုန်း လျက်ပြောဆို သောမျက်စိ ကန်းနှင့် ခြေဆွံ့ သောသူတို့ကို လုပ်ကြံ၏။ ထိုသူသည် ဗိုလ်ချုပ်ဖြစ်စေဟု အမိန့်တော်ရှိသည်အတိုင်း၊ ဇေရုယာသားယွာဘသည် အဦးတက်၍ ဗိုလ်ချုပ်အရာကိုခံရ၏။ ၉ ထိုနောက် ဒါဝိဒ် သည် ရဲတိုက် ၌ နေ ၍ ဒါဝိဒ် မြို့ ဟူသောအမည်ဖြင့် သမုတ် လေ၏။ မိလ္လော အရပ် ပတ်လည် ၌ငင်း ၊ အတွင်း ဘက်၌ငင်း တည်ဆောက် လေ၏။ ၁၀ ဒါဝိဒ် သည် တိုးပွား ၍ အားကြီး သဖြင့် ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား သည် သူ နှင့်အတူ ရှိတော်မူ၏။ ၁၁ တုရ မင်းကြီး ဟိရံ သည် သံတမန် နှင့်တကွ အာရဇ် သစ်သား ၊ လက်သမား ၊ ပန်းရန်သမား တို့ကို ဒါဝိဒ် ထံသို့ စေလွှတ် ၍ သူတို့သည် နန်း တော်ကိုတည်ဆောက် ကြ၏။ ၁၂ ထာဝရဘုရား သည် ဒါဝိဒ်ကို ကျသရေလ ရှင်ဘုရင် အရာ ၌ ခန့်ထား တော်မူကြောင်း နှင့် မိမိ လူ ကျသရေလ အမျိုးအဘို့ အလိုငှါ၊ နိုင်ငံ ကို ချီးမြှောက် တော်မူကြောင်း ကို ဒါဝိဒ် သိမြင် ၏။ ၁၃ ဒါဝိဒ် သည် ဟေဗြုန် မြို့မှ ပြောင်း သောနောက် ၊ ယေရုရှလင် မြို့သူမယားကြီး မယားငယ် တို့ကို ထပ်၍သိမ်းယူ သဖြင့် သား သမီး များတို့ကို မြင် လေ၏။ ၁၄ ယေရုရှလင် မြို့၌ ဒါဝိဒ်မြင် သော သားတို့ အမည် ကား၊ ရှမ္မာ ၊ ရှောဗပ် ၊ နာသန် ၊ ရှောလမုန်၊ ၁၅ ဣဗှာ ၊ ဧလိရှ ၊ နေဖက် ၊ ယာဖျာ၊ ၁၆ ဧလိရှမာ ၊ ဧလျာဒ ၊ ဧလိဖလက် တည်း။ ၁၇ ဒါဝိဒ် ကို ဘိသိက် ပေး၍ ကျသရေလ ရှင်ဘုရင် အရာ ၌ခန့်ထားကြောင်း ကို ဖိလိတ္တိ လူတို့သည် ကြား လျှင် ၊ ထိုလူအပေါင်း တို့သည် ဒါဝိဒ် ကို ရှာ ၍လာ ကြ၏။ ထိုသိတင်းကိုဒါဝိဒ် သည် ကြား သောအခါ ရဲတိုက် သို့ သွား ၏။ ၁၈ ဖိလိတ္တိ လူတို့သည် လာ ၍ ရေဖိမ် ချိုင့် ၌ အနှံ့အပြား နေကြ၏။ ၁၉ ဒါဝိဒ် ကလည်း ၊ အကျွန်ုပ်သည် ဖိလိတ္တိ လူတို့ ရှိရာသို့ သွား ရပါမည်လော။ အကျွန်ုပ် လက် ၌ အပ် တော်မူ မည်လောဟု ထာဝရဘုရား ကို မေး လျှောက် လျှင် ၊ ထာဝရဘုရား ကသွား လော့။ ငါသည် ဖိလိတ္တိ လူတို့ကို သင့် လက် သို့ ဆက်ဆက်အပ် မည်ဟု မိန့် တော်မူသည်အတိုင်း၊ ၂၀ ဒါဝိဒ် သည် ဗာလပေရဇိမ် မြို့သို့ သွား ၍ သူ တို့ကိုလုပ်ကြံ ပြီးမှ ၊ ထာဝရဘုရား သည် ရေ ထ၍ ဖြိုဖျက် သကဲ့သို့ ၊ ငါ့ ရန်သူ တို့ကို ငါ့ ရှေ့မှာ ဖြိုဖျက် တော်မူပြီဟုဆို လျက်၊ ထို အရပ် ကို ဗာလပေရဇိမ် အမည် ဖြင့် တွင်စေသတည်း။ ၂၁ ထို အရပ်၌ ဖိလိတ္တိလူများ ပစ်ထား သောရုပ်တု များကို၊ ဒါဝိဒ် နှင့် သူ ၏လူ တို့သည် ရှင်းရှင်းဖျက်ဆီး ကြ၏။ ၂၂ တဖန် ဖိလိတ္တိ လူတို့သည် လာ ၍ ရေဖိမ် ချိုင့် ၌ အနှံ့အပြား နေကြ၏။ ၂၃ ဒါဝိဒ် သည်လည်း မေးလျှောက် သော်၊ ထာဝရဘုရား က၊ တည့်တည့်မ တက် ရ။ သူ တို့နောက် သို့ ဝိုင်း ၍ ပိုးစာ တောတဘက် ၌ ချီ ရမည်။ ၂၄ ပိုးစာ ပင်ဖျား ၌ စစ်ချီ သံ ကိုကြား သောအခါ ကြိုးစားလော့။ ထိုအခါ ထာဝရဘုရား သည် ဖိလိတ္တိ တပ် ကို လုပ်ကြဲ ခြင်းငှါ သင့် ရှေ့မှာ ကြွသွား လိမ့်မည်ဟု မိန့် တော်မူသည်အတိုင်း၊ ၂၅ ဒါဝိဒ် သည်ပြု ၍ ဖိလိတ္တိ လူတို့ကိုဂေဗ မြို့မှ သည် ဂါဇေရ မြို့တိုင်အောင် လုပ်ကြံ့ လေ၏။

၆ တဖန် ဒါဝိဒ် သည် ရွေးချယ် သောကျသရေလ လူသုံး သောင်းတို့ကို စုဝေး စေပြီးလျှင်၊ ၂ ခေရုဗိမ် ကြားမှာကျိန်းဝပ်
တော်မူသောကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ နာမ တော်နှင့် ဆိုင်သော ဘုရား သခင်၏သေတ္တာ တော်ကို
ယုဒ ပြည် ဗာလာမြို့မှ ဆောင် ခဲ့ခြင်းငှါ၊ မိမိ ၌ ပါသော သူ အပေါင်း တို့နှင့်တကွ ထ သွား လေ၏။ ၃ ဘုရား သခင်၏
သေတ္တာ တော်ကို လှည်း သစ် ပေါ် မှာတင် ၍ တောင် ပေါ် အဘိနဒပ် အိမ် ထဲက ထုတ် ကြ၏။ အဘိနဒပ် ၏သား
သြဇ နှင့် အဟိသြ တို့သည် လှည်း သစ် ကိုနှင် ရကြ၏။ ၄ သြဇသည်ဘုရား သခင်၏ သေတ္တာ တော်အနား ၌ငင်း၊
အဟိသြ သည် သေတ္တာ တော်ရှေ့၌ငင်း သွား ကြ၏။ ၅ ဒါဝိဒ် နှင့် ဣသရေလ အမျိုးသား အပေါင်း တို့သည် စောင်း ၊
တယော ၊ ပတ်သာ ၊ နဲ့ခရာ ၊ ခွက်ကွင်း တို့ကို ကိုင်လျက်၊ ထာဝရဘုရား ရှေ့ တော်၌ အားထုတ်၍ တီးမှုတ် ကြ၏။ ၆
နာခုန်ကောက်နယ်သလင်းသို့ ရောက် သောအခါ ၊ နွား တို့သည် ဘုရားသခင်၏ သေတ္တာတော်ကို လှုပ်ရှား သောကြောင့်
၊ သြဇ သည် လက်ကိုဆန့် ၍ သေတ္တာ တော်ကို ကိုင် ၏။ ၇ ထာဝရဘုရား သည် သြဇ ကို အမျက် ထွက် ၍ သူ၏အပြစ်
ကြောင့် ဘုရား သခင်ဇော်ခတ် တော်မူသဖြင့် ၊ သူသည်သေတ္တာ တော်နား မှာ သေ လေ၏။ ၈ သြဇ ကို ထာဝရဘုရား
ဇော်ခတ် တော်မူသောကြောင့် ၊ ဒါဝိဒ် သည် ညှိုးငယ် သောစိတ်ရှိ၏။ ထို အရပ် သည် ယနေ့ တိုင်အောင် ပေရဇာဇ
အမည် ဖြင့်တွင်သတည်း။ ၉ ထို နေ့၌ ဒါဝိဒ် သည် ထာဝရဘုရား ကိုကြောက် ၍ ၊ ထာဝရဘုရား ၏ သေတ္တာ တော်သည်
အဘယ်သို့ ငါ့ ထံသို့ ရောက် ရမည်နည်းဟု ဆို လျက်၊ ၁၀ မိမိနေရာဒါဝိဒ် မြို့ ထဲသို့ သေတ္တာ တော်ကို မ ဆောင်
ဘဲ ဂိတ္တိ လူဩဗဒေဒုံ အိမ် သို့ လမ်းလွဲ၍ ဆောင် သွားလေ၏။ ၁၁ ထာဝရဘုရား ၏သေတ္တာ တော်သည် သုံး လ
ပတ်လုံးဂိတ္တိ လူဩဗဒေဒုံ အိမ် ၌ရှိ ၏။ ထာဝရဘုရား သည်လည်း ၊ ဩဗဒေဒုံ နှင့် အိမ်သူ အိမ်သားအပေါင်း တို့ကို
ကောင်းကြီး ပေးတော်မူ၏။ ၁၂ ထာဝရဘုရား သည် သေတ္တာ တော်ကြောင့် ဩဗဒေဒုံ နှင့် သူ ၌ ရှိသမျှ ကို ကောင်းကြီး
ပေးတော်မူကြောင်းကို ဒါဝိဒ် မင်းကြီး ကြား သောအခါ ၊ တဖန် သွား ၍ ဘုရား သခင်၏ သေတ္တာ တော်ကိုဩဗဒေဒုံ
အိမ် မှ ဒါဝိဒ် မြို့ သို့ ဝမ်းမြောက် သောစိတ်နှင့် ဆောင် ခဲ့လေ၏။ ၁၃ ထာဝရဘုရား ၏ သေတ္တာ တော်ကို ထမ်း
သောသူတို့သည်ခြောက် လှမ်း သွား ပြီးမှ ၊ နွား နှင့် ဆူဖြိုး သော အကောင်တို့ကို ယဇ် ပူဇော်လေ၏။ ၁၄ ဒါဝိဒ်
သည်လည်း ပိတ် သင်တိုင်း ကိုဝတ် လျက်၊ ထာဝရဘုရား ရှေ့ တော်၌ အား ထုတ်၍က လေ၏။ ၁၅ ထိုသို့ ဒါဝိဒ် နှင့်
ဣသရေလ အမျိုးသား အပေါင်း တို့သည် ကြွေးကြော် လျက် ၊ တံပိုး မှုတ်လျက်၊ ထာဝရဘုရား ၏သေတ္တာ တော်ကို
ဆောင် ခဲ့ကြ၏။ ၁၆ ထာဝရဘုရား ၏သေတ္တာ တော်သည် ဒါဝိဒ် မြို့ ထဲသို့ဝင် သောအခါ ၊ ရှောလု ၏သမီး မိခါလ သည်
ပြတင်းပေါက် ဖြင့် ကြည့် ၍၊ ဒါဝိဒ် မင်းကြီး သည် ထာဝရဘုရား ရှေ့ တော်၌ က လျက် ခုန် လျက်လာသည်ကိုမြင် ၍
စိတ် နှလုံးထဲ၌ မထီမဲ့မြင် ပြု၏။ ၁၇ ထာဝရဘုရား ၏ သေတ္တာ တော်ကိုသွင်း ၍ ဒါဝိဒ် ဆောက်နှင့်သောတဲ အလယ်
တွင် သူ့ နေရာ ၌ ထား ကြပြီးမှ ၊ ဒါဝိဒ် သည်မီး ရှို့ရာယဇ်နှင့် မိဿဟာယ ယဇ်တို့ကို ထာဝရဘုရား ရှေ့ တော်၌
ပူဇော် လေ၏။ ၁၈ မီး ရှို့ရာယဇ်နှင့် မိဿဟာယ ယဇ်ပူဇော် ခြင်း အမှုကို ပြီးစီး စေသောအခါ ၊ ကောင်းကင်ဗိုလ်ခြေ
အရှင် ထာဝရဘုရား ၏ နာမ တော်ကိုမြွက်၍ ပရိသတ် တို့ကို ကောင်းကြီး ပေးလေ၏။ ၁၉ ဣသရေလ ပရိသတ်

ယောကျ်ား မိန်းမ အပေါင်း တို့အား မုန့် တပြား ၊ အမဲသား တတစ်၊ စပျစ်သီးပျဉ် တပြား စီ ဝေ့ ပြီးမှ ၊ လူ အပေါင်း တို့သည် မိမိ တို့နေရာ သို့ ပြန် သွားကြ၏။ ၂၀ ထိုနောက် ဒါဝိဒ် သည် နန်းတော်သား တို့ကို ကောင်းကြီး ပေးခြင်းငှါ သွား ၍ရောက်သောအခါ ၊ ရှောလု ၏သမီး မိခါလ သည် ဆီး ၍ကြိုလျက်၊ လျှပ်ပေါ် သောသူသည် အရှက်မရှိဘဲ ကိုယ်အဝတ်ကိုချွတ် သကဲ့သို့ ၊ ယနေ့ ကျွန် ယောကျ်ား ကျွန် မိန်းမများရှေ့ တွင် အဝတ်တော်ကိုချွတ် သော ဣသရေလ ရှင် ဘုရင်သည်၊ ယနေ့ အဘယ်မျှ လောက်ဘုန်းကြီး တော်မူပါသည်တကားဟုဆို ၏။ ၂၁ ဒါဝိဒ် ကလည်း ၊ သင့် အဘ နှင့် သူ ၏ အဆွေအမျိုး အပေါင်း တို့၏ကိုယ်စား၊ ငါ့ ကိုရွေးကောက် ၍ ထာဝရဘုရား ၏လူ ၊ ဣသရေလ အမျိုးကို အုပ်စိုးသော မင်း အရာ၌ ခန့်ထား တော်မူသော ထာဝရဘုရား ရှေ့ တော်တွင် ပြုသည်မဟုတ်လော။ ထာဝရဘုရား ရှေ့ တော်တွင် ငါ ကခုန် မည်။ ၂၂ ထိုမျှမက ၊ ငါသာ၍ ယုတ်မာ မည်။ ကိုယ် အထင်အတိုင်း ကိုယ်ကိုသာ၍နှိမ့်ချ မည်၊ သင်ပြော သော ကျွန် မများမူကား ၊ ငါ့ကိုချီးမွမ်း ကြလိမ့်မည်ဟု မိခါလ ကို ပြန်ပြော ၏။ ၂၃ ရှောလု ၏သမီး မိခါလ သည် တသက်လုံးသား ကို မ ဘွား မမြင်ရ။

၇ ထာဝရဘုရား သည် အရပ်ရပ် တို့ ၌ ရှိသောရန်သူ အပေါင်း တို့လက်မှ ကယ်လွှတ်တော်မူသောကျေးဇူးကို ရှင် ဘုရင်သည် ခံရ၍၊ နန်း တော်၌ ငြိမ်ဝပ် စွာ နေ ရသောအခါ။ ၂ ပရောဖက် နာသန် ကို ခေါ် ၍၊ ကြည့်ရှု လော့။ ငါ သည် အာရဇ် သစ်သားအိမ် နှင့်နေ ၏။ ဘုရား သခင်၏ သေတ္တာ တော်မူကား၊ ကုလားကာ ဖြင့်သာ ကွယ်ကာလျက် နေ ရသည်ဟုဆို သော်၊ ၃ နာသန် က၊ အကြဲ တော်ရှိသမျှ အတွင်းပြု တော်မူပါ။ ထာဝရဘုရား သည် ကိုယ်တော် နှင့်အတူ ရှိတော်မူသည်ဟု ပြန်လျှောက် ၏။ ၄ ထို ည၌ တွင် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် နာသန် သို့ ရောက် ၍၊ ၅ ငါ့ ကျွန် ဒါဝိဒ် ထံသို့ သွား လော့။ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် သည် ငါ နေ စရာတို့ အိမ် ကို ဆောက် ရမည်လော။ ၆ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် သောနေ့ ကစ၍ ယနေ့ တိုင်အောင် အိမ် နှင့် ငါမ နေ။ တဲ အမျိုးမျိုးနှင့် ငါလှည့်လည် ပြီ။ ၇ ဣသရေလ အမျိုးသားတို့နှင့် ငါလှည့်လည် ရာ အရပ်ရပ် တို့ ၌ ၊ ငါ ၏လူ ဣသရေလ အမျိုးကို ကျွေးမွေး စေခြင်းငှါ ၊ ငါစေခိုင်း သော ဣသရေလ တရားသူကြီး တစုံတယောက် အား၊ သင်သည် ငါ့ အဘို့ အာရဇ် သစ်သားအိမ် ကို အဘယ်ကြောင့် မ ဆောက် သနည်းဟု ငါဆို ဘူးသလော။ ၈ ယခု မှာ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သိုး ထိန်းရာသိုးခြံ ထဲက သင့် ကိုငါ နှုတ်ယူ ၍၊ ငါ ၏လူ ဣသရေလ အမျိုးသားတို့ကို အုပ်စိုးသောမင်း အရာ၌ ငါခန့်ထားပြီ။ ၉ သင်သွား လေရာရာ ၌ ငါလိုက် ၍ သင် ၏ ရန်သူ အပေါင်း တို့ကို သင့် ရှေ့ မှ ပယ်ရှား သဖြင့် ၊ မြေကြီး သား တို့တွင် လူကြီး ၏ဂုဏ် အသရေကဲ့သို့ သင် ၌ ကြီးစွာ သော ဂုဏ် အသရေကို ငါပေး ပြီ။ ၁၀ ထိုမှတပါး ငါ ၏လူ ဣသရေလ အမျိုးနေရာ အရပ်ကို ငါပြင်ဆင် ပြီ။ သူတို့သည် နောက်တဖန် မ ပြောင်း မလဲ မိမိ တို့နေရာ ၌ နေ စေခြင်းငှါ ငါမြဲမြံ စေမည်။ မ တရားသောသူတို့သည် ရှေး ကာလ၌ ၎င်း၊ ၁၁ ငါ ၏လူ ဣသရေလ အမျိုးတွင် တရားသူကြီး တို့ကို ခန့်ထား သော ကာလ ၌၎င်း ၊ ညှဉ်းဆဲ သကဲ့သို့ နောက် တဖန်မ ညှဉ်းဆဲရ။ သင့် ကိုလည်း ရန်သူ အပေါင်း တို့လက်မှ ကယ်လွှတ်၍ ချမ်းသာ ပေးပြီ။ သင်

၏အမျိုးအနွယ် ကိုလည်း ငါတည် စေမည်ဟု ထာဝရဘုရား မိန့် တော်မူပြီ။ ၁၂ သင် သည် အသက် ကာလစေ့ ၍ ဘိုးဘေး တို့နှင့်အတူ အိပ်ပျော် သောအခါ သင် ၏ရင်သွေး ၊ သင် မှ ဆင်းသက် သော သားကိုငါချီးမြှောက် ၍ သူ ၏နိုင်ငံ ကို တည်ထောင် မည်။ ၁၃ ထိုသားသည် ငါ ၏နာမ အဘို့ အိမ် ကို ဆောက် လိမ့်မည်။ သူ ထိုင်သော ရာဇပလ္လင် ကို အစဉ်အမြဲ ငါတည် စေမည်။ ၁၄ ငါ သည် သူ ၏အဘ ဖြစ် မည်။ သူ သည်လည်း ငါ ၏သား ဖြစ် လိမ့်မည်။ သူသည် ဒုစရိုက် ကိုပြုလျှင် လူ သုံးတတ်သော ကြိမ်လုံး နှင့် ငါဆုံးမ မည်။ လူ သား ရိုက် တတ်သကဲ့သို့ ငါရိုက်မည်။ ၁၅ သို့ရာတွင် သင့် ရှေ့မှာ ငါပယ်ရှား သော ရှောလု ၌ ငါ ၏ကရုဏာ ကို နှုတ် သကဲ့သို့ သင်၏သား၌ ငါမ နှုတ်။ ၁၆ သင် ၏အမျိုးအနွယ် နှင့် ၊ သင် ၏နိုင်ငံ သည် ငါ့ရှေ့မှာ အစဉ်အမြဲ တည် လိမ့်မည်။ သင် ၏ရာဇပလ္လင် သည်လည်း အစဉ်အမြဲ တည် လိမ့်မည်ဟု ငါ့ ကျွန် ဒါဝိဒ် အား ပြော လော့ဟု မိန့် တော်မူ၏။ ၁၇ ထို ဗျာဒိတ် တော်စကား အလုံးစုံ တို့ကို နာသန် သည် ဒါဝိဒ် အား ပြန်ပြော လေ၏။ ၁၈ ထိုအခါ ဒါဝိဒ် မင်းကြီး သည် အထဲသို့ဝင် ၍ ထာဝရဘုရား ရှေ့ တော်၌ ထိုင် နေလျက် ၊ အိုအရှင် ထာဝရဘုရား ၊ အကျွန်ုပ် ကို ဤမျှ လောက်ချီးမြှောက် တော်မူ မည်အကြောင်း ၊ အကျွန်ုပ် သည် အဘယ်သို့ သောသူ ဖြစ်ပါသနည်း။ အကျွန်ုပ် အမျိုး သည် အဘယ်သို့ သောအမျိုး ဖြစ်ပါသနည်း။ ၁၉ သို့ရာတွင် အိုအရှင် ထာဝရဘုရား ၊ ထို ကျေးဇူးတော်ကို သာမည ကျေးဇူးဟု ထင်မှတ်တော်မူသောကြောင့် ၊ ကိုယ်တော် ကျွန် ၏ အမျိုးအနွယ် ကို ကြာမြင့် စွာသောကာလနှင့် ယှဉ်လျက်မိန့် တော်မူပါသည်တကား။ အိုအရှင် ထာဝရဘုရား ၊ လူ တို့သည် ထိုသို့ စီရင်လေ့ရှိပါ သလော။ ၂၀ ဒါဝိဒ် သည် အဘယ်သို့ တိုးတက် ၍ လျှောက် ရပါမည်နည်း။ အိုအရှင် ထာဝရဘုရား ၊ ကိုယ်တော် သည် ကိုယ်တော် ၏ကျွန် ကို သိ တော်မူ၏။ ၂၁ နှုတ်ကပတ် တော်ကိုထောက်၍ ၊ အလို တော်ရှိသည်အတိုင်း ကိုယ်တော် ၏ကျွန် သိ ရမည်အကြောင်း၊ ဤ ကြီးစွာ သော အမှုအလုံးစုံ တို့ကို ပြု တော်မူပြီ။ ၂၂ သို့ ဖြစ်၍ အိုထာဝရအရှင် ဘုရား သခင်၊ ကိုယ်တော်သည် ကြီးမြတ် တော်မူ၏။ အကျွန်ုပ် တို့ ကြား သမျှ အတိုင်း ကိုယ်တော် နှင့် တူသောဘုရား ၊ ကိုယ်တော် မှတပါး အခြားသော ဘုရားမည်မျှမ ရှိပါ။ ၂၃ နာမ တော်ကို ထင်ရှားစေ၍ အဲဂုတ္တု ပြည်အစရှိသော အခြား သောပြည်များ၊ သူ တို့ဘုရား များတို့မှ ရွေးနှုတ် တော်မူသော ကိုယ်တော် ၏ လူမျိုး ရှေ့ တွင် လူမျိုးတော်အဘို့နှင့်ပြည် တော်အဘို့ ကြောက်မက် ဘွယ်သော အမှုကြီး တို့ကို ပြု ခြင်းငှါ ၊ ဘုရား သခင်ကြွ ၍ ကိုယ်တော် အဘို့ ရွေးနှုတ် တော်မူသော ကိုယ်တော် ၏လူ ဣသရေလ အမျိုးနှင့် တူသော လူမျိုး တစုံတမျိုး သည် မြေကြီး ပေါ် မှာ ရှိပါသလော။ ၂၄ အကြောင်းမူကား၊ ကိုယ်တော် ၏လူ ဣသရေလ အမျိုးကို အစဉ်အမြဲ ကိုယ်တော် ၏လူ ဖြစ်စေခြင်းငှါ၊ သူတို့ကို ကိုယ်တော် အဘို့ ခိုင်ခံ့ မြဲမြံစေ၍ ၊ ကိုယ်တော် ထာဝရဘုရား သည် သူ တို့၏ဘုရား သခင်ဖြစ် တော်မူ၏။ ၂၅ ယခု မှာ အိုထာဝရ အရှင်ဘုရား သခင်၊ ကိုယ်တော် ကျွန် ၌ ၎င်း ၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ် ၌ ၎င်း၊ မိန့် တော်မူသော စကား တော်ကို အစဉ်အမြဲ တည် စေတော်မူပါ။ မိန့် တော်မူသည်အတိုင်း ပြု တော်မူပါ။ ၂၆ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ဣသရေလ အမျိုးကို အစိုးရသောဘုရား သခင်ဖြစ်တော်မူသည်ဟူ၍ နာမ တော်သည် အစဉ်အမြဲ ချီးမြှောက် ခြင်းရှိပါစေသော။

ကိုယ်တော် ကျွန် ဒါဝိဒ် ၏ အမျိုးအနွယ် သည် ရှေ့တော်၌တည် ပါစေသော။ ၂၇ အကြောင်း မူကား၊ ကြသရေလ အမျိုး၏ ဘုရား သခင် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၊ ကိုယ်တော် က၊ သင်၏အမျိုးအနွယ် ကို ငါတည် စေမည်ဟု ကိုယ်တော် ကျွန် အား ဗျာဒိတ် ပေးတော်မူသောကြောင့်၊ ကိုယ်တော် ကျွန် သည် ဤ ပဌနာ ကို ရှေ့တော်၌ ပြုချင်သောစိတ် ရှိ ပါ၏။ ၂၈ ယခု လည်း အိုအရှင် ထာဝရဘုရား၊ ကိုယ်တော် သည် ဘုရား သခင်မှန်တော်မူ၏။ စကား တော်လည်း မှန် ပါ၏။ ဤ ကျေးဇူး ကိုကိုယ်တော် ကျွန် ၌ ဂတိ ထားတော်မူပြီ။ ၂၉ သို့ ဖြစ်၍ ကိုယ်တော် ကျွန် ၏အမျိုးအနွယ် သည် ရှေ့ တော်၌ အစဉ်အမြဲ တည် ပါမည်အကြောင်း ၊ ကောင်းကြီး ပေးခြင်းငှါ နူးညွတ် သောစိတ်ရှိတော်မူပါ။ အိုအရှင် ထာဝရဘုရား ၊ အမိန့် တော်ရှိသည်အတိုင်း ကောင်းကြီး ပေးတော်မူသောမင်္ဂလာ ကို၊ ကိုယ်တော် ကျွန် ၏အမျိုးအနွယ် သည် အစဉ်အမြဲ ခံရပါစေသောဟု ဆုတောင်းသတည်း။

၈ ထိုနောက် ဒါဝိဒ် သည် ဖိလိတ္တိ လူတို့ကို လုပ်ကြံ၍ အောင်မြင် သဖြင့် ၊ မေသေဂမ္မာမြို့ကို သိမ်းယူ လေ၏။ ၂ မောဘ ပြည်ကိုလည်း လုပ်ကြံ၍ ပြည်သားတို့ကို မြေ ပေါ် မှာ လှဲချ သဖြင့်၊ ကြိုး နှင့် တိုင်း လျက် သုံးစုတွင် နှစ်စုကိုသတ် ၏။ တစုကိုချမ်းသာ ပေး၏။ ထိုသို့ မောဘ အမျိုးသားတို့သည် ဒါဝိဒ် ၌ ကျွန် ခံ၍ အခွန် ဆက် ရကြ၏။ ၃ ဧောဘ မင်းကြီး ရဟောဘ ၏သား ဟာဒဒေဇာ သည် ဥဖရတ် မြစ် နား မြေကိုသိမ်းယူခြင်းငှါ သွား သောအခါ ၊ ဒါဝိဒ် သည် တိုက်ဖျက် ၍၊ ၄ ရထားတထောင် ၊ မြင်းစီး သူရဲခုနစ်ထောင်၊ ခြေသည် သူရဲနှစ် သောင်းကို ဘမ်းဆီး ၍ ရထား တရာ ကိုသိမ်းထား ပြီးမှ ၊ အခြားသောမြင်းရထား ရှိသမျှ တို့ကို ဖျက်ဆီး လေ၏။ ၅ ဒမာသက်မြို့နေ ရှုရိလူတို့သည် ဧောဘ မင်းကြီး ဟာဒဒေဇာ ကို စစ်ကူ သောအခါ ၊ ဒါဝိဒ် သည် ရှုရိ လူ နှစ်သောင်း နှစ်ထောင်တို့ကိုသတ်ပြီးမှ၊ ၆ ရှုရိပြည် ဒမာသက်မြို့၌ မြို့စောင့် တပ်ကို ထား သဖြင့် ၊ ရှုရိ လူတို့သည် ဒါဝိဒ် ၌ ကျွန် ခံ၍ အခွန် ဆက် ရကြ၏။ ဒါဝိဒ် သွား လေရာရာ ၌ ထာဝရဘုရား စောင့်မ တော်မူ၏။ ၇ ဟာဒဒေဇာ ၏ ကျွန် တို့စွဲကိုင် သော ရွှေ ဒိုင်းလွှား များကို ဒါဝိဒ် သည်သိမ်း၍ ယေရုရှလင် မြို့သို့ ဆောင်သွား ၏။ ၈ ဟာဒဒေဇာ အစိုးရသောဘေတ မြို့နှင့် ဗေရောသဲ မြို့မှ ဒါဝိဒ် မင်းကြီး သည် များစွာ သောကြေးဝါ ကို သိမ်းသွား ၏။ ၉ ဟာဒဒေဇာ ၏ တပ် အလုံးအရင်း ကို ဒါဝိဒ် လုပ်ကြံ ကြောင်း ကို၊ ဟာမတ် မင်းကြီး တောက္က သည် ကြား လျှင်၊ ၁၀ မိမိ ရန်သူ ဟာဒဒေဇာ ကို ဒါဝိဒ်သည် စစ်တိုက် ၍ လုပ်ကြံ သောကြောင့် ၊ မိဿဟာယ ဖွဲ့ ၍ ကောင်းကြီး ပေးစေခြင်းငှါ ၊ မိမိ သား ယောရံ ကို ဒါဝိဒ် မင်းကြီး ထံသို့ စေလွှတ် ၍၊ ယောရံ သည် ငွေ ဖလား ၊ ရွှေ ဖလား ၊ ကြေးဝါ ဖလား တို့ကို ဆောင် လျက်လာ ၏။ ၁၁ ထိုဖလားတို့ကို ဒါဝိဒ် မင်းကြီး သည် ထာဝရဘုရား အား ပူဇော် ၏။ ထိုအတူ အောင်မြင် သော ရှုရိ ပြည်၊ မောဘ ပြည်၊ အမ္မုန် ပြည်၊ ဖိလိတ္တိ ပြည်၊ အာမလက် ပြည်၌ သိမ်းယူ သော ရွှေ ငွေ ကိုလည်း၊ ၁၂ ဧောဘ မင်းကြီး ရဟောဘ သား ဟာဒဒေဇာ ၏ဘဏ္ဍာကို လုယူ၍ ရသောရွှေငွေကိုလည်း၊ ထာဝရဘုရားအား ပူဇော်၏။ ၁၃ ဆားချိုင့်တွင် ဧဒုံလူတသောင်း ရှစ်ထောင်တို့ကို လုပ်ကြံ ရာမှ ၊ ဒါဝိဒ် သည် ပြန် လာသောအခါ ဂုဏ် အသရေကြီး၏။ ၁၄ ဧဒုံ ပြည်အရပ်ရပ် ၌ မြို့စောင့် တပ်တို့ကိုထား ၍၊ ဧဒုံ ပြည်သားအပေါင်း တို့သည် ဒါဝိဒ် ၌ ကျွန် ခံကြ၏။ ဒါဝိဒ် သွား လေရာရာ ၌ ထာဝရဘုရား စောင့်မ တော်မူ၏။ ၁၅

ထိုသို့ ဒါဝိဒ် သည် ကြသရေလ နိုင်ငံလုံး ကို စိုးစံ ၍ ၊ နိုင်ငံ တော်သားတို့တွင် တရား မှုကို စီရင် ဆုံးဖြတ်တော်မူ၏။ ၁၆ ဇေရုယာ ၏သား ယွာဘ သည် ဗိုလ်ချုပ်မင်းဖြစ်၏။ အဟိလုပ် ၏သား ယောရှဖတ် သည် အတွင်းဝန်ဖြစ်၏။ ၁၇ အဟိတုပ် သား ဇာဒုတ် နှင့် အဗျာသာ ၏သား အဟိမလက် သည် ယဇ်ပုရောဟိတ် ဖြစ်၏။ စရာယ သည် စာရေးတော်ကြီး ဖြစ်၏။ ၁၈ ယောယဒ ၏သား ဗေနာယ သည် ခေရသိ လူနှင့် ပေလသိ လူတို့ကိုအုပ်ရ၏။ ဒါဝိဒ် ၏သား တော်တို့သည်လည်း မင်းသား အရာနှင့်နေ ကြ၏။

၉ တဖန် ဒါဝိဒ် က၊ ငါသည် ယောနသန် အတွက် ကျေးဇူး ပြု စရာ အခွင့်ရှိစေခြင်းငှါ ၊ ရှောလု အဆွေအမျိုး တစုံတယောက် ကျန်ကြွင်း သေး သလော ဟုမေး သော်၊ ၂ ဇိဘ အမည် ရှိသော ရှောလု ၏အဆွေအမျိုး နှင့်ဆိုင်သော ကျွန် တယောက်ကို အထံ တော်သို့သွင်း၍ ရှင် ဘုရင်က၊ သင် သည် ဇိဘ မှန်သလောဟုမေး လျှင် ၊ ကိုယ်တော် ကျွန်မှန်ပါသည်ဟု ပြန်လျှောက် လေ၏။ ၃ ရှင် ဘုရင်ကလည်း ၊ ဘုရား သခင့်အလိုတော်အတိုင်း ငါကျေးဇူး ပြု စရာ အခွင့်ရှိစေခြင်းငှါ ၊ ရှောလု အဆွေအမျိုး တစုံတယောက် မျှမ ရှိသလော ဟု မေး လျှင် ဇိဘ က၊ ယောနသန် ၌ ခြေဆွံ့ သောသား တယောက်ရှိပါသေး ၏ဟု လျှောက် သော်၊ ၄ ရှင် ဘုရင်က၊ သူ သည်အဘယ်မှာ ရှိသနည်းဟုမေး ပြန်လျှင် ၊ ဇိဘ က၊ လောဒေဗာ ရွာ၊ အမျေုလ သား မာခိရ အိမ် ၌ ရှိ ပါသည်ဟု လျှောက် ၏။ ၅ ထိုအခါ ဒါဝိဒ် သည် စေလွှတ် ၍ ရှောလု ၏သား ဖြစ်သော ယောနသန် ၏သား မေဖိဗောရှက် ကို၊ လောဒေဗာ ရွာ၊ အမျေုလ သား မာခိရ အိမ် မှ ခေါ် ခဲ့၍၊ ၆ သူသည်အထံ တော်သို့ ရောက် သောအခါ ပြပ်ဝပ် လျက် ရှိခိုး လေ၏။ ဒါဝိဒ် ကလည်း ၊ မေဖိဗောရှက် ဟုခေါ် လျှင် ၊ ကိုယ်တော် ကျွန် ရှိ ပါသည်ဟုလျှောက် လေ၏။ ၇ ဒါဝိဒ် ကလည်း မ စိုးရိမ် နှင့်။ သင် ၏အဘ ယောနသန် အတွက် ငါသည်သင် ၌ ဆက်ဆက်ကျေးဇူး ပြု မည်။ သင့် အဘို့ ရှောလု ပိုင်သမျှ သောမြေ ကို ငါပြန် ပေးမည်။ သင် သည် နေ့တိုင်း အစဉ်ငါ့ စားပွဲ ၌ စား ရမည်ဟုဆို သော်၊ ၈ မေဖိဗောရှက်က၊ ကျွန်တော် ကဲ့သို့ ဖြစ်ရသော ခွေး သေ ကောင်ကို ကိုယ်တော်ကြည့်ရှု ရမည်အကြောင်း ၊ ကိုယ်တော် ကျွန် သည် အဘယ်သို့ သောသူဖြစ်ပါသနည်း ဟု ဦးချ ၍ ပြန်လျှောက် ၏။ ၉ ထိုအခါ ရှင် ဘုရင်သည် ရှောလု ၏ကျွန် ဇိဘ ကို ခေါ် ၍ ၊ ရှောလု နှင့် သူ ၏အဆွေအမျိုး များ ပိုင်ထိုက်သမျှ တို့ ကို သင့် သခင် ၏သား အား ငါပေး ပြီ။ ၁၀ သင် သည်သင် ၏သား ကျွန် တို့နှင့်တကွ လယ် လုပ် ၍ သင့် သခင် ၏သား စားစရာ ဘို့ အသီးအနှံကို သွင်း ရမည်။ သို့ရာတွင် သင့် သခင် ၏သား မေဖိဗောရှက် သည် နေ့တိုင်း အစဉ် ငါ့ စားပွဲ ၌ အစာ စား ရမည်ဟု မိန့် တော်မူ၏။ ဇိဘ ၌ သား တဆယ် ငါး ယောက်နှင့် ကျွန် နှစ်ဆယ်ရှိ၏။ ၁၁ ဇိဘ ကလည်း ၊ ကျွန်တော် သခင် အရှင် မင်းကြီးသည် ကိုယ်တော် ကျွန် ကို မှာ ထားတော်မူသမျှ အတိုင်း ၊ ကိုယ်တော် ကျွန် ပြု ပါမည်ဟု နားတော်လျှောက် ၏။ ထိုနောက် ၊ မေဖိဗောရှက် သည် ရှင်ဘုရင် ၏သားရင်း ကဲ့သို့ စားပွဲ တော်၌ အစာစား ရ၏။ ၁၂ မေဖိဗောရှက် ၌ မိကွါ အမည် ရှိသောသား ငယ် တယောက်ရှိ၏။ ဇိဘ အိမ် ၌ နေ သောသူအပေါင်း တို့သည်လည်း မေဖိဗောရှက် ၏ ကျွန် ဖြစ်ကြ၏။ ၁၃ ထိုသို့ မေဖိဗောရှက် သည် ယေရုရှလင် မြို့၌ နေ ၍ ရှင်ဘုရင် ၏စားပွဲ တော်၌ နေ့တိုင်း အစဉ်စား ရ၏။ ခြေ နှစ် ဘက်ဆွံ့ သောသူဖြစ်၏။

၁၀ ထိုနောက် အမျှန် ရှင် ဘုရင်သည် သေ ၍ သား တော်ဟာနုန် သည် ခမည်းတော်အရာ ၌ နန်း ထိုင်၏။ ၂ ဒါဝိဒ်
ကလည်း ၊ ဟာနုန် အဘ နာဟတ် သည် ငါ့ အား ကျေးဇူး ပြု သောကြောင့် ၊ သူ၏သား ၌ ငါကျေးဇူး ပြု မည်ဟုဆို လျက်
၊ သူ ၏အဘ သေရာတွင် နှစ်သိမ့် စေခြင်းငှါ ကျွန် တို့ကို စေလွှတ် ၍ ၊ ဒါဝိဒ် ၏ကျွန် တို့သည် အမျှန် ပြည် သို့ရောက်
ကြ၏။ ၃ အမျှန် အမျိုး မှူးမတ် တို့သည် မိမိ တို့အရှင် ဟာနုန် ထံသို့ ဝင်၍၊ ဒါဝိဒ် သည် စိတ်တော်ကို နှစ်သိမ့် စေ
သောသူတို့ ကိုစေလွှတ် ရာတွင် ခမည်းတော် ကို ရိုသေစွာပြုသည်ဟု ထင်မှတ်တော်မူသလော။ မြို့ တော်ကိုစစ်ဆေး
စူးစမ်း ၍ ဖျက်ဆီး ခြင်းငှာ သာသူ ၏ကျွန် တို့ကိုစေလွှတ် သည် မ ဟုတ်လော ဟု လျှောက် ကြသော်၊ ၄ ဟာနုန်
သည် ဒါဝိဒ် ၏ကျွန် တို့ကို ယူ ပြီးလျှင် ၊ မုတ်ဆိတ် တခြမ်း ကိုရိတ် ၍ အဝတ် ကိုတင်ပါး တိုင်အောင် ဖြတ် ပြီးမှ
လွှတ်လိုက် လေ၏။ ၅ ထိုသိတင်းကို ဒါဝိဒ် သည်ကြား သောအခါ ၊ ထိုလူ တို့သည် အလွန် ရှက် သောကြောင့် သူ
တို့ကို ဆီးကြို စေခြင်းငှါ စေလွှတ် ၍ ၊ သင် တို့သည် မုတ်ဆိတ် မ ရှည် မှီတိုင်အောင်ယေရိခေါ မြို့မှာ နေ ကြလော့။
ထိုနောက် မှပြန် လာကြလော့ဟု မှာ ထားတော်မူ၏။ ၆ အမျှန် အမျိုးသား တို့က၊ ငါတို့သည်ဒါဝိဒ် ရှေ့မှာ စက်ဆုပ်
ရွံရှာဘွယ်ဖြစ်လိမ့်မည်ဟု သိ လျှင် ၊ လူကို စေလွှတ် ၍ ဗက်ရဟောဘမြို့နှင့် ဇောဘမြို့၌နေသောရှုရိ လူခြေသည်
သူရဲနှစ် သောင်း၊ မာခ မင်းကြီး ၏ လူ တထောင် ၊ တောဘ မြို့သား တသောင်း နှစ်ထောင်တို့ကို ငှား ကြ၏။ ၇
ထိုသိတင်းကို ဒါဝိဒ် သည်ကြား လျှင် ယွာဘ နှင့် ခွန်အား ကြီးသောသူရဲ အလုံးအရင်းအပေါင်း ကို စေလွှတ် ၏။
၈ အမျှန် အမျိုးသား တို့သည် ထွက် ၍ မြို့တံခါးဝ မှာ စစ် ခင်းကျင်း ကြ၏။ ဇောဘမြို့၊ ရဟောဘ မြို့၊ တောဘ
မြို့မှလာသော ရှုရိ လူနှင့် မာခါ မင်းကြီး၏ လူတို့သည် လွင်ပြင် ၌ တခြားစီ နေကြ၏။ ၉ ယွာဘ သည်လည်း ၊ ရှေ့၌ငှင်း ၊
နောက် ၌ ငှင်း စစ် မျက်နှာ နှစ်ဘက်ရှိ သည်ကို မြင် လျှင်၊ ဣသရေလ လူတို့ တွင် သန်မြန်သောသူရှိသမျှ တို့ကို
ရွေးကောက် ၍ ရှုရိ လူ တို့ တဘက်၌စစ်ခင်းကျင်း ၏။ ၁၀ ကြွင်း သောသူတို့ကို အမျှန် အမျိုးသား တို့တစ်ဘက်၌
စစ်ခင်းကျင်း စေခြင်းငှါ ၊ ညီ အဘိရှဲ လက် သို့ အပ် လျက်၊ ၁၁ ရှုရိ လူတို့သည် ငါ့ ကိုနိုင် လျှင် ငါ အား ကူ ရမည်။
အမျှန် အမျိုးသား တို့သည် သင့် ကိုနိုင် လျှင် သင့် အား ငါကူ မည်။ ၁၂ ရဲရင့် သောစိတ်ရှိ၍ ငါ တို့လူမျိုး ၊ ငါ
တို့ဘုရားသခင့် မြို့ ရွာတို့အဘို့ အားထုတ် ၍ တိုက်ကြကုန်အံ့။ ထာဝရဘုရား သည် အလိုတော်ရှိသည် အတိုင်းစီရင်
တော်မူ စေသတည်းဟု ဆို ပြီးမှ၊ ၁၃ သူ ၌ ပါသော လူများနှင့်တကွရှုရိ လူတို့ကို စစ်တိုက် ခြင်းငှါ ချဉ်း သွားသောအခါ ၊
ရှုရိလူတို့သည် ပြေး ကြ၏။ ၁၄ ရှုရိ လူတို့ပြေး သည်ကို အမျှန် အမျိုးသား တို့သည် မြင် လျှင် ၊ သူတို့သည်လည်း
အဘိရှဲ ရှေ့ မှာပြေး ၍ မြို့ ထဲသို့ ဝင် ကြ၏။ ယွာဘ သည်လည်း အမျှန် ပြည်မှ ထွက် ၍ ယေရုရှလင် မြို့သို့ ပြန်သွား
လေ၏။ ၁၅ ရှုရိ လူတို့သည် ဣသရေလ အမျိုးသားရှေ့ မှာ မိမိတို့ရုံး သည်ကို သိမြင် လျှင် တဖန် စည်းဝေး ကြ၏။ ၁၆
ဟာဒဒေဇာ မင်းသည်လည်း စေလွှတ် ၍ ၊ မြစ် တစ်ဘက် ၌ နေသော ရှုရိ လူတို့ကိုခေါ် သဖြင့် ၊ သူတို့သည် ဟေလံ
မြို့သို့ရောက် လာကြ၏။ ဟာဒဒေဇာ ခန့်ထားသော ဗိုလ်ချုပ် မင်းရှောဗက် သည်လည်း အုပ်ရ၏။ ၁၇ ထိုသိတင်းကိုကြား
လျှင် ၊ ဒါဝိဒ်သည် ဣသရေလ အမျိုးသားအပေါင်း တို့ကို စုဝေး စေ၍ ၊ ယော်ဒန် မြစ် ကို ကူး သဖြင့် ဟေလံ မြို့သို့

ရောက် လေ၏။ ရှုရှိ လူတို့သည် ဒါဝိဒ် တစ်ဘက်၌ စစ်ခင်းကျင်း ၍ တိုက် သောအခါ၊ ၁၈ ဣသရေလ အမျိုးသားရှေ့ မှာ ပြေး ကြ၏။ ဒါဝိဒ် သည်လည်း ရှုရှိ မြင်း ရထားစီးသူရဲခုနစ် ထောင်၊ ခြေသည်သူရဲလေးသောင်း တို့ကိုသတ် ၍ ၊ ဗိုလ်ချုပ် မင်းရှောဗက် ကိုလည်း ထိခိုက် သဖြင့် သူသည် ထို အရပ်၌ သေ ၏။ ၁၉ ဟာဒဒေဇာ ၌ ကျွန် ခံသောမင်းကြီး အပေါင်း တို့သည် ဣသရေလ အမျိုးရှေ့ မှာ မိမိတို့ရှုံး သည်ကို သိမြင် လျှင်၊ ဣသရေလ အမျိုးနှင့် မိသဟာယ ဖွဲ့၍ ကျွန် ခံကြ၏။ ထိုသို့ ရှုရှိ လူတို့သည် နောက် တဖန် အမွန် အမျိုးသား တို့ကို စစ်မ ကူ ပုံကြ။

၁၁ အခါလည်း၍ ရှင် ဘုရင်တို့သည် စစ်တိုက်ချိန် ရောက်သောအခါ ၊ ဒါဝိဒ် သည် ယွာဘ နှင့် ကျွန် များ၊ ဣသရေလ အမျိုးသားများအပေါင်း တို့ကို စေလွှတ် သဖြင့် ၊ သူတို့သည် အမွန် အမျိုးသား တို့ကို တိုက်ဖျက် ၍ ရဗ္ဗာ မြို့ကို ဝိုင်းထား ကြ၏။ ဒါဝိဒ် သည် ကိုယ်တိုင်ယေရုရှလင် မြို့၌ နေ လေ၏။ ၂ နောက်တနေ့ညဦးယံ ၌ ဒါဝိဒ် သည် လျောင်းစက် ရာမှ ထ ၍ နန်း တော်မိုး ပေါ် မှာ စင်္ကြံ သွားစဉ်တွင်၊ အလွန် အဆင်း လှ သောမိန်းမ တယောက်ရေချိုး သည်ကို မြင် တော်မူ၏။ ၃ ထို မိန်းမ ကား အဘယ်သူနည်းဟုစေလွှတ် ၍ မေးမြန်း လျှင် ၊ ဧလျံ သမီး ၊ ဟိတ္တိ လူဉရိယ ၏မယား ဗာသရှေဘ ဖြစ်ပါသည်ဟု လျှောက် လေ၏။ ၄ တဖန် လူ ကိုစေလွှတ် သဖြင့် ၊ ထိုမိန်းမကို အထံ တော်သို့ ခေါ် ခဲ့၍ ရှက်တင် လေ၏။ ထိုမိန်းမသည် မိမိအညစ်အကြေး နှင့် စင်ကြယ် အောင်ပြု၍ မိမိ အိမ် သို့ ပြန် ပြီးမှ၊ ၅ ပဋိသန္ဓေ ရှိသဖြင့် ဒါဝိဒ် ထံသို့ လူကိုစေလွှတ် ၍ ၊ ကျွန်မ ၌ ပဋိသန္ဓေ ရှိပါ၏ဟု လျှောက် စေသော်၊ ၆ ဒါဝိဒ် သည် ယွာဘ ဆီသို့ လူကိုစေလွှတ် ၍ ဟိတ္တိ လူ ဉရိယ ကို ငါ့ ထံသို့ စေလွှတ် ရမည်ဟု မှာလိုက်သည် အတိုင်း ၊ ယွာဘ သည်စေလွှတ် ၍၊ ၇ ဉရိယ ရောက် လာသောအခါ ဒါဝိဒ် က၊ ယွာဘ ကျန်းမာ ၏လော။ လူ များကျန်းမာ ၏လော။ စစ်တိုက် ၍ အောင်မြင် သလောဟုမေးမြန်း ပြီးမှ၊ ၈ သင့် အိမ် သို့ သွား ၍ ခြေ ဆေး လော့ဟု မိန့် တော်မူသည်အတိုင်း ၊ ဉရိယ သည် နန်း တော်မှ ထွက် ၍ သူ နောက်မှ ခဲတွယ် စားဘွယ်ကို ရှင်ဘုရင် ပေးလိုက်လေ၏။ ၉ သို့ရာတွင် ဉရိယ သည်မိမိ အိမ် သို့ မ သွား ဘဲ၊ မိမိ အရှင် ၏ကျွန် အပေါင်း တို့နှင့်အတူ နန်း တော်တံခါး၀ ၌ အိပ် လေ၏။ ၁၀ ဉရိယ သည် မိမိ အိမ် သို့ မ သွား ကြောင်းကို နားတော်လျှောက် လျှင် ဒါဝိဒ် က၊ သင်သည်ခရီး သွားရာမှ ရောက် လာသည်မ ဟုတ်လော။ သင့် အိမ် သို့ အဘယ်ကြောင့် မ သွား ဘဲနေသနည်းဟု ဉရိယ ကို မေး သော်၊ ၁၁ ဉရိယ က၊ သေတ္တာ တော်နှင့် ဣသရေလ အမျိုး၊ ယုဒ အမျိုးသားတို့သည် တဲ ၌ နေ ကြပါ၏။ သခင် ယွာဘ နှင့် သခင် ၏ကျွန် များတို့သည် လွင်ပြင် ၌ တည်း ရကြပါ၏။ ကျွန်တော် သည် ကိုယ် အိမ် သို့ သွား ၍ စား သောက် လျက် မယား နှင့် ပျော်မွေ့ လျက်နေသင့်ပါမည်လော။ ကိုယ်တော် အသက် ရှင်တော်မူသည်အတိုင်း ၊ ထိုသို့ ကျွန်တော်မ ပြု ပါဟု ဒါဝိဒ် အား လျှောက် လေ၏။ ၁၂ ဒါဝိဒ် ကလည်း ၊ ဤ မြို့၌ ယနေ့ နေ ဦးလော့။ နက်ဖြန် နေ့ ငါလွှတ်လိုက် မည်ဟုမိန့် တော်မူသည်အတိုင်း ၊ ဉရိယ သည်ထို နေ့၊ နက်ဖြန် နေ့၊ ယေရုရှလင် မြို့၌ နေ ၏။ ၁၃ ဒါဝိဒ် သည်လည်း ဉရိယကိုခေါ် ၍ ရှေ့ တော်၌ စား သောက် လျက် ယစ်မူး သည်တိုင်အောင်သောက်ရ၏။ သို့သော်လည်း ညဦး မှာ မိမိ အိမ် သို့ မ သွား ဘဲ၊ အရှင် ၏ ကျွန် တို့နှင့်အတူ အိပ် ခြင်းငှါ ထွက်သွား လေ၏။ ၁၄ နံနက် မှာ ဒါဝိဒ် သည် မှာစာ ကိုရေး ၍ ဉရိယ လက် တွင် ယွာဘ သို့ ပေးလိုက် ၏။

၁၅ မှာစာချက် ဟူမူကား ၊ ကျပ်တည်း စွာစစ်တိုက် ရာ တပ်ဦး ၌ ဥရိယ ကို ခန့်ထား ပြီးမှ ၊ သူသည် ရန်သူလက်သို့ ရောက်၍ သေ စေခြင်းငှါ တပ်များကို ရုပ်သိမ်း လော့ဟု ပါသတည်း။ ၁၆ အမိန့်တော်အတိုင်း ယွာဘ သည်မြို့ကို ကြည့်ရှု ပြီးမှ ၊ ခွန်အား ကြီးသော သူရဲ ရှိရာ အရပ် ၌ ဥရိယ ကို ခန့်ထား လေ၏။ ၁၇ မြို့သား တို့သည် ထွက်၍ ယွာဘ နှင့် စစ် ပြိုင်သောအခါ ၊ ဒါဝိဒ် ၏ကျွန် အချို့တို့သည် သေ ကြ၏။ ဟိတ္တိ လူဥရိယ သည်လည်း သေ ၏။ ၁၈ ထိုနောက် ယွာဘ သည် စစ် သိတင်း အလုံးစုံ ကို ဒါဝိဒ် အား ကြား လျှောက်စေခြင်းငှါလူကိုခေါ်၍၊ ၁၉ သင် သည်ရှင်ဘုရင် ထံ တော်၌ စစ် သိတင်း ကို အကုန်အစင် ကြား လျှောက် ပြီးလျှင်၊ ၂၀ ရှင် ဘုရင်သည် အမျက်တော်ထွက် ၍ ၊ သင်တို့သည် စစ် ပြိုင်သောအခါ၊ မြို့ အနီးသို့ အဘယ်ကြောင့် ချဉ်းကပ် ကြသနည်း။ မြို့ရိုး ပေါ် က ပစ် မည်ကို မ သိ လော။ ၂၁ ယေရုဗ္ဗေရှက် သား အဘိမလက် ကို အဘယ်သူ လုပ်ကြံ သနည်း။ သေဗက် မြို့မှာ မိန်းမ တယောက်သည် ကြိတ်ဆုံ ကျောက်တဖဲ့ ကို မြို့ရိုး ပေါ် က ပစ်ချ ၍ အဘိမလက်သေ သည်မ ဟုတ်လော။ မြို့ရိုး အနီးသို့ အဘယ်ကြောင့် ချဉ်းကပ် ကြသနည်းဟု မိန့် တော်မူလျှင် ၊ ကိုယ်တော် ၏ ကျွန် ဟိတ္တိ လူ၊ ဥရိယ သေ ကြောင်းကို လျှောက် ရမည် ဟု မှာထား ၍ စေလွှတ်လေ၏။ ၂၂ ယွာဘ မှာထားသည်အတိုင်း ထိုတမန် သည် သွား ၍ ဒါဝိဒ် အား ကြားလျှောက် သည်ကား၊ ၂၃ ရန်သူတို့သည် အမှန်စင်စစ် ကျွန်တော် တို့ကို နိုင် သဖြင့် ၊ လွင်ပြင် တိုင်အောင်လိုက်၍ တိုက်ကြပါ၏။ ကျွန်တော်တို့သည်လည်း မြို့တံခါးဝ တိုင်အောင် လှန်၍ တိုက်ကြပါ၏။ ၂၄ လေးသမားတို့သည် မြို့ရိုး ပေါ် က ကိုယ်တော် ကျွန် တို့ကို ပစ် ၍ ကိုယ်တော်ကျွန် အချို့သေ ကြပါ၏။ ကိုယ်တော်ကျွန် ဟိတ္တိ လူ၊ ဥရိယ သည်လည်း သေ ပါ၏ဟု လျှောက် လျှင်၊ ၂၅ ဒါဝိဒ် ကလည်း ၊ ဤ အမှုကြောင့် စိတ် မ ပျက်နှင့်။ စစ်တိုက်ပွဲတွင် တယောက်တလှည့်သေတတ်၏။ အားယူ ၍ မြို့ ကို ကျပ်တည်း စွာ တိုက် လျက် လုပ်ကြံတိုက်ဖျက်ကြလော့ဟု တမန် အားဖြင့်ယွာဘ ကို မှာလိုက် လေ၏။ ၂၆ ဥရိယ သေ ကြောင်း ကို သူ၏မယား ကြား သောအခါ ၊ ခင်ပွန်း ကြောင့် ငိုကြွေး မြည်တမ်းလျက် နေ၏။ ၂၇ ငိုကြွေး မြည်တမ်းချိန် လွန် မှ၊ ဒါဝိဒ် သည် လူကို စေလွှတ် ၍ ထိုမိန်းမကို နန်း တော်သို့ ခေါ် စေသဖြင့် ၊ သူသည် မိဖုရား အဖြစ် သို့ ရောက်၍ သား ယောကျ်ားကို ဘွားမြင် လေ၏။ သို့ရာတွင် ဒါဝိဒ် ပြု သော အမှု သည် ထာဝရဘုရား ရှေ့ တော်၌ ဆိုး သောအမှုဖြစ်သတည်း။

၁၂ နောက် တဖန် ထာဝရဘုရား သည် ပရောဖက်နာသန် ကို ဒါဝိဒ် ထံသို့ စေလွှတ် တော်မူသဖြင့် ၊ နာသန် သည်ဝင်၍ ၊ အရှင်မင်းကြီး၊ ဤမည်သောမြို့ တွင် သူဌေး တဦး ၊ ဆင်းရဲသား တဦး ရှိ ပါ၏။ ၂ သူဌေး သည် အလွန် များစွာ သော သိုး နွား မှ စသည်တို့နှင့် ကြွယ်ဝပြည့်စုံပါ၏။ ၃ ဆင်းရဲသား မူကား၊ မိမိဝယ် ၍ မွေးစား သော သိုးမ ကလေးတကောင် တည်းမှတပါး အခြားသော ဥစ္စာ မ ရှိပါ။ ထိုသိုးမကလေးသည် အရှင် နှင့် ၎င်း၊ အရှင် ၏ သားသမီး တို့နှင့် ၎င်း ပေါင်း၍ ကြီးပွား ၏။ အရှင် ၏ အစာ ကို စား တတ်၏။ အရှင် ၏ရေခွက် ၌ သောက် တတ်၏။ အရှင် ၏ ရင်ခွင် ၌ အိပ်၍ သမီး ကဲ့သို့ ဖြစ် ၏။ ၄ သူဌေး အိမ်သို့ ဧည့်သည် တဦးရောက် ၍ သူဌေးသည် ဧည့်သည် ကို လုပ်ကျွေး ဘို့ မိမိ သိုး နွား များကို နှမြော သောကြောင့်မယူ၊ ဆင်းရဲသား ၏သိုးမ ကလေးကိုယူ ၍ ဧည့်သည်ကို လုပ်ကျွေး ဘို့

ချက်ပါသည်ဟု လျှောက် လေသော်၊ ၅ ဒါဝိဒ် သည် ထိုသူ့ဌေးကိုပြင်းစွာ အမျက် ထွက် ၍ ၊ ထာဝရဘုရား အသက်ရှင်တော်မူသည်အတိုင်း ထိုသို့ ပြု သောသူသည် အမှန် သေ ရမည်။ ၆ ကရုဏာ စိတ်မ ရှိဘဲထို အမှု ကိုပြု သောကြောင့် ၊ ထိုသိုးမ ကလေးအတွက် လေးဆ ပြန်ပေး ရမည်ဟု မိန့် တော်မူ၏။ ၇ နာသန် ကလည်း ၊ ထို သူ သည်ကား အခြားသူမဟုတ်။ ကိုယ်တော် ပင် ဖြစ်ပါ၏။ ဣသရေလ အမျိုး၏ ဘရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည် ဘိသိက် ပေး၍ သင့် ကို ဣသရေလ ရှင်ဘုရင် အရာ ၌ ခန့်ထားပြီ။ ရှောလု လက် မှ လည်း ကယ်လွှတ် ပြီ။ ၈ သင့် သခင် ၏ အဆွေအမျိုး ကိုငင်း၊ သင့် သခင် ၏ မယား တို့ကိုငင်း၊ သင် ၏ရင်ခွင် ၌ ငါအပ်ပေး ပြီ။ ဣသရေလ အမျိုး နှင့် ယုဒ အမျိုးကို ငါပေး ပြီ။ ထိုအရာများ မလောက် လျှင် အခြားတပါးသောအရာရာတို့ကိုပေး ခြင်းငှါ ငါအလိုရှိ၏။ ၉ သင်သည်ထာဝရဘုရား ၏ ပညတ် တရားတော်ကို မထီမဲ့မြင် ပြု၍ ရှေ့ တော်၌ဒုစရိုက် ကို အဘယ်ကြောင့် ပြု ဘိသနည်း။ ဟိတ္တိ လူ၊ ဥရိယ ၏အသက် ကို ထား ဖြင့် သတ်၍ သူ ၏မယား ကို သိမ်း လေပြီတကား။ ထိုသူ ကို အမ္မုန် အမျိုးသား ထား နှင့် သတ် လေပြီတကား။ ၁၀ ယခု မှာသင်သည် ငါ့ ကို မထီမဲ့မြင် ပြု၍ ဟိတ္တိ လူ၊ ဥရိယ ၏မယား ကို သိမ်း သောကြောင့် ၊ သင့် အဆွေအမျိုး တို့သည် ထား ဘေးနှင့်အစဉ် တွေ့ကြုံရကြလိမ့်မည်။ ၁၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် ၌ ရန်ဘက် ပြုသောသူကို သင် ၏အဆွေအမျိုး တို့အထဲက ငါ ပေါ် စေမည်။ သင့် မျက်မှောက် တွင် သင် ၏မယား တို့ကို ငါယူ ၍ သင့် အိမ်နီးချင်း ၌ အပ် သဖြင့် ၊ သူသည် နေ ရှေ့ မှာ သင် ၏မယား တို့နှင့် ပေါင်းဘော် လိမ့်မည်။ ၁၂ သင် သည် ဤ အမှု ကိုမထင်မရှား ပြု သော်လည်း ၊ နေ ရှေ့ မှာ ငါ လှန်ပြ မည်ဟု ထာဝရဘုရားမိန့်တော်မူ သောစကားကိုပြန်ကြားလေ၏။ ၁၃ ဒါဝိဒ် ကလည်း ၊ ငါသည် ထာဝရဘုရား ကို ပြစ်မှား ပါပြီဟု နာသန် အား ဝန်ချ၍ နာသန် က၊ အသက် တော်ကို ချမ်းသာစေခြင်းငှါ၊ ထာဝရဘုရား သည် ကိုယ်တော် အပြစ် ကို ပယ်တော်မူပြီ။ ၁၄ သို့သော်လည်း ကိုယ်တော်သည် ထိုသို့ ပြစ်မှားသောအားဖြင့် ၊ ကဲ့ရဲ့ စရာအခွင့်ကြီးကို ထာဝရဘုရား ၏ ရန်သူ တို့အားပေးသောကြောင့် ၊ ယခုမြင် သောသား သည် ဆက်ဆက်သေ ရမည်ဟု ဒါဝိဒ် အား လျှောက် ဆိုပြီးလျှင်၊ ၁၅ နန်း တော်မှ ထွက်သွား သောနောက် ၊ ထာဝရဘုရား သည် ဒဏ်ခတ် တော်မူသဖြင့် ၊ ဥရိယ မယား တွင် ဘွားမြင်သော ဒါဝိဒ် ၏သား သည် ပြင်းစွာသော ဝေဒနာ ကို ခံရ၏။ ၁၆ ဒါဝိဒ် သည် သူငယ် အတွက် ထာဝရဘုရား အား တောင်းပန် လေ၏။ အစာ ကိုရှောင်လျက် ၊ အထဲသို့ဝင် ၍ တညဉ့်လုံးမြေ ပေါ် မှာ အိပ် လျက်နေ၏။ ၁၇ နန်းတော်သား အသက်ကြီး သူတို့သည်ထ ၍ ကိုယ်တော် ကို ချီကြွ အံ့သောငှါ ချဉ်းကပ်ကြသော်လည်း၊ ဒါဝိဒ်သည် ငြင်းပယ်၍ သူတို့နှင့်အတူ အစာ မ စား ဘဲနေ၏။ ၁၈ ခုနစ် ရက် စေ့သော် သူငယ် သေ ၏။ ဒါဝိဒ် ၏ ကျွန် တို့ကလည်း ၊ သူငယ် အသက် ရှင်စဉ် အခါ ငါတို့ လျှောက် သော စကား ကိုနားထောင် တော်မ မူသည်ဖြစ်၍ ၊ သူငယ် သေ ကြောင်းကို လျှောက် လျှင် အလွန်ကိုယ်ကို ကိုယ်ညှဉ်းဆဲ တော်မူလိမ့်မည်ဟုဆို လျှက် သူငယ် သေ ကြောင်း ကို မ လျှောက် ဝံ့ကြ။ ၁၉ သို့ရာတွင် ကျွန် တို့သည် တိုးတိုး ပြောသောစကားကို ဒါဝိဒ် သည် ကြား လျှင် ၊ သူငယ် သေ ကြောင်း ကို ရိပ်မိ သဖြင့် ၊ သူငယ် သေ ပြီလော ဟု ကျွန် တို့ကို မေး တော်မူ၏။ သူတို့ကလည်း သေ ပါပြီဟု လျှောက် ကြ၏။ ၂၀

ထိုအခါ ဒါဝိဒ် သည် မြေ မှ ထ ၍ ရေချိုး ခြင်း၊ ဆီလိမ်း ခြင်း၊ အဝတ် လဲ ခြင်းကို ပြုပြီးလျှင် ၊ ထာဝရဘုရား ၏ အိမ်တော်သို့သွား ၍ ကိုးကွယ် ၏။ ထိုနောက် နန်း တော်သို့ ပြန်လာ ၍ စားစရာကိုတောင်း သောအခါ ၊ ကျွန်တို့ သည် စားပွဲတော်ကိုပြင် ၍ မင်းကြီးသည် စား တော်မူ၏။ ၂၁ ကျွန် တို့ကလည်း ၊ ကိုယ်တော်သည် အဘယ်သို့ ပြု တော်မူသနည်း။ သူငယ်အသက် ရှင်စဉ်အခါ၊ သူငယ် အတွက် အစာ ရှောင်လျက် ငိုကြွေး လျက် နေတော်မူ၏။ သူငယ် သေ သောအခါ ထ ၍ စားတော်ခေါ် ပါသည်တကားဟု လျှောက် လျှင်၊ ၂၂ ဒါဝိဒ်က၊ သူငယ် အသက် ရှင်စဉ်အခါ ဘုရားသခင် သည် ငါ့ ကို သနား တော်မူ၍ ၊ သူငယ် အသက် ကို ချမ်းသာပေးတော်မူမည်မမူမည်ကို အဘယ်သူ ဆို နိုင်သနည်းဟု အောက်မေ့လျက် ငါသည် အစာ ရှောင်၍ ငိုကြွေး လျက်နေ၏။ ၂၃ ယခု မှာသူငယ်သေ ပြီ။ အဘယ်ကြောင့် အစာ ရှောင်ရမည်နည်း။ သူငယ်ကိုပြန် ၍ ဆောင်ခဲ့နိုင် သလော။ သူ ရှိရာသို့ ငါ သွား ရမည်။ သူ သည် ငါ ရှိရာသို့ မ ပြန်မလာ ရဟု မိန့် တော်မူ၏။ ၂၄ တဖန် ဒါဝိဒ် သည် ခင်ပွန်း ဗာသရှေဘ ကို နှစ်သိမ့် စေသဖြင့် ၊ သူ ထံသို့ ဝင် ၍ ဆက်ဆံ လေ၏။ သူသည် လည်း သား ယောကျ်ားကို ဘွားမြင် ၍ ရှောလမုန် အမည် ဖြင့် အဘမှည့် လေ၏။ ၂၅ ထာဝရဘုရား သည် ထိုသူငယ် ကိုချစ် ၍ ကျေးဇူးပြုတော်မူသဖြင့်၊ ပရောဖက် နာသန် ကို စေခိုင်း ၍ ယေဒိဒိ အမည်ဖြင့် မှည့် တော်မူ၏။ ၂၆ ယွာဘ သည်လည်း အမ္မုန် ပြည်၊ ရဗ္ဗာ မြို့ကို တိုက် ၍ မြို့ တော်ကို ရ ပြီးမှ၊ ၂၇ ဒါဝိဒ် ထံတော်သို့လူကို စေလွှတ် ၍ ၊ ကျွန်တော်သည် ရဗ္ဗာ မြို့ကို တိုက် ၍ ကန်တော်ရှိရာမြို့ ကိုရ ပါပြီ။ ၂၈ ယခု မှာကြွင်း သော လူ တို့ကို စုဝေး စေသဖြင့် ၊ မြို့ နား မှာ တပ် တော်ချ၍ တိုက် ယူတော်မူပါ။ သို့မဟုတ် ကျွန်တော် ယူ ၍ ကျွန်တော် အမည် ဖြင့် မြို့ ကို သမုတ် ကြ လိမ့်မည်ဟု လျှောက် လျှင်၊ ၂၉ ဒါဝိဒ် သည် လူ အပေါင်း တို့ကို စုဝေး စေသဖြင့် ၊ ရဗ္ဗာ မြို့သို့ ချီသွား ၍ တိုက် ယူ လေ၏။ ၃၀ မင်းကြီး ၏သရဖူ ကို ချွတ်ယူ ၍ ခေါင်း တော်ပေါ် မှာတင်ကြ၏။ သရဖူအချိန် ကား ကျောက် မြတ် ကို မဆိုဘဲ ရွှေ အခွက် တဆယ်ရှိသတည်း။ မြို့ခွံလုယူ သော ဥစ္စာ အများ ကိုလည်း ထုတ် လေ၏။ ၃၁ မြို့သား တို့ကိုလည်း ထုတ်ဆောင် ၍ လွှ တိုက်မှု၊ သံ ထွန် ၊ သံ ပုဆိန် နှင့်အလုပ်မှုကို လုပ်စေ၍ အုတ်ဖို ၌ လည်း ကျင်လည်စေ၏။ ထိုသို့ ဒါဝိဒ်သည် အမ္မုန် မြို့ သူရွာသား အပေါင်း တို့ ၌ ပြု ပြီးမှ ၊ လူ အပေါင်း တို့နှင့်အတူယေရုရှင်လင် မြို့သို့ ပြန် လေ၏။

၁၃ ဒါဝိဒ် ၏သား အဗရှလုံ ၌ တာမာ အမည် ရှိသောအဆင်း လှသော နှမ တယောက်ရှိ ၏။ ဒါဝိဒ် ၏သား အာမနုန်သည် ထိုနှမ ကို ချစ် လေ၏။ ၂ ချစ်အားကြီးသောကြောင့်နာ ၍နေ၏။ နှမတော်သည် အပျိုကညာဖြစ်၏။ သူ ၌ အဘယ်သို့အလို ပြည့်စုံမည်ကို အာမနုန် သည် ကြံ၍မရနိုင်။ ၃ ဒါဝိဒ် အစ်ကို ရှိမာ သား ယောနဒပ် သည် အာမနုန် ၏ အဆွေ ခင်ပွန်းဖြစ်၏။ ထိုယောနဒပ် သည် လိမ္မာ သောသူဖြစ်၏။ ၄ ကိုယ်တော် သည် ရှင်ဘုရင် ၏ သား တော်ဖြစ်လျက် အဘယ်ကြောင့် တနေ့ထက်တနေ့ပိန်ချုံး တော်မူသနည်း။ ကျွန်တော် ကို မ ပြော ချင်သလော ဟုမေးလျှင် ၊ အာမနုန် က၊ ငါ့ ညီ အဗရှလုံ ၏ နှမ တာမာ ကို တပ်သောစိတ် ရှိသည်ဟု ပြန်ပြော ၏။ ၅ ယောနဒပ် ကလည်း ၊ ခုတင် ပေါ် မှာ တုံးလုံး နေ၍ နာ ဟန်ဆောင်ပါ။ ခမည်းတော် သည် အကြည့်အရှု ကြွလာ တော်မူသောအခါ ၊ အကျွန်ုပ်

နှမ တာမာ လာ ၍ ကျွေးမွေး ပါစေ။ သူချက်သော စားစရာကို အကျွန်ုပ်သည် မြင် ၍ သူ လက် ၌ စား ရမည်အကြောင်း၊ အကျွန်ုပ် ရှေ့မှာ ချက် ပါစေဟု အခွင့်တောင်း ရမည်ဟု အကြံပေးသည် အတိုင်း၊ ၆ အာမနုန် သည် တုံးလုံး နေ၍ နာ ဟန်ပြု၏။ ရှင် ဘုရင်သည် အကြည့်အရှု ကြွလာ တော်မူသောအခါ ၊ အာမနုန် က၊ အကျွန်ုပ် နှမ တာမာ လာ ပါစေ။ သူ လက် ၌ အကျွန်ုပ်သည် စား ရမည်အကြောင်း ၊ အကျွန်ုပ် ရှေ့မှာ မုန့်ပြား နှစ် ပြားကို လုပ် ပါစေဟု ရှင်ဘုရင် အား အခွင့်တောင်း လေ၏။ ၇ ဒါဝိဒ် သည်လည်း တာမာ အိမ် သို့ လူကို စေလွှတ်၍၊ သင် ၏မောင် အာမနုန် အိမ် သို့ သွား ပြီးလျှင် စားစရာ ကို ချက် ပေးပါဟု မှာလိုက် သည်အတိုင်း၊ ၈ တာမာ သည် မောင် အာမနုန် အိမ် သို့ သွား ၍ အာမနုန်သည် တုံးလုံး နေ၏။ တာမာသည် မုန့်ညက် ကို ယူ ၍ နယ် ပြီးမှ ၊ မောင်ရှေ့မှာ မုန့်ပြား တို့ကို လုပ် ၍ ဖုတ် လေ၏။ ၉ ပုကန်ပြား ကိုလည်း ယူ ၍ အာမနုန်ရှေ့မှာ လောင်း ထားသော်လည်း သူသည်မ စားဘဲ လူ အပေါင်း တို့ကို ငါ့ ထံမှ ထွက်သွား စေဟုဆို သဖြင့် ၊ လူ အပေါင်း တို့သည် ထွက်သွား ကြ၏။ ၁၀ တာမာ အား လည်း ၊ သင့် လက် ၌ ငါစား ရအောင် အခန်း ထဲသို့ ယူ ခဲ့လော့ဟုဆို သည်အတိုင်း ၊ တာမာ သည် မိမိလုပ် သော မုန့်ပြား တို့ကို ယူ ၍ မောင် အာမနုန် ရှိရာအခန်း ထဲသို့ ဝင် လေ၏။ ၁၁ ထိုသို့အာမနုန်စားစရာဘို့ ယူ ခဲ့သောအခါ ၊ သူသည် နှမလက်ကို ဆွဲ ၍၊ ငါ့ နှမ ၊ ငါ နှင့် အိပ် ပါဟု ဆို ၏။ ၁၂ တာမာကလည်းမ ပြူပါနှင့် ငါ့ မောင်။ ငါ့ ကိုမ ရှုတ်ချ ပါနှင့်။ ဣသရေလ အမျိုးဌ် ဤသို့ သောအမှုကို မ ပြု သင့်၊ ဤ အမှု ဆိုးကို မ ပြု ပါနှင့်။ ၁၃ ပြုလျှင်ငါ သည် ရှက် ခြင်းနှင့် အဘယ် သို့ကင်းလွတ် မည်နည်း။ သင် သည်လည်း ဣသရေလ အမျိုးဌ် လူမိုက် ကဲ့သို့ ဖြစ် လိမ့်မည်။ သို့ ဖြစ်၍ ရှင်ဘုရင် ကို လျှောက် ပါလော့။ လျှောက်လျှင်မ ပေးစားဘဲ နေတော် မ မူပါဟု ပြောဆို သော်လည်း၊ ၁၄ အာမနုန်သည် နား မ ထောင်။ နှမ ထက် အားကြီး သဖြင့် အနိုင် ပြု၍ အိပ် လေ၏။ ၁၅ တဖန် အာမနုန် သည် နှမကိုအလွန် မုန်း ပြန်၏။ အရင်ချစ် အားကြီး သည်ထက် မုန်း အားသာ၍ကြီး သဖြင့် ၊ သင်ထ ၍သွား တော့ဟုဆို ၏။ ၁၆ နှမကလည်း အကြောင်း မ ရှိပါ။ ငါ ၌ ပြု ဘူးသော အပြစ်ထက် ယခု နှင်ထုတ် သော အပြစ် သာ၍ကြီး သည် ဟု ဆို သော်လည်း ၊ အာမနုန်သည် နား မ ထောင်။ ၁၇ အစေခံ ကျွန် တယောက်ကို ခေါ် ၍ ဤ မိန်းမကို နှင်ထုတ် လော့။ သူ နောက် မှာ တံခါးကျင် ထိုးလော့ဟု စီရင် ၏။ ၁၈ အပျို ကညာဖြစ်သော ရှင်ဘုရင် ၏ သမီး တော် ဝတ် တတ်သည်အတိုင်း၊ အဆင်း အရောင်ထူးခြားသော အဝတ် ကိုဝတ်လျက်ရှိသောတာမာကို အစေခံ ကျွန်သည် နှင်ထုတ် ၍ သူ နောက် မှာ တံခါးကျင် ထိုးလေ၏။ ၁၉ တာမာ သည်လည်း ခေါင်း ပေါ် မှာ ပြာ ကိုတင် ၍ အဆင်း အရောင်ထူးခြားသော အဝတ် ကိုဆုတ် ပြီးမှ ၊ ခေါင်း ပေါ် ၌ လက် တင် ၍ ငိုကြွေး လျက် ပြန် သွား၏။ ၂၀ မောင်ရင်း အဗရှလုံ ကလည်း ၊ ငါ့အစ်ကို အာမနုန် သည် သင် နှင့်အတူ ရှိ ပြီလော။ သို့သော်လည်း ငါ့ နှမ တိတ်ဆိတ် စွာ နေလော့။ သူ သည် သင် ၏မောင် ဖြစ်၏။ ဤ အမှု ကို မ မှတ် နှင့်ဟုဆို သော်၊ တာမာ သည် မိမိ မောင် အဗရှလုံ အိမ် ၌ ဆိတ်ညံ စွာနေ၏။ ၂၁ ဒါဝိဒ် မင်းကြီး သည် ထို အမှု အလုံးစုံ ကို ကြားသိ သောအခါ ၊ အလွန် အမျက် ထွက်၏။ ၂၂ အဗရှလုံ သည် အစ်ကိုအာမနုန် အား ကောင်း သောစကား၊ မကောင်း သောစကားကိုမ ပြော။ သို့ရာတွင်နှမ တာမာ ကို ရှုတ်ချ သောကြောင့် အငြိုး ထား၏။

၂၃ ထိုနောက် နှစ် နှစ်စေ့သောအခါ အဗရှလုံ သည် ဖေရိမ် မြို့အနား ၊ ဗာလဟာဇော် ရွာမှာ သိုးမွေး ညှပ်ပွဲကို ခံ၍ ရှင်ဘုရင် ၏သား တော်အပေါင်း တို့ကို ခေါ် ဘိတ် လေ၏။ ၂၄ အဗရှလုံ သည်လည်း ရှင်ဘုရင် ထံ တော်သို့သွား ၍ ၊ ကိုယ်တော် ကျွန် သည် သိုးမွေး ညှပ်ပွဲကို ခံပါ၏။ ကျွန် များ တို့ကို ခေါ် ၍ကိုယ်တော် ကျွန် နှင့်အတူ ကိုယ်တော်တိုင် ကြွ တော်မူပါဟု လျှောက်လျှင်၊ ၂၅ ရှင် ဘုရင်ကမ သွား သင့်ငါ့ သား ၊ လူအပေါင်း တို့ကို မသွားစေနှင့်။ စရိတ်များမည်ကို စိုးရိမ်စရာရှိသည်ဟု ဆို သဖြင့် ၊ အဗရှလုံသွေးဆောင် သော်လည်း ကိုယ်တော်တိုင် မ လိုက် ဘဲ ကောင်းကြီး ပေး၏။ ၂၆ အဗရှလုံ ကလည်း ၊ လိုက်တော်မ မူလျှင် ၊ နောင်တော် အာမနုန် လိုက် ရသောအခွင့်ကိုပေး တော်မူပါဟု လျှောက် ပြန်သော် ၊ ရှင် ဘုရင်က အဘယ်ကြောင့် လိုက် စေရမည်နည်းဟု ဆို သော်လည်း၊ ၂၇ အဗရှလုံ ပူဆာ သောကြောင့် အာမနုန် မှစ၍ သား တော်ရှိသမျှ လိုက်ရသောအခွင့်ကိုပေး တော်မူ၏။ ၂၈ အဗရှလုံ ကလည်း ၊ အာမနုန် သည် စပျစ်ရည် ကို သောက်၍ ရွှင်လန်း သောအခါ စောင့်နေကြ။ အာမနုန် ကို ထိုး ခုတ်ကြဟု ငါဆို သောအခါ ၊ သေ အောင်လုပ်ကြဲကြ။ မ စိုးရိမ် ကြနှင့်။ ငါ စီရင် သည်မ ဟုတ်လော။ အားယူ ၍ ရဲရင့် ခြင်းရှိ ကြလော့ဟု မိမိ ကျွန် တို့အား မှာ ထားနှင့်သည် အတိုင်း၊ ၂၉ သူတို့သည် အာမနုန် ကို ပြု ကြ၏။ ထိုအခါ ရှင်ဘုရင် ၏ သား တော်အပေါင်း တို့သည် ထ ၍ လား ကို စီး လျက် ပြေး သွားကြ၏။ ၃၀ သူ တို့မရောက်မီအခြားသူလာ ၍၊ အဗရှလုံ သည် အရှင်မင်းကြီး ၏သား တော်အပေါင်း တို့ကိုသတ် ပါပြီ။ တယောက် မျှမ ကျန်ကြွင်း ပါဟု နားတော်လျှောက် လေ၏။ ၃၁ ရှင် ဘုရင်သည်ထ ၍ အဝတ် တော်ကို ဆုတ် လျက် မြေ ပေါ် မှာ တုံးလုံး နေ၏။ ကျွန် တော်အပေါင်း တို့ သည်လည်း၊ မိမိတို့အဝတ် ကို ဆုတ် လျက် အနား တော်၌ နေကြ၏။ ၃၂ ဒါဝိဒ် အစ်ကို ရှိမာ ၏ သား ယောနဒပ် က၊ အရှင်မင်းကြီး ၏ သား တော်အပေါင်း တို့ကိုသတ် လေပြီဟူသောစကားကို ယုံ တော်မ မူပါနှင့်။ အာမနုန် တယောက်တည်းသာ သေ ပါပြီ။ အဗရှလုံနှမ တာမာ ကို အာမနုန်သည် ရှုတ်ချ သောနေ့ မှစ၍ ဤအမှုကိုသူ၏ မောင်စီရင် ပါပြီ။ ၃၃ ယခု မှာ ကျွန်တော် သခင် အရှင်မင်းကြီး ၏ သား တော်အပေါင်း တို့သည် သေ ကြပြီဟုထင်လျက် စိတ် ညှိုးငယ်တော် မ မူပါနှင့်။ အာမနုန် တယောက်တည်းသာ သေ ၍ အဗရှလုံ လည်း ပြေး ပါလိမ့်မည်ဟု လျှောက် လေ ၏။ ၃၄ ထိုအခါ ကင်းစောင့် လုလင် သည် မြော် ကြည့် ၍ ၊ မိမိ နောက် ၌ တောင် ခြေရင်း လမ်း မှာ လူ များ လာ သည်ကို မြင် ၏။ ၃၅ ယောနဒပ် ကလည်း ၊ အရှင်မင်းကြီး ၏သား တော်တို့သည် လာ ကြပါပြီ။ ကိုယ်တော် ကျွန် ပြောသောစကား မှန် ပါ၏ဟု လျှောက် သည် အဆုံး ၌၊ ၃၆ ရှင်ဘုရင် ၏သား တော်တို့သည် ရောက် လာ၍ အသံ ကိုလွှင့် လျက် ငိုကြွေး ကြ၏။ ရှင်ဘုရင် နှင့် ကျွန် တော်အပေါင်း တို့သည် ပြင်းစွာ ငိုကြွေး ကြ၏။ ၃၇ အဗရှလုံ သည် ပြေး ၍ ဂေရှူရ မင်းကြီး အမိဟုဒ် သား တာလမဲ ထံသို့ သွား ၏။ ဒါဝိဒ်သည် မိမိ သား ကြောင့် နေ့ တိုင်းငိုကြွေး မြည်တမ်းလေ၏။ ၃၈ အဗရှလုံ သည် ဂေရှူရ မြို့သို့ ပြေး ပြီးမှ သုံး နှစ် နေ ၏။ ၃၉ တဖန် ဒါဝိဒ် မင်းကြီး သည် အာမနုန် သေ သောကြောင့် ၊ ထိုသူကို အောက်မေ့ သောစိတ်အားလျော့ သဖြင့် အဗရှလုံ ကို လွမ်းဆွတ် လျက်နေ၏။

၁၄ ထိုသို့ ရှင်ဘုရင် ၏ စိတ် နှလုံးသည် အဗရှလုံ သို့ ပါသွားကြောင်း ကို ဧရေယာ သား ယွာဘ သည် ရိပ်မိသောအခါ၊ ၂ တကော မြို့သို့ စေလွှတ် ၍ ပညာရှိ သောမိန်းမ ကို ခေါ် ပြီးလျှင် ၊ သင်သည် ဆီ မ လိမ်း ပါနှင့်။ စိတ် မသာညည်းတွားဟန်ပြု၍ မသာ အဝတ် ကို ဝတ် ပါတော့။ လူသေ အတွက် ကြာမြင့် စွာ ငိုကြွေး သောမိန်းမ ယောင်ဆောင် လျက်၊ ၃ ရှင်ဘုရင် ထံ တော်သို့ဝင် ၍ ဤသို့ လျှောက် ရမည်ဟု သွန်သင် လေ၏။ ၄ ထိုတကော မြို့သူမိန်းမ သည် အထံ တော်သို့ ဝင်၍ မြေ ပေါ် မှာ ပြပ်ဝပ် ရှိခိုး လျက် ၊ အရှင်မင်းကြီး ၊ ကယ်မ သနားတော်မူပါဟု လျှောက် လေ၏။ ၅ ရှင်ဘုရင် ကလည်း ၊ အဘယ် အမှုရှိသနည်းဟုမေး တော်မူလျှင် မိန်းမ က၊ ကျွန်တော်မ သည် လင်သေ သော မုတ်ဆိုးမ ဖြစ်ပါ၏။ ၆ ကိုယ်တော် ကျွန် မ၌ သား နှစ် ယောက်ရှိပါ၏။ ထိုသားနှစ် ယောက်တို့သည် ခိုက်ရန် ပြုကြပါ၏။ ဖျန်ဖြေ သောသူမ ရှိသောကြောင့် တယောက် သည် တယောက် ကို သေ သည်တိုင်အောင်လုပ်ကြံပါ၏။ ၇ ယခု မှာ အဆွေအမျိုး အပေါင်း တို့သည် ကိုယ်တော် ကျွန် မတဘက် ၌ထ ကြ၍ အစ်ကို ကို သတ်သောသူကိုသေစားသေစေ ခြင်းငှါ အပ် ရမည်။ အမွေခံ ကိုလည်း ငါတို့ပယ်ရှင်း မည်ဟုဆို ကြပါ၏။ ထိုသို့ပြုလျှင်၊ ကျွန်တော်မ ၌ ကျန်ကြွင်း သေးသော မီးခဲ ကို သူတို့သည် သတ် ကြပါလိမ့်မည်။ ကျွန်တော်မ လင် ၏အမည် ကိုလည်း ၊ အကျန် အကြွင်းကိုလည်း၊ မြေကြီး ပေါ် က သုတ်သင်ပယ်ရှင်းကြပါလိမ့်မည်ဟု လျှောက် လေသော်၊ ၈ ရှင် ဘုရင်က သင့် အိမ် သို့ ပြန်သွား လော့။ သင့်အမှုကို ငါ စီရင် မည်ဟု မိန်းမ အား မိန့် တော်မူ၏” ၉ တကော မြို့သူမိန်းမ ကလည်း ၊ အိုအရှင်မင်းကြီး ၊ ကျွန်တော်မ နှင့် ကျွန်တော်မ အဆွေအမျိုး ၌ အပြစ် ရောက်ပါစေ။ ရှင်ဘုရင် နှင့် ရာဇ ပလ္လင်တော်သည် အပြစ် လွတ်ပါစေဟုလျှောက် လျှင်၊ ၁၀ ရှင် ဘုရင်က၊ သင် ၌ အပြစ် တင်သောသူကို ငါ့ထံသို့ ခေါ် ခဲ့လော့။ နောက် တဖန်သင့် ကို မ နှောင့်ရှက် ရဟု မိန့် တော်မူသော်၊ ၁၁ မိန်းမက၊ သေစားသေစေသောသူတို့သည် ကျွန်တော်မ ၏သား ကိုသတ် မည်ဟု စိုးရိမ်ပါသည်ဖြစ်၍ ၊ သူတို့သည်အထူးသဖြင့်မ ဖျက်ဆီးစေခြင်းငှါအရှင်မင်းကြီးသည် ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား ကို အောက်မေ့ တော်မူပါဟု လျှောက်ပြန်သော် ၊ ရှင်ဘုရင်က၊ ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း ၊ သင့် သား ၏ဆံပင် တပင်မျှ မြေ ပေါ် သို့ မ ကျ ရဟု မိန့် တော်မူ၏” ၁၂ တဖန် မိန်းမ ကလည်း၊ ကိုယ်တော် ကျွန် မသည် အရှင် မင်းကြီး အား စကား တခွန်းလျှောက် ရသောအခွင့် ကိုပေး တော်မူပါဟု တောင်းပန် လျှင် ၊ လျှောက် လော့ဟု မိန့် တော်မူ၏” ၁၃ မိန်းမ ကလည်း ၊ သို့ ဖြစ်လျှင် ကိုယ်တော်သည် ဘုရား သခင်၏ လူ တို့တစ်ဘက် ၌ အဘယ်ကြောင့် ကြံစည် တော်မူသနည်း။ အရှင်မင်းကြီး နှင်ထုတ် သောသူကို တဖန်ခေါ် တော်မ မူသဖြင့်၊ ကိုယ်ကို အပြစ်တင်၍ စီရင် တော်မူပါပြီတကား။ ၁၄ ငါတို့သည် သေ အံ့သောသူဖြစ် ကြ၏။ မြေ ပေါ် မှာသွန် ပြီးလျှင်နောက်တဖန်ကျုံး ၍ မ ယူနိုင်သောရေ နှင့် တူ ကြပါ၏။ ဘုရား သခင်သည် လူမျက်နှာကို မ ထောက် သော်လည်း ၊ နှင်ထုတ် ခြင်းကိုခံရသောသူသည် အစဉ် နှင်ထုတ် ခြင်းကိုခံ၍ မ နေရမည်အကြောင်း ကြံစည် တော်မူ၏။ ၁၅ သို့ ဖြစ်၍ ကျွန်တော်မသည် လာ ၍ဤ အမှု ကို အရှင် မင်းကြီး အား လျှောက် ရသည်အကြောင်း မှာ၊ ကျွန်တော်မ ကြောက် အောင် လူ များတို့သည်ပြုကြပါ၏။ ကိုယ်တော် ကျွန်

မကလည်း ၊ ရှင်ဘုရင် ကို ငါလျှောက် မည်။ ရှင် ဘုရင်သည် ငါတောင်းပန်သည်အတိုင်း ပြု ကောင်း ပြုတော်မူမည်။ ၁၆ ငါ နှင့် ငါ့ သား ကိုဘုရား သခင်၏ အမွေ တော်မြေပေါ် က သုတ်သင်ပယ်ရှင်း သောသူ ၏လက် မှ ငါ့ကို နှုတ် အံ့သောငှါ နားထောင် တော်မူလိမ့်မည်ဟု ဆို ပါ၏။ ၁၇ ကိုယ်တော် ကျွန် မကလည်း ၊ ငါ့ သခင် အရှင်မင်းကြီး ၏ အမိန့် တော်ကြောင့် ချမ်းသာ ရ မည်။ ဘုရား သခင်၏ကောင်းကင် တမန်ကဲ့သို့ ငါ့ သခင် အရှင် မင်းကြီးသည် ကောင်း မကောင်း ကို ပိုင်းခြား ၍ သိတော်မူ၏ဟု အောက်မေ့ပါ၏။ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား သည် ကိုယ်တော် နှင့်အတူ ရှိ တော်မူလိမ့်မည်ဟု လျှောက် လေ၏။ ၁၈ ထိုအခါ ရှင် ဘုရင်က၊ ငါ မေးမြန်း သည်အမှု ကို မ ထိမ် မဝှက်ပါနှင့် ဟုအမိန့် ရှိသော် ၊ မိန်းမ က အရှင် မင်းကြီး အမိန့် ရှိတော်မူပါဟု လျှောက် လေ၏" ၁၉ ရှင် ဘုရင်ကလည်း ၊ ဤ အမှုဌ် ယွာဘ သည် သင့် အားအကြဲပေးသည်မဟုတ်လောဟုမေး သော် ၊ မိန်းမ က အိုအရှင် မင်းကြီး ၊ ကိုယ်တော် အသက် ရှင်တော်မူသည်အတိုင်း၊ အရှင် မင်းကြီး မိန့် တော်မူသော စကားလမ်းမှ လက်ျာ ဘက်လက်ဝဲ ဘက်သို့ အဘယ်သူမျှမ လွှဲနိုင် ရာ။ အကယ်စင်စစ် ကိုယ်တော် ကျွန် ယွာဘ သည် ကျွန်တော်မ ကို မှာ ထား၍ ဤ စကား အလုံးစုံ တို့ကို သွန်သင် ပါ၏။ ၂၀ ပရိယာယ်ပြု၍ ဤသို့ အယောင်ဆောင် စေခြင်းငှါ ကိုယ်တော် ကျွန် ယွာဘ သည် စီရင် ပါ၏။ အရှင်သခင် သည်လည်း မြေကြီး ပေါ် မှာ ရှိသမျှ တို့ကို သိ နိုင်သည် တိုင်အောင်ဘုရား သခင်၏ ကောင်းကင်တမန် သည် ပညာရှိ သကဲ့သို့ ပညာရှိ တော်မူသည်ဟု ပြန်လျှောက် လေ၏" ၂၁ ထိုအခါ ရှင် ဘုရင်က၊ ဤ အမှု ကို ငါစီရင် ရ၏။ သင်သွား ၍ ထို လုလင် အဗရှလုံ ကို တဖန်ခေါ် ရမည်ဟု ယွာဘ အား မိန့် တော်မူ၏။ ၂၂ ယွာဘ သည်လည်း မြေ ပေါ် မှာ ဦးချ ပြပ်ဝပ် လျက် ၊ ကျွန်တော် သခင် အရှင်မင်းကြီး ၊ ကိုယ်တော် ကျွန် အသနား တော်ခံသည်အတိုင်း အရှင်မင်းကြီး ပြု တော်မူသောကြောင့်၊ ကိုယ်တော် ကျွန် သည် ရှေ့ တော်၌ မျက်နှာရ ကြောင်း ကို ကျွန်တော်သိ ပါသည်ဟု ကျေးဇူးတော်ကို ဝန်ခံလေ၏။ ၂၃ ထိုနောက် ယွာဘ သည်ထ ၍ ဂေရှရ မြို့သို့ သွား သဖြင့် ၊ အဗရှလုံ ကို ယေရုရှလင် မြို့သို့ဆောင် ခဲ့လေ၏။ ၂၄ ရှင် ဘုရင်ကလည်း ၊ မိမိ အိမ် သို့ သွား စေ။ ငါ့ မျက်နှာ ကို မ မြင် စေနှင့်ဟု အမိန့် တော်ရှိသည်အတိုင်း ၊ အဗရှလုံ သည် မိမိ အိမ် သို့ သွား ၍ ရှင်ဘုရင် ၏ မျက်နှာ တော်ကို မ မြင် ရ။ ၂၅ ဣသရေလ အမျိုး တမျိုးလုံး တွင် အဗရှလုံ ကဲ့သို့ အဆင်းလှ ၍ ချီးမွမ်း ရသောသူတယောက်မျှမ ရှိ။ ခြေဘဝါး မှ သည် ဦးထိပ် တိုင်အောင် အပြစ် တခုမျှမ ရှိ။ ၂၆ ဆံပင်လေး သောကြောင့် ၊ နှစ်တိုင်းဖြတ်၍ တနှစ်လျှင် အကျပ်တော်အတိုင်း အကျပ် သုံးဆယ်ရတတ်၏။ ၂၇ အဗရှလုံ သည် သား သုံး ယောက်နှင့် တာမာ အမည် ရှိသောသမီး တယောက် ကိုမြင် လေ၏။ သမီးသည် အလွန်လှ သောသူဖြစ် ၏။ ၂၈ အဗရှလုံ သည် ရှင်ဘုရင် ၏ မျက်နှာ တော်ကို မ မြင် ရဘဲနှစ်နှစ် ပတ်လုံးယေရုရှလင် မြို့၌ နေ ပြီးမှ၊ ၂၉ ယွာဘ ကိုရှင်ဘုရင် ထံ တော်သို့ စေလွှတ် မည်အကြဲနှင့် ခေါ် သောအခါ ယွာဘသည်မ လာ။ ၃၀ ဒုတိယ အကြိမ်ခေါ် သော်လည်း မ လာ။ ထိုကြောင့် ကျွန် တို့အား ၊ ယွာဘ ၏ လယ် သည် ငါတို့နေရာ နှင့်နီးပြီ။ မုယော စပါးရှိ၏။ သွား ၍ မီး ရို့ ကြဟု စီရင်သည်အတိုင်း အဗရှလုံ ၏ကျွန် တို့သည် မီး ရို့ ကြ၏။ ၃၁ ထိုအခါ ယွာဘ သည် အဗရှလုံ အိမ် သို့ ထ သွား ၍ ၊ ကိုယ်တော် ၏ ကျွန် တို့သည် ကျွန်တော် လယ်

ကို အဘယ်ကြောင့် မီး ရှို့ ကြသနည်းဟုမေး သော်၊ ၃၂ အဗရှလုံ က၊ ငါသည် ဂေရှရ မြို့မှ အဘယ်ကြောင့် လာရသနည်း။ ထို မြို့၌ ယခုတိုင်အောင်နေကောင်း သည်ဟု လျှောက် စေခြင်းငှါ၊ သင့် ကို ရှင်ဘုရင် ထံ တော်သို့ စေလွှတ်မည်ဟု ငါခေါ်၏။ ယခု မှာ ရှင်ဘုရင် ၏ မျက်နှာ တော်ကို ငါမြင် ရပါစေ။ အပြစ် ရှိ လျှင် သတ် တော်မူပါစေဟု ယွာဘအား ပြောဆို သော်၊ ၃၃ ယွာဘ သည် ရှင်ဘုရင် ထံ တော်သို့ သွား ၍ လျှောက် သဖြင့်၊ အဗရှလုံ ကို ခေါ် တော်မူ၏။ အဗရှလုံ သည်လာ ၍ ရှင်ဘုရင် ရှေ့ တော်၌ ဦးချ ပြပ်ဝပ်၏။ ရှင် ဘုရင်သည် သူ့ကို နမ်း တော်မူ၏။

၁၅ ထိုနောက် မှအဗရှလုံ သည် ရထား များနှင့် မြင်း များကိုငင်း၊ မိမိ ရှေ့ မှာ ပြေး ရသောလူ ငါး ဆယ်ကိုငင်းပြင်ဆင်လေ၏။ ၂ အဗရှလုံ သည် စောစောထ ၍ တံခါးဝ မှာ ရပ် နေတတ်၏။ အမှု ရှိ သော သူသည် စီရင် တော်မူခြင်းကိုခံအံ့သောငှါ၊ ရှင်ဘုရင် ထံ တော်သို့ လာသောအခါ အဗရှလုံ က၊ သင် သည်အဘယ် မြို့ သားဖြစ်သနည်းဟုမေးလျှင်၊ ထိုသူက ကိုယ်တော် ကျွန် သည် ဣသရေလ အမျိုးအနွယ် သားဖြစ်ပါ၏ဟု ပြန်လျှောက်သော်၊ ၃ အဗရှလုံ က၊ သင့် အမှု သည် ဟုတ်မှန် လျောက်ပတ် ပေ၏။ သို့သော်လည်း သင့် အမှုကို ရှင်ဘုရင် မှစ၍ အဘယ်သူ မျှနား မထောင်ဟု ပြောဆိုတတ်၏။ ၄ တဖန်တုံ၊ ငါသည်ဤပြည် ၌ တရား စီရင်သော မင်းဖြစ် ပါစေသော။ သို့ ဖြစ်လျှင် တရားမှု ရှိ သော အမှုသည် အပေါင်း တို့သည် ငါ့ ထံသို့ လာ ၍ ငါသည် တရား သဖြင့် စီရင်မည်ဟုဆိုတတ်၏” ၅ လူတစုံတယောက် သည် ရှိသေ စွာပြု၍ ချဉ်းကပ် သောအခါ၊ အဗရှလုံသည် လက် ကိုဆန့် ၍ ထိုသူ ကို ကိုင် လျက် နမ်း လေ့ရှိ၏။ ၆ ထိုသို့စီရင် တော်မူခြင်းကိုခံ အံ့သောငှါ၊ ရှင်ဘုရင် ထံ တော်သို့လာ သော ဣသရေလ အမျိုးသားအပေါင်း တို့အား အဗရှလုံ ပြု ၍ သူတို့စိတ် နှလုံးကို ခိုး လေ၏။ ၇ လေး နှစ် လွန် သောအခါ အဗရှလုံ သည် ရှင်ဘုရင် ထံ တော်သို့ဝင်၍၊ ထာဝရဘုရား သည် အကျွန်ုပ် ကို တဖန်ယေရုရှလင် မြို့ သို့ဆောင် တော်မူလျှင်၊ ထာဝရဘုရား ဝတ် ကိုအကျွန်ုပ်ပြုပါမည်ဟု ကိုယ်တော် ကျွန် သည် ရှုရိ ပြည် ဂေရှရ မြို့၌ နေ သောအခါ သစ္စာဂတိ ပြုပါပြီ။ ၈ သို့ ဖြစ်၍ ကျွန်တော်သည် ထာဝရဘုရား အား သစ္စာဂတိပြု သည်အတိုင်း၊ ဟေဗြုန် မြို့သို့ သွား ၍ သစ္စာဝတ်ကို ဖြေ ရမည်အကြောင်း အခွင့်ပေးတော်မူပါဟု လျှောက် လျှင်၊ ၉ ရှင် ဘုရင်က၊ ငြိမ်ဝပ် စွာသွား လော့ဟု မိန့်တော်မူ၏။ ထိုအခါ အဗရှလုံသည်ထ ၍ ဟေဗြုန် မြို့သို့ သွား ၏။ ၁၀ သို့ရာတွင် လျှို့ဝှက် သောသူတို့ကို ဣသရေလအမျိုးအနွယ် ရှိသမျှ သို့ အနှံ့အပြားစေလွှတ် သဖြင့်၊ သင် တို့သည် တံပိုး မှုတ်သံ ကို ကြား သောအခါ အဗရှလုံ သည် ဟေဗြုန် မြို့၌ နန်း ထိုင်တော်မူပြီဟု ပြောဆို ကြလော့ဟု မှာ ထားလေ၏” ၁၁ အဗရှလုံ ခေါ် သော လူ နှစ် ရာတို့သည် ယေရုရှလင် မြို့ထဲက ထွက်သွား ကြ၏။ သူတို့သည် အဘယ် အမှု ကိုမျှ မ သိ ဘဲကောင်း သောစိတ် နှင့် လိုက် ကြ၏။ ၁၂ ဒါဝိဒ် ၏တိုင်ပင်မတ်၊ ဂိလော မြို့သားအဟိသောဖေလ သည် မိမိ နေရာဂိလော မြို့ ၌ ယဇ် ပူဇော် လျက်ရှိ၍ အဗရှလုံ ခေါ် လေ၏။ အဗရှလုံ နောက်သို့ လိုက်သောသူတို့ သည် တိုးပွား များပြား သဖြင့် ပုန်ကန်ခြင်းအမှု အားကြီးလေ၏။ ၁၃ သိတင်းပြော သောသူတယောက်သည် ဒါဝိဒ် ထံသို့ လာ ၍၊ ဣသရေလ အမျိုးသား တို့၏ စိတ် နှလုံးသည် အဗရှလုံဘက် သို့ ပါသွားပါပြီဟု ကြား လျှောက်လေ၏။ ၁၄ ဒါဝိဒ် ကလည်း၊ ငါတို့သည် ထ ၍ပြေး ကြကုန်အံ့၊ မပြေးလျှင်

အဗရှလုံ လက်နှင့်မ လွတ် ၊ အလျင်အမြန် ထွက် ကြကုန်အံ့။ သို့မဟုတ်လျှင် သူသည် ချက်ခြင်း တိုက်လာသဖြင့် ၊ ငါ တို့ကို ဘေး ပြု၍ မြို့ ကိုလည်း ထား နှင့် လုပ်ကြဲ လိမ့်မည်ဟု ယေရှုရှလင် မြို့တွင် အထံ တော်၌ရှိသော ကျွန် အပေါင်း တို့အား မိန့် တော်မူ၏။ ၁၅ ရှင်ဘုရင် ၏ ကျွန် တို့ကလည်း ၊ အရှင် မင်းကြီး စီရင် တော်မူသမျှ တို့ကို ကိုယ်တော် ကျွန် တို့သည် ပြုပါမည် ဟုလျှောက် ကြလျှင်၊ ၁၆ ရှင် ဘုရင်သည် နန်းတော်သား အပေါင်း တို့နှင့်တကွ ထွက်သွား ၏။ သို့ရာတွင် နန်း တော်ကို စောင့် စေခြင်းငှါ ၊ ကိုယ်လုပ်တော် မိန်းမ တကျိပ် တို့ကို ထားခဲ့ လေ၏။ ၁၇ ထိုသို့ ရှင်ဘုရင် နှင့် ကိုယ်တော်၌ပါသောသူ အပေါင်း တို့သည် ထွက်သွား ၍ ဗေသာမေရက်ရှာမှာ စားခန်းချ ကြ၏။ ၁၈ ကျွန် တော်မျိုးအပေါင်း တို့သည် ခြံရံလျက် လိုက်ကြ၏။ ဂါသ မြို့မှ လိုက်လာ သော သူ ခြောက် ရာ တည်းဟူသောဂိတ္တိ လူအပေါင်း နှင့် ခေရသိ လူ၊ ပေလသိ လူအပေါင်း သည် ရှေ့တော်၌ ချီသွား ကြ၏။ ၁၉ ထိုအခါ ရှင် ဘုရင်သည် ဂိတ္တိ လူအိတ္တဲ အား လည်း၊ ငါ တို့နှင့် အဘယ်ကြောင့် လိုက် သနည်း။ ရှင်ဘုရင် ထံသို့ ပြန် ၍ နေ လော့။ သင် သည် တပါး အမျိုးသား၊ နေရာ မကျ သော ဧည့်သည်ဖြစ်၏။ ၂၀ မနေ့က သာရောက် လာသည်ဖြစ်၍ ၊ ယနေ့ ငါ တို့ နှင့်အတူ အရပ်ရပ်လှည့်လည် ရမည်လော။ ငါ သည် သွား ရသောအခွင့်ရှိသည်အတိုင်း သွား ရသောကြောင့် ၊ သင်သည် အမျိုးသား ချင်းတို့ကို ခေါ်၍ ပြန် လော့။ ကရုဏာ နှင့် သစ္စာ ရှိပါစေသောဟု မိန့် တော်မူ၏။ ၂၁ အိတ္တဲ ကလည်း ၊ ထာဝရဘုရား အသက် ၊ အရှင် မင်းကြီး အသက် ရှင်တော်မူသည်အတိုင်း၊ အကယ်၍ အရှင် မင်းကြီး အသက် တော်ဆုံးသည်ဖြစ်စေ ၊ ချမ်းသာ သည်ဖြစ်စေ ၊ ရှိ တော်မူရာ အရပ် ၌ ကိုယ်တော် ကျွန် ရှိ ပါ လိမ့်မည်ဟု ရှင်ဘုရင် အား ပြန် လျှောက်သော်၊ ၂၂ ဒါဝိဒ် က၊ ချီ သွား လော့ဟု အိတ္တဲ အား မိန့် တော်မူသဖြင့် ၊ ဂိတ္တိ လူအိတ္တဲ သည် မိမိ ၌ ပါသော လူကြီး လူငယ် အပေါင်း တို့နှင့်တကွ ချီသွား လေ၏။ ၂၃ ပြည်သူ ပြည်သားအပေါင်း တို့သည် ပြင်းစွာ ငိုကြွေး ကြ၏။ နောက်တော်၌ လိုက်သောသူ အပေါင်း တို့ သည် ချီသွား ၍ ၊ ရှင် ဘုရင်သည် ကိုယ်တော်တိုင် ကေဒြုန် ချောင်း ကို ကူး လျှင် ၊ လူ အပေါင်း တို့သည် ကူး ၍တော လမ်း သို့ လိုက်သွားကြ၏။ ၂၄ ဇာဒုတ် နှင့် လေဝိ လူအပေါင်း တို့သည်လည်း ဘုရား သခင်၏ ပဋိညာဉ် သေတ္တာ တော်ကို ထမ်း လျက် ရောက်လာ၍ သေတ္တာ တော်ကို ချထား ကြ၏။ လူ အပေါင်း တို့သည် မြို့ ထဲက ထွက် ၍ မ ကုန် မီတိုင်အောင်အဗျာသာ သည် ယဇ်ပူဇော် လျက် နေ၏။ ၂၅ ရှင် ဘုရင်သည် ဇာဒုတ် ကို ခေါ်၍၊ ဘုရား သခင်၏ သေတ္တာ တော်ကို မြို့ ထဲသို့ ပြန်ပို့ လော့။ ထာဝရဘုရား သည် ငါ့ကို စိတ် တော်နှင့်တွေ့လျှင် ငါ့ ကိုပို့ ပြန် ၍ သေတ္တာတော်ကိုငှင်း၊ ကျိန်းဝပ် တော်မူရာအရပ်ကိုငှင်းပြ တော်မူမည်။ ၂၆ သို့မဟုတ် သင့် ကိုငါအလို မ ရှိဟု ငါ့အားမိန့် တော်မူလျှင် ငါ ရှိပါ၏။ အလိုတော်ရှိသည်အတိုင်း ပြု တော်မူစေသတည်းဟူ၍ငှင်း၊ ၂၇ ယဇ်ပုရောဟိတ် ဇာဒုတ် အား လည်း သင် သည် ပရောဖက်ဖြစ်သည်မဟုတ်လော။ သင် ၏သား အဟိမတ် နှင့် အဗျာသာ ၏သား ယောနသန် ၊ ထိုသား နှစ် ယောက်ကို ခေါ်၍ မြို့ သို့ငြိမ်ဝပ် စွာ ပြန် သွားလော့။ ၂၈ သင် တို့ကြား လျှောက်စေသော စကား မ ရောက် မှီ ငါ သည်တော လွင်ပြင် ၌ ဆိုင်းလင့် ၍နေမည်ဟု မိန့်တော်မူ သည်အတိုင်း၊ ၂၉ ဇာဒုတ် နှင့် အဗျာသာ တို့သည် ဘုရား သခင်၏ သေတ္တာ တော်ကို ယေရှုရှလင် မြို့ သို့ ပြန်ပို့ ၍ ထို မြို့၌ နေ ကြ၏။ ၃၀ ဒါဝိဒ်

သည်လည်း ငို လျက် ၊ ဦးခေါင်း ကို ခြုံ လျက် ၊ ခြေနင်း ကိုချွတ်လျက် သံလွင် တောင် ပေါ် သို့ တက် လေ ၏။ နောက်တော်၌ လိုက်သော သူ အပေါင်း တို့သည်လည်း ဦးခေါင်း ကိုခြုံ လျက် ငိုကြွေး လျက် တက် ကြ၏။ ၃၁ အဗျှလုံ နှင့် ဝိုင်း ၍ ပုန်ကန်သော လူစုထဲမှာ ၊ အဟိသောဖေလ လည်း ပါကြောင်းကို ဒါဝိဒ် သည် ကြား လျှင် ၊ အိုထာဝရဘုရား ၊ အဟိသောဖေလ ပေးသောအကြံ ကို မိုက် သောအကြံဖြစ်စေတော်မူပါဟု ဆုတောင်း လေ၏။ ၃၂ တောင်ပေါ် သို့ ရောက် သောအခါ ဒါဝိဒ် သည် ဘုရား သခင်ကို ကိုးကွယ် ၏။ အာခိ မြို့သားဟုရှဲ သည် လည်း အင်္ကျီ ကိုဆုတ် လျက် ခေါင်း ပေါ် မှာ မြေမှုန့် ကို တင်လျက် ခရီးဦးကြို ပြုအံ့သောငှါ လာ၏။ ၃၃ ဒါဝိဒ် ကလည်း ၊ သင်သည်ငါ နှင့်အတူ လိုက် လျှင် ငါ့ ကို နှောက်ရှက် လိမ့်မည်။ ၃၄ မြို့ သို့ ပြန် ၍ အဗျှလုံ အား ၊ အရှင်မင်းကြီး ၊ ကျွန်တော် သည် ခမည်းတော် ထံ၌ကျွန် ခံ ဘူးသည်နည်းတူကိုယ်တော် ထံ၌ကျွန် ခံပါမည်ဟု လျှောက် လျှင် ၊ အဟိသောဖေလ ပေး သော အကြံ ကို ငါ့ ဘက် မှာနေ၍ ဖျက် နိုင်လိမ့်မည်။ ၃၅ မြို့တွင်သင် နှင့်အတူ ယဇ် ပုရောဟိတ်ဇာဒုတ် နှင့် အဗျာသာ တို့သည် ရှိကြသည်မ ဟုတ်လော။ သို့ ဖြစ်၍ နန်း တော်၌ ကြား သမျှ ကို ယဇ်ပုရောဟိတ် တို့အား ပြန် ပြောရမည်။ ၃၆ သူ တို့ ၌ ဇာဒုတ် ၏သား အဟိမတ် နှင့် အဗျာသာ ၏သား ယောနသန် သား နှစ် ယောက်ရှိ ကြ၏။ ကြား နိုင်သမျှ ကို ထိုသားတို့တွင် ငါ့ ထံသို့ ပေးလိုက် ရမည်ဟု မိန့် တော်မူသည် အတိုင်း၊ ၃၇ ဒါဝိဒ် ၏အဆွေ ခင်ပွန်းဟုရှဲ သည် မြို့ သို့ ပြန်သွား ၏။ အဗျှလုံ သည်လည်း ယေရုရှလင် မြို့ သို့ ဝင် လေ၏။

၁၆ ဒါဝိဒ် သည် တောင်ထိပ် ကို အနည်းငယ် လွန် သောအခါ ၊ မေဖိဗောရှက် ၏ ကျွန် ဇိဘ သည် ကုန်းနှီး တင်သောမြည်း နှစ် စီးနှင့်တကွ မုန့်လုံး နှစ် ရာ၊ စပျစ်သီး ခြောက်အပြွတ်တရာ ၊ သင်္ဘောသဖန်းသီးပျဉ်အပြားတရာ စပျစ်ရည် ဘူး တလုံးကို မြည်းပေါ် မှာ တင်ဆောင်လျက် ခရီးဦးကြို ပြုအံ့သောငှါ လာ၏။ ၂ ရှင် ဘုရင်ကလည်း ၊ အဘယ်သို့ ပြုခြင်းငှါ ဤ ဥစ္စာ ကို ဆောင်ခဲ့သနည်းဟု ဇိဘ အား မေး လျှင် ၊ ဇိဘ က၊ မြည်း တို့သည် နန်းတော်သား များ စီး ဘို့ ၊ မုန့် နှင့် သစ်သီး တို့သည် လုလင် များစား ဘို့ ၊ စပျစ်ရည် သည်လည်း တော ၌ မော သောသူများသောက် ဘို့ ဖြစ်ပါသည်ဟု လျှောက် ၏။ ၃ ရှင် ဘုရင်ကလည်း ၊ သင့် သခင် ၏ သား သည် အဘယ်မှာ ရှိသနည်းဟုမေး လျှင် ဇိဘ က၊ ယေရုရှလင် မြို့ ၌ နေရစ် ပါ၏။ ယနေ့ မှာ ဣသရေလ အမျိုး သည် ငါ့ အဘ ၏ နိုင်ငံ ကိုငါ့ အား ပြန် ပေးလိမ့်မည်ဟု ဆို ကြောင်း ကို လျှောက် လေသော်၊ ၄ ရှင် ဘုရင်က၊ မေဖိဗောရှက် နှင့် ဆိုင်သမျှ သော ဥစ္စာသည် သင့် ဥစ္စာဖြစ်စေဟု ဇိဘ အား မိန့် တော်မူ၏။ ဇိဘ ကလည်း ၊ အရှင် မင်းကြီး ကျွန်တော်သည်ရှေ့ တော်၌ မျက်နှာရ ပါမည်အကြောင်းရှိခိုး အသနားတော် ခံပါသည်ဟု ပြန်လျှောက် လေ၏။ ၅ ဒါဝိဒ် မင်းကြီး သည် ဗာဟုရိမ် မြို့ သို့ ရောက် သောအခါ ၊ ရှောလု ၏အဆွေအမျိုး ဂေရ သား ရှိမိ အမည် ရှိသောသူသည် ကျိန်ဆဲ လျက် ထွက်လာ ၏။ ၆ ဒါဝိဒ် မင်းကြီးနှင့် ကျွန် တော်မျိုးအပေါင်း တို့ကို ကျောက်ခဲ နှင့် ပစ် လေ၏။ လူ များအပေါင်း နှင့် မှူး တော် မတ်တော်အပေါင်း တို့သည် လက်ျာ တော်ဘက်၊ လက်ဝဲ တော်ဘက်၌ ရှိကြ၏။ ၇ ရှိမိ ကျိန်ဆဲ သောစကားဟူမူကား ၊ သွား ဟဲ့။ သွား ဟဲ့။ လူ အသက် ကိုသတ် သောအဓမ္မ လူ၊ ၈ ရှောလု ၏နိုင်ငံကို လုယူ၍ သူ၏အဆွေအမျိုး ကိုသတ် သောအပြစ် အလုံးစုံ

ကို သင့် ခေါင်းပေါ် မှာ ထာဝရဘုရား သက်ရောက် စေ၍၊ နိုင်ငံ တော်ကို သင် ၏သား အဗရှလုံ လက် ၌ အပ် တော်မူပြီ။ သင် သည်လူ အသက် ကိုသတ် သောသူဖြစ်သောကြောင့် ကြည့် ပါ။ အမှုကြီးရောက်လေပြီဟုဆို၏" ၉ ဇေရုယာ သား အဘိရှဲ ကလည်း၊ ထို ခွေး သေ ကောင်သည် အရှင် မင်းကြီး ကို ကျိန်ဆဲ ရမည်လော။ ကျွန်တော်သွား ၍ သူ ၏လည်ပင်း ကို ဖြတ် ပါရစေဟု နား တော်လျှောက်လျှင်၊ ၁၀ ရှင် ဘုရင်က အိုဇေရုယာ သား တို့၊ သင် တို့သည်ငါ နှင့် အဘယ်သို့ ဆိုင်သနည်း။ ထိုသူသည် ကျိန်ဆဲ ပါလေ စေ။ ဒါဝိဒ် ကို ကျိန်ဆဲ လော့ဟု ထာဝရဘုရား မှာ ထားတော်မူပြီ။ သို့ ဖြစ်၍ သင်သည် အဘယ်ကြောင့် ဤသို့ ပြု သနည်းဟု အဘယ်သူ ဆို ရမည်နည်းဟူ၍ငင်း၊ ၁၁ ကြည့် ပါ။ ငါ့ ကိုယ် ထဲက ထွက် သော ငါ့ သားရင်း သည် ငါ့ အသက် ကို ရှာ ၏။ ထိုဗင်္ယာမိန် အမျိုးသားသည် ထိုမျှမက အခွင့်ရှိလိမ့်မည်။ သူ့ ကို ရှိ ပါလေစေ။ ကျိန်ဆဲ ပါလေစေ။ ထာဝရဘုရား မှာ ထားတော်မူပြီ။ ၁၂ ထာဝရဘုရား သည် ငါ၏ဒုက္ခ ကို ကြည့်ရှု၍ ယနေ့ ထိုသူကျိန်ဆဲ သည်အတွက် ကောင်း သောအကျိုး ကို ပြန် ပေးကောင်း ပေးတော်မူလိမ့်မည်ဟူ၍ငင်း၊ အဘိရှဲ နှင့် ကျွန် တော်မျိုးအပေါင်း တို့အား မိန့် တော်မူ၏။ ၁၃ ဒါဝိဒ် သည် နောက် တော်လိုက်သူတို့နှင့်တကွလမ်း ၌ သွား စဉ်တွင်၊ ရှိမိ သည် ဒါဝိဒ်တစ်ဘက်တချက် ၊ တောင် ခါးပန်းနား မှာ ရှောက်သွား သဖြင့် ၊ ကျိန်ဆဲ လျက် ကျောက်ခဲ နှင့် ပစ် ၍ မြေမှုန့် ကိုလည်း ပက် လေ၏" ၁၄ ရှင်ဘုရင် မှစ၍နောက်တော်သို့ လိုက်သော သူ အပေါင်း တို့သည် မော လျက် ၊ ဗာဟုရိမ်မြို့သို့ရောက် ၍ အမောအပန်း ဖြေကြ၏။ ၁၅ အဗရှလုံ နှင့် လူ အပေါင်း တို့သည် ယေရုရှလင် မြို့သို့ ရောက် ၍ အဟိသောဖေလ လည်း ပါ၏။ ၁၆ ဒါဝိဒ် ၏ အဆွေ ခင်ပွန်းအာခိ လူဟုရှဲ သည်လည်း အဗရှလုံ ထံသို့ ရောက်လာ ၍ ၊ ရှင်ဘုရင် အသက် တော်ရှင်စေသတည်း၊ ရှင်ဘုရင် အသက် တော်ရှင်စေသတည်းဟု ကောင်းကြီး ပေး၏။ ၁၇ အဗရှလုံ ကလည်း ၊ သင် ၏အဆွေ ခင်ပွန်း၌ ဤသို့ ကျေးဇူး ပြုသလော။ သင် ၏အဆွေ ခင်ပွန်းနှင့်အတူ အဘယ်ကြောင့် မ လိုက် သနည်းဟု ဟုရှဲ အား ဆို လျှင်၊ ၁၈ ဟုရှဲ က၊ ထိုသို့မိန့်တော်မမူပါနှင့်။ ထာဝရဘုရား မှစ၍ဤ လူ များနှင့် ဣသရေလ လူ များအပေါင်း တို့သည် ရွေးချယ် သော သူထံမှာကျွန်တော်ကျွန်ခံ ပါမည်။ ထိုသူ ထံမှာ နေ ပါမည်ဟူ၍ငင်း၊ ၁၉ တဖန် အကြင်သူ ထံ၌ ကျွန် ခံရ၏။ ထိုသူ ၏သား ထံ၌ ကျွန်ခံရသည် မ ဟုတ်ပါလော။ ကျွန်တော်သည် ခမည်းတော် ထံ၌ ကျွန် ခံသည့်နည်းတူ ကိုယ်တော် ထံ၌ လည်း ကျွန်ခံ ပါမည်ဟူ၍ငင်း၊ အဗရှလုံ အား လျှောက်ဆို ၏" ၂၀ အဗရှလုံ ကလည်း ၊ ငါတို့သည်အဘယ်သို့ ပြု ရမည်ကို အကြံ ပေး ပါဟု အဟိသောဖေလ အား ဆို လျှင်၊ ၂၁ အဟိသောဖေလ က၊ နန်း တော်ကို စောင့် စေခြင်းငှါ ခမည်းတော် ထားခဲ့ သော ကိုယ်လုပ်တော် တို့ရှိရာသို့ ဝင် တော်မူပါ။ ခမည်းတော် သည်ကိုယ်တော်အား စက်ဆုပ် ရွံရှာကြောင်း ကို ဣသရေလ အမျိုးသားအပေါင်း တို့သည်ကြား ၍ ၊ ကိုယ်တော် ဘက် ၌နေသော သူအပေါင်း တို့သည် လက် အားကြီး ကြပါလိမ့်မည်ဟု လျှောက် သည် အတိုင်း၊ ၂၂ နန်းတော်ပေါ် မှာ အဗရှလုံ အဘို့ မျက်နှာကြက် ကိုမိုး၍၊ သူသည် ဣသရေလ အမျိုးသားအပေါင်း တို့ ရှေ့ မှာ ခမည်းတော် ၏ ကိုယ်လုပ်တော် တို့ ရှိရာသို့ ဝင် လေ၏။ ၂၃ ထို ကာလ ၌ အဟိသောဖေလ ပေး သော အကြံ သည်

ဘုရားသခင့် ထံတော်၌ မေးလျှောက် ၍ခံရသော ဗျာဒိတ် တော်ကဲ့သို့ ဖြစ်၏။ သူပေးသမျှ သောအကြောင်း ကို ဒါဝိဒ် နှင့် အဗရှလုံ သည် ဗျာဒိတ်တော်ကဲ့သို့မှတ်တတ် သတည်း။

၁၇ တဖန် အဟိသောဖေလ က၊ ကျွန်တော်သည် လူ တသောင်း နှစ်ထောင်တို့ကို ရွေးကောက် ပါရစေ။ ယနေ့ညဉ့် ပင် ကျွန်တော်ထ ၍ ဒါဝိဒ် ကိုလိုက် ပါမည်။ ၂ သူ သည်မော လျက် လက်အားနည်း လျက် နေစဉ် အခါ ကျွန်တော်တိုက် ၍ သူ့ ကိုထိတ်လန့် စေမည်။ သူ ၌ ပါသော လူ အပေါင်း တို့သည် ပြေး ကြ၍ ၊ ရှင်ဘုရင် ကိုသာ ကျွန်တော်လုပ်ကြောပါမည်။ ၃ လူ အပေါင်းတို့ကို ကိုယ်တော် ထံသို့ ဆောင်ခဲ့ ပါမည်။ ကိုယ်တော် ရှာ သော သူ တယောက်တည်းကိုရလျှင်၊ လူ အပေါင်း တို့သည် ပြန်လာ ၍ ငြိမ်ဝပ် ကြပါလိမ့်မည်ဟု လျှောက်လျှင်၊ ၄ ထိုစကား ကိုအဗရှလုံ နှင့် ဣသရေလ အမျိုး အသက်ကြီး သူတို့သည် နှစ်သက် ကြ၏။ ၅ ထိုအခါ အဗရှလုံ က၊ အာခိ လူဟုရှဲ ကို လည်း ခေါ်ခဲ့။ ငါတို့သည် သူ ၏စကား ကိုနာကြား ကြကုန်အံ့ဟုဆို သည် အတိုင်း၊ ၆ ဟုရှဲ သည်လာ ၍ အဗရှလုံ က၊ အဟိသောဖေလ သည် ဤ မည်သောအကြံ ကိုပေး ပြီ။ သူ ၏စကား ကို နားထောင် သင့်သလော။ သို့မဟုတ် သင် ပြော လော့ဟုဆို လျှင်၊ ၇ ဟုရှဲ က အဟိသောဖေလ ပေး သော အကြံ သည် ယခု ကာလ ၌ မ လျော် ပါ။ ၈ ခမည်းတော် နှင့် သူ ၏လူ တို့သည် ခွန်အား ကြီးသောသူဖြစ်ကြောင်း ကိုငင်း ၊ ယခုမူကား တော ၌ သားငယ် ပျောက်သော ဝံမ ကဲ့သို့ ပြင်းထန် သောစိတ် ရှိကြောင်းကိုငင်း၊ ကိုယ်တော် သိ တော်မူ၏။ ခမည်းတော် သည်လည်း စစ်သူရဲ ဖြစ်၍ လူ များတို့နှင့်အတူ မ အိပ် တတ်။ ၉ ယခု မှာသူ သည် မြေတွင်း တစုံတခု ၌ ပုန်း လျက်နေပါလိမ့်မည်။ သို့မဟုတ် အခြားသောအရပ် ၌ ပုန်းလျက် နေပါလိမ့်မည်။ လူအချို့တို့သည် အဦး လဲ ၍သေလျှင် ထိုသိတင်းကိုကြား သောသူက၊ အဗရှလုံ နောက် သို့ လိုက်သော သူ သည် ဆုံးရှုံး ကြပြီဟု ကြားပြော ကြပါလိမ့်မည်။ ၁၀ ထိုအခါ ရဲရင့် သောသူ၊ ခြင်္သေ့ နှလုံး ကဲ့သို့ နှလုံး ရှိသော သူသည် စိတ်ပျက် ပါလိမ့်မည်။ ခမည်းတော် သည် ခွန်အား ကြီးသောသူဖြစ်ကြောင်း ကိုငင်း ၊ သူ ၌ ပါသော သူတို့ သည် ရဲရင့် ခြင်းသတ္တိရှိသောသူဖြစ်ကြောင်းကိုငင်း၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် သိ ကြပါ၏။ ၁၁ သို့ ဖြစ်၍ ကျွန်တော်သည် အကြံ ပေးပါမည်။ ဒန် မြို့မှစ၍ ဗေရရှေဘ မြို့တိုင်အောင် ဣသရေလ အမျိုးသားအပေါင်း တို့သည် အရေအတွက် အားဖြင့် သမုဒ္ဒရာ သဲလုံး နှင့်အမျှ ကိုယ်တော် ထံ၌ စည်းဝေး ၍ ကိုယ်တော်တိုင်စစ် ချီ တော်မူရမည်။ ၁၂ ထိုသို့ခမည်းတော်ကိုတွေ့ သော အရပ် တစုံတခု ၌ သူ့ ထံသို့ ရောက် လျှင် ၊ မြေ ပေါ် မှာ နှင်း ကျ သကဲ့သို့ သူ့ ကို လွှမ်းမိုး၍ သူ နှင့် သူ ၌ ရှိသော သူ တယောက် မျှ မ ကျန်ကြွင်း ရ။ ၁၃ ၎င်း နည်းခမည်းတော်သည် မြို့ တမြို့ထဲသို့ ဝင်လျှင် ၊ ဣသရေလ အမျိုးသားအပေါင်း တို့သည် ကြိုး များကို ယူ ခဲ့၍ ထို မြို့ ၌ ကျောက်စရစ် တခုကိုမျှ မ ကျန် စေခြင်းငှါချိုင့် ထဲသို့ ဆွဲချ ရကြမည်ဟု လျှောက် လေသော်၊ ၁၄ အဗရှလုံ နှင့် ဣသရေလ အမျိုးသား အပေါင်း တို့က၊ အာခိ လူဟုရှဲ ပေးသော အကြံ သည်အဟိသောဖေလ ပေးသောအကြံ ထက် သာ၍ ကောင်း သည်ဟု ပြောဆို ကြ၏။ အကြောင်းမူကား ၊ ထာဝရဘုရား သည် အဗရှလုံ ၌ ဘေး ရောက် စေခြင်းငှါ ၊ အဟိသောဖေလ ပေးသော အကြံ ကောင်း ကို ဖျက် စေမည်အကြောင်း စီရင် တော်မူ၏။ ၁၅ ထိုအခါ ဟုရှဲ သည် ယဇ်ပုရောဟိတ် ဇာဒုတ် နှင့်

အဗျာသာ တို့အား ၊ အဟိသောဖေလ သည် ဤ မည်သော အကြံ ကို အဗရှလုံ နှင့် ဣသရေလ အမျိုးအသက်ကြီး သူတို့ အားပေးပြီ။ ကျွန်ုပ် သည်လည်း ဤ မည်သောအကြံ ကိုပေး ပြီ။ ၁၆ သို့ ဖြစ်၍ ဒါဝိဒ် ထံသို့ အလျင်အမြန် စေလွှတ် ၍ ယနေ့ည မှာ တော လွင်ပြင် ၌ မ နေ ပါနှင့်။ အလျင်အမြန်ကူး သွားပါ။ သို့မဟုတ် လျှင် ရှင်ဘုရင် နှင့် လူ အပေါင်း တို့ သည် ဆုံးရှုံး ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ကြား လျှောက်မည်အကြောင်းမှာလိုက် သဖြင့်၊ ၁၇ ယောနသန် နှင့် အဟိမတ် သည် မြို့ ထဲသို့ ဝင် လျှင် သူတပါးမြင်မည်စိုးသောကြောင့် ၊ အရှေ်ဂေလ ရွာ နား မှာ နေ ရစဉ်တွင်၊ မိန်းမ ကလေးတယောက်သွား ၍ ပြော သည်အတိုင်း သူ တို့သည် ဒါဝိဒ် မင်းကြီး ထံသို့ သွား ၍ လျှောက် ကြ၏။ ၁၈ သို့ရာတွင် လူကလေး တယောက်သည် ထိုသူ တို့ကိုမြင် ၍ အဗရှလုံ အား လျှောက် လေ၏။ သူတို့သည် အလျင်အမြန် သွား ၍ ဗာဟုရိမ် မြို့တွင် အိမ် တအိမ်သို့ ဝင် သဖြင့် ထိုအိမ် ဝင်း ထဲမှာ ရှိသော ရေတွင်း သို့ ဆင်း ၍၊ ၁၉ မိန်းမ သည်ရေတွင်းဝ ကို ဖုံး ပြီးမှဆန် ကိုလှန်း ၍ ထားသောကြောင့် ထိုအမှု သည် မ ထင်ရှား။ ၂၀ အဗရှလုံ ၏ ကျွန် တို့သည်ထိုအိမ် သို့ ရောက် ၍ အဟိမတ် နှင့် ယောနသန် တို့သည် အဘယ်မှာ ရှိသနည်းဟု မိန်းမ အား မေး လျှင် ၊ မိန်းမ က၊ ချောင်း တဘက်သို့ ကူး ကြပြီဟု ပြော သဖြင့် သူတို့သည် ရှာ ၍ မ တွေ့ သောအခါ ယေရုရှလင် မြို့သို့ ပြန် သွားကြ၏။ ၂၁ ပြန်သွား သောနောက် အဟိမတ်နှင့် ယောနသန်သည် ရေတွင်း ထဲက တက် ၍ ဒါဝိဒ် မင်းကြီး ထံသို့ သွား ပြီးလျှင် ၊ မြစ် တစ်ဘက်သို့ အလျင်အမြန် ထ ၍ ကြွ တော်မူပါ။ အဟိသောဖေလ သည် ကိုယ်တော် တစ်ဘက် ၌ ဤ မည်သော အကြံ ကိုပေးပါပြီဟု လျှောက် သော်၊ ၂၂ ဒါဝိဒ် နှင့် လူ အပေါင်း တို့သည် ထ ၍ ယော်ဒန် မြစ်ကိုကူး ကြ၏။ မိုဃ်းလင်း သောအခါ မ ကူး သောသူတယောက် မျှ မရှိ။ ၂၃ အဟိသောဖေလ သည် မိမိ ပေးသောအကြံ သို့ မ လိုက် ကြသည်အကြောင်း ကို သိမြင် သောအခါ ၊ မြည်း ကို ကုန်းနှီးတင် စေပြီးလျှင် ထ ၍ မိမိ နေရင်းမြို့ မိမိ အိမ် သို့ သွား သဖြင့် အိမ်မှူ အိမ်ရေးများကို စီရင် ပြီးမှ လည် ကြိုး တပ်၍ သေ လေ၏။ ဘိုးဘေး တို့သင်္ချိုင်း ၌ သင်္ဂြိဟ် ကြ၏။ ၂၄ ဒါဝိဒ် သည် မဟာနိမ် မြို့သို့ ရောက် လေ၏။ အဗရှလုံ သည်လည်း ဣသရေလ လူ အပေါင်း တို့နှင့်အတူ ယော်ဒန် မြစ်ကို ကူး လေ၏။ ၂၅ အဗရှလုံ သည် ဗိုလ်ချုပ်မင်းယွာဘ အရာ ၌ အာမသ ကို ခန့်ထား ၏။ အာမသ ကား၊ ယွာဘ အမိ ဇေရုယာ ၏ ညီမ နာဟတ် သမီး အဘိဂဲလ နှင့် စုံဘက်သော ဣရှမေလ အမျိုး ယေသာ ၏သား ဖြစ်သတည်း။ ၂၆ ဣသရေလ အမျိုးသားတို့နှင့် အဗရှလုံ သည် ဂိလဒ် ပြည် ၌ တပ်ချ ကြ၏။ ၂၇ ဒါဝိဒ် သည် မဟာနိမ် မြို့သို့ ရောက် သောအခါ ၊ အမ္မုန် ပြည် ရဗ္ဗာ မြို့သား နာဟတ် ၏သား ရှောဘိ ၊ လောဒေဗာ မြို့သားအမျေလ ၏သား မာခိရ ၊ ဂိလဒ် အမျိုး ရောဂေလိမ် မြို့သားဗာဇိလဲ တို့က၊ ၂၈ ထိုလူ တို့သည် တော ၌ ရေစာ ငတ်မွတ် လျက် ပင်ပန်း လျက် နေရပါသည်တကားဟုဆို ၍ ၊ ဒါဝိဒ် နှင့် သူ ၏လူ များ စားစရာတို့ ဂျုံ ဆန်၊ မုယော ဆန်၊ မုန့်ညက် ၊ ပေါက်ပေါက် မျိုး၊ ပဲ မျိုး၊ ၂၉ ပျားရည် ၊ နို့ခမ်း ၊ သိုး ၊ ဒိန်ခဲ နှင့်တကွအိပ်ရာ ၊ လင်ပန်း ၊ မြေခွက် များကို ဆောင် ခဲ့ကြ၏။

၁၈ ဒါဝိဒ် သည် မိမိ ၌ ပါသောလူ တို့ကိုရေတွက် ၍ တထောင် အုပ်၊ တရာ အုပ်တို့ကို ခန့်ထား ၏။ ၂ လူ သုံးစု တစုကို ယွာဘ ၌ ၎င်း ၊ တစုကို ဇေရုယာ သား ယွာဘ ညီ အဘိရှဲ ၌ ၎င်း၊ တစုကိုဂိတ္တိ လူ အိတ္တဲ ၌ ၎င်း အပ် ၍ ၊ ငါ့

ကိုယ်တိုင်ချီသွား မည်ဟု လူ များတို့အား မိန့် တော်မူ ၏။ ၃ လူ များတို့ကလည်း ၊ ကိုယ်တိုင်ကြွ တော်မ မူပါနှင့်။ ကျွန်တော်တို့ပြေး သော်လည်း သူတို့သည်အမှုမ ထား ကြပါ။ ကျွန်တော် တို့ တဝက် သေ သော်လည်း သူတို့သည်အမှုမ ထား ကြပါ။ ကိုယ်တော်မူကား၊ ကျွန်တော် တို့ တသောင်း ထက် မြတ်တော်မူ၏။ သို့ ဖြစ်၍ ကျွန်တော် တို့ကို မြို့ ထဲက မစ တော်မူလျှင်သာ၍ ကောင်းပါလိမ့်မည်ဟု လျှောက် ကြ၏။ ၄ ရှင်ဘုရင် ကလည်း ၊ ငါသည်သင် တို့အလို သို့ လိုက်မည်ဟု မိန့် တော်မူ၍ တံခါးဝ နား မှာ ရပ် တော်မူလျှင် ၊ လူ အပေါင်း တို့သည် တရာ တပ်၊ တထောင် တပ်အားဖြင့် ချီသွား ကြ၏။ ၅ ရှင် ဘုရင်ကလည်း ၊ ငါ့ မျက်နှာကို ထောက်၍ ငါ့သားအဗရှလုံ ကို ဖြည်းညှင်း စွာ ပြုကြလော့ဟု ယွာဘ ၊ အဘိရှဲ ၊ အိတ္တဲ တို့ကို မှာ ထားတော်မူ၏။ ထိုသို့ ရှင် ဘုရင်သည် အဗရှလုံ အတွက် ဗိုလ်မင်း အပေါင်း တို့ကို မှာ ထား တော်မူသောအခါ ၊ လူ အပေါင်း တို့သည် ကြား ကြ၏။ ၆ ထိုသို့ လူ များတို့သည် ဣသရေလ လူတို့ကို စစ်တိုက် အံ့သောငှါ မြို့ပြင်သို့ထွက် ၍ ဧဖရိမ် တော ၌ စစ်ပြိုင် ကြ၏။ ၇ ဣသရေလ လူ တို့သည် ဒါဝိဒ် ၏ကျွန် တို့ ရှေ့မှာ ရှုံး ၍ ထို နေ့ခြင်းတွင် ကြီးစွာ သောလုပ်ကြံ ခြင်းအားဖြင့်လူနှစ် သောင်းသေကြ၏။ ၈ မြေ တပြင်လုံး အနှံ့အပြား တိုက် ကြသဖြင့် ထို နေ့၌ လူချင်းသတ်၍ သေသည်ထက် တော ၌ ဆုံးရှုံး သော သူသာ၍များ ကြ၏။ ၉ ဒါဝိဒ် ၏ ကျွန် တို့သည် အဗရှလုံ ကိုတွေ့ ကြ၏။ သူသည်မြည်း ကို စီး လျက် ပင်မြည်း သည် ကြီး သော သပိတ် ပင်အကိုင်း အခက်အောက် သို့ဝင် ၍၊ အဗရှလုံ ၏ ခေါင်း သည်သပိတ် ပင်၌ ငြိ သဖြင့် ၊ မိုဃ်း နှင့် မြေကြီး စပ်ကြား မှာ တွဲလွဲဆွဲ လျက်နေ၍ ၊ မြည်း သည် အလိုအလျောက်သွား လေ၏။ ၁၀ မြင် သော သူ တယောက် သည် ယွာဘ ထံသို့ သွား၍၊ သပိတ် ပင်၌ အဗရှလုံ ဆွဲ နေသည်ကို ကျွန်တော်မြင် ခဲ့သည်ဟု ကြားပြော လျှင်၊ ၁၁ ယွာဘ က၊ သင်သည် မြင် ခဲ့သည်မှန်လျှင် အဘယ်ကြောင့် သူ့ ကို ထိုး ၍ မြေကြီး ပေါ် သို့ မ ချခဲ့ သနည်း။ ထိုသို့ပြုလျှင် ငွေ အကျပ်တဆယ် နှင့် ခါးစည်း ကို ငါပေး ပြီဟု ပြောဆို သော်၊ ၁၂ ထိုသူက ကျွန်တော်သည် ကိုယ် လက် ၌ ငွေ အခွက်တဆယ်ကို ပင်ခံရသော်လည်း ရှင်ဘုရင် ၏သား ကို မ ပြု နိုင်ပါ။ အကြောင်းမူကား ၊ ကျွန်တော် တို့ကြား သည့် အတိုင်း ရှင်ဘုရင်က၊ ငါ့မျက်နှာကိုထောက်၍ ငါ့သား အဗရှလုံ ကို စောင့်မ ကြလော့ဟု ကိုယ်တော် နှင့် အဘိရှဲ ၊ အိတ္တဲ တို့ကို မှာထား တော်မူပြီ။ ၁၃ ကျွန်တော်ပြု မိလျှင် ကိုယ်ကိုလှည့်စား ၍ ကိုယ် အသက် ရှုံးပါပြီ။ ရှင်ဘုရင် မ သိသော အမှု တစုံတခု မျှမ ရှိ။ ကိုယ်တော် သည်လည်း ကျွန်တော်တစ်ဘက် ၌ နေ ပါလိမ့်မည်ဟု ပြောဆို သော်၊ ၁၄ ယွာဘ က၊ သင် နှင့်အတူ ငါမ နေ အားဟု ဆို လျက် လှံယဉ် သုံး စင်း ကိုကိုင်ယူ ၍ သပိတ် ပင်အလယ် ၌ အသက် ရှင်လျက်ရှိသောအဗရှလုံ ၏ နှလုံး ကို ထုတ်ချင်းခပ် ထိုးလေ၏။ ၁၅ လက်နက် ဆောင် လုလင် တကျိပ် တို့သည်လည်း ဝိုင်း ၍ အဗရှလုံ ကို အသေ သတ်ကြ၏။ ၁၆ ယွာဘ သည်လည်း တံပိုး မှုတ် ၍ လူ တို့ကို ဆီးတား သဖြင့် ဣသရေလ လူတို့ကို လိုက် ရာမှ ပြန်လာ ကြ၏။ ၁၇ အဗရှလုံ ကိုလည်း ယူ ၍ တော ၌ နက် သော မြေတွင်း ထဲသို့ ချ ပြီးမှ ကျောက် ပုံ ကြီး ကို ပုံထား ကြ၏။ ဣသရေလ လူအပေါင်း တို့သည် အသီးအသီး မိမိ တို့ အိမ် သို့ ပြေး ကြ၏။ ၁၈ အဗရှလုံ သည် အသက် ရှင်စဉ် အခါ၊ ငါ ၏နာမ သည် မ ပျောက်အမြဲတည်မည်အကြောင်း ၊ သား မ ရှိဟု ဆို လျက် ရှင်ဘုရင်

ချိုင့် တွင် ကိုယ် အဘို့ ကျောက်တိုင် ကို စိုက် ၍ မိမိ နာမ ဖြင့်သမုတ် သောကြောင့် ၊ ယနေ့ တိုင်အောင် အဗရှလုံ အောင်တိုင် ဟူ၍တွင် သတည်း၊ ၁၉ ထိုအခါ ဇာဒုတ် ၏သား အဟိမတ် က၊ ထာဝရဘုရား သည် ရှင် ဘုရင်၏ ရန်သူ တို့ကို အပြစ်အလျောက်စီရင် တော်မူကြောင်း ကို ကျွန်တော်ပြေး ၍ သိတင်း ကြားလျှောက်ပါရစေဟု အခွင့်တောင်း လျှင်၊ ၂၀ ယွာဘ က၊ ယနေ့ သင် သည် သိတင်းမ ကြား မလျှောက်ရ။ အခြား သောနေ့ ၌ ကြားလျှောက် ရမည်။ ရှင်ဘုရင် ၏ သား တော်သေ သောကြောင့် ယနေ့ သင်သည် သိတင်း မ ကြားမလျှောက်ရဟု ဆို ပြီးမှ၊ ၂၁ ကုရှိ အား သင်မြင် သမျှကိုသွား ၍ ရှင်ဘုရင် အား ကြားလျှောက် လော့ဟုဆို သည်အတိုင်း ၊ ကုရှိ သည် ယွာဘ အား ဦးညွတ် ၍ ပြေး လေ၏။ ၂၂ တဖန် ဇာဒုတ် သား အဟိမတ် က၊ သို့သော်လည်း ကျွန်တော် သည် ကုရှိ နောက်မှာ ပြေး ပါရစေဟု အခွင့်တောင်း ပြန်လျှင် ၊ ယွာဘ က ငါ့ သား ဝမ်းမြောက် စရာ သိတင်းမ ဟုတ်သည်ဖြစ်၍ အဘယ်ကြောင့် ပြေး သွားချင် သနည်းဟု ဆို သော်လည်း၊ ၂၃ ပြေး ပါရစေဟု တဖန် အခွင့်တောင်း သောကြောင့် ပြေး လော့ဟုအခွင့်ပေး၏။ ထိုအခါ အဟိမတ် သည် လွင်ပြင် လမ်း ၌ပြေး ၍ ကုရှိ ကိုလွန် လေ၏။ ၂၄ ဒါဝိဒ် သည် မြို့တံခါး နှစ် ထပ်ကြား မှာထိုင် ၍နေ၏။ ကင်းစောင့် တယောက်သည် မြို့ရိုး တံခါး အပေါ်ပြအိုးမိုး အောက်သို့ တက် ၍ မျှော်ကြည့် သဖြင့် လူ တယောက် တည်းပြေး လာသည်ကို မြင် သောအခါ၊ ၂၅ ရှင်ဘုရင် အား ဟစ် ၍ လျှောက် လေ၏။ ရှင်ဘုရင်ကလည်း ၊ တယောက် တည်းဖြစ်လျှင် သိတင်း ပါလိမ့်မည်ဟု အမိန့် ရှိ၏။ ထိုသူသည် ပြေးလာ ၍ အနီး သို့ ရောက်သောအခါ၊ ၂၆ ကင်းစောင့် သည်လည်း အခြား သောသူ ပြေး လာသည်ကိုမြင် ၍ ၊ အခြားသောသူ တယောက် တည်း ပြေး လာပါသည်ဟု တံခါး သို့ လှည့်၍ ဟစ် လျှင် ၊ ရှင် ဘုရင်က ထိုသူ ၌လည်း သိတင်း ပါလိမ့်မည်ဟု အမိန့် ရှိ၏။ ၂၇ ကင်းစောင့် ကလည်း ၊ ရှေ့ လာသောသူ ၏ပြေး ခြင်းသည် ဇာဒုတ် သား အဟိမတ် ပြေး ခြင်းနှင့် တူသည် ကို ကျွန်တော် ထင် ပါသည်ဟု လျှောက် သော် ၊ ရှင် ဘုရင်က သူသည် လူ ကောင်း ဖြစ်၏။ ကောင်း သော သိတင်း ပါလိမ့်မည်ဟု အမိန့် ရှိပြန်၏။ ၂၈ အဟိမတ် ကလည်း ၊ ချမ်းသာ ရပါ၏ဟုဟစ် လျက် ရှင်ဘုရင် ရှေ့ မြေ ပေါ် မှာ ပြပ်ဝပ် လျက် ၊ အရှင် မင်းကြီး ကို ပုန်ကန်သောလူ တို့ကို အပ် တော်မူသော ကိုယ်တော် ၏ဘုရား သခင်ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်းဟု လျှောက် လေ၏။ ၂၉ ရှင် ဘုရင်ကလည်း ၊ ငါ့သား အဗရှလုံ သည် ဘေး လွတ်၏လောဟု မေး တော်မူလျှင် အဟိမတ် က၊ အရှင်မင်းကြီး ၏ ကျွန် ယွာဘ သည် ကိုယ်တော် ကျွန် ကိုစေလွှတ်သောအခါရုန်းရင်းခတ် ခြင်းအမှုကို ကျွန်တော် မြင် သော်လည်း သေချာစွာမ သိ ရပါဟု လျှောက် သော်၊ ၃၀ ရှင် ဘုရင်က၊ ဤ အနားမှာ ရွှေ့၍နေ လော့ဟု မိန့် တော်မူသည်အတိုင်း သူသည်ရွှေ့၍ နေ လေ၏။ ၃၁ တဖန် ကုရှိ ရောက်လာ၍ အရှင် မင်းကြီး ၊ သိတင်း ပါပါ၏။ ကိုယ်တော် ကို ပုန်ကန် သော သူအပေါင်း တို့ကို ထာဝရဘုရား သည် ထိုသူ၏အပြစ်အလျောက်ယနေ့ စီရင် တော်မူပြီဟု လျှောက် လျှင်၊ ၃၂ ရှင် ဘုရင်က၊ ငါ့သား အဗရှလုံ သည် ဘေး လွတ်၏လော ဟု မေး တော်မူသော်၊ ကုရှိ က အရှင် မင်းကြီး ၏ ရန်သူ များ၊ ကိုယ်တော် ကို ညှဉ်းဆဲ ခြင်းငှါ ပုန်ကန်သောသူများအပေါင်း တို့သည် ထိုလုလင် ကဲ့သို့ ဖြစ် ကြ ပါစေသောဟု ပြန်လျှောက် လေ၏။ ၃၃ ရှင် ဘုရင်သည်

အလွန်ကြင်နာ သောစိတ် ရှိသဖြင့် မြို့တံခါး အပေါ် ၌ရှိသောတဲသို့ တက် ၍ တက်စဉ်တွင်၊ အိုငါ့ သား အဗရှလုံ ၊ ငါ့ သား ၊ ငါ့ သား အဗရှလုံ ၊ သင့် ကိုယ်စား ငါ မသေ ပါလေတကား။ အိုအဗရှလုံ ၊ ငါ့ သား ၊ ငါ့ သား ဟု ငိုကြွေး လေ၏။

၁၉ ရှင် ဘုရင်သည် အဗရှလုံ ကြောင့် ငိုကြွေး မြည်တမ်း တော်မူသည်ဟု ယွာဘ အား ကြားပြော လေ၏။ ၂ ထို နေ့၌ အောင်ပွဲ သည် လူ အပေါင်း တို့တွင် ဝမ်းနည်း စရာအကြောင်းဖြစ် ပြန်၏။ ရှင် ဘုရင်သည် သား တော်ကြောင့် စိတ် ကြင်နာတော်မူသည်ကို လူ အပေါင်းတို့သည် ထို နေ့၌ ကြား ၍၊ ၃ စစ်တိုက် ရာမှ ပြေးသောသူ တို့ သည် ရှက် ၍ တိတ်ဆိတ် စွာ ပြေး တတ်သကဲ့သို့ မြို့ ထဲသို့ တိတ်ဆိတ် စွာ ပြေးဝင် ကြ၏။ ၄ ရှင် ဘုရင်သည်လည်း ၊ မျက်နှာ ကိုဖုံး ၍ ၊ အိုငါ့ သား အဗရှလုံ ၊ အိုအဗရှလုံ ၊ ငါ့ သား ၊ ငါ့ သား ဟု ကြီး သောအသံ နှင့် ငိုကြွေး တော်မူ၏။ ၅ ယွာဘ သည် ရှင်ဘုရင် ထံ အိမ် ထဲသို့ဝင် ၍ ၊ ကိုယ်တော် ၏ အသက် မှစ၍သား တော် သမီး တော်၊ မိဖုရား မောင်းမ မိသားတို့၏ အသက် ကို ကယ်တင် သော ကိုယ်တော် ကျွန် တို့ကို ယနေ့ အရှက်ကွဲ စေတော်မူပြီ။ ၆ ရန်သူ တို့ကိုချစ် ၍ အဆွေ ခင်ပွန်းတို့ကို မုန်း တော်မူ၏။ မှူးမတ် များ၊ ကျွန် များတို့ကို ပမာဏ ပြုတော် မမူကြောင်း ကို ယနေ့ ထင်ရှားစွာပြ တော်မူပြီ။ အဗရှလုံ သည် အသက် ရှင်၍ ကျွန်တော်များ အပေါင်းတို့သည် ယနေ့ သေ လျှင် အားရ တော်မူလိမ့်မည်ဟု ယနေ့ ကျွန်တော်သိမြင် ပါ၏။ ၇ ယခု မှာထ တော်မူပါ။ ကြွ ၍ ကိုယ်တော် ကျွန် တို့အား နှစ်သိမ့်သောစကားကို ပြော တော်မူပါ။ ကြွ တော်မ မူ လျှင် ယနေ့ည မှာ အထံ တော်၌ လူ တယောက်မျှမ နေ ပါ။ ထိုအမှုသည် ငယ် သောအရွယ်မှစ၍ ယခု တိုင်အောင် ကိုယ်တော် ၌ ဖြစ် လေသမျှ သော အမှု ထက် သာ၍ဆိုး ပါလိမ့်မည်ဟု ထာဝရဘုရား ကို တိုင်တည်၍ ကျွန်တော်ကျိန်ဆို ပါသည်ဟု လျှောက် သော်၊ ၈ ရှင် ဘုရင်သည် ထ ၍ တံခါးဝ ၌ ထိုင် တော်မူ၏။ ရှင် ဘုရင်သည် တံခါးဝ ၌ ထိုင် တော်မူသည်ကို လူ အပေါင်း တို့သည် ကြား သောအခါ အထံ တော်သို့ ချဉ်းကပ် ကြ၏။ ဣသရေလ လူများမူကား မိမိ တို့နေရာ သို့ ပြေး သွားကြပြီ။ ၉ ထိုနောက် ၊ ဣသရေလ အမျိုးအနွယ် အပေါင်း တို့က၊ ရှင် ဘုရင်သည် ဖိလိတ္တိ လူအစ ရှိသော ရန်သူ တို့ လက် မှ ငါ တို့ကိုကယ်နှုတ် တော်မူပြီ။ ယခု မှာ အဗရှလုံ ကြောင့် နိုင်ငံ တော်မှ ထွက်ပြေး တော်မူရ၏။ ၁၀ ငါတို့ ဘိသိက် ပေး၍ ချီးမြှောက်သော အဗရှလုံ သည် စစ်တိုက် ပွဲ၌ သေ ပြီ။ ယခု မှာ ရှင် ဘုရင်ကို တဖန် ဆောင်ခဲ့ရမည်ဟုမ ဆို၊ အဘယ်ကြောင့် တိတ်ဆိတ်စွာ နေကြသနည်းဟု အချင်းချင်းအပြစ်တင်ကြ၏။ ၁၁ ဒါဝိဒ် မင်းကြီး သည်လည်း ယဇ်ပုရောဟိတ် ဇာဒုတ် နှင့် အဗျာသာ တို့ထံသို့ လူကိုစေလွှတ် ၍၊ ယုဒ အမျိုးအသက်ကြီး သူတို့ထံသို့ သွား၍ပြော ရမည်ကား၊ ရှင် ဘုရင်ကို နန်းတော် သို့ ပြန်ပို့ ရမည်အမှုမှာ သင်တို့သည် အဘယ်ကြောင့် နောက်ကျ ကြသနည်း။ ရှင် ဘုရင်သည် စံနန်း တော်၌ နေစဉ်အခါ၊ ဣသရေလ အမျိုးသားအပေါင်း တို့ ပြောတတ်သောစကား ကို ကြား တော်မူပြီ။ ၁၂ သင် တို့သည် ငါ့ ညီအစ်ကို ၊ ငါ့ အရိုး ၊ ငါ့ အသား ဖြစ်၍ ၊ ရှင် ဘုရင်ကို ပြန်ပို့ ရမည်အမှုမှာ အဘယ်ကြောင့် နောက်ကျ ကြသနည်းဟူ၍ငင်း၊ ၁၃ အာမသ အား လည်း ၊ သင် သည် ငါ့ အသား ငါ့ အရိုး တို့ အဝင်ဖြစ်သည်မ ဟုတ်လော။ သင်သည် ငါ့ ရှေ့ မှာ ယွာဘ ၏ကိုယ်စား အစဉ် ဗိုလ်ချုပ် မင်းမ ဖြစ် လျှင် ထိုမျှမက ဘုရား သခင်သည် ငါ ၌ ပြု တော်မူစေသတည်း

ဟူ၍ငင်း၊ ပြော ကြလော့ဟု မှာလိုက် တော်မူ၏။ ၁၄ ထိုသို့ယုဒ အမျိုးသား အပေါင်း တို့ကို တညီတညွတ် တည်း နှလုံး ညွတ် စေတော်မူသဖြင့် ၊ သူတို့က ကိုယ်တော် ကျွန် အပေါင်း တို့နှင့်တကွ ကိုယ်တော် တိုင် ပြန်လာ တော်မူပါဟု ရှင်ဘုရင် အား လျှောက်စေကြ၏။ ၁၅ ထိုအခါ ရှင် ဘုရင်သည် ပြန် ၍ ယော်ဒန် မြစ်သို့ ရောက် တော်မူ၏။ ယုဒ အမျိုးသည် ရှင် ဘုရင်ကို ခရီးဦးကြို ပြု၍ ယော်ဒန် မြစ်တဘက် သို့ပို့ ခြင်းငှါ ဂိလဂါလ မြို့သို့ သွား ကြ၏။ ၁၆ ဗင်္ယာမိန် အမျိုးဖြစ်သော ဗာဟုရိမ် မြို့သားဂေရ ၏သား ရှိမိ သည် ယုဒ အမျိုးသား တို့နှင့်အတူ ဒါဝိဒ် မင်းကြီး ကို ခရီးဦးကြို ပြုခြင်းငှါ အလျင်အမြန် လိုက် လာ၏။ ၁၇ သူ နှင့်အတူ ဗင်္ယာမိန် အမျိုးသား တထောင် ၊ ရှောလု အဆွေအမျိုး ၏ ကျွန် ဇိဘ နှင့် သူ ၏သား တကျိပ် ငါး ယောက်၊ ကျွန် နှစ် ဆယ်တို့သည်လည်း လိုက်လာ၍ ရှင်ဘုရင် ရှေ့ တော်၌ ယော်ဒန် မြစ်ကို ကူး ကြ၏။ ၁၈ ကုတို့ လှေသည် နန်းတော်သား များကို ပို့ ခြင်းငှါ ၎င်း၊ အလိုတော်ကိုဆောင် ခြင်းငှါ ၎င်း၊ သွား လာလျက် ရှိ၏။ ယော်ဒန် မြစ်ကို ကူး တော်မူသောအခါ ၊ ဂေရ ၏သား ရှိမိ သည် ရှေ့ တော်၌ပြပ်ဝပ် ၍၊ ၁၉ ကျွန်တော် အရှင် သည် ကျွန်တော် ကို အပြစ် ပေး တော်မ မူပါနှင့်။ အရှင် မင်းကြီး သည် ယေရုရှလင် မြို့မှ ထွက် တော်မူသော နေ့ ၌ ကိုယ်တော် ကျွန် သည် လွန်ကျူး စွာ ပြုမိသောအမှုကို မှတ် တော်မ မူပါနှင့်။ နှလုံး သွင်း တော်မမူပါနှင့်။ ၂၀ ကိုယ်တော်ကျွန်သည် ပြစ်မှား မိသည်ကို ကိုယ်တော် ကျွန် သိ ပါ၏။ သို့သော်လည်း ယောသပ် အမျိုးသား အပေါင်း တို့အရင် ၊ ကျွန်တော်သည် ယနေ့ အရှင် မင်းကြီး ကို ခရီးဦးကြို ပြုခြင်းငှါ လာ ပါပြီဟု လျှောက် လေ၏။ ၂၁ ဇေရုယာ သား အဘိရှဲ ကလည်း ၊ ရှိမိ သည်ထာဝရဘုရား အခွင့်နှင့် ဘိသိက် ခံသောအရှင်ကို ကျိန်ဆဲ သောကြောင့် အသေ သတ်ခြင်းကိုခံရမည် မ ဟုတ်လော ဟုဆို သော်၊ ၂၂ ဒါဝိဒ် က၊ အိုဇေရုယာ သား တို့၊ သင်တို့သည် ယနေ့ ငါ့ ရန်သူ လုပ် မည်အကြောင်း ငါ နှင့် အဘယ်သို့ ဆိုင်ကြသနည်း။ ဣသရေလ အမျိုးသားတစ်တယောက် သည် ယနေ့ အသေ သတ်ခြင်းကိုခံရမည်လော။ ငါ သည် ယနေ့ ဣသရေလ ရှင်ဘုရင် ဖြစ်သည်ကို ငါသိ သည် မ ဟုတ်လော ဟုမိန့် တော်မူ၍၊ ၂၃ ရှိမိ အား လည်း၊ သင်သည် အသေ သတ်ခြင်းကို မ ခံရဟု ကျိန်ဆို တော်မူ၏။ ၂၄ ရှောလု ၏သား မေဖိဗောရှက် သည်လည်း ရှင် ဘုရင် ကို ခရီးဦးကြို ပြုခြင်းငှါ လာ ၏။ ရှင်ဘုရင် ထွက် သောနေ့ မှစ၍ ငြိမ်ဝပ် စွာ ပြန်လာ တော် မ မူမှီတိုင်အောင်၊ သူသည် ခြေ တို့ကိုမ ပြုစု ၊ မုတ်ဆိတ် ကို မ ပြင်ဆင် ၊ အဝတ် ကို မ လျှော် ဘဲနေပြီ။ ၂၅ ရှင် ဘုရင်ကို ခရီးဦးကြို ပြုခြင်းငှါ ယေရုရှလင် မြို့ သို့ ရောက် လာသောအခါ ၊ ရှင် ဘုရင်က မေဖိဗောရှက် ငါ နှင့်အတူ အဘယ်ကြောင့် မ လိုက် သနည်းဟုမေး တော်မူလျှင်၊ ၂၆ အရှင် မင်းကြီး ၊ ကိုယ်တော် ကျွန် သည် ခြေဆွံ့ သောကြောင့် မြည်းစီး ၍ ကိုယ်တော်ထံသို့သွား ခြင်းငှါ မြည်း ကိုကုန်းနှီးတင် မည်ဟု ကြံစဉ်အခါ၊ ကျွန်တော် ကျွန် သည် ကျွန်တော် ကို လှည့်စား ပါ၏။ ၂၇ အရှင် မင်းကြီး ထံ တော်၌ ကိုယ်တော် ကျွန် ကို ကုန်းတိုက် ပါပြီ။ သို့ရာတွင် အရှင် မင်းကြီး သည် ဘုရား သခင်၏ ကောင်းကင် တမန်ကဲ့သို့ ဖြစ်တော်မူ၏။ စိတ်တော်ရှိသည်အတိုင်း ပြု တော်မူပါ။ ၂၈ ကျွန်တော် အဆွေ အမျိုးအပေါင်း တို့သည် အရှင် မင်းကြီး ရှေ့တော်မှာ လူ သေ ဖြစ်ကြသော်လည်း ၊ စားပွဲ တော်၌ စား သောသူတို့နှင့်အတူ ကိုယ်တော် ကျွန် ကို နေရာ ပေးတော်မူပြီ။ သို့ ဖြစ်၍ ရှင်ဘုရင် ထံ တော်၌ ကျွန်တော်

မြည်တမ်း ရသော အခွင့် သည် အဘယ်သို့ ရှိ ပါသနည်းဟု ပြန် လျှောက်သော်၊ ၂၉ ရှင် ဘုရင်က သင် ၏အမှု အရာတို့ကို အဘယ် ပြော စရာရှိသနည်း။ သင် နှင့် ဓိဘ သည်မြေ ကို ဝေ ၍ ယူရကြမည်ငါစီရင် ပြီဟု မိန့် တော်မူ၏။ ၃၀ မေဖိဗောရှက် ကလည်း ၊ အရှင် မင်းကြီး သည် နန်း တော်သို့ တဖန် ငြိမ်ဝပ် စွာရောက် တော်မူသောကြောင့် ၊ သူသည်အလုံးစုံ တို့ကိုပင် ယူ ပါစေဟု လျှောက် လေ၏။ ၃၁ ဂိလဒ် ပြည်သားဗာဇိလဲ သည်လည်း ရောဂေလိမ် မြို့မှ လာ ၍ ရှင် ဘုရင်ကို ယော်ဒန် မြစ်တစ်ဘက်သို့ ပို့ ခြင်းငှါ ကိုယ်တော် နှင့်အတူ ကူး လေ၏။ ၃၂ ဗာဇိလဲ သည် အသက် ရှစ် ဆယ်ရှိ၍ အို သောသူဖြစ်၏။ ရှင်ဘုရင်သည်မဟာနိမ် မြို့မှာ တပ်ချ သော ကာလပတ်လုံးရှင် ဘုရင်ကို လုပ်ကျွေး ၏။ အလွန် ရ တတ် သော သူ လည်းဖြစ်၏။ ၃၃ ရှင် ဘုရင်ကလည်း ငါ နှင့်အတူ လိုက် လော့။ ယေရုရှလင် မြို့၌ သင့် ကိုငါ နှင့်အတူ ငါလုပ်ကျွေး မည်ဟု ဗာဇိလဲ အား အမိန့် ရှိလျှင်၊ ၃၄ ဗာဇိလဲ က၊ အရှင်မင်းကြီး နှင့်အတူ ယေရုရှလင် မြို့သို့ သွား ရမည်အကြောင်း ကျွန်တော် အသက် သည် အဘယ်မျှ လောက်ကျန်ကြွင်းပါသေးသနည်း။ ၃၅ ယနေ့ ကျွန်တော် အသက် ရှစ် ဆယ်ရှိပါပြီ။ ကောင်း မကောင်း ကို ကျွန်တော်ပိုင်းခြား၍ သိ နိုင်ပါမည် လော။ ကိုယ်တော် ကျွန် သည် အစား အသောက် အရသာကို မြည်း နိုင်ပါမည်လော။ သီချင်းသည် ယောကျ်ား၊ သီချင်းသည် မိန်းမဆိုသောအသံ ကိုကြား နိုင်ပါမည်လော။ ကိုယ်တော် ကျွန် သည်အရှင် မင်းကြီး ကို အဘယ်ကြောင့် နှောင့်ရှက်ရပါမည်နည်း။ ၃၆ ကိုယ်တော် ကျွန် သည် အရှင်မင်းကြီး နှင့်အတူ ယော်ဒန် မြစ်တစ်ဘက်သို့ အနည်းငယ် လိုက်ပါမည်။ ရှင် ဘုရင်သည် ဤမျှလောက် ကြီးစွာသော ဆု ကို အဘယ်ကြောင့် ချပေး တော်မူမည်နည်း။ ၃၇ ကိုယ်တော် ကျွန် သည် နေရင်းမြို့ တွင် မိဘ သခ်ျိုင်း နား မှာ သေ ရမည်အကြောင်း ၊ ပြန် သွားရသောအခွင့်ကိုပေး တော်မူပါ။ သို့ရာတွင် ကိုယ်တော် ကျွန် ခိမဟံ ရှိ ပါ၏။ အရှင် မင်းကြီး နှင့်အတူ လိုက် စေတော်မူပါ။ စိတ် တော်ရှိသည်အတိုင်း သူ ၌ ပြု တော်မူပါဟု လျှောက် လေ၏။ ၃၈ ရှင် ဘုရင်ကလည်း ၊ ခိမဟံ သည် ငါ နှင့်အတူ လိုက် ရမည်။ သင် အလိုရှိသည်အတိုင်းသူ ၌ ငါ ပြု မည်။ သင်တောင်း သမျှ ကိုလည်း သင့် အဘို့ ငါပြု မည်ဟု မိန့် တော်မူ၏။ ၃၉ လူ အပေါင်း တို့သည်လည်း ယော်ဒန် မြစ်ကို ကူး ကြ၏။ ရှင် ဘုရင်သည် ကိုယ်တိုင်ကူး ပြီးမှ ၊ ဗာဇိလဲ ကို နမ်း ၍ ကောင်းကြီး ပေးတော်မူသဖြင့် ၊ သူသည် မိမိ နေရာ သို့ ပြန် သွား၏။ ၄၀ ရှင် ဘုရင်သည် ဂိလဂါလ မြို့သို့ ကြွ တော်မူ၏။ ခိမဟံ သည်လည်း လိုက် လေ၏။ ယုဒအမျိုးသားရှိသမျှတို့ နှင့် ဣသရေလအမျိုးသားတဝက်တို့သည် ရှင်ဘုရင်ကို ပို့ကြ၏။ ၄၁ တဖန် ဣသရေလ အမျိုးသား အပေါင်း တို့သည် ရှင်ဘုရင် ထံ တော်သို့လာ ၍ ၊ ကျွန်တော် တို့ ညီအစ်ကို ဖြစ် သော ယုဒ အမျိုးသား တို့သည် ကိုယ်တော် ကို ခိုးယူ ၍ ကိုယ်တော်နှင့်တကွနန်းတော်သား ကိုယ်တော်၏ လူ အပေါင်း တို့ကို အဘယ်ကြောင့်ယော်ဒန် မြစ်တစ်ဘက်သို့ ပို့ရကြမည်နည်း'ဟုလျှောက် ကြသော်၊ ၄၂ ယုဒ အမျိုးသား အပေါင်း တို့က၊ ရှင် ဘုရင်သည် ငါ တို့နှင့် ပေါက်ဘော် တော်သည်ဖြစ်၍ ၊ ဤ အမှု ၌ သင် တို့သည် အဘယ်ကြောင့်စိတ်ဆိုး ကြသနည်း။ ရှင်ဘုရင် ၏ ရိက္ခါတော်ကို ငါတို့စား ကြသလော။ ငါ တို့အား တစုံတခုသောဆုကိုပေး တော်မူသလောဟု ဣသရေလ အမျိုးသား တို့အား ပြန် ပြောကြ၏။ ၄၃ ဣသရေလ အမျိုးသား တို့ကလည်း ၊ ငါတို့သည် ရှင်ဘုရင် ၌ ဆယ်

ဘို့တို့ကိုဆိုင်ကြ၏။ ဒါဝိဒ်အမျိုးကို သင် တို့ဆိုင်သည်ထက် ငါတို့ သာ၍ဆိုင်ကြ၏။ ရှင် ဘုရင်ကို ပြန် ပို့ခြင်းအမှုတွင် ငါ တို့နှင့်ရှေးဦးစွာ မ တိုင်ပင်ဘဲ အဘယ်ကြောင့် ငါ တို့ကို မထီမဲ့မြင် ပြုကြသနည်းဟု ယုဒ အမျိုးသား တို့ကို ပြန် ပြောကြ၏။ သို့ရာတွင် ဣသရေလအမျိုးသား တို့ စကား ထက် ယုဒ အမျိုးသား တို့ စကား သည်သာ၍ခိုင်ခဲ့ ၏။

၂၀ ထိုအခါ ဗယ်ာမိန် အမျိုးဗိခရိ ၏သား ရှေဘ အမည် ရှိသောအဓမ္မ လူတယောက်ရှိ၏။ ထိုသူသည်တံပိုး မှုတ် ၍၊ အိုဣသရေလ အမျိုး၊ ငါ တို့သည် ဒါဝိဒ် ၌ တဘို့ ကိုမျှ မ ဆိုင်။ ယေရှဲ ၏သား ကို အမွေ မ ခံထိုက်။ လူအပေါင်းတို့၊ ကိုယ် နေရာ သို့ သွားကြဟုဆို သဖြင့်၊ ၂ ဣသရေလ အမျိုးသား အပေါင်း တို့သည် ဒါဝိဒ် ထံ တော်မှ ထွက် ၍ဗိခရိ သား ရှေဘ နောက် သို့ လိုက်ကြ ၏။ ယုဒ အမျိုးသား တို့မူကား၊ ယော်ဒန် မြစ်မှ သည် ယေရုရှလင် မြို့တိုင်အောင် ရှင်ဘုရင် ၌ ဆည်းကပ် ကြ၏။ ၃ ဒါဝိဒ် မင်းကြီးသည် ယေရုရှလင် မြို့ နန်း တော်သို့ ရောက် သောအခါ၊ နန်း တော်ကို စောင့် စေခြင်းငှါ ထား ခဲ့ သော ကိုယ်လုပ်တော် တကျိပ် တို့ကိုယူ ၍ လှောင်အိမ် ၌ ထား ၏။ ထိုသူ တို့ကို ကျွေးမွေး သော်လည်း မ ပေါင်းဘော်။ သူတို့သည် သေ သည်တိုင်အောင် အချုပ် ခံ၍ မုတ်ဆိုးမ ကဲ့သို့နေ ရကြ၏။ ၄ ရှင် ဘုရင်ကလည်း၊ သုံး ရက် အတွင်းတွင် ယုဒ လူ တို့ကို စုဝေး စေပြီးလျှင်၊ ထိုသူတို့နှင့်အတူကိုယ်တိုင်လာ ရမည်ဟု အာမသ အား မိန့် တော်မူ၏။ ၅ အာမသ သည်သွား ၍ ယုဒ လူတို့ကို နှိုးဆော် သဖြင့်၊ ချိန်းချက် သော အချိန် ကို လွန် စေ၏။ ၆ ဒါဝိဒ် ကလည်း၊ အဗရှလုံ ပြုသည်ထက် ဗိခရိ သား ရှေဘ သည်သာ၍အပြစ် ပြုလိမ့်မည်။ သင့် သခင် ၏ ကျွန် တို့ကိုခေါ် ၍ ထိုသူ ကိုလိုက် လော့။ သို့မဟုတ် သူသည် ခိုင်ခံ့ သောမြို့ တစုံတမြို့ထဲသို့ ဝင်၍ ငါ တို့ လက် မှ လွတ် လိမ့်မည်ဟု အဘိရှဲ အား မိန့် တော်မူသည်အတိုင်း၊ ၇ အဘိရှဲနောက်မှာ ယွာဘ ၏လူ များနှင့် ခေရသိ လူ၊ ပေလသိ လူများမှစ၍ခွန်အား ကြီးသောသူအပေါင်း တို့သည် ဗိခရိ သား ရှေဘ ကို လိုက် အံ့သောဘှါ ယေရုရှလင် မြို့မှ ထွက်သွား ကြ၏။ ၈ ဂိဗောင် မြို့၌ ရှိသော ကျောက် ကြီး သို့ ရောက်ကြသောအခါ၊ အာမသ သည်သူ တို့ ရှေ့ သို့ချီသွား လေ၏။ ယွာဘ သည် မိမိ ဝတ်သော အဝတ် ကို ခါး၌စည်းလျက်၊ ထိုခါးစည်းပေါ် မှာလည်း ထား ကိုအိမ်နှင့်တကွဆွဲလျက် ထား၏။ သွား စဉ်တွင်ထားသည် လျှော ၍ကျ၏။ ၉ ယွာဘ ကလည်း၊ မာ ၏လားငါ့ ညီ ဟု အာမသ ကို မေး ၍ နမ်း ဟန်ဆောင်လျက် လက်ျာ လက် နှင့် အာမသ ၏မုတ်ဆိတ် ကို ကိုင် ၏။ ၁၀ လက်ဝဲလက် ၌ ကိုင်သော ထား ကို အာမသ သည်သတိ မ ပြုသောကြောင့်၊ ဝမ်း ကိုထိုး ၍ အအူ ကိုမြေ ပေါ် မှာ ချ ၏။ ထပ်၍ မ ထိုးသော်လည်း အာမသသေ လေ၏။ ယွာဘ နှင့် ညီ အဘိရှဲ သည် ဗိခရိ သား ရှေဘ ကို လိုက် ကြ၏။ ၁၁ သူ အနား မှာ ယွာဘ ၏ လူ တယောက်သည် ရပ် ၍ ယွာဘ နှင့် ဒါဝိဒ် ဘက်၌နေသောသူဖြစ်လျှင် ယွာဘ နောက် သို့ လိုက်တော့ဟုဆို ၏။ ၁၂ အာမသ သည် လမ်းမ အလယ် တွင် မိမိအသွေး ၌ လူး လျက်ရှိ၏။ လမ်း၌ သွား လာသောသူ အပေါင်း တို့ သည် ရပ် ၍ နေကြသည်ကို ယွာဘ၏ လူမြင် သောအခါ၊ အာမသ ကို လမ်းမ က ယူ၍ လယ်ပြင် သို့ ရွှေ့ပြီးလျှင် အဝတ် နှင့်ဖုံး လေ၏။ ၁၃ ထိုသို့ လမ်းမ က ရွှေ့ ပြီးမှ၊ လူ အပေါင်း တို့သည် ယွာဘ နှင့်အတူ ဗိခရိ သား ရှေဘ ကို လိုက်သွား ကြ၏။ ၁၄ ယွာဘသည် ဗက်မာခ ပြည်၊ အာဗေလ မြို့ တိုင်အောင် ဣသရေလ တိုင်း ခရိုင်ရှိသမျှ ကို ရှောက်သွား ၏။

ဗေရိ လူအပေါင်း တို့သည်လည်း စုဝေး၍ ယွာဘ နောက် သို့ လိုက် ကြ၏။ ၁၅ ရှောဘတည်းခိုသောဗက်မာခ ပြည်၊ အာဗေလမြို့ ကို ဝိုင်းထား၍၊ ပြင်မြို့ရိုး တစ်ဘက်တချက်၌ မြေရိုး ကို ဖို့ ကြ၏။ ယွာဘ နှင့် သူ၏ လူ အပေါင်း တို့သည် မြို့ရိုး ကို ဖြို ခြင်းငှါ ထိုးဖေါက် ကြ၏။ ၁၆ ထိုအခါ ပညာရှိ သော မိန်းမ တယောက်သည် မြို့ထဲက ဟစ် ၍ ဆိုသည်ကား၊ နားထောင် ကြ၊ နားထောင် ကြ၊ ငါသည်ယွာဘနှင့် စကားပြော နိုင်မည်အကြောင်း ချဉ်း လာပါဟု ယွာဘ အား လျှောက် ကြလော့ဟုဆိုသည်အတိုင်း၊ ၁၇ ယွာဘသည် ချဉ်း လာသောအခါ မိန်းမ က၊ သင် သည်ယွာဘ ဟုတ်သလောဟုမေး လျှင်၊ ငါ ဟုတ်သည် ဟုဆို သော် ၊ မိန်းမက၊ ကိုယ်တော် ကျွန် မ၏ စကား ကို နားထောင် တော်မူပါဟုဆို ၏။ ယွာဘကလည်း ၊ ငါ နားထောင် လျက် နေသည်ဟုဆို သော်၊ ၁၈ မိန်းမက၊ အကယ်စင်စစ်အာဗေလ မြို့မှာ တိုင်ပင်၍ အမှုကို ဆုံးဖြတ် ပါလေစေဟု ရှေး ကာလ၌ ဆို တတ်ကြ၏။ ၁၉ ကျွန်မ သည် ဣသရေလ အမျိုး၌ အမှု မလုပ်ပါ။ သစ္စာ စောင့်သောသူဖြစ်ပါ၏။ ကိုယ်တော်သည် မြို့ တမြို့ တည်းဟူသောဣသရေလ အမျိုးတွင် အမိ တယောက်ကို ဖျက်ဆီး ခြင်းငှါ ရှာ တော်မူ၏။ ထာဝရဘုရား ၏ အမွေ တော်ကို မျိုချ ခြင်းငှါအဘယ်ကြောင့် အလိုရှိတော်မူသနည်းဟု လျှောက်လျှင်၊ ၂၀ ယွာဘ က၊ မျိုချ ခြင်းအမှု၊ ဖျက်ဆီး ခြင်းအမှုသည် ငါ နှင့် ဝေး ပါစေသော။ ဝေး ပါစေသော။ ၂၁ ထိုသို့ မ ဟုတ်ပါ။ ဧဖရိမ် တောင် သားဖြစ်သော ဗိခရိ ၏သား ရှေဘ အမည်ရှိသောသူသည် ရှင်ဘုရင် ဒါဝိဒ် ကို ပုန်ကန် ပြီ။ ထိုသူ ကို အပ် လော့။ အပ်လျှင် ဤမြို့ မှ ငါထွက်သွား မည်ဟု ပြောဆိုသော်၊ မိန်းမ က၊ သူ ၏ ဦးခေါင်း ကိုကိုယ်တော် ရှေ့ သို့ ပစ်ချ ပါမည်ဟု ဆို ပြီးမှ၊ ၂၂ ထိုမိန်းမ သည် ပညာရှိသည်အတိုင်း မြို့သားတို့ရှိရာသို့ သွားပြီးလျှင်၊ သူတို့သည် ဗိခရိသားရှေဘ၏ ဦးခေါင်း ကို ဖြတ် ၍ ယွာဘ ရှေ့ သို့ ပစ်ချ ကြ၏။ ယွာဘသည်လည်း တံပိုး မှုတ် သဖြင့် ၊ လူများတို့သည် ထိုမြို့ မှ မိမိ တို့ နေရာ သို့ ပြန်သွား ကြ၏။ ယွာဘ သည်လည်း ယေရုရှလင် မြို့၊ ရှင်ဘုရင် ထံ တော်သို့ ပြန်သွား၏။ ၂၃ ယွာဘ သည် ဣသရေလ တပ်သား အပေါင်း တို့ကို အုပ်သောဗိုလ်ချုပ်မင်းဖြစ်၏။ ယောယဒ သား ဗေနာယ သည် ခေရသိ လူနှင့် ပေလသိ လူတို့ကို အုပ် ရ၏။ ၂၄ အဒေါနိရံ သည် အခွန်တော်ဝန် ဖြစ်၏။ အဟိလုပ် သား ယောရှဖတ် သည် အတွင်းဝန်ဖြစ်၏။ ၂၅ ရှေဝ သည် စာရေးတော်ကြီး ဖြစ်၏။ ဇာဒုတ် နှင့် အဗျာသာ သည် ယဇ်ပုရောဟိတ် ဖြစ်၏။ ၂၆ ယက္ကရ မြို့သားက္ကရ သည်နန်းတော်အုပ် ဖြစ် ၏။

၂၁ ထိုနောက် ဒါဝိဒ် လက်ထက် ၌ သုံး နှစ် ပတ်လုံးအစာ အာဟာရ ခေါင်းပါးခြင်းဖြစ် ၍၊ ဒါဝိဒ် သည်ထာဝရဘုရား ကို မေးလျှောက် လျှင် ၊ ထာဝရဘုရား က၊ ဂိဗောင် လူတို့ကိုသတ် သော ရှောလု နှင့် လူအသက် ကိုသတ် တတ် သော ရှောလုအမျိုး ကြောင့် ဤအမှုရောက်လေပြီဟု မိန့် တော်မူ၏။ ၂ ဂိဗောင် လူတို့သည် ဣသရေလ အမျိုး အဝင် မ ဟုတ်၊ ကျန်ကြွင်း သော အာမောရိ အမျိုးဖြစ်ကြ၏။ ဣသရေလ အမျိုး တို့သည် သူ တို့အား သစ္စာ ဂတိထားကြ သော်လည်း ၊ ရှောလု သည် ဣသရေလ အမျိုး နှင့် ယုဒ အမျိုး၏ အကျိုးကိုစောင့်ရှောက်၍ သူ တို့ကိုသတ် မည်ဟု အားထုတ် သတည်း။ ၃ ထိုအခါ ရှင်ဘုရင်သည် ဂိဗောင် လူတို့ကို ခေါ်၍၊ သင် တို့အဘို့ အဘယ်သို့ ပြု ရမည်နည်း။ သင်တို့သည် ထာဝရဘုရား ၏ အမွေ တော်ကို ကောင်းကြီး ပေးစေခြင်းငှါ အဘယ်သို့ အပြစ် ဖြေရမည်နည်းဟုမေး

လျှင်၊ ၄ ဂိဟောင် လူတို့က၊ ကျွန်တော် တို့သည်ရှောလု နှင့် သူ ၏အမျိုး ၌ ရွေ ငွေ ကိုမ တောင်းပါ။ ကျွန်တော် တို့ အတွက် ကွသရေလ အမျိုးသားတစုံတယောက် ကိုမျှ ကိုယ်တော်သည် မ သတ် ရဟု ပြန် လျှောက်ကြသော် ၊ သင် တို့တောင်း သည်အတိုင်း ငါပြု မည်ဟု မိန့် တော်မူ၏။ ၅ သူတို့ကလည်း၊ ကျွန်တော် တို့ကို ညှဉ်းဆဲ ၍ ကွသရေလ နိုင်ငံ အတွင်း၌ အလျှင်းမနေရမည်အကြောင်းသုတ်သင် ပယ်ရှင်းခြင်းဘုံကြိုးစား သော သူ ဖြစ်၏။ ၆ သား ခုနစ် ယောက်တို့ကို ကျွန်တော် တို့လက်သို့ အပ် တော်မူပါ။ ထာဝရဘုရား ရွေးချယ် တော်မူသောရှောလု နေရာ ဂိဗာ မြို့၌ ထိုသူ တို့ကို ကျွန်တော်တို့သည် ထာဝရဘုရား အဘို့ ဆွဲထား ပါမည်ဟု လျှောက် သော် ၊ ရှင် ဘုရင်က ငါ အပ် မည်ဟု မိန့် တော်မူ၏။ ၇ သို့သော်လည်း ဒါဝိဒ် နှင့် ရှောလု ၏သား ယောနသန် တို့သည် ထာဝရဘုရား ရှေ့တော်၌ တယောက်နှင့် တယောက်သစ္စာ ဂတိထားသောကြောင့် ၊ ရှင် ဘုရင်သည် ရှောလု ၏သား ယောနသန် မြင်သောမေဖိဗောရှက် ကို နှမြော တော်မူ၏။ ၈ သို့ ဖြစ်၍ ရှင် ဘုရင်သည် အဲအာ သမီး ရိဇပ ဘွားမြင် သော ရှောလု ၏ သား အာမောနိ နှင့် မေဖိဗောရှက် နှစ် ယောက်မှစ၍၊ ရှောလု ၏ သမီး မေရပ် တွင် မေဟောလသိ အမျိုး ဗာဇိလဲ ၏ သား အဒြေလ မြင် သော သား ငါး ယောက်တို့ကို ယူ ၍၊ ၉ ဂိဗောင် လူတို့လက် သို့ အပ် သဖြင့် ၊ သူတို့သည် တောင် ပေါ် တွင် ထာဝရဘုရား ရှေ့ တော်၌ ဆွဲထား ၍ ၊ ထိုသူ ခုနစ် ယောက်တို့သည် မုယော စပါး ရိတ် စ ကာလ၊ တနေ့ ခြင်းတွင် အသေ သတ်ခြင်းကို ခံရ၍ တပြိုင်နက် သေ ကြ၏။ ၁၀ အဲအာ သမီး ရိဇပ သည် စပါးရိတ် စ ကာလမှစ၍ မိုးယံ မ ရွာ မှီတိုင်အောင်လျှော်တေ ကို ယူ ၍ ကျောက် ပေါ် မှာ အိပ်စရာဘို့ ခင်း လျက်၊ နေ့ အချိန်တွင် အလောင်းကောင်အပေါ် ၌ငှက် မ နား ၊ ည၌ အချိန်တွင် သားရဲ မကိုက် စေခြင်းငှါ စောင့်ရှောက်လျက်နေ၏။ ၁၁ ရှောလု ၏ကိုယ်လုပ်တော် အဲအာ သမီး ရိဇပ ပြု သော အမှုကို ဒါဝိဒ် သည် ကြား သောအခါ၊ ၁၂ ဖိလိတ္တိ လူတို့သည် ဂိလဗော တောင်၌ ရှောလု ကို သတ် ၍၊ အလောင်းတော်ကိုဆွဲထား ရာဗက်ရှမ် လမ်း မှ ခိုးသွား သော ဂိလဒ် ပြည်ယာဗက်မြို့သူ မြို့သားတို့ရှိရာသို့ ရှင်ဘုရင်သွား ၍ ၊ ရှောလု အရိုး နှင့် သား တော် ယောနသန် အရိုး တို့ကိုယူ ၍၊ ၁၃ ထို အရပ်မှ ဆောင် သွားသဖြင့် ၊ ဆွဲထား သောသူတို့ ၏ အရိုး များကိုလည်း စုသိမ်း ပြီးလျှင်၊ ၁၄ ဗယ်မိန် ပြည် ၊ ဇေလ ရွာ၊ ရှောလုအဘ ကိရှ ၏ သချိုင်း၌ သင်္ဂြိဟ် ၍ ၊ ရှင်ဘုရင် မှာထား သမျှ အတိုင်း ပြု ကြ ပြီးသည်နောက် ၊ နိုင်ငံ တော်အဘို့ ဆုတောင်း သော စကားကို ဘုရား သခင်နားထောင်တော်မူ၏။ ၁၅ နောက် တဖန် ဖိလိတ္တိ လူတို့သည် ကွသရေလ အမျိုးသားတို့ကို စစ်တိုက် ၍ ၊ ဒါဝိဒ် နှင့် သူ ၏ ကျွန် တို့ သည် ဆီးကြို၍ တိုက်လှန် ကြစဉ်၊ ဒါဝိဒ် သည် မောပန်း လျက်နေလေ၏။ ၁၆ ရေဖိမ် အမျိုး ဂွရှဗိဗေနုပ် သည် အချိန် သုံး ပိသာရှိသော ကြေးဝါ လုံ ကို ကိုင်၍ ၊ အသစ် သော စစ် တန်ဆာကို ဝတ်ဆင်လျက် ဒါဝိဒ် ကိုသတ် မည်ဟု ကြံလေ၏။ ၁၇ ဇေရုယာ သား အဘိရှဲ သည် ကူညီ ၍ ဖိလိတ္တိ လူကို တိုက် သတ်လေ၏။ ထိုအခါ ဒါဝိဒ် ၏ လူ တို့က၊ ကွသရေလ အလင်း ကွယ် မည်ဟု စိုးရိမ်စရာရှိသောကြောင့်၊ ကိုယ်တော်သည် ကျွန်တော် တို့နှင့်အတူ နောက် တဖန် စစ်ချီ ကြွ တော်မ မူရာဟု ကျိန်ဆို လျက် လျှောက် ကြ၏။ ၁၈ နောက် တဖန် ဂေါဘ မြို့မှာ ဖိလိတ္တိ လူတို့ကို စစ်တိုက် ကြစဉ်၊ ဟုရှသိ လူသိဗေခဲ သည် ရေဖိမ် အမျိုး သာဖ ကိုသတ် လေ၏။ ၁၉ နောက်

တဖန် ဂေါဘ မြို့မှာ ဖိလိတ္တိ လူတို့ကို စစ်တိုက် ကြစဉ်၊ ဗက်လင် မြို့သားဖြစ်သော ယက္ကရ ၏သား ဧလဟာနန် သည် ရက်ကန်း လက်လိပ်နှင့်အမျှ ကြီးသောလှံ ရိုး ကိုသုံးစွဲသော ဂိတ္တိ အမျိုး ဂေါလျက် ၏ ညီလာခမိ ကိုသတ် လေ၏။ ၂၀ နောက် တဖန် ဂါသ မြို့မှ စစ်တိုက် ကြစဉ်၊ အရပ် မြင့်၍ လက် တစ်ဘက်၌ လက် ခြောက် ချောင်းစီ၊ ခြေ တစ်ဘက်၌ ခြေ ခြောက် ချောင်းစီ၊ ပေါင်း နှစ် ဆယ်လေး ချောင်းရှိသောရေဖိမ် အမျိုးသား တယောက်သည်၊ ၂၁ ဣသရေလ အမျိုးကို ကြိမ်းပ သောအခါ၊ ဒါဝိဒ် အစ်ကို ရှိမာ ၏ သား ယောနသန် သည် ထိုသူ ကို သတ် လေ၏။ ၂၂ ထို သူလေး ယောက်တို့သည် ဂါသ မြို့၌ နေသောရေဖိမ် လူကြီး၏သား ဖြစ်၍၊ ဒါဝိဒ် နှင့် သူ ၏ကျွန် တို့ လက် ဖြင့် သေ ကြ၏။

၂၂ ဒါဝိဒ် သည် ရှောလု မင်းမှစ၍ ရန်သူ အပေါင်း တို့ လက် မှ ထာဝရဘုရား ကယ်လွှတ် တော်မူခြင်းကျေးဇူးကို ခံရသောအခါ၊ ထာဝရဘုရား ရှေ့ တော်တွင် မြွက်ဆို သော သီချင်း စကား ဟူမူကား၊ ၂ ထာဝရဘုရား သည်ငါ ၏ကျောက်၊ ငါ ၏မြို့ရိုး၊ ငါ့ ကို ကယ်လွှတ် သော သခင်၊ ၃ ငါ ၏ဘုရား၊ ငါကိုးစား သော အစွမ်း သတ္တိ၊ ငါ ၏အကွယ် အကာ၊ ငါ့ ကိုကယ်တင် သောဦးချို၊ ငါ ၏ ရဲတိုက်၊ ငါ ခိုလှုံ ရာ၊ ငါ့ ကိုကယ်တင် သော အရှင်ဖြစ်တော်မူ၏။ ကိုယ်တော်သည် ညှဉ်းဆဲ ခြင်းထဲက အကျွန်ုပ် ကို ကယ်လွှတ် တော်မူ၏။ ၄ ချီးမွမ်း အပ်သော ထာဝရဘုရား ကို ငါတောင်းလျှောက် ၍၊ ရန်သူ တို့လက်မှ ကယ်တင် ခြင်းသို့ ရောက်၏။ ၅ သေခြင်း လှိုင်း တံပိုးတို့သည် ငါ့ ကို ဝိုင်း မိ၍ ဖျက်ဆီး တတ်သော ရေစီးခြင်း ကြောင့် ငါ ကြောက်လန့် ရ၏။ ၆ မရဏာ နိုင်ငံ၏ ကြိုး တို့သည် ဝိုင်း ၍ သေမင်း ၏ ကျော့ကွင်း သည် ငါ့ ကို ကျော့မိ လျက် ရှိ၏။ **(Sheol h7585)** ၇ ထိုသို့ငါ သည် ဆင်းရဲ ငြိုငြင်သောအခါ၊ ထာဝရဘုရား ကို ခေါ် ၍ ငါ ၏ဘုရား သခင်ကို အော်ဟစ် လေ၏။ ခေါ်သောအသံ ကို ဗိမာန် တော်ထဲမှာ ကြား တော်မူ၍၊ အော်ဟစ် သောအသံသည် နား တော်ထဲသို့ ဝင်လေ၏။ ၈ ထိုအခါ အမျက် တော်ထွက်သောအားဖြင့် မြေကြီး တုန်လှုပ် ၍၊ မိုဃ်း ကောင်းကင်အမြစ် တို့သည် တရွေ့ရွေ့ လှုပ်ရှား ကြ၏။ ၉ နှာခေါင်း တော်ထဲက မီးခိုး ထွက် ၍၊ နှုတ် တော်ထဲက မီးလောင် သောအားဖြင့် မီးခဲ တောက် လေ၏။ ၁၀ မိုဃ်းကောင်းကင် ကိုညွှတ် သဖြင့် ဆင်းသက် တော်မူ၍၊ ခြေဘဝါး တော်အောက် ၌ မှောင်မိုက် ဖြစ် လေ၏။ ၁၁ ခေရုဗိမ် ကို စီး လျက် ပျံ တော်မူ၏။ လေ ၏ အတောင် တို့အပေါ် မှာ ထင်ရှား တော်မူ၏။ ၁၂ မှောင်မိုက် တည်းဟူသော တခဲနက် သော ရေ နှင့် ထူထပ် သောမိုဃ်းတိမ် တို့ကို ကိုယ်တော် ၌ ကာရံ စေတော်မူ၏။ ၁၃ ရှေ့ တော်၌ ရောင်ခြည် ကြောင့် မီးခဲ တောက် လျက် ရှိ၏။ ၁၄ ထာဝရဘုရား သည်လည်း၊ ကောင်းကင် ပေါ် မှာမိုဃ်းချုန်း ၍၊ အမြင့်ဆုံး သော ဘုရားသည် အသံ တော်ကို လွှင့် တော်မူ၏။ ၁၅ လေး မြှားတို့ကိုပစ် ၍ လျှပ်စစ် ပြက်စေသဖြင့်၊ ရန်သူတို့ကို အရပ်ရပ် သို့ ခွဲ၍ ရှုံး စေတော်မူ၏။ ၁၆ ထိုအခါ ထာဝရဘုရား သည် အပြစ် တင်၍၊ နှာခေါင်း တော်ထဲက အသက် ရှူတော်မူသောအားဖြင့် သမုဒ္ဒရာ အောက်ပြင် နှင့် လောက တိုက်မြစ် တို့သည် ဖွင့်လှစ် ထင်ပေါ် လျက် ရှိကြ၏။ ၁၇ အထက် အရပ်က လက်တော်ကိုဆန့် ၍၊ တခဲနက် သော ရေ ထဲက ငါ့ ကို ဆယ် ယူ တော်မူ၏။ ၁၈ ငါ့ ကိုမုန်း သော သူတည်းဟူသောငါ ပြိုင် ၍ မနိုင်နိုင်အောင် ခွန်အား ကြီးသော ရန်သူ တို့လက်မှ ငါ့ ကို ကယ်လွှတ် တော်မူ၏။ ၁၉ ဘေးဥပဒ် ရောက်သောကာလ ၌ သူတို့သည် ဆီးတား သော်လည်း၊ ထာဝရဘုရား သည်

ငါ မှီခိုရာ ဖြစ် ၍၊ ၂၀ ငါ့ ကိုကျယ်ဝန်း ရာအရပ်သို့ ပို့ဆောင် တော်မူ၏။ ငါ့ ကိုနှစ်သက် သောကြောင့် ကယ်လွှတ် တော်မူ၏။ ၂၁ ငါ ဖြောင့်မတ်ခြင်း ရှိသည်အလျောက် ထာဝရဘုရား သည် အကျိုး ကိုပေး၍၊ ငါ့ လက် စင်ကြယ် ခြင်း၏ အကျိုး ကို စီရင်တော်မူ၏။ ၂၂ အကြောင်းမူကား ၊ ငါသည်ထာဝရဘုရား ၏ လမ်း တော်သို့အစဉ်လိုက် ၏။ ငါ ၏ဘုရား သခင့်ထံမှ ပြစ်မှား ၍ မ သွား။ ၂၃ စီရင် တော်မူချက်ရှိသမျှ ကို ငါ သည် မျက်မှောက် ပြု၏။ အထုံးအဖွဲ့ တော်တို့မှ မ လွှဲ။ ၂၄ ရှေ့ တော်မှာဖြောင့်မတ် ၍ ကိုယ် ဒုစရိုက် ကို ကြဉ်ရှောင် ၏။ ၂၅ ထိုကြောင့် ရှေ့ တော်မှာ ထင်ရှားသော ငါ ၏ဖြောင့်မတ် ခြင်း၊ စင်ကြယ် ခြင်းရှိသည်နှင့်အလျောက် ထာဝရဘုရား သည် ငါ ၌အကျိုး ကိုပေး တော်မူပြီ။ ၂၆ သနား တတ်သောသူအား ကိုယ်တော်သည်သနား ခြင်းသဘောကိုဂုဏ်း၊ ဖြောင့်မတ် သောသူ အား ဖြောင့်မတ် ခြင်းသဘောကိုဂုဏ်း၊ ၂၇ သန့်ရှင်း သောသူအား သန့်ရှင်း ခြင်းသဘောကို ဂုဏ်း၊ ဆန့်ကျင် သောသူအား ဆန့်ကျင် သော သဘောကို ဂုဏ်း ပြတော်မူ၏။ ၂၈ နှိမ့်ချ လျက်ရှိသောသူ တို့ကို ကိုယ်တော်သည် ကယ်တင် ၍ ၊ မာန ထောင်လွှားသောသူတို့ ကို ကား ရှုတ်ချ ခြင်းငှါကြည့်မှတ် တော်မူ၏။ ၂၉ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ၏ မီးခွက် ဖြစ်တော်မူ၏။ ထာဝရဘုရား သည် အကျွန်ုပ် ၏ မှောင်မိုက် ကို လင်း စေတော်မူ၏။ ၃၀ အကျွန်ုပ်သည်ကိုယ်တော် ကို အမှီပြု၍ တပ် ကို ဖျက် ပါပြီ။ အကျွန်ုပ် ၏ဘုရား သခင်ကို အမှီပြုလျက် မြို့ရိုး ကို ကျော် ၍ဝင်ပါပြီ။ ၃၁ ဘုရား သခင်စီရင်တော်မူသောအမှု သည် စုံလင် ၏။ ထာဝရဘုရား ၏ သစ္စာ တော်သည် အစစ် ခံ၍ တည်၏။ ခိုလှုံ သောသူအပေါင်း တို့၏ အကွယ် အကာဖြစ်တော်မူ၏။ ၃၂ ထာဝရဘုရား မှတပါး အဘယ် ဘုရား သခင်ရှိသနည်း။ ငါ တို့ ဘုရား သခင်မှတပါး အဘယ်မည် သော ကျောက် ရှိသနည်း။ ၃၃ ထိုဘုရား သခင်သည် ငါ ၏ခွန်အား ၊ ငါ၏တန်ခိုး ဖြစ်၍ ငါ သွားရာလမ်း ကို ဖြောင့် စေတော်မူ၏။ ၃၄ ငါ့ ခြေ ကိုသမင် ခြေကဲ့သို့ လျင်မြန် စေ၍ ၊ ငါ ၏ မြင့် ရာအရပ်ပေါ် မှာ ငါ့ ကိုတင်ထား တော်မူ၏။ ၃၅ ငါ့ လက် ကို စစ်မှု ၌ လေ့ကျက်စေခြင်းငှါသွန်သင် တော်မူ၍ ၊ ကြေးဝါ လေး ကို ငါ့ လက်ရုံး နှင့် ငါတင် နိုင် ၏။ ၃၆ ကိုယ်တော်သည် ကယ်တင် တော်မူခြင်း ဒိုင်း လွှားကိုအပ် ၍ ၊ သည်းခံ တော်မူခြင်းအားဖြင့်အကျွန်ုပ် သည် ချီးမွှောက်ခြင်းသို့ ရောက်ပါ၏။ ၃၇ အကျွန်ုပ် သွားသော လမ်း ကို ရှင်းလင်း ၍ ခြေ မချော် စေခြင်းငှါပြုတော်မူသောအားဖြင့်၊ ၃၈ အကျွန်ုပ်သည် ရန်သူ တို့ကို လိုက် ဖျက်၍ ၊ သူ တို့ကို မ ပယ်ရှင်း မှီ တိုင်အောင်မ ပြန် ပါ။ ၃၉ သူတို့သည် အကျွန်ုပ် ခြေ အောက် မှာ လဲ လျက် ရှိ၍၊ မ ထ နိုင်အောင် အကျွန်ုပ်သည် နှိပ်နင်း ပယ်ရှင်း ပါ၏။ ၄၀ အကြောင်းမူကား၊ စစ်တိုက် စေခြင်းငှါ ကိုယ်တော်သည် အကျွန်ုပ် ကို ခွန်အား ခါးပန်းနှင့်စည်း ၍၊ အကျွန်ုပ် တစ်ဘက်၌ ထ သောသူတို့ကို အကျွန်ုပ် အောက် မှာ လဲ တော်မူ၏။ ၄၁ အကျွန်ုပ် ကို မုန်း သော ရန်သူ တို့၏လည်ပင်း ကို အကျွန်ုပ် ၌ အပ် ၍ ဖျက်ဆီး ရသောအခွင့်ကိုပေး တော်မူ ၏။ ၄၂ သူတို့သည် အော်ဟစ် ကြသောအခါ ကယ်တင် သော သူမ ရှိ။ ထာဝရဘုရား ကို အော်ဟစ်သော်လည်း ထူး တော်မ မူ။ ၄၃ ထိုအခါ အကျွန်ုပ်သည်သူ တို့ကို မြေမှုန့် ကိုကဲ့သို့ ညက်ညက် ချေပြီးမှ၊ လမ်း ၌ အမှိုက် ကိုကဲ့သို့ နင်း ၍ ဖြန့်ကြဲ လေ၏။ ၄၄ လူစု တို့သည် ဆိုင်ပြိုင် တိုက်လှန်ခြင်းမှ အကျွန်ုပ် ကို ကယ်လွှတ် ၍ ၊ တပါးအမျိုးသား တို့၏ အကဲအမှူး

ဖြစ်စေခြင်းငှါစောင့်ရှောက် တော်မူသောအားဖြင့်၊ အကျွန်ုပ်မ သိ ဘူးသော လူစု သည် အကျွန်ုပ် ထံ၌ ကျွန် ခံ ပါ၏။ ၄၅ တပါးအမျိုးသား တို့သည် အကျွန်ုပ် ကို တောင်းပန် ၍ အကျွန်ုပ် စကားသံကိုကြား သည် ခဏခြင်းတွင် နားထောင်ကြပါ၏။ ၄၆ ညှိုးနွမ်း သည်ဖြစ်၍ ခိုလှုံ ရာအရပ်ထဲက တုန်လှုပ် လျက် ထွက်ကြပါ၏။ ၄၇ ထာဝရဘုရား သည် အသက်ရှင်တော်မူသည် ဖြစ်၍ ငါ ၏ကျောက် ၌ မင်္ဂလာ ရှိပါစေသတည်း။ ငါ့ ကို ကယ်တင် သော ကျောက် ၏ဘုရား သခင်၌ ချီးမွှောက် ခြင်း ရှိပါစေသတည်း။ ၄၈ ငါ့ ဘက် ၌ တရား သဖြင့်စီရင်၍ ၊ လူစု တို့ကို ငါ့ အောက် မှာနှိမ့်ချ သော သူကား ဘုရား သခင်ပေတည်း။ ၄၉ ရန်သူ တို့လက်မှ ငါ့ ကိုကယ်လွှတ် တော်မူ၏။ အကျွန်ုပ် တစ်ဘက်၌ထ သောသူတို့ အပေါ်သို့ ကိုယ်တော်သည် အကျွန်ုပ် ကို မြှောက်တင် ၍၊ လုယူ ဖျက်ဆီးတတ်သောသူ ၏လက်မှ ကယ်လွှတ် တော်မူ၏။ ၅၀ ထိုကြောင့် အိုထာဝရဘုရား ၊ အကျွန်ုပ်သည် တပါးအမျိုးသား တို့တွင် ကျေးဇူး တော်ကို ချီးမွမ်း၍ နာမ တော်ကို ထောမနာသီချင်း ဆိုပါမည်။ ၅၁ ဘုရားသခင် သည် မိမိ ခန့်ထားသောမင်းကြီး ကို ကယ်တင် သော ရဲတိုက် ဖြစ်တော်မူ၏။ ဘိသိက် တော်ကို ခံရသောဒါဝိဒ် မှစ၍အမျိုးအနွယ် အား ၊ ကာလ အစဉ်အဆက်ကရုဏာ ကျေးဇူးကို ပြု တော်မူ၏။

၂၃ ဒါဝိဒ် မြွက်ဆို သော နောက်ဆုံး စကားတည်းဟူသော ၊ ယာကုပ် အမျိုး၏ဘုရား သခင့်အခွင့်နှင့် ဘိသိက် ခံရ၍ ဘုန်းကြီး သောသူ ၊ ဣသရေလ အမျိုးဦခွချိုမြိန် စွာ သီချင်း ဆိုသော ယေရှဲ ၏သား ဒါဝိဒ် မြွက်ဆို သော ပရောဖက်စကားဟူမူကား၊ ၂ ထာဝရဘုရား ၏ ဝိညာဉ် တော်သည်ငါ့ အားဖြင့် မိန့် တော်မူ၏။ နှုတ်ကပတ် တော်သည် ငါ့ လျှာ ၌ တည်၏။ ၃ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ဣသရေလ အမျိုး၏ကျောက် သည် ငါ့ အားဖြင့် မိန့်မြွက်တော်မူသည် ကား၊ လူ တို့ကို အုပ်စိုး သောသူသည် တရား သဖြင့် စီရင်၍ ဘုရား သခင်ကို ကြောက်ရွံ့လျက် အုပ်စိုးရမည်။ ၄ မိုဃ်း မ အုံ့၊ နေ ထွက် သော နံနက် အလင်း ကဲ့သို့ ၎င်း၊ မိုဃ်း ရွာပြီးမှ နေ ပေါ် ထွန်းသဖြင့် မြေ ၌ ပေါက်သော မြက်နု ကဲ့သို့၎င်း ဖြစ်ရလိမ့်မည်။ ၅ ငါ့ အမျိုးအနွယ် သည် ဘုရား သခင့်ရှေ့ တော်၌ မြဲမြံ သည်မ ဟုတ်လော။ သေချာစွာ စီရင်၍ မပျက်နိုင်သော နိစ္စ ထာဝရပဋိညာဉ် ကို ငါ နှင့် ဖွဲ့ တော်မူပြီ။ ထိုပဋိညာဉ်သည် ချက်ခြင်းမပြည့်စုံသော်လည်း၊ ငါ့ ကို ကယ်တင် ရာအကြောင်း၊ ငါအားရ နှစ်သက်ရာအကြောင်းဖြစ်၏။ ၆ အဓမ္မ လူအပေါင်း တို့မူကား လက် နှင့် မ ကိုင်သာ၊ ပယ်ရှား ရသောဆူးပင် ကဲ့သို့ ဖြစ်ရကြလိမ့်မည်။ ၇ ပယ်ရှား သောသူ သည် သံချပ် အကျီနှင့် လုံတံ ကို သုံးဆောင် သဖြင့်၊ ဆူးပင်ပေါက်သောအရပ် ၌ ပင် ရှင်းရှင်းမီး ရှို့ ရသတည်း။ ၈ ဒါဝိဒ် ၏အမှုတော်ထမ်းသူရဲကြီး တို့၏ အမည် များဟူမူကား ၊ ဟပ္မေါနိ အမျိုးယာရှောဘံသည် ဗိုလ်ချုပ် ဖြစ်၏။ ထိုသူသည် လုံ ကိုကိုင်လျက် လူသုံးရာကို တခါတည်း တိုက်၍ လုပ်ကြဲ လေ၏။ ၉ သူ နောက် မှာ အဟောဟိ အမျိုးဒေါဒေါ သား ဧလာဇာ သည် ဒါဝိဒ် နှင့်အတူ လိုက်သော သူရဲ သုံး ယောက်အဝင် ဖြစ်၏။ စစ်တိုက် ခြင်းငှါ စုဝေး သော ဖိလိတ္တိ လူတို့ကို ကြိမ်းပ ၍ ဣသရေလ လူတို့သည် ဆုတ်သွား သောအခါ၊ ၁၀ ထိုသူ သည် လက် ညောင်း ၍ ထား ၌ မှီ လျက်နေရ သည်တိုင်အောင် ထ ၍ ဖိလိတ္တိ လူတို့ကို လုပ်ကြဲ သဖြင့် ၊ ထာဝရဘုရား သည် ထို နေ့၌ ကြီးစွာ သော အောင်မြင် ခြင်း ကို ပြု တော်မူ၍ ၊ သူတို့သည်

ရန်သူတို့၏ ဥစ္စာကို လုယူ ခြင်းငှါ သာ ပြန်လာ ကြ၏။ ၁၁ သူ့ နောက် မှာ ဟရရိ အမျိုးအာဂိ ၏သား ရှမ္မ သည်ရှိ၏။ ဖိလိတ္တိ လူတို့သည် ပြောင်းစပါးစိုက်သော လယ်ကွက် ၌ စုဝေး ၍ ၊ ဣသရေလလူ တို့သည် ပြေး ကြသောအခါ၊ ၁၂ ထိုသူသည် လယ်ကွက် အလယ် ၌ ရပ် ၍ စောင့်မ လျက် ဖိလိတ္တိ လူတို့ကို လုပ်ကြံ သဖြင့် ၊ ထာဝရဘုရား သည် ကြီးစွာ သော အောင် ခြင်းကို ပြု တော်မူ၏။ ၁၃ ဗိုလ် စုအဝင်သုံး ယောက်တို့သည် စပါး ရိတ်ရာ ကာလ၌ ၊ ဒါဝိဒ် ရှိရာ အဒုလံ ဥမှင် သို့ ဆင်းသွား ၍ ၊ ဖိလိတ္တိ လူတို့သည် ရေဖိမ် ချိုင့် ၌ တပ်ချ လျက် ရှိကြ၏။ ၁၄ ထိုအခါ ဒါဝိဒ် သည် ရဲတိုက် တွင် နေ၍ ၊ ဖိလိတ္တိ လူတို့သည် ဗက်လင် မြို့၌ တပ်ချ ကြ၏။ ၁၅ ဒါဝိဒ် ကလည်း ၊ တစုံတယောက်သောသူသည် ဗက်လင် မြို့တံခါး နား မှာရှိသော ရေတွင်း ထဲက ရေ ကို ခပ်၍ ငါ့ အားပေး ပါစေသောဟု တောင့်တ သောစိတ် နှင့် ဆို သော်၊ ၁၆ ထိုသူရဲ သုံး ယောက်တို့သည် ဖိလိတ္တိ တပ် ကို ဖျက် ၍ ဗက်လင် မြို့ တံခါး နား မှာရှိသော ရေတွင်း ထဲက ရေ ကို ခပ်ယူ ပြီးလျှင် ဒါဝိဒ် ထံ တော်သို့ ဆောင် ခဲ့ကြ၏။ သို့သော်လည်း ၊ ဒါဝိဒ်သည်မ သောက် ဘဲ ထာဝရဘုရား ရှေ့ တော်၌သွန်း လျက်၊ ၁၇ အိုထာဝရဘုရား ၊ ဤ ရေကို သောက်သောအမှု သည် အကျွန်ုပ် နှင့် ဝေး ပါစေသော။ ဤရေသည် ကိုယ် အသက် ကိုမနှမြောဘဲသွား သောသူ တို့ ၏အသွေး ဖြစ်ပါသည် မဟုတ်ပါလော ဟု လျှောက် ၍ မ သောက် ဘဲနေ၏။ ထိုသူရဲ သုံး ယောက်တို့သည် ထိုသို့ သောအမှုတို့ကိုပြု ကြ၏။ ၁၈ ဇေရုယာ သား ယွာဘ ညီ အဘိရှဲ သည်လည်း သူရဲ သုံး ယောက်တွင် အကြီး ဖြစ်၏။ သူ သည်လှံ ကိုကိုင်၍ လူသုံး ရာ တို့ကို တိုက်ဖျက်လုပ်ကြံ သောကြောင့်၊ သူရဲ သုံး ယောက်အဝင်နေရာရသတည်း။ ၁၉ သူရဲသုံး ယောက်တွင် အမြတ်ဆုံး ဖြစ်သည် မဟုတ်လော။ ထိုကြောင့် ဗိုလ်ချုပ် အရာကိုရ ၏။ သို့သော်လည်း ပဌမသူရဲသုံး ယောက်တို့ကိုမ မှီ။ ၂၀ အထူးသဖြင့် ပြု ဘူးသောကပ်ဇေလ မြို့သားသူရဲ ယောယဒ ၏ သား ဗေနာယ သည်လည်း ခြင်္သေ့ နှင့် တူသော မောဘ လူနှစ် ယောက်ကိုသတ် ၏။ ဆောင်း ကာလ ၌ လည်း အခြားသို့သွား ၍ မြေတွင်း ၌ ရှိသောခြင်္သေ့ ကိုသတ် ၏။ ၂၁ ထူးခြား သောအဲဂုတ္တု လူ ကိုလည်း သတ် ၏။ အဲဂုတ္တု လူသည်လှံ ကို ကိုင် သော်လည်း ၊ ဗေနာယသည် တောင်ဝေး ကိုသာ ကိုင်လျက်သွား ၍ အဲဂုတ္တု လူလက် မှ လှံ ကိုလုယူ ပြီးလျှင် ၊ ထိုလှံ နှင့် သူ့ ကိုသတ် ၏။ ၂၂ ထိုသို့ သောအမှုတို့ကို ယောယဒ သား ဗေနာယ ပြု ၍ သူရဲ သုံး ယောက်အဝင် နေရာကို ရ၏။ ၂၃ ဗိုလ်များထက် သာ၍မြတ် သော်လည်း ၊ ပဌမ သူရဲသုံး ယောက်တို့ကို မ မှီ။ ဒါဝိဒ် သည် အတွင်းဝန်ချုပ် အရာကိုလည်း ပေး ၏။ ၂၄ ယွာဘ ညီ အာသဟေလ သည်လည်း ဗိုလ်စုအဝင် ဖြစ်၏။ ထိုအတူဗက်လင် မြို့နေ၊ ဒေါဒေါ ၏သား ဧလဟာနန်၊ ၂၅ ဟရောဒိ အမျိုးရှမ္မ ၊ ဟရောဒိ အမျိုးဧလိက၊ ၂၆ ဖာလတိ အမျိုးဟေလက် ၊ တေကော အမျိုး ဣကေရှ ၏သား ဣရ၊ ၂၇ အနေသောသိ အမျိုးအဗျေဇာ ၊ ဟုရှသိ အမျိုး မေဟုန်နှေ ၊ ၂၈ အဟောဟိ အမျိုးဇာလမုန် ၊ နေတောဖာသိ အမျိုး မဟာရဲ ၊ ၂၉ နေတာဖာသိ အမျိုးဗာနာ သား ဟေလက် ၊ ဗင်္ယာမိန် အမျိုး ဂိဗာ မြို့ နေ၊ ရိဘဲ ၏ သား အိတ္တဲ၊ ၃၀ ပိရသောနိ အမျိုးဗေနာယ ၊ ဂါရှ ချိုင့် သားဟိဒ္ဒဲ၊ ၃၁ အာဗသိ အမျိုး အဗျာလဗုန် ၊ ဗာဟုမိ အမျိုး အာဇမာဝက်၊ ၃၂ ရှာလဗောနိ အမျိုးဧလျာဘ ၊ ယာရှင် ၏သား တို့တွင် ယောနသန်၊ ၃၃ ဟာရရိ အမျိုးရှမ္မ ၊ ဟာရရိ အမျိုးရှာရ ၏ သား အဟိအံ၊ ၃၄ မာခါသိ အမျိုးအဟာသဘဲ ၏သား ဧလိဖလက် ၊ ဂိလောနိ

အမျိုး အဟိသောဖေလ ၏သား ဧလျံ၊ ၃၅ ကရမေလ အမျိုးဟေဇရဲ၊ အာဘိ အမျိုးဖာရဲ၊ ၃၆ ဧသာဘ အမျိုးနာသန် ၏သား ဂ္လဂါလ၊ ဂဒ် အမျိုး ဗာနိ၊ ၃၇ အမ္မုန် အမျိုးဧလေက်၊ ဧရုယာ ၏သား ယွာဘ ၏ လက်နက် ဆောင် လုလင် ဗေရောသိ အမျိုးနဟာရဲ၊ ၃၈ ဂ္လသရိ အမျိုးဂ္လရ၊ ဂ္လသရိ အမျိုးဂါရက်၊ ၃၉ ဟိတ္တိ အမျိုးဥရိယ၊ ပေါင်း သုံး ဆယ်ခုနစ် ယောက် တည်း။

JϬ နောက် တဖန်ထာဝရဘုရား သည် ဂ္လသရေလ အမျိုးကို အမျက် ထွက် တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဂ္လသရေလ လူနှင့် ယုဒ လူတို့ကို ရေတွက် စေခြင်းငှါ ဒါဝိဒ် ကိုတိုက်တွန်း လေ၏။ ၂ ရှင် ဘုရင်ကလည်း၊ လူ ပေါင်း မည်မျှရှိသည်ကို ငါသိ မည်အကြောင်း၊ ဒန် မြို့မှ သည် ဗေရရှေဘ မြို့ တိုင်အောင် ဂ္လသရေလ ခရိုင် ရှိသမျှ တို့ကို ရှောက်သွား ၍၊ လူ တို့ကို ရေတွက် လော့ဟု အထံ တော်၌ရှိသော ဗိုလ်ချုပ် မင်းယွာဘ အား မိန့် တော်မူ၏" ၃ ယွာဘ ကလည်း၊ ကိုယ်တော် ၏ဘုရား သခင်ထာဝရဘုရား သည် လူ တို့ကို ထပ်၍ အဆ တရာ တိုးပွါးစေသဖြင့်၊ ကျွန်တော် သခင် အရှင်မင်းကြီး မြင် မည် အကြောင်းပြုတော်မူပါစေသော။ သို့ရာတွင် ကျွန်တော် သခင် အရှင် မင်းကြီးသည် ဤ အမှု ကို အဘယ်ကြောင့် နှစ်သက် တော်မူသနည်းဟု ရှင်ဘုရင် အား လျှောက် လေ ၏" ၄ သို့သော်လည်း အမိန့် တော်သည် ယွာဘ စကား နှင့် ဗိုလ် များ စကားကို နိုင် သဖြင့်၊ ယွာဘ နှင့် ဗိုလ် များ တို့သည် လူ တို့ကိုရေတွက် အံ့သောငှါ အထံ တော်မှ ထွက်သွား ကြ၏။ ၅ ယော်ဒန် မြစ်ကိုကူး ၍ ဂဒ် ချိုင့် ၌ ရှိသော အာရော် မြို့အရှေ့ဘက်၊ ယာဇာ မြို့အနား မှာ တပ်ချ ကြ၏။ ၆ ဂိလဒ် ပြည်၊ နောက် သိမ်းသောပြည်၊ ဒန်ယန် ပြည်တို့ကို လွန်ပြီးမှ ဇိဒုန် ပြည်သို့ ဝိုင်း သွား ၍၊ ၇ တုရု ရဲတိုက် သို့၎င်း၊ ဟိဝိ မြို့ များ၊ ခါနာနိ မြို့များ အလုံးစုံ တို့သို့၎င်း ရောက် ၍၊ ယုဒ ပြည်တောင် ပိုင်း၊ ဗေရရှေဘ မြို့၌ လက်စသတ် ကြ၏။ ၈ ထိုသို့ တပြည်လုံး ရှောက်သွား ၍ ကိုး လ နှင့် အရက် နှစ် ဆယ်လွန် မှ ယေရုရှလင် မြို့သို့ ရောက် ကြ၏။ ၉ ယွာဘ သည်လည်း လူ ပေါင်း စာရင်း ကို ရှင်ဘုရင် အား ဆက် ၍၊ ဂ္လသရေလ အမျိုး၌ ထား ကိုင် သူရဲ ရှစ် သိန်း၊ ယုဒ အမျိုး ၌ ငါး သိန်းရှိ ကြ၏။ ၁၀ ဒါဝိဒ် သည် လူ တို့ကို ရေတွက် ပြီးမှ နောင်တ ရ၍၊ အကျွန်ုပ်ပြု မိသော အမှု၌ အလွန် ပြစ်မှား ပါပြီ။ အိုထာဝရ ဘုရား၊ ကိုယ်တော် ကျွန် ၏အပြစ် ကို ဖြေရှင်း တော်မူပါ။ အကျွန်ုပ်သည် အလွန် မိုက် သောအမှုကို ပြုမိပါပြီဟု ထာဝရဘုရား အား တောင်းပန် လေ၏" ၁၁ ဒါဝိဒ် သည် နံနက် အချိန်၌ ထ သောအခါ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဒါဝိဒ် ၏ ပရောဖက် ဂဒ် သို့ ရောက်လာ ၍၊ ၁၂ ဒါဝိဒ် ထံ သို့သွား လော့။ အရာသုံး ပါးကိုသင့် အား ငါ ပြ ၏။ သင် ၌ ငါပြု စရာဘို့ တပါးပါး ကိုရွေး ရမည်ဟု ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆိုလော့ဟု မိန့် တော်မူသည်အတိုင်း၊ ၁၃ ဂဒ် သည် ဒါဝိဒ် ထံ သို့သွား ၍၊ ပြည် တော်၌ သုံးနှစ်ပတ်လုံးအစာအာဟာရ ခေါင်းပါး စေရမည်လော။ သို့မဟုတ် ရန်သူ တို့သည် သုံး လ ပတ်လုံးလိုက် ၍ ကိုယ်တော် ပြေး တော်မူရမည်လော။ သို့မဟုတ် ပြည် တော်၌ သုံး ရက် ပတ်လုံးကာလနာ ရောက် စေရမည်လော။ အကျွန်ုပ် ကို စေလွှတ် တော်မူသောသူအား အကျွန်ုပ်သည် အဘယ်သို့ ပြန် လျှောက်ရမည်ကို စဉ်းစား ဆင်ခြင်တော်မူပါဟု လျှောက် လေ၏" ၁၄ ဒါဝိဒ် ကလည်း၊ ငါသည် ကျဉ်းမြောင်း ရာသို့ ရောက်လေပြီတကား။ ထာဝရဘုရား ၏ လက် တော်သို့

ရောက် ပါစေ။ ကရဏာ တော်ကြီးလှ ၏။ လူ လက် သို့ မ ရောက် ပါစေနှင့်ဟု ဂဒ် အား ပြန်ပြော ၏" ၁၅ ထိုနေ့နံနက် မှစ၍ ချိန်းချက် သော အချိန် တိုင်အောင် ထာဝရဘုရား သည် ဣသရေလ အမျိုးဥ် ကာလနာ ကို လွှတ်လိုက် တော်မူ၍ ၊ ဒန် မြို့မှ သည် ဗေရရှေဘာ မြို့ တိုင်အောင် လူ ခုနစ် သောင်းသေ ကြ၏။ ၁၆ ကောင်းကင် တမန်သည် ယေရှုရှလင် မြို့ကို ဖျက်ဆီး မည်ဟု လက် ကိုဆန့် သောအခါ ၊ ထာဝရဘုရား သည် ထိုဘေး ကြောင့် နောင်တ ရတော်မူ၍ ၊ တန် ပြီ။ သင့် လက် ကို ရုပ်သိမ်း လော့ဟု လူ တို့ကို ဖျက်ဆီး သော ကောင်းကင် တမန်အား မိန့် တော်မူ၏။ ထိုအခါ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ယေဗုသိ လူအရောန ၏ ကောက်နယ် တလင်းအနား မှာ ရှိ ၏။ ၁၇ လူ တို့ကို ဒဏ်ခတ် သော ကောင်းကင်တမန် ကို ဒါဝိဒ် သည်မြင် သောအခါ ၊ အကျွန်ုပ် ပြစ်မှား ပါပြီ။ ဒုစရိုက် ကို ပြုမိပါပြီ။ ဤ သိုး တို့မူကား အဘယ်သို့ ပြု မိပါ သနည်း။ လက် တော်သည် အကျွန်ုပ် နှင့် အကျွန်ုပ် အဆွေအမျိုး ၌ ရောက် စေတော်မူပါဟု ထာဝရဘုရား အား တောင်းပန် လေ၏။ ၁၈ ထို နေ့ခြင်းတွင် ဂဒ် သည် ဒါဝိဒ် ထံ သို့လာ ၍ ၊ ကိုယ်တော်ကြွ ပါ။ ယေဗုသိ လူအရောန ၏ ကောက်နယ် တလင်း၌ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် ရမည် ဟု၊ ၁၉ ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆိုသည်အတိုင်း ဒါဝိဒ် သည် သွား လေ၏။ ၂၀ ထိုသို့ရှင် ဘုရင်သည် အခြံအရံ တော်နှင့်တကွကြွလာ သည်ကို အရောန သည် ကြည့် ၍ မြင် လျှင် ၊ ပြင်သို့ ထွက် ၍ ရှင်ဘုရင် ရှေ့ တော်၌ ဦးချ ပြပ်ဝပ်လျက်၊ ၂၁ ကျွန်တော် သခင် အရှင် မင်းကြီးသည် ကိုယ်တော် ကျွန် ရှိရာသို့ အဘယ်ကြောင့် ကြွလာ တော်မူသနည်း ဟု မေးလျှောက် လျှင် ၊ ဒါဝိဒ် က၊ လူ တို့တွင် ကာလနာ ဘေးကို ငြိမ်း စေမည်အကြောင်း ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် လို၍၊ သင်၏ကောက်နယ် တလင်းကို ဝယ် အံ့သောငှါ လာသည်ဟု အမိန့် ရှိသော်၊ ၂၂ အရောန က၊ ကျွန်တော် သခင် အရှင် မင်းကြီးသည် စိတ်တော်ရှိသည်အတိုင်း ယူ ၍ ပူဇော် တော်မူပါ။ မီး ရှို့ရာယဇ်ဘို့ နွား များရှိပါ၏။ ထင်း ဘို့ ကောက်နယ် တန်ဆာ၊ နွား နှင့်ဆိုင်သော တန်ဆာများရှိပါ၏ဟု ဒါဝိဒ် အား လျှောက် လျက်၊ ၂၃ အလုံးစုံ တို့ကို ရှင်ဘုရင် အား ဆက် ၍ ၊ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား သည် ကိုယ်တော် ကို လက်ခံ တော်မူပါစေသောဟု လျှောက် လေ၏။ ၂၄ ရှင် ဘုရင်ကလည်း ၊ ထိုသို့ငါမ ယူ ရ။ စင်စစ် အဘိုး ပေး၍ ငါဝယ် မည်။ ကိုယ်တွေ မကုန်ဘဲငါ ၏ ဘုရား သခင်ထာဝရဘုရား အား မီး ရှို့ရာယဇ်ကို ငါမ ပူဇော်လိုဟု အရောန အား ဆို သဖြင့် ၊ ငွေ အကျပ် ငါး ဆယ်ကိုပေး ၍၊ ထိုကောက်နယ် တလင်းနှင့် နွား တို့ကို ဝယ် ပြီးမှ၊ ၂၅ ထို အရပ်၌ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် ၍ မီး ရှို့ရာယဇ်၊ မိသဟာယ ယဇ်တို့ကို ပူဇော် လေ၏။ ထာဝရဘုရား သည်လည်း ၊ ဣသရေလ ပြည် အဘို့ ဆုတောင်း သောစကားကို နားထောင်၍ ကာလနာ ဘေးကို ငြိမ်း စေတော်မူ၏။

၁ ဒါဝိဒ် မင်းကြီး သည် အသက် ကြီးရင့်၍ အို သောအခါ အဝတ် ခြုံ၍ မ နွေး နိုင်။ ၂ သို့ ဖြစ်၍ ကျွန် တို့က၊ အသက် ပျိုသော ကညာ ကို အရှင် မင်းကြီး အဘို့ ရှာ ပါရစေ။ သူသည်မင်းကြီး ကို ခစား ၍ ပြုစုပါစေ။ အရှင် မင်းကြီး ကို နွေး စေခြင်းငှါရင်ခွင် တော်၌ အိပ် ပါစေဟုလျှောက် ကြ၏။ ၃ ထိုသို့နှင့်အညီအဆင်း လှသောအပျိုမ ကို ကြသရေလ ပြည် တရှောက်လုံး တွင် ရှာ ၍ ၊ ရှုနင် မြို့သူအဘိရှက် ကို တွေ့ သဖြင့် အထံတော်သို့ ဆောင် ခဲ့ကြ၏။ ၄ ထိုမိန်းမ သည် အလွန် အဆင်းလှ ၏။ ရှင်ဘုရင် ကို လည်း လုပ်ကျွေး ပြုစု လေ၏။ သို့ရာတွင် ရှင်ဘုရင် သိမ်း တော်မ မူ။ ၅ ထိုနောက် ဟဂိုတ် သား အဒေါနိယ သည် ရှင် ဘုရင် လုပ်မည်ဟု အကြံရှိလျက်၊ ကိုယ်ကိုချီးမွှောက် ၍ ရထား များနှင့် မြင်း များကိုငင်း ၊ မိမိ ရှေ့၌ပြေး ရသောလူ ငါး ဆယ်ကိုငင်း၊ ပြင်ဆင် လေ၏။ ၆ ခမည်းတော် က၊ သင်သည် အဘယ်ကြောင့် ဤသို့ ပြု သနည်းဟု သူ့စိတ်နှာ အောင် တခါမျှမ ပြောစဖူး။ ထိုသူ သည် အဆင်း လည်း အလွန် လှ၏။ ၇ အဗရှလုံ ညီ လည်း ဖြစ်၏။ သူသည်ဇေရုယာ သား ယွာဘ ၊ ယဇ်ပုရောဟိတ် အဗျာသာ နှင့် တိုင်ပင်၍ သူတို့သည် အဒေါနိယ ဘက် မှာ နေကြ၏။ ၈ ယဇ်ပုရောဟိတ် ဇာဒုတ် ၊ ယောယဒ သား ဗေနာယ ၊ ပရောဖက် နာသန် ၊ ရှိမိ ၊ ရေက္က အစရှိသော ဒါဝိဒ် ၏ မှူးကြီး မတ်ကြီးများမူကား ၊ အဒေါနိယ ဘက်သို့ မ ဝင်ကြ။ ၉ အဒေါနိယ သည် အရှော်ဂေလ မြို့နယ်အတွင်း ၊ ဧဝေဟေလက်ကျောက်နား မှာ သိုး ၊ နွား မှစ၍ဆူဖြိုး သော အကောင်တို့ကိုသတ် ပြီးလျှင် ၊ ရှင်ဘုရင် သား မိမိ ညီ များနှင့် ရှင်ဘုရင် ၏ ကျွန် ယုဒ လူ များအပေါင်း တို့ကို ခေါ်ဘိတ် လေ၏။ ၁၀ ပရောဖက် နာသန် ၊ ဗေနာယ ၊ မှူးကြီး မတ်ကြီးမှစသောညီ ရှောလမုန် ကိုကား မ ခေါ် မဘိတ်။ ၁၁ ထိုအခါ နာသန် သည် ရှောလမုန် အမိ ဗာသရှေဘ ထံသို့ သွား၍၊ ဟဂိုတ် ၏သား အဒေါနိယ သည် ရှင် ဘုရင်လုပ်ကြောင်း ကို ကြား ပြီ လော။ တို့ အရှင် ဒါဝိဒ် သည် မ သိ ပါတကား။ ၁၂ ယခု မှာသင် ၏ အသက် နှင့် ရှောလမုန် ၏ အသက် ကို ချမ်းသာ စေခြင်းငှါကျွန်ုပ်သည် အကြံ ပေးပါရစေ။ ၁၃ ဒါဝိဒ် မင်းကြီး ထံ တော်သို့ဝင် ၍ ၊ အိုအရှင် မင်းကြီး ၊ ကိုယ်တော် က သင် ၏သား ရှောလမုန် သည် ငါ့ အရာ ၌ စိုးစံ ၍ နန်း ထိုင် ရမည်ဟု ကိုယ်တော် ကျွန် မအား ကျိန်ဆို တော်မူပြီမ ဟုတ်လော။ သို့ ဖြစ်လျှင် အဒေါနိယ သည် အဘယ်ကြောင့် စိုးစံ ရပါသနည်းဟု လျှောက် လော့။ ၁၄ ထိုသို့အထံတော်၌ လျှောက် စဉ် တွင်၊ ကျွန်ုပ် ဝင် ၍ သင် ၏စကား ကိုထောက်မ မည်ဟု အကြံပေးသည် အတိုင်း၊ ၁၅ ဗာသရှေဘ သည်ရှင်ဘုရင် ရှိ ရာ အခန်း ထဲသို့ ဝင် လေ၏။ ရှင် ဘုရင်သည်အလွန် အို ၍ ရှုနင် မြို့သူအဘိရှက် သည် လုပ်ကျွေး လျက်နေ၏။ ၁၆ ဗာသရှေဘ သည်ဦးချ ၍ ရှင်ဘုရင် အား ရှိခိုး လျှင် ၊ ရှင်ဘုရင် က အဘယ် အလိုရှိသနည်းဟုမေး တော်မူ၏။ ၁၇ ဗာသရှေဘကလည်း၊ ကျွန်မ သခင် ၊ ကိုယ်တော် က သင် ၏သား ရှောလမုန် သည်ငါ့ အရာ ၌ စိုးစံ ၍ နန်း ထိုင် ရမည်ဟု ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား ကို တိုင်တည် ၍ ကိုယ်တော် ကျွန် မအား ကျိန်ဆိုတော်မူပြီ။ ၁၈ ယခု မှာ အဒေါနိယ သည်စိုးစံ ပါ၏။ ကိုယ်တော်အရှင် မင်းကြီး လည်း သိ တော်မ မူ။ ၁၉ အဒေါနိယသည် သိုး နွား မှစ၍ဆူဖြိုး သော အကောင်များ တို့ကို သတ် ပြီးလျှင် ၊ မင်းကြီး ၏ သား တော်အပေါင်း တို့နှင့်တကွ ယဇ်ပုရောဟိတ်

အဗျာသာ ၊ ဗိုလ်ချုပ် မင်းယွာဘ တို့ကို ခေါ် ဘိတ် ပါ၏။ ကိုယ်တော် ကျွန် ရှောလမုန် ကို ကား မ ခေါ် မဘိတ်ပါ။ ၂၀ အိုအရှင် မင်းကြီး ၊ ကျွန်မ အရှင် မင်းကြီး ၏ အရာ ၌စိုးစံ၍ အဘယ်သူ သည် နန်း ထိုင် ရမည်ကို မိန့် တော်မူမည်ဟု ဣသရေလ အမျိုးသားအပေါင်း တို့သည် ကိုယ်တော်ကို မြော်ကြည့်လျက်နေကြပါ၏။ ၂၁ သို့မဟုတ် ကျွန်မ အရှင် မင်းကြီး သည် ဘိုးတော် ဘေးတော်တို့နှင့်အတူ ကျိန်းစက် တော်မူသောအခါ ၊ ကျွန်တော်မ နှင့် သား ရှောလမုန် သည် ရာဇဝတ် ခံရသောသူဖြစ် ပါလိမ့်မည်ဟု လျှောက်လေ၏။ ၂၂ ထိုသို့ အထံတော်၌ လျှောက် စဉ် တွင်၊ ပရောဖက် နာသန် သည် ဝင် လျှင် ပရောဖက် နာသန် လာပါသည်ဟု လျှောက် ကြ၏။ ၂၃ နာသန်သည်လည်း ရှေ့ တော်သို့ ရောက် သောအခါ ဦးချ ပြပ်ဝပ်လျက်၊ ၂၄ အိုအရှင် မင်းကြီး ၊ ကိုယ်တော် က ငါ့ အရာ ၌ အဒေါနိယ စိုးစံ ၍ နန်း ထိုင် ရမည်ဟု မိန့် တော်မူသလော။ ၂၅ သူသည် ယနေ့ ဆင်း သွား၍ ၊ ဆူဖြိုး သော သိုး နွား များ တို့ကို သတ် ပြီးလျှင် မင်းကြီး ၏သား တော်အပေါင်း တို့ကို ၎င်း၊ ဗိုလ် များနှင့် ယဇ်ပုရောဟိတ် အဗျာသာ ကို ၎င်း ခေါ် ဘိတ် ပါပြီ။ သူ တို့သည် အဒေါနိယရှေ့ မှာ စား သောက် လျက် ၊ အဒေါနိယ မင်းကြီး သည် အသက် တော်ရှင်စေသတည်းဟု ကြွေးကြော် လျက် ယခုရှိကြပါ၏။ ၂၆ ကိုယ်တော် ကျွန် အကျွန်ုပ် ၊ ယဇ်ပုရောဟိတ် ဇာဒုတ် ၊ ယောယဒ သား ဗေနာယ ၊ ကိုယ်တော် ကျွန် ရှောလမုန် တို့ကို ကား မ ခေါ် မဘိတ်ပါ။ ၂၇ အရှင် မင်းကြီး ၏အရာ ၌ အဘယ်သူ နန်း ထိုင် ရမည်ကို ကိုယ်တော် ကျွန် အားပြ တော်မ မူဘဲ ဤ အမှု ကို အရှင် မင်းကြီး စီရင် တော်မူပြီလောဟု လျှောက်လေ၏။ ၂၈ ထိုအခါ ဒါဝိဒ် မင်းကြီး က၊ ဗာသရှေဘ ကို ခေါ် ခဲ့ ပါဟု မိန့် တော်မူသည်အတိုင်း ၊ ဗာသရှေဘသည်လာ ၍ ရှေ့ တော်၌ ရပ် နေ၏။ ၂၉ ရှင်ဘုရင် ကလည်း၊ ငါ့ အသက် ဝိညာဉ်ကို ခပ်သိမ်း သော ဒုက္ခ ထဲက ကယ်နှုတ် တော်မူသော ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ ၃၀ သင် ၏သား ရှောလမုန် သည် ငါ့ အရာ ၌စိုးစံ ၍ ငါ့ ကိုယ်စား နန်း ထိုင် ရမည်ဟု ဣသရေလ အမျိုး၏ ဘုရား သခင် ထာဝရဘုရား ကို ငါတိုင်တည် ၍ သင့် အား ကျိန်ဆိုသည် နှင့်အညီ ယနေ့ ငါပြု မည်ဟု တဖန်ကျိန်ဆို တော်မူ၏။ ၃၁ ဗာသရှေဘ သည် ဦးချ ပြပ်ဝပ်လျက် ၊ ရှင်ဘုရင် အား ရှိခိုး လျက် ၊ အရှင် ဒါဝိဒ် မင်းကြီး သည် အသက် တော် အစဉ်အမြဲ ရှင်စေသတည်းဟု မြွက်ဆို ၏။ ၃၂ ဒါဝိဒ် မင်းကြီး ကလည်း ၊ ယဇ်ပုရောဟိတ် ဇာဒုတ် ၊ ပရောဖက် နာသန် ၊ ယောယဒ သား ဗေနာယ တို့ကို ခေါ် ခဲ့ပါဟု မိန့် တော်မူသည်အတိုင်း ၊ သူတို့သည် ရှေ့ တော်သို့ ဝင် လာကြ၏။ ၃၃ ရှင်ဘုရင် ကလည်း ၊ သင် တို့အရှင် ၏ ကျွန် များကို ခေါ် ၍ ငါ သား ရှောလမုန် ကို ငါ ၏မြင်းလား တော်ပေါ် မှာ စီး စေလျက် ၊ ဂိဟုန် မြို့သို့ ဆောင် သွားကြလော့။ ၃၄ ယဇ်ပုရောဟိတ် ဇာဒုတ် နှင့် ပရောဖက် နာသန် သည် ထို မြို့မှာ ဘိသိက် ပေး၍ ဣသရေလ ရှင်ဘုရင် အရာ ၌ ချီးမြှောက်ပြီးလျှင်၊ တံပိုး မှုတ် ၍ ရှောလမုန် မင်းကြီး သည် အသက် တော်ရှင်စေသတည်းဟု ကြွေးကြော် ကြလော့။ ၃၅ ထိုနောက် သင်တို့လိုက် လျက် ငါ့သားသည်လာ ၍ နန်း ထိုင် ရမည်။ ငါ့ ကိုယ်စား ရှင် ဘုရင်ဖြစ်ရမည်။ ထိုသူ ကို ဣသရေလ မင်း ၊ ယုဒ မင်းအရာ၌ ငါခန့် ထားသည်ဟု မိန့် တော်မူ၏။ ၃၆ ယောယဒ သား ဗေနာယ က အာမင်။ အရှင် မင်းကြီး ကိုးကွယ်သော ဘုရား သခင်ထာဝရဘုရား သည် လည်း ထိုသို့မိန့် တော်မူပါစေသော။ ၃၇ ထာဝရဘုရား သည် အရှင် မင်းကြီး ဘက် မှာ ရှိ

တော်မူသည်နည်းတူ ရှောလမုန် ဘက် မှာ ရှိ တော်မူပါစေသော။ အရှင် မင်းကြီး ဒါဝိဒ် ၏ ရာဇပလ္လင် ထက် သား တော်၏ ရာဇပလ္လင် သည်သာ၍ဘုန်းကြီး မည် အကြောင်းစီရင်တော်မူပါစေသောဟု ရှင်ဘုရင် ကို ပြန်လျှောက် လေ၏။ ၃၈ ထိုအခါ ယဇ်ပုရောဟိတ် ဇာဒုတ် ၊ ပရောဖက် နာသန် ၊ ယောယဒ သား ဗေနာယ ၊ ခေရသိ လူ၊ ပေလသိ လူတို့သည် ထွက် ၍ ရှောလမုန် ကို ဒါဝိဒ် မင်းကြီး ၏ မြင်းလား ပေါ် မှာ စီး စေလျက် ဂိဟုန် မြို့သို့ ဆောင် သွားကြ၏။ ၃၉ ယဇ်ပုရောဟိတ် ဇာဒုတ် သည် တဲ တော်ထဲက ဆီ ဘူး ကိုယူ ၍ ရှောလမုန် ကိုဘိသိက် ပေးပြီးမှ ၊ သူတို့သည် တံပိုး မှုတ် ၍ ၊ ရှောလမုန် မင်းကြီး သည် အသက် တော်ရှင် စေသတည်းဟု လူ အပေါင်း တို့သည် ဟစ်ကြော် ကြ၏။ ၄၀ လူ အပေါင်း တို့သည် တီးမှုတ် လျက် နောက် တော်သို့လိုက် ၍၊ မြေကြီး ကွဲ မတတ်ရှိသည်တိုင်အောင် အလွန် ဝမ်းမြောက် သောအသံ ကို ပြုကြ၏။ ၄၁ အဒေါနိယ နှင့် သူ ၏အပေါင်းအဘော်တို့သည် စားသောက် ပွဲ ပြီး သောအခါ ထိုအသံကို ကြား ကြ၏။ တံပိုး မှုတ်သံ ကိုယွာဘ ကြား လျှင် ၊ တမြို့လုံး အုတ်အုတ်ကျက်ကျက် ပြုသံ ကား၊ အဘယ်သို့ နည်းဟုမေး စဉ် ပင်၊ ၄၂ ယဇ်ပုရောဟိတ် အဗျာသာ ၏သား ယောနသန် သည်လာ လျှင် ၊ အဒေါနိယ ကဝင် ပါ။ သင် သည် လူ ကောင်းဖြစ်၍ ၊ ကောင်း သောသိတင်း ကို ကြားပြောလိမ့်မည်ဟု ဆိုလျှင်၊ ၄၃ ယောနသန် က၊ အကယ်စင်စစ်ငါ တို့အရှင် ဒါဝိဒ် မင်းကြီး သည် ရှောလမုန် ကို ရှင် ဘုရင်အရာ၌ ခန့်ထားတော်မူပြီ။ ၄၄ ရှင် ဘုရင်သည်လည်း ယဇ်ပုရောဟိတ် ဇာဒုတ် ၊ ပရောဖက် နာသန် ၊ ယောယဒ သား ဗေနာယ ၊ ခေရသိ လူ၊ ပေလသိ လူတို့ကို ရှောလမုန် နှင့်အတူ စေလွှတ် တော်မူ၍ မြင်းလား တော်ပေါ် မှာ စီး စေကြပါပြီ။ ၄၅ ယဇ်ပုရောဟိတ် ဇာဒုတ် နှင့် ပရောဖက် နာသန် တို့သည် ရှောလမုန်ကို ဂိဟုန် မြို့၌ ရာဇ ဘိသိက်ပေးပါပြီ။ ထို မြို့မှ ဝမ်းမြောက် စွာ လာ ပြန်၍ ၊ တမြို့လုံး အုတ်အုတ်ကျက်ကျက် သောအသံ ကို ကိုယ်တော်ကြား ရပါ၏။ ၄၆ ရှောလမုန် သည်လည်း ရာဇ ပလ္လင်တော်ပေါ် မှာ ထိုင် ပါ၏။ ၄၇ ရှင်ဘုရင် ၏ ကျွန် တို့သည်လည်း တို့ အရှင် ဒါဝိဒ် မင်းကြီး ကို ကောင်းကြီး ပေးခြင်းငှါ သွား ၍ ဘုရား သခင် သည် ရှောလမုန် ၏နာမ ကိုခမည်းတော်၏နာမ ထက် သာ၍ချီးမြှောက် တော်မူပါစေသော။ သူ ၏ရာဇ ပလ္လင် ကို ခမည်းတော်၏ ရာဇ ပလ္လင်ထက် သာ၍ဘုန်းကြီး မည်အကြောင်းစီရင်တော်မူပါစေသောဟု လျှောက်လျှင်၊ ရှင် ဘုရင်သည် သာလွန် တော်ပေါ် မှာ ဦးချ လျက်၊ ၄၈ ငါသည် ကိုယ် မျက်စိ နှင့်မြင် စေခြင်းငှါ၊ ငါ့ နန်း ပေါ် မှာ ထိုင် ရသောသူကို ယနေ့ ပေး သနားတော်မူသော ဣသရေလ အမျိုး၏ရှင်ဘုရင် ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်းဟု မိန့်တော်မူကြောင်းကို အဒေါနိယ အား ပြန်လျှောက် လေ၏။ ၄၉ ထိုအခါ အဒေါနိယ နှင့် ပေါင်းဘော် သော သူအပေါင်း တို့သည် ကြောက်ရွံ့သဖြင့် ထ ၍ တယောက် တခြားစီ သွား ကြ၏။ ၅၀ အဒေါနိယ သည်လည်း ရှောလမုန် ကို ကြောက် သဖြင့် ထ သွား ၍ ယဇ် ပလ္လင်ဦးချို့ တို့ကို ကိုင် လျက်နေ၏။ ၅၁ အဒေါနိယ သည် ရှောလမုန် မင်းကြီး ကို ကြောက် ၍ ယဇ် ပလ္လင်ဦးချို့ တို့ကို ကိုင် လျက်၊ ရှောလမုန် မင်းကြီး သည် ကျွန်တော် ကို မ ကွပ်မျက် မည်အကြောင်းယနေ့ ကျိန်ဆို တော်မူပါစေဟုဆို ကြောင်းကို ရှောလမုန် အား လျှောက် လေသော်၊ ၅၂ ရှောလမုန် က၊ သူသည်လူ ကောင်း ဖြစ် လျှင် ၊ ဆံခြည် တပင်မျှ မြေ သို့ မ ကျ ရ။ အပြစ် ရှိ လျှင် အသေခံ ရမည် ဟု

အမိန့် တော်ရှိ၍၊ ၅၃ လူကိုစေလွှတ် သဖြင့် ၊ အဒေါနိယကို ယဇ် ပလွင်မှ ခေါ် ခဲ့သည်အတိုင်း ၊ သူသည်လာ ၍ ရှောလမုန် မင်းကြီး ရှေ့မှာ ဦးချ လေ၏။ ရှောလမုန် ကလည်း ၊ သင့် အိမ် သို့ သွား လော့ဟု မိန့် တော်မူ၏။

၂ ဒါဝိဒ် သည်အနီစ္စ ရောက်ရသောအချိန် နီး သောအခါ ၊ သား တော်ရှောလမုန် ကို ပညတ် ထားတော်မူသည် ကား၊ ၂ မြေကြီး သားအပေါင်း တို့၏ သွားရာလမ်း သို့ ငါ သွား ရမည်။ သို့ ဖြစ်၍ အား ယူလော့။ ယောက်ျား ၏ ဂုဏ်သတ္တိရှိ လော့။ ၃ ထာဝရဘုရား သည် ငါ့အားဗျာဒိတ် ပေးတော်မူ သည်ကား၊ ၄ သင် ၏သား မြေးတို့သည် စိတ် နှလုံး အကြွင်းမဲ့ ငါ့ ရှေ့မှာ သမ္မာတရား၌ ကျင်လည် ခြင်းငှါ မိမိ တို့သွားရာ လမ်း ကို သတိပြု လျှင် ၊ ဣသရေလ နိုင်ငံရာဇ ပလွင်ပေါ် မှာ ထိုင်ရသောသင် ၏ အမျိုး မင်းရိုးမ ပြတ် ရဟု မိန့် တော်မူ သော စကား တော်တည် ၍ ၊ သင်သည်ပြု လေရာရာ ၊ သွား လေရာရာ ၌ အောင်မြင် မည်အကြောင်း သင် ၏ ဘုရား သခင်ထာဝရဘုရား၏ လမ်း တော်သို့ လိုက် ၍၊ မောရှေ ၏ပညတ္တိ ကျမ်း၌ ပါသောစီရင် ထုံးဖွဲ့ချက်၊ သက်သေခံ ချက်၊ ပညတ် တရား တော်တို့ကို စောင့်ရှောက် စေခြင်းငှါ မှာထားတော်မူသောစကားကို နားထောင် လော့။ ၅ ဇေရုယာ သား ယွာဘ သည် ငါ ၌ ပြု သောအမှု ၊ ဣသရေလ ဗိုလ်ချုပ် နှစ် ပါးနေရ ၏သား အာဗနာ ၊ ယေသာ ၏ သား အာမသ ၌ ပြု သောအမှု တည်းဟူသောသူ တို့ ကိုသတ် ၍ စစ် မတိုက်ဘဲ စစ် အသွေး ကို သွန်းလောင်း သဖြင့် ၊ မိမိ ဝတ်သောခါးစည်း ၊ မိမိ နင်း သော ခြေနင်း တို့ကို စစ် အသွေး နှင့် လူး သောအမှုကို သင် သိ သည်ဖြစ်၍၊ ၆ သင် ၌ပညာ ရှိသည်အတိုင်း စီရင် လျက်၊ ဆံပင် ဖြူသော ထိုသူ ၏ဦးခေါင်းကို မရဏာ နိုင်ငံသို့ ငြိမ်ဝပ် စွာ မ ဆင်း စေနှင့်။ (Sheol h7585) ၇ ဂိလဒ် ပြည်သားဗာဇိလဲ ၏သား တို့ကို ကား ကျေးဇူး ပြု၍ စားပွဲ တော်၌ စား သောလူစုထဲသို့ ဝင် စေလော့။ သင့် အစ်ကို အဗရှလုံ ကြောင့် ငါ ပြေး ရသောအခါ ၊ သူတို့သည် ထိုသို့သောကျေးဇူးကိုပြု၍ ငါ့ ထံသို့ လာ ကြ၏။ ၈ ငါ သည်မဟာနိမ် မြို့သို့သွား သောနေ့ ၌ ငါ့ ကို ကြမ်းတမ်း စွာ ကျိန်ဆဲ သောသူ ၊ ဗယ်ာမိန် အမျိုးဗာဟုရိမ် ရှာသား၊ ဂေရ ၏သား ရှိမိ သည် သင့် လက်၌ရှိ၏။ သူ သည်ငါ့ ကိုခရီးဦးကြို ပြုအံ့သောငှါ ယော်ဒန် မြစ်နားသို့ လာ သောအခါ ၊ သင့် ကို ငါမ ကွပ်မျက် ဟု ထာဝရဘုရား ကို တိုင်တည် ၍ ငါကျိန်ဆိုသော်လည်း၊ ၉ ထိုသူ ကို အပြစ် မရှိသော သူကဲ့သို့မ မှတ်ရဘဲ၊ သင် သည် လိမ္မာ သောသူ ဖြစ်၍ သူ ၌ အဘယ်သို့ စီရင် သင့်သည်ကို သိ သည်နှင့်အညီ၊ ဆံပင် ဖြူသော ထိုသူ ၏ ခေါင်းကို အသေသတ်ခြင်းအားဖြင့်မရဏာ နိုင်ငံသို့ ဆင်း စေလော့ဟု မှာထားတော်မူပြီးမှ၊ (Sheol h7585) ၁၀ ဒါဝိဒ် သည်ဘိုးတော် ဘေးတော်တို့နှင့် အိပ်ပျော် ၍ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ တော်မူ၏။ ၁၁ ဟေဗြုန် မြို့၌ ခုနစ် နှစ် ၊ ယေရုရှလင် မြို့၌ သုံးဆယ် သုံး နှစ် မင်းပြု ၍ ဣသရေလ နိုင်ငံကို အနှစ် လေးဆယ် စိုးစံ တော်မူ၏။ ၁၂ ရှောလမုန် သည် ခမည်းတော် ဒါဝိဒ် ၏ ရာဇ ပလွင်ပေါ် မှာ ထိုင် တော်မူ၍ ၊ အာဏာ တော်သည် အမြဲ တည် ၏။ ၁၃ ထိုနောက်ဟဂိုတ် ၏သား အဒေါနိယ သည် ရှောလမုန် ၏ မယ်တော် ဗာသရှေဘာ ထံသို့ သွား ၍ ၊ ဗာသရှေဘာက သင် သည်မိတ်ဆွေ ဖွဲ့လျက် လာ သလော ဟုမေး လျှင် ၊ မိတ်ဆွေ ဖွဲ့လျက် လာပါ၏။ ၁၄ ပြော စရာတစုံတခုရှိပါသည်ဟု ဆို သော် ၊ မယ်တော်က ပြော ပါဟု ပြန်ဆို ၏။ ၁၅ အဒေါနိယကလည်း၊ နိုင်ငံ တော်သည် ကျွန်ုပ် လက်သို့ ရောက် သည်ကိုငင်း ၊ ဣသရေလ အမျိုးသားအပေါင်း

တို့သည် ကျွန်ုပ် ကို ရှင် ဘုရင်အဖြစ်၌ ချီးမွှောက်ချင်သည်အကြောင်း ကို၎င်းမယ်တော် သိ ပါ၏။ သို့သော်လည်း နိုင်ငံ
တော်သည် ကျွန်ုပ်လက်မှလွဲ ၍ ညီ တော်လက် သို့ ရောက် ပါပြီ။ ထိုသို့ ထာဝရဘုရား အလိုတော်ရှိ၏။ ၁၆ ယခု မှာ
တစုံတခု သောဆု ကို မယ်တော် ၌ တောင်း ချင်ပါ၏။ မ ငြင်း ပါနှင့်ဟုဆိုလျှင်၊ မယ်တော်က ပြော ပါဟုဆို ၏။ ၁၇
သူကလည်းရှောလမုန် မင်းကြီး သည် ရှုနင် မြို့သူအဘိရှက် ကို ကျွန်ုပ် အား ပေးစား တော်မူမည်အကြောင်း လျှောက်
ပါတော့။ မင်းကြီးသည် မယ်တော်ကို ငြင်း တော် မ မူနိုင်ဟု ဆို လေသော်၊ ၁၈ ဗာသရှေဘ ကကောင်း ပြီ။ သင့်
အဘို့ နားတော် လျှောက် မည်ဟု ဆို ပြီးမှ ၊ အဒေါနိယ အဘို့ နားတော် လျှောက် အံ့သောငှါ ရှောလမုန် မင်းကြီး ထံ
တော်သို့သွား ၏။ ၁၉ ရှင်ဘုရင်သည် မယ်တော်ကို ခရီးဦးကြို ပြုအံ့သောငှါ ထ ၍ ဦးချ ပြီးမှ ၊ ပလ္လင် တော်ပေါ် မှာ ထိုင်
တော်မူ ၏။ မယ်တော် ထိုင်စရာဘို့ စီရင် ၍ သူသည် လက်ျာ တော်ဘက် မှာ ထိုင်လေ၏။ ၂၀ ထိုအခါ မယ်တော်က၊
ငယ် သောဆု တစုံတခု ကို တောင်း ချင်သည်ဖြစ်၍မ ငြင်း ပါနှင့်ဟု လျှောက် လျှင်၊ ရှင်ဘုရင် ကမိခင် ၊ တောင်း ပါ၊
ကျွန်ုပ်မ ငြင်း ပါဟု မိန့် တော်မူ ၏။ ၂၁ မယ်တော်ကလည်း ၊ ရှုနင် မြို့သူအဘိရှက် ကို နောင်တော် အဒေါနိယ အား
ပေးစား တော်မူပါဟု တောင်း လေသော်၊ ၂၂ ရှောလမုန် မင်းကြီး က၊ အဒေါနိယ အဘို့ ရှုနင် မြို့သူအဘိရှက် ကိုသာ
အဘယ်ကြောင့် တောင်း ရ သနည်း။ နိုင်ငံ တော်ကိုလည်း သူ အဘို့ တောင်း ပါလော့။ သူ သည်ကျွန်ုပ် နောင်တော်
ဖြစ်၏။ သူ နှင့် ယဇ်ပုရောဟိတ် အဗျာသာ ၊ ဇေရုယာ ၏ သား ယွာဘ အဘို့ တောင်းပါလော့ ဟု မယ်တော် အား
ပြန် ပြောပြီးမှ၊ ၂၃ တဖန် အဒေါနိယ သည် ထိုသို့ တောင်း သော်၊ မိမိ အသက် သေစေခြင်းငှါမတောင်းမိလျှင်၊
ဘုရား သခင်သည် ငါ့ အား ထိုမျှမက ပြု တော်မူစေသတည်း။ ၂၄ ငါ့ ကိုမြဲမြံ စေသဖြင့် ၊ ငါ့ ခမည်းတော် ဒါဝိဒ် ၏
ရာဇ ပလ္လင်တော်ပေါ် မှာ တင်၍ဂတိတော်နှင့်အညီငါ့ နေရာနန်းတော် ကိုပေး တော်မူသော ထာဝရဘုရား အသက်
ရှင်တော်မူသည်အတိုင်း ၊ အဒေါနိယ သည် ယနေ့ အသေခံ ရမည်ဟု ထာဝရဘုရား ကို တိုင်တည်၍ ကျိန်ဆို ပြီးမှ၊ ၂၅
ယောယဒ သား ဗေနာယ ကိုစေလွှတ် ၍ ၊ အဒေါနိယ ကို သေ အောင်လုပ်ကြံ လေ၏။ ၂၆ ယဇ်ပုရောဟိတ် အဗျာသာ
ကို လည်း ရှင်ဘုရင် ခေါ်၍၊ သင်သည် အာနသုတ် မြို့၊ သင် ပိုင်သော မြေ သို့ သွား လော့။ သင်သည် အသေခံ
ထိုက်သော်လည်း ယခု ငါမ စီရင်။ အကြောင်း မူကား၊ ထာဝရ အရှင် ဘုရား သခင်၏သေတ္တာ တော်ကို ငါ့ ခမည်းတော်
ဒါဝိဒ် ရှေ့ မှာ ထမ်း လေပြီ။ ငါ့ ခမည်းတော် ဆင်းရဲ ခံလေရာရာ ၌ သင်သည် ဆင်းရဲ ခံလေပြီဟု မိန့် တော်မူ၏။ ၂၇
ထာဝရဘုရား သည် ဧလိ အမျိုး ကို အကြောင်းပြု ၍၊ ရှိလော မြို့၌ မိန့်တော်မူသောစကား ပြည့်စုံ မည် အကြောင်း ၊
ရှောလမုန် သည် အဗျာသာ ကို ထာဝရဘုရား ထံ တော်၌ ယဇ်ပုရောဟိတ် မ ဖြစ် စေခြင်းငှါနှင်ထုတ် တော်မူ ၏။ ၂၈
ယွာဘ မူကား ၊ အဗရှလုံ နောက် သို့မ လိုက်သော်လည်း ၊ အဒေါနိယ နောက် သို့ လိုက်သောသူဖြစ်၍၊ ထို သိတင်း
ကို ကြား သောအခါ ၊ ထာဝရဘုရား ၏ တဲ တော်သို့ ပြေး ၍ ယဇ် ပလ္လင်ဦးချို့ တို့ကို ကိုင် လျက်နေ၏။ ၂၉ ယွာဘ
သည် ထာဝရဘုရား ၏ တဲ တော်သို့ ပြေး ပါပြီ။ ယဇ် ပလ္လင်အနား မှာရှိပါသည်ဟု ရှောလမုန် မင်းကြီး အား လျှောက်
သောအခါ ၊ ယွာဘ ကို လုပ်ကြံ လော့ဟု ယောယဒ သား ဗေနာယ ကို စေလွှတ် တော်မူ၏။ ၃၀ ဗေနာယ သည်

ထာဝရဘုရား ၏ တဲ တော်သို့ သွား ၍ ၊ ရှင်ဘုရင် ခေါ်တော်မူသည်ဟုဆို လျှင် ၊ ယွာဘက ငါမ သွား၊ ဤ အရပ်မှာ အသေခံ မည်ဟုဆို ၏။ ဗေနာယ ကလည်း၊ ယွာဘ သည်ဤသို့ ပြန် ပြောပါ၏ဟု နားတော် လျှောက် လေသော်၊ ၃၁ ရှင်ဘုရင် က၊ အပြစ် မရှိသောသူ ၏အသက်ကို ယွာဘ သတ် သော အပြစ် နှင့် ငါ မှစ၍ ငါ့ အဆွေ အမျိုးကင်းစင် မည်အကြောင်းသူစကား အတိုင်း ပြု လော့။ သူ့ ကို လုပ်ကြံ ၍ သင်္ဂြိဟ် လော့။ ၃၂ သူသည် မိမိ ထက် သာ၍ဖြောင့်မတ် ကောင်းမြတ် သောသူ၊ ဣသရေလ ဗိုလ်ချုပ် နေရ ၏သား အာဗနာ နှင့် ယုဒ ဗိုလ်ချုပ် ယေသာ ၏သား အာမသ ကို ငါ့ ခမည်းတော် ဒါဝိဒ် မ သိ ဘဲ တိုက် ၍ ထား နှင့် သတ် သော အပြစ် ကို ထာဝရဘုရား သည် သူ ၏ခေါင်း ပေါ် သို့ သက်ရောက် စေတော်မူမည်။ ၃၃ ထိုသူ တို့၏ အသွေး သည် ယွာဘ ခေါင်း ၊ သား မြေးတို့၏ ခေါင်း ပေါ် မှာ အစဉ် သက်ရောက် ပါစေ။ ဒါဝိဒ် နှင့် သူ ၏ဆွေ တော်မျိုးတော်၊ နန်း တော်၊ ရာဇ ပလ္လင်တော်၌ ထာဝရဘုရား ပေးတော်မူသောငြိမ်ဝပ် ခြင်း အမြဲ သက်ရောက် ပါစေဟု မိန့် တော်မူသည်အတိုင်း၊ ၃၄ ယောယဒ သား ဗေနာယ သည် သွား ပြီးလျှင် ၊ ယွာဘ ကို တိုက် သတ် ၍ တော အရပ်၊ ယွာဘ နေရာအိမ် ၌ သင်္ဂြိဟ် လေ၏။ ၃၅ ဗိုလ်ချုပ်ယွာဘအရာ ၌ ယောယဒ သား ဗေနာယ ကိုငင်း ၊ အဗျာသာ အရာ ၌ ယဇ်ပုရောဟိတ် ဇာဒုတ် ကိုငင်းရှင်ဘုရင် ခန့်ထား တော်မူ၏။ ၃၆ တဖန် ရှင် ဘုရင်သည် ရှိမိ ကို ခေါ် ပြီးလျှင် ၊ သင်သည် ယေရုရှလင် မြို့ထဲမှာ အိမ် ကို ဆောက် ၍ နေ ရ မည်။ မြို့ပြင်သို့ထွက်၍ အဘယ် အရပ်ကို မျှမ သွား နှင့်။ ၃၇ မြို့ပြင်သို့ထွက်၍ ကေဒြုန် ချောင်း ကို ကူး လျှင် ၊ ကူး သောနေ့ ၌ အသေ သတ်ခြင်းကို အမှန် ခံရမည်ဟု သတိနှင့်မှတ်လော့။ သင့် အသွေး သည် သင့် ခေါင်း ပေါ် မှာ သက်ရောက် စေဟု မိန့် တော်မူသော်၊ ၃၈ ရှိမိ က၊ အမိန့် တော်ကောင်း ပါ၏။ အရှင် မင်းကြီး မိန့် တော်မူသည်အတိုင်း ကိုယ်တော် ကျွန် ပြု ပါမည်ဟု ပြန် လျှောက်၍ ယေရုရှလင် မြို့၌ ကြာမြင့် စွာနေ လေ၏။ ၃၉ သို့ရာတွင် သုံး နှစ် လွန် သောအခါ ၊ ရှိမိ ၏ ကျွန် နှစ် ယောက်တို့သည် ဂါသ မင်းကြီး မာခါ သား အာခိတ် ထံသို့ ပြေး ၍ ဂါသ မြို့၌ ရှိကြောင်းကို ရှိမိ သည်ကြား လေသော် ၄၀ ထ ၍ မြည်း ကို ကုန်းနှီး တင်ပြီးလျှင် ၊ ကျွန် တို့ကို ရှာ အံ့သောငှါ ဂါသ မြို့၊ အာခိတ် ထံသို့ သွား ၍ ကျွန် တို့ကို ခေါ် လေ၏။ ၄၁ ထိုသို့ ရှိမိ သည် ယေရုရှလင် မြို့မှ ဂါသ မြို့သို့ သွား ၍ ပြန်လာ ကြောင်း ကို ရှောလမုန် မင်းကြီးကြား လေသော်၊ ၄၂ ရှိမိ ကို ခေါ် ပြီးလျှင် ၊ သင်သည် မြို့ပြင်သို့ ထွက် ၍ အခြား တပါးသော အရပ်သို့သွားလျှင် ၊ သွား သောနေ့ ၌ အသေ သတ်ခြင်းအမှန် ခံရမည်ကို သတိနှင့်မှတ်လော့ဟု ထာဝရဘုရား ကို တိုင်တည်လျက် သင့် ကို ငါကျိန်ဆို စေ၍ သတိ ပေးသည်မ ဟုတ်လော။ သင်ကလည်း ကျွန်တော်ကြား ရသောအမိန့် တော်ကောင်း ပါသည်ဟု ဝန်ခံသည် မဟုတ်လော။ ၄၃ သို့ ဖြစ်၍ ထာဝရဘုရား ၏သစ္စာ တော်ကိုငင်း ၊ ငါမှာ ထားသော ပညတ် ကိုငင်း၊ အဘယ်ကြောင့် မ စောင့် သနည်းဟု မိန့်တော်မူပြီး၍၊ ၄၄ တဖန် သင် သည် ကိုယ်နှစ်သက်သည်အတိုင်း ငါ့ ခမည်းတော် ဒါဝိဒ် ၌ ပြု ဘူးသော ဒုစရိုက် ရှိသမျှ ကို သင် သိ ၏။ သင် ၏ဒုစရိုက် အပြစ်ကို ထာဝရဘုရား သည် သင့် ခေါင်း ပေါ် သို့ ရောက် စေတော်မူ၏။ ၄၅ ရှောလမုန် မင်းကြီး သည် မင်္ဂလာ ရှိ၍ ဒါဝိဒ် ၏ ရာဇ ပလ္လင်တော်သည် ထာဝရဘုရား ရှေ့ တော်၌ အစဉ်အမြဲ တည် ပါစေသတည်းဟု မိန့်တော်မူပြီးလျှင်၊ ၄၆ ယောယဒ သား ဗေနာယ သည်

အမိန့် တော်ကိုခံ ၍ ပြင်သို့ထွက် ပြီးလျှင် ရှိမိ ကို သေ အောင်လုပ်ကြဲ လေ၏။ ထိုသို့ နိုင်ငံ တော်သည် ရှောလမုန် လက်၌ တည် ၏။

၃ ရှောလမုန် သည် အဲဂုတ္တု ဖာရော ဘုရင် နှင့် မိတ်ဆွေ ဖွဲ့လျက် ၊ သမီး တော်နှင့်စုံဘက် ၍ နန်း တော်၊ ဗိမာန် တော်၊ ယေရုရှလင် မြို့ရိုး ကို မပြီး မှီတိုင်အောင် ဒါဝိဒ် မြို့ ၌ နေရာပေး တော်မူ၏။ ၂ ထို ကာလ ၌ ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော်ကို မ တည် သေးသောကြောင့် ၊ လူ များတို့သည် မြင့် သောအရပ်တို့ ၌ ယဇ် ပူဇော်တတ်ကြ၏။ ၃ ရှောလမုန် သည် ထာဝရဘုရား ကို ချစ် ၍ ခမည်းတော် ဒါဝိဒ် ၏စီရင် ချက်တို့ကို စောင့်ရှောက် တတ်၏။ သို့ရာတွင် မြင့် သောအရပ်တို့ ၌ ယဇ် ပူဇော်၍ နံ့သာပေါင်း ကို မီးရှို့၏။ ၄ တရံရောအခါ၊ ရှင် ဘုရင်သည် ယဇ် ပူဇော်ခြင်းငှါ အလွန် မြင့် မြတ်သော အရပ်တည်းဟူသောဂိဗောင် မြို့သို့ သွား ၍ ထို ယဇ် ပလ္လင်ပေါ် မှာ မီးရှို့ ရာယဇ်တထောင် ကို ပူဇော် လေ၏။ ၅ ထိုမြို့၌ ထာဝရဘုရား သည် ညဉ့် အခါ အိပ်မက် တွင် ရှောလမုန် အား ထင်ရှား လျက် ၊ ငါပေး ရမည်ဆုကို တောင်း လော့ဟု ဘုရား သခင်မိန့် တော်မူ၏။ ၆ ရှောလမုန် ကလည်း ၊ ကိုယ်တော် ၏ ကျွန် အကျွန်ုပ် ၏အဘ ဒါဝိဒ် သည် ရှေ့ တော်၌ သဘော ဖြောင့် ၍ သမ္မာ တရား၊ ဖြောင့်မတ် ခြင်းတရားအတိုင်း ကျင့် သည်နှင့်အညီ၊ သူ၌များစွာ သော ကျေးဇူး ကို ပြု တော်မူပြီ။ ယနေ့ တွင်ရှိသည်အတိုင်း ၊ သူ ၏ရာဇ ပလ္လင်ပေါ် မှာ ထိုင် ရသောသား ကိုသူ့ အား ပေး သနားတော်မူသဖြင့် ၊ သူ့ အဘို့ ကျေးဇူး တရားကို စောင့်ရှောက် တော်မူပြီ။ ၇ ယခု မှာ အကျွန်ုပ် ၏ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် ကျွန် ကို အဘ ဒါဝိဒ် ၏ကိုယ်စား ရှင် ဘုရင်အရာ၌ ခန့်ထားတော်မူပြီ။ သို့ရာတွင် အကျွန်ုပ် သည် သူငယ် ဖြစ်ပါ၏။ ထွက် ဝင် ခြင်းငှါမ တတ်နိုင် ပါ။ ၈ ရွေးချယ် တော်မူ၍ အရေအတွက် အားဖြင့် အတိုင်း မ သိများပြား စွာသော ကိုယ်တော် ၏လူမျိုး ကြီး အလယ် ၌ ကိုယ်တော် ကျွန် ရှိပါ၏။ ၉ သို့ ဖြစ်၍ ကိုယ်တော် ကျွန် သည် ကိုယ်တော် ၏ လူ တို့ကို တရားစီရင် နိုင်မည်အကြောင်း ကောင်း မကောင်း ကို ပိုင်းခြား ၍ သိ တတ်သောဉာဏ် ကိုပေး သနားတော်မူ ပါ။ ဤ မျှလောက်များစွာ သော ကိုယ်တော် ၏ လူ တို့ကို အဘယ်သူ သည် ကိုယ်အလိုအလျောက်တရား စီရင်နိုင် ပါ မည်နည်းဟု တောင်းလျှောက် ၏။ ၁၀ ထိုသို့ ရှောလမုန် တောင်း လျှောက်သော ပဌနာ စကား ကို ထာဝရ ဘုရားသည် နှစ်သက် တော်မူ၏။ ၁၁ ဘုရား သခင်ကလည်း ၊ သင်သည်တာရှည် သော အသက် ကို မ တောင်း ၊ စည်းစိမ် ကိုလည်း မ တောင်း ၊ ရန်သူ တို့ ၏အသက် ကိုလည်း မ တောင်း ၊ တရား စီရင်ခြင်းငှါ တတ်နိုင်သောဉာဏ် ကိုသာ ကိုယ် အဘို့ တောင်း လျှောက် သောကြောင့်၊ ၁၂ သင် တောင်း လျှောက်သည်အတိုင်း ငါပေး ၏။ ရှေး ကာလ၌သင် နှင့် တူသောသူတယောက်မျှမ ဖြစ် ၊ နောင် ကာလ၌မ ဖြစ် နိုင်အောင် ဉာဏ် ပညာနှင့်ပြည့်စုံသောစိတ် ဝိညာဉ်ကို သင့် အား ငါပေး ၏။ ၁၃ ထိုမှတပါးသင် နှင့် တူသော ရှင်ဘုရင် တယောက် ကိုမျှ သင့် လက်ထက် ၌ မ ရှိ စေခြင်းငှါ၊ သင်မ တောင်း သော ဆု၊ စည်းစိမ် ဥစ္စာ၊ ဂုဏ် အသရေကို ငါပေး ၏။ ၁၄ သင့် အဘ ဒါဝိဒ် ကျင့် သည်အတိုင်း ငါ့ လမ်း သို့ လိုက် ၍ ငါ စီရင် ချက်ပညတ်တရားတို့ကို စောင့်ရှောက် လျှင် ၊ တာရှည် သော အသက် ကိုလည်း ငါပေးမည်ဟု မိန့် တော်မူ၏။ ၁၅ ရှောလမုန် သည်

နိုး ၍ အိပ်မက် ဖြစ်မှန်းကိုသိ၏။ တဖန် ယေရှရှလင် မြို့သို့သွား ၍ ထာဝရ ဘုရား၏ ပဋိညာဉ် သေတ္တာ တော်ရှေ့မှာ ရပ် လျက်၊ မီးရှို့ ရာယဇ်၊ မိသဟာယ ယဇ်တို့ကို ပူဇော် ၍ ကျွန် အပေါင်း တို့အဘို့ ပွဲ ကို စီရင် တော်မူ၏။ ၁၆ ထိုအခါ ပြည်တန်ဆာ မိန်းမ နှစ် ယောက်သည် လာ ၍ ရှေ့တော်၌ ရပ် လျက်၊ ၁၇ မိန်းမ တယောက် က အို အရှင် ၊ ကျွန်တော်မ နှင့် ဤ မိန်းမ သည် တ အိမ် တည်းနေ ကြပါ၏။ တအိမ်တည်း နေလျက် ကျွန်တော်မသည် သား မျက်နှာကိုမြင်ပါ၏။ ၁၈ သုံး ရက် လွန်မှ တဖန် ဤ မိန်းမ သည် သား မျက်နှာကိုမြင်ပါ၏။ ထိုအိမ် ၌ အဘယ်ည့်သည် မျှ မ ရှိ။ သူနှင့်ကျွန်တော်မနှစ် ယောက်တည်း သာ ရှိပါ၏။ ၁၉ ဤ မိန်းမ သည် ညဉ့် အခါ မိမိသားငယ်ကို ဖိ၍ အိပ် မိသောကြောင့် သား ငယ်သေ ပါ၏။ ၂၀ သန်းခေါင်ယံ ၌ သူသည်ထ ၍ ကျွန်တော်မ အိပ်ပျော် စဉ်အခါ ကျွန်တော်မ သား ငယ်ကိုယူ ၍ မိမိ ရင်ခွင် ၌ ထား ပါ၏။ သူ ၏ သားငယ် အသေ ကောင်ကိုမူကား ၊ ကျွန်မ ၏ရင်ခွင် ၌ ထား ပါ၏။ ၂၁ နံနက် အချိန်၌ ကျွန်တော်မသည်သား ငယ်ကို နို့ တိုက်မည်ထ သောအခါ၊ သားငယ်သည် သေ လျက် ရှိပါ၏။ သို့ရာတွင်ကျွန်တော်မသည် သေသောသူငယ် ကို စေ့စေ့ ကြည့်ရှုသောအခါ ၊ ကျွန်တော်မဘွားမြင် သော သား မ ဟုတ်ပါဟုလျှောက် ၏။ ၂၂ အခြား သော မိန်းမ ကလည်း မ ဟုတ်ဘူး။ အသက် ရှင်သော သူငယ်သည် ငါ့ သား ၊ သေ သောသူငယ် သည် သင် ၏သား ဖြစ်၏ဟု ငြင်းလေ၏။ အရင်မိန်းမကလည်း ထိုသို့ မ ဟုတ်။ သေ သောသူငယ်သည် သင် ၏သား ၊ အသက် ရှင်သောသူငယ်သည် ငါ့ သား ဖြစ်၏ဟုဆို လေ၏။ ထိုသို့ရှေ့တော်၌ လျှောက် ဆိုကြလျှင်၊ ၂၃ ရှင်ဘုရင် က၊ မိန်းမတယောက်က အသက် ရှင်သော သူငယ်သည် ငါ့ သား ၊ သေ သော သူငယ်သည် သင် ၏သား ဖြစ်၏ဟုဆို လျက်၊ တယောက်ကထိုသို့ မ ဟုတ်။ သင် ၏သား သေ ပြီ။ ငါ့ သား အသက် ရှင်သည်ဟု ဆို သည် ဖြစ်၍၊ ၂၄ ထား ယူ ခဲ့ဟု မိန့် တော်မူသည်အတိုင်း ၊ ထား ကို ရှေ့တော်သို့ ယူ ခဲ့ကြ၏။ ၂၅ ရှင်ဘုရင် ကလည်း ၊ အသက် ရှင်သော သူငယ် ကို ခွဲ ၍ ထိုမိန်းမတို့အား တယောက် တဝက် စီပေး လော့ဟု မိန့် တော်မူသော်၊ ၂၆ အသက် ရှင်သောသူငယ်၏ အမိသည် မိမိ သား ကို အလွန်သနား ၍ ၊ အို အရှင် ၊ အသက် ရှင်သောသူငယ်ကို မ သတ် ပါနှင့်။ ဤမိန်းမ အား ပေး တော်မူပါဟု တောင်းပန် လေ၏။ အခြားမိန်းမက ငါ မ ပိုင် စေနှင့်။ သင် လည်း မပိုင်စေနှင့်။ ခွဲ ပါလေစေဟုဆို ၏။ ၂၇ ထိုအခါ ရှင်ဘုရင် က၊ အသက် ရှင်သော သူငယ် ကို မ သတ် နှင့်။ အရင်မိန်းမ အား ပေး လော့။ သူ သည် အမိ မှန်သည်ဟု မိန့် တော်မူ၏။ ၂၈ ထိုသို့ရှင်ဘုရင် စီရင် တော်မူသည် အရာကို ဣသရေလ အမျိုးသားအပေါင်း တို့သည် ကြား သိကြသောအခါ ၊ တရား စီရင်စေခြင်းငှါ ဘုရား သခင်ပေးတော်မူသော ဉာဏ် နှင့် ရှင်ဘုရင် ပြည့်စုံကြောင်းကို သိမြင် ၍ ၊ ကိုယ်တော်ကို ကြောက်ရွံ့ ရိုသေကြ၏။

၄ ရှောလမုန် မင်းကြီး သည် ဣသရေလ နိုင်ငံလုံး ကို စိုးစံ လျက် နေတော်မူ၏။ ၂ မှူး တော်မတ်တော်ဟူမူကား ၊ ယဇ်ပုရောဟိတ် ဇာဒုတ် သား အာဇရိ၊ ၃ ရှိရှ သား ဧလိဟောရပ် နှင့် အဟိယ တို့သည် စာရေး တော်ကြီးဖြစ်၏။ အဟိလုပ် သား ယောရှဖတ် သည် အတွင်းဝန် ဖြစ်၏။ ၄ ယောယဒ သား ဗေနာယ သည် ဗိုလ်ချုပ်မင်း ဖြစ်၏။ ဇာဒုတ် နှင့် အဗျာသာ တို့သည် ယဇ်ပုရောဟိတ် ဖြစ်၏။ ၅ နာသန် သား အာဇရိ သည် ဝန် စာရေးအုပ်ဖြစ် ၏။ နာသန် သား

ဇာဗုဒ် သည် မင်းသား အရာနှင့် တိုင်ပင် မတ်ဖြစ်၏။ ၆ အဟိရာ သည် နန်းတော် အုပ်ဖြစ်၏။ အာဗဒ သား အဒေါနိရံ သည် အခွန် တော်ဝန်ဖြစ်၏။ ၇ ရှောလမုန် သည် ဣသရေလ နိုင်ငံအရပ်ရပ် ၌ ခန့်ထား သော ဝန်စာရေးတကျိပ် နှစ် ယောက်တို့သည် တယောက်တလ စီ ရှင်ဘုရင် နှင့် နန်းတော် သားတို့ အဘို့ စားစရာကို ပြင်ဆင် ရကြ၏။ ၈ သူ တို့အမည် ဟူမူကား၊ ဧဖရိမ် တောင် ရပ်မှာ ဟုရ ၏သား၊ ၉ မာကတ် မြို့၊ ရှာလဗိမ် မြို့၊ ဗက်ရှေမက် မြို့၊ ဧလုမ္ဘေသနန် မြို့မှာ ဒေကာ ၏သား၊ ၁၀ စောခေါ မြို့၊ ဟေဖာ ပြည် လုံး နှင့်တကွ အရုဗုတ် မြို့မှာ ဟေသက် ၏သား၊ ၁၁ ဒေါရ ပြည် လုံး ကိုစီရင်သောသူ ရှောလမုန် ၏ သမီး တော်တာဖတ် နှင့်စုံဘက်သော အဘိနဒပ် ၏သား၊ ၁၂ တာနက် မြို့၊ မေဂိဒ္ဒေါ မြို့နှင့်တကွ ဗက်ရှန် မြို့မှ အာဗေလမဟောလ မြို့တိုင်အောင် မက၊ ယုတ်နန် မြို့ အလွန် ၊ ယေဇရေလ မြို့ အောက် ဇာတန မြို့နှင့်နီးစပ် သော ဗက်ရှန် မြို့နယ်လုံး ကို စီရင်သော အဟိလုပ် ၏သား ဗာန၊ ၁၃ ဂိလဒ် ပြည်၌ မနာရှေ ၏သား ယာကွရ ပိုင်သော မြို့ များ၊ ဗာရှန် ပြည်၊ အာဂေါဘ အရပ် ၌မြို့ရိုး ၊ ကြေးဝါ တံခါးကျင် နှင့်ပြည့်စုံသော မြို့ ကြီး ခြောက် ဆယ်ကို စီရင် သော ဂိလဒ်ပြည်ရာမုတ် မြို့မှ ဂေဗာ ၏သား၊ ၁၄ မဟာနိမ် မြို့မှာ ဣဒေါ ၏သား အဟိနဒပ်၊ ၁၅ နဿလိ ခရိုင်ကိုစီရင်သောသူ၊ ရှောလမုန် ၏ သမီး တော် ဗာသမတ် နှင့်စုံဘက် သောအဟိမတ်၊ ၁၆ အာရှာ ခရိုင်နှင့် အာလုပ် မြို့မှာ ဟုရှဲ ၏သား ဗာနာ၊ ၁၇ ဣသခါ ခရိုင်မှာ ပါရွာ ၏သား ယောရှဖတ်၊ ၁၈ ဗင်္ာမိန် ခရိုင်မှာ ဧလာ ၏သား ရှိမိ၊ ၁၉ အာမောရိ ရှင်ဘုရင် ရှိဟုန် ၏နိုင်ငံ ၊ ဗာရှန် ရှင်ဘုရင် ဩဃ ၏နိုင်ငံ၊ ဂိလဒ် ပြည် မှာ အခြားသောမင်း မရှိ။ တပါး တည်းစီရင်သော ဥရိ ၏သား ဂေဗ တည်း။ ၂၀ ထိုကာလ၌၊ ယုဒ အမျိုးနှင့် ဣသရေလ အမျိုးသားတို့သည် အရေအတွက် အားဖြင့် သမုဒ္ဒရာ သဲလုံး နှင့်အမျှ များပြား ၍ စား သောက် ပျော်မွေ့ လျက် နေကြ၏။ ၂၁ ရှောလမုန် သည်လည်း မြစ် ကြီးမှစ၍ ဖိလိတ္တိ ပြည် ၊ အဲဂုတ္တု ပြည် တိုင်အောင် တိုင်း နိုင်ငံလုံး ကို အစိုးရ သဖြင့်၊ အရပ်ရပ်သားတို့သည် လက်ဆောင် ပဏ္ဏာတို့ကို ဆက် ၍ ၊ ရှောလမုန် လက်ထက် ကာလပတ်လုံး မင်းမှုကို ဆောင်ရွက် ရကြ၏။ ၂၂ တနေ့ တနေ့လျှင် နန်းတော်၌ ကုန်သောရိက္ခာ ဟူမူကား၊ ဂျုံမုန့်ညက် ကောရ သုံး ဆယ်၊ မုယောမုန့်ညက် ကောရ ခြောက် ဆယ်၊ ၂၃ ဆူဖြိုး အောင်ကျွဲသောနွား တဆယ် ၊ ကျက်စား ရာထဲက နွား နှစ် ဆယ်၊ ဆတ် သမင် ဒရယ် အမျိုးမျိုးကို မဆိုဘဲသိုး တရာ ၊ ဆူဖြိုး အောင် ကျွဲသောငှက် မျိုး တည်း။ ၂၄ ရှောလမုန်သည် မြစ် ကြီးအနောက် ဘက်၊ တိဖသ မြို့မှ အဇ္ဇာ မြို့တိုင်အောင် ရှင် ဘုရင်အပေါင်း တို့ကို အစိုးရ သဖြင့် ပတ်ဝန်းကျင် အရပ် တို့ ၌ စစ်မှု စစ်ရေးမရှိ။ ၂၅ လက်ထက် တော်ကာလပတ်လုံး ၊ ယုဒ အမျိုးနှင့် ဣသရေလ အမျိုးသားတို့သည်ဒန် မြို့မှစ၍ ဗေရရှေဘ မြို့ တိုင်အောင် အသီးအသီးမိမိ စပျစ်ပင် ၊ မိမိ သင်္ဘော်သဖန်းပင် အောက် မှာ ငြိမ်ဝပ် စွာ နေ ရကြ၏။ ၂၆ ရှောလမုန် သည်လည်း ၊ ရထား တော်များနှင့် ဆိုင်သော မြင်း တင်းကုပ် လေးထောင်၊ မြင်းစီး သူရဲ တသောင်း နှစ်ထောင်ရှိ၏။ ၂၇ ဝန် စာရေးတို့သည်လည်း ရှောလမုန် မင်းကြီး နှင့် စားပွဲ တော်သို့ ဝင် သောသူအပေါင်း တို့အဘို့ တယောက် တလ စီစုံလင် စွာ ပြင်ဆင် ရကြ ၏။ ၂၈ မုယော စပါးကိုငင်း ၊ မြင်း တော်များ၊ လား တော် များဘို့ မြက် ခြောက်ကိုငင်း၊ အလှည့် သင့်သည်အတိုင်း နေရာ အရပ်သို့ ဆောင် ခဲ့ရကြ၏။ ၂၉ ဘုရား သခင်သည် များစွာ

သော ဉာဏ် ပညာ ကို ၎င်း၊ သမုဒ္ဒရာ သဲလုံး နှင့်အမျှ ကျယ်ဝန်း သော နှလုံး ကို၎င်းပေး တော်မူသည်ဖြစ်၍၊ ၃၀ ပညာ တော်သည် အရှေ့ပြည်သား ပညာ နှင့် အဲဂုတ္တုပြည်သားပညာ ကို လွန်ကဲ ၏။ ၃၁ ရှောလမုန်သည် ဧဇရဟိတ် အမျိုးဧသန် ၊ မဟောလ သား ဟေမန် ၊ ခါလကောလ ၊ ဒါရဒ အစရှိသော လူ အပေါင်း တို့ထက် သာ၍ပညာ ရှိသဖြင့် ၊ ခပ်သိမ်း သော တိုင်း နိုင်ငံအရပ်ရပ် ၌ ကျော်စော လေ၏။ ၃၂ စီရင် တော်မူသောသုတ္တံ စကားသုံး ထောင် နှင့် သီချင်း တ ထောင် ငါး ခုရှိ ၏။ ၃၃ လေဗနုန် အာရဇ် ပင်မှစ၍ အုတ်ရိုး နားမှာ ပေါက် တတ်သော ဟုဿုပ် ပင်တိုင်အောင် မြွက်ဆို ၏။ သား မျိုး၊ ငှက် မျိုး၊ ပိုးကောင် မျိုး၊ ငါး မျိုးတို့၏ အကြောင်း ကိုလည်း မြွက်ဆို ၏။ ၃၄ ရှောလမုန်မင်း၏ ပညာ သိတင်းကို ကြား သော ရှင်ဘုရင် အမျိုးမျိုး စေလွှတ်သောသူတို့ သည် ပညာ စကား တော်ကို နားထောင် ခြင်းငှါ လာ ကြ၏။

၅ ရှောလမုန် ကို ခမည်းတော် အရာ ၌ ဘိသိက် ပေး ကြောင်း ကို တုရ မင်းကြီး ဟိရံ သည် ကြား လျှင် ၊ ဒါဝိဒ် နှင့် အစဉ် မိတ်ဆွေ ဖွဲ့သောသူဖြစ်၍ ၊ မိမိ ကျွန် တို့ကို စေလွှတ် လေ၏။ ၂ တဖန် ရှောလမုန် သည်လည်း၊ ဟိရံ ထံသို့ စေလွှတ် လျက်၊ ၃ ငါ့ အဘ ဒါဝိဒ် သည် အရပ်ရပ်၌ စစ်တိုက် ရ သောကြောင့် ၊ ထာဝရဘုရား သည် ရန်သူတို့ကို အဘခြေဘဝါး တော်အောက် သို့ နှိမ့်ချ တော်မမူမီတိုင်အောင် ၊ မိမိ ဘုရား သခင်ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော်ကို မ တည် မဆောက်ရဟု မင်းကြီးသိ ၏။ ၄ ယခု မူကား ၊ ငါ ၏ဘုရား သခင်ထာဝရဘုရား သည် အရပ်ရပ် ၌ ငြိမ်ဝပ် မည်အကြောင်းစီရင်တော်မူသဖြင့်၊ ရန်ဘက် ပြုသောသူ၊ ဆီးတား သောသူ မ ရှိသည် ဖြစ်၍၊ ၅ ထာဝရဘုရား က၊ ငါ့ အဘ ဒါဝိဒ် အား သင့် ကိုယ်စား သင် ၏ရာဇ ပလ္လင်ပေါ် မှာ ငါတင် သော သင် ၏ သား သည် ငါ့ နာမ အဘို့ အိမ် ကို တည်ဆောက် ရမည်ဟု မိန့် တော်မူသည်အတိုင်း ၊ ငါ ၏ဘုရား သခင်ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော်ကို တည်ဆောက် မည်ဟု ငါ အကြံ ရှိ၏။ ၆ မင်းကြီး၏ ကျွန်တို့သည် ငါ့ အဘို့ လေဗနုန် တောင်ပေါ် မှာ အာရဇ် ပင်တို့ကို ခုတ်လှဲ စေခြင်းငှါ စီရင် ပါ။ ငါ့ ကျွန် တို့သည် မင်းကြီး ကျွန် တို့နှင့် ဝိုင်း၍ လုပ်ကိုင် ကြလိမ့်မည်။ မင်းကြီးစီရင် သည်အတိုင်း ၊ မင်းကြီး ၏ ကျွန် တို့အား အခ ကိုပေး ပါမည်။ ဇိဒုန် အမျိုးသားတို့သည် သစ် ခုတ်တတ် သကဲ့သို့ ငါ တို့တွင် အဘယ်သူ မျှမခုတ်တတ် သည်ကို မင်းကြီး သိ သည်ဟု မှာလိုက်လေ၏။ ၇ ရှောလမုန် မင်း၏စကား ကို ဟိရံ မင်းသည် ကြား လျှင် အလွန် ဝမ်းမြောက် ၍ ၊ ထို လူမျိုး ကြီး ကို အစိုးရသောသား ကို ဒါဝိဒ် အား ပေး တော်မူသော ထာဝရဘုရား သည် ယနေ့ မင်္ဂလာ ရှိတော်မူစေသတည်းဟု ဆို လျက်၊ ၈ မင်းကြီးမှာ လိုက်သော အမှု ကို ငါဆင်ခြင် ပြီ။ အာရဇ် သစ်သား ၊ ထင်ရူး သစ်သား လို သမျှ ကို ပေး ပါမည်။ ၉ ငါ့ ကျွန် တို့သည် လေဗနုန် တောင်မှ ပင်လယ် သို့ ချ ပြီးလျှင် ၊ ဘောင် လုပ်၍ မင်းကြီးစီရင် သော အရပ် သို့ ပင်လယ် လမ်းဖြင့် ဆောင် ခဲ့၍ ၊ ထို အရပ်၌အပ် သဖြင့် မင်းကြီး ခံယူ ရမည်။ မင်းကြီး သည်လည်း ၊ ငါ ၏နန်းတော် သားစားစရာ ရိက္ခါကိုပေး၍ ငါ့ အလို ကိုလည်း ပြည့်စုံ စေရမည်ဟု ရှောလမုန် ထံသို့ လူကိုစေလွှတ် ၍ ပြန်ပြော ၏။ ၁၀ ထိုသို့ ဟိရံ သည် ရှောလမုန် အလို ရှိသမျှ သော အာရဇ် သစ်သား ၊ ထင်းရူး သစ်သား ကိုပေး ၏။ ၁၁ ရှောလမုန် သည်လည်း ၊ ဟိရံ ၏နန်းတော် သား

များ စားစရာ ဘို့ တနှစ် တနှစ်လျှင် ဂျုံ ဆန်ကောရ နှစ် သောင်း၊ စစ် ပြီးသော ဆီ ကောရ နှစ် ဆယ်ကိုပေး ၏။ ၁၂ ထာဝရဘုရား သည်လည်း ၊ ဂတိ တော်ရှိသည် အတိုင်း ၊ ရှောလမုန် အား ပညာ ကိုပေး တော်မူ၏။ ဟိရံ မင်းနှင့် ရှောလမုန် မင်းနှစ် ပါးတို့သည် စစ်တိုက် ခြင်း မရှိ။ မိသဟာယ ဖွဲ့ ကြ၏။ ၁၃ ရှောလမုန် မင်းကြီး သည်လည်း ၊ ဣသရေလ လူ အပေါင်း တို့တွင် လူ သုံး သောင်းတို့ကို ခွဲခန့် ၍၊ ၁၄ အလှည့် အလှည့်တလ လျှင်တသောင်း စီ၊ လေဗနုန် တောင်သို့ စေလွှတ် သဖြင့် ၊ ထိုလူတို့သည် လေဗနုန် တောင် ပေါ် မှာတလ ၊ ကိုယ် နေရာ အရပ်၌ နှစ် လ နေ ရကြ၏။ ထိုလူ တို့ကို အဒေါနိရံ အုပ်ရ၏။ ၁၅ ထမ်းရွက် သောသူခုနစ် သောင်း၊ တောင်ရိုး ပေါ် မှာ သစ်ခုတ် သောသူရှစ် သောင်းတို့ကိုလည်း စေခိုင်းတော်မူ ၍၊ ၁၆ အုပ်ချုပ် သောမင်း အရာရှိမှတပါး၊ လုပ်ဆောင် သောသူတို့ ကို စီရင် သောသူ သုံး ထောင် သုံး ရာ ရှိ၏။ ၁၇ ရှင်ဘုရင် ၏ အမိန့် တော်အတိုင်း အိမ် တော် တိုက်မြစ် အဘို့ ကြီး သောကျောက် ၊ အဘိုး ထိုက်သော ကျောက် ၊ ဆစ် ပြီးသောကျောက် တို့ကို ဆောင် ခဲ့ကြ၏။ ၁၈ ထိုသို့ ရှောလမုန် မင်း၏ လက်သမား တို့နှင့် ဟိရံ မင်း၏လက်သမား တို့သည် ဂေဗာလ အမျိုးသားတို့ နှင့်တကွ ၊ အိမ် တော်ကို တည်ဆောက် စရာဘို့ သစ်သား များ၊ ကျောက် များတို့ကို ပြင်ဆင် ကြ၏။

၆ ဣသရေလ အမျိုးသား တို့သည် အဲဂုတ္တု ပြည် မှ ထွက် သော သက္ကရာဇ် လေး ရာ ရှစ် ဆယ်ပြည့်၊ ရှောလမုန် မင်းနန်းစံ လေး နှစ် ၊ ဇိဖ အမည်ရှိသောဒုတိယ လ တွင် ၊ ထာဝရဘုရား ၏ အိမ် တော်ကို တည် စပြုတော်မူ၏။ ၂ ထို အိမ် တော်အလျား သည် အတောင် ခြောက် ဆယ်၊ အနံ အတောင်နှစ် ဆယ်၊ အမြင့် အတောင် သုံး ဆယ် ရှိ၏။ ၃ အိမ်တော်ဦး သည်လည်း အိမ် တော်အနံ နှင့် ညီ၍အလျား အတောင် နှစ် ဆယ်၊ အနံဆယ် တောင် ရှိ၏။ ၄ အိမ် တော်လင်း စရာဘို့ ကျဉ်း သော ပြတင်းပေါက် တို့ကို လုပ် လေ၏။ ၅ အိမ် တော်ပြင်ထရံ နှင့်ဗျာဒိတ် ဌာနတော်ပြင် ထရံ ပတ်လည် ၌ အခန်း တို့ကိုလည်း လုပ် လေ၏။ ၆ အောက် အခန်း သည် အနံ ငါး တောင် ၊ အလယ် အခန်း အနံ ခြောက် တောင် ၊ အထက်အခန်းအနံ ခုနစ် တောင် ရှိ၏။ အကြောင်း မူကား၊ အခန်းတို့သည် အိမ် တော်ထရံ ကိုယ်ထဲသို့ မ ဝင်။ ထရံဆုတ်လျက် ဆုတ်လျက် တက်၏။ ၇ ထိုအိမ် တော်ကို တည် လုပ်သောအခါ ၊ ထိုအရပ် သို့မဆောင်ခဲ့မှီ ဆစ် ပြီးသော ကျောက် တို့ ဖြင့်သာ တည်လုပ်သောကြောင့်၊ သံ တူ၊ ပုဆိန် ၊ သံ တန်ဆာ နှင့် လုပ်သော အသံ မ မြည်ရ။ ၈ အောက်အခန်းထဲသို့ဝင်သော တံခါးဝ သည် အိမ် တော်လက်ျာ ဘက် မှာ ရှိ၏။ လိမ် သော လှေကားဖြင့် အလယ် အခန်းသို့ ၎င်း ၊ အလယ် အခန်းမှ အထက် အခန်း သို့ ၎င်း၊ တက် ရ၏။ ၉ အိမ် တော်ကို တည် ပြီး မှထုပ် များတိုင်များကို အာရဇ် ပျဉ်ပြား နှင့် ဖုံးအုပ် လေ၏။ ၁၀ ထရံအခန်း တို့သည်လည်း အမြင့် ငါး တောင် စီ ရှိ၏။ အာရဇ် ရက်မ တို့သည်အိမ် တော်ကိုမှီ လျက် ရှိကြ၏။ ၁၁ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ရှောလမုန် သို့ ရောက် လာသည်ကား၊ ၁၂ ယခု တည်ဆောက် သောအိမ် တော်အရာမှာ၊ သင်သည် ငါ သွန်သင် သော လမ်းသို့ လိုက် လျက် ၊ ငါ စီရင်ချက် အတိုင်းစီရင် ၍ ၊ ငါ ပညတ် သမျှ တို့ကို စောင့်ရှောက် လျှင် ၊ သင် ၏အဘ ဒါဝိဒ် အား ငါ ဂတိ ထားသည်အတိုင်း သင် ၌ ငါပြု မည်။ ၁၃ ငါ ၏လူ ဣသရေလ အမျိုးကို ငါမ စွန့် ၊ သူတို့ အလယ် ၌ နေ မည်ဟု မိန့်

တော်မူ၏။ ၁၄ ထိုသို့ ရှောလမုန် သည် အိမ် တော်ကို တည် ၍ ပြီး လေ၏။ ၁၅ ကြမ်း မှ သည်အမိုး တိုင်အောင် အတွင်းထရံ ကို အာရုဏ် ပျဉ်ပြား နှင့် ဖုံးအုပ် ၍၊ ကြမ်း ကိုလည်း ဒုကြိုးသော ထင်းရူး ပျဉ်ပြား ဖြင့် ပြီး စေ၏။ ၁၆ အလွန် သန့်ရှင်းရာဌာန၊ ဗျာဒိတ် ဌာနတော် အဘို့ အလျားအနံအတောင် နှစ် ဆယ်စီကျယ်သော အိမ် တော်တပိုင်း ကို အခန်းကာ၍ ကြမ်း နှင့်ထရံ ကို အာရုဏ် ပျဉ်ပြား ဖြင့် ပြီးစေ၏။ ၁၇ ထို အခန်း ရှေ့ မှာတည်သော ဗိမာန် တော် အလျားသည် အတောင် လေး ဆယ်ရှိ ၏။ ၁၈ အိမ် တော်အတွင်း ၌ အာရုဏ် ပျဉ်ပြားတို့သည် ဘူးသီးအပြောက်၊ ပန်းပွင့် အပြောက်နှင့်ပြည့်စုံကြ၏။ ကျောက် မ ပေါ် စေခြင်းငှါအာရုဏ် သား နှင့်ဖုံးအုပ်လျက် သာရှိ၏။ ၁၉ ထိုသို့ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော် ကို တင် ထားရန် ၊ အိမ် တော်အတွင်း ၌ ဗျာဒိတ် ဌာနတော် ကို ပြင်ဆင် လေ၏။ ၂၀ ဗျာဒိတ် ဌာနတော်အခန်းသည် အလျား အတောင် နှစ် ဆယ်၊ အနံ အတောင် နှစ် ဆယ်၊ အမြင့် အတောင် နှစ် ဆယ်ရှိ၏။ ထိုအခန်းကိုလည်း ၊ အာရုဏ် သစ်သားနှင့်လုပ်သော ယဇ် ပလ္လင်ကိုလည်း၊ ရွှေ စင် နှင့် မွမ်းမံ လေ၏။ ၂၁ ထိုသို့ အိမ် တော်အတွင်း ကို ရွှေ စင် နှင့်မွမ်းမံ ပြီးမှ ၊ ဗျာဒိတ် ဌာနတော်ရှေ့ မှာ ရွှေ ကြိုး ဖြင့် အကွယ်အကာကို ဆွဲထား၍၊ ရွှေ နှင့်မွမ်းမံ လေ၏။ ၂၂ အိမ် တော်တအိမ်လုံး ကိုလည်း၊ ဗျာဒိတ် ဌာနတော် နားမှာရှိသော ယဇ် ပလ္လင်ကိုလည်း၊ ရွှေ နှင့် အကုန်အစင် မွမ်းမံ လေ၏။ ၂၃ ဗျာဒိတ် ဌာနတော်ထဲမှာ အမြင့် ဆယ် တောင် ရှိသောခေရုဗိမ် နှစ် ပါးကို သံလွင် သားနှင့်လုပ် လေ၏။ ၂၄ ခေရုဗိမ် အတောင် တို့သည် တစ်ဘက်တချက်အလျားငါး တောင် စီရှိ၍၊ အတောင် ဖျား တခုမှ တခု တိုင်အောင် ဆယ် တောင် ရှိ၏။ ၂၅ အမြင့်ဆယ် တောင် ရှိသည်ဖြစ်၍၊ ခေရုဗိမ် နှစ် ပါးသည် အလုံး အရုပ်ပမာဏတူ၏။ ၂၆ ထိုခေရုဗိမ် တို့ကို အတွင်း အိမ် တော်ထဲမှာ တင် ထားသဖြင့် ၊ ခေရုဗိမ် အတောင် တို့သည် ဖြန့် လျက်၊ ၂၇ အတောင်ဖျားတစ်ဘက်တချက်၌ ထရံကိုမှီလျက်၊ အလယ် မှာ အတောင်ဖျားတခုနှင့်တခုထိလျက် ရှိကြ၏။ ၂၈ ခေရုဗိမ် တို့ကိုလည်း ရွှေ နှင့်မွမ်းမံ လေ၏။ ၂၉ အိမ် တော်ထရံ အတွင်း ဘက်နှင့် ပြင် ဘက်၌ ထု သော ခေရုဗိမ် အရုပ် နှင့် အပွင့် ပွင့် သော စွန်ပလွံ ပင် အရုပ်များရှိကြ၏။ ၃၀ အိမ် တော်အတွင်း ကြမ်း နှင့် ပြင် ကြမ်းကို လည်း ရွှေ နှင့်မွမ်းမံ လေ၏။ ၃၁ ဗျာဒိတ် ဌာနတော် ဝင်ဝ ဘို့သံလွင် သား တံခါးရွက် နှစ် ရွက်ကို လုပ် ၍၊ တံခါးထုပ်နှင့်တံခါးတိုင်တို့သည် ထရံငါး စုတစုကိုစားကြ၏။ ၃၂ သံလွင်သားတံခါးရွက်တို့ ၌ ခေရုဗိမ် အရုပ် ၊ အပွင့် ပွင့် သော စွန်ပလွံ ပင်အရုပ်များကို ထု လုပ်၍ ၊ တံခါးရွက်နှင့်ခေရုဗိမ် အရုပ်၊ စွန်ပလွံ ပင်အရုပ်တို့ကို ရွှေ နှင့်မွမ်းမံ လေ၏။ ၃၃ ထိုအတူ အိမ် တော်ပြင်ထရံလေး စုတစု ကျယ်သောဝင်ဝ ဘို့ သံလွင် တံခါးတိုင် တို့ကိုလည်း၊ ၃၄ တံခါးရွက်တရွက်လျှင် ပတ္တာ နှစ်ခုစီဖြင့် လည်တတ်သော ထင်ရူး သား တံခါး ရွက် နှစ် ရွက်တို့ကိုလည်းလုပ်လေ၏။ ၃၅ တံခါးရွက်၌ ခေရုဗိမ် အရုပ်နှင့် အပွင့် ပွင့် သော စွန်ပလွံ ပင်အရုပ်များကို ထုလုပ် ၍ အပြောက် ကို ရွှေ နှင့် မွမ်းမံ လေ၏။ ၃၆ အတွင်း တန်တိုင်း ကိုလည်း ဆစ် သော ကျောက်တန်းသုံး ဆင့် ၊ အာရုဏ် သစ်သားတန်း တဆင့်နှင့် အထပ်ထပ် တည် လေ၏။ ၃၇ နန်းစံလေး နှစ် ၊ ဧဖ လ တွင် ထာဝရဘုရား ၏ အိမ် တော်တိုက်မြစ် ကို ချကြ၍၊ ၃၈

နန်းစံဆယ် တနှစ် ၊ ဗု လ အမည်ရှိသော အဋ္ဌမ လ တွင် အိမ် တော်အခန်းကြီးအခန်းငယ်တို့နှင့် ဆိုင်သမျှ တို့ ကို လက်စသတ် ၍ ခုနစ် နှစ် ပတ်လုံးအိမ်တော်ကို တည်ဆောက် သတည်း။

၇ တဖန် ရှောလမုန် သည် တဆယ် သုံး နှစ် ပတ်လုံးနန်းတော် ကို တည်ဆောက် ၍ လက်စသတ် လေ၏။ ၂ နန်းတော် ကို လေဗနုန် တော သစ်သားဖြင့် ဆောက် ၍၊ အလျား အတောင် တရာ ၊ အနံ အတောင် ငါး ဆယ်၊ အမြင့် အတောင် သုံး ဆယ်ရှိ၏။ အာရဇ် တိုင် လေး စဉ်၊ အာရဇ် ရက်မ များနှင့် ဆောက်၏။ ၃ တိုင်တစဉ်လျှင် ဆယ် ငါး တိုင်စီရှိ၍ တိုင် ပေါင်းခြောက်ဆယ်အပေါ် မှာ အခြင်တို့ကို တင်လျက်၊ အာရဇ် ပျဉ်ပြား နှင့်မိုး လေ၏။ ၄ အလင်း ဝင်စရာပြတင်းပေါက် သုံး တန်း စီ အဆင့်ဆင့် မျက်နှာချင်းဆိုင်လျက် တဘက်တချက်၌ ရှိကြ၏။ ၅ တံခါးပေါက် ရှိသမျှတံခါးတိုင် ရှိသမျှ တို့သည် စတုရန်း လေးထောင့်ဖြစ်ကြ၏။ ၆ တိုင် များ၊ ထုပ်ကြီး များနှင့်ပြည့်စုံ၍ အလျား အတောင် ငါး ဆယ်၊ အနံ အတောင် သုံး ဆယ်ရှိသောကနားပြင် ကိုလည်း လုပ် လေ၏။ ၇ တရား စီရင်ရာ ကနားပြင် တည်းဟူသောတရားပလ္လင် တည်ရာကနားပြင် ကိုလည်း လုပ် ၍ ၊ ကြမ်း တဘက် မှ တဘက်တိုင်အောင် အာရဇ် ပျဉ်ပြားတို့နှင့်မိုး လေ၏။ ၈ နန်း တော်နှင့်ဆိုင်သော ထိုကနားပြင်နှစ်ဆောင်စပ်ကြားမှာ တန်တိုင်း လည်းရှိ၏။ ရှောလမုန် စုံဘက် သော ဖာရော ဘုရင်၏ သမီး စံနန်း ကိုလည်း တရားစီရင်ရာ ကနားပြင် နှင့် တူအောင်ဆောက် လေ၏။ ၉ တန်တိုင်း ကြီး ပြင် ဘက်တိုင်အောင် ၎င်း၊ အမြစ် မှစ၍ ထိပ် တိုင်အောင် ၎င်း၊ ကျောက်ဆစ် ပမာဏ နှင့်အညီ ၊ နှစ်ဘက်စလုံးလွှ နှင့် တိုက် သော ကျောက်၊ ထူးဆန်း သော ကျောက်ကြီး တို့ ဖြင့် ပြီးကြ၏။ ၁၀ အမြစ်သည်လည်း အလျားရှစ် တောင် ၊ ဆယ် တောင် ရှိသောကျောက် ၊ ထူးဆန်း သောကျောက် ကြီး တို့ ဖြင့် ပြီး ၏။ ၁၁ အမြစ်ပေါ် မှာလည်း ကျောက်ဆစ် ပမာဏ နှင့်အညီ လုပ်သော ကျောက်၊ ထူးဆန်း သော ကျောက် နှင့် အာရဇ် သစ်သားရှိ၏။ ၁၂ တန်တိုင်း ကြီး သည် ဆစ် သောကျောက်သုံး တန်း ၊ အာရဇ် သစ်ကြီးတတန်း ဖြင့်ပြီး၏။ ဗိမာန် တော်အတွင်း တန်တိုင်း ၊ နန်း တော်ကနားပြင် တန်တိုင်းတို့သည် ထိုအတူ ပြီးကြ၏။ ၁၃ ရှောလမုန် သည်လည်း ၊ လူကိုစေလွှတ် ၍ တုရု မြို့ မှ ဟိရံ ကို ခေါ် လေ၏။ ၁၄ ထိုဟိရံကား၊ နဿလိ အမျိုး မုတ်ဆိုးမ သား ဖြစ်၏။ သူ ၏အဘ ကား၊ တုရု အမျိုးသား ပန်းတဉ်း သမား ဖြစ်၏။ သားသည်လည်း ကြေးဝါ အလုပ် ခပ်သိမ်း ကို လုပ် တတ်သော ဉာဏ် ပညာ နှင့်ပြည့်စုံ သဖြင့် ၊ ရှောလမုန် မင်းကြီး ထံသို့ လာ ၍ အလုပ် ရှိသမျှ ကို ပြီးစီး စေ၏။ ၁၅ ထိုသူသည်အမြင့် တဆယ် ရှစ် တောင် ၊ လုံးပတ် တဆယ် နှစ် တောင် ရှိသောကြေးဝါ တိုင်နှစ် တိုင် ကို သွန်း လေ၏။ ၁၆ တိုင် အပေါ် မှာ တင် စရာဘို့ အမြင့် ငါး တောင် ရှိသော ကြေးဝါ တိုင် ထိပ်နှစ် ခုကိုလည်း သွန်း လေ၏။ ၁၇ ကြေးဝါကွန်ရွက် နှင့်ကြေးဝါကြိုး တို့ကိုလည်း လုပ် ၍၊ တိုင်တတိုင်လျှင် ကွန်ရွက်ခုနစ် ခုစီဖြင့် တိုင် ထိပ် အပေါ် မှာ ဖုံးလွှမ်းလေ၏။ ၁၈ ကြေးဝါသလဲသီးတို့ကိုလည်း လုပ် ၍ ၊ တိုင် ထိပ် ကွန်ရွက် အပေါ် မှာ ထိပ် တခုလျှင် သလဲသီး နှစ် တန်း စီ ဖြင့် တန်ဆာ ဆင်လေ၏။ ၁၉ ကနားပြင် ထဲမှာ စိုက်ထားသော ထိုတိုင် ထိပ် တို့ သည် ကြာပွင့် နှင့် ပုံတူ၍ အချင်းလေး တောင် ရှိ၏။ ၂၀ တိုင် ထိပ်နှစ် ခုတို့သည် ကွန်ရွက် နှင့် နီးစပ် သော ထုပ်ကာ အပေါ် မှာ တည်လျက်၊ တိုင်ထိပ်တခု၌သလဲသီး နှစ်တန်းစီနှင့် အလုံးနှစ်

ရာစီရှိကြ၏။ ၂၁ ထိုတိုင် တို့ကို ဗိမာန် တော်ကနားပြင် ထဲမှာ စိုက် ထား၍ လက်မြာ တိုင် ကိုယာခိန် ၊ လက်ဝဲ တိုင် ကို ဗောဓ အမည် ဖြင့် မှည့် လေ၏။ ၂၂ တိုင် ထိပ် အပေါ် မှာ ကြာပွင့် အပြောက် ရှိသည် ဖြစ်၍ တိုင် တို့သည် စေ့စုံ ကြ၏။ ၂၃ အချင်း ဆယ် တောင် ၊ အဝန်း အတောင် သုံး ဆယ်၊ အစောက် ငါး တောင် ရှိသောကြေးဝါရေကန် ကိုလည်း လုပ် လေ၏။ ၂၄ ရေကန်အနားပတ် အောက် ပတ်လည် ၌ အတောင်တတောင်လျှင် ဘူးသီးဆယ် လုံးစီစေ့အောင် ဘူးသီးနှစ် ပတ် ကို ရေကန် နှင့်တစပ်တည်းသွန်း လေ၏။ ၂၅ ထိုရေကန်သည် နွား တဆယ် နှစ် ခုအပေါ် မှာ တည် လျက်ရှိ၏။ နွားတို့သည် အတွင်းသို့နောက်ခိုင်း၍ အရှေ့အနောက် တောင် မြောက် အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် သုံး ခုစီ မျက်နှာပြု ကြ၏။ ၂၆ ရေကန်သည် ဒု လက် တဝါးရှိ၏။ အပေါ် အနား ပတ်လည်ဖလား အနား ပတ်ကဲ့သို့ ကြာပွင့် အပြောက်နှင့် ပြည့်စုံ၏။ ရေဗတ်နှစ်ထောင်ဝင်၏။ ၂၇ တဖန် အလျား လေး တောင် ၊ အနံ လေး တောင် အမြင့် သုံး တောင် ပမာဏရှိသော ကြေးဝါ ခုံ တဆယ် ကို လုပ် လေ၏။ ၂၈ ထို ခုံ ပုံသဏ္ဌာန် ဟူမူကား ၊ ခုံပတ်လည်၌ အနားရစ် အဆင့်ဆင့်ရှိ၍ အနားရစ် ကြား မှာ၊ ၂၉ ခြင်္သေ့ ၊ နွား ၊ ခေရုဗိမ် အပြောက်ရှိ၏။ အနားရစ် အပေါ် မှာ ခုံတခုတင်လျက် ရှိ၏။ ခြင်္သေ့ နှင့် နွား အောက် ၌ လည်း အပြောက်မျိုးရှိ၏။ ၃၀ ခုံ တခု၌ကြေးဝါ လှည်းဘီး လေး ခုစီ၊ ကြေးဝါ ဝင်ရိုး နှင့်တကွရှိ၏။ အင်တုံ တင်စရာဘို့ ခုံလေး ထောင့်၌ပခုံး တို့ကို ခုံနှင့်တစပ်တည်းသွန်း လေ၏။ ၃၁ အင်တုံဝ ၌ပါသောအကွပ် သည် အကျယ်တတောင် ရှိ၏။ အဝ သည် ဝိုင်း၍ အချင်းတတောင် ထွာ ရှိ၏။ စတုရန်း လေးထောင့်၌ အပြောက်နှင့်ပြည့်စုံ၏။ ၃၂ ဘီး လေး ခုတို့သည် ခုံမျက်နှာအောက် မှာနေရာ ကျလျက်၊ ဝင်ရိုး တို့သည် ခုံ နှင့်စပ်လျက်၊ ဘီး အမြင့် တတောင် ထွာ ရှိ၏။ ၃၃ ဘီး ပုံကား ရထား ဘီး နှင့် တူ၏။ ဝင်ရိုး ၊ ဝင်ရိုးအိမ်၊ အကန့် ၊ အကွပ် များကို သွန်း လေ၏။ ၃၄ ခုံ လေး ထောင့် ၌ တစပ်တည်းသွန်းသော ပခုံး လေး ခုရှိသဖြင့်၊ ၃၅ ထိုပခုံး ပေါ် မှာ လုံးပတ် တထွာ ရှိသော ကွင်း ကို တပ်၍ ၊ ခုံ ပေါ် မှာ အနားရစ် နှင့် ကိုင်စရာ များတို့ကို ခုံနှင့် တစပ်တည်းသွန်းလေ၏။ ၃၆ ကိုင် စရာမျက်နှာ နှင့် ခုံ မျက်နှာပြင်၌ ခေရုဗိမ် ၊ ခြင်္သေ့ ၊ စွန်ပလွံပင် အစရှိသော အပြောက်မျိုး အသီးအသီး ထင်ပေါ် လျက်ရှိ၏။ ၃၇ ထိုသို့ ပုံသဏ္ဌာန် အလုံး အရပ်တူ အောင်၊ အင်တုံတင်ရာခုံ တဆယ် ကို သွန်း ၍ပြီးလေ၏။ ၃၈ အဝန်းလေး တောင် ကျယ်၍၊ ရေဗတ် လေးဆယ် ဝင် နိုင်သော ကြေးဝါ အင်တုံ တဆယ် ကိုလည်း လုပ် ၍၊ ခုံ တခု ပေါ် မှာ အင်တုံ တလုံးစီ တင်ထားလေ၏။ ၃၉ အိမ် တော်လက်မြာ ဘက် ၌ ခုံ ငါး ခု၊ လက်ဝဲ ဘက် ၌ ငါး ခုကိုထား ၍ ရေကန် ကိုကား၊ အိမ် တော်လက်မြာ ဘက် အရှေ့ တောင် ထောင့် ၌ နေရာ ချ၏။ ၄၀ ဟိရံ သည်အိုး များ၊ ရေမှုတ် များ၊ အင်တုံငယ် များ ကိုလည်း လုပ် သဖြင့်၊ ရှောလမုန် မင်းကြီး အဘို့ ထာဝရဘုရား ၏အိမ် တော်၌ လက်စသတ် သောအရာများဟူမူကား၊ ၄၁ တိုင် နှစ် တိုင်၊ တိုင် ထိပ် အထွဋ် နှစ် ခု၊ တိုင် ထိပ် အထွဋ် ကို ဖုံးလွှမ်း စရာကွန်ရွက် နှစ် ရွက်၊ ၄၂ ဖုံးလွှမ်း စရာကွန်ရွက် တ ရွက်အဘို့ သလဲသီး နှစ် တန်း စီ၊ သလဲသီး ပေါင်းလေး ရာ၊ ၄၃ ခုံ ဆယ် ခု၊ ခုံ ပေါ် မှာ တင်ထားသော အင်တုံ ဆယ် လုံး၊ ရေကန် တ ကန်၊ ၄၄ ရေကန် ကိုထောက် သော နွား တဆယ် နှစ် ခု၊ အိုး များ၊ ရေမှုတ် များ၊ အင်တုံငယ် များ တည်း။ ၄၅ ရှောလမုန် မင်းကြီး အဘို့ ဟိရံ လုပ် သမျှ သော ထာဝရဘုရား

၏ အိမ် တော်တန်ဆာ တို့သည် ပြောင်ပြောင် တောက်သော ကြေးဝါ ဖြင့် ပြီးကြ၏။ ၄၆ ယော်ဒန် ချိုင့် ၊ သကုတ် မြို့နှင့် ဇာသန် မြို့ စပ်ကြား တွင် သရွတ် လုပ်စရာကောင်းသော မြေ ၌ ရှင်ဘုရင် သွန်း လေ၏။ ၄၇ ထိုတန်ဆာ တို့သည် အလွန်များ သောကြောင့် ၊ ရှောလမုန် သည် မချိန်ဘဲသွန်းထား၏။ ကြေးဝါ အချိန် ကို အဘယ်သူမျှမ သိ။ ၄၈ ရှောလမုန် သည်လည်း ထာဝရဘုရား ၏ အိမ် တော်နှင့်ဆိုင် သမျှ သောတန်ဆာ များတည်းဟူသောရွှေ ယဇ်ပလ္လင်၊ ရှေ့ တော်မုန့် တင်စရာရွှေ စားပွဲ၊ ၄၉ ဗျာဒိတ် ဌာနတော်ရှေ့၊ လက်ျာ ဘက်၌ ရွှေ စင် မီးခုံ ငါး ခု၊ လက်ဝဲ ဘက်၌ ငါး ခု၊ ရွှေ ပန်းပွင့် ၊ ရွှေမီးခွက် ၊ မီး ကိုင်တန်ဆာ၊ ၅၀ ရွှေ စင် ဖြင့်ပြီးသောခွက် များ၊ မီးညှပ် ၊ လင်ပန်း ၊ ဇွန်း ၊ ပြာခံစရာ အိုးများ၊ အလွန်သန့်ရှင်း ရာဌာနတော် အတွင်း ခန်း တံခါး နှင့် ဗိမာန် တော်ပြင်ခန်း တံခါး ဆွဲထား သော ရွှေ ပတ္တာ များတို့ကို လုပ်လေ၏။ ၅၁ ထိုသို့ရှောလမုန် မင်းကြီး သည် ထာဝရဘုရား ၏ အိမ် တော်အဘို့ ပြုလုပ် စီရင်သမျှအလုံးစုံ တို့ကို လက်စသတ် ပြီးမှ ၊ ခမည်းတော် ဒါဝိဒ် လှူ သော ရွှေ ငွေ တန်ဆာ များကို ဆောင် ခဲ့၍ ၊ ထာဝရဘုရား ၏အိမ် တော် ဘဏ္ဍာ စုထဲမှာ သွင်း ထားလေ၏။

၈ ထိုအခါ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို ဇိအုန် မည်သော ဒါဝိဒ် မြို့ မှ ဆောင် ခဲ့ လိုသောငှါ ၊ ရှောလမုန် သည် ဣသရေလ အမျိုးအသက်ကြီး သူအပေါင်းတို့နှင့် ဣသရေလ အဆွေအမျိုးအသီးအသီး ကို အုပ်သော ခေါင်း မင်း အပေါင်း တို့ကို ယေရုရှလင် မြို့၊ ရှင်ဘုရင် ထံ သို့ခေါ် တော်မူသည်အတိုင်း၊ ၂ ဣသရေလ လူ အပေါင်း တို့သည် ဧသနိမ် အမည် ရှိသောသတ္တမ လ ၌လုပ်သောပွဲ အတွင်း တွင် ရှောလမုန် မင်းကြီး ထံ သို့စုဝေး ရောက်လာကြ၏။ ၃ ဣသရေလ အမျိုးတွင် အသက်ကြီး သူအပေါင်း တို့သည်လာ ၍ ၊ ယဇ် ပုရောဟိတ်တို့သည်လည်း ထာဝရဘုရား ၏ သေတ္တာ တော်ကို ထမ်း လျက်၊ ၄ ပရိသတ်စည်းဝေး ရာ တဲ တော်၊ တဲ တော်နှင့် ဆိုင်၍ သန့်ရှင်း သော တန်ဆာ အလုံးစုံ တို့ကို ယဇ် ပုရောဟိတ်များနှင့် လေဝိ သားများတို့သည် ဆောင် ခဲ့ကြ၏။ ၅ ရှောလမုန် မင်းကြီး မှစ၍ စည်းဝေး သော ဣသရေလ ပရိသတ် အပေါင်း တို့သည် မ ရေတွက် နိုင်။ အတိုင်း မ သိများစွာ သော သိုး နွား တို့ကို သေတ္တာ တော်ရှေ့ မှာ ယဇ် ပူဇော်ကြ၏။ ၆ ယဇ် ပုရောဟိတ်တို့သည်လည်း ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို အိမ်တော်အတွင်းသို့သွင်း၍၊ အလွန်သန့်ရှင်း ရာဌာနတည်းဟူသောဗျာဒိတ် ဌာနတော် ထဲ မှာ ခေရုဗိမ် အတောင် တို့အောက် ၊ သူ့ နေရာ ၌ ထား ကြ ၏။ ၇ ခေရုဗိမ် တို့သည် မိမိအတောင် နှစ်ဘက်ကို သေတ္တာ တော်နေရာ အပေါ် မှာဖြန့် ၍ ၊ သေတ္တာ တော်နှင့် ထမ်းဘိုး တို့ကို လွှမ်းမိုး လျက် ရှိကြ၏။ ၈ ထမ်းဘိုး တို့ကို ဆွဲထား သဖြင့် ထမ်းဘိုး ဖျား တို့ သည် ပြင် ခန်း၌ မ ထင်။ သန့်ရှင်း ရာဌာန၊ ဗျာဒိတ် ဌာန တော်၌ သာထင် ၍ ယနေ့ တိုင်အောင် ရှိ ကြ၏။ ၉ ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တုပြည် မှ ထွက် ၍၊ ထာဝရဘုရား သည် သူတို့နှင့် ပဋိညာဉ် ဖွဲ့တော်မူသောအခါ ၊ မောရှေ သည် ဟောရပ် အရပ်၌ ရှိစဉ် သွင်း ထား သော ကျောက်ပြား နှစ် ပြားမှတပါး သေတ္တာ တော်ထဲ ၌ အဘယ် အရာမျှမရှိ။ ၁၀ ယဇ် ပုရောဟိတ်တို့သည် သန့်ရှင်း ရာ ဌာနထဲက ထွက် ကြသောအခါ ၊ ထာဝရဘုရား ၏ အိမ် တော်သည် မိုဃ်းတိမ် နှင့်ပြည့် ၏။ ၁၁ ထိုသို့ ထာဝရဘုရား ၏ အိမ် တော်သည် ဘုန်း

တော်နှင့်ပြည့် လျက်၊ မိဃ်းတိမ် တော်ကြောင့် ယဖ် ပုရောဟိတ်တို့သည် အမှု တော်ကို ဆောင်ရွက်လျက် ရပ် ၍ မ နေနိုင် ကြ။ ၁၂ ရှောလမုန် ကလည်း၊ ထာဝရဘုရား သည် ထူထပ် သော မှောင်မိုက်ထဲမှာ နေ တော်မူသည်ဟု စကား တော်ရှိ၏။ ၁၃ အကယ်စင်စစ်ကိုယ်တော် ကျိန်းဝပ် တော်မူရာ အိမ် ၊ အစဉ်အမြဲ နေ တော်မူရာ ဌာန တော်ကို အကျွန်ုပ် တည်ဆောက် ပါပြီဟု မြွက်ဆို ၏။ ၁၄ တဖန် ရှင် ဘုရင်သည် လှည့် ကြည့်၍ ကြသရေလ အမျိုး ပရိသတ် အပေါင်း ကို ကောင်းကြီး ပေးတော်မူ၏။ ကြသရေလ အမျိုးပရိသတ် အပေါင်း တို့သည် မတ်တပ် နေကြ၏။ ၁၅ ရှင်ဘုရင်ကလည်း၊ ထာဝရဘုရား၏ဗျာဒိတ်တော်စကားဟူမူကား၊ ငါ ၏လူ ကြသရေလ အမျိုးသားတို့ကို အဲဂုတ္တာ ပြည်မှ နှုတ်ဆောင် သော နေ့ ကစ၍ ငါ့ နာမ တည်ရာ အိမ် ကိုဆောက် စေခြင်းငှါ ၊ ကြသရေလ ခရိုင် များတို့တွင်မြို့ တစုံတမြို့ ကို ငါမ ရွေး သေးသော်လည်း၊ ၁၆ ငါ ၏လူ ကြသရေလ အမျိုးသားတို့ကိုအုပ်စိုး စေခြင်းငှါ ၊ ဒါဝိဒ် ကို ငါရွေး ပြီဟု ငါ့ ခမည်းတော် ဒါဝိဒ် အား ဗျာဒိတ် တော်ရှိသည်အတိုင်းပြုတော်မူသော ကြသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၁၇ ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏နာမ တော်အဘို့ အိမ် တော်ကို တည်ဆောက် ခြင်းငှါ ၊ ငါ့ ခမည်းတော် ဒါဝိဒ် သည် အကြံ ရှိ သောအခါ၊ ၁၈ ထာဝရဘုရား က၊ သင် သည် ငါ့ နာမ အဘို့ အိမ် တော်တည်ဆောက် ခြင်းငှါ အကြံ ရှိ သောကြောင့် ကောင်း သောအမှုကို ပြုပြီ။ ၁၉ သို့သော်လည်း သင် သည် အိမ် တော်ကို မ ဆောက် ရ။ သင် ၏သားရင်း သည် ငါ့ နာမ အဘို့ အိမ် တော်ကို ဆောက် ရမည်ဟု ငါ့ ခမည်းတော် ဒါဝိဒ် အား မိန့် တော်မူ၏။ ၂၀ ထာဝရဘုရား သည် အမိန့်တော်ရှိသည်အတိုင်း ပြုတော်မူသဖြင့်၊ ငါသည် ငါ့ ခမည်းတော် ဒါဝိဒ် ၏ အရိပ်အရာကိုခံရ ၍၊ ထာဝရဘုရား ဂတိ တော်ရှိသည်အတိုင်း ကြသရေလ နိုင်ငံ၏ ရာဇပလ္လင် ပေါ်မှာ ထိုင် လျက်၊ ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော်ကို တည်ဆောက် လေပြီ။ ၂၁ ငါ တို့ ဘိုးဘေး များကို အဲဂုတ္တာ ပြည် မှ ၊ ထာဝရဘုရား နှုတ်ဆောင် သောအခါ ၊ သူ တို့နှင့် ဖွဲ့ တော်မူသော ပဋိညာဉ် ကျောက်စာပါသော သေတ္တာ တော်ထားရာအရပ် ကို ထို အိမ်တော်၌ လုပ် လေပြီဟု မြွက်ဆို၏။ ၂၂ တဖန် ရှောလမုန် သည် ထာဝရဘုရား ၏ ယဇ် ပလ္လင် ရှေ့ ၊ ကြသရေလ အမျိုး ပရိသတ် အပေါင်း တို့ အလယ်မှာ နေ ၍ ၊ လက်ဝါး တို့ကို ကောင်းကင် သို့ ဖြန့် လျက်၊ ၂၃ အို ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၊ အထက် ကောင်းကင် ဘုံနှင့်အောက် အရပ်မြေကြီး ပေါ်မှာ ကိုယ်တော် နှင့် တူသော ဘုရား တဆူမျှမ ရှိပါ။ ရှေ့ တော်၌ စိတ် နှလုံးအကြွင်းမဲ့ ကျင့် သော ကိုယ်တော် ၏ ကျွန် တို့အဘို့ ပဋိညာဉ် တရားနှင့် ကရုဏာ တရားကို စောင့်ရှောက် တော်မူပြီ။ ၂၄ အကျွန်ုပ် အဘ ဒါဝိဒ် ၌ ထားတော်မူသောဂတိတော် ကိုမဖျက် ၊ မိန့်တော်မူသည်အတိုင်း ယနေ့ ပြု တော်မူပြီ။ ၂၅ အို ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော်က၊ သင်သည် ငါ့ ရှေ့ မှာကျင့် သကဲ့သို့ သင် ၏သား မြေးတို့သည် ငါ့ ရှေ့ မှာ ကျင့် လိုသောငှါ ၊ မိမိ တို့ သွားရာလမ်း ကို သတိပြု လျှင် ၊ ငါ့ မျက်မှောက် ၌ ကြသရေလ နိုင်ငံ၏ ရာဇ ပလ္လင်ပေါ် မှာ ထိုင် ရသောသင် ၏ အမျိုး မင်းရိုးမ ပြတ် ရဟု ကိုယ်တော် ကျွန် အကျွန်ုပ် အဘ ဒါဝိဒ် ၌ ထားတော်မူသောဂတိ တော်ကို ယခု စောင့် တော်မူ ပါ။ ၂၆ အို

ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော် ကျွန် အကျွန်ုပ် အဘ ဒါဝိဒ် အား မိန့် တော်မူသော စကား တော်ကို ယခု ပြည့်စုံ စေတော်မူပါ။ ၂၇ သို့ရာတွင် ဘုရားသခင် သည် မြေကြီး ပေါ် မှာ ဧကန် အမှန်ကျိန်းဝပ် တော်မူမည်လော။ ကောင်းကင် နှင့် ကောင်းကင် တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်းကင် သည် ကိုယ်တော် ကို မ ဆံ့ မခံနိုင်သည် ဖြစ်၍၊ အကျွန်ုပ်တည်ဆောက် သော ဤ အိမ် ကို အဘယ် ဆိုဘွယ်ရာရှိပါသနည်း။ ၂၈ သို့သော်လည်း အိုအကျွန်ုပ် ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် ကျွန် သည် ရှေ့ တော်၌ ယနေ့ ကြွေးကြော် လျက် ပဌနာ ပြု၍ တောင်းလျှောက် သော စကားကို နားခံ နာယူတော်မူပါ။ ၂၉ ဤမည်သောအရပ် ၌ ငါ့ နာမ တည် ရမည်ဟု မိန့် တော်မူသည်အတိုင်း၊ ဤအရပ် ဌာနနှင့် ဤ အိမ် တော်ကို နေ့ ညဉ့် မပြတ် ကြည့်ရှု၍၊ ကိုယ်တော် ကျွန် သည် ဤ အရပ် ဌာန၌ ဆုတောင်း သော စကား ကို နားထောင် တော်မူပါ။ ၃၀ ကိုယ်တော် ကျွန် မှစ၍ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားတို့သည် ဤ အရပ် ဌာန၌ ဆုတောင်း ပဌနာပြုကြသောအခါ ၊ ကျိန်းဝပ် တော်မူရာ ကောင်းကင် ဘုံ၌ နားထောင် ၍ အပြစ် မှလွှတ်တော်မူပါ။ ၃၁ လူ သည် မိမိ အိမ်နီးချင်း ကို ပြစ်မှား သောကြောင့် ၊ အကျိန် ခံရမည်ဟု အိမ်နီးချင်းဆိုလျက်၊ ဤ အိမ် တော်၌ ကိုယ်တော် ၏ယဇ် ပလ္လင်ရှေ့ မှာ အကျိန် တိုက်လျှင်၊ ၃၂ ကောင်းကင် ဘုံ၌ နားထောင် တော်မူပါ။ မ တရားသောသူသည် မိမိ အပြစ်နှင့်အလျောက်ခံ၍း စေခြင်းငှါ ၎င်း ၊ ဖြောင့်မတ် သောသူသည် မိမိ ဖြောင့်မတ် ခြင်း နှင့်အလျောက် အကျိုးကိုခံရ ၍ အပြစ် မှလွှတ်စေခြင်းငှါ ၎င်း၊ ကိုယ်တော် ကျွန် တို့ကို တရား စီရင်တော်မူပါ။ ၃၃ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားတို့သည် ကိုယ်တော် ကို ပြစ်မှား သောအပြစ်ကြောင့် ရန်သူ ရှေ့ မှာ ခံ့ ရသောအခါ ၊ ကိုယ်တော် ထံသို့ ပြန် လာ၍ ၊ နာမ တော်ကိုဝန်ခံ လျက် ၊ ဤ အိမ် တော်ကို မှီခို လျက် ဆုတောင်း ပဌနာပြုလျှင်၊ ၃၄ ကောင်းကင် ဘုံ၌ နားထောင် ၍ ၊ ကိုယ်တော် ၏ လူ ဣသရေလ အမျိုးသားတို့ကို အပြစ် မှလွှတ် တော်မူပါ။ ဘိုးဘေး တို့အား ပေး သနားတော်မူသော ပြည် သို့ တဖန် ပို့ဆောင်တော်မူပါ။ ၃၅ ကိုယ်တော် ကို ပြစ်မှား သော အပြစ်ကြောင့် မိုးယံ း မ ရွာ၊ မိုးယံးခေါင် သဖြင့် ကိုယ်တော်သည် ဆုံးမ တော်မူ သောအခါ ၊ သူတို့သည် ဤ အရပ် ဌာနတော်ကို မှီခိုလျက် ဆုတောင်း ၍ ၊ နာမ တော်ကိုဝန်ခံ လျက် မိမိ ဒုစရိုက် ကို စွန့်ပယ် လျှင်၊ 36ကောင်းကင် ဘုံ၌နားထောင် ၍ ၊ ကိုယ်တော် ၏ ကျွန် ၊ ကိုယ်တော် ၏လူ ဣသရေလ အမျိုးတို့ကို အပြစ် မှ လွှတ် တော်မူပါ။ သူတို့လိုက် ရသော လမ်း ကောင်း ကို ပြည်ွန် ၍ ၊ ကိုယ်တော် ၏လူ တို့အား အမွေ ပေး သော မြေ ပေါ် မှာ မိုးယံးရွာ စေတော်မူပါ။ ၃၆ ပြည် တော်၌ အစာအာဟာရခေါင်းပါး သော်၎င်း၊ လေ ထိ၍ အပင်သေသော်၎င်း၊ အရည် ယို၍ သေသော်၎င်း၊ အရာဘကျိုင်း ၊ ခါသိလ ကျိုင်း ကိုက်စားသော်၎င်း၊ ရန်သူ တိုက်လာ၍ မြို့ ကို ဝိုင်းထား သော်၎င်း၊ ဘေးဥပဒ် ၊ အနာ ရောဂါတစုံတခု ရောက် သောအခါ၊ ၃၇ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားအချို့ တို့သည် အသီးအသီး ခံရသောဘေးဒဏ် ကိုသိ လျက်၊ ဤ အိမ် တော်သို့ မိမိ တို့လက်ဝါး ကို ဖြန့် ၍ ၊ တစုံတခု သောပဌနာ စကားအားဖြင့်ဆုတောင်း လျှင်၊ ၃၈ ကျိန်းဝပ် တော်မူရာ ကောင်းကင် ဘုံ၌ နားထောင် တော်မူပါ။ ၃၉ ဘိုးဘေး တို့အား ပေး သနားတော်မူသော ပြည် ၌ သူ တို့သည် အသက် ရှင်သော ကာလ ပတ်လုံးကိုယ်တော် ကို

ကြောက်ရွံ ပါမည်အကြောင်း ၊ ကိုယ်တော် သာလျှင် လူ သတ္တဝါအပေါင်း တို့၏ စိတ် နှလုံးသဘောကို သိ တော်မူ သည်ဖြစ်၍ ၊ ဆုတောင်းသောသူတို့ ၏ စိတ် နှလုံးသဘောကိုသိ လျက်၊ သူတို့အပြစ်ကိုလွှတ် တော်မူပါ။ အသီးအသီး ပြုကြသည်အတိုင်း စီရင် တော်မူပါ။ ၄၀ ကိုယ်တော် ၏လူ ဣသရေလ အမျိုးမ ဟုတ်၊ တပါး အမျိုးသားတို့သည် ကြီးမြတ် သော နာမ တော်၏ သိတင်းနှင့် တန်ခိုး ကြီး၍ ၊ ဆန့် တော်မူသောလက်ရုံး တော် ၏သိတင်းကိုကြား သောကြောင့်၊ ၄၁ နာမ တော်ကိုထောက် သဖြင့် ဝေး သောပြည် မှ ရောက် လာ၍၊ ဤ အိမ် တော်ကို မှီခိုလျက် ဆုတောင်း လျှင်၊ ၄၂ ကျိန်းဝပ် တော်မူရာ ကောင်းကင် ဘုံ၌ နားထောင် တော်မူပါ။ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားတို့သည် ကိုယ်တော် ကို ကြောက်ရွံ့သကဲ့သို့ မြေကြီး သား အပေါင်း တို့သည် ကြောက်ရွံ့လျက်၊ နာမ တော် ကို သိ စေခြင်းငှါ ၎င်း၊ အကျွန်ုပ်တည်ဆောက် သော ဤ အိမ် တော်ကို နာမ တော်ဖြင့် သမုတ် ကြောင်း ကို သိ စေခြင်းငှါ ၎င်း ၊ ထိုတပါး အမျိုးသားတို့သည် ဆုတောင်း သမျှ အတိုင်း ကျေးဇူးပြု တော်မူပါ။ ၄၃ ကိုယ်တော်စေခိုင်း တော်မူသည်အတိုင်း ၊ ကိုယ်တော် ၏ လူ တို့သည် ရန်သူ တို့ရှိရာသို့ စစ်ချီ သောအခါ ၊ ရွေး တော်မူသော မြို့ ၊ နာမ တော်အဘို့ အကျွန်ုပ် တည်ဆောက် သော အိမ် တော်ကို မှီခိုလျက်၊ ထာဝရဘုရား အား ဆုတောင်း ကြလျှင်၊ ၄၄ သူ တို့ ဆုတောင်း ပဌနာပြုသော စကားကို ကောင်းကင် ဘုံ၌ နားထောင် ၍ သူ တို့အမှု ကို စောင့် တော်မူ ပါ။ ၄၅ မ ပြစ်မှား တတ်သော လူ တယောက်မျှမ ရှိသည် ဖြစ်၍ ၊ ကိုယ်တော်၏လူတို့သည် ကိုယ်တော် ကို ပြစ်မှား သောကြောင့် ၊ အမျက် တော်ထွက်၍ ရန်သူ လက်သို့ အပ် တော်မူသဖြင့် ၊ ရန်သူ တို့သည် ဝေး သောပြည်၊ နီး သောပြည် ၊ အခြားတပါးသောပြည်သို့ သိမ်း သွားလျှင်၎င်း၊ ၄၆ ထိုပြည် ၌ အချုပ် ခံစဉ်၊ သူတို့သည် သတိရ ၍ ၊ အကျွန်ုပ်တို့သည် ပြစ်မှား ပါပြီ။ မ ဖြောင့်သောအမှု၊ ဆိုးညစ် သောအမှုကို ပြုမိပါပြီဟု စိတ် ပြောင်းလဲ ၍ တောင်းပန် သဖြင့်၊ ၄၇ သိမ်း သွားသော ရန်သူ တို့၏ ပြည် ၌ နေစဉ်၊ စိတ် နှလုံးအကြွင်းမဲ့ အထဲ တော်သို့ ပြန် လာ၍ ၊ ဘိုးဘေး တို့အား ပေး တော်မူသော ပြည် ၊ ရွေး တော်မူသော မြို့ ၊ နာမ တော်အဘို့ အကျွန်ုပ်တည်ဆောက် သော အိမ် တော်ကို မှီခိုလျက် ဆုတောင်း လျှင် ၎င်း၊ ၄၈ သူ တို့ဆုတောင်း ပဌနာ ပြုသော စကားကို ကျိန်းဝပ် တော်မူရာ ကောင်းကင် ဘုံ၌နားထောင် ၍ သူ တို့ အမှု ကို စောင့် တော်မူပါ။ ၄၉ ကိုယ်တော် ၏လူ တို့သည် ကိုယ်တော် ကို ပြစ်မှား သော်လည်း ၊ ကိုယ်တော် ကို ပြစ်မှား လွန်ကျူးခြင်းအပြစ် အလုံးစုံ တို့ကို ဖြေရှင်း တော်မူပါ။ သိမ်း သွားသောသူတို့ သည် ကိုယ်တော်၏လူတို့ကို သနား စေခြင်းငှါ ၊ ကရုဏာ စိတ်သဘောကို ပေး တော်မူပါ။ ၅၀ အကြောင်း မူကား၊ သူ တို့သည် အဲဂုတ္တု ပြည်၏ သံ မီးဖို ထဲက နှုတ်ယူ တော်မူသော ကိုယ်တော် ၏လူ ၊ အမွေ ခံရတော်မူသောအမျိုးဖြစ်ပါ၏။ ၅၁ ကိုယ်တော် ၏ ကျွန် မှစ၍ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားဆုတောင်း ပဌနာပြုသော စကား အလုံးစုံ တို့ကို နားထောင် ခြင်းငှါ ကြည့်ရှု မှတ်ယူတော်မူပါ။ ၅၂ အကြောင်း မူကား၊ အကျွန်ုပ် တို့ ဘိုးဘေး များကို အဲဂုတ္တု ပြည်မှ နှုတ်ဆောင် တော်မူသောအခါ ၊ ကိုယ်တော် ၏ ကျွန် မောရှေ အားဖြင့် မိန့် တော်မူသည်အတိုင်း ၊ ဣသရေလအမျိုးကို ကိုယ်တော် အမွေ ခံရာဖြစ်စေခြင်းငှါ ၊ မြေကြီး သားအမျိုးမျိုး ထဲက ရွေးနှုတ် ခွဲထားတော်မူပြီအရှင် ထာဝရဘုရား

ဟု ပဌနာပြုလေ၏။ ၅၃ ထိုသို့ ရှောလမုန် သည် ထာဝရဘုရား ရှေ့တော်၌ ဆုတောင်း ပဌနာပြု၍ ပြီး သောအခါ ၊ ထာဝရဘုရား ၏ ယဇ် ပလ္လင်ရှေ့မှာ ဒူး ထောက် လျက်၊ လက်ဝါး တို့ကို ကောင်းကင် သို့ ဖြန့် လျက်နေရာမှထ ၍၊ ၅၄ မတ်တတ် နေပြီးလျှင် ၊ ကွသရေလ အမျိုး ပရိသတ် အပေါင်း တို့ကို ကျယ် သောအသံ နှင့် ကောင်းကြီး ပေးသော စကားဟူမူကား ၊ ၅၅ ဂတိ တော်ရှိသမျှ အတိုင်း မိမိ လူ ကွသရေလ အမျိုးကို ငြိမ်ဝပ် စေခြင်းငှါစီရင် တော်မူသော ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ မိမိ ကျွန် မောရှေ အားဖြင့် ထားတော်မူသော ဂတိ တော်ကောင်း တခွန်း မျှမ ပျက်၊ ၅၆ ငါ တို့ဘုရားသခင် ထာဝရဘုရား သည် ငါ တို့ ဘိုးဘေး များနှင့်အတူ ရှိ တော်မူသည်နည်းတူ ငါ တို့နှင့်အတူ ရှိ တော်မူပါစေသော။ ငါ တို့ကို အလျှင်းစွန့်ပစ် တော် မ မူပါစေနှင့်။ ၅၇ လမ်း တော်တို့သို့ လိုက် စေခြင်းငှါ ၎င်း၊ ဘိုးဘေး တို့အား မှာ ထားတော်မူသော စီရင် ထုံးဖွဲ့ချက်ပညတ် တရား တို့ကို စောင့်ရှောက် စေခြင်းငှါ ၎င်း၊ ငါ တို့စိတ် နှလုံးကို အထံ တော်သို့ သွေးဆောင် တော်မူပါစေသော။ ၅၈ ထာဝရဘုရား သည် ဘုရားသခင် ဖြစ်တော်မူကြောင်း ကိုလည်း၊ အခြား တပါးသော ဘုရားသခင်မ ရှိ ကြောင်းကိုလည်း၊ မြေကြီး သားအပေါင်း တို့သည် သိ ကြမည်အကြောင်း ၅၉ ငါ တို့ဘုရားသခင် ထာဝရဘုရား သည် မိမိ ကျွန် နှင့် မိမိ လူ ကွသရေလ အမျိုးသားတို့၏အမှု ကို စောင့် စရာအကြောင်း ရှိသည်အတိုင်း၊ ၆၀ အစဉ်စောင့်တော်မူ စေခြင်းငှါထာဝရဘုရား ရှေ့ တော်၌ ငါဆုတောင်း သော ဤ ပဌနာစကား သည် နေ့ ညဉ့်မပြတ်အနီး တော်၌ ရှိ ပါစေသော။ ၆၁ သင်တို့သည် ယနေ့ ကျင့်သကဲ့သို့ ၊ ငါ တို့ဘုရားသခင် ထာဝရဘုရား စီရင် တော်မူသောလမ်းသို့ လိုက် ၍ ပညတ် တရားတော်ကို စောင့်ရှောက် ခြင်းငှါ ၊ အထံတော်၌ စိတ်နှလုံးစုံလင် ပါစေသောဟု မြွက်ဆိုလေ၏။ ၆၂ ထိုအခါ ရှောလမုန်မင်းကြီး နှင့်တကွ ကွသရေလ အမျိုးသားအပေါင်း တို့သည် ထာဝရဘုရား ရှေ့ တော်၌ ယဇ် ပူဇော် ကြ၏။ ၆၃ နွား နှစ်သောင်း နှစ်ထောင်၊ သိုး တသိန်း နှစ်သောင်းတို့ကို ထာဝရဘုရား အား မိဿဟာယ ယဇ် ပူဇော် သဖြင့် ၊ ထာဝရဘုရား ၏အိမ် တော်ကို အနုမောဒနာ ပြုကြ၏။ ၆၄ ထို နေ့ ၌ လည်း၊ ရှင် ဘုရင်သည် ထာဝရဘုရား ၏ အိမ် တော်ရှေ့မှာရှိသော တန်တိုင်း အတွင်း အရပ်ကို သန့်ရှင်း စေ၍ ၊ ထို အရပ်၌ မီး ရှို့ရာယဇ်၊ ဘောဇဉ် ပူဇော်သက္ကာ၊ မိဿဟာယ ယဇ်ကောင်ဆီဥ ကို ပူဇော် ၏။ အကြောင်း မူကား၊ ထာဝရဘုရား ရှေ့ တော်၌ရှိသော ကြေးဝါ ယဇ် ပလ္လင်သည် မီး ရှို့ရာယဇ်၊ ဘောဇဉ် ပူဇော်သက္ကာ၊ မိဿဟာယ ယဇ်ကောင်ဆီဥ ကို မ ခံ လောက်။ ၆၅ ထိုအခါ ရှောလမုန် သည် အလွန် များစွာသော ပရိသတ် တည်းဟူသောဟာမတ် မြို့ဝင်ဝမှစ၍ အဲဂုတ္တုမြစ် တိုင်အောင် အနှံ့အပြားအရပ်ရပ်ကလာကြသော ကွသရေလ အမျိုးသားအပေါင်း တို့နှင့်တကွ ၊ ငါ တို့ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ခုနစ်ရက် နှစ်လီ၊ တဆယ် လေး ရက် ပတ်လုံးပွဲ ခံ တော်မူ၏။ ၆၆ ရှစ် ရက်မြောက်သောနေ့ ၌ လူ များတို့ကို လွှတ်လိုက် တော်မူ၏။ သူတို့သည် ရှင် ဘုရင်ကို ကောင်းကြီး ပေးလျက် ၊ ထာဝရဘုရား သည် မိမိ ကျွန် ဒါဝိဒ် နှင့် မိမိ လူ ကွသရေလ အမျိုးသားတို့ ၌ ပြု တော်မူသမျှ သော ကျေးဇူး တော်ကြောင့် ၊ ဝမ်းမြောက် ရွှင်လန်း လျက် မိမိ တို့နေရာ သို့ ပြန် သွားကြ၏။

၉ ရှောလမုန် သည် ဗိမာန် တော်နှင့် နန်း တော်ကို လက်စသတ် ၍ ၊ မိမိအလို ဆန္ဒရှိသမျှ ပြည့်စုံသောအခါ၊ ၂ ထာဝရဘုရား သည် ဂိဗောင် မြို့၌ ထင်ရှား တော်မူသကဲ့သို့ ၊ ဒုတိယ အကြိမ်၌ ထင်ရှား တော်မူလျက်၊ ၃ သင်သည် ငါ့ ရှေ့မှာဆုတောင်း ပဌနာပြုသော စကားကို ငါကြား ပြီ။ သင်တည်ဆောက် သော ဤ အိမ် ကို သန့်ရှင်း စေ၍၊ ငါ့ နာမ ကို အစဉ် တည် စေမည်။ အစဉ် ငါ ကြည့်ရှု လျက် နှလုံး စွဲလမ်းလျက် နေ မည်။ ၄ သင် သည် ငါမှာ ထားသမျှ ကိုပြု ၍၊ ငါ စီရင် ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက် ခြင်းငှါ၊ သင့် အဘ ဒါဝိဒ် ကဲ့သို့ဖြောင့်မတ် စုံလင်သောစိတ် သဘောနှင့် ငါ့ ရှေ့မှာ ကျင့် နေလျှင်၊ ၅ ဣသရေလ နိုင်ငံ၏ ရာဇ ပလ္လင်ပေါ် မှာ ထိုင်ရသောသင် ၏ အမျိုး မင်းရိုးမ ပြတ် ရဟု သင့် အဘ ဒါဝိဒ် အား ငါဂတိ ရှိသည်အတိုင်း ၊ သင် ထိုင်ရသောဣသရေလ နိုင်ငံ ၏ရာဇ ပလ္လင်ကို အစဉ် ငါတည် စေမည်။ ၆ သို့မဟုတ် သင် နှင့် သင် ၏သား မြေးတို့သည် ငါ့ နောက် သို့မ လိုက်၊ လမ်းလွှဲလျက် ငါမှာ ထားသော စီရင် ထုံးဖွဲ့ချက်တို့ကို မ စောင့် ၊ အခြား တပါးသော ဘုရား ထံသို့သွား ၍ ဝတ်ပြု ကိုးကွယ် လျှင်၊ ၇ ဣသရေလ အမျိုးကို ငါပေး သော ပြည် မှ ငါပယ်ဖြတ် မည်။ ငါ့ နာမ ဘို့ ငါသန့်ရှင်း စေသော ဤအိမ် တော်ကို ငါ့ မျက်မှောက် မှ ပယ်ရှား မည်။ ဣသရေလ အမျိုးသည် လည်း တပါး အမျိုးသားတို့တွင် ပုံခိုင်း ရာ ကဲ့ရဲ့ ရာဖြစ် ရ လိမ့်မည်။ ၈ အရပ်မြင့် သော ဤ အိမ် တော်ကိုလည်း လမ်း၌ ရှောက်သွား သော သူအပေါင်း တို့သည် အံ့သြ ၍ ၊ ထာဝရဘုရား သည် ဤ ပြည် နှင့် ဤ အိမ် ကို အဘယ်ကြောင့် ဤသို့ ပြု တော်မူသနည်းဟု ကဲ့ရဲ့ သံကိုပြုလျက် တယောက်မေးမြန်း သော်၊ ၉ တယောက်က၊ သူ တို့၏ ဘိုးဘေး များကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သော သူ တို့ ၏ ဘုရားသခင် ထာဝရဘုရား ကို သူတို့သည်စွန့် ၍ အခြား တပါးသောဘုရား ကို မှီဝဲ လျက် ဝတ်ပြု ကိုးကွယ် ကြသောကြောင့် ၊ ထာဝရဘုရား သည် ဤ အမှု အလုံးစုံ ကို ရောက် စေတော်မူကြောင်း ကို ပြန် ပြောလိမ့်မည်ဟု မိန့်တော်မူ၏။ ၁၀ ရှောလမုန် သည် ဗိမာန် တော်နှင့် နန်း တော်တည်းဟူသောအိမ် တော်နှစ် ဆောင်ကို တည်ဆောက် ၍ အနှစ် နှစ် ဆယ်စေ့သောအခါ၊ ၁၁ တုရ မင်းကြီး ဟိရံ သည် ရှောလမုန် လိုချင် သမျှ အတိုင်း အာရုဏ် သစ်သား ၊ ထင်းရူး သစ်သား နှင့် ရွှေ အခွက် တရာ နှစ် ဆယ်ကိုပေး နှင့်သည် ဖြစ်၍၊ ရှောလမုန် မင်းကြီး သည် ဂါလိလဲ ပြည် ၌ မြို့ နှစ် ဆယ်ကို ဟိရံ မင်းကြီးအား ပေး ၏။ ၁၂ ရှောလမုန် ပေး သော မြို့ တို့ကို ဟိရံ သည် တုရ မြို့ မှ လာ ၍ ကြည့်ရှု သောအခါ အား မ ရ။ ၁၃ ငါ့ ညီ ၊ ငါ့ အား ပေး သော မြို့ တို့သည် အဘယ်သို့ သောမြို့နည်းဟု ဆို လျက်၊ ၁၄ ထိုအရပ်ကို ကာဗုလ ဟူ၍ယနေ့ တိုင်အောင် သမုတ် သတည်း။ ၁၅ ရှောလမုန် မင်းကြီး သည် ငွေခွဲ ရသော အကြောင်း ဟူမူကား ၊ ဗိမာန် တော်၊ နန်း တော်၊ မိလ္လော မြို့၊ ယေရုရှလင် မြို့ရိုး ၊ ဟာဇော် မြို့၊ မေဂိဒ္ဒေါ မြို့ ဂေဇာ မြို့တို့ကို တည်ဆောက် ခြင်းငှါ ငွေခွဲရသတည်း။ ၁၆ ဂေဇာ မြို့ကိုကား၊ အဲဂုတ္တု ဖာရော ဘုရင် သည် စစ်ချီ ၍ တိုက်ယူ မီး ရှို့ သဖြင့် ၊ မြို့ သားခါနာနိ လူတို့ကို လုပ်ကြံ ပြီးမှ ၊ မိမိ သမီး ၊ ရှောလမုန် ၏ ခင်ပွန်း အား လက်ဆောင် ပေး နှင့်လေပြီ။ ၁၇ သို့ ဖြစ်၍ ဂေဇာ မြို့ကို ရှောလမုန် တည် လေ၏။ ထိုမှတပါး ၊ အောက် ဗေသောရုန် မြို့၊ ၁၈ ဗာလက် မြို့၊ တော အရပ်၊ ပြည် ထဲမှာ တာဒမော် မြို့တို့ကိုလည်း တည်လေ၏။ ၁၉ ဘဏ္ဍာ တော် သိုထားသောမြို့ များ၊ ရထား တော်ထိန်းသောမြို့ များ၊ မြင်း တော်ကျွေးသောမြို့ များ၊ ယေရုရှလင်

မြို့ပတ်လည်၊ လေဗုနုန် တောင်ပေါ် ၊ နိုင်ငံ တော်အရပ်ရပ် ၌ တည်ချင် သော မြို့များတို့ကိုလည်း တည် လေ၏။ ၂၀ ဣသရေလ အမျိုးသား အကုန်အစင်မ ဖျက်ဆီး နိုင် သောကြောင့်၊ ၂၁ ပြည် တော်၌ ကျန်ကြွင်း သော တပါးအမျိုးသား ၊ အာမောရိ ၊ ဟိတ္တိ ၊ ဖေရဇိ ၊ ဟိဝိ ၊ ယေဗုသိ အမျိုးအနွယ်သားစဉ်မြေးဆက်အပေါင်းတို့ကို ရှောလမုန်သည် ယနေ့ တိုင်အောင် လူခွဲ ၍ ကျွန် ခံစေ၏။ ၂၂ ဣသရေလ အမျိုးသား တို့ကိုကား၊ ရှောလမုန် သည် ကျွန် မ ခံစေ။ စစ်သူရဲ ၊ အမှူ တော်စောင့်၊ မှူးမတ် ၊ စစ်ကဲ ၊ ရထား တော်အုပ် ၊ မြင်း တော်အုပ်အရာ၌ ခန့်ထားတော်မူ၏။ ၂၃ တည်ဆောက်ခြင်းအမှု တော်ကို စီရင်သောသူ အမှူတော်အုပ် ငါး ရာ ငါး ဆယ်ရှိ၏။ ၂၄ ဖာရော ရှင်ဘုရင်၏ သမီး တော်သည် ဒါဝိဒ် မြို့ မှ ထွက် ၍၊ သူ့ အဘို့ ရှောလမုန်တည်ဆောက် သော နန်း တော် သို့ ပြောင်းပြီးမှ ၊ ရှောလမုန်သည် မိလ္လော မြို့ကို ပြုပြင် လေ၏။ ၂၅ ထာဝရဘုရား အဘို့ တည် သော ယဇ် ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ် တို့ကို တနှစ်တနှစ် လျှင် သုံး ကြိမ် ပူဇော် ၍၊ ထာဝရဘုရား ရှေ့ တော်၌ရှိသော ယဇ်ပလ္လင်ပေါ်မှာနံ့သာပေါင်းကို မီးရှို့ သဖြင့် အိမ် တော်ကို လက်စသတ် လေ၏။ ၂၆ တဖန် ရှောလမုန် မင်းကြီး သည် ဧဒုံ ပြည် တွင် ၊ ဧဒုံ ပင်လယ် ကမ်းနား ၌ ၊ ဧလုတ် မြို့နှင့် နီးစပ် သော ဧဇျုန်ဂါဗာ မြို့မှာ သင်္ဘော် တို့ကို တည်လုပ် ၏။ ၂၇ ပင်လယ် ကူးသော အမှုကိုနားလည် သော မိမိ ကျွန် ၊ သင်္ဘော် သားတို့ကို ဟိရံ မင်းသည် ထိုသင်္ဘော် ပေါ်မှာ ရှောလမုန် ၏ လူ တို့နှင့်အတူ စီးစေ၏။ ၂၈ သူတို့သည် ဩဖိရ မြို့သို့ သွား ၍ ရွှေ အခွက် လေး ရာ နှစ် ဆယ်ကို ရှောလမုန် မင်းကြီး ထံသို့ ဆောင် ခဲ့ ကြ၏။

၁၀ ရှေဘ ပြည်ကို အစိုးရသောမိဖုရား သည် ရှောလမုန် ၏ ဂုဏ် အသရေနှင့် ထာဝရဘုရား ၏ နာမ တော်သိတင်းကိုကြား လျှင် ၊ နက်နဲ ခက်ခဲသော ပြဿနာအားဖြင့် သူ့ ကို စုံစမ်း ခြင်းငှါ လာ ၏။ ၂ နံ့သာမျိုး နှင့် များစွာ သောရွှေ ၊ အဘိုးထိုက် သော ကျောက် တို့ကိုဆောင် သော ကုလားအုပ် များ၊ လိုက် သော သူများနှင့်တကွ ယေရုရှလင် မြို့သို့ ရောက် ၍ ၊ ရှောလမုန် မင်းကြီးထံ တော်သို့ ဝင် သောအခါ ၊ မိမိ အလို ဆန္ဒရှိသမျှ ကို ဆွေးနွေး မေးမြန်းလေ၏။ ၃ သူ မေးမြန်း သော ပြဿနာရှိသမျှ တို့ကို ရှောလမုန် မင်းကြီးသည် ဖြေ လေ၏။ နားမလည်၍ မ ဖြေ နိုင် သော အရာ တစုံတခုမျှမ ရှိ။ ၄ ရှေဘ မိဖုရား သည် ရှောလမုန် ၏ ပညာ အလုံးစုံ ကို၎င်း ၊ တည်ဆောက် သော အိမ် တော်ကို၎င်း၊ ၅ စားပွဲ တော်တန်ဆာ ကို၎င်း၊ အမှူ တော်စောင့်တို့နေရာ ထိုင်ရာကို၎င်း၊ လုလင် တို့ ခစား သည် အခြင်းအရာကို ၎င်း၊ သူ တို့ဝတ်သောအဝတ် တန်ဆာကို၎င်း၊ ဝန်စာရေး များကို၎င်း၊ ထာဝရဘုရား ၏ အိမ် တော်၌ မီး ရှို့ရာ ယဇ်ပူဇော် ခြင်းကို၎င်းမြင် သောအခါ မိန်းမောတွေဝေလျက်ရှိ၍၊ ၆ ကိုယ်တော် ၏ အခြင်းအရာ နှင့် ကိုယ်တော် ၏ပညာ ကို အကျွန်ုပ်သည် ကိုယ် ပြည် ၌ ကြား ရသော သိတင်းစကား မှန် ပါ၏။ ၇ သို့သော်လည်း ၊ ကိုယ်တိုင်ရောက် ၍ မ မြင် မှီ ထိုစကား ကိုမ ယုံ။ ယခုမူကား၊ အရင်ကြား သော စကား သည် တဝက် ကိုမျှမ မှီ။ ကိုယ်တော်၏ ပညာ နှင့် ကိုယ်တော်၏စည်းစိမ် သည် အကျွန်ုပ်ကြား ရသော သိတင်း ကို လွန်ကဲ ပါ၏။ ၈ ရှေ့ တော်၌ အစဉ် နေ ၍ ပညာ တော်ကိုကြား ရသောကိုယ်တော် ၏လူ ၊ ကိုယ်တော် ၏ကျွန် တို့သည် မင်္ဂလာ ရှိကြပါ၏။ ၉ ကိုယ်တော် ကို နှစ်သက် ၍၊ ဣသရေလ နိုင်ငံ၏ ရာဇ ပလ္လင်ပေါ် မှာ တင် တော်မူသောကိုယ်တော် ၏ ဘုရားသခင် ထာဝရဘုရား သည် မင်္ဂလာ

ရှိ တော်မူစေသတည်း။ ထာဝရဘုရား သည် ဣသရေလ အမျိုးကို အစဉ် ချစ် သောကြောင့် ၊ ဖြောင့်မတ် စွာတရား စီရင် စေခြင်းငှါ ကိုယ်တော် ကို ရှင်ဘုရင် အရာ ၌ ခန့်ထား တော်မူပြီဟု ရှင်ဘုရင် အား ပြောဆို ၍၊ ၁၀ ရွှေ အခွက် တရာ နှစ် ဆယ်၊ နံ့သာမျိုး အများ ၊ ကျောက် မြတ် တို့ကို ဆက် လေ၏။ ရှေဘ မိဖုရား သည် ရှောလမုန် မင်းကြီး အား ဆက် သော နံ့သာမျိုး နှင့်အမျှ များပြား သော နံ့သာမျိုးသည် နောက် တဖန်မ ရောက်။ ၁၁ သြဖိရ မြို့မှ ရွှေ ကိုဆောင် ခဲ့သော ဟိရံ သင်္ဘော်တို့သည် အာလဂုံ သစ်သား များ၊ ကျောက် မြတ် များ ကိုလည်း ဆောင် ခဲ့ကြ၏။ ၁၂ ထိုအာလဂုံ သစ်သား ဖြင့် ရှင် ဘုရင်သည် ဗိမာန် တော်ပွတ်လုံး တန်းနှင့် နန်း တော်ပွတ်လုံးတန်းကိုငင်း ၊ သီချင်း ဆိုသောသူတို့ စောင်း နှင့် တယော တို့ကိုငင်းလုပ် လေ၏။ ထိုသို့သော အာလဂုံ သစ်သား သည်နောက် တဖန်မ ရောက် ၊ ယနေ့ တိုင်အောင် မ ပေါ်လာ။ ၁၃ ရှောလမုန် မင်းကြီး သည် အလိုလိုပေး သော လက်ဆောင်မှတပါး ၊ ရှေဘ မိဖုရား ၏ အလို ဆန္ဒပြည့်စုံစေခြင်းငှါ၊ သူတောင်း သမျှ ကိုလည်း ပေး တော်မူ၏။ ထိုနောက်မှ မိဖုရားသည် မိမိ ကျွန် တို့နှင့်တကွ မိမိ ပြည် သို့ ပြန် သွားလေ၏။ ၁၄ ရှောလမုန် ထံသို့ တနှစ် တနှစ်လျှင် ရောက် သော ရွှေ အချိန် ကား အခွက် ခြောက် ရာ ခြောက် ဆယ်ခြောက် ပိဿာဖြစ် သတည်း။ ၁၅ ထိုမှတပါး ကုန်သည် များ၊ လှည်းသမား များ၊ အာရပ် မင်းကြီး ရှိသမျှ ၊ မြို့ဝန် များဆက်သော ရွှေရှိသေး ၏။ ၁၆ ရှောလမုန် မင်းကြီး သည် ရွှေ ခြောက် ပိဿာ စီဖြင့် ဒိုင်း ကြီးနှစ် ရာ၊ သုံး ပိဿာ စီဖြင့် ဒိုင်း ငယ်သုံး ရာ တို့ကို ထုတ်လုပ် ၍ ၁၇ လေဗနုန် တော သစ်သားနှင့် တည်ဆောက်သောနန်း တော်၌ ထား တော်မူ၏။ ၁၈ ရှင် ဘုရင်သည်လည်း ၊ ဆင်စွယ် ရာဇပလ္လင် ကြီး ကို လုပ် ၍ ရွှေစင် နှင့်မွမ်းမံ လေ၏။ ၁၉ ရာဇ ပလ္လင်တော်သည် လှေကား ခြောက် ထစ် ရှိ၏။ နောက်ဖေးဝိုင်း ၏။ ထိုင် ရာတဘက်တချက်၌ မှီစရာလက်ရုံး တန်းနှင့်ပြည့်စုံ၍၊ လက်ရုံး တန်းအနား မှာ ခြင်္သေ့ နှစ် ကောင်ရပ် နေ၏။ ၂၀ လှေကား ခြောက် ထစ်အပေါ် တွင် တဘက်တချက်၌ လည်း ခြင်္သေ့ တဆယ် နှစ် ကောင်ရပ် နေ၏။ ထိုသို့ သော ရာဇပလ္လင်သည် အဘယ် တိုင်း နိုင်ငံ၌မျှမ ရှိ။ ၂၁ ရှောလမုန် မင်းကြီး သောက် သော ဖလား တော် ရှိသမျှ နှင့် လေဗနုန် နန်း တော်၌ သုံးသောဖလား တော် ရှိသမျှ တို့သည် ငွေ ဖလားမ ဟုတ် ရွှေ ဖလားသက်သက်ဖြစ်၏။ ရှောလမုန် လက်ထက် ၌ ငွေကို အလျှင်းပမာဏ မ ပြုတတ်ကြ။ ၂၂ ရှင် ဘုရင်သည် တာရှု သင်္ဘော် ကို ဟိရံ မင်း သင်္ဘော် နှင့်အတူ စေလွှတ်သဖြင့်၊ သုံး နှစ် တခါ တာရှု သင်္ဘော် သည် ပြန်လာ ၍ ရွှေ ၊ ငွေ ၊ ဆင်စွယ် ၊ မျောက် များ၊ ဒေါင်း များကို ဆောင် ခဲ့တတ်၏။ ၂၃ ထိုသို့ ရှောလမုန် သည် မြေကြီး ပေါ်မှာ ရှိသမျှ သော ရှင် ဘုရင်တို့ထက် ပညာ နှင့် စည်းစိမ် အားဖြင့် လွန်ကဲ ၏။ ၂၄ ရှောလမုန် ၏ နှလုံး ၌ ဘုရားသခင် သွင်းပေး တော်မူသော ပညာ ကို မြေကြီး သားအပေါင်း တို့သည် ကြား ရအံ့သောငှါ၊ မျက်နှာ တော်ကို ဖူး လာကြ၏။ ၂၅ လာသောသူအသီးအသီး တို့သည် ရွှေ ဖလား ၊ ငွေ ဖလား ၊ အဝတ် တန်ဆာ၊ စစ်တိုက် လက်နက်၊ နံ့သာမျိုး ၊ မြင်း ၊ လား တို့ကို နှစ် တိုင်းအခွန် ဆက် ရကြ၏။ ၂၆ ရှောလမုန် သည်လည်း ၊ ရထား များ၊ မြင်းစီး သူရဲ များကို ဆည်းဖူး ၍ ၊ ရထား တထောင် နှင့် လေး ရာ ၊ မြင်းစီး သူရဲတသောင်း နှစ်ထောင်ရှိ ၏။ ရထား ထိန်း မြို့ တို့ ၌ ၎င်း ၊ ယေရုရှလင် မြို့ အထံတော်၌ ၎င်း ထား ၏။ ၂၇ ရှင် ဘုရင်သည် ယေရုရှလင် မြို့၌ ငွေ ကို ကျောက်ခဲ ကဲ့သို့

ငင်း ၊ အာရဇ ပင်တို့ကို လွင်ပြင် ၌ ပေါက် သော သဖန်း ပင်ကဲ့သို့ ငင်း များပြား စေ၏။ ၂၈ ရှောလမုန် ထံသို့ မြင်း များကို အဲဂုတ္တ၊ ပြည်၊ ကော မြို့မှ ဆောင် ခဲ့ရ၏။ ရှင်ဘုရင် ၏ ကုန်သည် တို့သည် အဘိုး ပေးလျက် ကော မြို့၌ ခံယူ ရကြ၏။ ၂၉ အဲဂုတ္တ၊ ပြည်မှ ရထား တခုကို ငွေ ခြောက် ပိသာ နှင့် ငင်း၊ မြင်း တစီးကို တပိသာ ငါး ဆယ်နှင့်ငင်း ရောင်းမြဲ ရှိ၏။ ထိုသို့ ဟိတ္တိ မင်းကြီး နှင့် ရှုရိ မင်းကြီး အပေါင်း တို့သည် အဲဂုတ္တ၊ရထားနှင့် မြင်းတို့ကို ရတတ်ကြ၏။

၁၁ ရှောလမုန် မင်းကြီး သည် ဖာရော ဘုရင်၏ သမီး မှတပါး ၊ ကျသရေလ အမျိုးသားမဟုတ်သော မောဘ အမျိုး၊ အမ္မုန် အမျိုး၊ ဧဒုံ အမျိုး၊ ဇိဒုန် အမျိုး၊ ဟိတ္တိ အမျိုးသားမိန်းမ အများတို့ကို ချစ် တတ်၏။ ၂ ထာဝရဘုရား က၊ သင်တို့သည် တပါးအမျိုးသား တို့နှင့်စုံဘက် ခြင်းကိုမ ပြုရ။ အကယ်စင်စစ် သူတို့သည် မိမိ တို့ဘုရား များနောက် သို့ သင် တို့၏ စိတ်နှလုံးကို လွဲ စေကြလိမ့်မည်ဟု ကျသရေလ အမျိုးသား တို့အား မိန့် တော်မူ သော်လည်း၊ ရှောလမုန် သည် တပါးအမျိုးသားမိန်းမတို့ကို တပ်မက် သောစိတ်ရှိ၏။ ၃ မင်းသမီး ဖြစ်သော ခင်ပွန်း ခုနစ် ရာ ၊ မောင်းမမိသဲ သုံး ရာ ရှိ ၍ ၊ သူတို့သည် စိတ် နှလုံးတော်ကို လွဲ စေကြ ၏။ ၄ ရှောလမုန် သည် အသက်ကြီး သောအခါ ၊ မိန်းမ များတို့သည် စိတ် နှလုံးတော်ကို အခြား တပါးသော ဘုရား နောက် သို့ လွဲ စေသဖြင့် ၊ စိတ် နှလုံးတော်သည် ခမည်းတော် ဒါဝိဒ် ၏ စိတ် နှလုံးကဲ့သို့ မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ စုံလင် ခြင်းမ ရှိ။ ၅ ဇိဒုန် နတ်သမီး အာရှတရက် ၊ ရွံရှာ ဘွယ်သော အမ္မုန် ဘုရား မိလကုံ နောက် သို့ လိုက် ၍၊ ၆ ခမည်းတော် ဒါဝိဒ် ကဲ့သို့ ထာဝရဘုရား ၌ လုံးလုံး မ ဆည်းကပ်၊ ရှေ့ တော်၌ဒုစရိုက် ကိုပြု လေ၏။ ၇ ထိုအခါ ရှောလမုန် သည် ရွံရှာ ဘွယ်သောမောဘ ဘုရားခေမုရှ နှင့် ရွံရှာ ဘွယ်သော အမ္မုန် ဘုရားမောလုတ် အဘို့ ၊ ယေရုရှလင် မြို့ ရှေ့ တော်၌ရှိသော တောင် ပေါ် တွင် ကုန်း တို့ကို တည် လေ၏။ ၈ မိမိ တို့ဘုရား အား နံ့သာပေါင်းကိုမီးရှို့ ၍ ၊ ယဇ် ပူဇော်သော တပါး အမျိုးသားခင်ပွန်း အပေါင်း တို့အဘို့ ထိုသို့ ပြု ၏။ ၁၀ အခြား တပါးသော ဘုရား နောက် သို့ မ လိုက် ရမည် အကြောင်းပညတ် တော်မူသောဘုရား၊ နှစ်ကြိမ် ထင်ရှား တော်မူသော ကျသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ထံ တော်မှ၊ ရှောလမုန် သည်စိတ်နှလုံး လွှဲသွား ၍၊ မှာထား တော်မူသောစကား ကို နား မ ထောင်သောကြောင့်၊ ထာဝရဘုရား အမျက်ထွက် တော်မူလျက်၊ ၁၁ သင် သည်ဤသို့ ပြု၍ ငါ ဖွဲ့သော ပဋိညာဉ် နှင့် ငါမှာထား သော တရား ကိုမ စောင့် ဘဲနေသောကြောင့် ၊ နိုင်ငံ တော်ကို သင့် လက်မှ ငါဆက်ဆက်နှုတ် ၍ သင့် ကျွန် အား ပေး မည်။ ၁၂ သို့ရာတွင် သင့် အဘ ဒါဝိဒ် ၏မျက်နှာကို ထောက်၍ ၊ သင့် လက်ထက် ၌ ငါသည်းခံ ဦးမည်။ သင် ၏ သား လက် မှ နိုင်ငံ တော်ကို နှုတ် မည်။ ၁၃ သို့သော်လည်း တနိုင်ငံလုံး ကိုမ နှုတ်။ ငါ့ ကျွန် ဒါဝိဒ် နှင့် ငါ ရွေးကောက် သော ယေရုရှလင် မြို့ကိုထောက်၍ ၊ သင့် သား အား ခရိုင် တ ခရိုင်ကို ငါပေး မည်ဟု ရှောလမုန် အား မိန့် တော်မူ၏။ ၁၄ ထိုနောက် ထာဝရဘုရား သည် ရှောလမုန် ၌ ရန်ဘက် ပြုသောသူ ဧဒုံ အမျိုးသားဟာဒဒ် ကို နှိုးဆော် တော်မူ၏။ ထိုသူ သည် ဧဒုံ ရှင်ဘုရင် အမျိုး ဖြစ်၏။ ၁၆ အထက်က ဒါဝိဒ် သည် ဧဒုံ ပြည်၌ ရှိ ၍၊ ဗိုလ်ချုပ် ယွာဘ သည် ဧဒုံ အမျိုးသားယောကျ်ား အပေါင်း တို့ကို ပယ်ဖြတ် မည်ဟု ကျသရေလ လူအပေါင်း တို့နှင့် ဧဒုံ ပြည်၌ ခြောက် လ နေ ပြီးမှ ၊ အသေ ကောင်များကို မြေ၌မြှုပ် စေခြင်းငှါ သွား စဉ်အခါ။ ၁၇

ဟာဒဒ် သည် အသက်ငယ် လျက်ပင်အဘ ၏ကျွန် ဧဒုံ အမျိုးသားအချို့တို့နှင့်အတူအဲဂုတ္တု ပြည်သို့ ရောက်အောင်ပြေး ၏။ ၁၈ မိဒျန် ပြည်မှ ထွက် ၍ မါရန် ပြည်သို့ ရောက် လေ၏။ တဖန် ပါရန် ပြည်သား အချို့တို့ကို ခေါ် ၍ အဲဂုတ္တု ပြည်၊ အဲဂုတ္တု ဖာရော ဘုရင် ထံသို့ ရောက် လေသော်၊ ထိုမင်း သည် အိမ် နှင့် မြေ ကိုပေး ၍ ကျွေးမွေးလေ၏။ ၁၉ ဖာရော ဘုရင်သည် ဟာဒဒ် ကို အလွန် ချစ် ၍ မိမိ ခင်ပွန်း မိဖုရား တာပနက် ၏ညီမ ကို ပေးစား ၏။ ၂၀ တာပနက် ၏ ညီမ သည်သား ဂေနုဗက် ကို ဘွားမြင် ၍ ၊ တာပနက် သည်နန်း တော်၌ နို့ခွါသဖြင့် ၊ ဂေနုဗတ် သည် နန်း တော်၌ ဖာရော ဘုရင်၏ သား များနှင့်အတူ နေ ၏။ ၂၁ ဒါဝိဒ် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ကြောင်း နှင့် ဗိုလ်ချုပ် မင်းယွာဘ သေ ကြောင်း ကို ဟာဒဒ် သည် အဲဂုတ္တု ပြည်၌ ကြား သောအခါ ၊ အကျွန်ုပ်သည် ကိုယ် ပြည် သို့ ပြန် သွားရသောအခွင့်ကိုပေး တော်မူပါဟု ဖာရော ဘုရင်အား တောင်းပန် လေ၏။ ၂၂ ဖာရော ဘုရင်က၊ သင်သည်ကိုယ် ပြည် သို့ ပြန် ချင် သောစိတ်ရှိမည်အကြောင်းငါ့ ထံ မှာအဘယ် အရာ လို သေးသနည်းဟုမေး သော် ၊ အဘယ် အရာမျှမလိုပါ။ သို့သော်လည်း သွား ရသောအခွင့်ကိုပေး တော်မူပါဟု လျှောက် ပြန်လေ၏။ ၂၃ ရှောလမုန် ၌ ရန်ဘက် ပြုသောသူတခြား၊ ဧလျာဒ သား ရေဇုန် ကို ဘုရားသခင် နှိုးဆော် တော်မူ၏။ ထိုသူသည် မိမိ သခင် ဇောဘ မင်းကြီး ဟာဒဒေဇာ ထံမှ ပြေး ၍၊ ၂၄ လူ များကိုစုဝေး စေသဖြင့် ၊ ဒါဝိဒ် မင်းလုပ်ကြံ သောအခါ ဗိုလ်ချုပ် လုပ် လေ၏။တဖန် ဒမာသက် မြို့သို့သွား ၍ မင်း ပြုလျက် နေ ၏။ ၂၅ ဟာဒဒ် နှောင့်ရှက် သောအမှုမှတပါး ထိုသူသည် ရှောလမုန် လက်ထက် ကာလပတ်လုံး ဣသရေလ အမျိုးကို ရန်ဘက် ပြု ၏။ ရှုရိ ပြည်ကို အစိုးရ ၍ ဣသရေလ အမျိုးကို စက်ဆုပ် ရွံရှာ၏။ ၂၆ ထိုမှတပါး ရှောလမုန် ၏ ကျွန် တယောက်၊ ဧဖရိမ် အမျိုး၊ ဇေရဒ ရွာသား၊ နေဗတ် ၏သား ယေရောဗောင် သည်လည်း ရှင်ဘုရင် ကို ပုန်ကန် ၏။ သူ ၏အမိ ကား၊ ဇေရွာ အမည် ရှိသောမုတ်ဆိုးမ တည်း။ ၂၇ ရှင်ဘုရင် ကို ပုန်ကန် သော အကြောင်း ဟူမူကား ၊ ရှောလမုန် သည် မိလ္လော မြို့ကိုတည် ၍၊ ခမည်းတော် ဒါဝိဒ် ၏မြို့ရိုး ပျက်ကို ပြုပြင် သောအခါ၊ ၂၈ ယေရောဗောင် သည် ခွန်အား ကြီးသော သူရဲ ဖြစ်၏။ ကြိုးစား အားထုတ်တတ်သော လုလင် ဖြစ်ကြောင်း ကို ရှောလမုန် သည်မြင် လျှင် ၊ ယောသပ် အမျိုး ဆောင်ရွက် ရသောအမှုရှိသမျှ ကို အုပ်စေခြင်းငှါခန့်ထား တော်မူ၏။ ၂၉ တရံရောအခါယေရောဗောင် သည် ယေရုရှလင် မြို့ပြင်သို့ ထွက်သွား သည်ရှိသော်၊ ရှိလော မြို့သားအဟိယ သည် ဝတ်လုံ သစ် နှင့် ကိုယ်ကိုခြုံ လျက် ၊ ယေရောဗောင်ကိုကြိုဆို ၍ လယ်ပြင် ၌ ထို သူနှစ် ယောက်တည်း ရှိ စဉ်အခါ၊ ၃၀ အဟိယ သည် မိမိ ဝတ်သော ဝတ်လုံ သစ် ကို ကိုင် ၍ ဆယ် နှစ် ပိုင်းဆုတ်ဖြတ် ပြီးလျှင်၊ ၃၁ ယေရောဗောင် အား ၊ ဤဆယ် ပိုင်း ကိုယူ လော့။ ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ နိုင်ငံ တော်ကို ရှောလမုန် လက် မှ ငါ နှုတ် ၍ ခရိုင်ဆယ် ခရိုင် ကို သင့် အား ပေး မည်။ ၃၂ ငါ့ ကျွန် ဒါဝိဒ် အတွက် ဣသရေလ ခရိုင် များတို့တွင်၊ ငါရွေးကောက် သော ယေရုရှလင် မြို့ အတွက် ရှောလမုန်သည် တ ခရိုင် ကို ယူရ ၏။ ၃၃ ဆယ်ခရိုင်ကို နှုတ်ရသောအကြောင်း ဟူမူကား၊ ငါ့ ကိုစွန့် ၍ ဇိဒုန် နတ်သမီး အာရှတရက် ၊ မောဘ ဘုရား ခေမုရှ ၊ အမွန် ဘုရား မိလကုံ တို့ကို ကိုးကွယ် သဖြင့် ၊ အဘ ဒါဝိဒ် ကဲ့သို့ ငါ့ ရှေ့၌ မှန် သောတရား ၊ ငါ စီရင်

ထုံးဖွဲ့ချက် တို့ကို စောင့်ရှောက် ခြင်းငှါ ငါ့ လမ်း တို့သို့ မ လိုက်။ ၃၄ သို့ရာတွင် နိုင်ငံ တော်ကို သူ ၏လက် မှ ငါမ နှုတ်သေး။ ငါရွေးကောက် ၍ ငါ့ ပညတ် တရားတို့ကို စောင့်ရှောက် သော ငါ့ ကျွန် ဒါဝိဒ် အတွက် ၊ သားရှောလမုန်သည် တသက်လုံး စိုးစံ စေခြင်းငှါငါအခွင့် ပေး၏။ ၃၅ ရှောလမုန် ၏သား လက် မှ နိုင်ငံ တော်ကို နှုတ် ၍ ဆယ် ခရိုင် ကို သင့်အား ငါပေး မည်။ ၃၆ ငါ့ နာမ တည် ရာဘို့ ငါရွေးကောက် သော ယေရုရှလင် မြို့ တွင် ၊ ငါ့ ရှေ့ မှာ ငါ့ ကျွန် ဒါဝိဒ် ၏ မီးခွက် သည် အစဉ် ထွန်းလင်းလျက်ရှိစေခြင်းငှါ၊ ရှောလမုန် သား အား တ ခရိုင် ကို ငါပေး ၏။ ၃၇ သင့် ကိုငါရွေးယူ ၍ ၊ သင်သည် ကိုယ် အလိုဆန္ဒ ပြည့်စုံစေခြင်းငှါ၊ စိုးစံ လျက်ကျသရေလ အမျိုးတွင် မင်း ပြု ရ၏။ ၃၈ သင်သည် ငါမှာထား သမျှ ကို နားထောင် ၍၊ ငါ့ ကျွန် ဒါဝိဒ် ပြု သကဲ့သို့ ငါ ၏လမ်း တို့သို့ လိုက် လျက် ၊ ငါ့ ရှေ့၌ မှန် သောတရား၊ ငါ စီရင်ချက် ပညတ် များကို စောင့်ရှောက် လျှင် ၊ သင် နှင့်အတူ ငါရှိ ၍ ဒါဝိဒ် အဘို့ မြဲမြံ သောအိမ် ကို ဆောက် သည်နည်းတူ ၊ သင့် အဘို့ ဆောက် ၍ ကျသရေလ နိုင်ငံကို ငါပေး မည်။ ၃၉ ဤ အကြောင်းကြောင့် ဒါဝိဒ် မင်းမျိုး ကို ငါနှောင့်ရှက် မည်။ သို့ရာတွင် အစဉ် နှောင့်ရှက်မည်မ ဟုတ်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို ၏။ ၄၀ ရှောလမုန် သည် ယေရောဗောင် ကိုသတ် မည်ဟု အားထုတ် သည်ရှိသော်၊ ယေရောဗောင် သည် ထ ၍ အဲဂုတ္တု ပြည်၊ အဲဂုတ္တု ရှင်ဘုရင် ရှိရှက် ထံ သို့ပြေး သဖြင့် ၊ ရှောလမုန် သေ သည်တိုင်အောင် အဲဂုတ္တု ပြည်၌ နေ လေ ၏။ ၄၁ ရှောလမုန် ပြုမူ သော အမှုအရာ ကြွင်း လေသမျှ နှင့် ၊ သူ ၏ပညာ စကားသည် ရှောလမုန် ဝတ္ထု၌ ရေးထား လျက်ရှိ၏။ ၄၂ ရှောလမုန် သည် ယေရုရှလင် မြို့၌ နေ၍ ကျသရေလ နိုင်ငံလုံး ကို အနှစ် လေး ဆယ်စိုးစံ ပြီးမှ၊ ၄၃ ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ခမည်းတော် ဒါဝိဒ် မြို့၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်ရောဗောင် သည် ခမည်းတော် အရာ၌ နန်း ထိုင်၏။

၁၂ ကျသရေလ အမျိုးသားအပေါင်း တို့သည် ရောဗောင် ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ ၊ ရှေခင် မြို့ သို့သွား ကြ၍ သူသည်လည်း သွား ၏။ ၂ ရှောလမုန် မင်းကြီး ထံမှ အဲဂုတ္တု ပြည်သို့ ပြေး သော နေဗတ် ၏သား ယေရောဗောင် သည် ထိုသိတင်း ကိုကြား ၍ အဲဂုတ္တု ပြည်မှ ပြန်လာ၏။ ၃ ကျသရေလလူတို့သည် သူ့ ထံသို့ လူကိုစေလွှတ် ၍ ခေါ် သဖြင့် ၊ စည်းဝေးသော ပရိသတ် အပေါင်း တို့သည် သူနှင့်အတူ ရောဗောင် ထံသို့ဝင် လျက်၊ ၄ ခမည်းတော် သည် ကျွန်တော် တို့ ၌ လေး သောထမ်းဘိုး ကိုတင်ပါပြီ။ ခမည်းတော် ထံမှာပင်ပန်း စွာ ဆောင်ရွက်ရသောအမှု ၊ တင် တော်မူသော ထမ်းဘိုး လေး ကို ပေါ့ စေတော်မူပါ။ ထိုသို့ ပြုတော်မူလျှင်၊ ကျွန်တော်တို့သည် အမှု တော်ကို ထမ်းပါမည်ဟု လျှောက်ဆို ကြ၏။ ၅ ရောဗောင်ကလည်း၊ သင်တို့သွား ကြဦးလော့။ သုံး ရက် လွန်မှ တဖန် လာ ကြဦးလော့ဟု မိန့် တော်မူလျှင် ၊ သူတို့သည် သွား ကြ၏။ ၆ ထိုအခါ ရောဗောင် မင်းကြီး သည် ခမည်းတော် ရှောလမုန် အသက် ရှင်စဉ် အခါ၊ အထံ တော်၌ ခစား သော အသက်ကြီး သူတို့နှင့် တိုင်ပင် ၍၊ ဤ သူ တို့အား ငါပြန် ပြောရမည်အကြောင်း အဘယ်သို့ အကြံ ပေး ကြမည်နည်းဟုမေး သော်၊ ၇ သူတို့က၊ ကိုယ်တော်သည် ယနေ့ ဤ သူ တို့၏ ကျွန် ခံ လျက်၊ သူ တို့အမှု ကို စောင့်၍ ကောင်း သော စကား နှင့်ပြန် ပြောတော်မူလျှင် ၊ သူတို့သည် အစဉ် ကိုယ်တော် ၏ ကျွန် ခံ ကြပါလိမ့်မည်ဟု လျှောက် ထားကြ၏။ ၈ အသက်ကြီး သူတို့ပေး သော အကြံ ကို

ရောဗောင်သည်မ လိုက်။ ခစား မြခစားသော မိမိ သူငယ်ချင်း တို့နှင့် တိုင်ပင် လျက်၊ ၉ ပြည်သားတို့က၊ ခမည်းတော်တင် သော ထမ်းဘိုး ကို ပေါ့ စေတော်မူပါဟု လျှောက်ဆို ကြသည်ဖြစ်၍၊ သူ တို့ အား ငါပြန် ပြောရမည်အကြောင်း အဘယ်သို့ အကြံ ပေး ကြမည်နည်းဟုမေး သော်၊ ၁၀ ထိုသူငယ်ချင်းလုလင် တို့က၊ ခမည်းတော် သည် ကျွန်တော် တို့ ၌ ထမ်းဘိုး ကို လေး စေပါပြီ။ ပေါ့ စေတော်မူပါဟု လျှောက် သော ပြည်သား တို့အား ၊ ကိုယ်တော်က၊ ငါ့ လက်သန်း သည် ငါ့ ခမည်းတော် ခါး ထက် သာ၍ကြီး လိမ့်မည်။ ၁၁ ငါ့ ခမည်းတော် သည် သင် တို့အပေါ် မှာ လေး သောထမ်းဘိုး ကိုတင် လေပြီ။ ငါ သည်လည်း ထပ်၍ တင်ဦးမည်။ ငါ့ ခမည်းတော် သည် သင် တို့ကို ကြိမ်လုံး နှင့် ရိုက် လေပြီ။ ငါ သည်လည်း ကင်းမြီးကောက် နှင့် ရိုက် ဦးမည်ဟု ပြန် ပြောတော်မူပါဟု လျှောက် ထားကြ၏။ ၁၂ ရှင် ဘုရင်က၊ သုံး ရက်မြောက်သောနေ့ ၌ တဖန် လာကြဦးလော့ဟု နေ့ရက်ကို ချိန်းချက်သည်အတိုင်း ၊ သုံး ရက်မြောက်သောနေ့ ၌ ယေရောဗောင် နှင့် လူ အပေါင်း တို့သည် ရောဗောင် ထံသို့ ရောက် လာကြ၏။ ၁၃ ရှင် ဘုရင်သည် အသက်ကြီး သူတို့ပေး သော အကြံ ကိုမ လိုက်။ လူပျိုု တို့ပေးသောအကြံ ကို လိုက်လျက်၊ ၁၄ ငါ့ ခမည်းတော် သည် သင် တို့အပေါ် မှာ လေး သော ထမ်းဘိုး ကိုတင်လေပြီ။ ငါ သည်လည်း ထပ်၍ တင်ဦးမည်။ ငါ့ ခမည်းတော် သည် သင် တို့ကို ကြိမ်လုံး နှင့် ရိုက် လေပြီ။ ငါ သည်လည်း ကင်းမြီးကောက် နှင့် ရိုက် ဦးမည်ဟု ကြမ်းတမ်း စွာ ပြန် ပြောတော်မူ၏။ ၁၅ ရှင် ဘုရင်သည် ပြည်သား တို့၏ စကားကိုနား မ ထောင်ရသည်အကြောင်း ကား၊ ထာဝရဘုရား သည် ရှိလော မြို့သားအဟိယ အားဖြင့် နေဗတ် ၏သား ယေရောဗောင် အား မိန့် တော်မူသော စကား ကို ပြည့်စုံ စေတော်မူမည်အကြောင်း တည်း။ ၁၆ ဣသရေလ အမျိုးသားအပေါင်း တို့သည် ရှင်ဘုရင် နား မ ထောင်ကြောင်း ကို သိမြင် လျှင် ၊ ငါတို့သည် ဒါဝိဒ် နှင့်အဘယ်သို့ ဆက်ဆံသနည်း။ ယေရှဲ ၏သား နှင့် အဘယ်သို့အမွေခံရသေးသနည်း။ အိုဣသရေလ အမျိုး၊ သင် တို့နေရာ သို့ သွားကြ။ အိုဒါဝိဒ် ၊ သင် ၏ အိမ် ကို ကြည့်ရှု လော့ဟု ရှင်ဘုရင် အားပြန်ပြော လျက် ၊ ဣသရေလ လူတို့သည် မိမိ တို့နေရာ သို့ ပြန် သွားကြ၏။ ၁၇ သို့ရာတွင် ယုဒ မြို့ ရွာတို့ ၌ နေ သောဣသရေလ လူတို့ကို ရောဗောင် သည် အုပ်စိုး ရသေး၏။ ၁၈ ထိုအခါ ရောဗောင် မင်းကြီး သည် အခွန် တော်ဝန် အဒေါနိရံ ကို စေလွှတ် ၍ ဣသရေလ လူအပေါင်း တို့ သည် သူ့ ကိုသေ အောင် ကျောက်ခဲ နှင့် ပစ်ကြ၏။ ၁၉ ရောဗောင် မင်းကြီး သည် ရထား တော်ကို အလျင်အမြန် တက် ၍ ယေရုရှလင် မြို့သို့ ပြေး လေ၏။ ထိုသို့ ဣသရေလ အမျိုးသည် ယနေ့ တိုင်အောင် ဒါဝိဒ် မင်းမျိုး ကို ပုန်ကန် ကြ၏။ ၂၀ ယေရောဗောင် ပြန် လာကြောင်း ကို ဣသရေလ အမျိုးသားအပေါင်း တို့သည် ကြား သောအခါ ၊ လူကို စေလွှတ် ၍ ၊ ယေရောဗောင်ကို စည်းဝေးရာ ပရိသတ် ထံသို့ ခေါ် ပြီးလျှင် ၊ ဣသရေလ အမျိုးကို အုပ်စိုးသော ရှင် ဘုရင်အရာ၌ ချီးမြှောက်ကြ၏။ ယုဒ အမျိုး မှတပါး အဘယ်အမျိုးမျှ ဒါဝိဒ် မင်းမျိုး သို့ မ ဆည်းကပ် ။ ၂၁ ရောဗောင် သည် ယေရုရှလင် မြို့သို့ ရောက် သောအခါ ၊ ဣသရေလ အမျိုး ကို စစ်တိုက် ၍ နိုင်ငံ တော်ကို ရှောလမုန် သား ရောဗောင် လက်သို့ရောက် ပြန်စေခြင်းငှါ ၊ ဗယ်ာမိန် အမျိုး နှင့်တကွ ယုဒ အမျိုးသား အပေါင်း တို့နှင့် ရွေးချယ် သော စစ်သူရဲတသိန်း ရှစ်သောင်းတို့ကို စုဝေး စေ၏။ ၂၂ သို့ရာတွင် ဘုရားသခင်

၏ နှုတ်ကပတ် တော်သည် ဘုရားသခင် ၏လူ ရှေ့မှာယ သို့ ရောက် ၍၊ ၂၃ သင်သည် ရှောလမုန် သား ၊ ယုဒ ရှင်ဘုရင် ရောဗောင် နှင့် ယုဒ အမျိုး ၊ ဗယ်ာမိန် အမျိုးသားများ၊ ကျန်ကြွင်း သော သူ များတို့အား ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆိုရမည်မှာ၊ ၂၄ သင် တို့ ညီအစ်ကို ဖြစ်သော ဣသရေလ အမျိုးသား တို့ကို စစ်တိုက် ခြင်းငှါခြီ ၍မ သွားကြနှင့်။ လူအပေါင်းတို့၊ ကိုယ် နေရာ သို့ ပြန် သွားကြလော့။ ဤ အမှု သည် ငါအခွင့်ပေးသောကြောင့် ဖြစ်၏ဟု မိန့်တော်မူသောထာဝရဘုရား ၏စကား တော်ကို နားထောင် ၍ စကား တော်အတိုင်း ပြန် သွားကြ၏။ ၂၅ ထိုနောက် ယေရောဗောင် သည် ဧဖရိမ် တောင် ပေါ် မှာ ရှေခင် မြို့ကို တည် ၍ နေရာ ချ၏။ ထို မြို့မှ သွား ၍ ပေနွေလ မြို့ကိုလည်း တည် ၏။ ၂၆ ယေရောဗောင် က၊ ဤနိုင်ငံ သည် ဒါဝိဒ် မင်းမျိုး လက်သို့ ပြန် ကောင်းပြန်လိမ့်မည်။ ၂၇ ပြည်သား တို့သည် ထာဝရဘုရား ၏ ဗိမာန် တော်၌ ယဇ် ပူဇော် ခြင်းငှါ ယေရုရှလင် မြို့သို့ သွား လျှင် ၊ သူတို့ စိတ် နှလုံးသည် မိမိ တို့သခင် ယုဒ ရှင်ဘုရင် ရောဗောင် ဘက်သို့ ပြောင်းလဲ၍၊ ငါ့ ကိုသတ် ပြီးမှ ယုဒ ရှင်ဘုရင် ရောဗောင် ဘက်သို့ တဖန် ဝင်စားကြလိမ့်မည်ဟု အောက်မေ့ သောကြောင့်၊ ၂၈ သူတပါးနှင့်တိုင်ပင် ၍ ရွှေ နွား သငယ်နှစ် ကောင်ကို လုပ် ပြီးလျှင် ၊ သင် တို့သည် ယေရုရှလင် မြို့သို့ သွား ရသောအမှုခက် လှ၏။ အို ဣသရေလ အမျိုး၊ သင် တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သော ဘုရား တို့ကို ကြည့်ရှု ကြ လော့ဟု ဆို လျက်၊ ၂၉ ဗေသလ မြို့၌ တကောင် ၊ ဒန် မြို့၌ တကောင် ကို ထား သဖြင့်၊ ပြစ်မှား စရာအကြောင်းကို ပြု လေ၏။ ၃၀ ပြည်သား တို့သည် နွားသငယ်ကို ကိုးကွယ်ခြင်းငှါ၊ ဒန် မြို့တိုင်အောင် သွား တတ်ကြ၏။ ၃၁ ယေရောဗောင်သည်လည်း၊ မြင့် သောအရပ်ပေါ်မှာ အိမ် ကိုဆောက် ၍ ၊ လေဝိ သား မ ဟုတ် သော သာမညလူ တို့ကို ယဇ်ပုရောဟိတ် အရာ၌ ခန့်ထား လေ၏။ ၃၂ ယုဒ ပြည်၌ ခံသော ပွဲ ကဲ့သို့ အဋ္ဌမ လ တဆယ် ငါး ရက် နေ့တွင် ပွဲ ကိုစီရင် ၍ ၊ ယဇ် ပလ္လင်ပေါ် မှာ ပူဇော် ၏။ ထိုသို့ ဗေသလ မြို့၌ စီရင် ၍၊ မိမိလုပ် သော နွား သငယ်တို့အား ယဇ် ပူဇော်၏။ မြင့် သောအရပ်၌ ခန့်ထား သော ယဇ် ပုရောဟိတ်တို့ကိုလည်း ဗေသလ မြို့မှာ နေရာ ချ၏။ ၃၃ ထိုသို့ ကိုယ် အလိုအလျောက်ချိန်းချက် သော အဋ္ဌမ လ တဆယ် ငါး ရက် နေ့တွင် ဗေသလ မြို့၌ မိမိလုပ် သော ယဇ် ပလ္လင်ပေါ် မှာပူဇော် ၏။ ဣသရေလ အမျိုးသား တို့အား ပွဲ ကိုလည်း စီရင် ၏။ ယဇ် ပလ္လင်ပေါ် မှာ ယဇ်ပူဇော် ၍ နံ့သာပေါင်း ကို မီးရှို့၏။

၁၃ ထိုအခါ ယေရောဗောင် သည် နံ့သာပေါင်းကို မီးရှို့ ခြင်းငှါ ယဇ် ပလ္လင်နား မှာရပ် နေစဉ်တွင်၊ ဘုရားသခင် ၏ လူ တယောက်သည် ထာဝရဘုရား ၏ နှုတ်ကပတ် တော်အတိုင်း ၊ ယုဒ ပြည်မှ ဗေသလ မြို့သို့ ရောက် လာ၍၊ ၂ ထာဝရဘုရား ၏ နှုတ်ကပတ် တော်အတိုင်း ယဇ် ပလ္လင်တဘက် ၌ ကြွေးကြော် လျက် ၊ အိုယဇ် ပလ္လင်၊ ယဇ် ပလ္လင်၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဒါဝိဒ် မင်း မျိုး ၌ ယောရှိ အမည် ရှိသောသူကို ဘွားမြင် လိမ့်မည်။ သင့် အပေါ် မှာ နံ့သာပေါင်းကို မီးရှို့ ၍၊ မြင့် သောအရပ်၌ ယဇ်ပုရောဟိတ် လုပ်သောသူတို့ကို ထိုသူသည် သင့် အပေါ် မှာပူဇော် ၍ ၊ လူ သေအရိုး တို့ကို မီးရှို့ လိမ့်မည်ဟု မိန့် တော်မူကြောင်းကို ဆင့်ဆို၏။ ၃ ထို နေ့ခြင်းတွင် ပုပ္ပ နိမိတ်ကိုလည်း ပေး ၍ ထာဝရဘုရား မိန့် တော်မူသော ပုပ္ပ နိမိတ်ဟူမူကား ၊ ယဇ် ပလ္လင် သည် ကွဲ ၍ ပလ္လင်ပေါ် မှာရှိသော ပြာ လည်း ယိုကျ

လိမ့်မည်ဟု ဟော လေ၏။ ၄ ထိုသို့ ဘုရားသခင် ၏ လူ သည် ဗေသလ မြို့ ယဇ် ပလ္လင်တဘက် ၌ ကြွေးကြော် သော စကား ကို ယေရောဗောင်မင်းကြီး သည် ကြား လျှင် ၊ ယဇ် ပလ္လင်ပေါ် မှာရှိသော မိမိ လက် ကိုဆန့် ၍ ထိုသူ ကို ဘမ်းဆီး ကြဟုဆို လျက်၊ ဆန့် သော လက် သည် သွေ့ခြောက် ၍ နောက် တဖန် မ ရုပ်နိုင်။။ ၅ ဘုရားသခင် ၏ လူ သည်ထာဝရဘုရား ၏ နှုတ်ကပတ် တော်အတိုင်း ပေး သော ပုပ္ပ နိမိတ်နှင့်အညီ ယဇ် ပလ္လင် ကွဲ ၍ ၊ ပြာ သည်လည်း ပလ္လင် ပေါ် က ယိုကျ လေ၏။ ၆ ရှင် ဘုရင်ကလည်း၊ ငါ့ လက် ၌ ရောက်သောရောဂါကို ပျောက်စေမည်အကြောင်း ၊ ငါ့ အတွက် ပဌနာ ပြု ၍ သင် ၏ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ တောင်းပန် ပါလော့ဟုဘုရားသခင် ၏ လူ ကို ပြောဆို ၏။ ဘုရားသခင် ၏လူ သည် ထာဝရဘုရား ကို တောင်းပန် သဖြင့် ၊ ရှင်ဘုရင် လက် သည် ရောဂါပျောက်၍ ပကတိ အတိုင်း ဖြစ် လေ၏။ ၇ ရှင် ဘုရင်ကလည်း ၊ ငါ နှင့်အတူ လိုက် ၍ အားဖြည့် လော့။ လက်ဆောင် ပေး မည်ဟု ဘုရားသခင် ၏ လူ အား ဆို လျှင်၊ ၈ ဘုရားသခင် ၏လူ က၊ နန်း တော်တဝက် ကိုပေး သော်လည်း သင် နှင့်အတူ ငါမ လိုက်။ ဤ အရပ် ၌ မုန့် ကိုမ စား ၊ ရေ ကိုလည်း မ သောက် ရ။ ၉ ထာဝရဘုရား ၏ နှုတ်ကပတ် တော်က၊ မုန့် ကို မ စား နှင့်။ ရေ ကို မ သောက် နှင့်။ လာ သော လမ်း ဖြင့် မ ပြန် နှင့်ဟု ငါ့ အား ပညတ် တော်မူပြီဟု ရှင်ဘုရင် အား ပြောဆို ၏။ ၁၀ ထိုနောက် ဗေသလ မြို့သို့ လာ သော လမ်း ကို ရှောင် ၍ အခြား သောလမ်း ဖြင့် ပြန် သွား၏။ ၁၁ ထိုကာလ၌ ဗေသလ မြို့တွင် အသက် ကြီးသော ပရောဖက် တယောက် ရှိ ၏။ သူ ၏သား တို့သည်လာ ၍ ဘုရားသခင် ၏လူ သည် ထိုနေ့ ၌ ဗေသလ မြို့မှာ ပြု သော အမှု ရှိသမျှ နှင့် ရှင်ဘုရင် အား ပြော သော စကား များကို အဘ အား ပြန်ကြား လျှင်၊ ၁၂ ယုဒ ပြည်မှ လာ သော ဘုရားသခင် ၏ လူ သည် အဘယ်လမ်း ဖြင့် ပြန်သွား သည်ကို မြင် ကြသောကြောင့် ၊ အဘ က ထိုသူသည် အဘယ် လမ်း ဖြင့်ပြန်သွား သနည်းဟုမေး ပြီးလျှင်၊ ၁၃ မြည်း ကို ကုန်းနှီး တင်ကြလော့ဟု ဆို သည် အတိုင်း ၊ သား တို့သည် မြည်း ကိုကုန်းနှီး တင်၍ အဘသည် စီး သွားလျက်၊ ၁၄ ဘုရားသခင် ၏ လူ ကိုလိုက် လေ၏။ သပိတ် ပင် အောက် မှာထိုင် လျက် ရှိသည်ကိုတွေ့ လျှင် ၊ သင် သည် ယုဒ ပြည်မှ လာ သော ဘုရားသခင် ၏ လူ မှန် သလောဟုမေး သော် ၊ ငါ မှန်သည်ဟု ပြန်ဆို ၏။ ၁၅ ပရောဖက်ကလည်း၊ ငါ နှင့်အတူ ငါ့အိမ် သို့ လိုက် ၍ မုန့် ကို စား ပါလော့ဟု ခေါ် ပင့်လျှင်၊ ၁၆ ငါသည် သင် နှင့်အတူ မ လိုက် ရ၊ သင့်အိမ်သို့မဝင်ရ။ ဤ အရပ် ၌ မုန့် ကိုမ စား ၊ ရေ ကိုလည်း မ သောက် ရ။ ၁၇ ထာဝရဘုရား က၊ ထို အရပ်၌ မုန့် ကိုမ စား နှင့်။ ရေ ကိုမ သောက် နှင့်။ လာ သော လမ်း ဖြင့် မ ပြန် နှင့်ဟု ငါ့ အား မိန့် တော်မူကြောင်းကို ပြောဆို ၏။ ၁၈ ပရောဖက်ကလည်း ၊ ငါ သည် သင် ကဲ့သို့ ပရောဖက် ဖြစ်၏။ သင်သည်မုန့် ကိုစား ၍ ရေ ကိုသောက် စေခြင်းငှါသင့် ကိုငါ့အိမ် သို့ ခေါ် ရမည်အကြောင်း၊ ကောင်းကင် တမန်သည် ထာဝရဘုရား ၏ နှုတ်ကပတ် တော် အားဖြင့် မှာ ထားပြီဟု မုသာ သုံး၍ ပြောဆို ၏။ ၁၉ ထိုကြောင့် ဘုရားသခင်၏လူသည် ပရောဖက် နှင့်အတူ ပြန် လာ၍ ၊ သူ ၏အိမ် မှာ မုန့် ကိုစား ၏။ ရေ ကို လည်း သောက် ၏။ ၂၀ ထိုသူ နှစ်ပါးတို့သည် စားပွဲ နား မှာ ထိုင် စဉ်တွင် ၊ ခေါ် ခဲ့သော ပရောဖက် သို့ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ရောက် ၍၊ ၂၁ ယုဒ ပြည်မှ လာ သော ဘုရားသခင် ၏လူ အား ၊ သင်သည် ထာဝရဘုရား ၏နှုတ်တော် ထွက်ကို နား

မထောင်၊ သင် ၏ဘုရားသခင် ထာဝရဘုရား ထား တော်မူသော ပညတ် တော်ကို မ စောင့်၊ ၂၂ ဤမည်သောအရပ်၌ မုန့်
ကိုမ စား နှင့်။ ရေ ကို မ သောက် နှင့်ဟု ပညတ် တော်မူသော အရပ် သို့ ပြန် လာ၍ မုန့် နှင့် ရေ ကိုစား သောက်
သောကြောင့် ၊ သင် ၏အလောင်း သည် ဘိုးဘေး တို့၏ သချိုင်း သို့ မ ရောက် ရဟု ထာဝရဘုရား မိန့် တော်မူကြောင်း
ကို အော်ဟစ် ၍ ဆင့်ဆို ၏။ ၂၃ မုန့် နှင့် ရေကို စား သောက် ပြီးမှ ၊ ထိုပရောဖက်သည် ပြန် လာသော ပရောဖက် အဘို့
မိမိမြည်း ကို ကုန်းနှီး တင်၍ လွှတ်လိုက်လေ၏။ ၂၄ လမ်း မှာ ခြင်္သေ့ တွေ့ ၍ သတ် ၏။ အသေ ကောင်သည် လမ်း ၌ လဲ
၍ ၊ မြည်း နှင့် ခြင်္သေ့ သည် အနား မှာ ရပ် နေ၏။ ၂၅ အသေ ကောင်သည် လမ်း ၌ လဲ ၍ မြည်းနှင့်ခြင်္သေ့ သည် အနား
မှာ ရပ် နေသည်ကို ခရီး သွားသောသူတို့ သည် မြင် လျှင် ၊ အသက် ကြီးသော ပရောဖက် နေ သော မြို့ သို့ လာ ၍
သိတင်း ပြောကြ၏။ ၂၆ ခေါ် ခဲ့သော ပရောဖက် သည် ထိုသိတင်းကိုကြား လျှင် ၊ ထာဝရဘုရား ၏ အမိန့် တော်ကို နား
မထောင်သော ဘုရားသခင် ၏ လူ ဖြစ်လိမ့်မည်။ ထာဝရဘုရား သည် ထိုသူ အား မိန့် တော်မူသော စကား အတိုင်း ၊ သူ
ကိုခြင်္သေ့ ၌ အပ် တော်မူသဖြင့် ၊ ခြင်္သေ့သည် ကိုက် သတ် လေပြီတကား ဟု ဆို လျက်၊ ၂၇ မြည်း ပေါ်မှာ ကုန်းနှီး
ကို တင်ကြလော့ဟု သား တို့အား ဆို သည်အတိုင်း သူတို့သည် ကုန်းနှီး တင်ကြ၏။ ၂၈ ပရောဖက်သွား ၍ အသေ
ကောင်သည် လမ်း ၌ လဲ လျက် ၊ မြည်း နှင့် ခြင်္သေ့ သည် အနား မှာ ရပ် နေလျက် ရှိသည်ကိုတွေ့ ၏။ ခြင်္သေ့ သည်
အသေ ကောင်ကိုမ စား ၊ မြည်း ကိုလည်း မ ကိုက်။ ၂၉ အသက် ကြီးသော ပရောဖက် သည် ဘုရားသခင် ၏လူ
အလောင်း ကောင်ကို မြည်း ပေါ် သို့ ချီ ၍ တင် ပြီးလျှင် ငိုကြွေး မြည်တမ်းခြင်းကို ပြု၍ ၊ သင်္ဂြိဟ် ခြင်းငှါ မိမိမြို့ သို့
ဆောင် သွား၏။ ၃၀ အလောင်း ကောင်ကို မိမိ သချိုင်း တွင်း၌ ထား လျက် ၊ အို ငါ့ ညီ ဟူ၍ငိုကြွေး မြည်တမ်းခြင်းကို
ပြု၏။ ၃၁ သင်္ဂြိဟ် ပြီးမှ သား တို့ကိုခေါ် ၍၊ ငါ သေ သောအခါ ဘုရားသခင် ၏ လူ သချိုင်း တွင်း၌ သင်္ဂြိဟ် ကြလော့။ ငါ့
အရိုး တို့ကို သူ့ အရိုး တို့အနား မှာထား ကြလော့။ ၃၂ ဗေသလ မြို့ယဇ် ပလ္လင်တစ်ဘက် ရှမာရိ မြို့ ရွာတွင် ၊ မြင့်
သောအရပ်ပေါ်မှာ ဆောက်သော အိမ် များ တစ်ဘက် ၊ ထာဝရဘုရား ၏နှုတ်ကပတ် တော်အတိုင်း ကြွေးကြော် သော
စကား သည် စင်စစ်ပြည့်စုံ လိမ့်မည်ဟု မှာ ထားလေ၏။ ၃၃ ထိုနောက်မှ ယေရောဗောင် သည် မိမိ အဓမ္မ လမ်း ကို မ
ရှောင်။ သာမညလူ တို့ကို မြင့် သောအရပ်တွင် ယဇ်ပုရောဟိတ် အရာ၌ ထပ်၍ ခန့်ထား ၏။ ယဇ်ပုရောဟိတ်လုပ်ချင်
သောသူ ရှိသမျှကို ချီးမွှောက် သဖြင့် ၊ သူတို့သည် မြင့် သောအရပ်တွင် ယဇ်ပုရောဟိတ် ဖြစ် ကြ၏။ ၃၄ ထိုသို့
ပြုသောကြောင့်ယေရောဗောင် အမျိုး ကို မြေကြီး ပြင် မှ သုတ်သင် ပယ်ရှင်းစေသော အပြစ် ရောက် သတည်း။

၁၄ ထိုအခါ ယေရောဗောင် ၏သား အဘိယ သည် နာ သောကြောင့်၊ ၂ ယေရောဗောင် သည် မိမိ မယား ကိုခေါ် ၍၊
သင် သည် ယေရောဗောင် ၏ မယား ဖြစ်သည်ကို အဘယ်သူမျှမ သိ စေခြင်းငှါခြားနား သော အဆင်းအရောင်ကို
ဆောင်ပြီးလျှင် ၊ ရှိလော မြို့သို့ ထ သွား ပါလော့။ ငါသည် ဤ လူမျိုး ကို စိုးစံ ရမည်အကြောင်း ကို ပြ သော ပရောဖက်
အဟိယ သည် ထို မြို့၌ရှိ ၏။ ၃ မုန့် ဆယ် လုံး၊ မုန့်ပြား အချို့ ပျားရည် ဘူး ကို ဆောင် လျက် ပရောဖက် ထံ သို့သွား
ပါလော့။ သူငယ် ၌ အဘယ်သို့ ဖြစ် မည်ကို သူ ဟော လိမ့်မည်ဟု မှာ ထားသည် အတိုင်း။ ၄ ယေရောဗောင် မယား

သည် ထ ၍ ရှိလော မြို့၌ အဟိယ အိမ် သို့ သွား လေ၏။ ထိုအခါ အဟိယ သည် အသက် ကြီးသောကြောင့် မျက်စိ မ မြင် ၊ မှုန် လျက်ရှိ၏။ ၅ ထာဝရဘုရား ကလည်း ၊ ယေရောဗောင် မယား သည် သားနာ သောကြောင့် ၊ သား အတွက် တစုံတခု ကို တောင်း အံ့သောငှါ သင့် ဆီသို့ ယခုလာ ၏။ ဤမည်သော စကားဖြင့် ပြန်ပြော ရမည်။ သူသည် လာ သောအခါ အခြားသော မိန်းမဖြစ်ယောင်ဆောင် လိမ့်မည်ဟု အဟိယ အား မိန့် တော်မူ၏။ ၆ ထိုမိန်းမသည် တံခါး အထဲ သို့ ဝင် ၍၊ နင်း သံ ကို အဟိယ သည် ကြား လျှင် ၊ အိုယေရောဗောင် မယား ဝင် လော့။ အဘယ်ကြောင့် အခြားသောသူ ၏အယောင် ကို ဆောင်သနည်း။ ဝမ်းနည်း စရာသိတင်းကို ကြားပြော စေခြင်းငှါသင့် ဆီသို့ ငါ့ ကိုစေလွှတ် တော်မူ၏။ ၇ သင်သည် ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏အမိန့်တော်ကို၊ ယေရောဗောင် ထံ သို့သွား ၍ ဆင့်ဆို ရမည်မှာ၊ သင့် ကိုလူစု ထဲက ငါရွေး ၍ ငါ ၏လူ ဣသရေလ အမျိုးကို အုပ်စိုး စေခြင်းငှါချီးမြှောက် လျက်၊ ၈ နိုင်ငံ တော်ကို ဒါဝိဒ် မင်းမျိုး လက်မှ နှုတ် ၍ သင့် အား ပေး သော်လည်း ၊ သင်သည် ငါ့ ကျွန် ဒါဝိဒ် ကဲ့သို့ မ ဟုတ်။ သူသည် ငါ့ ပညတ် တို့ကို စောင့်ရှောက် ၏။ ငါ့ ရှေ့မှာ ကောင်း သောအကျင့်ကိုသာ ကျင့် မည်ဟု စိတ် နှလုံးအကြွင်းမဲ့ ငါ့ ကို ဆည်းကပ် ၏။ ၉ သင်မူကား သင့် ရှေ့မှာ ဖြစ် ဘူးသော သူ အပေါင်း တို့ကို လွန် ၍ ဒုစရိုက် ကိုပြုလေပြီ။ ငါ့ အမျက် ကို နှိုးဆော်ခြင်းငှါ အခြား တပါးသော ဘုရား နှင့်သွန်း သော ရုပ်တု တို့ကိုလုပ်၍ ငါ့ ကိုသင့် ကျော နောက် သို့ ပစ် ထားပြီ။ ၁၀ ထိုကြောင့် ယေရောဗောင် အမျိုး အပေါ် သို့ ဘေးဥပဒ် ရောက် စေမည်။ ဣသရေလ မြို့ရွာ၌ အချုပ် ခံသောသူဖြစ်စေ ၊ အလွတ် ပြေးသောသူဖြစ်စေ၊ ယေရောဗောင် အမျိုးယောကျ်ားများကို ပယ်ဖြတ် မည်။ လူသည် နောက်ချေး ကို အကုန်အစင် ကျုံးသွား သကဲ့သို့ ၊ ကျန်ကြွင်းသော ယေရောဗောင် အမျိုး ကို ပယ် သွားမည်။ ၁၁ ယေရောဗောင် အမျိုးသားသည် မြို့ ထဲမှာ သေ လျှင်အသေ ကောင်ကို ခွေး စား လိမ့်မည်။ မြို့ပြင် မှာ သေလျှင် မိုယ်း ကောင်းကင်ငှက် စား လိမ့်မည်အကြောင်းထာဝရဘုရား မိန့် တော်မူပြီ။ ၁၂ သင် ထ ၍ ကိုယ် အိမ် သို့ သွား လော့။ မြို့ တံခါးအထဲ သို့ ဝင် သောအခါ သူငယ် သေ လိမ့်မည်။ ၁၃ ဣသရေလ အမျိုးသားအပေါင်း တို့သည် ဝိုကြွေး မြည်တမ်းခြင်းကို ပြု၍ သင်္ဂြိုဟ် ကြလိမ့်မည်။ ယေရောဗောင် အမျိုးသားစုတွင် ၊ ထို သူငယ်တယောက် တည်းသာ သင်္ဂြိုဟ်ခြင်းကိုခံ ရလိမ့်မည်။ အကြောင်း မူကား၊ ယေရောဗောင် အမျိုးသား စုတွင် ထိုသူငယ်တယောက်သည် ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား၌ ကြည်ညိုသောစိတ် ရှိ ၏။ ၁၄ အချိန်ရောက်မှ ယေရောဗောင် အမျိုး ကို ပယ်ဖြတ် လတံ့သော ဣသရေလ ရှင်ဘုရင် တပါးကို ထာဝရဘုရား သည် မိမိ တို့အဘို့ ပေါ် ထွန်း စေတော်မူမည်။ အဘယ် အချိန်နည်းဟုမေးသော်၊ ယခု ပင်ဖြစ်လိမ့်မည်။ ၁၅ အာရှရ ပင်တို့ကို ပြုစု ၍ ထာဝရဘုရား ၏ အမျက် တော်ကိုနှိုးဆော်ကြသောကြောင့် ၊ ကျူပင် ကို ရေ၌ လှုပ်ရှား သကဲ့သို့ ထာဝရဘုရား သည် ဣသရေလ အမျိုးကို ဒဏ်ခတ် ၍၊ ဘိုးဘေး တို့အား ပေး တော်မူသော ဤ ပြည် ကောင်း မှ နှုတ်ပယ် ပြီးလျှင် ၊ မြစ် ကြီးတဘက်၌ အရပ်ရပ်သို့ ကွဲပြား စေတော်မူမည်။ ၁၆ ကိုယ်တိုင်ပြစ်မှား ၍ ဣသရေလ အမျိုးကိုလည်း ပြစ်မှား စေသော ယေရောဗောင် ၏ အပြစ် တို့ကြောင့် ဣသရေလ အမျိုးကို စွန့်ပစ် တော်မူမည်ဟု ဆင့်ဆိုလေ ၏။ ၁၇ ယေရောဗောင်

မယား သည် ထ သွား ၍ ၊ တိရစ္ဆ မြို့တံခါး ခုံသို့ ရောက် သောအခါ သူငယ် သေ ၏။ ၁၈ ထာဝရဘုရား သည် မိမိ ကျွန် ပရောဖက် အဟိယ အားဖြင့် မိန့် တော်မူသည်အတိုင်း ၊ ထိုသူငယ် ကို သင်္ဂြိဟ် ၍ ကွသရေလ အမျိုးသားအပေါင်း တို့သည် ဝိုကြွေး မြည်တမ်းခြင်းကို ပြုကြ၏။ ၁၉ ယေရောဗောင် ပြုမူသော အမှုအရာ ကြွင်း သမျှ၊ စစ်တိုက် ခြင်း အမှု၊ မင်းပြု ခြင်းအမှုတို့သည် ကွသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၂၀ ယေရောဗောင် သည် အနှစ် နှစ် ဆယ်နှစ် နှစ် စိုးစံ ပြီးမှ ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သား တော်နာဒဗ် သည် ခမည်းတော်အရာ ၌ နန်း ထိုင်၏။ ၂၁ ရှောလမုန် သား ရောဗောင် သည် ယုဒ ပြည်ကို စိုးစံ လေ၏။ နန်း ထိုင်သောအခါ အသက်လေး ဆယ်တ နှစ် ရှိ၏။ ထာဝရဘုရား သည် နာမ တော်တည် စေရာဘို့ ကွသရေလ ခရိုင် များတို့အထဲက ရွေးကောက် သော ယေရုရှလင် မြို့ ၌ ဆယ် ခုနစ် နှစ် စိုးစံ လေ၏။ မယ်တော် ကား အမွန် အမျိုးသား၊ နေမ အမည် ရှိ၏။ ၂၂ ယုဒ အမျိုးသားတို့သည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၍ ၊ ဘိုးဘေး တို့ ပြစ်မှား သမျှ ထက် ပြစ်မှား သော အပြစ် များအားဖြင့် အမျက် တော်ကိုနှိုးဆော်ကြ၏။ ၂၃ မြင့် သောတောင် ရှိသမျှ တို့အပေါ် ၌၎င်း ၊ စိမ်း သော သစ်ပင် ရှိသမျှ တို့အောက် ၌၎င်း၊ ကုန်း များ၊ ရုပ်တု များ၊ အာရှရ ပင်များကို တည် ကြ၏။ ၂၄ ယုဒပြည် ၌ ယောကျ်ားအလိုသို့ လိုက်တတ်သော မိန်းမလျာ များရှိ ၍၊ ထာဝရဘုရား သည် ကွသရေလ အမျိုး ရှေ့မှ နှင်ထုတ် တော်မူသော ပြည်သား မျိုးပြုသောစက်ဆုပ် ခွံရှာဘွယ်ရာအမှုအလုံးစုံ တို့ကို ပြု ကြသည် တကား။ ၂၅ ရောဗောင် မင်းကြီး နန်းစံငါး နှစ် တွင် ၊ အဲဂုတ္တု ရှင်ဘုရင် ရှိရှက် သည် ယေရုရှလင် မြို့သို့ စစ်ချီ ၍၊ ၂၆ ဗိမာန် တော် ဘဏ္ဍာ နှင့် နန်း တော်ဘဏ္ဍာ ရှိသမျှကို သိမ်းသွား ၏။ ရှောလမုန် လုပ် သော ရွှေ ဒိုင်း ရှိသမျှ ကို လည်း ယူသွား ၏။ ၂၇ ရောဗောင် မင်းကြီး သည် ရွှေဒိုင်းအစား ကြေးဝါ ဒိုင်း တို့ကိုလုပ် ၍ နန်း တော်တံခါး စောင့် ကိုယ်ရံတော် မှူး၌ အပ် လေ၏။ ၂၈ ရှင် ဘုရင်သည် ဗိမာန် တော်သို့သွား သောအခါ ၊ ကိုယ်ရံတော် သားတို့သည် ဒိုင်းတို့ကိုဆောင် ၍ နောက်တဖန် မိမိ တို့စောင့် ရာအခန်း မှာ ပြန် ထားကြ၏။ ၂၉ ရောဗောင် ပြုမူ သော အမှုအရာ ကြွင်း သမျှ တို့ သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။ ၃၀ ရောဗောင် နှင့် ယေရောဗောင် တို့သည် အသက် ရှည်သမျှ ကာလပတ်လုံးရန်ဘက် ပြု ကြ၏။ ၃၁ ရောဗောင် သည်လည်း ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ဒါဝိဒ် မြို့ ၌ သူတို့နှင့်အတူ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်အဘိယ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၁၅ ၂ နေဗတ် ၏သား ယေရောဗောင် မင်းကြီး နန်းစံတဆယ် ရှစ် နှစ် တွင် ၊ အဘိယ သည် ယေရုရှလင် မြို့ ၌ မင်းပြု ၍၊ ယုဒ ပြည်ကို သုံး နှစ် စိုးစံ ၏။ မယ်တော် ကား၊ အဘရှလုံ ၏ သမီး မာခါ အမည် ရှိ၏။ ၃ ခမည်းတော် ပြုသောဒုစရိုက် ကို ပြု မြဲပြု၍ ၊ ဘေး တော်ဒါဝိဒ် ကဲ့သို့ မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ စိတ် နှလုံးစုံလင် သည်မ ဟုတ်။ ၄ သို့သော်လည်း ဒါဝိဒ် ၏မျက်နှာကိုထောက်၍ ၊ သူ ၏ဘုရားသခင် ထာဝရဘုရား သည် ဆွေ တော်မျိုးတော် ကို ချီးမြှောက် ၍၊ ယေရုရှလင် မြို့ကို တည် စေသဖြင့် ၊ ထိုမြို့ ၌ ဒါဝိဒ်၏မီးခွက် ကို ထွန်းလင်းစေတော်မူ၏။ ၅ အကြောင်း မူကား၊ ဒါဝိဒ် သည် ဟိတ္တိ အမျိုး ဥရိယ အမှု ကိုထားလျှင်၊ တသက်လုံး ထာဝရဘုရားမှာ ထား တော်မူသော အမှု တစုံတခုကိုမျှ မ ရှောင် ၊ ရှေ့ တော်၌ တရား သဖြင့် ကျင့် သောအကြောင်းတည်း။ ၆ ရောဗောင် သား အဘိယနှင့်

ယေရောဗောင် တို့သည် အသက် ရှည်သမျှ ကာလပတ်လုံး ရန်ဘက် ပြု ကြ၏။ ၇ အဘိယ ပြုမူ သော အမှုအရာ ကြွင်း သမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။ ၈ အဘိယ သည်ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်အာသ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။ ၉ ဣသရေလ ရှင်ဘုရင် ယေရောဗောင် နန်းစံနှစ် ဆယ်တွင် ၊ အာသ သည် ယေရှုရှလင် မြို့ ၌ လေး ဆယ်တ နှစ် မင်းပြု ၍ ယုဒ ပြည်ကို စိုးစံ လေ၏။ ၁၀ အဘွားတော်ကား၊ အဘရှလုံ ၏သမီး မာခါ ဖြစ်၏။ ၁၁ အာသ သည် အဘိ တော်ဒါဝိဒ် ပြုသကဲ့သို့ ထာဝရဘုရား ရှေ့ တော်၌ တရား သဖြင့်ပြု ၏။ ၁၂ ယောကျ်ားအလိုသို့ လိုက်တတ်သောမိန်းမလျှာ တို့ကိုဝင်း ၊ ဘိုး တော်ဘေးတော်လုပ် သော ရုပ်တု ရှိသမျှ တို့ကိုဝင်း၊ ပြည် တော်ထဲက ပယ်ရှား တော်မူ၏။ ၁၃ အဘွားတော်မာခါ သည် အာရှရ ပင်အဘို့ ရုပ်တု ကိုလုပ် သောကြောင့် ၊ မိဖုရား အရာကိုနှုတ် ၍ ၊ ရုပ်တု ကို ဖျက်ဆီး ပြီးလျှင် ၊ ကေဒြုန် ချောင်း နား မှာ မီးရှို့ တော်မူ၏။ ၁၄ မြင့် သောအရပ်တို့ကို မ ပယ်ရှား သော်လည်း ၊ လက်ထက်တော် ကာလ ပတ်လုံး၊ အာသ စိတ် နှလုံးသည် ထာဝရဘုရား ရှေ့ တော်၌ စုံလင် ခြင်းရှိ ၏။ ၁၅ ခမည်းတော် လှူ သောဥစ္စာ၊ ကိုယ်တိုင်လှူ သော ဥစ္စာ၊ ရွှေ ၊ ငွေ ၊ တန်ဆာ များကို ဗိမာန် တော်ထဲသို့ သွင်း တော်မူ၏။ ၁၆ အာသ နှင့် ဣသရေလ ရှင်ဘုရင် ဗာရှာ တို့သည် အသက်ရှည်သမျှ ကာလ ပတ်လုံး ရန်ဘက် ပြု ကြ၏။ ၁၇ ဣသရေလ ရှင်ဘုရင် ဗာရှာ သည် ယုဒ ပြည်သို့ စစ်ချီ ၍ ၊ ယုဒ ရှင်ဘုရင် အာသ ထံ သို့အဘယ်သူမျှမ ထွက် မဝင်စေခြင်းငှါရာမ မြို့ကို တည် ၏။ ၁၈ ထိုအခါ ကျန်ကြွင်း သော ဗိမာန် တော်ဘဏ္ဍာ နှင့် နန်း တော်ဘဏ္ဍာ တည်းဟူသောရွှေ ငွေ ရှိသမျှ ကို အာသ သည်ယူ ၍ မိမိ ကျွန် တို့ ၌ အပ် သဖြင့် ၊ ဒမာသက် မြို့မှာ နေ သောရှုရိ ရှင်ဘုရင် ရေဇုန် သား တာဗရိမုန် ၏သား ဗင်္ဟာဒဒ် ထံ သို့ပေး လိုက်၍၊ ၁၉ ငါ သည်သင် နှင့် ဎင်း၊ ငါ့ ခမည်းတော် သည် သင့် ခမည်းတော် နှင့်ဎင်း၊ မိဿဟာယ ဖွဲ့ခြင်းရှိသည်ဖြစ်၍၊ ရွှေ ငွေ ကို ငါလက်ဆောင် ပေး လိုက်၏။ ဣသရေလ ရှင်ဘုရင် ဗာရှာ သည် ငါ့ ထံမှ ထွက်သွား စေခြင်းငှါ ၊ သူနှင့် ဖွဲ့သော မိဿဟာယ ကို ဖျက် ၍လာ ပါဟု မှာ လိုက်လေ၏။ ၂၀ အာသ မင်းကြီး ၏ စကားကို ဗင်္ဟာဒဒ် သည် နားထောင် ၍ ၊ ဣသရေလ မြို့ ရွာတို့ကို စစ်ချီစေခြင်းငှါမိမိ ဗိုလ် များကို စေလွှတ် သဖြင့် ၊ သူတို့သည် ဣယုန် မြို့၊ ဒန် မြို့၊ အာဗေလဗက်မာခါ မြို့မှစ၍ ဂနေသရက် ပြည်လုံး ၊ နဿလိ ပြည် လုံး ကို လုပ်ကြံ ကြ၏။ ၂၁ ထိုသိတင်းကို ဗာရှာ သည် ကြား သောအခါ ၊ ရာမ မြို့ကို လက်စ မသတ်ဘဲ တိရဇ မြို့၌ နေ ရ၏။ ၂၂ ထိုအခါ အာသ မင်းကြီး သည် ယုဒ ပြည် တရှောက်လုံး တွင် အမိန့် တော်ကို ကြော်ငြာစေသဖြင့်၊ ပြည်သားတယောက် မျှ မလွတ် ၊ ရှိသမျှတို့သည် ရာမ မြို့၌ ဗာရှာ မင်းသွင်းသော ကျောက် နှင့် သစ်သား ကိုယူသွား ကြ၍ ၊ အာသ မင်းကြီး သည် ဗင်္ယာမိန် ခရိုင်၌ ဂေဘ မြို့နှင့် မိဇပါ မြို့ကို တည် ၏။ ၂၃ အာသ မင်းပြုမူ သော အမှုအရာ ကြွင်း သမျှ နှင့် တန်ခိုး ကြီးခြင်း၊ မြို့ များကိုတည် ခြင်းအရာတို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။ သို့ရာတွင် အသက် ကြီးသောအခါခြေ တော်၌ အနာ ရောဂါစွဲသဖြင့်၊ ၂၄ ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ အဘိ တော်ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံလေ၏။ သား တော်ယောရှဖတ် သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။ ၂၅ ယုဒ ရှင်ဘုရင် အာသ နန်းစံနှစ် နှစ် တွင် ၊ ယေရောဗောင် သား နာဒဒ် သည် ဣသရေလ

နိုင်ငံ၌ မင်းပြု၍ နှစ် နှစ်စိုးစံ၏။ ၂၆ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု၍ ၊ ခမည်းတော် လိုက်သောလမ်း ၊ ကျသရေလ အမျိုးကို ပြစ်မှား စေသော လမ်းသို့ လိုက်လေ၏။ ၂၇ ကျသခါ အမျိုး ၊ အဟိယ သား ဗာရှာသည် သင်းဖွဲ့၍ ၊ နာဒဒ် မင်းနှင့် ကျသရေလ အမျိုးသားအပေါင်း တို့သည် ဖိလိတ္တိ ပြည် ဂိဗေသုန် မြို့ကို ဝိုင်းထားကြစဉ်၊ ၂၈ ယုဒ ရှင်ဘုရင် အာသ နန်းစံသုံး နှစ် တွင် ၊ ဗာရှာ သည် နာဒဒ်မင်းကို လုပ်ကြံ၍ နန်း ထိုင်လေ၏။ ၂၉ နန်း ထိုင်သောအခါ ယေရောဗောင် အမျိုး ရှိသမျှ ကိုလည်း လုပ်ကြံ၏။ ထာဝရဘုရား သည် မိမိ ကျွန် ၊ ရှိလောမြို့သားအဟိယ အားဖြင့် မိန့် တော်မူသည် အတိုင်း ၊ ယေရောဗောင် အမျိုးကို မဖျက် မီတိုင်အောင် ၊ အသက်ရှူသောသူတယောက် ကိုမျှ မ ချန် မထား။ ၃၀ အကြောင်း မူကား၊ ယေရောဗောင် သည် ကိုယ်တိုင်ပြစ်မှား သော အပြစ်နှင့် ကျသရေလ အမျိုးကိုလည်း ပြစ်မှား စေသော အပြစ်အားဖြင့်၊ ကျသရေလ အမျိုး ၏ ဘုရားသခင် ထာဝရဘုရား ၏အမျက် တော်ကို နှိုးဆော်သောအကြောင်းတည်း။ ၃၁ နာဒဒ် မင်းပြုမူ သော အမှုအရာ ကြွင်း သမျှ တို့ သည် ကျသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၃၂ အာသ နှင့် ကျသရေလ ရှင်ဘုရင် ဗာရှာ တို့သည် အသက်ရှည်သမျှ ကာလ ပတ်လုံး ရန်ဘက် ပြု ကြ၏။ ၃၃ ယုဒ ရှင်ဘုရင် အာသ နန်းစံသုံး နှစ် တွင် ၊ အဟိယ သား ဗာရှာ သည် တိရဇ မြို့မှာ မင်းပြု၍၊ ကျသရေလ နိုင်ငံကို နှစ် ဆယ်လေး နှစ် စိုးစံ ၏။ ၃၄ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက်ကိုပြု ၍ ၊ ယေရောဗောင် လိုက်သောလမ်း ၊ ကျသရေလ အမျိုးကိုပြစ်မှား စေသော လမ်းသို့ လိုက် လေ၏။

၁၆ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဗာရှာ ကို အကြောင်းပြု၍၊ ဟာနန် ၏သား ယေဟု သို့ ရောက်လာသည် ကား၊ ၂ သင့် ကို မြေမှုန့် ထဲက ငါကြွ၍ ၊ ငါ ၏လူ ကျသရေလ အမျိုးကို အုပ်စိုး စေခြင်းငှါချီးမြှောက်သော်လည်း ၊ သင်သည် ယေရောဗောင် ၏လမ်း သို့ လိုက် လျက် ၊ ကျသရေလ အမျိုးသည် ပြစ်မှား ၍၊ ငါ့ အမျက် ကို နှိုးဆော်စေခြင်းငှါ ပြုသောကြောင့်၊ ၃ သင်၏အမျိုးအနွယ် သားစဉ်မြေးဆက်တို့ကို ငါ ပယ်ရှား ၍၊ သင် ၏အမျိုး ကို နေဗတ် ၏သား ယေရောဗောင် ၏ အမျိုး ကဲ့သို့ ငါဖြစ် စေမည်။ ၄ ဗာရှာ ၏ အမျိုးသားသည် မြို့ ထဲမှာ သေ လျှင်၊ အသေ ကောင်ကို ခွေး စား လိမ့်မည်။ မြို့ပြင် မှာ သေလျှင် မိုယး ကောင်းကင်ငှက် စား လိမ့်မည်ဟုမိန့် တော်မူ၏။ ၅ ဗာရှာ ပြုမူ သော အမှုအရာ ကြွင်း သမျှတို့နှင့် သူ၏တန်ခိုး ကြီးခြင်းအရာသည် ကျသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။ ၆ ဗာရှာ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ တိရဇ မြို့၌ သင်္ဂြိုဟ် ခြင်းကိုခံ လေ၏။ သား တော်ဧလာသည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။ ၇ ဗာရှာသည် ယေရောဗောင် အမျိုး နှင့်တူ ၍ ထိုအမျိုးကို လုပ်ကြံ သောအပြစ်၊ မိမိ ပြုမူ သောအားဖြင့် ၊ ထာဝရဘုရား ၏အမျက် တော်ကို နှိုးဆော်၍၊ ရှေ့တော်၌ ပြစ်မှား သမျှ သော အပြစ်ကြောင့် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဗာရှာ ကိုအကြောင်းပြု၍၊ ဟာနန် ၏ သား ယေဟု အားဖြင့် ရောက်လာသည်နှင့်အညီ၊ ၈ ယုဒ ရှင်ဘုရင် အာသ နန်းစံနှစ် ဆယ်ခြောက် နှစ် တွင် ၊ ဗာရှာ သား ဧလာ သည် တိရဇ မြို့၌ နေ၍ ကျသရေလ နိုင်ငံကို နှစ် နှစ်စိုးစံ သည်ရှိသော်၊ ၉ ရထား စီးသူရဲတဝက် ကိုအုပ် သောသူ၊ မိမိ ကျွန် ဇိမရိ သည်သင်းဖွဲ့၍ ၊ ဧလာသည် တိရဇ မြို့တွင် နန်း တော်အုပ်အာဇ ၏ အိမ် ၌ယစ်မူး အောင် သောက် လျက်နေစဉ် အခါ၊ ၁၀ ဇိမရိ

သည်ဝင် ၍ ယုဒ ရှင်ဘုရင် အာသ နန်းစံနှစ် ဆယ်ခုနစ် နှစ် တွင် ၊ ဧလောကို သေ စေခြင်းငှါလုပ်ကြံ ၍ နန်း ထိုင်လေ၏။ ၁၁ နန်း ထိုင်စက ၊ ဗာရှာ အမျိုးသား အပေါင်း တို့ကိုသတ် ၏။ ဗာရှာနှင့် ပေါက်ဘော် တော်သော ယောကျ်ား၊ အဆွေ ဖွဲ့သော ယောကျ်ားတယောက်ကိုမျှမ ချန် မထား။ ၁၂ ထာဝရဘုရား သည် ဗာရှာ ကို အကြောင်းပြု၍ ပရောဖက် ယေဟု အားဖြင့် မိန့် တော်မူသော စကား တော် နှင့်အညီ ၊ ဇိမရိ သည် ဗာရှာ အမျိုးသား အပေါင်း တို့ကို ဖျက်ဆီး ၏။ ၁၃ အကြောင်းမူကား၊ ဗာရှာ နှင့် သား ဧလာ တို့သည် ကိုယ်တိုင်ပြစ်မှား သော အပြစ်နှင့် ဣသရေလ အမျိုးကိုလည်း ပြစ်မှား စေသော အပြစ် အားဖြင့်ငင်း၊ မိစ္ဆာ ဒိဋ္ဌိအားဖြင့် ၎င်း၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏ အမျက် တော်ကို နှိုးဆော်သော အကြောင်း တည်း။ ၁၄ ဧလာ ပြုမူ သော အမှုအရာ ကြောင်း သမျှ တို့သည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၁၅ ယုဒ ရှင်ဘုရင် အာသ နန်းစံနှစ် ဆယ်ခုနစ် နှစ် တွင် ၊ ဇိမရိ သည် တိရဇ မြို့၌ ခုနစ် ရက် စိုးစံ ၏။ ၁၆ ထိုသို့ ဇိမရိ သည် သင်းဖွဲ့ ၍ ရှင် ဘုရင်ကိုသတ် သည်ဟု ဖိလိတ္တိ ပြည်ဂိဗေသုန် မြို့ ရှေ့မှာ တပ်ချ သော သူအပေါင်းတို့သည် သိတင်းကြား လျှင် ၊ ထို နေ့ခြင်းတွင် ဗိုလ်ချုပ် မင်းဩမရိ ကို ဣသရေလ ရှင် ဘုရင်အရာ၌ တပ် ထဲမှာ ချီးမြှောက်ကြ၏။ ၁၇ ဩမရိ သည် ဣသရေလ အမျိုးသားအပေါင်း တို့ နှင့်တကွ ဂိဗေသုန် မြို့မှ ထွက် ၍ ၊ တိရဇ မြို့ကို ဝိုင်းထား ကြ၏။ ၁၈ မြို့ ကိုတိုက် ၍ ရမည်ဟုဇိမရိ သည် သိ သောအခါ ၊ နန်း တော်ထဲသို့ ဝင် ၍ မိမိ အပေါ် မှာ နန်း တော်ကို မီး ရှို့ သဖြင့် ကိုယ်တိုင်သေ လေ၏။ ၁၉ အကြောင်းမူကား၊ ယေရောဗောင် လိုက် သောလမ်း ၊ ဣသရေလ အမျိုးကို ပြစ်မှား စေသော လမ်းသို့ လိုက်၍ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု သော အကြောင်းတည်း။ ၂၀ ဇိမရိ ပြုမူသောအမှုအရာ ကြောင်း သမျှတို့နှင့် ပုန်ကန် ခြင်းအရာသည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၂၁ ထိုအခါ ပြည်သား တို့သည် ကွဲပြား ၍၊ အချို့တို့သည် ဂိနတ် ၏သား တိဗနိ ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ သူ့နောက် သို့ လိုက်ကြ၏။ အချို့တို့သည် ဩမရိ နောက် သို့လိုက်ကြ၏။ ၂၂ ဩမရိ နောက် သို့လိုက်သော သူ တို့ သည် ဂိနတ် ၏ သား တိဗနိ နောက် သို့ လိုက်သော သူ တို့ကို နိုင် သဖြင့် ၊ တိဗနိ သေ ၍ ဩမရိ သည် နန်း ထိုင်လေ၏။ ၂၃ ယုဒ ရှင်ဘုရင် အာသ နန်းစံသုံး ဆယ်တ နှစ် တွင် ၊ ဩမရိ သည် နန်း ထိုင်၍ ဣသရေလ နိုင်ငံကို တဆယ် နှစ် နှစ် စိုးစံ၏။ တိရဇ မြို့၌ ခြောက် နှစ် စိုးစံ ပြီးမှ၊ ၂၄ ရှမာရိ တောင် ကို တောင်ရှင်ရှမေရ ၌ ငွေ အခွက် နှစ်ဆယ်နှင့် ဝယ် ၍ တောင် ပေါ် မှာ မြို့ကိုတည် ၏။ ထိုမြို့ ကို တောင် ရှင် ရှမေရ အမည် ကို အစွဲပြုသဖြင့်၊ ရှမာရိ မြို့ ဟူ၍သမုတ် လေ၏။ ၂၅ ဩမရိ သည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု သဖြင့် ၊ မိမိ ရှေ့ မှာ ဖြစ်ဘူးသော သူအပေါင်း ထက် သာ၍ဆိုးညစ် ၏။ ၂၆ နေဗတ် ၏သား ယေရောဗောင် လိုက် သောလမ်း ၊ ဣသရေလ အမျိုးသည် မိစ္ဆာ ဒိဋ္ဌိအားဖြင့် မိမိတို့ဘုရားသခင် ထာဝရဘုရား ၏အမျက် တော်ကို နှိုးဆော်၍၊ ပြစ်မှား စေသော ဒုစရိုက် အပြစ်လမ်းသို့ လိုက်လေ၏။ ၂၇ ဩမရိ ပြုမူ သော အမှုအရာ ကြောင်း သမျှတို့နှင့် တန်ခိုး ကြီးခြင်းအရာသည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၂၈ ဩမရိ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ရှမာရိ မြို့၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်အာဟပ် သည် ခမည်းတော် အရာ ၌နန်း ထိုင်၏။ ၂၉ ယုဒ ရှင်ဘုရင် အာသ နန်းစံသုံး ဆယ်ရှစ် နှစ် တွင် ၊ ဩမရိ သား အာဟပ်

သည်ရှမာရိ မြို့၌ ကျသရေလ မင်းပြု၍၊ ကျသရေလ နိုင်ငံကို နှစ် ဆယ်နှစ် နှစ် စိုးစံ ၏။ ၃၀ ဩမရိ သား အာဟပ် သည် မိမိ ရှေ့မှာ ဖြစ်ဘူးသောသူအပေါင်း တို့ထက် ထာဝရဘုရား ရှေ့တော်၌သာ၍ ဒုစရိုက် ကိုပြု ၏။ ၃၁ နေဗတ် ၏သား ယေရောဗောင် ပြုသောဒုစရိုက် အပြစ်လမ်းသို့သာလိုက် လျှင် ၊ သာမညအပြစ်ရောက်မည် ဟု ထင်မှတ်လျက်၊ ဇေဒုန် မင်းကြီး ဧသဗာလ သမီး ယေဇေဗေလ နှင့်စုံဘက် ၍ ၊ ဗာလ ဘုရားကို ဝတ်ပြု ကိုးကွယ် ၏။ ၃၂ ရှမာရိ မြို့တွင် ဗာလ ဘုရား၏ ဗိမာန် ၌ ဗာလ ဘုရားအဘို့ ယဇ် ပလ္လင်ကိုတည် ၏။ ၃၃ အာရှရ ပင်ကိုလည်းပြုစု ၍ ၊ မိမိ ရှေ့မှာ ဖြစ်ဘူးသော ကျသရေလ ရှင် ဘုရင်အပေါင်း တို့ထက် ကျသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား ၏အမျက် တော်ကို နှိုးဆော်ခြင်းငှါ သာ၍ ပြု ၏။ ၃၄ အာဟပ်လက်ထက် ၌ ဗေသလ မြို့သားဟိဧလ သည် ယေရိခေါ မြို့ကို တည် ၏။ ထာဝရဘုရား သည် နုန် ၏သား ယောရှု အားဖြင့် မိန့် တော်မူသော စကား နှင့်အညီ ၊ သားဦး အဘိရံ လက်ထက်၌ မြို့ရိုးအမြစ်ကိုတည် ၍ ၊ သားထွေး ဧဂုပ် လက်ထက်၌ မြို့တံခါး တို့ကို ထောင် ၏။

၁၇ ဂိလဒ် ပြည် တိရှဘိ မြို့သားဧလိယ က၊ ငါကိုးကွယ် သော ကျသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ ငါ့အခွင့်မရှိဘဲ အင်တန်ကာလ ပတ်လုံးမိုးယံ း မ ရွာ၊ နှင်း မကျရဟု အာဟပ် မင်းအား မြွက်ဆို ၏။ ၂ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဧလိယ သို့ ရောက် လာသည်ကား၊ ၃ သင်သည် ဤ အရပ်မှ ထွက်သွား လော့။ အရှေ့သို့ ပြောင်း၍ ယော်ဒန် မြစ်တဘက်၊ ခေရိတ် ချောင်း နား မှာ ပုန်းရှောင် ၍နေလော့။ ၄ ထိုချောင်း ရေကို သောက် ရမည်။ ကျီးအ တို့သည် သင့် ကို ကျွေးမွေး မည်အကြောင်း ငါမှာ ထားပြီဟု မိန့် တော်မူသည်အတိုင်း၊ ၅ ဧလိယသည်သွား၍ ယော်ဒန် မြစ်တစ်ဘက် ၊ ခေရိတ် ချောင်း နား မှာ နေ လေ၏။ ၆ ကျီးအ တို့သည် နေ့တိုင်းနံနက် တခါ၊ ညဦး တခါ မုန့် နှင့် အမဲသား ကို ဆောင် ခဲ့ကြ၏။ ချောင်း ရေကိုလည်း သောက် ရ၏။ ၇ နောက် တဖန် မိုးယံ း မ ရွာသောကြောင့် ချောင်း ရေခန်းခြောက် လေ၏။ ၈ ထိုအခါ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ရောက် လာသည်ကား၊ ၉ သင်ထ လော့။ ဇရပ်တ မြို့သို့ သွား၍ နေ လော့။ ထို မြို့၌ နေသောမုတ်ဆိုးမ တယောက်သည် သင့် ကို ကျွေးမွေး မည်အကြောင်း ငါမှာ ထားပြီဟု မိန့် တော်မူသည်အတိုင်း၊ ၁၀ ဧလိယသည်ထ ၍ ဇရပ်တ မြို့သို့ သွား ၏။ မြို့ တံခါး သို့ ရောက် သောအခါ ၊ မုတ်ဆိုးမ သည် ထင်းခွေ လျက်ရှိ၏။ ဧလိယက၊ ငါသောက် စရာ ရေ အနည်းငယ် ကို ခွက် နှင့် ယူ ခဲ့ပါလော့ဟု ဟစ် ၍ ဆို ၏။ ၁၁ မိန်းမသည်ရေကိုယူ ခြင်းငှါ သွား စဉ်တွင် ၊ တဖန် ဟစ် ၍ မုန့် တဖဲ့ ကိုလည်း သင့် လက် ၌ ယူ ခဲ့ပါလော့ဟု ဆို ပြန်လျှင်၊ ၁၂ မိန်းမက၊ သင် ၏ဘုရားသခင် ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ မုန့်ပြား တပြားမျှမ ရှိ။ အိုး ထဲမှာ မုန့်ညက် တ လက်ဆုပ်၊ ဘူး ၌ ဆီ အနည်းငယ် သာရှိ၏။ ကျွန်မ နှင့်သား ငယ်အဘို့ ဖုတ် ၍ စား လိုသောငှါငင်း၊ စားပြီးမှ သေ လိုသောငှါငင်း၊ ထင်းစ နှစ်ခုကို ယခုခွေ ပါ၏ဟု ပြန်ပြော ၏။ ၁၃ ဧလိယ ကလည်း မ စိုးရိမ် နှင့်။ သင် ဆိုသည်အတိုင်း သွား ၍ ပြု လော့။ သို့ရာတွင် ငါ့ အဘို့ မုန့်ပြား ငယ် တပြားကို အရင် လုပ် ၍ ယူ ခဲ့လော့။ နောက်မှ သင် နှင့် သင် ၏ သားငယ်အဘို့ လုပ်လော့။ ၁၄ ကျသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထာဝရဘုရား သည် မြေ ပေါ် မှာ

မိုဃ်း ရွာစေတော်မ မူမှီတိုင်အောင်၊ အိုး ၌ရှိသောမုန့်ညက် မ ကုန်။ ဘူး ၌ရှိသောဆီ မ လျော့ ရဟု မိန့်တော်မူကြောင်း ကို ဆင့်ဆို ၏။ ၁၅ ထိုမုတ်ဆိုးမသည်သွား ၍ ဧလိယ စကား အတိုင်း ပြု သဖြင့် ၊ ဧလိယနှင့်တကွ ကိုယ်တိုင်မှစ၍ ၊ အိမ်သား တို့ သည် အင်တန်ကာလ ပတ်လုံး စား ရကြ၏။ ၁၆ ထာဝရဘုရား သည် ဧလိယ အားဖြင့် မိန့် တော်မူ သော စကား အတိုင်း ၊ အိုး ၌ရှိသောမုန့်ညက် မ ကုန် ၊ ဘူး ၌ရှိသောဆီ မ လျော့။ ၁၇ ထို နောက်မှအိမ်ရှင်မ ၏သား သည် ပြင်းပြ စွာ သော အနာ ရောဂါစွဲသောကြောင့်အသက် ချုပ်၏။ ၁၈ မိန်းမကလည်း၊ အို ဘုရားသခင် ၏လူ ၊ ကိုယ်တော် သည် ကျွန်မ နှင့် အဘယ်သို့ ဆိုင်သနည်း။ ကျွန်မ အပြစ် တို့ကို အောက်မေ့ စေ၍ ၊ ကျွန်မ သား ကိုသတ် အံ့သောငှါ ကျွန်မ ဆီသို့ ကြွ လာတော်မူသလောဟု ဧလိယ အား ဆို သော်၊ ၁၉ သင် ၏သား ကိုငါ့ အား ပေး လော့ဟုဆို လျက် ၊ မိန်းမ ရင်ခွင် ထဲက ယူ ၍ မိမိ နေ ရာအထက် အခန်းသို့ ဆောင် သွား သဖြင့် ၊ မိမိ အိပ်ရာ ပေါ် မှာထား ပြီးလျှင်၊ ၂၀ အကျွန်ုပ် ၏ ဘုရားသခင် ထာဝရဘုရား ၊ အကျွန်ုပ် တည်းခို သော ဤမုတ်ဆိုးမ ၌ ဘေးဥပဒ် ပြု၍၊ သူ ၏သား ကို သေ စေတော်မူမည်လောဟု ထာဝရဘုရား ကို ကြွေးကြော် လေ၏။ ၂၁ တဖန် သူငယ် အပေါ် မှာ မိမိကိုယ်ကိုသုံး ကြိမ် လှဲ့လျက်၊ အကျွန်ုပ် ၏ဘုရားသခင် ထာဝရဘုရား ၊ ဤ သူငယ် ၏ဝိညာဉ် ကို တဖန် ဝင်စေတော်မူပါဟု ထာဝရဘုရား ကို ကြွေးကြော် ပြန်၏။ ၂၂ ဧလိယ စကား ကို ထာဝရဘုရား ကြား တော်မူ၍ ၊ သူငယ် ၏ ဝိညာဉ် သည်ဝင် သဖြင့် ၊ သူသည် အသက် ရှင်ပြန်၏။ ၂၃ ဧလိယ သည် သူငယ် ကိုအထက် အခန်းမှ အောက် သို့ယူ သွား၍ ကြည့် လော့။ သင် ၏သား အသက် ရှင်ပြီဟု ဆို လျက် အမိ ၌ အပ် လေ၏။ ၂၄ မိန်းမ ကလည်း ၊ ဤ အမှုကိုထောက်၍ကိုယ်တော် သည် ဘုရားသခင် ၏ လူ ဖြစ်ကြောင်း ကိုငင်း ၊ ကိုယ်တော် ဆင့်ဆိုသော ထာဝရဘုရား ၏ စကား တော် ဟုတ်မှန် ကြောင်းကိုငင်း၊ ကျွန်မသိ ပါသည်ဟု ဧလိယ အား ဆို ၏။

၁၈ ကာလ အင်တန်ကြာ၍ သုံး နှစ် စေ့သောအခါ၊ ဧလိယ သို့ ရောက် လာသောထာဝရဘုရား ၏ နှုတ်ကပတ် တော်က၊ သင်သည် အာဟပ် မင်းအား သွား ၍ ကိုယ် ကိုပြလော့။ ငါသည်လည်း မြေ ပေါ် မှာ မိုဃ်း ရွာစေမည်ဟု မိန့် တော်မူသည်အတိုင်း၊ ၂ ဧလိယ သည် အာဟပ် မင်းအား ကိုယ် ကိုပြအံ့သောငှါ သွား ၏။ ထိုအခါ ရှမာရိ မြို့၌ ပြင်းစွာ သော အစာ အာဟာရခေါင်းပါးခြင်းဘေးရှိ၍၊ ၃ အာဟပ် မင်းသည် နန်း တော်အုပ်ဩဗဒိ ကိုခေါ် ၏။ ထိုဩဗဒိ သည် ထာဝရဘုရား ကို အလွန် ရိုသေ သောသူဖြစ် ၏။ ၄ ယေဇေဗေလ သည် ထာဝရဘုရား ၏ပရောဖက် တို့ကိုပယ်ဖြတ် သောအခါ ၊ ဩဗဒိ သည် ပရောဖက် တရာ ကို မြေတွင်း ထဲမှာ ငါး ဆယ်စီ ဝှက်ထား ပြီးလျှင် ၊ မုန့် နှင့် ရေ ကိုပေး၍ ကျွေး လေ၏။ ၅ အာဟပ် ကလည်း ၊ တပြည်လုံး သို့လှည့်လည် ၍ စမ်းရေ တွင်းများ၊ ချောင်း များရှိရာအရပ်ရပ် သို့ သွားလော့။ တိရစ္ဆာန် အပေါင်းတို့သည် မ သေ ၊ မြင်း နှင့် လား တို့သည် အသက် လွတ်မည်အကြောင်း၊ မြက်ပင် ကို တွေ့ ကောင်းတွေ့လိမ့်မည်ဟု ဩဗဒိ အား ဆို လျက်၊ ၆ သူတို့သည် တပြည်လုံး ကို နှံ့ ပြား အောင် ဝေဖန် ၍၊ အာဟပ် နှင့် ဩဗဒိ သည် လမ်းတခြားစီ ထွက်သွား ကြ၏။ ၇ ဩဗဒိ သည်သွားစဉ်အခါ၊ ဧလိယ သည် ဆီး ၍ကြို၏။ ဩဗဒိသည် ဧလိယကိုသိ ၍ ပြပ်ဝပ် လျက် ၊ ကိုယ်တော် သည် အကျွန်ုပ် သခင် ဧလိယ မှန်ပါသလောဟု မေး လျှင်၊ ၈

၎လိယက ငါ မှန်၏။ ၎လိယ သည် ဤမည်သောအရပ်၌ရှိပါ၏ဟု သင့် သခင် ထံ သို့သွား ၍ လျှောက် လော့ ဟု ပြော ဆိုသော်၊ ၉ သြဗဒိကလည်း၊ ကိုယ်တော် ကျွန် ၏ အသက်ကိုသတ် စေခြင်းငှါ အာဟပ် ၌ အပ် ရမည်အကြောင်း ၊ ကိုယ်တော် ကျွန်သည် အဘယ်သို့ ပြစ်မှား ဘိသနည်း။ ၁၀ ကိုယ်တော် ၏ ဘုရားသခင် ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ ကိုယ်တော် ကို ရှာ စေခြင်းငှါ အကျွန်ုပ် သခင် မ စေလွှတ် သော တိုင်း နိုင်ငံ တခုမျှ မ ရှိ ပါ။ တကျွန်းတနိုင်ငံသားက၊ ၎လိယမ ရှိပါဟု လျှောက် သောအခါ၊ ကိုယ်တော် ကို ရှာ ၍မ တွေ့နိုင်ဟု ထိုတိုင်း နိုင်ငံ သားတို့သည် အကျိန် ကိုခံရကြပါ၏။ ၁၁ ယခု မူကား ၊ ၎လိယ သည် ဤမည်သောအရပ်၌ ရှိ ပါ၏ဟု သင့် သခင် ထံ သို့သွား ၍ လျှောက် လော့ဟု မိန့် တော်မူပါသည်တကား။ ၁၂ အကျွန်ုပ် သည် ကိုယ်တော် ထံမှ ထွက်သွား ၍ အာဟပ် မင်းထံမှာ လျှောက် စဉ်တွင်၊ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် အကျွန်ုပ်မ သိ သော အရပ်သို့ ကိုယ်တော် ကို ဆောင် သွားတော်မူလျှင် ၊ အာဟပ်မင်းသည် ကိုယ်တော် ကို မ တွေ့ နိုင်သောအခါ အကျွန်ုပ် ကိုသတ် ပါလိမ့်မည်။ ကိုယ်တော် ကျွန် မူကား ၊ အသက် ငယ်စဉ်ကာလ မှစ၍ ထာဝရဘုရား ကို ရိုသေ ပါပြီ။ ၁၃ ယေဇေဗေလ သည် ထာဝရဘုရား ၏ ပရောဖက် တို့ကိုသတ် သောအခါ ၊ အကျွန်ုပ်ပြု သော အမှုတည်းဟူသောထာဝရဘုရား ၏ပရောဖက် တရာ ကို မြေတွင်း ထဲမှာ ငါး ဆယ်စီ ဝှက်ထား ပြီးလျှင် ၊ မုန့် နှင့် ရေ ကိုပေး၍ ကျွေး ကြောင်းကို အကျွန်ုပ် သခင် ကြား တော်မ မူသလော။ ၁၄ ယခု မူကား ၊ ၎လိယ သည် ဤမည်သောအရပ်၌ ရှိ ပါ၏ဟု သင့် သခင် ထံသို့ သွား ၍ လျှောက် လော့ဟု ကိုယ်တော် မိန့် တော်မူသည်ဖြစ်၍၊ အာဟပ်သည် အကျွန်ုပ် ကိုသတ် ပါလိမ့်မည်ဟု ပြန်ဆို၏။ ၁၅ ၎လိယ ကလည်း ၊ ငါကိုးကွယ် သော ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား အသက် ရှင် တော်မူသည် အတိုင်း၊ ငါသည် ယနေ့ အာဟပ် မင်းအား ကိုယ် ကိုအမှန် ပြမည်ဟု ဆို ပြန်သော်၊ ၁၆ သြဗဒိ သည် အာဟပ် မင်းထံ သို့သွား ၍ လျှောက် သဖြင့် ၊ အာဟပ် သည် ၎လိယ ကို ကြိုဆို အံ့သောငှါ သွား ၍၊ ၁၇ တွေ့မြင် သောအခါ ၊ သင် သည် ဣသရေလ အမျိုးကို နှောင့်ရှက် သောသူမှန်သလောဟုမေး လျှင်၊ ၁၈ ၎လိယက၊ ငါသည်ဣသရေလ အမျိုးကို မ နှောင့်ရှက် ၊ သင် နှင့် သင့်အဆွေအမျိုး တို့သည် ထာဝရဘုရား ၏ ပညတ် တရားကိုစွန့် ၍ ဗာလ ဘုရားတို့ကိုဆည်းကပ် သဖြင့်၊ ဣသရေလအမျိုးကို နှောင့်ရှက်ကြပြီ။ ၁၉ သို့ရာတွင် လူကို ယခု စေလွှတ် ၍ ဣသရေလ အမျိုးသားအပေါင်း တို့ကိုဂင်း ၊ ဗာလ ပရောဖက် လေး ရာ ငါး ဆယ်ကိုဂင်း၊ ယေဇေဗေလ စားပွဲ ၌ စား သောအာရှရ ပရောဖက် လေး ရာ ကိုဂင်း၊ ကရမေလ တောင် ၊ ငါ့ ထံသို့ စုဝေး စေလော့ဟုဆို သည်အတိုင်း၊ ၂၀ အာဟပ် သည် ဣသရေလ အမျိုးသား အပေါင်း တို့ရှိရာသို့ လူကိုစေလွှတ် ၍ ၊ ပရောဖက် တို့ကို ကရမေလ တောင် ပေါ် မှာ စုဝေး စေ၏။ ၂၁ ၎လိယ သည် လူ များရှိရာသို့ လာ ၍ ၊ သင် တို့သည် ဘာသာ နှစ် ပါးစပ်ကြား မှာ အဘယ်မျှ ကာလ ပတ်လုံးယုံမှားသောစိတ်နှင့် နေကြလိမ့်မည်နည်း။ ထာဝရဘုရား သည် ဘုရားသခင် မှန်လျှင် ထို ဘုရားကို ဆည်းကပ် ကြလော့။ ဗာလ သည် ဘုရားသခင်မှန်လျှင် ထို ဘုရားကို ဆည်းကပ် ကြလော့ဟုဆိုလျှင်၊ လူ များတို့ သည် တိတ်ဆိတ် စွာ နေကြ၏။ ၂၂ တဖန် ၎လိယ က၊ ထာဝရဘုရား ၏ ပရောဖက် ကား ငါ တယောက် တည်း ကျန်ရစ် ၏။ ဗာလ ၏ပရောဖက် ကား လေး

ရာ ငါး ဆယ်ရှိကြ၏။ ၂၃ နွား နှစ် ကောင်ကိုပေး ကြလော့။ သူ တို့သည် တကောင် ကိုရွေး၍ အပိုင်းပိုင်း ဖြတ်ပြီးလျှင် ထင်း ပေါ် မှာ တင် ပါလေစေ။ မီး မ ထည့် စေနှင့်။ ငါ လည်း နွား တကောင် ကို လုပ် ၍ ထင်း ပေါ် မှာ တင် မည်။ မီး ကိုမ ထည့်။ ၂၄ သင်တို့သည် သင် တို့ဘုရား များ၏ နာမ ကို ဟစ်ခေါ် ကြလော့။ ငါ လည်း ထာဝရဘုရား ၏ နာမ တော်ကို ဟစ်ခေါ် မည်။ မီး ဖြင့် ထူး တော်မူသော ဘုရားသည် ဘုရားသခင် မှန် ပါစေဟု လူ များတို့အား ပြောဆို လျှင်၊ လူ အပေါင်း တို့က၊ ဧလိယ၏စကား သည် လျောက်ပတ် ပေသည်ဟု ဆို ကြ၏။ ၂၅ တဖန် ဧလိယ က၊ သင် တို့သည် များ သောကြောင့် နွား တကောင် ကို အရင် ရွေး၍ လုပ် ကြလော့။ မီး မ ထည့် ဘဲ သင် တို့ဘုရား များ၏နာမ ကို ဟစ်ခေါ် ကြလော့ဟု ဗာလ၏ပရောဖက်တို့အားဆိုသည်အတိုင်း၊ ၂၆ သူတို့သည် လူများပေး သော နွား ကိုယူ ၍ လုပ် ပြီးလျှင် ၊ အိုဗာလ ဘုရား၊ အကျွန်ုပ် တို့အား ထူး တော်မူပါဟု နံနက် အချိန်မှစ၍ မွန်းတည့် အချိန်တိုင်အောင် ဗာလ ၏ နာမ ကို ဟစ်ခေါ် ကြ၏။ သို့ရာတွင် ဗျာဒိတ် သံမ ရှိ။ ထူး သောသူလည်း မ ရှိ။ သူတို့သည် ကိုယ်တည် သော ယဇ် ပလ္လင်ရှေ့ မှာ ကခုန် ကြ၏။ ၂၇ မွန်းတည့် အချိန်၌ ဧလိယ က၊ ဣယ် သောအသံ နှင့် ဟစ် ကြလော့။ ဗာလသည် ဘုရား ဖြစ်တော်မူ၏။ ဆင်ခြင် လျက် နေတော်မူ၏။ သို့မဟုတ် တစုံတခုကို လိုက် ၍ရှာတော်မူ၏။ သို့မဟုတ် ခရီးသွား တော်မူ၏။ သို့မဟုတ်ကျိန်းစက် တော်မူသောကြောင့်၊ တစုံတယောက်သောသူသည် နှိး ရမည်ဟု ပြက်ယယ် ပြု၍ဆို၏။ ၂၈ သူတို့သည်လည်း ကျယ် သောအသံ နှင့် ဟစ် ၍ ထုံးစံ ရှိသည်အတိုင်း ၊ ကိုယ်အသွေး နှင့် ကိုယ်ကိုလူးခြင်းငှါထား ၊ သံစူး နှင့် ကိုယ် ကိုရှစေကြ၏။ ၂၉ မွန်းလွဲ ၍ ညဦးယံယဇ် ပူဇော် ချိန်တိုင်အောင် ပရောဖက် ပြုကြသော်လည်း ၊ ဗျာဒိတ် သံမ ရှိ။ ထူး သောသူ၊ အမှု ထားသောသူလည်း မ ရှိသောအခါ၊ ၃၀ ဧလိယ က၊ ငါ့ အနီးသို့ လာ ကြလော့ဟု လူ များတို့ကိုခေါ် သည်အတိုင်း ၊ လူ အပေါင်း တို့သည် အနီးသို့ လာ ကြ၏။ ထိုအခါ ဧလိယသည် ပြိုပျက် သော ထာဝရဘုရား ၏ယဇ် ပလ္လင်ကို ရှင်းလင်း ပြီးမှ၊ ၃၁ သင် ၏အမည် ကား ဣသရေလ ဖြစ် ရမည်ဟူသောထာဝရဘုရား ၏ဗျာဒိတ် တော်ကိုခံရ သော ယာကုပ် သား အမျိုးအနွယ် အရေအတွက် အတိုင်း ၊ ကျောက် တဆယ် နှစ် လုံးကိုယူ ၍၊ ၃၂ ထာဝရဘုရား ၏ နာမ တော်အဘို့ ယဇ် ပလ္လင်ကို တည် ပြီးမှ ၊ မျိုးစေ့ နှစ်တင်းလောက်ဝင်နိုင်သော ကျုံး ကို ယဇ် ပလ္လင်ပတ်လည် ၌ တူး လေ၏။ ၃၃ ထင်း ကိုစီ ၍ နွား ကိုလည်း အပိုင်းပိုင်း ဖြတ်ပြီးလျှင် ထင်း ပေါ် မှာ တင် လေ၏။ ၃၄ အိုး လေး လုံးကိုရေ နှင့် အပြည့် ထည့်၍ ၊ မီး ရှို့စရာ ယဇ်နှင့် ထင်း ပေါ် မှာလောင်း ကြလော့ဟု ဆို သည်အတိုင်း သူတို့သည် လောင်းပြီးမှ၊ တဖန် လောင်းကြဦးလော့ဟု ဆို သည်အတိုင်း သူတို့သည်လောင်းပြီးမှ ၊ သုံး ကြိမ်တိုင်အောင်လောင်းကြလော့ဟုဆိုသည်အတိုင်း၊ သူတို့သည် သုံး ကြိမ်တိုင်အောင်လောင်းကြ၏။ ၃၅ ရေ သည် ယဇ် ပလ္လင်ပတ်လည် ၌ စီး ၍ ကျုံး သည်လည်း ရေ နှင့်ပြည့် လေ၏။ ၃၆ ညဦးယံယဇ် ပူဇော် ချိန်ရောက်သောအခါ ၊ ပရောဖက် ဧလိယ သည် ချဉ်းလာ ၍ ၊ အာဗြဟံ ၊ ဣဇာက် ၊ ဣသရေလ တို့၏ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် သည် ဣသရေလ အမျိုး၏ဘုရားသခင် ဖြစ်တော်မူကြောင်း ကိုငှင်း၊ အကျွန်ုပ် သည် ကိုယ်တော် ကျွန် ဖြစ်၍ အမိန့် တော်အတိုင်း ဤ အမှု အလုံးစုံ တို့ကို ပြု ကြောင်းကိုငှင်း၊ ယနေ့ သိ ကြပါစေသော။ ၃၇ အိုထာဝရဘုရား ၊

ကိုယ်တော် သည် ထာဝရ အရှင်ဘုရားသခင် ဖြစ်တော်မူကြောင်း ကိုဎင်း ၊ ဤ လူ တို့ စိတ် သဘောကို ပြောင်းလဲ စေတော်မူကြောင်းကိုဎင်း၊ သူတို့သည် သိ စေခြင်းငှါ အကျွန်ုပ် စကားကိုနားထောင် တော်မူပါ။ နားထောင် တော်မူပါဟု ဆုတောင်း လေ၏။ ၃၈ ထိုအခါ ထာဝရဘုရား ၏မီး သည် ကျ သဖြင့် ၊ မီး ရှို့ရာယဇ်အစရှိသော ထင်း ၊ ကျောက် ၊ မြေမှုန့် ကို လောင် ၍ ကျုံး ၌ ရှိသော ရေ ကိုလည်း ခန်းခြောက် စေ၏။ ၃၉ လူ အပေါင်း တို့သည် မြင် လျှင် ပြပ်ဝပ် ၍ ၊ ထာဝရဘုရား သည် ဘုရားသခင် ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ဘုရားသခင် ဖြစ်တော်မူ၏ဟု ဝန်ခံ ကြ၏။ ၄၀ ဧလိယ ကလည်း ၊ ဗာလ ၏ပရောဖက် တို့ကို ဘမ်းဆီး ကြလော့။ တယောက် ကိုမျှ မ လွတ် စေနှင့်ဟုစီရင် သည်အတိုင်း၊ သူ တို့ကို ဘမ်းဆီး ၍ ဧလိယ သည် ကိရှုန် ချောင်း သို့ ယူသွား ပြီးလျှင် ကွပ်မျက် လေ၏။ ၄၁ ထိုနောက် မှဧလိယ က၊ မင်းကြီးသည် စား သောက် ခြင်းငှါတက်သွား ပါလော့။ များစွာ သော မိုးယံ ရွာမည့်အသံ ရှိသည်ဟု အာဟပ် အား ပြောဆို လျှင်၊ ၄၂ အာဟပ် သည်စား သောက် ခြင်းငှါ တက်သွား ၏။ ဧလိယ သည် ကရမေလ တောင်ပေါ် သို့ တက် ၍ ၊ မြေ ၌ ပြပ်ဝပ် လျက် မျက်နှာ ကို ဒူး ကြား မှာထား လျက်၊ ၄၃ မိမိ ကျွန် အား သင်တက် ၍ ပင်လယ် သို့ ကြည့်ရှု လော့ဟုဆို သည်အတိုင်း ၊ ကျွန်သည်တက် ၍ ကြည့်ရှု လျှင် ၊ အဘယ် အရာမျှ မ ရှိပါဟု ပြောဆို ၏။ ဧလိယက၊ ခုနစ် ကြိမ် တိုင်အောင်သွား ၍ ကြည့်ရှုဦးလော့ဟု ဆို ၏။ ၄၄ ခုနစ် ကြိမ်မြောက်သောအခါ ၊ လူ လက်နှင့် တူသော မိုးယံးတိမ် ငယ် တခုသည် ပင်လယ် ထဲက တက် ပါ ၏ဟုဆို သော် ၊ အာဟပ် မင်းထံသို့ သွား လော့။ မိုးယံး ရွာ၍ ဆီးတားမည်ကိုစိုးရိမ်စရာရှိသောကြောင့် ၊ မင်းကြီးပြင်ဆင် ၍ ပြန် သွားမည်အကြောင်းလျှောက်ထား လော့ ဟု မှာ လိုက်လေ၏။ ၄၅ မကြာ မမြင့်မှီမိုးယံးကောင်းကင် သည် မိုးယံးသက် မုန်တိုင်းနှင့် မည်း ၍ ပြင်းစွာ မိုးယံး ရွာ၏။ အာဟပ် သည် ရထားစီး ၍ ယေဇရေလ မြို့သို့ သွား ၏။ ၄၆ ထာဝရဘုရား ၏လက် တော်သည် ဧလိယ အပေါ် မှာရှိ ၍ ၊ သူသည် ခါးပန်း ကိုစည်း လျက် အာဟပ် မင်း အရင် ယေဇရေလ မြို့ တံခါးဝသို့ ပြေး လေ၏။

၁၉ ဧလိယ ပြု သော အမှုနှင့် ပရောဖက် အပေါင်း တို့ကို ထား နှင့် ကွပ်မျက် သောအမှုကို၊ အာဟပ် သည် ယေဇေဗေလ အား အကုန်အစင် ကြား ပြော၏။ ၂ ယေဇေဗေလ က၊ နက်ဖြန် နေ့ယခုအချိန် ရောက်မှ၊ သင့် အသက် သည် ထိုပရောဖက်တို့၏ အသက် ကဲ့သို့ ငါမဖြစ် စေလျှင် ၊ ဘုရား တို့သည် ငါ၌ထိုမျှ မကပြု ပါစေသောဟု တမန် ကို ဧလိယ ထံသို့ စေလွှတ် ၍ ကြား လိုက်၏။ ၃ ထိုအခါ ဧလိယသည်ကြောက် သဖြင့် ၊ ထ ၍ အသက် လွတ်အောင် ယုဒ ခရိုင် ဗေရရှေဘ မြို့သို့သွား ၏။ ထို မြို့၌ ကျွန် ကို ထား ခဲ့၍၊ ၄ သူ့ကိုယ်တိုင်သည် တော သို့ တနေ့ ခရီးသွား ပြီးလျှင် ၊ ရသမ် ပင်အောက် သို့ရောက် ၍ ထိုင် လေ၏။ ထိုအခါ ကိုယ် အသက် သေ ရမည်အကြောင်း ဆုတောင်း လျက် ၊ အိုထာဝရဘုရား ၊ ယခု တန် ပါ၏။ အကျွန်ုပ် အသက် ကို သိမ်းယူ တော်မူပါ။ အကျွန်ုပ် သည် ဘိုးဘေး တို့ ထက် သာ၍ မ ကောင်းပါဟု မြည်တမ်း ပြီးလျှင်၊ ၅ ရသမ် ပင်အောက် မှာ အိပ်ပျော် ၏။ ထိုအခါ ကောင်းကင် တမန်က၊ ထ ၍စား လော့ဟု သူ့ ကို တို့ လျက် ဆို ၏။ ၆ ဧလိယသည် မျှော် ကြည့်သောအခါ ၊ မီး နှင့်ဖုတ်သော မုန့်ပြား နှင့် ခေါင်းရင်း ၌ ရေ ဘူး ရှိသည်ကို မြင် ၍ စား သောက် ပြီးမှ တဖန် အိပ်ပျော် ၏။ ၇ ထာဝရဘုရား ၏

ကောင်းကင်တမန် သည် ဒုတိယ အကြိမ်လာ ၍ သူ့ ကို တို့ လျက် ၊ သွားရမည့်ခရီး သည် အလွန် ဝေးသောကြောင့် ၊ ထ ၍စား ဦးလော့ဟုဆို သည် အတိုင်း၊ ၈ ဧလိယသည်ထ ၍ စား သောက် ပြန်၏။ ထိုအစာ အာဟာရကို အမှီပြုလျက်၊ အရက် လေး ဆယ်ခရီးသွား ၍ ဘုရားသခင် နှင့်ဆိုင်သော ဟောရပ် တောင် သို့ ရောက် သဖြင့်၊ ၉ ဥမင် ထဲသို့ ဝင် ၍ နေ ၏။ ထာဝရဘုရား ၏ နှုတ်ကပတ် တော် ရောက်လာသည်ကား၊ ဧလိယ ၊ သင် သည် ဤ အရပ်၌ အဘယ်သို့ ပြုလျက်နေသနည်းဟုမေး တော်မူ၏။ ၁၀ ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရားသခင် ထာဝရဘုရား ဘက် ၌ အလွန် စိတ် အားကြီးပါပြီ။ အကြောင်း မူကား၊ ဣသရေလ အမျိုးသား တို့သည် ကိုယ်တော် ၏ပဋိညာဉ် တရားကို စွန့် ပြီးလျှင် ၊ ကိုယ်တော် ၏ယဇ် ပလ္လင်များကို ဖြိုဖျက် ၍ ကိုယ်တော် ၏ပရောဖက် များကို ထား နှင့် သတ် ကြပါပြီ။ အကျွန်ုပ် တယောက် တည်း ကျန်ရစ် ၍ ၊ အကျွန်ုပ် အသက် ကို ပင်သတ် ခြင်းငှါ ရှာ ကြပါသည်ဟု လျှောက် လေ၏။ ၁၁ နှုတ်ကပတ်တော်ကလည်း ထွက် လော့။ ထာဝရဘုရား ရှေ့ တောင် ပေါ် မှာရပ် နေလော့။ ထာဝရဘုရား ရှောက် သွားမည်ဟုမိန့် တော်မူ၏။ ထိုအခါ အားကြီး သော လေ ပြင်း သည် တောင်ထိပ် တို့ကိုခွဲ ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ ကျောက် တို့ကိုချိုးဖဲ့ ၏။ သို့ရာတွင်ထာဝရဘုရား သည် လေ ၌ ရှိတော်မ မူ။ လေ နောက် မှာ မြေလှုပ် ခြင်းရှိ၏။ သို့ရာတွင်ထာဝရဘုရား သည် မြေ လှုပ်ရှားခြင်း၌ လည်းရှိတော်မ မူ။ ၁၂ မြေ လှုပ်ခြင်းနောက် မှာမီး ရှိ၏။ သို့ရာတွင်ထာဝရဘုရား သည် မီး ၌ လည်းရှိတော်မ မူ၊ မီး နောက် မှာ ဖြည်းညှင်း သော အသံ ရှိ၏။ ၁၃ ထိုအသံကို ဧလိယ သည်ကြား လျှင် ၊ မျက်နှာ ကို ဝတ်လုံ နှင့် ဖုံးအုပ် လျက် ထွက် ၍ ဥမင် ဝ ၌ရပ် နေ၏။ ထိုအခါ ဧလိယ ၊ သင် သည်ဤ အရပ်၌ အဘယ်သို့ ပြုလျက် နေသနည်းဟု အသံ လာ၏။ ၁၄ ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရားသခင် ထာဝရဘုရား ဘက် ၌ အလွန် စိတ် အားကြီးပါပြီ။ အကြောင်း မူကား၊ ဣသရေလ အမျိုးသား တို့သည် ကိုယ်တော် ၏ပဋိညာဉ် တရားကို စွန့် ပြီးလျှင်၊ ကိုယ်တော် ၏ယဇ် ပလ္လင်များကို ဖြိုဖျက် ၍ ၊ ကိုယ်တော် ၏ ပရောဖက် များကို ထား နှင့် သတ် ကြပါပြီ။ အကျွန်ုပ် တယောက် တည်းကျန်ရစ် ၍ ၊ အကျွန်ုပ် အသက် ကိုပင် သတ် ခြင်းငှါ ရှာ ကြပါသည်ဟု လျှောက် လေသော်၊ ၁၅ ထာဝရဘုရား က၊ ဒမာသက် တော သို့ ပြန် ၍ ခရီး သွား လော့။ ရောက် သောအခါ ဟာဇေလ ကို ရှုရိ ရှင်ဘုရင် အရာ ၌ ခန့်ထား၍ ဘိသိက် ပေးလော့။ ၁၆ နိမ်ရှိ သား ယေဟု ကို ဣသရေလ ရှင်ဘုရင် အရာ ၌ ခန့်ထား၍ ဘိသိက် ပေးလော့။ အာဗေလမဟောလ မြို့ နေ၊ ရှာဖတ် သား ဧလိရှဲ ကို သင့် ကိုယ်စား ပရောဖက် အရာ ၌ ခန့်ထား၍ ဘိသိက် ပေးလော့။ ၁၇ သို့ ဖြစ်၍ ဟာဇေလ ထား နှင့်လွတ် သောသူကို ယေဟု သတ် လိမ့်မည်။ ယေဟု ထား နှင့်လွတ် သောသူကို ဧလိရှဲ သတ် လိမ့်မည်။ ၁၈ သို့ရာတွင် ဗာလ ရှေ့ ၌ ဒူးထောက် ခြင်း၊ နမ်း ခြင်းကို မ ပြုသော သူအပေါင်း တည်းဟူသောဣသရေလ အမျိုးသားခုနစ် ထောင် တို့ကို ငါ့အဘို့ ငါကျန်ကြွင်း စေပြီ ဟု မိန့် တော်မူ၏။ ၁၉ ထို အရပ်မှ ဧလိယသည် သွား ပြီးလျှင် ၊ နွား ငါးယှဉ်နှင့်လယ်ထွန် လျက်၊ နောက်ဆုံးနွားယှဉ်၌ ကိုယ်တိုင်လိုက်သော ရှာဖတ် သား ဧလိရှဲ ကို တွေ့ ၍အနား၌ ရှောက် စဉ်တွင် ၊ မိမိ ဝတ်လုံ ကို သူ့ အပေါ် မှာ တင် လေ၏။ ၂၀ ဧလိရှဲသည် နွား တို့ကို ပစ်ထား ၍ ဧလိယ နောက် သို့လိုက်

လျက် ၊ အကျွန်ုပ်သည်မိ ဘ ကို နမ်း ပါရစေ။ သို့ပြီးမှ ကိုယ်တော် နောက် သို့ လိုက် ပါမည်ဟု အခွင့် တောင်း လျှင် ၊ ဧလိယကပြန် သွားလော့။ ငါသည် သင် ၌ အဘယ်သို့ ပြု ဘိသနည်းဟုဆို သော်၊ ၂၁ ဧလိရှဲသည်ပြန် သွား၍ နွားယှဉ်းကိုသတ် ပြီးမှ ၊ နွားသား ကို လယ်ထွန်သော တန်ဆာ နှင့် ပြုတ် ၍ လူ များ တို့အား ကျွေး လေ၏။ သို့ပြီးမှ ထ ၍ ဧလိယ နောက် သို့ လိုက် လျက် လက်ထောက် ဖြစ်လေ၏။

၂၀ ရှုရိ ရှင်ဘုရင် ဗင်္ဟာဒဒ် သည် မိမိ ဗိုလ်ခြေ အပေါင်း တို့ကို စုဝေး စေ၍ ၊ မင်းကြီး သုံး ကျိပ်နှစ် ပါးနှင့်တကွ မြင်း စီးသူရဲ၊ ရထား စီးသူရဲများပါလျက် စစ်ချီ ပြီးလျှင် ရှမာရိ မြို့ကို ဝိုင်း ထား၍ တိုက် လေ၏။ ၂ သံတမန် တို့ကို ဣသရေလ ရှင်ဘုရင် အာဟပ် ထံ ၊ မြို့ ထဲသို့ စေလွှတ် ၍ ၊ ဗင်္ဟာဒဒ် ၏အမိန့် တော်ကား၊ ၃ သင့် ရွှေ ငွေ သည် ငါ့ဥစ္စာဖြစ်၏။ သင့် သား မယား အကောင်းဆုံး တို့ကိုလည်း ငါပိုင်၏ဟု မှာ လိုက်သတည်း။ ၄ ဣသရေလ ရှင် ဘုရင်က အရှင် မင်းကြီး ၊ အမိန့် တော်အတိုင်း ငါ နှင့် ငါ့ဥစ္စာရှိသမျှ သည် ကိုယ်တော်၏ ဥစ္စာဖြစ်ပါသည်ဟု ပြန်ပြော၏။ ၅ သံတမန် တို့သည် တဖန် လာ၍ ဗင်္ဟာဒဒ် ၏ အမိန့်တော်ကား၊ သင် ပိုင်သော ရွှေ ငွေ သား မယား တို့ကို ငါ ၌ အပ် ရမည်ဟု ငါမှာ လိုက်သည် အမှုမှာ၊ ၆ နက်ဖြန် နေ့ယခု အချိန်ရောက်သောအခါ ငါ့ ကျွန် တို့ကို ငါစေလွှတ် မည်။ သူတို့သည် သင် နေသောအိမ် နှင့် သင့် ကျွန် နေသောအိမ် တို့ကိုစစ် ၍ အလို ရှိသမျှ တို့ကို ယူ စေရမည်ဟု မှာ လိုက်သတည်း။ ၇ ထိုအခါ ဣသရေလ ရှင် ဘုရင်သည် ပြည်သား အသက်ကြီး သူအပေါင်း တို့ကို ခေါ် ၍ ၊ ဤ သူသည် အဘယ်မျှလောက်ရန်ရှာ ချင်သည်ကို ကြည့် မှတ် ကြပါ လော့။ ငါ့ ရွှေ ငွေ သား မယား တို့ကို တောင်း ၍ မှာ လိုက် သောအခါ ငါမငြင်း ပါတကားဟု ကြားပြော ၏။ ၈ အသက်ကြီး သူအပေါင်း တို့နှင့် ပြည်သား အပေါင်း တို့က၊ ထိုသူ ၏ စကားကိုနားထောင် တော်မ မူပါ နှင့်။ ဝန်ခံ တော်မ မူပါနှင့်ဟု ပြန်လျှောက်ကြ၏။ ၉ သို့ ဖြစ်၍ ရှင်ဘုရင်က၊ ကိုယ်တော်သည် အထက် မိန့် တော်မူသမျှ အတိုင်း ကိုယ်တော် ကျွန် ပြု ပါမည်။ နောက် မိန့် တော်မူသည်အတိုင်း မ ပြု သင့်ဟု ငါ အရှင် မင်းကြီး အား ပြန် လျှောက်ကြလော့ဟု ဗင်္ဟာဒဒ် ၏သံတမန် တို့ အား မှာ လိုက်လျှင် ၊ ထိုသူတို့သည် သွား ၍ လျှောက်ကြ၏။ ၁၀ တဖန်ဗင်္ဟာဒဒ် သည် စေလွှတ် ၍၊ ရှမာရိ မြို့၌ ရှိသောမြေမှုန့် သည် ငါ့ နောက်သို့ လိုက်သောသူ အပေါင်း တို့တွင်၊ တယောက်တလက်ဆုပ် စီစေ့ငလောက်လျှင် ၊ ဘုရား တို့သည် ငါ ၌ ထိုမျှမက ပြု ပါစေသောဟု မှာ လိုက် လေသော်၊ ၁၁ ဣသရေလ ရှင်ဘုရင် က၊ လက်နက်စုံကို ချွတ် သောသူသည် ဝါကြွားသကဲ့သို့ ဝတ်ဆင် သောသူသည် မ ဝါကြွား စေနှင့်ဟု ပြန်ပြော ၏။ ၁၂ ဗင်္ဟာဒဒ်သည် မင်းကြီး တို့နှင့်တကွတဲ တော်၌ သောက် စဉ်၊ ထို စကား ကိုကြား လျှင် စစ်ခင်းကျင်း ကြဟု မိမိ ကျွန် တို့အား မိန့် တော်မူသည်အတိုင်း၊ သူတို့သည် မြို့ ရှေ့ မှာစစ်ခင်းကျင်း ကြ၏။ ၁၃ ထိုအခါ ပရောဖက် တပါး သည် ဣသရေလ ရှင်ဘုရင် အာဟပ် ထံသို့ လာ ၍ ၊ ထာဝရဘုရား မိန့် တော်မူသည် ကား၊ ထို ကြီးစွာ သော အလုံးအရင်း အပေါင်း ကို မြင် ပြီလော။ သင့် လက် ၌ ယနေ့ ငါ အပ် မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်သိ ရလိမ့်မည်ဟု အမိန့် တော်ကို ဆင့်ဆို၏။ ၁၄ အာဟပ် ကလည်း၊ အဘယ်သူ အားဖြင့် အပ်တော်မူမည်နည်းဟုမေး လျှင် ၊ မြို့ဝန် များ၏လုလင် တို့

အားဖြင့် အပ်မည်ဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို ဆင့်ဆို ၏။ စစ်မှု ကိုအဘယ်သူ စီရင်ရမည်နည်းဟုမေး ပြန်သော်၊ မင်းကြီးကိုယ်တိုင်စီရင်ရမည်ဟု ဆို၏။ ၁၅ အာဟပ်မင်းသည်မြို့ဝန် များ၏ လုလင် တို့ကို ရေတွက် ၍ နှစ် ရာသုံး ဆယ်နှစ် ယောက်ရှိ ၏။ ဣသရေလ အမျိုးသား အပေါင်း တို့ကို ရေတွက် ပြန်သော် ခုနစ် ထောင် ရှိ၏။ ၁၆ မွန်းတည့်အချိန်၌ ထွက်ကြ၏။ ဗင်္ဟာဒဒ် မင်းမူကား၊ ဝိုင်းသော မင်းကြီး သုံး ဆယ်နှစ်ပါး တို့နှင့်တကွ တဲတော်၌ ယစ်မူးအောင် သောက်လျက် နေကြ၏။ ၁၇ မြို့ဝန် များ၏ လုလင် တို့သည် အရင် ထွက် ကြ၏။ ရှမာရိ မြို့ထဲက လူ ထွက် ပါသည်ဟု ဗင်္ဟာဒဒ် မင်းထံသို့စေလွှတ် ၍ ကြား လျှောက်လျှင်၊ ၁၈ စစ်ငြိမ်း စေခြင်းငှါ ထွက် သည်ဖြစ်စေ ၊ စစ်တိုက် ခြင်းငှါ ထွက် သည်ဖြစ်စေ ၊ အရှင် ဘမ်းဆီး ကြဟု မိန့် တော်မူ ၏။ ၁၉ ထိုသို့ မြို့ဝန် များ၏ လုလင် တို့သည် လိုက် သော ဗိုလ်ခြေ နှင့်တကွ မြို့ ထဲက ထွက် ၍၊ ၂၀ ရန်သူတို့ကို လူ တိုင်းတယောက်စီ သတ် ကြသဖြင့် ရှုရိ လူတို့သည် ပြေး ကြ၏။ ဣသရေလ လူတို့သည် လိုက် ကြသဖြင့် ရှုရိ ရှင်ဘုရင် ဗင်္ဟာဒဒ် သည် မြင်း စီး၍ မြင်းစီး သူရဲတို့နှင့်အတူ အလွတ် ပြေး၏။ ၂၁ ဣသရေလ ရှင် ဘုရင်သည်လည်း ထွက် ၍ မြင်း တပ်၊ ရထား တပ်များကို ဖျက် ၍ ရှုရိ လူတို့ကို ကြီးစွာ သော လုပ်ကြံ ခြင်းအားဖြင့် သတ် လေ၏။ ၂၂ တဖန် ပရောဖက် သည် ဣသရေလ ရှင်ဘုရင် ထံသို့ လာ ၍ ၊ ကိုယ်ကိုခိုင်ခံ့ စေလော့။ အဘယ်သို့ ပြု ရမည်ကို သတိ နှင့်ဆင်ခြင်လော့။ နှစ်လည် သောအခါ ရှုရိ ရှင် ဘုရင်သည် စစ်ချီ ၍ လာလေဦးမည်ဟုဆို ၏။ ၂၃ ရှုရိ ရှင်ဘုရင် ၏ ကျွန် တို့ကလည်း ၊ သူ တို့၏ဘုရား သည် တောင် ကိုသာ အစိုးရသောဘုရား ဖြစ်၏။ ထိုကြောင့် သူတို့သည် ငါ တို့ကို နိုင် ပါ၏။ ငါတို့သည် လွင်ပြင် ၌ တခါတိုက် ကြကုန်အံ့။ ထိုသို့တိုက်လျှင် စင်စစ် နိုင် ကြလိမ့်မည်။ ၂၄ မင်းကြီး အပေါင်းတို့ကိုလည်း ပယ် ၍ သူ တို့ အရာ ၌ ဗိုလ်ချုပ် တို့ကို ခန့်ထား တော်မူပါ။ ၂၅ ရုံး သောမြင်း တပ် ၊ ရထား တပ်နှင့်အမျှ များသော တပ်ကို ခင်းကျင်း တော်မူပါ။ လွင်ပြင် ၌ တိုက် ၍ ဆက်ဆက် နိုင် ကြပါလိမ့်မည်ဟု လျှောက်ထားသော စကား ကို ရှင်ဘုရင်သည် နားထောင် ၍ စီရင် လေ၏။ ၂၆ နှစ်လည် သောအခါ ဗင်္ဟာဒဒ် မင်းသည် ရှုရိ လူတို့ကို ရေတွက် ၍ ဣသရေလ ပြည်သားတို့ကို စစ်တိုက် အံ့သောငှါ ၊ အာဖက် မြို့သို့ ချီသွား ၏။ ၂၇ ဣသရေလ အမျိုးသား တို့သည် စာရင်းဝင်၍ ရိက္ခာ ကို ပြင်ဆင်ပြီးမှ စစ်ချီ ကြ၏။ ရှုရိ လူတို့သည် တပြည်လုံး အနှံ့အပြား နေလျက် ၊ သူ တို့ရှေ့မှာ ဣသရေလ လူ တို့သည် ငယ်သောဆိတ်သငယ် နှစ် စုကဲ့သို့ တပ်ချ ကြ ၏။ ၂၈ ဘုရားသခင် ၏ လူ တယောက်သည် ဣသရေလ ရှင်ဘုရင် ထံသို့ လာ ၍ ထာဝရဘုရား မိန့် တော်မူသည် ကား၊ ရှုရိ လူတို့က ထာဝရဘုရား သည် တောင် ကိုသာအစိုးရသောဘုရား ဖြစ်၏။ လွင်ပြင် ကိုအစိုးရသောဘုရား မ ဟုတ်ဟု ဆို မိသောကြောင့် ၊ ထို ကြီးစွာ သော အလုံးအရင်း အပေါင်း ကို သင့် လက် သို့ ငါအပ် မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ရကြလိမ့်မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို ၏။ ၂၉ ထို သူတို့သည် ခုနစ် ရက် ပတ်လုံးတစ်ဘက်တချက် တွင် တပ်ချ လျက် နေပြီးမှ ၊ သတ္တမ နေ့ ၌ စစ်ပြိုင် ၍ ဣသရေလ လူတို့သည် တနေ့ ခြင်းတွင် ရှုရိ ခြေသည် သူရဲတသိန်း ကိုသတ် ကြ၏။ ၃၀ ကျန် သောသူတို့သည် အာဖက် မြို့သို့ ပြေး ၍ မြို့ရိုး လဲ သဖြင့် နှစ်သောင်း ခုနစ်ထောင်ကို ဖိလေ၏။ ဗင်္ဟာဒဒ် သည် ပြေး ၍ မြို့ ထဲ အတွင်း

အခန်း ၌ ပုန်းလျက် နေ၏။ ၃၁ ဗဟ်ာဒဒ်၏ ကျွန် တို့ကလည်း ၊ ကြသရေလ အမျိုးသား ရှင် ဘုရင်တို့သည် သနား တတ်သောမင်း ဖြစ် ကြောင်း ကို ကျွန်တော်တို့ ကြား ပါပြီ။ ကျွန်တော်တို့သည် လျှော်တေ အဝတ်ကို ဝတ် ၍၊ ခေါင်း ပေါ် မှာ ကြိုး ကို ရွက်လျက်၊ ကြသရေလ ရှင်ဘုရင် ထံသို့ ထွက် ရသောအခွင့် ကိုပေး တော်မူပါ။ အသက် တော်ကို ချမ်းသာ ပေးကောင်း ပေးပါလိမ့်မည်ဟု လျှောက် သည်အတိုင်း၊ ၃၂ လျှော်တေ အဝတ်ကိုဝတ် ၍၊ ခေါင်း ပေါ် မှာ ကြိုး ကိုရွက်လျက် ၊ ကြသရေလ ရှင်ဘုရင် ထံသို့ ရောက် လျှင် ၊ ကိုယ်တော် ကျွန် ဗဟ်ာဒဒ် က၊ ကျွန်တော် အသက် ကို ချမ်းသာ ပေးတော်မူပါဟု တောင်းပန် ကြောင်းကို လျှောက် ကြသော် ၊ အာဟပ်မင်းက၊ ငါ့ အစ်ကို သည် အသက် ရှင်သေး သလောဟုမေး ၏။ ၃၃ ထိုသူတို့သည် အာဟပ်မင်း၏ စကားကို စေ့စေ့ နားထောင်၍ ၊ ချက်ခြင်း စကားအရိပ်ကို ဘမ်း လျက် ၊ ကိုယ်တော် အစ်ကို ဟူ၍မိမိတို့သခင်ကို ခေါ် ကြ၏။ အာဟပ်ကလည်းသွား ၍ ခေါ် ကြလော့ဟု စေလွှတ် သည် အတိုင်း ဗဟ်ာဒဒ်သည် ထွက် လာ၍ ၊ အာဟပ်မင်းအခွင့် နှင့် ရထား တော်ပေါ် သို့ တက် ရ၏။ ၃၄ ဗဟ်ာဒဒ်ကလည်း၊ ငါ့ အဘ သည် ကိုယ်တော် အဘ ၏ လက်မှ လုယူ သော မြို့ တို့ကို ငါပြန် ပေးပါမည်။ ငါ့ အဘ သည် ရှမာရိ မြို့၌ ရှုရိတန်းကို လုပ် သကဲ့သို့ ကိုယ်တော် သည် ဒမာသက် မြို့၌ ကြသရေလတန်းကို လုပ် ရပါသည်ဟုဆို လျက် ၊ အာဟပ်ကထိုသို့ မိသဟာယ ဖွဲ့လျက်၊ သင့် ကို ငါလွှတ်လိုက် မည်ဟုဆို၍ မိသဟာယ ဖွဲ့ လျက် လွှတ်လိုက် လေ၏။ ၃၅ ပရောဖက် အမျိုးသား တယောက် က၊ ငါ့ ကို ရိုက် ပါလော့ဟု ထာဝရဘုရား ၏ နှုတ်ကပတ် တော် အတိုင်း အိမ်နီးချင်း အား ဆို ၏။ ထိုသူက ငါမရိုက် ပါဟု ငြင်းပယ် ၏။ ၃၆ ပရောဖက်ကလည်း၊ ထာဝရဘုရား ၏ အမိန့် တော်ကို နား မ ထောင်သောကြောင့် ငါ့ ထံမှ သွား စဉ်တွင်၊ ခြင်္သေ့ သတ် လိမ့်မည်ဟုဆို သည်အတိုင်း ၊ ထိုသူသွား စဉ်တွင် ခြင်္သေ့ တွေ့ ၍ သတ် ၏။ ၃၇ အခြား သောသူ ကိုတွေ့ ၍ ငါ့ ကိုရိုက် ပါလော့ဟု ဆို ပြန်လျှင် ၊ ထိုသူသည် နာကျင် စွာရိုက် လေ၏။ ၃၈ ထိုပရောဖက် သည်သွား ၍ မိမိ မျက်နှာ ကို ပုဝါ နှင့် ဖုံးအုပ် လျက် ရှင်ဘုရင် ကို ငံ့လင့် ၏။ ၃၉ ရှင် ဘုရင်သည် ရှောက်သွား သောအခါ ထိုသူက၊ ကိုယ်တော် ကျွန် သည် စစ်တိုက် သွား ပါ၏။ လူ တယောက်သည် စစ်ပွဲထဲကထွက်လာ၍ ကျွန်တော် ၌ လူတယောက်ကို အပ်သဖြင့် ဤ လူ ကိုစောင့် လော့။ တစုံတခုအားဖြင့်ပျောက် လျှင် သူ့ အသက် အတွက် သင့် အသက် သေရမည်။ သို့မဟုတ် ငွေ အခွက် တဆယ် လျော် ရမည်ဟု မှာထား သော်လည်း၊ ၄၀ ကိုယ်တော် ကျွန် သည် အရပ်ရပ် ၌ အမှု များသောအခါ ၊ ထိုသူ ပျောက်ပါသည်ဟု လျှောက် လျှင် ၊ ကြသရေလ ရှင်ဘုရင် က၊ သင့် အမှုကို ထိုသို့ပင် စီရင်ရမည်။ သင့်ကိုယ်တိုင်လည်း စီရင်ပြီးဖြစ်သည်ဟု မိန့်တော်မူ ၏။ ၄၁ ထိုပရောဖက်သည်မျက်နှာဖုံး ပုဝါကို ချက်ခြင်း ပယ် သဖြင့် ၊ ပရောဖက် တစုံတပါးဖြစ်ကြောင်း ကို ကြသရေလ ရှင်ဘုရင် သိ ၏။ ၄၂ ပရောဖက်ကလည်း၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါကျိန် သောသူကို သင်လွှတ် သောကြောင့် ၊ သင့် အသက် သည် သူ့ အသက် အတွက် ၊ သင့် လူ တို့သည် သူ့ လူ တို့အတွက် အရှုံးခံရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို ၏။ ၄၃ ကြသရေလ ရှင် ဘုရင်သည် ညစ်ညူး သောစိတ် နှင့် ညှိုးငယ် လျက် ရှမာရိ မြို့၊ နန်း တော်သို့ သွား ၏။

၂၁ ထိုနောက်မှ ယေဇရေလ မြို့သားနာဗုတ် ပိုင်သော စပျစ် ဥယျာဉ်သည် ယေဇရေလ မြို့တွင် ၊ ရှမာရိ မင်းကြီး အာဟပ် ၏နန်း တော်နား မှာ ရှိ သည်ဖြစ်၍၊ ၂ အာဟပ် မင်းက၊ သင့် စပျစ် ဥယျာဉ်သည် နန်း တော်နား မှာရှိသောကြောင့် ယာ လုပ်စရာဘို့ ပေး ပါ။ သာ၍ ကောင်းသော ဥယျာဉ် ကို ငါပေး မည်။ သို့မဟုတ် သင် အလို ရှိလျှင် အဘိုး ကိုပေး မည်ဟု နာဗုတ် အား ဆို လျှင်၊ ၃ နာဗုတ် က၊ ဘိုးဘေး လက်မှ အမွေခံ သောမြေကို ကိုယ်တော်အားပေး ရသောအမှုကို ထာဝရဘုရား ဆီးတား တော်မူပါစေသောဟု ပြန်လျှောက် ၏။ ၄ ဘိုးဘေး မှ အမွေခံ သော မြေကို မ ပေး ရဟု ယေဇရေလ မြို့သားနာဗုတ် လျှောက် သော စကား ကြောင့် အာဟပ်မင်းသည် ညစ်ညူး သောစိတ် နှင့် ညှိုးငယ် လျက်၊ နန်း တော်သို့ သွား ၍ အစာ ကိုမ စား ၊ မျက်နှာ ကို လွှဲ ၍ သာလွန် ပေါ် မှာအိပ် လျက်နေ၏။ ၅ ခင်ပွန်း ယေဇေဗေလ သည်လာ ၍ ၊ အစာ ကို မ စား နိုင်အောင် စိတ် တော်သည် အဘယ်ကြောင့် ညှိုးငယ် တော်မူသနည်းဟုမေး လျှင်၊ ၆ မင်းကြီးက၊ ယေဇရေလ မြို့သားနာဗုတ် ကို ငါခေါ် ၍ သင့် စပျစ် ဥယျာဉ်ကို ရောင်း ပါ။ သို့မဟုတ် သင် အလို ရှိ လျှင် အခြားသောဥယျာဉ် ကို ငါပေး မည်ဟုဆို သော်၊ ထိုဥယျာဉ် ကို ကိုယ်တော် အား မ ပေး ရဟု ပြန်ပြော သောကြောင့် စိတ်ညှိုးငယ်သည်ဟုဆို ၏။ ၇ ခင်ပွန်း ယေဇေဗေလ က၊ ကိုယ်တော် သည် ဣသရေလ နိုင်ငံကို အစိုးရ တော်မူသည် မဟုတ်လော။ ထ ၍ ရွှင်လန်း သောစိတ် နှင့် စားတော်ခေါ် ပါ။ ကျွန်မ သည် ယေဇရေလ မြို့သားနာဗုတ် ၏ စပျစ် ဥယျာဉ်ကို ဆက် ပါမည် ဟုဆို သည်အတိုင်း၊ ၈ အာဟပ် မင်း၏ အခွင့်နှင့် စာ ရေး ၍ တံဆိပ် တော်နှင့် ခတ် ပြီးမှ ၊ နာဗုတ် နေ ရာမြို့ ၌ သူနှင့်အတူ နေသောအသက် ကြီးသူနှင့် မှူးမတ် များထံသို့ ပေး လိုက် လေ၏။ ၉ စာ ချက်ဟူမူကား ၊ အစာရှောင် ရာအချိန်ကို ကြွေးကြော် ၍ ၊ နာဗုတ် ကို လူ များရှေ့မှာ မြှောက်ထား ကြလော့။ ၁၀ သူ့ ရှေ့ မှာ အဓမ္မ လူ နှစ် ယောက်ကိုထား ၍ ၊ သင်သည် ဘုရားသခင် နှင့် ရှင် ဘုရင်ကိုစွန့်ပယ် ပြီဟု သက်သေခံ ပါလေစေ။ သို့ပြီးမှ သူ့ ကို ထုတ် ၍ သေ စေခြင်းငှါ ကျောက်ခဲ နှင့်ပစ်ကြလော့ဟု ပါသတည်း။ ၁၁ ယေဇေဗေလ ပေး လိုက်သော စာ ၌ ပါသည် အတိုင်း ၊ နာဗုတ်နေ သော မြို့သား အသက်ကြီး သူနှင့် မှူးမတ် တို့သည် ပြု လျက်၊ ၁၂ အစာရှောင် ရာအချိန်ကို ကြွေးကြော် ၍ နာဗုတ် ကို လူ များရှေ့မှာ မြှောက်ထား ကြ၏။ ၁၃ အဓမ္မ လူ နှစ် ယောက်သည် လာ ၍ သူ့ ရှေ့မှာ ထိုင် လျက် ၊ နာဗုတ် သည် ဘုရားသခင် နှင့် ရှင်ဘုရင် ကို စွန့်ပယ် ပြီဟု လူ များရှေ့တွင် နာဗုတ် တဘက်၌ သက်သေခံ ကြလျှင် ၊ နာဗုတ်ကို မြို့ပြင် သို့ ထုတ် ၍ သေ အောင် ကျောက်ခဲ နှင့် ပစ် ကြ၏။ ၁၄ ထိုအခါ နာဗုတ် သည် ကျောက်ခဲ နှင့် ပစ်ခြင်း ကိုခံရ၍ သေ ပါပြီဟု ယေဇေဗေလ ထံသို့ စေလွှတ် ၍ ကြားလျှောက် ကြ၏။ ၁၅ ထိုအကြောင်းကို ယေဇေဗေလ သည် ကြား လျှင် ၊ ယေဇရေလ မြို့သားနာဗုတ် မ ရောင်းလိုသော စပျစ် ဥယျာဉ်ကို ထ ၍ သိမ်းယူ တော်မူပါ။ နာဗုတ် အသက် မ ရှိ၊ သေ ပါပြီဟု ဆို ၏။ ၁၆ နာဗုတ် သေ ကြောင်း ကို အာဟပ် သည် ကြား လျှင် ၊ ယေဇရေလ မြို့သားနာဗုတ် ၏ စပျစ် ဥယျာဉ်ကို သိမ်းယူ ခြင်းငှါ ထ သွား ၏။ ၁၇ ထိုအခါ တိရှဘိ မြို့သားဧလိယ သို့ ရောက် လာသောထာဝရဘုရား ၏နှုတ်ကပတ် တော်က၊ ၁၈ သင်သည်ရှမာရိ မြို့၌ နေသော ဣသရေလ ရှင်ဘုရင် အာဟပ် ကို ကြိုဆို အံ့သောငှါ ထ သွား လော့။ သူသည်နာဗုတ် ၏ စပျစ် ဥယျာဉ်ကို သိမ်းယူ

ခြင်းငှါ သွား ၍ ယခုဥယျာဉ်၌ရှိ ၏။ ၁၉ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်သည် လူအသက်ကိုသတ် ၍ သူ့ဥစ္စာကို သိမ်းယူ ပြီလော။ တဖန် မိန့် တော်မူသည်ကား၊ ခွေး တို့သည် နာဗုတ် အသွေး ကို လျက် သော အရပ် ၌ သင့် အသွေး ကိုပင် လျက် ကြ လိမ့်မည်ဟု မိန့် တော်မူကြောင်းကို ဆင့်ဆို လော့ဟု မှာထား တော်မူ၏။ ၂၀ အာဟပ် ကလည်း၊ အချင်းရန်သူ ၊ ငါ နှင့်တွေ့ ပြီ လောဟု ဧလိယ အား ဆို လျှင် ၊ ဧလိယကသင်သည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု လို၍ ကိုယ် ကို ရောင်း သောကြောင့် သင်နှင့်ငါတွေ့ ပြီ။ ၂၁ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင့် အပေါ် သို့ ဘေးဥပဒ် ရောက် စေမည်။ ကျသရေလ မြို့ရွာ၌ ချုပ်ထား သောသူဖြစ်စေ ၊ အလွတ် ပြေးသောသူဖြစ်စေ၊ အာဟပ် အမျိုး ယောကျ်ား များကိုပယ်ဖြတ် မည်။ ၂၂ ငါ့အမျက် ကို နှိုးဆော်သောအပြစ်နှင့် ကျသရေလ အမျိုးကို ပြစ်မှား စေသောအပြစ်ကြောင့် ၊ သင့် အမျိုး ကို နေဗတ် ၏သား ယေရောဗောင် အမျိုး နှင့် အဟိယ ၏ သား ဗာရှာ အမျိုး ကဲ့သို့ ငါဖြစ် စေမည်။ ၂၃ ယေဇေဗေလ အမှုမှာ ထာဝရဘုရား မိန့် တော်မူသည် ကား၊ ယေဇရေလ မြို့ရိုး နား မှာ ခွေး တို့သည် ယေဇေဗေလ ကို စား ကြလိမ့်မည်။ ၂၄ အာဟပ် အမျိုးသည် မြို့ ထဲမှာ သေ လျှင်ခွေး စား လိမ့်မည်။ မြို့ပြင် မှာ သေ လျှင် မိုယ်း ကောင်းကင်ငှက် စား လိမ့်မည်ဟု မိန့်တော်မူကြောင်းကို အာဟပ်အား ဆင့်ဆို ၏။ ၂၅ အာဟပ် နှင့် တူသော သူတယောက် မျှမရှိ။ ခင်ပွန်း ယေဇေဗေလ သည် တိုက်တွန်း သဖြင့်၊ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု လို၍ ကိုယ်ကို ရောင်း သော သူဖြစ်၏။ ၂၆ ထာဝရဘုရား သည် ကျသရေလ အမျိုးရှေ့မှ နှင်ထုတ် တော်မူသော အာမောရိ အမျိုးသားပြု သမျှ အတိုင်း ၊ ရုပ်တု ဆင်းတုကို ဆည်းကပ် ၍ စက်ဆုပ် ရွံရှာဘွယ်အမှုကိုပြု၏။ ၂၇ သို့ရာတွင် ဧလိယဆင့်ဆိုသော စကား တော်ကို ကြား လျှင် ၊ မိမိ အဝတ် ကို ဆုတ် ၍ လျှော်တေ အဝတ်ကို ဝတ် ၏။ အစာရှောင် ခြင်း၊ လျှော်တေ အဝတ်၌ အိပ် ခြင်း ကို ပြု၍ ဖြည်းဖြည်း သွား လာ၏။ ၂၈ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် တိရှဘိ မြို့သားဧလိယ သို့ ရောက် လာသည်ကား၊ ၂၉ အာဟပ် သည် ငါ့ ရှေ့မှာနှိမ့်ချ သည်ကို မြင် ပြီ လော။ ထိုသို့ငါ့ ရှေ့မှာနှိမ့်ချ သောကြောင့် ၊ သူ့ လက်ထက် ၌ ထိုဘေးဥပဒ် ကို ငါမ ရောက် စေ။ သူ့ သား လက်ထက် ၌ သူ့ အမျိုး အပေါ် သို့ရောက် စေမည်ဟု မိန့် တော်မူ၏။

၂၂ ရှုရိ ပြည်နှင့် ကျသရေလ ပြည်သည် စစ် မ တိုက် ဘဲ သုံး နှစ် နေ ပြီးမှ၊ ၂ တတိယ နှစ် တွင် ၊ ယုဒ ရှင်ဘုရင် ယောရှဖတ် သည် ကျသရေလ ရှင်ဘုရင် ထံ သို့လာ ၏။ ၃ ကျသရေလ ရှင် ဘုရင်ကလည်း၊ ဂိလဒ် ပြည် ရာမုတ်မြို့သည် ငါ တို့ နိုင်ငံအဝင်ဖြစ်သည်ကို သင်တို့မသိ လော။ ငါ တို့သည် ရှုရိ ရှင်ဘုရင် လက် မှ မနှုတ် မယူဘဲ ငြိမ်သက် စွာ နေကြပြီတကားဟု မိမိ ကျွန် တို့အား ဆို ၏။ ၄ ယောရှဖတ် မင်းအား လည်း၊ ဂိလဒ် ပြည် ရာမုတ်မြို့သို့ ငါ နှင့်အတူ စစ် ချီ မည်လောဟုမေး လျှင် ၊ ယောရှဖတ် က၊ ငါ သည်မင်းကြီး ကဲ့သို့ ဖြစ်၏။ ငါ့ လူ တို့သည် မင်းကြီး ၏လူ ကဲ့သို့ ၎င်း၊ ငါ့ မြင်း တို့သည် မင်းကြီး ၏ မြင်း ကဲ့သို့ ၎င်း ဖြစ်ကြသည်ဟု ကျသရေလ ရှင်ဘုရင် အား ပြန်ပြော ၏။ ၅ တဖန် ယောရှဖတ် က၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို ယနေ့ မေးမြန်း ပါလော့ဟု ကျသရေလ ရှင်ဘုရင် အား ဆို သော်၊ ၆ ကျသရေလ ရှင် ဘုရင်သည် ပရောဖက် လေး ရာ တို့ကို စုဝေး စေပြီးလျှင် ၊ ငါသည်ဂိလဒ် ပြည် ရာမုတ်မြို့သို့ စစ် ချီ

ကောင်းသလော။ မချီဘဲ နေကောင်းသလောဟုမေး သော်၊ သူတို့ကချီ တော်မူပါ။ ထာဝရ ဘုရားသည် အရှင်မင်းကြီး ၏လက် တော်သို့ အပ် တော်မူမည်ဟု လျှောက် ကြ၏။ ၇ ယောရှဖတ် ကလည်း၊ ငါတို့မေးမြန်း စရာ ထာဝရဘုရား ၏ ပရောဖက် တစုံတပါးမျှမ ရှိသလောဟု မေး သော်၊ ၈ ကျသရေလ ရှင် ဘုရင်က၊ ထာဝရဘုရား ကို မေးမြန်း ရသောသူ တယောက် ကျမလ သား မိက္ခါ ရှိသေး ၏။ သို့ရာတွင် ထိုသူ ကို ငါ မုန်း ၏။ ငါ ၌ မင်္ဂလာ စကားကို မ ဟော။ အမင်္ဂလာ စကားကိုသာ ဟောတတ်သည်ဟု ယောရှဖတ် အား ဆို လျှင် ၊ ယောရှဖတ် က ထိုသို့ မင်းကြီး မ ပြော ပါနှင့်ဟု ပြန်ဆို ၏။ ၉ ထိုအခါ ကျသရေလ ရှင် ဘုရင်သည် အရာရှိ တယောက် ကိုခေါ် ၍ ၊ ကျမလ သား မိက္ခါ ကို အလျင်အမြန် ခေါ်ခဲ့ဟုမိန့် တော်မူ၏။ ၁၀ ကျသရေလ ရှင်ဘုရင် နှင့် ယုဒ ရှင်ဘုရင် ယောရှဖတ် တို့သည် မင်းမြောက် တန်ဆာကို ဝတ်ဆင် လျက် ရှမာရိ မြို့တံခါးဝ ရှေ့ ဟင်းလင်း သော အရပ်၌ ရာဇပလ္လင် တို့အပေါ် မှာထိုင် ၍ ၊ ပရောဖက် အပေါင်း တို့သည် ရှေ့ တော်၌ ဟောပြော ကြ၏။ ၁၁ ခေနာနာ သား ဇေဒကိ သည် သံ ဦးချို့ တို့ကို လုပ် ၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ကိုယ်တော်သည် ရှုရိ လူတို့ကို မ ဖျက်ဆီး မှီ တိုင်အောင်ဤ ဦးချို့တို့နှင့် တိုး ရမည်ဟုမိန့် တော်မူကြောင်းကို ဆင့်ဆို၏။ ၁၂ ပရောဖက် အပေါင်း တို့ကလည်း ၊ ဂိလဒ် ပြည် ရာမုတ်မြို့သို့ စစ်ချီ ၍ အောင် တော်မူပါ။ ထာဝရဘုရား သည် အရှင်မင်းကြီး ၏ လက် တော်သို့ အပ် တော်မူမည်ဟု ပရောဖက် ပြု၍ ဟော ကြ၏။ ၁၃ မိက္ခါ ကိုခေါ် သော တမန် က၊ ပရောဖက် အပေါင်းတို့သည် မင်္ဂလာ စကား ကိုသာ ရှင်ဘုရင် အား တညီတညွတ် တည်းဟောကြ၏။ ကိုယ်တော် လည်း သူ တို့ ဟောကြသည်နည်းတူ မင်္ဂလာ စကားကိုသာ ဟော တော်မူပါဟုဆို လျှင်၊ ၁၄ မိက္ခါ က၊ ထာဝရဘုရား အသက် ရှင်တော်မူသည် အတိုင်း ထာဝရဘုရား မိန့် တော်မူသော စကားကိုသာ ငါပြန် ပြောရမည်ဟုဆို ၏။ ၁၅ ရှင်ဘုရင် ထံသို့ ရောက် သောအခါ ရှင် ဘုရင်က၊ အချင်းမိက္ခါ ၊ ငါတို့သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ကောင်းသလော။ မ ချီဘဲနေကောင်းသလောဟုမေး လျှင် ၊ မိက္ခါက၊ စစ်ချီ ၍ အောင် တော်မူပါ။ ထာဝရဘုရား သည် အရှင်မင်းကြီး ၏ လက် တော်သို့ အပ် တော်မူမည်ဟု ပြန်လျှောက် ၏။ ၁၆ ရှင် ဘုရင်ကလည်း ၊ မှန် သောစကားမှတပါး အခြားသောစကားကို ထာဝရဘုရား အခွင့်နှင့် သင်သည် ငါ့ အား မ ဟော မည်အကြောင်း ၊ ငါ သည် ဘယ်နှစ်ကြိမ် တိုင်အောင်သင့် အား အကျိန် ပေးရမည်နည်းဟုမေး သော်၊ ၁၇ မိက္ခါက၊ ကျသရေလ အမျိုးသားအပေါင်း တို့ သည် သိုးထိန်း မ ရှိ သော သိုး ကဲ့သို့ ၊ တောင် များအပေါ် မှာ အရပ်ရပ် ကွဲပြားလျက် ရှိကြသည်ကို ငါမြင် ပြီ။ ထာဝရဘုရား ကလည်း၊ ဤသူအပေါင်းတို့သည် အရှင်မရှိသောကြောင့် အသီးအသီးကိုယ်နေရာသို့ ပြန်ကြပါလေစေဟု မိန့်တော်မူကြောင်းကို လျှောက်ဆို၏။ ၁၈ ကျသရေလ ရှင် ဘုရင်ကလည်း ၊ သူသည်ငါ ၌ မင်္ဂလာ စကားကိုမ ဟော ၊ အမင်္ဂလာ စကားကိုသာ ဟောတတ်သည်ဟု မင်းကြီး အား ငါမ ပြော သလောဟု ယောရှဖတ် အား ဆို ၏။ ၁၉ မိက္ခါကလည်း၊ သို့ ဖြစ်၍ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ပါ။ ထာဝရဘုရား သည် ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူသည်ကိုငင်း ၊ ကောင်းကင် ဗိုလ်ခြေ အပေါင်း တို့သည် လက်ျာ တော်ဘက် လက်ဝဲ တော်ဘက် ၌ ရပ် နေကြသည်ကိုငင်းငါမြင် ပြီ။ ၂၀ ထာဝရဘုရား ကလည်း ၊ အာဟပ် သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ၍ ဆုံး

စေခြင်းငှါ အဘယ်သူ သွေးဆောင် မည်နည်းဟုမေး တော်မူလျှင် ၊ အခြံအရံတော်တို့သည် တယောက်တနည်းစီ ပြန်လျှောက် ကြ၏။ ၂၁ တဖန် ဝိညာဉ် တပါးသည် လာ၍ ထာဝရဘုရား ရှေ့တော်၌ ရပ် လျက် ၊ အကျွန်ုပ် သွေးဆောင် ပါမည်ဟု လျှောက် လျှင်၊ ၂၂ ထာဝရဘုရား က အဘယ်သို့ သွေးဆောင်မည်နည်းဟုမေး တော်မူသော်၊ အကျွန်ုပ်သွား၍ ထိုမင်းကြီး၏ ပရောဖက် အပေါင်း တို့အထဲမှာ မုသာ စကားကို ပြောတတ် သောစိတ် ဝိညာဉ်ဖြစ် ပါမည်ဟု ပြန်လျှောက် သော် ၊ သင်သည် သွေးဆောင် ၍ နိုင် လိမ့်မည်။ ထိုသို့သွား ၍ ပြု လော့ဟု မိန့် တော်မူ၏။ ၂၃ သို့ ဖြစ်၍ ထာဝရဘုရား သည် မုသာ စကားကို ပြောတတ်သောစိတ် ဝိညာဉ်ကို မင်းကြီး၏ ပရောဖက် အပေါင်း တို့ ၌ သွင်း တော်မူပြီ။ မင်းကြီး၏အမှုမှာ အမင်္ဂလာ စကားကို ပြော တော်မူပြီဟု ဟောလေ၏။ ၂၄ ထိုအခါ ခေနာနာ ၏ သား ဇေဒကိ သည် ချဉ်း လာ ၍ မိကၠာ ၏ ပါး ကို ပုတ် လျက် ၊ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် သင် နှင့်နှုတ်ဆက် ခြင်းငှါ အဘယ် လမ်းဖြင့် ငါ မှ ထွက် တော်မူသနည်းဟုမေး လျှင်၊ ၂၅ မိကၠာ က၊ သင်သည် ပုန်းရှောင် ၍ နေခြင်းငှါ အတွင်း ခန်းထဲသို့ ဝင် သော နေ့ ၌ သင် မြင် လိမ့်မည်ဟု ဆို ၏။ ၂၆ ဣသရေလ ရှင် ဘုရင်က၊ မိကၠာ ကို မြို့ဝန်မင်း အာမုန် ထံ ၊ သား တော်ယောရှ ထံသို့ ယူသွား၍၊ ၂၇ ဤ သူကိုထောင် ထဲမှာလှောင် ထားကြ။ ငါသည် ငြိမ်ဝပ် စွာ ပြန် ၍ မ လာမှီတိုင်အောင်ဆင်းရဲ စွာ စား သောက် စေဟု အမိန့် တော်ရှိကြောင်းကို ဆင့်ဆို လော့ဟု စီရင် ၏။ ၂၈ မိကၠာ ကလည်း၊ မင်းကြီးသည် ငြိမ်ဝပ် စွာ ပြန် လာရလျှင် ထာဝရဘုရား သည်ငါ့ အားဖြင့် မိန့် တော် မ မူ၊ အိုလူ များအပေါင်း တို့၊ နားထောင် ကြလော့ဟုဆို ၏။ ၂၉ ထိုသို့ ဣသရေလ ရှင်ဘုရင် နှင့် ယုဒ ရှင်ဘုရင် ယောရှဖတ် တို့သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ကြ၏။ ၃၀ ဣသရေလ ရှင် ဘုရင်က၊ ငါသည်ခြားနားသော အယောင် ကို ဆောင်၍ စစ်ပွဲ ထဲသို့ ဝင် မည်။ မင်းကြီး မူကား မင်းမြောက် တန်ဆာကို ဝတ်ဆင် ပါလော့ဟု ယောရှဖတ် အား ဆို ပြီးမှ ၊ ဣသရေလ ရှင် ဘုရင်သည် ခြားနားသော အယောင် ကို ဆောင်လျက် စစ်ပွဲ ထဲသို့ ဝင် ၏။ ၃၁ ရှုရိ ရှင် ဘုရင်က၊ ဣသရေလ ရှင်ဘုရင် မှတပါး အခြားသော လူကြီး လူငယ် ကို မ တိုက် နှင့်ဟု ရထားစီး သူရဲများကို အုပ်သော ဗိုလ်သုံးကျိပ် နှစ် ယောက်တို့ကိုမှာ ထားနှင့်သောကြောင့်၊ ၃၂ ရထားစီး သူရဲအုပ်ဗိုလ်မင်းတို့သည် ယောရှဖတ် ကိုမြင် သောအခါ ၊ အကယ် စင်စစ်ထိုသူသည် ဣသရေလ ရှင်ဘုရင် ဖြစ် လိမ့်မည်ဟု ဆို လျက် သူ့ ကို တိုက် အံ့သောငှါ လမ်းလွဲ ကြ၍ ၊ ယောရှဖတ် လည်း ကြွေးကြော် လေ၏။ ၃၃ ဣသရေလ ရှင်ဘုရင် မ ဟုတ်ကြောင်း ကို ရထားစီး သူရဲအုပ်ဗိုလ်မင်းတို့သည် ရိပ်မိ သောအခါ ၊ မလိုက်ဘဲ အခြားသို့ ရှောင် သွားကြ၏။ ၃၄ လူ တယောက်သည် မရွယ်ဘဲလေး နှင့်ပစ်၍၊ ဣသရေလ ရှင် ဘုရင်ကို သံချပ် အင်္ကျီအဆစ် ကြား မှာ မှန် လေသော် ၊ ငါ့ ကိုစစ်ပွဲ ထဲက လှည့် ၍ ထုတ်ဆောင် လော့။ ငါနာ သည်ဟု မိမိ ရထား တော်ထိန်းကို ဆို ၏။ ၃၅ ထို နေ့ ၌ တိုး၍ တိုက် ကြ၏။ ရှင် ဘုရင်သည် ရှူရိ လူတဘက် တချက်၌ရထား တော်ထဲမှာ လူကိုမှီ ၍ ထိုင်နေ၏။ ညဦးယံ ၌ အသက် တော်ကုန်၏။ ထိခိုက်ရာ အနာ မှ အသွေး သည်ရထား ထဲသို့ ယို ၏။ ၃၆ လူအပေါင်းတို့၊ ကိုယ် နေသောမြို့ ပြည် သို့ ပြန်သွားကြဟု နေ ဝင် သောအခါ တတပ်လုံး ကို ကြွေးကြော် လေ၏။ ၃၇ ထိုသို့ ရှင်ဘုရင် သေ ၍ ရှမာရိ မြို့သို့ ရောက် သဖြင့်

သင်္ဂြိဟ် ခြင်းကို ခံရ၏။ ၃၈ ရထား တော်နှင့် လက်နက် တော်ကို ရှမာရိ မြို့ ရောက် ၌ ဆေး သဖြင့် ၊ ထာဝရဘုရား မိန့် တော်မူသော စကား နှင့်အညီ ခွေး တို့သည် အသွေး ကို လျက် ကြ၏။ ၃၉ အာဟပ် ပြုမူ သော အမှုအရာ ကြွင်း လေသမျှ တို့နှင့် တည်ဆောက် သော ဆင်စွယ် နန်း ၊ ပြုစု သော မြို့ တို့ သည် ကျသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။ ၄၀ အာဟပ် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သား တော်အာခဇိ သည် ခမည်းတော်အရာ ၌ နန်း ထိုင်၏။ ၄၁ ကျသရေလ ရှင်ဘုရင် အာဟပ် နန်းစံလေး နှစ် တွင် အာသ သား ယောရှဖတ် သည် အသက်သုံး ဆယ် ငါး နှစ် ရှိသော်ယုဒ နိုင်ငံကို အစိုးရ ၍၊ ၄၂ ယေရုရှလင် မြို့၌ နှစ် ဆယ်ငါး နှစ် စိုးစံ လေ၏။ မယ်တော် ကား ရှိလဟိ သမီး အဇုဘ အမည် ရှိ၏။ ၄၃ ထိုမင်းသည်ခမည်းတော် အာသ လိုက်သော လမ်း ကိုမ လွဲ ၊ အကုန်အစင် လိုက် ၍ ထာဝရဘုရား ရှေ့ တော်၌ ဖြောင့်မတ် သောအကျင့် ကိုသာ ကျင့် ၏။ သို့ရာတွင် မြင့် သောအရပ်တို့ကို မ ပယ်ရှား သောကြောင့်၊ လူ တို့သည် ထိုအရပ် တို့ ၌ ယဇ် ပူဇော်၍ နံ့သာပေါင်း ကို မီးရှို့ကြ၏။ ၄၄ ယောရှဖတ် မင်းသည် ကျသရေလ ရှင်ဘုရင် နှင့် စစ်မတိုက် မိသဟာယ ဖွဲ့လေ၏။ ၄၅ ယောရှဖတ် ပြုမူ သော အမှုအရာ ကြွင်း လေသမျှ တို့နှင့် တန်ခိုး ကြီးခြင်း၊ စစ်တိုက် ခြင်းအရာတို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၄၆ ခမည်းတော် အာသ လက်ထက် ၌ ကျန်ကြွင်း သေး သော ယောက်ျားအလိုသို့ လိုက်တတ်သော မိန်းမလျာ တို့ကို ပြည် တော်မှ သုတ်သင် ပယ်ရှင်းလေ၏။ ၄၇ ထိုကာလ၊ ဧဒုံ ပြည်၌ ရှင်ဘုရင် မ ရှိ။ ယုဒ ရှင်ဘုရင်ခန့်ထား သော မြို့ဝန်မင်း စီရင်ရ၏။ ၄၈ ယောရှဖတ် သည် သြဖိရ ပြည်သို့ စေလွှတ်၍၊ ရွှေ ကို ယူစေခြင်းငှါ တာရှု သင်္ဘော တို့ကို ဧဇယုန်ဂါဗာမြို့ မှာ တည် ၏။ ၄၉ အာဟပ် သား အာခဇိ က၊ ငါ့ ကျွန် တို့သည် မင်းကြီး ကျွန် တို့နှင့် သင်္ဘော စီးပါစေဟု ယောရှဖတ်၌ အခွင့်တောင်း၍ ယောရှဖတ်သည် အခွင့်ပေး၏။ သို့သော်လည်းသင်္ဘော တို့သည် ဧဇယုန်ဂါဗာ မြို့မှာ ကျိုးပဲ့ သောကြောင့် ၊ သြဖိရမြို့သို့ မသွားရ။ ၅၀ ယောရှဖတ် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ သူတို့နှင့်အတူ အဘ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံလေ၏။ သား တော်ယဟောရံ သည် ခမည်းတော်အရာ ၌ နန်း ထိုင် ၏။ ၅၁ ယုဒ ရှင်ဘုရင် ယောရှဖတ် နန်းစံဆယ် ခုနစ် နှစ် တွင် ၊ အာဟပ် သား အာခဇိ သည် ရှမာရိ မြို့၌ မင်းပြု ၍ ကျသရေလ နိုင်ငံကို နှစ် နှစ်စိုးစံ ၏။ ၅၂ ထိုမင်းသည်ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၍ ၊ မိ ဘ လိုက်သောလမ်း ၊ ကျသရေလ အမျိုးကို ပြစ်မှား စေသော နေဗတ် ၏သား ယေရောဗောင် လိုက်သောလမ်း သို့ လိုက် လေ၏။ ၅၃ ဗာလ ဘုရားကို ဝတ်ပြု ကိုးကွယ် ၍ ၊ အဘ ကျင့် လေသမျှ အတိုင်း ကျသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏ အမျက် တော်ကို နှိုးဆော်သတည်း။

၁ အာဟပ် မင်း သေ သောနောက် ၊ မောဘ ပြည် သည် ဣသရေလ ရှင်ဘုရင်ကို ပုန်ကန် လေ၏ ၂ အာခဇိ မင်းသည် ရှမာရိ မြို့၌ အထက် အခန်း ပြတင်းပေါက် မှ ကျ ၍ နာ နေသောကြောင့် ၊ ငါသည် ဤ အနာ မှာ ထမြောက် မည်လောဟု ဧကြုန် မြို့၏ ဘုရား ဗာလဇေဗုပ် သို့ သွား ၍ မေးမြန်း ကြဟု မှာ ထား၍ သံတမန် တို့ကို စေလွှတ် လေ၏ ၃ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် တိရှဘိ မြို့သား ဧလိယ အား လည်း ၊ ရှမာရိ ရှင်ဘုရင် စေလွှတ်သော သံတမန် တို့ကို ကြိုဆို ခြင်းငှါ ထ သွား လော့။ ဣသရေလ ပြည်၌ ဘုရား သခင်မ ရှိသောကြောင့် ၊ ဧကြုန် မြို့၏ဘုရား ဗာလဇေဗုပ် သို့ သွား ၍ မေးမြန်း ရသလော။ ၄ ထိုကြောင့်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် ယခု တက် သောသာလွန် ပေါ်က နောက်တဖန် မ ဆင်း ရ။ စင်စစ် သေ ရမည်ဟု သူတို့အားဆင့်ဆိုရမည် အကြောင်းမိန့်တော်မူသည်အတိုင်း ၊ ဧလိယ သွား လေ၏ ၅ သံတမန် တို့သည် ပြန် လာသောအခါ ရှင်ဘုရင်က၊ အဘယ် ကြောင့်ယခု ပြန် လာကြသနည်းဟုမေး လျှင်၊ “ ၆ သူတို့က၊ လူ တယောက်သည် ကျွန်တော် တို့ကို ကြိုဆို ခြင်းငှါ လာ ၍ သင် တို့ကိုစေလွှတ် သော ရှင်ဘုရင် ထံသို့ ပြန် ကြ။ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဣသရလ ပြည်၌ ဘုရား သခင်မ ရှိသောကြောင့် ၊ ဧကြုန် မြို့၏ ဘုရား ဗာလဇေဗုပ် သို့ သွား ၍ မေးမြန်း ရသလော။ ထိုကြောင့်သင်သည်ယခုတတ်” သော သာလွန် ပေါ်က နောက်တဖန်မ ဆင်း ရ။ စင်စစ် သေ ရမည်ဟု ပြော ရမည် အကြောင်း မှာထားပါသည်ဟု လျှောက်ကြ၏ ၇ ရှင်ဘုရင်ကလည်း၊ သင် တို့ကိုကြိုဆို ခြင်းငှါ လာ ၍ ဤသို့ ပြော သောသူကား အဘယ်သို့သော သူ နည်းဟုမေး လျှင်၊ “ ၈ သူတို့က၊ ထိုသူ သည် ကိုယ်၌အမွေး များ၍ သားရေ ခါးပန်း ကို စည်း သောသူဖြစ် ပါသည်ဟု လျှောက် ကြသော် ၊ ထိုသူသည် တိရှဘိ မြို့သားဧလိယ ဖြစ်လိမ့်မည်ဟု ရှင်ဘုရင်ဆို လျက်၊ “ ၉ လူငါး ကျိပ်အုပ်သော တပ်မှူး ကိုစေလွှတ် ၍ ၊ တပ်မှူးသည် တောင် ပေါ် မှာထိုင် သော ဧလိယ ထံသို့ရောက် ပြီးလျှင် ၊ အိုဘုရား သခင်၏လူ ၊ သင်သည် ဆင်း ရမည် အကြောင်း ၊ ရှင်ဘုရင် အမိန့် တော်ရှိသည်ဟုဆို ၏ ၁၀ ဧလိယ ကလည်း ၊ ငါ သည် ဘုရား သခင်၏လူ မှန်လျှင် ၊ ကောင်းကင် က မီး ကျ ၍ သင် နှင့် သင် ၏လူ ငါးကျိပ် တို့ကို လောင် ပါစေဟု လူငါးကျိပ် အုပ်သော တပ်မှူး အား ဆို သည်အတိုင်း ၊ ကောင်းကင် က မီး ကျ ၍ သူ နှင့် သူ ၌ ပါသောလူငါးကျိပ် တို့ကို လောင် လေ၏ ၁၁ တဖန် လူငါး ကျိပ်အုပ်သော တပ်မှူး တယောက်ကို ရှင်ဘုရင်စေလွှတ် ၍ ၊ ထို တပ်မှူးက၊ အိုဘုရား သခင်၏ လူ ၊ သင်သည် အလျင် အမြန်ဆင်း ရမည်အကြောင်း ရှင်ဘုရင် အမိန့် တော်ရှိသည်ဟုဆို ၏ ၁၂ ဧလိယ ကလည်း ၊ ငါ သည်ဘုရား သခင်၏ လူ မှန်လျှင် ကောင်းကင် က မီး ကျ ၍ သင် နှင့် သင် ၏လူငါးကျိပ် တို့ကို လောင် ပါစေဟု သူ တို့အား ဆို သည်အတိုင်း ၊ ဘုရား သခင်၏မီး သည် ကောင်းကင် က ကျ ၍ သူ နှင့် သူ ၌ ပါသောလူငါးကျိပ် တို့ကို လောင် လေ၏ ၁၃ တဖန် လူငါးကျိပ် အုပ်သော တတိယ တပ်မှူး ကို ရှင်ဘုရင်စေလွှတ် သဖြင့် ၊ ထိုတပ်မှူး သည် တက် ၍ ဧလိယ ရှေ့ မှာ ဒူး ထောက် လျက် ၊ အိုဘုရား သခင်၏လူ ၊ ကျွန်တော် အသက် နှင့် ကိုယ်တော် ကျွန် ဤ လူငါးကျိပ် တို့၏ အသက် ကို နှမြော တော်မူပါ ၁၄

ကောင်းကင် က မီး ကျ ၍ အခြားသော တပ်မှူး နှစ် ယောက်နှင့် သူတို့ ၌ ပါသောလူတရာကို လောင် သော်လည်း ၊ ကျွန်တော် အသက် ကို နှမြော တော်မူပါဟု တောင်းပန် လေ၏ ၁၅ ထာဝရဘုရား ၏ ကောင်းကင် တမန်ကလည်း ၊ သူ နှင့်အတူ ဆင်း သွားလော့။ သူ့ကို မ ကြောက် နှင့်ဟု ဧလိယ အား ဆို သည်အတိုင်း ၊ ဧလိယသည်ထ ၍ ရှင်ဘုရင် ထံသို့ ရောက် လျှင်၊” ၁၆ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် ဧကြုန် မြို့ ၏ ဘုရား ဗာလဇေဗုပ် ၌ မေးမြန်း ခြင်းငှါ အဘယ်ကြောင့်သံတမန် တို့ကိုစေလွှတ် သနည်း။ မေးမြန်း စရာဘို့ ဣသရေလ ပြည်၌ ဘုရား သခင်မ ရှိ သောကြောင့် ထိုသို့ပြုသလော။ သို့ ဖြစ်၍သင်သည် ယခုတက်” သော သာလွန် ပေါ်က နောက်တဖန်မ ဆင်း ရ။ စင်စစ် သေ ရ မည်ဟု မိန့် တော်မူကြောင်းကို ဆင့်ဆို၏ ၁၇ ဧလိယ ဆင့်ဆို သောထာဝရဘုရား ၏ စကား တော်အတိုင်း ရှင်ဘုရင်သေ ၍ ၊ သား တော်မ ရှိ သောကြောင့် ညီတော်ယောရံ သည် ယုဒ ရှင်ဘုရင် ယောရှဖတ် သား ယဟောရံ နန်းစံနှစ် နှစ် တွင် နန်း ထိုင်လေ၏ ၁၈ အာဇခိ ပြု မူသော အမှု အရာကြွင်း လေသမျှတို့သည်၊ ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏

J ထာဝရဘုရား သည် ဧလိယ ကို လေဘွေ အားဖြင့် ကောင်းကင် သို့ ချီ တော်မူချိန်နီးသောအခါ။ ဧလိယ သည် ဧလိရှဲ နှင့်အတူ ဂိလဂါလ မြို့သို့ သွား ၏ ၂ ဧလိယ ကလည်း ၊ ဤ အရပ်၌ နေရစ် ပါလော့။ ထာဝရဘုရား သည် ငါ့ ကို ဗေသလ မြို့သို့ စေလွှတ် တော်မူသည် ဟု ဧလိရှဲ အား ဆို လျှင်၊ ဧလိရှဲ က ထာဝရဘုရား အသက် ၊ ကိုယ်တော် အသက်ရှင် တော်မူသည်အတိုင်း ၊ ကိုယ်တော် နှင့် အကျွန်ုပ်မ ကွာ ရပါဟု ပြန်ပြော လျက် ၊ ထိုသူနှစ်ယောက်တို့ သည် ဗေသလ မြို့သို့သွား ကြ၏ ၃ ထိုမြို့၌ရှိသောပရောဖက် အမျိုးသား တို့သည် ဧလိရှဲ ကို ခရီးဦးကြိုပြုအံ့သောငှါထွက် လာ၍ ၊ ထာဝရဘုရား သည် ကိုယ်တော် သခင် ကို ကိုယ်တော် ခေါင်း မှ ယနေ့ နှုတ် သွားတော်မူမည်ကို သိ တော်မူသလော ဟု မေး လျှင် ၊ ဟုတ်ကဲ့ငါ သိ ၏။ တိတ်ဆိတ် စွာ နေကြပါဟုပြော ဆို၏ ၄ ဧလိယ ကလည်း ၊ အိုဧလိရှဲ ၊ ဤ အရပ်၌ နေရစ် ပါလော့။ ထာဝရဘုရား သည် ငါ့ ကိုယေရိခေါ မြို့သို့ စေလွှတ် တော်မူသည်ဟုဆိုလျှင်၊ ဧလိရှဲက၊ ထာဝရဘုရား အသက် ၊ ကိုယ်တော် အသက် ရှင်တော်မူသည်အတိုင်း ၊ ကိုယ်တော် နှင့် အကျွန်ုပ်မ ကွာ ရပါဟု ပြန်ပြော လျက် ၊ ထိုသူနှစ်ယောက်တို့သည် ယေရိခေါ မြို့သို့ သွား ကြ ၏ ၅ ထိုမြို့၌ရှိသောပရောဖက် အမျိုးသား တို့သည် ဧလိရှဲ ထံသို့ လာ ၍ ထာဝရဘုရား သည် ကိုယ်တော် သခင် ကို ကိုယ်တော် ခေါင်း မှ ၊ ယနေ့ နှုတ် သွားတော်မူမည်ကို သိ တော်မူသလော ဟုမေး လျှင် ၊ ဟုတ်ကဲ့ငါ သိ ၏။ တိတ်ဆိတ် စွာ နေကြပါဟု ပြော ဆို၏ ၆ ဧလိယ ကလည်း ဤ အရပ်၌ နေရစ် ပါလော့။ ထာဝရဘုရား သည် ငါ့ ကိုယော်ဒန် မြစ်သို့ စေလွှတ် တော်မူ သည်ဟုဆို လျှင် ၊ ဧလိရှဲက၊ ထာဝရဘုရား အသက် ၊ ကိုယ်တော် အသက်ရှင် တော်မူသည်အတိုင်း ၊ ကိုယ်တော် နှင့်အကျွန်ုပ်မ ကွာ ရပါဟု ပြန်ပြောလျက်၊ ထိုသူ နှစ် ယောက်တို့သည် အတူသွား ကြ၏ ၇ ပရောဖက် အမျိုးသား ငါးကျိပ် တို့သည် အဝေး က ကြည့်ရှု ခြင်းငှါ သွား ၍ ရပ် နေကြ၏။ ထို သူနှစ် ယောက်တို့ သည် ယော်ဒန် မြစ်နား မှာ ရပ် နေကြ၏ ၈ ဧလိယ သည် မိမိ ဝတ်လုံ ကိုယူ ၍ လိပ် ပြီးမှ ၊ ရေ ကိုရိုက် သဖြင့် ရေသည် တဘက် တချက်ကွဲ ၍ ၊ ထို သူ နှစ် ယောက်တို့သည် မြေ ပေါ် မှာ ရှောက်သွား ကြ၏ ၉ မြစ် တဘက် သို့ ရောက်သောအခါ ၊ ဧလိယ က၊ သင် နှင့် ငါမ ကွာ မှီ ငါ ၌်တစုံတခုသောဆုကို

တောင်း လော့ဟု ဧလိရှဲ အား ဆို လျှင်၊ ဧလိရှဲ က၊ ကိုယ်တော် ဝိညာဉ် နှစ်ဆ သောအဘို့ ကို အကျွန်ုပ် အပေါ် မှာ ရှိ ပါစေသောဟု တောင်း သော်၊ “ ၁၀ ဧလိယကသင်သည်ရ ခဲသောဆုကို တောင်း ၏။ သင် နှင့် ငါ ကွာ သည်ကို မြင် လျှင် ရ မည်။ သို့မဟုတ် မ ရ ဟု ပြော ဆို၏ ၁၁ ထိုသို့နှုတ်ဆက်လျက်သွားကြစဉ်တွင်၊ မီး ရထား နှင့် မီး မြင်း တို့သည် ပေါ် လာ၍ ထို သူနှစ် ယောက်တို့ကို ခွဲခွါ သဖြင့် ၊ ဧလိယ သည် လေတွေ အားဖြင့် ကောင်းကင် သို့ တက် လေ၏ ၁၂ ဧလိရှဲ သည် ကြည့် မြင်လျှင် ငါ့ အဘ ၊ ငါ့ အဘ ၊ ဣသရေလ ရထား ၊ ဣသရေလ မြင်း ပါတကားဟု ဟစ် သော်လည်း ၊ နောက် တဖန် ဧလိယ ကိုမ မြင် ရ။ မိမိ အဝတ် ကို ကိုင် ၍ နှစ် ပိုင်း ဆုတ် လေ၏ ၁၃ အောက်သို့ကျ သော ဧလိယ ဝတ်လုံ ကို ကောက် ၍ ပြန် လေ၏။ ယော်ဒန် မြစ်နား မှာ ရပ် ၍၊ “ ၁၄ ရေ ကို ဝတ်လုံ နှင့် ရိုက် လျက် ၊ ဧလိယ ကိုးကွယ်သော ဘုရား သခင်ထာဝရဘုရား သည် အဘယ် မှာရှိတော်မူသနည်းဟူ၍တဖန် ရိုက် သောအခါ ၊ ရေ သည် တဘက် တချက်ကွဲ သဖြင့် ဧလိရှဲ သည် ကူး သွား၏ ၁၅ ယေရိခေါ မြို့မှာ ကြည့်ရှု သော ပရောဖက် အမျိုးသား တို့သည် ဧလိရှဲကို မြင်လျှင်၊ ဧလိယ ၏ ဝိညာဉ် သည် ဧလိရှဲ အပေါ် မှာ ကျိန်းဝပ် သည်ဟုဆို လျက် ခရီးဦး ကြိုပြုအံ့သောငှါ သွား ၍ သူ့ ရှေ့၌ မြေ ပေါ် မှာ ပြပ်ဝပ် ကြ၏ ၁၆ သူတို့ကလည်း၊ ကိုယ်တော် ကျွန် တို့ ၌ ခွန်အား ကြီးသောသူ ငါးကျိပ် ရှိ ပါ၏။ သူတို့သည်သွား ၍ ကိုယ်တော် ၏ သခင် ကိုရှာ မည်အကြောင်း၊ အခွင့်ပေး တော်မူပါ။ ထာဝရဘုရား ၏ ဝိညာဉ် တော်သည်သူ့ ကို ချီ ယူ၍ တစုံတခု သောတောင် ပေါ် ၌ ဖြစ်စေ၊ ချိုင့် ထဲသို့ ဖြစ်စေချကောင်းချ တော်မူလိမ့်မည်ဟု အခွင့်တောင်း လျှင် ၊ မ စေလွှတ် ကြနှင့်ဟု ဧလိရှဲသည် မြစ်တားသော်လည်း၊” ၁၇ သူတို့သည် ဧလိရှဲ စိတ် အားလျော့သည် တိုင်အောင် အလွန် တောင်းပန်သောအခါ၊ စေလွှတ် ကြဟု ဆို ၏။ သူတို့သည် လူ ငါးကျိပ် ကို စေလွှတ် သဖြင့် ၊ သုံး ရက် ပတ်လုံးရှာ ၍ မ တွေ့ နိုင်ကြ ၁၈ ဧလိရှဲ သည် ယေရိခေါ မြို့မှာ နေ သေးသည် ဖြစ်၍၊ လူတို့သည် ပြန် လာသောအခါ ၊ မ သွား ကြနှင့်ဟု ငါမြစ်တား သည် မ ဟုတ်လော ဟု ဆို ၏ ၁၉ ထိုမြို့ သား တို့က၊ ကိုယ်တော် မြင် တော်မူသည်အတိုင်း ၊ ဤမြို့ တည် ရာအရပ် သည်သာယာ ပါ၏။ သို့ရာတွင် ရေ မ ကောင်း၊ မြေ လည်း ကိုယ်ဝန် ပျက်စေတတ် ပါသည်ဟု ဧလိရှဲ အား လျှောက် ကြလျှင်၊ “ ၂၀ ဧလိရှဲက၊ ဘူး သစ် တလုံးကို ဆား ထည့် ၍ ယူ ခဲ့ ကြလော့ဟုဆို သည်အတိုင်း ယူ ခဲ့ကြ၏ ၂၁ ဧလိရှဲသည် စမ်း ရေတွင်းသို့ သွား ၍ ဆား ကိုခတ် လျက် ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ဤ ရေ ကို ငါ ချိုစေ၏။ နောက် တဖန် သေ စေမည်အကြောင်း၊ ကိုယ်ဝန် ပျက်စေမည်အကြောင်းကို မ ပြု ရဟု၊” ၂၂ ဧလိရှဲ ဆင့်ဆို သော အမိန့် တော်အတိုင်း ထို ရေ သည် ယနေ့ တိုင်အောင် ချို လေ၏ ၂၃ ထို မြို့မှ ဗေသလ မြို့သို့ ပြန် ၍ ခရီးသွား စဉ် တွင်၊ လုလင်ပျို တို့သည် မြို့ ထဲ ကထွက် ၍ ၊ ဟေဉီးပြည်း ၊ တက် ဉီးလော့။ ဟေဉီးပြည်း ၊ တက် ဉီးလော့ဟု ကဲ့ရဲ့ ကြ၏ ၂၄ ဧလိရှဲ သည် လှည့် ကြည့်ပြီးလျှင် ၊ ထာဝရဘုရား ၏ အခွင့် နှင့် ကျိန်ဆို သဖြင့် ၊ ဝံ မနှစ် ကောင်တို့သည် တော ထဲ ကထွက် ၍ လုလင်ပျို လေးကျိပ် နှစ် ယောက်တို့ကို ကိုက် သတ်လေ၏ ၂၅ ထို မြို့မှ ကရမေလ တောင် သို့ ၎င်း၊ ထို တောင်မှ ရှမာရိ မြို့သို့ဝင်း အစဉ်အတိုင်းသွား ၏

၃ ယုဒ ရှင်ဘုရင် ယောရှဖတ် နန်းစံဆယ် ရှစ် နှစ် တွင် ၊ အာဟပ် သား ယောရံ သည်ရှမာရိ မြို့၌ မင်းပြု ၍ ဣသရေလ နိုင်ငံကို စိုးစံ ၏ ၂ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု ၏။ သို့ရာတွင် မိဘ ကဲ့သို့ မ ပြု။ ခမည်း တော်လုပ် သော ဗာလ ရုပ်တု ကို ပယ်ရှား ၏ ၃ သို့သော်လည်း ဣသရေလ အမျိုးကို ပြစ်မှား စေ သော နေဗတ် ၏သား ယေရောဗောင် ပြုသောဒုစရိုက် အပြစ် ကို မ ရှောင် ၊ မှီဝဲ ၏ ၄ မောဘ မင်းကြီး မေရှာ သည်သိုးထိန်း ကြီး ဖြစ် ၍ ၊ ဣသရေလ ရှင်ဘုရင် အား သိုးသငယ် တသိန်း နှင့် အမွေး ပါသောသိုးထီး တသိန်း ကို ဆက် ရ၏ ၅ အာဟပ် သေ သောအခါ ၊ မောဘ မင်းကြီး သည် ဣသရေလရှင်ဘုရင်ကို ပုန်ကန်လေ၏ ၆ ထိုအခါ ယောရံ မင်းကြီး သည် ရှမာရိ မြို့ထဲ က ထွက် ၍ ဣသရေလ အမျိုးသားအပေါင်း တို့ကို စာရင်း ယူ၏ ၇ ယုဒ ရှင်ဘုရင် ယောရှဖတ် ထံ သို့လူကိုစေလွှတ် ၍ ၊ မောဘ မင်းကြီး သည် ငါ့ ကို ပုန်ကန် ပြီ။ မောဘ ပြည်ကို စစ်တိုက် ခြင်းငှါ ငါ နှင့်အတူ လိုက် မည်လော ဟု မေး လျှင် ၊ ယောရှဖတ်က ငါလိုက် မည်။ ငါ သည် မင်းကြီး ကဲ့သို့ ဖြစ်၏။ ငါ့ လူ တို့သည် မင်းကြီး ၏ လူ ကဲ့သို့ ၎င်း၊ ငါ့ မြင်း တို့သည် မင်းကြီး ၏ မြင်း ကဲ့သို့ ၎င်း ဖြစ်ကြသည်ဟု ပြန်ပြော ၏ ၈ အဘယ် လမ်း ဖြင့် စစ်ချီရမည်နည်းဟုမေး သော် ၊ ဧဒုံ တော လမ်း ဖြင့် ချီ ရမည်ဟုပြန်ပြော ၏ ၉ ထိုသို့ ဣသရေလ ရှင်ဘုရင် ၊ ယုဒ ရှင်ဘုရင် ၊ ဧဒုံ ရှင် ဘုရင်တို့သည် ဝိုင်း ၍ ခုနှစ် ရက် ခရီး သွား ကြ၏။ ဗိုလ်ခြေ များ သောက်စရာ၊ ပါသောတိရစ္ဆာန် များသောက် စရာ ရေ မ ရှိ။ ၁၀ ဣသရေလ ရှင်ဘုရင် က၊ ခက် လှပြီ။ ထာဝရဘုရား သည် ဤ ရှင်ဘုရင် သုံး ပါးတို့ကို မောဘ လူတို့ လက် သို့ အပ် ခြင်းငှါ စုဝေး စေတော်မူသည်တကားဟု ဆို ၏ ၁၁ ယောရှဖတ် ကလည်း၊ ထာဝရဘုရား ၌ မေး လျှောက် မည်အကြောင်း ၊ ထာဝရဘုရား ၏ ပရောဖက် တယောက်မျှမ ရှိသလောဟုမေး လျှင် ၊ ဣသရေလ ရှင်ဘုရင် ၏ ကျွန် တယောက် က၊ ဧလိယ လက် ထောက် ရှာဖတ် သား ဧလိရှဲ ရှိပါ၏ဟု လျှောက် သော်၊ “ ၁၂ ယောရှဖတ် က၊ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် သူ ၌ရှိ တော်မူသည်ဟုဆို လျက် ၊ ရှင် ဘုရင်သုံးပါးတို့သည် ဧလိရှဲ ထံသို့ သွား ကြ၏ ၁၃ ဧလိရှဲ သည် ဣသရေလ ရှင်ဘုရင် အား လည်း ၊ ငါ သည်သင် နှင့် အဘယ် သို့ဆိုင်သနည်း။ သင့် အဘ ၏ ပရောဖက် ၊ သင့်အမိ ၏ ပရောဖက် တို့ထံသို့ သွား လော့ဟု ဆို လျှင် ၊ ဣသရေလ ရှင်ဘုရင် က၊ မ ဆိုပါနှင့်။ ထာဝရဘုရား သည် ဤ ရှင်ဘုရင် သုံး ပါးတို့ကို မောဘ လူတို့ လက် သို့ အပ် ခြင်းငှါ စုဝေး စေတော်မူသည်တကားဟု ဆို သော်၊ “ ၁၄ ဧလိရှဲ က၊ ငါကိုးကွယ် သော ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား အသက်ရှင် တော်မူသည် အတိုင်း၊ အကယ်၍ယုဒ ရှင်ဘုရင် ယောရှဖတ် ၏ မျက်နှာ ကို ငါ မ ထောက် လျှင်၊ သင့် ကို ငါမ ကြည့် မ မြင် လို ၁၅ စောင်းသမားကို ခေါ်ခဲ့ဟုဆို၍ စောင်းသမား သည် တီး သောအခါ ၊ ထာဝရဘုရား ၏ လက် တော်သည် ဧလိရှဲ အပေါ် သို့ ရောက် ၍၊ “ ၁၆ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ ချိုင့် ပတ်လည် ၌ ဆယ် ပေါင်းတို့ကို လုပ် ကြလော့ ၁၇ အကြောင်း မူကား၊ သင် တို့နှင့် တိရစ္ဆာန် တို့သည် သောက် စရာဘို့ လေ မ လာ ၊ မိုဃ်း မ ရွာ ဘဲ ဤ ချိုင့် သည် ရေ နှင့် ပြည့် လိမ့်မည် ၁၈ ထို အမှုသည် ထာဝရဘုရား ရှေ့ တော်၌ သာမည အမှုဖြစ်သေး၏။ မောဘ လူတို့ကိုလည်း သင် တို့လက် သို့ အပ် တော်မူမည် ၁၉ သင်တို့သည် ခိုင်ခံ့

ထူးဆန်းသော မြို့ ရှိသမျှ တို့ကို လုပ်ကြံ ကြလိမ့်မည်။ အသုံး ဝင်သော သစ်ပင် ရှိသမျှ တို့ကို ခုတ် လှဲကြလိမ့်မည်။ ရေ တွင်း ရှိသမျှ တို့ကို မြေ ဖို့ကြလိမ့်မည်။ ကောင်း သော မြေကွက် ရှိသမျှ တို့ကို ကျောက်ခဲ နှင့် ဖျက် ကြ လိမ့်မည်ဟု မိန့် တော်မူ၏ ၂၀ နံနက် အချိန် ဘောဇဉ် ပူဇော်သက္ကာကို ပူဇော် သောအခါ ၊ ရေ သည် ဧဒုံ လမ်း ဖြင့် လာ ၍ တပြည်လုံး ကို လွှမ်း လေ၏ ၂၁ ရှင် ဘုရင်တို့သည် စစ်ချီ၍ လာ ကြောင်း ကို မောဘ ပြည်သားအပေါင်း တို့သည် ကြား သောအခါ၊ လက်နက်ဆောင်သောသူ အကြီးအငယ်ရှိသမျှ တို့ကို စုဝေး စေ၍ ၊ ပြည် စွန်းနား မှာ တပ်ချ ကြ၏ ၂၂ နံနက် စောစောထ သောအခါ ၊ ရေ ပေါ် မှာ နေ ရောင်ထင် ၍ ၊ ပြည် တဘက် ၌ ရေ သည်အသွေး ကဲ့သို့ နီ သည်ကို မောဘ ပြည်သားတို့သည် မြင် ကြလျှင်၊” ၂၃ အသွေး ဖြစ်၏။ စင်စစ်ရှင် ဘုရင်တို့သည် တယောက် ကိုတယောက်လုပ်ကြံ ၍ သေ ကြပြီ။ သို့ ဖြစ်၍ မောဘ ပြည်သားတို့၊ လု ယူကြလော့ဟု ဆို ကြ၏ ၂၄ ကျသရေလ တပ် သို့ ရောက် သောအခါ ၊ ကျသရေလ လူတို့သည် ထ ၍ မောဘ ပြည်သားတို့ကို လိုက် သဖြင့် သူတို့သည် ပြေး ကြ၏။ ကျသရေလ လူတို့သည် မောဘ ပြည်ထဲသို့ တိုင်အောင်လိုက် ၍ လုပ်ကြံ ကြ၏ ၂၅ မြို့ တို့ကိုဖြိုဖျက် ကြ၏။ ကောင်း သော မြေကွက် ရှိသမျှ တို့အပေါ် မှာ လူ အပေါင်းတို့သည် ကျောက်ခဲ ပစ်ချ ၍ ဖုံးလွှမ်း ကြ၏။ ရေ တွင်း ရှိသမျှ တို့ကိုလည်း မြေ ဖို့ ၍ ၊ အသုံး ဝင်သော သစ်ပင် ရှိသမျှ တို့ကို ခုတ် လှဲကြ၏။ ကိရဟရက် မြို့၌ သာ မြို့ရိုး ကို ချန် ထားရာတွင်၊ လောက်လွှဲ သမားတို့သည် ဝိုင်း ၍ ပစ် ကြ၏ ၂၆ မောဘ မင်းကြီး သည် အတိုက်မခံနိုင်သည်ကို သိ သောအခါ ၊ ထား ကိုင် သောသူ ခုနစ် ရာ ကို ခေါ် ၍ ဧဒုံ ရှင်ဘုရင် ၏ တပ် ကို ဖျက် မည်ဟု အားထုတ် သော်လည်း မ ဖျက်နိုင်။ ၂၇ နောက်မှ မိမိ ကိုယ်စား နန်း ထိုင်ထိုက်သော သားဦး ကို ယူ ၍ မြို့ရိုး ပေါ် မှာ မီးရှို့ ရာယဇ်ပြု လေ၏။ ကျသရေလ အမျိုးသားတို့သည် သူတပါးအမျက် ထွက်ခြင်း ကို ခံရ သောကြောင့် ၊ ထိုပြည်ကို ထား ၍ ကိုယ် ပြည် သို့ ပြန်သွား ကြ၏

၄ ပရောဖက် အမျိုးသား ၏ မယား တယောက် သည်ဧလိရှဲ ထံသို့ လာ၍၊ ကိုယ်တော် ကျွန် ၊ ကျွန်မ ၏ ခင်ပွန်း သေ ပါပြီ။ ကိုယ်တော် ကျွန် သည် ထာဝရဘုရား ကို ရိုသေ သောသူဖြစ် သည်ကို ကိုယ်တော် သိ တော်မူ၏။ ယခုမှာ ကြွေးရှင် သည်ကျွန်မ ၏သား နှစ် ယောက်ကို ကျွန်ခံ စေခြင်းငှါ လာ ပါပြီဟု ကြွေးကြော် လေ၏ ၂ ဧလိရှဲ ကလည်း ၊ သင့် အဘို့ အဘယ်သို့ ငါပြု ရ မည်နည်း။ သင့် အိမ် ၌ အဘယ် ဥစ္စာရှိ သနည်းဟုမေး လျှင်၊” ကိုယ်တော်” ကျွန် မအိမ် ၌ ဆီ အိုး တလုံးမှတပါး အဘယ်ဥစ္စာမျှ မ ရှိပါဟု ပြောဆို သော်၊ ၃ ဧလိရှဲက သွား လော့။ အိမ်နီးချင်း ရှိသမျှ တို့တွင် လပ် သောအိုး တို့ကို ငှါး ယူလော့။ များစွာသော အိုး တို့ကို ငှားယူလော့ ၄ ကိုယ်အိမ်သို့ ရောက် သောအခါ ၊ သား တို့ကို ခေါ် ၍ တံခါး ကို ပိတ် ပြီးမှ ငှါးယူသော အိုး များအထဲ သို့ ဆီကို အပြည့် လောင်း ၍ ထားလော့ ဟုစီရင်သည်အတိုင်း၊” ၅ ထိုမိန်းမသည် သွား ၍ သား တို့သည် အိုးများကို ယူခဲ့ ပြီးမှ ၊ မိန်းမသည် သားတို့နှင့်အတူအိမ်ထဲသို့ဝင်၍ တံခါး ကိုပိတ် လျက် ဆီကို လောင်း လေ၏ ၆ အိုး များ၌ ဆီပြည့် သောအခါ ၊ အိုး တလုံးကို ယူ ခဲ့ဦးဟုသား အား ဆို လျှင် ၊ အိုး လပ်မ ရှိပါဟု ပြန်ပြော သော် ၊ ဆီ သည် တန့် လျက် နေ၏ ၇ ထိုမိန်းမသည်လာ ၍ ဘုရား သခင်၏ လူ ကို ကြားပြော လျှင် ၊ သူက ထိုဆီ ကိုသွား ၍ ရောင်း ပြီးလျှင် ကြွေး ကို ဆပ် လော့။ ကြွင်း သောဆီကို အမှီပြု၍ သင် နှင့်

သား တို့သည် အသက် မွေးကြလော့ဟု ဆို ၏ ၈ တနေ့သ၌ဧလိရှဲ သည်ရှုနှင် မြို့သို့ သွား ရာ တွင်၊ ထို မြို့၌ ထင်ရှား သောမိန်းမ တယောက်သည် ဧလိရှဲ ကို ကျွေး ခြင်းငှါ ခေါ် ပင့်လေ၏။ နောက်မှထိုလမ်း သို့ သွား သောအခါခါ ၊ ကျွေး ခြင်းကိုခံ အံ့သောငှါ ထို အိမ်သို့ ဝင် တတ်၏ ၉ မိန်းမကလည်း၊ ငါ တို့နေရာလမ်းဖြင့် အစဉ် သွား လာသောဤသူ သည် ဘုရား သခင်၏ သန့်ရှင်း သူ ဖြစ်သည်ကို ကျွန်ုပ်ရိပ်မိ ၏ ၁၀ ဝင်ရိုး အပေါ်မှာ အခန်းငယ် တခုကို လုပ် ကြကုန် အံ့။ သူ့ အဘို့ ခုတင် ၊ စားပွဲ ၊ ထိုင်ခုံ ၊ မီးခုံ တို့ကို ထား ကြကုန် အံ့။ သို့ ဖြစ်၍ ၊ သူ သည်ငါ တို့ ဆီ သို့ရောက် သောအခါ ၊ ထို အခန်းထဲ သို့ ဝင် လိမ့်မည်ဟု မိမိ ခင်ပွန်း အား ဆို ၏ ၁၁ တနေ့သ၌ ဧလိရှဲသည် ရောက် သဖြင့် ၊ ထိုအခန်း ထဲသို့ ဝင် ၍ အိပ် နေ၏ ၁၂ ထို ရှုနှင် မြို့သူမိန်းမကို ခေါ် လော့ဟု မိမိ ကျွန် ဂေဟာဇိ အား ဆို သည်အတိုင်း ခေါ် ၍ ၊ မိန်းမ သည် ဧလိရှဲ ရှေ့မှာ ရပ် နေ၏ ၁၃ ဧလိရှဲက၊ သင်သည်ငါ တို့အဘို့ ဤ မျှလောက်လုပ်ကြွေးပြုစုသည်အတွက်၊ သင့် အဘို့ အဘယ် သို့ပြု ရ မည်နည်း။ သင့် အဘို့ ရှင်ဘုရင် ထံ ၊ ဗိုလ်ချုပ် မင်းထံ ၌ ငါပြော ရမည်လော ဟု ဂေဟာဇိမေးမည်အကြောင်းစီရင် သော်၊" မိန်းမက၊ ကျွန်မ" သည် ကိုယ် အဆွေအမျိုး တို့တွင် နေ ပါဦးမည်ဟု ပြန်ပြော ၏ ၁၄ ဧလိရှဲကလည်း၊ ဤ မိန်းမအဘို့ အဘယ်သို့ ပြု စရာ ရှိသနည်းဟုမေး ပြန်လျှင် ၊ ဂေဟာဇိ က၊ ဤ မိန်းမ၌ သားသမီး မ ရှိပါ။ သူ့ ခင်ပွန်း လည်း အို လှပြီဟု ဆို သော်၊ ၁၅ တဖန် ခေါ် ဦးလော့ဟုဆို သည်အတိုင်း ခေါ် ၍ ၊ မိန်းမ သည် တံခါးဝ မှာ ရပ် နေ၏ ၁၆ ဧလိရှဲကလည်း၊ သင် သည် နောင် နှစ်အချိန် အရွယ် စေ့သောအခါ သား ကို ဘက်ယမ်း ရလိမ့်မည်ဟု ဆို လျှင်၊ မိန်းမက အိုအရှင်၊ ဘုရား" သခင်၏လူ ၊ ကိုယ်တော် ကျွန် မကို မုသာ မ သုံးပါနှင့်ဟု ပြန်ပြော ၏ ၁၇ ထိုနောက် မိန်းမ သည် ပဋိသန္ဓေ ယူ၍ ဧလိရှဲ ချိန်းချက် သော အချိန်အရွယ် စေ့သောအခါ သား ကို ဘွားမြင် လေ၏ ၁၈ ထိုသား သည် နို့ ကွာပြီးမှ ၊ တနေ့သ၌ စပါး ရိတ် သောသူတို့ရှိ ရာ မိမိ အဘ ထံသို့ သွား ၍၊ " ၁၉ ငါ သည်ခေါင်း နာ၏။ ခေါင်း နာ၏ဟု အဘ အား ပြောဆို လျှင် ၊ အဘက၊ သူငယ် ကို အမိ ထံသို့ ယူ သွားဟု လုလင် အား ပြော ၏ ၂၀ လုလင်သည်အမိ ထံသို့ ယူ သွား၍ ၊ သူငယ်သည် အမိ ရင်ခွင် ၌ ထိုင် ၍ မွန်းတည့် အချိန်ရှိပြီးမှသေ ၏ ၂၁ အမိသည် မြို့ရိုးပေါ် သို့တက် ၍ အလောင်း ကို ဘုရားသခင့် လူ ၏ခုတင် ပေါ် မှာထား ပြီး လျှင်၊ တံခါးကို ပိတ် ခဲ့၍ သွား လေ၏ ၂၂ ခင်ပွန်း ကို လည်း ခေါ် ၍ ၊ ကျွန်ုပ် သည် ဘုရားသခင် ၏လူ ထံသို့ ပြေး ၍ တဖန်ပြန် လာဦးမည်။ လုလင် တယောက် နှင့် မြည်း တစီး ကိုထည့် လိုက်ပါဟုဆို လျှင်၊" ၂၃ ခင်ပွန်းက၊ အဘယ် ကြောင့်ယနေ့ သွား ချင် သနည်း။ လဆန်း နေ့မ ဟုတ်၊ ဥပုသ် နေ့လည်း မ ဟုတ်ဟု ဆို သော် ၊ မိန်းမက၊ ကောင်းပါလိမ့်မည်ဟု ပြန်ပြော၏ ၂၄ မြည်း ကို ကုန်းနှီး တင်ပြီးမှ ကျွန် ကို ခေါ် ၍ နှင် သွားလော့။ ငါမပြောလျှင် ငါ့ ကြောင့် အသွား မ နှေးစေနှင့် ဟု ကျွန် အား မှာ ထားသဖြင့်၊"" ၂၅ ခရီးသွား ၍ ဘုရား သခင်၏ လူ ရှိ ရာ၊ ကရမေလ တောင် ပေါ် သို့ ရောက် သည်ကို ဘုရား သခင်၏ လူ သည် အဝေးကမြင်သောအခါ၊" မိမိ" ကျွန် ဂေဟာဇိ ကို ခေါ် ၍ ၊ ရှုနှင် မြို့သူမိန်းမလာ၏ ၂၆ သင်ပြေး ၍ ခရီးဦး ကြိုပြုပြီးလျှင် ၊ ကိုယ်တိုင် မာ ၏လော။ ခင်ပွန်း" မာ ၏လော။ သူငယ်" မာ ၏လော ဟု စေလွှတ်၍ မေးစေသော်၊ မိန်းမကမာ ပါ၏ ဟုဆို ၏ ၂၇ ဘုရား သခင်၏ လူ ရှိရာတောင် ပေါ် သို့ ရောက် သောအခါ ၊ သူ ၏ ခြေ တို့ကို ဘက်

လေ၏။ ဂေဟာဇီ သည် ဆီးတား ခြင်းငှါ ချဉ်း လာလျှင် ၊ ဘုရား သခင်၏ လူ ကသူ့ ကို မ ဆီးတားနှင့်။ သူ သည် စိတ် ညှိုးငယ် ခြင်းရှိ၏။ ထို အကြောင်းကို ထာဝရဘုရား သည် ငါ့ အား မ ပြ ၊ ဝှက်ထား တော်မူပြီဟုဆို ၏ ၂၈ မိန်းမကလည်း၊ ကျွန်မသည် ကျွန်မ သခင် ထံမှာ သား ဆုကို တောင်း ပါသလော။ ကျွန်မ" ကိုမူသာ မ သုံးပါ နှင့်ဟု လျှောက် ဆိုသည်မ ဟုတ်လော ဟု ဆို ၏ ၂၉ ဧလိရှဲသည် ဂေဟာဇီ ကို ခေါ် ၍ သင် ၏ခါး ကို စည်း လော့။ ငါ့ တောင်ဝေး ကို ကိုင် ၍ သွား လော့။ လမ်းမှာ သူတပါးတွေ့လျှင် နှုတ်မဆက်နှင့်။ သင့်ကို သူတပါး နှုတ်ဆက်လျှင် ပြန်၍ မပြောနှင့်။ ငါ့ တောင်ဝေး ကို သူငယ် ၏မျက်နှာ ပေါ် မှာ တင် လော့ဟု မှာထားလေ၏ ၃၀ အမိ ကလည်း၊ ထာဝရဘုရား အသက် ၊ ကိုယ်တော် အသက်ရှင် တော်မူသည်အတိုင်း ၊ ကျွန်မသည် ကိုယ်တော် နှင့်ကွာ ၍ မ သွားနိုင်ပါဟု ဆို လျှင် ၊ ဧလိရှဲသည် ထ ၍ လိုက် လေ၏ ၃၁ ဂေဟာဇီ သည်အရင် သွား ၍ ၊ တောင်ဝေး ကို သူငယ် ၏မျက်နှာ ပေါ် မှာတင် သော်လည်း ၊ သူငယ်သည် အသံ မ ပြုအမှုမ ထား။ ထိုကြောင့် ဂေဟာဇီသည်ဧလိရှဲ ကို ခရီးဦး ကြိုပြု၍ ၊ သူငယ် သည် မ နိုး ပါဟု ပြန်ပြော ၏ ၃၂ ဧလိရှဲ သည် အိမ် သို့ ရောက် သောအခါ ၊ သူငယ် သေ လျက်၊ မိမိ ခုတင် ပေါ် မှာ တင် ထားလျက်ရှိသည်ကို တွေ့ သဖြင့်၊ " ၃၃ အထဲသို့ဝင် ၍ နှစ် ယောက်တည်းရှိစေခြင်းငှါ တံခါး ကိုပိတ် လျက် ထာဝရဘုရား ကို ဆုတောင်း လေ၏ ၃၄ သူငယ် ၏အနီးအပါးသို့ ချဉ်း ၍ ၊ သူ့အပေါ် မှာအိပ် လျက် နှုတ် ချင်း၊ မျက်စိ ချင်း၊ လက် ချင်းထပ်လျက် ၊ သူငယ် အပေါ် မှာ ကိုယ်ကိုလှန် သဖြင့် သူငယ် အသား သည် နွေး စရှိ၏ ၃၅ တဖန် ဆင်း ၍ အခန်း ထဲ မှာစကြိ် သွားပြီးလျှင် ၊ ချဉ်း ပြန်၍ သူငယ် အပေါ် မှာ ကိုယ်ကိုလှန် သဖြင့် ၊ သူငယ် သည် ခုနစ် ကြိမ် ချေ ဆတ်၍ မျက်စိ ကိုဖွင့် ၏ ၃၆ ဧလိရှဲသည် ဂေဟာဇီ ကို ခေါ် ၍ ၊ ရှုနင် မြို့သူမိန်းမကို ခေါ် လိုက်ဟုဆို သည်အတိုင်း ခေါ် ၍ သူသည် ရောက် လာသောအခါ ၊ ဧလိရှဲ က သင် ၏သား ကို ချီ ယူ လော့ဟု ဆို ၏ ၃၇ မိန်းမသည်အထဲသို့ဝင် ၍ ၊ မြေ ပေါ် မှာ ပြပ်ဝပ် ဦးချပြီးလျှင် သား ကိုချီ ယူ၍ ထွက် သွား၏ ၃၈ တဖန် ဧလိရှဲ သည် ဂိလဂါလ မြို့သို့ သွား ၍ ၊ ထိုပြည် ၌ အစာ ခေါင်းပါး၏။ ပရောဖက် အမျိုးသား တို့ သည် ဧလိရှဲ ရှေ့မှာထိုင် ကြစဉ်၊ ပရောဖက် အမျိုးသား တို့ အဘို့ ကြီး သော အိုး ကင်းကိုပြင် ၍ ဟင်း ချက်လော့ဟု မိမိ ကျွန် အား ဆို ၏ ၃၉ တစုံ တယောက်သောသူသည် ဟင်းသီး ဟင်းရွက်ကို ဆွတ် ခြင်းငှါ လယ်ပြင် သို့ သွား ၍ တော နွယ် ပင်ကို တွေ့ လျှင် ၊ တော ဘူးသီး ပိုက် နိုင်သမျှကို ဆွတ်ယူပြီးမှ၊" ၄၀ ထိုဘူးမျိုးကို မ သိ ဘဲဟင်း အိုး ထဲသို့ ခတ်လေ၏။ ဟင်း အိုးစား အံ့ဟု လောင်း ပြီးမှ ဝိုင်း၍စား ကြစဉ်တွင်၊ အိုဘုရား သခင်၏လူ ၊ အိုး ထဲ၌ သေ ဘေးရှိ ပါသည်ဟု အော်ဟစ် ၍ မ စား နိုင် ဘဲ နေကြ၏ ၄၁ ဧလိရှဲကလည်း၊ မုန့်ညက် ကို ယူ ခဲ့ဟုဆို ၍ အိုး ထဲ မှာ ခတ် ပြီးလျှင် ၊ လူ များစား စရာဘို့လောင်း ဦးလော့ဟု ဆို ပြန်သော် ၊ အိုး ၌ ဘေး မ ရှိ။ ၄၂ တဖန် ဗာလရှလိရှ မြို့မှ လူ တယောက်သည် လာ ၍ ၊ အဦး သီးသော မုယော ဆန်ဖြင့် လုပ်သော မုန့် လုံး နှစ်ဆယ် နှင့် အိတ် ၌ ထည့်သော အသီးအနှံ များကို ဘုရား သခင် ၏ လူ ထံသို့ ဆောင် ခဲ့၏။ ဧလိရှဲကလည်း၊ ဤလူ များ ကို ကျွေး လော့ဟုဆို လျှင်၊ " ၄၃ ကျွန် ကအဘယ်သို့ နည်း။ ကျွန်တော်သည် လူ တရာ ကို ဤ မျှနှင့် ကျွေး နိုင်ပါမည်လောဟုမေး လျှင်၊ ဧလိရှဲက ဤ" လူ များကို ကျွေး လော့။ ထာဝရဘုရား မိန့်

တော်မူသည်ကား၊ ထိုသူတို့သည် ဝစ္စာ စား ကြသော်လည်း စားစရာကျန်ကြွင်း လိမ့်မည်ဟု မိန့် တော်မူကြောင်း ကို ပြောဆိုသော်၊" ၄၄ ကျွန်သည်လူ များရှေ့မှာထည့် ၍ ထာဝရဘုရား ၏ စကား တော်နှင့်အညီ ထိုသူတို့သည် ဝစ္စာစား ကြ၍ ၊ စားစရာကျန်ကြွင်း လျက်ရှိ၏

၅ ရှုရိ ရှင်ဘုရင် ၏ ဗိုလ်ချုပ် မင်းနေမန် သည် မိမိ သခင် ထံ မှာမျက်နှာ ရ သောသူ၊ ဘုန်းကြီး သောသူ ဖြစ် ၏။ အကြောင်း မူကား၊ ရှုရိ ပြည်သည် ထိုသူ အားဖြင့် အောင် ရ သောအခွင့်ကို ထာဝရဘုရား ပေး တော်မူပြီ။ ထိုသူ သည် ခွန်အား ကြီးသော စစ်သူရဲ ဖြစ် ၏။ သို့ရာတွင်နူနာ စွဲ၏ ၂ ရှုရိ လူတို့သည် အလိုအလျောက်တပ် ဖွဲ့၍ ချီ သွား စဉ်တွင်၊ ကလသရေလ ပြည် မှ ဘမ်း ခဲ့သော မိန်းမ ငယ် တယောက်သည် နေမန် ၏မယား ထံ ၌ ကျွန်ခံ ရ၏ ၃ ထိုကျွန်မကလည်း၊ ကျွန်မ သခင် သည် ရှမာရိ မြို့ ၌ ရှိသောပရောဖက် ထံ သို့ရောက်ပါစေသော။ ထိုပရောဖက်သည် သခင် ၌ စွဲသော နူနာ ကို ပျောက် စေလိမ့်မည်ဟု မိမိ သခင်မ အား ဆို ၏ ၄ နေမန်သည် မိမိ အရှင် ထံသို့ ဝင် ၍ ကလသရေလ အမျိုး မိန်းမ ငယ်စကား ကို ပြန် လျှောက်၏ ၅ ရှုရိ ရှင်ဘုရင် ကလည်း သွား လော့။ သွား လော့။ ကလသရေလ ရှင်ဘုရင် ထံသို့ စာ ပေး လိုက်မည်ဟု အမိန့် တော်အတိုင်း၊ နေမန်သည် ငွေ အခွက် တ ရာ၊ ရွှေ အခွက် ခြောက်ဆယ်၊ အဝတ် ဆယ် စုံ ကို ယူ သွား၍၊ " ၆ ကလသရေလ ရှင်ဘုရင် ထံသို့ မိမိအရှင်၏စာ ကို သွင်း လေ၏။ စာ၌ပါသောအချက်ဟူမူကား၊ ကိုယ်တော် သည် ငါ့ ကျွန် နေမန် ၏နူနာ ကို ပျောက် စေခြင်းငှါ သူ့ ကို ဤ စာ နှင့်အတူ ငါစေလွှတ် သည်ဟု ပါသတည်း ၇ ကလသရေလ ရှင် ဘုရင်သည် ထိုစာ ကိုကြည့် ပြီးမှ ၊ မိမိ အဝတ် ကို ဆုတ် ၍ ၊ ငါ သည်အသက် ပေးပိုင်၊ နှုတ် ပိုင် သော ဘုရား ဖြစ်သောကြောင့် ၊ ဤသူ သည် လူနူ ကို ချမ်းသာ ပေးစေခြင်းငှါ ငါ့ ထံသို့ စေလွှတ် သလော။ ကြည့်ကြလော။ ဤသူသည် ငါ့ ကို အဘယ် မျှလောက်ရန် ရှာချင်သည်ကို ကြည့် ကြလော့ဟု ဆို ၏ ၈ ကလသရေလ ရှင် ဘုရင်သည် မိမိ အဝတ် ကို ဆုတ် သည်ဟု ဘုရား သခင်၏ လူ ဧလိရှဲ သည်ကြား လျှင် ၊ ကိုယ်တော် သည် အဘယ် ကြောင့်အဝတ် ကို ဆုတ် သနည်း။ ထိုသူသည် ငါ့ ထံသို့ လာ ပါလေစေ။ ကလသရေလ ပြည်၌ ပရောဖက် ရှိ သည်ကို သိ လိမ့်မည်ဟု ရှင်ဘုရင် ကို မှာ လိုက်လေ၏ ၉ ထိုကြောင့် ၊ နေမန် သည် မြင်း ရထား ကို စီးသွား ၍ ဧလိရှဲ အိမ် ရှေ့မှာ ရပ် နေ၏ ၁၀ ဧလိရှဲ က၊ သင် သည်သွား ၍ ယော်ဒန် မြစ်၌ ခုနစ် ကြိမ် တိုင်အောင် ရေချိုး လော့။ အသား ပြောင်း ၍ သန့်ရှင်း လိမ့်မည်ဟု လူ ကိုစေလွှတ် ၍ ပြော စေ၏ ၁၁ နေမန် ကလည်း၊ အကယ်၍ပရောဖက်သည် ထွက် လာမည်။ ငါ့ အနား မှာ ရပ် လျက် မိမိ ဘုရား သခင် ထာဝရဘုရား ၏နာမ ကို ခေါ် ၍ မိမိ လက် နှင့် သုံးသပ် သဖြင့် နူနာ ကို ပျောက် စေမည်ဟု ငါထင် ၏ ၁၂ ဒမာသက် ပြည်၌အာဗနာ မြစ်၊ ဖာဖာ မြစ်တို့သည် ကလသရေလ မြစ် အလုံးစုံ ထက် သာ၍ ကောင်းသည် မ ဟုတ် လော ။ ထို" မြစ်၌ ငါရေချိုး ၍ မ သန့်ရှင်း ရသလော ဟု ဆို လျက် အမျက် ထွက်၍ ပြန် သွား ၏ ၁၃ ကျွန် တို့သည် ချဉ်း လာ၍ အဘ ၊ ခက်သောအမှု ကို ပြုရမည်ဟု ပရောဖက် စီရင်လျှင် ပြု တော်မူမည် မ ဟုတ်လော။ ရေချိုး" ၍ သာ သန့်ရှင်း ခြင်းသို့ ရောက် လော့ဟု စီရင် လျှင် အဘယ်မျှ လောက်သာ၍ပြုတော်မူသင့်ပါသည်တကားဟု လျှောက် ကြသော်၊ " ၁၄ နေမန်သည် သွား

၍ ဘုရား သခင်၏ လူ စီရင် သည်အတိုင်း ၊ ယော်ဒန် မြစ်၌ ကိုယ်ကိုခုနစ် ကြိမ် နှစ် သဖြင့် ၊ သူ ၏အသား သည် သူငယ် ၏အသား ကဲ့သို့ ပြောင်း ၍ သန့်ရှင်း ခြင်းသို့ ရောက်၏ ၁၅ သို့ပြီးမှ လိုက် သော သူအပေါင်း တို့နှင့်တကွ ဘုရားသခင် ၏ လူ ထံ သို့ ပြန်လာ ၍ သူ့ ရှေ့၌ရပ် လျက် ၊ ကြသရေလ ပြည်မှတပါး အဘယ် ပြည် ၌ မျှ ဘုရားသခင် မရှိ သည် ကို ယခု အကျွန်ုပ်သိ ပါ၏။ သို့ ဖြစ်၍ ကိုယ်တော် ၏ကျွန် လူသော အလူလက်ဆောင်ကို ခံယူ တော်မူပါဟု တောင်း လျှောက်လေ၏ ၁၆ ဧလိရှဲကလည်း၊ ငါကိုးကွယ် သော ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း မ ခံ မယူရဟုဆို လျှင်၊ ခံယူ စေခြင်းငှါ တဖန် တိုက်တွန်း သော်လည်း ငြင်းပယ် လျက်နေ၏ ၁၇ နေမန် ကလည်း ၊ သို့ ဖြစ်လျှင်ကိုယ်တော် ကျွန် သည် မြည်း နှစ် စီးနှင့် တင် ၍မြေ အနည်းငယ်ကို ယူ ပါရ စေ။ ကိုယ်တော် ကျွန် သည် မီးရှို့ ရာ ယဇ်အစ ရှိသော အဘယ်ယဇ် ကိုမျှ ထာဝရဘုရား မှတပါး အခြား သော ဘုရား အား နောက်တဖန် မ ပူဇော် ပါ ၁၈ သို့သော်လည်းအကျွန်ုပ် သခင် သည် ကိုးကွယ်အံ့ဟု ရိမ္မုန် ဘုရား၏ကျောင်း သို့ သွား၍ အကျွန်ုပ် ကို မှီ လျက် ရိမ္မုန် ကျောင်း ၌ ကိုယ်ကို ညွတ် သောအခါ၊ အကျွန်ုပ်ကိုယ်သည်လည်းညွတ် လျှင် ၊ ထာဝရဘုရား သည် ကိုယ်တော် ကျွန် ကို အပြစ် လွှတ်တော်မူပါစေသောဟု ဆိုလျှင်၊” ၁၉ ဧလိရှဲက၊ ငြိမ်ဝပ် စွာသွား လော့ဟု ဆို ၏။ နေမန် သည် သွား ၍ အဝေးသို့မရောက်မှီ၊” ၂၀ ဘုရား သခင်၏လူ ဧလိရှဲ ၏ကျွန် ဂေဟာဇိ က၊ ဤ ရှုရိ လူနေမန် ဆောင် ခဲ့သော ဥစ္စာကို ငါ့ သခင် သည် မခံမယူ။ သူ့ကို အလွန်သနားပြီ။ ထာဝရဘုရား အသက် ရှင် တော်မူသည်အတိုင်း ၊ သူ့ နောက် သို့ ငါလိုက် ၍ တစုံ တခုကို ယူ မည်ဟု အကြံရှိလျက်၊” ၂၁ နေမန် နောက် သို့ လိုက် လေ၏။ လိုက် ကြောင်း ကို နေမန် သည် မြင် လျှင် ၊ ကြိုဆို အံ့သောငှါ ရထား မှ ဆင်း ၍ ၊ ရှိသမျှကောင်း သလော ဟုမေး သော်၊” ၂၂ ဂေဟာဇိကကောင်း ပါ၏။ ယခု တွင် ပရောဖက် အမျိုးသား လုလင် နှစ် ယောက်သည် ဧဖရိမ် တောင် မှ ရောက် လာပြီ။ ငွေ အခွက် တဆယ်နှင့် အဝတ် နှစ် စုံ ကို သူ တို့အဘို့ ပေး ပါလော့ဟု တောင်းစေခြင်းငှါ၊ ကျွန်တော် သခင် သည် ကျွန်တော် ကိုစေလွှတ် ပါပြီဟု ဆို လျှင်၊ “ ၂၃ နေမန် က၊ အခွက် နှစ်ဆယ်ကို မ ငြင်းယူ ပါလော့ ဟု တိုက်တွန်း လျက် ၊ ငွေ အခွက် နှစ်ဆယ်ကို အိတ် နှစ် လုံး၌ အဝတ် နှစ် စုံ နှင့်တကွ စည်း ၍ မိမိ ကျွန် နှစ် ယောက်အပေါ် မှာ တင် သဖြင့် ၊ သူတို့သည်ဂေဟာဇိ ရှေ့၌ ထမ်း သွားရ၏ ၂၄ ပြီ့ရိုး သို့ ရောက် သောအခါ ၊ ထို ဥစ္စာကို ဂေဟာဇိ သည် ယူ ၍ အိမ် ၌ သိုထား သဖြင့် ၊ ထမ်းသောသူ တို့ကို လွှတ် လိုက်ပြီးမှ၊ “ ၂၅ ကိုယ်တိုင် ဝင် ၍ မိမိ သခင့် ရှေ့၌ ရပ် နေ၏။ ဧလိရှဲ ကလည်း ၊ ဂေဟာဇိ ၊ အဘယ် အရပ်သို့ သွားဘိ သနည်းဟုမေး လျှင်၊ ကိုယ်တော် ကျွန် သည် အဘယ် အရပ် ကိုမျှ မ သွား ပါဟုပြန်ပြော သော်၊ “ ၂၆ ဧလိရှဲက၊ ထိုလူသည်သင့် ကို ကြို ဆိုအံ့သောငှါ ၊ ရထား ပေါ် မှ လှည့် သောအခါ ၊ ငါ့ စိတ် ဝိညာဉ်သည် သင်နှင့်အတူ မ လိုက် သလော။ ငွေ ကိုခံယူ ချိန် ရှိသလော။ အဝတ် ၊ သံလွင် ဥယျာဉ်၊ စပျစ် ဥယျာဉ်၊ သိုး နွား ၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမကို သိမ်းယူ ချိန်ရှိသလော ၂၇ သို့ ဖြစ်၍နေမန် ၏ နူနာ သည်သင် ၌ ငြင်း ၊ သင် ၏ သား မြေး၌ ငြင်း၊ အစဉ်အမြဲ စွဲ စေဟု ဆိုသည်အတိုင်း၊ ဂေဟာဇိသည် နူနာ စွဲ၍ မိုယ်းပွင့် ကဲ့သို့ ဖြူလျက်၊ သခင် ထံ မှ ထွက် သွား၏

၆ ပရောဖက် အမျိုးသား တို့က၊ ကိုယ်တော် နှင့်အတူ ယခု နေ သောအရပ် သည် ကျဉ်းမြောင်း ပါ၏ ၂ အကျွန်ုပ် တို့သည် ယော်ဒန် မြစ်နား သို့ သွား ပါ ရစေ။ ထို အရပ်၌ ဝိုင်း၍ သစ်သားကိုခုတ်ပြီးလျှင်၊ ကိုယ်နေ စရာဘို့ လုပ် ပါရစေဟု ဧလိရှဲ ထံ ၌ အခွင့်တောင်း လျှင်၊ သွား ကြလော့ဟု အခွင့် ပေး၏ ၃ အချို့ကလည်း မ ငြင်းပါနှင့်။ ကိုယ်တော် ကျွန် တို့နှင့် ကြွ တော်မူပါဟု တောင်းပန် လျှင် ၊ ငါ သွား မည်ဟု ဝန်ခံ သည်အတိုင်း၊ “ ၄ သူ တို့နှင့်အတူ လိုက် လေ၏။ ယော်ဒန် မြစ်နား သို့ ရောက် သောအခါ သစ်သား ကိုခုတ် ကြ၏ ၅ တယောက် သောသူသည် ခုတ် စဉ်တွင် ၊ ရေ ထဲသို့ ပုဆိန် ကျ ၏။ ခုတ်သောသူကလည်း၊ ခက်လှပြီသခင်။ ထို” ပုဆိန်သည် ငှါး ခဲ့သောဥစ္စာ ဖြစ်ပါ၏ဟု အော်ဟစ် လျှင်၊ “ ၆ ဘုရားသခင် ၏လူ က၊ အဘယ် မှာကျ သနည်းဟုမေး သော် ၊ ကျရာအရပ် ကိုပြ ပြီးမှ၊ ဒုတ် ကိုခုတ် ၍ ထို အရပ်၌ ချ သဖြင့် ပုဆိန် သည် ပေါ လောနေ၏ ၇ ဆယ်ယူ လော့ဟု ဧလိရှဲဆို သည်အတိုင်း ၊ တပည့် သည် လက် ကို ဆန့် ၍ ဆယ်ယူ ၏ ၈ တဖန် ရှုရိ ရှင် ဘုရင်သည် ဣသရေလ ပြည်ကို စစ် တိုက်၍ ၊ ဤ မည်သောအရပ် ၌ ငါ တို့သည် တပ်ချ ကြ ကုန်အံ့ဟု ကျွန် တို့နှင့် တိုင်ပင် သောအခါ၊”” ၉ ဘုရားသခင် ၏လူ သည် ဣသရေလ ရှင်ဘုရင် ထံသို့ လူကိုစေလွှတ် ၍ ၊ ဤ မည်သောအရပ် ကို သတိ ပြုပါ။ ထို အရပ်သို့ ရှုရိ လူတို့သည် လာ ကြပြီဟု၊” ၁၀ သတိ ပေးသောအရပ် သို့ ဣသရေလ ရှင် ဘုရင် သည် လူ ကိုစေလွှတ် ၍ တကြိမ် နှစ်ကြိမ် မက ရန်သူတို့ကို ရှောင် လေ၏ ၁၁ ထို အကြောင်း ကြောင့် ရှုရိ ရှင် ဘုရင်သည် စိတ် ပူပန် ၍ ကျွန် တို့ကို ခေါ် ပြီးလျှင် ၊ ငါ တို့တွင် အဘယ်သူ သည် ဣသရေလ ရှင်ဘုရင် ဘက်၌ နေသည်ကို ငါ့ အား မ ပြ ဘဲနေကြသနည်း ဟုမေး သော်၊ ၁၂ ကျွန် တယောက် က ၊ ထိုသို့မ ဟုတ်ပါ အရှင် မင်းကြီး ၊ ကိုယ်တော် စက် တော်မူခန်း ထဲ ၌မိန့် တော်မူသော စကား ကိုပင်၊ ဣသရေလ ပြည်၌ ရှိသောပရောဖက် ဧလိရှဲ သည်၊ ဣသရေလ ရှင်ဘုရင် အား ပြန် ပြောတတ်ပါသည် ဟု လျှောက် လေ၏ ၁၃ ရှင် ဘုရင်ကလည်း ၊ သူ သည်အဘယ် အရပ်၌ ရှိသည်ကို သွား ၍ ချောင်းကြည့် လော့။ သူ့ ကို ဘမ်းဆီး စေခြင်းငှါ ငါစေလွှတ် မည်ဟု မိန့် တော်မူပြီးမှ ၊ ဒေါသန် မြို့ ၌ ရှိပါသည်ဟု လျှောက် လေ၏ ၁၄ ထို မြို့သို့ မြင်း စီးသူရဲ၊ ရထား စီးသူရဲ၊ ဗိုလ်ခြေ များ ကို စေလွှတ် သဖြင့် ၊ ည၌ အခါရောက် ၍ မြို့ ကို ဝိုင်း ကြ၏ ၁၅ နံနက်စောစောဘုရား သခင်လူ ၏ ကျွန် သည် ထ ၍ ပြင်သို့ ထွက် သောအခါ ၊ မြင်း စီးသူရဲ၊ ရထား စီးသူရဲ၊ ဗိုလ်ခြေ တို့သည် မြို့ ကို ဝိုင်း လျက် ရှိကြသည်ဖြစ်၍၊ အိုသခင် ၊ အဘယ်သို့ ပြု ရပါမည်နည်းဟု မိမိ သခင် အား ဆို ၏ ၁၆ ဧလိရှဲကမ စိုးရိမ် နှင့်။ ငါ တို့ဘက် ၌ နေသောသူတို့ သည် ရန်သူ တို့ဘက် ၌ နေသော သူတို့ထက်သာ၍ များ ကြသည်ဟု ဆို လျက်၊ “ ၁၇ အိုထာဝရဘုရား ၊ ဤသူသည် မြင် နိုင်မည် အကြောင်း သူ ၏မျက်စိ ကို ဖွင့် တော်မူပါဟု ဆုတောင်း သည်အတိုင်း ၊ ထာဝရဘုရား သည် ထိုလုလင် ၏ မျက်စိ ကို ဖွင့် တော်မူသဖြင့် ၊ ဧလိရှဲ ပတ်လည် ၌ တတောင် လုံး သည်မီး မြင်း ၊ မီးရထား နှင့် ပြည့် သည်ကို မြင် လေ၏ ၁၈ ရှုရိလူ တို့သည် ရောက် လာသောအခါ ၊ ဧလိရှဲ က၊ အိုထာဝရ ဘုရား ၊ ဤ သူ တို့၏ မျက်စိ မမြင်စေခြင်းငှါ ၊ ဒဏ်ခတ် တော်မူပါဟု ဆုတောင်း သည်အတိုင်း ၊ ဒဏ်ခတ် တော်မူ၏ ၁၉ ဧလိရှဲ ကလည်း ၊ ဤ လမ်း မ ဟုတ်၊ ဤ မြို့ လည်း မ ဟုတ်။ ငါ့ နောက် သို့လိုက် ကြ။ သင်တို့ရှာ

သောသူ ရှိရာသို့ ငါပို့ မည်ဟု ဆို လျက် ရှမာရိ မြို့သို့ ပို့ လေ၏ ၂၀ မြို့ထဲသို့ ရောက် ပြီးမှ ဧလိရှဲ က၊ အိုထာဝရဘုရား ၊ ဤသူတို့သည် မြင် နိုင်မည်အကြောင်း သူ တို့၏ မျက်စိ ကို ဖွင့် တော်မူပါဟု ဆုတောင်းသည်အတိုင်း၊ သူ တို့၏မျက်စိ ကို ဖွင့် တော်မူသဖြင့် ၊ သူတို့သည် မြင် ၍ ရှမာရိ မြို့ထဲမှာ ရှိ သည်ဟု သိကြ၏ ၂၁ ဣသရေလ ရှင်ဘုရင် ကလည်း ၊ အဘ ၊ ထိုသူ တို့ကိုထားနှင့် သတ် ရပါမည်လော ဟု ဧလိရှဲ အား မေး လျှင်၊ ၂၂ မ သတ် ပါနှင့်။ ထား နှင့် ခုတ် လျက် ၊ လေး နှင့် ပစ်လျက်စစ်တိုက်၍ ဘမ်းမိသောသူတို့ကိုသတ် ရမည် လော။ သူတို့ရှေ့မှာ မုန့် နှင့် ရေ ကိုထည့် ၍သူတို့သည် စား သောက် ပြီးမှ ၊ မိမိ တို့သခင် ထံသို့ သွား ပါစေဟု ဆို လျှင်၊ ၂၃ များ စွာသော စားစရာ ကို ပြင်ဆင် ၍ စား သောက် စေပြီးမှ လွှတ် လိုက်သဖြင့် ၊ သူတို့သည် မိမိ တို့ သခင် ထံသို့ ပြန် သွားကြ၏။ ထိုနောက်မှရှရိ လူ တို့သည် အလို အလျောက်တပ်ဖွဲ့၍ ဣသရေလ ပြည် သို့ မ လာ ကြ ၂၄ နောက် တဖန်ရှရိ ရှင်ဘုရင် ဗင်္ဟာဒဒ် သည် ဗိုလ်ခြေ အပေါင်း ကို စုဝေး စေသဖြင့် စစ်ချီ ၍ ရှမာရိ မြို့ကို ဝိုင်း ထား၏ ၂၅ ကြာမြင့်စွာဝိုင်း ထားသောကြောင့် ၊ ရှမာရိ မြို့၌ အလွန် အစာခေါင်းပါး ၍ ၊ မြည်း ခေါင်း တလုံးကို ငွေ ရှစ် ဆယ်နှင့် ၎င်း၊ ပဲကြမ်း တ ပြည်ကို ငွေ ငါး ကျပ်နှင့် ၎င်း ရောင်းရ ၏ ၂၆ ဣသရေလ ရှင် ဘုရင်သည် မြို့ရိုး ပေါ် မှာ ရှောက်သွား စဉ်၊ မိန်းမ တယောက်ကအရှင် မင်းကြီး ၊ ကယ်မ တော်မူပါဟု အော်ဟစ် ၏ ၂၇ ရှင်ဘုရင်က၊ ထာဝရဘုရား ကယ်မ တော်မ မူလျှင် ၊ ငါသည် အဘယ်သို့ ကယ်မ နိုင်မည်နည်း။ စပါး နယ်ရာတလင်း၊ စပျစ်သီး နယ်ရာ ကျင်းထဲက ကယ်မရမည်လော ဟူ၍၎င်း၊” ၂၈ သင် ၌ အဘယ် သို့ ဖြစ်သနည်းဟူ၍၎င်း မေး လျှင်၊ မိန်းမက၊ ဤ မိန်းမ သည်ကျွန်မ ဆီ သို့လာ၍၊ သင့် သား ကို ယနေ့ ငါတို့စား ဘို့အပ် ပါ။ နက်ဖြန် နေ့၌ ငါ့ သား ကို စား ရမည်ဟုဆို သည်အတိုင်း၊” ၂၉ ကျွန်မ ၏သား ကို ပြုတ် ၍ စား ကြပါ၏။ နက်ဖြန် နေ့၌ ကျွန်မ က ၊ သင် ၏သား ကို ငါတို့စား ဘို့ အပ် ပါဟု တောင်းသော်၊” သူသည် မိမိ” သား ကို ဝှက် ထားပါသည်ဟု လျှောက် လေ၏ ၃၀ ရှင် ဘုရင်သည် ထိုမိန်းမ ၏စကား ကို ကြား လျှင် ၊ မိမိ အဝတ် ကို ဆုတ် လေ၏။ မြို့ရိုး ပေါ် မှာ ရှောက်သွား စဉ် လူ တို့သည်ကြည့် ၍ ၊ အတွင်း ၌ လျှော်တေ အဝတ်ဖြင့် ဝတ်တော်မူကြောင်းကိုသိမြင် ရကြ၏ ၃၁ ရှင်ဘုရင်ကလည်း၊ ရှာဖတ် သား ဧလိရှဲ ၏ ဦးခေါင်း သည် ယနေ့ သူ ကိုယ်နှင့် မ ကွာဘဲနေလျှင် ၊ ထာဝရဘုရား သည် ထိုမျှမက ၊ ငါ ၌ ပြု တော်မူပါစေသော ဟု ဆို ၏ ၃၂ ဧလိရှဲ သည် မိမိ အိမ် ၌ ထိုင် ၍ အသက် ကြီးသူတို့ သည် သူ နှင့်အတူ ထိုင် ကြစဉ်၊ ရှင်ဘုရင်သည် မိမိ ရှေ့မှာ လူ တယောက်ကို စေလွှတ် ၏။ ထိုတမန် မ ရောက် မှီ ဧလိရှဲက၊ လူသတ် ၏သား သည် ငါ့ လည်ပင်း ကို ဖြတ် စေခြင်းငှါ ၊ စေလွှတ် သည်ကို သိမြင် ကြသလော။ ထိုတမန်” ရောက် သောအခါ ၊ တံခါး ကိုပိတ် ၍ ၊ တံခါး နား မှာသူ ကို ဆီးတား ကြလော့။ သူ နောက် မှာသူ သခင် ခြေ သံ မ မြည် သလော ဟု၊” ၃၃ အသက်ကြီး သူတို့အား ပြော စဉ်တွင်၊” ထိုတမန်” သည် ရောက် လာ၏။ ရှင်ဘုရင်ကိုယ်တိုင်ရောက်လျှင်၊ ဤ အမှုသည် ထာဝရဘုရား စီရင်သော အမှုဖြစ်၏။ ထာဝရဘုရား ကျေးဇူးကို အဘယ် ကြောင့်မြော်လင့် ရသေးသနည်းဟုဆို သော်၊ “

၇ လေ့ရှဲ့ က၊ ထာဝရဘုရား ၏ စကား တော်ကို နားထောင် ကြလော့။ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ နက်ဖြန် နေ့ယခုအချိန် ရောက်လျှင် ၊ ဂျုံမုန့်ညက် တစိတ် ကို ငွေတကျပ် ၊ မုယော ဆန်တခွဲ ကို တကျပ် နှင့် ရှမာရိ မြို့တံခါးဝ ၌ ရောင်းရလိမ့်မည်ဟု ဆင့်ဆို၏ ၂ ရှင်ဘုရင် မှီ ခြင်းကို ခံရသောအမတ် က၊ ထာဝရဘုရား သည် မိုဃ်း ကောင်းကင်၌ ပြတင်းပေါက် တို့ကို ဖွင့်လှစ် တော်မူလျှင် ၊ ထိုသို့ ဖြစ် နိုင်ကောင်းသည်ဟု ဘုရား သခင် ၏လူ အားဆို သော၊ ဘုရားသခင်၏လူက၊ သင် သည် ကိုယ် မျက်စိ နှင့် မြင် ရသော်လည်း မ စား ရဟု ပြန်ပြော ၏ ၃ ထိုအခါ မြို့ တံခါးဝ ၌ ထိုင်လျက်ရှိ သောလူ နှ လေး ယောက်တို့က၊ ငါတို့သည် သေ သည်တိုင်အောင် အဘယ် ကြောင့်ဤ အရပ်၌ ထိုင် ရမည်နည်း ၄ မြို့ ထဲသို့ဝင် လျှင် အစာခေါင်းပါး သောကြောင့် သေ ရမည်။ ဤ အရပ်၌ ထိုင်လျက်နေ လျှင် လည်း သေ ရ မည်။ သို့ ဖြစ်၍ ရှရိ တပ် သို့ ဝင် စားကြကုန်အံ့။ သူတို့သည် အသက် ရှင်စေလျှင် ရှင် ရမည်။ သတ် လျှင် သေ ရမည်ဟု တိုင်ပင် ပြီးလျှင်၊ “ ၅ မိုဃ်း မလင်းမှီထ ၍ ရှရိ တပ် သို့ သွား ကြ၏။ တပ် ဦး သို့ ရောက် သောအခါ အဘယ်သူ ကိုမျှ မ တွေ့ ကြ ၆ အကြောင်း မူကား၊ ရှရိ လူ တို့သည်ရထား စီးသူရဲ၊ မြင်း စီးသူရဲ၊ များစွာ သော ဗိုလ်ခြေ အသံ ကိုကြား စေခြင်းငှါ၊ ထာဝရဘုရားပြုတော်မူသဖြင့်၊ သူတို့ကကြသရေလ ရှင် ဘုရင်သည် ငါ တို့ကို တိုက် စေခြင်းငှါ ၊ ဟိတ္တိ မင်း များ၊ အဲဂုတ္တု မင်း များတို့ကို ငှါး ပြီဟု တယောက် ကိုတယောက်ဆို လျက်၊ “ ၇ မိုဃ်း မလင်းမှီထ ၍ သူ တို့တဲ ၊ မြင်း ၊ မြည်း အစရှိသော တတပ်လုံး ကို စွန့်ပစ် ၍ ကိုယ် အသက် လွတ် အောင် ပြေး ကြ၏ ၈ လူနှ တို့သည် တပ် ဦး သို့ ရောက် သောအခါ ၊ တဲ တခု ထဲသို့ ဝင် ၍ စား သောက် ပြီးမှ ၊ ရွှေ ငွေ အဝတ် တန်ဆာများကို ယူ သွားပြီးလျှင် ဝှက် ထားကြ၏။ နောက် တဖန် အခြား သောတဲ သို့ ဝင် ၍ ဥစ္စာများကို ယူ သွားပြီးလျှင် ဝှက် ထားကြ၏။ ၉ သို့ရာတွင် ၊ ငါ တို့သည်ကောင်းမွန် စွာ မ ပြု ပါ တကား။ ယခု နေ့ သည် ကောင်း သော သိတင်းကို ကြားပြောရသောနေ့ ဖြစ်လျက် ၊ ငါ တို့သည် မ ကြားမပြော ဘဲ နေပါပြီတကား။ မိုဃ်းလင်း သည်တိုင်အောင် မပြောဘဲ နေလျှင် အမှု တစုံတခုရောက် လိမ့်မည်။ သို့ ဖြစ်၍ နန်းတော် ၌ သိတင်းကြားပြော အံ့သောငှါ ငါတို့သည် သွား ကြကုန်အံ့ဟု တိုင်ပင်ပြီးမှ၊” ၁၀ မြို့ သို့သွား ၍ တံခါး ပြင်၌ ဟစ် ခေါ်လျက် ၊ ငါတို့ သည် ရှရိ တပ် သို့ ရောက် ၍ အဘယ်သူကိုမျှ မ တွေ့။ လူ” သံ ကိုမကြား။ မြင်း ၊ မြည်း တို့ကို ချည်နှောင် လျက် ၊ တဲ များလည်း တတ်တိုင်း ရှိသည်ကိုတွေ့ပါ၏ဟု ကြား ပြောသည်အတိုင်း၊” ၁၁ တံခါး စောင့်တို့သည် တယောက်ကိုတယောက်ဟစ် ၍ ၊ ထိုသိတင်းသည် နန်းတော် ထဲ သို့ ရောက် လေ၏ ၁၂ မိုဃ်း မလင်းမှီ ရှင် ဘုရင်သည်ထ ၍ ၊ ရှရိ လူတို့ သည် ငါ တို့ ၌ အဘယ်သို့ ပြု လိုသည်ကို ငါပြော မည်။ သူတို့က မြို့ ပြင်သို့ ထွက် သော မြို့သားတို့ကို အရှင် ဘမ်း ပြီးမှ ၊ မြို့ ထဲ သို့ ဝင် မည်အကြံ ရှိ၍ ၊ ငါ တို့ငတ်မွတ် ကြောင်း ကို သိ သောကြောင့် ၊ မိမိတို့တပ် ပြင်သို့ ထွက် ၍ တော ၌ ပုန်းရှောင် လျက် နေကြသည်ဟုဆို လျှင်၊ ၁၃ ကျွန် တယောက် က၊ မြို့ ၌ ကျန်ကြွင်း သော မြင်း ငါး စီးကိုပေး တော်မူပါ။ ထိုမြင်းမူကား ပျက်စီးခြင်းသို့ ရောက်သော ဣသရေလအမျိုးအလုံးအရင်းကဲ့သို့ ဖြစ်ပါ ၏။ ထိုမြင်းတို့ကို စီးလျက်သွား၍ ကြည့်ရှုရသော အခွင့်ကိုပေး တော်မူပါဟုလျှောက်ပြီးမှ၊” ၁၄ ရထား မြင်း နှစ် စီးကို ယူ ပြီးလျှင် သွား ၍ ကြည့်ရှု လော့ဟု ရှင် ဘုရင်သည် ရှရိ

ဗိုလ်ခြေ နောက် သို့ စေလွှတ် သည်အတိုင်း၊ “ ၁၅ ယော်ဒန် မြစ်တိုင်အောင် လိုက် ကြ၏။ ရှူရိ လူတို့ သည် အလျင်အမြန်ပြေးရာတွင် ၊ ပစ် ခဲ့သော အဝတ် တန်ဆာ တို့သည် လမ်း ၌ပြည့်လျက် ရှိကြ၏။ စေလွှတ် သူတို့သည် ပြန် လာ၍ နား တော်လျှောက်ကြ၏ ၁၆ ထိုအခါ မြို့သား တို့သည် ထွက် ၍ ရှူရိ တဲ တို့ကို လုယူ ကြ၏။ ထာဝရဘုရား ၏ စကား တော်အတိုင်း ၊ ဂျုံမုန့်ညက် တစိတ် ကို ငွေတကျပ် ၊ မုယော ဆန်တခွဲ ကို တကျပ် နှင့် ရောင်းကြ၏ ၁၇ ရှင်ဘုရင် မှီခြင်းကိုခံရသောအမတ် သည်၊ အမိန့် တော်အတိုင်း တံခါး တော်ကို စောင့် သည်တွင် ၊ ထွက်ဝင်သောသူ တို့ နင်း မိ၍ ဘုရား သခင်၏လူ သည် ရှင်ဘုရင် ရောက် လာသောအခါ ပြော ဆိုနှင့်သည် အတိုင်း ၊ ထိုအမတ်သေ လေ၏ ၁၈ ဘုရား သခင်၏ လူ က၊ နက်ဖြန် နေ့ယခုအချိန် ရောက် လျှင် ၊ ဂျုံမုန့်ညက် တစိတ် ကို ငွေတကျပ် ၊ မုယော ဆန်တခွဲ ကို တကျပ် နှင့် ရှမာရိ မြို့တံခါးဝ ၌ ရောင်းရ လိမ့်မည်ဟု ရှင်ဘုရင် အား ဆင့်ဆို သည်အတိုင်း ဖြစ် ၏ ၁၉ အမတ်ကလည်း၊ ထာဝရဘုရား သည် မိုးယံး ကောင်းကင်၌ ပြတင်းပေါက် တို့ကို ဖွင့်လှစ် တော်မူလျှင် ၊ ထိုသို့ ဖြစ် နိုင်ကောင်းသည်ဟု ဘုရားသခင်၏ လူအား ဆို၍၊ ဘုရား သခင်၏လူ က သင် သည်ကိုယ် မျက်စိ နှင့် မြင် ရသော်လည်း မ စား ရဟုပြန်ပြော သည် အတိုင်း၊ “ ၂၀ ထို အမတ်၌ ဖြစ် ၏။ မြို့တံခါးဝ မှာ မြို့သား တို့ နင်း ခြင်းကို ခံရ၍ သေ လေ၏

၈ တဖန် ဧလိရှဲ သည် အထက်က အသက်ရှင် စေ သော သူငယ် ၏အမိ ကို ခေါ် ၍၊ သင် သည် အိမ်သူ အိမ်သားနှင့်တကွ ထ သွား လော့။ တည်းခို ၍ နေနိုင်သော အရပ် တစုံတရပ်၌ တည်းခို ၍နေလော့။ ထာဝရဘုရား သည် အစာ ခေါင်းပါးရာကာလကို မှာ လိုက်တော်မူပြီ။ တပြည်လုံး ၌ ခုနစ် နှစ် ခေါင်းပါး လိမ့်မည်ဟု သတိ ပေး၏ ၂ ထိုမိန်းမ သည် ဘုရား သခင့်လူ ၏စကား ကို နားထောင် သဖြင့် ၊ အိမ်သူ အိမ်သားတို့နှင့်တကွ သွား ၍ ဖိလိတ္တိ ပြည် ၌ ခုနစ် နှစ် နေ ၏ ၃ ခုနစ် နှစ် စေ့ သောအခါ ၊ ဖိလိတ္တိ ပြည် မှ ပြန် လာ၍ ကိုယ် အိမ် ၊ ကိုယ် မြေ ကို ရအံ့သောငှါ အသနား တော်ခံမည့် အကြံနှင့် ရှင်ဘုရင် ထံ သို့သွား ၏ ၄ ထိုအခါ ရှင် ဘုရင်သည် ဘုရား သခင့်လူ ၏ ကျွန် ဂေဟာဇိ နှင့် နှုတ်ဆက် လျက်၊ ဧလိရှဲ ပြု သော အံ့သြဘွယ် သော အမှုအလုံးစုံ တို့ကို ပြော ပါလော့ဟု မိန့် တော်မူ၍၊ “ ၅ ဧလိရှဲ သည် သေ သောသူ အသက် ရှင်စေ ကြောင်း ကို ဂေဟာဇိ သည် ပြန် လျှောက်စဉ်တွင် ၊ အသက် ရှင် စေသောသူငယ် ၏ အမိ သည်ကိုယ် အိမ် ၊ ကိုယ် မြေ ကို ရအံ့သောငှါ အသနား တော်ခံလေ၏။ ဂေဟာဇိကလည်း၊ အရှင် မင်းကြီး ၊ ဤ မိန်းမ ကား ယခုပြော သော မိန်းမ၊ ဤ သူငယ် ကား ဧလိရှဲအသက်ရှင်စေသော သူငယ်ဖြစ်ပါသည် ဟု လျှောက်လျှင်၊” ၆ ရှင် ဘုရင်သည် မိန်းမ ကို မေး ၍ မိန်းမလည်း သက်သေ ခံ၏။ ထိုအခါ ရှင်ဘုရင် က၊ သူ ၏ဥစ္စာ ရှိသမျှ ကို ၎င်း ၊ ပြည် တော်က ထွက် သောနေ့ မှစ၍ ယခု တိုင်အောင် သူ့မြေ ၌ ဖြစ်သမျှကိုဎင်း ပြန် ပေးစေဟု မိန့် တော်မူလျက် ၊ သူ၏အမှုကို စောင့်စေခြင်းငှါအရာရှိ တယောက် ကို ခန့်ထား တော်မူ၏ ၇ တဖန် ဧလိရှဲ သည် ဒမာသက် မြို့သို့သွား ၏။ ထိုအခါ ရှူရိ ရှင်ဘုရင် ဗင်္ဟာဒဒ် သည် နာ နေ၏။ ဘုရား သခင် ၏လူ ရောက် ကြောင်း ကို နား တော်လျှောက်လေ သော်၊ “ ၈ ဟာဇေလ ကို ခေါ် ၍ ၊ သင် သည်လက်ဆောင် ကို ဆောင် လျက် ဘုရား သခင်၏ လူ ကိုခရီးဦး ကြိုပြုပြီးလျှင် ၊ ငါသည်ဤ အနာ မှ ထမြောက် မည်လော ဟု သူ အားဖြင့် ထာဝရဘုရား ကို မေးလျှောက် လော့ဟု စေလွှတ် သည်

အတိုင်း၊ “ ၉ ဟာဇေလ သည်ကုလားအုပ် လေးဆယ် အပေါ်မှာ ဒမာသက် ဥစ္စာ များကိုတင် ၍ ၊ လက်ဆောင် ကို ဆောင် သဖြင့် ၊ ဘုရားသခင်၏လူကို ခရီးဦး ကြို ပြုခြင်းငှါ သွား ၍ ရှေ့တော်၌ ရပ် လျက် ၊ ကိုယ်တော် ၏သား ရှုရိ ရှင်ဘုရင် ဗင်္ဒာဒဒ် က၊ ငါသည်ဤ အနာ မှ ထမြောက် ရမည်လော ဟု မေးမြန်း စေခြင်းငှါ ၊ ကျွန်တော် ကို စေလွှတ် ပါသည်ဟု ဆို ၏ ၁၀ ဇလိရှဲ ကလည်း ၊ အကယ်စင်စစ်ကိုယ်တော် သည် ထမြောက် နိုင်ပါ၏ဟု ပြန် လျှောက် လော့။ သို့သော်လည်း ဆက်ဆက် သေရမည်အကြောင်း ကို ထာဝရဘုရား သည် ငါ့ အားပြ တော်မူပြီဟုဆို လျက်၊” ၁၁ စေ့စေ့ကြည့်ရှု ၍ ဟာဇေလ သည် မျက်နှာ ပျက် လေ၏။ ဘုရား သခင်၏ လူ သည်လည်း မျက်ရည် ကျ၏ ၁၂ ဟာဇေလ ကလည်း ၊ သခင် သည် အဘယ် ကြောင့် မျက်ရည် ကျတော်မူသနည်းဟုမေး လျှင် ဧလိရှဲ က၊ သင်သည် ဣသရေလ အမျိုးသား တို့ ၌ ပြု လတံ့သော ဘေးဥပဒ်တည်းဟူသောသူ တို့ ၏ ရဲတိုက် များကို မီးရို့ ခြင်း၊ လုလင် များကို ထား နှင့် သတ် ခြင်း၊ သူငယ် များကို မြေပေါ်မှာ ဆောင့် ဖွပ်ခြင်း၊ ကိုယ်ဝန် ဆောင်သော မိန်းမများ၌ ဝမ်းခွဲ ခြင်းကို ပြုလိမ့်မည်ဟု ငါသိ မြင်သောကြောင့် မျက်ရည်ကျသည်ဟု ပြန်ပြော သော်၊” ၁၃ ဟာဇေလ က၊ ကိုယ်တော် ကျွန် သည် ခွေး ဖြစ်လျက် နှင့် ဤ မျှလောက်ကြီး သော အမှု ကို ပြု ရပါလိမ့်မည် လောဟု မေး ပြန်သော်၊ ဧလိရှဲ က၊ သင် သည် ရှုရိ နိုင်ငံကို စိုးစံ ရလိမ့်မည်အကြောင်းကို ထာဝရဘုရား သည် ငါ့ အား ပြ တော်မူပြီဟုဆို ၏ ၁၄ ဟာဇေလသည်သွား ၍ မိမိ သခင့် ထံ သို့ရောက် သောအခါ ၊ သခင်က၊ ဧလိရှဲ သည် အဘယ်သို့ ဆို သနည်း ဟုမေး လျှင် ၊ ကိုယ်တော် သည် အနာမှ ဆက်ဆက်ထမြောက် တော်မူမည်ဆို ပါသည်ဟု လျှောက် လေ၏ ၁၅ နက်ဖြန် နေ့၌ ဟာဇေလသည် သိုးမွေးအဝတ် ကို ရေ ၌ နှစ် ပြီး လျှင်၊ ရှင် ဘုရင်၏ မျက်နှာ ကို ဖုံးအုပ် သဖြင့် ၊ ရှင်ဘုရင်သေ ၍ ဟာဇေလ သည် နန်း ထိုင်လေ၏ ၁၆ ဣသရေလ ရှင်ဘုရင် အာဟပ် သား ယောရံ နန်းစံငါး နှစ် တွင် ၊ ယုဒ ရှင်ဘုရင် ယောရှဖတ် သား ယဟောရံ သည် နန်း ထိုင်လေ၏ ၁၇ အသက် သုံး ဆယ်နှစ် နှစ်ရှိ သော်၊ ယေရုရှလင် မြို့၌ မင်း ပြု၍ ရှစ် နှစ် စိုးစံ ၏ ၁၈ အာဟပ် သမီး နှင့် စုံဘက် သဖြင့် ၊ ဣသရေလ ရှင် ဘုရင်တို့လိုက်ရာ လမ်း သို့ အာဟပ် အမျိုး ကဲ့သို့ လိုက် ၍ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု ၏ ၁၉ သို့ရာတွင် ထာဝရဘုရား သည် ဒါဝိဒ် အစရှိ သော သား မြေးတို့ ၏မိုးခွက် ကို အစဉ် ထွန်းလင်း စေမည်ဟု ဂတိ တော်ရှိသောကြောင့် ၊ ဒါဝိဒ်၏ မျက်နှာကို ထောက်၍၊ ယုဒ ပြည်ကို မ ဖျက်ဆီး ဘဲ ထားတော်မူ၏ ၂၀ ထိုမင်း လက်ထက် ၌၊ ဧဒုံ ပြည်သည် ယုဒ ရှင်ဘုရင် ကို ပုန်ကန် ၍ ကိုယ် အမျိုးသားကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ကြ၏ ၂၁ ယဟောရံ မင်းသည် ရထား စီးသူရဲအပေါင်း တို့ နှင့်တကွ ၊ ဇာဂ္ဂရ မြို့သို့ စစ်ချီ ၍ ညဉ့် အခါဝိုင်း သော ဧဒုံ လူများ၊ ရထား အုပ် များကို လုပ်ကြံ သဖြင့် ၊ ဧဒုံလူတို့သည် မိမိ တို့နေရာ သို့ ပြေး ကြ၏ ၂၂ သို့သော်လည်း ၊ ဧဒုံ ပြည်သည်ယနေ့ တိုင်အောင် ယုဒ ရှင်ဘုရင်ကို ပုန်ကန် ၏။ထို ကာလ ၌ လိဗနပြည်သည်လည်း ပုန်ကန် ၏ ၂၃ ယဟောရံ ပြုမူ သော အမှု အရာကြွင်း လေသမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၄ ယဟောရံ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သူတို့နှင့်အတူဒါဝိဒ် မြို့ ၌ သင်္ဂြိုလ် ခြင်းကိုခံ လေ၏။ သား တော်အာခဇိ သည် ခမည်းတော် အရာ၌ နန်း ထိုင်၏ ၂၅ ဣသရေလ ရှင်ဘုရင် အာဟပ် သား ယောရံ နန်းစံဆယ် နှစ်

နှစ် တွင် ၊ ယုဒ ရှင်ဘုရင် ယဟောရံ သား အာခဇိ သည် နန်းထိုင် လေ၏ ၂၆ အသက်နှစ်ဆယ် နှစ် နှစ် ရှိသော်၊ မင်းပြု ၍ ယေရုရှလင် မြို့၌ တ နှစ် စိုးစံ ၏။ မယ်တော် ကား ၊ ဣသရေလ ရှင်ဘုရင် ဩမရိ မြေး အာသလိ အမည် ရှိ၏ ၂၇ အာခဇိ သည် အာဟပ် ၏သမက် ဖြစ်သဖြင့် ၊ အာဟပ် အမျိုး လိုက်ရာလမ်း သို့ လိုက် ၍ ၊ အာဟပ် အမျိုး ကဲ့သို့ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၏ ၂၈ အာဟပ် ၏သား ယောရံ နှင့် ဝိုင်း လျက် ၊ ဂိလဒ် ပြည် ရာမုတ်မြို့သို့ စစ်ချီ ၍ ၊ ရှုရိ ရှင်ဘုရင် ဟာဇေလ ကို တိုက်ရာတွင်၊ ရှုရိ လူတို့သည်ယောရံ ကိုထိခိုက် ကြ၏ ၂၉ ထိုသို့ရာမုတ် မြို့၌ ရှုရိ ဘုရင် ဟာဇေလ ကိုတိုက် ၍ ၊ ရှုရိ လူထိခိုက် သော အနာ ပျောက် စေခြင်းငှါ ၊ ယောရံ မင်းကြီး သည် ယေဇရေလ မြို့သို့ ပြန် သွား၍ နာ လျက်နေစဉ်တွင် ၊ ယုဒ ရှင်ဘုရင် ယဟောရံ သား အာခဇိ သည်လည်း ၊ အာဟပ် သား ယောရံ ကို ကြည့်ရှု ခြင်းငှါ ထိုမြို့သို့ ဆင်း သွားလေ၏

၉ ထိုအခါ ပရောဖက် ဧလိရှဲ သည် ပရောဖက် အမျိုးသား တယောက် ကို ခေါ် ၍ ၊ သင် ၏ခါး ကို စည်း လော့။ ဤ ဆီ ဘူး ကိုယူ ၍ ဂိလဒ် ပြည် ရာမုတ်မြို့သို့ သွား လော့ ၂ ရောက် သောအခါ ၊ နိမ်ရှိ သား ယောရှဖတ် ၏သား ယေဟု ကို ရှာ ၍ သူ့ထံသို့ဝင် လျက် ၊ သူ့ ကိုသူ ၏အပေါင်း အဘော်စုထဲ က ထွက် စေ၍ ၊ အတွင်းအခန်း ထဲသို့ ခေါ် ပြီးလျှင်၊ “ ၃ ဤ ဆီ ဘူး ကိုကိုင် ၍ သူ ၏ခေါင်း ပေါ် ၌ ဆီကို လောင်း လျက် ၊ ထာဝရဘုရား က၊ ငါသည်သင့်ကို ဣသရေလ ရှင်ဘုရင် အရာ ၌ ခန့်ထား ၍ ဘိသိက် ပေးသည်ဟု မိန့် တော်မူကြောင်းကို ဆင့်ဆိုပြီးမှ၊ တံခါး ကိုဖွင့် ၍ မ ဆိုင်း မလင့် ဘဲ ပြေး လော့ဟု မှာထား လေ၏ ၄ ထိုပရောဖက် အမျိုးသား လုလင် သည် ဂိလဒ် ပြည် ရာမုတ်မြို့သို့ သွား ၏ ၅ ရောက် သောအခါ ၊ ဗိုလ် မင်း တို့သည်အတူ ထိုင် လျက် ရှိကြ၏။ ပရောဖက်က၊ အိုဗိုလ်မင်း၊ ကိုယ်တော်အား ပြောစရာရှိသည်ဟု ဆိုလျှင်၊ ယေဟု က၊ ငါ တို့အပေါင်း တွင် အဘယ်သူ အား ပြောစရာ ရှိသနည်းဟုမေး သော်၊ အိုဗိုလ်မင်း၊ ကိုယ်တော်အား ပြောစရာရှိသည် ဟု ပြန်ဆို၏ ၆ ထိုအခါ ယေဟုသည် ထ ၍ အိမ် ထဲသို့ ဝင် သဖြင့် ၊ ပရောဖက်သည် သူ ၏ခေါင်း ပေါ် ၌ ဆီ ကိုလောင်း လျက်၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား က၊ ငါသည် သင့်ကို ထာဝရဘုရား ၏လူ ဣသရေလ အမျိုး၏ ရှင် ဘုရင်အရာ ၌ ခန့်ထား ၍ ဘိသိက် ပေး၏ ၇ ငါ့ ကျွန် ပရောဖက် တို့ကိုသတ် သောအပြစ် ၊ ထာဝရဘုရား ၏ ပရောဖက်အပေါင်း ကိုသတ် သော အပြစ် အလျောက် ၊ ယေဇေဗေလ ၌ ငါဒဏ် ပေးမည် အကြောင်း၊ သင်သည် သင့် သခင် အာဟပ် အမျိုး ကို လုပ်ကြဲ ရမည် ၈ အာဟပ် အမျိုးသား ရှိသမျှ တို့ကို ပျက်စီး စေခြင်းငှါ ၊ ဣသရေလ မြို့ရွာ၌ အချုပ် ခံသောသူဖြစ်စေ ၊ အလွတ် ပြေးသောသူဖြစ်စေ ၊ အာဟပ် အမျိုးသားယောကျ်ား များကို ငါပယ်ဖြတ် မည် ၉ အာဟပ် အမျိုး ကို နေဗတ် ၏သား ယေရောဗောင် အမျိုး ကဲ့သို့ ၎င်း ၊ အဟိယ ၏သား ဗာရှာ အမျိုး ကဲ့သို့ ၎င်း ဖြစ် စေမည် ၁၀ ယေဇေဗေလ ကို သင်္ဂြိုလ် သောသူ မရှိ။ ယေဇရေလ မြေကွက် ၌ ၊ ခွေး တို့သည်သူ့ကိုစား ကြလိမ့်မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုပြီးမှတံခါး ကိုဖွင့် ၍ ပြေး ၏ ၁၁ ထိုအခါ ယေဟု သည် မိမိ သခင် ၏ ကျွန် တို့ရှိရာသို့ ထွက် ၍ ၊ တယောက်က၊ ရှိသမျှကောင်း သလော။ ထို” အရှု့း သည် အဘယ် ကြောင့်လာ သနည်းဟုမေး လျှင်၊ ယေဟုက၊ သင် တို့သည် ထိုသူ ကိုငှင်း၊ သူ ပြော သော စကားကိုငှင်း သိ

ကြ၏ဟုဆို သော်၊ “ ၁၂ သူတို့က ငါတို့မသိ။ ပြော ပါလော့ဟု ဆို ပြန်သော် ၊ ယေဟုက၊ ထိုသူသည်ဤမည်သော စကားကို ပြော ၏။ ထာဝရဘုရား က၊ ငါသည်သင့် ကို ဣသရေလ ရှင်ဘုရင် အရာ ၌ ခန့်ထား၍ ဘိသိက်ပေးသည်ဟု မိန့်တော်မူကြောင်းကိုဆင့်ဆိုသည်ဟု ပြန်ပြောသောအခါ၊” ၁၃ သူတို့သည် အလျင် အမြန်ထသဖြင့် ၊ အသီးအသီး မိမိတို့ ဝတ်လုံ ကိုယူ ၍ လှေကား ထိပ် ပေါ် ယေဟု အောက် မှာခင်း လျက် ၊ ယေဟု သည် ရှင် ဘုရင်ဖြစ်တော်မူ၏ဟု တံပိုး မှုတ် ၍ ဟစ်ကြော် ကြ၏ ၁၄ ထိုသို့ နိမ်ရှိ သား ယောရှဖတ် ၏ သား ယေဟု သည် ယောရံ မင်း တဘက်သင်းဖွဲ့ လေ၏။ ထိုအခါ ရှုရိ ရှင်ဘုရင် ဟာဇေလ ကြောင့်၊ ယောရံ မင်းနှင့် ဣသရေလ လူ အပေါင်း တို့သည် ဂိလဒ် ပြည်ရာမုတ်မြို့ကို စောင့်ရှောက် ကြ၏ ၁၅ သို့ရာတွင် ယောရံ မင်းသည် ရှုရိ ရှင်ဘုရင် ဟာဇေလ ကို စစ်တိုက်သောအခါ ၊ ရှုရိ လူထိခိုက် သော အနာ ကို ပျောက် စေခြင်းငှါ ယေဇရေလ မြို့သို့ ပြန်သွား နှင့်ပြီ။ ယေဟု ကလည်း ၊ သင်တို့အလိုရှိလျှင်၊ ယေဇရေလ မြို့သို့ သွား ၍ သိတင်းကြား ပြောရသော သူတစုံ တယောက်ကိုမျှ မြို့ ထဲ က မ ထွက် မသွားစေနှင့်ဟုစီရင်၏ ၁၆ ထိုသို့ ယောရံ မင်းသည် ယေဇရေလ မြို့၌ ရှိနေ သောကြောင့် ၊ ယေဟု သည် ရထားကိုစီး ၍ ထို မြို့သို့ သွား၏။ ထိုအခါ ယုဒ ရှင်ဘုရင် အာခဇိ သည်လည်း၊ ယောရံ မင်းကို ကြည့်ရှု အံ့သောငှါ ရောက် လာပြီ ၁၇ ယေဇရေလ မြို့၌ မျှော်စင် ပေါ် မှာ စောင့် သောသူသည် ရပ် လျက် ၊ ယေဟု နှင့် လိုက် လာသောအလုံးအရင်း ကို မြင်သောအခါ ၊ လူအလုံးအရင်း ကို ငါ မြင် သည်ဟု ဆို လျှင် ၊ ဆီးကြို ခြင်းငှါ သွား၍ ငြိမ်သက် ခြင်း ရှိသလော ဟု မေး မည်အကြောင်း ၊ ယောရံ သည် မြင်းစီး သူရဲတယောက်ကို စေလွှတ် သည်အတိုင်း၊ “ ၁၈ မြင်းစီး သူရဲသည် ဆီးကြို ခြင်းငှါ သွား ၍ ၊ ငြိမ်သက် ခြင်းရှိသလော ဟု ရှင်ဘုရင် မေး တော်မူကြောင်း ကို ပြော ဆိုသော် ၊ ယေဟု က၊ သင် သည် ငြိမ်သက် ခြင်းနှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့ နောက် သို့ လှည့် ၍ လိုက် လော့ဟု ဆို ၏ ၂၀ စောင့် သောသူကလည်း ၊ မြင်းစီးသူရဲသည်ရောက် ၍ ပြန် မ လာပါ။ လာသောသူသည် နိမ်ရှိ သား ယေဟု နှင် တတ်သကဲ့သို့ အလွန်ပြင်းထန်စွာနှင်၍ လာပါ သည်ဟုဆို၏ ၂၁ ယောရံ မင်းကလည်း၊ မြင်းရထားကို ပြင်ဆင် လော့ဟုဆို သည်အတိုင်း ၊ မြင်းရထား ကို ပြင်ဆင် ကြ၏။ ဣသရေလ ရှင်ဘုရင် ယောရံ နှင့် ယုဒ ရှင်ဘုရင် အာခဇိ တို့ သည် ရထား တော်တခုစီ စီး လျက် ယေဟု ကို ဆီးကြို မည်ဟု ထွက်သွား ၍ ၊ ယေဇရေလ မြို့ သားနာဗုတ် ၏ မြေကွက် တွင် တွေ့ ကြ၏ ၂၂ ယောရံ သည် ယေဟု ကိုမြင် လျှင် ၊ ယေဟု ငြိမ်သက် ခြင်းရှိသလော ဟု မေး သော် ၊ ယေဟုက၊ သင့် အမိ ယေဇေဗေလ ပြု သော အဓမ္မမေထုန်အမှု၊ ပြုစား သော အမှုများ သော ကာလ အတွင်းတွင်၊ အဘယ်သို့ သော ငြိမ်သက် ခြင်းရှိ လိမ့်မည်နည်းဟု ပြန်ပြော သော်၊ “ ၂၃ ယောရံ က၊ အိုအာခဇိ ၊ ပုန်ကန် မှုပါတကားဟု ဆို လျက် လှည့် ၍ ပြေး ၏ ၂၄ ယေဟု သည်လည်း လေး ကို တင် ၍ ပစ် သဖြင့်၊

ယောရံ ကို ပခုံး ကြား မှာမှန်၏။ မြှား သည်လည်း နှလုံး ကို ထုတ် ချင်းဖောက်၍ ၊ ယောရံ သည် ရထား တော်ပေါ် မှာ
လဲ နေ၏ ၂၅ ယေဟုကလည်း၊ သူ ကိုဆွဲ ၍ ယေဇရေလ မြို့သားနာဗုတ် မြေကွက် ၌ ချ ပစ်လော့။ သင် နှင့် ငါ သည် သူ
အဘ အာဟပ် နောက် သို့ မြင်းစီး ၍ လိုက်သောအခါ ၊ ဤ အမှုကို ထာဝရဘုရား ဗျာဒိတ် ထား တော်မူသည်ကို မမှတ်မိ
သလော ၂၆ အကယ် စင်စစ်နာဗုတ် အသွေး ၊ သူ သား တို့၏ အသွေး ကို မနေ့ က ငါကြည့် မြင်ပြီဟု ထာဝရဘုရား မိန့်
တော်မူ၏။ ဤ မြေကွက် ၌ သင့် ကို အပြစ်နှင့် အလျောက်ငါဒဏ်ပေးမည်ဟု ထာဝရဘုရား မိန့် တော်မူ ၏။ သို့ ဖြစ်၍
ထာဝရဘုရား ၏ အမိန့် တော်ရှိသည် အတိုင်း ၊ ဤမြေကွက် ၌ အလောင်း ကိုချ ပစ်လော့ဟု မိမိရထားမှူးဗိဒကကို
ဆို၏ ၂၇ ထိုအမှုကို ယုဒ ရှင်ဘုရင် အာခဇိ သည်မြင် လျှင် ၊ ဥယျာဉ်စံနန်းလမ်း ဖြင့် ပြေး ၏။ ယေဟု ကလည်း ၊ သူ ကို
ရထား ပေါ် မှာ ထိုးတော့ဟု လိုက် လျက် ဆို သည်အတိုင်း၊ ဂုရ မြို့သို့သွား သောလမ်းတွင် ပြုကြသဖြင့်၊
သူသည်မေဂိဒ္ဒေါ မြို့သို့ပြေး ၍ သေ ၏ ၂၈ သူ ၏ကျွန် တို့သည် အလောင်း ကို ရထားပေါ် သို့ တင်ပြီးလျှင် ၊ ယေရုရှလင်
မြို့သို့ ဆောင်သွား ၍ ၊ ဒါဝိဒ် မြို့ တွင် မိမိ သင်္ချိုင်း ၌ ဘိုးဘေး တို့နှင့်အတူ သင်္ဂြိဟ် ကြ၏ ၂၉ ထိုမင်းအာခဇိ သည်
အာဟပ် သား ယောရံ နန်းစံဆယ်နှစ်နှစ်တွင် ယုဒ နိုင်ငံ၌ နန်း ထိုင်၏ ၃၀ ယေဟု သည် ယေဇရေလ မြို့သို့ ရောက်
သည်ကို ယေဇေဗေလ သည် ကြား လျှင် ၊ မျက်ခမ်း တို့ကို ဆေး သုတ်၍ ဆံပင် ကိုတန်ဆာ ဆင်ပြီးမှ ၊ ပြတင်းပေါက် ဝ၌
ကြည့်ရှု လျက် နေ၏ ၃၁ ယေဟု သည် တံခါးဝ သို့ ဝင် သောအခါ ယေဇေဗေလက၊ မိမိ သခင် ကိုသတ် သောဇိမရိ
သည် ချမ်းသာ ရသလော ဟု မေး လျှင်၊ " ၃၂ ယေဟု သည် မျှော် ကြည့်၍ ၊ ငါ့ ဘက် မှာ အဘယ်သူ နေသနည်း။
အဘယ်သူ ဟုမေး လေသော် ၊ မိန်းမစိုး နှစ် ယောက်သုံး ယောက်တို့သည် ပြတင်းပေါက် ထဲ က ကြည့်ရှု ကြ၏ ၃၃
ယေဟုက၊ သူ ကို တွန်း ချလိုက်ဟုဆို သည် အတိုင်း တွန်းချ သဖြင့် ၊ သူ ၏အသွေး သည် နန်းတော်ထရံ အပေါ်
၌ဂင်း ၊ မြင်း တို့အပေါ် ၌ဂင်း စဉ် ၏။ ယေဟုသည် သူ့ ကိုယ်ကို နင်း လေ၏။ အထဲသို့ဝင်၍၊" ၃၄ စား သောက်
ပြီးမှ ၊ ထို ကျိန် အပ်သော မိန်းမသည် ရှင်ဘုရင် သမီး ဖြစ်သောကြောင့် ၊ သွား ကြည့် ၍ သင်္ဂြိဟ် လော့ဟု ဆို
သည်အတိုင်း၊ " ၃၅ သင်္ဂြိဟ် ခြင်းငှါ သွား သောအခါ ၊ ဦးခေါင်းခွံ ၊ ခြေ ဖျား၊ လက်ဝါး တို့ကိုသာ တွေ့ သောကြောင့် ၊
တဖန် လာ၍ ကြားလျှောက်ကြ၏ ၃၆ ယေဟုက၊ ယေဇရေလ မြေကွက် ၌ ခွေး တို့သည် ယေဇေဗေလ ၏အသား ကို စား
ကြလိမ့်မည်ဟု ထာဝရဘုရား သည် မိမိ ကျွန် တိရှဘိ မြို့သားဧလိယ အားဖြင့် မိန့် တော်မူသော စကား တော်သည်
ဤသို့ ပြည့်စုံပြီ ၃၇ သို့ ဖြစ်၍ ဤ သင်္ချိုင်းသည် ယေဇေဗေလ သင်္ချိုင်း ဖြစ်၏ဟု အဘယ်သူမျှမ ပြော နိုင်မည်အကြောင်း
၊ သူ၏ အလောင်း ကောင်သည် ယေဇရေလ မြေကွက် တွင် ၊ လယ်ပြင် ၌ နောက်ချေး ကဲ့သို့ ရှိ ရလိမ့်မည်ဟု ဆို၏

၁၀ အာဟပ် ၏သား ခုနစ်ကျိပ် တို့သည် ရှမာရိ မြို့၌ ရှိသည်ဖြစ်၍၊ ယေဟု သည် ယေဇရေလ မြို့အုပ် များ၊
အသက်ကြီး သူများ၊ အာဟပ် သားတို့ ကို လုပ်ကျွေးသော သူများရှိ ရာ၊ ရှမာရိ မြို့သို့ စာ ရေး ၍ ပေး လိုက်လေ၏ ၂
မှာလိုက်သောစာချက်ဟူမူကား၊ သင် တို့ ၌ သင် တို့သခင် ၏သား များ၊ စစ်သူရဲ ၊ မြင်း စီးသူရဲများ၊ ခိုင်ခံ့ သောမြို့ ၊
လက်နက် စုံရှိသည်ဖြစ်၍ ၊ ဤ စာ ရောက် သောအခါ၊ " ၃ သင် တို့သခင် ၏သား တို့တွင် သာ၍ကောင်း မြတ်တော်

သင့်သောသူကို ရွေးကောက် ၍ ခမည်းတော် ၏ရာဇပလ္လင် ပေါ် မှာတင် ပြီးလျှင်၊ သခင် အမျိုး အဘို့ စစ်တိုက်
ကြလော့ ဟု မှာလိုက်သတည်း ၄ ထိုသူတို့က၊ ရှင်ဘုရင် နှစ် ပါးတို့သည် သူ့ ရှေ့ မှာ မ ခံ မရပ်နိုင်သည် ဖြစ်၍ ၊ ငါ
တို့သည် အဘယ် သို့ခံရပ်နိုင် မည်နည်းဟု အလွန် ကြောက် လျက် ဆို ကြ၏ ၅ နန်းတော် အုပ်၊ မြို့ အုပ်၊ အသက်
ကြီးသူ၊ အာဟပ် သားတို့ကို လုပ် ကျွေးသောသူတို့ ကလည်း ၊ ကျွန်တော် တို့ သည် ကိုယ်တော် ကျွန် ဖြစ်ပါ၏။ မိန့်
တော်မူသည်အတိုင်း ပြု ပါမည်။ ကျွန်တော်တို့သည် ရှင်ဘုရင်ကိုမ ချီးမြှောက် ပါ။ အလို တော်ရှိသည်အတိုင်း ပြု
တော်မူပါဟု ယေဟုထံသို့ ပြန် စာကို ပေးလိုက်ကြ၏ ၆ ယေဟုကလည်း၊ သင် တို့သည် ငါ၏လူဖြစ်၍ ငါ့ စကား ကို
နားထောင် လျှင် ၊ သင် တို့သခင့် သား တို့၏ ဦးခေါင်း များကိုယူ ၍ ယေဇရေလ မြို့၊ ငါ ရှိရာသို့ နက်ဖြန် နေ့ယခု
အချိန် ၌ လာ ကြလော့ဟု တဖန်စာပေး လိုက်လေ၏။ ရှင်ဘုရင် ၏သား တော်ပေါင်း ခုနစ်ကျိပ် ရှိသည်ဖြစ်၍၊
လုပ်ကျွေးသောမြို့သားအကြီးအကဲတို့ ၌ ရှိကြ၏ ၇ ထိုစာ ရောက် သောအခါ၊ ရှင်ဘုရင် ၏ သားတော် ခုနစ်ကျိပ်
တို့ကိုယူ ၍ သတ် သဖြင့် ၊ ဦးခေါင်း များကို တောင်း တို့ ၌ ထည့် ပြီးလျှင် ၊ ယေဇရေလ မြို့၊ ယေဟု ထံသို့ ပေး လိုက်
လေ၏ ၈ လုလင် တယောက်သည် လာ ၍ ရှင်ဘုရင် သား တို့ ၏ ဦးခေါင်း များကို ဆောင် ခဲ့ပါပြီဟု လျှောက် လျှင် ၊
ယေဟု က၊ မြို့တံခါး၀ မှာ နံနက် တိုင်အောင် နှစ် စုပုံ ထား တော့ဟု ဆို ၏ ၉ နံနက် ရောက်မှယေဟုသည် ထွက် ၍ ရပ်
လျက် လူ များတို့အား ၊ အိုဖြောင့်မတ် သောလူတို့၊ ငါ သည် ငါ့ သခင် တဘက် ၌ သင်းဖွဲ့ ၍ သတ် လေပြီ။ ဤ
သူအပေါင်း တို့ကို ကား အဘယ် သူသတ် သနည်း ၁၀ ထာ၀ရဘုရား သည် အာဟပ် အမျိုး ၌ မိန့် တော်မူ သော စကား
တော်တခွန်းမျှမြေ သို့ မ ကျ ရသည် ကို သင်တို့သိ မှတ်ကြလော့။ ထာ၀ရဘုရား သည် မိမိ ကျွန် ဧလိယ အားဖြင့် မိန့်
တော်မူသည်အတိုင်း ပြု တော်မူမည်ဟု ဆိုသဖြင့်” ၁၁ ယေဇရေလ မြို့၌ ကျန်ကြွင်း သော အာဟပ် အမျိုးသား အပေါင်း
တို့နှင့် သူ ၏ လူကြီးပေါက်ဘော်၊ ယဇ်ပုရောဟိတ် အပေါင်း တို့ကို တယောက် မျှမ ကျန် စေဘဲ သတ် လေ၏ ၁၂
နောက်မှ ထ ၍ ရှမာရိ မြို့သို့သွား ၏။ လမ်း နား မှာ ရှိ သောသိုးမွေးညှပ်ရာစရပ်သို့ ရောက် သောအခါ၊ “ ၁၃ ယုဒ
ရှင်ဘုရင် အာခဇိ ၏ ပေါက်ဘော် တို့ကို တွေ့ လျှင် ၊ သင် တို့သည် အဘယ်သူ နည်းဟုမေး သော် ၊ ငါတို့သည် အာခဇိ
မင်း၏ ဆွေတော် မျိုးတော်ဖြစ်၏။ ရှင်ဘုရင် ၏ သား တော်တို့နှင့် မိဖုရား ၏ သား တော်တို့ကို နှုတ်ဆက် အံ့သောငှါ
သွား သည်ဟု ဆို ကြ၏ ၁၄ ယေဟုကလည်း၊ အရှင် ဘမ်း ကြဟု စီရင် သည် အတိုင်း ၊ အရှင် ဘမ်း ၍ သိုးမွေး
စရပ်တွင်း နား မှာ လေးကျိပ် နှစ် ယောက်တို့ကို တယောက် မျှမ ကျန် စေဘဲ သတ် ကြ၏ ၁၅ ထို စရပ်မှ ထွက်
သောအခါ ခရီးဦး ကြိုပြုအံ့ ဟု လာ သောရေခပ် သား ယောနဒပ် ကို တွေ့ ၍ နှုတ်ဆက် သဖြင့် ၊ ငါ့ စိတ် နှလုံးသည်
သင့် စိတ် နှလုံးနှင့် သင့်၍ သဘော ဖြောင့်သကဲ့သို့ သင့် စိတ် နှလုံးသည် သဘောဖြောင့် သလောဟုမေးလျှင်၊
ဖြောင့်ပါသည်ဟုလျှောက် ဆိုသော်၊ ထို သို့မှန်လျှင် သင့် လက် ကိုပေး ပါဟုဆို သည်အတိုင်း ၊ လက် ကိုပေး ၍
ယေဟုသည် မိမိ အနားသို့ ရထား ပေါ် မှာ ဆွဲ တင်လျက်၊ “ ၁၆ ငါ နှင့်အတူ လိုက် ၍ ထာ၀ရဘုရား ဘက် ၌ ငါ့
စိတ်အားကြီး ကြောင်း ကို ကြည့်ရှု လော့ဟုဆို သဖြင့် မိမိ ရထား ကို စီး စေ၏ ၁၇ ရှမာရိ မြို့သို့ရောက် သောအခါ၊

ထာဝရဘုရား သည် ဧလိယ အား မိန့် တော်မူသော စကား တော်အတိုင်း ၊ အာဟပ် အမျိုး အကုန် အစင်ပျက်စီး သည်တိုင်အောင် ထို မြို့၌ ကျန်ကြွင်း သမျှတို့ကိုသတ် လေ၏ ၁၈ တဖန် ယေဟု သည် လူ အပေါင်း တို့ကို စုဝေး စေ၍ ၊ အာဟပ် သည် ဗာလ ဘုရားကို အနည်းငယ် သာ ဝတ်ပြု ၏။ ငါယေဟု မူကား များ စွာပြု မည် ၁၉ သို့ ဖြစ်၍ ဗာလ ဘုရား၏ ပရောဖက် များ ၊ အမှု စောင့်များ ၊ ယဇ်ပုရောဟိတ် များ အပေါင်း တို့ကို ခေါ် ကြ။ တယောက် မျှမ ကြွင်း စေနှင့်။ ငါသည် ဗာလ ဘုရားအား ယဇ် ကြီး ကို ပူဇော်မည်။ ကြွင်း သောသူ မည်သည်ကား အသက် မ ရှင်ရဟုဆို ၏။ ထိုသို့ဆိုသော်၊ ဗာလ ကို ကိုးကွယ် သောသူတို့ ကို ဖျက်ဆီး မည် အကြံ နှင့် ပရိယာယ် ပြု ၍ဆို၏ ၂၀ ဗာလ ဘုရားအဘို့ ဓမ္မပွဲ ကို ပြင်ဆင် ကြဟု တဖန် စီရင်သည်အတိုင်း ဓမ္မပွဲကို စောင့်ရမည်ဟု ကြော်ငြာ ကြ၏ ၂၁ ဣသရေလ ပြည်တရှောက်လုံး သို့ စေလွှတ် ၍ ၊ ဗာလ တပည့် ရှိသမျှ တို့သည် တယောက် မျှ မ ကြွင်း လာကြ၏။ ဗာလ ကျောင်း ထဲသို့ ဝင် ကြသဖြင့် တကျောင်းလုံး ပြည့် လျက် ရှိ၏ ၂၂ ယေဟုသည် အဝတ် တန်ဆာတိုက်စိုးကို ခေါ် ၍၊ ဗာလ ဘုရားတပည့် တို့အဘို့ အဝတ် တန်ဆာကို ထုတ် ကြ ဟုဆို သည်အတိုင်း ထုတ် လေ၏ ၂၃ တဖန် ရေခပ် သား ယောနဒပ် နှင့်အတူ ဗာလ ကျောင်း ထဲသို့ ဝင် ၍ ၊ သင် တို့သည် ထာဝရဘုရား တပည့် တယောက် မျှမပါ၊ ဗာလ ဘုရားတပည့် သက်သက်ရှိစေမည် အကြောင်းကြည့်ရှုစစ်ကြောကြလော့ဟု ဗာလ တပည့်တို့အား ဆို ၏ ၂၄ မီးရှို့ ရာယဇ်အစ ရှိသော ယဇ် မျိုးကိုပူဇော် ခြင်းငှါ အထဲသို့ဝင် သောအခါ ၊ ယေဟု သည် ကျောင်းပြင် ၌ လူ ရှစ်ကျိပ် ကိုထား ၍ ၊ သင် တို့လက် သို့ ငါ ဆောင် ခဲ့သော ဤသူတစုံတယောက်မျှလွတ်လျှင်၊ လွတ် စေသောသူ သည် အသက် သေရမည်ဟု စီရင်၍” ၂၅ မီးရှို့ ရာယဇ်ကို ပူဇော် မှုပြီး သောအခါ ၊ ယေဟု က ဝင် ၍ သတ် ကြလော့။ တယောက် ကိုမျှ မ ထွက် စေနှင့်ဟု တပ်သား နှင့် တပ်မှူး တို့အား ဆို သည်အတိုင်း ၊ တပ်သား နှင့် တပ်မှူး တို့ သည် ထား နှင့် လုပ်ကြံ ၍ အသေကောင်များကို ထုတ်ပစ် ပြီးမှ၊ “ ၂၆ ဗာလ ကျောင်း နှင့်ဆိုင်သော မြို့ သို့ သွား ၍ ဗာလ ကျောင်း ထဲကရုပ်တု များကို ထုတ် ပြီးလျှင် မီးရှို့ ကြ၏ ၂၇ ဗာလ ဆင်းတု ကိုငင်း၊ ကျောင်း ကိုငင်းဖြိုဖျက် ၍ ယနေ့ တိုင်အောင် ကိုယ် သုတ်သင်ရာ အိမ်ဖြစ် စေကြ ၏ ၂၈ ထိုသို့ ယေဟု သည် ဗာလ ကိုကျရေလ ပြည်မှ ပယ်ရှား ဖျက်ဆီးလေ၏ ၂၉ သို့ရာတွင် ဣသရေလ အမျိုးကို ပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက် တည်းဟူသော ၊ ဗေသလ မြို့နှင့် ဒန် မြို့မှာ ရှိသော ရွှေ နွားသငယ် တို့ကို မ စွန့်။ ၃၀ ထာဝရဘုရား ကလည်း ၊ သင်သည်ငါ့ ရှေ့မှာ ဖြောင့် သောအကျင့်ကို ကျင့် ၍ ကောင်းမွန် စွာ ပြုသောကြောင့် ၎င်း၊ ငါ အလို ရှိသမျှ အတိုင်း အာဟပ် အမျိုး ၌ စီရင် သောကြောင့် ၎င်း၊ သင့် သား မြေးလေး ဆက် တိုင်အောင်ဣသရေလ နိုင်ငံရာဇပလ္လင် ပေါ် မှာ ထိုင် ရမည် ဟု ယေဟု အား မိန့် တော်မူသော်လည်း၊” ၃၁ ယေဟု သည် ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား တရား တော်လမ်းသို့ စိတ် နှလုံးအကြွင်းမဲ့ လိုက် ခြင်းငှါ သတိ မ ပြု။ ဣသရေလ အမျိုးကို ပြစ်မှား စေသော ယေရောဗောင် ၏ ဒုစရိုက် တို့ကို မ စွန့်။ ၃၂ ထိုကာလ တွင် ၊ ထာဝရဘုရား သည် ဣသရေလ ပြည် စွန်းတို့ကို ဖြတ် တော်မူ၏ ၃၃ ဟာဇေလ သည် ယော်ဒန် မြစ်အရှေ့ ဘက်၊ ဂဒ် အမျိုး၊ ရုဗင် အမျိုး၊ မနာရှေ အမျိုးနေရာ၊ အာနုန် မြစ် နား ၌ရှိသော အာရော် မြို့မှစ၍

ဂိလဒ် ပြည် ၊ ဗာရှန် ပြည် တရှောက်လုံး အရပ်ရပ် တို့ကို လုပ်ကြံ လေ၏ ၃၄ ယေဟု ပြု မူသော အမှု အရာ ကြွင်း လေသမျှ တို့နှင့် တန်ခိုး ကြီးခြင်းအရာသည်၊ ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၃၅ ယေဟုသည် ရှမာရိ မြို့၌ မင်း ပြု၍ ၊ ဣသရေလ နိုင်ငံကို နှစ်ဆယ် ရှစ် နှစ် စိုးစံ ပြီးမှ ၊ ဘိုးဘေး တို့နှင့် အိပ်ပျော်၍ ၊ ရှမာရိ မြို့၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏ ၃၆ သားတော် ယောခတ် သည် ခမည်းတော် အရာ ၌ နန်းထိုင်၏၊

၁၁ အာခဇိ ၏မယ်တော် အာသလိ သည် မိမိ သား သေ ကြောင်း ကို သိ မြင်သော်၊ ထ ၍ ဆွေတော် မျိုးတော်အပေါင်း တို့ကို သုတ်သင်ပယ်ရှင်း လေ၏ ၂ သို့ရာတွင် အာခဇိ ၏နှမ ယဟောရံ မင်းကြီး သမီး ယောရှေဘ သည် အာခဇိ ၏သား ယောရှ ကို အသေ ခံရသောဆွေတော်မျိုးတော်ထဲက ခိုး ယူ၍ အာသလိ လက် မှ သူ၏အသက် လွတ်စေခြင်းငှါ၊ သူ နှင့်သူ ၏ နို့ထိန်း ကို အိပ်ခန်း ထဲ၌ ဝှက် ထား၏ ၃ ထိုနောက် ယောရှသည် ခြောက် နှစ် ပတ်လုံးအရီး နှင့်အတူ ဗိမာန် တော်၌ပန်းရှောင် လျက်နေ၍ ၊ အာသလိ သည် စိုးစံ လေ၏ ၇ ခုနစ် နှစ် မြောက် သောအခါ၊ ယောယဒ သည် စေလွှတ် ၍ ၊ လူတရာ အုပ် ၊ တပ်မှူး ၊ တပ်သား တို့ကို ခေါ် လေ၏။ ဗိမာန်တော် ထဲသို့ သွင်း ၍ ပဋိညာဉ် ဖွဲ့ ခြင်း၊ ဗိမာန်တော် ၌ သစ္စာ တိုက်ခြင်းကို ပြုပြီးမှ ၊ ရှင်ဘုရင် ၏ သားတော် ကိုပြ လေ၏ ၅ ယောယဒကလည်း၊ သင်တို့ပြု ရသော အမှု ဟူမူကား ၊ ဥပုသ် နေ့၌ဝင် သောလူသုံးစု တစုသည် နန်းတော် တံခါး ကိုစောင့် ရမည် ၆ တစု သည် သုရ တံခါး ကို စောင့် ရမည်။ တစု သည် ကင်းနောက် တံခါး ကို စောင့် ရမည်။ ထိုသို့ ဗိမာန်တော် ကို မဖြို မဖျက်စေခြင်းငှါစောင့် ရမည် ၇ ဥပုသ် နေ့၌ ထွက် သောလူသုံးစုတွင် နှစ် စုသည် ရှင်ဘုရင် ပတ်လည် ဗိမာန်တော် ၌စောင့် ရမည် ၈ လူတိုင်း မိမိ လက်နက် ကို ကိုင် လျက် ကိုယ်တော်မြတ်ကို ဝိုင်း၍၊ တပ် ထဲသို့ ဝင် သမျှသောသူတို့ကိုသတ် ရမည်။ ရှင်ဘုရင် ထွက် ဝင် တော်မူသောအခါ ၊ နောက်တော် သို့ လိုက်ရမည်ဟုမှာထားလေ၏ ၉ ထိုသို့ ယဇ်ပုရောဟိတ် ယောယဒ မှာ ထားသမျှ အတိုင်း လူတရာ အုပ် တို့သည်ပြု ၍ ၊ ဥပုသ် နေ့၌ထွက် ရသောသူနှင့် ဝင် ရသောသူအသီးအသီး တို့ကို ခေါ် ၍ ယဇ်ပုရောဟိတ် ယောယဒ ထံသို့ ရောက် သောအခါ၊ “ ၁၀ ဗိမာန်တော် ၌ ရှိသော ဒါဝိဒ် မင်းကြီး ၏ လုံ များ နှင့် ဒိုင်း များကို ယဇ် ပုရောဟိတ်သည်ထုတ်၍ လူတရာ အုပ်တို့အား အပ် လေ၏ ၁၁ စောင့် သောသူအပေါင်းတို့သည် လက်နက် ကို ကိုင် လျက် ၊ ရှင် ဘုရင်ကို ဝိုင်း ၍ ယဇ် ပလ္လင်အနား နှင့် ဗိမာန်တော် အနား၌ လက်ျာ ထောင့် မှစ၍ လက်ဝဲ ထောင့် တိုင်အောင် ရပ် ကြ၏ ၁၂ ယဇ်ပုရောဟိတ်သည် ရှင်ဘုရင် သားတော် ကို ပြင် သို့ထုတ်၍ ၊ ရာဇ သရဖူနှင့် ပညတ္တိ ကျမ်းကို တင် လျက် ၊ ဘိသိတ် ပေးလျက် ၊ ရှင် ဘုရင်အရာ၌ချီးမြှောက်ပြီးမှ ရှင်ဘုရင် အသက် တော်ရှင်စေသတည်းဟု လက်ခုပ်တီး ၍ ကြွေးကြော် ကြ၏ ၁၃ အာသလိ သည် တပ်သား ပြုသောအသံ နှင့် လူ များပြုသောအသံကိုကြား လျှင် ၊ လူ များရှိရာ ဗိမာန် တော်သို့ သွား ၍၊ “ ၁၄ ရှင် ဘုရင်သည် ယုဒမင်း ထုံးစံ အတိုင်း တိုင် နား မှာရပ် လျက်၊ မှူးတော်မတ်တော်များနှင့် တံပိုး မှုတ်သော သူများတို့သည် ရှင်ဘုရင်အနားတော်၌ ရပ်လျက်၊ ပြည်သူပြည်သားများတို့သည် ဝမ်းမြောက်၍ တံပိုးမှုတ် လျက်ရှိကြသည်ကိုမြင်လျှင်၊ မိမိ အဝတ် ကို ဆုတ် ၍ ပုန်ကန် မှုပါတကား၊ ပုန်ကန် မှုပါတကားဟု အော်ဟစ် လေ၏

၁၅ ယဇ်ပုရောဟိတ် ယောယဒ ကလည်း၊ ဗိမာန်တော် ထဲမှာမ သေ စေနှင့်၊ တပ် ပြင် သို့ ထုတ် ကြ။ သူဘက်မှာ နေသောသူကို ထား နှင့် သတ် ကြဟု လူတရာအုပ်၊ တပ်မှူးတို့ကို မှာထားနှင့်သည်အတိုင်း၊" ၁၆ အာသလိ ကို ဘမ်းဆီး လျက်၊ နန်းတော် သို့ သွား သောမြင်း လမ်း ဖြင့် ထုတ် ၍ သတ် ကြ၏ ၁၇ ယောယဒ သည်လည်း ရှင်ဘုရင် နှင့် လူ များတို့ သည် ထာဝရဘုရား ၏ လူ ဖြစ် ရမည်အကြောင်း ထာဝရဘုရား နှင့် ပဋိညာဉ် ဖွဲ့ စေ၏။ တဖန် ရှင်ဘုရင် နှင့် လူ များ တို့ကို တဦးနှင့်တဦးပဋိညာဉ်ဖွဲ့စေ၏ ၁၈ ပြည်သူ ပြည်သားအပေါင်း တို့သည် ဗာလ ကျောင်း သို့သွား ၍ ဖြိုဖျက် ကြ၏။ ယဇ် ပလ္လင်များနှင့် ရုပ်တု များကိုအကုန် အစင်ချိုးဖဲ့၍၊ ယဇ် ပလ္လင်တို့ရှေ့ မှာ ဗာလ ယဇ်ပုရောဟိတ် မဿန် ကိုသတ် ကြ၏ ၁၉ ယဇ်ပုရောဟိတ် ယောယဒသည်လည်း၊ ဗိမာန်တော် အုပ် များကို ခန့်ထား ပြီးမှ လူတရာ အုပ်၊ တပ်မှူး၊ တပ်သား၊ ပြည်သူ ပြည်သားအပေါင်း တို့ကိုခေါ် လျက်၊ ကင်းတံခါး လမ်း ဖြင့် ရှင် ဘုရင်ကို ဗိမာန်တော် မှ နန်းတော် သို့ပို့ဆောင် ၍ ရာဇ ပလ္လင်တော်ပေါ် မှာ ထိုင် စေ၏ ၂၀ နန်းတော် နားမှာ အာသလိ ကို သတ် ပြီးမှ၊ ပြည်သူ ပြည်သားအပေါင်း တို့သည် ဝမ်းမြောက် ၍ တမြို့လုံး ၌လည်း ငြိမ်ဝပ် ခြင်းရှိ၏

၁၂ ယေဟု နန်းစံ ခုနစ် နှစ် တွင် ယောရှ သည် အသက် ခုနစ် နှစ်ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင် မြို့၌ အနှစ် လေးဆယ် စိုးစံ ၏။ မယ်တော် ကား၊ ဗေရရှေဘ မြို့သူဇိဗိ အမည်ရှိ၏ ၂ ယဇ်ပုရောဟိတ် ယောယဒ သွန်သင် သော ကာလ ပတ်လုံးယောရှ သည် ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကို ပြု ၏ ၃ သို့ရာတွင် မြင့် သောအရပ်တို့ကို မ ပယ်ရှား သောကြောင့်၊ လူ တို့သည် ထိုအရပ် တို့ ၌ ယဇ် ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ ကြ၏ ၄ ယောရှ မင်းကလည်း၊ ဗိမာန်တော် ထဲသို့ သွင်း သော အလှူဥစ္စာကို ရောင်း၍ရသောငွေ၊ စာရင်းဝင် သောသူတိုင်းကိုယ်အတွက်ပေးသောငွေ၊ ကိုယ်ဘိုးပြတ်၍ ရသောငွေ၊ အလိုလို လှူသောငွေရှိသမျှကို၊" ၅ ယဇ် ပုရောဟိတ်တို့သည် မိမိတို့အသိအကျွမ်း လှူသည်အတိုင်း ခံ ယူ၍၊ ဗိမာန်တော် ပြိုပျက် ရာရှိသမျှ တို့ကို ပြုပြင် ကြစေဟု ယဇ်ပုရောဟိတ် တို့အား မိန့် တော်မူ ၏ ၆ သို့သော်လည်း ယောရှ မင်းကြီး နန်းစံနှစ်ဆယ် သုံး နှစ် တွင်၊ ယဇ် ပုရောဟိတ်တို့သည် ဗိမာန်တော် ပြိုပျက် ရာတို့ကို မ ပြုပြင် ကြသေး ၇ ထိုအခါ ယောရှ မင်းကြီး သည် ယဇ်ပုရောဟိတ် ယောယဒ နှင့် အခြားသော ယဇ် ပုရောဟိတ်တို့ကိုခေါ် ၍၊ သင် တို့သည် ဗိမာန်တော် ပြိုပျက် ရာတို့ကို အဘယ် ကြောင့်မ ပြုပြင် ဘဲ နေကြသနည်း။ နောက် တဖန် အသိအကျွမ်းလူသော ငွေကိုကိုယ်တိုင်မယူကြနှင့်။ ဗိမာန်တော် ပြိုပျက် ရာတို့ကို ပြုပြင်ဘို့ရာအပ် ကြလော့ဟု ဆိုသည်အတိုင်း၊" ၈ ယဇ် ပုရောဟိတ်တို့သည် နောက် တဖန် လူ များ လှူသောငွေ ကို မ ခံ ရ။ ဗိမာန် တော်ပြိုပျက် ရာကိုလည်း မ ပြုပြင် ရဟုဝန်ခံ ကြ၏ ၉ ယဇ်ပုရောဟိတ် ယောယဒ သည် သေတ္တာ ကို ယူ ၍ အဖုံး ကို ဖောက် ပြီးလျှင်၊ ဗိမာန်တော် အထဲသို့ ဝင် သောလမ်းလက်ျာ ဘက် ယဇ် ပလ္လင်နား မှာထား လေ ၏။ ဗိမာန်တော် သို့ဆောင် ခဲ့သော ငွေ ရှိသမျှ ကို တံခါး စောင့် ယဇ် ပုရောဟိတ်တို့သည် သေတ္တာ ထဲ မှာထား ကြ၏ ၁၀ ငွေ များ သည် ကိုသိ မြင်လျှင်၊ ရှင်ဘုရင် ၏ စာရေး တော်ကြီးနှင့် ယဇ်ပုရောဟိတ် မင်း သည် လာ ၍ ဗိမာန်တော် ၌စုသောငွေ ကို ထုတ် ထားလျက် စာရင်း ယူ၏ ၁၁ ထိုသို့ ချိန် ထားသော ငွေ ကို ဗိမာန်တော် အုပ် အမှူ တော်စောင့် တို့ ၌ အပ် ၍၊

ဗိမာန်တော် ၌ အလုပ် လုပ် သော လက်သမား၊" ၁၂ ပန်းရန် သမား၊ ကျောက်ဆစ် သမားတို့အတွက် ဗိမာန်တော် ပြိုပျက် ရာကို ပြုပြင် စရာ ကျောက် နှင့် သစ်သား ကိုဝယ် ၍ ကုန်သမျှသောအတွက်ပေးဝေကြ၏ ၁၃ ဗိမာန်တော် အဘို့ငွေ ဖလား ၊ မီးညှပ် ၊ အင်တုံ ၊ တံပိုး ၊ ရွှေ တန်ဆာ ၊ ငွေ တန်ဆာ တို့ကို ထိုငွေ နှင့် မ လုပ် သေး ၁၄ အလုပ် လုပ် သောသူတို့အား သာ ပေး ၍ ၊ ဗိမာန်တော် ကို ပြုပြင် ကြ၏ ၁၅ အလုပ် လုပ် သောသူတို့ အား ပေး စေခြင်းငှါ ၊ ငွေ ကို လက်ခံ သောသူတို့ သည် သစ္စာ စောင့် သောသူဖြစ် သောကြောင့် စာရင်း မ ပေးကြ ၁၆ ဒုစရိုက် ငွေ ၊ အပြစ် ငွေ ကိုမူကား ၊ ဗိမာန်တော် သို့ မ သွင်း ဘဲ ယဇ် ပုရောဟိတ်တို့သည် ယူ ကြ၏ ၁၇ ထိုအခါ ရှူရိ ရှင်ဘုရင် ဟာဇေလ သည် ဂါသ မြို့ ကို စစ်ချီ ၍ တိုက်ယူ ပြီးမှ ၊ ယေရုရှလင် မြို့သို့ ချီ အံ့သောငှါ အားထုတ်လေ၏ ၁၈ ယုဒ ရှင်ဘုရင် ယောရှ သည် ဘိုးတော် ဘေးတော်တည်းဟူသော ယုဒ ရှင်ဘုရင် ယောရှဖတ် ၊ ယဟောရံ ၊ အာခဇိ လူ သမျှ သော တန်ဆာ နှင့် ကိုယ်တိုင် သန့်ရှင်း သမျှသောတန်ဆာများ၊ ဗိမာန်တော် ဘဏ္ဍာ ၊ နန်းတော် ဘဏ္ဍာတွင် တွေ့ သမျှ သောငွေ ကိုယူ၍ ရှူရိ ရှင်ဘုရင် ဟာဇေလ ထံ သို့ပေး လိုက်သောကြောင့် ၊ ဟာဇေလသည် ယေရုရှလင် မြို့ကို ထား၍ သွား ၏ ၁၉ ယောရှ ပြုမူသောအမှု အရာ ကြွင်း လေသမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၀ ထိုမင်း ၏ကျွန် ရှိမတ် သား ယောဇဗဒ် နှင့် ရှိမရိတ် သား ယဟောဇဗဒ် တို့သည် ထ ၍ သင်းဖွဲ့ ပြီးလျှင် ၊ သိလ ရှာသို့ သွား သောလမ်း၊ မိလ္လော စံနန်းတွင်ယောရှ ကို သေ အောင်လုပ်ကြံ ၍၊ " ၂၁ ဘိုးဘေး တို့နှင့်အတူ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ကြ၏။ သား တော်အာမဇိ သည် ခမည်းတော် အရာ ၌နန်းထိုင် ၏

၁၄ ယုဒ ရှင်ဘုရင် အာခဇိ သား ယောရှ နန်းစံ နှစ်ဆယ် သုံး နှစ် တွင် ၊ ယေဟု သား ယောခတ် သည် ရှမာရိ မြို့၌ မင်းပြု၍ ဂြသရေလ နိုင်ငံကို ဆယ် ခုနစ် နှစ် စိုးစံ၏ ၂ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၍ ၊ ဂြသရေလ အမျိုးကို ပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက်အပြစ် တို့ကို မ ရှောင် ၊ လိုက် လေ၏ ၃ ထိုကြောင့် ထာဝရဘုရား သည် ဂြသရေလ အမျိုးကို အမျက် ထွက် ၍ ၊ ယောခတ်မင်း လက်ထက်ကာလပတ်လုံး၊ ရှူရိ ရှင်ဘုရင် ဟာဇေလ နှင့် သူ၏သား ဗင်္ဒာဒဒ် လက် သို့ ဂြသရေလအမျိုးကို အပ် တော်မူ၏ ၄ တဖန် ယောခတ် သည် ထာဝရဘုရား ကို တောင်းပန် လေ၏။ ရှူရိ ရှင်ဘုရင် ညှဉ်းဆဲ ၍ ဂြသရေလ အမျိုးသည် အလွန် ခံရကြောင်း ကို ထာဝရဘုရား သည် မြင် ၍ ယောခတ်စကားကို နားထောင် တော်မူ၏ ၅ ရှူရိ ရှင် ဘုရင်သည် ဂြသရေလအမျိုးသားတို့ကို ဖျက်ဆီး ၍ ၊ စပါးနင်း ရာတွင် လွင့်သောအမှုန့် ကဲ့သို့ ဖြစ် စေသဖြင့် ၊ မြင်းစီး သူရဲ၊ ငါးကျိပ် ၊ ရထား တဆယ် ၊ ခြေ သည်သူရဲတသောင်း ကိုသာ ယောခတ် ၌ ကြွင်း စေ၏ ၆ ထို့ကြောင့် ထာဝရဘုရား သည် ကယ်တင် သော သခင်ကိုပေး တော်မူသဖြင့် ၊ ဂြသရေလအမျိုးသားတို့ သည် ရှူရိလူတို့လက် မှ ထွက်မြောက် ၍ အထက် ကနည်းတူ မိမိ တို့နေရာ ၌ နေ ရကြ၏ ၇ သို့ရာတွင် ဂြသရေလ အမျိုးကို ပြစ်မှား စေသော ယေရောဗောင် မင်းမျိုး ၏ ဒုစရိုက်အပြစ် တို့ကို မ ရှောင် ၊ လိုက်ကြ၏။ ရှမာရိ မြို့၌ လည်း အာရှရ ပင် ရှိသေး၏ ၈ ယောခတ် ပြု မူသော အမှု အရာကြွင်း လေသမျှ တို့နှင့် တန်ခိုး ကြီးခြင်းအရာသည် ဂြသရေလ ရာဇဝင် ၌ ရေးထား

လျက်ရှိ၏ ၉ ယောခတ် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ရှမာရိ မြို့၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သားတော် ယဟောရှ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏ ၁၀ ယုဒ ရှင်ဘုရင် ယောရှ နန်းစံ သုံးဆယ် ခုနစ် နှစ် တွင် ၊ ယောခတ် သား ယဟောရှ သည် ရှမာရိ မြို့၌ မင်းပြု၍ ကြသရေလ နိုင်ငံကို ဆယ် ခြောက် နှစ် စိုးစံ၏ ၁၁ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၍ ကြသရေလ အမျိုးကို ပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက်အပြစ် ကိုမ ရှောင် ၊ အကုန်အစင် လိုက်လေ၏ ၁၂ ယဟောရှ ပြုမူသော အမှု အရာကြွင်း လေသမျှ ၊ ယုဒ ရှင်ဘုရင် အာမဇိ ကို စစ်တိုက် ရာတွင် ၊ တန်ခိုးကြီးခြင်း အရာသည် ကြသရေလရာဇဝင်၌ ရေးထားလျက်ရှိ၏ ၁၃ ယဟောရှ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ကြသရေလ ရှင် ဘုရင်တို့နှင့်အတူ ရှမာရိ မြို့၌ သင်္ဂြိဟ် ခြင်း ကိုခံ လေ၏။ သားတော်ယေရောဗောင် သည် ခမည်းတော် အရာ ၌ နန်းထိုင် ၏ ၁၄ ထိုအခါ ဧလိရှဲ သည် သေနာ စွဲ၍ နာ နေစဉ် တွင်၊ ကြသရေလ ရှင်ဘုရင် ယဟောရှ သည်လာ ၍ သူ ရှေ့မှာ ငိုကြွေး လျက် ငါ့ အဘ ၊ ငါ့ အဘ ၊ ကြသရေလ ရထား ၊ ကြသရေလ မြင်း ပါတကားဟု ဆို ၏ ၁၅ ဧလိရှဲ ကလည်း ၊ လေး နှင့် မြား တို့ကို ယူ လော့ဟု ဆို သည်အတိုင်း ရှင်ဘုရင်ယူ ၏ ၁၆ လေး ကိုတင် လော့ဟု တဖန် ဆို သည်အတိုင်း လေးကိုတင် ၍ ၊ ဧလိရှဲ သည် မိမိ လက် ကို ရှင်ဘုရင် လက် ပေါ် မှာ တင် လျက်၊ “ ၁၇ အရှေ့ပြတင်းပေါက် ကို ဖွင့် လော့ဟုဆို ၍ ဖွင့် လေ၏။ ပစ် လော့ဟုဆို သည်အတိုင်း ရှင်ဘုရင်သည် ပစ် လေ၏။ ဧလိရှဲ ကလည်း ၊ ထာဝရဘုရား ကယ်တင် တော်မူရာမြား ၊ ရှုရိ မင်းလက်မှ ကယ်နှုတ် ရာမြား ဖြစ်၏။ အာဖက် မြို့၌ ရှုရိ လူတို့ကို အကုန်အစင် လုပ်ကြံ ရ လိမ့်မည်ဟု ဆို ၏ ၁၈ မြား တို့ကိုယူ ဦးလော့ဟု တဖန် ဆို သည်အတိုင်း ၊ ရှင် ဘုရင်သည် ယူ ၏။ မြေ ပေါ်သို့ ရိုက် လော့ဟုဆို ၍ သုံး ကြိမ် ရိုက် လေ၏ ၁၉ ထိုအခါ ဘုရား သခင်၏လူ သည် အမျက် ထွက်၍ ၊ အဘယ်ကြောင့်ငါး ကြိမ်ခြောက် ကြိမ်မရိုက် သနည်း။ ထိုသို့ရိုက်လျှင်၊ ရှုရိ လူတို့ကို အကုန်အစင်လုပ်ကြံ ရ လိမ့်မည်။ ယခု မူကား ၊ သုံး ကြိမ် သာ လုပ်ကြံ ရလိမ့်မည်ဟု ဆို ၏ ၂၀ ဧလိရှဲ သေ ၍ သင်္ဂြိဟ် ခြင်းကိုခံပြီးမှ ၊ နောင် နှစ် တွင် မောဘ တပ်သား တို့သည် ကြသရေလပြည် ကို တိုက်လာ ကြ၏ ၂၁ ကြသရေလလူတို့သည် လူ တယောက်ကို သင်္ဂြိဟ် စဉ်တွင်၊ မောဘတပ် လာသည်ကို မြင် ၍ ၊ အလောင်းကို ဧလိရှဲ သချိုင်း တွင်း၌ ချ ထားကြ၏။ သေသောသူသည် အောက်သို့ရောက်၍၊ ဧလိရှဲ အရိုး တို့ကို ထိ သောအခါ ၊ အသက်ရှင် ပြန်သဖြင့် မတ်တတ်ထ ၏ ၂၂ ရှုရိ ရှင်ဘုရင် ဟာဇေလ သည် ယောခတ် လက်ထက် ကာလပတ်လုံး ကြသရေလ အမျိုးကို ညှဉ်းဆဲ ၏ ၂၃ ထာဝရဘုရား သည် သူ တို့ကို သနား စုံမက်၍ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့နှင့် ဖွဲ့တော်မူခဲ့သော ပဋိညာဉ် ကို အောက်မေ့ လျက် သူ တို့ကို မ ဖျက်ဆီး ၊ အထံ တော်မှ မ နှင်ထုတ် သေးဘဲ ကြည့်ရှု ပြုစုတော်မူ၏ ၂၄ ရှုရိ ရှင်ဘုရင် ဟာဇေလ သေ ၍ ၊ သားတော် ဗင်္ဟာဒဒ် သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏ ၂၅ ဟာဇေလသည် စစ်တိုက်၍ ယောခတ် မင်း လက် မှ နှုတ်ယူ သော မြို့ ရွာတို့ကို ယောခတ် သား ယဟောရှ သည် ဟာဇေလ သား ဗင်္ဟာဒဒ် လက် မှ နှုတ်ယူ ၏။ သုံး ကြိမ် တိုင်အောင်ယဟောရှ သည်နိုင်၍ ကြသရေလ မြို့ ရွာတို့ကို ရပြန်လေ၏

၁၄ ကသရေလ ရှင်ဘုရင် ယောခတ် သား ယဟောရှ နန်းစံ နှစ် နှစ် တွင်၊ “ ၂ ယုဒ ရှင်ဘုရင် ယောရှ သား အာမဇိ သည်အသက်နှစ်ဆယ် ငါး နှစ် ရှိ သော် နန်း ထိုင်၍ ယေရုရှလင် မြို့၌ နှစ်ဆယ် ကိုး နှစ် စိုးစံ ၏။ မယ်တော် ကား၊ ယေရုရှလင် မြို့ သူ ယုဒ္ဒန် အမည် ရှိ၏၊ ၃ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ တရား သော အမှုကိုပြု သော်လည်း၊ အဘ ဒါဝိဒ် ၏ အကျင့်ကိုမမှီ၊ ခမည်းတော် ယောရှ ပြု သမျှ အတိုင်း ပြု ၏၊ ၄ သို့ရာတွင် မြင့် သောအရပ်တို့ကို မ ပယ်ရှား သောကြောင့်၊ လူ တို့သည် ထိုအရပ် တို့ ၌ ယဇ် ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ ကြ၏၊ ၅ အာမဇိသည် မင်း အာဏာတည် သောအခါ၊ ခမည်းတော် မင်းကြီး ကိုသတ် သော ကျွန် တို့ကိုသတ် လေ ၏၊ ၆ သား အတွက် အဘ သည် အသေ မ ခံရ။ အဘ အတွက် သားသည် အသေမ ခံရ။ လူတိုင်း မိမိ အပြစ် ကြောင့် အသေ ခံရ၏ဟု မောရှေ ပညတ္တိ ကျမ်းစာ ၌ ရေးထား လျက်ရှိသောထာဝရဘုရား ၏ ပညတ်တော် ကို စောင့်ရှောက်၍ ခမည်းတော်ကိုသတ်သောသူတို့၏ သား များကိုမ သတ် ဘဲ နေ၏၊ ၇ အာမဇိမင်းသည် ဧဒုံ အမျိုးသားတသောင်း ကို ဆားချိုင့် ၌ သတ် ၍ သေလ မြို့ကို တိုက် သဖြင့်၊ ယနေ့ တိုင်အောင် ယုသေလ ဟူ၍သမုတ် လေ၏၊ ၈ ထိုအခါ ကသရေလ ရှင်ဘုရင် ယေဟု သား ယောခတ် ၏ သား ယဟောရှ ထံသို့ သံတမန် ကို စေလွှတ် ၍၊ ငါတို့သည် မျက်နှာ ချင်းဆိုင် မိကြကုန်အံ့ဟု မှာလိုက် လျှင်၊” ၉ ကသရေလ ရှင်ဘုရင် ယဟောရှ က၊ လေဗနုန် ဆူး ပင်သည် လေဗနုန် အာရဇ် ထံသို့ စေလွှတ် ၍၊ သင့် သမီး ကို ငါ့ သား နှင့် ပေးစား ပါဟု ဆို စဉ်တွင်၊ လေဗနုန် သားရဲ တကောင်သည် ရှောက်သွား ၍ ဆူး ပင်ကို နင်း မိ ၏၊ ၁၀ သင်သည် ဧဒုံ ပြည်ကို လုပ်ကြံ သောကြောင့် စိတ် မြင့် လှ၏။ ကိုယ်နေရာ၌ တတ်တိုင်းဝါကြွားလျက် နေလော့။ သင့်ကိုယ်တိုင်နှင့် ယုဒပြည်သည် ဘေးရောက် ၍ ဆုံးရှုံးစေခြင်းငှါအဘယ်ကြောင့်အမှုရှာသနည်းဟု ယုဒရှင်ဘုရင်အာမဇိကိုပြန်၍ မှာလိုက်လေ၏၊ ၁၁ ထိုစကားကို အာမဇိ သည် နား မ ထောင်သောကြောင့်၊ ကသရေလ ရှင် ဘုရင်သည် စစ်ချီ ၍ ရှင်ဘုရင် နှစ်ပါးတို့သည် ယုဒ ပြည် ဗက်ရှေမက် မြို့၌ မျက်နှာ ချင်း ဆိုင်မိကြသဖြင့်၊ “ ၁၂ ကသရေလ အမျိုးသားရှေ့မှာ ယုဒ အမျိုးသားရှုံး ၍ အသီးအသီး တို့သည် မိမိ တို့နေရာ သို့ ပြေး ကြ၏၊ ၁၃ ကသရေလ ရှင်ဘုရင် ယဟောရှ သည်၊ ယုဒ ရှင်ဘုရင် အာခဇိ သား ဖြစ်သော ယောရှ ၏ သား အာမဇိ ကို ဗက်ရှေမက် မြို့မှာ ဘမ်းမိ ၍၊ ယေရုရှလင် မြို့သို့ သွား ပြီးလျှင် ယေရုရှလင် မြို့ရိုး အတောင် လေးရာ ကို ဧဖရိမ် တံခါး မှ သည် ထောင့် တံခါး တိုင်အောင် ဖြိုဖျက် လေ၏၊ ၁၄ ဗိမာန်တော် ၌ငင်း၊ နန်းတော် ဘဏ္ဍာ တိုက်၌ ငင်း၊ ရှိသမျှ သော ရွှေ ငွေ မှစ၍ တန်ဆာ အလုံးစုံ နှင့် အာမခံ သောသူအချို့တို့ကို ယူပြီးမှရှမာရိ မြို့သို့ ပြန် သွား၏၊ ၁၅ ယဟောရှ ပြုမူသော အမှု အရာကြွင်း လေသမျှ၊ တန်ခိုး ကြီးခြင်း၊ ယုဒ ရှင်ဘုရင် အာမဇိ ကို စစ်တိုက် ခြင်း အရာသည် ကသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏၊ ၁၆ ယဟောရှ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍၊ ကသရေလ ရှင် ဘုရင်တို့နှင့်အတူ ရှမာရိ မြို့၌ သင်္ဂြိုဟ် ခြင်းကိုခံ လေ၏။ သား တော်ယေရောဗောင် သည် ခမည်းတော် အရာ ၌နန်း ထိုင်၏၊ ၁၇ ကသရေလ ရှင်ဘုရင် ယောခတ် သား ယဟောရှ သေ သည်နောက်၊ ယုဒ ရှင်ဘုရင် ယောရှ သား အာမဇိ သည် တဆယ် ငါး နှစ် အသက်ရှင် သေး၏၊ ၁၈ အာမဇိ ပြုမူသော အမှု အရာကြွင်း လေသမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏၊ ၁၉ ထိုမင်း

တဘက် ယေရုရှလင် မြို့၌ သင်းဖွဲ့ ကြ၍ ၊ သူသည် လာခ်ရှ မြို့သို့ ပြေး သည်တွင်၊ ထိုမြို့သို့ စေလွှတ် ၍ သတ် စေပြီးမှ၊ “ ၂၀ မြင်း ပေါ် ၌တင် လျက် ယေရုရှလင် မြို့သို့ ဆောင် ခဲ့၍ ဘိုးဘေး တို့နှင့်အတူ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ကြ၏ ၂၁ ယုဒ ပြည်သူ ပြည်သားအပေါင်း တို့သည် အသက် တဆယ် ခြောက် နှစ်ရှိသောသားတော် ဩဇိ ကိုယူ ၍ ခမည်းတော် အာမဇိ အရာ ၌ နန်း တင်ကြ၏ ၂၂ ထိုမင်း သည် ခမည်းတော် သေ သည်နောက် ၊ ဧလတ် မြို့ကိုပြုစု၍ ယုဒ နိုင်ငံထဲသို့ သွင်း ပြန်၏ ၂၃ ယုဒ ရှင်ဘုရင် ယောရှ သား အာမဇိ နန်းစံဆယ် ငါး နှစ် တွင် ၊ ဣသရေလ ရှင်ဘုရင် ယဟောရှ သား ယေရောဗောင် သည် ရှမာရိ မြို့၌ မင်း ပြု၍ လေးဆယ် တနှစ် စိုးစံ၏ ၂၄ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၍ ၊ ဣသရေလ အမျိုးကို ပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက်အပြစ် ကို မ စွန့် ဘဲနေ၏ ၂၅ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည် မိမိ ကျွန် ဂါသေဖာ မြို့ နေ၊ အမိတ္တဲ ၏ သား ပရောဖက် ယောန အားဖြင့် မိန့် တော်မူသော စကား တော် အတိုင်း ၊ ထို မင်းသည် ဣသရေလ နိုင်ငံ ကို ဟာမက် မြို့ ဝင်ဝမှ သည် ချိုင့် ပင်လယ် တိုင်အောင် ရန်သူလက်မှ နှုတ် ၍ပြုစုလေ၏ ၂၆ အကြောင်း မူကား၊ ဣသရေလ အမျိုးခံရသောဥဉ်းဆဲ ခြင်းအလွန် လေးလံ သည်ကိုဎင်း၊ မြို့၌ အချုပ် ခံရသောသူဖြစ်စေ ၊ အလွတ် ပြေးသောသူဖြစ်စေ ၊ ဣသရေလ အမျိုး၌ မစ နိုင်သောသူ မ ရှိသည်ကိုဎင်း ၊ ထာဝရဘုရား သည်မြင် လျှင်၊ “ ၂၇ ဣသရေလ အမျိုး၏ နာမ ကို မိုဃ်း ကောင်းကင်အောက် ၌ မပျောက်စေမည်အကြောင်းကြံတော်မူ၍၊ ယဟောရှ သား ယေရောဗောင် အားဖြင့် ကယ်တင် တော်မူ ၏ ၂၈ ယေရောဗောင် ပြုမူ သော အမှု အရာကြွင်း လေ သမျှ တို့နှင့် တန်ခိုး ကြီးခြင်း၊ စစ်တိုက် ခြင်း၊ အထက်က ယုဒ နိုင်ငံအဝင်ဖြစ်သော ဒမာသက် မြို့နှင့် ဟာမက် မြို့ကို ဣသရေလ အမျိုးအဘို့ ၊ ရန်သူလက်မှ နှုတ်ယူခြင်း အရာတို့ သည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၉ ယေရောဗောင် သည် ဘိုးတော် ဘေးတော်ဣသရေလ ရှင် ဘုရင်တို့နှင့် အိပ်ပျော် ၍ သားတော် ဇာခရိ သည် ခမည်းတော် အရာ ၌နန်း ထိုင်၏

၁၅ ဣသရေလ ရှင်ဘုရင် ယေရောဗောင် နန်းစံ နှစ်ဆယ် ခုနစ် နှစ် တွင်၊ “ ၂ ယုဒ ရှင်ဘုရင် အာမဇိ သား ဩဇိ သည် အသက် တဆယ် ခြောက် နှစ်ရှိ သော် ၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ ငါးဆယ် နှစ် နှစ် စိုးစံ လေ၏။ မယ်တော်ကား ၊ ယေရုရှလင် မြို့သူယေခေါလိ အမည် ရှိ၏ ၃ ထိုမင်းသည် ခမည်းတော် အာမဇိ ပြု သမျှ အတိုင်း ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကို ပြု ၏ ၄ သို့ရာတွင် မြင့် သောအရပ်တို့ကို မ ပယ်ရှား သောကြောင့် ၊ လူ တို့သည် ထိုအရပ် တို့ ၌ ယဇ် ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ ကြ၏ ၅ ထာဝရဘုရား သည် ဒဏ်ခတ် တော်မူသဖြင့် ၊ ရှင်ဘုရင်သည် သေ သည်တိုင်အောင် နူနာ စွဲ ၍ ခြားနား သော နန်း ၌ နေ ရ၏။ သားတော် ယောသံ သည် နန်းတော် ကို အုပ်၍ နိုင်ငံတော်မှုကို စီရင် ရ၏ ၆ ဩဇိ ပြုမူသော အမှု အရာကြွင်း လေသမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၇ ဩဇိ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သူ တို့နှင့်အတူ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သားတော်ယောသံ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏ ၈ ယုဒ ရှင်ဘုရင် ဩဇိ နန်းစံ သုံးဆယ် ရှစ် နှစ် တွင် ၊

ယေရောဗောင် သား ဇာခရိ သည် ရှမာရိ မြို့၌ မင်းပြု၍ ဣသရေလ နိုင်ငံကို စိုးစံ၏ ၉ ထိုမင်းသည် ဘိုးဘေး ပြု သည်အတိုင်း၊ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣသရေလ အမျိုးကို ပြစ်မှား စေသောနေဗတ် သား ယေရောဗောင် ၏ ဒုစရိုက် အပြစ် တို့ကို မ စွန့် ဘဲနေ၏ ၁၀ ယာဖက် သား ရှလ္လုံ သည် ဇာခရိ မင်းတဘက် ၌ သင်းဖွဲ့ ၍ လူ များရှေ့ မှာ သေ အောင်လုပ်ကြံ ပြီးလျှင် သူ ၏ အရာ ၌ နန်း ထိုင်၏ ၁၁ ဇာခရိ ပြုမူသော အမှု အရာကြွင်း လေသမျှတို့ သည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၁၂ ထိုသို့ ထာဝရဘုရား က၊ သင် ၏ သား မြေးလေး ဆက်တိုင်အောင် ဣသရေလ နိုင်ငံရာဇပလ္လင် ပေါ် မှာ ထိုင် ရမည်ဟု ယေဟု အား မိန့် တော်မူသော စကား တော် ပြည့်စုံ သတည်း ၁၃ ယုဒ ရှင်ဘုရင် ဩဇိ နန်းစံသုံးဆယ် ကိုး နှစ် တွင် ရှလ္လုံ သည် နန်း ထိုင်၍၊ ရှမာရိ မြို့၌ တလ စိုးစံ လေ၏ ၁၄ ဂါဒိ သား မေနဟင် သည် တိရဇ မြို့မှ ရှမာရိ မြို့ သို့သွား၍၊ ယာဖက် သား ရှလ္လုံ ကိုသေ အောင် လုပ်ကြံ ပြီးလျှင်၊ သူ ၏အရာ ၌ နန်း ထိုင်၏ ၁၅ ရှလ္လုံ ပြုမူသောအမှု အရာကြွင်း လေသမျှတို့နှင့် သင်းဖွဲ့ ခြင်းအရာသည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၁၆ ထိုအခါ မေနဟင် သည် တိဖသ မြို့နှင့် မြို့သား များ၊ တိရဇ မြို့ အလွန်တိဖသမြို့ နယ်များတို့ကို လုပ်ကြံ ၏။ မြို့တံခါးကို သူ့အား မ ဖွင့် သောကြောင့် လုပ်ကြံ ၍ ကိုယ်ဝန် ဆောင်သော မိန်းမအပေါင်း တို့၏ ဝမ်းကို ခွဲ လေ၏ ၁၇ ယုဒ ရှင်ဘုရင် ဩဇိ နန်းစံသုံးဆယ် ကိုး နှစ် တွင်၊ ဂါဒိ သား မေနဟင် သည် နန်းထိုင် ၍၊ ရှမာရိ မြို့၌ ဣသရေလ နိုင်ငံကို ဆယ် နှစ် စိုးစံလေ၏ ၁၈ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု၍၊ ဣသရေလ အမျိုးကို ပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက်အပြစ် တို့ကို မ စွန့် ဘဲ နေ၏ ၁၉ အာရှုရိ ရှင်ဘုရင် ပုလ သည် ဣသရေလပြည် ကို တိုက်လာ ၏။ မေနဟင် သည် မိမိ အာဏာ တည် စေမည် အကြောင်း၊ ပုလ မင်းမစေခြင်းငှါ၊ ငွေ အခွက် တသောင်း ကို ဆက် ရ၏ ၂၀ အာရှုရိ ရှင်ဘုရင် အား ဆက် စရာဘို့၊ မေနဟင် သည် ဣသရေလ အမျိုး၌ ငွေ ခွဲ ၍၊ ရ တတ်သော သူတိုင်း အကျပ် ငါးဆယ် စီပေးရ၏။ ထိုကြောင့် အာရှုရိ ရှင် ဘုရင်သည် မ နေ၊ မိမိပြည် သို့ ပြန်သွား၏ ၂၁ မေနဟင် ပြုမူ သော အမှု အရာကြွင်း လေသမျှ တို့သည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၂ မေနဟင် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍၊ သား တော်ပေကဟိ သည် ခမည်းတော် အရာ ၌နန်းထိုင် ၏ ၂၃ ယုဒ ရှင်ဘုရင် ဩဇိ နန်းစံငါးဆယ် တွင်၊ မေနဟင် သား ပေကဟိ သည် နန်းထိုင် ၍၊ ရှမာရိ မြို့၌ ဣသရေလ နိုင်ငံကို နှစ် နှစ်စိုးစံလေ၏ ၂၄ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု ၍၊ ဣသရေလ အမျိုးကိုပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက်အပြစ် တို့ကို မ စွန့် ဘဲ နေ၏ ၂၅ အမှုတော်ထမ်းတပ်မှူး၊ ရေမလိ သား ပေကာ သည် ပေကဟိ မင်းတဘက် ၌ သင်းဖွဲ့ ၍၊ အာဂေါဘ နှင့် အရေဟ အစရှိသော ဂိလဒ် ပြည်သား ငါးကျိပ် ပါ လျက်၊ ရှမာရိ မြို့၌ နန်းတော် ထဲမှာ သေ အောင်လုပ်ကြံ ၍ သူ ၏ အရာ ၌ နန်းထိုင် ၏ ၂၆ ပေကဟိ ပြု မူသော အမှု အရာကြွင်း လေသမျှ တို့ သည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၇ ယုဒ ရှင်ဘုရင် ဩဇိ နန်းစံငါးဆယ် နှစ် နှစ် တွင်၊ ရေမလိ သား ပေကာ သည် နန်း ထိုင်၍ ရှမာရိ မြို့၌ ဣသရေလ နိုင်ငံကို အနှစ် နှစ်ဆယ် စိုးစံလေ၏ ၂၈ ထိုမင်းသည် ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု ၍၊ ဣသရေလ အမျိုးကို

ပြစ်မှား စေသော နေဗတ် သား ယေရောဗောင် ၏ ဒုစရိုက် အပြစ် တို့ကို မ စွန့် ဘဲနေ၏ ၂၉ ဣသရေလ ရှင်ဘုရင် ပေကာ လက်ထက် ၊ အာရှုရိ ရှင်ဘုရင် တိဂလတ် ပိလေသာသည်လာ ၍ ဣယုန် မြို့၊ အဗေလ ဗက်မာခါမြို့၊ ယာနောဟ မြို့၊ ကေဒေရှ မြို့၊ ဟာဇော် မြို့ နှင့်တကွ ဂိလဒ် ပြည်၊ ဂါလိလဲ ပြည်၊ နဿလိ ပြည် သားအပေါင်း တို့ကို လုပ်ကြံ၍၊ အာရှုရိ ပြည်သို့ သိမ်းသွား ၏ ၃၀ ဩဇိ သား ယောသံ နန်းစံနှစ်ဆယ် တွင် ၊ ဧလာ သား ဟောရှေ သည် ရေမလိ သား ပေကာ မင်းတဘက်၌ သင်းဖွဲ့ ၍ သေ အောင်လုပ်ကြံ ပြီးမှ ၊ သူ ၏အရာ ၌ နန်းထိုင် ၏ ၃၁ ပေကာ ပြု မူသော အမှု အရာ ကြွင်း လေသမျှ တို့ သည် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၃၂ ဣသရေလ ရှင်ဘုရင် ရေမလိ သား ပေကာ နန်းစံ နှစ် နှစ် တွင် ၊ ယုဒ ရှင်ဘုရင် ဩဇိ သား ယောသံ သည် အသက်နှစ်ဆယ်ငါးနှစ်ရှိသော်နန်းထိုင်၍၊" ၃၃ ယေရုရှလင် မြို့၌ ဣသရေလနိုင်ငံကို တဆယ် ခြောက် နှစ် စိုးစံ လေ၏။ မယ်တော် ကား၊ ဇာဒုတ် သမီး ယေရုရှာ အမည် ရှိ၏ ၃၄ ထိုမင်း သည် ခမည်းတော် ဩဇိ ကျင့် သမျှ အတိုင်း ၊ ထာဝရဘုရား ရှေ့ တော်၌ တရား သော အမှုကို ပြု ၏ ၃၅ သို့ရာတွင် မြင့် သောအရပ်တို့ကို မ ပယ်ရှား သောကြောင့် ၊ လူ တို့သည် ထိုအရပ် တို့ ၌ ယဇ် ပူဇော်၍ ၊ နံ့သာပေါင်းကိုမီးရှို့ ကြ၏။ ထို မင်းသည် ဗိမာန် တော်အထက် တံခါး ကို လုပ် လေ၏ ၃၆ ယောသံ ပြု မူသော အမှု အရာကြွင်း လေသမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။" ၃၇ ထိုကာလ တွင် ထာဝရဘုရား သည် ရှုရိ ရှင်ဘုရင် ရေဇိန် နှင့် ရေမလိ သား ပေကာ ကို ယုဒ ပြည်သို့ စေလွှတ် တော်မူ၏ ၃၈ ယောသံ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သူတို့နှင့်အတူ အဘ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံလေ၏။ သား တော်အာခတ် သည် ခမည်းတော် အရာ ၌ နန်းထိုင် ၏

၁၆ ရေမလိ သား ပေကာ နန်းစံ ဆယ် ခုနစ် နှစ် တွင် ယုဒ ရှင်ဘုရင် ယောသံ သား အာခတ် သည် အသက် နှစ်ဆယ် ရှိသော်နန်းထိုင် ၍၊ " ၂ ယေရုရှလင် မြို့၌ ဆယ် ခြောက် နှစ် စိုးစံ လေ၏။ ထိုမင်း သည် အဘ ဒါဝိဒ် ကဲ့သို့ မ ကျင့် ၊ ထာဝရဘုရား ရှေ့ တော်၌ တရား သော အမှုကို မပြု၊" ၃ ဣသရေလ ရှင် ဘုရင်တို့ လိုက်သောလမ်း သို့ လိုက် ၍ ၊ ထာဝရဘုရား သည် ဣသရေလ အမျိုးသား တို့ ရှေ့ မှ၊ နှင်ထုတ် တော်မူသော တပါးအမျိုးသား တို့၏ ရွံရှာ ဘွယ် ထုံးစံအတိုင်း ၊ မိမိ သား ကို မီး ဖြင့် ပူဇော် ၏ ၄ မြင့် သောအရပ်၊ တောင် ပေါ် ၊ သစ်ပင် အောက် တို့ ၌ယဇ်ပူဇော် ၍ နံ့သာပေါင်း ကို မီးရှို့တတ်၏ ၅ ထိုအခါ ရှုရိ ရှင်ဘုရင် ရေဇိန် နှင့် ဣသရေလ ရှင်ဘုရင် ရေမလိ သား ပေကာ သည် ယေရုရှလင် မြို့သို့ စစ်ချီ ၍ အာခတ် မင်းကို ဝိုင်း ထားသော်လည်း မ နိုင် ရ ၆ သို့ရာတွင်၊ ရှုရိ ရှင်ဘုရင် ရေဇိန် သည် ဧလတ် မြို့ ကို ရှုရိ နိုင်ငံသို့သွင်းပြန် ၍ ၊ ယုဒ လူတို့ကို နှင်ထုတ် သဖြင့် ၊ ရှုရိလူတို့သည်လာ၍ ယနေ့ တိုင်အောင် ဧလတ် မြို့၌ နေ ကြ၏ ၇ ထိုကြောင့် အာခတ် သည် အာရှုရိ ရှင်ဘုရင် တိဂလတ် ပိလေသာထံသို့ သံတမန် ကို စေလွှတ် ၍၊ ကျွန်ုပ် သည် ကိုယ်တော် သား ၊ ကိုယ်တော် ကျွန် ဖြစ်ပါ၏။ လာ ပါ။ ကျွန်ုပ် ကို ရန်ဘက် ပြုသောရှုရိ ရှင်ဘုရင် နှင့် ဣသရေလ ရှင်ဘုရင် လက် မှ ကယ်ယူ ပါဟု တောင်းပန် ၏ ၈ တဖန်ဗိမာန် တော်၌ငင်း ၊ နန်းတော် ဘဏ္ဍာ တိုက် ၌ ငင်း ရှိသောရွှေ ငွေ ကို ယူ ၍ အာရှုရိ ရှင်ဘုရင် ထံ သို့လက်ဆောင် ပေး လိုက်လေ၏ ၉ အာရှုရိ ရှင် ဘုရင်သည် နားထောင် ၍ ဒမာသက် မြို့သို့ စစ်ချီ ၍ တိုက်ယူ ပြီးလျှင် ၊ ပြည်သားတို့ကို ကိရ မြို့သို့ သိမ်းသွား ၏။

ရေဇိန် မင်းကိုလည်း သတ် ၏ ၁၀ အာခတ် မင်းကြီး သည် အာရှရိ ရှင် ဘုရင်ကို ခရီးဦး ကြိုပြုခြင်းငှါ ဒမာသက် မြို့သို့သွား ၏။ ထိုမြို့မှာရှိသော ယဇ် ပလ္လင်ကိုမြင် လျှင် ၊ ပလ္လင် ပုံ ၊ အတိုင်းအရှည်၊ တန်ဆာ ရှိသမျှ ကိုရေး ၍ ယဇ်ပုရောဟိတ် ဥရိယ ထံသို့ ပေး လိုက်၏ ၁၁ ထိုသို့ ဒမာသက် မြို့မှ အာခတ် မင်း ပေး လိုက် သမျှ အတိုင်း ၊ ယဇ်ပုရောဟိတ် ဥရိယ သည် အာခတ် မင်း မ ရောက် မီ လုပ် နှင့်ပြီ ၁၂ ရှင် ဘုရင်သည် ဒမာသက် မြို့မှ ရောက် လာသောအခါ ၊ ထိုယဇ်ပလ္လင် ကို မြင် ၍ ချဉ်းကပ် သဖြင့်၊ " ၁၃ မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာကို မီးရှို့ ၏။ သွန်းလောင်း ရာ ပူဇော်သက္ကာ ကိုလည်း သွန်းလောင်း ၏။ မိသဟာယ ယဇ်အသွေး ကိုလည်း ယဇ် ပလ္လင် ပေါ် မှာဖြန်း လေ၏ ၁၄ ထာဝရဘုရား ရှေ့ တော်၌ရှိသော ကြေးဝါ ယဇ်ပလ္လင် ကို ဗိမာန် တော်ရှေ့ ၊ ယဇ်ပလ္လင် ကြီးနှင့် ဗိမာန် တော် စပ်ကြား အရပ်မှ ရွှေ့၍ ယဇ်ပလ္လင် ကြီး မြောက် ဘက်၌ ထား ၏ ၁၅ တဖန် ယဇ်ပုရောဟိတ် ဥရိယ ကို မှာ ထားသည် ကား၊ နံနက် မီးရှို့ ရာယဇ်နှင့် ညဦးယံ ဘောဇဉ် ပူဇော်သက္ကာ၊ ရှင်ဘုရင် မီးရှို့ ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ ပြည်သူ ပြည်သားမီးရှို့ရာယဇ် နှင့် ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာပူဇော်သက္ကာတို့ကို ယဇ်ပလ္လင် ကြီး ပေါ် မှာ မီးရှို့ လော့။ မီးရှို့ရာယဇ် အစရှိသော ယဇ်မျိုးအသွေး ကိုလည်း ထိုပလ္လင် ပေါ် မှာဖြန်း လော့။ ကြေးဝါ ယဇ်ပလ္လင် သည် ငါ မေးမြန်း စရာတို့ ရှိ ရမည်ဟု၊" ၁၆ အာခတ် မင်းကြီး မှာ ထားသမျှ အတိုင်း ယဇ်ပုရောဟိတ် ဥရိယ ပြု ၏ ၁၇ အာခတ် မင်းကြီး သည် ကြေးဝါ ခုံတန်ဆာတို့ကို ပယ် ၍ အင်တုံ ကိုလည်း ရွှေ့ ၏။ ကြေးဝါရေ ကန်ကိုလည်း ကြေးဝါ နွားတို့အပေါ် က ချ ၍ ကျောက် ခင်း ပေါ် မှာ တင် ထား၏ ၁၈ ဗိမာန် တော်၌ ဥပုသ် စောင့်စရာတို့ ဆောက် သော မဏ္ဍပ် ကိုဂင်း ၊ ရှင်ဘုရင် တက် ရာစောင်းတန်းကိုဂင်း၊ အာရှရိ ရှင်ဘုရင် ကြောင့် ပယ် ၏ ၁၉ အာခတ် ပြု မူသော အမှု အရာကြွင်း လေသမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၀ အာခတ် သည်ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သူ တို့ နှင့်အတူ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံလေ၏။ သား တော်ဟေဇကိ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏

၁၇ ယုဒ ရှင်ဘုရင် အာခတ် နန်းစံဆယ် နှစ် နှစ် တွင် ဧလာ သား ဟောရှေ သည် နန်းထိုင် ၍ ရှမာရိ မြို့၌ ဣသရေလ နိုင်ငံကို ကိုး နှစ်စိုးစံလေ၏ ၂ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၏။ သို့သော်လည်း သူ့ ရှေ့ မှာ ဖြစ် ဘူးသော ဣသရေလ ရှင်ဘုရင် တို့ပြုသောဒုစရိုက်ကိုမမှီ ၃ ထိုမင်း ကိုအာရှရိ ရှင်ဘုရင် ရှာလမနေဇာ သည် စစ်ချီ ၍ ဟောရှေ သည် ကျွန် ခံသဖြင့် အခွန် ဆက် ရ၏ ၄ နောက် တဖန်နှစ် တိုင်းဆက်ရသောအခွန် ကို မ ဆက်။ သွာအမည်ရှိသောအဲဂုတ္တု" ရှင်ဘုရင် ထံသို့ သံတမန် ကိုစေလွှတ် ၍ ၊ ပုန်ကန်မည့်အကြံရှိသည်ကို အာရှရိ ရှင်ဘုရင် သိ သဖြင့် ၊ ဟောရှေ ကိုဘန်းဆီး ၍ ထောင် ထဲမှာ ချုပ် ထားပြီးလျှင်၊ " ၅ ဣသရေလပြည် တရှောက်လုံး သို့ စစ်ချီ ၍ ၊ ရှမာရိ မြို့သို့ ရောက် သော် သုံး နှစ် ဝိုင်း ထား၏ ၆ ဟောရှေ နန်းစံကိုး နှစ် တွင် ၊ အာရှရိ ရှင် ဘုရင်သည် ရှမာရိ မြို့ကို ရ ပြီးလျှင် ၊ ဣသရေလ အမျိုးကို အာရှရိ ပြည်သို့ သိမ်းသွား ၍ ဂေါဇန် မြစ် နား၊ ဟာလ မြို့၊ ဟာဗော် မြို့အစရှိသော မေဒိ နိုင်ငံမြို့ ရွာတို့ ၌ ထား ၏ ၇ အကြောင်း မူကား၊ အဲဂုတ္တု ပြည် နှင့် အဲဂုတ္တု ဖာရော ဘုရင် လက် ထဲက ကယ်နှုတ် တော်မူသောမိမိ တို့ ဘုရား သခင်ထာဝရဘုရား ကို ဣသရေလ အမျိုးသား တို့ သည် ပြစ်မှား ၍

အခြား တပါးသော ဘုရား တို့ကို ရိုသေ ကြ၏ ။ သူတို့ရှေ့မှ ထာဝရဘုရား နှင်ထုတ် တော်မူသော တပါးအမျိုးသား တို့ ထုံးစံနှင့် မိမိတို့ချီးမြှောက်သော ရှင် ဘုရင်တို့ ထုံးစံ သို့ လိုက် ကြ၏ ။ မိမိ တို့ ဘုရားသခင် ထာဝရဘုရား တဘက် ၌ မ တရား သောအမှု ကို မထင် မရှားပြုကြ၏။ ကင်းစောင့် သော မျှော်စင် ဖြစ်စေ ၊ ခိုင်ခံ့ သောမြို့ ဖြစ်စေ ၊ မြို့ရွာ အလုံးစုံ တို့ ၌ မြင့် သောအရပ်ကို တည် ကြ၏ ။ ၁၀ ရုပ်တု ဆင်းတုနှင့် အာရှရ ပင်တို့ကို မြင့် သော ကုန်း ရှိသမျှ တို့ အပေါ် မှာ၎င်း ၊ စိမ်း သောသစ်ပင် ရှိသမျှ အောက် မှာ၎င်း ၊ တည်ထောင် ပြုစုကြ၏ ။ ၁၁ သူ တို့ရှေ့မှ ထာဝရဘုရား နှင်ထုတ် တော်မူသောတပါးအမျိုးသား ပြုသကဲ့သို့ မြင့် သောအရပ်ရှိသမျှ အပေါ် မှာ နံ့သာပေါင်းကိုမီးရို့ ၍ ထာဝရဘုရား ၏ အမျက် တော် ကို နှိုးဆော်ခြင်းငှါ အဓမ္မ အမှု တို့ကို ပြု ကြ၏ ။ ၁၂ ထာဝရဘုရား ပညတ် တော်မူသော အမှု၊ ရုပ်တု ဆင်းတုတို့ ၌ ပူဇော် ခြင်းအမှုကို ပြုကြ၏ ။ ၁၃ သို့ရာတွင် ထာဝရဘုရား က အဓမ္မ လမ်း တို့ကို ရှောင် ကြလော့။ ငါသည် သင် တို့ဘိုးဘေး တို့ ၌ ထား သော တရား ၊ ငါ့ ကျွန် ပရောဖက် တို့ ဖြင့် ပေး လိုက်သောတရား ကို အကုန် အစင်ကျင့်၍၊ ငါ့ စီရင် ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက် ကြလော့ဟု ပရောဖက် များနှင့် အနာဂတ် ဟော ဆရာများတို့ ဖြင့် ကျသရေလ အမျိုး၊ ယုဒ အမျိုး၌ သက်သေခံ တော်မူသော်လည်း၊" ၁၄ သူတို့သည်နား မ ထောင်။ မိမိ တို့ဘုရား သခင်ထာဝရဘုရား ကို မ ယုံကြည် သော ဘိုးဘေး တို့ လည်ပင်း ကဲ့သို့ မိမိ တို့လည်ပင်း ကို ခိုင်မာ စေကြ၏ ။ ၁၅ စီရင် တော်မူချက်၊ ဘိုးဘေး တို့နှင့် ဖွဲ့ တော်မူသော ပဋိညာဉ် ၊ သူ တို့ ၌ သက်သေခံ တော်မူသောသက်သေ တို့ကို ပယ် ၍ အနတ္တ တရားကို ကျင့် လျက် အချည်းနှီး သက်သက်ဖြစ်ကြ၏။ အကြင် တပါးအမျိုးသား ကျင့်သကဲ့သို့ မ ကျင့် ကြနှင့်ဟု ထာဝရဘုရား ပညတ် တော်မူ ၏၊ ပတ်လည် ၌နေသောထို အမျိုးသား နောက် သို့ လိုက်ကြ၏ ။ ၁၆ မိမိ တို့ဘုရား သခင်ထာဝရဘုရား ၏ ပညတ် တော်ရှိသမျှ တို့ကို စွန့် ၍ နွားသငယ် တည်းဟူသောသွန်းသောရုပ်တု နှင့် အာရှရ ပင်ကို လုပ် ကြ၏။ မိုးယံး ကောင်းကင်တန်ဆာ များကို ကိုးကွယ် ၍ ဗာလ ဘုရားကိုလည်း ဝတ်ပြု ကြ၏ ။ ၁၇ သား သမီး တို့ကို မီး ဖြင့် ပူဇော် ကြ၏။ နတ် ဝိဇ္ဇာအတတ်၊ ပြုစား သောအတတ်ကို သုံးဆောင် ၍ ထာဝရဘုရား ၏ အမျက် တော်ကိုနှိုးဆော်ခြင်းငှါ ၊ ရှေ့ တော်၌ ဒုစရိုက် ကို ပြု မည်ဟု ကိုယ်ကိုရောင်း ကြ၏ ။ ၁၈ ထိုကြောင့် ထာဝရဘုရား သည် ကျသရေလ အမျိုးကို ပြင်းစွာ အမျက် ထွက်၍ မျက်မှောက် တော်မှ ပယ်ရှား တော်မူ၏။ ယုဒ အမျိုး မှတပါး အခြားသော အမျိုးမ ကျန်ကြွင်း ရ ၁၉ ယုဒ အမျိုးမူကား ၊ မိမိ တို့ဘုရား သခင်ထာဝရဘုရား ၏ပညတ် တရားတော်ကိုမ စောင့် ၊ ကျသရေလ အမျိုးလိုက် သော ထုံးစံ ဓလေ့သို့ လိုက် ကြ၏ ။ ၂၀ ထာဝရဘုရား သည်လည်း ၊ ကျသရေလ အမျိုး ရှိသမျှ ကို ရွံရှာ ၍ မျက်မှောက် တော်မှ မ နှင်ထုတ် မှီ တိုင်အောင်ဒဏ်ခတ် တော်မူ၏။ လုယက် သောသူတို့ လက် ၌ အပ် တော်မူ၏ ။ ၂၁ ကျသရေလ အမျိုးကို ဒါဝိဒ် မင်းမျိုး မှ ဆုတ်ဖဲ့ ၍ ၊ သူတို့သည် နေဗတ် ၏ သား ယေရောဗောင် ကို ရှင် ဘုရင်အရာ၌ခန့်ထားကြ၏။ ယေရောဗောင် သည်လည်း ထာဝရဘုရား နောက် တော်သို့ လိုက်ရာလမ်းမှ ကျသရေလ အမျိုးကို လွှဲစေ ၍ ဒုစရိုက် ကြီး ကို ပြု စေ၏ ။ ၂၂ သို့ ဖြစ်၍ ယေရောဗောင် ပြု သော ဒုစရိုက် လမ်း သို့ ကျသရေလ အမျိုးသား တို့သည် အစဉ်တစိုက်လိုက် ကြ၏ ။ ၂၃ ထာဝရဘုရား သည် မိမိ ကျွန်

ပရောဖက် အပေါင်း တို့ ဖြင့် မိန့် တော်မူသည်အတိုင်း ၊ ဣသရေလ အမျိုးကို မျက်မှောက် တော်မှ ပယ်ရှား တော်မ မူမှီ တိုင်အောင်သူတို့သည် ထို ဒုစရိုက်အပြစ်ကို မ ရှောင် ဘဲလိုက်ကြ၏။ ထိုကြောင့် နေရင်းပြည် မှ အာရှရိ ပြည်သို့ သိမ်းသွား ခြင်းကိုယနေ့ တိုင်အောင် ခံရကြ၏ ၂၄ အာရှရိ ရှင် ဘုရင်သည်လည်း ၊ ဗာဗုလုန် မြို့သား၊ ကုသ မြို့သား၊ အာဝ မြို့သား၊ ဟာမတ် မြို့သား၊ သေဖရဝိမ် မြို့သားတို့ကို ဆောင်ခဲ့ ၍ ၊ ရှမာရိ မြို့ ရွာတို့တွင် ဣသရေလ အမျိုးသား ကိုယ်စား ထား သဖြင့် ထိုလူတို့သည် ရှမာရိ မြို့ ရွာတို့ကို သိမ်းယူ ၍ နေရာ ကျကြ၏ ၂၅ နေရာ ကျစ က ထာဝရဘုရား ကို မ ရိုသေ သောကြောင့် ၊ ခြင်္သေ့ တို့ကို စေလွှတ် ၍ အချို့တို့ကို ကိုက် စေ တော်မူ၏ ၂၆ ထိုကြောင့် အချို့တို့က၊ ကိုယ်တော်ပြောင်းစေ၍၊ ရှမာရိ မြို့ ရွာတို့ ၌ ထား တော်မူသောလူအမျိုးမျိုးတို့သည် ထိုပြည် စောင့်ဘုရား ၏တရား ကို နား မ လည်သောကြောင့် ၊ ထိုဘုရား သည် ခြင်္သေ့ တို့ကိုစေလွှတ် ၍ နေရာကျ သောသူ တို့ ကိုသတ် ပါသည်ဟု အာရှရိ ရှင်ဘုရင် အား လျှောက် ကြသော်၊" ၂၇ အာရှရိ ရှင် ဘုရင်က၊ ထို ပြည်မှ သိမ်း ခဲ့သော ယဇ်ပုရောဟိတ် တယောက် ကို ပြန် ပို့ကြ။ သူသည်သွား ၍ ထို ပြည် စောင့်ဘုရား ၏တရား ကို သွန်သင် လျက်နေပါလေ စေဟု မိန့် တော်မူသည်အတိုင်း၊ " ၂၈ ရှမာရိ မြို့မှ သိမ်း ခဲ့သော ယဇ်ပုရောဟိတ် တယောက် သည် ပြန်၍ ဗေသလ မြို့၌ နေ လျက် ၊ ထာဝရဘုရား ကို အဘယ် သို့ရိုသေ ရမည်ကို သွန်သင် လေ၏ ၂၉ သို့သော်လည်း ထိုလူမျိုး အသီးအသီးတို့သည် မိမိ တို့ဘုရား ကို လုပ် ၍ နေရာ ကျသောမြို့ ရွာတွင် မြင့် သောအရပ်ပေါ်မှာ ရှမာရိ မြို့သားလုပ် နှင့်သော အိမ် တို့ ၌ တင် ထားကြ၏ ၃၀ ဗာဗုလုန် မြို့သား တို့သည် သုကုတ် ဗေနုတ်ဘုရား၊ ကုသ မြို့သား တို့သည် နေရဂါလ ဘုရား၊ ဟာမတ် မြို့သား တို့သည် အရှိမ ဘုရား၊" ၃၁ အာဝ မြို့သားတို့သည် နိဗဟာဇ ဘုရားနှင့် တာတက် ဘုရားကို လုပ်ကြ ၏။ သေဖရဝိမ် မြို့သားတို့ သည်လည်း သေဖရဝိမ် မြို့စောင့်ဘုရား အာဒြမ္မေလက် နှင့် အာနမ္မေလက် ဘုရားတို့အား သားသမီး ကိုမီးရှို့ ၍ ပူဇော်ကြ၏ ၃၂ ထာဝရဘုရား ကိုလည်း ရိုသေ ၍ သာမည လူတို့ကို မြင့် သော အရပ်ယဇ်ပုရောဟိတ် အရာ၌ ခန့်ထား သဖြင့်၊ သူတို့သည် မြင့် သောအရပ် အိမ် တို့ ၌ လူ များအဘို့ ယဇ်ပူဇော် ကြ၏ ၃၃ ထိုသို့ထာဝရဘုရား ကို ရိုသေ ကြ၏။ သိမ်းသွား ခြင်းကို ခံရသောလူမျိုး ပြုသကဲ့သို့ မိမိ တို့ဘုရား ကိုလည်း ဝတ်ပြု ကြ၏ ၃၄ ယနေ့ တိုင်အောင် ရှေး ထုံးစံ ဓလေ့သို့ လိုက် ကြသည် ဖြစ်၍ ၊ ထာဝရဘုရား ကို ရိုသေ ရာမ ရောက်။ ဣသရေလ အမျိုးခံရသောစီရင်ထုံးဖွဲ့ချက်တို့ကိုမစောင့်။ ဣသရေလအမည်ဖြင့် သမုတ်သော ယာကုပ် အမျိုးသားတို့ ၌ ထာဝရဘုရားထားတော်မူသောပညတ်တရားတို့ကိုမကျင့်ဘဲနေကြ၏ ၃၅ ထာဝရဘုရား သည်ထိုအမျိုးသား တို့နှင့် ပဋိညာဉ် ဖွဲ့ ၍ ၊ သင်တို့သည်အခြား တပါးသောဘုရား တို့ကို မ ရိုသေ ၊ ဦး မ ညွှတ်၊ ဝတ် မ ပြု၊ ယဇ် မ ပူဇော်ရ ၃၆ သင် တို့ကို ကြီး သောတန်ခိုး ၊ ဆန့် သောလက်ရုံး တော်အားဖြင့် အဲဂုတ္တု ပြည် မှ ကယ်နှုတ် တော်မူသောထာဝရဘုရား ကိုသာ ရိုသေကိုးကွယ် ၍ ယဇ် ပူဇော်ရမည် ၃၇ သင် တို့အဘို့ ရေးထား တော်မူသော စီရင် ထုံးဖွဲ့ချက်ပညတ် တရားတို့ကို အစဉ် အမြဲစောင့်ရှောက် ရမည်။ အခြား တပါးသော ဘုရား တို့ကိုမ ရိုသေ ရ ၃၈ သင် တို့နှင့် ငါ ဖွဲ့ သော ပဋိညာဉ် ကို မ မေ့လျော့ ရ။ အခြား တပါးသော ဘုရား တို့ကိုမ ရိုသေ ရ ၃၉ သင် တို့၏ဘုရား သခင်ထာဝရဘုရား

ကိုသာ ရိုသေ ရမည်။ သို့ပြုလျှင် ရန်သူ အပေါင်း တို့လက် မှ ကယ်နှုတ် တော်မူ မည်ဟု မှာထားတော်မူသော်လည်း၊" ၄၀ သူတို့သည်နား မ ထောင်ရှေး ထုံးစံ ဓလေ့သို့လိုက် ကြ၏ ၄၁ ထိုလူ အမျိုးမျိုးကိုယ်တိုင်မှစ၍၊ သား မြေး မြစ်တို့သည် ထာဝရဘုရား ကိုရိုသေ ကြ၏။ ရှုပ်တု ဆင်းတုတို့ကိုလည်း ဝတ်ပြု ကြ၏။ မိရိုးဘလာ သို့လိုက် ၍ ယနေ့ တိုင်အောင် ကျင့် နေကြ၏

၁၈ ဣသရေလ ရှင်ဘုရင် ဧလာ သား ဟောရှေ နန်းစံသုံး နှစ် တွင်၊ " ၂ ယုဒ ရှင်ဘုရင် အာခတ် သား ဟေဇကိ သည် အသက် နှစ်ဆယ် ငါး နှစ်ရှိ သော် နန်း ထိုင်၍ ယေရုရှလင် မြို့၌ နှစ်ဆယ် ကိုး နှစ် စိုးစံ လေ၏။ မယ်တော်ကား၊ ဇာခရိ သမီး အာဘိ အမည် ရှိ၏ ၃ ထိုမင်းသည်အဘာ ဒါဝိဒ် ကျင့် သမျှ အတိုင်း ၊ ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကိုပြု ၏ ၄ မြင့် သောအရပ်တို့ကိုပယ် ၏။ ရှုပ်တု ဆင်းတုတို့ကိုချိုးဖဲ့ ၏။ အာရှရ ပင်တို့ကို ခုတ်လဲ့ ၏။ မောရှေ လုပ် သော ကြေးဝါ မြွေ ကို အပိုင်းပိုင်း ဖြတ်၏။ အကြောင်း မူကား၊ ဣသရေလ အမျိုးသား တို့သည် ထို ကာလ တိုင်အောင် ၊ ထိုမြွေရှေ့မှာ နံ့သာပေါင်းကို မီးရှို့ တတ်ကြ၏။ ထို မြွေကို နဟုတ္တန် အမည်ဖြင့် မှည့် သတည်း ၅ ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား ကို ထိုမင်းခိုလှုံ သကဲ့သို့ ၊ သူ နောက် မှာခိုလှုံသော ယုဒ ရှင်ဘုရင် တယောက် မျှမရှိ။ ရှေ့" ကာလ၌လည်း မရှိ။ ၆ ထာဝရဘုရား ၌ ဆည်းကပ် ၍ နောက် တော်သို့ အစဉ်အမြဲ လိုက်သဖြင့် မောရှေ ၌ထာဝရဘုရား ထား တော်မူသော ပညတ် တော်တို့ကို စောင့်ရှောက် လေ၏ ၇ ထာဝရဘုရား သည် သူ နှင့်အတူ ရှိ တော်မူသဖြင့် သူသည် ပြု လေရာရာ ၌ အောင် လေ၏။ အာရှရိ ရှင်ဘုရင် ၏ကျွန် မ ခံ။ ပုန်ကန် လေ၏ ၈ ဖိလိတ္တိ လူတို့ကိုတိုက် ၍ ဂါဇ မြို့နယ်တိုင်အောင် ခိုင်ခံ့ သောမြို့ များနှင့် ကင်းစောင့် သောမျှော်စင် များကို လုပ်ကြံလေ၏ ၉ ဟေဇကိ မင်းကြီး နန်းစံလေး နှစ် ၊ ဣသရေလ ရှင်ဘုရင် ဧလာ သား ဟောရှေ နန်းစံခုနစ် နှစ် တွင် ၊ အာရှရိ ရှင်ဘုရင် ရှာလမနေဇာ သည် ရှမာရိ မြို့သို့ စစ်ချီ ၍ ဝိုင်း ထား၏ ၁၀ သုံး နှစ် စေ့ သောအခါ ၊ ဟေဇကိ နန်းစံခြောက် နှစ် ၊ ဣသရေလ ရှင်ဘုရင် ဟောရှေ နန်းစံကိုး နှစ် တွင် ရှမာရိ မြို့ကိုတိုက် ၍ရကြ၏ ၁၁ အာရှရိ ရှင် ဘုရင်သည် ဣသရေလ အမျိုးကို အာရှရိ ပြည်သို့ သိမ်းသွား ၍ ဂေါဇန် မြစ် နား၊ ဟာလ မြို့၊ ဟာဗော် မြို့အစရှိသောမေဒိ နိုင်ငံမြို့ရွာ တို့ ၌ထား ၏ ၁၂ အကြောင်း မူကား၊ သူတို့သည်မိမိ တို့ဘုရား သခင် ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်၊ ဖွဲ့တော်မူသောပဋိညာဉ် ကိုဝင်း၊ ထာဝရဘုရား ၏ကျွန် မောရှေ မှာ ထားသမျှ ကိုဝင်း၊ အမှု မ ထားလွန်ကျူး ကြ၏ ၁၃ ဟေဇကိ မင်းကြီး နန်းစံဆယ် လေး နှစ် တွင် ၊ အာရှရိ ရှင်ဘုရင် သနာခရိပ် သည်ယုဒ ပြည်၌ ခိုင်ခံ့ သောမြို့ ရှိသမျှ တို့ကို စစ်ချီ ၍ လုပ်ကြံ လေ၏ ၁၄ ယုဒ ရှင်ဘုရင် ဟေဇကိ သည်အာရှရိ ရှင်ဘုရင် ရှိ ရာလာခိရှ မြို့သို့ စေလွှတ် ၍ ၊ အကျွန်ုပ်မှား ပါပြီ။ ပြန် သွားတော်မူပါ။ ကိုယ်တော်တင် သမျှကိုထမ်း ပါမည်ဟု လျှောက် စေသော်၊ အာရှရိ ရှင် ဘုရင်သည်ယုဒ ရှင်ဘုရင် ဟေဇကိ ၌ ငွေ အခွက် သုံး ထောင် ၊ ရွှေ အခွက် သုံး ရာကိုတောင်း၏ ၁၅ ဟေဇကိ သည်ဗိမာန် တော်၌ရှင်း၊ နန်းတော် ဘဏ္ဍာ တိုက်၌ ၎င်း ၊ တွေ့ သမျှ သောငွေ ကိုပေး ၏ ၁၆ ဗိမာန် တော်တံခါး ၊ တန်ဆာများ၊ ကိုယ်တိုင်အရင်မွမ်းမံ သော တိုင် တန်ဆာများကိုလည်း ချွတ် ၍

အာရှရိ ရှင်ဘုရင် အား ပေး ၏ ၁၇ နောက် တဖန် အာရှရိ ရှင် ဘုရင်သည် တာတန် ၊ ရာဗသာရိတ် ၊ ရာဗရှာခ တို့ကို များစွာ သော ဗိုလ်ခြေ နှင့်တကွ လာခိရှ မြို့မှ ယေရုရှလင် မြို့၊ ဟေဇကိ မင်းကြီး ထံသို့ စေလွှတ် သဖြင့် ၊ သူတို့သည်ရောက် သောအခါ ၊ ခဝါသည် ၏ လယ် နားမှာရှောက်သောလမ်း ၊ အထက် ရေကန် ပြွန်ဝ ၌ ရပ် နေကြ၏ ၁၈ ရှင် ဘုရင်ကို ခေါ် သောအခါ ၊ ဟိလခိ သား ဖြစ်သော နန်းတော် အုပ် ဧလျာကိမ် ၊ စာရေး တော်ကြီးရှေဗန ၊ အာသပ် သား အတွင်းဝန် ယောအာ တို့သည် သူ တို့ထံသို့ ထွက် ပြီးလျှင်၊ “ ၁၉ ရာဗရှာခ က၊ မဟာ အရှင်မင်းကြီး ၊ အာရှရိ ရှင် ဘုရင်သည် ဟေဇကိ ကို မိန့် တော်မူသည်ကား ၊ သင်ခိုလှုံ သဖြင့်ခိုလှုံ ရာကား အဘယ်သို့ နည်း ၂၀ စစ်တိုက် လောက်အောင် ဉာဏ် သတ္တိ၊ အစွမ်း သတ္တိနှင့် ငါပြည့်စုံသည်ဟု အချည်းနှီး သော စကား ကို သင်ဆို ပါသည်တကား။ ငါ့ ကို ပုန်ကန် ခြင်းငှါ အဘယ်သူ ကိုကိုးစား သနည်း ၂၁ ကျိုး သောကျူလုံး တောင်ဝေး တည်းဟူသောအဲဂုတ္တု ပြည်ကို ကိုးစား ပါသည်တကား။ ထိုကျူလုံးသည် မှီသောသူ ၏လက် ကို ဖောက် ၍ လျှိုသွားလိမ့်မည်။ ထို သို့အဲဂုတ္တု မင်းကြီး ဖာရော ဘုရင်သည် မိမိ ၌ မှီ သော သူအပေါင်း တို့ကိုပြု လိမ့်မည် ၂၂ သင်တို့က၊ ငါတို့သည် ငါ တို့၏ဘုရား သခင်ထာဝရဘုရား ကို ကိုးစား သည်ဟု ဆို ပြန်လျှင် ၊ ဟေဇကိ သည် မြင့် သောအရပ်ဌာနနှင့် ယဇ် ပလ္လင်တို့ကို ပယ် ၍ ၊ ယေရုရှလင် မြို့မှာ ဤ မည်သောယဇ် ပလ္လင်ရှေ့ ၌သာ ကိုးကွယ် ရမည်ဟုယှဒ ပြည်သူယေရုရှလင် မြို့သားတို့ကိုမှာ ထားသဖြင့် ၊ သင်တို့ ပြစ်မှားသောဘုရားဖြစ်သည် မ ဟုတ်လော။ ၂၃ သို့ ဖြစ်၍ ယခု တွင် ငါ့ သခင် အာရှရိ ရှင်ဘုရင် ၌ အာမခံ တို့ကိုအပ်ပါလော့။ သင် ၌ မြင်းစီး သူရဲ လုံလောက် အောင်ရှိလျှင် မြင်း နှစ်ထောင် တို့ကိုငါပေး မည် ၂၄ သင်သည် ငါ့ သခင် ၏ကျွန် တို့တွင် အငယ်ဆုံး သောဗိုလ် ကိုအဘယ်သို့ လှန် နိုင်မည်နည်း။ အဲဂုတ္တု ပြည်မှ ရထား များ၊ မြင်းစီး သူရဲများကို ရမည်ဟုယုံ ပါသည်တကား ၂၅ ထာဝရဘုရား ၏အခွင့် မရှိဘဲ ဤ ပြည် ကိုဖျက်ဆီး ခြင်းငှါ ငါလာ သလော။ ထို” ပြည် ကို သွား ၍ ဖျက်ဆီး လော့ဟု ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူပြီ။ ဤအကြောင်းအရာများကိုပြန်ပြောကြလော့ဟု ပြောဆို၏ ၂၆ ထိုအခါ ဟိလခိ သား ဧလျာကိမ် ၊ ရှေဗန ၊ ယောအာ တို့က ၊ ရှုရိ ဘာသာစကားအားဖြင့်ကျွန် တော်တို့အား အမိန့် ရှိပါလော့။ ထိုစကားကို ကျွန်တော် တို့သည်နားလည် ပါ၏။ မြို့ရိုး ပေါ် မှာ ရှိသောသူ တို့သည် ကြားရအောင် ယုဒ ဘာသာစကားအားဖြင့် အမိန့် မ ရှိ ပါနှင့်ဟု ရာဗရှာခ ကိုဆို ကြလျှင်၊” ၂၇ ရာဗရှာခ က၊ ငါ့ သခင် သည် သင် ၏သခင် နှင့် သင့် အား သာဤ စကား ကိုပြော စေခြင်းငှါ ငါ့ ကို စေလွှတ် တော်မူသလော။ မြို့ရိုး” ပေါ် မှာ ထိုင် လျက် သင်တို့နှင့်အတူမိမိ တို့မစင် ကိုစား ၍ ၊ မိမိတို့ရေ ဟောင်းကို သောက် ရသောသူ တို့ရှိရာသို့ စေလွှတ်တော်မူသည် မ ဟုတ်လော ဟုဆို ပြီးလျှင်၊” ၂၈ ရာဗရှာခ သည်ထ ၍ ယုဒ ဘာသာ စကားအားဖြင့် ကျယ် သောအသံ နှင့် ကြွေးကြော် လျက် ၊ မဟာ အရှင်မင်းကြီး အာရှရိ ရှင်ဘုရင် ၏ အမိန့် တော်ကိုနားထောင် ကြလော့ ၂၉ ရှင်ဘုရင် မိန့် တော်မူသည်ကား ၊ ဟေဇကိ သည် သင် တို့ကိုမ လှည့်စား စေနှင့်။ သူသည်သင် တို့ကိုငါ့ လက် မှ ကယ်ယူ ခြင်းငှါ မ တတ်နိုင်။ ၃၀ ဟေဇကိ က၊ ထာဝရဘုရား သည် ငါ တို့ကိုဧကန်အမှန်ကယ်ယူ တော်မူမည်။ ဤ မြို့ သည် အာရှရိ ရှင်ဘုရင် လက် သို့ မ ရောက် ရဟု ဆို

သဖြင့် ၊ ထာဝရဘုရား ကို မ ကိုးစား စေနှင့် ၃ ဟေဇကိ စကားကို နား မ ထောင်ကြနှင့် ၂၂ အာရှုရိ ရှင်ဘုရင် မိန့်တော်မူသည်ကား ၊ ငါ နှင့် မိသဟာယ ဖွဲ့ ကြ။ ငါ့ ထံသို့ ထွက် လာကြ။ သင်တို့သည်မ သေ အသက်ရှင် မည်အကြောင်း၊ သင် တို့ ပြည် နှင့် တူသော ပြည် တည်းဟူသော ဆန် စပါး စပျစ်ရည် နှင့် ပြည့်စုံသောပြည် ၊ မုန့် နှင့် စပျစ် ဥယျာဉ်၊ သံလွင် ဆီ ၊ ပျားရည် များသောပြည် သို့ ပို့ ခြင်းငှါငါ မ လာ မှီတိုင်အောင်သင် တို့သည် ကိုယ် စပျစ် ပင်၏အသီး၊ ကိုယ် သင်္ဘော် သဖန်းပင်၏အသီးကိုစား ၍ ၊ ကိုယ် ရေကန် ကရေ ကို သောက် လျက် နေကြဦးလော့ ၃၃ ဟေဇကိ က၊ ထာဝရဘုရား သည် ငါ တို့ကိုကယ်ယူ တော်မူမည်ဟု မ ဖြားယောင်း စေနှင့်။ အပြည်ပြည် သော ဘုရား တို့သည် မိမိတို့ ပြည် များကို အာရှုရိ ရှင်ဘုရင် လက် မှ ကယ်လွှတ် ကြပြီလော။ ၃၄ ဟာမတ် ပြည်၏ဘုရား၊ အာပဒ် ပြည်၏ဘုရား တို့သည် အဘယ်မှာ ရှိကြသနည်း။ သေဖရဝိမ် ပြည်၊ ဟေန ပြည်၊ ဣဝါ ပြည်၏ ဘုရား တို့သည် အဘယ်မှာရှိကြသနည်း။ သူတို့သည် ရှမာရိ ပြည်ကို ငါ့ လက် မှ ကယ်လွှတ် ကြပြီလော ၃၅ ထိုအပြည်ပြည်သောဘုရား တို့တွင် အဘယ်မည်သော ဘုရားသည် မိမိ ပြည် ကိုငါ့ လက် မှ ကယ်လွှတ် ဘူးသနည်း။ ထာဝရဘုရား သည် ယေရုရှလင် မြို့ကို ငါ့ လက် မှ အဘယ်သို့ကယ်လွှတ် နိုင်မည်နည်းဟု ဆိုလေ၏ ၃၆ ယုဒလူ တို့လည်း စကား တခွန်းကိုမျှမ ပြန် ဘဲ တိတ်ဆိတ် စွာနေကြ၏။ အကြောင်း မူကား၊ ပြန် မ ပြောနှင့်ဟု ရှင်ဘုရင် အမိန့် တော်ရှိသတည်း ၃၇ ထိုအခါ ဟိလခိ သား ဖြစ်သော နန်းတော် အုပ် ဧလျာကိမ် ၊ စာရေး တော်ကြီး ရှေဗန ၊ အာသပ် သား အတွင်းဝန်ယောအာ တို့သည် မိမိတို့အဝတ်ကို ဆုတ် လျက် ၊ ဟေဇကိ မင်းထံသို့ လာ ၍ ရာဗရှာခ စကား ကိုကြား လျှောက်ကြ၏

၁၉ ထိုစကားကို ဟေဇကိ မင်းကြီး သည် ကြား လျှင် ၊ မိမိ အဝတ် ကို ဆုတ် ၍ လျှော်တေ အဝတ်ကို ခြုံ လျက် ဗိမာန် တော်သို့သွား လေ၏ ၂ လျှော်တေ အဝတ်ကို ဝတ် လျက်ရှိသောနန်းတော် အုပ် ဧလျာကိမ် ၊ စာရေး တော်ကြီးရှေဗန ၊ အသက်ကြီး သော ယဇ ပုရောဟိတ်တို့ကို အာမုတ် သား ပရောဖက် ဟေရှာယ ထံသို့ စေလွှတ် လေ၏ ၃ ဟေဇကိ မင်းမှာ ထားသော စကားဟူမူကား ၊ ယနေ့ သည် ဒုက္ခ နေ့၊ ဆုံးမ သောနေ့ ၊ ကဲ့ရဲ့ခြင်းကိုခံရသောနေ့ ဖြစ်၏။ သားဘွား ချိန်ရောက် ၍ သား ကို ဘွား နိုင် အောင် ခွန်အား မ ရှိ ၄ အသက်ရှင် တော်မူသောဘုရား သခင်ကို ကဲ့ရဲ့ စေခြင်းငှါ အာရှုရိ ရှင်ဘုရင် စေလွှတ် သော မိမိကျွန်ရာဗရှာခ စကား ကို သင်၏ဘုရား သခင်ထာဝရဘုရား ကြား တော်မူပါစေသော။ သင် ၏ဘုရား သခင်ထာဝရဘုရား သည် ကိုယ်တော်တိုင်ကြား သော စကား ကို ချေတော်မူပါစေသော။ သင်သည်လည်းကျန်ကြွင်း သော လူတို့အဘို့ ဆုတောင်း ပဌနာပြုပါဟု ပြောစေခြင်းငှါ။” ၅ ဟေဇကိ မင်း စေလွှတ်သော ကျွန် တို့သည် ဟေရှာယ ထံသို့ ရောက် လာကြ၏ ၆ ဟေရှာယ ကလည်း၊ ထာဝရဘုရား မိန့် တော်မူသည် ကား ၊ အာရှုရိ ရှင်ဘုရင် ၏ ကျွန် တို့သည် ငါ့ ကိုကဲ့ရဲ့ ၍ သင်သည်ကြား ရသော စကား ကြောင့် မ ကြောက် နှင့် ၇ ထိုမင်း ၌ အခြားသောစိတ် သဘောကို ငါ သွင်း ပေးမည်။ သူသည် သိတင်း ကြား ၍ မိမိ ပြည် သို့ ပြန် သွား လိမ့်မည်။ ထို ပြည် ၌ ထား ဖြင့် ငါဆုံး စေမည်ဟူသောစကားတော်ကို သင် တို့၏ သခင် အား ပြန်ကြား ကြလော့ဟုပြော ဆို၏ ၈ ထိုအခါ အာရှိုရိ ရှင် ဘုရင်သည် လာခိရှ မြို့မှ ထွက်သွား ကြောင်း ကို ရာဗရှာခ

ကြား လျှင် ပြန် သွား၍ လိဗန မြို့ကို ရှင်ဘုရင်တိုက် နေသည်ကို တွေ့ လေ၏ ၉ နောက်တဖန်ကုရ မင်းကြီး တိရက္ကာ သည် စစ်ချီ ၍ လာ ပြီဟု သိတင်းကြား သောအခါ ၊ ဟေဇကိ မင်းထံသို့ တမန် တို့ကို စေလွှတ် ပြန်၍၊ “ ၁၀ သင် တို့သည် ယုဒ မင်းကြီး ဟေဇကိ ကို ပြော ရ သော စကားဟူမူကား ၊ သင် ကိုးစား သော ဘုရားသခင် က၊ ယေရုရှလင် မြို့သည် အာရှုရိ ရှင်ဘုရင် လက် သို့ မ ရောက် ရဟူ၍သင့် ကို မ လှည့်စား စေနှင့် ၁၁ အာရှုရိ ရှင် ဘုရင်တို့သည် ခပ်သိမ်း သော ပြည် တို့ကို လုပ်ကြံ ၍ ရှင်းရှင်းဖျက်ဆီးကြောင်း ကို သင် သည် ကြား ရပြီ။ ကိုယ်တိုင်လွတ် လိမ့်မည်လော ၁၂ ငါ့ ဘိုးဘေး တို့သည် ဖျက်ဆီး သော အမျိုးသား ၊ ဂေဇန် အမျိုးသား၊ ခါရန် အမျိုးသား၊ ရေဇပ် အမျိုးသား၊ တေလသာ မြို့၌ ရှိသောဧဒင် အမျိုးသား တို့ကို သူ တို့၏ ဘုရား များတို့သည် ကယ်ယူ ကြပြီလော။ ၁၃ ဟာမတ် မင်းကြီး ၊ အာပဒ် မင်းကြီး နှင့် သေဖရဝိမ် မြို့၊ ဟေန မြို့၊ ဣဝါ မြို့ကိုစိုးစံသော မင်းကြီးတို့သည် အဘယ်မှာရှိကြသနည်းဟု မှာလိုက်လေ၏ ၁၄ ထိုမှာစာ ကို ဟေဇကိ မင်းသည် သံတမန် လက် မှ ခံ ယူ၍ ကြည့် ပြီးလျှင် ဗိမာန် တော်သို့သွား ၍ ထာဝရဘုရား ရှေ့ တော်၌ ဖြန့် ထားလေ၏ ၁၅ ထိုအခါ ဟေဇကိ မင်းသည် ထာဝရဘုရား ရှေ့ တော်၌ လျှောက် ဆိုသည်ကား၊ ခေရုဗိမ် ပေါ်မှာ ထိုင် တော်မူသောဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် သည် ဘုရား သခင်ဖြစ်တော်မူ ၏။ ကိုယ်တော်တပါးတည်းသာလျှင်မြေကြီး ပေါ် မှာ ရှိသမျှ သော အတိုင်းတိုင်း အပြည်ပြည်တို့၏ ဘုရားသခင်ဖြစ်တော်မူ၏။ ကိုယ်တော် သည် ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူ၏ ၁၆ အိုထာဝရဘုရား ၊ နား တော်ကို လှည့် ၍ နားထောင် တော်မူပါ။ အိုထာဝရဘုရား ၊ မျက်စိ တော်ကိုဖွင့် ၍ ကြည့်ရှု တော်မူပါ။ သနာခရိပ် မင်းသည် အသက်ရှင် တော်မူ သောဘုရား သခင်ကို ကဲ့ရဲ့ ၍ပြောစေသော စကား အလုံးစုံတို့ကို မှတ် တော်မူပါ ၁၇ အိုထာဝရဘုရား ၊ အကယ်စင်စစ်အာရှုရိ ရှင် ဘုရင်တို့သည် အတိုင်းတိုင်းအပြည်ပြည်တို့ကို ဖျက်ဆီး ၍၊ “ ၁၈ သူ တို့၏ဘုရား များကို မီး ထဲသို့ ချ ပစ်ကြပါပြီ။ ထို ဘုရားတို့သည် ဘုရား မ ဟုတ်၊ လူ လက် ဖြင့်လုပ် သော သစ်သား နှင့် ကျောက် ဖြစ်သောကြောင့် ပျက်စီး ခြင်းသို့ ရောက်ကြပါပြီ ၁၉ အိုအကျွန်ုပ် တို့ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် ထာဝရဘုရား တပါးသာ ဘုရား သခင်ဖြစ်တော်မူသည်ကို မြေကြီး ပေါ်မှာရှိသမျှ သော တိုင်း နိုင်ငံတို့သည် သိ မည်အကြောင်း ၊ အကျွန်ုပ် တို့ကို ထိုမင်း လက် မှ ယခု ကယ် တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါသည်ဟု ပဌနာပြုလေ၏ ၂၀ ထိုအခါ အာမုတ် သား ဟေရှာယ သည် ဟေဇကိ မင်းထံသို့ စေလွှတ် ၍ ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည်အာရှုရိ ရှင်ဘုရင် သနာခရိပ် အကြောင်း ကြောင့် ငါ့ ရှေ့မှာ ပြု သောပဌနာစကားကို ငါကြား ရပြီ ၂၁ ထိုမင်း၏အမှုမှာ ထာဝရဘုရား မိန့် တော်မူသော စကား ဟူမူကား ၊ ဓိအုန် သတို့သမီး ကညာ သည် သင့် ကို မထီမဲ့မြင် ပြု၍ ပြက်ယယ် ၏။ ယေရုရှလင် သတို့သမီး သည် သင့် နောက် ၌ ခေါင်း ညှိတ် ၏ ၂၂ သင်သည် အဘယ်သူ ကိုကဲ့ရဲ့ ဆဲရေး သနည်း။ အဘယ်သူ ကို အော်ဟစ် ၍ မျက်နှာ ထောင်လွှား သနည်း။ ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရားကို ပင် ပြု ပါ သည်တကား ၂၃ သင် သည် တမန် များအားဖြင့် ထာဝရ ဘုရားကို ကဲ့ရဲ့ ၍ ၊ ငါ သည် ရထား များပြား သဖြင့် တောင် ထိပ် သို့ ၎င်း၊ လေဗနုန် တောင်

အထွဋ် သို့ဝင်း တက် လာပြီ။ အရပ် မြင့် သောအာရဇ ပင်နှင့် အကောင်းဆုံး သော ထင်ရူး ပင် တို့ကို ငါခုတ်လှဲ ပြီ။ အဝေး ဆုံးသော ခိုလှုံ ရာအသီး များ သော တော ထဲသို့ ငါဝင် ပြီ ၂၄ ငါ သည် တွင်း တူး၍ မ မြည်းဘူးသော ရေ ကို သောက် ရပြီ။ ငါ ၏ ခြေဘဝါး အားဖြင့် အဲဂုတ္တ မြစ် လက်ကြားရေရှိသမျှ ကို ခန်းခြောက် စေပြီဟု သင်ဆို မိပြီ တကား ၂၅ ငါသည်အထက်ကဉ်အမှုကို စီရင်ကြောင်းနှင့် ရှေး ကာလ ၌ ပြုပြင်ကြောင်းကို သင်သည် မ ကြား သလော။ ယခုမှာလည်း သင်သည် ခိုင်ခံ့" သော မြို့ တို့ကို ဖျက်ဆီး ၍၊ ကျောက် ပုံဖြစ်စေ သောသူဖြစ် မည်အကြောင်း ငါစီရင် ခန့်ထားလေပြီ ၂၆ ထိုကြောင့် မြို့သား တို့သည် အားနည်း ကြ၏။ မှိုင်တွေ ၍ စိတ်ပျက် လျက်ရှိကြ၏။ တော မြက်ပင် နှင့် စိမ်း သော စပါးပင်ကဲ့သို့ငင်း၊ အိမ်မိုး ပေါ်မှာ ပေါက်သော မြက်ပင်နှင့် မ ကြီး မှိည်းနွမ်း သော စပါးပင်ကဲ့သို့ငင်း ဖြစ် ကြ၏ ၂၇ သင် ၏နေထိုင် ခြင်း၊ ထွက် ဝင် ခြင်း၊ ငါ ၌ အမျက် ဟုန်းခြင်းတို့ကို ငါသိ ၏ ၂၈ ငါ၌သင်၏အမျက်ဟုန်းခြင်း၊ စော်ကားခြင်းကို ငါကြားရသောကြောင့်၊ သင့်ကိုနှာရှူတ်တပ်၍ ဇက်ခွံပြီးမှ၊ သင်လာသောလမ်းဖြင့် ပြန်စေမည် ၂၉ သင်မှတ်ရသောနိမိတ်လက္ခဏာဟူမူကား၊ ယခု နှစ်တွင် အလိုလိုကြီးရင့်သော အသီးအနှံကိုငင်း၊ ဒုတိယ နှစ်တွင် ထိုအတူပေါက်သော အရာများကိုငင်းသင်တို့သည် စားရမည်။ တတိယနှစ်တွင် မျိုးစေ့ကိုကြဲ၍ စပါးကိုရိတ် ကြလော့။ စပျစ်ဥယျာဉ်ကိုလည်းစိုက်၍ အသီးကို စားကြလော့ ၃၀ ဘေးလွတ်၍ ကျန်ကြွင်းသော ယုဒအမျိုးသားတို့သည် တဖန် အောက်မှာအမြစ်စွဲ၍ အထက်မှာ အသီးသီးကြလိမ့်မည် ၃၁ ကျန်ကြွင်း သောသူတို့သည် ယေရုရှလင် မြို့ထဲက ငင်း ၊ ဘေးလွတ် သောသူတို့သည် ဇိအုန် တောင် ပေါ် က ငင်း ပေါ် လာကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား သည် အလိုတော် အားကြီး၍ ထို အမှုကို စီရင် တော်မူလိမ့်မည် ၃၂ သို့ ဖြစ်၍ ထာဝရဘုရား သည် အာရှရိ ရှင်ဘုရင် ကို ရည်မှတ်၍ မိန့် တော်မူသည်ကား ၊ သူသည် ဤ မြို့ သို့ မ ဝင် ရ။ မြို့ထဲသို့ မြား ကိုမ ပစ် ရ။ မြို့ရှေ့မှာ ဒိုင်း လွှားကို မ ပြ ရ။ မြို့ပြင်မှာ မြေရိုး ကို မ ဖို့ ရ ၃၃ လာ သော လမ်း ဖြင့် ပြန် သွားရမည်။ ဤ မြို့ ထဲသို့ မ ဝင် ရ ၃၄ ငါသည် ကိုယ်မျက်နှာကိုငင်း၊ ငါ့ ကျွန် ဒါဝိဒ် ၏ မျက်နှာကိုငင်း ထောက် ၍ ဤ မြို့ ကို ကယ်တင် ခြင်းငှါ စောင့်မ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏ ၃၅ ထိုညဉ့် တွင် ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ထွက် ၍ အာရှရိ တပ် တွင် လူ တသိန်း ရှစ် သောင်းငါး ထောင် တို့ကို ဒဏ်ခတ် လေ၏။ နံနက် စောစောထ ချိန် ရောက်သောအခါ ၊ ထိုသူ အပေါင်း တို့သည် အသေ ကောင်ဖြစ်ကြ၏ ၃၆ အာရှရိ ရှင်ဘုရင် သနာခရိပ် သည်လည်း ထိုအရပ် မှ ထွက် ၍ ပြန် သွားပြီးလျှင် နိနေဝေ မြို့၌ နေ လေ၏ ၃၇ နောက် တဖန်သူ သည် မိမိ ဘုရား နိသရုတ် ၏ ဗိမာန် ၌ ကိုးကွယ် စဉ်တွင်၊ သား တော်အာဒြမ္မေလက် နှင့် ရှရေဇာ သည်ခမည်းတော် ကို ထား နှင့် သတ် ပြီးလျှင် ၊ အာရမန် ပြည် သို့ ပြေး ကြ၏။ သား တော်ဧသရဟဒ္ဒုန် သည်လည်း ခမည်းတော် အရာ ၌ နန်းထိုင် ၏

၂၀ ထို ကာလ အခါ ဟေဇကိ မင်းသည် သေ နာ စွဲသဖြင့် ၊ အာမုတ် သား ပရောဖက် ဟေရှာယ သည် လာ ၍ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ကိုယ် အိမ် အမှုကို စီရင် လော့။ သင်သည် အသက် မ ရှင်သေ ရမည်ဟု အမိန့်တော်ကို ပြန် လေ၏ ၂ ဟေဇကိ မင်းသည်လည်း ထရံ သို့ မျက်နှာ လှည့် ၍၊ အို ထာဝရဘုရား ၊ အကျွန်ုပ်သည် ရှေ့

တော်၌သစ္စာစောင့် လျက် ၊ စုံလင် သောစိတ်နှလုံး နှင့် ကျင့် ၍နှစ်သက် တော်မူသည်အတိုင်းပြု ကြောင်း ကို အောက်မေ့ တော်မူပါ ၃ အကျွန်ုပ်တောင်းပန်ပါ၏ဟု အလွန် ဝိုကြွေး လျက် ထာဝရဘုရား ကို ဆုတောင်း လေ၏ ၄ ဟေရှာယ သည် နန်းတော်အလယ် တန်တိုင်း သို့ မ ရောက် မှီ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ရောက် ၍၊ " ၅ သင်သည် ငါ့ လူ တို့၏ ဗိုလ်ချုပ် ဟေဇကိ မင်းထံသို့ တဖန် သွားပြီးလျှင် ၊ သင့် အဘ ဒါဝိဒ် ၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် ၏ပဌနာ စကားကို ငါကြား ပြီ။ သင် ၏မျက်ရည် ကိုလည်း ငါမြင် ပြီ။ သင်၏အနာ ကို ငါ ပျောက်စေသဖြင့်၊ သင် သည်သုံး ရက် လွန်လျှင် ဗိမာန် တော်သို့ တက် ရလိမ့်မည် ၆ သင့် အသက် ၌ တဆယ် ငါး နှစ် ကို ငါဆက် ၍ ပေးမည်။ သင် နှင့် ဤ မြို့ ကို အာရှရိ ရှင်ဘုရင် လက် မှ ငါကယ်လွတ် မည်။ ငါ့မျက်နှာကိုငင်း၊ ငါ့ ကျွန် ဒါဝိဒ် ၏ မျက်နှာ ကိုငင်း ထောက်၍ ဤမြို့ ကို ကွယ်ကာ စောင့်မမည် အရာကို ပြောလော့ဟု မိန့်တော်မူ၏ ၇ ဟေရှာယ ကလည်း ၊ သင်္ဘော် သဖန်းသီးအလုံး အထွေးကို ယူ ခဲ့လော့ဟုဆို သည်အတိုင်း ယူ ခဲ့၍ အနာ ကို အုံ ပြီးမှ မင်းကြီးသက်သာ လေ၏ ၈ ဟေဇကိ မင်းကလည်း၊ ထာဝရဘုရား သည် ငါ့ အနာ ကို ပျောက်စေ၍ သုံး ရက် လွန်လျှင် ငါသည် ဗိမာန် တော်သို့တက် လိမ့်မည်ဆို သော်၊ အဘယ် လက္ခဏာ သက်သေရှိသနည်းဟုမေး လျှင်၊" ၉ ဟေရှာယ က၊ ထာဝရဘုရား အမိန့် တော်ရှိသည် အတိုင်း ပြု တော်မူမည်ဟု ထာဝရဘုရား သည် သင့် အား ပေး တော်မူသောလက္ခဏာ သက်သေဟူမူကား ၊ အရိပ် သည် ဆယ် ချက် တိုး ရမည်လော။ ဆယ် ချက် ဆုတ် ရမည် လောဟု မေးသော်၊" ၁၀ ဟေဇကိ က၊ အရိပ် သည် ဆယ် ချက် တိုး လွယ်၏။ ထိုသို့ အလိုမ ရှိ။ ဆယ် ချက် ဆုတ် ပါစေဟု ပြန်ပြော ၏ ၁၁ ပရောဖက် ဟေရှာယ သည်လည်း ၊ ထာဝရဘုရား အား ဆုတောင်း သောအခါ ၊ အာခတ် ၏နေတိုင်း နာရီပေါ် မှာဆယ် ချက် ရွှေ့ပြီးသော အရိပ် ကို ဆယ်ချက် ပြန် စေတော်မူ၏ ၁၂ ထို ကာလ အခါ ဗာလဒန် သား ဗာဗုလုန် မင်းကြီး မေရောဒဗာလဒန် သည်၊ ဟေဇကိ မင်းနာ ၍ အနာ ပျောက်သည် ကို ကြား သောကြောင့် ၊ မေတ္တာစာ နှင့် လက်ဆောင် ပါလျက် တမန်တို့ကို စေလွှတ် လေ၏ ၁၃ ဟေဇကိ မင်းသည် သူ တို့ရောက် သောကြောင့် ဝမ်းမြောက်၍ ရွှေတိုက် မှစသောရွှေ ၊ ငွေ ၊ နံ့သာမျိုး ၊ အဘိုး ထိုက်သော နံ့သာ ဆီ၊ လက်နက် တိုက် နှင့် ဘဏ္ဍာ တော်အလုံးစုံ တို့ကိုပြ လေ၏။ နန်းတော် မှစ၍ နိုင်ငံ တော်အရပ်ရပ် ၌ မ ပြ သော အရာ တစုံတခုမျှမ ရှိ။ ၁၄ ထိုအခါ ပရောဖက် ဟေရှာယ သည် ဟေဇကိ မင်းကြီး ထံ တော်သို့ သွား ၍ ၊ ထို လူ တို့သည် အဘယ် သို့ပြော ကြပါသနည်း။ အဘယ် ပြည်မှ အထံ တော်သို့ လာ ကြ ပါသနည်းဟု မေးလျှောက် သော် ၊ ဟေဇကိ မင်းက ၊ ဝေး သောအရပ် ဗာဗုလုန် ပြည်မှ ရောက် လာကြသည်ဟု ပြန်ပြော ၏ ၁၅ နန်းတော် ၌ အဘယ် အရာကို မြင် ကြပြီနည်းဟုမေး ပြန်လျှင် ၊ ဟေဇကိ မင်းက၊ နန်းတော် ၌ ရှိသမျှ ကို မြင် ရ ကြပြီ။ ဘဏ္ဍာ တော်တွင် ငါမ ပြ သော အရာ တစုံတခုမျှ မ ရှိ ဟု ပြန်ပြော ၏ ၁၆ ထိုအခါ ဟေရှာယ က၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားထောင် လော့ ၁၇ နန်းတော် ၌ ရှိသမျှ ကို ၎င်း ၊ ယနေ့ တိုင်အောင် ဘိုးဘေး တို့သည် ဆည်းဖူး သမျှကိုငင်း ၊ ဗာဗုလုန် မြို့သို့ ယူ သွားရသောကာလ သည် ရောက် လိမ့်မည်။ တစုံ တခုမျှ မ ကျန်ကြွင်း ရဟု ထာဝရဘုရား မိန့်

တော်မူ၏ ၁၈ သင် နှင့် နွယ်၍ရသော သင် ၏ သား မြေးတို့ကိုလည်း ယူ သွား၍ ၊ သူတို့သည် ဗာဗုလုန် ရှင်ဘုရင် ၏ နန်းတော် ၌ လူပျိုု တော်လုပ် ရကြလိမ့်မည်ဟု ဟေဇကိမင်း အား ပြောဆိုလေ၏ ၁၉ ဟေဇကိ မင်းကလည်း ၊ သင်ပြန်ရသောထာဝရဘုရား ၏ နှုတ်ကပတ် တော်ကောင်း ပါ၏ဟူ၍ဆင်း၊ အကယ်၍ ငါ့ လက်ထက် ၌ ငြိမ်သက် ခြင်းနှင့် သစ္စာ စောင့်ခြင်းရှိ လျှင် ကောင်းပါသည် မ ဟုတ်လော ဟူ၍ဆင်း၊ ဟေရှာယ အား ဆို လေ၏ ၂၀ ဟေဇကိ ပြုမူသော အမှု အရာ ကြွင်း လေသမျှ တို့ နှင့် တန်ခိုး ကြီးခြင်း၊ ရေကန် နှင့် ရေပွန် ကို လုပ် ၍ မြို့ ထဲသို့ ရေ ကို ဆောင် ခြင်းအရာတို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၁ ဟေဇကိ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ သား တော်မနာရှေ သည် ခမည်းတော် အရာ ၌နန်းထိုင် ၏

၂၁ မနာရှေ သည် အသက် တဆယ် နှစ် နှစ်ရှိသော် နန်းထိုင် ၍ ယေရုရှလင် မြို့၌ ငါးဆယ် ငါး နှစ် စိုးစံ လေ၏။ မယ်တော် ကား၊ ဟဇိုဘ အမည် ရှိ၏ ၂ ထိုမင်းသည် ဣသရေလ အမျိုးသား ရှေ့မှ ထာဝရဘုရား နှင်ထုတ် တော်မူသော တပါးအမျိုးသား ရွံရှာ ဘွယ်ထုံးစံအတိုင်း ၊ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၏ ၃ ခမည်းတော် ဟေဇကိ ဖျက်ဆီး သော ကုန်း တို့ကို ပြုပြင် ၍ ၊ ဣသရေလ ရှင်ဘုရင် အာဟပ် ပြု သကဲ့သို့ ဗာလ အတို့ ယဇ် ပလ္လင်တို့ကို တည် ၏။ အာရှရ ပင်ကိုလည်း ပြုစု ၏။ မိုဃ်း ကောင်းကင်တန်ဆာ များကိုလည်း ဝတ်ပြု ကိုးကွယ်၏ ၄ ယေရုရှလင် မြို့၌ ငါ့ နာမ ကိုငါ တည်စေမည်ဟု ထာဝရဘုရား မိန့် တော်မူသောမြို့၊ ဗိမာန် တော်၌ ယဇ် ပလ္လင် တည်းဟူသော၊ “ ၅ ဗိမာန် တော်တန်တိုင်း နှစ် ရပ်တွင် မိုဃ်း ကောင်းကင်တန်ဆာ များ အဘို့ ယဇ် ပလ္လင်တို့ကိုတည် ၏ ၆ မိမိ သား ကို မီး ဖြင့် ပူဇော် ၏။ ကာလ ဗေဒင်ကို ကြည့်တတ်၏။ ပြုစား သော အတတ်ကို သုံးဆောင်၍ စုန်း နှင့် နတ်ဝင် တို့ကိုလည်း အခွင့် ပေး၏။ ထာဝရဘုရား ၏ အမျက် တော်ကို နှိုးဆော်ခြင်းငှါ ရှေ့ တော်၌ များစွာ သော ဒုစရိုက် ကိုပြု ၏ ၇ ဤ ဗိမာန် ၌ ၎င်း ၊ ဣသရေလ ခရိုင် များတို့တွင် ငါရွေးကောက် သော ယေရုရှလင် မြို့၌ ၎င်း၊ ငါ့ နာမ ကို အစဉ် အမြဲငါ တည်စေမည်ဟု ထာဝရဘုရား သည် ဒါဝိဒ် နှင့် သား တော်ရှောလမုန် အား မိန့် တော်မူရာ ၌၊ ရည်ဆောင် သော ဗိမာန် တော်ထဲမှာ မိမိပြုစုသော အာရှရ ပင်နှင့် တူအောင် လုပ် သော ရုပ်တု ကို တင် ထား၏ ၈ ငါမှာ ထားသမျှ အတိုင်း ငါ့ ကျွန် မောရှေ မှာ ထား သမျှ သော တရား အတိုင်း ဣသရေလ အမျိုးသားတို့သည် ကျင့် ခြင်းငှါ စောင့်ရှောက် လျှင် ၊ သူ တို့ဘိုးဘေး တို့အား ငါပေး သော ပြည် မှ သူတို့ကို နောက် တဖန် ငါမ ရွှေ့ မပြောင်းစေဟု မိန့်တော်မူသော်လည်း၊” ၉ သူတို့သည် နား မ ထောင်၊ ဣသရေလ အမျိုးသား တို့ရှေ့ မှာ ထာဝရဘုရား ဖျက်ဆီး တော်မူသော လူမျိုး တို့ ပြုသည်ထက် သာ၍ဒုစရိုက် ကိုပြု စေခြင်းငှါ မနာရှေ သည် သွေးဆောင် လေ၏ ၁၀ ထိုကြောင့် ထာဝရဘုရား သည် မိမိ ကျွန် ပရောဖက် တို့ ဖြင့် မိန့် တော်မူသည်ကား၊” ၁၁ ယုဒ ရှင်ဘုရင် မနာရှေ သည် သူ ရှေ့ မှာ ဖြစ်ဘူး သော အာမောရိ လူတို့ပြု သမျှ ထက် သာ၍ရွံရှာဘွယ် သော ဤ ဒုစရိုက် တို့ကို ပြုသောကြောင့် ၎င်း ၊ မိမိ ရုပ်တု ဆင်းတုအားဖြင့် ယုဒ အမျိုးကို ပြစ်မှား စေသောကြောင့် ၎င်း၊” ၁၂ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သိတင်းကြား သော သူ တိုင်း နား နှစ်ဘက် ခါး စေခြင်းငှါငါ သည် ယေရုရှလင် မြို့၊ ယုဒ ပြည် ၌ ဘေး ရောက် စေမည်

၁၃ ယေရှုရှလင် မြို့ အပေါ် မှာ ရှမာရိ မျဉ်းကြိုး နှင့် အာဟပ် အမျိုး ၏ ချိန်ကြိုး ကို ငါတန်းချ မည်။ ပုကန် ကို သုတ် ၍ သုတ် ပြီးမှ မှောက် ထားသကဲ့သို့ ယေရှုရှလင် မြို့ကို ငါပြု မည် ၁၄ ကျန်ကြွင်း သောငါ့ အမွေ လူတို့ကိုငါစွန့် ၍ ရန်သူ လက် သို့ အပ် သဖြင့် ၊ သူ တို့သည်ရန်သူ အပေါင်း တို့၏ လုယက် နှိပ်စက် ရာ ဖြစ် ကြလိမ့်မည် ၁၅ အကြောင်း မူကား ဘိုးဘေး တို့သည် အဲဂုတ္တု ပြည်က ထွက် သော နေ့ မှစ၍ ယနေ့ တိုင်အောင် အစဉ် အဆက်တို့သည် ငါ့ ရှေ့ မှာ ဒုစရိုက် ကို ပြု ၍ ငါ့ အမျက် ကို နှိုးဆော်ကြပြီဟု မိန့်တော်မူ၏ ၁၆ မနာရှေ သည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၍ ယုဒ အမျိုးကို ပြစ်မှား စေသော အပြစ် မှတပါး အပြစ် မရှိသော သူအများတို့ကိုသတ် ၍ ယေရှုရှလင် မြို့တဘက် မှ တဘက် တိုင်အောင် သူတို့အသွေး နှင့် ပြည့် စေခြင်းငှါပြု၏ ၁၇ မနာရှေ ပြုမူသော အမှု အရာ ကြွင်း လေသမျှ တို့နှင့် ပြစ်မှား သော အပြစ် တို့သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၁၈ မနာရှေ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သြဇ ဥယျာဉ် တည်းဟူသော မိမိ အိမ် နှင့်ဆိုင်သော ဥယျာဉ် ၌ သင်္ဂြိုဟ် ခြင်းကိုခံ လေ၏။ သား တော်အာမုန် သည် ခမည်းတော် အရာ ၌ နန်းထိုင် ၏ ၁၉ အာမုန် သည် အသက် နှစ်ဆယ် နှစ် နှစ်ရှိသော် နန်းထိုင် ၍ ယေရှုရှလင် မြို့၌ နှစ် နှစ် စိုးစံ လေ၏။ မယ်တော် ကား ယုပ္ဘ၌ မြို့သူဟာရုပ် သမီး မေရှုလမက် အမည် ရှိ၏ ၂၀ ထိုမင်း သည် ခမည်းတော် မနာရှေ ပြု သကဲ့သို့ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၏ ၂၁ ခမည်းတော် လိုက် သမျှ သော လမ်း သို့ လိုက် ၏။ ခမည်းတော် ဝတ်ပြု သော ရုပ်တု ဆင်းတုတို့ကို ဝတ်ပြု ကိုးကွယ်၏ ၂၂ ဘိုးဘေး တို့၏ ဘုရား သခင်ထာဝရဘုရား ကို စွန့် ၍ ထာဝရဘုရား ၏ လမ်း တော်ကို လွှဲရှောင် ၏ ၂၃ မိမိ ကျွန် တို့သည် သင်းဖွဲ့ ၍ ရှင် ဘုရင်ကို နန်းတော် ၌ လုပ်ကြံ ကြ၏ ၂၄ အာမုန် မင်းကြီး တဘက် ၌ သင်းဖွဲ့ သောသူ အပေါင်း တို့ကို ပြည်သူ ပြည်သားတို့သည် ကွပ်မျက် ၍ သား တော်ယောရှိ ကို ခမည်းတော် အရာ ၌ နန်းတင် ကြ၏ ၂၅ အာမုန် ပြုမူသော အမှု အရာ ကြွင်း လေသမျှတို့ သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၆ သြဇ ဥယျာဉ် တွင် မိမိ သင်္ချိုင်း တွင်း၌ သင်္ဂြိုဟ် ခြင်းကိုခံ၍ ၊ သား တော်ယောရှိ သည် ခမည်းတော် အရာ ၌ နန်းထိုင် ၏

၂၂ ယောရှိ သည် အသက် ရှစ် နှစ်ရှိသော် နန်းထိုင် ၍ ယေရှုရှလင် မြို့၌ သုံးဆယ် တ နှစ် စိုးစံ လေ၏။ မယ်တော် ကား၊ ဗောဇကတ် မြို့သားအဒါယ ၏သမီး ယေဒိဒ အမည် ရှိ၏ ၂ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကိုပြု ၍ လက်ျာ ဘက်လက်ဝဲ ဘက်သို့မ လွှဲ ၊ အဘ ဒါဝိဒ် လိုက်သမျှ သောလမ်း သို့ လိုက် လေ၏ ၃ ယောရှိ မင်းကြီး နန်းစံဆယ် ရှစ် နှစ် တွင် ၊ မေရှုလံ သား ဖြစ်သော အာဇလိ ၏သား စာရေး တော်ရှာဖန် ကို ခေါ် ၍ သင်သည် ယဇ်ပုရောဟိတ်မင်း ဟိလခိ ထံသို့ သွား လော့ ၄ ဗိမာန် တော်သို့ဆောင် ခဲ့၍ လူ များလက်မှ တံခါး စောင့် ခံယူ သော ငွေ ကို ယဇ် ပုရောဟိတ်မင်း ရေတွက် သဖြင့်” ၅ ဗိမာန် တော်အုပ် ၊ အမှု တော်စောင့် တို့ ၌ အပ် ၍ ၊ ဗိမာန် တော်ပြိုပျက် ရာကို ပြုပြင် ခြင်းငှါ လုပ်ဆောင် သောသူ။” ၆ လက်သမား နှင့် ပန်းရန် သမားလုပ်သည် အတွက် ၊ ဗိမာန် တော်ပြုပြင် စရာ ကျောက် နှင့် သစ်သား ကို ဝယ် သည်အတွက် ဝေပေး ရမည်အကြောင်း မှာထား၍ ဗိမာန် တော်သို့ စေလွှတ် တော်မူ၏ ၇ သို့ရာတွင် ထိုငွေ ကို လက်ခံ သောသူ တို့ သည် သစ္စာ စောင့် သောသူဖြစ် သောကြောင့်

စာရင်း မ ပေးရကြ ၈ ယဇ် ပုရောဟိတ်မင်းဟိလခိ ကလည်း ၊ ပညတ္တိ ကျမ်းစာစောင် ကို ဗိမာန် တော်၌ ငါတွေ့ ပြီဟု စာရေး တော်ရှာဖန် အား ဆို လျက်၊ ကျမ်းစာ ကို အပ် ၍ စာရေး တော်ဘတ် ၏ ၉ တဖန် စာရေး တော်ရှာဖန် သည် ရှင်ဘုရင် ထံသို့ သွား ၍ ၊ ကိုယ်တော် ကျွန် တို့သည် ဗိမာန် တော်၌ တွေ့ သော ငွေ ကိုမှုတ်ပြီးမှ၊ ဗိမာန် တော်အုပ် ၊ အမှု တော်စောင့် တို့ ၌ အပ် ပါပြီဟူ၍ဆင်း၊" ၁၀ ယဇ်ပုရောဟိတ် ဟိလခိ သည် ကျွန်တော် ၌ စာစောင် ကို အပ် ပါပြီဟူ၍ဆင်း ကြား လျှောက်လျက် ၊ ရှင်ဘုရင် ရှေ့ တော်၌ ဘတ်ရွတ် လေ၏ ၁၁ ရှင် ဘုရင်သည် ပညတ္တိ ကျမ်း စကား ကိုကြား လျှင် ၊ မိမိ အဝတ် ကို ဆုတ် ၍၊ " ၁၂ ယဇ်ပုရောဟိတ် ဟိလခိ ၊ ရှာဖန် သား အဟိကံ ၊ မိကွါ သား အာခဗော် ၊ စာရေး တော်ရှာဖန် ၊ မိမိကျွန် အသဟိ ကိုခေါ် ၍၊ " ၁၃ ယခု တွေ့ သော ကျမ်း စကား ကြောင့် ငါ့ အတွက် ၊ လူ များအတွက် ၊ ယုဒ အမျိုးသားအပေါင်း တို့အတွက် ထာဝရဘုရား ၌ မေးလျှောက် ကြပါ။ ငါ တို့အဘို့ ဤ ကျမ်းစာ ၌ ရေးထား သမျှ သောစကား တို့ကို ဘိုးဘေး တို့သည် နား မ ထောင်မကျင့် ဘဲနေသောကြောင့် ၊ ထာဝရဘုရား သည် ငါ တို့ ၌ ပြင်း စွာအမျက် ထွက်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏ ၁၄ ထိုကာလတွင်၊ ဟရဟတ် သား ဖြစ်သော တိကဝ ၏သား ၊ အချုပ်ဝန်ရှလ္လုံ ၏မယား ၊ ပရောဖက်မ ဟုလဒ သည် ယေရုရှလင် ပြင်မြို့၌ နေ သည်ဖြစ်၍၊ ယဇ်ပုရောဟိတ် ဟိလခိ ၊ အဟိကံ ၊ အာခဗော် ၊ ရှာဖန် ၊ အသဟိ တို့ သည်ထိုမိန်းမ ထံသို့ သွား ၍ ပြော ဆိုကြ၏ ၁၅ မိန်းမကလည်း၊ ငါ့ ထံသို့ စေလွှတ် သောသူ ထံသို့ သင် တို့ ပြန်၍ ဆင့်ဆို ရသော ဣသရေလ အမျိုး၏ ဘုရား သခင် ထာဝရ ဘုရား၏ အမိန့် တော်ဟူမူကား၊ " ၁၆ ယုဒ ရှင်ဘုရင် ဘတ် သော ကျမ်း စကား လာသမျှ အတိုင်း ငါ သည် ဤ အရပ် ၌ ၎င်း၊ ဤ အရပ်သားတို့ ၌ ၎င်း ၊ ဘေး ရောက် စေမည် ၁၇ အကြောင်း မူကား၊ သူတို့သည် ငါ့ ကိုစွန့် ကြပြီ။ မိမိ လုပ် သော အရာ တို့ ဖြင့် ငါ့ အမျက် ကိုနှိုးဆော်ခြင်းဌါ အခြား တပါးသော ဘုရား တို့ရှေ့ မှာ နံ့သာပေါင်း ကို မီးရှို့ကြပြီ။ ထိုကြောင့်ဤ အရပ် ၌ ငါ့ အမျက် မီးသည် မ ငြိမ်း ဘဲ လောင် ရလိမ့်မည်ဟု မိန့်တော်မူ၏ ၁၈ ထာဝရဘုရား ကို မေးလျှောက် စေခြင်းဌါ သင် တို့ကို စေလွှတ် သော ယုဒ ရှင်ဘုရင် ကြား သော ကျမ်းစကား ကို ရည်ဆောင်၍၊ ဣသရေလ အမျိုး ၏ဘုရား သခင်ထာဝရဘုရား မိန့် တော်မူကြောင်း ကိုထိုရှင် ဘုရင်အား တဖန် ပြန် လျှောက်ရမည်ကား၊ " ၁၉ ဤအရပ်သားတို့သည် ဖျက်ဆီး ရာနှင့် ကျိန်ဆဲ ရာ ဖြစ် ရကြလိမ့်မည်ဟု ဤ အရပ် ကို ၎င်း ၊ ဤအရပ် သား တို့ကိုဌင်း ၊ ငါခြိမ်းချောက် သော စကားကို သင် သည် ကြား သောအခါ ၊ နူးညံ့ သောစိတ်ရှိ၍ ထာဝရဘုရား ရှေ့ တော်၌ ကိုယ်ကိုနှိမ့်ချ ခြင်း၊ ကိုယ် အဝတ် ကိုဆုတ် ခြင်း၊ ငါ့ ရှေ့ မှာ ငိုကြွေး ခြင်းကို ပြုသောကြောင့် သင့်စကားကို ငါ နားထောင် ၏ ၂၀ ငါ သည်သင့် ကို ဘိုးဘေး စုဝေး ရာသို့ ပို့ဆောင်၍ ၊ သင် သည် ငြိမ်ဝပ် စွာသင်္ချိုင်း သို့ ရောက် ရလိမ့်မည်။ ဤ အရပ် ၌ ငါ ရောက် စေအံ့သော ဘေး ကို သင့် ကိုယ်တိုင် မ တွေ့ မမြင်ရဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုသည် အတိုင်း သူတို့သည် ရှင်ဘုရင် အား ပြန် လျှောက်ကြ၏

JR ထိုအခါ ရှင် ဘုရင်သည် ယုဒ ပြည်သူ ယေရုရှလင် မြို့သား အသက်ကြီး သူအပေါင်း တို့ကို ခေါ် ၍၊ " ၂ ယုဒ ပြည်သူ ယေရုရှလင် မြို့သား ၊ ယဇ်ပုရောဟိတ် ၊ ပရောဖက် ၊ လူ အကြီး အငယ် အပေါင်း တို့နှင့်တကွ ဗိမာန်

တော်သို့တက် ၍ ၊ ဗိမာန် တော်၌ တွေ့ သော ပဋိညာဉ် ကျမ်း စာ ရှိသမျှ ကို သူ တို့ရှေ့ မှာ ဘတ် တော်မူ၏ ၃ ရှင်ဘုရင် ကလည်း ၊ ထာဝရဘုရား ကို ဆည်းကပ်ပါမည်။ စီရင် ထုံးဖွဲ့ချက်ပညတ် တရားကို စိတ် နှလုံး အကြွင်းမဲ့ စောင့်ရှောက် ပါမည်။ ဤ ကျမ်းစာ ၌ ပါ သောပဋိညာဉ် စကား အတိုင်း ကျင့် ပါမည်ဟု တိုင် နား မှာ ရပ် ၍ အဓိဋ္ဌာန် ပြု ၏။ လူ အပေါင်း တို့သည်လည်း ထိုအဓိဋ္ဌာန် ကို ဝန်ခံ ကြ၏ ၄ နောက် တဖန်ယဇ်ပုရောဟိတ် မင်း ဟိလခိ ၊ ဒုတိယ ယဇ် ပုရောဟိတ်များနှင့် တံခါး စောင့် များတို့သည် ဗာလ ဘုရား၊ အာရှရ ပင်၊ မိုဃ်း ကောင်းကင်တန်ဆာ အဘို့ လုပ် သမျှ သောအသုံး အဆောင်တို့ကို ဗိမာန် တော်ထဲက ထုတ် မည်အကြောင်း ရှင်ဘုရင် စီရင် သဖြင့်၊ ယေရှရှလင် မြို့ပြင် ၊ ကေဒြုန် တော ၌ မီးရို့ ၍ ပြာ ကို ဗေသလ မြို့သို့ ဆောင် သွားကြ၏ ၅ ယေရှရှလင် မြို့ပတ်လည် အစရှိသော ယုဒ မြို့ရွာ ၌ မြင့် သော အရပ်တို့အပေါ် မှာ နံ့သာပေါင်းကို မီးရို့ စေခြင်းငှါ၊ ယုဒ ရှင်ဘုရင် ခန့်ထား သော ယဇ် ပုရောဟိတ်တို့ကိုငင်း၊ ဗာလ ဘုရား၊ နေ လ ရာသီ စောင့် အစ ရှိသော မိုဃ်း ကောင်းကင်တန်ဆာ တို့အား နံ့သာပေါင်းကို မီးရို့ သောသူတို့ ကိုငင်း ၊ သုတ်သင် ပယ်ရှင်းတော်မူ၏ ၆ အာရှရပင် ကိုလည်း ဗိမာန် တော်ထဲက ထုတ် ၍ ယေရှရှလင် မြို့ပြင် ၊ ကေဒြုန် ချောင်း သို့ ယူသွားသဖြင့်၊ ထိုချောင်းနား မှာ မီးရို့ ပြီးလျှင် ညက်ညက်ချေ၍၊ အမှုန့် ကို ဆင်းရဲသားသင်္ချိုင်း ပေါ် မှာ ဖြန့်ဖြူး တော်မူ၏ ၇ မိန်းမ တို့သည် အာရှရ ပင်အဘို့ ကုလားကာ ကို ရက် ရာအရပ် ဗိမာန် တော်နား မှာ ယောကျ်ားအလိုသို့ လိုက်တတ်သော မိန်းမလျှာတို့ နေရာအိမ်များကိုလည်း ဖျက် တော်မူ၏ ၈ ယဇ် ပုရောဟိတ်အပေါင်း တို့ကို ယုဒ မြို့ရွာ တို့မှ ခေါ် ခဲ့၍ ၊ သူတို့သည် နံ့သာပေါင်းကိုမီးရို့ ရာမြင့် သော အရပ်များကို ဂေဗ မြို့မှစ၍ ဗေရရှေဘ မြို့တိုင်အောင် ညစ်ညူး စေတော်မူ၏။ ယေရှရှလင်မြို့ ဝန် ယောရှ ၏ တံခါး ဝ လက်ဝဲ ဘက်နား မှာတည်သော မြို့တံခါး ၏ ကုန်း တို့ကိုလည်း ဖြိုဖျက် တော်မူ၏ ၉ မြင့် သောအရပ်နှင့် ဆိုင်သော ယဇ် ပုရောဟိတ်တို့သည်၊ ယေရှရှလင် မြို့ဗိမာန်တော် ယဇ် ပလ္လင်နားသို့ မ ချဉ်း ရဘဲ၊ အပေါင်း အဘော်တို့နှင့် တဆေး မဲ့မုန့်ကို စား ရသော အခွင့်သာရှိကြ၏ ၁၀ အဘယ်သူမျှမိမိ သား သမီး ကို မောလုတ် ဘုရား အား မီး ဖြင့် မ ပူဇော် နိုင်မည်အကြောင်း ၊ ဟိန်နံ့ သား၏ ချိုင့်၌ ရှိသောတောဖက် အရပ်ကိုလည်း ညစ်ညူး စေတော်မူ ၏ ၁၁ ယုဒ ရှင် ဘုရင်တို့သည် နေ ကို ပူဇော် ၍ ၊ ဗိမာန် တော်ဝင်း ပြင် အရာရှိ နာသမွေလက် အိမ် နား ၊ ဝင်း တော် တံခါးဝ၌ ထားသော မြင်း တို့ကိုလည်း ပယ်ရှား ၍ နေ ရထား တို့ကိုလည်း မီးရို့ တော်မူ၏ ၁၂ ယုဒ ရှင် ဘုရင်တို့သည် အာဟပ် မင်းတိုက် တော် အထက်ဆင့် အပေါ် မှာတည် ထားသော ယဇ် ပလ္လင်တို့နှင့် မနာရှေ မင်းသည် ဗိမာန် တော်တန်တိုင်း နှစ် ရပ်တွင် တည် ထားသော ပလ္လင် တို့ကို ရှင်ဘုရင် ဖြိုချ ချေဖျက်၍ အမှုန့် ကို ကေဒြုန် ချောင်း ထဲသို့ ပစ် တော်မူ၏ ၁၃ ဣသရေလ ရှင်ဘုရင် ရှောလမုန် သည် ယေရှရှလင် မြို့အရှေ့ ၊ ဖျက်ဆီး ခြင်းတောင် လက်ျာ ဘက်၌ ရှိရှာ ဘွယ်သော ဇိဒုန် ဘုရားအာရှတရက် ၊ ရှိရှာဘွယ် သော မောဘ ဘုရား ခေမုရှ ၊ ရှိရှာဘွယ် သော အမ္မုန် ဘုရားမိလကုံ အဘို့ တည် သော ကုန်း တို့ကိုလည်း ရှင်ဘုရင် ညစ်ညူး စေတော်မူ၏ ၁၄ ရုပ်တု ဆင်းတုတို့ကို ချိုးဖဲ့ ၍ အာရှရ ပင်တို့ကို ခုတ်လှဲ ပြီးမှ ၊ သူ တို့တည် ရာအရပ်များကို လူ သေအရိုး တို့ နှင့် ပြည့် စေတော်မူ၏ ၁၅ ဣသရေလ အမျိုးကို ပြစ်မှား စေသော

နေဗတ် ၏သား ယေရောဗောင် သည်၊ ဗေသလ မြို့၌ တည် သော ကုန်း နှင့် ယဇ် ပလ္လင်ကိုလည်း ဖြိုချ ၍ မီးရှို့ ပြီးမှ ညက်ညက် ခြေတော်မူ၏။ အာရှရ ပင်ကိုလည်း မီးရှို့ တော်မူ၏ ၁၆ ယောရှိ မင်းသည် လှည့်လည် ၍ ကြည့်ရှုလျက် ၊ ထို တောင် ပေါ် မှာရှိသော သင်္ချိုင်း ကို မြင် သောအခါ ၊ လူကို စေလွှတ် ၍ ထိုသင်္ချိုင်း ထဲက လူသေအရိုး တို့ကို ထုတ် ပြီးလျှင် ၊ ထို အမှု ကို အထက်ကဘော်ပြ သော ဘုရား သခင်၏လူ ဆင့်ဆို သော ထာဝရဘုရား ၏ စကား တော်အတိုင်း ၊ အရိုးတို့ကို ယဇ် ပလ္လင်ပေါ် မှာ မီးရှို့ ၍ ညစ်ညူး စေတော်မူ ၏ ၁၇ ယောရှိမင်းကလည်း၊ ငါ မြင် သော ထို မှတ်ကျောက် ကား အဘယ်သို့ နည်းဟုမေး လျှင် ၊ မြို့ သား တို့က၊ ကိုယ်တော်သည် ဗေသလ ယဇ် ပလ္လင်၌ ပြု တော်မူသော အမှု ကို၊ ယုဒ ပြည်မှ လာ ၍ ဘော်ပြ သော ဘုရား သခင်၏ လူ သင်္ချိုင်း ဖြစ်ပါသည်ဟု ပြန် လျှောက်ကြသော်၊ “ ၁၈ ရှင် ဘုရင်က ၊ ရှိ စေလော့။ ထိုသူ ၏အရိုး တို့ကို အဘယ်သူ မျှမ ရွှေ့ စေနှင့်ဟု မိန့် တော်မူသည်အတိုင်း သူ ၏ အရိုး တို့နှင့် ရှမာရိ မြို့မှ လာ သောပရောဖက် အရိုး တို့ကို ရှိ စေကြ၏ ၁၉ ဣသရေလ ရှင် ဘုရင်တို့သည် အမျက် တော်ကို နှိုးဆော်ခြင်းငှါ ၊ ရှမာရိ မြို့ရွာ တို့ ၌ မြင့် သောအရပ်ပေါ်မှာ တည် လုပ်သော အိမ် ရှိသမျှ တို့ကိုလည်း ယောရှိ မင်းသည် ပယ်ရှား ၍ ၊ ဗေသလ မြို့၌ ပြု သမျှ အတိုင်း ပြု တော်မူ၏ ၂၀ မြင့် သော အရပ်နှင့် ဆိုင်သောယဇ် ပုရောဟိတ်အပေါင်း တို့ကိုလည်း ယဇ် ပလ္လင်ပေါ် မှာ ကွပ်မျက် ၍ ၊ လူ သေအရိုး တို့ကို မီးရှို့ ပြီးမှယေရုရှလင် မြို့သို့ ပြန် တော်မူ ၏ ၂၁ တဖန် ရှင်ဘုရင် ကလည်း၊ ဤ ပဿခါ ပွဲကို ဂျိုး စာ ၌ လာ သည်အတိုင်း ၊ သင် တို့၏ဘုရား သခင်ထာဝရဘုရား အား ပသခါ ပွဲကို ဆောင် ကြလော့ဟု လူ အပေါင်း တို့ကို မိန့် တော်မူ၏ ၂၂ အကယ်၍ ဣသရေလ အမျိုးကို အုပ်စိုး သော တရားသူကြီး လက်ထက် မှစ၍ ၊ ဣသရေလ ရှင်ဘုရင် နှင့် ယုဒ ရှင်ဘုရင် လက်ထက် ကာလပတ်လုံး ၊ ထိုသို့ သော ပသခါ ပွဲကို တခါ မျှမဆောင် ကြ ၂၃ ယောရှိ မင်းကြီး နန်းစံဆယ် ရှစ် နှစ် တွင် ထို ပွဲ ကို ယေရုရှလင် မြို့၌ ထာဝရဘုရား အား ဆောင် ကြသတည်း ၂၄ ထို မှတပါး၊ ဗိမာန် တော်၌ ယဇ်ပုရောဟိတ် ဟိလခိ တွေ့ သော ကျမ်းစာ ၌ ပါ သောစကား အတိုင်း ကျင့် လိုသောငှါ ၊ ယောရှိ မင်းသည် စုန်း ၊ နတ်ဝင် ၊ တေရပ် ရုပ်တု မှစ၍ ရုပ်တု ဆင်းတုများကိုလည်း ၊ ယေရုရှလင် မြို့နှင့် ယုဒ ပြည် လုံးတွင် ရှံရှာဘွယ် သောအရာ တွေ့ သမျှ တို့ကိုလည်း၊ သုတ်သင် ပယ်ရှင်းတော်မူ၏ ၂၅ မောရှေ တရား ၌ ပါသမျှ ကို ကျင့်သဖြင့်၊ စိတ်နှလုံး အကြွင်းမဲ့ အစွမ်း သတ္တိရှိသမျှ နှင့် ထာဝရဘုရား အထံ တော်သို့ ပြောင်းလဲ ၍ ၊ ယောရှိ မင်းနှင့် တူသော ရှင်ဘုရင် တယောက် မျှ မ ဖြစ် စဖူး။ နောင် ကာလ၌လည်း မ ပေါ် မရှိ ၂၆ သို့ရာတွင် မနာရှေ သည် ထာဝရဘုရား ၏ အမျက် တော်ကို နှိုးဆော်ခြင်းငှါ ၊ ပြစ်မှား သော အပြစ် ရှိသမျှ တို့ကြောင့် ၊ ယုဒ အမျိုး၌ ပြင်းစွာ အမျက် ထွက်၍ စိတ် တော်မ ပြေ။ ၂၇ ဣသရေလ အမျိုးကို ငါ့ မျက်မှောက် မှ ပယ်ရှား သကဲ့သို့ ယုဒ အမျိုးကိုလည်း ငါပယ်ရှား မည်။ ငါရွေးချယ် သော ယေရုရှလင် မြို့ကိုလည်း ၊ အကြင်ဗိမာန်၌ငါ့ နာမ ကို ငါတည် စေမည်ဟု ငါဆို သော ဗိမာန် ကိုလည်း၊ ငါစွန့်ပစ် မည်ဟု မိန့် တော်မူ၏ ၂၈ ယောရှိ ပြု မူသော အမှု အရာကြွင်း လေသမျှ တို့ သည် ယုဒ ရာဇဝင် ၌ ရေးထား လျက်ရှိ၏ ၂၉ ထိုမင်း လက်ထက် ၌ အဲဂုတ္တု ဖာရော ဘုရင် နေခေါ သည် ဥဖရတ် မြစ် တိုင်အောင် အာရှုရိ ရှင်ဘုရင် ကို စစ်ချီ ၍ ၊ ယောရှိ မင်းကြီး သည် ဆီးတား ခြင်းငှါ ထွက် ရာတွင်၊ မေဂိဒ္ဒေါ မြို့မှာ

မင်း ချင်းတွေ့ သောအခါ ၊ ယောရှိ မင်း သည် အသက် ဆုံးလေ၏ ၃၀ ကျွန် တို့သည် ရထား တော်ပေါ်မှာ တင် ပြီးလျှင် ၊ မင်းကြီး သေ စဉ်တွင် မေဂိဒ္ဒေါ မြို့မှ ယေရှုရှလင် မြို့သို့ ဆောင် သွား၍ သင်္ဂြိုဟ် ကြ၏။ ပြည်သူ ပြည်သားတို့သည် ယောရှိ သား ယောခတ် ကို ယူ ၍ ဘိသိတ် ပေးလျက် ခမည်းတော် အရာ ၌ နန်းတင် ကြ၏ ၃၁ ယောခတ် သည် အသက် နှစ်ဆယ် သုံး နှစ်ရှိသော် ၊ နန်းထိုင် ၍ ယေရှုရှလင် မြို့၌ သုံး လ စိုးစံ လေ၏။ မယ်တော် ကား ၊ လိဗန မြို့သားယေရမိ ၏ သမီး ဟာမုတာလ အမည် ရှိ၏ ၃၂ ထို မင်းသည် ဘိုးဘေး ပြု သမျှ အတိုင်း ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု ၏ ၃၃ ဖာရော နေခေါ သည် ထိုမင်း ကို ယေရှုရှလင် မြို့မှာ မင်း မပြုစေခြင်းငှါ ဟာမတ် ပြည် ၊ ရိဗလ မြို့မှာ အကျဉ်း ထား၍ ၊ ယုဒပြည် ၌ ငွေ အခွက် တထောင် နှင့် ရွှေ အခွက် တဆယ်ကိုအခွန် တောင်း လေ၏ ၃၄ ဖာရော နေခေါ သည်လည်း ၊ ယောရှိ သား ဧလျာကိမ် ကို ခမည်းတော် အရာ ၌ နန်းတင် ၍ ယောယကိမ် အမည် သစ်ကိုပေး ၏။ ယောခတ် ကို အဲဂုတ္တု ပြည်သို့ယူ သွား၍ ထို ပြည်၌ ယောခတ်သည်သေ ၏ ၃၅ ယောယကိမ် သည်လည်း ဖာရော ဘုရင် အမိန့် တော်အတိုင်း ၊ တပြည်လုံးတွင် ရွှေ ငွေ ခွဲ၍ ဖာရော ဘုရင် အား အခွန် ဆက်ရ၏။ ပြည်သူ ပြည်သားအသီးအသီးတို့ကို ရွှေ ငွေ ခွဲသည်အတိုင်း၊ ကျပ်တည်းစွာ တောင်း၍ ဖာရော နေခေါ အား ဆက် လေ၏ ၃၆ ယောယကိမ် သည် အသက်နှစ်ဆယ် ငါး နှစ် ရှိသော် နန်းထိုင် ၍ ယေရှုရှလင် မြို့၌ တဆယ် တနှစ် စိုးစံ လေ၏။ မယ်တော် ကား ၊ ရုမ မြို့သားပေဒဲယ ၏သမီး ဇေဗုဒ အမည် ရှိ၏ ၃၇ ထိုမင်း သည် ဘိုးဘေး ပြု သမျှ အတိုင်း ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကို ပြု ၏

JϞ ယောယကိမ် မင်းလက်ထက် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ခရီ လာ၍ ၊ ယောယကိမ် သည် သုံး နှစ် ကျွန်ခံ ပြီးမှတဖန်လှန်ပြန် ၍ ပုန်ကန် လေ၏ ၂ ထာဝရဘုရား သည် မိမိ ကျွန် ပရောဖက် တို့ ဖြင့် မိန့် တော်မူသော စကား တော်အတိုင်း ၊ ယုဒ ပြည်ကို ဖျက်ဆီး စေခြင်းငှါ ၊ ခါလဒဲ တပ်သား ၊ ရှုရိ တပ်သား ၊ မောဘ တပ်သား ၊ အမ္မုန် တပ်သား တို့ကို စစ်ချီ စေတော်မူ ၏ ၃ မနောရှ မင်းပြု မိသမျှ သော အပြစ်၊ “ ၄ အသေ မခံထိုက်သောသူတို့ ကိုသတ် ၍ သူတို့ အသွေး နှင့် ယေရှုရှလင် မြို့ကို ပြည့် စေသော အပြစ် များ ကို ထာဝရဘုရား သည် လွှတ် တော်မ မူ။ ယုဒ အမျိုးကို မျက်မှောက် တော်မှ ပယ်ရှား လိုသောငှါ စီရင် တော်မူသည် အတိုင်း သာ ထိုအမှုရောက် သတည်း ၅ ယောယကိမ် ပြု မူသော အမှု အရာကြွင်း လေ သမျှ တို့သည် ယုဒ ရာဇဝင် ၌ ရေး ထားလျက်ရှိ၏ ၆ ယောယကိမ် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သား တော်ယေခေါနိ သည်ခမည်းတော် အရာ ၌ နန်းထိုင် ၏ ၇ အဲဂုတ္တု မြစ် မှစ၍ ဥဖရတ် မြစ် တိုင်အောင် အဲဂုတ္တု ရှင်ဘုရင် ပိုင်သမျှသောမြေကို ဗာဗုလုန် ရှင်ဘုရင် ယူ သောကြောင့် ၊ နောက်တဖန် အဲဂုတ္တုရှင်ဘုရင်သည် မိမိ ပြည် မှ မချီမထွက်ရ ၈ ယေခေါနိ သည်အသက် ဆယ် ရှစ် နှစ်ရှိသော် နန်းထိုင် ၍ ယေရှုရှလင် မြို့၌ သုံး လ စိုးစံ လေ၏။ မယ်တော် ကား၊ ယေရှုရှလင် မြို့သားနေလာသန် ၏သမီး နဟုတ္တ အမည် ရှိ၏ ၉ ထိုမင်းသည် ခမည်းတော် ပြု သမျှ အတိုင်း ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု ၏ ၁၀ ထို ကာလ ၌ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ၏ ကျွန် တို့သည် ယေရှုရှလင် မြို့သို့စစ်ချီ ၍ ဝိုင်း ထားကြ ၏ ၁၁ ဗာဗုလုန် ရှင်ဘုရင်

နေဗုခဒ်နေဇာ သည် ကိုယ်တိုင်ရောက် ၍ ၊ သူ ၏ကျွန် တို့သည် မြို့ ကို ဝိုင်း ထား ကြသောအခါ၊ “ ၁၂ ယုဒ ရှင်ဘုရင် ယေခေါနိ သည် မယ်တော် မှစသော ကျွန် ၊ မှူးမတ် ၊ အရာ ရှိတို့နှင့်တကွ ဗာဗုလုန် ရှင်ဘုရင် ထံသို့ ထွက် ၍ ဗာဗုလုန် ရှင် ဘုရင်သည် နန်းစံ ရှစ် နှစ် တွင် ယုဒ ရှင်ဘုရင်ကိုရ ၏ ၁၃ ထာဝရဘုရား မိန့် တော်မူဘူးသည်အတိုင်း ဗိမာန် တော်ဘဏ္ဍာ နှင့် နန်းတော် ဘဏ္ဍာ ရှိသမျှ ကို သိမ်းသွား ၍ ၊ ဗိမာန် တော်အဘို့ ကျသရေလ ရှင်ဘုရင် လုပ် သော ရွှေ တန်ဆာ အလုံးစုံ တို့ကို အပိုင်းပိုင်း ဖြတ်လေ၏ ၁၄ ယေရုရှလင် မြို့သားမူးမတ် ၊ ခွန်အားကြီးသော စစ်သူရဲ တသောင်း ၊ အထူးထူးအပြားပြားသော ဆရာ သမားအပေါင်း တို့ကို သိမ်းသွား ၍ ၊ သာမညဆင်းရဲသား မှတပါး အဘယ်သူမျှမ ကျန်ကြွင်း ရ ၁၅ ယေခေါနိ နှင့် မယ်တော် အစ ရှိသော မိဖုရား များ၊ အရာရှိ များ၊ အားကြီးသော ပြည်သားများ အပေါင်း၊” ၁၆ စစ်တိုက် ခြင်းငှါတတ်စွမ်းနိုင်သောသူ ရှိသမျှ ၊ ခွန်အား ကြီးသော လူခုနစ် ထောင် ၊ အထူးထူး အပြား အပြားသော ဆရာသမား တထောင် တို့ကို ယေရုရှလင် မြို့မှ ဗာဗုလုန် မြို့သို့ လက်ရသိမ်း သွားလေ၏ ၁၇ ဗာဗုလုန် ရှင် ဘုရင်သည် ယေခေါနိ ဘထွေး တော်မဿနိ ကို ဇေဒကိ အမည် ဖြင့်မှည့် ၍ ယေခေါနိ အရာ ၌ နန်းတင် ၏ ၁၈ ဇေဒကိ သည် အသက် နှစ်ဆယ် တ နှစ်ရှိသော် နန်းထိုင် ၍ ယေရုရှလင် မြို့၌ တဆယ် တ နှစ် စိုးစံ လေ၏။ မယ်တော် ကား၊ လိဗန မြို့သားယေရမိ ၏သမီး ဟာမုတာလ အမည် ရှိ၏ ၁၉ ထိုမင်းသည် ယောယကိမ် ပြု သမျှ အတိုင်း ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု ၏ ၂၀ ထာဝရဘုရား သည် ယုဒ ပြည်သူ ယေရုရှလင် မြို့သားတို့ကို အထံ တော်မှ မ နှင့်ထုတ် မှီတိုင်အောင်အမျက် ထွက် တော်မူ၍ ၊ ဇေဒကိ မင်းသည် ဗာဗုလုန် ရှင်ဘုရင် ကို ပုန်ကန် လေ၏”

၂၅ ဇေဒကိမင်းနန်းစံကိုး နှစ် ၊ ဒသမ လ ဆယ် ရက် နေ့တွင် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ဗိုလ်ခြေ အပေါင်း တို့နှင့်တကွ ယေရုရှလင် မြို့သို့ စစ်ချီ သဖြင့် ၊ မြို့ ပတ်လည် ၌ တပ်ချ ၍ မြေကတုပ်တို့ကို တူးလုပ်ပြီးမှ၊” ၂ ဇေဒကိ မင်း နန်းစံတဆယ် တ နှစ် တိုင်အောင် မြို့ ကိုဝိုင်း ထားလေ၏ ၃ ထိုနှစ်စတုတ္ထလ ကိုး ရက်နေ့တွင် ၊ မြို့ ထဲမှာ အလွန်အစာ အာဟာရခေါင်းပါးသဖြင့် ၊ မြို့သူ မြို့သားတို့ သည် စားစရာ မ ရှိ သောအခါ၊ “ ၄ ခါလဒဲ လူတို့သည်မြို့ ရိုးကို ဖြို ဖောက်၍ မြို့ ကို လည်း ဝိုင်း နေသောကြောင့်၊ မြို့သားစစ်သူရဲ အပေါင်း တို့ သည် ညဉ့် အခါ ပြေး ၍ မြို့ရိုး နှစ်ထပ်စပ်ကြား ဥယျာဉ် တော်နား တံခါးဝ ဖြင့် ထွက်ပြီးမှလွင်ပြင် သို့ သွားကြ၏ ၅ ခါလဒဲ စစ်သူရဲ တို့သည် ရှင် ဘုရင်ကို လိုက် ၍ ယေရိခေါ လွင်ပြင် ၌ မှီ သဖြင့် ၊ ဇေဒကိ မင်း၏ စစ်သူရဲ အပေါင်း တို့သည် လွင့် ပြေးကြ၏ ၆ ရန်သူတို့သည် ရှင် ဘုရင်ကိုဘမ်းဆီး ၍ ဗာဗုလုန် ရှင်ဘုရင် ရှိရာ ရိဗလ မြို့သို့ ဆောင် သွားကြ၏။ ဗာဗုလုန် ရှင်ဘုရင်သည် ဇေဒကိမင်း၏အမှုကို စစ်ကြောစီရင်သည် အတိုင်း၊” ၇ ဇေဒကိ မင်း၏ သား တို့ကို အဘ မျက်မှောက် ၌ သတ် ကြ၏။ ဇေဒကိ မျက်စိ ကိုလည်း ဖောက် ပြီးမှ ၊ သူ့ ကိုကြေးဝါ ကြိုးနှင့် ချည်နှောင် ၍ ဗာဗုလုန် မြို့သို့ ယူ သွားကြ၏ ၈ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ နန်းစံဆယ် ကိုး နှစ် ၊ ပဉ္စမ လ ခုနစ် ရက်နေ့တွင် ၊ အမှု တော်ထမ်း ကိုယ်ရံတော် မှူးနေဗုဇာရဒန် သည် ယေရုရှလင် မြို့သို့ လာ ၍၊ “ ၉ ဗိမာန် တော်၊ နန်းတော် ၊ မင်း အိမ်၊ ဆင်းရဲသားအိမ် ရှိသမျှ တို့ကို မီးရို့ လေ၏ ၁၀ ကိုယ်ရံတော် မှူး၌ပါသော ခါလဒဲ စစ်သူရဲ အပေါင်း တို့သည် ယေရုရှလင်

မြို့ရိုး ရှိသမျှတို့ကို ဖြိုဖျက် ကြ၏ ၁၁ ထိုအခါ ကိုယ်ရံတော် မှူး နေဗုဇ္ဈရဒန် သည် မြို့ ထဲမှာ ကျန်ကြွင်း သောသူ၊ ဗာဗုလုန် ရှင်ဘုရင် ဘက် သို့ ကူး သွားနှင့်သောသူ၊ ကြွင်း သမျှသောသူတို့ကို သိမ်း သွား လေ၏ ၁၂ သို့ရာတွင် စပျစ် ဥယျာဉ်ကိုပြုစု၍ လယ် လုပ်စေခြင်းငှါ၊ ဆင်းရဲသား အချို့တို့ကိုထား ခဲ့လေ၏ ၁၃ ဗိမာန် တော်၌ ကြေးဝါ တိုင် တို့ကို၎င်း၊ ကြေးဝါ ရေကန် ကို၎င်း၊ ရေချိုးအင်တုံ အခြေအမြစ်တို့ကို၎င်း၊ ခါလဒဲ လူတို့သည် ချိုးဖဲ့ ၍၊ ကြေးဝါ ရှိသမျှကို ဗာဗုလုန် မြို့သို့ ယူ သွားကြ၏ ၁၄ အိုးကင်း၊ တူးရွင်း ပြား၊ မီးညှပ်၊ ဇွန်း မှစ၍ အမှု တော်ထမ်းစရာ ကြေးဝါ တန်ဆာ ရှိသမျှ တို့ကိုလည်း ယူ သွားကြ၏ ၁၅ ရွှေ တန်ဆာ၊ ငွေ တန်ဆာတည်းဟူသော လင်ပန်း၊ အိုး အစရှိသော တန်ဆာများကို ရွှေ ဖြစ်စေ၊ ငွေ ဖြစ်စေ၊ ကိုယ်ရံတော် မှူးသည် ယူ သွားလေ၏ ၁၆ ဗိမာန် တော်၌ ရှောလမုန် မင်းလုပ်သော တိုင် နှစ် တိုင်၊ ရေကန် တခု၊ အခြေအမြစ်များ၌ပါသောကြေးဝါ သည် အချိန် အားဖြင့် အတိုင်းမသိများ၏ ၁၇ တိုင် အမြင့် ကားတဆယ် ရှစ် တောင် ရှိ၏။ ကြေးဝါ တိုင် ထိပ်လည်း ရှိ၏။ တိုင် ထိပ်အမြင့် ကား သုံး တောင် ရှိ၍၊ ထိပ် ပတ်လည် ကြေးဝါ ကွန်ရွက်၊ ကြေးဝါသလဲ သီးတို့နှင့် ပြည့်စုံ၏။ အခြား သောတိုင် သည်လည်း ထို အတူ ဖြစ်၍ ကွန်ရွက် နှင့် ပြည့်စုံ ၏ ၁၈ ကိုယ်ရံတော် မှူးသည် ယဇ်ပုရောဟိတ် မင်း စရာယ၊ ဒုတိယ ယဇ်ပုရောဟိတ် ဇေဖနိ၊ ဗိမာန်တော် တံခါးမှူး သုံး ယောက်တို့ကို ဘမ်းဆီး လေ၏ ၁၉ စစ် သူရဲတို့ကိုအုပ် သော ဗိုလ် တ ယောက်၊ မြို့ ထဲ၌ တွေ့မိသော တိုင်ပင်မှူးမတ်ငါးယောက်၊ ပြည်သူ ပြည်သားများကို နှိုးဆော် သော တပ် စာရေး ကြီး တယောက်၊ မြို့ ထဲ၌ တွေ့မိသော ပြည်သား ခြောက်ဆယ် တို့ ကိုမြို့ ထဲက ခေါ် သွား၍၊ “ ၂၀ ဗာဗုလုန် ရှင်ဘုရင် ရှိရာ ရိဗလ မြို့သို့ ဆောင် ခဲ့ပြီးလျှင်၊ “ ၂၁ ဗာဗုလုန် ရှင် ဘုရင်သည် ဟာမတ် ပြည် ရိဗလ မြို့၌ ထိုသူ တို့ကို ဒဏ် ပေး၍ ကွပ်မျက် လေ၏။ ထိုသို့ယုဒ အမျိုးသည် မိမိ ပြည် မှ သိမ်းသွား ခြင်းကို ခံရသတည်း ၂၂ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ၏ အခွင့်နှင့် ယုဒ ပြည် ၌ ကျန်ကြွင်း သေးသော လူ တို့ကို အုပ်ရသောမင်းအရာ၌၊ ရှာဖန် ၏သား ဖြစ်သော အဟိကံ ၏သား ဂေဒလိ ကို ခန့်ထား တော်မူ၏ ၂၃ ဗာဗုလုန် ရှင် ဘုရင်သည် ဂေဒလိ ကို ပြည်အုပ် အရာ၌ခန့်ထား ကြောင်း ကို တပ်မှူးတို့နှင့် စစ်သူရဲများ တို့သည် ကြားသိသောအခါ၊ နာသနိ သား ဣရှမေလ ၊ ကာရာ သား ယောဟနန် ၊ နေတောဖတ် အမျိုး၊ တာနုမက် သား စရာယ ၊ မာခသိ အမျိုးသား ယေဇနိ တို့သည် မိမိ လူ များနှင့်တကွ ၊ ဂေဒလိ ရှိရာမိဇပါ မြို့သို့ လာ ၍၊ “ ၂၄ ဂေဒလိ က၊ ခါလဒဲ မင်းအမှုကို ဆောင်ရွက်ရမည် အခွင့်ကို မ စိုးရိမ် ကြနှင့်။ ဤပြည် ၌ နေ ကြလော့။ ဗာဗုလုန် ရှင် ဘုရင်၏အမှုကို ဆောင်ရွက် ကြလော့။ သို့ပြုလျှင် ချမ်းသာ ရကြလိမ့်မည်ဟူ၍ထိုသူ တို့အား ကျိန်ဆို လေ၏ ၂၅ သတ္တမ လ တွင် ၊ ဆွေတော်မျိုးတော်ဧလိရှမာ သား နာသနိ ၏ သား ဣရှမေလ သည် လူ တကျိပ် နှင့်တကွ လာ၍ ဂေဒလိ ကို၎င်း၊ မိဇပါ မြို့ ၌ ဂေဒလိထံမှာရှိသော ယုဒ လူတို့နှင့် ခါလဒဲ လူတို့ကို၎င်း သေ အောင် လုပ်ကြံ လေ၏ ၂၆ ထိုအခါ တပ်မှူး များနှင့် ပြည်သူ ပြည်သားအကြီး အငယ် အပေါင်း တို့သည် ခါလဒဲ လူတို့ကို ကြောက် သောကြောင့် ထ ၍ အဲဂုတ္တု ပြည်သို့ သွား ကြ၏ ၂၇ ယုဒ ရှင်ဘုရင် ယေခေါနိ သည် အချုပ် ခံရသောသက္ကရာဇ် သုံးဆယ် ခုနစ် နှစ်၊ ဒွါဒသမ လ နှစ်ဆယ် ခုနစ် ရက်နေ့တွင် ၊ ဗာဗုလုန် ရှင်ဘုရင် ဧဝိလ မေရောဒက်နန်းစံ စက၊ ယုဒ ရှင်ဘုရင် ယေခေါနိ ကို

ထောင် ထဲ က နှုတ် ၍ ချမ်းသာပေးလေ၏ ၂၈ ကောင်းမွန်စွာ နှုတ်ဆက် ၍ သူ ၏ပလ္လင် ကို ဗာဗုလုန် မြို့မှာ အထံ တော်၌ ရှိသော မင်းကြီး များထိုင်ရာပလ္လင် တို့ထက် ချီးမြှင့် လေ၏ ၂၉ ယေခေါနိမင်းသည် ထောင် ထဲမှာ ဝတ်သော အဝတ် ကို လဲ ၍ ၊ အသက် ရှည်သမျှကာလ ပတ်လုံးအစဉ် မပြတ်အထံ တော်၌ စား သောက်ရ၏ ၃၀ အသက် ရှည် သမျှနေ့ရက် အစဉ်မပြတ်သူ စားစရာ ဘို့ ဗာဗုလုန်ရှင်ဘုရင် ပေး သနားတော်မူ၏

၁ အာဒန် ၊ ရှေသ ၊ ဧနုတ်၊ ၂ ကာကလ္ကနန် ၊ မဟာလေလ ၊ ယာရက်၊ ၃ ဧနောက် ၊ မသုရှလ ၊ လာမက်၊ ၄ နောဧ ၊ ရှေမ ၊ ဟာမ ၊ ယာဖက် တည်း။ ၅ ယာဖက် သား ကားဂေါမာ ၊ မာဂေါဂ ၊ မာဒဲ ၊ ယာဝန် ၊ တုဗာလ ၊ မေရှက် ၊ တိရတ် တည်း။ ၆ ဂေါမာ သား ကား အာရှကေနတ် ၊ ရိဖတ် ၊ တောဂါမ တည်း။ ၇ ယာဝန် သား ကား ဧလိရှာ ၊ တာရှု ၊ ကိတ္တိမ် ၊ ဒေါဒါနိမ် တည်း။ ၈ ဟာမ သား ကားကုရှ ၊ မိဇရိမ် ၊ ဖုတ ၊ ခါနာန် တည်း။ ၉ ကုရှ သား ကား သေဘ ၊ ဟဝိလ ၊ သာဗတ ၊ ရာဂမ ၊ သတ္တေခါ တည်း။ ရာဂမ သား ကား ရှေဘ ၊ ဒေဒန် တည်း။ ၁၀ ကုရှ သည် သား နိမ်ရောဒ ကိုလည်း ရသေး၏။ ထိုသူ သည် မြေကြီး ပေါ် မှာ အားကြီး သော မုဆိုးဖြစ် ၏။ ၁၁ မိဇရိမ် သား ကား လုဒိမ် လူ၊ အာနမိမ် လူ၊ လဟာဗိမ် လူ၊ နတ္တုဟိမ် လူ၊ ၁၂ ပါသရုသိမ် လူ၊ ကာသလုဟိမ် လူ၊ ကတ္တောရိမ် လူ တည်း။ ကာသလုဟိမ်အမျိုးထဲက ဖိလိတ္တိ လူဖြစ်သတည်း။ ၁၃ ခါနာန် သား အကြီး ကား ဇိဒုန် ၊ ထိုနောက် ဟေဿ၊ ၁၄ ထိုနောက် ယေဗုသိ လူ၊ အာမောရိ လူ၊ ဂိရဂါရှိ လူ၊ ၁၅ ဟိဝိ လူ၊ အာကိ လူ၊ သိနိ လူ၊ ၁၆ အာဝဒိ လူ၊ ဇေမရိ လူ၊ ဟာမသိ လူဖြစ်သတည်း။ ၁၇ ရှေမ သား ကားဧလံ ၊ အာရှူ ၊ အာဖာဇဒ် ၊ လုဒ ၊ အာရံ ၊ ဥဇ ၊ ဟုလ ၊ ဂေသာ ၊ မာရှ တည်း။ ၁၈ အာဖာဇဒ် သား ကားရှာလ ၊ ရှာလ သား ကား ဟေဗာ တည်း။ ၁၉ ဟေဗာ သည်လည်း သား နှစ် ယောက်ကို မြင် လေ၏။ သားတယောက် ကား ဖာလက် အမည် ရှိ၏။ အကြောင်း မူကား၊ သူ ၏လက်ထက် ၌ မြေကြီး ကို ခွဲဝေ ကြ ၏။ သူ ၏ညီ ကား ယုတ္တန် အမည် ရှိ၏။ ၂၀ ယုတ္တန် သား ကား အာလမောဒန် ၊ ရှေလပ် ၊ ဟာဇာမာဝက် ၊ ယေရ၊ ၂၁ ဟဒေါရံ ၊ ဥဇာလ ၊ ဒိကလ၊ ၂၂ ဩဗာလ ၊ အဘိမေလ ၊ ရှေဘ၊ ၂၃ ဩဖိရ ၊ ဟဝိလ ၊ ယောဗပ် ၊ ဤ သူအပေါင်း တို့ သည် ယုတ္တန် သား ဖြစ်ကြသတည်း။ ၂၄ ရှေမ ၊ အာဖာဇဒ် ၊ ရှာလ၊ ၂၅ ဟေဗာ ၊ ဖာလက် ၊ ရာဂေါ၊ ၂၆ စေရောက် ၊ နာခေါ် ၊ တေရ၊ ၂၇ အာဗြဟံ အမည်ရှိသောအာဗြံ တည်း။ ၂၈ အာဗြဟံ သား ကား ဣဇာက် နှင့် ဣရှမေလ တည်း။ ၂၉ ဣရှမေလ သား အကြီးကားနဗာယုတ် ၊ နဗာယုတ်ညီကေဒါ ၊ အာဒဗေလ ၊ မိဗသံ၊ ၃၀ မိရှမ ၊ ဒုမာ ၊ မာစ ၊ ဟာဒါ ၊ တေမ၊ ၃၁ ယေတုရ ၊ နာဖိရှ ၊ ကေဒမာ တည်းဟူသော ဣရှမေလ သား တည်း။ ၃၂ အာဗြဟံ မယား နောင်းကေတုရ သား ကားဇိမရံ ၊ ယုတ်ရှန် ၊ မေဒန် ၊ မိဒျန် ၊ ဣရှဘတ် ၊ ရှုအာ တည်း။ ယုတ်ရှန် သား ကား ရှာဘ နှင့် ဒေဒန် တည်း။ ၃၃ မိဒျန် သား ကား ဧဖာ ၊ ဧဖေရ ၊ ဟာနုတ် ၊ အဘိဒ၊ ဧလဓာ တည်းဟူသော ကေတုရ သား မြေးတည်း။ ၃၄ အာဗြဟံ သား ကားဣဇာက် ၊ ဣဇာက် သား ကား ဧသော နှင့် ဣသရေလ တည်း။ ၃၅ ဧသော သား ကား ဧလိဖတ် ၊ ရှေလ ၊ ယုရှ ၊ ယာလံ ၊ ကောရ တည်း။ ၃၆ ဧလိဖတ် သား ကား တေမန် ၊ ဩမရ ၊ ဧဇေပေါ် ၊ ဂါတံ ၊ ကေနတ် မှစ၍တိမန တွင် ရသောသား အာမလက် တည်း။ ၃၇ ရှေလ သား ကား နာဟတ်၊ ဧရ ၊ ရှမ္မ ၊ မိဇ္ဇ တည်း။ ၃၈ စိရ သား ကားလောတန် ၊ ရှောဗလ ၊ ဇိဘောင် ၊ အာန ၊ ဒိရှန် ၊ ဧဇာ ၊ ဒိရှန် တည်း။ ၃၉ လောတန် သား ကား ဟောရိ နှင့် ဟေမံ တည်း။ လောတန် နှမ ကား တိမန တည်း။ ၄၀ ရှောဗလ သား ကားအာလာဝန် ၊ မနာဟတ် ၊ ဧဗာလ ၊ ရှေဖော ၊ ဩနံ တည်း။ ဇိဘောင် သား ကား အာယ နှင့် အာန တည်း။ ၄၁ အာန သား ကား ဒိရှန် ၊ ဒိရှန် သား ကားဟဒ်န်၊ ဧရှဗန် ၊ ဣသရန် ၊ ခေရန် တည်း။ ၄၂ ဧဇာ သား

ကား ဗိလဟန် ၊ ဧာဝန် ၊ အာကန် တည်း။ ဒိရှန် သား ကား ဥဇ နှင့် အာရန် တည်း။ ၄၃ ဣသရေလ အမျိုး ၌ အစိုးရ သောမင်းကြီးမ ရှိမှီ ဧဒုံ ပြည် ၌ အစိုးရ သော မင်းကြီး ဟူမူကား ၊ ဗောရ သား ဗေလ သည် ဒိန္နာဗာ မြို့ ၌မင်းပြု၏။ ၄၄ ဗေလ မင်းသေ ၍ သူ ၏အရာ ၌ ဗောဇရ အရပ်သားဇေရ ၏ သား ယောဗပ် သည် မင်း ပြုလေ၏။ ၄၅ ယောဗပ် မင်းသေ ၍ သူ ၏အရာ ၌ တေမာနိ အရပ်သား ဟုရှံ သည် မင်း ပြုလေ၏။ ၄၆ ဟုရှံ မင်းသေ ၍ မောဘ လွင်ပြင် ၌ မိဒျန် လူတို့ကို လုပ်ကြံ သောသူ၊ ဗေဒဒ် သား ဟာဒဒ် သည် ဟုရှံအရာ ၌ မင်း ပြုလေ၏။ မြို့ တော်ကား အာဝိတ် မြို့တည်း။ ၄၇ ဟာဒဒ် မင်းသေ ၍ သူ ၏အရာ ၌မာသရက် အရပ်သား စာမလ သည် မင်း ပြုလေ၏။ ၄၈ စာမလ မင်းသေ ၍ သူ ၏အရာ ၌ မြစ် နားမှာ နေသောရဟောဘုတ် အရပ်သား ရှောလ သည် မင်း ပြု လေ၏။ ၄၉ ရှောလ မင်းသေ ၍ သူ ၏အရာ ၌ အာခဗော် သား ဗာလဟာနန် သည် မင်း ပြုလေ၏။ ၅၀ ဗာလဟာနန် မင်းသေ ၍ သူ ၏အရာ ၌ ဟာဒါ သည် မင်း ပြုလေ၏။ မြို့ တော်ကားပေါ မြို့တည်း။ မြောက် သားတော်ကား မေဇဟပ် သမီး ဖြစ်သော မာတရေဒ ၏ သမီး မဟေတဗေလ တည်း။ ၅၁ ဟာဒါ မင်းသေ သောနောက် ဧဒုံ ပြည်၌ ဗိုလ် လုပ်သောသူဟူမူကား၊ ဗိုလ် တိမနာ ၊ ဗိုလ် အာလဝ ၊ ဗိုလ် ယေသက်၊ ၅၂ ဗိုလ် အဟောလိဗာမ ၊ ဗိုလ် ဧလာ ၊ ဗိုလ် ပိနုန်၊ ၅၃ ဗိုလ် ကေနတ် ၊ ဗိုလ် တေမန် ၊ ဗိုလ် မိဗဇ၊ ၅၄ ဗိုလ် မာဂဒေလ ၊ ဗိုလ် ကြရံ တည်းဟူသော ဤသူတို့သည် ဧဒုံ ဗိုလ် များဖြစ်သတည်း။

၂ ဣသရေလ ၏သား များဟူမူကား ၊ ရုဗင် ၊ ရှိမောင် ၊ လေဝိ ၊ ယုဒ ၊ ဣသခါ ၊ ဇာဗုလုန်၊ ၂ ဒန် ၊ ယောသပ် ၊ ဗင်္ယာမိန် ၊ နဿလိ ၊ ဂဒ် ၊ အာရှာ တည်း။ ၃ ယုဒ သည် ခါနာန် အမျိုးဖြစ်သော ရှုအာ သမီး တွင် မြင် သော သားကား ဧရ ၊ သြနန် ၊ ရှေလ တည်း။ ယုဒ သား ကြီးဧရ သည် ထာဝရဘုရား ရှေ့ တော်၌ ဆိုး သောသူဖြစ်၍ ကွပ်မျက် တော်မူခြင်းကို ခံရ၏။ ၄ ချွေးမ တာမာ တွင် မြင် သောသားကား ဖာရက် နှင့် ဇာရ တည်း။ ယုဒ သား ပေါင်း ကား ငါးယောက်တည်း။ ၅ ဖာရက် သား ကား ဟေဇရုံ နှင့် ဟာမုလ တည်း။ ၆ ဇာရ သား ကား ဇိမရိ ၊ ဧသန် ၊ ဟေမန် ၊ ကာလကောလ ၊ ဒါရ ၊ ပေါင်း ငါး ယောက်တည်း။ ၇ ဇိမရိသားဖြစ်သော ကာမိ ၏သား ကား ကျိန်ဆဲ အပ်သောအရာကို ယူ၍ ပြစ်မှား သဖြင့်၊ ဣသရေလ အမျိုး ကို နှောင့်ရှက် သော အာခန် တည်း။ ၈ ဧသန် သား ကား အဇရိ တည်း။ ၉ ဟေဇရုံ မြင် သော သား ကား ယေရမေလ ၊ အာရံ ၊ ကာလက် တည်း။ ၁၀ အာရံ သား ကား အမိနဒပ် ၊ အမိနဒပ် သား ကား၊ ယုဒ အမျိုးသား တို့တွင် ဗိုလ် လုပ်သော နာရှုန် တည်း။ ၁၁ နာရှုန်သား စာလမုန် ၊ စာလမုန် သား ဗောဇ၊ ၁၂ ဗောဇ သား သြဗက် ၊ သြဗက် သား ယေရှဲ တည်း။ ၁၃ ယေရှဲ သားဦး ကားဧလျာဘ ၊ ဒုတိယ သားအဘိနဒပ် ၊ တတိယ သားရှိမာ၊ ၁၄ စတုတ္ထ သား နာသနေလ ၊ ပဉ္စမ သား ရဒ္ဒဲ ၊ ၁၅ ဆဋ္ဌမ သားသြဇင် ၊ သတ္တမ သားဧလိဟု၊ အဋ္ဌမသားဒါဝိဒ် တည်း။ ၁၆ သူ တို့နှမ ကား ဇေရုယာ နှင့် အဘိဂဲလ တည်း။ ဇေရုယာ သား ကား အဘိရှဲ ၊ ယွာဘ ၊ အာသဟေလ ၊ ပေါင်း သုံး ယောက်တည်း။ ၁၇ အဘိဂဲလ သား ကား အာမသ ၊ အာမသ အဘ ကား ဣရှမေလ အမျိုးယေသာ တည်း။ ၁၈ ဟေဇရုံ သား ကာလက် သည် မယား အဇုဘ နှင့် ယေရှုတ် တွင် မြင်သောသား ကား ယေရှာ ၊ ရှောဗပ် ၊ အာဒုန် တည်း။ ၁၉ အဇုဘ သေ သောနောက် ဧဖရတ် ကို သိမ်း ၍ ဟုရ ကို မြင် ပြန်လေ၏။ ၂၀ ဟုရ သား ကား ဥရိ ၊ ဥရိ

သား ကား ဗေဇလေလ တည်း။ ၂၁ ထိုနောက် ၊ ဟေဇရုံ သည် အသက် ခြောက် ဆယ်ရှိသော်၊ ဂိလဒ် အဘ မာခိရ ၏သမီး နှင့် စုံဘက် ၍ စေဂုပ် ကို မြင် လေ၏။ ၂၂ စေဂုပ် သား ကား ယာဂ္ကရ တည်း။ ထိုသူသည် ဂိလဒ် ပြည် ၌ မြို့ နှစ် ဆယ်သုံး မြို့ကို ပိုင်၏။ ၂၃ ဂေရှရ မြို့၊ အာရံ မြို့နှင့်တကွယာဂ္ကရ မြို့စု ၊ ကေနတ် မြို့နှင့် ပတ်ဝန်းကျင်သော မြို့စုမြို့ပေါင်း ခြောက် ဆယ်တို့ကို တိုက်ယူ ၏။ ထို မြို့ အပေါင်း တို့ကို ဂိလဒ် အဘ မာခိရ ၏သား မြေးတို့သည် ပိုင်ကြ၏။ ၂၄ ဟေဇရုံ သည်ကာလက်ဇဖရတ် မြို့၌ သေ သောနောက် ၊ သူ၏မယား အဘိ သည် သူ၏သား အာရှရ ကို ဘွားမြင် ၏။ အာရှရသား ကားတေကော တည်း။ ၂၅ ဟေဇရုံ ၏ သားဦး ယေရမေလ သား ကား သားဦး အာရံ မှစ၍ဗုန ၊ သြရင် ၊ သြဇင် ၊ အဟိယ တည်း။ ၂၆ အာတရ အမည် ရှိသောအခြား မယား တွင် သြနံ ကိုမြင်၏။ ၂၇ ယေရမေလ ၏ သားဦး အာရံ သား ကားမာဇ ၊ ယာမိန် ၊ ဧကာ တည်း။ ၂၈ သြနံ သား ကားရှမွဲ နှင့် ယာဒ တည်း။ ရှမွဲ သား ကားနာဒပ် နှင့် အဘိရှရ တည်း။ ၂၉ အဘိဟဲလ အမည် ရှိသောအဘိရှရ မယား သည် အာဗန် နှင့် မောလိဒ် ကို ဘွားမြင် ၏။ ၃၀ နာဒပ် သား ကား သေလက် နှင့် အပိုမ် တည်း။ သေလက် ၌သား မ ရှိ။ ၃၁ အပိုမ် သား ကား ဣရှိ ၊ ဣရှိ သား ရှေရန် ၊ ရှေရှန် သား အာလဲ တည်း။ ၃၂ ရှမွဲ ညီ ယာဒ သား ကား ယေသာ နှင့် ယောနသန် တည်း။ ယေသာ ၌ သား မ ရှိ။ ၃၃ ယောနသန် သား ကား ပေလက် နှင့် ဇာဇ တည်း။ ဤရွေ့ကား ယေရမေလ အမျိုးအနွယ် တည်း။ ၃၄ ရှေရှန် ၌ သား မ ရှိ။ သမီး သက်သက် ရှိ၏။ ရှေရှန် ၌ ယာဟ အမည် ရှိသောအဲဂုတ္တ အမျိုးသားကျွန် ယောက်ျားတယောက်ရှိ၍၊ ၃၅ ထိုကျွန်နှင့်သမီး တယောက်ကို ပေးစား သဖြင့် ၊ သမီးသည် အဘတို့သားအတွဲ ကို ဘွားမြင် ၏။ ၃၆ အတွဲ သား ကားနာသန် ၊ နာသန် သား ဇာဗဒ်။ ၃၇ ဇာဗဒ် သား ဧဖလလ ၊ ဧဖလလ သား သြဗက်၊ ၃၈ သြဗက် သား ယေဟု၊ ယေဟု သား အာဇရိ တည်း။ ၃၉ အာဇရိ သား ကား ဟေလက် ၊ ဟေလက် သား ဧလာသ၊ ၄၀ ဧလာသ သား သိသမဲ ၊ သိသမဲ သား ရှလ္လို၊ ၄၁ ရှလ္လို သား ယေကမိ ၊ ယေကမိ သား ဧလိရှမာ တည်း။ ၄၂ ယေရမေလ ၏ညီ ကာလက် သားဦး ကား မေရှ ၊ မေရှသားဧဖ ၊ ဧဖသားမရေရှ ၊ မရေရှသား ဟေဗြုန်၊ ၄၃ ဟေဗြုန် သား ကောရ ၊ တာပ္ပါ ၊ ရေကင် ၊ ရှေမ တည်း။ ၄၄ ရှေမ သား ကားရာဟံ ၊ ရာဟံသားယော်ကောင် တည်း။ ရေကင် သား ကား ရှမွဲ၊ ၄၅ ရှမွဲ သား မောန ၊ မောန သားဗက်ဇရ တည်း။ ၄၆ ကာလက် မယားငယ် သည် လည်း ဟာရန် ၊ မောဇ ၊ ဂါဇက် တို့ကို ဘွားမြင် ၏။ ဟာရန် သား ကား ယာဒဲ တည်း။ ၄၇ ယာဒဲ သား ကားရေဂင် ၊ ယောသံ ၊ ဂေရှံ ၊ ပေလက် ၊ ဧဖာ ၊ ရှာဖ တည်း။ ၄၈ ကာလက် မယားငယ် မာခါ သည်လည်း၊ ရှေဗာ နှင့် တိရဟာန ကိုဂင်း၊ ၄၉ မာဒမေန အဘ ရှာဖ ၊ မာခဗေန အဘ ရှေဝ ၊ ဂိအာ အဘ ကိုဂင်း ဘွားမြင် ၏။ ကာလက် သမီး ကား အာခသ တည်း။ ၅၀ ဇဖရတ် သားဦး ဟုရ ၏သား ဖြစ် သော ကာလက် သား ကား၊ ကိရယတ်ယာရိမ် အဘ ရှောဗာလ၊ ၅၁ ဗက်လင် အဘ စလမ ၊ ဗက်ဂါဒါ အဘ ဟာရုပ် တည်း။ ၅၂ ကိရယတ်ယာရိမ် အဘ ရှောဗာလ သား ဟူမူကား ၊ ဟာရော နှင့်မနဟေသိ အမျိုးတပိုင်း၊ ၅၃ ကိရယတ်ယာရိမ် အမျိုးမျိုး ၊ ဣသရိ လူ၊ ဖုဟိ လူ၊ ရှုမသိ လူ၊ မိရှရိ လူတည်း။ ထို အမျိုးထဲက ဇာရာသိ လူနှင့် ဧရှတောလိ လူဖြစ်သတည်း။ ၅၄ စလမ သား ဟူမူကား၊ ဗက်လင် နှင့် နေတောဖာသိ လူ၊ အတရုတ် ၊ ဗက်ယွာဘ၊

မနဟေသိ အမျိုးတပိုင်း ၊ ဇောရိ လူ၊ ၅၅ ယာဗက် မြို့၌နေ သောရှောဖရိလူ၊ တိရသိ လူ၊ ရှိမသိ လူ၊ စုခသိ လူတည်း။ ထိုသူ တို့သည် ရေခပ် အမျိုး ၏ အဘ ဟေမတ် မှ ဆင်းသက် သော ကိန် အမျိုးဖြစ်သတည်း။

၃ ဟေဗြုန် မြို့၌ ဒါဝိဒ် မြင် သော သား တို့တွင် သားဦး ကား၊ ယေဇရေလ မြို့သူအဟိနောင် တွင် မြင်သောသားအာမနုန် တည်း။ ဒုတိယ သားကား၊ ကရမေလ မြို့သူအဘိဂဲလ တွင် မြင်သောသား ဒံယေလ တည်း။ ၂ တတိယ သားကား၊ ဂေရှူရ ရှင်ဘုရင် တာလမဲ သမီး မာခါ ၏သား အဗရှလုံ တည်း။ စတုတ္ထ သားကား၊ ဟဂိုတ် ၏သား အဒေါနိယ တည်း။ ၃ ပဉ္စမ သားကား အဘိတလ ၏ သားရှေဖတိ တည်း။ ဆဋ္ဌမ သားကား၊ မြောက်သားတော် ဧဂလ တွင် မြင်သော သား ကျသရံ တည်း။ ၄ ထိုသားခြောက် ယောက်တို့ကို ဟေဗြုန် မြို့၌ မြင် ၏။ ထိုမြို့တွင် ခုနစ် နှစ် နှင့် ခြောက် လ မင်း ပြု၏။ ယေရုရှလင် မြို့တွင် အနှစ်သုံး ဆယ်သုံး နှစ် မင်း ပြု၏။ ၅ ယေရုရှလင် မြို့၌ မြင် သောသားဟူမူကား ၊ ရှမွာ ၊ ရှောဗပ် ၊ နာသန် ၊ ရှောလမုန် တည်းဟူသောအမျေလ သမီး ဗာသရှေဘ တွင် မြင်သောသား လေး ယောက်။ ၆ ထိုမှတပါး၊ ကျဗဟာ ။ ဧလိရှ ၊ ဧလိပလက်။ ၇ နောဂ ၊ နေဖက် ၊ ယာဖျာ၊ ၈ ဧလိရှမာ ၊ ဧလျာဒ ၊ ဧလိဖလက် ၊ ပေါင်းကိုး ယောက်တည်း။ ၉ ဤရွှေကားမယားငယ် တွင်ရသောသား တို့ကို မဆိုဘဲ ဒါဝိဒ် ၏ သား များတည်း။ နှမ တာမာ လည်းရှိ၏။ ၁၀ ရှောလမုန် သား ကား ရောဗောင် ၊ ရောဗောင်သား အဘိယ ၊ အဘိယသား ယောရှဖတ်၊ ၁၁ ယောရှဖတ်သား ယောရံ ၊ ယောရံသား အာခဇိ ၊ အာခဇိသား ယောရှ၊ ၁၂ ယောရှသား အာမဇိ ၊ အာမဇိသား ဩဇိ၊ ဩဇိသား ယောသံ၊ ၁၃ ယောသံသား အာခတ် ၊ အာခတ်သား ဟေဇကိ ၊ ဟေဇကိသား မနာရှေ၊ ၁၄ မနာရှေသား အာမုန် ၊ အာမုန်သား ယောရှိ တည်း။ ၁၅ ယောရှိ သားဦး ကား ယောဟာနန် ၊ ဒုတိယ သား ယောယကိမ် ၊ တတိယ သားဇေဒကိ ၊ စတုတ္ထ သား ရှလ္လုံ တည်း။ ၁၆ ယောယကိမ် သား ကား ယေခေါနိ နှင့် ဇေဒကိ တည်း။ ၁၇ အကျဉ်းခံရသောယေခေါနိ သား ကား ရှာလသေလ၊ ၁၈ မာလခိရံ ၊ ပေဒါယ ၊ ရှေနဇာ ၊ ယေကမိ ၊ ဟောရှမ ၊ နေဒဘိ တည်း။ ၁၉ ရှာလသေလသားကား ဇေရုဗဗေလ နှင့် ရှိမိ တည်း။ ဇေရုဗဗေလ သား ကား မေရှုလံ ၊ ဟာနနိ ၊ နှမ ရှေလောမိတ် နှင့်တကွ၊ ၂၀ ဟရှုဘ ၊ ဩဟေလ ၊ ဗေရခိ ၊ ဟသဒိ ၊ ယုရှသေသက် ၊ ပေါင်းငါး ယောက်တည်း။ ၂၁ ဟာနနိ သား ကား ပေလတိ နှင့် ယေရှာယ တည်း။ ယေရှာယသား ကား၊ ရေဖာယ ။ ရေဖာယသား အာနန် ၊ အာနန်သား ဩဗဒိ ၊ ဩဗဒိသား ရှေခနိ၊ ၂၂ ရှေခနိ သား ရှေမာယ တည်း။ ရှေမာယ သား ကား ဟတ္တုတ် ၊ ကြဂါလ ၊ ဗာရိ ၊ နာရိ ၊ အာဇရိ၊ ရှာဖတ် ၊ ပေါင်း ခြောက် ယောက်တည်း။ ၂၃ နာရိ သား ကား ဧလိဩနဲ ၊ ဟေဇကိ ၊ အာဇရိကံ ၊ ပေါင်းသုံး ယောက်တည်း။ ၂၄ ဧလျောနဲ သား ကား ဟောဒါယ ၊ ဧလျာရှိပ် ၊ ပေလာယ ၊ အကြုပ် ၊ ယောဟန် ၊ ဒလာယ ၊ အာနနိ ၊ ပေါင်း ခုနစ် ယောက်တည်း။

၄ ယုဒ သား ကားဖာရက် ၊ ဟေဇရုံ ၊ ကာမိ ၊ ဟုရ ၊ ရှောဗာလ တည်း။ ၂ ရှောဗာလ သား ကား ရာယ ၊ ရာယသား ယာဟတ် ၊ ယာဟတ် သား အဟုမဲ နှင့် လာဟဒ် ၊ ဤရွှေကား ဇောရေသိ အမျိုးအနွယ် တည်း။ ၃ ဧကံ အမျိုးအဘ ၏ သားကား ယေဇရေလ ၊ ကြရှမ ၊ ကြဒဗတ် ၊ နှမ ဟာဇလေလပေါနိ၊ ၄ ဂေဒေါ် အဘ ပေနွေလ ၊ ဟုရှ အဘ ဧဇာ တည်း။

ဤ သူတို့သည် ဗက်လင် အဘ ၊ ဧဖရတ် သားဦး ဟုရ အမျိုးအနွယ် တည်း။ ၅ တေကော အဘ အာရှရ သည် ဟေလ နှင့် နာရ အမည်ရှိသောမယား နှစ် ယောက်ရှိ ၏။ ၆ နာရ ဘွားမြင် သော သားကား အဟုဇ ၊ ဟေဖာ ၊ တေမနိ ၊ ဟာဟရှတာရိ တည်း။ ၇ ဟေလ ဘွားမြင်သော သား ကား ဧရေက် ၊ ယေဇော် ၊ ဧသနန် ၊ ကောဇတည်း။ ၈ ကောဇ သား ကား အာနုပ် နှင့် ဇောဗေဒ အစရှိ သော ဟာရုံ သား အဟာရေလ အဆွေအမျိုး တည်း။ ၉ ထိုအဆွေအမျိုး ၌ ယာဗက် သည် ထူးဆန်းသောသူဖြစ် ၏။ သူ ၏အမိ က၊ ငါသည်ပြင်းစွာသော ဝေဒနာ ကို ခံ၍ ဤသားကို မြင် ရပြီဟုဆိုလျက်၊ ယာဗက် အမည် ဖြင့် မှည့် ၏။ ၁၀ ယာဗက် ကလည်း ၊ ကိုယ်တော်သည် အကျွန်ုပ် ကို အစဉ်ကောင်းကြီး ပေး၍ ၊ အကျွန်ုပ် နေရာ ကို ကျယ်ဝန်း စေတော်မူပါ။ အကျွန်ုပ်သည် ဘေးဥပဒ် အနှောင့်အရှက်နှင့် ကင်းလွတ်ပါမည်အကြောင်း၊ လက် တော်သည် အကျွန်ုပ် ဘက် ၌နေ ၍ ကွယ်ကာ စောင့်မတော်မူပါဟု ဣသရေလ အမျိုး၏ ဘုရား သခင်အား ဆုတောင်း တတ်၍၊ တောင်း သော ဆုကို ဘုရား သခင်ပေး သနားတော်မူ၏။ ၁၁ ရှအာ မောင် ကာလက် သား ကား မဟိရ ၊ မဟိရ သား ဧရှတုန် တည်း။ ၁၂ ဧရှတုန် သား ကား ဗက်ရာဖ ၊ ပါသာ ၊ တေဟိန္နေ တည်း။ တေဟိန္နေသား ကား ဣရနာဟတ် တည်း။ ဤ သူတို့ သည် ရေခါ အမျိုးသား ဖြစ်ကြ၏။ ၁၃ ကေနတ် သား ကား သြသံယေလ နှင့် စရာယ တည်း။ သြသံယေလ သား ကား ဟာသတ် နှင့် မောနောသဲတည်း။ ၁၄ မောနောသဲ သား ကား သြဖရာ တည်း။ စရာယ သား ကား ယွာဘ ၊ ယွာဘ၏သားတို့သည် ဆရာသမား ဖြစ်၍ ဆရာသမားချိုင့် ၌ နေသောသူတည်း။ ၁၅ ယေဖုန္နေ သား ဖြစ်သောကာလက် ၏ သား ကား ဣရှ ၊ ဧလော ၊ နာမ တည်း။ ဧလော သား ကားကေနတ် တည်း။ ၁၆ ယေဟလလေလ သား ကား ဇိဖ ၊ ဇိဖာ ၊ တိရိ ၊ အာသရေလ တည်း။ ၁၇ ဧဇရ သား ကားယေသာ ၊ မေရက် ၊ ဧဖာ ၊ ယာလုန် တည်း။ မေရက် နှင့် စုံဘက် သော ဖာရော သမီး ဗိသဟာ သည် မိရိ ၊ ရှမွေ ၊ ဧရှတမော အဘ ဣရှဘာ ကို ဘွားမြင် ၏။ ၁၈ မယား ယေဟုဒိယ သည် ဂေဒေါ် အဘ ယေရက် ၊ စောခေါ အဘ ဟေဗာ ၊ ဇာနော် အဘ ယေကုသေလ ကို ဘွားမြင် ၏။ ၁၉ ယေဟုဒိယသည် နာဟံ နှမ ဖြစ်၏။ နာဟံသည် ဂါမိ ရွာသားကိုလ ၊ မာခ မြို့သားဧရှတမော ၏အဘ ဖြစ်သတည်း။ ၂၀ ရှိမုန် သား ကား အာမနုန် ၊ ရိန္နေ ၊ ဗဟ်နန် ၊ တိလုန် တည်း။ ဣရှိ သား ကား ဇောဟက် ၊ ဗင်ဇောဟက် တည်း။ ၂၁ ယုဒ သား ဖြစ်သော ရှေလ ၏သား ကား လေက အဘ ဧရ ၊ မရေရှ အဘ လာဒ အစရှိသော ပိတ်ချော ကို ရက်တတ်သော အာရှဗာ အဆွေအမျိုး၊ ၂၂ ယောယကိမ် အစရှိသော ခေါဇေဘ လူ ၊ မောဘ ပြည်၌ အစိုးရ သော ယောရှ ၊ သာရုပ် ၊ ယာရှဗိလင် တည်း။ ထိုသို့ဆိုသော်ရှေး စကား ဖြစ်၏။ ၂၃ ထိုသူ တို့သည် အိုးထိန်း သမား၊ လယ်ယာလုပ်သမားဖြစ်၍၊ ရှင်ဘုရင် အနား မှာ နေ လျက် အမှု တော်ကို ဆောင်ရွက်ရကြ၏။ ၂၄ ရှိမောင် သား ကား ယေမွေလ ၊ ယာမိန် ၊ ယာရိပ် ၊ ဇေရ ၊ ရှောလ တည်း။ ၂၅ ရှောလသား ရှလ္လုံ ၊ ရှလ္လုံသား မိဘသံ ၊ မိဘသံသား မိရှမ၊ ၂၆ မိရှမ သား ဟမွေလ ၊ ဟမွေလသား ဇက္ကုရ ၊ ဇက္ကုရသား ရှိမိ တည်း။ ၂၇ ရှိမိ သည် သား တဆယ် ခြောက် ယောက်နှင့် သမီး ခြောက် ယောက်တို့ကို မြင်၏။ သို့ရာတွင် သူ ၏ညီအစ်ကို တို့ ၌ သား မ များ။ ရှိမောင်အမျိုးသား တို့သည် ယုဒ အမျိုးသား ကဲ့သို့ မ ပွါး မများတတ်။ ၂၈ ရှိမောင်အမျိုးတို့သည် ဒါဝိဒ် မင်းကြီးလက်ထက်တိုင်အောင် ဗေရရှေဘ မြို့၊ မောလဒါ

မြို့၊ ဟာဇရွာလ မြို့၊ ၂၉ ဗိလဟာ မြို့၊ ဧဇင် မြို့၊ တောလဒ် မြို့၊ ၃၀ ဗေသွေလ မြို့၊ ဟော်မာ မြို့၊ ဇိကလတ် မြို့၊ ၃၁ ဗက်မာကဗုတ် မြို့၊ ဟာဇေသိမ် မြို့၊ ဗက်ဗိရိ မြို့၊ ရှာရိမ် မြို့ တို့ ၌ နေ ကြ၏။ ၃၂ ထိုမှတပါး၊ တော မြို့စတံ ၊ အင် ရိမ္မုန် ၊ တောခင် ၊ ဇသော၊ အာရှန် တည်းဟူသော မြို့ ငါး မြို့နှင့်တကွ၊ ၃၃ ပတ်လည် ၌ရှိသော ရွာ အပေါင်း တို့ကို ဗာလ မြို့ တိုင်အောင် ပိုင်ကြ၏။ ဤရွှေကား ၊ ရှိမောင်အမျိုးသားနေရာ နှင့် ဆွေစဉ် မျိုးဆက်ဖြစ်သတည်း။ ၃၄ မေရှောဗပ် ၊ ယာမလက် ၊ အာမဇိ သား ယောရှ၊ ၃၅ ယောလ ၊ အာသေလ သား စရာယ ၏ သား ယောရှိဘိ ၏သား ယေဟု၊ ၃၆ ဇလျောနဲ ၊ ယာကောဘ ၊ ယေရှောဟာယ ၊ အသာယ ၊ အဒျေလ ၊ ယေသိမျေလ ၊ ဗေနာယ နှင့်တကွ၊ ၃၇ ရှေမာယ ၊ ရှိမရိ ၊ ယေဒါယ ၊ အလ္လုန် ၊ ရှိဖိ တို့မှ ဆင်းသက်သော ဇိဇ တည်းဟူသော၊ ၃၈ နာမ အားဖြင့် မှတ် သောသူတို့ သည် အဆွေအမျိုး သူကြီး ဖြစ်၍ ၊ သူ တို့အမျိုး သည် အလွန် ပွား များသတည်း။ ၃၉ ထိုသူတို့သည် သိုး ကျက်စား ရာအရပ်ကို ရှာ ၍ ချိုင့် အရှေ့ ဘက်၊ ဂေဒေါ် မြို့ ဝ တိုင်အောင် သွား သောအခါ၊ ၄၀ မြက်ပင်ပေါများ ၍ ကောင်း သောကျက်စား ရာ ကျယ်ဝန်း ငြိမ်ဝပ် သော အရပ် ကို တွေ့ ကြ၏။ ရှေး ကာလ တွင် ၊ ဟာမ အမျိုးသားတို့သည် ထို အရပ်၌ နေ ကြ၏။ ၄၁ အထက်ဆိုခဲ့ပြီးသောသူတို့ သည် ယုဒ ရှင်ဘုရင် ဟေဇကိ လက်ထက် ၌ သွား ၍ ၊ သိုး ကျက်စား စရာကောင်းသောအရပ်ကို တွေ့ သောကြောင့် ၊ အရပ်သား နေရာရွာ တို့ကို လုပ်ကြံ ၍ ၊ ရှင်းရှင်းဖျက်ဆီး ပြီးမှယနေ့ တိုင်အောင် နေ ကြ၏။ ၄၂ တဖန် ရှိမောင် အမျိုးသား ယောက်ျား ငါး ရာ တို့ သည် ဣရှိ သား ၊ ဗိုလ် ပေလတိ ၊ နာရိ ၊ ရေဖာယ ၊ ဩဇေလ နှင့်တကွ ၊ စိရ တောင် သို့ ချီ သွား၍၊ ၄၃ အရင်လွတ် သော အာမလက် အမျိုးသားအကျန် အကြွင်းကို လုပ်ကြံ ၍ ထို အရပ်၌ ယနေ့ တိုင်အောင် နေ ကြ၏။

၅ ရုဗင် သည် ဣသရေလ ၏ သားဦး ဖြစ်သော်လည်း ၊ အဘ အိပ်ရာ ကို ညစ်ညူး စေသောကြောင့် ၊ သားဦးအရာကိုနှုတ်ပြီးလျှင်၊ ဣသရေလ ၏သား ဖြစ်သော ယောသပ် ၏ သား တို့အား ပေး သည်ဖြစ်၍၊ သားစဉ် မြေးဆက်တို့ကို မှတ်သောအခါ၊ သားဦး အရာကို လိုက် ၍ မ မှတ်ရ။ ၂ ယုဒ သည်လည်း ညီအစ်ကို တို့တွင် လွန်ကဲ ၍ သူ ၏အမျိုးထဲက မင်း ဖြစ်တတ်သော်လည်း၊ သားဦး အရာ ကိမရ၊ ယောသပ် ရ၏။ ၃ ဣသရေလ ၏ သားဦး ရုဗင် သား ကား ဟာနုတ် ၊ ဖာလု ၊ ဟေဇရုံ ၊ ကာမိ တည်း။ ၄ ယောလ သား ကား ရှေမာယ ၊ ရှေမာယသား ဂေါဂ ၊ ဂေါဂသား ရှေမိ၊ ၅ ရှေမိသား မိက္ခ ၊ မိက္ခသား ရာယ ၊ ရာယသား ဗာလ တည်း။ ၆ ဗာလသား ကား၊ အာရှုရိ ရှင်ဘုရင် တိဂလတ်ပိလေသာ သိမ်း သွားသော ရုဗင် အမျိုး မင်း ဗေရာ တည်း။ ၇ သူ ၏ညီ ယေယေလ နှင့် ဇာခရိ တို့သည်လည်း၊ သားစဉ် မြေးဆက်စာရင်း ယူသောအခါ အဆွေအမျိုး သူကြီး ဖြစ်သတည်း။ ၈ ထိုအတူ ယောလ ၊ ရှေမ ၊ အာဇတ် တို့မှ ဆင်းသက် သော ဗေလ သည်လည်း မင်းဖြစ်လျက်၊ အာရော်ဂြို့ မှစ၍နေဗော ဖြို့၊ ဗာလမောင် ဖြို့တိုင်အောင် နေရာ ကျယ်၏။ ၉ ဂိလဒ် ပြည် ၌ သိုး နွားများပြား သောကြောင့် ၊ အရှေ့ မျက်နှာ၌ ဥဖရတ် မြစ် နှင့်ဆိုင်သော တော ဝင်ဝ တိုင်အောင် နေရာ ကျယ်၏။ ၁၀ ရှောလ မင်းလက်ထက် ဟာဂရ အမျိုးသားတို့ကို စစ်တိုက်၍ လုပ်ကြံသဖြင့်၊ ဂိလဒ် ပြည်အရှေ့ ပိုင်း တရှောက် လုံးတွင် ဟာဂရ၏နေရာကို ယူ၍ နေရာ ကျကြ ၏။ ၁၁ သူ တို့တဘက် တချက်၊ ဗာရှန် ပြည်

တွင် သလကာ မြို့တိုင်အောင် ဂဒ် အမျိုးသား တို့သည် နေရာ ကျကြ၏။ ၁၂ ဗာရှန် ပြည်၌ အကြီးအကဲ ကား ယောလ ၊ ထိုနောက် ရှာဖံ ၊ ယာနဲ ၊ ရှာဖတ် တည်း။ ၁၃ သူ တို့အဆွေအမျိုး ချင်း ပေါက်ဘော် တော်သော သူကားမိကွေလ ၊ မေရွှလံ ၊ ရှေဘ ၊ ယောရဲ ၊ ယာခန် ၊ ဧယာ ၊ ယေဗာ ၊ ပေါင်းခုနစ် ယောက်တည်း။ ၁၅ ထိုသူတို့သည် ဂုနိ ၊ အာဗဒျေလ ၊ ဗုဇာ ဟိ ၊ ယာဒေါ ၊ ယေရှိရှဲ ၊ မိကွေလ ၊ ဂိလဒ် ၊ ယာရော် ၊ ဟုရိ ၊ အဘိဟဲလ အမျိုးအနွယ် ဖြစ်သတည်း။ ဂုနိကား ထိုအဆွေအမျိုး၏ သူကြီး ဖြစ်၏။ ၁၆ သူတို့သည် ဂိလဒ် ပြည်၊ ဗာရှန် ပြည်မြို့ ရွာ၊ ရှာရုန် မြို့ပတ်လည်ပြည်စွန်း တိုင်အောင် နေရာ ကျကြ၏။ ၁၇ ဤသူ အပေါင်း တို့သည် ယုဒ ရှင်ဘုရင် ယောသံ နှင့် ဣသရေလ ရှင်ဘုရင် ယေရောဗောင် လက်ထက် သားစဉ် မြေးဆက်စာရင်းဝင်ကြ၏။ ၁၈ ရုဗင် အမျိုး ၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် တွင် ဒိုင်း နှင့် ထား ကို ကိုင် ၍ လေး နှင့် ပစ်တတ်သဖြင့်၊ စစ်မှု စစ်ရေးကိုလေ့ကျက် ၍ စစ်ချီတတ်သော စစ်သူရဲ ပေါင်း ကား၊ လေးသောင်း လေးထောင်ခုနစ် ရာ ခြောက် ဆယ်တည်း။ ၁၉ ထိုသူတို့သည် ဟာဂရ အမျိုးသားတည်းဟူသော ယေတုရ ၊ နာဖိရှ ၊ နောဒပ် အမျိုးသားတို့နှင့် စစ် တိုက် ကြ၏။ ၂၀ စစ်တိုက် သောအခါ ဘုရားသခင် ကို ကိုးစား ၍ ဆုတောင်း သောကြောင့် ၊ ဘုရားသခင် မစ တော်မူ ခြင်းကျေးဇူးအားဖြင့်၊ ဟာဂရ လူတို့နှင့် သူ တို့ ဥစ္စာ ရှိသမျှ ကိုရ ကြ၏။ ၂၁ ကုလားအုပ် ငါးထောင်၊ သိုး နှစ်သိန်း ငါးသောင်း၊ မြည်း နှစ် ထောင်၊ လူ တသိန်း တို့ကိုသိမ်းယူ ကြ၏။ ၂၂ ဘုရားသခင့် အခွင့်နှင့် စစ်တိုက် သောကြောင့် ၊ ရန်သူအများ တို့သည် လဲ သေ ကြ၏။ ဣသရေလလူတို့ သည် သိမ်းသွား ခြင်းအမှုမ ရောက်မှီတိုင်အောင်၊ ဟာဂရ လူတို့နေရာ ၌ နေရာ ကျကြ၏။ ၂၃ မနာရှေ အမျိုး တဝက် သည်၊ ထိုပြည် တွင် ဗာရှန် မြို့မှစ၍ ဗာလဟေရမုန် မြို့၊ စနိရ မြို့၊ ဟေရမုန် တောင် တိုင်အောင်ပွားများ လျက်နေ၏။ ၂၄ အဆွေအမျိုး သူကြီး များဟူမူကား ၊ ခွန်အား ကြီး ၍ ကျော်စောသော စစ် သူရဲဧဖာ ၊ ဣလျေလ ၊ အာဇရေလ ၊ ယေရမိ ၊ ဟောဒဝိ ၊ ယာဒျေလ တည်း။ ၂၅ သို့ရာတွင် ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် သည် ဘိုးဘေး တို့၏ ဘုရားသခင် ကို ပြစ်မှား ၍ ၊ မိမိ တို့ရှေ့မှာ ဘုရားသခင် ဖျက်ဆီး တော်မူသော ပြည်သား တို့ ဘုရား များနှင့် မှားယွင်း ကြ၏။ ၂၆ သို့ ဖြစ်၍ ဣသရေလ အမျိုး၏ ဘုရားသခင် သည် အာရှုရိ ရှင်ဘုရင် ပုလ နှင့် ရှင်ဘုရင် တိဂလတ်ပိလေသာ စိတ် ကို နှိုးဆော် တော်မူသဖြင့် ၊ နောက်ရှင်ဘုရင်သည် ထိုဣသရေလအမျိုးသားတို့ကို ဂေါဇန် မြစ် နား၊ ဟေလ မြို့၊ ဟာဗော် မြို့၊ ဟာရ မြို့သို့ သိမ်း သွား၍ ယနေ့ တိုင်အောင် နေရာချထား၏။

၆ လေဝိ သား ကားဂေရှုံ ၊ ကောဟတ် ၊ မေရာရိ တည်း။ ၂ ကောဟတ် သား ကား အာမရံ ၊ ဣဇဟာ ၊ ဟေဗြုန် ၊ ဩဇေလ တည်း။ ၃ အာမရံ သား ကားအာရုန် ၊ မောရှေ ၊ မိရိအံ တည်း။ အာရုန် သား ကား နာဒပ် ၊ အဘိဟု ၊ ဧလာဇာ ၊ ဣသမာ တည်း။ ၄ ဧလာဇာ သား ကား ဖိနဟတ် ၊ ဖိနဟတ် သား အဘိရှ၊ ၅ အဘိရှ သား ဗုက္ကိ ၊ ဗုက္ကိ သား ဩဇိ၊ ၆ ဩဇိ သား ဇေရဟိ ၊ ဇေရဟိ သား မေရာယုတ်၊ ၇ မေရာယတ် သား အာမရိ ၊ အာမရိ သား အဟိတုပ်၊ ၈ အဟိတုပ် သား ဇာဒုတ် ၊ ဇာဒုတ် သား အဟိမတ်၊ ၉ အဟိမတ် သား အာဇရိ ၊ အာဇရိ သား ယောဟန် တည်း။ ၁၀ ယောဟန် သား ကား၊ ယေရုရှလင် မြို့မှာ ရှောလမုန် တည် သော ဗိမာန် တော်၌ ယဇ် ပုရောဟိတ်ပြုသော အာဇရိ တည်း။ ၁၁

အာဇရိ သား ကား အာမရိ ၊ အာမရိ သား အဟိတုပ်၊ ၁၂ အဟိတုပ် သား ဇာဒုတ် ၊ ဇာဒုတ် သား ရှုလ္လံ၊ ၁၃ ရှုလ္လံ သား ဟိလခိ ၊ ဟိလခိ သား အာဇရိ၊ ၁၄ အာဇရိ သား စရာယ ၊ စရာယ သား ယောဇဒက် တည်း။ ၁၅ ယောဇဒက် သည် နေဗုခဒ်နေဇာ လက် ဖြင့် ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားတို့ကို ထာဝရဘုရား သိမ်း သွားစေတော်မူသောအခါ ပါသွား သတည်း။ ၁၆ လေဝိ သား ဂေရရှုံ ၊ ကောဟတ် ၊ မေရာရိ တို့တွင်၊ ၁၇ ဂေရရှုံ သား ကား လိဗနိ နှင့် ရှိမိ တည်း။ ၁၈ ကောဟတ် သား ကားအာမရံ ၊ ဣဇဟာ ၊ ဟေဗြုန် ၊ ဩဇေလ တည်း။ ၁၉ မေရာရိ သား ကား မဟာလိ နှင့် မုရှိ တည်းဟူသော လေဝိ အဆွေအမျိုးအသီးအသီးဖြစ်သတည်း။ ၂၀ ဂေရရှုံ သားကားလိဗနိ ၊ လိဗနိသား ယာဟတ် ၊ ယာဟတ်သား ဇိမ္မ၊ ၂၁ ဇိမ္မသား ယောအာ ၊ ယောအာသား ဣဒ္ဒေါ ၊ ဣဒေါသား ဇေရ ၊ ဇေရသား ယာတရဲ တည်း။ ၂၂ ကောဟတ် သား ကား ဣဇဟာတည်းဟူသောအမိနဒပ် ၊ အမိနဒပ်သား ကောရ ၊ ကောရသား အဿိရ၊ ၂၃ အဿိရသား ဧလကာန ၊ ဧလကာနသား ဧဗျာသပ် ၊ ဧဗျာသပ် သား အဿိရ၊ ၂၄ အဿိရသား တာဟတ် ၊ တာဟတ်သား ဥရေလ ၊ ဥရေလသား ဩဇိ ၊ ဩဇိသား ရှောလ၊ ၂၅ ရှောလသား ဧလကာန၊ ဧလကာန သား အာမသဲ နှင့် အဟိမုတ်၊ ၂၆ အာမသဲသား ဇောဖဲ ၊ ဇောဖဲသား နာဟတ်၊ ၂၇ နာဟတ်သား ဧလျာဘ ၊ ဧလျာဘသား ယေရောဟံ ၊ ယေရောဟံသား ဧလကာန ၊ ဧလကာနသား ရှမွေလ တည်း။ ၂၈ ရှမွေလသားဦး ကား ယောလ၊ ဒုတိယ သား အဘိယ တည်း။ ၂၉ မေရာရိ သား ကားမဟာလိ ၊ မဟာလိသား လိဗနိ ၊ လိဗနိသား ရှိမိ ၊ ရှိမိသား ဩဇ၊ ၃၀ ဩဇသား ရှိမာ ၊ ရှိမာသား ဟဂ္ဂၢ ၊ ဟဂ္ဂၢသား အသာယ တည်း။ ၃၁ ထာဝရဘုရား၏ သေတ္တာ တော်သည် ငြိမ်ဝပ် သောအခါ ၊ အိမ် တော်၌ သီချင်း ဆိုရာ အမှုတော်ကို စောင့်စေခြင်းငှါ၊ ဒါဝိဒ် မင်းခန့်ထား သော သူ တို့သည်၊ ၃၂ ယေရုရှလင် မြို့၌ ဗိမာန် တော်ကို ရှောလမုန် မ တည် မှီ ကာလပတ်လုံး၊ ပရိသတ်စည်းဝေး ရာ တဲ တော် တည်ရာအရပ်၌ သီချင်း ဆိုလျက် အမှု တော်ကို စောင့်ကြ၏။ ဗိမာန်တော်ကို တည်ပြီးသောနောက်၊ မိမိ တို့ အလှည့် အတိုင်း စောင့် ရသောအမှုကို စောင့် လျက်နေကြ၏။ ၃၃ ထို အမှု တော်ကို စောင့်သောသူတို့နှင့် သားစဉ် မြေးဆက်ဟူမူကား ၊ ဣသရေလ ၊ လေဝိ ၊ ကောဟတ် ၊ ဣဇဟာ ၊ ကောရ ၊ ဧဗျာသပ် ၊ အဿိရ ၊ တာဟတ် ၊ ဇေဖနိ ၊ အာဇရိ ၊ ယောလ ၊ ဧလကာန ၊ အမာသဲ ၊ မာဟတ် ၊ ဧလကာန ၊ ဇောဖဲ ၊ တောအာ ၊ ဧလျာဘ ၊ ယေရောဟံ ၊ ဧလကာန ၊ ရှမွေလ ၊ ယောလ တို့မှ ဆင်းသက်သော ကောဟတ် အမျိုး၊ သီချင်း သည် ဟေမန် တပါး၊ ၄၃ လေဝိ ၊ ဂေရရှုံ ၊ ယာဟတ် ၊ ရှိမိ ၊ ဇိမ္မ ၊ ဧသန် ၊ အဒါယ ၊ ဇေရ ၊ ဧသနိ ၊ မာလခိ ၊ ဗာသေယ ၊ မိကေလ ၊ ရှိမာ ၊ ဗေရခိ တို့မှ ဆင်းသက်သော အာသပ် ၊ ဟေမန် လက်ျာ ဘက်မှာ နေရာရှိသော အပေါင်းအဘော် အာသပ် တပါး၊ ၄၄ လေဝိ ၊ မေရာရိ ၊ မုရှိ ၊ မဟာလိ ၊ ရှမေရ ၊ ဗာနိ ၊ အံဇိ ၊ ဟိလခိ ၊ အာမဇိ ၊ ဟာရှဗိ ၊ မလ္လုတ် ၊ အာဖဒိ ၊ ကိရှိ တို့မှ ဆင်းသက်သော ဧသန် တပါးမှစ၍လက်ဝဲ ဘက်မှာ နေရာရှိသော အပေါင်းအဘော် ၊ မေရာရိ အမျိုးသား များတည်း။ ၄၅ သူ တို့၏ညီအစ်ကို ဖြစ်သော လေဝိ သားတို့သည်၊ ဘုရားသခင် ကျိန်းဝပ်တော်မူရာ တဲ တော်အမှု အမျိုးမျိုး စောင့်သောအရာ၌ ခန့်ထား ခြင်းကိုခံ ကြ၏။ ၄၆ အာရုန် နှင့် သူ ၏ သားစဉ် မြေးဆက်မူကား ၊ ယဇ်ကောင်ကို မီး ရှို့ရာပလ္လင် နှင့် ၊ နံ့သာပေါင်း ကို မီးရှို့ရာ ပလ္လင် ပေါ် မှာပူဇော် လျက် ၊ အလွန် သန့်ရှင်းရာဌာနတော်

အမှု အလုံးစုံ ကိုစောင့်လျက်၊ ဘုရားသခင် ၏ ကျွန် မောရှေ မှာထား သမျှ အတိုင်း ၊ ကြသရေလ အမျိုး၏ အပြစ်
ကို ဖြေရသောသူဖြစ် ကြ၏။ ၅၀ အာရုန် ၏ သားမြေးမှာ၊ အာရုန်သား ကား ဧလာဇာ ၊ ဧလာဇာ သား ဖိနဟတ် ၊
ဖိနဟတ်သား အဘိရွ၊ ၅၁ အဘိရွသား ဗုက္ကိ ၊ ဗုက္ကိသား ဩဇိ ၊ ဩဇိသား ဇေရဟိ၊ ၅၂ ဇေရဟိသား မရာယုတ် ၊
မရာယုတ်သား အာမရိ ၊ အာမရိသား အဟိတုပ်၊ ၅၃ အဟိတုပ်သား ဇာဒုတ် ၊ ဇာဒုတ်သား အဟိမတ် တည်း။ ၅၄ အာရုန်
၏ သားမြေးဖြစ်သော ကောဟတ် အဆွေအမျိုး တို့သည်၊ စာရေးတံ ပြု သောအားဖြင့် ရ၍ နေရသောမြို့ နှင့် မြို့နယ်
များဟူမူကား၊ ၅၅ ယုဒ ခရိုင် ၌ ဟေဗြုန် မြို့နှင့် မြို့နယ် ကိုရကြ၏။ ၅၆ သို့ရာတွင် မြို့ နှင့်ဆိုင်သောလယ် များ၊ ရွာ
များတို့ကို ယေဖုန္နေ သား ကာလက် သည်ရ၏။ ၅၇ ပြေး၍မှီခို ရာဟေဗြုန် မြို့မှတပါး၊ ယုဒခရိုင်ထဲက လိဗနာ မြို့နှင့် မြို့နယ်
၊ ယတ္တိရ မြို့နှင့် မြို့နယ်၊ ဧရှတမော မြို့ နှင့် မြို့နယ်၊ ၅၈ ဟောလုန် မြို့နှင့် မြို့နယ် ၊ ဒေဗိရ မြို့နှင့် မြို့နယ်၊ ၅၉ အက္ကနမြို့နှင့်
မြို့နယ်၊ ယုတ္တာမြို့နှင့်မြို့နယ်၊ ဗက်ရှေမက် မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ၆၀ ဗယ်ာမိန် ခရိုင် ထဲက ဂိဗောင်မြို့နှင့်မြို့နယ်၊
ဂေဗ မြို့နှင့် မြို့နယ် ၊ အာလမက် မြို့နှင့် မြို့နယ် ၊ အာနသုတ် မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ အာရုန်၏သားမြေးတို့သည်
အဆွေအမျိုး အလိုက်ရ၍၊ မြို့ ပေါင်း ကား တဆယ် သုံး မြို့ တည်း။ ၆၁ ကြွင်း သော ကောဟတ် သား အဆွေအမျိုး တို့
သည် စာရေးတံ အားဖြင့် ၊ မနာရှေ ခရိုင် ဝက် ထဲက မြို့ဆယ် မြို့ တို့ကို ရကြ၏။ ၆၂ ဂေရရှုံ သား အဆွေအမျိုး တို့သည်
ကြသခါ ခရိုင် ၊ အာရှာ ခရိုင် ၊ နဿလိ ခရိုင် ၊ ဗာရှန် ပြည်မနာရှေ ခရိုင် ထဲက မြို့တဆယ် သုံး မြို့ တို့ကို ရကြ၏။ ၆၃
မေရာရိ သား အဆွေအမျိုး တို့သည် ရုဗင် ခရိုင် ၊ ဂဒ် ခရိုင် ၊ ဇာဗုလုန် ခရိုင် ထဲက မြို့တဆယ် နှစ် မြို့ တို့ကို ရကြ၏။
၆၄ ဤမည်သော မြို့ တို့ကို မြို့နယ် နှင့်တကွ၊ ကြသရေလ အမျိုးသားတို့သည် လေဝိ သားတို့အား ပေး ကြ၏။ ၆၅
အထက်ဆိုခဲ့ပြီးသော မြို့တို့ကို စာရေးတံ ပြု၍၊ ယုဒ အမျိုးသား ခရိုင် ၊ ရှိမောင် အမျိုးသား ခရိုင် ၊ ဗယ်ာမိန် အမျိုးသား
ခရိုင် ထဲက ပေး ကြ၏။ ၆၆ ကြွင်းသော ကောဟတ် သား အဆွေအမျိုး တို့ သည် ဧဖရိမ် ခရိုင် ထဲက ရ သည်အတိုင်း၊
၆၇ ပြေး၍ခို နေရာ ဧဖရိမ် တောင် ပေါ် မှာ ရှေခင် မြို့ ကို မြို့နယ် နှင့်တကွပေး ကြ၏။ ၆၈ ထိုမှတပါး၊ ဂေဇာ မြို့နှင့်
မြို့နယ် ၊ ယောကမံ မြို့ နှင့် မြို့နယ် ၊ ဗက်ဟောရုန် မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ၆၉ ဒန်ခရိုင်ထဲကဧလေတေကမြို့နှင့်မြို့နယ်၊
ဂိဗ္ဗသုန် မြို့နှင့်မြို့နယ်၊ အာဧလုန် မြို့နှင့် မြို့နယ် ၊ ဂါသရိမ္မန် မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ၇၀ မနာရှေ ခရိုင် ဝက် ထဲက
အနေရ မြို့နှင့် မြို့နယ် ၊ ဗိလံ မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ကြွင်း သောကောဟတ် သား အဆွေအမျိုး တို့အား ပေး ကြ၏။
၇၁ ဂေရရှုံ သား တို့အား လည်း၊ မနာရှေ ခရိုင် ဝက် ထဲက ဗာရှန် ပြည် ဂေါလန် မြို့နှင့် မြို့နယ် ၊ အာရှတရုတ် မြို့နှင့်
မြို့နယ် တို့ကိုဂင်း၊ ၇၂ ကြသခါ ခရိုင် ထဲက ကေဒေရှ မြို့နှင့် မြို့နယ် ၊ ဒါဗရတ် မြို့နှင့် မြို့နယ်၊ ၇၃ ရာမုတ် မြို့နှင့် မြို့နယ် ၊
အာနင် မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ၇၄ အာရှာ ခရိုင် ထဲက မိရှလ မြို့နှင့် မြို့နယ် ၊ အာဗဒုန် မြို့နှင့် မြို့နယ်၊ ၇၅ ဟုကုတ်
မြို့နှင့် မြို့နယ် ၊ ရဟောဘ မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ၇၆ နဿလိ ခရိုင် ထဲက ဂါလိလဲ ပြည်ကေဒေရှ မြို့နှင့် မြို့နယ် ၊
ဟမ္မုန် မြို့နှင့် မြို့နယ် ၊ ကိရယသိမ် မြို့နှင့် မြို့နယ် တို့ကိုဂင်းပေးကြ၏။ ၇၇ ကြွင်း သောမေရာရိ သား တို့အား လည်း၊
ဇာဗုလုန် ခရိုင် ထဲက ရိမ္မုန် မြို့နှင့် မြို့နယ် ၊ တာဗော် မြို့နှင့် မြို့နယ် တို့ကိုဂင်း၊ ၇၈ ယေရိခေါ မြို့အရှေ့ ၊ ယော်ဒန်

မြစ်တဘက် ၊ ရုဗင် ခရိုင် ထဲက တော ၌ ဗေဓာ မြို့နှင့် မြို့နယ် ၊ ယာဇ မြို့နှင့် မြို့နယ်၊ ၃၉ ကေဒမုတ် မြို့နှင့် မြို့နယ် ၊ မေဖတ် မြို့နှင့် မြို့နယ် တို့ကိုဂုင်း၊ ၈၀ ဂဒ် ခရိုင် ထဲက ဂိလဒ် ပြည်၌ ရာမုတ် မြို့နှင့် မြို့နယ် ၊ မဟာနိမ် မြို့နှင့် မြို့နယ်၊ ၈၁ ဟေရှာဘုန် မြို့နှင့် မြို့နယ် ၊ ယာဇာ မြို့နှင့် မြို့နယ် တို့ကိုဂုင်းပေးကြ၏။

၇ ကျသခါ သား ကား တောလ ၊ ဖုဝါ ၊ ယာရှုပ် ၊ ရှိမရုန် ၊ ပေါင်းလေး ယောက်တည်း။ ၂ တောလ သား ကား တောလ အဆွေအမျိုး သူကြီး ဩဇိ ၊ ရေဖာယ ၊ ယေရေလ ၊ ယာမဲ ၊ ယိဗသံ ၊ ရှမွေလ တည်း။ ထိုအဆွေအမျိုး အစဉ်အဆက်တို့သည် ခွန်အား ကြီးသော သူရဲ ဖြစ်၍၊ ဒါဝိဒ် မင်းလက်ထက် နှစ်သောင်း နှစ်ထောင်ခြောက် ရာ ရှိသတည်း။ ၃ ဩဇိ သား ကား ကျဇရဟိ ၊ ကျဇရဟိ သား မိက္နေလ ၊ ဩဗဒိ ၊ ယောလ ၊ ကျရှယ ၊ ပေါင်း ငါး ယောက်တည်း။ ဤသူတို့သည် အကြီးအကဲ ဖြစ်ကြ၏။ ၄ သူ တို့ ၌ သား မယား များ သောကြောင့် ၊ အဆွေအမျိုး အသီးအသီးအလိုက် ၊ စစ်သူရဲ တပ်သားသုံးသောင်း ခြောက်ထောင်ရှိကြ၏။ ၅ သူ တို့ ညီအစ်ကို ကျသခါ အဆွေအမျိုး အပေါင်း တို့သည် ခွန်အား ကြီးသောသူရဲဖြစ်၍၊ သားစဉ်မြေးဆက်စာရင်း ဝင်သည်အတိုင်း ၊ ရှစ်သောင်း ခုနစ်ထောင်ရှိကြ၏။ ၆ ဗယ်ာမိန် သားကား ဗေလ ၊ ဗေခါ ၊ ယေဒယေလ ၊ ပေါင်းသုံး ယောက်တည်း။ ၇ ဗေလ သား ကား အဆွေအမျိုး သူကြီး ဧဗုန် ၊ ဩဇိ ၊ ဩဧလ ၊ ယေရိမုတ် ၊ ကျရိ ၊ ပေါင်းငါး ယောက်တည်း။ ဤသူတို့သည် ခွန်အား ကြီးသော သူရဲဖြစ်၍၊ သားစဉ်မြေးဆက်စာရင်း ဝင်သည်အတိုင်း၊ နှစ်သောင်း နှစ်ထောင်သုံး ဆယ် လေး ယောက်ရှိကြ၏။ ၈ ဗေခါ သား ကား ဧဗိရ ၊ ယောရှ ၊ ဧလျေဇာ ၊ ဧလိဩနဲ ၊ ဩမရိ ၊ ယေရိမုတ် ၊ အဘိယ ၊ အာနသုတ် ၊ အာလမက် တည်း။ ၉ သားစဉ် မြေးဆက်စာရင်း ဝင်၍၊ အဆွေအမျိုး သူကြီး အသီးအသီး အလိုက်၊ ခွန်အား ကြီးသော သူရဲ နှစ်သောင်း နှစ်ထောင်နှစ်ရာရှိကြ၏။ ၁၀ ယေဒယေလ သား ကား ဗိလဟန် ၊ ဗိလဟန် သား ယုရှ ၊ ဗယ်ာမိန် ၊ ဧဟုဒ် ၊ ခေနာန ၊ ဧဇန် ၊ သာရှိရှ ၊ အဟိရှဟာ တည်း။ ၁၁ အဆွေအမျိုးသူကြီး အသီးအသီးအလိုက်၊ ခွန်အားကြီး၍ စစ်တိုက် ခြင်းငှါ ၊ တတ်စွမ်းနိုင်သော သူရဲ တသောင်း ခုနစ်ထောင်နှစ် ရာရှိကြ၏။ ၁၂ ထိုမှတပါး ၊ ရှုပိမ် ၊ ဟုပိမ် နှင့်တကွကျရ ဟုရှိမ် သား၊ အာဟေရ သား ရှိသတည်း။ ၁၃ နဿလိ သည် ဗိလဟာတွင် မြင်သောသား ကား၊ ဟာဇေလ ၊ ဂုနိ ၊ ယေဇ ၊ ရှလ္လုံ တည်း။ ၁၄ မနာရှေ သားဦးကား အာသရေလ ၊ ထိုနောက်၊ ရှုရိ အမျိုးဖြစ်သော မယားငယ် တွင် မြင် သော သား၊ ဂိလဒ် ၏အဘ မာခိရ တည်း။ ၁၅ မာခိရ သည်မာခါ အမည်ရှိသောဟုပိမ် နှင့် ရှုပိ ၏နှမ နှင့်စုံဘက် ၍၊ နှစ် ဆက်မြောက်သောသားကား ဧလောဖတ် အမည်ရှိ၏။ ဧလောဖတ် ၌ သမီး သက်သက်ရှိ ၏။ ၁၆ မာခိရ မယား မာခါ သည် သား ကို ဘွားမြင် ၍ ၊ ပေရက် အမည် ဖြင့် မှည့် ၏။ သူ ၏ညီ ကား ရှေရက် အမည် ရှိ ၏။ သူ ၏သား ကား ဥလံ နှင့် ရေကင် တည်း။ ၁၇ ဥလံ သား ကားဗေဒန် တည်း။ ဤရွေ့ကား မနာရှေ သား မာခိရ ၏ သား ဂိလဒ် အမျိုးအနွယ် တည်း။ ၁၈ သူ ၏နှမ ဟမ္မောလေကက် သည် ကျရှောဒ ၊ အဗျေဇာ ၊ မဟာလ ကို ဘွားမြင် ၏။ ၁၉ ရှမိဒ သား ကား အဟိအန် ၊ ရှေခင် ၊ လိကဟိ ၊ အနိအံ တည်း။ ၂၀ ဧဖရိမ် သား ကား ရှုသေလ ၊ ရှုသေလသား ဗေရက် ၊ ဗေရက်သား တာဟတ် ၊ တာဟတ်သား ဧလာဒ ၊ ဧလာဒသား တာဟတ်၊ ၂၁ တာဟတ်သား ဇာဗဒ် ၊ ဇာဗဒ်သား ရှုသေလ တည်း။ ထိုမှတပါး ၊

ဧဖရိမ်သားဧဇာ နှင့် ဧလဒ် တို့သည် ထိုပြည် ၌ မွေးဘွား သော၊ ဂါသ မြို့သား တို့ တိရစ္ဆာန် များကို လုယူ သောကြောင့် အသက် ဆုံးကြ၏။ ၂၂ အဘ ဧဖရိမ် သည် အင်တန်ကာလ ပတ်လုံး စိတ် မသာညည်းတွားလျက် နေ၏။ ညီအစ်ကို တို့သည် နှစ်သိမ့် စေခြင်းငှါ လာ ကြ၏။ ၂၃ နောက် တဖန်မယား ဆီသို့ ဝင် သဖြင့် သူသည် ပဋိသန္ဓေ ယူ၍ သား ကိုဘွားမြင် ၏။ ထိုသားကို ဗေရိယ အမည် ဖြင့်မှည့် ၏။ အကြောင်း မူကား၊ ကိုယ် အိမ်ထောင် ၌ အမင်္ဂလာ ရောက် သတည်း။ ၂၄ သမီး ရှေရ ကား အထက် ဗေသောရုန် မြို့၊ အောက် ဗေသောရုန်မြို့၊ ဩဇင်ရှေရ မြို့တို့ကို ပြုစု သောသူဖြစ် ၏။ ၂၅ သူ ၏သား ကားရေဖ ၊ သူ၏သားရေရှုပ် ၊ သူ ၏သား တေလ ၊ သူ ၏သား တာဟန်၊ ၂၆ သူ ၏သား လာဒန် ၊ သူ ၏သား အမိဟုဒ် ၊ သူ ၏ သား ဧလိရှမာ၊ ၂၇ သူ ၏သား နုန် ၊ သူ ၏သား ယောရှု တည်း။ ၂၈ သူ တို့ပိုင် ထိုက်သော နေရာ ဟူမူကား ၊ ဗေသလ မြို့နှင့် ကျေးလက် ၊ အရှေ့ဘက်၌ နာရန် မြို့၊ အနောက် ဘက်၌ ဂေဇာ မြို့နှင့် ကျေးလက် ၊ ရှေခင် မြို့နှင့် ကျေးလက် ၊ ဂါဇ မြို့နှင့် ကျေးလက်၊ ၂၉ မနာရှေ အမျိုးသား နေရာအနားမှာ ဗက်ရှန် မြို့ နှင့် ကျေးလက် ၊ တာနက် မြို့နှင့် ကျေးလက် ၊ မေဂိဒ္ဒေါ မြို့ နှင့် ကျေးလက် ၊ ဒေါရ မြို့နှင့် ကျေးလက် တည်း။ ဤ မြို့ရွာတို့ ၌ ဣသရေလ ၏သား ဖြစ်သော ယောသပ် ၏ သား တို့ သည် နေရာ ကျကြ၏။ ၃၀ အာရှာ သား ကား ယိမန ၊ ဣရွာ ၊ ဣလိ ၊ ဗေရိယ ၊ နှမ စေရ တည်း။ ၃၁ ဗေရိယ သား ကား ဟေဗာ နှင့် မာလကျေလ တည်း။ မာလကျေလသားကား ဗိရဇာဝိတ်၊ ၃၂ ဟေဗာ သား ကား ယာဖလက် ၊ ရှောမာ ၊ ဟောသံ ၊ နှမ ရှုအာတည်း။ ၃၃ ယာဖလက် သား ကား ပါသက် ၊ ဗိမဟာလ ၊ အာရှဝတ် တည်း။ ၃၄ ရှောမေရ သား ကား အာဟိ ၊ ရောဂ ၊ ယေဟုဗ္ဗ ၊ အာရံ တည်း။ ၃၅ သူ ၏ညီ ဟေလင် သား ကား ဇောဖ ၊ ဣမန ၊ ရှေလက် ၊ အာမလ တည်း။ ၃၆ ဇောဖ သား ကား သုအာ ၊ ဟာနေဖာ ၊ ရွှလ ၊ ဗေရိ ၊ ဣမရ၊ ၃၇ ဗေဇာ ၊ ဟောဒ ၊ ရှမ္မ ၊ ရှိလရှ ၊ ဣသရန် ၊ ဗေရ တည်း။ ၃၈ ယေသာ သား ကား ယေဖုန္နေ ၊ ပိသပ ၊ အာရ တည်း။ ၃၉ ဥလ္လ သား ကား အာရ ၊ ဟံယေလ ၊ ရေဇိယ တည်း။ ၄၀ ဤ သူအပေါင်း တို့သည် အာရှာ အမျိုး ၌ အဆွေအမျိုး သူကြီး ၊ ရွေး သောသူ၊ ခွန်အား ကြီးသော သူရဲ မင်း ဖြစ်ကြ၏။ သားစဉ် မြေးဆက်စာရင်းဝင်၍ စစ်တိုက် ခြင်းငှါ တတ်စွမ်းနိုင်သောသူ နှစ်သောင်း ခြောက်ထောင်ရှိကြ ၏။

၈ ဗင်္ယာမိန် သားဦး ကား ဗေလ ၊ ဒုတိယ သား အာရှဗေလ ၊ တတိယ သားအဟိရံ၊ ၂ စတုတ္ထ သား နောဟ ၊ ပဉ္စမ သား ရာဖ တည်း။ ၂ ဗေလ သား ကား အဒ္ဒါ ၊ ဂေရ ၊ အဘိဟုဒ်၊ ၄ အဘိရှ ၊ နေမန် ၊ အာဟော၊ ၅ ဂေရာ ၊ ရှေဖုဖံ ၊ ဟုရံ တည်း၊ ၆ မာနဟက် မြို့သို့ နေရာ ပြောင်းသော ဂေဗ မြို့သား အဆွေအမျိုးသူကြီး ဖြစ်သော ဧဟုဒ် သား ကား၊ နေမန် ၊ အဟိယ ၊ ဂေရ တည်း။ ၇ နေရာ ပြောင်းသောနောက်၊ ဩဇ နှင့် အဟိဟုဒ် ကိုလည်း မြင် ၏။ ၈ ရှဟာရိမ် သည် မယား ဟုရှိမ် နှင့် ဗာရာ ကိုစွန့် ပြီးမှ၊ မောဘ ပြည် ၌ နေ၍၊ ၉ မယား ဟောဒေရှ တွင် ယောဗပ် ၊ ဇိဘိ ၊ မေရှ ၊ မာလခံ၊ ၁၀ ယုဇ ၊ ရှာခိ ၊ မိရမ တို့ကို မြင် ၍ ၊ ဤ သူတို့သည် အဆွေအမျိုး သူကြီး ဖြစ်ကြ၏။ ၁၁ အရင်မယား ဟုရှိမ် တွင် ၊ အဘိတုပ် နှင့် ဧလပါလ ကို မြင် ၏။ ၁၂ ဧလပါလ သား ကား ဧဗာ ၊ မိရှဟံ ၊ ရှာမက် တည်း။ ရှာမက်သည် ဩနော မြို့၊ လောဒ မြို့နှင့် ကျေးလက် များကို ပြုစု သောသူဖြစ်၏။ ၁၃ ဗေရိယ နှင့် ရှေမ တို့သည် ဂါသ မြို့သား တို့ကို နှင်ထုတ် သော အာဇလုန်

မြို့သား အဆွေအမျိုးသူကြီး ဖြစ်ကြ၏။ ၁၄ ထိုမှတပါး၊ အဟိသြ၊ ရာဂရုက်၊ ယေရိမုတ်၊ ၁၅ ဧဗေဒိ၊ အာရဒ်၊ အာဒါ၊ ၁၆ မိကွေလ၊ ကွရုပ၊ ယောဟ တို့သည် ဗေရိယ သား ဖြစ်ကြ၏။ ၁၇ ဧဗေဒိ၊ မေရွှလံ၊ ဟေဇကိ၊ ဟောဗာ၊ ၁၈ ကွရွမေရဲ၊ ယေဇလိ၊ ယောဗပ် တို့သည် ဧလပါလ သား တည်း။ ၁၉ ယာကိမ်၊ ဇိခရိ၊ ဇာဗဒိ၊ ၂၀ ဧလျောနဲ၊ ဇိလသဲ၊ ဧလေလ၊ ၂၁ အဒါယ၊ ဗေရာယ၊ ရှိမရတ် တို့သည် ရှိမဟိ သား တည်း။ ၂၂ ကွရုပန်၊ ဟောဗာ၊ ဧလေလ၊ ၂၃ အာဗဒုန်၊ ဇိခရိ၊ ဟာနန်၊ ၂၄ ဟာနနိ၊ ဧလံ၊ အန္တောသိယ၊ ၂၅ ကွဖဒိယ၊ ပေနွေလ တို့သည် ရှာရှက် သား တည်း။ ၂၆ ရှံရှရဲ၊ ရှေဟာရိ၊ အာသလိ၊ ၂၇ ယာရရှိ၊ ဧလိယ၊ ဇိခရိ တို့သည် ယေရောဟံ သား တည်း။ ၂၈ ဤ သူတို့သည် ယေရှုရှလင် မြို့မှာ နေ၍၊ အစဉ်အဆက် အဆွေအမျိုးသူကြီး မင်းဖြစ်ကြ၏။ ၂၉ ဂိဗောင် မြို့မှာ ဂိဗေါင် အဘ ယေဟေလနေ ၏။ သူ ၏မယား ကား မာခါ အမည် ရှိ၏။ ၃၀ သူ ၏သားဦး ကား အာဗဒုန်၊ သူ၏ညီကား ဇုရ၊ ကိရှ၊ ဗာလ၊ နေရ၊ နာဒပ်၊ ၃၁ ဂေဒေါ်၊ အဟိသြ၊ ဇာခရိ၊ မိကလုတ် တည်း။ ၃၂ မိကလုပ်သားကား ရှိမံ တည်း။ ဤသူ တို့သည် ယေရှုရှလင် မြို့မှာ ညီအစ်ကို စုအနား၊ တဘက်တချက်၌ နေရာ ကျကြ၏။ ၃၃ နေရ သား ကားကိရှ၊ ကိရှသား ရှောလု၊ ရှောလု သား ယောနသန်၊ မေလခိရှ၊ အဘိနာဒပ်၊ ကွရှဗာလ တည်း။ ၃၄ ယောနသန် သား ကား မေရိဗ္ဗာလ၊ မေရိဗ္ဗာလ သား မိက္ခါ၊ ၃၅ မိက္ခါ သား ပိသုန်၊ မေလက်၊ တာရာ၊ အာခတ် တည်း။ ၃၆ အာခတ် သား ကား ယာရ၊ ယာရ သား အာလမက်၊ အာဇမာဝက်၊ ဇိမရိ တည်း၊ ဇိမရိ သား ကား မောဇ၊ ၃၇ မောဇ သား ဗိနာ၊ ဗိနာသား ရေဖာယ၊ ရေဖာယ သား ဧလာသ၊ ဧလာသသား အာဇေလ၊ ၃၈ အာဇေလ သား ခြောက် ယောက်အမည် ကား အာဇရိကံ၊ ဗောခေရု၊ ကွရွမေလ၊ ရှရိယ၊ ဩဗဒိ၊ ဟာနန် တည်း။ ၃၉ အာဇေလ ညီ ဧရှက် သားဦး ကား ဥလံ၊ ဒုတိယ သား ယေဟုတ်၊ တတိယ သား ဧလိဖလက် တည်း။ ၄၀ ဥလံ သား တို့သည် ခွန်အား ကြီးသော လေး သူရဲ ဖြစ် ကြ၏။ သား မြေး များ ၍ ပေါင်း တရာ ငါး ဆယ်ရှိကြ၏။ ဤရွေ့ကား၊ ဗယ်ာမိန် သားစဉ် မြေးဆက်ဖြစ်သတည်း။

၉ အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ ကွသရေလ အမျိုးသားအပေါင်း တို့သည် သားစဉ် မြေးဆက်စာရင်း ဝင်၍၊ ကိုယ်အပြစ် ကြောင့် ဗာဗုလုန် မြို့ သို့ သိမ်းသွား ခြင်း ကိုခံရနှင့်သော ကွသရေလ ရှင်ဘုရင် နှင့် ယုဒ ရှင်ဘုရင်မှတ်စာ၌ ပါ သတည်း။ ၂ နောက်တဖန်ကိုယ်ပိုင် ထိုက်သော မြို့ ရွာတို့ ၌ အဦးဆုံး နေရာ ကျသောသူကား၊ ကွသရေလ အမျိုးသား၊ ယဇ်ပုရောဟိတ်၊ လေဝိ သား၊ ဘုရား ကျွန်အသီးအသီးဖြစ်ကြ၏။ ၃ ယေရှုရှလင် မြို့မှာ နေ သောယုဒ အမျိုး၊ ဗယ်ာမိန် အမျိုး၊ ဧဖရိမ် နှင့် မနာရှေ အမျိုးသား ဟူမူကား၊ ၄ ယုဒ သား ဖာရက် အမျိုးအနွယ်၊ ဗာနိ၊ ကွမရိ၊ ဩမရိ၊ အမိဟုဒ် တို့မှ ဆင်းသက်သော ဥသဲ တပါး၊ ၅ ရှိလောနိ အမျိုးဖြစ်သော သားဦး အသာယ နှင့် သူ၏သား တစု၊ ၆ ဇေရ အမျိုး ယွေလ နှင့် သူ ၏ညီအစ်ကို တစု ပေါင်းခြောက် ရာ ကိုး ဆယ်တည်း။ ၇ ဗယ်ာမိန် အမျိုးအနွယ် ဖြစ်သော ဟာသေနွာ၊ ဟောဒဝိ၊ မေရွှလံ တို့မှ ဆင်းသက်သော သလ္လု၊ ၈ ယေရောဟံ သား ကွဗနိယ၊ မိခရိ သား ဖြစ်သော ဩဇိ ၏သား ဧလာ နှင့် ကွဗနိယ၊ ရွေလ၊ ရှေဖတိ တို့မှ ဆင်းသက်သော မေရွှလံ မှစ၍၊ ၉ သားစဉ် မြေးဆက်စာရင်းဝင်သော အမျိုးသား ချင်းပေါင်းကိုး ရာ ငါး ဆယ်ခြောက် ယောက်တည်း။ ဤ သူအပေါင်း

တို့သည် အဆွေအမျိုး သူကြီး ဖြစ်ကြ၏။ ၁၀ ယဇ်ပုရောဟိတ် မူကား ယေဒါယ ၊ ယောယရိပ် ၊ ယာခိန် နှင့်တကွ၊ ၁၁ အဟိတုပ် ၊ မရာယုတ် ၊ ဇာဒုတ် ၊ မေရှုလံ ၊ ဟိလခိ တို့မှ ဆင်းသက်သော ဘုရားသခင် ၏ အိမ် တော်အုပ် အာဇရိ တပါး၊ ၁၂ မာလခိ ၊ ပါရှုရ ၊ ယေရောဟံ တို့မှ ဆင်းသက်သော အဒါယ နှင့် ဣမေရ ၊ မေရှိလမုတ် ၊ မေရှုလံ ၊ ယာဇေရ ၊ အဒေလ တို့မှ ဆင်းသက်သော မာရှဲ အစ ရှိသော၊ ၁၃ အဆွေအမျိုး သူကြီး အမျိုးသား ချင်း တထောင် ခုနစ် ရာ ခြောက် ဆယ်ရှိကြ၏။ ဤသူတို့သည် ဘုရားသခင် ၏ အိမ် တော်အမှု ကိုဆောင်ရွက်ခြင်းငှါတတ်စွမ်း နိုင်သောသူ ပေတည်း။ ၁၄ လေဝိ သားမူကား၊ မေရာရိ အမျိုးအနွယ် ဖြစ် သော ဟာရှဘိ ၊ အာဇရိကံ ၊ ဟာရှုပ် တို့မှ ဆင်းသက်သော ရှေမာရ တပါး၊ ၁၅ ဗာကဗက္ကာ ၊ ဟေရက် ၊ ဂလာလ သုံးပါး၊ အာသပ် ၊ ဇိခရိ ၊ မိက္ခါ တို့မှ ဆင်းသက်သောမဿနိ တပါး၊ ၁၆ ယေဒုသုံ ၊ ဂလာလ ၊ ရှေမာယ တို့မှ ဆင်းသက်သော ဩဗဒိ တပါး၊ နေတောဖာသိ ရွာ တို့တွင် နေ သောဇလကာန သား အာသ ၏သား ဗေရခိ တပါးတည်း။ ၁၇ တံခါးစောင့် မူကား ရှလ္လုံ၊ အက္ကုပ် ၊ တာလမုန် ၊ အဟိမန် အစရှိသော ညီအစ်ကို တစု၊ ၁၈ ရှလ္လုံ သည် ရှင်ဘုရင် ဝင်သော အရှေ့တံခါး တွင် တံခါးမှူး ဖြစ်၏။ ဤသူ တို့သည် လေဝိ သား အပေါင်းအသင်း ၌ပါသောတံခါးစောင့် ပေတည်း။ ၁၉ ကောရသိ အဆွေအမျိုး ၊ ကောရ ၊ ဧဗျာသပ် ၊ ကောရ တို့မှ ဆင်းသက်သော ရှလ္လုံ နှင့်မိမိ ညီ တို့သည် အမှု တော်စောင့် ရာတွင် တဲ တော်တံခါး စောင့်ဖြစ်ကြ၏။ အဘ တို့သည် ထာဝရဘုရား ၏ ဗိုလ်ခြေတပ်ချ ရာတွင် တဲ တော်ဦးစောင့် ဖြစ်ကြ၏။ ၂၀ ရှေး ကာလဧလာဇာ သား ဖိနဟတ် သည် ထိုသူ တို့ ကိုအုပ် ရ၍၊ ထာဝရဘုရား သည် သူ နှင့်အတူ ရှိတော်မူ၏။ ၂၁ မေရှိလမိ သား ဇာခရိ သည် ပရိသတ်စည်းဝေး ရာ တဲ တော်တံခါးစောင့် ဖြစ်၏။ ၂၂ တံခါးစောင့် အရာ ၌ ခန့်ထား သောသူပေါင်း ကား နှစ် ရာတဆယ် နှစ် ယောက်တည်း။ ထိုသူ တို့သည် ဒါဝိဒ် နှင့် ပရောဖက် ရှမွေလ ခန့်ထား သော သားစဉ်မြေးဆက်အသီးအသီး နေသောရွာ ၌ စာရင်း ဝင်ကြ၏။ ၂၃ ထိုသူ ၏ သားစဉ် မြေးဆက်တို့သည် တဲ တော်တည်းဟူသောထာဝရဘုရား ၏အိမ် တော်၌ တံခါးစောင့် အမှုကို ဆောင်ရွက်ရကြ၏။ ၂၄ တံခါးစောင့် တို့သည် အရှေ့၊ အနောက် ၊ တောင် ၊ မြောက် ၊ လေး မျက်နှာ ၌ စောင့်နေရကြ၏။ ၂၅ ရွာ တို့ ၌ နေသောအပေါင်းအဘော် တို့သည် အလှည့် သင့်သည်အတိုင်း ခုနစ် ရက် ၊ ခုနစ်ရက် လာ ရ ကြ၏။ ၂၆ ထိုလေဝိ သားတို့တွင် တံခါးစောင့် ကြီး လေး ယောက်တို့သည် အရာကိုခံရသည်အတိုင်း၊ ဘုရားသခင် ၏ အိမ် တော်အခန်း များနှင့် ဘဏ္ဍာတိုက် များကို စောင့်ရကြ ၏။ ၂၇ ထိုသို့စောင့် ၍ နံနက် တိုင်းတံခါးကို ဖွင့်ရသောကြောင့် ၊ ဘုရားသခင် ၏ အိမ် တော်ပတ်လည် ၌ အိပ် ရကြ ၏။ ၂၈ အချို့တို့သည်လည်း၊ အမှု တော်စောင့်တန်ဆာ များကို အရေအတွက် အတိုင်း သွင်း လျက် ထုတ် လျက် စောင့်ရကြ၏။ ၂၉ အချို့တို့သည်လည်း၊ သန့်ရှင်း ရာဌာနတော် တန်ဆာ များ၊ အသုံးအဆောင် များ၊ မုန့်ညက် ၊ စပျစ်ရည် ၊ ဆီ ၊ လောဗန် ၊ နံ့သာမျိုး များကို ပြုစု ၍စောင့်ရကြ၏။ ၃၀ ယဇ် ပုရောဟိတ်အမျိုးသား အချို့တို့သည်လည်း နံ့သာဆီ ကို လုပ် ရကြ၏။ ၃၁ လေဝိ သား၊ ကောရသိ အဆွေအမျိုးဖြစ်သော ရှလ္လုံ ၏ သားဦး မတ္တိသိ သည် သံပြား ဖြင့်ဖုတ်သော မုန့်မျိုးကို စောင့်ရ၏။ ၃၂ သူ ၏ညီအစ်ကို နှင့် အခြားသောကောရသိ အဆွေအမျိုးသား တို့သည် ဥပုသ်

နေ့၌ ရှေ့ တော်မုန့်ကို ပြင်ဆင် ရကြ၏။ ၃၃ သီချင်း ဆိုသောသူ လေဝိ အဆွေအမျိုးသူကြီး တို့သည် မိမိ တို့အမှု ကို နေ့ ညဉ့်မပြတ်စောင့်ရသောကြောင့် ၊ အိမ်တော်အခန်း ၌ နေ၍ အခြားသောအမှုနှင့်လွတ် ကြ၏။ ၃၄ ထိုလေဝိ အဆွေအမျိုးသူကြီး တို့သည် အစဉ်အဆက် အကြီးအကဲ ဖြစ်၍ ယေရုရှလင် မြို့၌ နေရာ ကျကြ၏။ ၃၅ ယေဟေလ သည် ဂိဗောင် မြို့တွင် နေထိုင် ပြီး ဂိဗောင် မြို့သားတို့၏ခေါင်းဆောင် ဖြစ်သည်။ သူ ၏ဇနီး မှာ မာခါ နာမည် ရှိ၏။ ၃၆ သူ ၏သားဦး ကား၊ အာဗဒုန် ဖြစ်၏။ သူ၏အခြားသားများမှာ ဇုရ ၊ ကိရှ ၊ ဗာလ ၊ နေရ ၊ နာဒပ်၊ ၃၇ ဂေဒေါ် ၊ အဟိသြ ၊ ဇာခရိ ၊ မိကလုတ် တို့ ဖြစ်ကြ၏။ ၃၈ မိကလုတ် ၏သားသည် ရှိမံ ဖြစ်၏။ သူ တို့လည်း သူ တို့၏ဆွေမျိုး အနီး ယေရုရှလင် မြို့တွင် နေထိုင် ကြ၏။ ၃၉ နေရ သည် ကိရှ ၏အဘ ဖြစ်၏။ ကိရှ သည် ရှောလု ၏အဘ ဖြစ်၏။ ရှောလု သည် ယောနသန် ၊ မေလခိ၌ ၊ အဘိနာဒပ် ၊ ဣရှဗာလ တို့၏အဘ ဖြစ်၏။ ၄၀ ယောနသန် ၏သား သည် မေရိဗ္ဗာလ ၊ မေရိဗ္ဗာလ ၏သားမှာ မိက္ခါ ဖြစ်၏။ ၄၁ မိက္ခါ ၏သား များမှာ ပိသုန် ၊ မေလက် ၊ တာရာ ၊ အာခတ် တို့ ဖြစ်ကြ၏။ ၄၂ အာခတ်သည် ယာရ ၏အဘ ဖြစ်၏။ ယာရ တွင် သားအာလမက် ၊ အာဇမာဝက် နှင့် ဇိမရိ ဟူ၍ သားသုံးယောက်ရှိ၏။ ဇိမရိ သည် မောဇ ၏အဘ ဖြစ်၏။ ၄၃ မောဇ သည် ဗိနာ ၏အဘ ဖြစ်၏။ ဗိနာ ၏သား ရေဖာယ ၊ ရေဖာယ ၏သား ဧလာသ ၊ ဧလာသ ၏သား အာဇေလ ဖြစ်၏။ ၄၄ အဇေလ ၏သား အာဇရိကံ ၊ ဗောခေရု ၊ ဣရှမေလ ၊ ရှရိယ ၊ သြဗဒိ နှင့် ဟာနန် ဟူ၍ သား ခြောက် ယောက်ရှိ၏။

၁၀ ဖိလိတ္တိ လူတို့သည် ဣသရေလ လူတို့ကို စစ်တိုက် ၍ ၊ ဣသရေလ လူ တို့သည် ရန်သူရှေ့ မှာ ပြေး သဖြင့်၊ ဂိလဗော တောင် ပေါ် မှာ အထိအခိုက် နှင့် လဲ ၍သေကြ၏။ ၂ ဖိလိတ္တိ လူတို့သည် ရှောလု မင်းနှင့် သူ ၏သား တို့ကို ပြင်းထန် စွာ လိုက်၍ ၊ ရှောလု ၏သား ယောနသန် ၊ အဘိနဒပ် ၊ မေလခိ၌ တို့ကိုသတ် ကြ၏။ ၃ စစ်တိုက် ရာတွင် ရှောလု သည် အလွန် ခံရ၏။ လေး သမားတို့ ပစ် သောမြား မှန် ၍ အလွန်နာ သောကြောင့်၊ ၄ လက်နက် ဆောင် လုလင်ကို ခေါ်ပြီးလျှင် ၊ သင့် ထား ကို ထုတ် ၍ ငါ့ ကိုထိုး လော့။ သို့မဟုတ် အရေဖျား လိုးခြင်းကို မခံသောလူတို့သည်လာ ၍ ၊ ငါ့ ကိုမရိုမသေ ညှဉ်းဆဲကြလိမ့်မည်ဟုဆို သော်လည်း ၊ လက်နက် ဆောင် လုလင်သည် အလွန် ကြောက် ၍ မ ပြုဘဲနေသောကြောင့် ၊ ရှောလု သည် ထိုထား ကို ယူ ၍ ထောင်ပြီးလျှင်၊ ထား ဖျား ပေါ် မှာ လှဲ ၍သေ၏။ ၅ ရှောလု သေ သည်ကို လက်နက် ဆောင် လုလင် မြင် လျှင် ၊ သူ သည်လည်း ထိုထားကို ထောင်၍ထား ဖျား ပေါ် မှာ လှဲ ၍ သေ ၏။ ၆ ထိုသို့ ရှောလု နှင့် သူ ၏သား သုံး ယောက်မှစ၍နန်းတော် သားအပေါင်း တို့သည် အတူ သေ ကြ၏။ ၇ ဣသရေလလူပြေး ကြောင်း ၊ ရှောလု နှင့် သူ ၏ သား များသေ ကြောင်း ကို၊ ချိုင့် ၌ နေသော ဣသရေလ လူ အပေါင်း တို့သည် သိမြင် လျှင် ၊ မြို့ ရွာတို့ကို စွန့်ပစ် သဖြင့် ၊ ဖိလိတ္တိ လူတို့သည်လာ ၍ နေ ကြ၏။ ၈ နက်ဖြန် နေ့၌ ဖိလိတ္တိ လူတို့သည် အသေကောင် တို့ ၌၊ အဝတ်တန်ဆာကို ချွတ် ခြင်းငှါ လာ သောအခါ ၊ ဂိလဗော တောင် ပေါ် မှာ ရှောလု နှင့် သူ ၏သား သုံး ယောက်တို့သည် သေ လျက်ရှိသည်ကို တွေ့မြင် ကြ၏။ ၉ အဝတ်တန်ဆာတော်ကို ချွတ် ပြီးမှ ခေါင်း တော်၊ လက်နက် တော်ကို ယူ ၍ သူတို့ရုပ်တု အိမ်များ၌ ၎င်း ၊ လူ များတို့ ၌ ၎င်း၊ သိတင်း ကျော်စောစေခြင်းငှါ ၊ ဖိလိတ္တိ

ပြည် အရပ်ရပ်သို့ ပေး လိုက်ကြ၏။ ၁၀ လက်နက် တော်ကိုလည်း သူ တို့ဘုရား ကျောင်း၌ ထား ၍ ၊ ခေါင်း တော်ကို ဒါဂုန် ဗိမာန် ၌ ဆွဲ ထားကြ၏။ ၁၁ ဖိလိတ္တိ လူတို့သည် ရှောလု ၌ ပြု သမျှ ကို ဂိလဒ် ပြည် ယာဗက်မြို့သားများကြား လျှင်၊ ၁၂ သူရဲ အပေါင်း တို့သည် ရှောလု ၏ အလောင်း နှင့် သူ ၏သား အလောင်း တို့ကို ယူ သွား၍ ၊ ယာဗက် မြို့သို့ ဆောင် ခဲ့သဖြင့် ၊ အရိုး တို့ကို ယာဗက် မြို့မှာ သပိတ် ပင် အောက် ၌ သင်္ဂြိဟ် ပြီးမှ ခုနစ် ရက် ပတ်လုံးအစာရှောင်ကြ ၏။ ၁၃ ထိုသို့ ရှောလု သည် ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်၊ လွန်ကျူး ၍ ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၎င်း၊ ၁၄ ထာဝရဘုရား ကို မ မေးမြန်း ဘဲနတ်ဝင် မိန်းမကို ရှာဖွေ မေးမြန်း သောကြောင့် ၎င်း၊ ထာဝရဘုရားသည် သူ့ ကိုကွပ်မျက် ၍ ၊ နိုင်ငံ တော်ကို ယေရှဲ သား ဒါဝိဒ် ၌ လွှဲအပ် တော်မူ၏။

၁၁ ထိုအခါ ဣသရေလ အမျိုးသားအပေါင်း တို့ သည် ဒါဝိဒ် ရှိရာ ဟေဗြုန် မြို့၌ စည်းဝေး ၍၊ ကျွန်တော် တို့သည် ကိုယ်တော် အရိုး ၊ ကိုယ်တော် အသား ဖြစ်ကြပါ ၏။ ၂ အထက် က ရှောလု သည် ရှင်ဘုရင် ဖြစ် သောအခါ ၊ ကိုယ်တော် သည် ဣသရေလ အမျိုးကို ဆောင်သွား လျက် ၊ သွင်း ပြန်လျက် နေတော်မူပြီ။ ကိုယ်တော် ၏ ဘုရားသခင် ထာဝရဘုရား ကလည်း၊ သင် သည်ငါ ၏လူ ဣသရေလ အမျိုးကိုလုပ်ကျွေး အုပ်စိုး ရမည်ဟု ကိုယ်တော် အား မိန့် တော်မူပြီဟု လျှောက်ဆိုကြ၏။ ၃ ထိုသို့ ဣသရေလ အမျိုးအသက်ကြီး သူအပေါင်း တို့သည် ရှင်ဘုရင် ရှိရာ ဟေဗြုန် မြို့သို့ ရောက် လာလျှင် ၊ ဒါဝိဒ် သည် ဟေဗြုန် မြို့၊ ထာဝရဘုရား ရှေ့ တော်မှာ သူ တို့ နှင့် မိဿဟာယ ဖွဲ့ ၍ ၊ ရှမွေလ အားဖြင့် ထာဝရဘုရား ဗျာဒိတ် ထားတော်မူသည်နှင့်အညီ ၊ သူတို့သည် ဒါဝိဒ် ကို ဘိသိတ် ပေး၍ ဣသရေလ ရှင်ဘုရင် အရာ ၌ ချီးမြှောက်ကြ၏။ ၄ တဖန် ဒါဝိဒ် သည် ဣသရေလ လူအပေါင်း တို့ကို ခေါ်၍၊ ပြည်သားရင်း ယေဗုသိ လူတို့နေ ရာ ယေဗုတ် မြို့ တည်းဟူသော ယေရုရှလင် မြို့သို့သွား လျှင်၊ ၅ ယေဗုတ် မြို့သား တို့က၊ သင်သည် ဤ မြို့သို့ မ ဝင် ရဟု ဆို ကြသော်လည်း ၊ ဒါဝိဒ် သည် ဒါဝိဒ် မြို့ တည်းဟူသော ဇိအုန် ရဲတိုက် ကို တိုက်ယူ လေ၏။ ၆ ဒါဝိဒ် ကလည်း၊ ယေဗုသိ လူတို့ကို အဦး လုပ်ကြဲ သောသူသည် ဗိုလ်ချုပ် ဖြစ် စေဟု အမိန့် တော်ရှိသည် အတိုင်း ၊ ဇေရုယာ သား ယွာဘ သည် အဦး တက် ၍ ဗိုလ်ချုပ် အရာကိုခံရ ၏။ ၇ ထိုနောက် ဒါဝိဒ် သည်ရဲတိုက် ၌ နေ သောကြောင့် ၊ ဒါဝိဒ် မြို့ ဟူသောအမည်ဖြင့် သမုတ် ကြ၏။ ၈ မိလ္လော အရပ်နှင့်တကွမြို့ ပတ်လည် ၌ တည်ဆောက် ပြီးမှ ကျန်ကြွင်း သောမြို့ ကိုယွာဘ ပြုပြင် လေ၏။ ၉ ဒါဝိဒ် သည် တိုးပွား ၍ အားကြီး သဖြင့် ၊ ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် သူ နှင့်အတူ ရှိတော်မူ၏။ ၁၀ ဣသရေလ အမျိုး၌ ထာဝရဘုရား ၏ အမိန့် တော်အတိုင်း ၊ ဒါဝိဒ်ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ ဣသရေလ အမျိုးအပေါင်း တို့နှင့် ဝိုင်း၍ ဒါဝိဒ် မင်း ဘက် မှာ ကြိုးစား အားထုတ်သော အမှုတော်ထမ်းသူရဲ ကြီး တို့၏ စာရင်းဟူမူကား၊ ၁၁ ဟခမောနိ အမျိုး ယာရှောဗံ သည် ဗိုလ်ချုပ် ဖြစ် ၏။ ထိုသူ သည် လံ့ ကိုကိုင် လျက်၊ လူသုံး ရာ ကို တခါတည်း တိုက်၍ လုပ်ကြဲ လေ၏။ ၁၂ သူ့ နောက် မှာ အဟောဟိ အမျိုးဒေါဒေါ သား ဧလာဇာ သည် ဒါဝိဒ် နှင့်အတူ ပါ ၊ သဒမ္မိမ် မြို့သို့ လိုက်သော သူရဲ သုံး ယောက် အဝင်ဖြစ်၏။ ၁၃ ဖိလိတ္တိ လူတို့သည် စစ်တိုက် ခြင်းငှါ မုယော စပါးစိုက်သော လယ်ကွက် ၌ စုဝေး

၍ ကသရေလလူ တို့ သည် ရန်သူ၌ မှာ ပြေး ကြသော်လည်း၊ ၁၄ ထိုသူတို့သည် လယ်ကွက် အလယ် ၌ ရပ် ၍ စောင့်မ လျက် ဖိလိတ္တိ လူတို့ကိုလုပ်ကြံ သောအခါ၊ ထာဝရဘုရား သည် ကြီးစွာ သော အောင် ခြင်းအားဖြင့်သူတို့ကို ကယ်တင် တော်မူ၏။ ၁၅ ဗိုလ် စုအဝင်သုံး ယောက်တို့သည် ဒါဝိဒ် ရှိရာ ကျောက် ကြား၊ အဒုလံ ဥမင် သို့ ဆင်းသွား ၍၊ ဖိလိတ္တိ လူတို့ သည် ရေဖိမ် ချိုင့် ၌ တပ်ချ လျက် ရှိကြ၏။ ၁၆ ထိုအခါ ဒါဝိဒ် သည် ရဲတိုက် တွင် နေ၍၊ ဖိလိတ္တိ လူတို့သည် ဗက်လင် မြို့၌ လည်း တပ်ချကြ၏။ ၁၇ ဒါဝိဒ် ကလည်း တစုံတယောက် သောသူသည် ဗက်လင် မြို့တံခါး နား မှာရှိသော ရေတွင်း ထဲက ရေ ကို ခပ် ၍ ငါ့ အားပေး ပါစေသောဟု တောင့်တ သောစိတ်နှင့် ဆို သော်၊ ၁၈ ထိုသူသုံး ယောက်တို့သည် ဖိလိတ္တိ တပ် ကိုဖျက် ၍၊ ဗက်လင် မြို့ တံခါး နား မှာရှိသော ရေတွင်း ထဲက ရေ ကို ခပ်ယူ ပြီးလျှင် ဒါဝိဒ် ထံ တော်သို့ဆောင် ခဲ့ကြ၏။ သို့သော်လည်း ဒါဝိဒ် သည် မ သောက် ဘဲ ထာဝရဘုရား ရှေ့ တော်၌ သွန်း လျက်၊ ၁၉ ဤ ရေကို သောက်သောအမှုသည် ငါ နှင့် ဝေး ပါစေသော။ ကိုယ် အသက် ကို မနှမြောဘဲသွားသောသူ တို့၏ အသွေး ကို ငါသောက် ရမည်လော။ သူတို့သည် ကိုယ် အသက် ကို စွန့်စား၍ ဤရေကိုဆောင် ခဲ့ကြ ပြီဟုဆိုလျက် မ သောက် ဘဲနေ၏။ ထိုသူရဲ သုံး ယောက်တို့သည် ထိုသို့ သော အမှုတို့ကိုပြု ကြ၏။ ၂၀ ယွာဘ ညီ အဘိရှဲ သည်လည်း သူရဲသုံး ယောက် တွင် အကြီး ဖြစ် ၏။ သူ သည် လံ့ ကိုကိုင် ၍ လူသုံး ရာ တို့ကို တိုက်ဖျက်လုပ်ကြဲ သောကြောင့်၊ သူရဲသုံး ယောက် အဝင် နေရာရသတည်း။ ၂၁ သူရဲသုံး ယောက်တွင် နှစ် ယောက်ထက်သာ၍မြတ် သောကြောင့်ဗိုလ်ချုပ် အရာကိုရ ၏။ သို့သော်လည်း ပဌမသူရဲသုံး ယောက်တို့ကို မ မှီ။ ၂၂ အထူးသဖြင့် ပြုဘူးသောကပ်ဇေလ မြို့သား၊ သူရဲ ယောယဒ ၏သား ဗေနာယ သည်လည်း ခြင်္သေ့ နှင့် တူသော မောဘ လူနှစ် ယောက်ကိုသတ် ၏။ ဆောင်း ကာလ ၌ လည်း၊ အခြားသို့သွား ၍ မြေတွင်း ၌ ရှိသောခြင်္သေ့ ကိုသတ် ၏။ ၂၃ အရပ်ငါး တောင် မြင့်သော အဲဂုတ္တာ လူ ကိုလည်း သတ် ၏။ အဲဂုတ္တာ လူသည် ရက်ကန်း လက်လိပ်နှင့်အမျှ ကြီးသော လံ့ ကိုကိုင်သော်လည်း၊ ဗေနာယသည် တောင်ဝေး ကိုသာ ကိုင်လျက်သွား ၍၊ အဲဂုတ္တာ လူလက် မှ လံ့ ကို လုယူ ပြီးလျှင် ထိုလံ့ နှင့် သူ့ ကိုသတ် ၏။ ၂၄ ထိုသို့ သော အမှုတို့ကို ယောယဒ သား ဗေနာယ သည် ပြု ၍ သူရဲ သုံး ယောက်အဝင် နေရာကိုရ၏။ ၂၅ ဗိုလ်များထက် သာ၍မြတ် သော်လည်း ပဌမ သူရဲသုံး ယောက်တို့ကိုမ မှီ။ ဒါဝိဒ် သည် အတွင်းဝန် ချုပ် အရာကို လည်း ပေး ၏။ ၂၆ ယွာဘ ညီ အာသဟေလ သည်လည်း ဗိုလ် စုအဝင်ဖြစ်၏။ ထိုအတူ၊ ဗက်လင် မြို့ နေ၊ ဒေါဒေါ ၏သား ဧလဟာနန်၊ ၂၇ ဟရောဒိ အမျိုး ရှမ္မ၊ ဖာလတိ အမျိုး ဟေလက်၊ ၂၈ တေကော အမျိုး ဣကေရှ ၏သား ဣရ၊ အနေသောသိ အမျိုး အဗျေဇာ၊ ၂၉ ဟုရှသိ အမျိုးသိဗေကဲ၊ အဟောဟိ အမျိုး ဣလဲ၊ ၃၀ နေတောဖာသိ အမျိုး မဟာရဲ၊ နေတောဖာသိ အမျိုး ဗာန ၏သား ဟေလက်၊ ၃၁ ဗင်္ယာမိန် အမျိုး၊ ဂိဗာ မြို့ နေ၊ ရိဘဲ ၏သား ဣတ္တဲ၊ ပိရသောနိ အမျိုး ဗေနာယ၊ ၃၂ ဂါရှ ချိုင့် သားဟုရဲ၊ အာဗသိ အမျိုးအဗျေလ၊ ၃၃ ဗာဟုမိ အမျိုးအာဇမာဝက်၊ ရှာလဗောနိ အမျိုး ဧလျာဘ၊ ၃၄ ဂိဇောနိ အမျိုးယာရှင် ၏သား တို့တွင် ယောနသန်၊ ဟာရရိ အမျိုး ရှမ္မ၊ ၃၅ ဟာရရိ အမျိုးရှာရ ၏ သား အဟိအံ၊ ဥရ ၏သား ဧလိဖလ၊ ၃၆ မေခေရသိ အမျိုးဟေဖာ၊ ပေလောနိ အမျိုး အဟိယ၊ ၃၇ ကရမေလ အမျိုးဟေဇရဲ၊ ဧဇဲဗဲ ၏သား နာရဲ၊ ၃၈ နာသန်

၏ညီ ယောလ ၊ ဟဂ္ဂေရိ ၏သား မိဗဟာ၊ ၃၉ အမျိုန် အမျိုးဧလေက် ၊ ဧရုယာ သား ယွာဘ ၏ လက်နက် ဆောင် လုလင်၊ ဗေရောသိ အမျိုး နဟာရဲ ၊ ၄၀ ဣသရိ အမျိုး ဣရ ၊ ဣသရိ အမျိုးဂါရက်၊ ၄၁ ဟိတ္တိ အမျိုးဥရိယ ၊ အာလဲ ၏သား ဇာဗဒ်၊ ၄၂ ရှဗင် အမျိုးသားသုံး ကျိပ်ကို အုပ်သောဗိုလ် ၊ ရှိဓ ၏သား အဒိန၊ ၄၃ မာခါ ၏သား ဟာနန် ၊ မိသနိ အမျိုး ယောရှဖတ်၊ ၄၄ အာရှတယောသိ အမျိုးဩဇိ ၊ အာရော် အမျိုး ဟောသန် ၏သား ရှာမ နှင့် ယေဟေလ၊ ၄၅ တိဇိ အမျိုးရှိမရိ ၏သား ယေဒျေလ နှင့် သူ ၏ညီ ယောဟ၊ ၄၆ မဟာဝိ အမျိုးဧလျောလ ၊ ဧလနန် ၏သား ယေရိဗဲ နှင့် ယောရှဝိ ၊ မောဘ အမျိုးဣသမ နှင့်တကွ၊ ၄၇ ဧလျောလ ၊ ဩဗက် ၊ မေဇောဗိတ် အမျိုး ယာသေလ တည်း။

၁၂ ၂ ဒါဝိဒ် သည် ကိရှ ၏သား ရှောလု ကိုရှောင် ၍ ဇိကလတ် မြို့၌ နေစဉ်၊ သူဘက်သို့ ဝင်စား သောသူ၊ လေး လက်နက် ကိုဆောင်၍ လက်ျာ လက် လက်ဝဲ လက်မရွေး၊ ကျောက် နှင့် မြား ကိုပစ်တတ်သောစစ်သူရဲကြီး ၊ ရှောလု ပေါက်ဘော် ဗယ်ာမိန် အမျိုးသားဟူမူကား၊ ၃ အကြီးအကဲ အဟေဇာ ၊ သူနောက်ယောရှ ၊ ဂိဗာ မြို့သားရှေမာ ၊ အာဇမာဝက် သား ယေဇေလ နှင့် ပေလက် ၊ ဗေရာခ ၊ အန္တောသိ အမျိုး ယေဟု ၊ ၄ ဗိုလ်စုတွင် ထူးဆန်း၍အကြီးအကဲ လုပ်သော ဂိဗောင် မြို့သားဣရှမာယ ၊ ယေရမိ ၊ ယဟာဇေလ ၊ ယောဟနန် ၊ ဂေဒရသိ အမျိုးယောဇဗဒ်၊ ၅ ဧလုဇဲ ၊ ယေရိမုတ် ၊ ဗာလျာ ၊ ရှေမရိ ၊ ဟရုဖ အမျိုးရှေဖတိ၊ ၆ ဧလကာန ၊ ယေရှာ ၊ အာဇရေလ ၊ ယောဇာ ၊ ကောရသိ အမျိုး ယာရှောဗ၊ ၇ ဂေဒေါ် မြို့နေ၊ ယေရောဟံ သား ယောလာ နှင့် ဇေဗဒိ တည်း။ ၈ ထိုမှတပါး ၊ ဒါဝိဒ် ရှိရာ တော ရဲတိုက် သို့ ထွက်သွား သောသူ၊ ခွန်အား ကြီး၍ ဒိုင်း လွှားဆောင် လျက် စစ်တိုက် ခြင်းငှါ တတ်စွမ်း နိုင်သောသူ၊ ခြင်္သေ့ ကဲ့သို့မျက်နှာ ရဲ၍ တောင် ပေါ် မှာ ဒရယ် ကဲ့သို့ လျင်မြန် သော သူဂဒ် အမျိုးသားဟူမူကား၊ ၉ ဧဇာ တပါး၊ ဩဗဒိ တပါး၊ ဧလျာဘ တပါး၊ ၁၀ မိရှမန္နာ တပါး၊ ယေရမိ တပါး၊ ၁၁ အတ္တဲ တပါး၊ ဧလျောလ တပါး၊ ၁၂ ယောဟနန် တပါး၊ ဧလဇာဗဒ် တပါး၊ ၁၃ ယေရမိ တပါး၊ မာခဗာနဲ တပါး၊ ပေါင်းတကျိပ် တပါးတည်း။ ၁၄ ဤ သူတို့သည် ဂဒ် အမျိုးသား တွင် ဗိုလ် လုပ်၍၊ အငယ် ကား လူတရာ ၊ အကြီး ကားလူတထောင် ကို အုပ်သောသူဖြစ်ကြ၏။ ၁၅ ယော်ဒန် မြစ်ရေသည် ကမ်း တရှောက်လုံး ကို လွှမ်းမိုး သော ကာလပဌမ လ တွင် ၊ သူတို့သည် ကူး ၍ မြေညီရာအရပ်အရှေ့အနောက် ၌ နေသောသူအပေါင်း တို့ကို ပြေး စေကြ၏။ ၁၆ ဗယ်ာမိန် အမျိုးသား နှင့် ယုဒ အမျိုးသားအချို့တို့ သည် ဒါဝိဒ် ရှိရာ ရဲတိုက် သို့ လာ သောအခါ၊ ၁၇ ဒါဝိဒ် သည် ကြိုဆိုခြင်းငှါထွက်သွား ၍ ၊ ငါ့ ကို မစ ခြင်းငှါ မေတ္တာ စိတ်နှင့် လာ လျှင် ငါသဘော တူ ၏။ သို့မဟုတ် ငါ့ ကိုရန်သူ လက် သို့ အပ်ခြင်းငှါ လာလျှင် ငါ ၌ အပြစ် မ ရှိသောကြောင့် ၊ ဘိုးဘေး တို့၏ ဘုရားသခင် သည် ကြည့်ရှု ၍ ဆုံးမ တော်မူပါစေသောဟုဆိုသော်၊ ၁၈ ဝိညာဉ် တော်သည် ဗိုလ်ချုပ် အာမသဲ အပေါ် မှာ သက်ရောက် ၍၊ အိုဒါဝိဒ် ၊ ကျွန်တော်တို့သည် ကိုယ်တော် ၏လူ၊ အိုယေရှဲ ၏သား တော်၊ ကိုယ်တော် ဘက်သို့ ဝင်စား သောသူဖြစ်ပါ၏။ ကိုယ်တော်၌ မင်္ဂလာ ရှိပါစေသော။ မင်္ဂလာရှိပါစေသော။ ကိုယ်တော် ကိုမစ သောသူ၌ မင်္ဂလာ ရှိပါစေသော။ ကိုယ်တော် ၏ဘုရားသခင် သည် ကိုယ်တော် ကို မစ တော်မူပါစေသောဟု ပြန်ပြောလေသော်၊ ဒါဝိဒ်သည် သူ တို့ကို လက်ခံ ၍ ဗိုလ် အရာ၌ ခန့်ထား လေ၏။ ၁၉ ထိုမှတပါး ၊ ဒါဝိဒ်သည် ရှောလု ကို စစ်တိုက် သွား

သော ဖိလိတ္တိ လူတို့နှင့် လိုက် သောအခါ ၊ ဖိလိတ္တိ မင်း တို့က၊ ဤသူသည် ငါ တို့ကိုအပ်၍ မိမိ သခင် ရှောလု ဘက်သို့ ဝင်စားမည်ဟု တိုင်ပင် ပြီးမှ ပြန် စေသောကြောင့် ၊ ဒါဝိဒ် သည် စစ်မ ကူ ဘဲ ဓိကလတ် မြို့သို့ သွား သောကာလ ၊ သူဘက် သို့ ဝင်စားသော မနာရှေ အမျိုးသားဟူမူကား၊ ၂၀ မိမိအမျိုးသားတို့တွင် လူတထောင် ကို အုပ် သော ဗိုလ် ၊ အာဒန ၊ ယောဇဗဒ် ၊ ယေဒယေလ ၊ မိကျေလ ၊ ယောဇဗဒ် ၊ ဧလိဟု ၊ ဓိလသဲ တည်း။ ၂၁ ထိုသူ အပေါင်း တို့သည် ခွန်အား ကြီးသော စစ်သူရဲ ဗိုလ်ကြီး ဖြစ် ၍ ၊ ထားပြ လုပ်သောသူတို့ တဘက် ၌ ဒါဝိဒ် ကို မစ ကြ၏။ ၂၂ ထိုကာလ ၌ ဘုရားသခင် ၏ ဗိုလ်ခြေ ကဲ့သို့ ကြီးစွာ သော ဗိုလ်ခြေ ဖြစ်သည်တိုင်အောင် တနေ့ ထက် တနေ့ဒါဝိဒ် ကို ကူညီ ၍ဝင်စား ကြ၏။ ၂၃ ထာဝရဘုရား ၏ အမိန့် တော်အတိုင်း ၊ ရှောလု ၏ နိုင်ငံ ကို ဒါဝိဒ်လက်သို့လွှဲ ခြင်းငှါ ဒါဝိဒ် ရှိရာ ဟေဗြုန် မြို့သို့ လာ သောသူ၊ စစ်တိုက် လက်နက် စုံနှင့်ပြည့်စုံသော တပ်သားစာရင်း ဟူမူကား၊ ၂၄ ဒိုင်း နှင့် လှံ ကိုဆောင် ၍ စစ်တိုက် လက်နက်စုံ နှင့်ပြည့်စုံသော ယုဒ အမျိုးသား ခြောက် ထောင် ရှစ် ရာ၊ ၂၅ ခွန်အား ကြီးသော စစ်သူရဲ ၊ ရှိမောင် အမျိုးသား ခုနစ် ထောင် တရာ၊ ၂၆ လေဝိ အမျိုးသား လေး ထောင် ခြောက် ရာ၊ ၂၇ အာရုန် အမျိုးအုပ် ၊ ယောယဒ နှင့်အတူ ပါသော အာရုန်အမျိုးသားသုံး ထောင် ခုနစ် ရာ၊ ၂၈ ခွန်အား ကြီးသောသူရဲ ၊ လူပျို ဇာဒုတ် နှင့် သူ ၏ အဆွေအမျိုး တပ်မှူး နှစ်ကျိပ် နှစ် ပါး၊ ၂၉ ရှောလု ပေါက်ဘော် ဖြစ်သော ဗင်္ယာမိန် အမျိုးသား သုံး ထောင် ၊ ထိုအမျိုးသားအများ တို့သည် ရှောလု ဘက်မှာစောင့် နေကြ၏။ ၃၀ ခွန်အား ကြီး၍ အဆွေအမျိုး တို့တွင် ထင်ရှားသော ဧဖရိမ် အမျိုးသား နှစ် သောင်းရှစ် ရာ၊ ၃၁ ဒါဝိဒ် ကို ရှင် ဘုရင်အရာ၌ချီးမြှောက်ခြင်းငှါ စာရင်း ဝင်သော မနာရှေ အမျိုး ဝက် ထဲက လူတသောင်း ရှစ်ထောင်၊ ၃၂ ကာလ အချိန်တို့ကို နားလည် ၍ ဣသရေလ အမျိုးသည် အဘယ်သို့ ပြု သင့်သည်ကို သိ တတ်သော ဣသခါ အမျိုးသား သူကြီး နှစ် ရာ၊ သူ တို့အမျိုးသား ချင်း အပေါင်း တို့သည် အသင့်ရှိကြ၏။ ၃၃ စိတ် နှစ်ခွန ရှိ၊ တပ် အခင်းအကျင်း မပျက်၊ စစ်တိုက် လက်နက်စုံ နှင့် ပြည့်စုံလျက် စစ်ချီ ၍ တိုက်တတ် သော ဇာဗုလုန် အမျိုးသားငါး သောင်း၊ ၃၄ နဿလိ အမျိုးသားဗိုလ် တထောင် ၊ ဒိုင်း နှင့် လှံ ကို ဆောင်သော သူသုံးသောင်း ခုနစ်ထောင်၊ ၃၅ ဒန် အမျိုးထဲက စစ်မှူး စစ်ရေး၌ လေ့ကျက် သော သူနှစ်သောင်း ရှစ်ထောင်ခြောက် ရာ၊ ၃၆ အာရှာ အမျိုးထဲက ထိုအတူ လေ့ကျက် ၍ စစ် ချီ တတ်သောသူ လေးသောင်း ၊ ၃၇ ယော်ဒန် မြစ်တဘက် ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် ထဲက စစ်တိုက် လက်နက်စုံ အမျိုးမျိုး နှင့်ပြည့်စုံသောသူ တသိန်း နှစ်သောင်းတည်း၊ ၃၈ စစ်အခင်းအကျင်းမပျက်၊ တိုက် တတ်သောသူ၊ အထက်ဆိုခဲ့ပြီး သောသူ အပေါင်း တို့သည် ဒါဝိဒ် ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ ကြည်ညိုသောစိတ် အားကြီး၍ ဟေဗြုန် မြို့သို့ လာ ကြ၏။ ကျန်ကြွင်း သော ဣသရေလ အမျိုးသားအပေါင်း တို့သည်၊ ဒါဝိဒ် ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ချင်သောစိတ် သဘောတညီတညွတ် တည်းရှိကြ၏။ ၃၉ ထိုသူအပေါင်းတို့သည် သုံး ရက် ပတ်လုံးအထံ တော်၌ စား သောက် လျက် နေ ကြ၏။ အမျိုးသား ချင်းတို့ သည် ပြင်ဆင် နှင့်ကြပြီ။ ၄၀ အနီးအပါး ၌ နေသောသူတို့သည်လည်း ၊ သိုး နွား နှင့်တကွအမဲသား၊ မုန့်ညက် ၊ သင်္ဘော သဖန်းသီး၊ စပျစ်သီး ၊ စပျစ်ရည် ၊ ဆီ တည်းဟူသောရိက္ခာ များကို မြည်း

၊ ကုလားအုပ် ၊ လား ၊ နွား အပေါ် မှာတင်လျက် ကျသခါ ခရိုင်၊ ဇာဗုလုန် ခရိုင်၊ နဿလိ ခရိုင်မှ ပင့်ဆောင် ခဲ့၍ ကျသရေလ အမျိုးသားတို့သည် ပျော်မွေ့ ကြ၏။

၁၃ တဖန် ဒါဝိဒ် သည် လူတထောင် အုပ် ၊ တရာ အုပ် အစရှိသော အကြီးအကဲ အပေါင်း တို့နှင့် တိုင်ပင် ပြီးလျှင်၊ ၂ ကျသရေလ အမျိုး ပရိသတ် အပေါင်း တို့အား ၊ သင်တို့သည် အလိုရှိ၍ ငါ တို့၏ဘုရားသခင် ထာဝရဘုရား အခွင့်ပေးတော်မူလျှင် ၊ ကျသရေလ နိုင်ငံအရပ်ရပ် ၌ ကျန်ကြွင်း သေးသော ငါ တို့ ညီအစ်ကို များ၊ မြို့ နှင့်မြို့နယ် ၌ နေသောယဇ်ပုရောဟိတ် ၊ လေဝိ သားများတို့သည် ငါ တို့ နှင့်အတူ စည်းဝေး စေခြင်းငှါအနှံ့အပြား စေလွှတ် ကြကုန်အံ့။ ၃ ငါ တို့၏ဘုရားသခင် သေတ္တာ တော်ကို တဖန် ဆောင်ခဲ့ကြကုန်အံ့။ ရှောလု လက်ထက် ၌ ထိုသေတ္တာ တော်ရှေ့မှာ မေးမြန်း လေ့မ ရှိပါတကားဟု မိန့်တော်မူသောစကားကို၊ ၄ စည်းဝေးသော ပရိသတ် အပေါင်း တို့သည် နှစ်သက် သောကြောင့် ၊ အမိန့်တော်အတိုင်းပြု ပါမည်ဟု ဝန်ခံ ကြ၏။ ၅ ထိုသို့ဒါဝိဒ် သည် ဘုရားသခင် ၏ သေတ္တာ တော် ကို၊ ကိရယတ်ယာရိမ် မြို့မှ ဆောင် ခဲ့ခြင်းငှါ အဲဂုတ္တု ပြည် အနား၊ ရှိဟောရ မြစ်မှစ၍ ဟာမတ် မြို့လမ်းဝတိုင်အောင် နေသောကျသရေလ အမျိုးသားအပေါင်း တို့ကို စုဝေး စေပြီးလျှင်၊ ၆ ခေရုဗိမ် ကြားမှာ ကျိန်းဝပ် တော်မူသောထာဝရဘုရား ၏နာမ တော်နှင့်ဆိုင်သော ဘုရားသခင် ၏ သေတ္တာ တော်ကို ဆောင် ခဲ့ခြင်းငှါ၊ ကျသရေလ အမျိုးသားအပေါင်း တို့နှင့်တကွ၊ ယုဒ ပြည်ကိရယတ်ယာရိမ် မြို့တည်းဟူသော ဗာလာ မြို့သို့ သွား လေ၏။ ၇ ဘုရားသခင် ၏ သေတ္တာ တော်ကို လှည်း သစ် ပေါ် မှာတင်၍ အဘိနဒပ် အိမ် ထဲက ထုတ် ကြ၏။ ဩဇ နှင့် အဟိဩ သည်လှည်း ကို နှင် ကြ၏။ ၈ ဒါဝိဒ် နှင့် ကျသရေလ အမျိုးသားအပေါင်း တို့ သည် သီချင်း ဆိုလျက် စောင်း ၊ တယော ၊ ပတ်သာ ၊ နှဲခရာ၊ ခွက်ကွင်း ၊ တံပိုး တို့ကို ကိုင်လျက် ထာဝရဘုရားရှေ့တော်၌ အား ထုတ်၍ တီးမှုတ် ကြ၏။ ၉ ခိဒုန် ကောက်နယ်တလင်းသို့ ရောက် သောအခါ ၊ နွား တို့သည် ဘုရားသခင်၏ သေတ္တာ တော်ကို လှုပ်ရှား သောကြောင့် ၊ ဩဇ သည်လက် ကိုဆန့် ၍ သေတ္တာတော် ကို ကိုင် ၏။ ၁၀ ထိုသို့ သေတ္တာ တော်ကို ကိုင် သောကြောင့် ၊ ထာဝရဘုရား သည် ဩဇ ကို အမျက် ထွက် ၍ ၊ ဒဏ်ခတ် တော်မူသဖြင့် ၊ ဩဇသည် ဘုရားသခင် ရှေ့ တော်၌ သေ လေ၏။ ၁၁ ဩဇ ကို ထာဝရဘုရား ဒဏ်ခတ် တော်မူသောကြောင့် ဒါဝိဒ် သည် ညှိုးငယ် သောစိတ်ရှိ၏။ ထို အရပ် သည် ယနေ့ တိုင်အောင် ပေရဇောဇ အမည် ဖြင့် တွင် သတည်း။ ၁၂ ထို နေ့ ၌ ဒါဝိဒ် သည် ဘုရားသခင် ကို ကြောက် ၍ ၊ ဘုရားသခင် ၏ သေတ္တာ တော်ကို အဘယ်ကြောင့်ငါ့ ထံသို့ ဆောင် ခဲ့ရမည်နည်းဟုဆို လျက်၊ ၁၃ မိမိနေရာဒါဝိဒ် မြို့ ထဲသို့ သေတ္တာ တော်ကို မ ဆောင် ဘဲ ဂိတ္တိ လူဩဗဒဲ့ အိမ် သို့ လွှဲ ၍ ဆောင်သွားလေ၏။ ၁၄ ဘုရားသခင် ၏သေတ္တာ တော်သည် သုံး လ ပတ်လုံး၊ ဩဗဒဲ့ အိမ် တွင် အိမ်သူ အိမ်သားများဆီမှာ ရှိ ၏။ ထာဝရဘုရား သည် ဩဗဒဲ့ နှင့် အိမ်သူ အိမ်သား အပေါင်း တို့ကို ကောင်းကြီး ပေးတော်မူ၏။

၁၄ တုရု မင်းကြီး ဟိရံ သည် ဒါဝိဒ် အဘို့ နန်း တော်ကို တည်ဆောက် ခြင်းငှါ ၊ သံတမန် နှင့်တကွအာရဇ် သစ်သား ၊ လက်သမား ၊ ပန်းရန်သမား တို့ကို စေလွှတ် လေ၏။ ၂ ထာဝရဘုရား သည် ဒါဝိဒ်ကို ကျသရေလ ရှင်ဘုရင် အရာ၌ ခန့်ထား တော်မူကြောင်း နှင့် မိမိ လူ ကျသရေလ အမျိုးအဘို့ အလိုငှါ၊ နိုင်ငံ ကို ချီးမွှောက် တော်မူကြောင်း ကို ဒါဝိဒ် သိမြင် ၏။ ၃ ဒါဝိဒ် သည် ယေရုရှလင် မြို့၌ ထပ်၍ မယား တို့ကို သိမ်းယူ သဖြင့် သား သမီး များတို့ကို မြင် လေ၏။ ၄ ယေရုရှလင် မြို့၌ ဒါဝိဒ်မြင် သော သားတို့အမည် ကား၊ ရှမွာ ၊ ရှောဗပ် ၊ နာသန် ၊ ရှောလမုန်၊ ၅ ကျဗဟာ ၊ ဧလိရှ ၊ ဧလိပလက်၊ ၆ နောဂ ၊ နေဖက် ၊ ယာဖျာ၊ ၇ ဧလိရှမာ ၊ ဧလျာဒ ၊ ဧလိဖလက် တည်း။ ၈ ဒါဝိဒ် ကို ဘိသိက် ပေး၍ ကျသရေလ ရှင်ဘုရင် အရာ ၌ ခန့်ထားကြောင်း ကို ဖိလိတ္တိ လူတို့သည်ကြား လျှင် ၊ ထိုသူအပေါင်း တို့သည် ဒါဝိဒ် ကို ရှာ ၍ လာ ကြ၏။ ထိုသိတင်းကို ဒါဝိဒ် သည် ကြား သောအခါ ချီသွား ၏။ ၉ ဖိလိတ္တိ လူတို့သည် လာ ၍ ရေဖိမ် ချိုင့် ၌ အနှံ့အပြား နေကြ၏။ ၁၀ ဒါဝိဒ် ကလည်း ၊ အကျွန်ုပ်သည် ဖိလိတ္တိ လူတို့ ရှိရာသို့ သွား ရပါမည်လော။ အကျွန်ုပ် လက် ၌ အပ် တော်မူ မည်လောဟု ဘုရားသခင် ကို မေးလျှောက် လျှင် ၊ ထာဝရဘုရား က သွား လော့။ သင့် လက် ၌ ငါအပ် မည်ဟု မိန့် တော်မူသည်အတိုင်း၊ ၁၁ ဒါဝိဒ် သည် ဗာလပေရဇိမ် မြို့သို့ သွား ၍ သူ တို့ကို လုပ်ကြံ ပြီးမှ ၊ ဘုရားသခင် သည် ရေ ထ၍ဖြိုဖျက် သကဲ့သို့ ငါ့ ရန်သူ တို့ကို ငါ့ အားဖြင့် ဖြိုဖျက် တော်မူပြီဟုဆို လျက်၊ ထို အရပ် ကို ဗာလပေရဇိမ် အမည် ဖြင့် တွင် စေသတည်း။ ၁၂ ထို အရပ်၌ ဖိလိတ္တိလူများ ပစ်ထား သော ရုပ်တု များကို ဒါဝိဒ် ၏အမိန့် တော်နှင့် မီး ရှို့ ကြ၏။ ၁၃ တဖန် ဖိလိတ္တိ လူတို့သည် ထိုချိုင့် ၌ အနှံ့အပြား လာ၍နေကြ၏။ ၁၄ ဒါဝိဒ် သည်လည်း ဘုရားသခင် ကို တဖန် မေးလျှောက် သော်၊ သူ တို့ရှိရာ သို့ တည့်တည့်မ တက် ရ။ သူ တို့မှ လွှဲ ၍ ပိုးစာ တောတဘက် တချက်၌ ချီ ရမည်။ ၁၅ ပိုးစာ ပင်ဖျား ၌ စစ်ချီ သံ ကိုကြား သောအခါ ၊ တိုက် အံ့သောငှါ ချီ လော့။ ထိုအခါ ဘုရားသခင် သည် ဖိလိတ္တိ တပ် ကို လုပ်ကြံ ခြင်းငှါ သင့် ရှေ့မှာ ကြွ သွားမည်ဟု ဘုရားသခင် မိန့် တော်မူသည်အတိုင်း၊ ၁၆ ဒါဝိဒ် သည် ပြု ၍ ဖိလိတ္တိ လူတို့ကို ဂိဗောင် မြို့မှ သည် ဂါဇေရ မြို့တိုင်အောင် လုပ်ကြံ လေ၏။ ၁၇ ဒါဝိဒ် သိတင်း သည်အတိုင်းတိုင်း အပြည်ပြည်တို့ ၌ နှံ့ ပြား ၍ ၊ ခပ်သိမ်း သော လူမျိုး တို့သည် သူ ကို ကြောက်ရွံ့ စေခြင်းငှါထာဝရဘုရား စီရင် တော်မူ၏။

၁၅ ထိုနောက် ဒါဝိဒ် မြို့ ၌ အိမ် တော်တို့ကို ဆောက် တော်မူ၏။ ဘုရားသခင် ၏ သေတ္တာ တော်ဌာန ကို ပြင် ၍ တဲ တော်ကိုလည်း တည်တော်မူပြီးမှ၊ ၂ ဒါဝိဒ် က၊ ဘုရားသခင် ၏ သေတ္တာ တော်ကို ထမ်း ၍ ရှေ့တော်၌ အမှု တော်ကို အစဉ် စောင့်စေခြင်းငှါ ထာဝရဘုရား သည် လေဝိ သားတို့ကို ရွေးချယ် တော်မူသောကြောင့် ၊ အခြားတပါးသောသူတို့ သည် ဘုရားသခင် ၏ သေတ္တာ တော်ကို မ ထမ်း ရကြဟုဆို လျက်၊ ၃ ထာဝရဘုရား ၏ သေတ္တာ တော်အဘို့ ပြင်ဆင် သော အရပ် ဌာနသို့ ဆောင် ခဲ့ခြင်းငှါ ကျသရေလ အမျိုးသားအပေါင်း တို့ကို ယေရုရှလင် မြို့၌ စုဝေး စေသောအခါ၊ ၄ အာရုန် သား တို့နှင့် လေဝိ သားတို့ကိုလည်း စုဝေး စေတော်မူ၍ ရောက်လာသောသူဟူမူကား၊ ၅ ကောဟတ် အမျိုး တွင် အကြီး ဖြစ်သော ဥရေလ နှင့် သူ ၏ညီအစ်ကို တရာ နှစ်ဆယ်၊ ၆ မေရာရိ အမျိုး တွင် အကြီး ဖြစ်သော အသာယ နှင့်

သူ ၏ညီအစ်ကို တရာ နှစ်ဆယ်၊ ၇ ဂေရရှု အမျိုး တွင် အကြီး ဖြစ်သော ယောလ နှင့် သူ ၏ညီအစ်ကို တရာ သုံးဆယ်၊ ၈ ဧလိဇဖန် အမျိုး တွင် အကြီး ဖြစ်သော ရှေမာယ နှင့် သူ ၏ညီအစ်ကို နှစ် ရာ ၉ ဟေဗြုန် အမျိုး တွင် အကြီး ဖြစ်သော ဧလျေလ နှင့် သူ ၏ညီအစ်ကို ရှစ် ဆယ်၊ ၁၀ ဩဇေလ အမျိုး တွင် အကြီး ဖြစ်သော အမိနဒပ် နှင့် သူ ၏ညီအစ်ကို တရာ တဆယ် နှစ် ယောက်တည်း။ ၁၁ ဒါဝိဒ် သည်လည်း ယဇ်ပုရောဟိတ် ဇာဒုတ် နှင့် အဗျာသာ ၊ လေဝိ သား ဩရေလ ၊ အသာယ ၊ ယောလ ၊ ရှေမာယ ၊ ဧလျေလ ၊ အမိနဒပ် တို့ကို ခေါ် ၍၊ ၁၂ သင် တို့သည် လေဝိ သားအဆွေအမျိုး သူကြီး ဖြစ်ကြ၏။ ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏ သေတ္တာ တော်အဘို့ ငါပြင်ဆင် သော အရပ် ဌာနသို့ ဆောင် ခဲ့ခြင်းငှါကိုယ် ကိုငင်း ၊ ညီအစ်ကို တို့ ကိုငင်း၊ သန့်ရှင်း စေကြလော့။ ၁၃ အရင် ကမသန့်ရှင်း၊ တရား လမ်းသို့ မ လိုက် ဘဲ ငါ တို့ဘုရားသခင် ထာဝရဘုရား ကို ရှာသောကြောင့်ဒဏ်ခတ် တော်မူသည်ဟု သတိပေး၏။ ၁၄ ထိုအခါ ယဇ်ပုရောဟိတ် တို့နှင့် လေဝိ သား တို့သည်၊ ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏သေတ္တာ တော်ကို ဆောင် ခဲ့ခြင်းငှါ ကိုယ်ကိုသန့်ရှင်း စေကြ၏။ ၁၅ ထာဝရဘုရား အမိန့် တော်နှင့်အညီ မောရှေ မှာထား ခဲ့သည်အတိုင်း ၊ လေဝိ သား တို့သည် ဘုရားသခင် ၏ သေတ္တာ တော်ကို သေတ္တာတော်ထမ်းဘို့ ဖြင့် ထမ်း ကြ ၏။ ၁၆ လေဝိ သားအကြီးအကဲ တို့သည် စောင်း ၊ တယော ၊ ခွက်ကွင်း အစရှိသော တုရိယာ မျိုးနှင့် သီချင်း ဆိုတတ် သော ညီအစ်ကို တို့ကို ဝမ်းမြောက် စွာ အသံ ပြိုင် ဆိုစေခြင်းငှါ ခန့်ထားရမည်အကြောင်းအမိန့် တော်ရှိသည် အတိုင်း၊ ၁၇ ထိုလေဝိ သားတို့သည် ယောလ သား ဟေမန် ၊ သူ ၏ညီစု ထဲက ဗေရခိ သား အာသပ် ၊ မိမိ တို့ ညီစု ၊ မေရာရိ အမျိုး ထဲက ကုရှာယ သား ဧသန် တို့ကိုငင်း၊ ၁၈ မိမိ တို့ ညီ ဒုတိယ အရာရှိဖြစ်သော ဇာခရိ ၊ ဗယ်ာဇေလ ၊ ရှေမိရာမုတ် ၊ ယေဟေလ ၊ ဥန္နိ ၊ ဧလျာဘ ၊ ဗေနာယ ၊ မာသေယ ၊ မတ္တိသိ ၊ ဧလိဖလေ ၊ မိတ်နေယ ၊ တံခါးစောင့် ဩဗဒေဒုံ ၊ ယေလ ၊ အာဇဇိတို့ကိုငင်းခန့်ထားကြ၏။ ၁၉ သီချင်း ဆရာဟေမန် ၊ အာသပ် ၊ ဧသန် တို့သည် ကြေးဝါ ခွက်ကွင်း ကို တီး ရကြ၏။ ၂၀ ဇာခရိ ၊ ဗယ်ာဇေလ ၊ ရှေမိရာမုတ် ၊ ယေဟေလ ၊ ဥန္နိ ၊ ဧလျာဘ ၊ မာသေယ ၊ ဗေနာယ တို့သည် အာလမုတ် တယော ကို ထိုးရကြ၏။ ၂၁ မတ္တိသိ ၊ ဧလိဖလေ ၊ မိတ်နေယ ၊ ဩဗဒေဒုံ ၊ ယေလ ၊ အာဇဇိ တို့သည် အသံစုံလင်စွာ ရှေမိနိတ် စောင်း ကို တီးရကြ၏။ ၂၂ လေဝိ သားအကြီးအကဲ ဖြစ်သော ခေနနိ သည် သီချင်း အတတ်၌ လေ့ကျက် သောကြောင့် သီချင်း ဆရာကြီးဖြစ်၏။ ၂၃ ဗေရခိ နှင့် ဧလကာန သည် သေတ္တာ တော်တံခါးစောင့် ဖြစ်၏။ ၂၄ ယဇ်ပုရောဟိတ် ရှေဗနိ ၊ ယောရှဖတ် ၊ နာသနေလ ၊ အာမသဲ ၊ ဇာခရိ ၊ ဗေနာယ ၊ ဧလျောဇ တို့သည် ဘုရားသခင် ၏ သေတ္တာ တော်ရှေ့မှာ တံပိုး မှုတ် ရကြ၏။ ဩဗဒေဒုံ နှင့် ယေဟိ သည်လည်း သေတ္တာ တော်တံခါးစောင့် ဖြစ်၏။ ၂၅ ထိုသို့ဒါဝိဒ် မင်းနှင့် ကြသရေလ အမျိုးအသက်ကြီး သူ၊ လူတထောင် အုပ် တို့သည် ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို၊ ဩဗဒေဒုံ အိမ် မှ ဝမ်းမြောက် သောစိတ်နှင့် ဆောင် ခဲ့ခြင်းငှါ သွား ကြ၏။ ၂၆ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော် ကို ထမ်း သော လေဝိ သားတို့ကို ဘုရားသခင် မစ တော်မူ သည်ဖြစ်၍ ၊ သူတို့သည် နွား ခုနစ် ကောင်နှင့် သိုး ခုနစ် ကောင်တို့ကို ယဇ် ပူဇော်ကြ၏။ ၂၇ ဒါဝိဒ် နှင့် သေတ္တာ တော်ကို ထမ်း သော လေဝိ သားများ၊

သီချင်း ဆရာခေနန် နှင့် သီချင်း ဆို သူများတို့ သည် ပိတ်ချော ကိုဝတ် ကြ၏။ ဒါဝိဒ် သည် ပိတ် သင်တိုင်း ကိုလည်း ထပ်၍ဝတ်၏။ ၂၈ ထိုသို့ ဣသရေလ အမျိုးသားအပေါင်း တို့သည် ကြွေးကြော် လျက် ၊ နဲ့ခရာ ၊ တံပိုး ၊ ခွက်ကွင်း ၊ တယော ၊ စောင်း တို့ကို တီးမှုတ် လျက်၊ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို ဆောင် ခဲ့ကြ၏။ ၂၉ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်သည် ဒါဝိဒ် မြို့ ထဲသို့ ဝင် သောအခါ ၊ ရှောလု ၏ သမီး မိခါလ သည် ပြတင်းပေါက် က ကြည့် ၍ ၊ ဒါဝိဒ် မင်းကြီး သည် က လျက် တီးမှုတ် လျက်လာသည်ကို မြင် သဖြင့် စိတ် နှလုံးထဲ၌ မထီမဲ့မြင် ပြု၏။

၁၆ ထိုသို့ ဘုရားသခင် ၏ သေတ္တာ တော်ကို ဆောင် ခဲ့၍ ဒါဝိဒ် ဆောက် နှင့်သော တဲ အလယ် ၌ထား ပြီးမှ ၊ မီးရှို့ ရာ ယဇ်နှင့် မိသဟာယ ယဇ်တို့ကို ဘုရားသခင့် ရှေ့ တော်၌ ပူဇော် ကြ၏။ ၂ မီးရှို့ ရာယဇ်နှင့် မိသဟာယ ယဇ်ပူဇော် ခြင်း အမှုကို ဒါဝိဒ် မင်းသည် ပြီးစီး စေသောအခါ ၊ ထာဝရဘုရား ၏နာမ တော်ကို မြွက်၍ ပရိသတ် တို့ကို ကောင်းကြီး ပေးလေ၏။ ၃ ဣသရေလ လူ ယောကျ်ား မိန်းမ အပေါင်း တို့အား မုန့် တပြား ၊ အမဲသား တတစ်၊ စပျစ်သီးပျဉ် တပြား စီ ဝေ့ တော်မူ၏။ ၄ တဖန် ထာဝရဘုရား ၏ သေတ္တာ တော်ရှေ့ မှာ အမှု တော်ကို ဆောင်ရွက်၍ ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၏ ဂုဏ် ကျေးဇူးတော်ကို အလှည့် အတိုင်း ချီးမွမ်းစေခြင်းငှါ ခန့်ထား တော်မူသောလေဝိ သားများဟူမူကား၊ ၅ ခွက်ကွင်း တီး သော အကြီးအကဲ အာသပ် ၊ သူ့ နောက်စောင်း တယော တီးသော ဇာခရိ ၊ ယေလ ၊ ရှေမိ ၊ ရာမုတ်၊ ယေဟေလ ၊ မတ္တိသိ ၊ ဧလျာဘ ၊ ဗေနာယ ၊ သြဗဒေဒုံ ၊ ယေလ တစုနှင့်၊ ၆ ဘုရားသခင် ၏ပဋိညာဉ် သေတ္တာ တော်ရှေ့ မှာ အစဉ် တံပိုး မှုတ်သော ယဇ်ပုရောဟိတ် ဗေနာယ နှင့် ယဟာဇေလ တည်း။ ၇ ထို နေ့ ၌ ဒါဝိဒ် သည် အာသပ် နှင့် သူ့ ညီ တို့အား အပ် သော ထာဝရဘုရား ၏ ကျေးဇူး တော်ကို ချီးမွမ်းရာ ဆာလံသီချင်းသစ်ဟူမူကား၊ ၈ ထာဝရဘုရား ၏ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ နာမ တော်ကို ပဌနာ ပြုကြလော့။ အမှု တော်တို့ကို လူ များတို့အား ပြသ ကြလော့။ ၉ ထာဝရ ဘုရားကို သီချင်း ဆိုကြလော့။ ဆာလံ သီချင်းကို ဆိုကြလော့။ အံ့ဘွယ် သော အမှုတော်အပေါင်း တို့ကို ဟောပြော ကြလော့။ ၁၀ သန့်ရှင်း သော နာမ တော်၌ ဝါကြွား ဝမ်းမြောက်ကြလော့။ ထာဝရဘုရား ကို ရှာ သောသူတို့သည် စိတ် နှလုံးချင်လန်း ကြစေ။ ၁၁ ထာဝရဘုရား နှင့် တန်ခိုး တော်ကို ရှာ ကြလော့။ မျက်နှာ တော်ကို အစဉ်မပြတ် ရှာ ကြလော့။ ၁၂ စီရင် တော်မူသောအံ့ဩဘွယ် တို့ကိုဂုဏ်း၊ ထူးဆန်း သော အမှုတော်တို့နှင့် နှုတ် တော်ထွက် ပညတ် တို့ကိုဂုဏ်း အောက်မေ့ ကြလော့။ ၁၃ ထာဝရ ဘုရား၏ကျွန် ဣသရေလ အမျိုး ၊ ရွေးကောက် တော်မူသောယာကုပ် အနွယ် တို့၊ ၁၄ ကိုယ်တော် မြတ်ထာဝရဘုရား သည် ငါ တို့ ဘုရားသခင် ဖြစ်တော်မူ၏။ မြေကြီး တပြင်လုံး ၌ စီရင် ပိုင်တော်မူ၏။ ၁၅ ငါသည်သင် တို့အမွေခံ ရာဘို့ ၊ ခါနာန် ပြည် ကို သင် ၌ ပေး မည်ဟု ငါတို့အမျိုးသည် အရေအတွက် အားဖြင့်မများ၊ အလွန် နည်း၍၊ ထိုပြည် ၌ ဧည့်သည် ဖြစ် လျက်နေသောအခါ ၊ အာဗြဟံ ၌ ဂတိ ထား၍ ဣဇာက် ၌ ကျိန်ဆိုတော်မူလျက် ၊ ယာကုပ် ၌ မြဲမြံ သောတရား ၊ ဣသရေလ ၌ နိစ္စ ထာဝရပဋိညာဉ် ဖြစ်စေခြင်းငှါ၊ လူမျိုး အဆက်တထောင် တိုင်အောင်မိန့်မြွက် တော်မူသောနှုတ်ကပတ် တည်းဟူသောဝန်ခံ ခြင်းတရားတော်ကို အစဉ်အမြဲ အောက်မေ့ တော်မူ၏။ ၂၀ သူတို့သည်

တမြို့ မှ တမြို့ သို့ ၎င်း ၊ တနိုင်ငံ မှ တနိုင်ငံ သို့ ၎င်း၊ လှည့်လည် ၍ သွားကြသောအခါ၊ ၂၁ သူ တို့ကိုညှဉ်းဆဲ စေခြင်းငှါ အဘယ်သူ အား မျှ အခွင့် ပေးတော်မ မူ။ သူ တို့အတွက် လည်း ရှင်ဘုရင် တို့ကို ဆုံးမ လျက်၊ ၂၂ ငါ့ ထံ၌ဘိသိတ် ခံသောသူတို့ကို မ ထိ မခိုက်နှင့်။ ငါ့ ပရောဖက် တို့ကို အပြစ် မ ပြုနှင့်ဟု မိန့်တော်မူ၏။ ၂၃ မြေကြီး သားအပေါင်း တို့၊ ထာဝရဘုရား အား သီချင်း ဆိုကြလော့။ ကယ်တင် တော်မူခြင်းတရားကို တနေ့ ထက်တနေ့ညွှန်ကြား ကြလော့။ ၂၄ ဘုန်း တော်ကို တပါးအမျိုးသား တို့ ၌ ၎င်း၊ အံ့ဘွယ် သော အမှုတော်တို့ကို ခပ်သိမ်း သော လူမျိုး တို့ ၌ ၎င်း ဘော်ပြ ကြလော့။ ၂၅ ထာဝရဘုရား သည် ကြီးမြတ် ၍ ၊ အလွန် ချီးမွမ်း ဘွယ် ဖြစ်တော်မူ၏။ ဘုရား တကာ တို့ထက် ကြောက်ရွံ့ ဘွယ်ဖြစ်တော်မူ၏။ ၂၆ တပါး အမျိုးသားတို့၏ ဘုရား ရှိသမျှ တို့သည် အချည်းနှီး သက်သက်ဖြစ်ကြ၏။ ထာဝရဘုရား မူကား ၊ မိုဃ်းကောင်းကင် ကို ဖန်ဆင်း တော်မူ၏။ ၂၇ ဘုန်း တန်ခိုးအာနုဘော် သည် ရှေ့ တော်၌ရှိ၏။ အစွမ်း သတ္တိနှင့် ဝမ်းမြောက် ခြင်းအကြောင်းလည်း နေ တော်မူရာ၌ ရှိ၏။ ၂၈ လူ အမျိုးမျိုး တို့၊ ထာဝရဘုရား သည်ဘုန်း တန်ခိုးအစွမ်း သတ္တိရှိတော်မူသည်ဟု ဝန်ခံ ကြလော့။ ရှိတော်မူသည်ဟု ဝန်ခံ ကြလော့။ ၂၉ ထာဝရဘုရား ၏ နာမ တော်သည် ဘုန်းကြီး တော်မူသည်ဟု ဝန်ခံ ကြလော့။ ပူဇော် သက္ကာကို ဆောင် ခဲ့လျက် ရှေ့ တော်သို့ ချဉ်းကပ် ကြလော့။ သန့်ရှင်း သော တန်ဆာ ကိုဆင်၍ ထာဝရဘုရား ကို ကိုးကွယ် ကြလော့။ ၃၀ မြေကြီး သားအပေါင်း တို့၊ ရှေ့ တော်၌ ကြောက်ရွံ့ ခြင်းရှိကြလော့။ လောကဓါတ် သည် မ လှုပ် မရှားနိုင်အောင်မြဲမြံ စွာ တည်လိမ့်မည်။ ၃၁ ကောင်းကင် သည် ဝမ်းမြောက် ခြင်းရှိစေ။ မြေကြီး သည်လည်း ရွှင်လန်း ခြင်းရှိစေ။ ထာဝရဘုရား စိုးစံ တော်မူသည်ဟု တပါးအမျိုးသား တို့တွင် ဟောပြော ကြစေ။ ၃၂ ပင်လယ် နှင့် ပင်လယ် တန်ဆာ သည် အသံဗလံ ပြုစေ။ လယ်ပြင် နှင့် လယ်ပြင် ၌ ရှိသမျှ သည်လည်း ဝမ်းမြောက် စေ။ ၃၃ ထိုအခါ တော ၌ ရှိသမျှသော အပင် တို့သည် ထာဝရဘုရား ရှေ့ တော်၌ ရွှင်လန်းစွာသီချင်း ဆိုကြလိမ့်မည်။ အကြောင်း မူကား၊ ကိုယ်တော်သည် မြေကြီး သား တို့ကို တရား စီရင်ခြင်းငှါ ကြွလာ တော်မူ၏။ ၃၄ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍၊ ကရုဏာ တော်အစဉ်အမြဲ တည် သောကြောင့် ၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ ၃၅ အကျွန်ုပ် တို့ကိုကယ်တင် တော်မူသောဘုရား ၊ အကျွန်ုပ်တို့သည် သန့်ရှင်း သောနာမ တော်ဂုဏ် ကျေးဇူးကို ဝန်ခံ၍ ကျေးဇူး တော်ကို ချီးမွမ်းခြင်း၌ ဝါကြွား ဝမ်းမြောက်မည် အကြောင်း အကျွန်ုပ် တို့ကို ကယ်တင် တော်မူပါ။ တပါး အမျိုးသား ထဲက နှုတ် ၍ စုဝေး စေတော်မူပါဟု မွှေက်ဆို ကြလော့။ ၃၆ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား သည် ကမ္ဘာ အဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်းဟု သီချင်းဆိုကြသောအခါ၊ လူ များအပေါင်း တို့သည် အာမင် ဟု ဝန်ခံ လျက် ထာဝရဘုရား ၏ဂုဏ် တော်ကို ချီးမွမ်းကြ ၏။ ၃၇ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ရှေ့ မှာ၊ နေ့ တိုင်း ဆောင်ရွက်စရာအမှု ကို အစဉ်အမြဲ ဆောင်ရွက် စေခြင်းငှါ ၊ အာသပ် နှင့် သူ ၏ညီ တို့ကိုဂိုဒ်၊ ၃၈ ဩဗဒဲဒံ နှင့် ညီ ခြောက် ကျိပ်ရှစ် ယောက်၊ တံခါးစောင့် ဟောသံ နှင့် ယေဒုသုန် သား ဩဗဒဲဒံ တို့ကိုလည်း၊ သေတ္တာ တော်ရှေ့ မှာထား တော်မူ၏။ ၄၀ မီးရှို့ ရာယဇ်ပလ္လင် ပေါ် မှာ နေ့ရက် အစဉ်အတိုင်း၊ နံနက် တခါညဦး တခါထာဝရဘုရား အား မီးရှို့ ရာယဇ်တို့ကို ပူဇော် ၍၊ ဣသရေလ အမျိုး၌ ထာဝရဘုရား

ထား တော်မူသော ပညတ္တိ ကျမ်းစာ၌ ပါသမျှ အတိုင်း ပြုစေခြင်းငှါ၊ ဂိဗောင် မြို့၌ မြင့် သောအရပ်ပေါ် မှာရှိသော ထာဝရဘုရား တဲ တော်ရှေ့ တွင်၊ ယဇ်ပုရောဟိတ် ဇာဒုတ် နှင့် သူ ၏ညီ ယဇ်ပုရောဟိတ် များကိုလည်း ထားတော်မူ၏။ ၄၁ ထာဝရ ဘုရား၏ကရုဏာ တော်သည် အစဉ်အမြဲ တည်သောကြောင့် ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းစေခြင်းငှါ၊ ၄၂ သီချင်းသည် တို့၏အဆောင်၊ တံပိုး ၊ ခွက်ကွင်း အစရှိသော ဘုရားသခင် ၏ တုရိယာ မျိုးကိုကိုင်သော ဟေမန် နှင့် ယေဒုသုန် အစရှိသော ရွေးကောက်၍ စာရင်း သွင်းသောသူ အခြားတို့ကိုလည်း ထားတော်မူ၏။ ယေဒုသုန် သား တို့သည်လည်း တံခါး စောင့်ဖြစ်ကြ၏။ ၄၃ ထိုနောက်မှ လူ အပေါင်း တို့သည် မိမိ တို့နေရာ သို့ ပြန်သွား ကြ၏။ ဒါဝိဒ် သည်လည်း နန်းတော် သားတို့ကို ကောင်းကြီး ပေးခြင်းငှါ သွား တော်မူ၏။

၁၇ ဒါဝိဒ် မင်းသည် နန်းတော် ၌ ငြိမ်ဝပ်စွာနေ ရသောအခါ ၊ ပရောဖက် နာသန် ကိုခေါ်၍ကြည့်ရှု လော့။ ငါ သည် အာရဇ် သစ်သားအိမ် နှင့် နေ ၏။ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်မူကား ကုလားကာ ဖြင့်သာ ကွယ်ကာလျက် နေရသည်ဟုဆို သော်၊ ၂ နာသန် ကအကြဲ တော်ရှိသမျှ အတိုင်း ပြု တော်မူ ပါ။ ဘုရားသခင် သည် ကိုယ်တော် နှင့်အတူ ရှိတော်မူသည် ဟု ပြန်လျှောက် ၏။ ၃ ထို ညဉ့် တွင် ဘုရားသခင် ၏နှုတ်ကပတ် တော် သည် ပရောဖက်နာသန် သို့ ရောက် ၍၊ ၄ ငါ့ ကျွန် ဒါဝိဒ် ထံသို့ သွား လော့။ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် သည် ငါ နေ စရာဘို့အိမ် ကို မ ဆောက် ရ။ ၅ ဣသရေလ အမျိုးကို အဲဂုတ္တုပြည်မှ နှုတ်ဆောင် သော နေ့ ကစ၍ ယနေ့ တိုင်အောင် အိမ် နှင့်ငါမ နေ။ တဲ တခုမှ တခုသို့ ပြောင်း၍ တဲ များတို့နှင့် နေပြီ။ ၆ ဣသရေလ အမျိုးအပေါင်း နှင့် ငါလှည့်လည် ရာအရပ် တို့ ၌ ငါ ၏လူမျိုး ကို ကျွေးမွေး စေခြင်းငှါ၊ ငါစေခိုင်း သော ဣသရေလ တရားသူကြီး တစုံတယောက် အား ၊ သင်သည် ငါ့ အဘို့ အာရဇ် သစ်သားအိမ် ကို အဘယ်ကြောင့် မ ဆောက် သနည်းဟု ငါဆို ဘူးသလော။ ၇ ယခု မှာ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သိုးထိန်းရာသိုးခြံ ထဲက သင့် ကို ငါ နှုတ်ယူ ၍၊ ငါ ၏လူ ဣသရေလ အမျိုးသားတို့ကို အုပ်စိုးသော မင်း အရာ၌ ငါခန့်ထားပြီ။ ၈ သင်သွား လေရာရာ ၌ ငါလိုက် ၍ ၊ သင် ၏ရန်သူ အပေါင်း တို့ကို သင့် ရှေ့ မှာ ပယ်ရှား သဖြင့် ၊ မြေကြီး သား လူကြီး ဂုဏ် အသရေကဲ့သို့ သင် ၌ ဂုဏ် အသရေကို ငါပေး ပြီ။ ၉ ထိုမှတပါး ၊ ငါ ၏လူ ဣသရေလ အမျိုးနေရာ အရပ်ကို ငါပြင်ဆင် ပြီ။ သူတို့သည်နောက် တဖန်မ ပြောင်း မလဲ၊ မိမိတို့နေရာ၌ နေ စေခြင်းငှါ ငါမြဲမြံ စေမည်။ မတရား သောသူတို့ သည် ရှေး ကာလ၌ ၎င်း၊ ၁၀ ငါ ၏လူ ဣသရေလ အမျိုး တရားသူကြီး တို့ကို ခန့်ထား သော ကာလ ၌၎င်း၊ ညှဉ်းဆဲသကဲ့သို့ နောက် တဖန် မ ညှဉ်းဆဲရ။ သင့် ကိုလည်း ရန်သူ အပေါင်း တို့ လက်မှ ကယ်လွှတ်၍ ချမ်းသာပေးပြီ။ သင်၏အမျိုးအနွယ် ကိုလည်း ငါတည် စေမည်ဟု ထာဝရဘုရား မိန့် တော်မူပြီ။ ၁၁ သင် သည် အသက် ကာလစေ့ ၍ ဘိုးဘေး နေရာ သို့ သွား ရသောအခါ ၊ သင် မှ ဆင်းသက်သော သားစု တွင်၊ သားတယောက်ကို ငါချီးမြှောက် ၍ သူ ၏နိုင်ငံ ကို တည်ထောင် မည်။ ၁၂ ထိုသား သည်ငါ့ အဘို့ အိမ် ကိုဆောက် လိမ့်မည်။ သူ ထိုင်သော ရာဇပလ္လင် ကိုအစဉ်အမြဲ ငါတည် စေမည်။ ၁၃ ငါ သည်သူ ၏ အဘ ဖြစ် မည်။ သူ သည်လည်း ငါ ၏သား ဖြစ်

လိမ့်မည်။ သင့် ရှေ့ မှာရှိ သော သူ ၌ ငါ ၏ ကရုဏာ ကို နှုတ် သကဲ့သို့ သင်၏သား၌ ငါမ နှုတ်။ ၁၄ ထိုသားကိုငါ့ အိမ် ၊ ငါ့ နိုင်ငံ ၌ အစဉ်အမြဲ နေရာ ချမည်။ သူ ၏ ရာဇပလ္လင် သည်လည်း အစဉ်အမြဲ တည် ရ လိမ့်မည်ဟု ငါ့ ကျွန် ဒါဝိဒ် အား ပြော လော့ဟု မိန့် တော်မူ ၏။ ၁၅ ထို ဗျာဒိတ် တော်စကား အလုံးစုံ တို့ကို နာသန် သည် ဒါဝိဒ် အား ပြန်ပြော လေ၏။ ၁၆ ထိုအခါ ဒါဝိဒ် မင်းကြီး သည် အထဲသို့ဝင် ၍ ထာဝရဘုရား ရှေ့ တော်၌ထိုင် လျက် ၊ အိုထာဝရ အရှင် ဘုရားသခင် ၊ အကျွန်ုပ် ကို ဤမျှလောက် ချီးမွှော်တော်မူ မည်အကြောင်း အကျွန်ုပ် သည် အဘယ်သို့ သောသူဖြစ် ပါသနည်း။ အကျွန်ုပ် အမျိုး သည် အဘယ်သို့ သော အမျိုးဖြစ်ပါသနည်း။ ၁၇ သို့ရာတွင် အိုဘုရားသခင်၊ ထိုကျေးဇူးတော်ကို သာမညကျေးဇူးဟု ထင်မှတ်တော်မူသောကြောင့်၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ်ကို ကြာမြင့်စွာသော ကာလနှင့်ယှဉ်လျက် မိန့်တော်မူပါသည်တကား။ အို ထာဝရအရှင်ဘုရားသခင်၊ အကျွန်ုပ်ကို ဘုန်းကြီးသော သူကဲ့သို့မှတ်တော်မူပါသည်တကား။ ၁၈ ကိုယ်တော် ကျွန် ဒါဝိဒ် သည် ကိုယ်ဘုန်း ကြီးစေခြင်းငှါ ၊ အဘယ်သို့ တိုးတက် ၍ လျှောက်ရပါမည်နည်း။ ကိုယ်တော် သည် ကိုယ်တော် ကျွန် ကို သိ တော်မူ၏။ ၁၉ အိုထာဝရဘုရား ၊ ကိုယ်တော် ကျွန် အကျိုးကိုထောက်၍ အလို တော်ရှိသည်အတိုင်း ဤ ကြီးစွာ သော အမှုအလုံးစုံ တို့ကို ထင်ရှား စေခြင်းငှါ အလုံးစုံ တို့ကို ပြု တော်မူပြီ။ ၂၀ သို့ ဖြစ်၍အိုထာဝရဘုရား ၊ အကျွန်ုပ်တို့ ကြား သမျှ အတိုင်း ကိုယ်တော် နှင့်တူ သောဘုရား၊ ကိုယ်တော် မှတပါး အခြားသော ဘုရား မည်မျှမ ရှိပါ။ ၂၁ အဲဂုတ္တုပြည်မှ ရွေးနှုတ် တော်မူသော ကိုယ်တော် ၏ လူမျိုး ရှေ့ မှလူအမျိုးမျိုးတို့ကို နှင်ထုတ် သဖြင့်၊ ကြီးမြတ် ၍ ကြောက်မက် ဘွယ်သော နာမ တော်ကို ကိုယ်တော် အဘို့ ထင်ရှား စေခြင်းငှါ ၊ ဘုရားသခင် ကြွ ၍ ကိုယ်တော် အဘို့ ရွေးနှုတ် တော်မူသော ကိုယ်တော် ၏လူ ဣသရေလ အမျိုး နှင့်တူ သော လူမျိုး တစုံတမျိုး သည် မြေကြီး ပေါ် မှာ ရှိပါသလော။ ၂၂ အကြောင်း မူကား၊ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသည် အစဉ်အမြဲ ကိုယ်တော် ၏လူ ဖြစ်စေခြင်းငှါ ပြု ၍၊ ကိုယ်တော် ထာဝရဘုရား သည်သူ တို့ဘုရားသခင် ဖြစ် တော်မူ၏။ ၂၃ ယခု မှာအိုထာဝရဘုရား ၊ ကိုယ်တော် ကျွန် ၌ ၎င်း ၊ ကိုယ်တော်ကျွန်၏အမျိုးအနွယ် ၌ ၎င်း၊ မိန့် တော်မူသော စကား တော် အစဉ်အမြဲ တည် ပါစေသော။ မိန့် တော်မူသည် အတိုင်း ပြု တော်မူပါ။ ၂၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ဣသရေလ အမျိုး၏ဘုရားသခင် ဖြစ်တော်မူသည်ဟူ၍နာမ တော်သည် အစဉ်အမြဲ ချီးမွှော်က ခြင်းရှိမည် အကြောင်း၊ အမိန့်တော်သည် အစဉ်အမြဲတည် ပါစေသော။ ကိုယ်တော် ကျွန် ဒါဝိဒ် ၏ အမျိုးအနွယ် သည် ရှေ့ တော်၌ တည် ပါစေသော။ ၂၅ အကြောင်း မူကား၊ အိုကျွန်ုပ် ၏ဘုရားသခင် ၊ ကိုယ်တော်က သင်၏အမျိုးအနွယ် ကို ငါတည် စေမည်ဟု ကိုယ်တော် ကျွန် အား ဗျာဒိတ် ပေးတော်မူသောကြောင့်၊ ကိုယ်တော်ကျွန်သည် ရှေ့ တော်၌ ပဌနာ ပြုချင်သောစိတ် ရှိ ပါ၏။ ၂၆ ယခု လည်း အိုထာဝရဘုရား ၊ ကိုယ်တော် သည် ဘုရားသခင် မှန်တော်မူ၏။ ဤ ကျေးဇူး ကို ကိုယ်တော် ကျွန် ၌ ဂတိ ထားတော်မူပြီ။ ၂၇ သို့ ဖြစ်၍ ကိုယ်တော် ကျွန် ၏ အမျိုးအနွယ် သည် ရှေ့ တော်၌ အစဉ်အမြဲ တည် ပါမည်အကြောင်းကောင်းကြီး

ပေးခြင်းငှါ နူးညွတ် သောစိတ် ရှိတော်မူပါ။ အိုထာဝရ ဘုရား ကိုယ်တော် သည်ကောင်းကြီး ပေးတော်မူလျှင်၊ ကောင်းကြီး မင်္ဂလာကို အစဉ်အမြဲ ခံရပါလိမ့်မည်ဟု ဆုတောင်းသတည်း။

၁၈ ထိုနောက် ဒါဝိဒ် သည် ဖိလိတ္တိ လူတို့ကို လုပ်ကြံ ၍ အောင်မြင်သဖြင့်၊ ဂါသ မြို့နှင့် ကျေးလက် များကို သိမ်းယူ လေ၏။ ၂ မောဘ ပြည်ကိုလည်း လုပ်ကြံ ၍ မောဘ အမျိုးသားတို့သည် ဒါဝိဒ် ၌ ကျွန် ခံလျက်အခွန် ဆက် ရကြ၏။ ၃ ဇောဘ မင်းကြီး ဟာဒဒေဇာ သည်၊ ဥဖရတ် မြစ် နား မှာ မိမိ နိုင်ငံ ကို တည် စေခြင်းငှါ သွား သောအခါ၊ ဒါဝိဒ် သည် ဟာမတ် မြို့တိုင်အောင် တိုက်ဖျက် ၍၊ ၄ ရထား တထောင်၊ မြင်းစီး သူရဲခုနစ် ထောင်၊ ခြေသည် သူရဲနှစ် သောင်းကို ဘမ်းဆီး ၍ ရထား တရာ ကို သိမ်းထား ပြီးမှအခြားသော မြင်း ရထားရှိသမျှ တို့ကို ဖျက်ဆီး လေ၏။ ၅ ဒမာသက် မြို့နေ ရှုရိလူတို့သည် ဇောဘ မင်းကြီး ဟာဒဒေဇာ ကို စစ်ကူ သောအခါ၊ ဒါဝိဒ် သည် ရှုရိ လူ နှစ်သောင်း နှစ်ထောင်တို့ကိုသတ် ပြီးမှ၊ ၆ ရှုရိ ပြည်ဒမာသက်မြို့၌ မြို့စောင့်တပ်ကို ထား သဖြင့်၊ ရှုရိ လူတို့သည်ဒါဝိဒ် ၌ ကျွန် ခံ၍ အခွန် ဆက် ရကြ ၏။ ဒါဝိဒ် သွား လေရာရာ ၌ ထာဝရဘုရား သည် စောင့်မ တော်မူ၏။ ၇ ဟာဒဒေဇာ ၏ကျွန် တို့ စွဲကိုင်သော ရွှေ ဒိုင်း လွှားများကို ဒါဝိဒ် သည်သိမ်း ၍ ယေရုရှလင် မြို့သို့ ဆောင် သွား၏။ ၈ ဟာဒဒေဇာ အစိုးရသောတိဗဟတ် မြို့နှင့် ခုန် မြို့မှ၊ ဒါဝိဒ် သည် များစွာ သော ကြေးဝါ ကို သိမ်းသွား ၏။ ရှောလမုန် သည် ကြေးဝါ ရေကန်၊ ကြေးဝါတိုင်၊ ကြေးဝါ တန်ဆာ များကို ထိုကြေးဝါဖြင့် လုပ် သတည်း။ ၉ ဇောဘ မင်းကြီး ဟာဒဒေဇာ ၏ တပ် အလုံးအရင်း ကို ဒါဝိဒ် လုပ်ကြံ ကြောင်း ကိုဟာမတ် မင်းကြီး တောဂ္ဂ သည်ကြား လျှင်၊ ၁၀ မိမိရန်သူဟာဒဒေဇာ ကို ဒါဝိဒ်သည် စစ်တိုက် ၍ လုပ်ကြံ သောကြောင့်၊ မိဿဟာယ ဖွဲ့၍ ကောင်းကြီး ပေး စေခြင်းငှါ မိမိ သား ဟဒေါရံ ကို ဒါဝိဒ် မင်းကြီး ထံသို့ စေလွှတ် ၍၊ ဟဒေါရံသည် ရွှေ ဖလား၊ ငွေ ဖလား၊ ကြေးဝါ ဖလားအမျိုးမျိုး တို့ကို ဆောင်ခဲ့လေ၏။ ၁၁ ထိုဖလားတို့ကို ဒါဝိဒ် မင်းကြီး သည် ထာဝရဘုရား အား ပူဇော် ၏။ ထိုအတူရှုရိပြည်၊ မောဘ ပြည်၊ အမ္မွန် ပြည်၊ ဖိလိတ္တိ ပြည်၊ အာမလက် ပြည်၊ အပြည်ပြည် တို့မှ ဆောင် ခဲ့သော ရွှေ ငွေ ကိုလည်း ပူဇော်၏။ ၁၂ ထိုမှတပါး၊ ဧရုယာ သား အဘိရှဲ သည် ဆားချိုင့် တွင် ဧဒုံ လူတသောင်း ရှစ်ထောင်တို့ကို လုပ်ကြံ လေ၏။ ၁၃ ဧဒုံ ပြည်၌ မြို့စောင့်တပ် တို့ကို ထား ၍၊ ဧဒုံ ပြည်သား အပေါင်း တို့သည် ဒါဝိဒ် ၌ ကျွန် ခံကြ၏။ ဒါဝိဒ် သွား လေရာရာ ၌ ထာဝရဘုရား သည် စောင့်မ တော်မူ၏။ ၁၄ ထိုသို့ ဒါဝိဒ် သည် ဣသရေလ နိုင်ငံလုံး ကိုစိုးစံ ၍၊ နိုင်ငံတော်သားတို့တွင် တရားမှု ကို စီရင် ဆုံးဖြတ်တော်မူ ၏။ ၁၅ ဧရုယာ ၏သား ယွာဘ သည် ဗိုလ်ချုပ် မင်း ဖြစ်၏။ အဟိလုဒ် ၏သား ယောရှဖတ် သည် အတွင်းဝန် ဖြစ်၏။ ၁၆ အဟိတုပ် ၏သား ဇာဒုတ် နှင့် အဗျာသာ ၏သား အဟိမလက် သည် ယဇ်ပုရောဟိတ် ဖြစ်၏။ စရာယ သည် စာရေးတော်ကြီး ဖြစ်၏။ ၁၇ ယောယဒ ၏သား ဗေနာယ သည် ခေရသိ လူနှင့် ပေလသိ လူတို့ကို အုပ်ရ၏။ ဒါဝိဒ် ၏သား တော်တို့သည် လည်း အထံ တော်၌ မင်းသားအရာနှင့်နေကြ၏။

၁၉ ထိုနောက် အမျှန် ရှင်ဘုရင် နာဟတ် သည် သေ ၍ ၊ သား တော်ဟာနုန်သည် ခမည်းတော်အရာ ၌ နန်းထိုင် ၏။ ၂ ဒါဝိဒ် ကလည်း၊ ဟာနုန် အဘ နာဟတ် သည် ငါ့ အား ကျေးဇူး ပြု သောကြောင့် ၊ သူ၏သား ၌ ကျေးဇူး ပြု မည်ဟုဆို လျက် ၊ သူ ၏အဘ သေရာတွင် နှစ်သိမ့် စေခြင်းငှါ သံတမန် တို့ကိုစေလွှတ် ၍ ၊ ဒါဝိဒ် ၏ကျွန် တို့သည် ဟာနုန် မင်းကို နှစ်သိမ့် စေခြင်းငှါ သူရှိရာ အမျှန် ပြည် သို့ ရောက် ကြ၏။ ၃ အမျှန် အမျိုး မှူးမတ် တို့သည် ဟာနုန် မင်းထံသို့ ဝင်၍၊ ဒါဝိဒ် သည် စိတ်တော်ကို နှစ်သိမ့် စေသောသူတို့ကို စေလွှတ် ရာတွင်၊ ခမည်းတော် ကို ရိုသေ စွာပြုသည်ဟု ထင်မှတ်တော်မူသလော။ ပြည် တော်ကို စစ်ဆေး စူးစမ်း ၍ ဖျက်ဆီး ခြင်းငှါ သာ၊ သူ ၏ကျွန် တို့သည် အထံ တော် သို့ ရောက် သည် မ ဟုတ်လော ဟု လျှောက် ကြလျှင်၊ ၄ ဟာနုန် သည် ဒါဝိဒ် ၏ ကျွန် တို့ကို ယူ ပြီးလျှင် ၊ မုဆိတ်ကိုရိတ် ၍ အဝတ် ကိုတင်ပါး တိုင်အောင်ဖြတ် ပြီးမှ လွှတ်လိုက် လေ၏။ ၅ ထိုသူ တို့ ၌ အဘယ်သို့ပြုသည်ကို ဒါဝိဒ် သည် သိတင်း ကြားသောအခါ ၊ သူတို့သည် အလွန် ရှက် သောကြောင့် ဆီးကြို စေခြင်းငှါ စေလွှတ် ၍ ၊ သင် တို့သည် မုဆိတ် မ ရှည် မှီတိုင်အောင်ယေရိခေါ မြို့မှာ နေ ကြလော့။ ထိုနောက်မှ ပြန်လာ ကြလော့ဟု မှာထား တော်မူ၏။ ၆ ဟာနုန် မင်းနှင့် အမျှန် အမျိုးသား တို့က၊ ငါတို့ သည် ဒါဝိဒ် ရှေ့မှာ စက်ဆုပ် ရွံရှာဘွယ်ဖြစ်လိမ့်မည်ဟု သိ လျှင် ၊ မေသောပေါတာမိ ပြည်၊ ရှူရိမာခါ ပြည်၊ ဇောဘ ပြည်တို့ ၌ မြင်း ရထားတို့ကိုငှါး ခြင်းငှါ ငွေ အခွက် တသောင်းကို ထုတ်၍၊ ၇ မြင်း ရထားသူရဲသုံးသောင်း နှစ်ထောင်ကိုငင်း ၊ မာခါ မင်းကြီး နှင့် သူ ၏လူ တို့ကိုငင်းငှါး သဖြင့်၊ ထိုသူတို့ သည် မေဒဘ မြို့ရှေ့မှာ တပ်ချ ကြ၏။ အမျှန် အမျိုးသား တို့သည်လည်း စုဝေး ၍ အမြို့မြို့ တို့မှ စစ် ချီ ကြ၏။ ၈ ထိုသိတင်းကို ဒါဝိဒ် သည် ကြား လျှင် ယွာဘ နှင့် ခွန်အား ကြီးသော သူရဲ အလုံးအရင်းအပေါင်း ကို စေလွှတ် ၏။ ၉ အမျှန် အမျိုးသား တို့သည် ထွက် ၍ မြို့ တံခါးဝ မှာ စစ် ခင်းကျင်း ကြ၏။ စစ်ကူသော မင်းကြီး တို့သည် လွင်ပြင် ၌ တခြားစီ နေကြ၏။ ၁၀ ယွာဘ သည်လည်း ရှေ့၌ဌင်း ၊ နောက် ၌ဌင်း၊ စစ် မျက်နှာ နှစ်ဘက်ရှိ သည်ကို မြင် လျှင်၊ ဣသရေလ လူတို့ တွင် သန်မြန်သောသူရှိသမျှ တို့ကို ရွေးကောက် ၍ ရှူရိ လူ တို့တဘက်၌ စစ်ခင်းကျင်း ၏။ ၁၁ ကြွင်း သောသူ တို့ကို အမျှန် အမျိုးသား တို့ တဘက်၌ စစ်ခင်းကျင်း စေခြင်းငှါညီ အဘိရှဲ လက် သို့ အပ် လျက်၊ ၁၂ ရှူရိ လူတို့သည် ငါ့ ကိုနိုင် လျှင် ငါ့ အား ကူ ရမည်။ အမျှန် အမျိုးသား တို့သည် သင့် ကိုနိုင် လျှင် သင့် အား ငါကူ မည်။ ၁၃ ရဲရင့် သောစိတ် ရှိ၍ ငါ တို့လူမျိုး နှင့် ငါ တို့ ဘုရားသခင့် မြို့ ရွာတို့အဘို့ အားထုတ် ၍ တိုက်ကြကုန်အံ့။ ထာဝရဘုရား သည် အလို တော်ရှိသည်အတိုင်း စီရင် တော်မူစေသတည်းဟုဆို ပြီးမှ၊ ၁၄ သူ ၌ ပါသော လူ များနှင့်တကွ၊ ရှူရိ လူတို့ကို စစ်တိုက် ခြင်းငှါ ချဉ်းသွား သောအခါ ၊ ရှူရိလူတို့သည် ပြေး ကြ၏။ ၁၅ ရှူရိ လူတို့ပြေး သည်ကို အမျှန် အမျိုးသား တို့သည် မြင် လျှင် ၊ သူ တို့သည်လည်း ညီ အဘိရှဲ ရှေ့မှာပြေး ၍ မြို့ ထဲသို့ ဝင် ကြ၏။ ယွာဘ သည်လည်း ယေရုရှလင် မြို့သို့ ပြန်သွား လေ၏။ ၁၆ ရှူရိ လူတို့သည် ဣသရေလ အမျိုးသားရှေ့မှာ မိမိတို့ရှုံး သည်ကို သိမြင် လျှင် ၊ သံတမန် တို့ကို စေလွှတ် ၍ မြစ် တဘက် ၌နေသော ရှူရိ လူတို့ကို ခေါ်သဖြင့် ၊ ဟာဒဒေဇာ ခန့်ထားသော ဗိုလ်ချုပ် မင်းရှောဗက် သည်လည်း အုပ်ရ၏။ ၁၇ ထိုသိတင်းကိုကြား လျှင် ဒါဝိဒ် သည် ဣသရေလ အမျိုးသားအပေါင်း

တို့ကို စုဝေး စေ၍ ယော်ဒန် မြစ်ကို ကူး သဖြင့် ၊ ရန်သူတပ်သို့ ရောက် ၍ စစ်ခင်းကျင်း လေ၏။ ထိုသို့ဒါဝိဒ် သည် စစ်ခင်းကျင်း ၍ ရှရိ လူတို့သည် တိုက် သောအခါ၊ ၁၈ ဂ္ဂသရေလ အမျိုးသားရှေ့မှာ ပြေး ကြ၏။ ဒါဝိဒ် သည်လည်း ရှရိ မြင်း ရထားစီးသူရဲခုနစ် ထောင် ၊ ခြေသည် သူရဲလေးသောင်း တို့ကိုသတ် ၍ ဗိုလ်ချုပ် မင်းရှောဗက် ကိုလည်း လုပ်ကြံ လေ၏။ ၁၉ ဟာဒဒေဇာ မင်း၏ ကျွန် တို့သည် ဂ္ဂသရေလ အမျိုးသားရှေ့မှာ မိမိတို့ရှုံး သည်ကို သိမြင် လျှင် ၊ ဒါဝိဒ် နှင့် မိသဟာယ ဖွဲ့၍ ကျွန်ခံ ကြ၏။ နောက် တဖန် ရှရိ လူတို့ သည် အမ္မုန် အမျိုးသား တို့ကို စစ်မ ကူ ကြ။

၂၀ အခါလည် ၍၊ ရှင် ဘုရင်တို့သည် စစ်တိုက် ချိန် ရောက်သောအခါ ၊ ယွာဘ သည်ဗိုလ်ခြေ အလုံးအရင်းနှင့် ချီသွား သဖြင့် ၊ အမ္မုန် ပြည် ကို တိုက်ဖျက် ၍ ရဗ္ဗာ မြို့ကို ဝိုင်းထား ၏။ ဒါဝိဒ် သည် ကိုယ်တိုင်ယေရုရှလင် မြို့ ၌ နေ လေ၏။ ၂ ယွာဘ သည် ရဗ္ဗာ မြို့ကို တိုက်ဖျက် ပြီးမှ ၊ ဒါဝိဒ် သည် မင်းကြီး ၏ သရဖူ ကိုချွတ်ယူ ၍ ခေါင်း တော်ပေါ် မှာ တင်ကြ၏။ သရဖူအချိန် ကား၊ ကျောက် မြတ် ကိုမဆိုဘဲ ရွှေ အခွက် တဆယ်ရှိ သတည်း။ မြို့ ၌လုယူ သော ဥစ္စာ အများ ကိုလည်း ထုတ် လေ၏။ ၃ မြို့သား တို့ကိုလည်း ထုတ် ၍လွှတိုက်မှု ၊ သံ ထွန် ၊ သံပုဆိန် နှင့် လုပ်မှုကိုလုပ်စေ၏။ ထိုသို့ ဒါဝိဒ် သည် အမ္မုန် မြို့သူ ရွာသားအပေါင်း တို့ ၌ ပြု ပြီးမှ ၊ လူ အပေါင်း တို့နှင့်အတူ ယေရုရှလင် မြို့သို့ ပြန် လေ၏။ ၄ နောက် တဖန် ဂေဇာ မြို့မှ ဖိလိတ္တိ လူတို့နှင့် စစ်တိုက် ကြစဉ် ၊ ဟုရှသိ လူသိဗေခဲ သည် ရေဖိမ် အမျိုး သာဖ ကို သတ် ၍ ဖိလိတ္တိလူတို့ကို အောင်မြင် လေ၏။ ၅ နောက် တဖန် ဖိလိတ္တိ လူတို့ကို စစ်တိုက် ကြစဉ်၊ ယာကျယ သား ဧလဟာနန် သည် ရက်ကန်း လက်လိပ် နှင့်အမျှ ကြီးသော လုံ ရိုး ကိုသုံးစွဲသော ဂိတ္တိ အမျိုး ဂေါလျတ် ၏ ညီ လာခမိ ကို သတ် လေ၏။ ၆ နောက် တဖန်ဂါသ မြို့မှာ စစ်တိုက် ကြစဉ်၊ အရပ် မြင့်၍ လက်တဘက်၌ လက် ခြောက် ချောင်းစီ၊ ခြေ တဘက်၌ ခြေခြောက် ချောင်းစီ၊ ပေါင်းနှစ်ဆယ် လေး ချောင်းရှိသောရေဖိမ် အမျိုးသားတယောက်သည်၊ ၇ ဂ္ဂသရေလ အမျိုးကို ကြိမ်းပ သောအခါ ၊ ဒါဝိဒ် အစ်ကို ရှိမာ ၏ သား ယောနသန် သည် ထိုသူ ကို သတ် လေ ၏။ ၈ ဤ သူတို့သည် ဂါသ မြို့၌ နေသောရေဖိမ် လူကြီး သား ဖြစ်၍ ဒါဝိဒ် နှင့် သူ ၏ကျွန် တို့လက် ဖြင့် သေ ကြ၏။

၂၁ နောက် တဖန်စာတန် သည် ဂ္ဂသရေလ အမျိုး တဘက် ၌ထ ၍ ဂ္ဂသရေလ အမျိုးသားတို့ကို ရေတွက် စေခြင်းငှါ ဒါဝိဒ် ကို တိုက်တွန်း လေ၏။ ၂ ဒါဝိဒ် ကလည်း ၊ လူပေါင်းမည်မျှရှိသည်ကို ငါသိ မည်အကြောင်း ၊ ဗေရရှေဘ မြို့မှ သည် ဒန် မြို့တိုင်အောင် သွား ၍ ဂ္ဂသရေလ အမျိုးသားတို့ ကိုရေတွက် ပြီးလျှင် ၊ စာရင်းကို ငါ့ ထံသို့ သွင်း လော့ဟု ဗိုလ်ချုပ်မင်းယွာဘ နှင့် အရာရှိ တို့အား မိန့် တော်မူ၏။ ၃ ယွာဘ ကလည်း၊ ထာဝရဘုရား သည် မိမိ လူ တို့ကို ထပ်၍အဆ တရာ တိုးပွါး စေခြင်းငှါပြုတော်မူပါစေသော။ သို့ရာတွင်အရှင် မင်းကြီး ၊ ဂ္ဂသရေလ လူအပေါင်း တို့သည် သခင် ၏ကျွန် ဖြစ်ပါသည် မ ဟုတ်လော။ သို့ ဖြစ်၍ကျွန်တော် သခင် သည် ဤ အမှုကိုအဘယ်ကြောင့် စီရင်တော်မူသနည်း။ ဂ္ဂသရေလ အမျိုး ပြစ်မှား စရာ အကြောင်းကို အဘယ်ကြောင့် ပြု တော်မူသနည်းဟု လျှောက် လေ၏။ ၄ သို့သော်လည်း အမိန့် တော်သည် ယွာဘ စကားကို နိုင် သဖြင့် ၊ ယွာဘ သည်ထွက် ၍ ဂ္ဂသရေလ ပြည်

တရှောက်လုံး သို့ သွား ပြီးမှ ၊ ယေရှုရှလင် မြို့သို့ ပြန်လာ ၏။ ၅ လူ ပေါင်းစာရင်း ကို ဒါဝိဒ် အား ဆက် ၍ ၊ ဣသရေလ အမျိုးခွဲ ထား ကိုင် သူရဲ တသန်း နှင့် တသိန်း ၊ ယုဒ အမျိုးခွဲ ထား ကိုင် သူရဲ လေးသိန်း နှင့် ခုနစ်သောင်းရှိ ၏။ ၆ သို့ရာတွင် ယွာဘ သည် အမိန့် တော်ကို ရွံ သောကြောင့် ၊ လေဝိ အမျိုးနှင့် ဗင်္ာမိန် အမျိုးကို အခြားသော အမျိုးထဲသို့ သွင်း၍ မ ရေတွက်။ ၇ ဒါဝိဒ်ပြုသောအမှုကိုဘုရားသခင် သည် အလို တော်မရှိသဖြင့် ၊ ဣသရေလ အမျိုးကို ဒဏ်ခတ် တော်မူ မည်ဖြစ်၍၊ ၈ ဒါဝိဒ် က၊ အကျွန်ုပ်ပြု မိသော အမှု ၌အလွန် ပြစ်မှား ပါပြီ။ ကိုယ်တော် ကျွန် ၏ အပြစ် ကို ဖြေရှင်း တော်မူပါ။ အကျွန်ုပ်သည် အလွန် မိုက် သော အမှုကို ပြုမိပါပြီဟု ဘုရားသခင် အား တောင်းပန် လေ၏။ ၉ ထာဝရဘုရား သည် ဒါဝိဒ် ၏ ပရောဖက် ဂဒ် ကို ခေါ် ၍၊ ၁၀ ဒါဝိဒ် ထံသို့ သွား လော့။ အရာသုံး ပါးကို သင့် အား ငါ ပြ ၏။ သင် ၌ ငါပြု စရာဘို့ တပါးပါး ကိုရွေး လော့ဟု ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို လော့ဟု မိန့် တော်မူသည်အတိုင်း၊ ၁၁ ဂဒ် သည်ဒါဝိဒ် ထံသို့ သွား ၍ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ၁၂ သုံး နှစ် ပတ်လုံးအစာ အာဟာရခေါင်းပါးသော ဘေး၊ သုံး လ ပတ်လုံးသင့် ကို ရန်သူ လိုက်မှီ ၍ ထား ဖြင့် လုပ်ကြံ သောဘေး၊ သုံး ရက် ပတ်လုံးပြည် တော် ၌ ကာလနာ တည်းဟူသောထာဝရဘုရား ၏ ထား တော် ကို၊ ထာဝရဘုရား ၏ကောင်းကင်တမန် သည် ကိုင်၍ ဣသရေလ ပြည် တရှောက်လုံး ကို ဖျက်ဆီး သော ဘေးတို့တွင် တပါးပါးကိုရွေး လော့ဟု မိန့်တော်မူသည် ဖြစ်၍ ၊ အကျွန်ုပ် ကို စေလွှတ် တော်မူသောသူအား အဘယ်သို့ ပြန် လျှောက်ရမည်ကို ဆင်ခြင် တော်မူပါဟု လျှောက် လေ၏။ ၁၃ ဒါဝိဒ် ကလည်း၊ ငါ သည် ကျဉ်းမြောင်း ရာသို့ ရောက်လေပြီတကား။ ထာဝရဘုရား ၏လက် တော်သို့ ရောက် ပါစေ။ ကရုဏာ တော်ကြီး လှ၏။ လူ လက် သို့ မ ရောက် ပါစေနှင့်ဟုဂဒ် အား ပြန်ပြော ၏။ ၁၄ ထာဝရဘုရား သည်လည်း၊ ဣသရေလ အမျိုးခွဲ ကာလနာ ကို လွှတ်လိုက် တော်မူ၍ လူ ခုနစ် သောင်း သေ ကြ၏။ ၁၅ ယေရှုရှလင် မြို့ကို ဖျက်ဆီး စေခြင်းငှါ ဘုရားသခင် သည် ကောင်းကင်တမန် ကို စေလွှတ် တော်မူသည် အတိုင်း ၊ ကောင်းကင်တမန် ဖျက်ဆီး မည်ဟု အားထုတ်သောအခါ၊ ထာဝရဘုရား သည် ကြည့်ရှု လျက်၊ ထိုဘေး ကြောင့် နောင်တရ တော်မူ၍၊ တန်ပြီ။ သင့် လက် ကို ရုပ်သိမ်း လော့ဟု ဖျက်ဆီး သော ကောင်းကင် တမန်အား မိန့် တော်မူ၏။ ထိုအခါ ထာဝရဘုရား ၏ ကောင်းကင်တမန် သည်၊ ယေဗုသိ လူအရောန ၏ ကောက်နယ် တလင်း အနား မှာ ရပ်နေ ၏။ ၁၆ ဒါဝိဒ် သည် မျှော်ကြည့် ၍၊ ထာဝရဘုရား ၏ ကောင်းကင်တမန် သည်ယေရှုရှလင် မြို့အပေါ် မှာထား ကို မိုး လျက်မိုဃ်း ကောင်းကင်နှင့် မြေကြီး ကြား မှာ ရပ်နေ သည် ကိုမြင် လျှင် ၊ ကိုယ်တိုင်မှစ၍ဣသရေလအမျိုးသားအသက်ကြီး သူတို့သည် လျှော်တေ အဝတ်ကို ဝတ် လျက် မြေပေါ် မှာ ပြပ်ဝပ် လျက်နေကြ၏။ ၁၇ ဒါဝိဒ် ကလည်း ၊ ပြည်သား တို့ကို ရေတွက် စေခြင်းငှါ စီရင် သော သူကား အကျွန်ုပ် ဖြစ်ပါသည်မ ဟုတ်လော။ အကျွန်ုပ်ပြစ်မှား ပါပြီ။ အလွန်ဒုစရိုက် ကို ပြုမိပါပြီ။ ဤ သိုး တို့မူကား အဘယ်သို့ ပြု မိပါသနည်း။ အိုအကျွန်ုပ် ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် ၏လူ တို့ကို ဒဏ်ခတ် ခြင်းငှါလက် တော်ကိုသူတို့အပေါ် သို့ ရောက်စေတော်မ မူပါနှင့်။ အကျွန်ုပ် နှင့် အကျွန်ုပ် အဆွေအမျိုး အပေါ် သို့ ရောက် စေတော်မူပါဟု ဘုရားသခင် အား တောင်းပန် လေ၏။ ၁၈ ထိုအခါဒါဝိဒ် သည် သွား ၍၊ ယေဗုသိ လူ

အရောန ၏ကောက်နယ် တလင်း၌ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် စေခြင်းငှါ ပြော ရမည်အကြောင်း ၊ ထာဝရဘုရား ၏ကောင်းကင်တမန် သည် ဂဒ် ကို မှာထား သဖြင့်၊ ၁၉ ဂဒ်ဆင့်ဆို သော ထာဝရဘုရား ၏အမိန့် တော် အတိုင်း ဒါဝိဒ် သည် သွား လေ၏။ ၂၀ အရောန သည်စပါး ကိုနယ် စဉ်တွင်၊ လှည့်ကြည့် ၍ ရှင် ဘုရင်ကို မြင် သောအခါ ၊ သား လေး ယောက်နှင့်တကွ ပုန်းရှောင် ၍နေ၏။ ၂၁ ဒါဝိဒ် သည် အရောန ရှိရာ သို့ ရောက် သောအခါ ၊ အရောန ကြည့် ၍ ဒါဝိဒ် ကိုမြင် လျှင် ၊ ကောက်နယ် တလင်း မှ ဆင်း ၍ ဒါဝိဒ် ရှေ့မှာဦးချ ပြပ်ဝပ်လေ၏။ ၂၂ ဒါဝိဒ် ကလည်း၊ လူ တို့တွင် ကာလနာ ဘေးကို ငြိမ်း စေမည်အကြောင်း ၊ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို ငါတည် လိုသည်ဖြစ်၍ ၊ ဤကောက်နယ် တလင်းအရပ် ကို အဘိုး ထိုက်သည်အတိုင်း ရောင်း ပါဟု အမိန့် ရှိသော်၊ ၂၃ အရောန က၊ ကျွန်တော် သခင် အရှင်မင်းကြီး ယူ တော်မူပါ။ စိတ် တော်ရှိသည်အတိုင်း ပြု တော်မူပါ။ မီး ရှိရာယဇ်ဘို့ နွား များ၊ ထင်း ဘို့ ကောက်နယ် တန်ဆာများ၊ ဘောဇဉ် ပူဇော်သက္ကာဘို့ ဂျုံ စပါးများအလုံးစုံ ကို ကျွန်တော် ဆက် ပါ၏ဟု ဒါဝိဒ် အား လျှောက် လျှင်၊ ၂၄ ဒါဝိဒ် မင်းကြီး က၊ ထိုသို့ငါမ ယူရ။ စင်စစ်အဘိုး ထိုက်သည်အတိုင်း ပေး ၍ငါဝယ်မည်။ သင့် ဥစ္စာကို ထာဝရဘုရား အဘို့ ငါမ သိမ်း။ ကိုယ်ငွေ မကုန်ဘဲ မီး ရှိရာ ယဇ်ကို မပူဇော် လိုဟု အရောန အား ဆို သဖြင့်၊ ၂၅ ရွှေ ခြောက် ပိသာ ကို ချိန်ပေး၍ ထိုအရပ်ကို ဝယ် ပြီးမှ၊ ၂၆ ထာဝရဘုရား အဘို့ ယဇ် ပလ္လင်ကို တည် ၍ ၊ မီး ရှိရာယဇ်၊ မိဿဟာယ ယဇ်တို့ကို ပူဇော် လေ၏။ ထိုသို့ ထာဝရဘုရား ကို ပဌနာ ပြုသောအခါ ၊ မီး ရှိရာယဇ်ပလ္လင် ပေါ် သို့ မီး ကျသဖြင့် ကောင်းကင် ထဲက ထူး တော်မူ၏။ ၂၇ ထာဝရဘုရား မှာထား တော်မူသည်အတိုင်း ၊ ကောင်းကင် တမန်သည် မိမိ ထား ကို ထားအိမ် ၌ သွင်းထား ပြန်၏။ ၂၈ ထာဝရဘုရား သည် ယေဗုသိ လူ အရောန ၏ ကောက်နယ် တလင်း၌ ထူး တော်မူသည်ကို ဒါဝိဒ် သိမြင် လျှင် ၊ ထို အရပ်၌ ယဇ် ပူဇော်ခြင်းအမှုကို ပြုလေ၏။ ၂၉ တော ၌ မောရှေ လုပ် ခဲ့သော ထာဝရဘုရား ၏ တဲ တော်နှင့် မီး ရှိရာယဇ်ပလ္လင် သည်၊ ထို ကာလ ၌ ဂိဗောင် မြို့၌ မြင့် သောအရပ်ပေါ် မှာရှိ၏။ ၃၀ ဒါဝိဒ် သည်ထာဝရဘုရား ၏ ကောင်းကင် တမန်ထား ကို ကြောက် သောကြောင့် ၊ ထိုယဇ် ပလ္လင်သို့ သွား ၍ဘုရားသခင် ကို မ မေး မလျှောက်ဝံ့။။

၂၂ သို့ ဖြစ်၍ ၊ ဒါဝိဒ် က ဤ အရပ်သည် ထာဝရ အရှင်ဘုရားသခင် ၏အိမ် တော်ဖြစ်၏။ ဤ ယဇ် ပလ္လင်သည် ဣသရေလ အမျိုး၏ ယဇ် ပလ္လင်ဖြစ်၏ဟုဆို လျက်၊ ၂ ဣသရေလ ပြည် ၌ ရှိသော တပါး အမျိုးသားတို့ကို စုဝေး စေခြင်းငှါ မိန့် တော်မူ၏။ ဘုရားသခင် ၏အိမ် တော် တည် စရာဘို့ ကျောက်ဆစ် ရသောပန်းရန်သမား တို့ကိုလည်း စေခိုင်း တော်မူ၏။ ၃ တံခါး လုပ်စရာ သံချွန် အဘို့ နှင့် သစ်သား ဆက်စရာအဘို့ များစွာ သောသံ ကိုလည်း ၊ အချိန် မ မှတ်နိုင်အောင် များစွာ သော ကြေးဝါ ကိုလည်း၊ ၄ များစွာ သော အာရဇ် သစ်သား ကိုလည်း၊ ပြင်ဆင် တော်မူ၏။ ဇိဒုန် မြို့သားနှင့် တုရု မြို့သားတို့သည်၊ အာရဇ် သစ်သား အများကို အထံ တော်သို့ ဆောင် ခဲ့ကြ၏။ ၅ ဒါဝိဒ် ကလည်း ၊ ငါ့ သား ရှောလမုန် သည် အသက် ငယ်၍ နု သေး၏။ ထာဝရဘုရား အဘို့ တည် ရသောအိမ် မူကား အလွန် ထူးဆန်း သောအိမ်၊ အတိုင်းတိုင်း အပြည်ပြည်၌ ဘုန်း အသရေကျော်စောသော အိမ်ဖြစ်ရမည်။ ယခု ပင်အိမ် တော်အဘို့

ငါပြင်ဆင် မည်ဟု အကြံရှိ လျက် အနိစ္စ မ ရောက်မှီများစွာ ပြင်ဆင် တော်မူ၏။ ၆ သား တော်ရှောလမုန် ကိုလည်း ခေါ် ၍ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား အဘို့ အိမ် တော်ကို တည်ဆောက် ရမည်အကြောင်း မှာထား လေ သည်မှာ၊ ၇ ငါ့ သား ၊ ငါ ၏ဘုရားသခင် ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော်ကို တည်ဆောက် မည်ဟု ငါ အကြံ ရှိ ပြီ။ ၈ သို့ရာတွင် ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ငါ သို့ ရောက် သည်ကား၊ သင်သည် များစွာ စစ် တိုက် ၍ လူအများ တို့ကိုသတ် လေပြီ။ မြေကြီး ပေါ် မှာ ငါ့ မျက်မှောက် ၌ များစွာ သောအသွေး ကို သွန်း သောကြောင့် ၊ ငါ့ နာမ အဘို့ အိမ် ကို မ တည် မဆောက်ရ။ ၉ သင် မြင် သော သား တယောက်သည် ငြိမ်ဝပ် သောသူဖြစ် လိမ့်မည်။ သူ ၏အမည် ကား ရှောလမုန် ဖြစ် ၍၊ သူ့ ပတ်လည် ၌ ရန်သူ မရှိ၊ ငြိမ်ဝပ် သောအခွင့်ကိုငင်း၊ သူ ၏ လက်ထက် ၌ ဣသရေလ အမျိုးသည် စစ်တိုက် ခြင်းမရှိ၊ ငြိမ်ဝပ် စွာနေရသော အခွင့်ကိုငင်း၊ ငါပေး မည်။ ၁၀ ထိုသားသည် ငါ့ နာမ အဘို့ အိမ် ကို တည်ဆောက် ရလိမ့်မည်။ သူ သည် ငါ့ သား ဖြစ် လိမ့်မည်။ ငါ သည်လည်း သူ၏အဘ ဖြစ်မည်။ သူထိုင်သော ဣသရေလ နိုင်ငံ ရာဇပလ္လင် ကို အစဉ်အမြဲ ငါတည် စေမည်ဟု မိန့် တော်မူပြီ။ ၁၁ သို့ ဖြစ်၍ငါ့ သား ၊ ထာဝရဘုရား သည် သင့် ဘက် ၌ နေ ၍ အကြံ ထမြောက်စေတော်မူသဖြင့်၊ အမိန့် တော် ရှိသည်အတိုင်း သင်သည် သင် ၏ဘုရားသခင် ထာဝရဘုရား ၏ အိမ် တော်ကို တည်ဆောက် ရလိမ့်မည်။ ၁၂ သို့ရာတွင်သင်သည် သင် ၏ဘုရားသခင် ထာဝရဘုရား ၏ တရား တော်ကို စောင့်ရှောက် မည် အကြောင်း ၊ ထာဝရဘုရားသည် ဉာဏ် ပညာကို ပေး၍၊ ဣသရေလ အမျိုးကို စီရင်ခြင်းအမှု၌ မှာထား တော်မူပါစေသော။ ၁၃ ဣသရေလ အမျိုး၏ အမှု၌ထာဝရဘုရား သည် မောရှေ အား မှာထား တော်မူသော စီရင် ထုံဖွဲ့ချက်တို့ကို စောင့်ရှောက် ခြင်းငှါ သတိ ပြုလျှင် အကြံ ထမြောက်ရ လိမ့်မည်။ အားယူ ၍ ရဲရင့် ခြင်းရှိလော့။ စိုးရိမ် ခြင်း၊ စိတ်ပျက် ခြင်းမ ရှိစေနှင့်။ ၁၄ ငါ သည်ဆင်းရဲ ခံစဉ်တွင် ၊ ထာဝရဘုရား ၏ အိမ် တော်အဘို့ ရွှေ အခွက် တထောင် နှင့် ငွေ အခွက် တသောင်း ကိုငင်း၊ အချိန် မ မှတ်နိုင်အောင်များစွာ သော ကြေးဝါ နှင့် သံ ကိုငင်း၊ သစ်သား များနှင့် ကျောက် များကိုငင်း ပြင်ဆင် ပြီ။ သင်သည်လည်း ထပ်၍ ပြင်ဆင်ရမည်။ ၁၅ ထိုမှတပါး သင် ၌ များစွာ သော လက်သမား ၊ ပန်းရန်သမား ၊ ကျောက်ဆစ်သမား ၊ အမျိုးမျိုး သော အတတ် ၌ လေ့ကျက် သော ဆရာသမားရှိကြ၏။ ၁၆ ရွှေ ငွေ ကြေးဝါ သံ အတိုင်းမသိ များသည် ဖြစ်၍ထ လော့။ ကြိုးစား လော့။ ထာဝရဘုရား သည် သင် နှင့်အတူ ရှိ တော်မူပါစေသောဟု မှာထားတော်မူ၏။ ၁၇ ဣသရေလ မင်း အပေါင်း တို့သည် သား တော်နှင့် ဝိုင်း ရမည်အကြောင်း မှာထား လေသည်မှာ၊ ၁၈ သင် တို့၏ဘုရားသခင် ထာဝရဘုရား သည် သင် တို့နှင့်အတူ ရှိတော်မူသည်မ ဟုတ်လော။ အရပ်ရပ် ၌ ငြိမ်ဝပ် ရသောအခွင့်ကိုပေး တော်မူသည်မဟုတ်လော။ ပြည်သူ ပြည်သားတို့ကို ငါ့ လက် ၌ အပ် တော်မူသဖြင့် ၊ ထာဝရဘုရား ၏ရှေ့ ၊ ထိုဘုရားသခင် ၏ လူ တို့ရှေ့ မှာ တပြည်လုံး သည် နှိမ့်ချ လျက်ရှိ၏။ ၁၉ သို့ ဖြစ်၍သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကို ရှာ ခြင်းငှါ ကိုယ် စိတ် နှလုံး ကို နှိုးဆော်တိုက်တွန်းကြလော့။ ထာဝရဘုရား ၏နာမ တော်အဘို့ ၊ တည် ရသောအိမ် တော် ထဲသို့ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်နှင့် ဘုရားသခင် ၏ သန့်ရှင်း သောတန်ဆာ

တို့ကို သွင်း ခြင်းငှါ ထ ကြလော့။ ထာဝရ အရှင်ဘုရားသခင် ၏ သန့်ရှင်း ရာဌာန တော်ကို တည်ဆောက် ကြလော့ဟု မှာထားတော်မူ၏။

၂၃ ဒါဝိဒ် မင်းသည် အသက် ကြီး၍ ကာလ ပြည့်စုံ ရာ အချိန်ရောက်သောအခါ၊ သား တော်ရှောလမုန် ကို ဣသရေလ ရှင် ဘုရင်အရာ၌ ခန့်ထား၍၊ ၂ ဣသရေလ မင်း ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သား အပေါင်း တို့ကို စုဝေး စေတော်မူ၏။ ၃ လေဝိ သားတို့တွင် အသက် သုံး ဆယ် လွန် ၍ စာရင်းဝင် သော ယောကျ်ား ပေါင်းကား၊ သုံးသောင်း ရှစ်ထောင်တည်း။ ၄ ထို သူတို့တွင် နှစ်သောင်း လေးထောင်တို့သည် ထာဝရဘုရား ၏ အိမ် တော်အမှု ကို ဆောင်ရွက် ရကြ၏။ ခြောက် ထောင် တို့သည် အရာရှိ၊ တရားသူကြီး လုပ်ရကြ ၏။ ၅ လေး ထောင် တို့သည် တံခါး ကိုစောင့်ရကြ၏။ လေး ထောင် တို့သည် ဂုဏ် တော်ကို ချီးမွမ်းစရာတုရိယာ တို့နှင့် ထာဝရဘုရား ၏ဂုဏ် တော်ကို ချီးမွမ်းရကြ၏။ ၆ လေဝိ သား ဂေရရှုံ၊ ကောဟတ် ၊ မေရာရိ အမျိုး အသီးအသီးတို့ကို ဒါဝိဒ် ခွဲထား ၍ တမျိုး တခြားစီသင်းဖွဲ့စေ၏။ ၇ ဂေရရှုံ အမျိုးသားကား၊ လာဒန် နှင့် ရှိမိ တည်း။ ၈ လာဒန် သား အကြီး ကား၊ ယေဟေလ ၊ သူ၏ညီ ဇေသံ နှင့် ယောလ ၊ ပေါင်းသုံး ယောက်တည်း။ ၉ ရှိမိ သား ကား ရှေလောမိတ် ၊ ဟာဇေလ ၊ ဟာရန် ၊ ပေါင်းသုံး ယောက်တည်း။ ဤ သူတို့သည်လာဒန် အဆွေအမျိုး သူကြီးဖြစ်ကြ၏။ ၁၀ ရှိမိ သား ကား ယာဟတ် ၊ ဇိဇ ၊ ယုရှ ၊ ဗေရိ ၊ ပေါင်း လေး ယောက်တည်း။ ၁၁ ယာဟတ် ကားအကြီး ဖြစ် ၏။ ဇိဇ ကား ဒုတိယ အရာကို ရ၏။ ယုရှ နှင့် ဗေရိ ၌ကား သား များစွာ မ ရှိ။ သို့ ဖြစ်၍ အဆွေအမျိုး အလိုက် စာရင်း တခုတည်း ၌ ပေါင်းကြ၏။ ၁၂ ကောဟတ် သား ကားအာမရံ၊ ဣဇဟာ ၊ ဟေဗြုန် ၊ ဩဇေလ ၊ ပေါင်းလေး ယောက်တည်း။ ၁၃ အာမရံ သား ကား အာရုန် နှင့် မောရှေ တည်း။ အာရုန် နှင့်သားစဉ် မြေးဆက်တို့သည် ထာဝရဘုရား ရှေ့ တော်၌ နံ့သာပေါင်း ကိုမီးရှို့ခြင်း၊ အမှု တော်ကို ဆောင်ရွက်ခြင်း၊ နာမ တော်ကိုမြွက်၍ အစဉ် ကောင်းကြီး ပေးခြင်းအမှုကို ပြုရမည်အကြောင်း၊ အလွန် သန့်ရှင်းသောအရာတို့ကို သန့်ရှင်း စေခြင်းငှါ အခြားသူတို့နှင့် ခွဲထား သောသူဖြစ်ကြ၏။ ၁၄ ဘုရားသခင့် လူ မောရှေ ၏သား ကိုကား၊ လေဝိ အမျိုးသား တို့၏ စာရင်း ၌သွင်းရ၏။ ၁၅ မောရှေ သား ကားဂေရရှုံ နှင့် ဧလျေဇာတည်း။ ၁၆ ဂေရရှုံ သား တို့တွင်၊ ရှေဗွေလ သည် အကြီး ဖြစ်၏။ ၁၇ ဧလျေဇာ သား အကြီး ရေဟဘိ တယောက်တည်းရှိ ၏။ ရေဟဘိ ၌ကား သား အလွန် များ၏။ ၁၈ ဣဇဟာ သား အကြီး ကားရှေလောမိတ်၊ ၁၉ ဟေဗြုန် သား အကြီး ကားယေရိ ၊ ဒုတိယ သား အာမရိ ၊ တတိယ သားယဟာဇေလ ၊ စတုတ္ထ သားယေကမံ၊ ၂၀ ဩဇေလ သား အကြီး ကားမိက္ခါ ၊ ဒုတိယ သား ယေရှိ တည်း။ ၂၁ မေရာရိ သား ကားမဟာလိ နှင့် မုရှိ တည်း။ မဟာလိ သား ကား ဧလာဇာ နှင့် ကိရှ တည်း။ ၂၂ ဧလာဇာ သည်သား မ ရှိ။ သမီး သက်သက် ရှိ၍ သေ ၏။ သူသမီးတို့နှင့်သူ ညီ ကိရှ သား တို့သည် စုံဘက် ကြ၏။ ၂၃ မုရှိ သား ကား မဟာလိ ၊ ဧဒါ ၊ ယေရိမုတ် ၊ ပေါင်း သုံး ယောက်တည်း။ ၂၄ ဤရွေကား အသက် နှစ်ဆယ်လွန် ၍ ထာဝရဘုရား ၏ အိမ် တော်အမှု ကို ဆောင်ရွက် ရသောလေဝိ အမျိုးသား အဆွေအမျိုး အလိုက် စာရင်း ဝင်သော အဆွေအမျိုး သူကြီးဖြစ်သတည်း။ ၂၅ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား သည် မိမိ လူမျိုး အား

ငြိမ်ဝပ် သောအခွင့်ကိုပေး၍ ကိုယ်တော်တိုင် ယေရှုရှင်လင် မြို့၌ အစဉ် နေ တော်မူသောကြောင့်၊ ၂၆ လေဝိ သားတို့သည် တဲ တော်နှင့် တဲ တော်အမှု ဆောင်ရွက်ရာ တန်ဆာ များကို နောက်တဖန်မ ထမ်း ရဟု ဒါဝိဒ် မိန့် တော်မူ၏။ ၂၇ နောက်ဆုံး အမိန့် တော်အတိုင်း ၊ အသက် နှစ် ဆယ်လွန် သော လေဝိ သား တို့ကို စာရင်း ယူရ၏။ ၂၈ အကြောင်း မူကား၊ လေဝိသားတို့သည် အာရုန် သား တို့၏လက်ထောက် ဖြစ်သည်နှင့်အညီ ၊ သန့်ရှင်း သောအရာရှိသမျှ တို့ ကို စင်ကြယ် စေ၍၊ ထာဝရဘုရား ၏ အိမ် တော်နှင့်တန်တိုင်း များ၊ အခန်း များ၌ အမှု ကို ဆောင်ရွက် ရကြမည်။ ၂၉ ရှေ့ တော်မုန့်ကိုငင်း၊ ဘောဇဉ် ပူဇော်သက္ကာ မုန့်ညက် ကိုငင်း၊ တဆေးမဲ့ မုန့်ပြား ၊ သံပြား နှင့်ဖုတ်သော မုန့်၊ မုန့်ဆီကြော် ကိုငင်းလုပ်၍ ဘုရားသခင် ၏ အိမ် တော် အမှု ကိုလည်း ဆောင်ရွက် ရကြမည်။ တိုင်းထွာ ၊ ချိန်တွယ်၊ ခြင်တွက် ခြင်းအမှုအမျိုးမျိုး ကိုလည်း စီရင်ရကြမည်။ ၃၀ နံနက် တိုင်း၊ ညဦး တိုင်းရပ် လျက်၊ ကျေးဇူး တော် ကြီးလှပါ၏ဟု ဝန်ခံ၍ ထာဝရဘုရား ၏ ဂုဏ် တော်ကိုလည်း ချီးမွမ်းရကြမည်။ ၃၁ ပညတ်တရားတော်အတိုင်းဥပုသ် နေ့၊ လဆန်း နေ့၊ ဓမ္မ ပွဲနေ့၊ အစဉ်မပြတ် ထာဝရဘုရား ရှေ့ တော်၌ မီးရှို့ ရာ ယဇ်မျိုး တို့ကို ပူဇော် ရကြမည်။ ၃၂ ပရိသတ်စည်းဝေး ရာတဲ တော်ကိုငင်း ၊ သန့်ရှင်း ရာဌာနတော်ကိုငင်း၊ ထာဝရဘုရား အိမ် တော်၌ အမှု တော်ကို ဆောင်ရွက်သော ညီအစ်ကို အာရုန် သား တို့ကိုငင်း စောင့် ရကြမည်။

၂၄ အာရုန် အမျိုးသား အသီးအခြား သင်းဖွဲ့ရာမှာ၊ အာရုန် သား ကား နာဒပ် ၊ အဘိဟု ၊ ဧလာဇာ ၊ ဣသမာ တည်း။ ၂ နာဒပ် နှင့် အဘိဟု သည်သား မ ရှိ။ အဘ လက်ထက်တွင် သေ သောကြောင့် ၊ ဧလာဇာ နှင့် ဣသမာ သည် ယဇ် ပုရောဟိတ်အမှုကို ဆောင်ရ၏။ ၃ ဒါဝိဒ် သည် ဧလာဇာ အမျိုး ဇာဒုတ် နှင့် ဣသမာ အမျိုး အဟိမလက် ကို အသီးအသီး ဆောင် သင့်သည် အတိုင်းခန့်ထားလေ၏။ ၄ ဣသမာ အမျိုး အကြီးအကဲ ထက် ဧလာဇာ အမျိုး အကြီးအကဲသာ၍များ သောကြောင့်၊ ဧလာဇာ အဆွေအမျိုး အလိုက် အကြီးအကဲ တကျိပ် ခြောက် ယောက်၊ ဣသမာ အဆွေအမျိုး အလိုက် အကြီးအကဲရှစ် ယောက် တို့ကို အသီးအသီး ခွဲခန့်လေ၏။ ၅ စာရေးတံ ပြုလျက် အသီးအခြား ခွဲခန့်၍ သန့်ရှင်း ရာဌာနအုပ် ၊ ဘုရားသခင် ၏အမှု တော်အုပ်တို့ကို ဧလာဇာ အမျိုး နှင့် ဣသမာ အမျိုး ထဲက ရွေးယူရ၏။ ၆ လေဝိ အမျိုးနာသနေလ သား စာရေးတော် ရှေမာယ သည် ရှင်ဘုရင် ၊ မှူးမတ် ၊ ယဇ်ပုရောဟိတ် ဇာဒုတ် ၊ အဗျာသာ သား အဟိမလက် ၊ ယဇ်ပုရောဟိတ် လေဝိ သားအဆွေအမျိုး သူကြီး များ ရှေ့မှာနာမများကို မှတ် ရ၏။ စာရေးတံ ပြု၍ ဧလာဇာ အမျိုးနှင့် ဣသမာ အမျိုးထဲက အလှည့်လှည့် ရွေးကောက် ခန့်ထားသော သူဟူမူကား၊ ၇ ပဌမ သူယောယာရိပ် ၊ ဒုတိယ သူယေဒါယ၊ ၈ တတိယ သူဟာရိမ် ၊ စတုတ္ထ သူစောရိမ်၊ ၉ ပဉ္စမ သူမာလခိယ ၊ ဆဋ္ဌမ သူမိယမိန်၊ ၁၀ သတ္တမ သူဟက္ကုတ် ၊ အဋ္ဌမ သူအဘိယ၊ ၁၁ နဝမ သူယေရှွာ ၊ ဒသမ သူ ရှေကနိ၊ ၁၂ ဧကဒသမ သူဧလျာရှိပ် ၊ ဒွါဒသမ သူယာကိမ်၊ ၁၃ တကျိပ် သုံး ယောက်မြောက်သော သူဟုပ္ပ ၊ တကျိပ် လေး ယောက်မြောက်သောသူ ယေရှေဗပ်၊ ၁၄ တကျိပ် ငါး ယောက်မြောက်သော သူဗိလဂ ၊ တကျိပ် ခြောက် ယောက် မြောက်သောသူက္ကမ္မေရ၊ ၁၅ တကျိပ် ခုနစ် ယောက်မြောက်သောသူ ဟေဇိရ ၊ တကျိပ် ရှစ် ယောက်မြောက်သူအပ်ဇ၊

၁၆ တကျိပ် ကိုး ယောက်မြောက်သောသူပေသတိ ၊ နှစ်ကျိပ် မြောက်သောသူ ယေဇကျေလ၊ ၁၇ နှစ်ကျိပ် တယောက်မြောက်သောသူ ယာခိန် ၊ နှစ်ကျိပ် နှစ် ယောက်မြောက်သောသူ ဂါမုလ၊ ၁၈ နှစ်ကျိပ် သုံး ယောက်မြောက်သောသူ ဒေလာယ ၊ နှစ်ကျိပ် လေး ယောက်မြောက်သောသူ မာဇိ တည်း။ ၁၉ ထိုသို့သူတို့အဘ အာရုန် အား ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား မှာထား တော်မူ၍၊ အဘ အာရုန်စီရင် သည် အတိုင်း သူတို့သည် ထာဝရဘုရား၏ အိမ်တော်ကို ဝင် မြဝင်၍ အမှု တော်ကို ဆောင်ရွက်စေခြင်းငှါ ခွဲခန့် ခြင်းရှိသတည်း။ ၂၀ ကြွင်း သော လေဝိ အမျိုးသား ဟူမူကား၊ အာမရံ သား ဖြစ်သော ရှုဗေလ ၏သား စုတွင် ယေဒေယ၊ ၂၁ ရေဟဘိ သား စုတွင် ဣရှယာ၊ ၂၂ ဣဇဟာသားဖြစ်သော ရှေလောမိတ် ၏သားစု တွင် ယာဟတ်၊ ၂၃ ဟေဖြုန်သားစုတွင် သားအကြီးယေရိ ၊ ဒုတိယ သားအာမရိ ၊ တတိယ သားယဟာဇေလ ၊ စတုတ္ထ သား ယေကမံ ၊ ၂၄ ဩဇေလ သား ဖြစ်သော မိက္ခါ ၏သား စုတွင် ရှမိရ၊ ၂၅ မိက္ခါညီ ဣရှယာ သား စုတွင် ဇာခရိ တည်း။ ၂၆ မေရာရိ သား ကား မဟာလိ နှင့် မုရှိ ဖြစ်၍၊ ၂၇ မေရာရိ အမျိုးသား ဖြစ်သော ယာဇိ ၏သား ကား ဗေနော၊ ရှောဟံ ၊ ဇက္ကရ ၊ ဣဗရိ တည်း။ ၂၈ မဟာလိ သားဧလာဇာ ၌သား မ ရှိ။ ၂၉ ကိရှ သား ကား ယေရမေလ တည်း။ ၃၀ မုရှိ သား ကားမဟာလိ ၊ ဧဒါ ၊ ယေရိမုတ် တည်း။ ဤရွေ့ကား မိမိ တို့အဆွေအမျိုး အလိုက် လေဝိ အမျိုးသားတည်း။ ၃၁ ဤသူ တို့သည် ဒါဝိဒ် မင်းကြီး ၊ ဇာဒုတ် ၊ အဟိမလက် အစရှိသော ယဇ်ပုရောဟိတ် လေဝိ သားအဆွေအမျိုး သူကြီးတို့ရှေ့ မှာ မိမိ တို့ ညီအစ်ကို အာရုန် အမျိုးသား တို့တဘက်တချက် အလှည့်လှည့်စာရေးတံ ပြုကြ၏။

၂၅ ထိုမှတပါး အာသပ် ၊ ဟေမန် ၊ ယေဒုသုန် သား တို့နှင့်အတူဝိုင်း၍ စောင်း ၊ တယော ၊ ခွက်ကွင်း ကို တီးမှုတ်လျက် ကိုးကွယ်ခြင်းအမှု ကို ဆောင်ရွက် စရာဘို့၊ ဒါဝိဒ် နှင့် ပရိသတ်ဗိုလ်ခြေ အကြီးအကဲတို့သည် ခွဲခန့် သောသူတို့ စာရင်း ဟူမူကား၊ ၂ အာသပ် သား ဇက္ကရ ၊ ယောသပ် ၊ နေသနိ ၊ အာရှရေလ တစု၊ သူတို့သည်ရှင်ဘုရင် စီရင်သည်အတိုင်း၊ အဘအာသပ် ၌ တပည့်ဖြစ်၍ကိုးကွယ်ခြင်းအမှုကို ဆောင်ရွက်ရကြ၏။ ၃ ယေဒုသုန် သား ဂေဒလိ ၊ ဇေရိ ၊ ရှိမိ၊ ယေရှာယ ၊ ဟာရှဘိ ၊ မတ္တိသိ ပေါင်းခြောက် ယောက်၊ သူတို့သည် အဘ ယေဒုသုန် ၌ တပည့်ဖြစ်၍ထာဝရဘုရား၏ ဂုဏ် ကျေးဇူးတော်ကို ဘော်ပြချီးမွမ်း ခြင်းငှါစောင်း တီးလျက် ကိုးကွယ်ခြင်းအမှုကို ဆောင်ရွက်ရကြ၏။ ၄ ဟေမန် သား ဗုက္ကိ ၊ မတ္တနိ ၊ ဩဇေလ ၊ ရှေဗွေလ ၊ ယေရိမုတ် ၊ ဟာနနိ ၊ ဟာနန် ၊ ဧလျာသ ၊ ဂိဒ္ဒါလတိ ၊ ရောမန္တေဇာ ၊ ယောရှဗေကရှ ၊ မလ္လောသိ ၊ ဟောသိရ ၊ မဟာဇုတ် တည်းဟူသော၊ ၅ ထို သူအပေါင်း တို့သည် တံပိုး မှုတ်လျက် ဘုရားသခင် ၏ တရား တော်ကို ဟောပြောသောရှင်ဘုရင် ၏ ဆရာ တော်ဟေမန် သား ဖြစ်ကြ၏။ ဘုရားသခင် သည် ဟေမန် အား သား တကျိပ် လေး ယောက်နှင့် သမီး သုံး ယောက်တို့ကိုပေး တော်မူ၏။ ၆ ထို သားအပေါင်း တို့သည် အာသပ် ၊ ယေဒုသုန် ၊ ဟေမန် တို့ကို ရှင်ဘုရင် စီရင်သည်အတိုင်း အဘ ဟေမန်၌ တပည့်ဖြစ်၍၊ ထာဝရ အရှင်ဘုရားသခင် ၏အိမ် တော်၌ ခွက်ကွင်း ၊ စောင်း ၊ တယော ကိုတီးလျက်၊ သီချင်း ဆို၍ အမှု တော်ကို ဆောင်ရွက်ရကြ၏။ ၇ ထိုသူတို့နှင့်တကွ ထာဝရဘုရား ၏သီချင်း ကို သင် ၍ လေ့ကျက် သော ညီအစ်ကို ပေါင်း ကားနှစ် ရာရှစ်ကျိပ်

ရှစ် ယောက်တည်း။ ၈ ထိုသူတို့သည်အကြီး အငယ် ဆရာ တပည့် ရောနှောလျက် စာရေးတံ ပြု၍ သင်းဖွဲ့ရာမှာ၊ ၉ ပဌမ သူကား၊ အာသပ် အပေါင်းအသင်းဝင်သူ ယောသပ် တည်း။ ဒုတိယ သူဂေဒလိ ၊ သူ နှင့် သူ ၏သား ညီ ပေါင်းကားတကျိပ် နှစ် ယောက်တည်း။ ၁၀ တတိယ သူဇက္ခရိ ၊ သူနှင့်သူ ၏သား ညီ ပေါင်း ကား တကျိပ် နှစ် ယောက်တည်း။ ၁၁ စတုတ္ထ သူဇက္ခရိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၂ ပဉ္စမ သူနေသနိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၃ ဆဋ္ဌမ သူဟုက္ကို ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၄ သတ္တမ သူယေရှရေလ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၅ အဋ္ဌမ သူယေရှာယ ၊ သူနှင့်သူ ၏သား ညီ ပေါင်း ကား တကျိပ် နှစ် ယောက်တည်း။ ၁၆ နဝမ သူမတ္တနိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၇ ဒသမ သူရှိမိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၈ ဧကဒသမ သူအာရေလ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၁၉ ဒွါဒသမ သူ ဟာရှဘိ ၊ သူနှင့်သူ ၏သား ညီ ပေါင်း ကား တကျိပ် နှစ် ယောက်တည်း။ ၂၀ တကျိပ် သုံး ယောက်မြောက်သောသူ ရှေဗွေလ ၊ သူနှင့် သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၂၁ တကျိပ် လေး ယောက်မြောက်သော သူမတ္တိသိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၂၂ တကျိပ် ငါး ယောက်မြောက်သောသူ ယေရမုတ် ၊ သူနှင့် သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက် တည်း။ ၂၃ တကျိပ် ခြောက် ယောက်မြောက်သောသူဟာနနိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက် တည်း။ ၂၄ တကျိပ် ခုနစ် ယောက်မြောက်သောသူ ယောရှဗေကရှ ၊ သူနှင့် သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၂၅ တကျိပ် ရှစ် ယောက်မြောက်သောသူ ဟာနန် ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၂၆ တကျိပ် ကိုး ယောက်မြောက်သောသူမလ္လောသိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၂၇ နှစ်ကျိပ် မြောက်သောသူဧလျာသာ ၊ သူနှင့်သူ ၏ သား ညီ ပေါင်းကား တကျိပ် နှစ် ယောက်တည်း။ ၂၈ နှစ်ကျိပ် တယောက် မြောက်သောသူ ဟောသိရ ၊ သူနှင့်သူ ၏ သား ညီ ပေါင်းကားတကျိပ် နှစ် ယောက်တည်း။ ၂၉ နှစ်ကျိပ် နှစ် ယောက်မြောက်သော သူဂိဒ္ဒါလတိ ၊ သူနှင့်သူ ၏သား ညီ ပေါင်းကားတကျိပ် နှစ် ယောက်တည်း။ ၃၀ နှစ်ကျိပ် သုံး ယောက်မြောက်သောသူ မဟာဇယုတ် ၊ သူနှင့်သူ ၏ သား ညီ ပေါင်းကား တကျိပ် နှစ် ယောက် တည်း။ ၃၁ နှစ်ကျိပ် လေး ယောက်မြောက်သောသူ ရောမန္တေဇာ ၊ သူနှင့်သူ ၏ သား ညီ ပေါင်းကား တကျိပ် နှစ် ယောက် တည်း။

၂၆ အသီးအသီး သင်းဖွဲ့သော တံခါးစောင့် များဟူမူကား။ ကောရဟိ အမျိုးဧဗျာသပ်အနွယ်၊ ကောရ သား မေရှလေမိ၊ ၂ မေရှလေမိ ၏သားဦး ဇာခရိ ၊ ဒုတိယ သား ယေဒျေလ ၊ တတိယ သားဇေဗဒိ ၊ စတုတ္ထ သား ယာသနေလ ၊ ၃ ပဉ္စမ သားဧလံ ၊ ဆဋ္ဌမ သားယောဟနန် ၊ သတ္တမ သားဧလဲယြေနဲ တည်း။ ၄ ဩဗဒေဒုံ ၏သားဦး ရှေမာယ ၊ ဒုတိယ သား ယောဇဗပ် ၊ တတိယ သားယောအာ ၊ စတုတ္ထ သားစာကာ ၊ ပဉ္စမ သားနာသနေလ၊ ၅ ဆဋ္ဌမ သားအမ္မေလ ၊ သတ္တမ သားဣသခါ ၊ အဋ္ဌမ သားပုလသဲ တည်း။ ဩဗဒေဒုံ ကို ဘုရားသခင် သည် ကောင်းကြီး ပေးတော်မူ၏။ ၆

သားဦးရှေ့မာယ ၏သား သြသနိ ၊ ရေဖေလ ၊ သြဗက် ၊ ဧလာဇဗဒ် နှင့် ခွန်အား ကြီးသော ညီဧလိဟု ၊ သေမခိ တို့သည် ခွန်အား ကြီးသောသူရဲ၊ မိမိ တို့အဆွေအမျိုး ၌ အစိုးရ သောသူဖြစ်ကြ၏။ ၈ အမှု တော်ကို ဆောင်ရွက်ခြင်းငှါ တတ်စွမ်းနိုင် အောင်ခွန်အား ကြီးသောသြဗဒေဒုံ အမျိုးသား ချင်း ယောက်ျား ပေါင်း ကား ခြောက် ကျိပ်နှစ် ယောက်တည်း။ ၉ ခွန်အား ကြီးသော မေရှလေမိ သား ညီ ယောက်ျား ပေါင်းကား တကျိပ် ရှစ် ယောက်တည်း။ ၁၀ မေရာရိ အမျိုး ၊ ဟောသ ၏သား တို့တွင် ရှိမရိ သည် သားဦး မ ဟုတ် သော်လည်း ၊ အဘ ခန့်ထား သောကြောင့် သားအကြီး ဖြစ်သတည်း။ ၁၁ ဒုတိယ သားကားဟိလခိ ၊ တတိယ သားတေဗလိ ၊ စတုတ္ထ သား ဇာခရိ အစရှိသော ဟေဝသ သား ညီ ပေါင်း ကား တကျိပ် သုံး ယောက်တည်း။ ၁၂ ဤရွေ့ကား ထာဝရဘုရား ၏ အိမ် တော်၌ အလှည့်လှည့်စောင့် ခြင်းငှါ သင်းဖွဲ့ သော တံခါးစောင့် အကြီးအကဲ ဖြစ်သတည်း။ ၁၃ ထိုသူအကြီး အငယ် တို့သည်၊ မိမိ တို့အဆွေအမျိုး အလိုက် တံခါးအသီးအသီးစောင့်စေခြင်းငှါစာရေးတံ ပြုကြ၍၊ ၁၄ အရှေ့ မျက်နှာကို ရှေလမိ ရ၏။ ရှေလမိ သား ပညာရှိ ဇာခရိ သည် စာရေးတံ အားဖြင့်မြောက် မျက်နှာကို ရ၏။ ၁၅ သြဗဒေဒုံ သည် တောင် မျက်နှာကိုငင်း ၊ သူ ၏ သား တို့သည် အသုပိမ် အိမ် ကိုငင်းရ၏။ ၁၆ ရှုပိန် နှင့် ဟောသ သည် အနောက် မျက်နှာနှင့် ဗိမာန်တော်သို့ တက် ရာလမ်းဝ ၌ ရှလ္လေခက် တံခါး ကိုရ၍ တဘက်တချက် ၌ စောင့် ရ၏။ ၁၇ နေ့ရက် အစဉ်အတိုင်းအရှေ့ မျက်နှာ၌ လေဝိ သားခြောက် ယောက်၊ မြောက် မျက်နှာ၌ လေး ယောက်၊ တောင် မျက်နှာ၌ လေး ယောက်၊ အသုပိမ် ဘက် မှာနှစ် ယောက်၊ တန်တိုင်း တော်ပြင်မှာနှစ် ယောက်၊ ၁၈ အနောက် မျက်နှာလမ်းဝ မှာ လေး ယောက်၊ တန်တိုင်း တော်ပြင်မှာ နှစ် ယောက်စောင့် ရကြ၏။ ၁၉ ဤရွေ့ကား ၊ တံခါးစောင့်အရာရှိသော ကောရ အမျိုးသား နှင့် မေရရိ အမျိုးသား ဖွဲ့သော အသင်းအသီးအသီး ပေတည်း။ ၂၀ လေဝိ သားတို့တွင်၊ အဟိယ သည် ဘုရားသခင် ၏ အိမ် တော်ဘဏ္ဍာ နှင့် ပူဇော် သောဘဏ္ဍာ များကို အုပ်ရ၏။ ၂၁ အဆွေအမျိုး သူကြီးဖြစ်သော ဂေရရှုံ အမျိုး လာဒန် သား တို့တွင် ယေဟေလိ နှင့်၊ ၂၂ သူ၏သား ဇေသံ ယောလ တို့သည်လည်း ဘုရားသခင် ၏ အိမ် တော်ဘဏ္ဍာ ကိုအုပ်ရ၏။ ၂၃ အာမရံ အမျိုး၊ ဣဇဟာ အမျိုး၊ ဟေဗြုန် အမျိုး၊ သြဇေလ အမျိုးသားအချို့ပါကြ၏။ ၂၄ မောရှေ သား ဂေရရှုံ ၏သား ရှေဗွေလ သည် လည်း ဘဏ္ဍာ တော်တို့ကို အုပ် ရ၏။ ၂၅ ဂေရရှုံ ညီ ဧလျေဇာ ၊ ဧလျေဇာ သား ရေဟဗိ ၊ သူ ၏သား ယေရှာယ ၊ သူ ၏သား ယောရံ ၊ သူ ၏သား ဇိခရိ ၊ သူ ၏သား ရှေလောမိတ် တည်း။ ၂၆ ထိုရှေလောမိတ် နှင့် သူ ၏ညီ တို့သည် ဒါဝိဒ် မင်းကြီး ၊ အဆွေအမျိုး သူကြီး၊ လူတထောင် အုပ် ၊ တရာ အုပ်၊ ဗိုလ် မင်းပူဇော် သော ဘဏ္ဍာ ရှိသမျှ ကို အုပ်ရ၏။ ၂၇ ထိုမင်းတို့သည် စစ် တိုက် ၍ရသောဥစ္စာတို့ကို မသိမ်း၊ ထာဝရဘုရား ၏ အိမ် တော်ကို ပြုစု ခြင်းငှါ ပူဇော် တတ်ကြ၏။ ၂၈ ပရောဖက် ရှမွေလ ၊ ကိရှ သား ရှောလု ၊ နေရ သား အာဗနာ ၊ ဇေရုယာ သား ယွာဘ မှစ၍အခြားသောသူ ပူဇော် သမျှ တို့ကို၊ ရှေလောမိတ် နှင့် သူ ၏ညီ တို့သည် ကြည့်ရှုအုပ်စိုးရကြ၏။ ၂၉ ဣဇဟာ အမျိုးခေနနိ နှင့် သူ ၏သား တို့သည် မင်း အရာရှိ၊ တရားသူကြီး ဖြစ်၍၊ ဣသရေလ နိုင်ငံတွင် ပြင် အမှု ကို စောင့်ရကြ၏။ ၃၀ ဟေဗြုန် အမျိုးဖြစ်သော သူရဲကြီးဟာရှာဘိ နှင့် သူ ၏ညီ တထောင် ခုနစ် ရာ တို့သည်၊ ယော်ဒန် မြစ်

အနောက် ဘက်မှာ နေသောင်္ကသရေလ လူတို့တွင် မင်းအရာရှိ ဖြစ်၍၊ ထာဝရဘုရား ၏အမှု တော်နှင့် ရှင်ဘုရင် အမှု အမျိုးမျိုး တို့ကို စောင့်ရကြ၏။ ၃၁ ဟေဗြုန် အမျိုးသားတို့တွင်၊ အဆွေအမျိုး အလိုက် ယေရိယ သည် အကြီးအကဲ ဖြစ်၏။ ဒါဝိဒ် မင်းနန်းစံ လေး ဆယ်တွင် ၊ ထိုအမျိုးသားတို့ကို စာရင်း ယူ၍ ဂိလဒ် ပြည်ယာဇာ မြို့၌ ခွန်အား ကြီးသော သူရဲတို့ကို တွေ့ ၏။ ၃၂ ယေရိယ၏ပေါက်ဘော် တည်းဟူသောသူရဲ ကြီး၊ အဆွေအမျိုး သူကြီးနှစ်ထောင် ခုနစ်ရာ တို့သည် ဒါဝိဒ် မင်းကြီး ခန့်ထား သည်အတိုင်း၊ ရုဗင် အမျိုး၊ ဂဒ် အမျိုး၊ မနာရှေ အမျိုး တဝက် ကို အုပ်စိုး၍ ဘုရားသခင် ၏ အမှု တော်နှင့် ရှင်ဘုရင် အမှု အမျိုးမျိုး တို့ကို စောင့်ရကြ၏။

၂၆ ရှင်ဘုရင် အမှု တော်ကို စောင့်သောင်္ကသရေလ အမျိုးသားတို့သည် အဆွေအမျိုး သူကြီး၊ လူတထောင် အုပ် ၊ တရာ အုပ်၊ အရာရှိ တို့နှင့်တကွ၊ တနှစ်တွင်တဆယ် နှစ်လအစဉ်အတိုင်းတပ်ဖွဲ့၍၊ တလစီ တလစီအလှည့်လှည့်စောင့်ရသောတပ်သားအမှုထမ်းနှစ်သောင်း လေးထောင်စီ ရှိကြ၏။ ၂ ပဌမ လ တွင် ပဌမ တပ်ကိုအုပ်သော ဗိုလ်မင်း ကား၊ ဇာဗဒေလ သား ယာရှောဗံ နှင့် တပ်သား ပေါင်း နှစ်သောင်း လေးထောင်တည်း။ ၃ ထိုမင်းသည် ဖါရက် အမျိုးသား ဖြစ်၍၊ ပဌမ လ တွင် အမှုစောင့်သော တပ်မှူး အပေါင်း တို့ကို အုပ် ရ၏။ ၄ ဒုတိယ လ တွင် အမှုစောင့်သောတပ်ကို အုပ် သောဗိုလ်မင်းကား၊ အဟောဟိ အမျိုးသားဒေါဒဲ နှင့် စစ်ကဲ မိကလုပ် ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၅ တတိယ လ နှင့် ဆိုင်သောတတိယ တပ်ဗိုလ် မင်း ကား၊ ယဇ်ပုရောဟိတ် ကြီး ယောယဒ သား ဗေနာယ နှင့် တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၆ ထိုမင်းသည်ဗိုလ်စုတွင် ကျော်စောသောသူ၊ ဗိုလ်ချုပ်အရာရှိသောသူဖြစ်၏။ သူ ၏သား အမိဇဗဒ် သည်လည်း တပ်မှူးအရာကိုရ၏။ ၇ စတုတ္ထ လ တွင် စတုတ္ထ ဗိုလ်မင်းကား၊ ယွာဘ ညီ အာသဟေလ ၊ စစ်ကဲကားအာသဟေလ သား ဇေဗဒိ ၊ တပ်သားပေါင်းနှစ်သောင်း လေးထောင်တည်း။ ၈ ပဉ္စမ လ တွင် ပဉ္စမ ဗိုလ် မင်းကား ဣဇဟာ အမျိုး ရှုဟုတ် ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၉ ဆဋ္ဌမ လ တွင် ဆဋ္ဌမ ဗိုလ်မင်းကား တေကော မြို့သား၊ ဣကေရှ ၏သား ဣရ ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၁၀ သတ္တမ လ တွင် သတ္တမ ဗိုလ်မင်းကား ဧဖရိမ် အမျိုး ၊ ပေလောနိ အနွယ်ဖြစ်သော ဟေလက် ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၁၁ အဋ္ဌမ လ တွင်အဋ္ဌမ ဗိုလ်မင်းကား ဇာရ အမျိုး၊ ဟုရှသိ အနွယ်ဖြစ်သော သိဗေကဲ ၊ တပ်သား ပေါင်း နှစ်သောင်း လေးထောင်တည်း။ ၁၂ နဝမ လ တွင် နဝမ ဗိုလ်မင်းကား ဗယ်ာမိန် အမျိုး ၊ အနေသောသိ အနွယ်ဖြစ်သောအဗျေဇာ ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၁၃ ဒသမ လ တွင် ဒသမ ဗိုလ်မင်းကား ဇာရ အမျိုး၊ နေတောဖာသိ အနွယ်ဖြစ်သော မဟာရဲ ၊ တပ်သား ပေါင်း နှစ်သောင်း လေးထောင်တည်း။ ၁၄ ဧကဒသမ လ တွင် ဧကဒသမ ဗိုလ်မင်းကား ဧဖရိမ် အမျိုး ၊ ပိရသောနိ အနွယ်ဖြစ်သောဗေနာယ ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၁၅ ဒွါဒသမ တွင် ဒွါဒသမ ဗိုလ်မင်းကား ဩသနေလ အမျိုး၊ နေတောဖာသိ အနယ်ဖြစ်သော ဟေလဒဲ ၊ တပ်သား ပေါင်းနှစ်သောင်း လေးထောင်တည်း။ ၁၆ ဣသရေလ အမျိုး အသီးအသီးတို့ကို အုပ်သော မင်း ဟူမူကား ၊ ရုဗင် အမျိုးတွင် ဇိခရိ ၏သား ဧလျေဇာ ၊ ရှိမောင် အမျိုးတွင် မာခ ၏သား

ရှေဖတိ။ ၁၇ လေဝိ အမျိုးတွင် ကေမွေလ ၏သား ဟာရှဘိ ၊ အာရုန် အမျိုးတွင် ဇာဒုတ်၊ ၁၈ ယုဒ အမျိုးတွင် ဒါဝိဒ် အစ်ကို ဧလိဟု ၊ ကြသခါ အမျိုးတွင် မိကွေလ ၏သား ဩမရိ၊ ၁၉ ဇာဗုလုန် အမျိုးတွင် ဩဗဒိ ၏သား ကြရှမာယ ၊ နဿလိ အမျိုးတွင် အာဇရေလ ၏သား ယေရိမုတ်၊ ၂၀ ဧဖရိမ် အမျိုး တွင် အာဇဇိ ၏သား ဟောရှေ ၊ မနာရှေ အမျိုး တဝက် တွင် ပေဒါယ ၏သား ယောလ၊ ၂၁ ဂိလဒ် ပြည်၌ မနာရှေ အမျိုးတဝက် တွင် ဇာခရိ ၏သား ကြဒ္ဒေါ ၊ ဗင်္ယာမိန် အမျိုးတွင် အာဗနာ ၏သား ယာသေလ၊ ၂၂ ဒန် အမျိုးတွင် ယေရောဟံ ၏ သား အာဇရေလ ၊ ဤရွေ့ကား ကြသရေလ အမျိုး တို့ကို အုပ်သောမင်း ပေတည်း။ ၂၃ ထာဝရဘုရား သည် ကြသရေလ အမျိုးသားတို့ကို မိုဃ်း ကောင်းကင်ကြယ် နှင့်အမျှ တိုးပွါး များပြားစေတော်မူမည် ဟု ဂတိ တော်ရှိသောကြောင့် ၊ ဒါဝိဒ် သည် အသက် နှစ် ဆယ်မစေ့သောသူတို့ ကို စာရင်း မ ယူ ဘဲ နေ၏။ ၂၄ ဇေရုယာ သား ယွာဘ သည် စာရင်း ယူစ ပြု၍၊ ထို အပြစ်ကြောင့် အမျက် တော်သည် ကြသရေလ အမျိုး အပေါ် သို့ သက်ရောက် သောအခါ လက်စ မ သတ်။ ရေတွက်၍ရသောလူပေါင်းကို ဒါဝိဒ် မင်းကြီး ၏ မှတ်စာ ၌ မ သွင်း မမှတ်။ ၂၅ အဒေလ သား အာဇိမာဝက် သည် ဘဏ္ဍာ တော် စိုးဖြစ်၏။ ဩဇိ သား ယောနသန် သည် လယ်ပြင် ၊ မြို့ ရွာ ၊ ရဲတိုက် ၌ ရှိသောဘဏ္ဍာ တိုက်တို့ကို အုပ်ရ၏။ ၂၆ ခေလုပ် သား ဧဇရိ သည် လယ်ယာ လုပ်သောသူတို့ ကို အုပ်ရ၏။ ၂၇ ရာမ မြို့သားရှိမိ သည် စပျစ် ဥယျာဉ်တော်ကိုငင်း၊ ရှိဖမိ မြို့သားဇဗဒိ သည်စပျစ်သီး နှင့် စပျစ်ရည် တိုက် တို့ကိုငင်းအုပ်ရ၏။ ၂၈ ဂေဒရိ လူ ဗာလဟာနန် သည် ချိုင့် တို့ ၌ ရှိသော သံလွင် ပင်နှင့် သဖန်း ပင်တို့ကိုငင်း ၊ ယောရှ သည် ဆီ တိုက် တို့ကိုငင်းအုပ်ရ၏။ ၂၉ ရှာရုန် အရပ်သားရှိတရဲ သည် ရှာရုန် အရပ်၌ ကျက်စား သော နွားစု ကိုငင်း ၊ အာဒလဲ သား ရှာဖတ် သည် ချိုင့် တို့ ၌ ကျက်စားသော နွားစု ကိုငင်း အုပ်ရ၏။ ၃၀ ကြရှမေလ အမျိုးသားဩဗိလ သည် ကုလားအုပ် တို့ကိုငင်း ၊ မေရောနသိ လူယေဒေယ သည် မြည်း တို့ကိုငင်း၊ ၃၁ ဟာဂရ အမျိုးသားယာဇိဇ် သည် သိုး တို့ကိုငင်းအုပ်ရ၏။ ဤ သူတို့သည် ဒါဝိဒ် မင်းကြီး ၏ ဥစ္စာ ဘဏ္ဍာ တော်ကိုအုပ် ရသောသူ ပေတည်း။ ၃၂ ဒါဝိဒ် ၏ ဘထွေး တော်ယောနသန် သည်တိုင်ပင် မှူးမတ်ပညာရှိ ကျမ်းတတ် ဖြစ်၏။ ဟခမောနိ သား ယေဟေလ သည် ရှင်ဘုရင် ၏သား တော်တို့ အပေါင်းအဘော်ဖြစ်၏။ ၃၃ အဟိသောဖေလ သည် ရှင်ဘုရင် ၏ တိုင်ပင် မှူးမတ်၊ အာခိ မြို့သားဟုရဲ သည် ရှင်ဘုရင် ၏ အဆွေ ခင်ပွန်းဖြစ်၏။ ၃၄ အဟိသောဖေလ နောက် မှာအဗျာသာ နှင့် ဗေနာယ သား ယောယဒ သည် နေရာကျ၏။ ယွာဘ သည် တပ်တော်ဗိုလ်ချုပ် မင်း ဖြစ်၏။

၂၈ တဖန် ဒါဝိဒ် မင်းသည် ကြသရေလ မင်း များတည်းဟူသောအမျိုး အသီးအသီး ကို အုပ်သောမင်း ၊ အလှည့်လှည့်အမှု တော်ကို စောင့်သော တပ်မှူး ဗိုလ်မင်း၊ လူ တထောင် အုပ် ၊ တရာ အုပ် ၊ ရှင်ဘုရင် ၏ဘဏ္ဍာစိုး ၊ သား တော်၏ဘဏ္ဍာစိုး၊ ခွန်အား ရှိသောသူရဲ အကြီးအကဲ အရာရှိ အပေါင်း တို့ကို ယေရုရှလင် မြို့မှာ စုဝေး စေတော်မူ ၏။ ၂ ထိုအခါ ဒါဝိဒ် မင်းကြီး သည်ရပ် ၍ ၊ ငါ့ ညီအစ်ကို ၊ ငါ့ လူ တို့ နားထောင် ကြလော့။ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ငြိမ်ဝပ် ရာ အိမ် တည်းဟူသောဘုရားသခင် ၏ ခြေ တော်တင်ရာခုံ ကို တည် လုပ်မည်ဟု ငါ အကြံ ရှိ၍ တည် လုပ်ခြင်းငှါ ပြင်ဆင် နှင့်ပြီ။ ၃ သို့ရာတွင် ဘုရားသခင် က သင် သည် စစ်တိုက် သောသူ ၊ လူအသက်

ကိုသတ် သောသူဖြစ်၍ ၊ ငါ့ နာမ အဘို့ အိမ် တော်ကို မ တည် မဆောက်ရဟု မိန့် တော်မူ၏။ ၄ ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား သည် ငါ့ အဆွေအမျိုး များထဲက ငါ့ ကိုရွေးကောက် ၍ ကြသရေလ ရှင်ဘုရင် အရာ ၌ အမြဲ ချီးမွှောက်တော်မူ၏။ ယုဒ အမျိုးကို ရွေးကောက် ၍ အခြားသော အမျိုး တို့ကို အုပ်စိုးရသောအခွင့်ကိုပေး တော်မူ၏။ ယုဒ အမျိုး တွင် ငါ့ အဘ ၏ အိမ်ထောင် ကိုငင်း ၊ ငါ့ အဘ ၏သား တို့တွင် ငါ့ ကိုငင်း၊ နှစ်သက် ၍ကြသရေလ နိုင်ငံလုံး ကို စိုးစံ ရသောအခွင့်ကိုပေး တော်မူ၏။ ၅ ထာဝရဘုရား သည် ငါ့ အား များစွာ သော သား တို့ကိုပေး တော်မူသည်ဖြစ်၍ ၊ ငါ့ သား အပေါင်း တို့တွင် သား ရှောလမုန် ကို ရွေးကောက် ၍ ကြသရေလ အမျိုးကို အုပ်စိုးလျက်၊ ထာဝရဘုရား ၏ နိုင်ငံ တော်ရာဇ ပလ္လင် ပေါ် မှာထိုင် စေခြင်းငှါ ခန့်ထားတော်မူပြီ။ ၆ ငါ့ အား လည်း သင့် သား ရှောလမုန် သည် ငါ့ အိမ် နှင့် ငါ့ တန်တိုင်း တို့ကို တည် ရမည်။ ငါသည်ထိုသူ ကို သား အရာ ၌ခန့်ထားခြင်းငှါရွေးကောက် ပြီ။ ငါ သည် သူ ၏ အဘ ဖြစ် မည်။ ၇ သူသည် ငါ စီရင် ချက်ပညတ် တရားတို့ကို ယနေ့ ကဲ့သို့ အမြဲ ကျင့် လျှင် သူ ၏နိုင်ငံ ကို ငါတည် စေမည်ဟု မိန့် တော်မူ၏။ ၈ သို့ ဖြစ်၍ သင်တို့သည် ဤကောင်း သော ပြည် ကို ပိုင် ၍ သင် တို့၏ သားမြေးအစဉ်အဆက် အမွေခံရာဘို့ ချန်ထားလိုသောငှါ၊ ထာဝရဘုရား ၏ပရိသတ် တည်းဟူသောကြသရေလ အမျိုးသားအပေါင်း တို့ရှေ့ ၌ငင်း ၊ ငါ တို့ဘုရားသခင့် အထံတော်၌ ငင်း၊ သင် တို့ဘုရားသခင် ထာဝရဘုရား ၏ ပညတ် တော်ရှိသမျှ တို့ကိုရှာ ၍ စောင့်ရှောက် ကြလော့။ ၉ ငါ့ သား ရှောလမုန် ၊ သင့် အဘ ၏ဘုရားသခင် ကို သိ လော့။ စုံလင် သောနှလုံး ၊ ကြည်ညို သောစိတ် သဘောနှင့် ဝတ်ပြု လော့။ ထာဝရဘုရား သည် ခပ်သိမ်း သော စိတ် နှလုံးတို့ကို စစ်၍အကြဲအစည် ရှိလေသမျှ တို့ကို သိတော်မူ၏။ ကိုယ်တော် ကို ရှာ လျှင် အတွေ့ ခံတော်မူမည်။ ကိုယ်တော် ကိုစွန့် လျှင် သင့် ကို အစဉ်အမြဲ စွန့် တော်မူမည်။ ၁၀ သတိ ပြုလော့။ သန့်ရှင်း ရာဌာနအဘို့ အိမ် တော်ကို တည်ဆောက် စေခြင်းငှါ သင့် ကို ထာဝရဘုရား ရွေးကောက် တော်မူသောကြောင့် ၊ အားယူ ၍ တည်ဆောက် လော့ဟုမှာထားတော်မူ၏။ ၁၁ ထိုအခါ အိမ်တော်ဦး ၊ အဆောင် ကြီး၊ ဘဏ္ဍာတိုက် ၊ အထက် ခန်း၊ အတွင်း ခန်း၊ သေတ္တာ တော်အဖုံး ထားရာ အခန်း ၏ ပုံကိုငင်း၊ ၁၂ ထာဝရဘုရား ၏အိမ် တော်တန်တိုင်း များ၊ ပတ်လည် ၌ ကာသောအခန်း များ၊ ဘုရားသခင် ၏ အိမ် တော် ဘဏ္ဍာတိုက် များ၊ ပူဇော် သောအရာသိုထား ရာ တိုက်များ တို့၏ ပုံကိုငင်း၊ မိမိ ကြစည် သမျှ အတိုင်း ၊ ဒါဝိဒ် သည် သား တော်ရှောလမုန် အား အပ် တော်မူ၏။ ၁၃ ယဇ်ပုရောဟိတ် ၊ လေဝိ သားသင်းဖွဲ့ ခြင်း၊ ထာဝရဘုရား ၏အိမ် တော်၌ အမှု တော်ကို ဆောင်ရွက် ခြင်း၊ ဆောင်ရွက် စရာ တန်ဆာ ရှိသမျှ တို့ကိုလည်း စီရင် တော်မူ၏။ ၁၄ အမှု တော်အမျိုးမျိုး ကို ဆောင်ရွက်စရာ ရွှေ တန်ဆာ ရှိသမျှတို့အဘို့ ရွှေ ကိုငင်း၊ ငွေ တန်ဆာ ရှိသမျှ တို့ အဘို့ ငွေကိုငင်း ချိန် ၍ အပ်တော်မူ၏။ ၁၅ ရွှေ မီးခုံ နှင့် ရွှေ မီးခွက် အသီးအသီးအဘို့ ၊ ငွေ မီးခုံ နှင့် ငွေမီးခွက် အသီးအသီးသုံးစရာရှိသည်အတိုင်း ရွှေငွေကိုချိန်၍ အပ်တော်မူ၏။ ၁၆ ရှေ့ တော်မုန့်တင်စရာရွှေ စားပွဲ နှင့် ငွေ စားပွဲ အသီးအသီးအဘို့ ရွှေငွေကိုချိန်၍ အပ်တော်မူ၏။ ၁၇ အမဲသား ချိတ်၊ အင်တုံ ၊ ဖလား များအဘို့ ရွှေ စင် ကိုငင်း၊ ရွှေ လင်ပန်း နှင့် ငွေ လင်ပန်း အသီးအသီးအဘို့ ရွှေငွေကိုငင်း၊ ချိန်၍အပ်တော်မူ၏။ ၁၈ နံ့သာပေါင်း မီးရှို့ရာ ယဇ်

ပလ္လင်အဘို့ ရွှေ စင် ကိုငင်း၊ အတောင်တို့ကို ဖြန့် ၍ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို လွှမ်းမိုး သော ခေရုဗိမ် ရထား တော်ပုံ အဘို့ ရွှေကိုငင်း၊ ချိန် ၍အပ်တော်မူ၏။ ၁၉ ထိုပုံ များရှိသမျှ တို့ကို ရေး ထားသည်အတိုင်း ၊ နားလည် နိုင်သော ဉာဏ်ပညာကို ထာဝရဘုရား သည် ပေးတော်မူ၏။ ၂၀ သား တော်ရှောလမုန် အား လည်း၊ သင်သည် အားယူ ၍ ရဲရင့် သောစိတ် နှင့်လုပ်ဆောင် လော့။ မ စိုးရိမ် နှင့်။ စိတ် မ ပျက်နှင့်။ ငါ ၏ဘုရားသခင် ထာဝရ အရှင် ဘုရားသခင် သည် သင် နှင့်အတူ ရှိတော်မူလိမ့်မည်။ ထာဝရဘုရား ၏အိမ် တော်မှုကို ဆောင်ရွက်ရာဘို့ လုပ်ဆောင် ၍ လက်စ မ သတ်မှီတိုင်အောင်သင့် ကို စွန့် တော် မ မူ။ ပစ်ထားတော်မမူ။ ၂၁ သင်းဖွဲ့ သောယဇ်ပုရောဟိတ် ၊ လေဝိ သားတို့ သည်လည်း ဘုရားသခင် ၏အိမ် တော်မှုကို ဆောင်ရွက် ရာဘို့ရှိကြ၏။ လိမ္မာ သော ဆရာသမား အမျိုးမျိုး တို့ သည်လည်း အရာရာ တို့ကို လုပ်ဆောင်စေဘို့ရှိကြ၏။ မင်း များနှင့် ပြည်သူ ပြည်သားများအပေါင်း တို့သည်လည်း သင့် လက်၌ရှိကြသည်ဟု မိန့် တော်မူ၏။

၂၉ တဖန် ဒါဝိဒ် မင်းကြီး က၊ ဘုရားသခင် ရွေးကောက် တော်မူသောငါ့ သား ရှောလမုန် သည် အသက် ငယ်၍ နု သေး၏။ အမှု မူကား ကြီး လှ၏။ တည်ဆောက်ရသောဗိမာန် သည် လူ အဘို့ မ ဟုတ်၊ ထာဝရ အရှင် ဘုရားသခင် အဘို့ ဖြစ်၏။ ၂ ငါ ၏ဘုရားသခင် အိမ် တော်အဘို့ ရွှေ တန်ဆာလုပ်စရာဘို့ ရွှေ ကိုငင်း၊ ငွေ တန်ဆာလုပ်စရာဘို့ ငွေ ကို ငင်း၊ ကြေးဝါ တန်ဆာလုပ်စရာဘို့ ကြေးဝါ ကိုငင်း၊ သံ တန်ဆာလုပ်စရာဘို့ သံ ကိုငင်း၊ သစ်သား တန်ဆာလုပ်စရာဘို့ သစ်သား ကိုငင်း၊ ရှဟံ ကျောက် နှင့် အရောင် မျိုးထွက်၍ စီ စရာဘို့ ကောင်း သောကျောက် ၊ အဘိုး ထိုက် သော ကျောက် မျိုး ၊ များစွာ သော ကျောက်ဖြူ တို့ကိုငင်း၊ တတ်နိုင်သမျှ အတိုင်းငါပြင်ဆင် ပြီ။ ၃ ငါ ၏ဘုရားသခင် အိမ် တော်၌ငါစိတ်နှလုံးစွဲလမ်းသောကြောင့်၊ ၄ ထိုသန့်ရှင်း သောအိမ် အဘို့ ပြင်ဆင် သော ဥစ္စာမှတပါး၊ ကိုယ်ဥစ္စာထဲက ဩဖိရ ရွှေ အခွက် သုံးသောင်းနှင့်ကျောက်ထရံ တို့ကို မွမ်းမံ စရာဘို့ ငွေ စင် ခုနစ် သောင်းကို ငါ ၏ဘုရားသခင် အိမ် တော်အဘို့ ငါပေး ၏။ ၅ ရွှေ သည် ရွှေ တန်ဆာအဘို့ ၊ ငွေ သည် ငွေ တန်ဆာအဘို့ နှင့် ဆရာသမား လုပ် သမျှ အဘို့ ဖြစ်၏။ သို့ ဖြစ်၍ ယနေ့ ထာဝရဘုရား အား ကိုယ်ဥစ္စာကို အဘယ်သူ ပူဇော် ချင်သနည်းဟု ပရိသတ် အပေါင်း တို့အား မေး တော်မူလျှင်၊ ၆ အဆွေအမျိုး တို့၏ အကြီးအကဲ များ၊ ဣသရေလ အမျိုး အသီးအသီးတို့ကို အုပ်စိုးသောမင်း များ၊ လူ တထောင် အုပ် ၊ တရာ အုပ်များ၊ ရှင်ဘုရင် ၏ အမှု တော်ကို စီရင် သောသူများတို့သည် ကြည်ညို သောစိတ် ရှိ၍၊ ၇ ဘုရားသခင် ၏အိမ် တော်မှုကို ဆောင်ရွက် ရာဘို့ ရွှေ အခွက် ငါး သောင်းနှင့် ရွှေဒင်္ဂါး တသောင်း ၊ ငွေ အခွက် တသိန်း ၊ ကြေးဝါ အခွက် တသိန်း ရှစ် သောင်း၊ သံ အခွက် တသန်း ကို လှူ ကြ၏။ ၈ ကျောက်မြတ် ရှိ သောသူတို့ သည်လည်း ဂေရရှုံ အမျိုးသားယေဟေလ လက် ဖြင့် ထာဝရဘုရား ၏ အိမ် တော်ဘဏ္ဍာ ထဲသို့ သွင်း ကြ၏။ ၉ လူ များတို့သည် စုံလင် သောနှလုံး ၊ ကြည်ညို သောစိတ် သဘောရှိ၍ ထာဝရဘုရား အား ပူဇော်သောကြောင့် ဝမ်းမြောက် ကြ၏။ ဒါဝိဒ် မင်းကြီး သည်လည်း အလွန်တရာ ဝမ်းမြောက် တော်မူ၏။ ၁၀ ထိုအခါ ဒါဝိဒ် က၊ အကျွန်ုပ် တို့အဘ ဣသရေလ ၏ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော်သည် ကမ္ဘာ အဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်း။ ၁၁

အိုထာဝရဘုရား ၊ ကိုယ်တော် သည် ဘုန်း တန်ခိုး အာနုဘော၊ အောင်မြင်ခြင်းအခွင့်၊ အာဏာတော်နှင့် ပြည့်စုံတော်မူ၏။ ကောင်းကင် မြေကြီး ၌ ရှိရှိသမျှ ကို ပိုင်တော်မူ၏။ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အစိုးရတော်မူ၏။ ခပ်သိမ်း သောသူတို့၏ အထွဋ် ၊ မြင့်မြတ်တော်မူ ၏။ ၁၂ ဂုဏ် အသရေနှင့် စည်းစိမ် ဥစ္စာသည် ကျေးဇူးတော်ကြောင့်သာ ဖြစ်၏။ ကိုယ်တော် သည် ခပ်သိမ်း သောသူတို့ ကို အုပ်စိုး တော်မူ၏။ ခွန်အား အစွမ်း သတ္တိကို ပေးပိုင်တော်မူ၏။ ခပ်သိမ်း သောသူတို့အား ကြီးမြတ် သော အခွင့်နှင့် ခိုင်ခံ့ သော အခွင့်ကိုပေး ပိုင်တော်မူ၏။ ၁၃ သို့ ဖြစ်၍ အကျွန်ုပ်တို့၏ ဘုရားသခင် ၊ ကျေးဇူး တော်ကြီးလှပါသည်ဟု အကျွန်ုပ် တို့သည် ဝန်ခံ၍ ဘုန်း ကြီးသော နာမ တော်ကို ချီးမွမ်း ကြပါ၏။ ၁၄ သို့ရာတွင် ကြည်ညို သောစိတ်နှင့် ဤမျှလောက်ပူဇော်နိုင် အောင် အကျွန်ုပ် နှင့် အကျွန်ုပ်၏လူ တို့သည် အဘယ်သို့ သောသူဖြစ်ပါသနည်း။ ခပ်သိမ်း သောအရာတို့ သည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အကျွန်ုပ်တို့သည် ကိုယ်တော် ၏ဥစ္စာထဲက သာ ကိုယ်တော် အား ပူဇော် ပါ၏။ ၁၅ အကျွန်ုပ် တို့သည် ဘိုးဘေး များကဲ့သို့ ရှေ့ တော်၌ ဧည့်သည် အာဂန္တုဖြစ်ပါ၏။ မြေကြီး ပေါ် မှာ နေရသော ကာလ သည် အရိပ် ကဲ့သို့ ဖြစ်ပါ၏။ မှီခို ရာမ ရှိပါ။ ၁၆ အကျွန်ုပ် တို့၏ ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် ၏နာမ အဘို့ ကိုယ်တော် ၏အိမ် ကို တည်ဆောက် ခြင်းအလိုငှါ ၊ အကျွန်ုပ်တို့ ပြင်ဆင် သော ဤ ဘဏ္ဍာ ရှိသမျှ သည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အလုံးစုံ တို့ကို ကိုယ်တော် ပိုင်တော်မူ၏။ ၁၇ အကျွန်ုပ် တို့၏ ဘုရားသခင် ၊ ကိုယ်တော် သည် စိတ် နှလုံးကို စစ် ၍ ဖြောင့်မတ် ခြင်းသဘောကို နှစ်သက် တော်မူသည်ကို အကျွန်ုပ်သိ ပါ၏။ အကျွန်ုပ် မူကား ဖြောင့်မတ် ခြင်းသဘော၊ ကြည်ညို သောစိတ်ရှိသည်နှင့် ဤ ဘဏ္ဍာရှိသမျှ ကို ပူဇော်ပါ၏။ စည်းဝေးလျက်ရှိသောကိုယ်တော် ၏ လူ တို့သည် ကြည်ညို သောစိတ် နှင့် ပူဇော်ကြသည်ကို မြင် ၍ဝမ်းမြောက် ပါ၏။ ၁၈ အကျွန်ုပ် တို့ ဘိုးဘေး အာဗြဟံ ၊ ဣဇာက် ၊ ဣသရေလ တို့၏ ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် ၏ လူ တို့သည် ဤ အမှုအရာများကို၊ အစဉ် အောက်မေ့စွဲလမ်း သောစိတ် သဘောရှိမည်အကြောင်း၊ သူ တို့စိတ် နှလုံးသည် ကိုယ်တော် ဘက်၌ တည်ကြည် မည်အကြောင်းကယ်မ သနားတော်မူပါ။ ၁၉ အကျွန်ုပ် ၏သား ရှောလမုန် သည်လည်း ကိုယ်တော် ၏သက်သေခံ ချက်၊ ထုံးဖွဲ့ ချက်ပညတ် တရားတို့ကို စောင့်ရှောက် ၍ ၊ အကျွန်ုပ် ပြင်ဆင် သော အမှုကို အကုန်အစင် ပြီးစီးစေလျက်၊ ဗိမာန် တော်ကို တည်ဆောက် နိုင် မည်အကြောင်း ၊ စုံလင် သော စိတ် နှလုံးကိုပေး သနား တော်မူပါဟု၊ ပရိသတ် အပေါင်း တို့ရှေ့ မှာ ထာဝရဘုရား ကို ကောင်းကြီး ပေးလျက် မြွက်ဆို ၏။ ၂၀ ပရိသတ် အပေါင်း တို့အား လည်း၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကို ကောင်းကြီး ပေးကြလော့ဟု မိန့် တော်မူသည်အတိုင်း ၊ ပရိသတ် အပေါင်း တို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို ကောင်းကြီး ပေးလျက် ဦးချ ၍ ထာဝရဘုရား ကိုဎ်း ၊ ရှင် ဘုရင်ကိုဎ်းရှိခိုး ကြ၏။ ၂၁ နက်ဖြန် နေ့၌ လည်း ယဇ် ပူဇော်ခြင်း အမှုကိုပြု၍ နွား တထောင် ၊ သိုး တထောင် ၊ သိုးသငယ် တထောင် တို့ကို မီး ရှို့သဖြင့်၊ သွန်းလောင်း ရာ ပူဇော်သက္ကာတို့နှင့်တကွကြွသရေလ အမျိုးတမျိုးလုံး အတွက် ထာဝရဘုရား အား များစွာ သော ယဇ် ကို ပူဇော် ကြ၏။ ၂၂ ထို နေ့ခြင်းတွင် ထာဝရဘုရား ရှေ့ တော်၌ စား သောက် ၍ ပျော်မွေ့ ခြင်းကို

ပြုလျက်ဒါဝိဒ် ၏ သား တော် ရှောလမုန် ကို ရှင် ဘုရင်အရာ၌ ဒုတိယ အကြိမ် ချီးမြှောက် ၍ ထာဝရဘုရား အောက်မှာ မင်း ဖြစ်စေခြင်းငှါငင်း၊ ဇာဒုတ် ကိုယဇ်ပုရောဟိတ် ဖြစ်စေခြင်းငှါငင်း ဘိသိက် ပေးကြ၏။ ၂၃ ထိုအခါရှောလမုန် သည် ခမည်းတော် ဒါဝိဒ် ကိုယ်စား ရှင်ဘုရင် အရာကိုခံ၍ ထာဝရဘုရား ၏ ရာဇ ပလ္လင် တော်ပေါ် မှာ ထိုင် လျက် ဘုန်း ကြီးတော်မူ၏။ ကွသရေလ အမျိုးသားအပေါင်း တို့သည် စကားတော်ကို နားထောင် ကြ၏။ ၂၄ မှူးတော် မတ်တော်၊ အရာ ကြီးသော သူအပေါင်း တို့နှင့် ဒါဝိဒ် မင်းကြီး ၏သား တော်အပေါင်း တို့သည် ရှောလမုန် မင်းကြီး ၏ အုပ်စိုး ခြင်းကို ဝန်ခံကြ၏။ ၂၅ ထာဝရဘုရား သည် ကွသရေလ အမျိုးသားအပေါင်း တို့ရှေ့ မှာ ရှောလမုန် ကိုအလွန် ချီးမြှောက် ၍ ကွသရေလ ရှင်ဘုရင် တယောက် မျှ မ ခံစဖူးသော ဘုန်း အာနုဘော်တော်ကိုပေး သနားတော်မူ၏။ ၂၆ ယေရှဲ ၏သား ဒါဝိဒ် သည် ကွသရေလ နိုင်ငံလုံး ကို အစိုးရသောမင်း ဖြစ်တော်မူ၏။ ၂၇ ဟေဗြုန် မြို့၌ ခုနစ် နှစ် ၊ ယေရုရှလင် မြို့၌ သုံး ဆယ်သုံး နှစ်မင်းပြု ၍ကွသရေလ နိုင်ငံကို စိုးစံ သော နှစ် ပေါင်းကား အနှစ် လေး ဆယ်တည်း။ ၂၈ ဒါဝိဒ်သည် အသက် ကြီးရင့်၍ နေ့ရက် ကာလ ပြည့်စုံ ခြင်း၊ ဘုန်း စည်းစိမ် ကြွယ်ဝခြင်းရှိလျက် အနိစ္စ ရောက်၍ သား တော်ရှောလမုန် သည် ခမည်းတော် အရာ ၌ နန်းထိုင် လေ၏။ ၃၀ ဒါဝိဒ် မင်းကြီး ပြုမူသော အမှုအရာ အစ အဆုံး ရှိသမျှ၊ အစိုးရ ခြင်း၊ တန်ခိုး ကြီးခြင်းနှင့်တကွ၊ ကိုယ်တော်မှစ၍ ကွသရေလ ပြည်၊ အခြားတပါးသောတိုင်းပြည် များတို့ ၌ ဖြစ်လေသမျှ သောအမှုအရာအလုံးစုံတို့သည် ပရောဖက် ရှမွေလ ၏ကျမ်းစာ ၊ ပရောဖက် နာသန် ၏ကျမ်းစာ ၊ ပရောဖက် ဂဒ် ၏ကျမ်းစာ တို့ ၌ ရေး ထားလျက်ရှိ၏။

၁ ဒါဝိဒ် ၏သား တော်ရှောလမုန် သည်၊ မိမိ ဘုရားသခင် ထာဝရဘုရား မစတော်မူခြင်း၊ အလွန်ချီးမွှော်က် တော်မူခြင်းကျေးဇူးကြောင့်၊ မိမိအာဏာတော် တည်ကြည် မြဲမြံသောအခါ။ ၂ လူတထောင် အုပ်၊ တရာ အုပ်၊ တရားသူကြီး ၊ ကျသရေလ မင်း အပေါင်း တို့နှင့် အဆွေအမျိုးသူကြီး အစ ရှိသောကျသရေလ အမျိုးသားအပေါင်း တို့ကို ခေါ် ၍၊ ၃ တော ၌ ထာဝရဘုရား ၏ကျွန် မောရှေ လုပ် ခဲ့ သော ဘုရားသခင် ၏ပရိသတ် စည်းဝေးရာ တဲ တော်သည် ဂိဗောင် မြို့တွင် မြင့် သောအရပ်၌ ရှိသည်ဖြစ်၍ထို အရပ် သို့ ပရိသတ် အပေါင်း တို့နှင့်အတူ သွား တော်မူ၏။ ၄ ဘုရားသခင် ၏ သေတ္တာ တော်ကို ကား ဒါဝိဒ် ပြင်ဆင် သောအရပ်၊ ယေရုရှလင် မြို့၌ ဆောက် နှင့် သောတဲ သို့ ကိရယတ်ယာရိမ် မြို့မှ ဆောင် ခဲ့သော်လည်း၊ ၅ ဟုရ သား ဖြစ်သော ဥရိ ၏သား ဗေဇလေလ လပ် ခဲ့သော ကြေးဝါ ယဇ်ပလ္လင်ကို ထာဝရဘုရား ၏ တဲ တော်ရှေ့မှာထား သောကြောင့်၊ ရှောလမုန် နှင့် ပရိသတ် တို့သည် ထိုယဇ်ပလ္လင်သို့ သွားကြ၏။ ၆ ထိုသို့ ပရိသတ်စည်းဝေး ရာတဲ တော်ရှေ့၊ ထာဝရဘုရား ရှေ့ တော်၌ရှိသောကြေးဝါ ယဇ် ပလ္လင်သို့ ရှောလမုန် ရောက် ၍ ထိုပလ္လင် ပေါ် မှာ မီးရှို့ ရာယဇ်တထောင် ကို ပူဇော် လေ၏။ ၇ ထို ညဉ့် တွင် ဘုရားသခင် သည် ရှောလမုန် အား ထင်ရှား လျက် ၊ ငါပေး ရမည့်ဆုကို တောင်း လော့ဟု မိန့် တော်မူ၏။ ၈ ရှောလမုန် ကလည်း ၊ ကိုယ်တော် သည် အကျွန်ုပ် အဘ ဒါဝိဒ် ၌ များစွာ သော ကျေးဇူး ကိုပြု တော်မူပြီ။ အဘ အရာ ၌လည်း အကျွန်ုပ် ကို နန်းထိုင် စေတော်မူပြီ။ ၉ ယခု မှာ အိုထာဝရ အရှင်ဘုရားသခင် ၊ မြေမှုန့် များသကဲ့သို့ အရေအတွက်အားဖြင့်များပြား သော လူ တို့၏ ရှင် ဘုရင်အရာ၌ အကျွန်ုပ် ကို ချီးမွှော်က်တော်မူသောကြောင့် အဘ ဒါဝိဒ် ၌ ထားသော ဂတိတော် ကို တည် စေတော်မူပါ။ ၁၀ အကျွန်ုပ် သည် ဤ လူ တို့ရှေ့မှာထွက် ဝင်နိုင် မည်အကြောင်း ဉာဏ် ပညာ ကို ပေး သနားတော်မူပါ။ ဤ မျှလောက်များစွာ သော ကိုယ်တော် ၏ လူ တို့ကို အဘယ်သူ သည် ကိုယ်အလိုအလျောက်တရား စီရင်နိုင်ပါမည်နည်းဟု တောင်း လျှောက်၏။ ၁၁ ဘုရားသခင် ကလည်း ၊ သင်သည် ထိုသို့အောက်မေ့ ၍ စည်းစိမ် ဥစ္စာ ဂုဏ် အသရေကို မတောင်း၊ ရန်သူ တို့ ၏ အသက် ကိုလည်း မ တောင်း ၊ တာရှည် သော အသက် ကိုလည်း မ တောင်း ၊ ငါခန့်ထား၍ သင်အစိုး ရသောငါ ၏ လူမျိုး ကို တရားစီရင်ခြင်းငှါတတ်နိုင်သော ဉာဏ် ပညာ ကိုသာ ကိုယ် အဘို့ တောင်း သောကြောင့် ၊ ဉာဏ် ပညာကို ငါပေး ၏။ ၁၂ ထိုမှတပါး သင့် ရှေ့မှာဖြစ် ဘူးသော ရှင်ဘုရင်နှင့် သင့် နောက် ၌ ဖြစ် လတံ့ သော ရှင်ဘုရင် တယောက်မျှ မမှီနိုင်မည်အကြောင်း၊ စည်းစိမ် ဥစ္စာ ၊ ဂုဏ် အသရေကိုလည်း ငါပေး မည်ဟု မိန့်တော်မူ၏။ ၁၃ ထိုအခါ ရှောလမုန် သည် ဂိဗောင် မြို့တွင် မြင့် သောအရပ်၌ ရှိသောပရိသတ်စည်းဝေး ရာ တဲ တော်ရှေ့မှ သည် ယေရုရှလင် မြို့သို့ ပြန် သွား၍ ၊ ကျသရေလ ပြည်ကို အုပ်စိုး လျက်နေတော်မူ၏။ ၁၄ ထိုနောက် ရှောလမုန် သည် ရထား များ၊ မြင်းစီး သူရဲများကို ဆည်းဖူး ၍ ၊ ရထား တထောင် နှင့် လေး ရာ ၊ မြင်းစီး သူရဲတသောင်း နှစ် ထောင်ရှိ ၏။ ရထား ထိန်းမြို့ တို့ ၌ ၎င်း၊ ယေရုရှလင် မြို့ အထံတော်၌ ၎င်း ထား ၏။ ၁၅ ရှင် ဘုရင်သည် ယေရုရှလင် မြို့၌ ရွှေ ငွေ ကို ကျောက်ခဲ ကဲ့သို့ ၎င်း ၊ အာရဇ် ပင်တို့ကို လွင်ပြင် ၌ ပေါက် သော သဖန်း

ပင်ကဲ့သို့ ၎င်း၊ များပြား စေ ၏။ ၁၆ ရှောလမုန် ထံသို့ မြင်း များကို အဲဂုတ္တု ပြည်၊ ကော မြို့မှ ဆောင် ခဲ့ရ၏။ ရှင်ဘုရင် ကုန်သည် တို့သည် အဘိုး ပေးလျက် ၊ ကော မြို့၌ ခံယူ ရကြ၏။ ၁၇ အဲဂုတ္တု ပြည်မှ ရထား တခုကိုငွေ ခြောက် ပိသာ နှင့် ၎င်း၊ မြင်း တစီးကို တပိသာ ငါးဆယ် နှင့် ၎င်း ရောင်းမြဲရှိ၏။ ထိုသို့ ဟိတ္တိ မင်းကြီး နှင့် ၊ ရှုရိ မင်းကြီး အပေါင်း တို့သည် အဲဂုတ္တု ရထားနှင့် မြင်းတို့ကိုရတတ်ကြ၏။

ရှောလမုန် သည် ထာဝရဘုရား ၏ နာမတော် အဘို့ အိမ် ကိုဌင်း ၊ နန်းတော် ကိုဌင်း တည်ဆောက် ခြင်းငှါ အကြံ ရှိ၍၊ ၂ ထမ်းရွက် သောသူခုနစ် သောင်း၊ တောင်ရိုး ပေါ်မှာ သစ်ခုတ် သော သူရှစ်သောင်း ၊ ကြည့်ရှု စီရင်ရသောသူ သုံး ထောင် ခြောက် ရာ တို့ကို ခွဲခန့် ပြီးမှ၊ ၃ တုရ မင်းကြီး ဟိရံ ထံသို့ စေလွှတ် ၍၊ မင်းကြီးသည် ငါ့ အဘ ဒါဝိဒ် ၏ နန်းတော် ဆောက် စရာဘို့ အာရဇ် သစ်သားကိုပေး လိုက်သည်နည်းတူ ငါ၌တဖန် ကျေးဇူးပြု ပါလော့။ ၄ ဣသရေလ အမျိုးသည် အစဉ် ကျင့်ရသောတရားအတိုင်း ဘုရားရှေ့ မှာ နံ့သာပေါင်း ကို မီးရှို့ခြင်းငှါဌင်း၊ ရှေ့ တော်မုန့်ကို အစဉ် တင်ခြင်းငှါဌင်း၊ ညဦး ၊ နံနက် ၊ ဥပုသ်နေ့ ၊ လဆန်း နေ့၊ ငါ တို့ဘုရားသခင် ထာဝရဘုရား ၏မမ္မပွဲ နေ့တို့ ၌ မီးရှို့ ရာယဇ်ကိုပူဇော် ခြင်းငှါ ၎င်း၊ ငါ ၏ ဘုရားသခင် ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော် ကို တည်ဆောက် ၍ ပူဇော် ရမည်။ ၅ ငါ တည်ဆောက် ရသော အိမ် တော်သည် ကြီး ရမည်။ ငါ တို့ဘုရားသခင် သည် ဘုရား တကာ တို့ထက် ကြီးမြတ် တော်မူ၏။ ၆ ကောင်းကင် နှင့် ကောင်းကင် တကာတို့၏ အထွဋ်အမြင့်ဆုံးသော ကောင်းကင် သည် ကိုယ်တော် ကို အဆုံ မ ခံနိုင်သည်ဖြစ်၍ ၊ ကျိန်းဝပ်တော်မူရာ အိမ် ကိုအဘယ်သူ တည်ဆောက် နိုင် မည်နည်း။ ရှေ့ တော်၌ ယဇ် ကို မီးရှို့ရာ အိမ်မှတပါး အခြား သော အိမ် တော်ကို တည်ဆောက် ခြင်းငှါ ငါ သည် အဘယ်သို့သော သူဖြစ်သနည်း။ ၇ ယခုမှာ ရွှေ ၊ ငွေ ၊ ကြေးဝါ ၊ သံ ၊ မောင်း သော အထည်၊ နီ သောအထည်၊ ပြာ သောအထည်ကို လုပ် တတ် သောအတတ် ၊ ငါ့ အဘ ဒါဝိဒ် ပြင်ဆင် ၍ ယေရုရှလင် မြို့၊ ယုဒ ပြည်၌ ငါ့ ထံမှာ ရှိသော ဆရာသမား တို့နှင့် ဝိုင်း၍ ထုလုပ် တတ်သော အတတ်နှင့် ပြည့်စုံ သော သူတယောက် ကို ငါ့ ထံသို့ စေလွှတ် ပါ။ ၈ အာရဇ် သစ်သား ၊ ထင်းရူး သစ်သား၊ အာလဂုံ သစ်သားများကို လေဗနုန် တောင်မှာ ခုတ်၍ပေး လိုက်ပါ။ မင်းကြီး ၏ ကျွန် တို့သည် လေဗနုန် တောင်ပေါ်မှာ သစ် ခုတ် တတ် သည် ကို ငါ သိ ၏။ ၉ သစ်သား အများကို ပြင်ဆင် ခြင်းငှါ ၊ ငါ့ ကျွန် တို့ သည် မင်းကြီး ကျွန် တို့နှင့် ဝိုင်း၍လုပ်ကိုင်ကြလိမ့်မည်။ ငါ တည်ဆောက် ရသော အိမ် တော်သည် အလွန် ကြီး၍ အံ့သြဘွယ် သော အိမ်ဖြစ်ရမည်။ ၁၀ သစ် ခုတ် သော မင်းကြီး ကျွန် တို့အား ဂျုံဆန် ကောရ နှစ်သောင်း ၊ မုယောဆန် နှစ်သောင်း ၊ စပျစ်ရည် ဗတ် နှစ်သောင်း ၊ ဆီ နှစ်သောင်း ကို ငါပေး မည်ဟု မှာ လိုက် လေ၏။ ၁၁ တုရ မင်းကြီး ဟိရံ သည် စာရေး ၍ ရှောလမုန် ထံသို့ ပြန်ပေး လိုက်သည်ကား၊ ထာဝရဘုရား သည် မိမိ လူမျိုး ကို ချစ် တော်မူသောကြောင့် ၊ ကိုယ်တော် ကို သူ တို့ ရှင်ဘုရင် အရာ၌ ချီးမြှောက် တော်မူပြီ။ ၁၂ ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူသော ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား သည် ဗိမာန် တော်ကိုဌင်း ၊ နန်းတော် ကိုဌင်း၊ တည်ဆောက် ခြင်းငှါတတ်စွမ်းနိုင်အောင် ဉာဏ်ကောင်း ၍ ပညာသတိ နှင့် ပြည့်စုံသောသား ကို ဒါဝိဒ် မင်းကြီး အား

ပေး တော်မူသည်ဖြစ်၍၊ ထာဝရဘုရားသည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၁၃ ယခုမှာ ဉာဏ်ကောင်း ၍ လိမ္မာ သောသူ ဟိရံအဘိ ကို ငါစေလွှတ် ပါ၏။ ၁၄ သူ့အမိ ကားဒန် အမျိုးသမီး ၊ အဘ ကား တုရ အမျိုးသား ဖြစ်၏။ သူသည် ရွှေ ၊ ငွေ ၊ ကြေးဝါ ၊ သံ ၊ ကျောက် ၊ သစ်သား ၊ မောင်း သောအထည်၊ ပြာ သော အထည်။ နီ သောအထည်၊ ပိတ်ချော ကို လုပ် တတ်သော အတတ် ၊ အမျိုးမျိုး ထုလုပ် တတ်သော အတတ်နှင့်ပြည့်စုံ၍၊ ကိုယ်တော် ၏ ဆရာသမား ၊ ခမည်းတော် အရှင် ဒါဝိဒ် ၏ ဆရာသမား တို့နှင့် ဝိုင်းလျက်၊ လိုသမျှ ကို ဉာဏ်ရှာ ၍ လုပ်တတ်သောသူဖြစ် ၏။ ၁၅ သို့ ဖြစ်၍ ကိုယ်တော်အမိန့် ရှိသည်အတိုင်း ၊ ဂျုံဆန် ၊ မုယောဆန် ၊ စပျစ်ရည် ၊ ဆီ ကိုကိုယ်တော် ကျွန် တို့ အား ပေး ပါတော့။ ၁၆ ငါ တို့သည် ကိုယ်တော် လိုချင် သမျှ သောသစ်သား ကို၊ လေဗနုန် တောင်ပေါ်မှာ ခုတ် ပြီးလျှင် ဘောင် လုပ်၍ ပင်လယ် လမ်းဖြင့် ၊ ယုပ္ပေ မြို့သို့ ဆောင် ခဲ့ပါမည်။ ကိုယ်တော် သည် ယေရုရှလင် မြို့သို့ သယ်ပို့ ရမည်ဟု ပြန်ပြော ၏။ ၁၇ ခမည်းတော် ဒါဝိဒ် သည် ဣသရေလ နိုင်ငံ ၌ နေသော တပါးအမျိုးသား အပေါင်း တို့ကို စာရင်း ယူပြီး သည်နောက် ၊ တဖန်ရှောလမုန် သည် စာရင်း ယူပြန်၍၊ တသိန်း ငါးသောင်းသုံး ထောင် ခြောက် ရာ တို့ကို တွေ့ ၏။ ၁၈ ထမ်း သောသူ ခုနစ်သောင်း ၊ တောင် ပေါ်မှာ သစ်ခုတ် သောသူရှစ်သောင်း ၊ အမှူ ကိုကြည့်ရှု စီရင်သောသူ သုံး ထောင် ခြောက် ရာ တို့ကို ခွဲထား တော်မူ၏။

၂ ၂ ယေရုရှလင် မြို့တွင် ၊ မောရိ တောင် ပေါ် မှာ ခမည်းတော် ဒါဝိဒ် အား ထာဝရဘုရား ထင်ရှား တော်မူရာအရပ် ၊ ယေဗုသိ လူအရောန ၏ ကောက်နယ် တလင်း ကို ဒါဝိဒ် ပြင်ဆင် ခဲ့ပြီးသော အရပ် ၌ ရှောလမုန် သည် နန်းစံ လေး နှစ် ၊ ဒုတိယ လ ၊ နှစ် ရက်နေ့တွင် ထာဝရဘုရား ၏ အိမ် တော်ကို တည် စ ပြုတော်မူ၏။ ၂ ရှောလမုန် သည် ဘုရားသခင် ၏အိမ် တော်ကို တည်ဆောက် ခြင်းအမှု၌ သွန်သင်ခြင်းကိုခံသည်နှင့်အညီ၊ သံတောင် အားဖြင့် အလျား သည် အတောင် ခြောက်ဆယ် ၊ အနံ အတောင် နှစ်ဆယ် ရှိ၏။ ၄ အိမ်တော်ဦး သည်လည်း အိမ် တော်အနံ နှင့်ညီ၍ အလျား အတောင် နှစ်ဆယ် ၊ အမြင့် အတောင်တရာ နှစ်ဆယ် ရှိ၏။ ရွှေစင် နှင့် မွမ်းမံ လျက်ရှိ၏။ ၅ အိမ် တော်အတွင်းအမိုးကို ထင်းရူး ပျဉ်ပြား ဖြင့် ပြီးစေလျက် စွန်ပလွံ ပင်များနှင့် ကြိုး များတို့ကို ထု ၍ ရွှေစင် နှင့် မွမ်းမံ လေ၏။ ၆ အိမ် တော်၌ အသရေ တင့်တယ်စေခြင်းငှါ ကျောက် မြတ် တို့ကို စီချယ် ၏။ မွမ်းမံသောရွှေ သည် ပါရဝိမ် ရွှေ ဖြစ်၏။ ၇ အိမ် တော်၏ထုပ် ၊ လျောက်၊ တိုင်၊ ထရံ ၊ တံခါးချွက် တို့ကို ရွှေ နှင့် မွမ်းမံ ၍ ထရံ ပေါ် မှာ ခေရုဗိမ် အရုပ် များကို ထု လေ၏။ ၈ အလွန် သန့်ရှင်းရာ ဌာန တော်ကိုလည်း အိမ် တော်အနံ နှင့်ညီစွာ အလျား အတောင် နှစ်ဆယ် ၊ အနံ အတောင် နှစ်ဆယ် လုပ်၍ ရွှေစင် အခွက် ခြောက် ထောင် နှင့် မွမ်းမံ လေ၏။ ၉ ရွှေ မှိုအချိန် ကား အကျပ် ငါးဆယ် ရှိ၏။ အထက် ခန်းတို့ကိုလည်း ရွှေ နှင့်မွမ်းမံ ၏။ ၁၀ အလွန်သန့်ရှင်း သော အခန်း ၌ ခေရုဗိမ် နှစ်ပါး ကို ထု လုပ်၍ ရွှေ နှင့် မွမ်းမံ ၏။ ၁၁ ခေရုဗိမ် အတောင် တို့သည် အတောင် နှစ်ဆယ် ရှည် ၏။ ၁၂ အတောင် တဘက်လျှင် အလျားငါး တောင် စီ ရှိ၍၊ ခေရုဗိမ်နှစ်ပါးတို့သည် အတောင်ချင်းထိလျက်၊ အတောင်တဘက်စီအိမ် တော်ထရံ ကို မှီ လျက် ရှိကြ၏။ ၁၃ ထို ခေရုဗိမ် တို့သည် အတွင်း သို့ မျက်နှာ ပြုလျက် ၊ မတ်တတ် နေ၍ အတောင် တို့ကို ဖြန့်

သဖြင့် အတောင် နှစ်ဆယ် ကျယ်၏။ ၁၄ ပြာ သောအထည်၊ မောင်း သောအထည်၊ နီ သော အထည်၊ ပိတ်ချော ဖြင့် ပြီး၍ ခေရုဗိမ် အရုပ်နှင့် ချယ်လှယ် သော ကုလားကာ ကိုလည်း လုပ် လေ၏။ ၁၅ အရှည်သုံးဆယ် ငါး တောင် ရှိသောတိုင် နှစ် တိုင် ကိုလည်း လုပ် ၍ အိမ် တော်ရှေ့ မှာ စိုက်ထားလေ၏။ တိုင်အပေါ် မှာ တင်သောတိုင်ထိပ်သည် အမြင့်ငါးတောင် စီရှိ၏။ ၁၆ ဗျာဒိတ် ဌာနတော်၌ ရှိသကဲ့သို့ကြိုး များကိုလည်း လုပ် ၍ တိုင် ထိပ် အပေါ် မှာထား ၏။ သလဲသီး အလုံးတရာ တို့ကိုလည်း လုပ် ၍ ကြိုး ပေါ် မှာ ဆွဲ ထား၏။ ၁၇ ထိုတိုင် တို့ကို ဗိမာန် တော်ရှေ့ မှာ လက်ျာ ဘက် လက်ဝဲ ဘက်၌ စိုက် ထား၍ ၊ လက်ျာ တိုင်ကိုယာခိန် ၊ လက်ဝဲ တိုင်ကို ဗောဇ အမည် ဖြင့် မှည့် လေ၏။

၇ အလျား အတောင် နှစ်ဆယ် ၊ အနံ အတောင် နှစ်ဆယ် ၊ အမြင့် ဆယ် တောင် ရှိသောကြေးဝါ ယဇ် ပလ္လင် ကိုလည်း လုပ် လေ၏။ ၂ အချင်း ဆယ် တောင် ၊ အဝန်း အတောင် သုံးဆယ် ၊ အစောက် ငါး တောင် ရှိသောကြေးဝါရေကန် ကိုလည်း လုပ် လေ၏။ ၃ ရေကန် အနားပတ်အောက်ပတ်လည် ၌ ဘူးသီးရုပ်များ၊ အတောင်တထောင်တွင် ဆယ်လုံးစီစေ့အောင်၊ ဘူးသီးရုပ်နှစ်ပတ်ကို ရေကန်နှင့်တစပ်တည်းသွန်း လေ ၏။ ၄ နွား တဆယ် နှစ်ခု ပေါ် မှာ တည် လျက်ရှိ၏။ နွားတို့သည် အတွင်းသို့ နောက်ခိုင်း၍ အရှေ့အနောက်တောင်မြောက်အရပ်လေးမျက်နှာသို့ တမျက်နှာလျှင် သုံးခုစီမျက်နှာပြု ကြ၏။ ၅ ရေကန်သည် ဒု လက်တဝါး ရှိ၏။ အပေါ် အနား ပတ်လည်ဖလား အနား ပတ်ကဲ့သို့ ကြာပွင့် အပြောက် နှင့်ပြည့်စုံ ၏။ ရေဗတ် သုံး ထောင် ဝင် နိုင်၏။ ၆ မီးရှို့ ရာယဇ်နှင့်ဆိုင်သော အရာ တို့ကို ဆေး စရာ ဘို့ အင်တုံဆယ် လုံးကိုလည်း လုပ် ၍၊ လက်ျာ ဘက်၌ အင်တုံ ငါး လုံး၊ လက်ဝဲ ဘက်၌ ငါး လုံးကို ထား လေ၏။ ရေကန်မူကား ယဇ်ပုရောဟိတ် ရေချိုး စရာဘို့ ဖြစ်သတည်း။ ၇ ရွှေ မီးခုံ ဆယ် ခုကိုလည်း အရင် ပုံနှင့်အညီ လုပ် ၍ ဗိမာန်တော်အတွင်း လက်ျာ ဘက်၌ ငါး ခု၊ လက်ဝဲ ဘက်၌ ငါး ခုကိုထား လေ၏။ ၈ စားပွဲ ဆယ်ခု ကိုလည်း လုပ် ၍ ဗိမာန်တော် အတွင်း လက်ျာ ဘက်၌ ငါး ခု၊ လက်ဝဲ ဘက်၌ ငါး ခုကို ထား လေ၏။ ရွှေ ဖလား တရာ ကိုလည်း လုပ် လေ၏။ ၉ ယဇ်ပုရောဟိတ် တန်တိုင်း ၊ ပြင်တန်တိုင်း ကြီး ၊ တန်တိုင်း တံခါးရွက် များကိုလည်း လုပ် ၍ တံခါးရွက် တို့ကို ကြေးဝါ ဖြင့် ဖုံးအုပ် လေ၏။ ၁၀ ရေကန် ကိုလည်း အိမ်တော်လက်ျာ ဘက် အရှေ့တောင် ထောင့် ၌ နေရာ ချ၏။ ၁၁ ဟိရံသည်အိုး များ၊ ရေမှုတ် များ၊ အင်တုံ ငယ်များ ကိုလည်း လုပ် သဖြင့် ၊ ရှောလမုန် မင်းကြီး အဘို့ ဘုရားသခင် ၏အိမ်တော်၌ လက်စသတ် သော အရာ များဟူမူကား၊ ၁၂ တိုင် နှစ် တိုင်၊ တိုင် ထိပ် နှင့် တိုင် ထိပ်အထွဋ်နှစ်ခု ၊ တိုင် ထိပ် အထွဋ် ကို ဖုံးလွှမ်း စရာကွန်ရွက် နှစ် ရွက်၊ ၁၃ ထိုကွန်ရွက် အပေါ် မှာ သလဲသီး နှစ် တန်း စီ၊ သလဲသီး ပေါင်းလေး ရာ၊ ၁၄ ခုံ များ၊ ခုံ ပေါ် မှာတင် ထားသောအင်တုံ များ၊ ၁၅ ရေကန် တ ကန်၊ ရေကန် ကိုထောက် သော နွား တဆယ် နှစ်ခု ၊ အိုး များ၊ ရေမှုတ် များ၊ အမဲ ချိတ်များတည်း။ ၁၆ ရှောလမုန် မင်းကြီး အဘို့ ဟိရံ လုပ် သမျှ သောထာဝရဘုရား ၏အိမ်တော်တန်ဆာ တို့သည် ပြောင်ပြောင်တောက်သော ကြေးဝါ ဖြင့် ပြီး ကြ၏။ ၁၇ ယော်ဒန် ချိုင့် ၊ သုကုတ် မြို့နှင့် ဇာသန်မြို့စပ်ကြား တွင်၊ သရွတ်လုပ်စရာကောင်းသော မြေ ၌ ရှင်ဘုရင် သွန်း လေ ၏။ ၁၈ ရှောလမုန် သည် ထို တန်ဆာ တို့ကို များစွာ လုပ် သောကြောင့် ၊ ကြေးဝါ အချိန် ကို အဘယ်သူ မျှမသိ။ ၁၉ ရှောလမုန် သည်လည်း ၊ ဘုရားသခင် ၏ အိမ်

တော်နှင့် ဆိုင်သမျှ သော တန်ဆာ များတည်းဟူသောရွေ့ ယဇ် ပလ္လင်၊ ရှေ့ တော်မုန့် တင် စရာစားပွဲ၊ ၂၀ တရား တော်အတိုင်း ဗျာဒိတ် ဌာနတော်ရှေ့မှာ ထွန်း စရာဘို့ ရွှေစင် မီးခုံ နှင့် မီးခွက် များ၊ ၂၁ ရွှေစင် ဖြင့်ပြီး သောပန်းပွင့် ၊ မီးခွက် ၊ မီး ကိုင် တန်ဆာများ၊ ၂၂ ရွှေစင် ဖြင့်ပြီးသောမီးညှပ် ၊ လင်ပန်း ၊ ဇွန်း ၊ ပြာခံစရာအိုး များ၊ အိမ် တော်ထဲမှာ အလွန်သန့်ရှင်း ရာ ဌာနတော်အတွင်း ခန်းတံခါးရွက် နှင့် ဗိမာန် တော် ပြင်ခန်းတံခါးရွက် တို့ကိုလည်း ရွှေ ဖြင့် ပြီးစေ၏။

၅ ထိုသို့ ရှောလမုန် သည် ထာဝရဘုရား ၏ အိမ် တော်အဘို့ ပြု လုပ်စီရင် သမျှ အလုံးစုံ တို့ကို လက်စသတ် ပြီးမှ ၊ ခမည်းတော် ဒါဝိဒ် လှူ သော ရွှေ ငွေ တန်ဆာ များကိုဆောင် ခဲ့၍ ဘုရားသခင် ၏အိမ် တော်ဘဏ္ဍာ စုထဲ မှာသွင်း ထားလေ၏။ ၂ ထိုအခါ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို၊ ဇိအုန် မည်သော ဒါဝိဒ် မြို့ မှာ ဆောင် ခဲ့လိုသောဘုံ၊ ရှောလမုန် သည် ဣသရေလ အသက် ကြီးသူ အပေါင်း တို့နှင့် ဣသရေလ အဆွေအမျိုး အသီးအသီးကို အုပ်သောခေါင်း မင်း အပေါင်းတို့ကို၊ ယေရုရှလင် မြို့သို့ ခေါ် တော်မူသည်အတိုင်း၊ ၃ ဣသရေလ လူ အပေါင်း တို့သည်၊ သတ္တမ လ ၌ လုပ်သော ပွဲ အတွင်းတွင် ၊ ရှင်ဘုရင် ထံ တော်သို့ စုဝေး ရောက်လာကြ၏။ ၄ ဣသရေလ အမျိုး အသက်ကြီး သူအပေါင်း တို့ သည် လာ ၍ လေဝိ သားတို့သည်လည်း ထာဝရဘုရား၏ သေတ္တာ တော်ကိုထမ်း လျက်၊ ၅ ပရိသတ်စည်းဝေး ရာတဲ တော်၊ တဲ တော်နှင့် ဆိုင် ၍ ၊ သန့်ရှင်း သော တန်ဆာ အလုံးစုံ တို့ကို ယဇ် ပုရောဟိတ်များနှင့် လေဝိ သားများတို့သည် ဆောင် ခဲ့ကြ၏။ ၆ ရှောလမုန် မင်းကြီး မှစ၍ သေတ္တာ တော်ရှေ့ မှာ စည်းဝေး သော ဣသရေလ ပရိသတ် အပေါင်း တို့သည် မ ရေတွက် နိုင်၊ အတိုင်းမသိ များစွာ သော သိုး နွား တို့ကို ယဇ် ပူဇော်ကြ၏။ ၇ ယဇ် ပုရောဟိတ်တို့သည်လည်း ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ကို အိမ်တော်အတွင်းသို့သွင်း ၍ အလွန် သန့်ရှင်းရာဌာန တည်းဟူသောဗျာဒိတ် ဌာနတော် ထဲမှာ ၊ ခေရုဗိမ် အတောင် တို့အောက် ၊ သူ နေရာ ၌ ထားကြ ၏။ ၈ ခေရုဗိမ် တို့သည် မိမိအတောင် ကို သေတ္တာ တော် နေရာ အပေါ် မှာ ဖြန့် ၍ ၊ သေတ္တာ တော်နှင့် ထမ်းဘိုး တို့ကို လွှမ်းမိုး လျက် ရှိ ကြ၏။ ၉ ထမ်းဘိုး တို့ကို ဆွဲ ထားသဖြင့် ၊ ထမ်းဘိုး ဖျား တို့ သည် ပြင်ခန်း ၌ မ ထင် ၊ သေတ္တာ တော်ရှေ့ ဗျာဒိတ် ဌာန တော်၌ သာ ထင် ၍ ယနေ့ တိုင်အောင် ရှိ ကြ၏။ ၁၀ ဣသရေလ အမျိုးသား တို့သည် အဲဂုတ္တု ပြည်မှ ထွက် ၍ ၊ ထာဝရဘုရား သည် သူ တို့နှင့် ပဋိညာဉ် ဖွဲ့တော်မူသောအခါ၊ မောရှေ သည် ဟောရပ် အရပ်၌ ရှိစဉ် သွင်း ထားသော ကျောက် ပြားနှစ် ပြားမှတပါး သေတ္တာ တော်ထဲ ၌အဘယ် အရာမရှိ။ ၁၁ ထိုအခါ စည်းဝေးသော ယဇ် ပုရောဟိတ်တို့သည် အလှည့်သင့်သည်အတိုင်း အမှုတော်ကို မ စောင့် ၊ ရှိသမျှ တို့ သည် သန့်ရှင်း သည်ဖြစ်၍သန့်ရှင်း ရာဌာနထဲက ထွက် ပြီးလျှင်၊ ၁၂ သီချင်း ဆိုသော လေဝိသား အာသပ် တပည့်၊ ဟေမန် တပည့်၊ ယေဒုသုန် တပည့်အပေါင်း တို့သည် အမျိုးသား ချင်းများနှင့်တကွ ပိတ်ဖြူ ကို ဝတ်ဆင် ၍၊ ခွက်ကွင်း စောင်း တယော ကို ကိုင်လျက် ယဇ် ပလ္လင်အရှေ့ ဘက်၌ ရပ် နေကြ၏။ တံပိုး မှုတ်သော ယဇ်ပုရောဟိတ် တရာ နှစ်ဆယ် တို့သည်လည်း၊ ၁၃ သီချင်း ဆိုသောသူတို့နှင့် ဝိုင်း လျှင် ၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ၍ ထောမနာပြုခြင်းငှါ ၊ တညီတညွတ် တည်းအသံ ပြိုင်လျက်၊ ကောင်းမြတ် တော်မူ သည်။ ကရုဏာ တော်အစဉ်အမြဲ

တည်သည်ဟု တံပိုး ခွက်ကွင်း အစ ရှိသောတုရိယာ မျိုးနှင့်တကွ ၊ အသံ ကိုလွှင့် ၍ ထာဝရဘုရား ၏ ဂုဏ်တော်ကို ချီးမွမ်း ကြသောအခါ ၊ ထာဝရဘုရား ၏အိမ် တော်သည် မိုဃ်းတိမ် နှင့်ပြည့် ၏။ ၁၄ ထိုသို့ ဘုရားသခင် ၏ အိမ်တော်သည် ထာဝရဘုရား ၏ ဘုန်း တော်နှင့်ပြည့် လျက်၊ မိုဃ်းတိမ် တော် ကြောင့် ယဇ် ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင်ရွက် လျက် ရပ် ၍ မ နေနိုင် ကြ။

၆ ရှောလမုန် ကလည်း၊ ထာဝရဘုရား သည်၊ ထူထပ် သော မှောင်မိုက်ထဲမှာ နေ တော်မူသည်ဟု စကား တော်ရှိ၏။ ၂ သို့ရာတွင် ကိုယ်တော် ကျိန်းဝပ် တော်မူရာအိမ် ၊ အစဉ်အမြဲ နေ တော်မူရာ ဌာန တော်ကို အကျွန်ုပ် တည်ဆောက် ပါပြီဟု မြွက်ဆို ၏။ ၃ တဖန်ရှင် ဘုရင်သည် လှည့် ကြည့်၍ ဣသရေလ အမျိုးပရိသတ် အပေါင်း ကို ကောင်းကြီး ပေးတော်မူ၏။ ဣသရေလ အမျိုးပရိသတ် အပေါင်း တို့သည် မတ်တတ် နေကြ၏။ ၄ ရှင်ဘုရင်ကလည်း၊ ထာဝရဘုရား၏ ဗျာဒိတ်တော်စကားဟူမူကား၊ ငါ ၏လူ ဣသရေလအမျိုးသားတို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သော နေ့ က စ၍၊ ငါ့ နာမ တည် ရာ အိမ် ကို ဆောက် စေခြင်းငှါ ၊ ၅ ဣသရေလ ခရိုင် များတို့တွင် မြို့ တစုံတမြို့ကို ငါမ ရွေး ၊ ငါ ၏လူ ဣသရေလ အမျိုးသားတို့ကို အုပ်စိုး ရသောသူကိုလည်း ငါမ ရွေး သေး။ ၆ ယခုမူကား၊ ငါ့ နာမ တည် ရာ ယေရုရှလင် မြို့ကို ၎င်း၊ ငါ ၏လူ ဣသရေလ အမျိုးသားတို့ကို အုပ်စိုး စေခြင်းငှါ ဒါဝိဒ် ကို ၎င်း၊ ငါရွေး ပြီဟု ငါ့ ခမည်းတော် ဒါဝိဒ် အား ဗျာဒိတ် တော်ရှိသည်အတိုင်း၊ ပြုတော်မူသောဣသရေလ အမျိုး ၏ဘုရားသခင် ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေ သတည်း။ ၇ ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား ၏နာမတော် အဘို့ အိမ် တော်ကို တည်ဆောက် ခြင်းငှါ ၊ ငါ့ ခမည်းတော် ဒါဝိဒ် သည် အကြံ ရှိ သောအခါ၊ ၈ ထာဝရဘုရား က၊ သင် သည် ငါ့ နာမ အဘို့ အိမ် ကို တည်ဆောက် ခြင်းငှါ အကြံ ရှိ သောကြောင့် ၊ ကောင်း သောအမှုကိုပြုပြီ။ ၉ သို့သော်လည်း သင် သည် အိမ် တော်ကို မ ဆောက် ရ။ သင် ၏သားရင်း သည် ငါ့ နာမ အဘို့ အိမ် တော်ကို ဆောက် ရမည်ဟု ငါ့ ခမည်းတော် ဒါဝိဒ် အား မိန့် တော်မူ၏။ ၁၀ ထာဝရဘုရား သည် အမိန့် တော်ရှိသည်အတိုင်း ပြု တော်မူသဖြင့် ၊ ငါသည် ငါ့ ခမည်းတော် ဒါဝိဒ် ၏ အရိပ် အရာကိုခံရ၍ ၊ ထာဝရဘုရား ဂတိ တော်ရှိသည်အတိုင်း ဣသရေလ နိုင်ငံ၏ ရာဇ ပလ္လင်ပေါ် မှာ ထိုင် လျက် ၊ ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား ၏ နာမ တော်အဘို့ အိမ် တော်ကို တည်ဆောက် လေပြီ။ ၁၁ ဣသရေလ အမျိုးသား တို့နှင့် ထာဝရဘုရား ဖွဲ့ တော်မူသော ပဋိညာဉ် ကျောက်စာပါသော သေတ္တာ တော်ကို ထို အိမ်တော်၌ တင် ထားလေပြီဟု မြွက်ဆို၏။ ၁၂ ထိုအခါ ရှောလမုန် သည် အလျား ငါး တောင် ၊ အနံ ငါး တောင်၊ ၁၃ အမြင့် သုံး တောင် ရှိသောပလ္လင်ကိုလုပ် ၍၊ တန်တိုင်း အလယ် ၌ ထား နှင့် သော ထိုပလ္လင် ပေါ် သို့ တက် ပြီးလျှင် ၊ ထာဝရဘုရား ၏ယဇ် ပလ္လင်ရှေ့ ၊ ဣသရေလ အမျိုးပရိသတ် အပေါင်း တို့ အလယ် မှာဒူး ထောက် ၍ ၊ လက်ဝါး တို့ကို ကောင်းကင် သို့ ဖြန့် လျက်၊ ၁၄ အိုဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၊ ကောင်းကင် ပေါ် မြေကြီး ပေါ် မှာကိုယ်တော် နှင့် တူသောဘုရား တဆူမျှ မရှိပါ။ ရှေ့ တော်၌ စိတ်နှလုံး အကြွင်းမဲ့ ကျင့် သောကိုယ်တော် ၏ ကျွန် တို့အဘို့ ပဋိညာဉ် တရားနှင့် ကရုဏာ တရားကို စောင့်ရှောက် တော်မူပြီ။

၁၅ အကျွန်ုပ် အဘ ဒါဝိဒ် ၌ ထား တော်မူသော ဂတိတော် ကိုမဖျက်၊ မိန့်တော်မူသည်အတိုင်း ယနေ့ ပြု တော်မူပြီ။ ၁၆ အိုဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော်က၊ သင်သည်ငါ့ ရှေ့ မှာ ကျင့် သကဲ့သို့ သင် ၏ သား မြေးတို့သည်ငါ့ တရား ကို ကျင့် လိုသောငှါ ၊ မိမိ တို့ သွားရာလမ်း ကို သတိပြု လျှင် ၊ ငါ့ မျက်မှောက် ၌ ဣသရေလ နိုင်ငံ၏ ရာဇ ပလ္လင်ပေါ် မှာ ထိုင် ရသောသင် ၏ အမျိုး မင်းရိုးမ ပြတ် ရဟု ကိုယ်တော် ကျွန် အကျွန်ုပ် အဘ ဒါဝိဒ် ၌ ထား တော်မူသောဂတိတော်ကို ယခု စောင့် တော်မူပါ။ ၁၇ အိုဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် ကျွန် အကျွန်ုပ်အဘ ဒါဝိဒ် အား မိန့် တော်မူသော စကား တော်ကို ယခု ပြည့်စုံ စေတော်မူပါ။ ၁၈ သို့ရာတွင် ဘုရားသခင် သည် မြေကြီး ပေါ် မှာ လူ တို့တွင် ဧကန် အမှန်ကျိန်းဝပ် တော်မူမည်လော။ကောင်းကင် နှင့် ကောင်းကင် တကာတို့၏အထွဋ်၊ အမြင့်ဆုံး သော ကောင်းကင်သည်ကိုယ်တော် ကို မ ဆံ့ မခံနိုင်သည်ဖြစ်၍၊ အကျွန်ုပ်တည်ဆောက် သော ဤ အိမ် ကို အဘယ် ဆိုဘွယ်ရာရှိပါသနည်း။ ၁၉ သို့သော်လည်း အိုအကျွန်ုပ် ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် ကျွန် သည် ရှေ့ တော်၌ ယနေ့ကြွေးကြော် လျက် ပဌနာ ပြု၍ တောင်းလျှောက် သော စကားကို နားခံ နာယူ တော်မူပါ။ ၂၀ ဤမည်သောအရပ်၌ ငါ့နာမတည်ရမည်ဟု မိန့် တော်မူသည်အတိုင်း၊ ဤအရပ် ဌာနနှင့် ဤ အိမ် တော်ကို နေ့ ညဉ့်မပြတ်ကြည့်ရှု ၍ ကိုယ်တော် ကျွန် သည် ဤ အရပ် ဌာန၌ ဆုတောင်း သော စကား ကို နားထောင် တော်မူပါ။ ၂၁ ကိုယ်တော် ကျွန် မှစ၍ကိုယ်တော် ၏ လူ ဣသရေလ အမျိုးသားတို့သည် ဤ အရပ် ဌာန၌ ဆုတောင်း ပဌနာပြုကြသောအခါ ၊ ကျိန်းဝပ် တော်မူရာကောင်းကင် ဘုံ၌ နားထောင် ၍ အပြစ် မှလွတ်တော်မူပါ။ ၂၂ လူ သည်မိမိ အိမ်နီးချင်း ကို ပြစ်မှား သောကြောင့် ၊ အကျိန် ခံရမည်ဟုအိမ်နီးချင်းဆိုလျက်၊ ဤ အိမ် တော်၌ ကိုယ်တော် ၏ ယဇ်ပလ္လင်ရှေ့ မှာ အကျိန်တိုက်လျှင်၊ ၂၃ ကောင်းကင် ဘုံ၌ နားထောင် တော်မူပါ။ မ တရားသောသူသည် မိမိအပြစ်နှင့်အလျောက်ရုံးစေခြင်းငှါ၎င်း၊ ဖြောင့်မတ်သောသူသည် မိမိ ဖြောင့်မတ် ခြင်း နှင့် အလျောက်အကျိုးကိုခံရ ၍ အပြစ် မှ လွတ်စေခြင်းငှါ ၎င်း ၊ ကိုယ်တော် ကျွန် တို့ကို တရား စီရင်တော်မူပါ။ ၂၄ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားတို့သည် ကိုယ်တော် ကို ပြစ်မှား သောအပြစ်ကြောင့် ၊ ရန်သူ ရှေ့ မှာ ရှုံး ရသောအခါ ၊ ကိုယ်တော် ထံ သို့ ပြန်လာ ၍ နာမ တော်ကို ဝန်ခံ လျက် ၊ ဤ အိမ် တော်ကို မှီခို လျက်၊ ဆုတောင်း ပဌနာ ပြုလျှင်၊ ၂၅ ကောင်းကင် ဘုံ၌ နားထောင် ၍ ၊ ကိုယ်တော် ၏လူ ဣသရေလ အမျိုးသားတို့ကို အပြစ် မှလွတ် တော်မူပါ။ ဘိုးဘေး တို့အား ပေး သနားတော်မူသောပြည်သို့ တဖန် ပို့ဆောင် တော်မူပါ။ ၂၆ ကိုယ်တော် ကို ပြစ်မှား သောအပြစ်ကြောင့် မိုးယံ မ ရွာ၊ မိုးယံခေါင် သဖြင့် ၊ ကိုယ်တော်သည် ဆုံးမ တော်မူသောအခါ၊ သူတို့သည် ဤ အရပ် ဌာနတော်ကို မှီခိုလျက် ဆုတောင်း ၍ ၊ နာမ တော်ကို ဝန်ခံ လျက် မိမိ ဒုစရိုက် ကို စွန့်ပယ်လျှင်၊ ၂၇ ကောင်းကင် ဘုံ၌နားထောင် ၍ ကိုယ်တော် ၏ ကျွန် ၊ ကိုယ်တော် ၏လူ ဣသရေလ အမျိုးတို့ကို အပြစ် မှ လွတ် တော်မူပါ။ သူ တို့လိုက် ရသောလမ်း ကောင်း ကို ပြည်သွန် ၍ ၊ ကိုယ်တော် ၏ လူ တို့အား အမွေ ပေးသော မြေ ပေါ် မှာ မိုးယံရွာ စေတော်မူပါ။ ၂၈ ပြည် တော်၌ အစာအာဟာရ ခေါင်းပါး သော်၎င်း၊ လေ ထိ၍ အပင်သေသော်၎င်း၊ အရည် ယို၍သေ သော်၎င်း၊ အရာဘကျိုင်း ၊ ခါသိလကျိုင်း

ကိုက်စားသော်၎င်း၊ ရန်သူ တိုက်လာ၍ မြို့ ကိုဝိုင်း ထားသော်၎င်း၊ ဘေးဥပဒ် အနာရောဂါတစုံတခု ရောက် သောခါ၊ ၂၉ ကိုယ်တော် ၏လူ ကွသရေလ အမျိုးသားအချို့တို့ သည် အသီးအသီး ခံရသောဘေးဒဏ် ကိုသိ လျက်၊ ဤ အိမ် တော်သို့ မိမိ တို့လက်ဝါး ကို ဖြန့် ၍ တစုံ တခုသောပဌနာ စကားအားဖြင့်ဆုတောင်း လျှင်၊ ၃၁ ကျိန်းဝပ် တော်မူရာ ကောင်းကင်ဘုံ ၌ ၊ နားထောင် တော်မူပါ။ ဘိုးဘေး တို့အား ပေးသနား တော်မူသော ပြည် ၌ သူ တို့သည် အသက်ရှင် သော ကာလ ပတ်လုံး ကိုယ်တော်ကိုကြောက်ရွံ့ ၍၊ တရားတော်လမ်း သို့လိုက်ပါ မည်အကြောင်း ၊ ကိုယ်တော် သာလျှင် လူသတ္တဝါ အပေါင်းတို့၏စိတ်နှလုံး သဘောကိုသိ တော်မူသည်ဖြစ်၍၊ ဆုတောင်းသောသူတို့၏စိတ်နှလုံး သဘောကိုသိ လျက် သူတို့အပြစ်ကိုလွှတ် တော်မူပါ။ အသီးအသီး ပြုကြသည်အတိုင်း စီရင် တော်မူပါ။ ၃၂ ကိုယ်တော် ၏လူ ကွသရေလ အမျိုးမ ဟုတ်၊ တပါး အမျိုးသားတို့ သည်ကြီးမြတ် သောနာမ တော်နှင့် တန်ခိုး ကြီး၍ ဆန့် တော်မူသောလက်ရုံး တော်ကိုထောက် သဖြင့်၊ ဝေး သောပြည် မှ ရောက် လာ၍ ဤ အိမ် တော်ကို မှီခိုလျက်ဆုတောင်း လျှင်၊ ၃၃ ကျိန်းဝပ် တော်မူရာ ကောင်းကင် ဘုံ၌ နားထောင် တော်မူပါ။ ကိုယ်တော် ၏ လူ ကွသရေလ အမျိုးသားတို့သည်ကိုယ်တော် ကို ကြောက်ရွံ့ သကဲ့သို့၊ မြေကြီး သား အပေါင်း တို့သည် ကြောက်ရွံ့လျက် နာမ တော် ကို သိ စေခြင်းငှါငင်း၊ အကျွန်ုပ်တည်ဆောက် သော ဤ အိမ် တော်ကို နာမ တော်ဖြင့် သမုတ် ကြောင်းကို သိ စေခြင်းငှါ ၎င်း၊ ထို တပါး အမျိုးသားတို့သည် ဆုတောင်း သမျှ အတိုင်း ကျေးဇူးပြု တော်မူပါ။ ၃၄ ကိုယ်တော်စေခိုင်း တော်မူသည်အတိုင်း ၊ ကိုယ်တော် ၏လူ တို့သည် ရန်သူ တို့ရှိရာသို့ စစ်ချီ သောအခါ ရွေး တော်မူသော မြို့ ၊ နာမ တော်အတို့ အကျွန်ုပ် တည်ဆောက် သော အိမ် တော်ကို မှီခိုလျက် ကိုယ်တော် အား ဆုတောင်း ကြလျှင်၊ ၃၅ သူ တို့ ဆုတောင်း ပဌနာ ပြုသော စကားကို ကောင်းကင် ဘုံ၌ နားထောင် ၍ သူ တို့အမှု ကို စောင့် တော်မူပါ။ ၃၆ မ ပြစ်မှား တတ်သော သူ တယောက် မျှမရှိသည် ဖြစ်၍ ၊ ကိုယ်တော်၏လူတို့သည် ကိုယ်တော် ကို ပြစ်မှား သောကြောင့် ၊ အမျက် တော်ထွက်၍ ရန်သူ လက်သို့ အပ် တော်မူသဖြင့် ၊ ရန်သူတို့သည် ဝေး သောပြည် ၊ နီး သောပြည်၊ အခြားတပါးသော ပြည်သို့သိမ်းသွား လျှင် ၎င်း၊ ၃၇ ထိုပြည် ၌ အချုပ် ခံစဉ်၊ သူတို့သည် သတိရ ၍ အကျွန်ုပ်တို့သည် ပြစ်မှား ပါပြီ။ မ ဖြောင့်သောအမှု၊ ဆိုးညစ် သောအမှုကို ပြုမိပါပြီဟု စိတ် ပြောင်းလဲ ၍ တောင်းပန် သဖြင့်၊ ၃၈ သိမ်းသွား သော ရန်သူတို့၏ ပြည် ၌ နေစဉ်၊ စိတ် နှလုံးအကြွင်းမဲ့ အထံ တော်သို့ ပြန်လာ ၍၊ ဘိုးဘေး တို့ အား ပေး တော်မူသော ပြည် ၊ ရွေး တော်မူသော မြို့ ၊ နာမ တော် အတို့ အကျွန်ုပ်တည်ဆောက် သော အိမ် တော်ကို မှီခိုလျက် ဆုတောင်း လျှင် ၎င်း၊ ၃၉ သူ တို့ဆုတောင်း ပဌနာ ပြုသောစကားကို ကျိန်းဝပ် တော်မူရာ ကောင်းကင် ဘုံ၌ နားထောင် ၍ သူ တို့ အမှု ကို စောင့် တော်မူပါ။ ကိုယ်တော် ကို ပြစ်မှား သော ကိုယ်တော် လူ တို့၏အပြစ် ကို ဖြေရှင်းတော်မူပါ။ ၄၀ အိုအကျွန်ုပ် ဘုရားသခင် ကြည့်ရှု တော်မူပါ။ ဤ အရပ် ဌာန၌ ဆုတောင်း သော စကားကို နားထောင် တော်မူပါ။ ၄၁ အိုထာဝရ အရှင် ဘုရားသခင် ၊ ကျိန်းဝပ် တော်မူရာသို့ တန်ခိုး တော်နှင့်ယှဉ်သော ဓမ္မသေတ္တာ နှင့်တကွ တက် တော်မူပါ။ အိုထာဝရ အရှင်ဘုရားသခင် ၊ ကိုယ်တော် ၏ ယဇ် ပုရောဟိတ်တို့သည် ကယ်တင် ခြင်းတန်ဆာ ကို ဆင်၍ ၊ ကိုယ်တော် ၏ သန့်ရှင်း သူတို့သည်

ကျေးဇူး တော်၌ ဝမ်းမြောက် ကြပါစေသော၊ ၄၂ အိုထာဝရ အရှင်ဘုရားသခင် ၊ ဘိသိက် ပေး တော်မူသောသူ ၏မျက်နှာ ကို လွှဲ စေတော်မ မူပါနှင့်။ ကိုယ်တော် ကျွန် ဒါဝိဒ် ခံရသောကျေးဇူး တော်ကို အောက်မေ့ တော်မူပါဟု ပဌနာပြုလေ၏။

၇ ထိုသို့ ရှောလမုန် သည်ပဌနာ ပြု၍ ပြီး သောအခါ ၊ ကောင်းကင် က မီး ကျ ၍ မီးရှို့ ရာယဇ်အစ ရှိသော ယဇ် မျိုးကို လောင် သဖြင့် ၊ အိမ် တော်သည် ထာဝရဘုရား ၏ ဘုန်း တော်နှင့်ပြည့် ၏။ ၂ ထာဝရဘုရား ၏အိမ် တော်သည် ဘုန်း တော်နှင့် ပြည့် သောကြောင့် ၊ ယဇ် ပုရောဟိတ်တို့သည် ထာဝရဘုရား ၏ အိမ် တော်ထဲသို့ မ ဝင် နိုင် ကြ။ ၃ ထိုသို့မီး ကျ ၍ ထာဝရဘုရား ၏ ဘုန်း တော်သည် အိမ် တော်ပေါ် မှာ သက်ရောက်သည်ကို ဣသရေလ အမျိုးသား အပေါင်း တို့သည် မြင် လျှင် ၊ ကျောက် ခင်းအရပ် ၌ မြေ ပေါ် မှာ ဦးချ ပြပ်ဝပ်လျက် ကောင်းမြတ် တော်မူသည်၊ ကရုဏာ တော်အစဉ်အမြဲ တည်သည်ဟု ထာဝရဘုရား ကို ကိုးကွယ် ၍ ဂုဏ်တော်ကို ချီးမွမ်း ကြ၏။ ၄ ထိုအခါ ရှောလမုန် မင်းကြီး နှင့်တကွ လူ အပေါင်း တို့သည် ထာဝရဘုရား ရှေ့ တော်၌ ယဇ် ပူဇော် ကြ၏။ ၅ နွား နှစ်သောင်း နှစ်ထောင်၊ သိုး တသိန်း နှစ်သောင်းတို့ကို ယဇ် ပူဇော် သဖြင့် ၊ ဘုရားသခင် ၏ အိမ် တော်ကို အနုမောဒနာ ပြုကြ၏။ ၆ ယဇ် ပုရောဟိတ်တို့သည် မိမိ တို့အမှု ကို ဆောင်ရွက် ကြ၏။ လေဝိ သားတို့သည် ထာဝရ ဘုရား၏ ကရုဏာ တော် အစဉ်အမြဲ တည်သောကြောင့်၊ ထာဝရဘုရား ၏ ဂုဏ်တော်ကိုချီးမွမ်း စရာဘို့ ဒါဝိဒ် မင်းကြီးစီရင် သော တုရိယာမျိုးကို တီးမှုတ်လျက် ဒါဝိဒ် ၏ ဆာလံ သီချင်းကို ဆိုကြ၏။ ယဇ် ပုရောဟိတ်တို့သည်လည်း တံပိုးမှုတ် ၍ ဣသရေလ အမျိုးသားအပေါင်း တို့သည် မတ်တတ် နေကြ၏။ ၇ ရှောလမုန် သည်လည်း၊ ထာဝရဘုရား ၏ အိမ် တော်ရှေ့မှာရှိသော တန်တိုင်း အတွင်း အရပ်ကို သန့်ရှင်း စေ၍ ၊ ထို အရပ်၌ မီးရှို့ ရာယဇ်နှင့် မိဿဟာယ ယဇ် ကောင်ဆီဥ ကိုပူဇော် ၏။ အကြောင်း မူကား၊ အရင် လုပ်သောကြေးဝါ ယဇ် ပလ္လင်သည် မီးရှို့ ရာယဇ်၊ ဘောဇဉ် ပူဇော်သကွာ၊ ယဇ်ကောင်ဆီဥ ကို မ ခံ လောက်။ ၈ ထိုအခါ ရှောလမုန် သည် အလွန် များစွာ သော ပရိသတ် တည်းဟူသောဟာမတ် မြို့ဝင်ဝမှစ၍ အဲဂုတ္တ၊ မြစ် တိုင်အောင် အနှံ့အပြားအရပ်ရပ်ကလာကြသော ဣသရေလ အမျိုးသားအပေါင်း တို့နှင့်တကွ ခုနစ် ရက် ပတ်လုံးပွဲခံ တော်မူ၏။ ၉ အဋ္ဌမ နေ့ရက် ၌ ဓမ္မစည်းဝေး ခြင်းကို ပြု ကြ၏။ ခုနစ် ရက်ပတ်လုံးယဇ် ပလ္လင်ကိုအနုမောဒနာ ပြုပြီးမှ၊ နောက် တဖန်ခုနစ် ရက်ပတ်လုံးပွဲခံ ကြ၏။ ၁၀ ထာဝရဘုရား သည် ဒါဝိဒ် နှင့် ရှောလမုန် မှစသော မိမိ လူ ဣသရေလ အမျိုးသားတို့ ၌ ပြု တော်မူသမျှ သော ကျေးဇူး တော်ကြောင့် ဝမ်းမြောက် ရွှင်လန်း လျက်၊ လူ များတို့သည် မိမိ တို့နေရာ သို့ ပြန်သွားကြမည် အကြောင်း၊ သတ္တမ လ နှစ်ဆယ် သုံး ရက် နေ့တွင် လွှတ် လိုက်တော်မူ၏။ ၁၁ ရှောလမုန် သည် ဗိမာန် တော်နှင့် နန်းတော် ကို လက်စသတ် ၍ ၊ ဗိမာန် တော်နှင့် နန်းတော် ၌ လုပ်ဆောင်မည်ဟု ကြံစည်လေသမျှသော အကြံသည် အထမြောက် သောအခါ၊ ၁၂ ထာဝရဘုရား သည် ညဉ့် အချိန်တွင် ထင်ရှား တော်မူလျက် ၊ သင် ပြုသောပဌနာ စကားကိုငါကြား ပြီ။ ဤ အရပ် ဌာနကို ယဇ် ပူဇော်ရာ အိမ် ဖြစ်စေ ခြင်းငှါကိုယ် အဘို့ ငါရွေးယူ ပြီ။ ၁၃ မိုယ်း မ ရွာ စေခြင်းငှါ ငါသည် မိုယ်းခေါင် စေ သော်၎င်း၊ ကျိုင်း တို့သည် မြေ အသီးအနှံကို ကိုက်စား စေခြင်းငှါ ငါမှာ ထားသော်၎င်း၊ ငါ့ လူ တို့ ၌ ကာလနာ ကိုစေလွှတ် သော်၎င်း၊ ၁၄ ငါ့ နာမ ဖြင့်သမုတ် သော ငါ့

လူ တို့သည် ကိုယ်ကိုနှိမ့်ချ သဖြင့် ၊ ငါ့ မျက်နှာ ကိုရှာ လျက် ဆုတောင်း ပဌနာပြု၍ အခမ္မ လမ်း ကို လွှဲရှောင် လျှင် ငါ သည် ကောင်းကင် ဘုံ၌ နားထောင် မည်။ သူ တို့အပြစ် ကို ဖြေ ၍ သူ တို့ ပြည် ကို ချမ်းသာ ပေးမည်။ ၁၅ ငါ ကြည့်ရှု မည်။ ဤ အရပ် ဌာန၌ ဆုတောင်း သော စကားကို ငါ နားထောင် မည်။ ၁၆ ငါ့ နာမ သည် အစဉ် တည်၍ ငါ့ မျက်စိ နှင့် ငါ့ နှလုံး အစဉ် စွဲလမ်း စရာဘို့ ဤ အိမ် ကို ငါရွေးချယ် ၍ သန့်ရှင်း စေပြီ။ ၁၇ သင် သည် ငါမှာထား သမျှ ကို ပြု ၍ ငါ စီရင် ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက် ခြင်းငှါ သင့် အဘ ဒါဝိဒ် ကဲ့သို့ ငါ့ ရှေ့မှာ ကျင့် နေလျှင်၊ ၁၈ ဣသရေလ နိုင်ငံကို အုပ်စိုး ရသောသင် ၏အမျိုး မင်း ရိုးမ ပြတ် ရဟု သင့် အဘ ဒါဝိဒ် နှင့် ငါပဋိညာဉ် ဖွဲ့သည် အတိုင်း ၊ သင်ထိုင်ရသောရာဇပလ္လင် ကို အစဉ်ငါတည်စေ မည်။ ၁၉ သို့မဟုတ် သင် တို့သည် လမ်းလွဲ ၍ ငါမှာ ထားသော စီရင် ထုံးဖွဲ့ချက်တို့ကို စွန့်ပယ် သဖြင့် ၊ အခြား တပါးသော ဘုရား ထံသို့ သွား ၍ ဝတ်ပြု ကိုးကွယ် လျှင်၊ ၂၀ ငါပေး သော ပြည် မှ သူ တို့ကို အမြစ်နှင့်တကွငါနှုတ်ပစ် မည်။ ငါ့ နာမ အဘို့ ငါသန့်ရှင်း စေသော ဤ အိမ် တော်ကို ငါ့ မျက်မှောက် မှ ပယ်ရှား မည်။ တပါး အမျိုးသားတို့တွင် ပုံခိုင်း ရာကဲ့ရဲ့ ရာ ဖြစ် စေမည်။ ၂၁ အရပ် မြင့်သော ဤ အိမ် တော်ကိုလည်း လမ်း ၌ ရှောက်သွား သော သူအပေါင်း တို့သည် အံ့သြ ၍၊ ထာဝရဘုရား သည် ဤ ပြည် နှင့် ဤ အိမ် ကို အဘယ်ကြောင့် ဤသို့ ပြု တော်မူသနည်းဟု တယောက်မေးမြန်း သော်၊ ၂၂ တယောက်က၊ သူ တို့၏ဘိုးဘေး များကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် သော ဘုရားသခင် ထာဝရဘုရား ကို သူတို့သည် စွန့် ၍ အခြား တပါးသော ဘုရား ကို မှီဝဲ လျက် ဝတ်ပြု ကိုးကွယ်ကြသောကြောင့် ဤ အမှု အလုံးစုံ ကို ရောက် စေတော်မူကြောင်းကိုပြန်ပြော လိမ့်မည်ဟု မိန့်တော်မူ၏။

၈ ရှောလမုန် သည် ဗိမာန် တော်နှင့် နန်းတော် ကို တည်ဆောက် ၍ အနှစ် နှစ်ဆယ် စေ့ သောအခါ၊ ၂ ဟိရံ မင်းပြန်ပေး သော မြို့ တို့ကို ရှောလမုန် ပြုပြင် ၍ ဣသရေလ အမျိုးသား တို့ကို နေ စေ၏။ ၃ တဖန် ဟာမတ်ဇောဘ မြို့သို့ ချီ သွား ၍ နိုင်လေ ၏။ ၄ ပြည် ထဲမှာ တာဒမော် မြို့၊ ဟာမတ် ပြည်၌ ရှိသမျှ သော ဘဏ္ဍာ တော်မြို့၊ ၅ မြို့ရိုး ၊ တံခါး ၊ ကန့်လန့်ကျင် နှင့် ခိုင်ခံ့ သော အထက် ဗေသောရုန် မြို့နှင့် အောက် ဗေသောရုန် မြို့တို့ကိုလည်း တည် လေ၏။ ၆ ဗာလတ် မြို့နှင့် ဘဏ္ဍာ တော်မြို့ များ၊ ရထား တော်ထိန်းသောမြို့ များ၊ မြင်း တော်ကျွေးသောမြို့ များ၊ ယေရုရှလင် မြို့ပတ်လည် ၊ လေဗနုန် တောင်ပေါ် ၊ နိုင်ငံ တော်အရပ်ရပ် ၌ တည်ချင်သောမြို့များတို့ကိုလည်း တည်လေ၏။ ၇ ဣသရေလ အမျိုးသား မ ဖျက်ဆီး သောကြောင့်၊ ပြည် တော်၌ ကျန်ကြွင်း သော တပါးအမျိုးသား ဟိတ္တိ ၊ အာမောရိ ၊ ဖေရဇိ ၊ ဟိဝိ ၊ ယေဗုသိ အမျိုးအနွယ်သားစဉ်မြေးဆက် အပေါင်း တို့ကို ရှောလမုန် သည် ယနေ့ တိုင်အောင် အခွန် ပေး စေ၏။ ၈ ဣသရေလ အမျိုးသား တို့ကို ကား ၊ ရှောလမုန် သည် အမှု တော်ထမ်းကျွန် မ ခံ စေ။ စစ်သူရဲ ၊ မှူးမတ် ၊ စစ်ကဲ ၊ ရထား တော်အုပ်၊ မြင်း တော်အုပ်အရာ၌ ခန့်ထားတော်မူ ၏။ ၁၀ အမှုတော် ထမ်းများကို အုပ် သောသူ၊ ရှောလမုန် မင်း ခန့်ထား သော မှူးမတ် ကြီးနှစ်ရာ ငါးဆယ် ရှိကြ၏။ ၁၁ ဖာရော ဘုရင်၏ သမီး တော်ကို၊ ရှောလမုန် သည် ဒါဝိဒ် မြို့ မှ ခေါ်၍ သူ့ အဘို့ တည်ဆောက် သော နန်းတော် သို့ ဆောင် ခဲ့၏။ အကြောင်း မူကား၊

ထာဝရဘုရား ၏ သေတ္တာ တော်ရောက် လာသောအရပ် သည် သန့်ရှင်း သောကြောင့် ၊ ငါ့ မယား သည် ကလသရေလ ရှင်ဘုရင် ဒါဝိဒ် အိမ် တော်၌ မ နေ သင့်ဟု သဘောရှိ၏။ ၁၂ ဗိမာန်တော် ဦးရှေ့ မှာတည် သော ထာဝရဘုရား ၏ ယဇ် ပလ္လင်ပေါ် မှာ၊ ရှောလမုန် သည် မောရှေ ၏ ပညတ် တရားနှင့်အညီ ၊ နေ့ တိုင်းမည်မျှပူဇော်ရသောမီးရှို့ ရာယဇ်ကို ထာဝရဘုရား အား နေ့တိုင်းပူဇော် လေ့ရှိ ၏။ ၁၃ ထိုမှတပါး ဥပုသ် နေ့နှင့် လဆန်း နေ့၌ဌင်း၊ အဓုမ ပွဲ ၊ ခုနစ် သိတင်းပွဲ ၊ သကေနေ ပွဲ တည်းဟူသော တနှစ်တနှစ်လျှင် ဓမ္မပွဲသုံး ပွဲ ခံသောနေ့ ၌ဌင်း ယဇ်ပူဇော်လေ့ရှိ၏။ ၁၄ ခမည်းတော် ဒါဝိဒ် စီရင် သည်အတိုင်း ၊ ယဇ် ပုရောဟိတ်တို့သည် အလှည့်အလှည့် ယဇ်ပုရောဟိတ်အမှုကိုဌင်း၊ လေဝိ သားတို့သည် နေ့ရက် အစဉ်ဝတ်ပြုသင့်သည်အတိုင်း၊ ယဇ်ပုရောဟိတ်တို့နှင့် ဝိုင်း၍ ထောမနာ သီချင်းဆိုသဖြင့်၊ မိမိတို့အမှုကိုဌင်း၊ တံခါးစောင့် တို့သည် အလှည့်အလှည့် တံခါးရှိသမျှတို့ကို စောင့်ခြင်း အမှုကိုဌင်း၊ အသီးသီးဆောင်ရွက်စေခြင်းငှါ ခန့်ထား၏။ ထိုသို့ ဘုရားသခင် ၏လူ ဒါဝိဒ် မှာ ထားနှင့်သတည်း။ ၁၅ အမှုတော်များ၊ ဘဏ္ဍာ တော်များနှင့် ဆိုင်သော အရာ မှာ ရှင်ဘုရင် မှာထားသမျှအတိုင်း ထိုသူတို့သည် ပြုကြ၏။ ၁၆ ထာဝရဘုရား ၏ အိမ် တော်အမြစ် မချမှီ လက်စသတ်သည်တိုင်အောင်၊ ရှောလမုန် လုပ်ဆောင်ရန် အမှု ရှိသမျှ သည် အသင့်ပြင်ဆင်ပြီးဖြစ်၍၊ အိမ်တော်ကို လက်စသတ်လေ၏။ ၁၇ တဖန် ရှောလမုန် သည် ဧဒုံ ပြည် တွင် ၊ ပင်လယ် ကမ်းနား ၌ ဧဇယုန်ဂါဗာ မြို့နှင့် ဧလုတ် မြို့သို့ သွား ၏။ ၁၈ ဟိရံ သည်လည်း ပင်လယ် ကူး သော အမှုကို နားလည် သော မိမိလူများ၊ သင်္ဘော များကို မိမိ ကျွန်တို့ နှင့်အတူရှောလမုန် ထံသို့ စေလွှတ် သဖြင့် ၊ သူတို့သည် ရှောလမုန် မင်း၏ ကျွန် တို့နှင့်အတူ ဩဖိရ မြို့သို့ သွား၍ ရွှေ အခွက် လေး ရာ ငါးဆယ် ကို ရှောလမုန် မင်းကြီး ထံသို့ ဆောင် ခဲ့ကြ၏။

၉ ရှေဘ ပြည်ကိုအစိုးရသောမိဖုရား သည် ရှောလမုန် ၏ သိတင်း ကိုကြား လျှင် ၊ နက်နဲ ခက်ခဲသော ပြဿနာအားဖြင့် သူ့ကိုစုံစမ်း ခြင်းငှါ ၊ နံ့သာမျိုး နှင့် များစွာ သောရွှေ ၊ အဘိုး ထိုက်သောကျောက် တို့ကို ဆောင် သောကုလားအုပ် များ၊ လိုက်သောသူများနှင့်တကွ ယေရုရှလင် မြို့သို့ လာ ၏။ ၂ ရှောလမုန် မင်းကြီးထံ တော်သို့ ရောက် သောအခါ ၊ မိမိ အလို ဆန္ဒရှိသမျှ ကို ဆွေးနွေး မေးမြန်းလေ၏။ သူ မေးမြန်း သော ပြဿနာရှိသမျှ တို့ကို ရှောလမုန် သည် ဖြေ လေ၏။ နားမလည် ၍ မ ဖြေ နိုင်သော အရာတစုံတခုမျှ မရှိ။ ၃ ရှေဘ မိဖုရား သည် ရှောလမုန် ၏ ပညာ ကိုဌင်း ၊ တည်ဆောက် သော အိမ် တော်ကိုဌင်း၊ ၄ စားပွဲ တော်တန်ဆာ ကိုဌင်း ၊ အမှု တော်စောင့်တို့နေရာ ထိုင်ရာကိုဌင်း ၊ လုလင် တို့ခစား သည် အခြင်းအရာကိုဌင်း ၊ သူ တို့ဝတ်သော အဝတ် တန်ဆာကိုဌင်း ၊ ဝန်စာရေး များ နှင့် သူ တို့ဝတ်သောအဝတ် တန်ဆာကိုဌင်း ၊ ထာဝရဘုရား ၏ အိမ် တော်၌မီးရှို့ရာ ယဇ်ပူဇော်ခြင်းကိုဌင်းမြင်သောအခါ မိန်းမောတွေဝေလျက်ရှိ၍၊ ၅ ကိုယ်တော် ၏ အခြင်း အရာနှင့် ကိုယ်တော် ၏ ပညာ ကို အကျွန်ုပ် သည် ကိုယ်ပြည် ၌ ကြား ရသော သိတင်းစကား မှန် ပါ၏။ ၆ သို့သော်လည်း ကိုယ်တိုင်ရောက် ၍ မ မြင် မှီ ထို စကား ကို မ ယုံ။ယခုမူကား၊ ကိုယ်တော် ပညာ ကျယ် ခြင်း အရာမှာ၊ အရင်ကြားရသောစကား သည် တဝက် ကိုမျှမ မှီ။ အကျွန်ုပ် ကြား ရသော သိတင်း ကို ကိုယ်တော်လွန်ကဲ ပါ၏။ ၇ ရှေ့တော်၌အစဉ် နေ ၍ ပညာ တော်ကို ကြား ရသော ကိုယ်တော် ၏လူ နှင့် ကိုယ်တော် ၏ကျွန် တို့သည် မင်္ဂလာ

ရှိကြပါ၏။ ၈ ကိုယ်တော် ကို နှစ်သက် ၍ ကိုယ်တော် ၏ ဘုရားသခင် ထာဝရဘုရား ကိုယ်စားတော်ရှင်ဘုရင် အရာနှင့် ရာဇ ပလ္လင် တော်ပေါ် မှာ တင် တော်မူသောကိုယ်တော် ၏ ဘုရားသခင် ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ကိုယ်တော် ၏ဘုရားသခင် သည် ဣသရေလ အမျိုးကို ချစ် ၍ အစဉ်အမြဲ တည်စေချင်သောကြောင့်၊ ဖြောင့်မတ် စွာ တရား စီရင်စေခြင်းငှါ ကိုယ်တော် ကို ဣသရေလရှင်ဘုရင် အရာ ၌ ခန့်ထား တော်မူပြီဟု ရှင်ဘုရင်အားပြောဆို၍၊ ၉ ရွှေ အခွက် တရာ နှစ်ဆယ် ၊ နုံသာမျိုး အများ၊ ကျောက်မြတ် တို့ကို ဆက် လေ၏။ ရှေဘ မိဖုရား သည် ရှောလမုန် မင်းကြီး အား ဆက် သော နုံသာမျိုး နှင့် တူသော နုံသာမျိုးသည် မ ရှိ။ ၁၀ ဩဖိရ မြို့မှ ရွှေ ကိုဆောင် ခဲ့သော ဟိရံ ကျွန်နှင့် ရှောလမုန် ကျွန် တို့သည်၊ အာလဂုံ သစ်သား များ၊ ကျောက် မြတ် များတို့ကိုလည်း ဆောင် ခဲ့ကြ၏။ ၁၁ ထိုအာလဂုံ သစ်သား ဖြင့် ရှင် ဘုရင်သည် ဗိမာန် တော် ပွတ်လုံးတန်း နှင့် နန်းတော် ပွတ်လုံးတန်းကိုငင်း၊ သီချင်းဆိုသောသူဘို့ စောင်း နှင့် တယော တို့ကိုငင်း၊ လုပ် လေ၏။ ထိုသို့သော အာလဂုံသစ်သားသည် ယုဒ ပြည် ၌ တခါမျှ မပေါ် လာ။ ၁၂ ရှောလမုန် မင်းကြီး သည် ရှေဘ မိဖုရား ဆက် သည်အတွက် ပြန်ပေးသောလက်ဆောင်မှတပါး၊ မိဖုရား ၏ အလို ဆန္ဒပြည့်စုံစေခြင်းငှါ သူတောင်း သမျှ ကိုလည်း ပေး တော်မူ၏။ ထိုနောက်မှမိဖုရားသည် မိမိ ကျွန် တို့နှင့်တကွ မိမိ ပြည် သို့ ပြန် သွားလေ၏။ ၁၃ ရှောလမုန် ထံသို့ တနှစ် တနှစ်လျှင် ရောက် သော ရွှေ ချိန် ကား အခွက် ခြောက် ရာ ခြောက်ဆယ် ခြောက် ပိဿာဖြစ် သတည်း။ ၁၄ ထိုမှတပါး၊ ကုန်သည် များ၊ လှည်းသမားများ၊ အာရပ် မင်းကြီး ရှိသမျှ ၊ မြို့ဝန် များဆက် သော ရွှေ ရှိသေး ၏။ ၁၅ ရှောလမုန် မင်းကြီး သည် ရွှေ ခြောက် ပိဿာ စီဖြင့် ဒိုင်းကြီး နှစ်ရာ၊ ၁၆ သုံး ပိဿာ စီဖြင့် ဒိုင်း ငယ်သုံး ရာ တို့ကို ထု လုပ်၍၊ လေဗနုန် တော သစ်သားနှင့် တည်ဆောက်သော နန်းတော် ၌ ထား တော်မူ၏။ ၁၇ ရှင် ဘုရင်သည်လည်း ဆင်စွယ် ရာဇ ပလ္လင်ကြီး ကို လုပ် ၍ ရွှေ စင် နှင့် မွမ်းမံလေ၏။ ၁၈ လှေကား ခြောက် ထစ်နှင့် ရွှေ ဘိနပ် သည် ရာဇ ပလ္လင် တော်နှင့် တဆက် တည်းရှိ၏။ ထိုင် ရာတဘက် တချက်၌ မှီစရာလက်ရုံးတန်း နှင့် ပြည့်စုံ၍၊ လက်ရုံးတန်း အနား မှာ ခြင်္သေ့ နှစ် ကောင်ရပ် နေ၏။ ၁၉ လှေကား ခြောက် ထစ်အပေါ် တွင်၊ တဘက်တချက် ၌လည်း ခြင်္သေ့ တဆယ် နှစ် ကောင်ရပ် နေ၏။ ထိုသို့ သော ရာဇပလ္လင်သည် အဘယ် တိုင်း နိုင်ငံ၌မျှမ ရှိ။ ၂၀ ရှောလမုန် မင်းကြီး သောက် သော ဖလား တော် ရှိသမျှ နှင့် လေဗနုန် နန်းတော် ၌ သုံးသောဖလားတော် ရှိသမျှတို့သည် ငွေဖလားမဟုတ်၊ ရွှေဖလားသက်သက်ဖြစ်၏။ ရှောလမုန် လက်ထက် ၌ ငွေ ကို အလျှင်းပမာဏ မပြုတတ်ကြ။ ၂၁ ရှင်ဘုရင် ၏သင်္ဘော သည် ဟိရံ မင်းကျွန် တို့နှင့် တာရှု မြို့သို့ သွား တတ်သဖြင့်၊ သုံးနှစ် တခါ တာရှု သင်္ဘော သည် ပြန်လာ ၍ ရွှေ ၊ ငွေ ၊ ဆင်စွယ် ၊ မျောက် များ၊ ဒေါင်း များကို ဆောင် ခဲ့၏။ ၂၂ ထိုသို့ ရှောလမုန် သည် မြေကြီး ပေါ် မှာရှိသမျှ သော ရှင် ဘုရင်တို့ထက် ပညာ နှင့် စည်းစိမ် အားဖြင့် လွန်ကဲ ၏။ ၂၃ ရှောလမုန် ၏ နှလုံး ၌ ဘုရားသခင် သွင်းပေး တော်မူသော ပညာ ကို အတိုင်းတိုင်း အပြည်ပြည်ရှင် ဘုရင်တို့သည် ကြား ရအံ့သောငှါ ၊ မျက်နှာ တော်ကို ဖူး လာကြ၏။ ၂၄ လာ သောသူအသီးအသီး တို့သည် ရွှေ ဖလား ၊ ငွေ ဖလား ၊ အဝတ် တန်ဆာ၊ စစ်တိုက် လက်နက်၊ နုံသာမျိုး ၊ မြင်းလား တို့ကို နှစ် တိုင်းအခွန် ဆက်ရကြ၏။ ၂၅ ရှောလမုန်

သည်လည်း ၊ ရထား တော်များနှင့် ထိုင်သောမြင်း တင်းကုပ် လေး ထောင် ၊ မြင်း စီးသူရဲ တသောင်း နှစ်ထောင်ရှိ ၏။ ရထား ထိန်းမြို့ တို့ ၌ ၎င်း၊ ယေရုရှလင် မြို့ အထံတော်၌ ၎င်း ထား ၏။ ၂၆ မြစ် ကြီးမှစ၍ ဖိလိတ္တိ ပြည် နှင့် အဲဂုတ္တု ပြည်စွန်း တိုင်အောင် ရှိ သောရှင်ဘုရင် အပေါင်း တို့ကို အစိုးရ ၏။ ၂၇ ရှင် ဘုရင်သည် ယေရုရှလင် မြို့၌ ငွေ ကို ကျောက်ခဲ ကဲ့သို့ ၎င်း၊ အာရဇ် ပင်တို့ကို လွင်ပြင် ၌ ပေါက်သော သဖန်း ပင်ကဲ့သို့ ၎င်း များပြား စေ ၏။ ၂၈ ရှောလမုန် ထံသို့ မြင်း များကို အဲဂုတ္တ ပြည်အစ ရှိသောခပ်သိမ်း သော ပြည် မှ ဆောင် ခဲ့ကြ၏။ ၂၉ ရှောလမုန် ပြုမူသော အမှု အရာကြွင်းလေသမျှ အစ ဆုံး တို့သည်၊ ပရောဖက် နာသန် ၏ကျမ်း ၊ ရှိလော မြို့သားအဟိယ ၏အနာဂတ္တိ ကျမ်း၊ နေဗတ် သား ယေရောဗောင် တဘာက် ၌ ပရောဖက် ဣဒ္ဒေါ ၏ ဗျာဒိတ် ကျမ်း၌ ရေးထား လျက်ရှိ၏။ ၃၀ ရှောလမုန် သည် ယေရုရှလင် မြို့၌ နေ၍ ဣသရေလ နိုင်ငံလုံး ကို အနှစ် လေးဆယ် စိုးစံ ပြီးမှ၊ ၃၁ ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ခမည်းတော် ဒါဝိဒ် မြို့ ၌ သင်္ဂြိုလ် ခြင်းကိုခံ လေ၏။ သား တော် ရောဗောင် သည် ခမည်းတော်အရာ ၌ နန်း ထိုင်၏။

၁၀ ဣသရေလ အမျိုးသားအပေါင်း တို့သည် ရောဗောင် ကို ရှင် ဘုရင်အရာ၌ ချီးမြှောက်ခြင်းငှါ ရှေခင် မြို့သို့ သွား ကြ၍ ၊ သူသည်လည်းသွား၏။ ၂ ရှောလမုန် မင်းကြီးထံမှ ၊ အဲဂုတ္တု ပြည်သို့ ပြေး သော နေဗတ် ၏သား ယေရောဗောင် သည်၊ ထိုသိတင်းကိုကြား ၍ အဲဂုတ္တု ပြည်မှ ပြန်လာ ၏။ ၃ ဣသရေလ လူတို့သည် သူ့ထံသို့လူကို စေလွှတ် ၍ ခေါ် သဖြင့် ၊ လူအပေါင်း တို့သည် သူ နှင့်အတူ ရောဗောင် ထံသို့ ဝင် လျက်၊ ၄ ခမည်းတော် သည် ကျွန်တော် တို့ ၌ လေး သောထမ်းဘိုး ကိုတင် ပါပြီ။ ခမည်းတော် ထံမှာ ပင်ပန်း စွာ ဆောင်ရွက်ရသောအမှု၊ တင် တော်မူသောထမ်းဘိုး လေးကို ပေါ့ စေတော်မူပါ။ ထိုသို့ပြုတော်လျှင်၊ ကျွန်တော် တို့သည် အမှုတော် ကို ထမ်းပါမည်ဟု လျှောက်ဆို ကြ၏။ ၅ ရောဗောင်ကလည်း၊ သုံး ရက် လွန်မှ တဖန် လာ ကြဦးလော့ဟု မိန့် တော်မူလျှင် ၊ သူတို့သည်သွား ကြ၏။ ၆ ထိုအခါ ရောဗောင် မင်းကြီး သည် ခမည်းတော် ရှောလမုန် အသက်ရှင် စဉ်အခါ ၊ အထံ တော်၌ခစား သော အသက်ကြီး သူတို့နှင့် တိုင်ပင် ၍၊ ဤ သူ တို့အား ငါပြန်ပြော ရမည်အကြောင်း ၊ အဘယ်သို့ အကြံ ပေးကြမည်နည်းဟုမေး သော်၊ ၇ သူ တို့က ကိုယ်တော်သည် ဤ သူ တို့ ၌ ကျေးဇူး ပြု လျက် ၊ သူ တို့စိတ် ကို ဖြေ၍ ကောင်း သောစကားကို ပြော တော်မူလျှင် ၊ သူတို့သည် အစဉ် ကိုယ်တော် ၏ကျွန် ခံ ကြပါလိမ့်မည်ဟု လျှောက် ထားကြ၏။ ၈ အသက်ကြီး သူတို့ပေး သော အကြံ ကို ရောဗောင်သည်မ လိုက်၊ ခစားမြဲခစား သောမိမိ သူငယ်ချင်း တို့နှင့် တိုင်ပင် လျက်၊ ၉ ပြည်သား တို့က ခမည်းတော် တင် သော ထမ်းဘိုး ကို ပေါ့ စေတော်မူပါဟု လျှောက်ဆို ကြသည်ဖြစ်၍၊ သူ တို့အား ငါပြန်ပြော ရမည်အကြောင်း အဘယ်သို့ အကြံ ပေးကြမည်နည်းဟုမေး သော်၊ ၁၀ ထိုသူငယ်ချင်း လုလင်တို့က၊ ခမည်းတော် သည် ကျွန်တော် တို့ ၌ ထမ်းဘိုး ကိုလေး စေပါပြီ၊ ပေါ့ စေတော်မူပါဟု လျှောက် သောပြည် သားတို့အား ကိုယ်တော်က၊ ငါ့ လက်သန်း သည် ငါ့ ခမည်းတော် ခါး ထက် သာ၍ကြီး လိမ့်မည်။ ၁၁ ငါ့ ခမည်းတော် သည် သင် တို့အပေါ် မှာ လေး သောထမ်းဘိုး တို့ကို တင် လေပြီ။ ငါ သည်လည်း ထပ် ၍တင်ဦးမည်။ ငါ့ ခမည်းတော် သည် သင် တို့ကို ကြိမ်လုံး နှင့် ရိုက် လေပြီ။ ငါ သည်လည်း ကင်းမြီးကောက် နှင့် ရိုက်ဦးမည်ဟု ပြန်ပြော တော်မူပါဟု လျှောက်

ထားကြ၏။ ၁၂ ရှင် ဘုရင်က၊ သုံး ရက်မြောက်သောနေ့ ၌ တဖန် လာကြဦးလော့ဟု နေ့ရက်ကို ချိန်းချက် သည်အတိုင်း၊ သုံး ရက်မြောက်သောနေ့ ၌ ယေရောဗောင် နှင့် လူ အပေါင်း တို့သည် ရောဗောင် ထံသို့ ရောက် ကြ၏။ ၁၃ ထိုအခါ ရောဗောင် မင်းကြီး သည် အသက်ကြီး သူတို့ပေးသော အကြံ ကိုမ လိုက်၊ လူပျိုတို့ပေးသောအကြံကိုလိုက်လျက်၊ ၁၄ ခမည်းတော် သည် သင် တို့အပေါ်မှာ လေးသော ထမ်းဘိုးကိုတင် လေပြီ။ ငါ သည်လည်း ထပ်၍ တင်ဦးမည်။ ငါ့ခမည်းတော်သည် သင် တို့ကို ကြိမ်လုံး နှင့် ရိုက်လေပြီ။ ငါ သည်လည်း ကင်းမြီးကောက် နှင့် ရိုက် ဦးမည်ဟု ကြမ်းတမ်းစွာ ပြန်ပြော တော်မူ၏။ ၁၅ ရှင် ဘုရင်သည် ပြည်သား တို့စကားကို နား မ ထောင်ရသည် အကြောင်းကား၊ ထာဝရဘုရား သည် ရှိလော မြို့သားအဟိယ အားဖြင့် နေဗတ် ၏သား ယေရောဗောင် အား မိန့် တော်မူသော စကား ကိုပြည့်စုံ စေတော်မူမည်အကြောင်း တည်း။ ၁၆ ဣသရေလ အမျိုးသားအပေါင်း တို့သည် ရှင်ဘုရင် နား မ ထောင်ကြောင်း ကိုသိမြင်လျှင်၊ ငါ တို့သည် ဒါဝိဒ် နှင့် အဘယ်သို့ ဆက်ဆံသနည်း။ ယေရှဲ ၏သား နှင့် အဘယ်သို့အမွေ ခံရသေးသနည်း။ အိုဣသရေလ အမျိုး၊ သင် တို့နေရာ သို့ အသီးသီး သွား ကြ။ အိုဒါဝိဒ် ၊ သင် ၏အိမ် ကိုကြည့်ရှု လော့ဟု ရှင်ဘုရင် အား ပြန်ပြော လျက်၊ ဣသရေလ လူအပေါင်း တို့သည် မိမိ တို့နေရာ သို့ ပြန် သွားကြ၏။ ၁၇ သို့ရာတွင် ယုဒ မြို့ ရွာတို့ ၌ နေ သောဣသရေလ လူ တို့ကို၊ ရောဗောင် သည် အုပ်စိုး ရသေး၏။ ၁၈ ထိုအခါ ရောဗောင် မင်းကြီး သည်၊ အခွန် တော်ဝန် အဒေါနိရံ ကို စေလွှတ် ၍ ဣသရေလ အမျိုးသား တို့သည် သူ့ ကိုသေ အောင်ကျောက်ခဲ နှင့် ပစ် ကြ၏။ ၁၉ ရောဗောင် မင်းကြီး သည် ရထား တော်ကို အလျင်အမြန် တက် ၍ ယေရုရှလင် မြို့သို့ ပြေး လေ၏။ ထိုသို့ ဣသရေလ အမျိုးသည် ယနေ့ တိုင်အောင် ဒါဝိဒ် မင်းမျိုး ကို ပုန်ကန် ကြ၏။

၁၁ ရောဗောင် သည် ယေရုရှလင် မြို့သို့ ရောက် သောအခါ၊ ဣသရေလ အမျိုးကို စစ်တိုက် ၍ ၊ နိုင်ငံ တော်ကို ရောဗောင်လက်သို့ ရောက်ပြန်စေခြင်းငှါ၊ ယုဒ အမျိုး နှင့် ဗင်္ယာမိန်အမျိုးထဲက ရွေးချယ် သော စစ်သူရဲတသိန်း ရှစ်သောင်းတို့ကို စုဝေး စေ၏။ ၂ သို့ရာတွင် ဘုရားသခင် ၏နှုတ်ကပတ် တော်သည် ဘုရားသခင် ၏လူ ရှေမာယ သို့ ရောက် ၍၊ ၃ သင်သည် ရှောလမုန် သား ယုဒ ရှင်ဘုရင် ရောဗောင် နှင့်ယုဒ ခရိုင်၊ ဗင်္ယာမိန် ခရိုင်၌ ရှိသောဣသရေလ လူအပေါင်း တို့အား ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ၊ ၄ သင် တို့ ညီအစ်ကို တို့ကို စစ်တိုက် ခြင်းငှါချီ၍ မ သွား ကြနှင့်။ လူအပေါင်းတို့၊ ကိုယ် နေရာ သို့ ပြန် သွားကြလော့။ ဤ အမှု ကိုငါ စီရင် ပြီဟု မိန့် တော်မူသောထာဝရဘုရား ၏စကား တော်ကိုနားထောင် ၍ ၊ ယေရောဗောင် ကို စစ် မချီ၊ ပြန် သွားကြ၏။ ၅ ရောဗောင် သည် ယေရုရှလင် မြို့၌ နေ ၍ ၊ ယုဒ ပြည် ၌ ခိုင်ခံ့ သောမြို့ တို့ကိုပြုစု ရာတွင်၊ ၆ ဗက်လင် မြို့၊ ဧတံ မြို့၊ တေကော မြို့၊ ၇ ဗက်ဇုရ မြို့၊ ရှောကော မြို့၊ အဒုလံ မြို့၊ ၈ ဂါသ မြို့၊ မရေရှ မြို့၊ ဇိဖ မြို့၊ ၉ အဒေါရိမ် မြို့၊ လာခိရှ မြို့၊ အဇေကာ မြို့၊ ၁၀ ဇောရာ မြို့၊ အာဇလုန် မြို့၊ ဟေဗြုန် မြို့တည်းဟူသော ယုဒ ခရိုင် နှင့် ဗင်္ယာမိန် ခရိုင်တွင် ခိုင်ခံ့ သောမြို့ တို့ကို ပြုစု လေ၏။ ၁၁ ရဲတိုက် များကိုလည်း ခိုင်ခံ့ စေ၍ ၊ အကြီးအကဲ နှင့်တကွ ဆီ ၊ စပျစ်ရည် များ၊ ရိက္ခာ များကို သိုထား လေ၏။ ၁၂ ယုဒ အမျိုးနှင့် ဗင်္ယာမိန် အမျိုးသည် အမှုတော်ကို ထမ်းရွက်သောကြောင့်၊ မြို့ အသီးအသီး တို့ ၌ ဒိုင်း လွှား လှံ

လက်နက်များကို ထား၍ အလွန် ခိုင်ခံ့ စေ၏။ ၁၃ ကြသရေလ ပြည် အရပ်ရပ် ၌ ရှိသောယဇ် ပုရောဟိတ် လေဝိ သားတို့သည်၊ မိမိ တို့နေရာ မှ အထံ တော်သို့ လာ ကြ၏။ ၁၄ လေဝိ သားတို့သည်၊ မိမိ တို့နေရာ ဖြစ်သော ပိုင် ထိုက်ရာအရပ်ကို စွန့် ၍ ၊ ယုဒ ပြည်ယေရုရှလင် မြို့သို့ ရောက် လာသောအကြောင်းဟူမူကား၊ ယေရောဗောင် နှင့် သူ ၏သား တို့သည်၊ လေဝိသားတို့ကို ထာဝရဘုရား ရှေ့ တော်၌ ယဇ် ပုရောဟိတ်အမှုကို စောင့်ရသောအရာမှ ချ ၍၊ ၁၅ မြင့် သောအရပ်၊ နတ်ဆိုး ၊ မိမိလုပ် သော နွားသငယ် တို့အဘို့ ၊ ယဇ် ပုရောဟိတ်တို့ကို ခန့်ထား သတည်း။ ၁၆ ကြသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား ကို ရှာ လိုသောငှါ ၊ သဘော ချ သောသူတို့သည်လည်း၊ ကြသရေလ ခရိုင် များထဲက ထွက်၍၊ ဘိုးဘေး တို့၏ဘုရားသခင် ထာဝရဘုရား အား ယဇ် ပူဇော်အံ့သောငှါ ၊ လေဝိ သားတို့နောက် သို့လိုက်၍ ၊ ယေရုရှလင် မြို့သို့ ရောက် လာကြ၏။ ၁၇ ထိုသို့သူတို့သည် ယုဒ နိုင်ငံ ကို အားပေး ၍ ရှောလမုန် သား ရောဗောင် ကို သုံး နှစ် ပတ်လုံးခိုင်ခံ့ စေကြ၏။ သုံး နှစ် ပတ်လုံးဒါဝိဒ် လမ်း၊ ရှောလမုန် လမ်း သို့ လိုက် ကြ၏။ ၁၈ ရောဗောင် သည်လည်း ဒါဝိဒ် သား ယေရိမုတ် သမီး မဟာလတ် ၊ ယေရှဲ သား ဧလျာဘ သမီး အဘိဟဲလ နှင့်စုံဘက် ၍၊ ၁၉ ယုရှ ၊ ရှမာရိ ၊ ဇာဟံ ၊ သား သုံးယောက်တို့ကို မြင် ရ၏။ ၂၀ ထိုနောက် ၊ အဗရှလုံ သမီး မာခါ နှင့်စုံဘက် ၍ အဘိယ ၊ အတ္တဲ ၊ ဇိဇ ၊ ရှေလောမိတ် တို့ကို မြင် ရ၏။ ၂၁ ရောဗောင် သည် ခင်ပွန်း တဆယ် ရှစ် ယောက်၊ မောင်းမမိသံ ခြောက်ဆယ် တို့ကို သိမ်းယူ ၍ ၊ သား နှစ်ဆယ် ရှစ် ယောက်၊ သမီး ခြောက်ဆယ် တို့ကို ရ သည်တွင် ၊ အဗရှလုံ သမီး မာခါ ကို အခြားသောခင်ပွန်း မောင်းမမိသံ အပေါင်း တို့ထက် သာ၍ချစ် သောကြောင့်၊ ၂၂ မာခါ ၏သား အဘိယ ကို ရှင် ဘုရင်အရာ ၌ ခန့်ထားမည်အကြံရှိ၍၊ ညီအစ်ကို တို့တွင် ၊ အကြီးဆုံး ဖြစ်စေ ခြင်းငှါ ချီးမြှောက် လေ၏။ ၂၃ ပညာ သတိနှင့်စီရင်၍ ၊ ယုဒ ခရိုင် နှင့် ဗင်္ာမိန် ခရိုင် အရပ်ရပ် တို့တွင် ၊ ခိုင်ခံ့ သောမြို့ ရှိသမျှ တို့ ၌ ၊ မိမိ သား တို့ကို အနှံ့အပြား နေရာချ၍ ၊ များစွာ သောရိက္ခာ ကို သိုထား၏။ မယား အများ တို့ကို အလို ရှိ၏။

၁၂ ရောဗောင် မင်း သည် မိမိ နိုင်ငံကို တည် စေ၍ အား ကြီးသောအခါ ၊ ကြသရေလ အမျိုး ရှိသမျှ နှင့်တကွ ထာဝရဘုရား ၏ တရား တော်ကို စွန့် ၍၊ ၂ ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ ရောဗောင် မင်းကြီး နန်းစံငါး နှစ် တွင်၊ ၃ အဲဂုတ္တ ရှင်ဘုရင် ရှိရှက် သည် ရထား တထောင် နှစ်ရာ ၊ မြင်း စီးသူရဲခြောက် သောင်း၊ မ ရေတွက် နိုင်သော အဲဂုတ္တ ပြည်သားများ၊ လိဗု ပြည်သား၊ သုကို ပြည်သား၊ အဲသယောပိ ပြည်သားတို့နှင့်တကွ ၊ ယေရုရှလင် မြို့သို့ စစ်ချီ ၍၊ ၄ ယုဒ ပြည်၌ ခိုင်ခံ့ သော မြို့ တို့ကိုတိုက် ယူပြီးမှ ၊ ယေရုရှလင် မြို့သို့ ရောက် လေ၏။ ၅ ထိုအခါ ရှိရှက်မင်းကြောင့်၊ ယေရုရှလင် မြို့၌ စုဝေး သော ယုဒ မင်း များထံ၊ ရောဗောင် မင်းထံ တော်သို့ ပရောဖက် ရှေမာယ သည်လာ ၍ ၊ ထာဝရဘုရား မိန့် တော်မူ သည်ကား ၊ သင် တို့သည် ငါ့ ကိုစွန့် သောကြောင့် ၊ ငါသည် သင်တို့ကို ရှိရှက် မင်းလက် သို့ အပ် လေပြီဟု အမိန့်တော် ကို ဆင့်ဆိုလျှင်၊ ၆ ရှင်ဘုရင် နှင့် ယုဒမင်းတို့က၊ ထာဝရဘုရား ဖြောင့်မတ် တော်မူသည် ဟုဆို ၍ ၊ မိမိတို့ကို နှိမ့်ချ ကြ၏။ ၇ ထိုသို့ နှိမ့်ချ ကြောင်း ကို ထာဝရဘုရား မြင် လျှင် ၊ နှုတ်ကပတ် တော်သည် ရှေမာယ သို့ ရောက် ၍ ၊ သူတို့သည် နှိမ့်ချ ကြပြီ။ ထိုကြောင့်သူ တို့ကို ငါမ ဖျက်ဆီး ၊ အနည်းငယ် သော ချမ်းသာ

ကိုပေး မည်။ ရှိရှက် လက် ဖြင့် ယေရှရှလင် မြို့အပေါ် သို့ ငါ့ အမျက် ကို မ သွန်းလောင်း ရ။ ၈ သို့ရာတွင် ငါ့ ထံ၌ အမှုထမ်း ခြင်း၊ တပါး အမျိုးသားရှင်ဘုရင်ထံ၌ အမှု ထမ်းခြင်းကို ပိုင်းခြား၍ သိ စေခြင်းငှါ၊ ရှိရှက်မင်းထံ၌ ကျွန် ခံရ ကြမည်ဟု မိန့်တော်မူ ၏။ ၉ အဲဂုတ္တု ရှင်ဘုရင် ရှိရှက် သည် ယေရှရှလင် မြို့သို့ ရောက် ၍ ၊ ဗိမာန် တော်ဘဏ္ဍာ နှင့် နန်းတော် ဘဏ္ဍာ ရှိသမျှ ကို သိမ်း သွား၏။ ရှောလမုန် လုပ် သော ရွှေ ဒိုင်း ရှိသမျှကို လည်း ယူ သွား၏။ ၁၀ ရောဗောင် မင်းကြီး သည် ရွှေဒိုင်းအစား၊ ကြေးဝါ ဒိုင်း တို့ကိုလုပ် ၍ ၊ နန်းတော် တံခါး စောင့် ၊ ကိုယ်ရံတော်မှူး ၌ အပ် လေ၏။ ၁၁ ရှင် ဘုရင်သည် ဗိမာန် တော်သို့ သွား သောအခါ ၊ ကိုယ်ရံတော် သားတို့သည် ဒိုင်းတို့ကိုဆောင်၍၊ နောက်တဖန် မိမိ တို့စောင့် ရာ အခန်း မှာ ပြန် ထားကြ၏။ ၁၂ ထိုသို့ရှင်ဘုရင်သည် ကိုယ်ကို နှိမ့်ချ သောအခါ ၊ ထာဝရဘုရား သည် သူ့ ကို ရှင်းရှင်း မ ဖျက်ဆီး မည် အကြောင်း ၊ အမျက် တော်ကို လွှဲ တော်မူ၏။ ယုဒ ပြည်၌ လည်း ၊ ပြည်မူပြည်ရေးသာယာသဖြင့်၊ ၁၃ ရောဗောင် မင်းကြီး သည် ယေရှရှလင် မြို့၌ ကိုယ်ကိုခိုင်ခံ့ စေ၍ စိုးစံ သေး၏။ရောဗောင် သည်နန်းထိုင် သောအခါ၊ အသက် လေးဆယ် တန့်စ် ရှိ၏။ထာဝရဘုရား သည်နာမ တော်တည် စရာဘို့၊ ကွသရေလ ခရိုင် များတို့အထဲ ကရွေးကောက် သော ယေရှရှလင် မြို့၌၊ ဆယ် ခုနှစ် နှစ် စိုးစံ လေ၏။မယ်တော် ကားအမှုန် အမျိုးသားနေမ အမည် ရှိ၏။ ၁၄ ထာဝရဘုရား ကို ရှာ လိုသောငှါ ၊ မိမိ သဘော မ ချ သောကြောင့် ၊ ဒုစရိုက် အမှုကိုပြု ၏။ ၁၅ ရောဗောင် ပြုမူသော အမှု အရာအစ အဆုံး တို့ သည်၊ ပရောဖက် ရှေမာယ ၏ကျမ်း နှင့် ၊ ပရောဖက် ဣဒ္ဒေါ စီရင်သော သားစဉ်မြေးဆက်စာရင်း ၌ ရေးထား လျက် ရှိ၏။ ရောဗောင် နှင့် ယေရောဗောင် တို့သည်၊ အသက် ရှည်သမျှကာလပတ်လုံးရန်ဘက် ပြုကြ၏။ ၁၆ ရောဗောင် သည်လည်း ၊ ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော် အဘိယ သည် ခမည်းတော်အရာ ၌ နန်းထိုင် ၏။

၁၃ ယေရောဗောင် မင်းကြီး နန်းစံ ဆယ်နှစ်နှစ်တွင် အဘိယ သည် ယေရှရှလင်မြို့၌မင်းပြု၍၊ ၂ ယုဒပြည်ကို သုံး နှစ် စိုးစံ ၏။ မယ်တော် ကား၊ ဂိဗာ မြို့သားဩရေလ ၏ သမီး မာခါ အမည်ရှိ၏။ အဘိယ နှင့် ယေရောဗောင် တို့သည် စစ်တိုက် သောအကြောင်းအရာဟူမူကား၊ ၃ အဘိယ သည် ရွေးချယ် သော စစ် သူရဲကောင်း လေး သိန်းနှင့် စစ် ခင်းကျင်း ၏။ ယေရောဗောင် သည် ရွေးချယ် သောစစ် သူရဲကောင်းရှစ် သိန်းနှင့် စစ် ခင်းကျင်း ၏။ ၄ အဘိယ သည် ဧဖရိမ် ခရိုင် ၊ ဇေမရိမ် တောင် ပေါ် မှာ ရပ် လျက် ၊ အိုယေရောဗောင် နှင့် ကွသရေလ လူ အပေါင်း တို့၊ နားထောင် ကြလော့။ ၅ ကွသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား သည် ဆား နှင့် ယှဉ်သောပဋိညာဉ် အားဖြင့်၊ ကွသရေလ နိုင်ငံကို ဒါဝိဒ် နှင့် သား တော်မြေးတော်တို့ ၌ အစဉ် အိပ်တော်မူကြောင်းကို၊ သင် တို့သိမှတ် သင့်သည် မ ဟုတ်လော။ ၆ သို့ရာတွင် ၊ ဒါဝိဒ် သား တော်ရှောလမုန် ၏ ကျွန် နေဗတ် သား ယေရောဗောင် သည်၊ မိမိ အရှင် ကို တစ်ဘက် ထ၍ပုန်ကန် လေပြီ။ ၇ ရှောလမုန် သား ရောဗောင် သည် အသက် ငယ်၍ သဘော နူးညံ့ သောကြောင့် ၊ မ ဆီးတား နိုင်သောအခါ၊ လျှပ်ပေါ် သောသူ ၊ အဓမ္မ လူတို့သည် ယေရောဗောင် ထံမှာ စုဝေး ၍၊ ရောဗောင် မင်းတစ်ဘက် ၌ ကိုယ်ကိုခိုင်ခံ့ စေကြ ၏။ ၈ ယခု လည်း သင် တို့သည် ဒါဝိဒ် ၏သား မြေး၌ ရှိသောထာဝရဘုရား ၏ နိုင်ငံ တော်ကို

ဆီးတား မည်ဟု ကြံစည် ကြသည်တကား၊ သင် တို့သည် များပြား၍ သင် တို့ဘုရား အရာ ၌၊ ယေရောဗောင် လုပ်သော ၌ နွားသငယ် တို့လည်း ရှိကြ၏။ ၉ သင်တို့သည် ထာဝရဘုရား ခန့်ထားတော်မူသော ယဇ်ပုရောဟိတ် ၊ အာရုန်အမျိုး နှင့် လေဝိ အမျိုးသားတို့ကိုနှင်ထုတ် ၍၊ တပါးအမျိုးသားထုံးစံအတိုင်း၊ ကိုယ် အဘို့ ယဇ် ပုရောဟိတ်တို့ကို လုပ်ကြပြီမ ဟုတ်လော။ထိုသို့နှင့်အညီ၊ နွားသငယ် တကောင်နှင့် သိုး ခုနစ် ကောင် ကိုပေး ၍၊ ယဇ်ပုရောဟိတ်အရာ၌ ခန့်ထားခြင်းကိုခံ သော သူမည်သည်ကား၊ ဘုရား မ ဟုတ်သောသူထံ မှာ ယဇ်ပုရောဟိတ် ပြု ရသည်တကား။ ၁၀ ငါ တို့မူကား ၊ ထာဝရဘုရား ကိုမ စွန့်။ထိုဘုရား သည် ငါ တို့ ၌ ဘုရားသခင် ဖြစ်တော်မူ၏။ ထာဝရဘုရား ၏ အမှုတော်ကို ထမ်းသောယဇ် ပုရောဟိတ်တို့သည် အာရုန် အမျိုး ဖြစ်ကြ၏။ လေဝိ သားတို့သည်လည်း ၊ မိမိတို့ အမှု ကို စောင့်နေကြ၏။ ၁၁ ထာဝရဘုရား ရှေ့တော်၌၊ မီးရှို့ ရာယဇ်နှင့် နံ့သာပေါင်း ကို နံနက် တိုင်း၊ ညဦး တိုင်းမီးရှို့ကြ၏။ သန့်ရှင်း သော စားပွဲ ပေါ် မှာ ရှေ့တော်မုန့် ကိုငင်း၊ ညဦး တိုင်းထွန်း စရာဘို့ ရွှေ မီးခုံ နှင့် မီးခွက် တို့ကိုငင်းပြင်ဆင်ကြ၏။ ငါ တို့သည် ငါ တို့၏ဘုရားသခင် ထာဝရဘုရား ၏ အမှု တော်ကို စောင့် ကြ၏။ သင် တို့မူကား ၊ ထာဝရ ဘုရားကို စွန့် ကြပြီ။ ၁၂ ဘုရားသခင် ကိုယ်တော်တိုင်သည်၊ ငါ တို့တွင် ဗိုလ် မင်းဖြစ်တော်မူ၏။ ဘုရားသခင် ၏ ယဇ်ပုရောဟိတ်တို့သည်လည်း ၊ တံပိုးမှုတ် လျက် သင် တို့တစ်ဘက် ၌ နှိုးဆော်ခြင်းငှါ၊ ငါတို့တွင်ရှိကြ၏။ အိုဣသရေလအမျိုးသား တို့၊ ဘိုးဘေး တို့၏ဘုရားသခင် ထာဝရဘုရား တစ်ဘက် ၌ မ တိုက် ကြနှင့်။ တိုက်လျှင်ရုံး ရကြလိမ့်မည်ဟု ပြောဆို၏။ ၁၃ ယေရောဗောင် သည် ယုဒ လူတို့နောက် ၌ မ ထင် မရှားတပ်ချီစေ၍၊ ကိုယ်တိုင်တဘက်၊ ချောင်းနေသောသူတဘက်၊ ယုဒတပ်ကိုဝိုင်း ကြ၏။ ၁၄ ယုဒ လူတို့သည် ပြန် ကြည့်သောအခါ ၊ စစ်မှု ဝိုင်းမိသည်ကို မြင် လျှင် ၊ ထာဝရဘုရား အား ဟစ် ခေါ် ၍ ၊ ယဇ် ပုရောဟိတ်တို့သည်လည်း တံပိုး မှုတ် ကြ၏။ ၁၅ တဖန် ယုဒ လူ တို့သည် ကြွေးကြော် သောအခါ ၊ ဘုရားသခင် သည် ယေရောဗောင် ကို အဘိယ နှင့် ယုဒ လူတို့ ရှေ့မှာ ဒဏ်ခတ် တော်မူသဖြင့်၊ ၁၆ ဣသရေလ အမျိုးသား တို့သည် ပြေး ၍ ၊ သူ တို့ကို ယုဒ လူတို့လက် သို့ ဘုရားသခင် အပ် တော်မူ၏။ ၁၇ အဘိယ နှင့် သူ ၏လူ တို့သည် ကြီးစွာ သော လုပ်ကြံ ခြင်းကိုပြု ၍ ၊ ရွေးချယ် သော ဣသရေလ လူ ငါး သိန်းလဲ သေ သဖြင့်၊ ၁၈ ဣသရေလ အမျိုးသား တို့သည်၊ ထိုအခါရုံး ၍ ၊ ယုဒ အမျိုးသား တို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို ခိုလှုံ သောကြောင့် နိုင် ကြ၏။ ၁၉ အဘိယ သည် ယေရောဗောင် ကို လိုက် ၍ ၊ ဗေသလ မြို့ နှင့် ရွာ များ၊ ယေရှန မြို့နှင့် ရွာ များ၊ ဧဖရိမ် မြို့ နှင့် ရွာ များတို့ကို သူ လက်မှ နှုတ်ယူ လေ၏။ ၂၀ အဘိယ လက်ထက် ကာလပတ်လုံး၊ ယေရောဗောင် သည် နောက်တဖန် ခွန်အား ကို မ ရ ပြန်။ ထာဝရဘုရား ဒဏ်ခတ် တော်မူသဖြင့် သေ လေ၏။ ၂၁ အဘိယ မူကား ခွန်အား တိုးပွါး၏။ မယား တဆယ် လေး ယောက်တို့ကိုယူ ၍ သား နှစ်ဆယ် နှစ် ယောက်နှင့် သမီး တဆယ် ခြောက်ယောက်တို့ကို မြင် ရ၏။ ၂၂ အဘိယ ပြုမူသောအမှု အရာ ကြွင်း လေသမျှတို့ နှင့် ကျင့်သောအကျင့် ၊ ပြောသောစကား များတို့သည်၊ ရာဇဝင် နှင့်ဆက်၍ ပရောဖက် ဣဒ္ဒေါ စီရင်သော စာ၌ ရေးထား လျက်ရှိ၏။

၁၄ အဘိယ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်အာသ သည် ခမည်းတော်အရာ ၌ နန်း ထိုင်၏။ ထိုမင်း လက်ထက် ၊ ပြည် တော်သည် ဆယ် နှစ် ပတ်လုံးငြိမ်းချမ်း သာယာ၏။ ၂ အာသ မင်းသည် မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ကောင်း သောအမှု၊ ဖြောင့်မတ် သော အမှုတို့ကို ပြု လေ၏။ ၃ တပါး အမျိုးသားဘုရား၏ ယဇ် ပလ္လင်တို့ကိုဎင်း၊ မြင့် သောအရပ်တို့ကိုဎင်း ပယ်ရှား ၏။ ရုပ်တု ဆင်းတုတို့ကို ဖြိုဖျက် ၍ ၊ အာရှရ ပင်တို့ကို ခုတ်လဲ့ ၏။ ၄ ယုဒ လူတို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို ရှာ ၍ ၊ ပညတ် တရား ကို စောင့်ရှောက် မည်အကြောင်း မိန့် တော်မူ၏။ ၅ ယုဒ မြို့ ရွာ အရပ်ရပ် တို့ ၌ ရှိသောကုန်း နှင့် ရုပ်တု ဆင်းတုတို့ကို ပယ်ရှား ၍ ၊ နိုင်ငံ တော်ရေး သာယာ လျက် ရှိ၏။ ၆ ထို ကာလ ၌ ငြိမ်သက် သောအခွင့်ကို ထာဝရဘုရား ပေးတော်မူသဖြင့် ၊ ယုဒ ပြည်သည် ငြိမ် ၍ ၊ စစ်မှု နှင့် လွတ်သောကြောင့်၊ အာသမင်းသည် တပြည်လုံးတွင် ခိုင်ခံ့သောမြို့တို့ကို တည်လေ၏။ ၇ ငါတို့သည် ငါ တို့၏ဘုရားသခင် ထာဝရဘုရား ကို ကြိုးစားရှာ ၍ ၊ ထိုဘုရားသည် အရပ်ရပ် ၌ ငြိမ်သက် သောအခွင့်ကိုပေး တော်မူသောကြောင့် ၊ တပြည်လုံး ကို အစိုးရစဉ်အခါ၊ ဤ မည်သော မြို့ တို့ကို ပြုစု ၍ မြို့ရိုး ၊ ပြအိုး ၊ တံခါး ၊ ကန့်လန့်ကျင် တို့ကို လုပ် ကြကုန်အံ့ဟု ယုဒ လူတို့အား မိန့် တော်မူ၏။ ၈ အာသ မင်း၌ ကိဒုန်နှင့်လှံ ကိုကိုင် သော ယုဒ အမျိုး သူရဲ သုံး သိန်း ၊ ဒိုင်း လွှားနှင့် လေး ကိုကိုင် သော ဗင်္ယာမိန် အမျိုးသူရဲနှစ်သိန်းရှစ်သောင်းရှိ၍ ၊ ထို သူ အပေါင်း တို့သည် ခွန်အားကြီး သော စစ်သူရဲ ဖြစ်ကြ၏။ ၉ တဖန် ကုရှ ရှင်ဘုရင် ဇေရသည်စစ်သူရဲ တသန်း ၊ ရထား သုံး ရာ နှင့်တကွ ချီ လာ၍ ၊ မရေရှ မြို့သို့ ရောက် သောအခါ၊ ၁၀ အာသ သည်ဆီးကြို ၍ ၊ မရေရှ မြို့အနား မှာ ဇေဖသ ချိုင့်၌ စစ် ပြိုင် ကြ၏။ ၁၁ အာသ သည် မိမိ ဘုရားသခင် ထာဝရဘုရား အား ဟစ်ခေါ် ၍ ၊ အိုထာဝရဘုရား ၊ ကိုယ်တော်သည် လူများတို့တွင် အားနည်း သောသူကို ကယ်တင်ခြင်းငှါတတ်နိုင်တော်မူသည်ဖြစ်၍၊ အိုအကျွန်ုပ် တို့၏ ဘုရားသခင် ထာဝရဘုရား ၊ ကယ်တင် တော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုခိုလှုံ၍ နာမတော်ကို အမှီ ပြုလျက် ၊ ဤအလုံးအရင်းကြီးကို တိုက်ခြင်းငှါသွားပါ၏။ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ်တို့၏ဘုရားသခင် ဖြစ်တော်မူ၏။ လူ သည် ကိုယ်တော် ကို နိုင်သော အခွင့်ရှိစေတော်မမူပါနှင့်ဟု ဆုတောင်းသည်ဖြစ်၍၊ ၁၂ ထာဝရဘုရား သည် ကုရှ လူတို့ကိုအာသ နှင့် ယုဒ လူတို့ရှေ့ မှာ ဒဏ်ခတ် တော်မူသဖြင့် ၊ သူတို့သည်ပြေး ကြ၏။ ၁၃ အာသ နှင့် သူ ၏လူ တို့သည် ဂေရာ မြို့တိုင်အောင် လိုက် သဖြင့် ၊ ကုရှ လူတို့သည် ပြန် ၍မ တိုက်ဝံ့သောကြောင့် အရှုံးခံရကြ၏။ ထာဝရဘုရား နှင့် ဗိုလ်ခြေ တော်ရှေ့ မှာ ဖျက်ဆီး ခြင်းကိုခံရကြ၏။ ယုဒလူတို့သည် လက်ရဥစ္စာ အများကို သိမ်းယူကြ၏။ ၁၄ ဂေရာ မြို့ပတ်ဝန်းကျင် မြို့ သားတို့သည် ထာဝရဘုရား ကို ကြောက်ရွံ့ သောစိတ်ရှိသဖြင့်၊ ယုဒလူတို့သည် ထိုမြို့ ရှိသမျှ တို့ကို လုပ်ကြံ ၍ ၊ သိုထားနှင့်သော ဘဏ္ဍာ ဥစ္စာ အများ တို့ကို သိမ်းယူ ကြ၏။ ၁၅ တိရစ္ဆာန် တင်းကုပ် များကိုလည်း တိုက်ဖျက် လျက် ၊ သိုး နှင့် ကုလားအုပ် အများတို့ကို သိမ်းယူ ၍။ယေရုရှလင် မြို့သို့ ပြန် သွားကြ၏။

၁၅ ဘုရားသခင် ၏ဝိညာဉ် တော်သည် ဩဒက် သား အာဇရိ အပေါ် သို့ သက်ရောက် ၍၊ ၂ အာဇရိသည် အာသ မင်းကို ကြိုဆိုခြင်းငှါသွားလျက်၊ အိုအာသ မင်း၊ အိုယုဒ အမျိုးနှင့် ဗင်္ယာမိန် အမျိုးသားအပေါင်း တို့၊ ငါ့ စကားကို နားထောင် ကြလော့။ သင် တို့သည် ထာဝရဘုရား ဘက် ၌ နေလျှင်၊ နေစဉ် ကာလ၊ ထာဝရ ဘုရားသည် သင် တို့နှင့်အတူ ရှိ တော်မူမည်။ ထာဝရ ဘုရားကိုရှာ လျှင် အတွေ့ ခံတော်မူမည်။ စွန့် လျှင် သင် တို့ကို စွန့် တော်မူမည်။ ၃ ကြာမြင့်သောကာလပတ်လုံး၊ ဣသရေလ အမျိုး၌ မှန် သော ဘုရား မ ရှိ။ ဩဝါဒပေးတတ်သော ယဇ် ပုရောဟိတ် မရှိ။ တရားလည်းမရှိဘဲ နေ၍၊ ၄ ဘေး ရောက်သဖြင့် ၊ သူတို့သည် ဣသရေလ အမျိုး၏ဘုရားသခင် ထာဝရဘုရား ထံတော်သို့ ပြန်လာ ၍ ၊ ရှာ ကြသောအခါ အတွေ့ ခံတော်မူ၏။ ၅ ရှေးကာလ ၌ ထွက် သောသူ၊ ဝင် သောသူသည် ချမ်းသာ မ ရ။ အတိုင်းတိုင်း အပြည်ပြည်သား အပေါင်းတို့သည် အလွန် ဆင်းရဲခြင်းကိုခံရကြ၏။ ၆ တ နိုင်ငံနှင့် တ နိုင်ငံ၊ တမြို့ နှင့် တမြို့ ထ ကြ၍ ၊ ဘေး အမျိုးမျိုး အားဖြင့် ၊ ဘုရားသခင် ဆုံးမ တော်မူ၏။ ၇ သင် တို့မူကား အားယူ ကြလော့။ လက် အား မ လျော့ စေနှင့်။ သင် တို့ကျင့် သည် အတိုင်းအကျိုး ကိုခံရ ကြမည်ဟု မြွက်ဆို၏။ ၈ ထို စကား နှင့် ပရောဖက် ဩဒက် ၏ အနာဂတ်တို စကားကို အာသ မင်းသည် ကြား သောအခါ ၊ ရဲရင့်ခြင်းသို့ ရောက်၍၊ ယုဒ ပြည် နှင့် ဗင်္ယာမိန် ပြည်အရပ်ရပ် တို့ ၌ ၎င်း၊ ဧဖရိမ် တောင် ပေါ် မှာ တိုက်ယူ သော မြို့ တို့ ၌ ၎င်း ၊ စက်ဆုပ် ဘွယ်သောအရာရှိသမျှတို့ကို ပယ်ရှား ၍ ၊ ဗိမာန်တော်ဦး ရှေ့တွင်ရှိသော ထာဝရဘုရား ၏ ယဇ် ပလ္လင်ကို ပြုပြင် လေ၏။ ၉ ယုဒ အမျိုးနှင့် ဗင်္ယာမိန် အမျိုးသားအပေါင်း တို့ကိုဎင်း၊ ဧဖရိမ် ခရိုင်၊ မနာရှေ ခရိုင်၊ ရှိမောင် ခရိုင်ထဲက ထွက်သော တပါးအမျိုးသားတို့ကိုဎင်းစုဝေးစေ၏။ အာသ မင်း၏ ဘုရားသခင် ထာဝရဘုရား သည်၊ သူ နှင့်အတူ ရှိတော်မူကြောင်း ကို၊ ဣသရေလ အမျိုးသားအများ တို့သည် သိမြင် လျှင် ၊ ထို မင်းဘက်သို့ ဝင်စား ကြ၏။ ၁၀ အာသ မင်းနန်းစံ ဆယ် ငါး နှစ် ၊ တတိယ လ တွင် ယေရုရှလင် မြို့၌ စုဝေး ၍၊ ၁၁ ဆောင် ခဲ့သော လက်ရ ဥစ္စာထဲက နွား ခုနစ်ရာ ၊ သိုး ခုနစ် ထောင် တို့ကို ထာဝရဘုရား အား ပူဇော် ကြ၏။ ၁၂ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ရှာ ပါမည်ဟူ၍ဎင်း၊ ၁၃ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ကို မ ရှာ သောသူ ၊ ယောကျ်ား မိန်းမ အကြီး အငယ် မည်သည်ကား၊ အသေ သတ်ခြင်းကိုခံရမည်ဟူ၍ဎင်း၊ ၁၄ ကြွေးကြော် သံ၊ တံပိုး နဲ့ခရာ မှုတ်သံနှင့်တကွ ၊ ကြီး သောအသံ ဗလံပြုလျက်၊ ထာဝရဘုရား အား ကျိန်ဆို ၍ ဝန်ခံခြင်းပဋိညာဉ်ဖွဲ့ကြ၏။ ၁၅ ယုဒ လူအပေါင်း သည် ထိုသို့ကျိန်ဆို ခြင်းကို ပြုသောအခါ ဝမ်းမြောက် ကြ၏။ အကြောင်း မူကား၊ စိတ်နှလုံး အကြွင်းမဲ့ ကျိန်ဆို ၍ ၊ အလိုဆန္ဒ အားကြီးသည်နှင့် ၊ ထာဝရဘုရား ကိုရှာ သောကြောင့် အတွေ့ ခံတော်မူ၏။ အရပ်ရပ် ၌ ငြိမ်သက်ခြင်းအခွင့်ကိုပေး တော်မူ၏။ ၁၆ အာသ မင်းကြီး ၏ အဘွား တော်မာခါ သည်၊ အာရှရ ပင်အောက်မှာ ရုပ်တု ကိုလုပ်သောကြောင့် ၊ မိဖုရား အရာကို နှုတ် ၍ ၊ ရုပ်တု ကိုဖျက်ဆီး ကျော်နင်းပြီးလျှင် ၊ ကေဒြုန် ချောင်း နား မှာ မီးရို့ တော်မူ၏။ ၁၇ မြင့် သောအရပ်တို့ကို ဣသရေလ ပြည်၌ မ ပယ်ရှား သော်လည်း ၊ လက်ထက် တော်ကာလပတ်လုံး အာသ စိတ်နှလုံး

သည် စုံလင် ခြင်းရှိ ၏။ ၁၈ ခမည်းတော် လူ သောဥစ္စာ၊ ကိုယ်တိုင် လူ သော ဥစ္စာ၊ ၌ ၊ ငွေ တန်ဆာ များကို ဗိမာန် တော်ထဲသို့ သွင်း ထား တော်မူ၏။ ၁၉ နောက်တဖန် နန်းစံ သုံးဆယ် ငါး နှစ် တိုင်အောင် စစ်တိုက် ခြင်းမ ရှိ။

၁၆ အာသ မင်းနန်းစံ သုံးဆယ် ခြောက် နှစ် တွင် ၊ ဣသရေလ ရှင်ဘုရင် ဗာရှာ သည် ယုဒ ပြည်သို့ စစ်ချီ ၍ ၊ ယုဒ ရှင်ဘုရင် အာသ ထံ သို့ အဘယ်သူ မျှမထွက်မဝင်စေခြင်းငှါ၊ ရာမ မြို့ကိုတည် ၏။ ၂ ထိုအခါ ဗိမာန် တော် ဘဏ္ဍာ နှင့် နန်းတော်ဘဏ္ဍာတည်းဟူသောငွေ ငွေ ရှိသမျှကို၊ အာသ သည် ထုတ် ၍၊ ဒမာသက် မြို့၌ နေ သော ရှုရိ ရှင်ဘုရင် ဗင်္ဟာဒဒ် ထံသို့ ပေး လိုက်၍၊ ၃ ငါ သည်သင် နှင့် ငင်း၊ ငါ့ ခမည်းတော် သည် သင့် ခမည်းတော် နှင့် ငင်း၊ မိသဟာယဖွဲ့ခြင်းရှိသည်ဖြစ်၍၊ ၌ ငွေ ကို ငါပေး လိုက်၏။ ဣသရေလ ရှင်ဘုရင် ဗာရှာ သည် ငါ့ ထံမှ ထွက် သွားစေခြင်းငှါ ၊ သူနှင့်ဖွဲ့သော မိသဟာယကို ဖျက်၍လာ ပါဟု မှာလိုက်လေ၏။ ၄ အာသ မင်းကြီး ၏ စကားကို ဗင်္ဟာဒဒ် သည် နားထောင် ၍ ၊ ဣသရေလ မြို့ ရွာတို့ကို စစ်ချီ စေခြင်းငှါ ၊ မိမိ ဗိုလ် များကို စေလွှတ် သဖြင့် ၊ သူတို့သည်ဣယုန် မြို့၊ ဒန် မြို့၊ အာဗေလမိမ် မြို့မှစ၍ ၊ နဿလိ ပြည်၌ရှိသမျှ သော ဘဏ္ဍာ မြို့ တို့ကို လုပ်ကြံ ကြ၏။ ၅ ထိုသိတင်းကို ဗာရှာ သည်ကြား သောအခါ ၊ ရာမ မြို့ကို လက်စမသတ်ဘဲ အလုပ် ကိုဖြတ် ၍နေ၏။ ၆ ထိုအခါ အာသ မင်းကြီး သည် ယုဒ လူအပေါင်း ကို ခေါ် သဖြင့် ၊ ရာမ မြို့၌ ဗာရှာ မင်းသွင်း သော ကျောက် နှင့် သစ်သား ကိုယူ သွား၍၊ ဂေဘ မြို့နှင့် မိဇပါ မြို့ကိုတည် ၏။ ၇ ထိုအခါ ပရောဖက် ဟာနန် သည် ယုဒ ရှင်ဘုရင် အာသ ထံ သို့လာ ၍ ၊ မင်းကြီးသည် မိမိ ဘုရားသခင် ထာဝရဘုရား ကို မ ခိုလှုံ ၊ ရှုရိ ရှင်ဘုရင် ကို ခိုလှုံ သောကြောင့် ၊ ရှုရိ ရှင်ဘုရင်၏ ဗိုလ်ခြေ တို့သည် မင်းကြီး လက် မှ လွတ် သွားကြပြီ။ ၈ ကုရှ လူနှင့် လိဗု လူတို့သည် ရထား များ၊ မြင်းစီး သူရဲများနှင့်တကွ ၊ အားကြီး သော အလုံး အရင်းဖြစ် သည် မ ဟုတ်လော။သို့သော်လည်းမင်းကြီးသည် ထာဝရဘုရား ကို ခိုလှုံ သောကြောင့် ၊ ထိုအလုံးအရင်းကို မင်းကြီးလက် သို့ အပ်နှံ တော်မူပြီ။ ၉ ထာဝရဘုရား သည် စုံလင် သော စေတနာစိတ် ရှိသောသူ တို့ဘက် ၌၊ ခိုင်ခံ့ စွာ နေခြင်းငှါ ၊ မြေကြီး တပြင်လုံး ကို အနှံ့အပြား ကြည့်ရှု လျက် ရှိတော်မူ၏။ ဤ အမှု၌ မင်းကြီးသည် မိုက် စွာပြုပြီ။ ယခု မှစ၍ စစ်မှု ရှိ လိမ့်မည်ဟု ဆို၏။ ၁၀ ထိုသို့ဆိုသောကြောင့် ၊ အာသ သည် ပရောဖက် ကို အမျက် ထွက်၍ ထောင် ထဲမှာ လှောင် ထား၏။ ထို ကာလ ၌ ပြည်သူ ပြည်သားအချို့တို့ကိုလည်း ညှဉ်းဆဲ ၏။ ၁၁ အာသ မင်းပြုမူသော အမှု အရာအစ အဆုံး တို့ သည်၊ ဣသရေလ ရာဇဝင် နှင့် ယုဒ ရာဇဝင်၌ ရေးထား လျက်ရှိ၏။ ၁၂ နန်းစံ သုံးဆယ် ကိုး နှစ် တွင် ၊ ခြေ တော်၌ အနာ ရောဂါစွဲ ၍ ပြင်းစွာ ခံရသော်လည်း ၊ ထာဝရဘုရား ကို မ ဆည်းကပ် ၊ ဆေး သမားတို့ကိုသာ ဆည်းကပ်လေ၏။ ၁၃ အာသ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ နန်းစံ လေးဆယ် တ နှစ် တွင် အနိစ္စ ရောက်သဖြင့်၊ ၁၄ ဒါဝိဒ် မြို့ မှာ မိမိ အဘို့ မိမိ လုပ် နှင့်သော သချိုင်း ၌ ၊ ပြည်သားတို့သည် သင်္ဂြိဟ် သောအခါ ၊ မွှေးကြိုင်သော နံ့သာမျိုးတို့ကို၊ ဆေးသမား အတတ်ဖြင့် ဘော် ၍ ၊ တလား၌ အပြည့်ထည့်ပြီးလျှင်၊ အလောင်း တော်ကို တင် ထားကြ၏။ အလွန် ကြီး သောမီးရှို့ ပွဲကိုလည်း ခံ ကြ၏။

၁၇ အာသ သား ယောရှဖတ် သည် ခမည်းတော် အရာ ၌ နန်းထိုင် ၍ ၊ ကြသရေလ နိုင်ငံတစ်ဘက် မိမိကို ခိုင်ခံ့ စေ၏။ ၂ ယုဒ ပြည်တွင်၊ ခိုင်ခံ့ သောမြို့ ရှိသမျှ တို့ ၌ ၊ တပ် သားများကိုထား ၏။ ယုဒ ပြည် အရပ်ရပ်တို့ ၌ ၎င်း ၊ ဧဖရိမ် ပြည်မှာ ခမည်းတော် အာသ တိုက် ယူ သော မြို့ တို့ ၌ ၎င်း ၊ မြို့ စောင့်တပ်ကို အသီးအသီးခန့်ထား ၏။ **၄** ခမည်းတော် သည် အရင် လိုက်သောလမ်း သို့ ၊ ယောရှဖတ် လိုက် လျက် ၊ ဗာလ ဘုရားတို့ကို မ ဆည်းကပ် ၊ ခမည်းတော် ၏ဘုရားသခင် ကိုသာဆည်းကပ် သဖြင့်၊ ကြသရေလ အမျိုး၏ထုံးစံ ကိုရှောင်၍၊ ပညတ်တရား တော်ကို ကျင့် သောကြောင့် ၊ ထာဝရဘုရား သည်စောင့်မ ၍၊ **၅** နိုင်ငံ တော်ကိုယောရှဖတ် လက် ၌ တည်စေ တော်မူသဖြင့် ၊ ယုဒ ပြည်သားအပေါင်း တို့သည် လက်ဆောင် များကို ဆောင် ခဲ့ကြ၏။ **၆** ဂုဏ် အသရေနှင့် စည်းစိမ် ဥစ္စာများ သော်လည်း ၊ ထာဝရဘုရား ၏ တရားလမ်း တို့ ၌ စိတ် စွဲလမ်း ၍ ၊ မြင့် သောအရပ်နှင့် အာရှရ ပင်တို့ကို ယုဒ ပြည်မှ ပယ်ရှား တော်မူ၏။ **၇** နန်းစံ သုံး နှစ် တွင် ၊ ယုဒ မြို့ အရပ်ရပ် ၌ သွန်သင် စေခြင်းငှါ ၊ မှူးမတ် ဗင်ဟဲလ ၊ ဩဗဒိ ၊ ဇာခရိ ၊ နာသနေလ ၊ မိကျွိယ တို့ကိုငင်း၊ **၈** လေဝိ သားရှေမာယ ၊ နေသနိ ၊ ဇေဗဒိ ၊ အာသဟေလ ၊ ရှေမိရမုတ် ၊ ယောနသန် ၊ အဒေါနိယ ၊ တောဘိယ ၊ တောဘ ၊ ဒေါနိယတို့ကိုငင်း၊ ယဇ်ပုရောဟိတ် ဧလိရှမာ နှင့် ယောရံ ကိုငင်း ၊ စေလွှတ် တော်မူ၏။ **၉** ထိုသူတို့သည် ယုဒ ပြည်၌ သြဝါဒ ပေး၍ ၊ ထာဝရဘုရား ၏ ပညတ္တိ ကျမ်းပါလျက် ၊ ယုဒ မြို့ အရပ်ရပ် တို့တွင် ၊ လှည့်လည် သဖြင့် ၊ ပြည်သား တို့ကို သွန်သင် ကြ၏။ **၁၀** ယုဒ ပြည် ပတ်ဝန်းကျင် တိုင်း နိုင်ငံရှိသမျှ တို့ သည်၊ ထာဝရဘုရား ကို ကြောက်ရွံ့ ၍ ၊ ယောရှဖတ် ကို စစ် မ တိုက်ဝံ့ဘဲ နေကြ၏။ **၁၁** ဖိလိတ္တိ လူတို့သည် လက်ဆောင် နှင့် အခွန် ငွေကိုငင်း ၊ အာရပ် လူတို့သည် သိုး ခုနစ် ထောင် ခုနစ် ရာ နှင့် ဆိတ် ခုနစ် ထောင် ခုနစ် ရာ ကိုငင်း ဆောင် ခဲ့ကြ၏။ **၁၂** ယောရှဖတ် သည် အလွန် ခွန်အား တိုးပွား၍ ၊ ယုဒ ပြည်၌ ရဲတိုက် နှင့် ဘဏ္ဍာ တော်မြို့ တို့ကို တည် တော်မူ ၏။ **၁၃** ယုဒ မြို့ တို့ ၌ အမှု အရေးတော်များ ၏။ ခွန်အား ကြီး သော စစ်သူရဲ တို့သည် ယေရုရှလင် မြို့၌ ရှိ ကြ၏။ **၁၄** စစ်သူရဲအဆွေအမျိုး အလိုက် ယူသော စာရင်း ဟူမူကား ၊ ယုဒ အမျိုး ဗိုလ်ချုပ် မင်းအာဒန နှင့် ခွန်အား ကြီး သော စစ်သူရဲ သုံး သိန်း၊ **၁၅** စစ်ကဲ ယောဟနန် နှင့်ခွန်အားကြီးသော စစ်သူရဲနှစ် သိန်းရှစ်သောင်း၊ **၁၆** စေတနာစိတ်နှင့်ကိုယ်ကိုထာဝရဘုရား အား ပူဇော် သော ဇိခရိ သား အာမသိ နှင့် ခွန်အား ကြီးသော စစ်သူရဲနှစ် သိန်း၊ **၁၇** ဗယ်မိန် အမျိုး ခွန်အား ကြီးသော ဧလျာဒ နှင့် လေး ၊ ဒိုင်း လွှားကို ကိုင် သောသူနှစ် သိန်း၊ **၁၈** သူ နောက် ယောဇဗဒ် နှင့် စစ်တိုက်ခြင်းငှါ၊ အသင့် ရှိသောသူတသိန်း ရှစ်သောင်းတည်း။ **၁၉** ယုဒ ပြည်အရပ်ရပ် ၊ ခိုင်ခံ့ သောမြို့ တို့ ၌ ရှင်ဘုရင် ထား သော သူရဲမှတပါး၊ အထက်ဆိုခဲ့ပြီးသောသူတို့ သည် အမှုတော်ကို ထမ်းလျက်နေကြ၏။

၁၈ ယောရှဖတ် မင်းသည် ဂုဏ် အသရေနှင့် စည်းစိမ် ဥစ္စာများ ၍ ၊ အာဟပ် မင်းနှင့် အမျိုး ဆက်လေ၏။ **၂** နောက်တဖန် ရှမာရိ မြို့၊ အာဟပ် မင်းထံသို့ ကိုယ်တိုင်သွား၍၊ ကြသရေလ ရှင်ဘုရင် အာဟပ် သည် ယုဒ ရှင်ဘုရင် ယောရှဖတ် နှင့် ၊ သူ၏လူ တို့အတို့ များစွာ သော သိုး နွား တို့ကိုစီရင်၍၊ ဂိလဒ် ပြည်ရာမုတ်မြို့သို့ လိုက် စေခြင်းငှါ၊ **၃** ဂိလဒ် ပြည်ရာမုတ်မြို့သို့ ငါ နှင့်အတူ လိုက် မည် လော ဟုမေး လျှင်၊ ယောရှဖတ်က၊ ငါ သည် မင်းကြီး ကဲ့သို့ ၎င်း ၊

ငါ လူ တို့သည် မင်းကြီး ၏လူ ကဲ့သို့ ၎င်းဖြစ်လျက်၊ မင်းကြီး နှင့် ဝိုင်း၍ စစ်တိုက် မည်ဟု ပြန်ပြော ၏။ ၄ တဖန် ယောရှဖတ် က၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို ယနေ့ မေးမြန်း ပါလော့ဟု ဣသရေလ ရှင်ဘုရင် အား ဆို သော်၊ ၅ ဣသရေလ ရှင် ဘုရင်သည် ပရောဖက် လေး ရာ တို့ကို စုဝေး စေပြီးလျှင် ၊ ငါသည်ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ကောင်း သလော။မချီဘဲနေကောင်း သလောဟုမေး သော် ၊ သူတို့က ချီတော်မူပါ။ ထာဝရဘုရားသည် အရှင်မင်းကြီး ၏လက် တော်သို့ အပ် တော်မူမည်ဟု လျှောက် ကြ၏။ ၆ ယောရှဖတ် ကလည်း၊ ငါတို့မေးမြန်း စရာ ထာဝရဘုရား ၏ ပရောဖက် တစုံတပါးမျှမရှိသလောဟု မေးသော်၊ ၇ ဣသရေလ ရှင် ဘုရင်က၊ ထာဝရဘုရား ကို မေးမြန်း ရသောသူ တယောက် ၊ ဣမလ သား မိက္ခါ ရှိသေး၏။ သို့ရာတွင်။ထိုသူ ကိုငါ မုန်း ၏။ ငါ ၌ မင်္ဂလာ စကားကိုမ ဟော ၊ အမင်္ဂလာ စကားကိုသာ အစဉ် ဟောတတ်သည်ဟု ယောရှဖတ် အား ဆို လျှင် ၊ ယောရှဖတ် က၊ ထိုသို့မင်းကြီး မ ပြော ပါနှင့်ဟု ပြန်ဆို ၏။ ၈ ထိုအခါ ဣသရေလ ရှင် ဘုရင်သည် အရာရှိ တယောက် ကို ခေါ် ၍ ၊ ဣမလ သား မိက္ခါ ကို အလျင်အမြန် ခေါ်ခဲ့ဟု မိန့် တော်မူ၏။ ၉ ဣသရေလ ရှင်ဘုရင် နှင့် ယုဒ ရှင်ဘုရင် ယောရှဖတ် တို့သည် မင်းမြောက် တန်ဆာကို ဝတ်ဆင် လျက် ၊ ရှမာရိ မြို့တံခါးဝ ရှေ့ ဟင်းလင်း သောအရပ်၌ ရာဇ ပလ္လင် တို့အပေါ် မှာ ထိုင် ၍ ၊ ပရောဖက် အပေါင်း တို့သည် ရှေ့ တော်၌ ဟောပြော ကြ၏။ ၁၀ ခေနာနာ သား ဇေဒကိ သည် သံ ဦးချိုး တို့ကို လုပ် ၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ကိုယ်တော်သည် ရှုရိ ပြည်ကို မ ဖျက်ဆီး မှီတိုင်အောင်၊ ဤဦးချိုးတို့နှင့် တိုးရမည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။ ၁၁ ပရောဖက် အပေါင်း တို့ကလည်း ၊ ဂိလဒ် ပြည် ရာမုတ်မြို့သို့ စစ်ချီ ၍ အောင် တော်မူပါ။ ထာဝရဘုရား သည် အရှင်မင်းကြီး ၏လက် တော်သို့ အပ် တော်မူ မည်ဟု ပရောဖက် ပြု၍ ဟောကြ၏။ ၁၂ မိက္ခါ ကို ခေါ် သောတမန် က၊ ပရောဖက် အပေါင်းတို့သည် မင်္ဂလာ စကား ကိုသာ ရှင်ဘုရင် အား တညီတညွတ် တည်းဟော ကြ၏။ ကိုယ်တော် လည်း သူ တို့ဟော ကြသည်နည်းတူ ၊ မင်္ဂလာ စကားကိုသာ ဟော တော်မူပါဟုဆိုလျှင်၊ ၁၃ မိက္ခါ က၊ ထာဝရဘုရား အသက်ရှင် တော်မူသည် အတိုင်း၊ ငါ ၏ဘုရားသခင် မိန့် တော်မူသော စကားကိုသာ ငါပြန်ပြော ရမည်ဟုဆို ၏။ ၁၄ ရှင်ဘုရင် ထံသို့ ရောက် သောအခါ ၊ ရှင် ဘုရင်က၊ အချင်းမိက္ခါ ၊ ငါတို့သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ကောင်း သလော။မချီဘဲနေကောင်း သလောဟုမေး လျှင် ၊ မိက္ခါကစစ်ချီ ၍ အောင် တော်မူပါ။ ရန်သူတို့ကို လက် တော်သို့ အပ် တော်မူမည်ဟု ပြန်လျှောက် ၏။ ၁၅ ရှင်ဘုရင် ကလည်း ၊ မှန် သောစကားမှတပါး အခြားသောစကားကို ထာဝရဘုရား အခွင့် နှင့် သင်သည် ငါ့ အား မ ဟော မည်အကြောင်း ၊ ငါ သည်ဘယ်နှစ်ကြိမ် တိုင်အောင် သင့် အား အကျိန် ပေးရမည်နည်းဟုမေး သော်၊ ၁၆ မိက္ခါက၊ ဣသရေလ အမျိုးသားအပေါင်း တို့ သည် သိုးထိန်း မ ရှိသော သိုး ကဲ့သို့ တောင် များအပေါ် မှာ အရပ်ရပ်ကွဲပြား လျက်ရှိကြသည်ကို ငါမြင် ပြီ။ ထာဝရဘုရား ကလည်း ၊ ဤ သူအပေါင်းတို့သည် အရှင် မ ရှိသောကြောင့်၊ အသီးအသီး ကိုယ် နေရာ သို့ ပြန် ကြပါလေစေဟု မိန့်တော်မူကြောင်းကို လျှောက်ဆို၏။ ၁၇ ဣသရေလ ရှင်ဘုရင် ကလည်း ၊ သူသည်ငါ ၌ မင်္ဂလာ စကားကိုမ ဟော ၊ အမင်္ဂလာ စကားကိုသာ ဟောတတ်သည်ဟုမင်းကြီး အား ငါမ ပြော သလော ဟု ယောရှဖတ်

အား ဆို ၏။ ၁၈ မိကွဲကလည်း၊ သို့ ဖြစ်၍ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ပါ။ ထာဝရဘုရား သည် ပလွင် တော်ပေါ် မှာ ထိုင် တော်မူသည်ကိုငင်း၊ ကောင်းကင် ဗိုလ်ခြေ အပေါင်း တို့သည် လက်ျာ တော်ဘက်၊ လက်ဝဲ တော်ဘက် ၌ရပ် နေကြသည်ကိုငင်း ၊ ငါမြင် ပြီ။ ၁၉ ထာဝရဘုရား ကလည်း ၊ အာဟပ် သည် ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ၍ ဆုံး စေခြင်းငှါ ၊ အဘယ်သူ သွေးဆောင် မည်နည်းဟုမေး တော်မူလျှင်၊ အခြံအရံတော်တို့သည် တယောက် တနည်းစီပြန်လျှောက် ကြ၏။ ၂၀ တဖန် ဝိညာဉ် တပါးသည်လာ ၍ ထာဝရဘုရား ရှေ့ တော်၌ ရပ် လျက် ၊ အကျွန်ုပ် သွေးဆောင် ပါမည်ဟု လျှောက် လျှင်၊ ၂၁ ထာဝရဘုရား က၊ အဘယ်သို့ သွေးဆောင်မည်နည်း ဟုမေး တော်မူသော်၊ အကျွန်ုပ်သွား ၍ ထိုမင်းကြီး ၏ပရောဖက် အပေါင်း တို့အထဲ မှာ၊ မုသာစကား ကို ပြော တတ်သောစိတ်ဝိညာဉ် ဖြစ်ပါမည်ဟု ပြန်လျှောက် သော် သင်သည်သွေးဆောင် ၍ နိုင် လိမ့်မည်။ ထိုသို့ သွား ၍ ပြု လော့ဟု မိန့် တော်မူ၏။ ၂၂ သို့ ဖြစ်၍ ထာဝရဘုရား သည် မုသာ စကားကို ပြောတတ်သောစိတ်ဝိညာဉ် ကို မင်းကြီး ၏ပရောဖက် အပေါင်းတို့ ၌ သွင်း တော်မူပြီ။ မင်းကြီး ၏အမှုမှာ အမင်္ဂလာ စကားကို ပြော တော်မူပြီဟု ဟော လေ၏။ ၂၃ ထိုအခါ ခေနာနာ သား ဇေဒကိ သည် ချဉ်းလာ ၍ မိကွဲ ၏ပါး ကို ပုတ် လျက် ၊ ထာဝရဘုရား ၏ ဝိညာဉ် တော် သည် သင် နှင့်နှုတ်ဆက် ခြင်းငှါ ၊ အဘယ် လမ်း ဖြင့် ငါ မှ ထွက် တော်မူသနည်းဟုမေး လျှင်၊ ၂၄ မိကွဲ က၊ သင်သည်ပုန်းရှောင် ၍နေခြင်းငှါ ၊ အတွင်း ခန်း ထဲသို့ ဝင် သော နေ့ ၌ သင် မြင် လိမ့်မည်ဟု ဆို ၏။ ၂၅ ဣသရေလ ရှင်ဘုရင် က၊ မိကွဲ ကို ဖြို့ ဝန်မင်း အာမုန် ထံ ၊ သား တော်ယောရှ ထံသို့ ယူသွား ၍၊ ၂၆ ဤ သူကို ထောင် ထဲမှာလှောင်ထား ကြ။ ငါ သည် ငြိမ်ဝပ် စွာပြန် ၍ မ လာမီတိုင်အောင်၊ ဆင်းရဲ စွာ စားသောက် စေဟုအမိန့် တော်ရှိကြောင်းကို ဆင့်ဆို လော့ ဟု စီရင် ၏။ ၂၇ မိကွဲ ကလည်း ၊ မင်းကြီးသည် ငြိမ်ဝပ် စွာ ပြန်လာ ရလျှင် ၊ ထာဝရဘုရား သည် ငါ့ အားဖြင့် မိန့် တော် မ မူ၊ အိုလူ များအပေါင်း တို့၊ နားထောင် ကြလော့ဟုဆို ၏။ ၂၈ ထိုသို့ ဣသရေလ ရှင်ဘုရင် နှင့် ယုဒ ရှင်ဘုရင် ယောရှဖတ် တို့သည်၊ ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ ကြ၏။ ၂၉ ဣသရေလ ရှင်ဘုရင် က၊ ငါသည် ခြားနားသော အယောင် ကို ဆောင်၍စစ်ပွဲ ထဲသို့ ဝင် မည်။ မင်းကြီး မူကား ၊ မင်းမြောက်တန်ဆာ ကို ဝတ်ဆင် ပါလော့ဟု ယောရှဖတ် အား ဆို ပြီးမှ ၊ ဣသရေလ ရှင် ဘုရင်သည် ခြားနားသော အယောင် ကိုဆောင်လျက် စစ်ပွဲ ထဲသို့ ဝင် ၏။ ၃၀ ရှုရိ ရှင် ဘုရင်က၊ ဣသရေလ ရှင်ဘုရင် မှတပါး ၊ အခြားသော လူကြီး လူငယ် ကို မ တိုက် နှင့်ဟု ရထား စီး သူရဲ အုပ်ဗိုလ်မင်းတို့ကိုမှာ ထားနှင့် သောကြောင့်၊ ၃၁ ရထား စီးသူရဲ အုပ်ဗိုလ်မင်းတို့သည် ယောရှဖတ် ကိုမြင် သောအခါ ၊ ထိုသူသည် ဣသရေလ ရှင်ဘုရင် ဖြစ် လိမ့်မည်ဟုဆို လျက် ၊ သူ့ ကို တိုက် အံ့သောဘ့ဲ ဝိုင်းလာကြ ၍၊ ယောရှဖတ် လည်း ကြွေးကြော် လေ၏။ ထာဝရဘုရား လည်း မစ ၍ သူတို့ကိုလွှဲ သွားစေခြင်းငှါ ၊ ဘုရားသခင် သွေးဆောင် တော်မူ၏။ ၃၂ ဣသရေလ ရှင်ဘုရင် မ ဟုတ် ကြောင်း ကို၊ ရထား စီးသူရဲ အုပ်ဗိုလ်မင်းတို့သည် ရိပ်မိ သောအခါ ၊ မလိုက်ဘဲ အခြားသို့ ရှောင် သွားကြ၏။ ၃၃ လူ တယောက်သည် မ ရွယ်ဘဲလေး နှင့်ပစ် ၍၊ ဣသရေလ ရှင်ဘုရင် ကို၊ သံချပ် အင်္ကျီအဆစ် ကြား မှာ မှန်လေသော်၊ ငါ့ ကိုစစ်ပွဲ ထဲက လှည့် ၍ ထုတ် ဆောင် လော့။ ငါနာ သည်ဟု မိမိရထား တော်ထိန်းကို ဆို ၏။ ၃၄ ထို နေ့ ၌

တိုး ၍ တိုက် ကြ၏။ ကျသရေလ ရှင်ဘုရင် သည် ညဦးယံ တိုင်အောင် ၊ ရှုရိ လူတဘက် တချက်၌ ရထား တော်ထဲမှာ လူကိုမှီ ၍ထိုင်နေ၏။ နေဝင် ချိန် နီး သောအခါ အသက် တော်ကုန်၏။

၁၉ ယုဒ ရှင်ဘုရင် ယောရှဖတ် သည် ယေရုရှလင် မြို့ နန်းတော် သို့ ငြိမ်ဝပ် စွာ ပြန်လာ ၏။ ၂ ဟာနန် သား ပရောဖက် ယေဟု သည်၊ ယောရှဖတ် မင်းကြီး ကို ခရီးဦးကြိုပြုအံ့သောငှါ ထွက်သွား ၍ ၊ မင်းကြီးသည် မ တရားသောသူတို့ကို မစ သင့်သလော။ထာဝရဘုရား ကို မုန်း သောသူတို့ကို ချစ်သင့်သလော။ ယခုပြုသောအမှုကြောင့်၊ ထာဝရဘုရား ၏ အမျက် တော် သည် မင်းကြီး အပေါ် သို့ သက်ရောက်လေပြီ။ ၃ သို့သော်လည်း ၊ မင်းကြီးသည် တပြည်လုံးတွင်၊ အာရှရ ပင်တို့ကို ပယ်ရှား ၍ ၊ ဘုရားသခင် ကိုရှာ ခြင်းငှါ သဘော ချ သောကြောင့် ၊ ကျင့်သောအကျင့် ကောင်းပါပြီဟု ဆို၏။ ၄ ထိုနောက် ၊ ယောရှဖတ် သည် ယေရုရှလင် မြို့၌ နေ ၏။ တဖန် ဗေရရှေဘ မြို့မှစ၍ ၊ ဧဖရိမ် တောင် တိုင်အောင် လှည့်လည် သဖြင့် ၊ ပြည်သား တို့ကို ဘိုးဘေး တို့၏ဘုရားသခင် ထာဝရဘုရား ထံ တော်သို့ ပြန် စေတော်မူ ၏။ ၅ ယုဒ နိုင်ငံ တွင် ၊ ခိုင်ခံ့ သောမြို့ ရှိသမျှအသီးအသီး တို့ ၌ တရားသူကြီး တို့ကို ခန့်ထား ၍၊ ၆ သင် တို့ပြု သောအမှု ကိုသတိ ပြုကြလော့။ လူ ၏ အမှုကိုစောင့်၍ တရား စီရင်သည်မ ဟုတ်။ သင်တို့စီရင်ရာတွင်၊ ရှိတော်မူသောထာဝရဘုရား ၏အမှုတော်ကို စောင့်၍ စီရင်ရကြ၏။ ၇ သို့ ဖြစ်၍ ထာဝရဘုရား ကို ကြောက်ရွံ့ သောစိတ် ရှိ ၍ သတိ ပြုကြလော့။ ဂါ တို့ဘုရားသခင် သည် မတရားသောအမှုကို လက်ခံခြင်း၊ လူမျက်နှာ ကို ထောက် ခြင်း၊ တံစိုး စား ခြင်း အခွင့်ရှိတော်မမူဟု မှာထားတော်မူ ၏။ ၈ ယေရုရှလင် မြို့၌ လည်း ၊ ထာဝရဘုရား ၏တရားမှု တို့ကိုဂင်း ၊ ယေရုရှလင် မြို့သားအချင်းချင်းတရားတွေ့မှု တို့ကိုဂင်း၊ စီရင်စေခြင်းငှါလေဝိ သား၊ ယဇ်ပုရောဟိတ် ၊ ကျသရေလ အဆွေအမျိုး သူကြီး အချို့တို့ကို ခန့်ထား ၍၊ ၉ သင်တို့သည် စုံလင် သောစိတ် နှလုံးနှင့် ထာဝရဘုရား ကိုကြောက်ရွံ့ လျက် ၊ သစ္စာ စောင့်လျက် စီရင် ကြလော့။ ၁၀ အမြို့မြို့ ၌ နေ သောအမျိုးသား ချင်းတို့တွင်၊ လူအသက်သတ်ခြင်းအမှု၊ စီရင် ထုံးဖွဲ့တော်မူချက်ပညတ် တရား ကို လွန်ကျူးခြင်းအမှုမည်သည်ကား၊ သင် တို့ရှေ့ သို့ရောက် လျှင် ၊ သင် တို့နှင့် အမျိုးသား ချင်းတို့အပေါ် သို့ အမျက် တော်သက်ရောက် စေခြင်းငှါ ၊ သူတို့သည် ထာဝရဘုရား ကို မ ပြစ်မှား ရမည်အကြောင်းသတိ ပေးကြလော့။ သို့ပြုလျှင် ၊ ကိုယ်တိုင်အပြစ် လွတ်ကြလိမ့်မည်။ ၁၁ ထာဝရဘုရား ၏ အမှု အရာရာ တွင် ၊ ယဇ်ပုရောဟိတ် မင်း အာမရိ သည် သင် တို့ကို အုပ်ချုပ် ရ၏။ ရှင်ဘုရင် ၏အမှု အရာရာ တွင် ၊ ယုဒ အမျိုး မှာ မင်း ဖြစ် သော ဂ္ဂရှမေလ သား ဇေဗဒိ သည် အုပ်ချုပ်ရ၏။ လေဝိ သားတို့သည်လည်း ၊ အမှု ထမ်းလုလင်လုပ် ရကြ၏။ ရဲရင့် စွာ စီရင်ကြလော့။ ထာဝရဘုရား သည် ကောင်း သောသူတို့ ဘက် မှာ နေ တော်မူမည်ဟု မှာထားတော်မူ၏။

၂၀ ထိုနောက်မှ ၊ မောဘ အမျိုးသား နှင့် အမ္မန် အမျိုးသား တို့သည် ဧဒုံအမျိုးသားအချို့နှင့်တကွ ၊ ယောရှဖတ် ကို စစ်တိုက် မည်ဟု ချီလာ ကြ၏။ ၂ အိုင် ကြီးတစ်ဘက် ၊ ဧဒုံပြည်ဘက်က များစွာ သော အလုံး အရင်းစစ်ချီလာ ၍ ၊ အင်္ဂဒိ

အမည်ရှိသော ဟာဇုန္တာမာ မြို့မှာ ရှိကြပါသည်ဟု ယောရှဖတ် အား ကြား လျှောက်လျှင်၊ ၃ ယောရှဖတ် သည် ကြောက်၍ ၊ ထာဝရဘုရား ကို ရှာ ခြင်းငှါ သဘောချ လျက် ၊ အစာ ရှောင်ရာအချိန်ကို၊ ယုဒ ပြည်တရှောက်လုံး ၌ ကြော်ငြာစေတော်မူ၏။ ၄ ယုဒ လူတို့သည် ထာဝရဘုရား ကို ဆုတောင်း မည် ဟု စုဝေး ၍ ၊ ထာဝရဘုရား ကို ရှာ အံ့သောငှါ ၊ ယုဒ မြို့ ရှိသမျှ မှ ထွက်လာကြ၏။ ၅ ယောရှဖတ် သည် ဗိမာန် တော် တန်တိုင်း သစ် ရှေ့ ၊ ယုဒ ပြည်သူယေရုရှလင် မြို့သား စည်းဝေးရာ ပရိသတ် အလယ် ၌ရပ် လျက်၊ ၆ ဘိုးဘေး တို့၏ဘုရားသခင် ထာဝရဘုရား ၊ ကိုယ်တော် သည် ကောင်းကင် ဘုံ၏ အရှင်ဘုရားသခင် ဖြစ်တော်မူသည် မ ဟုတ်လော့။တပါးအမျိုးသား နေရာ တိုင်းနိုင်ငံရှိသမျှ တို့ကို အစိုးရ တော်မူသည် မဟုတ်လော။ အဘယ်သူ မျှမဆီးတားနိုင်အောင် ခွန်အား တန်ခိုးကြီးတော်မူသည်မဟုတ်လော။ ၇ ဤ ပြည် ၌နေ ဘူးသောသူတို့ကို ကိုယ်တော် ၏လူ ဣသရေလ အမျိုး ရှေ့ မှ နှင်ထုတ် ၍ ၊ ကိုယ်တော် အဆွေအာဗြဟံ ၏သား မြေးတို့အား ၊ ဤ ပြည်ကို အစဉ် ပေး တော်မူ သောအကျွန်ုပ် တို့၏ဘုရားသခင် ဖြစ်တော်မူသည် မ ဟုတ်လော။ ၈ သူတို့သည် နေရာ ကျ၍ ၊ နာမတော် အဘို့ သန့်ရှင်း ရာ ဌာနတော်ကို တည်ဆောက် ကြသောအခါ၊ ၉ အကျွန်ုပ် တို့အပေါ် မှာထား ဘေး ၊ ဒဏ်ခတ် ခြင်း ဘေး၊ ကာလနာ ဘေး၊ မွတ်သိပ် ခြင်းဘေးတစုံတခုရောက်၍၊ နာမ တော်ဖြင့် သမုတ်သောဤ အိမ် တော်၊ အထံ တော်သို့ အကျွန်ုပ်တို့သည် ချဉ်းကပ်၍၊ ဆင်းရဲ ဒုက္ခကြောင့် အော်ဟစ် ကြသောအခါ ၊ နားထောင် ၍ ကယ်မ တော်မူပါဟု လျှောက်ထားကြပါပြီ။ ၁၀ ယခု တွင်၊ ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တု ပြည် မှ ထွက် လာသောအခါ၊ တိုက်ရသောအခွင့် ကိုပေး တော်မ မူ။ လွဲရှောင် ၍ မ ဖျက်ဆီးဘဲ ထားခဲ့သော အမျိုန် အမျိုးသား ၊ မောဘ အမျိုးသား၊ စိရ တောင် သားတို့ သည်၊ ၁၁ အကျွန်ုပ်တို့ အား အပိုင် ပေးတော်မူသော အမွေခံရာ မြေ ထဲက ၊ အကျွန်ုပ် တို့ကို နှင်ထုတ် ခြင်းငှါ လာ ၍ ၊ အဘယ်သို့ကျေးဇူးဆပ်ကြပါသည်ကို ကြည့်ရှု တော်မူပါ။ ၁၂ အိုအကျွန်ုပ် တို့ဘုရားသခင် ၊ သူ တို့ကို မ စီရင် ဘဲနေတော်မူမည်လော။အကျွန်ုပ် တို့ကို တိုက် အံ့သောငှါလာသောဤ အလုံးအရင်း ကြီး ကို၊ အကျွန်ုပ်တို့သည် ဆီးတားခြင်းငှါမတတ်နိုင်ပါ။ အဘယ်သို့ ပြု ရမည်ကိုမ သိ ပါ။ ကိုယ်တော် ကိုသာ မျှော်ကြည့် လျက် နေကြပါသည်ဟု ဆုတောင်း ၍၊ ၁၃ ယုဒ လူအပေါင်း တို့သည် သား မယား သူငယ် တို့ နှင့်တကွ ၊ ထာဝရဘုရား ရှေ့ တော်၌ ရပ် နေကြ၏။ ၁၄ ထိုအခါ ပရိသတ် အလယ် ၌ ရှိသောလေဝိ အမျိုး၊ အာသပ် အန္တယ် ၊ မတ္တာနိ ၊ ယေယေလ ၊ ဗေနာယ ၊ ဇာခရိ တို့မှ ဆင်းသက်သောယဟာဇေလ အပေါ် သို့၊ ထာဝရဘုရား ၏ဝိညာဉ် တော်သည် သက်ရောက် ၍၊ ၁၅ ထိုသူက၊ အိုယောရှဖတ် မင်းကြီး နှင့် ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သား အပေါင်း တို့၊ နားထောင် ကြလော့။ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ထို အလုံးအရင်း ကြီး ကြောင့် မ ကြောက် ကြနှင့်။ စိတ် မ ပျက်ကြနှင့်။ စစ်မှု သည် သင်တို့တာမဟုတ် ၊ ဘုရားသခင့် တာဖြစ်၏။ ၁၆ နက်ဖြန် နေ့သူ တို့ရှိရာသို့ ချီ သွားကြလော့။ သူ တို့သည် ဇိဇ မြို့သို့ တက် ရာလမ်း ဖြင့် လာကြစဉ်၊ ယေရွေလ တော စ နား၊ ချိုင့်ဝ မှာ သင် တို့တွေ့ ကြလိမ့်မည်။ ၁၇ သို့ရာတွင်၊ အိုယုဒ ပြည်သူယေရုရှလင် မြို့သားတို့၊ သင် တို့သည်စစ်တိုက် စရာ အကြောင်းမ ရှိသည်သည်ဖြစ်၍၊ တည်ကြည်စွာ မတ်တတ် နေလျက် ၊ ထာဝရဘုရား ကယ်တင်

တော်မူခြင်း ကျေးဇူးကိုကြည့်ရှု ကြလော့။ မ ကြောက် ကြနှင့်။ စိတ် မ ပျက်ကြနှင့်။ နက်ဖြန် နေ့ချီသွား ကြလော့။ ထာဝရဘုရား သည် သင် တို့နှင့်အတူ ရှိတော်မူလိမ့်မည်ဟု မြွက်ဆို၏။ ၁၈ ယောရှဖတ် သည် မြေ ပေါ် မှာဦးချ ၍ ယုဒ ပြည်သူယေရုရှလင် မြို့သား အပေါင်း တို့သည် ထာဝရဘုရား ရှေ့တော်၌ ပြပ်ဝပ် လျက် ၊ ထာဝရဘုရား ကို ကိုးကွယ် ကြ၏။ ၁၉ လေဝိ အမျိုး၊ ကောဟတ် အနွယ်သား နှင့် ကောရ အနွယ်သား တို့သည်၊ ဣသရေလ မျိုး၏ ဘုရားသခင် ထာဝရဘုရား ကို ၊ ကျယ် သောအသံ နှင့် ချီးမွမ်း ခြင်းငှါ ရပ် နေကြ၏။ ၂၀ နက်ဖြန်နံနက် စောစောထ ၍ ၊ တေကော တော သို့ ထွက်သွား ကြ၏။ သွား ကြစဉ် တွင်၊ ယောရှဖတ် သည် ရပ် ၍ ၊ အိုယုဒ ပြည်သူယေရုရှလင် မြို့သား တို့၊ နားထောင် ကြလော့။ သင် တို့၏ဘုရားသခင် ကို ယုံကြည် ကြလော့။ သို့ပြုလျှင် တည်ကြည် ကြလိမ့်မည်။ ပရောဖက် တော်တို့ကို ယုံကြည် ကြလော့။ သို့ပြုလျှင် အောင်မြင် ကြလိမ့်မည်ဟု မိန့် တော်မူ၏။ ၂၁ လူ များနှင့် တိုင်ပင် ပြီးမှ ၊ ထာဝရ ဘုရား၏ ကရုဏာ တော်သည် အစဉ်အမြဲ တည်သောကြောင့် ၊ ဂုဏ် ကျေးဇူးတော်ကိုချီးမွမ်း ကြလော့ဟု တပ်ရှေ့ မှာ ချီ သွား လျက် ၊ သန့်ရှင်း ခြင်းအသရေ ကို ချီးမွမ်း ရသောသီချင်းသည် တို့ကို ထာဝရဘုရား အဘို့ ခန့်ထား တော်မူ၏။ ၂၂ ထိုသူတို့သည် ချီးမွမ်း ရာသီချင်း ကို ဆိုစပြုကြ သောအခါ၊ ယုဒ ပြည်ကို တိုက်အံ့သောငှါလာသော၊ စိရ တောင် သားတို့ကို အမှုန် အမျိုးသား၊ မောဘ အမျိုးသားတို့တဘက် ၌ ထာဝရဘုရားချောင်းမြောင်းစေတော်မူသဖြင့်၊ အမှုန်အမျိုးသား၊ မောဘအမျိုးသားတို့သည် အထိအခိုက်ခံရသောကြောင့်၊ ၂၃ တဖန် စိရ တောင် သား တို့ကို သုတ်သင် ပယ်ရှင်းခြင်းငှါ လှန် ၍ တိုက်သဖြင့် ၊ အကုန်အစင် သတ်ပြီးမှ ၊ တယောက် ကိုတယောက်တိုက်ခိုက် ၍၊ ပျက်စီး ခြင်းသို့ ရောက်ကြ၏။ ၂၄ ယုဒ လူတို့သည် တော ၌ ရှိသောကင်းမျှော်စင် သို့ ရောက် ၍ ၊ ထိုအလုံးအရင်း ကို ကြည့်ရှု သောအခါ ၊ ထိုလူ အပေါင်းတို့သည် တယောက် မျှမလွတ် ၊ မြေ ပေါ် မှာ လဲ သော အသေ ကောင်ဖြစ်ကြ၏။ ၂၅ ယောရှဖတ် နှင့် သူ ၏လူ တို့သည်၊ ရန်သူ တို့ ဥစ္စာ ကိုလုယူ ခြင်းငှါ လာ ကြသောအခါ ၊ အသေ ကောင်တို့ ၌ များစွာ သောဥစ္စာ ၊ အဘိုးထိုက်သော တန်ဆာတို့ကို တွေ့သဖြင့်၊ ထမ်း၍မသွားနိုင်အောင်ချွတ်ယူ ကြ၏။ လက်ရ ဥစ္စာအလွန် များသောကြောင့် ၊ သုံး ရက် ပတ်လုံးလုယူထုပ်ထားလျက်နေကြ ၏။ ၂၆ စတုတ္ထ နေ့ တွင် ဗရာခ ချိုင့် ၌ စည်းဝေး ၍ ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးကြ၏။ ထိုကြောင့် ၊ ယနေ့ တိုင်အောင် ထို အရပ် သည် ဗရာခ ချိုင့် ဟူ၍တွင် သတည်း။ ၂၇ ထိုအခါ သူ တို့သည် ရန်သူ တို့အပေါ် မှာ ဝမ်းမြောက် သောအခွင့်ကို၊ ထာဝရဘုရား ပေးတော်မူသောကြောင့် ၊ ယောရှဖတ် သည် ရှေ့ဦးစွာကြွ၍ယုဒ ပြည်သူ ယေရုရှလင် မြို့သားအပေါင်း တို့သည်၊ ဝမ်းမြောက် သောစိတ် နှင့် ယေရုရှလင် မြို့သို့ ပြန် သွား၍၊ ၂၈ စောင်း တယော တံပိုး ကိုတီးမှုတ်လျက်၊ ယေရုရှလင် မြို့၊ ဗိမာန် တော်သို့ ရောက် လာကြ၏။ ၂၉ ထာဝရဘုရား သည် ဣသရေလ အမျိုး၏ ရန်သူ တို့ ကို တိုက် တော်မူကြောင်း ကို၊ အခြားတိုင်း နိုင်ငံသား ရှိသမျှ တို့သည် ကြား ၍ ၊ ဘုရားသခင် ကို ကြောက်ရွံ့ ကြ၏။ ၃၀ ထိုသို့ ဘုရားသခင် သည် အရပ်ရပ် ၌ ငြိမ်ဝပ် သော အခွင့်ကိုပေး တော်မူသောကြောင့် ၊ ယောရှဖတ် ၏ နိုင်ငံ တော်သည် သာယာ ၏။ ၃၁ ယောရှဖတ် သည် အသက် သုံး ဆယ်ငါး နှစ် ရှိသော်နန်းထိုင် ၍ နှစ်ဆယ် ငါး နှစ် ပတ်လုံးယေရုရှလင် မြို့မှာ နေ လျက်၊

ယုဒ ပြည်ကို စိုးစံ လေ၏။ မယ်တော် ကား ရှိလဟိ သမီး အဇာ အမည် ရှိ၏။ ၃၂ ထိုမင်းသည် ခမည်းတော် အာသ လိုက် သော လမ်း ကို မ လွှဲ ၊ အကုန်အစင်လိုက်၍၊ ထာဝရဘုရား ရှေ့ တော်၌ ဖြောင့်မတ် သောအကျင့်ကိုသာ ကျင့်၏။ ၃၃ သို့ရာတွင် ၊ မြင့် သောအရပ်တို့ကို မ ပယ်ရှား။လူ များတို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ကို ဆည်းကပ်ခြင်းငှါ၊ သဘော မ ချ ဘဲနေကြသေး ၏။ ၃၄ ယောရှဖတ် ပြုမူသော အမှုအရာကြွင်းလေသမျှ အစ အဆုံး တို့သည်၊ ဣသရေလ ရာဇဝင်နှင့် ဆက်၍၊ ဟာနန် သား ယေဟု စီရင်သောစာ ၌ရေးထား လျက်ရှိ၏။ ၃၆ နောက်တဖန် ယုဒ ရှင်ဘုရင် ယောရှဖတ် သည်၊ တာရှ မြို့သို့သွား ရသောသင်္ဘော တို့ကိုတည်လုပ် ခြင်းငှါ ၊ အလွန်အစွမ အမှုကိုပြု သော ဣသရေလ ရှင်ဘုရင် အာခဇိ နှင့် ပေါင်းဘော် ပြီးလျှင် ၊ ထိုသင်္ဘော တို့ကိုဧယုန်ဂါဗာ မြို့မှာ တည်လုပ် ကြ၏။ ၃၇ ထိုအခါ မရေရွှ မြို့သူ၊ ဒေါဒေဝ သား ဧလျေဇ က၊ မင်းကြီးသည် အာခဇိ နှင့် ပေါင်းဘော် သောကြောင့် ၊ ထာဝရဘုရား သည် မင်းကြီး ပြုသောအမှု ကိုဖျက် တော်မူပြီဟု ယောရှဖတ် တစ်ဘက် ၌ ဟော သည်နှင့်အညီ၊ ထိုသင်္ဘော တို့သည် တာရှ မြို့သို့ မ သွား နိုင် အောင်ကျိုးပဲ့ ကြ၏။

၂၁ ယောရှဖတ် သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သူတို့နှင့်အတူ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်ယဟောရံ သည် ခမည်းတော် အရာ၌ နန်း ထိုင်၏။ ၂ ယုဒရှင်ဘုရင် ယောရှဖတ် သား ၊ ယဟောရံညီဟူမူကား ၊ အာဇရိ ၊ ယေယလေ ၊ ဇာခရိ ၊ အာဇရိ ၊ မိကေ္ခလ ၊ ရှေဖတိ တည်း။ ၃ ခမည်းတော် သည်များစွာ သော ရွှေ ငွေ ဥစ္စာ ရတနာနှင့်တကွ ယုဒ ပြည်၌ ခိုင်ခံ့ သောမြို့ တို့ကို သူ တို့ အား ပေး ၏။ နိုင်ငံ ကိုကား ၊ သားဦး ယဟောရံ အား ပေး ၏။ ၄ ယဟောရံ သည် ခမည်းတော် နိုင်ငံ ၌ တည် သောအခါ ၊ ကိုယ်ကိုခိုင်ခံ့ စေ၍ ၊ ညီ တော်အပေါင်း တို့ကိုငင်း ၊ ဣသရေလ မှူးတော် မတ်တော်တချို့တို့ကိုငင်း ၊ ထား နှင့် သတ် လေ၏။ ၅ ယဟောရံ သည် အသက် သုံးဆယ် နှစ် နှစ်ရှိသော်၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ ရှစ် နှစ် စိုးစံ လေ၏။ ၆ အာဟပ် သမီး နှင့်စုံဘက် သဖြင့် ၊ ဣသရေလ ရှင် ဘုရင်တို့လိုက် ရာ လမ်း သို့ အာဟပ် အမျိုး ကဲ့သို့ လိုက် ၍ ၊ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကို ပြု ၏။ ၇ သို့ရာတွင် ထာဝရဘုရား သည် ဒါဝိဒ် အစ ရှိသော သား မြေးတို့၏ မီးခွက် ကို အစဉ် ထွန်းလင်းစေမည်ဟု ဂတိတော်ရှိ၍၊ ဒါဝိဒ် နှင့် ပဋိညာဉ် ဖွဲ့ တော်မူသောကြောင့် ၊ သူ၏အမျိုး ကို မ ဖျက်ဆီး ဘဲ ထားတော်မူ၏။ ၈ ထိုမင်း လက်ထက် ၌၊ ဧဒုံ ပြည်သားတို့သည် ယုဒ ရှင်ဘုရင်ကို ပုန်ကန် ၍၊ ကိုယ်အမျိုးသားကို ရှင် ဘုရင်အရာ၌ ချီးမွှောက် ကြ၏။ ၉ ယဟောရံ မင်းသည် မှူးမတ် များ၊ ရထား စီးသူရဲများအပေါင်း တို့နှင့်တကွ စစ်ချီ ၍ ၊ ညဉ့် အခါ ဝိုင်း သော ဧဒုံ လူများ၊ ရထား အုပ် များကို လုပ်ကြံ လေ၏။ ၁၀ သို့သော်လည်း ၊ ဧဒုံ ပြည်သား တို့ သည် ယနေ့ တိုင်အောင် ယုဒ ရှင်ဘုရင်ကိုပုန်ကန် ကြ၏။ ထိုကာလ၌၊ လိဗန ပြည်သည်လည်း ပုန်ကန် ၏။ အကြောင်း မူကား၊ ယဟောရံ သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို စွန့် ၍၊ ၁၁ ယုဒ တောင် တို့ အပေါ် မှာ၊ မြင့် သောအရပ်တို့ကို တည် လုပ်သဖြင့် ၊ ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သား တို့ သည် တပါးအမျိုးသားတို့၏ ဘုရားနှင့် မှားယွင်းရမည် အကြောင်း၊ အနိုင်အထက်ပြုသတည်း။ ၁၂ ပရောဖက် ဧလိယ ပေးလိုက်သောစာ သည် ထိုမင်း ထံ သို့ရောက် သဖြင့် ၊ သင့် အဘ ဒါဝိဒ် ၏ ဘုရားသခင်

ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် သည် ခမည်းတော် ယောရှဖတ် လမ်း နှင့် ယုဒ ရှင်ဘုရင် အာသ လမ်း သို့ မ လိုက်၊ ၁၃ ကြသရေလ ရှင် ဘုရင်တို့ လမ်း သို့ လိုက် သောကြောင့် ၎င်း၊ အာဟပ် အမျိုး မှားယွင်း သည်နည်းတူ ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သား တို့သည်၊ တပါးအမျိုးသားတို့ ၏ ဘုရားနှင့်မှားယွင်းရမည် အကြောင်းပြုသောကြောင့်၎င်း၊ ကိုယ် ထက် သာ၍ကောင်း သော ညီရင်း တို့ကိုသတ် သောကြောင့် ၎င်း ၊ ၁၄ ထာဝရဘုရား သည် သင် ၏လူ များ၊ သင် ၏သား မယား များ၊ သင် ၏ဥစ္စာ ရှိသမျှ ကို ကြီးစွာ သောဘေး ဖြင့် ဒဏ်ခတ် တော်မူမည်။ ၁၅ သင့် အူ သည် တနေ့ ထက်တနေ့ထွက် အောင် ၊ ဝမ်း ထဲ ၌ပြင်းစွာ သောအနာ ရောဂါစွဲလိမ့်မည်ဟု စာ၌ပါသတည်း။ ၁၆ ထိုနောက်မှ ၊ ထာဝရဘုရား သည် ဖိလိတ္တိ လူ၊ ကုရှ ပြည်နှင့်နီးသော အာရပ် လူတို့ကို၊ ယဟောရံ မင်း တစ်ဘက် နှိုးဆော် တော်မူသဖြင့်၊ ၁၇ သူတို့ သည် ယုဒ ပြည်သို့ ချီ လာ၍ လုပ်ကြံ ကြ၏။ နန်းတော် ၌ တွေ့ သမျှ သောဥစ္စာ များနှင့် ရှင်ဘုရင် ၏ သား မယား များတို့ကို သိမ်းသွား ကြသဖြင့် ၊ အထွေး ဆုံး သောသား အာခဇိမှတပါး ၊ တယောက် မျှမကျန်ကြွင်း။ ၁၈ နောက်တဖန် မ ပျောက် နိုင်သောဝမ်း နာ ဖြင့် ထာဝရဘုရား သည် ဒဏ်ခတ် တော်မူ၏။ ၁၉ ရှင်ဘုရင်သည် တာရှည် စွာနာ ၍ ၊ နှစ် နှစ်စေ့ သောအခါ၊ အနာ ပြင်းထန် သောကြောင့် ၊ အူ ထွက် ၍ အသက် ချုပ်လေ၏။ ပြည်သား တို့ သည်ဘိုး တော် ဘေးတော်တို့အဘို့ မီးရှို့ ခြင်းကိုပြု သကဲ့သို့ ၊ ထိုမင်း အဘို့ မ ပြု။ ၂၀ ယဟောရံ သည် အသက်သုံးဆယ် နှစ် နှစ်ရှိ သော် ၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ ရှစ် နှစ် စိုးစံ ပြီးမှ ၊ အဘယ်သူမျှ မ နှမြော ဘဲသေ သွား၏။ ဒါဝိဒ် မြို့ ၌ သင်္ဂြိုဟ် သော်လည်း ၊ ရှင် ဘုရင်တို့ သချိုင်း ၌ မ သင်္ဂြိုဟ်ကြ။

JJ အာရပ် လူတို့နှင့် လိုက် လာသောတပ်သား တို့ သည် တပ် ထဲ သို့ဝင်၍၊ ယုဒ ရှင်ဘုရင် ယဟောရံ ၏ သား တော်အကြီး ရှိသမျှ တို့ကိုသတ် သောကြောင့်၊ ယေရုရှလင် မြို့သား တို့သည် သား ထွေး အာခဇိ ကို ခမည်းတော် အရာ ၌ချီးမြှောက် ၍၊ ၂ အာခဇိ သည် အသက် နှစ်ဆယ်နှစ် နှစ်ရှိသော် ၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ တ နှစ် စိုးစံ လေ၏။ မယ်တော် ကား ၊ ဩမရိ မြေး အာသလိ အမည် ရှိ၏။ ၃ မယ်တော် သည် မ ကောင်းသောအကြံ ကိုပေး သောကြောင့် ၊ ထို မင်းသည် အာဟပ် အမျိုး လိုက် ရာ လမ်း သို့ လိုက်၍၊ ၄ အာဟပ် အမျိုး ကဲ့သို့ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၏။ ခမည်းတော် သေ သောနောက် ၊ အာဟပ် အမျိုးသားတို့သည် အာခဇိ ကို အကျိုးနည်း စေခြင်းငှါ မကောင်းသောအကြံကိုပေး ကြ၏။ ၅ အာခဇိသည် သူ တို့စကား ကိုနားထောင် သဖြင့် ၊ ကြသရေလ ရှင်ဘုရင် အာဟပ် သား ယောရံ နှင့် ဝိုင်းလျက်၊ ဂိလဒ် ပြည်ရာမုတ်မြို့သို့ စစ်ချီ၍၊ ရှုရိ ရှင်ဘုရင် ဟာဇေလ ကို တိုက် ရာတွင် ၊ ရှုရိ လူတို့သည်ယောရံ ကို ထိခိုက် ကြ၏။ ၆ ထိုသို့ ရာမုတ် မြို့၌ ရှုရိ ရှင်ဘုရင် ဟာဇေလ ကို တိုက် ၍ ၊ ရှုရိလူထိခိုက် သော အနာ ပျောက် စေခြင်းငှါ ၊ ယောရံသည် ယေဇရေလ မြို့သို့ ပြန်သွား ၍ နာ လျက် နေစဉ်တွင်၊ ယုဒ ရှင်ဘုရင် ယဟောရံ သား အာခဇိ သည် လည်း ၊ အာဟပ် သား ယောရံ ကို ကြည့်ရှု ခြင်းငှါ ထိုမြို့သို့ ဆင်း သွားလေ၏။ ၇ ဘုရားသခင် စီရင် တော်မူသည်အတိုင်း ၊ အာခဇိ သည် ယောရံ ထံသို့ ရောက် သောအားဖြင့် ၊ ဆုံးရှုံးလေသည် အကြောင်းအရာဟူမူကား၊ အာဟပ် အမျိုး ကို သုတ်သင် ပယ်ရှင်းစေခြင်းငှါ ၊ ထာဝရဘုရား

ဘိသိတ် ပေးတော်မူသော နိမ်ရှိ သား ယေဟု ကို ဆီးကြိုခြင်းငှါ၊ ယောရံ နှင့် အာခဓိတို့သည် ထွက်သွား ၏။ ၈ ယေဟု သည် အာဟပ် အမျိုး ကို တရား စီရင်သောအခါ ၊ ယုဒ မှူးမတ် တို့ကိုလုင်း ၊ အာခဓိ မင်း၌ ခစား သော နောင်တော်၏သား တို့ကိုလုင်း၊ တွေ့ ၍ သတ် လေ၏။ ၉ ရှမာရိ ပြည်၌ ပုန်း လျက်နေသော အာခဓိ ကို ရှာ ၍ ဘမ်းမိသောအခါ ၊ ယေဟု ထံသို့ ဆောင် ခဲ့ပြီးမှ သတ် ၍ သင်္ဂြိဟ် ကြ၏။ အကြောင်း မူကား၊ သူသည် ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ရှာ သော ယောရှဖတ် ၏ အမျိုး ဖြစ်သည်ဟု ဆို ကြ၏။ ထိုသို့ အာခဓိ အမျိုး သည် နိုင်ငံ ကိုအုပ်စိုး ခြင်းငှါ မ တတ်နိုင်။ ၁၀ အာခဓိ ၏မယ်တော် အာသလိ သည် မိမိ သား သေ ကြောင်း ကို သိမြင် သော် ၊ ထ ၍ ယုဒ ပြည် ၏ ဆွေတော် မျိုးတော်အပေါင်း တို့ကို သုတ်သင် ပယ်ရှင်းလေ၏။ ၁၁ သို့ရာတွင် ၊ ရှင်ဘုရင် သမီး ယောရှေဘ သည်၊ အာခဓိ ၏သား ယောရှ ကို အသေခံရသောဆွေတော် မျိုးတော်ထဲက ခိုးယူ၍၊ သူနှင့်သူ၏ နို့ထိန်းကို အိပ်ခန်းထဲ၌ဝှက်ထား၏။ ထိုသို့ယဟောရံမင်းကြီးသမီး၊ ယဇ်ပုရောဟိတ်ယောယဒ၏မယားဖြစ်သော အာခဓိ၏နှမ ယောရှေဘသည်၊ အာသလိလက်မှ ယောရှ၏အသက် လွတ်စေခြင်းငှါဝှက်ထားသဖြင့်၊ ၁၂ ခြောက် နှစ် ပတ်လုံးယောရှသည် သူ တို့နှင့်အတူ ၊ ဗိမာန် တော်၌ ပုန်းရှောင် လျက်နေ ၍ အာသလိ သည် စိုးစံ လေ၏။

၂၃ ခုနစ် နှစ် မြောက် သောအခါ ၊ ယောယဒ သည် ကိုယ်ကိုခိုင်ခံ့ စေ၍ တပ်မှူး များ၊ ယေရောဟံ သား အာဇရိ ၊ ယောဟနန် သား ဣရှမေလ ၊ ဩဗဒ် သား အာဇရိ ၊ အဒါယ သား မာသေယ ၊ ဇိခရိ သား ဧလိရှဖတ် တို့နှင့် သင်းဖွဲ့ လေ၏။ ၂ ထိုသူတို့သည် ယုဒ ပြည်၌ လှည့်လည် သဖြင့် ၊ ယုဒ မြို့ အရပ်ရပ် ထဲက လေဝိ သားများနှင့် ဣသရေလ အဆွေအမျိုး သူကြီး များကို စုဝေး စေ၍ ၊ ယေရုရှလင် မြို့ သို့ ပြန် လာကြ၏။ ၃ စည်းဝေး သောသူ အပေါင်း တို့သည် ဗိမာန် တော်၌ ရှင်ဘုရင် နှင့် ပဋိညာဉ် ဖွဲ့ ကြ၏။ ယောယဒ ကလည်း၊ ရှင်ဘုရင် သားတော် ကို ကြည့်ရှု ကြလော့။ ထာဝရဘုရား သည် ဒါဝိဒ် အမျိုး ကို မိန့် တော်မူသည် အတိုင်း ၊ ရှင်ဘုရင်သားတော် စိုးစံ ရမည်။ ၄ သင်တို့ပြု ရသော အမှု ဟူမူကား ၊ ဥပုသ် နေ့၌ ဝင် သောယဇ်ပုရောဟိတ် လေဝိ သားသုံးစု တစုသည် တံခါး စောင့် လုပ်ရမည်။ ၅ တစု သည် နန်းတော် ကို စောင့်ရမည်။ တစု သည် သုရတံခါး ကို စောင့်ရမည်။ လူ အပေါင်း တို့သည် ဗိမာန် တော်တန်တိုင်း တို့အတွင်း ၌ နေရကြမည်။ ၆ ယဇ် ပုရောဟိတ်များနှင့် အမှု တော်စောင့် လေဝိ သားများမှတပါး ၊ အဘယ်သူမျှဗိမာန် တော်ထဲသို့ မ ဝင် စေနှင့်။ သူ တို့သည်သန့်ရှင်း သောကြောင့် ဝင် ရကြမည်။ အခြားသောသူ အပေါင်း တို့သည် ထာဝရဘုရား ဘက်၌စောင့် နေရကြမည်။ ၇ လေဝိ သားတိုင်း မိမိ လက်နက် ကို ကိုင်လျက် ၊ ကိုယ်တော် မြတ်ကို ဝိုင်း၍ အိမ် တော်ထဲသို့ ဝင် သမျှသောသူတို့ ကိုသတ် ရမည်။ ရှင်ဘုရင် ထွက် ဝင် တော်မူသောအခါ ၊ နောက်တော်သို့လိုက်ရမည်ဟု မှာထားလေ၏။ ၈ ထိုသို့ ယဇ်ပုရောဟိတ် ယောယဒ မှာထား သမျှ အတိုင်း ၊ လေဝိ သားများနှင့် ယုဒ အမျိုးသားအပေါင်း တို့ သည်ပြု ၍ ၊ ယဇ်ပုရောဟိတ် ယောယဒ သည် ဖွဲ့မြဲဖွဲ့သော အသင်းတို့ကို မ ဖျက် သောကြောင့် ၊ ဥပုသ် နေ့၌ ထွက် ရ သောသူ နှင့် ဝင် ရသောသူ အသီးအသီး တို့ကို ခေါ် ထား ကြ၏။ ၉ ဗိမာန် တော်၌ရှိသောဒါဝိဒ် မင်းကြီး ၏ လုံ များနှင့် ဒိုင်း လွှားများကို၊ ယဇ်ပုရောဟိတ် ယောယဒ သည် ထုတ်

၍ ၊ လူတရာ အုပ် တို့အား အပ်လေ၏။ ၁၀ အသီးအသီး လက်နက် ကိုင် သော သူ အပေါင်း တို့ကို ရှင်ဘုရင် ပတ်လည် ၊ ယဇ် ပလ္လင်အနား နှင့် ဗိမာန် တော် အနား၌ ၊ လက်ျာ ထောင့် မှစ၍ လက်ဝဲ ထောင့် တိုင်အောင် နေရာ ချထားလေ၏။ ၁၁ ထိုအခါ ရှင်ဘုရင် သားတော် ကို ပြင် သို့ထုတ်၍ ၊ ရာဇ သရဖူနှင့် ပညတ္တိကျမ်း ကိုတင် လျက် ၊ ရှင် ဘုရင်အရာ၌ ချီးမြှောက်ကြ၏။ ယောယဒ နှင့် သူ ၏သား တို့ သည် ဘိသိက် ပေး၍ ၊ ရှင်ဘုရင် အသက် တော်ရှင်စေသတည်းဟု ကြွေးကြော် ကြ၏။ ၁၂ အာသလိ သည် လူ များပြေး ၍ ၊ ရှင်ဘုရင် ထံ၌ ချီးမွမ်း သံ ကိုကြား လျှင် ၊ လူ များရှိရာ ဗိမာန် တော်သို့ သွား ၍၊ ၁၃ ရှင် ဘုရင်သည် ဗိမာန် တော်ဝင် ဝ၊ တိုင် နား မှာ ရပ် လျက် ၊ မှူး တော်မတ်တော်များနှင့် တံပိုး မှုတ်သော သူများတို့သည် ရှင်ဘုရင် အနား တော်၌ ရပ်လျက်၊ ပြည်သူ ပြည်သားများတို့သည် ဝမ်းမြောက် ၍ ၊ တံပိုး မှုတ် လျက် သီချင်း သည်တို့သည် တုရိယာအမျိုးမျိုးကိုကိုင်၍၊ ထောမနာသီချင်းကို ဆိုလျက်ရှိကြသည်ကိုမြင်လျှင်၊ မိမိ အဝတ် ကိုဆုတ် ၍ ပုန်ကန် မှုပါတကား၊ ပုန်ကန် မှုပါ တကားဟု အော်ဟစ် လေ၏။ ၁၄ ယဇ်ပုရောဟိတ် ယောယဒ ကလည်း ၊ ဗိမာန် တော် ထဲမှာ မ သေ စေနှင့်။ တပ် ပြင် သို့ ထုတ် ကြ။ သူ့ဘက်မှာ နေသောသူကိုထားနှင့် သတ်ကြ ဟုလူ တရာအုပ်တပ်မှူးတို့ကို မှာထားနှင့်သည်အတိုင်း၊ ၁၅ အာသလိ ကို ဘမ်းဆီး လျက် ၊ နန်းတော် သို့ သွားသော မြင်း လမ်းဝ သို့ ရောက် သောအခါ သတ် ကြ၏။ ၁၆ ရှင်ဘုရင် နှင့် လူ အပေါင်း တို့သည် ထာဝရဘုရား ၏ လူ ဖြစ်ရမည်အကြောင်း ၊ ယောယဒ သည် မိမိ ထံ၌ ပဋိညာဉ် ဖွဲ့ စေ၏။ ၁၇ လူ အပေါင်း တို့သည် ဗာလ ကျောင်း သို့သွား ၍ ဖြိုဖျက် ကြ၏။ ယဇ် ပလ္လင်များနှင့် ရုပ်တု များကိုချိုးဖဲ့ ၍ ၊ ယဇ် ပလ္လင်တို့ရှေ့ မှာ ဗာလ ယဇ်ပုရောဟိတ် မဿန် ကိုသတ် ကြ၏။ ၁၈ မောရှေ ပညတ္တိ ကျမ်း၌ ပါ သည်အတိုင်း ၊ ထာဝရ ဘုရား အား မီးရှို့ရာယဇ်တို့ကို ပူဇော်ခြင်း၊ ဒါဝိဒ် စီရင် သည်အတိုင်း ၊ ရွှင်လန်း စွာသီချင်းဆိုခြင်းအမှုကို ပြုစေခြင်းငှါ၊ ဗိမာန် တော်၌ ဒါဝိဒ် ခွဲထား သော ယဇ်ပုရောဟိတ် လေဝိ သားတို့သည် ဗိမာန်တော်မှုများကို ဆောင်ရွက်မည် အကြောင်း၊ ယောယဒစီရင်လေ၏။ ၁၉ မ သန့်ရှင်းသော လက္ခဏာတစုံ တခုရှိသောသူကို မ ဝင် စေခြင်းငှါ။ဗိမာန် တော်တံခါး စောင့် တို့ကိုလည်း ခန့်ထား လေ၏။ ၂၀ လူ တရာအုပ်၊ မှူးမတ် ၊ အကြီးအကဲ ၊ ပြည်သူ ပြည်သားအပေါင်း တို့ကို ခေါ် လျက်၊ မြင့် သော တံခါး လမ်း ဖြင့် ၊ ရှင်ဘုရင်ကို ဗိမာန် တော်မှ နန်းတော် သို့ပို့ဆောင် ၍ ၊ ရာဇ ပလ္လင်တော်ပေါ် မှာ တင် ကြ၏။ ၂၁ နန်းတော်နားမှာ အာသလိ ကို သတ် ပြီးမှ၊ ပြည်သူ ပြည်သားအပေါင်း တို့သည် ဝမ်းမြောက် ၍ ၊ တမြို့လုံး ၌လည်း ငြိမ်ဝပ် ခြင်းရှိ၏။

၂၆ ယောရှ သည် အသက် ခုနစ် နှစ် ရှိသော်၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ အနှစ် လေးဆယ် စိုးစံ ၏။ မယ်တော်ကား၊ ဗေရရှေဘ မြို့သူဖိဗိ အမည် ရှိ၏။ ၂ ယဇ်ပုရောဟိတ် ယောယဒ လက်ထက် ကာလ ပတ်လုံး ၊ ယောရှ သည် ထာဝရဘုရား ရှေ့ တော်၌ တရား သော အမှုကို ပြု ၏။ ၃ ယောယဒ ပေးစားသော မိန်းမ နှစ် ယောက်နှင့် စုံဘက်၍ သား သမီး တို့ကို မြင် ရ၏။ ၄ ထိုနောက်မှ ၊ ယောရှ သည် ဗိမာန် တော်ကို ပြုပြင် မည် အကြံ ရှိ လျက်၊ ၅ ယဇ်ပုရောဟိတ် လေဝိ သားတို့ကို စုဝေး စေ၍ ၊ သင် တို့ဘုရားသခင် ၏အိမ် တော်ကို ပြုပြင် ခြင်းငှါ ၊ ယုဒ မြို့တို့ကို လှည့်လည် သဖြင့် ၊ နှစ် တိုင်းအစဉ် ကွသရေလ လူအပေါင်း တို့မှ ငွေ ကိုခံယူ ၍ ၊ အမှု ပြီးအောင် ကြိုးစား

အားထုတ်ကြလော့ဟုမိန့် တော်မူ၏။ သို့သော်လည်း ၊ လေဝိ သားတို့သည် မ ကြိုးစား ဘဲနေကြ၏။ ၆ တဖန် ရှင်ဘုရင်သည် ယဇ်ပုရောဟိတ်အကြီး ယောယဒ ကို ခေါ် ၍ ၊ သက်သေခံ တော်မူချက် တဲ တော်အဘို့ ၊ ထာဝရဘုရား၏ကျွန် မောရှေ နှင့် စည်းဝေး ရာ ဣသရေလ ပရိတ်သတ်ပြုသည်နည်းတူ၊ လေဝိ သားတို့သည် ယေရုရှလင် မြို့မှစ၍ ယုဒ ပြည်အရပ်ရပ်တို့မှ ငွေကို ခံယူ၍ဆောင်ခဲ့ရမည်အကြောင်း၊ အဘယ်ကြောင့် မမှာထားဘဲနေသနည်းဟုမေးတော်မူ၏။ ၇ အဓမ္မမိန်းမအာသလိ ၏သား တို့သည် ဗိမာန် တော်ကို ဖြိုဖျက် ၍ ၊ ဗိမာန် တော်၌ ပူဇော် သော ဘဏ္ဍာရိုသမျှ တို့ကိုလည်း ဗာလ ဘုရားတို့အား ပူဇော် ကြ၏။ ၈ ရှင်ဘုရင် အမိန့် တော်အတိုင်း သေတ္တာ ကိုလုပ် ၍ ၊ ဗိမာန် တော်ပြင် ၊ တံခါး နား မှာထား ကြ၏။ ၉ ဘုရားသခင် ၏ကျွန် မောရှေ သည်တော မှာ ဣသရေလ အမျိုးခွင့် ငွေ ခွဲသည်အတိုင်း ၊ ထာဝရဘုရား ထံ တော်သို့ ဆောင် ခဲ့ရမည်ဟု ယေရုရှလင် မြို့မှစ၍ ယုဒ ပြည်အရပ်ရပ်၌ ကြော်ငြာ ကြ၏။ ၁၀ မင်း များနှင့် ပြည်သူ ပြည်သားများ အပေါင်း တို့ သည်၊ ဝမ်းမြောက် သောစိတ်နှင့် ဆောင် ခဲ့၍ ၊ လက်စသတ် သည်တိုင်အောင်သေတ္တာ ထဲသို့ သွင်းထားကြ၏။ ၁၁ ထိုသေတ္တာ ကို လေဝိ သားတို့သည် ဘဏ္ဍာ တော်တိုက်ထဲသို့ သွင်း ၍ ၊ ငွေ များ သည် ကို သိ မြင်လျှင် ၊ ရှင်ဘုရင် ၏စာရေး တော်ကြီးနှင့် ယဇ် ပုရောဟိတ်မင်း၏စာရေးသည်လာ ၍ ၊ ငွေကိုထုတ်ယူပြီးမှ၊ သေတ္တာ ကို သူ့ နေရာ ၌ ထားပြန် ၏။ ထိုသို့ နေ့ တိုင်းပြု ၍ များစွာ သောငွေ ကို စုထား ကြ၏။ ၁၂ ရှင်ဘုရင် နှင့် ယောယဒ သည် ဗိမာန် တော်၏ အမှူ တော်စောင့် တို့ ၌ ထိုငွေကိုအပ်၍ ဗိမာန် တော်ကို ပြုပြင် စေခြင်းငှါ ၊ ပန်းရန်သမား ၊ လက်သမား ၊ ပန်းပဲသမား ၊ ပန်းတဉ်းသမားတို့အား ပေး ဝေကြ၏။ ၁၃ အလုပ် လုပ် သောသူတို့ သည် ကြိုးစား ၍ ပြုပြင် သဖြင့် ၊ ဗိမာန် တော်ကို ပကတိ အဖြစ်၌ ခိုင်ခံ့ စေကြ၏။ ၁၄ လက်စသတ် သောအခါ ၊ ကျန်ကြွင်း သောငွေ ကို ရှင်ဘုရင် နှင့် ယောယဒ ထံသို့ ယူခဲ့ ၍ ၊ ထိုငွေနှင့် ဗိမာန် တော်၌ အမှုတော်ကို ဆောင်ရွက်ပူဇော်ရန် တန်ဆာ၊ ရွှေ ဖလား ၊ ငွေ ဖလား၊ ဇွန်း များကိုလုပ် ကြ၏။ ယောယဒ လက်ထက်ကာလ ပတ်လုံး၊ ဗိမာန် တော်၌ မီးရှို့ ရာယဇ်ကို အစဉ်ပူဇော်ကြ၏။ ၁၅ ယောယဒ သည် အို ၍ ကာလ ပြည့်စုံ ရာရောက်လျက် ၊ အသက် တရာ သုံးဆယ် ရှိသော် သေ ၍၊ ၁၆ ဒါဝိဒ် မြို့ မှာ ရှင် ဘုရင်တို့တွင် သင့်ပြိုက် ခြင်းကိုခံလေ၏။ အကြောင်း မူကား၊ ဣသရေလ အမျိုးတွင် ဘုရားသခင် ၌ဌင်း ၊ အိမ် တော်၌ဌင်း ၊ ကျေးဇူး ပြု သောသူဖြစ် သတည်း။ ၁၇ ယောယဒ သေ သောနောက် ၊ ယုဒ မင်း တို့သည် ရှင်ဘုရင် ထံ တော်သို့ လာ ၍ ရှိခိုး ကြ၏။ သူ တို့စကားကို ရှင်ဘုရင် နားထောင် သဖြင့်၊ ၁၈ သူ တို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ၏ အိမ် တော်ကိုစွန့် ၍ ၊ အာရှရ ပင်နှင့် ရုပ်တု တို့ကို ဝတ်ပြု ကြ၏။ ထို အပြစ် ကြောင့် အမျက် တော် သည် ယုဒ ပြည်နှင့် ယေရုရှလင် မြို့အပေါ် မှာ သက်ရောက် လေ၏။ ၁၉ သူ တို့ကို ထာဝရဘုရား ထံ တော်သို့ သွေးဆောင် စေခြင်းငှါ ၊ ပရောဖက်တို့ကို စေလွှတ် တော်မူ၍ ၊ ပရောဖက်တို့သည် သက်သေခံ သော်လည်း ၊ သူတို့သည် နား မ ထောင်ကြ။ ၂၀ တဖန် ဘုရားသခင် ၏ ဝိညာဉ် တော်သည် ယဇ် ပုရောဟိတ် ယောယဒ သား ဇာခရိ အပေါ် မှာ သက်ရောက် ၍ ၊ သူသည် ပရိသတ် အလယ်၊ မြင့်သောအရပ်၌ ရပ် လျက်၊ ဘုရားသခင် မိန့် တော်မူသည်ကား ၊ သင်တို့သည် ကိုယ်အကျိုးကို

ပျက်စေခြင်းငှါ၊ ထာဝရဘုရား ၏ပညတ် တော်တို့ကို အဘယ် ကြောင့်လွန်ကျူး ကြသနည်း။ သင်တို့သည် ထာဝရဘုရား ကို စွန့် သောကြောင့် ၊ သင် တို့ကိုလည်း စွန့် တော်မူပြီဟု မြွက်ဆို ၏။ ၂၁ လူများတို့သည် သူ့ ကို မကောင်းသော အကြံနှင့် တိုင်ပင် ၍ ၊ ရှင်ဘုရင် အမိန့် တော်နှင့် ဗိမာန် တော်အတွင်း ၌ ကျောက်ခဲ နှင့် ပစ် ၍ သတ်ကြ၏။ ၂၂ ထိုသို့ ယောရှ မင်းကြီး သည် ဇာခရိ အဘ ယောယဒ ပြု သော ကျေးဇူး ကို မ အောက်မေ့ ၊ သား ကိုသတ် လေ သည်တကား။ ဇာခရိ သေ သောအခါ ၊ ဤအမှုကို ထာဝရဘုရား သည် ကြည့်ရှု စစ်ကြော တော်မူမည်ဟုဆို ၏။ ၂၃ ထိုနှစ် အဆုံး ၌ ၊ ရှုရိ တပ်သား တို့သည် စစ်ချီ ၍ လာကြသဖြင့် ၊ ယုဒ ပြည် ယေရုရှလင် မြို့သို့ ရောက် မှ၊ မှူးမတ် အရာရှိအပေါင်း တို့ကို သုတ်သင် ပယ်ရှင်း၍ ၊ လက် ရဥစ္စာရှိသမျှ တို့ကို ဒမာသက် ရှင်ဘုရင် ထံသို့ ပေး လိုက်ကြ၏။ ၂၄ ယုဒလူတို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို စွန့် သောကြောင့် ၊ များပြား သော အလုံးအရင်း ဖြစ်သော်လည်း၊ နည်း သောရှုရိ တပ် အလုံး အရင်းလက် သို့ ထာဝရဘုရား အပ် တော်မူ၍ ၊ ရှုရိလူတို့သည် ယောရှ ကို တရား စီရင် ကြ၏။ ၂၅ ရန်သူ ထွက် သွားသောအခါ ၊ ယောရှသည် ကြီးစွာ သော ဒုက္ခ ကို ခံရလျက်နေရစ် သည်ဖြစ်၍ ၊ ယဇ်ပုရောဟိတ် ယောယဒ သား တို့ကိုသတ် သောအပြစ် ကြောင့် ၊ မိမိ ကျွန် တို့သည် သင်းဖွဲ့ ၍၊ သာလွန် ပေါ် မှာ သေ အောင် လုပ်ကြံ ကြ၏။ ထိုမင်း ကို ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် သော်လည်း ၊ ရှင် ဘုရင်တို့တွင် မ သင်္ဂြိဟ်။ ၂၆ လုပ်ကြံ သောသူကား ၊ အမျိုန် အမျိုးသမီးရှိမတ် သား ယောဇဗဒ် နှင့် မောဘ အမျိုးသမီးရှိမရိတ် သား ယဟောဇဗဒ် တည်း။ ၂၇ ယောရှ သည် သား ရှိခြင်းအရာ၊ လေး သောအမှု ကို ထမ်းခြင်းအရာ၊ ဗိမာန် တော်ကို ပြုပြင် ခြင်း အရာတို့ သည် ရာဇဝင် နှင့်ဆက်သောစာ ၌ ရေးထား လျက်ရှိ၏။ သား တော်အာမဇိ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၂၅ အာမဇိ သည် အသက် နှစ်ဆယ် ငါး နှစ်ရှိသော်နန်းထိုင် ၍ ယေရုရှလင် မြို့ ၌ နှစ်ဆယ် ကိုး နှစ် စိုးစံ ၏။ မယ်တော် ကား ၊ ယေရုရှလင် မြို့သူယုဒ္ဒန် အမည် ရှိ၏။ ၂ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကို ပြု သော်လည်း ၊ စိတ်နှလုံး မ စုံလင်။ ၃ အာမဇိ သည်မင်း အာဏာတည် သောအခါ ၊ ခမည်းတော် မင်းကြီး ကိုသတ် သောကျွန် တို့ကိုသတ် လေ၏။ ၄ သား အတွက် အဘ သည် အသေ မ ခံရ။ အဘ အတွက် သား သည်အသေ မ ခံရ။ လူ တိုင်း မိမိ အပြစ် ကြောင့် အသေ ခံရ၏ဟုမောရှေ ပညတ္တိ ကျမ်းစာ ၌ ရေးထား လျက်ရှိသော ထာဝရဘုရား ၏ပညတ် တော်ကိုစောင့်ရှောက်၍၊ ထိုကျွန်တို့၏သား များကိုမ သတ် ဘဲနေ၏။ ၅ အာမဇိ မင်းသည် ယုဒ လူတို့ကိုစုဝေး စေ၍ ယုဒ လူနှင့် ဗယ်ာမိန် လူတို့တွင်၊ အဆွေ အမျိုးအလိုက် လူ တထောင် အုပ်၊ တရာ အုပ် တို့ကို ခန့်ထား ၏။ အသက် နှစ်ဆယ် လွန်၍၊ လုံ နှင့် ဒိုင်း ကို ကိုင် တတ်သောစစ်သူရဲကောင်းတို့သည်၊ စာရင်းဝင်သည်အတိုင်း သုံး သိန်းရှိ ကြ ၏။ ၆ ခွန်အား ကြီးသော ဣသရေလ သူရဲ တသိန်း ကိုလည်း ငွေ အခွက် တထောင် နှင့် ငှါး ၏။ ၇ သို့ရာတွင် ဘုရားသခင် ၏လူ တယောက်သည် လာ ၍ အိုမင်းကြီး ၊ ဣသရေလ တပ် ကိုမ လိုက် စေနှင့်။ ထာဝရဘုရား သည် ဣသရေလ လူတည်းဟူသောဧဖရိမ် အမျိုးသား အပေါင်း တို့နှင့်အတူ ရှိတော်မ မူ။ ၈ မင်းကြီးသွားလိုလျှင်သွား၍ စစ်တိုက် ခြင်းငှါ ခိုင်ခံ့ သော်လည်း ၊ ရန်သူ ရှေ့မှာ ဘုရားသခင် ရှုံး စေတော်မူမည်။ ဘုရားသခင် သည် မစ ခြင်းငှါ ၎င်း၊

နှိမ့်ချခြင်းငှါငင်း တတ်နိုင်တော်မူ၏ဟု ပြောဆိုလျှင်၊ ၉ အာမဓိ က၊ ဣသရေလ တပ် ကိုငှါး၍ ငွေအခွက် တထောင် ကိုပေး မိသောကြောင့် ၊ အဘယ်သို့ ပြု ရမည်နည်းဟု ဘုရားသခင် ၏လူ ကို မေးမြန်း သော် ၊ ဘုရားသခင် ၏လူ က၊ ထိုမျှမက ထာဝရဘုရား သည် သာ၍ပေး နိုင်တော်မူသည်ဟု ပြန်ပြော ၏။ ၁၀ ထိုအခါ အာမဓိ သည် ဧဖရိမ် ပြည်မှ ရောက် လာသော စစ်သူရဲ တို့ ကိုခွဲထား ၍၊ မိမိ တို့နေရာ သို့ ပြန်သွား စေခြင်းငှါ လွှတ်လိုက်သဖြင့်၊ သူတို့သည် အလွန် အမျက်ထွက်၍ ယုဒ ပြည်သားတို့ ၌ အငြိုးထားလျက်၊ မိမိ တို့ နေရာ သို့ ပြန် သွားကြ၏။ ၁၁ အာမဓိ သည်လည်း ကိုယ်ကိုခိုင်ခံ့ စေ၍ ဆား ချိုင့် ကို တပ်ချီ သဖြင့် ၊ စိရ တောင်သား တသောင်း ကို လုပ်ကြံ လေ၏။ ၁၂ ယုဒ အမျိုးသား တို့သည် လူတသောင်း ကို အရှင် ဘမ်း ပြီးလျှင် ၊ ကျောက် တောင်ထိပ် သို့ ဆောင် သွား၍ ၊ ကျိုးပဲ့ စေခြင်းငှါအောက် သို့ တွန်းချ ကြ၏။ ၁၃ ဝိုင်း၍တိုက်ရသောအခွင့်ကို အာမဓိ မပေး၊ လွှတ် လိုက်သော စစ်သူရဲ တို့မူကား ၊ ရှမာရိ မြို့မှစ၍ ဗေသောရုန် မြို့တိုင်အောင် ၊ ယုဒ မြို့ တို့ကို တိုက် သဖြင့် ၊ လူသုံး ထောင် ကိုသတ် ၍ ၊ လက်ရ ဥစ္စာအများ ကို သိမ်းသွား ကြ၏။ ၁၄ အာမဓိ သည် ဧဒုံ အမျိုးသားတို့ကို လုပ်ကြံ ရာမှ ပြန်လာ သောအခါ ၊ စိရ တောင်သား ကိုးကွယ်သော ဘုရား တို့ကိုဆောင် ခဲ့၍ ၊ ကိုယ်တိုင် ကိုးကွယ်ရာဘုရား ဖြစ်စေ ခြင်းငှါ၊ တည်ထောင် လျက် သူ တို့ရှေ့မှာ ဦးညွှတ် ချ၍ နံ့သာပေါင်းကို မီးရှို့ လေ၏။ ၁၅ ထာဝရဘုရား သည် အာမဓိ ကို အမျက် ထွက် ၍ ၊ ပရောဖက် ကို စေလွှတ် တော်မူသည်ကား ၊ မိမိ လူ တို့ကို ရန်သူ လက် မှ မ ကယ်နိုင် သော တပါး အမျိုးသားဘုရား တို့ကို အဘယ်ကြောင့် ဆည်းကပ် သနည်းဟုပြောဆို လျှင်၊ ၁၆ ရှင် ဘုရင်က၊ သင်သည်တိုင်ပင် မှူးမတ်ဖြစ် သလော ။တိတ်ဆိတ်စွာနေလော့။ အဘယ်ကြောင့် ရာဇဝတ်ခံချင်သနည်းဟုဆိုသော်၊ ပရောဖက် က၊ မင်းကြီးသည် ငါ ပေးသောသတိ စကားကို နား မ ထောင်၊ ဤ အမှုကို ပြု မိသောကြောင့် ၊ ဘုရားသခင် သည် မင်းကြီး ကို ဖျက်ဆီး မည် ကြံ တော်မူသည် ကို ငါသိ မြင်သည်ဟု ပြောဆို ပြီးလျှင် တိတ်ဆိတ်စွာ နေလေ၏။ ၁၇ ထိုနောက် ၊ အာမဓိ သည်တိုင်ပင် ပြီးမှ၊ ဣသရေလ ရှင်ဘုရင် ယေဟု သား ဖြစ်သော ယောခတ် ၏သား ယဟောရှ ထံ သို့ သံတမန်ကို စေလွှတ် ၍ ၊ ငါတို့သည် မျက်နှာချင်း ဆိုင်မိ ကြကုန်အံ့ဟု မှာ လိုက်လျှင်၊ ၁၈ ဣသရေလ ရှင်ဘုရင် ယဟောရှ က၊ လေဗနုန် ဆူး ပင်သည် လေဗနုန် အာရဇ် ပင်ထံသို့ စေလွှတ် ၍၊ သင့် သမီး ကို ငါ့ သား နှင့်ပေးစားပါဟု ဆို စဉ်တွင်၊ လေဗနုန် သားရဲ တကောင်သည် ရှောက်သွား ၍ ဆူး ပင်ကို နင်း မိ၏။ ၁၉ သင်ကငါသည် ဧဒုံ လူတို့ကို လုပ်ကြံ ပြီဟု ဆို လျက် ၊ ဝါကြွား ချင်သောစိတ် မြင့် လှ၏။ သို့ရာတွင်ကိုယ် နေရာ ၌ နေ လော့။ သင့်ကိုယ်တိုင်နှင့် ယုဒ ပြည်သည် ဘေး ရောက် ၍ ဆုံးရှုံးစေခြင်းငှါ၊ အဘယ်ကြောင့် အမှု ရှာသနည်းဟု ယုဒရှင်ဘုရင်အာမဓိကို ပြန်၍မှာလိုက် လေ၏။ ၂၀ ထို စကားကို အာမဓိ သည် နား မ ထောင်။ အကြောင်း မူကား၊ ဧဒုံ ပြည်ဘုရား တို့ကို ဆည်းကပ် သောကြောင့် ၊ ရန်သူ လက် သို့ အပ် ခြင်းငှါ ၊ ဘုရားသခင် စီရင်တော်မူ၏။ ၂၁ ဣသရေလ ရှင် ဘုရင်သည် စစ်ချီ ၍ ၊ ရှင်ဘုရင် နှစ်ပါးတို့သည် ယုဒ ပြည်ဗက်ရှေမက် မြို့၌ မျက်နှာချင်း ဆိုင် မိကြသဖြင့်၊ ၂၂ ဣသရေလ အမျိုးသားရှေ့မှာ ယုဒ အမျိုးသားရှုံး ၍ ၊ အသီးအသီး တို့သည် မိမိ တို့နေရာ သို့ ပြေး ကြ၏။ ၂၃ ဣသရေလ ရှင်ဘုရင် ယဟောရှ သည် ယုဒ ရှင်ဘုရင် အာခဓိသားဖြစ်သော ယောရှ

၏သား အာမဓိ ကို ဗက်ရှေမက် မြို့မှာ ဘမ်းမိ ၍ ၊ ယေရုရှလင် မြို့သို့ သွားပြီးလျှင်၊ ယေရုရှလင် မြို့ရိုး အတောင်
လေးရာ ကို၊ ဧဖရိမ် တံခါး မှ သည် ထောင့် တံခါး တိုင်အောင် ဖြိုဖျက် လေ၏။ ၂၄ ဩဗဒေဒုံ လက်တွင်၊ ဗိမာန် တော်၌
ရှိသမျှ သော ရွှေ ငွေ မှစ၍ ၊ တန်ဆာ အလုံးစုံ နှင့် နန်းတော် ဘဏ္ဍာ အလုံးစုံကိုဎင်း၊ အာမခံ သော သူ အချို့တို့ကိုဎင်း ၊
ယူ၍ ရှမာရိ မြို့သို့ ပြန် သွား၏။ ၂၅ ဣသရေလ ရှင်ဘုရင် ယောခတ် သား ယဟောရှ သေ သောနောက် ၊ ယုဒ ရှင်ဘုရင်
ယောရှ သား အာမဓိ သည် တဆယ် ငါး နှစ် အသက်ရှင် သေး၏။ ၂၆ အာမဓိ ပြုမူသော အမှုအရာ ကြွင်း သမျှ အစ
အဆုံး တို့သည်၊ ယုဒ ရာဇဝင်နှင့် ဣသရေလ ရာဇဝင် ၌ ရေးထား လျက်ရှိ၏။ ၂၇ အာမဓိ သည် ထာဝရဘုရား နောက်
တော်သို့ လိုက်ရာမှလွဲ သွားသော နောက်၊ သူ ၏တစ်ဘက် ၊ ယေရုရှလင် မြို့၌ သင်းဖွဲ့ ကြ၍ ၊ သူ သည်လာခိရှ မြို့သို့
ပြေး သည်တွင် ၊ ထို မြို့သို့ စေလွှတ် ၍ သတ် စေပြီးမှ၊ ၂၈ မြင်း ပေါ် ၌ တင် လျက် ၊ ယေရုရှလင်မြို့သို့ ဆောင်ခဲ့၍၊
ဘိုးဘေး တို့နှင့်အတူ ဒါဝိဒ်မြို့ ၌ သင်္ဂြိဟ် ကြ၏။

၂၆ ယုဒ ပြည်သူ ပြည်သားအပေါင်း တို့သည်၊ အသက် တဆယ် ခြောက် နှစ်ရှိသောသား တော်ဩဇိ ကို ယူ ၍
ခမည်းတော် အာမဓိ အရာ ၌ နန်းတင် ကြ၏။ ၂ ထိုမင်း သည် ခမည်းတော် သေ သောနောက် ၊ ဧလုတ် မြို့ကို
ပြုစု ၍ ယုဒ နိုင်ငံထဲသို့ သွင်း ပြန်၏။ ၃ ဩဇိ သည် အသက် တဆယ် ခြောက် နှစ်ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင်
မြို့၌ ငါးဆယ် နှစ် နှစ် စိုးစံ လေ၏။ မယ်တော် ကား ၊ ယေရုရှလင် မြို့သူယေခေလိ အမည် ရှိ၏။ ၄ ထိုမင်း သည်
ခမည်းတော် အာမဓိ ပြု သမျှ အတိုင်း ၊ ထာဝရဘုရား ရှေ့တော်၌ တရား သောအမှုကို ပြု ၏။ ၅ ဘုရားသခင် ၏ဗျာဒိတ်
ရူပါရုံကို နားလည် သော ဇာခရိ လက်ထက် ၌ ၊ ဩဇိမင်းသည် ဘုရားသခင် ကို ဆည်းကပ် ၏။ ထာဝရဘုရား ကို
ဆည်းကပ် သော ကာလ ပတ်လုံး၊ ဘုရားသခင် သည် အကြံ ထမြောက်ရသောအခွင့်ကိုပေးတော်မူ၏။ ၆ ထိုမင်းသည်
စစ်ချီ ၍ ဖိလိတ္တိ လူတို့ကို တိုက် သဖြင့် ၊ ဂါသ မြို့ရိုး ၊ ယာဗနေ မြို့ရိုး ၊ အာဇုတ် မြို့ရိုး တို့ကို ဖြိုဖျက် ပြီးမှ ၊ အာဇုတ်
မြို့ပတ်လည် ၊ ဖိလိတ္တိ ပြည်အရပ်ရပ်၌ မြို့ သစ်တို့ကို တည်ထောင် လေ၏။ ၇ ဘုရားသခင် သည် ဖိလိတ္တိ လူ၊ ဂုရဗာလ
မြို့မှာ နေ သောအာရပ် လူ၊ မဟုနိမ် လူတို့တစ်ဘက် ၌ သူ့ ကို မစ တော်မူ၏။ ၈ အမ္မုန် အမျိုးသားတို့သည်လည်း
၊ ဩဇိ မင်းအား လက်ဆောင် ပဏ္ဏာတို့ကို ဆက် ကြ၏။ သူသည် အလွန် ကိုယ်ကိုယ်ခိုင်ခံ့ စေသဖြင့် ၊ သိတင်း
တော်သည် အဲဂုတ္တု ပြည်တိုင်အောင် ကျော်စော လေ၏။ ၉ ဩဇိ မင်းသည် ယေရုရှလင် မြို့ ထောင့် တံခါး ၊ ချိုင့် တံခါး ၊
မြို့ရိုးကွေ့ တံခါး၌ ရဲတိုက် တို့ကို တည် ၍ ခိုင်ခံ့ စေ၏။ ၁၀ တော ၌ လည်း ရဲတိုက် တို့ကို တည် ၏။ ရေတွင်း များ
ကိုလည်း တူး ၏။ ချိုင့်ဝှမ်း ရာအရပ် နှင့် မြေညီ ရာ အရပ်၌ များစွာ သော သိုး နွားတို့ကို ဆည်းဖူး၍ တောင် အရပ်၊
မြေ ကောင်းသောအရပ်၌ လယ် လုပ်သောသူနှင့် စပျစ် ဥယျာဉ် ပြုစုသောသူတို့ကိုလည်း စေစား၏။ ထိုသို့ သော
အမှုများကို ဝါသနာ ရှိ ၏။ ၁၁ ဩဇိ မင်း၌ တပ်စာရေး ယေယေလ နှင့် တပ် အုပ် မာသေယ တို့သည် စာရင်း ယူ
သည်အတိုင်း ၊ ရှင်ဘုရင် ၏ ဗိုလ်မင်း ဟာနနိ သည် စီရင် ၍ ၊ အသီးအသီး တပ် ဖွဲ့ သော စစ်သူရဲ ဗိုလ်ခြေများရှိ
ကြ၏။ ၁၂ ထိုသို့ခွန်အား ကြီးသော သူရဲ အဆွေအမျိုး အလိုက် အကြီးအကဲ လုပ်သော သူပေါင်းကား၊ နှစ်ထောင်

ခြောက် ရာ တည်း။ ၁၃ ထိုသို့ အကြီးအကဲလုပ်သောသူ၊ ရန်သူ တဘက် ၌ ရှင်ဘုရင် ကို ထောက်မ ခြင်းငှါ ၊ ကြီး သောခွန်အားနှင့် စစ်တိုက် သောသူရဲပေါင်းကား၊ သုံး သိန်းခုနစ် ထောင် ငါးရာ တည်း။ ၁၄ သြဖိ မင်းသည်လည်း ၊ ဗိုလ်ခြေ အပေါင်း တို့အဘို့ ဒိုင်း လွှား၊ လှံ ၊ သံ ခမောက်လုံး၊ သံချပ် ၊ လေး ၊ ကျောက် နှင့် ပစ်စရာ လောက်လွှဲ တို့ကို ပြင်ဆင် လေ၏။ ၁၅ လိမ္မာ သောသူတို့သည် ဉာဏ် ရှာ၍လုပ် သော ယန္တရား စက်တို့ကိုလည်း ၊ ယေရှုရှလင် မြို့ရဲတိုက် ၊ မြို့ပြအိုး အပေါ် က မြှား နှင့် ကျောက် ကြီး ကို ပစ် စရာဘို့ ပြင်ဆင်လေ၏။ ထိုသို့တန်ခိုး ကြီးအောင် အထူးသဖြင့်မစ ခြင်းကိုခံရသည်ဖြစ်၍၊ သိတင်း တော်သည် အနှံ့အပြား ကျော်စော၏။ ၁၆ သြဖိ မင်းသည် တန်ခိုး ကြီးသောအခါ ၊ ကိုယ် အကျိုးနည်းအောင် ထောင်လွှားသောစိတ် ထသဖြင့်၊ မိမိ ဘုရားသခင် ထာဝရဘုရား ကို ပြစ်မှား ၍ ၊ နံ့သာပေါင်း ကို မီးရှို့ရာ ယဇ် ပလ္လင်ပေါ် မှာ နံ့သာပေါင်းကို မီးရှို့ ခြင်းငှါ ၊ ထာဝရဘုရား ၏ ဗိမာန် တော်ထဲသို့ ဝင် လေ၏။ ၁၇ ယဇ်ပုရောဟိတ် အာဇရိ သည် ရဲရင့်ခြင်းသတ္တိ ရှိသောထာဝရဘုရား ၏ အမှုတော် ထမ်းယဇ်ပုရောဟိတ် ရှစ်ကျိပ် တို့နှင့်တကွ ၊ ရှင်ဘုရင်သြဖိနောက် တော်သို့ လိုက် ၍၊ ၁၈ ဆီးတား သဖြင့် ၊ အိုသြဖိ မင်း ၊ ကိုယ်တော်သည် ထာဝရဘုရား အား နံ့သာပေါင်း ကို မီးရှို့ခြင်းအမှုနှင့် မ ဆိုင်ပါ။ နံ့သာပေါင်းကို မီးရှို့ စေခြင်းငှါ ၊ ခန့်ထား သောအာရုန် သား ယဇ် ပုရောဟိတ်တို့သာ ထိုအမှုနှင့် ဆိုင်ကြပါ၏။ သန့်ရှင်း ရာဌာနထဲက ထွက် သွားလော့။ ကိုယ်တော်သည် ပြစ်မှား ပြီ။ ထာဝရ အရှင် ဘုရားသခင့် ရှေ့တော်၌ ကိုယ်တော် အသရေ ပျက် လိမ့်မည်ဟု ဆိုကြ လျှင်၊ ၁၉ သြဖိ မင်းသည် ဒေါသ စိတ်ရှိ၍ ၊ နံ့သာပေါင်းကို မီးရှို့ ခြင်းငှါ ၊ လင်ပန်း ကိုကိုင် လျက် ၊ ယဇ် ပုရောဟိတ်တို့ကို အမျက်ထွက် လျှင် ၊ ဗိမာန် တော်တွင် နံ့သာပေါင်း ကို မီးရှို့ရာယဇ် ပလ္လင်၏ အနား ၊ ယဇ်ပုရောဟိတ် တို့ ရှေ့ မှာ၊ နူနာ သည် ရှင် ဘုရင်နဖူး ၌ ပေါ် လေ၏။ ၂၀ ယဇ်ပုရောဟိတ် မင်း နှင့် ယဇ်ပုရောဟိတ် အပေါင်း တို့သည် ကြည့်ရှု ၍၊ နဖူး တော်၌ နူနာ စွဲသည် ကိုမြင် လျှင် ၊ ရှင်ဘုရင်ကို ပြင်သို့နှင်ထုတ်ကြ၏။ ရှင်ဘုရင်ကိုယ်တိုင်လည်း၊ ထာဝရဘုရား ဒဏ်ခတ် တော်မူသောကြောင့် ၊ အလျင်အမြန် ထွက် လေ၏။ ၂၁ ထိုသို့ သြဖိ မင်းကြီးသည် သေ သည်တိုင်အောင် နူနာ စွဲ၍ ၊ ခြားနား သောနန်း ၌နေ ရ၏။ ဗိမာန် တော်သို့ ဝင်သော အခွင့်ကို မရ။ သား တော်ယောသံ သည် နန်းတော် ကို အုပ်စိုး ၍ နိုင်ငံတော်မှုကိုစီရင်ရ၏။ ၂၂ သြဖိ ပြုမူသောအမှု အရာ ကြွင်း လေသမျှ အစ အဆုံး တို့ကို၊ အာမုတ် သား ပရောဖက် ဟေရှာယ သည် ရေး ထားလေ၏။ ၂၃ သြဖိ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ သူ တို့နှင့်အတူ သင်္ဂြိုဟ် ခြင်းကိုခံရသော်လည်း ၊ လူနူ ဖြစ်သောကြောင့် ၊ ရှင်ဘုရင် တို့ သချိုင်း နှင့်ဆိုင် သောမြေ အကွက်၌ သာ သင်္ဂြိုလ်ကြ၏။ သား တော်ယောသံ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၂၇ ယောသံ သည် အသက် နှစ်ဆယ် ငါး နှစ်ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင် မြို့၌ တဆယ် ခြောက် နှစ် စိုးစံ လေ၏။ မယ်တော် ကား ၊ ဇာဒုတ် သမီး ယေရုရှာ အမည် ရှိ၏။ ၂ ထိုမင်း သည်ခမည်းတော် သြဖိ ကျင့် သမျှ အတိုင်း ၊ ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကိုပြု ၏။ သို့ရာတွင် ထာဝရ ဘုရား၏ ဗိမာန် တော်ထဲသို့ မ ဝင် ။ပြည်သူ ပြည်သားတို့သည် မ တရားသဖြင့် ပြုကြသေး ၏။ ၃ ထိုမင်းသည် ဗိမာန် တော်အထက် တံခါး ကို လုပ် ၍ ၊ ဩဖေလ

မြို့ရိုး ကို အလွန် ခိုင်ခံ့ စေ၏။ ၄ ယုဒ တောင်ရိုး ပေါ် မှာ မြို့ များကိုငင်း ၊ တော ၌ ရဲတိုက် များနှင့် ပြအိုး များကိုငင်း တည်ထောင် လေ၏။ ၅ အမျှန် ရှင် ဘုရင်ကိုလည်း စစ်တိုက် ၍ နိုင် သဖြင့် ၊ နိုင်သောနှစ် တွင် အမျှန် သား တို့သည် ငွေ အခွက် တထောင်၊ ဂျုံ ကောရ တသောင်း ၊ မုယော တသောင်း ကိုပေး ရကြ၏။ ဒုတိယ နှစ် နှင့် တတိယ နှစ်တွင် ထို အတူ ပေးရကြ၏။ ၆ ထိုသို့ ယောသံ သည် မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ မိမိ အကျင့် တို့ကို ပြင်ဆင် သောကြောင့် တန်ခိုး တိုးပွါးသတည်း။ ၇ ယောသံ ပြုမူသောအမှု အရာ ကြွင်း လေသမျှ၊ စစ်တိုက် ခြင်းအကျင့် ကျင့်ခြင်းအမှုအရာ အလုံးစုံ တို့ သည်၊ ဣသရေလ ရာဇဝင် နှင့် ယုဒ ရာဇဝင်၌ ရေးထား လျက် ရှိ၏။ ၈ ယောသံ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ဒါဝိဒ် မြို့ ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်အာခတ် သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၂၈ အာခတ် သည် အသက် နှစ်ဆယ် ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင် မြို့၌ တဆယ် ခြောက် နှစ် စိုးစံ လေ၏။ ထိုမင်းသည် အဘ ဒါဝိဒ် ကဲ့သို့ မကျင့်၊ ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကို မ ပြု။ ၂ ဣသရေလ ရှင် ဘုရင်တို့လိုက်သော လမ်း သို့ လိုက် ၍ ၊ ဗာလ ဘုရားတို့အဘို့ ရုပ်တု ဆင်းတုများကို သွန်း လေ၏။ ၃ ထာဝရဘုရား သည် ဣသရေလ အမျိုးသား ရှေ့ မှ နှင်ထုတ် တော်မူသော တပါးအမျိုးသား တို့၏ ရွံရှာ ဘွယ်ထုံးစံအတိုင်း ၊ ဟိန္နံ သားချိုင့်၌ နံ့သာပေါင်းကိုမီးရှို့ ၍ ၊ မိမိ သား တို့ကိုလည်း မီး ဖြင့် ပူဇော် ၏။ ၄ မြင့် သောအရပ်၊ တောင် ပေါ်၊ သစ်ပင် အောက် တို့ ၌ ယဇ် ပူဇော်၍ ၊ နံ့သာပေါင်း ကို မီးရှို့တတ်၏။ ၅ ထိုကြောင့် ၊ သူ ၏ဘုရားသခင် ထာဝရဘုရား သည်၊ သူ့ ကို ရှုရိ ရှင်ဘုရင် လက် သို့ အပ် တော်မူသဖြင့် ၊ ရှုရိလူတို့သည် လုပ်ကြဲ လျက်၊ များစွာ သော လူတို့ကို ဘမ်းဆီး ၍ ၊ ဒမာသက် မြို့သို့ သိမ်းသွား ကြ၏။ ၆ တဖန် ဣသရေလ ရှင်ဘုရင် လက် သို့ အပ် တော်မူသဖြင့် ၊ ထိုရှင်ဘုရင်ရေမလီ သား ပေကာ သည် ကြမ်းတမ်း စွာ လုပ်ကြဲ ၍ ၊ ရဲရင့်သောယုဒ အမျိုးသားတသိန်း နှစ်သောင်းကို တနေ့ ခြင်းတွင် သတ် လေ၏။ အကြောင်း မူကား၊ သူ တို့သည် ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို စွန့် ကြသတည်း။ ၇ ခွန်အား ကြီးသော ဧဖရိမ် သား ဇိခရိ သည်၊ ရှင်ဘုရင် သား မာသေယ ၊ နန်းတော် အုပ် အာဇရိကံ ၊ ရှင်ဘုရင် နောက်ဒုတိယ မင်း ဧလကာန ကို သတ် ၏။ ၈ ဣသရေလ အမျိုးသား တို့သည်လည်း ၊ မိမိ တို့နှင့် ပေါက်ဘော်တော်သော ယောကျ်ား၊ မိန်းမ၊ သား၊ သမီး ပေါင်းနှစ်သိန်းကို ဘမ်းဆီးသိမ်းသွားကြ၏။ များစွာ သော ဥစ္စာ ကိုလည်း လုယူ ၍ ရှမာရိ မြို့သို့ ဆောင်သွား ကြ၏။ ၉ ဩဒက် အမည် ရှိသောထာဝရဘုရား ၏ ပရောဖက် တပါးရှိ ၍ ၊ ရှမာရိ မြို့သို့ ပြန်လာ သောတပ် ကို ဆီးကြို လျက် ၊ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား သည် ယုဒ ပြည်ကို အမျက် တော်ထွက်သောကြောင့် ၊ သင် တို့လက် ၌ အပ် တော်မူသဖြင့်၊ သင်တို့သည် မိုဃ်း ကောင်းကင် သို့ ထိသော ဒေါသ အဟုန်နှင့် သူ တို့ကိုသတ် ကြပြီ တကား။ ၁၀ ယခု တွင်လည်း ၊ ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သားယောကျ်ား မိန်းမ တို့ကို အစေခံကျွန်လုပ်၍၊ နှိပ်စက်မည့်အကြံရှိကြသည်တကား။ သို့ပြုလျှင်သင် တို့၏ ဘုရားသခင် ထာဝရဘုရား ကို ပြစ်မှား ရာသို့ ရောက်သည် မ ဟုတ်လော။ ၁၁ ငါ့ စကားကိုနားထောင် ကြလော့။ သင်တို့သည် ယခု ဘမ်းဆီး ၍ သိမ်းယူခဲ့သော သင် တို့၏

ညီအစ်ကို များကို လွှတ် လိုက်ကြလော့။ သို့မဟုတ်ထာဝရဘုရား ၏ ပြင်းစွာ သောအမျက် တော်သည် သင် တို့အပေါ်
မှာ သက်ရောက်လိမ့်မည်ဟု သတိပေး၏။ ၁၂ ထိုအခါ ဧဖရိမ် အမျိုးသား အကြီးအကဲ ၊ ယောဟနန် သား အာဇရိ ၊
မေရှိလေမုတ် သား ဗေရခိ ၊ ရှလ္လုံ သား ဟေဇကိ ၊ ဟာဒလဲ သား အာမသာ တို့သည် စစ်တိုက် ရာမှ လာ သောသူတို့ ကို
ဆီးတား ၍၊ ၁၃ သင်တို့သိမ်းယူခဲ့သောသူတို့ ကို ဤ မြို့ထဲသို့ မ သွင်း ရ။ ငါ တို့သည် ထာဝရဘုရား ကို ပြစ်မှား
ပြီ။ အပြစ် ရင်းအပေါ် မှာထပ်၍ ပြစ်မှားစေဦးမည်ဟု သင်တို့ကြွစည်ကြသည်ကား။ ယခုတွင် ငါ တို့အပြစ် ကြီးလှ
၏။ ဣသရေ အမျိုးခ္ဍ ပြင်းစွာ အမျက် ထွက်လျက် ရှိသည်ဟု ဆို သောကြောင့်၊ ၁၄ စစ်သူရဲ တို့သည် သိမ်းယူ
ခဲ့သောလူများနှင့် လု ယူခဲ့သောဥစ္စာများကို မင်း တို့ရှေ့ ပရိသတ် တို့ရှေ့ မှာထား ကြ၏။ ၁၅ အထက်ဆို ခဲ့ပြီးသော
သူတို့သည် ထ လျက် ၊ သိမ်းယူ ခဲ့သောသူတို့ ကို ခေါ် ၍ ၊ အဝတ် မရှိသောသူတို့ ကို လက်ရဥစ္စာ ဖြင့် ဝတ်ဆင်
စေကြ၏။ ခြေနင်း ကို စီးစေကြ ၏။ စား သောက် စရာဘို့ ပေးကြ၏။ ဆီ နှင့်လိမ်း စေကြ၏။ အား မရှိသောသူအပေါင်း
တို့ကို မြည်း ပေါ် မှာ တင် ၍ ၊ သူ တို့ ပေါက်ဘော် ရှိ ရာ ယေရိခေါ မြို့တည်းဟူသောစွန်ပလွံပင် မြို့ သို့ ပို့ ပြီးမှ ၊ ရှမာရိ
မြို့သို့ ပြန်သွား ကြ၏။ ၁၆ ထိုအခါ အာရှရိ ရှင်ဘုရင် လာ၍ ကူမ စေခြင်းငှါ ၊ အာခတ် မင်းကြီး သည် သံတမန်ကို
စေလွှတ် လေ၏။ ၁၇ အကြောင်းမူကား၊ ဧဒုံ လူတို့သည် လာ ပြန် သဖြင့် ၊ ယုဒ ပြည်ကို လုပ်ကြံ ၍ ၊ လူများကိုဘမ်းဆီး
သိမ်းသွားကြပြီ။ ၁၈ ဖိလိတ္တိ လူတို့သည်လည်း ၊ နိုင်ငံ အောက်ပိုင်းနှင့် ယုဒ ပြည်တောင် ပိုင်းခ္ဍ ရှိသောမြို့ တို့ကိုတိုက် ၍၊
ဗက်ရှေမက် မြို့၊ အာဇလုန် မြို့၊ ဂေဒရုတ် မြို့၊ ရှောခေါ မြို့ ရွာ၊ တိမနာ မြို့ ရွာ၊ ဂိမဇော မြို့ ရွာများကို ယူ ၍ နေရာ
ချကြ၏။ ၁၉ ယုဒ ရှင်ဘုရင် အာခတ် ကြောင့် ထာဝရဘုရား သည် ယုဒ ပြည်ကို အလွန်နှိမ့်ချ ၏။ ထိုမင်းသည်
ယုဒပြည် ၏အဝတ်တန်ဆာကိုချွတ် ၍ ၊ ထာဝရဘုရား ကို ကြမ်းတမ်း စွာ ပြစ်မှား၏။ ၂၀ အာရှရိ ရှင်ဘုရင် တိဂလတ်
ပိလေသာလာ သော်လည်း ၊ အား ကိုမ ပေး၊ သာ၍ဆင်းရဲ စေ၏။ ၂၁ အကြောင်း မူကား၊ အာခတ် သည် ဗိမာန်
တော် ဘဏ္ဍာနှင့် နန်းတော် ဘဏ္ဍာမှစ၍ ၊ မှူးမတ်အိမ်တို့ ခ္ဍ ရှိသောဥစ္စာများကိုခွဲပြီးလျှင်၊ အာရှရိ ရှင်ဘုရင် အား ပေး
သော်လည်း၊ ထိုရှင်ဘုရင်သည် ကျေးဇူးပြန်၍မပြု။ ၂၂ အာခတ် မင်းကြီး သည် ဆင်းရဲ ဒုက္ခခံရသောအခါ ၊ ထာဝရဘုရား
ကို သာ၍ ပြစ်မှား ၏။ ၂၃ ငါ့ကိုဒဏ် ပေးသော ဒမာသက် မြို့၏ ဘုရား တို့ကို ငါဆည်းကပ်မည်ဟူ၍ငင်း၊ ရှရိ ရှင်ဘုရင်
ကိုးကွယ်သောဘုရား တို့သည် ကျေးဇူး ပြုတတ်သောကြောင့် ၊ ငါ ခ္ဍလည်း ကျေးဇူး ပြုစေခြင်းငှါ၊ ထို ဘုရားတို့အား
ယဇ် ပူဇော်မည်ဟူ၍ငင်း ဆိုသော်လည်း၊ ထိုဘုရားတို့သည် အာခတ်မင်းနှင့် ဣသရေလ အမျိုးအကျိုးနည်း စရာ
အကြောင်း ဖြစ် သတည်း။ ၂၄ တဖန် အာခတ် သည် ဗိမာန် တော်တန်ဆာ တို့ကို စုထား ၍ အပိုင်းပိုင်းချိုးဖြတ် ၏။
ဗိမာန် တော်တံခါး တို့ကိုလည်း ပိတ် ထား၏။ ယေရုရှလင် မြို့ထောင့် များ၌ ယဇ် ပလ္လင် တို့ကို တည် ၏။ ၂၅ အခြား
တပါးသော ဘုရား တို့အား နှံ့သာပေါင်းကို မီးရှို့ စရာဘို့။ယုဒ မြို့ အသီးအသီး တို့ ၌ မြင့် သောအရပ် တို့ကို တည် ၍
ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ၏ အမျက် တော်ကို နှိုးဆော်လေ၏။ ၂၆ အာခတ် ကျင့်ကြံ ပြုမူသော အမှု
အရာကြွင်း လေသမျှအစ အဆုံး တို့သည် ယုဒ ရာဇဝင်နှင့် ဣသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၂၇ အာခတ်

သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ယေရှုရှလင် မြို့ ၌ သင်္ကြိဟ် ခြင်းကို ခံရသော်လည်း ၊ ကြသရေလ ရှင် ဘုရင်တို့ သခင်္ချိုင်း ၌ မ သင်္ကြိဟ် ကြ။ သားတော် ဟေဇကိ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၂၉ ဟေဇကိ သည် အသက် နှစ်ဆယ် ငါး နှစ်ရှိသော်၊ နန်းထိုင် ၍ ယေရှုရှလင် မြို့၌ နှစ်ဆယ် ကိုး နှစ် စိုးစံ လေ၏။ မယ်တော် ကား ၊ ဇာခရိ သမီး အာဘိ အမည် ရှိ၏။ ၂ ထိုမင်း သည် အဘ ဒါဝိဒ် ကျင့် သမျှ အတိုင်း ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကိုပြု ၏။ ၃ နန်းစံ ပဌမ နှစ် ၊ ပဌမ လ တွင် ဗိမာန် တော်တံခါး တို့ကို ဖွင့် ၍ ပြုပြင် တော်မူ၏။ ၄ ယဇ်ပုရောဟိတ် လေဝိ သားတို့ကို ခေါ် ၍ ၊ အရှေ့ လမ်း မှာ စုဝေး စေလျက်၊ ၅ အိုလေဝိ သားတို့၊ နားထောင် ကြလော့။ ကိုယ်ကိုဌင်း၊ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ၏ အိမ် တော်ကိုဌင်း သန့်ရှင်း စေ၍၊ သန့်ရှင်း ရာဌာနထဲက အမှိုက် ကို သုတ်သင် ပယ်ရှင်းကြလော့။ ၆ ငါ တို့အဘ များသည် ပြစ်မှား ၍ ၊ ငါ တို့၏ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ကြပြီ။ ထာဝရဘုရား ကိုစွန့် ၍ ၊ ကျိန်းဝပ် တော်မူရာအရပ်မှ မျက်နှာ လွှဲ လျက် ကျောခိုင်း ကြပြီတကား။ ၇ ဗိမာန် တော်ဦးတံခါး တို့ကို ပိတ် လျက် ၊ မီးခွက် တို့ကိုသတ် လျက် ၊ သန့်ရှင်း ရာဌာန၌ ဣသရေလ အမျိုး၏ ဘုရားသခင် အား နံ့သာပေါင်း ကို မီး မ ရှို့။ မီးရှို့ ရာယဇ်ကို မ ပူဇော်ဘဲနေ ကြပြီ။ ၈ ထိုကြောင့် ထာဝရဘုရား သည် ယုဒ ပြည် ယေရှုရှလင် မြို့ ကို အမျက် တော်ထွက် ၍ ၊ သင် တို့ မြင် သည် အတိုင်း ဆင်းရဲ ခံခြင်း၊ မိန်းမောတွေဝေခြင်း၊ ကဲရဲ့ သံကို ကြားခြင်း အမှု၌ အပ် တော်မူပြီ။ ၉ သို့ ဖြစ်၍ ၊ ငါ တို့အဘ များသည် ထား ဖြင့် လဲ သေကြပြီ။ သား သမီး ၊ မယား တို့သည် သိမ်းသွား ခြင်းကိုခံရကြပြီ။ ၁၀ ယခု မူကား၊ ပြင်းစွာ သောအမျက် တော်သည် ငါ တို့မှ လွှဲ သွားမည်အကြောင်း ၊ ကြသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား နှင့် ပဋိညာဉ် ဖွဲ့ မည်ဟု ငါ အကြံ ရှိ၏။ ၁၁ ငါ့ သား တို့၊ မ ဖင့်နွဲ့ ကြနှင့်။ ထာဝရဘုရား ရှေ့ တော်၌ ရပ် ၍ ဝတ်ပြုခြင်း၊ အမှု တော်ကို စောင့်ခြင်း၊ နံ့သာပေါင်း ကို မီးရှို့ခြင်းအမှု ကို ပြုစေခြင်းငှါ၊ သင် တို့ကို ရွေး ထားတော်မူပြီဟု မိန့်တော်မူလျှင်၊ ၁၂ လေဝိ အမျိုး၊ ကောဟတ် အနွယ် ၊ အာမသဲ သား မာဟတ် ၊ အာဇရိ သား ယောလ ၊ မေရာရိ အနွယ် အာဗဒိ သား ကိရှ ၊ ယေဟလေလ သား အာဇရိ ၊ ဂေရရှုံ အနွယ် ဇိမ္မ သား ယောအာ ၊ ယောအာ သား ဧဒင်၊ ၁၃ ဧလိဇဖန် အမျိုးသား ရှိမရိ နှင့် ယေယေလ ၊ အာသပ် အမျိုးသား ဇာခရိ နှင့် မတ္တနိ၊ ၁၄ ဟေမန် အမျိုးသား ယေဟေလ နှင့် ရှိမိ ၊ ယေဒုသုန် အမျိုးသား ရှေမာယ နှင့် ဩဇေလ တို့သည်၊ ၁၅ အမျိုးသား ချင်းတို့ကို ခေါ် ၍ ၊ ကိုယ်ကို သန့်ရှင်း စေပြီးမှ ၊ ထာဝရဘုရား အမိန့် တော်နှင့်အညီ ရှင်ဘုရင် စီရင်သည်အတိုင်း ၊ ဗိမာန် တော်ကို သန့်ရှင်း စေခြင်းငှါ လာ ကြ၏။ ၁၆ ယဇ် ပုရောဟိတ်တို့သည် ဗိမာန် တော်ကို သန့်ရှင်း စေခြင်းငှါ ၊ အတွင်း ခန်းထဲသို့ ဝင် ၍ ၊ တွေ့ သမျှ သော အမှိုက် ကို တန်တိုင်း သို့ ထုတ် ပြီးလျှင် ၊ လေဝိ သားတို့သည် ကေဒြန် ချောင်း သို့ ယူ သွားကြ၏။ ၁၇ ပဌမ လ တရက် နေ့တွင် သန့်ရှင်း စ ပြု၍ ၊ ရှစ် ရက် နေ့တွင် ဗိမာန် တော်ဦးသို့ ရောက် ကြ၏။ ထိုနောက် ရှစ် ရက် ပတ်လုံး၊ ဗိမာန် တော်ကို သန့်ရှင်း စေ၍ ပဌမ လ တဆယ် ခြောက် ရက် နေ့တွင် လက်စသတ် ကြ၏။ ၁၈ ထိုအခါ ဟေဇကိ မင်းကြီး ထံသို့ ဝင် ၍ ၊ အကျွန်ုပ် တို့သည် ဗိမာန် တော်တ ဆောင်လုံး၊ မီးရှို့ ရာယဇ်ပလ္လင် နှင့် တန်ဆာ ရှိသမျှ ၊ ရှေ့ တော်မုန့်တင်သော စားပွဲ နှင့် တန်ဆာ ရှိသမျှ တို့ကို သန့်ရှင်း စေပါပြီ။ ၁၉

ထိုမှတပါး ၊ အာခတ် မင်းကြီး လက်ထက် အခမွ ပြု၍ ပစ် ထားသော တန်ဆာ ရှိသမျှ တို့ကို အကျွန်ုပ်တို့ သည် ပြင်ဆင် ၍ သန့်ရှင်း စေသဖြင့်၊ ထာဝရဘုရား ၏ ယဇ်ပလ္လင် တော်ရှေ့ မှာ တင်ထားပါပြီဟု လျှောက်ဆို ကြ ၏။ ၂၀ ထိုအခါ ဟေဇကိ မင်းကြီး သည် စောစော ထ၍ ၊ မြို့ သူကြီး တို့ကို စုဝေး စေပြီးလျှင် ၊ ဗိမာန် တော်သို့ တက် သွား၏။ ၂၁ နန်းတော် အပြစ် ၊ သန့်ရှင်း ရာဌာနတော်အပြစ်၊ ယုဒ ပြည်အပြစ်ဖြေရာ ယဇ်ပူဇော်စရာဘို့ နွား ခုနစ် ကောင်၊ သိုး ခုနစ် ကောင်၊ သိုးသငယ် ခုနစ် ကောင်၊ ဆိတ် ခုနစ် ကောင်တို့ကို ဆောင် ခဲ့ကြ၏။ အာရုန် သား ယဇ် ပုရောဟိတ်တို့သည် ထာဝရဘုရား ၏ ယဇ် ပလ္လင်ပေါ် မှာ ပူဇော် စေခြင်းငှါ မိန့် တော်မူသည်အတိုင်း၊ ၂၂ နွား တို့ကိုသတ် ၍ ယဇ် ပုရောဟိတ်တို့သည် အသွေး ကိုခံ လျက် ၊ ယဇ် ပလ္လင်ပေါ် မှာ ဖြန်း ကြ၏။ သိုး တို့ကိုလည်း သတ် ၍ ၊ အသွေး ကို ယဇ် ပလ္လင်ပေါ် မှာ ဖြန်း ကြ၏။ သိုးသငယ် တို့ကိုလည်း သတ် ၍ အသွေး ကို ယဇ် ပလ္လင်ပေါ် မှာ ဖြန်း ကြ၏။ ၂၃ အပြစ် ဖြေရာယဇ်ပူဇော်စရာဘို့ ဆိတ် တို့ကိုလည်း ရှင်ဘုရင် ရှေ့ ၊ ပရိသတ် ရှေ့သို့ထုတ် ၍ ၊ မိမိ တို့ လက် ကိုတင် ပြီးမှ၊ ၂၄ ယဇ် ပုရောဟိတ်တို့သည် သတ် ၍ ၊ ကွသရေလ အမျိုးသားအပေါင်း တို့၏ အပြစ် ကိုပြေစေခြင်းငှါ ၊ ယဇ် ပလ္လင် ပေါ် မှာ အသွေး အားဖြင့်အပြစ်ဖြေခြင်း မင်္ဂလာကို ပြုကြ၏။ ထိုသို့မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာ ယဇ်ကို ကွသရေလ အမျိုးသားအပေါင်း တို့အဘို့ ပူဇော်မည် အကြောင်း၊ ရှင်ဘုရင် အမိန့် တော်ရှိပြီ။ ၂၅ ဒါဝိဒ် မင်းကြီး နှင့် သူ၏ပရောဖက် ဂဒ် ၊ ပရောဖက် နာသန် တို့ စီရင် သည်အတိုင်း ခွက်ကွင်း ၊ စောင်း ၊ တယော နှင့် တီးမှုတ်သော လေဝိ သားတို့ကို၊ ဗိမာန် တော်၌ ခန့်ထား တော်မူ၏။ ထိုသို့ထာဝရဘုရား သည် ပရောဖက် တို့အားဖြင့် စီရင် တော်မူသတည်း။ ၂၆ သို့ ဖြစ်၍ လေဝိ သားတို့သည် ဒါဝိဒ် စီရင်သော တုရိယာ မျိုးများကို၎င်း ၊ ယဇ် ပုရောဟိတ်တို့သည် တံပိုး များကို၎င်း ကိုင်လျက် ရှိ ကြ၏။ ၂၇ ဟေဇကိ သည် ယဇ် ပလ္လင်ပေါ်မှာ မီးရှို့ ရာယဇ် ကို ပူဇော် စေခြင်းငှါ ၊ အမိန့် တော်ရှိ၍ မီးရှို့ရာယဇ်ကို ပူဇော်စပြုသောအခါ၊ တံပိုး များနှင့် ကွသရေလ ရှင်ဘုရင် ဒါဝိဒ် စီရင်သော တုရိယာ မျိုးများကို တီးမှုတ်လျက်၊ ထာဝရ ဘုရားအား သီချင်း ကို ဆိုစ ပြုကြ၏။ ၂၈ မီးရှို့ ရာယဇ်ပူဇော်ခြင်းအမှု လက်စ မ သတ်မှီ တိုင်အောင် ပရိသတ် အပေါင်း တို့သည် ကိုးကွယ် လျက် ၊ သီချင်း ဆို လျက် ၊ တံပိုး မှုတ် လျက် နေကြ၏။ ၂၉ လက်စသတ် ပြီးမှ ၊ ရှင်ဘုရင် နှင့် စည်းဝေး သော သူအပေါင်း တို့သည် ဦးညွှတ် ချ၍ ကိုးကွယ် ကြ၏။ ၃၀ တဖန် ဟေဇကိ မင်းကြီး နှင့် မှူးမတ် တို့သည် စီရင် ၍၊ လေဝိ သားတို့သည် ဒါဝိဒ် စကား ၊ ပရောဖက် အာသပ် စကားအားဖြင့် ၊ ထာဝရဘုရား အား ထောမနာ သီချင်းဆိုကြ၏။ ရွှင်လန်းသောစိတ်နှင့် ထောမနာ သီချင်းကိုဆိုလျက်၊ ဦးညွှတ် ချ၍ ကိုးကွယ် ကြ၏။ ၃၁ ထိုနောက် ဟေဇကိ က၊ သင် တို့သည် ယခု ထာဝရဘုရား အား ကိုယ်ကို ပူဇော်ကြပြီ။ ဗိမာန် တော်သို့ ချဉ်းကပ် ၍ ၊ ယဇ် မျိုးများနှင့် ကျေးဇူး တော်ဝန်ခံရာ ပူဇော်သက္ကာများကို ဆောင် ခဲ့ကြလော့ဟု ပြန် ၍ မိန့် တော်မူသည် အတိုင်း၊ စည်းဝေး သောသူတို့သည် ယဇ် မျိုးများနှင့် ကျေးဇူး တော်ဝန်ခံရာ ပူဇော်သက္ကာများကို ဆောင် ခဲ့ကြ ၏။ စေတနာရှိသမျှသောသူတို့ သည် မီးရှို့ရာယဇ်တို့ကို ဆောင်ခဲ့ကြ၏။ ၃၂ စည်းဝေး သောသူတို့သည် ထာဝရဘုရား အား မီးရှို့ ရာ ယဇ်ပူဇော်စရာဘို့ ဆောင် ခဲ့သော ယဇ် ပေါင်း ကား၊ နွား ခုနစ် ဆယ်၊ သိုး တရာ ၊ သိုးသငယ် နှစ် ရာတည်း။ ၃၃

ပူဇော်သောဥစ္စာပေါင်းကား၊ နွား ခြောက် ရာ ၊ သိုး သုံး ထောင် တည်း၊ ၃၄ ယဇ် ပုရောဟိတ်တို့သည် နည်း သောကြောင့် ၊ မီးရှို့ ရာယဇ်ကောင်ရှိသမျှ ကို မ သတ် နိုင် သည်ဖြစ်၍ ၊ အခြားသော ယဇ် ပုရောဟိတ်တို့သည် ကိုယ်ကိုမ သန့်ရှင်း စေမှီ၊ အမှု တော်လက်စ မ သတ်မှီတိုင်အောင်၊ ညီအစ်ကို လေဝိ သားတို့သည် ထောက်မ ကြ၏။ ကိုယ်ကိုသန့်ရှင်း စေခြင်းငှါ ၊ ယဇ် ပုရောဟိတ်များထက် လေဝိ သားတို့သည် သာ၍စိတ် သဘောဖြောင့် ကြ၏။ ၃၅ မီးရှို့ ရာယဇ်များ တို့နှင့် ၊ မီးရှို့ ရာယဇ်အသီးသီးဆိုင် သောမိဿဟာယ ယဇ်ဆီဥ ၊ သွန်းလောင်း ရာ ပူဇော်သက္ကာအများရှိကြ၏။ ထိုသို့ ဗိမာန် တော်ဝတ်ပြု ခြင်းကို စီရင် သတည်း။ ၃၆ ထိုအမှု လျင်မြန် သော်လည်း ၊ ဘုရားသခင် သည် လူ များကို ပြင်ဆင် တော်မူသောကြောင့် ၊ ဟေဇကိ နှင့် လူ အပေါင်း တို့သည် ဝမ်းမြောက် အားရကြ၏။

၃၀ တဖန် ဇေရိမ် အမျိုး၊ မနာရှေ အမျိုးနှင့်တကွ ဣသရေလ အမျိုး၊ ယုဒ အမျိုးသားအပေါင်း တို့သည် ယေရုရှလင် မြို့၊ ဗိမာန် တော်သို့ လာ ၍ ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား အား ၊ ပသခါ ပွဲကို ခံ စေခြင်းငှါ ၊ ဟေဇကိ သည် စာ ရေး ၍ ပေး လိုက်လေ၏။ ၂ ဒုတိယ လ တွင် ၊ ပသခါ ပွဲကိုခံ ခြင်းငှါ ရှင် ဘုရင်သည် တိုင်ပင် ၍ ၊ မှူး တော်မတ်တော်တို့နှင့် ယေရုရှလင် မြို့၌ စည်းဝေး သော သူအပေါင်း တို့သည် စီရင်ကြပြီ။ ၃ ယဇ် ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင်ရွက် နိုင်မည်အကြောင်း၊ ကိုယ်ကိုသန့်ရှင်း စွာမ ပြုကြသေး။ ပြည်သူ ပြည်သားတို့သည် ယေရုရှလင် မြို့၌ မ စည်းဝေး သောကြောင့် လွန်ခဲ့သောလတွင် ထိုပွဲကို မ ခံ နိုင် ကြ။ ၄ ရှင်ဘုရင် နှင့် စည်းဝေး သော သူအပေါင်း တို့ သည် ထိုအမှု ကို နှစ်သက် သောကြောင့် ၎င်း၊ ကျမ်းစာ ၌ လာသည်အတိုင်း ၊ ကြာမြင့်စွာသော ကာလပတ်လုံး၊ ပသခါပွဲကို မခံသောကြောင့်၎င်း၊ ၅ အရပ်ရပ်တို့ကလာ ၍၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား အား ၊ ယေရုရှလင် မြို့၌ ပသခါ ပွဲကိုခံ စေခြင်းငှါ ၊ ဣသရေလ ပြည်တရှောက်လုံး ၊ ဗေရရှေဘာ မြို့မှစ၍ ဒန် မြို့တိုင်အောင် ၊ ကြော်ငြာစေမည် အကြောင်းအမိန့်တော်နှင့်စီရင်ကြ၏။ ၆ ရှင်ဘုရင် နှင့် မှူးမတ် တို့ပေးလိုက်သောစာ ကို စာပို့ လုလင်တို့သည် ယူ၍၊ အမိန့် တော်အတိုင်း ဣသရေလ ပြည်နှင့် ယုဒ ပြည်တရှောက်လုံးသို့ ပြေးကြ၏။ စာ၌ ပါသောစကားဟူမူကား၊ အိုဣသရေလအမျိုးသားတို့၊ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ်တို့၏ဘုရားသခင် ထာဝရဘုရား ထံ တော်သို့ ပြန်လာ ကြလော့။ အာရှရိ ရှင် ဘုရင်တို့လက် မှ လွတ် ၍ ၊ ကျန်ကြွင်းသေးသောသူတို့ ရှိရာသို့ ပြန် လာတော်မူမည်။ ၇ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို ပြစ်မှား သော သင် တို့၏အဘ များ၊ ညီအစ်ကို များကဲ့သို့ မ ပြု ကြနှင့်။ ပြစ်မှားသော ထိုသူ တို့ကို သင် တို့ မြင် သည် အတိုင်း ၊ သုတ်သင် ပယ်ရှင်းခြင်းသို့ အပ် တော်မူပြီ။ ၈ သင် တို့အဘ များကဲ့သို့ ခိုင်မာ သောသဘော မ ရှိကြနှင့်။ ထာဝရဘုရား ၌ ကိုယ်ကို အပ်နှံ ကြလော့။ အစဉ် သန့်ရှင်း စေတော်မူသော သန့်ရှင်း ရာဌာနတော်သို့ လာ ကြလော့။ ပြင်းစွာ သော အမျက် တော်သည် သင် တို့မှ လွှဲ သွားမည်အကြောင်း ၊ သင် တို့၏ဘုရားသခင် ထာဝရဘုရား ၏အမှု တော်ကို စောင့်ကြလော့။ ၉ သင် တို့သည် ထာဝရဘုရား ထံတော်သို့ ပြန်လာ လျှင် ၊ သင် တို့၏ညီအစ်ကို သားသမီး တို့သည် သိမ်းသွား သောသူတို့ ထံ မှာ၊ ကရုဏာစိတ်နှင့်တွေ့ကြုံ၍၊ ဤ ပြည် သို့ တဖန် ပြန် လာကြလိမ့်မည်။ သင် တို့၏ ဘုရားသခင် ထာဝရဘုရား သည်

ကျေးဇူး ပြုချင်သောသဘော၊ သနား တတ်သောသဘောရှိသောကြောင့် ၊ သင် တို့သည် အထံ တော်သို့ ပြန် လာလျှင် ၊ မျက်နှာ တော်ကို သင်တို့မှ လွဲ တော် မ မူဟု စာ၌ပါသတည်း။ ၁၀ စာပို့ လုလင်တို့သည် ဧဖရိမ် ခရိုင် ၊ မနာရှေ ခရိုင် တရှောက်လုံး၊ ဇာဗုလုန် ခရိုင်တိုင်အောင် တမြို့ မှ တမြို့သို့ ပြေး ကြ၏။ ပြည်သား တို့သည် ပြက်ယယ် ပြု၍ ကဲ့ရဲ့ ကြ၏။ ၁၁ သို့ရာတွင် အာရှာ ခရိုင်သား၊ မနာရှေ ခရိုင်သား၊ ဇာဗုလုန် ခရိုင်သား အချို့တို့သည် ကိုယ်ကိုနှိမ့်ချ ၍ ယေရုရှလင် မြို့သို့ လာ ကြ၏။ ၁၂ ယုဒ ပြည်သားတို့သည် ထာဝရဘုရား အမိန့် တော်အတိုင်း ၊ ရှင်ဘုရင် နှင့် မှူးမတ် တို့ စီရင် သည်အတိုင်း၊ တညီညွတ် တည်း ပြု ချင်သော စေတနာစိတ်ကို၊ ဘုရားသခင် တန်ခိုး တော်ကြောင့် ရ ကြ၏။ ၁၃ ဒုတိယ လ တွင် အဇုမ ပွဲ ကို ခံ လိုသောငှါ ၊ များစွာ သောလူ တို့သည် ယေရုရှလင် မြို့၌ စည်းဝေး ကြ၍ ၊ အလွန် ကြီး သောပရိသတ် ဖြစ်လေ၏။ ၁၄ သူတို့သည်ထ ၍ ၊ ယေရုရှလင် မြို့၌ ရှိသောယဇ် ပလ္လင်တို့ကိုဂင်း ၊ နံ့သာပေါင်း မီးရှို့ရာ ယဇ်ပလ္လင်ရှိသမျှ တို့ကိုဂင်းပယ်ရှင်း ၍ ၊ ကေဒြုန် ချောင်း ထဲသို့ ပစ်ချ ကြ၏။ ၁၅ ဒုတိယ လ တဆယ် လေး ရက်နေ့တွင် ၊ ပသခါ သိုးသငယ်ကိုသတ် ကြ၏။ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့ သည် သတိရ ၍ ကိုယ်ကိုသန့်ရှင်း စေလျက် ၊ မီးရှို့ ရာယဇ် တို့ကို ဗိမာန် တော်ထဲသို့ သွင်း ကြ၏။ ၁၆ ဘုရားသခင် ၏လူ မောရှေ ပညတ် တရား၌ စီရင် သော ထုံးစံအတိုင်း ၊ မိမိ တို့နေရာ ၌ ရပ် နေလျက် ၊ ယဇ် ပုရောဟိတ်တို့သည် လေဝိ သားတို့ လက် မှ အသွေး ကို ယူ၍ ဖြန်း ကြ၏။ ၁၇ မ သန့်ရှင်း သောသူ အများ တို့သည် ပရိသတ် ၌ ပါသောကြောင့် ၊ ထိုမ သန့်ရှင်း သောသူ ရှိသမျှ တို့ကို၊ ထာဝရဘုရား အဘို့ သန့်ရှင်း စေခြင်းငှါ ၊ ပသခါ သိုးသငယ်သတ် ခြင်းအမှုကို၊ လေဝိ သားတို့သည် စောင့်ရကြ၏။ ၁၈ များစွာ သောလူ တည်းဟူသော၊ ဧဖရိမ် အမျိုး၊ မနာရှေ အမျိုး၊ ဣသခါ အမျိုး၊ ဇာဗုလုန် အမျိုးသားအများ တို့သည် ကျမ်းစာ ၌ ပါသောတရားသို့မ လိုက်၊ ကိုယ်ကိုမ သန့်ရှင်း စေဘဲ၊ ပသခါ သိုးသငယ်ကိုစား ကြ ၏။ ၁၉ သို့ရာတွင် ၊ ဟေဇကိ က၊ သန့်ရှင်း ရာဌာနထုံးစံအတိုင်း ၊ သန့်ရှင်းခြင်း မရှိသော်လည်း ၊ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား ကို ဆည်းကပ် ခြင်းငှါ ၊ သဘောကျသောသူအပေါင်းတို့၏ အပြစ်ကို ကောင်းမြတ် သော ထာဝရဘုရား သည် လွှတ် တော်မူပါစေသောဟု ထိုသူ တို့ အဘို့ ဆုတောင်း သဖြင့်၊ ၂၀ ထာဝရဘုရား သည် ဟေဇကိ စကားကို နားထောင် တော်မူ၍ ၊ လူများတို့ကို ချမ်းသာပေးတော်မူ၏။ ၂၁ ယေရုရှလင် မြို့၌ စည်းဝေး သောဣသရေလ အမျိုးသား တို့သည်၊ ခုနစ် ရက် ပတ်လုံးအလွန် ရွှင်လန်း သောစိတ်နှင့် အဇုမ ပွဲ ကိုခံ ကြ၏။ ယဇ်ပုရောဟိတ် လေဝိ သားတို့သည် အသံကျယ်သောတူရိယာမျိုးကို တီးမှုတ်လျက်၊ နေ့ ညဉ့် မပြတ် ထာဝရဘုရား အား ထောမနာ သီချင်းဆိုကြ၏။ ၂၂ ထာဝရဘုရား ၏ တရား တော်မြတ် ကို သွန်သင် သော လေဝိ သားအပေါင်း တို့ကို၊ ဟေဇကိ သည် အားပေးသောစကား နှင့်နှုတ်ဆက်သဖြင့်၊ သူတို့သည် ခုနစ် ရက် ပတ်လုံးပွဲခံစဉ်အခါ၊ စားသောက်လျက်မိသဃာယ ပူဇော် သက္ကာကိုပြုလျက်၊ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား အား တောင်းပန် လျက်နေကြ၏။ ၂၃ စည်းဝေး သောသူအပေါင်း တို့သည် ခုနစ် ရက် ထပ်၍ ပွဲခံ ခြင်းငှါ တိုင်ပင် ပြီးမှ ၊ ရွှင်လန်း သောစိတ်နှင့် ခုနစ် ရက် ထပ်၍ပွဲခံ ကြ၏။ ၂၄ ယုဒ ရှင်ဘုရင် ဟေဇကိ သည် နွား တထောင် နှင့် သိုး ခုနစ် ထောင် တို့ကိုဂင်း၊ မှူးမတ် တို့သည် နွား

တထောင် နှင့် သိုး တသောင်း ကိုၚင်း ၊ စည်းဝေး သောသူတို့အား ပေး ကြ ၏။ များစွာ သောယဇ် ပုရောဟိတ်တို့သည် ကိုယ်ကိုသန့်ရှင်း စေကြ၏။ ၂၅ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့နှင့်တကွ ယုဒ ပရိတ်သတ် များ၊ ဣသရေလ ပြည်မှ လာ သော ပရိတ်သတ် များ ၊ ယုဒ ပြည်၌ နေ သောတပါးအမျိုးသား၊ ဣသရေလ ပြည် မှ လာ သော တပါး အမျိုးသားတို့သည် ဝမ်းမြောက် ဝမ်းသာကြ၏။ ၂၆ ထိုသို့ ယေရုရှလင် မြို့၌ ကြီးစွာ သောဝမ်းမြောက် ခြင်းရှိ ၏။ ဣသရေလ ရှင်ဘုရင် ဒါဝိဒ် သား ရှောလမုန် လက်ထက် မှသည်၊ နောက်တဖန်ယေရုရှလင် မြို့၌ ထိုမျှလောက် ကြီးစွာသော ဝမ်းမြောက်ခြင်းမ ရှိ။ ၂၇ ထိုအခါ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့သည် ထ ၍ လူ များတို့ကို ကောင်းကြီး ပေးကြ၏။ သူ တို့စကား သံကို ဘုရားသခင်ကြား တော်မူ၏။ သန့်ရှင်း သော ကျိန်းဝပ် တော်မူရာ၊ ကောင်းကင် ဘုံသို့ ပဌနာ စကားတက် လေ၏။

၃၁ ထို အမှုလက်စသတ် သောအခါ ၊ စည်းဝေးသော ဣသရေလ လူအပေါင်း တို့သည်၊ ယုဒ မြို့ များသို့ ထွက်သွား ၍ ယုဒ ပြည်၊ ဗင်္ာမိန် ပြည်၊ ဧဖရိမ် ပြည်၊ မနာရှေ ပြည် အရပ်ရပ် ၌ ရှိသောရုပ်တု ဆင်းတု၊ အာရှရ ပင်၊ မြင့် သော အရပ်၊ ယဇ် ပလ္လင်ရှိသမျှတို့ကို ရှင်းရှင်းမဖျက်ဆီး မှီ တိုင်အောင်ချိုးဖဲ့ ၊ ခုတ်လဲ ဖြိုချကြ၏။ ထိုနောက်မှ ၊ ဣသရေလ အမျိုးသား အပေါင်း တို့သည်၊ အသီးအသီး ပိုင် ထိုက်သောနေရာ မြို့ ရွာတို့သို့ ပြန် သွားကြ၏။ ၂ ယဇ်ပုရောဟိတ် လေဝိ သားတို့သည်၊ အသီးအသီး စောင့်ရသောအမှု ကို အလှည့်သင့်သည်အတိုင်း စောင့်လျက်၊ ထာဝရဘုရား ၏ကျိန်းဝပ် တော်မူသောဌာနတော်တံခါး အတွင်း ၌၊ မီးရှို့ ရာယဇ်နှင့် မိဿဟာယ ယဇ်ကိုပူဇော်ခြင်း၊ အမှု တော်မျိုးကိုစောင့်ခြင်း၊ ကျေးဇူး တော်ကို ဝန်ခံခြင်း၊ ထောမနာ သီချင်း ဆိုခြင်းအမှုကို ပြုစေခြင်းငှါ ၊ ဟေဇကိ ခန့်ထား တော်မူ၏။ ၃ ထာဝရဘုရား ၏ ပညတ္တိ ကျမ်း၌ ရေးထား သည် အတိုင်း ၊ နေ့ရက်အစဉ် နံနက် အချိန်၊ ညဦး ချိန်၊ ဥပုသ် နေ့၊ လဆန်း နေ့၊ ဓမ္မပွဲနေ့တွင် မီးရှို့ရာယဇ်ပူဇော်စရာဘို့၊ ဘဏ္ဍာတော်ထဲက ဥစ္စာတဘို့ကို ထုတ်၍လှူတော်မူ၏။ ၄ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့သည် ထာဝရဘုရား ၏ တရား ကိုကြိုးစား ၍ သွန်သင်စေခြင်းငှါ ၊ ယေရုရှလင် မြို့၌နေသောသူတို့ သည် ဥစ္စာတဘို့ကို လှူရမည် အကြောင်းမိန့် တော်မူ၏။ ၅ ထိုအမိန့် တော်ကို ဣသရေလ အမျိုးသား တို့ သည် အနှံ့အပြားကြားသိကြသောအခါ၊ အဦး သီးသော စပါး ၊ စပျစ်ရည် ၊ ဆီ ၊ ပျားရည် အစရှိ သော မြေ အသီးအနှံ ကိုၚင်း ၊ အခြားသောဥစ္စာရှိသမျှ ဆယ်ဘို့ တဘို့ကိုၚင်း၊ များစွာ ဆောင် ခဲ့ကြ၏။ ၆ ယုဒ မြို့ တို့ ၌ နေ သောဣသရေလ အမျိုးသား နှင့် ယုဒ အမျိုးသားတို့သည်လည်း ၊ သိုး နွား ဆယ်ဘို့ တဘို့ကိုၚင်း ၊ သူ တို့၏ဘုရားသခင် ထာဝရဘုရား အား ပူဇော် ၍ သန့်ရှင်း သော ဥစ္စာဆယ်ဘို့ တဘို့ကိုၚင်း ဆောင် ခဲ့၍ အသီးအသီး ပုံထားကြ၏။ ၇ တတိယ လ တွင် ပုံ ထားစ ပြု၍ ၊ သတ္တမ လ တွင် လက်စသတ် ကြ၏။ ၈ ပုံ ထားသောဥစ္စာကို၊ ဟေဇကိ နှင့် မှူးမတ် တို့ သည် လာ ၍ မြင် သောအခါ ၊ ထာဝရဘုရား နှင့် ဘုရားသခင် ၏ လူ ဣသရေလ အမျိုးကို ကောင်းကြီး ပေးကြ၏။ ၉ ထိုပုံ ထားသော ဥစ္စာအကြောင်း ကို ဟေဇကိ သည် ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့ ၌ မေးမြန်း လျှင်၊ ၁၀ ဇာဒုတ် အမျိုး ၊ ယဇ်ပုရောဟိတ် အကြီး အာဇရိ က၊ ပူဇော် သက္ကာတို့ကို၊ ဗိမာန် တော်သို့ ဆောင် ခဲ့စ ပြုသော နောက်၊ အကျွန်ုပ်တို့

စားလောက်အောင်ရှိသည်သာမက များစွာကျန်ကြွင်း တတ်ပါ၏။ ထာဝရဘုရား သည် မိမိ လူ တို့ကို ကောင်းကြီး ပေးတော်မူသောကြောင့် ၊ ပုံထား သောဤ ဥစ္စာ များသည် ကျန်ကြွင်း လျက်ရှိပါသည်ဟု လျှောက်ကြ၏။ ၁၁ ထိုအခါ ဗိမာန် တော်၌ ဘဏ္ဍာ တိုက်တို့ကို ပြင်ဆင် စေမည်အကြောင်း ၊ ဟေဇကိ မိန့် တော်မူသည် အတိုင်း ပြင်ဆင် ၍၊ ၁၂ လူ သောဥစ္စာ၊ ဆယ်ဘို့ တဘို့ ဥစ္စာ၊ ပူဇော် သော ဥစ္စာများကို တရား နှင့်အညီ သွင်း ထားကြ၏။ လေဝိ သားကောနနိ သည်တိုက်အုပ် ၊ သူ ၏ညီ ရှိမိ သည် တိုက်စာရေးဖြစ်၏။ ၁၃ ယေဟေလ ၊ အာဇဇိ ၊ နာဟတ် ၊ အာသဟေလ ၊ ယေရိမုတ် ၊ ယောဇဗတ် ၊ ဧလျေလ ၊ ဣသမခိ ၊ မာဟတ် ၊ ဗေနာယ တို့သည်လည်း ဟေဇကိ မင်းကြီး နှင့် ဗိမာန် တော် အုပ် အာဇရိ စီရင်သည်အတိုင်း၊ ကောနနိ နှင့် သူ ၏ညီ ရှိမိ တို့သည် အစေခံ၍ ကြည့်ရှုပြုစုရကြ၏။ ၁၄ အရှေ့ တံခါးမှူး ၊ လေဝိ သားကြွမန သား ကောရ သည်၊ ထာဝရ အရှင်ဘုရားသခင် အား လှူဒါန်း ပူဇော်သောဥစ္စာ၊ အလွန်သန့်ရှင်းသောဥစ္စာ များကို ဝေဖန်ရသောအမှုအုပ်ဖြစ်၏။ ၁၅ ကောရ လက် ထောက်၊ ဧဒင် ၊ ဗယ်မိန် ၊ ယောရှု ၊ ရှေမာယ ၊ အာမရိ ၊ ရှေကနိ တို့သည်လည်း ယဇ်ပုရောဟိတ် နေရာမြို့ တို့ ၌ အရာခံသည်အတိုင်း၊ သင်းဖွဲ့ သော ညီအစ်ကို အကြီး အငယ် တို့အား ပေးဝေ ရကြ၏။ ၁၆ သင်းဖွဲ့ သည်အတိုင်း ၊ ဗိမာန် တော်သို့ ဝင် ၍ အမှု တော် ကိုစောင့် သောသူ၊ စာရင်း ဝင်သည်အတိုင်း ၊ အသက် သုံး နှစ်လွန် သော ယောကျ်ား အပေါင်း တို့အား ၎င်း၊ ၁၇ အဆွေအမျိုး အလိုက် စာရင်း ဝင်၍ ၊ အသက် နှစ်ဆယ် လွန် သဖြင့် ၊ သင်းဖွဲ့ သည်အတိုင်း ၊ အမှုတော်စောင့် သော ယဇ်ပုရောဟိတ် လေဝိ သားတို့ အားဎင်း၊ ၁၈ သစ္စာ စောင့်၍ ကိုယ်ကိုသန့်ရှင်း စေသော ထိုသူ တို့၏သား မယား သူငယ် မှစ၍ ၊ ပရိသတ် အနှံ့အပြား စာရင်း ဝင်သမျှ သောသူ တို့ အား ၎င်း ၊ နေ့ရက်အစဉ်အတိုင်း ပေးဝေရကြ၏။ ၁၉ ထိုအတူ ၊ အထက်ဆိုခဲ့ပြီးသောသူတို့ သည် ယဇ်ပုရောဟိတ် ၊ လေဝိသားနေစရာဘို့ ခွဲထားသော မြို့နယ်တို့ ၌ နေသောအာရုန် သား ယဇ်ပုရောဟိတ် ယောကျ်ား ၊ စာရင်း ဝင်သော လေဝိ သားအပေါင်း တို့အား လည်း ပေး ဝေရကြ၏။ ၂၀ ထိုသို့ ဟေဇကိ သည် ယုဒ ပြည်တရှောက်လုံး တွင် စီရင် ၍ ၊ မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ကောင်း သောအမှု၊ ဖြောင့်မတ် သောအမှု၊ သမ္မာ တရား အမှုတို့ကို ပြု တော်မူ၏။ ၂၁ မိမိ ဘုရားသခင် ကို ဆည်းကပ် လျက် ၊ ဗိမာန် တော်၊ တရား တော်၊ ပညတ် တော်တို့အဘို့ အမှု စောင့်စ ပြု လေရာရာ၌ စိတ်နှလုံး အကြွင်းမဲ့ ပြု ၍ အကြံ ထမြောက်တတ်၏။

၃၂ ထိုအမှုများတို့ကို လက်စသတ်သည်နောက်၊ အာရှုရိ ရှင်ဘုရင် သနာခရိပ် သည်၊ ယုဒ ပြည်သို့ စစ်ချီ ၍ ခိုင်ခံ့ သောမြို့ တို့ကို ဝိုင်း ထားလျက် တိုက်ယူခြင်းငှါ အားထုတ်လေ၏။ ၂ ထိုသို့ သနာခရိပ် သည်လာ ၍ ၊ ယေရုရှလင် မြို့ကို တိုက် မည့်အကြံရှိကြောင်းကို ၊ ဟေဇကိ သည်သိမြင် လျှင်၊ ၃ မြို့ ပြင် ၌ ရှိသော စမ်း ရေ ကိုဖြတ် ခြင်းငှါ မှူးမတ် ၊ စစ်သူကြီး တို့နှင့် တိုင်ပင် ၍။သူ တို့သည် ဝိုင်း လုပ်ကြ၏။ ၄ အာရှုရိ ရှင် ဘုရင်တို့သည် လာ ၍ ၊ များစွာ သော ရေ ကို အဘယ်ကြောင့် တွေ့ ရမည်နည်းဟု လူများတို့သည် ဆိုလျက်၊ စုဝေး ၍ စမ်းရေ တွင်းရှိသမျှ ကို ပိတ် ကြ၏။ ပြည် အလယ် ၌ စီး သောချောင်း ရေကိုလည်း ဖြတ်ကြ၏။ ၅ ဟေဇကိသည်လည်း ကိုယ်ကို ခိုင်ခံ့ စေ၏။ ပြို သောမြို့ရိုး ရှိသမျှ ကို ပြုပြင် ၍ ၊ ရဲတိုက် တို့နှင့် တညီတညွတ် တည်၏။ ပြင် မြို့ရိုး ကိုလည်း တည် ၏။

ဒါဝိဒ် မြို့ ၌ မလွှော ရဲတိုက်ကိုလည်း ပြုပြင်၍၊ များစွာ သော လုံ့လက်နက်ဒိုင်း လွှားတို့ကိုလည်း လုပ်လေ၏။ ၆ လူ များတို့တွင် တပ်မှူး တို့ကိုခန့်ထား ၍ ၊ မြို့ လမ်းမ ၌ စုဝေး စေသဖြင့် ၊ အားပေးသော စကားကို ပြောလျက်၊ ၇ ခွန်အား ယူ၍ ရဲရင့် ခြင်းရှိကြလော့။ အာရှရိ ရှင်ဘုရင် နှင့် သူ ၌ ပါသော အလုံး အရင်း အပေါင်း တို့ ကြောင့် မ ကြောက် ကြနှင့်။ စိတ် မ ပျက်ကြနှင့်။ ငါ တို့ ဘက် ၌နေသောသူတို့ သည်၊ သူ့ဘက်၌ နေသောသူ တို့ထက် သာ၍များ ကြ၏။ ၈ သူ့ ဘက် ၌ လူ လက်ရုံး ရှိ၏။ ငါ တို့ဘက် ၌ ထောက်မ ၍ ၊ စစ် ကူတော်မူသောငါ တို့၏ဘုရားသခင် ထာဝရဘုရား ရှိတော်မူသည်ဟု မိန့်တော်မူ၏။ လူ များတို့ သည် ယုဒ ရှင်ဘုရင် ဟေဇကိ ၏ စကား ကို ကိုးစား ကြ၏။ ၉ ထိုနောက် အာရှရိ ရှင်ဘုရင် သနာခရိပ် သည် ဗိုလ်ခြေ အပေါင်း တို့နှင့်တကွ ၊ လာခိရှ မြို့ကို ဝိုင်းထားစဉ်တွင်၊ မိမိ ကျွန် အချို့ကို ယေရုရှလင် မြို့၊ ယုဒ ရှင်ဘုရင် ဟေဇကိ ထံ သို့ဝင်း၊ ယေရုရှလင် မြို့၌ ရှိသော ယုဒ လူအပေါင်း တို့ရှိရာသို့ ၎င်း စေလွှတ် ၍၊ ၁၀ အာရှရိ ရှင်ဘုရင် သနာခရိပ် မိန့် တော်မူသည် ကား ၊ သင် တို့သည် ယေရုရှလင် မြို့၌ ဝိုင်း ထားခြင်းကိုခံ ခြင်းငှါ၊ အဘယ်သို့ ခိုလှုံ ကြသနည်း။ ၁၁ ဟေဇကိ က၊ ငါ တို့၏ဘုရားသခင် ထာဝရဘုရား သည် ငါ တို့ကို အာရှရိ ရှင်ဘုရင် လက် မှ ကယ်လွှတ် တော်မူမည်ဟုဆို လျက် ၊ မွတ်သိပ် ခြင်း၊ ရေငတ် ခြင်း အားဖြင့် အသေ ခံရသည်တိုင်အောင် ၊ ကိုယ်ကို စွန့်ပစ် စေ ခြင်းငှါ ၊ သင် တို့ကို ဖြားယောင်း သည်မဟုတ် လော။ ၁၂ ထို ဟေဇကိ သည် ထာဝရ ဘုရား၏ မြင့် သော အရပ်ဌာနနှင့် ယဇ် ပလ္လင်တို့ကို ပယ် ၍ ၊ သင်တို့သည် တခုတည်းသော ယဇ် ပလ္လင်ရှေ့ မှာကိုးကွယ် ရမည်။ ထို ယဇ် ပလ္လင်ပေါ် မှာ နံ့သာပေါင်း ကို မီးရှို့ရမည်ဟု ယုဒ ပြည်သူ ယေရုရှလင် မြို့သားတို့ကို မိန့် တော်မူပြီမဟုတ် လော။ ၁၃ ငါ နှင့် ငါ့ ဘိုးဘေး တို့သည် အတိုင်းတိုင်းအပြည်ပြည်တို့ ၌ အဘယ်သို့ ပြု သည်ကို သင်တို့မ သိ ကြသလော။အတိုင်းတိုင်းအပြည်ပြည်ဘုရားတို့သည် မိမိ တို့ ပြည် များကို ငါ့ လက် မှ ကယ်လွှတ် ခြင်းငှါ တတ်စွမ်း နိုင် သလော ။ ၁၄ ငါ့ ဘိုးဘေး အကုန်အစင် ဖျက်ဆီး သော တိုင်း နိုင်ငံတို့၏ ဘုရား တို့တွင် ၊ အဘယ်မည်သောဘုရားသည် မိမိ ပြည် ကို ငါ့ လက် မှ ကယ်လွှတ် ဘူးသနည်း။ သင် တို့၏ ဘုရား သည် သင် တို့ကိုငါ့ လက် မှ အဘယ်သို့ ကယ်လွှတ် မည်နည်း။ ၁၅ သို့ ဖြစ်၍ ၊ ဟေဇကိ သည် သင် တို့ကိုမ လှည့်စား စေနှင့်၊ ထိုသို့ မ ဖြားယောင်း စေနှင့်။ သူ့ စကားကို မ ယုံ ကြနှင့်။ အခြား သော တိုင်း နိုင်ငံ၌ ကိုးကွယ်သော ဘုရား မည်မျှသည်၊ မိမိ ပြည် ကိုငါ့ လက် မှ ၎င်း၊ ငါ့ ဘိုးဘေး လက် မှ ၎င်း မ ကယ် မလွှတ်နိုင်။။ ထိုမျှမက ၊ သင် တို့၏ဘုရား သည် သင် တို့ကို ငါ့ လက် မှ မ ကယ် မလွှတ်နိုင်ဟု မှာလိုက်လေ၏။ ၁၆ သူ့ ကျွန် တို့သည် ထာဝရ အရှင်ဘုရားသခင် တစ်ဘက် ၊ ဘုရားသခင် ၏ကျွန် ဟေဇကိ တဘက် ၌ သာ၍ ပြော ဆိုကြ၏။ ၁၇ ထိုမှတပါး အခြားသော တိုင်းနိုင်ငံဘုရား တို့ သည်၊ မိမိ လူ များကို ငါ့ လက် မှ မ ကယ် မလွှတ်နိုင်သည် နည်းတူ ၊ ဟေဇကိ ကိုးကွယ်သော ဘုရား သည်၊ သူ ၏ လူ များကို ငါ့ လက် မှ မ ကယ် မလွှတ်ရဟုက္ကသရေလ အမျိုး ၏ ဘုရားသခင် ထာဝရဘုရား ကို ကဲ့ရဲ့ ပြစ်တင်သောစာ ကို ရေး ၍ ပေးလိုက်သေး၏။ ၁၈ တဖန် မြို့ရိုး ပေါ် မှာရှိသော ယေရုရှလင် မြို့သား တို့ကို ခြိမ်းချောက်နှောက်ရှက်၍၊ မြို့ ကိုတိုက်ယူ နိုင်အောင်၊ ယုဒ ဘာသာစကားအားဖြင့် ကျယ် သော အသံ နှင့် ကြွေးကြော် ကြ၏။ ၁၉ လူ တို့လက် ဖြင့်

လုပ် သောဘုရား ၊ မြေကြီး သား များ ကိုးကွယ်သော ဘုရားတို့နှင့် ယေရှုရှလင် မြို့ ဘုရားသခင် ကို ရော၍ ကဲ့ရဲ့ ကြ၏။ ၂၀ ထို အကြောင်း ကြောင့်၊ ဟေဇကိ မင်းကြီး နှင့် အာမုတ် သား ပရောဖက် ဟေရှာယ သည် ဆုတောင်း ၍ ၊ ကောင်းကင် ဘုံသို့ ဟစ်ခေါ် သဖြင့်၊ ၂၁ ထာဝရဘုရား စေလွှတ် တော်မူသောကောင်းကင် တမန်သည်၊ အာရှရိ ရှင်ဘုရင် တပ် ၌ ခွန်အား ကြီးသော သူရဲ များ၊ တပ်မှူး ၊ စစ်ကဲ များအပေါင်းတို့ကို သုတ်သင် ပယ်ရှင်းလေ၏။ ရှင်ဘုရင်သည် မျက်နှာ ပျက် လျက် ၊ မိမိ ပြည် သို့ ပြန် သွား၏။ မိမိ ဘုရား ၏ ဗိမာန် သို့ရောက် သောအခါ ၊ မိမိ သားရင်း တို့သည် ထား နှင့် သတ် ကြ၏။ ၂၂ ထိုသို့ ထာဝရဘုရား သည် ဟေဇကိ နှင့် ယေရှုရှလင် မြို့သား တို့ကို၊ အာရှရိ ရှင်ဘုရင် လက် မှ ၎င်း ၊ အခြားသောရန်သူလက် မှ ၎င်း ကယ်လွှတ် ၍ ၊ အရပ်ရပ် ၌ စောင့်မ တော်မူ၏။ ၂၃ အများသောသူတို့သည် ယေရှုရှလင် မြို့သို့ ထာဝရဘုရား အဘို့ ပူဇော် သက္ကာကိုဆင်း ၊ ယုဒ ရှင်ဘုရင် ဟေဇကိ ထံ သို့ လက်ဆောင် ပဏ္ဏာကိုဆင်း ဆောင် ခဲ့ကြ သဖြင့် ၊ ဟေဇကိသည် ထိုကာလမှစ၍ခပ်သိမ်း သောလူမျိုး ရှေ့ မှာဘုန်းကြီး တော်မူ၏။ ၂၄ ထို ကာလ အခါ ဟေဇကိ မင်းသည် သေ နာစွဲ၍ ထာဝရဘုရား အား ဆုတောင်း သဖြင့်၊ ဗျာဒိတ်တော်နှင့် ထူးဆန်း သော တန်ခိုးတော်ကို ခံရ၏။ ၂၅ သို့ရာတွင် ဟေဇကိ သည် မိမိ ခံရသောကျေးဇူးတော်နှင့် အထိုက် အလျောက်မ ကျင့်၊ ထောင်လွှား သောစိတ် ရှိ၏။ ထိုကြောင့် သူ ၌ ဒဏ်၊ ယုဒ ပြည်နှင့် ယေရှုရှလင် မြို့၌ ဒဏ် ၊ အမျက် တော်ထွက် လေ၏။ ၂၆ သို့ရာတွင် ဟေဇကိ သည် မိမိ စိတ် ထောင်လွှား သော အပြစ်ကြောင့် ၊ ယေရှုရှလင် မြို့ သားတို့နှင့်တကွ ကိုယ်တိုင် ကိုယ်ကိုနှိမ့်ချ သောကြောင့် ၊ လက်ထက် တော် ကာလတွင်၊ ထာဝရဘုရား ၏ အမျက် တော်မ သက်ရောက် ။ ၂၇ ဟေဇကိ သည် များစွာ သော စည်းစိမ် ဥစ္စာ ဂုဏ် အသရေရှိ ၏။ ရွှေ ၊ ငွေ ၊ ကျောက် မြတ်၊ နံ့သာမျိုး ၊ ဒိုင်း လွှား၊ နှမြော ဘွယ်သော တန်ဆာ သိုထားရာဘဏ္ဍာတိုက် များကို တည် လေ၏။ ၂၈ စပါး ကျီများ၊ ဆီ ၊ စပျစ်ရည် သိုထား ရာ တိုက်များ၊ တိရစ္ဆာန် မျိုး တင်းကုပ် များ၊ သိုး ခြံ များကိုလည်း လုပ်လေ ၏။ ၂၉ ကိုယ် အဘို့ မြို့ တို့ကိုတည် ၍ ၊ များစွာ သော သိုး နွား တို့ကိုလည်း ဆည်းဖူးလေ၏။ ဘုရားသခင် သည် များစွာ သောဥစ္စာ ကို ပေး သနားတော်မူ၏။ ၃၀ ထိုမှတပါး ၊ ဟေဇကိ သည် ဂိဟုန် အထက် ချောင်း ရေကို ပိတ် ၍ ၊ ဒါဝိဒ် မြို့ အနောက် သို့ တည့်တည့် စီးစေ၏။ ထိုသို့ ဟေဇကိ သည် ပြု လေရာရာ ၌ အကြဲ ထမြောက်၏။ ၃၁ သို့ရာတွင် ၊ နိုင်ငံ တော်၌ ဖြစ် သော အံ့ဘွယ် သော အမှုကို မေးမြန်း စေခြင်းငှါ ၊ ဗာဗုလုန် မင်း တို့သည် သံတမန်ကို စေလွှတ်သော အမှုမှာ၊ ဟေဇကိ မင်း၏ သဘော ကို အကုန်အစင် သိ ခြင်းငှါ ၊ ဘုရားသခင် သည် စုံစမ်း ၍ အလွတ် ထားတော်မူ၏။ ၃၂ ဟေဇကိ ပြုမူသောအမှု အရာကြွင်း လေသမျှ တို့နှင့် ကျေးဇူး ပြုခြင်းအရာသည် အာမုတ် သား ပရောဖက် ဟေရှာယ ၏ ရူပါရုံ ကျမ်း၊ ယုဒ ရာဇဝင်၊ ကြသရေလ ရာဇဝင် ၌ ရေးထား လျက် ရှိ၏။ ၃၃ ဟေဇကိ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ ဒါဝိဒ် ၏သား တော်မြေးတော်တို့ သချိုင်းတွင် အမြတ်ဆုံးသော သချိုင်း ၌ သင်္ဂြိဟ် ခြင်းကို ခံလေ၏။ ယုဒ ပြည်သူ ယေရှုရှလင် မြို့ သားအပေါင်း တို့သည်၊ ဟေဇကိ အနိစ္စ ရောက်သောအခါ ၊ ဂုဏ် အသရေတော်ကို ချီးမွှောက် ကြ ၏။ သား တော်မနာရှေ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၃၃ မနာရှေ့ သည် အသက် တဆယ် နှစ် နှစ်ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင် မြို့၌ ငါးဆယ် ငါး နှစ် စိုးစံလေ၏။ ၂ ထိုမင်းသည် ဣသရေလ အမျိုးသား ရှေ့မှာ၊ ထာဝရဘုရား နှင်ထုတ် တော်မူသော တပါးအမျိုးသား ရဲရှာဘွယ် ထုံးစံအတိုင်း ၊ ထာဝရဘုရား ရှေ့တော်၌ ဒုစရိုက် ကိုပြု ၏။ ၃ ခမည်းတော် ဟေဇကိ ဖျက်ဆီး သောကုန်း တို့ကို ပြုပြင် ၍ ၊ ဗာလ ဘုရားတို့အဘို့ ယဇ် ပလ္လင်တို့ကို တည် ၏။ အာရှရ ပင်တို့ကိုလည်း ပြုစု ၏။ မိုဃ်းကောင်းကင်တန်ဆာ များကိုလည်း ဝတ်ပြု ကိုးကွယ်၏။ ၄ ယေရုရှလင် မြို့၌ ငါ့ နာမ ကိုအစဉ် ငါတည် စေမည် ဟု ထာဝရဘုရား မိန့် တော်မူသော မြို့၊ ဗိမာန် တော်၌ ယဇ် ပလ္လင်တည်းဟူသော၊ ၅ ဗိမာန် တော်တန်တိုင်း နှစ် ရပ်တွင် ၊ မိုဃ်း ကောင်းကင်တန်ဆာ များ အဘို့ ယဇ် ပလ္လင်တို့ကိုတည် ၏။ ၆ မိမိ သား တို့ကို ဟိန္နံ သားချိုင့်၌ မီး ဖြင့် ပူဇော် ၏။ ကာလ ဗေဒင်ကို ကြည့်တတ်၏။ ပြုစား သောအတတ်၊ နတ် ဝိဇ္ဇာအတတ်ကို သုံးဆောင်၍ ၊ စုန်း နှင့် နတ်ဝင် တို့ကိုလည်း အခွင့် ပေး၏။ ထာဝရဘုရား ၏ အမျက် တော်ကို နှိုးဆော်ခြင်းငှါ ရှေ့တော်၌များစွာ သော ဒုစရိုက် ကို ပြု ၏။ ၇ ဤဗိမာန် ၌ ၎င်း ၊ ဣသရေလ ခရိုင် များတို့တွင် ငါရွေးကောက် သော ယေရုရှလင် မြို့၌ ၎င်း၊ ငါ့ နာမ ကို အစဉ်အမြဲ ငါတည်စေမည်ဟု ထာဝရဘုရားသည် ဒါဝိဒ် နှင့် သား တော် ရှောလမုန် အား မိန့် တော်မူရာ၌၊ ရည်ဆောင်သောဗိမာန် တော်ထဲမှာ ၊ မိမိပြုစုသော ရုပ်တုနှင့် တူအောင်လုပ် သော ရုပ်တုတခုကိုတင် ထား၏။ ၈ ငါမှာထား သမျှ အတိုင်း ၊ မောရှ အားဖြင့် စီရင် ထုံးဖွဲ့ သမျှ သောတရား အတိုင်း ၊ ဣသရေလအမျိုးသားတို့ သည် ကျင့်ခြင်းငှါစောင့်ရှောက်လျှင်၊ သူတို့ ဘိုးဘေးတို့ အား ငါပေးသောပြည်မှ၊ သူတို့ကို နောက်တဖန် ငါမရွေ့ မပြောင်းစေဟု မိန့်တော်မူသော်လည်း၊ ၉ မနာရှေ သည် ယုဒ ပြည်သူ ယေရုရှလင် မြို့သား တို့ကို လမ်းလွဲ စေ၏။ ဣသရေလ အမျိုးသား တို့ရှေ့မှ ၊ ထာဝရဘုရား ဖျက်ဆီး တော်မူသော လူမျိုး တို့ပြုသည် ထက် ၊ သာ၍ဆိုး သောအမှုကိုပြု စေ၏။ ၁၀ ထာဝရဘုရား သည် မနာရှေ နှင့် သူ ၏ လူ တို့အား မိန့် တော်မူသော်လည်း ၊ သူတို့သည်နား မ ထောင်ဘဲ နေသောကြောင့်၊ ၁၁ အာရှုရိ ရှင်ဘုရင် ၏ ဗိုလ် မင်း များကို စစ်ချီစေတော်မူသဖြင့်၊ သူတို့သည် မနာရှေ ကို ဆူးတော ၌ ဘမ်းမိ ၍ ၊ သံကြိုး နှင့် ချည်နှောင် ပြီးမှ ၊ ဗာဗုလုန် မြို့သို့ ဆောင် သွားကြ၏။ ၁၂ ထိုသို့မနာရှေ သည် ဆင်းရဲ ဒုက္ခကို ခံရသောအခါ၊ မိမိ ဘုရားသခင် ထာဝရဘုရား ကို တောင်းပန် ၍ ၊ ဘိုးဘေး တို့၏ ဘုရားသခင့် ရှေ့မှာ ကိုယ်ကိုအလွန် နှိမ့်ချ လျက်၊ ၁၃ ဆုတောင်းပဌနာပြုသောစကားကို ဘုရားသခင်နားထောင် နာယူ၍၊ မနာရှေအုပ်စိုးရင်းပြည်၊ ယေရုရှလင် မြို့သို့ တဖန်ပို့ဆောင် တော်မူ၏။ ထိုအခါ ထာဝရဘုရား သည် ဘုရားသခင် ဖြစ်တော်မူကြောင်းကို မနာရှေ သိ ရ၏။ ၁၄ ထိုနောက် ၊ ဒါဝိဒ် မြို့ပြင် ၊ ဂိဟုန် မြို့ အနောက် ဘက်၊ ချိုင့် ထဲမှာ ငါး တံခါးဝ တိုင်အောင် ၎င်း ၊ ဩဖေလ ရဲတိုက်ပတ်လည် ၌ ၎င်း ၊ အလွန်မြင့် သော မြို့ရိုး ကို တည် ၏။ ယုဒ ပြည်တွင် ခိုင်ခံ့ သောမြို့ ရှိသမျှ တို့၌ တပ်မှူး တို့ကို ခန့်ထား ၏။ ၁၅ တပါးအမျိုးတို့၏ ဘုရား များနှင့် အရင်လုပ် သောရုပ်တု ကို၊ ဗိမာန် တော်ထဲက ထုတ် ၍ ၊ ဗိမာန် တော် တောင် ပေါ် ၊ ယေရုရှလင် မြို့ထဲမှာ အရင်တည် သော ယဇ် ပလ္လင်တို့ကိုလည်း မြို့ ပြင် သို့ ထုတ် ပစ်လေ၏။ ၁၆ ထာဝရဘုရား ၏ ယဇ် ပလ္လင်ကိုပြုပြင် ၍ ၊ မိသဟာယ ယဇ် နှင့် ကျေးဇူး တော်ဝန်ခံရာ ယဇ် တို့ကိုပူဇော်၏။ ယုဒ ပြည်သားတို့သည်၊

ကျသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ကို ဝတ်ပြု မည်အကြောင်း မှာ ထား၏။ ၁၇ သို့ရာတွင် ပြည်သား တို့သည် မြင့် သောအရပ် ပေါ် မှာ ယဇ် ပူဇော်လျက်ပင်၊ မိမိ တို့ဘုရားသခင် ထာဝရဘုရား ကိုသာ ကိုးကွယ်ကြ၏။ ၁၈ မနာရှေ ပြုမူသောအမှုအရာ ကြွင်း လေသမျှတို့ နှင့် မိမိ ဘုရားသခင် ကို ဆုတောင်း ခြင်းအရာ၊ ကျသရေလ အမျိုး၏ ဘရားသခင် ထာဝရဘုရား အခွင့် နှင့် သူ့ အား ပရောဖက် တို့ ဟောပြော သောစကား သည်၊ ကျသရေလ ရာဇဝင် ၌ ရေးထားလျက်ရှိ၏။ ၁၉ သူ ဆုတောင်း ခြင်း၊ ဘုရားသခင်နားထောင်တော်မူခြင်း၊ အမှုမရောက်မှီ ပြစ်မှားလွန်ကျူးခြင်း၊ မြင့် သောအရပ် တို့ကို တည် ခြင်း၊ အာရှရ ပင်နှင့် ရုပ်တု ဆင်းတုတို့ကို တည်ထောင် ခြင်းအရာတို့သည်၊ ဟောဇဲ ၏ ကျမ်းစကား တွင် ရေးထား လျက်ရှိ၏။ ၂၀ မနာရှေ သည် ဘိုးဘေး တို့နှင့် အိပ်ပျော် ၍ ၊ မိမိ အိမ် ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ သား တော်အာမုန် သည်ခမည်းတော် အရာ ၌နန်း ထိုင်၏။ ၂၁ အာမုန် သည်အသက် နှစ်ဆယ် နှစ် နှစ်ရှိသော်၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ နှစ် နှစ် စိုးစံ လေ၏။ ၂၂ ထိုမင်းသည် ခမည်းတော် မနာရှေ ပြု သကဲ့သို့ ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၏။ ခမည်းတော်လုပ် သော ရုပ်တု ဆင်းတုရှိသမျှ တို့အား ယဇ် ပူဇော်၍ ဝတ်ပြု ၏။ ၂၃ ခမည်းတော် သည် ထာဝရဘုရား ရှေ့ တော်၌ ကိုယ်ကိုနှိမ့်ချ သကဲ့သို့ မ နှိမ့်ချ ဘဲအထူးသဖြင့် ပြစ်မှား ၏။ ၂၄ မိမိ ကျွန် တို့သည် သင်းဖွဲ့ ၍ နန်းတော် ၌ လုပ်ကြံ ကြ၏။ ၂၅ အာမုန် မင်းကြီး တစ်ဘက် ၌သင်းဖွဲ့ သောသူ အပေါင်း တို့ကို၊ ပြည်သူ ပြည်သားတို့သည် ကွပ်မျက် ၍ ၊ သား တော်ယောရှိ ကို ခမည်းတော် အရာ ၌နန်း တင်ကြ၏။

၃၄ ယောရှိ သည် အသက် ရှစ် နှစ်ရှိသော်နန်း ထိုင်၍ ယေရုရှလင် မြို့၌ သုံးဆယ် တ နှစ် စိုးစံ လေ၏။ ၂ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ တရား သောအမှုကိုပြု ၍ ၊ လက်ျာ ဘက်လက်ဝဲ ဘက်သို့ မ လွှဲ ၊ အဘ ဒါဝိဒ် လိုက်သောလမ်း သို့ လိုက် လေ၏။ ၃ အသက် တော်ငယ်စဉ် ၊ နန်းစံ ရှစ် နှစ် တွင် ၊ အဘ ဒါဝိဒ် ၏ ဘုရားသခင် ကို ဆည်းကပ် စ ပြု၏။ တဆယ် နှစ် နှစ် တွင် ယုဒ ပြည်၊ ယေရုရှလင် မြို့၌ ရှိသောကုန်း ၊ အာရှရ ပင်၊ ထု သောရုပ်တု၊ သွန်း သောရုပ်တုတို့ကို သုတ်သင် ပယ်ရှင်းစ ပြု၏။ ၄ ဗာလ ဘုရားတို့ ယဇ် ပလ္လင်များကို ရှေ့ တော်၌ ဖြိုချ ၍ ၊ ယဇ်ပလ္လင်ပေါ် တွင် အမြင့်တင်ထားသော ရုပ်တု တို့ကို ခုတ်လှဲ ကြ၏။ အာရှရ ပင်များနှင့် ထု သောရုပ်တု၊ သွန်း သောရုပ်တုများကိုချိုးဖဲ့ ၍ ညက်ညက် ချေပြီးလျှင် ၊ ယဇ် ပူဇော်သောသူတို့၏ သချိုင်း ပေါ် မှာ ဖြန့်ဖြူး တော်မူ ၏။ ၅ ယဇ်ပုရောဟိတ် တို့အရိုး ကို ထိုယဇ် ပလ္လင်တည်ရာအပေါ် မှာ မီးရို့ ၍ ၊ ယုဒ ပြည်နှင့် ယေရုရှလင် မြို့ကို စင်ကြယ် စေတော်မူ၏။ ၆ ထိုအတူ မနာရှေ ခရိုင် ၊ ဧဖရိမ် ခရိုင်၊ ရှိမောင် ခရိုင်၊ နဿလိ ခရိုင် တိုင်အောင် ၊ အရပ်ရပ် မြို့များတို့ ၌ ပေါက်တူး နှင့်လုပ်လျက်၊ ၇ ယဇ် ပလ္လင်နှင့် အာရှရ ပင်တို့ကို ချိုးဖဲ့ ၍ ၊ ကျသရေလ ပြည် တလျှောက်လုံး ၌ ရှိသမျှ သောရုပ်တု ဆင်းတုတို့ကို ခုတ်လှဲ ၍ ညက်ညက် ချေပြီးမှ ယေရုရှလင် မြို့သို့ ပြန် တော်မူ၏။ ၈ နန်းစံ ဆယ် ရှစ် နှစ် တွင် ၊ နိုင်ငံ တော်နှင့် ဗိမာန် တော်ကို စင်ကြယ် စေပြီးမှ ၊ မိမိ ဘုရားသခင် ထာဝရဘုရား ၏ အိမ် တော်ကို ပြုပြင် လိုသောငှါ ၊ အာဇလိ ၏ သား ရှာဖန် ၊ မြို့ဝန် မာသေယ ၊ ယောခတ် သား အတွင်းဝန် ယောအာ တို့ကို စေလွှတ် တော်မူ၏။ ၉ ထိုသူတို့သည် ယဇ် ပုရောဟိတ်မင်း ဟိလခိ ထံ သို့ သွား ၍ ၊ ဗိမာန် တော်သို့ လူများဆောင်ခဲ့သောငွေ၊

မနာရှေ အမျိုးသား၊ ဧဖရိမ် အမျိုးသား၊ ကျန်ကြွင်း သော ဣသရေလ အမျိုးသားရှိသမျှ ၊ ယုဒ အမျိုးသား၊ ဗင်္ာမိန် အမျိုးသား၊ ယေရုရှလင် မြို့သူမြို့သားအပေါင်း တို့လက် မှ တံခါး စောင့် လေဝိ သားတို့ခံ သော ငွေ ကိုယူ ၍၊ ၁၀ ဗိမာန် တော်ကို ကြည့်ရှု ပြုစုသောသူတို့ ၌ အပ် သဖြင့် ၊ သူတို့သည် ဗိမာန် တော်ကို ပြုပြင် ခြင်းငှါ လုပ်ဆောင် သောသူ၊ ၁၁ ဗိသုကာနှင့် လက်သမား လုပ် သည့်အတွက် ၊ ယုဒ ရှင်ဘုရင် ဖျက်ဆီး သော အဆောင် တို့ကို ပြင်စရာ ဘို့ ဆစ်သောကျောက်များနှင့် ထုပ်လျောက်ရန်ယ်များကို ဝယ် သည်အတွက် ပေး ကြ၏။ ၁၂ လုပ်ဆောင် သူ တို့သည် သစ္စာ စောင့် ကြ၏။ လေဝိ အမျိုး၊ မေရာရိ အနွယ် ၊ ယာဟတ် နှင့် သြဗဒိ ၊ ကောဟတ် အနွယ် ၊ ဇာခရိ နှင့် မေရှလံ အစ ရှိသော တူရိယာ မျိုးကို တီးမှုတ်လျက် ၊ သီချင်းဆိုတတ်သော လေဝိ သားအပေါင်း တို့သည် ကြည့်ရှု နှိုးဆော်ကြ၏။ ၁၃ ထိုသူတို့သည် ဝန်ထမ်း သောသူမှစ၍ ၊ အလုပ် မျိုးကို လုပ်ဆောင် သော သူအပေါင်း တို့ကို ကြည့်ရှုအုပ်ချုပ် ကြ၏။ လေဝိ သားအချို့တို့သည်လည်း စာရေး ၊ တရားသူကြီး ၊ တံခါးစောင့် လုပ် ကြ၏။ ၁၄ ဗိမာန် တော်သို့ ဆောင် ခဲ့သောငွေ ကို ထုတ် သောအခါ ၊ ယဇ်ပုရောဟိတ် ဟိလခိ သည် မောရှေ ရေးထားသော ထာဝရဘုရား ၏ ပညတ္တိ ကျမ်းစာစောင် ကို တွေ့ ၍၊ ၁၅ တွေ့ ကြောင်းကို စာရေး တော်ရှာဖန် အား ပြော လျက် ထိုကျမ်းစာကို အပ် ပေး၏။ ၁၆ ရှာဖန် သည် ရှင်ဘုရင် ထံသို့ ယူသွား ၍ ၊ ကိုယ်တော် ကျွန် တို့သည် မှာ ထားတော်မူသမျှ အတိုင်း ပြု ကြ ပါ၏။ ၁၇ ဗိမာန် တော်၌ တွေ့ သောငွေ ကို မှုတ် ၍ ၊ အုပ်ချုပ် သောသူနှင့် လုပ်ဆောင် သောသူတို့ ၌ အပ် ပါပြီဟူ၍ငင်း၊ ၁၈ ယဇ်ပုရောဟိတ် ဟိလခိ သည် ကျွန်တော် ၌ စာစောင် ကို အပ် ပါပြီဟူ၍ငင်း ကြားလျှောက် လျက် ၊ ရှင်ဘုရင် ရှေ့ တော်၌ ဘတ်ရွတ် လေ၏။ ၁၉ ရှင် ဘုရင်သည် တရား စကား ကိုကြား လျှင် ၊ မိမိ အဝတ် ကိုဆုတ် ၍၊ ၂၀ ယဇ်ပုရောဟိတ်ဟိလခိ ၊ ရှာဖန် သား အဟိကံ ၊ မိက္ခါ သား အာဗဒုန် ၊ စာရေး တော်ရှာဖန် ၊ မိမိကျွန် အာသာယ ကို ခေါ် ၍၊ ၂၁ ယခုတွေ့သော ကျမ်းစကားကြောင့် ငါ့ အတွက် ဣသရေလ ပြည်နှင့် ယုဒ ပြည်၌ ကျန်ကြွင်း သေးသောသူတို့ အတွက် ထာဝရဘုရား ၌ မေးလျှောက် ကြပါ။ ဘိုးဘေး တို့သည် ထာဝရဘုရား ၏ အမိန့် တော်ကို နား မ ထောင်၊ ဤ ကျမ်းစာ ၌ ရေးထား သမျှ အတိုင်း မကျင့် ဘဲ နေသောကြောင့်၊ ထာဝရဘုရား သည် ငါ တို့ ၌ ပြင်းစွာ အမျက် ထွက်တော်မူလိမ့်မည်ဟု မိန့်တော်မူ၏။ ၂၂ ထိုကာလတွင်၊ ဟရဟတ် သား ဖြစ်သော တိကဝ ၏သား အချုပ်ဝန်ရှလ္လံ ၏မယား ၊ ပရောဖက်မ ဟုလဒ သည် ယေရုရှလင် မြို့၌ နေ သည်ဖြစ်၍၊ ဟိလခိ နှင့် ရှင်ဘုရင် ၏လူ တို့သည် ထိုမိန်းမ ထံသို့ သွား၍ ပြောဆို ကြ၏။ ၂၃ မိန်းမကလည်း၊ ငါ့ ထံသို့ စေလွှတ် သော သူ ထံသို့ သင် တို့ ပြန်၍ ဆင့်ဆို ရသော ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရ ဘုရား၏ အမိန့် တော်ဟူမူကား၊ ၂၄ ယုဒ ရှင်ဘုရင် ရှေ့မှာ ဘတ် ရသော ကျမ်းစာ ၌ ရေးထား သမျှ သောအကျိန် စကားပြည့်စုံစေခြင်းငှါ၊ ငါသည်ဤ အရပ် ၌ ၎င်း ၊ ဤ အရပ် သားတို့ ၌ ၎င်း ဘေး ရောက် စေမည်။ ၂၅ အကြောင်း မူကား၊ သူတို့သည် ငါ့ ကိုစွန့် ကြပြီ။ မိမိ လုပ် သော အရာတို့ ဖြင့် ငါ့ အမျက် ကိုနှိုးဆော်ခြင်းငှါ ၊ အခြား တပါးသော ဘုရား တို့ရှေ့မှာ နံ့သာပေါင်း ကို မီးရှို့ကြပြီ။ ထိုကြောင့်ဤ အရပ် ၌ ငါ့ အမျက် မီးသည် မ ငြိမ်း ဘဲလောင် ရလိမ့်မည်ဟု မိန့်တော်မူ၏။ ၂၆ ထာဝရဘုရား ကို မေးလျှောက် စေခြင်းငှါ ၊ သင် တို့ကိုစေလွှတ် သော

ယုဒ ရှင်ဘုရင် ကြား သော ကျမ်းစကား ကို ရည်ဆောင် ၍ ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူကြောင်း ကို ထိုရှင်ဘုရင်အား တဖန်ပြန်လျှောက်ရမည်ကား၊ ၂၇ ဤ အရပ် ကို ၎င်း ၊ ဤအရပ်သားတို့ကိုဂင်း၊ ငါခြိမ်းချောက်သော စကား ကို သင် သည်ကြား သောအခါ ၊ နှူးညံ့ သောစိတ်ရှိ၍ ၊ ဘုရားသခင်ရှေ့တော်၌ ကိုယ်ကိုနှိမ့်ချခြင်း၊ ကိုယ် အဝတ် ကိုဆုတ် ခြင်း၊ ငါ့ ရှေ့မှာ ငိုကြွေး ခြင်းကိုပြုသောကြောင့် ၊ သင့်စကား ကို ငါ နားထောင် ၏။ ၂၈ ငါ သည် သင် ကို ဘိုးဘေး စုဝေး ရာသို့ ပို့ဆောင်၍၊ သင် သည် ငြိမ်ဝပ် စွာ သင်္ချိုင်း သို့ရောက် ရလိမ့်မည်။ ဤ အရပ် ၌ ၎င်း၊ ဤအရပ်သားတို့ ၌ဂင်း၊ ငါ ရောက် စေအံ့သော ဘေး ကို သင့် ကိုယ်တိုင် မ တွေ့ မမြင်ရဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုသည် အတိုင်း၊ သူတို့သည် ရှင်ဘုရင် အား ပြန် လျှောက် ကြ၏။ ၂၉ ထိုအခါ ရှင်ဘုရင်သည် ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားအသက်ကြီး သူအပေါင်း တို့ကို ခေါ် ၍၊ ၃၀ ယုဒ ပြည်သူ ယေရုရှလင် မြို့သား ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ လူ အကြီး အငယ် အပေါင်း တို့နှင့်တကွ ၊ ဗိမာန် တော်သို့ တက် ၍ ဗိမာန်တော်၌တွေ့ သော ပဋိညာဉ် ကျမ်းစာ ရှိသမျှ ကို သူ တို့ရှေ့မှာ ဘတ် တော်မူ၏။ ၃၁ ရှင်ဘုရင် ကလည်း ၊ ထာဝရဘုရား ကို ဆည်းကပ် ပါမည်။ စီရင် ထုံးဖွဲ့ချက်ပညတ် တရားကို စိတ်နှလုံး အကြွင်းမဲ့စောင့်ရှောက် ပါမည်။ ဤ ကျမ်းစာ ၌ ပါ သောပဋိညာဉ် စကား အတိုင်း ကျင့် ပါမည်ဟု မိမိ နေရာ ၌ ရပ် ၍ အဓိဋ္ဌာန် ပြု ၏။ ၃၂ စည်းဝေးသော ယုဒအမျိုးနှင့် ဗင်္ယာမိန် အမျိုးသား အပေါင်း တို့သည်၊ ထိုအဓိဋ္ဌာန်ကို ဝန်ခံရမည် အကြောင်းစီရင်တော်မူ၏။ ယေရုရှလင် မြို့သား တို့ သည်လည်း ၊ ဘိုးဘေး တို့ကိုးကွယ်သော ဘုရားသခင် ၏ ပဋိညာဉ် တရားအတိုင်း ကျင့် ကြ၏။ ၃၃ ယောရှိမင်းသည်လည်း ၊ ရွံရှာ ဘွယ်သောအရာရှိသမျှ တို့ ကို ဣသရေလ အမျိုးသား ပိုင်သော ပြည်အရပ်ရပ် တို့မှ ပယ်ရှား၍၊ ဣသရေလအမျိုးသားပိုင်သော ပြည်အရပ်ရပ်တို့မှ ပယ်ရှား၍၊ ဣသရေလပြည်၌ နေသောသူအပေါင်းတို့သည်၊ မိမိတို့ဘုရားသခင် ထာဝရဘုရား ကို ဝတ်ပြု ရမည်အကြောင်း ၊ စီရင်တော်မူသဖြင့်၊ လက်ထက် တော်ကာလပတ်လုံး သူတို့သည် မ ဖောက်ပြန် ၊ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား နောက်တော်သို့ လိုက်လျက်နေကြ၏။

၃၅ တဖန် ယောရှိ မင်းသည် ယေရုရှလင် မြို့၌ ထာဝရဘုရား အဘို့ ပသခါ ပွဲကို ခံ တော်မူ၍ ပဌမ လ တဆယ် လေးရက်နေ့တွင် ၊ ပသခါ သိုးသငယ်ကိုသတ် ကြ၏။ ၂ ယဇ် ပုရောဟိတ်တို့ကို မိမိ တို့အရာ ၌ ခန့်ထား ၍ ၊ ဗိမာန် တော်အမှု ကို စောင့်စေခြင်းငှါနှိုးဆော် တော်မူ၏။ ၃ ဣသရေလ အမျိုးရှိသမျှ ကို သွန်သင် ၍ ၊ ထာဝရဘုရား အဘို့ သန့်ရှင်း သောလေဝိ သားတို့ကိုခေါ် ၍၊ ဣသရေလ ရှင်ဘုရင် ဒါဝိဒ် သား ရှောလမုန် တည်ဆောက် သော အိမ် ၌ သန့်ရှင်း သော သေတ္တာ တော်ကို သွင်း ထား ကြလော့။ နောက်တဖန် သေတ္တာတော်ကို မ ထမ်း ဘဲ၊ သင် တို့၏ ဘုရားသခင် ထာဝရဘုရား၏အမှု၊ ဘုရားသခင် ၏လူ ဣသရေလ အမျိုး၏ အမှု ကို ထမ်းကြလော့။ ၄ ဣသရေလ ရှင်ဘုရင် ဒါဝိဒ် မှတ်စာ ၊ သား တော် ရှောလမုန် မှတ်စာ နှင့်အညီ သင်းဖွဲ့ သည်အတိုင်း ၊ အဆွေအမျိုး အလိုက် ကိုယ်ကိုပြင်ဆင် ၍၊ ၅ ပြည်သူ ပြည်သားဖြစ်သော သင် တို့ ညီအစ်ကို အဘ တို့ အဆွေအမျိုး နှင့် လေဝိ သား အဆွေအမျိုး အသီးအသီးနေရာ ရှိသည်အတိုင်း ၊ သန့်ရှင်း ရာဌာနတော်၌ ရပ် နေကြလော့။ ၆ ထိုသို့ ပသခါ သိုးသငယ်ကိုသတ် ၍ ကိုယ်ကိုသန့်ရှင်း

စေကြလော့။ သင် တို့ ညီအစ်ကို တို့သည် မောရှေ အားဖြင့် ထာဝရဘုရား မှာထား တော်မူသည် အတိုင်း ပြု စေခြင်းငှါ ၊ သူတို့ကိုလည်း ပြင်ဆင် ကြလော့ဟု မိန့်တော်မူ၏။ ၇ စည်းဝေးသောသူအပေါင်း တို့သည် ပသခါ ပွဲခံ စရာဘို့၊ ယောရှိ မင်းသည် မိမိဥစ္စာ၊ သိုးသငယ်၊ ဆိတ် သငယ်သုံး သောင်းနှင့် နွား သုံး ထောင် ကိုပေး တော်မူ၏။ ၈ မှူးမတ် တို့သည်လည်း ၊ စေတနာ စိတ်ရှိ၍ လူ များ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့အား ပေး ကြ၏။ ဗိမာန် တော်မှူး ဟိလခိ ၊ ဇာခရိ ၊ ယေဟေလ သည်လည်း ၊ ပသခါ ပွဲခံစရာဘို့ သိုးဆိတ်နှစ်ထောင် ခြောက်ရာနှင့် နွား သုံး ရာကို ယဇ်ပုရောဟိတ် တို့အား ပေး ကြ၏။ ၉ လေဝိ သားအကြီးအကဲ ၊ ကောနနိ ၊ ရှေမာယ ၊ ဟာရှဘိ ၊ ယေယေလ ၊ ယောဇဗဒ် ၊ နာသနေလ နှင့် သူ ၏ညီ များတို့သည်လည်း ၊ ပသခါ ပွဲခံစရာဘို့ သိုးဆိတ် ငါး ထောင်နှင့် နွား ငါး ရာကိုလေဝိ သားတို့အား ပေး ကြ၏။ ၁၀ ထိုသို့ ရှင်ဘုရင် အမိန့် တော်အတိုင်း ၊ ဝတ်ပြုစရာ ပြင်ဆင်၍ ယဇ် ပုရောဟိတ်တို့သည် မိမိ တို့နေရာ ၌ ရပ်၍ ၊ လေဝိ သားတို့သည် မိမိ တို့ အမှု ကို ဆောင်ရွက် ကြ၏။ ၁၁ ပသခါ သိုးသငယ်ကိုသတ် ၍ ၊ ယဇ် ပုရောဟိတ်တို့သည် အသွေးကို လက် နှင့် ဖြန်း လျက် ၊ လေဝိ သားတို့သည် အရေ ကိုခွာလျက် ပြုကြ၏။ ၁၂ မောရှေ ကျမ်းစာ ၌ ရေး ထားသည်အတိုင်း ၊ ထာဝရဘုရား အား ပူဇော် စရာဘို့ လူ များအဆွေအမျိုး အလိုက် အသီးအသီး တို့အား ပေး ဝေခြင်းငှါ ၊ မီးရှို့ ရာယဇ်များ နှင့် နွား များကို ခွဲ ထားကြ၏။ ၁၃ ထုံးဖွဲ့ တော်မူသည်အတိုင်း ၊ ပသခါ သိုးသငယ်ကို မီး နှင့် ကင် ကြ၏။ သန့်ရှင်း သော ပူဇော်သက္ကာအခြား တို့ကို မြေအိုး၊ သံအိုး၊ သံကရား ၌ ပြုတ် ၍ လူ အပေါင်း တို့အား အလျင်အမြန် ဝေဖန်ကြ၏။ ၁၄ ထိုနောက်မှ ကိုယ် အတို့ နှင့် ယဇ်ပုရောဟိတ် အတို့ ကို ပြင်ဆင် ကြ၏။ အာရုန် သား ယဇ် ပုရောဟိတ်တို့ သည် ညဦး တိုင်အောင် မီးရှို့ ရာယဇ်နှင့် ဆီဥ ကိုပူဇော် လျက် နေရသောကြောင့် ၊ လေဝိ သားတို့သည် ကိုယ် အတို့ ကိုဂင်း ၊ အာရုန် သား ယဇ်ပုရောဟိတ် အတို့ ကိုဂင်း ပြင်ဆင် ကြ၏။ ၁၅ ဒါဝိဒ် နှင့် ရှင်ဘုရင် ၏ ပရောဖက် အာသပ် ၊ ဟေမန် ၊ ယေဒုသုန် တို့စီရင် သည်အတိုင်း ၊ အာသပ် အမျိုးသား သီချင်းသည် တို့သည် မိမိ တို့နေရာ ၌ ရှိကြ၏။ တံခါး စောင့် တို့သည် မိမိ တို့အမှု ကို မ ရှောင် ၊ တံခါး ရှိသမျှတို့ ကိုစောင့်ကြ၏။ သူ တို့ ညီအစ်ကို လေဝိ သားတို့သည် သူ တို့အဘို့ ပြင်ဆင် ကြ၏။ ၁၆ ထိုသို့ ယောရှိ မင်းကြီး မိန့် တော်မူသည်အတိုင်း ပသခါ ပွဲကိုခံ ၍ ထာဝရဘုရား ၏ယဇ် ပလ္လင်ပေါ် မှာ မီးရှို့ ရာယဇ်တို့ကို ပူဇော် ခြင်းငှါ၊ ထာဝရ ဘုရားအား ပြု ရ သော ဝတ်အလုံးစုံ ကို၊ ထို နေ့ ခြင်းတွင် ပြင်ဆင် ကြ၏။ ၁၇ စည်းဝေး သောကလသရေလ အမျိုးသား တို့သည်၊ ထိုအခါ ပသခါ ပွဲကိုဂင်း၊ အခုမ ပွဲ ကိုဂင်း ၊ ခုနစ် ရက် ပတ်လုံးခံ ကြ၏။ ၁၈ ယောရှိ မင်းနှင့် ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ စည်းဝေးသောယုဒ ပြည်၊ ကလသရေလ ပြည်သား၊ ယေရုရှလင် မြို့သား အပေါင်းတို့ခံ သော ထို ပသခါ ပွဲကဲ့သို့ သော ပွဲကို ပရောဖက် ရှမွေလ လက်ထက် မှစ၍ ကလသရေလ နိုင်ငံ၌ မ ခံ။ထိုသို့သော ပသခါ ပွဲကို ကလသရေလ ရှင်ဘုရင် တယောက် မျှ မ ခံ။ ၁၉ ယောရှိ မင်းနန်းစံ ဆယ် ရှစ် နှစ် တွင် ၊ ထို ပသခါ ပွဲကိုခံ ကြ၏။ ၂၀ ထိုနောက်မှ ၊ ယောရှိ သည် ဗိမာန် တော်ကို ပြင်ဆင် ပြီးမှ ၊ အဲဂုတ္တု ရှင်ဘုရင် နေခေါ သည် ဥဖရတ် မြစ်နား ၊ ခါခေမိတ် မြို့သို့ စစ်ချီ သည်တွင် ၊ ယောရှိ မင်းသည် ဆီးတား ခြင်းငှါ ထွက် လေ၏။ ၂၁ အဲဂုတ္တုရှင်ဘုရင်က၊ အိုယုဒ ရှင်ဘုရင် ၊ သင် သည် ငါ နှင့် အဘယ်သို့ ဆိုင်သနည်း။ သင့် ကို

ယနေ့ ငါ စစ်ချီ သည်မ ဟုတ်။ ငါနှင့်စစ်တိုက်ဘက် ဖြစ်သော အမျိုးကိုစစ်ချီ၏။ ငါ အလျင် အမြန်ပြ မည်အကြောင်း ဘုရားသခင် မှာထားတော်မူပြီ။ ငါ့ ဘက်၌ ရှိသောဘုရားသခင် ကို ဆန့်ကျင်ဘက်မပြုဘဲနေလော့။ သို့မဟုတ် သင့် ကိုဖျက်ဆီး တော်မူမည်ဟု သံတမန် ကို စေလွှတ် ၍ မှာ လိုက်လေ၏။ ၂၂ သို့ရာတွင် ယောရှိ သည် မ လွှဲ မရှောင်၊ နေခေါ ဆင့်ဆို သော ဘုရားသခင် ၏ အမိန့် တော်ကို နား မ ထောင်၊ စစ်တိုက် ခြင်းငှါ ခြားနားသော အယောင် ကို ဆောင်လျက် ၊ မေဂိဒ္ဒေါ ချိုင့် ၌ စစ် ပွဲထဲသို့ ဝင် လေ၏။ ၂၃ လေးသူရဲတို့သည် ယောရှိ မင်းကြီး ကိုပစ်၍ မှန် သဖြင့်၊ မင်းကြီး က ငါ့ ကိုဆောင် သွားလော့။ ပြင်းစွာ အထိအခိုက် ခံရသည်ဟု ကျွန် တို့အား ဆို လျှင်၊ ၂၄ ကျွန် တို့သည် ရထား တော်ပေါ် က ချ ၍၊ ဒုတိယ ရထား တော်ပေါ် ၌ တင် ပြီးလျှင် ၊ ယေရုရှလင် မြို့သို့ ဆောင်သွား သောအခါ ၊ အနိစ္စ ရောက်၍ ဘိုးဘေး တို့ သင်္ချိုင်း ၌ သင်္ဂြိဟ် ခြင်းကိုခံ လေ၏။ ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားအပေါင်း တို့သည်၊ ယောရှိ မင်းအနိစ္စ ရောက်သောကြောင့် ဝိုကြွေး မြည်တမ်းခြင်းကို ပြုကြ၏။ ၂၅ ယေရမိ သည်လည်း မြည်တမ်း သောစကားကို စီရင်၍ သီချင်း သည်ယောက်ျားမိန်းမ ရှိသမျှ တို့သည်၊ ယနေ့ တိုင်အောင် ယောရှိ မင်းကို အောက်မေ့ လျက် ၊ ထိုမြည်တမ်းသောစကားကို သုံးဆောင်သဖြင့်၊ ကြသရေလ ထုံးစံ ဖြစ်လေ၏။ ထိုစကားသည် မြည်တမ်း စာ၌ ရေး ထားလျက်ရှိသတည်း။ ၂၆ ယောရှိ ပြုမူသော အမှုအရာ ကြွင်း လေသမျှ တို့နှင့် ထာဝရဘုရား ၏ ပညတ်တို် ကျမ်း၌ ရေး ထားသည် အတိုင်း ကျေးဇူး ပြုခြင်း၊ ၂၇ အကျင့်ကျင့်ခြင်းအရာအစ အဆုံး တို့သည်၊ ကြသရေလ ရာဇဝင်နှင့် ယုဒ ရာဇဝင် ၌ ရေး ထားလျက် ရှိ၏။

၃၆ ပြည်သူ ပြည်သားတို့သည် ယောရှိ သား ယောခတ် ကို ယူ ၍ ၊ ယေရုရှလင် မြို့မှာ ခမည်းတော် အရာ ၌ နန်း တင်ကြ၏။ ၂ ယောခတ် သည် အသက် နှစ်ဆယ် သုံး နှစ်ရှိသော်၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ သုံး လ စိုးစံ လေ၏။ ၃ ထိုမင်း ကို အဲဂုတ္တု ရှင် ဘုရင်သည် ယေရုရှလင် မြို့မှာ နန်း ချ၍ ၊ ယုဒပြည်၌ ငွေ အခွက် တထောင် နှင့် ရွှေ အခွက် တဆယ်ကို အခွန် တောင်းလေ၏။ ၄ အဲဂုတ္တု ရှင်ဘုရင် နေခေါ သည်လည်း ၊ ယောခတ် ၏နောင်တော် ဧလျာကိမ် ကို ယုဒ ပြည်ယေရုရှလင် မြို့ နန်းတော် ပေါ် မှာ တင်၍။ယောယကိမ် အမည် သစ်ကိုပေး ပြီးလျှင် ၊ ညီတော်ယောခတ်ကို အဲဂုတ္တု ပြည်သို့ ယူ သွား၏။ ၅ ယောယကိမ် သည် အသက် နှစ်ဆယ် ငါး နှစ် ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင် မြို့၌ တဆယ် တနှစ် စိုးစံ လေ၏။ ထိုမင်းသည် မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၏။ ၆ ထိုကြောင့် ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ချီ လာ၍ ၊ ဗာဗုလုန် မြို့သို့ ယူသွား ခြင်းငှါ ၊ သံကြိုး ဖြင့် ချည်နှောင် လေ၏။ ၇ ဗိမာန် တော်တန်ဆာ အချို့တို့ကိုလည်း ယူ သွား ၍ ၊ ဗာဗုလုန် မြို့ ဗိမာန် ၌ ထား လေ၏။ ၈ ယောယကိမ် ပြုမူသော အမှု အရာ ကြွင်း လေ သမျှတို့နှင့် ပြု မိသော ရွံရှာ ဘွယ်အမှု၊ ထင်ရှား သောစိတ် သဘောသည်၊ ကြသရေလ ရာဇဝင်နှင့် ယုဒ ရာဇဝင် ၌ ရေး ထားလျက်ရှိ၏။ သား တော်ယေခေါနိ သည် ခမည်းတော် အရာ ၌ နန်း ထိုင်၏။ ၉ ယေခေါနိ သည် အသက်တဆယ်ရှစ်နှစ်ရှိသော်နန်း ထိုင်၍ ယေရုရှလင် မြို့၌ သုံး လ နှင့် ဆယ် ရက် စိုးစံ လေ၏။ ထိုမင်းသည် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ကိုပြု ၏။ ၁၀ နှစ် လည် သောအခါ ၊ နေဗုခဒ်နေဇာ

မင်းကြီး သည် စစ်ချီ စေ၍ ၊ ထိုမင်းနှင့်တကွကောင်းမွန် သော ဗိမာန် တော်တန်ဆာ တို့ကို ဗာဗုလုန် မြို့သို့ ယူ သွား၍ ၊ ဘထွေး တော် ဇေဒကိ ကို၊ ယုဒ ပြည် ယေရုရှလင် မြို့ နန်းတော် ပေါ်မှာ တင်လေ၏။ ၁၁ ဇေဒကိ သည် အသက် နှစ်ဆယ် တနှစ် ရှိသော် ၊ နန်း ထိုင်၍ ယေရုရှလင် မြို့၌ တဆယ် တနှစ် စိုးစံ လေ၏။ ၁၂ ထိုမင်းသည်လည်း၊ မိမိ ဘုရားသခင် ထာဝရဘုရား ရှေ့ တော်၌ ဒုစရိုက် ပြု ၏။ ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆိုသော ပရောဖက် ယေရမိ ရှေ့မှာ ကိုယ်ကိုမ နှိမ့်ချ ။ ၁၃ ဘုရားသခင် အကျိန် တိုက်ပြီးသော နေဗုခဒ်နေဇာ မင်းကြီး ကို ပုန်ကန် လေ၏။ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ထံ တော်သို့ မပြန် မည် အကြောင်း ၊ မိမိ လည်ပင်း ကိုဌင်း ၊ မိမိ နှလုံး ကိုဌင်း ခိုင်မာ စေ၏။ ၁၄ ထိုမှတပါး ၊ ယဇ်ပုရောဟိတ် အကြီး များနှင့် ပြည်သူ ပြည်သားရှိသမျှ တို့သည်၊ တပါးအမျိုးသား ရွံရှာဘွယ် ပြုသည်အတိုင်း ၊ အလွန် ပြစ်မှား ကြ၏။ ယေရုရှလင် မြို့၌ ထာဝရဘုရား သန့်ရှင်း စေတော်မူသော ဗိမာန် တော်ကို ညစ်ညူး စေကြ၏။ ၁၅ ဘိုးဘေး တို့၏ ဘုရားသခင် ထာဝရဘုရား သည်၊ မိမိ လူမျိုး နှင့် မိမိ နေ တော်မူရာအရပ်ကို သနား သောကြောင့် ၊ စောစော ထ၍ အထပ်ထပ်စေလွှတ် သော တမန် တို့အားဖြင့် မှာလိုက်တော်မူသော်လည်း၊ ၁၆ ဘုရားသခင် ၏ တမန် တို့ကို ပြက်ယယ် ပြု၍ အမိန့် တော်ကို နား မထောင်၊ ပရောဖက် တို့ကို ညှဉ်းဆဲသောကြောင့်၊ ထာဝရဘုရား ၏အမျက် တော် မ ငြိမ်း နိုင်အောင်၊ မိမိ လူမျိုး ကို ထွက် သဖြင့်၊ ၁၇ ခါလဒဲ ရှင် ဘုရင်ကို စစ်ချီ စေတော်မူ၏။ ထိုရှင်ဘုရင်သည် သန့်ရှင်း ရာဌာန အိမ် တော်၌ လူပျို တို့ ကို ထား နှင့် သတ် ၏။ ယောကျ်ား ပျို၊ မိန်းမ ပျို၊ လူအို ၊ အသက်ကြီး၍ ကျောကုန်းသောသူတို့ ကိုပင် မ သနား ၊ ရှိသမျှ တို့ကို ထိုရှင် ဘုရင် လက် သို့ အပ် တော်မူ၏။ ၁၈ ဗိမာန် တော်တန်ဆာ အကြီး အငယ် ရှိသမျှ တို့ကိုဌင်း ၊ ဗိမာန် တော်ဘဏ္ဍာ ၊ နန်းတော် ဘဏ္ဍာ ၊ မှူးမတ် ဘဏ္ဍာရှိသမျှ တို့ကိုဌင်း ၊ ဗာဗုလုန် မြို့ သို့ ယူ သွား၏။ ၁၉ ဗိမာန် တော်ကိုလည်း မီးရို့ ၍ ယေရုရှလင် မြို့ရိုး ကို ဖြိုဖျက် ကြ၏။ မင်း အိမ် ရှိသမျှ တို့ကိုလည်း မီးရို့ ၍ မြို့တန်ဆာ အကောင်း အမြတ်ရှိသမျှ တို့ကို ဖျက်ဆီး ကြ၏။ ၂၀ ထား ဘေးနှင့် လွတ် သောသူတို့ကို၊ ဗာဗုလုန် မြို့ သို့ သိမ်း သွား၍ ၊ သူတို့သည် ပေရသိ နိုင်ငံ မ တည်မှီ တိုင်အောင်ရှင်ဘုရင်ထံ၊ သား တော်မြေးတော်ထံ ၌ ကျွန် ခံလျက် နေ ရကြ၏။ ၂၁ ထိုသို့ ဣသရေလမြေသည် ဥပုသ်နေ့တို့ကို မွေ့လျော်စေခြင်းငှါ၊ ယေရမိ ဆင့်ဆို သော ထာဝရဘုရား ၏ အမိန့် တော်သည် ပြည့်စုံ ရ၏။ ထိုပြည် သည် လူဆိတ်ညံလျက်နေသောကာလ၊ အနှစ် ခုနစ်ဆယ် စေ့ အောင် ဥပုသ် နေ့ တို့ကို စောင့်သောအခွင့်ရှိသတည်း။ ၂၂ ယေရမိ ဆင့်ဆို သော ထာဝရဘုရား ၏အမိန့် တော်ကိုပြည့်စုံ စေခြင်းငှါ ၊ ပေရသိ ရှင်ဘုရင် ကုရု နန်းစံပဌမ နှစ် တွင် ၊ ထာဝရဘုရား နှိုးဆော် တော်မူသောအားဖြင့်၊ ထိုရှင်ဘုရင်သည်အမိန့် တော်စာ ကို ထုတ်ပြီးလျှင်၊ ပေရသိ နိုင်ငံ အရပ်ရပ် တို့ ၌ကြော်ငြာ စေ၍ ၂၃ ပေရသိ ရှင်ဘုရင် ကုရု မင်းမိန့် တော်မူသည်ကား၊ ကောင်းကင် ဘုံ၏အရှင်ဘုရားသခင် ထာဝရဘုရား သည်မြေကြီး ပေါ်မှာတိုင်း နိုင်ငံရှိသမျှ ကိုငါ အား ပေး တော်မူသည်ဖြစ်၍၊ ယုဒ ပြည်ယေရုရှလင် မြို့၌ အိမ် တော်ကို ငါ တည်ဆောက် ရမည်အကြောင်း မှာ ထားတော်မူပြီ။

၁ ယေရမိ ဆင့်ဆိုသော ထာဝရဘုရား ၏ အမိန့် တော်ကို ပြည့်စုံ စေခြင်းငှါ၊ ပေရသိ ရှင်ဘုရင် ကုရု နန်းစံပဌမ နှစ် တွင် ၊ ထာဝရဘုရား နှိုးဆော် တော်မူသော အားဖြင့်၊ ထိုရှင်ဘုရင်သည် အမိန့်တော်စာ ကို ထုတ်ပြီးလျှင်၊ ပေရသိနိုင်ငံအရပ်ရပ် တို့ ၌ ကြော်ငြာ စေ၍၊ ၂ ပေရသိ ရှင်ဘုရင် ကုရု မင်းမိန့် တော်မူသည် ကား၊ ကောင်းကင် ဘုံ၏အရှင် ဘုရား သခင်ထာဝရဘုရား သည်၊ မြေကြီး ပေါ်မှာ တိုင်း နိုင်ငံရှိသမျှ တို့ကို ငါ့ အား ပေး တော်မူသည်ဖြစ်၍၊ ယုဒ ပြည်ယေရုရှလင် မြို့၌ အိမ် တော်ကို ငါ တည် ဆောက်ရမည်အကြောင်း မှာ ထား တော်မူပြီ။ ၃ သင် တို့တွင် အဘယ်သူ သည် ဘုရား သခင်၏ လူ ဖြစ်သနည်း။ ထိုသူ နှင့်အတူ ဘုရား သခင်ရှိ တော်မူပါစေသော။ ယုဒ ပြည်ယေရုရှလင် မြို့သို့ သွား ၍ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ၏ အိမ် တော် ကို တည် ဆောက်စေ။ ယေရုရှလင် မြို့၌ ရှိတော်မူသော ဘုရားသည် ဘုရား သခင်ဖြစ်တော်မူ၏။ ၄ ဘုရားသခင်၏လူ တည်းခို ရာ အရပ်ရပ်၌ နေ သောသူတို့သည်၊ ယေရုရှလင် မြို့မှာ ရှိတော်မူသော ဘုရား သခင်၏ အိမ် တော်အဘို့ အလိုလို လှူသော အလှူမှတပါး၊ ရွှေ ၊ ငွေ ၊ ဥစ္စာ ၊ တိရစ္ဆာန် နှင့် မစ ဧစဟု မိန့်တော်မူ၏။ ၅ ထိုအခါ ယုဒ အဆွေအမျိုးနှင့် ဗင်္သာမိန် အဆွေအမျိုးသူကြီး များ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားများနှင့်တကွ ၊ ဘုရား သခင်ရှိုးဆော် တော်မူသောသူ အပေါင်း တို့ သည်၊ ယေရုရှလင် မြို့၌ ရှိတော်မူသော ထာဝရဘုရား ၏ အိမ် တော်ကို တည် ဆောက်ခြင်းငှါထ ကြ၏။ ၆ အိမ်နီးချင်း ရှိသမျှ တို့သည်၊ အလိုလိုလှူ သော အလှူမှတပါး၊ ငွေ တန်ဆာ နှင့် ရွှေ အစရှိသော ဥစ္စာ များ၊ တိရစ္ဆာန် များ၊ အဘိုး ထိုက်သော အရာတို့နှင့် မစ ကြ၏။ ၇ ထိုမှတပါး၊ ယေရုရှလင် မြို့မှ နေဗုခဒ်နေဇာ သိမ်း သွား၍၊ မိမိ ဘုရား တို့ဗိမာန် ၌ သွင်း ထားသော ဗိမာန် တော်တန်ဆာ တို့ကို၊ ၈ ပေရသိ ရှင်ဘုရင် ကုရု သည် ရွှေတိုက် စိုး မိသရေဒတ်လက် ဖြင့် ထုတ် ၍ ၊ ယုဒ မင်း ရှေရှဗာဇာ ၌ ရေတွက် လျက် အပ်တော်မူ၏။ ၉ ဗိမာန်တော် တန်ဆာစာရင်း ဟူမူကား၊ ရွှေ ဖလား သုံး ဆယ်၊ ငွေ ဖလား တ ထောင်၊ ထား နှစ် ဆယ်ကိုး စင်း၊ ၁၀ ရွှေ အိုး သုံး ဆယ်၊ ခြားနားသောငွေ အိုး လေး ရာ တ ဆယ်၊ အခြား သောတန်ဆာ တ ထောင်၊ ၁၁ ရွှေ တန်ဆာ ၊ ငွေ တန်ဆာအရေအတွက်ပေါင်း ကား၊ ငါး ထောင် လေး ရာ တည်း။ ထိုတန်ဆာများကို ရှေရှဗာဇာ သည် ယူ၍၊ အချုပ် ခံရသောလူစုထဲက၊ ဗာဗုလုန် မြို့မှ ယေရုရှလင် မြို့သို့ ခေါ် သွားသောသူတို့ နှင့်အတူ ဆောင် ခဲ့၏။

၂၂ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည်၊ ဗာဗုလုန် မြို့သို့ သိမ်းသွားသောလူစုထဲက ထွက် ၍ ဧရေဗဗေလ ၊ ယောရှု ၊ နေဟမိ ၊ သရာယ ၊ ရေလာယ ၊ မော်ဒကဲ ၊ ဗိလရှန် ၊ မိဇပါ ၊ ဗိဂဝဲ ၊ ရေဟုံ ၊ ဗာနာ တို့နှင့်အတူ လိုက်လာ ၍၊ ယေရုရှလင် မြို့အစရှိသောယုဒ ပြည်၌အသီးအသီး ဆိုင်သောမြို့ရွာ သို့ ရောက်သောနိုင်ငံတော်သားကြသရေလ လူစာရင်း ဟူမူကား၊ ၂ ပါရုတ် အမျိုးသား နှစ် ထောင်တရာ ခုနစ် ဆယ် နှစ် ယောက်၊ ၃ ရှေဖတိ အမျိုးသား သုံး ရာ ခုနစ်ဆယ်နှစ် ယောက်၊ ၄ အာရာ အမျိုးသား ခုနစ် ရာ ခုနစ် ဆယ်ငါး ယောက်၊ ၆ ပါဟတ် မောဘအမျိုး ၊ ယောရှု ယွာဘ

အမျိုးသား နှစ် ထောင်ရှစ် ရာ တဆယ် နှစ် ယောက်၊ ၇ ဧလံ အမျိုးသား တထောင် နှစ် ရာငါး ဆယ် လေး ယောက်၊ ၈ ဇတ္တု အမျိုးသား ကိုး ရာ လေး ဆယ်ငါး ယောက်၊ ၉ ဇကွဲ အမျိုးသား ခုနစ် ရာ ခြောက် ဆယ်၊ ၁၀ ဗာနိ အမျိုးသား ခြောက် ရာ လေး ဆယ်နှစ် ယောက်၊ ၁၁ ဗေဗဲ အမျိုးသား ခြောက် ရာ နှစ် ဆယ်သုံး ယောက်၊ ၁၂ အာဇဂဒ် အမျိုးသား တ ထောင်နှစ် ရာနှစ် ဆယ်နှစ် ယောက်၊ ၁၃ အဒေါနိကံ အမျိုးသား ခြောက် ရာ ခြောက် ဆယ်ခြောက် ယောက်၊ ၁၄ ဗိဂဝဲ အမျိုးသား နှစ် ထောင်ငါး ဆယ်ခြောက် ယောက်၊ ၁၅ အာဒိန် အမျိုးသား လေး ရာ ငါး ဆယ်လေး ယောက်၊ ၁၆ ဟေဇကိ နှင့် အာတာ အမျိုးသား ကိုး ဆယ်ရှစ် ယောက်၊ ၁၇ ဗေဇဲ အမျိုးသား သုံး ရာ နှစ် ဆယ်သုံး ယောက်၊ ၁၈ ယောရ အမျိုးသား တရာ တဆယ် နှစ် ယောက်၊ ၁၉ ဟာရှံ အမျိုးသား နှစ် ရာနှစ် ဆယ်သုံး ယောက်၊ ၂၀ ဂိဗ္ဗာ အမျိုးသား ကိုး ဆယ်ငါး ယောက်၊ ၂၁ ဗက်လင် မြို့သား တရာ နှစ် ဆယ်သုံး ယောက်၊ ၂၂ နေတောဖ မြို့သား ငါး ဆယ်ခြောက် ယောက်၊ ၂၃ အာနသုတ် မြို့သား တရာ နှစ် ဆယ်ရှစ် ယောက်၊ ၂၄ အာဇမာဝက် မြို့သား လေး ဆယ်နှစ် ယောက်၊ ၂၅ ကိရယသာရိမ် မြို့၊ ခေဖိရ မြို့၊ ဗေရုတ် မြို့သား ခုနစ် ရာ လေး ဆယ်သုံး ယောက်၊ ၂၆ ရာမ မြို့၊ ဂါဘ မြို့သား ခြောက် ရာ နှစ် ဆယ်တ ယောက်၊ ၂၇ မိတ်မတ် မြို့သား တရာ နှစ် ဆယ်နှစ် ယောက်၊ ၂၈ ဗေသလ မြို့၊ အာဂ္ဂ မြို့သား နှစ် ရာနှစ် ဆယ်သုံး ယောက်၊ ၂၉ နေဗော မြို့သား ငါး ဆယ်နှစ် ယောက်၊ ၃၀ မာဂဗိတ် မြို့သား တရာ ငါး ဆယ်ခြောက် ယောက်၊ ၃၁ အခြား သော ဧလံ မြို့သား တ ထောင်နှစ် ရာငါး ဆယ်လေး ယောက်၊ ၃၂ ဟာရိမ် မြို့သား သုံး ရာ နှစ် ဆယ်၊ ၃၃ လောဒ မြို့၊ ဟာဒိဒ် မြို့၊ ဩနော မြို့သား ခုနစ် ဆယ်ငါး ယောက်၊ ၃၄ ယေရိခေါ မြို့သား သုံး ရာ လေး ဆယ်ငါး ယောက်၊ ၃၅ သေနာ မြို့သား သုံး ထောင် ခြောက် ရာ သုံး ဆယ်တည်း။ ၃၆ ယဇ်ပုရောဟိတ် စာရင်းဟူမူကား၊ ယောရှ အမျိုး ထဲက ၊ ယေဒါယ အမျိုးသား ကိုး ရာ ခုနစ် ဆယ်သုံး ယောက်၊ ၃၇ ဣမေရ အမျိုးသား တ ထောင်ငါး ဆယ်နှစ် ယောက်၊ ၃၈ ပါရှရ အမျိုးသား တ ထောင်နှစ် ရာလေး ဆယ်ခုနစ် ယောက်၊ ၃၉ ဟာရိမ် အမျိုးသား တ ထောင်တဆယ် ခုနစ် ယောက်တည်း။ ၄၀ လေဝိ သားစာရင်းဟူမူကား၊ ဟောဒဝိ အမျိုး ထဲက ယောရှ အမျိုး နှင့် ကာဒမေလ အမျိုးသားခုနစ် ဆယ်လေး ယောက်၊ ၄၁ သီချင်း သည် အာသပ် အမျိုးသား တရာ နှစ် ဆယ် ရှစ် ယောက်၊ ၄၂ တံခါး စောင့်အမျိုးသား တည်းဟူသောရှလ္လုံ အမျိုးသား ၊ အာတာ အမျိုးသား ၊ တာလမုန် အမျိုးသား ၊ အက္ကုပ် အမျိုးသား ၊ ဟတိတ အမျိုးသား ၊ ရှောဗဲ အမျိုးသား အပေါင်း တရာ သုံး ဆယ်ကိုး ယောက်တည်း။ ၄၃ ဘုရား ကျွန်ခံသူ၊ ဇိဟ အမျိုးသား ၊ ဟသုဖ အမျိုးသား ၊ တဗ္ဗောက် အမျိုးသား၊ ၄၄ ကေရုတ် အမျိုးသား ၊ သယာဟ အမျိုးသား ၊ ပါဒုန် အမျိုးသား၊ ၄၅ လေဗန အမျိုးသား ၊ ဟာဂဘ အမျိုးသား ၊ အက္ကုပ် အမျိုးသား၊ ၄၆ ဟာဂပ် အမျိုးသား ၊ ရှာလမဲ အမျိုးသား ၊ ဟာနန် အမျိုးသား၊ ၄၇ ဂိဒ္ဒေလ အမျိုးသား ၊ ဂါဟာ အမျိုးသား ၊ ရာယ အမျိုးသား၊ ၄၈ ရေဇိန် အမျိုးသား ၊ နေကောဒ အမျိုးသား ၊ ဂဇ္ဇမ် အမျိုးသား၊ ၄၉ ဩဇ အမျိုးသား ၊ ပါသာ အမျိုးသား ၊ ဗေသဲ အမျိုးသား၊ ၅၀ အာသနာ အမျိုးသား ၊ မဟုနိမ် အမျိုးသား ၊ နဖုသိမ် အမျိုးသား၊ ၅၁ ဗာကဗုတ် အမျိုးသား ၊ ဟကုဖ အမျိုးသား ၊ ဟာရဟုရ အမျိုးသား၊ ၅၂ ဗာဇလုပ် အမျိုးသား ၊ မဟိဒ အမျိုးသား ၊ ဟရရှ အမျိုးသား၊ ၅၃ ဗာကုတ် အမျိုးသား ၊

သိသရ အမျိုးသား ၊ သာမ အမျိုးသား၊ ၅၄ နေဇိ အမျိုးသား ၊ ဟတိဖ အမျိုးသား တည်း။ ၅၅ ရှောလမုန် ၏ အစေခံ ကျွန်၊ သောတဲ အမျိုးသား ၊ သောဖရက် အမျိုးသား ၊ ပေရုဒ အမျိုးသား၊ ၅၆ ယာလ အမျိုးသား ၊ ဒါကုန် အမျိုးသား ၊ ဂိဒ္ဒေလ အမျိုးသား၊ ၅၇ ရှေဖတိ အမျိုးသား ၊ ဟတ္တိလ အမျိုးသား ၊ ပေါခရက် အမျိုးသား ၊ ဧဇိမ်အမျိုးသား၊ အာမိ အမျိုးသား တည်း။ ၅၈ ဘုရား ကျွန်နှင့် ရှောလမုန် ကျွန် ပေါင်း ကား၊ သုံး ရာ ကိုး ဆယ်နှစ် ယောက်တည်း။ ၅၉ ထိုမှတပါး၊ ဣသရေလ အမျိုး မှန်သည်မမှန်သည်ကိုငင်း၊ မိမိ တို့ အဆွေ အမျိုးကိုငင်း၊ မ ပြ နိုင် ဘဲ တေလမေလ မြို့၊ တေလဟာသ မြို့၊ ခေရုပ် မြို့၊ အဒ္ဒန် မြို့၊ ဣမေရ မြို့မှ ထွက်သွား သောသူဟူမူကား၊ ၆၀ ဒေလာယ အမျိုးသား ၊ တောဘိ အမျိုးသား ၊ နေကောဒ အမျိုးသား ပေါင်း ခြောက် ရာ ငါး ဆယ် နှစ် ယောက်တည်း။ ၆၁ ယဇ်ပုရောဟိတ် အမျိုး ထဲက ဟဗာယ အမျိုးသား ၊ ကောဇအမျိုးသား ၊ ဂိလဒ် ပြည်သားဗာဇိလဲ သမီး တယောက်နှင့် စုံဘက် ၍၊ ယောက္ခမအမည် ကိုရသော ဗာဇိလဲ အမျိုးသား တို့သည်၊ ၆၂ စာရင်းဝင်သောလူစုတွင် မိမိ တို့စာရင်း ကို ရှာ ၍ မ တွေ့ သောကြောင့် ၊ အမျိုးမစစ်၊ ယဇ် ပုရောဟိတ်အရာကိုမခံရကြ။ ၆၃ ဥရိမ် နှင့် သုမိမ် ပါသောယဇ်ပုရောဟိတ် မပေါ် မှီတိုင်အောင် သူတို့သည်အလွန်သန့်ရှင်း သောအရာတို့ကို မ စား ရဟု ပြည်အုပ် မင်းစီရင် ၏။ ၆၄ ပရိသတ် ပေါင်း ကား လေး သောင်း နှစ် ထောင်သုံး ရာ ခြောက် ဆယ်တည်း။ ၆၅ ထို မှတပါး၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမပေါင်း ခုနစ် ထောင် သုံး ရာ သုံး ဆယ်ခုနစ် ယောက်၊ သီချင်း သည် ယောကျ်ား မိန်းမ ပေါင်းနှစ် ရာ၊ ၆၆ မြင်း ပေါင်း ခုနစ် ရာ သုံး ဆယ်ခြောက် စီး၊ လား ပေါင်း နှစ် ရာလေး ဆယ်ငါး စီး၊ ၆၇ ကုလားအုပ် ပေါင်းလေး ရာ သုံး ဆယ်ငါး စီး၊ မြည်း ပေါင်းခြောက် ထောင် ခုနစ် ရာ နှစ် ဆယ်တည်း။ ၆၈ အဆွေအမျိုးသူကြီး အချို့တို့သည် ယေရုရှလင် မြို့ ဗိမာန် တော်သို့ ရောက် သောအခါ ၊ ဗိမာန်တော် ကို မိမိ နေရာ ၌ တည် ဆောက်ခြင်းငှါ၊ ၆၉ တတ် နိုင်သမျှအတိုင်း အလိုလို လှူ၍၊ ရွှေ ဒင်္ဂါး ခြောက် သောင်း တ ထောင်၊ ငွေ အခွက် ငါး သောင်း၊ ယဇ်ပုရောဟိတ် အဝတ် အစုံတရာ ကို ဘဏ္ဍာ တော်ထဲ သို့ သွင်း ကြ၏။ ၇၀ ထိုသို့ ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ သာမည လူ အချို့ သီချင်း သည်၊ တံခါး စောင့်၊ ဘုရား ကျွန်တို့သည် မိမိ တို့နေရာမြို့ ရွာတို့ ၌ ၎င်း၊ ဣသရေလ ပြည်သူပြည်သားအပေါင်း တို့သည် မိမိ တို့နေရာမြို့ ရွာတို့ ၌ ၎င်း နေရာ ကျ ကြ၏။

၇ သတ္တမ လ ရောက် မှ မြို့ ရွာအရပ်ရပ်၌ နေသောဣသရေလ အမျိုးသား လူ အပေါင်းတို့သည်၊ ယေရုရှလင် မြို့သို့ တညီ တညွတ်တည်းလာ၍ စုဝေး ကြ၏။ ၂ ထိုအခါ ယောဇဒက် သား ယောရှု နှင့် သူ ၏ညီအစ်ကို ယဇ် ပုရောဟိတ်များ၊ ရှာလသေလ သား ဇေရုဗဗေလ နှင့် သူ ၏ ညီအစ်ကိုများတို့သည်ထ၍ ဘုရား သခင်၏လူ မောရှေ ရေး ထားသော ပညတ္တိ ကျမ်းစာ၌ ပါသည် အတိုင်း ၊ မီး ရှို့ရာ ယဇ်တို့ကို ပူဇော် လိုသောငှါ ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ယဇ် ပလ္လင်ကိုတည် ကြ၏။ ၃ ထိုပြည် အရပ်ရပ်၌ နေသောသူ တို့ကို ကြောက် သော်လည်း ၊ ယဇ် ပလ္လင်ကို မိမိ ဘိနပ် ပေါ် မှာ တည် ထား ၍ ၊ နံနက် ညဦး မပြတ်မီး ရှို့ရာယဇ်တို့ကို ထာဝရဘုရား အား ပူဇော် ကြ၏။ ၄ ကျမ်းစာ လာသည်အတိုင်း ၊ သကေနေ ပွဲ ကိုလည်းခံ၍ တရား နှင့်အညီ နေ့ တိုင်းပြုသင့်သော ဝတ်ကိုပြုလျက်၊ နေ့တိုင်းမီး ရှို့ရာယဇ်တို့ကို အရေ အတွက်နှင့် ပူဇော် ကြ၏။ ၅ ထို နောက်မှအမြဲ ပူဇော် ရသောယဇ်၊ လဆန်း နေ့၌

ငင်း ၊ ထာဝရဘုရား အဘို့ သန့်ရှင်း စေသော ဓမ္မ ပွဲနေ့ ၌ ငင်း ၊ ပူဇော်ရသောယဇ်၊ ထာဝရဘုရား အား အလိုလို ပူဇော်သကဲ့သကို ဆောင် ခဲ့သောသူ အသီး အသီးအဘို့ ပူဇော်ရသောယဇ်တို့ကို ပူဇော်လျက်နေကြ၏။ ၆ ဗိမာန် တော် တိုက်မြစ်ကိုမ ချ သေးသော်လည်း ၊ သတ္တမ လ တ ရက်နေ့ မှစ၍ မီး ရှို့ရာယဇ်တို့ကို ထာဝရဘုရား အား ပူဇော်ကြ၏။ ၇ ပန်းရန် သမားနှင့် လက် သမားတို့အား လည်း ငွေ ကိုပေး ကြ၏။ ပေရသိ ရှင်ဘုရင် ကုရု အခွင့် ပေးတော်မူသည် အတိုင်း ၊ အာရဖ် သစ်သား ကို လေဗနုန် တောင်မှ ယုပ္ပေ ဆိပ်သို့ ဆောင် စေခြင်းငှါ ၊ ဇိဒုန် မြို့သားနှင့် တုရှ မြို့သားတို့အား ၊ စား စရိတ်နှင့် ဆီ များကိုပေးကြ၏။ ၈ ယေရုရှလင် မြို့ ဗိမာန် တော်သို့ ရောက် သော ဒုတိယ နှစ် ၊ ဒုတိယ လ တွင် ရှာလသေလ သား ဇေရုဗဗေလ ၊ ယောဇဒတ် သား ယောရှု ၊ ကျန် ကြွင်းသော ညီအစ်ကို ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားများ၊ အချုပ် ခံရသော လူစုထဲက ထွက် ၍၊ ယေရုရှလင် မြို့သို့လာသောလူများအပေါင်း တို့သည် ထ၍ ဗိမာန် တော်တည်ဆောက်ခြင်းအမှု ကို နှိုးဆော် စိမ့်သောငှါ လေဝိ သားတို့ကို ခန့် ထားကြ၏။ ၉ ထိုအခါ ယုဒ အမျိုး ၊ ယောရှု နှင့်သူ ၏သား ညီ များ၊ ကပ်မေလ နှင့် သူ ၏သား များ၊ လေဝိ အမျိုးဟေနဒဒ် သား များ၊ သူ တို့သား နှင့် ညီ များတို့သည်၊ ဗိမာန် တော်ကို တည်ဆောက်လုပ်ဆောင် သောသူတို့ ကို နှိုးဆော် ခြင်းငှါ ထ ကြ၏။ ၁၀ လုပ်ဆောင် သောသူတို့သည် ထာဝရဘုရား ၏ ဗိမာန် တော်တိုက်မြစ်ကိုချ သောအခါ ၊ ဣသရေလ ရှင်ဘုရင် ဒါဝိဒ် စီရင်သည်အတိုင်း ၊ ထာဝရဘုရား ၏ ဂုဏ်တော်ကိုချီးမွမ်း စေခြင်းငှါ ၊ တံပိုး ကိုင်သော ယဇ် ပုရောဟိတ်များ၊ ခွက်ကွင်း ကိုင်သောလေဝိ အမျိုး၊ အာသပ် သား များတို့ကို ခန့် ထားကြ၏။ ၁၁ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၏။ ဣသရေလ အမျိုးခွ် ပြတော်မူသောကရုဏာ တော် အစဉ် အမြဲတည် ပါသည်ဟူ၍ဂုဏ် တော်ကို ချီးမွမ်းလျက် ၊ ကျူးဇူး တော်ကို ဝန်ခံလျက် ၊ အသံပြိုင်၍ အလှည့်လှည့်သီချင်း ဆို ကြ၏။ ဗိမာန် တော်တိုက်မြစ်ကို ချ ရသောကြောင့် ၊ လူ အပေါင်း တို့သည် ထာဝရဘုရား ၏ဂုဏ် တော်ကို ချီးမွမ်းလျက် ၊ ကြီး သောအသံ နှင့် ကြွေးကြော် ကြ၏။ ၁၂ သို့ရာတွင် အသက် ကြီး၍ အရင် ဗိမာန် တော်ကို မြင် ဘူးသော ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ အဆွေအမျိုးသူကြီး အများတို့သည်၊ နောက်ဗိမာန် တော်တိုက်မြစ် ကျ လျက်ရှိသည်ကို မြင် သောအခါ ၊ ကြီး စွာသော အသံ နှင့် ငိုကြွေး ကြ၏။ လူအများ တို့သည်လည်း ဝမ်းမြောက် သောစိတ် နှင့် ကြွေးကြော် ကြ၏။ ၁၃ ထိုသို့ပြုသောကြွေးကြော် သံ နှင့်ငိုကြွေး သံ ကို ကြားသောသူတို့ သည် ပိုင်းခြား၍ မ သိ နိုင်ကြ။ လူ များ တို့သည် ကြီး စွာသောအသံ နှင့် ကြွေးကြော် သောကြောင့် ၊ ဝေး သောအရပ်၌ ကြား ရလေ၏။

၄ သိမ်း သွားခြင်းကိုခံရသောအမျိုးသား တို့သည်၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အဘို့ ဗိမာန် တော်ကို တည် ကြသည်ဟု ယုဒ အမျိုးနှင့် ဗင်္ာမိန် အမျိုး၏ ရန်သူ တို့သည် ကြား လျှင်၊ ၂ ဇေရုဗဗေလ နှင့် အဆွေအမျိုးသူကြီး တို့ထံ သို့လာ ၍ ၊ ငါတို့သည် သင် တို့ထံ၌ တည်းခိုပါရစေ။ သင် တို့၏ ဘုရား သခင်ကို သင် တို့ရှာသကဲ့သို့ ငါတို့လည်း ရှာ ကြ၏။ ငါ တို့ကို ဣ ပြည်သို့ဆောင် ခဲ့သော အာရှုရိ ရှင်ဘုရင် ဧသရဟဒ္ဒန် လက်ထက် မှစ၍ ထိုဘုရား သခင်အား ယဇ် ပူဇော်ကြသည်ဟု ဆို ကြသော်၊ ၃ ဇေရုဗဗေလ နှင့် ယောရှု အစရှိသော ဣသရေလ

အဆွေအမျိုးသူကြီး တို့က၊ ငါ တို့၏ဘုရား သခင်အဘို့ ဗိမာန် တော်တည် ခြင်းအမှုကို၊ သင် တို့သည် ငါ တို့နှင့် ဝိုင်း၍ မ
လုပ်ရ။ ပေရသိ ရှင်ဘုရင် ကုရု မင်းကြီး အမိန့် တော်အတိုင်း ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အဘို့ ငါ
တို့သည် ကိုယ်တိုင်တည် ရမည်ဟု ပြန်ပြော ကြ ၏။ ၄ ထိုအခါ ပြည်သား တို့သည် ယုဒ အမျိုး တို့ကို လက် အားလျော့
စေ၍ ၊ တည် ဆောက်ခြင်းအမှုကို နှောင့်ရှက် ကြ၏။ ၅ ယုဒ အမျိုးသား တို့၏ အကြံ ကိုဖျက်ဆီး ခြင်းငှါ ၊ ပေရသိ
ရှင်ဘုရင် ကုရု လက်ထက် ကာလပတ်လုံး မှသည်၊ ပေရသိ ရှင်ဘုရင် ဒါရိ လက်ထက် တိုင်အောင် ၊ ရှေ့နေ တို့ကို
ငှါး၍ထားကြ၏။ ၆ အာရွှေရု နန်း ထိုင်စ က ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သားတို့ ၌ အပြစ် တင်သောလွှာစာကို
ပေးလိုက်ကြ၏။ ၇ အာတဇေရဇ် လက်ထက် ၌ ဗိရှလံ ၊ မိသရေဒတ် ၊ တဗေလ နှင့် အခြား သောအပေါင်း
အဘော်တို့သည်၊ ရှုရိ ဘာသာစကားနှင့် ရေး သော လွှာစာ ကို၊ ပေရသိ ရှင်ဘုရင် အာတဇေရဇ် ထံ သို့ပေးလိုက်ကြ၏။
၈ စာတိုက် စိုးရေဟုံ နှင့် မြို့စာရေး ရှိမရှဲ တို့သည်၊ ယေရုရှလင် မြို့ကို ရန်ဘက် ပြုလျက်၊ အာတဇေရဇ် မင်းကြီး ထံသို့စာ
ပေးလိုက်၍၊ ၉ စာတိုက် စိုးရေဟုံ ၊ မြို့စာရေး ရှိမရှဲ နှင့် အခြား သော အပေါင်း အဘော်၊ ဒိနဲ ပြည်သား၊ အဖာသသက်
ပြည်သား၊ တာပေလ ပြည်သား၊ အဖာရသ ပြည်သား၊ အာခေဝ ပြည်သား၊ ဗာဗုလုန် ပြည်သား၊ ရှုရှနက် ပြည်သား၊
ဒေဟဝ ပြည်သား၊ ဧလံ ပြည်သားအစရှိသော၊ ၁၀ ကြီး မြတ်သောမင်း အာသနပ္ပါ ဆောင် ခဲ့၍ ၊ ရှမာရိ မြို့ ရွာတို့ ၌
နေရာ ချသောသူများနှင့်၊ မြစ် အနောက် ဘက်၌နေသောအခြား သူများတို့သည်၊ ဤမည်သောနေ့ရက်ကာလတွင်၊ ၁၁
အာတဇေရဇ် မင်းကြီး ထံ သို့ပေး လိုက်သော စာ ဟူမူကား ၊ မြစ် အနောက် ဘက်၌နေသောကိုယ်တော်ကျွန် တို့သည်၊
ဤ မည်သောနေ့ရက် ကာလတွင် လျှောက် ပါ၏။ ၁၂ အထံတော် မှ ကျွန်တော် တို့ရှိရာ သို့ ရောက် လာသော ယုဒ
လူတို့သည် ဆိုးညစ် ၍ ၊ ပုန်ကန် တတ်သော ယေရုရှလင် မြို့ ကို တည်လျက်၊ မြို့ရိုး အမြစ်ကိုချ ၍ လက်စသတ်
လုသည်ကို သိ မှတ်တော်မူပါ။ ၁၃ ထိုမြို့ ကိုတည် ပြန်၍ မြို့ရိုး ကိုလက်စသတ် လျှင် ၊ ငွေတော် ခွဲခြင်း ကိုမခံ၊ အခွန်
တော်အကောက် တော်ကို မ ပေး ဘဲနေ၍၊ နိုင်ငံတော်အကျိုး နည်းပါလိမ့်မည်ကို သိ မှတ်တော်မူပါ။ ၁၄ ကျွန်တော်တို့
သည် ကျေးဇူးတော် အားဖြင့် အသက်မွေး ရ သောသူဖြစ် သည်နှင့် အညီ၊ ကိုယ်တော်၌ ဘုန်းတော် လျော့ကြောင်း ကို
ကြည့် ၍ မ နေ သင့် သောကြောင့်၊ ဘိုး တော်ဘေးတော်တို့၏မှတ် စာကို စစ်ကြော တော်မူမည်အကြောင်း ဤလျှောက်
စာကို ပေး လိုက်ပါ၏။ ၁၅ ယေရုရှလင်မြို့ သည် ပုန်ကန် တတ်သောမြို့ ၊ ရှင် ဘုရင်အကျိုးနှင့် နိုင်ငံ တော်အကျိုး
စီးပွားကို ဖျက်ဆီးတတ်သောမြို့ဖြစ်ဘူး၍၊ ရှေး ကာလ ၌ မြို့ထဲ မှာ ပုန်ကန် သောအကြံကို အစဉ်ပြုစု သောကြောင့်၊
အတိုက် အဖျက်ခံရပါသည် အကြောင်းအရာများကို ထို မှတ် စာ၌ တွေ့ ၍ သိ တော်မူပါလိမ့်မည်။ ၁၆ ထို မြို့ ကိုတည်
ပြန်၍ မြို့ရိုး ကို လက်စသတ် လျှင် ၊ ကိုယ်တော်သည် မြစ် အနောက် ဘက်၌ အစိုးရတော်မမူ ကြောင်းကို ကျွန်တော်
တို့ လျှောက် ထားပါသည်ဟု စာ၌ ပါသတည်း။ ၁၇ ရှင် ဘုရင်သည် စာတိုက် စိုးရေဟုံ နှင့် မြို့စာရေး ရှိမရှဲ မှစ၍၊
ရှမာရိ မြို့၌ နေ သော ထိုသူ တို့၏ အပေါင်း အဘော်များ၊ မြစ် အနောက် ဘက်၌နေသောအခြား သူများတို့ ရှိရာ
သို့ ပြန်ပေး လိုက်သော စာ ဟူမူကား၊ ၁၈ ဤ မည်သော နေ့ရက် ကာလတွင်၊ ငါရေး၍ သင်တို့ ချမ်းသာ ပါစေ။ ငါ့

ထံ သို့သင်တို့ပေး လိုက်သော စာ ကို ငါ့ ရှေ့ မှာ အနက် ပြန်၍ဘတ် ပြီ။ ၁၉ ငါ မှာ ထားသည် အတိုင်း စစ်ကြော ကြသောအခါ၊ ထို မြို့ သည် ရှေး ကာလ ၌ ရှင် ဘုရင်တို့ကို ပုန်ကန် ကြောင်း၊ မ ကောင်းသောအကြံကို ကြံတတ်သောမြို့၊ ပုန်ကန်တတ် သော မြို့ဖြစ်ကြောင်း၊ ၂၀ ငွေ တော်ကို ခွဲလျက်၊ အခွန် တော်အကောက် တော်ကိုခံလျက်၊ မြစ် အနောက် ဘက် တရှောက်လုံး ကို အစိုးရ၍ တန်ခိုး ကြီးသော ရှင် ဘုရင်တို့သည် ယေရုရှလင် မြို့၌ နေဘူးကြောင်းများကို သိရ၏။ ၂၁ သို့ ဖြစ်၍ ငါသည်အခွင့် မပေးမီတိုင်အောင် ၊ ထိုသူတို့သည် မြို့ ကို မ တည် ဘဲ နေစေမည် အကြောင်း အမိန့် တော်ကိုဆင့်ဆို ကြလော့။ ၂၂ နိုင်ငံတော် အကျိုး မ ပျက်စီးစေ ခြင်းငှါ သတိ ပြု၍ ဤ အမှုကို စေ့စေ့ကြည့်ရှု ကြလော့ဟု မိန့်တော်မူ၏။ ၂၃ အာတဇေရဒ် မင်းကြီး စာ ကို ရေဟုံ နှင့် မြို့စာရေး ရှိမရှဲ အစရှိသောသူ တို့ အပေါင်း အဘော်ရှေ့မှာ ဘတ် ပြီးလျှင်၊ သူတို့သည် ယေရုရှလင် မြို့၊ ယုဒ လူတို့ရှိရာ သို့ အလျင် အမြန်သွား ၍ ယုဒလူတို့၏ အလုပ်အကိုင်ကို အနိုင် အထက်ဆီးတား ကြ၏။ ၂၄ ထိုသို့ ယေရုရှလင် မြို့ ၏ ဗိမာန် တော် တည်ခြင်း အမှုပြတ်၍၊ ပေရသိ ရှင် ဘုရင် ဒါရိ နန်းစံ နှစ် နှစ် တိုင်အောင် လက်စမသတ်ဘဲနေလေ၏။

၅ ထိုအခါ ပရောဖက် ဟဂ္ဂဲ နှင့် ဣဒေါ သား ပရောဖက် ဇာခရိ လူတို့သည် ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သား၊ ယုဒ လူတို့အား ထာဝရ ဘုရားအခွင့်နှင့် ဟော ကြ၏။ ၂ ထိုသို့ဘုရားသခင် ၏ပရောဖက် တို့သည် ဝိုင်းသဖြင့်၊ ရှာလသေလ သား ဇေရုဗဗေလ နှင့် ယောဇဒက် သား ယောရှု သည်ထ ၍ ယေရုရှလင် မြို့ ၏ဗိမာန် တော်ကို တည် စ ပြုပြန်ကြ၏၊ ၃ ထိုအခါ မြစ် အနောက် ဘက် မြို့ဝန် တာတနဲ နှင့် ရှေသာဗောဇနဲ မှစ၍သူ တို့အပေါင်း အဘော်တို့သည် လာ ၍၊ ဤ အိမ် ကိုတည် ဆောက်ရမည်၊ ဤ မြို့ရိုး ကို ပြုပြင် ရမည်အကြောင်း အဘယ် သူမှာ ထားသနည်းဟူ၍ငင်း ၊ ၄ ဤ အိမ် ကိုတည် ဆောက်သောသူတို့ ၏အမည် ကား အဘယ် သို့နည်းဟူ၍ငင်း၊ မေးစစ်ကြသော်လည်း၊ ၅ ဒါရိ မင်း အမိန့် တော်မ ရောက်မီအလုပ်အကိုင်မ ပြတ် စေခြင်းငှါ၊ ဘုရား သခင်သည် ယုဒ အမျိုးသားအသက် ကြီးသူတို့ကို ထောက်ရှုတော်မူ၏။ သို့ ဖြစ်၍ အထံတော်သို့ လျှောက်စာ ကိုပေး လိုက်ကြ၏။ ၆ မြစ် အနောက် ဘက် မြို့ဝန် တာတနဲ နှင့် ရှေသာဗောဇနဲ မှစ၍သူ တို့အပေါင်း အဘော်၊ ၇ မြစ် အနောက် ဘက်၌ နေသောအဖာသသက် လူတို့သည်၊ ဒါရိ မင်းကြီး ထံ သို့ပေး လိုက်သော စာချက် ဟူမူကား၊ ဒါရိ မင်းကြီး ၌ အစဉ် ချမ်းသာ ရှိပါစေသော။ ၈ ကျွန်တော်တို့သည် ယုဒ ပြည် တွင် ကြီး မြတ်သော ဘုရား သခင်၏ အိမ် တော်သို့ ရောက် ၍ ၊ ထိုအရပ်သားတို့သည် အိမ်တော်ကို ကျောက် ကြီး နှင့်တည်လုပ် လျက်၊ ကျောက်ထရံ ပေါ် မှာ သစ်သား ကို တင် လျက်၊ အလျင် အမြန် လုပ်ဆောင် ၍ အကြံထမြောက် ကြောင်းကို သိ မှတ်တော်မူပါ။ ၉ ဤ အိမ် ကိုတည် ဆောက်ရမည်၊ ဤ မြို့ရိုး ကို ပြုပြင် ရမည်အကြောင်း အဘယ် သူမှာ ထားသနည်း ဟူ၍ငင်း၊ ၁၀ သူကြီးတို့၏ အမည် များကို စာရင်းယူ၍ အထံ တော်သို့ ပေးလိုက်ခြင်းငှါ၊ သူကြီး တို့၏အမည် များကိုငင်း၊ အသက် ကြီးသူတို့ ၌ မေးမြန်း သောအခါ၊ ၁၁ သူ တို့က၊ ငါ တို့သည် ကောင်းကင် နှင့် မြေကြီး အရှင် ဘုရား သခင်၏ ကျွန် တော်ဖြစ်ကြ၏။ ရှေး ကာလ ၌ ကြီး မြတ်သော ဣသရေလ ရှင် ဘုရင် တည်ထောင် တော်မူသော အိမ် တော်ကို ယခုပြုပြင် ကြ၏။ ၁၂ ငါ တို့ဘိုးဘေး တို့သည် ကောင်းကင် ဘုံ၏

အရှင် ဘုရား သခင်၏ အမျက် တော်ကိုနှိုးဆော်သောကြောင့် ၊ သူ တို့ကိုခါလဒဲ မင်း၊ ဗာဗုလုန် ရှင် ဘုရင်နေဗုခဒ်နေဇာ လက် သို့ အပ် တော်မူသဖြင့်၊ ထိုရှင်ဘုရင်သည် ဤ အိမ် တော်ကို ဖျက်ဆီး ၍ ၊ ပြည်သား တို့ကို ဗာဗုလုန် မြို့သို့ သိမ်း သွား၏။ ၁၃ ဗာဗုလုန် ရှင် ဘုရင်ကုရု သည်၊ နန်းစံပဋမ နှစ် တွင် ဤ ဗိမာန် တော်ကို ပြုပြင် ရမည်အကြောင်း မိန့် တော်မူ ၏။ ၁၄ နေဗုခဒ်နေဇာ သည် ယေရှုရှလင် မြို့၏ ဗိမာန် တော်ထဲက ထုတ် ၍၊ ဘုရားသခင်၏အိမ်တော်နှင့် ဆိုင် သော်လည်း၊ ဗာဗုလုန် မြို့၏ ဗိမာန် သို့ ဆောင် သွားသော ရွှေ တန်ဆာ၊ ငွေ တန်ဆာ တို့ကို ကုရု မင်းကြီး သည် ဗာဗုလုန် မြို့၏ဗိမာန် ထဲက တဖန်ထုတ် ၍၊ ရှေရှဗာဇာ အမည် နှင့် မြို့ဝန် အရာ၌ ခန့် ထားသောသူလက်သို့ အပ် တော်မူလျက်၊ ၁၅ ဤ တန်ဆာ တို့ကိုယူ ၍ ယေရှုရှလင် မြို့၏ ဗိမာန် တော်သို့ ဆောင် သွားလော့။ ဘုရား သခင်၏ အိမ် တော် ကိုမိမိ နေရာ ၌ တည် ပြန်စေဟု မိန့် တော်မူသည်အတိုင်း၊ ၁၆ ထို ရှေရှဗာဇာ သည် လာ ၍ ယေရှုရှလင် မြို့၏ ဘုရား အိမ် တော်အမြစ် ကို ချ ထားသဖြင့်၊ ထိုအချိန်မှစ၍ ယခု တိုင်အောင် ငါတို့သည် တည် လုပ်လျက် လက်စ မ သတ်သေးဟု ပြန်ပြောကြ၏။ ၁၇ သို့ ဖြစ်၍၊ ယေရှုရှလင် မြို့၌ ဘုရား ၏အိမ် တော် ကို တည် ရမည်အကြောင်း ၊ ကုရု မင်းကြီး အမိန့် တော် ရှိသည် မရှိသည်ကိုသိလိုသဖြင့်၊ ဗာဗုလုန် မြို့ ဘဏ္ဍာ တော်တိုက် ၌ ရှာဖွေစေခြင်းငှါ၊ အလိုတော်ရှိလျှင် ရှာဖွေ စေတော်မူပါ။ နောက်တဖန် ဤအမှု၌ အလိုတော်ရှိသည် အတိုင်း ကျွန်တော် တို့ဆီ သို့ အမိန့် တော်စာကို ပေး လိုက် တော်မူပါဟု လျှောက်စာ၌ ပါသတည်း။

၆ ထိုအခါ ဒါရိ မင်းကြီး အမိန့် တော်နှင့် ဗာဗုလုန် မြို့ ဘဏ္ဍာ တော်ထား ရာစာ တိုက် ၌ ရှာဖွေ ကြ၏။ ၂ မေဒိ ပြည် ၊ အာခမေသ မြို့၊ နန်းတော် ၌ စာလိပ် ကို တွေ့ ၍ ၊ စာလိပ် ၌ ပါသောစကားဟူမူကား၊ ၃ ယဇ် ပူဇော် ရာ အိမ် တော်ကိုတည် စေ။ တိုက်မြစ် ကို ခိုင်ခံ့ စွာချထားစေ။ အမြင့် အတောင် ခြောက် ဆယ်၊ အနံ အတောင် ခြောက် ဆယ်ရှိ၍၊ ၄ ကြီး သောကျောက် တန်း သုံး ဆင့်၊ အသစ် သော သစ်သား တန်း တဆင့်နှင့် အထပ်ထပ်တည်စေ။ စရိတ် များ ကိုလည်း ဘဏ္ဍာ တော်ထဲက ထုတ်၍ပေး စေ။ ၅ ယေရှုရှလင် မြို့၏ ဗိမာန် တော်ထဲက နေဗုခဒ်နေဇာ ထုတ် ၍ ဘုရား သခင်၏အိမ် တော်နှင့် ဆိုင်သော်လည်း၊ ဗာဗုလုန် မြို့သို့ ဆောင် ခဲ့သော ရွှေ တန်ဆာငွေ တန်ဆာ တို့ကို ပြန်ပေး စေ။ ယေရှုရှလင် မြို့၏ ဗိမာန် တော်သို့ ပို့ ၍ အလုံးစုံတို့ကို ဘုရား အိမ် တော်ထဲ တွင် မိမိ တို့နေရာ ၌ ထားစေဟု ကုရု မင်းကြီး သည် နန်းစံပဋမ နှစ် တွင် ၊ ယေရှုရှလင် မြို့၏ ဘုရား အိမ် တော်အမှု မှာ အမိန့် တော်ရှိ၏။ ၆ သို့ ဖြစ်၍၊ မြစ် အနောက် ဘက် မြို့ဝန် တာတနဲ ၊ ရှေသာဗောဇနဲ နှင့် သင် တို့အပေါင်း အဘော်တည်း ဟူသောမြစ် အနောက် ဘက်၌နေသော အဖာသသက် လူတို့၊ ထွက်သွား ကြ။ ၇ ထိုဘုရား ၏အိမ် တော်တည်ခြင်း အမှု ကိုမဆီး မတားကြနှင့်။ ယုဒ မြို့ဝန် နှင့် ယုဒ အမျိုး အသက် ကြီးသူတို့ သည် ထိုအိမ် တော်ကို မိမိ နေရာ ၌ တည် ပါလေစေ၊ ၈ ထိုမှတပါး၊ သင်တို့သည် ထို ဘုရား ၏ အိမ် တော် တည် ခြင်းအမှုကို ယုဒ အမျိုးအသက် ကြီးသူတို့နှင့် ကူညီ ရမည်အကြောင်း၊ သူတို့သည် အဆီး အတားမ ရှိစေခြင်းငှါ ၊ မြစ် အနောက် ဘက်၌ ခံသောအခွန် တော်တည်း ဟူသောဘဏ္ဍာ တော်ထဲက အိမ်တော်တည်စရာစရိတ် ကို ချက်ခြင်း ထုတ်ပေး ရမည်အကြောင်းငါ

အမိန့် တော်ရှိ၏။ ၉ ထိုမှတပါး၊ သူတို့သည် မွေးကြိုင်သောယဇ်တို့ကို ကောင်းကင်ဘုံ၏အရှင် ဘုရားသခင်အား ပူဇော်၍၊ ၁၀ ရှင် ဘုရင်အသက် ၊ ဆွေ တော်မျိုးတော်တို့၏ အသက်အဘို့ ဆုတောင်း စေခြင်းငှါ ၊ သူတို့လိုချင်သမျှ ယေရုရှလင် မြို့ ယဇ်ပုရောဟိတ် တို့ စီရင် သည်အတိုင်း ၊ ကောင်းကင် ဘုံ၏အရှင် ဘုရား သခင်အား မီး ရှို့ရာယဇ် ပူဇော်စရာဘို့ နွား ၊ သိုး ထီး၊ သိုး သငယ်၊ စပါး၊ ဆား ၊ စပျစ်ရည် ၊ ဆီ တို့ကိုနေ့တိုင်း အစဉ် မပြတ်ပေး စေ။ ၁၁ ၎င်း နည်း အကြင် သူသည် ဤ အမိန့် တော်ကို ငြင်းဆန် လျှင်၊ ထိုသူ ၏အိမ် မှ သစ် တိုင်ကို နှုတ် ယူ၍ စိုက် ပြီးမှသူ့ ကိုလည်း ဆွဲချ စေ။ သူ့ အိမ် ကိုလည်း နောက်ချေး ပုံဖြစ် စေဟု ငါ အမိန့် တော်ရှိ၏။ ၁၂ ယေရုရှလင် မြို့၏ ဘုရား အိမ် တော်ကို ကျိုးပဲ့ပျက်စီး စေခြင်းငှါ ပြုသောရှင် ဘုရင်နှင့် ဆင်းရဲသားအပေါင်းတို့ကို၊ ထိုအရပ်၌ နာမ တော်တည် စေသော ဘုရား သခင်သည် ဖျက်ဆီး တော်မူပါစေသော။ ငါ ဒါရိ သည် အမိန့် တော်ကိုပေး၏။ အမိန့်တော်အတိုင်း အလျင် အမြန် ပြု စေဟု ပေးလိုက်သတည်း။ ၁၃ ထိုအခါ ဒါရိ မင်းကြီး ပေး လိုက်သော အမိန့်တော် အတိုင်း ၊ မြစ် အနောက် ဘက် မြို့ဝန် တာတနဲ ၊ ရှေသာဗောဇနဲ နှင့် သူ တို့အပေါင်း အဘော်တို့သည် အလျင် အမြန် ပြု ကြ၏။ ၁၄ ယုဒ အမျိုးအသက် ကြီးသူတို့သည် တည်ဆောက် ၍ ၊ ပရောဖက် ဟဂ္ဂဲ နှင့် ဣဒေါ သား ဇာခရိ ဟော သော အားဖြင့် ၊ အကြဲ ထမြောက်ကြ၏။ ဣသရေလ အမျိုး၏ ဘုရား သခင် အမိန့် တော်နှင့် ပေရသိ ရှင် ဘုရင်ကုရု မင်း၊ ဒါရိ မင်း အမိန့် တော်အတိုင်း တည်ဆောက် ၍ လက်စသတ် ကြ၏။ ၁၅ ဒါရိ မင်းကြီး နန်းစံ ခြောက် နှစ် ၊ အာဒါ လ သုံး ရက် နေ့တွင် အိမ် တော်သည် ပြီးပြည့်စုံ ၏။ ၁၆ ဣသရေလ အမျိုးသား၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားအစရှိသော သိမ်း သွားခြင်းကိုခံ ဘူးသော အမျိုးသားချင်းရှိသမျှတို့သည် ဘုရား သခင်၏ အိမ် တော် ကိုဝမ်းမြောက် သောစိတ်နှင့် အနုမောဒနာ ပွဲခံကြ၏။ ၁၇ ထိုအိမ် တော်၏ အနုမောဒနာ ပွဲတွင် နွား တရာ ၊ သိုး ထီးနှစ် ရာ၊ သိုး သငယ်လေး ရာ ကိုငင်း၊ ဣသရေလ အမျိုး တဆယ် နှစ် မျိုးအလိုက် အမျိုးသားအပေါင်း တို့၏ အပြစ် ဖြေရာ ယဇ်တည်းဟူသောဆိတ် ထီး တဆယ် နှစ်ကောင် ကိုငင်း၊ ယဇ်ပူဇော်ကြ၏။ ၁၈ မောရှေ ကျမ်းစာ ၌ ပါသည်အတိုင်း ၊ ယေရုရှလင် မြို့၌ ဘုရား ဝတ် ကို ပြုစေခြင်းငှါ ၊ ယဇ် ပုရောဟိတ်အသီးအသီးတို့ကိုငင်း၊ သင်းဖွဲ့ သော လေဝိ သားတို့ကိုငင်းခန့် ထားကြ၏။ ၁၉ သိမ်း သွားခြင်းကို ခံရသောအမျိုးသား တို့သည် ပဌမ လ တဆယ် လေး ရက်နေ့တွင် ပသခါ ပွဲကိုလည်း ခံ ကြ ၏။ ၂၀ ယဇ်ပုရောဟိတ် နှင့် လေဝိ သားတို့သည် တညီ တညွတ်တည်း ကိုယ်ကိုသန့်ရှင်း စေ၍၊ အလုံးစုံ တို့သည် သန့်ရှင်း သဖြင့် ၊ မိမိ တို့အဘို့ မှစ၍ပေါက်ဘော် ချင်း ယဇ်ပုရောဟိတ် တို့အဘို့ နှင့် သိမ်း သွားခြင်းကိုခံရသောအမျိုးသား အပေါင်း တို့အဘို့ ပသခါ သိုးသငယ်ကိုသတ် ကြ ၏။ ၂၁ သိမ်း သွားခြင်းကိုခံသော လူစုထဲက ထွက်လာ သော ဣသရေလ အမျိုးသား များ၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ကို ရှာ လိုသောငှါ ၊ တပါး အမျိုးသား နေရာ အရပ် အညစ် အကြေးကို ပယ်ရှား သော သူများအပေါင်း တို့သည် ပသခါပွဲကိုစား ၍၊ ၂၂ ခုနစ် ရက် ပတ်လုံးဝမ်းမြောက် သောစိတ် နှင့် အဓုမ ပွဲ ကိုလည်း ခံ ကြ၏။ အကြောင်း မူကား၊ ထာဝရဘုရား

သည် ဝမ်းမြောက် သောအခွင့်ကိုပေး တော်မူ၏။ ဣသရေလ အမျိုး၏ ဘုရား သခင်ဗိမာန် တော် တည်ဆောက် ခြင်းအမှု မှာ ၊ အာရှုရိ ရှင်ဘုရင် မစ မည် အကြောင်း ၊ စိတ် နှလုံးတော်ကို သူ တို့ဘက် သို့ ကူး စေ တော်မူ၏။

၇ ထိုနောက် ၊ ပေရသိ ရှင်ဘုရင် အာတဇေရဇ် လက်ထက် ၌၊ ၂ ယဇ်ပုရောဟိတ် အကြီး အာရုန်၊ ၃ လောဇ ၊ ဖိနဟတ် ၊ အဘိရွ ၊ ဗုက္ကိ၊ ၄ ဩဇိ ၊ ဇေရဟိ ၊ မေရာယုတ် ၊ အာဇရိ ၊ အာမရိ ၊ ၅ အဟိတုတ် ၊ ဇာဒုတ် ၊ ရှာလ္လုံ ၊ ဟိလခိ ၊ အာဇရိ ၊ စရာယ တို့မှ ဆင်းသက်သောသူ၊ ၆ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ပေး တော်မူသော မောရှေ ၏ပညတ္တိ ကျမ်းစာကို လေ့ကျက် သောဆရာ ဖြစ်သော သူဇေရ သည် ဗာဗုလုန် မြို့ မှ ထွက်သွား ၏။ ထိုသူ တောင်း သမျှ ကို သူ ၏ဘုရား သခင်ထာဝရဘုရား တန်ခိုးတော်ကြောင့် ရှင်ဘုရင် ပေး သနား တော်မူ၏။ ၇ အာတဇေရဇ် မင်းကြီး နန်းစံခုနစ် နှစ် တွင် ၊ အချို့သော ဣသရေလ အမျိုးသားယဇ်ပုရောဟိတ် ၊ လေဝိ သား၊ သီချင်း သည်၊ တံခါး စောင့်၊ ဘုရား ကျွန်တို့သည် လည်း ၊ ယေရုရှလင် မြို့သို့ လိုက်သွား ကြ၏။ ၈ ရှင်ဘုရင် နန်းစံခုနစ် နှစ် ၊ ပဉ္စမ လ တွင် ဇေရ သည် ယေရုရှလင် မြို့သို့ ရောက် လေ၏။ ၉ ပဌမ လ တရက် နေ့တွင် ၊ ဗာဗုလုန် မြို့မှ ထွက်၍၊ ပဉ္စမ လ တရက် နေ့တွင် ၊ မိမိ ဘုရား သခင်တန်ခိုးကျေးဇူးတော်ကြောင့် ၊ ယေရုရှလင် မြို့သို့ ရောက် လေ၏။ ၁၀ အကြောင်း မူကား၊ ဇေရ သည် ထာဝရဘုရား ၏ တရား တော်ကို စစ်ဆေး စောင့်ရှောက်ခြင်းငှါ ၎င်း၊ စီရင် ထုံးဖွဲ့တော်မူချက်တို့ကို ဣသရေလ အမျိုး၌ သွန်သင် ခြင်းငှါ ၎င်း သဘောကျသောသူဖြစ်၏။ ၁၁ ထာဝရဘုရား ၏ပညတ် စကားနှင့် ဣသရေလ အမျိုး၌ ထုံးဖွဲ့ တော်မူချက်တို့ကို လေ့ကျက်သော ဆရာ ယဇ်ပုရောဟိတ် ဇေရ အား ၊ အာတဇေရဇ် မင်းကြီး ပေး တော်မူသော အမိန့်တော်စာ ချက်ဟူမူကား၊ ၁၂ ဘုရင် တို့၏ဘုရင် အာတဇေရဇ် သည် ကောင်းကင် ဘုံ၏ အရှင်ဘုရား သခင့်တရား ကျမ်းတတ်ဆရာ ၊ ယဇ်ပုရောဟိတ် ဇေရ ၌ ခပ်သိမ်း သော မင်္ဂလာဖြစ်စေ သောဟူ၍ဤ မည်သောကာလတွင် မှာလိုက်၏။ ၁၃ ငါ့ နိုင်ငံ ၌ ရှိသောဣသရေလ အမျိုးသား၊ ယဇ် ပုရောဟိတ် ၊ လေဝိ သားတို့တွင် ယေရုရှလင် မြို့သို့ ကိုယ် အလို အလျောက်သွား ချင်သောသူ ရှိသမျှ တို့သည် သင် နှင့်အတူ လိုက်သွား ရမည်အကြောင်းငါ အမိန့် တော်ရှိ၏။ ၁၄ အကြောင်း မူကား၊ သင် ၏ဘုရား သခင့်တရား ကို သင်လေ့ကျက်သည်အတိုင်း၊ ယုဒ ပြည်ယေရုရှလင် မြို့၌ တရားအမှုများကို မေးမြန်း စစ်ဆေးစေခြင်းငှါ ၎င်း၊ ၁၅ ယေရုရှလင် မြို့မှာ ကျိန်းဝပ် တော်မူသော ဣသရေလ အမျိုး၏ ဘုရား သခင်အား ၊ ရှင် ဘုရင်နှင့် အတွင်းဝန် တို့သည် ကြည်ညိုသောစိတ်နှင့် ပူဇော်သောငွေ ငွေ နှင့်တကွ၊ ၁၆ ဣသရေလအမျိုးသား၊ ယဇ် ပုရောဟိတ်တို့သည် ယေရုရှလင် မြို့ ၏ဘုရား အိမ် တော်အဘို့ အလိုလို လှူ၍ ဗာဗုလုန် ပြည် ၌ သင်ရ နိုင်သမျှသော ရွှေ ငွေ ကို ဆောင်သွား စေခြင်းငှါ၎င်း၊ ရှင် ဘုရင်နှင့် အတွင်းဝန် ခုနစ် ပါး စေလွှတ် ၏။ ၁၇ ထိုငွေ ကိုယူပြီး လျှင်နွား ၊ သိုး ထီး၊ သိုး သငယ်နှင့်တကွ ၊ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာပူဇော်သက္ကာတို့ကို အလျင် အမြန်ဝယ် ၍၊ ယေရုရှလင် မြို့၌ ရှိသော သင် တို့၏ ဘုရား အိမ် တော် ယဇ် ပလ္လင် ပေါ် မှာ ပူဇော် ရမည်။ ၁၈ ကျန် ကြွင်းသော ရွှေ ငွေ ကို သင် နှင့် သင့် ညီအစ်ကို တို့ ပြုချင်သမျှအတိုင်း၊ သင် တို့၏ ဘုရား သခင်အလို တော်နှင့်အညီ ပြု လော့။ ၁၉ သင် ၏ဘုရား အိမ် တော်ဝတ်ပြု စရာဘို့

သင် ၌ အပ် ပေးသော တန်ဆာ များကိုလည်း ၊ ယေရှုရှလင် မြို့၏ ဘုရား သခင့်ရှေ့ တော်တွင် သိုထား လော့။ ၂၀ သင်
၏ဘုရား သခင့် အိမ် တော်အဘို့ လိုသေး သောအရာ၊ ဝယ်သင့်သမျှတို့ကို ဘဏ္ဍာ တော်ထဲက ထုတ် ၍ဝယ်လော့။
၂၁ ကောင်းကင် ဘုံ၏ အရှင်ဘုရား သခင့် တရား ကို လေ့ကျက်သော ဆရာ၊ ယဇ်ပုရောဟိတ် ဧဇရ တောင်း သမျှ
အတိုင်း၊ ၂၂ ငွေ အခွက်တထောင်၊ ဂျုံ ဆန်ကောရ တရာ ၊ စပျစ်ရည် ဗတ်တရာ ၊ ဆီ ဗတ် တရာ နှင့်တကွ ဆား
မည်မျှ မဆို၊ မြစ် အနောက် ဘက်၌နေသောအခွန် ဝန်အပေါင်း တို့ သည် အလျင် အမြန်ပေးရမည်အကြောင်း၊ ငါ ရှင်
ဘုရင် အာတဇေရဇ် အမိန့် တော်ရှိ၏။ ၂၃ ကောင်းကင် ဘုံ၏ အရှင်ဘုရား သခင်မှာ ထား တော်မူသမျှ အတိုင်း
၊ ထိုဘုရား သခင်၏ အိမ် တော် အဘို့ ကြိုးစား ၍လုပ်ဆောင် စေ။ ရှင် ဘုရင်နှင့် ဆွေ တော်မျိုးတော်အပေါ် သို့
အဘယ်ကြောင့် အမျက် တော် သက်ရောက်ရမည်နည်း။ ၂၄ ထိုမှတပါး၊ ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ သီချင်း သည်၊
တံခါး စောင့်၊ ဘုရား ကျွန်၊ ဘုရား သခင်၏ အိမ် တော်အမှု စောင့် တစုံတယောက်၌ မျှဥွေတော်ကို မခွဲစေနှင့်။ အခွန်
တော်အကောက် တော်ကို မခံမယူစေနှင့် ဟုငါမှာလိုက်၏။ ၂၅ သင် ဧဇရ သည်လည်း ၊ သင် ၏ဘုရား သခင်တရား ကို
နားလည်သော၊ မြစ် အနောက် ဘက်သား အပေါင်း တို့တွင် ၊ တရား မှူကို စီရင်စေခြင်းငှါငင်း၊ မသိသောသူတို့ကို
သွန်သင်ခြင်းငှာငင်း၊ မင်း များ၊ တရား သူကြီးများကို သင် ၏ဘုရား သင့် ဉာဏ်နှင့် သင်ပြည့်စုံသည်အတိုင်း ခန့်
ထားလော့။ ၂၆ သင် ၏ဘုရား သခင့်တရား နှင့် ရှင် ဘုရင်အမိန့် တော်ကို ငြင်းဆန်သောသူ မည်သည်ကား၊ အသေ
သတ်ခြင်း၊ နှင်ထုတ် ခြင်း၊ ဥစ္စာ သိမ်းယူ ခြင်း၊ ထောင် ထဲမှာ လှောင်ထားခြင်းတည်းဟူသောရာဇဝတ်တစုံတခုကို
အလျင် အမြန် ခံစေဟု အမိန့်တော်စာ၌ပါသတည်း။ ၂၇ ယေရှုရှလင် မြို့၏ ဗိမာန် တော်ကို တင့်တယ် စေမည်အကြံကို
ရှင်ဘုရင် စိတ် နှလုံးထဲ သို့ သွင်းပေး တော်မူထသော ၊ ရှင်ဘုရင် ရှေ့၊ အတွင်းဝန် များ၊ ဗိုလ်မင်း များရှေ့မှာ ငါ့အား
အခွင့်ပေးတော်မူသောဘိုးဘေး တို့၏ ဘုရား သခင်ထာဝရဘုရား သည် မင်္ဂလာ ရှိ တော်မူစေသတည်း။ ၂၈ ထိုသို့ ငါ
၏ဘုရား သခင်ထာဝရဘုရား တန်ခိုးတော်ကြောင့် ၊ ငါ သည် ခွန်အား ရှိ၍ ငါ နှင့်အတူ လိုက် သွား ရသောကွသရေလ
အမျိုး အကြီး အကဲတို့ကို စုဝေး စေ၏။

၈ အာတဇေရဇ် မင်းကြီး လက်ထက် ၌ ၊ ငါ နှင့်အတူ ဗာဗုလုန် မြို့မှ ထွက်သွား သောသူ အဆွေအမျိုးသူကြီး တို့၏
သားစဉ်မြေးဆက်စာရင်း ဟူမူကား။ ၂ ဖိနဟတ် အမျိုး ဂေရရှုံ ၊ ဣသမာ အမျိုး ဒံယေလ ၊ ဒါဝိဒ် အမျိုး ဟတ္တုတ်၊ ၃
ရှေခနိ အမျိုး ဖာရုတ် အနွယ် ထဲက ဇာခရိ နှင့် စာရင်း ဝင်သူ ယောက်ျား ပေါင်းတရာ ငါး ကျိပ်။ ၄ ပါဟတ်မောဘ
အမျိုး ၊ ဇေရာယ သား ဧလျောနဲ နှင့် ယောက်ျား ပေါင်းနှစ် ရာ၊ ၅ ရှေခနိ အမျိုး ယဟာဇေလ သား နှင့် ယောက်ျား
ပေါင်းသုံး ရာ၊ ၆ အာဒိန် အမျိုး ယောနသန် သား ဧဗက် နှင့် ယောက်ျား ပေါင်းငါး ကျိပ်၊ ၇ ဧလံ အမျိုး ၊ အာသလိ သား
ယေရှာယ နှင့် ယောက်ျား ပေါင်းခုနစ် ကျိပ်၊ ၈ ရှေဖတိ အမျိုး မိကေ္ခလ သား ဇေဗဒိ နှင့် ယောက်ျား ပေါင်းရှစ် ကျိပ်၊ ၉
ယွာဘ အမျိုး ယေဟေလ သား ဩဗဒိ နှင့် ယောက်ျား ပေါင်းနှစ် ရာတကျိပ် ရှစ် ယောက်၊ ၁၀ ရှေလောမိတ် အမျိုး
၊ ယောသိဖိ သား နှင့် ယောက်ျား ပေါင်းတရာ ခြောက် ကျိပ်၊ ၁၁ ဗေဗဲ အမျိုး ၊ ဗေဗဲ သား ဇာခရိ နှင့် ယောက်ျား

ပေါင်းနှစ် ကျိပ် ရှစ် ယောက်၊ ၁၂ အာဇဂဒ် အမျိုး၊ ဟက္ကတန် သား ယောဟနန် နှင့် ယောက်ျား ပေါင်းတရာ တကျိပ်၊ ၁၃ အဒေါနိကံ အမျိုးသား တို့တွင် ၊ နောက်ကျ သောသူ၊ ဧလိဖလက် ၊ ယေယေလ ၊ ရှေမာယ နှင့် ယောက်ျား ပေါင်းခြောက် ကျိပ်၊ ၁၄ ဗိဂဝဲ အမျိုးသား ဥသဲ ၊ ဇဗ္ဗုဒ် နှင့် ယောက်ျား ပေါင်းခုနစ် ကျိပ်တည်း။ ၁၅ ထိုလူများတို့ကို အဟာဝ မြို့သို့ စီး သော မြစ် နား မှာ ငါစုဝေး စေ၍ ၊ သုံး ရက် ပတ်လုံးတဲ့ ၌ နေကြ၏။ လူ များ နှင့် ယဇ် ပုရောဟိတ်များတို့ကို ငါစစ်ဆေး ၍ ၊ လေဝိ သား တယောက်ကိုမျှ မ တွေ့ သောအခါ၊ ၁၆ လူကြီးဧလျေဇာ ၊ အရေလ ၊ ရှေမာယ ၊ နာသန် ၊ ဇာခရိ ၊ မေရှုလံ ၊ ပညာရှိယာရိပ် ၊ ဧလနာသန် တို့ကို ခေါ် ၍၊ ၁၇ ကသိဖိ မြို့သူကြီး ကွဒေါ ထံ သို့ မှာစာနှင့် စေလွှတ် လျက် ၊ ကွဒေါနှင့် ကသိဖိမြို့မှာ နေသောသူ ၏ ညီအစ်ကို ဘုရား ကျွန်တို့သည်၊ ငါ တို့ဘုရား သခင့် အိမ် တော်အမှု စောင့်များကို ပေး စေခြင်းငှါ ၊ သူတို့အား အဘယ်သို့ပြောဆိုရမည်ကို ငါမှာလိုက်၏။ ၁၈ ထိုသူတို့သည် ငါ တို့၏ဘုရား သခင့်တန်ခိုးကျေးဇူးတော်ကြောင့် ၊ ကွသရေလ သား လေဝိ ၏သား မဟာလိ အမျိုးသား ၊ ပညာရှိ တယောက် ၊ ရှေရဘိ နှင့် သူ ၏ပေါက်ဘော် တကျိပ် ရှစ် ယောက်၊ ၁၉ ဟာရှဘိ နှင့် မေရာရိ အမျိုး ယေရှာယ နှင့် သူ ၏ ပေါက်ဘော် နှစ် ကျိပ်၊ ၂၀ လေဝိ သားအမှု ကိုဆောင်ရွက်စေခြင်းငှါ ၊ ဒါဝိဒ် နှင့် မှူး တော်မတ် တော်ခန့် ထားသော ဘုရား ကျွန်များ၊ စာရင်းဝင်သည်အတိုင်း၊ နှစ် ရာနှစ် ကျိပ်တို့ကို ခေါ် ခဲ့ ကြ၏။ ၂၁ ထိုအခါ ဥစ္စာ များမှစ၍သူငယ် များနှင့်တကွ ၊ ငါ တို့သွားစရာ မှန် သောလမ်း ကို ဘုရား သခင်၌ရှာ ၍ ၊ ရှေ့ တော်မှာ ခြိုးခြံ စွာကျင့် ခြင်းငှါ ၊ အဟာဝ မြစ် နားတွင် ၊ အစာ ရှောင်ရာအချိန်ကို ငါကြော်ငြာ ၏။ ၂၂ အကြောင်း မူကား၊ ကျွန်တော်တို့ ဘုရား သခင်ကို ရှာ သောသူအပေါင်း တို့သည်၊ တန်ခိုးကျေးဇူးတော်ကိုခံ ရကြလိမ့်မည်။ ကိုယ်တော် ကို စွန့် သောသူအပေါင်း တို့ကို၊ တန်ခိုးတော်ဆီးတား၍ အမျက် တော်သက်ရောက်လိမ့်မည်ဟု ငါတို့သည်ရှင်ဘုရင် အား လျှောက် ထားသောကြောင့် ၊ လမ်း တွင် ရန်သူ လက်နှင့်လွတ်စေခြင်းငှါ လိုက်၍ပို့ ရသောစစ် သူရဲ၊ မြင်းစီး သူရဲ၊ တတပ်ကိုရှင်ဘုရင် ၌ မ တောင်း ဝံ့၊ ရှက်ကြ၏။ ၂၃ ထိုအမှုကြောင့်၊ ငါတို့သည်အစာ ရှောင်၍ ၊ ငါ တို့ ဘုရား သခင်ကို ဆုတောင်း လျက်နေကြ၏။ ဘုရားသခင်လည်း နားထောင် တော်မူ၏။ ၂၄ ထိုအခါ ယဇ်ပုရောဟိတ် အကြီး တကျိပ် နှစ် ပါး၊ ရှေရဘိ ၊ ဟာရှဘိ နှင့် သူ တို့ ညီအစ်ကို တကျိပ် ကို ငါခွေး ထားပြီးလျှင်၊ ၂၅ ရှင်ဘုရင် မှစ၍အတွင်းဝန် ၊ မှူး တော်မတ်တော်၊ စည်းဝေးသော ကွသရေလ အမျိုးသားအပေါင်း တို့သည်၊ ငါ တို့၏ဘုရား သခင့် အိမ် တော်အဘို့ လှူ သောပူဇော် သက္ကာ၊ ရွှေ ၊ ငွေ ၊ တန်ဆာ တည်းဟူသော၊ ၂၆ ငွေ အခွက် ခြောက် ထောင် ငါး ပိသာ၊ ငွေ တန်ဆာ အခွက် တထောင် ၊ ရွှေ အခွက် တထောင်၊ ၂၇ ရွှေ ဒင်္ဂါးတထောင် အချိန်ရှိသောရွှေ အင်တုံ နှစ် ဆယ်၊ ရွှေ နှင့် အမျှမြတ် သော ရွှေကြေးဝါ စစ် ဖလား နှစ် လုံးတို့ကို ငါချိန် ၍ အပ် လျက်၊ ၂၈ သင် တို့သည် ထာဝရဘုရား အဘို့ သန့်ရှင်း ကြ၏။ ဤတန်ဆာ တို့သည်လည်း သန့်ရှင်း သောတန်ဆာဖြစ်ကြ၏။ ဤငွေ နှင့် ဤရွှေ သည်လည်း ၊ ဘိုးဘေး တို့၏ ဘုရား သခင်ထာဝရဘုရား အား ကြည်ညို သောစိတ် နှင့် လှူသောရွှေငွေဖြစ်၏။ ၂၉ ယေရုရှလင် မြို့၊ ထာဝရဘုရား ၏အိမ် တော် အခန်း တို့တွင် ယဇ်ပုရောဟိတ် အကြီး ၊ လေဝိ သား၊ ကွသရေလ အဆွေအမျိုးသူကြီး တို့ရှေ့ မှာ မချိန် မှီတိုင်အောင် ကြည့်ရှု စောင့်ရှောက် ကြလော့ဟု

မှာထား၏။ ၃၀ ထိုသို့ချိန် သော ရွှေ၊ ငွေ တန်ဆာ တို့ကို ယေရှုရှလင် မြို့၊ ငါ တို့၏ဘုရား သခင်အိမ် တော်သို့ ပို့ဆောင်ခြင်းဟု ယဇ်ပုရောဟိတ် နှင့် လေဝိ သားတို့သည်ခံယူ ကြ၏။ ၃၁ ပဌမ လ တဆယ် နှစ် ရက်နေ့တွင် ၊ ငါတို့သည် အဟာဝ မြစ် မှ ထွက် ၍ ၊ ယေရှုရှလင် မြို့သို့ ခရီးသွား ကြ၏။ လမ်း နား ၌ ချောင်း ၍နေသောရန်သူ လက် မှ ၊ ငါ တို့၏ ဘုရား သခင်တန်ခိုးတော်ကြောင့် လွတ် လျက်၊ ၃၂ ယေရှုရှလင် မြို့သို့ ရောက် ၍ သုံး ရက် နေ ကြ၏။ ၃၃ စတုတ္ထ နေ့ တွင် ငါ တို့ ဘုရား သခင်၏ အိမ် တော်၌ ၊ ဖိနဟတ် သား ဧလာဇာ နှင့် လေဝိ အမျိုးယောရှု သား ယောဇဗဒ် ၊ ဗိန္ဒို သား နောဒိ တို့သည် ဝိုင်း၍ကြည့်ရှုလျက်၊ ၃၄ ဥရိ သား ယဇ်ပုရောဟိတ် မေရမုတ် သည် ထိုရွှေ ငွေ တန်ဆာ ရှိသမျှတို့ကို ရေတွက် ချိန်တွယ် ၍ တနေ့ ခြင်း တွင် အချိန် ပေါင်း ကို မှတ်သား လေ၏။ ၃၅ သိမ်း သွားခြင်းကိုခံရသောလူစုထဲက ထွက် လာ သောသူတို့ သည်လည်း၊ ဣသရေလ အမျိုးများတို့အဘို့ နွား တဆယ် နှစ် ကောင်၊ သိုး ထီးကိုး ဆယ်ခြောက် ကောင်၊ သိုး သငယ်ခုနစ် ဆယ်ခုနစ် ကောင်၊ အပြစ် ဖြေရာယဇ်ဘို့ ဆိတ် တဆယ် နှစ် ကောင်တို့ကို၊ ဣသရေလ အမျိုး၏ ဘုရား သခင် ထာဝရဘုရား အား မီး ရှို့ရာယဇ်ကို ပူဇော် ကြ၏။ ၃၆ ရှင်ဘုရင် အမိန့် တော်အမှာတော်တို့ကို ကိုယ်စား တော်မင်း၊ မြစ် အနောက် ဘက် မြို့ဝန် တို့ ၌အပ် ၍ ၊ သူတို့ သည် ဣသရေလအမျိုး နှင့် ဘုရား သခင့် အိမ် တော်ကို ပြုစု ကြ၏။

၉ ထို အမှုပြီး မှ၊ အကြီး အကဲတို့သည် ငါ့ ထံ သို့လာ ၍ ယဇ်ပုရောဟိတ် ၊ လေဝိ သားအစရှိသော ဣသရေလ အမျိုးသားတို့သည် ဤပြည်သား ရင်းတို့နှင့် ပေါင်းဘော် သဖြင့်၊ ခါနာန် လူ၊ ဟိတ္တိ လူ၊ ဖေရဇိ လူ၊ ယေဗုသိ လူ၊ အမ္မုန် လူ၊ မောဘ လူ၊ အဲဂုတ္တု လူ၊ အာမောရိ လူတို့ ရဲ့ရှာ ဘွယ်သောအကျင့် ကို ကျင့်ကြပါ၏။ ၂ အကြောင်း မူကား၊ သူတို့သမီး များကို ကိုယ် ဘို့ ၎င်း၊ ကိုယ် သား ဘို့ ၎င်း၊ သိမ်း ယူသဖြင့် ၊ သန့်ရှင်း သော အမျိုး သည် ဤပြည်သား ရင်းအမျိုးနှင့် ရောနှော လျက်ရှိ၍ ၊ အကြီး အကဲနှင့် မင်း အရာရှိတို့သည်၊ ဤဒုစရိုက် အမှုကို အဦးပြုကြပြီတကားဟု ကြားပြောကြ၏။ ၃ ထို စကား ကို ငါ ကြား လျှင် အတွင်း အဝတ်၊ အပြင် အဝတ်ကို ဆုတ် ၍ ဆံပင် နှင့် မုတ်ဆိတ် ကို နှုတ် ပစ်လျက်၊ မိန်းမော တွေဝေလျက် ထိုင် နေ၏။ ၄ ထိုအခါ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား အမိန့် တော်ကို ကြောက်ရွံ့ သောသူအပေါင်း တို့သည်၊ သိမ်း သွားခြင်းကို ခံရသောသူတို့ ပြစ်မှားသော အပြစ် ကြောင့် ၊ ငါ့ ထံ မှာစည်းဝေး ၍၊ ညဦးယံ ယဇ် ပူဇော်ချိန်တိုင်အောင် ငါ သည်မိန်းမော တွေဝေလျက် နေ ၏။ ၅ ညဦးယံ ယဇ် ပူဇော်ချိန်တွင် ၊ စိတ်ပျက် ရာမှ ထ ၍ အတွင်း အဝတ်၊ ပြင် အဝတ်ကို ဆုတ် ပြီးလျှင် ၊ ဒူး ထောက် ၍ ၊ ငါ ၏ ဘုရား သခင်ထာဝရဘုရား ထံ တော်သို့ လက်ဝါး တို့ကို ဖြန့် လျက်၊ ၆ အို အကျွန်ုပ် ဘုရား သခင်၊ ကိုယ်တော်သို့ မမျှော် မကြည့်ဝံ့၊ ရှက်ကြောက် ၍ မျက်နှာနီပါ၏။ အကျွန်ုပ် ဘုရား သခင်၊ အကျွန်ုပ် တို့ ပြုမိသော ဒုစရိုက် တို့သည် အကျွန်ုပ်တို့ ခေါင်း ပေါ် မှာ အထပ်ထပ် လွှမ်းမိုး၍ ၊ ကြီးစွာသော အပြစ် သည် မိုဃ်းကောင်းကင် သို့ မှီ ပါ၏။ ၇ ဘိုးဘေး လက်ထက် မှစ၍ ယနေ့ တိုင်အောင် ၊ အလွန် ပြစ်မှား ပါပြီ။ ကိုယ် အပြစ် ကြောင့် ရှင်ဘုရင် နှင့် ယဇ်ပုရောဟိတ် မှစ၍၊ အကျွန်ုပ်တို့သည် ယနေ့ တိုင်အောင်ခံသကဲ့သို့ ၊ တပါးအမျိုးသားရှင်ဘုရင် လက် သို့ အပ် ခြင်း၊ အသေ သတ်ခြင်း၊ သိမ်း

သွားခြင်း၊ လုယက် ခြင်း၊ မျက်နှာပျက် ခြင်းကို ခံရပါ၏။ ၈ ယခု ခဏ တွင်၊ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား သည်၊ အကျွန်ုပ် တို့ကို ဘေးမဲ့လွှတ် ၍ ကျွန် ကြွင်းစေလျက် ၊ သန့်ရှင်း သော ဌာန တော်၌ စွဲထားသော တံစို့ ကိုပေး တော်မူသောကျေးဇူး တော်ကြီးလှပါ၏။ အကျွန်ုပ် တို့ဘုရား သခင်သည် အကျွန်ုပ် တို့ မျက်စိ ကို လင်း စေ၍ ၊ အကျွန်ုပ် တို့ ကျွန် ခံနေရာ၌ အသက်ရှူ ပြန်ရသော အခွင့်ကိုပေး တော်မူပြီ။ ၉ အကျွန်ုပ် တို့သည် ကျွန် ခံလျက်နေရပါ၏။ ထိုသို့ ကျွန် ခံလျက် နေရသော်လည်း ၊ အကျွန်ုပ် တို့၏ ဘုရား သခင် သည် စွန့်ပစ် တော်မ မူ။ အကျွန်ုပ် တို့ အသက် လွတ် ခြင်းငှါ ၎င်း၊ အကျွန်ုပ် တို့ ဘုရား သခင်၏အိမ် တော်ကို ထူထောင် ၍ ၊ ပြိုပျက် ရာတို့ကို ပြုပြင် ခြင်းငှါ ၎င်း ၊ ယုဒ ပြည် ယေရုရှလင် မြို့၌ ခိုလှုံရာအရပ်ကို အကျွန်ုပ် အား ပေး ခြင်းငှါ ၎င်း ၊ ပေရသိ ရှင် ဘုရင်တို့သည် အကျွန်ုပ် တို့ ၌ ကျေးဇူးပြုချင်သော စေတနာ စိတ်ကိုပေး သနားတော်မူပြီ။ ၁၀ ယခု လည်း အိုအကျွန်ုပ် တို့၏ ဘုရား သခင်၊ ဤသို့ ပြုမိပြီးမှ၊ အဘယ် သို့လျှောက် ရပါမည်နည်း။ ၁၁ ကိုယ်တော်က၊ သင် တို့သွား ၍ သိမ်း ယူလတံ့ သော ပြည် သည်၊ ပြည်သူ ပြည်သားတို့ အညစ် အကြေးကြောင့် ညစ်ညူး သော ပြည် ဖြစ်၏။ တပြည်လုံး ကို ရုံရှာ ဘွယ်အမှုတို့နှင့် ပြည့် စေကြပြီ။ ၁၂ သို့ ဖြစ်၍ သင် တို့သမီး ကို သူ တို့သား အား မ ပေးစား ကြနှင့်။ သူ တို့၏သမီး ကို သင် တို့သား နှင့် မ စုံဘက် စေကြနှင့်။ သူ တို့ချမ်းသာ နှင့် သူ တို့စည်းစိမ် ကို အလျင်းမ ပြုစု ကြနှင့်။ သင်တို့သည် ခွန်အား ကြီး၍ မြေ အသီး အနှံကို စား ရသောအခွင့်၊ ထိုမြေ ကို ကိုယ် သား မြေးတို့ ၌ နိစ္စ အမွေမြေဖြစ်စေ၍၊ အပ်ရသောအခွင့်ရှိစေခြင်းငှါ၊ ထိုသို့ကျင့်၍ နေကြလော့ဟု ကိုယ်တော် ကျွန် ၊ ပရောဖက် တို့အားဖြင့်မှာ ထားတော်မူသော ပညတ် စကားတော်ကို အကျွန်ုပ်တို့သည် နား မထောင်ပါ တကား။ ၁၃ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား တည်းဟူသောကိုယ်တော် သည် အကျွန်ုပ် တို့ခံထိုက်သမျှသော အပြစ် ဒဏ်ကိုပေး တော်မမူသော်လည်း ၊ အကျွန်ုပ် တို့သည် ကိုယ်တိုင်ပြု မိသော ဒုစရိုက် အမှု၊ ကြီး စွာသော လွန်ကျူးခြင်းအပြစ် ကြောင့် ၊ ဤမျှလောက်ခံရ ပြီးမှ ၎င်း၊ ကိုယ်တော်သည် ဤ မျှလောက် ချမ်းသာ ပေး တော်မူပြီးမှငင်း၊ ၁၄ အကျွန်ုပ်တို့သည် ပညတ် တရားတော်တို့ကို တဖန် လွန်ကျူး ၍ ၊ ဤ ရုံရှာ ဘွယ်အမှုတို့ကို ပြုတတ်သော လူမျိုး နှင့် ပေါင်းဘော် လျှင် တယောက်မျှမလွတ်၊ မ ကျန် ကြွင်းစေခြင်းငှါ ၊ အမျက် တော်ထွက်၍ အကျွန်ုပ် တို့ကို ဖျက်ဆီး တော်မူမည်မဟုတ် လော။ ၁၅ အိုဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် သည် ဖြောင့်မတ် တော်မူ၏။ အကျွန်ုပ် တို့သည် ယနေ့ အသက် လွတ်၍ ကျန် ကြွင်းသေးသောသူဖြစ် ပါ၏။ ကိုယ် အပြစ် များကို ရှေ့ တော်၌ တောင်းပန်ပါ၏။ ထို အပြစ်ကြောင့် ၊ ရှေ့ တော်၌ နေရာ မရနိုင်ပါဟု တောင်းလျှောက်လေ၏။

၁၀ ထိုသို့ ဧဇရ သည် ဘုရား သခင်၏ အိမ် တော်ရှေ့ မှာ ပြပ်ဝပ် လျက်၊ မျက်ရည် ကျလျက် တောင်းပန် ၍ ပဋိဉာ ပြုသောအခါ ၊ အလွန် များစွာ သော ပရိသတ် ၊ ဣသရေလ အမျိုး ယောကျ်ား ၊ မိန်းမ ၊ သူငယ် တို့သည် ဧဇရ ထံ မှာ စည်းဝေး ၍ အလွန် ငိုကြွေး ကြ၏။ ၂ ဧလံ အမျိုး ၊ ယေဟေလ သား ရှေကနိ ကလည်း၊ ငါ တို့သည် ကိုယ် ဘုရား သခင်ကို ပြစ်မှား ၍ ၊ ဤပြည် ၌ နေသောတပါး အမျိုးသားမိန်းမ တို့နှင့် စုံဘက် ကြပြီ။ သို့ရာတွင် ဤ အမှုမှာ

ကသရေလ အမျိုး မြော်လင့် စရာ ရှိ သေး၏။ ၃ သို့ ဖြစ်၍ အရှင်ဘုရားအစရှိသော ငါ တို့ ဘုရား သခင်၏ ပညတ်
တရားကို ကြောက်ရွံ့ သောသူတို့ သတိ ပေးသည်အတိုင်း ၊ ဤမိန်းမ များနှင့် သူ တို့ သား သမီး များရှိသမျှ ကို စွန့်ပယ်
မည်ဟု ငါ တို့၏ဘုရား သခင့် ရှေ့တော်၌ အဓိဋ္ဌာန် ပြု ကြကုန်အံ့။ ဤအမှုကို တရား ရှိသည် အတိုင်း စီရင် ကြကုန်အံ့။
၄ ထ တော်မူပါ။ ဤအမှု ကို ကိုယ်တော် ဆိုင်ပါ၏။ အကျွန်ုပ် တို့သည်လည်း ဝိုင်း၍မစကြပါမည်။ ရဲရင့် သောစိတ် ရှိ၍
ပြု တော်မူပါဟု ဧဇရအားပြန်ပြောကြလျှင်၊ ၅ ဧဇရ သည်ထ ၍ ယဇ်ပုရောဟိတ် အကြီး ၊ လေဝိ သား၊ ဂ္ဂသရေလ
အမျိုးသားအပေါင်း တို့သည် ထို စကား အတိုင်း ပြု ရမည်အကြောင်း သူတို့အား အကျိန် ပေး၍ သူတို့သည် ကျိန်ဆို
ကြ၏။ ၆ ထိုအခါ ဧဇရ သည် ဘုရား သခင်၏ အိမ် တော် ရှေ့ က ထ၍၊ ဧလျာရှိပ် သား ယောဟနန် အခန်း သို့
သွား ၏။ ရောက် သောအခါ မုန့် ကိုမ စား ၊ ရေ ကိုမ သောက် ဘဲ နေ၏။ အကြောင်း မူကား၊ သိမ်း သွားခြင်းကိုခံ
ဘူးသောသူတို့ ပြစ်မှားသော အပြစ် ကြောင့် ညည်းတွား မြည်တမ်းလေ၏။ ၇ သိမ်း သွားခြင်းကို ခံရသောအမျိုးသား
အပေါင်း တို့သည်၊ ယေရုရှလင် မြို့သို့ စည်းဝေး စေမည်အကြောင်း၊ ၈ မင်း များနှင့် အသက် ကြီးသူများ စီရင် သည်
အတိုင်း ၊ သုံး ရက် အတွင်းတွင် မ ရောက် သော သူမည်သည် ကား၊ သိမ်း သွားခြင်း အမျိုးသားပရိတ်သတ် ထဲက
နှင်ထုတ် ခြင်းကိုခံ၍ ၊ သူ ၏ဥစ္စာ ရှိသမျှ သည် ကျိန်ဆိုအပ်သောဥစ္စာဖြစ်စေမည်အကြောင်း၊ ယေရုရှလင် မြို့မှစ၍
ယုဒ ပြည်တရှောက်လုံး၌ ကြော်ငြာ ကြ၏။ ၉ ယုဒ အမျိုးနှင့် ဗင်္ယာမိန် အမျိုးသားယောက်ျား အပေါင်း တို့သည်
သုံး ရက် အတွင်းတွင် ၊ ယေရုရှလင် မြို့မှာ စည်းဝေး ၍ နဝမ လ အရက်နှစ် ဆယ်တွင် ၊ လူ အပေါင်း တို့ သည်
ထိုအမှုကြောင့်ငင်း၊ သည်းထန် စွာ မိုးယံးရွာ သောကြောင့် ငင်း၊ တုန်လှုပ်လျက် ဘုရားသခင်၏ အိမ်တော်ဦးရှေ့မှာ
ထိုင်နေကြ၏။ ၁၀ ထိုအခါ ယဇ်ပုရောဟိတ် ဧဇရ သည် ထ ၍ ၊ သင် တို့သည် ပြစ်မှား ကြပြီ။ ဂ္ဂသရေလ အမျိုး၌
အပြစ် လေးစေခြင်းငှါ တပါး အမျိုးသားမိန်းမ တို့နှင့် စုံဘက် ကြ ပြီတကား။ ၁၁ သို့ ဖြစ်၍ ဘိုးဘေး တို့၏ ဘုရား
သခင်ထာဝရဘုရား အား တောင်းပန် ကြလော့။ အလို တော်အတိုင်း ပြု လျက် ၊ ဤပြည်သား တို့နှင့်ငင်း၊ တပါး
အမျိုးသားမိန်းမ တို့နှင့်ငင်း ကွာ ကြလော့ဟု သူ တို့အား ဆို ၏။ ၁၂ ပရိသတ် အပေါင်း တို့ကလည်း ၊ ကိုယ်တော်
မိန့်တော်မူသည်အတိုင်း အကျွန်ုပ် တို့သည် ပြု ပါမည်။ ၁၃ သို့ရာတွင် လူ အများ ရှိပါ၏။ သည်းထန်စွာ မိုးယံး ရွာ သော
ကာလ ဖြစ်ပါ၏။ အကျွန်ုပ်တို့သည် အိမ်ပြင် မှာ မ ရပ် မနေနိုင် ပါ။ ဤအမှု သည် တ ရက် နှစ် ရက်တွင် ပြီးနိုင် သော
အမှုမ ဟုတ်ပါ။ ပြစ်မှား သောသူ အများ ရှိပါ၏။ ၁၄ ငါ တို့ ပရိသတ် အပေါင်း ကို အုပ်ချုပ်သော အကြီးအကဲ တို့သည်
စီရင်သဖြင့်၊ တို့နေရာမြို့ ရွာ၌ တပါး အမျိုးသားမိန်းမ နှင့် စုံဘက် သော သူအပေါင်း တို့သည် ချိန်းချက် သောအချိန်
တို့ ၌ မြို့ အသီးအသီးအသက် ကြီးသူများ၊ တရား သူကြီးများနှင့်အတူ လာ ၍ ဤ အမှု ကြောင့် ပြင်းစွာ ထွက်သောငါ
တို့ ဘုရား သခင်၏ အမျက် တော်ကို ဖြေကြပါစေဟု ကြိုးစွာ သောအသံ နှင့် ပြန်ပြော ကြ၏။ ၁၅ အာသဟေလ သား
ယောနသန် နှင့် တိကဝ သား ယဟာဇ သာ လျှင် ထို အမှုကိုပြုစု ကြ၏။ လေဝိ သား မေရှုလံ နှင့် ရှဗ္ဗသဲ တို့သည် ဝိုင်း
ညီကြ၏။ ၁၆ သိမ်း သွားခြင်းကို ခံရသောအမျိုးသား တို့သည် ဝန်ခံကြသည်နှင့်အညီ၊ ယဇ်ပုရောဟိတ် ဧဇရ သည်

ရွေးချယ် ၍ အဆွေ အမျိုးအလိုက် အမည် များကို မှတ်သားသော အဆွေအမျိုးသူကြီး တို့သည် ဒသမ လ တ ရက် နေ့ တွင် ထိုအမှ ကို စစ်ကြော ခြင်းငှါ ထိုင် နေကြ၏။ ၁၇ တပါး အမျိုးသားမိန်းမ နှင့်စုံဘက် သောသူ အပေါင်း တို့ကို ပဌမ လ တ ရက် နေ့တိုင်အောင် အကုန်အစင် စစ်ကြောစီရင် ကြ၏။ ၁၈ တပါး အမျိုးသားမိန်းမ နှင့် စုံဘက် သော ယဇ် ပုရောဟိတ် အမျိုးသား ဟူမူကား၊ ယောရှ အမျိုး ယောဇဒက် သား နှင့် သူ ၏ညီ မာသေယ ၊ ဧလျေဇာ ၊ ယာရိပ် ၊ ဂေဒလိ တည်း။ ၁၉ သူ တို့သည် မယား နှင့်ကွာ မည်ဟု ဂတိထားကြ ၏။ ပြုမိသော အပြစ် ကြောင့် သိုး ကိုယဇ် ပူဇော်ကြ၏။ ၂၀ ထိုမှတပါး၊ ဣမေရ အမျိုး ဟာနန် နှင့် ဇေဗဒိ၊ ၂၁ ဟာရိမ် အမျိုး မာသေယ ၊ ဧလိယ ၊ ရှေမာယ ၊ ယေဟေလ ၊ ဩဒိ၊ ၂၂ ပါရှုရ အမျိုး ဧလိဩနဲ ၊ မာသေယ ၊ ဣရှမေလ ၊ နာသနေလ ၊ ယောဇဗဒ် ၊ ဧလာသ။ ၂၃ လေဝိ သားယောဇဗဒ် ၊ ရှိမိ ၊ ကေလာယ တည်းဟူသော ကေလိတ ၊ ပေသာဟိ ၊ ယုဒ ၊ ဧလျေဇာ၊ ၂၄ သီချင်း သည် ဧလျာရှိပ် ၊ တံခါး စောင့် ရှလ္လုံ ၊ တေလင် ၊ ဥရိ၊ ၂၅ ဣသရေလအမျိုးထဲက ပါရုတ် အမျိုး ရာမိ ၊ ယေဇိ ၊ မာလခိ ၊ မျာမိန် ၊ ဧလာဇာ ၊ မာလခိယ ၊ ဗေနာယ၊ ၂၆ ဧလံ အမျိုး မတ္တနိ ၊ ဇာခရိ ၊ ယေဟေလ ၊ အာဗဒိ ၊ ယေရမုတ် ၊ ဧလျာ၊ ၂၇ ဇတ္တု အမျိုး ဧလိဩနဲ ၊ ဧလျာရှိပ် ၊ မတ္တနိ ၊ ယေရမုတ် ၊ ဇာဗဒ် ၊ အာဇိဇ၊ ၂၈ ဗေဗဲ အမျိုး ယောဟနန် ၊ ဟာနနိ ၊ ဇဗ္ဗဲ ၊ အာသလဲ၊ ၂၉ ဗာနိ အမျိုး မေရှုလ ၊ မလ္လုတ် ၊ အဒါယ ၊ ယာရှုပ် ၊ ရှာလ ၊ ရာမုတ်၊ ၃၀ ပါဟတ်မောဘ အမျိုး အဒန ၊ ခေလာလ ၊ ဗေနာယ ၊ မာသေယ ၊ မတ္တနိ ၊ ဗေဇလေလ ၊ ဗိန္နိ ၊ မနာရှေ၊ ၃၁ ဟာရိမ် အမျိုး ဧလျေဇာ ၊ ဣရှိယ ၊ မာလခိ ၊ ရှေမာယ ၊ ရှိမောင်၊ ၃၂ ဗင်္ာမိန် ၊ မလ္လုတ် ၊ ရှေမရိ၊ ၃၃ ဟာရှုံ အမျိုး မတ္တနဲ ၊ မတ္တသ ၊ ဇာဗဒ် ၊ ဧလိဖလက် ၊ ယေရမဲ ၊ မာနရှေ ၊ ရှိမိ၊ ၃၄ ဗာနိ အမျိုး မာဒဲ ၊ အာမရံ ၊ ဝဝေ၊ ၃၅ ဗေနာယ ၊ ပေဒိ ၊ ခေလူ၊ ၃၆ ဝါနိ ၊ မေရမုတ် ၊ ဧလျာရှိပ်၊ ၃၇ မတ္တနိ ၊ မတ္တနဲ ၊ ယာသော၊ ၃၈ ထိုမှတပါး၊ ဗာနိ ၊ ဗိန္နိ ၊ ရှိမိ၊ ၃၉ ရှေလမိ ၊ နာသန် ၊ အဒါယ၊ ၄၀ မာခနဒေဗဲ ၊ ရှာရှဲ ၊ ရှာရံ၊ ၄၁ အာဇရေလ ၊ ရှေလမိ ၊ ရှေမရိ၊ ၄၂ ရှလ္လုံ ၊ အာမရိ ၊ ယောသပ်၊ ၄၃ နေဗော အမျိုး ယေယေလ ၊ မတ္တိသိ ၊ ဇာဗဒ် ၊ ဇေဗိန ၊ ယာဒေါ ၊ ယောလ ၊ ဗေနာယ တည်း။ ၄၄ ဤ သူ အပေါင်း တို့သည် တပါး အမျိုးသားမိန်းမ နှင့် စုံဘက် ၍ သား သမီးကို မြင် ရကြပြီ။

၁ ဟာခလိ သား နေဟမိ စကား ဟူမူကား၊ အာတဇေရေဓမင်းကြီးနန်းစံနှစ် ဆယ်၊ ခိသလု လ တွင် ၊ ငါ သည် ရှုရှန် နန်းတော် ၌ ရှိ နေ စဉ်၊ ၂ ငါ့ ညီ ဟာနန် နှင့် ယုဒ လူ အချို့တို့သည် ရောက် လာ၍ ၊ ငါသည် သိမ်း သွားခြင်းကို ခံရသောယုဒ လူစုထဲက လွတ် သောသူတို့ ၏ အကြောင်း အရာနှင့် ၊ ယေရုရှလင် မြို့၏ အကြောင်း အရာကို မေးမြန်း လျှင်၊ ၃ သူတို့က၊ သိမ်း သွားခြင်းကို ခံရသောလူစုထဲက လွတ် ၍ ၊ ထို ပြည် ၌ နေ သောသူတို့သည် ကြီးစွာ သော ဆင်းရဲ ခြင်း၊ ကဲ့ရဲ့ ခြင်းကိုခံရကြ၏။ ယေရုရှလင် မြို့ရိုး သည် ပြိုပျက် လျက်၊ မြို့တံခါး လည်း မီး လောင် ၍ ကုန်ပြီဟု ပြန်ပြော ကြ၏။ ၄ ထို စကား ကိုကြား လျှင် ၊ ငါသည် ထိုင် ၍ အင်တန်ကာလ ပတ်လုံး ငိုကြွေး မြည်တမ်း လျက် ၊ အစာရှောင် လျက် နေ၍ ၊ ကောင်းကင် ဘုံ၏အရှင် ဘုရား သခင်ရှေ့ တော်၌ ဆုတောင်း သော ပဌာနာဟူမူကား ၊ ၅ အို ကောင်းကင် ဘုံ၏အရှင် ဘုရား သခင်ထာဝရဘုရား ၊ ကြီးမြတ် ၍ ကြောက်မက် ဘွယ်သော ဘုရား ၊ ပညတ် တော်တို့ကို နှစ်သက် ၍ ကျင့် စောင့်သောသူတို့ နှင့် ဖွဲ့သော ကရုဏာ ပဋိညာဉ် ကို မဖျက်၊ တည် စေ တော်မူသောဘုရား၊ ၆ ကိုယ်တော် ကျွန် ဣသရေလ အမျိုးသား တို့အဘို့ ၊ ရှေ့ တော်၌ နေ့ ည၌ မပြတ် အကျွန်ုပ် ဆုတောင်း ၍၊ ဣသရေလ အမျိုးသား ဖြစ်သော အကျွန်ုပ်တို့သည် ကိုယ်တော် ကို ပြစ်မှား မိသော အပြစ် များကို ဘော်ပြ ၍ တောင်းပန်သော ကိုယ်တော် ကျွန် ၏ ပဌနာ စကားကို ကြား ခြင်းငှါ ၊ ယခု နားထောင်၍ စေ့စေ့ကြည့်ရှုတော်မူပါ။ ၇ အကျွန်ုပ် နှင့် အကျွန်ုပ် အဆွေ အမျိုးတို့သည် ပြစ်မှား ပါပြီ။ ကိုယ်တော် ကို ပြစ်မှား၍၊ အလွန်ဆိုးညစ် သော အမှုတို့ကို ပြုမိပါပြီ။ ကိုယ်တော် ကျွန် မောရှေ ၌ ထား တော်မူသော ပညတ် တရား၊ စီရင် ထုံးဖွဲ့တော်မူချက် တို့ကို မ စောင့် ဘဲနေပါပြီ။ ၈ ကိုယ်တော်က၊ သင် တို့သည် လွန်ကျူး လျှင်၊ သင် တို့ကို တပါး အမျိုးသားတို့တွင် ငါ ကွဲပြား စေမည်။ တဖန် ငါ့ ထံသို့ ပြန်လာ ၍၊ ငါ့ ပညတ် တို့ကိုကျင့်စောင့် ပြန်လျှင်၊ မိုဃ်းကောင်းကင် အောက် အဝေးဆုံးသောအရပ်သို့ နှင်ထုတ် ခြင်းကိုခံရသော်လည်း၊ ထို အရပ်က ငါသိမ်းယူ ၍၊ ငါ့ နာမ တည် ရာဘို့ ငါရွေးချယ် သော အရပ် သို့ ဆောင် ခဲ့မည်ဟု ကိုယ်တော် ကျွန် မောရှေ ၌ထား တော်မူသော ဂတိ တော်ကိုအောက်မေ့ တော်မူပါ။ ၁၀ ယခုမှာ၊ ဤသူ တို့သည် မဟာ တန်ခိုး တော်နှင့် အားကြီး သော လက် တော်ဖြင့် ရွေးနှုတ် တော်မူသော ကိုယ်တော် ကျွန် ၊ ကိုယ်တော် လူမျိုး ဖြစ်ကြပါ၏။ ၁၁ အို ဘုရား ရှင်၊ ကိုယ်တော် ကျွန် ပြုသောပဌနာ စကားနှင့် နာမ တော်ကို ရိုသေ ချင်သော ကျွန်တော်များ ပြုသောပဌနာ စကားကို နားထောင် တော်မူပါ။ ကိုယ်တော် ကျွန် ကို ယနေ့ ကောင်းကြီးပေး တော်မူပါ။ ဤ လူ ရှေ့မှာ မျက်နှာ ရပါမည်အကြောင်းကယ်မသနား တော်မူပါဟု ဆုတောင်းလေ၏။ ထိုအခါ ငါ သည် ရှင်ဘုရင် ၏ ဖလားတော်ကိုင် ဖြစ် သတည်း။

၂ အာတဇေရေဓ မင်းကြီး နန်းစံနှစ် ဆယ်၊ နိသန် လ တွင် ရှေ့ တော်၌ တင်သောစပျစ်ရည် ကို ငါကိုင် ၍ ဆက် လေ၏။ ၂ အထက်ကတခါမျှရှေ့ တော်၌ ညှိုးငယ် သော မျက်နှာကို မ ပြဘူးသည်ဖြစ်၍၊ ရှင်ဘုရင် က၊ ကျန်းမာ လျက်နှင့်

အဘယ်ကြောင့် မျက်နှာ ညှိုးငယ် သနည်း။ ဝမ်းနည်း ဟန်ရှိပါသည်တကားဟု မိန့် တော်မူလျှင်၊ ၃ ငါသည်အလွန် ကြောက် ၍ ၊ ရှင်ဘုရင် အသက် တော်အစဉ် အမြဲရှင်ပါစေ။ ကျွန်တော် ဘိုးဘေး သချိုင်း ရှိရာမြို့ သည် ပျက်စီး လျက် ၊ မြို့တံခါး လည်း မီး လောင် ၍ ကုန်ပြီဖြစ်သောကြောင့်၊ ကျွန်တော် သည် မျက်နှာ မ ညှိုးငယ် ဘဲ အဘယ်သို့ နေနိုင်ပါမည်နည်းဟု လျှောက် သော်၊ ၄ ရှင်ဘုရင် က၊ အဘယ် သို့တောင်း လျှောက်ချင် သနည်းဟုမေး တော်မူ၏။ ငါကလည်း အရှင်မင်းကြီး အလို တော်ရှိ၍ ကျွန် တော်ကို စိတ် နှင့်တွေ့တော်မူလျှင် ၊ ကျွန်တော် ဘိုးဘေး သချိုင်း ရှိရာမြို့ ကို ကျွန်တော်ပြုစု ရမည်အကြောင်း ၊ ယုဒ ပြည်သို့ စေလွှတ် တော်မူပါဟု ကောင်းကင်ဘုံ ၏အရှင်ဘုရားသခင် အား ဆုတောင်း ပြီးမှလျှောက် လေ၏။ ၆ ထိုအခါ မြောက်သားတော်နှင့် ယှဉ်ပြိုင်၍ ထိုင် နေစဉ်၊ ရှင်ဘုရင် က၊ သင် သွား လျှင် အဘယ် မျှ ကာလကြာလိမ့်မည် နည်း။ အဘယ် ကာလမှ ပြန် လာမည်နည်းဟုမေး တော်မူသော်၊ ကာလ အချိန်ကို ငါလျှောက် ထားပြီးမှ ၊ ရှင် ဘုရင်သည် အလို တော်ရှိ၍ ငါ့ ကို လွှတ် လိုက်တော်မူ၏။ ၇ တဖန်တုံ၊ ရှင်ဘုရင် အလို တော်ရှိလျှင် ၊ မြစ် အနောက် ဘက်၌ရှိသောမြို့ဝန် တို့သည် ကျွန်တော် ကို မဆီး မတား၊ ယေရုရှလင်မြို့သို့ ပို့ရမည်အကြောင်း၊ အမိန့်တော်စာကို သနားတော်မူပါ။ ၈ ဥယျာဉ် တော်မှူးအာသပ် သည် ဗိမာန် တော် ရဲတိုက် တံခါး တိုင် နှင့် တံခါးထုပ်ဘို့ ၎င်း၊ မြို့ရိုး နှင့် ကျွန်တော်နေရာ အိမ် ဘို့ ၎င်း၊ သစ် ကိုပေး ရမည် အကြောင်း ၊ အမိန့်တော်စာ ကိုလည်း သနားတော်မူပါဟု တောင်းလျှောက်သည်အတိုင်း၊ ငါ ၏ ဘုရား သခင့်တန်ခိုး ကျေးဇူး တော်ကြောင့် ရှင် ဘုရင်သည် ပေး သနားတော်မူ ၏။ ၉ ထိုအခါ မြစ် အနောက် ဘက်မြို့ဝန် တို့ထံ သို့ငါရောက် ၍ ရှင်ဘုရင် ၏ အမိန့်တော်စာ ကိုပြ ၏။ ရှင် ဘုရင်သည်လည်း တပ်မှူး နှင့် မြင်းစီး သူရဲတို့ကို ငါ နှင့်အတူ စေလွှတ် တော်မူသတည်း။ ၁၀ ဂြသရေလ အမျိုးသားတို့၏ အကျိုး ကို ပြုစု ခြင်းငှါ ၊ လူ တယောက်လာ ကြောင်းကို ၊ ဟောရိုန် လူ သမ္ဘာလက် နှင့် ကျွန်ခံသူ အမ္မုန် အမျိုးသားတောဘိ တို့ သည် ကြား သော်၊ အလွန် နှလုံး မသာရှိကြ၏။ ၁၁ ငါသည်လည်း ၊ ယေရုရှလင် မြို့သို့ ရောက် ၍ သုံး ရက် နေ ပြီးမှ၊ ၁၂ ကိုယ် ၌ ပါသောသူ အချို့တို့နှင့်တကွ၊ ညဉ့် အခါ ထ ၍ ယေရုရှလင် မြို့အဘို့ ပြု ခြင်းငှါ ၊ ငါ ၏ဘုရား သခင်သည် ငါ့ အား အဘယ်သို့သော အကြံ ပေး တော်မူသည်ကို၊ အခြား သော သူတယောက်အား မျှမ ပြော ၊ ကိုယ် စီး သော မြင်း မှတပါး အဘယ် အရာမျှမပါဘဲ၊ ၁၃ ညဉ့် အခါ ချိုင့် တံခါး ဖြင့် ထွက် ၍ ၊ နဂါး ရေတွင်း တစ်ဘက်တချက် ၊ နောက်ချေး တံခါး တိုင်အောင် သွား သဖြင့်၊ ယေရုရှလင် မြို့ရိုး သည် ပြိုပျက် လျက်၊ မြို့တံခါး လည်း မီး လောင် ၍ မရှိသည်ကို ကြည့်ရှု ပြီးမှ၊ ၁၄ စမ်း ရေတွင်းတံခါး နှင့် ရှင်ဘုရင် ရေကန် တိုင်အောင် လွန် ပြန်၍ ၊ မြင်း လမ်းမရှိ သောကြောင့်၊ ၁၅ တဖန် ထိုညဉ့် ၌ ချောင်း နားတွင် ရှောက်သွား ၍၊ မြို့ရိုး ကို ကြည့်ရှု ပြီးမှ ၊ ချိုင့် တံခါး ဖြင့် လှည့် ၍ ဝင် ပြန် လေ၏။ ၁၆ အဘယ် အရပ်သို့သွား သည်၊ အဘယ် သို့ပြု သည် ကို မင်း တို့သည် မ သိ ကြ။ ယုဒ လူ၊ ယဇ်ပုရောဟိတ် ၊ မှူးမတ် ၊ မင်း အရာရှိ၊ လုပ်ဆောင် သော သူတစုံ တယောက်အား မျှငါသည် ကိုယ်အမှု ကိုမ ပြော သေး။ ၁၇ နောက် တဖန်၊ ငါ တို့ခံရသော ဆင်းရဲ ခြင်း၊ ယေရုရှလင် မြို့ပျက်စီး ခြင်း၊ မြို့တံခါး လည်း မီး လောင် ၍ ကုန်ခြင်းကို သင် တို့သိမြင် ကြ၏။ လာ ကြ။ ကဲရဲ့ ခြင်းနှင့် လွတ် မည်အကြောင်း ၊ ယေရုရှလင် မြို့ရိုး ကို တည် ကြကုန်

အံ့ဟု သူ တို့အား ဆို လျက်၊ ၁၈ ငါ ၏ ဘုရား သခင်သည် ငါ့ အား ပြုတော်မူသောကျေးဇူး ကိုငင်း၊ ရှင်ဘုရင် မိန့် တော်မူသော စကား ကိုငင်း ကြားပြော လေသော်၊ သူတို့က၊ ငါတို့သည် ထ ၍ တည် ကြကုန်အံ့ဟုဆိုလျက်၊ ထိုကောင်းမှု ကို ပြီးစေခြင်းငှါ၊ တယောက်ကိုတယောက် နှိုးဆော် ကြ၏။ ၁၉ ထိုသိတင်းကို ဟောရနိ လူသမ္ဘာလတ် ၊ ကျွန် ခံသူ အမှုန် အမျိုးသားတောဘိ ၊ အာရပ် အမျိုးသားဂေရှင် တို့ သည် ကြား လျှင် ၊ ပြက်ယယ် ပြု၍ သင် တို့သည် အဘယ် သို့ပြု ကြမည်နည်း။ ရှင်ဘုရင် ကို ပုန်ကန် ကြမည်လောဟု ကဲ့ရဲ့ လျက်ဆို ကြ၏။ ၂၀ ငါကလည်း၊ ကောင်းကင် ဘုံ၏အရှင် ဘုရား သခင် သည် ငါ တို့ကို အခွင့်ပေး တော်မူမည်။ ထိုကြောင့် ဘုရား သခင်၏ ကျွန် ဖြစ်သော ငါ တို့သည် ထ ၍ တည် မည်။ သင် တို့မူကား ၊ ယေရုရှလင် မြို့တွင် ဘာမျှမဆိုင် မပိုင်၊ မှတ်စရာ သက်သေမ ရှိဟု ပြန်ပြော ၏။

၃ ထိုအခါ ယဖ်ပုရောဟိတ် မင်း ဧလျာရှိပ် သည်၊ မိမိ ညီအစ်ကို ယဖ်ပုရောဟိတ် တို့နှင့်တကွထ၍၊ သိုး တံခါး ကို ပြင် လျက် တံခါး ခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူ ထောင်ဆွဲထား၍ ၊ မေအာ ပြအိုး မှ ဟာနနေလ ပြအိုး တိုင်အောင် ပြင် ကြ၏။ ၂ သူ တို့နောက်မှ၊ ယေရိခေါ မြို့သား တို့သည် ပြင်ကြ၏။ သူ တို့နောက်မှ၊ ဣမရိ သား ဇက္ကရ ပြင် ၏။ ၃ ငါး တံခါး ကိုကား၊ ဟသေနာ အမျိုးတို့သည် ပြင် လျက် တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင် ဆွဲထား၍၊ သော့ ခလောက်နှင့် ကန့်လန့်ကျင် တို့ကို တပ် ကြ၏။ ၄ သူ တို့နောက်မှ၊ ကောဇ သား ဖြစ်သော ဥရိယ ၏ သား မေရမုတ် ပြင် ၏။ သူ့ နောက်မှ၊ မေရှဇေလ သား ဖြစ်သော ဗေရခိ ၏သား မေရှလံ ပြင် ၏။ သူ့ နောက်မှ၊ ဗာနာ သား ဇာဒုတ် ပြင် ၏။ ၅ သူ့ နောက်မှ၊ တေကော မြို့သားတို့သည် ပြင် ကြ ၏။ သို့ရာတွင် ၊ တေကောမင်း တို့သည် မိမိ တို့အရှင် ၏ အမှု ကို ဝိုင်းညီ၍မ ပြုကြ။ ၆ တံခါး ဟောင်းကိုကား၊ ပါသာ သား ယောယဒ ၊ ဗေသောဒေယ သား မေရှလံ ပြင် လျက် တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူ ထောင်ဆွဲထား၍ ၊ သော့ ခလောက်နှင့် ကန့်လန့်ကျင် တို့ကို တပ်ကြ၏။ ၇ သူ တို့နောက်မှ၊ ဂိဗောင် မြို့သားမေလတိ ၊ မေရောနုတ် မြို့သားယာဒုန် ၊ ဂိဗောင် လူ ၊ မိဇပါ လူတို့သည် မြစ် အနောက် ဘက် မြို့ဝန် ရာဇ ပလ္လင်တိုင်အောင် ပြင် ကြ ၏။ ၈ သူ တို့နောက်မှဟာဟာယ သား ပန်းတိမ် သမား သြဇေလ ၊ သူ့ နောက်မှ၊ ဆေး သမားဟာနနိ ပြင် လျက်၊ ကျယ် သောမြို့ရိုး တိုင်အောင် ၊ ယေရုရှလင် မြို့ကို ခိုင်ခံ့ စေကြ၏။ ၉ သူ တို့နောက်မှ၊ ယေရုရှလင် မြို့တပိုင်း ကို အုပ် သောသူ၊ ဟုရ သား ရေဖါယ ပြင် ၏။ ၁၀ သူ့ နောက်မှ၊ ဟာရုမပ် သား ယေဒါယ သည် မိမိ အိမ် တစ်ဘက်တချက် ၌ပြင် ၏။ သူ့ နောက်မှ၊ ဟာရှဗနိ သား ဟတ္တုတ် ပြင် ၏။ ၁၁ ကျန်ကြွင်းသောအရပ်နှင့် မီးဖို ပြအိုး ကိုကား၊ ဟာရိမ် သား မာလခိယ နှင့် ၊ ပါဟတ်မောဘ သား ဟာရှုတ် တို့သည် ပြင် ကြ၏။ ၁၂ သူ တို့နောက်မှ၊ ယေရုရှလင် မြို့တပိုင်း ကို အုပ် သောသူ၊ ဟာလောဟတ် သား ရှလ္လုံ နှင့် သူ ၏သမီး တို့သည် ပြင် ကြ၏။ ၁၃ ချိုင့် တံခါး ကိုကား၊ ဟာနုန် နှင့် ဇာနော မြို့သား တို့သည် ပြင် ၍ တံခါး တိုင်၊ တံခါးရွက်၊ သော့ ခလောက်၊ ကန့်လန့်ကျင် တို့ကို လုပ်ပြီးမှ ၊ မြို့ရိုး အတောင် တထောင် ကို နောက်ချေး တံခါး တိုင်အောင် တည် ကြ၏။ ၁၄ ဗေသက္ကရင် မြို့တပိုင်း ကို အုပ် သောရေခပ် သား မာလခိ သည်၊ နောက်ချေး တံခါး ကို ပြင် ၍ တံခါး ရွက်၊ သော့ ခလောက်၊ ကန့်လန့်ကျင် တို့ကို လုပ် ထား၏။ ၁၅ မိဇပါ မြို့တပိုင်း ကို အုပ် သော

ကောလဟာဇ သား ရှုလွှဲ သည် စမ်း ရေတွင်းတံခါး ကိုပြင် ၍ တံခါး မိုး၊ တံခါး ရွက်၊ သော့ ခလောက်၊ ကန့်လန့်ကျင် တို့ကို လုပ် ထား ပြီးလျှင် ၊ ဥယျာဉ် တော်နားမှာ ၊ ရှိလောင် ရေကန် မြို့ရိုး ကို၊ ဒါဝိဒ် မြို့ လှေကား တိုင်အောင် တည် ၏။ ၁၆ သူ့ နောက် မှဇက်ဇုရ မြို့တပိုင်း ကို အုပ် သော အာဇဇုတ် သား နေဟမိ သည်၊ ဒါဝိဒ် သခိုင်း တစ်ဘက်တချက် မှစ၍၊ နောက်လုပ် သော ရေကန် နှင့် ဗိုလ်မင်း အိမ် တိုင်အောင် ပြင် ၏။ ၁၇ သူ့ နောက် မှ၊ လေဝိ အမျိုး ဗာနိ သား ရေဟုံ ပြင် ၏။ သူ့ နောက်မှ၊ ကိလ မြို့တပိုင်း ကို အုပ် သော ဟာရှဘိ သည် မိမိ တာ ကိုပြင် ၏။ ၁၈ သူ့ နောက် မှ၊ ကိလ မြို့တပိုင်း ကို အုပ် သော ဟေနဒဒ် သား ဟာရှဘိညီ ဗာဝဲ ပြင် ၏။ ၁၉ သူ့ နောက်မှ၊ မိဇပါ မြို့အုပ် ယောရှု သား ဧဇေရ သည်၊ လက်နက် စုံတိုက်သို့တက် ရာ တစ်ဘက်တချက် ၊ မြို့ထောင့် ထိအောင် ပြင် ၏။ ၂၀ သူ့ နောက် မှ၊ ဇဗ္ဗဲ သား ဗာရုတ် သည် မြို့ထောင့် မှ ယဇ်ပုရောဟိတ် မင်း ဧလျာရှိပ် အိမ် တံခါး တိုင်အောင် ကြိုးစား ၍ ပြင် ၏။ ၂၁ သူ့ နောက် မှ၊ ကောဇ သား ဖြစ်သော ဥရိယ ၏ သား မေရမုတ် သည်၊ ဧလျာရှိပ် အိမ် တံခါး မှ အိမ် ထောင့် တိုင်အောင် ပြင် ၏။ ၂၂ သူ့ နောက် မှ၊ ချိုင့် အရပ်သား ယဇ် ပုရောဟိတ်တို့သည် ပြင် ကြ၏။ ၂၃ သူ တို့နောက် မှ၊ ဗင်္ာမိန် နှင့် ဟာရှုပ် သည် မိမိ အိမ် တစ်ဘက်တချက် ၌ပြင် ကြ၏။ သူ တို့နောက် မှ၊ အာနနိ သား ဖြစ်သော မာသေယ ၏သား အာဇရိ သည် မိမိ အိမ် တစ်ဘက်တချက် ၌ ပြင် ၏။ ၂၄ သူ့ နောက် မှ၊ ဟေနဒဒ် သား ဗိန္ဓိ သည်၊ အာဇရိ အိမ် မှ မြို့ရိုးကွေ့ ရာ မြို့ထောင့် တိုင်အောင် ပြင် ၏။ ၂၅ ဥဇဲ သား ပါလလ သည် မြို့ရိုးကွေ့ ရာ တစ်ဘက်တချက် ကိုငင်း၊ ထောင် ဝင်း နား ၊ မြင့် သောနန်း ရှေ့မှာ ရှိသောပြအိုး ကိုငင်း ပြင်၏။ သူ့ နောက် မှ၊ ပါရုပ် သား ဂေဒါယ ပြင်၏။ ၂၆ ထိုမှတပါး၊ ဘုရားကျွန် တို့သည် အရှေ့ မျက်နှာ၊ ရေ တံခါး တစ်ဘက်တချက် ၌၊ မိမိတို့နေ ရာသြဖေလ ရဲတိုက်ကိုငင်း၊ ပြင်သို့ထွက် သော ပြအိုး ကိုငင်း ပြင်ကြ၏။ ၂၇ သူ တို့နောက် မှ၊ တေကော မြို့သားတို့သည် ပြင်သို့ထွက် သော ပြအိုး ကြီး တစ်ဘက်တချက် ၌ ၊ သြဖေလ ရဲတိုက်ရိုး တိုင်အောင် ပြင် ကြ၏။ ၂၈ မြင်း တံခါး အထက် ၊ ယဇ် ပရောဟိတ်တို့သည်၊ မိမိ တို့နေရာအိမ် တစ်ဘက်တချက် ၌ အသီးအသီး ပြင် ကြ ၏။ ၂၉ သူ တို့နောက် မှ၊ ဣမေရ သား ဇာဒုတ် သည် မိမိ အိမ် တစ်ဘက်တချက် ၌ ပြင် ၏။ သူ့ နောက် မှ၊ ရှေကနိ သား ၊ အရှေ့ တံခါး မှူး ရှေမာယ ပြင် ၏။ ၃၀ သူ့ နောက် မှ၊ ရှေလမိ သား ဟာနနိ ၊ ဇာလပ် ၏ စတုတ္ထသား ဟာနုန် တို့သည်ပြင် ကြ၏။ သူ တို့နောက် မှ၊ ဗေရခိ သား မေရှုလံ သည် မိမိ အိပ်ရာခန်း တစ်ဘက်တချက် ၌ ပြင် ၏။ ၃၁ သူ့ နောက် မှ၊ ပန်းတိမ် သမားသား မာလခိ သည် မိဖကဒ် တံခါး တစ်ဘက်တချက် ၌၊ ဘုရားကျွန် နေရာ နှင့် ကုန်သည် နေရာ အရပ်တိုင်အောင် ၎င်း၊ မြို့ထောင့် တက် ရာအရပ်တိုင်အောင် ၎င်း ပြင် ၏။ ၃၂ မြို့ထောင့် တက် ရာအရပ်မှစ၍၊ သိုး တံခါး တိုင်အောင် ပန်းတိမ် သမား များနှင့် ကုန်သည် များ တို့သည်ပြင် ကြ၏။

၃ ထိုသို့ ငါ တို့သည် မြို့ရိုး တည် ကြောင်းကို ၊ သမ္ဘာလတ် သည် သိတင်းကြား သောအခါ ၊ အလွန် ဒေါသ အမျက်ထွက် ၍ ၊ ယုဒ လူတို့ကို ပြက်ယယ် ပြုလျက်၊ ၂ အား မရှိသော ထိုယုဒ လူတို့သည် အဘယ် သို့ပြု ကြမည်နည်း။ ကိုယ်ကို ခိုင်ခံ့ စေမည်လော။ ယဇ်ပူဇော် မည်လော။ တနေ့ ခြင်းတွင် လက်စသတ် မည်လော။ ကျွမ်းလောင် သော ကျောက် တို့ကို

အမှိုက် ပုံ များထဲက ထုတ်၍ ပြုပြင် မည်လောဟု မိမိ အမျိုးသား ချင်း၊ ရှမာရိ တပ်သား ရှေ့ မှာ ပြောဆို ၏။ ၃ သူ့ အနား မှာရှိသော အမျှန် အမျိုးသားတောဘိ ကလည်း ၊ သူ တို့တည် သော ကျောက် ရိုး ကို တောခွေး ထိခိုက် လျှင် ပြိုလဲ လိမ့်မည်ဟု ပြန်ပြော ၏။ ၄ အို အကျွန်ုပ် တို့ ဘုရား သခင်၊ နားထောင် တော်မူပါ။ အကျွန်ုပ်တို့သည် မထီမဲ့မြင် ပြုခြင်းကိုခံရ ပါ ၏။ သူ တို့ကဲ့ရဲ့ သောစကားသည်၊ သူ တို့ ခေါင်း ပေါ် သို့ ပြန် ရောက်ပါစေသော။ သိမ်း သွားခြင်းကိုခံရာ ပြည် ၌ လုယက် ခြင်းကိုခံရ ကြပါစေသော။ ၅ သူ တို့ပြုသောဒုစရိုက် ကို ဖုံးအုပ် တော်မ မူပါနှင့်။ ရှေ့ တော်၌ သူ တို့အပြစ် မ ပြေ ပါစေနှင့်။ မြို့ရိုးကို တည် သောသူတို့ ၏စိတ် ကို နာစေခြင်းငှါ ၊ ပြောတတ်ကြပါသည် တကား။ ၆ သို့ရာတွင် ငါတို့သည် မြို့ရိုး ကိုတည် ကြ၏။ တည်လုပ် သောသူတို့ သည် စေတနာ ကြီးသောကြောင့် ၊ မြို့ပတ်လည် မြို့ရိုး အမြင့် တဝက် တိုင်အောင် ပြီးလေ၏။ ၇ ယေရုရှလင် မြို့ရိုး မြင့်၍ ပြိုပျက် ရာတို့ကို ပြင်စ ပြုကြသည်ဟု သမ္ဘာလတ် နှင့် တောဘိ အစရှိသော အာရပ် လူ၊ အမျှန် လူ၊ အာဇုတ် လူတို့သည် ကြား သောအခါ ၊ အလွန် ဒေါသ စိတ်ရှိသဖြင့်၊ ၈ ယေရုရှလင် မြို့ကို စစ်ချီ ၍ တိုက်မည်။ ထိုအမှုကို ဖျက် မည်ဟု တညီ တညွတ်တည်းတိုင်ပင် ကြ၏။ ၉ သို့ရာတွင် ငါတို့သည် ငါ တို့၏ ဘုရား သခင်ကို ဆုတောင်း ၍၊ ရန်သူ ကြောင့် နေ့ ည၌ မပြတ် ကင်း စောင့် ထား ကြ၏။ ၁၀ ယုဒ လူ အချို့ကလည်း ၊ ဝန်ထမ်း သောသူတို့ သည် အား ကုန် ကြပြီ။ အမှိုက် များ လှ၏။ မြို့ရိုး ပြီးစီးအောင် မ တတ် နိုင်ကြဟု ဆို ကြ၏။ ၁၁ ရန်သူ တို့ကလည်း ၊ သူတို့သည် အမှတ်တမဲ့ ၊ သတိ မ ရှိဘဲနေစဉ်တွင်၊ ငါတို့သည် သူ တို့အထဲ သို့ ဝင် ၍ လုပ်ကြံ သဖြင့် ၊ ထိုအလုပ် ကို ဖျက် မည်ဟု ဆို ကြ၏။ ၁၂ သူ တို့အနား မှာနေ သောယုဒ လူတို့သည်လည်း၊ လာ ၍ ရန်သူတို့သည် နေရာ အရပ် ရပ်တို့က ၊ သင်တို့ကို တိုက်လာကြလိမ့်မည်ဟု ငါ တို့အား အထပ်ထပ်ဆို ကြ၏။ ၁၃ ထိုကြောင့် မြို့ရိုး နောက် ၊ နိမ့် သောအရပ် ၊ ရှင်းလင်း သော အရပ်တို့ ၌ ထား ၊ လုံ ၊ လေး လက်နက်ပါသောလူ များကို အဆွေအမျိုးအလိုက် ငါခန့် ထား၏။ ၁၄ ထိုအမှုအလုံးစုံတို့ကို ကြည့်ရှု စီရင်ပြီးမှ မှူးမတ် ၊ မင်း အရာရှိ၊ ကြွင်း သောသူ တို့အား ခေါ် ၍ ၊ ရန်သူ တို့ကို မ ကြောက် ကြနှင့်။ ကြီးမြတ် ၍ ကြောက်မက် ဘွယ် ဖြစ် တော်မူသောထာဝရဘုရား ကို အောက်မေ့ ကြလော့။ ညီအစ်ကို သား မယား အိမ် ရာအတို့ တိုက် ကြလော့ဟုဆို၏။ ၁၅ ထိုသို့ ငါ တို့သည် သတိရ ၍၊ ရန်သူ အကြံ ကို ဘုရား သခင်ဖျက်ဆီး တော်မူကြောင်းကို သူတို့ကြား သိသောအခါ ၊ ငါ တို့ရှိသမျှ သည် အသီး အသီးလုပ် ရာအရပ် မြို့ရိုး သို့ ပြန် လုပ်ကြ၏။ ၁၆ နောက်မှ ငါ့ ကျွန် တဝက် သည် အလုပ် လုပ် ကြ ၏။ တဝက် သည် လုံ ၊ ဒိုင်း ၊ လေး ၊ သံချပ် တို့ကို ကိုင် ကြ၏။ မင်း တို့သည် ယုဒ အမျိုးသား များနောက် မှာ နေကြ၏။ ၁၇ မြို့ရိုး တည် သောသူ၊ ဝန် ထမ်း သောသူ၊ ဝန် ကို တင်သောသူအပေါင်းတို့သည် လက် တစ် ဘက်နှင့် လုပ် ကြ ၏။ လက်တစ် ဘက်နှင့် လက်နက် ကိုကိုင် ကြ၏။ ၁၈ တည် လုပ်သော သူအပေါင်းတို့သည်၊ ခါး ၌ ထား ဆွဲ လျက် တည် လုပ်ကြ၏။ တံပိုး မှုတ် သောသူသည် ငါ့ အနား မှာ ရပ်နေ၏။ ၁၉ ငါကလည်း၊ အလုပ် သည် ကြီး ကျယ် လှ၏။ မြို့ရိုး ပေါ် မှာ တယောက် တခြားစီ သူ နှင့်ငါဝေးဝေး လုပ်ရ ၏။ ၂၀ သို့ ဖြစ်၍ ၊ တံပိုး မှုတ်သံ ကို ကြား လေရာရာ အရပ် မှ ၊ ငါ တို့ထံ သို့စည်းဝေး ကြ။ ငါ တို့၏ ဘုရား သခင်သည် ငါ တို့ဘက် ၌ စစ် ကူတော်မူမည်ဟု မှူးမတ် ၊ မင်း အရာရှိ၊ ကြွင်း

သောသူတို့အား ငါဆို ၏။ ၂၁ ထိုသို့ ငါ တို့သည် အလုပ် လုပ် ကြ၏။ လူ တဝက် သည် မိုးယံးလင်း သည်မှစ၍ ကြယ်ပေါ် သည်တိုင်အောင် ၊ လှံ လက်နက်တို့ကို ကိုင် ကြ၏။ ၂၂ ထို အခါ ၌ လည်း ၊ ငါကလူတိုင်း မိမိ ကျွန် နှင့်တကွ ညဉ့် အချိန်တွင်၊ ယေရုရှလင် မြို့ထဲ မှာ အိပ်စေ။ သို့ပြုလျှင် ၊ ကျွန်တို့သည် နေ့ အခါ အလုပ် လုပ်လျက်၊ ညဉ့် အခါ အလှည့်လှည့်စောင့် လျက် ရှိ ကြလိမ့်မည်ဟု လူ များတို့အား ဆို ၏။ ၂၃ ထိုသို့ ငါ နှင့် ငါ့ ညီ ၊ ငါ့ ကျွန် ၊ ငါ့ နောက် ၌ လိုက် သော တပ်သား တို့သည်၊ ကိုယ် အဝတ် ကို မ ချွတ် ဘဲနေရ ကြ၏။

၅ ထိုအခါ ယောက်ျားမိန်းမ များတို့သည် အမျိုးသား ချင်း ယုဒ လူတို့ကို အလွန် အပြစ်တင်၍ မြည်တမ်း ကြ၏။ ၂ အချို့ကလည်း ၊ ငါ တို့နှင့် သား သမီး များ စွာရှိ ကြ၏။ သူတို့ အသက် မွေးလောက်အောင် စား စရာဆန် စပါးကို အဘယ်မှာရ နိုင်မည်နည်းဟုဆို ကြ၏။ ၃ အချို့ကလည်း ၊ ငါ တို့သည် လယ်ယာ ၊ ဥယျာဉ် ၊ အိမ် တို့ကို ပေါင် ထား ပြီ။ အစာခေါင်းပါး သောကာလ ၊ ဆန် စပါးကို အဘယ်မှာရ နိုင်ပါမည်နည်းဟု ဆို ကြ၏။ ၄ အချို့ကလည်း ၊ ငါတို့သည် အခွန် တော်ကိုပေး စရာရှိခြင်းငှါ လယ်ယာ ဥယျာဉ် အတွက် ငွေ ကို ချေးယူ ပြီ။ ၅ ယခု မှာ ငါ တို့ ကိုယ် ခန္ဓါသည် အမျိုးသား ချင်း တို့၏ ကိုယ် ခန္ဓါကဲ့သို့ ဖြစ်၏။ ငါ တို့သား သမီးသည် သူ တို့ သား သမီးကဲ့သို့ ဖြစ်ကြ၏။ ငါ တို့ သား သမီး ကိုရောင်း၍ ကျွန် ခံစေရမည်လော။ ကျွန် ခံပြီးသော သမီး တို့ကိုလည်း ရွေးခြင်းငှါမ တတ်နိုင်။ ပိုင်ရင်းလယ်ယာ နှင့် ဥယျာဉ် တို့ သည် သူတပါး လက်သို့ ရောက်လေပြီတကားဟု ဆိုကြ၏။ ၆ ထိုသို့ အပြစ်တင်မြည်တမ်း သောစကား ကို ငါသည် ကြား သောအခါ ၊ အလွန် ညှဉ်းငယ် သောစိတ်ရှိ၍ ၊ ကိုယ်အလိုအလျောက်ဆင်ခြင်ပြီးမှ၊ ၇ မှူးမတ် နှင့် မင်း အရာရှိတို့ကိုခေါ် ၍ ၊ သင် တို့သည် အမျိုးသား ချင်းတို့ ၌ အတိုး စားတတ်ကြသည် တကားဟု ဆုံးမ သဖြင့် ၊ သူ တို့တစ်ဘက် ၌ လူအများ တို့ကို စုဝေး စေလျက်၊ ၈ တပါးအမျိုးသား တို့လက်၌ ကျွန် ခံသောငါ တို့ ညီအစ်ကို ယုဒ လူတို့ကို၊ ငါ တို့သည် တတ်နိုင် သမျှအတိုင်း ရွေးနှုတ် ပြီးမှ၊ သင် တို့သည် ညီအစ်ကို တို့ကို တဖန် ရောင်း ဦးမည်လော။ သူတို့သည် အမျိုးသားချင်းတို့တွင် အရောင်း ခံရမည်လောဟုဆိုလျှင်၊ သူတို့သည် ပြန်ပြော စရာမ ရှိ ၊ တိတ်ဆိတ် စွာနေကြ၏။ ၉ ငါကလည်း ၊ သင် တို့ပြု သော အမှု မ ကောင်း ပါ တကား။ ငါ တို့ ရန်သူ ဖြစ်သော တပါးအမျိုးသား တို့သည် ငါတို့ကိုကဲ့ရဲ့ မည်ဟု ဘိုးရိမ်၍၊ ငါ တို့၏ ဘုရား သခင်ကို ကြောက်ရွံ့ သောစိတ်နှင့် သင်တို့ကျင့် သင့်သည် မဟုတ် လော။ ၁၀ ငါ နှင့်ငါ့ ညီ ၊ ငါ့ ကျွန် တို့သည်လည်း ၊ လူများတို့ ၌ ငွေ နှင့် ဆန် စပါးကို ခွဲယူပိုင်သည်မဟုတ်လော။ အတိုး စား သော အမှုကို ပယ် ဖြတ်ကြပါလော့။ ၁၁ ယနေ့ ပင်သူ တို့လယ်ယာ ၊ စပျစ် ဥယျာဉ်၊ သံလွင် ဥယျာဉ်၊ အိမ် ရာကို၎င်း ၊ သူ တို့ ၌ ခွဲယူ ပြီးသော ငွေ ၊ ဆန် စပါး၊ စပျစ်ရည် ၊ ဆီ အချို့ကို၎င်း ပြန် ပေးကြပါလော့ ဟု ဆိုသော်၊ ၁၂ သူတို့က ပြန် ပေးပါမည်။ ဘာမျှမ တောင်း မယူ ပါ။ ကိုယ်တော် မိန့် တော်မူသည်အတိုင်း ပြု ပါမည်ဟု ဝန်ခံ ကြ၏။ ထိုသို့ ယဇ် ပုရောဟိတ်တို့သည် ဂတိ ထား သည်အတိုင်း ပြု ရမည်အကြောင်း ၊ ငါသည် သူ တို့ကို ခေါ် ၍ ကျိန်ဆို စေပြီးမှ၊ ၁၃ ကိုယ် ခါးပိုက် ကို ခါ လျက်၊ ဂတိ ပျက်သော သူ အပေါင်း တို့ကို ဘုရား သခင်သည် အိမ်တော်၊ အမှု တော်ထဲက ဤသို့ ခါ လိုက်တော်မူပါစေသော။ သူတို့သည် ဤသို့ ခါ ပစ်လိုက်ခြင်းကိုခံရကြပါစေဟုဆို၍

စည်းဝေး သောသူအပေါင်း တို့သည် အာမင် ဟု ဝန်ခံ၍ ထာဝရဘုရား ကို ချီးမွမ်း ကြ၏။ လူ များတို့သည်လည်း၊ ဂတိ ထား သည်အတိုင်း ပြု ကြ၏။ ၁၄ ထို မှတပါး ယုဒ မြို့ဝန် အရာကို ငါခံသောအချိန်၊ အာတဲရေဇ် မင်းကြီး နန်းစံနှစ် ဆယ်မှစ၍ သုံး ဆယ်နှစ် နှစ် တိုင်အောင် ၊ တဆယ် နှစ် နှစ် ပတ်လုံးငါ နှင့် ငါ့ ညီ တို့သည် မြို့ဝန် ရိက္ခါ ကိုမ စား။ ၁၅ အရင် မြို့ဝန် တို့ကို လူ များတို့သည် ကျွေးရကြ၏။ မုန့် နှင့် စပျစ်ရည် ကိုငင်း၊ တနေ့လျှင် ငွေ လေး ဆယ်ကိုငင်းပေး ရကြ၏။ မင်း လုလင်၏ စေစား ခြင်းကိုလည်း ခံရကြ ၏။ ငါ မူကား ဘုရား သခင်ကို ကြောက်ရွံ့ သောကြောင့် ၊ အရင်မြို့ဝန်ကဲ့သို့မ ပြု။ ၁၆ ထို မှတပါး၊ ငါသည် မြို့ရိုး ကိုအမြဲလုပ် ၍နေ၏။ ငါနှင့် ငါ့ ကျွန် တို့ သည်လယ်ယာ ကို မ ဝယ် ၊ မြို့ရိုးတည်ခြင်း အမှု ကိုသာ ဝိုင်းညီ ၍ ကြိုးစား ကြ၏။ ၁၇ ထိုမှတပါး၊ ပတ်ဝန်းကျင် ၌နေ၍ ငါ တို့ထံ သို့လာ သောတပါးအမျိုးသား ကို မဆိုဘဲ၊ ယုဒ အမျိုးသားတို့ နှင့် မင်း အရာရှိ တရာ ငါး ကျိပ်တို့သည် ငါ့ စားပွဲ ၌ စားသောက်မြဲရှိကြ၏။ ၁၈ နေ့တိုင်း ငါ့စားပွဲကို နွား တကောင် ၊ ရွေး သော သိုး ခြောက် ကောင်၊ ကြက် များကို စီရင် ရ၏။ ဆယ် ရက် တခါများ စွာသော စပျစ်ရည် အမျိုးမျိုး ကိုလည်း တင်ရ၏။ ထိုမျှလောက်ကုန်သော်လည်း၊ လူ များတို့သည် ပင်ပန်း စွာ အမှု စောင့်ရသောကြောင့် ၊ မြို့ဝန် ၌ ရိက္ခာ ကို ငါမ တောင်း။ ၁၉ အိုအကျွန်ုပ် ဘုရား သခင်၊ ဤ လူ တို့အဘို့ အကျွန်ုပ်ပြု သမျှ အတွက် အကျွန်ုပ် ကို အောက်မေ့ ၍ ကျေးဇူး ပြုတော်မူပါ။

၆ ထိုအခါ မြို့တံခါး တို့ကို မ ထူ ထောင်သေးသော်လည်း ၊ မြို့ရိုး တည် ၍ လုံကြောင်းကို သမ္ဘာလတ် ၊ တောဘိ ၊ အာရပ် လူ ဂေရှင် မှစ၍ကြွင်း သော ရန်သူ တို့သည် သိတင်းကြား သောအခါ၊ ၂ သမ္ဘာလတ် နှင့် ဂေရှင် တို့က လာ ပါ။ သြနော ချိုင့် တွင် ခေဖိရိမ် ရွာ မှာ တွေ့ ကြကုန်အံ့ဟု မကောင်း သော အကြံ ရှိ၍ ငါ့ ကို မှာ လိုက်ကြ၏။ ၃ ငါကလည်း၊ ငါ သည်ကြီး သောအမှု ကို ဆောင်ရွက် ရသောကြောင့်မ ဆင်း မလာနိုင်။။ ထိုအမှုကို မဆောင်ရွက် ဘဲ သင် တို့ရှိရာသို့ ဆင်း သွား၍ ၊ အဘယ် ကြောင့်အမှု ပြတ် ရမည်နည်းဟု တမန် တို့ကို စေလွှတ် ၍ ပြန်ပြော ၏။ ၄ ထိုသို့ လေး ကြိမ် တိုင်အောင်မှာ လိုက်၍ ၊ ငါသည် လည်း ယခင်ကဲ့သို့ ပြန်ပြော ၏။ ၅ နောက်ပဉ္စမ အကြိမ် ၌ သမ္ဘာလတ် သည် ယခင် ကဲ့သို့ မိမိ ကျွန် ကို စေလွှတ် ၍ ၊ ကျွန်တွင် တံဆိပ် မခတ် သောစာ ပါ၏။ ၆ စာချက်ဟူမူကား၊ သင် နှင့် ယုဒ လူတို့သည် ပုန်ကန် မည်အကြံ ရှိသည်ဟု လူ အမျိုးမျိုးပြောဆိုကြ၏။ ဂေရှင် လည်း သက်သေခံ ၏။ ထို စကား နှင့်အညီ သင် သည် ယုဒရှင်ဘုရင် ဖြစ် လိုသောငှါ၊ မြို့ရိုး ကို တည် ၏။ ၇ ယုဒ ပြည်၌ ရှင်ဘုရင် ရှိသည်ဟု သင့် ကို ရည်ဆောင်၍ ယေရုရှလင် မြို့၌ ဟောပြော ရသော ပရောဖက် တို့ကို သင် ခန့်ထားပြီ။ ထို စကား အတိုင်း ရှင်ဘုရင် အား ကြား လျှောက်ရမည်။ သို့ ဖြစ်၍ လာ ပါ။ တိုင်ပင် ကြကုန်အံ့ဟု စာ၌ပါသတည်း။ ၈ ငါကလည်း၊ သင် ပြော သော စကား တခွန်းမျှ မ မှန် ၊ ကိုယ် စိတ် ထဲ မှာ အချည်းနှီးထင်တတ်သည်ချည်းဟု စေလွှတ် ၍ ပြန်ပြော ၏။ ၉ အကြောင်း မူကား၊ သူတို့က ထိုအလုပ် ကို လက်စ မ သတ်နိုင်အောင် သူတို့သည် အားလျော့ ကြ လိမ့်မည်ဟု ဆို လျက် ငါ တို့ကို ခြိမ်းချောက် ကြ၏။ သို့ရာတွင် ထိုစကားကြောင့် ငါ သာ၍အားရှိ ၏။ ၁၀ ထိုအခါ မဟေတဗေလ သား ဖြစ်သော ဒေလာယ ၏သား ရှေမာယ သည်၊ ပုန်းရှောင် လျက်နေသောအိမ် သို့ ငါ သွား လျှင်၊ သူကဘုရား သခင်၏

အိမ် တော် အတွင်း ခန်းထဲ မှာ ငါတို့သည် စုဝေး ၍ ၊ ဗိမာန် တော် တံခါး တို့ကို ပိတ် ထားကြကုန်အံ့။ ကိုယ်တော်
ကိုသတ် အံ့သောငှါ လာ ကြလိမ့်မည်။ ယနေ့ညဉ့် ၌ပင် လာ ကြလိမ့်မည်ဟု ဆို ၏။ ၁၁ ငါကလည်း၊ ငါ ကဲ့သို့ သောသူ
သည် ပြေး ရမည် လော။ ငါ နှင့် တူသောသူသည် အသက် ချမ်းသာခြင်းငှါ ဗိမာန် တော်ထဲ သို့ ဝင် ရမည်လော။ ငါမ
ဝင် ဟု ပြန်ပြော ၏။ ၁၂ ထိုသူ ကို ဘုရား သခင်စေလွှတ် တော်မ မူ။ တောဘို နှင့် သမ္ဘာလတ် ငှါး သောကြောင့် ၊
ထိုသို့ ငါ့ တစ်ဘက် ၌ ဟောပြော သည်ကို ငါရိပ်မိ ၏။ ၁၃ သူတို့သည်ငါ့ ကို ကဲ့ရဲ့ စရာအကြောင်း ရှိစေ လျက်၊
ငါကြောက် ၍ ထိုသို့ ပြု သဖြင့်၊ ပြစ်မှား စေခြင်းငှါ ထိုသူ ကို ငှါး ကြ၏။ ၁၄ အို အကျွန်ုပ် ဘုရား သခင်၊ ထိုသို့ ပြု
တတ်သော တောဘို နှင့် သမ္ဘာလတ် ကို ၎င်း၊ နောဒိ အမည်ရှိသောပရောဖက် မမှစ၍အကျွန်ုပ် ကို ခြိမ်းချောက် သော
ပရောဖက် တို့ကိုလည်းမှတ် တော်မူပါ။ ၁၅ အရက် ငါး ဆယ်နှစ် ရက် ကြာမှ ဧလုလလ နှစ် ဆယ်ငါး ရက်နေ့တွင် မြို့ရိုး ကို
လက်စသတ် ကြ၏။ ၁၆ ထိုသိတင်းကို ရန်သူ တို့သည်ကြား ၍ ၊ ပတ်လည် ဝန်းကျင်၌နေသော တပါးအမျိုးသား
အပေါင်း တို့သည် မြို့ရိုးကို မြင် သောအခါ ၊ ရှက် ကြောက်ခြင်းသို့ ရောက်ကြ ၏။ အကြောင်း မူကား၊ ထို အမှု သည် ငါ
တို့၏ ဘုရား သခင့် အခွင့်နှင့်ပြီး ကြောင်း ကို ရိပ်မိ ကြ၏။ ၁၇ ထို ကာလ တွင် ၊ ယုဒ မှူးမတ် တို့သည် များစွာ သော
မေတ္တာစာ ကို တောဘို ထံ သို့ ပေးလိုက်၍၊ တောဘို ပြန်ပေးသော စာအများကိုလည်း ရကြ၏။ ၁၈ တောဘိသည် အာရာ
သား ရှေကနိ ၏ သမက် ဖြစ်သောကြောင့် ၎င်း၊ သူ ၏သား ယောဟနန် သည် ဗေရခိ သား မေရှုလံ သမီး နှင့် စုံဘက်
သောကြောင့်၎င်း၊ ယုဒ လူ အများ တို့သည် တောဘိထံ ၌ သစ္စာ ကိုခံကြပြီ။ ၁၉ သူတို့သည် တောဘိပြုသောအမှုကောင်း
တို့ကို ငါ့ အား ပြန်ပြော ကြ၏။ ငါ့ စကား ကိုလည်း သူ အား ပြန် ပြောကြ၏။ သူသည်လည်း ငါ ကြောက် စေခြင်းငှါ စာ
ပေး လိုက်လေ၏။

၇ မြို့ရိုး ကို လက်စသတ် သောအခါ ၊ ငါသည် တံခါး တို့ကို ထူ ထောင်၍ တံခါး စောင့်၊ သီချင်း သည်၊ လေဝိ သားတို့ကို
ခန့် ထားပြီးမှ၊ ၂ သစ္စာ ရှိ၍ ဘုရား သခင်ကို အထူး သဖြင့်ရှိသေ သော ရဲတိုက် မှူး ဟာနနိ နှင့် ငါ့ ညီ ဟာနန် တို့ ၌
ယေရုရှလင် မြို့ကို အပ် လျက်၊ ၃ နေ မ ထွက် မှီ ယေရုရှလင် မြို့တံခါး တို့ကို မ ဖွင့် စေနှင့်။ တံခါးစောင့် ရှိ စဉ်၊ တံခါး
တို့ကို ပိတ် ၍ ကန့်လန့်ကျင် ထိုးစေ။ မြို့သူမြို့သားတို့သည် အသီးအသီးမိမိတို့အရပ် မိမိ တို့အိမ် တစ်ဘက်တချက်
၌ ကင်း စောင့်စေဟု စီရင် ၏။ ၄ အကြောင်း မူကား၊ မြို့ သည် ကျယ်ဝန်း သော်လည်း နေသောသူနည်း ၍ အိမ်
များတို့ကို မ တည် မဆောက်ကြသေး။ ၅ ထိုအခါ မှူးမတ် ၊ မင်း အရာရှိ၊ ဆင်းရဲသားတို့ကို အဆွေ အမျိုးအလိုက်
စာရင်းယူခြင်းငှါ စုဝေး စေမည် အကြံကို ငါ ၏ဘုရား သခင်သည် ငါ့ စိတ် နှလုံးထဲ သို့ သွင်းပေး တော်မူ၏။ ၆ တဖန်
ငါတွေ့ သောစာရင်း တည်းဟူသော၊ ရှေ့ဦးစွာ ရောက်လာ သောသူတို့၏အဆွေအမျိုး စာရင်းချက်ဟူမူကား၊ ဗာဗုလုန်
ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ဗာဗုလုန်မြို့သို့သိမ်းသွား ခြင်းကိုခံရသောလူစုထဲက ထွက် ၍ ဇေရုဗဗေလ ၊ ယောရှု ၊
နေဟမိ ၊ အာဇရိ ၊ ရာမိ ၊ နာဟမာနိ ၊ မော်ဒကဲ ၊ ဗိလရှန် ၊ မိဇပေရက် ၊ ဗိဂဝဲ ၊ နေဟုံ ၊ ဗာနာ တို့နှင့်အတူ လိုက်လာ ၍
ယေရုရှလင် မြို့အစရှိသောယုဒ ပြည်၌ အသီးအသီး ဆိုင်သောမြို့ရွာ သို့ ရောက် သောနိုင်ငံတော်သား ၊ ဣသရေလ လူ

စာရင်း ဟူမူကား၊ ၈ ပါရဂုတ် အမျိုးသား နှစ် ထောင်တရာ ခုနစ် ဆယ် နှစ် ယောက်၊ ၉ ရှေဖတိ အမျိုးသား သုံး ရာ ခုနစ် ဆယ်နှစ် ယောက်၊ ၁၀ အာရာ အမျိုးသား ခြောက် ရာ ငါး ဆယ်နှစ် ယောက်၊ ၁၁ ပါဟတ်မောဘ အမျိုး ၊ ယောရှု နှင့် ယွာဘ အမျိုးသား နှစ် ထောင်ရှစ် ရာ တဆယ် ရှစ် ယောက်၊ ၁၂ ဧလံ အမျိုးသား တ ထောင်နှစ် ရာငါး ဆယ်လေး ယောက်၊ ၁၃ ဇတ္တု အမျိုးသား ရှစ် ရာ လေး ဆယ်ငါး ယောက်၊ ၁၄ ဇက္ခဲ အမျိုးသား ခုနစ် ရာ ခြောက် ဆယ်၊ ၁၅ ဗိန္နိ အမျိုးသား ခြောက် ရာ လေး ဆယ်ရှစ် ယောက်၊ ၁၆ ဗေဗဲ အမျိုးသား ခြောက် ရာ နှစ် ဆယ်သုံးယောက်၊ ၁၇ အာဇဂဒ် အမျိုးသား တ ထောင်သုံး ရာ နှစ် ဆယ် နှစ် ယောက်၊ ၁၈ အဒေါနိကံ အမျိုးသား ခြောက် ရာ ခြောက် ဆယ်ခုနစ် ယောက်၊ ၁၉ ဗိဂဝဲ အမျိုးသား နှစ် ထောင်ငါးဆယ်ခုနစ် ယောက်၊ ၂၀ အာဒိန် အမျိုးသား ခြောက် ရာ ငါး ဆယ်ငါး ယောက်၊ ၂၁ ဟေဇကိ နှင့် အာတာ အမျိုးသား ကိုး ဆယ်ရှစ် ယောက်၊ ၂၂ ဟာရှုံ အမျိုးသား သုံး ရာ နှစ် ဆယ်ရှစ် ယောက်၊ ၂၃ ဗေဇဲ အမျိုးသား သုံး ရာ နှစ် ဆယ်လေး ယောက်၊ ၂၄ ဟာရိပ် အမျိုးသား တရာ တဆယ် နှစ် ယောက်၊ ၂၅ ဂိဗောင် အမျိုးသား ကိုး ဆယ်ငါး ယောက်၊ ၂၆ ဗက်လင် မြို့၊ နေတောဖ မြို့သား တရာ ရှစ် ဆယ် ရှစ် ယောက်၊ ၂၇ အာနသုတ် မြို့သား တရာ နှစ် ဆယ်ရှစ် ယောက်၊ ၂၈ ဗေသာဇမာဝက် မြို့သား လေး ဆယ်နှစ် ယောက်၊ ၂၉ ကိရယတ်ယာရိမ် မြို့၊ ခေဖိရ မြို့၊ ဗေရုတ် မြို့သား ခုနစ် ရာ လေး ဆယ်သုံး ယောက်၊ ၃၀ ရာမ မြို့၊ ဂါဗ မြို့သား ခြောက် ရာ နှစ် ဆယ် တ ယောက်၊ ၃၁ မိတ်မတ် မြို့သား တရာ နှစ် ဆယ်နှစ် ယောက်၊ ၃၂ ဗေသလ မြို့၊ အာဣ မြို့သား တရာ နှစ် ဆယ်သုံး ယောက်၊ ၃၃ အခြား သော နေဗော မြို့သား ငါး ဆယ်နှစ် ယောက်၊ ၃၄ အခြား သော ဧလံ မြို့သား တ ထောင်နှစ် ရာငါး ဆယ်လေး ယောက်၊ ၃၅ ဟာရိမ် မြို့သား သုံး ရာ နှစ် ဆယ်၊ ၃၆ ယေရိခေါ မြို့သား သုံး ရာ လေး ဆယ်ငါး ယောက်၊ ၃၇ လောဒ မြို့၊ ဟာဒိဒ် မြို့၊ ဩနော မြို့သား ခုနစ် ရာ နှစ် ဆယ်တ ယောက်၊ ၃၈ သေနာ မြို့သား သုံး ထောင် ကိုး ရာ သုံး ဆယ် တည်း။ ၃၉ ယဇ်ပုရောဟိတ် စာရင်းဟူမူကား၊ ယောရှု အမျိုး ထဲက ယေဒါယ အမျိုးသား ကိုး ရာ ခုနစ် ဆယ်သုံး ယောက်၊ ၄၀ ဣမေရ အမျိုးသား တ ထောင်ငါး ဆယ်နှစ် ယောက်၊ ၄၁ ပါရှုရ အမျိုးသား တ ထောင်နှစ် ရာလေး ဆယ်ခုနစ် ယောက်၊ ၄၂ ဟာရိမ် အမျိုးသား တ ထောင် တဆယ် ခုနစ် ယောက်တည်း။ ၄၃ လေဝိ သားစာရင်းဟူမူကား၊ ဟောဒေဝ အမျိုး ထဲက ယောရှု အမျိုး နှင့် ကာဒမေလ အမျိုးသားခုနစ် ဆယ် လေး ယောက်၊ ၄၄ သီချင်း သည်၊ အာသပ် အမျိုးသား တရာ လေး ဆယ် ရှစ် ယောက်၊ ၄၅ တံခါး စောင့် ရှလ္လုံ အမျိုးသား ၊ အာတာ အမျိုးသား ၊ တာလမုန် အမျိုးသား ၊ အက္ကုပ် အမျိုးသား ၊ ဟတိတ အမျိုးသား ၊ ရှောဗဲ အမျိုးသား ပေါင်း တရာ သုံး ဆယ်ရှစ် ယောက်တည်း။ ၄၆ ဘုရား ကျွန်ခံသူ၊ ဇိဟ အမျိုးသား ၊ ဟသုဖ အမျိုးသား ၊ တဗ္ဗောက် အမျိုးသား၊ ၄၇ ကေရုတ် အမျိုးသား ၊ သဃ အမျိုးသား ၊ ပါဒုန် အမျိုးသား၊ ၄၈ လေဗန အမျိုးသား ၊ ဟာဂဗ အမျိုးသား ၊ ရှာလမဲ အမျိုးသား၊ ၄၉ ဟာနန် အမျိုးသား ၊ ဂိဒ္ဒေလ အမျိုးသား ၊ ဂါဟာ အမျိုးသား၊ ၅၀ ရာယ အမျိုးသား ၊ ရေဇိန် အမျိုးသား ၊ နေကောဒ အမျိုးသား၊ ၅၁ ဂဇ္ဇမ် အမျိုးသား ၊ ဩဇ အမျိုးသား ၊ ပါသာ အမျိုးသား၊ ၅၂ ဗေသဲ အမျိုးသား ၊ မုနိမ် အမျိုးသား ၊ နေဖိရှေသိမ် အမျိုးသား၊ ၅၃ ဗာကဗုတ် အမျိုးသား ၊ ဟာကုဖ အမျိုးသား ၊ ဟာရဟုရ အမျိုးသား၊ ၅၄ ဗာဇလိတ် အမျိုးသား ၊ မေဟိဒ အမျိုးသား ၊

ဟာရဂ္ဂ အမျိုးသား၊ ၅၅ ဗာရကုတ် အမျိုးသား ၊ သိသရ အမျိုးသား ၊ တာမ အမျိုးသား၊ ၅၆ နေဇိ အမျိုးသား ၊ ဟတိဖ အမျိုးသား တည်း။ ၅၇ ရှောလမုန် ၏ အစေခံ ကျွန်၊ သောတဲ အမျိုးသား ၊ သောဖရက် အမျိုးသား ၊ ပေရိဒ အမျိုးသား ၅၈ ယာလ အမျိုးသား ၊ ဒါကုန် အမျိုးသား ၊ ဂိဒ္ဒေလ အမျိုးသား၊ ၅၉ ရှေဖတိ အမျိုးသား ၊ ဟတ္တိလ အမျိုးသား ၊ ပေါခရက် အမျိုးသား ၊ ဇေဗိမ်အမျိုးသား၊ အာမုန် အမျိုးသား တည်း။ ၆၀ ဘုရား ကျွန်နှင့် ရှောလမုန် ၏ ကျွန် ပေါင်း ကား၊ သုံး ရာ ကိုး ဆယ်နှစ် ယောက်တည်း။ ၆၁ ထိုမှတပါး၊ ဣသရေလ အမျိုးမှန် သည် မမှန် သည်ကိုငင်း၊ မိမိ တို့အဆွေ အမျိုးကိုငင်းမ ပြ နိုင် ဘဲ တေလမေလ မြို့၊ တေလဟာရှ မြို့၊ ခေရုပ် မြို့၊ အဒ္ဒန် မြို့၊ ဣမေရ မြို့မှ ထွက်သွား သော သူဟူမူကား ၊ ၆၂ ဒေလာယ အမျိုးသား ၊ တောဘိ အမျိုးသား ၊ နေကောဒ အမျိုးသား ၊ ပေါင်းခြောက် ရာ လေး ဆယ်နှစ် ယောက်တည်း။ ၆၃ ယဇ်ပုရောဟိတ် အမျိုးထဲက ဟဗာယ အမျိုးသား ၊ ကောဇ အမျိုးသား ၊ ဂိလဒ် ပြည်သား၊ ဗာဇိလဲ သမီး တယောက်နှင့် စုံဘက် ၍ ယောက္ခမအမည် ကို ရသောဗာဇိလဲ အမျိုးသား တို့သည်၊ ၆၄ စာရင်း ဝင်သောလူစုတွင် မိမိ တို့စာရင်း ကိုရှာ ၍ မ တွေ့ သောကြောင့် ၊ အမျိုး မစစ်၊ ယဇ် ပုရောဟိတ်အရာကို မခံရကြ။ ၆၅ ဥရိမ် နှင့် သုမိမ် ပါသောယဇ်ပုရောဟိတ် မပေါ် မှီ တိုင်အောင် သူတို့သည် အလွန်သန့်ရှင်း သောအရာတို့ကို မ စား ရဟု ပြည်အုပ် မင်းစီရင် ၏။ ၆၆ ပရိသတ် ပေါင်း ကား၊ လေး သောင်း နှစ် ထောင်သုံး ရာ ခြောက် ဆယ်တည်း။ ၆၇ ထို မှတပါး၊ ကျွန် ယောကျ်ား၊ ကျွန် မိန်းမပေါင်း ခုနစ် ထောင် သုံး ရာ သုံး ဆယ်ခုနစ် ယောက်၊ သီချင်း သည် ယောကျ်ား မိန်းမ ပေါင်းနှစ် ရာလေး ဆယ်ငါး ယောက်၊ ၆၈ မြင်းပေါင်းခုနစ်ရာသုံးဆယ်ခြောက်စီး၊ လား ပေါင်းနှစ်ရာလေးဆယ်ငါးစီး၊ ၆၉ ကုလားအုပ် ပေါင်း လေး ရာ သုံး ဆယ်ငါး စီး၊ မြည်း ပေါင်း ခြောက် ထောင် ခုနစ် ရာ နှစ် ဆယ်တည်း။ ၇၀ အဆွေအမျိုးသူကြီး အချို့ တို့သည် အမှု တော်ကို ဆောင်ရွက်စရာ လှူ ကြ၏။ ပြည်အုပ် မင်းသည်လည်း ရွှေ ဒင်္ဂါး တ ထောင်၊ အင်တုံ ငါး ဆယ်၊ ယဇ်ပုရောဟိတ် အဝတ် စုံ ငါး ရာ သုံး ဆယ်ကို ဘဏ္ဍာ တော်ထဲ သို့ သွင်း လေ ၏။ ၇၁ အဆွေအမျိုးသူကြီး သွင်း သော ရွှေငွေပေါင်းကား၊ ရွှေ ဒင်္ဂါး နှစ် သောင်း ၊ ငွေ အခွက် နှစ်သောင်းနှစ်ထောင်တည်း။ ၇၂ ကြွင်း သောသူ တို့ သည်လည်း ရွှေ ဒင်္ဂါး နှစ် သောင်း ၊ ငွေ အခွက် နှစ်သောင်း၊ ယဇ်ပုရောဟိတ် အဝတ် စုံခြောက် ဆယ်ခုနစ် စုံကို သွင်း ကြ၏။ ၇၃ ထိုသို့ ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ တံခါး စောင့်၊ သီချင်း သည်၊ သာမည လူ အချို့ ဘုရား ကျွန်အစရှိသော ဣသရေလ ပြည်သူပြည်သားအပေါင်း တို့သည်၊ မိမိ တို့ နေရာ မြို့ ရွာတို့ ၌ နေရာ ကျကြ၏။

၈ သတ္တမလရောက်မှ၊ မြို့ရွာအရပ်ရပ်၌နေသောဣသရေလအမျိုးသား လူ အပေါင်း တို့သည် လာ၍ ရေ တံခါး လမ်း တွင် စည်းဝေး ကြ၏။ ဣသရေလ အမျိုး၌ ထာဝရဘုရား ထား တော်မူသော မောရှေ ပညတ္တိ ကျမ်းစာ ကို ဆောင် ခဲ့ပါဟု ကျမ်းတတ် ဆရာ ဧဇရ ကို တောင်း သည်အတိုင်း၊ ၂ နားထောင် နားလည် နိုင်သမျှ သောပရိသတ် ယောကျ်ား မိန်းမ တို့ ရှေ့ သို့ သတ္တမ လ ပဌမ နေ့ ရက်တွင် ၊ ပညတ္တိ ကျမ်းစာကို ယဇ်ပုရောဟိတ် ဧဇရ သည် ဆောင် ခဲ့ ၍ ၊ ၃ နားလည် နိုင်သောသူ၊ ယောကျ်ား မိန်းမ တို့ ရှေ့ မှာ နံနက် အချိန်မှစ၍ မွန်းတည့် အချိန်တိုင်အောင် ရေ တံခါး လမ်း တွင် ဘတ်ရွတ် လေ၏။ လူ အပေါင်း တို့သည် ပညတ္တိ ကျမ်း စကားကို စေ့စေ့နားထောင် ကြ၏။ ၄ သူတို့လုပ်

ကြသော တရား ဟောရာသစ်သား ပလ္လင် ပေါ် မှာ၊ ကျမ်းတတ် ဆရာဧရေ သည် ရပ် ၍ မတ္တိသိ ၊ ရှေမ ၊ အနာယ ၊ ဥရိယ ၊ ဟိလခိ ၊ မာသေယ တို့သည် လက်ျာ ဘက်၌ ၎င်း၊ ပေဒါယ ၊ မိရှေလ ၊ မာလခိ ၊ ဟာရှံ ၊ ဟာရှဗဒါန ၊ ဇာခရိ ၊ မေရှုလံ တို့သည် လက်ဝဲ ဘက်၌ ၎င်း ရပ် နေကြ၏။ ၅ ထိုသို့ ဧဇရ သည် လူ အပေါင်း တို့ထက် သာ၍မြင့်လျက်၊ လူ အပေါင်း တို့ရှေ့ မှာ ကျမ်းစာ ကို ဖွင့် သောအခါ၊ လူ အပေါင်း တို့သည် ထ ကြ၏။ ၆ ဧဇရ သည် မြတ် စွာဘုရား သခင် ထာဝရဘုရား ကို ကောင်းကြီး ပေး၏။ လူ အပေါင်း တို့က အာမင် ၊ အာမင် ဟု လက် တို့ကို ချီ လျက်၊ ဝန်ခံ ၍ ဦးချ ပြပ်ဝပ်လျက် ထာဝရဘုရား ကို ကိုးကွယ် ကြ၏။ ၇ ယောရှု ၊ ဗာနိ ၊ ရှေရဗိ ၊ ယာမိန် ၊ အက္ကုပ် ၊ ရှဗ္ဗေသဲ ၊ ဟောဒိယ ၊ မာသေယ ၊ ကေလိတ ၊ အာဇရိ ၊ ယောဇဗဒ် ၊ ဟာနန် ၊ ပေလာယ အစ ရှိသောလေဝိ သားတို့သည်လည်း လူ များတို့အား ပညတ္တိ ကျမ်းစာအနက်ကို ပြန်ကြား ကြ၏။ လူ များတို့သည်လည်း မိမိ တို့နေရာ ၌ နေကြ၏။ ၈ ထိုသို့ ဘုရား သခင်၏ ပညတ္တိ ကျမ်းစာ ကို သေချာ စွာ ဘတ်ရွတ် ၍ အနက် ကိုပြန်သဖြင့် ၊ လူများ နားလည် စေခြင်းငှါ ပြုကြ၏။ ၉ လူ အပေါင်း တို့သည် ပညတ္တိ ကျမ်းစကား ကို ကြား သောအခါ ငိုကြွေး ကြသည်ဖြစ်၍ ၊ ပြည်အုပ် မင်း နေဟမိ ၊ ကျမ်းတတ် ဆရာ ယဇ်ပုရောဟိတ် ဧဇရ ၊ လူ များ တို့အား သွန်သင် သော လေဝိ သားတို့က၊ ဤ သည်နေ့ ရက်သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား အဘို့ သန့်ရှင်း သောနေ့ ဖြစ်၏။ ငိုကြွေး မြည်တမ်းခြင်းကို မ ပြုကြနှင့်။ ၁၀ သွား ကြလော့၊ မြိန် စွာသော အစာကိုစား ကြလော့။ ချို သော အရည်ကိုသောက် ကြလော့။ ဆင်းရဲ သောသူတို့ အား ဝေမျှ ကြလော့။ ဤသည်နေ့ရက်သည် ငါ တို့ ဘုရား ရှင်အဘို့ သန့်ရှင်း ၏။ ဝမ်း မ နည်းကြနှင့်၊ ထာဝရဘုရား ပေးတော်မူသောအခွင့်နှင့် အားယူ ၍ ဝမ်းမြောက် ကြလော့ဟု လူအပေါင်းတို့အား ဆို ကြ၏။ ၁၁ ထိုသို့ လေဝိ သားတို့က၊ ဤသည်နေ့ရက်သည် သန့်ရှင်း သောနေ့ ဖြစ်သောကြောင့် တိတ်ဆိတ် စွာ နေကြလော့။ ဝမ်း မ နည်းကြနှင့်ဟု ဆို၍ လူ အပေါင်း တို့ကို ငြိမ်း စေကြ၏။ ၁၂ လူ အပေါင်း တို့သည် ဟောပြောသော စကား များကို နားလည် သောကြောင့် ၊ စား သောက် ခြင်း၊ သူတပါး တို့အား ဝေမျှ ခြင်း၊ အလွန် ပျော်မွေ့ ခြင်းကို ပြု အံ့သောငှါ သွား ကြ၏။ ၁၃ ဒုတိယ နေ့ ရက်တွင် ၊ အဆွေအမျိုးသူကြီး များတို့ နှင့်တကွယဇ်ပုရောဟိတ် လေဝိ သားတို့သည် ပညတ္တိ ကျမ်း စကား ကို နားလည် အံ့သောငှါ ၊ ကျမ်းတတ် ဆရာ ဧဇရ ထံ ၌ စည်းဝေး ကြ၏။ ၁၄ သတ္တမ လ ပွဲ ကိုခံကြစဉ် ၊ ဣသရေလ အမျိုးသားအပေါင်းတို့သည် သစ်ခက်တဲ ၌ နေ ရကြမည်ဟု မောရှေ အားဖြင့် ထာဝရဘုရား ထား တော်မူသော ပညတ္တိ ကျမ်းစာ၌ ရေးထား ကြောင်းကို တွေ့ ကြ၏။ ၁၅ ထိုစကားကို ကြားသောအခါ၊ ကျမ်းစာ ၌ ပါသည်အတိုင်း သစ်ခက် တဲတို့ကိုလုပ် ခြင်းငှါ တောင် သို့ သွား ကြ။ သံလွင် ခက် ၊ ထင်းရူး ခက် ၊ မုရတု ခက် ၊ စွန်ပလွံ ခက် အစရှိသော ထူထပ် သောအခက် အလက်မျိုးတို့ကို ဆောင်ခဲ့ကြဟု ယေရုရှလင် မြို့မှစ၍ခပ်သိမ်း သော မြို့ ရွာတို့ ၌ ကြော်ငြာ ကြ၏။ ၁၆ လူ များတို့သည် ထွက်သွား ၍ ၊ သစ်ခက်တို့ကို ဆောင် ခဲ့ပြီးလျှင် အိမ်မိုး ပေါ် မှာငင်း ၊ မိမိ ဝင်း ထဲ ၊ ဗိမာန် တော်တန်တိုင်း ထဲ မှာငင်း ၊ ရေ တံခါး လမ်း နှင့် ဧဖရိမ် တံခါး လမ်း မှာ ငင်း သစ်ခက်တဲ များကို လုပ် ကြ၏။ ၁၇ ထိုသို့ သိမ်း သွားခြင်းကိုခံရရာထဲက ထွက်လာ သော ပရိသတ် အပေါင်း တို့သည်

သစ်ခက်တဲ့ တို့ကို လုပ် ၍ ထိုင် နေကြ၏။ နုန် သား ယောရှ လက်ထက် မှစ၍ ဣသရေလ အမျိုးသားတို့သည် တခါမျှ ထိုသို့မ ပြု ကြ။ အလွန် ဝမ်းမြောက် လျက်နေ ကြ၏။ ၁၈ ပဌမ နေ့ မှစ၍ နောက်ဆုံး သောနေ့ တိုင်အောင် ၊ နေ့ရက် အစဉ်အတိုင်းဘုရား သခင်၏ ပညတ္တိ ကျမ်းစာ ကို ဘတ်ရွတ် ကြ၏။ ထိုပွဲ ကို ခုနစ် ရက် ပတ်လုံးခံ ကြ၏။ ရှစ် ရက်မြောက်သောနေ့ ၌ တရား တော်အတိုင်း ဓမ္မ ပွဲကိုလည်းခံကြ၏။

၉ ထိုလ နှစ် ဆယ်လေး ရက် နေ့တွင် ၊ ဣသရေလ အမျိုးသားတို့သည် အစာ ရှောင်လျက် ၊ လျှော်တော အဝတ် ကိုဝတ်လျက်၊ ကိုယ် ၌ မြေမှုန့် ကို တင်လျက် စည်းဝေး ကြ၏။ ၂ ထိုအခါ ဣသရေလ အမျိုးစစ်ဖြစ်သောသူတို့ သည် တပါး အမျိုးသားရှိသမျှ တို့နှင့် ကွာ ၍၊ ကိုယ် အပြစ် နှင့် ဘိုးဘေး တို့၏ အပြစ် များကို ဝန်ပြ တောင်းပန်ကြ၏။ ၃ မိမိ တို့နေရာ ၌ ရပ်နေ ၍ ၊ မိမိ တို့ဘုရား သခင်ထာဝရဘုရား ၏ ပညတ္တိ ကျမ်းစာ ကို နေ့ လေး စုတစု ဘတ် ကြ၏။ အပြစ်ကို ဝန်ပြ တောင်းပန်၍၊ မိမိ တို့ ဘုရား သခင်ထာဝရဘုရား ကို နေ့လေး စုတစုကိုးကွယ် ကြ၏။ ၄ ထိုအခါ လေဝိ သားယောရှ ၊ ဗာနိ ၊ ကပ်မျေလ ၊ ရှေဗနိ ၊ ဗုန္နိ ၊ ရှေရဘိ ၊ ဗာနိ ၊ ခေနနိ တို့သည် ပလ္လင် ပေါ် မှာရပ် ၍၊ သူ တို့၏ ဘုရား သခင်ထာဝရဘုရား အား ကြီးစွာ သောအသံ နှင့် ကြွေးကြော် ကြ၏။ ၅ တဖန် လေဝိ သားယောရှ ၊ ကပ်မျေလ ၊ ဗာနိ ၊ ဟာရှဗနိ ၊ ရှေရဘိ ၊ ဟောဒိယ ၊ ရှေဗနိ ၊ ပေသဟိ တို့က ထ ကြလော့။ သင် တို့၏ဘုရား သခင်ထာဝရဘုရား သည် အစဉ် အမြဲမင်္ဂလာရှိတော်မူစေသတည်းဟု ကောင်းကြီး ပေးကြလော့။ ကောင်းကြီး ပေးခြင်း၊ ချီးမွမ်း ခြင်း အမျိုးမျိုး ထက် ကြီး မြင့်၍ ဘုန်း ကြီးသော ကိုယ်တော် ၏ နာမ သည် မင်္ဂလာ ရှိပါစေသတည်း။ ၆ ကိုယ်တော် သာလျှင် ထာဝရဘုရား ဖြစ်တော်မူ ၏။ အမြင့်ဆုံးသော ကောင်းကင် နှင့် ကောင်းကင် ဗိုလ်ခြေ အပေါင်း တို့ကိုဎင်း၊ မြေကြီး နှင့် မြေကြီး ပေါ် မှာ ရှိ ရှိသမျှတို့ကိုဎင်း၊ ပင်လယ် နှင့် ပင်လယ် ၌ ပါသမျှ တို့ကိုဎင်းဖန်ဆင်း တော်မူ၏။ အလုံးစုံ တို့ကို စောင့်မ တော်မူ ၏။ ကောင်းကင် ဗိုလ်ခြေ တို့သည် ကိုယ်တော် ကို ကိုးကွယ် ကြပါ၏။ ၇ အိုထာဝရ အရှင်ဘုရား သခင်၊ ကိုယ်တော် သည် အာဗြံ ကို ရွေးချယ် ၍ ခါလဒဲ ပြည်၊ ဥရ မြို့မှ ခေါ် ခဲ့ပြီးလျှင် အာဗြဟံ ဟူသောအမည် ကိုပေး တော်မူ ၏။ ၈ ရှေ့ တော်၌ သူ့ သဘော ဖြောင့် သည်ကို တွေ့ သောကြောင့်၊ ခါနန် ပြည် ၊ ဟိတ္တိ ပြည်၊ အာမောရိ ပြည်၊ ဖေရဇိ ပြည်၊ ယေဗုသိ ပြည်၊ ဂိရဂါရှိ ပြည်တို့ကို အာဗြဟံ အမျိုးအနွယ် အား ငါပေး မည်ဟု ဝန်ခံသည် အတိုင်း သစ္စာ တော်မပျက်ပြု တော်မူ၏။ ၉ အဲဂုတ္တု ပြည်၌ အကျွန်ုပ် တို့၏ ဘိုးဘေး များ ခံရသောညှဉ်းဆဲ ခြင်းကိုမြင် ၍ ၊ ဧဒုံ ပင်လယ် နား မှာ သူ တို့ အော်ဟစ် သောအသံကို ကြား တော်မူ၏။ ၁၀ ဖာရော ဘုရင်နှင့် သူ ၏ကျွန် များ၊ ပြည်သူ ပြည်သားအပေါင်း တို့သည် အကျွန်ုပ်တို့၏ ဘိုးဘေးတို့ကို စော်ကား စွာပြုသောကြောင့် ၊ ကိုယ်တော်သည် ကြည့်ရှု၍ နေတော်မမူ။ ထိုပြည်သားတို့ ၌ နိမိတ် လက္ခဏာနှင့် အံ့ဘွယ် သောအမှုတို့ကို ပြ တော်မူ၍ ၊ သိတင်းတော်သည် ယနေ့ တိုင်အောင် ကျော်စောလျက်ရှိပါ၏။ ၁၁ သူတို့သည် ပင်လယ် အလယ် ၌ မြေ ပေါ် မှာ ရှောက် သွားမည်အကြောင်း သူ တို့ရှေ့ မှာ ပင်လယ် ကို ခွဲ တော်မူ၏။ ညှဉ်းဆဲ သောသူတို့ ကိုကား၊ နက် သောရေ ထဲ သို့ ကျောက် ကိုပစ်သကဲ့သို့ ပစ် တော်မူ၏။ ၁၂ ထိုမှတပါး၊ နေ့ အချိန်၌ မိုးယံတိမ် တိုင် အားဖြင့် ၎င်း ၊ ည၌ အချိန် ၌ သူ တို့သွား ရာလမ်း ကို

လင်း စေသော မီး တိုင် အားဖြင့် ၎င်း ၊ သူ တို့ကို ပို့ဆောင် တော်မူ၏။ ၁၃ ကိုယ်တော်တိုင်လည်း၊ သိနာ တောင်
ပေါ် သို့ ဆင်းသက် ၍ မိုဃ်းကောင်းကင် ထဲက ဗျာဒိတ် သံကို လွှတ် သဖြင့် ၊ ဟုတ်မှန် ဖြောင့်မတ်သော စီရင်
ထုံးဖွဲ့ချက်ပညတ် တရား တို့ကို အပ် ပေးတော်မူ၏။ ၁၄ သန့်ရှင်း သော ဥပုသ် နေ့ရက်တော်ကို ဘော်ပြ ၍ ၊ ကိုယ်တော်
ကျွန် မောရှေ အားဖြင့် နည်းနာ ဥပဒေသပညတ် တရား တို့ကိုလည်း ထား တော်မူ၏။ ၁၅ သူ တို့မွတ်သိပ် ခြင်းနှင့်
ရေတပ် ခြင်းကို ပြေစေခြင်းငှါ၊ မိုဃ်းကောင်းကင် မုန့် နှင့် ကျောက် ထဲက ထုတ် သော ရေ ကို ပေး တော်မူ၏။ သူ
တို့ပိုင် ဘို့ ကျိန်ဆိုတော်မူသောပြည် ထဲ သို့ဝင် ၍ သိမ်းယူမည်အကြောင်းမိန့် တော်မူ၏။ ၁၆ သို့ရာတွင် အကျွန်ုပ်
တို့ဘိုးဘေး တို့သည် မာန ထောင်လွှား၍ ၊ ခိုင်မာ သော လည်ပင်း နှင့် ပညတ် တော်ကို နား မ ထောင်ကြ။ ၁၇ သူ
တို့တွင် ပြု တော်မူသော အံ့ဘွယ် သောအမှု တို့ကို မ အောက်မေ့။ အာဏာတော်ကို ငြင်းဆန် လျက် ၊ လည်ပင်း ခိုင်မာ
သည် ဖြစ်၍၊ ကျွန်ခံ ရာ အဲဂုတ္တုပြည်သို့ ပြန် လိုသောငှါ ၊ လူကြီး တဦးကိုချီးမြှောက် ကြ၏။ သို့ရာတွင် ကိုယ်တော်
သည် အပြစ် ကိုဖြေတတ်သောဘုရား ၊ ချစ် သနားခြင်းမေတ္တာ ကရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည် ခြင်း၊ ကျေးဇူးပြုခြင်းနှင့်
ကြွယ်ဝသော ဘုရားဖြစ်တော်မူသောကြောင့်သူ တို့ကို စွန့်ပစ် တော်မ မူ။ ၁၈ ထိုမျှမက သူတို့သည် နွား သငယ်အရုပ်
ကို သွန်း ၍၊ အိုက္ကသရေလအမျိုး၊ ဤ ဘုရားသည် သင့် ကို အဲဂုတ္တု ပြည်မှ နှုတ် ဆောင်သော သင် ၏ ဘုရား
ဖြစ်တော်မူ၏ဟု ဆို လျက် ၊ အလွန် ပြစ်မှား သော်လည်း၊ ၁၉ ကိုယ်တော် သည် အထူး သဖြင့်သနား တတ် သော
ဘုရားဖြစ်တော်မူ၍၊ တော ၌ သူ တို့ကို စွန့်ပစ် တော် မ မူ။ နေ့ အချိန်၌ လမ်းပြ သော မိုဃ်းတိမ် တိုင် မ ပျောက် ၊
ည၌ အချိန်၌ သူ တို့သွား ရာလမ်း ကို လင်း စေသော မီး တိုင် လည်း မကွယ်။ ၂၀ သူ တို့အား သွန်သင် စရာဘို့
ကောင်း သော ဝိညာဉ် တော်ကိုပေး တော်မူ၏။ သူ တို့စားရသောကိုယ်တော် ၏ မန္နာ ကိုရှုပ်သိမ်း တော်မ မူ။ သူ တို့
အငတ် ပြေစေခြင်းငှါ ၊ ရေ ကိုလည်း ပေး တော်မူ၏။ ၂၁ အနှစ် လေး ဆယ်ပတ်လုံးသူတို့ကို အလျှင်း မ ဆင်းရဲ
စေခြင်းငှါ ကျွေးမွေး တော်မူ၏။ သူ တို့အဝတ် မ ဟောင်း မနွမ်းရ။ သူ တို့ခြေ သည်လည်း မ ပွန်းမရောင် ရ။ ၂၂
နောက် မှတပါးအမျိုးသား တို့၏ တိုင်း နိုင်ငံများ ကို သူ တို့အား အကုန်အစင်ဝေဖန် ၍ ပေး သနားတော်မူသဖြင့်၊
သူတို့သည် ဟေရှဘုန် ရှင်ဘုရင် ရှိဟုန် နှင့် ဗာရှန် ရှင်ဘုရင် ဩဃ အစိုးရသောပြည်တို့ကို သိမ်းယူ ကြ၏။ ၂၃
သူ တို့သား မြေးတို့ကို မိုဃ်းကောင်းကင် ကြယ် ကဲ့သို့ များပြား စေတော်မူ၏။ အကြင်ပြည်ထဲသို့ သူတို့ ဝင် ၍
သိမ်းယူ မည်အကြောင်း ၊ သူ တို့၏ ဘိုးဘေး တို့အား ဂတိ ထားတော်မူ၏၊ ထို ပြည် ထဲ သို့သွင်း တော်မူသဖြင့်၊
၂၄ သား မြေးတို့သည်ဝင် ၍ သိမ်းယူ ကြ၏။ သူ တို့ ရှေ့ မှာ ထိုပြည်သား ခါနာန် လူတို့ကို နှိပ်စက် တော်မူ၍ ၊
ရှင်ဘုရင် အစရှိသော ပြည်သူ ပြည်သားတို့ကို ပြုချင်သမျှ ပြုရသောအခွင့်နှင့် သူ တို့လက် သို့ အပ် တော်မူ၏။ ၂၅
ထိုသို့သူတို့သည် ခိုင်ခံ့ သောမြို့ များ၊ မြေကောင်း သောပြည် ၊ ဥစ္စာနှင့် ပြည့် သောအိမ် ၊ တူး ပြီးသောရေတွင်း ၊
များပြားသော စပျစ် ဥယျာဉ်၊ သံလွင် ဥယျာဉ်၊ အသီး သီးသော အပင် တို့ကိုသိမ်းယူ ၍ ၊ ဝ စွာစား သောက်လျက်
အသားဆူဖြိုး ၍ ကျေးဇူး တော်ကြွယ်ဝ ခြင်း၌ မွေ့လျော် ကြ၏။ ၂၆ သို့ရာတွင် အမိန့်တော်ကို နား မထောင်၊ ပုန်ကန်

လျက် တရား တော်ကို ကျော နောက် သို့ ပစ် ထားကြ၏။ အထံ တော်သို့ ပြန်လာ စေခြင်းငှါ ၊ ဆုံးမ သော ကိုယ်တော် ၏ ပရောဖက် တို့ကိုသတ် ၍ အလွန် ပြစ်မှားခြင်းကို ပြု ကြ ၏။ ၂၇ ထိုကြောင့် ၊ သူ တို့ကို နှောင့်ရှက် သော ရန်သူ လက် သို့ အပ် လိုက် တော်မူ၏။ ဆင်းရဲ ခံရ၍ ကိုယ်တော် ကို အော်ဟစ် ကြသောအခါ ၊ ကောင်းကင် ဘုံက နားထောင် ၍ ၊ ကရုဏာ ကျေးဇူးတော် ကြွယ်ဝ သည်အတိုင်း ၊ ရန်သူ လက် မှ ကယ်လွှတ် သော ကျေးဇူးရှင်တို့ကို ပေါ်ထွန်း စေတော်မူ၏။ ၂၈ တဖန် ချမ်းသာ ရသောအခါ ၊ ရှေ့ တော်၌ ဒုစရိုက် ကို ပြု ပြန် ကြသောကြောင့်၊ ရန်သူ အစိုးရ မည်အကြောင်း တဖန်အပ် တော်မူ၏။ သူတို့သည်ပြန်လာ ၍ ကိုယ်တော် ကို အော်ဟစ် ကြသောအခါ ၊ ကောင်းကင် ဘုံ က နားထောင် ၍ ၊ ကရုဏာ တော်ရှိသည်အတိုင်း အထပ်ထပ် ကယ်တင် တော်မူ၏။ ၂၉ တရား တော်ကို ကျင့်ပြန် စေခြင်းငှါ ဆုံးမ တော်မူသော်လည်း ၊ သူတို့သည် နား မ ထောင်၊ မာန ထောင်လွှားကြ၏။ ကျင့် သောသူ ၌ အသက် ရှင်စရာ အကြောင်းဖြစ် သော စီရင် တော်မူချက်တို့ကို လွန်ကျူး ကြ၏။ ခိုင်မာ သော လည်ပင်း နှင့် ရုန်း လျက်နား မ ထောင်ဘဲ နေကြ၏။ ၃၀ နှစ် ပေါင်းများစွာ သူ တို့ကို သည်းခံ ၍ ၊ ကိုယ်တော် ၏ ပရောဖက် တို့ ၌ ရှိသောကိုယ်တော် ၏ ဝိညာဉ် အားဖြင့် ဆုံးမ တော်မူသော်လည်း သူတို့သည် နား မ ထောင်သောကြောင့် ၊ ဤပြည်သူ ပြည်သားတို့လက် သို့ အပ် တော်မူ၏။ ၃၁ သို့ရာတွင် ကိုယ်တော် သည် ချစ် သနားခြင်းမေတ္တာ ကရုဏာနှင့် ပြည့်စုံသောဘုရား ဖြစ်၍ ၊ ကရုဏာ တော် ကြွယ်ဝ သောကြောင့်၊ သူ တို့ကို ရှင်းရှင်း ဖျက်ဆီး တော်မ မူ။ စွန့်ပစ် တော်မ မူ။ ၃၂ သို့ ဖြစ်၍ ၊ အို အကျွန်ုပ် တို့၏ဘုရား ၊ ကြီးမြတ် ၍ မဟာ တန်ခိုးနှင့် ပြည့်စုံလျက် ကြောက်မက် ဘွယ်သော ဘုရား ၊ ကရုဏာ ပဋိညာဉ် တော်ကို စောင့် တော်မူသောဘုရား၊ အာရှရိ ရှင်ဘုရင် လက်ထက် မှစ၍ ယနေ့ တိုင်အောင် ၊ အကျွန်ုပ် တို့ ရှင်ဘုရင် ၊ မှူးမတ် ၊ ယဇ်ပုရောဟိတ် ၊ ပရောဖက် ၊ အဆွေအမျိုးသူကြီး၊ ကိုယ်တော် ၏ လူ အပေါင်း တို့အပေါ် သို့ ရောက် သော ဘေးဒဏ် ရှိသမျှ ကို ပမာဏ မပြုဘဲ နေတော်မ မူပါနှင့်။ ၃၃ ကိုယ်တော် မူကား အကျွန်ုပ် တို့အပေါ် သို့ရောက် စေသမျှ သော အမှု၌ တရား တော်မူ၏။ အကျွန်ုပ် တို့သည် မ တရားသဖြင့် ပြုကြပါပြီ။ ကိုယ်တော်သည် တရား သဖြင့်သာ စီရင် တော်မူပြီ။ ၃၄ အကျွန်ုပ် တို့ရှင်ဘုရင် ၊ မှူးမတ် ၊ ယဇ်ပုရောဟိတ် ၊ အဆွေအမျိုးသူကြီးတို့သည် တရား တော်ကိုမ စောင့်။ ပေး ထားတော်မူသော ပညတ် များနှင့် သက်သေခံ ချက် များတို့ကို နား မ ထောင်ကြ။ ၃၅ ကြီး သောကျေးဇူး ကို ပြုလျက်အပ်ပေး တော်မူ၍ ၊ သူ တို့ပိုင်သော နိုင်ငံ ၊ သနားတော်မူသောပြည် ကြီး ၊ ပြည် ကောင်း ၌နေရသော်လည်း၊ အမှု တော်ကိုမ ဆောင်မရွက်၊ မိမိ တို့ပြု သောဒုစရိုက် ကို မ ရှောင် ဘဲနေကြပါ၏။ ၃၆ ဘိုးဘေး တို့သည် အလွန်မြတ် သော အသီး အနှံကို စား ရသောအခွင့်နှင့်သူတို့အားပေး သနားတော်မူ သော ပြည် ၌ အကျွန်ုပ် တို့သည် ယနေ့ အစေခံ ကျွန် ဖြစ်ကြပါ၏။ သူ ကျွန် ခံရကြပါ၏။ ၃၇ အကျွန်ုပ် တို့အပြစ် ကြောင့် ၊ အကျွန်ုပ် တို့အပေါ် မှာ ခန့် ထားတော်မူသော ရှင် ဘုရင်တို့သည် ဤပြည်၌ ကြွယ်ဝ စွာဖြစ်သော အသီး အနှံကို သိမ်းစားမြဲရှိကြပါ၏။ အကျွန်ုပ် တို့၏ ကိုယ် နှင့် တိရစ္ဆာန် များကို သူတို့သည် ကိုယ် အလိုအလျောက်အစိုးပိုင် ၍ ၊ အကျွန်ုပ် တို့သည် အလွန်

ဆင်းရဲ ခံလျက်နေရပါသည်ဟု မြွက်ဆိုကြ၏။ ၃၈ ထို အကြောင်းအရာများကို ငါ တို့သည် ဆင်ခြင် ပြီးမှ ၊ သစ္စာပြု၍ စာချုပ်ကိုလည်း ရေး ထားလျက် ၊ ငါ တို့ အကြီး အကဲ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့သည် တံဆိပ် ခတ်ကြ၏။

၁၀ တံဆိပ် ခတ်သောသူဟူမူကား ၊ ဟာခလိ သား ပြည်အုပ် မင်း နေဟမိ ၊ ယဇ်ပုရောဟိတ် ဇိဒကိယ၊ ၂ စရာယ ၊ အာဇရိ ၊ ယေရမိ၊ ၃ ပါရှုရ ၊ အာမရိ ၊ မာလခိယ၊ ၄ ဟတ္တုတ် ၊ ရှေဗနိ ၊ မလ္လုတ်၊ ၅ ဟာရိမ် ၊ မေရမုတ် ၊ ဩဗဒိ၊ ၆ ဒံယေလ ၊ ဂိန္နေသုန် ၊ ဗာရုတ်၊ ၇ မေရှုလံ ၊ အဘိယ ၊ မိယာမိန်၊ ၈ မာဇိ ၊ ဗိလဂဲ ၊ ရှေမာယ၊ ၉ လေဝိ သားအာဇနိ သား ယောရှု တပါး၊ ဟေနဒဒ် သား ဗိန္နိ တပါး၊ ကပ်မျှော တပါး၊ ၁၀ သူ တို့ ညီ ရှေဗနိ ၊ ဟောဒိယ ၊ ကေလိတ ၊ ပေလာယ ၊ ဟာနန်၊ ၁၁ မိက္ခါ ၊ ရေဟုပ် ၊ ဟာရှဘိ၊ ၁၂ ဇက္ကရ၊ ရှေရဘိ ၊ ရှေဗနိ၊ ၁၃ ဟောဒိယ ၊ ဗာနိ ၊ ဗေနိန်၊ ၁၄ လူ တို့တွင် အကြီး အကဲဖြစ်သော ပါရှုတ် ၊ ပါဟတ်မောဘ ၊ ဧလံ ၊ ဇဿု ၊ ဗာနိ၊ ၁၅ ဗုန္နိ ၊ အာဇဂဒ် ၊ ဗေဗဲ၊ ၁၆ အဇေါနိယ ၊ ဗိဂဝဲ ၊ အာဒိန်၊ ၁၇ အာတာ ၊ ဟိဇကိယ ၊ အဇ္ဇုရ၊ ၁၈ ဟောဒိယ ၊ ဟရှုံ ၊ ဗေဇဲ၊ ၁၉ ဟာရိပ် ၊ အာနသုတ် ၊ နေဗဲ၊ ၂၀ မာဂပျာရှ ၊ မေရှုလံ ၊ ဟေဇိရ၊ ၂၁ မေရှဇေလ ၊ ဇာဒုတ် ၊ ယာဒွါ၊ ၂၂ ပေလတိ ၊ ဟာနန် ၊ အနာယ၊ ၂၃ ဟောရှေ ၊ ဟာနနိ ၊ ဟာရှုပ်၊ ၂၄ ဟာလောဟက်၊ ပိလဟ ၊ ရှောဗက်၊ ၂၅ ရေဟုံ ၊ ဟာရှဗန ၊ မာသေယ၊ ၂၆ အဟိယ ၊ ဟာနန် ၊ အာနန်၊ ၂၇ မလ္လုတ် ၊ ဟာရိမ် ၊ ဗာနာ တည်း။ ၂၈ ကြွင်း သောသူ ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ တံခါး စောင့်၊ သီချင်း သည်၊ ဘုရား ကျွန် အစရှိသော ဘုရား သခင်၏ တရား ကို စောင့်အံ့သောငှါ၊ ထိုပြည်သား တို့နှင့် ကွာ သော သူအပေါင်း တို့သည် မယား သား သမီး တို့နှင့်တကွ အကျိုးအကြောင်းကို နားလည် သောသူဖြစ်၍၊ ၂၉ ညီအစ်ကို မှူးမတ် တို့ ၌ မှီဝဲ လျက်၊ ဘုရား သခင်၏ ကျွန် မောရှေ အားဖြင့် ထား တော်မူသော ဘုရား သခင်၏ တရား တော်အတိုင်း ကျင့် ပါမည်ဟူ၍ငင်း၊ ငါ တို့အရှင် ထာဝရဘုရား ၏ ပညတ် တော်များ၊ စီရင် ထုံးဖွဲ့ တော်မူချက်ရှိသမျှ တို့ကို စောင့်ရှောက် ပါမည်ဟူ၍ငင်း ၊ ၃၀ ကိုယ် သမီး တို့ကို ပြည်သား တို့အား မ ပေးစား ၊ ပြည်သား သမီး တို့ကို ကိုယ် သား တို့အဘို့ မ သိမ်း မယူဘဲနေပါမည်ဟူ၍ငင်း ၊ ၃၁ ပြည်သား တို့သည် ဥပုသ် နေ့ ၌ ဥစ္စာ ၊ စားစရာ ကိုရောင်း ခြင်းငှါ ယူ ခဲ့လျှင်၊ ဥပုသ် နေ့ဖြစ်စေ ၊ အခြား သော ဓမ္မ နေ့ဖြစ်စေမ ဝယ် ၊ သတ္တမ နှစ် တွင် လယ်လုပ်ခြင်းအမှုကိုမ ပြု၊ ကြွေး ကိုအနိုင်မတောင်းဘဲနေပါ မည်ဟူ၍ငင်း၊ ကျိန်ဆို လျက် သစ္စာ ဂတိထားကြ၏။ ၃၂ ထို မှတပါး၊ ငါ တို့ဘုရား သခင်၏ အိမ် တော်အမှု တည်းဟူသောဥပုသ် နေ့နှင့် လဆန်း နေ့တွင် ရှေ့တော် မုန့် ၊ မြဲ သောဘောဇဉ်ပူဇော်သက္ကာ ၊ မြဲ သောမီးရှို့ရာယဇ် ၊ ဓမ္မပွဲ ၊ သန့်ရှင်း သောအသုံးအဆောင်၊ ဣသရေလ အမျိုး၏အပြစ်ဖြေရာယဇ် အစရှိသော ငါ တို့၏ဘုရားသခင် အိမ် တော်အမှု အလုံးစုံ ကိုဆောင်ရွက်စရာဘို့၊ လူတိုင်းတနှစ် လျှင်ငွေတကျပ် သုံး စုတစုစီပေး ရမည်အကြောင်းကိုယ် အဘို့စီရင်ထုံးဖွဲ့ ကြ၏။ ၃၃ ပညတ္တိ ကျမ်းစာ၌ ရေး ထားသည်အတိုင်း ၊ ငါ တို့ဘုရား သခင်ထာဝရဘုရား ၏ ယဇ် ပလ္လင်ပေါ် မှာ မီး မွေးစရာထင်း ပူဇော် သက္ကာကို ၊ တနှစ် တနှစ် လျှင် ချိန်းချက် သော အချိန် တို့ ၌ ၊ အဆွေ အမျိုးအလိုက် ငါ တို့ ဘုရား သခင်၏ အိမ် တော်သို့ ဆောင် ခဲ့ရမည် အကြောင်း ၊ ယဇ်ပုရောဟိတ် လေဝိ သားပြည်သူ ပြည်သားတို့သည် စာရေးတံ ပြုကြ၏။ ၃၄ အဦး သီးသော မြေ အသီး အနှံနှင့် အဦးသီးသော သစ် သီး အမျိုးမျိုး ကို ဗိမာန် တော်သို့ နှစ် တိုင်း ဆောင် ခဲ့ရမည်အကြောင်း၊ ၃၆ ပညတ္တိ

ကျမ်းစာ၌ ရေး ထားသည်အတိုင်း ၊ အဦး ဘွားသော သား ယောကျ်ားနှင့် အဦး ဘွားသော သိုး နွား အစရှိသည်တို့ကို၊ ဗိမာန် တော်၌ အမှု စောင့်သော ယဇ် ပုရောဟိတ် တို့ရှိရာ ဗိမာန် တော်သို့ ဆောင် ခဲ့ရမည် အကြောင်း၊ **၂၇** အဦး လုပ်သော မုန့်စိမ်း ၊ ပူဇော် သက္ကာ၊ သစ် သီး အမျိုးမျိုး ၊ စပျစ်ရည် ၊ ဆီ ကိုယဇ်ပုရောဟိတ် တို့ရှိရာ ဗိမာန် တော် အခန်း သို့ ၎င်း၊ လယ်လုပ် သော မြို့ ရွာရှိသမျှ တို့ ၌ မြေ အသီးအနှံဆယ် ဘို့တဘို့ကို လေဝိ သားတို့ထံ သို့၎င်း၊ ဆောင် ခဲ့ရမည်အကြောင်းစီရင်ထုံးဖွဲ့ကြ၏။ **၂၈** လေဝိ သားတို့သည် ဆယ် ဘို့တဘို့ကို ခံယူသောအခါ ၊ အာရုန် အမျိုး ယဇ်ပုရောဟိတ် ရှိ ရမည်။ လေဝိ သား တို့သည်လည်း ဆယ် ဘို့တဘို့ထဲက ဆယ် ဘို့တဘို့ကို နှုတ် ယူ၍ ဗိမာန် တော်အခန်း ဘဏ္ဍာ တိုက်ထဲ သို့ သွင်းရကြမည်။ **၂၉** လေဝိ သားအစရှိသော ဣသရေလ အမျိုးသား တို့သည် ဆန် စပါး၊ စပျစ်ရည် ၊ ဆီ ပူဇော် သက္ကာတို့ကို သန့်ရှင်း ရာဌာနတော်တန်ဆာ ၊ အမှု စောင့်ယဇ်ပုရောဟိတ် ၊ တံခါး စောင့်၊ သီချင်း သည်တို့ရှိရာ အခန်း သို့ ဆောင် ခဲ့ရကြမည်။ ငါ တို့ ဘုရား သခင်၏ အိမ် တော်ကို ငါတို့သည် စွန့်ပစ် ၍ မ ထားရကြ။

၁၁ ထိုအခါ လူ များတို့တွင် မင်း လုပ်သောသူတို့ သည် ယေရုရှလင် မြို့၌ နေ ကြ၏။ ကြွင်း သောသူတို့သည် သန့်ရှင်း သောအရပ် ၊ ယေရုရှလင် မြို့၌ တကျိပ် တွင် တယောက် ၊ အခြား သောမြို့ တို့ ၌ ကိုး ယောက် နေ ရမည် အကြောင်း စာရေးတံ ပြုကြ၏။ **၂** ယေရုရှလင် မြို့၌ နေ ခြင်းငှါ အလိုလို ဝန်ခံသော သူအပေါင်း တို့ကို ၊ လူ များတို့သည် ကောင်းကြီး ပေးကြ၏။ **၃** ယုဒ မြို့ ရွာတို့တွင် ဣသရေလ လူ၊ ယဇ်ပုရောဟိတ် ၊ လေဝိ သား၊ ဘုရား ကျွန်၊ ရှောလမုန် ၏ ကျွန် အမျိုးသား အသီး အသီးတို့သည် မိမိ တို့ ဆိုင် ရာအရပ် ၌ နေ ကြ၏။ ယေရုရှလင် မြို့၌ နေ သော ပြည်သူပြည်သားအကြီး အကဲ၊ မင်းအရာရှိဟူမူကား၊ **၄** ယုဒ အမျိုး ၊ ဖာရက် ၊ မဟာလေလ ၊ ရှေဖတိ ၊ အာမရိ ၊ ဇာခရိ ၊ ဩဖိ တို့မှ ဆင်းသက်သော အသာယ တပါး၊ **၅** ရှိလောနိ ၊ ဇာခရိ ၊ ယောယရိပ် ၊ အဒါယ ၊ ဟဇာယ ၊ ကောလဟောဇ ၊ ဗာရုတ် တို့မှ ဆင်းသက်သော မာသေယ တပါးနှင့်တကွ၊ **၆** ယေရုရှလင် မြို့၌ နေ သောဖာရက် အမျိုးသား ၊ သူရဲ လေး ရာ ခြောက် ဆယ်ရှစ် ယောက်တည်း။ **၇** ဗင်္ာမိန် အမျိုး ၊ ယေရှာယ ၊ ဣသေလ ၊ မာသေယ ၊ ကောလာယ ၊ ပေဒါယ ၊ ယောဒ ၊ မေရှုလံ တို့မှ ဆင်းသက်သော သလ္လု၊ **၈** သူ နောက် ၊ ဂဗ္ဗဲ နှင့်သလ္လဲ အစရှိသော ကိုး ရာ နှစ် ဆယ်ရှစ် ယောက်တည်း။ **၉** ဇိခရိ သား ယောလ သည် ဗင်္ာမိန် အမျိုး အုပ် ဖြစ်၏။ သေန္နာ သား ယုဒ သည် ပြင်မြို့ ကို အုပ်ရ၏။ **၁၀** ယဇ်ပုရောဟိတ် မူကား ယေဒါယ ၊ ယောယရိပ် ၊ ယာခိန် နှင့်တကွ၊ **၁၁** အဟိတုပ် ၊ မရာယုတ် ၊ ဇာဒုတ် ၊ မေရှုလံ ၊ ဟိလခိ တို့မှ ဆင်းသက်သော ဘုရား သခင်၏ အိမ် တော်အုပ် စရာယ အစရှိသော၊ **၁၂** အိမ် တော်အမှု ကို ဆောင်ရွက် သော အမျိုးသား ချင်း ရှစ် ရာ နှစ် ဆယ်နှစ် ယောက်တည်း။ ထိုမှတပါး၊ မာလခိ ၊ ပါရှုရ ၊ ဇာခရိ ၊ အာမဇိ ၊ ပေလလိ ၊ ယေရောဟံ တို့မှ ဆင်းသက်သော အဒါယ အစရှိသော၊ **၁၃** အဆွေအမျိုးသူကြီး အမျိုးသား ချင်း နှစ် ရာလေး ဆယ် နှစ် ယောက်တည်း။ ဣမေရ ၊ မေရှိလမုတ် ၊ အဟာသဲ ၊ အာဇရေလ တို့မှ ဆင်းသက်သော အာမရှဲ အစရှိသော၊ **၁၄** ခွန်အား ကြီးသော သူရဲ အမျိုးသား ချင်း တရာ နှစ် ဆယ်ရှစ် ယောက်တည်း။ ဟဂဒေါလိမ်သား ဇာဗဒေလ သည် သူ တို့ကို အုပ် ရ၏။ **၁၅** လေဝိ သားမူကား၊ ဗုန္နီ ၊ ဟာရှဘိ ၊ အာဇရိကံ ၊ ဟာရှုပ် တို့မှ ဆင်းသက်သော ရှေမာယ တပါး၊ **၁၆** လေဝိ

သားအကြီး ရှဗ္ဗေသဲ နှင့် ယောဇဗဒ် တို့ သည် ဘုရား သခင်၏အိမ် တော်၌ ပြင် အမှု ကို ကြည့်ရှုစီရင်ရကြ၏။ ၁၇ အာသပ် ၊ ဇာဗဒိ ၊ မိကၡါ တို့မှ ဆင်းသက်သောမဿနိ သည် ကျေးဇူးတော်ကို ချီးမွမ်း ခြင်းနှင့် ဆုတောင်း ခြင်းအမှုမှာ အကြီး လုပ်သောသူဖြစ် ၏။ ဗာကဗုကိ သည် အပေါင်း အဘော်တို့တွင် ဒုတိယ သူဖြစ်၏။ ထို မှတပါး၊ ယေဒုသုန် ၊ ဂလာလ ၊ ရှမွာ တို့မှ ဆင်းသက်သော သြဗဒိ ရှိ၏။ ၁၈ သန့်ရှင်း သောမြို့ ၌ နေသောလေဝိ သားပေါင်း ကား နှစ်ရာနှစ်ဆယ်လေး ယောက်တည်း။ ၁၉ တံခါး စောင့်အကျွပ် ၊ တာလမုန် အစရှိသော တံခါး ကို စောင့် သော အမျိုးသား ချင်း ပေါင်းကားတရာ ခုနစ် ဆယ်နှစ် ယောက်တည်း။ ၂၀ ကြွင်း သော ဣသရေလ အမျိုးသား၊ ယဇ်ပုရောဟိတ် ၊ လေဝိ သားတို့သည် ယုဒ မြို့ ရွာတို့တွင် ၊ မိမိ တို့ ပိုင် ရင်းအရပ်၌ နေကြ၏။ ၂၁ ဘုရား ကျွန်တို့သည် သြဖေလ အရပ်၌ နေ ၍၊ ဇိဟ နှင့် ဂိသပ တို့ သည် ဘုရား ကျွန်အုပ် ဖြစ်ကြ၏။ ၂၂ မိကၡါ ၊ မဿနိ ၊ ဟာရှဘိ ၊ ဗာနိ တို့မှ ဆင်းသက်သော သြဇိ သည် ယေရုရှလင် မြို့၌ နေသောလေဝိ သားတို့ ကို အုပ် ရ၏။ အာသပ် အမျိုးသား သီချင်း သည်တို့သည် လည်း ဘုရား သခင်၏ အိမ် တော်အမှု ကို ကြည့်ရှု စီရင် ရကြ၏။ ၂၃ အကြောင်း မူကား၊ သီချင်း သည်တို့သည် နေ့ ရက်အစဉ်အတိုင်းစားစရာရိက္ခါကို ခံရမည်အကြောင်းရှင်ဘုရင် အမိန့် တော်ရှိ၏။ ၂၄ ယုဒ အမျိုး ဇာရ အနွယ် မေရှဇေလ သား ပေသဟိ သည်လည်း ရှင်ဘုရင် အခွင့်နှင့် ပြည်သား တို့ကို အုပ်၍ အရေးတော်ပိုင်မင်းဖြစ်၏။ ၂၅ ယုဒ လူ အချို့တို့သည် မြို့ရွာ ကျေးလက်တည်း ဟူသောကိရယသာဘ မြို့ရွာ ၊ ဒိဘုန် မြို့ ရွာ၊ ယေကပ်ဇေလ မြို့ရွာ၊ ၂၆ ယေရှ ၊ မောလဒ ၊ ဗက်ပါလက်၊ ၂၇ ဟာဇာရွာလ ၊ ဗေရရှေဘ မြို့ ရွာများ၊ ၂၈ ဇိကလတ် ၊ မေကောန မြို့ ရွာများ၊ ၂၉ အင်ရိမ္မုန် ၊ ဇာရ ၊ ယာမုတ်၊ ၃၀ ဇာနော ၊ အဒုလံ မြို့ရွာ များ၊ လာခိရှ မြို့နှင့် ကျေးလက် များ၊ အဇေကာ မြို့ ရွာများ၊ ဗေရရှေဘ မြို့မှစ၍ ဟိန်နံ့ ချိုင့်တိုင်အောင် အနှံ့အပြားနေ ကြ၏။ ၃၁ ဗယ်ာမိန် အမျိုးသား တို့သည်လည်း ဂေဗ ၊ မိတ်မတ် ၊ အာက္ကဂ ၊ ဗေသလ မြို့ ရွာတို့ ၌ဌင်း ၊ ၃၂ အာနသုတ် ၊ နောဗ ၊ အာနနိ၊ ၃၃ ဟာဇော် ၊ ရာမ ၊ ဂိတ္တိမ်၊ ၃၄ ဟာဒိဒ် ၊ ဇေဘိုင် ၊ နေဗလ္လတ်၊ ၃၅ လောဒ ၊ သြနော မြို့များ၌ဌင်း ၊ ဆရာသမားချိုင့် ၌ဌင်း နေကြ၏။ ၃၆ လေဝိ သား အသင်း အပေါင်းအချို့တို့သည် ယုဒ ပြည်၊ အချို့တို့သည် ဗယ်ာမိန် ပြည်၌ နေကြ၏။

၁၂ ရှာလသေလ သား ဇေရုဗဗေလ နှင့် ယောရှု နောက် သို့ လိုက် လာ သော ယဇ်ပုရောဟိတ် ၊ လေဝိ သားဟူမူကား ၊ စရာယ ၊ ယေရမိ ၊ ဧဇရ၊ ၂ အာမရိ ၊ မလ္လုတ် ၊ ဟတ္တုတ်၊ ၃ ရှေခနိ ၊ ရေဟုံ ၊ မေရမုတ်၊ ၄ ဣဒေါ ၊ ဂိန္နေသုန် ၊ အဘိယ၊ ၅ မိညာမိန် ၊ မာဒျာ ၊ ဗိလဂ၊ ၆ ရှေမာယ ၊ ယောယရိပ် ၊ ယေဒါယ၊ ၇ သလ္လု ၊ အာမောက် ၊ ဟိလခိ ၊ ယေဒါယ တည်းဟူသောယောရှု လက်ထက် ၌ အမျိုးသား ချင်း ယဇ်ပုရောဟိတ် တို့တွင် အကြီး အကဲဖြစ်ကြ၏။ ၈ လေဝိ သားမူကား ယောရှု ၊ ဗိန္နိ ၊ ကပ်မျေလ ၊ ရှေရဘိ ၊ ယုဒ ၊ ကျေးဇူး တော် ချီးမွမ်းခြင်းအမှုကို ညီအစ်ကို တို့ နှင့်အတူ အုပ်သောမဿနိ တည်း။ ၉ သူ တို့ ညီအစ်ကို ဗာကဗုကိ နှင့် ဥနို တို့သည် ကင်း စောင့်အမှုကို အုပ်ရကြ၏။ ၁၀ ယောရှု သား ယောယကိမ် ၊ ယောယကိမ် သား ဧလျာရှိပ် ၊ ဧလျာရှိပ် သား ယောယဒ ၊ ၁၁ ယောယဒ သား ယောနသန် ၊ ယောနသန် သား ယာဒွါ တည်း။ ၁၂ ယောယကိန် လက်ထက် ၌ အဆွေအမျိုးသူကြီး ယဇ် ပုရောဟိတ်များဟူမူကား

၊ စရာယ သား မေရာယ ၊ ယေရမိ သား ဟာနနိ ၊ ၁၃ ဇေရ သား မေရှလံ ၊ အာမရိ သား ယောဟနန်၊ ၁၄ မလ္လုတ် သားယောနသန် ၊ ရှေခနိ သားယောသပ်၊ ၁၅ ဟာရိမ သား အာဒန ၊ မေရာယုတ် သား ဟေလကဲ ၊ ၁၆ ဣဒေါ သား ဇာခရိ ၊ ဂိန္နေသုန် သား မေရှလံ၊ ၁၇ အဘိယ သား ဇိခရိ ၊ မိညာမိန် သား၊ မာဒျာ သား ပိလတဲ ၊ ၁၈ ဗိလဂ သား ရှမွာ ၊ ရှေမာယ သား ယေဟောနသန်၊ ၁၉ ယောယရိပ် သား မတ္တေနဲ ၊ ယေဒါယ သားဩဇိ၊ ၂၀ သလ္လု သား ကာလဲ ၊ အာမောက် သား ဧဗာ ၊ ၂၁ ဟိလခိ သား ဟာရှဘိ ၊ ယေဒါယ သား နာသနေလ တည်း။ ၂၂ ဧလျာရှိပ် ၊ ယောယဒ ၊ ယောဟနန် ၊ ယာဒွါ တို့ လက်ထက် ၌ လေဝိ သား အဆွေအမျိုးသူကြီး တို့ကိုဂင်း၊ ပေရသိ မင်း ဒါရိ လက်ထက် တိုင်အောင် ယဇ် ပုရောဟိတ်တို့ကိုဂင်း ၊ မှတ်သား သော စာရင်းရှိ၏။ ၂၃ ဧလျာရှိပ် သား ယောဟနန် လက်ထက် တိုင်အောင် လေဝိ သား အဆွေအမျိုးသူကြီး တို့ကို စာရင်း ယူ၍ ရာဇဝင် မှတ်စာ ၌ သွင်းသတည်း။ ၂၄ လေဝိ သားအကြီး အကဲ၊ ဟာရှဘိ ၊ ရှေရဘိ ၊ ကပ်မျေလ သား ယောရှ တို့သည် ညီအစ်ကို များနှင့် ဝိုင်း၍ ဘုရား သခင်၏ လူ ဒါဝိဒ် စီရင်သည်အတိုင်း ဂုဏ်ကျေးဇူး တော်ကို ဘော်ပြချီးမွမ်း ခြင်းအမှုကို အလှည့်လှည့် စောင့် ရကြ၏။ ၂၅ မဿနိ ၊ ဗာကဗုကိ ၊ ဩဗဒိ ၊ မေရှလံ ၊ တာလမုန် ၊ အက္ကုပ် တို့သည်လည်း တံခါး ဝနား မှာ စောင့် ရသောတံခါး စောင့်ဖြစ်ကြ၏။ ၂၆ ထို သူတို့သည် ယောဧဒက် သား ယောရှ ၏သား ယောယကိန် လက်ထက် ၊ မြို့ဝန် နေဟမိ လက်ထက် ၊ ကျမ်းတတ် ယဇ်ပုရောဟိတ် ဧဇရ လက်ထက်၌ရှိကြ၏။ ၂၇ ယေရုရှလင် မြို့ရိုး ကို အနုမောဒနာ ပြုသောအခါ ၊ ခွက်ကွင်း ၊ စောင်း ၊ တယော နှင့် တီးမှုတ်လျက် သီချင်း ဆိုလျက် ဝမ်းမြောက် ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်း ခြင်းနှင့်တကွ အနုမောဒနာ ပြု အံ့သောငှါ လေဝိ သားတို့ကိုရှာ ၍ သူ တို့နေရာ အရပ်ရပ် တို့က ယေရုရှလင် မြို့သို့ ခေါ် ကြ၏။ ၂၈ ဓမ္မသီချင်းကို ဆို တတ်သောအမျိုးသား တို့သည်၊ ၂၉ ယေရုရှလင် မြို့ပတ်ဝန်းကျင် ရွာ တို့ ၌ နေရာ ကျ လျက်ရှိ၍၊ ယေရုရှလင် မြို့ ပတ်ဝန်းကျင် ၊ လွင်ပြင် အရပ် များ၊ နေတောဖာသိ ရာ များ၊ ဂိလဂါလ မြို့နယ်၊ ဂေဗ နှင့် အာဇမာဝက် ကျေးလက် ထဲက လာ၍ စည်းဝေး ကြ၏။ ၃၀ ယဇ်ပုရောဟိတ် နှင့် လေဝိ သားတို့သည်လည်း၊ ကိုယ်ကိုဂင်း၊ လူ များ၊ မြို့တံခါး ၊ မြို့ရိုး ကိုဂင်း စင်ကြယ် စေကြ ၏။ ၃၁ ထိုအခါ ယုဒ မင်း တို့ကို မြို့ရိုး ပေါ် သို့ ငါခေါ် ၍၊ ချီးမွမ်း ရာသီချင်းဆိုရသော လူစုကြီး နှစ် စုကို ခန့် ထား၏။ တစုကားလက်ျာ ရစ်လှည့်၍ နောက်ချေး တံခါး သို့ မြို့ရိုး ပေါ် မှာ ရှောက် သွားကြ၏။ ၃၂ သူ တို့နောက် မှာ ဟောရှာယ နှင့် ယုဒ မင်း တဝက်၊ ၃၃ အာဇရိ ၊ ဧဇရ ၊ မေရှလံ၊ ၃၄ ယုဒ ၊ ဗင်္ယာမိန် ၊ ရှေမာယ ၊ ယေရမိ၊ ၃၅ တံပိုး ကိုင်သော ယဇ်ပုရောဟိတ် အမျိုးသား အချို့ အာသပ် ၊ ဇက္ကရိ ၊ မိက္နိယ ၊ မဿနိ ၊ ရှေမာယ ၊ ယောနသန် တို့မှ ဆင်းသက်သော ဇာခရိ အစရှိသော၊ ၃၆ သူ ၏ညီ ရှေမာယ ၊ အာဇရေလ ၊ မိလလဲ ၊ ဂိလလဲ ၊ မာက္က ၊ နာသနေလ ၊ ယုဒ ၊ ဟာနနိ တို့သည် ဘုရား သခင်၏ လူ ဒါဝိဒ် ၏ တုရိယာ မျိုးကို ကိုင်လျက် လိုက် ကြ၏။ ကျမ်းတတ် ဆရာ ဧဇရ သည် သူ တို့ရှေ့မှာ သွား၏။ ၃၇ သူ တို့တစ်ဘက်တချက် ၌ ရှိသောစမ်း ရေတွင်း တံခါး သို့ ရောက်မှ မြို့ရိုး တက် ရာ၊ ဒါဝိဒ် မြို့ လှေကား ဖြင့် တက် ၍၊ ဒါဝိဒ် အိမ် တော်အထက် အရှေ့ မျက်နှာ၌ ရေ တံခါး တိုင်အောင် သွားကြ၏။ ၃၈ သီချင်း သည် တစုကား၊ လက်ဝဲဘက်သို့လှည့်၍၊ ငါ နှင့်တဝက် သောလူ များတို့သည် မြို့ရိုး

ပေါ် ၊ မီးဖို ပြအိုး မှ ကျယ် သောမြို့ရိုး တိုင်အောင် လိုက် ကြ၏။ ၃၉ ဖဖရိမ် တံခါး ၊ ဟောင်းသောတံခါး ၊ ငါး တံခါး ၊ ဟာနနေလ ပြအိုး ၊ မေအာ ပြအိုး အထက် မှစ၍သိုး တံခါး တိုင်အောင် လိုက်သဖြင့်၊ ထောင် တံခါး ဝတွင် ရပ် နေကြ ၏။ ၄၀ တဖန် သီချင်း သည်နှစ် စုသည် ဘုရား သခင်အိမ် တော်တွင် ရပ်၍၊ တဝက် သော မင်း အရာရှိတို့သည် ငါ နှင့်အတူ၊ ၄၁ တံပိုး ကိုင်သောယဇ်ပုရောဟိတ် ဧလျာကိမ် ၊ မာသေယ ၊ မိညာမိန် ၊ မိက္ခါယ ၊ ဧလိဩနဲ ၊ ဇာခရိ ၊ ဟာနနိ နှင့်တကွ၊ ၄၂ မာသေယ ၊ ရှေမာယ ၊ ဧလာဇာ ၊ ဩဖိ ၊ ယောဟနန် ၊ မာလခိယ ၊ ဧလံ ၊ ဧဇာ တို့သည်ရှိကြ၏။ သီချင်း သည် တို့သည် ဆရာ ယေဇရောဟိ နှင့်တကွ အသံကိုလွှင့်၍ ဆို ကြ၏။ ၄၃ ထို နေ့ ၌ များ စွာသော ယဇ် တို့ကို ပူဇော် ကြ၏။ အလွန် ဝမ်းမြောက် သောအခွင့်ကို ဘုရား သခင်ပေးတော်မူသောကြောင့်၊ သား မယား နှင့်တကွ ဝမ်းမြောက် ခြင်းကို ပြု၍ ယေရုရှလင် မြို့ ဝမ်းမြောက် သံကို ဝေး သောအရပ်၌ ကြား ရကြ၏။ ၄၄ ထိုအခါ ယဇ်ပုရောဟိတ် နှင့် လေဝိ သားတို့သည် အမှုတော်ကို စောင့် လျက်နေသောကြောင့်၊ ယုဒ အမျိုးသားတို့သည် အားရဝမ်းမြောက် ကြသည်ဖြစ်၍ ၊ ယဇ်ပုရောဟိတ် နှင့် လေဝိ သားခံအပ်သော ပူဇော် သက္ကာ၊ အဦး သီးသောအသီး၊ ဆယ် ဘို့တဘို့ကို မြို့နယ် ကျေးလက် ထဲက သိမ်းယူ ၍၊ သို ထားစရာဘဏ္ဍာ တိုက်များကို အုပ်ရသောတိုက်စိုးတို့ကို ခန့် ထားကြ၏။ ၄၅ သီချင်း သည်နှင့် တံခါး စောင့်တို့သည်လည်း၊ ဒါဝိဒ် နှင့် သား တော် ရှောလမုန် စီရင် သည်အတိုင်း ၊ သူ တို့ ဘုရား သခင်အမှု နှင့် စင်ကြယ် ခြင်းအမှု ကို စောင့်ရှောက် လျက် နေကြ၏။ ၄၆ ရှေး ကာလ၊ ဒါဝိဒ် နှင့် အာသပ် လက်ထက် ၌ ၊ ဘုရား သခင်၏ ဂုဏ်ကျေးဇူး တော်ချီးမွမ်း ရာ သီချင်း ကို ဆို ရသောသူ အကြီး အကဲရှိကြ၏။ ၄၇ ဇေရုဗဗေလ နှင့် နေဟမိ လက်ထက် ၌ လည်း ၊ ဣသရေလ လူ အပေါင်း တို့သည် နေ့ ရက်အစဉ်အတိုင်းသီချင်း သည်၊ တံခါး စောင့်ခံအပ်သော စားစရာရိက္ခါကိုငင်း၊ လေဝိ သားတို့အား သန့်ရှင်း သော အရာတို့ကိုငင်း လှူကြ၏။ လေဝိ သားတို့သည်လည်း ယဇ်ပုရောဟိတ်တို့အား လှူ ကြ၏။

၁၃ ထို နေ့ ရက်ကာလ၌ မောရှေ ၏ပညတ္တိကျမ်းစာ ကို လူ များရှေ့ မှာ ဘတ်ရွတ် သောအခါ၊ အမွှန် အမျိုးသားနှင့် မောဘ အမျိုးသားသည် ဘုရား သခင်၏ ပရိသတ် တော်ထဲ သို့ ဝင် ရသောအခွင့် အစဉ်မ ရှိဟု တွေ့ ကြ၏။ ၂ အကြောင်း မူကား၊ သူတို့သည် ဣသရေလ အမျိုးသားတို့ကို လုပ်ကျွေးခြင်းငှါမ ကြိုဆို ၊ ကျိန်ဆဲ စေ ခြင်းငှါ ဗာလံ ကိုငှါး ကြ၏။ သို့ရာတွင် ငါ တို့၏ ဘုရား သခင် သည် ကျိန်ဆဲ သော စကားကို ကောင်းကြီး ပေး သော စကားဖြစ်စေတော်မူ၏။ ၃ ထိုတရား ကို ကြား သောအခါ ၊ အမျိုး မစစ်သောသူ ရှိသမျှ တို့ ကို ဣသရေလ အမျိုးမှ ပယ်ရှား ကြ၏။ ၄ အရင် တခါ ငါ တို့ဘုရား သခင်၏ အိမ် တော်ပြင် ခန်း ကို အုပ်သော ယဇ်ပုရောဟိတ် ဧလျာရှိပ် သည် တောဘိ နှင့် ပေါက်ဘော် တော်သည် ဖြစ်၍၊ ၅ ဘောဇဉ် ပူဇော်သက္ကာ၊ နံ့သာ ပေါင်း၊ တန်ဆာ မျိုးကိုငင်း ၊ ပညတ် တော်အတိုင်း လေဝိ သား၊ သီချင်း သည်၊ တံခါး စောင့်တို့အားပေး ရသောဆန် စပါး၊ စပျစ်ရည် ၊ ဆီ ဆယ် ဘို့တဘို့ကိုငင်း၊ ယဇ်ပုရောဟိတ် တို့အား လှူရ သော အလှူ တို့ကိုငင်း၊ သို ထားမြဲရှိသော အခန်း ကြီး ကို တောဘိ အဘို့ ပြင်ဆင် ၏။ ၆ ထို ကာလပတ်လုံး ငါသည် ယေရုရှလင် မြို့၌ မ ရှိ။ ဗာဗုလုန် ရှင်ဘုရင် အာတဇေရဇ် နန်းစံသုံး ဆယ်နှစ် နှစ် တွင် အထံတော်သို့ သွား

ရ၏။ အင်တန်ကာလ ကြာပြီးမှ ၊ ရှင်ဘုရင် ထံတော်၌ အခွင့်ရ၍၊ ၇ ယေရုရှလင် မြို့သို့ ရောက် သောအခါ ၊ ဧလျာရှိပ် သည် ဘုရား သခင်၏ အိမ် တော်တန်တိုင်း ထဲ မှာ အခန်း ကို တောဘိ အဘို့ ပြင်ဆင် ၍ ဒုစရိုက် ပြု ကြောင်းကို ငါကြား သိရ၏။ ၈ ထိုအခါ ငါ သည် အလွန် နာကြင် သောစိတ်ရှိ၍ တောဘိ ဥစ္စာ ပရိကံရှိသမျှ ကို အခန်း ထဲက ထုတ်ပစ် ပြီးမှ၊ ၉ အခန်း များကို စင်ကြယ် စေခြင်းငှါ စီရင် ၍ ၊ တဖန် ဘုရား သခင်၏ အိမ် တော်တန်ဆာ များ၊ ဘောဇဉ် ပူဇော်သက္ကာ၊ နံ့သာ ပေါင်းကို ဆောင် ခဲ့၍ သိုထား၏။ ၁၀ အမှူ တော်စောင့်၊ လေဝိ သား၊ သီချင်း သည် တို့သည် အသီး အသီးမိမိ တို့လယ်ယာ သို့ ပြေး သွားကြသည် ကို ငါထောက်၍၊ သူတို့ခံအပ်သော စားစရာရိက္ခါကို မ ခံ မရကြောင်း ကို ငါရိပ်မိ လျက်၊ ၁၁ ဘုရား သခင်၏ အိမ် တော်ကို အဘယ်ကြောင့် စွန့်ပစ် ကြသနည်းဟု မင်း တို့ကို အပြစ် တင်၍ ၊ လေဝိသား တို့ကို စုဝေး စေပြီးမှ ၊ သူ တို့နေရာ ၌ ခန့် ထားပြန်၏။ ၁၂ ထိုအခါ ယုဒ လူအပေါင်း တို့သည် ဆန် စပါး၊ စပျစ်ရည် ၊ ဆီ ဆယ် ဘို့တဘို့ကို ဘဏ္ဍာ တော်တိုက်သို့ ဆောင် ခဲ့ပြန်ကြ၏။ ၁၃ ယဇ်ပုရောဟိတ် ရှေလမိ ၊ ကျမ်းတတ် ဧာဒုတ် ၊ လေဝိ သားပေဒါယ ၊ သူ့နောက်မဿနိ သား ဖြစ်သော ဇက္ကရ ၏သား ဟာနန် တို့ကို ဘဏ္ဍာ တော်တိုက်စိုးအရာ၌ ငါခန့်ထား၏။ ထိုသူတို့သည် သစ္စာ စောင့်ခြင်း အသရေရှိသည်ဖြစ်၍ ၊ အမျိုးသား ချင်းတို့အား ဝေဖန် ရကြ၏။ ၁၄ အို အကျွန်ုပ် ၏ ဘုရား သခင်၊ ထို အမှုကြောင့် အကျွန်ုပ် ကို အောက်မေ့ တော်မူပါ။ အကျွန်ုပ် ၏ ဘုရား သခင့် အိမ် တော်အဘို့ ၊ အိမ်တော်အမှု စောင့်ခြင်းအဘို့ အကျွန်ုပ် ပြုသောကျေးဇူး ကို ချေ တော်မ မူပါနှင့်။ ၁၅ ထို ကာလ ၊ ယုဒ ပြည်မှာ အချို့တို့သည် ဥပုသ် နေ့၌ စပျစ်သီး ကို နယ်လျက်၊ ကောက် လှိုင်းကိုသွင်း လျက်၊ မြည်း ပေါ် မှာ ဝန် ကိုတင်လျက် လုပ်ဆောင်ကြသည်ကိုငင်း၊ ဥပုသ် နေ့ ၌ စပျစ်ရည် ၊ စပျစ်သီး ၊ သင်္ဘောသဖန်း သီးအစရှိသည်တို့ကိုတင်၍ ယေရုရှလင် မြို့သို့ ဆောင် ခဲ့ကြသည် ကိုငင်း ငါမြင်၍၊ ဤမည်သော နေ့ ရက်၌ သာ စားစရာ များကို ရောင်း အပ်သည်ဟု သူ တို့အကြား ပြော ၏။ ၁၆ ထိုအရပ် ၌ နေ သောတုရု မြို့သားတို့သည်လည်း ၊ ငါး အစရှိသည်တို့ကို ယေရုရှလင် မြို့သို့ ဆောင် ခဲ့၍ ၊ ဥပုသ် နေ့ ၌ ယုဒ အမျိုးသား တို့အား ရောင်း တတ်ကြ၏။ ၁၇ ထိုအခါ ငါက၊ သင် တို့သည် ဥပုသ် နေ့ ကို ဖျက် ၍ ပြု သော ဒုစရိုက် ကား အဘယ် သို့နည်း။ ၁၈ ဘိုးဘေး တို့သည် ထိုသို့ ပြု သောကြောင့် ၊ ဤ မျှလောက် ကြီးစွာသော ဆင်းရဲ ခြင်းကို ငါ တို့ ၌ ၎င်း၊ ဤ မြို့ ၌ ၎င်း ဘုရား သခင်ရောက် စေတော်မူသည်မ ဟုတ်လော။ သင် တို့သည် ဥပုသ် နေ့ကို ဖျက် သောအားဖြင့် သာ၍ ပြင်းစွာသော အမျက် တော်ကို ဣသရေလ အမျိုး၌ ရောက်စေဦးမည်လောဟု ယုဒ မှူးမတ် တို့ကို အပြစ် တင် လျက်၊ ၁၉ အဘိတ်နေ့တွင် နေ ရောင်ကွယ်၍ ဥပုသ် နေ့လွန် သည်တိုင်အောင် ၊ ယေရုရှလင်မြို့တံခါး တို့ကို ပိတ် ထားရမည်အကြောင်းစီရင် ၍ ၊ ဥပုသ် နေ့ ၌ ဝန် များကို မြို့ထဲသို့ မ သွင်း စေခြင်းငှါ မိမိ ကျွန် အချို့တို့ကို တံခါး တို့ ၌ ခန့် ထား၏။ ၂၀ ထိုနောက် ကုန်သည် များ၊ ဥစ္စာ မျိုးကို ရောင်း သောသူများတို့သည်၊ ယေရုရှလင် မြို့ပြင် မှာ တခါ နှစ် ခါ အိပ် ကြ၏။ ၂၁ ငါကလည်း၊ မြို့ရိုး ပတ်လည်၌အဘယ်ကြောင့် အိပ် ကြသနည်း။ နောက် တဖန်လာ၍ အိပ်လျှင် ဘမ်းဆီးမည်ဟု သူ တို့အား သတိ ပေး၏။ ထို အခါ မှစ၍ ဥပုသ် နေ့တွင် မ လာ ဘဲနေကြ၏။ ၂၂ လေဝိ သားတို့သည်လည်း၊ ဥပုသ် နေ့

ကို သန့်ရှင်း စေခြင်းငှါ ၊ စင်ကြယ် သောကိုယ်နှင့်လာ ၍ တံခါး တို့ကို စောင့် ရမည်အကြောင်းငါမှာ ထား၏။ အို အကျွန်ုပ် ၏ ဘုရား သခင်၊ ထို အမှုကြောင့် အကျွန်ုပ် ကို အောက်မေ့ တော်မူပါ။ ကရုဏာ တော်များပြား သည်အတိုင်း အကျွန်ုပ် ကို ကယ်မ သနားတော်မူပါ။ ၂၃ ထို ကာလ ၊ အာဒုတ် အမျိုး၊ အမှုန် အမျိုး၊ မောဘ အမျိုးသမီး နှင့် စုံဘက် သော ယုဒ လူအချို့တို့ကို ငါမြင် ၏။ ၂၄ သူ တို့သား သမီးတို့သည် ယုဒ စကားကို မ ပြော တတ်။ အာဒုတ် စကားတဝက် အစရှိသော အသီးအသီးဘာသာ စကားကို ပြော တတ်ကြ၏။ ၂၅ သူ တို့ကို ငါအပြစ် တင်၍ ကဲ့ရဲ့ ၏။ အချို့တို့ကို ရိုက် လျက် ၊ ဆံပင်နှုတ် လျက် ဒဏ်ပေး၍၊ သင်တို့သည် ကိုယ် သမီး တို့ကို ပြည်သား တို့အား မ ပေးစား ရ။ ပြည်သားသမီး တို့ကို ကိုယ် သား တို့အဘို့ မ သိမ်း မယူရ။ ၂၆ ဣသရေလ ရှင်ဘုရင် ရှောလမုန် သည် ထိုသို့ ပြု၍ ပြစ်မှား ရာရောက်သည်မ ဟုတ်လော။ အတိုင်းတိုင်းအပြည်ပြည် ၌ သူ နှင့် တူသောရှင်ဘုရင် မ ရှိ။ ဣသရေလ ရှင်ဘုရင် အရာ ၌ ဘုရား သခင်ခန့်ထားသည်တိုင်အောင်စိတ် တော်နှင့်တွေ့သောသူဖြစ်သော်လည်း ၊ တပါး အမျိုးသား မိန်းမ တို့သည် ပြစ်မှား စေသည်တကား။ ၂၇ ငါတို့သည် သင် တို့စကားကို နားထောင် ၍ တပါး အမျိုးသားမိန်းမ တို့နှင့် စုံဘက် သဖြင့် ၊ ဤ မျှလောက်ကြီး သော ဒုစရိုက် ကို ပြု လျက် ၊ ငါ တို့၏ ဘုရား သခင်ကို ပြစ်မှား ရမည်လောဟု ဘုရားသခင်ကို တိုင်တည်၍ သူတို့ကိုကျိန်ဆိုစေ၏။ ၂၈ ယဖ်ပုရောဟိတ် မင်း ဧလျာရှိပ် သား ယောဒ ၏ သား တယောက်သည်၊ ဟောရနိ လူ သမ္ဗာလတ် သမက် ဖြစ်သောကြောင့်၊ သူ့ ကိုငါနှင်ထုတ် ၏။ ၂၉ အို အကျွန်ုပ် ၏ ဘုရား သခင်၊ သူတို့သည် ယဖ် ပုရောဟိတ်အရာကိုငင်း၊ ယဖ် ပုရောဟိတ်၊ လေဝိ သားတို့ နှင့် ဖွဲ့သောပဋိညာဉ် တော်ကိုငင်း ရှုတ်ချ သောကြောင့် ၊ သူ တို့ကို မှတ် တော်မူပါ။ ၃၀ ထိုသို့ ယုဒအမျိုးသားတို့ကို တပါး အမျိုးသားအပေါင်း တို့နှင့် ကင်းစင် စေပြီးမှ ၊ ယဖ်ပုရောဟိတ် နှင့် လေဝိ သားတို့ကို အသီး အသီးမိမိ တို့ အမှု စောင့် ရသည် အတိုင်း ငါခန့် ထား၍၊ ၃၁ ချိန်းချက် သောအချိန် ၌ ထင်း ပူဇော် သက္ကာနှင့် အဦး သီးသော အသီးကို ပူဇော်စေခြင်းငှါ စီရင်၏။ အို အကျွန်ုပ် ၏ ဘုရား သခင်၊ ကျေးဇူး ပြုပါမည်အကြောင်း၊ အကျွန်ုပ် ကို အောက်မေ့ တော်မူပါ။

၁ အိန္ဒိယ ပြည်မှစ၍ ကုရု ပြည်တိုင်အောင် တိုင်းပြည် တရာ နှစ်ဆယ် ခုနစ် ပြည်တို့ကို အစိုးရ သောရှင်ဘုရင်အာရွှေရု သည်၊ ၂ ရှုရှန် နန်းတော် ရာဇ ပလ္လင်ပေါ် မှာ ထိုင် ၍ နန်းစံ သုံး နှစ် တွင်၊ ၃ ပေရသိ ဗိုလ် ၊ မေဒ ဗိုလ်များ၊ အပြည် ပြည်သော မှူးမတ် ဝန်မင်းများတို့ကို ခေါ် ၍၊ မှူး တော် မတ်တော် ကျွန် တော်အပေါင်း တို့အဘို့ ပွဲ လုပ် တော်မူ၏။ ၄ ထိုအခါ နိုင်ငံ တော်စည်းစိမ် ၊ ဘုန်း အာနုဘော်တော်ကို အရက် တရာ ရှစ် ဆယ်ပတ်လုံးပြ တော်မူ၏။ ၅ ထို ကာလ လွန် ပြီးမှ ၊ ရှင် ဘုရင်သည် ရှုရှန် နန်းတော် ၌ စည်းဝေးသောသူ အကြီး အငယ် အပေါင်း တို့ အဘို့ နန်းတော် အနားဥယျာဉ် တော်ဝင်းထဲမှာ ခုနစ် ရက် ပတ်လုံးပွဲ ခံတော်မူ၏။ ၆ ငွေ ကွင်း တပ်သော ကျောက်ဖြူတိုင်တို့ ၌ မောင်း သော ပိတ် ချောကြိုး ဖြင့် ဆွဲကာသော ပိတ် ချောကုလားကာ အဖြူ အစိမ်းအပြာ တို့နှင့်ငင်း၊ ခင်း သောကျောက်ပြားအနီ အပြာ အဖြူ အနက် တို့အပေါ် မှာထား သော ရွှေ ငွေ အနေ အထိုင်တို့နှင့်ငင်း ဥယျာဉ်တော်သည် ပြည့်စုံ၏။ ၇ ရှင်ဘုရင်စည်းစိမ်နှင့် လျော်စွာ ထူးခြားသော ရွှေ ဖလား တို့နှင့် များစွာ သော စပျစ်ရည် ကို သောက်ကြ ၏။ ၈ စပျစ်ရည်သောက် ခြင်းအမှုသည် တရား အတိုင်း ဖြစ်၏။ အဘယ် သူကိုမျှ အနိုင် မသောက်စေ၊ လူ အပေါင်းတို့သည် ကိုယ် အလို အလျောက်ပြု ကြမည် အကြောင်း ၊ နန်းတော် အရာရှိ အပေါင်း တို့ကို ရှင်ဘုရင် မိန့် တော်မူ၏။ ၉ မိဖုရား ဝါရှတိ သည်လည်း ၊ ရှင်ဘုရင် အာရွှေရု နန်းတော် သား မိန်းမ တို့အဘို့ ပွဲ လုပ်လေ၏။ ၁၀ မိဖုရားဝါရှတိသည် အဆင်းလှသောကြောင့်၊ခုနစ် ရက်မြောက်သောနေ့ ၌ ရှင်ဘုရင် သည် စပျစ်ရည် သောက်၍ ရွှင်လန်း သောစိတ် ရှိသောအခါ၊ မိဖုရား အဆင်း လှ ခြင်းအသရေ ကို မင်း များနှင့် လူ များတို့အားပြ လိုသောငှါ ၊ မိဖုရား ဝါရှတိ ကို ရာဇ သရဖူ ဆောင်းစေ၍၊ အထံတော်သို့ဆောင် ခဲ့ရမည် အကြောင်း၊ မဟုမန် ၊ ဗိဇသ ၊ ဟာဗောန ၊ ဗိဂသ ၊ အဗာဂသ ၊ ဇေသာ ၊ ကာကတ် တည်းဟူသော အမှူ တော်ထမ်းမိန်းမစိုး ခုနစ် ယောက်တို့ကို မိန့် တော်မူ၏။ ၁၂ သို့ရာတွင် မိန်းမစိုး ဆင့်ဆိုသော အမိန့် တော်ကို ၊ မိဖုရား သည် ငြင်းဆန် ၍ မလာဘဲနေ၏။ ထိုကြောင့် ရှင် ဘုရင်သည် အမျက် ထွက်၍ ၊ ဒေါသမီးလောင် လျက် နေတော်မူ၏။ ၁၄ ထိုအခါ ကာရှေန ၊ ရှေသာ ၊ အာဒမာသ ၊ တာရှိရှ ၊ မေရက် ၊ မာသေန ၊ မမုကန် တည်းဟူသော ရှင်ဘုရင် ၏မျက်နှာ တော်ကို အစဉ်ဖူးမြင် ၍၊ နိုင်ငံ တော်တွင် အမြတ်ဆုံး သောပေရသိ ၊ မေဒ အတွင်းဝန်မင်း ခုနစ် ပါးတို့သည် အနား တော်၌ ထိုင်လျက်ရှိ၍၊ တရားစီရင် ရာလမ်းကို လေ့ကျက် သောသူအပေါင်း တို့နှင့် ရှင်ဘုရင် တိုင်ပင်သောထုံးစံ ရှိသည်အတိုင်း ၊ အကျိုးအကြောင်း ကိုနားလည် သော ထိုပညာရှိ တို့ကိုခေါ် ၍၊ ၁၅ မိန်းမစိုး ဆင့်ဆိုသော ဝါရှင်ဘုရင် အာရွှေရု အမိန့် တော်ကို၊ မိဖုရား ဝါရှတိ သည် နား မ ထောင်သောကြောင့် ၊ ဓမ္မသတ် အတိုင်း သူ၌ အဘယ်သို့ စီရင် ရ မည်နည်းဟုမေး တော်မူလျှင်၊ ၁၆ မမုကန် က၊ မိဖုရား ဝါရှတိ သည် အရှင်မင်းကြီး ကိုသာပစ်မှားသည် မ ဟုတ်ပါ။ အရှင်မင်းကြီး အာရွှေရု အစိုးရတော်မူသောတိုင်းပြည် အရပ်ရပ် ၌ ရှိသောမင်း များနှင့် ဆင်းရဲသား များ အပေါင်း တို့ကို ပြစ်မှား ပါပြီ။ ၁၇ ရှင်ဘုရင် အာရွှေရု သည် မိဖုရား ဝါရှတိ ကို ခေါ် ၍ ၊ မိဖုရားမ လာဟု အနှံ့အပြားပြော ကြသဖြင့် ၊ မိဖုရား ပြုသောဤအမှု ကိုခပ်သိမ်း သော မိန်းမ တို့သည် ကြား၍ မိမိ တို့ခင်ပွန်း ကို

မထီမဲ့မြင် ပြုကြပါလိမ့်မည်။ ၁၈ မိဖုရား ပြုသောဤ အမှု ကို ပေရသိ ၊ မေဒိ မင်း ကတော်တို့သည် ကြား သိကြလျှင်၊ မှူး တော်မတ်တော် အပေါင်း တို့အား ထိုနည်းတူ ပြန်ပြောသဖြင့်၊ အားမနာ တတ်သောစိတ်၊ ဒေါသ စိတ် တိုးပွား စရာအကြောင်းရှိပါ လိမ့်မည်။ ၁၉ ဝါရှတိ သည် အရှင်မင်းကြီး အာရွှေရု ထံ တော်သို့ နောက်တဖန် မ ဝင် စေခြင်းငှါ အလိုတော်ရှိလျှင် မဝင်စေနှင့် ဟု မိန့်တော်မူပါ။ မပြောင်းလဲနိုင်သော အမိန့်တော် ရှိစေခြင်းငှါပေရသိ ၊ မေဒိ ဓမ္မသတ် ၌ သွင်း၍ ရေး စေတော်မူပါ။ ဝါရှတိ ထက် ကောင်း သော မိန်းမကိုလည်း မိဖုရား အရာ၌ ချီးမွှောက် တော်မူပါ။ ၂၀ သို့ပြုလျှင်ရှင်ဘုရင်ပေးတော်မူသောအမိန့် တော်ကို ကျယ်ဝန်းသော နိုင်ငံ တော်တရှောက်လုံး ကြော်ငြာ သောအခါ ၊ မိန်းမ အပေါင်း တို့သည် ကိုယ်ခင်ပွန်း အယုတ်အမြတ်တို့ကို ရိုသေ ကြပါလိမ့်မည်ဟု ရှင်ဘုရင်နှင့် မှူးမတ်တို့ရှေ့မှာ လျှောက်ထား၏။ ၂၁ ထိုစကား ကို ရှင်ဘုရင် နှင့် မှူးမတ် တို့သည် နှစ်သက် ၍ မမုကန် လျှောက် သည်အတိုင်း ရှင်ဘုရင် ပြု လျက်၊ ၂၂ လူ တိုင်း မိမိ အိမ် ကို အုပ်စိုး ရမည်အကြောင်း၊ မိမိ လူမျိုး စကား ကို ပြော ရမည်အကြောင်း၊ အတိုင်းတိုင်း အပြည်ပြည် ဘာသာစကား အသီးအသီးကို အနက်ပြန် ၍ နိုင်ငံ တော်အရပ်ရပ် သို့ အမိန့်တော်စာ ကို ပေး လိုက် တော်မူ၏။

ဇ တဖန် ရှင်ဘုရင် အာရွှေရု သည် စိတ် တော်ပြေ သောအခါ ၊ ဝါရှိတိ ကိုဂင်း ၊ သူပြု သောအမှုနှင့် သူ့ တစ်ဘက် ၌စီရင်သော အမှု ကိုဂင်း အောက်မေ့ တော်မူ၏။ ၂ အထံတော်၌ ခစား သော ကျွန် တော်တို့ကလည်း ၊ အဆင်း လှ သော သမီးကညာ တို့ကို အရှင်မင်းကြီး အဘို့ ရှာ ရပါမည်အကြောင်းအခွင့်ပေးတော်မူပါ။ ၃ အဆင်း လှ သော သမီးကညာ အပေါင်း တို့ကို ရှုရှန် နန်းတော် တွင် အပျိုတော်နေရာသို့ စုဝေး စေ၍ ၊ နန်းတော်မိန်းမစိုး ၊ အပျိုတော်အုပ်ဟေဂဲ ၌ အပ်စေခြင်းငှါ၊ နိုင်ငံ တော်အတိုင်း တိုင်း အပြည်ပြည် မင်း အရာရှိ တို့ကို ခန့် ထားတော်မူပါ။ စင်ကြယ်စေခြင်းငှါ ဆေးမျိုးကို အပ်ပေးတော်မူပါ။ ၄ နှစ်သက် တော်မူသောသမီးကညာ ကို မိဖုရား ဝါရှတိ အရာ ၌ ခန့် ထားတော်မူပါဟု လျှောက်သော စကား ကို ရှင်ဘုရင် နှစ်သက် ၍ ထိုသို့ စီရင် တော်မူ၏။ ၅ ထိုကာလတွင် ရှုရှန် မြို့တော်၌ ၊ ဗယ်ာမိန် အမျိုး ကိရှ ၊ ရှိမိ ၊ ယာဂ္ကရ တို့မှ ဆင်းသက်သော မော်ဒကဲ အမည် ရှိသောယုဒ လူ တယောက်ရှိ ၏။ ၆ ထိုသူသည် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သိမ်း သွားသော ယုဒ ရှင်ဘုရင် ယေခေါနိ မှစ၍ ၊ ဘမ်းဆီး သိမ်း သွားခြင်းကို ခံရသောလူစု၌ ပါသတည်း။ ၇ ထိုသူသည် အထွေးသမီး ဟဒဿ တည်းဟူသော ဧသတာ ကို မွေးမြူ ၏။ ထိုသတို့သမီးသည် မိဘ မ ရှိ၊ ပုံပြင်ယဉ်ကျေး ၍ အသွေး အဆင်းလည်း လှ ၏။ မိဘ သေ သောအခါ ၊ မော်ဒကဲ သည် ယူ ၍ ကိုယ် သမီး ကဲ့သို့ မှတ်သတည်း။ ၈ ရှင်ဘုရင် အမိန့် တော်ကိုထုတ်၍ ကျော်သောအခါ ၊ အပျိုများတို့ကို ရှုရှန် နန်းတော် သို့ စုဝေး စေ၍ ၊ မိန်းမစိုးဟေဂဲ ၌ အပ်ရာတွင်၊ ဧသတာ ကိုလည်း နန်းတော် သို့ ခေါ် ဆောင်၍ ဟေဂဲ ၌ အပ်ကြ၏။ ၉ ဧသတာသည် ဟေဂဲ စိတ် နှင့်တွေ့၍ မျက်နှာ ရသဖြင့် ၊ ဟေဂဲသည် စင်ကြယ် စေသော ဆေးမျိုးနှင့် ပေး ရသောအဝတ် အစားကို အလျင် အမြန်ပေး၏။ နန်းတော် ၌ ရွေး ကောက်သော ကျွန် မခုနစ် ယောက် တို့ကိုလည်းပေး ၍ ၊ ဧသတာ နှင့် သူ ၏ကျွန် မတို့ကို အပျိုတော်နန်း တွင် အမြတ် ဆုံးသောနေရာ၌ ချီးမွှောက်လေ၏။

၁၀ ဧသေတာ သည် မိမိ အမျိုး နှင့် မိမိ ဆွေညာ တကာကို မ ဘော် မပြမည်အကြောင်း၊ မော်ဒကဲ သတိပေး သည်အတိုင်း မ ဘော် မပြဘဲ နေ၏။ ၁၁ ဧသေတာ သည် အဘယ်သို့ရှိသည်ကိုၿငင်း၊ သူ ၌ အဘယ်သို့ ပြု ကြလိမ့်မည်ကိုၿငင်း၊ မော်ဒကဲ သည် သိ ခြင်းငှါ အပျိုတော်နန်း ဝင်း ရှေ့ မှာ နေ့ တိုင်းသွား လာ၏။ ၁၂ ထိုအပျိုတော်တို့ ထုံးစံ အတိုင်း ၊ တနှစ် စေ့ သောအခါ တယောက်နောက်တယောက် အလှည့် သင့်သည် အတိုင်း ၊ ရှင်ဘုရင် အာရှေရု ထံ သို့ ဝင် ရ၏။ ခြောက် လ ပတ်လုံးမုရန် ဆီ ၊ ခြောက် လ ပတ်လုံးနံ့သာ မျိုးအစရှိ သော စင်ကြယ် စေသောဆေးမျိုးကိုသုံး၍၊ စင်ကြယ် ခြင်းအမှုသည် ပြီး သည် တိုင်အောင် ထိုမျှကာလ ကိုလွန် စေရ၏။ ၁၃ ထိုနောက်မှအပျို တော်သည် ရှင်ဘုရင် ထံ သို့ဝင် ချိန်ရောက်သောအခါ ၊ အလို ရှိသမျှ တို့ကို တောင်း၍၊ အပျိုတော်နန်း မှ ရှင်ဘုရင် နန်းတော် သို့ ယူ သွားရ၏။ ၁၄ ည ဦးအချိန်၌ ဝင် ၍ နံနက် အချိန်၌ နန်းတော်မိန်းမစိုး ၊ မောင်းမမိသဲ့ အုပ် ၊ ရှာရှဂိဇ စောင့် ဒုတိယ မိန်းမနန်း သို့ ပြန် ရ၏။ ရှင်ဘုရင် ချစ် ၍ နာမည် အားဖြင့် ခေါ် တော်မမူလျှင် နောက် တဖန် အထံတော်သို့ မ ဝင် ရ။ ၁၅ မိမိ သမီး ကဲ့သို့ မော်ဒကဲ မွေးမြူ သော ဘထွေး အဘိဟဲလ သမီး ဧသေတာ သည် အလှည့် သင့်၍၊ ရှင်ဘုရင် ထံ သို့ဝင် ရသောအခါ ၊ နန်းတော်မိန်းမစိုး ၊ အပျိုတော်အုပ် ဟေဂဲ စီရင် သော အရာမှတပါး အဘယ် အရာကိုမျှ မ တောင်း ၊ ဧသေတာ ကို တွေ့မြင် သမျှ သောသူတို့ သည် ချစ် တတ်ကြ၏။ ၁၆ ထိုသို့ ရှင်ဘုရင် အာရှေရု သည် နန်းစံ ခုနစ် နှစ် ၊ တေဗက် အမည်ရှိသောဒသမ လ တွင် ၊ ဧသေတာ ကို နန်းတော် ၌ သိမ်း တော်မူပြီးလျှင်၊ ၁၇ အခြားသော သမီး ကညာအပေါင်း တို့ထက် ဧသေတာ သည် စိတ်တော်ကိုနှစ်သက် စေ၍ ၊ အထံ တော်၌ မျက်နှာ ရသဖြင့် ၊ ရှင်ဘုရင်သည် အခြားသော မိန်းမ တကာ တို့ကို ချစ်သည်ထက် ဧသေတာကိုသာ၍ ချစ်သောကြောင့်၊ သူ ခေါင်း ပေါ် မှာ ရာဇ သရဖူ ကိုတင် ၍ မိဖုရား ဝါရှတိ အရာ ၌ ချီးမြှောက် တော်မူ၏။ ၁၈ ထိုအခါ ရှင် ဘုရင်သည် ဧသေတာ ပွဲ ဟူ၍ကြီး သောပွဲ ကို မှူး တော်မတ်တော်ကျွန် တော်တို့အဘို့ လုပ် သဖြင့် ၊ နိုင်ငံ တော်တိုင်းပြည်တို့ကို မင်းမှုလွှတ် ၍ ၊ စည်းစိမ်တော်နှင့် လျော်စွာ ဆု ချတော်မူ၏။ ၁၉ သမီး ကညာတို့သည် ဒုတိယ အချိန်၌ စုဝေး သောအခါ ၊ မော်ဒကဲ သည် နန်းတော်၌ တံခါးမှူး ဖြစ် ၏။ ၂၀ ဧသေတာ သည် မော်ဒကဲထံမွေးမြူ ခြင်းကိုခံ ၍ နေစဉ် အခါ၊ သူ ၏စကား ကို နားထောင်သည်နည်းတူ နားထောင် သေးသည်ဖြစ်၍၊ မော်ဒကဲ သတိ ပေးသည်အတိုင်း ၊ မိမိ အမျိုး ၊ မိမိ ဆွေညာ တကာတို့ကို မ ဘော် မပြဘဲနေ သတည်း။ ၂၁ ထို ကာလ တွင် ၊ မော်ဒကဲ သည် နန်းတော်၌ တံခါးမှူး ဖြစ် စဉ် ၊ ဗိဂသန် နှင့် တေရက် တည်းဟူသောနန်းတော်မိန်းမစိုး ၊ တံခါး စောင့် နှစ် ယောက်တို့သည် ဒေါသစိတ်ရှိ၍ ရှင်ဘုရင် အာရှေရု ကို လုပ်ကြံ မည်ဟု အားထုတ် ကြ၏။ ၂၂ ထိုအမှုကို မော်ဒကဲ သိ ၍ မိဖုရား ဧသေတာ အား ဘော်ပြ ၏။ ထိုသို့ မော်ဒကဲ ဘော်ပြကြောင်းကို ဧသေတာ သည် ရှင်ဘုရင် အား လျှောက် လေ၏။ ၂၃ ထိုအမှု ကို စစ်ကြော ၍ အမှန် သိသောအခါ ၊ ထိုသူ နှစ် ယောက်တို့ကို သစ်ပင် ၌ လည်ဆွဲ ချိပြီးမှ ၊ ရှင်ဘုရင် ရှေ့ ၊ နန်းတော်မှတ် စာ၌ ရေး မှတ်သတည်း။

၂ ထို နောက်မှရှင်ဘုရင် အာရှေရု သည်အာဂတ် အမျိုး၊ ဟမ္မေဒါသ သား ဟာမန် ကို ချီးမြှောက် ၍၊ အထံတော်၌ ရှိသော မှူးမတ် အပေါင်း တို့ထက် သာ၍မြင့်မြတ် သော နေရာ ကို ပေး တော်မူ၏။ ၂ နန်းတော်တံခါး သို့ ရောက်သော

ရှင်ဘုရင် ၏ ကျွန် အပေါင်း တို့သည်၊ အမိန့် တော်ရှိသည်အတိုင်း ဟာမန် ကို ဦးချ ရှိခိုးကြ၏။ မော်ဒကဲ မူကား ဦး မ ချ၊ ရှိ မ ခိုး။ ၃ နန်းတော်တံခါး သို့ ရောက်သော ရှင်ဘုရင် ၏ ကျွန် တို့က၊ သင် သည် ရှင်ဘုရင် အမိန့် တော်ကို အဘယ်ကြောင့် ငြင်းဆန် သနည်းဟု နေ့တိုင်း မော်ဒကဲ အား မေးမြန်း သတိပေးသော်လည်း၊ ၄ မော်ဒကဲက၊ ငါသည် ယုဒ လူဖြစ် သည်ဟု ပြန်ပြော ၍၊ သူ တို့ စကားကို နား မ ထောင်သောကြောင့် ၊ သူတို့ သည် မော်ဒကဲ စကား တည်မည် မတည်မည်ကို သိ လို သောငှါ ၊ ဟာမန် အား ကြားပြော ကြ၏။ ၅ ထိုသို့ မော်ဒကဲ သည် ဦး မ ချ၊ ရှိ မခိုးဘဲ နေ ကြောင်း ကို ဟာမန် သိမြင် သောအခါ ၊ အလွန်အမျက် ထွက် ၍ ၊ ၆ သူတို့သည် မော်ဒကဲ အမျိုး ကို ဘော်ပြ သောကြောင့် ၊ မော်ဒကဲ တယောက် တည်းကို ကွပ်မျက် လျှင် ၊ စိတ်မပြေလောက်ဟု ဟာမန်သည် အောက်မေ့လျက်၊ မော်ဒကဲ အမျိုးသား ချင်းတည်းဟူသောအာရှေရု နိုင်ငံ အရပ်ရပ် ၌ ရှိသော ယုဒ လူအပေါင်း တို့ကို ဖျက်ဆီး ခြင်းငှါ ရှာကြံ လေ၏။ ၇ ထိုကြောင့်အာရှေရု နန်းစံဆယ် နှစ် နှစ် ၊ နိသန် အမည်ရှိသောပဌမ လ တွင် ၊ နေ့ ရက်အစဉ်၊ လ အစဉ် အတိုင်းလိုက်၍၊ အာဒါ အမည် ရှိသောဒွါဒသမ လ တိုင်အောင်၊ ဟာမန် ရှေ့ မှာ ပုရ စာရေးတံ ချကြ၏။ ၈ တဖန် ဟာမန် သည် ရှင်ဘုရင် အာရှေရု ထံ တော် သို့ဝင်၍၊ အခြားတပါး သော လူမျိုး အပေါင်း တို့နှင့် ကျင့် ရာ ထုံးတမ်းမ တူ၊ အရှင်မင်းကြီး စီရင် တော်မူချက်တို့ကို နား မ ထောင်၊ နိုင်ငံတော်အတွင်း၊ တိုင်းသူပြည်သားအမျိုးမျိုးတို့တွင် အရပ်ရပ်ကွဲပြားလျက်နေသောလူမျိုး တမျိုးရှိပါ၏။ ထိုအမျိုးကို အခွင့်ပေးတော်မူရာ၌ ကျေးဇူးတော်မရှိပါ။ ၉ ကိုယ်တော် သဘော တူလျှင် ထို အမျိုးကို ဖျက်ဆီး စေဟု အမိန့် ရှိတော်မူပါ။ ထိုအမှု ကို ဆောင်ရွက် သောသူတို့ သည် ဘဏ္ဍာ တော်တိုက်ထဲ သို့ ငွေ အခွက် တသိန်း ကို သွင်း စေခြင်းငှါ ၊ ကျွန်တော်အပ် ပေးပါမည် ဟု လျှောက်လေ၏။ ၁၀ ရှင်ဘုရင် ကလည်း ၊ ထိုငွေကို သင့်အားငါပေး၏။ ၁၁ ထိုလူမျိုး ကိုလည်း သင် သည် ပြု ချင်သမျှ ပြု ရသော အခွင့်ရှိစေခြင်းငှါ၊ သင် ၌ငါအပ် သည်ဟု လက်စွပ် တော်ကိုချွတ် ၍ ယုဒ အမျိုး၏ ရန်သူ ဖြစ်သော အာဂတ် အမျိုး ဟမ္မေဒါသ သား ဟာမန် အား ပေး တော်မူ၏။ ၁၂ ထိုအခါ ပဌမ လ တဆယ် သုံး ရက် နေ့တွင် ၊ စာရေး တော်ကြီးတို့ကို ခေါ် ၍ ကိုယ်စားတော်မင်း ၊ အပြည်ပြည်အုပ်သော မြို့ဝန်၊ အရပ်ရပ်စီရင်သော သူကြီးတို့ကို ဟာမန် မှာ ထားသမျှ အတိုင်း ၊ လူ အမျိုးမျိုးပြောသော စကား အသီးအသီးအားဖြင့် ရှင်ဘုရင် အာရှေရု ၏ အမိန့် တော်ကို စာကိုရေး ၍ ၊ ရှင်ဘုရင် ၏ လက်စွပ် တော်နှင့် တံဆိပ် ခတ်လေ၏။ ၁၃ အာဒါ အမည်ရှိသောဒွါဒသမ လ တဆယ် သုံး ရက် တ နေ့ ခြင်းတွင် ၊ ယုဒ လူအကြီး အငယ် မိန်းမ ကလေး ရှိ ရှိသမျှတို့ကို သတ်ဖြတ် သုတ်သင် ပယ်ရှင်း ၍ ၊ သူ တို့ ဥစ္စာ ကို လုယူ သိမ်းရုံးစေ ခြင်းငှါ၊ အမိန့်တော် စာ ကို စာပို့ လုလင်တို့ ဖြင့် နိုင်ငံ တော်အပြည် ပြည်သို့ ပေး လိုက် လေ၏။ ၁၄ ဤရွေ့ကား၊ လူ အမျိုးမျိုး တို့သည် ထို နေ့ ရက်တွင် အသင့် ရှိစေခြင်းငှါ ၊ အတိုင်း တိုင်းအပြည်ပြည်၌ ကြော်ငြာ ရသော အမိန့်တော် စာ ချက်ဖြစ်သတည်း။ ၁၅ ရှုရှန် နန်းတော် ၌ ထိုအမိန့်တော်စာ ကို ကြော်ငြာ ပြီးမှ၊ ရှင်ဘုရင် စီရင်သည်အတိုင်း ၊ စာပို့ လုလင်တို့သည် အလျင် အမြန်ပြေး သွားကြ၏။ ရှင်ဘုရင် နှင့် ဟာမန် သည် စပျစ်ရည်သောက် ပွဲ၌ ထိုင် ၍၊ ရှုရှန် မြို့ တော်သည် ဆင်းရဲ ခြင်းသို့ ရောက်သတည်း။

၄ ထို အမှုရှိသမျှ ကို မော်ဒကဲ သိ သောအခါ ၊ မိမိ အဝတ် ကိုဆုတ် ၍ ပြာ နှင့်လူးလျက် ၊ လျှော်တေ အဝတ်ကို ဝတ်လျက် ၊ မြို့ အလယ် သို့ သွား ၍ ကြီးကျယ် သောအသံ နှင့် ငိုကြွေး လေ၏။ ၂ လျှော်တေ အဝတ် ကိုဝတ်လျက် နန်းတော်တံခါး ထဲ သို့ အဘယ်သူ မျှမဝင် ရသောကြောင့် ၊ နန်းတော်တံခါး ရှေ့မှာ ရပ် နေ၏။ ၃ ရှင်ဘုရင် အမိန့်တော်စာရောက်လေသော အပြည် ပြည်တို့ ၌ ယုဒ လူတို့သည် အလွန် ညည်းတွား ခြင်း၊ အစာရှောင် ခြင်း၊ ငိုကြွေးမြည်တမ်း ခြင်းကိုပြု၍၊ လူများ တို့သည် ပြာ နှင့် လျှော်တေ အဝတ်၌ အိပ် ကြ၏။ ၄ မော်ဒကဲအမှုကို ဧသတာ ၏ ကျွန်မတို့နှင့် မိန်းမစိုး တို့သည် ကြားပြော သောအခါ ၊ မိဖုရား သည် အလွန် ဝမ်းနည်း လျက် ၊ မော်ဒကဲ ဝတ်သော လျှော်တေ ကို ပယ် ၍ အခြားသောအဝတ် ကို ဝတ် စေခြင်းငှါ ပေး လိုက် သော်လည်း ၊ မော်ဒကဲသည် မ ခံ မယူဘဲနေ၏။ ၅ တဖန် ဧသတာ သည် ရှင်ဘုရင် အမိန့်တော်နှင့် ခစား သော မိန်းမစိုး ဟာတက် ကို ခေါ် ၍ ၊ အဘယ် အမှုရှိသနည်း။ အဘယ်ကြောင့်ဤသို့ပြုသနည်းဟု မော်ဒကဲ ကို မေး စေခြင်းငှါ စေလွှတ် သည်အတိုင်း၊ ၆ ဟာတက် သည် မော်ဒကဲ ရှိ ရာ နန်းတော်တံခါး ရှေ့၊ မြို့ တော်လမ်း သို့ သွား ၍၊ ၇ မော်ဒကဲ သည် မိမိ ၌ရောက် သော အမှုရှိသမျှ ကို ၎င်း၊ ဟာမန် သည် ယုဒ လူတို့ကို ဖျက်ဆီး ခြင်းငှါ ၊ ငွေ မည်မျှကို ဘဏ္ဍာ တော်တိုက်ထဲ သို့ သွင်းပါမည်ဟု ဂတိ ထားကြောင်း ကိုၛင်းကြားပြော လျက်၊ ၈ ယုဒ လူတို့ကို ဖျက်ဆီး ခြင်းငှါ ၊ ရှုရှုန် နန်းတော်၌ ထုတ် သော အမိန့်တော်စာလက်ခံ ကို ဧသတာ အား ပြ ဘို့ ပေး ၍ ၊ ဧသတာသည် မိမိ လူမျိုး အဘို့ တောင်း လျှောက် ခြင်းငှါ ၊ ရှင်ဘုရင် ထံ တော်သို့ဝင် ရမည်အကြောင်း မှာ လိုက် လေ၏။ ၉ ဟာတက် သည်လည်းလာ ၍ မော်ဒကဲ စကား ကို ဧသတာ အား ပြန်ပြော ၏။ ၁၀ တဖန် ဧသတာ သည် ဟာတက် အားဖြင့် ၊ မော်ဒကဲ ကို မှာ လိုက်သည်ကား၊ ၁၁ ယောကျ်ား ဖြစ်စေ ၊ မိန်းမ ဖြစ်စေ၊ ရှင်ဘုရင်ခေါ် တော်မ မူဘဲ အတွင်း တန်တိုင်း ၊ ရှင်ဘုရင် ထံ တော်သို့ ဝင် မိသောသူ သည် အသက်ချမ်းသာရမည်အကြောင်း ၊ ရွှေ ရာဇ လှံတံကို ကမ်း တော်မမူလျှင်၊ အမှန်သေ ရမည် အကြောင်း အမိန့် တော်ရှိသည်ကို၊ ရှင်ဘုရင် ၏ ကျွန် တော်မျိုးများနှင့် နိုင်ငံ တော်ပြည်သူ ပြည်သားများအပေါင်း တို့ သည် သိ ကြ၏။ အကျွန်ုပ် ကိုကား အရက် သုံးဆယ် ပတ်လုံး၊ ရှင်ဘုရင် ထံ တော်သို့ ခေါ် တော်မ မူဟု၊ ၁၂ ဧသတာ စကား ကို မော်ဒကဲ အား ပြန်ပြော သောအခါ ၊ မော်ဒကဲ က၊ အခြားသော ယုဒ လူ အသက်မလွတ် လျှင်၊ ၁၃ နန်းတော် ၌နေသော်လည်းသင့်အသက်လွတ်မည်ဟု မ ထင် နှင့်။ ၁၄ ယခု ကာလ သင်သည်တိတ်ဆိတ် စွာနေလျှင် ၊ သင် နှင့် သင် ၏ အဆွေ အမျိုးသည် ပျက်စီး ၍ ၊ ယုဒ လူတို့ အသက်ရှင်ခြင်း၊ ကယ်တင် ခြင်း အကြောင်းတစုံတခုပေါ် လိမ့်မည်။ ယခု အမှုကိုဆောင်ဘို့ရာသင်သည် မိဖုရား အရာကိုရ သည်ဟု ထင်စရာရှိသည်မဟုတ်လော ဟု ဧသတာ အား ပြန် ပြောစေခြင်းငှါ မှာ လိုက်၏။ ၁၅ ဧသတာ ကလည်း ၊ ရှုရှုန် မြို့၌ ရှိသောယုဒ လူအပေါင်း တို့ကို စုဝေး စေခြင်းငှါသွား ပါ။ ၁၆ နေ့ ည၌ မပြတ် သုံးရက် ပတ်လုံးမ စား မ သောက် ဘဲနေ၍၊ အကျွန်ုပ် အဘို့ အစာရှောင် ခြင်းအကျင့်ကို ကျင့်ကြပါ။ အကျွန်ုပ် သည်လည်း ကျွန် မတို့နှင့်တကွ အစာရှောင် ခြင်းအကျင့်ကို ကျင့်ပါမည်။ ၁၇ ထိုနောက်အာဏာ တော်ကို ဆန်ရသော်လည်း၊

ရှင်ဘုရင် ထံ တော်သို့ ဝင် မည်။ သေ လျှင် အသေခံ ပါမည်ဟု မော်ဒကဲ အား ပြန် ပြောစေခြင်းငှါ မှာ လိုက် သမျှ အတိုင်း ၊ မော်ဒကဲ သည် သွား ၍ ပြု လေ၏။

၅ သုံး ရက်မြောက်သောနေ့ ၌ ၊ ဧသတာ သည် မိဖုရား အဝတ်တန်ဆာကို ဝတ်ဆင် ၍ ၊ နန်းတော်အဆောင်မှတဘက်တချက် ၊ နန်းတော် အတွင်း တန်တိုင်း ထဲ မှာ ရပ် နေ၏။ ရှင် ဘုရင်သည် နန်းတော် တံခါး တစ်ဘက်တချက် ၊ နန်းတော် ထဲ ၊ ရာဇ ပလ္လင်ပေါ် မှာ ထိုင် တော်မူ၏။ ၂ မိဖုရား ဧသတာ သည် တန်တိုင်း တော်ထဲ မှာ ရပ် နေသည်ကို ရှင်ဘုရင် မြင် လျှင် ၊ နူးညွတ် သောစိတ်ရှိ၍ လက် တော်၌ ပါသော ရွှေ ရာဇ လှံတံကို၊ ဧသတာ သို့ ကမ်း တော်မူသဖြင့် ၊ ဧသတာ သည် ချဉ်းကပ် ၍ ရာဇ လှံတံတော်အထွဋ်ကို ကိုင်တို့ လေ၏။ ၃ ရှင် ဘုရင်ကလည်း ၊ မိဖုရား ဧသတာ ၊ သင် သည် အဘယ် အလိုရှိသနည်း။ အဘယ် ဆုကို တောင်း ချင် သနည်း။ တောင်းသမျှကို နိုင်ငံ တော် တဝက် တိုင်အောင် ငါပေး မည်ဟု မိန့် တော်မူလျှင်၊ ၄ ဧသတာ က၊ အရှင်မင်းကြီး အလို တော်ရှိလျှင် ၊ အရှင် မင်းကြီးအဘို့ ကျွန်တော်မပြင်ဆင် သော ပွဲ သို့ ဟာမန် နှင့်တကွ ယနေ့ ကြွ တော်မူပါဟု လျှောက် သော်၊ ၅ ရှင် ဘုရင်က၊ ဧသတာ လျှောက် သည်အတိုင်း ပြု အံ့သောငှါ ၊ ဟာမန် သည် အလျင် အမြန်လာစေဟု မိန့် တော်မူသဖြင့် ၊ ဧသတာ ပြင်ဆင် သော ပွဲ သို့ ဟာမန် နှင့်တကွ ရှင်ဘုရင် ကြွ တော်မူ၏။ ၆ တဖန် စပျစ်ရည် သောက်ပွဲ ခံစဉ်၊ ရှင် ဘုရင်က၊ သင်သည် အဘယ်သို့အလိုရှိသနည်း။ အလိုရှိသည် အတိုင်း ငါပေးမည်။ အဘယ် ဆုကို တောင်း ချင်သနည်း။ တောင်း သမျှကိုနိုင်ငံ တော်တဝက် တိုင်အောင် ငါပေး မည် ဟု ဧသတာ အား မိန့် တော်မူလျှင်၊ ၇ ဧသတာ က၊ ကျွန်တော် မအလို ရှိ၍ ကျွန်တော် မ တောင်း ချင်သော ဆုဟူမူကား ၊ ၈ ကျွန်တော်မကို အရှင်မင်းကြီး ၏စိတ် နှင့် တွေ့ တော်မူလျှင် ၎င်း ၊ ကျွန်တော်မအလို ရှိ၍ ကျွန်တော် မတောင်း ချင်သောဆုကို ပေး သနားခြင်းငှါ အရှင်မင်းကြီးအလိုတော်ရှိလျှင်၎င်း၊ ကျွန်တော်မပြင်ဆင် သော ပွဲ သို့ အရှင် မင်းကြီးသည် ဟာမန် နှင့်တကွ တဖန်ကြွ တော်မူပါ။ အမိန့် တော်ရှိသည်အတိုင်း နက်ဖြန် နေ့၌ ကျွန်တော်မပြု ပါမည်ဟု ပြန်လျှောက် လေ၏။ ၉ ထို နေ့ ၌ ဟာမန် သည် ဝမ်းမြောက် ရွှင်လန်း သောစိတ် နှင့် ထွက် သွားသော်လည်း ၊ နန်းတော်တံခါးဝ မှာ မော်ဒကဲ သည် ရှိသေစွာမ ထ ၊ အလျင်းမ လှုပ် ဘဲနေသည် ကို မြင် သောအခါ ၊ မော်ဒကဲ ကို အလွန်အမျက် ထွက် လေ၏။ ၁၀ သို့ရာတွင် မိမိစိတ်ကို ချုပ်တည်း လျက်သွား ၍ ၊ မိမိ အိမ် သို့ ရောက် သောအခါ ၊ မယား ဇေရက် နှင့် အဆွေ ခင်ပွန်းတို့ကို ခေါ် ပြီးလျှင်၊ ၁၁ မိမိ ဘုန်း စည်းစိမ် ကြီးကြောင်း၊ သား သမီးများ ကြောင်း၊ ရှင်ဘုရင်အလွန်ချီးမြှောက်၍ မှူးတော် မတ်တော် ကျွန်တော်မျိုးများထက်သာ၍မြတ်သောအရာ ၌ ခန့်ထားတော်မူကြောင်းများကို ဘော်ပြလျက်၊ ၁၂ မိဖုရား ဧသတာ သည် မိမိပြင်ဆင် သော ပွဲ သို့ ငါ မှတပါး ၊ အဘယ်သူကိုမျှ ရှင်ဘုရင် နှင့်အတူ မ ဝင် စေ။ နက်ဖြန် နေ့၌ လည်း ရှင်ဘုရင် နှင့်အတူ ငါ့ ကို ဘိတ် ပြန်၏။ ၁၃ သို့ရာတွင် ၊ ယုဒ လူမော်ဒကဲ သည် နန်းတော်တံခါးဝ မှာ ထိုင် လျက်ရှိသည်ကို ငါ မြင် ရသည် ကာလ ပတ်လုံး ၊ ယခု ဘော်ပြသမျှ တို့သည် ငါ ၌ ကျေးဇူးမ ရှိဟု ဆို ၏။ ၁၄ ထိုအခါ မယား ဇေရက် နှင့် အဆွေ ခင်ပွန်းရှိသမျှ တို့က၊ အတောင် ငါးဆယ် မြင့် သော လည်ဆွဲချတိုင် ကိုစိုက် ပါစေ။ ထိုတိုင်

၌ မော်ဒကဲ ကိုလည်ဆွဲ ချစေမည် အကြောင်း နက်ဖြန် သံတော်ဦး တင်လော့။ ထိုနောက်မှစိတ်ရှင်လန်း လျက် ရှင်ဘုရင် နှင့်အတူ ပွဲ သို့ ဝင် လော့ဟု ပြောဆိုသောစကား ကို ဟာမန်သည် နှစ်သက် ၍၊ လည်ဆွဲ ချတိုင်ကို လုပ် စေ၏။

၆ ထို နေ့ည မှာ ရှင် ဘုရင်သည် စက်တော်ခေါ် ၍ မပျော်နိုင်သောကြောင့် ၊ နန်းတော်မှတ်စာ ကို ယူ ခဲ့ဟု မိန့် တော်မူ၍ ရှေ့ တော်၌ ဘတ် ရကြ၏။ ၂ ရှင်ဘုရင် အာရွှေရု ကို လုပ်ကြံ မည်ဟု ရှာကြံ သော နန်းတော်မိန်းမစိုး ၊ တံခါး စောင့် နှစ် ယောက်၊ ဗိဂသန် နှင့် တေရက် အကြံကို မော်ဒကဲ ဘော်ပြ ကြောင်း ကိုတွေ့ လျှင်၊ ၃ ရှင် ဘုရင်က၊ ထိုအကြံကို ဘော်ပြသောကြောင့်၊ မော်ဒကဲ အား အဘယ် ဆုအဘယ်အရာကို ပေး ပြီနည်းဟုမေး တော်မူသော် ၊ အထံတော်၌ ခစား သော ကျွန် တော်တို့ က၊ အဘယ်ဆုကို၏မျှ ပေး တော်မ မူပါသေးဟု ပြန် လျှောက် ကြ၏။ ၄ ရှင် ဘုရင်ကလည်း ၊ တန်တိုင်း တွင်း၌ အဘယ်သူ ရှိသနည်းဟုမေး တော်မူလျှင်၊ ဟာမန် သည် မိမိလုပ် နှင့် သော လည်ဆွဲ ချတိုင်၌ မော်ဒကဲ ကို လည်ဆွဲ ချရမည် အကြောင်း ၊ နန်းတော် ပြင် တန်တိုင်း တွင်းသို့ ဝင် မိသည် ဖြစ်၍၊ ၅ ရှင်ဘုရင်၏ ကျွန် တို့က၊ ဟာမန် သည် တန်တိုင်း တော်တွင်း၌ ရှိ ပါ၏ဟု လျှောက် ကြသော် ၊ အထဲသို့ ဝင် စေ ဟု မိန့် တော်မူ၏။ ၆ ဟာမန် သည်ဝင် လျှင် ရှင် ဘုရင်က၊ ရှင်ဘုရင်ချီးမြှောက် လို သော သူ ၌ အဘယ်သို့ ပြု သင့်သနည်းဟုမေး တော်မူလျှင် ၊ ဟာမန် က ငါ မှတပါး ၊ ရှင်ဘုရင် သာ၍ ချီးမြှောက် လိုသောသူ တစုံ တယောက်ရှိနိုင်သလောဟုစိတ်ထဲမှာ အောက်မေ့ လျက်၊ ၇ ရှင်ဘုရင် ချီးမြှောက် ခြင်းငှါအလို တော်ရှိသော သူ အဘို့၊ ရှင်ဘုရင် ဝတ်ဆင် တော်မူသော မင်းမြောက်တန်ဆာ ၊ ရှင်ဘုရင် စီး တော်မူသော မြင်း တော်၊ ဆောင်း တော်မူသောရာဇ သရဖူ ကိုယူ ခဲ့၍၊ ၉ ထိုတန်ဆာ တော်နှင့် မြင်း တော်ကို ဘုန်းကြီးသောမှူး တော်မတ်တော်တပါး၌ အပ် ပြီးမှ ၊ ရှင်ဘုရင် ချီးမြှောက် ခြင်းငှါ ၊ အလို တော်ရှိသော သူ ကို ထိုအဝတ် တန်ဆာတော်နှင့် ဝတ်ဆင် စေ၍ ၊ မြင်း တော်ကို စီး စေပြီးလျှင်၊ မြို့ တော်လမ်းမ ၌ ဆောင်သွားလျက် ၊ ရှင်ဘုရင် ချီးမြှောက် ခြင်းငှါ အလို တော်ရှိသော သူ ၌ ဤသို့ ပြု ရသည် ဟု သူ့ ရှေ့ မှာ ကြွေးကြော် ပါစေဟု ရှင်ဘုရင် အား ပြန် လျှောက် လေ၏။ ၁၀ ထိုအခါ ရှင် ဘုရင်က၊ သင်ပြော သည်အတိုင်း အလျင် အမြန်သွား၍၊ အဝတ် တန်ဆာနှင့် မြင်း တော်ကို ယူ ပြီးလျှင် ၊ ယုဒ အမျိုးသား၊ နန်းတော်တံခါး မှူးမော်ဒကဲ ၌ ပြု လော့။ သင်ပြော သမျှ တွင် ၊ တစုံ တခုမျှမ လပ် စေနှင့်ဟု ဟာမန် အား မိန့် တော်မူ၏။ ၁၁ ထိုအခါ ဟာမန် သည် အဝတ် တန်ဆာတော်နှင့် မြင်း တော်ကို ယူ ၍ ၊ မော်ဒကဲ ကို ဝတ်ဆင် စေပြီးလျှင် ၊ မြင်းတော်ကိုစီး စေသဖြင့်၊ မြို့ တော်လမ်းမ ၌ ဆောင်သွားလျက် ရှင်ဘုရင် ချီးမြှောက် ခြင်းငှါ အလို တော်ရှိသော သူ ၌ ဤသို့ ပြု ရသည်ဟု သူ့ ရှေ့ မှာ ကြွေးကြော် ၏။ ၁၂ သို့ပြီးမှ ၊ မော်ဒကဲ သည် နန်းတော်တံခါး သို့ ပြန်လာ ၏။ ဟာမန် မူကား ညည်းတွား လျက် ခေါင်း ကို ခြုံ လျက်၊ မိမိ အိမ် သို့ အလျင် အမြန်သွား ပြီးလျှင်၊ ၁၃ မိမိ ၌ဖြစ် လေသမျှ ကို မယား ဇေရက် နှင့် အဆွေ ခင်ပွန်းရှိသမျှ တို့အား ကြားပြော လေ၏။ မယား ဇေရက် နှင့် ဟာမန် ၏ အဆွေပညာရှိ တို့ကလည်း ၊ ကိုယ်တော်ရှုံး စ ရှိသော မော်ဒကဲ သည်၊ ယုဒ အမျိုး မှန်လျှင် ၊ ကိုယ်တော် သည် သူ့ ကို မ နိုင်။။ သူ့ ရှေ့ မှာ ဧကန် အမှန်ရှုံး ရမည် ဟု ပြန်ပြော ကြ၏။ ၁၄

ထိုသို့ပြောဆို စဉ် တွင်၊ နန်းတော်မိန်းမစိုး တို့သည် လာ ၍ ဧသတာ ပြင်ဆင် သော ပွဲ သို့ ဟာမန် ကို အလျင် အမြန် ခေါ် သွားကြ၏။

၇ တဖန် ရှင်ဘုရင် နှင့် ဟာမန် သည်၊ မိဖုရား ဧသတာ နှင့်အတူ စပျစ်ရည်သောက် အံ့သောဌါ သွား ကြ၏။ ၂ ဒုတိယ နေ့ ရက်၌ စပျစ်ရည် သောက်ပွဲ ခံစဉ်၊ ရှင် ဘုရင်က မိဖုရား ဧသတာ ၊ သင် သည် အဘယ် အလို ရှိသနည်း။ အလိုရှိသည်အတိုင်း ငါပေး မည်။ အဘယ်ဆု ကို တောင်း ချင်သနည်း။ တောင်းသမျှကို နိုင်ငံ တော် တဝက် တိုင်အောင် ငါပေး မည်ဟု မိန့် တော်မူလျှင်၊ ၃ မိဖုရား ဧသတာ က၊ အရှင်မင်းကြီး ၊ ကျွန်တော်မ ကို စိတ်နှင့်တွေ့ တော်မူလျှင် ၎င်း ၊ အလို တော်ရှိလျှင် ၎င်း၊ ကျွန်တော် မအလို အတိုင်း ကျွန်တော် မအသက် နှင့် ကျွန်တော် မတောင်းပန် သည်အတိုင်း ၊ အမျိုးသား ချင်းအသက်ကို ချမ်းသာပေးတော်မူပါ။ ၄ ကျွန်တော် မနှင့် ကျွန်တော် မအမျိုးသား ချင်း တို့ကို သတ်ဖြတ် သုတ်သင် ပယ်ရှင်း ခြင်းငှါ ရောင်း ပါပြီ။ ကျွန် ယောကျ်ား ကျွန် မိန်းမဖြစ်စေခြင်းငှါ ရောင်း လျှင် ၊ ရန်သူသည် ရှင်ဘုရင် အကျိုးနည်းခြင်းအတွက် အဘိုးကိုပေး နိုင်သော်လည်း၊ ကျွန်တော်မတိတ်ဆိတ်စွာ နေပါမည် ဟု လျှောက်လေ၏။ ၅ ရှင်ဘုရင် အာရှေရု ကလည်း ၊ ထိုသို့ ပြု မည်ဟု ကြံဖံ့သောသူကား အဘယ် သူနည်း။ အဘယ်မှာရှိသနည်း ဟု မိဖုရား ဧသတာ အား မေး တော်မူလျှင်၊ ၆ ဧသတာ က၊ ရန် ဘက်ပြုသောရန်သူ သည် ဤ ဆိုးညစ် သော ဟာမန် ဖြစ်ပါ၏ဟု လျှောက် သော်၊ ဟာမန် သည် ရှင်ဘုရင် နှင့် မိဖုရား ရှေ့ မှာ ကြောက်ရွံ့ခြင်း သို့ ရောက်လေ၏။ ၇ ထိုအခါ ရှင် ဘုရင်သည် အမျက် ထွက်သဖြင့် ၊ စပျစ်ရည် သောက်ပွဲ မှ ထ ၍ ဥယျာဉ် တော်သို့ သွားတော်မူ ၏။ အပြစ် ပေးတော်မူမည်ဟု ဟာမန် သည်ရိပ်မိ ၍ အသက် ချမ်းသာရမည်အကြောင်းမိဖုရား ဧသတာ ရှေ့ မှာ တောင်းပန် ခြင်းငှါ ထ ၏။ ၈ ရှင် ဘုရင်သည် ဥယျာဉ် တော်မှ စပျစ်ရည် သောက်ပွဲ ခံရာအရပ် သို့ ဝင်ပြန် သောအခါ ၊ ဧသတာ ထိုင် သော သာလွန် နား မှာ ဟာမန် သည် ပြပ်ဝပ် လျက်နေသည် ကို မြင်လျှင်၊ ဤသူသည် နန်းတော် ၌ ငါ့ ရှေ့မှာ မိဖုရား ကို အဓမ္မ ပြုရမည်လောဟု မိန့် တော်မူစဉ်တွင်၊ အခြံအရံတို့သည် ဟာမန် ၏ မျက်နှာ ကိုဖုံး ကြ၏။ ၉ မိန်းမစိုး ဟာဗောန ကလည်း ၊ အရှင်မင်းကြီး၏ အကျိုးတော်ကို စောင့်၍ လျှောက်ထားသော မော်ဒကဲ အဘို့ ဟာမန် လုပ် ၍ အတောင် ငါးဆယ် မြင့် သော လည်ဆွဲ ချတိုင်သည်၊ ဟာမန် အိမ် ၌ စိုက် ထားလျက် ရှိပါ၏ဟု နားတော်လျှောက်သော်၊ ထိုတိုင်၌ လည်ဆွဲ ချစေဟု ရှင်ဘုရင် မိန့် တော်မူ၏။ ၁၀ ထိုသို့ မော်ဒကဲ အဘို့ လုပ် သော လည်ဆွဲ ချတိုင်၌ ဟာမန် ကို ဆွဲ ချကြ၏။ ရှင်ဘုရင် လည်း စိတ် ပြေ တော်မူ ၏။

၈ ထို နေ့ခြင်းတွင် ၊ ရှင်ဘုရင် အာရှေရု သည် ယုဒ အမျိုး၏ ရန်သူ ဟာမန် အိမ် ကို မိဖုရား ဧသတာ အား ပေး တော်မူ၏။ ဧသတာ သည် မော်ဒကဲ နှင့် အဘယ်သို့ ပေါက်ဘော်တော်သည်ကို ဧသတာလျှောက် သဖြင့် ၊ မော်ဒကဲ သည် ရှင်ဘုရင် ထံ တော်သို့ ဝင် ရ၏။ ၂ ရှင် ဘုရင်သည်လည်း ၊ ဟာမန် လက်မှ နှုတ် သော လက်စွပ် တော်ကို တဖန်ချွတ် ၍ မော်ဒကဲ အား ပေး တော်မူ ၏။ ဧသတာ သည်လည်း ၊ ဟာမန် အိမ် ကို မော်ဒကဲ ၌ အပ် လေ၏။ ၃ တဖန်

ဧသတာ သည် ရှင်ဘုရင် ခြေ တော်ရင်း၌ ပြပ်ဝပ် ၍ ၊ အာဂတ် အမျိုး ဟာမန် ပြုသောအပြစ် ၊ ယုဒ အမျိုးတစ်ဘက် ၌ ကြဲစည်သော အကြဲ အစည်ကို ပယ် တော်မူ မည်အကြောင်း ၊ မျက်ရည် ကျလျက် တောင်းပန် လေ၏။ ၄ ရှင်ဘုရင်သည် ရွှေ ရာဇ လုံတံကို ဧသတာ သို့ ကမ်း တော်မူသဖြင့် ၊ ဧသတာ သည် ထ ၍ ရှင်ဘုရင် ရှေ့ တော်၌ ရပ်လျက်၊ ၅ အရှင်မင်းကြီး အလို တော်ရှိ၍ ၊ ကျွန်တော်မကို စိတ် နှင့်တွေ့တော်မူလျှင် ၎င်း၊ ကျွန်တော်မအမှု သည် ရှေ့ တော်၌ လျောက်ပတ် ၍ ကိုယ်တော် သည် ကျွန်တော် မ ကိုလည်း ချစ် တော်မူလျှင် ၎င်း၊ နိုင်ငံတော်အတိုင်း တိုင်း အပြည်ပြည်တို့ ၌ ရှိသော ယုဒ လူတို့ကို ဖျက်ဆီး ခြင်းငှါ ၊ အာဂတ် အမျိုး ဟမ္မေဒါသ သား ဟာမန် စီရင် သောစာ ကို ပယ်မည်အကြောင်း ၊ ထပ်၍စာရေး စေတော်မူပါ။ ၆ ကျွန်တော် မအမျိုး အပေါ် သို့ ရောက် ရသော ဘေး ကိုငဲ့၊ ကျွန်တော် မအမျိုးသား ချင်းပျက်စီးသောအမှု ကိုငဲ့၊ ကျွန်တော်မသည် ကြည့်ရှု ခြင်းငှါ၊ အဘယ်သို့ တတ်နိုင် ပါအံ့နည်းဟု လျှောက် ဆို၏။ ၇ ရှင်ဘုရင် အာရွှေရု ကလည်း ၊ ဟာမန်သည် ယုဒ လူတို့ကို ထိခိုက် သောကြောင့် ၊ သူ ၏အိမ် ကို ဖိဖုရား ဧသတာ အား ငါပေး ပြီ။ ထိုသူ ကိုလည်း လည်ဆွဲ ချတိုင်၌ ကွပ်မျက် စေပြီ။ ၈ သို့ရာတွင် ရှင်ဘုရင် လက်စွပ် နှင့် တံဆိပ် ခတ် သော ရှင်ဘုရင် အမိန့် တော်စာကို အဘယ်သူမျှမ ပယ် ရသည် ဖြစ်၍၊ စိတ် ရှိသည်အတိုင်း ယုဒ လူတို့အဘို့ အမိန့် တော်စာကို တဖန်ရေး ၍ ၊ လက်စွပ် တော်နှင့် တံဆိပ် ခတ် ရမည်ဟု မိဖုရားဧသတာနှင့် ယုဒလူမော်ဒကဲတို့အား မိန့်တော်မူ၏။ ၉ ထိုအခါ သိဝန် အမည်ရှိသောတတိယ လ နှစ်ဆယ် သုံး ရက်နေ့တွင် ၊ စာရေး တော်ကြီးတို့ကိုခေါ် ၍ ၊ အိန္ဒိယ ပြည်မှ ကုရှ ပြည်တိုင်အောင် တိုင်းပြည် တရာ နှစ်ဆယ် ခုနစ် ပြည်တို့ ၌ ရှိသောယုဒ လူ၊ ကိုယ်စား တော် မင်း၊ အပြည် ပြည်အုပ်သော မြို့ဝန် ၊ မြို့ သူကြီးတို့ကို မော်ဒကဲ မှာ ထားသမျှ အတိုင်း ၊ ယုဒဘာသာစကားမှစ၍လူအမျိုးမျိုးပြောသောစကားအသီးအသီး အားဖြင့်၊ ၁၀ ရှင်ဘုရင် အာရွှေရု ၏ အမိန့်တော်စာကိုရေး ၍ ရှင်ဘုရင် လက်စွပ် တော်နှင့် တံဆိပ် ခတ်ပြီးမှ ၊ မြင်း၊ လား ၊ ကုလားအုပ် ၊ မြည်း စီး သော စာပို့ လုလင်တို့ ဖြင့် ပေး လိုက် လေ၏။ ၁၁ အမိန့်တော်စာချက်ဟူမူကား၊ အာဒါ အမည် ရှိသောဒွါဒသမ လ တဆယ် သုံး ရက်တ နေ့ ခြင်းတွင် ၊ နိုင်ငံတော်အတိုင်းတိုင်းအပြည်ပြည်အမြို့မြို့၌ရှိသောယုဒ လူတို့သည် စုဝေး ၍၊ ၁၂ မိမိ တို့အသက်ကို စောင့် ရသောအခွင့်၊ တိုက်လာ သောပြည်သူ ၊ စစ်သူရဲ အပေါင်း တို့ကို မိန်းမ သူငယ် နှင့်တကွ သတ်ဖြတ် သုတ်သင် ပယ်ရှင်း ၍၊ သူ တို့ ဥစ္စာ ကိုလုယူ သိမ်းရုံးရသောအခွင့်ကိုရှင်ဘုရင် ပေး တော်မူ၏။ ၁၃ ဤရွေကား၊ ယုဒ လူတို့သည် ထို နေ့ ရက်တွင် ရန်သူ တို့ကို ရန်တုံ့ ပြုစေခြင်းငှါ ၊ အတိုင်း တိုင်း အပြည် ပြည်၌ နေသောလူမျိုး အပေါင်း တို့အား ကျော် ရသောအမိန့် တော်စာချက်ဖြစ် သတည်း။ ၁၄ ထိုအမိန့်တော်စာ ကို ရှုရှန် နန်းတော် ၌ ကြော်ပြီးမှ၊ ရှင်ဘုရင် ကျပ်တည်း စွာ စီရင် သည်အတိုင်း ၊ စာပို့ လုလင်တို့သည် အလျင် အမြန်ပြေး သွားကြ၏။ ၁၅ မော်ဒကဲ သည်လည်း ၊ မင်း မြောက်တန်ဆာတည်းဟူသောအဝတ်အဖြူ အပြာ ကို ဝတ်ဆင်လျက်၊ ကြီးစွာ သော ရွှေ သရဖူ ကို ဆောင်းလျက်၊ ပိတ် ချောနှင့် မောင်း သော အထည်ဖြင့် ပြီးသောဝတ်လုံ ကို ခြုံလျက်၊ ရှင်ဘုရင် ထံ တော်မှ ထွက်သွား ၍၊ ၁၆ ရှုရှန် မြို့ တော်သည် ဝမ်းမြောက် ရွှင်လန်း ခြင်းသို့ ရောက်လေ၏။ ယုဒ လူတို့သည်လည်း၊ သက်သာ ရွှင်လန်း ၍ ဝမ်းမြောက်

ခြင်း၊ အသရေ ထွန်းလင်းခြင်းသို့ ရောက် ကြ၏။ ၁၇ ရှင်ဘုရင် အမိန့် တော်စာရောက်လေသော အပြည် ပြည်အမြို့မြို့၌၊ ယုဒ လူတို့သည် ဝမ်းမြောက် ရွှင်လန်း ခြင်း၊ ပွဲ ခံခြင်း၊ မင်္ဂလာ နေ့ စောင့်ခြင်းကို ပြု၍၊ ပြည်သူ ပြည်သားအများတို့သည် ယုဒ လူတို့ကို ကြောက်ရွံ့ သောကြောင့် ယုဒ ဘာသာကို ဝင်ကြ၏။

၉ ရှင်ဘုရင် အမိန့် တော်အတိုင်း စီရင် ရသောအချိန်နီး ၍ ၊ ယုဒ အမျိုး၏ ရန်သူ တို့က၊ ငါတို့နိုင် မည်ဟု မြော်လင့် သော နေ့ ၊ အမှုပြောင်းလဲ ၍ ယုဒ လူတို့သည် မနာလို သောသူတို့ ကို နိုင် သော နေ့ရက်တည်းဟူသောအာဒါ မည်သော ဒွါဒသမ လ တဆယ် သုံး ရက် နေ့တွင်၊ ၂ ရှင်ဘုရင် အာရှေရု ၏ နိုင်ငံ တော် အပြည်ပြည် အမြို့မြို့၌ နေသောယုဒ လူတို့သည်၊ ညှဉ်းဆဲ လိုသောသူတို့ ကို ဆီးတား ခြင်းငှါ စုဝေး ကြ၏။ ပြည်သူ ပြည်သားအပေါင်း တို့သည် ကြောက်ရွံ့ သောကြောင့် ၊ အဘယ်သူမျှရန်မပြုဝံ့ဘဲနေကြ၏။ ၃ အပြည် ပြည်ကို အုပ်စိုးသောမင်း ၊ ကိုယ်စား တော် မင်း၊ မြို့ဝန် မင်း၊ အမှူ တော်စောင့် အရာရှိအပေါင်း တို့ သည် မော်ဒကဲ ကို ကြောက်ရွံ့ သောကြောင့် ၊ ယုဒ လူတို့ကို မစ ကြ၏။ ၄ အကြောင်း မူကား၊ မော်ဒကဲ သည် နန်းတော် တွင် ဘုန်း ကြီးလျက် ၊ အတိုင်း တိုင်းအပြည်ပြည်၌ သိတင်း နှံ့ ပြား ၍၊ တနေ့ထက် တနေ့ကြီး မြင့်ရာသို့ ရောက် သတည်း။ ၅ ထိုနေ့တွင် ယုဒ လူတို့သည် ရန်သူ အပေါင်း တို့ကို ထား နှင့်လုပ်ကြံ သတ်ဖြတ် ဖျက်ဆီး ၍ ၊ မနာလို သောသူတို့ ၌ ပြုချင်သမျှပြု ကြ၏။ ၆ ရှုရှန် မြို့ တော်၌ လူ ငါး ရာ တို့ကို လုပ်ကြံသတ်ဖြတ် ကြ၏။ ၇ ယုဒ အမျိုး၏ ရန်သူ ဟမ္မေဒါသ သား ဖြစ်သော ဟာမန် ၏သား တကျိပ် တည်းဟူသော ပါရှန္ဒါသ ၊ ဒါလဖုန် ၊ အာသပါသ၊ ၈ ပေါရသ ၊ အာဒလိ ၊ အာရိဒါသ ၊ ပါမရှာတ ၊ ၉ အရိသဲ ၊ အရိဒဲ ၊ ဝါဇေဇာသ တို့ကိုလည်း သတ် ကြ၏။ ၁၀ သို့ရာတွင် သူ တို့ ဥစ္စာ ကို မ သိမ်း မယူဘဲနေကြ၏။ ၁၁ ထိုနေ့ ၌ ရှုရှန် မြို့ တော်တွင် သေသောသူစာရင်း ကို ရှင်ဘုရင် ရှေ့ တော်မှာ ပြကြ၏။ ၁၂ ရှင် ဘုရင်သည် မိဖုရား ဧသတာ ကို ခေါ် ၍ ၊ ယုဒ လူတို့သည် ရှုရှန် မြို့ တော်၌ ဟာမန် သား တကျိပ် နှင့်တကွ လူ ငါး ရာ တို့ကို လုပ်ကြံသတ်ဖြတ် ကြပြီ။ နိုင်ငံ တော်တွင် အခြားသော အပြည်ပြည်တို့ ၌ အဘယ်သို့ ပြု ကြပြီနည်း။ သင် သည် အဘယ် အလို ရှိသေးသနည်း။ အလိုရှိသည် အတိုင်း ငါပြုမည်။ အဘယ် ဆုကို တောင်း ချင်သေး သနည်း။ တောင်းသမျှကို ငါပေးမည်ဟု မိန့်တော်မူလျှင်၊ ၁၃ ဧသတာ က၊ အရှင်မင်းကြီး အလို တော်ရှိလျှင် ၊ ရှုရှန် မြို့၌ ရှိသော ယုဒ လူတို့သည် ယနေ့ အမိန့် တော် အတိုင်း နက်ဖြန် နေ့၌လည်း ပြုရမည်အကြောင်း၊ ဟာမန် သား တကျိပ် ကိုလည်း လည်ဆွဲ ချတိုင်၌ ဆွဲ ထားရမည် အကြောင်းအမိန့်ရှိတော်မူပါဟု လျှောက် သည်အတိုင်း၊ ၁၄ ရှင်ဘုရင် မိန့် တော်မူ၍ ရှုရှန် နန်းတော်၌ အမိန့် တော်ကို ထုတ် ပြီးမှ ၊ ဟာမန် သား တကျိပ် ကို ဆွဲ ထား ကြ၏။ ၁၅ ရှုရှန် မြို့၌ ရှိသော ယုဒ လူတို့သည်လည်း ၊ အာဒါ လ တဆယ် လေး ရက် နေ့တွင် စုဝေး ၍ ၊ ရှုရှန် မြို့ သား သုံး ရာ တို့ကိုသတ် ကြ၏။ သို့ရာတွင် သူ တို့ ဥစ္စာ ကို မ သိမ်း မယူဘဲနေကြ၏။ ၁၆ နိုင်ငံ တော်အတိုင်းတိုင်း အပြည်ပြည်၌ ရှိသော ယုဒ လူအခြား တို့သည် အာဒါ လ တဆယ် သုံး ရက် နေ့တွင် ၊ မိမိ တို့အသက် ကို စောင့် လျက် ၊ ရန်သူ လက်သို့မရောက်ဘဲ ချမ်းသာ ရမည်အကြောင်း ၊ စုဝေး ၍ ရန်သူ ခုနစ် သောင်း ငါးထောင်တို့ကိုသတ် ကြ၏။ သို့ရာတွင် သူ တို့ ဥစ္စာ ကို မ သိမ်း မယူဘဲ နေကြ၏။ ၁၇ ထိုလ တဆယ် လေး

ရက်နေ့တွင် ငြိမ်ဝပ် စွာနေ ၍ ပွဲ ခံရာနေ့ ၊ ပျော်မွေ့ ရာနေ့ဖြစ် စေခြင်းငှါ စောင့်ရှောက်ကြ၏။ ၁၈ ရှုရှုန် မြို့၌ ရှိသော ယုဒ လူများမူကား ၊ တဆယ် သုံး ရက်နေ့နှင့် တဆယ်လေး ရက်နေ့တွင် စုဝေး ကြ၏။ တဆယ် ငါး ရက်မြောက်သောအခါ ငြိမ်ဝပ် စွာနေ၍ ပွဲ ခံရာ နေ့ ၊ ပျော်မွေ့ ရာနေ့ဖြစ် စေခြင်းငှါ စောင့်ရှောက်ကြ၏။ ၁၉ မြို့ရိုး မရှိသောရွာ တို့ ၌ နေသောယုဒ လူတို့သည် လည်း၊ အာဒါ လ တဆယ် လေး ရက် နေ့ကို ပျော်မွေ့ စွာ ပွဲ ခံရာနေ့၊ မင်္ဂလာ နေ့ ၊ တယောက်ကိုတယောက်လက်ဆောင် ပေး လိုက်ရာနေ့ဖြစ်စေကြ၏။ ၂၀ တဖန် မော်ဒကဲ သည် ဤ အမှု အရာတို့ကို ရေးထား၏။ ၂၁ ယုဒ လူတို့သည် ရန်သူ လက်မှ လွတ်၍ ချမ်းသာ ရသောနေ့ ၊ သူတို့ဝမ်းနည်းခြင်း နှင့်မြည်တမ်းခြင်း ပျောက်၍ ဝမ်းမြောက်ခြင်း နှင့်ပျော်မွေ့ခြင်း သို့ရောက် သောလ တည်းဟူသော အာဒါ လ တဆယ်လေး ရက် နှင့် တဆယ်ငါး ရက် နေ့တို့ကို နှစ် တိုင်းစောင့်၍ ပွဲခံရာ နေ့ ၊ ပျော်မွေ့ရာ နေ့၊ တယောက် ကိုတယောက်လက်ဆောင် ပေးလိုက် ၍၊ ၂၂ ဆင်းရဲသောသူ တို့အား စွန့်ကြဲရာနေ့ဖြစ်စေသောထုံးစံကိုစီရင်ခြင်းဌာ၊ ရှင်ဘုရင် အာရွှေရှ နိုင်ငံတော်အပြည်ပြည် ၌ အနီး အဝေး ရှိသောယုဒ လူအပေါင်း တို့နေရာသို့ မှာစာ ကိုပေး လိုက်လေ၏။ ၂၃ လူတို့ကလည်း ၊ ပြု စ ရှိ၍ မော်ဒကဲ မှာ လိုက် သည်အတိုင်း အမြဲပြုပါမည်ဟု ဝန်ခံ ကြ၏။ ၂၄ ယုဒ လူအပေါင်း တို့၏ ရန်သူဖြစ်သော အာဂတ် အမျိုး၊ ဟမ္မေဒါသ သား ဟာမန် သည် ယုဒ အမျိုးကို ဖျက်ဆီး မည်အကြံ ရှိ၍ ၊ ဖျက်ဆီး ပယ်ရှင်းခြင်းဌာ် ပုရ စာရေးတံ ခု သောကြောင့် ၎င်း၊ ၂၅ ဧသတာသည် ရှင်ဘုရင် ထံ တော်သို့ ဝင် ၍ ယုဒ လူတို့တဘက် ၌ ဟာမန် ကြံစည် သော အဓမ္မ အကြံ ကို သူ ၏ခေါင်း ပေါ် သို့ ပြန် ရောက်စေမည်အကြောင်း၊ သူ နှင့် သူ ၏သားတို့ကိုလည်း လည်ဆွဲ ချတိုင်း၌ ဆွဲ ထားစေမည် အကြောင်း၊ အမိန့်တော်စာ ကို ပေးတော်မူသည်ဖြစ်၍ဌင်း၊ ၂၆ ပုရဟူသောစကားကို အစွဲ ပြုသဖြင့်၊ ထို နေ့ ကို ပုရ နေ့ဟူ၍ခေါ် ဝေါ် ကြ၏။ ထိုအမိန့် တော်စာ ချက်နှင့် ကိုယ်တိုင်တွေ့မြင်သော အမှု ကို ထောက် လျက်၊ ၂၇ ယုဒ လူတို့သည် ကိုယ်တိုင်မှစ၍သား မြေး၊ ဘာသာဝင် သူ အပေါင်း တို့နှင့်တကွ ၊ မော်ဒကဲမှာစာ၌ စီရင် ထုံးဖွဲ့သည်အတိုင်း ၊ ထို နေ့ နှစ် ရက်ကိုနှစ် တိုင်း အစဉ် မပြတ်စောင့် မည်အကြောင်း၊ ၂၈ ထို ပုရနေ့ တို့သည် ယုဒ အမျိုး၌ မပျောက်၊ သားစဉ် မြေးဆက်တို့သည် မ မေ့မလျော့၊ အပြည် ပြည် အမြို့မြို့၌ နေသောအဆွေ အမျိုးအသီးအသီးအစဉ် အဆက်တို့သည်အောက်မေ့စောင့်ရှောက်မည်အကြောင်းဝန်ခံကြ၏။ ၂၉ ထိုအခါ အဘိဟဲလ သမီး မိဖုရား ဧသတာ နှင့် ယုဒ အမျိုး မော်ဒကဲ တို့သည်၊ ပုရ နေ့တို့ကို မြဲမြံစွာ တည် စေခြင်းငှါ ကျပ်တည်းစွာ အာဏာ ထား၍ မှာစာ ကို တဖန် ရေး ထားကြ၏။ ၃၀ ယုဒ အမျိုးသားမော်ဒကဲ နှင့် မိဖုရား ဧသတာ မှာထား၍၊ ယုဒလူတို့သည် ကိုယ်အဘို့ နှင့် သားစဉ်မြေးဆက် အဘို့ စီရင် သည်အတိုင်း၊ ၃၁ ချိန်းချက် သောအချိန်၌ အစာရှောင်ခြင်း ၊ ဆုတောင်းခြင်း နှင့်တကွ ပုရ နေ့ တို့ကိုအမြဲစောင့်စေခြင်းငှါ၊ အာရွှေရှ နိုင်ငံ တော်တွင် တိုင်းပြည်တရာ နှစ်ဆယ် ခုနစ် ပြည်၌ ရှိသောယုဒ လူအပေါင်း တို့နေရာသို့ ငြိမ်သက် စေသောသစ္စာ စကား နှင့် ထိုမှာစာကိုမော်ဒကဲပေး လိုက်လေ၏။ ၃၂ ဧသတာ စီရင် သောအားဖြင့် ၊ ပုရ နေ့တို့ကို စောင့်ရာ ထုံးစံ သည် အမြဲတည် ၍ ဤစာ ၌ ရေး ထားလျက်ရှိသတည်း။

၁၀ ရှင်ဘုရင် အာရွှေရ သည်မြေကြီး ပေါ် ၌ဌင်း၊ ပင်လယ် တွင်ရှိသောကျွန်း တို့ပေါ် ၌ဌင်း ၊ ငွေတော်ခွဲ ကြောင်း အစရှိသော၊ ၂ အာဏာ တန်ခိုးတော်နှင့် စီရင်သမျှ သောအမှု အရာများနှင့်တကွ ၊ ချီးမြှောက် တော်မူခြင်းကို ခံရသော မော်ဒကဲ ၏ ဘုန်း တန်ခိုး၊ ထင်ရှားသော အခြင်းအရာတို့သည် မေဒိ ၊ ပေရသိ ရာဇဝင် တို့ ၌ ရေး ထားလျက် ရှိ၏။ ၃ ယုဒ အမျိုးသားမော်ဒကဲ သည် ရှင်ဘုရင် အာရွှေရ အောက်၌ အမြတ်ဆုံးသော အရာကိုရ၍ ယုဒ လူတို့တွင် ဘုန်း ကြီး၏။ မိမိ အမျိုး ၏ အကျိုး စီးပွားကို ပြုစု လျက်၊ အမျိုးသား ချင်းအပေါင်း တို့အား မင်္ဂလာ စကားကိုသာ ပြော လျက်၊ မိမိ အမျိုးသား ချင်းအပေါင်း တို့တွင် မျက်နှာ ရသောသူဖြစ် သတည်း။

၁ ယောဘ အမည် ရှိသောသူတယောက်သည် ဥဇ ပြည် ၌ နေ ၏။ ထို သူ သည်စုံလင် ဖြောင့်မတ် ခြင်းရှိ ၏။ ဘုရား သခင်ကို ကြောက်ရွံ့ သောသူ၊ မ ကောင်းသောအကျင့်ကို ရှောင် သောသူဖြစ်၏။ ၂ သား ခုနစ် ယောက်နှင့် သမီး သုံး ယောက်ရှိ ၏။ ၃ သူ ၏ဥစ္စာ ကား၊ သိုး ခုနစ် ထောင် ၊ ကုလားအုပ် သုံး ထောင် ၊ နွား ယှဉ်ငါး ရာ ၊ မြည်း မငါး ရာ ၊ ငယ်သား အတိုင်း မသိများ သည်ဖြစ်၍ ၊ ထို သူ သည် အရှေ့မျက်နှာအရပ် သားတကာ တို့ထက် သာ၍ကြီး သောသူဖြစ် ၏။ ၄ ယောဘ ၏ သား တို့သည် နှစ်စဉ်အတိုင်း အသီးအသီးဘွားသောနေ့ရောက်လျှင်၊ မိမိ တို့အိမ် ၌ ပွဲ ခံ သဖြင့် ၊ နှမ သုံး ယောက်ကို လည်းခေါ် ၍ အတူ စား သောက် လေ့ ရှိကြ၏။ ၅ ပွဲ ခံသောနေ့ ရက်လွန်သောအခါ ၊ ယောဘ သည်သူ တို့ကိုခေါ် ၍ သန့်ရှင်း စေပြီးလျှင် နံနက် စောစောထ ၍ သူ တို့အရေ အတွက်အတိုင်း မီး ရှို့သောယဇ်ကိုပူဇော် လေ့ရှိ၏။ အကြောင်း မူကား၊ ငါ့ သား တို့သည် မှားယွင်း ၍ စိတ် နှလုံးထဲ ၌ဘုရား သခင်ကို စွန့်ပယ်ကြပြီလောဟု ယောဘ အောက်မေ့ ၏။ ထိုသို့ ယောဘ သည် အစဉ် ပြု မြဲ ရှိ၏။ ၆ ဘုရား သခင်၏ သား တို့သည်ထာဝရဘုရား ထံ တော်၌ ခစား ခြင်းငှါ လာ ရသော နေ့ ရက်အချိန် ရောက်လျှင် ၊ စာတန် သည်လည်း သူ တို့နှင့်ရောနှော၍လာ ၏။ ၇ ထာဝရဘုရား ကလည်း ၊ သင်သည်အဘယ် အရပ်က လာ သနည်းဟုစာတန် ကို မေး တော်မူလျှင် ၊ စာတန် က၊ မြေကြီး ပေါ် မှာ လှည့်လည် ၍ အရပ်ရပ်သွား လာခြင်း အမှုထဲက လာပါသည်ဟု ပြန် လျှောက်လေ၏။ ၈ ထာဝရဘုရား ကလည်း ၊ ငါ့ ကျွန် ယောဘ ကိုဆင်ခြင် ပြီလော။ မြေကြီး ပေါ် မှာသူ နှင့် တူသောသူ တယောက်မျှမ ရှိ။ စုံလင် ဖြောင့်မတ် ပေ၏။ ဘုရား သခင်ကို ကြောက်ရွံ့ သောသူ၊ မ ကောင်းသောအကျင့်ကို ရှောင် သောသူဖြစ်သည်ဟု စာတန် အား မိန့် တော်မူ၏။ ၉ စာတန် ကလည်း ၊ ယောဘသည် အကျိုး မရဘဲ ဘုရား ဝတ်ကို ပြုသလော။ ၁၀ ကိုယ်တော် သည် သူ့ ကိုယ်မှစ၍သူ့ အိမ် နှင့် သူ့ ဥစ္စာ ရှိသမျှ ပတ်လည် ၌ စောင့်ရန်းကာ တော်မူသည် မဟုတ် လော။ သူ ပြု လေသမျှတို့ကို ကောင်းကြီး ပေးတော်မူပြီ။ သူ့ သိုး နွားအစရှိသော တိရစ္ဆာန်တို့သည် မြေ ပေါ် မှာ အလွန်ပွားများ ကြပြီ။ ၁၁ ယခု မူကား ၊ လက် တော်ကိုဆန့် ၍ သူ ၏ဥစ္စာရှိသမျှ ကို ထိခိုက် တော်မူလျှင် ၊ သူသည် မျက်မှောက် တော်၌ ကိုယ်တော် ကို စွန့်ပယ် ပါလိမ့်မည်ဟု ထာဝရဘုရား ကို ပြန် လျှောက်လေ၏။ ၁၂ ထာဝရဘုရား ကလည်း ၊ သူ ၏ဥစ္စာရှိသမျှ သည် သင့် လက် ၌ ရှိ၏။ သူ့ ကိုယ်တခုကိုသာ မ ထိ မခိုက်နှင့်ဟု မိန့် တော်မူလျှင် ၊ စာတန် သည် ထာဝရဘုရား ထံ တော်မှ ထွက်သွား လေ၏။ ၁၃ တနေ့ သ၌ယောဘ ၏သား သမီး တို့သည် အစ်ကို အကြီး အိမ် တွင် စား ၍ စပျစ်ရည် ကိုသောက် လျက် နေကြစဉ်၊ ၁၄ ယောဘ ထံ သို့ တမန် တယောက်လာ ၍ ၊ နွား တို့သည် လယ်ထွန် လျက်၊ သူ တို့အနား မှာမြည်း မတို့သည် ကျက်စား လျက် ရှိကြသောအခါ၊ ၁၅ ရှေဘ အမျိုးသားတို့သည် တိုက် ယူ သွားကြပါပြီ။ လူ စောင့်တို့ကိုလည်း ထား နှင့် သတ် ၍ ကျွန်တော် တယောက် တည်း ကျန်ရစ် လျက် ၊ ကိုယ်တော် အား သိတင်းကြား ပြောရပါသည်ဟု လျှောက် လေ၏။ ၁၆ ထိုသို့ လျှောက် စဉ် တွင်၊ အခြားသောသူတယောက်သည်လာ ၍၊ ဘုရား သခင်၏မီး သည် မိုဃ်းကောင်းကင် မှ ကျ သဖြင့် ၊ သိုး များနှင့် လူ စောင့်များတို့ကို လောင် ၍ သူတို့သည်ကျွမ်း

ကုန်ကြပါပြီ။ ကျွန်တော် တ ယောက် တည်း ကျန်ရစ် လျက် ၊ ကိုယ်တော် အား သိတင်းကြား ပြောရပါသည်ဟုလျှောက် လေ၏။ ၁၇ ထိုသို့ လျှောက် စဉ် တွင်၊ အခြားသောသူ တယောက်သည်လာ ၍ ၊ ခါလဒဲ အမျိုးသားတပ် သုံး တပ် တို့သည် ချီ ၍ ကုလားအုပ် တို့ကို တိုက် ယူ သွားကြပါပြီ။ လူ စောင့်တို့ကိုလည်း ထား နှင့် သတ် ၍ ကျွန်တော် တ ယောက်တည်း ကျန်ရစ် လျက် ၊ ကိုယ်တော် အား သိတင်းကြား ပြောရပါသည်ဟု လျှောက် လေ၏။ ၁၈ ထိုသို့ လျှောက် စဉ် တွင်၊ အခြားသောသူတယောက်သည်လာ ၍ ၊ ကိုယ်တော် ၏သား သမီး တို့သည် အစ်ကို အကြီး အိမ် ၌ စား ၍ စပျစ်ရည် ကို သောက် လျက်နေကြသောအခါ၊ ၁၉ တော မှ လေ ကြီး လာ၍ အိမ် လေး ထောင့် ကို တိုက် သဖြင့် ၊ အိမ်သည် ထိုလုလင် တို့အပေါ် ၌ပြိုလဲ ပါ၏။ သူတို့သည်သေ ၍ ကျွန်တော် တ ယောက်တည်း ကျန်ရစ် လျက် ၊ ကိုယ်တော် အား သိတင်းကြား ပြောရပါသည်ဟု လျှောက် လေ၏။ ၂၀ ထိုအခါ ယောဘ သည် ထ ၍ မိမိ ဝတ်လုံ ကို ဆုတ် လေ၏။ ဆံပင် ကိုလည်း ရိတ် ၍ မြေ ပေါ် မှာဝပ် လျက် ကိုးကွယ် ပြီးလျှင် ၊ ငါသည် အဝတ် မပါဘဲ အမိ ဝမ်း ထဲက ထွက် လာ၏။ ၂၁ အဝတ် မပါဘဲ အမိဝမ်းထဲ သို့ ပြန် သွားတော့မည်။ ထာဝရဘုရား ပေး တော်မူ၏။ ထာဝရဘုရား လည်း ရုပ်သိမ်း တော်မူ၏။ ထာဝရဘုရား ၏ နာမ တော်သည် မင်္ဂလာ ရှိပါစေသတည်းဟု ဆို လေ၏။ ၂၂ ယောဘ သည် ဤ အမှုများ နှင့် တွေ့ကြုံသော်လည်းမ မှားယွင်း။ ထာဝရဘုရား ကိုလည်းအပြစ် မ တင်ဘဲနေ၏။

၂ တဖန် ဘုရား သခင်၏ သား တို့သည် ထာဝရဘုရား ထံ တော်၌ ခစား ခြင်းငှါ လာ ရသောနေ့ ရက်အချိန် ရောက်လျှင်၊ စာတန် သည်လည်း ထာဝရဘုရား ထံ တော်၌ခစား ခြင်းငှါ သူ တို့နှင့်အတူ လာ ၏။ ၂ ထာဝရဘုရား ကလည်း ၊ သင်သည် အဘယ် အရပ်က လာ သနည်းဟု စာတန် ကို မေး တော်မူလျှင်၊ စာတန် က၊ မြေကြီး ပေါ် မှာလှည့်လည် ၍ အရပ်ရပ်သွား လာခြင်း အမှုထဲက လာပါသည်ဟု ပြန်လျှောက် လေ၏။ ၃ ထာဝရဘုရား ကလည်း၊ ငါ့ ကျွန် ယောဘ ကို ဆင်ခြင် မိပြီလော။ မြေကြီး ပေါ် မှာသူ နှင့် တူသောသူ တ ယောက်မျှမရှိ။ စုံလင် ဖြောင့်မတ် ပေ၏။ ဘုရား သခင်ကို ကြောက်ရွံ့ သောသူ၊ မ ကောင်းသောအကျင့်ကို ရှောင် သောသူဖြစ်၏။ အကြောင်း မရှိဘဲ သူ ကိုပျက်စီး စေခြင်းငှါ သင်သည် ငါ့ ကို တိုက်တွန်း သော်လည်း ၊ သူ သည် ဖြောင့်မတ်သောသဘောကို စွဲလမ်းလျက်နေသည်ဟု စာတန် အား မိန့် တော်မူ၏။ ၄ စာတန် ကလည်း ၊ အရေ ဘို့ အရေ ဟုဆို သကဲ့သို့၊ လူ သည်မိမိ အသက် ဘို့ မိမိဥစ္စာရှိသမျှ ကိုပေး ပါလိမ့်မည်။ ၅ ယခု တဖန် လက် တော်ကိုဆန့် ၍ သူ့ အရိုး နှင့် သူ့ အသား ကို ထိခိုက် တော်မူလျှင် ၊ သူသည် မျက်မှောက် တော်၌ ကိုယ်တော် ကို စွန့်ပယ် ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏။ ၆ ထာဝရဘုရား ကလည်း ၊ သူ သည် သင့် လက် ၌ ရှိ၏။ သူ့ အသက် တခုကိုသာ လွတ် စေဟုမိန့် တော်မူလျှင်၊ ၇ စာတန် သည် ထာဝရဘုရား ထံ တော်မှ ထွက်သွား ၍ ယောဘ ၏ ခြေ ဘဝါး မှ သည် ဦးထိပ် တိုင်အောင် ဆိုး သောအနာစိမ်း များ တိုး ပေါက်စေ၏။ ၈ ယောဘသည်ကိုယ် ကို ခြစ် စရာ အိုး ခြမ်းကို ကိုင် ယူ၍ မီးဖိုပြာ ထဲ မှာ ထိုင် လေ၏။ ၉ ထိုအခါ မယား က၊ သင် သည် ဖြောင့်မတ် သောတရားကို စွဲလမ်း သေးသလော။ ဘုရား သခင်ကို စွန့်ပယ် ၍ သေ လော့ဟုဆို၏။ ၁၀ ယောဘကလည်း၊ မိန်းမ မိုက်ပြော တတ်သကဲ့သို့ သင်သည်ပြော ၏။ အဘယ်သို့နည်း။ ငါတို့သည်

ဘုရား သခင် ၏လက်တော်မှ သုခ ချမ်းသာကို ခံယူ သည်ဖြစ်၍ ၊ ဒုက္ခ ဆင်းရဲကို မ ခံ မယူရာသလောဟုဆို ၏။ ယောဘ သည် ဤ အမှုများနှင့် တွေ့ကြုံသော်လည်းနူတ် ဖြင့် မျှမ မှားယွင်း။ ၁၁ ထိုအခါ တေမန် အမျိုးသားလေဖတ် ၊ ရှုအာ အမျိုးသားဗိလဒဒ် ၊ နေမတ် အမျိုးသားဇောဖါ တည်း ဟူသောယောဘ ၏အဆွေ ခင်ပွန်းသုံး ယောက်တို့သည်၊ သူ၌ ရောက် သော ဤ အမှုကြီးအလုံးစုံ တို့ကို သိတင်း ကြား လျှင် ၊ ယောဘ နှင့်အတူ ညည်းတွား ၍ သူ့ ကိုနှစ်သိမ့် စေခြင်းငှါ ၊ စည်းဝေး မည် ချိန်းချက်သည်အတိုင်း၊ အသီးအသီးမိမိတို့နေရာအရပ်မှ ရောက်လာကြ၏။ ၁၂ ထိုသူတို့သည် အဝေး က မျှော် ကြည့်၍ ယောဘ ကို မ သိ လျှင် ၊ အသံ ကိုလွှင့် ၍ ငိုကြွေး ကြ၏။ အသီး အသီးမိမိ တို့ဝတ်လုံ ကိုဆုတ် ၍ မြေမှုန့် ကို ယူပြီးလျှင်မိမိ တို့ ခေါင်း ပေါ် သို့ကျရောက်စေခြင်းငှါ၊ မိုဃ်းကောင်းကင် သို့ ပစ် တင်ကြ၏။ ၁၃ ခုနစ် ရက် ပတ်လုံးယောဘ နှင့်အတူ မြေ ပေါ် မှာထိုင် ၍ ၊ သူသည်ပြင်းစွာ သောဆင်းရဲ ခံရကြောင်းကို သိမြင် လျှင်၊ အဘယ် သူမျှစကားမပြော မဆိုဘဲနေကြ၏။

၃ ၂ ထိုနောက် ၊ ယောဘ သည် နူတ် ကိုဖွင့် ၍ မိမိဘွားသောနေ့ရက် ကိုကျိန်ဆဲ လျက် မြွက်ဆို သည်ကား။ ၃ ငါဘွား သော နေ့ ရက်ပျက်စီး ပါစေ။ သား ယောကျ်ားကို ပဋိသန္ဓေ ယူပြီဟုသိတင်းကြား ပြောသော ညဉ့် လည်း ပျက်စီးပါစေ။ ၄ ထို နေ့ ရက်မိုက် ပါစေ။ ဘုရား သခင်သည် မျက်နှာ ပြုတော်မ မူပါစေနှင့်။ အလင်း မ ပေါ် ထွန်း ပါစေနှင့်၊ ၅ မှောင်မိုက် ၊ သေမင်း အရိပ်သည် ထိုနေ့ရက်အသရေကို ရှုတ်ချ ပါစေ။ မိုဃ်းတိမ် ထပ် လွှမ်းမိုး ပါစေ။ မွန်းတည့်အရှိန်ဖြင့် ကြောက်မက် ဘွယ် ဖြစ်ပါစေ။ ၆ ထို ညဉ့် သည်မှောင်မိုက် ၌ ပျောက် ပါစေ။ နှစ် စဉ် နေ့ ရက်တို့နှင့် မ ပေါင်း ပါစေနှင့်၊ ၇ လ အရေ အတွက်၌ မ ဝင် ပါစေနှင့်။ အော်၊ ထို ညဉ့် သည်ဆိတ်ညံ ပါစေ။ ရွှင်လန်း သောအသံမ ရှိ ပါစေနှင့်။ ၈ နေ့ ရက်ကိုရွေး၍ ကျိန်ဆဲ တတ်သောသူ၊ မိကျောင်း ကို ထ စေတတ်သောသူတို့သည် ထိုညဉ့်ကို ကျိန်ဆဲ ပါစေ။ ၉ ညဉီးယံ ကြယ် တို့သည် မိုက် ပါစေ။ ထိုညဉ့်သည် အလင်း ကိုတောင့်တ ၍ မ ရပါစေနှင့်။ နံနက် မိုဃ်းလင်းကို မ မြင် ပါစေနှင့်။ အကြောင်းမူကား၊ ၁၀ ငါ့ အမိ၏ဝမ်း ကို ပိတ် မ ထား၊ ဒုက္ခ ဆင်းရဲကို ငါ မမြင်စေခြင်းငှါ မကွယ် မကာ။ ၁၁ ငါသည်မွေး စက အဘယ်ကြောင့် မ သေ သနည်း။ အမိဝမ်း ထဲမှ ထွက် စက အဘယ်ကြောင့်အသက် မချုပ် သနည်း။ ၁၂ ငါ့ ကိုအဘယ်ကြောင့် ပိုက်ပွေ့ ရသနည်း။ အဘယ်ကြောင့် နို့ တိုက်ရသနည်း။ ၁၃ ထိုသို့မပြုလျှင် ငါသည်အိပ်၍ငြိမ်း ပြီ။ ပျော် လျက်နေရပြီ။ ၁၄ မြို့ပျက် တို့ကို ပြင်ဆင် ပြုစုသော လောကီ ရှင်ဘုရင် ၊ မူးမတ် တို့နှင့်ငင်း၊ ရွှေ ကိုရတတ်၍ ဘဏ္ဍာတိုက် ၌ ငွေ ကိုအပြည့် သိုထားသောမင်းတို့နှင့်ငင်း ငါငြိမ်းရပြီ။ ၁၆ သို့မဟုတ် အချိန် နေ့လမစေ့မီ မွေးသောသူငယ်၊ အလင်း ကို မမြင် ရသောသူငယ် ကဲ့သို့ ငါပျက်စီးရပြီ။ ၁၇ ထို အရပ်၌ လူဆိုး တို့သည် နောက်တဖန်မ နှောင့်ရှက် ရ။ ပင်ပန်း သောသူတို့သည် ချမ်းသာ ရကြ၏။ ၁၈ အချုပ် ခံရသောသူတို့သည်လည်း အတူ ငြိမ်ဝပ် ရကြ၏။ ညှဉ်းဆဲ သောသူ၏စကား သံကိုမ ကြား ရကြ။ ၁၉ ထို အရပ်၌ ကြီး သောသူနှင့် ငယ် သောသူရှိကြ၏။ ကျွန် သည်လည်း သခင် လက်နှင့် လွတ် ရ၏။ ၂၀ ဒုက္ခ ဆင်းရဲခံရသောသူအား အဘယ်ကြောင့် အလင်း ကိုပေး သနည်း။ စိတ် နှလုံးခါး သောသူအား အဘယ်ကြောင့်အသက် ကိုပေးသနည်း။ ၂၁ သူတို့သည် သေ ခြင်းကို တောင့်တ ၍မ ရနိုင်။ ဝှက်ထား

သော ဥစ္စာကိုဘော်ခြင်းငှါတူး သည် ထက် သေခြင်း အကြောင်းကို ဘော်ခြင်းငှါသာ၍ထူးကြ၏။ ၂၂ သူတို့သည်သခိုးခြင်း
တွင်းကို တွေ့ သောအခါ အလွန်ဝမ်းမြောက် ၍ အထူးသဖြင့်ရွှင်လန်း ကြ၏။ ၂၃ မိမိ သွားသောလမ်း ကွယ်ပျောက်
သော သူ၊ ဘုရား သခင်ဆီးကာ ချုပ်ထားသောသူအား အလင်းနှင့် အသက်ကို အဘယ်ကြောင့်ပေးသနည်း။ ၂၄
အစာ စားခြင်းအရာ၌ ငါ ညည်းတွား ခြင်းရှိ၏။ ငါ ငိုကြွေး မြည်တမ်းခြင်း မျက်ရည်သည်လည်း ရေ စီးသကဲ့သို့
ဖြစ်၏။ ၂၅ ငါကြောက် သော အမှုသည် ငါ၌ရောက်လာ ပြီ။ ငါအလွန်ကြောက် သောဘေးသည် ငါ့ ကို တွေ့ မိပြီ။ ၂၆
ငါသည်ငြိမ်ဝပ် ခြင်းမ ရှိ။ ချမ်းဓ ခြင်းမ ရှိ။ သက်သာ ခြင်းမ ရှိ။ ဒုက္ခ ဆင်းရဲသက်သက်ရှိသည်ဟု မြွက်ဆို လေ၏။

၄ ထိုအခါ တေမန် အမျိုးသားဧလိဖတ် မြွက်ဆို သည်ကား၊ ၂ ငါတို့သည် သင် နှင့် နှုတ်ဆက် စမ်း လျှင်၊ သင်သည်
စိတ်ပျက် ကောင်းပျက်လိမ့်မည်။ သို့ သော်လည်း၊ အဘယ် သူသည် စကား မ ပြောဘဲ နေနိုင် မည်နည်း။ ၃ သင်သည်
လူအများ တို့ကို ဆုံးမ ပြီ။ လက် မ စွမ်းသောသူတို့ကို ခိုင်ခံ့ စေပြီ။ ၄ သင် ၏စကား သည် လဲ လုသောသူကို
ထောက်မ ပြီ။ နုန့်နဲ့ သောဒူး တို့ကိုလည်း တည့် စေပြီ။ ၅ ယခု မူကား၊ ကိုယ်တိုင်အမှုတွေ့၍ စိတ်ပျက် ၏။ အထိ
အခိုက်ခံရသောကြောင့် မိန်းမော တွေဝေလျက် နေ၏။ ၆ သင် ၏ရိုသေ သောသဘော၊ ယုံကြည် ကိုးစားသောသဘော၊
မြော်လင့် သောသဘော၊ တည်ကြည် သော သဘော၊ တရားသဖြင့် ကျင့်တတ်သောသဘောသည် အဘယ်မှာရှိသနည်း။
၇ အပြစ် နှင့်ကင်းလွတ်လျက်ပင်ပျက်စီး ခြင်းသို့ အဘယ်သူ ရောက်သနည်း။ ဖြောင့်မတ် သောသူသည် အဘယ်
အရပ်၌ ဆုံးသနည်းဟု ဆင်ခြင် ပါလော့။ ၈ ငါသိ မြင်သည်အတိုင်း ၊ မ တရားသော လယ်ထွန် ခြင်းကို ပြုသောသူနှင့်
အဓမ္မ မျိုးစေ့ကို ကြဲ သောသူတို့ သည် ထိုသို့နှင့်အညီစပါးရိတ် တတ်ကြ၏။ ၉ ဘုရား သခင်မှုတ် တော်မူသဖြင့် ၊
ထိုသူတို့သည် ပျက်စီး ၍ ၊ ရှုတော်မူသောအသက်ဖြင့်လည်း ဆုံးရှုံး ရကြ ၏။ ၁၀ ခြင်္သေ့ ဟောက် ခြင်း၊ ကြမ်းတမ်းသော
ခြင်္သေ့ အသံ မြည်ခြင်း၊ ခြင်္သေ့ ကလေးကိုက်ဝါး ခြင်း ငြိမ်းရ၏။ ၁၁ ဘမ်း ၍ စားစရာမ ရှိသောကြောင့်၊ ကြမ်းတမ်းသော
ခြင်္သေ့ သည်သေ ၍၊ ခြင်္သေ့ မ၏သား ငယ်တို့သည် အရပ်ရပ်ကွဲပြား ရကြ၏။ ၁၂ တရံရောအခါငါ သည် တိတ်ဆိတ်
စွာ ဗျာဒိတ် တော်ကို ရ၍ တို သောအသံကိုကြား ရ၏။ ၁၃ လူ တို့သည်ကြီးစွာ သော အိပ်ပျော်ခြင်းသို့ရောက်၍ ၊
ထူးဆန်းသောရူပါရုံ ထင်ရှားရာ ကာလည၌ အချိန်၌ ငါအောက်မေ့စဉ်တွင်၊ ၁၄ ငါ့ အရိုး များ တုန်လှုပ် သည်တိုင်အောင်၊
ငါ အလွန်ကြောက် အားကြီး၍ ထိတ်လန့် လျက်နေ၏။ ၁၅ ဝိညာဉ် တပါးသည် ငါ့ ရှေ့၌ ကန့်လန့်ရှောက်သွား ၍၊ ငါသည်
ကြက်သီး မွေးညှင်းထ လေ၏။ ၁၆ ထိုဝိညာဉ်သည်ရပ် နေ၍၊ ပုံ သဏ္ဌာန်လည်း သေချာစွာ မထင်မရှားအရိပ်ကိုသာ ငါ
မြင်ရ၏။ ငြင်း သော အသံရှိ၍ ငါကြား သောစကား သံဟူမူကား၊ ၁၇ သေတတ်သောလူ သည် ဘုရား သခင်ရှေ့မှာ
ဖြောင့်မတ် ခြင်းရှိရသလော။ လူ သတ္တဝါသည် ဖန်ဆင်း တော်မူသောအရှင်ရှေ့မှာ သန့်ရှင်း ခြင်း ရှိရသလော။ ၁၈ အမှု
တော်ထမ်းတို့ကို ယုံ တော်မ မူ။ ကောင်းကင်တမန် တော်တို့ ၌ စုံလင် ခြင်းမရှိဟု ထင်တော်မူ၏။ ၁၉ သို့ ဖြစ်လျှင်
မြေမှုန့် ၌ တည်၍ မြေ ထဲတွင် နေ တတ်သောသူတို့ကို အဘယ်ဆိုဘွယ်ရှိအံ့နည်း။ ထိုသူ တို့ကို ပိုးရွ ပင်နိုင်တတ်၏။ ၂၀

တနေ့ခြင်းတွင် ပျက်စီး တတ်ကြ၏။ အဘယ်သူမျှပမာဏ မ ပြုဘဲ အစဉ် ဆုံးရှုံး ခြင်းသို့ ရောက်တတ်ကြ၏။ ၂၁ သူ တို့၏ဂုဏ်အသရေကွယ်ပျောက်၍ သူတို့သည် ပညာ မ ရှိဘဲ သေ သွားတတ်ကြ၏။

၅ ယခု ဟစ်ခေါ် ပါ။ အဘယ်သူထူး လိမ့်မည်နည်း။ သန့်ရှင်း သူတို့တွင် အဘယ် သူကို ကြည့် မျှော်မည်နည်း။ ၂ ဒေါသ သည် လူမိုက် ကို ဖျက်ဆီး တတ်၏။ ပညာ မရှိသောသူသည် လည်း ငြူစူ သောသဘောအားဖြင့်သေ ခြင်းသို့ ရောက်တတ်၏။ ၃ မိုက် သောသူအမြစ် စွဲသည်ကို ငါ မြင် သောအခါ ၊ သူ ၏နေရာ ကို ချက်ခြင်း ကျိန်ဆဲ ၏။ ၄ သူ ၏သား သမီးတို့သည် ဘေး လွတ်ရာအရပ်နှင့် ဝေး ကြ၏။ ရုံး တော်ရှေ့၌ ညှဉ်းဆဲ ခြင်းကို ခံရသောအခါ ကယ်နှုတ် သောသူ တ ယောက်မျှမရှိ။ ၅ သူ ရိတ် သောစပါးကို မွတ်သိပ် သောသူသည်၊ ဆူး ပင်ကာသောခြံ အထဲ ကယူ သွား၍ စား တတ်၏။ သူ ၏ ပစ္စည်း ဥစ္စာကိုလည်း ရေငတ်သောသူသည် မျိုု တတ်၏။ ၆ မြေမှုန့် ထဲက အမှုရောက်သည်မ ဟုတ်။ ဒုက္ခ သည် မြေ ပေါ်မှာ မပေါက်တတ်။ ၇ မီးပွါး တို့သည် အထက် သို့ပျံ တက်သည်နည်းတူ ၊ လူ သည်ဒုက္ခ ၌ ကျင်လည်ခြင်းငှါ မွေးဘွား ၏။ ၈ ငါ မူကား ဘုရား သခင်ကို မျှော်လင့် မည်။ ကိုယ် အမှု ကို ဘုရား သခင်၌ အပ် မည်။ ၉ ဘုရားသခင် သည် ကြီး သောအမှု၊ စစ် ၍မ ကုန်နိုင်သောအမှု၊ ရေတွက် ၍မ ဆုံး၊ ဘုံသြ ဘွယ်သော အမှု တို့ကို ပြု တော်မူ၏။ ၁၀ မြေ ပေါ် မှာမိုယ်း ရွာစေသဖြင့် လယ် တို့ ၌ ရေ ကိုပေး တော်မူ၏။ ၁၁ ထိုသို့နှိမ့်ချ လျက်ရှိသောသူတို့ကို ချီးမြှောက် တော်မူ၏။ ငြိုငြင် သောသူတို့ကိုလည်း ဝမ်းသာစေတော်မူ ၏။ ၁၂ ပရိယာယ် ပြုသောသူတို့၏ အမှုကိုမ အောင်စေခြင်းငှါ သူတို့အကြံ ကို ဖျက် တော်မူ၏။ ၁၃ ပညာ ရှိတို့ကို သူ တို့၏ပရိယာယ် အားဖြင့် ဘမ်းဆီး တော်မူ၏။ လှည့်စားတတ်သောသူတို့၏ တိုင်ပင် ခြင်း ကို အချည်းနှီး ဖြစ်စေတော်မူ၏။ ၁၄ ထိုသူတို့သည် နေ့ အချိန်၌ မှောင်မိုက် ကိုတွေ့ ၍၊ ည၌ အချိန်၌ကဲ့သို့ မွန်းတည့် အချိန်၌ စမ်းသပ် လျက် သွားလာရကြ၏။ ၁၅ ထိုသူ တို့စီရင်သောထား ဘေးမှ ၎င်း ၊ အားကြီး သောသူတို့၏ လက် မှ ၎င်း ၊ ဆင်းရဲသား တို့ကို ကယ်နှုတ် တော်မူ၏။ ၁၆ ထိုသို့ ဆင်းရဲသား တို့သည် မြော်လင့် ရာအခွင့် ရှိ ကြ၏။ အဓမ္မ သည်လည်း မိမိ နှုတ် ကို ပိတ် ထားရ၏။ ၁၇ အပြစ်နှင့်အလျောက်ဘုရား သခင်စစ်ဆေး တော်မူခြင်းကို ခံရသောသူသည် မင်္ဂလာ ရှိ၏။ ထိုကြောင့် အနန္တ တန်ခိုးရှင် ဆုံးမ တော်မူခြင်းကို မထီမဲ့မြင် မ ပြုပါနှင့်။ ၁၈ ထိုအရှင်သည် အနာ ကိုဖြစ်စေ၍ ၊ ထိုအနာ ကိုလည်း စည်း တော်မူ၏။ ဒဏ်ခတ်တော်မူ၍ လက် တော်နှင့် သက်သာ စေတော်မူ၏။ ၁၉ သင့် ကိုအမှု ခြောက် ပါးထဲက နှုတ် ယူတော်မူသည် သာမက၊ ခုနစ် ပါးသောအမှု၌ လည်း ဘေး တစုံတခုမျှ မ ထိ မခိုက်ရ။ ၂၀ အစာခေါင်းပါး သောအခါ သေဘေး မှ ၎င်း ၊ စစ်တိုက် သောအခါ ထား ဘေးမှ ၎င်း၊ သင့် ကို ရွေးနှုတ် တော်မူလိမ့်မည်။ ၂၁ သင်သည်ကဲ့ရဲ့ ခြင်းဘေးနှင့် ကင်းလွတ် ၍ ပျက်စီး ခြင်းဘေးရောက် သော်လည်း မ ကြောက် ရ။ ၂၂ ပျက်စီး ခြင်းဘေးနှင့် အစာ ခေါင်းပါးခြင်းဘေးကို ရယ်မော ၍ တော သားရဲ တို့ကိုလည်း မ ကြောက် ရ။ ၂၃ အကြောင်း မူကား၊ လယ် ၌ကျောက်ခဲ တို့သည် သင် နှင့် ပဋိညာဉ် ပြု၍ တော သားရဲ တို့သည် သင် နှင့် မိသဟာယ ဖွဲ့ကြလိမ့်မည်။ ၂၄ သင်သည်ကိုယ် အိမ် ၌ ငြိမ်သက် ခြင်းရှိကြောင်း ကို တွေ့ ၍ ကိုယ် နေရာ အရပ်သို့ ပြန်ရောက်သောအခါ စိတ်ပျက် စရာအကြောင်းမ ရှိရ။ ၂၅ သင် ၌သား သမီးများပြား ၍ ၊ သင့်

အမျိုး အနွယ်သည် မြေ ပေါ်မှာ မြက်ပင် နှင့်အမျှ ဖြစ်ကြောင်းကို တွေ့မြင် ရလိမ့်မည်။ ၂၆ အချိန် တန်လျှင် သိမ်းယူ သောကောက် လှိုင်းကဲ့သို့ ၊ သင်သည် အသက် ကြီးရင့်၍ သရဲျင်း သို့ ရောက် ရ လိမ့်မည်။ ၂၇ ဤ အမှုကို ငါတို့သည် စစ်ဆေး ၍ ယခုပြောသည်အတိုင်း မှန်ပါ၏။ နားထောင် ပါ။ အသင့်နှလုံး သွင်း ထားပါဟု မြွက်ဆို၏။

၆ တဖန် ယောဘ မြွက်ဆို သည်ကား၊ ၂ ငါ ဝမ်းနည်း ခြင်းအကြောင်းကို သေချာစွာ ချိန်တွယ် ပါစေ။ ငါ ခံရသောဒုက္ခ များကိုလည်း ချိန်ခွင် ၌ စု ထား ပါစေ။ ၃ သို့ ဖြစ်လျှင် သမုဒ္ဒရာ သဲ ထက် သာ၍လေး လိမ့်မည်။ ထိုကြောင့် ငါ့ စကား လွန် မိပြီ။ ၄ အနန္တ တန်ခိုးရှင်ပစ်တော်မူသောမြှား တို့သည် ငါ ၌ စွဲ၍၊ အဆိပ် အတောက်ဖြင့် ငါ့ ဝိညာဉ် ကိုမွန်း စေ၏။ ဘုရား သခင်ပြတော်မူသောကြောက်မက် ဘွယ်အရာတို့သည် ငါ့ ရှေ့မှာ စီ လျက်ရှိကြ၏။ ၅ တောမြည်း သည် မြက်ပင် ပေါသောအခါ မြည် တတ်သလော။ နွား သည်စား စရာရှိသောအခါ အော် တတ်သလော။ ၆ မ မြိန်သောအရာကို ဆား မ ပါဘဲ စား နိုင် သလော။ ကြက်ဥ အကာ သည် ဆိမ့်သောအရသာ ရှိ သလော။ ၇ လက်နှင့်မျှမ တို့ နိုင်၊ ငါ မ နှစ်သက်နိုင်သောအရာကို ရွံလျက်နှင့် ငါစားရ၏။ ၈ ငါ တောင်း သောအရာကို ရပါစေ။ ငါ တောင့်တ သောအရာကို ဘုရား သခင်ပေး သနားတော်မူပါစေ။ ၉ တောင့်တ သောအရာဟူမူကား ၊ ဘုရား သခင်သည် ငါ့ ကိုဖျက်ဆီး တော်မူပါစေ။ လက် တော်ကိုဆန့် ၍ ငါ့ ကိုဆုံး စေတော်မူပါစေ။ ၁၀ ထိုသို့ ဖြစ်လျှင်ငါ သည် သက်သာ ရ၏။ ငြိုငြင် သော်လည်းသည်းခံ မည်။ ငါ့ကိုနှမြော တော်မ မူပါစေနှင့်။ သန့်ရှင်း တော်မူသောသူ၏စကား တော်ကို ငါမ ငြင်း မဆန်ပြီ။ ၁၁ ငါမြော်လင့် စရာအခွင့်ရှိရမည်အကြောင်း ၊ ငါ့ ခွန်အား ကားအဘယ် သို့နည်း။ ငါသည်ကိုယ် အသက် ကို စောင့် ရမည်အကြောင်း ၊ နောက်ဆုံး ခံရသောအကျိုးကား အဘယ် သို့နည်း။ ၁၂ ငါ့ ခွန်အား သည် ကျောက် ခွန်အား ဖြစ်သလော။ ငါ့ အသား သည် ကြေးဝါ ဖြစ်သလော။ ၁၃ ငါ သည်ကိုယ် ကို မ မစ နိုင်။ ငါ့ ဉာဏ် လည်း ကုန် ပြီ။ ၁၄ ဆင်းရဲ ခြင်းသို့ရောက်သောသူ၏ အဆွေ ခင်ပွန်းသည် သနား အပ်၏။ မသနားလျှင် အနန္တ တန်ခိုးရှင်ကို ကြောက်ရွံ့ သောသဘောနှင့်ကင်းလွတ် ၏။ ၁၅ ငါ့ ညီအစ်ကို တို့သည် ချောင်း ရေကဲ့သို့ လှည့်စား ၍၊ ချိုင့် ဥစီးသောရေကဲ့သို့ ရွှေ့သွား ကွယ်ပျောက် တတ်ကြ၏။ ၁၆ ထိုချောင်းရေသည် ရေခဲ ကြောင့် ၎င်း၊ မ ထင်ရှားသော မိုးပွင့် ကြောင့်၎င်း၊ ၁၇ အလွန်စီးတတ်သော်လည်း၊ နွေး သောအခါ ကွယ်ပျောက် တတ်၏။ နေပူ သောအခါ မိမိ နေရာ ၌ ခန်းခြောက် တတ်၏။ ၁၈ ထိုရေစီးသောချောင်းတို့သည် လွဲ သွား ၍ တရွေ့တရွေ့ကွယ်ပျောက် တတ်ကြ၏။ ၁၉ တေမန် အမျိုးသားအစု အဝေးတို့သည် ရှာ ကြ၏။ ရှေဘ ပြည်မှ ခရီး သွားသောသူအစုအဝေးတို့သည် မြော်လင့် လျက် လာကြ၏။ ၂၀ မြော်လင့် ၍စိတ်ပျက် ကြ၏။ ထိုအရပ်သို့ ရောက် သောအခါ ရှက်ကြောက် လျက် နေကြ၏။ ၂၁ ထိုအတူ သင်တို့သည်အချည်းနှီးသက်သက်ဖြစ် ကြ၏။ ငါနှိမ့်ချ ခြင်းကိုမြင် လျှင် ဆုတ် ၍နေကြ၏။ ၂၂ ငါ့ ထံ သို့လက်ဆောင်ကို ယူ ခဲ့ကြပါ။ သင် တို့ပစ္စည်း ဥစ္စာထဲက ထုတ်၍ ငါ့ ကိုပေး ကြပါ။ ၂၃ ရန်သူ လက် မှ ငါ့ ကိုကယ် ယူကြပါ။ သူရဲ လက် မှ ရွေးနှုတ် ကြပါဟု ငါပြော သလော။ ၂၄ ငါ့ ကိုဆုံးမ ကြပါ။ တိတ်ဆိတ် လျက်နေပါမည်။ ငါမှား သောအရာကို ငါ့ အား ဘော်ပြ ကြပါ။ ၂၅ မှန် သောစကား သည် တန်ခိုးကြီး ၏။ သင် တို့ကဲ့ရဲ့သောစကားသည် အဘယ်

မှာနေရာကျသနည်း။ ၂၆ ငါစကား ပြောရုံကာမျှကို အပြစ် တင်မည်ကြံစည် ကြသလော။ မြော်လင့် စရာမရှိသောသူ ပြောသော စကား သည် လေ သက်သက်ဖြစ်၏။ ၂၇ အကယ်၍ သင်တို့သည် မိဘ မရှိသောသူငယ်ကို နှိပ်စက် ကြ၏။ အဆွေ ခင်ပွန်းဘို့ တွင်းကိုတူး ကြ၏။ ၂၈ ငါ့ ကို စိတ်မရှိဘဲကြည့်ရှု ကြပါလော့။ သင် တို့ရှေ့မှာ ငါလှည့်စား သလော။ ၂၉ ပြန် ၍ဆင်ခြင်ကြပါ။ မ တရားသဖြင့်မ ပြု ကြပါ နှင့်။ ပြန် ၍ဆင်ခြင်ကြပါ။ ဤအမှု၌ ငါ သည် ဖြောင့်မတ် ပါ၏။ ၃၀ ငါ့ လျှာ ၌ ကောက် သောသဘောရှိ သလော။ ငါ သည် မြည်းစမ်း ၍ အပြစ် ပါသောအရာကို ပိုင်းခြား မ သိနိုင်သလော။

၃ လူ တို့သည် မြေကြီး ပေါ် မှာ ပင်ပန်းစွာအမှု ထမ်း ရသည် မ ဟုတ်လော။ သူ နေရသော နေ့ ရက်တို့သည် အငှါး ခံသောသူ၏ နေ့ ရက်ကဲ့သို့ ဖြစ်သည်မဟုတ်လော။ ၂ ကျွန် ခံရသောသူသည် မိုယ်းချုပ် သောအချိန်ကို တောင့်တ ၍၊ အငှါး ခံသောသူသည် အခ ရမည့်အချိန်ကို မြော်လင့် သကဲ့သို့၊ ၃ ထိုနည်းတူငါသည် ဒုက္ခနေ့လ တို့နှင့်ဆိုင် ရ၏။ ပင်ပန်း စွာခံရသောညဉ့် တို့သည်လည်း ငါ ၏အငန်း အတာ ဖြစ်၏။ ၄ အဘယ် အခါမှ ညဉ့် ကုန်၍ ငါထ ရပါမည်နည်းဟုငါသည် ညည်းတွားလျက် အိပ် ရ၏။ မိုယ်းလင်း သည် တိုင်အောင် လှိမ့် လျက် လူးလျက်နေရ၏။ ၅ လောက် နှင့် ၍ တို့သည် အဝတ်ကဲ့သို့ငါ့ ကိုယ် ကို ဖုံးလွှမ်း ကြ၏။ ငါ့ အရေ သည်ကွဲ ၍ ယိ လျက်ရှိ၏။ ၆ ငါ့ နေ့ ရက်တို့သည် ရက်ကန်းလွန်း ထက် မြန် ၍ မြော်လင့် ခြင်းမ ရှိဘဲ လွန် သွားတတ်ကြ၏။ ၇ ငါ့ အသက် သည် လေ သက်သက်ဖြစ်ကြောင်း ကို အောက်မေ့ တော်မူပါ။ နောက်တဖန် ကောင်း သော အကျိုးကို ငါ မ မြင် ရ။ ၈ ငါ့ ကို မြင် သောသူသည် နောက်တဖန်မ မြင် ရ။ ကိုယ်တော် သည် ကြည့်ရှု တော်မူသောအခါ ငါ ပျောက် ပါပြီ။ ၉ မိုယ်းတိမ် သည် ပြယ်ပျောက် ကွယ်လွင့် သကဲ့သို့၊ သ‌ိုဂျိုင်း တွင်းထဲသို့ ဆင်း သောသူသည် နောက်တဖန် မ တက် ရ။ **(Sheol h7585)** ၁၀ မိမိ အိမ် သို့ မ ပြန် ရ။ သူ ၏နေရင်းအရပ် သည် နောက် တဖန် သူ့ ကိုမ သိ ရ။ ၁၁ ထို့ကြောင့် ငါ သည်ကိုယ် နှုတ် ကို မ ချုပ်တည်း။ စိတ် ပင်ပန်း လျက်နှင့်စကားပြော ရ၏။ အလွန်ညှဉ်းငယ် သောစိတ် နှင့် မြည်တမ်း ရ၏။ ၁၂ ငါ သည် ပင်လယ် ဖြစ်သလော။ နဂါး ဖြစ်သလော။ ထိုသို့ ဖြစ်သောကြောင့်ငါ့ ကို အစောင့် ထား တော်မူရသလော။ ၁၃ ငါ သည်အိပ် ၍ သက်သာ မည်။ ငါ့ ခုတင် သည် ချမ်းသာ ပေးမည်ဟု ငါဆို လျှင်၊ ၁၄ ကိုယ်တော်သည် ကြောက်မက် ဘွယ်သော အိပ်မက် ကို ပေးတော်မူ၏။ ညဉ့်ရူပါရုံ အားဖြင့် ငါ့ ကို ထိတ်လန့် စေတော်မူ၏။ ၁၅ ငါ သည်ကိုယ်အရိုး ကို နှမြောသည်ထက် အသက် ချုပ် ၍သေ ရသောအခွင့်ကို သာ၍ တောင့်တပါ၏။ ၁၆ ငါသည်အားလျော့ လျက်ရှိ၏။ အစဉ် မပြတ်အသက် မ ရှင်ရာ။ ငါ့ ကိုတတ် တိုင်း ရှိစေတော်မူပါ။ ငါ့ အသက် သည် အခိုး အငွေ့ဖြစ်၏။ ၁၇ ကိုယ်တော်သည် လူ ကိုပမာဏ ပြု၍ စိတ် စွဲလမ်း တော်မူမည်အကြောင်း၊ ၁၈ သူ့ ကိုနံနက် တိုင်း အကြည့် အရှုကြွလာ၍ ၊ ခဏ ခဏစုံစမ်း တော်မူမည်အကြောင်း၊ လူသည် အဘယ် သို့သောသူဖြစ်ပါသနည်း။ ၁၉ အဘယ် ကာလမှငါ့ ကိုမ ကြည့်မရှု မျက်နှာ လွှဲတော်မူမည်နည်း။ ငါသည်ကိုယ် တံထွေး ကို မျိုရသည် တိုင်အောင် ၊ အဘယ်ကာလမှတတ်တိုင်းရှိစေတော်မူမည်နည်း။ ၂၀ လူ ကိုစောင့် တော်မူသောအရှင်၊ အကျွန်ုပ်အပြစ် ရှိသည်မှန်ပါစေတော့။ ကိုယ်တော် ရှေ့မှာ အဘယ် သို့ပြု ရပါမည်နည်း။

အကျွန်ုပ်သည် ကိုယ် ကိုကိုယ်ရွံရှာရ သည်တိုင်အောင်အကျွန်ုပ် ကို အဘယ်ကြောင့် ပစ် စရာ စက်သွင်းတော်မူသနည်း။ ၂၁ အကျွန်ုပ် ပြစ်မှား ခြင်းကို အဘယ်ကြောင့် သည်းခံ တော်မ မူသနည်း။ အကျွန်ုပ် အပြစ် ကို အဘယ်ကြောင့် ဖြေရှင်း တော်မမူသနည်း။ ယခု မှာအကျွန်ုပ်သည် မြေမှုန့် ၌ အိပ် ရပါမည်။ ကိုယ်တော်သည် နံနက်အချိန်၌ ရှာ တော်မူသောအခါ၊ အကျွန်ုပ် မ ရှိပါဟု မြွက်ဆို၏။

၈ ရှုအာ အမျိုးသားဗိလဒဒ် မြွက်ဆို သည်ကား၊ ၂ သင်သည် အဘယ် မျှကာလ ပတ်လုံးဤသို့ ပြော မည်နည်း။ သင် ပြောသောစကား သည် အဘယ်မျှကာလ ပတ်လုံးလေ ပြင်း ကဲ့သို့ ဖြစ်မည်နည်း။ ၃ ဘုရား သခင်သည် မတရား သဖြင့် အပြစ် ပေးတော်မူမည်လော။ အနန္တ တန်ခိုးရှင်သည် တရား ကို ဖျက် တော်မူမည်လော။ ၄ သင် ၏သား သမီးတို့သည် ဘုရား သခင်ကို ပြစ်မှား သောကြောင့်၊ ပြစ်မှား စဉ်တွင်၊ သူ တို့ကိုသုတ်သင် ပယ်ရှင်းတော်မူသော်လည်း၊ ၅ သင် သည်မဆိုင်းမလင့်၊ သန့်ရှင်းဖြောင့်မတ်သောသဘောနှင့်ဘုရား သခင်ကို ရှာ ၍၊ အနန္တ တန်ခိုးရှင် အား တောင်းပန် လျှင်၊ ၆ စင်စစ် သင့် အတွက် ကိုယ်တော်သည်ထ ပြီးလျှင် သင် ၏ ဖြောင့်မတ် သောနေရာကို ကောင်းစား စေတော်မူသဖြင့်၊ ၇ သင် သည်အစ ဦး၌ ငယ် သော်လည်း၊ နောက်ဆုံး ၌ အလွန် ကြီးပွါး လိမ့်မည်။ ၈ လွန် လေပြီးသောကာလ ကို စစ် ၍၊ ရှေးဘိုးဘေး တို့ကို မေးမြန်း ခြင်းငှါ အားထုတ် ပါတော့။ ၉ ငါ တို့သည် မနေ့ ၏သားဖြစ်၍အလျှင်းမ သိ ရပါ။ မြေကြီး ပေါ် မှာ ငါ တို့နေရသော နေ့ ရက်ကာလသည် အရိပ် သက်သက်ဖြစ်၏။ ၁၀ ထိုသူ တို့မူကား၊ သင့် ကိုဆုံးမ သွန်သင်၍ မိမိ တို့ စိတ် နှလုံးထဲက မြွက်ဆို ကြလိမ့်မည်။ ၁၁ ဂမာ ပင်သည် ရွံ့ မ ရှိဘဲကြီးပွား နိုင်သလော။ မြစ်နားမှာ ပေါက်သောမြက်ပင် သည် ရေ မ ရှိဘဲ ကြီးပွား နိုင်သလော။ ၁၂ ထိုအပင်သည် စိမ်း လျက်မ ရိတ် မဖြတ်သော်လည်း၊ အခြားအပင် ထက်သာ၍ညှိုးနွမ်း တတ်၏။ ၁၃ ထိုသို့ ဘုရား သခင်ကို မေ့လျော့ သောသူ အပေါင်း တို့သည် ဆုံးခြင်းသို့ရောက်ရကြလိမ့်မည်။ အဓမ္မ လူ မြော်လင့် စရာအကြောင်းသည် ပျက် လိမ့်မည်။ ၁၄ ထိုသူ မြော်လင့် ရာလမ်းသည် ပြတ် လိမ့်မည်။ မှီခို သောအရာသည်လည်း ပင့်ကူ မြွေး ကဲ့သို့ ဖြစ်လိမ့်မည်။ ၁၅ ထိုသူသည် မိမိ အိမ် ကိုမှီ ၍ အိမ်သည်အမှီမ ခံ။ လက်နှင့်ကိုင် သော်လည်း မ တည် စေနိုင်။ ၁၆ သူ သည် နေပူ မှာ စိမ်းလန်း လျက်၊ အခက် အလက် အားဖြင့်မိမိ ဥယျာဉ် ကို နှံ့ ပြား လျက်၊ ၁၇ အမြစ် အားဖြင့်စမ်း ရေတွင်းကိုဝိုင်း ၍ ကျောက် ထူသောအရပ် ကို တွေ့မြင် လျက်ရှိသော်လည်း၊ ၁၈ သူ့ ကိုသုတ်သင် ပယ်ရှင်း၍၊ မိမိ နေရာ အရပ်က သင် သည်ငါမ တွေ့ မမြင်စဖူးဟူ၍သူ့ ကိုငြင်းပယ် လိမ့်မည်။ ၁၉ ထိုသူ ဝမ်းမြောက် ရာလမ်း သည် ထိုသို့ ဖြစ်၍၊ သူနေရာမြေ ၌ အခြား သူတို့သည် ပေါက် ကြလိမ့်မည်။ ၂၀ စုံလင် သောသူကိုကား၊ ဘုရား သခင်စွန့်ပစ် တော်မ မူ။ မတရား သဖြင့်ပြုသောသူတို့ ကို ကား မစ တော် မ မူ။ ၂၁ ရယ်မော ရသောအခွင့်၊ ရွှင်လန်း စွာ နှုတ် မြွက်ရသောအခွင့်ကို သင် ၌ပေးကောင်းပေး တော်မူမည်။ ၂၂ သင့် ကိုမုန်း သောသူတို့ သည် ရှက် ခြင်းနှင့် ဖုံးလွှမ်း လျက်ရှိရကြလိမ့်မည်။ ဆိုး သောသူနေရာ အရပ် သည်လည်း ဆုံးရှုံး ခြင်းသို့ ရောက်ရလိမ့်မည်ဟု မြွက်ဆို ၏။

ဇ ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ မှန် ပါ၏။ ထို စကားမှန် ကြောင်းကိုငါသိ ၏။ သို့သော်လည်း ၊ လူ သည် ဘုရား သခင်ရှေ့ တော်၌ အဘယ် သို့ ဖြောင့်မတ် ရာသို့ ရောက်နိုင်သနည်း။ ၃ ဘုရားသခင် သည် အပြစ် တင်ခြင်းငှါ အလို တော်ရှိလျှင် ၊ လူ သည် အပြစ်တထောင် တွင် တခု မျှ မ ဖြေ နိုင်။ ၄ ဘုရားသခင် သည် ထူးဆန်း သော ဉာဏ် ၊ ကြီးစွာ သော တန်ခိုး နှင့် ပြည့်စုံ တော်မူသည် ဖြစ်၍၊ အဘယ် သူသည် အာဏာ တော်ကို ဆန် ၍အောင် နိုင်သနည်း။ ၅ ဘုရားသခင် သည် တောင် တို့ကို အမှတ် တမဲ့ရွှေ့ တော်မူ၏။ အမျက် ထွက်၍ မှောက်လှန် တော်မူ၏။ ၆ မြေကြီး ကိုရွှေ့ စေခြင်းငှါ တွန်းတော်မူ၍၊ မြေ တိုင် တို့သည် တုန်လှုပ် ကြ၏။ ၇ နေ ကို မှာ ထားတော်မူ၍ သူသည်မ ထွက် ရ။ ကြယ် တို့ကိုလည်း ကွယ် ထားတော်မူ၏။ ၈ မိုဃ်း ကောင်းကင် ကို ကိုယ်တော်တပါး တည်း ဖြန့် မိုးတော်မူ၏။ သမုဒ္ဒရာ လှိုင်း တံပိုးကို နင်း တော်မူ၏။ ၉ အာရှ ကြယ်၊ ခသိလ ကြယ်၊ ခိမ ကြယ်စုမှစ၍တောင် မျက်နှာကြယ်တိုက် တို့ကို ဖန်ဆင်း တော်မူ၏။ ၁၀ စစ် ၍မ သိနိုင်အောင် အလွန်ကြီး သောအမှု၊ မ ရေတွက် နိုင်အောင်များ၍ အံ့ဘွယ် သောအမှုတို့ကို ပြု တော်မူ၏။ ၁၁ ငါ့ ရှေ့မှာကြွ တော်မူ၍ ကိုယ်တော်ကိုငါမ မြင် ရ။ ရှောက် သွားတော်မူ၍ ကိုယ်တော် ကို ငါမ ရိပ်မိ ရ။ ၁၂ သိမ်းယူ တော်မူသောအခါ အဘယ် သူသည် ဆီးတား နိုင်သနည်း။ ကိုယ်တော် သည်အဘယ် သို့ပြု သနည်းဟု အဘယ် သူဆို ဝံ့သနည်း။ ၁၃ ဘုရား သခင်သည် အမျက် ငြေ တော်မ မူလျှင်၊ မာန ကြီး၍ အားပေးသောသူတို့သည် ရှေ့တော်၌ နှိမ့်ချ ခြင်း ကိုခံရကြ၏။ ၁၄ ထိုမျှမကငါ သည်အဘယ် သို့ ပြန် လျောက်ရအံ့နည်း။ ရှေ့တော်၌ အဘယ်သို့သောစကား ကို ရွေး ၍ လျောက်ရအံ့နည်း။ ၁၅ ငါသည် ဖြောင့်မတ် သော်လည်း ပြန် ၍ မ လျောက်ဝံ့ဘဲ၊ တရား မှူကို ဆုံးဖြတ် တော်မူ သော အရှင်ကို တောင်းပန် ရုံမျှသာပြုရ၏။ ၁၆ ငါခေါ် ၍ အရှင်သည်ထူး တော်မူသော်လည်း ၊ ငါ့ စကား ကို နားထောင် တော်မူမည်ဟု ငါမ ယုံ နိုင်။ ၁၇ အကြောင်းမူကား၊ မိုဃ်းသက် မုန်တိုင်းဖြင့် ငါ့ ကို ညှဉ်းဆဲ ၍၊ အကြောင်း မရှိဘဲငါ ၌ အနာ တို့ကို များပြား စေတော်မူ၏။ ၁၈ ငါ့ ကို အသက် ရှူရသောအခွင့်မ ပေး။ ခါး စွာသော ဝေဒနာနှင့် ပြည့်စုံ စေတော်မူ၏။ ၁၉ တန်ခိုး ကိုအမှီပြုမည်ဆိုသော် ၊ ဘုရားသခင် သည် တန်ခိုးကြီး တော်မူ၏။ တရား ကိုအမှီပြုမည်ဆို ပြန်သော်၊ အဘယ် သူသည် ငါ့ ဘက်၌ သက်သေခံမည်နည်း။ ၂၀ ကိုယ်အပြစ် ကို ပြေစေခြင်းငှါပြုလျှင် ၊ ကိုယ် စကား အားဖြင့်တရား ရှုံးလိမ့်မည်။ ငါ သည် စုံလင် ပြီဟု ဆိုပြန်လျှင် ၊ ငါ့ သဘောကောက်ကြောင်း ထင်ရှား လိမ့်မည်။ ၂၁ တဖန်စုံလင် သော်လည်း၊ ကိုယ် စိတ် သဘောကို ကိုယ် မ သိ ရ။ ကိုယ် အသက် ကို ပမာဏ မပြုရ။ ၂၂ ငါပြော အံ့သောစကားတချက် ဟူမူကား၊ ဘုရား သခင်သည် စုံလင် သောသူတို့ကိုငင်း ၊ ဆိုးညစ် သောသူတို့ ကိုငင်းဖျက်ဆီး တော်မူတတ်၏။ ၂၃ ချက်ခြင်း ဘေး တစုံတခုရောက်သောအခါ ၊ အပြစ် မရှိ သော သူ ခံရသည် အကြောင်းကို ရယ် တော်မူ၏။ ၂၄ မြေကြီး ကိုလူဆိုး တို့ လက် ၌ အပ် ၍၊ တရား သူကြီးတို့၏ မျက်နှာ ကို ဖျက် တော်မူ၏။ သို့မဟုတ် ထိုအမှုကို စီရင်သောသူကားအဘယ် သူနည်း။ ၂၅ တမြို့မှတမြို့သို့ စာပို့ သောလုလင်ထက် ၊ ငါ့ နေ့ ရက် တို့သည် လျင်မြန် ၍၊ ကောင်ကျိုး ကိုမ ခံရ ဘဲ ပြေး တတ် ကြ၏။ ၂၆ လျင်မြန် သော သဘော်ာ ကဲ့သို့ ၎င်း၊ အကောင် ကို သုတ်လာ သောရွှေလင်းတ ကဲ့သို့ ၎င်း၊ လွန် သွားတတ်ကြ ၏။ ၂၇ ငါသည်မြည်တမ်း သော စကားကိုဖြတ် ၍၊ ရွှင်လန်း

သောမျက်နှာကိုဆောင်လျက်၊ ရဲရင့် ခြင်းသို့ ရောက်မည်ဟု ငါ ဆို သော်လည်း၊ ၂၈ ငါ ခံရသောဒုက္ခ ဝေဒနာများ သောကြောင့်၊ ကြောက် သောသဘောရှိ၏။ အပြစ် လွတ်စေဟု ငါ ၌စီရင်တော် မ မူကြောင်း ကို ငါသိ ၏။ ၂၉ ငါ သည် အပြစ် သင့်ရောက်သည်ဖြစ်၍၊ အဘယ်ကြောင့် အချည်းနှီး ကြိုးစား ရမည်နည်း။ ၃၀ ငါ့ကိုယ်ကို မိုးယံးပွင့် ရေ နှင့် ဆေး၍၊ ငါ့ လက် ကို ရှင်းရှင်းစင်ကြယ် စေသော်လည်း၊ ၃၁ ၍ ထဲ သို့ တွန်းချ တော်မူ၍၊ ငါ့ အဝတ် ပင် ငါ့ ကိုယ် ကိုရွံလိမ့်မည်။ ၃၂ ငါသည် ဘုရားသခင် ၏ စကားကို တ ဦး နှင့် တဦး တရား တွေ့နိုင် မည် အကြောင်း၊ ဘုရား သခင်သည် ငါ ကဲ့သို့ လူ ဖြစ်တော်မူသည်မ ဟုတ်။ ၃၃ ငါ တို့နှစ် ဦးကို ဆီးတား ပိုင်သော စပ်ကြား နေ အမှုစောင့် မ ရှိ။ ၃၄ ငါ့ ကို ဒဏ်ခတ် တော်မမူပါစေနှင့်။ ပြု တော်မူ သောဘေး ကြောင့် ငါ မ ကြောက် ပါစေနှင့်။ ၃၅ သို့ ဖြစ်လျှင် ၊ ငါသည်မ ကြောက် ဘဲပြော ရသော အခွင့်ရှိလိမ့်မည်။ ယခုမူကား ၊ ပြောရသောအခွင့်ကိုမ ရ။

၁၀ ငါ့ ဝိညာဉ် သည် အသက် ကို ငြီးငွေ့ ၏။ မြည်တမ်း သောအပြစ်ကိုခံ ရမည်။ စိတ် အလွန်ညှိုးငယ် ၍ ပြော ရ မည်။ ၂ ဘုရား သခင်ကို လျှောက် ရသောစကားဟူမူကား၊ အကျွန်ုပ် ကို အပြစ် စီရင်တော် မ မူပါနှင့်။ အကျွန်ုပ် နှင့် ဆန့်ကျင် ဘက်ပြုတော်မူမည်အကြောင်း ကို ပြ တော်မူပါ။ ၃ ကိုယ်တော် သည်ညှဉ်းဆဲ တော်မူသင့်သလော။ ကိုယ်တိုင်ဖန်ဆင်း သောအရာကို ရွံရှာ ၍ ၊ လူဆိုး တို့၏ အကြံ အစည်ကို ကောင်းကြီး ပေးတော်မူသင့်သလော။ ၄ ကိုယ်တော် သည် ရူပ မျက်စိ ရှိတော်မူသလော။ လူ မြင် သည်နည်းတူ မြင် တော်မူသလော။ ၅ ကိုယ်တော် ၏နေ့ ရက်တို့သည် လူ နေ့ ရက်ကဲ့သို့ ဖြစ်ပါသလော။ ကိုယ်တော် ၏နှစ် တို့သည် လူ ယောကျ်ား နေ့ ရက်ကဲ့သို့ ဖြစ်ပါသလော။ ၆ အကျွန်ုပ် ပြုသောဒုစရိုက် ကို စစ် ၍ အပြစ် ကို တွေ့ခြင်းငှါ အဘယ်ကြောင့်ရှာ တော်မူသနည်း။ ၇ အကျွန်ုပ်သည် လူဆိုး မ ဟုတ်ကြောင်း နှင့် လက် တော်မှ အဘယ် သူမျှမကယ် မနှုတ်နိုင်ကြောင်းကို သိ တော်မူ၏။ ၈ အကျွန်ုပ်တကိုယ် လုံးကို လက် တော်နှင့်စေ့စပ်စွာ ဖန်ဆင်း တော်မူသည်ဖြစ်၍ ၊ ယခုဖျက်ဆီး တော်မူမည် လော။ ၉ သရွတ် ကိုလုပ်သကဲ့သို့ အကျွန်ုပ် ကိုလုပ် တော်မူကြောင်းကို အောက်မေ့ တော်မူပါ။ တဖန် မြေမှုန့် ဖြစ် စေတော်မူမည်လော။ ၁၀ အကျွန်ုပ် ကိုနို့ ကဲ့သို့ သွန်းလောင်း ၍၊ ဒိန်ခဲ ကဲ့သို့ ခဲ စေတော်မူပြီ မ ဟုတ်လော။ ၁၁ အရေ အသား ဖြင့်ဖုံးလွှမ်း ၍၊ အရိုး နှင့် အကြော တို့ ဖြင့် ခိုင်ခံ့ စေတော်မူပြီ။ ၁၂ အသက် ရှင်ရ သော အကြောင်း နှင့်တကွ ကျေးဇူး များကိုပြု တော်မူပြီ။ ကြည့်ရှု ပြုစုခြင်း ကျေးဇူးတော်သည် လည်း အကျွန်ုပ် ၏ဝိညာဉ် ကိုမစ ပါပြီ။ ၁၃ ယခု ရောက်သော အမှုတို့ ကိုလည်း ၊ နှလုံး တော်၌ သိုထား ၍ ကြံစည်တော်မူသည်နှင့်အညီ ရောက်ကြောင်း ကို အကျွန်ုပ်သိ ပါ၏။ ၁၄ အကျွန်ုပ် သည် ပြစ်မှား လျှင် ၊ ကိုယ်တော်မှတ် တော်မူ၏။ အကျွန်ုပ် အပြစ် ကို လွှတ် တော်မူမည် မ ဟုတ်။ ၁၅ အကျွန်ုပ် သည်ဆိုးညစ် လျှင် အမင်္ဂလာ ရှိပါ၏။ ဖြောင့်မတ် သော်လည်း ကိုယ် မျက်နှာ ကိုမ ပြ ရ။ ကိုယ် ခံရသောဒုက္ခ ဆင်းရဲကို ဆင်ခြင် ၍ မိန်းမော တွေဝေလျက် နေရ ပါ၏။ ၁၆ အကျွန်ုပ်ထ လျှင် ကိုယ်တော်သည် ခြင်္သေ့ ကဲ့သို့ အကျွန်ုပ် အပေါ် သို့ ခုန်၍ ကြောက်မက် ဘွယ်သော အခြင်းအရာတို့ကို ပြတော်မူ၏။ ၁၇ အကျွန်ုပ် တစ်ဘက် ၌ သက်သေခံ တော်မူချက် များပြား ၍၊ အမျက် တော်ကို တိုးပွါးစေခြင်းငှါ ပြု တော်မူသဖြင့်၊ အကျွန်ုပ် တစ်ဘက် ၌ ရန်စစ်တို့သည် အထပ်ထပ်

ထကြပါ၏။ ၁၈ အကျွန်ုပ် ကို အမိဝမ်း ထဲက အဘယ်ကြောင့် ဆောင် ခဲ့တော်မူသနည်း။ ထိုသို့ပြုတော်မမူလျှင် အကျွန်ုပ် သည်အသက် မရှိ၊ အဘယ်သူမျှအကျွန်ုပ် ကိုမ မြင် ရပါ။ ၁၉ ထိုသို့ အကျွန်ုပ်သည် မ ဖြစ် သကဲ့သို့ ဖြစ် ၍၊ အကျွန်ုပ်ကိုအမိဝမ်း ထဲမှ သချိုင်း သို့ ဆောင် ပို့ရကြ၏။ ၂၀ အကျွန်ုပ် နေ့ ရက်တို့သည် နည်းပါး သည် မ ဟုတ် လော ။ ၂၂ မှောင်မိုက် နှင့်သေခြင်း အရိပ်ဖုံးလွှမ်းသောပြည် ၊ သေခြင်းအရိပ် ဖြစ်စေသောညဉ့် ကဲ့သို့ တခဲနက်မိုက် သဖြင့်၊ အလင်း ပင်မှောင်မိုက် သက်သက် ဖြစ်၍၊ ရှင်းလင်းခြင်းအလျှင်းမရှိသောပြည်၊ အကျွန်ုပ်တခါရောက်ပြီးမှ တဖန်ပြန်၍ မ လာရသောပြည်သို့အကျွန်ုပ်သွား ၍မ ရောက်မှီ၊ သက်သာ ခြင်းအနည်းငယ် ရှိပါမည် အကြောင်း နေတော်မူပါ။ အကျွန်ုပ်ကိုတတ်တိုင်းရှိစေတော်မူပါဟု မြွက်ဆို၏။

၁၁ နေမတ် အမျိုးသားဇောဖာ မြွက်ဆို သည်ကား၊ ၂ စကား များ ၍ အကျိုးရှိသည်မဟုတ်။ နှုတ်သီး ကောင်းသောသူသည် မိမိအပြစ် နှင့် လွတ်ရမည်လော။ ၃ သင် ပြောသောမုသာ စကားကြောင့် သူတပါးတို့သည် တိတ်ဆိတ် စွာနေရမည်လော။ သင်ကဲ့ရဲ့ သောအခါ အဘယ်သူသည် အရှက် မ ကွဲဘဲနေရမည်နည်း။ ၄ သင်က၊ ငါ့ စကား ဖြောင့် ၏။ ဘုရား သခင့်ရှေ့ တော်၌ ငါသန့်ရှင်း ၏ဟု ဆို မိပြီ။ ၅ ဘုရား သခင်မိန့် တော်မူပါစေ။ သင့် တစ်ဘက် ၌ နှုတ် တော်ကို ဖွင့် တော်မူပါစေ။ ၆ နက်နဲ သော ပညာ အရာတည်းဟူသောသင် နားလည်နိုင်သည်ထက်၊ နှစ်ဆ သာသောအရာတို့ကို သင့် အား ပြ တော်မူပါစေ။ ထိုသို့ ပြတော်မူလျှင် သင် သည် အပြစ် ခံထိုက်သည်အတိုင်း အပြစ်ပေးတော်မမူကြောင်း ကိုသိရ လိမ့်မည်။ ၇ သင်သည် ဘုရား သခင်၏ ဇာတိတော်ကို စစ်၍ တွေ့ နိုင်သလော။ အနန္တ တန်ခိုးရှင်၏ ဇာတိကို စစ်၍ အကုန်အစင်နားလည် နိုင်သလော။ ၈ မိုဃ်းကောင်းကင် ကိုမှီသည်ဖြစ်၍သင်သည်အဘယ် သို့ပြု နိုင်သနည်း။ မရဏာ နိုင်ငံထက် နက် သည် ဖြစ်၍သင်သည်အဘယ် သို့သိ နိုင်သနည်း။ **(Sheol h7585)** ၉ အတိုင်း အရှည် သည် မြေကြီး ကိုလွန် လျက် သမုဒ္ဒရာ ထက် သာ၍ကျယ်ဝန်း လျက်ရှိ၏။ ၁၀ ဘုရားသခင်သည် ဘမ်းဆီးချုပ်ထား ၍ စစ်ကြောတော်မူလျှင် အဘယ် သူဆီးတား နိုင်သနည်း။ ၁၁ ဘုရား သခင်သည် ဆိုး သောသူတို့၏ သဘောကို သိ တော်မူ၏။ သူတို့အမှတ် တမဲ့ပြုသောဒုစရိုက် ကို သိမြင် တော်မူ၏။ ၁၂ သို့သော်လည်း ရိုင်း သောမြည်း ကလေးသည် လူ အဖြစ်သို့ရောက်သောအခါ ၊ လူ မိုက်သည် ပညာ သတိရလိမ့်မည်။ ၁၃ သင် သည် စိတ် နှလုံးကို ပြင်ဆင် ၍ လက် တို့ကို ဘုရား သခင်ထံ တော်သို့ ဆန့် လျှင် ၎င်း ၊ ၁၄ သင် ပြုသောဒုစရိုက် ကိုပယ် ၍ သင့် အိမ် ၌ ဆိုးညစ် သောအမှုကို လက် မ ခံလျှင် ၎င်း၊ ၁၅ အညစ် အကြေးနှင့်ကင်းလွတ် သော မျက်နှာ ကို ပြရလိမ့်မည်။ စိုးရိမ်စရာအကြောင်းမ ရှိ၊ တည်ကြည် လိမ့်မည်။ ၁၆ ခံပြီးသောဒုက္ခ ဆင်းရဲကို မေ့လျော့ လိမ့်မည်။ လွန် သွားပြီးသော ရေ ကိုကဲ့သို့ အောက်မေ့ လိမ့်မည်။ ၁၇ သင်၏အသက် သည်မွန်းတည့် အရောင်ထက် ထွန်းလင်း လိမ့်မည်။ ယခုမှောင်မိုက် သော်လည်းနံနက် ကဲ့သို့ လင်းလိမ့်မည်။ ၁၈ မြော်လင့် စရာရှိ သောကြောင့် မ စိုးရိမ်ဘဲနေလိမ့်မည်။ ယခုအရှုံးခံရသော်လည်းလုံခြုံ စွာ ငြိမ်ဝပ် လိမ့်မည်။ ၁၉ အိပ် သောအခါ အဘယ် သူမျှမချောက် မလှန့်ရှ။ လူများ

တို့သည် သင့် ကိုတောင်းပန် ကြလိမ့်မည်။ ၂၀ ဆိုး သောသူတို့ ၏မျက်စိ သည် အားလျော့ လိမ့်မည်။ သူ တို့သည် ပြေး၍မ လွတ်ရကြ။ သူ တို့မြော်လင့် စရာအကြောင်းသည် အခိုးအငွေ့သက်သက်ဖြစ်သည်ဟု မြွက်ဆို၏။

၁၂ ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ သင် တို့သာလျှင် လူ ဖြစ်၍ ၊ သင် တို့နှင့်အတူ ဉာဏ် ပညာသေ လိမ့်မည်ဟု ယုံမှား စရာမရှိရ။ ၃ သို့သော်လည်း ငါ သည် သင် တို့ကဲ့သို့ ဉာဏ်ရှိ၏။ သင် တို့ထက် ငါ ယုတ်ညံ့ သည်မ ဟုတ်။ ဤ ကဲ့သို့ သော အရာများကို အဘယ် သူသည် နားမလည်ဘဲနေသနည်း။ ၄ ငါသည် ဘုရား သခင်၏ကျေးဇူးတော်ကိုခံရအံ့သောငှါဆုတောင်း ပဌနာပြု စဉ်တွင်၊ အိမ်နီးချင်း ပြက်ယယ် ပြုသည်ကို ခံရသောသူဖြစ်၏။ အပြစ် မရှိ ဖြောင့်မတ် သောသူသည် ပြက်ယယ် ပြုခြင်းကိုခံရပါသည် တကား။ ၅ ချော်လဲ လုသောသူကို ပစ်လိုက်သောမီးခွက် ကဲ့သို့ကောင်းစားသောသူသည် မှတ် တတ်၏။ ၆ ထားပြ လုပ်သောသူတို့၏နေရာ သည် ကောင်းစား တတ်၏။ ဘုရား သခင်၏ အာဏာ တော်ကိုဆန်သောသူတို့ သည် လုံခြုံ စွာနေ၍ ၊ ဘုရား သခင်ပေး တော်မူသော စည်းစိမ်ကို ခံစားတတ်ကြ၏။ ၇ သားမျိုး နှင့် မိုးယံကောင်းကင်ငှက် တို့ကို မေးမြန်း လော့။ သူတို့သည် ဟောပြော သွန်သင် ကြလိမ့်မည်။ ၈ မြေကြီး နှင့် ပင်လယ် ငါး တို့ကို မေးမြန်း လော့။ သူတို့သည် ပြသ ၍ ဥပဒေသ ပေးကြလိမ့်မည်။ ၉ ဤ အမှုတို့ကို ထာဝရဘုရား စီရင် တော်မူကြောင်း ကို၊ ထိုတိရစ္ဆာန်တကောင် မျှ မ သိ ဘဲနေသလော။ ၁၀ အသက် ရှင်သောသတ္တဝါအပေါင်း တို့၏ ဇိဝ အသက်နှင့် လူ သတ္တဝါခပ်သိမ်း တို့၏ ထွက်သက် ဝင်သက်သည် ဘုရား သခင့်လက် တော်၌ ရှိ၏။ ၁၁ ခံတွင်း သည်အစာ ကိုမြည်းစမ်း သကဲ့သို့ ၊ နား သည် စကား ကို စုံစမ်း သည် မ ဟုတ်လော။ ၁၂ အသက် အရွယ်ကြီးသောသူတို့ သည် ဉာဏ် ပညာနှင့်ပြည့်စုံကြ၏။ ၁၃ ဘုရား သခင်မူကား၊ ဉာဏ် သတ္တိ၊ အစွမ်း သတ္တိနှင့်ပြည့်စုံတော်မူ၏။ ပညာ သတ္တိကို ပေးနိုင်သော အခွင့်ရှိတော်မူ၏။ ၁၄ ဖြိုဖျက် တော်မူလျှင် အဘယ်သူမျှတည်ဆောက် ရသောအခွင့်မ ရှိ။ လူ ကို ချုပ်ထား တော်မူလျှင် အဘယ်သူမျှလွှတ် ရသောအခွင့်မ ရှိ။ ၁၅ ရေ များကို ဆီးတား ပိတ်ပင်တော်မူလျှင် ခန်းခြောက် ရ၏။ တဖန် လွှတ် တော်မူ၍ မြေကြီး ကို လွှမ်းမိုး ကြ၏။ ၁၆ တန်ခိုး တော်၊ ဉာဏ် တော်နှင့်ပြည့်စုံ၍၊ မှား သောသူနှင့် မှား စေသောသူတို့ကို ပိုင်တော်မူ၏။ ၁၇ တိုင်ပင် မှူးမတ်တို့ကို ဘမ်းဆီးသိမ်း သွားတော်မူ၏။ တရား သူကြီးတို့ကို ရူးသွပ် စေတော်မူ၏။ ၁၈ ရှင်ဘုရင် တို့ကို အရာမှချ၍ ခါးကြိုး နှင့် ချည် တော်မူ၏။ ၁၉ ယဇ် ပုရောဟိတ်တို့ကို ဘမ်းဆီးသိမ်း သွား၍၊ သူရဲ တို့ကိုလည်း ရှုံး စေတော်မူ၏။ ၂၀ နှုတ်သတ္တိရှိသောသူတို့ ကို စကား အ စေ၍၊ အသက် ကြီးသောသူတို့ မှပညာ ကို နှုတ် တော်မူ၏။ ၂၁ မင်းသား တို့ကို အရှက် ခွဲ၍၊ အားကြီး သောသူတို့ ကို ရှုတ်ချ တော်မူ၏။ ၂၂ မှောင်မိုက် ထဲ ၌နက်နဲ သောအရာတို့ကို ထင်ရှား စေ၍၊ သေခြင်း အရိပ်ကိုအလင်း ထဲ သို့ ထုတ် ဘော်တော်မူ ၏။ ၂၃ တိုင်း နိုင်ငံတို့ကို ချီးမြှောက် ၍ တဖန် ဖျက်ဆီး တော်မူ၏။ တိုင်း နိုင်ငံတို့ကို ကျယ် စေခြင်းငှါငင်း ကျဉ်းစေ ခြင်းငှါငင်း ပြု တော်မူ၏။ ၂၄ မြေ သား တို့တွင် အကြီး လုပ်သောသူတို့မှ ဉာဏ် ကိုနှုတ် ၍၊ လမ်း မ ရှိသော တော ၌ လှည့်လည် စေတော်မူ ၏။ ၂၅ သူတို့သည်အလင်း မ ရှိ။ မှောင်မိုက် ၌ စမ်းသပ် လျက်သွားရကြ၏။ ယစ်မူး သောသူကဲ့သို့ တိမ်းယိမ်း လျက် သွားစေတော်မူ၏။

၁၃ ထိုအမှုအရာအလုံးစုံ တို့ကို ငါ့ မျက်စိ သည် မြင် ပြီ။ ငါ့ နား သည်လည်း ကြား ၍ နားလည် ပြီ။ ၂ သင် တို့သိ သမျှကို ငါသိ ၏။ သင် တို့ထက် ငါ ယုတ်ညံ့ သည်မ ဟုတ်။ ၃ အနန္တ တန်ခိုးရှင်အား ငါ လျှောက် ရသောအခွင့်၊ ဘုရား သခင်နှင့် ငါဆွေးနွေး ရသောအခွင့်ရှိ ပါစေသော။ ၄ သင် တို့သည် တယောက်မျှမကြွင်း၊ မုသာ ကို ပြုပြင် သောသူ၊ အသုံး မရသောဆေးသမား ဖြစ်ကြ၏။ ၅ သင်တို့သည် စကားတခွန်းကိုမျှ မပြောဘဲတိတ်ဆိတ် စွာနေကြပါစေ။ ထိုသို့နေလျှင် စင်စစ်ပညာရှိ ကဲ့သို့ ဖြစ် ကြလိမ့်မည်။ ၆ ငါ ပြောမည်အကျိုး အကြောင်းစကားကို နားထောင် ကြပါလော့။ ငါ့ နှုတ် နှင့် ဆွေးနွေး နှီးနှောမည့် စကားကို နှလုံးသွင်း ကြပါလော့။ ၇ သင်တို့သည် လျစ်လျူသောစိတ်မရှိဘဲ ဘုရား သခင့်ဘက် ၌ ပြော ချင်သလော။ ဘုရား သခင့်ဘက် ၌နေ၍ မုသာ ကိုသုံးချင်သလော။ ၈ မျက်နှာ တော်ကိုထောက် လျက်သာ၊ ဘုရား သခင့်ဘက် ၌နေ၍ ငြင်းခုံ စစ်တိုက်ချင်သလော။ ၉ သင် တို့ကိုကျပ်တည်းစွာ စစ် တော်မူလျှင် ၊ သင်တို့ ၌ ကျေးဇူး ရှိလိမ့်မည်လော။ လူ ကို လှည့်စား သကဲ့သို့ ဘုရား သခင်ကို လှည့်စားနိုင်သလော။ ၁၀ သင်တို့သည် လျှို့ဝှက် ၍ သူမျက်နှာ ကို ထောက် လျှင် ၊ စင်စစ်သင် တို့ကို ဆုံးမ တော်မူမည်။ ၁၁ သင် တို့သည် တန်ခိုး အာနုဘော်တော်ကြောင့် မ ကြောက် ကြသလော။ ကြောက်မက် ဘွယ်သော ဂုဏ် တော်ကြောင့် မထိတ်လန့်ကြသလော။ ၁၂ သင် တို့၏နည်း ဥပဒေသစကားသည် မြေမှုန့် ထက်သာ၍ပေါ၏။ သင် တို့ခိုလှုံသောမြို့ ရိုးသည်လည်း သရွတ် မြို့ ရိုးကဲ့သို့ ဖြစ်၏။ ၁၃ တိတ်ဆိတ် စွာနေ၍ ငါ့ပြော ပါရစေ။ သို့ပြီးမှ အမှုရောက်ချင်တိုင်း ရောက် ပါလေစေ။ ၁၄ သို့သော်လည်းငါသည် ကိုယ် အသား ကို ပစပ် နှင့် ကိုက်ခဲ လျက်၊ ကိုယ် အသက် ကိုလည်း လက် နှင့် ကိုင် လျက် ဆောင်သွားမည်။ ၁၅ ငါ့ ကိုသတ် တော်မူ၍၊ ငါမြော်လင့် စရာမရှိသော်လည်း ၊ ရှေ့ တော်၌ ကိုယ်အပြစ် ဖြေရာစကားကို ငါလျှောက်ထားမည်။ ၁၆ ထိုသို့ ပြုလျှင် ငါ ၏ကယ်တင် ရာအကြောင်း ဖြစ်လိမ့်မည်။ အဓမ္မ လူသည် အထံ တော်သို့ မ ဝင် ရ။ ၁၇ ငါ့ စကား ကို စေ့စေ့မှတ် ကြလော့။ ငါ့ လျှောက် ထားချက်ကို နားထောင် ကြလော့။ ၁၈ ယခု ငါ့အမှု ကို ငါပြင်ဆင် ပြီ။ ငါ ၌အပြစ် လွတ်ခြင်းထင်ရှားမည်ဟု ငါသိ ၏။ ၁၉ ငါ့ အပြစ် ကို ဘော်ပြမည့်သူကား၊ အဘယ် သူနည်း။ ထိုသို့ ဘော်ပြလျှင် ငါသည် တိတ်ဆိတ် စွာနေ၍ အသေခံ ပါမည်။ ၂၀ ဒဏ်ခတ် ခြင်းနှစ်ပါး ကိုသာ လျှော့တော်မူပါ။ ထိုသို့လျှော့လျှင် ကိုယ်တော် ကို မ ရှောင် ပါ။ ၂၁ လက် တော်ကိုသိမ်း တော်မူပါ။ ကြောက်မက် ဘွယ်သော အခြင်းအရာတော်အားဖြင့်အကျွန်ုပ် ကို ချောက် တော်မ မူပါနှင့်။ ၂၂ ထိုအခါ ခေါ် တော်မူပါ။ အကျွန်ုပ် ပြန် လျှောက်ပါမည်။ သို့မဟုတ် အကျွန်ုပ်သည် အရင်လျှောက် ပါမည်။ ကိုယ်တော်အမိန့် ရှိတော်မူပါ။ ၂၃ အကျွန်ုပ် ပြုမိသော ဒုစရိုက် အပြစ်တို့သည် အဘယ် မျှလောက်များပါသနည်း။ အကျွန်ုပ် ပြစ်မှား ကျူးလွန်ခြင်းအပြစ် တို့ကို အကျွန်ုပ် အား ပြ တော်မူပါ။ ၂၄ ကိုယ်တော် သည် မျက်နှာ တော်ကိုလွှဲ ၍ အဘယ်ကြောင့် အကျွန်ုပ် ကို ရန်သူ ကဲ့သို့ မှတ် တော်မူသနည်း။ ၂၅ လေ တိုက်သော သစ်ရွက် ကို ချောက် လှန့်တော်မူမည် လော။ မြက် ခြောက် ကို မှီအောင်လိုက် တော်မူမည် လော။ ၂၆ အကျွန်ုပ် ၌ ပြင်းစွာ သောအပြစ်တင်သော စကားကိုမှတ် ထားတော်မူ၏။ အကျွန်ုပ် အသက် ငယ်စဉ်တွင် ပြုမိသောအပြစ် ကြောင့် ယခုခံ စေတော်မူ၏။ ၂၇ အကျွန်ုပ် ကိုထိတ်ခတ် လျက်၊ အကျွန်ုပ် ထွက်ရာ လမ်း ရှိသမျှ ကို စောင့် လျက်နေ၍ ၊

အကျွန်ုပ် ပတ်လည်၌ စည်း လုပ်တော်မူ၏။ ၂၈ ထိုသို့ ခံရသောသူ သည် ဆွေးမြေ့ သောအရာကဲ့သို့ ၎င်း၊ ပိုးရွဲ ကိုက်စား သောအဝတ် ကဲ့သို့ ၎င်း အားလျော့ ပျက်ရပါ၏။

၁၄ လူ သည် မိန်းမ ဘွား သောသူဖြစ်သဖြင့်၊ အသက် တို၍ ဒုက္ခ နှင့် ပြည့်စုံ ပါ၏။ ၂ ပန်းပွင့် ကဲ့သို့ ပွင့် ၍ ရိတ် ဖြတ်ခြင်းကိုခံရပါ၏။ မ တည် မရပ်ဘဲ အရိပ် ကဲ့သို့ ရွေ့ သွားတတ်ပါ၏။ ၃ ထိုသို့ သောသူကို ကိုယ်တော် ကြည့် မှတ်တော်မူသလော။ အကျွန်ုပ် နှင့်ဘက်၍ တရား တွေ့တော်မူမည် လော။ ၄ မ သန့်ရှင်းသောအရာထဲက သန့်ရှင်း သောအရာကို အဘယ် သူထုတ်ဘော် နိုင်သနည်း။ အဘယ်သူ မျှမထုတ်မဘော်နိုင်ပါ။ ၅ လူ ၏နေ့ ရက်တို့ကို မှတ်သား ၍၊ သူ နေရသော လ အရေ အတွက်ကို ကိုယ်တော်သည်သိသဖြင့်၊ သူ မ လွန် နိုင်သော အပိုင်း အခြားကို ထား တော်မူသောကြောင့်၊ ၆ မျက်စိတော်ကို လွှဲ ၍ လူသည်သူငှါး ကဲ့သို့ မိမိ နေ့ ရက်ကို လွန်စေသည်တိုင်အောင် ငြိမ်ဝပ် ရသောအခွင့် ကိုပေးတော်မူပါ။ ၇ သစ်ပင် ကိုခုတ် သော်လည်း ၊ အငုတ်အချည်းစည်း မရှိဘဲ အတက် ပေါက် လေဦးမည်ဟု မြော်လင့် စရာ ရှိ ၏။ ၈ မြေ ထဲ မှာ အမြစ် ဟောင်း ၍ ၊ မြေ ပေါ် မှာ အငုတ် သေ သော်လည်း၊ ၉ ရေ ငွေ့ ကြောင့် အတက် ပေါက်၍ ၊ ပျိုး ပင်ကဲ့သို့ အညွှန့်တို့နှင့် ပြည့်စုံ လိမ့်မည်။ ၁၀ လူ မူကား သေ ၍ ဆွေးမြေ့ တတ်၏။ လူ သည် အသက် ချုပ်ပြီးလျှင် အဘယ် မှာရှိသနည်း။ ၁၁ အိုင် ရေ ပြတ် သကဲ့သို့ဎင်း ၊ မြစ် ရေခန်း ခြောက် သကဲ့သို့ဎင်း ၊ ၁၂ လူ သည်အိပ် ပြီးမှ နောက်တဖန်မ ထ ရ။ မိုဃ်း ကောင်းကင် မကုန်မဆုံး မှီတိုင်အောင် မ နိုး ရ။ အအိပ် အပျော်မ ပျက် ရ။ ၁၃ ကိုယ်တော်သည် အကျွန်ုပ် ကို သခ်ိုင်း တွင်း၌ ဝှက်ထား တော်မူပါစေ။ အမျက် တော်မလွန် မှီတိုင်အောင် ကွယ်ကာ တော်မူပါစေ။ အကျွန်ုပ် ကိုအောက်မေ့ စရာ အချိန် ကို ချိန်းချက် တော်မူပါစေ။ (Sheol h7585) ၁၄ လူ သည် သေ လျှင် အသက် ရှင်ပြန်ပါလိမ့်မည်လော။ အကျွန်ုပ် ငြောင်းလဲ ချိန်မ ရောက် မှီ၊ ပင်ပန်း စွာ အမှုထမ်းရသော နေ့ ရက်ကာလပတ်လုံး သည်းခံ လျက်နေ ပါမည်။ ၁၅ အကျွန်ုပ် ကို ခေါ် တော်မူပါ။ အကျွန်ုပ် ပြန် လျှောက်ပါမည်။ ကိုယ်တိုင်ဖန်ဆင်း တော်မူသောအရာကို သနားခြင်းစိတ်ရှိတော်မူပါ။ ၁၆ ယခုမှာ အကျွန်ုပ် ခြေရာ တို့ကို ကိုယ်တော်သည် ရေတွက် ၍၊ အကျွန်ုပ် အပြစ် တို့ကို စောင့် တော်မူ၏။ ၁၇ အကျွန်ုပ် သည် မှား ခြင်းအကြောင်းအရာကို အိတ် ၌ တံဆိပ် ခတ်၍၊ အကျွန်ုပ် ဒုစရိုက် အပြစ်အပေါ် မှာ အထပ်ထပ်အပြစ်တင်တော်မူ၏။ ၁၈ ပြို သောတောင် သည် ကွယ်ပျောက် တတ်ပါ၏။ ကျောက် သည်လည်း မိမိ နေရာ မှ ရွေ့ လျော့တတ်ပါ၏။ ရေ တိုက် သောကျောက်ခဲ သည်လည်း ပွန်း တတ်ပါ၏။ ၁၉ လွှမ်းမိုးသောရေနှင့်အတူ မြေ မှုန့် ပါသွားတတ်ပါ၏။ ထိုအတူ ကိုယ်တော်သည် လူ မြော်လင့် စရာ အကြောင်းကို ဖျက် တော်မူ၏။ ၂၀ ကိုယ်တော်သည် လူ ကို အစဉ် နိုင် တော်မူ၍ ၊ လူသည်ကွယ်ပျောက် တတ်ပါ၏။ ထူးခြားသောမျက်နှာ ကိုပေး ၍ အခြားသို့ လွှတ် လိုက်တော်မူ၏။ ၂၁ သူ ၏သား တို့သည် ချီးမွှော်က် ခြင်းသို့ ရောက်သော်လည်း သူသည်မ သိ ရပါ။ နှိမ့်ချ ခြင်းသို့ ရောက်သော်လည်း ထိုအမှုကိုပင် မ ရိပ်မိ ပါ။ ၂၂ သို့ရာတွင် သူ ၏ကိုယ် သည်ကိုက်ခဲ လျက်၊ သူ ၏ဝိညာဉ် သည်ညည်းတွား လျက်နေရပါသည်ဟု မွှက်ဆို၏။

၁၅ တဖန် တေမန် အမျိုးသားဧလိဖတ် မြွက်ဆို သည် ကား၊ ၂ ပညာရှိ သောသူသည် လေ နှင့်တူသော အချည်းနှီး စကားကို ပြော သင့်သလော။ မိမိ ဝမ်း ကို အရှေ့ လေ နှင့်ပြည့် စေသင့်သလော။ ၃ အကျိုးမဲ့သောစကား ၊ ကျေးဇူး မ ပြုနိုင်သော စကား နှင့် ဆွေးနွေး သင့်သလော။ ၄ သင် သည် ဘုရား သခင်ကို ကြောက်ရွံ့ခြင်းအကျင့်၌ အကျိုး မရှိဟု ဆိုလို၏။ ဆုတောင်း ပဌနာပြုရာ ဝတ်ကို ဆီးတား တတ်၏။ ၅ သင်သည်ကိုယ် နှုတ် ဖြင့် ကိုယ် အပြစ် ကို ဘော်ပြ ၏။ ပရိယာယ် ပြုသောသူ ၏စကား ကို သုံး တတ်၏။ ၆ ငါ သည် သင့်ကိုအပြစ်မ တင်၊ သင့် နှုတ် သည် သင့် ကိုအပြစ် တင်၏။ သင့် နှုတ်ခမ်း တို့သည် သင့် တစ်ဘက် ၌ သက်သေခံ ၏။ ၇ သင်သည် အဦး ဆုံးဘွား သောလူ ဖြစ်သလော။ တောင် များကို မဖန်ဆင်းမီ သင့်ကိုဖန်ဆင်း သလော။ ၈ ဘုရား သခင်နှင့် တိတ်ဆိတ်စွာတိုင်ပင် ဘူး သလော ။ ပညာ ကို ကိုယ် ၌ အကုန်အစင်သိမ်းထားပြီ လော။ ၉ ငါတို့မ သိ ၊ သင်သိ သောအရာမည်မျှ ရှိသနည်း။ ငါ တို့ ၌ မ ပါ။ သင်နားလည် သောအရာမည်မျှရှိသနည်း။ ၁၀ သင့် အဘ ထက် အသက် ကြီးသောသူ၊ ဆံပင် ဖြူ သောသူတို့သည် ငါ တို့တွင် ရှိကြ၏။ ၁၁ သင် ၌ ဘုရား သခင်ပေးတော်မူသောသက်သာ ခြင်းအကြောင်းနည်း သလော။ သင် ၌ ဝှက် ထားသောအမှု တစုံတခုရှိသလော။ ၁၂ ကိုယ် အလိုသို့လိုက်၍ အဘယ်ကြောင့် လွှဲ သွားသနည်း။ အဘယ်ကြောင့် မျက် စောင်းထိုးသနည်း။ ၁၃ သင် ၏စိတ် သဘောသည် ဘုရား သခင်နှင့် ဆန့်ကျင် ဘက်ဖြစ်၍ ၊ နှုတ် နှင့် ပြစ်မှား ပေ၏။ ၁၄ လူ သည်အဘယ် သို့သောသူဖြစ်၍ သန့်ရှင်း နိုင်သနည်း။ မိန်းမ ဘွား သောသူသည် အဘယ်သို့သောသူဖြစ်၍ ဖြောင့်မတ် နိုင်သနည်း။ ၁၅ ဘုရားသခင်သည် မိမိ သန့်ရှင်း သူတို့ကိုပင် ယုံ တော်မ မူ။ ကောင်းကင် ဘုံသော်လည်း ရှေ့ တော်၌ မ စင်ကြယ်။ ၁၆ သို့ ဖြစ်လျှင် ၊ ရေ ကိုသောက်သကဲ့သို့ ဒုစရိုက် အပြစ်ကို သောက် လျက်၊ ဆိုးညစ် ရွံရှာ ဘွယ်သော လူ သတ္တဝါ၌ အဘယ် ဆိုဘွယ် ရှိသနည်း။ ၁၇ ငါ့ စကားကို နားထောင် လော့။ တပါး အမျိုးသားနှင့် မ ရောနှော ၊ ကိုယ်အမျိုးတမျိုးတည်းလျှင် မြေ ကို ပိုင်သော ပညာရှိ တို့သည်၊ ဘိုးဘေး လက်ထက်မှစ၍ မ ထိမ် မဝှက်၊ ပြော ဘူးသော အရာ၊ ငါ့ကိုယ်တိုင်မြင် သော အရာကို ငါပြသ မည်။ ၂၀ ဆိုး သောသူသည် တသက်လုံး ဒုက္ခ ဆင်းရဲကို ခံရ၏။ ညှဉ်းဆဲ တတ်သောသူသည် မိမိအသက် အပိုင်း အခြားကို မသိရ။ ၂၁ သူသည် ကြောက်မက် ဘွယ်သောအသံ ကို ကြား လျက်နေရ၏။ စည်းစိမ်ကို ခံစားစဉ် တွင်၊ ဖျက်ဆီး သောသူသည် လာတတ်၏။ ၂၂ မှောင်မိုက် ထဲ မှာ ဘေးလွတ် မည်ဟု မြော်လင့် စရာမ ရှိ။ ထား သည်သူ့ကို ချောင်းမြောင်း လျက်ရှိ၏။ ၂၃ စားစရာ ကို ရှာ၍လှည့်လည် ရ၏။ မိမိအတို့ မှောင်မိုက် ကာလ သည် အသင့် ရှိသည်ကို သိ ၏။ ၂၄ ဆင်းရဲ ခြင်းဒုက္ခနှင့် နာကြည်း ခြင်းဝေဒနာတို့သည် ထိုသူ ကို ချောက် တတ်၏။ စစ်တိုက် ခြင်းငှါ အသင့် နေသောရှင်ဘုရင် ကဲ့သို့ သူ ကို နိုင် တတ်၏။ ၂၅ အကြောင်း မူကား၊ ထိုသူသည် ဘုရား သခင်၏ အာဏာ တော်ကို ဆန် လျက်၊ အနန္တ တန်ခိုးရှင်တစ်ဘက် ကနေ၍ ကိုယ်ကိုခိုင်ခံ့ စေ၏။ ၂၆ လည်ပင်း ကို ဆန့်လျက်၊ ထူ သောဒိုင်း ပုနှင့် ဆီးကာလျက်၊ ဘုရား သခင်ကို တိုက်အံ့သောငှါပြေး ၏။ ၂၇ မိမိ မျက်နှာ ကို ဆူဖြိုး ခြင်းနှင့် ဖုံးအုပ် ၍၊ ဝမ်းပျဉ်း အသားသည်လည်း ဆူဖြိုးလျက် အတွန့်တွန့်နေ၏။ ၂၈ သို့သော်လည်း လူဆိတ်ညံ သောမြို့ ၊ အဘယ်သူမျှမ နေ။ လဲလှယော အိမ်တို့ ၌ သူသည်နေ ရ၏။

၂၉ ငွေ မ ရတတ်ရ၊ သူ ၏စည်းစိမ် မ တည် ရ။ သူ ၏ ဥစ္စာ ပစ္စည်းသည် မြေကြီး ပေါ် မှာ မ ပြန့်ပွါး ရ။ ၃၀ သူသည် မှောင်မိုက် ဘေးနှင့် မ လွတ် ရ။ မီးလျှံ သည်သူ ၏အခက် အလက်တို့ကို လောင်လိမ့်မည်။ ဘုရား သခင်၏ နှုတ်တော်အသက် အားဖြင့် သုတ်သင် ပယ်ရှင်းခြင်းကို ခံရ၏။ ၃၁ အဘယ်သူမျှလှည့်စား ခြင်းကိုခံ၍ အနတ္တ ကို မ ခိုလှုံစေနှင့်။ သို့မဟုတ်အနတ္တ အကျိုးကိုခံရ လိမ့်မည်။ ၃၂ အချိန် မ စေ့မီဆုံး ခြင်းသို့ ရောက်လိမ့်မည်။ သူ ၏ အခက် အလက်သည် မ စိမ်း ရာ။ ၃၃ စပျစ် နွယ်ပင်ကဲ့သို့ မိမိ ၌ မ မှည့်သော အသီးကိုဂင်း၊ သံလွင် ပင်ကဲ့သို့ မိမိ အပွင့်ကိုဂင်းချေ ရလိမ့်မည်။ ၃၄ အဓမ္မ လူ၏အသင်း သည် ဆိတ်ညံ လိမ့်မည်။ တံစိုး စားသောသူတို့၏နေရာ သည် မီးလောင် လိမ့်မည်။ ၃၅ ထိုသူတို့သည်မကောင်း သောအကြံကို ပဋိသန္ဓေ ယူ၍ အနတ္တ ကိုဘွား တတ်ကြ၏။ သူ တို့ဝမ်း ထဲ၌မုသာ ကို ကိုယ်ဝန်ဆောင်တတ်သည်ဟု မြွက်ဆို၏။

၁၆ ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ ထိုသို့ သောစကားများ တို့ကို ငါကြား ဘူးပြီ။ သင် တို့ရှိသမျှ သည် နှစ်သိမ့်စေခြင်းငှါ ပြုသော်လည်း၊ ပင်ပန်း စေသောသူဖြစ် ကြပါသည်တကား။ ၃ အချည်းနှီး သော စကားမကုန် နိုင်သလော။ သင် သည်စကားတုံ့ ပြန် ပြောခြင်းငှါ အဘယ်ကြောင့် ရဲရင့် သနည်း။ ၄ သင် တို့ပြော သကဲ့သို့ငါ သည်လည်း ပြော နိုင်၏။ သင် တို့သည် ငါ ကဲ့သို့ ဖြစ် လျှင် ၊ ငါသည်သင် တို့တစ်ဘက် က စကား များကို ပုံ၍ထားနိုင်၏။ ခေါင်း ကိုလည်း ခါ နိုင်၏။ ၅ ထိုသို့ငါသည်မပြုဘဲ၊ သင် တို့ကို ငါ့ စကား နှင့် မစ မည်။ အချည်းနှီးသောစကားကို ငါချုပ်တည်း မည်။ ၆ ယခုမှာငါသည် ပြော သော်လည်း မ သက်သာ ၊ မပြောဘဲနေလျှင်လည်း ခြားနားခြင်းမရှိ။ ၇ ဘုရားသခင်သည် ငါ့ ကိုပင်ပန်း စေတော်မူပြီ။ ငါ့ အိမ် ကို သုတ်သင် ပယ်ရှင်းတော်မူပြီ။ ၈ ငါ့ ကိုခြေချင်းခတ်တော်မူ၍၊ ထိုခြေချင်းသည်ငါ့ တစ်ဘက်က သက်သေခံ ၏။ ငါ ပိန်ကြုံ ခြင်းအရာသည် လည်း ငါ့ တစ်ဘက် ကထ ၍ မျက်နှာ ချင်းဆိုင်လျက် သက်သေခံ ၏။ ၉ အမျက် တော်သည် ငါ့ ကိုအပိုင်းပိုင်းဆွဲဖြတ် ၍ ညှဉ်းဆဲတတ်၏။ ငါ့ အပေါ် မှာ အံသွား ခဲကြိတ် ခြင်းကို ပြုတော်မူ၏။ ငါ့ ရန်သူ သည်ငါ့ ကို မျက်စောင်း ထိုး၏။ ၁၀ သူတပါးတို့သည် ငါ့ ကို ပစပ် ဟကြ၏။ အရှက် ခွဲ၍ ပါး ကိုပုတ် ကြ၏။ ငါ့ တဘက် က တညီတညွတ် တည်းစုဝေး ကြ၏။ ၁၁ ဘုရား သခင်သည်ငါ့ ကို မ တရားသောသူတို့တွင် ချုပ်ထား တော်မူပြီ။ လူဆိုး တို့၏ လက် သို့ အပ် တော်မူပြီ။ ၁၂ ငါသည်ငြိမ်ဝပ်လျက်နေသောအခါ ငါ့ အရိုးတို့ကို ချိုး တော်မူ၏။ လည်ပင်း ကိုကိုင် ၍ အပိုင်းပိုင်းပြတ်စေ ခြင်းငှါလှုပ် တော်မူ၏။ ငါ့ ကို ပစ်စရာစက်သွင်းတော်မူ ၏။ ၁၃ မြား တော်တို့သည် ငါ့ ကိုဝိုင်း ၍ ကရုဏာ တော် မ ရှိဘဲ၊ ငါ့ ကျောက်ကပ် ကို စူးစေတော်မူ၏။ ငါ့ သည်းခြေ အရည်ကိုမြေ ပေါ် ၌ သွန်း တော်မူ၏။ ၁၄ ငါ့ ကိုအထပ်ထပ်ဆွဲဖြတ်၍၊ သူရဲ ကဲ့သို့ ငါ့ ကို ဟုန်းဟုန်းတိုက်လာတော်မူ၏။ ၁၅ ငါသည်ကိုယ် အရေ ပေါ် မှာ လျှော်တေ အဝတ်ကို ချုပ် ၍ ကိုယ် ဦးချို ကို ၎ နှင့် လူး ပြီ။ ၁၆ ငို ခြင်းအားဖြင့် ငါ့ မျက်နှာ ပျက်လျက်၊ ငါ့မျက်ခမ်း အပေါ် မှာ သေခြင်း အရိပ်လွှမ်းမိုးလျက်ရှိ၏။ ၁၇ သို့သော်လည်းငါ့ လက် ၌ မ တရားသော အမှုမ ရှိ။ ငါပြုသော ပဌနာ သည် သန့်ရှင်း ၏။ ၁၈ အိုမြေကြီး ၊ ငါ့ အသွေး ကိုဖုံး ၍ မ ထားပါနှင့်။ ငါ အော်ဟစ် ခြင်းအသံကို သင်၌မ နေ စေနှင့်။ ၁၉ ဤအမှု၌ ငါ့ သက်သေ သည်

ကောင်းကင် ပေါ် မှာ ရှိ၏။ ၂၀ ငါ့သဘောကို သိသောသူသည် မြင့် သောအရပ်၌ ရှိ၏။ ငါ့ အဆွေ ခင်ပွန်းတို့သည် ငါ့ ကိုကဲ့ရဲ့ ၍၊ ငါသည် ဘုရား သခင့်ရှေ့တော်၌ မျက်ရည် ကျလျက်နေ၏။ ၂၁ လူ သည် မိမိ အသိ အကျွမ်းနှင့် ဆွေးနွေး သကဲ့သို့ဘုရား သခင်နှင့် ဆွေးနွေးရသောအခွင့်ရှိပါစေသော။ ၂၂ နှစ် ပေါင်းမကြာမမြင့်မီတဖန်ပြန် ၍ မ လာရ သောလမ်း သို့ ငါလိုက်သွား ရတော့မည်။

၁၇ ငါ့ အသက် ကုန်ပြီ။ ငါ နေရသော ကာလ လွန်ပြီ။ သင်္ချိုင်း သည် ငါ့ အဘို့ ဖြစ်၏။ ၂ ကဲ့ရဲ့ တတ်သောသူတို့ သည် ငါ့ ရှေ့ မှာရှိကြသည်မ ဟုတ်လော။ သူ တို့နှောင့်ရှက်သော အခြင်းအရာတို့ကို အစဉ် ငါ ကြည့်မြင်ရသည်မဟုတ်လော။ ၃ အပေါင် ထားပါတော့။ အာမခံပေးပါတော့။ အဘယ်သူ သည် ငါနှင့်ဂတိသစ္စာထားမည်နည်း။ ၄ ကိုယ်တော်သည် သူ တို့ဉာဏ် ကိုကွယ် စေတော်မူသည်ဖြစ်၍ ၊ သူတို့ကို ချီးမြှောက် တော်မ မူရ။ ၅ အကြင်သူသည် ဥစ္စာ ကိုလုယူအံ့သောငှါအဆွေ ခင်ပွန်းကို အပ်၏၊ ထိုသူ ၏သား တို့သည် မြော်လင့်၍ စိတ်ပျက် ရကြလိမ့်မည်။ ၆ ငါ့ကို သူတပါးကဲ့ရဲ့စရာ အကြောင်းဖြစ်စေတော်မူ၍၊ သူတို့သည် ငါ့ကိုရွံကြ၏။ ၇ ဝမ်းနည်း ခြင်းအားကြီးသောကြောင့်ငါ့ မျက်စိ မှုန် ၏။ ကိုယ် အင်္ဂါများတို့သည် အရိပ် ကဲ့သို့ ဖြစ်ကြ၏။ ၈ ဖြောင့်မတ် သောသူတို့ သည် ဤ အမှုကြောင့် မိန်းမော တွေဝေကြလိမ့်မည်။ အပြစ် ကင်းလွတ်သောသူတို့ သည် အဓမ္မ လူများတစ်ဘက် က ကိုယ်ကိုကိုယ်နှိုးဆော် ကြလိမ့်မည်။ ၉ ဖြောင့်မတ် သောသူတို့ သည်လည်း တည်ကြည်ခြင်း၊ လက် စင်ကြယ် သောသူတို့သည် ခွန်အား တိုးပွါးခြင်း ရှိကြလိမ့်မည်။ ၁၀ သင်တို့မူကား တယောက် မျှမကြွင်း၊ ပြန် သွားကြပါ တော့။ သင် တို့တွင် ပညာရှိ တစုံတယောက်ကိုမျှ ငါ မ တွေ့ နိုင်။ ၁၁ ငါ့ နေ့ ရက်လွန် ပြီ။ ငါနှလုံး သွင်းမိသော အကြံအစည် တို့သည် ပျက်စီး ခြင်းသို့ ရောက်ကြပြီ။ ၁၂ ညဉ့် သည် ငါ၌ နေ့ ကဲ့သို့ ဖြစ်၍၊ ငါ့အလင်း သည် မှောင်မိုက် နှင့် နီးစပ် ၏။ ၁၃ သင်္ချိုင်း သည် ငါ့ နေရာ ဖြစ်သည်ကို ငါမြော်လင့် ၏။ ငါ့ အိပ်ရာ သည် မှောင်မိုက် ၌ ခင်း လျက်ရှိ၏။ **(Sheol h7585)** ၁၄ ပုပ်စပ် ခြင်းအား ၊ သင် သည် ငါ့ အဘ ဖြစ်၏ဟူ၍၎င်း၊ တီကောင် အား သင်သည်ငါ့ အမိ ၊ ငါ့ နှမ ဖြစ် သည်ဟူ၍၎င်း ငါဆို ရ၏။ ၁၅ သို့ ဖြစ်၍ အဘယ်သို့ ငါ မြော်လင့် ရသနည်း။ ငါ မြော်လင့် စရာအကြောင်းကို အဘယ်သူ မြင် ရသနည်း။ ၁၆ ထိုအကြောင်းသည် မရဏ နိုင်ငံအထဲသို့ဝင်၍၊ ငါနှင့်အတူ မြေမှုန့် ၌ နှိမ့်ချလျက်နေရမည်ဟု မြွက်ဆို၏။ **(Sheol h7585)**

၁၈ တဖန် ရှုအာ အမျိုးသားဗိလဒဒ် မြွက်ဆို သည် ကား၊ ၂ ဤစကား သည် အဘယ် အခါမှ ပြတ် လိမ့်မည်နည်း။ သတိပြု ကြ။ သို့မှသာ ငါတို့သည် စကား ပြောကြ မည်။ ၃ သင်သည်ငါတို့ကို တိရစ္ဆာန် ကဲ့သို့ အဘယ်ကြောင့် မှတ် သနည်း။ အဘယ်ကြောင့်မထီမဲ့မြင်ပြု သနည်း။ ၄ အမျက် ထွက်၍ မိမိ ကိုယ်ကို ကိုက် ဖြတ်သောသူ၊ သင့် အတွက် မြေကြီး ကိုစွန့်ပစ် ရမည်လော။ ကျောက် သည် မိမိ နေရာ မှ ရွေ့ ရမည်လော။ ၅ အကယ်စင်စစ်ဆိုး သောသူ၏ အလင်း သည် ကွယ် လိမ့်မည်။ သူ ၏မီး လျှံ မ တောက် ရ။ ၆ သူ ၏နေရာ အလင်း လည်း မှောင်မိုက် ဖြစ်လိမ့်မည်။ သူ ၏ဆီမီး လည်း သေ လိမ့်မည်။ ၇ ခိုင်ခံ့ စွာသွားသောအခါ ကျဉ်းမြောင်း ရာသို့ ရောက်လိမ့်မည်။ မိမိ အကြံ

အစည်အားဖြင့်ရှုံး ရလိမ့်မည်။ ၈ ပိုက် ထဲသို့ အလိုလိုဝင်တတ်၏။ ကျော့ကွင်း ပေါ် မှာ နင်း တတ်၏။ ၉ ဂိုင်းပြုတ်၍ ခြေ ကို မိ သဖြင့် ကျော့ကွင်း နှင့် မ ကျွတ်နိုင်ဘဲ နေရ၏။ ၁၀ မြေ ၌ ဂျမ်းကြိုး ကို သူ့အဘို့ ဝှက်ထား လျက်၊ သူသွားရာလမ်း ၌ ထောင်ချောက် ကို ပြင်လျက်ရှိ၏။ ၁၁ ကြောက်မက် ဘွယ်သော အခြင်းအရာတို့သည် ဝိုင်း ၍ ကျပ်တည်းစွာ လိုက် နှင့်ကြလိမ့်မည်။ ၁၂ သူသည် ငတ်မွတ် သောအားဖြင့် အားလျော့လျက်၊ ပျက်စီး ခြင်း ဘေးနှင့် တွေ့လုလျက်ရှိ၏။ ၁၃ ထိုဘေးသည် သူ ၏အရိုးတို့ကို ကိုက် ခဲ၍၊ သေမင်း ၏သား ဦးသည် သူ ၏ခွန်အား ကို မျိုု လိမ့်မည်။ ၁၄ သူ ခိုလှုံ ရာအကြောင်းကို သူ ၏နေရာ မှ ပယ်ရှင်း ၍၊ သူ့ကိုယ်ကို ဘေးဒဏ် တို့၏ ရှင် ဘုရင်ထံသို့ ဆောင် သွား ရ၏။ ၁၅ သူ ၏နေရာ ၌ အရှင်မ ရှိ။ ပျက်စီးခြင်းဘေးနေ၍ အမိုးပေါ် မှာ ကန့် ဖြူးလျက်ရှိလိမ့်မည်။ ၁၆ သူ ၏အမြစ် တို့သည် သွေ့ ခြောက်လျက် ၊ အခက် အလက်တို့လည်း သေလျက်ရှိကြလိမ့်မည်။ ၁၇ မြေ ပေါ် မှာသူ့ ကို အောက်မေ့ စရာအမှတ် ပျောက်ပျက် ၍၊ ပွဲသဘင်၌ သူ ၏နာမ ကို အဘယ်သူမျှမ ခေါ် မပြော။ ၁၈ သူ့ ကိုအလင်း ထဲက မှောင်မိုက် ထဲသို့ မောင်း ၍ လူ့ ပြည်မှ နှင်ထုတ်ရ၏။ ၁၉ သူ့ အမျိုး တွင် သူ့ သား မြေး မ ရှိ။ သူ၏အိမ်သူအိမ်သားတယောက်မျှ မ ကျန်ရစ် ရ။ ၂၀ သူ ၏လက်ထက် ၌ ရှိသောသူတို့ သည် ထိတ်လန့် သကဲ့သို့၊ သူ့နောက် ၌ဖြစ်သောသူတို့ သည် သူ၏အမှု ကြောင့် မိန်းမော တွေဝေကြလိမ့်မည်။ ၂၁ အကယ် စင်စစ်ဆိုး သောသူ ၏နေရာ သည် ထိုသို့ သော လက္ခဏာရှိ၏။ ဘုရား သခင်ကိုမ သိ သောသူသည် ထိုသို့ သော နေရာ သို့ ရောက်လိမ့်မည်ဟု မြွက်ဆို၏။

၁၉ ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ သင်တို့သည် ငါ့ စိတ်ဝိညာဉ် ကိုနှောင့်ရှက် ၍ အဘယ်မျှ ကာလပတ်လုံး သင်တို့စကား ဖြင့် ငါ့ ကိုချိုးဖဲ့ ကြလိမ့်မည်နည်း။ ၃ ဆယ် ကြိမ် မြောက်အောင်ငါ့ ကို ကဲ့ရဲ့ ကြပြီ။ ငါ့ ကို မိန်းမော တွေဝေ စေခြင်းငှါ အရှက် မ ရှိဘဲပြုကြပြီ။ ၄ ငါပြစ်မှား ပြီ မှန် စေတော့။ ငါ့ အပြစ် နှင့် ငါ သာဆိုင်၏။ ၅ သင်တို့သည်ငါ့ အပေါ် ၌ ဝါကြွား ၍၊ ငါအရှက် ခံရသောကြောင့်၊ ငါ၌အပြစ်တင် ကြသော်လည်း၊ ၆ ဘုရား သခင်သည်ငါ့ ကိုလှဲ ၍ မိမိ ကျော့ကွင်း ၌ ကျော့မိတော်မူကြောင်းကို သိမှတ် ကြလော့။ ၇ ငါသည်ကိုယ်ခံရသောညှဉ်းဆဲ ခြင်းကိုအကြောင်းပြု၍ မြည်တမ်း သော်လည်း ၊ အဘယ်သူမျှနား မ ထောင်။ အော်ဟစ် သော်လည်း တရား သဖြင့် စီရင်သောသူမ ရှိ။ ၈ ငါမ သွား နိုင်အောင် ငါ့ရှေ့မှာအဆီး အကာပြု၍၊ ငါ သွားရာလမ်း ၌ မှောင်မိုက် ကိုထားတော်မူပြီ။ ၉ ငါ့ ဂုဏ် အသရေကိုချွတ် ၍၊ ငါ့ ခေါင်း က ပေါင်းသရဖူ ကိုချ တော်မူပြီ။ ၁၀ ငါ့ ကိုဝိုင်း ၍ ဖျက်ဆီး တော်မူသဖြင့် ငါပျောက် ကုန်ပြီ။ သစ်ပင် ကို နှုတ် သကဲ့သို့ ၊ ငါ မြော်လင့် ရသောအခွင့်ကို နှုတ်တော်မူပြီ။ ၁၁ ငါ ၌ အမျက် တော်ကိုနှိုးဆော်၍၊ ငါ့ ကိုရန်သူ ကဲ့သို့မှတ် တော်မူ၏။ ၁၂ စစ်ချီလာ၍၊ စစ်သူရဲ တော်တို့သည် ငါ့ ရှေ့သို့ ရောက် ခြင်းငှါ၊ ကျုံးတူး၍ ငါ့ ပတ်လည် ၌ တပ်ချ ကြ၏။ ၁၃ ငါ့ ညီအစ်ကို တို့ကို ငါ နှင့် ကွာဝေး စေတော်မူ၏။ ငါ့အသိ အကျွမ်းတို့သည် ငါ့ကိုမသိ၊ ရိုင်း သောသူဖြစ် ကြ၏။ ၁၄ ငါ့ ပေါက်ဘော် တို့သည် ငါ့ကိုစွန့် ၍၊ ငါ့ သူငယ်ချင်း တို့သည် မေ့လျော့ ကြ၏။ ၁၅ ငါ့ ကျွန် မများ၊ ငါ့ အိမ်သူ အိမ်သားများတို့သည် ငါ့ ကိုဧည့်သည် ကဲ့သို့ ၎င်း၊ တကျွန်း တနိုင်ငံသားကဲ့သို့၎င်း မှတ် ကြ၏။ ၁၆ ငါ့ ကျွန် ကိုငါခေါ် သောအခါသူသည် မ ထူး ၊ သူ့ ကို နှုတ်ဆက်၍ တောင်းပန် ရ၏။ ၁၇ ငါ့ မယား သည် ငါ့

အသက် လေကိုငင်း၊ ငါ့ သား သမီး တို့သည် ငါမြည်တမ်းခြင်းအသံကိုငင်းရွံကြ၏။ ၁၈ သူငယ် တို့သည်လည်း ငါ့ကို မထီမဲ့မြင် ပြု၍ ငါထ သောအခါ ကဲ့ရဲ့ကြ၏။ ၁၉ ငါ့ မိတ်ဆွေ တို့သည် ငါ့ ကိုရွံ ၍၊ ငါချစ် သောသူတို့ သည် ငါ့ ရန်သူဖြစ်ကြ၏။ ၂၀ ငါ့ အရေ အသား သည်ငါ့ အရိုး တို့ ၌ ကပ် လျက်ရှိ၏။ သွားဖုံး တခုသာပါလျက်ငါပြေးလွတ် ရ၏။ ၂၁ အိုအဆွေ ခင်ပွန်းတို့၊ ငါ့ ကိုသနား ကြပါ။ ငါ့ ကိုသနား ကြပါ။ ဘုရား သခင်၏ လက် တော်သည် ငါ့ ကို ထိခိုက် ပါပြီ။ ၂၂ ဘုရား သခင်ညှဉ်းဆဲတော်မူသည်နည်းတူ အဘယ်ကြောင့် သင်တို့သည် ညှဉ်းဆဲ ကြသနည်း။ အဘယ်ကြောင့်ငါ့ အသား ကို စား၍ မ ရောင့််ရဲ ဘဲနေကြသနည်း။ ၂၃ ငါ့ စကား ကိုယခုရေးမှတ် ပါစေသော။ စာရင်း ၌ သွင်းထားပါစေသော။ ၂၄ ခဲပြား ပေါ် မှာကညစ် နှင့် အက္ခရာ တင်လျက်၊ ကျောက်စာ ထိုး လျက်မြဲ ပါစေသော။ ၂၅ ငါ့ ကို ရွေးနှုတ် သောသခင်သည် အသက် ရှင်၍၊ နောင် ကာလ၌ မြေမှုန့် အပေါ် မှာ ပေါ် လာတော်မူမည် ဟူ၍ငင်း၊ ၂၆ ငါ့ အရေ ကုန်ပြီးမှ ဤ ကိုယ်ကိုပင် ဖျက်ဆီး သော်လည်း၊ ငါသည်ကိုယ်ခန္ဓါ ၌ ဘုရား သခင်ကိုမြင် မည်ဟူ၍ငင်း ငါသိ ၏။ ၂၇ ငါ့ဘက်၌ နေတော်မူသောဘုရားသခင်ကို ငါမြင် မည်။ သူတပါး မြင် သည်သာမက၊ ငါ သည် ကိယ် မျက်စိ နှင့်ဖူးမြင်မည်။ ထိုသို့မျော်လင့်၍ ငါ့ ကျောက်ကပ် သည် ပျက် လျက်ရှိ၏။ ၂၈ ယခုမှာသင်တို့က၊ ငါတို့သည် သူ့ ကို အဘယ်သို့ ညှဉ်းဆဲ ရမည်နည်း။ သူ၌အပြစ်တင်သောအခွင့်ကို အဘယ်သို့တွေ့ရမည်နည်းဟု ဆိုကြသည်ဖြစ်၍၊ ၂၉ ထား ဘေးကိုကြောက် ကြလော့။ အကြောင်း မူကား၊ အမျက် တော်သည်ထား ဘေးဖြင့် အပြစ် ပေးတတ် ၏။ အပြစ် စီရင်ရသောအချိန်ရှိကြောင်းကို သိမှတ် ကြလော့ဟု မြွက်ဆို ၏။

၂၀ တဖန် နေမတ် အမျိုးသားဇောဖာ မြွက်ဆို သည်ကား၊ ၂ ငါ ပြန် ပြောရမည်အကြောင်း၊ ငါ့စိတ်နှလုံးသည် နှိုးဆော် သောကြောင့် ၊ ပြောချင်သောစိတ်အားကြီး၏။ ၃ ငါသည်ကိုယ်ခံရသောကဲ့ရဲ့ ပြစ်တင်ခြင်း စကား ကိုကြား ၍၊ ငါ့ ဉာဏ် သဘောနှိုးဆော်သဖြင့် ငါ ပြန် ပြော ရ၏။ ၄ ရှေ့ဦးစွာသောကာလ၊ လူ ကို မြေကြီး ပေါ် မှာ နေရာချ စကာလမှစ၍၊ ၅ ဆိုး သောသူသည်ကြာမြင့်စွာကာလ မဝါကွားရ ကြောင်းကိုငင်း ၊ အဓမ္မ လူသည် ခဏ သာ ဝမ်းမြောက် ကြောင်း ကိုငင်းမသိသလော။ ၆ သူ ၏ ဘုန်း သည် မိုဃ်း ပေါ် သို့တက် ၍ ၊ သူ ၏ ခေါင်း သည် မိုဃ်းတိမ် တိုင်အောင် မှီ သော်လည်း၊ ၇ မိမိ မစင် ကဲ့သို့ အစဉ် ပျက် ရလိမ့်မည်။ သူ့ ကို မြင် ဘူးသောသူတို့ က၊ ထိုသူ သည် အဘယ် မှာရှိသနည်းဟုမေး ကြလိမ့်မည်။ ၈ သူသည်အိပ်မက် ကဲ့သို့ လွင့် ပြား၍ နောက်တဖန် မ တွေ့ ရ။ ညဉ့် ရူပါရုံ ကဲ့သို့ ကွယ်ပျောက် ရလိမ့်မည်။ ၉ သူ့ ကိုမြင် ဘူးသော မျက်စိ သည် နောက် တဖန် သူ့ကို မ ကြည့်မရှုရ။ သူ ၏နေရာ အရပ်သည် နောက် တဖန်သူ့ ကိုမ မြင် ရ။ ၁၀ သူ ၏သား တို့သည် ဆင်းရဲသား တို့ကို ဖျောင်းဖျ ရကြ၏။ သိုထားသောဥစ္စာ ကို ကိုယ် လက် နှင့် ပြန် ပေး ရကြ၏။ ၁၁ သူ ၏အရိုး တို့သည် ပျို သောအရွယ်၏ အရှိန် နှင့်ပြည့်စုံ သော်လည်း၊ သူ နှင့်တကွ မြေမှုန့် ၌ အိပ် ရကြ လိမ့်မည်။ ၁၂ သူသည်မိမိ ပစပ် ၌ ဒုစရိုက်ကိုချို နိုးထင်၍၊ မိမိ လျှာ အောက် မှာ ဝှက်ထား လျက်၊ ၁၃ နှမြော သဖြင့် မ စွန့် ရက်ဘဲ၊ မိမိ ပစပ် ၌ ငုံ သော်လည်း ၊ ၁၄ စားပြီးလျှင်သူ ၏ ဝမ်း ထဲမှာ သဘောပြောင်း ၍ မြွေဆိုး အဆိပ် အတောက်ဖြစ်လိမ့်မည်။ ၁၅ သူမျို သောစည်းစိမ် ဥစ္စာကို တဖန်အန်

ရ လိမ့်မည်။ ဘုရား သခင်လည်း သူ့ ကို ဝမ်း နှုတ် တော်မူမည်။ ၁၆ သူသည် မြွေဆိုး အဆိပ် အတောက်ကို စို့ ၍ မြွေဟောက် ကိုက်သဖြင့် သေ ရလိမ့်မည်။ ၁၇ အသွယ်သွယ်သောမြစ် ၊ နို့ နှင့် ပျားရည် စီးသော မြစ် တို့ကို မ မြင် ရ။ ၁၈ မိမိလုပ် ၍ရသောဥစ္စာကို မိမိမ သုံး ဘဲ ပြန် ပေး ရ၏။ ပြန်ပေးရသောဥစ္စာ ဖြစ်သောကြောင့် အားရ ခြင်းမ ရှိရ။ ၁၉ ဆင်းရဲသား တို့ကို ညှဉ်းဆဲ စွန့်ပစ် ၍၊ မိမိ မ ဆောက် သော အိမ် ကို လုယူ သောကြောင့် ၎င်း၊ ၂၀ လောဘ မပြေ နိုင် သောကြောင့် ၎င်း၊ အလိုရှိ သော ဥစ္စာ တစုံတခု မျှ မကြွင်း ဆုံးရှုံး ရ လိမ့်မည်။ ၂၁ သူ လုယူ ချင ်သော လောဘ လက်နှင့် အဘယ် အရာမျှ မလွတ် သောကြောင့်၊ သူ၏ စည်းစိမ် မတည်ရ။ ၂၂ ဥစ္စာကြွယ်ဝ စဉ် တွင်ပင် ဆင်းရဲ ခြင်းနှင့်တွေ့ ၍၊ အမျိုးမျိုး သော အမှုတို့သည် ရောက် ကြလိမ့်မည်။ ၂၃ သို့သော်လည်းသူသည်ဝ စ္စာစားရ၏။ ဘုရား သခင်သည် အမျက် တော်အရှိန် ကို လွှတ် ၍သူစားစရာဘို့ အမျက်တော် မိုးယံး ကို ရွာစေတော်မူမည်။ ၂၄ သံ လက်နက် ကိုရှောင် ၍ ပြေးသော်လည်း၊ ကြေးဝါ လေး ဖြင့် ထုတ်ချင်း ခွင်းလိမ့်မည်။ ၂၅ မြှားကိုနှုတ် လျှင် မိမိကိုယ်ထဲက ထွက် လာ၏။ အရောင် တောက် သောထားသည်သူ ၏ သည်းခြေ ထဲက ထွက် လာ၍၊ သူသည် မိန်းမော တွေဝေလျက် နေရ၏။ ၂၆ ခပ်သိမ်း သောဘေး တို့သည် သူ့ အဘို့ သိုထား လျက်ရှိကြ၏။ လူမ မွေး သောမီး သည် သူ့ ကိုလောင် လိမ့်မည်။ သူ ၏နေရာ ၌ ကြွင်း သမျှသောအရာတို့ကို လောင် လိမ့်မည်။ ၂၇ မိုးယံးကောင်းကင် သည် သူ ၏အပြစ် ကို ဘော်ပြ ၍ ၊ မြေကြီး သည်လည်း သူ့ တစ်ဘက် ၌ ထ လိမ့်မည်။ ၂၈ သူ ၏အိမ် ၌ရှိသောဥစ္စာ သည်ကွယ်ပျောက် ၍၊ အမျက် တော် ထွက်သာနေ့ ၌ ရေကဲ့သို့စီး သွားလိမ့်မည်။ ၂၉ ထိုသို့ သောဆုလပ် ကို ဘုရား သခင်သည် လူဆိုး အားပေးတော်မူ၏။ ထိုသို့သောအမွေ ဥစ္စာကို ဘုရား သခင် ခွဲဝေစီရင်တော်မူသည်ဟု မြွက်ဆို ၏။

၂၁ ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ ငါ့ စကား ကိုစေ့စေ့နားထောင် ၍ ငါ့အားနှစ်သိမ့် ခြင်းကို ပြု ကြလော့။ ၃ ငါ ပြော ရသောအခွင့်ရှိစေခြင်းငှါသည်းခံ ကြလော့။ ငါပြော ပြီးမှ ပြက်ယယ် ပြုချင်လျှင် ပြုကြလော့။ ၄ ငါ မြည်တမ်း သောအရာနှင့် လူ ဆိုင်သလော။ အဘယ်ကြောင့် စိတ် မ တို သင့်သနည်း။ ၅ ငါ့ ကို ကြည့်ရှု လျက် မိန်းမော တွေဝေ၍ ၊ သင်တို့ပစပ် ကို သင်တို့လက် နှင့် ဖုံးအုပ် ကြလော။ ၆ ငါသည်အောက်မေ့ သောအခါ ၊ မိန်းမော တွေဝေ၍ ၊ ကိုယ် အသားသည် တုန်လှုပ် လျက်ရှိ၏။ ၇ လူဆိုး တို့သည် အသက် ရှင်ရုံမျှမက၊ အဘယ်ကြောင့် အသက် ကြီး၍ ဘုန်း စည်းစိမ်နှင့် ပြည့်စုံ ကြသနည်း။ ၈ သူ တို့သား သမီးတို့သည် သူ တို့ပတ်ဝန်းကျင်အရပ်၌ ၎င်း၊ သူ တို့အမျိုးအနွယ် သည် သူ တို့ရှေ့မှောက် ၌ခင်း နေရာ ကျကြ၏။ ၉ သူ တို့အိမ် များသည်လည်း ဘေး နှင့်လွတ်၍ ငြိမ်ဝပ် ကြ၏။ ဘုရား သခင်ဒဏ်ခတ် တော်မူခြင်းနှင့် ကင်းလွတ် ကြ၏။ ၁၀ သူ တို့နွားလား သည် မ ချွတ်မလွဲ အရွယ် လိုက်တတ်၏။ နွားမ သည်လည်း ဝမ်းပိုး မ ပျက်ဘွား တတ်၏။ ၁၁ သူ တို့သူငယ် များကို သိုးစု ကဲ့သို့ လွှတ် ၍ ၊ သား သမီးတို့သည် ကခုန် တတ်ကြ၏။ ၁၂ သူတို့သည် ပတ်တာ နှင့် စောင်း ကို တီးလျက်၊ သီချင်းဆို၍ နဲခရာ မှုတ်သံ နှင့် ဝမ်းမြောက် တတ်ကြ၏။ ၁၃ ပျော်မွေ့လျက် အသက်ကာလ ကို လွန် စေ၍၊ ချက်ခြင်း သေမင်း နိုင်ငံသို့ ဆင်းသက် တတ်ကြ၏။ **(Sheol h7585)** ၁၄ ဘုရား သခင်အား လည်း ၊ ငါ တို့ထံမှ

ထွက်သွား လော့။ ကိုယ်တော် ၏တရား ကို ငါတို့မ သိ လို ဟူ၍ငင်း၊ ၁၅ အနန္တ တန်ခိုးရှင်သည် အဘယ်သို့ သောသူဖြစ်၍ငါတို့သည် ဝတ်ပြု ရမည်နည်း။ သူ့ ကို ဆုတောင်း လျှင် အဘယ် ကျေးဇူး ရှိလိမ့်မည်နည်းဟူ၍ငင်း ဆိုတတ်ကြ၏။ ၁၆ သို့သော်လည်း သူတို့သည် ကိုယ် စည်းစိမ် ကို ကိုယ်မ ပိုင်ကြ။ မ တရားသောသူတို့၏ အကြံအစည် ကို ငါသည် ဝန်မခံ။ ၁၇ မ တရားသောသူတို့၏ မီးခွက် သည် သေ ၍ ၊ သူ တို့ကို ဖျက်ဆီး ခြင်းငှါဘုရားသခင်သည် အမျက် တော် ထွက်သဖြင့်၊ ဘယ် နှစ်ကြိမ်ဘေးဥပဒ် တို့ကို စီရင် တော်မူဘူးသည်ကိုငင်း၊ ၁၈ သူတို့သည် လေ ရှေ့မှာအမှိုက် နှင့် မုန်တိုင်း တိုက် သွားသော ဖွဲ ကဲ့သို့ ဘယ်နှစ်ကြိမ်ဖြစ် ဘူးသည်ကိုငင်း၊ ၁၉ ဘုရား သခင်သည် သူ ၏အပြစ် ကို သူ ၏သားသမီး တို့အဘို့ ဘယ်နှစ်ကြိမ်သိုထားတော်မူဘူးသည်ကိုငင်း၊ သူသည်ကိုယ်တိုင်သိ ၍၊ ၂၀ ကိုယ် ပျက်စီးခြင်းကိုကိုယ် မျက်စိ နှင့် မြင်လျက်၊ အနန္တ တန်ခိုးရှင်၏အမျက် တော်ကို သောက် စိမ့်သောဌ၊ သူ၏အပြစ်ကို ဘယ်နှစ်ကြိမ်ဆပ်ပေးတော်မူဘူးသည်ကိုငင်း သိမှတ် ကြလော့။ ၂၁ သူ နေရသောနှစ်လ စေ့သောအခါ ၊ သူ့ သားသမီးတို့ ၌ ရောက်သောအမှုနှင့် သူသည် အဘယ်သို့ ဆိုင်သနည်း။ ၂၂ မြင့် သောအရပ်၌နေသောသူတို့ကို အစိုးရ တော်မူသောဘုရား သခင်ကို အဘယ်သူ သွန်သင် လိမ့်မည်နည်း။ ၂၃ တ ယောက်သောသူကား ခွန်အား နှင့် ပြည့်စုံ လျက် ၊ ငြိမ်ဝပ် ချမ်းသာ စွာ သေ တတ်၏။ ၂၄ သူ ၏နံဖေး တို့သည် ဆူဖြိုး ၍၊ အရိုး တို့လည်း ခြင်ဆီ နှင့် စိုစွတ် ကြ၏။ ၂၅ တ ယောက်သောသူကား တခါမျှမ ပျော်မွေ့ ၊ စိတ် ညှိုးငယ် လျက် သေ တတ်၏။ ၂၆ နှစ် ယောက်လုံးတို့သည် မခြားမနာ၊ မြေမှုန့် ၌ အိပ် ၍ တီကောင် များ ဖုံးလွှမ်း ခြင်းကိုခံရကြ၏။ ၂၇ သင် တို့သည် အောက်မေ့ သောအရာ၊ ငါ့ ကို မနာလို သောစိတ် နှင့်ဆင်ခြင်သောအရာတို့ကို ငါသိ ၏။ ၂၈ အာဏာ ထားတတ်သောသူ ၏အိမ် သည် အဘယ် မှာရှိသနည်း။ မ တရားသောသူတို့၏ ဘုံဗိမာန်တို့ သည် အဘယ် မှာရှိသနည်းဟု သင်တို့သည် ဆို ကြလိမ့်မည်။ ၂၉ ခရီးသွား သောသူတို့ကို မ မေး ကြဘူးသလော။ ၃၀ ဖျက်ဆီး ရာနေ့ရက် ကာလဘို့ မ တရားသောသူတို့ သည် ယခုဘေးလွတ် လိမ့်မည်အကြောင်း၊ ဒေါသ အမျက်ခံရာနေ့ရက် ကာလဘို့ ယခုထွက်မြောက်လိမ့်မည်အကြောင်းတည်းဟူသောသူ တို့လက္ခဏာ သက်သေများကို မ သိ ကြသလော။ ၃၁ သူ ပြု သောအမှုကို သူ့ ရှေ့ မှာ အဘယ်သူ ဘော်ပြ လိမ့်မည်နည်း။ သူ၏အပြစ်နှင့်အလျောက်အဘယ် သူဆပ်ပေး လိမ့်မည်နည်း။ ၃၂ သူ သည် သင်္ဂြိဟ် ခြင်းသို့ရောက်၍ ၊ သူ၏သချိုင်း ပုံကို အစောင့် ထားကြလိမ့်မည်။ ၃၃ သူသည် ချိုင့် မြေစိုင် တို့ကို ချိုနိုး ထင်လိမ့်မည်။ မ ရေတွက်နိုင်အောင်များစွာသောသူတို့သည် သူ့ ရှေ့၌ သွားနှင့်သကဲ့သို့၊ သူသည် လူ ခပ်သိမ်း တို့ကို မိမိ နောက် ၌ သွေးဆောင်လိမ့်မည်။ ၃၄ သို့ ဖြစ်၍ သင် တို့ ပြန် ပြောသော စကား၌ မုသာ ပါသောကြောင့်၊ အဘယ်သို့ ငါ့ ကို အချည်းနှီး နှစ်သိမ့် စေ ကြလိမ့်မည်နည်းဟု မြွက်ဆို၏။

၂၂ တဖန် တေမန် အမျိုးသားဧလိဖတ် မြွက်ဆို သည် ကား၊ ၂ လူ သည် မိမိပညာ အားဖြင့်မိမိ အကျိုး ကို ပြုစုသကဲ့သို့ဘုရား သခင်၌ ကျေးဇူး ပြုနိုင်သလော။ ၃ သင်၏ဖြောင့်မတ် ခြင်းအားဖြင့်၊ အနန္တ တန်ခိုးရှင်သည် ကျေးဇူးရှိတော်မူသလော။ သင် ၏အကျင့် ၌ အပြစ် မပါကြောင်းကို ထင်ရှားစေသောအားဖြင့်

အကျိုး စီးပွါးရှိတော်မူသလော။ ၄ သင့် ကိုကြောက်ရွံ့သောကြောင့် ဆုံးမ ပေးတော်မူ မည်လော။ သင် နှင့် တရား တွေ့တော်မူမည်လော။ ၅ သင် ပြုသောဒုစရိုက် သည် အလွန် ကြီးသည် မ ဟုတ်လော။ သင့် အပြစ် တို့သည် မ ရေတွက်နိုင်အောင် များပြားသည်မဟုတ်လော။ ၆ သင်သည်ညီအစ်ကို ပေါင် ထားသော ဥစ္စာကို မ တရားသဖြင့် ခံယူပြီ။ ဆင်းရဲ သောသူတို့၏ အဝတ် ကိုလည်း ချွတ်ယူ ပြီ။ ၇ မော သောသူသောက်ဘို့ ရေ ကိုမ ပေး။ ငတ်မွတ် သောသူကိုမ ကျွေး။ ၈ အားကြီး သောသူ မူကား မြေ ကို ပိုင်ရ၏။ ဂုဏ် အသရေရှိသောသူသည် နေ ရသောအခွင့်ကိုရ၏။ ၉ သင်သည် မုတ်ဆိုးမ တို့ကို လက်ချည်း လွှတ် လိုက်၍ ၊ မိဘ မရှိသော သူငယ်တို့၏လက် ကိုချိုး ပြီ။ ၁၀ ထိုကြောင့် ကျော့ကွင်း နှင့် ကျော့မိပြီ၊ ထိတ်လန့် သောစိတ်နှင့် ပင်ပန်း ရ၏။ ၁၁ မ မြင် နိုင်သောမှောင်မိုက် သည် ညှဉ်းဆဲ၍ ၊ ပြင်း စွာစီးသောရေ သည် လွှမ်းမိုး ရ၏။ ၁၂ ဘုရား သခင်သည် ကောင်းကင် ဘဝဂ်ပေါ်မှာ ရှိတော်မူသည်မ ဟုတ်လော။ ကြယ် တို့သည် အဘယ် မျှလောက် မြင့် ကြသည်တကား။ ၁၃ သို့ ဖြစ်၍ သင်က၊ ဘုရား သခင်သည် အဘယ်သို့ သိ တော်မူမည်နည်း။ ထူ သောတိမ်တိုက်ကွယ်လျက်နှင့် စီရင် တော်မူနိုင်မည်လော။ ၁၄ မ မြင် နိုင်အောင် ထူထပ်သောတိမ် တို့သည် ကိုယ်တော် ကို လွှမ်းမိုး ကြ၏။ ကောင်းကင် စကြဝဠာ ထိပ်ပေါ်မှာ လှည့်လည် တော်မူသည်ဟု ဆို တတ်၏။ ၁၅ ကာလ အချိန်မ စေ့မီ ဖျက်ဆီး ခြင်း၊ ရေ လွှမ်းမိုး၍၊ ၁၆ အခြေအမြစ် ပယ်ရှင်း ခြင်းကို ခံရသောသူတည်းဟူသောဘုရား သခင်အား ငါ တို့ထံမှ ထွက်သွား လော့ဟူ၍ ၎င်း ၊ အနန္တ တန်ခိုးရှင်သည် ငါ့တို့အဘို့အဘယ်သို့ ပြု နိုင်သနည်းဟူ၍၎င်း၊ဆိုတတ်သောအဓမ္မ လူ တို့လိုက် ဘူးသော လမ်း ဟောင်း ကိုသင်သည်လိုက် ဦးမည်လော။ ၁၈ သို့ရာတွင် ဘုရား သခင်သည် သူ တို့အိမ် ကို ကောင်း သောအရာနှင့် ပြည့် စေတော်မူ၏။ မ တရားသောသူတို့ ၏ အကြံအစည် ကို ငါသည် ဝန် မခံ။ ၁၉ ဖြောင့်မတ် သောသူတို့သည် ကြည့် မြင်၍ ဝမ်းမြောက် ကြ၏။ အပြစ် ကင်းသောသူတို့သည် ထို အဓမ္မလူ တို့ကို ကဲ့ရဲ့ တတ်ကြ၏။ ၂၀ အကယ် စင်စစ်ငါ တို့ရန်သူ သည် ပျက်စီး လေပြီ။ သူ ၏စည်းစိမ် ကို မီး လောင် လေပြီဟု ဆိုရကြ၏။ ၂၁ ဘုရား သခင်နှင့် အကျွမ်းဝင် ၍ မိသဟာယဖွဲ့ လော့။ ထိုသို့ပြုမှ ကောင်းစား ခြင်းသို့ ရောက် ရလိမ့်မည်။ ၂၂ နှုတ် တော်ထွက်တရား ကို ခံယူ ၍ စကား တော်ကို နှလုံး ၌ သွင်း ပါလော့။ ၂၃ အနန္တ တန်ခိုးရှင်ထံ တော်သို့ ပြန်လာ လျှင် ၊ တည်ဆောက် ခြင်းရှိလိမ့်မည်။ သင့် အိမ် မှ ဒုစရိုက် ကို ပယ်ရှား လျှင်၊ ၂၄ ရွှေ ကိုမြေမှုန့် ကဲ့သို့၎င်း ၊ ဩဖိရ ရွှေကို မြစ် ၌ ရှိသောကျောက်စရစ် ကဲ့သို့၎င်း သိုထား ရလိမ့်မည်။ ၂၅ ထိုအခါ အနန္တ တန်ခိုးရှင်သည် သင် ၌ရွှေ ရတနာ၊ သင် သုံးရသောငွေ ဘဏ္ဍာဖြစ် တော်မူလိမ့်မည်။ ၂၆ သင်သည်အနန္တ တန်ခိုးရှင်၌ မွေ့လျော် ၍ ၊ ဘုရား သခင်ကို ဖူးမြော် ရသောအခွင့်ရှိလိမ့်မည်။ ၂၇ သင်ဆုတောင်း သောအခါ နားထောင် တော်မူမည်။ သစ္စာ ဂတိထားသည်အတိုင်း၊ သစ္စာဝတ်ဖြေ ရသော အခွင့်ရှိလိမ့်မည်။ ၂၈ သင်ကြံစည်သောအကြံအစည် သည် ထမြောက် ၍၊ သင် သွားသောလမ်း ၌ ရောင်ခြည် ထွန်း လိမ့်မည်။ ၂၉ သူတပါးတို့သည် နှိမ့်ချ ခြင်းကိုခံရသောအခါ ၊ သင်ကချီးမြှောက်သောအခွင့်ရှိသည်ဟု ဆို ရလိမ့်မည်။ စိတ် နှိမ့်ချသောသူကို ကယ်တင် တော်မူလိမ့်မည်။ ၃၀ အပြစ် မကင်းသောသူကိုပင် ကယ်နှုတ် တော်မူလိမ့်မည်။ သင် ပြုသောအမှု သန့်ရှင်း သောအားဖြင့် သူသည်ကယ်တင် ခြင်းသို့ ရောက်လိမ့်မည်ဟုမြွက်ဆို၏။

JR ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ ယခုငါ ပြင်းစွာ မြည်တမ်း သော်လည်း၊ ငါ ခံရသောဒဏ် သည် သာ၍ပြင်း ပါ၏။ ၃ ဘုရားသခင်ကိုတွေ့ နိုင်သော အရပ်ကို ငါသိ ပါစေသော။ ပလ္လင် တော်ရှေ့သို့ ရောက် ပါစေသော။ ၄ ရှေ့ တော်သို့ရောက်မှ ငါသည် ကိုယ်အမှု ကိုပြင်ဆင် ၍ ၊ များစွာသောအကျိုး အကြောင်းတို့ကို လျှောက်ထားရ၏။ ၅ ငါ့ အား ပြန်ပြော မိန့်မြွက် တော်မူသောစကား တော်ကို ငါသိ နားလည် ရ၏။ ၆ မဟာ တန်ခိုး တော်အားဖြင့် ငါ နှင့် တရား တွေ့တော်မူမည်လော။ တွေ့တော်မ မူ။ ငါ့စကားကို နားထောင်တော်မူမည်။ ၇ ဖြောင့်မတ် သောသူသည် ရှေ့ တော်၌ဆွေးနွေး သော အခွင့်ရှိ၍ ၊ တရား ရှင်သည် ငါ့အမှုကို အစဉ် ရှင်းလင်း စေတော်မူမည်။ ၈ ယခုမူကား၊ ငါတက် လျှင် ဘုရား သခင်ရှိတော်မ မူ။ ဆုတ် လျှင် ကိုယ်တော် ကို မ ရိပ်မိ၊ ၉ လုပ် တော်မူရာ လက်ဝဲ ဘက်သို့သွားလျှင် ကိုယ်တော်ကို မ ဖူး မတွေ့ရ။ လက်ျာ ဘက်၌ ပုန်းရှောင် လျက် နေတော်မူသောကြောင့် ၊ ကိုယ်တော်ကိုမ မြင် ရ။ ၁၀ သို့သော်လည်း ငါ သွားသောလမ်း ကို သိ တော်မူ၏။ စစ် တော်မူခြင်းကိုခံ ပြီးမှ၊ ရွှေ ကဲ့သို့ ငါပေါ် လိမ့်မည်။ ၁၁ ခြေ တော်ရာကို အစဉ်တစိုက် ငါရှောက်သွား၍၊ ကြွတော်မူရာလမ်း ကို မ လွှဲ မရှောင်လိုက်ပါ၏။ ၁၂ ထားတော်မူသောပညတ် တို့ကို ငါမ ပယ်။ နှုတ် တော်ထွက် စကား တို့ကို ငါ ရင်ခွင်၌ သိုထား ပါ၏။ ၁၃ သို့ရာတွင် သဘောတညီတည်း ရှိတော်မူသောဘုရား သခင်ကို အဘယ်သူ သည် ပြောင်းလဲ စေနိုင်မည်နည်း။ အလို တော်ရှိသည်အတိုင်း ပြု တော်မူလိမ့်မည်။ ၁၄ ငါ့ အငန်း အတာကို စီရင် တော်မူ၏။ ထိုသို့ သော အကြံအစည်တော်အများ ရှိကြ၏။ ၁၅ ထိုကြောင့် ရှေ့ တော်၌ ငါထိတ်လန့် လျက်နေ၍ ဆင်ခြင် သောအခါ ၊ ကိုယ်တော် ကို ကြောက်ရွံ့ ရ၏။ ၁၆ ဘုရား သခင်သည် ငါ့ စိတ် ပျက် စေခြင်းငှါငင်း ၊ အနန္တ တန်ခိုးရှင်သည် ငါ ကြောက်ရွံ့ စေခြင်းငှါငင်း ပြုတော်မူ၏။ ၁၇ အကြောင်း မူကား၊ မှောင်မိုက် မရောက်မီ ငါ့ကို ပယ်ရှင်း တော်မ မူ၊ ထူထပ်သောမှောင်မိုက် မှ ငါ့ ကို ကွယ်ကာ တော်မမူပါတကား။

JS အနန္တ တန်ခိုးရှင်သည် အဘယ်ကြောင့် ကာလ အချိန်တို့ကို သိုထား တော်မ မူသနည်း။ နားလည် သောသူတို့ သည် တရားစီရင်တော်မူရာ နေ့ ရက်ကိုအဘယ်ကြောင့်မ မြင် ရသနည်း။ ၂ အချို့သောသူတို့သည် မြေ မှတ်တိုင်တို့ကို ရွှေ့ တတ်ကြ၏။ သူတပါး၏ သိုး ဆိတ်တို့ကို လုယူ ၍ ကိုယ်အဘို့ ထိန်းကျောင်း ကြ၏။ ၃ မိဘ မရှိသောသူငယ်၏မြည်း ကို မောင်း သွား၍၊ မုတ်ဆိုးမ ၏နွား ကိုအပေါင် ယူကြ၏။ ၄ ငတ်မွတ် သောသူတို့ ကို လမ်းလွဲ စေကြ၏။ ဆင်းရဲ သောပြည် သားတို့သည် စုဝေး ၍ ပုန်းရှောင် လျက် နေရကြ၏။ ၅ သူတို့သည်အလုပ် လုပ်ခြင်းငှါတော ၌ ရိုင်းသော မြည်း ကဲ့သို့ထွက် ရကြ၏။ စားစရာ ကို ရှာ ခြင်းငှါနံနက်စောစောသွား၍၊ ကိုယ် အဘို့ နှင့် သားသမီး တို့အဘို့ ကို တော ၌တွေ့ ရကြ၏။ ၆ လယ်ပြင် ၌ ကား၊ ညှဉ်းဆဲ သောသူ၏ စပါး ကိုရိတ် ၍ ၊ သူ၏စပျစ်သီး ကို သိမ်း ရကြ၏။ ၇ ချမ်း သောကာလ၌ ကိုယ်ကိုဖုံးလွှမ်း စရာ အဝတ်မ ရှိ။ အချည်းစည်း အိပ် ရကြ၏။ ၈ တည်းခို စရာတဲမရှိ သောကြောင့်၊ တောင် ပေါ်၌ မိုယိုးရေ စိုစွတ် လျက် ကျောက် ကြားမှာ ခို ရကြ၏။ ၉ အဘ မရှိသောသူငယ်သည် အမိနို့ နှင့် ကွာ ရ၏။ ဆင်းရဲ သားသည် မိမိဥစ္စာကို ပေါင် ထားရ၏။ ၁၀ အဝတ် မရှိအချည်းစည်း လှည့်လည် ၍ မွတ်သိပ်

လျက်၊ သူတပါး ကောက်လှိုင်း ကို ထမ်း ရ၏။ ၁၁ သူတပါး အိမ် မှာ ဆီ ကိုကြိတ်လျက်၊ စပျစ်သီး ကို နင်းနယ် လျက် အငတ် ခံရ၏။ ၁၂ လူ တို့သည်မြို့ ထဲ မှာ ညည်းတွား ကြ၏။ နာ သောသူတို့သည် အော်ဟစ် ကြ၏။ သို့သော်လည်း သူတို့ဆုတောင်းသော စကားကိုဘုရား သခင်သည် ပမာဏ ပြုတော်မ မူ။ ၁၃ အချို့သောသူတို့သည် အလင်း ကို ဆန့်ကျင် ဘက်ပြု၍ အလင်း သဘော ကိုမ သိ။ လင်းသောလမ်း သို့ မ လိုက် တတ်ကြ။ ၁၄ လူသတ် သည် စောစော ထ ၍ ဆင်းရဲ ငတ်မွတ် သောသူတို့ ကိုသတ် တတ်၏။ ညဉ့် အခါ သူခိုး လုပ် တတ် ၏။ ၁၅ သူ့မယားကို ခိုး သောသူသည် ညဦးယံ အချိန်ကို မြော်လင့် ၍၊ မိမိမျက်နှာ ကိုဖုံး လျက် အဘယ်သူမျှမ မြင် ရ ဟု ဆို တတ်၏။ ၁၆ လူဆိုးတို့သည် ညဉ့် အချိန်၌ သူတပါး၏အိမ် ကို ဖောက်ထွင်း တတ်ကြ၏။ နေ့ အချိန်၌ ပုန်း လျက်နေ၍ အလင်း ကိုရှောင်တတ်ကြ၏။ ၁၇ နံနက်ယံ ကို သေမင်း အရိပ်ကဲ့သို့ထင်မှတ်၍၊ သေမင်း အရိပ်ကြောက်မက် ဘွယ်သောဘေးတို့ကို သိ ရကြ၏။ ၁၈ ရေ ပေါ် မှာပေါ့ပါး ကြ၏။ မြေ ပေါ် မှာ ကျိန်ဆဲ သောအဘို့ ကို ခံရ၍၊ စပျစ် ဥယျာဉ်အနီးသို့ မ ချဉ်း ရကြ။ ၁၉ မိုးယိမ်း ရေသည် ခန်းခြောက် ခြင်းအားဖြင့်ငင်း၊ နေပူ အရှိန်အားဖြင့်ငင်း၊ ကွယ်ပျောက် တတ်သကဲ့သို့၊ မတရား သောသူသည် သေမင်း နိုင်ငံ၌ ကွယ်ပျောက်တတ် ၏။ **(Sheol h7585)** ၂၀ သူ၏အမိ သည် သူ့ ကိုမေ့လျော့ ၍၊ တီကောင် တို့သည် မြိန် စွာ စားလိမ့်မည်။ နောက် တဖန် အဘယ်သူမျှမ အောက်မေ့ ရ။ မတရား သောသူသည်သစ်ပင် ကဲ့သို့ ကျိုး ရလိမ့်မည်။ ၂၁ မတရားသောသူသည် သားမ ဘွား သောမိန်းမကို ညှဉ်းဆဲတတ်၏။ မုတ်ဆိုးမ ကိုလည်း ကျေးဇူး မ ပြုတတ်။ ၂၂ အားကြီး သောသူကိုပင် မိမိ တန်ခိုး ကြောင့် ပယ်ရှင်း တတ်၏။ ထ သောအခါလူတိုင်းကိုယ် အသက် အဘို့ စိုးရိမ်တတ်၏။ ၂၃ သို့ရာတွင်ရဲရင့် စွာ ခိုလှုံ ရာအခွင့်ကို သူ့ အား ပေး ၍၊ ထိုသို့သောသူ တို့ ၏ အမူ များကို ပမာဏပြုတော်မူ ၏။ ၂၄ ခဏ ချီးမြှောက် ခြင်းသို့ ရောက်၍ တဖန် ကွယ်ပျောက်ကြ၏။ နှိမ့်ချ ခြင်းသို့ရောက်သဖြင့် ၊ အခြားသော သူကဲ့သို့ အသက်ချုပ် ခြင်းကိုငင်း ၊ စပါးနှံ အဖျား ကဲ့သို့ ရိတ်ဖြတ် ခြင်းကိုငင်းခံရကြ၏။ ၂၅ သို့မ ဟုတ်လျှင် ၊ ငါ ၏မုသာ အပြစ်ကို အဘယ်သူ ပြမည်နည်း။ ငါ ၏စကား ကို အဘယ်သူချေမည်နည်းဟု မြွက်ဆို၏။

၂၅ တဖန် ရှုအာ အမျိုးသားဗိလဒဒ် မြွက်ဆို သည် ကား၊ ၂ ဘုရားသခင်သည် အာဏာ တော်နှင့်ငင်း ၊ ကြောက်ရွံ့ ရိုသေဘွယ်သော ဂုဏ်တော်နှင့်ငင်း ပြည့်စုံ၍၊ မြင့် သောဌာနတော်၌ ငြိမ်သက် ခြင်းကို ပြုစု တော်မူ၏။ ၃ ဗိုလ်ခြေ တော်တို့ကို ရေတွက် နိုင်သလော။ အလင်း တော်သည် အဘယ် သူကို မလင်းဘဲ နေသနည်း။ ၄ သို့ ဖြစ်၍ လူ သည် ဘုရား သခင်ရှေ့ တော်၌ ကုသိုလ် ကို အဘယ်သို့ ရနိုင်သနည်း။ လူမိန်းမ ဘွားမြင် သောသူသည် အဘယ်သို့ သန့်ရှင်း နိုင်သနည်း။ ၅ လ သော်လည်း အလင်းမ ရှိ။ ကြယ် သော်လည်း ရှေ့ တော်၌ မ ဖြူစင်။ ၆ ထိုမျှမက ၊ တီကောင် ဖြစ်သောလူ ၊ ပိုးရွ ဖြစ်သောလူ သား ကို အဘယ်ဆိုဘွယ်ရာရှိသနည်းဟု မြွက်ဆို၏။

၂၆ ယောဘ ပြန် ၍ မြွက်ဆိုသည်ကား၊ ၂ သင်သည်အားနည်း သောသူကို အဘယ်သို့ မစ သနည်း။ လက် ကျ သောသူကို အဘယ်သို့ထောက်ပင့် သနည်း။ ၃ မိုက် သောသူကို အဘယ်သို့ အကြံ ပေးသနည်း။ ထူးဆန်း

သော ပညာ ကို အဘယ်သို့ ပြ သနည်း။ ၄ ဤစကား ကို အဘယ်သူ အားမြွက်ဆို သနည်း။ အဘယ်သူ ၏ ဝိညာဉ် အားဖြင့်ဟောပြောသနည်း။ ၅ အောက် အရပ်၌ သရဲချင်း သားတို့နှင့်တကွရေ များနှင့် ရေ၌ နေ သောသူများတို့သည် တုန်လှုပ် ကြ၏။ ၆ မရဏ နိုင်ငံသည် ရှေ့ တော်၌ လှန် လျက်ရှိ၏။ အဗဒ္ဒန် နိုင်ငံကို ဖုံးအုပ် ခြင်းမ ရှိရာ။ (Sheol h7585) ၇ မိုဃ်းကောင်းကင်ကို လွတ်လပ် လဟာ၌ ကြက် တော်မူ၏။ မြေကြီး ကိုအခုအခံမ ရှိ ဆွဲထား တော်မူ၏။ ၈ ထူထပ်သော မိုဃ်းတိမ် တော်နှင့် ရေ ကို ထုပ် တော်မူ၍၊ မိုဃ်းတိမ် သည် မ စုတ် မပြတ်နေ၏။ ၉ မိုဃ်းတိမ် တော်ကို ဖြန့် ၍ ပလ္လင် တော်မျက်နှာ ကို ဖုံးအုပ် တော်မူ၏။ ၁၀ အလင်း နှင့် အမိုက် ဆုံမိရာ အပိုင်းအခြား၌ စကြဝဠာကို ကန့်ကွက်တော်မူ၏။ ၁၁ ဆုံးမ တော်မူခြင်းကြောင့် ၊ မိုဃ်း ကောင်းကင်တိုင် တို့သည် တုန်လှုပ် ၍ မိန်းမော တွေဝေလျက်နေကြ၏။ ၁၂ တန်ခိုး တော်အားဖြင့် သမုဒ္ဒရာ ကို ဆုံးမ တော်မူ ၏။ ပညာ တော်အားဖြင့် သူ၏ မာန ကို ချိုးဖျက် တော်မူ ၏။ ၁၃ ဝိညာဉ် တော်အားဖြင့် မိုဃ်း ကောင်းကင်တန်ဆာများကိုပြင် ၍၊ လျင်မြန်သော နဂါး ကိုလည်း ဖန်ဆင်းတော်မူ၏။ ၁၄ ဤ ရွေ့ကား၊ အမှု တော်အရိပ်အမြွက်သာဖြစ်၏။ စကား တော် အသံအနည်းငယ် ကိုသာ နားကြား ရ၏။ တန်ခိုး တော်မိုဃ်းကြိုး သံကို အဘယ်သူ နားလည် နိုင် သနည်းဟု မြွက်ဆို ၏။

J2 ယောဘ သည် လက်ံာ စကားကိုဆက် ၍ မြွက်ဆို သည် ကား၊ ၂ ငါ့ ကိုအမှု ရှုံး စေတော်မူသောဘုရား သခင်၊ ငါ့ ဝိညာဉ် ကို ညှဉ်းဆဲ တော်မူသောအနန္တ တန်ခိုးရှင်သည် အသက် ရှင်တော်မူသည် မှန်လျှင်၊ ၃ ငါ့ အသက် ရှင်လျက်၊ ငါ့ နှာခေါင်း၌ ဘုရား သခင်ပေးတော်မူသောအသက် တည်သမျှကာလပတ်လုံး၊ ၄ တခါမျှအဓမ္မ စကားကို ငါ့ နှုတ် မ မြွက်။ လှည့်စား သော စကားကို ငါ့ လျှာ ဖြင့် ငါမ ပြော ဘဲနေမည်။ ၅ သင် တို့သဘော ဖြောင့်သည်ဟု ဝန်ခံသောစကားသည် ငါ နှင့် ဝေး ပါစေသော။ ငါသည် ကိုယ် သဘော ဖြောင့်သည်ကို သေ သည်တိုင်အောင် မ ငြင်း။ ၆ ငါသည် တရား သောအကျင့်ကို လက် မ လွှတ်၊ စွဲကိုင် လျက်နေမည်။ အသက်ရှင်သမျှကာလ ပတ်လုံးကိုယ် စိတ်နှလုံး သည် ကိုယ်ကိုအပြစ် မ တင်ရ။ ၇ ငါ့ ရန်သူ သည် ဆိုး သောသူကဲ့သို့ ၎င်း ၊ ငါ့ တစ်ဘက်၌ ထ သောသူသည် မ ဖြောင့်မတ်သော သူကဲ့သို့ ၎င်း ဖြစ် ပါစေသော။ ၈ အဓမ္မ လူသည် ဆုံး ခြင်းသို့ရောက်၍၊ အသက် ဝိညာဉ်ကိုဘုရား သခင်နှုတ် တော်မူသောအခါ အဘယ် မြော်လင့် စရာရှိသေးသနည်း။ ၉ ထိုအမှု ရောက် သောအခါ ၊ သူ အော်ဟစ် ခြင်းကို ဘုရား သခင်နားထောင် တော်မူမည်လော။ ၁၀ ထိုသူသည် အနန္တ တန်ခိုးရှင်၌ မွေ့လျော် လိမ့်မည်လော။ ဘုရား သခင်ကို အစဉ် ပဌာန ပြုလိမ့်မည်လော။ ၁၁ ဘုရား သခင်၏အမှုတော်တို့ကို သင် တို့အား ငါပြသ မည်။ အနန္တ တန်ခိုးရှင်ကြွစည်တော်မူသောအရာ တို့ကို ငါထိမ်ဝှက် ၍မ ထား။ ၁၂ သင် တို့သည်ကိုယ်တိုင်သိမြင် လျက် ၊ ဤ မျှလောက်အချည်းနှီး သောစိတ်ကို အဘယ်ကြောင့် ပြုစုကြသနည်း။ ၁၃ လူ ဆိုး အား ဘုရား သခင်ပေးတော်မူသောဆုလပ် ၊ ညှဉ်းဆဲ တတ်သောသူသည်အနန္တ တန်ခိုးရှင်၏ လက်တော်မှ ခံရ သောအမွေ ဥစ္စာဟူမူကား၊ ၁၄ သူ ၏သားသမီး များပြား သော်လည်း ထား စာ ဖြစ်ကြ၏။ မွတ်သိပ် ခြင်းကိုလည်း ခံရကြ၏။ ၁၅ သူ ၌ ကျန်ကြွင်း သောသူတို့ ကို သေမင်း သင်္ဂြိဟ် လိမ့်မည်။ သူ ၏မုတ်ဆိုးမ တို့သည် ငိုကြွေး

ခြင်းကို မ ပြု ရကြ။ ၁၆ သူသည်ငွေ ကို မြေမှုန့် ကဲ့သို့ ပုံ ၍ ၊ အဝတ် တန်ဆာကို ရွှဲ့ ကဲ့သို့ ပြင်ဆင် သော်လည်း၊ ၁၇ ထိုအဝတ်တန်ဆာကို ဖြောင့်မတ် သောသူသည် ဝတ်ဆင် လိမ့်မည်။ ထိုငွေ ကို အပြစ်ကင်း သောသူသည် ဝေ့ လိမ့်မည်။ ၁၈ သူဆောက် သော အိမ်သည်ပိုးရွ အိမ် ကဲ့သို့ ၎င်း ၊ ကင်း တဲ ကဲ့သို့ ၎င်း ဖြစ် ၏။ ၁၉ ထိုရ တတ်သောသူသည် သေသောအခါ သင်္ဂြိဟ်ခြင်းကို မခံရ။ မျက်စိ တမှိတ်၌ ဆုံးရှုံးပြီ။ ၂၀ ထသောရေ ကဲ့သို့ ဘေးဥပဒ် တို့သည် သူ့ ကိုလိုက်တတ်၏။ ညဉ့် အခါ မိုးယံသက် မုန်တိုင်းတိုက် သွား တတ်၏။ ၂၁ အရှေ့ လေလွှင့် ၍ သူသည်မိမိ နေရာ ၌ မတည်။ လေ အဟုန်ဖြင့် ပါသွား တတ်၏။ ၂၂ ဘုရားသခင်သည် မ သနား ဘဲ ဒဏ်ခတ် တော်မူသဖြင့် ၊ လက် တော်မှ လွတ် ခြင်းငှါအလိုရှိလိမ့်မည်။ ၂၃ လူတို့သည်လက်ခုပ် တီး၍ ကဲ့ရဲ့ သံကိုပြုလျက် ၊ သူ့ကိုမောင်း ကြလိမ့်မည်။

၂၈ ငွေလိုက်သောငွေ ကြောင်းသည် စင်စစ် ရှိ ၏။ လူစစ် တတ်သော ရွှေ နေရာ လည်း ရှိ၏။ ၂ သံ ကိုမြေကြီး ထဲက တူးယူ တတ်၏။ ကျောက် ကို ချက် ၍ ကြေးနီ ကိုရတတ်၏။ ၃ လူသည် မှောင်မိုက် ကို ပျောက်စေတတ်၏။ အဆုံး တိုင်အောင် ၎င်း မှောင်မိုက် ကျောက် ၊ သေမင်း အရိပ်တိုင်အောင်၎င်း လိုက်၍ စစ် တတ်၏။ ၄ တောင် ခြေရင်း၌တွင်းတူး၍၊ ခြေ ဖြင့် ကိုယ်ကို မထောက်ဘဲ ဆင်း၍၊ လူ နေရာကို စွန့် သွားတတ်၏။ ၅ မြေ သည်စားစရာ ကို ပေး တတ်သော်လည်း ၊ အောက် အရပ်၌ မီး ဖြင့်ပျက်သကဲ့သို့ အပျက် ခံရ၏။ ၆ သူ ၏ကျောက် တို့သည် ကျောက် နီနေရာ ဖြစ်၏။ မြေမှုန့် လည်း ရွှေ ဖြစ်၏။ ၇ အဘယ်ငှက် မျှမ သိ ၊ လင်းတ မျက်စိ လည်း မ မြင် သေးသော လမ်း ရှိ၏။ ၈ ထိုလမ်းကိုသားရဲ မ နင်း ၊ ခြင်္သေ့ မ ရှောက် သေး။ ၉ လူသည်ကျောက် ပေါ် မှာလက် တင် ၍၊ တောင် တို့ ကို ခြေရင်း တိုင်အောင် မှောက် တတ်၏။ ၁၀ ကျောက် တို့တွင် ရေစီးစေတတ်၏။ သူ ၏မျက်စိ သည် ထူးဆန်း သောအရာရှိသမျှ တို့ကို ကြည့် မြင် တတ်၏။ ၁၁ စီးသောရေ ကို တဖန်ဖြတ်၍၊ ဝှက်ထား သော အရာတို့ကို ထုတ်ဘော် တတ်၏။ ၁၂ သို့ရာတွင် ၊ ပညာ ကိုအဘယ် မှာ တွေ့ ရလိမ့်မည်နည်း။ ဉာဏ် သည်လည်း အဘယ် အရပ် ၌ နေသနည်း။ ၁၃ ဉာဏ်ပညာအဘိုး ကို လူ မ သိ နိုင်။ အသက် ရှင်သောသူတို့ ၏ နေရာ ၌ ရှာ ၍ မ တွေ့နိုင်။ ၁၄ နက်နဲ သော အရပ်ကငါ ၌ မ ရှိ။ ပင်လယ် ကလည်း ၊ ငါ ၌ မ ရှိဟုဆို တတ်၏။ ၁၅ ရွှေစင် ကိုပေး ၍ပညာကိုမ ရ။ ငွေ ကိုချိန် ၍ ပညာအဘိုး ကို မ မှီနိုင်။ ၁၆ ဩဖိရ ရွှေ ၊ မြတ် သောရှဟံ ကျောက်၊ နီလာ ကျောက်နှင့် ဝယ် သော်လည်းမ ရနိုင်။ ၁၇ ရွှေ ဖြစ်စေ ၊ ကျောက် သလင်းဖြစ်စေမ မှီ နိုင်။ ရွှေစင် တန်ဆာ များနှင့်ဖယ်လှည် ၍မရနိုင်။ ၁၈ သန္တာ နှင့် ပုလဲ ကိုပြော စရာမ ရှိ။ ပညာ သည် ပတ္တမြား ထက် သာ၍အဘိုး ကြီး၏။ ၁၉ ကုရှ ဥဿဘယား သည် မ မှီ နိုင်။ အမြတ် ဆုံးသော ရွှေ နှင့် ဝယ် ၍ မ ရနိုင်။ ၂၀ သို့ ဖြစ်၍ ၊ ပညာ သည် အဘယ် က လာ သနည်း။ ဉာဏ် သည် အဘယ် ဆီမှာနေရာ ကျသနည်း။ ၂၁ အသက် ရှင်သော သတ္တဝါတစုံတယောက်မျှ ကြည့် ၍မမြင်နိုင်။ မိုးယံး ကောင်းကင်ငှက် တို့သည် ရှာ ၍ မတွေ့နိုင်။ ၂၂ အဗဒ္ဒုန် မင်းနှင့် သေမင်း တို့က၊ ပညာ၏သိတင်း ကို နား နှင့် ကြား ရုံမျှသာရှိသည်ဟု ဆို တတ်ကြ၏။ ၂၃ ဘုရား သခင်သာလျှင်ပညာလမ်း ကို နားလည် တော်မူ၏။ ပညာနေရာ အရပ်ကို သိ တော်မူ၏။ ၂၄ လေ ကိုချိန် လျက်၊ ရေ ကိုလည်းခြင် လျက်၊ မြေကြီး စွန်း တိုင်အောင် ကြည့်ရှု ၍၊ ကောင်းကင် အောက် ၌ရှိသမျှ တို့ကို မြင်

တော်မူ၏။ ၂၆ မိုဃ်းရွာ မှုကို စီရင်၍၊ မိုဃ်းကြိုး လျှပ်စစ်ပြက်ရာ လမ်း ကို ဖန်ဆင်း သောအခါ၊ ၂၇ ပညာကိုမြင် ၍ ဘော်ပြ တော်မူ၏။ ပညာတရားကို ထား ၍ စုံစမ်း တော်မူ၏။ ၂၈ လူ တို့အား လည်း ထာဝရ ဘုရားကို ကြောက်ရွံ့ ခြင်းသည် ပညာ ဖြစ်ကြောင်းနှင့် ၊ ဒုစရိုက် ကို ရှောင် ခြင်း သည် ဉာဏ် ဖြစ်ကြောင်းကို မိန့် တော်မူပြီဟုမြွက်ဆို၏။

JOB ယောဘ သည် လက်ံာ စကားကို ဆက် ၍မြွက်ဆို သည် ကား၊ ၂ ငါသည် လွန် လေပြီသောနှစ်၊ လ ၊ ဘုရား သခင်စောင့်မ တော်မူသော နေ့ ရက်၌ဖြစ်သကဲ့သို့ တဖန်ဖြစ် ပါစေ။ ၃ ထိုအခါ ဘုရားသခင်၏မီးခွက် သည် ငါ့ ခေါင်း ပေါ် မှာ ထွန်းလင်း သည်ဖြစ်၍ ၊ ထို အလင်း ကို ငါအမှိုပ်ူ လျက်၊ မိုက် သောအရပ်၌ ရှောက် သွားနိုင်၏။ ၄ ငါ့ အသက် ပျိုသောကာလ ၊ ငါ့ အိမ် ၌ ဘုရား သခင်နှင့် မိဿဟာယ ဖွဲ့ရသောအခွင့်ရှိသောကာလ၌ ၊ ငါဖြစ် သကဲ့သို့ တဖန်ဖြစ်ပါစေ။ ၅ ထိုအခါ အနန္တ တန်ခိုးရှင်သည် ငါ့ ဘက် ၌ရှိတော်မူ၏။ ငါ့ သားသမီး တို့သည်လည်း ငါ့ ကိုဝိုင်း လျက် နေကြ၏။ ၆ ထိုအခါငါ သွား သောလမ်း၌ နို့ရည် စီးလေ၏။ ကျောက်ခဲ သည်လည်း ငါ့ အဘို့ ဆီ ကိုသွန်းလောင်း လေ၏။ ၇ ငါ သည်မြို့အလယ်၌ ရှောက်၍ ၊ မြို့ တံခါး သို့ သွား လျက်၊ လမ်း ၌ ထိုင် ရာကို ပြင်ဆင် လျက်နေစဉ်တွင်၊ ၈ လူပျို တို့သည် ငါ့ ကိုမြင် သဖြင့် ပုန်းရှောင် ၍ နေကြ၏။ အသက် ကြီးသူတို့သည်လည်း ထ ၍ မတ်တတ် နေကြ၏။ ၉ မင်းသား တို့သည် စကား မပြောဘဲနေ၍ ၊ မိမိ တို့ နှုတ် ကို လက် နှင့် ပိတ် ကြ၏။ ၁၀ မှူးမတ် တို့သည်လည်း တိတ်ဆိတ် စွာနေ၍ ၊ သူ တို့လျှာ သည် အာခေါင် ၌ ကပ် လေ၏။ ၁၁ လူတို့သည် ငါ့စကားသံကိုကြား သောအခါ ကောင်းကြီး ပေးကြ၏။ ငါ့ကိုမြင် သောအခါ ချီးမွမ်း ကြ၏။ ၁၂ အကြောင်း မူကား၊ ငါသည်ဆင်းရဲ သောသူ၊ မိဘ မရှိသောသူ၊ ကိုးကွယ် ရာမ ရသောသူ အော်ဟစ် သောအခါ ကယ်တင် တတ်၏။ ၁၃ ပျက် လုသောသူကောင်းကြီး ပေးခြင်းကို ငါ ခံရ၏။ မုတ်ဆိုးမ စိတ် နှလုံးကို ရွှင်လန်း စေ၏။ ၁၄ ဖြောင့်မတ် ခြင်းပါရမီကို အဝတ် လုပ်၍ ငါဝတ်ဆင် ၏။ တရား သည် ငါ့ ဝတ်လုံ ငါ့ပေါင်း ဖြစ်၏။ ၁၅ မျက်စိ ကန်းသောသူတို့ အား ငါသည် မျက်စိ ဖြစ် ၏။ ခြေဆွံ့ သောသူတို့ အား ခြေ ဖြစ်၏။ ၁၆ ဆင်းရဲ သောသူတို့၏ အဘ ဖြစ်၏။ အသိအကျွမ်း မ ရှိသောသူ တို့ ၏အမှု ကို ငါနားထောင် ၏။ ၁၇ မ တရားသောသူ၏အစွယ် တို့ကို ငါချိုး ၍ ၊ သူ လုယူ ကိုက်စားသော အရာကိုနှုတ် ၏။ ၁၈ ငါသည် ကိုယ် အသိုက် ၌ သေ ရသောအခွင့် ရှိလိမ့်မည်။ ငါ့အသက်ရှင်သော နေ့ ရက်တို့သည် သဲလုံး နှင့် အမျှ များပြား လိမ့်မည်ဟု အောက်မေ့၏။ ၁၉ ငါ့ အမြစ် သည် ရေ နား မှာပြန့်ပွါး ၏။ ဆီးနှင်း သည် တညဉ့်လုံး ငါ့ အခက် အလက်၌ ကျ၏။ ၂၀ ငါ့ ဘုန်း သည် အစဉ်ပွင့်လန်း လျက်၊ ငါ လေး သည် လည်း ငါ့ လက် ၌ အားဖြည့် လျက်ရှိ၏။ ၂၁ သူတပါးတို့သည် ငါ့ စကားကို နားထောင် ၍ ၊ ငါ ပေးသောအကြံ ကို ငုံလင့် လျက် တိတ်ဆိတ် စွာနေကြ၏။ ၂၂ ငါ ပြောပြီးသည်နောက် သူတို့သည် ပြန် ၍ မ ပြော။ ငါ့ စကား သည် သူ တို့အပေါ် မှာ ရေစက်ကဲ့သို့ကျ ၏။ ၂၃ မိုဃ်းရေ ကိုငုံလင့် သကဲ့သို့ ငါ့ ကို ငုံလင့်လျက်၊ နောက်ကျ သော မိုဃ်းရေကို ခံချင်သကဲ့သို့ ၊ သူ တို့သည် ပစပ် ကို ကျယ်ကျယ်ဖွင့် လျက်နေကြ၏။ ၂၄ ငါသည် ပြုံး လျက်သူ တို့ကို ကြည့်ရှုသောအခါ၊ သူတို့သည် မ ယုံ နိုင်ကြ။ ငါ့မျက်နှာ

၏အလင်း ကိုလည်း မပျောက် စေကြ။ ၂၅ ငါသည် သူ တို့လမ်း ကိုပဲပြင် ၍ အမြတ် ဆုံးသော နေရာ၌ ထိုင် ၏။ ဗိုလ်ခြေ အလုံးအရင်းနှင့်တကွ ရှင်ဘုရင် ကဲ့သို့ ၎င်း ၊ ညှူးငယ် သောသူတို့ ကို နှစ်သိမ့် စေသော သူကဲ့သို့ ၎င်း ငါဖြစ်၏။

၂၀ ယခု မူကား ၊ ငါ့ ထက် အသက် ငယ် သောသူတို့ သည် ငါ့ ကို ကဲ့ရဲ့ တတ်ကြ၏။ သူ တို့အဘ များကို ငါသည် ရွံရှာ ၍၊ ငါ့ သိုးစု ကိုစောင့်သော ခွေး တို့တွင် မျှနေရာမပေး။ ၂ သူ တို့သည် အစွမ်း သတ္တိကုန်ပြီးမှ၊ ငါ့ အမှုကို အဘယ်သို့ ဆောင်ရွက်နိုင်သနည်း။ ၃ ဆင်းရဲ ငတ်မွတ် သောကြောင့်၊ သူတပါးများနှင့် မ ပေါင်းဘော်။ နက်နဲသောတော အရပ်နှင့် လူ ဆိတ်ညံရာအရပ် သို့ ပြေး ကြ၏။ ၄ စားစရာ ဘို့ ချုံဖုတ် နား မှာ မလွမြက်ကိုရိတ်၍၊ ရသမ် မြစ် ကိုလည်း တူးကြ၏။ ၅ လူနေရာမှ နှင်ထုတ် ခြင်းကို ခံရ၍၊ သူခိုး ကိုလိုက် သကဲ့သို့ သူတပါးတို့သည်လိုက်၍ အော်ဟစ် ကြ၏။ ၆ ကြောက်မက်ဘွယ်သော တောင်ကြား ၊ မြေ တွင်း ၊ ကျောက် ခေါင်း၌ နေ ကြ၏။ ၇ ချုံဖုတ် အောက်မှာ မြည်တမ်း လျက်၊ ဆူးပင် အောက် မှာ စုဝေး လျက် နေကြ၏။ ၈ လူမိုက် သား ၊ လူယုတ်သား ဖြစ်၍၊ အရပ် ရပ်နှင်ထုတ် ခြင်းကိုခံရကြ၏။ ၉ ယခု မူကား ၊ ငါသည်သူ တို့သီချင်း ဆိုရာ၊ ကဲ့ရဲ့ပုံခိုင်းရာ ဖြစ် ပါသည်တကား။ ၁၀ ငါ့ ကို ရွံရှာ ၍ ဝေး စွာရှောင်တတ်ကြ၏။ ငါ့ မျက်နှာ ကို တံတွေး နှင့် မ ထွေးဘဲ မနေကြ။ ၁၁ ဘုရားသခင်သည် ငါ့ ကိုလေးနှင့်ပစ်၍ ညှဉ်းဆဲ တော်မူသောကြောင့် ၊ သူတို့သည် ငါ့ ရှေ့မှာ ဇက်ကြိုး ကို လွှတ် တတ်ကြ၏။ ၁၂ သူငယ်တို့သည်ငါ့လက်ျာ ဘက်၌ ထ ၍၊ ငါ့ ခြေ ကို တွန်း ကြ၏။ ငါ့ ကို ဖျက်ဆီး ခြင်းဉာလမ်း ဖို့ ကြ၏။ ၁၃ ငါ့ လမ်း ကို ဖျက် ၍ ငါ့ ကိုဖျက်ဆီး ခြင်းဉာကြိုးစားကြ၏။ သူတို့တွင် သတိပေး သောသူမ ရှိ။ ၁၄ ကျယ် သော တွင်းပေါက် ၌ ဝင်သကဲ့သို့ ၊ ငါ့ကို တိုက်၍ ဖြိုဖျက် ရာကို ခိုလှုံလျက်၊ ငါ့ထံသို့တဟုန်တည်း ပြေးလာကြ၏။ ၁၅ ကြောက်မက် ဘွယ်သော အရာတို့သည် ငါ့ အပေါ် သို့ရောက် ၍၊ လေ တိုက်သကဲ့သို့ ငါ့ ဘုန်း ကို လိုက် သဖြင့် ၊ ငါ့ စည်းစိမ် သည် မိုးယံတိမ် ကဲ့သို့ လွင့် ကုန်ပြီ။ ၁၆ ယခု မူကား ၊ ငါ့ နှလုံး ကြေကွဲ ပြီ။ ဒုက္ခ ဆင်းရဲခံရာကာလ သည် ငါ့ ကိုမှီ ပြီ။ ၁၇ ညဉ့် အခါ ငါ့ အရိုး တို့သည် အလွန်ကိုက်ခဲ ၍၊ ငါ့ အကြော တို့သည် သက်သာ ခြင်းမ ရှိရကြ။ ၁၈ ငါ့အနာသည် ပြင်းထန် သဖြင့် ၊ အဝတ် နှင့် ဖုံးလွှမ်းသကဲ့သို့၊ ငါ့ကို ဖုံးလွှမ်း၍ အင်္ကျီ လည်စွပ် ကဲ့သို့ ငါ့ ကိုစည်း လျက်နေ၏။ ၁၉ ငါ့ ကိုရွံ့ ထဲသို့ တွန်းချ တော်မူသဖြင့် ၊ ငါသည် မြေမှုန့် နှင့် မီးဖိုပြာ ကဲ့သို့ ဖြစ် လေပြီ။ ၂၀ ကိုယ်တော် အား အကျွန်ုပ်အော်ဟစ် သော်လည်း ကြား တော်မ မူ။ အကျွန်ုပ်သည် မတ်တတ် နေသော်လည်း မှတ် တော်မမူ။ ၂၁ အကျွန်ုပ် ကို ကြမ်းတမ်း စွာပြု၍၊ အားကြီး သော လက် တော်နှင့် ညှဉ်းဆဲ တော်မူ၏။ ၂၂ အကျွန်ုပ် ကို ချီသွား ၍ ၊ လေ ကိုစီး စေသဖြင့်၊ အကျွန်ုပ် ၏ ကိုယ် ခန္ဓာကို ဖြုတ် လွှင့်တော်မူ၏။ ၂၃ သေ ခြင်းသို့ငင်း ၊ အသက် ရှင်သောသူခပ်သိမ်း တို့ အဘို့ စီရင် သော နေရာ သို့ငင်း၊ အကျွန်ုပ် ကို ပို့ဆောင် တော်မူမည်ဟု အကျွန်ုပ်သိ ပါ၏။ ၂၄ ဘုရားသခင်သည် လက် ဆန့် တော်မူသောအခါ ၊ တောင်းပန်သော်လည်းအချည်းနှီးဖြစ်၏။ ဖျက်ဆီး တော်မူ သောအခါ ၊ အော်ဟစ် သော်လည်းကျေးဇူးမရှိ။ ၂၅ အမှု ရောက်သော သူအတွက် ငါငိုကြွေး ဘူးပြီ မ ဟုတ်လော။ ဆင်းရဲ သောသူအတွက် ငါ စိတ် နာကြင်းဘူး ပြီမဟုတ်လော။ ၂၆ သို့သော်လည်း ၊ ငါသည် ကောင်းကျိုး ကိုမြော်လင့် သောအခါ ဘေး ရောက် လာ၏။ အလင်း ကို တောင့်တ သောအခါ

မှောင်မိုက် ဖြစ် ၏။ ၂၇ ငါ့ အသည်း သည် ပူလောင် ၍ ငြိမ်း ခြင်းမ ရှိ။ ဒုက္ခ ဆင်းရဲခံရကာလ သည် ငါ့ ကိုတွေ့ မိပြီ။ ၂၈ နေ ရောင်ကွယ်၍ မှောင်မိုက် ၌ လှည့်လည် ရ၏။ ပရိသတ် အလယ် ၌ မတ်တတ် နေ၍ ကြွေးကြော် ရ၏။ ၂၉ မြေခွေး တို့နှင့်ညီအစ်ကို တော်၏။ ကုလားအုပ်ငှက် တို့နှင့် ပေါင်းဘော် ရ၏။ ၃၀ အဆင်းမည်း လျက် အရိုး ပူလောင် လျက်ရှိ၏။ ငါ့ စောင်း သည် ညည်းတွား သောအသံ၊ ငါ့ ပုလွေ သည် ငိုကြွေး သောအသံ ကို သာပေးတတ်၏။

၃၁ ငါသည်အပျို ကို မျှမကြည့်ရှု မည်အကြောင်း ၊ ကိုယ် မျက်စိ နှင့် ပဋိညာဉ် ဝန်ခံခြင်းကို ပြု ပြီ။ ၂ သို့မဟုတ်အထက် အရပ်က ဘုရား သခင်သည်အဘယ် ကျေးဇူးကိုငင်း၊ မြင့် ရာအရပ်က အနန္တ တန်ခိုးရှင်သည် အဘယ်သို့သော အမွေ ဥစ္စာကိုငင်း ပေးတော်မူမည်နည်း။ ၃ ဆိုး သောသူတို့ သည် ပျက်စီး ခြင်းသို့ငင်း၊ မ တရားသဖြင့် ကျင့် သောသူတို့သည် ဆုံးရှုံး ခြင်းသို့ငင်း ရောက်ရကြမည် မ ဟုတ်လော။ ၄ ဘုရားသခင်သည် ငါ သွားရာလမ်း တို့ကို မြင် တော်မူသည်မ ဟုတ်လော။ ငါ့ ခြေရာ ရှိသမျှ တို့ကို ရေတွက် တော်မူသည်မဟုတ်လော။ ၅ မုသာ လမ်းသို့ ငါလိုက် မိသော်ငင်း ၊ လှည့်စား ခြင်းငှါငါပြေး မိသော်ငင်း၊ ၆ မှန် သောချိန်ခွင် ၌ ငါ့ ကိုချိန် ပါစေ။ ဘုရား သခင်သည် ငါ ဖြောင့်မတ် ခြင်းကို သိ တော်မူပါစေ။ ၇ ငါ သည်လမ်း လွဲ မိသော်ငင်း ၊ ငါ့ စိတ် နှလုံးသည် ငါ့ မျက်စိ အလိုသို့လိုက် မိသော်ငင်း၊ ငါ့ လက် ၌ အညစ် အကြေးကပ် မိသော်ငင်း၊ ၈ ငါကြဲ သောမျိုးစေ့၏ အသီးအနှံကို သူတပါး စား ပါစေ။ ငါ့ ပျိုးပင် များကို သူတပါးနှုတ် ပါစေ။ ၉ သူ့မယား ကို ငါ တပ်မက် မိသော်ငင်း ၊ အိမ်နီးချင်း တံခါး နား မှာ ငါချောင်း မိသော်ငင်း၊ ၁၀ ငါ့ မယား သည် သူတပါး ထံ ၌ ကြိတ်ဆုံကြိတ် ရ ပါစေ။ သူတပါး သည် ငါ့မယားကိုရှုတ်ချ ပါစေ။ ၁၁ ငါသည်ထိုသို့ ပြုမိလျှင် အပြစ် ကြီး၏။ ရာဇဝတ် ခံထိုက်သော အပြစ်ရှိ၏။ ၁၂ ထိုအပြစ်သည် အကုန်အစင်လောင် သောမီး ၊ ငါ့ စည်းစိမ် ရှိသမျှ ကိုသုတ်သင်ပယ်ရှင်း သောမီးဖြစ်၏။ ၁၃ ငါ့ ကျွန် နှင့် ငါ့ ကျွန် မသည် ငါ နှင့်တရား တွေ့စရာ အမှုရှိသောအခါ ၊ ငါနား မထောင်ဘဲနေမိလျှင်၊ ၁၄ ဘုရား သခင်ထ တော်မူသောအခါ အဘယ်သို့ ငါပြု ရမည်နည်း။ စစ်ကြော တော်မူသောအခါ အဘယ်သို့ ပြန် လျှောက်ရမည်နည်း။ ၁၅ ငါ့ ကို ဖန်ဆင်း တော်မူသောဘုရားသည် သူ့ ကိုလည်း ဖန်ဆင်း တော်မူသည်မ ဟုတ်လော။ တပါး တည်း သောဘုရားသည် ငါ တို့နှစ်ယောက်ကို အမိဝမ်း ထဲ ၌ဖန်ဆင်း တော်မူသည်မဟုတ်လော။ ၁၆ ငါသည် ဆင်းရဲသား တောင့်တ သော အရာကို မ ပေးဘဲနေဘူးသလော။ မုတ်ဆိုးမ မျက်စိ ကို ပျက် စေခြင်းငှါပြုဘူးသလော။ ၁၇ မိဘ မရှိသောသူတို့အား စား စရာကိုမ မျှဘဲ၊ ငါတ ယောက်တည်း စား ဘူးသလော။ ၁၈ ဆင်းရဲသားသည် အဘ ထံမှာ နေသကဲ့သို့ ၊ ငါ့ အသက် ငယ်စဉ်ကာလမှစ၍ ငါ နှင့်အတူ ကျွေးမွေးခြင်းကိုခံ ပြီ။ ငါသည် ဘွားမြင် သောနေ့ မှစ၍ မုတ်ဆိုးမကို မစ ပြီ။ ၁၉ အဝတ် မ ရှိသောကြောင့်သေခြင်း သို့ ရောက် သော သူတစုံတယောက်နှင့် ၊ ခြို စရာမ ရှိဘဲ ဆင်းရဲ စွာနေသောသူ တစုံတယောက်ကို ငါမြင် ၍၊ ၂၀ သူ ၏ခါး သည် ငါ့ ကို ကောင်းကြီး မ ပေး။ ငါ့ သိုး မွေး အားဖြင့် မနွေး ဘဲနေသော်ငင်း၊ ၂၁ ရုံး တော်တွင် ငါ့ ဘက်၌ နေသောမင်းကို ငါသည် မြင် ၍ ၊ မိဘ မရှိသောသူကို ညှဉ်းဆဲ မိသော်ငင်း၊ ၂၂ ငါ့ လက်မောင်း သည် ပခုံး က ကျ ပါစေ။ ငါ့ လက် ရိုး ကျိုး ပါစေ။ ၂၃ ငါ သည် ဘုရား သခင်ဖျက်ဆီး

တော်မူခြင်းဘေး ကို ကြောက်ရွံ့၍ ၊ တန်ခိုး အာနုဘော်တော်ကြောင့် မ ပြစ်မှား ဝံ့ဘဲနေပါပြီ။ ၂၄ ငါ သည်ရွှေ ကိုကိုးစား ၍ ရွှေစင် အား ၊ သင်သည် ငါ ခိုလှုံ ရာဖြစ်၏ဟုဆို မိသော်၎င်း၊ ၂၅ ငါ ၌စည်းစိမ် ကြီး ၍ များစွာသော ဥစ္စာရ တတ် သောကြောင့် ၊ ငါဝါကြွားဝမ်းမြောက် မိသော်၎င်း၊ ၂၆ ရောင်ခြည် ထွက်သောနေ ၊ ထွန်းလင်း လျက် သွား သောလ ကိုငါကြည့်ရှု သောအခါ၊ ၂၇ ငါ့ စိတ် နှလုံးသည် တိတ်ဆိတ် စွာ နှုးညွတ် ၍ ငါ့ လက် ကို ငါနမ်း မိသော်၎င်း၊ ၂၈ ရာဇဝတ် ခံထိုက်သော အပြစ်ရှိ၏။ အထက်အရပ်၌ ရှိတော်မူသောဘုရား သခင်ကို ငြင်းပယ် ရာ ရောက်၏။ ၂၉ ငါ့ ကိုမုန်း သောသူသည် ပျက်စီး သောအခါ ငါဝမ်းမြောက် သလော။ သူ ၌ဘေး ရောက် သောအခါ ၊ ငါဝါကြွား သလော။ ၃၀ ငါသည်သူ့ အသက် ကို ကျိန်ဆဲ ၍၊ ကိုယ် နှုတ် ၌ အပြစ် ရောက်စေ ခြင်းငှါ အခွင့် မ ပေး။ ၃၁ ငါ့ အိမ်သူ အိမ်သားတို့က၊ အဘယ်သူ သည် ငါတို့သခင်၏ အမဲသား ကို တောင့်တ၍ မ ဝ ဘဲနေရ သနည်းဟု မ ဆို တတ်သလော။ ၃၂ ဧည့်သည် သည် လမ်း ၌ ညဉ့် ကို မ လွန်ရမည်အကြောင်း၊ ငါသည် ခရီး သွားသောသူတို့ အား ကိုယ် တံခါး ကို ဖွင့် ထားပြီ။ ၃၃ ငါသည်လူ ပြုတတ်သကဲ့သို့ ၊ ကိုယ် ဒုစရိုက် ကိုဖုံး ၍၊ ကိုယ် ရင် ထဲ ၌ကိုယ် အပြစ် ကိုဝှက် ထားဘူးသလော။ ၃၄ ထိုသို့ပြုမိလျှင်၊ ကြီး သော ပရိသတ် ရှေ့မှာ ငါ့မျက်နှာ ပျက်ပါစေ။ လူ အမျိုးမျိုးတို့သည် ကဲ့ရဲ့ ၍ ငါ့ အရှက်ကွဲပါစေ။ အိမ်ပြင်သို့မ ထွက် ဘဲ တိတ်ဆိတ် စွာ နေရပါစေ။ ၃၅ တစုံတယောက် သောသူ သည် ငါ့ စကားကို နားထောင် ပါစေသော။ ငါ့ လက်မှတ် ကိုငါ ပေး မည်။ အနန္တ တန်ခိုးရှင်သည် ငါ့ ကိုစစ်ကြောတော်မူပါစေ။ ငါ့ တရား တွေ့ဘက်သည် စာ ထား ပါစေ။ ၃၆ အကယ် စင်စစ်ထိုစာကို ပခုံး ပေါ် မှာ ငါတင် ထားပါမည်။ ဗေါင်း ကဲ့သို့ဆောင်းပါမည်။ ၃၇ ငါသည် ကိုယ် အပြုအမူအလုံးစုံတို့ကို ဘော်ပြ ပါမည်။ မင်း ကဲ့သို့ အထံတော်သို့ ချဉ်းကပ် ပါမည်။ ၃၈ ငါ့ မြေ သည် ငါ့ ကို အပြစ်တင်သဖြင့်၊ အော်ဟစ် ၍ လည်ချောင်းတို့သည် တညီတညဉ်း မြည်တမ်း သော်၎င်း၊ ၃၉ စရိတ် မ ကုန်ဘဲမြေအသီးအနှံ ကို ငါစား ၍ မြေဆိုင် သောသူတို့ကို ညှဉ်းဆဲ မိသော်၎င်း၊ ၄၀ စပါး ပင်အတွက် ဆူး ပင်ပေါက် ပါစေ။ မုယော ပင်အတွက် ဟောရှ ပင်ပေါက်ပါစေဟုမြွက်ဆို၏။ ယောဘ မြွက်ဆိုသောစကား ပြီး ၏။

၃၂ ထိုသို့ ယောဘ သည် မိမိ ဖြောင့်မတ် သည်ဟု ထင် သောကြောင့် ၊ ထို သူ သုံး ယောက်တို့သည် ပြန် ၍ မပြောဘဲနေကြ၏။ ၂ ထိုအခါ ဗုဇ အမျိုးအာရ အနွယ် ဖြစ်သော ဗာရခေလ သား ဧလိဟု သည်အမျက် ထွက် ၏။ ယောဘသည် ဘုရား သခင်ထက် မိမိ ဖြောင့်မတ် ကြောင်းကို ပြသောကြောင့် ၊ ယောဘ ကို အမျက် ထွက် ၏။ ၃ ယောဘ၏ အဆွေ ခင်ပွန်းသုံး ယောက်တို့သည် ပြန် ၍မ ပြောနိုင်သော်လည်း ၊ ယောဘ ၌ အပြစ် ရှိသည်ဟု စီရင်ကြသောကြောင့် ၊ သူတို့ကို လည်း အမျက် ထွက် ၏။ ၄ ဧလိဟု သည် သူ တို့ထက် အသက်ငယ်သောကြောင့် ၊ ယောဘ ပြောသော စကား မကုန်မီတိုင်အောင်ဆိုင်းလင့် လျက်နေ၏။ ၅ ထိုသူ သုံး ယောက်တို့သည် ပြန် ၍ ပြောစရာ စကားမ ရှိကြောင်း ကို သိမြင် သောအခါ အမျက် ထွက် လေ ၏။ ၆ ထိုအခါ ဗုဇ အမျိုးဗာရခေလ သား ဧလိဟု မြွက်ဆို သည်ကား၊ ငါ သည်အသက်ငယ် ပါ၏။ သင် တို့သည် အလွန်အသက် ကြီးပါ၏။ ထိုကြောင့် ငါသည်ကြောက် ၍ ကိုယ် သဘော ကို မ ပြ ဝံ့ဘဲ နေပါပြီ။ ၇ နေ့ ရက်ကာလတာရှည်သောသူသည် စကား ပြော

အပ်၏။ နှစ် ပေါင်းများ စွာလွန်သောသူသည် ပညာ ကို သွန်သင် အပ်၏။ ၈ သို့ရာတွင် လူ ထဲ ၌ဝိညာဉ် ရှိ၏။ ဘုရားသခင်အသက် ရှင်စေတော်မူသဖြင့် ဉာဏ် ရှိ၏။ ၉ လူကြီးတို့သည် အစဉ်ပညာ ရှိသည်မ ဟုတ်။ အသက်ကြီးသော သူအပေါင်းတို့သည် မှန် သောတရားကို နားလည် သည်မဟုတ်။ ၁၀ သို့ ဖြစ်၍ ငါ့ စကားကို နားထောင်ကြလော့။ ငါ သည် ကိုယ် သဘော ကိုလည်းပြ ပါမည်။ ၁၁ သင် တို့စကား ကို ကြားရအံ့သောငှါ ငါဆိုင်းလင့် ပြီ။ သင်တို့သည် ပြောစရာကို ရှာဖွေ ၍ ဆွေးနွေးသောစကား ကို ငါနားထောင် ပြီ။ ၁၂ စေ့စေ့ နားထောင်စဉ် တွင်၊ ယောဘ ကို အဘယ် သူမျှမနိုင်။ သူ ၏စကား ကို အဘယ်သူမျှမချေ။ ၁၃ သို့ ဖြစ်၍ငါတို့သည် ပညာ ကိုရှာ ၍ တွေ့ပြီဟု သင်တို့ဆို စရာမ ရှိ။ ယောဘကို နှိမ့်ချသောသူကား လူ မ ဟုတ်၊ ဘုရား သခင်ပေတည်း။ ၁၄ ယောဘသည် ငါ့ ကို ရည်ဆောင် ၍ ပြောပြီ မ ဟုတ်။ သင် တို့ ပြန်ပြော သည်အတိုင်း ငါပြန် ပြောမည် မ ဟုတ်။ ၁၅ ဤသူတို့သည် မိန်းမောတွေဝေလျက်ပြန် ၍ မ ပြောဘဲ တိတ်ဆိတ်စွာ နေကြ၏။ ၁၆ ငါဆိုင်းလင့် သည်တွင်သူတို့သည် နူတ်မ မြွက် ၊ ပြန် ၍မ ပြောဘဲ ငြိမ်ငြိမ်နေ ကြ၏။ ၁၇ သို့ ဖြစ်၍ ငါ သည်ကိုယ် အတွက် ပြန် ပြောမည်။ ကိုယ် သဘော ကို ပြ မည်။ ၁၈ ငါသည် ပြောစရာစကား နှင့် ပြည့်ဝ ၏။ အတွင်း ဝိညာဉ် နှိုးဆော် ခြင်းကို ခံရ၏။ ၁၉ ငါ့ ဝမ်း သည် ပိတ်ဆို့သောစပျစ်ရည် နှင့်တူ ၏။ အသစ် သော သားရောဘူး ကွဲ လုသကဲ့သို့ ဖြစ်၏။ ၂၀ ငါသည် သက်သာ ခြင်းငှါမြွက်ဆို ရမည်။ နူတ် ကို ဖွင့် ၍ ပြန် ပြောရမည်။ ၂၁ အဘယ်သူ ၏မျက်နှာ ကိုမျှမ ထောက် ၊ အဘယ် သူကိုမျှ ချီးမွမ်းသော စကားနှင့်မ ချော့မော့။ ၂၂ သူတပါးကို ချီးမွမ်း သောစကားနှင့် မ ချော့မော့တတ်။ ထိုသို့ပြုလျှင်၊ ငါ့ ကိုဖန်ဆင်းတော်မူသောဘုရား သည် ငါ့ ကို ချက်ခြင်း ပယ်ရှား တော်မူမည်။

၃၃ သို့ ဖြစ်၍အို ယောဘ ၊ ငါ မြွက်ဆို သောစကား အလုံးစုံ တို့ကို နားထောင် နာယူ ပါလော့။ ၂ ငါသည် ယခု နူတ် ကိုဖွင့် ၍ လျှာ နှင့်မြွက်ဆို သောအခါ၊ ၃ ငါ သဘော ဖြောင့် သည်နှင့်အညီငါ့ စကား ဖြောင့်လိမ့်မည်။ ငါ့ နူတ်သည်ရှင်းလင်း သော ပညာ စကား ကို မြွက်ဆို လိမ့်မည်။ ၄ ဘုရား သခင်၏ဝိညာဉ် တော်သည် ငါ့ ကို ဖန်ဆင်းတော်မူပြီ။ အနန္တ တန်ခိုးရှင်၏ အသက် တော် သည် ငါ့ ကို အသက် ရှင်စေတော်မူပြီ။ ၅ သင်သည်တတ်နိုင် လျှင် ငါ့ ကို ပြန် ပြောလော့။ ကိုယ် စကားကို ပြင်ဆင် လော့။ ကြိုးစား လော့။ ၆ ဘုရား သခင့်ရှေ့မှာ ငါ သည်သင် နှင့်တူ ၏။ ငါသည်လည်း မြေမှုန့် ဖြင့် ဖန်ဆင်း တော်မူရာဖြစ်၏။ ၇ သင် သည် ကြောက်ရွံ့ ရမည်အကြောင်းငါ ၌ ကြောက်မက်ဘွယ်သော အရာမ ရှိ။ သင့် အပေါ် မှာ ငါ သည် လေးသောလက် ကိုမတင်။ ၈ အကယ် စင်စစ်သင့်စကား သံ ကို ငါကြား သည် အတိုင်း သင်မြွက်ဆို သောစကားဟူမူကား၊ ၉ ငါ သည် စင်ကြယ် သောသဘောရှိ၏။ ပြစ်မှား ခြင်းကို မ ပြုတတ်။ ငါ ၌အပြစ် မ ရှိ။ သန့်ရှင်း ခြင်းရှိ၏။ ၁၀ ဘုရားသခင်သည် ငါ ၌ အပြစ်တင်ခွင့်ကို ရှာ တော်မူ၏။ ငါ့ ကို ရန်သူ ကဲ့သို့ မှတ် တော်မူ၏။ ၁၁ ငါ့ ကို ထိတ်ခတ် တော်မူ၏။ ငါ ထွက်ရာလမ်း ရှိသမျှ တို့ ကို စောင့် တော်မူ၏ဟု ဆိုမိပြီ။ ၁၂ ထိုသို့ ဆိုသော်မှား ပြီ။ ငါပြန် ပြောသောစကားဟူမူကား၊ အကယ် စင်စစ်ဘုရား သခင်သည် လူ ထက် ကြီးမြတ် တော်မူ၏။ ၁၃ ဘုရားသခင်နှင့်အဘယ်ကြောင့် ဆန့်ကျင် ဘက် ပြုသနည်း။ ပြုတော်မူသောအမှု တို့၏အကြောင်း ကို ပြတော်မ မူ။

၁၄ ဘုရား သခင်သည် တကြိမ် မိန့်မြွက် တော်မူ၏။ လူမ ရိပ်မိ လျှင် နှစ် ကြိမ်တိုင်အောင် မိန့်မြွက်တော်မူ၏။ ၁၅ လူ သည်အပ်ရာ ပေါ် မှာငိုက် လျက် အိပ်ပျော် လျက်နေသောအခါ အိပ်မက် မြင်၍၊ ညဉ့် ရူပါရုံ ကို ခံရသောအားဖြင့်၊ ၁၆ ဘုရားသခင်သည် လူ ၏နား ကို ဖွင့် ၍ ဆုံးမ ပေးတော်မူတတ်၏။ ၁၇ ထိုသို့လူ သည် မိမိအကြံ ကိုစွန့် စေ ခြင်းငှါငင်း ၊ မာန် မာနနှင့် ကင်းလွတ် စေခြင်းငှါငင်း ပြုတော်မူ၏။ ၁၈ သူ ၏အသက် ကို သခိုင်းတွင်း မှ ကွယ်ကာ ၍ ၊ ထား ဘေးဖြင့် မသေစေခြင်းငှါ စောင့်မ တော်မူ၏။ ၁၉ လူသည် အိပ်ရာ ပေါ် မှာနာ ခြင်းဝေဒနာကို ခံရ၍၊ အရိုး ရှိသမျှ တို့သည် ပြင်းထန် စွာ ကိုက်ခဲသဖြင့်၊ ၂၀ မုန့် နှင့်မြိန် သော ခဲဘွယ် စားဘွယ်တို့ကို သူ ၏ စိတ် ဝိညာဉ်သည် ရွံရှာ ၏။ ၂၁ အသားအရေ ပိန် လျော့ ကွယ်ပျောက်၍၊ မ ထင်ရှား ဘူးသော အရိုး တို့လည်း ပေါ် ကြ၏။ ၂၂ အသက် ဝိညာဉ် သည် သခိုင်း တွင်းနားသို့ ၎င်း၊ ဖျက်ဆီး သော တမန်လက်သို့ ၎င်း ရောက် လုပြီ။ ၂၃ သို့ရာတွင်လူ တို့အား တရား လမ်းကို ပြ စေ ခြင်းငှါ၊ တ ထောင် တွင် အထွဋ်ဖြစ်၍၊ တရား စကားကို ပြန်တတ် သော တမန် ရှိ လျှင်၊ ၂၄ ဘုရားသခင်က၊ သခိုင်း တွင်းထဲသို့ထိုသူ ကို မဆင်း စေဘဲ ကယ်တင် လော့။ ရွေး ရာအကြောင်းကို ငါတွေ့ ပြီဟု ကရုဏာ စိတ်ရှိ၍ မိန့် တော်မူသောအားဖြင့်၊ ၂၅ ထိုသူသည် သူငယ် ထက် အသားအရေ နုထွား ၍ ပျို သောအသက်နှင့်တဖန် ပြည့်စုံလိမ့်မည်။ ၂၆ ဘုရား သခင်ကို ဆုတောင်း ၍ကျေးဇူး တော်ကိုခံရသဖြင့် ၊ ဝမ်းမြောက် သောစိတ်နှင့် မျက်နှာ တော်ကို ဖူးမြင် ရလိမ့်မည်။ ဖြောင့်မတ် ခြင်းအကျိုးကို လူ တို့အား ဘုရားသခင်ပေးတော်မူတတ်၏။ ၂၇ သူကလည်း ၊ ငါသည် ပြစ်မှား ပါပြီ။ မှန် သော တရားကိုမှောက် ပါပြီ။ သို့သော်လည်း ကိုယ် ခံထိုက်သော အပြစ်ကိုမ ခံရ ဘဲ၊ ၂၈ သခိုင်း တွင်းထဲ သို့ ငါ့ ကိုမဆင်း စေဘဲ ကယ်တင် တော်မူသဖြင့် ၊ ငါ့ အသက် သည် မှောင်မိုက်နှင့် လွတ် လျက်ရှိ၏ဟု လူ တို့တွင် သီချင်းဆိုရလိမ့်မည်။ ၂၉ ထိုသို့ ဘုရား သခင်သည် လူ တို့ ၌ ရံခါရံခါစီရင် တော်မူသဖြင့်၊ ၃၀ သခိုင်း တွင်းမှ နှုတ် ယူ၍၊ အသက် ရှင်သောသူတို့ ၏အလင်း နှင့် လင်း စေတော်မူ၏။ ၃၁ အိုယောဘ ၊ ငါ့ စကားကို သတိနှင့်နားထောင် လော့။ တိတ်ဆိတ် စွာနေလော့။ ငါ ပြော ပါမည်။ ၃၂ သို့သော်လည်းပြော စရာရှိ လျှင် ပြန် ပြောလော့။ သင့် ကို အပြစ် လွတ်စေခြင်းငှါ၊ ငါအလိုရှိ သောကြောင့် စကားပြော လော့။ ၃၃ ပြောစရာမ ရှိလျှင် ၊ တိတ်ဆိတ် စွာနေ၍ ငါ့ စကားကို နားထောင် လော့။ ပညာ ကိုငါသွန်သင် ပါမည် ဟု မြွက်ဆို၏။

၃၄ တဖန် ဧလိဟု ဆက်၍ မြွက်ဆို သည်ကား၊ ၂ အကြားအမြင်များသော ပညာရှိ တို့၊ ငါ့ စကား ကို နားထောင် နာယူ ကြလော့။ ၃ ခံတွင်း သည် အစာကို မြည်းစမ်း သကဲ့သို့၊ နား သည် စကား ကို စုံစမ်း တတ်၏။ ၄ ငါတို့သည် ကိုယ် အဘို့ အလိုငှါ စစ် ၍တရား သဖြင့် စီရင်ကြကုန်အံ့။ ကောင်း သောအရာ ကို ကိုယ်တိုင် အားဖြင့်သိမှတ် ကြကုန်အံ့။ ၅ ယောဘ က၊ ငါဖြောင့်မတ် ၏။ ဘုရား သခင်သည် ငါ့ ကို အမှု ရှုံး စေတော်မူ၏။ ၆ ငါသည် ကိုယ်အကျိုးကို ပျက်စီးစေခြင်းငှါ မုသာပြောရမည်လော။ ငါမပြစ်မှားသော်လည်း၊ မပျောက်နိုင်သောအနာရောဂါစွဲပါသည်တကားဟု ဆိုမိပြီ။ ၇ ယောဘ နှင့် တူသော သူ တစုံတယောက်ရှိလိမ့်မည်လော။ ရေ ကို သောက်သကဲ့သို့ ကဲ့ရဲ့ခြင်းကို မျိုတတ်၏။ ၈ မ တရားသဖြင့်ကျင့် သောသူတို့ နှင့် ပေါင်းဘော် ၍၊ လူဆိုး တို့နှင့် သွား လာတတ်၏။ ၉ လူ သည်ဘုရား သခင်၌

မွေ့လျော် ၍၊ အကျိုး မ ရှိဟု ယောဘသည် ဆို မိပြီ။ ၁၀ သို့ ဖြစ်၍ ဉာဏ်ကောင်းသောသူတို့၊ ငါ့ စကားကို နားထောင်ကြလော့။ ဒုစရိုက် သည် ဘုရား သခင်နှင့် ၎င်း ၊ အပြစ် သည် အနန္တ တန်ခိုးရှင်နှင့်၎င်း ဝေး ပါစေ။ ၁၁ လူ ပြုသော အမှု၏အကျိုးအပြစ်ကိုပေး တော်မူမည်။ လူတိုင်း ကိုယ်ကျင့်သောအကျင့်နှင့်အထိုက် အလျောက်ခံစေတော်မူမည်။ ၁၂ အကယ် စင်စစ်ဘုရား သခင်သည် ဒုစရိုက် ကို ပြုတော်မ မူ။ အနန္တ တန်ခိုးရှင်သည် မ တရားသဖြင့် စီရင် တော်မ မူ။ ၁၃ မြေကြီး ကို ဘုရားသခင်၌ အဘယ်သူ အပ် သနည်း။ လောကဓါတ်လုံး ကို အဘယ်သူ စီရင်ပြုပြင် သနည်း။ ၁၄ ဘုရားသခင်သည် လူကို အလို တော်မရှိ၍ ၊ လူ၏အသက် ဝိညာဉ် ကို ရုပ်သိမ်း တော်မူလျှင်၊ ၁၅ ခပ်သိမ်း သော လူ သတ္တဝါတို့သည် ချက်ခြင်း သေ ပျောက်၍ မြေမှုန့် သို့ တဖန် ရောက်ရကြလိမ့်မည်။ ၁၆ ယခု မှာသင်သည် ဉာဏ် ရှိသည်ဖြစ်၍ ဆင်ခြင် ဦးလော့။ ငါ့ စကား သံ ကို နားထောင် ဦးလော့။ ၁၇ တရား ကို မုန်း သောသူသည် အစိုးရ ရမည်လော။ တရား သဖြင့် စီရင်၍ တန်ခိုး ကြီးသောသူကို အပြစ် တင်သင့်သလော။ ၁၈ သင်သည်လူဆိုးဖြစ်၏ဟု ရှင်ဘုရင် ကို ၎င်း၊ သင်တို့သည် အဓမ္မ လူဖြစ်ကြ၏ဟုမင်း တို့ကို ၎င်းဆို သင့် သလော ။ ၁၉ ထိုမျှမက၊ မင်း တို့၏မျက်နှာ ကို ထောက် တော်မ မူ။ ဆင်းရဲ သောသူကို အားနာသည်ထက်၊ ရ တတ် သောသူကိုသာ၍အားနာ တော်မ မူသောဘုရားသခင်ကို မဆိုသင့်သည်မဟုတ်လော။ ဘုရားသခင်သည် ခပ်သိမ်း သောသတ္တဝါတို့ကို ဖန်ဆင်း တော်မူပြီ။ ၂၀ တခဏ ခြင်းတွင် သတ္တဝါတို့သည် သေ တတ်ကြ၏။ သန်းခေါင် အချိန်၌ လူမျိုး တစုံတမျိုး တုန်လှုပ် ကွယ်ပျောက်၍၊ အားကြီး သောသူသော်လည်းအဘယ်သူမျှမ ပြု ဘဲ သုတ်သင် ပယ်ရှင်းခြင်းသို့ ရောက်တတ်၏။ ၂၁ အကြောင်း မူကား၊ လူ သွားရာလမ်း တို့ကို ဘုရားသခင် ကြည့်ရှု ၍၊ လူခြေရာ ရှိသမျှ တို့ကို မြင် တော်မူ၏။ ၂၂ မ တရားသဖြင့် ကျင့် သောသူ၏ ပုန်းရှောင် ရာ မှောင်မိုက် ၊ သေမင်း အရိပ်တစုံတခုမျှမ ရှိ။ ၂၃ ဘုရား သခင့်ရှေ့တော်၌ လူ သည် တရား တွေ့ သောအခါ ၊ အထပ်ထပ် စစ်ကြော တော်မူစရာ အကြောင်းမ ရှိ။ ၂၄ အားကြီး သောသူတို့ကိုပင် မ စစ်ကြော ဘဲ ချိုးဖျက် ၍ ၊ သူ တို့အရာ ၌ အခြား သောသူကို ခန့်ထား တော်မူ၏။ ၂၅ သို့ ဖြစ်၍ သူ တို့ပြု သမျှကို သိ တော်မူသဖြင့် ၊ ညဉ့် မှောင်မိုက်ကို ရောက်စေ၍ ဖျက်ဆီး တော်မူ၏။ ၂၆ သူ တို့အပြစ် ကြောင့် ပရိသတ်ရှေ့မှာ ဒဏ်ခတ် တော်မူ၏။ ၂၇ အကြောင်း မူကား၊ သူတို့သည် ဘုရားသခင်ကိုငြင်းပယ် ကြ၏။ ပြုတော်မူသောအမှု တို့ကို အလျှင်း မ ဆင်ခြင်ကြ။ ၂၈ ထိုသို့ပြုသောကြောင့်ဆင်းရဲသား ငိုကြွေး သံသည် ရှေ့တော်သို့ တက်၍ ၊ ညှဉ်းဆဲ ခံရသောသူ၏ ငိုကြွေးသံကိုကြား တော်မူရ၏။ ၂၉ ဘုရားသခင်သည်ချမ်းသာ ပေးတော်မူလျှင် အဘယ်သူ နှောင့်ရှက် နိုင်သနည်း။ မျက်နှာ လွှဲတော်မူလျှင် လူ တမျိုးလုံးဖြစ်စေ၊ တယောက် တည်းဖြစ်စေ၊ အဘယ်သူ သည် မျက်နှာတော်ကို ဖူးမြင် နိုင်သနည်း။ ၃၀ ထိုသို့ဆင်းရဲသားတို့ကို မမှားယွင်းစေမည်အကြောင်းအဓမ္မ မင်းတို့ကို နှိမ့်ချတော်မူ၏။ ၃၁ အကျွန်ုပ်သည် ဆုံးမ တော်မူခြင်းကိုခံရပါပြီ။ နောက်တဖန် မ ပြစ်မှား ပါ။ ၃၂ အကျွန်ုပ်နား မ လည်သောအရာကိုသွန်သင် တော်မူပါ။ ဒုစရိုက် ကို ပြု မိသည်ဖြစ်၍၊ နောက် တဖန် မ ပြုဘဲ နေပါမည်ဟု ဘုရား သခင်အား လျှောက်သင့် သည် မဟုတ်လော။ ၃၃ သင်သည် ငြင်းပယ် သည်ဖြစ်စေ၊ ရွေးယူ သည် ဖြစ်စေ၊ သင်၏အလိုသို့သာ ဘုရားသခင်လိုက်၍ ၊ အလိုတော်

သို့မ လိုက်ဘဲ အကျိုးအပြစ်ကိုပေး တော်မူရမည် လော ။ သို့ ဖြစ်လျှင် နားလည် သည်အတိုင်း ပြော ပါ။ ၂၄ ဉာဏ် ကောင်းသောသူ တို့ သည် စကားပြော ပါစေ။ ပညာ ရှိသောသူတို့ သည် ငါ့ စကားကို နားထောင် ပါစေ။ ၂၅ ယောဘ သည် နား မ လည်ဘဲပြော မိပြီ။ သူ ပြော သောစကား သည် ပညာ စကားမ ဟုတ်။ ၂၆ ယောဘ သည် မတရား သော သူ ကဲ့သို့ ပြန်ပြော တတ်သောကြောင့် ၊ အဆုံး တိုင်အောင် စုံစမ်း စေခြင်းငှါ ငါအလိုရှိ ၏။ ၂၇ ဒုစရိုက် ကိုပြုသည်သာမက၊ ပုန်ကန်သော အပြစ် ရှိသေး၏။ ငါ တို့တွင် အောင်ပွဲ ကိုခံ၍ ၊ ဘုရား သခင်ကို ပြစ်မှားသောစကား နှင့် များစွာ ပြော တတ်သည်ဟု မြွက်ဆို၏။

၃၅ တဖန် ဧလိဟု ဆက်၍ မြွက်ဆို သည်ကား၊ ၂ ငါ သည် ဘုရား သခင်ထက်သာ၍ ဖြောင့်မတ် ၏ဟု သင်ပြော သောစကားမှန် သည်ထင် သလော။ ၃ သင်က၊ ငါသည်အဘယ် အကျိုး ကိုရသနည်း။ ဒုစရိုက် ကို မပြုဘဲနေလျှင် အဘယ် ကျေးဇူး ရှိသနည်းဟု ဆို လို၏။ ၄ သင် နှင့် သင် ၏အပေါင်း အဘော်တို့စကား ကို ငါ ချေ ပါမည်။ ၅ မိုဃ်းကောင်းကင် ကိုမျှော် ၍ ၊ သင့် ထက် မြင့် သော မိုဃ်းတိမ် တို့ကို ကြည့်ရှု လော့။ ၆ သင်သည် ဒုစရိုက် ကိုပြုသော်လည်း ၊ ဘုရားသခင် ကို အဘယ်သို့ ထိခိုက် နိုင်သနည်း။ ပြစ်မှားသော အပြစ် များ သော်လည်း ၊ အကျိုးတော်ကို အဘယ်သို့ ဖျက် နိုင်သနည်း။ ၇ သင်သည် ဖြောင့်မတ် သော်လည်း ၊ ဘုရားသခင်၏ အကျိုးတော်ကို အဘယ်သို့ ပြုစု နိုင်သနည်း။ သင့် လက် မှ အဘယ် ကျေးဇူးကိုခံ တော်မူမည်နည်း။ ၈ သင် ပြုသောဒုစရိုက် သည် သင် နှင့် တူသော လူ သတ္တဝါကို သာ ထိခိုက်နိုင်၏။ သင် ပြုသောသုစရိုက် သည်လည်း လူ သား တို့ ၌ သာ ကျေးဇူးပြုနိုင်၏။ ၉ များပြား သော ညှဉ်းဆဲ ခြင်းကို ခံရသောသူတို့သည် အော်ဟစ် တတ်ကြ၏။ အားကြီး သောသူ နှိပ်စက်သောကြောင့်၊ ပြင်းစွာအော်ဟစ် တတ်ကြ၏။ ၁၀ သို့သော်လည်း ငါ့ ကို ဖန်ဆင်း တော်မူထသော၊ ညဉ့် အချိန်၌ သီချင်း ဆိုရသောအခွင့်ကိုပေး တော်မူထ သော၊ ၁၁ မြေ တိရစ္ဆာန် နားလည်သည်ထက် သာ၍နားလည်သောဉာဏ်နှင့်ငင်း၊ မိုဃ်း ကောင်းကင်ငှက် မရ၊ ထူးဆန်းသောပညာ နှင့်ငင်း၊ ငါ တို့ကို ပြည့်စုံစေတော်မူသောဘုရား သခင်သည် အဘယ်မှာ ရှိတော်မူသနည်းဟု အဘယ်သူမျှမ မေးမြန်း တတ်။ ၁၂ ထိုကြောင့်အဓမ္မ လူ၊ ထောင်လွှား စော်ကားခြင်းကိုခံရ၍ အော်ဟစ် သော်လည်း ၊ ဘုရားသခင်သည် ထူး တော်မ မူ။ ၁၃ အကယ် စင်စစ်ဘုရား သခင်သည် အချည်းနှီး သောစကားကို နားထောင် တော်မ မူ။ အနန္တ တန်ခိုးရှင်သည် ထိုသို့သောစကားကို မ မှတ် ဘဲ နေတော်မူ၏။ ၁၄ ဘုရားသခင်ကို မ တွေ့ မမြင်ရဟု သင်ဆို သော်လည်း ၊ တရား သဖြင့် စီရင်တော်မူသောကြောင့် မြော်လင့် လျက်နေလော့။ ၁၅ ယခု မူကား ၊ အမျက် ထွက်၍ ဆုံးမ တော်မ မူ။ ပြစ်မှားသောအပြစ်ကို ကျပ်တည်းစွာ မှတ် တော်မ မူသောကြောင့်၊ ၁၆ ယောဘ သည်အချည်းနှီး သော စကားကို မြွက်ဆိုတတ်၏။ ပညာ မ ရှိဘဲ များစွာ ပြောတတ်သည်ဟု မြွက်ဆို ၏။

၃၆ တဖန် ဧလိဟု ဆက် ၍မြွက်ဆို သည်ကား၊ ၂ ငါ့ ကိုသည်းခံပါလော့။ အကျိုးအကြောင်းကို ငါပြ ဦးမည်။ ဘုရား သခင့်အဘို့ ပြော စရာရှိသေး၏။ ၃ ငါသည်ဝေး သော အရပ်က ကိုယ် ပညာ ကို ဆောင် ခဲ့မည်။ ငါ့ ကို

ဖန်ဆင်း တော်မူသောဘုရားသခင် သည်ဖြောင့်မတ် တော်မူကြောင်းကို ငါပြ မည်။ ၄ အကယ် စင်စစ်မ မှန်သောစကား ကို ငါမ ပြော။ ပညာ အတတ် စုံလင် သောသူသည် သင် ၌ ရှိ၏။ ၅ ဘုရား သခင်သည် တန်ခိုး ကြီးတော်မူ၏။ သို့သော်လည်း မထီမဲ့မြင် ပြုတော်မ မူတတ်။ အစွမ်း သတ္တိ၊ ဉာဏ် သတ္တိနှင့်ပြည့်စုံတော်မူ၏။ ၆ မ တရားသောသူတို့၏ အသက် ကို စောင့်တော်မ မူ။ ဆင်းရဲ ခံရသောသူတို့ဘက်၌ တရား စီရင်တော်မူ၏။ ၇ ဖြောင့်မတ် သောသူတို့ကို ပမာဏ မပြုဘဲ နေ တော်မ မူ။ ရှင်ဘုရင် နှင့်အတူ ရာဇ ပလ္လင်ပေါ် မှာ ထာဝရ နေရာ ချ၍ ချီးမြှောက် တော်မူ၏။ ၈ သူတို့သည်အကျဉ်း နေ၍ ဒုက္ခ ကြိုး နှင့် ချည်နှောင် ခြင်းကိုခံရလျှင်၊ ၉ သူ တို့ပြုမိသောအမှု နှင့် ပြစ်မှားလွန်ကျူးမိသော အပြစ် များတို့ကို ပြ တော်မူ၏။ ၁၀ ဆုံးမ သောစကားကို နားထောင်ချင်သော သဘောကိုသွင်းပေး၍၊ ဒုစရိုက် ကိုစွန့် စေမည်အကြောင်း ပညတ် တော်မူ၏။ ၁၁ စကားတော်ကိုနားထောင် ၍ အမှုတော်ကိုဆောင်ရွက် လျှင် ၊ စည်းစိမ် ချမ်းသာနှင့် ပျော်မွေ့ လျက်၊ နှစ် လနေ့ ရက်ကာလကို လွန် စေတတ်ကြ၏။ ၁၂ နား မ ထောင်လျှင် ထား ဘေးဖြင့် ဆုံး ၍ ၊ ပညာ အတတ်မ ရှိဘဲ သေ တတ်ကြ၏။ ၁၃ အဓမ္မ သဘော ရှိသောသူတို့သည် အမျက် တော်ကို သိုထား တတ်ကြ၏။ ချည်နှောင် တော်မူသောအခါ မ အော်ဟစ် တတ်ကြ။ ၁၄ အသက် ငယ် စဉ် ကပင်သေ ၍ ၊ ဆိုးညစ် သောသူတို့ နှင့်အတူ ဆုံးတတ်ကြ၏။ ၁၅ အမှု ရောက်သောဆင်းရဲသား တို့ကို ကယ်တင် တော်မူ၏။ ညှဉ်းဆဲ ခြင်းကိုခံရသောအခါ ၊ နားထောင် စေ ခြင်းငှါပြုတော်မူ၏။ ၁၆ ထိုသို့သင့် ကိုလည်း ကျဉ်းမြောင်း သောအရပ် မှ ကျယ်ဝန်း ရှင်းလင်း သောအရပ်သို့ပြောင်း စေ၍၊ သင် ၏ စားပွဲ ပေါ်မှာ ကောင်းသော အရသာနှင့်ပြည့်စုံ သော ခဲဘွယ် စားဘွယ်ကို တင် ထားတော်မူလိမ့်မည်။ ၁၇ သို့မဟုတ်မ တရားသော သူကဲ့သို့အပြစ်နှင့် ပြည့်စုံ လျှင်၊ အပြစ်နှင့် ယှဉ်သောဒဏ်ကိုခံရမည်။ ၁၈ အမျက် တော်ထွက်တတ်သည်ဖြစ်၍၊ ဒဏ်ခတ်တော်မူမည်ဟု စိုးရိမ်စရာရှိ၏။ အမှုရောက်မှများသော အဘိုးကိုပေးသော်လည်းကိုယ်ကို မရွေးမနှုတ်နိုင်။ ၁၉ သင် ၏ဥစ္စာ ကို ပမာဏ ပြုတော်မူမည်လော။ ရွှေကို၎င်း၊ များစွာသော စည်းစိမ်ကို၎င်းပေးချင်သော်လည်း၊ ပမာဏပြုတော်မမူ။ ၂၀ ညဉ့် ကိုမ တောင့်တ နှင့်။ ညဉ့်အခါလူ တို့သည် ပယ်ရှင်း ခြင်းကိုခံရတတ်ကြ၏။ ၂၁ သတိပြု ပါ။ မ တရားသောအမှုကို မ ငဲ့ကွက် နှင့်။ ထိုသို့ သော အမှုကို ဆင်းရဲ ခြင်းထက် သင်သည် အလို ရှိ လေပြီတကား။ ၂၂ ဘုရား သခင်သည် တန်ခိုး တော်အားဖြင့် ချီးမြှောက် ခြင်းရှိတော်မူ၏။ ဘုရားသခင်ကဲ့သို့ အဘယ်သူ အုပ်ချုပ် နိုင်သနည်း။ ၂၃ ကြွတော်မူရသောလမ်း ကို အဘယ်သူ စီရင် သနည်း။ ကိုယ်တော်သည် မ တရားသောအမှုကို ပြု မိပြီဟု အဘယ်သူ ဆို ရာသနည်း။ ၂၄ လူ တို့သည် ချီးမွမ်း အပ်သော အမှု တော်ကို ချီးမြှောက် ခြင်းငှါ သတိပြု လော့။ ၂၅ လူ ခပ်သိမ်း တို့သည် အမှုတော်ကို မြင် ကြ၏။ အဝေး က ကြည့်ရှု တတ်ကြ၏။ ၂၆ ဘုရား သခင်သည် ကြီးမြတ် တော်မူ၏။ ငါတို့ သည် ဘုရားသခင်ကို မ သိ နိုင်။ အသက် တော်နှစ်ပေါင်း ကို စစ် ၍မ ကုန်နိုင်ကြ။ ၂၇ ရေကိုသုန်ဖျင်းစေ၍၊ အထက်သို့ဆွဲယူတော်မူသဖြင့်၊ ရေငွေ့ရှိသည်အတိုင်း မိုးယိုးရွာတတ်၏။ ၂၈ မိုးယိုးတိမ် မှ လူ တို့အပေါ် သို့ မိုးယိုး ပေါက်ကျ၍၊ များစွာ သော မိုးယိုး ရွာတတ်၏။ ၂၉ မိုးယိုးတိမ် တော်နှံ့ ပြား ခြင်း၊ တဲ တော်အသံ မြည် ခြင်းကို

အဘယ်သူနားလည် သနည်း။ ၃၀ တဲတော်အပေါ် မှာ အလင်း တော်ကို ဖြန့် တော်မူ၏။ သမုဒ္ဒရာ ၌ အနက်ဆုံး သောအရပ်ကိုလည်း ဖုံးလွှမ်း တော်မူ၏။ ၃၁ ထိုသို့သောအားဖြင့် လူမျိုး တို့ကို တရား စီရင်တော်မူ၏။ များစွာ သော အစာ အာဟာရကိုလည်း ပေး တော်မူ၏။ ၃၂ အလင်း ကိုလက် တော်နှင့် ကွယ်ကာ ၍ ၊ တဖန် ရန်သူရှိရာသို့ လွှတ် တော်မူ၏။ ၃၃ ထိုသူမှစသောတိရစ္ဆာန် များနှင့် အပင်များကို အလိုတော်မရှိကြောင်း ထင်ရှား၏။

၃၇ ဤ အမှုကြောင့် ငါ့ နှလုံး သည် တုန်လှုပ် ၍ မိမိ နေရာ မှ ရွေ့ သွား၏။ ၂ မြွက်တော်မူသောအသံ နှင့် နူတ် တော်မှ ထွက် သောအသံ ကို စေ့စေ့နားထောင် ကြလော့။ ၃ မိုဃ်း ကောင်းကင်အောက် ၌ အနှံ့အပြား လွှတ်၍ ၊ မြေကြီး စွန်း တိုင်အောင် လျှပ်စစ် ပြက်စေတော်မူ၏။ ၄ လျှပ်စစ်ပြက်ပြီးမှ အသံ တော်ထွက်၏။ ဘုန်း အာနုဘော်တော်အသံ နှင့် မိုဃ်းချုန်း တော်မူ၏။ အသံ တော်မြည်သောအခါ မိုဃ်းသက်မုန်တိုင်းကို ချုပ်တည်း တော်မ မူ။ ၅ အံ့ဩ ဘွယ်သော အခြင်းအရာပါလျက်၊ ဘုရား သခင်သည် အသံ တော်နှင့် မိုဃ်းချုန်း တော်မူ၏။ ကြီး သောအမှု ငါတို့နား မ လည်နိုင်သော အမှုတို့ကို ပြု တော်မူ၏။ ၆ မြေ ပေါ် မှာဖြစ် စေဟု မိုဃ်းပွင့် ကို ၎င်း၊ သုန်ဖျင်းသောမိုဃ်းရေနှင့် တန်ခိုးတော်ကြောင့် ပြင်းထန်သော မိုဃ်းရေကိုငင်းမိန့်တော်မူ၏။ ၇ ဖန်ဆင်း တော်မူသောလူ အပေါင်း တို့သည် ကိုယ်တော်ကို သိ မည်အကြောင်း လူ တိုင်းလုပ်သော အလုပ် ကို ဆီးတား တော်မူ၏။ ၈ ထိုအခါ သားရဲ တို့သည် မြေတွင်း ထဲ သို့ဝင် ၍ ၊ သူ တို့နေရာ ၌ နေ တတ်ကြ၏။ ၉ လေဘွေ သည် တောင် မျက်နှာမှ ၎င်း ၊ အချမ်း သည် မြောက် မျက်နှာမှ ၎င်း ထွက် လာတတ်၏။ ၁၀ ဘုရား သခင်မှုတ်တော်မူသဖြင့်၊ ရေခဲ ဖြစ် ၍ ရေ မျက်နှာသည် ခဲလျက်ရှိ၏။ ၁၁ မိုဃ်းတိမ် မှမိုဃ်းရေ ကို သက်ရောက် စေ၍၊ ရောင်ခြည် တော်အားဖြင့်မိုဃ်းတိမ် ကို ပျောက်လွင့် စေတော်မူ၏။ ၁၂ လောကဓါတ် မြေကြီး တရှောက်လုံးကို မှာထား တော်မူသမျှ အတိုင်း ပြု စေ ခြင်းငှါ ပညာ တော်အားဖြင့် လှည့်လည် စေတော်မူ၏။ ၁၃ ဒဏ်ခတ် သော်၎င်း ၊ မြေ တော် ကို ပြုစုသော်၎င်း ၊ ချမ်းသာ ပေးသော်၎င်း လာ စေတော်မူ ၏။ ၁၄ အိုယောဘ ၊ ဤ စကားကိုနားထောင် လော့။ ဘုရား သခင်၏ အံ့ဘွယ် သောအမှုတော်တို့ကို ငြိမ်သက်စွာနေ ၍ ဆင်ခြင် လော့။ ၁၅ ထိုအမှုတို့ကို ဘုရား သခင်စီရင် ၍၊ မိုဃ်းတိမ် တော်အလင်း ကို ထွန်းလင်း စေတော်မူသောအခါ ၊ သင်သည် သိ သလော။ ၁၆ ပညာ စုံလင် သောဘုရား၏ အံ့ဘွယ် သောအမှုတော်တည်းဟူသောမိုဃ်းတိမ် တို့သည် မပေါ့မလေး မှန်မှန်မိုးမည်အကြောင်း၊ ပြုတော်မူသောအမှုကို၎င်း၊ ၁၇ မြေ ပေါ် မှာ တောင် လေဖြင့်အချမ်း ပျောက်စေ တော်မူသောအခါ ၊ သင် ၏အဝတ် သည် အဘယ်သို့သော အားဖြင့်နွေး သည်ကိုငင်းနားလည် သလော။ ၁၈ သွန်း သော ကြေးမုံ ကဲ့သို့ တည်လျက်ရှိသောမိုဃ်း ကောင်းကင်ကို သင်သည် ဘုရားသခင်နှင့် ဝိုင်းညီ၍ ကြက် သလော။ ၁၉ ငါ တို့သည် အဘယ်သို့ လျှောက် ရမည်ကို သွန်သင် ပါ။ ငါတို့သည် မိုက် သောကြောင့် ၊ အလိုအလျောက်မ လျှောက် တတ်ကြ။ ၂၀ ငါပြော သော စကားကို ဘုရား သခင်အား ကြား လျှောက်လိမ့်မည်လော။ အကယ်၍လူ သည် ဘုရားသခင်ကို လျှောက် ဝံ့လျင် ပျက်စီး ခြင်းသို့ ရောက် လိမ့်မည်။ ၂၁ လေ သည် လာ၍မိုဃ်း ကောင်းကင်ကို ရှင်းလင်း စေသောအခါ ၊ လူသည် ထွန်းလင်း သောရောင်ခြည် ကို မ ကြည့် နိုင်။ ၂၂ မြောက် မျက်နှာမှ ရွှေ ရောင်ခြည်ထွက်

တတ်၏။ ဘုရား သခင်သည် ကြောက်မက် ဘွယ်သော ဘုန်း အာနုဘော် နှင့် ပြည့်စုံတော်မူ၏။ ၂၃ အနန္တ တန်ခိုးရှင်ကို ငါတို့သည် စစ် ၍မ ကုန်နိုင်ကြ။ အစွမ်း သတ္တိအားဖြင့်ငင်း၊ တရားစီရင် ခြင်းနှင့် ဖြောင့်မတ် ခြင်းအားဖြင့်ငင်း ထူးဆန်း တော်မူ၏။ အဘယ် သူကိုမျှ ညှဉ်းဆဲ တော်မ မူ။ ၂၄ သို့ ဖြစ်၍ လူ တို့သည် ကြောက်ရွံ့ စရာအကြောင်းရှိကြ၏။ ဉာဏ် ကောင်းသောသူ တစုံ တယောက်မျှ ဘုရားသခင်ကို မ ဖူး မကြည့်နိုင်ဟု မြွက်ဆို၏။

၃၈ ထိုအခါ ထာဝရဘုရား သည် ယောဘ စကားကို လှန်ပြန်၍၊ မိုဃ်းသက်မုန်တိုင်း ထဲက မိန့် တော်မူသည် ကား၊ ၂ ပညာ မ ရှိဘဲစကား ပြောကာမျှနှင့် ငါ့အကြံ ကို မိုက် စေသော ဤ သူကား အဘယ်သူ နည်း။ ၃ လူ ယောကျ်ားကဲ့သို့ သင့် ခါး ကို စီး လော့။ ငါမေးမြန်း သော ပြဿနာတို့ကို ဖြေ လော့။ ၄ မြေကြီး အမြစ်ကို ငါ တည် သောအခါ၊ သင်သည် အဘယ်မှာ ရှိ သနည်း။ နားလည် လျှင် ဘော်ပြ လော့။ ၅ မြေကြီးအတိုင်းအရှည်ပမာဏကို အဘယ်သူ စီရင် သနည်း။ နားလည် လျှင်ပြောလော့။ မျဉ်း ကြိုးကို အဘယ်သူ တန်း၍ချ သနည်း။ ၆ မြေကြီးတိုက်မြစ် ကို အဘယ် အရပ်၌ စွဲ စေ သနည်း။ ၇ နံနက် ကြယ် တို့သည် တညီတညွတ်တည်း သီချင်း ဆို၍ ၊ ဘုရား သခင်သား အပေါင်း တို့သည် ဝမ်းမြောက် သဖြင့်၊ ကြွေးကြော် ကြစဉ် ၊ တိုက်ထောင့် အထွဋ် ကျောက် ကို အဘယ်သူ တင်ထားသနည်း။ ၈ သမုဒ္ဒရာ သည်အမိဝမ်း ထဲက ဘွား၍ ထွက် လာ သောအခါ ၊ အဘယ်သူသည် တံခါး ပိတ်နှင့် ပိတ် ထား သနည်း။ ၉ သမုဒ္ဒရာကို မိုဃ်းတိမ် နှင့် ငါခြုံ၍ ထူထပ် သော မှောင်မိုက်နှင့် ထုပ် ရစ်သည်ကာလ၌ ၎င်း၊ ၁၀ သင်သည်ဤ အရပ်တိုင်အောင် လာ ရ၏။ ၁၁ တိုး ၍မ လွန်ရ၊ ဤ အရပ်၌သင် ၏ ထောင်လွှား သောလှိုင်း တံပိုးဆုံးရ၏ဟု ပညတ်လျက်၊ သမုဒ္ဒရာအပိုင်း အခြားကို ငါစီရင် ၍၊ တံခါး ပိတ်နှင့် ကန့်လန့်ကျင် တို့ကို ထား သည်ကာလ၌၎င်း၊ အဘယ်သူသည် ဝိုင်း၍ ကူညီသနည်း။ ၁၂ သင် သည်တသက်လုံး တွင် တခါမျှ နံနက် ကို မှာထား ဘူးသလော။ မိုဃ်းသောက် လင်းကို နေရာ ချဘူး သလော။ ၁၃ နံနက်အလင်းသည် မြေကြီး စွန်း ကို ကိုင် လျက်၊ လူဆိုး တို့ကိုခါ ၍ ပစ်စေခြင်းငှါ စီရင်ဘူးသလော။ ၁၄ မြေကြီး သည် တံဆိပ် ခတ်သကဲ့သို့ ပုံ ပေါ် ၍ အဝတ် တန်ဆာဆင်သကဲ့သို့ ရှိ ၏။ ၁၅ လူဆိုး တို့၏ အလင်း သည်ကွယ် ၍ ချီကြွ သော လက် လည်း ကျိုး တတ်၏။ ၁၆ သင်သည်သမုဒ္ဒရာ စမ်းရေပေါက်ထဲ သို့ ဝင် ဘူးသလော။ နက်နဲ သော အောက်ဆုံးအရပ်၌ လှည့်လည် ဘူး သလော။ ၁၇ သေ ခြင်းတံခါး တို့ကို သင့် အား ဖွင့် ဘူးသလော။ သေမင်း အရိပ်ထဲသို့ဝင်သော လမ်းဝ တို့ကို မြင် ဘူး သလော။ ၁၈ မြေကြီး မျက်နှာတပြင်လုံး ကို ကြည့်ရှု ဘူး သလော။ အလုံးစုံ ကို သိမြင် လျှင် ဘော်ပြ လော့။ ၁၉ အလင်း နေရာ သို့ အဘယ် မည်သော လမ်း ဖြင့် ရောက်ရသနည်း။ မှောင်မိုက် နေရာ လည်း အဘယ်မှာ ရှိသနည်း။ ၂၀ အကယ် စင်စစ်သင်သည် အလင်းအမိုက်အပိုင်း အခြားသို့ ငါတို့ ကိုပို့ဆောင် နိုင်၏။ သူ တို့နေရာအိမ် သို့ ရောက်သောလမ်း တို့ကို သိ လိမ့်မည်။ ၂၁ သင်သည်ရှေးကာလ၌ ဘွားမြင် ၍ အလွန် အသက် ကြီးသောကြောင့် သိ လိမ့်မည်။ ၂၂ သင်သည် မိုဃ်းပွင့် ဘဏ္ဍာတိုက် ထဲ သို့ ဝင် ဘူး သလော ။ ၂၃ ဘေး ရောက်ရာအချိန် ကာလနှင့် စစ် ပြိုင်၍ တိုက် ရာအချိန် ကာလဘို့ ၊ ငါသိုထား သော မိုဃ်းသီး ဘဏ္ဍာ များကို မြင် ဘူးသလော။ ၂၄ အလင်း သည် အဘယ်သို့ သောလမ်း ဖြင့် နှံ့ ပြား သနည်း။ အရှေ့ လေသည်မြေကြီး ပေါ် မှာ

အဘယ်ကြောင့်လွှင့် သနည်း။ ၂၅ လူ မ ရှိသောမြေ နှင့် လူမ နေသောတော ၌ မိုးရွာ စေ ခြင်းငှါငင်း၊ ၂၆ လွတ်လပ်သောလွှင်ပြင် ကို ရေနှင့်ဝ စေ၍ ၊ နုသောမြက်ပင် အညှောက် ကို ထွက် စေ ခြင်းငှါငင်း၊ ၂၇ လျှံ သောမိုးယိုးရေစီး ရာလမ်း၊ မိုးယိုးကြိုး နှင့် ဆိုင်သော လျှပ်စစ် ပြက်ရာလမ်း ကို အဘယ်သူ ဖွင့် သနည်း။ ၂၈ မိုးယိုးရေ ၏အဘ ကား အဘယ်သူနည်း။ နှင်း ပေါက် တို့ကို အဘယ်သူ ဖြစ်ဘွားစေသနည်း။ ၂၉ ရေခဲ သည်အဘယ်သူ ၏ ဝမ်း ထဲက ထွက်လာ သနည်း။ မိုးယိုး ကောင်းကင်နှင်းခဲ ကို အဘယ်သူ သည် ပဋိသန္ဓေ ပေးသနည်း။ ၃၀ ရေ သည် ကျောက်ခဲ ကဲ့သို့ ဖြစ်၍ပင်လယ် မျက်နှာ တင်းမာ လျက် ရှိ၏။ ၃၁ သင်သည် ခိမ ကြယ်စု၏သာယာ စွာ ပြုပြင်ခြင်း ကို ချုပ်တည်း နိုင်သလော။ ကသိလ ကြယ်၏ ချည်နှောင် ခြင်းကို ဖြည် နိုင်သလော။ ၃၂ မာဇရုတ် ကြယ်တို့ကို အချိန် ရောက်လျှင် ထုတ်ဘော် နိုင်သလော။ အာရှ ကြယ်နှင့်သူ ၏သား တို့ကို ပဲ့ပြင် နိုင်သလော။ ၃၃ မိုးယိုး ကောင်းကင်တရား တို့ကို နားလည် သလော။ ထိုတရားတို့သည် မြေကြီး ကို အုပ်စိုး မည် အကြောင်းအခွင့်ပေး နိုင်သလော။ ၃၄ များစွာ သော မိုးယိုးရေ သည် သင့် ကို လွှမ်းမိုး စေခြင်းငှါ မိုးယိုးတိမ် တို့ကို အသံ လွှင့် နိုင်သလော။ ၃၅ လျှပ်စစ် တို့ကို လွှတ်နိုင်သလော။ သူတို့က ကျွန်တော် တို့ရှိ ပါ၏ဟု သင့် ကို လျှောက် လျက် သွား ကြ လိမ့်မည်လော။ ၃၆ ကိုယ် ခန္ဓါထဲ သို့ ပညာ ကို အဘယ်သူ သွင်း သနည်း။ နားလည်နိုင်သောဉာဏ် ကို အဘယ်သူ ပေး သနည်း။ ပညာ ရှိ၍ မိုးယိုးတိမ် တို့ကို အဘယ်သူ ရေတွက် နိုင်သနည်း။ ၃၇ မြေမှုန့် သည် လုံးထွေး ၍ မြေစိုင် တို့သည် ကပ် လျက်နေသောအခါ ၊ မိုးယိုးကောင်း၏ရောဘူး တို့ကို အဘယ်သူ သွန်းချ သနည်း။ ၃၈ သင်သည်ခြင်္သေ့မ အတို့ စားစရာ အကောင်ကို လိုက်ရှာ နိုင်သလော။ ၃၉ ခြင်္သေ့ ပျိုတို့သည် ခိုလှုံ ရာ၌ ဝပ် ၍၊ ချုံဖုတ် အောက်၌ ချောင်းကြည့်လျက်နေသောအခါ၊ သူတို့ကို ဝစွာကျွေးနိုင်သလော။ ၄၀ ကျီးအ သငယ် တို့သည် စားစရာ မ ရှိသောကြောင့် လှည့်လည် ၍ ဘုရား သခင်ကို အော်ဟစ်သောအခါ ၊ စားစရာ ကိုအဘယ်သူ ပေး သနည်း။

၃၉ သင်သည် တောဆိတ် မွေး ရသောကာလ ကို သိ သလော။ သမင် ဒရယ်မ သားဘွား ခြင်းဝေဒနာခံရသောအချိန်ကို မှတ် နိုင်သလော။ ၂ ကိုယ်ဝန်ဆောင်ရသောနေ့လ တို့ကို ရေတွက် ၍၊ ဘွား ရသောအချိန် ကာလကို သိ သလော။ ၃ သူတို့သည် ကျောကိုင်း ၍သား ငယ်ကို မွေးဘွား သဖြင့် ဝေဒနာ ငြိမ်း ကြ၏။ ၄ သား ငယ်တို့သည် ကျန်းမာ ၍၊ လွင်ပြင်၌ ကြီးပွါး တတ်ကြ၏။ အခြားသို့သွား၍ အမိထံသို့ ပြန် မ လာဘဲ နေတတ်ကြ၏။ ၅ တောမြည်း ကိုအဆီးအတား မရှိစေခြင်းငှါ အဘယ်သူ လွှတ် သနည်း။ တောမြင်း ၌ချည်နှောင် ခြင်းကို အဘယ်သူ ဖြေ သနည်း။ ၆ တော ကို သူ့ အိမ် ဘို့ဌင်း ၊ လွင်ပြင် ကိုသူ့ နေရာ ဘို့ ဝင်း ငါခန့် ထားပြီ။ ၇ မြို့ ၌ ဖြစ်သောလူတို့၏ အသံ ဗလံကို သူသည် မထီမဲ့မြင် ပြုတတ်၏။ နှင် သောသူအော်ဟစ် နှိုးဆော်သံကို မ မှတ် တတ်။ ၈ တောင်ရိုး ၌ ကျက်စား ၍ ၊ စိမ်း သော အပင် အမျိုးမျိုး ကို ရှာ တတ်၏။ ၉ ကြဲ့ သည် သင်၏အမှု ကိုဆောင်ရွက်၍၊ သင် ၏ တင်းကုပ် ၌ နေ ခြင်းငှါအလိုရှိလိမ့်မည်လော။ ၁၀ ကြဲ့ ကိုထွန် ကြောင်းသို့ လိုက်စေခြင်းငှါ ကြိုး နှင့် ချည် နိုင်သလော။ သို့မဟုတ် သင့် နောက်သို့ လိုက်၍ချိုင့် ၌ လယ်ထွန် လိမ့်မည်လော။ ၁၁ ကြဲ့သည် အား ကြီး သောကြောင့် သူ့ ကို ယုံ မည်လော။ သင်

လုပ်ရသောအလုပ် ကိုသူ ၌ အပ် မည်လော။ ၁၂ သင် ၏စပါး ကို ဆောင် ခဲ့၍ စပါးကျီ ၌ စုသိမ်း လိမ့်မည်ဟု ယုံ
သလော။ ၁၃ ကုလားအုပ် ငှက်သည် အတောင် ခတ်လျက် နေတတ်၏။ တောင်း သည် အမွေး အတောင် နှင့်
ပြည့်စုံ၏။ ၁၄ သို့သော်လည်း မြေ ၌ ဥ ၍ အဥတို့ကို မြေမှုန့် ၌ နွေး စေတတ်၏။ ၁၅ သူ့ခြေသည်အဥတို့ကို နင်းမိမည်၊
သားရဲခွဲလိမ့် မည်ဟု မစိုးရိမ်။ ၁၆ သား ငယ်တို့ကို ကိုယ်သားကဲ့သို့ မ မှတ် ကြမ်းတမ်း စွာ ပြုတတ်၏။ စိုးရိမ် ခြင်းမ
ရှိ။ သားဘွားခြင်း ဝေဒနာကို အချည်းနှီး ခံတတ်၏။ ၁၇ အကြောင်း မူကား၊ ဘုရား သခင်သည် ပညာ မဲ့ စေခြင်းငှါ
ဖန်ဆင်းတော်မူ၏။ ဉာဏ် ကိုပေး တော်မ မူ။ ၁၈ သို့သော်လည်းကိုယ်ကို ချီကြွ သောအခါ၊ မြင်း နှင့် မြင်းစီး သော
သူကို ပင် ရယ် တတ်၏။ ၁၉ သင်သည် မြင်း ကို ခွန်အား နှင့် ပြည့်စုံ စေသလော။ သူ ၏လည်ပင်း ၌ မိုးယံကြိုး
လက္ခဏာကို သွင်း သလော။ ၂၀ ကျိုင်းကောင် ခုန်သကဲ့သို့ ခုန် တတ်စေသလော။ သူ ၏နှာခေါင်းမြည်သံသည်
ကြောက်မက်ဘွယ် ဖြစ်၏။ ၂၁ လွင်ပြင် ကိုယက် ၍၊ မိမိခွန်အား ၌ ဝါကြွား လျက်၊ သူရဲ များကို တွေ့ အံ့သောငှါ သွား
တတ်၏။ ၂၂ ကြောက် စရာအကြောင်းကို ကဲ့ရဲ့ ၍၊ ကြောက်လန့် သောသဘောနှင့်ကင်းလွတ် သဖြင့်၊ ထား ဘေးကို မ
ရှောင် တတ်။ ၂၃ သူ့ တစ်ဘက် ၌ မြား တောင့်လှုပ်သံမြည် ၍၊ လှံ နှင့် ဒိုင်း လွှားသည် ပြောင်လက် လျက်ရှိ၏။ ၂၄
မာနကြီး၍ပြင်းထန် သောစိတ် နှင့် မြေ ကို မျိုု တတ်၏။ တံပိုး သံ ကို ကြားသောအခါ၊ ငြိမ်ဝပ် စွာ မ နေနိုင်။ ၂၅ တံပိုး
များ အလယ်သို့ရောက်၍ အော့ဟေ၊ အော့ဟေဟုဆို တတ်၏။ ဗိုလ်ခြေ အော်ဟစ် ၍ အသံဗလံ ပြုခြင်းနှင့်တကွ၊
စစ်တိုက်ပွဲ ကို အဝေး က အနံ့ခံ တတ်၏။ ၂၆ သင် ပေးသော ဉာဏ် အားဖြင့် သိမ်းငှက် သည် အတောင် ကို ဖြန့် ၍
တောင် မျက်နှာသို့ ပျံ သွားတတ် သလော ။ ၂၇ သင် စီရင် သောကြောင့် ရွှေလင်းတ သည် အထက် သို့တက်၍၊ မြင့်
သောအရပ်၌ အသိုက် ကို လုပ်တတ်သလော။ ၂၈ သူသည် ကျောက် ပေါ်မှာနေ ၍ တောင်ထိပ်နှင့် ကျောက် ဥ ပေါ် မှာ
နေရာ ကျတတ်၏။ ၂၉ ထို အရပ်က ကြည့် ၍ ကိုက်စားစရာ အကောင်ကို အဝေး က ပင် မြင် တတ်၏။ ၃၀ သူ ၏သား
ငယ်တို့သည် အသွေး ကို သောက် တတ်၏။ အသေကောင် ရှိ ရာအရပ်၌ ထို ငှက်ရှိသည်ဟု မိန့်တော်မူ၏။

၄၀ တဖန် ထာဝရဘုရား က၊ အနန္တ တန်ခိုးရှင်ကို ဆုံးမ သောသူသည် ဆန့်ကျင် ဘက်ပြုဦးမလော။ ၂ ဘုရားသခင်ကို
အပြစ်တင်သောသူသည် ပြန်ပြော စေတော့ဟု ယောဘ အား မိန့် တော်မူလျှင်၊ ၃ ယောဘ က အကျွန်ုပ်သည် ဆိုးယုတ်
ပါ၏။ ၄ ကိုယ်တော် အား အဘယ်သို့ ပြန် လျှောက်ရပါမည်နည်း။ အကျွန်ုပ်သည် ကိုယ် နှုတ် ကို ကိုယ် လက် နှင့်
ပိတ် ပါမည်။ ၅ တကြိမ် ပြော မိပါပြီ။ တဖန် မ ပြောဝံ့ပါ။ နှစ် ကြိမ်တိုင်အောင်ပြောမိပါပြီ။ သို့ရာတွင် ထပ်၍ မ
ပြောဝံ့ပါဟု ထာဝရဘုရား အား ပြန် ၍ လျှောက်လေ၏။ ၆ တဖန် ထာဝရဘုရား သည် မိုးယံသက်မုန်တိုင်း ထဲက
ယောဘ အား မိန့် တော်မူသည်ကား၊ ၇ လူ ယောက်ျားကဲ့သို့ သင် ၏ခါး ကိုစည်း လော့။ ငါမေးမြန်း သောပြဿနာတို့ကို
ဖြေ လော့။ ၈ သင်သည် ငါ တရား စီရင်ချက်ကို ပယ် မည်လော။ သင်သည် ကိုယ်တိုင်ဖြောင့်မတ် ဟန်ရှိစေခြင်းငှါ၊
ငါ ကိုအပြစ်ရှိသည်ဟု စီရင် မည်လော။ ၉ သင် သည်ဘုရား သခင်၏ လက်ရုံး ကဲ့သို့ သော လက်ရုံးရှိသလော။
ဘုရားသခင်၏ အသံကဲ့သို့ သော အသံ နှင့် မိုးယံချုန်း နိုင်သလော။ ၁၀ ထူးဆန်းသော ဘုန်း တန်ခိုးအာနုဘော်ကို

ဝတ်ဆောင် လော့။ တင့်တယ်သော ဂုဏ် အသရေနှင့် တန်ဆာဆင် လော့။ ၁၁ သင် ၏အမျက် အရှိန်ကို လွှတ် လော့။ မာန ထောင်လွှားသောသူအပေါင်း တို့ကို ကြည့်ရှု၍ နှိမ့်ချ လော့။ ၁၂ မာန ထောင်လွှားသော သူအပေါင်း တို့ကို ကြည့်ရှု၍ ရှုတ်ချ လော့။ အဓမ္မ လူတို့ကို နှိပ် နင်း၍၊ ၁၃ သူ တို့ကိုမြေမှုန့် ၌ တစုတည်း ဝှက်ထား လော့။ သူ တို့မျက်နှာ များကို မှောင်မိုက် ၌ ဖုံးအုပ် လော့။ ၁၄ သို့ပြုလျှင် သင် ၏လက်ချာ လက်ရုံးသည် သင့် ကို ကယ်တင် နိုင်သည်ဟု ငါဝန်ခံ မည်။ ၁၅ သင် နှင့်အတူ ငါဖန်ဆင်း သော ဗေဟာမုတ် ခြင်း ကို ကြည့်ရှု လော့။ နွား ကဲ့သို့ မြက် ကို စား တတ်၏။ ၁၆ သူ ၏တန်ခိုး သည် ခါး ၌ ၎င်း ၊ သူ ၏ခွန်အား သည် ဝမ်း ကြော ၌ ၎င်း တည်လျက်ရှိ၏။ ၁၇ သူ့ အမြီး သည် အာရဇ် ပင်ကဲ့သို့ လှုပ် တတ်၏။ ပေါင်ကြော တို့သည် အထပ်ထပ် ရှိကြ၏။ ၁၈ အရိုး ငယ်တို့သည် ကြေးဝါ ချောင်း ၊ အရိုး ကြီး တို့သည် သံ တုံး ကဲ့သို့ ဖြစ်ကြ၏။ ၁၉ ဘုရား သခင်ဖန်ဆင်းသော သတ္တဝါတို့တွင် ထူးဆန်းသော သတ္တဝါဖြစ်၏။ သူ့ ကိုဖန်ဆင်း သော ဘုရားသာလျှင် သူ၏တံစဉ်ကိုပေးပြီ။ ၂၀ မြေ တိရစ္ဆာန် အပေါင်း တို့ ကစား ရာတောင်ရိုး သည် သူ၏ကျက်စားရာအရပ်ဖြစ်၏။ ၂၁ အရိပ် ကောင်းသော အပင်အောက် ၊ ကျူပင် ချုံဖုတ်အောက်၊ ရေ များသောအရပ်၌ နေ တတ်၏။ ၂၂ ထိုအပင်တို့သည် အရိပ် နှင့်လွှမ်းမိုး ၍ ချောင်း နားမိုဃ်းမခ ပင်တို့သည် ဝိုင်း ကြ၏။ ၂၃ မြစ် ရေထသော်လည်း သူသည်မ ပြေး တတ်။ သူ ၏ခံတွင်း ကို ယော်ဒန် မြစ်ရေ ဝေ့တိုက်သော်လည်း မ တုန်မလှုပ်ဘဲ နေတတ်၏။ ၂၄ ထိုမြင်းကို ထင်ရှားစွာ ဘမ်းယူ မည်လော။ သူ၏နှာခေါင်း ကို သံချိတ် နှင့် ဖောက် မည်လော။

၄၁ လဝိသန် ကိုငါးမျှား နှင့် ဆွဲယူ ၍ ၊ သူ ၏လျှာ ကို ကြိုး နှင့် နှိပ် နင်းမည်လော။ ၂ သူ့ ကို နှာရူတ် တပ် ၍ ၊ ပါးရိုး ၌သံကွင်း လျှို မည် လော။ ၃ သူသည်သင့် ကို များ စွာ တောင်းပန် လိမ့်မည်လော။ ချော့မော့ သောစကားကို ပြော လိမ့်မည်လော။ ၄ သင် နှင့် ဝန်ခံခြင်း ပဋိညာဉ် ကို ပြု လိမ့်မည်လော။ သင်၏အမှု ကို အစဉ် ဆောင်ရွက်စေခြင်းငှါ သူ့ ကို ခန့်ထား မည်လော။ ၅ ငှက် နှင့်ကစားသကဲ့သို့ သူ နှင့် ကစား မည်လော။ သင် ၏မိန်းမ ကလေးတို့အဘို့ သူ့ ကိုချည်နှောင် မည်လော။ ၆ သင်၏အပေါင်း အဘော်တို့သည် သူ့ ကိုဝိုင်း၍ စားသောက် ပွဲခံကြလိမ့်မည်လော။ ကုန်သည် တို့တွင် ဝေ ကြလိမ့်မည်လော။ ၇ သူ ၏အရေ ကို မှိန်း နှင့် ၎င်း ၊ သူ ၏ခေါင်း ကို ငါး ထိုးသောလုံ နှင့် ၎င်း၊ အနှံ့အပြား ထိုးဖောက်နိုင် သလော ။ ၈ သူ့ အပေါ် မှာ လက် တင် ရုံမှသာ ပြုပါ။ သူ့ကို တိုက် မည်အကြံကို နောက် တဖန်မ အောက်မေ့ ရ။ ၉ တိုက်သောသူသည်နိုင်မည်ဟု အချည်းနှီးထင်၏။ မြင် ကာမျှနှင့် စိတ်မပျက်သလော။ ၁၀ သူ့ ကိုနှိုးဆော် ခြင်းငှါ အဘယ်သူမျှမ ရဲရင့်။ သို့ ဖြစ်၍ ငါ့ ရှေ့ မှာ အဘယ်သူ ရပ် နိုင်သနည်း။ ၁၁ ငါသည် ကျေးဇူး တုံ့ပြုရမည်အကြောင်း အဘယ်သူ သည် ငါ ၌ ကျေးဇူး ပြုဘူးသနည်း။ မိုဃ်း ကောင်းကင်အောက် ၌ ရှိရှိသမျှ တို့သည် ငါ ၏ ဥစ္စာဖြစ်ကြ၏။ ၁၂ လဝိသန်၏အင်္ဂါများ၊ ခွန်အား ၊ တင့်တယ် သော တန်ဆာ တို့ကို ငါသည်ဝှက် ၍မ ထား။ ၁၃ သူ ၏အဝတ် ကို အဘယ်သူ လှန် နိုင်သနည်း။ နှစ် ထပ်ရှိ သောပါးရိုး ကို အဘယ်သူ ချဉ်းကပ် လိမ့်မည်နည်း။ ၁၄ သူ ၏မျက်နှာ တံခါး ကို အဘယ်သူ ဖွင့် လိမ့်မည်နည်း။ သူ ၏ သွား တန်းတို့သည် ကြောက်မက် ဘွယ် ဖြစ်ကြ၏။ ၁၅ လုံခြုံ စွာ တံဆိပ် ခတ်သကဲ့သို့တချပ်နှင့် တချပ် ပူးကပ်သောအကြေး များနှင့် ဝါကြွား တတ်၏။ ၁၆ လေ မျှမ ဝင် နိုင်အောင်

တချပ် နှင့်တချပ် ပူးကပ် လျက်ရှိကြ၏။ ၁၇ တချပ် နှင့်တချပ် မ ခွါ နိုင်အောင် တခဲနက် ရှက်တင် လျက်ရှိကြ၏။ ၁၈ သူ ချေဆတ် သောအခါ အလင်း တောက် တတ်၏။ သူ့ မျက်စိ သည် နံနက် မျက်တောင် ခတ်သကဲ့သို့ ဖြစ်၏။ ၁၉ ပစပ် ထဲက မီးရူး ထွက်၍ မီးပွါး တို့လည်း လွင့် ကြ၏။ ၂၀ ကြွက်ကြွက်ဆူ သော အိုးကင်း ထဲက အခိုးအငွေ့တက်သကဲ့သို့ သူ နာခေါင်း ထဲက အခိုးအငွေ့ တက် တတ် ၏။ ၂၁ အသက် ရှူသောအခါ မီးခဲ တောက် ၍ ပစပ် ထဲက မီးလျှံ ထွက် တတ်၏။ ၂၂ လည်ပင်း ၌ တန်ခိုး နေ တတ်၏။ သူ့ ရှေ့မှာ ကြောက်လန့် ခြင်းသည် ကခုန် တတ်၏။ ၂၃ အသား အကြောတို့သည် တခဲနက် ဖြစ်၍မ ရွှေ့ နိုင်အောင် ခိုင်မာ လျက် ရှိကြ၏။ ၂၄ နှလုံး သည် ကျောက် ကဲ့သို့ မာ ၏။ အောက် ကြိတ်ဆုံ ကျောက်ကဲ့သို့ မာ ၏။ ၂၅ သူ ထ သောအခါ ခွန်အား ကြီးသောသူတို့သည် ကြောက်လန့် ကြ၏။ ကြောက်လန့်အားကြီးသောကြောင့်အရှုးကဲ့သို့ ဖြစ်ကြ၏။ ၂၆ သူ့ကိုတိုက်လျှင်ထား မ ခိုင် တတ်။ လုံ ၊ မြှား ၊ သံချပ် မခိုင်တတ်။ ၂၇ သံ ကို ကောက်ရိုး ကဲ့သို့ ၎င်း၊ ကြေးဝါ ကို သစ် ဆွေး ကဲ့သို့ ၎င်း မှတ် တတ်၏။ ၂၈ လေး နှင့်ပစ်၍ သူ့ ကိုမ ပြေး စေနိုင်။ လောက်လွှဲ နှင့်ပစ်သောကျောက်ခဲ တို့သည် သူ ၌ အမှိုက် ကဲ့သို့ ဖြစ် ကြ၏။ ၂၉ ဒုတ် ကြီးကို ဖွဲ ကဲ့သို့ မှတ် ၍ ၊ လုံ နှင့်ရွယ်သောအခါ ရယ် တတ်၏။ ၃၀ သူ့ အောက် မှာ ထက် သောအိုး စောင်းခြမ်းများရှိ၏။ ရွံ့ ပေါ် မှာ ထွန်သွား များကို ဖြန့် တတ်၏။ ၃၁ အိုးကင်း ဆူသကဲ့သို့ ပင်လယ်ကိုဆူ စေတတ်၏။ သမုဒ္ဒရာ ကို ဘယောင်းချက် ကဲ့သို့ ဖြစ် စေတတ်၏။ ၃၂ သူ လွန် သွားသောလမ်း သည် ထွန်းတောက် သဖြင့်၊ ပင်လယ် သည် ဆံပင် ဖြူယောင်ဆောင် တတ်၏။ ၃၃ မြေ ပေါ် မှာသူ နှင့်ခိုင်းနိုင်သော တိရစ္ဆာန်မ ရှိ။ ပကတိအားဖြင့်ကြောက် တတ်သောသဘောနှင့်ကင်းလွတ် ၏။ ၃၄ ကြီး မြင့်သောအရာရှိသမျှ တို့ကို မထီမဲ့မြင်ပြုတတ် ၏။ မာန ထောင်လွှားသောသူအပေါင်း တို့အပေါ် ၌ မင်း ဖြစ်သည်ဟု မိန့်တော်မူ၏။

၄၂ ယောဘ သည်ထာဝရဘုရား အား ပြန် လျှောက်သည်ကား၊ ၂ ကိုယ်တော်သည် အလုံးစုံ တို့ကို တတ်နိုင် တော်မူကြောင်း ကိုငင်း ၊ အကြံအစည် တော်ကို အဘယ်သူမျှမဆီးတား နိုင်ကြောင်းကိုငင်းအကျွန်ုပ်သိ ပါ၏။ ၃ ပညာ မ ရှိဘဲ အကြံအစည် တော်ကိုမိုက် စေသော သူကားအဘယ်သူ နည်း။ သို့ရာတွင် အကျွန်ုပ်သည် နား မ လည်သောအရာတို့ကိုငင်း ၊ ကိုယ်တိုင်မ သိ ၊ အံ့ဩ ၍ မကုန်နိုင်သော အရာတို့ကိုငင်းပြော မိပါပြီ။ ၄ နားထောင် တော်မူပါ။ အကျွန်ုပ် လျှောက် ပါမည်။ အကျွန်ုပ်မေးလျှောက် သော အရာတို့ကို သွန်သင် တော်မူပါ။ ၅ သိတင်း တော်ကို အကျွန်ုပ်သည် နား နှင့် ကြား ဘူး ပါပြီ။ ယခု မူကား ၊ ကိုယ်တော် ကို မျက်စိ နှင့်မြင် ရပါ၏။ ၆ ထိုကြောင့် အကျွန်ုပ်သည် ကိုယ်ကိုရွံရှာ ပါ၏။ မြေမှုန့် နှင့် မီးဖိုပြာ ၌ထိုင်၍ နောင်တရ ပါ၏ဟု လျှောက် လေ၏။ ၇ ထိုသို့ ထာဝရဘုရား သည် ယောဘ အား မိန့် တော်မူပြီးမှ ၊ တေမန် အမျိုးသားဧလိဖတ် အား လည်း သင် နှင့် သင် ၏ အဆွေ ခင်ပွန်းနှစ် ယောက် ကို ငါ အမျက် ထွက် ၏။ အကြောင်း မူကား၊ ငါ့ ကျွန် ယောဘ သည် ငါ့ အကြောင်း အရာတို့ကို ဟုတ်မှန် စွာ ပြောသကဲ့သို့သင်တို့သည် မ ပြော။ ၈ သို့ ဖြစ်၍ နွားထီး ခုနစ် ကောင်နှင့် သိုးထီး ခုနစ် ကောင်တို့ကိုယူ ပြီးလျှင် ၊ ငါ့ ကျွန် ယောဘ ထံသို့ သွား ၍ ၊ မိမိတို့အဘို့မီးရှို့ ရာယဇ်ကို ပူဇော် ကြလော့။ ငါ့ ကျွန် ယောဘ သည် သင် တို့အဘို့

ဆုတောင်း ရမည်။ သူ ၏မျက်နှာ ကို ငါထောက် မည်။ သို့မဟုတ်ငါ့ ကျွန် ယောဘ သည် ငါ့ အကြောင်းအရာတို့ကို ဟုတ်မှန် စွာပြောသကဲ့သို့၊ သင်တို့သည် မ ပြော သောအပြစ် နှင့် အလျောက်ငါစီရင် မည်ဟု မိန့် တော်မူ၏။ ၉ ထိုသို့ ထာဝရဘုရား မှာ ထား တော်မူသည် အတိုင်း တေမန် အမျိုးသားဧလိဖတ် ၊ ရှုအာ အမျိုးသားဗိလဒဒ် ၊ နေမတ် အမျိုးသားဇောဖာ တို့သည် သွား ၍ ပြု ကြ၏။ ထာဝရဘုရား သည်လည်း ယောဘ ၏မျက်နှာ ကိုထောက် တော်မူ၏။ ၁၀ ယောဘသည် အဆွေ ခင်ပွန်းတို့အဘို့ ဆုတောင်း ပြီးမှ ၊ သူခံရ သောဒုက္ခအကြောင်းကို ထာဝရဘုရား သည် ပယ်ရှင်း ၍ ၊ အရင်ထက် နှစ် ဆသောဥစ္စာကို ပေး တော်မူ၏။ ၁၁ ထိုအခါ သူ ၏ညီအစ်ကို နှမ များ၊ အရင်သိကျွမ်း သောသူများအပေါင်း တို့သည် သူ့ ထံသို့ လာ ၍ သူ ၏ အိမ် ၌ သူ နှင့်အတူ စားသောက် ကြ၏။ သူအပေါ် မှာ ထာဝရဘုရား ရောက် စေတော်မူသော ဒုက္ခဆင်းရဲ ရှိသမျှ ကို အောက်မေ့၍ သူ နှင့်အတူညည်းတွား ခြင်းနှင့် နှစ်သိမ့် စေခြင်းကို ပြုကြ၏။ ထိုသူအပေါင်းတို့သည်လည်း ၊ ငွေ တပြား စီ နှင့် ရွှေ နားတောင်း တဘက် စီ ပေး ကြ၏။ ၁၂ ထိုသို့ ထာဝရဘုရား သည် ယောဘ ၏ ရှေ့ဖြစ်ဟန် ကို ကောင်းကြီးပေးတော်မူသည်ထက် ၊ နောက်ဖြစ်ဟန် ကိုသာ၍ကောင်းကြီး ပေးတော်မူသဖြင့် ၊ သူသည် သိုး တသောင်း လေးထောင်၊ ကုလားအုပ် ခြောက် ထောင် ၊ နွားယှဉ် တထောင် ၊ မြည်းမ တထောင် ကို ရ တတ်၏။ ၁၃ သား ခုနစ် ယောက်နှင့် သမီး သုံး ယောက်ကိုလည်း ရ ပြန်၏။ ၁၄ သမီးကြီး ကား၊ ယေမိမ ၊ သမီးလပ် ကား ကေဇိ ၊ သမီးငယ် ကား ကေရပ်ပွါတ် အမည် ရှိသတည်း။ ၁၅ တပြည်လုံး၌ ယောဘ ၏ သမီး ကဲ့သို့ လှ သောမိန်းမ တစုံတယောက်မျှမ ရှိ။ သူ တို့၏အဘ သည်သူ တို့ မောင် များနှင့်အညီအမျှ သူ တို့အား အမွေ ဥစ္စာကို ဝေပေး လေ၏။ ၁၆ ထိုနောက် ယောဘ သည် အနှစ် တရာ လေးဆယ် အသက် ရှင်၍ မိမိ သား ၊ မြေး ၊ မြစ်တို့ကိုပင် မြင် ရပြီးမှ၊ ၁၇ အသက် ကြီးရင့်၍ နေ့ရက် ကာလနှင့် ကြွယ်ဝ သော၊ အနိစ္စ ရောက်လေ၏။

၁ မတရား သောသူတို့၏ တိုက်တွန်း ခြင်းသို့ မ လိုက်၊ ၂ လူ ဆိုးတို့၏ လမ်း တွင် မ ရပ် မနေ၊ မထီမဲ့မြင် ပြုသောသူတို့ ၏ အစည်း အဝေး၌ မ ထိုင် ၊ ထာဝရဘုရား ၏ တရား တော်၌ မွေ့လျော် ၍ ၊ တရား တော်ကို နေ့ ညဉ့် မပြတ် ဆင်ခြင် အောက်မေ့သောသူသည် မင်္ဂလာ ရှိ၏။ ၃ အကြောင်း မူကား၊ ထို သူသည် မြစ် နား မှာ စိုက် လျက် မိမိ အချိန် တန်မှ အသီး ကိုသီး၍ ၊ အရွက် မ ညှိုးနွမ်း တတ်သော အပင် နှင့် တူ၏။ ပြု လေသမျှ တို့ ၌ အောင် လိမ့်သတည်း။ ၄ မတရား သောသူတို့ မူကား ထို ကဲ့သို့မ ဟုတ်။ လေ တိုက်၍ လွင့် သောဖွဲ နှင့်တူ ကြ၏။ ၅ ထိုကြောင့် တရား ဆုံးဖြတ်တော်မူရာကာလ၌ ၊ မတရား သောသူတို့သည် မ တည် မနေရကြ။ ဖြောင့်မတ် သောသူတို့ ၏အပေါင်း အသင်းထဲသို့ လူဆိုး တို့သည် မဝင်ရကြ။ ၆ အကြောင်း မူကား၊ ဖြောင့်မတ် သောသူတို့၏ လမ်း ကို ထာဝရဘုရား သိကျွမ်း တော်မူ၏။ မတရား သောသူတို့ ၏ လမ်း သည်ဆုံးရှုံး ခြင်းသို့ ရောက်ရလိမ့်သတည်း။

၂ လူမျိုး တို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစု တို့သည် အဘယ်ကြောင့်အချည်းနှီး ကြံစည် ကြသနည်း။ ၂ လောကီ ရှင် ဘုရင်တို့သည် ထ ကြ၍ ၊ မှူးမတ်အရာရှိတို့လည်း၊ ထာဝရဘုရား နှင့် ခရစ်တော် ကို ရန် ဘက်ပြုလျက်၊ ၃ သူ တို့ချည်နှောင် ခြင်းကို ဖြေ ကြကုန်အံ့။ ချည်နှောင် သောကြိုး တို့ကို ပယ် ကြကုန်အံ့ဟု သင်းဖွဲ့ ကြ၏။ ၄ ကောင်းကင် ဘုံ၌ ထိုင် တော်မူသောသူသည် ပြုံး ရယ်၍၊ ထာဝရ ဘုရားသည် သူ တို့ကို ကဲ့ရဲ့ တော်မူ၏။ ၅ ထိုအခါ အမျက် တော်ထွက်၍ ၊ သူ တို့ကိုမိန့် တော်မူမည်။ ပြင်းစွာ သော အမျက်တော်နှင့် သူ တို့ကို ပူပန် စေတော်မူမည်။ ၆ ငါ ၏ ရှင်ဘုရင်ကို သန့်ရှင်း သော ဇိအုန် တောင် တော်ပေါ် မှာ၊ ငါ့ ကိုယ်တိုင်ဘိသိတ် ပေးပြီဟု မိန့်တော်မူ မည်။ ၇ ဗျာဒိတ် တော်အချက်ကို ငါပြန် ကြားပေအံ့။ ထာဝရဘုရား က သင် သည် ငါ့ သား ဖြစ်၏။ ယနေ့ ပင် သင့် ကို ငါဖြစ် ဘွားစေပြီ။ ၈ ငါ့ ကိုတောင်း လော့။ လူ အမျိုးမျိုးတို့ကို သင် ၏ အမွေ ဥစ္စာဘို့ ငါပေး မည်။ မြေကြီး စွန်း တိုင်အောင်ပိုင် ထိုက်သော အခွင့်ကိုလည်း ငါပေးမည်။ ၉ သင်သည်သူ တို့ကို သံ လှံတံ နှင့် အုပ်စိုး ၍၊ မြေအိုး ကို ခွဲဖျက်သကဲ့သို့ ခွဲဖျက် လိမ့်မည်ဟု ငါ့အားမိန့်တော်မူပြီ။ ၁၀ သို့ ဖြစ်၍ ရှင် ဘုရင်တို့၊ ပညာ သတိရှိကြလော့။ လောကီ မင်း တို့၊ ဆုံးမ ခြင်းကိုခံ ကြလော့။ ၁၁ ကြောက်ရွံ့ သောစိတ်နှင့် ထာဝရ ဘုရား၏ အမှုတော် ကို ထမ်းရွက် ၍ ၊ တုန်လှုပ် ခြင်းနှင့် ဝမ်းမြောက် ကြလော့။ ၁၂ သား တော်ကို နမ်း ကြလော့။ သို့မဟုတ် လျှင် အမျက် တော်ထွက်၍ ၊ သင်တို့သည်လမ်း၌ ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်။ အမျက် တော်သည် ချက်ခြင်း ထွက် လိမ့်မည်။ သား တော်ကို ကိုးစား သောသူအပေါင်း တို့ သည် မင်္ဂလာ ရှိကြ၏။

၃ ဒါဝိဒ် သည် သား တော် အဗရှလုံ ရှေ့မှ ပြေး သောအခါ စပ်ဆို သော ဆာလံ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏ရန်သူ တို့သည်၊ အလွန် တိုးပွါး၍၊ အကျွန်ုပ် တဘက် ၌ ထ သောသူတို့သည် များ ကြပါ၏။ ၂ သူ သည်ဘုရား သခင်ကို အမှီ ပြု၍ ချမ်းသာ မ ရဟု အကျွန်ုပ် ကို ရည်ဆောင် ၍ ပြော သောသူ အများ ရှိကြပါ၏။ ၃ သို့သော်လည်း ၊

အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ၏အကွယ် အကာဖြစ်တော်မူ၏။ အကျွန်ုပ် ၏ ဘုန်း လည်းဖြစ်တော်မူ၏။ အကျွန်ုပ် ၏ဦးခေါင်း ကို ချီ ကြွသော သူလည်း ဖြစ်တော်မူ၏။ ၄ ငါသည် ထာဝရဘုရား ထံ သို့အသံ ကိုလွှင့်၍ အော်ဟစ် သောအခါ ၊ သန့်ရှင်း သော တောင် တော်ပေါ် မှာ နားထောင် တော်မူ၏။ ၅ ထာဝရဘုရား သည် ငါ့ ကိုမစ တော်မူသောကြောင့် ၊ ငါ သည် အိပ် ၍ ပျော် ခြင်းအခွင့်နှင့် နိုး ခြင်း အခွင့်ရှိ၏။ ၆ ငါ့ ကိုရန်ဘက်ပြု၍ ဝန်းရံ သော သူ အထောင် အသောင်းကို ငါမ ကြောက် ဘဲနေမည်။ ၇ အိုထာဝရဘုရား ထ တော်မူပါ။ အကျွန်ုပ် ၏ ဘုရား သခင်၊ အကျွန်ုပ် ကို ကယ်မ တော်မူပါ။ ကိုယ်တော်သည် အကျွန်ုပ် ၏ ရန်သူ တို့၏ ပါး ရိုးကိုရိုက်၍၊ မတရား သောသူတို့၏ သွား ကိုချိုး တော်မူ၏။ ၈ ထာဝရ ဘုရား၏ ကျေးဇူး တော်ကြောင့် ချမ်းသာ ရပါ၏။ ပေးတော်မူသောကောင်းကြီးမင်္ဂလာသည် ကိုယ်တော်၏ လူစု အပေါ် သို့ သက်ရောက်ပါစေသော။

၄ အကျွန်ုပ် ကိုဖြောင့်မတ် စေတော်မူသောဘုရား ၊ အကျွန်ုပ် ခေါ် သောအခါ နားထောင် တော်မူပါ။ အကျွန်ုပ် သည်ဆင်းရဲ စဉ်တွင် ကိုယ်တော်သည် ချမ်းသာပေးတော်မူပါပြီ။ ယခုလည်းသနား ၍ အကျွန်ုပ် ၏ ပဌနာ စကား ကို နားထောင် တော်မူပါ။ ၂ အချင်းလူသားတို့၊ အဘယ် မျှ ကာလ ပတ်လုံး ငါ ၏ဘုန်း ကို ရှုတ်ချ ကြမည်နည်း။ အဘယ်မျှကာလပတ်လုံးအနတ္တ ကို နှစ်သက် ၍ မုသာ ကို လိုက်ရှာ ကြမည် နည်း။ ၃ ထာဝရဘုရား သည် မိမိ သန့်ရှင်း သူကို ရွေး ထား တော်မူသည်ကို သိ မှတ်ကြလော့။ ငါ ခေါ် ၍ လျှောက် သောအခါ ၊ ထာဝရဘုရား သည် နားထောင် တော်မူလိမ့် မည်။ ၄ ကြောက်ရွံ့ တုန်လှုပ်၍ ဒုစရိုက် အပြစ်ကို ရှောင် ကြလော့။ အိပ်ရာ ပေါ် မှာ ကိုယ် စိတ် နှလုံးနှင့် ဆွေးနွေး စဉ်းစား၍ တိတ်ဆိတ် ခြင်းရှိကြလော့။ ၅ တရား သဖြင့်ယဇ် ပူဇော်၍ ထာဝရဘုရား ကို ကိုးစား ကြလော့။ ၆ ကောင်းမွန် သော အရာကို ငါ တို့အား အဘယ် သူပြ မည်နည်းဟုမေး တတ်သော သူအများ ရှိပါသည် ဖြစ်၍၊ အိုထာဝရဘုရား ၊ မျက်နှာ တော်အလင်း ကို အကျွန်ုပ် တို့အပေါ် မှာ ပေါ်ထွန်း စေတော်မူပါ။ ၇ သူ တို့ ၌ ဆန် စပါး၊ စပျစ်ရည် ပေါ များ၍ ၊ သူ တို့ ဝမ်းမြောက် ခြင်းရှိသည်ထက် အကျွန်ုပ် ကိုသာ၍ ဝမ်းမြောက် စေတော်မူ၏။ ၈ ငြိမ်ဝပ် စွာအိပ် ၍ ပျော် ပါမည်။ အကြောင်း မူကား၊ အကျွန်ုပ် သည် လုံခြုံ စွာနေ ရသောအခွင့်ကို ကိုယ်တော် အရှင် ထာဝရဘုရား သာလျှင် အခွင့်ပေးတော်မူ၏။

၅ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏စကား ကို နားထောင် တော်မူ၍၊ အကျွန်ုပ် မြည်တမ်း ခြင်းကို ဆင်ခြင် တော်မူပါ။ ၂ အကျွန်ုပ် ၏ရှင် ဘုရင်၊ အကျွန်ုပ် ၏ဘုရား ၊ အကျွန်ုပ်သည် ကိုယ်တော် ကို ဆုတောင်း သည်ဖြစ်၍ ၊ အကျွန်ုပ် အော်ဟစ် သောအသံ ကို နားထောင် တော်မူပါ။ ၃ အိုထာဝရဘုရား ၊ နံနက် အခါ အကျွန်ုပ် စကား သံကို ကြား တော်မူရပါ၏။ နံနက် အခါကိုယ်တော် ကို မျက်မှောက် ပြု၍ မြော်လင့် ပါမည်။ ၄ ကိုယ်တော် သည် မ တရားသော အမှုကို နှစ်သက် သော ဘုရား မ ဟုတ်။ ဆိုး သောသူကို လက်ခံ တော်မ မူ။ ၅ မိုက် သောသူသည် အထံတော်သို့ မ ဝင် ရ။ မ တရားသဖြင့် ပြု သောသူအပေါင်း တို့ကို မုန်း တော်မူ၏။ ၆ မုသာ စကားပြော သောသူတို့ကို ဖျက်ဆီး

တော်မူ ၏။ လူ အသက်ကိုသတ် တတ်သောသူနှင့် လှည့်စား တတ်သောသူတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာ တော်မူ ၏။ ၇ အကျွန်ုပ် မူကား ၊ များစွာ သော ကျေးဇူး တော်ကို ခံစားရသဖြင့်၊ အိမ် တော်သို့ရောက် ၍၊ ကိုယ်တော် ကို ကြောက်ရွံ့ သောစိတ် နှင့် သန့်ရှင်း သော ဗိမာန် တော်တွင် ကိုးကွယ် ပါလိမ့်မည်။ ၈ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏ ရန်သူ တို့ကြောင့် အကျွန်ုပ် ကို တရား တော်လမ်းထဲ သို့ပို့ဆောင် တော်မူပါ။ ကိုယ်တော် ၏လမ်း ကို အကျွန်ုပ် ရှေ့ မှာ ဖြောင့် စေတော်မူပါ။ ၉ သူ တို့၏နှုတ် တွင် သစ္စာ မ ရှိပါ။ သူ တို့နှလုံး သည် အလွန် ဆိုးဝါး၏။ သူ တို့၏လည်ချောင်း သည် ဖွင့် ထား သော သင်္ချိုင်း တွင်းဖြစ်ပါ၏။ သူ တို့သည် လျှာ နှင့် ချော့မော့ တတ်ကြ၏။ ၁၀ အိုဘုရား သခင်၊ သူ တို့အပေါ်မှာ အပြစ် ရောက် စေတော်မူပါ။ မိမိ တို့အကြံ အစည်အားဖြင့် လဲ ကြပါစေ သော။ ကိုယ်တော် ကို ပုန်ကန် သောသူဖြစ်၍ ၊ ပြစ်မှားသော အပြစ် များ သောကြောင့် ၊ သူ တို့ကို နှင်ထုတ် တော်မူ ပါ။ ၁၁ ကိုယ်တော် ကို ကိုးစား သောသူတို့ မူကား ၊ ဝမ်းမြောက်ကြပါစေသော။ စောင့်ရှောက်တော်မူခြင်းကို ခံရ၍ ဝမ်းမြောက်သည်နှင့် ကြွေးကြော်ကြပါစေသော။ နာမ တော်ကို ချစ် သောသူတို့သည် ကိုယ်တော် ကြောင့် ဝမ်းသာ ရွှင်လန်းခြင်း ရှိကြပါစေသော။ ၁၂ အိုထာဝရဘုရား ၊ ကိုယ်တော် သည် ဖြောင့်မတ် သောသူကို ကောင်းကြီး ပေး၍ ကျေးဇူး တော်အားဖြင့် ကွယ်ကာ စောင့်မ တော်မူလိမ့်သတည်း။

၆ အိုထာဝရဘုရား ၊ အမျက် တော်ထွက်၍ အကျွန်ုပ် ကို အပြစ် တင်တော်မ မူပါနှင့်။ ပြင်းစွာအမျက် ထွက်၍ ဆုံးမ တော်မ မူပါနှင့်။ ၂ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် ခွန်အား နည်းလှပါ၏။ ကယ်မ သနားတော်မူပါ။ အိုထာဝရဘုရား ၊ အကျွန်ုပ် အရိုး တို့သည် တုန်လှုပ် ကြပါ၏။ ကျန်းမာ ပကတိ ရှိစေတော်မူပါ။ ၃ အကျွန်ုပ် စိတ် ဝိညာဉ်သည် အလွန် တုန်လှုပ် ပါ ၏။ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အဘယ် မျှကာလ ပတ်လုံးနေတော်မူမည်နည်း။ ၄ အိုထာဝရဘုရား ၊ တဖန်ကြွလာ ၍ အကျွန်ုပ် စိတ် ဝိညာဉ်ကို ကယ် ယူတော်မူပါ။ ကရုဏာ တော်နှင့်အညီ အကျွန်ုပ် ကို ကယ်တင် တော်မူပါ။ ၅ အကြောင်း မူကား၊ သေ လျက်နေစဉ်တွင် ကိုယ်တော် ကို အောက်မေ့ ခြင်းမ ရှိပါ။ မရဏာ နိုင်ငံတွင် ကျေးဇူးတော်ကို အဘယ် သူချီးမွမ်း ပါမည်နည်း။ **(Sheol h7585)** ၆ အကျွန်ုပ် သည် ညည်းတွား ၍ ပင်ပန်း လှပါ၏။ အကျွန်ုပ် ခုတင် ကို ကိုယ် မျက်ရည် ၌ တညှဉ့် လုံး မျှော ၍ ၊ အိပ်ရာ ကိုလည်း မွန်း စေပါ၏။ ၇ ဝမ်းနည်း ခြင်းအားဖြင့် မျက်စိ ပျက် ၍၊ ရန်သူ များ ကြောင့် ပြာမှုန် လျက် ရှိပါ၏။ ၈ မ တရားသဖြင့်ပြု သောသူအပေါင်း တို့၊ ငါ့ ထံ မှ ဖယ်သွား ကြ။ ငါ ငိုကြွေး သံ ကို ထာဝရဘုရား ကြား တော်မူ ၏။ ၉ ငါ တောင်းပန် ခြင်းကို ထာဝရဘုရား ကြား တော်မူ ၏။ ငါ ပြုသော ပဌနာ စကားကို ထာဝရဘုရား နာယူ တော်မူ၏။ ၁၀ ငါ့ ရန်သူ အပေါင်း တို့သည် ရှက်ကြောက် ၍ ဆုံးရှုံး ခြင်းရှိကြလိမ့်မည်။ ချက်ခြင်း ပြန်သွား ၍ ရှက်ကြောက် ခြင်းသို့ရောက်ကြလိမ့်မည်။

၇ ဒါဝိဒ် သည် ဗယ်ာမိန် အမျိုးသား ကုရှ ၏စကား ကြောင့် ထာဝရဘုရား ရှေ့ တော်၌ အသံညှိ၍ဆို သော ဆာလံ။1အကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် ခိုလှုံ ပါ၏။ အကျွန်ုပ် ကို ညှဉ်းဆဲ

သော သူအပေါင်း တို့၏လက်မှ အကျွန်ုပ် ကို နှုတ် ယူ၍ ကယ်တင် တော်မူပါ။ ၂ သို့မဟုတ် နှုတ် ယူသောသူမ
ရှိစဉ်၊ ရန်သူသည် ခြသေ့ ကဲ့သို့ အကျွန်ုပ် ၏စိတ် ဝိညာဉ်ကို လုယူကိုက် ဖြတ် ပါလိမ့်မည်။ ၃ အကျွန်ုပ် ၏ ဘုရား
သခင်ထာဝရဘုရား၊ အကျွန်ုပ်သည် ထိုသို့ ပြု သော်၎င်း၊ အကျွန်ုပ် လက် မှာ အဓမ္မ အမှုရှိ သော်၎င်း၊ ၄ အကျွန်ုပ် နှင့်
သင့်တင့် သောသူကို အကျွန်ုပ် ပြစ်မှား ၍၊ အကြောင်း မရှိဘဲလျက် ရန် ပြုသောသူကို အကျွန်ုပ် ညှဉ်းဆဲ သော် ၎င်း၊
ထိုသို့သော အပြစ်တစုံတခုရှိလျှင်၊ ၅ ရန်သူ သည် အကျွန်ုပ် ၏ စိတ် ဝိညာဉ်ကိုလိုက် ၍ မှီ ပါစေ။ အကျွန်ုပ် အသက် ကို
မြေ ပေါ် မှာနင်း ၍၊ အကျွန်ုပ် အသရေ ကို မြေမှုန့် ၌ နှိမ့်ချ ပါစေ။ ၆ အိုထာဝရဘုရား၊ အမျက် တော် ထွက်၍ ထ
တော်မူပါ။ အကျွန်ုပ် ၏ရန်သူ တို့ ပြင်းထန် ခြင်းကို ဆီးတား ၍ အားထုတ်တော်မူပါ။ အကျွန်ုပ် အဘို့ နိုး တော်မူ
ပါ။ တရား စီရင် ဆုံးဖြတ်တော်မူပါ။ ၇ လူမျိုး တို့သည်စည်းဝေး ၍ ကိုယ်တော် ကို ဝန်းရံ ကြလျက် ၊ သူ တို့အဘို့
မြင့် ရာအရပ်သို့ ပြန် ကြွတော်မူပါ။ ၈ ထာဝရဘုရား သည် လူမျိုး တို့ကို တရား စီရင်တော်မူ၏။ အိုထာဝရဘုရား၊
အကျွန်ုပ် ဖြောင့်မတ် ခြင်း ကိုငဲ့၊ စုံလင် ခြင်းကိုငဲ့ ထောက်၍ အကျွန်ုပ် အမှုကို စီရင် ဆုံးဖြတ်တော်မူပါ။ ၉ မတရား
သောသူတို့ ၏ အဓမ္မ အမှုကိုဆုံးရှုံး စေ၍ ၊ တရား သောသူတို့ကိုမြဲမြံ စေတော်မူပါ။ တရား သဖြင့် ပြုတော်မူသောဘုရား
၊ ကိုယ်တော်သည် နှလုံး နှင့် ကျောက်ကပ် ကို စစ် တော်မူတတ်ပါ၏။ ၁၀ သဘော ဖြောင့် သောသူတို့ကို ကယ်တင်
တတ် သော ဘုရား သခင်သည် ငါ ၏အကွယ် အကာဖြစ်တော်မူ ၏။ ၁၁ ဘုရား သခင်သည် တရား သဖြင့် စီရင် သော
ဘုရား ဖြစ်၍ ၊ မတရားသောသူကို အစဉ် အမျက် ထွက် တော်မူ၏။ ၁၂ ထိုသူ သည်မ ပြောင်းလဲ လျှင် ထား တော်ကို
သွေး တော်မူ၏။ လေး တော်ကိုတင် ၍ ရွယ် တော်မူ၏။ ၁၃ သေ စေသော လက်နက် ကိုလည်း သူ့ အဘို့ ပြင်ဆင် ၍
မြှား တော်တို့ကို လောင် စေတော်မူ၏။ ၁၄ ထိုသူသည် ဒုစရိုက် ဘွား သော ဝေဒနာ ကို ခံရ၏။ မ ကောင်းသော
အကြံအစည်ကို ပဋိသန္ဓေယူ၍ ၊ စိတ်ပျက် ခြင်းကို ဘွားမြင် တတ်၏။ ၁၅ တွင်း ကိုလည်း နက်စွာတူး သဖြင့် ၊ မိမိ တူး
သော တွင်း ထဲ သို့ မိမိ ကျ တတ်၏။ ၁၆ မိမိ မ ကောင်းသော အကြံအစည်သည် မိမိ ခေါင်း ပေါ် မှာ ပြန် ရောက်၍ ၊ မိမိ
ကြမ်းတမ်း သောအမှု သည် မိမိ ခေါင်း ထိပ်ပေါ် မှာ သက် ရောက်တတ်၏။ ၁၇ ငါမူကား၊ ထာဝရ ဘုရား၏ တရား
သောအမှု တော်ကို ချီးမွမ်း ၍ ၊ အမြင့်ဆုံး သောထာဝရဘုရား ၏ နာမတော် ကို ထောမနာသီချင်း ဆိုပါမည်။

၈ အိုအကျွန်ုပ် တို့၏ ဘုရား ရှင်ထာဝရဘုရား ၊ နာမ တော် သည် မြေကြီး တပြင်လုံး ၌ အလွန် ကြီးမြတ်တော်မူ၏။
ဘုန်း အာနုဘော်တော်သည် မိုဃ်းကောင်းကင် ပေါ် မှာ တည် လျက်ရှိပါ၏။ ၂ ကိုယ်တော် ၏ရန်သူ တို့ကို ရည်ဆောင်၍
ရန်သူကို ၎င်း၊ အငြိုး ထားသောသူကိုငဲ့ ၊ တိတ်ဆိတ် စွာနေစေ ခြင်းငှါ ၊ နို့စို့ သူငယ် တို့၏နှုတ် ထဲ မှအစွမ်း
သတ္တိကို စီရင် တော်မူ၏။ ၃ လက်ညှိုး တော်အလုပ် တည်းဟူသောကိုယ်တော် ၏ မိုဃ်းကောင်းကင် ကိုငဲ့၊
ပြင်ဆင် တော်မူသောလ နှင့် ကြယ် များကိုငဲ့၊ အကျွန်ုပ်ဆင်ခြင် သော်၊ ၄ လူ သည် အဘယ်သို့ သောသူဖြစ်၍ ၊
ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူ သား သည် အဘယ်သို့သောသူဖြစ်၍အကြည့်အရှု ကြွလာတော်မူရ
သနည်း။ သူ့ ကို ကောင်းကင်တမန်တို့အောက်၌ အနည်းငယ် နှိမ့် တော်မူပြီ။ ၅ သူ ၏ခေါင်းကို ဘုန်း အသရေ

နှင့် ပတ်ရစ် တော်မူပြီ။ ၈ ဖန်ဆင်း တော်မူသောအရာများကို အုပ်စိုး စေ၍၊ သိုး နွား အစ ရှိသော မြေ တိရစ္ဆာန်
မိုယ်းကောင်းကင် ငှက် ၊ ပင်လယ် ငါး နှင့် ပင်လယ် လမ်း ၌သွား တတ်သောတိရစ္ဆာန်မှစ၍၊ ခပ်သိမ်းသောအရာ တို့ကို
သူ ၏ခြေ အောက် ၌ ချထား တော်မူပြီ။ ၉ အိုအကျွန်ုပ် တို့၏ ဘုရားရှင် ထာဝရဘုရား ၊ ကိုယ်တော် ၏နာမ သည်
မြေကြီး တပြင်လုံး ၌ အလွန် ကြီးမြတ် တော်မူသတည်း။

၉ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် စိတ် နှလုံးအကြွင်းမဲ့ ကိုယ်တော် ကို ချီးမွမ်း ပါမည်။ အံ့ဘွယ် သော
အမှုတော်ရှိသမျှ တို့ကို ပြ ညွှန်ပါမည်။ ၂ ကိုယ်တော် ကို အမှီပြု ၍ ဝမ်းသာ ရွှင်လန်း ပါမည်။ နာမတော် ကို
ထောမနာသီချင်း ဆိုပါမည်၊ အမြင့်ဆုံး သောဘုရား။ ၃ အကြောင်း မူကား၊ အကျွန်ုပ် ၏ရန်သူ တို့သည် ပြန် ဆုတ် ၍ လဲ
ကြပါ၏။ ရှေ့တော် ၌ ပျက်စီး ကြပါ၏။ ၄ ကိုယ်တော် သည် အကျွန်ုပ် ဘက်မှာ တရား ဆုံးဖြတ် တော်မူပြီ။ ပလ္လင်
တော်ပေါ် မှာ ထိုင် ၍ဖြောင့်မတ် စွာ စီရင် တော်မူပြီ။ ၅ တပါး အမျိုးသားတို့ကို ဆုံးမ တော်မူပြီ။ ဆိုး သောသူတို့ ကို
ဖျက်ဆီး ၍ သူ တို့ နာမ ကိုကာလ အစဉ်အဆက် ချေ ဖျောက်တော်မူပြီ။ ၆ ရန်သူ တို့သည် အကုန် အစင်ပျက်စီး
ခြင်းသို့ ရောက်ကြပါပြီ။ မြို့ တို့ကို ဖြိုဖျက် တော်မူ၍ ၊ သူ တို့အမှတ် မျှမရှိပျောက် ပါပြီ။ ၇ ထာဝရဘုရား မူကား ၊
ကာလအစဉ် အဆက် တည် တော်မူ၏။ တရား ပလ္လင် တော်ကို ပြင်ဆင် ၍၊ ၈ မြေကြီး သားတို့ကို တရား သဖြင့်
စီရင် တော်မူ၏။ လူမျိုး တို့အား ဖြောင့်မတ် စွာသော စီရင် ခြင်းကို ပြုတော်မူ၏။ ၉ ထာဝရဘုရား သည် ညှဉ်းဆဲ
ခြင်းကိုခံရသောသူ တို့ ၏ခိုလှုံ ရာ၊ ဘေး အန္တရာယ်ရောက် သည် ကာလ ခိုလှုံ ရာဖြစ်တော်မူ၏။ ၁၀ နာမ တော်ကို သိ
သောသူတို့သည် ကိုယ်တော် ကို ယုံကြည် ကြပါလိမ့်မည်။ အကြောင်း မူကား၊ အိုထာဝရ ဘုရား ၊ ကိုယ်တော် ကိုရှာ
သောသူတို့ ကိုစွန့် ပစ်တော်မ မူ တတ်ပါ။ ၁၁ ဇိအုန် မြို့မှာ ကျိန်းဝပ် တော်မူသောထာဝရဘုရား ကို ထောမနာသီချင်း
ဆိုကြလော့။ အမှု တော်များကို လူမျိုး တို့အား ဟော ပြောကြလော့။ ၁၂ လူအသက်သတ် ခြင်းအမှုကို စစ် တော်မူ၍ ၊
အသေခံရသောသူ တို့ကို အောက်မေ့ တော်မူ၏။ နှိမ့်ချ လျက်ရှိသောသူတို့ ၏အော်ဟစ် ခြင်း အသံကိုမေ့လျော့ တော်မ
မူတတ်ပါ။ ၁၃ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို ကယ်မ သနား တော်မူပါ။ အကျွန်ုပ် ကို မုန်း သောသူတို့၏ ညှဉ်းဆဲ
ခြင်းအမှုကိုကြည့်ရှု ၍၊ သေမင်း လက် မှ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ၁၄ သို့ ဖြစ်၍ ဂုဏ် ကျေးဇူးတော်အပေါင်း
ကို ဇိအုန် မြို့ တံခါး ဝမှာ အကျွန်ုပ်ပြ ညွှန်ပါမည်။ ကယ်တင် တော်မူ ခြင်းကျေးဇူးကို အမှီပြု ၍ ဝမ်းမြောက် ပါမည်။ ၁၅
တပါးအမျိုးသား တို့သည် ကိုယ်တူး သော တွင်း ထဲ သို့ ကိုယ်ကျ ကြ၏။ ကိုယ်ဝှက်ထား သော ကျော့ကွင်း ထဲ မှာ ကိုယ်
ခြေ တို့သည် ကျော့ မိကြ၏။ ၁၆ ထာဝရဘုရား သည် တရား စီရင်ဆုံးဖြတ်တော်မူခြင်း အားဖြင့် ထင်ရှား တော်မူ၏။
မတရား သောသူသည် မိမိ လုပ် သော အလုပ် ထဲမှာ ကျော့မိ ခြင်းကိုခံရ၏။ ၁၇ မတရား သောသူတို့နှင့် ဘုရား
သခင်ကို မေ့လျော့ သော အမျိုးသား အပေါင်း တို့သည် မရဏာ နိုင်ငံသို့ နှင် ခြင်းကိုခံရကြလိမ့်မည်။ **(Sheol h7585)**
၁၈ ငတ်မွတ် သောသူတို့ ကို အစဉ် မေ့လျော့ တော် မ မူ။ ဆင်းရဲ သောသူတို့ သည် မြော်လင့် ၍ မရဘဲ အစဉ် မ
နေရကြ။ ၁၉ အိုထာဝရဘုရား ၊ ထ တော်မူပါ။ လူ မ နိုင် ပါစေနှင့်။ တပါးအမျိုးသား တို့သည် ရှေ့ တော်၌ စစ်ကြော

စီရင်ခြင်းကိုခံရကြပါစေသော။ ၂၀ အိုထာဝရဘုရား ၊ သူ တို့ကို ချောက် လှန့်တော်မူ ပါ။ သို့ ဖြစ်၍မိမိတို့သည် လူသက်သက်ဖြစ်သည်ကို လူမျိုး တို့သည် သိ ကြပါလိမ့်မည်။

၁၀ အိုထာဝရဘုရား ၊ ကိုယ်တော်သည် အဘယ်ကြောင့် ဝေးဝေး ရပ် ၍ နေတော်မူသနည်း။ ဘေး အန္တရာယ်ရောက် သည်ကာလ အဘယ်ကြောင့်ပုန်းကွယ် ၍ နေတော်မူသနည်း။ ၂ မတရား သောသူသည် မာန စိတ်ရှိ၍ ၊ ဆင်းရဲ သော သူကိုညှဉ်းဆဲ တတ်ပါ၏။ မိမိ ပြုသော ပရိယာယ် အားဖြင့် ထိုသူကို ဘမ်းဆီး တတ်ပါ၏။ ၃ မတရား သောသူသည် မိမိ စိတ် အလို ၌ ဝါကြွား တတ်ပါ၏။ လောဘ ကြီးသောသူသည် ထာဝရဘုရား ကို ပယ်၍ မထီမဲ့မြင် ပြုတတ်ပါ၏။ ၄ မတရား သောသူသည် မာန ထောင်လွှား သောကြောင့် ၊ မ စဉ်းစား တတ်ပါ။ ဘုရား သခင်မ ရှိဟု အစဉ် အောက်မေ့ တတ်ပါ၏။ ၅ အစဉ် ခိုင်မာစွာ ကျင့်ကြံပြုမူတတ်ပါ၏။ တရား စီရင် တော်မူချက်တို့သည်သူ နှင့် ဝေးမြင့်သည်ဖြစ်၍ခပ်သိမ်း သောရန်သူ တို့ကို မထီမဲ့မြင် ပြုတတ်ပါ၏။ ၆ ငါသည်အစဉ်မ ရွေ့ ရ၊ ဆင်းရဲ ခြင်းသို့ မ ရောက်ရဟု အောက်မေ့ တတ်ပါ၏။ ၇ သူ ၏နှုတ် သည်ကျိန်ဆဲ ခြင်း၊ လှည့်စား ခြင်း၊ ရှုတ်ချ ခြင်းနှင့် ပြည့်ဝ ပါ၏။ လျှာအောက် မှာ မကောင်း သောအကြံနှင့် မ တရားသော အမှုရှိပါ၏။ ၈ ရွာ အနားတွင် ပုန်း နေရာအရပ်မှာ ထိုင် ၍၊ အပြစ်မရှိသောသူကို ဆိတ်ကွယ် ရာအရပ်၌ သတ် တတ် ပါ၏။ ဆင်းရဲ သောသူ ကို ချောင်းမြောင်း တတ်ပါ၏။ ၉ ချုံ ထဲမှာနေသောခြင်္သေ့ ကဲ့ သို့ကွယ် ရာအရပ်၌ ပုန်း ၍နေတတ်ပါ၏။ ဆင်းရဲ သောသူကို ဘမ်းဆီး ခြင်းငှါ ပုန်းကွယ် ၍ နေပါ၏။ ဆင်းရဲ သောသူကို ကွန်ရှက် ထဲ သို့ ဆွဲ ၍ဘမ်းဆီး တတ်ပါ၏။ ၁၀ ထိုသို့ ညှဉ်းဆဲ နှိပ်စက် ခြင်းကို ခံရ၍ ၊ ဆင်းရဲ သော သူအပေါင်းတို့ သည်သူ ၏လက် သို့ ကျ ရောက် တတ် ကြပါ၏။ ၁၁ ထို သူက၊ ဘုရား သခင်သည် မေ့လျော့ တော်မူ၏။ မျက်နှာ ကို လွှဲ တော်မူ၏။ မြင် တော်မ မူဟု အောက်မေ့ တတ်ပါ၏။ ၁၂ အိုထာဝရဘုရား ထတော်မူပါ။ အိုဘုရား သခင်လက် တော်ကို ချီ တော်မူပါ။ နှိမ့်ချ လျက်ရှိသောသူတို့ကို မေ့လျော့ တော်မ မူပါနှင့်။ ၁၃ မတရား သောသူသည် ဘုရား သခင်ကို အဘယ်ကြောင့် မထီမဲ့မြင် ပြုရပါအံ့နည်း။ ကိုယ်တော်သည် စစ် တော်မ မူဟု အဘယ်ကြောင့်အောက်မေ့ ရပါအံ့နည်း။ ၁၄ သို့သော်လည်း ကိုယ်တော် သည် မြင် တော်မူပြီ။ အကြောင်းမူကား၊ ပင်ပန်း စေခြင်းနှင့် နှောင့်ရှက် စေခြင်း ကို လက်ဝါး တော်၌ မှတ်သား မည်ဟု ကြည့်ရှု တော်မူတတ်ပါ၏။ ဆင်းရဲသောသူသည် ကိုယ်တော် ၌ ကိုယ်ကို အပ် တတ်ပါ၏။ ကိုယ်တော် သည် မိဘ မရှိသောသူ ၏ ခိုလှုံ ရာဖြစ် တော်မူ၏။ ၁၅ မတရား သဖြင့် ပြု၍ ဆိုး သောသူ ၏လက်ရုံး ကို ချိုး တော်မူပါ။ သူ ပြုသော အဓမ္မအမှုကို အကုန်အစင်စစ် တော်မူပါ။ ၁၆ ထာဝရဘုရား သည် ကာလ အစဉ်အမြဲတည် သော ရှင် ဘုရင်ဖြစ်တော်မူ၍၊ တပါးအမျိုးသား တို့သည် နိုင်ငံ တော်ထဲ က ကွယ်ပျောက် ကြပါလိမ့်မည်။ ၁၇ အိုထာဝရဘုရား ၊ ကိုယ်တော်သည် နှိမ့်ချ လျက် ရှိသောသူတို့ ၏တောင့်တ ခြင်း အသံကိုကြား တော်မူ၏။ သူ တို့၏စိတ် နှလုံးကို တည်ကြည် စေတော်မူ၏။ ၁၈ ဆင်းရဲသားကို သူ ၏မြေ မှ တဖန် မ နှင်ထုတ် မည် အကြောင်း ၊ မိဘ မရှိသော သူနှင့် ညှဉ်းဆဲ ခံရသောသူတို့ ကို တရား ပေးခြင်းငှါ နားတော်ကို ဖွင့် တော်မူ၏။

၁၁ မတရား သောသူတို့သည် သဘော ဖြောင့် သောသူတို့ကို မ ထင်မရှားပစ် အံ့သောဂ့ါ လေး ကိုတင် ၍၊ လေးညှို့ပေါ်မှာ မြွား ကိုပြင် ကြ၏။ ၂ အမှီတကဲ့ တို့သည်ပျက် လျှင် ဖြောင့်မတ် သောသူသည် အဘယ်သို့ ပြု နိုင်သနည်း။ ၃ ငါ့ဝိညာဉ် အား သင် သည် ငှက် ကဲ့သို့ ကိုယ်နေရာတောင် ပေါ်သို့ပြေး ချေဟု အဘယ်ကြောင့် ပြော ကြသနည်း။ ထာဝရဘုရား သည် ငါခိုလှုံရာ ဖြစ်တော်မူ၏။ ၄ ထာဝရဘုရား သည် သန့်ရှင်း သော ဗိမာန် တော်၌ ရှိတော်မူ၏။ ထာဝရဘုရား၏ ပလ္လင် တော်သည် ကောင်းကင် ပေါ် မှာတည်၏။ မျက်စိ တော်သည် ကြည့်ရှု ၍ မျက်ခမ်း တော်သည် လူသား တို့ကို စစ် တော်မူ၏။ ၅ ထာဝရဘုရား သည် ဖြောင့်မတ် သောသူကို စုံစမ်း တော်မူ၏။ မတရား သောသူနှင့် လုယူဖျက်ဆီးလို သော သူကိုဝိညာဉ် တော်သည် မုန်း တော်မူ၏။ ၆ မတရား သောသူတို့အပေါ် မှာ တောက်သော မီးခဲ၊ ကန့်နှင့် ရောသောမီးလျှံ ၊ ပူလောင် သော မုန်တိုင်း ကို သက်ရောက် စေ၍ ၊ သူ တို့သောက် စရာဘို့ စီရင်တော်မူ မည်။ ၇ တရား သဖြင့် ပြုတော်မူသောထာဝရဘုရား သည် တရား သောအမှုကို နှစ်သက် ၍ သဘော ဖြောင့် သောသူ ကို မျက်နှာ ပြု တော်မူ၏။

၁၂ အိုထာဝရဘုရား ၊ ကယ်တင် တော်မူပါ။ သူတော်ကောင်း မျိုးသည် ပြတ် ၍ သစ္စာရှိ သောလူမျိုးသည် လူသား တို့တွင် ကွယ်ပျောက် ပါ၏။ ၂ အိမ်နီးချင်း တို့သည် တ ဦးကိုတဦးမုသာ သုံး၍ ချော့မော့ သော နှုတ်ခမ်း ၊ နှစ်ခွ သောစိတ် နှင့် ပြော တတ် ကြပါ၏။ ၃ ငါတို့သည် ကိုယ် လျှာ အားဖြင့် နိုင် မည်။ကိုယ် နှုတ်ခမ်း သည် ကိုယ်အမှုကိုစောင့်လိမ့်မည်။ ၄ ငါ တို့၏ သခင် ကား အဘယ်သူ နည်းဟု ပြောဆို သော သူတို့၏ချော့မော့ သောနှုတ်ခမ်း နှင့် ဝါကြွား သောလျှာ ရှိသမျှ တို့ကို ထာဝရဘုရား သည် ဖြတ် တော်မူမည်။ ၅ ဆင်းရဲ သောသူသည် ခံရသောဉှဉ်းဆဲခြင်း၊ ငတ်မွတ် သောသူ၏ ငိုကြွေး ခြင်းကြောင့် ယခု ငါထ မည်။ ကဲ့ရဲ့ ခြင်းကိုခံရသောသူ အား ချမ်းသာ ပေးမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၆ ထာဝရဘုရား မိန့် တော်မူချက်တို့သည် သန့်ရှင်း ခြင်းရှိ၍၊ မြေ နှင့် ကင်းစင် စေခြင်းငှါ၊ မိုက် ၌ ခုနစ် ကြိမ် စစ် သော ငွေ ကဲ့သို့ ဖြစ်ကြ၏။ ၇ အိုထာဝရဘုရား ၊ ကိုယ်တော် သည် ထိုသူ တို့ကို ဤလူမျိုး မှ အစဉ် ကာကွယ် စောင့်မ တော်မူမည်။ ၈ ဆိုးယုတ် သောသူ တို့သည် ချီးမြှောက် ခြင်းသို့ ရောက်သည် ကာလ ၊ မတရား သောသူတို့သည် အရပ်ရပ် လှည့် လည်ရသောအခွင့်ရှိကြ၏။

၁၃ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို အလျှင်းမမှတ်ဘဲ အဘယ် မျှ ကာလ ပတ်လုံးမေ့လျော့ တော်မူမည်နည်း။ အဘယ် မျှကာလ ပတ်လုံးမျက်နှာ တော်ကို ကွယ် ထား တော်မူမည်နည်း။ ၂ အကျွန်ုပ် သည် အစဉ် ဝမ်းနည်းလျက် ၊ အဘယ် မျှ ကာလ ပတ်လုံး တွေးတော သောစိတ် ရှိရပါမည်နည်း။ အကျွန်ုပ် ၏ ရန်သူ သည် အဘယ်မျှ ကာလ ပတ်လုံး အကျွန်ုပ် ကို အုပ်စိုး ရပါမည်နည်း။ ၃ အကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ အကျွန်ုပ် စကားကို မျက်နှာ ပြု၍ နားထောင် တော်မူပါ။ အကျွန်ုပ် မျက်စိ ကို လင်း စေတော်မူပါ။ သို့မဟုတ် လျှင် အသေ အိပ်ပျော်ခြင်းသို့ ရောက်ရပါမည်။ ၄ အကျွန်ုပ် ၏ရန်သူ က၊ ငါနိုင် ပြီဟုဆို ၍၊ အကျွန်ုပ် ကို နှောင့်ရှက် သောသူ တို့သည် အကျွန်ုပ်လှုပ်ရှား သည် ကို ဝမ်းမြောက် ကြပါလိမ့်မည်။ ၅ အကျွန်ုပ် သည် ကရုဏာ တော်ကို ယုံကြည် ပါ၏။

ကယ်တင် တော်မူခြင်းအရာ၌ နှလုံး ရွှင်လန်း ပါလိမ့်မည်။ ၆ အကျွန်ုပ် ၌ ကျေးဇူး ပြုတော်မူသောကြောင့် ထာဝရဘုရား ကို ထောမနာသီချင်း ဆိုပါမည်။

၁၄ ဘုရား သခင်မ ရှိဟု မိုက် သောသူသည် ထင် တတ် ၏။ ထိုသို့သောသူတို့ သည် ဆွေးမြေ့ ယိုယွင်း၍ စက်ဆုပ် ဘွယ်သော အမှုကို ပြုတတ်ကြ၏။ ကောင်း သောအမှု ကို ပြု သောသူတ ယောက်မျှမရှိ။ ၂ နားလည် သောသူ၊ ဘုရား သခင်ကိုရှာ သော သူတစုံတယောက်ရှိသည် မရှိ သည်ကို သိ မြင်ခြင်းငှါ ထာဝရဘုရား သည် ကောင်းကင် ပေါ် က လူ သား တို့ကို ငုံ့ ၍ကြည့်ရှု တော်မူ၏။ ၃ လူအပေါင်း တို့သည် လမ်း လွဲကြပြီ။ တညီ တညွတ်တည်း ဆွေးမြေ့ ယိုယွင်းခြင်းရှိကြ၏။ ကောင်း သောအကျင့် ကို ကျင့်သော သူမ ရှိ။ တ ယောက်မျှ မ ရှိ။ ၄ မုန့် ကိုစား သကဲ့သို့ငါ ၏လူ တို့ကို ကိုက်စား ၍၊ ထာဝရဘုရား ကို ပဌနာ မ ပြုသော အဓမ္မ လူ အပေါင်း တို့ သည် မ သိ ဘဲ နေရကြသလော။ ၅ သို့ ဖြစ်၍အလွန် ကြောက်လန့် ကြလိမ့်မည်။ အကြောင်း မူကား၊ ဘုရား သခင်သည် ဖြောင့်မတ် သော လူမျိုး ဘက်၌ ရှိတော်မူ၏။ ၆ နှိမ့်ချလျက်ရှိသောသူ သည် ထာဝရဘုရား ကို ခိုလှုံ သောကြောင့်၊ သင်တို့သည် သူ ၏အကြံ အစည်ကို အရှက်ကွဲ စေတတ်ကြ၏။ ၇ ဣသရေလ အမျိုးကို ကယ်တင် ခြင်း ကျေးဇူးတော်သည်၊ ဇိအုန် တောင်ပေါ် မှာ ပေါ် ထွန်း ပါစေသော။ သိမ်း သွားခြင်းကို ခံရသောလူမျိုး တော်ကို တဖန် ထာဝ ဘုရားသည် ဆောင် ခဲ့တော်မူသောအခါ၊ ယာကုပ် သည် ဝမ်းမြောက် ခြင်း၊ ဣသရေလ သည်လည်း ရွှင်လန်း ခြင်း ရှိလိမ့်မည်။

၁၅ အိုထာဝရဘုရား ၊ တဲ တော်၌ အဘယ်သူ သည် တည်း ရပါမည်နည်း။ သန့်ရှင်း သောတောင် တော်ပေါ် မှာ အဘယ်သူ သည် နေ ရပါမည်နည်းဟူမူကား၊ ၂ ဖြောင့်မတ် သောအကျင့်၊ တရား သောအမှုကို ပြု ကျင့်၍ ၊ သစ္စာ စကားကို စိတ် နှလုံးပါလျက်ပြော ထသော၊ ၃ သူတပါး၏အသရေ ကို ပျက်စေခြင်းငှါ ပြောဆို ခြင်း၊ ကိုယ် နှင့်စပ်ဆိုင်သောသူ၏ အကျိုးကိုပြစ်မှားခြင်း၊ ကိုယ် နှင့်စပ်ဆိုင်သော သူကိုလည်း ကဲ့ရဲ့ ခြင်းကို ရှောင်ထ သော၊ ၄ ဆိုးယုတ် သောသူကို အယုတ် ဟူ၍ ထင် မှတ်လျက် ၊ ထာဝရ ဘုရားအား ကြောက်ရွံ့ သောသူကို ရိုသေ ထသော၊ ကိုယ်အကျိုး ပျက်ရသော်လည်း ကိုယ်ကျိန်ဆို သော သစ္စာဂတိကိုမ ဖျက်၊ ၅ ကိုယ် ငွေ ကို ချေး ၍ အတိုး မ ယူ၊ အပြစ် မရှိသောသူ ၏တဘက် မှ တံစိုး ကို မ ခံ ဘဲကျင့် သောသူသည် လူပ်ရှား ခြင်းနှင့် အစဉ် အမြဲကင်းလွတ် လိမ့်မည်သတည်း။

၁၆ အကျွန်ုပ် ကို စောင့် မတော်မူပါဘုရား။ ကိုယ်တော် ကို အကျွန်ုပ်ခိုလှုံ ပါ၏။ ၂ ကိုယ်တော် သည် အကျွန်ုပ်၏သခင် ဖြစ်တော်မူသည် ဟု ထာဝရဘုရား ကို အကျွန်ုပ်လျှောက်ဆို ပါပြီ။ ကျေးဇူး တော်မှတပါး အခြား သောမင်္ဂလာသည်အကျွန်ုပ် ၌ မ ရှိပါ။ ၃ ပြည် တော်၌ နေသောသန့်ရှင်း သူနှင့် ထူးဆန်း သောသူတို့ကိုသာ နှစ်သက် ပါ၏။ ၄ အခြား သောလမ်းသို့ လိုက်ပြေးသောသူ တို့ သည် များစွာ သော ဆင်းရဲ ဒုက္ခကို ခံရကြလိမ့်မည်။ ငါသည် သူ တို့သွန်းလောင်း ရာ ပူဇော် သက္ကာအသွေး ကို မလှူ မ ဆက်လို။ သူ တို့ဘုရား၏နာမ ကို မ မြွက် လို။ ၅ ထာဝရဘုရား

သည် ငါ အမွေ ခံရာအဘို့ ၊ ငါ စားသောက် ရာအဘို့ ဖြစ်တော်မူ၏။ ကိုယ်တော် သည် အကျွန်ုပ် အမွေ အနှစ်ကို စောင့်ရှောက် တော်မူ၏။ ၆ ငါ ပိုင်ထိုက်သောနယ် နိမိတ်သည် သာယာ သော အရပ်တွင် ကျ ၍ ၊ ကောင်းမွန် သော အမွေ ကို ငါ ခံရပြီ။ ၇ ငါ့ ကို ပြုစုတော်မူသောထာဝရဘုရား ကို ကောင်းကြီး ပေးမည်။ ညဉ့် အချိန်၌ပင် ငါ့ နှလုံး သည် ငါ့ ကို နှိုးဆော် တတ်၏။ ၈ ငါသည် ထာဝရဘုရား ကို အစဉ် မပြတ်မျက်မှောက် ပြု ၏။ အကြောင်း မူကား၊ ငါ လက်ျာ ဘက်၌ တည်ရှိတော်မူသည်ဖြစ်၍၊ ငါသည်လှုပ်ရှား ခြင်း မ ရှိရ။ ထိုကြောင့်ငါ့ စိတ် နှလုံးသည် သာယာ ခြင်း၊ ၉ ငါ့ဝိညာဉ်သည်လည်း ရွှင်လန်း ခြင်းရှိ၏။ ထို မှတပါး၊ ငါ့ အသား သည် မြော်လင့် လျက် ကျိန်းဝပ် လိမ့်မည်။ ၁၀ အကြောင်း မူကား၊ ကိုယ်တော်သည် အကျွန်ုပ် ၏ ဝိညာဉ် ကို မရဏာ နိုင်ငံ၌ ပစ် ထားတော်မ မူ။ ကိုယ်တော် ၏ သန့်ရှင်း သောသူအား လည်း ပုပ်စပ် ခြင်းကို ရှိ စေတော်မ မူဘဲလျက်၊ **(Sheol h7585)** ၁၁ အသက် ရှင်ခြင်း လမ်း ကို ပြ ညွှန်တော်မူလိမ့် မည်။ အထံ တော်၌ စုံလင် သော ဝမ်းမြောက် ခြင်းအခွင့် နှင့် လက်ျာ တော်နား မှာ အစဉ် အမြဲပျော်မွေ့ ခြင်းအခွင့် ရှိပါ၏။

၁၆ အိုထာဝရဘုရား ၊ တရား သော ဘက်မှာနေ၍ အကျွန်ုပ် အော်ဟစ် ခြင်းကို မှတ် တော်မူပါ။ မ လှည့်စား တတ်သော နှုတ် နှင့် ဆုတောင်းသော ပဌနာ စကားကို နားထောင် တော်မူပါ။ ၂ ကိုယ်တော် တိုင်အကျွန်ုပ် ကို စီရင် ၍ ဖြောင့်မတ် သောအရာကို ထောက်ရှု တော်မူပါ။ ၃ အကျွန်ုပ် နှလုံး ကို စစ်ဆေး တော်မူပါ။ ညဉ့် အခါ အကျွန်ုပ် ကို အကြည့်အရှု ကြွလာတော်မူပါ။ အကျွန်ုပ်ကို စစ်ကြော သောအခါ အဘယ်အပြစ် ကိုမျှ တွေ့ တော်မ မူ ရာ။ အကျွန်ုပ်အကြံ အစည်သည် အကျွန်ုပ် စကား နှင့် မ ခြားမနားပါ။ ၄ လူ ပြု တတ်သော အမှုများမှာ ၊ ဖျက်ဆီး တတ် သောသူ ၏လမ်း တို့ကို နှုတ်ကပတ် တော်အားဖြင့် အကျွန်ုပ် ရှောင် ပါပြီ။ ၅ လမ်း ခရီးတော်၌ အကျွန်ုပ် သွား စဉ်တွင်ခြေ မ ချော် စေခြင်းငှါ ထောက်မ တော်မူပါ။ ၆ အိုဘုရား သခင်၊ ကိုယ်တော် သည် နားထောင် တော်မူတတ်သောကြောင့် အကျွန်ုပ် သည် တောင်း လျှောက်ပါ၏။ နား တော်ကို လှည့်၍ အကျွန်ုပ် စကား ကို နာယူ တော်မူပါ။ ၇ ကိုယ်တော် ကို ခိုလှုံ သောသူတို့ကို သူပုန် တို့လက် မှ ၊ လက်ျာ လက်တော်အားဖြင့် ကယ်နှုတ် တော်မူသောဘုရား၊ ထူးဆန်း သော မေတ္တာ ကျေးဇူးတော်ကို ပြတော်မူ ပါ။ ၈ အကျွန်ုပ် ကို ညှဉ်းဆဲသောလူဆိုး တည်းဟူသောအကျွန်ုပ် ကို ဝိုင်း ၍သတ် လိုသော ရန်သူ တို့ လက်မှ အကျွန်ုပ် ကို လွှတ်စေခြင်းငှါ ၊ မျက် ဆန် ကဲ့သို့ အကျွန်ုပ် ကို စောင့် မတော်မူပါ။ အတောင် တော်အရိပ် ထဲ မှာ ဖုံး အုပ်တော်မူပါ။ ၉ သူ တို့သည် မိမိ တို့ဆူဝ ခြင်းကို ကိုးစား၍ ထောင်လွှား စော်ကားစွာ ပြောဆို ကြပါ၏။ ၁၀ အကျွန်ုပ် တို့ သွား သောလမ်းကို ယခု ဝိုင်း မိကြ ပါပြီ။ အကျွန်ုပ် တို့ကို မြေ ပေါ် မှာ လဲ့ ခြင်းငှါ မျက်စိ နှင့် ရွယ် ကြပါ၏။ ၁၂ ဘမ်းမိသောအကောင်ကို စား ချင်အားကြီး သော ခြင်္သေ့ ကဲ့သို့ ၎င်း၊ ဆိတ်ကွယ် ရာအရပ်၌ ချောင်း၍ နေ သောခြင်္သေ့ ပျိုကဲ့သို့ ၎င်း ဖြစ်ကြပါ၏။ ၁၃ အိုထာဝရဘုရား ၊ ထ တော်မူပါ။ သူ တို့ကို ဆီးတား ၍ လဲ့ ချတော်မူပါ။ မတရား သောသူတို့လက်မှ အကျွန်ုပ် အသက် ကို ထား တော်ဖြင့် ကယ် လွှတ်တော်မူပါ။ ၁၄ အိုထာဝရဘုရား ၊ လောကီ သား ဖြစ်သော ထိုလူ တို့လက်မှ အကျွန်ုပ်အသက် ကို လက် တော်ဖြင့် ကယ်လွှတ်တော်မူပါ။ ထိုသူ တို့သည်

ယခုဘဝမှာ မိမိတို့အဘို့ ကိုခံရကြပါ၏။ သူ တို့အလို ကို ဘဏ္ဍာတော်နှင့် ပြည့်စုံ စေ တော်မူ၏။ သူ တို့သားသမီး တို့သည်လည်း ကြွယ်ဝ ၍ ၊ မြေး မြစ်စသည်တို့ ၌ မိမိ တို့ ဥစ္စာ ကို ချန် ထားကြပါ၏။ ၁၅ အကျွန်ုပ် မူကား ဖြောင့်မတ် ၍ မျက်နှာ တော်ကို ဖူးမြင် ရပါလိမ့်မည်။ နိုး သောအခါ ပုံသဏ္ဌာန် တော် အားဖြင့်အကျွန်ုပ်အလို ပြည့်စုံရပါလိမ့်မည်။

၁၈ ထာဝရဘုရား ၏ကျွန်ဒါဝိဒ် သည် ရှောလု မင်းမှစ၍ရန်သူ အပေါင်း တို့လက် မှ ကယ်လွှတ် တော်မူခြင်းကျေးဇူးကိုခံရသောအခါ ၊ ထာဝရဘုရား ရှေ့ တော်၌မြွက်ဆို သော သီချင်း စကား ဟူမူကား။ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏ ခွန်အား ဗလ တည်းဟူသောကိုယ်တော် ကို အကျွန်ုပ်ချစ် ပါ၏။ ၂ ထာဝရဘုရား သည် ငါ ၏ကျောက် ၊ ငါ ၏မြို့ရိုး ၊ ငါ့ ကိုကယ် လွှတ်သောသခင်၊ ငါ ၏ဘုရား ၊ ငါကိုးစား သော အစွမ်း သတ္တိ၊ ငါ ၏ အကွယ် အကာ၊ ငါ့ ကိုကယ်တင် သော ဦးချို ၊ ငါ ၏ရဲတိုက် ဖြစ်တော်မူ၏။ ၃ ချီးမွမ်း အပ်သော ထာဝရဘုရား ကို ငါတောင်း လျှောက်၍ ရန်သူ တို့ လက်မှ ကယ်တင် ခြင်းသို့ ရောက်၏။ ၄ သေ ခြင်းကြိုး တို့သည် ငါ့ ကိုဝိုင်း မိ၍ ၊ ဖျက်ဆီး တတ်သော ရေစီး ခြင်းကြောင့် ငါ ကြောက်လန့် ရ၏။ ၅ မရဏာ နိုင်ငံ၏ ကြိုး တို့သည်ဝိုင်း ၍၊ သေမင်း ၏ ကျော့ကွင်း သည် ငါ့ ကိုကျော့မိ လျက် ရှိ၏။ **(Sheol h7585)** ၆ ထိုသို့ငါ သည် ဆင်းရဲ ငြိုငြင်သောအခါ ထာဝရဘုရား ကို ခေါ် ၍ ၊ ငါ ၏ဘုရား သခင်ကို အော်ဟစ် လေ၏။ ခေါ် သောအသံ ကို ဗိမာန် တော်ထဲ မှာကြား တော်မူ၍ ၊ အော်ဟစ်သောအသံသည် နား တော်ထဲ သို့ ဝင် လေ၏။ ၇ ထိုအခါ အမျက် တော်ထွက်သောအားဖြင့် မြေကြီး တုန်လှုပ် ၍ ၊ တောင် အမြစ် တို့သည် တရွေ့ရွေ့လှုပ်ရှား ကြ၏။ ၈ နှာခေါင်း တော်ထဲ က မီးခိုး ထွက် ၍ ၊ နှုတ် တော် ထဲ က မီး လောင်သောအားဖြင့်၊ မီးခဲ တောက် လေ၏။ ၉ မိုယ်းကောင်းကင် ကိုညွှတ် သဖြင့် ဆင်းသက် တော်မူ၍ ၊ ခြေဘဝါး တော်အောက် ၌ မှောင်မိုက် ဖြစ်လေ ၏။ ၁၀ ခေရုဗိမ် ကိုစီး လျက် ပျံ တော်မူ၏။ လေ ၏ အတောင် တို့အပေါ် မှာလျင် စွာ ပျံတော်မူ၏။ ၁၁ မှောင်မိုက် ထဲမှာ ပုန်း ကွယ်တော်မူ၍၊ တခဲနက် သောရေ နှင့်ထူထပ်သော မိုယ်း တိမ် တို့သည် ကိုယ်တော် ကို ကာရံ လျက်ရှိကြ၏။ ၁၂ ရှေ့ တော်၌ ရောင်ခြည် ကြောင့် တိမ် ထပ်တို့သည် မိုယ်းသီး နှင့် မီးခဲ ပါလျက် လွင့် ကြ၏။ ၁၃ ထာဝရဘုရား သည်လည်း၊ ကောင်းကင် ပေါ် မှာ မိုယ်းချုန်း ၍ ၊ အမြင့်ဆုံး သော ဘုရား သည် အသံ တော်ကို လွှင့် တော်မူ၏။ ၁၄ လေးမြား တော်တို့ကိုပစ် ၍ လျှပ်စစ် ပြက်စေ သဖြင့် ၊ ရန်သူ တို့ကို အရပ်ရပ်သို့ခွဲ ၍ ရှုံး စေတော်မူ၏။ ၁၅ ထိုအခါ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အပြစ်တင် ၍ နှာခေါင်း တော်ထဲက အသက် ရှူ တော်မူသောအားဖြင့် ၊ သမုဒ္ဒရာ အောက် ပြင်နှင့် လောက တိုက် မြစ် တို့သည်ပွင့် လစ် ထင် ပေါ် လျက်ရှိကြ၏။ ၁၆ ထာဝရဘုရားသည် အထက် အရပ်က လက် တော်ကို ဆန့် ၍၊ တခဲ နက်သောရေ ထဲ က ငါ့ ကို ဆယ် ယူ တော်မူ၏။ ၁၇ ငါ့ ကိုမုန်း သောသူတည်းဟူသောငါပြိုင်၍မနိုင် နိုင်အောင် ခွန်အား ကြီးသော ရန်သူ တို့လက်မှ ငါ့ ကို ကယ် လွှတ်တော်မူ၏။ ၁၈ ဘေးဥပဒ် ရောက်သောကာလ ၌ သူတို့သည် ဆီးတား သော်လည်း ၊ ထာဝရဘုရား သည်ငါ မှီခို ရာ ဖြစ်၍၊ ၁၉ ငါ့ ကိုကျယ်ဝန်း ရာအရပ်သို့ ပို့ဆောင် တော်မူ၏။ ငါ့ ကို နှစ်သက် သောကြောင့် ကယ် လွှတ်တော်မူ၏။ ၂၀ ငါ ဖြောင့်မတ် ခြင်းရှိသည်အလျောက် ၊ ထာဝရဘုရား သည် အကျိုး ကိုပေး ၍၊ ငါ့ လက် စင်ကြယ် ခြင်း၏ အကျိုး ကို

စီရင်တော်မူ၏။ ၂၁ အကြောင်း မူကား၊ ငါသည်ထာဝရဘုရား ၏ လမ်း တော်သို့ အစဉ်လိုက်၏။ ငါ ၏ဘုရား သခင့်ထံ မှ ပြစ်မှား ၍ မ သွား။ ၂၂ စီရင် တော်မူချက်ရှိသမျှ ကို ငါ သည် မျက်မှောက် ပြု၏။ အထုံး အဖွဲ့တော်တို့ကို မ ပယ်၊ ၂၃ ရှေ့ တော်မှာဖြောင့်မတ် ၍ ၊ ကိုယ် ဒုစရိုက် ကို ကြဉ်ရှောင် ၏။ ၂၄ ထိုကြောင့် ရှေ့ တော်မှာ ထင်ရှား သော ငါ ၏ ဖြောင့်မတ် ခြင်း၊ လက် စင်ကြယ် ခြင်းရှိသည်နှင့် အလျောက် ထာဝရဘုရား သည် ငါ ၌ အကျိုး ကိုပေး တော်မူပြီ။ ၂၅ သနား တတ်သောသူအား ကိုယ်တော်သည် သနား ခြင်းသဘောကိုဝင်း၊ ဖြောင့်မတ် သောသူ အား ဖြောင့်မတ် ခြင်း သဘောကိုဝင်း၊ ၂၆ သန့်ရှင်း သောသူအား သန့်ရှင်း ခြင်းသဘောကိုဝင်း ၊ ဆန့်ကျင် သောသူအား ဆန့်ကျင် သောသဘော ကိုဝင်းပြတော်မူ၏။ ၂၇ နှိမ့်ချ လျက်ရှိသောသူ တို့ကို ကိုယ်တော် သည် ကယ်တင် ၍ ၊ ထောင်လွှား သော မျက်နှာ ကိုမူကား ရှုတ်ချ တော်မူ၏။ ၂၈ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ၏ မီးခွက် ကို ထွန်း ၍၊ အကျွန်ုပ် ၏ဘုရား သခင်သည် အကျွန်ုပ် ၏မှောင်မိုက် ကို လင်း စေတော်မူ၏။ ၂၉ အကျွန်ုပ်သည် ကိုယ်တော် ကို အမှီပြု ၍ ၊ တပ်ကို ဖျက် ပါပြီ။ အကျွန်ုပ် ၏ဘုရား သခင်ကို အမှီပြု လျက် မြို့ရိုး ကို ကျော် ၍ ဝင်ပါပြီ။ ၃၀ ဘုရား သခင်စီရင်တော်မူသောအမှု သည် စုံလင် ၏။ ထာဝရဘုရား ၏သစ္စာ တော်သည် အစစ် ခံ၍ တည်၏။ ခိုလှုံ သော သူအပေါင်း တို့၏ အကွယ် အကာဖြစ်တော်မူ၏။ ၃၁ ထာဝရဘုရား မှ တပါး အဘယ် ဘုရား သခင်ရှိသနည်း။ ငါ တို့ ဘုရား သခင်မှတပါး အဘယ် မည်သော ကျောက် ရှိသနည်း။ ၃၂ ထိုဘုရား သခင်သည် ငါ့ ကိုခွန်အား ခါးပန်းနှင့် စည်း ၍ ငါ သွားရာ လမ်း ကို ဖြောင့် စေ တော်မူ၏။ ၃၃ ငါ့ ခြေ ကို သမင်ခြေ ကဲ့သို့ လျင်မြန် စေ၍ ၊ ငါ ၏ မြင့် ရာအရပ်ပေါ် မှာ ငါ့ ကိုတင် ထားတော်မူ၏။ ၃၄ ငါ့ လက် ကို စစ်မှု ၌ လေ့ကျက်စေခြင်းငှါ သွန်သင် တော်မူ၍ ၊ ကြေးဝါ လေး ကို ငါ့ လက်ရုံး နှင့် ငါတင် နိုင်၏။ ၃၅ ကိုယ်တော် သည် ကယ်တင် တော်မူခြင်း ဒိုင်း လွှားကို အပ် ၍ ၊ လက်ျာ လက်တော်အားဖြင့် မစ တော်မူ ၏။ သည်းခံ တော်မူခြင်းအားဖြင့် အကျွန်ုပ် သည် ချီးမွှောက် ခြင်းသို့ ရောက်ပါ။ ၃၆ အကျွန်ုပ် သွားသောလမ်း ကို ရှင်းလင်း ၍ ခြေ မ ချော် စေခြင်းငှါ ပြုတော်မူသောအားဖြင့်၊ ၃၇ အကျွန်ုပ် သည် ရန်သူ တို့ကို လိုက် ၍ မှီ သဖြင့် ၊ သူ တို့ကို မ ပယ်ရှင်း မှီတိုင်အောင်မ ပြန် ပါ။ ၃၈ သူ တို့သည် အကျွန်ုပ် ခြေ အောက် မှာ လဲ လျက် ရှိ၍ မ ထ နိုင်အောင် အကျွန်ုပ်သည် နှိပ် နင်းပါ၏။ ၃၉ အကြောင်းမူကား၊ စစ်တိုက် စေခြင်းငှါ ကိုယ်တော် သည် အကျွန်ုပ် ကို ခွန်အား ခါးပန်းနှင့်စည်း ၍၊ အကျွန်ုပ် တဘက်၌ ထ သောသူတို့ကို အကျွန်ုပ် အောက် မှာ လှဲ တော်မူ၏။ ၄၀ အကျွန်ုပ် ကို မုန်း သောရန်သူတို့၏ လည်ပင်း ကို အကျွန်ုပ် ၌ အပ်၍၊ ဖျက်ဆီး ရသောအခွင့်ကိုပေး တော်မူ ၏။ ၄၁ သူတို့သည် အော်ဟစ် ကြသောအခါ ၊ ကယ်တင် သောသူ မရှိ။ ထာဝရဘုရား ကို အော်ဟစ်သော်လည်း ထူး တော်မ မူ။ ၄၂ ထိုအခါအကျွန်ုပ်သည် သူ တို့ကို လေတိုက် သော မြေမှုန့် ကိုကဲ့သို့ ၊ ညက်ညက် ချေပြီးမှ ၊ လမ်း ၌အမှိုက် ကို ကဲ့သို့ သွန်ပစ် လေ၏။ ၄၃ လူစု တို့သည် ဆိုင်ပြိုင် တိုက်လှန်ခြင်းမှ အကျွန်ုပ် ကို ကယ်လွှတ် ၍၊ တပါးအမျိုးသား တို့၏ အကဲအမှူး အရာ ၌ ခန့်ထား တော်မူသောအားဖြင့်၊ အကျွန်ုပ်မ သိ ဘူးသော လူစု သည်အကျွန်ုပ်ထံ၌ ကျွန်ခံ ပါ၏။ ၄၄ အကျွန်ုပ် စကား သံကို ကြား သည်ခဏခြင်းတွင် နားထောင် ပါ၏။ တပါး အမျိုးသား တို့သည် အကျွန်ုပ် ကို တောင်းပန်

ကြပါ၏။ ၄၅ ညှိုးနွမ်း သည်ဖြစ်၍ ခိုလှုံ ရာအရပ်ထဲ က တုန်လှုပ် လျက် ထွက်ကြပါ၏။ ၄၆ ထာဝရဘုရား သည် အသက်ရှင်တော်မူသည် ဖြစ်၍ ၊ ငါ ၏ကျောက် ၌ မင်္ဂလာ ရှိပါစေသတည်း။ ငါ့ ကို ကယ်တင် တော်မူသောဘုရား သခင်၌ ချီးမွှောက် ခြင်း ရှိပါစေသတည်း။ ၄၇ ငါ့ ဘက်၌ တရားသဖြင့်စီရင်၍၊ လူစုတို့ကို ငါ့ အောက် မှာ နှိမ့်ချ သောသူ ကား ဘုရား သခင်ပေတည်း။ ၄၈ ရန်သူ တို့လက်မှ ငါ့ ကို ကယ် လွှတ်တော်မူ၏။ အကျွန်ုပ် တဘက်၌ ထ သောသူတို့အပေါ်သို့ ကိုယ်တော်သည် အကျွန်ုပ် ကိုမြှောက် တင်၍၊ လုယူ ဖျက်ဆီးတတ် သောသူ ၏လက်မှ ကယ် လွှတ်တော်မူ၏။ ၄၉ ထိုကြောင့် အိုထာဝရဘုရား ၊ အကျွန်ုပ်သည် တပါးအမျိုးသား တို့တွင် ကျေးဇူး တော်ကို ချီးမွမ်း၍ ၊ နာမတော် ကို ထောမနာသီချင်း ဆိုပါမည်။ ၅၀ ဘုရားသခင်သည် မိမိခန့်ထားသော မင်းကြီး ကို အထူး သဖြင့်ကယ် လွှတ်တော်မူ၏။ ဘိသိက် တော်ကို ခံရသောဒါဝိဒ် မှစ၍ အမျိုး အနွယ်အား ကာလအစဉ် အဆက် ကရုဏာ ကျေးဇူးကို ပြု တော်မူ၏။

၁၉ မိုဃ်းကောင်းကင် သည် ဘုရား သခင်၏ ဘုန်း အသရေတော်ကို ကြား ပြော၍ ၊ မိုဃ်း မျက်နှာကြက်သည်လက် တော်နှင့်လုပ်သောအရာများကိုပြ သ၏။ ၂ တနေ့ ကို တနေ့ မြွက်ဆို ၍ ၊ တညဉ့် ကို တညဉ့် သွန်သင် ၏။ ၃ နှုတ် မြွက်ခြင်း၊ စကား ပြောခြင်းမ ရှိ၊ သူ တို့ နှုတ်ထွက် သံကို မ ကြား ရသော်လည်း၊ ၄ သူ တို့၏အသံ သည် မြေတပြင်လုံး ၌ နှံ့ ပြား ၍ ၊ သူ တို့၏စကား သည် မြေကြီး စွန်း တိုင်အောင် ရောက် လေ၏။ ၅ မိုဃ်းကောင်းကင်တွင် နေ ဗိမာန် ကို ထား တော်မူသဖြင့် ၊ နေ သည် အိပ်ခန်း ထဲ ကထွက် လာသောမင်္ဂလာဆောင် လုလင်ကဲ့သို့ ဖြစ်၍ ၊ ခွန်အား ကြီးသောသူကဲ့သို့ မိမိသွား ရာလမ်းသို့ လိုက်ပြေး မည်ဟု ဝမ်းမြောက် လျက်၊ ၆ မိုဃ်းကောင်းကင် တစွန်း မှ ထွက် လာ၍ ၊ တစွန်း တိုင်အောင် လှည့် ပတ်သောအားဖြင့်၊ သူ ၏အပူ အရှိန်မှ ကွယ် လွတ်သောအရာ တစုံတခုမျှမ ရှိ။ ၇ ထာဝရဘုရား ၏ တရား တော်သည် စုံလင် သည် ဖြစ်၍စိတ် ဝိညာဉ်ကို ပြုပြင် တတ်၏။ ထာဝရဘုရား ၏ သက်သေခံ တော်မူချက်သည် ဟုတ်မှန် သည်ဖြစ်၍မ လိမ္မာသောသူတို့ ကို လိမ္မာ စေတတ်၏။ ၈ ထာဝရဘုရား ၏ နည်း ဥပဒေသတို့သည် ဖြောင့်မတ် သည် ဖြစ်၍စိတ် နှလုံးကို ရွှင်လန်း စေတတ်၏။ ထာဝရဘုရား ၏ ပညတ်တော်သည် စင်ကြယ် သည်ဖြစ်၍၊ မျက်စိ ကို ရှင်းလင်း စေတတ်၏။ ၉ ထာဝရဘုရား ကို ကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်း သည် ဖြစ်၍၊ ကာလ အစဉ်အမြဲတည် ၏။ ထာဝရဘုရား ၏စီရင် တော်မူချက်တို့သည် သစ္စာ တရားနှင့်ညီ၍၊ တညီ တညွတ်တည်းဖြောင့်မတ် ကြ၏။ ၁၀ ရွှေ ထက် မက၊ များစွာ သောရွှေစင် ထက် နှစ်သက် ဘွယ်ဖြစ်၍ ၊ ပျားရည် ထက် မက၊ ပျား လပို့ ထက် ချို ကြ၏။ ၁၁ တရား တော်အားဖြင့် ကိုယ်တော် ၏ ကျွန် သည် သတိရ၍၊ တရား စောင့် ခြင်းအကျိုး သည် ကြီး လှပါ၏။ ၁၂ မိမိမှားယွင်း ခြင်းကို အဘယ်သူ သည် နားလည် နိုင်သနည်း။ မထင်ရှားသော ဒုစရိုက်အပြစ်နှင့် အကျွန်ုပ် ကို ကင်းစင် စေ၍၊ ၁၃ ရဲရင့် သော ဒုစရိုက်ကို လည်း ကိုယ်တော် ၏ ကျွန် သည် မ ပြုရမည်အကြောင်းဆီးတား တော်မူပါ။ ဒုစရိုက် အပြစ်သည် အကျွန်ုပ် ကို အစိုး မ ရပါစေနှင့်။ ထိုသို့ သောအားဖြင့်အကျွန်ုပ်သည်ဖြောင့်မတ် ခြင်းရှိ၍ ၊ ကြီးစွာ သောပြစ် မှားခြင်းနှင့် ကင်းလွတ် ပါလိမ့်မည်။ ၁၄ အကျွန်ုပ် ပြော

သောစကား နှင့် စိတ် နှလုံး၏ အကြံ အစည်သည် ရှေ့ တော်၌ နှစ်သက် ဖွယ် ဖြစ် ပါစေသော။ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏ ကျောက် ၊ အကျွန်ုပ် ကို ရွေးနှုတ် တော်မူသောဘုရား။

၂၀ ဘေး အန္တရာယ်ရောက်သောကာလ ၌ ၊ ထာဝရဘုရား သည် ကိုယ်တော် စကားကို နားထောင် ၍၊ ယာကုပ် ၏ဘုရား သခင်နာမ တော်သည် ချီးမြှောက် တော်မူပါစေသော။ ၂ သန့်ရှင်း ရာဌာနတော်ထဲ က ကူညီ ၍၊ ဇိအုန် တောင်ပေါ် က ထောက် ပင့်တော်မူပါစေသော။ ၃ ကိုယ်တော် ၏ ပူဇော် သက္ကာအလုံးစုံ တို့ကို အောက်မေ့ ၍ ၊ မီးရှို့ သောယဇ်ကို လက်ခံ တော်မူပါစေသော။ ၄ ကိုယ်တော် ၏ စိတ် အလိုရှိသည်အတိုင်း ပေး သနား၍ ၊ အကြံ အစည်တော်ရှိသမျှ တို့ကို ပြည့်စုံ စေခြင်းငှါ ပြုတော်မူပါစေသော။ ၅ ကိုယ်တော် ၏ကယ်တင် ခြင်းကြောင့် အကျွန်ုပ်တို့သည် ဝမ်းမြောက် ၍၊ အကျွန်ုပ်တို့ ဘုရား သခင်၏ အခွင့် နှင့် အလံ ကို ထူကြလိမ့်မည်။ ထာဝရဘုရား သည် ကိုယ်တော် ဆုတောင်း သမျှအတိုင်း ကျေးဇူး ပြုတော်မူပါစေသော။ ၆ ထာဝရဘုရား ပေးတော်မူ၍ ဘိသိက် ခံသောသူအား၊ ကယ်တင် တော်မူကြောင်း ကိုငင်း၊ လက်ျာ လက်တော်ကယ်တင် ခြင်းအစွမ်း နှင့် ထိုသူ ၏စကားကိုသန့်ရှင်း သော ကောင်းကင် ပေါ် မှာ နားထောင် တော်မူကြောင်းကိုငင်း ယခု ငါသိ ၏။ ၇ အချို့သောသူတို့သည် ရထား ကို ၎င်း ၊ အချို့တို့သည် မြင်း ကို ၎င်း၊ ချီးမွမ်းတတ်ကြ၏။ ငါ တို့မူကား ၊ ငါ တို့ဘုရား သခင်တည်းဟူသောထာဝရဘုရား ၏နာမတော် ကို ချီးမွမ်း ကြလိမ့်မည်။ ၈ သူ တို့သည်နှိမ့်ချ ၍ လဲ လျက်ရှိကြ၏။ ငါ တို့မူကား ၊ ထ ၍ မတ်တတ် နေကြ၏။ အိုထာဝရ ဘုရား ၊ မင်းကြီး ကို ကယ်တင် တော်မူပါ။ ၉ အကျွန်ုပ် တို့ခေါ် သောအခါ နားထောင် တော်မူပါ။

၂၁ အိုထာဝရဘုရား ၊ မင်းကြီး သည် ကိုယ်တော် ၏အစွမ်း သတ္တိကြောင့် ဝမ်းမြောက် ၍ ၊ ကယ်တင် တော်မူခြင်း အားဖြင့် အလွန် ရွှင်လန်း ပါ၏။ ၂ သူ ၏နှုတ် နှင့် ဆုတောင်း သည်ကို ငြင်းပယ် တော်မ မူ။ သူ ၏စိတ် အလို ရှိသည်အတိုင်း ပေး သနားတော်မူပြီ။ ၃ ကောင်းမြတ် သော မင်္ဂလာ တို့ကို အဦး ပြု၍ ပေး တော်မူပြီ။ ရွှေစင် သရဖူ ကို သူ ၏ခေါင်း ပေါ် မှာ တင် တော်မူပြီ။ ၄ သူ သည် အသက် ကို ဆုတောင်း ၍၊ ကိုယ်တော်သည်အသက်မက၊ ထာဝရ အသက် ကို ပေး သနားတော်မူပြီ။ ၅ ကယ်တင် တော်မူခြင်းအားဖြင့် သူ သည် ဘုန်း ကြီး ၍၊ လက်တော်မှ ဂုဏ် အသရေနှင့် တန်ခိုး အာနုဘော်ကိုခံရ ပါ၏။ ၆ ကိုယ်တော် သည် သူ့ ကိုထာဝရ မင်္ဂလာ အရာ၌ ခန့်ထား ၍ ၊ မျက်နှာ တော်အားဖြင့် အလွန် ဝမ်းမြောက် စေ တော်မူ၏။ ၇ အကြောင်း မူကား၊ မင်းကြီး သည် ထာဝရဘုရား ကို ကိုးစား ၍ ၊ အမြင့်ဆုံး သောဘုရား၏ကရုဏာ တော်ကြောင့် တည်ကြည် တတ်ပါ၏။ ၈ ကိုယ်တော် ၏လက် သည် ရန်သူ အပေါင်း တို့ကိုတွေ့ ၍ ၊ ကိုယ်တော် ကိုမုန်း သောသူတို့ကို လက်ျာ လက်တော်သည် တွေ့ တော်မူမည်။ ၉ အမျက် တော်ထွက်သောကာလ ၌ သူ တို့ကို မီးဖို ကဲ့သို့ ဖြစ် စေတော်မူမည်။ ထာဝရဘုရား သည် အမျက် တော် အားဖြင့် သူ တို့ကို မျိုချ တော်မူ၍ ၊ မီး သည်လည်း လောင် စားပါလိမ့်မည်။ ၁၀ သူ တို့အမျိုး အနွယ်ကို မြေကြီး မှ ပယ်ရှင်း ၍ ၊ သား

စဉ်မြေးဆက်တို့ကို လူမျိုး ထဲက ဖျက်ဆီးတော်မူမည်။ ၁၁ အကြောင်း မူကား၊ ကိုယ်တော် တဘက် ၌ မကောင်း သော အကြံကိုကြံစည် ၍၊ မကောင်းသောပရိယာယ် ကိုပြု ကြပါပြီ။ သို့ရာတွင်အကြံမ ထ မြောက်ကြပါ။ ၁၂ ထိုကြောင့် သူ တို့မျက်နှာ တဘက် ၌ လေး မြှားတို့ ကိုရွယ် ၍၊ သူ တို့ကျော ကို လှည့် စေတော်မူမည်။ ၁၃ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အစွမ်း တန်ခိုးတော်အားဖြင့် ချီးမြှောက် ခြင်းရှိတော်မူစေသတည်း။ အကျွန်ုပ်တို့သည် တန်ခိုး တော်ကို ထောမနာ သီချင်းဆို ကြပါမည်။

JJ အကျွန်ုပ် ဘုရား ၊ အကျွန်ုပ် ဘုရား ၊ အဘယ်ကြောင့် အကျွန်ုပ် ကို စွန့်ပစ် တော်မူသနည်း။ အကျွန်ုပ် ကို မကယ်တင် ဘဲ အကျွန်ုပ် အော်ဟစ် သော စကား ကို နား မထောင်ဘဲ အဘယ်ကြောင့်အဝေး မှာနေတော်မူသနည်း။ ၂ အကျွန်ုပ် ဘုရား ၊ နေ့ အခါအကျွန်ုပ်အော်ဟစ် သော်လည်း ၊ ကိုယ်တော်သည် နား မ ထောင်ပါ။ ညဉ့် အခါ အော်ဟစ်သော်လည်း သက်သာ ခြင်းသို့ မ ရောက်ပါ။ ၃ ကိုယ်တော် မူကား ၊ ဣသရေလ အမျိုးသားတို့ ချီးမွမ်း ရာ၌ ကျိန်းဝပ် လျက် သန့်ရှင်း ခြင်းရှိတော်မူ၏။ ၄ အကျွန်ုပ် တို့ဘိုးဘေး တို့သည် ကိုယ်တော် ကို ကိုးစား ကြပါ၏။ ကိုးစား ကြသည်တွင် ၊ ကိုယ်တော်သည် ကယ်တင် တော်မူ၏။ ၅ သူတို့သည် ကိုယ်တော် ကို အော်ဟစ် ၍ ကယ်တင် ခြင်းသို့ ရောက်ပါ၏။ ကိုယ်တော် ကို ကိုးစား ၍ ရှက်ကြောက် ခြင်းနှင့် ကင်းလွတ် ကြပါ၏။ ၆ အကျွန်ုပ် မူကား ၊ လူ မ ဟုတ်၊ ပိုး ကောင်မျှသာ ဖြစ်ပါ၏။ လူ များ ကဲ့ရဲ့ စရာ၊ လူစု အရှက် ခွဲစရာဘို့ ဖြစ်ပါ၏။ ၇ အကျွန်ုပ် ကိုမြင် သမျှ သောသူတို့သည် ပြက်ယယ် ပြုခြင်း၊ နှုတ်ခမ်း ဖြဲ ခြင်း၊ ခေါင်း ညိတ် ခြင်းကို ပြုကြပါ၏။ ၈ သူသည် ထာဝရဘုရား ကို ကိုးစား ပြီ၊ သူ ကို နှုတ် တော်မူပါလေစေ။ သူ ၌ အလို ရှိလျှင် ယခု ပင် ကယ်တင် တော်မူပါလေစေဟု ဆိုကြပါ၏။ ၉ သို့သော်လည်း ကိုယ်တော် သည် အကျွန်ုပ် ကို အမိဝမ်း ထဲ က ဆွဲယူ ၍၊ နို့စို့သည်ကာလ၌ စိုးရိမ်ခြင်း အကြောင်းကို ပယ်ရှင်းတော်မူ၏။ ၁၀ အကျွန်ုပ်သည် ဘွား ကတည်း ကပင် လက် တော် သို့ ရောက် ပါ၏။ အမိ ဝမ်း ထဲ မှစ၍ကိုယ်တော် သည် အကျွန်ုပ် ဘုရား သခင်ဖြစ်တော်မူပါပြီ။ ၁၁ အကျွန်ုပ် နှင့် ဝေး ဝေးနေတော်မ မူပါနှင့်။ ဘေး အန္တရာယ် ရောက်လုနီး ပါပြီ။ မစ သောသူမ ရှိပါ။ ၁၂ နွားလား ဥသဘတို့သည် အကျွန်ုပ် ကိုဝိုင်း ၍၊ အားကြီး သော ဗာရှန် ဥသဘတို့သည် ဝန်းရံ လျက် နေကြ ပါ၏။ ၁၃ ကိုက် ဖြတ်၍ ဟောက် တတ်သော ခြင်္သေ့ ကဲ့သို့အကျွန်ုပ် ကို ပစပ် ဟ ကြပါ၏။ ၁၄ အကျွန်ုပ်သည် ရေ ကဲ့သို့ သွန် ခြင်းကို ခံရ၍ ၊ အရိုး အဆစ်ရှိသမျှ တို့သည် ပြုတ် ကြပါ၏။ အကျွန်ုပ် နှလုံး သည် ဘယောင်း ကဲ့သို့ ဖြစ်၍ ၊ ရင် ထဲမှာ အရည် ကျိုလျက် ရှိပါ၏။ ၁၅ အကျွန်ုပ် ခွန်အား သည် အိုး ခြမ်းကဲ့သို့ ခန်းခြောက် ၍ ၊ လျှာ လည်း ပါး ရိုး၌ ကပ် လျက်ရှိပါ၏။ အကျွန်ုပ် ကို သေ မြေ တိုင်အောင်ချ တော်မူပါပြီ။ ၁၆ ခွေး တို့သည် အကျွန်ုပ် ကိုဝိုင်း လျက်၊ စုဝေး သော လူဆိုး တို့သည် ဝန်းရံ လျက်နေ၍ ၊ အကျွန်ုပ် ၏ လက် ခြေ တို့ကို ထိုးဖောက် ကြပါပြီ။ ၁၇ ကိုယ် အရိုး ရှိသမျှ တို့ကို အကျွန်ုပ်ရေတွက် နိုင် ပါ၏။ သူ တို့သည် အကျွန်ုပ် ကိုကြည့် မြင်၍ အား ရလျက် နေကြပါ၏။ ၁၈ အကျွန်ုပ် အဝတ် ကို အချင်းချင်း ဝေဖန် ၍ ၊ အကျွန်ုပ် အင်္ကျီ ကို စာရေးတံ ချ ကြပါ၏။ ၁၉ အိုထာဝရဘုရား ၊ အကျွန်ုပ်နှင့်ဝေး ဝေးနေတော် မ မူပါနှင့်။ အကျွန်ုပ် ခွန်အား ဗလ၊ အကျွန်ုပ် ကို မစ ခြင်းငှါအလျင်အမြန်ကြွလာ

တော်မူပါ။ ၂၀ အကျွန်ုပ် အသက် ကို ထား ဘေးမှ ၎င်း၊ အကျွန်ုပ် အချစ် ဆုံးကို ခွေး လက် မှ ၎င်း ကယ် လွတ်တော်မူပါ။ ၂၁ ခြင်္သေ့ ခံတွင်း မှ အကျွန်ုပ် ကိုကယ် တင်၍ ၊ ကြွဲ ဦးချို ထဲ မှာ အကျွန်ုပ် ခေါ်သောအသံကို နားထောင် တော်မူ ပါ။ ၂၂ အကျွန်ုပ် သည် သိတင်း တော်ကို ညီအစ် ကိုတို့ အား ကြား ပြောပါမည်။ ပရိသတ် အလယ် မှာ ကိုယ်တော် ကို ချီးမွမ်း ပါမည်။ ၂၃ ထာဝရဘုရား ကို ကြောက်ရွံ့သော အချင်းတို့၊ ချီးမွမ်း ခြင်းကို ပြုကြလော့။ ယာကုပ် အမျိုး အပေါင်း တို့၊ ဂုဏ် ကျေးဇူးတော်ကို ဘော်ပြကြပါလော့။ ဣသရေလ အမျိုး အပေါင်း တို့၊ ကိုယ်တော် ကို ကြောက်ရွံ့ ကြလော့။ ၂၄ အကြောင်း မူကား၊ နှိမ့်ချ လျက်ရှိသောသူ၏ နှိမ့်ချ သောအဖြစ်ကို မထီမဲ့မြင် ပြုတော်မူသည်မဟုတ်။ မျက်နှာ တော်ကိုမ လွှဲ ၊ အော်ဟစ် သောအခါ နားထောင် တော်မူပြီ။ ၂၅ အကျွန်ုပ်သည် မဟာ ပရိသတ် အလယ် မှာ ကိုယ်တော် ကို ချီးမွမ်း ၍ ၊ ကိုယ်တော် ကို ကြောက်ရွံ့ သောသူတို့ ရှေ့ မှာ၊ သစ္စာ ဂတိထားသည်အတိုင်း သစ္စာ ဝတ်ကို ဖြေပါမည်။ ၂၆ နှိမ့်ချ လျက်ရှိသောသူတို့ သည် ဝ စွာစား ရကြ လိမ့်မည်။ ထာဝရဘုရား ကိုရှာ သောသူတို့သည် ချီးမွမ်း ကြလိမ့်မည်။ သင် တို့စိတ် နှလုံးသည် အစဉ် အမြဲအား ဖြည့်ရလိမ့်မည်။ ၂၇ မြေကြီး စွန်း ရှိသမျှ တို့သည် သတိရ ၍ ၊ ထာဝရဘုရား ထံ တော်သို့ ပြောင်း လဲကြလိမ့်မည်။ လူ အမျိုး အနွယ် အပေါင်း တို့သည် ရှေ့ တော်၌ ကိုးကွယ် ကြလိမ့်မည်။ ၂၈ အကြောင်း မူကား၊ ထာဝရဘုရား သည် စိုးစံ ပိုင်တော်မူ၏။ လူမျိုး တို့ကို မင်း ပြုတော်မူ၏။ ၂၉ မြေကြီး ပေါ် မှာ ကြွယ်ဝ သောသူအပေါင်း တို့ သည် စား ၍ ကိုးကွယ် ကြလိမ့်မည်။ ကိုယ် အသက် ကိုမ စောင့် နိုင်။ မြေမှုန့် သို့ဆင်း ရသောသူအပေါင်း တို့သည်လည်း၊ ရှေ့ တော်၌ ညွတ် ပြတ်ဝပ်တွားကြလိမ့်မည်။ ၃၀ သူ တို့အမျိုး အနွယ်သည်လည်း ဝတ် တော်ကို ပြုသဖြင့်၊ လူအစဉ် အဆက်တို့သည် ထာဝရ ဘုရား၏ သိတင်းတော်ကို ကြား ရကြလိမ့်မည်။ ၃၁ ဤသို့ စီရင် တော်မူပြီးမှသူတို့သည်ပေါ် လာ၍ ၊ တရား သောအမှုတော်ကိုဘွား သောလူမျိုး အား ဘော်ပြ ရကြလိမ့်မည်။

၂၃ ထာဝရဘုရား သည် ငါ ၏ သိုးထိန်းဖြစ်တော်မူ ၏။ ငါသည် ဆင်းရဲ မ ခံရ။ ၂ စိမ်းလန်း သော ကျက်စား ရာအရပ်၌ ငါ့ ကို အိပ် စေတော်မူ၏။ သာယာ သောမြစ် နား သို့ လမ်းပြ တော်မူ၏။ ၃ ငါ့ ဝိညာဉ် ကိုအားဖြည့် ၍၊ နာမတော် အဘို့ အလိုဂ္ဂါ တရား လမ်း ထဲ ၌သွေးဆောင် တော်မူ၏။ ၄ အကယ်၍ သေမင်း ၏အရိပ်လွှမ်းမိုးသော ချိုင့် ထဲသို့ ရှောက်သွား ရသော်လည်း ဘေး အန္တရာယ်ကို မ ကြောက် ပါ။ အကြောင်း မူကား၊ ကိုယ်တော် သည် အကျွန်ုပ် နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊ လှံတံ တော်နှင့် တောင်ဝေး တော်သည် အကျွန်ုပ် ကို ချမ်းသာ စေပါ၏။ ၅ အကျွန်ုပ် ၏ ရန်သူ တို့ရှေ့ မှာ အကျွန်ုပ် အဘို့ စားပွဲ ကိုခင်း တော်မူ၏။ အကျွန်ုပ် ခေါင်း ကိုဆီ နှင့် လိမ်း တော်မူ၏။ အကျွန်ုပ် ခွက် ဖလားသည် လျှံ လျက်ရှိပါ၏။ ၆ အကယ် စင်စစ် အကျွန်ုပ် သည် ကျေးဇူး နှင့် ကရုဏာ ကို တသက်လုံး ခံစား ၍ ၊ ထာဝရဘုရား ၏ အိမ် တော်မှာ အစဉ် အမြဲနေ ရပါလိမ့်မည်။

၂၄ ထာဝရဘုရား သည် မြေကြီး နှင့် မြေကြီး တန်ဆာ ကိုဂင်း၊ လောက ဓါတ်နှင့် လောက သားတို့ကိုဂင်း ပိုင်တော်မူ၏။ ၂ အကြောင်း မူကား၊ ထို နေရာကို သမုဒ္ဒရာ ပေါ် မှာတည် ၍ ၊ ရေ များပေါ် မှာ မြဲမြံ စေတော်မူပြီ။ ၃

ထာဝရဘုရား ၏ တောင် တော်ပေါ် သို့ အဘယ်သူ သည် တက် ရမည်နည်း။ သန့်ရှင်း ရာဌာန တော်၌ အဘယ်သူ သည် ရပ် နေရမည်နည်းဟူမူကား၊ ၄ သန့်ရှင်း သောလက် နှင့် ဖြူစင် သောနှလုံး ရှိသောသူ ၊ မုသာ ကိုမ မှီ ဝဲ မဆည်းကပ်၊ မ မှန်သောကျိန်ဆို ခြင်းကို မပြုသောသူသည်၊ ၅ ထာဝရ ဘုရား၏ လက်တော်မှ ကောင်းကြီး မင်္ဂလာကိုဝင်း ၊ ကယ်တင် တော်မူသောဘုရား သခင်၏ လက်တော်မှ ဖြောင့်မတ် ခြင်းတရားကိုဝင်းခံရ လိမ့်မည်။ ၆ ထို သူသည် ထာဝရ ဘုရားကို ရှာ သောအမျိုး ၊ မျက်နှာ တော်ကို ရှာ သောယာကုပ် အမျိုးဖြစ်သတည်း။ ၇ အချင်းတံခါးတို့၊ တံခါး မုတ် ကိုကြွ လိုက်ကြ။ အချင်းထာဝရ တံခါး တို့၊ ကိုယ်ကိုကြွ လိုက်ကြ။ ဘုန်းကြီး သောရှင်ဘုရင် ဝင် တော်မူမည်။ ၈ ဘုန်းကြီး သောရှင်ဘုရင် ကား အဘယ် သူနည်း။ အစွမ်း တန်ခိုးနှင့် ပြည့်စုံ တော်မူသောထာဝရဘုရား ၊ စစ်တိုက် ခြင်းငှါတန်ခိုး ကြီးတော်မူသောထာဝရဘုရား ပေတည်း။ ၉ အချင်းတံခါးတို့၊ တံခါး မုတ် ကိုကြွ လိုက်ကြ။ အချင်းထာဝရ တံခါး တို့၊ ကိုယ်ကိုကြွ လိုက်ကြ။ ဘုန်းကြီး သောရှင်ဘုရင် ဝင် တော်မူမည်။ ၁၀ ဘုန်းကြီး သောရှင်ဘုရင် ကား အဘယ် သူနည်း။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ပေတည်း။ ထိုဘုရား သည် ဘုန်းကြီး သောရှင် ဘုရင် ဖြစ်တော်မူသတည်း။

၂၅ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် တသ လျက်နေပါ၏။ ၂ အကျွန်ုပ် ၏ ဘုရား သခင်၊ ကိုယ်တော် ကို အကျွန်ုပ်ခိုလှုံ သည်ဖြစ်၍၊ ရှက်ကြောက် ခြင်းသို့ မ ရောက်ပါစေနှင့်။ အကျွန်ုပ် ၏ ရန်သူ တို့သည် အကျွန်ုပ် ကို အောင် ၍ အောင် ပွဲကိုမ ခံပါစေနှင့်။ ၃ အကယ် စင်စစ်ကိုယ်တော် ကို မြော်လင့် သောသူတို့ သည် ရှက်ကြောက် ခြင်းသို့ မ ရောက်ရကြပါ။ အကြောင်း မရှိဘဲ သစ္စာ ကိုဖျက်သောသူတို့ သည် ရှက်ကြောက် ခြင်းသို့ ရောက်ရကြပါလိမ့်မည်။ ၄ အိုထာဝရဘုရား ၊ ကိုယ်တော် ၏လမ်း တို့ကို အကျွန်ုပ် အား ပြည်ွန် ၍၊ ခရီး တော်တို့ကို သွန်သင် တော်မူ ပါ။ ၅ ကိုယ်တော် ၏ သမ္မာ တရားကို ပြ ၍ ၊ အကျွန်ုပ် ကို သွန်သင် တော်မူပါ။ အကြောင်း မူကား၊ ကိုယ်တော် သည် အကျွန်ုပ် ကို ကယ်တင် သော ဘုရား သခင်ဖြစ်တော်မူ၏။ ကိုယ်တော် ကို အစဉ် မြော်လင့် လျက် နေပါ၏။ ၆ အိုထာဝရဘုရား ၊ ရှေး ကာလမှစ၍ ၊ ပြတော်မူသောကရုဏာ နှင့် မေတ္တာ သဘောကို အောက်မေ့ တော်မူ ပါ။ ၇ အကျွန်ုပ် သည် အသက်အရွယ်ငယ် စဉ်၊ ပြစ်မှား မိသောအပြစ် တို့ကို အောက်မေ့ တော်မ မူပါနှင့်။ ကောင်းမြတ် တော်မူသည်ဖြစ်၍ ၊ ကရုဏာ တော်ရှိသည်အတိုင်း ၊ အကျွန်ုပ် ကို အောက်မေ့ တော်မူပါထာဝရဘုရား။ ၈ ထာဝရဘုရား သည် ကောင်း သောသဘော၊ ဖြောင့်မတ် သောသဘောနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ အပြစ် ရှိသောသူတို့ကို လမ်း ပြ တော်မူ၏။ ၉ နှိမ့်ချ လျက်ရှိသောသူတို့ ကို တရား လမ်း၌ သွေးဆောင် တော်မူ၏။ နှိမ့်ချ လျက်ရှိသောသူတို့အား ခရီး တော်တို့ကို သွန်သင် တော်မူ၏။ ၁၀ ထာဝရဘုရား ၏ လမ်း ခရီးရှိသမျှ တို့သည် ပဋိညာဉ် တရားတော်နှင့် သက်သေ ခံတော်မူချက်တို့ကို စောင့်ရှောက် သောသူတို့ အား ကရုဏာ နှင့် သစ္စာ ဖြစ်ကြ သတည်း။ ၁၁ အိုထာဝရဘုရား ၊ အကျွန်ုပ် အပြစ် များ လှသောကြောင့် နာမတော် ကိုထောက် ၍ ချမ်းသာ ပေးတော်မူပါ။ ၁၂ အကြင်သူ သည်ထာဝရဘုရား ကို ကြောက်ရွံ့ တတ်၏။ ထိုသူ အား နှစ်သက် ဘွယ်သောလမ်း ကို ပြ ညွှန် တော်မူမည်။ ၁၃ ထိုသူ သည် ကိုယ်တိုင် ကောင်းမွန် စွာ ကျိန်းဝပ် ၍ ၊ သူ ၏အမျိုး အနွယ်သည်လည်း ပြည် တော်ကို အမွေ ခံရလိမ့်မည်။ ၁၄ ထာဝရဘုရား

ကို ကြောက်ရွံ့သောသူ တို့သည် ကိုယ်တော် မြတ်နှင့် မိသဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ် တရားတော်ကို သိ ရသော အခွင့်ရှိကြ၏။ ၁၅ အကျွန်ုပ် သည် ထာဝရဘုရား ကို အစဉ် မြော်လင့် လျက် နေပါ၏။ အကြောင်း မူကား၊ အကျွန်ုပ် ၏ခြေ ကို ကျော့ကွင်း ထဲ က နှုတ် ယူတော်မူမည်။ ၁၆ အကျွန်ုပ် သည် တ ယောက်တည်းကျန်ကြွင်း၍ နှိမ့်ချ ခြင်းကို ခံရသောကြောင့် ၊ အကျွန်ုပ် ကို မျက်နှာ ပြု၍ ကယ် မသနားတော်မူပါ။ ၁၇ အကျွန်ုပ် စိတ် နှလုံးဆင်းရဲ သည်ကို ချမ်းသာ ပေး၍၊ အမှု များထဲက ကယ်နှုတ် တော်မူပါ။ ၁၈ အကျွန်ုပ် နှိမ့်ချ ခြင်းနှင့် ပူပန် ခြင်းကို ကြည့်ရှု ၍ ၊ အကျွန်ုပ် အပြစ် ရှိသမျှ တို့ကို လွှတ် တော်မူပါ။ ၁၉ အကျွန်ုပ် ၏ ရန်သူ တို့သည် များပြား ကြောင်း နှင့် အကျွန်ုပ် ကို ပြင်းစွာ မုန်း ထားကြောင်းကို ဆင်ခြင် တော်မူ ပါ။ ၂၀ အကျွန်ုပ် အသက် ကိုစောင့်ရှောက် ၍ ၊ အကျွန်ုပ် ကို ကယ်တင် တော်မူပါ။ အကျွန်ုပ်သည် ကိုယ်တော် ကို ခိုလှုံ ပါသည်ဖြစ်၍ ၊ ရှက်ကြောက် ခြင်းသို့ မ ရောက်ပါစေနှင့်။ ၂၁ ကိုယ်တော် ကိုမြော်လင့် လျက် နေပါသည်ဖြစ်၍ ၊ အပြစ် ကင်းခြင်းနှင့် သဘော ဖြောင့်ခြင်းသည် အကျွန်ုပ် ကို စောင့်ရှောက် ပါစေသော။ ၂၂ အိုဘုရား သခင်၊ ဣသရေလ အမျိုးကို ခပ်သိမ်း သော ဒုက္ခ အထဲ က ရွေးနှုတ် တော်မူပါ။

၂၆ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် ဖြောင့်မတ် ခြင်းလမ်းသို့ လိုက် သောကြောင့် ၊ အကျွန်ုပ် ဘက်၌ တရား စီရင် တော်မူပါ။ အကျွန်ုပ်သည် ထာဝရဘုရား ကို ခိုလှုံ ၍ ၊ ရွေ့လျား ခြင်းနှင့် ကင်းလွတ် ပါလိမ့်မည်။ ၂ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို စစ်ဆေး စုံစမ်း၍ ၊ နှလုံး ကျောက်ကပ်ကို ဆေးကြော တော်မူပါ။ ၃ အကျွန်ုပ် သည် မေတ္တာ ကျေးဇူးတော်ကို မျက်မှောက် ပြု၍ ၊ သစ္စာတရား တော်နှင့်အညီ ကျင့် ပါ၏။ ၄ လျှပ်ပေါ် သော လူ တို့နှင့်အတူ မ ထိုင် ပါ။ လျှို့ဝှက် သော လူစုထဲ သို့ မ ဝင် ပါ။ ၅ မ တရားသောသူတို့၏ စည်းဝေး ခြင်းကို မုန်း ပါ ၏။ ဆိုးသွမ်း သောသူတို့ နှင့်အတူ မ ထိုင် ပါ။ ၆ ကျေးဇူး တော်ကို ချီးမြှောက် သောအသံ နှင့် မြွက်ဆို၍၊ ၇ အံ့သြ ဘွယ်သောအမှုတော်အလုံးစုံ တို့ကို ကြား ပြောခြင်းငှါ ၊ အကျွန်ုပ် သည် ကိုယ်လက် ကို အပြစ် ကင်းခြင်းနှင့်ဆေး ၍ ၊ ယဇ် ပလ္လင်တော်ကို ဝန်းရံ လျက် နေပါသည်၊ ထာဝရဘုရား ။ ၈ အိုထာဝရဘုရား ၊ အိမ် တော်သည် အိမ် တော် တည်ရာကိုငဲ့ ၊ ဘုန်း တော်ထင်ရှားသော အရပ် ဌာန ကို ငဲ့ အကျွန်ုပ်နှစ်သက် ပါ၏။ ၉ ပြစ်မှား သောသူတို့နှင့်အတူ အကျွန်ုပ် ၏ ဝိညာဉ် ကိုငဲ့ ၊ လူအသက် ကိုသတ်သောသူတို့ နှင့်အတူ အကျွန်ုပ် အသက် ကိုငဲ့ချုပ် ထားတော်မ မူပါနှင့်။ ၁၀ သူ တို့လက် သည် မ ကောင်းသောအကြံအစည်၌ ကျင်လည်၍ ၊ သူ တို့လက်ျာ လက်သည်လည်း တံစိုး နှင့် ပြည့် ဝပါ၏။ ၁၁ အကျွန်ုပ် မူကား ၊ ဖြောင့်မတ် ခြင်း လမ်းသို့ လိုက် ပါ၏။ အကျွန်ုပ် ကို ရွေးနှုတ် ၍ ကယ် မသနားတော်မူပါ။ ၁၂ အကျွန်ုပ် သည် ညီညွတ် သောအရပ်၌ နေရာ ကျ၍၊ ပရိသတ် အလယ် မှာ ထာဝရဘုရား ကို ကောင်းကြီး ပေးပါမည်။

၂၇ ထာဝရဘုရား သည် ငါ ၏အလင်း ၊ ငါ့ ကို ကယ်တင် သော အရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ် သူကို ကြောက် ရအံ့နည်း။ ထာဝရဘုရား သည် ငါ ၏ အသက် ခိုလှုံ ရာဖြစ်တော်မူ၏။ ငါသည် အဘယ် သူကိုမျှ ကြောက်လန့် ရအံ့နည်း။

၂ ငါ့ ကိုအငြိုး ထားသော ရန်သူ လူဆိုးတို့သည် ငါ့ အသား ကို ကိုက်စား မည်ဟု လာ ကြသောအခါ ၊ ခြေ တိုက်မိ ၍ လဲ ကြ၏။ ၃ ငါ တဘက် ၌ တပ်ချ ကြသော်လည်း ၊ ငါ့ နှလုံး မ ကြောက် တတ်။ စစ်ချီ ၍လာကြသော်လည်း ၊ ထို အမှုတွင် ပင် တည်ကြည် သောစိတ် ရှိလိမ့်မည်။ ၄ ထာဝရဘုရား ၏ တင့်တယ် ခြင်း အသရေတော် ကို ဖူးမြင် ၍ ၊ ဗိမာန် တော်၌ မွေ့လျော် ခြင်း အလိုဌ၊ ထာဝရဘုရား ၏ အိမ် တော်မှာ တသက်လုံး နေ ရမည် အကြောင်းတည်းဟူသောအခွင့်တခု ကို ထာဝရဘုရား ၌ ငါဆုတောင်း ပြီ။ ထို အခွင့်ကို ရှာ ရဦးမည်။ ၅ အကြောင်း မူကား၊ ဘေး အန္တရာယ်ရောက်သည့် ကာလ ၊ တဲ တော်တွင် ငါ့ ကို ကွယ်ကာ တော်မူမည်။ ဗိမာန် တော်အတွင်း အရပ်၌ ၊ ငါ့ ကို ဝှက် ထားတော်မူမည်။ ကျောက် ပေါ် မှာလည်း ငါ့ ကိုတင် ထားတော်မူမည်။ ၆ ယခု ပင် ငါ့ ပတ်လည် ၌ရှိသောရန်သူ တို့၏ အပေါ် သို့ ငါ့ ၏ဦးခေါင်း ကို ချီးမြှောက် တော်မူ၏။ ထို့ကြောင့်ဗိမာန် တော်မှာ တံပိုး မှုတ်ခြင်းနှင့်တကွယဇ် ပူဇော်ပါမည်။ သီချင်း ဆိုပါမည်။ ထာဝရဘုရား ကို ထောမနာသီချင်း ဆိုပါမည်။ ၇ အိုထာဝရဘုရား ၊ အကျွန်ုပ် အော်ဟစ်သော အသံ ကိုနား ထောင်တော်မူပါ။ အကျွန်ုပ် ကို သနား ၍ ထူး တော်မူပါ။ ၈ ငါ ၏မျက်နှာ ကို ရှာ ကြလော့ဟူသောအမိန့် တော်ကို ရှေ့တော်၌ အကျွန်ုပ် သည် သတိ ပြုလျက်၊ အိုထာဝရဘုရား ၊ ကိုယ်တော် ၏ မျက်နှာ ကို ရှာ ပါမည်။ ၉ အကျွန်ုပ် ကို မျက်နှာ လွှဲ တော်မ မူပါနှင့်။ အမျက်ထွက် ၍ ကိုယ်တော် ၏ ကျွန် ကိုပယ် တော်မ မူပါနှင့်။ အကျွန်ုပ် ကို ကယ်တင် တော်မူသောဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ကို မစ တော်မူဘူးသည်ဖြစ် ၍ ၊ အကျွန်ုပ် ကို စွန့်ပစ် တော်မ မူပါနှင့်။ ၁၀ ကိုယ် မိဘ တို့သည် အကျွန်ုပ် ကိုစွန့် သော်လည်း ၊ ထာဝရဘုရား သည် အကျွန်ုပ် ကို ချီ ယူတော်မူမည်။ ၁၁ အိုထာဝရဘုရား ၊ ကိုယ်တော် ၏လမ်း ကို အကျွန်ုပ် အား ပြသ သွန်သင်တော်မူပါ။ အကျွန်ုပ် ၏ ရန်သူ တို့ ကြောင့် ဖြောင့် သောလမ်း ထဲ ၌အကျွန်ုပ် ကို ပို့ဆောင် တော်မူပါ။ ၁၂ မ မှန်သောသက်သေ ကို ခံသောသူတို့နှင့် ညှဉ်းဆဲခြင်းငှါ၊ ပြင်းစွာ အသက်ရှူ သောသူတို့ သည် အကျွန်ုပ် တဘက် ၌ ထ ကြသည်ဖြစ်၍ ၊ ရန်သူ တို့အလို သို့ အကျွန်ုပ် ကို အပ်နှံ တော်မ မူပါနှင့်။ ၁၃ အကယ်စင်စစ်အသက် ရှင်သောသူတို့၏ နေရာ တွင် ၊ ထာဝရဘုရား ၏ ကျေးဇူး တော်ကို ငါ တွေ့ မြင်ပြီဟု ယုံမှတ်စွဲလမ်းခြင်းရှိ၏။ ၁၄ ထာဝရဘုရား ကို မြော်လင့် လော့။ အား ယူ၍ ရဲရင့် သော စိတ် နှလုံးရှိလော့။ ထာဝရဘုရား ကို မြော်လင့် လျက်နေလော့။

၂၈ အကျွန်ုပ် ၏ ကျောက် ဖြစ်တော်မူသောထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ်အော်ဟစ် ပါ၏။ မ ထူးဘဲ နေတော်မ မူပါနှင့်။ မ ထူးဘဲနေတော်မူလျှင် ၊ အကျွန်ုပ် သည် သခိုျင်းတွင်း ထဲသို့ ဆင်း သောသူ ကဲ့သို့ ဖြစ်ရပါမည်။ ၂ အကျွန်ုပ် သည် သန့်ရှင်း သောဗျာဒိတ် ဌာနတော်သို့ လက် ကိုချီ ၍၊ ကိုယ်တော် ကို အော်ဟစ် သောအခါ ၊ အကျွန်ုပ် တောင်း လျှောက်သော အသံ ကို နားထောင် တော်မူပါ။ ၃ အိမ်နီးချင်း ၏ အကျိုးကိုဖျက်ဆီး လို သော စိတ် နှလုံးရှိသည်နှင့် ၊ လောက ဝတ်စကားကို ပြော တတ် သောသူတည်းဟူသောဆိုးယုတ် သောအမှု၊ မတရား သောအမှုကို ပြု တတ်သောသူတို့နှင့်အတူ အကျွန်ုပ် ကို သွေးဆောင် တော်မ မူပါနှင့်။ ၄ သူ တို့ကျင့် သောအကျင့် ခလေ့ဆိုးယုတ် သည် နှင့်အညီ ၊ အကျိုး အပြစ်ကို ဆပ်ပေး တော်မူပါ။ သူ တို့ ပြုမူ သည် အတိုင်း ဆပ်ပေး ၍ ၊ အပြစ် နှင့် အလျောက်

စီရင် တော်မူပါ။ ၅ သူ တို့သည် ထာဝရဘုရား ၏အမှုတော် ကိုငဲ့၊ လက် တော်နှင့်ပြုပြင် တော်မူရာကိုငဲ့ မ မှတ်ကြသောကြောင့် ၊ တည်ဆောက် တော်မ မူ၊ ဖြိုဖျက် တော်မူမည်။ ၆ ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၇ ငါ တောင်း လျှောက်သောအသံ ကို နားထောင် တော်မူပြီ။ ထာဝရဘုရား သည် ငါ ၏ခွန်အား ဗလ၊ ငါ ၏ အကွယ်အကာဖြစ်တော်မူ၏။ ငါ့ နှလုံး သည် ထို ဘုရားကို ကိုးစား ၍ ၊ ငါ့ကို စောင့်မ တော်မူသောကြောင့် ၊ ငါ့ နှလုံး သည်ရွှင်လန်း လျက်ရှိ၏။ သီချင်း ဆိုလျက် ဂုဏ်တော်ကို ငါချီးမွမ်း မည်။ ၈ ထာဝရဘုရား သည် မိမိ လူစု၏ ခွန်အား ဗလ ဖြစ်တော်မူ၏။ အထံတော်၌ ဘိသိတ် ခံသောသူ ၏ ကယ်တင် ခြင်းအကြောင်းကို ခိုင်ခံ့ မြဲမြံစေတော်မူ၏။ ၉ ကိုယ်တော် ၏လူစု ကို ကယ်တင် ၍ ၊ အမွေ တော် ကို ကောင်းကြီး မင်္ဂလာပေးတော်မူပါ။ သူ တို့ကိုအုပ်ထိန်း ၍ ၊ ထာဝရ ချီးမြှောက် ခြင်းရှိစေတော်မူပါ။

၂၉ အိုဘုရား သခင်သား တို့၊ ထာဝရဘုရား သည် ဘုန်း တန်ခိုး ကြီးတော်မူသည်ဟု ဝန်ခံ ကြလော့။ ၂ ထာဝရဘုရား ၏ နာမတော် သည် ဘုန်းကြီး တော်မူသည်ဟု ဝန်ခံ လျက် ၊ သန့်ရှင်း သောတန်ဆာ ကို ဆင်၍ ၊ ထာဝရဘုရား ကို ကိုးကွယ် ကြလော့။ ၃ ထာဝရ ဘုရား၏ အသံ တော်သည် သမုဒ္ဒရာ ပေါ် မှာ ရှိတော်မူ၏။ ဘုန်းကြီး တော်မူသောဘုရား သခင် သည် မိုးယံးချုန်း တော်မူ၏။ ထာဝရဘုရား သည် များစွာ သောရေ ပေါ် မှာ ရှိတော်မူ၏။ ၄ ထာဝရဘုရား ၏ အသံ တော်သည် တန်ခိုး နှင့် ပြည့်စုံတော်မူ၏။ ထာဝရဘုရား ၏ အသံ တော်သည် ဘုန်း အာနုဘော်နှင့် ပြည့်စုံတော်မူ၏။ ၅ ထာဝရဘုရား ၏ အသံ တော်သည် အာရဇ် ပင် တို့ကို ချိုး တော်မူ၏။ အကယ်စင်စစ်ထာဝရဘုရား သည် လေဗနုန် အာရဇ် တောကို ချိုး တော်မူ၏။ ၆ တောကို နွား သငယ်ကဲ့သို့ ၎င်း ၊ လေဗနုန် တော နှင့် စိရုန် တောကို ကြက် သငယ်ကဲ့သို့ ၎င်း ခုန် စေတော်မူ၏။ ၇ ထာဝရဘုရား ၏ အသံ တော်သည် မီး လျှံ ကို ခွဲ တော်မူ၏။ ၈ ထာဝရဘုရား ၏ အသံ တော်သည် တော ကို ချောက် ချားတော်မူ၏။ ထာဝရဘုရား သည် ကာဒေရှ တော ကို ချောက်ချား တော်မူ၏။ ၉ ထာဝရဘုရား ၏ အသံ တော်သည် သမင် ဒရယ် မတို့ကို မွေးဘွား စေတော်မူ၏။ တော တန်ဆာတို့ကိုလည်း ပယ်ရှင်း တော်မူ၏။ ဗိမာန် တော်၌ ခပ်သိမ်း သောသူ တို့ သည် ဘုန်းတော် ကို ဘော် ပြကြစေ။ ၁၀ ထာဝရဘုရား သည် မိုးယံး သက်မုန်တိုင်းပေါ် မှာ ထိုင် တော်မူ၏။ အကယ်စင်စစ်ထာဝရဘုရား သည် အစဉ် အမြဲရှင် ဘုရင်အရာနှင့် ထိုင် တော်မူ၏။ ၁၁ ထာဝရဘုရား သည် မိမိ လူစု ကို ခိုင်ခံ့ စေတော်မူမည်။ ထာဝရဘုရား သည် မိမိ လူစု အား ငြိမ်သက် ခြင်း ကောင်းကြီး မင်္ဂလာကို ပေးတော်မူမည်။

၃၀ ဒါဝိဒ် သည်အိမ် တော်ကိုသန့်ရှင်း စေသောအခါ၊ အသံညှိ၍ဆို သောဆာလံ။ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် ချီးမွမ်း ပါမည်။ အကျွန်ုပ် ကိုဆယ်နှုတ် တော်မူ၏။ ရန်သူ တို့ သည် အကျွန်ုပ် အကြောင်း ကြောင့်၊ ဝမ်းမြောက်ရသောအခွင့်ကိုပေး တော်မ မူ။ ၂ အိုအကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ အကျွန်ုပ်သည် ကိုယ်တော် ကို အော်ဟစ်၍ ၊ ကိုယ်တော်သည် ချမ်းသာ ပေးတော်မူ၏။ ၃ အိုထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ၏ ဝိညာဉ် ကို မရဏာ

နိုင်ငံထဲက နှုတ် ယူတော်မူပြီ။ သခြိုင်း တွင်း ထဲသို့ မဆင်း စေဘဲ၊ အကျွန်ုပ် ကို အသက် ချမ်းသာပေးတော်မူပြီ။ (Sheol h7585) ၄ ထာဝရဘုရား ၏ သန့်ရှင်း သူ တို့၊ ထာဝရ ဘုရား ကို ထောမနာသီချင်း ဆိုကြလော့။ သန့်ရှင်း သောနာမ တော်ကို ချီးမွမ်း ကြလော့။ ၅ အမျက် တော်သည် ခဏ ထွက်၏။ ကျေးဇူး တော်မူကား၊ တသက်လုံး တည်၏။ ညဦး ယံ၌ ငိုကြွေး ခြင်းသည် လာ၍တည်းခို ၏။ နံနက် ယံ၌ ကား ၊ သီချင်း ဆိုရသော အခွင့် ရှိ၏။ ၆ ငါသည် လှုပ်ရှား ခြင်းနှင့် အစဉ် ကင်းလွတ် လိမ့်မည် ဟု ကောင်းစား စဉ်အခါ အကျွန်ုပ်အောက်မေ့ ပါ၏။ ၇ အိုထာဝရဘုရား ၊ ကျေးဇူး တော်အားဖြင့် သာ အကျွန်ုပ် ၏တောင် သည် ခိုင်ခံ မြဲမြံပါ၏။ မျက်နှာ လွှဲ တော်မူ သောအခါ ဆင်းရဲ ခြင်းသို့ ရောက် ပါ၏။ ၈ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် အသက် ဆုံး၍၊ ၉ သခြိုင်း တွင်းထဲ သို့ဆင်း လျှင် အဘယ် အကျိုး ရှိပါ အံ့နည်း။ ၁၀ မြေမှုန့် သည် ကိုယ်တော် ကို ချီးမွမ်း ပါမည် လော။ သစ္စာ တော်ကို ဘော် ပြပါမည်လော။ အိုထာဝရ ဘုရား ၊ နားထောင် ၍ ကယ် မသနားတော်မူပါ။ အိုထာဝရ ဘုရား ၊ အကျွန်ုပ် ကိုစောင့်မ တော်မူပါဟု ကိုယ်တော် ကို အကျွန်ုပ်အော်ဟစ် ၍ ၊ ထာဝရ ဘုရားကို တောင်း လျှောက်ပါ၏။ ၁၁ ထိုအခါ အကျွန်ုပ် ညည်းတွား မြည်တမ်းခြင်းကို ကခုန် ခြင်းဖြစ်စေ တော်မူ၏။ အကျွန်ုပ် ဝတ်သော လျှော်တေ အဝတ်ကိုချွတ် ၍ ၊ ဝမ်းမြောက် ခြင်း ခါးပန်းနှင့် စည်း တော်မူ၏။ ၁၂ သို့ ဖြစ်၍ အကျွန်ုပ်၏ဝိညာဉ် သည် တိတ်ဆိတ် စွာမ နေ။ ကိုယ်တော် ကို သီချင်း ဆိုပါမည်။ အိုအကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ ကျေးဇူးတော် ကို အစဉ် အမြဲချီးမွမ်း ပါမည်။

၃၀ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ်ခိုလှုံ ပါ ၏။ ရှက်ကြောက် ခြင်းနှင့် အစဉ် ကင်းလွတ် ပါစေသော။ တရား တော်နှင့်အညီ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ၂ အကျွန်ုပ် ဘက်သို့ နား တော်ကို လှည့် ၍ အလျင် အမြန်ကယ်နှုတ် တော်မူပါ။ ကိုယ်တော် သည် အကျွန်ုပ် ၌ ခိုင်ခံ့ သောကျောက် ၊ အကျွန်ုပ် လုံခြုံ ရာ ရဲတိုက် ဖြစ် တော်မူပါ။ ၃ အကယ် စင်စစ်အကျွန်ုပ် ၏ကျောက် ၊ အကျွန်ုပ် ၏ ရဲတိုက် ကား ၊ ကိုယ်တော် ပေတည်း။ နာမတော် အဘို့ အလို့ငှါ အကျွန်ုပ် ကို လမ်းပြ ၍ သွန်သင် ပဲ့ပြင်တော်မူပါ။ ၄ ကိုယ်တော် သည် အကျွန်ုပ် ခိုလှုံ ရာဖြစ်တော်မူ၏။ ထိုကြောင့် အကျွန်ုပ် အဘို့ ဝှက်ထား သော ကျော့ကွင်း ထဲ က အကျွန်ုပ် ကို နှုတ် ယူတော်မူပါ။ ၅ သစ္စာ စောင့်တော်မူသောဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ကို ရွေးနှုတ် တော်မူသည် ဖြစ်၍၊ အကျွန်ုပ် ၏ဝိညာဉ် ကို ကိုယ်တော် လက် ၌ အပ် ပါ၏။ ၆ မုသာ အနတ္တ ကို ဆည်းကပ် သောသူတို့ကို အကျွန်ုပ်သည်မုန်း ၍ ၊ ထာဝရဘုရား ကို ခိုလှုံ ပါ၏။ ၇ ကရုဏာ တော်ကြောင့် ဝမ်းသာ ရွှင်လန်း ခြင်း ရှိပါလိမ့်မည်။ ကိုယ်တော် သည် အကျွန်ုပ် ဆင်းရဲ ခြင်းကို ကြည့်ရှု ၍ ၊ အကျွန်ုပ် ၏ ဝိညာဉ် တွေ့ သောအမှုကို သိ မှတ် တော်မူ၏။ ၈ အကျွန်ုပ် ကို ရန်သူ လက် သို့ မ အပ် ဘဲ ကျယ်ဝန်း သောအရပ်၌ နေရာ ချတော်မူ၏။ ၉ အိုထာဝရဘုရား ၊ အကျွန်ုပ် ၌ အမှု ရောက်ပါပြီ။ ထိုကြောင့် အကျွန်ုပ် ကို သနား တော်မူပါ။ ပူပန် ခြင်းအားဖြင့် အကျွန်ုပ် မျက်စိ ၊ စိတ် နှလုံး၊ ဝမ်း တို့သည် ပျက် ကြပါပြီ။ ၁၀ အကျွန်ုပ် သည် ပူပန် ခြင်းရှိ၍ ၊ အသက် ကာလ ကို လွန် စေရပါ၏။ နှစ်စဉ် အတိုင်း ညည်းတွား လျက် နေရပါ၏။ ကိုယ် အပြစ် ကြောင့် အကျွန်ုပ် အား လျော့ ၍ ၊ ရန်သူများကြောင့် အရိုး

တို့သည် ဆွေးမြေ့ ကြပါ၏။ ၁၁ အိမ်နီးချင်း တို့သည် အကျွန်ုပ် ကို အထူး သဖြင့်ကဲ့ရဲ့ ကြပါ၏။ အကျွမ်း ဝင်သော သူများတို့သည်လည်း ရွံ ကြပါ၏။ အိမ် ပြင်မှာ အကျွန်ုပ် ကို တွေ့ မြင်သောသူတို့ သည် ရှောင်၍ ပြေး ကြပါ၏။ ၁၂ မ အောက်မေ့သော အသေ ကောင်ကဲ့ သို့၊ အကျွန်ုပ်ကို မေ့လျော့ကြပါ၏။ အိုး ခြမ်း ကဲ့ သို့အကျွန်ုပ် ဖြစ် ပါ၏။ ၁၃ လူများ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ကြား ရပါ၏။ ပတ်ဝန်းကျင် အရပ်တို့ ၌ ကြောက်မက် ဘွယ်သောအကြောင်း ရှိပါ၏။ လူ များတို့သည် အချင်းချင်း သင်း ဖွဲ့လျက် ၊ အကျွန်ုပ် အသက် ကိုသတ် မည်အကြောင်း ကြံစည် ကြပါ ၏။ ၁၄ သို့သော်လည်း ထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် ကိုးစား ပါ၏။ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား သခင်ဖြစ်တော်မူသည်ဟု အကျွန်ုပ် လျှောက်ဆို ပါ၏။ ၁၅ အကျွန်ုပ် ၌ဖြစ် လေသမျှသော အမှုအရာတို့ကို ကိုယ်တော် စီရင် ပိုင်တော်မူ၏။ ရန်သူ တို့နှင့် ညှဉ်းဆဲ တတ် သောသူတို့ လက် မှ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ၁၆ မျက်နှာ တော်၏ အလင်းကိုကိုယ်တော် ၏ ကျွန် အပေါ် ၌ ထွန်းလင်း စေတော်မူပါ။ ကရုဏာ တော်ကြောင့် ၊ အကျွန်ုပ် ကိုကယ်တင် တော်မူပါ။ ၁၇ အိုထာဝရဘုရား ၊ အကျွန်ုပ်သည် ကိုယ်တော် ကို ဆုတောင်း ပဌနာပြုပါသည်ဖြစ်၍ ၊ ရှက်ကြောက် ခြင်းမ ရှိ ပါစေနှင့်။ လူဆိုး တို့မူကား၊ အရှက် ကွဲလျက်မရဏာ နိုင်ငံ၌ တိတ်ဆိတ် စွာနေကြပါစေသော။ (Sheol h7585) ၁၈ မာန ထောင်လွှားခြင်း၊ မထီမဲ့မြင် ပြုခြင်းနှင့်တကွ ၊ ဖြောင့်မတ် သောသူတဘက် ၌ စော်ကား သော စကားကိုပြော ၍ ၊ မုသာ ၌ကျင်လည်သော နှုတ် တို့သည် တိတ်ဆိတ် စွာနေကြပါစေသော။ ၁၉ ကိုယ်တော် ကို ကြောက်ရွံ့ သောသူတို့ အဘို့ သို ထားတော်မူ၍ ၊ လူ သား တို့ရှေ့ မှာ ကိုယ်တော် ကို ခိုလှုံ သောသူတို့ အဘို့ ပြုပြင် တော်မူသောဆု ကျေးဇူးတော် သည် အလွန် ကြီးလှပါ၏။ ၂၀ လူ တို့ပြုတတ်သောပရိယာယ်နှင့် ကင်းလွတ်စေ ခြင်းငှါ၊ ကျိန်းဝပ် တော်မူရာအတွင်း အရပ်၌ ထိုသူ တို့ကို ဝှက်ထား တော်မူ၏။ ရန်တွေ့ ခြင်း အသံကို ကွယ်ကာလျက်၊ တဲ တော်တွင် သူ တို့ကို စောင့်မ တော်မူ၏။ ၂၁ ထာဝရဘုရား ၌ မင်္ဂလာ ဖြစ်စေသတည်း။ အကြောင်း မူကား၊ ခိုင်ခံ သောမြို့ ၌ အံဘွယ်သောမေတ္တာ ကရုဏာတော်ကို အကျွန်ုပ် အား ထင်ရှား ပြတော်မူပြီ။ ၂၂ အကျွန်ုပ် သည် ကိုယ်တော် ၏မျက်နှာ ကွယ်ရာ ၌ ဆုံးရှုံး ပါပြီဟု အကျွန်ုပ် တုန်လှုပ် လျက် ဆို မိသော်လည်း ၊ ကိုယ်တော် ကို အော်ဟစ် သောအခါ အကျွန်ုပ် ပြုသောပဌနာ စကားသံ ကိုကိုယ်တော်နားထောင် တော်မူသတည်း။ ၂၃ ထာဝရ ဘုရား၏ သန့်ရှင်း သူအပေါင်း တို့၊ ထာဝရဘုရား ကိုချစ် ကြလော့။ ထာဝရဘုရား သည် သစ္စာ ရှိသောသူတို့ကို စောင့်မ တော်မူ၏။ မာန ထောင်လွှားသောသူ တို့ကိုကား ၊ အပြစ်များ စွာဆပ် ပေးတော်မူသတည်း။ ၂၄ ထာဝရဘုရား ကို ကိုးစား သောသူအပေါင်း တို့၊ အား ယူ၍ ရဲရင့် သော စိတ် နှလုံးရှိကြလော့။

၃၂ အပြစ် မှလွတ် ခြင်း၊ ဒုစရိုက် အပြစ်ကို ဖုံးအုပ် ခြင်းသို့ ရောက်သောသူသည် မင်္ဂလာ ရှိ၏။ ၂ ထာဝရဘုရား အပြစ် တင် တော်မူခြင်းနှင့် လွတ် ၍ ၊ လှည့်စား တတ်သောစိတ် သဘောနှင့် ကင်းစင် သောသူ သည် မင်္ဂလာ ရှိ၏။ ၃ ငါ သည် အပြစ်ကိုမဘော်မပြဘဲ နေစဉ်အခါ ၊ တနေ့လုံး ညည်းတွား သောအားဖြင့် ၊ ငါ့ အရိုး တို့သည် ဆွေးမြေ့ ခြင်းသို့ ရောက်ကြ၏။ ၄ နေ့ ညဉ့်မပြတ် ကိုယ်တော် ၏လက် သည် အကျွန်ုပ် အပေါ် မှာ လေး ၍ ၊ အကျွန်ုပ် ၏ ချွေး ရည်သည်

နွေ ကာလ၌ သွေ့ခြောက် ခြင်းကဲ့သို့ ဖြစ် ပါ၏။ ၅ တဖန် အကျွန်ုပ် သည် ကိုယ် အပြစ် ကိုရှေ့တော်၌ ဝန်ချ ပါ၏။ ပြု မိသောဒုစရိုက်ကို ဝှက် ၍မ ထားပါ။ ငါ လွန်ကျူး သောအရာကို ထာဝရဘုရား အား ဘော်ပြ တောင်းပန်မည်ဟုပြော ဆိုသောအခါ၊ ကိုယ်တော် သည် အကျွန်ုပ် ပြစ်မှား ခြင်းအပြစ် ကို လွှတ် တော်မူ၏။ ၆ ထိုကြောင့် ကိုယ်တော် ကို တွေ့ သင့်သော အချိန် ကာလ ၌ ၊ သန့်ရှင်း သူအပေါင်း တို့သည် ရှေ့တော်၌ တောင်း လျှောက်ကြပါလိမ့်မည်။ အကယ် စင်စစ်လွှမ်းမိုး တတ်သောရေ ကြီး သည် သူ တို့ထံ သို့မ ချဉ်း ရပါ။ ၇ ကိုယ်တော် သည် အကျွန်ုပ် ခိုလှုံ ရာ ဖြစ်တော်မူ ၏။ အကျွန်ုပ် ကို ဘေး လွတ်စေခြင်းငှါ ကွယ်ကာ စောင့်မတော်မူ၏။ ကယ်လွှတ် ကြောင်းကို ဆိုသောသီချင်း နှင့် အကျွန်ုပ် ကို ခြံရံ စေတော်မူ၏။ ၈ သင့် ကိုငါသွန်သင် မည်။ သင် သွား ရမည့်လမ်း ကို ပြ ညွှန်မည်။ သင့် ကိုကြည့်ရှု ပြုစုမည်။ ဉာဏ် ပညာမဲ့ သော မြင်း လား ကဲ့ သို့မ ဖြစ် နှင့်။ ၉ သူ သည်သင့် ထံ သို့မ ချဉ်းကပ် သောကြောင့်၊ ပစပ်ကို ဇက် ခွံ့၍ ၊ ဇက်ကြိုး နှင့် ဆွဲ ရမည်။ ၁၀ မတရား သောသူသည် များ စွာသောဒုက္ခ ကို ခံရ၏။ ထာဝရဘုရား ၌ ကိုးစား သောသူကိုကား ၊ ကရုဏာ တော်သည် ဝန်းရံ တတ်၏။ ၁၁ ဖြောင့်မတ် သောသူတို့၊ ထာဝရဘုရား ၌ ဝမ်းမြောက် ရွှင်လန်းကြလော့။ သဘော ဖြောင့် သောသူ တို့၊ ရွှင်လန်း စွာ သီချင်း ဆိုကြလော့။

၃၃ ဖြောင့်မတ် သောသူတို့၊ ထာဝရဘုရား ကို အမှီပြု ၍ ရွှင်လန်း စွာ သီချင်းဆိုကြလော့။ ထောမနာ ပြုခြင်း အကျင့်သည် သဘောဖြောင့် သောသူတို့နှင့် ထိုက်တန် လျောက်ပတ်ပေ၏။ ၂ စောင်း တီး၍ ထာဝရဘုရား ကို ချီးမွမ်း ကြလော့။ ကြိုးဆယ် ပင်ရှိသောတူရိယာ နှင့် ထောမနာသီချင်း ဆို ကြလော့။ ၃ ရှေ့ တော်၌အသစ် သောသီချင်း ကို ဆို ကြလော့။ တံပိုး မှုတ်ခြင်းနှင့်တကွ သာယာ စွာ တီး ကြလော့။ ၄ အကြောင်း မူကား၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဖြောင့်မတ် ပေ၏။ စီရင်တော်မူသမျှ သော အမှု တို့သည်လည်း သစ္စာ တရား နှင့် ညီကြ၏။ ၅ ဖြောင့်မတ် စွာကျင့်ခြင်းနှင့် တရား သဖြင့် စီရင်ခြင်း ကို နှစ်သက် တော်မူ၏။ ပထဝီမြေကြီး သည် ထာဝရဘုရား ၏ ကျေးဇူး တော်နှင့် ပြည့်ဝ လျက်ရှိ၏။ ၆ ထာဝရဘုရား ၏ နှုတ်ကပတ် တော်အားဖြင့် မိုဃ်းကောင်းကင် ကိုငင်း၊ နှုတ် တော်အသက် အားဖြင့် မိုဃ်း ကောင်းကင်တန်ဆာ များကိုငင်းဖန်ဆင်း တော်မူ၏။ ၇ သမုဒ္ဒရာ ရေ ကို စုပုံ စုဝေး စေတော်မူ၏။ နက်နဲ သောသမုဒ္ဒရာကိုလည်း လုံခြုံ ရာအရပ်တို့ ၌ သိုထား တော်မူ ၏။ ၈ ထာဝရဘုရား ကို မြေကြီး တပြင်လုံး ကြောက်ရွံ့ စေ။ လောကီ နိုင်ငံ သားအပေါင်း တို့သည် ရိုသေ လေးမြတ်ကြစေ။ ၉ အကြောင်း မူကား၊ ထာဝရ ဘုရားမြွက်ဆို ၍ ၊ မြွက်ဆိုတော်မူသည်အတိုင်း ဖြစ်၏။ အမိန့်တော်ရှိ ၍၊ မိန့် တော်မူသည်အတိုင်း တည် လျက်နေ၏။ ၁၀ ထာဝရဘုရား သည် တပါးအမျိုးသား တို့၏ တိုင်ပင် ခြင်းကို ပယ် တော်မူ၏။ လူစု တို့၏ကြံစည် ခြင်းကိုလည်း ဖျက်ဆီး တော်မူ၏။ ၁၁ ထာဝရဘုရား ၏ ပြဋ္ဌာန်း တော်မူခြင်းသည် ကာလ အနန္တနှင့် ဆိုင်၍၊ စိတ် နှလုံးတော်၏ အကြံ အစည်တို့သည် သား စဉ်မြေးဆက်အဆုံးတိုင်အောင် တည် ကြ လိမ့်မည်။ ၁၂ ထာဝရဘုရား သည် အကြင် အမျိုး ၏ ဘုရား ဖြစ်၍၊ အကြင်လူစု ကို မိမိ အမွေ ဥစ္စာဘို့ ရွေးကောက် တော်မူ၏၊ ထိုအမျိုးနှင့် ထို လူစုသည် မင်္ဂလာ ရှိ၏။ ၁၃ ထာဝရဘုရား သည် ကောင်းကင် ဘုံက ကြည့်ရှု ၍၊ လူ သား အပေါင်း တို့ကို မြင် တော်မူ၏။ ၁၄ ကျိန်းဝပ် တော်မူရာ

အရပ် က ကြည့်ရှု ၍၊ မြေကြီး ပေါ် မှာနေ သောသတ္တဝါအပေါင်း တို့ကို မှတ် တော်မူ၏။ ၁၅ သူ တို့၏ စိတ် နှလုံးရှိသမျှ တို့ကို ဖန်ဆင်း ၍၊ သူ တို့ကျင့်သမျှ သောအကျင့် တို့ကိုလည်း ဆင်ခြင် တော်မူ ၏။ ၁၆ ရှင်ဘုရင် မည်သည်ကား၊ များစွာ သောအလုံး အရင်းအားဖြင့် ချမ်းသာ မ ရ။ သူရဲ သည်လည်း ခွန်အား ကြီး သောအားဖြင့် ကယ်လွတ် ခြင်းသို့မ ရောက်။ ၁၇ မြင်း သော်လည်း ဘေး လွတ်ခြင်းအမှုကို မ တတ် နိုင်။ ကြီးစွာ သော ခွန်အား ဗလဖြင့် မ ကယ် ယူနိုင်။ ၁၈ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူတို့ နှင့် ကရုဏာ တော်ကို ခိုလှုံ သောသူတို့သည်၊ ၁၉ သေ ဘေးနှင့် ကင်းလွတ် မည်အကြောင်း ၊ အစာ ခေါင်းပါး သည် ကာလ၌ အသက် ရှင်မည်အကြောင်း ၊ သူ တို့ကိုကြည့်ရှု လျက် ရှိတော်မူ၏။ ၂၀ ငါ တို့၏ဝိညာဉ် သည် ထာဝရဘုရား ကို မြော်လင့် လျက်နေ၏။ ထိုဘုရား သည် ငါ တို့ကို မစ သောသူ၊ ကွယ်ကာ သောသူဖြစ်တော်မူ၏။ ၂၁ သန့်ရှင်း သောနာမ တော်ကို ခိုလှုံ သောကြောင့် ၊ ငါ တို့သည် ထာဝရ ဘုရား၌ ဝမ်းမြောက် ခြင်းရှိကြ၏။ ၂၂ အိုထာဝရဘုရား ၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကို ကိုးစား သည်နှင့်အညီ ၊ အကျွန်ုပ် တို့အပေါ် မှာ ကရုဏာ တော် သက်ရောက် ပါစေသော။

၃၄ ဒါဝိဒ် မင်းသည် အဘိမလက် မင်းရှေ့မှာ ထူးခြား သောအခြင်းအရာကိုပြုသဖြင့် ၊ နှင်ထုတ် ခြင်းကိုခံရ၍ ထွက်သွား သောအခါ စပ်ဆိုသောဆာလံ။ ငါ သည် ခပ်သိမ်း သောကာလ တို့ ၌ ထာဝရဘုရား ကို ကောင်းကြီး ပေးမည်။ ဂုဏ် ကျေးဇူးတော်ကို အစဉ် မပြတ်မြွက် ဆိုမည်။ ၂ ငါ့ ဝိညာဉ် သည် ထာဝရဘုရား ကို အမှီပြု ၍ ဝါကြွား ခြင်းကို ပြုမည်။ နှိမ့်ချ လျက်ရှိသောသူတို့ သည် ကြားသိ ၍ ၊ ဝမ်းမြောက် ကြပါစေသော။ ၃ ငါ နှင့်အတူ ထာဝရဘုရား ကို ချီးမွမ်း ကြလော့။ နာမတော် ကို တညီ တညွတ်တည်းချီးမြှောက် ကြကုန်အံ့။ ၄ ငါ သည် ထာဝရဘုရား ကိုရှာ သောအခါ နားထောင် တော်မူ၏။ ကြောက်မက် ဘွယ်သောအကြောင်းအလုံးစုံ တို့အထဲ က ငါ့ ကို ကယ်နှုတ် တော်မူ၏။ ၅ ထာဝရ ဘုရားကို မျှော်ကြည့် ကြလော့။ အလင်း ကို ရကြလိမ့်မည်။ မျက်နှာ ရှက်ကြောက် ခြင်းနှင့် ကင်းလွတ် ကြလိမ့်မည်။ ၆ ဤ ဆင်းရဲ သောသူ၏ အော်ဟစ် ခြင်းအသံကို ထာဝရဘုရား သည် နားထောင် ၍ ၊ ခပ်သိမ်း သောဆင်းရဲ ထဲ က ကယ်လွတ် တော်မူ၏။ ၇ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူတို့ ပတ်လည် ၌ ကောင်းကင် တမန်တော်တို့သည် တပ်ချ ၍ ကယ် လွတ် တတ်ကြ၏။ ၈ ထာဝရဘုရား သည် ကောင်းမြတ် တော်မူသည် အကြောင်း ကို မြည်းစမ်း ၍ သိ မှတ်ကြလော့။ ကိုယ်တော် ကို ခိုလှုံ သောသူ သည် မင်္ဂလာ ရှိ၏။ ၉ ထာဝရ ဘုရား၏ သန့်ရှင်း သူတို့၊ ထာဝရဘုရား ကို ကြောက်ရွံ့ ကြလော့။ ကြောက်ရွံ့ သောသူတို့ ၌ ဆင်းရဲ ခြင်းမ ရှိရာ။ ၁၀ ခြင်္သေ့ တို့သည် ဆင်းရဲ ၍ ငတ်မွတ် ခြင်းကို ခံရသော်လည်း ၊ ထာဝရဘုရား ကို ရှာ သောသူတို့ ၌ ကောင်း သောအရာတစုံ တခုမျှ မ လို ရာ။ ၁၁ အချင်းသူငယ် တို့လာ ကြလော့။ ငါ့ စကားကို နားထောင် ကြလော့။ ထာဝရဘုရား ကို ကြောက်ရွံ့ ခြင်း တရားကို သင် တို့အား ငါသွန် သင်မည်။ ၁၂ ကောင်းမွန် သောအရာကို တွေ့မြင် မည် အကြောင်း ၊ အသက် ရှင်ခြင်းနှင့်တကွနေ့ရက် ကာလကို တောင့် တလိုချင်သော သူမည်သည်ကား၊ ၁၃ ကိုယ် လျှာ ကို မ ကောင်းသောအရာနှင့် ကင်း စေလော့။ နှုတ်ခမ်း လည်း မုသာ စကားကို မပြော စေနှင့်။ ၁၄ ဒုစရိုက် ကို လွှဲ ရှောင်၍

သု စရိုက်ကိုပြု လော့။ သူတပါးနှင့်အသင့် အတင့်နေခြင်းကို ရှာ ၍ မှီအောင်လိုက် လော့။ ၁၅ ထာဝရဘုရား သည် ဖြောင့်မတ် သောသူတို့ကို ကြည့်ရှု တော်မူ၏။ သူ တို့ အော်ဟစ် သံကို လည်း နားထောင် တော်မူ၏။ ၁၆ ဒုစရိုက် ကိုပြု သောသူတို့ကား၊ မြေကြီး ပေါ် မှာ အောက်မေ့ စရာ အမှတ်မျှမရှိစေခြင်းငှါ ပယ်ရှင်း မည် အကြောင်း ၊ ထာဝရဘုရား သည် မျက်နှာ ထားတော်မူ၏။ ၁၇ ဖြောင့်မတ်သောသူတို့သည် အော်ဟစ် သောအခါ ၊ ထာဝရဘုရား သည် နားထောင် ၍ ၊ သူ တို့ကို ခပ်သိမ်း သော ဆင်းရဲ ထဲ က ကယ် လွှတ်တော်မူ၏။ ၁၈ ထာဝရဘုရား သည် ကျိုးပဲ့ သောစိတ် ရှိသောသူတို့ နှင့် နှလုံးကြေကွဲသောသူတို့ကို နီး တော်မူ၏။ နောင်တ ရှိ၍ စိတ် နှိမ့်ချသောသူတို့ကိုလည်း ကယ်တင် တော်မူ၏။ ၁၉ ဖြောင့်မတ် သောသူသည်များစွာ သော ဒုက္ခ ဆင်းရဲကို ခံရသော်လည်း ၊ ထာဝရဘုရား သည် ခပ်သိမ်း သောဒုက္ခ ဆင်းရဲထဲ က ကယ် လွှတ်တော်မူ၏။ ၂၀ သူ ၏အရိုး ရှိသမျှ တို့ကို စောင့်ရှောက် တော်မူသည် ဖြစ်၍၊ တ ချောင်းမျှမ ကျိုး မပဲ့ရ။ ၂၁ မတရား သောသူမူကား၊ ဘေး ဖြင့် အသက် ဆုံး ခြင်းသို့ ရောက်ရမည်။ ဖြောင့်မတ် သောသူကို မုန်း သောသူတို့ သည် အပြစ် စီရင်ခြင်းကိုခံရကြမည်။ ၂၂ ထာဝရဘုရား သည် မိမိ ကျွန် တို့၏ အသက် ဝိညာဉ်ကို ရွေးနှုတ် တော်မူသည်ဖြစ်၍ ၊ ကိုယ်တော် ကို ခိုလှုံ သောသူတစုံ တယောက်မျှ အပြစ် စီရင်ခြင်းကို မ ခံရ။

၃၄ အိုထာဝရဘုရား ၊ အကျွန်ုပ် ၌ ဆန့်ကျင် ဘက်ပြု သောသူ တို့ကို ဆန့်ကျင် ဘက်ပြုတော်မူပါ။ အကျွန်ုပ် ကို စစ်တိုက် သောသူတို့ကို တိုက် တော်မူပါ။ ၂ ဒိုင်း လွှား ကိုကိုင် ၍ အကျွန်ုပ် ကို ကူညီ ခြင်းငှါ ထ တော်မူပါ။ ၃ အကျွန်ုပ် ကို လိုက် သောသူတို့ရှေ့ ၌ လှံ တော်ကို ရွယ် ၍ ဆီးတား တော်မူပါ။ ငါ သည် သင် ၌ချမ်းသာ ပေး သောသူ ပေတည်းဟု အကျွန်ုပ် ၏ ဝိညာဉ် အား မိန့် တော်မူ ပါ။ ၄ အကျွန်ုပ် အသက် ကို ရှာ သောသူတို့သည် အရှက်ကွဲ ၍ မျက်နှာ ပျက်ကြပါစေသော။ အကျွန်ုပ် ကို အန္တရာယ် ပြုမည်ဟု ကြံစည် သောသူတို့သည် လှန် ခြင်းကို ခံရ၍ ရှက်ကြောက် ခြင်းသို့ ရောက်ကြပါစေသော။ ၅ ထိုသူတို့သည် လေ တိုက်သောဖွဲ ကဲ့ သို့ ဖြစ် ကြ ပါစေသော။ ထာဝရဘုရား ၏ တမန် သည်လည်း သူတို့ကို လှဲ ပါစေသော။ ၆ သူ တို့သွားသောလမ်း သည် မိုက် သောလမ်း၊ ချော သောလမ်းဖြစ် ပါစေသော။ ထာဝရဘုရား ၏ တမန် သည်လည်း သူ တို့ကို လိုက် ပါစေသော။ ၇ အကြောင်း မရှိဘဲ အကျွန်ုပ် အတို့ ကျော့ကွင်း ကို ဝှက်ထား ကြပါပြီ။ အကြောင်း မရှိဘဲ အကျွန်ုပ် အသက် ကိုသတ် စရာတို့ တွင်း ကို တူး ကြပါပြီ။ ၈ ထို သို့သောသူ သည် အမှတ်တမဲ့ပျက်စီး ခြင်းသို့ ရောက် ပါစေသော။ မိမိ ဝှက်ထား သောကျော့ကွင်း သည် မိမိ ကို ကျော့မိ ပါစေသော။ မိမိ တွင်းထဲ သို့ မိမိကျ ပါ စေသော။ ၉ သို့ ဖြစ်လျှင် ၊ ငါ ၏ဝိညာဉ် သည် ထာဝရဘုရား ကို အမှီပြု ၍ ဝမ်းမြောက် ခြင်းရှိလိမ့်မည်။ ကယ်တင် တော်မူခြင်း အကြောင်းကိုလည်း အမှီပြု ၍ စိတ်ရွှင်လန်း မြူးထူးခြင်းရှိလိမ့်မည်။ ၁၀ အကျွန်ုပ် အရိုး ရှိသမျှ တို့ကလည်း၊ အိုထာဝရဘုရား ၊ အစိုး တရပြုသောသူ၏ လက်မှ ဆင်းရဲ သားကို နှုတ် တော်မူ၍၊ လုယူ ဖျက်ဆီးတတ်သောသူ ၏လက်၌ ဆင်းရဲ ငတ်မွတ် လျက် ခံနေရသောသူကို ချမ်းသာပေး တော်မူတတ်သော ကိုယ်တော် နှင့် အဘယ် သူတူ ပါ သနည်းဟု လျှောက်ဆို ကြမည်။ ၁၁ မ မှန်သောသက်သေ တို့သည်ပေါ် လာ၍၊ ငါမ သိ သောမှုပြစ် တို့ကို ငါ့ အပေါ် မှာတင် ကြ၏။ ၁၂ ငါ

ပြုသောကျေးဇူး အတွက် သူတို့သည် ငါ့ အသက် ကိုလုယူ ခြင်းတည်းဟူသောမကောင်း သောအရာ ကို ဆပ် ပေးကြ၏။ ၁၃ ငါ မူကား ၊ သူ တို့ ၌ အနာ ရောဂါစွဲသောအခါ ၊ လျှော်တေ အဝတ်ကိုဝတ်ဆင် လျက် အစာ ကိုရှောင်၍ ဖြိုးခြံ စွာကျင့် လေ၏။ ကိုယ် ရင်ခွင် ကို မျက်နှာ ပြုလျက် ဆုတောင်း လေ၏။ ၁၄ သူတို့ကို ငါ ၏မိတ်ဆွေ ၊ ငါ၏ညီအစ် ကိုကဲ့ သို့ သဘောထား၍ ငါပြု ၏။ ကိုယ်အမိ ကိုအောက်မေ့ ၍၊ စိတ် မသာညည်းတွားသောသူကဲ့ သို့ ကြမ်းတမ်းသော အဝတ်ကိုဝတ်လျက် တမှိုင်မှိုင် နေလေ၏။ ၁၅ ငါ လဲ သောအခါ မူကား ၊ သူတို့သည် ဝမ်းမြောက် ၍ စည်းဝေး ကြ၏။ ရိုက်ပုတ် သောသူတို့သည် ငါ့ တဘက် ၌စည်းဝေး ကြ၏။ သူတို့ကိုလည်း ငါမ သိ ရ။ မ ရပ် မနေဘဲ ငါ့ကို ဆွဲဖြတ် ကြ၏။ ၁၆ ပွဲ ၌ကစားတတ်သော လူဆိုး တို့နှင့်အတူ ငါ့ ကို အံသွား ခဲကြိတ် ကြ၏။ ၁၇ အိုထာဝရ ဘုရား၊ အဘယ် မျှကာလပတ်လုံး ကြည့်ရှု ၍ နေတော်မူမည်နည်း။ အကျွန်ုပ် အသက် ကို သူ တို့ပြုသောဘေးဥပဒ် မှ ၎င်း၊ အကျွန်ုပ် အချစ် ဆုံးကို ခြင်္သေ့ တို့မှ ၎င်း ကယ်လွှတ် တော်မူပါ။ ၁၈ ကျေးဇူးတော်ကြီးလှပါ၏ဟု မဟာ ပရိသတ် အလယ် မှာ အကျွန်ုပ်ဝန်ခံ ပါမည်။ များစွာ သောလူစု တွင် ကိုယ်တော် ကိုချီးမွမ်း ပါမည်။ ၁၉ မဟုတ် မမှန်ဘဲ အကျွန်ုပ် ကို ရန်ဘက် ပြုသောသူတို့ သည် အောင် ပွဲကို မ ခံကြပါစေနှင့်။ အကြောင်း မရှိဘဲ အကျွန်ုပ် ကို မုန်း သောသူတို့ လည်း မျက်စိ စွေ ပြ ခြင်းကို မပြုကြပါစေနှင့်။ ၂၀ အကြောင်း မူကား၊ သူတို့သည် အမှု ငြိမ်းစေ သော စကားကို မ ပြော ကြပါ။ ငြိမ်ဝပ် စွာနေသောပြည် သား တို့တဘက် ၌ လျှို့ဝှက် သောအမှု များကို ကြံစည် ကြပါ ၏။ ၂၁ အကျွန်ုပ် ကို ပစပ် ဟ ၍ အေ့ဟေ ၊ အေ့ဟေ ၊ ငါ တို့သည် ကိုယ်မျက်စိ နှင့်မြင် ရပြီဟု ဆို ကြပါ၏။ ၂၂ အိုထာဝရဘုရား ၊ ကိုယ်တော်သည် သိမြင် တော်မူ ၏။ အိုဘုရား ရှင်၊ တိတ်ဆိတ် စွာ နေတော်မ မူပါနှင့်။ အကျွန်ုပ် နှင့် ဝေး ဝေးနေတော်မ မူပါနှင့်။ ၂၃ အကျွန်ုပ် ၏ဘုရား သခင်၊ အကျွန်ုပ်၏အရှင် ၊ အကျွန်ုပ် ၌ရောက် သောအမှုကို စီရင် တော်မူမည် အကြောင်း ကိုယ် ကို နှိုးဆော် ၍ ထ တော်မူပါ။ ၂၄ အကျွန်ုပ် ၏ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် သည် ဖြောင့်မတ် တော်မူခြင်းနှင့်အညီ ၊ အကျွန်ုပ် အမှုကို ဆုံးဖြတ် တော်မူပါ။ သူတို့သည် အကျွန်ုပ် ကို နိုင်၍ ဝမ်း မ မြောက်ကြပါစေနှင့်။ ၂၅ အဲ ၊ ငါ တို့အလိုပြည့်စုံပြီဟု မ အောက်မေ့ ကြပါစေနှင့်။ ငါတို့သည် သူ့ ကို မျိုပြီဟု၊ မ ပြော ကြပါစေနှင့်။ ၂၆ အကျွန်ုပ် ၌ဘေး ရောက်သည်အကြောင်းကို ဝမ်းမြောက် သောသူအပေါင်း တို့သည် အရှက်ကွဲ ၍ မျက်နှာ ပျက်ကြပါစေသော။ အကျွန်ုပ် တဘက် ၌ ကိုယ်ကို ချီးမွှော်က် တတ်သောသူတို့ အပေါ်မှာ အသရေ ပျက်ခြင်းနှင့် ရှက်ကြောက် ခြင်းသက်ရောက် ပါစေသော။ ၂၇ အကျွန်ုပ် ၏ ဟုတ်မှန် ခြင်းဘက်၌ နေသောသူတို့ သည် ရွှင်လန်း စွာ သီချင်း ဆို၍ ဝမ်းမြောက် ကြပါစေ သော။ မိမိ ကျွန် ၌ ချမ်းသာတိုးပွားခြင်းအကြောင်းကို နှစ်သက် တော်မူသောထာဝရဘုရား သည် ဘုန်းကြီး တော်မူ စေသတည်းဟု၊ သူတို့သည် အစဉ် မပြတ်မြွက်ဆို ကြပါ စေသော။ ၂၈ အကျွန်ုပ် သည်လည်း ၊ ကိုယ်တော် ၏ ဖြောင့်မတ် တော်မူခြင်း အကြောင်းအရာကို မြွက်ဆို ၍အစဉ် မပြတ်ကိုယ်တော် ကို ချီးမွမ်း ပါမည်။

၃၆ ဘုရား သခင်ကို ကြောက်ရွံ့ ရသောအကြောင်းသည် မ တရားသောသူ၏ မျက်စိ ၌ မ ထင်ဟု၊ ထိုသူ ပြု တတ်သော ဒုစရိုက် ကို ငါ ထောက် ၍ သဘော ကျ၏။ ၂ သူ ၏အပြစ် ကို တွေ့ တော်မမူ၊ ရွံရှာ တော်မမူဟု

ကိုယ် မျက်စိ ရှေ့၌ ကိုယ် ကောင်းသော အယောင် ကို ဆောင်တတ်၏။ ၃ သူ ပြော သောစကား သည် အဓမ္မ စကား၊ လှည့်စား သောစကားဖြစ်၏။ ကောင်း သောအကျင့်ကို ကျင့်စေ တတ်သောပညာ ကို စွန့် လေပြီ။ ၄ အိပ်ရာ ပေါ် မှာ မကောင်း သောအမှုကို ကြံစည် တတ်၏။ မ ကောင်း သော လမ်း သို့ အမြဲလိုက် ၍၊ ဆိုးယုတ် သောအကျင့်ကို ရွံရှာ ခြင်းမ ရှိ။ ၅ အိုထာဝရဘုရား ၊ ကရုဏာ တော်သည် ကောင်းကင် သို့ ၎င်း၊ သစ္စာ တော်သည် မိုးယံး တိမ်သို့ ၎င်း မှီပါ၏။ ၆ ဖြောင့်မတ် တော်မူခြင်းတရားသည် ကြီးမား စွာ သောတောင်ရိုး နှင့် တူ ပါ၏။ တရား စီရင်တော်မူချက် တို့သည် အလွန် နက်နဲ ရာ ဖြစ်ကြပါ၏။ အိုထာဝရဘုရား ၊ ကိုယ်တော်သည် လူ မျိုးနှင့် တိရစ္ဆာန် မျိုးကို စောင့်မ တော်မူ ၏။ ၇ အိုဘုရား သခင်၊ ကရုဏာ တော်သည် အလွန် မြတ်နိုး ဘွယ်ဖြစ်ပါ၏။ ထိုကြောင့် လူ သား တို့သည် အတောင် တော်အရိပ် ကို ခိုလှုံ လျက်နေရကြပါ၏။ ၈ အိမ် တော်၏ကြွယ်ဝ ခြင်းနှင့် ရောင့်ရဲ လျက် နေ၍ ၊ ကိုယ်တော် ၏ချမ်းသာ မြစ် ရေကို သောက် စေခြင်းငှါအခွင့်ပေးတော်မူ၏။ ၉ အကြောင်း မူကား၊ ကိုယ်တော် ထံ မှာအသက် စမ်းရေ တွင်းရှိပါ၏။ အလင်း တော်ထဲ မှာ အကျွန်ုပ်တို့ သည် အလင်း ကို ရ ကြပါ၏။ ၁၀ ကိုယ်တော် ကို သိ သောသူတို့အား ၊ ကရုဏာ တော်ကိုဂင်း၊ သဘော ဖြောင့် သောသူတို့အား ဖြောင့်မတ် တော်မူခြင်း တရားကိုဂင်း တည် မြဲတည်စေတော်မူပါ။ ၁၁ မာန ၏ခြေ သည် အကျွန်ုပ် ကို မ နင်း ပါစေနှင့်။ မတရား သောသူတို့သည် အကျွန်ုပ် ကို နေရာ မ ရွေ့ကြ ပါစေနှင့်။ ၁၂ ဒုစရိုက် ကို ပြု သောသူတို့သည် ထို အရပ်၌ပင် လဲ လျက်နေရကြပါ၏။ လှဲ ခြင်းကို ခံရသောကြောင့်၊ တဖန် ထ ခြင်းငှါမ တတ် နိုင်ကြပါ။

၃၇ လူဆိုး တို့အကြောင်းကြောင့် စိတ် မ ပူနှင့်။ မ တရား သဖြင့် ပြု သောသူတို့ကို မ ငြူစူ နှင့်။ ၂ အကြောင်း မူကား၊ သူတို့သည် မ ကြာမမြင့်မှီမြက်ပင် ကဲ့သို့ ရိတ် ခြင်းကိုခံရ၍ ၊ စိမ်း သောပျိုး ပင် ညှိုးနွမ်း သကဲ့သို့ ဖြစ်ရလိမ့်မည်။ ၃ ထာဝရဘုရား ကို ခိုလှုံ ၍ ၊ ကောင်း သောအကျင့် ကို ကျင့် လော့။ ပြည် တော်၌နေ ၍ ၊ သစ္စာ တရားကို ကျက်စား လော့။ ၄ ထာဝရဘုရား၌ မွေ့လျော် ခြင်းရှိလော့။ သို့ပြုလျှင် ၊ စိတ် နှလုံးအလို ပြည့်စုံရသောအခွင့်ကိုပေး တော်မူ မည်။ ၅ ကိုယ် အမှု အရာကို ထာဝရဘုရား၌ အပ် လော့။ ကိုယ်တော် ကို ကိုးစား လော့။ သို့ပြုလျှင် စီရင် တော်မူ မည်။ ၆ သင် ၏ဖြောင့်မတ် ခြင်းအကြောင်းကို အလင်း ကဲ့ သို့ဂင်း ၊ တရား သဖြင့်ပြုခြင်းအရာကို မွန်းတည့် ရောင်ခြည် ကဲ့ သို့ဂင်း ဘော်ပြ တော်မူမည်။ ၇ ထာဝရဘုရား ရှေ့ မှာ ငြိမ်ဝပ် စွာနေ၍ ၊ ကိုယ်တော် ကို ငံ့လင့် လော့။ မိမိ အမှု ၌ အောင် တတ်သောသူ၊ မ ကောင်းသောအကြံအစည်တို့ကို ပြီး စေသောသူ ၏ အကြောင်းကြောင့် စိတ် မ ပူနှင့်။ ၈ အမျက် မ ထွက်စေနှင့်။ ဒေါသ စိတ်ကို စွန့်ပယ် လော့။ ပြစ်မှား စေခြင်းငှါ တိုက်တွန်းတတ်သောစိတ် မ ရှိစေနှင့်။ ၉ ပြစ်မှား သောသူတို့သည် ပယ်ရှင်း ခြင်းကိုခံရကြ လိမ့်မည်။ ထာဝရဘုရား ကို မြော်လင့် သောသူတို့မူကား ၊ ပြည် တော်ကို အမွေ ခံရကြလိမ့်မည်။ ၁၀ ခဏ ကြာ ပြီးမှ ၊ မတရား သောသူသည်မ ရှိရ။ သူ ၏နေရာ ကိုစေ့စေ့ရှာ ၍ မ တွေ့ရ။ ၁၁ စိတ် နှိမ့်ချသောသူတို့မူကား ၊ ပြည် တော်ကို အမွေခံ ၍ ၊ များပြား သောငြိမ် သက်ခြင်း၌ မွေ့လျော် ကြ လိမ့်မည်။ ၁၂ မတရား သောသူသည် ဖြောင့်မတ် သော သူတဘက် ၌ ကြံစည် ၍ အံသွား ခဲကြိတ် တတ်၏။ ၁၃

သို့သော်လည်းသူ ၏ နေ့ရက်အချိန်ရောက် မည် ကို ဘုရား ရှင်သခြင် ၍ ၊ သူ့ ကို ပြုံး ရယ်တော်မူ၏။ ၁၄ မတရား သောသူတို့သည် ဆင်းရဲ ငတ်မွတ် သောသူတို့ ကို လဲ့ ချခြင်းငှါ ၎င်း၊ ဖြောင့်မတ် စွာကျင့် သောသူတို့ ကိုသတ် ခြင်းငှါ ၎င်း၊ ထား ကိုထုတ် လျက်၊ လေး ကို တင် လျက် နေတတ်ကြ၏။ ၁၅ သို့သော်လည်း၊ သူ တို့ထား သည် သူ တို့နှလုံး ထဲ သို့ ဝင် လိမ့်မည်။ သူ တို့လေး တို့သည်လည်း ကျိုး ကြလိမ့်မည်။ ၁၆ ဖြောင့်မတ် သောသူ၌ နည်း သောဥစ္စာသည် မတရား သောသူကြီးတို့ ၌ ကြွယ်ဝ သောဥစ္စာထက် သာ၍ ကျေးဇူးရှိ၏။ ၁၇ အကြောင်း မူကား၊ မတရား သောသူ၏လက်ရုံး သည် ကျိုး ရလိမ့်မည်။ ဖြောင့်မတ် သောသူကိုကား ၊ ထာဝရဘုရား မစ တော်မူ၏။ ၁၈ ဖြောင့်မတ် သောသူတို့၏ နေ့ရက် ကာလကို ထာဝရဘုရား သိ မှတ်တော်မူ၍ ၊ သူ တို့၏ အမွေ ဥစ္စာသည်အစဉ် အမြဲတည် လိမ့်မည်။ ၁၉ သူတို့သည် ခဲယဉ်း သောကာလ ၌ မျက်နှာ မ ပျက်၊ အစာ ခေါင်းပါးသည်ကာလ ၌ ဝ စွာစားရကြ၏။ ၂၀ မတရား သောသူတို့မူကား ၊ ပျက်စီး ခြင်းသို့ ရောက်ရကြမည်။ ထာဝရ ဘုရား၏ ရန်သူ တို့သည် ကျက်စား ရာအရပ်၏အသရေ ကဲ့ သို့ဆုံး ၍ ၊ မီးခိုး ဖြစ်လျက် ကွယ်ပျောက် ကြလိမ့်မည်။ ၂၁ မတရား သောသူသည် ချေးငှါး ၍ မ ဆပ် ဘဲ နေတတ်၏။ ဖြောင့်မတ် သောသူမူကား ၊ သနား သောစိတ် ရှိ၍ ပေး တတ်၏။ ၂၂ ကောင်းကြီး ပေးတော်မူခြင်းကို ခံရသောသူသည် ပြည် တော်ကို အမွေ ခံရလိမ့်မည်။ ကျိန် တော်မူခြင်း ကို ခံရသောသူမူကား ၊ ပယ်ရှင်း ခြင်းသို့ ရောက်ရ လိမ့်မည်။ ၂၃ ကောင်းသောသူ၏ခြေရာ တို့ကို ထာဝရဘုရား သည် ပဲ့ပြင် ၍ ၊ သူ သွားရာလမ်း ကို နှစ်သက် တော်မူ၏။ ၂၄ ထိုသူသည် လဲ သော်လည်း ဆုံး ရာသို့မ ရောက်ရ။ အကြောင်း မူကား၊ ထာဝရဘုရား သည် သူ ၏လက် ကို ကိုင် မတော်မူ၏။ ၂၅ ဖြောင့်မတ် သောသူသည် စွန့်ပစ် ခြင်းကိုခံရသည် အကြောင်း၊ သူ ၏သား မြေးတို့သည် တောင်း ၍ စား ရသည်အကြောင်းကို ငါ သည် အသက် ပျိုသည် ကာလမှစ၍ အို သည်တိုင်အောင် မ မြင် စဖူး။ ၂၆ သူသည်အစဉ် သနား သောစိတ် ရှိသည်နှင့် ၊ သူတပါးတို့အား ချေးငှါး တတ်သည်ဖြစ်၍ ၊ သူ ၏သား မြေး တို့သည် ကောင်းကြီး မင်္ဂလာကိုခံရကြ၏။ ၂၇ ဒုစရိုက် ကိုလွှဲရှောင် ၍ သုစရိုက် ကို ပြု လော့။ သို့ပြုလျှင် အစဉ် အမြဲနေ ရလိမ့်မည်။ ၂၈ ထာဝရဘုရား သည် တရား ကိုနှစ်သက် တော်မူ ၏။ မိမိ သန့်ရှင်း သူတို့ကိုလည်း စွန့် တော်မ မူ။ သူတို့သည် စောင့် မတော်မူခြင်းကို အစဉ် အမြဲခံရကြလိမ့်မည်။ မတရား သောသူ၏ သား မြေးတို့မူကား ၊ ပယ်ရှင်း ခြင်းကိုခံရကြလိမ့်မည်။ ၂၉ ဖြောင့်မတ် သောသူတို့သည် ပြည် တော်ကို အမွေ ခံ၍ အစဉ် အမြဲနေ ရကြလိမ့်မည်။ ၃၀ ဖြောင့်မတ် သောသူ၏နှုတ် သည် ပညာ ကို မြွက်ဆို တတ်၏။ သူ ၏လျှာ သည်လည်း တရား သော စကားကို ပြော ဆိုတတ်၏။ ၃၁ ထာဝရဘုရား ၏ တရား တော်သည် သူ ၏ စိတ် နှလုံးထဲ မှာ တည်သည်ဖြစ်၍၊ သူ သွား သောအခါ မ ချော် မလဲရ။ ၃၂ မတရား သောသူသည် ဖြောင့်မတ် သောသူကို ချောင်းမြောင်း ၍ သတ် ခြင်းငှါ ရှာကြံ တတ်၏။ ၃၃ သို့သော်လည်း၊ ထာဝရဘုရား သည် ထိုသူ ၏ လက် ၌ ဖြောင့်မတ် သောသူကို စွန့်ပစ် တော်မူမည်မဟုတ်။ အစစ် ခံရသောအခါ အပြစ် စီရင်တော်မူမည်မဟုတ်။ ၃၄ ထာဝရဘုရား ကို မြော်လင့် ၍ ၊ လမ်း တော်ကို ရှောက်သွား လော့။ ပြည် တော်ကို အမွေ ခံရသောအခွင့်နှင့် ချီးမြှောက်

တော်မူမည်။ မတရား သောသူတို့ ဆုံးရှုံး ခြင်းကို သင်သည် ကြည့်မြင် ရလိမ့်မည်။ ၃၅ မတရား သောသူသည် အစိုး တရပြု၍ ၊ ပေါက် ရင်း အရပ်မှာကြီးပွားသော သစ်ပင် လန်းလန်းရှိသကဲ့သို့ ၊ ကိုယ်ကိုကိုယ်ပြန့်ပွါး စေသည်ကို ငါမြင် ရသော်လည်း၊ ၃၆ နောက် တဖန်သူသည် ရွေ့သွား ၍ ကွယ်ပျောက်၏။ သူ့ ကိုလည်း ငါရှာ ၍ မ တွေ့ ရ။ ၃၇ စုံလင် ခြင်းတရားကိုစောင့်ရှောက် လော့။ ဖြောင့်မတ် ခြင်းတရားကို ကြည့်ရှု ဆင်ခြင်လော့။ ထိုသို့ပြုသောသူ သည် အဆုံး၌ ငြိမ်သက် ခြင်းကို ခံစားရလိမ့်မည်။ ၃၈ ပြစ်မှား သောသူအပေါင်း တို့သည် ပျက်စီး ခြင်းသို့ ရောက်၍ ၊ မတရား သောသူတို့သည်အဆုံး၌ပယ်ရှင်း ခြင်းကိုခံရကြလိမ့်မည်။ ၃၉ ဖြောင့်မတ် သောသူတို့၏ ကယ်တင် ခြင်းအမှုကို ထာဝရဘုရား စီရင်တော်မူ၏။ ဘေး ရောက်သည်ကာလ ၌ သူ တို့ခိုလှုံ ရာဖြစ်တော်မူ၏။ ၄၀ ထာဝရဘုရား သည် သူ တို့ကို မစ ကယ် တင်တော်မူ မည်။ ယုံကြည်ခိုလှုံ သောကြောင့် ၊ မတရား သောသူတို့ လက်မှ နှုတ် ယူကယ် တင်တော်မူမည်။

၃၈ အောက်မေ့ စေခြင်းငှာ စပ်ဆိုသောဆာလံ။ အိုထာဝရဘုရား ၊ အမျက် တော်ထွက်၍ အကျွန်ုပ် ကို အပြစ် တင်တော်မ မူပါနှင့်။ ပြင်းစွာ သောစိတ် တော်ရှိ၍ ဆုံးမ တော်မမူပါနှင့်။ ၂ မြား တော်တို့သည် အကျွန်ုပ် ၌ စုဝေး ၍ ၊ လက် တော်သည် အကျွန်ုပ် ကို နှိပ် လျက်ရှိပါ၏။ ၃ အမျက် တော်ထွက်သောကြောင့် ၊ အကျွန်ုပ် အသား သည် ကျန်းမာ ခြင်းမ ရှိပါ။ ဒုစရိုက် အပြစ်ကြောင့် အရိုး များထဲ မှာ သက်သာ ခြင်းမ ရှိပါ။ ၄ အကျွန်ုပ် ပြုမိသော ဒုစရိုက် တို့သည် အကျွန်ုပ် ခေါင်း ကို လွှမ်းမိုး ၍ ၊ လေး သောဝန် ကဲ့သို့ အကျွန်ုပ် မထမ်း နိုင်အောင် လေး ကြပါ၏။ ၅ အကျွန်ုပ် မိုက် သောအမှုကြောင့် အနာ တို့သည် နံ စော်၍ ရိယွဲ့လျက်ရှိကြပါ၏။ ၆ အကျွန်ုပ်သည် ပြင်းထန် စွာခံရ၍၊ အလွန် နှိမ့်ချ လျက်၊ ကြမ်းတမ်းသောအဝတ်ကိုဝတ်လျက် တနေ့လုံး သွား ရပါ၏။ ၇ အကျွန်ုပ် ခါး သည် ပူလောင် သောအနာစွဲ ၍ ၊ အသား သည်လည်း ကျန်းမာ ခြင်းမ ရှိပါ။ ၈ နုနဲနဲ့ ခြင်း၊ ကြေကွဲ ခြင်းရှိ၍ ၊ စိတ် နှလုံးလှုပ်ရှား သဖြင့် အော်ဟစ် ရပါသည်။ ၉ အိုဘုရား ရှင်၊ အကျွန်ုပ် အလို ရှိသမျှ သည် ရှေ့ တော်၌ ထင်ရှားပါ၏။ အကျွန်ုပ် ညည်းတွား ခြင်း ကိုလည်း အကြွင်းမဲ့ သိတော်မူ၏။ ၁၀ အကျွန်ုပ် ၏ နှလုံး တုန်လှုပ် ၍၊ ခွန်အား လည်း ကုန် ပါပြီ။ မျက်စိ အလင်း သည် ကွယ် ပျောက်ပါပြီ။ ၁၁ အကျွန်ုပ် ၏အဆွေ ခင်ပွန်း၊ အပေါင်း အဘော်တို့သည် အကျွန်ုပ် အနာ ရောဂါကြောင့် ၊ ဝေးဝေး ရပ် လျက် ၊ ပေါင်းဘော် တို့သည်လည်း ရှောင် လျက် နေကြ ပါ၏။ ၁၂ အကျွန်ုပ် အသက် ကို ရှာ သောသူတို့သည် ကျော့ကွင်း များကို ထောင်ထားကြပါ၏။ အကျွန်ုပ် ၌ အပြစ် ပြုခြင်းအခွင့်ကို ရှာ သောသူတို့သည် တနေ့လုံး မနာလို သောစကားကိုပြော ၍ ၊ မကောင်းသောပရိယာယ် ကို ကြံစည် ကြပါ၏။ ၁၃ အကျွန်ုပ် မူကား ၊ နားပင်း သောသူကဲ့ သို့ မ ကြား။ နှုတ် ကို မ ဖွင့် တတ်သောလူ ကဲ့ သို့ ဖြစ်ပါ၏။ ၁၄ နားမ ကြား ၊ ပြန် ၍မ ငြင်းနိုင်သော သူ ကဲ့ သို့ ဖြစ် ပါ၏။ ၁၅ အကြောင်း မူကား၊ အိုထာဝရဘုရား ၊ ကိုယ်တော် ကိုအကျွန်ုပ် ကိုးစား ပါ၏။ အကျွန်ုပ် ၏ အရှင် ဘုရား သခင်၊ ကိုယ်တော်သည် ပြန် ပြောတော်မူမည်။ ၁၆ သို့မဟုတ် ၊ သူတို့သည် အကျွန်ုပ်အမှုမှာ ဝမ်းမြောက် ကြပါလိမ့်မည်။ အကျွန်ုပ် သည် ခြေ ချော် သောအခါ အကျွန်ုပ် တဘက် ၌ ကိုယ် ကို ချီးမြှောက် ကြပါ လိမ့်မည်ဟု လျှောက် ပါပြီ။ ၁၇

အကျွန်ုပ် လဲ လု သည်ဖြစ်၍ ၊ ကိုယ် ဆင်းရဲ ခြင်းကို အစဉ် အောက်မေ့ လျက်နေရပါ၏။ ၁၈ ကိုယ် အပြစ် ကိုဘော်ပြပါ၏။ ပြစ်မှား မိသောကြောင့် စိတ် ပူပန်ခြင်းရှိပါ၏။ ၁၉ အကျွန်ုပ် ၏ ရန်သူ တို့ကား ၊ ကျန်းမာ လျက် ၊ ခွန်အား ကြီးလျက်ရှိ ကြပါ၏။ အကျွန်ုပ် ကို မ ဟုတ်မှန်ဘဲ မုန်း သောသူတို့ကား၊ များပြား ကြပါ၏။ ၂၀ အကျွန်ုပ် သည် ကျေးဇူး တရားကို ကြိုးစား၍ ကျင့် သောကြောင့် ၊ ကျေးဇူး အတွက် အပြစ် ပြု တတ်သောသူတို့ သည်အကျွန်ုပ် ကို ရန်ဘက် ပြုကြပါ၏။ ၂၁ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို စွန့်ပစ် တော်မ မူ ပါနှင့်။ အကျွန်ုပ် ၏ ဘုရား ၊ အကျွန်ုပ် နှင့် ဝေးဝေးနေ တော် မ မူပါနှင့်။ ၂၂ အကျွန်ုပ် ကို ကယ်တင် တော်မူသောဘုရား ရှင်၊ အကျွန်ုပ် ကိုမစ ခြင်းငှါ အလျင်အမြန်ကြွလာ တော်မူပါ။

၃၉ ငါ သည်စကား ဖြင့် မျှ မပြစ်မှား မည်အကြောင်း၊ ကိုယ် ကျင့် ကို သတိ ပြုမည်။ မတရား သောသူသည် ငါ့ ရှေ့မှာ ရှိ စဉ်၊ ငါ သည်ကိုယ်နှုတ် ကို ချည်နှောင် မည်ဟု ငါပြော ထား၏။ ၂ စကား မပြောဘဲအ လျက်နေ၏။ ကောင်း သော အရာကို ပင် မ ပြော။ ထို သို့နေစဉ်၊ ငါ သည် စိတ် ညစ်ညူးခြင်းရှိ ၏။ ၃ ကိုယ် အထဲ မှာ နှလုံး ပူဆွေး ခြင်းရှိ၏။ ငါ ညည်းတွား စဉ် ၊ မီး လောင် လေ၏။ ထိုအခါငါ သည် နှုတ် မြွက် ၏။ ၄ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် ကိုယ်ပျက် တတ်သော သဘောကိုသိ ရပါမည်အကြောင်း၊ အကျွန်ုပ် ၏လမ်း ဆုံးကိုငင်း၊ အကျွန်ုပ် ၏ အသက် အပိုင်း အခြားကိုငင်း သိ စေတော်မူပါ။ ၅ အကျွန်ုပ် အသက် တာကို တမိုက် မျှသာ ခန့်ထား တော်မူပြီ။ အကျွန်ုပ် အရွယ် သည် ရှေ့တော်၌ ဘာမျှ မဟုတ် သကဲ့သို့ ဖြစ်ပါ၏။ အကယ် စင်စစ်လူမည်သည် ကား၊ လူ ၏အထွဋ် သို့ ရောက် သော်လည်း၊ အနတ္တ သက် သက်ဖြစ်ပါ၏။ ၆ အကယ် စင်စစ်လူ သည် အရိပ် ၌ သာ ကျင်လည် ပါ၏။ အကယ် စင်စစ်လူတို့သည် အကျိုး မဲ့ပင်ပန်း ကြပါ ၏။ ဥစ္စာ ကိုဆည်းဖူးသော်လည်း အဘယ် သူရ အံ့သည် ကို မ သိ ရပါ။ ၇ ယခု မူကား ၊ အကျွန်ုပ်သည် အဘယ်သို့ မြော်လင့် ရပါမည်နည်း။ အိုထာဝရ ဘုရား၊ ကိုယ်တော် ၌ သာ မြော်လင့် စရာအကြောင်းရှိပါ၏။ ၈ ပြစ်မှားမိသမျှ သောအပြစ် တို့မှ အကျွန်ုပ် ကို လွှတ် တော်မူပါ။ မိုက် သောသူတို့ ၏ ကဲ့ရဲ့ ခြင်းကို ခံ စေတော်မ မူပါနှင့်။ ၉ ကိုယ်တော် စီရင် တော်မူရာ ဖြစ်သောကြောင့် ၊ အကျွန်ုပ်ပြော စရာမရ။ နှုတ် ကို မ ဖွင့် ဘဲနေရပါ၏။ ၁၀ အကျွန်ုပ် ကို ဒဏ်ခတ် တော်မမူပါနှင့်ဦး။ လက် တော်အောက်၌ ဆုံးမ ခြင်းကိုခံ ရ၍ အား ကုန်ပါပြီ။ ၁၁ ကိုယ်တော်သည် လူ တို့အပြစ် ကြောင့် ဆုံးမ ၍ ဒဏ်ခတ် တော်မူလျှင် ၊ ပိုးရွ ဖျက်တတ်သကဲ့သို့ ၊ လူ တို့၏ တင့်တယ် ခြင်းအသရေကို ပြယ် ပျောက်စေတော်မူ၏။ အကယ် စင်စစ်လူ ခပ်သိမ်း တို့သည် အနတ္တ သက်သက်ဖြစ်ကြပါ၏။ ၁၂ အိုထာဝရဘုရား ၊ အကျွန်ုပ် ဆုတောင်းခြင်း ပဌနာ ကို ကြား တော်မူပါ။ အကျွန်ုပ် အော်ဟစ် သော အသံကို နားထောင် တော်မူပါ။ အကျွန်ုပ် မျက်ရည် ကို ကြည့် ၍ နေတော်မ မူပါနှင့်။ ဘိုးဘေး အပေါင်း တို့သည် ဖြစ်ဘူးသကဲ့သို့ ၊ အကျွန်ုပ် သည် ရှေ့တော်၌ ဧည့်သည် အာဂန္တုဖြစ်၏။ ၁၃ အကျွန်ုပ် သည် ရွှေသွား ၍ မ ပျောက်မီတွင် သက်သာ ရမည်အကြောင်း ၊ မျက်နှာ လွှဲတော်မူပါ။

၄၀ ငါသည် ထာဝရဘုရား ကို စေ့စေ့မြော်လင့် သည် ကာလ၊ ငါ့ ကို မျက်နှာ ပြု၍ ငါ အော်ဟစ် သောအသံကို ကြား တော်မူ၏။ ၂ ပျက်စီး ရာတွင်း နှင့် အလွန် ဆိုးသောရွံ့ ထဲ ကငါ့ ကို ဆယ် နှုတ်ပြီးလျှင် ငါ့ ခြေ တို့ကို ကျောက်ပေါ် မှာတင် ၍ ငါ ခြေ ရာတို့ကို တည် စေတော်မူ၏။ ၃ ထိုသို့ငါ တို့ဘုရား သခင်ကို ချီးမွမ်း ရာသီချင်း သစ် ကို ငါ မြွက်ဆို စေ ခြင်းငှါ အခွင့်ပေး တော်မူ၏။ လူများ တို့သည် သိမြင် ၍ ကြောက်ရွံ့ သောစိတ် နှင့် ထာဝရဘုရား ကို ကိုးစား ကြလိမ့်မည်။ ၄ မာန ထောင်လွှားသောသူနှင့် မိစ္ဆာတရား လမ်း သို့ လွှဲ သွားသောသူတို့ ကိုမ မှီ ဝဲ၊ ထာဝရဘုရား ကို ကိုးစား သောသူ သည် မင်္ဂလာ ရှိ၏။ ၅ အကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ အကျွန်ုပ် တို့အဘို့ ပြု တော်မူသောအံ့ဩ ဘွယ်အမှုတို့နှင့် ကြံစည်တော်မူသောအကြံ အစည်တို့သည် များ လှပါ၏။ ရှေ့ တော်၌ အစဉ်အတိုင်းလျှောက် ၍ မ ကုန်နိုင်ပါ။ အကျွန်ုပ်ထုတ်ဘော် ကြားပြောမည်ဟုဆိုသော် ၊ ရေတွက် ၍ မကုန်နိုင်အောင် များ လှပါ၏။ ၆ ကိုယ်တော်သည် ယဇ် နှင့် ပူဇော် သက္ကာကို အလို တော် မ ရှိသည် ဖြစ်၍ ၊ အကျွန်ုပ် နား ကို ဖွင့် တော်မူပြီ။ မီးရှို့ ရာယဇ်နှင့် အပြစ် ဖြေရာယဇ်များကို တောင်း တော် မ မူသောအခါ၊ ၇ ကျမ်းစာ လိပ် ၌ အကျွန်ုပ် ကို အမှတ်ပြု၍ ရေး ထား သည်နှင့်အညီ ၊ အကျွန်ုပ်သည် သွား ပါမည်ဟု ဝန်ခံ ပါ၏။ ၈ အကျွန်ုပ် ၏ ဘုရား သခင်၊ ကိုယ်တော် ၏အလို ကို ဆောင် ရာ၌ အကျွန်ုပ်သည် အား ရဝမ်းမြောက်ပါ၏။ ကိုယ်တော် ၏တရား သည်လည်း အကျွန်ုပ် နှလုံး ထဲ မှာ ရှိပါ၏။ ၉ ဖြောင့်မတ် ခြင်းတရားကို ပရိသတ် ကြီး အလယ် မှာ အကျွန်ုပ် ဟော ပါပြီ။ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် ကိုယ်နှုတ် ကိုပိတ် ၍ မ နေကြောင်းကို ကိုယ်တော် သိ တော်မူ ၏။ ၁၀ ဖြောင့်မတ် စွာ စီရင်တော်မူခြင်းတရားကို အကျွန်ုပ် သည် ကိုယ်နှလုံး ထဲ မှာ ဝှက် ၍မ ထားပါနှင့်။ သစ္စာ စောင့်တော်မူခြင်းတရားနှင့် ကယ်တင် တော်မူခြင်းတရားကို ဟောပြော ပါပြီ။ ကရုဏာ တော်နှင့် သစ္စာ တော်ကို ပရိသတ် ကြီး အလယ်မှာ မ ထိမ်မဝှက်ပါ။ ၁၁ အိုထာဝရဘုရား ၊ အကျွန်ုပ် ၌ သနား စုံမက်တော်မူခြင်းစိတ်ကို မ ချုပ်တည်း ပါနှင့်။ ကရုဏာ တော်နှင့် သစ္စာ တော်သည် အကျွန်ုပ် ကို အစဉ် စောင့် မပါစေသော။ ၁၂ အကြောင်း မူကား၊ အတိုင်း မ သိများစွာသော ဘေး ဥပဒ်တို့သည် အကျွန်ုပ် ကို ဝိုင်း ကြပါပြီ။ အကျွန်ုပ်မျှော် ၍ မ ကြည့် နိုင် အောင်ခံရသောအပြစ် တို့သည် အကျွန်ုပ် ကို မှီ ကြပါပြီ။ အကျွန်ုပ် ဆံပင် ထက် များပြား သည် ဖြစ်၍၊ အကျွန်ုပ် နှလုံး သည် အားလျော့ ပါပြီ။ ၁၃ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို နှုတ်ယူ ခြင်းငှါ အလိုရှိ တော်မူပါ။ အိုထာဝရဘုရား ၊ အကျွန်ုပ် ကိုမစ ခြင်းငှါ အလျင် အမြန်ပြုတော်မူပါ။ ၁၄ အကျွန်ုပ် အသက် ကို သတ် ခြင်းငှါ ရှာ ကြံသော သူအပေါင်း တို့သည် အရှက်ကွဲ ၍ မျက်နှာ ပျက်ကြပါစေ သော။ အကျွန်ုပ် ၌ အန္တရာယ် ပြု ချင်သောသူတို့သည် လှန် ခြင်းကိုခံရ၍ ရှက်ကြောက် ခြင်းသို့ရောက်ကြပါစေ သော။ ၁၅ အကျွန်ုပ် ကို အေ့ဟေ ၊ အေ့ဟေ ဟုဆို သောသူတို့ သည် အရှက်ကွဲ ခြင်းအားဖြင့် မှိုင် တွေကြပါစေ သော။ ၁၆ ကိုယ်တော် ကိုရှာ သော သူအပေါင်း တို့သည် ကိုယ်တော် ၌ ဝမ်းမြောက် ရွှင်လန်း ကြပါစေသော။ ကယ်တင် တော်မူခြင်းကျေးဇူးကို နှစ်သက် သောသူတို့ သည် ထာဝရဘုရား ဘုန်းကြီး တော်မူစေသတည်းဟု အစဉ် မပြတ်ပြော ကြပါစေသော။ ၁၇ အကျွန်ုပ် မူကား ၊ ဆင်းရဲ ဝတ်မွတ် သော်လည်း ၊ ထာဝရ ဘုရား သည် အကျွန်ုပ် ကို အောက်မေ့

တော်မူ၏။ ကိုယ်တော် သည် အကျွန်ုပ် ကို မစ သောသူ၊ ကယ်တင် သောသူဖြစ်တော်မူ၏။ အကျွန်ုပ် ၏ ဘုရား သခင်၊ ဆိုင်းလင့် တော်မ မူပါနှင့်။

၄၁ ဆင်းရဲ သောသူကို အောက်မေ့ သောသူသည် မင်္ဂလာ ရှိ၏။ ခဲယဉ်း သောကာလ ၌ ထိုသူ ကို ထာဝရဘုရား ကယ်နှုတ် တော်မူမည်။ ၂ ထာဝရဘုရား သည် စောင့်မ ၍ အသက် ချမ်းသာ ပေးတော်မူသဖြင့် ၊ ထိုသူသည် ပြည် တော်၌ ကောင်းကြီး မင်္ဂလာကို ခံရလိမ့်မည်။ ထိုသူ ကို ရန်သူ တို့ အလို သို့ ကိုယ်တော် သည် အပ် တော်မ မူပါ။ ၃ သူ သည်နာဖျား ၍ တုံးလုံး နေသောအခါ ၊ ထာဝရဘုရား သည် ထောက် ပင့်တော်မူမည်။ နာ ၍ နေစဉ်ကာလ ကိုယ်တော်သည် သူ ၏အိပ်ရာ ရှိသမျှ ကို လှန် ပြန်တော်မူ မည်။ ၄ ငါ လျှောက်ဆို ရသည်ကား၊ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို သနား တော်ပါ။ အကျွန်ုပ်သည် ကိုယ်တော် ကို ပြစ်မှား မိသည်ဖြစ်၍ ၊ အကျွန်ုပ် ၌ စိတ် ဝိညာဉ်၏ အနာကိုပျောက် စေတော်မူပါဟု လျှောက်ဆို၏။ ၅ ငါ့ ရန်သူ တို့က၊ သူ သည်သေ ၍ သူ၏နာမ သည် အဘယ် ကာလမှ တိမ်မြုပ် လိမ့်မည်နည်းဟု ငါ့ ကို မနာလို ၍ ဆို တတ်ကြ၏။ ၆ ငါ့ကို ကြည့် လာ သောသူသည် မုသာ စကားကို ပြော တတ်၏။ သူ ၏နှလုံး သည်လည်း မ ကောင်းသော အကြံကို ဆည်းဖူး သည်နှင့် ၊ ထွက်သွား သောအခါ ထုတ် ဘော်ပြော တတ်၏။ ၇ ငါ့ ကိုမုန်း သော သူအပေါင်း တို့သည် ငါ့ ကို ရန်ဘက် ပြု၍၊ တယောက်နှင့် တယောက်တိုး တိုးပြော လျက်၊ ငါ ၌ မ ကောင်းသောအကြံကို ကြံစည် တတ်ကြ၏။ ၈ သူ ၌ အဓမ္မ အမှု အရာစွဲကပ် သည်ဖြစ်၍ ၊ တခါလဲ လျှင် နောက် တဖန်မ ထ ရဟု ဆိုကြ၏။ ၉ အကယ် စင်စစ်ငါယုံ ၍ ၊ ငါ့ မုန့် ကိုစား သော အဆွေခင်ပွန်း သည် ငါ့ ကို ခြေနှင့်ကျောက်သတည်း။ ၁၀ အိုထာဝရဘုရား ၊ သူ တို့အပြစ်ကို အကျွန်ုပ် ဆပ်ပေး နိုင်မည် အကြောင်း ၊ အကျွန်ုပ် ကို သနား ၍ ထမြောက် စေတော်မူပါ။ ၁၁ အကျွန်ုပ် ၏ ရန်သူ သည် အကျွန်ုပ် အား မ နိုင် ကြောင်း ကိုထောက် ၍၊ ကိုယ်တော်သည် အကျွန်ုပ် ကို မြတ်နိုး တော်မူသည်ဟု သိ ရပါ၏။ ၁၂ ကိုယ်တော် သည် အကျွန်ုပ် ကို အကျွန်ုပ် စုံလင် ခြင်းအရာ၌ မစ ၍ ၊ ကာလအစဉ် အဆက် ရှေ့ တော်ထံ မှာနေရာ ပေးတော်မူလတံ့။ ၁၃ ဣသရေလ အမျိုး၏ ဘုရား သခင် တည်း ဟူသော ထာဝရဘုရား သည် ကမ္ဘာ အဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်း။ အာမင် နှင့် အာမင်။

၄၂ သမင် ဒရယ်သည် ရေစီး သော ချောင်း ကို တောင့် တသကဲ့သို့ ၊ အကျွန်ုပ် ဝိညာဉ် သည် ကိုယ်တော် ကို တောင့် တပါသည်ဘုရား။ ၂ ငါ့ ဝိညာဉ် သည် ဘုရား သခင်တည်း ဟူသောအသက် ရှင်တော်မူသောဘုရား ကို ငတ် လှ၏။ အဘယ် ကာလမှ ဘုရား သခင့်ထံ တော်သို့ ရောက် ၍ မျက်နှာ ပြရအံ့ နည်း။ ၃ သူတပါးတို့က၊ သင် ၏ဘုရား သခင်သည် အဘယ် မှာရှိသနည်းဟု ငါ့ ကို အစဉ် ပြော ဆိုကြသဖြင့် ၊ ငါ့ မျက်ရည် သည် နေ့ ညဉ့်မပြတ် ငါ စား စရာ ဖြစ် ရ၏။ ၄ ထို အခြင်းအရာကို ငါအောက်မေ့ ၍ နေစဉ်တွင်၊ ငါ့ စိတ် နှလုံးသည် ကြေကွဲ လျက်ရှိ၏။ အကြောင်း မူကား၊ ငါသည်လူစု များနှင့် ပေါင်းဘော်လျက်၊ ရွှင်လန်း ခြင်း အသံ ၊ ထောမနာ ပြုခြင်းအသံတို့ကို ပြိုင်ဆို၍၊ ဓမ္မပွဲ ခံ သောလူစု များနှင့်အတူ ဘုရား သခင်၏ အိမ် တော်သို့ ဖြည်းညှင်း စွာ သွား လှလေပြီ။ ၅ အိုငါ့ ဝိညာဉ် ၊

သင်သည်အဘယ် ကြောင့်ညှိုးငယ် သနည်း။ ငါ့ အထဲ မှာအဘယ်ကြောင့်မ ငြိမ်မဝပ်ရှိသနည်း။ ဘုရား သခင်ကို မြော်လင့် လျက်နေလော့။ ငါ့ကို ကယ်တင် တော်မူသောအရှင်၊ ငါကိုးကွယ်သော ဘုရားသခင် ၏ ကျေးဇူးတော်ကို ငါချီးမွမ်း ထောမနာပြုရလေအံ့ သတည်း။ ၆ အကျွန်ုပ် စိတ် ဝိညာဉ်သည် အကျွန်ုပ် အထဲ မှာ ညှိုးငယ် လျက်ရှိပါ၏။ အကြောင်း မူကား၊ ယော်ဒန် မြစ် ကမ်း ၊ ဟေရမုန် တောင်ရိုး၊ မိဇရ ကုန်း ပေါ် မှာ ကိုယ်တော် ကို အကျွန်ုပ်အောက်မေ့ ပါ၏။ ၇ ရေတွေ တော်များအသံ ဗလဲနှင့်တကွ ဝဲ သြဃတခုကို တခုဟစ် ခေါ်၍ လှိုင်း တံပိုး တော်အပေါင်း တို့သည် အကျွန်ုပ် ကို လွှမ်းမိုး ကြပါပြီ။ ၈ သို့သော်လည်း၊ ထာဝရဘုရား သည် နေ့ အခါ သနားခြင်းကျေးဇူး တော်ကိုပေး ချတော်မူ၏။ ညဉ့် အခါ ၌ လည်း ဂုဏ်တော်ကို သီချင်း ဆိုလျက်၊ ငါ့ ၏အသက် သခင် ကို ပဌနာ ပြုလျက် ငါ နေ၏။ ၉ အကျွန်ုပ် ကိုအဘယ် ကြောင့် မေ့လျော့ တော်မူသနည်း။ ရန်သူ ညှဉ်းဆဲ နှိပ်စက်ခြင်းကို ခံရ၍၊ အကျွန်ုပ် သည် ကြမ်းတမ်းသောအဝတ်ကို ဝတ်လျက် အဘယ် ကြောင့် နေရပါသနည်းဟု ငါ ၏ကျောက် ဖြစ်သော ဘုရား သခင် ကို ငါလျှောက် ရ၏။ ၁၀ ငါ့ ရန်သူ တို့က၊ သင် ၏ဘုရား သခင်သည် အဘယ် မှာရှိသနည်းဟု ငါ့ ကို အစဉ် ပြော ဆိုကြသဖြင့် ၊ ငါ့အရိုးတို့ကို ချိုး၍ကဲ့ရဲ့တတ်ကြ၏။ ၁၁ အိုငါ့ ဝိညာဉ် ၊ သင်သည် အဘယ်ကြောင့် ညှိုးငယ် သနည်း။ ငါ့ အထဲ မှာ အဘယ်ကြောင့် မ ငြိမ်မဝပ်ရှိ သနည်း။ ဘုရား သခင်ကို မြော်လင့် လျက်နေလော့။ ငါ့ ကိုကယ်တင် တော်မူသောအရှင် ၊ ငါ ကိုးကွယ်သော ဘုရား သခင်၏ကျေးဇူးတော်ကို ငါချီးမွမ်း ထောမနာပြုရ လေအံ့သတည်း။

၄၃ အိုဘုရား သခင်၊ အကျွန်ုပ် အမှု ၌ တရား ဆုံးဖြတ်တော်မူပါ။ ကရုဏာ မ ရှိသော လူမျိုး တဘက် ကနေ၍ အကျွန်ုပ်အမှုကို စောင့် တော်မူပါ။ သစ္စာ မရှိ၊ မ တရား သောသူ ၏လက်မှ အကျွန်ုပ် ကို ကယ်လွှတ် တော်မူပါ။ ၂ ကိုယ်တော်သည် အကျွန်ုပ် ခိုလှုံ ရာ ဘုရား ဖြစ်တော်မူ၏။ အကျွန်ုပ် ကိုအဘယ်ကြောင့် စွန့်ပစ် တော်မူသနည်း။ ရန်သူ ညှဉ်းဆဲ နှိပ်စက်ခြင်းကိုခံရ၍ ၊ အကျွန်ုပ် သည် ကြမ်းတမ်း သော အဝတ်ကိုဝတ်လျက် အဘယ်ကြောင့် နေရပါသနည်း။ ၃ အလင်း တော်နှင့် သစ္စာ တော်ကို စေလွှတ် တော်မူပါ။ သူ တို့သည် လမ်းပြ ၍ သန့်ရှင်း သောတောင် တော်သို့ ၎င်း၊ တဲ တော်သို့ ၎င်း အကျွန်ုပ် ကို ပို့ဆောင် ပါစေသော။ ၄ သို့ပြုလျှင် ဘုရား သခင်၏ ယဇ် ပလ္လင်သို့ ၎င်း၊ အကျွန်ုပ် ဝမ်းမြောက် ရွှင်လန်း ရာ ဘုရား သခင်ထံ တော် သို့၎င်း၊ အကျွန်ုပ်သည် ရောက် လာ၍ ၊ ကိုယ်တော် ကို စောင်း တီးလျက် ချီးမွမ်း ထောမနာပြုပါမည်ဘုရား ၊ အကျွန်ုပ် ဘုရား။ ၅ အိုငါ့ ဝိညာဉ် ၊ သင်သည်အဘယ်ကြောင့် ညှိုးငယ် သနည်း။ ငါ့ အထဲ မှာအဘယ်ကြောင့် မ ငြိမ်မဝပ်ရှိသနည်း။ ဘုရား သခင်ကို မြော်လင့် လျက်နေလော့။ ငါ့ ကို ကယ်တင် တော်မူသောအရှင် ၊ ငါ ကိုးကွယ်သောဘုရား သခင်၏ကျေးဇူးတော်ကို ငါချီးမွမ်း ထောမနာ ပြုရလေအံ့ သတည်း။

၄၄ အိုဘုရား သခင်၊ ရှေး လွန်လေပြီးသောကာလ တွင် ၊ ဘိုးဘေး တို့လက်ထက် ၌ ပြု တော်မူသောအမှု ကို သူတို့ပြော ၍ ၊ အကျွန်ုပ် တို့သည် ကိုယ်တိုင်ကြား ရကြပါပြီ။ ၂ တပါး အမျိုးသားတို့ကို လက် တော်ဖြင့် နှင်ထုတ် ၍

အကျွန်ုပ်တို့၏ ဘိုးဘေး များကို နေရာ ချတော်မူ၏။ တပါး အမျိုးသားတို့ကို နှိပ်စက် ၍ ဘိုးဘေး များကို ပြန့်ပွါး စေတော်မူ၏။ ၃ သူ တို့သည် ကိုယ်ထား ဖြင့် ထိုမြေ ကိုအစိုး ရကြ သည်မဟုတ် ပါ။ ကိုယ် လက် ဖြင့် ကိုယ် ကို ကယ်တင် ကြသည် မဟုတ် ပါ။ ကိုယ်တော်အလိုရှိ သောကြောင့် လက္ခာ လက်ရုံးတော်နှင့် မျက်နှာ တော်အလင်း အားဖြင့် သူတို့ကို ကယ်တင် တော်မူ၏။ ၄ အိုဘုရား သခင်၊ ကိုယ်တော် သည် အကျွန်ုပ် ၏ ရှင် ဘုရင်ဖြစ်တော်မူ၏။ ယာကုပ် အမျိုး၏ ကယ်တင် ခြင်း အကြောင်းကို စီရင် တော်မူပါ။ ၅ ကိုယ်တော် အားဖြင့် အကျွန်ုပ် တို့သည် ရန်သူ များ ကို တွန်းချ ကြပါစေသော။ ရန်ဘက် ပြုသောသူတို့ကို နာမတော် အားဖြင့် နင်း ရသောအခွင့်ရှိကြပါစေသော။ ၆ ကိုယ် ၌ ပါသောလေး ကို အကျွန်ုပ်သည် မ ကိုးစား။ ကိုယ် ထား သည် အကျွန်ုပ် ကို မ ကယ် ရပါ။ ၇ ကိုယ်တော်သာလျှင် အကျွန်ုပ် တို့ကို ရန်သူ လက် မှ ကယ်လွှတ် တော်မူ၏။ အကျွန်ုပ် တို့အား မုန်း သော သူများကိုလည်း အရှက်ကွဲ စေတော်မူ၏။ ၈ အကျွန်ုပ်တို့သည် မ ခြားမလပ်ဘုရား သခင်၌ ဝါကြွား ၍ နာမတော် ကို အစဉ် အမြဲချီးမွမ်း ကြပါ၏။ ၉ သို့သော်လည်း ၊ ကိုယ်တော်သည် အကျွန်ုပ် တို့ကို စွန့်ပစ် ၍ အရှက်ကွဲ စေတော်မူပြီး။ အကျွန်ုပ် တို့ ဗိုလ်ခြေ နှင့်အတူ ကြွ တော်မ မူပါ။ ၁၀ အကျွန်ုပ် တို့ကို ရန်သူ ရှေ့ မှာပြန် ပြေး စေ တော်မူ၍ ၊ မုန်း သောသူတို့သည် အလိုလိုလုယူ ရကြ၏။ ၁၁ ဟင်းလျာ ဖြစ်သောသိုး များကဲ့ သို့အကျွန်ုပ် တို့ကို အပ် လိုက်၍ ၊ တပါးအမျိုးသား တို့တွင် အရပ်ရပ်ကွဲပြား စေ တော်မူ၏။ ၁၂ ကိုယ်တော် ၏ လူ များကိုအဘိုး မ ခံဘဲရောင်း ၍ ၊ ရောင်း သောအားဖြင့် စီးပွါး တော်ကို တိုးပွါး စေတော်မူသည် မ ဟုတ်။ ၁၃ အကျွန်ုပ် တို့ကို အိမ်နီးချင်း များကဲ့ရဲ့ ရာ ပတ်ဝန်းကျင် ၌နေသောသူများပြက်ယယ် ပြု၍ ၊ အရှက် ခွဲရာ ဖြစ်စေခြင်းငှါ စီရင် တော်မူ၏။ ၁၄ တပါးအမျိုးသား တို့သည် အကျွန်ုပ် တို့ကို ပုံ ခိုင်း ရသောအခွင့်၊ လူစု တို့သည် ခေါင်း ညှိတ် ရသောအခွင့်ကိုပေး တော်မူ၏။ ၁၅ ကဲ့ရဲ့ သောသူနှင့် အသရေ ဖျက်သောသူ ၏ စကား ကြောင့် ၎င်း၊ ၁၆ ရန်ဘက် ပြုသောသူနှင့် လက်စားချေ သောသူ၏ မျက်နှာကြောင့်၎င်း၊ အကျွန်ုပ် သည် ကိုယ် အရှက် ကွဲခြင်းအကြောင်းကို အစဉ် မျက်မှောက် ပြုရပါ၏။ မျက်နှာ ရှက် ခြင်းအားဖြင့် မွန်း လျက်နေရပါ၏။ ၁၇ ထို မျှ လောက်ခံရ သော်လည်း ၊ အကျွန်ုပ် တို့သည် ကိုယ်တော် ကို မ မေ့ မလျော့။ သစ္စာ တော်ကို မ ဖျက် ကြပါ။ ၁၈ စိတ် နှလုံးသည် နောက် သို့မ ဆုတ် ၊ တရားတော် လမ်း မှ လွှဲ ၍ မသွား ကြပါ။ ၁၉ ကိုယ်တော်မူကား ၊ မြေခွေး နေရာ အရပ်မှာ အကျွန်ုပ် တို့ကို ချိုးဖဲ့ နှိပ်စက်၍ ၊ သေခြင်း အရိပ်နှင့် ဖုံးလွှမ်း တော်မူ၏။ ၂၀ အကျွန်ုပ် တို့သည် ကိုယ်ဘုရား သခင်၏ နာမတော် ကိုမေ့လျော့ ၍ ၊ တပါး အမျိုး၏ ဘုရား ထံ သို့လက် ကိုဆန့် သည်မှန်လျှင်၊ ၂၁ နှလုံး ၌ဝှက်ထား သော အရာများကိုဘုရား သခင် သိ တော်မူသည်ဖြစ်၍ ၊ ထို အမှုကိုမ စစ် ဘဲနေတော်မူမည် လော။ ၂၂ အကယ် စင်စစ်ကိုယ်တော် အတွက် အကျွန်ုပ်တို့ သည် အစဉ် မပြတ်အသေသတ် ခြင်းကိုခံရကြပါ၏။ သတ် ဘို့ရာထားသောသိုး ကဲ့သို့ အကျွန်ုပ်တို့ကို သူတပါး မှတ် တတ်ကြပါ၏။ ၂၃ အိုဘုရား ရှင်၊ နိုး တော်မူပါ။ အဘယ်ကြောင့် ကျိန်းစက် တော်မူသနည်း။ ထ တော်မူပါ။ အကျွန်ုပ်တို့ကို အစဉ် စွန့်ပစ် တော်မ မူပါနှင့်။ ၂၄ အကျွန်ုပ် တို့ ခံရသောနှိမ့်ချ ခြင်းနှင့် ညှဉ်းဆဲ ခြင်းကို မျက်နှာ တော်လွှဲ ၍ အဘယ်ကြောင့် မေ့လျော့ တော်မူသနည်း။ ၂၅ အကျွန်ုပ် တို့၏စိတ်

ဝိညာဉ်သည် မြေ တိုင်အောင် နှိမ့်ချ ခြင်းကို ခံရ၍ ၊ ရင်ပတ် လည်းမြေ ၌ ကပ် လျက်ရှိပါ၏။ ၂၆ အကျွန်ုပ် တို့ကို မစ
သောဘုရား ၊ ထ တော်မူပါ။ ကရုဏာ တော်နှင့်အညီ ရွေးနှုတ် တော်မူပါ။

၄၅ ငါ့ စိတ် နှလုံးသည် မင်္ဂလာ စကား နှင့်ပွက် ထ လျက်ရှိ၍၊ ငါ စီရင် သောအရာ ကို ရှင်ဘုရင် ရှေ့တော်၌ မြွက်ဆို
ပေအံ့။ ငါ့ လျှာ သည်လည်း လိမ္မာ ကျွမ်းကျင်သော စာရေး ၏ကညစ် ဖြစ်ရ၏။ ၂ ကိုယ်တော် သည် လူမျိုး ထက်
အဆင်း လှပါ၏။ နှုတ် တော်သည် ကျေးဇူး စကားနှင့် ပြည့်စုံ ပါ၏။ ထိုကြောင့် ဘုရား သခင်သည် ကိုယ်တော် ကို
အစဉ် အမြဲကောင်းကြီး ပေးတော်မူ၏။ ၃ တန်ခိုး ကြီး သောအရှင် ၊ ဘုန်း အသရေတော် ဖြစ်သော ကိုယ်တော် ၏ထား
ကို ပေါင် တော်၌ စည်း တော်မူပါ။ ၄ သစ္စာ တရား ၊ နူးညံ့ ခြင်းတရား၊ ဖြောင့်မတ် ခြင်း တရားကြောင့် ၊ အသရေ
တော်ထင်ရှားလျက် ၊ အောင်မြင် ၍ စီး သွားတော်မူပါ။ လက်ျာ လက်တော်လည်း ကြောက်မက် ဘွယ်သောအရာကို
ကိုယ်တော် အားပြ ပါလိမ့်မည်။ ၅ ရှင်ဘုရင် ၏ ရန်သူ တို့နှလုံး ထဲ မှာ မြှား တော်တို့သည် ထက် သည်ဖြစ်၍၊ လူ
တို့သည် ခြေတော်အောက် ၌ လဲ ကြ ပါ၏။ ၆ အိုဘုရား သခင်၊ ကိုယ်တော် ၏ပလ္လင် သည် နိစ္စ ထာဝရပလ္လင် ဖြစ်ပါ၏။
ကိုယ်တော် ၏နိုင်ငံ သည် တရား သဖြင့်စီရင်သော နိုင်ငံဖြစ်ပါ၏။ ၇ ကိုယ်တော်သည်ဖြောင့်မတ် ခြင်းတရားကို
နှစ်သက် ၍ မ တရားသောအမှုကို မုန်း တော်မူ၏။ ထိုကြောင့် ဘုရား သခင်၊ ကိုယ်တော် ၏ဘုရား သခင်သည်
ကိုယ်တော် ၏အပေါင်းဘော် တို့ထက် ၊ ကိုယ်တော် ကို ချီးမြှောက်၍၊ ဝမ်းမြောက် ခြင်းဆီ နှင့်ဘိသိတ် ပေးတော်မူပြီ။ ၈
ဆင်စွယ် ဘုံ ဗိမာန်ထဲက ထုတ်သောအဝတ် တန်ဆာတော်ရှိသမျှ တို့သည်မုရန် ၊ အကျော် ၊ သစ် ကြဲပိုးအမွှေးနှင့်
ပြည့်စုံ၍ နှစ်သက် တော်မူဘွယ် ဖြစ်ကြပါ၏။ ၉ အပြည်ပြည်သော မင်း သမီး တို့သည် မောင်းမ မိသီးအဝင် ဖြစ်၍၊
လက်ျာ တော်ဘက် မှာ ဩဖိရ ရွှေ တန်ဆာဆင်သော မြောက် သားတော်နေရာ ဖြစ်ပါ၏။ ၁၀ ငါ့သမီး နားထောင် လော့။
ဆင်ခြင် ၍ နာ ယူ လော့။ ကိုယ် အမျိုးသား ချင်းနှင့် ကိုယ် အဘ ၏အိမ် ကို မေ့လျော့ လော့။ ၁၁ သို့ပြုလျှင် သင်
လှ သောအဆင်းကို ရှင် ဘုရင်သည် နှစ် လိုစုံမက်တော်မူမည်။ သူ သည် သင် ၏အရှင် ဖြစ်သောကြောင့် သူ့ ကို
ကိုးကွယ် လော့။ ၁၂ တုရ မင်း သမီးမှစ၍ လူစု တွင် ဥစ္စာ ရတတ်သောသူတို့ သည်လည်း၊ လက်ဆောင် ပဏ္ဏာပါ လျက်
သင့် ကို ဖျောင်းဖျ ရကြလိမ့်မည်။ ၁၃ ရှင်ဘုရင် ၏သမီး တော်သည် အတွင်း ၌ ဂုဏ် အသရေသက်သက်ရှိ၏။ ရွှေ
ဖြင့် ချယ်လှယ် သော အဝတ် တန်ဆာကိုဆင်၏။ ၁၄ စျာ နှင့်ကာလျက် ရှင်ဘုရင် ထံသို့ ဆောင် ခဲ့ရ၏။ နောက်
လိုက်သောအပေါင်းအဘော် အပျို တော်များကိုလည်း၊ ကိုယ်တော် ထံ သို့သွင်း ရလိမ့်မည်။ ၁၅ ဝမ်းမြောက် ရွှင်လန်း
သောအခြင်းအရာနှင့် ဆောင် ခဲ့၍ ၊ ရှင်ဘုရင် ၏နန်းတော် သို့ ဝင် ရကြလိမ့်မည်။ ၁၆ ကိုယ်တော် ၏အဘ များ
ကိုယ်စား သား များကို ရ ၍၊ မြေကြီး တပြင်လုံး တွင် မင်း အရာ ၌ခန့်ထား တော်မူလိမ့်မည်။ ၁၇ အကျွန်ုပ်သည်
ကိုယ်တော် ၏နာမ ကို လူမျိုး အစဉ်အဆက် အောက်မေ့ ကျော်စောစေသဖြင့် ၊ လူမျိုး တို့ သည် ကမ္ဘာ အဆက်ဆက်
ကိုယ်တော် ကို ချီးမွမ်း ကြလတံ့သတည်း။

၄၆ ဘုရား သခင်သည် ငါ တို့ခိုလှုံ ရာ ဖြစ်၍ ၊ ခွန်အား ကိုပေး တော်မူ၏။ ဘေး ရောက် သည်ကာလ အထူး သဖြင့်ကူမ
တော်မူကြောင်း ထင်ရှားလျက်ရှိ၏။ ၂ ထိုကြောင့် ပထဝီမြေကြီး သည် ရွေ့ သွား၍ တောင် များတုန်လှုပ်လျက်
သမုဒ္ဒရာ သို့ ကျ သော်လည်း၊ ငါတို့သည် ကြောက်လန့် ခြင်းမ ရှိ။ ၃ သမုဒ္ဒရာရေ သည် ဟုန်းဟုန်းမြည် ၍ မွှေနှောက် ပါ
လေစေ။ လှိုင်း တံပိုးထသဖြင့် ၊ တောင် များတုန်လှုပ် ပါ လေစေ။ ၄ မြစ် တမြစ်ရှိသေး၏။ ထို မြစ် ရေသည်စီး၍ ဘုရား
သခင်၏ မြို့ တည်းဟူသောအမြင့်ဆုံး သောဘုရား ကျိန်းဝပ် တော်မူရာ သန့်ရှင်း သော မြို့တော်ကို ရွှင်လန်း စေတတ်၏။
၅ ထိုမြို့ သည် ဘုရား သခင်ကျိန်းဝပ် တော်မူရာ ဖြစ်၍တုန်လှုပ် ခြင်း မ ရှိရာ။ မိုဃ်းသောက် လင်းစ၌ ဘုရား သခင်ကူမ
တော်မူလိမ့်မည်။ ၆ လူမျိုး တို့သည် ဟုန်းဟုန်းမြည် ကြ၏။ တိုင်း နိုင်ငံတို့သည် လှုပ်ရှား ကြ၏။ ဗျာဒိတ် သံ ကို
လွှတ် တော်မူ၍ မြေကြီး သည် အရည် ဖြစ်လေ၏။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် ငါ တို့နှင့်အတူ
ရှိတော်မူ၏။ ယာကုပ် အမျိုး၏ ဘုရား သခင်သည် ငါ တို့ ခိုလှုံ ရာဖြစ်တော်မူ၏။ ၈ ထာဝရဘုရား စီရင် ပြုပြင်၍
မြေကြီး ပေါ် မှာ သုတ်သင် ပယ်ရှင်းခြင်း အမှုတော်များကို လာ ၍ကြည့်ရှု ကြလော့။ ၉ လေး ကိုချိုး လျက် ၊ လှံ
ကိုအပိုင်းပိုင်းဖြတ် လျက်၊ ရထား ကိုမီး ရှို့ လျက် ၊ မြေကြီး စွန်း တိုင်အောင် စစ်မှု ကို ငြိမ်း စေတော်မူ၏။ ၁၀ ငြိမ်ဝပ်
လျက် နေကြလော့။ ငါ ကား ဘုရား သခင်ဖြစ်သည်ဟု သိ မှတ်ကြလော့။ လူမျိုး တို့တွင် ငါသည် ဘုန်းပွင့် မည်။ မြေကြီး
ပေါ် မှာ ဘုန်းပွင့် မည်။ ၁၁ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် ငါ တို့နှင့်အတူ ရှိတော်မူ၏။ ယာကုပ် ၏
ဘုရား သခင်သည် ငါ တို့ခိုလှုံ ရာဖြစ်တော်မူ၏။

၄၇ လူ များအပေါင်း တို့၊ လက်ခုပ် တီးကြလော့။ ဘုရား သခင် ထံသို့ အော်သံ ကို လွှင့်၍ ကြွေးကြော် ကြလော့။ ၂
အကြောင်း မူကား၊ အမြင့်ဆုံး သော ထာဝရဘုရား သည် ကြောက်မက် ဘွယ်သောဘုရား၊ မြေကြီး တပြင်လုံး ကို
အစိုးရသောမဟာ မင်းကြီး ဖြစ်တော်မူ၏။ ၃ လူစု တို့ကို ငါ တို့အောက် ၌ငင်း၊ လူမျိုး တို့ကို ငါ တို့ခြေ အောက် ၌ငင်း
နှိမ့်ချ တော်မူ၏။ ၄ ချစ် တော်မူသောယာကုပ် ၏ ဘုန်း ဖြစ်သော ငါ တို့အမွေ ကို ငါ တို့အဘို့ ရွေး ပေးတော်မူ၏။ ၅
ကြွေးကြော် ခြင်းအသံနှင့် ဘုရား သခင်တက် တော်မူ၏။ တံပိုး မှုတ်ခြင်းအသံ နှင့် ထာဝရဘုရား တက်တော်မူ၏။
၆ ဘုရား သခင်ကို ချီးမွမ်း ၍ သီချင်း ဆိုကြလော့။ သီချင်း ဆိုကြလော့။ ငါ တို့၏ရှင် ဘုရင်ကို ချီးမွမ်း၍ သီချင်း
ဆိုကြလော့။ သီချင်းဆိုကြလော့။ ၇ အကြောင်း မူကား၊ ဘုရား သခင်သည် မြေကြီး တပြင်လုံး ကိုအစိုးရသောမင်း
ဖြစ်တော်မူ၏။ ချီးမွမ်းခြင်း ထောမနာ သီချင်း ကို ဆိုကြလော့။ ၈ ဘုရား သခင်သည် လူမျိုး တို့တွင် စိုးစံ တော်မူ၏။
ဘုရား သခင်သည် သန့်ရှင်း သော ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူ၏။ ၉ လူမျိုး တို့၏ အကြီး အကဲတို့သည် အာဗြဟံ
ကိုးကွယ်သော ဘုရား သခင်၏လူမျိုး ထံမှာစုဝေး လျက် ရှိကြ၏။ အကြောင်း မူကား၊ မြေကြီး တန်ခိုး များကို ဘုရား
သခင် ပိုင်တော်မူ၏။ အထူး သဖြင့်ချီးမွှောက် ခြင်း ရှိတော်မူ ၏။

၄၈ ထာဝရဘုရား သည် ကြီးမြတ် တော်မူ၏။ သန့်ရှင်း သော တောင် တော်ပေါ်မှာ ငါ တို့ဘုရား သခင်၏ မြို့တော် တွင် အထူး သဖြင့်ထောမနာချီးမွမ်း ခြင်းကိုခံ ထိုက် တော်မူ၏။ ၂ မြေကြီး တပြင်လုံး ရွှင်လန်း ရာ ဇိအုန် တောင်ထိပ် သည် အဆင်း လှ ပေ၏။ မြောက် မျက်နှာတက် ၌ မဟာ မင်းကြီး ၏ မြို့ တော်သည် တည်၏။ ၃ ထိုမြို့ ၏ ဘုံ ဗိမာန်တို့တွင် ဘုရား သခင်၌ ခိုလှုံ ရသည်ကို သိ ရ၏။ ၄ ရှင် ဘုရင်တို့သည် စည်းဝေး ၍ အတူ ရှောက်သွား ကြ၏။ ၅ မြင် သောအခါ မိုင်တွေ ၍ ထိတ်လန့် လျက် ပြေး ကြ၏။ ၆ ထို အရပ်၌ သူ တို့သည် ကြောက်လန့် ခြင်းသို့ ရောက် ၍ သားဘွား သောမိန်းမခံရသကဲ့သို့ ဝေဒနာ ရှိကြ၏။ ၇ တာရှု သဘော်ဘ တို့ကို ချိုးဖျက် သော အရှေ့လေ နှင့် တွေ့သကဲ့သို့ ဖြစ်ကြ၏။ ၈ ငါတို့သည် ကြား ဘူးသည်အတိုင်း၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏မြို့၊ ငါ တို့ဘုရား သခင်၏ မြို့ တော်၌ တွေ့မြင် ရကြ၏။ ဘုရား သခင်သည် မြို့ တော် ကို အစဉ် အမြဲတည် စေတော်မူမည်။ ၉ အိုဘုရား သခင်၊ အကျွန်ုပ်တို့သည် ဗိမာန် တော် ထဲမှာ ကရုဏာ တော်ကို အောက်မေ့ ကြပါ၏။ ၁၀ အိုဘုရား သခင်၊ နာမ တော်သည် မြေကြီး စွန်း တိုင်အောင် နှံ့ ပြားသည်နည်းတူ၊ ဂုဏ် အသရေတော် လည်း နှံ့ ပြားလျက်ရှိ၏။ လက်ျာ လက်တော်သည် ဖြောင့်မတ် ခြင်းတရားနှင့် ပြည့်၀ လျက်ရှိပါ၏။ ၁၁ တရား စီရင်တော်မူချက်များကြောင့် ဇိအုန် တောင် သည် ဝမ်းမြောက် ၍၊ ယုဒ အမျိုးသမီး တို့သည် ရွှင်လန်း ကြပါ၏။ ၁၂ သား မြေးတို့အား ကြား ပြောမည်အကြောင်း ဇိအုန် မြို့ကိုပတ် ပတ်လည်၍ ပြအိုး တို့ကို ရေတွက် ကြလော့။ ၁၃ ရင် တားတို့ကို မှတ် ၍ဘုံ ဗိမာန်များကိုလည်း ဆင်ခြင် ကြလော့။ ၁၄ အကြောင်း မူကား၊ ထို ဘုရား သခင်သည် ကာလ အစဉ်အမြဲငါ တို့၏ဘုရား ဖြစ်တော်မူ၏။ သေ သည် ကာလတိုင်အောင် ငါ တို့ကို ပို့ဆောင် တော်မူလတံ့ သတည်း။

၄၉ လူ များအပေါင်း တို့၊ ကြား ကြလော့။ ခပ်သိမ်း သောလောက သား၊ ၂ အယုတ်အမြတ်၊ ကြွယ်၀ သောသူ၊ ဆင်းရဲ သောသူတို့၊ တညီ တညွတ်တည်းနားထောင် ကြလော့။ ၃ ငါ့ နှုတ် သည်ပညာ ကိုမြွက် ဆိုမည်။ ငါ့ နှလုံး သည် ဉာဏ် နှင့်ဆိုင်သောအရာကို ဆင်ခြင် မည်။ ၄ ပုံ စကားသို့ ကိုယ် နား ကိုလှည့် လျက် နက်နဲ သော အရာကို စောင်း တီး၍ ဖွင့် ပြပေအံ့။ ၅ ခဲယဉ်း ဆိုးယုတ်သောကာလ ၌ ငါ ၏အရာကို လုယူချင်သောသူတို့၏ ဒုစရိုက်အမှုသည် ငါ့ ကို ဝိုင်း သော်လည်း၊ ငါသည် အဘယ်ကြောင့် ကြောက် ရမည်နည်း။ ၆ ထိုသူ တို့သည် ကိုယ်ဥစ္စာ ကို ကိုးစား ၍၊ ကိုယ် စည်းစိမ် များ သောကြောင့်ဝါကြွား သော်လည်း၊ ၇ မိမိညီအစ်ကိုကို အဘယ် သူမျှအလျှင်းမ ရွေး နိုင်။ ရွေးရန်အဘိုး ကိုဘုရား သခင်၌ မ ပေး နိုင်။ ၈ သူ တို့အသက် ဝိညာဉ်၏ ရွေး ရန် အဘိုး ကြီးလှပေ၏။ သို့ ဖြစ်၍ အစဉ် ရှုံး လျက် နေရမည်။ ၉ ရွေးလျှင် အစဉ် အမြဲအသက် ရှင်ရာ၏။ ပုပ်စပ် ခြင်းသို့ မ ရောက်ရာ။ ၁၀ ထင်ရှား သောအရာဟူမူကား၊ ပညာရှိ သောသူတို့ သည် သေ တတ်ကြ၏။ ထို အတူမိုက် သောသူနှင့် တိရစ္ဆာန် သဘောရှိသောသူတို့ သည် ပျက်စီး ခြင်း သို့ရောက်၍၊ မိမိ တို့ ဥစ္စာ ကို သူတပါး တို့ ၌ ချန် ထားကြ၏။ ၁၁ မိမိ တို့အိမ် သည် ထာဝရ ဖြစ်လိမ့်မည်။ မိမိ တို့ နေရာ လည်း လူမျိုး အစဉ်အဆက်တည်လိမ့်မည်။ မိမိ တို့ နာမ သည် မြေ ပေါ် မှာ ကျော်စော လိမ့်မည်ဟု သူ တို့ စိတ် ထင်ရှိကြ၏။ ၁၂ သို့ရာတွင် လူ သည်ဂုဏ် အသရေ၌ မ တည် မနေ တတ်။ ပျက်စီး ခြင်းသို့ ရောက်တတ်သော တိရစ္ဆာန်

နှင့် တူ ၏။ ၁၃ ထိုသို့ ပြုမူ ခြင်းအရာသည် သူ တို့၏ကိုးစား ရာ ဖြစ်၍ ၊ သူ တို့သားမြေးတို့သည် သူ တို့စကား ကို နှစ်သက် တတ်ကြ၏။ ၁၄ ထိုသူ တို့ကို သိုး များကဲ့သို့ မရဏာ နိုင်ငံ၌ ချ ထား၍ သေမင်း စား လိမ့်မည်။ ကာလ မကြာမမြင့်မီ ဖြောင့်မတ် သောသူတို့သည် အုပ်စိုး ရကြလိမ့်မည်။ သူ တို့၏ ကိုယ် ခန္ဓာသည် ဖောက်ပြန် ဘို့ ရာဖြစ်၏။ မရဏာ နိုင်ငံသည် သူ တို့၏ နေရာ ဖြစ်၏။ (Sheol h7585) ၁၅ ငါ့ ကိုမူကား ၊ ဘုရား သခင်သိမ်းယူ တော်မူသောကြောင့် ၊ ငါ ၏ဝိညာဉ် ကို မရဏာ နိုင်ငံ၏ တန်ခိုး မှ ရွေး တော်မူမည်။ (Sheol h7585) ၁၆ သူတပါး သည် ဥစ္စာ ကြွယ်ဝ၍ ၊ အိမ် ၏ဂုဏ် အသရေတိုးပွါး သောအခါ သင်သည် မ စိုးရိမ် နှင့်။ ၁၇ ထိုသူ သည်သေ သောအခါ ၊ အဘယ် ဥစ္စာမျှ မ ပါ ရ။ သူ ၏ဂုဏ် အသရေသည် သူ့ နောက် သို့ မ ဆင်းသက် ရ။ ၁၈ ထိုသူ သည် အသက် ရှင်စဉ် အခါ၊ မိမိ ဝိညာဉ် ကို ကောင်းကြီး ပေး တတ်၏။ မိမိ အကျိုး ကို ပြုစုသောအခါ သူတပါးတို့သည်ချီးမွမ်း တတ်ကြ၏။ ၁၉ သို့သော်လည်း၊ သူသည် သူ ၏ဘိုးဘေး အမျိုး ရှိရာသို့ သွား ရလိမ့်မည်။ ကာလ အစဉ်အဆက် သူတို့သည်အလင်း ကို မ မြင် ရကြ။ ၂၀ ဂုဏ် အသရေနှင့် ပြည့်စုံလျက် ပညာ သတိမ ရှိ သောသူသည်ကား ၊ ပျက်စီး ခြင်းသို့ ရောက်တတ်သော တိရစ္ဆာန် နှင့် တူ ၏။

၅၀ တန်ခိုးကြီး သော ဘုရားသခင် တည်းဟူသောထာဝရဘုရား သည် ဗျာဒိတ် ပေးတော်မူ၏။ နေ ထွက် ရာမှ သည် နေဝင် ရာတိုင်အောင် မြေကြီး ကိုခေါ် တော်မူ၏။ ၂ အသရေ တင့်တယ်ခြင်းပြည့်စုံ ရာ ဇိအုန် တောင် ပေါ် မှာ ဘုရား သခင်၏ရောင်ခြည် တော်သည် ထွန်းပ၏။ ၃ ငါ တို့၏ ဘုရား သခင်ကြွလာ တော်မူ၏။ တိတ်ဆိတ် စွာ နေတော်မ မူ။ ရှေ့ တော်၌ မီး လောင် လျက် ပတ်ဝန်းကျင် ၌ မိုဃ်းသက် မုန်တိုင်းပြင်းပြ လျက်ရှိ၏။ ၄ မိမိ လူ တို့ကို စစ်ကြော စီရင်ခြင်းအလိုဂျ အထက် ကောင်းကင် ကို ၎င်း၊ မြေကြီး ကို ၎င်း ခေါ် တော်မူလျှက်၊ ၅ ယဇ် ပူဇော်သောအားဖြင့် ၊ ငါ နှင့်ပဋိညာဉ် ဖွဲ့ သော ငါ ၏သန့်ရှင်း သူတို့ကို ငါ့ ထံသို့ စုဝေး စေကြဟု မိန့်တော်မူ၏။ ၆ ဘုရား သခင်သည် ကိုယ်တော် တိုင် တရား ဆုံးဖြတ်တော်မူသည်ဖြစ်၍ ၊ ဖြောင့်မတ် တော်မူခြင်း အကြောင်းကို ကောင်းကင် တို့သည် ထင်ရှားစွာ ပြ ကြ လိမ့်မည်။ ၇ ငါ ၏လူ များတို့နားထောင် ကြ။ ငါပြော မည်။ အိုဣသရေလ အမျိုး၊ သင့် တဘက် ၌ငါသက်သေ ခံမည်။ ငါသည်ဘုရား သခင်ဖြစ်၏။ သင် ၏ဘုရား သခင်ဖြစ်၏။ ၈ မီးရှို့ သောယဇ်မှစ၍ ယဇ် ပူဇော်ခြင်းအမျိုးမျိုးအတွက် ငါသည် သင် ၌အပြစ် မ တင်။ ထိုယဇ်တို့သည် ငါ့ ရှေ့ မှာ အစဉ် ရှိကြ၏။ ၉ သင့် အိမ် ထဲ က နွား ကိုငင်း၊ သင့် ခြံ ထဲ က ဆိတ် ထီးကိုငင်းငါမ ခံမယူ။ ၁၀ တော တိရစ္ဆာန် ရှိသမျှ တို့နှင့် တထောင် သော တောင် ပေါ် မှာရှိသော တိရစ္ဆာန် တို့သည် ငါ ၏ ဥစ္စာ ဖြစ်ကြ၏။ ၁၁ တောင် ပေါ် မှာ နေတတ်သော ငှက် အပေါင်း တို့ကို ငါသိ ၏။ တော သားရဲ တို့သည် ငါ ၌ ရှိကြ၏။ ၁၂ ငါသည် ငတ်မွတ် လျှင် သင့် ကို မ ပြော။ လောက ဓါတ် နှင့် လောကဥစ္စာသည် ငါ ၏ ဥစ္စာဖြစ်၏။ ၁၃ နွား သား ကိုငါစား မည်လော။ ဆိတ် သွေး ကို ငါသောက် မည်လော။ ၁၄ ကျေးဇူး ချီးမွမ်းခြင်း ယဇ်ကိုဘုရား သခင်အား ပူဇော် လော့။ သစ္စာ ဂတိထားသည်အတိုင်း ၊ အမြင့်ဆုံး သောအရာ၌ သစ္စာဝတ်ကိုဖြေ လော့။ ၁၅ အမှု ရောက်သည်ကာလ ၌ ငါ့ ကိုပဌနာ ပြုလော့။ ငါသည် ကယ်လွှတ် မည်။ သင် သည်လည်း ငါ့ ကိုချီးမွမ်း လိမ့်မည်ဟု

မိန့်တော်မူ၏။ ၁၆ မတရား သောသူကို ကား ၊ သင် သည် ငါ ၏အထုံးအဖွဲ့ တို့ကို ကြားပြော၍ ငါ ၏ပဋိညာဉ် တရားကို မြွက်ဆို ခြင်းငှါ အဘယ်သို့ ဆိုင်သနည်း။ ၁၇ ဆုံးမ သွန်သင်ခြင်းကို သင် သည်မုန်း၍ ငါ့ စကား ကို သင့် နောက် ၌ ပစ် ထားပါသည်တကား။ ၁၈ သင်သည် သူခိုး ကိုမြင် လျှင် ၊ သူ နှင့် သဘော တူတတ်၏။ သူမယားကို ပြစ်မှား သောသူတို့ နှင့် ဆက်ဆံတတ်၏။ ၁၉ သင် ၏နှုတ် ကို ဒုစရိုက် ၌ အပ်နှံ ၍ ၊ သင် ၏လျှာ ဖြင့် မုသာ ကို စီရင် တတ်၏။ ၂၀ သင်သည်ထိုင် လျက် ၊ ကိုယ် ညီအစ်ကို ကို ဆန့်ကျင် ဘက်ပြု၍ ပြော ဆိုတတ်၏။ ကိုယ် အမိ ၏သား ကို ဆဲရေး တတ်၏။ ၂၁ ထို သို့ကျင့် ၍ ငါသည် တိတ်ဆိတ် စွာနေသောကြောင့်၊ ငါ့ ကို သင် နှင့်တူ သည်ဟု ထင် လေပြီတကား။ သင် ၏အပြစ် ကို ငါဘော်ပြ၍ ၊ သင့် မျက်မှောက် ၌ ခင်း ထားမည်။ ၂၂ ဘုရား သခင်ကို မေ့လျော့ သောသူတို့၊ ဤ အမှုကို ဆင်ခြင် ကြလော့။ သို့မဟုတ် သင်တို့ကိုကယ်နှုတ် သော သူမ ရှိ။ ငါသည် အပိုင်းပိုင်းဆွဲ ဖြတ်မည်။ ၂၃ ကျေးဇူး ချီးမွမ်းခြင်းယဇ် ပူဇော်သောသူသည် ငါ ၏ဘုန်း ကို ထင်ရှားစေသောသူဖြစ်၏။ မိမိ သွားသော လမ်း ကို ဆင်ခြင်သောသူအားလည်း၊ ကယ်တင် တော်မူခြင်း ကျေးဇူးကို ငါပြ မည်ဟု ဘုရား သခင်မိန့်တော်မူ၏။

၅၀ ဒါဝိဒ် သည် ဗာသရှေဘာ နှင့်မှားယွင်း၍ ပရောဖက် နာသန် ၏ဆုံးမ ခြင်းကိုခံပြီးမှ စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ ကျေးဇူး ပြုချင်သော စေတနာစိတ် တော်ရှိသည်အတိုင်း ၊ အကျွန်ုပ် ကိုသနား တော်မူပါ။ စုံမက် တော်မူခြင်း ကရုဏာများ ပြားသည်နှင့်အညီ ၊ အကျွန်ုပ် လွန်ကျူး ခြင်း အပြစ်ကိုဖြေ တော်မူပါ။ ၂ ဒုစရိုက် အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ ၊ အကျွန်ုပ် ကို သန့်ရှင်း စေတော်မူပါ။ ၃ အကျွန်ုပ် လွန်ကျူး ပါပြီဟု ဝန်ချလျက် ကိုယ် အပြစ် ကို အစဉ် မပြတ်အောက်မေ့လျက်နေပါ၏။ ၄ ကိုယ်တော် ကို ပြစ်မှားပါပြီ။ ကိုယ်တော် ကိုသာ ပြစ်မှား ၍ မျက်မှောက် တော်၌ ပင် မ တရားသောအမှုကို ပြု ပါပြီ။ သို့ ဖြစ်၍ မိန့် တော်မူချက်သည် ဖြောင့် ပါ၏။ တရား စီရင်တော်မူချက်သည် အပြစ် လွတ်ပါ၏။ ၅ အကျွန်ုပ် သည် မွေး စကပင် အပြစ် ပါလျက် ရှိ၏။ အမိ ဝမ်းထဲမှာ ပဋိသန္ဓေ ယူစဉ်ပင် အပြစ် စွဲ၏။ ၆ ဟုတ်မှန် ဖြောင့်မတ် သော စိတ် နှလုံးကို နှစ်သက် တော်မူသည်ဖြစ်၍ ၊ အကျွန်ုပ် ၏ စိတ် နှလုံးထဲမှာ ပညာ ကို သွန်သင် တော်မူပါ။ ၇ အကျွန်ုပ် ကို စင်ကြယ် စေခြင်းငှါ၊ ဟုဿုပ် ပင် ညွှန့်နှင့် သန့်ရှင်း ခြင်းမင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ် ကို မိုးယံးပွင့် ထက် သာ၍ဖြူ စေခြင်းငှါ ဆေးကြော တော်မူ ပါ။ ၈ စိတ်သက်သာဝမ်းမြောက် ခြင်း ရှိမည်အကြောင်းစကားကို အကျွန်ုပ် အားကြား စေတော်မူပါ။ သို့ပြုလျှင်၊ ချိုးဖဲ့ တော်မူသောအရိုး တို့သည် ရွှင်မြူး ခြင်းရှိကြပါလိမ့် မည်။ ၉ အကျွန်ုပ် လွန်ကျူး ခြင်း ဒုစရိုက်တို့မှ မျက်နှာ တော်လွှဲ ၍ ၊ အကျွန်ုပ် အပြစ် ရှိသမျှ တို့ကိုလည်းဖြေ တော်မူ ပါ။ ၁၀ အိုဘုရား သခင်၊ အကျွန်ုပ် အထဲ ၌ စင်ကြယ် သောနှလုံး ကို ဖန်ဆင်း တော်မူပါ။ မြဲမြံ တည်ကြည်သော သဘော ကို အသစ် ပြုပြင်တော်မူပါ။ ၁၁ အကျွန်ုပ် ကို အထံ တော်ထဲ က နှင်ထုတ် တော် မ မူပါနှင့်။ သန့်ရှင်း သောဝိညာဉ် တော်ကို ရုပ်သိမ်း တော် မ မူပါနှင့်။ ၁၂ ကယ်တင် တော်မူခြင်းနှင့် ယှဉ်သော ဝမ်းမြောက် ခြင်း အခွင့်ကို ပြန် ၍ ပေးသနားတော်မူပါ။ ကြည်ညိုသော စေတနာ စိတ် သဘောသည် အကျွန်ုပ် ကိုထောက် မပါ စေသော။ ၁၃ အကျွန်ုပ်သည်လည်း မ တရားသောသူတို့အား တရားလမ်း ကို ပြသသွန်သင်

ပါမည်။ အပြစ် ရှိသောသူတို့ သည် ကိုယ်တော် ထံ သို့ ပြန် ကြပါလိမ့်မည်။ ၁၄ အိုဘုရား သခင်၊ အကျွန်ုပ် ကို ကယ်တင်တော်မူ သောဘုရား ၊ လူ အသက်ကို သတ်ခြင်းအပြစ်နှင့် အကျွန်ုပ် ကို ကင်းလွတ် စေတော်မူပါ။ တရား သဖြင့် စီရင်တော်မူခြင်းကို အကျွန်ုပ် လျှာ သည် ချွင်လန်းစွာ သီချင်း ဆိုပါမည်။ ၁၅ အိုထာဝရ ဘုရား၊ အကျွန်ုပ် ၏ နှုတ် ကို ဖွင့်တော်မူ ပါ။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ၍ မြွက်ဆို ပါမည်။ ၁၆ ယဇ် ပူဇော်ခြင်းကို အလို တော်မ ရှိ။ သို့မဟုတ် လျှင် ယဇ်ပူဇော်ပါမည်။ မီးရှို့ သော ယဇ်ပူဇော်ခြင်းကိုပင် နှစ်သက် တော်မ မူ။ ၁၇ ဘုရား သခင်နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့ သောစိတ် ပေတည်း။ အိုဘုရား သခင်၊ ကိုယ်တော်သည် ကျိုးပဲ့ ကြေမွသော နှလုံး ကို ငြင်းပယ် တော်မ မူတတ်ပါ။ ၁၈ စေတနာ စိတ်တော်ရှိ၍ ဇိအုန် တောင်ကို ကျေးဇူး ပြုတော်မူပါ။ ယေရုရှလင် မြို့ရိုး ကို တည် စေတော်မူပါ။ ၁၉ ထိုအခါ တရား သဖြင့် ပူဇော်သောယဇ် ၊ မီးရှို့ သောယဇ်၊ တကိုယ် လုံးမီးရှို့သောယဇ်နှင့် မွေ့လျော် တော်မူလိမ့်မည်။ ထိုအခါ ယဇ် ပလ္လင်တော်ပေါ် မှာ နွား လား တို့ကို ယဇ် ပူဇော်ကြပါလိမ့်မည်။

၅၂ ဒါဝိဒ် သည် အဟိမလက် အိမ် သို့ ရောက် ကြောင်းကို ဧဒုံ အမျိုးသားဒေါဂ သည် ရောလု ထံသို့ လာ၍ လျှောက် သောအခါ စပ်ဆိုသောဆာလံ။ အားကြီး သော အချင်းလူ၊ သင်သည်သူ့အကျိုး ကို ဖျက်ခြင်းအမှု၌ အဘယ်ကြောင့် ဝါကြွား သနည်း။ ဘုရား သခင်၏ ကရုဏာ တော်သည် အစဉ် မပြတ်တည်၏။ ၂ သင် ၏လျှာ သည် ထက် သောသင်တုန်း ကဲ့သို့ လှည့်စား သဖြင့်၊ သူ့အကျိုး ကို ဖျက်ခြင်းအမှု ကို ပြုစု တတ်၏။ ၃ သင်သည် သုစရိုက် ထက် ဒုစရိုက် ကိုငင်း၊ ဖြောင့်မတ် သောစကား ထက် မုသာ စကားကိုငင်းသာ၍နှစ်သက် တတ်၏။ ၄ အိုလှည့်စား တတ်သောလျှာ ၊ သင်သည် ပျက်စီး သော စကား ရှိသမျှ တို့ကို နှစ်သက် တတ်၏။ ၅ အကယ် စင်စစ်ဘုရား သခင်သည် သင့် ကို အစဉ် အမြဲချိုးဖျက် ပယ်ရှင်းလျက် ၊ သင် ၏နေရာ ထဲက နှင်ထုတ် ၍ ၊ အသက် ရှင်သောသူတို့၏ နေရာ ထဲက နှုတ် ပစ်တော်မူမည်။ ၆ ဖြောင့်မတ် သောသူတို့ သည်မြင် ၍ ကြောက်ရွံ့ ကြလိမ့်မည်။ ၇ ဘုရား သခင်ကိုမ ခိုလှုံ ၊ မိမိ ဥစ္စာ ကြွယ်ဝ ခြင်း၌ ကိုးစား ၍ ၊ မိမိ ဒုစရိုက် ၌ ခိုင်ခံ့ သောသူကို ကြည့် ပါဟူ၍သူ ၌ ရယ် ကြလိမ့်မည်။ ၈ ငါ မူကား ၊ ဘုရား သခင်၏အိမ် တော်၌ စိမ်းလန်း သောသံလွင် ပင်ကဲ့သို့ ဖြစ်၍၊ ဘုရား သခင်၏ ကရုဏာ တော်၌ ကာလ အစဉ်အမြဲကိုးစား မည်။ ၉ ကိုယ်တော်စီရင် တော်မူသောကြောင့် ၊ အကျွန်ုပ် သည် ကိုယ်တော် ကို ကာလ အစဉ်အမြဲ ချီးမွမ်း ပါမည်။ ကောင်းမြတ် တော်မူသောကြောင့် ၊ ကိုယ်တော် ၏သန့်ရှင်း သူတို့ရှေ့ မှာ နာမတော် ကို မြော်လင့် ပါမည်။

၅၃ ဘုရား သခင်မ ရှိဟု မိုက် သောသူသည် ထင် တတ် ၏။ ထိုသို့သောသူတို့ သည် ဆွေးမြေ့ ယိုယွင်း၍ စက်ဆုပ် ဘွယ်သော ဒုစရိုက် ကို ပြုတတ်ကြ၏။ ကောင်း သောအမှု ကို ပြု သောသူတယောက် မျှမရှိ။ ၂ နားလည် သောသူ၊ ဘုရား သခင်ကိုရှာ သောသူ တစုံတယောက်ရှိ သည် မ ရှိသည်ကို သိ မြင်ခြင်းငှါ ဘုရား သခင် သည် ကောင်းကင် ပေါ်က လူ သား တို့ကို ငုံ့ ၍ ကြည့်ရှု တော်မူ၍၊ ၃ လူ အပေါင်း တို့သည် ဆုတ် သွားကြပြီ။ တညီ

တည္ၿတံတည္း ဆြဲးမြဲ့ ယိုယြင္းခြင္းရွိကြ၏။ ေကာင္း သေအကျင့္ကို ကျင့္ သေသူမ ရွိ။ တ ယေက်ာ္မ်ာ မ ရွိ။ ၄ မုန့္ ကိုစား သကဲ့သို့ငါ ၏လူ တို့ကို ကိုက်စား ၍၊ ဘုရား သခင်ကို ပဌနာ မ ပြုသော အဓမ္မ လူ တို့သည် မ သိ ဘဲေနရကြသေလော့။ ၅ သို့ ဖြစ်၍ေကြာက်လန့် စရာမ ရှိ သော်လည်း၊ အလွန် ေကြာက်လန့် ကြလိမ့်မည်။ အေကြာင်း မူကား၊ သင့် ကိုဝန်းရံ၍ တပ်ခ်ျ သေသူ၏ အရိုး တို့ကို ဘုရား သခင်သည် ဖရိုဖရဲကွဲပြား စေတော်မူမည်။ သူ တို့ကို ဘုရား သခင် ရှုတ်ခ်ျ တော်မူသောေကြာင့် ၊ သင်သည် သူတို့ကို အရှက် ခွဲရလိမ့်မည်။ ၆ ကြသရေလ အမျိုးကို ကယ်တင်ခြင်း ကျေးဇူးတော်သည် ဓိအုန် တောင်ပေါ် မှာ ပေါ်ထွန်း ပါစေသော။ သိမ်း သွားခြင်းကို ခံရသောလူမျိုး တော်ကို တဖန် ဘုရား သခင် သည် ဆောင် ခဲ့တော်မူသောအခါ ၊ ယာကုပ် သည် ဝမ်းမြောက် ခြင်း၊ ကြသရေလ သည်လည်း ရွှင်လန်း ခြင်း ရှိလိမ့်မည်။

၅၄ ဒါဝိဒ် သည် ကျွန်တော် တို့တွင် ပုန်းရှောင် ၍နေပါသည်မ ဟုတ်လော ဟု၊ ဓိဖ သားတို့သည် ရှောလု ထံသို့ လာ ၍ လျှောက် သောအခါ စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ နာမ တော်အားဖြင့် အကျွန်ုပ် ကို ကယ်တင် တော်မူပါ။ တန်ခိုး တော်အားဖြင့် အကျွန်ုပ် ဘက် ၌ တရား စီရင်တော်မူပါ။ ၂ အကျွန်ုပ် ပြုသောပဌနာ နှင့် အကျွန်ုပ် မြွက် သောစကား ကို နားထောင် နား ညောင်းတော်မူပါဘုရား။ ၃ အေကြာင်း မူကား၊ တကျွန်း တနိုင်ငံသားတို့သည် အကျွန်ုပ် ကို ရန်ဘက် ပြု၍ထကြပါပြီ။ ကြမ်းတမ်း သောသူတို့ သည် အကျွန်ုပ် အသက် ကို ရှာ ကြပါ၏။ ဘုရား သခင်၏ မျက်နှာတော်ကို မ ထောက် ကြပါ။ ၄ ကြည့်ရှု လော့။ ဘုရား သခင်သည် ငါ့ ကို ကူမ တော်မူ၏။ ငါ့ အသက် ကိုထောက်ပင့်သောသူတို့တွင် ထာဝရ ဘုရားရှိတော်မူ၏။ ၅ ငါ ၏ရန်သူ တို့အား မ ကောင်းသောအကျိုးကို ဆပ် ပေးတော်မူမည်။ သစ္စာ တော်ရှိသည်အတိုင်း သူ တို့ကို ပယ်ရှင်း တော်မူပါ။ ၆ အကျွန်ုပ်သည်လည်း၊ စေတနာ စိတ်နှင့် ကိုယ်တော် အား ယဇ် ပူေဇာ်ပါမည်။ အိုထာဝရဘုရား ၊ နာမတော် ကို ချီးမွမ်း ပါမည်။ အေကြာင်း မူကား၊ ကောင်းမြတ် တော်မူ၏။ ၇ အကျွန်ုပ် ကို ခပ်သိမ်း သော ဒုက္ခ ထဲက ကယ်နှုတ် တော်မူသဖြင့် ၊ အကျွန်ုပ် သည် ရန်သူ တို့ကို ကိုယ် မျက်စိ နှင့် မြင် ၍အားရပါ၏။

၅၅ အိုဘုရား သခင်၊ အကျွန်ုပ် ဆုတောင်း သော စကားကို နားထောင် တော်မူပါ။ အသနား တော်ခံသောအခါ ရှောင် ၍နေတော်မ မူပါနှင့်။ ၂ ကြည့်ရှုနားထောင် တော်မူပါ။ ရန်သူ ၏စကား သံကြောင့် ၎င်း၊ မတရား သောညှဉ်းဆဲ ခြင်းကြောင့် ၎င်း၊ အကျွန်ုပ်သည် ညှိုးငယ် သောစိတ် နှင့် ညည်းတွား မြည်တမ်း လျက်နေရပါ၏။ ၃ သူတို့သည် အကျွန်ုပ် အပေါ် ၌ အပြစ် ကို သက်ရောက် စေ၍ ၊ ဒေါသ စိတ်နှင့် မုန်း ကြပါ၏။ ၄ အကျွန်ုပ် နှလုံး သည် ကိုယ် အထဲ မှာ တုန်လှုပ် ၍ သေ ဘေးကို ကြောက် အားကြီးပါ၏။ ၅ ကြောက်ရွံ့ တုန်လှုပ် ခြင်းသို့ ရောက် ၍ အလွန် ထိတ်လန့်ခြင်း၌ မွန်း လျက်ရှိရပါ၏။ ၆ ငါ သည် ချိုးငှက် ကဲ့ သို့အတောင် ကို ရပါစေ သော။ ထိုသို့ရ လျှင် အခြားသို့ပျံ သွား၍ ၊ ငြိမ်ဝပ် လျက် နေလိမ့်မည်။ ၇ ဝေး စွာသွား ၍ တော မှာ နေရာ ကျလိမ့်မည်။ ၈ ပြင်းစွာ သော မိုးယိုးသက်မုန်တိုင်း နှင့် လွတ်

ခြင်းငှါ၊ အလျင် အမြန်ပြေးလိမ့်မည်ဟု အကျွန်ုပ် စိတ် ရှိပါ၏။ ၉ အိုထာဝရ ဘုရား၊ သူ တို့စကား ကို ပပျောက် အောင် ကွဲပြား စေတော်မူပါ။ မြို့ တော်တွင် အနိုင် အထက်ပြုခြင်းနှင့် လုယူ ခြင်းကို အကျွန်ုပ် မြင် ပါပြီ။ ၁၀ မြို့ ရိုး ပေါ် မှာ နေ့ ညဉ့်မပြတ် သူတို့သည် လည် ကြပါပြီ။ မြို့ ထဲ မှာ ဆိုးညစ် သောအမှုနှင့် နှောက်ယှက် ခြင်း အမှုရှိကြပါ၏။ ၁၁ အဓမ္မ တရားတို့သည် မြို့ အလယ် ၌ ရှိ၍ ၊ ညှဉ်းဆဲ ခြင်း နှင့် လှည့်စား ခြင်းသည် လမ်း တို့ ၌ နေရာ ကျကြပါ၏။ ၁၂ ငါ့ ကို ကဲ့ရဲ့ သောသူသည် ငါ့ရန်သူ မ ဟုတ်။ ဟုတ် လျှင် သည်းခံ နိုင်၏။ ငါ့ ကိုရန် ဘက်ပြုသောသူသည် ငါ့ ကိုမုန်း သောသူမ ဟုတ်။ ဟုတ်လျှင် ထိုသူ ကို ငါရှောင် နိုင်၏။ ၁၃ ထို သို့ပြုသောသူ သည် သင် ဖြစ်၏။ ငါ နှင့် ဘက် သောသူ၊ ငါ့ မိတ်ဆွေ ၊ ငါ အသိ အကျွမ်းဖြစ်၏။ ၁၄ အချင်းချင်း သာယာ သော ဆွေးနွေး တိုင်ပင်ခြင်း ကို ပြုကြပြီ။ ဘုရား သခင်၏ အိမ် တော်သို့ လူ အစုအဝေးနှင့်အတူ သွား ကြပြီ။ ၁၅ သူ တို့ကို သေမင်း ဘမ်းဆီး ပါစေ။ အသက် ရှင်လျက် မရဏာ နိုင်ငံသို့ ဆင်းသက် ကြပါစေ။ အကြောင်း မူကား၊ ဒုစရိုက် တို့သည် သူ တို့နေရာ တွင် သူ တို့အထဲ ၌ ရှိကြ ၏။ (Sheol h7585) ၁၆ ငါ မူကား၊ ဘုရား သခင်ကို ပဌနာ ပြု၍ ၊ ထာဝရဘုရား သည် ကယ်တင် တော်မူမည်။ ၁၇ ညဦး အချိန်၊ နံနက် အချိန်၊ မွန်းတည့် အချိန်တို့ ၌ ငါသည် ညည်းတွား မြည်တမ်း၍ ၊ ငါ ၏အသံ ကို ကြား တော်မူ မည်။ ၁၈ ငါ့ ကို စစ်တိုက် ကြစဉ်တွင် ၊ ငါ့ အသက် ကို ရွေးနှုတ် ၍ ချမ်းသာ ပေးတော်မူမည်။ ငါ့ ဘက် ၌ နေသောသူ အများ ရှိ ကြ၏။ ၁၉ ရှေး ကာလမှစ၍ အမြဲစီရင် သော ဘုရား သခင် သည် နားထောင် ၍ သူ တို့ကို နှိမ့်ချ တော်မူမည်။ သူ တို့သည် ပြောင်းလဲ ခြင်းမ ရှိသောကြောင့် ဘုရား သခင် ကို မ ကြောက် မရွံကြ။ ၂၀ ထိုသို့သောသူသည် မိတ်ဆွေ ဖြစ်သောသူ ကို ပြစ်မှား၍ သစ္စာ ပျက် တတ်၏။ ၂၁ သူ ၏စကား သည် ထောပတ် ထက် ချော သော်လည်း ၊ စစ်တိုက် မည်ဟုအကြံ ရှိ၏။ သူ ၏စကား သည် ဆီ ထက် ပြော့ သော်လည်း ၊ ထုတ် သော ထားဖြစ်၏။ ၂၂ ထမ်းရွက်ရသောဝန် ကို ထာဝရဘုရား ၌ ချ ထား လော့။ သင့် ကို မစ တော်မူမည်။ ဖြောင့်မတ် သောသူကို အစဉ် အမြဲလှုပ်ရှား စေ တော်မ မူရာ။ ၂၃ အိုဘုရား သခင်၊ အခြားသောသူ တို့ကို ဖျက်ဆီး ရာ တွင်း ထဲ သို့ချ တော်မူမည်။ လူ အသက်ကိုသတ် သောသူ နှင့် သစ္စာ ပျက်သောသူတို့သည် မိမိ အသက် တာတဝက် ခန့်မျှ မ ရှင်ရကြ။ အကျွန်ုပ် မူကား ၊ ကိုယ်တော် ၌ ခိုလှုံ ပါမည်။

၅၆ ဒါဝိဒ် သည် ဂါသ မြို့မှာ ဖိလိတ္တိ လူတို့လက် သို့ရောက်သောအခါ စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ အကျွန်ုပ် ကို သနား တော်မူပါ။ လူ တို့သည် ကိုက်စား အံ့ သော ဒေါသနှင့်နေ့တိုင်း တိုက် ၍ အကျွန်ုပ် ကို နှိပ်စက် ကြပါ ၏။ ၂ ရန်သူ တို့သည် နေ့တိုင်း ကိုက်စား အံ့သော ဒေါသ ရှိ၍ မြင့် သောစိတ်နှင့် အကျွန်ုပ် ကို တိုက် သောသူ အများ ရှိကြပါ၏။ ၃ အကျွန်ုပ် သည် ကြောက်ရွံ့ သောအခါ ကိုယ်တော် ၌ ခိုလှုံ ပါမည်။ ၄ ဘုရား သခင်ကို အမှီပြု၍ နှုတ်ကပတ် တော်၌ ဝါကြွား ပါမည်။ ငါသည် ဘုရား သခင်ကို ခိုလှုံ သည်ဖြစ်၍ ကြောက် စရာမ ရှိ။ လူ သည် ငါ ၌ အဘယ်သို့ ပြု နိုင်သနည်း။ ၅ သူတို့သည် နေ့တိုင်း ငါ့ စကား ကို အလွဲ ယူကြ၏။ ငါ ၌ မကောင်း သောအကြံကိုသာ ကြံစည် ကြ၏။ ၆ ငါ့ အသက် ကို စောင့် စဉ် အခါစုဝေး ၍ ချောင်းမြောင်း လျက်၊ ငါ ခြေရာ တို့ကို ကြည့် မှတ်ကြ၏။ ၇ သူ တို့သည် မ တရားသောအမှုအားဖြင့် လွှတ်ခြင်း သို့ ရောက်ရပါမည်လော။ အိုဘုရား သခင်၊ ထိုလူ များ တို့ကို အမျက်

တော်ထွက်၍ လဲ့ တော်မူပါ။ ၈ အကျွန်ုပ် သည် အရပ်ရပ်လည် ရသောအခြင်း အရာတို့ကို ကိုယ်တော် မှတ် ၍ အကျွန်ုပ် မျက်ရည် တို့ကို ဘူး တော်ထဲ မှာ ထည့် တော်မူပါ။ စာရင်း တော်၌ ရှိပါသည် မဟုတ် လော။ ၉ ဘုရား သခင်သည် ငါ့ ဘက်မှာ နေတော်မူသောကြောင့် ၊ ငါအော်ဟစ် သောအခါ ရန်သူ တို့သည် လှန် ခြင်း ကိုခံရကြမည်ကို ငါသိ ၏။ ၁၀ ဘုရား သခင်ကို အမှီပြု ၍ နှုတ်ကပတ် တော်၌ ဝါကြွား မည်။ ထာဝရဘုရား ကို အမှီပြု၍ နှုတ်ကပတ် တော်၌ ဝါကြွား မည်။ ၁၁ ငါသည် ဘုရား သခင်ကို ခိုလှုံ သည်ဖြစ်၍ ကြောက် စရာမ ရှိ။ လူ သည် ငါ ၌ အဘယ်သို့ ပြု နိုင် သနည်း။ ၁၂ အိုဘုရား သခင်၊ အကျွန်ုပ် သည် ရှေ့ တော်၌ သစ္စာ ပြုပါသည်ဖြစ်၍၊ သစ္စာ ဝတ်ကို ဖြေလျက်ကိုယ်တော် ကို ချီးမွမ်း ပါမည်။ ၁၃ ကိုယ်တော်သည် အကျွန်ုပ် အသက် ကို သေ ခြင်း မှ ကယ်လွတ် တော်မူပြီ။ အသက် ရှင်သောသူတို့၏ အလင်း ထဲ မှာဘုရား သခင့်ရှေ့ တော်၌ အကျွန်ုပ်ကျင့်နေပါမည် အကြောင်း၊ အကျွန်ုပ် ခြေ ကိုလည်း ထိမိ၍လဲ ခြင်းမှ ကယ်လွတ်တော်မူမည်မဟုတ် လော။

၅၇ ဒါဝိဒ် သည် ဥမင် ၌ ရှောလု ထံမှ ထွက်ပြေး သောအခါ စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ အကျွန်ုပ် ကို သနား တော်မူပါ။ သနား တော်မူပါ။ ဘေး မ လွန် မှီတိုင်အောင်အကျွန်ုပ် ၏ ဝိညာဉ် သည် ကိုယ်တော် ကို ခိုလှုံ ပါ၏။ အတောင် တော် အရိပ် ၌ ခိုလှုံ ပါ၏။ ၂ ငါသည်အမြင့်ဆုံး သော ဘုရား သခင်၊ ငါ့ အမှုကို ပြီးစီး စေတော်မူသောဘုရား သခင်ကို အော်ဟစ် မည်။ ၃ ကောင်းကင် က လက်တော်ကို ဆန့် တော်မူမည်။ ငါ့ ကို ကိုက်စား အံ့သောသူကို အရှက်ခွဲ သဖြင့် ၊ ငါ့ ကို ကယ်တင် တော်မူမည်။ ကရုဏာ တော်နှင့် သစ္စာ တော်ကို ဘုရား သခင်စေလွှတ် တော်မူမည်။ ၄ ငါ့ ဝိညာဉ် သည် ခြင်္သေ့ စုထဲ မှာ နေရ၏။ ဒေါသ မီးလောင်လျက်ရှိသောလူ သား တို့တွင် ငါအိပ် ရ၏။ သူ တို့ သွား တို့သည် လှံ နှင့် မြှား ဖြစ်ကြ၏။ သူ တို့လျှာ သည်လည်း ထက် သောသန်လျက် ဖြစ်၏။ ၅ အိုဘုရား သခင်၊ ကောင်းကင် မြင့်သည်ထက် ကိုယ်တော် ကြီး မြင့်တော်မူစေသတည်း။ မြေကြီး တပြင်လုံး ကို ဘုန်း တော်လွှမ်းမိုး ပါစေသတည်း။ ၆ သူတို့သည် ငါ သွား ရာလမ်း၌ ကျော့ကွင်း ကို ပြင်ဆင် ကြပြီ။ ငါ့ ဝိညာဉ် သည် နှိမ့်ချ လျက်ရှိ၏။ ငါ့ ရှေ့၌ တွင်း ကို တူး ကြပြီးမှကိုယ် တူးသော တွင်းထဲ သို့ ကိုယ်ကျ ကြပြီ။ ၇ အိုဘုရား သခင်၊ အကျွန်ုပ် နှလုံး သည် တည်ကြည် ပါ၏။ အကျွန်ုပ် နှလုံး သည် တည်ကြည် ပါ၏။ သီချင်း ဆိုပါမည်။ ချီးမွမ်း ထောမနာပြုပါမည်။ ၈ အိုငါ့ ဝိညာဉ် ၊ နိုး လော့။ တယော နှင့် စောင်း တို့ နိုး ကြလော့။ ငါလည်း စောစော နိုး မည်။ ၉ အိုထာဝရ ဘုရား၊ ပရိသတ် အလယ် ၌ ကိုယ်တော် ကို ချီးမွမ်း ပါမည်။ လူမျိုး တို့တွင် ကိုယ်တော် အား ထောမနာသီချင်း ဆိုပါမည်။ ၁၀ အကြောင်း မူကား၊ ကရုဏာ တော်သည် ကောင်းကင် သို့ ၎င်း၊ သစ္စာ တော်သည် မိုးယံတိမ် သို့ ၎င်း မှီ ပါ၏။ ၁၁ အိုဘုရား သခင်၊ ကောင်းကင် မြင့်သည်ထက် ကိုယ်တော် ကြီး မြင့်တော်မူစေသတည်း။ မြေကြီး တပြင်လုံး ကို ဘုန်း တော်လွှမ်းမိုးပါစေသတည်း။

၅၈ အိုလူ သား တို့၊ အကယ် စင်စစ်သင်တို့သည် စကား ဖြောင့် ကြသလော။ ၂ တရား သဖြင့်စီရင် ကြသလော။ အကယ်စင်စစ်သင်တို့သည် မ တရားသော အကြံ ကို ကြံစည် ၍ မြေကြီး ပေါ် မှာ ကိုယ် လက် နှင့်ပြုသောဥှဉ်းဆဲ

ခြင်းကို ချိန် တတ် ကြ၏။ ၃ မတရား သောသူတို့ သည် အမိဝမ်း ထဲ မှစ၍ရိုင်း သောသဘောရှိကြ၏။ မွေး ကတည်းက လမ်း လွဲ၍ မုသာ စကားကို ပြော တတ်ကြ၏။ ၄ သူ တို့အဆိပ် သည် မြွေ အဆိပ် နှင့် တူ ၏။ နားပင်း သော မြွေဆိုး သည် မိမိ နား ကို ပိတ် ၍၊ ၅ လိမ္မာ သောအလမ္ဘာယ် မြွက်ဆိုသော မန္တရား စကား ကို နား မ ထောင်ဘဲနေသကဲ့သို့ ဖြစ်ကြ၏။ ၆ အိုဘုရား သခင်၊ သူ တို့ပစပ် ထဲမှာ သွား များကို ချိုး တော်မူပါ။ အို ထာဝရဘုရား ၊ ခြင်္သေ့ တို့၏ အံ သွားများ ကို ချိုး တော်မူပါ။ ၇ ထိုသူ တို့သည် စီး သောရေ ကဲ့ သို့ ကွယ်ပျောက် ကြ ပါစေသော။ လေး ကိုတင်သောအခါ မြှား တို့သည် ကျိုး သကဲ့သို့ ဖြစ်ကြပါစေသော။ ၈ ခရု သည် သွား စဉ်တွင်ရွေ့လျား သကဲ့သို့ ၎င်း၊ ပျက် သော ကိုယ်ဝန်သည် နေ ရောင်ကို မ မြင် ရသကဲ့သို့၎င်း ဖြစ်ကြပါစေသော။ ၉ ဆူး ပင်နှင့်မွေးသော မီးပုမှန်းကို အိုး တို့သည် မ သိ မီ၊ အသက် ရှင်သောဆူးပင်နှင့် မီးလောင်လျက်ရှိသော ဆူးပင်တို့ကို လေတွေ တိုက်သွားပါစေသော။ ၁၀ ဖြောင့်မတ် သောသူသည် ထိုသို့သောဒဏ် ပေး ခြင်းကို မြင် ၍ ဝမ်းမြောက် ပါလိမ့်မည်။ ၁၁ မတရား သောသူတို့၏ အသွေး ၌ မိမိ ခြေ တို့ကို ဆေး ပါလိမ့်မည်။ သူတပါး ကလည်း၊ ဖြောင့်မတ် သောသူ သည် အကျိုး ကိုဧကန်အမှန် ခံရ၏။ မြေကြီး ပေါ် မှာတရား စီရင်သောဘုရား သခင်သည်ဧကန်အမှန် ရှိ တော်မူသည်ဟုဝန်ခံ ကြပါလိမ့်မည်။

၅၉ ရှောလု စေလွှတ် သောသူတို့သည် ဒါဝိဒ် အသက်ကိုသတ် ခြင်းငှာ အိမ် ကို စောင့် ကြသောအခါ ဒါဝိဒ် စပ်ဆိုသောဆာလံ။ အို အကျွန်ုပ် ၏ဘုရား ၊ ရန်သူ တို့လက်မှ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ အကျွန်ုပ် ကို ရန်ဘက် ပြုသောသူတို့ ၏ အပေါ် မှာ အကျွန်ုပ် ကို ချီးမြှောက် တော်မူပါ။ ၂ ဒုစရိုက် ကို ပြု သောသူတို့အထဲက အကျွန်ုပ် ကို နှုတ်ယူ ၍ ၊ အသက်ကိုသတ် လိုသောသူ တို့ လက်မှ ကယ်တင် တော်မူပါ။ ၃ သူတို့သည် အကျွန်ုပ် အသက် ကိုသတ် လို ၍ ချောင်း ကြည့် လျက် နေကြပါ၏။ အားကြီး သောသူတို့ သည်အကျွန်ုပ် တဘက် ၌ စည်းဝေးကြပါ၏။ အို ထာဝရဘုရား ၊ အကျွန်ုပ် မှားယွင်း သောကြောင့်မဟုတ် ပါ။ အကျွန်ုပ် အပြစ် ကြောင့်မဟုတ် ပါ။ ၄ အကျွန်ုပ်၌ အပြစ် မ ရှိဘဲ သူတို့သည် ပြေး လာ၍ ပြင်ဆင် ကြပါ၏။ အကျွန်ုပ် ကို ကူမ ခြင်းငှါ နိုး တော်မူပါ။ ကြည့်ရှု တော်မူပါ။ ၅ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဘုံခြေအရှင် ဘုရားသခင် ထာဝရဘုရား ၊ သာသနာပ လူ အပေါင်း တို့ကို ဆုံးမ ခြင်းငှါ နိုး တော်မူပါ။ ဒုစရိုက် ၌ ကျင်လည်သောသူ တစုံ တယောက်ကိုမျှ သနား တော်မ မူပါနှင့်။ ၆ သူတို့သည် ညဦး ယံ၌ ပြန်လာ ၍၊ ခွေး ဘာသာ အတိုင်း မြည် လျက် မြို့ ကိုလှည့်ပတ် ကြပါစေသော။ ၇ ထိုသူ တို့သည် စော်ကား သော စကားကို ပြော ၍ ၊ သူ တို့နှုတ်ခမ်း တွင်ထား ပါလျက်အဘယ် သူကြား လိမ့်မည် နည်းဟု ဆိုတတ်ကြပါ၏။ ၈ သို့ရာတွင် ၊ အိုထာဝရဘုရား ၊ ကိုယ်တော် သည် သူ တို့ကို ပြုံးရယ် ၍ သာသနာပလူ အပေါင်း တို့ကို ကဲ့ရဲ့ တော်မူမည်။ ၉ အို အကျွန်ုပ်အစွမ်း သတ္တိ၊ ကိုယ်တော် ကို မြော်လင့် ပါမည်။ ဘုရား သခင်သည် အကျွန်ုပ် ခိုလှုံ ရာဖြစ်တော်မူ၏။ ၁၀ ကရုဏာ အရှင် ဘုရား သခင်သည် အကျွန်ုပ် ကို ကူမခြင်းငှါကြွလာ တော်မူမည်။ ရန်သူ တို့ကို အကျွန်ုပ် ကြည့်ရှု ၍ အားရသောအခွင့် ရှိစေတော်မူမည်။ ၁၁ အကျွန်ုပ် တို့ကို ကွယ်ကာ တော်မူသောဘုရား ရှင်၊ သူ တို့ကိုသတ် တော်မ မူပါနှင့်။ သတ်လျှင် အကျွန်ုပ် ၏ လူ တို့သည် သတိ လစ်ကြပါလိမ့်မည်။ တန်ခိုး တော်အားဖြင့်

အရပ်ရပ်ကွဲပြား စေ၍ နှိမ့်ချ တော်မူပါ။ ၁၂ သူ တို့ပြောမိ သော စကား တည်းဟူသောသူ တို့ နှုတ် ၏အပြစ် ကြောင့် မိမိ တို့မာန တွင် ကျော့မိ ပါစေ သော။ သူတို့ ကျိန်ဆဲ သော စကားနှင့် မုသာ စကား ကြောင့်၊ ၁၃ အမျက် တော်အားဖြင့် ပျောက်ပျက် စေတော်မူပါ။ အကုန် အစင်ပျောက်ပျက် စေတော်မူပါ။ ဘုရား သခင်သည် ယာကုပ် အမျိုးမှစ၍ မြေကြီး စွန်း တိုင်အောင် အုပ်စိုး တော်မူကြောင်း ကို သူ တို့သည် သိ ကြ ပါစေသော။ ၁၄ ညဦး ယံ၌ ပြန်လာ ၍ ၊ ခွေး ဘာသာအတိုင်း မြည် လျက် မြို့ ကို လှည့် ပတ်ကြပါစေသော။ ၁၅ အစာ ကို ရှာလျက် အရပ်ရပ် သို့ လည်၍မ ဝ ဘဲ တည်၌လုံး နေကြပါစေသော။ ၁၆ အကျွန်ုပ် မူကား ၊ တန်ခိုး တော်ကို သီချင်း ဆိုပါမည်။ နံနက် ယံ၌ ကရုဏာ တော်ကို ရွှင်လန်းစွာ သီချင်း ဆိုပါမည်။ အကြောင်း မူကား၊ ဘေး ရောက်သောကာလ ၌ ကိုယ်တော်သည် အကျွန်ုပ် ခိုလှုံ ရာ ၊ ဘေး လွတ်ရာ ဖြစ် တော်မူ၏။ ၁၇ အိုအကျွန်ုပ် အစွမ်း သတ္တိ၊ ကိုယ်တော် ကို သီချင်း ဆိုပါမည်။ ဘုရား သခင်သည် အကျွန်ုပ် ခိုလှုံ ရာ ဖြစ်တော်မူ၏။ အကျွန်ုပ် ၌ ကရုဏာ အရှင် ဘုရား သခင်ဖြစ်တော်မူ၏။

၆၀ ဒါဝိဒ် သည် မေသောပေါတာမိ ရှုရိလူတို့နှင့် ဇောဘ ရှုရိလူတို့ကို စစ်တိုက် ပြီးမှ ယွာဘ သည် ပြန် ၍ဧဒုံ လူတစ်သောင်း နှစ်ထောင်တို့ကိုဆားချိုင့် ၌ လုပ်ကြံ သောအခါ စပ်ဆိုသောဆာလံ။ အိုဘုရားသခင် ၊ ကိုယ်တော်သည် အမျက် ထွက်သဖြင့်၊ အကျွန်ုပ် တို့ကို စွန့်ပစ် ၍ အရပ်ရပ်သို့ ကွဲပြား စေတော်မူပြီ။ တဖန် အကျွန်ုပ် တို့ကို အသက် ရှင်စေတော်မူပါ။ ၂ မြေကြီး ကို လှုပ်၍ ခွဲ တော်မူပြီ။ ကွဲအက် ရာတို့ကို တဖန် စေ့စပ် စေတော်မူပါ။ တုန်လှုပ် လျက် ရှိပါသေး၏။ ၃ ကိုယ်တော် ၏လူ တို့ကို ခက်ထန် စွာ စီရင် ၍၊ မှိုင် တွေခြင်း စပျစ်ရည် ကို တိုက် တော်မူပြီ။ ၄ ကိုယ်တော် ကို ကြောက်ရွံ့ သောသူတို့သည် သစ္စာ တရားကြောင့် ထူရသော အလံ ကို ပေး သနားတော်မူပြီ။ ၅ ချစ် တော်မူသောသူတို့ သည် ချမ်းသာ ရမည်အကြောင်း ၊ အကျွန်ုပ် စကားကို နားထောင် ၍ ၊ လက်ျာ လက်ရုံးတော်အားဖြင့်ကယ်တင် တော်မူပါ။ ၆ သန့်ရှင်း ခြင်းပါရမီတော်ကို တိုင်တည် ၍ ဘုရား သခင်သည် ဗျာဒိတ်ထားတော်မူသောကြောင့်၊ ငါသည် ဝမ်းမြောက် မည်။ ရှေခင် မြို့ကို ပိုင်းခြား မည်။ သုကုတ် လယ်ပြင် ကို တိုင်းထွာ မည်။ ၇ ဂိလဒ် ပြည်ကို ငါ ပိုင်ရ၏။ မနာရှေ ပြည်ကို လည်း ငါ ပိုင်ရ၏။ ဧဖရိမ် ပြည်ကား၊ ငါ့ ဦးခေါင်း ၏အစွမ်း ဖြစ်ရ၏။ ယုဒ ပြည်ကား၊ ငါ ၏ လွှတ်တော် ဖြစ်ရ၏။ ၈ မောဘ ပြည်ကား၊ ငါ့ ရေချိုး အိုး ဖြစ်ရ၏။ ဧဒုံ ပြည်ကား၊ ငါ့ ခြေနင်း ရာ ဖြစ်ရ၏။ ဖိလိတ္တိ ပြည်အပေါ် မှာ အောင်သံနှင့် ကြွေးကြော် မည်။ ၉ အားကြီး သော မြို့ ထဲသို့ ငါ့ ကို အဘယ် သူသွင်း ပေးမည်နည်း။ ဧဒုံ ပြည်သို့ ငါ့ ကို အဘယ်သူ လမ်း ပြမည်နည်း။ ၁၀ အို ဘုရား သခင်၊ အကျွန်ုပ် တို့ကို စွန့်ပစ် တော်မူသောကိုယ်တော် သည် ပြုတော်မူမည်မဟုတ် လော။ အိုဘုရား သခင်၊ အကျွန်ုပ် တို့ ဗိုလ်ခြေ နှင့်အတူ ကြွ တော်မမူသော ကိုယ်တော်သည် ပြုတော်မူမည် မဟုတ် လော။ ၁၁ ဒုက္ခ နှင့် ကင်းလွတ်စေခြင်းငှါ မစ တော်မူပါ။ လူ တို့သည် ကယ်တင် ခြင်းငှါ မတတ်နိုင်ကြပါ။ ၁၂ ဘုရား သခင်အားဖြင့် ငါတို့သည် ရဲရင့် စွာ ပြု ကြမည်။ ငါ တို့၏ ရန်သူ များကို ကိုယ်တော်တိုင် နင်း တော်မူမည်။

၆၁ အို ဘုရား သခင်၊ အကျွန်ုပ် အော်ဟစ် ခြင်းကို နားထောင် ၍ အကျွန်ုပ် ၏ ပဋနာ စကားကို မှတ် တော်မူပါ။ ၂ စိတ် နှလုံးညှိုးငယ် လျက် မြေကြီး စွန်း မှ ကိုယ်တော် ကို အကျွန်ုပ်အော်ဟစ် ပါ၏။ အကျွန်ုပ် အထက် ၌ မြင့် သော ကျောက် သို့ အကျွန်ုပ် ကို ပို့ဆောင် တော်မူပါ။ ၃ ကိုယ်တော် သည် အကျွန်ုပ် ခိုလှုံ ရာ ၊ ရန်သူ တို့ရှေ့ မှာ ခိုင်ခံ့ သော ရဲတိုက် ဖြစ်တော်မူ၏။ ၄ တဲ တော်၌ အစဉ် နေ ပါမည်။ အတောင် တော်ဖုံးအုပ် ရာ၌ ခိုလှုံ ပါမည်။ ၅ အို ဘုရား သခင်၊ အကျွန်ုပ် ပြုသောသစ္စာ ဂတိတို့ကို ကြား တော်မူ၏။ နာမတော် ကို ကြောက်ရွံ့ သောသူတို့ ၏အမွေ ကို အကျွန်ုပ်အားပေး တော်မူလိမ့်မည်။ ၆ ရှင်ဘုရင် ၏ အသက်နေ့ရက် ကာလ ကို ရှည် စေတော်မူ၍၊ နှစ် စဉ်မပြတ် နိစ္စ ထာဝရ တည်ပါစေသော။ ၇ ဘုရား သခင်ရှေ့ တော်၌ အနန္တ ကာလပတ်လုံးနေ တော်မူစေသတည်း။ ကရုဏာ နှင့် သစ္စာ တော်သည် သူ့ ကို စောင့်မ စေသတည်း။ ၈ သို့ ဖြစ်၍ နေ့ရက် အစဉ်အတိုင်းသစ္စာဝတ် ကို ဖြေ ခြင်းငှါ ၊ နာမတော် ကို အစဉ် အမြဲထောမနာသီချင်း ဆိုပါလေအံ့သတည်း။

၆၂ အကယ် စင်စစ်ငါ့ ဝိညာဉ် သည် ဘုရား သခင်ရှေ့ မှာ ငြိမ်ဝပ် စွာ နေတတ်၏။ ငါ့ ကို ကယ်တင် ခြင်း အကြောင်းသည် အထံ တော်က သက်ရောက်ရ၏။ ၂ အကယ် စင်စစ်ဘုရား သခင်သည် ငါ ၏ကျောက် ၊ ငါ့ ကို ကယ်တင် ခြင်းအကြောင်း ၊ ငါ့ ခိုလှုံ ရာဖြစ်တော်မူ ၍၊ ငါ၌ လှုပ်ရှား ခြင်းများစွာ မ ရှိရာ။ ၃ သင်တို့သည် အဘယ် မျှကာလပတ်လုံး တယောက်သောသူ ကို တိုက် ကြမည်နည်း။ သူ့ကို တိမ်း သော အုပ်ရိုး ၊ လှုပ် သော ထရံ ကဲ့ သို့မှတ်၍၊ သင် တို့အပေါင်း သည် အဘယ်မျှကာလပတ်လုံးဖြိုဖျက် ကြမည်နည်း။ ၄ ထိုသူ ကို မြင့် သော အရပ်က လှဲ ခြင်းငှါ ကြံစည် လျက် နေကြ၏။ မုသာ ကို နှစ်သက် ကြ၏။ နှုတ် ဖြင့် ကား၊ ကောင်းကြီး ကိုပေး လျက်၊ နှလုံး ၌ ကား၊ ကျိန်ဆဲ ခြင်းကို ပြုတတ်ကြ၏။ ၅ အကယ် စင်စစ်ငါ့ ဝိညာဉ် သည် ဘုရား သခင်ရှေ့ မှာ ငြိမ်ဝပ် စွာ နေတတ်၏။ ငါ မြော်လင့် ခြင်း အကြောင်း သည် အထံ တော်က သက်ရောက်ရ၏။ ၆ အကယ် စင်စစ်ဘုရား သခင်သည် ငါ ၏ကျောက် ၊ ငါ့ ကို ကယ်တင် ခြင်းအကြောင်း ၊ ငါ ခိုလှုံ ရာဖြစ်တော်မူ ၍၊ ငါသည် လှုပ်ရှား ခြင်းမ ရှိရာ။ ၇ ငါ့ ကို ကယ်တင် ခြင်းအကြောင်း၊ ငါ ၏ဘုန်းပွင့် ခြင်းအကြောင်းကား ဘုရား သခင်ပေတည်း။ ငါ့ ကို အားပေး သောကျောက် ၊ ငါ ခိုလှုံ ရာကား ဘုရား သခင်ပေတည်း။ ၈ အိုလူ များတို့၊ ဘုရား သခင်၌ အစဉ် မပြတ်ခိုလှုံ ကြလော့။ ရှေ့ တော်၌ စိတ် နှလုံးကို ဖွင့် ပြကြလော့။ ဘုရား သခင်သည် ငါ တို့ ခိုလှုံ ရာဖြစ်တော်မူ၏။ ၉ အကယ် စင်စစ်ယုတ်ညံ့ သောသူ တို့ သည် အနတ္တ ၊ အသရေရှိသောသူတို့ သည် မုသာ ဖြစ်ကြ၏။ ချိန်ခွင် နှင့် ချိန်စက်လျှင် ထိုသူ အပေါင်း တို့သည် အနတ္တ ထက် သာ၍ပေါ့ကြ၏။ ၁၀ ညှဉ်းဆဲ ခြင်းကို မ ကိုးစား ကြနှင့်။ အနိုင် အထက်လုယူ၍ မ ဝါကြွား ကြနှင့်။ ဥစ္စာ များ ပြားလျှင် စိတ် စွဲလမ်းခြင်း မ ရှိ ကြနှင့်။ ၁၁ ဘုရား သခင်သည် တကြိမ် ဗျာဒိတ် ပေးတော်မူပြီ။ နှစ်ကြိမ် မြောက် ငါကြား ရသောဗျာဒိတ် တော်ဟူမူကား ၊ တန်ခိုး သည် ဘုရား သခင်၌ ရှိ၏။ ၁၂ အို ထာဝရ ဘုရား၊ ကိုယ်တော် သည် ကရုဏာ နှင့် ပြည့်စုံတော်မူ၏။ ကိုယ်တော် သည် လူအသီး အသီးတို့ အား သူ တို့အကျင့် နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေး တော်မူ၏။

၆၃ ဒါဝိဒ် သည်ယုဒ တော ၌ ရှိ သောအခါ စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား သခင်ဖြစ်တော်မူ၏။ ကိုယ်တော် ကို ကြိုးစား၍ ရှာ ပါ၏။ ရေ မ ရှိသွေ့ခြောက် သော လွင်ပြင် ၌ အကျွန်ုပ် ၏ဝိညာဉ် သည် ကိုယ်တော် ကို ငတ် ပါ၏။ အကျွန်ုပ် ၏ ကိုယ်ခန္ဓာ သည်လည်း ကိုယ်တော် ကို လွမ်း ဆွတ်ပါ၏။ ၂ ဘုန်း တန်ခိုး အာနုဘော်တော်ကို မြင် ခြင်းငှါ ၊ သန့်ရှင်း ရာဌာနတော်၌ ထို သို့ ကိုယ်တော် ကို ဖူး မျှော်ပါပြီ။ ၃ ကရုဏာ တော်သည် အသက် ထက် သာ၍ကောင်း သောကြောင့် ၊ အကျွန်ုပ် ၏နှုတ် သည် ကိုယ်တော် ကို ချီးမွမ်း ရပါမည်။ ၄ ထို သို့ အသက် ရှင်စဉ်တွင် ကိုယ်တော် ကို ကောင်းကြီး ပေးပါမည်။ နာမတော် ကို အမှီပြု လျက် လက် ကို ချီ ပါမည်။ ၅ အိပ်ရာ ပေါ် မှာ ကိုယ်တော် ကို အောက်မေ့ ၍ ၊ ညဉ့်ယံ တို့ ၌ ကိုယ်တော် ကို ဆင်ခြင် လျက် နေသောအခါ၊ ဆီဥ ကိုဂင်း၊ ဆူသောအသားကိုဂင်းစား၍ ဝသကဲ့သို့၊ အကျွန်ုပ် ၏ဝိညာဉ် သည် ဝ ၍ ရွှင်လန်း သော နှုတ်ခမ်း နှင့် အကျွန်ုပ် ၏နှုတ် သည် ကိုယ်တော်ကို ချီးမွမ်း ပါမည်။ ၆ အကျွန်ုပ် ကို မစ တော်မူသောကြောင့် ၊ အတောင် တော် အရိပ် ၌ ဝမ်းမြောက် ပါမည်။ ၇ အကျွန်ုပ် ၏ဝိညာဉ် သည် ကိုယ်တော် ၌ မှီဝဲ ၍ ၊ လက်ျာ လက်တော်သည် အကျွန်ုပ် ကို ထောက်မ တော်မူ၏။ ၈ အကျွန်ုပ် အသက် ကို ဖျက်ဆီး ခြင်းငှါ ရှာ သောသူတို့ သည် မြေကြီး အောက် အရပ်သို့ ဆင်း ရကြမည်။ ထား ဘေး ဖြင့် ဆုံး ၍၊ မြေခွေး စား ရန် ဖြစ် ရကြလိမ့်မည်။ ၉ ရှင်ဘုရင် မူကား ၊ ဘုရား သခင်၌ ဝမ်းမြောက် လိမ့်မည်။ ၁၀ ဘုရား သခင်ကို တိုင်တည်၍ ကျိန်ဆို သောသူအပေါင်း တို့သည် ဝါကြွား ကြလိမ့်မည်။ ၁၁ မုသာ စကားကို ပြော သောသူတို့၏နှုတ် မူကား ပိတ် လျက်ရှိလိမ့်မည်။

၆၄ အို ဘုရား သခင်၊ အကျွန်ုပ် ဆုတောင်း သော စကား သံကို နားထောင် ၍ အကျွန်ုပ် အသက် ကို ရန်သူ ဘေး မှ ကွယ်ကာ စောင့်မတော်မူပါ။ ၂ လူဆိုး တို့၏ တိုင်ပင် ရာမှ ၎င်း၊ ဒုစရိုက် ကို ပြု လေ့ရှိသောသူတို့ ၏ စုဝေး ရာမှ ၎င်း၊ အကျွန်ုပ် ကို ကွယ်ကာ တော်မူပါ။ ၃ ထိုသူ တို့သည် မိမိ တို့လျှာ ကို ထား ကဲ့ သို့သွေး တတ်ကြ၏။ ၄ စုံလင် သောသူကို မ ထင်မရှားပစ် မည်အကြံနှင့် ၊ ခါး သောစကား တည်းဟူသောမိမိ တို့ မြှား ကို ရွယ် တတ်ကြ၏။ မ ကြောက် မရွံ့ဘဲ ချက်ခြင်း ပစ် တတ်ကြ၏။ ၅ မကောင်း သောအမှု မှာ တယောက် ကိုတယောက်နှိုးဆော် တတ်ကြ၏။ ကျော့ကွင်း တို့ကို ထောင် ထား ခြင်းငှါ တိုင်ပင် ၍၊ အဘယ်သူ မြင် လိမ့်မည်နည်းဟု ဆို တတ်ကြ၏။ ၆ မ တရားသော အမှု တို့ကို ကိုယ်အဘို့ စစ်ဆေး ရှာဖွေ တတ်ကြ၏။ အကုန်အစင် စစ်ဆေးရှာဖွေတတ်ကြ၏။ အသီးအသီး စိတ် နှလုံးထဲမှာ ကြံစည် သော အရာတို့သည် အလွန်နက်နဲ ကြ၏။ ၇ သူ တို့ ၌ ဘုရား သခင်ပစ် တော်မူသောမြှား မှန်၍၊ သူ တို့သည် အမှတ်တမဲ့ နာ ကြ လိမ့်မည်။ ၈ သို့ ဖြစ်၍ မိမိ တို့ လျှာ သည် မိမိ တို့ကို တိုက် စေ၍၊ မြင် သောသူ အပေါင်း တို့သည် ပြေး သွားကြလိမ့်မည်။ ၉ လူ အပေါင်း တို့သည်လည်း ကြောက်ရွံ့ ၍ ၊ ဘုရား သခင်စီရင် တော်မူကြောင်းကို နားလည် သဖြင့် အမှု တော်ကို ကြား ပြောကြလိမ့်မည်။ ၁၀ ဖြောင့်မတ် သောသူသည် ထာဝရဘုရား ၌ ဝမ်းမြောက် ၍ ခိုလှုံ လိမ့်မည်။ သဘော ဖြောင့် သော သူအပေါင်း တို့သည် ဝါကြွား ကြလိမ့်မည်။

၆၅ အို ဘုရား သခင်၊ ဓိအုန် မြို့၌ ကိုယ်တော် ရှေ့မှာ ငြိမ်ဝပ် စွာ နေ၍ ချီးမွမ်း ရပါ၏။ ကိုယ်တော် အား လည်း သစ္စာ ဝတ်ကို ဖြေ ရပါ၏။ ၂ ပဌနာ စကားကို နားထောင် တော်မူသောဘုရား၊ ကိုယ်တော် ထံ သို့လူသား အပေါင်း တို့သည် ချဉ်းကပ် ရကြလိမ့်မည်။ ၃ မ တရားသောအမှု သည် အလွန်များ၍ အကျွန်ုပ် သည် မ တတ်နိုင်ပါ။ သို့သော်လည်း၊ အကျွန်ုပ် တို့ ပြစ်မှား ခြင်း အပြစ်များကို ကိုယ်တော် ဖြေရှင်း တော်မူမည်။ ၄ တန်တိုင်း တော်အတွင်း၌ နေ ၍၊ အထံတော်သို့ ချဉ်းကပ် စေခြင်းငှါ၊ ကိုယ်တော်ရွေးကောက် တော်မူသောသူသည် မင်္ဂလာ ရှိပါ၏။ သန့်ရှင်း သော ဗိမာန် တော်တည်းဟူသောအိမ် တော်၌ ကောင်း သော အရာတို့နှင့် အကျွန်ုပ်တို့သည် ဝ ပြောကြပါစေသော။ ၅ အကျွန်ုပ် တို့ကို ကယ်တင် တော်မူသောဘုရား၊ အကျွန်ုပ် တို့၏ ပဌနာကို နားထောင်၍ အံ့ဘွယ် သော အမှုတို့ကို တရား တော်နှင့်အညီပြ တော်မူ၏။ ကိုယ်တော်သည် ဝေး စွာသော မြေကြီး စွန်း နှင့် ၊ ပင်လယ် စွန်းတို့ ၌ နေသောသူတို့၏ ကိုးစား ရာ ဖြစ်တော်မူ၏။ ၆ ကိုယ်တော်သည် တန်ခိုး နှင့် ပြည့်စုံ သဖြင့် ၊ အားကြီး ၍ တောင် များကို တည် စေတော်မူ၏။ ၇ သမုဒ္ဒရာ မြည် သံ၊ လှိုင်း တံပိုးဟုန်း သံ၊ လူ တို့ ရုန်း ရင်းခတ်သံများကိုလည်း ငြိမ်း စေတော်မူ၏။ ၈ အဝေး ဆုံးသော အရပ်တို့ ၌နေ သောသူတို့ သည် ကိုယ်တော် ၏ နိမိတ် များကို မြင်၍ ကြောက်ရွံ့ ကြပါ ၏။ နေထွက် ရာအရပ်နှင့် နေဝင် ရာအရပ်တို့ကို ရွှင်လန်း စေတော်မူ၏။ ၉ မြေကြီး ကို အကြည့် အရှုကြွလာ၍ ၊ မိုယ်းကို များစွာရွာစေလျက်၊ ရေနှင့် ပြည့်သော ဘုရား သခင်၏ မြစ် အားဖြင့်အလွန်ကြွယ်ဝစေတော်မူ၏။ ထို သို့ မြေကို ပြုပြင်ပြီးမှ၊ မြေသား တို့အဘို့ စပါး ကို ပြုပြင် တော်မူ၏။ ၁၀ မြေရိုး တို့ကို စိုစွတ် စေ၍၊ လယ်ပြင်ကို တညီ တည်း စီရင်ပြီးမှ၊ မိုယ်းရွာ သောအားဖြင့် ပြော့ စေ၍၊ ပေါက် သော အပင်များကို ကောင်းကြီး ပေးတော်မူ၏။ ၁၁ နှစ် တို့ကို ကျေးဇူး တော်နှင့် ပတ်ရစ် တော်မူ၍ ၊ ခြေ တော်ရာတို့သည် ဆီဥ ယို တတ်ကြပါ၏။ ၁၂ သာယာ သော တော အရပ်တို့လည်း ယို ၍ ၊ တောင် တို့သည်လည်း ပီတိ ခါးစည်းနှင့် စည်း လျက် ရှိကြပါ၏။ ၁၃ ကျက်စား ရာအရပ်တို့သည် သိုး ဆိတ်စုတို့နှင့် ပြည့်စုံ လျက်၊ လယ်ပြင် တို့လည်း စပါး ပင်နှင့် လွှမ်းမိုး လျက် ရှိ၍၊ ကျူးဓ သောအသံနှင့် သီချင်း ဆိုကြပါ၏။

၆၆ မြေကြီး သားအပေါင်း တို့၊ ဘုရား သခင့်ရှေ့ တော်၌ ကျူးဓ သောအသံကို ပြု၍၊ ၂ နာမ တော်၏ဂုဏ် ကို သီချင်း ဆိုကြလော့။ ချီးမွမ်း ခြင်း၏ ဂုဏ် အသရေကို ပြ ကြလော့။ ၃ ကိုယ်တော် စီရင်သောအမှု တို့သည် အလွန်အံ့သြ ဘွယ် ဖြစ်ကြပါ၏။ တန်ခိုး တော်ကြီး သောကြောင့် ၊ ရန်သူ တို့သည် ကိုယ်တော် ကို တောင်းပန် ကြပါလိမ့်မည်။ ၄ မြေကြီး သားအပေါင်း တို့သည် ကိုယ်တော် ကို ကိုးကွယ် ၍ ၊ သီချင်း ဆိုကြပါစေသော။ နာမ တော်အား သီချင်း ဆိုကြပါစေသောဟု ဘုရား သခင်အား လျှောက် ထားကြလော့။ ၅ ဘုရား သခင်စီရင် တော်မူသောအမှုတော်ကို လာ ၍ ကြည့် ကြလော့။ လူ သား တို့တွင်စီရင်တော်မူသောအမှု တို့သည် အံ့သြ ဘွယ် ဖြစ်ကြ၏။ ၆ ပင်လယ် ကို ကုန်း ဖြစ် စေတော်မူ၏။ သူတို့သည် ရေစီး ရာအရပ်ကို ခြေ ဖြင့် ရှောက် သွားကြသည်ဖြစ်၍ ၊ ငါတို့သည် ဘုရား သခင်၌ ဝမ်းမြောက် ကြ၏။ ၇ တန်ခိုး တော်အားဖြင့် အစဉ် အမြဲအုပ်စိုး တော်မူ၏။ မျက်စိ တော်သည် လူ အမျိုးမျိုးတို့ကို

ကြည့်ရှု သည် ဖြစ်၍ ၊ ငြင်းဆန် သောသူတို့သည် မ ဝါကြွား ကြစေနှင့်။ ၈ အချင်းလူစု တို့၊ ငါ တို့ ဘုရား သခင်ကို ကောင်းကြီး ပေးကြလော့။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း သော စကား သံနှင့် ကြွေးကြော် ကြလော့။ ၉ ငါ တို့အသက် ကို မ သေ စေမည်အကြောင်းနှင့် ၊ ခြေ ကိုလည်း မချော် စေမည်အကြောင်း စောင့်မ တော်မူ၏။ ၁၀ အိုဘုရား သခင်၊ ကိုယ်တော်သည် အကျွန်ုပ် တို့ကို စုံစမ်း တော်မူပြီ။ ငွေ ကို စစ်ဆေး သကဲ့သို့ အကျွန်ုပ် တို့ကို စစ်ဆေး တော်မူပြီ။ ၁၁ ကျော့ကွင်း ထဲမှာ ကျော့မိ စေ၍၊ ကျောက် ကုန်းပေါ် မှာ လေးသော ဝန် ကို တင် တော်မူပြီ။ ၁၂ အကျွန်ုပ် တို့ ခေါင်း ပေါ် မှာ သူတပါး ကို စီး စေတော်မူပြီ။ မီး ၌ ၎င်း ၊ ရေ ၌ ၎င်း သွား ရသော်လည်း၊ ကျေးဇူးတော်ကြောင့် ကြွယ်ဝ ခြင်းသို့ ရောက် ကြပါ၏။ ၁၃ မီးရှို့ ရသောယဇ်ပါ လျက် အိမ် တော်သို့ အကျွန်ုပ်သွား ပါမည်။ ၁၄ ဆင်းရဲ ခံရစဉ်အခါ ၊ အကျွန်ုပ် သည် နှုတ် ကို ဖွင့် ၍ မြွက်ဆို သည်အတိုင်း ၊ သစ္စာ ဝတ်ကို ဖြေ ပါမည်။ ၁၅ ဆူဖြိုး သော သိုး တို့ကို နှံ့သာ ပေါင်းနှင့်တကွ မီးရှို့ ရာယဇ် ပြု၍ ပူဇော် ပါမည်။ နွား နှင့် ဆိတ် တို့ကိုလည်း စီရင် ပါမည်။ ၁၆ ဘုရား သခင်ကို ကြောက်ရွံ့ သော သူအပေါင်း တို့၊ လာ ၍ နားထောင် ကြလော့။ ငါ့ ဝိညာဉ် အဘို့ အဘယ်သို့ ကျေးဇူးပြု တော်မူသည်ကို ငါကြားပြော မည်။ ၁၇ ငါ သည် ဘုရား သခင်ကို နှုတ် နှင့် အော်ဟစ် ၍ ၊ ဂုဏ်တော်ကိုလည်း လျှာ နှင့် ချီးမွမ်း ရပြီ။ ၁၈ ငါ သည် စိတ် နှလုံးထဲမှာ ဒုစရိုက် ကို ငဲ့ကွက် လျှင် ၊ ဘုရား ရှင်သည် နားထောင် တော်မ မူ။ ၁၉ ယခု မူကား၊ ဘုရား သခင်သည် နားထောင် ၍၊ ငါ မြွက်ဆိုသော ပဌနာ စကား သံကို မှတ် တော်မူပြီ။ ၂၀ ငါ မြွက်ဆိုသော ပဌနာ ကို ပယ် တော်မ မူ။ ကျေးဇူး တော်ကို ငါ မှ ရုပ်သိမ်းတော်မမူသော ဘုရား သခင်သည် မင်္ဂလာ ရှိတော်မူစေသတည်း။

၆၇ ဘုရား သခင်သည် အကျွန်ုပ် တို့ကို သနားခြင်း ကရုဏာစိတ်တော်ရှိသဖြင့် ၊ ကောင်းကြီး ပေး၍ မျက်နှာ တော်၏အလင်း ကို လွှတ်တော်မူပါစေသော။ ၂ ထိုသို့သောအားဖြင့် မြေကြီး သားတို့သည် အမှု တော်တို့ကို သိ ၍ ၊ ခပ်သိမ်း သော လူမျိုး တို့သည် ကယ်တင် တော်မူခြင်း ကျေးဇူးကိုခံ ရကြပါစေသော။ ၃ အိုဘုရား သခင်၊ လူ များတို့သည် ကိုယ်တော် ကို ချီးမွမ်း ကြပါစေသော။ လူ များအပေါင်း တို့သည် ကိုယ်တော် ကို ချီးမွမ်း ကြပါစေသော။ ၄ လူ အမျိုးမျိုးတို့သည် ဝမ်းမြောက် ၍ ရွှင်လန်း စွာ သီချင်းဆိုကြပါစေသော။ အကြောင်း မူကား၊ ကိုယ်တော်သည် လူ တို့ကို ဖြောင့်မတ် စွာ တရား စီရင်၍ ၊ မြေကြီး ပေါ် မှာ ရှိသောလူမျိုး တို့ကို ချမ်းသာ ပေးတော်မူမည်။ ၅ အို ဘုရား သခင်၊ လူ များတို့သည် ကိုယ်တော် ကို ချီးမွမ်း ကြပါစေသော။ လူ များအပေါင်း တို့သည် ကိုယ်တော် ကို ချီးမွမ်း ကြပါစေသော။ ၆ မြေ သည် မိမိ ဘဏ္ဍာ ကို ပေး ၍၊ ဘုရား သခင်တည်းဟူသောငါ တို့၏ဘုရား သခင်သည် ငါ တို့ကို ကောင်းကြီး ပေးတော်မူ၏။ ၇ ဘုရား သခင်သည် ငါ တို့ကို ကောင်းကြီး ပေးတော်မူဦးမည်။ မြေကြီး စွန်း အပေါင်း တို့သည်လည်း ၊ ဘုရား သခင်ကို ကြောက်ရွံ့ ကြလိမ့်မည်။

၆၈ ဘုရား သခင်ထ တော်မူ၍၊ ရန်သူ တို့သည် အရပ်ရပ်သို့ ကွဲပြား ကြပါစေသော။ ဘုရား သခင်ကို မုန်း သောသူတို့ သည် အထံ တော်က ပြေး ကြပါစေသော။ ၂ မီးခိုး လွှင့် သကဲ့သို့ သူတို့ကို လွှင့် တော်မူပါ။ ဘယောင်း သည် မီး

ရှေ့ မှာ အရည် ဖြစ်သကဲ့သို့ ၊ မတရား သောသူတို့ သည် ဘုရား သခင့်ရှေ့ တော်မှာ ပျက်စီး ကြပါစေသော။ ၃ ဖြောင့်မတ် သောသူတို့ သည် ဝမ်းမြောက် ၍ ၊ ဘုရား သခင်ရှေ့တော်မှာ ရွှင်လန်း သောစိတ် နှင့် အလွန် ဝမ်းမြောက် ဝမ်းသာကြပါစေသော။ ၄ ဘုရား သခင်အား သီချင်း ဆိုကြလော့။ နာမတော် ကို ထောမနာသီချင်း ဆိုကြလော့။ တော ၌ စီး ၍ ကြွတော်မူသောအရှင်ဘို့ လမ်းကို ပြင်ကြလော့။ ထိုအရှင် ၏ နာမတော် ကား၊ ထာဝရ ဘုရားတည်း။ ရှေ့ တော်၌ ရွှင်လန်း ကြလော့။ ၅ ဘုရား သခင်သည် သန့်ရှင်း သော ဘုံ ဗိမာန်တော်၌ စံပယ်လျက်၊ မိဘ မရှိသောသူတို့ ၏ အဘ ဖြစ်၍ ၊ မုတ်ဆိုးမ တို့ဘက်မှာ တရား စီရင်တော်မူ၏။ ၆ ဘုရား သခင်သည် ပေါက်ဘော် မရှိသောသူတို့ အား အိမ်ထောင် ချခြင်းအခွင့် ကိုပေး တော်မူ၍၊ ချုပ် ထားသောသူတို့ ကိုလည်း ကြွယ်ဝခြင်းထဲ သို့ သွင်း တော်မူ၏။ ငြင်းဆန် သောသူတို့ မူကား ၊ သွေ့ခြောက် သော အရပ်၌ နေ ရကြ၏။ ၇ အို ဘုရား သခင်၊ ကိုယ်တော် ၏လူစု ရှေ့မှာ ကြွ ၍ ၊ တော ၌ ချီ တော်မူသောအခါ၊ ၈ ဘုရား သခင်၏ မျက်နှာ တော်ကြောင့် ၊ မြေကြီး လှုပ် ၍ မိုးယံကောင်းကင် သည် ယို စီးလေ၏။ ဣသရေလ အမျိုး၏ ဘုရား သခင်မျက်နှာ တော်ကြောင့် သိနာ တောင်သည်လည်း တုန်လှုပ်၏။ ၉ အိုဘုရား သခင်၊ ကိုယ်တော် သည် မိုးယံ ကို များစွာ ရွာစေ၍၊ ပင်ပန်း သော အမွေ တော်လူတို့ကို ထောက်မ တော်မူ၏။ ၁၀ ကိုယ်တော် ၏ အလုံး အရင်းသည် နေရာ ကျရကြပါ၏။ အိုဘုရား သခင်၊ ဆင်းရဲ သောသူတို့ အဘို့ ကျေးဇူး တော်အားဖြင့် ပြင်ဆင် တော်မူ၏။ ၁၁ ဘုရား ရှင်အမိန့် တော်ရှိ၍၊ ဝမ်းမြောက် စရာ သိတင်းကို ကြားပြော သောသူ တို့ သည် အတိုင်းမသိများ ကြ၏။ ၁၂ စစ်အင်္ဂါဗိုလ်ခြေ သခင်ရှင် ဘုရင်တို့သည် အလျင် အမြန်ပြေးကြ၍ ၊ အိမ် ၌ နေရစ် သော မိန်းမတို့သည် လက်ရဥစ္စာ ကို ဝေ မျှကြ၏။ ၁၃ သင်တို့သည် တောင် ကြား မှာ နေရာ ကျလျက် ၊ ငွေ နှင့် မွန်းမံ သော ချိုးငှက် အတောင် ကဲ့သို့ငင်း ၊ နီ သော ရွှေ နှင့် မွမ်းမံသော အမွေး ကဲ့သို့ငင်း၊ ဖြစ်ကြလိမ့်မည်။ ၁၄ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူသောဘုရားသည်၊ ရှင်ဘုရင် တို့ကို ကွဲပြား စေတော်မူသောအရပ် သည် ဇာလမုန် တောင်ပေါ် မှာ မိုးယံပွင့် ကဲ့သို့ ဖြစ်လေ၏။ ၁၅ ဘုရား သခင်၏ တောင် တည်းဟူသောဗာရှန် တောင် ၊ မြင့် သော ထိပ် များနှင့် ပြည့်စုံသော ဗာရှန် တောင် တို့၊ ၁၆ သင်တို့သည် မြင့် သော တောင်ထိပ် များနှင့် ပြည့်စုံသော်လည်း၊ ဘုရား သခင်ကျိန်းဝပ် ခြင်းငှါ အလိုရှိ တော်မူသောတောင် ၊ ထာဝရဘုရား သည် အစဉ် အမြဲနေရာ ချတော်မူသောတောင်တော်ကို အဘယ် ကြောင့်စောင်း မြောင်းကြသနည်း။ ၁၇ ဘုရား သခင်၏ရထား တော်တို့သည် အထောင် အသောင်း မက များ ကြ၏။ ဘုရား ရှင်ပါ တော်မူ၏။ သိနာ တောင်လည်း သန့်ရှင်း ရာဌာနတော်၌ ရှိသတည်း။ ၁၈ ကိုယ်တော်သည် မြင့် သောအရပ်သို့ တက် ကြွတော်မူသဖြင့်၊ များစွာသောသူတို့ ကို ဘမ်း သွားတော်မူ၍၊ ထာဝရ အရှင် ဘုရား သခင်သည် လူတို့တွင် ကျိန်းဝပ် တော်မူမည်အကြောင်း ၊ လူတို့အဘို့မက၊ ပုန်ကန် သော လူ တို့အဘို့ ဆုလပ် များကို ခံရ တော်မူပြီ။ ၁၉ ထာဝရ ဘုရားသည် အစဉ် မင်္ဂလာ ရှိတော်မူစေသတည်း။ ငါ တို့ကို သူတပါး ညှဉ်းဆဲ သောအခါ ၊ ဘုရား သခင်ကယ်တင် တော်မူ၏။ ၂၀ ငါ တို့၏ ဘုရား သခင်သည် ကယ်တင် နိုင်သော ဘုရား ဖြစ်တော်မူ၏။ ဘုရား ရှင်ထာဝရဘုရား သည် သေခြင်း သို့ ရောက်သော လမ်းကိုလည်း အစိုးပိုင်တော်မူ၏။ ၂၁ ဘုရား သခင်သည် မိမိ ရန်သူ တို့၏ ဦးခေါင်း

ကိုဂင်း၊ အပြစ် ပြု မြဲပြုသောသူ တို့ ၏ ဦးသျှောင် ကိုဂင်းဧကန် အမှန် နှိပ်စက် တော်မူမည်။ ၂၂ သူတို့ကို ဗာရှန် ပြည်က ငါဆောင်ခဲ့ဦးမည်။ နက်နဲ သော ပင်လယ် ထဲ က ငါဆောင် ခဲ့ဦးမည်။ ၂၃ ထို သို့သောအားဖြင့် သင် သည် ရန်သူ တို့ အသွေး ကို နင်း ၍၊ သင် ၏ခွေး တို့သည်လည်း လျက် ကြ လိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ၂၄ အို ဘုရား သခင်၊ သန့်ရှင်း ရာဌာနသို့ ကိုယ်တော်ကြွ တော်မူခြင်း၊ အကျွန်ုပ် ၏ ဘုရား သခင်၊ အကျွန်ုပ် ၏ ရှင် ဘုရင်ကြွ တော်မူခြင်းကို မြင် ရကြပါပြီ။ ၂၅ ရှေ့ ၌ကား၊ သီချင်း ဆိုသောသူ၊ နောက် ၌ကား၊ စောင်းအမျိုးမျိုးကို တီးသောသူ၊ အလယ် ၌ ကား၊ ပတ်သာကို တီး သော အပျို တို့သည် လိုက်သွားကြပါ၏။ ၂၆ ဣသရေလ အမျိုးသားတို့၊ ပရိသတ် အစည်း အဝေးတို့ ၌ ထာဝရ အရှင် ဘုရား သခင်ကို ကောင်းကြီး ပေးကြလော့။ ၂၇ အစိုး ရသောဗင်္ာမိန် ငယ် မှစ၍၊ မိမိ အလုံး အရင်းနှင့်တကွယုဒ မင်း များ၊ ဇာဗုလုန် မင်း များ နဿလိ မင်း များ ပါကြ၏။ ၂၈ အို ဘုရား သခင်၊ တန်ခိုး တော်ကို ပြ တော်မူပါ။ အိုဘုရား သခင်၊ အကျွန်ုပ် တို့ ၌ ပြု သောကျေးဇူးတော်ကို တည် စေတော်မူပါ။ ၂၉ ယေရုရှလင် မြို့၌ ရှိသောဗိမာန် တော်အဘို့ ရှင် ဘုရင်တို့သည် ကိုယ်တော် ထံ သို့လက်ဆောင် များကို ဆောင် ခဲ့ကြပါစေသော။ ၃၀ ကျူတော သားရဲ ကိုဂင်း၊ နွား လားဥသဘအစု အဝေးနှင့် လူမျိုး တို့၏ နွား ပျိုတို့ကိုဂင်းဆုံးမ တော်မူသဖြင့် ၊ အသီးအသီးတို့သည် ငွေ စ နှင့် ကိုယ်ကို နှိမ့်ချ ကြပါစေသော။ စစ် မှုကို နှစ်သက် သော လူမျိုး တို့ကို အရပ်ရပ်သို့ ကွဲပြား စေတော်မူပါ။ ၃၁ အဲဂုတ္တ ပြည်မှ သံတမန် တို့သည် လာ ကြပါစေသော။ ကုရှ ပြည်သည် မိမိ လက် တို့ကို ဘုရား သခင်ထံ တော်သို့ အလျင် အမြန်ဆန့်ရပါစေသော။ ၃၂ မြေကြီး နိုင်ငံ တို့၊ ဘုရား သခင့်ရှေ့ တော်၌ သီချင်း ဆိုကြလော့။ ၃၃ အစ အဦး၌ အထက်ကောင်းကင် ဘဝဂ်ကို စီး ၍ နေတော်မူသောထာဝရ ဘုရားကို ထောမနာသီချင်း ဆိုကြလော့။ အသံ တော်ကို လွှတ် တော်မူ၍ ၊ အားကြီး သော အသံ ဖြစ်၏။ ၃၄ ဘုရား သခင်သည် တန်ခိုး ကြီးတော်မူသည်ဟု ဝန်ခံ ကြလော့။ ဣသရေလ အမျိုးကို ဘုန်း တော်လွှမ်းမိုးလျက် ၊ တန်ခိုး တော်လည်း မိုဃ်းတိမ် တို့တွင် ထင်ရှားလျက် ရှိသတည်း။ ၃၅ အို ဘုရား သခင်၊ ကိုယ်တော် သည် သန့်ရှင်း ရာဌာနတော်ပြင်မှာ ကြောက်ရွံ့ ဘွယ် ဖြစ်တော်မူ၏။ ဣသရေလ အမျိုး၏ ဘုရား သခင်ကား၊ မိမိလူ တို့အား အခွင့် တန်ခိုးကို ပေး တော်မူသောဘုရား ပေတည်း။ ဘုရား သခင်သည် မင်္ဂလာ ရှိတော်မူစေသတည်း။

၆၉ အကျွန်ုပ် ကို ကယ် ယူတော်မူပါ ဘုရား ။ ရေ သည် အကျွန်ုပ်အသက် ဝိညာဉ်တိုင်အောင် ရောက် ပါပြီ။

၂ ခြေနင်း ရာမ ရှိ။ နက် လှသော ရွှံ့ ထဲ မှာ ကျွံ ပါပြီ။ လှိုင်း တံပိုးလွှမ်းမိုး ရာ နက် သော ရေ ထဲ သို့ ရောက် ပါပြီ။ ၃ အော်ဟစ် ၍ ပင်ပန်း ပါပြီ။ လည်ချောင်း ခြောက် ပါပြီ။ အကျွန်ုပ် ၏ ဘုရား သခင်ကို အကျွန်ုပ် မျှော် ကြည့် ၍ မျက်စိပျက် ပါပြီ။ ၄ အကြောင်း မရှိဘဲ အကျွန်ုပ် ကို မုန်း သောသူတို့သည် အကျွန်ုပ် ၏ဆံပင် ထက် များ ကြပါ၏။ မဟုတ် မမှန် ဘဲ အကျွန်ုပ် ကို ရန်ဘက် ပြု၍ ဖျက်ဆီး သောသူတို့ သည် ခွန်အား ကြီးကြပါ၏။ ထိုအခါ အကျွန်ုပ် သည် မ ယူ သော ဥစ္စာကိုပင်ပြန် ပေးရပါ၏။ ၅ အိုဘုရား သခင်၊ အကျွန်ုပ် မိုက် ခြင်းအမှုကို ကိုယ်တော် သိ တော်မူ၏။ အကျွန်ုပ် ၏အပြစ် တို့ကို ရှေ့တော်၌ ဝှက် ၍ မ ထားရပါ။ ၆ ကောင်းကင်ဗိုလ်ခြေ သခင်အရှင်ထာဝရဘုရား

၊ ကိုယ်တော် ကို မြော်လင့် သောသူတို့သည် အကျွန်ုပ် အကြောင်းကြောင့် စိတ် မ ပျက်ကြပါစေနှင့်။ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကိုယ်တော် ကို ရှာ သောသူတို့ သည် အကျွန်ုပ် အကြောင်းကြောင့် ရှက် ကြောက်ခြင်းသို့ မ ရောက်ကြပါစေနှင့်။ ၇ ကိုယ်တော် အတွက် အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းကို ခံရ ပါ၏။ အကျွန်ုပ် မျက်နှာ သည် ရှက် ခြင်းနှင့် ပြည့်စုံ ပါ၏။ ၈ ကိုယ် ညီအစ် ကိုတို့တွင် ၊ လူစိမ်း ဖြစ် ခဲ့ပါပြီ။ တမိ တည်းသော ပေါက်ဘော် တို့တွင် ၊ တကျွန်း တနိုင်ငံသား ဖြစ်ခဲ့ပါပြီ။ ၉ ကိုယ်တော် ၏အိမ် တော်၌ စွဲလမ်း ပူပန်ခြင်းစိတ်သည် အကျွန်ုပ် ကို စား ပါ၏။ ကိုယ်တော် ကို ကဲ့ရဲ့ သောသူတို့ ၏စကားသည် အကျွန်ုပ် အပေါ် သို့ ရောက် ပါ၏။ ၁၀ အကျွန်ုပ်သည် ငိုကြွေး ၍ စိတ် နှလုံးပါလျက် ၊ အစာ ရှောင်သောအကျင့် ကြောင့် ပင် ကဲ့ရဲ့ခြင်းကို ခံရ ပါ၏။ ၁၁ လျှော်တေ အဝတ် ကို ဝတ် သောအခါ ၊ သူ တို့သည် သရော် တတ်ကြပါ၏။ ၁၂ ရုံးပ၌ ထိုင် သောသူတို့သည် အကျွန်ုပ် တဘက်မှာ ပြော ဆို၍ ၊ သေသောက် ကြူးတို့သည် အကျွန်ုပ်ကို အကြောင်းပြုလျက် တေးဘွဲ့၍ ဆို တတ်ကြပါ၏။ ၁၃ အိုထာဝရဘုရား ၊ အကျွန်ုပ် မူကား ၊ မင်္ဂလာ အချိန် ကာလ၌ ကိုယ်တော် ကို ဆုတောင်း ပါ၏။ အိုဘုရား သခင်၊ ကရုဏာ တော် ကြွယ်ဝ သည်နှင့်အညီ ၊ ကယ်တင် တော်မူခြင်း သစ္စာ အတိုင်း ၊ အကျွန်ုပ် စကားကို နားထောင် တော်မူပါ။ ၁၄ အကျွန်ုပ် ကို ရွံ့ ထဲ က ကယ်နှုတ် တော်မူပါ။ နစ် စေတော်မ မူပါနှင့်။ အကျွန်ုပ် ကို မုန်း သောသူတို့ လက်မှ ၎င်း၊ နက် သော ရေ ထဲ ကဝင်း လွှတ် ပါစေသော။ ၁၅ ရေ ထ ၍ မ လွှမ်း ပါစေနှင့်။ နက်နဲ ရာ၌ မ မြုပ် ပါစေနှင့်။ အကျွန်ုပ် အပေါ် မှာ တွင်း ဝ မ ပိတ် ပါစေနှင့်။ ၁၆ အိုထာဝရဘုရား ၊ ကျေးဇူး ပြုချင်သော စေတနာတော်သည် ကောင်းမွန် သောကြောင့် ၊ အကျွန်ုပ် စကား ကို နားထောင် တော်မူပါ။ စုံမက် တော်မူခြင်း ကရုဏာများ ပြားသည်နှင့်အညီ ၊ အကျွန်ုပ် ကို မျက်နှာ ပြုတော်မူပါ။ ၁၇ ကိုယ်တော် ၏ ကျွန် မှ မျက်နှာ တော်ကို လွှဲ တော်မ မူပါနှင့်။ ဘေး ရောက်ပါပြီ။ အလျင် အမြန်နားထောင် တော်မူပါ။ ၁၈ အကျွန်ုပ် ၏အသက် ဝိညာဉ်သို့ ချဉ်းကပ် ၍ ရွေး တော်မူပါ။ ရန်သူ များရှိကြောင်း ကိုထောက် ၍ ချမ်းသာ ပေးတော်မူပါ။ ၁၉ အကျွန်ုပ် ခံရသောကဲ့ရဲ့ခြင်း၊ အရှက် ကွဲခြင်း၊ အသရေ ပျက်ခြင်းတို့ကို ကိုယ်တော် သည် သိ တော်မူ၏။ အကျွန်ုပ် ၏ ရန်သူ အပေါင်း တို့သည် ရှေ့ တော်၌ ထင်ရှားလျက် ရှိကြပါ၏။ ၂၀ ကဲ့ရဲ့ခြင်းအားဖြင့်အကျွန်ုပ် သည် စိတ် ပျက် ၍ အလွန် ပူဆွေးခြင်း ရှိပါ၏။ သနား သောသူကို ကြည့် ၍ မ မြင်။ သက်သာ စေသောသူကို ရှာ ၍ မ တွေ့ရပါ။ ၂၁ အကျွန်ုပ် စားစရာ ဘို့ ဆေးခါး ကို ကျွေး ကြပါ၏။ ရေငတ် သောအခါ ပုံးရည် ကို တိုက် ကြပါ၏။ ၂၂ သူ တို့စားပွဲ သည် သူ တို့ရှေ့ မှာ ကျော့ကွင်း သော် ၎င်း၊ ခံ ထိုက်သောအပြစ်သော် ၎င်း၊ ထောင် ချောက်သော် ၎င်း ဖြစ် ပါစေ။ ၂၃ သူ တို့သည် မမြင် နိုင်အောင် မျက်စိ ကွယ် ပါစေ။ သူ တို့ခါး သည်လည်း အစဉ် တုန် ပါစေ။ ၂၄ သူ တို့အပေါ် မှာ အမျက် တော်ကို သွန်းလောင်း တော်မူ၍ ၊ အမျက် တော်အရှိန် သည် သူ တို့ကို မှီ ပါစေ။ ၂၅ သူ တို့နေရာ အရပ်သည် လူဆိတ်ညံ ရာအရပ် ဖြစ် ပါစေ။ သူ တို့အိမ် ၌ နေ သောသူ မ ရှိ ပါစေနှင့်။ ၂၆ အကြောင်း မူကား၊ သူတို့သည် ဒဏ်ခတ် တော်မူသောသူ ကို ညှဉ်းဆဲ ကြပါ၏။ နာ စေတော်မူသောသူတို့ကို ထပ်၍ နာ စေကြပါ၏။ ၂၇ သူ တို့အပြစ် ၌ အပြစ် ကိုထပ်၍ ပေး တော်မူပါ။ ကုသိုလ် တော်နှင့် မ ဆိုင် ကြပါစေနှင့်။ ၂၈ အသက် ရှင်သောသူတို့စာရင်း

၌ သူတို့နာမည်များကို ချေ၍ ၊ ဖြောင့်မတ် သောသူတို့နှင့်အတူ မ ရေး မမှတ်ပါစေနှင့်။ ၂၉ အကျွန်ုပ် မူကား ၊ ဆင်းရဲ ငြိုင်ငှ ပါ၏။ အိုဘုရား သခင်၊ ကယ်တင် တော်မူခြင်း ကျေးဇူးသည် အကျွန်ုပ် ကို ချီးမြှင့် ပါစေသော။ ၃၀ ငါသည် ဘုရား သခင်၏ နာမတော် ကို ထောမနာ သီချင်းဆို မည်။ ကျေးဇူး တော်ကို ပြ၍ ဘုရား သခင်ကို ချီးမွမ်း မည်။ ၃၁ ထာဝရဘုရား သည် ချိုး နှင့်ငင်း၊ ခွါ နှင့်ငင်း ပြည့်စုံသော နွား လားကို နှစ်သက် သည်ထက် ၊ ထိုအကျင့်ကို သာ၍နှစ်သက်တော်မူလိမ့်မည်။ ၃၂ နှိမ့်ချ သောသူတို့ သည် မြင် ၍ ဝမ်းမြောက် ကြလိမ့်မည်။ ဘုရား သခင်ကို ရှာ သောသူတို့ ၏ စိတ် နှလုံးသည် အား ပြည့်လိမ့်မည်။ ၃၃ ထာဝရဘုရား သည် ဆင်းရဲ သောသူတို့၏စကားကို နားထောင် တော်မူ၏။ အချုပ် ခံရသောမိမိ လူတို့ကို မထီမဲ့မြင် ပြုတော်မ မူတတ်။ ၃၄ ကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ တို့နှင့်တကွ အရပ်ရပ်၌ ကျင်လည်သော သတ္တဝါ အပေါင်း တို့သည် ဘုရား သခင်ကို ချီးမွမ်း ကြပါစေသော။ ၃၅ ဘုရား သခင်သည် ဇိအုန် မြို့ကို စောင့် ၍ ၊ ယုဒ မြို့ တို့ကို ပြု စုတော်မူသဖြင့် ၊ ထို သူတို့သည် နေ ၍ ပိုင် ရကြလိမ့်မည်။ ၃၆ ကျွန် တော်မျိုး၏သား မြေးတို့သည် ထိုမြို့ ကို အမွေ ခံရ၍ ၊ နာမတော် ကို ချစ် သောသူတို့သည် နေရာ ကျရကြလိမ့်မည်။

၇၀ အောက်မေ့ စေခြင်းငှာ စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ အကျွန်ုပ် ကို နှုတ် ယူတော်မူပါ။ အိုထာဝရဘုရား ၊ အကျွန်ုပ် ကို မစ ခြင်းငှါ အလျင် အမြန် ပြုတော်မူပါ။ ၂ အကျွန်ုပ် အသက် ကို သတ်ခြင်းငှါရှာကြံ သောသူတို့သည် အရှက်ကွဲ ၍ မျက်နှာ ပျက်ကြပါစေသော။ အကျွန်ုပ် ၌ အန္တရာယ် ပြု ချင်သောသူတို့သည် လှန် ခြင်းကို ခံရ၍ ၊ ရှက်ကြောက် ခြင်းသို့ ရောက်ကြ ပါစေသော။ ၃ အကျွန်ုပ်ကို အေ့ဟေ ၊ အေ့ဟေ ဟု ဆို သောသူတို့သည် အရှက် ကွဲခြင်းအားဖြင့် နောက်သို့ လှန် ခြင်းကိုခံရကြပါစေသော။ ၄ ကိုယ်တော် ကို ရှာ သောသူအပေါင်း တို့သည် ကိုယ်တော် ၌ ဝမ်းမြောက် ရွှင်လန်း ကြပါစေသော။ ကယ်တင် တော်မူခြင်းကျေးဇူးကို နှစ်သက် သောသူတို့သည်၊ ဘုရား သခင်ဘုန်းကြီး တော်မူစေသတည်း ဟု အစဉ် မပြတ်ပြော ကြပါစေသော။ ၅ အကျွန်ုပ် မူကား ၊ ဆင်းရဲ ငတ်မွတ် ပါ၏။ အိုဘုရား သခင်၊ အကျွန်ုပ် ရှိရာသို့ အလျင် အမြန်ကြွတော်မူပါ။ ကိုယ်တော် သည် အကျွန်ုပ် ကို မစ သောသူ၊ ကယ်တင် သောသူဖြစ် တော်မူ၏။ အို ထာဝရဘုရား ၊ ဆိုင်းလင့် တော်မ မူပါနှင့်။

၇၁ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ်ခိုလှုံ ပါ၏။ အရှက် ကွဲခြင်းနှင့် အစဉ် ကင်းလွတ် ပါစေသော။ ၂ တရား တော်နှင့်အညီ အကျွန်ုပ် ကို နှုတ်ယူ ၍ လွှတ် တော်မူပါ။ နား တော်ကို အကျွန်ုပ် ဘက်သို့ လှည့် ၍ ကယ်တင် တော်မူပါ။ ၃ အကျွန်ုပ် အစဉ် ရောက် ၍ နေရာ ကျသော ကျောက် ဖြစ် တော်မူပါ။ အကျွန်ုပ် ကို ကယ်တင် မည် အကြောင်း အမိန့် တော်ရှိ၍ ၊ အကျွန်ုပ် ၏ ကျောက် ၊ အကျွန်ုပ် ၏ ရဲတိုက် ဖြစ်တော်မူ၏။ ၄ အကျွန်ုပ် ၏ဘုရား သခင်၊ ဆိုး သောသူ ၏လက် မှ ၎င်း၊ မ တရားသောသူနှင့် ကြမ်းတမ်း သောသူ ၏လက် မှ ၎င်း အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ၅ အရှင် ထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် မြော်လင့် ရာဖြစ်တော်မူ၏။ အကျွန်ုပ် ငယ် သောအခွယ် မှစ၍ အကျွန်ုပ် ကိုးစား ရာ ဖြစ်တော်မူ၏။ ၆ အကျွန်ုပ်သည် ဘွား ကတည်း ကပင် ကိုယ်တော် ကို မှီဝဲ ပါပြီ။ အမိ ဝမ်း တွင်းမှစ၍ ကျေးဇူးတော်ကိုခံရပါပြီ။ ကိုယ်တော် ကို အစဉ် ချီးမွမ်း ပါမည်။ ၇ အကျွန်ုပ်သည်

များစွာ သောသူတို့ ၌ အံ့ဘွယ် သော အရာကဲ့ သို့ ဖြစ် သော်လည်း ၊ ကိုယ်တော် သည် အကျွန်ုပ် ၌ ခိုင်ခံ့ သော ခိုလှုံ ရာဖြစ်တော်မူ၏။ ၈ ဂုဏ် အသရေတော်နှင့် ယှဉ်သော ထောမနာ စကားကို အကျွန်ုပ် သည် နေ့တိုင်း အစဉ်မြွက်ဆို ပါစေသော။ ၉ အကျွန်ုပ် ကို အို သောအခါ ပယ် တော်မ မူပါနှင့်။ အား လျော့ သောအခါ စွန့်ပစ် တော်မ မူပါနှင့်။ ၁၀ ရန်သူ တို့သည် အကျွန်ုပ် တဘက် ၌ ပြော ဆိုကြပါ၏။ အကျွန်ုပ် အသက် ကို ချောင်း ကြည့်သောသူတို့ က၊ ၁၁ ဘုရား သခင်သည် သူ့ ကို စွန့်ပစ် တော်မူ၏။ လိုက် ၍ ဘမ်း ကြကုန်အံ့။ ကယ်လွှတ် သော သူမ ရှိဟု တိုင်ပင်ပြော ဆိုကြပါ၏။ ၁၂ အိုဘုရား သခင်၊ အကျွန်ုပ် နှင့် ဝေးဝေး နေတော်မ မူပါနှင့်။ အကျွန်ုပ် ၏ ဘုရား သခင်၊ အကျွန်ုပ် ကို မစ ခြင်းငှါ အလျင် အမြန်ပြုတော်မူပါ။ ၁၃ အကျွန်ုပ် အသက် ကို ရန်ဘက် ပြုသောသူတို့ သည် အရှက်ကွဲ ၍ ဆုံးရှုံး ခြင်းသို့ ရောက်ကြပါစေသော။ အကျွန်ုပ် ၌ အပြစ် ပြုခြင်းအခွင့်ကို ရှာ သောသူတို့သည် ကဲ့ရဲ့ ခြင်း၊ အသရေ ပျက်ခြင်းနှင့် မွန်း ကြ ပါစေသော။ ၁၄ အကျွန်ုပ် မူကား ၊ အစဉ် မြော်လင့် ၍ ကိုယ်တော် ကို ချီးမွမ်း သမျှ ထက် သာ၍ချီးမွမ်းပါမည်။ ၁၅ ဖြောင့်မတ် တော်မူခြင်းနှင့် ကယ်တင် တော်မူခြင်းကျေးဇူးကို အကျွန်ုပ်သည် နေ့တိုင်း အစဉ် ညွှန် ကြား ပါမည်။ ကျေးဇူးတော်တို့ကို ရေတွက် ၍ မ ကုန်နိုင်ပါ။ ၁၆ အရှင် ထာဝရဘုရား ၏ ဘုန်း တန်ခိုးတော်များကို အမှီပြု ၍ ကိုယ်တော် ၏ ဖြောင့်မတ် ခြင်းတရားကိုသာ ပြသ ပါမည်။ ၁၇ အိုဘုရား သခင်၊ ကိုယ်တော်သည် အကျွန်ုပ် ကို ငယ် သောအရွယ်မှစ၍ သွန်သင် တော်မူပါပြီ။ ယခု တိုင်အောင် အံ့ဘွယ် သော အမှုတော်တို့ကို အကျွန်ုပ်ပြ ပါပြီ။ ၁၈ တဖန်တံ့ အိုဘုရား သခင်၊ အကျွန်ုပ်အသက်ကြီး ၍ ဆံပင် ဖြူသည်ကာလတိုင်အောင် ၊ ယခုလူ များတို့အား ကိုယ်တော် ၏ အစွမ်း သတ္တိကိုငှင်း၊ နောက်ဖြစ် လတ္တံ့သော သူအပေါင်း တို့အား တန်ခိုး တော်ကိုငှင်း၊ အကျွန်ုပ်မ ပြ မှီတွင်၊ အကျွန်ုပ်ကို စွန့်ပစ် တော်မ မူပါနှင့်။ ၁၉ အိုဘုရား သခင်၊ ဖြောင့်မတ် တော်မူခြင်းတရားသည် အလွန်မြင့် ရာသို့ မှီသည်ဖြစ်၍ ၊ ကိုယ်တော်သည် ကြီးစွာ သော အမှုတို့ကို ပြု တော်မူ၏။ အိုဘုရား သခင်၊ ကိုယ်တော် နှင့်အဘယ် သူတူ ပါသနည်း။ ၂၀ ကြီးမား ကြမ်းတမ်းသော ဘေး များ ကို အကျွန်ုပ် အားပြ တော်မူပြီ။ တဖန် အသက် ကို ချမ်းသာပေး၍ ၊ မြေကြီး နက်နဲ ရာထဲက တဖန် ထမြောက် စေတော်မူမည်။ ၂၁ အကျွန်ုပ် ကို စည်းစိမ် တိုးပွား စေ၍ ၊ တဖန် သက်သာ စေတော်မူမည်။ ၂၂ သို့ ဖြစ်၍ ၊ အကျွန်ုပ် ၏ဘုရား သခင်၊ ကိုယ်တော် နှင့် သစ္စာ တော်ကို တယော ထိုး၍ ချီးမွမ်း ပါမည်။ ဣသရေလ အမျိုး၏ သန့်ရှင်း တော်မူသောဘုရား၊ ရှေ့ တော်၌ စောင်း တီး၍ သီချင်း ဆိုပါမည်။ ၂၃ ရှေ့ တော်၌ သီချင်း ဆိုသောအခါ ၊ ရွှင်လန်း သော နှုတ် ရှိပါလိမ့်မည်။ ရွေး တော်မူသောအကျွန်ုပ် ၏ ဝိညာဉ် လည်း ရွှင်လန်းပါလိမ့်မည်။ ၂၄ အကျွန်ုပ် ၏လျှာ သည်လည်း ဖြောင့်မတ် တော်မူခြင်းတရားကို အစဉ် မြွက် ဆိုပါလိမ့်မည်။ အကြောင်း မူကား၊ အကျွန်ုပ် ၌ အပြစ် ပြုခြင်း အခွင့်ကို ရှာ သောသူတို့သည် မျက်နှာ ပျက်၍ အရှက် ကွဲခြင်းသို့ ရောက်ကြပါ၏။

၇၂ ရှောလမုန် ကိုရည်ဆောင်၍စပ်ဆိုသောဆာလံ။ အိုဘုရား သခင်၊ ကိုယ်တော် ၏ တရား ဆုံးဖြတ်ခြင်းနှင့် ဖြောင့်မတ် စွာ စီရင်ခြင်းအခွင့်ကို မင်း သား ဖြစ်သော ရှင်ဘုရင် အား ပေး သနားတော်မူပါ။ ၂ ထိုမင်းသည် ကိုယ်တော် ၏ လူ တို့ကို ဖြောင့်မတ် စွာ စီရင် ၍ ၊ ကိုယ်တော် ၏ဆင်းရဲသား တို့ကို တရား ပေး ပါလိမ့်မည်။ ၃

တောင်ကြီးတောင် ငယ်တို့သည် တရား တော်အားဖြင့် ၊ ကိုယ်တော်၏ လူ တို့အား ချမ်းသာ ပေး ကြ ပါလိမ့်မည်။ ၄ ထိုမင်းသည် ကိုယ်တော်၏ လူ တို့တွင် ဆင်းရဲ သားတို့ကို တရား စီရင်လျက်၊ ငတ်မွတ် သောသူတို့၏ သားသမီး များကို ကယ်မ ၍ ၊ ညှဉ်းဆဲ သောသူကိုလည်း နှိပ်စက် ပါလိမ့်မည်။ ၅ နေ နှင့် လ တည် သမျှသောကာလပတ်လုံး၊ လူ အစဉ်အဆက်အပေါင်းတို့သည် ကိုယ်တော် ကို ကြောက်ရွံ ကြပါလိမ့်မည်။ ၆ ထိုမင်း၏ သက်ရောက်ခြင်းသည် ရိတ်သော မြက်ပင် ပေါ် မှာ ရွာ သောမိုးယိုး ကဲ့သို့ ၎င်း၊ မြေ ကို စို စေ သော မိုးယိုး ပေါက်များကဲ့ သို့၎င်း ဖြစ်လိမ့်မည်။ ၇ လက်ထက် တော်၌ လ သည်ပပျောက်ခြင်းသို့ မ ရောက်မှီတိုင်အောင် ၊ တရား သောသူသည် ပွင့်လန်း ၍ ချမ်းသာ များ ပြား လိမ့်မည်။ ၈ ပင်လယ် တပါးမှ တပါး တိုင်အောင် ၎င်း ၊ မြစ် မှ သည် မြေ စွန်း တိုင်အောင် ၎င်း အစိုးရ တော်မူ လိမ့်မည်။ ၉ တောတွင်း သားတို့သည် ရှေ့ တော်၌ ဦးချ ၍၊ ရန်သူ တို့သည်လည်း မြေမှုန့် ကို လျက် ကြလိမ့်မည်။ ၁၀ တာရှု မင်း တို့နှင့် ပင်လယ် တဘက်၌ နေသော မင်း တို့သည ်အခွန်သွင်း ၍၊ ရှေဘ မင်း နှင့် သေဘ မင်းတို့သည် လည်း လက်ဆောင် ပဏ္ဏာများကို ဆက် ကြ လိမ့်မည်။ ၁၁ ထိုမျှမက ရှင် ဘုရင်အပေါင်း တို့သည် ရှေ့ တော်၌ ပြပ်ဝပ် ၍ ၊ ခပ်သိမ်း သော လူမျိုး တို့သည် အမှုတော် ကို ထမ်းကြလိမ့်မည်။ ၁၂ အကြောင်း မူကား၊ ငတ်မွတ် သောသူ အော်ဟစ် သောအခါ ၊ ထိုသူ ကို ၎င်း၊ ကိုးကွယ် ရာမ ရှိ၍ ဆင်းရဲ သောသူကို ၎င်း ချမ်းသာ ပေးတော်မူ လိမ့်မည်။ ၁၃ ဆင်းရဲ သောသူနှင့် ငတ်မွတ် သောသူကို သနား ၍ ၊ ငတ်မွတ် သောသူတို့ ၏ အသက် ကို ကယ်တင် တော်မူလိမ့်မည်။ ၁၄ သူ တို့အသက် ကို လှည့်စား ခြင်းနှင့် ညှဉ်းဆဲ ခြင်း၏ လက်မှ ရွေးနှုတ် ၍ ၊ သူ တို့အသွေး ကို နှမြော တော်မူလိမ့် မည်။ ၁၅ အသက် တော်တည်၍ လူများတို့သည် ရှေဘ ရွှေ ကို ဆက် ခြင်း၊ ကိုယ်တော် အဘို့ အစဉ် မေတ္တာပို့ ခြင်း၊ နေ့တိုင်း ထောမနာ ချီးမွမ်းခြင်း တို့ကို ပြုကြ လိမ့်မည်။ ၁၆ ပြည် တော်၌ များစွာ သော စပါး ရှိ၍ ၊ အသီးအနှံ သည် လေဗနုန် တောကဲ့ သို့ တောင် ထိပ် ပေါ် မှာ လှုပ်ရှား လိမ့်မည်။ မြို့ သူမြို့ သားတို့သည်လည်း ၊ မြေ ၏မြက်ပင် ကဲ့သို့ စည် ပင်ကြလိမ့်မည်။ ၁၇ နာမတော် သည် အစဉ် အမြဲတည် လိမ့်မည်။ နေ သည် တည်သမျှသောကာလ ပတ်လုံး နာမ တော်တိုးပွား လိမ့်မည်။ ကျေးဇူး တော်အားဖြင့် လူမျိုး အပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကိုခံရကြ၏၊ မင်္ဂလာရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည်။ ၁၈ အုံ့ဘွယ် သော အမှုတို့ကို တပါးတည်းသာ စီရင် တော်မူသောထာဝရ အရှင်ဘုရား သခင်၊ ဣသရေလ အမျိုး၏ ဘုရား သခင်သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၁၉ ဘုန်းကြီး သော နာမ တော်သည်လည်း အစဉ် အမြဲမင်္ဂလာ ရှိတော်မူစေသတည်း။ မြေကြီး တပြင်လုံး သည် ဘုန်း တော်နှင့်ပြည့်စုံ ပါစေသတည်း။ အာမင် နှင့် အာမင်။ ၂၀ ယေရှဲ ၏ သား ဒါဝိဒ် ဆုတောင်း သော ပဌနာ စကားပြီး ၏။။

၇၂ အကယ် စင်စစ်ဘုရား သခင်သည် နှလုံး သန့်ရှင်း သော သူတည်းဟူသောဣသရေလ အမျိုး၌ ကျေးဇူး ကြီး တော်မူ၏။ ၂ ငါ မူကား ၊ ခြေ ချော် လု လျက် ၊ ခြေရာ လွဲ လု လျက် ရှိမိပြီ။ ၃ အကြောင်း မူကား၊ မတရား သောသူတို့၏ စည်းစိမ် ကို မြင် သောအခါ၊ မိုက် သောသူတို့ကို ပင် ငါဤစူ မိပြီ။ ၄ ထိုသူ တို့သည် မသေ မှီတိုင်အောင် နာကြင်ခြင်း ဝေဒနာ မ ရှိ။ ခိုင်မာ သောအစွမ်း သတ္တိရှိကြ၏။ ၅ သူ တို့သည် လောကဓံ ဒုက္ခမ ရှိ။ လူ များကဲ့သို့အနှောင့် အရှက်ကိုမ

ခံရကြ။ ၆ ထိုကြောင့်မာန ကို လည်ဆွဲ တန်ဆာကဲ့သို့ဆင်၍၊ ညှဉ်းဆဲ ခြင်းအဝတ် ကိုလည်း ဝတ် တတ်ကြ၏။ ၇ ဆူဝ
သောကြောင့် မျက်နှာ မော် လျက်ရှိကြ၏။ စိတ် နှလုံးကြဲစည် ခြင်းအားဖြင့်လွန်ကျူး တတ်ကြ၏။ ၈ ဆိုး သောညှဉ်းဆဲ
ခြင်းကို ပင် ပြက်ယယ် ပြု၍ ပြော တတ်ကြ၏။ ထောင်လွှား သော စကား ကိုလည်း သုံးတတ် ကြ၏။ ၉ သူ တို့နှုတ်
သည် ကောင်းကင် နှင့် ဆန့်ကျင် ဘက် ပြု၍ ၊ လျှာ သည်လည်း မြေကြီး ကို လှည့် လည်တတ်၏။ ၁၀ ထိုကြောင့် ဘုရား
သခင်၏ လူ တို့သည် သူ တို့ ထံသို့ ပြန် သွား၍ များစွာ သော ရေ ကိုမျိုရကြ၏။ ၁၁ ဘုရား သခင်သည် အဘယ်သို့ သိ
တော်မူမည်နည်း။ အမြင့်ဆုံး သော ဘုရား၌ ဉာဏ် ရှိ ပါလိမ့်မည်လော ဟု ဆို တတ်ကြ၏။ ၁၂ ထို မတရား သောသူတို့
သည် အစဉ် ကောင်းစား ၍ ဥစ္စာ ပွား များကြ၏။ ၁၃ အကယ် စင်စစ်ငါ့ နှလုံး ကို ငါသန့်ရှင်း စေသော်လည်း အကျိုး
မရှိ။ အပြစ် ကင်းခြင်းနှင့် ငါ့ လက် ကို ဆေးကြော သော်လည်း အကျိုးမရှိ။ ၁၄ နေ့တိုင်း နှောင့်ရှက် ခြင်းနှင့် နံနက်
တိုင်းဆုံးမ ခြင်းကို ငါ ခံရ၏။ ၁၅ ထိုသို့ သဘောကျမည်ဟု အကျွန်ုပ်ဆို လျှင် ၊ ကိုယ်တော် ၏ အမျိုးသား တို့ကို ပြစ်မှား
ရာသို့ ရောက်ပါ လိမ့်မည်။ ၁၆ ထို အမှုကိုနားလည် ရ အောင် ဆင်ခြင် သောအခါ အလွန် ခက်သည်ဟု ထင် ပါ၏။
၁၇ နောက် မှဘုရား သခင်၏ သန့်ရှင်း ရာ ဌာနထဲသို့ ဝင် ၍၊ သူ တို့၏ အဆုံး ကို နားလည် ရပါ၏။ ၁၈ အကယ်
စင်စစ်ကိုယ်တော်သည် သူ တို့ကို ချော သောအရပ်၌ ထား တော်မူပြီ။ ဖျက်ဆီး ရာအရပ်သို့ ချ တော်မူ၏။ ၁၉ တခဏ
ခြင်းတွင် အကျိုး နည်းကြပါပြီတကား။ ဘေး ဥပဒ်များအားဖြင့် ရှင်းရှင်း ပယ် ပျောက်လျက် ရှိကြပါ ပြီတကား။ ၂၀
အိုထာဝရ ဘုရား၊ လူသည် နိုး သောအခါ အိပ်မက် ကိုမှတ်သကဲ့သို့ သူတို့ကို နှိုး တော်မူသောအခါ ၊ သူ တို့ အကြံ
အစည်ကို မထီမဲ့မြင် ပြုတော်မူမည်။ ၂၁ ထိုသို့ အကျွန်ုပ် သည် နှလုံး နာ လျက် ၊ ကျောက်ကပ် မွှေနှောက် လျက်ရှိ၍၊
၂၂ မိုက် သောသူ၊ ပညာမဲ့ သောသူဖြစ်ပါ၏။ ရှေ့ တော်၌ တိရစ္ဆာန် ကဲ့သို့ ဖြစ် ပါ၏။ ၂၃ သို့သော်လည်း အကျွန်ုပ် သည်
ကိုယ်တော် ထံမှာ အစဉ် ရှိ၍၊ အကျွန်ုပ် ၏လက်ျာ လက် ကို ဆွဲကိုင် တော်မူ၏။ ၂၄ အကျွန်ုပ် ကို ဉာဏ် ပေး၍ ပဲ့ပြင်
တော်မူမည်။ နောက် တဖန် ဘုန်း အသရေ၌ သိမ်းယူ တော်မူမည်။ ၂၅ ကိုယ်တော်မှတပါး၊ ကောင်းကင် ဘုံမှာ အကျွန်ုပ်
၌ အဘယ် သူရှိပါသနည်း။ ကိုယ်တော် ကိုအလိုရှိသည်နှင့်အမျှ မြေကြီး ပေါ်မှာ အကျွန်ုပ်သည် အဘယ်အလိုရှိ
ပါသနည်း။ ၂၆ အကျွန်ုပ် ၏အသား နှင့် နှလုံး သည် ပျက် ကြပါ ၏။ သို့သော်လည်း၊ ဘုရား သခင်သည် အကျွန်ုပ် နှလုံး
၏ အစွမ်း သတ္တိ၊ အကျွန်ုပ် အစဉ် အမြဲခံစားရာအဘို့ ဖြစ်တော်မူ၏။ ၂၇ အကယ် စင်စစ်ကိုယ်တော် နှင့် ဝေးဝေး
နေသောသူတို့ သည် ပျက်စီး ခြင်းသို့ ရောက်ရကြပါ၏။ ကိုယ်တော် နှင့် ကွာ၍မှားယွင်း သော သူအပေါင်း တို့ကို
ပယ်ရှင်း တော်မူ ၏။ ၂၈ အကျွန်ုပ် မူကား ၊ ဘုရား သခင်ထံ တော်သို့ ချဉ်းကပ် ၍ အကျိုး ရှိပါ၏။ အမှုတော် ရှိသမျှ
တို့ကို ကြား ပြောခြင်းအလိုငှါ ၊ အရှင် ထာဝရဘုရား ၌ ခိုလှုံ လျက်နေပါ၏။

၇၄ အိုဘုရား သခင်၊ အကျွန်ုပ်တို့ကို အဘယ်ကြောင့် အစဉ် စွန့်ပစ် တော်မူသနည်း။ ကိုယ်တော် ထံမှာကျက်စား
သော သိုး တို့ကို အဘယ်ကြောင့်အမျက် ထွက်တော်မူသနည်း။ ၂ ရှေးက အပိုင် ရတော်မူသောလူ အစည်းအဝေးကိုငဲ့၊
ရွေး တော်မူသောအမွေ တော်အဘို့ကိုငဲ့၊ ကျိန်းဝပ် တော်မူရာ ဇိအုန် တောင် ကိုငဲ့အောက်မေ့ တော်မူပါ။ ၃ သန့်ရှင်း

ရာဌာနဒ္ဌ ရန်သူ သည် မ တရားသဖြင့် ပြု၍၊ အမြဲ သုတ်သင် ပယ်ရှင်းရာအရပ်သို့ ကြွ တော်မူပါ။ ၄ ကိုယ်တော် ၏ လူစည်းဝေး ရာအရပ် ၌ ရန်သူ တို့ သည် အော်ဟစ် ကြပါ၏။ လက္ခဏာ သက်သေတော်အရာ ၌ သူ တို့လက္ခဏာ သက်သေတို့ကို ထား ကြပါပြီ။ ၅ လိမ္မာသောသူသည်ထူထပ် သော တော ကို ပုဆိန် နှင့် ခုတ်သကဲ့သို့၊ ၆ ယခု တွင် ဗိမာန်တော် တန်ဆာ များကိုပုဆိန် ၊ သံတူ နှင့် တပြိုင်နက် ရိုက် ချိုးကြပါ၏။ ၇ သန့်ရှင်း ရာဌာနတော်ကို မီး ရှို့ ကြပါ၏။ နာမတော် ကျိန်းဝပ်ရာ တဲ တော်ကို မြေ တိုင်အောင် ရှုတ်ချ ကြပါ၏။ ၈ ဤအမျိုးသား အပေါင်းတို့ကို အတူ ဖျက်ဆီး ကြကုန်အံ့ဟုဆို ၍၊ မြေ တပြင်လုံး တွင် ဘုရား သခင်၏ တရားစရပ် တို့ကို မီးရှို့ ကြပါ၏။ ၉ အကျွန်ုပ် တို့သည် ကိုယ်လက္ခဏာ သက်သေများ ကို မ မြင် ရပါ။ ပရောဖက် သည် တဖန် မ ပေါ် မရှိပါ။ အကျွန်ုပ် တို့တွင် ကာလ အပိုင်းအခြားကို သိ သောသူ မ ရှိပါ။ ၁၀ အို ဘုရား သခင်၊ ရန်သူ သည် အဘယ် မျှကာလ ပတ်လုံးကဲ့ရဲ့ ပါလိမ့်မည်နည်း။ ရန်ဘက် ပြုသောသူသည် နာမတော် ကို အစဉ် မထီမဲ့မြင် ပြုရပါမည်လော။ ၁၁ လက်ျာ လက် တော်ကို အဘယ်ကြောင့် ရုပ်သိမ်း တော်မူသနည်း။ ရင်ခွင် တော်ထဲက ထုတ် ၍ ဖျက်ဆီး တော်မူ ပါ။ ၁၂ အကယ် စင်စစ်ဘုရား သခင်သည် ရှေး ကာလမှစ၍ ၊ ကယ်တင် တော်မူခြင်းကို မြေ အလယ် ၌ ပြု သောငါ တို့၏ ရှင် ဘုရင်ဖြစ်တော်မူ၏။ ၁၃ ကိုယ်တော် သည် တန်ခိုး တော်အားဖြင့် ပင်လယ် ကို ခွဲ တော်မူပြီ။ ရေ ထဲမှာ မိကျောင်း တို့၏ ဦးခေါင်း တို့ကို ချိုး တော်မူပြီ။ ၁၄ လဝိသန် ၏ ဦးခေါင်း တို့ကို နှိပ်စက် ၍ တောတွင်း သားတို့ စားစရာ ဘို့ အပ်ပေး တော်မူပြီ။ ၁၅ စမ်းရေ နှင့် ချောင်းရေ ကို ပေါက် စေတော်မူပြီ။ ရေ မပြတ်သော မြစ် တို့ကိုလည်း ခန်းခြောက် စေတော်မူပြီ။ ၁၆ နေ့ နှင့် ည၌ ကို ပိုင်တော်မူ၏။ နေ မှစ၍ အလင်း အိမ်တို့ကို ဖန်ဆင်း တော်မူပြီ။ ၁၇ မြေကြီး ၏ အကန့် အကွက်ရှိသမျှ တို့ကိုငင်း၊ နွေ ကာလနှင့် ဆောင်း ကာလကိုငင်း စီရင် တော်မူပြီ။ ၁၈ ရန်သူ တို့သည် ထာဝရဘုရား ကိုကဲ့ရဲ့ ၍ ၊ လူမိုက် တို့ သည် နာမတော် အား မထီမဲ့မြင် ပြုကြသည်ကို အောက်မေ့ တော်မူပါ။ ၁၉ ကိုယ်တော် ၏ ချိုးငှက် အသက် ကို သားရဲ ၌ အပ် တော်မ မူပါနှင့်။ ကိုယ်တော် ၏ ဆင်းရဲသား တို့ အစည်းအဝေးကို အစဉ် မေ့လျော့ တော်မ မူပါနှင့်။ ၂၀ ပဋိညာဉ် တော်ကိုထောက် တော်မူပါ။ အကြောင်း မူကား၊ မြေကြီး ပေါ် မှာ မှောင်မိုက် သော အရပ်တို့သည် လုယူ ညှဉ်းဆဲခြင်းနေရာ သက်သက်ဖြစ် ကြပါ၏။ ၂၁ နှိပ်စက် ခြင်းကို ခံရသောသူတို့သည် စိတ်ပျက် ၍ မ သွား ကြ ပါစေနှင့်။ ဆင်းရဲ ဝတ်မွတ် သောသူတို့သည် နာမတော် ကို ချီးမွမ်း ကြပါစေသော။ ၂၂ အို ဘုရား သခင်၊ ထ တော်မူပါ။ ကိုယ် အမှု ကို စီရင် ဆုံးဖြတ်တော်မူပါ။ မိုက် သောသူသည် ကိုယ်တော် အား အစဉ် ကဲ့ရဲ့ သည်ကို အောက်မေ့ တော်မူပါ။ ၂၃ ကိုယ်တော် ၏ရန်သူ တို့ အသံ ကို မေ့လျော့ တော် မ မူပါနှင့်။ ကိုယ်တော် ကို ပုန်ကန် သောသူတို့၏ ရုန်းရင်းခတ်ခြင်းအသံ သည် အစဉ် မပြတ်တိုး တက်လျက်ရှိပါ၏။

၇၅ အိုဘုရား သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော် ကို ချီးမွမ်း ကြပါ၏။ နာမတော် နီး ကြောင်း ကို အံ့ဘွယ် သော အမှုတော်တို့သည် သက်သေခံ ကြသည်ဖြစ်၍၊ ကိုယ်တော် ကို ချီးမွမ်း ကြပါ၏။ ၂ ချိန်းချက် သော အချိန်ကာလနှင့် ငါ တွေ့ကြုံ သောအခါ ဖြောင့်မတ် စွာ တရား စီရင်မည်။ ၃ မြေကြီး နှင့် မြေကြီး သားအပေါင်း တို့သည် လှုပ်ရှား ခြင်းရှိသည်

ဖြစ်၍၊ မြေကြီးတည်သော တိုင် တို့ကို ငါထောက် ခံရ၏။ ၄ မိုက်သောအကျင့် ကို မ ကျင့်ကြနှင့်ဟု မိုက် သောသူတို့ အား ၎င်း၊ ဦးချို ကို မ မြော်က် ကြနှင့်။ ၅ သင် တို့၏ ဦးချို ကို မ ချီးမြှောက် ကြနှင့်။ လည်ပင်း ခိုင်မာ လျက် မပြော ကြနှင့်ဟု မတရားသောသူတို့ အားဖျင်း ငါပြောထား၏။ ၆ အရှေ့၊ အနောက် ၊ တောင် အရပ်တို့တွင် အဘယ်အရပ်မျှ ကျေးဇူး မ ပြုနိုင်။ ၇ ဘုရား သခင်သည် စီရင် ပိုင်တော်မူ၏။ တ ယောက် ကို နှိမ့်ချ ၍ ၊ တ ယောက်ကို ချီးမြှောက် တော်မူ ၏။ ၈ ထာဝရဘုရား ၏လက် တော်၌ ဖလား ရှိ၏။ နီ သောစပျစ် ရည်ပါ၏။ ဆေး မျိုးနှင့်ရောလျက်ရှိ၏။ ထို စပျစ်ရည်ကို လောင်း တော်မူ၏။ အနည် အဖတ်ကိုလည်း မတရား သော မြေ သားအပေါင်း တို့သည် ညှစ် ၍ သောက် ရကြ၏။ ၉ ငါ မူကား အစဉ် မပြတ်ချီးမွမ်း ၍ ၊ ယာကုပ် အမျိုး ၏ ဘုရား သခင်ကို ထောမနာသီချင်း ဆိုပါမည်။ ၁၀ မတရား သောသူတို့၏ ဦးချို အပေါင်း ကို ငါချိုး မည်။ တရား သောသူတို့ ၏ဦးချို တို့မူကား၊ ချီးမြှောက် ခြင်းသို့ ရောက်ရကြလိမ့်မည်။

၇၆ ယုဒ ပြည်မှာ ဘုရား သခင်ကို သိ ကြ၏။ ဣသရေလ တိုင်းမှာ နာမတော် သည် ကြီးမြတ် လေ၏။ ၂ ယေရုရှလင် မြို့မှာ တဲ တော်ရှိ ၏။ ဇိအုန် တောင် မှာ ကျိန်းဝပ် လျက် နေတော်မူ၏။ ၃ ထို အရပ်၌ လေး မြား၊ ဒိုင်း လွှား၊ ထား လက်နက်၊ စစ် အင်္ဂါတို့ကို ချိုး ဖျက်တော်မူပြီ။ ၄ သင် သည် သားရဲ နေသောတောင် တို့ထက် ဘုန်း သာ၍ကြီးမြတ်ပေ၏။ ၅ ရဲရင့် သောသူတို့ သည် လုယူ ခြင်း ကို ခံရ၍ အိပ်ပျော် ကြပြီ။ အားကြီး သော သူ တစုံ တယောက်မျှ မိမိ လက် ကို မ တွေ့ ရ။ ၆ ယာကုပ် အမျိုး၏ ဘုရား သခင်၊ ကိုယ်တော် ဆုံးမ တော်မူသောအားဖြင့် ၊ ရထား စီးသောသူနှင့် မြင်း စီးသောသူတို့ သည် ကြီးစွာသော အိပ်ခြင်းဖြင့် အိပ်ပျော် ကြပါ၏။ ၇ ကိုယ်တော် တပါးတည်းသာလျှင် ကြောက်ရွံ ဘွယ်ဖြစ်တော်မူ၏။ အမျက် ထွက်တော်မူသောအခါ ၊ ရှေ့ တော်၌ အဘယ် သူရပ် နေနိုင်ပါမည်နည်း။ ၈ ဘုရား သခင်သည် နှိမ့်ချ လျက်ရှိသောမြေကြီး သား အပေါင်း တို့ကို ကယ်တင် ၍၊ ၉ တရား ဆုံးဖြတ်ခြင်းငှါ ထ တော်မူသောအခါ ၊ တရား ဆုံးဖြတ်သံ ကို ကောင်းကင် ထဲက လွှတ်တော်မူသဖြင့်၊ မြေကြီး သည် ကြောက် ၍ တိတ်ဆိတ် စွာနေပါ၏။ ၁၀ အကယ် စင်စစ်လူ တို့၏ ဒေါသ သည် ကိုယ်တော် ကို ချီးမွမ်း လိမ့်မည်။ ကြွင်း သောဒေါသ ကိုလည်း ခါးပန်းစည်း တော်မူမည်။ ၁၁ သစ္စာ ဂတိပြုကြလော့။ သင် တို့၏ဘုရား သခင်ထာဝရဘုရား အား သစ္စာဝတ်ကိုလည်း ဖြေ ကြလော့။ ကိုယ်တော်၏ ပတ်လည် ၌နေသောသူအပေါင်း တို့သည် ကြောက်ရွံ ရိုသေဘွယ်သော ဘုရားထံ တော်သို့ လက်ဆောင် ကို ဆောင် ခဲ့ကြစေ။ ၁၂ ထိုဘုရားသည် မင်း သားတို့၏ စိတ် ကို နှိမ့်ချ တော်မူ၏။ လောကီ ရှင် ဘုရင်တို့ ၌ ကြောက်ရွံ ဘွယ် ဖြစ်တော်မူ၏။

၇၇ ငါ သည် ဘုရား သခင့်ထံသို့ အသံ ကို လွှင့်၍ အော်ဟစ် ၏။ ဘုရား သခင့်ထံသို့ အသံ ကိုလွှင့်၍ ဘုရားသခင်သည် ငါ့ စကားကို နားထောင် တော်မူလိမ့်မည်။ ၂ ဘေး ရောက်သည်ကာလ ၌ ငါ သည် ထာဝရ ဘုရား ကို ရှာ ရ၏။ ညဉ့် အချိန်၌ ပင်လက် ကို ဆန့် လျက် နေရ၏။ ငါ့ ဝိညာဉ် သည် သက်သာ ခြင်းကို ငြင်းပယ် ၏။ ၃ ဘုရား သခင်ကို

အောက်မေ့ ၍ စိတ်ပူပန် ခြင်းရှိ၏။ ဆင်ခြင် ၍ စိတ် ပျက် ခြင်းသို့ ရောက်တတ်၏။ ၄ မျက်စိ မှိတ် ၍ မပျော်နိုင်။ လှုပ်ရှား ခြင်းရှိသောကြောင့် နှုတ် မ မြွက်နိုင်။ ၅ လွန် လေပြီးသော နေ့ရက် ကိုငဲ့၊ ရှေး ကာလ ကို ငဲ့အောက်မေ့ ၏။ ၆ ညဉ့် အခါ၌ လည်း ငါသည် ကိုယ် သီချင်း ကို ဆင်ခြင် ၍ ၊ ကိုယ် စိတ် နှလုံး နှင့် ဆွေးနွေး သဖြင့်၊ ငါ့ ဝိညာဉ် သည် စစ်ဆေး ခြင်းကို ပြု၏။ ၇ ထာဝရ ဘုရားသည် အစဉ် စွန့်ပစ် တော်မူမည် လော ။ နောက် တဖန် ကျေးဇူး အလျှင်းမ ပြုဘဲ နေတော်မူ မည်လော။ ၈ ကရုဏာ တော်သည် အစဉ် ကုန် ပြီလော။ ဂတိ တော် လည်း ကာလ အစဉ်အဆက်ပျက် လိမ့်မည်လော။ ၉ ဘုရား သခင်သည် သနား ခြင်းငှါမေ့လျော့ တော်မူသလော။ အမျက် ထွက်သဖြင့် စုံစမ်းခြင်းကရုဏာ တော် ကို ချုပ်တည်း တော်မူသလော။ ၁၀ ထိုသို့ ဆိုသော်ငါသည် ကိုယ် မိုက် ကြောင်းကို ဝန်ခံ ရ၏။ ဤ အမှုကား၊ အမြင့်ဆုံး သော ဘုရား၏ လက်ျာ လက်တော်နှင့် ပြုပြင်တော်မူခြင်းပေတည်း။ ၁၁ ထာဝရ ဘုရား၏ အမှုတော်တို့ကို အောက်မေ့ ပါမည်။ ရှေး ကာလ၌ ကိုယ်တော် ပြုဘူးသော အံ့သြ ဘွယ် တို့ကို အောက်မေ့ ပါမည်။ ၁၂ ပြု တော်မူသမျှ တို့ကို ဆင်ခြင် ၍ စီရင် တော်မူသော အရာတို့ကို မြွက် ဆိုပါမည်။ ၁၃ အိုဘုရား သခင်၊ ကိုယ်တော် ၏ လမ်း သည် သန့်ရှင်း ခြင်းနှင့် ယှဉ်ပါ၏။ ဘုရား သခင်ကဲ့သို့ အဘယ် မည်သော ဘုရား သည် ကြီးမြတ် သနည်း။ ၁၄ ကိုယ်တော် သည် အံ့ဘွယ် သော အမှုတို့ကို ပြု တတ်သော ဘုရား ဖြစ်တော်မူ၏။ လူမျိုး တို့တွင် တန်ခိုး တော်ကို ပြ တော်မူပြီ။ ၁၅ ကိုယ်တော် ၏ လူ တည်းဟူသောယာကုပ် နှင့် ယောသပ် ၏အမျိုး ကို လက်ရုံး တော်နှင့် ကယ်နှုတ် တော်မူပြီ။ ၁၆ အိုဘုရား သခင်၊ ရေ တို့သည် ကိုယ်တော် ကို မြင် ကြပါ၏။ ရေ တို့သည် ကိုယ်တော် ကို မြင် ၍ ကြောက်ရွံ့ ကြပါ၏။ ရေနက်နဲ ရာအရပ်တို့လည်း လှုပ်ရှား ကြပါ၏။ ၁၇ မိုးယံတိမ် တို့သည် ရေ ကို သွန်းလောင်း ၍၊ မိုးယံ ကောင်းကင်တို့လည်း အသံ ဗလံပြု ကြပါ၏။ ကိုယ်တော် ၏ မြား တို့သည် အရပ်ရပ်သို့ ရောက် ကြပါ၏။ ၁၈ ကိုယ်တော် ၏ မိုးယံကြိုး သံ သည် လေဘွေ ၌ ပါ၍၊ လျှပ်စစ် ပြက်သဖြင့်၊ လောက ကို လင်း စေပါ၏။ မြေကြီး သည်လည်း တုန် လှုပ် ပါ၏။ ၁၉ ကိုယ်တော် သည် သမုဒ္ဒရာ ၌ ကြွ တော်မူ၍ ၊ လမ်း ခရီးတော်သည် ကျယ်ဝန်း သော ရေ တွင် ရှိသဖြင့် ၊ ခြေ တော်ရာတို့သည် မ ထင်ရှား ကြပါ။ ၂၀ မောရှေ နှင့် အာရုန် တို့လက် ဖြင့် ကိုယ်တော် ၏ လူ များတို့ကို သိုးစု ကဲ့သို့ ပို့ဆောင် တော်မူ၏။

၇၇ ငါ ၏လူ များတို့၊ ငါ့ တရား ကို နာ ကြလော့။ ငါ မြွက် သော စကား ကို နားထောင် ကြလော့။ ၂ ပုံ စကားကို ငါ မြွက် ဆို၍၊ ရှေး ကာလ၏ နက်နဲ သော အရာများကို ဟော်ပြ ပေအံ့။ ၃ ဘိုးဘေး တို့သည် ပြော ၍ ငါ တို့သည် ကြား သိ ရ သော ထို အရာများကို၊ ၄ သား မြေးတို့မှ မ ဝှက် မထား။ ထာဝရဘုရား ၏ ဂုဏ် ကျေးဇူးတော်နှင့် တန်ခိုး တော်ကိုငဲ့၊ ပြု တော်မူသော အံ့သြ ဘွယ်အမှုတို့ကိုငဲ့ ၊ ဖြစ် လတံ့သောသူတို့အား ဟော် ပြကြမည်။ ၅ အကြောင်း မူကား၊ ယာကုပ် အမျိုး၌ သက်သေ တရားကိုစီရင် ၍ ၊ ဣသရေလ အမျိုး၌ ပညတ် တရားကို ထား တော်မူ၏။ ၆ သဘော မ ဖြောင့်၊ ဘုရားသခင် ၌ စိတ်ဝိညာဉ် အမြဲမ ဆည်းကပ် သောအမျိုး၊ ၇ ငြင်းဆန် ၍ ပုန်ကန် တတ်သောအမျိုး တည်းဟူသော ဘိုးဘေး တို့ကဲ့သို့ သားမြေး တို့သည်မ ဖြစ် ၊ ဘုရားသခင် ၏အမှု တော်တို့ကိုမ မေ့။ ၈ ဘုရားသခင် ကို

ယုံကြည်ကိုးစား ၍၊ ပညတ်တော် တို့ကိုစောင့် စေခြင်းဌာ ထိုတရားတို့ကို ဘိုးဘေး တို့သည်သား တို့အား ပြသ ၍ ဖြစ်
လတံ့သောအမျိုး တည်းဟူသော၊ ဘွားမြင် လတံ့ သောသား တို့သည်သိနားလည် ၍၊ နောက်တဖန်မြေးမြစ် တို့အား
ပြသ ကြမည်အကြောင်း ပညတ် ထားတော်မူပြီ။ ၉ ဖဖရိမ် အမျိုးသား တို့သည် လေး လက်နက် ကို စွဲကိုင် သော်လည်း၊
စစ်တိုက် သောအခါ နောက်သို့ လှည့် ကြပါသည်တကား။ ၁၀ ဘုရား သခင်၏ သစ္စာ တော်ကို မ စောင့်။ တရား
တော်လမ်း၌ သွား ခြင်းငှါ အလို မရှိကြ။ ၁၁ အမှုတော် တို့ကို၎င်း ၊ ပြ တော်မူသောအံ့ဩ ဘွယ် တို့ကို၎င်း မေ့လျော့
ကြ၏။ ၁၂ အဲဂုတ္တု ပြည် ၊ ဇောန အရပ် တွင် သူ တို့အဘ များ မျက်မှောက် ၌ အံ့ဘွယ် သော အမှုတို့ကို ပြု တော်မူ၏။
၁၃ ပင်လယ် ကိုခွဲ ၍ သူ တို့ကိုရှောက်သွား စေတော်မူ ၏။ ရေ များကို စုပုံ ၍ ထား တော်မူ၏။ ၁၄ နေ့ အချိန်၌ကား၊
မိုဃ်းတိမ် ဖြင့် ၎င်း ၊ ညဉ့်အချိန်၌ကားတညဉ့်လုံး မီး အလင်း ဖြင့် ၎င်း သူ တို့ကို လမ်းပြ တော်မူ၏။ ၁၅ တော ၌ ကျောက်
တို့ကိုဖောက် ၍ ၊ ပင်လယ် ရေ ကဲ့သို့ များစွာ သော ရေကို သူတို့အား တိုက် တော်မူ၏။ ၁၆ ကျောက် ထဲက စီး သော
ရေကိုထွက် စေ၍ ၊ မြစ် ရေ ကဲ့သို့ ရေများကို စီး စေတော်မူ၏။ ၁၇ ထိုသူတို့မူကား ၊ အမြင့်ဆုံး သော ဘုရားကို တော ၌
ပုန်ကန် သောအားဖြင့် တိုး ၍ ပြစ်မှား ကြ၏။ ၁၈ မိမိ တို့အလို အလျောက်အစာ ကို တောင်း ၍ စိတ် နှလုံး ထဲမှာ ဘုရား
သခင်ကို စုံစမ်း ကြ၏။ ၁၉ ဘုရား သခင်သည် တော ၌ စားပွဲ ကို ပြင်ဆင် နိုင် သလော။ ၂၀ ကြည့် ကြလော့။ ကျောက်
ကို ရိုက် တော်မူသဖြင့် ၊ ရေ ထွက်၍ မြစ် ရေကဲ့သို့စီး လေ၏။ မုန့် ကိုလည်း ပေး နိုင် သလော။ မိမိ လူ တို့အဘို့ အမဲ
သားကိုပြင်ဆင် နိုင်သလောဟု ဘုရား သခင်ကို ဆန့်ကျင် ဘက်ပြုလျက် ပြော ဆိုကြ၏။ ၂၁ ထိုစကားကို ထာဝရဘုရား
သည် ကြား ၍ အမျက်ထွက် တော်မူ၏။ ယာကုပ် အမျိုး၌ မီး လောင် ၍ ၊ ဣသရေလ အမျိုး၌ ဒေါသ မီးတက် လေ၏။
၂၂ အကြောင်း မူကား၊ အထက် မိုဃ်းတိမ် တို့ကို မှာ ထားလျက်၊ ၂၃ ကောင်းကင် တံခါး တို့ကို ဖွင့် ၍ ၊ သူ တို့ စား စရာ
ဘို့ မန္နာ ကို မိုဃ်း ရွာစေသဖြင့်၊ ၂၄ ကောင်းကင် ဆန် စပါးကိုပေး တော်မူသည်ဖြစ်၍ ၊ ထိုသူ အပေါင်းတို့သည် ကြီးမြတ်
သောသူတို့ ၏ အစာ ကိုသုံး ဆောင်၍၊ ၂၅ ဝ ပြောစွာ စားကြမည် အကြောင်း ပြု တော်မူသော်လည်း၊ သူတို့သည်
ဘုရား သခင်ကို မ ယုံကြည်။ ကယ်တင် တော်မူခြင်း ကျေးဇူးကို မ ကိုးစား ဘဲ နေကြ၏။ ၂၆ မိုဃ်းကောင်းကင်
၌ အရှေ့ လေကို ပယ် ၍ ၊ အားကြီး သောတောင် လေကို ဆောင် ခဲ့သဖြင့်၊ ၂၇ သူ တို့အပေါ် သို့ အမဲသား ကို
မြေမှုန့် နှင့်အမျှ ပျံ တက်သောငှက် တို့ကို သမုဒ္ဒရာ သဲလုံး နှင့်အမျှ ၊ မိုဃ်းရွာ စေလျက်၊ ၂၈ သူ တို့တပ် ချ၍ ၊ နေရာ
အရပ်ပတ်လည် ၌ ကျ စေ တော်မူ၏။ ၂၉ ထိုသို့ သူ တို့ အလို ရှိသည်အတိုင်း ပေး တော်မူသဖြင့် ၊ သူတို့သည်
ဝ ပြောစွာ စား ရကြ၏။ ၃၀ သူတို့ တပ်မက်သောအစာကိုမရောင့်ရဲမှီ စားကြစဉ်တွင်၊ ၃၁ ဘုရား သခင်၏အမျက်
တော်သည် သက်ရောက် သဖြင့် ၊ ကျန်းမာ သောသူတို့ကို ကွပ်မျက် ၍ ၊ ဣသရေလ လူပျိုု တို့ကို လှဲချ တော်မူ၏။ ၃၂
ထို အမှုအလုံးစုံ တို့နှင့် ဣသရေလလူတို့သည် တွေ့ကြုံရသော်လည်း ၊ အံ့ဘွယ် သော အမှုတော်တို့ကြောင့် ယုံကြည်
ခြင်းမ ရှိ။ ပြစ်မှား လျက် နေကြသေး ၏။ ၃၃ ထိုကြောင့် သူ တို့ နေ့ရက် ကာလကို အချည်းနှီး လွန် စေ၍ ၊ သူ တို့နှစ်
များကို ဘေး ဥပဒ်တွင် မြုပ်တော်မူ ၏။ ၃၄ သူ တို့ကို ကွပ်မျက် တော်မူသောအခါ ကိုယ်တော် ကို ရှာ ကြ၏။ ပြန်လာ ၍

ကိုယ်တော်ကို လိုက်ရှာ ကြ၏။ ၃၅ ဘုရား သခင်သည် သူ တို့၏ကျောက် ၊ အမြင့်ဆုံး သော ဘုရား သည် သူ တို့ကို ကယ်တင် သော အရှင်ဖြစ် တော်မူသည်ကို ထိုအခါ သတိ ရကြ၏။ ၃၆ သို့သော်လည်း ၊ ကိုယ်တော် ကိုနှုတ် ဖြင့် ချော့မော့ ၍ ၊ လျှာ ဖြင့် လည်း မုသာ စကားကို လျှောက်ဆိုကြ၏။ ၃၇ သူ တို့စိတ် သဘောမူကား ၊ ရှေ့တော်၌ မ ဖြောင့် ၊ သစ္စာ တော်ကို မ စောင့် ဘဲနေကြ၏။ ၃၈ ကိုယ်တော် မူကား ၊ ကရုဏာ စိတ်ရှိ၍ သူတို့ကို မ ဖျက်ဆီး ဘဲ အပြစ် လွှတ် တော်မူ၏။ ကြိမ်ဖန်များစွာ စိတ် တော်ပြေ ၍ ၊ အမျက် တော် ကိုနှိုးဆော် တော်မ မူ။ ၃၉ သူ တို့သည် အသား ဖြစ်ကြောင်း ကိုငင်း ၊ စုတ်၍ နောက် တဖန် မ လာ တတ်သော ဝိညာဉ် ဖြစ်ကြောင်းကိုငင်း အောက်မေ့ တော်မူ၏။ ၄၀ သူတို့သည် ကိုယ်တော် ကို တော ၌ ပုန်ကန် ၍ ၊ လူ ဆိတ်ညံရာအရပ် ၌ စိတ် တော်နာဘွယ်သော အကြောင်းကို ကြိမ်ဖန်များစွာပြုကြပါသည်တကား။ ၄၁ ဘုရား သခင်ကို အဖန်ဖန် စုံစမ်း ၍ ဣသရေလ အမျိုး၌ သန့်ရှင်း တော်မူသောဘုရားကို ဆန့်ကျင် ဘက် ပြုကြပါသည်တကား။ ၄၂ တန်ခိုး တော်ကိုငင်း၊ ဒုက္ခ ထဲက ကယ် လွှတ်တော်မူသော နေ့ရက် ကာလကိုငင်း မ အောက်မေ့ ကြ။ ၄၃ အဲဂုတ္တု ပြည်၌ လက္ခဏာ သက်သေတော်တို့ကိုငင်း၊ ဧောန အရပ် ၌ အံ့ဘွယ် သော အမှုတို့ကိုငင်း ၊ ပြု တော်မူ၏။ ၄၄ ထိုပြည်သားတို့သည် ရေမ သောက် ရမည် အကြောင်း၊ သူ တို့ မြစ် ရော၊ စမ်း ရေများကို သွေး ဖြစ် စေတော်မူ၏။ ၄၅ သူ တို့ကို ကိုက်စား တတ်သောယင်ရဲ တို့ကို ငင်း ၊ ဖျက်ဆီး တတ်သော ဘား တို့ကိုငင်း ၊ စေ လွှတ်တော်မူ၏။ ၄၆ သူ တို့၏ မြေအသီး အနှံကို ခါသိလကျိုင်း တို့အားငင်း၊ သူ တို့လုပ် ၍ ရသောဥစ္စာကို အရာဘကျိုင်း တို့ အား ငင်း ပေး တော်မူ၏။ ၄၇ သူ တို့စပျစ် နွယ်ပင်များကို မိုဃ်းသီး ဖြင့် ငင်း၊ သူ တို့ သဖန်း ပင်များကို နှင်းခဲ ဖြင့် ငင်း ဖျက်ဆီး တော်မူ၏။ ၄၈ သူ တို့၏ သိုး နွားများကို မိုဃ်းသီး ၌ ငင်း ၊ ပြုစု သော တိရစ္ဆာန် များကို မီး ၌ ငင်း အပ် တော်မူ၏။ ၄၉ အမျက် တော် အရှိန် အားဖြင့် သူ တို့ ၌ ဆိုး သော တမန် တို့ကို စေလွှတ် ၍ လွှမ်းမိုး ခြင်း၊ ဒဏ်ခတ် ခြင်း၊ နှောင့်ရှက် ခြင်းအမှုကိုဖြစ် စေတော်မူ၏။ ၅၀ အမျက် တော်ဘို့ လမ်း ကိုပြင်ဆင် တော်မူ၏။ သူ တို့အသက် ကို မ နှမြော ၊ သေ စေခြင်းငှါ ကာလနာ သို့ အပ်နှံ သဖြင့်၊ ၅၁ အဲဂုတ္တု ပြည်၌ သား ဦးအပေါင်း တို့ကိုငင်း ၊ ဟာမ သားတို့နေရာ အရပ်၌ အထွဋ်ဆ အမြတ်များကိုငင်းဒဏ်ခတ် တော်မူ၏။ ၅၂ မိမိ လူ များကိုကား၊ သိုး ကဲ့သို့ ထွက် စေ၍ ၊ တော ၌ သူ တို့ကို သိုးစု ကဲ့သို့ ဆောင် တော်မူ၏။ ၅၃ ဘေး နှင့်ကင်းလွတ်အောင် ဆောင် တော်မူသဖြင့် ၊ သူတို့သည် မ ကြောက် ရကြ။ ရန်သူ တို့ကိုကား ပင်လယ် ရေသည် လွှမ်း လေ၏။ ၅၄ သန့်ရှင်း သော ပြည် တော်စွန်းတိုင်အောင် ၎င်း ၊ လက်ျာ လက်တော်အားဖြင့်အပိုင် ရတော်မူသောဤ တောင် သို့ငင်း၊ သူ တို့ကို ပို့ဆောင် တော်မူ၏။ ၅၅ သူ တို့ရှေ့ မှာလည်း ၊ တပါး အမျိုးသားတို့ကို နှင်ထုတ် ပြီးလျှင် ၊ ဣသရေလ အမျိုး အနွယ် အသီးအသီးတို့ သည် အမွေ ခံရသောမြေ ကို တာထိုး၍ ပိုင်းခြား လျက် နေရာ ချတော်မူ၏။ ၅၆ သို့သော်လည်း ၊ သူ တို့သည် အမြင့်ဆုံး သော ဘုရား ကို စုံစမ်း ၍ ပုန်ကန် ကြ၏။ သက်သေ ခံတော်မူချက် များကို မ စောင့် ဘဲ၊ ၅၇ ဘိုးဘေး များကဲ့သို့ ဖေါက်ပြန် ၍ သစ္စာကိုဖျက် ကြ၏။ လိမ် တတ်သောလေ ကဲ့သို့ လမ်းလွဲ ကြ၏။ ၅၈ သူ တို့သည် မြင့် သော အရပ်များအားဖြင့် ၊ အမျက် တော်ကို နှိုးဆော်၍ ၊ ရုပ်တု များအားဖြင့် လည်း စိတ်တော်ကို ချုပ်ချယ်

နှောင့်ရှက်ကြ၏။ ၅၉ ဘုရား သခင်သည် ကြားသိ တော်မူလျှင် ၊ အမျက် တော်ထွက်၍၊ ဣသရေလ အမျိုးသားတို့ကို အလွန် ရွံရှာ သဖြင့်၊ ၆၀ ရှိလော တဲ တော်တည်းဟူသော ၊ လူ တို့တွင် နေရာ ချတော်မူသောအရပ် ကိုစွန့် တော်မူ၏။ ၆၁ တန်ခိုး တော်ကို သိမ်း သွားစေခြင်းငှါ ၎င်း ၊ ဘုန်း တော်ကို ရန်သူ တို့လက် သို့ ရောက်စေခြင်းငှါ ၎င်း စီရင် တော်မူ၏။ ၆၂ မိမိ လူ တို့ကိုလည်း ထား ဘေး၌ အပ် ၍ ၊ အမွေ တော်ကို အမျက် ထွက်တော်မူ၏။ ၆၃ လူပျို တို့သည် မီး လောင်ခြင်းကိုခံရသော်လည်း ၊ အပျို တို့သည် မ ငိုကြွေး ရကြ။ ၆၄ ယဇ် ပုရောဟိတ်တို့သည် ထား ဘေးဖြင့် ဆုံး သော်လည်း ၊ မုတ်ဆိုးမ တို့သည် မြည်တမ်း ခြင်းကို မ ပြုရကြ။ ၆၅ ထိုအခါ ဘုရား ရှင်သည် အိပ်ပျော်ပြီးသောသူ ကဲ့သို့ ၎င်း၊ စပျစ်ရည် ကြောင့် ငြိမ်ပြီးသောသူရဲကဲ့သို့ ၎င်း နိုး တော်မူ၏။ ၆၆ ရန်သူ တို့ကိုဒဏ်ခတ် ၍ လှန် သဖြင့်၊ အစဉ် အမြဲအရှက်ကွဲ စေ တော်မူ၏။ ၆၇ သို့ရာတွင် ၊ ယောသပ် ၏ တဲ တော်ကို ငြင်းပယ် ၍ ဧဖရိမ် အမျိုး ကို ရွေး တော်မ မူ။ ၆၈ ယုဒ အမျိုး ကို၎င်း၊ ချစ် တော်မူသော ဇိအုန် တောင် ကို၎င်း ရွေး တော်မူ၏။ ၆၉ သန့်ရှင်း ရာဌာနတော်ကို အထွဋ်ရဲကဲ့သို့ တည်ဆောက် ၍ ၊ မြေကြီး ကဲ့သို့ အစဉ် မြဲစေ တော်မူ၏။ ၇၀ ကျွန်တော်မျိုး ဒါဝိဒ် ကို သိုး ခြံ များထဲက ရွေး ယူ တော်မူ၏။ ၇၁ သား ငယ်ရှိသောသိုး မတို့ကို ထိန်း ခြင်းအမှုမှ နှုတ် ၍ မိမိ လူ တည်းဟူသောယာကုပ် အမျိုးသား၊ အမွေ တော်တည်းဟူသောဣသရေလ လူတို့ကို ကျွေးမွေးစေ ခြင်းငှါ ခန့်ထားတော်မူ၏။ ၇၂ ထိုသူ သည် ဖြောင့်သောသဘော ရှိသည်အတိုင်း ကျွေးမွေး ၍ ၊ လိမ္မာ သောလက် နှင့် ပို့ဆောင် လေ၏။

၇၉ အိုဘုရား သခင်၊ တပါးအမျိုးသား တို့သည် အမွေ တော်ထဲသို့ ဝင် ပြီးလျှင်၊ သန့်ရှင်း သော ဗိမာန် တော် ကို ညစ်ညူး စေ၍၊ ယေရုရှလင် မြို့ကို ဖြိုဖျက် ကြပါပြီ။ ၂ ကိုယ်တော် ၏ ကျွန် အသေ ကောင်တို့ကို မိုဃ်း ကောင်းကင်ငှက် တို့အား ၎င်း၊ ကိုယ်တော် ၏ သန့်ရှင်း သူတို့ အသား ကို တော သားရဲတို့အား ၎င်း ကျွေး ကြပါပြီ။ ၃ သူတို့အသွေး ကိုလည်း ရေ ကဲ့သို့ ယေရုရှလင် မြို့ ပတ်လည် ၌ သွန် ကြ၍ ၊ သင်္ဂြိဟ် သော သူလည်းမ ရှိပါ။ ၄ အကျွန်ုပ်တို့သည် အိမ် နီးချင်းများ ကဲ့ရဲ့ ရာ ၊ ပတ်ဝန်းကျင် ၌ နေသောသူများ ပြက်ယယ် ပြု၍ အရှက်ခွဲ ရာ ဖြစ် ကြပါ၏။ ၅ အို ထာဝရဘုရား ၊ အမျက် တော်သည် အလျှင်း မငြိမ်းဘဲ အဘယ်မျှကာလ ပတ်လုံးထွက်ပါမည်နည်း။ အဘယ်မျှကာလပတ်လုံး စိတ် တော်သည် မပြေ၊ မီး ကဲ့သို့ လောင် ပါမည်နည်း။ ၆ ကိုယ်တော် ကို မ သိ သောတပါးအမျိုးသား တို့ အပေါ် သို့၎င်း၊ နာမတော် ကို ပဌနာ မပြုသော တိုင်း နိုင်ငံသားတို့အပေါ် သို့၎င်း၊ အမျက် တော်ကို သွန်းလောင်း တော်မူပါ။ ၇ အကြောင်း မူကား၊ သူတို့သည် ယာကုပ် အမျိုးကို ကိုက်စား ၍ ၊ သူ ၏နေရာ ကိုလည်း သုတ်သင် ပယ်ရှင်းကြ ပါပြီ။ ၈ ရှေး ကပြစ်မှားမိသော အပြစ် များကို အကျွန်ုပ် တို့ ၌ မှတ် တော်မ မူပါနှင့်။ အကျွန်ုပ်တို့သည် အလွန် နှိမ့်ချ လျက်ရှိပါသည်ဖြစ်၍ ၊ ကရုဏာ တော်သည် အလျင် အမြန်ကူမ ပါစေသော။ ၉ ကယ်တင် တော်မူသောဘုရား ၊ နာမတော် ၏ ဂုဏ် ကိုထောက် ၍ အကျွန်ုပ် တို့ကို မစ တော်မူပါ။ နာမတော် အတွက်ကြောင့်၊ အကျွန်ုပ် တို့ကို နှုတ် ယူ၍ အပြစ် များကို ဖြေရှင်း တော်မူပါ။ ၁၀ သူ တို့၏ ဘုရား သခင်သည် အဘယ် မှာရှိသနည်းဟု တပါးအမျိုးသား တို့သည် အဘယ်ကြောင့် ဆို ရကြပါမည်နည်း။ သွန် ပြီးသော ကျွန် တော်မျိုး၏ အသွေး

ဘက်မှာ တရားစီရင်တော်မူသောအကြောင်းသည် တပါးအမျိုးသား တို့တွင် အကျွန်ုပ် တို့ မျက်မှောက် ၌ ထင်ရှား ပါစေသော။ ၁၁ အချုပ် ခံရသောသူ ၏ ညည်းတွား သံကို နားထောင်တော်မူပါ။ သေ ရသောသူ တို့ကို လက်ရုံး တော် တန်ခိုး ကြီးသည်နှင့်အညီ ချမ်းသာ ပေးတော်မူပါ။ ၁၂ အကျွန်ုပ် တို့ အိမ် နီးချင်းတို့သည် ကိုယ်တော် အား ကဲ့ရဲ့ ခြင်းအပြစ် ကို သူ တို့ရင်ခွင် ထဲသို့ ခုနစ် ဆတိုင်အောင် ဆပ် ပေးတော်မူပါဘုရား။ ၁၃ သို့ ဖြစ်၍ ၊ ကိုယ်တော် ထံ ၌ ကျက်စား သော သိုးစု တည်းဟူသော ကိုယ်တော် ၏လူ အကျွန်ုပ် တို့သည် ကိုယ်တော် ကို အစဉ် မပြတ်ချီးမွမ်း ၍၊ ဂုဏ် ကျေးဇူးတော် ကို အစဉ် အဆက် ဖြစ်လတံ့သောသူတို့အား ဘော်ပြ ကြပါမည်။

၈၀ သိုးစု ကို ပို့ဆောင် သကဲ့သို့ ယောသပ် အမျိုးကို ပို့ဆောင်တော်မူသော ကျသရေလ သိုးထိန်း ကြီး၊ နားထောင် တော်မူပါ။ ခေရုဗိမ် တွင် ကျိန်းဝပ် တော်မူသော ဘုရား၊ ရောင်ခြည် တော်ကို လွှတ်တော်မူပါ။ ၂ ဧဖရိမ် အမျိုး၊ ဗင်္ယာမိန် အမျိုး၊ မနာရှေ အမျိုးတို့ ရှေ့ မှာ တန်ခိုး တော်ကို နှိုးဆော် ၍ ၊ အကျွန်ုပ် တို့ကို ကယ်တင် ခြင်းငှါ ကြွ တော်မူပါ။ ၃ အို ဘုရား သခင်၊ အကျွန်ုပ် တို့ကို ပြောင်းလဲ စေ၍ ၊ မျက်နှာ တော် အလင်း ကိုပြတော်မူပါ။ သို့ပြုလျှင် ၊ အကျွန်ုပ်တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြပါလိမ့်မည်။ ၄ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရား သခင် ထာဝရဘုရား ၊ ကိုယ်တော် ၏ လူ တို့ပြုသောပဌနာ စကားကို အဘယ် မျှကာလ ပတ်လုံးအမျက်ထွက် တော်မူမည်နည်း။ ၅ သူ တို့ကို မျက်ရည် မုန့် နှင့်ကျွေး ၍ ၊ မျက်ရည် ကိုလည်း ကြွယ်ဝ စွာ တိုက် တော်မူ၏။ ၆ အနီး အပါး၌ နေသောသူတို့သည် အကျွန်ုပ် တို့ အတွက် ငြင်းခုံ ကြပါ၏။ ရန်သူ တို့သည်လည်း ဝါကြွား၍ အကျွန်ုပ် တို့ကို ပြက်ယယ် ပြုကြပါ၏။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်၊ အကျွန်ုပ် တို့ကို ပြောင်းလဲ စေ၍ ၊ မျက်နှာ တော်အလင်း ကို ပြတော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြပါလိမ့်မည်။ ၈ ကိုယ်တော်သည် စပျစ် နွယ်ပင်ကို အဲဂုတ္တု ပြည် က ဆောင် ခဲ့၍၊ တပါး အမျိုးသားတို့ကို နှင်ထုတ် ပြီးမှ စိုက်ပျိုး တော်မူ၏။ ၉ သူ ၏နေရာကိုပြုပြင် တော်မူသဖြင့် ၊ သူသည် အမြစ် ကျ ၍ တပြည် လုံးကို နှံ့ ပြား ပါ၏။ ၁၀ သူ ၏အရိပ် သည် တောင် တို့ကိုဎင်း ၊ အခက် အလက်တို့သည် အမြင့်ဆုံး သော အာရဇ် ပင်တို့ကိုဎင်းလွှမ်းမိုး ကြပါ၏။ ၁၁ သူ သည် အခက် အလက်တို့ကို ပင်လယ် တိုင်အောင် ဎင်း ၊ အညွှန့် တို့ကို မြစ် ကြီးတိုင်အောင် ဎင်း ပြန့်ပွား စေပါ၏။ ၁၂ ယခုမူကား၊ လမ်း ၌ ရှောက်သွား သောသူ အပေါင်း တို့သည် ဆွတ် စေခြင်းငှါ၊ သူ ၏ခြံ ကို အဘယ် ကြောင့် ချိုးဖျက် တော်မူသနည်း။ ၁၃ တော ဝက် သည် ထိုအပင် ကို ကိုက်ခဲ ၍၊ တော သားရဲ သည်လည်း စား ပါ၏။ ၁၄ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်၊ တဖန် ကြွလာ တော်မူမည်အကြောင်း တောင်းပန်ပါ၏။ ကောင်းကင် က ကြည့်ရှု တော်မူပါ။ ထို စပျစ် နွယ်ပင်ကို အကြည့်အရှု ကြွလာတော်မူပါ။ ၁၅ လက်ျာ လက်တော်နှင့် စိုက်ပျိုး သောအပင်၊ ကိုယ်တော် အဘို့ ခိုင်မာ စေတော်မူသော ပျိုး ပင်ကို ကွယ်ကာတော်မူပါ။ ၁၆ မီးရှို့ ပါပြီ။ ခုတ် လဲပါပြီ။ မျက်နှာ တော်ဖြင့် ဆုံးမ ခြင်းကို ခံရသောသူတို့ သည် ပျက်စီး ခြင်းသို့ ရောက် ရကြပါ၏။ ၁၇ လက်ျာ လက်တော်နှင့်ဆိုင်သောလူ ၊ ကိုယ်တော် အဘို့ ခိုင်မာ စေတော်မူသော လူ သား ၏အပေါ် မှာ လက် တော်ကို တင် ပါစေသော။ ၁၈ သို့ပြုလျှင် အကျွန်ုပ်တို့သည် ကိုယ်တော် ထံ မှ မ ဆုတ်

ရကြပါ။ အကျွန်ုပ် တို့ကို အသက် ရှင်စေတော်မူပါ။ နာမတော် ကို ပဌနာ ပြုကြပါမည်။ ၁၉ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရား သခင် ထာဝရဘုရား ၊ အကျွန်ုပ် တို့ကို ပြောင်းလဲ စေ၍၊ မျက်နှာ တော် အလင်း ကို ပြတော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြပါလိမ့်မည်။

၈၁ ငါ တို့ အစွမ်း သတ္တိတည်းဟူသော ဘုရား သခင်အား ရွှင်လန်းစွာ သီချင်း ဆိုကြလော့။ ယာကုပ် အမျိုး၏ ဘုရား သခင်အား ကျူးဇ သောအသံကို ပြုကြလော့။ ၂ တုရိယာ မျိုးကိုဆောင် ကြ။ ပတ်သာ ကိုငင်း၊ သာယာ သော စောင်းနှင့် တယော ကိုငင်း ယူ ခဲ့ကြ။ ၃ လဆန်း နေ့၊ လပြည့် နေ့၊ ပွဲသဘင် နေ့ ၌ တံပိုး မှုတ်ကြ။ ၄ ထိုသို့ ကျသရေလ အမျိုး၌ ထုံးဖွဲ့ ၍၊ ယာကုပ် အမျိုး၏ ဘုရား သခင်သည် ဆုံးဖြတ် တော်မူ၏။ ၅ နား မ လည်သော စကား ကိုကြား ရာအရပ်၊ အဲဂုတ္တု ပြည် တဘက် ၌ ကြွသွား တော်မူသောအခါ ၊ ယောသပ် အမျိုး၌ ထိုသို့ သော သက်သေခံ ချက်ကို စီရင် တော်မူ၏။ ၆ ငါသည်သူ ၏ ပခုံး ကိုဝန် နှင့် လွတ် စေ၏။ သူ ၏ လက် ကိုလည်း ကယ်တင်ခြင်းတို့ အထဲ က နှုတ် ယူ၏။ ၇ သင်သည်ဒုက္ခ ကိုခံရသောအခါ ၊ ငါ့ကိုခေါ် ၍ ငါသည်ချမ်းသာ ပေး၏။ မ ထင်ရှားသော မိုးယံကြိုး နေရာ ၌ ငါပြန် ပြော၏။ မေရိဘ ရေ နား မှာ သင့် ကို ငါစုံစမ်း ၏။ ၈ ငါ ၏လူစု ၊ နားထောင် လော့။ ငါမှာ ထားမည်။ အိုကျသရေလ အမျိုး၊ သင်သည် ငါ့ စကားကို နားထောင် ပါစေသော။ ၉ သင် ၌ တပါး အမျိုး၏ ဘုရား မ ရှိ ရ။ တကျွန်း တနိုင်ငံဘုရား ကို မ ကိုးကွယ် ရ။ ၁၀ ငါ သည်သင့် ကို အဲဂုတ္တု ပြည် မှ ကယ်နှုတ်ဆောင် ယူခဲ့ပြီးသောသင် ၏ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ သင် ၏နှုတ် ကို ကျယ်ကျယ်ဖွင့် လော့။ ဝပြော စွာ ကျွေး မည်။ ၁၁ ငါ ၏လူ များမူကား ၊ ငါ့ စကား ကို နား မ ထောင်ကြ။ ကျသရေလ အမျိုးသည် ငါ့ ကို အလို မ ရှိကြပါတကား။ ၁၂ ငါသည်လည်း ထိုသူ တို့ကို သူ တို့ နှလုံး ခိုင်မာ ခြင်း၌ အပ် ၍၊ သူတို့သည် မိမိ တို့အလို သို့ လိုက် ကြ၏။ ၁၃ ငါ ၏လူစု သည် ငါ့ စကားကို နားထောင် ၍၊ ကျသရေလ အမျိုးသည် ငါ့ လမ်း ၌ လိုက် ပါစေသော။ ၁၄ လိုက်လျှင် ငါသည်သူ တို့ရန်သူ များကို အလျင် အမြန် နှိပ်စက် ၍ ၊ ရန်ဘက် ပြုသောသူတို့ကို ဒဏ်ခတ် မည်။ ၁၅ ထာဝရဘုရား ကို မုန်း သောသူတို့သည် တောင်းပန် ခြင်းကို ပြု၍၊ ငါ၏ လူတို့သည်လည်း၊ အစဉ် အမြဲတည် ရသောအခွင့်ရှိ ကြလိမ့်မည်။ ၁၆ အကောင်း ဆုံးသော ဆန် စပါးနှင့် ငါကျွေး မည်။ ကျောက် ထဲ က ထွက်သောပျားရည် နှင့် လည်း ဝပြော စေမည်။

၈၂ ဘုရား သခင်သည် ဘုရားတို့၏ ပရိသတ် ၌ ရပ် လျက် နေတော်မူ၍၊ ဘုရား တို့ အလယ် ၌ စီရင် တော်မူ၏။ ၂ သင်တို့သည် မတရား သောသူတို့ ၏ မျက်နှာ ကို ထောက် ၍ ၊ အဘယ် မျှ ကာလ ပတ်လုံး မ တရားသဖြင့် စီရင် ကြမည်နည်း။ ၃ ဆင်းရဲ သော သူနှင့် မိဘ မရှိသောသူတို့ကို စောင့် မကြလော့။ ငြိုငြင် သောသူနှင့် ဝတ်မွတ် သောသူတို့ ဘက်၌ တရား စီရင်ကြလော့။ ၄ ဆင်းရဲ သောသူနှင့် ဝတ်မွတ် သောသူတို့ ကို မတရား သောသူ ၏လက် မှ ကယ်နှုတ် ကြလော့။ ၅ သူတို့သည် မ သိ ၊ နား မ လည်ကြ။ မှောင်မိုက် ၌ ကျင်လည် ကြ၏။ မြေကြီး တိုက်မြစ် အပေါင်း တို့သည် လှုပ်ရှား လျက်ရှိကြ၏။ ၆ သင် တို့သည် ဘုရား ဖြစ်ကြ၏။ ရှိသမျှ တို့သည် အမြင့်ဆုံး သော ဘုရား၏သား

ဖြစ်ကြ၏ဟုငါ ဆို သတည်း။ ၇ သို့ သော်လည်း၊ သင်တို့သည် လူ ကဲ့သို့ သေ၍ ၊ အခြား သော မင်း ကဲ့သို့ ဆုံးရှုံး ခြင်းသို့ရောက်ကြလိမ့်မည်။ ၈ အိုဘုရား သခင်၊ ထ၍မြေကြီး ကို တရားစီရင် တော်မူပါ။ ကိုယ်တော် သည် လူမျိုး အပေါင်း တို့ကို အပိုင် ရတော်မူ၏။

၈၃ အိုဘုရား သခင်၊ တိတ်ဆိတ် စွာ နေတော်မ မူပါ နှင့်။ အို ဘုရား သခင်၊ အမိန့်တော်မရှိဘဲ ငြိမ်ဝပ် စွာ နေတော်မ မူပါနှင့်။ ၂ ကိုယ်တော် ၏ရန်သူ တို့သည် ရုန်းရင်းခတ် ပြုကြပါ၏။ ကိုယ်တော် ကို မုန်း သောသူတို့သည် ထ ကြပါ၏။ ၃ ကိုယ်တော် ၏ လူစု တဘက် ၌ ပရိယာယ် ကိုကြံ ၍ ၊ ကိုယ်တော် ကွယ်ကာ တော်မူသောသူတို့ တဘက် ၌ တိုင်ပင် ကြပါ၏။ ၄ ဣသရေလ ၏နာမ ကို နောက် တဖန် အောက်မေ့ စရာမ ရှိစေခြင်းငှါ လာ ကြ၊ သူ တို့အမျိုး ကို ပယ် ဖြတ် ကြကုန်အံ့ဟု ဆို ကြပါ၏။ ၅ သဘော တညီ တညွတ်တည်းတိုင်ပင် ၍ ၊ ကိုယ်တော် တဘက် ၌ အချင်းချင်း သင်း ဖွဲ့သော သူဟူမူကား။ ၆ ဧဒုံ ပြည်၌ နေ သောသူ၊ ဣရှမေလ အမျိုးသား၊ မောဘ ပြည်သား၊ ဟာဂရ ပြည်သား၊ ၇ ဂေဗလ ပြည်သား၊ အမ္မုန် ပြည်သား၊ အာမလက် ပြည်သား၊ တုရု မြို့သားနှင့်တကွ ဖိလိတ္တိ အမျိုးသားတို့ သည် သင်း ဖွဲ့ကြပါ၏။ ၈ အာရှရိ အမျိုးသားတို့သည်လည်း ၊ ဝိုင်း၍ လောတ အမျိုးသား တို့ဘက်သို့ ဝင် ကြပါ၏။ ၉ မိဒျန် အမျိုးကိုငင်း၊ ခိရှန် ချောင်း နား မှာ သိသရ မင်းနှင့် ယာဘိန် မင်းကို ငင်းပြုသကဲ့သို့ သူ တို့ကို ပြု တော်မူ ပါ။ ၁၀ ထိုသူတို့သည် အဒေါ်ရ အရပ်၌ ဆုံးရှုံး ၍၊ မြေ ပေါ် မှာ နောက်ချေး ကဲ့သို့ ဖြစ် ကြပါ၏။ ၁၁ ငါတို့သည် ဘုရား သခင်၏အိမ် များကို ကိုယ် ဘို့ သိမ်းယူ ကြကုန်အံ့ဟု ဆို သော ဩရဘ မင်းနှင့် ဇေဘ မင်း ကဲ့သို့ ၊ ၁၂ ဤသူ တို့၏မှူးမတ် များကိုငင်း ၊ ဇေဘဟ မင်းနှင့် ဇာလမုန္နာ မင်းကဲ့သို့ ဤသူ တို့၏မင်းသား အပေါင်း ကိုငင်း ဖြစ် စေတော်မူပါ။ ၁၃ အကျွန်ုပ် ၏ ဘုရား သခင်၊ လေဘွေ ၌ ပါသွား သော အမှိုက် ကဲ့သို့ ၎င်း၊ လေတိုက် ၍ လွင့်သော ဖွဲ့ကဲ့သို့ ၎င်း သူ တို့ကို ဖြစ် စေတော်မူပါ။ ၁၄ တော ကို မီး ရှို့ သကဲ့သို့ ၎င်း ၊ တောင် ပေါ် မှာ မီး လောင် သကဲ့သို့ ၎င်း၊ ၁၅ ထိုနည်းတူ ၊ မိုဃ်းသက် မုန်တိုင်းတော် အားဖြင့် သူ တို့ကိုညှဉ်းဆဲ ၍ ၊ ပြင်းစွာ သော လေတော်အားဖြင့် ချောက် လှန့်တော်မူပါ။ ၁၆ အိုထာဝရဘုရား ၊ သူ တို့မျက်နှာ ကို ရှက် စေတော်မူ ၍ သူတို့သည် နာမ တော်ကို ရှာ ကြပါစေသော။ ၁၇ စိတ်ပျက် ၍ အစဉ် ပင်ပန်း ခြင်း ရှိကြပါစေသော။ အရှက်ကွဲ ၍ ဆုံးရှုံး ခြင်းသို့ ရောက်ကြပါစေသော။ ၁၈ ထာဝရဘုရား ဟူ၍နာမ တော်ရှိသော ကိုယ်တော် တပါး တည်းသာလျှင်၊ မြေကြီး တပြင်လုံး အပေါ် မှာ အမြင့်ဆုံး သောဘုရားဖြစ်တော်မူကြောင်း ကို သိ ကြပါ စေသော။

၈၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၊ ကိုယ်တော် ကျိန်းဝပ် တော်မူရာ အရပ် ဌာနတို့သည် အလွန်နှစ်သက် ဘွယ် ဖြစ်ပါသည်တကား၊ ၂ ထာဝရဘုရား ၏ တန်တိုင်း တော်တို့ကို အကျွန်ုပ် ၏ဝိညာဉ် သည် တသ ၍ အားလျော့ လျက်ရှိပါ၏။ အကျွန်ုပ် နှလုံး နှင့် ကိုယ် ခန္ဓါသည် အသက် ရှင်တော်မူသော ဘုရား သခင်ကို အလိုရှိ၍ ကြွေးကြော် ပါ၏။ ၃ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၊ အကျွန်ုပ် ၏ရှင် ဘုရင်၊ အကျွန်ုပ် ၏ ဘုရား သခင်၊ အကယ်

စင်စစ်ယဇ် ပလ္လင်တော်တို့ အနား မှာ စာဌက် သည် နေရာ အရပ်ကိုငင်း၊ ဇရက်သည်လည်း သားငယ်မွေးစရာ အသိုက် ကို ငင်းတွေ့ ရပါ၏။ ၄ အိမ် တော်၌ နေ သောသူတို့သည် မင်္ဂလာ ရှိပါ၏။ ကိုယ်တော် ကို အစဉ် ချီးမွမ်း ကြပါလိမ့်မည်။ ၅ ကိုယ်တော် ကို အား ပြုသောသူ သည် မင်္ဂလာ ရှိပါ၏။ ထိုသို့သောသူ တို့ သည် လမ်းခရီး တော်တို့ကို နှလုံး သွင်းတတ်ကြပါ၏။ ၆ သူတို့သည် ဗာကာ လွင်ပြင် ၌ ရှောက်သွား စဉ်၊ ထို လွင်ပြင်ကို စမ်းရေ ထွက်ရာအရပ် ဖြစ် စေကြပါ၏။ အရင် မိုယ်းရေလည်း မင်္ဂလာ များနှင့် လွှမ်း စေပါ၏။ ၇ သူတို့သည် အား တိုးတက်၍ ခရီးသွား လျက်၊ ဇိအုန် မြို့မှာ ဘုရား သခင့်ထံ တော်၌ မျက်နှာ ပြကြပါ၏။ ၈ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား၊ အကျွန်ုပ် ၏ပဌနာ စကားကို မှတ် တော်မူပါ။ ယာကုပ် အမျိုး၏ဘုရား သခင်၊ နားထောင် တော်မူပါ။ ၉ အကျွန်ုပ် တို့ကို ကွယ်ကာ တော်မူသောဘုရား၊ ကြည့်ရှု တော်မူပါ။ အထံ တော်၌ ဘိသိတ် ခံသောသူ၏ မျက်နှာ ကို ထောက်ရှု တော်မူပါ။ ၁၀ တန်တိုင်း တော်တို့အတွင်း၌ နေသောတရက် သည် အခြားအရပ်၌နေသောအရက်တထောင် ထက် သာ၍ကောင်း ပါ၏။ မ တရားသောသူ ၏နေရာ ၌ နေ ရ သော အခွင့်ထက် ၊ အကျွန်ုပ် ၏ ဘုရား သခင့် အိမ် တော် ၌ တံခါး စောင့်အရာကို အကျွန်ုပ်သာ၍နှစ်သက် ပါ၏။ ၁၁ ထာဝရ အရှင် ဘုရား သခင်သည် နေ လည်း ဖြစ်တော်မူ၏။ အကွယ် အကာလည်း ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ကျေးဇူး တော်နှင့် ဘုန်း အသရေကို ပေး တော်မူ၏။ ဖြောင့်မတ် စွာကျင့် သောသူတို့အား ကောင်း သောအရာကို ငြင်း တော်မ မူ။ ၁၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား၊ ကိုယ်တော် ၌ ခိုလှုံ သောသူ သည် မင်္ဂလာ ရှိပါ၏။

၈၅ အို ထာဝရဘုရား၊ ကိုယ်တော် သည် ပြည် တော် ကို စိတ် နှင့် တွေ့တော်မူ၍၊ ဘမ်းဆီးသိမ်းသွားခြင်းကို ခံရသောယာကုပ် အမျိုးသားတို့ကို ပြန် ပို့စေတော်မူပြီ။ ၂ ကိုယ်တော် ၏ လူ တို့အပြစ် ကိုလွှတ် ၍၊ သူ တို့၏ ဒုစရိုက် အပေါင်း ကိုလည်း ဖုံးအုပ် တော်မူပြီ။ ၃ စိတ် တော်ရှင်းရှင်း ပြေ ၍၊ အမျက် တော် အရှိန် ကို လျော့စေ တော်မူပြီ။ ၄ အကျွန်ုပ် တို့ကို ကယ်တင် တော်မူသော ဘုရား၊ တဖန် အကျွန်ုပ် တို့ကို ပြောင်းလဲ စေ၍၊ ထွက်ဘူးသော အမျက် တော်ကို ငြိမ်းစေ တော်မူပါ။ ၅ အကျွန်ုပ် တို့ ၌ အစဉ် အမျက် ထွက်တော်မူမည် လော ။ ကာလ အစဉ်အဆက် စိတ် တော်မပြေဘဲ နေတော်မူ မည်လော။ ၆ ကိုယ်တော် ၏ လူ တို့သည် ကိုယ်တော် ကို အမှီပြု ၍ ဝမ်းမြောက် ပါမည်အကြောင်း၊ တဖန်အကျွန်ုပ် တို့ကို အသက် ရှင်စေတော်မူမည်မ ဟုတ်လော။ ၇ အိုထာဝရဘုရား၊ အကျွန်ုပ် တို့အား ကရုဏာ တော်ကိုပြ ၍၊ ကယ်တင် တော်မူခြင်းကျေးဇူးကို ပြု တော်မူ ပါ။ ၈ ထာဝရ အရှင် ဘုရား သခင်သည် အဘယ်သို့ မိန့် တော်မူမည်ကို ငါနားထောင် မည်။ အကယ် စင်စစ်မိမိ လူ ၊ မိမိ သန့်ရှင်း သူတို့အား ငြိမ်သက် ခြင်းအကြောင်းကို မိန့် တော်မူလိမ့်မည်။ သို့ရာတွင် ၊ နောက်တဖန် မိုက် သောအကျင့် ကို မ ကျင့် ကြပါစေနှင့်။ ၉ ငါ တို့ ပြည် ၌ ဘုန်း တော်ကျိန်းဝပ် မည်အကြောင်း၊ ကယ်တင် တော်မူခြင်း ကျေးဇူးသည်၊ ဘုရား သခင်ကို ကြောက်ရွံ့ သောသူတို့ ၏အနီး သို့ ဇကန် အမှန် ရောက် လေပြီ။ ၁၀ ကရုဏာ နှင့် သစ္စာ ဆုံ မိပြီ။ တရား နှင့် ချမ်းသာ သည် တပါးကို တပါးနမ်း ကြပြီ။ ၁၁ သစ္စာ သည် မြေကြီး ထဲ က ပေါက် လိမ့်မည်။ တရား သည်လည်း ကောင်းကင် ပေါ် က

ငုံကြည့် လိမ့်မည်။ ၁၂ အကယ် စင်စစ်ထာဝရဘုရား သည် ကျေးဇူး ပြု တော်မူ၍ ၊ ငါ တို့ မြေ သည် မိမိ ဘဏ္ဍာ ကို ပေး လိမ့်မည်။ ၁၃ တရား သည် ရှေ့ တော်၌သွား ၍ ခြေတော် ရာ တို့ကို ပဲ့ပြင် လိမ့်မည်။

၈၆ အိုထာဝရဘုရား ၊ နား တော်ကို လှည့်၍ အကျွန်ုပ် စကားကို နားထောင် တော်မူပါ။ အကျွန်ုပ် သည် ဆင်းရဲ ဝတ်မွတ် ပါ၏။ ၂ အကျွန်ုပ် ၏ ဘုရား သခင်၊ သန့်ရှင်း သူတို့အဝင် ဖြစ်သော အကျွန်ုပ် ၏ ဝိညာဉ် ကိုစောင့်မ ၍၊ ကိုယ်တော် ကို ကိုးစား သော ကိုယ်တော် ၏ကျွန် ကို ကယ်တင် တော်မူပါ။ ၃ အို ထာဝရ ဘုရား၊ အကျွန်ုပ်သည် ကိုယ်တော် ကို အစဉ် အော်ဟစ် ပါသည်ဖြစ်၍ ၊ ကယ် မသနားတော်မူပါ။ ၄ အို ထာဝရ ဘုရား၊ ကိုယ်တော် ကို အကျွန်ုပ် တသ ပါသည်ဖြစ်၍၊ ကိုယ်တော် ၏ကျွန် သည် ဝမ်းမြောက် မည်အကြောင်းပြုတော်မူပါ။ ၅ အို ထာဝရ ဘုရား၊ ကိုယ်တော် သည် ကောင်း သောသဘော၊ သည်းခံ တတ်သော သဘောနှင့် ပြည့်စုံ၍၊ ကိုယ်တော် ကို ပဌနာ ပြုသော သူအပေါင်း တို့အား ကရုဏာ တော်ကြွယ်ဝ ပါ၏။ ၆ အို ထာဝရဘုရား ၊ အကျွန်ုပ် ၏ ပဌနာ စကားကို နားထောင် တော်မူပါ။ အသနား တော်ခံသော စကား သံကို မှတ် တော်မူပါ။ ဘေး ရောက်သည် ကာလ ၊ ကိုယ်တော် ကို ခေါ် ပါမည်။ ၇ ကိုယ်တော်လည်း ထူး တော်မူ တတ်ပါ၏။ ၈ အို ထာဝရ ဘုရား၊ ဘုရား တို့တွင် ကိုယ်တော် နှင့် တူသော ဘုရားမ ရှိပါ။ အမှု တော်နှင့် တူသော အမှုလည်း မ ရှိပါ။ ၉ အို ထာဝရ ဘုရား၊ ဖန်ဆင်း တော်မူသောလူမျိုး အပေါင်း တို့သည် ချဉ်းကပ် လျက် ရှေ့ တော်၌ ပြပ်ဝပ် ၍ ၊ နာမ တော်ကို ချီးမြှောက် ကြပါလိမ့်မည်။ ၁၀ ကိုယ်တော် သည် ကြီးမြတ် ၍ အံ့ဩ ဘွယ်တို့ကို ပြု တော်မူ၏။ ကိုယ်တော် တပါး တည်းသာလျှင် ဘုရား သခင် ဖြစ်တော်မူ၏။ ၁၁ အို ထာဝရဘုရား ၊ ကိုယ်တော် ၏ လမ်း ကို အကျွန်ုပ် အား ပြည်ွန် တော်မူပါ။ ကိုယ်တော် ၏ သမ္မာတရား လမ်းသို့ လိုက်သွား ပါမည်။ နာမ တော်ကို ကြောက်ရွံ့ မည်အကြောင်း ၊ အကျွန်ုပ် ၏နှလုံး ကို စေ့စပ် စေတော်မူပါ။ ၁၂ အကျွန်ုပ် ၏ ဘုရား သခင်ထာဝရ ဘုရား၊ အကျွန်ုပ် သည် ကိုယ်တော် ကို စိတ် နှလုံးအကြွင်းမဲ့ ချီးမွမ်း ၍ ၊ နာမ တော်ကို အစဉ် အမြဲချီးမြှောက် ပါမည်။ ၁၃ အကျွန်ုပ် ခံရ သောကရုဏာ တော်ကြီး လှပါ၏။ အကျွန်ုပ် ၏ ဝိညာဉ် ကို မရဏ နိုင်ငံအောက် အရပ်ထဲက ကယ်နှုတ် တော်မူပြီ။ **(Sheol h7585)** ၁၄ အို ဘုရား သခင်၊ မာန ကြီးသောသူတို့ သည် အကျွန်ုပ် တဘက် ၌ ထ ကြ၍ ၊ ကြမ်းတမ်း သော လူ အစု အဝေးတို့သည် ကိုယ်တော် ကို မျက်မှောက် မ ပြုဘဲ၊ အကျွန်ုပ် အသက် ကို ရှာ ကြပါ၏။ ၁၅ အို ထာဝရ ဘုရား၊ ကိုယ်တော် သည် သနား စုံမက် တတ် သော သဘော၊ ကျေးဇူး ပြုတတ် သော သဘော၊ သည်းခံ တတ်သောသဘော၊ ကရုဏာ နှင့် သစ္စာ ကြွယ်ဝသော သဘောနှင့် ပြည့်စုံ သောဘုရား ဖြစ်တော်မူ၏။ ၁၆ အကျွန်ုပ် ကို မျက်နှာ ပြု၍ ကယ် မသနားတော်မူ ပါ။ ကိုယ်တော် ၏ကျွန် အား တန်ခိုး တော်ကိုပေး ၍၊ ကိုယ်တော် ၏ ကျွန် မသား ကို ကယ်တင် တော်မူပါ။ ၁၇ အကျွန်ုပ် အား ကောင်း သော နိမိတ် လက္ခဏာကို ပြ တော်မူပါ။ အကျွန်ုပ် ကို မုန်း သောသူတို့သည် မြင် ၍ ရှက်ကြောက် ကြပါစေ။ အကြောင်း မူကား၊ အိုထာဝရ ဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ကို မစ ၍ ချမ်းသာ ပေးတော်မူ၏။

၈၇ ဘုံ ဗိမာန ်တော်တိုက်မြစ် သည် သန့်ရှင်း သော တောင် ရိုးပေါ် မှာ တည်လျက်ရှိ၏။ ၂ ထာဝရဘုရား သည် ယာကုပ် ၏ နေရာ အပေါင်း တို့ထက် ဓိအုန် တံခါး တို့ကို သာ၍နှစ်သက် တော်မူ၏။ ၃ အိုဘုရား သခင်၏ မြို့ တော်၊ သင် သည် ဘုန်း အသရေကြီးလိမ့်မည်ဟူသောစကားကို ပြော ထားလျက် ရှိ၏။ ၄ ငါ့ ကိုသိကျွမ်း သောသူတို့ တွင် ၊ ရာခပ် မြို့နှင့် ဗာဗုလုန် မြို့ကို ငါမှတ် ထားမည်။ ဖိလိတ္တိ ပြည်၊ တုရု ပြည်၊ ကုရှ ပြည်တို့ကိုလည်း ကြည့် ကြလော့။ ဤ မည်သော ပြည်သားသည် မြို့ တော်၌ ဘွားမြင် သောသူဖြစ်၏။ ၅ ဓိအုန် မြို့ကို လည်း လူ အမျိုးမျိုးတို့သည်၊ ထိုမြို့ ၌ ဘွားမြင် ကြပြီ။ အမြင့်ဆုံး သောဘုရားသည် ထိုမြို့ ကို ကိုယ်တော်တိုင် မြဲမြံ စေတော်မူပြီဟု ပြော ဆိုကြလိမ့်မည်။ ၆ ထာဝရဘုရား သည် လူမျိုး တို့ကို စာရင်း ယူတော်မူ သောအခါ ၊ ဤမည်သော အမျိုးသည် မြို့တော်၌ ဘွားမြင်သောအမျိုးဖြစ်သည်ဟု မှတ်တော်မူမည်။ ၇ သီချင်း သည်နှင့် ပွဲသဘင်ခံသောသူ အစရှိသော ငါ၏ပျော်မွေ့ခြင်းအကြောင်းရှိသမျှ တို့သည် သင်၌ ရှိကြ သတည်း။

၈၈ အကျွန်ုပ် ကို ကယ်တင် တော်မူသောဘုရား သခင် ထာဝရဘုရား ၊ အကျွန်ုပ်သည် ရှေ့ တော်၌ နေ့ ညဉ့် မပြတ် အော်ဟစ် ပါ၏။ ၂ အကျွန်ုပ် ပြုသောပဌနာ သည် အထံ တော်သို့ ဝင် ပါစေသော။ အော်ဟစ် သံကို နားထောင် တော်မူပါ။ ၃ အကျွန်ုပ် ၏ ဝိညာဉ် သည် ဒုက္ခ နှင့် ပြည့် ၍ ၊ အသက် သည်လည်း မရဏာ နိုင်ငံအနီးသို့ ရောက် ပါပြီ။ (Sheol h7585) ၄ အကျွန်ုပ်သည် သင်္ချိုင်းတွင်း ထဲသို့ ဆင်း သောသူတို့ နှင့်အတူ ရေတွက် ဝင်ခြင်းသို့ ရောက်ပါ၏။ အား ကုန် သော သူ ကဲ့သို့ ဖြစ် ပါ၏။ ၅ အသေ ကောင်တို့တွင် ပစ် ထားသောသူ၊ ကွပ်မျက် ၍ သင်္ချိုင်း တွင်း၌ အိပ် နေသောသူတည်းဟူသော အောက်မေ့ တော်မ မူ၊ လက် တော်၏ မစခြင်းနှင့် ကွာဝေး သော သူကဲ့သို့ ဖြစ်ပါ၏။ ၆ အကျွန်ုပ် ကို အနက်ဆုံး သောတွင်း ၊ မှောင်မိုက် ဖုံးလွှမ်း၍ အလွန်နက်နဲ သော အရပ်၌ ချထား တော်မူပြီ။ ၇ အမျက် တော်သည် အကျွန်ုပ် အပေါ် ၌ ဖိ လျက် ရှိပါ၏။ လှိုင်း တံပိုးတော်အပေါင်း တို့နှင့် နှိပ်စက် တော်မူ ၏။ ၈ အကျွန်ုပ် ၏ အသိအကျွမ်း များကို အဝေး သို့ ရွေ့တော်မူပြီ။ သူ တို့အား အကျွန်ုပ် ကို ရွံရှာ ဖွယ် ဖြစ် စေတော်မူပြီ။ အကျွန်ုပ် သည် အချုပ် ခံရ၍ ၊ ပြင်သို့ မ ထွက် ရပါ။ ၉ အကျွန်ုပ်ခံရသော ဒုက္ခ ကြောင့် အကျွန်ုပ် မျက်စိ သည် ပျက် ပါ၏။ အို ထာဝရဘုရား ၊ ကိုယ်တော် ကို အစဉ် အော်ဟစ် ပါ၏။ အထံ တော်သို့ လက် ကိုဆန့် ပါ၏။ ၁၀ သေ လျက်နေသောသူတို့အား အံ့ဘွယ် သော အမှုတို့ကို ပြ တော်မူမည်လော ။ သင်္ချိုင်း သားတို့သည်ထ ၍ ကိုယ်တော် ကို ချီးမွမ်း ကြပါမည်လော ။ ၁၁ ကရုဏာ တော်ကို သင်္ချိုင်းတွင်း ၌ ၎င်း၊ သစ္စာ တော်ကို ပျက်စီးရာအရပ် ၌ ၎င်း ကြားပြော ရကြပါ မည်လော ။ ၁၂ အံ့ဘွယ် သော အမှုတော်တို့ကို မှောင်မိုက် သော အရပ်၌ ၎င်း၊ ဖြောင့်မတ် တော်မူခြင်းတရားကို မေ့လျော့ ရာပြည် ၌ ၎င်း သိရ ကြပါမည်လော။ ၁၃ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် အော်ဟစ် ပါ၏။ နံနက် အချိန်၌ အကျွန်ုပ် ၏ ပဌနာ သည် ရှေ့တော်သို့ရောက် ပါ၏။ ၁၄ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏ ဝိညာဉ် ကို အဘယ် ကြောင့်ပယ် တော်မူသနည်း။ မျက်နှာ တော်ကို အကျွန်ုပ် မှ အဘယ်ကြောင့်လွှဲ တော်မူသနည်း။ ၁၅ အကျွန်ုပ် သည် ဒုက္ခ ဝေဒနာကိုခံရ၍ သေဆဲ ရှိပါ၏။ စီရင် တော်မူသောဘေးများကို ငယ် သောအရွယ် က ပင် ခံရ ၍ ပင်ပန်း ပါ၏။ ၁၆

အမျက် တော်သည် အကျွန်ုပ် ကို လွှမ်းမိုး ပါ၏။ စီရင် တော်မူသောဘေးတို့သည် အကျွန်ုပ် ၏ အသက်ကို ညှဉ်းဆဲသည်တိုင်အောင် ၊ ၁၇ ရေ ကဲ့သို့ အစဉ်မပြတ် ဝိုင်း ၍ တညီ တညွတ်တည်း ဝန်းရံ ကြပါ၏။ ၁၈ ချစ် သောသူနှင့် အဆွေခင်ပွန်းကို အကျွန်ုပ် နှင့် ဝေးဝေး ရွှေ့တော်မူပြီ။ အသိအကျွမ်းတို့သည် မှောင်မိုက် ထဲမှာရှိ ကြပါ၏။

၈၉ အကျွန်ုပ်သည် ထာဝရဘုရား ၏ ကရုဏာ တော် ကို အစဉ် အမြဲသီချင်း ဆိုပါမည်။ ကိုယ်တော် ၏သစ္စာ ကို လူမျိုး အဆက်ဆက်တို့အား ဟောပြော မြွက်ဆိုပါမည်။ ၂ ကရုဏာ တော်သည် အစဉ် အမြဲတည် ရပါ၏။ သစ္စာ တော်ကို ကောင်းကင် ၌ခိုင်ခံ့ မြဲမြံစေတော်မူသည် ဟု အကျွန်ုပ်သဘောကျပါ၏။ ၃ ကိုယ်တော်မိန့်တော်မူသည်ကား၊ သင် ၏အမျိုးအနွယ် ကို အစဉ် မပြတ်ငါမြဲမြံစေမည်။ ၄ သင် ၏ပလ္လင် ကိုလည်း လူမျိုး အဆက်ဆက်တည်စေမည်ဟု ငါ ရွေးကောက် သောသူနှင့် ငါသည် ပဋိညာဉ် ဖွဲ့ ၍ ၊ ငါ ၏ ကျွန် ဒါဝိဒ် အား ကျိန်ဆို ခြင်းကိုပြုပြီ။ ၅ အို ထာဝရဘုရား ၊ ကောင်းကင် သည် အံ့ဘွယ် သော အမှုတော်တို့ကိုလည်း ၊ သန့်ရှင်း သောသူတို့သည် စည်းဝေး လျက် သစ္စာ တော်ကိုလည်း ချီးမွမ်း ကြပါစေသော။ ၆ အကြောင်း မူကား၊ ကောင်းကင် တွင် ထာဝရဘုရား နှင့် အဘယ် သူပြိုင် နိုင်သနည်း။ ဘုရား သခင်၏ သား တို့တွင် ထာဝရဘုရား နှင့် အဘယ်သူတူ သနည်း။ ၇ ဘုရား သခင်သည် သန့်ရှင်း သူတို့၏ ပရိသတ် တွင် အလွန် ကြောက်ရုံ့ ဘွယ်ဖြစ်တော်မူ၏။ အထံ တော်၌ ပတ်လည် နေသောသူအပေါင်း တို့ထက် ရိုသေ ဘွယ် ဖြစ်တော်မူ၏။ ၈ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် နှင့် အဘယ်သူတူပါသနည်း။ ထာဝရ ဘုရား သည် ခွန်အား ကြီးတော်မူ၏။ သစ္စာ တော်လည်း ကိုယ်တော် ကို ပတ် ဝန်းလျက်ရှိပါ၏။ ၉ သမုဒ္ဒရာ ဟုန်း ခြင်းကို အစိုးရ တော်မူ၏။ လှိုင်း တံပိုးထ သောအခါ ငြိမ်း စေတော်မူ၏။ ၁၀ ကိုယ်တော် သည် သူရဲကဲ့သို့ ရာခပ် ကိုချိုးဖျက် ၍၊ အားကြီး သော လက်ရုံး တော်ဖြင့် ရန်သူ တို့ကို အရပ်ရပ်သို့ ကွဲပြား စေတော်မူ၏။ ၁၁ ကောင်းကင် နှင့်မြေကြီး သည် ကိုယ်တော် ၏ ဥစ္စာဖြစ်ပါ၏။ လောကဓါတ် နှင့် လောကဓါတ် တန်ဆာ များကို တည် တော်မူပြီ။ ၁၂ မြောက် မျက်နှာနှင့် တောင် မျက်နှာကိုလည်း ဖန်ဆင်း တော်မူပြီ။ တာဗော် တောင်နှင့် ဟေရမုန် တောင်သည် နာမတော် ကို အမှီပြု ၍ ရွှင်လန်းစွာ သီချင်း ဆိုကြပါ၏။ ၁၃ တန်ခိုး ရှိသောလက်ရုံး နှင့် ပြည့်စုံတော်မူ၏။ လက် တော်သည် အားကြီး ၍၊ လက်ျာ လက်တော်သည် မြင့် ပါ၏။ ၁၄ တရား သဖြင့် စီရင်ခြင်း၊ ဖြောင့်မတ် စွာ ဆုံးဖြတ်ခြင်းသည် ပလ္လင် တော်၏ တည် ရာဖြစ်ပါ၏။ ကရုဏာ နှင့် သစ္စာ သည် မျက်နှာ တော်ရှေ့၌ သွား ကြပါ၏။ ၁၅ အို ထာဝရဘုရား ၊ နှိုးဆော် တော်မူ ခြင်းအသံကို နားလည် သော လူမျိုး သည် မင်္ဂလာ ရှိပါ၏။ ၁၆ သူတို့သည် မျက်နှာ တော်အလင်း ၌ သွား လာရကြပါ၏။ နာမ တော်၌ အစဉ် ဝမ်းမြောက် ၍ ဖြောင့်မတ် တော်မူခြင်းတရားအားဖြင့် ချီးမွှောက် ခြင်းသို့ ရောက်ရ ကြပါ၏။ ၁၇ ကိုယ်တော် သည် သူ တို့အစွမ်း သတ္တိ၏ ဘုန်း ဖြစ် တော်မူ၏။ ကျေးဇူး တော်အားဖြင့် လည်း အကျွန်ုပ် တို့၏ ဦးချို သည် ချီးမွှောက် လျက် ရှိပါ၏။ ၁၈ ထာဝရဘုရား သည် အကျွန်ုပ် တို့ကို ကွယ်ကာ တော်မူ၏။ ဣသရေလ အမျိုး၏သန့်ရှင်း သော ဘုရား သည် အကျွန်ုပ် တို့၏ ရှင်ဘုရင် ဖြစ်တော်မူ၏။ ၁၉ တရံရောအခါ ကိုယ်တော် ၏ သန့်ရှင်း သူတို့ကို ဗျာဒိတ် တော်အားဖြင့် မိန့် မြွက်တော်မူသည်ကား၊ အားကြီး

သောသူသည် ကူမ မည် အကြောင်း ငါခန့်ထား ပြီ။ လူစု ထဲ က ရွေးကောက်သောသူ တယောက်ကို ငါချီးမြှောက် ပြီ။ ၂၀ ငါ ၏ ကျွန် ဒါဝိဒ် ကို ငါတွေ့ ၍၊ သန့်ရှင်း သော ဆီ နှင့် ဘိသိက် ပေးပြီ။ ၂၁ သူ့ ဘက် မှာ ငါ့ လက် သည် တည် လိမ့်မည်။ ငါ့ လက်ရုံး သည် သူ့ ကို မြဲမြံ ခိုင်ခံ့စေမည်။ ၂၂ ရန်သူ သည် သူ ၏ ဥစ္စာကို အနိုင်အထက်မ ယူ ရ။ မ တရားသောသူ သည် မ ညှဉ်းဆဲ ရ။ ၂၃ သူ ၏ ရန်သူ တို့ကို သူ့ ရှေ့ မှာ ငါနှိပ်စက် ၍ ၊ သူ့ ကိုမုန်း သောသူတို့ ကို ဒဏ်ခတ် မည်။ ၂၄ ငါ ၏သစ္စာ နှင့် ကရုဏာ သည် သူ့ ဘက် မှာနေ၍ ၊ ငါ ၏နာမ အားဖြင့် သူ ၏ ဦးချို သည် ချီးမြှောက် လျက် ရှိလိမ့်မည်။ ၂၅ သူ ၏လက် ကိုလည်း ၊ ပင်လယ် ပေါ် မှာငင်း ၊ သူ ၏လက်ျာ လက်ကို မြစ် များပေါ် မှာငင်း ငါတင် ၍ ထားမည်။ ၂၆ သူကလည်း၊ ကိုယ်တော် သည် အကျွန်ုပ် ၏အဘ ၊ အကျွန်ုပ် ၏ ဘုရား သခင်၊ အကျွန်ုပ် ကို ကယ်တင် ရာ ကျောက် ဖြစ်တော်မူ၏ဟု၊ ငါ့ ကို ကြွေးကြော် လိမ့်မည်။ ၂၇ အကယ် စင်စစ်သူ့ ကို သားဦး အရာ၌ ခန့်ထား ၍၊ လောကီ ရှင် ဘုရင်တို့အပေါ် မှာ ချီးမြှောက် မည်။ ၂၈ ငါ ၏ ကရုဏာ ကို သူ့ အဘို့ ငါသည် အစဉ် စောင့် ၍ ၊ ငါ ၏ ပဋိညာဉ် တရားသည် သူ ၌ မြဲမြံ လိမ့်မည်။ ၂၉ သူ ၏ အမျိုးအနွယ် ကို အစဉ် အမြဲတည် စေမည်။ သူ ၏ပလ္လင် သည် ကောင်းကင် ကာလ ကဲ့သို့ နိစ္စ ထာဝရဖြစ်လိမ့်မည်။ ၃၀ သူ ၏သား မြေးတို့သည် ငါ့ တရား ကို စွန့်ပယ် ၍ ၊ ငါ ၏စီရင် ချက်တို့ကို မ ကျင့် ၊ ၃၁ ငါ ၏အထုံးအဖွဲ့ တို့ကို ရှုတ်ချ ၍ ၊ ငါ ၏ပညတ် တို့ကို မ စောင့် ဘဲနေလျှင် ၊ ၃၂ ငါသည် သူ တို့ ပြစ်မှား သောကြောင့်၊ ကြိမ်လုံး နှင့် ဆုံးမ ၍ ဒဏ်ချက် တို့နှင့် ဒုစရိုက် အတိုင်း အပြစ်ပေးမည်။ ၃၃ သို့သော်လည်း ၊ ငါ ၏ကရုဏာ ကိုသူ မှ ငါမ နှုတ် မပယ်။ ငါ ၏သစ္စာ ကိုလည်း မ ဖျက် ။ ၃၄ ငါ ၏ပဋိညာဉ် တရားကိုလည်း မ ရှုတ်ချ ။ ငါ မိန့် မြွက်သော စကား လည်း ဖေါက်ပြန် ခြင်းမ ရှိရ။ ၃၅ ငါသည် ဒါဝိဒ် ကို မ လှည့်စား ဟု ငါ ၏သန့်ရှင်း ခြင်း ပါရမီကို တိုင်တည်၍ တခါ ကျိန်ဆို ပြီ။ ၃၆ သူ ၏အမျိုးအနွယ် သည် အစဉ် အမြဲတည် ရမည်။ သူ ၏ပလ္လင် သည်လည်း ၊ ငါ့ ရှေ့ ၌ နေ ကဲ့သို့ ဖြစ်ရမည်။ ၃၇ လ ကဲ့သို့ ၎င်း၊ မိုးယံ ကောင်းကင်၌ သစ္စာ စောင့်သော သက်သေ ကဲ့သို့၎င်း ၊ အစဉ် မြဲမြံ ရမည်ဟု ကိုယ်တော် သည် မိန့်တော်မူပါပြီ။ ၃၈ သို့သော်လည်း ၊ ကိုယ်တော် သည် ယခုစွန့်ပယ် ၍ ရွံရှာ တော်မူပြီ။ အထံ တော်၌ ဘိသိက် ခံသောသူကို အမျက်ထွက် တော်မူပြီ။ ၃၉ ကိုယ်တော် ၏ ကျွန် နှင့်ဖွဲ့သော ပဋိညာဉ် ကို ဖျက် ၍၊ သူ ၏သရဖူ ကို မြေ တိုင်အောင် ရှုတ်ချ တော်မူပြီ။ ၄၀ သူ ၏ခြံ ရိုသမျှ တို့ကိုချိုး ၍၊ သူ ၏တိုက် များကို ဖြိုဖျက် တော်မူပြီ။ ၄၁ လမ်း ၌ရှောက်သွား သော သူအပေါင်း တို့သည် သူ့ ကိုလုယူ ကြ၏။ အိမ်နီးချင်း တို့တွင် ကဲ့ရဲ့ ဘွယ်ဖြစ် ပါ၏။ ၄၂ သူ ၏ရန်သူ တို့ လက်ျာ လက်ကို ချီးမြှင့် ၍၊ ရန်ဘက် ပြုသောသူ အပေါင်း တို့ကို ဝမ်းမြောက် စေ တော်မူ၏။ ၄၃ သူ ၏ထား သွားကိုလိပ် စေ၍ ၊ သူ စစ် တိုက်ရာတွင် ထောက်မ တော်မ မူပါ။ ၄၄ သူ ၏ဘုန်း ကို ကွယ် စေ၍ ၊ သူ ၏ရာဇပလ္လင် ကို မြေ သို့ နှိမ့်ချ တော်မူပြီ။ ၄၅ သူ ၏ပျိုသောအရွယ် ကို တို စေ၍ အရှက်ခွဲ တော်မူပြီ။ ၄၆ အိုး ထာဝရဘုရား ၊ ကိုယ်တော်သည် အလျှင်း မ ထင်ရှားဘဲ၊ အဘယ် မျှကာလ ပတ်လုံးပုန်း ၍ နေတော်မူ မည်နည်း။ အမျက် တော်သည် အဘယ်မျှကာလ ပတ်လုံးမီး ကဲ့သို့ လောင် ရပါမည်နည်း။ ၄၇ အကျွန်ုပ် ၏ အသက်တာသည် အဘယ် မျှလောက် တို သည်ကိုၾင်း၊ အဘယ် မျှလောက်ပျက် တတ် စေ ခြင်းဌ၊ လူသား အပေါင်း

တို့ကို ဖန်ဆင်း တော်မူသည် ကိုၚင်း၊ အောက်မေ့ တော်မူပါ။ ၄၈ သေ ခြင်းသို့မ ရောက်၊ အသက် ရှင်၍ မိမိ ဝိညာဉ်
ကို မရဏ နိုင်ငံတန်ခိုး မှ ကယ်နှုတ် နိုင်သော သူကား အဘယ် သူနည်း။ (Sheol h7585) ၄၉ အို ထာဝရ ဘုရား၊ သစ္စာ
တော်နှင့်တကွ ကိုယ်တော် ၏ ကျွန်ဒါဝိဒ် အား ကျိန်ဆို တော်မူသောရှေး ကရုဏာ တော်သည် အဘယ် မှာရှိပါသနည်း။
၅၀ အိုထာဝရ ဘုရား၊ ကိုယ်တော် ၏ ကျွန် တို့သည် ခံရသောကဲ့ရဲ့ ခြင်းကို အောက်မေ့ တော်မူပါ။ များစွာ သော လူ တို့၏
အမှုအလုံးစုံ ကို အကျွန်ုပ် သည် ကိုယ် ရင်ခွင် ၌ ဆောင် ရပါ၏။ ၅၁ အကြောင်း မူကား၊ အိုထာဝရဘုရား ၊ ကိုယ်တော်
၏ ရန်သူ တို့သည် ကဲ့ရဲ့ တတ်ကြပါ၏။ အထံ တော်၌ ဘိသိက် ခံသောသူ၏ ခြေတော် ရာတို့ကို ကဲ့ရဲ့ တတ်ကြပါ ၏။
၅၂ ထာဝရဘုရား သည် ကမ္ဘာ အဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်း။ အာမင် နှင့် အာမင် ။

၉၀ ဘုရားသခင် ၏လူ မောရှေ ပြုသောပဌာနာ။ အို ဘုရား ရှင်၊ ကိုယ်တော် သည် ကာလ အစဉ် အဆက်
အကျွန်ုပ် တို့ ခိုလှုံ ရာ ဖြစ် တော်မူ၏။ ၂ တောင် များကို မ ဘော်၊ မြေကြီး နှင့် လောကဓါတ် ကို ဖန်ဆင်းတော်မမူမီ၊
ကိုယ်တော်သည် ရှေးကမ္ဘာ အဆက်ဆက်မှစ၍ ၊ နောက်ကမ္ဘာ အဆက်ဆက်တိုင်အောင် ဘုရား သခင်ဖြစ်တော်မူ၏။
၃ လူ မျိုးကို ကား၊ ကြေမွ စေတော်မူ၏။ အချင်း လူသား တို့၊ ပြန် ကြလော့ဟု မိန့် တော်မူ၏။ ၄ ရှေ့ တော်၌
အနှစ် တ ထောင်သည် လွန် ပြီးသော မနေ့ ကဲ့သို့ ၎င်း၊ ညဉ့် ယံတယံ ကဲ့သို့၎င်း ဖြစ်ပါ၏။ ၅ လူတို့ကို လွှမ်းမိုး
တိုက်သွားတော်မူ၏။ သူတို့သည် အိပ်ပျော် ခြင်း ကဲ့သို့ ဖြစ် ကြပါ၏။ လူသည်မြက်ပင် ကဲ့သို့ နံနက် အချိန်၌ တိုးပွား
တတ်ပါ၏။ ၆ နံနက် အချိန်၌ကား၊ ပွင့်လန်း ၍ တိုးပွား ပါ၏။ ညဦး အချိန်၌ကား၊ ရိတ် ၍ ညှိုးနွမ်း ပါ၏။ ၇ အမျက်
တော်ထွက်သောအားဖြင့် အကျွန်ုပ်တို့ သည် ပျက်စီး ခြင်းသို့ ရောက်ကြပါ၏။ စိတ် တော်မပြေသောကြောင့် ၊ စိုးရိမ်
တုန်လှုပ်ခြင်း ရှိကြပါ၏။ ၈ အကျွန်ုပ် တို့၏ ဒုစရိုက် များကို ရှေ့ တော်၌ ၎င်း၊ ဝှက်ထား သောအကျင့် များကို မျက်နှာ
တော်အလင်း ထဲ၌ ၎င်း၊ လှန်ထား တော်မူ၏။ ၉ အကျွန်ုပ် တို့သည် အမျက် တော်ကို ခံရသောကြောင့် ၊ နေ့ရက်
ကာလရွေ့ သွား၍၊ နှစ် များတို့သည် စိတ်ထင်ကဲ့သို့လွန် တတ်ကြပါ၏။ ၁၀ အကျွန်ုပ် တို့၏ အသက် အရွယ်သည်
အနှစ် ခုနစ် ဆယ် အတိုင်းအရှည်ရှိပါ၏။ အားကြီး ၍ အနှစ် ရှစ် ဆယ် ပြည့်သော်လည်း ၊ ဝါကြွားခြင်းသည် ပင်ပန်း
ခြင်းနှင့် ဝမ်းနည်း ခြင်း ဖြစ်ပါ၏။ ထို အသက်သည်လည်း မြန်မြန် လွန် ၍ ၊ အကျွန်ုပ်တို့သည် စုတေ့ ကြပါ၏။ ၁၁
အမျက် တော်အရှိန် ကို အဘယ်သူ သိ ပါ သနည်း။ အမျက်ထွက် တော်မူခြင်းကို ကြောက်ရွံ့ သင့် သည်အတိုင်း
အဘယ်သူကြောက်ရွံ့ပါသနည်း။ ၁၂ အကျွန်ုပ်တို့သည် ပညာ တရားကို နှလုံး သွင်း မိမည်အကြောင်း ၊ ကိုယ် နေ့ရက်
ကာလကို ရေတွက် နိုင်စေခြင်းငှါ သွန်သင် တော်မူပါ။ ၁၃ အို ထာဝရဘုရား ၊ ပြန်လာ တော်မူပါ။ အဘယ် မျှလောက်
ကြာရပါမည်နည်း။ ကိုယ်တော် ၏ ကျွန် တို့ အတွက် နာကြင် သောစိတ် ရှိတော်မူပါ။ ၁၄ အကျွန်ုပ် တို့ကို ကရုဏာ
တော်နှင့် အလျင်အမြန်ရောင့်ရဲ စေတော်မူပါ။ သို့ပြုလျှင် တသက်လုံး ဝမ်းမြောက် ၍လန်း ကြပါလိမ့်မည်။ ၁၅
အကျွန်ုပ် တို့ကို ညှဉ်းဆဲ တော်မူသော နေ့ရက် ကာလ၊ ဒုက္ခ ခံရခဲ့ပြီးသော နှစ် ပေါင်းများသည်အတိုင်း ၊ ဝမ်းမြောက်
ရသောအခွင့်ကိုပေး သနားတော်မူပါ။ ၁၆ အမှု တော်သည် ကိုယ်တော် ၏ ကျွန် တို့အား ၎င်း၊ ဘုန်း တော်သည် သား

မြေးတို့အား ၎င်း ထင်ရှား ပါစေသော။ ၁၇ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရ ဘုရား၏ ကျေးဇူး တော်သည် အကျွန်ုပ် အပေါ် သို့ ရောက် ပါစေသော။ အကျွန်ုပ် တို့ပြု သောအမှု တို့ကိုလည်း ၊ အကျွန်ုပ် တို့ အဘို့ မြဲမြံ စေတော်မူပါ။

၉၁ အမြင့်ဆုံး သော ဘုရား၏ကွယ်ကာ ရာဌာန တော်၌ နေ သောသူသည် အနန္တ တန်ခိုးရှင်၏ အရိပ် ကို ခို ရလိမ့်မည်။ ၂ ထာဝရဘုရား သည် ငါ ခိုလှုံ ရာ၊ ငါ ၏ရဲတိုက် ၊ ငါ ကိုးစား သော ဘုရား သခင်ဖြစ်တော်မူသည်ဟု ငါပြောဆို ၏။ ၃ အကယ် စင်စစ်မုဆိုး ၏ ကျော့ကွင်း နှင့် ၎င်း၊ သေ တတ်သောအနာ နှင့်၎င်း ၊ သင့် ကို ကင်းလွတ် စေတော်မူမည်။ ၄ အတောင် တော် အမွေး နှင့် ဖုံးအုပ် တော်မူ၍ ၊ အတောင် တော်အောက် ၌ သင် သည်လုံခြုံ စွာ နေရလိမ့်မည်။ သစ္စာ တော်သည် သင်၏ ဒိုင်း လွှားဖြစ်လိမ့်မည်။ ၅ ညဉ့် အခါဖြစ်တတ်သော ဘေး ကို ၎င်း၊ နေ့ အချိန်၌ ပစ် သောမြှား ကို ၎င်း၊ ၆ မှောင်မိုက် ထဲမှာ လည်တတ်သော ကာလနာ ကို၎င်း၊ မွန်းတည့် အချိန်၌ ဖျက်ဆီး တတ်သော ဥပဒ် ကို၎င်း၊ သင်သည်မ ကြောက် ရ။ ၇ သင် ၏ အနား မှာ လူတထောင် ၊ သင် ၏လက်ျာ ဘက်မှာ လူတသောင်း လဲ သော်လည်း ၊ သင့် ကို မ ထိ မခိုက်ရ။ ၈ သင်သည် ကိုယ် မျက်စိ နှင့် ကြည့် ၍ ၊ မ တရား သောသူတို့ ၌ ရောက်ရသောအပြစ် ကိုမြင် ရုံမျှသာရှိ လိမ့်မည်။ ၉ ထာဝရဘုရား သည် ငါ ခိုလှုံ ရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍၊ အမြင့်ဆုံး သော ဘုရား၌ နေရာ ကျသောကြောင့်၊ ၁၀ သင် ၌ မကောင်း သော အနိဋ္ဌာရုံ မ ကပ် မရောက်။ သင့် နေရာ သို့ ဘေးဥပဒ် မ ချဉ်း ရ။ ၁၁ သွား လေရာရာ၌ သင့် ကိုစောင့်ရှောက် စေခြင်းငှါ ၊ ကောင်းကင် တမန်တို့အား သင့် အဘို့ မှာ ထား တော်မူ သည်ဖြစ်၍၊ ၁၂ သင် ၏ခြေ ကို ကျောက် နှင့် မ ထိ မခိုက်စေခြင်းငှါ၊ သူတို့သည် သင့် ကို လက် နှင့် မစ ချီပင့်ကြလိမ့်မည်။ ၁၃ သင်သည် ခြင်္သေ့ နှင့် မြွေဆိုး အပေါ် မှာ ကျော် သွား၍၊ ခြင်္သေ့ ပျိုနှင့် နဂါး တို့ကို ခြေဖြင့်နင်း လိမ့်မည်။ ၁၄ သူသည် ငါ့ ကို ချစ် သောကြောင့် ၊ သူ့ ကို ငါကယ်နှုတ် မည်။ ငါ ၏နာမ ကို သိ သောကြောင့် ၊ သူ့ ကို ငါချီးမြှောက် မည်။ ၁၅ သူသည် ငါ့ ကိုခေါ် သောအခါ ငါထူး မည်။ ဒုက္ခ ခံရသောအခါ သူ့ ဘက် မှာ ငါ နေ၍ ချမ်းသာ ပေးမည်။ သူ ၏ဘုန်း ကိုလည်း ထင်ရှားစေမည်။ ၁၆ ရှည် သောအသက်နှင့် သူ့ ကိုရောင့်ရဲ စေ၍ ၊ ငါ ၏ ကယ်တင် ခြင်းကျေးဇူးကို သူ့ အား ပြ မည်။

၉၂ ဥပုသ် နေ့ အဘို့ ဆာလံ သီချင်း။ ထာဝရဘုရား ၏ ကျေးဇူး တော်ကို ချီးမွမ်း ၍၊ ၂ အမြင့်ဆုံး သောဘုရား၏ နာမ တော်ကို ထောမနာသီချင်း ဆိုခြင်းငှါ ၎င်း၊ ၃ စောင်း နှင့်တကွ ကြိုး ဆယ်ပင်ရှိသောတူရိယာ၊ တယော ၊ မိကျောင်းတို့ကို တီး၍၊ ကရုဏာ တော်နှင့် သစ္စာ တော်ကို နံနက် အချိန်၊ ည အချိန်အစဉ်အတိုင်းပြ ခြင်းငှါ ၎င်း လျောက်ပတ်ပေ၏။ ၄ အို ထာဝရဘုရား ၊ အမှု တော်များအားဖြင့် အကျွန်ုပ် ကို ဝမ်းမြောက် စေတော်မူသည်ဖြစ်၍ ၊ လက် တော်နှင့် ပြုပြင် တော်မူသမျှတို့ကြောင့် ၌င်လန်းစွာ သီချင်း ဆိုပါမည်။ ၅ အို ထာဝရဘုရား ၊ စီရင်တော်မူသောအမှု တို့သည်ကြီးမား ၍၊ အကြံ အစည်တော်လည်း အလွန် နက် လှပါ၏။ ၆ တိရစ္ဆာန် သဘောရှိသော သူ မ သိ ၊ မိုက် သောသူ နား မ လည်သော အမှုအရာဟူမူကား၊ ၇ မ တရားသောသူတို့ သည် မြက်ပင် ကဲ့သို့ ပေါက် ၍ ၊ အဓမ္မ အမှုကို ပြု သောသူတို့ သည်

ပွင့်လန်း ကြသောအခါ ၊ ထာဝရ ပျက်စီး ခြင်းသို့ ရောက်ရသောအကြောင်းပေတည်း။ ၈ ကိုယ်တော် မူကား ၊ အစဉ်အမြဲ ကြီးမြင့် တော်မူသော ထာဝရဘုရား ဖြစ်တော်မူ၏။ ၉ အိုထာဝရဘုရား ၊ ကိုယ်တော် ၏ ရန်သူ တို့သည် ပျက်စီး ခြင်းသို့ ရောက်၍ ၊ အဓမ္မ အမှုကိုပြု သောသူ အပေါင်း တို့သည် အရပ်ရပ်ကွဲပြား ကြလိမ့်မည်။ ၁၀ အကျွန်ုပ် ၏ ချို့ကိုကား၊ ကြံ့ ချိုကဲ့သို့ ချီးမြှောက် ၍ ၊ အကျွန်ုပ်ကို အသစ် သောဆီ နှင့် လိမ်း တော်မူလိမ့်မည်။ ၁၁ အကျွန်ုပ် ၏ ရန်သူတို့ကို အကျွန်ုပ် မျက်စိ မြင် လျက် ၊ ရန်ဘက် ပြုသောလူဆိုးတို့အကြောင်းကို နား ကြား လျက်၊ အကျွန်ုပ်သည် အားရပါလိမ့်မည်။ ၁၂ ဖြောင့်မတ် သောသူသည် စွန့်ပလွှဲ ပင်ကဲ့သို့ ပွင့်လန်း ၍ လေဗနုန် တောင်ပေါ် မှာ အာရဇ် ပင်ကဲ့သို့ ကြီးပွား လိမ့်မည်။ ၁၃ ထာဝရဘုရား ၏ အိမ် တော်၌ စိုက်ပျိုး သောသူတို့ သည် ငါ တို့ဘုရား သခင်၏ တန်တိုင်း တော်တွင် ပွင့်လန်း ကြလိမ့်မည်။ ၁၄ အသက်ကြီး သောကာလတွင် ပင် ၊ အသီး ကိုသီး၍ ကြွယ်ဝ စိမ်းလန်း ကြလိမ့်မည်။ ၁၅ ထိုသို့သောအားဖြင့် ငါ ၏ကျောက် ၊ ထာဝရဘုရား သည် ဖြောင့်မတ် တော်မူ၍ ၊ မ တရားသော အမှုနှင့် ကင်းလွတ် တော်မူသည်ဟု ထင်ရှား လိမ့်သတည်း။

၉၃ ထာဝရဘုရား သည် စိုးစံ ၍၊ အာနုဘော် နှင့် တန်ဆာ ဆင်တော်မူ၏။ ထာဝရဘုရား သည် ထိုသို့ ဝတ်ဆင် ၍၊ ခွန်အား ကို ခါးပန်းစည်း တော်မူ၏။ သို့ ဖြစ်၍၊ လောကဓါတ် သည် မ လှုပ် မရှားနိုင်အောင် တည် လျက် ရှိ၏။ ၂ ကိုယ်တော် ၏ ပလ္လင် သည် ရှေ့ဦးစွာ မှစ၍ တည် ပါ၏။ ကိုယ်တော် သည် ရှေးကာလမှစ၍ အစဉ် အမြဲဖြစ်တော်မူ၏။ ၃ အို ထာဝရဘုရား ၊ မြစ် တို့သည် ထ ကြပါ၏။ မြစ် တို့သည် ဟုန်းသံ ကိုပေး ကြပါ၏။ မြစ် တို့သည် လှိုင်း တံပိုးခတ် ကြပါ၏။ ၄ ရေ များ ဟုန်းသံ နှင့်တကွသမုဒ္ဒရာ လှိုင်း တံပိုးတို့သည်အားကြီး သည်ထက် ၊ ထာဝရဘုရား သည် မြင့် သော အရပ်၌ သာ၍တန်ခိုး ကြီးတော်မူ၏။ ၅ သက်သေ ခံတော်မူချက်တို့သည် အလွန် မြဲမြံ ကြပါ ၏။ အိုထာဝရဘုရား ၊ သန့်ရှင်း ခြင်းပါရမီသည် အစဉ် အမြဲ အိမ် တော်၏အသရေ ဖြစ်ပါသတည်း။

၉၄ အပြစ် ကိုပေး ပိုင်တော်မူသော ဘုရား သခင်ထာဝရဘုရား ၊ အပြစ် ကိုပေး ပိုင်တော်မူသော ဘုရား သခင်၊ ရောင်ခြည် တော်ကို လွှတ်တော်မူပါ။ ၂ မြေကြီး သားတို့ကို တရား ဆုံးဖြတ်တော်မူသောအရှင်၊ ထ တော်မူပါ။ မာနကြီး သောသူတို့ အား အကျိုး အပြစ် ကို ဆပ်ပေး တော်မူပါ။ ၃ အိုထာဝရဘုရား ၊ မ တရားသောသူတို့ သည် အဘယ် မျှကာလ ပတ်လုံး ဝမ်းမြောက် ကြပါလိမ့်မည်နည်း။ ၄ အဓမ္မ အမှုကို ပြု သမျှ သောသူတို့သည် စော်ကား ၍၊ ကြမ်းတမ်း သော စကားကိုပြော လျက်၊ အဘယ် မျှ ကာလ ပတ်လုံး ဝါကြွား ကြပါလိမ့်မည်နည်း။ ၅ အိုထာဝရဘုရား ၊ သူတို့သည် ကိုယ်တော် ၏ လူ တို့ကို နှိပ်စက် ၍ ၊ အမွေ တော်ကို ညှဉ်းဆဲ ကြပါ၏။ ၆ မုတ်ဆိုးမ နှင့် ဧည့်သည် ကိုငင်း၊ မိဘ မရှိသော သူငယ်ကိုငင်း သတ် ကြပါ၏။ ၇ သို့ရာတွင် ၊ ထာဝရ ဘုရားသည် မ မှတ် တတ်ဟု ဆို ကြပါ၏။ ၈ တိရစ္ဆာန် သဘောရှိသောသူ တို့၊ နားလည် ကြလော့။ လူမိုက် တို့၊ အဘယ် ကာလမှ ပညာ သတိကို ရကြလိမ့်မည်နည်း။ ၉ နား ကို စိုက် ထားတော်မူသောသူသည် မ ကြား ရ သလော ။ မျက်စိ ကို ဖန်ဆင်း တော်မူသောသူသည် မ မြင် ရသလော။ ၁၀

လူ အမျိုးမျိုးတို့ကို ဆုံးမ တော်မူသောသူသည် အပြစ် မ ပေးရသလော။ လူ တို့အား ပညာ အတတ်ကို သွန်သင် တော်မူသောသူသည် ကိုယ်တိုင်ပညာအတတ် မရှိသလော။ ၁၁ လူ တို့၏အကြံအစည် သည် အချည်းနှီး ဖြစ် ကြောင်း ကို ထာဝရဘုရား သိ တော်မူ၏။ ၁၂ အို ထာဝရ ဘုရား၊ မတရား သောသူတို့အဘို့ တွင်း တူး စဉ်အခါ ၊ ဒုက္ခ နေ့ရက် ကာလနှင့် လွတ် ခြင်းချမ်းသာကို ပေးအံ့သောဘုံ၊ ၁၃ ကိုယ်တော် ဆုံးမ ၍ ၊ တရား တော်ကိုသွန်သင် တော်မူသော သူ သည် မင်္ဂလာ ရှိပါ၏။ ၁၄ ထာဝရဘုရား သည် မိမိ လူ တို့ကိုမ ပယ် ၊ အမွေ တော်ကို စွန့်ပစ် တော်မ မူ။ ၁၅ တဖန် ဖြောင့်မတ် ခြင်းတရားဘက် ၌ စီရင် ဆုံးဖြတ်တော်မူ၍ ၊ သဘော ဖြောင့် သောသူအပေါင်း တို့ သည် နောက် တော်သို့လိုက်ကြပါလိမ့်မည်။ ၁၆ လူဆိုး တို့ကို ဆီးတား၍ ငါ့ ဘက် မှာ အဘယ်သူ ထ မည်နည်း။ မ တရားသောသူတို့ ကို ဆီးတား ၍ ၊ ငါ့ ဘက် မှာ အဘယ်သူ နေ မည်နည်း။ ၁၇ ထာဝရဘုရား သည် ငါ့ ကိုမစ တော်မ မူလျှင်၊ ငါ့ ဝိညာဉ် သည် ဆိတ်သုဿ ရာအရပ်၌ မ ကြာမမြင့်မှီနေရာ ကျရလိမ့်မည်။ ၁၈ ငါ့ ခြေ ချော် လျက်ရှိသည်ဟု အကျွန်ုပ်ဆို သောအခါ ၊ အိုထာဝရဘုရား ၊ ကိုယ်တော် ၏ကရုဏာ သည် အကျွန်ုပ် ကိုထောက် မပါ၏။ ၁၉ အကျွန်ုပ် ၏ နှလုံး ထဲမှာ စိတ် များပြား သောအခါ ၊ ကိုယ်တော် သည် သက်သာ စေတော်မူသဖြင့်၊ အကျွန်ုပ် ၏ ဝိညာဉ် သည် ရွှင်လန်း ပါ၏။ ၂၀ မ တရားသောအကြံကို မင်း ၏အခွင့်နှင့် ပြုစု တတ်သော အဓမ္မ ရာဇ ပလ္လင်သည် ကိုယ်တော် နှင့် မိသဟာယ ဖွဲ့ရပါမည်လော။ ၂၁ ဖြောင့်မတ် သောသူ၏အသက် ကို သတ်ခြင်းငှါစုဝေး ကြပါ၏။ အပြစ် မရှိသောသူကို သေ စေခြင်းငှါ စီရင် ကြပါ၏။ ၂၂ သို့သော်လည်း ၊ ထာဝရဘုရား သည် ငါ ၏ ရဲတိုက် ဖြစ်တော်မူ၏။ ငါ ၏ဘုရား သခင်သည် ငါ ခိုလှုံ ရာ ကျောက် ဖြစ်တော်မူ၏။ ၂၃ သူ တို့၏အပြစ် ကို သူ တို့အပေါ် သို့ ရောက် စေတော်မူမည်။ အဓမ္မ အမှုကို ပြုစဉ်တွင်ပင် ပယ် ဖြတ်တော်မူ မည်။ ငါ တို့၏ဘုရား သခင်ထာဝရဘုရား သည် သူ တို့ကို ပယ် ဖြတ်တော်မူမည်။

၉၅ လာကြ။ ထာဝရဘုရား အား ရွှင်လန်းစွာသီချင်း ဆိုကြကုန်အံ့။ ငါ တို့သည် ကယ်တင် ခြင်းသို့ရောက် ရာ ကျောက် ကို ကျူးဇ ကြကုန်အံ့။ ၂ ကျေးဇူး တော်ကို ချီးမွမ်းလျက် ရှေ့ တော်သို့ ဝင် ၍၊ ဆာလံသီချင်း ဆိုလျက် ကျူးဇ သောအသံကို ပြုကြကုန် အံ့။ ၃ ထာဝရဘုရား သည် ကြီးမြတ် သောဘုရား ၊ ဘုရား တကာ တို့ထက် ကြီးမြတ် သော ဘုရင် ဖြစ်တော်မူ၏။ ၄ မြေကြီး နက်နဲ ရာ အရပ်တို့သည် လက် တော် ၌ ရှိကြ၏။ တောင် ထိပ် တို့ကိုလည်း ပိုင်တော်မူ၏။ ၅ ပင်လယ် ကိုလည်း ဖန်ဆင်း ၍ ပိုင်တော်မူ၏။ ကုန်း ကိုလည်း လက် တော်နှင့် ပြုပြင် တော်မူ၏။ ၆ လာကြ။ ပြပ်ဝပ် ၍ ကိုးကွယ် ကြကုန်အံ့။ ငါ တို့ကို ဖန်ဆင်း တော်မူသောထာဝရ ဘုရား၏ ရှေ့ တော်၌ ဒူးထောက် ကြကုန်အံ့။ ၇ ထာဝရ ဘုရားသည် ငါ တို့၏ ဘုရား ဖြစ်တော်မူ ၏။ ငါ တို့သည်လည်း ၊ အထံ တော်၌ ကျက်စား သောသူ ၊ လက် တော်အောက်၌ နေသောသိုးစု ဖြစ်ကြ၏။ ၈ ယနေ့ တွင် သင်တို့သည် ဗျာဒိတ်တော် အသံ ကို ကြား လျက် ခိုင်မာ သော စိတ် နှလုံးမ ရှိကြနှင့်။ ၉ သင် တို့အဘ များသည် အနှစ် လေးဆယ် ပတ်လုံးငါ့ ကို အနည်းနည်းစုံစမ်း ၍၊ ငါ ၏အမှု တို့ကို မြင် ရသောတော တွင် ၊ ငါ့ကိုဆန့်ကျင်ဘက်ပြု၍၊ စုံစမ်း ရာကာလ ၌ ရှိသကဲ့သို့ မရှိစေကြနှင့်။ ၁၀ ထိုလူမျိုး ကို

ငါ၌ သည်ဖြစ်၍ ၊ သူ တို့သည် စိတ် သဘောမှားယွင်း တတ်သော လူမျိုး ဖြစ်ကြ၏။ ငါ ၏ အလေ့ အလာတို့ကို နား မ လည်ကြဟု ငါဆို ရ၏။ ၁၁ ထိုကြောင့် သူတို့သည် ငါ ၏ချမ်းသာ ထဲ သို့ မ ဝင် ရကြဟု အမျက်ထွက် ၍ ငါကျိန်ဆို ၏။

၉၆ ထာဝရဘုရား အား အသစ် သောသီချင်း ကို ဆို ကြလော့။ မြေကြီး သားအပေါင်း တို့၊ ထာဝရဘုရား အား သီချင်း ဆိုကြလော့။ ၂ ထာဝရဘုရား အား သီချင်း ဆို၍၊ နာမ တော်ကို ကောင်းကြီး ပေးကြလော့။ ကယ်တင် တော်မူခြင်း တရား ကို တ နေ့ထက်တနေ့ ညွှန်ကြား ကြလော့။ ၃ ဘုန်း တော်ကို တပါးအမျိုးသား တို့ ၌ ၎င်း၊ အံ့ဘွယ် သော အမှုတော်တို့ကို ခပ်သိမ်း သော လူမျိုး တို့ ၌ ၎င်း ဘော်ပြ ကြလော့။ ၄ ထာဝရဘုရား သည် ကြီးမြတ် ၍ အလွန် ချီးမွမ်း ဘွယ် ဖြစ်တော်မူ၏။ ဘုရား တကာ တို့ထက် ကြောက်ရွံ့ ဘွယ်ဖြစ်တော်မူ၏။ ၅ တပါး အမျိုးသားတို့၏ ဘုရား ရှိသမျှ တို့သည် အချည်းနှီး သက်သက်ဖြစ်ကြ၏။ ထာဝရဘုရား မူကား ၊ မိုဃ်းကောင်းကင် ကို ဖန်ဆင်း တော်မူ၏။ ၆ ဘုန်း တန်ခိုးအာနုဘော် သည် ရှေ့ တော်၌ရှိ၏။ အစွမ်း သတ္တိနှင့် ဂုဏ် အသရေလည်း သန့်ရှင်း ရာ ဌာန တော်၌ ရှိ၏။ ၇ လူ အမျိုးမျိုးတို့၊ ထာဝရဘုရား သည် ဘုန်း တန်ခိုးအစွမ်း သတ္တိရှိတော်မူသည်ဟု ဝန်ခံ ကြလော့။ ရှိတော်မူသည်ဟု ဝန်ခံ ကြလော့။ ၈ ထာဝရ ဘုရား၏ နာမ တော်သည် ဘုန်းကြီး တော်မူသည်ဟု ဝန်ခံ ကြလော့။ ပူဇော် သက္ကာကိုဆောင် ခဲ့ လျက် တန်တိုင်း တော်သို့ ဝင် ကြလော့။ ၉ သန့်ရှင်း သော တန်ဆာ ကို ဆင်၍ ၊ ထာဝရဘုရား ကို ကိုးကွယ် ကြလော့။ မြေကြီး သား အပေါင်း တို့၊ ရှေ့ တော်၌ ကြောက်ရွံ့ ခြင်းရှိကြလော့။ ၁၀ ထာဝရဘုရား စိုးစံ တော်မူသည်ဟု တပါး အမျိုးသား တို့တွင် ဟောပြော ကြလော့။ လောကဓါတ် သည် မ လှုပ်ရှား နိုင်အောင် မြဲမြံ စွာ တည်လိမ့်မည်။ လူများ ကို ဖြောင့်မတ် စွာ တရားစီရင် တော်မူလိမ့်မည်။ ၁၁ ကောင်းကင် သည် ဝမ်းမြောက် ခြင်းရှိစေ။ မြေကြီး သည်လည်း ရွှင်လန်း ခြင်းရှိစေ။ ပင်လယ် နှင့် ပင်လယ် တန်ဆာ သည် အသံ ဗလံကိုပြုစေ။ ၁၂ လယ်ပြင် နှင့် လယ်ပြင် ၌ ရှိသမျှ သည်လည်း ဝမ်းမြောက် စေ။ ထိုအခါ တော ၌ရှိသမျှ သော အပင် တို့ သည် ထာဝရဘုရား ရှေ့ တော်တွင် ရွှင်လန်းစွာ သီချင်း ဆိုကြလိမ့်မည်။ ၁၃ အကြောင်း မူကား၊ ကိုယ်တော်သည် ကြွလာ တော်မူ၏။ မြေကြီး သားတို့ကို တရား စီရင်ခြင်းငှါ ကြွလာ တော်မူ၏။ လောကသား တို့ကို ဖြောင့်မတ် ခြင်းတရားနှင့် ၎င်း၊ လူများ ကို သစ္စာ တော်နှင့် ၎င်း စီရင် ဆုံးဖြတ်တော်မူလတံ့။

၉၇ ထာဝရဘုရား သည် စိုးစံ တော်မူ၏။ မြေကြီး သည် ဝမ်းမြောက် ၍၊ ကျွန်း များတို့သည်လည်း ရွှင်လန်း ကြစေ။ ၂ မိုဃ်းတိမ် နှင့် မှောင်မိုက် တို့သည် ထာဝရ ဘုရား ၏ ပတ်ဝန်းကျင် တို့ ၌ရှိကြ၏။ တရား သဖြင့် စီရင်ခြင်း၊ ဖြောင့်မတ် စွာဆုံးဖြတ်ခြင်းသည် ပလ္လင် တော်၏တည်ရာ ဖြစ်၏။ ၃ မီး သည် ရှေ့ တော်၌သွား ၍ ၊ ရန်သူ တို့ကို အလှည့်လှည့်လောင် လေ၏။ ၄ လျှပ်စစ် တော်သည် လောကဓါတ် ကို လင်း စေ ၏။ မြေကြီး သည် မြင် ၍ တုန်လှုပ် ၏။ ၅ ထာဝရဘုရား ရှေ့၊ မြေကြီး တပြင်လုံး ကို အစိုးရတော်မူသောအရှင် ၏ရှေ့ တော်၌ ၊ တောင် တို့သည် ဘယောင်း ကဲ့သို့ အရည် ဖြစ်ကြ၏။ ၆ ဖြောင့်မတ် တော်မူခြင်းအကြောင်းကို ကောင်းကင် တို့သည် ထင်ရှား စွာပြ၍ ၊ လူများ အပေါင်း

တို့သည် ဘုန်း တော်ကို မြင် ရကြ၏။ ၇ ရုပ်တု ဆင်းတုကို ဝတ်ပြု သောသူ၊ အချည်းနှီး သက်သက်သောအရာ၌ ဝါကြွား သောသူ အပေါင်း တို့ သည် အရှက် ကွဲခြင်းရှိကြစေ။ ဘုရား အပေါင်း တို့၊ ထာဝရ ဘုရား ကို ပြပ်ဝပ်ကိုးကွယ် ကြလော့။ ၈ အိုထာဝရဘုရား ၊ ကိုယ်တော် သည် တရားစီရင် တော်မူချက်တို့အကြောင်း ကြောင့်၊ ဇိအုန် မြို့သည်ကြား ၍ ရွှင်လန်း ပါ၏။ ယုဒ သတို့သမီး တို့လည်း ဝမ်းမြောက် ကြပါ ၏။ ၉ အိုထာဝရဘုရား ၊ ကိုယ်တော် သည် မြေကြီး သား အပေါင်း တို့ထက် ကြီး မြင့်တော်မူ၏။ ဘုရား တကာ တို့ ထက် အလွန် ချီးမွှောက် ခြင်း ရှိတော်မူ၏။ ၁၀ ထာဝရဘုရား ကို ချစ် သောသူတို့၊ မ ကောင်းသောအမှုကို ရွံရှာ ကြလော့။ ကိုယ်တော် ၏ သန့်ရှင်း သူတို့ ၏ အသက် ဝိညာဉ်ကို စောင့်မ တော်မူ၍၊ မ တရားသောသူတို့ ၏လက် မှ လည်း ကယ်နှုတ် တော်မူ၏။ ၁၁ အလင်း သည် တရား သောသူအဘို့ ၊ ဝမ်းမြောက် ခြင်းသည် သဘော ဖြောင့် သောသူတို့ အဘို့ ပျိုးကြဲ လျက် ရှိ၏။ ၁၂ ဖြောင့်မတ် သောသူတို့၊ ထာဝရဘုရား ကို အမှီပြု ၍ ဝမ်းမြောက် ကြလော့။ သန့်ရှင်း သော နာမ တော်ကို ချီးမွမ်း ကြလော့။

၉၈ ထာဝရဘုရား အား အသစ် သောသီချင်း ကို ဆို ကြလော့။ အံ့ဘွယ် သော အမှုတို့ကို ပြု တော်မူပြီ။ လက်ျာ လက်တော်နှင့် သန့်ရှင်း သော လက်ရုံး တော်သည် ကိုယ်တော် အဘို့ ကယ်တင် ခြင်းအမှုကို ပြုလေပြီ။ ၂ ထာဝရဘုရား သည် ကယ်တင် တော်မူခြင်း ကျေးဇူးကို ထင်ရှား စေ၍၊ ဖြောင့်မတ် တော်မူခြင်း တရား ကိုလည်း တပါး အမျိုးသားတို့အား ဘော်ပြ တော်မူပြီ။ ၃ ဣသရေလ အမျိုးသားတို့ ၌ ကရုဏာ တော်နှင့် သစ္စာ တော်ကို အောက်မေ့ တော်မူပြီ။ ငါ တို့ဘုရား သခင်၏ ကယ်တင် တော်မူခြင်းကျေးဇူးကို မြေကြီး စွန်း အပေါင်း တို့သည် မြင် ရကြပြီ။ ၄ မြေကြီး သားအပေါင်း တို့၊ ထာဝရဘုရား အား ကြွေးကြော် ကြလော့။ အသံ ဗလံကို ပြု၍ ရွှင်လန်းစွာ သီချင်း ဆိုလျက် ချီးမွမ်း ကြလော့။ ၅ စောင်း တီး၍ ထာဝရဘုရား အား သီချင်း ဆိုကြလော့။ စောင်း တီး၍ တုရိယာ သံ ကို ပြုကြလော့။ ၆ တံပိုး နဲ့ခရာ ကိုမှုတ်၍ ၊ ရှင်ဘုရင် တည်းဟူသောထာဝရဘုရား ရှေ့ တော်၌ ကြွေးကြော် ကြလော့။ ၇ ထာဝရဘုရားရှေ့တော်၌၊ ပင်လယ် နှင့် ပင်လယ် တန်ဆာ သည် အသံ ဗလံကို ပြုစေ။ လောကဓါတ် နှင့် လောကသား တို့သည် ထိုနည်းတူ။ ၈ မြစ် တို့သည် လက်ခုပ် တီး၍၊ တောင် ရှိသမျှ တို့ သည်လည်း ရွှင်လန်း ကြစေ။ ၉ အကြောင်း မူကား၊ မြေကြီး သားတို့ကို တရား စီရင်ခြင်းငှါ ကြွလာ တော်မူ၏။ လောကသား တို့ကို ဖြောင့်မတ် စွာ စီရင်၍ ၊ လူများ ကို ဟုတ်မှန် ခြင်းတရား အတိုင်း စီရင် ဆုံးဖြတ်တော်မူလတံ့။

၉၉ ထာဝရဘုရား သည် စိုးစံ တော်မူ၏။ လူများ တို့ သည် တုန်လှုပ် ခြင်း ရှိကြစေ။ ခေရုဗိမ် တွင် ကျိန်းဝပ် တော်မူ၏။ မြေကြီး သည် လှုပ်ရှား ခြင်းရှိစေ။ ၂ ထာဝရဘုရား သည် ဇိအုန် တောင်မှာ ကြီးမြတ် တော်မူ၏။ လူများ အပေါင်း တို့ထက် ချီးမွှောက် ခြင်း ရှိတော်မူ၏။ ၃ ကြီးမြတ် ၍ ကြောက်ရွံ့ဘွယ်သော နာမ တော်ကို ချီးမွမ်း ကြစေ။ အကြောင်းမူကား၊ နာမ တော်သည် သန့်ရှင်း ခြင်း ရှိသတည်း။ ၄ တရား ကို နှစ်သက် သော ရှင်ဘုရင် ၏ တန်ခိုး တော်ကို ချီးမွမ်းကြစေ။ ကိုယ်တော်သည် မှန် သော စီရင်ခြင်း ကို တည် စေတော်မူ၏။ ယာကုပ် အမျိုး၌ တရား

သဖြင့်ပြု ၍ ၊ ဖြောင့်မတ်စွာဆုံးဖြတ်တော်မူ၏။ ၅ ငါ့ တို့ဘုရား သခင်ထာဝရဘုရား ကို ချီးမြှောက် ကြလော့။ ခြေတော်တင်ရာ ခုံအောက် ၌ ပြပ်ဝပ်ကိုးကွယ် ကြလော့။ အကြောင်းမူကား ကိုယ်တော် သည် သန့်ရှင်း တော်မူသတည်း။ ၆ ယဖ်ပုရောဟိတ် မောရှေ နှင့် အာရုန် ၊ နာမ တော်ကို ပဌနာ ပြုသောသူ ရှမွေလ ၊ ဤသူ တို့သည် ထာဝရဘုရား ကို ပဌနာ ပြု၍ ၊ ကိုယ်တော် သည် ထူး တော်မူ၏။ ၇ သူ တို့အား မိုဃ်းတိမ် တိုင် ထဲ က မိန့် တော်မူ၏။ သူတို့သည်လည်း၊ သက်သေခံ တော်မူချက်များကိုငင်း၊ စီရင် ထုံးဖွဲ့တော်မူချက်များကိုငင်း စောင့်ရှောက် ကြ၏။ ၈ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် သည် သူ တို့ကို ထူး တော်မူ၏။ သူ တို့အမှု ကြောင့် အပြစ် ပေးသော်လည်း ၊ သူ တို့ကို သည်းခံ သော ဘုရား ဖြစ် တော်မူ၏။ ၉ ငါ တို့၏ ဘုရား သခင်ထာဝရဘုရား ကို ချီးမြှောက် ကြလော့။ သန့်ရှင်း သော တောင် တော်မှာ ပြပ်ဝပ်ကိုးကွယ် ကြလော့။ အကြောင်း မူကား၊ ငါ တို့၏ ဘုရား သခင်ထာဝရဘုရား သည် သန့်ရှင်း တော်မူသတည်း။

၁၀၀ မြေကြီး သားအပေါင်း တို့၊ ထာဝရဘုရား အား ကြွေးကြော် ကြလော့။ ၂ ထာဝရ ဘုရား၏ အမှုတော်ကို ဝမ်းမြောက် စွာ ဆောင်ရွက် ကြလော့။ ရွှင်လန်း စွာ သီချင်းဆိုလျက် ၊ အထံ တော်သို့ ဝင် ကြလော့။ ၃ ထာဝရဘုရား သည် ဘုရား သခင်ဖြစ်တော်မူသည် ဟု သိမှတ် ကြလော့။ ထာဝရ ဘုရားသည် ငါ တို့ကို ဖန်ဆင်း တော်မူ၍ ၊ ငါတို့၏အရှင် ဖြစ်တော်မူ၏။ ငါ တို့ သည်လည်း၊ ထာဝရ ဘုရား၏ လူ ဖြစ်ကြ၏။ အထံ တော်၌ ကျက်စား သော သိုးစု လည်း ဖြစ်ကြ၏။ ၄ ကျေးဇူး တော် ကြီးပါသည်ဟု ဝန်ခံလျက်၊ တံခါး တော်တို့ကိုဂင်း၊ ဂုဏ်တော်ကိုချီးမွမ်း လျက် တန်တိုင်း တော်တို့ကိုဂင်းဝင် ကြလော့။ ကျေးဇူးတော်ကိုချီးမွမ်း ၍ နာမ တော်ကို ကောင်းကြီး ပေးကြလော့။ ၅ အကြောင်း မူကား၊ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၏။ ကရုဏာ တော်သည် အစဉ် အမြဲရှိ၍ ၊ သစ္စာ တော်သည် ကာလ အဆက်ဆက်တည်လေ သတည်း။

၁၀၁ ငါသည် သနား စုံမက်ခြင်း၊ တရား သဖြင့် စီရင်ခြင်း ကို အကြောင်းပြု၍ သီချင်း ဆိုပါမည်။ အို ထာဝရဘုရား ၊ ရှေ့တော်၌ သီချင်း ဆိုပါမည်။ ၂ စုံလင် သော တရား အတိုင်း ပညာ သတိနှင့် ကျင့်ပါမည်။ ကိုယ်တော်သည် အကျွန်ုပ် ဆီ သို့ အဘယ် ကာလမှ ကြွလာ တော်မူမည်နည်း။ ကိုယ် အိမ် တွင် သန့်ရှင်း သော စိတ် နှလုံးနှင့် ကျင့် ပါမည်။ ၃ အဓမ္မ အမှု အရာကို မျက်မှောက် မ ပြု ပါ။ လမ်းလွဲ သောသူ ၏ အမှု ကို ရွံရှာ သည်ဖြစ်၍၊ ငါ ၌ မ မှီ မကပ်ရ။ ၄ သဘော ကောက် သောသူသည် ငါ့ ထံ မှ ထွက်သွား ရမည်။ မ ကောင်းသောသူနှင့် ငါမ ပေါင်းဘော်။ ၅ မိမိ အိမ်နီးချင်း ၏ အသရေ ကို တိတ်ဆိတ် စွာ ဖျက်သောသူကို ငါပယ်ဖြတ် မည်။ မျက်နှာ ထောင်လွှား ၍ စိတ် မြင့် သောသူကို သည်း မ ခံ။ ၆ သစ္စာရှိ သော ပြည်သားတို့ သည် ငါ့ ထံ မှာနေ မည်အကြောင်း သူတို့ကို ငါ ကြည့်ရှု မည်။ စုံလင် သောတရား ၌ ကျင်လည် သောသူသည် ငါ ၏ အမှု ကို ဆောင်ရွက်ရမည်။ ၇ လှည့်စား တတ်သောသူမူကား၊ ငါ့ အိမ် ၌ မ နေ ရ။ မုသာ စကားကို ပြော တတ်သောသူသည် လည်း၊ ငါ့ မျက်မှောက် ၌ အခွင့် မ ရှိရ။ ၈ ဆိုး သောအမှုကို ပြု သောသူအပေါင်း

တို့ကို ထာဝရဘုရား ၏ မြို့ တော်မှ ပယ်ဖြတ် မည်အကြောင်း ၊ မ တရားသော ပြည်သား ရှိသမျှ တို့ကို စောစော ဖျက်ဆီး လေအံ့သတည်း။

၁၀ ၂ ဆင်းရဲ သောသူသည် ညှိုးငယ် သောစိတ်နှင့် ထာဝရဘုရား ရှေ့ တော်၌ ညည်းတွား မြည်တမ်း၍ပြုသောပဌနာ။ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏ ပဌနာ ကို နားထောင် တော်မူပါ။ အကျွန်ုပ် အော်ဟစ် ခြင်းအသံ သည် ရှေ့ တော်သို့ ရောက် ပါစေသော။ ၂ ဘေး ရောက်သည်ကာလ ၌ မျက်နှာ တော်ကို အကျွန်ုပ် မှ လွှဲ တော် မ မူပါနှင့်။ အကျွန်ုပ်ခေါ် သောအခါ နားထောင် တော်မူပါ။ အလျင် အမြန်ထူး တော်မူပါ။ ၃ အကြောင်း မူကား၊ အကျွန်ုပ် ၏ နေ့ရက် ကာလ သည် မီးခိုး ကဲ့သို့ ကုန် တတ်ပါ၏။ အကျွန်ုပ် ၏ အရိုး တို့ သည် မီး ခြေးကဲ့သို့ ကျွမ်း ကြပါ၏။ ၄ အကျွန်ုပ် ၏နှလုံး သည် မြက်ပင် ကဲ့သို့ အထိ အခိုက်ခံရ၍ ၊ ညှိုးနွမ်း လျက် ရှိပါ၏။ အစာ စား ခြင်း ကိစ္စကို ပင် မေ့လျော့ တတ်ပါ၏။ ၅ ကိုယ် ညည်းတွား ခြင်း အသံ ကြောင့် ၊ အကျွန်ုပ် ၏ အရိုး တို့သည် အရေ ၌ ကပ် လျက်ရှိကြပါ၏။ ၆ အကျွန်ုပ်သည် လွင်ပြင် ၌ နေသော ဝံပို ကဲ့သို့ၔင်း၊ တော ၌နေသောဇီကွက် ကဲ့သို့ ၎င်း ဖြစ် ပါ၏။ ၇ အကျွန်ုပ်သည် အိမ်မိုး ပေါ် မှာ တ ကောင်တည်း နေရသော ငှက် ကဲ့သို့ ဖြစ် ၍ စောင့် လျက်နေရပါ၏။ ၈ အကျွန်ုပ် ရန်သူ တို့သည် တ နေ့လုံးကဲ့ရဲ့ ကြပါ၏။ အကျွန်ုပ် တဘက်၌ စော်ကား သောသူတို့ သည် အကျွန်ုပ် ကို ပုံခိုင်း၍ ကျိန်ဆို တတ်ကြပါ၏။ ၉ စိတ် တော်မပြေ၊ အမျက် ထွက်တော်မူသောကြောင့် ၊ အကျွန်ုပ်သည် ပြာ ကိုမုန့် ကဲ့သို့ စား ရပါ၏။ သောက် သောအခါလည်း ၊ မျက်ရည် ရော ၍သောက်ရပါ၏။ ၁၀ ကိုယ်တော်သည် အကျွန်ုပ် ကိုချီးမြှောက် ပြီးမှ အောက်သို့ချ တော်မူပြီ။ ၁၁ အကျွန်ုပ် ၏နေ့ရက် တို့သည် ရှည်လျား သော အရိပ် ကဲ့သို့ ဖြစ်၍ ၊ မြက်ပင် ကဲ့သို့ အကျွန်ုပ်ညှိုးနွမ်း ပါ၏။ ၁၂ အိုထာဝရဘုရား ၊ ကိုယ်တော် သည် နိစ္စ ထာဝရ ဖြစ်တော်မူ၏။ နာမ တော်သည် ကာလ အစဉ်အဆက် တည် ပါ၏။ ၁၃ ထ တော်မူပါ။ ဇိအုန် မြို့ကို သနား တော်မူပါ။ ဇိအုန် မြို့ကို ကယ် မသနားရသောအချိန် ၊ ချိန်းချက် တော်မူ သောအချိန်ရောက် ပါပြီ။ ၁၄ ကိုယ်တော် ၏ ကျွန် တို့သည် ထိုမြို့ ၏ ကျောက်ခဲ တို့ကိုပင် နှစ်သက် ၍ ၊ သူ ၏မြေမှုန့် ကိုပင် စုံမက် ကြပါ၏။ ၁၅ တပါးအမျိုးသား တို့သည် ထာဝရဘုရား ၏ နာမ တော်ကိုၔင်း ၊ လောကီ ရှင် ဘုရင်အပေါင်း တို့သည် ဘုန်း တော်ကိုၔင်း ကြောက်ရွံ့ ကြပါလိမ့်မည်။ ၁၆ ထာဝရဘုရား သည် ဇိအုန် မြို့ကို တည်ထောင် ၍၊ ဘုန်း တော်နှင့်တကွ ထင်ရှား တော်မူလိမ့်မည်။ ၁၇ ကိုးကွယ် ရာ မဲ့ သောသူတို့ ဆုတောင်းခြင်း အကြောင်း ကို မထီမဲ့မြင် မ ပြု၊ သူ တို့၏ ပဌနာ ကို မှတ် တော်မူလိမ့်မည်။ ၁၈ ထို အကြောင်းအရာကို နောက် ဖြစ်လတံ့သော လူမျိုး အဘို့ ရေးမှတ် ရမည်။ ပြုပြင် တော်မူလတံ့သော လူ တို့သည် ထာဝရ ဘုရားကို ချီးမွမ်း ကြလိမ့်မည်။ ၁၉ ချုပ်ထား သောသူ၏ ညည်းတွား သံကို နားထောင် ခြင်းငှါ ၎င်း၊ သေ ရမည့် သူ တို့ကို လွှတ် ခြင်းငှါ ၎င်း၊ ၂၀ အတိုင်းတိုင်း အပြည်ပြည်သော လူမျိုး တို့သည် ထာဝရဘုရား ၏ဝတ် ကိုပြုလျက်စုဝေး ကြသောအခါ၊ ၂၁ ဇိအုန် တောင်ပေါ် ၊ ယေရုရှလင် မြို့၌ ၊ ထာဝရဘုရား ၏ နာမ တော်နှင့် ဂုဏ် ကျေးဇူးတော်ကို ထင်ရှား စေခြင်းငှါ ၎င်း၊ ၂၂ သန့်ရှင်း ရာ ဌာနတော်အထွဋ် က ဲ့ ကြည့်တော်မူ၍၊ ကောင်းကင် ပေါ် က ထာဝရဘုရား သည် မြေကြီး ကို ရှုမှတ် တော်မူ၏။ ၂၃ လမ်း ခရီး၌ ငါ

၏အစွမ်း ကို လျော့ စေခြင်းငှါငင်း၊ ငါ ၏နေ့ရက် ကာလကို တို စေခြင်းငှါငင်း ပြုတော်မူသောအခါ၊ ၂၄ ငါလျှောက် သော အချက်ဟူမူကား၊ အို အကျွန်ုပ် ၏ဘုရား ၊ အကျွန်ုပ် ကို အသက် ပျိုစဉ် ပင် ပယ်ရှင်း တော် မ မူပါနှင့်။ ကိုယ်တော် ၏ နှစ် တို့သည် ကာလ အစဉ် အဆက်မြဲကြပါ၏။ ၂၅ ကိုယ်တော်သည် ရှေးဦးစွာ ၌ မြေကြီး ကို တည် တော်မူပြီ။ မိုဃ်းကောင်းကင် သည်လည်း လက် တော်နှင့် ဖန်ဆင်း သောအရာဖြစ်ပါ၏။ ၂၆ ထို အရာတို့သည် ပျက်စီး ခြင်းသို့ ရောက်သော်လည်း ၊ ကိုယ်တော် သည် အမြဲတည် တော်မူ၏။ ထို အရာ ရှိသမျှ တို့သည် အဝတ် ကဲ့သို့ ဟောင်းနွမ်း ခြင်းသို့ရောက်၍ ၊ ကိုယ်တော်သည် ဝတ်လုံ ကိုလဲ သကဲ့သို့ လဲတော်မူသဖြင့်၊ ပြောင်းလဲ ခြင်းရှိကြသော်လည်း၊ ၂၇ ကိုယ်တော် သည် ပြောင်းလဲ တော်မမူပါ။ အသက် တော်လည်း မ ကုန် မဆုံးရပါ။ ၂၈ ကိုယ်တော် ကျွန် တို့၏သား မြေးတို့သည် တည် ၍ ၊ အမျိုးအနွယ် သည်လည်း ရှေ့တော်၌ မြဲမြံ ပါလိမ့်မည်။

၁၀၃ အို ငါ့ ဝိညာဉ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေး လော့။ ငါ ၏ အထဲ မှာ ရှိသမျှ တို့၊ သန့်ရှင်း သော နာမ တော်ကို ကောင်းကြီးပေးကြလော့။ ၂ အို ငါ့ ဝိညာဉ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးလော့။ ကျေးဇူး တော်အပေါင်း ကို မ မေ့လျော့ နှင့်။ ၃ သင် ၏အပြစ် အလုံးစုံ တို့ကို ဖြေလွှတ် ၍၊ သင် ၏ အနာ ရောဂါရှိသမျှ တို့ကိုလည်း ပျောက် စေတော်မူ၏။ ၄ သင် ၏အသက် ကို ဖျက်ဆီး ခြင်းထဲက ရွေး ၍ ကျေးဇူးတော်၊ ကရုဏာ တော်များနှင့် သင် ၏ခေါင်းကို ပတ်ရစ် တော်မူ၏။ ၅ သင့်ကို အသက်ကြီးစဉ်၊ ကောင်း သောအရာနှင့် ရောင့်ရဲ စေတော်မူသဖြင့်၊ သင် ၏အရွယ် သည် ရွှေလင်းတ ၏အရွယ်ကဲ့သို့ ပြုပြင် ခြင်းရှိ၏။ ၆ ထာဝရဘုရား သည် ညှဉ်းဆဲ ခြင်းကိုခံရသမျှ သောသူတို့ အဘို့ တရား ပေး၍ စီရင် ဆုံးဖြတ်တော်မူ၏။ ၇ ဘာသာ ဓလေ့တော်တို့ကို မောရှေ ၌ ၎င်း၊ စီရင် တော်မူသောအမှု အရာတို့ကို ဣသရေလ အမျိုးသား တို့ ၌ ၎င်း ပြ တော်မူပြီ။ ၈ ထာဝရဘုရား သည် သနား တတ်သောသဘော၊ ကျေးဇူး ပြုတတ်သောသဘော၊ စိတ်ရှည် ၍ ၊ ကရုဏာ ကြွယ်ဝ သော သဘောရှိတော်မူ၏။ ၉ အစဉ် မပြတ်အပြစ်တင် တော်မူသည်မဟုတ်။ အငြိုး ကို အမြဲ ထားတော်မူသည်မဟုတ်။ ၁၀ ငါ တို့ ပြစ်မှား ခြင်းနှင့် အလျောက်ငါ တို့ ၌ ပြု တော် မ မူတတ်။ ငါ တို့ ၌ ဒုစရိုက် ရှိသည်အတိုင်း အပြစ် ကိုပေး တော်မ မူတတ်၊ ၁၁ မြေကြီး ပေါ် တွင် ကောင်းကင် အမြင့် ရှိသည် အတိုင်း ၊ ထာဝရ ဘုရားကို ကြောက်ရွံ့ သောသူတို့ ၌ ကရုဏာ တော်သည် အားကြီး ပေ၏။ ၁၂ အရှေ့ မျက်နှာစွန်းသည် အနောက် မျက်နှာစွန်း နှင့် ဝေး သည်အတိုင်း ၊ ငါ တို့အပြစ် များကို ငါ တို့နှင့် ဝေး စေ တော်မူ၏။ ၁၃ အဘ သည်သား တို့ကို သနား စုံမက်သည်နည်းတူ ၊ ထာဝရဘုရား သည် ကြောက်ရွံ့ သောသူတို့ကို သနား စုံမက်တော်မူ၏။ ၁၄ အကြောင်း မူကား၊ ငါ တို့ကိုယ် ခန္ဓါကို သိ တော်မူ ၏။ ငါ တို့သည် မြေမှုန့် ဖြစ်ကြောင်း ကို အောက်မေ့ တော်မူ ၏။ ၁၅ လူ တို့၏ နေ့ရက် ကာလသည် မြက်ပင် ကဲ့သို့ ဖြစ်၏။ လူသည် လယ်ပြင် ၌ရှိသောပန်းပွင့် ကဲ့သို့ ပွင့် တတ်၏။ ၁၆ လေ သည် လွန် သွားလျှင် အပွင့်ပျောက် ၍ ၊ သူ ၏နေရာ သည် နောက် တဖန် သူ့ ကိုမ သိ ရာ။ ၁၇ ထာဝရဘုရား ၏ကရုဏာ တော်မူကား ၊ ကြောက်ရွံ့ သောသူတို့ အပေါ် သို့ ကာလ အစဉ်အဆက် သက်ရောက် တတ်၏။ ၁၈ သစ္စာ တော်ကိုစောင့် ၍ ပညတ် တော်တို့ကို ကျင့် ခြင်းငှါ၊ သတိပြု သောသူတို့၏ သား

စဉ်မြေးဆက်တို့သည် ကုသလတရားတော်နှင့် ဆိုင်ရကြ၏။ ၁၉ ထာဝရဘုရား သည် ပလ္လင် တော်ကို ကောင်းကင် ဘုံ၌ တည် တော်မူ၍ ၊ အာဏာ တော်သည် ခပ်သိမ်း သော အရပ်တို့ကို နှံ့ ပြား၏။ ၂၀ တန်ခိုး ကြီး၍ နှုတ်ကပတ် တော်အသံ ကို နားထောင် လျက် ၊ အမိန့် တော်အတိုင်း ဆောင်ရွက် သော ကောင်းကင် တမန်တော်တို့၊ ထာဝရဘုရား ကို ကောင်းကြီး ပေးကြလော့။ ၂၁ အလို တော်သို့လိုက် သော အမှုတော် ထမ်း၊ ကောင်းကင်ဗိုလ်ခြေ တော်အပေါင်း တို့၊ ထာဝရဘုရား ကို ကောင်းကြီး ပေးကြလော့။ ၂၂ နိုင်ငံ တော်အရပ်ရပ် ၌ စီရင် ဖန်ဆင်းတော်မူသမျှ တို့၊ ထာဝရဘုရား ကို ကောင်းကြီး ပေးကြလော့။ အို ငါ့ ဝိညာဉ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးလော့။

၁၀၄ အို ငါ့ ဝိညာဉ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေး လော့။ အကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် သည် အလွန် ကြီးမြတ် တော်မူ၏။ ဘုန်း တန်ခိုး အာနုဘော် နှင့် တန်ဆာ ဆင်တော်မူ၏။ ၂ အဝတ် နှင့်ခြုံသကဲ့သို့ ၊ အလင်း နှင့် ကိုယ်တော်ကို ခြုံ တော်မူထသော၊ မိုဃ်းကောင်းကင် ကို မျက်နှာကြက် ကဲ့သို့ ကြက် တော်မူထသော၊ ၃ နေတော်မူရာအထက် ခန်း၊ အမြစ်ကိုရေ ၌ တည် တော်မူထသော၊ မိုဃ်းတိမ် ရထား ကို စီး၍၊ လေ အတောင် တို့ ဖြင့် ကြွ သွားတော်မူထသော၊ ၄ မိမိ တမန် တို့ကို လေ ကဲ့သို့ဝင်း၊ မိမိ အစေအပါး တို့ကို မီး လျှံ ကဲ့သို့ဝင်း ဖြစ် စေတော်မူထသော၊ ၅ မြေကြီး အမြစ် ကို ကာလ အစဉ်အမြဲ မ ရွေ့ မလှုပ် စေခြင်းငှါ၊ တည် တော်မူသောဘုရားပေတည်း။ ၆ ကိုယ်တော်သည် မြေကြီး ကို အဝတ် နှင့် ဖုံး သကဲ့သို့ ၊ ပင်လယ် နှင့် ဖုံးတော်မူ၍၊ ရေ တို့သည် တောင် များ အပေါ် မှာ ရပ် နေကြပါ၏။ ၇ တဖန် ဆုံးမ တော်မူ၍ သူတို့သည် ပြေး ကြပါ၏။ မိုဃ်းချုန်း တော်မူသံ ကိုကြား၍ ၊ အလျင် အမြန်ပြန်သွား ကြပါ၏။ ၈ တောင် တို့သည် တက် လျက်၊ ချိုင့် တို့သည် ဆင်း လျက်၊ သူ တို့တို့ ခွဲခန့် တော်မူသောအရပ် သို့ ရောက်ကြပါ ၏။ ၉ ရေတို့သည် ပြန်လာ ၍ မြေကြီး ကို မ လွှမ်းမိုး စေခြင်းငှါ ၊ မ ကျော် ရသောနယ်စပ် ကိုပိုင်းခြား တော်မူ၏။ ၁၀ ထာဝရဘုရားသည် ချိုင့် များထဲ သို့ စမ်း ရေကို လွှတ် တော်မူ၍၊ ရေသည် တောင် တို့တွင် စီး လျက်၊ ၁၁ မြေ တိရစ္ဆာန် အပေါင်း တို့အား သောက် ရသောအခွင့်ကိုပေး ၏။ မြည်း ရိုင်းတို့သည် အငတ် ပြေ ရကြ၏။ ၁၂ ထို ရေအနား မှာ မိုဃ်း ကောင်းကင်ငှက် တို့သည် နေရာ ကျ၍ ၊ သစ်ပင် အခက်အလက်တို့တွင် ကြွေးကြော် ကြ၏။ ၁၃ အထက် ခန်းတော်ထဲ က တောင် များကို ရေ ပေး တော်မူ၏။ စီရင် ပြုပြင်တော်မူခြင်းအကျိုး ကြောင့် ၊ မြေကြီး သည် ရောင့်ရဲ လျက်ရှိ၏။ ၁၄ တိရစ္ဆာန် ဘို့ မြက်ပင် ကိုဂင်း ၊ လူ သုံးဘို့ စပါး ပင်ကိုဂင်းပေါက် စေတော်မူသဖြင့်၊ မြေကြီး ထဲ က မုန့် ကို ထုတ် ဘော်တော်မူ၏။ ၁၅ စပျစ် ရည်သည်လည်း လူ တို့ကို ရွှင်လန်း စေ၏။ ဆီ အားဖြင့်လည်း သူတို့မျက်နှာ ကို ပြောင် စေတော်မူ၏။ မုန့် သည်လည်း ၊ သူ တို့နှလုံး ကို ထောက်မ ၏။ ၁၆ ထာဝရဘုရား ၏သစ်ပင် ၊ စိုက် တော်မူသောလေဗနုန် အာရဇ် ပင်တို့သည်လည်း ရောင့်ရဲ လျက်ရှိကြ၏။ ၁၇ ထိုအပင်တို့ ၌ ငှက် တို့သည် အသိုက် လုပ်တတ် ကြ၏။ ထင်းရူး ပင်တို့ ၌ တောင်း တို့သည် နေရာ ကျ တတ်ကြ၏။ ၁၈ မြင့် သောတောင် တို့သည် တောဆိတ် များမှီခို ရာ၊ ကျောက် တို့သည် ရှာဖန်ယုန် များ မှီခိုရာ ဖြစ်ကြ၏။ ၁၉ ချိန်းချက် သောအချိန်ဘို့ ၊ လ ကို ဖန်းဆင်း တော်မူပြီ။ နေ သည်လည်း၊ မိမိ ဝင် ရသောအချိန်ကိုသိ ၏။

၂၀ ကိုယ်တော်သည် မှောင်မိုက် ကို စီရင် တော်မူ၍ ညဉ့် ဖြစ် ပါ၏။ ထိုအချိန်၌ တော တိရစ္ဆာန် အပေါင်း တို့ သည် တွား လျက် ထွက်တတ်ကြပါ၏။ ၂၁ ခြသေ့ ပျိုတို့သည် လုယက် ခြင်းအလိုငှါ ဟောက် ၍ ၊ ဘုရား သခင့်ထံမှာ အစာ ကို ရှာ ကြပါ၏။ ၂၂ တဖန်နေ ထွက် ပြန်လျှင်၊ သူတို့သည် ဆုတ် သွား ၍ နေမြဲတွင်း တို့ ၌ အိပ် နေကြပါ၏။ ၂၃ လူ သည်လည်း လုပ်ဆောင် ပြုမူခြင်းငှါ ညဦး တိုင်အောင် ထွက်သွား ပါ၏။ ၂၄ အို ထာဝရဘုရား ၊ ကိုယ်တော် စီရင် ပြုပြင်တော်မူ သောအရာတို့သည် အလွန်များပြား ပါ၏။ ရှိရှိသမျှ တို့ကို ပညာ တော်အားဖြင့် ဖန်ဆင်း တော်မူ၏။ မြေကြီး သည် ဘဏ္ဍာ တော်နှင့် ကြွယ်ဝ ပါ၏။ ၂၅ မ ရေတွက် နိုင်အောင် တွား တတ်သော တိရစ္ဆာန် အစရှိ သော တိရစ္ဆာန်အကြီး အငယ် များတို့နေရာ ကြီးမား ကျယ်ဝန်းသော သမုဒ္ဒရာ လည်း ရှိပါသေး၏။ ၂၆ ထို အရပ်၌ သင်္ဘော တို့သည် သွား လာကြပါ၏။ ထို အရပ်၌ ကွန့်မြူးစေခြင်းငှါဖန်ဆင်းတော်မူသောငါးကြီးလဝိသန်သည်လည်း ရှိပါ၏။ ၂၇ ထိုသို့သော တိရစ္ဆာန် အပေါင်း တို့သည် အချိန်တန် လျှင် အစာ ကျွေး တော်မူစေခြင်းငှါ ၊ ကိုယ်တော် ကို မြော်လင့် လျက် နေကြပါ၏။ ၂၈ ကိုယ်တော်ချ ထားတော်မူသည်အတိုင်း သူတို့ သည် သိမ်းယူ ကြပါ၏။ လက် တော်ကို ဖွင့် တော်မူသော အားဖြင့် ၊ သူတို့သည် ကောင်း သောအရာနှင့် ရောင့်ရဲ ကြ ပါ၏။ ၂၉ မျက်နှာ တော်ကို လွှဲ တော်မူလျှင်၊ သူတို့သည် ပင်ပန်း ကြပါ၏။ သူ တို့အသက် ကို ရုပ်သိမ်း တော်မူလျှင်၊ သူတို့သည် သေ ၍ မိမိ တို့မြေမှုန့် ထဲ သို့ ပြန် သွားကြပါ၏။ ၃၀ တဖန်ဝိညာဉ် တော်ကို လွှတ် ၍ ၊ သူတို့ကို ဖန်ဆင်း တော်မူသဖြင့်၊ မြေကြီး မျက်နှာ ကို အသစ် ပြုပြင် တော်မူ၏။ ၃၁ ထာဝရဘုရား ၏ဘုန်း တော်သည် နိစ္စ အမြဲ တည် ၏။ ထာဝရဘုရား သည် မိမိ အမှု တော်တို့တွင် ဝမ်းမြောက် တော်မူ၏။ ၃၂ မြေကြီး ကို ကြည့်ရှု တော်မူ၍ သူသည် တုန်လှုပ် တတ်၏။ တောင် တို့ကို တို့ တော်မူ၍ ၊ သူတို့သည် မီးခိုး ထွက်တတ်ကြပါ၏။ ၃၃ ငါ သည် အသက် ရှင်စဉ် ၊ ထာဝရဘုရား ကို သီချင်း ဆိုမည်။ ငါဖြစ်သည် ကာလ ပတ်လုံး၊ ငါ ၏ ဘုရား သခင် ကို ထောမနာသီချင်း ဆိုမည်။ ၃၄ ငါ ဥဒါန်း ကျူးခြင်းအသံသည် နှစ်သက် တော်မူဘွယ်ဖြစ်၍၊ ထာဝရဘုရား ၌ ငါ ရွှင်လန်း လိမ့်မည်။ ၃၅ ပြစ်မှား သောသူတို့ကို မြေကြီး မှ သုတ်သင် ပယ်ရှင်း၍ ၊ မ တရားသောသူတို့ သည် နောက် တဖန် မ ဖြစ်ရကြ။ အိုငါ့ ဝိညာဉ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးလော့။ ဟာလေလုယ။

၁၀၅ ထာဝရ ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ နာမ တော်ကို ပဌနာ ပြုကြလော့။ အမှု တော်တို့ကို လူ များတို့အား ပြသ ကြလော့။ ၂ ထာဝရ ဘုရားကို သီချင်း ဆိုကြလော့။ ဆာလံ သီချင်း ကို ဆိုကြလော့။ အံ့ဘွယ် သော အမှုတော်အပေါင်း တို့ကို ဟောပြော ကြလော့။ ၃ သန့်ရှင်း သောနာမ တော်၌ ဝါကြွား ဝမ်းမြောက်ကြလော့။ ထာဝရဘုရား ကို ရှာ သောသူတို့သည် စိတ် နှလုံးရွှင်လန်း ကြစေ။ ၄ ထာဝရဘုရား နှင့် တန်ခိုး တော်ကို ရှာ ကြလော့။ မျက်နှာ တော်ကို အစဉ် မပြတ်ရှာ ကြလော့။ ၅ စီရင်တော်မူသောအံ့ဩ ဘွယ်တို့ကိုငင်း၊ ထူးဆန်း သော အမှု တော်တို့နှင့် နှုတ်ထွက် ပညတ် တို့ကိုငင်း အောက်မေ့ ကြလော့။ ၆ ထာဝရ ဘုရား၏ကျွန် အာဗြဟံ အမျိုး ၊ ရွေးကောက် တော်မူသောယာကုပ် အနွယ် တို့၊ ၇ ကိုယ်တော် မြတ် ထာဝရဘုရား သည် ငါ တို့ ဘုရား သခင်ဖြစ်တော်မူ၏။ မြေကြီး

တပြင်လုံး ၌ တရား စီရင် ပိုင်တော်မူ၏။ ၈ ငါသည်သင် တို့အမွေခံ ရာဘို့ခါနာန် ပြည် ကို သင် ၌ ပေး မည်ဟု ငါတို့အမျိုးသည် အရေ အတွက်အားဖြင့်မများ၊ ၉ အလွန်နည်း ၍ ထိုပြည် ၌ ဧည့်သည် ဖြစ် လျက်နေသောအခါ၊ ၁၀ အာဗြဟံ ၌ ဂတိထား၍ ၊ ကြောက် ၌ ကျိန်ဆို တော်မူလျက်၊ ၁၁ ယာကုပ် ၌ မြဲမြံ သောတရား ၊ ကြသရေလ ၌ နိစ္စ ထာဝရပဋိညာဉ် ဖြစ်စေခြင်းငှါ၊ ၁၂ လူမျိုး အဆက်တထောင် တိုင်အောင် မိန့်မြွက် တော်မူသောနှုတ်ကပတ် တည်းဟူသော ဝန်ခံ ခြင်းတရားတော်ကို အစဉ်အမြဲ အောက်မေ့ တော်မူ၏။ ၁၃ သူတို့သည် တမြို့ မှ တမြို့ သို့ ၎င်း၊ တနိုင်ငံ မှ တနိုင်ငံ သို့ ၎င်း၊ လှည့်လည် ၍ သွားကြသောအခါ၊ ၁၄ သူ တို့ကို ညှဉ်းဆဲ စေခြင်းငှါ အဘယ်သူ အားမျှ အခွင့်ပေး တော်မ မူ။ သူ တို့အတွက် လည်းရှင်ဘုရင် တို့ကို ဆုံးမ လျက်၊ ၁၅ ငါ့ ထံ၌ ဘိသိတ် ခံသောသူတို့ကို မ ထိ မခိုက်နှင့်။ ငါ ၏ ပရောဖက် တို့ကို အပြစ် မ ပြုနှင့်ဟု မိန့်တော်မူ၏။ ၁၆ တဖန်တုံ ၊ ထိုပြည် ၌ မွတ်သိပ် ခြင်းဘေးကို ခေါ် ၍၊ အစာ အာဟာရတည်းဟူသောအထောက် အပင့် ရှိသမျှ ကို ချိုးဖျက် တော်မူသောအခါ၊ ၁၇ ကျွန် ဖြစ်စေ ဘို့ အရောင်း ခံရသောယောသပ် ကို သူ တို့ရှေ့ မှာ စေလွှတ် တော်မူ၏။ ၁၈ သူ့ ကိုခြေ ချင်းခတ်၍ သံ နှင့် ညှဉ်းဆဲ ကြ၏။ ၁၉ သူ ၏စကား မ ပြည့်စုံ မှီတိုင်အောင်၊ ထာဝရ ဘုရား ၏ အမိန့် တော်အတိုင်း စုံစမ်း ခြင်းကို ခံရ၏။ ၂၀ လူ တို့ကို အစိုးရ သောအရှင်တည်းဟူသော ရှင် ဘုရင်သည် စေလွှတ် ၍ သူ့ ကို နှုတ် ပြီးမှ ချမ်းသာ ပေးတော်မူ၏။ ၂၁ သူသည် မိမိ အလိုရှိ သည်အတိုင်း မင်း အရာရှိ တို့ကို ချည်နှောင် ၍၊ ၂၂ မှူးတော်မတ်တော်တို့ကို ဆုံးမ ပိုင် သော အခွင့်နှင့် နန်းတော် အုပ် ၊ နိုင်ငံ တော်အုပ် အရာ၌ ထိုသူ ကို ခန့် ထားတော်မူ၏။ ၂၃ ကြသရေလ သည်လည်း အဲဂုတ္တု ပြည်သို့ ရောက် လာ၍ ၊ ယာကုပ် သည် ဟာမ အမျိုးနေရာပြည် ၌ တည်းခို ၏။ ၂၄ ဘုရားသခင်သည် မိမိ လူ တို့ကို အလွန် များပြား စေ၍ ၊ ရန်သူ တို့ထက် အားကြီး စေတော်မူ၏။ ၂၅ မိမိ လူ တို့ကို ရန်သူတို့သည်မုန်း ၍၊ မိမိ ကျွန် တို့ကို ပရိယာယ် ပြုမည် အကြောင်း ၊ ထိုသူ တို့ စိတ် နှလုံးကို ပြောင်းလဲ စေတော်မူ ၏။ ၂၆ တဖန်မိမိ ကျွန် မောရှေ နှင့် ရွေးကောက် တော်မူသော အာရုန် ကို စေလွှတ် တော်မူ၏။ ၂၇ အဲဂုတ္တုပြည်သားတို့တွင်၊ လက္ခဏာ သက်သေ တော်တို့ကိုပြ ၍ ၊ ဟာမ အမျိုးနေရာပြည် ၌ အံ့ဘွယ် သော အမှုတို့ကို ပြုကြ၏။ ၂၈ မှောင်မိုက် ကိုစေလွှတ် ၍ ၊ မိုက်မဲ စေတော်မူ၏။ သူတို့သည် နှုတ်ကပတ် တော်ကို ဆန့်ကျင် ဘက်မ ပြုရကြ။ ၂၉ သူ တို့ရေ များကို အသွေး ဖြစ်စေ ၍ ၊ ငါး များကို သေ စေတော်မူ၏။ ၃၀ သူ တို့မြေ သည် များစွာသော ဘား တို့ကို မင်း အိပ်ရာအခန်း တို့ ၌ ပင်ဘွား လေ၏။ ၃၁ အမိန့် တော်ရှိ၍ ယင်ရဲ နှင့်ခြင် တို့သည် တပြည်လုံး ကို နှံ့ ပြား ကြ၏။ ၃၂ မိုးယံးရေ အစား မိုးယံးသီး ကိုငှင်း၊ သူ တို့မြေ ပေါ် မှာ မီးလျံ ကိုငှင်းပေး တော်မူ၏။ ၃၃ သူ တို့စပျစ် နွယ်ပင်နှင့် သဘော် သဖန်းပင်တို့ကို ထိခိုက် ၍ ၊ တပြည်လုံး ၌ရှိသောသစ်ပင် များကို ချိုး တော်မူ ၏။ ၃၄ အမိန့် တော်ရှိ၍ မ ရေတွက်နိုင်အောင်၊ အရာဘကျိုင်း နှင့် ယာလက်ကျိုင်း တို့သည် လာ ၍၊ ၃၅ သူ တို့ ပြည် မှာ ဟင်းသီး ဟင်းရွက်ရှိသမျှ တို့ကိုငှင်း ၊ မြေဩာ အသီး အနှံတို့ကိုငှင်း ကိုက်စား ကြ၏။ ၃၆ သူ တို့အစွမ်း သတ္တိ အထွဋ်ဖြစ် အမြတ်တည်းဟူသောသူ တို့ ပြည် မှာ သားဦး အပေါင်း တို့ကို ဒဏ်ခတ် တော်မူ၏။ ၃၇ မိမိလူတို့ကို ရွှေ ငွေ ပါလျက် ထုတ် ဆောင်တော်မူ ၍ ၊ သူ တို့အစုစု ၌ အားနည်း သော

သူတ ယောက်မျှမရှိ။ ၃၈ အဲဂုတ္တု ပြည်သည် သူ တို့ကို ကြောက် သောကြောင့်၊ သူ တို့သည် ထွက်သွား သောအခါ တပြည်လုံးဝမ်းမြောက် ၏။ ၃၉ သူတို့အပေါ် မှာ မိုယ်းတိမ် ကိုဖြန့် မိုး ၍ ၊ ညဉ့် အခါ လင်း စရာဘို့ မီး ကိုပေးတော်မူ၏။ ၄၀ သူတို့သည် တောင်း သောအခါ ငုံး များကို ဆောင် ခဲ့တော်မူ၍ ၊ သူ တို့ကို ကောင်းကင် မုန့် နှင့် ရောင့်ရဲ စေတော်မူ၏။ ၄၁ ကျောက် ကိုလည်း ဖွင့်လှစ် တော်မူသဖြင့် ၊ ရေ သည် ထွက် ၍ သွေ့ ခြောက်သောအရပ်၌ မြစ် ကဲ့သို့စီးသွား လေ၏။ ၄၂ အကြောင်း မူကား၊ မိမိ ကျွန် အာဗြဟံ ၌ ထားခဲ့ ဘူးသော သန့်ရှင်း သော ဂတိတော် ကို အောက်မေ့ တော်မူ ၏။ ၄၃ ရွေးကောက် တော်မူသောမိမိ လူ တို့ကို ဝမ်းမြောက် ရွှင်လန်း ခြင်းနှင့်တကွ ထုတ် ဆောင်တော်မူ၏။ ၄၄ သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်း ကျင့်၍၊ ပညတ် တရားတော်ကို စောင့်ရှောက် မည်အကြောင်း၊ ၄၅ တပါးအမျိုးသား တို့၏မြေ ကို ပေး တော်မူသဖြင့် ၊ သူတို့ သည် အခြားသောလူတို့၏ အလုပ်ထဲသို့ ဝင်စားရကြ၏။ ဟာလေလုယ။

၁၀၆ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍၊ ကရုဏာ တော် အစဉ် အမြဲတည်သောကြောင့် ၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၂ ထာဝရဘုရား ၏ တန်ခိုး ကြီးခြင်း အရာတော် တို့ကို အဘယ်သူ ပြော နိုင်သနည်း။ ဂုဏ် ကျေးဇူးတော်ကို အဘယ်သူသည် အကုန်အစင် ဟော်ပြ နိုင်သနည်း။ ၃ ခပ်သိမ်း သော အခါ တို့ ၌ တရား ကို စောင့်ရှောက် ၍၊ ဖြောင့်မတ် စွာကျင့် သောသူတို့သည် မင်္ဂလာ ရှိကြ၏။ ၄ အို ထာဝရဘုရား ၊ အကျွန်ုပ်သည် ရွေးကောက် တော်မူသောသူတို့၏ကောင်းကျိုး ကို မြင် စေခြင်းငှါ ၎င်း၊ ကိုယ်တော် ၏လူမျိုး ဝမ်းမြောက် ခြင်း၌ ဝမ်းမြောက် ၍၊ ကိုယ်တော် ၏အမွေ ဖြစ်သောသူတို့နှင့်အတူ ဝါကြွား ရွှင်လန်းစေခြင်းငှါ ၎င်း၊ ၅ ကိုယ်တော် ၏လူ တို့ခံရသောစေတနာ တော်နှင့်တကွ၊ အကျွန်ုပ် ကိုအောက်မေ့ တော်မူပါ။ အကျွန်ုပ် ကိုအကြည့်အရှု ကြွလာ၍ ကယ်တင် တော်မူပါ။ ၆ အကျွန်ုပ် တို့သည် ဘိုးဘေး တို့နှင့်အတူ ပြစ်မှား ကြပါပြီ။ ဒုစရိုက် ကို ပြုကြပါပြီ။ မ တရားသောအမှုကို ပြုကြပါပြီ။ ၇ အဲဂုတ္တု ပြည်၌ ပြု တော်မူသောအံ့သြဘွယ်တို့ကို ဘိုးဘေး တို့သည် နား မ လည်ကြ။ များစွာ သော ကရုဏာ တော်ကို မ အောက်မေ့ ကြ။ ပင်လယ် နား ၊ ဧဒုံ ပင်လယ် နား မှာ ပုန်ကန် ကြပါ၏။ ၈ သို့သော်လည်း ၊ မဟာတန်ခိုး တော်ကို ထင်ရှား စေခြင်းငှါ ၊ နာမ တော်၏အကြောင်း ကြောင့် သူ တို့ကို ကယ်တင် တော်မူ၏။ ၉ ဧဒုံ ပင်လယ် ကို ဆုံးမ တော်မူ၍ ၊ ပင်လယ်ရေ သည် ခန်းခြောက် လေ၏။ တော ၌ ပို့ဆောင်သကဲ့သို့ နက်နဲ ရာအရပ်၌ သူ တို့ကို ပို့ဆောင် တော်မူ၏။ ၁၀ မုန်း သောသူ၏လက် မှ သူ တို့ကို ကယ်တင် ၍ ၊ ရန်သူ ၏လက် မှ ရွေးနှုတ် တော်မူ၏။ ၁၁ ရန်သူ တစုံ တယောက်ကိုမျှ မ ကျန် ရစ်စေခြင်းငှါ၊ ရေ သည် လွှမ်းမိုး လေ၏။ ၁၂ ထိုအခါ စကား တော်ကို ယုံ ၍ ဂုဏ် ကျေးဇူးတော်ကို သီချင်း ဆိုကြ၏။ ၁၃ သို့သော်လည်း၊ အမှုတော် ကို အလျင် အမြန်မေ့လျော့ သည်ဖြစ်၍ ၊ အကြံအစည် တော်ကို မ ဆိုင်း မလင့်ဘဲ၊ ၁၄ တော ၌ အလွန်တပ်မက် ၍ ၊ လူ ဆိတ်ညံရာအရပ် ၌ ဘုရား သခင်ကို စုံစမ်း ကြ၏။ ၁၅ သူ တို့တောင်း သော ဆုကို ပေး တော်မူ၏။ သို့သော်လည်း ၊ သူ တို့ ၌ ပိန်ကြုံ ခြင်းကို သွင်း ပေး တော်မူ၏။ ၁၆ ထိုသူတို့သည်လည်း၊ တပ် ထဲ မှာ မောရှေ ကို ၎င်း၊ ထာဝရဘုရား ၏ သန့်ရှင်း သူအာရုန် ကိုဂုဏ်ငြူစူ ကြ၏။ ၁၇ မြေကြီး သည် ကွဲ လျက် ဒါသန် ကိုမျိုချ ၍ ၊ အဘိရံ ၏ အသင်း အဝင်ကို ဖုံးအုပ်လေ၏။ ၁၈ သူ

တို့အသင်း အဝင်ထဲမှာ မီး ရှို့ ၍ ၊ မ တရားသောသူတို့ ကို လောင် လေ၏။ ၁၉ သူတို့သည် ဟောရပ် တောင်နား မှာ နွားသငယ် ကို လုပ် ၍ ၊ အရည် သွန်းသော ရုပ်တုကို ပြပ်ဝပ်ကိုးကွယ် ကြ၏။ ၂၀ သူ တို့၏ဘုန်း ကိုလဲ ၍ မြက် ကိုစား သော နွား ၏ ပုံ သဏ္ဌာန်ကို ယူကြ၏။ ၂၁ အဲဂုတ္တု ပြည်၌ ကြီး သော အမှုတို့ကိုဂင်း၊ ၂၂ ဟာမ အမျိုးနေရာပြည် ၌ အံ့ဘွယ် သောအမှုတို့ကိုဂင်း၊ ဧဒုံ ပင်လယ် နား မှာ ကြောက်မက် ဘွယ်သော အမှုတို့ ကိုဂင်းပြု ၍၊ ကယ်တင် တော်မူသောအရှင်ဘုရား သခင်ကို မေ့လျော့ ကြ၏။ ၂၃ ထိုအခါ ရွေးကောက် တော်မူသောမောရှေ သည် အမျက် တော်ကို လွှဲ ၍၊ ထိုသူတို့ကို ဖျက်ဆီး တော်မမူစေခြင်းငှါ ၊ ဖျက်ဆီး ရာအရပ်၊ ရှေ့တော်၌ မ ရပ် လျှင်၊ သူ တို့ကို ဖျက်ဆီး မည်ဟု အကြံ ရှိတော်မူ၏။ ၂၄ ထိုသူတို့သည်လည်း စကား တော်ကို မ ယုံ ၊ သာယာ သောပြည် ကို မထီမဲ့မြင် ပြုကြ၏။ ၂၅ မိမိ တို့တဲ များ၌ ဆန့်ကျင် ဘက်ပြု၍ ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နား မ ထောင်ဘဲနေကြ၏။ ၂၆ ထိုကြောင့် သူ တို့ကို တော ၌ လှဲ ခြင်းငှါ ၎င်း၊ ၂၇ သူ တို့အမျိုးအနွယ် ကို တပါးအမျိုးသား တို့တွင် လှဲ ၍ ၊ အပြည်ပြည် အရပ်ရပ်သို့ ကွဲပြား စေခြင်းငှါ ၎င်း၊ သူ တို့တဘက်၌ ကျိန်ဆိုတော်မူ၏။ ၂၈ ထိုသူတို့သည် ဗာလပေဂုရ ဘုရား၌ မှီဝဲ ၍ လူသေ ရှေ့မှာ ပူဇော်သောယဇ် ကောင်ကို စား ကြ၏။ ၂၉ ထိုသို့မိမိ တို့အမှု များအားဖြင့် အမျက် တော်ကို နှိုးဆော်၍ ၊ ကာလနာ သည် သူ တို့ကို လုယက် လေ၏။ ၃၀ ထိုအခါ ဖိနဟတ် သည် ထ ၍ တရား စီရင်သဖြင့် ၊ ကာလနာ သည် ငြိမ်း လေ၏။ ၃၁ ထိုအမှုကို သူ၏ဖြောင့်မတ် ခြင်းကဲ့သို့ လူမျိုး အဆက်ဆက်တည်သော ကာလ အစဉ်မပြတ် မှတ် ရ သတည်း။ ၃၂ တဖန် မေရိဘ ရေ အနား မှာ အမျက် တော်ကို နှိုးဆော်ကြသဖြင့် ၊ သူ တို့အတွက် ကြောင့် မောရှေ၌ အ မင်္ဂလာဖြစ်လေ၏။ ၃၃ သူ ၏စိတ် ကို ချုပ်ချယ် နှောင့်ရှက်ကြသဖြင့် ၊ သူသည် အမှတ်တမဲ့မြွက်ဆို ၏။ ၃၄ ထာဝရဘုရား မိန့် တော်မူသည် အတိုင်း မပြု၊ တပါး အမျိုးသားတို့ကို မ ဖျက်ဆီး ဘဲ နေကြ၏။ ၃၅ သူ တို့နှင့် ရောနှော ၍ သူ တို့၏ ဘာသာ ဓလေ့ကို သင် ကြ၏။ ၃၆ သူ တို့၏ရုပ်တု များကို ဝတ်ပြု ၍ ကျော့ကွင်း ၌ ကျော့မိ ကြ၏။ ၃၇ ကိုယ် သား သမီး တို့ကို နတ်ဆိုး တို့အား ယဇ် ပူဇော်ကြ၏။ ၃၈ ထိုသို့ အပြစ် မရှိသောသူတို့ ၏ အသွေး ၊ ခါနာန် ရုပ်တု တို့ရှေ့မှာ ယဇ် ပူဇော်သော ကိုယ် သား သမီး တို့၏ အသွေး ကို သွန် ကြ၍ ၊ ထိုမြေ သည် အသွေး နှင့် ညစ်ညူး လေ၏။ ၃၉ သူတို့သည် ကိုယ် အကျင့် အားဖြင့် ကိုယ်ကို ညစ်ညူး စေ၍ ၊ ကိုယ် အမှု တို့တွင် မှားယွင်း ကြ၏။ ၄၀ ထိုကြောင့် ထာဝရဘုရား သည် မိမိ လူ တို့ကို အမျက် တော်ထွက် ၍ ၊ မိမိ အမွေ တော်ကို ရွံရှာ တော်မူ၏။ ၄၁ သူ တို့ကို တပါးအမျိုးသား တို့လက် သို့ အပ် တော်မူသဖြင့် ၊ မုန်း သောသူတို့သည် အုပ်စိုး ရကြ၏။ ၄၂ ရန်သူ တို့သည် ညှဉ်းဆဲ ၍ ၊ သူ တို့သည် ရန်သူတို့ အောက် မှာ နှိမ့်ချ ခြင်းကိုခံရကြ၏။ ၄၃ သူ တို့ကို ကြိမ်ဖန် များစွာ ကယ်နှုတ် တော်မူသော်လည်း ၊ ပုန်ကန် သော အကြံ ကိုသာ ကြံ၍ ၊ မိမိ တို့ဒုစရိုက် အပြစ်ကြောင့် နှိပ်စက် ခြင်းကိုခံရကြ၏။ ၄၄ တဖန်သူ တို့ အော်ဟစ် ခြင်းကို ကြား တော်မူလျှင် ၊ သူ တို့ ၌ ဆင်းရဲ ဒုက္ခကို ကြည့်ရှု သဖြင့်၊ ၄၅ ဝန်ခံ ခြင်းဂတိတော်ကို သူ တို့အဘို့ အောက်မေ့ ၍ ၊ ကရုဏာ တော် များပြား သည်အတိုင်း နောင်တ ရတော်မူ ၏။ ၄၆ သူ တို့ကို ချုပ်ထား သိမ်းသွားသော သူအပေါင်း တို့သည် သနား ရကြမည်အကြောင်း ပြု တော်မူ၏။ ၄၇ အကျွန်ုပ် တို့၏

ဘုရား သခင်ထာဝရဘုရား ၊ သန့်ရှင်း သော နာမ တော်၏ ဂုဏ်ကျေးဇူးသည် ကြီးလှပါ ၏ဟု အကျွန်ုပ်တို့သည် ဝန်ခံ ၍၊ ကိုယ်တော် ကို ချီးမွမ်း ခြင်း၌ ပါကြွား ဝမ်းမြောက်မည်အကြောင်း ၊ အကျွန်ုပ် တို့ကို ကယ်တင် လျက် ၊ တပါးအမျိုးသား တို့အထဲ က နှုတ်ယူ၍ စုသိမ်း တော်မူပါ။ ၄၈ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား သည် ကမ္ဘာ အဆက်ဆက်မင်္ဂလာ ရှိတော်မူစေသတည်း။ လူ ခပ်သိမ်း တို့သည် အာမင် ဟု ဝန်ခံ ကြစေ။ ဟာလေလုယ။

၁၀၇ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍၊ ကရုဏာ တော် အစဉ် အမြဲတည်သောကြောင့် ၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၂ ရန်သူ ၏လက် မှ ထာဝရဘုရား နှုတ် ၍ အရှေ့ အနောက် တောင် မြောက် အရပ်ရပ် ထဲ က စုသိမ်း သော သူတည်းဟူသော၊ ရွေး တော်မူသောသူတို့ သည် ဝန်ခံ ကြစေ။ ၃ သူတို့သည် တော တွင် လူ ဆိတ်ညံရာအရပ်၌ လည် ၍၊ နေစရာ မြို့ သို့ ရောက်သောလမ်း ကို မ တွေ့ ကြ။ ၅ ဆာငတ် မွတ်သိပ် ၍ စိတ်ပျက် ကြ၏။ ၆ ဆင်းရဲ ခံရသောအခါ ၊ ထာဝရဘုရား ကို အော်ဟစ် ၍ ၊ ဆင်းရဲ ဒုက္ခထဲ က ဆယ် နှုတ်တော်မူ၏။ ၇ သူတို့နေစရာ မြို့ သို့ ရောက် စေခြင်းငှါ ၊ ဖြောင့် သောလမ်း ဖြင့် ပို့ဆောင် တော်မူ၏။ ၈ လူသား တို့ ၌ ပြုတော်မူသောကရုဏာ နှင့် အံ့ဘွယ် သော အမှုတော်တို့ကိုထောက် ၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြစေ။ ၉ အကြောင်း မူကား၊ တောင့်တ သော ဝိညာဉ် ကို ရောင့်ရဲ စေ၍၊ မွတ်သိပ် သော ဝိညာဉ် ကိုလည်း ၊ ကောင်း သောအရာနှင့် ဝ စေတော်မူ၏။ ၁၀ ထိုသူတို့သည် ဘုရား သခင်၏ အမိန့် တော်ကို ငြင်းဆန် ၍၊ အမြင့်ဆုံး သော ဘုရား၏ အကြံ တော်ကို မထီမဲ့မြင် ပြုသောကြောင့် ၊ မှောင်မိုက် ၊ သေမင်း အရိပ်၌ထိုင် လျက်၊ ဒုက္ခ နှင့်ငင်း၊ သံကြိုး နှင့်ဂင်း ချည်နှောင် လျက်နေရကြ၏။ ၁၂ ဘုရားသခင်သည် အမှု ရောက်စေ၍ ၊ သူ တို့ စိတ် ကိုနှိမ့်ချ တော်မူ၏။ သူတို့သည် လဲ ၍ ထောက်မ သော သူမ ရှိဘဲ၊ ၁၃ ဆင်းရဲ ခံရသောအခါ ၊ ထာဝရဘုရား ကို အော်ဟစ် ၍ ဆင်းရဲ ဒုက္ခထဲ က ကယ်တင် တော်မူ၏။ ၁၄ မှောင်မိုက် နှင့် သေမင်း အရိပ်ထဲ က ထုတ် ဆောင်၍ သူ တို့ချည်နှောင် ခြင်းကို ဖြေ တော်မူ၏။ ၁၅ လူသား တို့ ၌ ပြုတော်မူသောကရုဏာ နှင့် အံ့ဘွယ် သောအမှုတော်တို့ကိုထောက်၍၊ ထာဝရ ဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ကြစေ။ ၁၆ အကြောင်း မူကား၊ ကြေးဝါ တံခါး တို့ကို ချိုး ၍ ၊ သံ ကန့်လန့် တို့ကို အပိုင်းပိုင်းဖြတ် တော်မူ၏။ ၁၇ မိုက် သောသဘောရှိသောသူတို့ သည်လမ်း လွဲ ၍ ၊ ဒုစရိုက် ကို ပြုသောကြောင့် ဆင်းရဲခြင်း နှင့် တွေ့ကြုံရကြ၏။ ၁၈ စား စရာမျိုးကို ရွံ ၍ သေခြင်း တံခါး ငါ့အနီး သို့ ရောက်ကြ၏။ ၁၉ ဆင်းရဲ ခံရသောအခါ ထာဝရဘုရား ကို အော်ဟစ် ၍ ၊ ဆင်းရဲ ဒုက္ခထဲ က ကယ်တင် တော်မူ၏။ ၂၀ နှုတ်ကပတ် တော်ကိုလွှတ် သဖြင့် ၊ သူ တို့အနာ ကို ငြိမ်းစေ၍ ၊ ဖျက်ဆီး ခြင်းအရာများထဲ က နှုတ်ယူ တော်မူ ၏။ ၂၁ လူသား တို့ ၌ ပြုတော်မူသောကရုဏာ နှင့် အံ့ဘွယ် သောအမှုတော်တို့ကိုထောက် ၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြစေ။ ၂၂ ကျေးဇူး တော် ဝန်ခံရာယဇ် ကို ပူဇော် ၍ ၊ ရွှင်လန်း သော အသံနှင့်တကွ အမှုတော် တို့ကို ကြား ပြော ကြစေ။ ၂၃ သင်္ဘော စီးလျက် ပင်လယ် ကိုကူး ၍၊ ရေ များ ပေါ် မှာ လုပ်ဆောင် သောသူတို့ သည်၊ ၂၄ နက်နဲ ရာအရပ်၌ ထာဝရဘုရား ၏ အမှုတော် တို့နှင့်၊ အံ့ဘွယ် သော အမှုတော်တို့ကို မြင် ရကြ၏။ ၂၅ အမိန့် တော်ရှိ၍ လေပြင်း မုန်တိုင်း တိုက် သဖြင့် ၊ လှိုင်း

တံပိုးတို့ကို ထ စေ၏။ ၂၆ မိုးယံး ကောင်းကင်တိုင်အောင်တက် လျက်၊ နက်နဲ ရာထဲသို့ ဆင်း လျက် တွေ့သောဘေး ကြောင့် ၊ သူတို့သည် စိတ်ပျက် ကြ၏။ ၂၇ တလည်လည် သွားလျက် ယစ်မူး သော သူကဲ့သို့ တိမ်းယိမ်း လျက်နေ၍ ဉာဏ် တိမ် မြူပ်ခြင်းရှိကြ၏။ ၂၈ ဆင်းရဲ ခံရသောအခါ ထာဝရဘုရား ကို အော်ဟစ် ၍ ၊ ဆင်းရဲ ဒုက္ခထဲ က ထုတ် ဆောင်တော်မူ၏။ ၂၉ လေပြင်း ကို ပျောက် စေတော်မူ၍ ၊ လှိုင်း တံပိုးများလည်း ငြိမ်ဝပ် ကြ၏။ ၃၀ ထိုသို့ ငြိမ်ဝပ် သောကြောင့် သူတို့သည် ဝမ်းမြောက် ကြ၏။ အလို ရှိရာ သဘော် ဆိပ်သို့ ပို့ဆောင် တော်မူ၏။ ၃၁ လူ သားတို့ ၌ ပြုတော်မူ သော ကရုဏာ နှင့် အံ့ဘွယ် သော အမှုတော တို့ကို ထောက် ၍၊ ထာဝရဘုရား ၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြစေ။ ၃၂ လူ ပရိတ်သတ် ၏ အလယ် မှာ ထာဝရ ဘုရားကို ချီးမွှောက် ၍ အသက်ကြီး သူတို့၏ အစည်း အဝေး၌ ချီးမွမ်း ကြစေ။ ၃၃ မြစ် တို့ကို လွင်ပြင် ဖြစ် စေခြင်းငှါငင်း၊ စမ်း ရေ ထွက်ရာ အရပ် ကို လည်း သွေ့ ခြောက်စေခြင်းငှါ ၎င်း ပြု တော်မူ၏။ ၃၄ မြေ ကောင်းသော ပြည် ကို ပြည်သူ ပြည်သားတို့ ၏ အပြစ် ကြောင့် ဆား မြေဖြစ်စေ တော်မူ၏။ ၃၅ တဖန်လွင်ပြင် ကို ရေ နှင့်ပြည့် စေခြင်းငှါ ၎င်း ၊ သွေ့ခြောက် သော အရပ် ကိုလည်း စမ်းရေ ထွက်စေ ခြင်းငှါ ၎င်း ပြု တော်မူ၏။ ၃၆ ထိုအရပ် ၌လည်း ၊ ဝတ်မွတ် သောသူတို့ကို နေရာ ချတော်မူ၍ ၊ သူတို့သည် မိမိနေ စရာဘို့မြို့ ကို တည် ကြ၏။ ၃၇ လယ် လုပ် လျက် ၊ စပျစ် ဥယျာဉ်ကိုလည်း စိုက်ပျိုး လျက် ၊ မြေ အသီးအနှံတို့ကို ပြုစု ကြ၏။ ၃၈ ကောင်းကြီး ပေးတော်မူ၍ ၊ သူတို့သည် အလွန် ပွားများ ကြ၏။ သူ တို့သိုး နွားများကိုလည်း လျော့ စေတော်မ မူ။ ၃၉ တဖန် သူတို့သည် လျော့ ၍ ညှဉ်းဆဲ ခြင်း၊ ငြိုငြင် ခြင်း၊ စိတ် ပူပန်ခြင်းအားဖြင့် နှိမ့်ချ လျက်နေရကြ၏။ ၄၀ မင်းသား တို့ကို အရှက်ခွဲ ၍ ၊ လမ်း မ ရှိသော တော အရပ်၌ လည် စေတော်မူ၏။ ၄၁ ဆင်းရဲ သောသူကိုလည်း ဒုက္ခ မှ ထမြောက် စေ ၍ ၊ သိုးစု ကဲ့သို့ အိမ်ထောင် ပွားများ စေတော်မူ၏။ ၄၂ ဖြောင့်မတ် သောသူတို့ သည် မြင် ၍ ၊ ဝမ်းမြောက် ကြ၏။ ခပ်သိမ်း သော ဒုစရိုက် သည်လည်း မိမိ နှုတ် ကို ပိတ် ရ၏။ ၄၃ အကြင် သူသည်ပညာရှိ ၏။ ထိုသူသည် ဤ အမှုအရာ တို့ကို ဆင်ခြင် ၍ ၊ ထာဝရဘုရား ၏ ကရုဏာ ကျေးဇူးတော်ကို နားလည် လိမ့်မည်။

၁၀၈ အိုဘုရား သခင်၊ အကျွန်ုပ် နှလုံး သည် တည်ကြည် ပါ၏။ သီချင်း ဆိုပါမည်။ ဝိညာဉ် ပါ လျက် ချီးမွမ်း ထောမနာပြုပါမည်။ ၂ တယော နှင့် စောင်း တို့၊ နိုး ကြလော့။ ငါလည်း စောစော နိုး မည်။ ၃ အို ထာဝရဘုရား ၊ ပရိတ်သတ် အလယ် ၌ ကိုယ်တော် ကို ချီးမွမ်း ပါမည်။ လူမျိုး တို့တွင် ကိုယ်တော် အား ထောမနာသီချင်း ဆိုပါမည်။ ၄ အကြောင်း မူကား၊ ကရုဏာ တော်သည် ကောင်းကင် သို့ ၎င်း၊ သစ္စာ တော်သည် မိုးယံးတိမ် သို့ ၎င်း မှီပါ၏။ ၅ အို ဘုရား သခင်၊ ကောင်းကင် မြင့်သည်ထက် ကိုယ်တော် ကြီးမြင့် တော်မူစေသတည်း။ မြေကြီး တပြင်လုံး ကို ဘုန်း တော်လွှမ်းမိုးပါစေသတည်း။ ၆ ချစ် တော်မူသောသူတို့ သည် ချမ်းသာ ရမည် အကြောင်း ၊ အကျွန်ုပ် စကားကို နားထောင် ၍ ၊ လက်ျာ လက်ရုံးတော်အားဖြင့် ကယ်တင် တော်မူပါ။ ၇ သန့်ရှင်း ခြင်းပါရမီတော်ကို တိုင်တည် ၍ ၊ ဘုရား သခင် သည် ဗျာဒိတ်ထားတော်မူသောကြောင့်၊ ငါသည် ဝမ်းမြောက် မည်။ ရှေခင် မြို့ကို ပိုင်းခြား မည်။ သုကုတ် လယ်ပြင် ကို တိုင်းထွာ မည်။ ၈ ဂိလဒ် ပြည်ကို ငါ ပိုင်ရ၏။ မနာရှေ ပြည်ကိုလည်း ငါ ပိုင်ရ၏။ ဧဖရိမ် ပြည်ကား ငါ့

ဦးခေါင်း ၏ အစွမ်း ဖြစ်ရ ၏။ ယုဒ ပြည်ကား ငါ ၏လွှတ်တော် ဖြစ်ရ၏။ ၉ မောဘ ပြည်ကား ငါ့ ရေချိုး အိုး ဖြစ်ရ၏။ ဧဒုံ ပြည်ကား ငါ့ ခြေနင်း ရာဖြစ်ရ၏။ ဖိလိတ္တိ ပြည် အပေါ် မှာ အောင်သံနှင့် ကြွေးကြော် မည်။ ၁၀ အားကြီး သော မြို့ ထဲသို့ ငါ့ ကို အဘယ်သူ သွင်း ပေးမည်နည်း။ ဧဒုံ ပြည်သို့ ငါ့ ကို အဘယ် သူလမ်း ပြ မည်နည်း။ ၁၁ အိုဘုရား သခင်၊ အကျွန်ုပ် တို့ကို စွန့်ပစ် တော်မူ သောကိုယ်တော်သည် ပြုတော်မူမည်မဟုတ် လော။ အိုဘုရား သခင်၊ အကျွန်ုပ် တို့ ဗိုလ်ခြေ နှင့်အတူ ကြွ တော် မ မူသော ကိုယ်တော်သည် ပြုတော်မူမည် မဟုတ်လော။ ၁၂ ဒုက္ခ နှင့် ကင်းလွတ်စေခြင်းငှါ မစ တော်မူပါ။ လူ တို့သည် ကယ်တင် ခြင်းငှါမ တတ်နိုင်ကြပါ။ ၁၃ ဘုရား သခင်အားဖြင့် ငါတို့သည် ရဲရင့် စွာ ပြု ကြမည်။ ငါ တို့၏ ရန်သူ များကို ကိုယ်တော်တိုင် နင်း တော်မူမည်။

၁၀၉ အကျွန်ုပ် ချီးမွမ်း သော ဘုရား သခင်၊ တိတ်ဆိတ် စွာနေတော်မ မူပါနှင့်။ ၂ မ တရားသောသူနှင့် သစ္စာ ပျက်သောသူတို့ သည် အကျွန်ုပ် တဘက် ၌နှုတ် ကိုဖွင့် ၍ ၊ မုသား စကား ကို ပြောဆို ကြပါ၏။ ၃ မနာလို သောစိတ်နှင့် စကား ပြောလျက် ၊ အကျွန်ုပ် ကိုဝိုင်း ၍ အကြောင်း မရှိဘဲ စစ်တိုက် ကြပါ၏။ ၄ အကျွန်ုပ် ၏ မေတ္တာ အတွက် သူတို့သည် ရန်ဘက် ပြုကြပါ၏။ အကျွန်ုပ် မူကား ပဌနာ ပြုလျက် နေပါ၏။ ၅ အကျွန်ုပ် ပြုသောကျေးဇူး အတွက် မကောင်း သောအပြစ်ကို ၎င်း ၊ အကျွန်ုပ် မေတ္တာ အတွက် မုန်း ခြင်းကိုငင်း ဆပ် ပေးကြပါ၏။ ၆ ထိုသို့သောသူ ၏အပေါ် မှာ မ တရားသောသူကို ခန့်ထား တော်မူပါ။ သူ ၏လက်ျာ နား မှာ ရန်သူ နေ ပါစေ။ ၇ သူ သည် တရား စီရင်ခြင်းကိုခံ ရာတွင် ရှုံး ပါစေ။ သူ ပြုသော ပဌနာ သည် ပြစ်မှား ခြင်းဖြစ် ပါစေ။ ၈ သူ ၏အသက် တို ပါ စေ။ သူ ၏အရာ ကိုလည်း အခြား သူရ ပါစေ။ ၉ သူ ၏သား တို့သည် ဘသားဆိုး ၊ မယား လည်း မုတ်ဆိုးမ ဖြစ် ပါစေ။ ၁၀ သူ ၏သား တို့သည် အရပ်ရပ် လည်၍ သူ တောင်း စား ဖြစ်ကြပါစေ။ ပျက်စီး သော မိမိ တို့နေရာများမှ ထွက် ၍ ၊ အစာကိုရှာ ကြပါစေ။ ၁၁ သူ ၌ ရှိသမျှ ကို ကြွေးရှင် သိမ်းယူ ပါစေ။ သူ လုပ် ၍ရသောဥစ္စာ ကိုလည်း တပါး အမျိုးသားလုယူ ပါစေ။ ၁၂ သူ ၌ ကျေးဇူး ပြု သောသူ၊ သူ ၏ဘသားဆိုး တို့ကို ကယ် မသနားသောသူ တယောက်မျှ မ ရှိ စေနှင့်။ ၁၃ သူ ၏အနွယ် သည် ပြတ် ပါစေ။ လူမျိုး ဆင်းသက်၍ တဆက်တည်းတွင် ၊ သူ တို့၏ နာမည် သည် ကျေ ပျောက် ပါစေ။ ၁၄ သူ့ ဘိုးဘေး တို့၏ ဒုစရိုက် ကို ထာဝရဘုရား သည် သတိရ တော်မူပါစေ။ သူ့ အမိ ၏ အပြစ် သည် မ ဖြေ ပါစေနှင့်။ ၁၅ ထိုဒုစရိုက်အပြစ်သည် ထာဝရဘုရား ရှေ့ မှာ အစဉ်အမြဲ ထင်ရှား၍၊ မြေကြီး ပေါ် မှာ ထိုသူ တို့ကို အောက်မေ့ စရာ အမှတ်မျှ မရှိစေခြင်းငှါ၊ ပယ်ရှင်း တော်မူပါစေ။ ၁၆ အကြောင်း မူကား၊ ထိုသူသည် ကယ်မ သနားခြင်းငှါ သတိ မ ရှိ။ ဆင်းရဲဝေတ်မွတ် ၍ စိတ် ပျက် သောသူကို သေ စေသည်တိုင်အောင် ညှဉ်းဆဲ ပြီ။ ၁၇ သူသည် ကျိန်ဆဲ ခြင်းကို နှစ်သက် သည်နှင့်အညီ ၊ သူ့ အပေါ် သို့ ရောက် ပါစေ။ ကောင်းကြီး မင်္ဂလာကို အလို မ ရှိသည်အတိုင်း သူ နှင့် ဝေး ပါစေ။ ၁၈ အဝတ် ကို ဝတ်သကဲ့သို့ ကျိန်ဆဲ ခြင်းကို ဝတ် ရပါ စေ။ ရေ ကဲ့သို့ သူ ၏ဝမ်း ထဲ သို့ဝင်း ၊ ဆီ ကဲ့သို့ သူ ၏အရိုး ထဲသို့ ၎င်း ဝင် ပါစေ။ ၁၉ သူ၏ကိုယ်ကိုခြုံ သော အဝတ် ကဲ့သို့ ၎င်း၊ သူ ၏ ခါးစ်ဉ် စည်း သော ခါးစည်း ကဲ့သို့ ၎င်း သူ ၌ ဖြစ် ပါစေ။ ၂၀ ငါ ၏ဝိညာဉ် တဘက် ၌ မ ကောင်းသောစကားကို ပြော တတ်သော ငါ

၏ရန်သူ တို့သည် ထိုသို့ သော အကျိုး ကို ထာဝရဘုရား ထံ ခံရကြပါစေ။ ၂၁ အိုဘုရား ရှင် ထာဝရဘုရား ၊ နာမ တော်အတွက် ကြောင့် အကျွန်ုပ် အမှုကို စောင့် တော်မူပါ။ ကရုဏာ တော် ကောင်း သည်ဖြစ်၍ ၊ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ၂၂ အကျွန်ုပ် သည် ဆင်းရဲ ငတ်မွတ် ပါ၏။ အကျွန်ုပ် အထဲ ၌ နှလုံး နာ လျက်ရှိပါ၏။ ၂၃ ရှည်လျား သော အရိပ် ကဲ့သို့ အကျွန်ုပ်ရွေ့သွား ပါ၏။ ကျိုင်းကောင် ကဲ့သို့ လှုပ်ရှား လျက်ရှိပါ၏။ ၂၄ အစာ မစားဘဲ နေရသောကြောင့် ၊ ဒူးဆစ် နှစ်နှဲ့ ၍ အသား လည်း လျော့ ပါ၏။ ၂၅ အကျွန်ုပ် သည်လည်း သူတပါး တို့ ကဲ့ရဲ့ စရာ အကြောင်းဖြစ် ၍၊ သူတို့သည် အကျွန်ုပ် ကို မြင် သောအခါ ၊ ခေါင်း ညိတ် ခြင်းကို ပြုကြပါ၏။ ၂၆ အကျွန်ုပ် ၏ ဘုရား သခင်ထာဝရဘုရား ၊ အကျွန်ုပ် ကို မစ တော်မူပါ။ ကရုဏာ တော်ရှိသည်အတိုင်း ကယ်တင် တော်မူပါ။ ၂၇ ထို အမှုသည် တန်ခိုး တော်ကြောင့်ဖြစ်၍ ၊ ထာဝရဘုရား တည်းဟူသောကိုယ်တော်စီရင် တော်မူသည် ဟု ထို သူတို့သည် သိ ကြပါစေသော။ ၂၈ ထိုသူ တို့သည် ကျိန်ဆဲ သော်လည်း ၊ ကိုယ်တော် မူကား ကောင်းကြီး ပေးတော်မူပါ။ သူတို့သည် ထ သောအခါ အရှက် ကွဲကြပါစေသော။ ကိုယ်တော် ၏ ကျွန် မူကား ၊ ဝမ်းမြောက် ပါစေသော။ ၂၉ အကျွန်ုပ် ၏ ရန်သူ တို့သည် ရှက်ကြောက် ခြင်းအဝတ်ကိုဝတ် ၍ ၊ စောင် နှင့်ခြုံသကဲ့သို့ ၊ မျက်နှာ ပျက်ခြင်း နှင့် ကိုယ် ကိုခြုံ ကြပါစေသော။ ၃၀ အကျွန်ုပ် သည် နှုတ် မြွက်၍ ၊ ထာဝရ ဘုရား၏ ဂုဏ်ကျေးဇူးတော်ကို အလွန် ချီးမွမ်း ပါမည်။ များစွာ သောသူတို့ အလယ် မှာ ချီးမွမ်း ပါမည်။ ၃၁ အကြောင်း မူကား၊ ဆင်းရဲသောသူ ၏ ဝိညာဉ် ကို အပြစ် စီရင်သောသူတို့ ၏လက်မှ ကယ်တင် ခြင်းငှါ ၊ သူ ၏လက္ခာ ဘက်မှာ ရပ် ၍ နေတော်မူတတ်၏။

၁၁၀ ထာဝရဘုရား က၊ သင် ၏ရန်သူ တို့ကို သင် ၏ ခြေ တင် ရာ ၊ ငါမ ချ ထားမှီတိုင်အောင်၊ ငါ့ လက္ခာ ဘက်၌ ထိုင် နေလော့ဟု ငါ ၏သခင် အား မိန့် တော်မူ၏။ ၂ ထာဝရဘုရား သည် အရှင် ၏ အာဏာ တော် လှံတံ ကို ဇိအုန် မြို့မှ လွှတ် တော်မူမည်။ ကိုယ်တော် သည် ရန်သူ တို့၏အလယ် ၌ အုပ်စိုး တော်မူလိမ့်မည်။ ၃ တန်ခိုး တော်ပြသော နေ့ရက်ကာလ၌၊ ကိုယ်တော် ၏ လူ တို့သည် သန့်ရှင်း သော တန်ဆာ ကို ဆင်လျက်၊ ကြည်ညို သော စေတနာစိတ်ရှိ၍၊ လူပျို တော် တို့သည် နံနက် ဝမ်း ထဲက ထွက်သော ဆီးနှင်း ကဲ့သို့ ဖြစ်ကြပါလိမ့်မည်။ ၄ ထာဝရဘုရား က၊ သင် သည် မေလခိဇေဒက် နည်းတူ ထာဝရ ယဇ် ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို ၍ ၊ နောက်တဖန်စိတ် ပြောင်းလဲခြင်း ရှိတော်မ မူ။ ၅ လက္ခာ တော်နား မှာ ရှိသောဘုရား ရှင်သည် အမျက် တော် အခိုန် ကာလ၌ ရှင်ဘုရင် တို့ကို ဒဏ်ခတ် တော်မူမည်။ ၆ ငါ၏သခင်သည် တပါးအမျိုးသား တို့တွင် တရား စီရင် လျက်၊ အသေ ကောင်တို့ကို အနှံ့အပြား ဖြစ်စေ၍၊ ကျယ် သောမြေ ၌ သူတို့ ဦးခေါင်း ကို နှိပ်စက် တော်မူမည်။ ၇ လမ်း နား မှာ စီး သောရေကို သောက် ၍ ၊ ခေါင်း တော်ကို ချီးမြှင့် တော်မူမည်။

၁၁၁ ငါသည် ဖြောင့်မတ် သောသူတို့ ၏ အစည်း အဝေး၌ ၎င်း၊ ပရိသတ် ၌၎င်း ၊ ထာဝရ ဘုရား၏ ဂုဏ်တော်ကို စိတ် နှလုံးအကြွင်းမဲ့ ချီးမွမ်း မည်။ ၂ ထာဝရဘုရား ၏ အမှုတော် တို့သည် ကြီးမြတ် ကြ၏။ ကြည်ညို သောသူ တို့

သည် ထို အမှုတော်တို့ကို ရှာဖွေ လိုက်စစ်တတ်ကြ၏။ ၃ စီရင် တော်မူသောအရာသည် ဘုန်း အသရေနှင့် ပြည့်စုံ၍ ဖြောင့်မတ် တော်မူခြင်းတရားလည်း အစဉ် အမြဲတည် ၏။ ၄ အံ့ဘွယ် သော အမှုတော်တို့ကို အောက်မေ့ ဘို့ရာ စီရင် တော်မူပြီ။ ထာဝရဘုရား သည် ကျေးဇူးပြုတတ် သော သဘော၊ သနား စုံမက်တတ်သော သဘောနှင့် ပြည့်စုံ တော်မူ၏။ ၅ ကြောက်ရွံ့ ရိုသေသောသူတို့ကို ကျွေးမွေး တော်မူ ၏။ ပဋိညာဉ် တရားတော်ကို အစဉ် အောက်မေ့ တော်မူ ၏။ ၆ အမှုတော် တို့ ဥ္ဒရိုသောတန်ခိုး ကို မိမိ လူ တို့အား ပြ ၍၊ တပါးအမျိုးသား တို့၏ အမွေ ကို ပေး တော်မူ၏။ ၇ လက် တော်နှင့်ပြုသောအမှု တို့သည် သစ္စာ နှင့် ၎င်း၊ တရား နှင့်၎င်း ယှဉ်ကြ၏။ ပညတ် တော် အလုံးစုံ တို့သည် ဖေါက်ပြန် ခြင်းသဘောနှင့် ကင်းလွတ်ကြ၏။ ၈ သစ္စာ စောင့်ခြင်း၊ ဖြောင့်မတ် ခြင်းနှင့် ယှဉ်သောကြောင့် ၊ အစဉ် အမြဲတည် ကြ၏။ ၉ မိမိ လူ တို့ ဥ္ဒ ရွေး တော်မူခြင်း ကျေးဇူးကို ပြု တော်မူ ၏။ ပဋိညာဉ် တရားတော်ကို အစဉ် အမြဲထား တော်မူ ၏။ နာမ တော်သည် သန့်ရှင်း ၏။ ကြောက်ရွံ့ ရိုသေဘွယ် ဖြစ်၏။ ၁၀ ထာဝရဘုရား ကို ကြောက်ရွံ သော သဘောသည် ပညာ ၏ အချုပ် အခြာဖြစ်၏။ ပညတ် တော်တို့ကို စောင့်ရှောက် သမျှ သောသူတို့ သည် ကောင်း သောဉာဏ် ရှိကြ၏။ ဂုဏ် အသရေတော်သည် အစဉ် အမြဲတည် သတည်း။

၁၁ ၂ ထာဝရဘုရား ကို ကြောက်ရွံ့၍၊ ပညတ် တော်တို့ ဥ္ဒ အလွန် မွေ့လျော် သောသူသည် မင်္ဂလာ ရှိ၏။ ၂ ထိုသူ ၏ သား မြေးတို့သည် မြေ ပေါ် မှာ အားကြီး ကြလိမ့်မည်။ ဖြောင့်မတ် သောသူတို့ ၏အမျိုးအနွယ် သည် မင်္ဂလာ ရှိတတ်၏။ ၃ ထိုသူ ၏ အိမ် ဥ္ဒ စည်းစိမ် ဥစ္စာကြွယ်ဝ ၍ ၊ သူ ၏ ကောင်းကျိုး သည် အစဉ် အမြဲတည် တတ်၏။ ၄ သဘောဖြောင့် သောသူတို့ အဘို့ ၊ မှောင်မိုက် ထဲ မှာ အလင်း ပေါ် ထွန်း တတ်၏။ ထိုသို့သောသူသည် ကျေးဇူး ပြုတတ်သော သဘောနှင့် သနား စုံမက်တတ် သော သဘောရှိ၍ ၊ တရား သဖြင့် ပြုတတ်၏။ ၅ ကရုဏာ စိတ်ရှိ၍ ချေးငှါး တတ်သောသူ သည် ကောင်းစား တတ်၏။ တရားဆုံးဖြတ်ရာ ကာလ၌ အောင် ခြင်းသို့ ရောက်လိမ့်မည်။ ၆ အကယ် စင်စစ်လှုပ်ရှား ခြင်းနှင့်အစဉ် ကင်းလွတ် လိမ့်မည်။ ဖြောင့်မတ် သောသူသည် အစဉ် အမြဲအောက်မေ့ ဘို့ရာ ဖြစ် လိမ့်မည်။ ၇ မ ကောင်းသော သိတင်း ကိုမ ကြောက် ရ။ စိတ် နှလုံး သည် ထာဝရဘုရား ကို ကိုးစား သဖြင့် တည်ကြည် တတ်၏။ ၈ သူ ၏စိတ် နှလုံးသည် မြဲမြံ သည် ဖြစ်၍၊ ရန်သူ တို့ ဥ္ဒ အားမ ရမှီတိုင်အောင်၊ ကြောက်ခြင်း နှင့် လွတ်လိမ့်မည်။ ၉ သူသည် စွန့်ကြဲ ပြီ။ ဆင်းရဲ သောသူတို့ အား ပေးကမ်း ပြီ။ သူ ၏ ဖြောင့်မတ် ခြင်းသည် အစဉ် အမြဲတည် တတ်၏။ သူ ၏ဦးချို သည် ဂုဏ် အသရေနှင့် ချီးမြှင့် ခြင်း ရှိလိမ့်မည်။ ၁၀ မ တရားသောသူတို့သည် မြင် ၍ ၊ နာကြင် သောစိတ် ရှိကြလိမ့်မည်။ အံသွား ခဲကြိတ်၍ ပိန်ချုံး ကြလိမ့်မည်။ မ တရားသောသူတို့၏ အလို သည် ပျက်စီး ရလိမ့်မည်။

၁၁၃ ထာဝရဘုရား ၏ ကျွန် တော်တို့၊ ထာဝရဘုရား ၏နာမတော် ကို ချီးမွမ်း ကြလော့။ ချီးမွမ်း ကြလော့။ ၂ ထာဝရဘုရား ၏ နာမတော် သည် ယခု မှစ၍ ၊ အစဉ် အဆက် မင်္ဂလာ ရှိစေသတည်း။ ၃ နေ ထွက် ရာမှ သည်

နေ ဝင် ရာတိုင်အောင် ၊ ထာဝရဘုရား ၏နာမတော် သည် ချီးမွမ်းဘွယ်ဖြစ်၏။ ၄ ထာဝရဘုရား သည် လူမျိုး တကာ တို့ အပေါ် ၌ဌင်း၊ ဘုန်း တော်သည် ကောင်းကင် အပေါ် ၌ဌင်း မြင့် တော်မူ၏။ ၅ ကိုယ်ကို ချီးမြှင့် ၍ ကျိန်းဝပ် တော်မူသော်လည်း၊ကိုယ်ကိုနှိမ့်ချ ၍ ၆ ကောင်းကင် အရာနှင့် မြေကြီး အရာတို့ကိုကြည့်ရှု တော်မူသော ငါ တို့၏ဘုရားသခင် ထာဝရဘုရား နှင့် အဘယ်သူ တူ သနည်း။ ၇ ဆင်းရဲ သောသူကို မြေမှုန့် ထဲ ကကြွ လျက်၊ ငတ်မွတ် သောသူကို နောက်ချေး ပုံထဲ က ချီးမြှောက် လျက်၊ ၈ မင်းသား တို့တွင် ၎င်း၊ မိမိ လူ တို့ကို အုပ်စိုး သော မင်းတို့တွင် ၎င်း နေရာ ပေးတော်မူ၏။ ၉ မြို သောမိန်းမသည် အိမ် ၌နေ ၍၊ ဝမ်းမြောက် သောစိတ်နှင့် သားဘွား ရသောအခွင့်ကိုပေး တော်မူ၏။ ဟာလေလုယ။” ဟာလေလုယ ဘုရားသခင် ဘုန်းကြီး ပါပေ ၏

၁၁၄ ဣသရေလ အမျိုး၊ ယာကုပ် အနွယ် သည် ရိုင်း သောလူမျိုး နေရာ အဲဂုတ္တု ပြည်က ထွက်သွား သောအခါ၊ ၂ ယုဒ အမျိုးသည် သန့်ရှင်း ရာဌာနတော်ဖြစ် ၏။ ဣသရေလ အမျိုးသည် နိုင်ငံ တော်ဖြစ်၏။ ၃ ပင်လယ် သည် မြင် ၍ ပြေး လေ၏။ ယော်ဒန် မြစ် လည်း နောက် သို့ လှည့် လေ၏။ ၄ တောင် ကြီးတို့သည် သိုး ကဲ့သို့ ၎င်း၊ တောင် ငယ်တို့သည် သိုးသငယ် ကဲ့သို့ ၎င်း ခုန် ကြ၏။ ၅ အချင်းပင်လယ် ၊ သင်ပြေး သည် အကြောင်း ၊ အချင်းယော်ဒန် မြစ်၊ သင်သည် နောက် သို့လှည့် သည်အကြောင်း၊ ၆ အချင်းတောင် ကြီးတို့၊ သင်တို့သည် သိုး ကဲ့သို့ ခုန် ကြသည်အကြောင်း၊ အချင်းတောင် ငယ်တို့၊ သင် တို့သည် သိုးသငယ် ကဲ့သို့ ခုန်ကြသည် အကြောင်း ကား အဘယ်သို့ နည်း။ ၇ အိုမြေကြီး ၊ အရှင် ၏မျက်နှာ တော်ရှေ့ ယာကုပ် အမျိုးကိုးကွယ်သော ဘုရား သခင်၏ မျက်နှာ တော်ရှေ့မှာ တုန်လှုပ် လျက်နေလော့။ ၈ ဘုရားသခင်သည် ကျောက် ကို ရေ ကန် ၊ မီး ကျောက်ကို စမ်းရေ တွင်းဖြစ်စေ တော်မူသတည်း။

၁၁၅ အကျွန်ုပ် တို့ ၌ ဘုန်းမ ရှိစေဘဲ၊ အို ထာဝရဘုရား ၊ အကျွန်ုပ် တို့ ၌ ဘုန်းမ ရှိစေဘဲ၊ ကိုယ်တော် ၏နာမ ၌ ကရုဏာ တော်နှင့် သစ္စာ တော်ကြောင့် ဘုန်း ရှိ ပါစေ သတည်း။ ၂ သူ တို့၏ ဘုရား သခင်သည် အဘယ် မှာရှိ သနည်းဟု တပါးအမျိုးသား တို့သည် အဘယ်ကြောင့် ဆို ရကြမည်နည်း။ ၃ ငါ တို့၏ ဘုရား သခင်သည် ကောင်းကင် ဘုံ၌ ရှိတော်မူ၏။ အလိုတော် ရှိသမျှ အတိုင်း ပြု တော်မူ၏။ ၄ သူ တို့၏ရုပ်တု များမူကား ငွေ လည်းဖြစ်၏။ ရွှေ လည်း ဖြစ်၏။ လူ လက် ဖြင့် လုပ် သောအရာပေတည်း။ ၅ ထို ရုပ်တုတို့ သည် နှုတ် ရှိ၍ စကား မ ပြောတတ်။ မျက်စိ ရှိ၍ မ မြင် တတ်။ ၆ နား ရှိ၍ မ ကြား တတ်။ နှာခေါင်း ရှိ၍ မ နမ်း တတ်။ ၇ လက် ရှိ၍ မ ကိုင် တတ်။ ခြေ ရှိ၍ မ သွား တတ်။ သူ တို့လည်ချောင်း ဖြင့် အသံ မ ပြုတတ်ပါတကား။ ၈ လုပ် သောသူတို့လည်း အတူတူ ပါတကား။ ၉ အို ဣသရေလ အမျိုး၊ ထာဝရဘုရား ကို ကိုးစား လော့။ ထာဝရဘုရားသည် ဣသရေလအမျိုးကို မစသောသူ၊ ကွယ်ကာ သောသူဖြစ်တော်မူ၏။ ၁၀ အိုအာရုန် အမျိုး အနွယ်၊ ထာဝရဘုရား ကို ကိုးစား လော့။ ထာဝရဘုရားသည် အာရုန်အမျိုးအနွယ်ကို မစ သောသူ၊ ကွယ်ကာ သောသူဖြစ် တော်မူ၏။ ၁၁ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူတို့၊ ထိုဘုရားကို ကိုးစား ကြလော့။ ထာဝရဘုရား သည် ထိုသို့ သောသူ တို့ ကို မစ သောသူ၊ ကွယ်ကာ သောသူဖြစ်

တော်မူ ၏။ ၁၂ ထာဝရဘုရား သည် ငါ တို့ကို အောက်မေ့ တော်မူ ၏။ ကောင်းကြီး ပေးတော်မူမည်။ ဣသရေလ အမျိုး ကို ကောင်းကြီး ပေးတော်မူမည်။ အာရုန် အမျိုး အနွယ်ကို ကောင်းကြီး ပေးတော်မူမည်။ ၁၃ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူ အကြီး အငယ် တို့ကို ကောင်းကြီး ပေးတော်မူမည်။ ၁၄ ထာဝရဘုရား သည် သင် တို့နှင့် သင် တို့သား မြေးတို့ ၌ မင်္ဂလာကို တိုးပွား စေတော်မူမည်။ ၁၅ သင် တို့သည် ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း သော ထာဝရဘုရား ကောင်းကြီး ပေးတော်မူသောသူ ဖြစ်ကြ၏။ ၁၆ ကောင်းကင် ကား၊ ထာဝရဘုရား ၏ ကောင်းကင် ဖြစ်၏။ မြေကြီး ကိုကား လူသား တို့အား ပေး တော်မူပြီ။ ၁၇ သေလွန် သောသူ၊ ငြိမ်း ရာထဲသို့ ဆင်း သောသူ ရှိသမျှ တို့သည် ထာဝရ ဘုရားကို မ ချီးမွမ်း ရကြ။ ၁၈ ငါ တို့မူကား ၊ ထာဝရ ဘုရားကို ယခု မှစ၍ အစဉ် အဆက် ကောင်းကြီး ပေးကြလေအံ့သတည်း။ ဟာလေလုယ။

၁၁၆ ထာဝရဘုရား သည် ငါ တောင်းပန် ခြင်း အသံ ကို ကြား ၍၊ ၂ ငါ့ ဘက်သို့ နား တော်ကိုလှည့် တော်မူသောကြောင့် ၊ ငါနှစ်သက် ၏။ ငါ အသက် ရှည်သမျှ ကာလ ပတ်လုံး၊ ထာဝရဘုရားကို ပဌနာ ပြုမည်။ ၃ သေခြင်း ကြိုး တို့သည် ငါ့ ကိုဝိုင်း ၍ မရဏာ နိုင်ငံဘေး တို့သည် ငါ့ ကို ဘမ်းမိ သဖြင့်၊ ဆင်းရဲ ဒုက္ခဝေဒနာ နှင့် ငါတွေ့ကြုံ ရ၏။ **(Sheol h7585)** ၄ ထိုအခါ အိုု ထာဝရဘုရား ၊ အကျွန်ုပ် အသက် ကို ကယ်နှုတ် တော်မူပါမည်အကြောင်း တောင်းပန်ပါ၏ဟု ထာဝရဘုရား ၏နာမတော် ကို ပဌနာ ပြု၏။ ၅ ထာဝရဘုရား သည် ကျေးဇူး ပြုတတ်သော သဘော၊ ဖြောင့်မတ် သော သဘောရှိတော်မူ၏။ ငါ တို့ ဘုရား သခင်သည် ကရုဏာ စိတ်ရှိတော်မူ၏။ ၆ ထာဝရဘုရား သည် မ လိမ္မာသောသူတို့ ကို စောင့်မ တော်မူ၏။ ငါသည် နှိမ့်ချ လျက်ရှိသောအခါ ကယ်တင် တော်မူ၏။ ၇ အိုငါ့ ဝိညာဉ် ၊ သင် ၏ငြိမ်ဝပ် ရာသို့ ပြန် လော့။ ထာဝရဘုရား သည် သင် ၌ ကျေးဇူး ပြုတော်မူပြီ။ ၈ ကိုယ်တော်သည် အကျွန်ုပ် အသက် ကို သေခြင်း မှ ၎င်း၊ အကျွန်ုပ် မျက်စိ ကို မျက်ရည် ကျခြင်းမှ ၎င်း၊ အကျွန်ုပ် ခြေ ကိုလည်း ထိမိ၍လဲ ခြင်းမှ ၎င်း ကယ်လွှတ် တော်မူပြီ။ ၉ သို့ ဖြစ်၍၊ အသက်ရှင် သောသူတို့၏ နေရာ တွင် ၊ ထာဝရဘုရား ရှေ့ တော်၌ ငါကျင့် ၍ နေရ၏။ ၁၀ ငါသည် အလွန် ညှိုးငယ် ခြင်းကို ခံရ၏ဟု မြွက် ဆိုသော်လည်း ၊ ယုံကြည် သောစိတ် ရှိသေး၏။ ၁၁ လူ အပေါင်း တို့သည် မုသာ ကို သုံးတတ်ကြ၏ဟု သတိလစ်လျက် ပြော မိ၏။ ၁၂ ငါ ၌ ထာဝရဘုရား ပြုတော်မူသောကျေးဇူး အလုံးစုံ တို့ကို အဘယ်သို့ ဆပ် ရမည်နည်း။ ၁၃ ကယ်တင် ခြင်းခွက် ဖလားကို ကိုင် ယူ၍ ၊ ထာဝရဘုရား ၏ နာမတော် ကို ပဌနာ ပြုမည်။ ၁၄ ထာဝရဘုရား အား သစ္စာ ဂတိထားသည် အတိုင်း၊ ထာဝရ ဘုရား၏ လူ များရှေ့ ၌ သစ္စာဝတ် ကို ဖြေမည်။ ၁၅ ထာဝရဘုရား ရှေ့ တော်၌ မိမိ သန့်ရှင်း သူတို့၏ သေ ခြင်းအရာသည် အဘိုး ကြီးလှ၏။ ၁၆ အိုု ထာဝရဘုရား ၊ အကျွန်ုပ် သည် ကိုယ်တော် ၏ ကျွန် မှန် ပါ၏။ ကိုယ်တော် ၏ ကျွန် မတွင် မြင်သောသား လည်း မှန်ပါ၏။ အကျွန်ုပ် ၌ အချည် အနှောင်ကို လွှတ် တော်မူပြီ။ ၁၇ ကျေးဇူး တော်ချီးမွမ်းရာ ယဇ် ကို ရှေ့ တော်၌ ပူဇော် ၍ ထာဝရဘုရား ၏ နာမ တော်ကို ပဌနာ ပြုမည်။ ၁၈ ထာဝရဘုရား အား သစ္စာ ဂတိထားသည်

အတိုင်း၊ ၁၉ အိုယေရှရှလင် မြို့၊ သင် ၏အလယ် မှာ ထာဝရဘုရား ၏ အိမ် တော်တန်တိုင်း အတွင်းတွင် ၊ ထာဝရ ဘုရား ၏ လူ များရှေ့၌ သစ္စာဝတ် ကို ဖြေပါမည်။ ဟာလေလုယ။

၁၁၇ လူမျိုး အပေါင်း တို့၊ ထာဝရဘုရား ကို ချီးမွမ်း ကြလော့။ လူ အနွယ်အပေါင်း တို့၊ အလွန်ချီးမွမ်း ကြလော့။ ၂ အကြောင်း မူကား၊ ငါ တို့ ၌ ကရုဏာ တော်ကြီးလှ ၏။ ထာဝရဘုရား ၏ သစ္စာ တော်သည် အစဉ် အမြဲတည် ၏။ ဟာလေလုယ။

၁၁၈ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍ ၊ ကရုဏာ တော် အစဉ် အမြဲတည် သောကြောင့် ၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၂ ကရုဏာ တော် အစဉ် အမြဲတည်သည်ဟု ဣသရေလ အမျိုး ဝန်ခံ စေ။ ၃ ကရုဏာ တော် အစဉ် အမြဲတည်သည်ဟု အာရုန် အနွယ် ဝန်ခံ စေ။ ၄ ကရုဏာ တော် အစဉ် အမြဲတည်သည်ဟု ထာဝရဘုရား ကို ကြောက်ရွံ့ သောသူတို့ သည် ဝန်ခံ ကြစေ။ ၅ ငါသည် ကျဉ်းမြောင်း ရာထဲက ထာဝရ ဘုရားကို ခေါ် ၍၊ ထာဝရ ဘုရားသည် ကျယ်ဝန်း သော အရပ်ထဲသို့ သွင်း တော်မူ၏။ ၆ ထာဝရဘုရား သည် ငါ့ ဘက် မှာ ရှိတော်မူသည် ဖြစ်၍ကြောက် စရာမ ရှိ။ လူ သည် ငါ ၌ အဘယ်သို့ ပြု နိုင်သနည်း။ ၇ ထာဝရဘုရား သည် ငါ့ ဘက် ၌ မစ တော်မူသည် ဖြစ်၍ ၊ ငါ့ ကို မုန်း သောသူတို့ ၌ ငါ့ အလို ပြည့်စုံလိမ့်မည်။ ၈ ထာဝရဘုရား ၌ ခိုလှုံ ခြင်းသည်၊ လူ ကို ကိုးစား ခြင်းထက် သာ၍ကောင်း ၏။ ၉ ထာဝရဘုရား ၌ ခိုလှုံ ခြင်းသည် မင်း ကို ကိုးစား ခြင်းထက် သာ၍ကောင်း ၏။ ၁၀ လူမျိုး အပေါင်း တို့သည် ငါ့ ကိုဝိုင်း ကြသော်လည်း၊ ထာဝရဘုရား ၏ နာမတော် အားဖြင့် သူ တို့ကို ပယ် ဖြတ် ရ၏။ ၁၁ ငါ့ ကိုဝိုင်း ကြ၏။ ဝိုင်း ကြသော်လည်း ၊ ထာဝရဘုရား ၏ နာမတော် အားဖြင့် သူ တို့ကို ပယ် ဖြတ်ရ၏။ ၁၂ ပျား များကဲ့သို့ ငါ့ ကိုဝိုင်း ၍ အုံကြသော်လည်း၊ ဆူး ပင်ကို လောင်သော မီး ကဲ့သို့ ငြိမ်း ကြ၏။ ထာဝရဘုရား ၏ နာမတော် အားဖြင့် သူ တို့ကို ပယ် ဖြတ်ရ၏။ ၁၃ သင်သည် ငါ့ ကိုလဲ့ ခြင်းငှါ ပြင်းထန်စွာ တွန်း သော်လည်း ၊ ထာဝရဘုရား သည် ငါ့ ကိုမစ တော်မူ၏။ ၁၄ ထာဝရ ဘုရားသည် ငါ ၏အစွမ်း သတ္တိ၊ ငါသီချင်း ဆိုရာအကြောင်း ၊ ငါ့ ကို ကယ်တင် ခြင်းအကြောင်း ဖြစ် တော်မူ၏။ ၁၅ ဖြောင့်မတ် သောသူတို့ ၏ နေရာ ၌ ဝမ်းမြောက် ခြင်းအသံနှင့် ကယ်တင် ခြင်းအသံ ရှိ၏။ ထာဝရဘုရား ၏ လက်ျာ လက်တော်သည် ကြီး သောအမှုကိုပြု ၏။ ၁၆ ထာဝရဘုရား ၏ လက်ျာ လက်တော်သည် ချီးမြှင့် လျက်ရှိ၏။ ထာဝရဘုရား ၏ လက်ျာ လက်တော် သည် ကြီး သောအမှုကိုပြု ၏။ ၁၇ ငါမ သေ ရသေး။ အသက်ရှင် ၍ ထာဝရ ဘုရား ၏ အမှုတော် တို့ကို ကြား ပြောရဦးမည်။ ၁၈ ထာဝရ ဘုရားသည် ငါ့ ကိုကျပ်တည်းစွာ ဆုံးမ သော်လည်း ၊ သေ ခြင်း၌ အပ် တော်မ မူသေး။ ၁၉ ဖြောင့်မတ် ခြင်းတံခါး တို့ကို ငါ့ အား ဖွင့် ကြ။ ငါဝင် ၍ ထာဝရ ဘုရား၏ဂုဏ်တော်ကို ချီးမွမ်း ရမည်။ ၂၀ ဤ တံခါးသည် ထာဝရဘုရား ၏ တံခါး ဖြစ်၏။ ဖြောင့်မတ် သောသူတို့ သည် ဝင် ရကြ၏။ ၂၁ ကိုယ်တော် ကို အကျွန်ုပ် ချီးမွမ်း ပါမည်။ အကြောင်း မူကား၊ ကိုယ်တော်သည် အကျွန်ုပ် ၏ စကား ကို နားထောင် ၍ ၊ အကျွန်ုပ် ကို ကယ်တင် တော်မူ၏။ ၂၂ တိုက်ကို တည်လုပ် သော သူများပယ်

ထားသော ကျောက် သည် နောက်တဖန် တိုက်ထောင့် အထွဋ်ရှုံး ဖျားသို့ ရောက် ပြန်၏။ ၂၃ ထို အမှုသည် ထာဝရဘုရား ပြုတော်မူသောအမှုဖြစ် ၏။ ငါ တို့ မျက်မှောက် ၌ လည်း အံ့သြ ဘွယ်ဖြစ်၏။ ၂၄ ဤ နေ့ရက် သည် ထာဝရဘုရား စီရင် တော်မူသော နေ့ရက်ဖြစ်၍၊ ယနေ့ဝမ်းမြောက် ရွှင်လန်း ကြကုန် အံ့။ ၂၅ အို ထာဝရဘုရား၊ ကယ်တင် တော်မူပါဟု တောင်းပန်ပါ၏။ အို ထာဝရဘုရား၊ ကောင်းကြီး မင်္ဂလာကို ပေးတော်မူပါဟု တောင်းပန်ပါ၏။ ၂၆ ထာဝရဘုရား ၏အခွင့် နှင့် ကြွလာ သောသူသည် မင်္ဂလာ ရှိစေသတည်း။ ထာဝရဘုရား ၏ အိမ် တော် ထဲက အကျွန်ုပ်တို့သည် ကိုယ်တော် ကို ကောင်းကြီး ပေးကြပါ၏။ ၂၇ ထာဝရဘုရား သည် ဘုရား သခင်ဖြစ်၍ ၊ ငါ တို့ ၌ ရောင်ခြည် တော်ကို လွှတ်တော်မူ၏။ ယဇ် တင်ရန် အကောင်ကို ယဇ် ပလ္လင်ဦးချို ၌ ကြိုး နှင့် ချည် ကြလော့။ ၂၈ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား ဖြစ်တော်မူ၍ ၊ ကိုယ်တော် ကို ချီးမွမ်း ပါမည်။ အကျွန်ုပ် ၏ဘုရား ဖြစ်တော်မူ၍၊ ကိုယ်တော် ကို ချီးမြှောက် ပါမည်။ ၂၉ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍ ၊ ကရုဏာ တော် အစဉ် အမြဲတည်သောကြောင့် ၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။

၁၁၉ ထာဝရဘုရား ၏ တရား လမ်း ၌ မ လွဲမတိမ်း၊ လိုက်သွား သောသူတို့ သည် မင်္ဂလာ ရှိကြ၏။ ၂ သက်သေခံ တော်မူချက်တို့ကို စောင့် ၍၊ ကိုယ်တော် ကို စိတ် နှလုံးအကြွင်းမဲ့ ရှာ သောသူတို့ သည် မင်္ဂလာ ရှိကြ၏။ ၃ ထိုသူတို့သည် ဒုစရိုက် ကိုမ ပြု ၊ လမ်းခရီး တော်၌ လိုက်သွား တတ်ကြ၏။ ၄ အကျွန်ုပ်တို့သည် ကြိုးစား၍ ကျင့် ဘို့ရာ ၊ ကိုယ်တော် သည် ဩဝါဒ ပေး တော်မူပြီ။ ၅ ကိုယ်တော် ၏ အထုံးအဖွဲ့ များကို စောင့် နိုင်မည် အကြောင်း ၊ အကျွန်ုပ် သည် လမ်း ဖြောင့် ပါစေသော။ ၆ အကျွန်ုပ် သည် ပညတ် တော် အလုံးစုံ တို့ကို ထောက်ထား သောအခါ ၊ ရှက်ကြောက် ခြင်းနှင့် ကင်းလွတ် ရပါ၏။ ၇ ဖြောင့်မတ် စွာ စီရင် တော်မူချက်များကို အကျွန်ုပ် လေ့ကျက် ပြီးမှ ၊ ဂုဏ်တော်ကို ဖြောင့် သော သဘော နှင့် ချီးမွမ်း ပါမည်။ ၈ ကိုယ်တော် ၏ အထုံးအဖွဲ့ များကို စောင့် ပါမည်။ အကျွန်ုပ် ကို ရှင်းရှင်း စွန့်ပစ် တော် မ မူပါနှင့်။ ၉ လူပျိုု သည် မိမိ သွားသောလမ်း ကို အဘယ်သို့ သန့်ရှင်း စေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ် တော် အတိုင်း သတိ ပြုရမည်။ ၁၀ အကျွန်ုပ် သည် ကိုယ်တော် ကို စိတ် နှလုံးအကြွင်းမဲ့ ရှာ ပါ၏။ ပညတ် တော်လမ်း မှ လွဲစေတော်မ မူပါနှင့်။ ၁၁ ကိုယ်တော် ကို မ ပြစ်မှား ဘဲ နေနိုင်မည် အကြောင်း ၊ ဗျာဒိတ် တော်ကို နှလုံး ထဲ မှာ သိုထား ပါပြီ။ ၁၂ အို ထာဝရဘုရား ၊ ကိုယ်တော် သည် မင်္ဂလာ ရှိတော်မူ ၏။ အထုံးအဖွဲ့ တော်တို့ကို အကျွန်ုပ် ၌ သွန်သင် တော်မူပါ။ ၁၃ စီရင် တော်မူရာ နှုတ် တော်ထွက် အလုံးစုံ တို့ကို အကျွန်ုပ် သည် ကိုယ်နှုတ် နှင့် ဟောပြော ပါ၏။ ၁၄ ခပ်သိမ်း သော စည်းစိမ် ဥစ္စာကို ရဘိသကဲ့သို့ ၊ သက်သေခံ တော်မူရာလမ်း ၌ ဝမ်းမြောက် ပါ၏။ ၁၅ ပေးတော်မူသောဩဝါဒ ကို ဆင်ခြင် ၍ လမ်း ခရီး တော်တို့ကို ကြည့်ရှု ပါ၏။ ၁၆ အထုံးအဖွဲ့ တော်တို့ ၌ မွေ့လျော် ပါ၏။ နှုတ် ကပတ် တော်ကို မ မှတ်ဘဲမ နေပါ။ ၁၇ ကိုယ်တော် ၏ ကျွန် သည် အသက်ရှင် ၍ ၊ နှုတ်ကပတ် တော်ကို စောင့် နိုင်ပါမည်အကြောင်း ၊ ကျေးဇူး ပြုတော်မူပါ။ ၁၈ တရား တော်၌ အံ့ဘွယ် သောအရာတို့ကို မြင် နိုင် ပါမည်အကြောင်း ၊ အကျွန်ုပ် ၏မျက်စိ တို့ကို ဖွင့် တော်မူပါ။ ၁၉ အကျွန်ုပ် သည် မြေကြီး ပေါ် မှာ ဧည့်သည် ဖြစ်ပါ ၏။

ပညတ် တော်တို့ကို ဝှက်ထား တော်မ မူပါနှင့်။ ၂၀ စီရင် တော်မူချက်တို့ကို အစဉ် မပြတ်တောင့်တ သောအားဖြင့် ၊ အကျွန်ုပ် ၏ စိတ် နှလုံးကြေကွဲ လျက် ရှိပါ၏။ ၂၁ မာနကြီး သောသူနှင့် ပညတ် တော်တို့ကို လွန်ကျူး ၍၊ အကျိန် ခံရသောသူတို့ ကို ကိုယ်တော်ဆုံးမ တော်မူ၏။ ၂၂ အကျွန်ုပ်သည် သက်သေခံ တော်မူချက်တို့ကို စောင့် ပါသည် ဖြစ်၍ ၊ ကဲ့ရဲ့ ခြင်း၊ မထီမဲ့မြင် ပြုခြင်းနှင့် ကင်းလွတ် စေတော်မူပါ။ ၂၃ မင်း တို့သည် အကျွန်ုပ် တဘက် ၌ ထိုင် ၍ ပြော ကြ ပါ၏။ ကိုယ်တော် ၏ ကျွန် မူကား၊ အထုံးအဖွဲ့ တော်တို့ကို ဆင်ခြင် လျက်နေပါ၏။ ၂၄ သက်သေခံ တော်မူချက်တို့သည် အကျွန်ုပ် မွေ့လျော် ရာ၊ အကျွန်ုပ် တိုင်ပင် ရာ ဖြစ်ကြပါ၏။ ၂၅ အကျွန်ုပ် ၏ အသက် သည် မြေမှုန့် ၌ မှီဝဲ လျက် ရှိပါ၏။ နှုတ်ကပတ် တော်အတိုင်း အသက်ရှင် စေတော်မူပါ။ ၂၆ အကျွန်ုပ်သည် ကိုယ် အကျင့် တို့ကိုဘော်ပြ ၍ ၊ ကိုယ်တော်သည် နားထောင် တော်မူပြီ။ အထုံးအဖွဲ့ တော် တို့ကို အကျွန်ုပ် ၌ သွန်သင် တော်မူပါ။ ၂၇ ပေးတော်မူသောသြဝါဒ လမ်း ကို အကျွန်ုပ် နားလည် စေတော်မူပါ။ သို့ပြုလျှင် အံ့ဘွယ် သော အမှုတော် တို့ကို ဆင်ခြင် အောက်မေ့ပါမည်။ ၂၈ အကျွန်ုပ် ဝမ်းနည်း ခြင်းအားဖြင့် စိတ် နှလုံးအရည် ယိုလျက် ရှိပါ၏။ နှုတ်ကပတ် တော်အတိုင်း တည်ကြည် စေတော်မူပါ။ ၂၉ မုသာ လမ်း ကို အကျွန်ုပ် ရှောင် ပါမည် အကြောင်း ၊ ကယ်မ ၍တရား တော်ကိုပေး သနားတော်မူ ပါ။ ၃၀ သစ္စာ လမ်း ကို အကျွန်ုပ်ခွေး ပါပြီ။ စီရင် တော်မူချက်တို့ကို အကျွန်ုပ်ရှေ့မှာထား ပါပြီ။ ၃၁ သက်သေခံ တော်မူချက်တို့ ၌ မှီဝဲ ပါပြီ။ အို ထာဝရဘုရား ၊ အရှက်ကွဲ စေတော်မ မူပါနှင့်။ ၃၂ အကျွန်ုပ် ဉာဏ် ကို ပွင့် စေတော်မူသည်ဖြစ်၍ ၊ ပညတ် တော်လမ်း သို့ အလျင် အမြန်လိုက်ပါမည်။ ၃၃ အို ထာဝရဘုရား ၊ အထုံးအဖွဲ့ တော်လမ်း ကို အကျွန်ုပ် အား သွန်သင် တော်မူပါ။ အဆုံး တိုင်အောင်လိုက် သွားပါမည်။ ၃၄ ဉာဏ် ကိုပေး တော်မူပါ။ တရား တော်ကို စောင့် ပါမည်။ စိတ် နှလုံးအကြွင်းမဲ့ စောင့် ပါမည်။ ၃၅ ပညတ် တော်လမ်း ၌ အကျွန်ုပ် ကို ပို့ဆောင် တော်မူ ပါ။ ထို လမ်း ကို နှစ်သက် ပါ၏။ ၃၆ အကျွန်ုပ် စိတ် နှလုံးကို လောဘ ဘက် သို့မဟုတ် ၊ သက်သေခံ တော်မူချက်တို့ ဘက်သို့ ဆွဲ တော်မူပါ။ ၃၇ အနတ္တ ကို ပမာဏ မပြုစေခြင်းငှါ အကျွန်ုပ် မျက်စိ ကို အခြားသို့ လွှဲ တော်မူပါ။ လမ်းခရီး တော်၌ အကျွန်ုပ် အသက်ရှင် စေတော်မူပါ။ ၃၈ ကိုယ်တော် ကို ကြောက်ရွံ့ သော ကိုယ်တော် ၏ ကျွန် ၌ ဗျာဒိတ် တော်ကို တည် စေတော်မူပါ။ ၃၉ အကျွန်ုပ် ကြောက် သော ကဲ့ရဲ့ ခြင်းကို ပယ် ပျောက်စေတော်မူပါ။ စီရင် တော်မူချက်တို့သည် ကောင်းမွန် ကြပါ၏။ ၄၀ ပေးတော်မူသောသြဝါဒ များကို တောင့်တ ပါ၏။ ဖြောင့်မတ် ခြင်းတရားတော်အားဖြင့် အကျွန်ုပ် ကို အသက်ရှင် စေတော်မူပါ။ ၄၁ အို ထာဝရဘုရား ၊ ဗျာဒိတ် တော်အတိုင်း ကရုဏာ တော်တည်းဟူသောကယ်တင် တော်မူခြင်း ကျေးဇူးတော်သည် အကျွန်ုပ် ၌ ရောက် ပါစေသော။ ၄၂ ထိုသို့ အကျွန်ုပ်သည် နှုတ်ကပတ် တော်ကို ကိုးစား သည်ဖြစ်၍ ၊ ကဲ့ရဲ့ သောသူ ၏စကား ကို ချေ စရာ အကြောင်းရှိရပါလိမ့်မည်။ ၄၃ စီရင် တော်မူချက်တို့ကို အကျွန်ုပ် မြော်လင့် သည် ဖြစ်၍ ၊ အကျွန်ုပ် ၏ နှုတ် ထဲက သစ္စာ စကား ကို အလျှင်း ရုပ်သိမ်း တော်မ မူပါနှင့်။ ၄၄ ကိုယ်တော် ၏တရား ကို မ ခြားမလပ် အစဉ်အမြဲ ကျင့်စောင့် ပါမည်။ ၄၅ ပေးတော်မူသောသြဝါဒ များကို အကျွန်ုပ်ရှာဖွေ မေးမြန်းသည်ဖြစ်၍ ၊ အဆီးအတား မရှိဘဲ

သွား လာရ ပါ၏။ ၄၆ သက်သေခံ တော်မူချက်တို့ကို မင်း များထံမှာ ပြန်ပြော ၍ ၊ ရှက်ကြောက် ခြင်းနှင့်ကင်းလွတ် ပါလိမ့်မည်။ ၄၇ အကျွန်ုပ်သည် နှစ်သက် သော ပညတ် တော်တို့ ၌ မွေ့လျော် ပါမည်။ ၄၈ နှစ်သက် သော ပညတ် တော် တို့အား လက် တို့ကို ချီ ၍ ၊ အထုံးအဖွဲ့ တော်တို့ကို ဆင်ခြင် အောက်မေ့ပါမည်။ ၄၉ အကျွန်ုပ် မြော်လင့် စရာအကြောင်း ၊ ကိုယ်တော် ၏ကျွန် ၌ ထားတော်မူသောနှုတ်ကပတ် တော်ကို အောက်မေ့ တော်မူပါ။ ၅၀ ဗျာဒိတ် တော်အားဖြင့် အကျွန်ုပ် အသက်ရှင် သည် ဖြစ်၍၊ ဆင်းရဲ ကိုခံရစဉ်တွင် ၊ ထို နှုတ်ကပတ်တော်သည် အကျွန်ုပ် သက်သာ စရာအကြောင်းဖြစ်ပါ၏။ ၅၁ မာနကြီး သောသူတို့သည် အကျွန်ုပ် ကို အလွန် ကဲ့ရဲ့ သော်လည်း၊ ကိုယ်တော် ၏ တရား လမ်းကို အကျွန်ုပ် မ ရှောင် ပါ။ ၅၂ အို ထာဝရဘုရား ၊ ရှေး ကာလ၌ စီရင် တော်မူချက်တို့ကို အကျွန်ုပ် အောက်မေ့ ၍ ၊ ကိုယ်ကိုကိုယ်နှစ်သိမ့် စေပါ၏။ ၅၃ တရား တော်ကို စွန့်ပယ် သော အဓမ္မ လူတို့ ကြောင့် ၊ အကျွန်ုပ် ၌ ပူလောင် သောစိတ် စွဲလန်း လျက် ရှိပါ၏။ ၅၄ အကျွန်ုပ် ဧည့်သည် နေရာအိမ် တွင် အထုံးအဖွဲ့ တော်တို့သည် အကျွန်ုပ် သီချင်း ဆိုရာအကြောင်း ဖြစ် ကြပါ၏။ ၅၅ အို ထာဝရဘုရား ၊ ည၌ အချိန်၌ နာမတော် ကို အကျွန်ုပ် အောက်မေ့ ၍ တရား တော်ကို စောင့် ပါ၏။ ၅၆ ပေးတော်မူသောဩဝါဒ များကို နားထောင် သောအားဖြင့် အား ရပါ၏။ ၅၇ အို ထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ၏ အဘို့ ဖြစ်တော်မူ၏။ နှုတ်ကပတ် စကားတော်တို့ကို နားထောင် ပါမည်ဟု အကျွန်ုပ်ပြော ထားပါပြီ။ ၅၈ ကျေးဇူးတော်ကိုခံရပါမည်အကြောင်း၊ ကိုယ်တော်ကို စိတ် နှလုံးအကြွင်းမဲ့ တောင်းပန် ပါ၏။ ဗျာဒိတ် တော်အတိုင်း အကျွန်ုပ် ကို သနား တော်မူပါ။ ၅၉ ကိုယ် လိုက်ရာလမ်း ကို ဆင်ခြင် သောအခါ ၊ သက်သေခံ တော်မူချက်တို့သို့ လှည့် ၍လိုက် ပါ၏။ ၆၀ ပညတ် တော်တို့ကို စောင့် ခြင်းငှါ မ ဖင့် မ၌ အလျင် အမြန်ပြုပါ၏။ ၆၁ မ တရားသောသူ အစည်း အဝေးတို့သည် အကျွန်ုပ် ကိုဝိုင်း ကြသော်လည်း၊ အကျွန်ုပ်သည် တရား တော်ကို မ မေ့ မလျော့ပါ။ ၆၂ တရား သဖြင့် စီရင် တော်မူချက်တို့ကိုထောက် ၍ ၊ ဂုဏ်တော်ကို ချီးမွမ်း ခြင်းငှါ ၊ သန်းခေါင် အချိန်၌ အကျွန်ုပ် ထ တတ်ပါ၏။ ၆၃ ကိုယ်တော် ကို ကြောက်ရွံ့ သောသူ၊ ပေးတော်မူသော ဩဝါဒ ကို နားထောင် သောသူရှိသမျှ တို့နှင့် အကျွန်ုပ် ပေါင်းဘော် တတ်ပါ၏။ ၆၄ အိုထာဝရဘုရား ၊ မြေကြီး သည် ကရုဏာ တော် နှင့်ပြည့်ဝ ပါ၏။ အထုံးအဖွဲ့ တော်တို့ကို အကျွန်ုပ် ၌ သွန်သင် တော်မူပါ။ ၆၅ အိုထာဝရဘုရား ၊ နှုတ်ကပတ် တော်အတိုင်း ကိုယ်တော် ၏ကျွန် ၌ ကျေးဇူး ပြု တော်မူ၏။ ၆၆ ပညတ် တော်တို့ကို အကျွန်ုပ် ယုံကြည် သည် ဖြစ်၍ ၊ ကောင်း သော ဉာဏ် နှင့် ပညာ တော်အတတ်ကို သွင်း ပေးတော်မူပါ။ ၆၇ အကျွန်ုပ် သည် ဆင်းရဲ မ ခံမီလမ်း လွဲပါ၏။ ယခု မူကား ၊ ဗျာဒိတ် တော်အတိုင်း ကျင့်စောင့် ပါ၏။ ၆၈ ကိုယ်တော် သည် ကောင်း သောသဘော၊ ကျေးဇူး ပြုတတ်သော သဘောရှိတော်မူ၏။ အထုံးအဖွဲ့ တော်တို့ကို အကျွန်ုပ် ၌ သွန်သင် တော်မူပါ။ ၆၉ မာနကြီး သောသူတို့ သည် အကျွန်ုပ် တဘက် ၌ မုသာ စကားကို ကြဲစည်သော်လည်း၊ ကိုယ်တော်၏ ဥပဒေသ များကို စိတ် နှလုံးအကြွင်းမဲ့ ကျင့် ပါ၏။ ၇၀ သူ တို့နှလုံး သည် ဆီဥ ကဲ့သို့ ခဲ လျက်ရှိ၏။ အကျွန်ုပ် မူကား၊ ကိုယ်တော် ၏တရား ၌ မွေ့လျော် ပါ၏။ ၇၁ အထုံးအဖွဲ့ တော်တို့ကို သွန်သင် စေခြင်းငှါ ၊ အကျွန်ုပ် ဆင်းရဲ ခံရသော ကျေးဇူး

သည် ကြီးပါ၏။ ၂၂ နှုတ် တော်ထွက် တရား တော်သည် ရွှေ ငွေ အထောင် အသောင်းထက်မက ၊ အကျွန်ုပ် ၌ သာ၍ကောင်း ပါ၏။ ၂၃ ကိုယ်တော် ၏ လက် တို့သည် အကျွန်ုပ် ကို ဖန်ဆင်း ၍ ၊ ပုံ သဏ္ဌာန်ကိုပေးတော်မူပြီ။ ပညတ် တော် တို့ကို အကျွန်ုပ်သင် နိုင်သော ဉာဏ် နှင့် ပြည့်စုံစေတော်မူပါ။ ၂၄ နှုတ်ကပတ် တော်ကို အကျွန်ုပ် မြော်လင့် သောကြောင့် ၊ ကိုယ်တော် ကို ကြောက်ရွံ့ သောသူတို့သည် အကျွန်ုပ် ကို မြင် ၍ ဝမ်းမြောက် ကြပါလိမ့်မည်။ ၂၅ အို ထာဝရဘုရား ၊ စီရင် တော်မူချက်တို့သည် ဟုတ်မှန် ကြောင်း ကိုငင်း ၊ သစ္စာ တော်နှင့်အညီအကျွန်ုပ် ကို ဆင်းရဲ စေတော်မူကြောင်းကိုငင်းအကျွန်ုပ်သိ ပါ၏။ ၂၆ ကိုယ်တော် ၏ ကျွန် ၌ မိန့် တော်မူချက်အတိုင်း ၊ ကရုဏာ တော်သည် အကျွန်ုပ် ကို ချမ်းသာ ပေးပါ စေသော ဟု ဆုတောင်းပါ၏။ ၂၇ ကိုယ်တော် ၏ တရား သည် အကျွန်ုပ် မွေ့လျော် ရာဖြစ်ပါ၏။ ထိုကြောင့် အကျွန်ုပ်အသက်ရှင် မည် အကြောင်း ၊ သနား စုံမက်တော်မူခြင်းသည် သက်ရောက် ပါစေသော။ ၂၈ မာနကြီး သောသူတို့ သည် ရှက်ကြောက် ကြ ပါစေသော။ အကြောင်း မရှိဘဲ အကျွန်ုပ် ၌ မ တရားသဖြင့် ပြုကြပါပြီ။ အကျွန်ုပ် မူကား ကိုယ်တော် ၏ ဥပဒေသ များကို ဆင်ခြင် အောက်မေ့ပါမည်။ ၂၉ ကိုယ်တော် ကို ကြောက်ရွံ့ သောသူ၊ သက်သေ ခံ တော်မူချက်တို့ကို သိ သောသူတို့သည် အကျွန်ုပ် ထံသို့ လှည့် ကြပါစေသော။ ၃၀ ရှက်ကြောက် ခြင်းနှင့် ကင်းလွတ် မည် အကြောင်း ၊ အကျွန်ုပ် နှလုံး သည် အထုံးအဖွဲ့ တော်တို့ ၌ စုံလင် ပါစေသော။ ၃၁ အကျွန်ုပ် ၏ ဝိညာဉ် သည် ကယ်တင် တော်မူခြင်း ကျေးဇူးကို တောင့်တလျက်နှင့် ခွန်အား လျော့ပါ၏။ သို့သော်လည်း၊ နှုတ်ကပတ် တော် ကိုမြော်လင့် ပါ၏။ ၃၂ အကျွန်ုပ် ကို အဘယ် ကာလမှ ချမ်းသာ ပေး တော်မူပါမည်နည်းဟူ၍၊ အကျွန်ုပ် မျက်စိ တို့သည် ဗျာဒိတ် တော်ကို မြော်လင့်လျက်အား ကုန်ပါ၏။ ၃၃ မီးခိုး ၌ ရှိသောသားရေ ဘူးကဲ့သို့ အကျွန်ုပ်ဖြစ် ပါ ၏။ သို့သော်လည်း၊ အထုံးအဖွဲ့ တော်တို့ကို မ မေ့ မလျော့ပါ။ ၃၄ ကိုယ်တော် ၏ ကျွန် နေရသော နေ့ရက် ကာလ အဘယ် မျှလောက်ကြာရပါမည်နည်း။ အကျွန်ုပ် ကို ညှဉ်းဆဲ သောသူတို့အား ၊ အဘယ် ကာလမှ တရား ဆုံးဖြတ် တော်မူမည်နည်း။ ၃၅ မာနကြီး သောသူ၊ ကိုယ်တော် ၏ တရား ကို လွန်ကျူးသောသူတို့ သည် အကျွန်ုပ် အတို့ တွင်း များကို တူး ကြပါပြီ။ ၃၆ အလုံးစုံ သော ပညတ် တော်တို့သည် သစ္စာ နှင့် ပြည့်စုံကြပါ၏။ သူတပါးတို့သည် အကြောင်း မရှိဘဲ အကျွန်ုပ် ကိုညှဉ်းဆဲ ကြသည် ဖြစ်၍၊ မစ တော်မူပါ။ ၃၇ သူတို့သည် အကျွန်ုပ် ကို မြေကြီး ပေါ် က သုတ်သင် ပယ်ရှင်းလု ပါပြီ။ သို့သော်လည်း ၊ ကိုယ်တော် ၏ ဥပဒေသ များကို အကျွန်ုပ် မ စွန့် ပါ။ ၃၈ ကရုဏာ တော်ရှိသည်အတိုင်း အကျွန်ုပ် ကို အသက်ရှင် စေတော်မူပါ။ နှုတ် တော်ထွက် ဗျာဒိတ် တော် ကို စောင့် ပါမည်။ ၃၉ အိုထာဝရဘုရား ၊ နှုတ်ကပတ် တော်သည် ကောင်းကင် ဘုံ၌ အစဉ် အမြဲတည် ပါ၏။ ၄၀ သစ္စာ တော်သည် လူမျိုး အဆက်ဆက်မြဲမြံပါ၏။ မြေကြီး ကို တည် စေတော်မူသဖြင့် ၊ သူသည်အမြဲ နေပါ၏။ ၄၁ ခပ်သိမ်း သောအရာတို့သည် ကိုယ်တော် ၏ ကျွန် ဖြစ်၍ စီရင် တော်မူသည်နှင့်အညီ ၊ ယနေ့ တိုင်အောင်အမြဲ နေကြပါ၏။ ၄၂ အကျွန်ုပ် သည် ကိုယ်တော် ၏ တရား ၌မွေ့လျော် ခြင်းမ ရှိလျှင်၊ အထက်က ဆင်းရဲ ခံစဉ် ပျက်စီး ပါပြီ။ ၄၃ ကိုယ်တော် ၏ ဥပဒေ များကို အစဉ် မ မေ့ မလျော့နိုင်ပါ။ အကြောင်း မူကား၊ ထို ဥပဒေသများအားဖြင့် ၊ အကျွန်ုပ် ကို

အသက်ရှင် စေ တော်မူ၏။ ၉၄ အကျွန်ုပ် သည် ကိုယ်တော် ၏ ကျွန်ဖြစ်ပါ၏။ ကိုယ်တော် ၏ ဥပဒေသ များကို ရှာဖွေ လိုက်စစ်သောကြောင့် အကျွန်ုပ် ကို ကယ်တင် တော်မူပါ။ ၉၅ အကျွန်ုပ် ကို ဖျက်ဆီး ခြင်းငှါ ၊ မ တရားသောသူတို့ သည် စောင့် လျက်နေကြပါ၏။ သို့သော်လည်း ၊ သက်သေခံ တော်မူချက်တို့ကို အကျွန်ုပ်ဆင်ခြင် အောက်မေ့ ပါမည်။ ၉၆ ခပ်သိမ်း သော စုံလင် ခြင်း၏ အဆုံး ကို အကျွန်ုပ် မြင် ပါပြီ။ ပညတ် တရားတော်မူကား၊ အလွန် ကျယ်ဝန်း ပါ၏။ ၉၇ ကိုယ်တော် ၏တရား ကို အကျွန်ုပ်သည် အလွန် နှစ်သက် ပါ၏။ တနေ့လုံး ဆင်ခြင် အောက်မေ့လျက် နေပါ၏။ ၉၈ ပညတ် တရားတော်သည် အကျွန်ုပ် ၏ ရန်သူ တို့ ထက် ၊ အကျွန်ုပ် ကိုသာ၍ ပညာရှိစေပါ၏။ ပညတ် တရား တော်သည် အကျွန်ုပ် ၌ အစဉ် တည်ပါ၏။ ၉၉ သက်သေခံ တော်မူချက်တို့ကို အကျွန်ုပ် သည် ဆင်ခြင် အောက်မေ့သောကြောင့် ၊ အကျွန်ုပ် ၏ ဆရာ အပေါင်း တို့ထက် သာ၍နားလည် ပါ၏။ ၁၀၀ ကိုယ်တော် ၏ ဥပဒေသ များကို စောင့် သောကြောင့် ၊ အသက်ကြီး သူတို့ထက် သာ၍ဉာဏ် ကောင်း ပါ၏။ ၁၀၁ နှုတ်ကပတ် တော်ကို စောင့် လိုသောငှါ ၊ မကောင်း သောလမ်း ရှိသမျှ တို့ကို လွှဲ ရှောင်ပါ၏။ ၁၀၂ ကိုယ်တော် သည် သွန်သင် တော်မူသောကြောင့် ၊ စီရင် တော်မူချက်တို့မှ အကျွန်ုပ်လွှဲ ၍ မ သွားပါ။ ၁၀၃ မိန့် တော်မူချက်တို့သည် အကျွန်ုပ် အာခေါင် ၌ အလွန် ချိုကြပါ၏။ ခံတွင်း ထဲမှာ ပျားရည် ထက် သာ၍ချိုကြပါ၏။ ၁၀၄ ကိုယ်တော် ၏ ဥပဒေသ များအားဖြင့် ၊ အကျွန်ုပ် သည် ဉာဏ် တိုးပွား ၍ ၊ မိစ္ဆာ လမ်း ရှိသမျှ တို့ကို မုန်း ပါ၏။ ၁၀၅ နှုတ်ကပတ် တော်သည် အကျွန်ုပ် ခြေ ရှေ့ မှာ မီးခွက် ဖြစ်၍ ၊ အကျွန်ုပ် လမ်း ခရီးကို လင်း စေပါ၏။ ၁၀၆ ဖြောင့်မတ် စွာ စီရင်တော်မူချက်တို့ကို စောင့် ပါမည် ဟု အကျွန်ုပ်ကျိန်ဆို သည် အတိုင်း ပြု ပါမည်။ ၁၀၇ အို ထာဝရဘုရား ၊ အကျွန်ုပ် သည် အလွန် ဆင်းရဲ ခြင်းကို ခံရပါ၏။ နှုတ်ကပတ် တော်အတိုင်း အသက်ရှင် စေတော်မူပါ။ ၁၀၈ အိုထာဝရဘုရား ၊ အကျွန်ုပ်သည် စေတနာ စိတ် ရှိ၍၊ ကိုယ် နှုတ် နှင့်ဆက်သော ပူဇော်သက္ကာတို့ကို နှစ်သက် တော်မူပါ၏။ စီရင် တော်မူချက်တို့ကိုလည်း ၊ အကျွန်ုပ် ၌ သွန်သင် တော်မူပါဟု တောင်းပန်ပါ၏။ ၁၀၉ အကျွန်ုပ် အသက် သည် ကိုယ် လက် ၌ အစဉ် ရှိပါ ၏။ သို့သော်လည်း ၊ တရား တော်ကို မ မေ့ မလျော့ပါ။ ၁၁၀ မ တရားသောသူတို့ သည် အကျွန်ုပ် ဘို့ ကျော့ကွင်း ကို ထောင် ထားကြပါ၏။ သို့သော်လည်း ၊ ကိုယ်တော် ၏ ဥပဒေသ များမှ လွှဲ ၍ မ သွားပါ။ ၁၁၁ သက်သေခံ တော်မူချက်တို့သည် အကျွန်ုပ် နှလုံး ရွှင်လန်း ရာ ဖြစ်၍ ၊ ကိုယ်အမွေ ဥစ္စာဘို့ အစဉ် အမြဲခံယူပါ၏။ ၁၁၂ အထုံးအဖွဲ့ တော်တို့ကို အဆုံး တိုင်အောင် အစဉ် လိုက် ခြင်းအလိုငှါ ၊ ကိုယ် စိတ်နှလုံး ကို တိုက်တွန်း ပါ၏။ ၁၁၃ အကျွန်ုပ်သည် အဓမ္မ လူတို့ကို မုန်း ၍ ၊ ကိုယ်တော် ၏တရား ကို နှစ်သက် ပါ၏။ ၁၁၄ ကိုယ်တော် သည် အကျွန်ုပ် ၏ အကွယ် အကာ၊ အကျွန်ုပ် ၏ ဒိုင်း လွှားဖြစ်တော်မူ၏။ နှုတ်ကပတ် တော်ကို မြော်လင့် လျက်နေပါ၏။ ၁၁၅ ဒုစရိုက် ကို ပြုသောသူတို့၊ ငါ့ ထံ မှ ဖယ်သွား ကြ။ ငါ သည် ဘုရား သခင်၏ ပညတ် တော်တို့ကို ကျင့် စောင် မည်။ ၁၁၆ အကျွန်ုပ်သည် အသက်ရှင် ပါမည် အကြောင်း ၊ မိန့် တော်မူချက်အတိုင်း ထောက်မ တော်မူပါ။ အကျွန်ုပ် မြော်လင့် ခြင်းအကြောင်းမှ မ ရှက် မကြောက်ပါစေနှင့်။ ၁၁၇ အကျွန်ုပ်သည် ချမ်းသာ ရပါမည်အကြောင်းမစ တော်မူပါ။ အထုံးအဖွဲ့ တော်တို့ကို အစဉ် အမြဲထောက်ရှု ပါမည်။

၁၁၈ အထုံးအဖွဲ့ တော်တို့မှ လွဲ သွားသမျှ သောသူတို့ ကို ပယ် တော်မူ၏။ သူ တို့ပရိယာယ် သည် မုသာ ဖြစ်ပါ၏။ ၁၁၉ မ တရားသော မြေသားအပေါင်း တို့ကို ချော် ကဲ့သို့ မှတ်တော်မူ၏။ ထိုကြောင့် သက်သေ ခံတော်မူချက် တို့ကို အကျွန်ုပ်နှစ်သက် ပါ၏။ ၁၂၀ ကိုယ်တော် ကို ထိတ်လန့် သဖြင့် ၊ အကျွန်ုပ် သည် ကြက်သီး မွေးညှင်းထ၍ ၊ စီရင် တော်မူချက်တို့မှ ကြောက် ပါ၏။ ၁၂၁ အကျွန်ုပ်သည် တရား ဆုံးဖြတ်ခြင်း၊ ဖြောင့်မတ် စွာ စီရင်ခြင်းကို ပြု ပါပြီ။ ညှဉ်းဆဲ သောသူတို့ လက်၌ အကျွန်ုပ် ကို ပစ် ထားတော်မ မူပါနှင့်။ ၁၂၂ ကိုယ်တော် ၏ ကျွန် အဘို့ အလိုငှါ အာမခံ တော်မူပါ။ မာနကြီး သောသူတို့သည် အကျွန်ုပ် ကို မ နှိပ်စက် ကြ ပါစေနှင့်။ ၁၂၃ ကယ်တင် တော်မူခြင်းကျေးဇူးကိုငင်း ၊ ဖြောင့်မတ် ခြင်းတရားတော်နှင့်ယှဉ်သော ဗျာဒိတ် တော်ကိုငင်း၊ အကျွန်ုပ် မျက်စိ သည် မျှော်၍ အား ကုန်ပါပြီ။ ၁၂၄ ကရုဏာ တော်ရှိသည်အတိုင်း ၊ ကိုယ်တော် ၏ ကျွန် ၌ ပြု ၍ ၊ အထုံးအဖွဲ့ တော်တို့ကို သွန်သင် တော်မူပါ။ ၁၂၅ အကျွန်ုပ် သည် ကိုယ်တော် ၏ ကျွန် ဖြစ်ပါ၏။ သက်သေခံ တော်မူချက်တို့ကိုနားလည် နိုင်သော ဉာဏ် ကိုပေး သနားတော်မူပါ။ ၁၂၆ အို ထာဝရ ဘုရား၊ စီရင် တော်မူချိန်ရောက်ပါပြီ။ သူတပါးများတို့သည် တရား တော်ကို ပယ် ကြပါ၏။ ၁၂၇ အကျွန်ုပ်မူကား၊ ပညတ် တော်တို့ကို ရွှေ ထက်မက ၊ ရွှေစင် ထက် သာ၍နှစ်သက် ပါ၏။ ၁၂၈ သို့ ဖြစ်လျှင် ၊ ကိုယ်တော်၏ ဥပဒေသ အလုံးစုံ တို့ သည် ဖြောင့် ကြသည်ဟုထင်မှတ်လျက်၊ မိစ္ဆာ လမ်း ရှိသမျှ တို့ ကို မုန်း ပါ၏။ ၁၂၉ သက်သေခံ တော်မူချက်တို့သည် အံ့သြ ဘွယ် ဖြစ်၍ ၊ အကျွန်ုပ် ဝိညာဉ် သည် စောင့်ရှောက် တတ်ပါ၏။ ၁၃၀ နှုတ်ကပတ် တော်ကို ဖွင့် ပြခြင်းသည် အလင်း ကိုပေး ၍၊ မ လိမ္မာသောသူတို့ကို လိမ္မာ စေတတ်ပါ၏။ ၁၃၁ ပညတ် တော်တို့ကို အကျွန်ုပ် တောင့်တ အားကြီးသဖြင့် ၊ နှုတ် ကို ဖွင့် ၍ ပန်း တိုက်ပါ၏။ ၁၃၂ နာမတော် ကို ချစ် သောသူတို့ ၌ ပြု တော်မူတတ် သည်အတိုင်း ၊ အကျွန်ုပ် ကို ကြည့်ရှု ၍ ကယ် မသနား တော်မူပါ။ ၁၃၃ မိန့် တော်မူချက် အစဉ်အတိုင်း ၊ အကျွန်ုပ် ခြေ လှမ်းတို့ကို ဖြောင့် စေတော်မူပါ။ အကျွန်ုပ် ကို အဘယ် မည် သော ဒုစရိုက် မျှအစိုး မ ရပါစေနှင့်။ ၁၃၄ လူ တို့၏ ညှဉ်းဆဲ ခြင်းထဲက အကျွန်ုပ် ကို ရွေးနှုတ် တော်မူပါ။ ကိုယ်တော် ၏ဥပဒေသ များကို စောင့် ပါမည်။ ၁၃၅ မျက်နှာ တော်၏အလင်းကို ကိုယ်တော် ၏ ကျွန် အပေါ် မှာ ထွန်းလင်း စေ၍ ၊ အထုံးအဖွဲ့ တော်တို့ကို သွန်သင် တော်မူပါ။ ၁၃၆ သူတပါးများတို့သည် တရား တော်ကို မ စောင့် သောကြောင့် ၊ အကျွန်ုပ် မျက်စိ တို့မှ မျက်ရည် သည် မြစ် ရေ ကဲ့သို့စီး ပါ၏။ ၁၃၇ အို ထာဝရဘုရား ၊ ကိုယ်တော် သည် ဖြောင့်မတ် တော်မူ၏။ စီရင် တော်မူချက်တို့သည် ဖြောင့်မတ် ကြပါ ၏။ ၁၃၈ ထား တော်မူသောသက်သေခံ တော်မူချက်တို့ သည်လည်း တရား နှင့်ညီ၍ သစ္စာ မြဲကြပါ၏။ ၁၃၉ ရန်သူ တို့သည် စကား တော်တို့ကို မေ့လျော့ သောကြောင့် ၊ စွဲလန်း ပူပန်ခြင်းစိတ်သည် အကျွန်ုပ် ကို ညှဉ်းဆဲ ပါ၏။ ၁၄၀ နှုတ်ကပတ် တော်သည် အလွန် စင်ကြယ် သည် ဖြစ်၍ ၊ ကိုယ်တော် ၏ကျွန် သည် နှစ်သက် ပါ၏။ ၁၄၁ အကျွန်ုပ် သည် ငယ် သောသူ၊ မထီမဲ့မြင် ပြုခြင်း ကို ခံရသောသူဖြစ် ပါ၏။ သို့သော်လည်း ၊ ကိုယ်တော် ၏ ဥပဒေသ များကို မ မေ့ မလျော့ပါ။ ၁၄၂ ဖြောင့်မတ် တော်မူခြင်းသည် နိစ္စ ထာဝရ ဖြောင့်မတ် ခြင်းဖြစ်ပါ၏။ ကိုယ်တော် ၏တရား သည် သစ္စာ တရားဖြစ်ပါ၏။ ၁၄၃ ဆင်းရဲ ညှဉ်းငယ် ခြင်းသို့ရောက် သော်လည်း ၊

ပညတ် တော်တို့သည် အကျွန်ုပ် မွေ့လျော် ရာဖြစ်ပါ၏။ **၁၄၄** သက်သေခံ တော်မူချက်တို့သည် အစဉ် အမြဲဖြောင့် ကြပါ၏။ အကျွန်ုပ်သည် အသက်ရှင် ပါမည် အကြောင်း ၊ ဉာဏ် ကိုပေးသနားတော်မူပါ။ **၁၄၅** အကျွန်ုပ်သည် စိတ် နှလုံးအကြွင်းမဲ့ အော်ဟစ် ပါ၏။ အိုထာဝရဘုရား နားထောင် တော်မူပါ။ အထုံးအဖွဲ့ တော်တို့ကို စောင့် ပါမည်။ **၁၄၆** ကိုယ်တော် ကို အော်ဟစ် ပါ၏။ ကယ်တင် တော်မူ ပါ။ သက်သေခံ တော်မူချက်တို့ကို စောင့် ပါမည်။ **၁၄၇** မိုဃ်း မလင်းမီ အကျွန်ုပ် အော်ဟစ် တတ်ပါ၏။ နှုတ်ကပတ် တော်ကို မြော်လင့် လျက်နေပါ၏။ **၁၄၈** ဗျာဒိတ် တော်တို့ကို ဆင်ခြင် အောက်မေ့လိုသောငှါ ၊ ညဉ့်ယံ မလွန်မီ အကျွန်ုပ် နိုး တတ်ပါ၏။ **၁၄၉** အို ထာဝရဘုရား ၊ ကရုဏာ တော်ရှိသည် အတိုင်း အကျွန်ုပ် စကား ကို နားထောင် တော်မူပါ။ စီရင် တော်မူချက်နှင့်အညီ အကျွန်ုပ် ကို အသက်ရှင် စေတော်မူပါ။ **၁၅၀** မ ကောင်းသောအကြံအစည်၌ ကျင်လည် သောသူတို့ သည် အနီးသို့ချဉ်း ကြပါ၏။ သူတို့သည် ကိုယ်တော် ၏တရား နှင့် ဝေး ကြပါ၏။ **၁၅၁** အို ထာဝရဘုရား ၊ ကိုယ်တော် သည် နီး တော်မူ၏။ အလုံးစုံ သော ပညတ် တော်တို့သည် သစ္စာ ဖြစ်ကြပါ ၏။ **၁၅၂** သက်သေခံ တော်မူချက်တို့ကို အစဉ် အမြဲထား တော်မူကြောင်း ကို၊ ရှေ့ဦးစွာ မှစ၍ အကျွန်ုပ်သိ ပါ၏။ **၁၅၃** အကျွန်ုပ် ခံရ သောဆင်းရဲခြင်းကို ကြည့်ရှု ၍ ၊ ကယ်နှုတ် တော်မူပါ။ ကိုယ်တော် ၏တရား ကို မ မေ့ မလျော့ပါ။ **၁၅၄** အကျွန်ုပ် အမှု ကို စောင့် ၍ အကျွန်ုပ် ကိုရွေးနှုတ် တော်မူပါ။ ဗျာဒိတ် တော်အားဖြင့် အသက်ရှင် စေတော်မူပါ။ **၁၅၅** မ တရားသောသူတို့သည် အထုံးအဖွဲ့ တော်တို့ကို မ ရှာ သောကြောင့် ၊ ကယ်တင် ခြင်းနှင့် ဝေး ကြပါ၏။ **၁၅၆** အိုထာဝရဘုရား ၊ သနား စုံမက်တော်မူခြင်း သဘောသည် ကြွယ်ဝ ပါ၏။ စီရင် တော်မူချက်နှင့်အညီ ၊ အကျွန်ုပ် ကို အသက်ရှင် စေတော်မူပါ။ **၁၅၇** အကျွန်ုပ် ကို ညှဉ်းဆဲ သောသူနှင့် ရန်ဘက် ပြု သောသူတို့ သည် များ ကြပါ၏။ သို့သော်လည်း၊ အကျွန်ုပ် သည် သက်သေခံ တော်မူချက်တို့မှ လွှဲ ၍မ သွားပါ။ **၁၅၈** သစ္စာ မရှိသောသူတို့ကို အကျွန်ုပ်သည်မြင် ၍ စိတ်နာ ပါ၏။ အကြောင်း မူကား၊ သူတို့သည် ဗျာဒိတ် တော် စကားကို နား မ ထောင်ဘဲ နေကြပါ၏။ **၁၅၉** ကိုယ်တော် ၏ ဥပဒေသ များကို အကျွန်ုပ် နှစ်သက် ကြောင်း ကို မှတ် တော်မူပါ။ အိုထာဝရဘုရား ၊ ကရုဏာ တော်ရှိသည်အတိုင်း ၊ အကျွန်ုပ် ကို အသက်ရှင် စေတော်မူပါ။ **၁၆၀** နှုတ်ကပတ် တော်အလုံးစုံ တို့သည် ဟုတ်မှန် ပါ ၏။ တရား သဖြင့် စီရင် တော်မူချက်ရှိသမျှ တို့သည် အစဉ် အမြဲတည် ကြပါ၏။ **၁၆၁** အစိုး ရသောသူတို့ သည် အကြောင်း မရှိဘဲ အကျွန်ုပ် ကို ညှဉ်းဆဲ ကြသော်လည်း ၊ အကျွန်ုပ် စိတ် နှလုံးသည် စကား တော်ကို ကြောက်ရွံ့ ပါ၏။ **၁၆၂** လက် ရဥစ္စာများ ကို တွေ့ သကဲ့သို့ ဗျာဒိတ် တော် စကားကြောင့် အကျွန်ုပ် ဝမ်းမြောက် ပါ၏။ **၁၆၃** မုသာ စကားကို ကြား ပျင်းရှံရှာ ပါ၏။ တရား တော်ကိုကား နှစ်သက် ပါ၏။ **၁၆၄** ဖြောင့်မတ် စွာ စီရင် တော်မူချက်များကြောင့် ကိုယ်တော် ကို တရက် လျှင် ခုနစ် ကြိမ် ချီးမွမ်း တတ်ပါ၏။ **၁၆၅** တရား တော်ကို နှစ်သက် သောသူတို့ ၌ ကြီးစွာ သော ငြိမ်ဝပ် ခြင်း ရှိပါ၏။ သူ တို့စိတ်ပျက် စရာအကြောင်းမ ရှိပါ။ **၁၆၆** အိုထာဝရဘုရား ၊ ကယ်တင် တော်မူခြင်းကျေးဇူးကို အကျွန်ုပ်မြော်လင့် ၍ ၊ ပညတ် တော်တို့ကို ကျင့် ပါ၏။ **၁၆၇** သက်သေခံ တော်မူချက်တို့ကို အကျွန်ုပ် ဝိညာဉ် သည် စောင့် ပါ၏။ အလွန် နှစ်သက် ပါ၏။ **၁၆၈** ကိုယ်တော် ၏ ဥပဒေသ တို့နှင့် သက်သေခံ တော်မူချက်တို့ကို

စောင့် ပါ၏။ အကျွန်ုပ် အကျင့် ရှိသမျှ တို့သည် ရှေ့ တော်၌ရှိကြပါ၏။ **၁၆၉** အို ထာဝရဘုရား ၊ အကျွန်ုပ် အော်ဟစ် သံသည် ရှေ့ တော်သို့ ရောက် ပါစေသော။ နှုတ်ကပတ် တော် အတိုင်း ဉာဏ် ကိုပေး သနားတော်မူပါ။ **၁၇၀** အသနား ခံသောစကားသည် ရှေ့ တော်သို့ ရောက် ပါစေသော။ ဗျာဒိတ် တော်အတိုင်း အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ **၁၇၁** အထုံးအဖွဲ့ တော်တို့ကို သွန်သင် တော်မူသောအခါ ၊ အကျွန်ုပ် ၏နှုတ် သည် ချီးမွမ်း ခြင်းကို မြွက်ဆို ပါမည်။ **၁၇၂** အလုံးစုံ သော ပညတ် တော်တို့သည် ဖြောင့်မတ် ပါသည်ဖြစ်၍ ၊ အကျွန်ုပ် လျှာ သည် ဗျာဒိတ် တော်ကို သီချင်း ဆိုရပါမည်။ **၁၇၃** ကိုယ်တော် ၏ ဥပဒေသ များကို နှစ်သက် ပါသည် ဖြစ်၍ ၊ လက် တော်သည် အကျွန်ုပ် ကို မစ ပါစေ သော။ **၁၇၄** အို ထာဝရဘုရား ၊ ကယ်တင် တော်မူခြင်း ကျေးဇူးကို အကျွန်ုပ် တောင့်တ ပါ၏။ တရား တော်သည် လည်း အကျွန်ုပ် မွေ့လျော် ရာ ဖြစ်ပါ၏။ **၁၇၅** အကျွန်ုပ် သည် အသက် ရှင် ၍ ၊ ကိုယ်တော် ကို ချီးမွမ်း ပါစေသော။ စီရင် တော်မူချက်တို့သည် အကျွန်ုပ် ကို မစ ကြပါစေသော။ **၁၇၆** ပျောက် သော သိုး ကဲ့သို့ အကျွန်ုပ်သည် လမ်းလွဲ ပါပြီ။ ကိုယ်တော် ၏ ကျွန် ကိုရှာ တော်မူပါ။ အကျွန်ုပ်သည် ပညတ် တော်တို့ကို မ မေ့ မလျော့ပါ။

၁၂၀ အကျွန်ုပ် သည် ဆင်းရဲ ခံရသောအခါ ထာဝရဘုရား ကို အော်ဟစ် ၍ ၊ ထာဝရဘုရားသည် နားထောင် တော်မူ၏။ ၂ အိုထာဝရဘုရား ၊ အကျွန်ုပ် အသက် ကို သစ္စာ မရှိသော နှုတ် မှ ၎င်း၊ လှည့်စား တတ်သော လျှာ မှ ၎င်း ကယ်နှုတ် တော်မူပါ။ ၃ အိုလှည့်စား တတ်သောလျှာ ၊ သင် သည်အဘယ် ကျေးဇူး ရှိ သနည်း။ အဘယ် အကျိုး ကိုခံရသနည်း။ ၄ အားကြီး သောသူ ၏ ထက် သောမြှား ကဲ့သို့ ၎င်း၊ ရသမ် သစ်သားမီးခဲ ကဲ့သို့၎င်း ဖြစ်၏။ ၅ ငါသည် မေရှက် ပြည်၌ တည်းခို ၍ ၊ ကေဒါ တဲ ၌ နေရ သည် အရာမှာ အ မင်္ဂလာရှိ၏။ ၆ ငြိမ်သက် ခြင်းကို မုန်း သောသူတို့ နှင့်အတူ ၊ ငါ့ ဝိညာဉ် သည် ကြာမြင့် စွာနေ ရပါသည်တကား။ ၇ ငါ သည် ငြိမ်သက် ခြင်းဘက်မှာနေ၏။ ငါပြော လျှင် မူကား ၊ သူ တို့သည် စစ်တိုက် ခြင်းငှါ အလိုရှိကြ၏။

၁၂၁ ငါ့ ကိုမစ ခြင်း အကြောင်းသည် ပေါ်ထွက် ရသော တောင် ရိုးသို့ ငါ မျှော် ကြည့်၏။ ၂ ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူသောထာဝရဘုရား ထံ တော်မှ၊ ငါ့ ကို မစ ခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ ၃ သင် ၏ ခြေ ကို ချော် စေခြင်းငှါ အခွင့်ပေး တော် မ မူ။ သင့် ကို စောင့် သောသူသည် အိပ် တော်မ မူ။ ၄ အကယ်စင်စစ်ကွယ်ရေလ အမျိုးကို စောင့် သောသူသည် ငိုက်မျဉ်း အိပ်ပျော် ခြင်း ရှိတော်မ မူ။ ၅ ထာဝရဘုရား သည် သင့် ကို စောင့် တော်မူ၏။ ထာဝရဘုရား သည် သင် ၏လက်ျာ ဘက်၌ ရှိသောသင် ခိုလှုံရာ အရိပ် ဖြစ်တော်မူ၏။ ၆ နေ့ အချိန်၌ နေ အားဖြင့်၎င်း၊ ည၌ အချိန်၌ လ အားဖြင့် ၎င်း အထိ အခိုက်မ ရှိရာ။ ၇ ထာဝရဘုရား သည် မ ကောင်းသောအမှုအရာ အလုံးစုံ တို့ကို ကွယ်ကာ ၍၊ သင် ၏အသက် ကို စောင့် တော်မူလိမ့်မည်။ ၈ ထာဝရဘုရား သည် သင် ၏ ထွက် ခြင်းနှင့် ဝင် ခြင်းတို့ကို ယခု မှစ၍ အစဉ် အပြတ် စောင့် တော်မူလိမ့်မည်။

၁၂၂ ငါတို့သည် ထာဝရဘုရား ၏ အိမ် တော်သို့ သွား ကြကုန်အံ့ဟု သူတပါးတို့သည် ပြောကြ သောအခါ ၊ ငါသည် ဝမ်းမြောက် ခြင်းရှိ၏။ ၂ အို ယေရုရှလင် မြို့၊ သင် ၏တံခါး တို့အတွင်း၌ ငါ တို့သည်ရပ် ၍ နေ ကြလိမ့်မည်။ ၃ ယေရုရှလင် မြို့သည် စေ့စပ် သော မြို့ ကဲ့သို့ တည် ၏။ ၄ အမျိုး အနွယ်တို့သည် ထို မြို့သို့တက် ကြ၏။ ဣသရေလ အမျိုး ထုံးစံ ရှိသည်အတိုင်း ၊ ထာဝရ ဘုရား၏ အမျိုးအနွယ် တို့သည် ထာဝရဘုရား ၏ နာမတော် ကို ချီးမွမ်း ခြင်းငှါ တက်သွားကြ၏။ ၅ ထို မြို့၌ တရား စီရင်ရာပလ္လင် ၊ ဒါဝိဒ် မင်းမျိုး ၏ ရာဇပလ္လင် တို့ သည်တည် ကြ၏။ ၆ ယေရုရှလင် မြို့ ငြိမ်ဝပ် မည်အကြောင်းဆုတောင်း ကြလော့။ ထို မြို့ကို မြတ်နိုး စုံမက်သောသူတို့ သည် ချမ်းသာ ရကြပါစေသော။ ၇ သင် ၏မြို့ရိုး အတွင်း၌ ငြိမ်ဝပ် ခြင်း၊ သင် ၏ဘုံ ဗိမာန်တို့၌ ချမ်းသာ ခြင်းရှိ ပါစေသော။ ၈ သင် ၌ ငြိမ်ဝပ် ခြင်းရှိပါစေသောဟု ငါ သည် ညီအစ် ကိုအတွက် ၊ အဆွေ ခင်ပွန်းတို့အတွက် ပြော ဆို ပါမည်။ ၉ ငါ တို့ဘုရား သခင်ထာဝရဘုရား ၏ အိမ် တော် ကိုထောက် ၍၊ သင် ၏ အကျိုး ကို ရှာ ပါမည်။

၁၂၃ ကောင်းကင် ဘုံ၌ ကျိန်းဝပ် တော်မူ သောဘုရား၊ ကိုယ်တော် ကို အကျွန်ုပ် မျှော် ကြည့် ပါ၏။ ၂ ကျွန် တို့သည် သခင် လက် ကို ၎င်း၊ ကျွန် မတို့သည် သခင်မ လက် ကို ၎င်းမျှော် ကြည့်သည်နည်းတူ ၊ အကျွန်ုပ် တို့ သည် ကယ်မ သနားတော်မူခြင်းကျေးဇူးကို မ ခံမှီတိုင်အောင်၊ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား ကို မျှော် ကြည့်လျက်နေကြပါ၏။ ၃ အို ထာဝရဘုရား ၊ ကယ် မသနားတော်မူပါ။ အကျွန်ုပ်တို့သည် အလွန် အရှက် ကွဲခြင်းကိုခံရ ပါသည် ဖြစ်၍ ၊ ကယ် မသနားတော်မူပါ။ ၄ မထီမဲ့မြင် ပြုသောသူတို့ ၏ ကဲ့ရဲ့ ခြင်းကိုငင်း၊ မာနကြီး သောသူတို့ ၏ အရှက်ခွဲ ခြင်းကိုငင်း၊ အကျွန်ုပ် တို့ ၏ ဝိညာဉ် သည် အလွန် ခံရ ပါ၏။

၁၂၄ ထာဝရဘုရား သည် ငါ တို့ဘက်မှာ ရှိ တော်မ မူလျှင်ဟူသောစကား နှင့် ချီ၍၊ ဣသရေလ အမျိုးဆိုရ သောစကား ဟူမူကား၊ ၂ ထာဝရဘုရား သည် ငါ တို့ဘက် မှာ ရှိ တော်မ မူလျှင်၊ လူ တို့သည် ငါ တို့ရန်ဘက် ၌ နေကြသောအခါ၊ ၃ အမျက် ထွက် ၍ ငါ တို့ကို အသက် နှင့်တကွ မျိုကြပြီတကား။ ၄ ထိုအခါ ငါ တို့ကို ရေ သည်၊ လွှမ်းမိုး ၍ စီး သော ရေသည် ငါ တို့အသက် ဝိညာဉ်အပေါ် မှာ ကျော် သွားပြီ တကား။ ၅ စောင်းကား သော ရေ တို့သည် ငါ တို့အသက် ဝိညာဉ်အပေါ် မှာ ကျော်သွား ကြပြီတကား။ ၆ သူ တို့သွား နှင့် ကိုက် ခဲရာဘို့ ငါ တို့ကို အပ် တော် မ မူသော ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေ သတည်း။ ၇ ငှက် သည် မုဆိုး တို့၏ ကျော့ကွင်း ထဲက လွတ် သကဲ့သို့ ၊ ငါ တို့အသက် သည် လွတ်လျက်ရှိ၏။ ကျော့ကွင်း ပြတ် ၍ ငါ တို့သည် လွတ် ကြပြီ။ ၈ ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူ သောထာဝရဘုရား ၏ နာမ တော်အားဖြင့် ၊ ငါ တို့သည် မစ ခြင်းကျေးဇူးကိုခံရကြသတည်း။

၁၂၅ ထာဝရဘုရား ကို ခိုလှုံ သောသူတို့ သည် မ တုန် မလှုပ်၊ အစဉ်အမြဲ တည် သော ဇိအုန် တောင် ကဲ့သို့ ဖြစ်ကြ ၏။ ၂ တောင် ရိုးတို့သည် ယေရုရှလင် မြို့ကို ဝန်းရံ သကဲ့သို့ ၊ ထာဝရဘုရား သည် မိမိ လူ တို့ကို ယခု မှစ၍ ၊ ကာလ အစဉ်မပြတ်ဝန်းရံ တော်မူ၏။ ၃ ဖြောင့်မတ် သောသူတို့ သည် ဒုစရိုက် ကို ပြု သောအခွင့် မ ရှိစေခြင်းငှါ ၊

မ တရားသောသူတို့၏ လုံတံ သည် ဖြောင့်မတ် သောသူတို့ ၏ အမွေခံ ရာအဘို့အပေါ် မှာ မ တည် မနေရ။ ၄ အိုထာဝရဘုရား ၊ ကောင်း သောသူ၊ သဘောဖြောင့် သောသူတို့ အား ကျေးဇူး ပြုတော်မူပါ။ ၅ ကောက် သောလမ်းများသို့ လွှဲ သွားသောသူတို့ ကိုကား ၊ ထာဝရဘုရား သည် မ တရားသဖြင့်ပြု သောသူတို့ နှင့်အတူ ထုတ်သွား တော်မူမည်။ ဣသရေလ အမျိုး ၌ ငြိမ်ဝပ် ခြင်း ရှိပါစေသော။

၁၂၆ ဘမ်း သွားချုပ်ထားသော ဓိအုန် သားတို့ကို ထာဝရဘုရား ပြန်လာ စေတော်မူသောအခါ ၊ ငါတို့သည် အိပ်မက် သောသူကဲ့သို့ ဖြစ် ကြ၏။ ၂ ထိုအခါ ငါ တို့နှုတ် သည် ရယ် ခြင်းနှင့်ငင်း၊ ငါ တို့ လျှာ သည် သီချင်း ဆိုခြင်းနှင့်ငင်း ပြည့်၀ ၏။ တပါးအမျိုးသား တို့ကလည်း၊ ထာဝရဘုရား သည် သူတို့အဘို့ ကြီး သောအမှုကို ပြုတော်မူပြီဟု ဆို ကြ၏။ ၃ ထာဝရဘုရား သည် ငါ တို့အဘို့ ကြီး သောအမှုကို ပြုတော်မူပြီ။ ငါတို့သည်လည်း ဝမ်းမြောက် လျက် နေ ကြ ၏။ ၄ အိုထာဝရဘုရား ၊ ဘမ်းသွားချုပ်ထားခြင်းကို ခံရသော အကျွန်ုပ် တို့ကို တောင် မျက်နှာချောင်း ရေကဲ့သို့ တဖန်ပြန်လာ စေတော်မူပါ။ ၅ မျက်ရည် ကျလျက် မျိုးစေ့ကြဲ သောသူတို့သည် ရွှင်လန်း လျက် စပါး ရိတ်ကြလိမ့်မည်။ ၆ မျက်ရည် ကျလျက် ကြဲ ရန် မျိုးစေ့ ကို ဆောင် ၍ ထွက်သွား သောသူသည်၊ ကောက်လှိုင်း များကို ဆောင် လျက် ရွှင်လန်း သောစိတ်နှင့် အမှန်ပြန်လာ လိမ့်မည်။

၁၂၇ ထာဝရဘုရား သည် အိမ် ကို ဆောက် တော်မ မူ လျှင် ၊ ဆောက် သောသူတို့ သည် အချည်းနှီး လုပ်ဆောင် ကြ၏။ ထာဝရဘုရား သည် မြို့ ကို စောင့် တော်မ မူလျှင် ၊ ကင်း စောင့်တို့သည် အချည်းနှီး စောင့် ကြ၏။ ၂ စောစော ထလျက်၊ ညဉ့်နက်သည်တိုင်အောင်မအိပ်ဘဲနေလျက်၊ ပင်ပန်း စွာ အစာ စား လျက်နေ သော်လည်း အကျိုး မရှိ။ အိပ်ပျော် ရသောအခွင့်ကို ချစ် တော်မူသောသူအား အမှန်ပေး တော်မူ၏။ ၃ ဘွား မြင်သော သား သမီးတို့သည်ထာဝရဘုရား ဆု ချ၍ ပေးသနားတော်မူသောအမွေ ဥစ္စာဖြစ်ကြ၏။ ၄ အသက် ပျိုစဉ်၊ ဘွားမြင်သော သားသမီး တို့ သည် သူရဲ လက် ၌ ရှိသောမြား ကဲ့သို့ ဖြစ်ကြ၏။ ၅ မိမိ မြား တောင့်ကို သူ တို့နှင့် ပြည့် စေသောသူ သည် မင်္ဂလာ ရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမ ရှိ။ ရန်သူ တို့ကို တံခါး ဝ၌ ဆီးတား ကြလိမ့်မည်။

၁၂၈ ထာဝရဘုရား ကို ကြောက်ရွံ့ ၍၊ လမ်းခရီး တော် သို့ လိုက်သွား သမျှ သောသူတို့ သည် မင်္ဂလာ ရှိကြ၏။ ၂ ထိုသို့ပြုလျှင် သင် သည် မိမိလက် နှင့် လုပ်ဆောင် ၍ရသောအစာကို စား ရလိမ့်မည်။ မင်္ဂလာ ရှိ၍ ကောင်းစား ရလိမ့်မည်။ ၃ သင် ၏မယား သည် သင့် အိမ် နား မှာ များစွာ အသီးသီးသော စပျစ် နွယ်ပင်ကဲ့သို့ ၎င်း၊ သားသမီး တို့သည် သင့် စားပွဲ ပတ်လည် ၌ စိုက်ပျိုး သော သံလွင် ပင် များကဲ့သို့ ၎င်း ဖြစ်ကြလိမ့်မည်။ ၄ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူသည် ထိုသို့ သော မင်္ဂလာ ရှိရလိမ့်မည်။ ၅ ထာဝရဘုရား သည် ဓိအုန် တောင်ပေါ်က ကောင်းကြီး ပေးတော်မူ၍ ၊ ယေရုရှလင် မြို့ ခံရသောကောင်းကျိုး ကို တသက်လုံး မြင် ရလိမ့်မည်။ ၆ မိမိ သား သမီးတို့ ၌ ဘွားမြင်သော သားသမီး တို့ကိုလည်း မြင် ရလိမ့်မည်။ ဣသရေလ အမျိုး၌ ငြိမ်ဝပ် ခြင်း ရှိပါစေသော။

၁၂၉ ငယ် သောအရွယ်မှစ၍ ၊ ကြိမ်ဖန်များစွာ ငါ့ ကို သူတပါးတို့သည် ညှဉ်းဆဲ ကြပြီဟူသောစကားနှင့်ချီ၍၊ ဣသရေလ အမျိုးဆို ရသော စကားဟူမူကား၊ ၂ ငယ် သောအရွယ်မှစ၍ ၊ ကြိမ်ဖန်များစွာ ငါ့ ကို သူတပါးတို့သည် ညှဉ်းဆဲ ကြပြီ။ သို့သော်လည်း ငါ့ ကို မ နိုင် ကြ။ ၃ ထွန် သောသူတို့ သည် ငါ့ ကျော ပေါ် မှာ ထွန် ၍၊ ရှည်သော ထွန်ကြောင်းတို့ကို ဖြစ် စေကြ၏။ ၄ ထာဝရဘုရား သည် ဖြောင့်မတ် တော်မူ၏။ မ တရားသောသူတို့ ၏ ကြိုး တို့ကို ဖြတ်တော်မူပြီ။ ၅ ဇိအုန် မြို့ကို မုန်း သောသူအပေါင်း တို့သည် ရှက်ကြောက် ၍ လှန် ခြင်းကိုခံရကြပါစေ။ ၆ အိမ်မိုးပေါ် မှာ ပေါက် ၍၊ အဘယ်သူမျှမနှုတ်ဘဲ ညှိုးနွမ်း တတ် သော မြက်ပင် ကဲ့သို့ ဖြစ် ကြပါစေ။ ၇ ထိုမြက်ပင်ကိုရိတ်သောသူသည် လက်တဆုပ်မျှ မရ။ စည်း သောသူလည်း လက် တပွေ့ မျှမ ရ။ ၈ လမ်း၌ ချောက်သွား သော သူတို့ကလည်း၊ ထာဝရဘုရား ပေးတော်မူသော မင်္ဂလာ သက်ရောက် ပါစေ သော။ ထာဝရဘုရား ၏ နာမတော် ကို အမှီပြု၍၊ သင် တို့ကို ကောင်းကြီး ပေးကြ၏ဟု မ ပြော မဆိုရကြ။

၁၃၀ အိုထာဝရဘုရား ၊ နက်နဲ ရာထဲက ကိုယ်တော် ကို အကျွန်ုပ်အော်ဟစ် ပါ၏။ ၂ အို ထာဝရ ဘုရား၊ အကျွန်ုပ်၏ စကား သံကို ကြား ၍၊ အကျွန်ုပ် ဆုတောင်း ပဌနာပြုသံ ကို နားညောင်း တော်မူပါ။ ၃ အို ဘုရား ရှင်ထာဝရ ဘုရား၊ ကိုယ်တော်သည် ဒုစရိုက်အပြစ် များကို မှတ် တော်မူလျှင် အဘယ်သူ သည် ခံရပ် နိုင်ပါမည်နည်း။ ၄ ကိုယ်တော် ကို ကြောက်ရွံ့ စရာအကြောင်း ရှိစေခြင်းငှါ၊ အပြစ် လွှတ်ခြင်းအခွင့်ကို ပိုင်တော်မူ၏။ ၅ ထာဝရဘုရား ကို ငါစောင့်လျက်နေ၏။ ငါ့ ဝိညာဉ် သည် စောင့် လျက်နေ၏။ နှုတ်ကပတ် တော်ကို ငါမြော်လင့် ၏။ ၆ နံနက် ကို မြော်လင့်သောသူတို့ ထက်မက ၊ ငါ့ ဝိညာဉ် သည် ဘုရား ရှင်ကို မြော်လင့် လျက်နေ၏။ ၇ ဣသရေလ အမျိုးသည် ထာဝရဘုရား ကို မြော်လင့် ပါစေ။ အကြောင်း မူကား၊ ထာဝရဘုရား ၌ ကရုဏာ ရှိ၏။ များစွာ သော ရွေးနှုတ် ခြင်းကျေးဇူးရှိ၏။ ၈ ဣသရေလ အမျိုးကို ခပ်သိမ်း သောဒုစရိုက် အပြစ်တို့အထဲက ရွေးနှုတ် တော်မူလိမ့်မည်။

၁၃၁ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် စိတ် မ မြင့် ပါ။ မျက်နှာ လည်း မ မော် ပါ။ ကိုယ်နှင့်မတန်၊ ကြီးမြင့် သော အမှု တို့ ၌ မ ကျင်လည် ပါ။ ၂ အကယ် စင်စစ်အကျွန်ုပ် သည် အမိ နို့ နှင့် ကွာ သော သူငယ်ကဲ့သို့ ၊ ကိုယ် စိတ် ကို ဖြေ၍ ငြိမ်း စေပါပြီ။ အကျွန်ုပ် စိတ် နှလုံးသည် နို့ ကွာသော သူငယ်ကဲ့သို့ ဖြစ်ပါ ၏။ ၃ ဣသရေလ အမျိုးသည် ယခု မှစ၍ ၊ ကာလ အစဉ်မပြတ်ထာဝရဘုရား ကို မြော်လင့် ပါစေ။

၁၃၂ အိုထာဝရဘုရား ၊ ဒါဝိဒ် မင်းကို ၎င်း၊ သူ ခံရ သမျှ သော ဆင်းရဲခြင်းကိုဌင်းအောက်မေ့ တော်မူပါ။ ၂ ထိုမင်းက၊ ယာကုပ် အမျိုး ကိုးကွယ်သော တန်ခိုး ရှင် ထာဝရဘုရား ကျိန်းဝပ် တော်မူရာအရပ် ကို အကျွန်ုပ် သည် မ တွေ့မှီတိုင်အောင် ကိုယ် နေရာ အိမ် သို့ မ ဝင် ၊ ကိုယ် အိပ်ရာ ပေါ် သို့မ တက် ၊ ကိုယ် မျက်စိ အိပ် ရ မည့်အခွင့် ၊ မျက်ခမ်းမှိတ် ရမည့်အခွင့်ကို မ ပေးပါဟု၊ ယာကုပ် အမျိုး ကိုးကွယ်သော တန်ခိုး ရှင်ထာဝရဘုရား ထံ ကျိန်ဆို ၍ အဓိဋ္ဌာန် ပြု၏။ ၆ တဲတော်သည် ဧဖရိမ် ပြည်မှာ ရှိကြောင်းကို ငါတို့သည်ကြား ရပြီ။ ယာရိမ် တော ၌ တွေ့ ကြပြီ။ ၇ ဘုံ ဗိမာန်တော်သို့

ဝင် ၍၊ ခြေ တော်တင်ရာ ခုံ အောက် ၌ ပြပ်ဝပ် ကိုးကွယ်ကြကုန်အံ့။ ၈ အို ထာဝရဘုရား ၊ ကျိန်းဝပ် တော်မူရာသို့ ဘုန်း တော်နှင့်ယှဉ်သော ခမ္မသေတ္တာ နှင့်တကွ တက် တော်မူပါ။ ၉ ကိုယ်တော် ၏ ယဇ် ပုရောဟိတ်တို့သည် ဖြောင့်မတ် ခြင်း တန်ဆာ ကိုဆင်၍ ၊ ကိုယ်တော် ၏ သန့်ရှင်း သူတို့သည် ရွှင်လန်း စွာ သီချင်းဆိုကြပါစေသော။ ၁၀ ကိုယ်တော် ၏ ကျွန် ဒါဝိဒ် မင်း၏ မျက်နှာ ကို ထောက် သဖြင့် ၊ ကိုယ်တော် ထံ၌ ဘိသိက်ခံ သောသူကို ငြင်းပယ် တော်မ မူပါနှင့်။ ၁၁ ထာဝရဘုရား သည် ဒါဝိဒ် အား မိဋ္ဌာန်ကျိန်ဆို ခြင်းကိုပြု၍၊ သစ္စာ ဖျက်တော်မ မူသော စကားဟူမူကား၊ သင် ၏အမျိုးအနွယ် ကို သင် ၏ ပလ္လင် ပေါ် မှာ ငါတင် မည်။ ၁၂ သင် ၏သား တို့သည် ငါ့ ပဋိညာဉ် တရားကိုငင်း၊ ငါသွန်သင် သော သက်သေခံ ချက်ကိုငင်းစောင့်ရှောက် လျှင် ၊ သူ တို့၏သား များသည်လည်း သင် ၏ ပလ္လင် ပေါ် မှာ အစဉ် အမြဲထိုင် ရကြလိမ့်မည်ဟု ဗျာဒိတ်ထား တော်မူပြီ။ ၁၃ ထာဝရဘုရား သည် ဇိအုန် မြို့ကို ရွေးကောက် ၍ ၊ အမြဲနေ တော်မူရာဘို့ အလို တော်ရှိသည်အရာမှာ၊ ၁၄ ဤ မြို့ကား ငါ အစဉ် အမြဲ ကျိန်းဝပ် ရာမြို့တည်း။ ငါအလိုရှိ သည် ဖြစ်၍ ၊ ဤ မြို့၌ငါနေ မည်။ ၁၅ သူ ၏ အစာ အာဟာရကို အထူးသဖြင့်ကောင်းကြီး ပေးမည်။ သူ ၌ဆင်းရဲသား တို့ကို ဝ စွာကျွေးမည်။ ၁၆ သူ ၏ ယဇ် ပုရောဟိတ်တို့ကို ကယ်တင် ခြင်း တန်ဆာ ကို ဆင်စေသဖြင့် ၊ သူ ၌သန့်ရှင်း သူတို့သည် ရွှင်လန်း သော သီချင်းကို ရွှင်လန်းစွာ ဆိုရကြလိမ့်မည်။ ၁၇ ထို မြို့၌ ဒါဝိဒ် ၏ ဦးချို့ ကို ငါပေါက် စေမည်။ ငါ့ ထံ ၌ ဘိသိက် ခံ သောသူတို့ မီးခွက် ကို ငါပြင်ဆင် ပြီ။ ၁၈ ထိုအရှင် ၏ ရန်သူ များကို ရှက်ကြောက် ခြင်းနှင့် ငါဖုံးလွှမ်း မည်။ သူ ၏ဦးရစ် သရဖူသည် ဘုန်းပွင့် လျက် ရှိလိမ့်မည်ဟု ဗျာဒိတ်တော်ရှိ၏။

၁၃၂ ညီအစ်ကို တို့သည် သဘော တူလျက်ပေါင်းဘော် ကြသည်အရာမှာ အလွန်ကောင်း ပေ၏။ အလွန်တင့်တယ် လျောက်ပတ်ပေ၏။ ၂ အာရုံ ၏ ခေါင်း ပေါ် မှာ လောင်း လျက်၊ သူ၏ မုတ်ဆိတ် သို့ စီး ၍၊ လည်စွပ် တိုင်အောင် ကျသောနံ့သာ ဆီ ကဲ့သို့ ဖြစ်၏။ ၃ ဟေရမုန် တောင်နှင့် ဇိအုန် တောင် ရိုးပေါ် သို့ ကျ သော နှင်း ကဲ့သို့ ဖြစ်၏။ ထို သို့နေကြသော အရပ်၌၊ ထာဝရဘုရား သည် အစဉ် အမြဲအသက်ရှင် ခြင်းအခွင့် တည်းဟူသောကောင်းကြီး မင်္ဂလာကို စီရင် တော်မူ၏။

၁၃၄ ထာဝရဘုရား ၏ အိမ် တော်၌ ညဉ့်ယံ စောင့် သော ထာဝရဘုရား ၏ ကျွန် တော်အပေါင်း တို့၊ ထာဝရဘုရား ကို ကောင်းကြီး ပေးကြလော့။ ၂ သန့်ရှင်း ရာ ဌာန တော် သို့ လက် ကိုချီ ၍ ၊ ထာဝရဘုရား ကို ကောင်းကြီး ပေး ကြလော့။ ၃ ကောင်းကင် နှင့် မြေကြီး ကိုဖန်ဆင်း တော်မူသော ထာဝရဘုရား သည် ဇိအုန် တောင်ပေါ် က ၊ သင့် ကို ကောင်းကြီး ပေး တော်မူ ပါ စေသော။

၁၃၅ ထာဝရဘုရား ၏ နာမတော် ကို ချီးမွမ်း ကြလော့။ ၂ ထာဝရဘုရား ၏ အိမ် တော်၊ ငါ တို့ ဘုရား သခင် ၏ အိမ် တော်တန်တိုင်း တွင် အမှု စောင့်သော ထာဝရဘုရား ၏ ကျွန် တော်တို့၊ ချီးမွမ်း ခြင်းကိုပြုကြ လော့။ ၃ ထာဝရဘုရား သည် ကောင်းမြတ် တော်မူသောကြောင့် ၊ ထာဝရ ဘုရားကို ချီးမွမ်း ကြလော့။ နာမ တော်ကို ထောမနာသီချင်း

ဆိုကြလော့။ ထိုသို့ သော အမှုသည် တင့်တယ် လျောက်ပတ်ပေ၏။ ၄ အကြောင်း မူကား၊ ထာဝရ ဘုရားသည် ယာကုပ် အမျိုးကို ကိုယ်တော် အဘို့ ၎င်း၊ ဣသရေလ အမျိုးကို ဘဏ္ဍာ တော်ဖြစ် စေခြင်းငှါငင်း ရွေးကောက် တော်မူပြီ။ ၅ ထာဝရဘုရား သည် ကြီး တော်မူကြောင်း ၊ ငါ တို့ ၏ဘုရား ရှင်သည် ဘုရား တကာ တို့ထက် မြတ်တော်မူ ကြောင်း ကို ငါ သိ ၏။ ၆ ထာဝရဘုရား သည် ကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ ၊ နက်နဲ ရာအရပ်ရပ်တို့ ၌ အလိုတော် ရှိသမျှ တို့ကို ပြု တော်မူ၏။ ၇ မြေကြီး စွန်း မှ မိုဃ်းတိမ် တို့ကို တက် စေတော်မူ ၏။ မိုဃ်း နှင့်တကွ လျှပ်စစ် ကို ဖန်ဆင်း တော်မူ၏။ ဘဏ္ဍာ တော်တိုက်ထဲက လေ ကို ထုတ် တော်မူ၏။ ၈ အဲဂုတ္တု ပြည်၌ လူ မှစ၍ တိရစ္ဆာန် တိုင်အောင် သားဦး ရှိသမျှတို့ကို ဒဏ်ခတ် တော်မူ၏။ ၉ အို အဲဂုတ္တု ပြည်၊ သင် ၏ အထဲ မှာ ဖာရော မင်းမှစ၍ ၊ သူ ၏ကျွန် အပေါင်း တို့၏အပေါ် သို့ လက္ခဏာ သက်သေ၊ အံ့ဘွယ် သောအမှုတို့ကို စေလွှတ် တော်မူ၏။ ၁၀ အာမောရိ ပြည်ကို အစိုး ရသောရှိဟုန် မင်း၊ ၁၁ ဟာရှန် ပြည်ကို အစိုးရ သော ဩဃ မင်းနှင့်တကွ ၊ ဘုန်းကြီး သော ရှင် ဘုရင်များကို ကွပ်မျက် ၍ ၊ များပြား သော လူမျိုး နှင့်တကွ ၊ ခါနာန် တိုင်း နိုင်ငံအပေါင်း တို့ကို လုပ်ကြံ သဖြင့်၊ ၁၂ သူ တို့နေရာ မြေ ကိုလွှဲ ၍ ၊ မိမိ လူ ဣသရေလ အမျိုးအား အမွေ ကို ပေးချတော်မူ၏။ ၁၃ အိုထာဝရဘုရား ၊ ကိုယ်တော် ၏ အမည် သည် နိစ္စ ထာဝရဖြစ်ပါ၏။ အိုထာဝရဘုရား ၊ ဘွဲ့ နာမတော်သည် ကာလ အစဉ်အဆက် တည်ပါ၏။1 ၁၄ ထာဝရဘုရား သည် မိမိ ကျွန် တို့၏ အတွက် နောင်တ ရ၍ ၊ မိမိ လူစု ဘက်မှ တရား စီရင်တော်မူ၏။ ၁၅ သာသနာပ လူတို့ ကိုးကွယ်သော ရုပ်တု တို့ကား ငွေ လည်းဖြစ်၏။ ရွှေ လည်းဖြစ်၏။ လူ လက် ဖြင့် လုပ် သော အရာပေတည်း။ ၁၆ ထို ရုပ်တုတို့သည် နှုတ် ရှိ၍ စကား မ ပြောတတ်။ မျက်စိ ရှိ၍ မ မြင် တတ်။ ၁၇ နား ရှိ၍ မ ကြား တတ်။ သူ တို့ပစပ် ၌ လည်း ထွက် သက်ဝင်သက် မ ရှိ ပါတကား။ ၁၈ လုပ် သောသူတို့ လည်း အတူတူ ၊ ကိုးစား သော သူ အပေါင်း တို့လည်း အတူတူပါ တကား။ ၁၉ အိုဣသရေလ အမျိုး ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးလော့။ အိုအာရုန် အမျိုးအနွယ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးလော့။ ၂၀ အိုလေဝိ အမျိုးအနွယ် ၊ ထာဝရဘုရား ကို ကောင်းကြီး ပေးလော့။ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူတို့၊ ထာဝရဘုရား ကို ကောင်းကြီး ပေးကြလော့။ ၂၁ ယေရုရှလင် မြို့မှာ ကျိန်းဝပ် တော်မူသောထာဝရဘုရား သည် ဇိအုန် တောင်ပေါ် မှာ မင်္ဂလာ ရှိတော်မူ စေသတည်း။ ဟာလေလုယ။

၁၃၆ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍ ၊ ကရုဏာ တော် အစဉ် အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၂ ဘုရား တို့၏အရှင် ၊ ဘုရား သခင်၏ ကရုဏာ တော် အစဉ် အမြဲတည်သောကြောင့် ၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၃ အရှင် တို့၏သခင် ၊ ဘုရား ရှင်၏ ကရုဏာ တော် အစဉ် အမြဲတည် သောကြောင့် ၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ကြလော့။ ၄ ကရုဏာ တော် အစဉ် အမြဲတည်သည်ဖြစ်၍ ၊ အံ့ဘွယ် သောအမှုတို့ကို တပါး တည်းသာ ပြု တော်မူထသော၊ ၅ ကရုဏာ တော်အစဉ် အမြဲတည် သည်ဖြစ်၍ ၊ ပညာ တရားအတိုင်း ကောင်းကင် ကို ဖန်ဆင်း တော်မူထသော၊ ၆ ကရုဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ရေ ပေါ် မှာ မြေကြီး ကို ဖြန့် တော်မူထသော၊ ၇ ကရုဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ အလင်း အိမ်ကြီး တို့ကို ဖန်ဆင်း

တော်မူထသော၊ ၈ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍၊ နေ့ ကိုအုပ်စိုး ရသောနေ ကိုငဉ်း၊ ၉ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ညဉ့် ကို အုပ်စိုး ရသောလ နှင့် ကြယ် များကိုငဉ်းဖန်ဆင်းတော်မူထသော၊ ၁၀ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ အဲဂုတ္တု ပြည်မှာ သားဦး များကို ဒဏ်ခတ် တော်မူထသော၊ ၁၁ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ အားကြီးသော လက်၊ ဆန့်သော လက်ရုံးတော်ကို လက်နက်ပြုတော်မူထသော၊ ၁၂ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ဣသရေလ အမျိုးကို အဲဂုတ္တု ပြည်သားတို့ အထဲ က ထုတ် ဆောင်တော်မူထသော၊ ၁၃ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ဧဒုံ ပင်လယ် ကို အပိုင်းပိုင်း ခွဲ တော်မူထသော၊ ၁၄ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ပင်လယ်အလယ် ၌ ဣသရေလ အမျိုးကို ရှောက်သွား စေတော်မူထသော၊ ၁၅ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ဖာရော မင်းနှင့် ဗိုလ်ခြေ များကို ဧဒုံ ပင်လယ် ထဲ၌ လဲ့ချ တော်မူထသော၊ ၁၆ ကရဏာ တော် အစဉ် အမြဲတည် သည်ဖြစ်၍ ၊ မိမိ လူစု ကိုတော ၌ ပို့ဆောင် တော်မူထသော၊ ၁၇ ကရဏာ တော် အစဉ် အမြဲတည် သည်ဖြစ်၍ ၊ ကြီး သောဘုရင် တို့ကို ဒဏ်ခတ် တော်မူထသော၊ ၁၈ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ အာမောရိ ပြည်ကို အစိုးရ သောရှိဟုန် မင်းကို ၎င်း၊ ကရဏာ တော်အစဉ် အမြဲတည် သည်ဖြစ်၍ ၊ ဗာရှန် ပြည် ကိုအစိုးရ သောဩဃ မင်းကို ၎င်း၊ ကရဏာ တော် အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ဘုန်းကြီး သော ဘုရင် များကိုငဉ်း၊ လုပ်ကြံ တော်မူထသော၊ ၂၁ ကရဏာ တော် အစဉ် အမြဲတည်သည်ဖြစ်၍ ၊ သူ တို့နေရာမြေ ကို လွှဲ တော်မူထသော၊ ၂၂ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ မိမိ ကျွန် ဣသရေလ အမျိုးအား အမွေ ကို ပေးချတော်မူထသော၊ ၂၃ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ နှိမ့်ချ လျက်နေသောငါ တို့ကိုအောက်မေ့ တော်မူထသော၊ ၂၄ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ငါ တို့ကိုရန်သူ တို့ အထဲ က ရွေးနှုတ် တော်မူထသော၊ ၂၅ ကရဏာ တော်အစဉ် အမြဲတည်သည်ဖြစ်၍ ၊ ခပ်သိမ်း သောသတ္တဝါ တို့ကို ကျွေးမွေး တော်မူသော၊ ၂၆ ကောင်းကင်ဘုံ၏ အရှင်ဘုရား သခင်၏ ကရဏာ တော်သည် အစဉ် အမြဲတည်သောကြောင့် ၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။

၁၃၆ ဗာဗုလုန် မြစ် တို့အနား မှာ ငါတို့သည်ထိုင် ၍ ၊ ဇိအုန် မြို့ကို အောက်မေ့ လျက် ငိုကြွေး ကြ၏။ ၂ ငါ တို့စောင်း များကိုလည်း ထို အရပ်တွင် မိုဃ်းမခ ပင်တို့ ၌ ဆွဲထား ကြ၏။ ၃ အကြောင်း မူကား၊ ထို အရပ်၌ ငါ တို့ကို ဘမ်း သွားချုပ်ထားသော သူနှင့် ၊ ငါ တို့ကိုညှဉ်းဆဲ သောသူတို့က၊ ဇိအုန် သီချင်း ကို ငါ တို့အား ဆို ကြလော့ဟု၊ သီချင်း ဆိုသံ ကိုငဉ်း၊ ရွှင်လန်း သော အသံကိုငဉ်း၊ ငါ တို့ ၌ တောင်း ကြပါ သည်တကား။ ၄ တကျွန်း တနိုင်ငံ၌ ထာဝရဘုရား ၏ သီချင်း ကို အဘယ်သို့ ဆို ရပါမည်နည်း။ ၅ အိုယေရုရှလင် မြို့၊ သင့် ကို ငါမေ့ လျှင် ငါ့ လက်ျာ လက်သည် မိမိအတတ်ကိုမေ့ ပါစေ။ ၆ သင့် ကိုငါမ အောက်မေ့ ၊ အမြတ် ဆုံးသော ဝမ်းမြောက် ခြင်းအကြောင်း ထက်၊ ယေရုရှလင် မြို့ကို အမြတ် မ ထားလျှင် ၊ ငါ့ လျှာ သည် အာခေါင် ၌ ထပ် ပါစေ။ ၇ အိုထာဝရဘုရား ၊ ယေရုရှလင် မြို့၏ နေ့ရက်အချိန်ရောက်သောအခါ၊ မြို့ ရိုး ကို အမြစ် တိုင်အောင် ရှင်း လိုက်ကြ၊ ရှင်း လိုက်ကြဟု ဆို ကြသော

ဧဒုံ အမျိုးသား တို့ကို အောက်မေ့ တော်မူပါ။ ၈ ဖျက်ဆီး တတ်သော ဗာဗုလုန် မင်းသမီး၊ သင် သည် ငါ တို့ ၌ ပြု သည်အတိုင်း၊ သင် ၌ အပြစ် ကိုဆပ်ပေး သောသူ သည် မင်္ဂလာ ရှိ၏။ ၉ သင် ၏သူငယ် တို့ကိုကိုင်ယူ ၍၊ ကျောက် ပေါ် မှာ ဆောင့် သောသူသည် မင်္ဂလာ ရှိ၏။

၁၃၈ အို ထာဝရ ဘုရား၊ ကိုယ်တော် ကို စိတ် နှလုံး အကြွင်းမဲ့ အကျွန်ုပ်ချီးမွမ်း ပါမည်။ အခြား တပါး သော ဘုရား တို့ရှေ့ မှာ ကိုယ်တော် ကို ထောမနာသီချင်း ဆိုပါ မည်။ ၂ သန့်ရှင်း သော ဗိမာန် တော်သို့ မျက်နှာပြုလျက် ပြပ်ဝပ်ကိုးကွယ် ၍၊ ကရုဏာ တော်နှင့် သစ္စာ တော်ကြောင့် နာမ တော်ကိုချီးမွမ်း ပါမည်။ အကြောင်း မူကား၊ ဂတိ တော်ကိုသိတင်း တော်ရှိသမျှ ထက် ချီးမြှောက် တော်မူပြီ။ ၃ အကျွန်ုပ်အော်ဟစ် သောနေ့ တွင် နားထောင် တော်မူ၍၊ စိတ် ဝိညာဉ်ထဲသို့ ခွန်အား ကို သွင်းသဖြင့်၊ အကျွန်ုပ် ကို ခိုင်မာ စေတော်မူ၏။ ၄ အိုထာဝရဘုရား၊ လောကီ ရှင် ဘုရင်အပေါင်း တို့သည် နှုတ် တော်ထွက်စကား တို့ကို ကြား ရသည်ဖြစ်၍၊ ဂုဏ်တော်ကို ချီးမွမ်း ကြပါလိမ့်မည်။ ၅ ထာဝရဘုရား ၏ လမ်းခရီးတော်တို့ ၌ လိုက်၍ သီချင်း ဆိုကြပါလိမ့်မည်။ အကြောင်း မူကား၊ ထာဝရဘုရား သည် ဘုန်း ကြီး တော်မူ၏။ ၆ ထာဝရဘုရား သည် မြင့်မြတ် တော်မူသော်လည်း၊ စိတ်နှိမ့်ချ သောသူတို့ ကို ကြည့်ရှု တော်မူ၏။ စိတ်မြင့် သောသူတို့ ကိုကား၊ အဝေး က သိ တော်မူ၏။ ၇ အကျွန်ုပ်သည် ဆင်းရဲ ဒုက္ခများ၌ ကျင်လည် သော်လည်း၊ ကိုယ်တော်သည် အကျွန်ုပ် ကို အသက်ရှင် စေတော်မူလိမ့်မည်။ လက် တော်ကို ဆန့် လျက်၊ ရန်သူ တို့ ၏အမျက် ဒေါသကို ဆီးတား၍၊ လက်ျာ လက်တော် အားဖြင့်အကျွန်ုပ် ကို ကယ်တင် တော်မူလိမ့်မည်။ ၈ ထာဝရဘုရား သည် ငါ ၏အမှု ကို ပြီးစီး စေတော်မူမည်။ အိုထာဝရဘုရား၊ ကရုဏာ တော်သည် အစဉ် အမြဲတည် ပါသည်ဖြစ်၍၊ ကိုယ်တော် ၏ လက် နှင့်ပြုစုသော အမှု တို့ကို စွန့်ပစ် တော်မ မူပါနှင့်။

၁၃၉ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် ကို စစ်ကြော ၍ သိ တော်မူ၏။ ၂ အကျွန်ုပ် ထိုင် ခြင်း၊ ထ ခြင်းအရာတို့ကို သိ တော်မူ ၏။ အကျွန်ုပ် အကြံ အစည်တို့ကို အဝေး က ပင် နားလည် တော်မူ၏။ ၃ အကျွန်ုပ် သွားသောလမ်း ကိုၛင်း၊ အိပ်ရာကိုၛင်း စစ်ဆေး၍၊ အကျွန်ုပ် ကျင့် သောအကျင့် အလုံးစုံ တို့ကို ကျွမ်း တော်မူ၏။ ၄ အကျွန်ုပ် သည် စကား တခွန်း ကိုမျှ မ မြွက်သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကြွင်းမဲ့ သိ တော်မူ၏။ ၅ ကိုယ်တော်သည်အကျွန်ုပ် ကို ပတ်လည် ဝိုင်းထား ၍၊ အကျွန်ုပ် အပေါ် မှာ လက် တော်ကိုတင် တော်မူပြီ။ ၆ ထိုသို့သော ဉာဏ် သည် အံ့ဩ ဘွယ်ဖြစ်၍၊ အကျွန်ုပ် မတတ်နိုင်ပါ။ မြင့်မြတ် သည်ဖြစ်၍အကျွန်ုပ် မ မှီနိုင် ပါ။ ၇ ဝိညာဉ် တော်နှင့် လွတ်ခြင်းအလိုငှါ အဘယ် အရပ်သို့ သွား နိုင်ပါမည်နည်း။ မျက်နှာ တော်နှင့် လွတ်ခြင်းအလိုငှါ အဘယ် အရပ်သို့ ပြေး နိုင်ပါမည်နည်း။ ၈ ကောင်းကင် သို့တက် လျှင် ကိုယ်တော် ရှိ တော်မူ၏။ မရဏ နိုင်ငံ၌ အိပ်ရာကိုခင်း လျှင် ကိုယ်တော် ရှိ တော်မူ ၏။ **(Sheol h7585)** ၉ နံနက် အတောင် တို့ကိုယူ ၍ သမုဒ္ဒရာ စွန်း ၌ နေ လျှင်၊ ၁၀ ထို အရပ်၌ ပင် ကိုယ်တော် ၏လက် သည် အကျွန်ုပ် ကို ပို့ဆောင် လျက်၊ လက်ျာ လက်တော်သည် ကိုင် လျက်ရှိပါလိမ့်မည်။ ၁၁

အကယ်၍ မှောင်မိုက် သည်ငါ့ ကိုဖုံးလွှမ်း မည်ဟု တဖန် ဆို လျှင်၊ ညဉ့် သည်လည်း အကျွန်ုပ် ပတ်ဝန်းကျင် ၌ အလင်း ဖြစ်ပါလိမ့်မည်။ ၁၂ အကယ် စင်စစ်မှောင်မိုက် သည် ရှေ့တော်၌ အဘယ်အရာကိုမျှ မ ဖုံးနိုင်ပါ။ ညဉ့် သည် နေ့ ကဲ့သို့ လင်း ပါ၏။ မှောင်မိုက် သဘောနှင့် အလင်း သဘောသည် တူ ပါ၏။ ၁၃ ကိုယ်တော်သည် အကျွန်ုပ် ၏ ကျောက်ကပ် ကို ပင် ဖန်ဆင်း ၍၊ အမိ ဝမ်း ထဲမှာ အကျွန်ုပ် ကို ဖုံးအုပ် တော်မူပြီ။ ၁၄ အကျွန်ုပ်သည် ကြောက်မက် ဘွယ်သော လက္ခဏာ၊ ထူးဆန်း သော လက္ခဏာတို့နှင့် ပြည့်စုံသည် ဖြစ်၍၊ ကိုယ်တော် ကို ချီးမွမ်း ပါမည်။ ပြုပြင်တော်မူသောအမှု တို့သည် အံ့သြ ဘွယ်ဖြစ်ကြောင်း ကို အကျွန်ုပ် ၏ စိတ် ဝိညာဉ်သည်အမှန် သိ ပါ၏။ ၁၅ မ ထင်ရှားသော အရပ်၌ အကျွန်ုပ်ကိုဖန်ဆင်း ၍၊ မြေကြီး အောက် အရပ်၌ စေ့စပ် စွာ ပြုပြင်တော်မူသောအခါ၊ အကျွန်ုပ် ၏ကိုယ် ခန္ဓါသည် ရှေ့တော်၌ ထင်ရှား လျက်ရှိပါ၏။ ၁၆ မစုံလင်သေးသော အကျွန်ုပ် ၏အလုံး အထွေးကိုလည်း ကိုယ်တော် သည်ကြည့်ရှု ၍ မြင် တော်မူပြီ။ ထိုအရာ တို့ကို ပြုပြင် ၍ တစုံ တခုမျှ မ ရှိမှီကာလ တွင်၊ ကိုယ်တော် ၏ စာရင်း ၌ အကုန် အစင်မှတ်သား လျက် ရှိကြပါ၏။ ၁၇ အိုဘုရား သခင်၊ အကျွန်ုပ် ၌ ကိုယ်တော် ၏ အကြံအစည်တို့သည် အလွန် ထူးဆန်း ကြပါ၏။ အလွန် များပြား ကြပါ၏။ ၁၈ ထို အကြံအစည်တော်တို့ကို ရေတွက် လျှင်၊ သဲလုံး နှင့်အမျှမက သာ၍များပြား ကြပါ၏။ အကျွန်ုပ်သည် နိုး သောအခါ ကိုယ်တော် ထံ၌ အစဉ် ရှိပါ၏။ ၁၉ အိုဘုရား သခင်၊ ကိုယ်တော်သည် မ တရားသောသူတို့ ကို ကွပ်မျက် တော်မူပါစေသော။ လူ အသက် ကိုသတ် တတ်သောသူတို့၊ ငါ့ ထံ မှ ဖယ်သွား ကြ။ ၂၀ ထိုသူတို့သည် ကိုယ်တော် တဘက်၌ မနာလို သောစိတ်နှင့်ပြောဆို ၍၊ ကိုယ်တော် ၏ရန်သူ တို့သည် မ တရားသဖြင့် ဝါကြွား ကြပါ၏။ ၂၁ အိုထာဝရဘုရား၊ ကိုယ်တော် ကို မုန်း သောသူတို့ ကို အကျွန်ုပ်မုန်း ပါသည်မ ဟုတ်လော။ အာဏာ တော် ကို ဆန်သောသူတို့ကို အကျွန်ုပ်ရွံရှာ ပါသည် မဟုတ် လော။ ၂၂ ထိုသူ တို့ကို စိတ် နှလုံးအကြွင်းမဲ့မုန်း ပါ၏။ ကိုယ် ရန်သူ ကဲ့သို့ မှတ် ပါ၏။ ၂၃ အိုဘုရား သခင်၊ အကျွန်ုပ် ကို စစ်ကြော ၍၊ အကျွန်ုပ် ၏နှလုံး ကို သိမှတ် တော်မူပါ။ စုံစမ်း ၍ စိတ် အထင်များကိုလည်း သိမှတ် တော်မူပါ။ ၂၄ ဆိုး သောလမ်း သို့ အကျွန်ုပ် လိုက် သည် မလိုက် သည်ကို ကြည့်ရှု ၍၊ ထာဝရ လမ်း ထဲသို့ သွေးဆောင် တော်မူ ပါ။

၁၄၀ အိုထာဝရဘုရား၊ ဆိုး သောသူ ၏လက်မှ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ကြမ်းတမ်း သောသူ ၏လက်မှ အကျွန်ုပ် ကို ကွယ်ကာ စောင့်မတော်မူပါ။ ၂ ထိုသူတို့သည်နှလုံး ထဲမှာ မ ကောင်းသော အကြံ အစည် ရှိ၍၊ စစ်မှု ကို အစဉ် နှိုးဆော် ကြပါ၏။ ၃ သူတို့သည်မွှေ ကဲ့သို့ မိမိ တို့လျှာ ကို သွေး တတ် ကြပါ၏။ သူ တို့နှုတ်ခမ်း အထဲ မှာ မွှေဆိုး အဆိပ် အတောက်ရှိပါ၏။ ၄ အိုထာဝရဘုရား၊ မ တရားသောသူ၏ လက် မှ အကျွန်ုပ် ကိုကွယ်ကာ စောင့်မတော်မူပါ။ ကြမ်းတမ်း သောသူ ၏လက်မှ ကွယ်ကာ စောင့်မတော်မူပါ။ သူတို့သည် အကျွန်ုပ် ကိုလှဲ ခြင်းငှါ ကြံစည် ကြပါ၏။ ၅ မာနကြီး သောသူတို့သည် အကျွန်ုပ် ဘို့ ကျော့ကွင်း နှင့် ကြိုး သေးများကို ဝှက်ထား ကြပါ၏။ အကျွန်ုပ် သွားရာလမ်း ၌ ကွန် ရွက်ကိုဖြန့် ၍ ညွှတ် များကို ထား ကြပါ ၏။ ၆ ကိုယ်တော် သည်အကျွန်ုပ် ၏ ဘုရား သခင်ဖြစ် တော်မူ၏ဟု ထာဝရဘုရား အား လျှောက် ထားပါ၏။ အိုထာဝရဘုရား၊ အကျွန်ုပ် ဆုတောင်း

သောစကား ကို နားထောင် တော်မူပါ။ ၇ အိုဘုရား ရှင်ထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ၏ ကယ်တင်
ခြင်းအစွမ်း သတ္တိဖြစ်တော်မူ၏။ စစ်တိုက် ရသောနေ့ ၌ အကျွန်ုပ် ၏ဦးခေါင်း ကို ဖုံးအုပ် တော်မူ၏။ ၈ အိုထာဝရဘုရား
၊ မ တရားသောသူ၏ အလို ပြည့်စုံရသောအခွင့်၊ သူ ၏အကြံ ထမြောက် ရသောအခွင့် ရှိစေတော်မ မူပါနှင့်။ ၉
ထိုသို့သောသူတို့သည် အကျွန်ုပ် ပတ်လည် ၌၊ မိမိတို့ ဦးခေါင်း ကို မချီးမြှောက်ရဘဲ၊ မိမိ တို့မြွက်ဆို သော မ
ကောင်းကျိုးသည် မိမိ တို့ကို လွှမ်းမိုး ပါစေသော။ ၁၀ မီးခဲ တို့သည် ထိုသူ တို့အပေါ် သို့ ကျ ရောက်ကြ ပါစေသော။ မီး
ထဲသို့ ၎င်း၊ နက် သောတွင်းထဲသို့ ၎င်း ကျ ကြ ပါစေသော။ တဖန်မ ထ ကြပါစေနှင့်။ ၁၁ ကဲ့ရဲ့ တတ်သောသူ သည်
မြေ ပေါ် မှာ နေရာ မ မြဲ ပါစေနှင့်။ ကြမ်းတမ်း သောသူ ကိုလည်း ဖျက်ဆီး သည် တိုင်အောင် ဘေးဥပဒ် သည်
လိုက် ပါစေသော။ ၁၂ ထာဝရဘုရား သည်ဆင်းရဲ သောသူ ၏အမှု ကို စောင့် ၍၊ ငတ်မွတ် သောသူဘက်၌ တရား
စီရင်တော်မူမည် ဟု ငါသိ ၏။ ၁၃ အကယ် စင်စစ်တရား သောသူတို့သည် နာမတော် ကို ချီးမွမ်း ကြပါလိမ့်မည်။
သဘော ဖြောင့်သောသူတို့ သည် အထံ တော်၌ နေ ရကြပါလိမ့်မည်။

၁၄၀ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် အော်ဟစ် ပါ၏။ အလျင်အမြန်ကြွလာ တော်မူပါ။ ကိုယ်တော်
ကို အော်ဟစ် သောအခါ ၊ အကျွန်ုပ် ၏ စကား သံကို နားထောင် တော်မူပါ။ ၂ အကျွန်ုပ် ၏ ပဌနာ သည်မီးရှို့သော
နံ့သာပေါင်း ကဲ့သို့ဝင်း၊ လက် ကိုချီ ခြင်းသည် ညဦးယံ ပူဇော် သကဲ့သို့ဝင်း၊ ရှေ့ တော်၌ပြင်ဆင် လျက် ရှိပါစေသော။
၃ အိုထာဝရဘုရား ၊ အကျွန်ုပ် ၏နှုတ် ရှေ့ မှာ ကင်း ကို ထား တော်မူပါ။ အကျွန်ုပ် ၏နှုတ်ခမ်း တံခါး ကို စောင့် တော်မူပါ။
၄ ဒုစရိုက် ကိုပြု သောသူ တို့နှင့်အတူ အကျွန်ုပ်ပါ၍၊ မ တရားသောအမှု ၊ ဒုစရိုက်အမျိုးမျိုး၌ ကျင်လည်စေခြင်းငှါ၊
အကျွန်ုပ် ၏စိတ် နှလုံးကို မ ကောင်းသောအမှု အရာသို့ သွေးဆောင် တော်မ မူပါနှင့်။ ထိုသူ တို့၏ ခဲတွယ် စားတွယ်တို့ကို
အကျွန်ုပ်မ စား ပါစေနှင့်။ ၅ ဖြောင့်မတ် သောသူသည် အကျွန်ုပ် ကို ဒဏ်ခတ် ပါစေသော၊ ကျေးဇူး ရှိပါလိမ့်မည်။ ဆုံးမ
ပါစေသော၊ အကျွန်ုပ် ဦးခေါင်း ကိုလိမ်းသောဆီ ဖြစ်ပါလိမ့်မည်။ ထပ်၍ ပြုသော်လည်း အကျွန်ုပ် မ ငြင်း ပါ။ ယခု မူကား၊
သူတပါး ပြုသောအဓမ္မ အမှုတဘက် ၌ ဆုတောင်း ရပါ၏။ ၆ သူ တို့၏အကဲ အမှူးတို့သည် ကျောက် တွင်း နားမှ လွတ်
၍ ၊ အကျွန်ုပ် ၏စကား ကို ကြား ရကြပါ၏။ ထို စကား လည်း ချို ပါ၏။ ၇ မြေ ပေါ် မှာထင်းကိုခုတ် ၍ ခွဲ သကဲ့သို့
၊ မရဏာ နိုင်ငံတံခါး ဝမှာ အကျွန်ုပ် တို့၏ အရိုး များတို့သည် ကွဲပြား လျက်ရှိကြပါ၏။ **(Sheol h7585)** ၈ အိုဘုရား
ရှင်ထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် မျှော်ကြည့် ပါ၏။ ကိုယ်တော်၌ခိုလှုံ ပါ၏။ အကျွန်ုပ် ၏အသက် ကို
သွန်ပစ် စေတော်မ မူပါနှင့်။ ၉ အကျွန်ုပ် ဘို့ ထောင် ထားကြသောကျော့ကွင်း မှ ၎င်း၊ ဒုစရိုက် ကို ပြု သောသူတို့၏ညွတ်
မှ၎င်း ၊ အကျွန်ုပ် ကို လွတ် စေတော်မူပါ။ ၁၀ ထိုသို့အကျွန်ုပ် သည်လွန် သွားသောအခါ ၊ မ တရားသော သူအပေါင်း
တို့သည် မိမိ တို့ကျော့ကွင်း ထဲသို့ ကျ ကြပါစေသော။

၁၄၂ ငါ သည် ထာဝရဘုရား ထံသို့ အသံ ကိုလွှင့်၍ အော်ဟစ် ၏။ ငါ့ အသံ ကို ထာဝရဘုရား ထံသို့ လွှင့်၍ ဆုတောင်း ပဋ္ဌနာပြု၏။ ၂ ရှေ့တော်၌ မြည်တမ်း သော စကားကို မြွက် ၍၊ ခံရသောဆင်းရဲ ဒုက္ခကို ကြား လျှောက်ရ၏။ ၃ အကျွန်ုပ် သည် စိတ်ပျက် လျက် ရှိသောအခါ၊ အကျွန်ုပ် သွားသောလမ်း ကို ကိုယ်တော် သိ တော်မူ၏။ အကျွန်ုပ် သွား သောလမ်း၌ ကျော့ကွင်း ကို ဝှက်ထား ကြ ပါပြီ။ ၄ လက်ျာ ဘက်သို့ အကျွန်ုပ်ကြည့်ရှု သောအခါ၊ အကျွန်ုပ် သိကျွမ်း သောသူမ ရှိပါ။ ပြေး လွှတ်ရာလမ်းလည်း ပိတ် ပါ၏။ အကျွန်ုပ် အသက် ကို နှမြော သောသူမ ရှိပါ။ ၅ အိုထာဝရဘုရား၊ ကိုယ်တော် ကို အော်ဟစ် ပါ၏။ အသက်ရှင် သောသူတို့၏ နေရာ ၌ ကိုယ်တော်သည် အကျွန်ုပ် ခိုလှုံရာ၊ အကျွန်ုပ် ခံစားရာအဘို့ ဖြစ်တော်မူ၏။ ၆ အလွန် နှိမ့်ချ လျက်နေသောအကျွန်ုပ် ၏ ကြွေးကြော် သံကို နားထောင် တော်မူပါ။ အကျွန်ုပ် ကို ညှဉ်းဆဲ သောသူတို့လက်မှ ကယ်နှုတ် တော်မူပါ။ သူတို့သည် အကျွန်ုပ် ထက် သာ၍ခွန်အား ကြီးကြပါ၏။ ၇ နာမတော် ကို အကျွန်ုပ်ချီးမွမ်း ရမည်အကြောင်း၊ အကျွန်ုပ် ကို ထောင် ထဲက နှုတ်ဆောင် တော်မူပါ။ ထိုသို့ ကျေးဇူး ပြုတော်မူသောအခါ၊ ဖြောင့်မတ် သောသူတို့သည် အကျွန်ုပ် ကို ဝန်းရံ လျက်နေရကြပါလိမ့်မည်။

၁၄၃ အိုထာဝရဘုရား၊ အကျွန်ုပ် ၏ပဌနာ ကိုကြား ၍၊ ဆုတောင်း သော စကားကို နားထောင် တော်မူပါ။ သစ္စာ စောင့် ခြင်း၊ ဖြောင့်မတ် ခြင်းရှိတော်မူသည်အတိုင်း ပြန်ပြော တော်မူပါ။ ၂ ကိုယ်တော် ၏ကျွန် နှင့် တရား တွေ့ တော်မ မူပါ နှင့်။ အသက်ရှင် သောသူမည် သည်ကား၊ ရှေ့တော်၌ အပြစ် ကင်းစင်ရာသို့ မ ရောက်ရပါ။ ၃ ရန်သူ သည်အကျွန်ုပ် ၏ဝိညာဉ် ကို ညှဉ်းဆဲ ၍၊ အသက် ကိုလည်း မြေ တိုင်အောင် နှိပ် နင်း၍၊ ကြာမြင့် စွာ သေ နေသောသူကဲ့သို့ အကျွန်ုပ် ကို မှောင်မိုက် ထဲမှာ နေ စေပါ၏။ ၄ အကျွန်ုပ် သည်စိတ်ပျက် လျက်၊ ကိုယ် အထဲ ၌ နှလုံး ကြေကွဲ လျက် ရှိပါ၏။ ၅ ရှေး လွန်လေပြီးသော ကာလကိုအောက်မေ့ ၍၊ အလုံးစုံ သော အမှု တော်တို့ကိုဝင်း၊ လက် တော်နှင့်ပြုပြင် သော အရာများကို ၎င်းဆင်ခြင် ပါ၏။ ၆ ကိုယ်တော် ထံသို့ လက် တို့ကို ဆန့် ပါ၏။ သွေ့ခြောက် သောမြေ ကဲ့သို့ အကျွန်ုပ် ၏ဝိညာဉ် သည် ကိုယ်တော် ကို တောင့်တပါ၏။ ၇ အိုထာဝရဘုရား၊ အလျင် အမြန်နားထောင် တော်မူပါ။ အကျွန်ုပ် သည် စိတ် ပျက် ပါပြီ။ မျက်နှာ လွှဲ တော်မူသဖြင့်၊ တွင်း ထဲသို့ဆင်း သောသူကဲ့သို့ အကျွန်ုပ်ကို ဖြစ်စေတော်မ မူပါနှင့်။ ၈ ကရုဏာ တော်စကားသံကို အလျင် အမြန်ကြား စေတော်မူပါ။ ကိုယ်တော် ၌ ကိုးစား ပါ၏။ ကိုယ်သွား ရမည် လမ်း ကို သိ စေတော်မူပါ။ ကိုယ်တော် ကို အကျွန်ုပ် တသ ပါ၏။ ၉ အိုထာဝရဘုရား၊ ရန်သူ တို့လက်မှ အကျွန်ုပ် ကို ကယ်နှုတ် တော်မူပါ။ ကိုယ်တော် ကို ခိုလှုံ ပါ၏။ ၁၀ အလိုတော် သို့လိုက် စေမည်အကြောင်း သွန်သင် တော်မူပါ။ ကိုယ်တော်သည် အကျွန်ုပ် ၏ဘုရား သခင်ဖြစ်တော်မူ၏။ ကောင်းမြတ် သောဝိညာဉ် တော်သည် ဖြောင့် သောလမ်း ၌ အကျွန်ုပ် ကိုသွေးဆောင် တော်မူပါစေသော။ ၁၁ အိုထာဝရဘုရား၊ နာမတော် အတွက် ကြောင့်၊ အကျွန်ုပ် ကို အသက်ရှင် စေတော်မူပါ။ ဖြောင့်မတ် တော်မူသည် နှင့်အညီ၊ အကျွန်ုပ် ၏ ဝိညာဉ် ကိုဆင်းရဲ ဒုက္ခအထဲက နှုတ်ယူ တော်မူပါ။ ၁၂ ကရုဏာ တော်ရှိသည်အတိုင်း၊ အကျွန်ုပ် ၏ ရန်သူ တို့ကို ပယ်ရှင်း ၍၊ အကျွန်ုပ်ကို ညှဉ်းဆဲ သော သူအပေါင်း တို့ကို ဖျက်ဆီး တော်မူပါ။ အကျွန်ုပ် သည် ကိုယ်တော် ၏ကျွန် ဖြစ်ပါ၏။

၁၄၄ ငါ၏ကျောက်တည်းဟူသောထာဝရဘုရား သည် မင်္ဂလာရှိတော်မူစေသတည်း။ ငါ့လက်သည် စစ်တိုက် ၍၊ လက်ချောင်းတို့လည်းစစ်မှုကို လေ့ကျက်မည် အကြောင်းသွန်သင်တော်မူ၏။ ၂ ငါ့ ကိုသနား သောသူ၊ ငါ ၏မြို့ရိုး ၊ ငါ ၏ရဲတိုက် ၊ ငါ့ ကိုကယ်လွှတ် သောသခင်၊ ငါ ၏အကွယ် အကာဖြစ်တော်မူ၏။ ထိုဘုရား သခင်ကို ငါကိုးစား ၏။ ငါ ၏ လူမျိုး ကို ငါ့ အောက် သို့ နှိမ့်ချ တော်မူ၏။ ၃ အိုထာဝရဘုရား ၊ လူ သည်အဘယ်သို့ သောသူဖြစ်၍ ၊ ကိုယ်တော် သည် မှတ် တော်မူရသနည်း။ လူသား သည် အဘယ်သို့သောသူ ဖြစ်၍ ၊ ပမာဏ ပြုတော်မူရသနည်း။ ၄ လူ သည်အငွေ့ နှင့် တူပါ၏။ သူ ၏နေ့ရက် တို့သည် လွန်သွား တတ်သော အရိပ် ကဲ့သို့ ဖြစ်ကြပါ၏။ ၅ အိုထာဝရဘုရား ၊ ကိုယ်တော် ၏ မိုဃ်း ကောင်းကင်ကို ညွတ် ၍ ဆင်းသက် တော်မူပါ။ တောင် တို့ကိုတို့ တော်မူပါ။ သူတို့သည် မီးခိုး ထွက်ကြပါလိမ့်မည်။ ၆ လျှပ်စစ် ပြက်စေ၍ လေးမြှား တော်တို့ကို ပစ် သဖြင့် ၊ ရန်သူ တို့ကို အရပ်ရပ်သို့ကွဲပြား စေ၍ နှိပ်စက် တော်မူပါ။ ၇ အထက် အရပ်က လက် တော်ကိုဆန့် ၍ အကျွန်ုပ် ကို နှုတ် တော်မူပါ။ တခဲနက် သောရေ ထဲက ၎င်း၊ တကျွန်း တနိုင်ငံသားတို့၏လက် ထဲက ၎င်း၊ ဆယ်ယူကယ်တင် တော်မူပါ။ ၈ သူ တို့၏နှုတ် သည် မုသာ စကားကို ပြော တတ် ပါ၏။ သူ တို့၏ လက်ျာ လက်သည်လည်း လှည့်စား တတ် သော လက် ဖြစ်ပါ၏။ ၉ အိုဘုရား သခင်၊ ရှေ့ တော်၌ အသစ် သောသီချင်း ကို ဆို ပါမည်။ ကြိုး ဆယ်ပင်ရှိ သောတုရိယာ နှင့်ထောမနာသီချင်း ဆိုပါမည်။ ၁၀ အောင်မြင် ရသောအခွင့်ကို ရှင် ဘုရင်တို့အား ပေး တော်မူ၏။ ကိုယ်တော် ၏ ကျွန် ဒါဝိဒ် ကိုဆိုး သော ထား ဘေးနှင့် ကင်းလွတ် စေတော်မူ၏။ ၁၁ တကျွန်း တနိုင်ငံသားတို့၏လက် မှ ၊ အကျွန်ုပ် ကို နှုတ်ယူ ၍ ကယ်တင် တော်မူပါ။ သူ တို့၏နှုတ် သည် မုသာ စကားကို ပြော တတ်ပါ၏။ သူ တို့၏လက်ျာ လက်သည် လည်း လှည့်စား တတ်သော လက် ဖြစ်ပါ၏။ ၁၂ အကျွန်ုပ် တို့၏သား တို့သည် အရွယ် ပျိုစဉ်တွင် ၊ ကြီးပွါး သော ပျိုးပင် ကဲ့သို့ ၎င်း၊ သမီး တို့သည် ဘုံ ဗိမာန် နည်းတူထု သော တိုက်ထောင့်ကျောက်တိုင် ကဲ့သို့ ၎င်း ဖြစ်ကြပါစေသော။ ၁၃ အကျွန်ုပ် တို့၏ ဘဏ္ဍာ တိုက်တို့သည် အစား အသောက်အသုံးအဆောင်များနှင့်ပြည့်စုံ ခြင်း၊ သိုး တို့ သည် ပြင် အရပ်တို့ ၌ အထောင်အသောင်းမွေးဘွား ခြင်း၊ ၁၄ နွား တို့သည်လည်း ကြီးပွါး များပြားခြင်း ရှိပါ စေသော။ အနှိုင် အထက်ဝင်ခြင်းမ ရှိ။ သိမ်း သွားခြင်းမရှိ။ လမ်း တို့ ၌ ကြွေးကြော်မြည်တမ်း ခြင်းမ ရှိပါစေနှင့်။ ၁၅ ထိုသို့ နေသော လူမျိုး သည် မင်္ဂလာ ရှိပါ၏။ ထာဝရဘုရား သည် အကြင် လူမျိုး၏ဘုရား သခင်ဖြစ်၏။ ထိုလူမျိုး သည် မင်္ဂလာ ရှိပါ၏။

၁၄၅ အကျွန်ုပ်၏ရှင်ဘုရင် ၊ အကျွန်ုပ် ၏ဘုရား သခင်၊ ကိုယ်တော် ချီးမွှောက် ပါမည်။ ကမ္ဘာ အဆက်ဆက်နာမတော် ကို ကောင်းကြီး ပေးပါမည်။ ၂ ကိုယ်တော် ကို နေ့တိုင်း အစဉ်ကောင်းကြီး ပေးပါမည်။ နာမ တော်ကို ကမ္ဘာ အဆက်ဆက်ချီးမွမ်း ပါမည်။ ၃ ထာဝရဘုရား သည် ကြီးမြတ် ၍ အလွန် ချီးမွမ်း ဘွယ်ဖြစ်တော်မူ၏။ ကြီးမြတ် တော်မူခြင်းကို စစ် ၍ မ ကုန်နိုင်။ ၄ အမှုတော် တို့ကို လူမျိုး အဆက်ဆက်တို့သည် ချီးမွမ်း ၍ ၊ တန်ခိုး တော်များကိုဟောပြော ကြပါလိမ့်မည်။ ၅ အကျွန်ုပ်သည်လည်း ဘုန်း တန်ခိုးအာနုဘော်တော်ကိုငင်း၊ အံ့ဘွယ် သော အမှုတော် တို့ကိုငင်းမြွက်ဆို ပါမည်။ ၆ သူတို့သည် ကြောက်မက် ဘွယ်သော အမှုတော်တို့ ၌ပါသောတန်ခိုး တော်ကို

မြွက်ဆို ၍ ၊ အကျွန်ုပ်သည်လည်း၊ ကြီးမြတ် တော်မူခြင်းအကြောင်း ကို ကြားပြော ပါမည်။ ၇ သူတို့သည် အလွန်
ကောင်းမြတ် တော်မူခြင်းကို အောက်မေ့ ဘို့ရာမြွက်ဆို ၍ ၊ ဖြောင့်မတ် တော်မူခြင်း အရာကို ရွှင်လန်းစွာ သီချင်း
ဆိုကြပါလိမ့်မည်။ ၈ ထာဝရဘုရား သည် ကျေးဇူး ပြုတတ်သော သဘော၊ သနား စုံမက်တတ်သောသဘောနှင့်ပြည့်စုံ၍ ၊
ခန္တီ တော်နှင့် ကရုဏာ တော်သည် အလွန် ကြွယ်ဝပါ၏။ ၉ ထာဝရဘုရား သည် ခပ်သိမ်း သောသူတို့အား ကျေးဇူး
ပြုချင်သော သဘောရှိ၍ ၊ ဖန်ဆင်း တော်မူသမျှ တို့ကို သနား စုံမက်တော်မူ၏။ ၁၀ အိုထာဝရဘုရား ၊ ဖန်ဆင်း
တော်မူသမျှတို့သည် ဂုဏ် တော်တို့ကို ပြ၍ ၊ ကိုယ်တော် ၏ သန့်ရှင်း သူတို့သည် ကောင်းကြီး ပေးကြပါ ၏။ ၁၁ နိုင်ငံ
တော်၏ဘုန်း ကိုထင်း၊ တန်ခိုး တော်ကိုထင်း ဟောပြောမြွက်ဆို သဖြင့်၊ ၁၂ တန်ခိုး ပါသောအမှုတော်များနှင့် နိုင်ငံ တော်၏
ဘုန်း အသရေများကို လူသား တို့အား ဘော်ပြ ကြပါ၏။ ၁၃ ကိုယ်တော် ၏နိုင်ငံ သည် နိစ္စ ထာဝရနိုင်ငံ ဖြစ်၍ ၊ အာဏာ
တော် သည်ကာလ အစဉ်အဆက် တည်ရပါ၏။ ထာဝရဘုရား သည် လဲ သောသူရှိသမျှ တို့ကို ထောက်မ တော်မူ၏။
၁၄ နှိမ့်ချ သောသူအပေါင်း တို့ကို ကြွပင့် တော်မူ၏။ ၁၅ ခပ်သိမ်း သော သတ္တဝါတို့သည် ကိုယ်တော် ကို မျှော်ကြည့်
ကြ၍ ၊ အချိန် တန်မှသူ တို့ကို ကျွေးမွေး တော်မူ ၏။ ၁၆ လက် တော်ကိုဖွင့် ၍ ၊ အသက်ရှင် သောသတ္တဝါ အပေါင်း
တို့ကို ရောင့်ရဲ စေတော်မူ၏။ ၁၇ ထာဝရ ဘုရား၏ လမ်းခရီး တော်ရှိသမျှ တို့သည် ဖြောင့်မတ် ၍ ၊ ခပ်သိမ်း သော
အမှုတော် တို့သည် သန့်ရှင်း ကြပါ၏။ ၁၈ ထာဝရဘုရား သည် ပဌနာ ပြုသောသူအပေါင်း ၊ သစ္စာ နှင့်တကွ ပဌနာပြု
သော သူ အပေါင်း တို့၏ အနီး အပါးရှိတော်မူ၏။ ၁၉ ကြောက်ရွံ့ သောသူတို့၏ အလို ကို ပြည့်စုံ စေ တော်မူ၏။ ထိုသူ
တို့၏အော်ဟစ် ခြင်းကို ကြား ၍ ကယ်တင် တော်မူ၏။ ၂၀ ထာဝရဘုရား သည် ကြည်ညို သောသူအပေါင်း တို့ကို
စောင့်မ တော်မူ၏။ မ တရားသောသူအပေါင်း တို့ကို ကား၊ ဖျက်ဆီး တော်မူမည်။ ၂၁ ထာဝရဘုရား ကို ချီးမွမ်း လျက်ငါ
မြွက်ဆိုမည်။ ခပ်သိမ်း သော လူ တို့သည် သန့်ရှင်း သော နာမတော် ကို ကမ္ဘာ အဆက်ဆက်ကောင်းကြီး ပေးကြစေ။

၁၄၆ အိုငါ့ ဝိညာဉ် ၊ ထာဝရဘုရား ကိုချီးမွမ်း လော့။ ၂ ငါ သည် အသက်ရှင် စဉ်အခါ ၊ ထာဝရဘုရား ကို ချီးမွမ်း
မည်။ ငါ ဖြစ်စဉ် ကာလ ပတ်လုံး၊ ငါ ၏ဘုရား သခင်ကို ထောမနာသီချင်း ဆိုမည်။ ၃ မင်း များမှစ၍
မကယ်တင် နိုင်သော လူသား ကို မ ကိုးစား ကြနှင့်။ ၄ သူ သည်အသက် ထွက် ၍ မြေ သို့ ပြန် သွားတတ် ၏။ ထို
နေ့ခြင်းတွင်၊ သူ ၏အကြံ အစည်တို့သည် ပျက်စီး ကြ၏။ ၅ ယာကုပ် အမျိုး၏ ဘုရား သခင်မစ တော်မူသောသူ၊ မိမိ
ဘုရား သခင် ထာဝရဘုရား ကို မြော်လင့် သောသူသည် မင်္ဂလာ ရှိ၏။ ၆ ထိုဘုရားသခင်သည် ကောင်းကင် ၊ မြေကြီး ၊
သမုဒ္ဒရာ နှင့်တကွ အရပ်ရပ် ၌ ရှိသမျှတို့ကို ဖန်ဆင်း တော်မူ၏။ သစ္စာ တော်ကို အစဉ် အမြဲစောင့် တော်မူ၏။ ၇
ညှဉ်းဆဲ ခြင်းကိုခံရသောသူတို့ အား တရား ပြု တော်မူ၏။ ငတ်မွတ် သောသူတို့ ကိုကျွေးမွေး တော်မူ၏။ ထာဝရဘုရား
သည် ချုပ်ထား ခြင်းကို ခံရသောသူတို့ကို လွှတ် တော်မူ၏။ ၈ ထာဝရဘုရား သည် မျက်စိ ကန်းသောသူတို့ကို မြင်
စေတော်မူ၏။ ထာဝရဘုရား သည် နှိမ့်ချ သောသူတို့ ကို ကြွ ပင့်တော်မူ၏။ ထာဝရဘုရား သည် ဖြောင့်မတ် သောသူတို့
ကို ချစ် တော်မူ၏။ ၉ ထာဝရဘုရား သည် ဧည့်သည် တို့ကို စောင့်မ တော်မူ၍ ၊ မုတ်ဆိုးမ နှင့်မိဘ မရှိသောသူတို့ ကို

ထောက်မတော်မူ၏။ မ တရားသောသူတို့၏ လမ်း ကိုကား ၊ ကွေ့ကောက် စေတော်မူ၏။ ၁၀ အိုဓိအုန် မြို့၊ သင် ၏ဘုရား သခင် တည်း ဟူသော ထာဝရဘုရား သည် ကာလ အစဉ်အမြဲ ကမ္ဘာ အဆက်ဆက်စိုးစံ တော်မူ လတံ့ သတည်း။ ဟာလေလုယ။

၁၄၇ ထာဝရ ဘုရားကို ချီးမွမ်း ကောင်း သည်ဖြစ်၍၊ ချီးမွမ်း ကြလော့။ ငါ တို့၏ဘုရား သခင်ကို ထောမနာ ပြု ခြင်းသည် သာယာ လျောက်ပတ် သည် ဖြစ်၍၊ ထောမနာ သီချင်းဆိုကြလော့။ ၂ ထာဝရဘုရား သည် ယေရုရှလင် မြို့ကို တည်ဆောက် ၍၊ အဝေး သို့နှင်လိုက်သော ဣသရေလ အမျိုးသားတို့ကို စုဝေး စေတော်မူ၏။ ၃ စိတ် ကြေမွ သောသူတို့ကို နှစ်သိမ့် စေ၍ ၊ သူ တို့၏ အနာ ကို ကု တော်မူ၏။ ၄ ကြယ် များကိုရေတွက် ၍ အသီးအသီး တို့ကို သမုတ် တော်မူ၏။ ၅ ငါ တို့၏ဘုရား ရှင်သည် ကြီးမြတ် တော်မူ၏။ တန်ခိုး တော်လည်း ကြီး ၏။ ဉာဏ် တော်သည်အနန္တ ဖြစ်၏။ ၆ ထာဝရဘုရား သည် စိတ် နှိမ့်ချသောသူတို့ ကို ကြွပင့် ၍၊ မ တရားသောသူတို့ ကိုကား၊ မြေ ပေါ် မှာ လှဲ တော်မူ၏။ ၇ ဂုဏ်တော်ကိုချီးမွမ်း လျက် ထာဝရဘုရား ရှေ့တော်၌ သီချင်း ဆိုကြလော့။ စောင်း တီး၍၊ ငါ တို့၏ ဘုရား သခင်ကို ထောမနာ သီချင်းဆိုကြလော့။ ၈ ကောင်းကင် ကို မိုးယံတိမ် များနှင့် ဖုံးလွှမ်း သဖြင့်၊ မြေကြီး ဘို့ မိုးယံ ရေကိုပြင်ဆင် ၍၊ တောင် များပေါ် မှာ မြက်ပင် ကိုပေါက် စေတော်မူ၏။ ၉ မြည် တတ်သော ကျီးကန်း ကလေး မှစ၍ ၊ တိရစ္ဆာန် များတို့ကို ကျွေးမွေး တော်မူ၏။ ၁၀ မြင်း ၏ခွန်အား နှင့်လူ ၏လျင်မြန် ခြင်းကို အားရ နှစ်သက်တော်မူခြင်းမ ရှိ။ ၁၁ ကြောက်ရွံ့ သောသူနှင့် ကရုဏာ တော်ကို မြော်လင့် သောသူတို့ ကို ထာဝရဘုရား နှစ်သက် တော်မူ ၏။ ၁၂ အိုယေရုရှလင် မြို့၊ ထာဝရဘုရား ကို ချီးမွမ်း လော့။ အိုဓိအုန် မြို့၊ သင် ၏ဘုရား သခင်ကို ချီးမွမ်း လော့။ ၁၃ အကြောင်း မူကား၊ သင် ၏တံခါး ကန့်လန့် တို့ကို ခိုင်မာ စေ၍၊ သင် ၏ အထဲမှာ သားသမီး များကို ကောင်းကြီး ပေးတော်မူ၏။ ၁၄ သင် ၏ပြည်စွန်း ပြည်နားမှာ အမှုအရေးကို ငြိမ်းစေ ၍၊ အကောင်း ဆုံးသော စပါး နှင့် သင့် ကို ဝ စွာ ကျွေးမွေးတော်မူ၏။ ၁၅ မြေကြီး ပေါ် သို့ဗျာဒိတ် တော်ကို လွှတ် တော်မူ၏။ နှုတ်ကပတ် တော်သည် အလျင် အမြန်ပြေး တတ်ပါ၏။ ၁၆ မိုယ်းပွင့် ကို သိုးမွေး ကဲ့သို့ ချ တော်မူ၏။ နှင်းခဲ ကိုလည်း ပြာ ကဲ့သို့ ဆွတ်ဖြူ တော်မူ၏။ ၁၇ မိမိ မိုယ်းသီး ကို စားနုတ် စားပေါက်ကဲ့သို့ လွှတ် တော်မူ၍၊ ချမ်း စေတော်မူခြင်းကို အဘယ်သူ ခံ နိုင် သနည်း။ ၁၈ တဖန်နှုတ်ကပတ် တော်ကိုလွှတ် ၍ ၊ ထို မိုယ်းပွင့်အစရှိသည်တို့ကို အရည် ကျိုတော်မူ၏။ မိမိ လေ ကို လာ စေတော်မူသဖြင့်၊ ရေ တို့သည် စီး ကြ၏။ ၁၉ နှုတ်ကပတ် အမိန့်တော်ကို ယာကုပ် အမျိုး၌ ၎င်း၊ စီရင် ထုံးဖွဲ့တော်မူချက်များကို ဣသရေလ အမျိုး၌ ၎င်း ဘော်ပြ တော်မူ၏။ ၂၀ အခြားတပါးသော အမျိုးသား တို့ ၌ ထိုသို့ ပြု တော် မ မူ။ စီရင် တော်မူချက်များကို သူ တို့မ သိ ရကြ။ ဟာလေလုယ။

၁၄၈ ကောင်းကင် ဘုံ၌ ထာဝရဘုရား ကို ချီးမွမ်း ကြလော့။ ဘဝဂ် ပေါ် မှာ ချီးမွမ်း ကြလော့။ ၂ ကောင်းကင် တမန်အပေါင်း တို့၊ ထာဝရ ဘုရား ကို ချီးမွမ်း ကြလော့။ ကောင်းကင်ဗိုလ်ခြေ အပေါင်း တို့ ချီးမွမ်း ကြလော့။ ၃ နေ

လ တို့၊ ထာဝရ ဘုရားကိုချီးမွမ်း ကြလော့။ ထွန်းလင်း သော ကြယ် အပေါင်း တို့၊ ချီးမွမ်း ကြလော့။ ၄ ကောင်းကင် အထပ်ထပ်နှင့် ကောင်းကင် ပေါ် မှာ ရေ များတို့၊ ချီးမွမ်း ကြလော့။ ၅ ထို အရာတို့ကိုအမိန့် တော်ရှိ၍ ၊ ဖန်ဆင်း တော်မူသောကြောင့် ၊ ထာဝရဘုရား ၏နာမတော် ကို ချီးမွမ်း ကြစေ။ ၆ ထို အရာတို့ကို ကာလ အစဉ်အဆက် အမြဲတည် စေတော်မူ၍ ၊ မ ပျက် ရသောဓမ္မတာ ကို စီရင် တော်မူ၏။ ၇ မြေကြီး ၌ ရှိသောအရာ၊ ငါး ကြီးများ၊ နက်နဲ ရာ အရပ် များ၊ ၈ မီး နှင့် မိုဃ်းသီး ၊ မိုဃ်းပွင့် နှင့် အခိုး အငွေ့၊ အမိန့် တော်ကို နားထောင် သော လေပြင်း မုန်တိုင်း၊ ၉ တောင် ကြီးတောင် ငယ်ရှိသမျှ ၊ အသီး ကိုသီးသောအပင် ၊ အာရဂု ပင် ရှိသမျှ၊ ၁၀ သားရဲ နှင့် သားယဉ် အပေါင်း ၊ တွား တတ်သော တိရိစ္ဆာန်နှင့် ပျံ တတ်သော ငှက် အစရှိသော၊ ၁၁ လောကီ ရှင် ဘုရင်များနှင့် ပြည်သူ ပြည်သားအပေါင်း ၊ မင်း များနှင့် လောကီ တရားသူကြီး အပေါင်း၊ ၁၂ လူပျို နှင့် အပျို များ၊ လူအို နှင့် လူ ကလေးများတို့၊ ထာဝရဘုရား ကို ချီးမွမ်း ကြလော့။ ၁၃ နာမတော်တပါးတည်း သာလျှင် မြတ်၍၊ ဘုန်း တော်သည်မြေကြီး နှင့် ကောင်းကင် အပေါ် ထက်၌ ရှိသောကြောင့်၊ ထာဝရ ဘုရား၏ နာမတော် ကို ချီးမွမ်း ကြစေ။ ၁၄ မိမိ လူစု တို့၏ဦးချို့ ကို ချီးမြှင့် တော်မူသဖြင့် ၊ အနီး တော်၌ရှိသောလူစု ၊ ဣသရေလ အမျိုးသားတည်းဟူသော မိမိ သန့်ရှင်း သူအပေါင်း တို့၏ ချီးမွမ်း ရာဖြစ် တော်မူ၏။ ဟာလေလုယ။

၁၄၉ ထာဝရဘုရား ရှေ့ တော်၌ အသစ် သောသီချင်း ကို ဆို ၍၊ သန့်ရှင်း သူတို့ စည်းဝေး ရာ၌ ဂုဏ် တော်ကို ချီးမွမ်း ကြလော့။ ၂ ဣသရေလ အမျိုးသည် မိမိ ကိုဖန်ဆင်း တော်မူသောဘုရားကိုအမှီပြု ၍ ဝမ်းမြောက် စေ။ ဇိအုန် သား တို့သည် မိမိ တို့ရှင် ဘုရင်ကို အမှီပြု ၍ ရွှင်လန်း ကြစေ။ ၃ သူတို့သည် ကခုန် လျက် နာမတော် ကို ချီးမွမ်း ကြစေ။ ပတ်သာ နှင့် စောင်း ကို တီးလျက် ထောမနာ သီချင်း ဆိုကြစေ။ ၄ အကြောင်း မူကား၊ ထာဝရဘုရား သည် မိမိ လူစု ကို နှစ်သက် တော်မူ၏။ စိတ် နှိမ့်ချသောသူတို့ကို ကယ်တင် ခြင်းအားဖြင့် အသရေ တင့်တယ်စေတော်မူ၏။ ၅ သန့်ရှင်း သူတို့သည် ဘုန်းကြီး ၍ ဝမ်းမြောက် ဝမ်းသာကြစေ။ ကျိန်းဝပ် ရာပေါ် မှာ ရွှင်လန်းစွာ သီချင်း ဆိုကြစေ။ ၆ တပါးအမျိုးသား တို့အား တရားအတိုင်း အပြစ် ပေး ၍၊ လူစု တို့အား ဒဏ်ခတ် ခြင်းငှါငင်း၊ ၇ သူ တို့၏ ရှင် ဘုရင်များကို သံကြိုး နှင့် ချည်နှောင် ၍၊ မှူးမတ် များ ကို သံ ခြေချင်း ခတ်ခြင်းငှါ ၎င်း၊ ၈ ကျမ်းစာ ၌မှတ်သားသော အပြစ် စီရင်ခြင်းကိုသူ တို့အား ပြု ခြင်းငှါ ၎င်း၊ သန့်ရှင်းသူတို့သည် ဘုရား သခင်၏ဂုဏ် တော်ကို နှုတ် နှင့် ချီးမွမ်း၍၊ သန်လျက် ကို လက် နှင့် ကိုင်ကြစေ။ ၉ ထာဝရ ဘုရား၏ သန့်ရှင်း သူအပေါင်း တို့သည် ထိုသို့သော ဘုန်း နှင့်ဆိုင်ကြ၏။ ဟာလေလုယ ။

၁၅၀ သန့်ရှင်း ရာ ဌာနတော်၌ ဘုရား သခင်ကို ချီးမွမ်း ကြလော့။ ဘုန်း တော်ထင်ရှားရာ ကောင်းကင် မျက်နှာကြက်ပေါ် မှာ ချီးမွမ်း ကြလော့။ ၂ ထူးဆန်းသော တန်ခိုး တော်များကြောင့် ၊ ဘုရား သခင် ကို ချီးမွမ်း ကြလော့။ အလွန်တရာကြီးမြတ် တော်မူခြင်း ရှိသည်အတိုင်း ချီးမွမ်း ကြလော့။ ၃ တံပိုး မှုတ် လျက် ဘုရား သခင်ကို ချီးမွမ်း

ကြလော့။ တယော နှင့် စောင်း ကိုတီးလျက် ချီးမွမ်း ကြလော့။ ၄ ပတ်သာ တီးလျက် ၊ ကခုန် လျက် နှင့်ချီးမွမ်း ကြလော့။ ကြိုး နှင့်ပြည့်စုံသော တုရိယာကိုတီးလျက် ၊ နဲ့ခရာ ကို မှုတ်လျက် ချီးမွမ်း ကြလော့။ ၅ အသံ ကျယ်သောသံလွင် ကို တီးလျက် ချီးမွမ်း ကြလော့။ အကြီးဆုံး သော လင်းကွင်း ကိုလည်း တီးလျက် ချီးမွမ်း ကြလော့။ ၆ အသက် ရှိသောသူအပေါင်း တို့သည် ထာဝရ ဘုရား ကို ချီးမွမ်း ကြစေ။ ဟာလေလုယ ။

၁ ပညာတရား ၊ နည်း ဥပဒေသတရားကိုသိ ၍၊ ဉာဏ် နှင့်ယှဉ်သောစကား ကိုနားလည် မည်အကြောင်း ၊ ၂ ပညာ သွန်သင်ခြင်း၊ ဖြောင့်မတ် စွာကျင့်ခြင်း၊ တရားသဖြင့် ၃ စီရင်ခြင်း၊ လျစ်လျူ စွာဆုံးဖြတ်ခြင်းအမှုအရာ၌လေ့ကျက် မည်အကြောင်း၊ မိုက် သောသူသည်လိမ္မာ ၍၊ လူပျိ သည်ပညာသတိ နှင့်ပြည့်စုံမည်အကြောင်း၊ ၄ ဒါဝိဒ် ၏သား တော်ဖြစ်သော ဣသရေလ ရှင်ဘုရင် ရှောလမုန် စီရင်သော သုတ္တံစကား ဟူမူကား၊ ၅ ပညာရှိ သောသူသည် နားထောင်သဖြင့် ၊ ပညာ အတတ်တိုးပွါး ရလိမ့်မည်။ ၆ ဉာဏ်ကောင်း သောသူသည် သုတ္တံ စကားအနက်အဓိပ္ပါယ်ကိုငဉ်း၊ ပညာရှိ ဟောပြော ၍ နက်နဲ သောစကားတို့ကိုငဉ်း၊ နားလည် သောနိသဿရည်းဆရာအဖြစ်သို့ ရောက် ရလိမ့်မည်။ ၇ ထာဝရဘုရား ကို ကြောက်ရွံ့ သောသဘောသည် ပညာ ၏အချုပ် အခြာဖြစ်၏။ လူမိုက် တို့သည် ပညာ နှင့် ဉပဒေသ ကို မထီမဲ့မြင် ပြုတတ်ကြ၏။ ၈ ငါ့ သား ၊ အဘ ၏နည်း ဉပဒေသကို နားထောင် လော့။ အမိ ၏တရား ကိုလည်း မ ပယ်နှင့်။ ၉ ထိုနည်းဉပဒေသတရားတို့သည် သင် ၏ခေါင်း ၌ တင့်တယ် သော ဦးရစ် ၊ သင် ၏လည်ပင်း ၌ ပတ်ရစ်သော လည်ဆွဲ ဖြစ်ကြလိမ့်မည်။ ၁၀ ငါ့ သား ၊ လူဆိုး တို့သည် သင့် ကိုသွေးဆောင် လျှင် ဝန် မ ခံနှင့်။ ၁၁ သူတို့က ငါတို့နှင့်အတူ လိုက် တော့။ သူ့အသက် ကို သတ်အံ့သောဘုံစောင့် ကြစို့။ အချည်းနှီး အပြစ် လွတ် သောသူတို့ ကို ချောင်းမြောင်း ကြစို့။ ၁၂ သခိုင်းတွင်း သို့ဆင်း သောသူတို့ ကဲ့သို့ တကိုယ်လုံး ပါ လျက်၊ အသက်ရှင် လျက်ရှိသောထိုသူ တို့ကို မရဏာ နိုင်ငံမျိုသကဲ့သို့ မျိုကြစို့။ (Sheol h7585) ၁၃ အဘိုး ထိုက်သော ဘဏ္ဍာ အမျိုးမျိုး ကိုတွေ့ ၍ လုယူသောဥစ္စာ နှင့် ငါ တို့အိမ် ကိုပြည့် စေကြမည်။ ၁၄ ငါတို့နှင့် ပေါင်းဘော်တော့။ ရသောဥစ္စာကို အညီအမျှ ပိုင်ကြစို့ဟုဆိုသော်လည်း၊ ၁၅ ငါ့ သား ၊ သူ တို့နှင့်အတူ မ လိုက် နှင့်။ သူ တို့သွားသောလမ်း ကို ရှောင် လော့။ ၁၆ အကြောင်း မူကား၊ သူ တို့ခြေသည် ဒုစရိုက် ပြုရာ သို့ ပြေး ၍ ၊ လူအသက် ကို သတ် ခြင်းဉာ လျင်မြန် ၏။ ၁၇ အကယ် စင်စစ်ငှက် မျက်မှောက် ၌ ပိုက်ကွန် ကို ဖြန့် ထားလျှင် အကြဲ မမြောက်ရာ။ ၁၈ လူဆိုး တို့သည် ကိုယ် အသွေး ကို သွန်အံ့သောဉာစောင့်၍၊ ကိုယ် အသက် ကိုသတ် အံ့သောဉာချောင်းမြောင်း တတ်ကြ၏။ ၁၉ မ တရားသောစီးပွါးကို ရှာ သောသူအပေါင်း တို့သည် ထိုသို့ သော အကျိုး ကိုခံရ၍၊ ထိုစီးပွါးသည် မိမိ အရှင် ၏အသက် ကိုသတ် တတ်၏။ ၂၀ ပညာ သည်ပြင် မှာ ကြွေးကြော် ၍၊ လမ်းခရီး တို့ ၌ မိမိ စကား သံကို လွှင့် တတ်၏။ ၂၁ လူ စည်းဝေးရာ အဦး ၌ ၎င်း၊ မြို့ တံခါးဝ တို့ ၌ ၎င်း၊ မြို့ ထဲ ၌ဌင်း ခေါ် ၍မြွက်ဆို သောစကား ဟူမူကား၊ ၂၂ အိုလူမိုက် တို့၊ သင်တို့သည်မိုက် သောအကျင့်ကို နှစ်သက် လျက် ၊ ကဲ့ရဲ့ သောသူတို့သည် ကဲ့ရဲ့ ခြင်း၌ မွေ့လျော် လျက် ၊ မိုက်မဲ သောသူတို့သည် ပညာ အတတ်ကို မုန်း လျက်၊ အဘယ် မျှကာလ ပတ်လုံးနေကြလိမ့်မည်နည်း။ ၂၃ ငါ ဆုံးမ သော စကားကို နားထောင် ၍ ပြောင်းလဲ ကြလော့။ ငါ့ ဝိညာဉ် ကို သင် တို့အပေါ် သို့ ငါသွန်းလောင်း ၍၊ ငါ့ စကား ၏အနက်အဓိပ္ပါယ်ကို နားလည် စေမည်။ ၂၄ ငါသည်ခေါ် ၍ သင်တို့သည် ငြင်းပယ် သောကြောင့် ၎င်း၊ ငါ့ လက် ကိုဆန့် ၍ အဘယ်သူ မျှမမှတ် သောကြောင့် ၎င်း၊ ၂၅ ငါ သတိပေးခြင်းရှိသမျှ ကို သင်တို့သည်ပယ် ၍ ၊ ငါ ဆုံးမ သော စကားတခွန်းကိုမျှ နာ မ ခံဘဲနေသောကြောင့် ၎င်း၊ ၂၆ သင်

တို့သည် ဘေး ဥပဒ်နှင့် တွေ့ကြုံသောအခါ ငါရယ် မည်။ ကြောက်မက် ဖွယ်သော အမှုရောက် သောအခါ ငါပြက်ယယ် ပြုမည်။ ၂၇ သင် တို့ကြောက်မက် ဘွယ်သော အမှုသည်သုတ်သင် ပယ်ရှင်းခြင်းအမှုကဲ့သို့ ၎င်း၊ သင် တို့ပျက်စီး ခြင်း အမှုသည် လေပြင်း မုန်တိုင်းကဲ့သို့ ၎င်း ရောက် လာ၍ ၊ သင် တို့သည်ဆင်းရဲ ခြင်း၊ ပူပန် ခြင်းနှင့် တွေ့ကြုံ သောအခါ ၊ ၂၈ ထို အမှုရောက်သောသူတို့သည် ငါ့ ကိုခေါ် သော်လည်း ငါမ ထူး။ ငါ့ ကို ကြိုးစား၍ ရှာ သော်လည်း မ တွေ့ ရကြ။ ၂၉ အကြောင်း မူကား၊ သူတို့သည် ပညာ အတတ်ကိုမုန်း ကြ၏။ ထာဝရဘုရား ကို ကြောက်ရွံ့ သော သဘောကို အလို မ ရှိကြ။ ၃၀ ငါ သတိ ပေးခြင်းကို အလျှင်းနာ မ ခံကြ။ ငါ ဆုံးမ ခြင်းရှိသမျှ ကို မထီမဲ့မြင် ပြုကြ၏။ ၃၁ ထိုကြောင့် သူတို့သည် ကိုယ် ကျင့် ခြင်း၏ အကျိုး အပြစ်ကို စား၍ ၊ ကိုယ် ကြံသော အကြံ တို့နှင့် ဝ ကြလိမ့်မည်။ ၃၂ ဉာဏ် တိမ်သောသူတို့သည် လမ်းလွဲ သဖြင့် အသက် ဆုံးတတ်ကြ၏။ မိုက် သောသူတို့သည် သတိလစ် သောအားဖြင့် ပျက်စီး ခြင်းသို့ ရောက်တတ်ကြ၏။ ၃၃ ငါ့ စကားကို နားထောင် သောသူမူကား လုံခြုံ စွာ နေ ၍ ၊ ဘေး ကို မ ကြောက်ဘဲငြိမ်ဝပ် လိမ့်မည်။

၂ ငါ့ သား ၊ သင်သည်ပညာ စကားကို နားထောင် ၍၊ ၂ စေတနာစိတ် နှင့်ဉာဏ် ကို ရှာဖွေ သည်တိုင်အောင်၊ ငါ့ စကား ကို နာခံ ၍ ၊ ငါ့ ပညတ် တို့ကို ကိုယ် အထဲ ၌ သွင်း မိလျှင် ၎င်း၊ ၃ သိပ္ပံ အတတ်ကို ခေါ် ၍ ၊ ဉာဏ် နောက်သို့ အသံ ကိုလွှင့် လျှင် ၎င်း၊ ၄ ငွေ ကိုရှာတတ်သကဲ့သို့ ပညာ ကိုရှာ ၍ ၊ ဝှက်ထားသောဘဏ္ဍာ ကို စူးစမ်း တတ်သကဲ့သို့ ၊ ဉာဏ်ကို စူးစမ်းလျှင်၎င်း၊ ၅ ထာဝရဘုရား ကို ကြောက် သောသဘော ၌ ကျင်လည်၍ ၊ ဘုရား သခင်ကိုသိသော ဉာဏ် နှင့် ပြည့်စုံ လိမ့်မည်။ ၆ အကြောင်း မူကား၊ ထာဝရဘုရား သည်ပညာ ကို ပေး တော်မူတတ်၏။ နားလည် နိုင်သော ဉာဏ် သည် နှုတ်ကပတ် တော်အားဖြင့် သာဖြစ်တတ်၏။ ၇ ဖြောင့်မတ် သောသူတို့အဘို့ ပညာ ရတနာကိုသိုထား တော်မူ၏။ တရား သဖြင့်ကျင့် သောသူတို့ကို ကွယ်ကာ တော်မူ၏။ ၈ မိမိ သန့်ရှင်း သူတို့သည်တရားလမ်း ကို စောင့်ရှောက် မည်အကြောင်း ၊ သူ တို့၏လမ်းခရီး ကို လုံခြုံ စေတော်မူ၏။ ၉ ကျေးဇူးတော်ကြောင့် သင်သည် ဖြောင့်မတ် စွာကျင့် ခြင်း၊ တရား သဖြင့်စီရင်ခြင်း၊ လျစ်လျူ စွာ ဆုံးဖြတ်ခြင်းမှစ၍ ၊ ကောင်း သောလမ်း ရှိသမျှ တို့ကို သိ နားလည်လိမ့်မည်။ ၁၀ ပညာ သည်သင် ၏နှလုံး ထဲသို့ ဝင် ၍ ၊ သင် သည် သိကြား ခြင်း၌ မွေ့လျော် သောအခါ၊ ၁၁ သမ္မာ သတိသည် သင့် ကို ထိန်းသိမ်း ၍၊ ဉာဏ် သည်လည်း စောင့်ရှောက် သဖြင့်၊ ၁၂ ဆိုး သောလမ်း မှ ကယ်တင် လိမ့်မည်။ ကောက် သောစကားကို ပြော တတ်သောသူ၊ ၁၃ ဖြောင့်မတ် သောလမ်း ကိုစွန့် ၍၊ မိုက်မဲ သော လမ်း သို့ လိုက် သောသူ၊ ၁၄ ဒုစရိုက် ၌ မွေ့လျော် ၍ အဓမ္မ လူ၏ ကောက်လိမ် ခြင်းကို အားရ နှစ်သက်သောသူ၊ ၁၅ ဖြောင့် သောလမ်းသို့မလိုက်၊ ကောက် သော လမ်း သို့သာ လိုက်သောသူ တို့၏လက်မှဌင်း၊ ၁၆ အမျိုး ပျက်သောမိန်းမ ၊ နှုတ် နှင့်ချော့မော့ တတ် သော ပြည်တန်ဆာ မိန်းမ၊ ၁၇ အသက် ငယ်စဉ်ပဲ့ပြင်သော ကျေးဇူးရှင် ကိုစွန့် ၍ ၊ မိမိ ဘုရား သခင်၏ ပဋိညာဉ် တရားကို မေ့လျော့ သော မိန်းမလက်မှ ၎င်း၊ သင့် ကို ကယ်တင် လိမ့်မည်။ ၁၈ ထိုမိန်းမ ၏အိမ် သည် သေ ခြင်းနှင့်ဝင်း၊ သူ လိုက်သော လမ်း တို့သည် သရိုျင်း သားနေရာနှင့် ၎င်း စပ်ဆိုင်သဖြင့်၊ ၁၉ သူ ၏အိမ်သို့ဝင် သောသူ တစုံ တယောက်မျှ

မ ပြန် ရ။ အသက် လမ်း ကို မ မှီ ရ။ ၂၀ သင်သည် သူတော်ကောင်း တို့၏ လမ်း သို့ ရှောက် ၍ ၊ ဖြောင့်မတ် သောသူတို့ ၏ လမ်းခရီး ထဲက မ ထွက်ဘဲ အစဉ်တစိုက်လိုက်ရမည်အကြောင်းတည်း။ ၂၁ ဖြောင့်မတ် သောသူတို့သည်ပြည် တော်၌နေ ၍ ၊ စုံလင် သောသူတို့ သည် နေရာ ကျကြလိမ့်မည်။ ၂၂ အဓမ္မ လူတို့မူကား ၊ ပြည် တော်မှ ပယ်ရှင်း ခြင်း၊ လွန်ကျူး သောသူတို့ သည် နှုတ်ပစ် ခြင်းကိုခံရကြ လိမ့်မည်။

၃ ငါ့ သား ၊ ငါ ပေးသောတရား ကို မ မေ့ နှင့်။ ငါ့ ပညတ် တို့ကို သင် ၏နှလုံး စောင့်ရှောက် ပါစေ။ ၂ အကြောင်း မူကား၊ ပညတ်တရားသည် အသက်တာ ရှည် သော ကာလ နှစ်ပေါင်းများကိုငင်း၊ ငြိမ်ဝပ် ခြင်းကိုငင်း တိုးပွါး စေလိမ့်မည်။ ၃ ကရုဏာ တရားနှင့် သစ္စာ တရားကို သင် နှင့် မ ကွာ စေနှင့်။ ထို တရားတို့ကို သင် ၏လည်ပင်း ၌ ဆွဲ ထား လော့။ နှလုံး အင်း စာရင်း၌ ရေး သွင်းလော့။ ၄ ထိုသို့ ပြုလျှင် ဘုရား သခင်ရှေ့ လူ တို့ရှေ့မှာ မျက်နှာ ရ၍ ၊ ကျေးဇူး ကိုခံရ လိမ့်မည်။ ၅ ထာဝရဘုရား ကို စိတ် နှလုံးအကြွင်းမဲ့ ကိုးစား လော့။ ကိုယ် ဉာဏ် ကို အမှီ မ ပြုနှင့်။ ၆ သွား လေရာရာ၌ ထာဝရ ဘုရားကို မျက်မှောက် ပြုလော့။ သို့ပြုလျှင် ၊ သင် ၏လမ်းခရီး တို့ကို ပဲ့ပြင် တော်မူ မည်။ ၇ ငါသည်ပညာ ရှိ၏ဟု ကိုယ် ကို မ ထင် နှင့်။ ထာဝရဘုရား ကို ကြောက်ရွံ့ ၍ ဒုစရိုက် ကို ရှောင် လော့။ ၈ သို့ပြုလျှင်၊ သင် ၏အကြော တို့သည် အားသန် ၍ ၊ အရိုး တို့သည် ခြင်ဆီ နှင့် ပြည့်စုံ ကြလိမ့်မည်။ ၉ သင် သည်ကိုယ် ဥစ္စာ နှင့် အဦး သီးသော အသီးအနှံ ရှိသမျှ ကို ထာဝရ ဘုရားအား ပူဇော် လော့။ ၁၀ သို့ပြုလျှင် ၊ သင် ၏စပါးကျီ တို့သည် ကြွယ်ဝ ၍၊ စပျစ်သီး နယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံ လိမ့်မည်။ ၁၁ ငါ့ သား ၊ ထာဝရဘုရား ဆုံးမ တော်မူခြင်းကို မ မှတ်ဘဲမနေနှင့်။ သင် ၏အပြစ် ကို စစ်ဆေးတော်မူသောအခါ စိတ် မ ပျက်စေနှင့်။ ၁၂ ထာဝရဘုရား သည် ချစ် တော်မူသောသူ ကို ဆုံးမ တော်မူတတ်၏။ နှစ်သက် တော်မူသောသား ကို ဒဏ်ခတ်တော်မူတတ်၏။ ၁၃ ဉာဏ် ပညာကို ရှာ ၍ရသောသူ သည် မင်္ဂလာ ရှိ ၏။ ၁၄ အကြောင်း မူကား၊ ပညာ ကုန်သွယ် ခြင်းသည် ငွေ ကုန်သွယ် ခြင်းထက် သာ၍ကောင်း ၏။ ပညာကန်သွယ်၍ ရသောအမြတ် လည်း ရွှေစင် ထက် သာ၍ကောင်း၏။ ၁၅ ပညာသည် ပတ္တမြား ထက် သာ၍အဘိုး ထိုက်ပေ၏။ နှစ်သက် ဘွယ်သမျှ သောအရာတို့သည် ထို ရတနာကို မ ပြိုင် နိုင်ကြ။ ၁၆ သူ ၏လက်ျာ လက်၌ အသက်တာ ရှည် သောကာလ၊ လက်ဝဲ လက်၌ စည်းစိမ် နှင့် ဂုဏ် အသရေရှိ၏။ ၁၇ ပညာ လမ်း တို့သည် သာယာ သောလမ်း ၊ ပညာ လမ်း ခရီးရှိသမျှ တို့သည် ငြိမ်ဝပ် လျက်ရှိကြ၏။ ၁၈ ပညာ ကို ကိုင်ဆွဲ သောသူသည်အသက် ပင် ကို ရပြီ။ လက် မလွှတ်သောသူသည် မင်္ဂလာ ရှိ၏။ ၁၉ ထာဝရဘုရား သည် ပညာ တော်အားဖြင့် မြေကြီး ကိုတည် ၍၊ ဉာဏ် တော်အားဖြင့် မိုဃ်းကောင်းကင် ကို ပြင်ဆင် တော်မူပြီ။ ၂၀ သိပ္ပံ အတတ်တော်အားဖြင့် နက်နဲ သောအရပ် အက်ကွဲ ၍ ၊ မိုဃ်းတိမ် မှလည်း နှင်း ရည်ကျ တတ်၏။ ၂၁ ငါ့ သား ၊ ပညာ ရတနာနှင့် သမ္မာ သတိကို သင့် မျက်မှောက် မှ မ ကွာ စေဘဲ၊ အစဉ်စောင့်ရှောက် လော့။ ၂၂ သို့ပြုလျှင် ၊ ထိုရတနာတို့သည် သင် ၏ဝိညာဉ် ၌ အသက် ၊ သင် ၏လည်ပင်း ၌ ဂုဏ် အသရေဖြစ် လိမ့်မည်။ ၂၃ သင် သည်ခရီး သွားရာ၌ ဘေး မရှိ။ ခြေ မ တိုက်မိ ဘဲ သွား လိမ့်မည်။ ၂၄ အိပ် သောအခါ ကြောက် စရာမ ရှိရ။ ကောင်းမွန် စွာ

အိပ်ပျော် ရလိမ့်မည်။ ၂၅ လျင်မြန် သောဘေး နှင့် လူဆိုး တွေ့ တတ်သော ပျက်စီး ရာ ဘေးကို ကြောက် စရာမ ရှိရ။ ၂၆ အကြောင်း မူကား၊ ထာဝရဘုရား သည် သင် ယုံကြည် ကိုးစားရာ ဖြစ် ၍ ၊ သင် ၏ခြေ ကိုမ ကျော့မိစေခြင်းငှါစောင့်မ တော်မူလိမ့်မည်။ ၂၇ ကျေးဇူးကိုခံသင့်သောသူတို့ အား ကျေးဇူးပြုရ သော အခွင့်ရှိလျှင် မပြုဘဲမနေနှင့်။ ၂၈ အိမ်နီးချင်း ကိုပေးစရာရှိ လျက် ပင်၊ သွား တော့။ တဖန် လာ ဦးတော့။ နက်ဖြန် မှ ငါပေး မည်ဟု မ ပြော နှင့်။ ၂၉ စိုးရိမ် ခြင်းမရှိဘဲ သင့် အနား မှာနေ သောအိမ်နီးချင်း ၌ မ ကောင်းသော အကြံကိုမ ကြံ နှင့်။ ၃၀ သင် ၌ အပြစ် မ ပြု သောသူကို အကြောင်း မရှိဘဲ ရန် မ တွေ့နှင့်။ ၃၁ ညှဉ်းဆဲ တတ်သောသူ ၏ စည်းစိမ်ကိုမ တောင့်တ နှင့်။ သူ လိုက်သော လမ်း တစုံတခု ကိုမျှ အလို မ ရှိနှင့်။ ၃၂ အကြောင်း မူကား၊ ထာဝရဘုရား သည် သဘော ကောက်သောသူတို့ ကို စက်ဆုပ် ရွံရှာတော်မူ၏။ ဖြောင့်မတ် သောသူတို့မူကား ၊ ကိုယ်တော် နှင့် မိသဟာယ ဖွဲ့ရ သောအခွင့်ရှိကြ၏။ ၃၃ မ တရားသောသူ၏ နေရာ သည်ထာဝရဘုရား ကျိန် တော်မူခြင်းကို တွေ့တတ်၏။ တရား သောသူ၏ နေရာ ကို ကား ကောင်းကြီး ပေးတော်မူ၏။ ၃၄ အကယ် စင်စစ်ကဲ့ရဲ့ တတ်သောသူတို့ကို ကဲ့ရဲ့ တော်မူ၏။ စိတ် နှိမ့်ချသောသူတို့ အား ကား ၊ ကျေးဇူး ပြု တော်မူ၏။ ၃၅ ပညာ ရှိသောသူတို့သည် ဘုန်း အသရေကို အမွေ ခံရ၍ ၊ မိုက် သောသူတို့မူကား၊ အရှက် ကွဲခြင်းကို ထမ်း သွားရကြလိမ့်မည်။

၄ ငါ့သား တို့၊ အဘ ၏နည်း ဥပဒေသကို နားထောင် ၍ ၊ ဉာဏ် သဘောကို နားလည် ခြင်းငှါ စေ့စေ့မှတ် ကြလော့။ ၂ ကောင်း သောဩဝါဒ ကို ငါပေး ၏။ ငါ့ ပညတ် တရားကို မ ပယ် ကြနှင့်။ ၃ ငါ မူကား ၊ အဘ ၏ရင် နှစ်၊ အမိ ရှေ့ မှာနူးညံ့ ၍ အချစ် ဆုံးသော သားဖြစ်၏။ ၄ ငါ့ အဘသွန်သင် ၍ မြွက်ဆို လေသည်ကား၊ ငါ့ စကား ကို သင် ၏နှလုံး ၌ သွင်းမိ ၍၊ ငါ့ ပညတ် တို့ကို ကျင့် စောင့်သဖြင့် အသက်ရှင် လော့။ ၅ ပညာ ကိုဆည်းဖူး လော့။ ဉာဏ် ကို ဆည်းဖူး လော့။ သတိ မ လစ်စေနှင့်။ ငါ ၏နှုတ်ထွက် စကား ကို မ လွှဲ မရှောင်နှင့်။ ၆ ပညာ ကိုမ စွန့် နှင့်။ သူသည်သင့် ကို ထိန်းသိမ်း လိမ့်မည်။ သူ့ ကိုချစ် လော့။ သင့် ကို စောင့် မလိမ့်မည်။ ၇ ပညာ သည် အမြတ် ဆုံးသောအရာဖြစ်၏။ ပညာ ကိုဆည်းဖူး လော့။ ဆည်းဖူးသမျှ သောဥစ္စာ တို့တွင် ဉာဏ် ကိုဆည်းဖူး လော့။ ၈ သူ့ ကိုအမြတ် ထားလော့။ သူသည် သင့် ကို ချီးမွှောက် လိမ့်မည်။ သူ့ ကိုဘက်ယမ်း လျှင် ၊ ဂုဏ် အသရေကိုပေး လိမ့်မည်။ ၉ သင် ၏ခေါင်း ကို တင့်တယ် သောဦးရစ် နှင့် ပတ်ရစ် ၍၊ ဘုန်းကြီး သောသရဖူ ကို အပ်နှံ လိမ့်မည်။ ၁၀ ငါ့ သား ၊ ငါ့ စကား ကိုနားထောင် နာယူ လော့။ သို့ပြုလျှင် ၊ သင့် အသက် နှစ် ပေါင်းများ လိမ့်မည်။ ၁၁ ပညာ လမ်း ကို ငါပြသ ၍၊ မှန် သောလမ်း ခရီးတို့ ၌ သင့် ကိုငါပို့ဆောင် ၏။ ၁၂ ရှောက်သွား လျှင် ၊ ကျဉ်းမြောင်း ရာသို့မ ရောက်၊ ပြေး သောအခါ တိုက်မိ၍မ လဲ ရ။ ၁၃ ဥပဒေသ ကို ကိုင်ဆွဲ လော့။ မ လွှတ် နှင့်။ စောင့် ထား လော့။ အသက်ရှင် ခြင်း၏အကြောင်း ဖြစ်၏။ ၁၄ အဓမ္မ လူတို့ လမ်း ထဲသို့ မ ဝင် နှင့်။ ဆိုးယုတ် သောသူတို့နှင့်အတူ မ လိုက် နှင့်။ ၁၅ သူ တို့လမ်းကို ကြဉ်ရှောင် လော့။ လိုက်မ သွား နှင့်။ လွှဲ ၍ သွား လော့။ ၁၆ သူတို့သည်သူတပါး၌ အပြစ် မ ပြုရလျှင် မ အိပ် တတ်။ တစုံတယောက်သော သူ ကိုမ လဲ စေလျှင် အိပ် ၍ မပျော်တတ်။ ၁၇ ဒုစရိုက် နှင့်ဆိုင်သောမုန့် ကိုစား ၍ ညှဉ်းဆဲ ခြင်းနှင့်ဆိုင်သော စပျစ်ရည် ကို သောက် တတ်ကြ၏။

၁၈ ဖြောင့်မတ် သောသူတို့၏လမ်း သည် တက် သော အာရုဏ် ကဲ့သို့ ဖြစ်၍၊ နေထွက် သည်တိုင်အောင် တိုးပွါး ထွန်းလင်း တတ်၏။ ၁၉ မ တရားသောသူတို့၏လမ်း မူကား၊ မှောင်မိုက် ကဲ့သို့ ဖြစ်၍၊ သူတို့သည် လဲသောအခါ၊ အဘယ် အရာကို တိုက် မိသည်ဟု မ သိ ရကြ။ ၂၀ ငါ့ သား ၊ ငါ့ စကား ကို နားထောင် လော့။ ငါ ဟောပြော ချက်တို့ကို နား သွင်း လော့။ ၂၁ သင့် မျက်မှောက် မှ မ ကွာ စေနှင့်။ နှလုံး တွင်း၌ စောင့် ထားလော့။ ၂၂ အကြောင်း မူကား၊ ထို တရားစကားကို တွေ့ ရ သောသူ တို့သည် အသက်ရှင် ခြင်း၊ တကိုယ်လုံး ကျန်းမာ ခြင်းအကြောင်း ကို တွေ့ရပြီ။ ၂၃ နှလုံး သည်အသက် ၏အခြေ အမြစ် ဖြစ်သောကြောင့် ၊ သင် ၏နှလုံး ကို အထူးသဖြင့်စောင့်ရှောက် လော့။ ၂၄ ကောက် သောစကား တို့ကိုငင်း ၊ ငြင်းဆန် တတ် သော နှုတ်ခမ်း တို့ကိုငင်းဝေး စွာ ပယ်ရှောင် လော့။ ၂၅ သင် ၏မျက်စိ သည် ရှေ့ရှု ကြည့် ၍ ၊ မျက်ခမ်း တို့ သည် တည့်တည့် အာရုံ ပြုစေလော့။ ၂၆ သင် သွား ရာလမ်း ကို စူးစမ်း ၍ ၊ သွား လေရာရာ ၌ တည်ကြည် ခြင်းရှိစေလော့။ ၂၇ လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့ မ တိမ်း မလွှဲနှင့်။ ဒုစရိုက် ပြုရာ လမ်း ကိုရှောင် လော့။

၅ ငါ့ သား ၊ သင်သည် သမ္မာ သတိရှိ၍ ၊ သင့် ၏နှုတ်ခမ်း သည် သိပ္ပံ အတတ်ကို စောင့် မည်အကြောင်း၊ ၂ ငါ့ ပညာ ကို မှတ် ကျုံး၍၊ ငါ ပေးသောဉာဏ် သို့ သင့် နား ကို လှည့် လော့။ ၃ အကြောင်း မူကား၊ အမျိုး ပျက်သောမိန်းမ၏ နှုတ်ခမ်း သည် ပျားလပို့ ကဲ့သို့ယိုတတ် ၍ ၊ သူ ပြော သောစကား သည် ဆီ ထက် ချော သော်လည်း၊ ၄ အဆုံး ၌ကား ၊ သူ သည်ဘင်းခါးရွက် ကဲ့သို့ ခါး ၍၊ သန်လျက် နှင့်အမျှ ထက် ၏။ ၅ သူ ၏ခြေ တို့သည် သေ ခြင်းသို့ဆင်း ၍၊ သူ သွား ရာလမ်း သည် မရဏာ နိုင်ငံသို့ ရောက်တတ်၏။ **(Sheol h7585)** ၆ သင်သည်အသက် လမ်း ကို မ ဆင်ခြင် ရအောင်၊ သူ ထုံးစံ ဓလေ့တို့သည် တရွေ့ရွေ့ ပြောင်းလဲသဖြင့်၊ သင်သည် နား မ လည်နိုင်ရ။ ၇ သို့ ဖြစ်၍ ငါ့သား တို့၊ ငါ့ စကားကို နားထောင် ကြလော့။ ငါ ဟောပြော ချက်တို့ကို မ ပယ် ကြနှင့်။ ၈ ထိုသို့သောမိန်းမ ကို ဝေး စွာရှောင်သွားလော့။ သူ့ နေရာ တံခါးဝ သို့ မ ချဉ်း နှင့်။ ၉ သို့မဟုတ် သင်သည် ကိုယ် ဂုဏ် အသရေကို သူတပါး၌ ၌ ငင်း၊ ကိုယ် အသက် ကို ကြမ်းတမ်း သောသူတို့ ၌ ငင်း အပ် လိမ့်မည်။ ၁၀ တပါးအမျိုးသား တို့သည် သင် ၏စည်းစိမ် နှင့် ပြည့်ဝ ကြလိမ့်မည်။ သင် လုပ် ၍ ရသောဥစ္စာသည် တပါး အမျိုးသားအိမ် သို့ ရောက်လိမ့်မည်။ ၁၁ နောက်ဆုံး ၌ သင့် အသား ၊ သင့် ကိုယ် ကာယ ဆွေးမြေ့ သောအခါ၊ ၁၂ ငါသည် သွန်သင် ခြင်းကို မုန်း လေပြီတကား။ ဆုံးမ ခြင်းကို စိတ် နှလုံးထဲမှာ မထီမဲ့မြင် ပြုလေပြီ တကား။ ၁၃ ငါ့ ဆရာ တို့၏ စကား ကို နား မ ထောင်ဘဲ၊ ငါ့ အား သွန်သင် သောသူတို့ ၏စကားကို နား မ ခံဘဲနေလေပြီ တကား။ ၁၄ စည်းဝေး သော ပရိတ်သတ် များအလယ် ၌ ဒုစရိုက် မျိုးကို ကုန်စင် လုသည်တိုင်အောင် ငါပြု လေပြီ တကားဟု မြည်တမ်း ရလိမ့်မည်။ ၁၅ ကိုယ် ဆိုင်သော ရေ အိုး ကို သုံး၍ ၊ ကိုယ် ရေတွင်း ထဲက ထွက် သော စမ်းရေကို သောက် လော့။ ၁၆ သင် ၏ စမ်းရေ များပြား ၍၊ လမ်း များအနား မှာ စီးသော မြစ် များ ဖြစ်စေလော့။ ၁၇ တပါး အမျိုးသားနှင့် ပေါင်းဘက်၍ မ ဆိုင်စေဘဲ၊ ကိုယ် တပါး တည်းသာ ဆိုင် စေလော့။ ၁၈ သင် ၏စမ်းရေ တွင်း၌မင်္ဂလာ ရှိ စေ၍ ၊ အသက် အရွယ် ပျိုစဉ် ကာလ၊ ပေါင်းဘော်သော မယား နှင့်အတူပျော်မွေ့ လော့။

၁၉ သူသည်စုံမက် တတ်သော သမင်မ ၊ နှစ်လိုဘွယ် သော ဒရယ်မ ကဲ့သို့ ဖြစ်၍ ၊ သူ ၏သားမြတ် တို့သည် သင် ၏အလိုဆန္ဒ ကို အစဉ်ပြေစေ၍၊ သူ့ ကိုချစ် သောစိတ် နှင့် အစဉ် ယစ်မူး လျက်နေလော့။ ၂၀ ငါ့ သား ၊ သင်သည် အမျိုး ပျက်သောမိန်းမနှင့် အဘယ် ကြောင့်ယစ်မူး သနည်း။ ပြည်တန်ဆာ မ၏ ရင်ပတ် ကိုအဘယ်ကြောင့် ဘက်ယမ်း သနည်း။ ၂၁ လူ သွားလာသမျှသော လမ်း တို့သည် ထာဝရဘုရား မျက်မှောက် တော်၌ ရှိကြ၍ ၊ သွား လာသမျှ သော အခြင်းအရာ တို့ကို စူးစမ်း တော်မူ၏။ ၂၂ အဓမ္မ လူသည် မိမိ ပြုသော ဒုစရိုက်အပြစ် ဖြင့် ဘမ်းမိ ခြင်း၊ မိမိ အပြစ် ကြိုး တို့ ဖြင့် ချည်နှောင် ခြင်းကို ခံရလိမ့်မည်။ ၂၃ သူ သည် အလွန် မိုက် သောကြောင့် မှားယွင်း ၍ ၊ သွန်သင် ခြင်းကို မ ခံရဘဲသေ သွားရလိမ့်မည်။

၆ ငါ့ သား ၊ သင် သည် အဆွေ ခင်ပွန်းအတွက် အာမခံ မိသော် ၎င်း၊ သူတပါး နှင့် လက်ဝါး ချင်း ရိုက် မိ သော်၎င်း၊ ၂ ကိုယ် နှုတ်ထွက် စကား ဖြင့် ကျော့မိ ပြီ။ ကိုယ် ပြော သောစကား ကြောင့် အမှု ရောက်လေပြီ။ ၃ ငါ့ သား ၊ သင် သည် အဆွေ ခင်ပွန်းလက် သို့ ရောက် မိလျှင် ၊ ကိုယ်ကိုနှုတ် အံ့သောဘုံအဘယ်သို့ပြု ရမည်နည်းဟူမူကား ၊ အဆွေ ခင်ပွန်းထံသို့သွား ၍ ၊ ကိုယ်ကိုနှိမ့်ချ လျက် သူ့ကို နှိုးဆော်လော့။ ၄ အိပ် မ ပျော်နှင့်။ မျက်စိ မှိတ် ၍ မငိုက် နှင့်။ ၅ မုဆိုး လက် မှ သမင်ဒရယ် ကိုဂင်း၊ ငှက် ကိုဂင်းနှုတ် ရသကဲ့သို့ ကိုယ်ကိုနှုတ် လော့။ ၆ အချင်း လူပျင်း၊ ပရွက်ဆိတ် ထံသို့ သွား ၍၊ သူ ၏ အပြု အမူတို့ကို ဆင်ခြင် သဖြင့် ပညာ ရှိစေလော့။ ၇ ပရွတ်ဆိတ် သည်ဆရာ မ ရှိ၊ ပဲ့ပြင် သောသူမရှိ၊ မင်း မရှိဘဲလျက် ၊ ၈ နွေ ကာလနှင့် စပါး ရိတ်ရာကာလ၌ မိမိ စားစရာ အစာ ကို ရှာဖွေသိုထား တတ်၏။ ၉ အိုလူပျင်း ၊ သင် သည် အဘယ် မျှကာလ ပတ်လုံးအိပ် လျက်နေလိမ့်မည်နည်း။ အဘယ် သောအခါနိုး လိမ့်မည်နည်း။ ၁၀ ခဏ အိပ် လျက်၊ ခဏ ပျော် လျက်၊ အိပ်ပျော် အံ့သောဘုံ ခဏ လက် ချင်းပိုက် လျက် နေစဉ်တွင်၊ ၁၁ ဆင်းရဲ ခြင်းသည် ခရီးသွား သော သူကဲ့သို့ ၎င်း၊ ဥစ္စာ ပြုန်းတီးခြင်းသည် သူရဲ ကဲ့သို့ ၎င်း ရောက် လာ လိမ့်မည်။ ၁၂ ဆိုးယုတ် သော သူ နှင့်မ တရားသောသူ သည် ကောက်လိမ် သော စကား၌ ကျင်လည် တတ်၏။ ၁၃ မျက်တောင် ခတ် လျက် ၊ ခြေ ဖြင့် အမှတ် ပေးလျက် ၊ လက် ချောင်းတို့ ဖြင့် သွန်သင် လျက် ပြုတတ်၏။ ၁၄ ကောက် သောစိတ် သဘောနှင့် ပြည့်စုံ၍၊ မ ကောင်းသော အကြံကို အစဉ် ကြံစည် တတ်၏။ သူတပါးချင်းရန်တွေ့ စေခြင်းဘုံပြုတတ်၏။ ၁၅ ထိုကြောင့် သူ သည် အမှတ်တမဲ့ အမှု ရောက် ၍၊ ကိုးကွယ် ရာမ ရဘဲ ချက်ခြင်း ကျိုးပဲ့ ပျက်စီးရလိမ့်မည်။ ၁၆ ထာဝရဘုရား မုန်း တော်မူသောအရာ ခြောက် ပါးမက၊ စက်ဆုပ် ရွံရှာတော်မူသောအရာ ခုနစ် ပါး ဟူမူကား ၊ ၁၇ ထောင်လွှား သော မျက်နှာ တပါး၊ မုသာ ၌ ကျင်လည် သော လျှာ တပါး၊ အပြစ် မရှိသောသူ၏ အသက် ကိုသတ် သော လက် တပါး၊ ၁၈ မ ကောင်းသော အကြံ ကို ကြံစည် သော နှလုံး တပါး၊ အပြစ် ပြုရာသို့ အလျင် အမြန်ပြေး တတ်သော ခြေ တပါး၊ ၁၉ မုသာ စကားကိုပြော ၍ မ မှန်သောသက်သေ တပါး၊ အပေါင်း အဘော်ချင်း ရန်တွေ့ စေခြင်းဘုံပြုတတ် သော သူတပါးတည်း။ ၂၀ ငါ့ သား ၊ အဘ ၏ပညတ် စကားကို နားထောင် လော့။ အမိ ပေးသော တရား ကို မ ပယ် နှင့်။ ၂၁ နှလုံး ပေါ် မှာ အမြဲ ချည် ၍ လည်ပင်း ၌ ဆွဲ ထား လော့။ ၂၂ သင် သည် အခြားသို့ သွား သောအခါ ၊

ထိုပညတ် တရားသည် လမ်း ပြလိမ့်မည်။ အိပ် သောအခါ သင့် ကို စောင့် လိမ့်မည်။ နိုး သောအခါ သင် နှင့် နှုတ်ဆက် လိမ့်မည်။ ၂၃ အကြောင်း မူကား၊ ပညတ် တော်သည် မီးခွက် ဖြစ်၏။ တရား တော်သည် အလင်း ဖြစ်၏။ အပြစ်ကို ပြတတ်သော ဩဝါဒ စကားသည် အသက် လမ်း ဖြစ်၏။ ၂၄ ဆိုး သောမိန်းမ နှင့် ၎င်း၊ အမျိုး ပျက်သော မိန်းမချော့မော့ တတ်သော နှုတ် နှင့်၎င်း လွတ်စေခြင်းငှါ၊ သင့် ကို စောင့် ဘို့ရာဖြစ်သတည်း။ ၂၅ ထိုသို့သောမိန်းမ သည် အဆင်း လှသော်လည်း ၊ တပ်မက် သောစိတ် မ ရှိနှင့်။ သူ သည် မျက်ခမ်း တို့ ဖြင့် သင့် ကိုမ ကျော့မိ စေနှင့်။ ၂၆ အကြောင်း မူကား၊ ပြည်တန်ဆာ မကို မှီဝဲသော ယောကျ်ား သည် ဆင်းရဲ၍၊ မုန့် တလုံးကိုသာ ရတတ်၏။ မျောက်မထားသော မိန်းမ သည်လည်း မြတ် သောအသက် ကို ဘမ်း တတ်၏။ ၂၇ လူ သည်အဝတ် မ လောင် ဘဲ မီး ကို ပိုက် ဘက်နိုင် သလော ။ ၂၈ ခြေ မ လောင် ဘဲမီး ခဲပေါ် မှာ နင်း နိုင်သလော။ ၂၉ သူ မယား ထံသို့ ဝင် သောသူသည် ထိုနည်းတူ ဖြစ်၏။ သူ မယားကို ပြစ်မှား သော သူမည်သည် ကား၊ အပြစ် နှင့် မ ကင်းမလွတ်နိုင်ရာ၊ ၃၀ မွတ်သိပ် သောစိတ် ပြေ စေခြင်းငှါ ၊ ခိုး သောသူ ပင် အပြစ် မလွတ်ရ။ ၃၁ တွေ့ မိလျှင် ခုနစ် ဆပြန်ပေး ရမည်။ ကိုယ် အိမ် ၌ ရှိသမျှ သော ဥစ္စာ တို့ကို လျော် ရမည်။ ၃၂ သူမယား ကိုပြစ်မှား သောသူသည် ဉာဏ် မ ရှိ။ ထိုသို့ ပြု သောသူ သည် မိမိ အသက် ကို ဖျက်ဆီး တတ်၏။ ၃၃ နာကျင် စွာ ထိခိုက်ခြင်းနှင့် အသရေ ရှုတ်ချခြင်း ကိုခံရ လိမ့်မည်။ သူ ၏အရှက် ကွဲခြင်းသည် မ ပြေ နိုင်။ ၃၄ အကြောင်း မူကား၊ ယောကျ်ား သည် မယားကို မယုံ သောစိတ်ရှိလျှင် ၊ ပြင်းထန်စွာ အမျက်ထွက် တတ်၏။ အပြစ် ပေးချိန် ရောက်သောအခါ သနား ခြင်းမ ရှိတတ်။ ၃၅ လျော်ပြစ်ငွေ မည်မျှ ကို ပမာဏ မ ပြုတတ်။ များစွာ သော လက်ဆောင် တို့ကိုပေးသော်လည်း စိတ် မ ပြေတတ်။

၇ ငါ့ သား ၊ ငါ့ စကား ကို စေ့စေ့ နားထောင်၍ ၊ ငါ့ ပညတ် တို့ကို သင် ၌ သိုထား လော့။ ၂ ငါ့ ပညတ် တို့ကို စောင့်ရှောက် ၍ အသက်ရှင် လော့။ ငါ ပေးသောတရား ကို ကိုယ် မျက် ဆန် ကဲ့သို့ စောင့်လော့။ ၃ သင် ၏လက် ချောင်းတို့ ၌ ချည် ထား၍၊ သင် ၏ နှလုံး အင်း စာရင်း၌ ရေးမှတ် လော့။ ၄ ပညာ ကို ကိုယ် နှမ ဟူ၍ငင်း၊ ဉာဏ် ကို ကိုယ် ပေါက်ဘော် ဟူ၍ငင်း ခေါ် လော့။ ၅ သို့ပြုလျှင်သူတို့သည် အမျိုး ပျက်သောမိန်းမ ၊ နှုတ် နှင့် ချော့မော့ တတ်သော ပြည်တန်ဆာ မိန်းမလက်မှ သင့် ကို ကယ်တင် ကြလိမ့်မည်။ ၆ ငါ့ အိမ် ပြတင်း ရွက်ကြားမှ ငါ ကြည့် ၍မြင်ရသောအမှု ဟူမူကား၊ ၇ ဉာဏ် တိမ်သော အမျိုးသားချင်း စုကို ငါကြည့်ရှု စဉ်တွင်၊ ဉာဏ် မ ရှိသော လူ ပျို တယောက်သည်၊ ၈ ထိုသို့သော မိန်းမ နေရာလမ်း ထောင့် အနား သို့ ရှောက်သွား သဖြင့် ၊ ၉ မိုဃ်းချုပ် ၍ ညဦး အချိန် ၊ ညဉ့် နက် သော အချိန် ရောက်သောအခါ ၊ ထိုမိန်းမ နေရာ လမ်း သို့ လိုက် လေ၏။ ၁၀ ပြည်တန်ဆာ အဝတ်ကိုဝတ်၍ ၊ ဆန်းပြားသော မိန်းမ သည် ထိုသူ ကို ကြိုဆို ၏။ ၁၁ ထို မိန်းမသည် ကျယ် သောအသံနှင့် ခိုင်မာ သောစိတ် သဘောရှိ၏။ ကိုယ် အိမ် ၌ မ နေ ၊ လည် တတ်၏။ ၁၂ ခဏ အိမ် ပြင်၊ ခဏ လမ်း ထဲမှာနေလျက် ၊ လမ်း ထောင့် အရပ်ရပ် ၌ ချောင်းမြောင်း ၍ကြည့်တတ်၏။ ၁၃ ထို လူပျိုကို တွေ့သောအခါ၊ ရဲ သောမျက်နှာ နှင့် ဘမ်း ဘက်နမ်းရှုပ် လျက်၊ ၁၄ ငါ ၌ မိဿဟာယ ပူဇော် သက္ကာရှိ၏။ ယနေ့ ငါ့ ဂတိ ဝတ်ကို ငါဖြေ ပြီ။ ၁၅ ထိုကြောင့် သင့်

ကို ကြိုဆို အံ့သောဌါ ငါထွက် လာပြီ။ သင့် မျက်နှာ ကို ကြိုးစားရှာ ၍ တွေ့ ပြီ။ ၁၆ ငါ့ ခုတင် ကိုချယ် လှယ်သော အိပ်ရာခင်း နှင့်ၦင်း၊ အဲဂုတ္တု ပိတ်ချော နှင့်ၦင်း ပြင်ဆင် ပြီ။ ၁၇ ငါ့ မွေ့ရာ ကို မုရန် ၊ အကျော် ၊ သစ်ကြဲပိုး နှင့် ထုံ ပြီ။ ၁၈ လာ ပါ၊ မိုဃ်းလင်း သည်တိုင်အောင် ကာမ ရာဂ စိတ်ကို ဖြေ ကြကုန်အံ့။ မေထုန် ပြု၍ မွေ့လျော်ကြကုန်အံ့။ ၁၉ ငါ့အရှင် သည် အိမ် မှာ မ ရှိ။ ဝွေ အိတ် ကို ဆောင် လျက်ဝေး သော အရပ် သို့ သွား ပြီ။ ၂၀ ပွဲ နေ့ ရောက်မှသာ ပြန် လာလိမ့်မည်ဟု၊ ၂၁ ချစ် ဘွယ်သော စကားနှင့် ထိုသူ ကို သွေးဆောင် ၍ ချော့မော့ တတ်သောနူတ်ခမ်းနှင့် နိုင် သဖြင့်၊ ၂၂ နွား သည်အသေခံ ရာသို့ လိုက် သကဲ့သို့ ၎င်း ၊ သမင်ဒရယ်သည် မိမိ အသည်း ၌ မြှား မ ထိုး မှီတိုင်အောင်၊ ဘမ်းမိရာထဲသို့ ဝင်သကဲ့သို့ ၎င်း၊ ၂၃ ငှက် သည် မိမိ အသက် ဆုံးစေခြင်းငှါ ထောင် မှန်းကိုမ ရိပ်မိ ဘဲ၊ ကျော့ကွင်း ထဲသို့ အလျင် အမြန်ဝင်သကဲ့သို့ ၎င်း၊ လူပျိုသည် ထိုမိန်းမ နောက် သို့ ချက်ခြင်း လိုက်သွား တတ်၏။ ၂၄ သို့ ဖြစ်၍ ငါ့သား တို့၊ ငါ့ စကားကို နားထောင် ၍ ငါ ဟောပြော ချက်တို့ကို မှတ် ကျုံးကြလော့။ ၂၅ ထိုသို့သော မိန်းမ နေရာလမ်း ကို စိတ် မ ငဲ့ကွက် နှင့်။ သူ ကျင်လည်သော လမ်း ခရီးသို့ လွဲ ၍မ လိုက်နှင့်။ ၂၆ အကြောင်း မူကား၊ သူသည်စစ်သူရဲ အများ တို့ကို လှဲ လေပြီ။ ခွန်အား ကြီးသော သူအများ တို့ကိုသတ် လေပြီ။ ၂၇ သူ ၏အိမ် သည် သေ မင်း၏ဘုံ ဗိမာန်သို့ ဆင်း ၍၊ မရဏာ နိုင်ငံသို့ ရောက်သောလမ်း ဖြစ်၏။ **(Sheol h7585)**

၈ ဉာဏ် ပညာသည်ခေါ် ၍ မိမိ အသံ ကို လွှင့် သည် မ ဟုတ်လော။ ၂ မြင့် သောအရပ် ထိပ် ၌ ၎င်း၊ လမ်း ခရီးအနား ၌ ၎င်း ရပ် နေ၏။ ၃ ကြီးသောတံခါးဝ ၊ မြို့ တံခါး ၊ အိမ်တံခါး ဝမှာ ကြွေးကြော် ၍၊ ၄ အချင်းလူ တို့၊ သင် တို့အား ငါခေါ် ၏။ လူ သားတို့ အား အသံ ကို ငါ လွှင့်၏။ ၅ ဉာဏ် တိမ်သောသူတို့၊ ပညာ တရားကို နားလည် ကြလော့။ လူမိုက် တို့၊ ထိုးထွင်းသော ဉာဏ် ရှိ ကြလော့။ ၆ နားထောင် ကြ။ မြတ် သောစကားကို ငါပြော မည်။ မှန် သောတရားစကားကို ငါ နှုတ်မြွက် မည်။ ၇ ငါ့ နှုတ်ထွက် စကား သည် သမ္မာ တရားနှင့်သာ ဆိုင်၍ ၊ ငါ့ နှုတ်ခမ်း တို့သည် ဒုစရိုက် ကို စက်ဆုပ် ရွံရှာ၏။ ၈ ငါ ဟောပြော သမျှ သော စကား တို့သည် ဖြောင့်မတ် ၍ ၊ ကောက် သောသဘော၊ ဖောက်ပြန် သောသဘော နှင့် ကင်းစင် ကြ၏။ ၉ နားလည် သောသူ၌ အလုံးစုံ ရှင်းလင်း ၍ ၊ ပညာ ကိုရ သောသူတို့ အား ဟုတ်မှန် ကြ၏။ ၁၀ ငွေ အရင်၊ ငါ့ နည်း ကိုငင်း၊ မြတ် သောရွှေ အရင် ၊ ပညာ အတတ်ကိုငင်း ခံယူ ကြလော့။ ၁၁ အကြောင်း မူကား၊ ပညာ သည် ပတ္တမြား ထက် သာ၍မြတ် ၏။ နှစ်သက် ဘွယ်သမျှ သောအရာတို့သည် ထို ရတနာကို မ ပြိုင် နိုင်ကြ။ ၁၂ ငါ့ ဉာဏ် ပညာသည် သမ္မာ သတိနှင့် ပေါင်း ၍၊ လိမ္မာ သော သိပ္ပံ အတတ်များကို ဘော် တတ်၏။ ၁၃ ထာဝရဘုရား ကို ကြောက်ရွံ့ သောသဘောကား၊ ဒုစရိုက် ကိုမုန်း သောသဘောတည်း။ မာန ထောင်လွှားခြင်း၊ စော်ကား ခြင်း၊ မကောင်း သော လမ်း သို့လိုက်ခြင်း၊ ကောက် သောစကား ဖြင့်ပြောဆိုခြင်းတို့ကို ငါမုန်း ၏။ ၁၄ အကြံ ပေးနိုင်သော အခွင့်နှင့် ပညာ ရတနာသည် ငါ ၌ ရှိ၏။ ငါ သည်ဉာဏ် ဖြစ်၍ အစွမ်း သတ္တိနှင့်ပြည့်စုံ၏။ ၁၅ ငါ့ အားဖြင့် ရှင် ဘုရင်တို့သည် စိုးစံ ရသောအခွင့်၊ မင်း အရာရှိတို့သည် ဆုံးဖြတ် ရသောအခွင့်ရှိကြ ၏။ ၁၆ ငါ့ အားဖြင့် မင်းသား ၊ မှူးမတ် ၊ တရားသူကြီး အပေါင်း တို့သည် အစိုးရ သောအခွင့် ရှိကြ၏။ ၁၇ ငါ့ ကိုချစ် သောသူတို့ ကို ငါချစ်

၏။ ငါ့ ကိုကြိုးစား၍ ရှာ သောသူတို့သည် တွေ့ တတ်ကြ၏။ ၁၈ ငါ ၌ စည်းစိမ် နှင့် ဂုဏ် အသရေရှိ၏။ မြဲ သော စည်းစိမ် နှင့် ဖြောင့်မတ် ခြင်းပါရမီရှိ၏။ ၁၉ ငါ ပေးသောအကျိုး သည် ရွှေ ထက်မက ၊ ရွှေစင် ထက် သာ၍မြတ်၏။ ငါ ကြောင့်ရသောအခွန် ဘဏ္ဍာသည် ငွေ တော်ထက် သာ၍မြတ် ၏။ ၂၀ ငါသည် ဖြောင့်မတ် ခြင်းလမ်း ၊ တရား သဖြင့် စီရင်ခြင်းလမ်း အလယ် ၌ ရှောက်သွား သည်ဖြစ်၍၊ ၂၁ ငါ့ ကိုချစ် သောသူတို့ သည် အမွေ ခံရသောအခွင့်နှင့် ၊ သူ တို့ဘဏ္ဍာ တိုက်ပြည့်ဝ စေသော အခွင့်ကို ငါပေးတတ်၏။ ၂၂ ထာဝရဘုရား သည် ရှေး အမှု တော်ကို မ ပြုမီ ထွက်ကြွ တော်မူစ ကပင် ငါ့ ကို ပိုင် တော်မူ၏။ ၂၃ မြေကြီး မ ဖြစ်မီ၊ ရှေ့ဦးစွာ သောကာလ၊ အနန္တ ကာလမှစ၍ ငါသည် ဘိသိက် ခံပြီ။ ၂၄ နက်နဲ သောပင်လယ်မ ဖြစ်၊ ရေ နှင့်ကြွယ်ဝ သော စမ်းရေ တွင်းမ ဖြစ်မီ ငါ့ကိုဖြစ် ဘွားစေတော်မူ၏။ ၂၅ တောင် ကြီးမ တည် ၊ တောင် ငယ်မဖြစ် မီ၊ ၂၆ မြေကြီး နှင့် လယ် တောများကို မ ဖန်ဆင်း ၊ အဦးဆုံး သော မြေမှုန့် ကိုမျှ မဖန်ဆင်းမီ၊ ငါ့ကိုဖြစ်ဘွားစေ တော်မူ၏။ ၂၇ မိုးယံကောင်းကင် ကို ပြင် တော်မူသောအခါ ငါ ရှိ ၏။ သမုဒ္ဒရာ မျက်နှာ ကို ကန့်ကွက် သောအမှု၊ ၂၈ အထက် မိုးယံတိမ် ကို တည် စေသောအမှု၊ နက်နဲ သောအရပ်၌ စမ်းရေ ပေါက်တို့ကို ခိုင်ခံ့ စေသောအမှု၊ ၂၉ သမုဒ္ဒရာ ၌ ကန့် ကွက်သောအပိုင်းအခြားကို ရေ မ လွှမ်း ရမည်အကြောင်းစီရင် သောအမှု၊ မြေကြီး တိုက်မြစ် တည်သော အမှု တို့ကို ပြီးစီး စေတော်မူသောအခါ ၊ ၃၀ ငါသည်ကျွေးမွေးတော်မူသောသားကဲ့သို့၊ အထံ တော်ပါးတွင် နေ ၍ ၊ အစဉ် မပြတ်မွေ့လျော် တော်မူရာ ဖြစ် ၏။ ရှေ့တော်၌ အစဉ် မပြတ် ကစား လျက် ၊ ၃၁ ဖန်ဆင်းတော်မူသောမြေကြီး တပြင်လုံး တွင် ရွှင်လန်း လျက် ၊ လူ သားတို့နှင့်ပေါင်းဘော်၍ ပျော်ပါး လျက် နေ၏။ ၃၂ သို့ ဖြစ်၍ ငါ့သား တို့၊ ငါ့ စကားကို နားထောင် ကြလော့။ ငါ ၏လမ်း များကို စောင့်ရှောက် သောသူတို့သည် မင်္ဂလာ ရှိကြ၏။ ၃၃ ငါဆုံးမ ခြင်းကို မ ပယ် ကြနှင့်။ နားထောင် ၍ ပညာ ရှိကြလော့။ ၃၄ ငါ့ စကားကို ကြား ၍ ငါ့ တံခါး နား မှာ နေ့ တိုင်း စောင့် လျက် ၊ တံခါး တိုင် နားမှာ မြော်လင့် လျက် နေသောသူ သည် မင်္ဂလာ ရှိ၏။ ၃၅ ငါ့ ကိုရှာ ၍ တွေ့သောသူသည်အသက် ကိုတွေ့ ၏။ ထာဝရဘုရား ၏ ကျေးဇူး တော်ကိုလည်း ခံရ ၏။ ၃၆ ငါ့ ကိုပြစ်မှား သော သူမူကား ၊ မိမိ အသက် ဝိညာဉ်ကိုပြစ်မှား ၏။ ငါ့ ကိုမုန်း သောသူအပေါင်း တို့သည် သေ ခြင်းကိုချစ် ကြ၏။

၉ ဉာဏ်ပညာ သည်အိမ်တိုင် ခုနစ် တိုင်ကိုခုတ် ၍၊ မိမိ နေရာအိမ် ကို ဆောက် လေပြီ။ ၂ သူ ၏အကောင် များကိုသတ် ၍၊ စပျစ်ရည် ကို ဘော် ပြီးမှစားပွဲ ကို ခင်း လေပြီ။ ၃ ကျွန် မတို့ကိုစေလွှတ် ၍၊ မြို့ တွင် အမြင့်ဆုံး သော အရပ်တို့ ၌ ကြွေးကြော် လေသည်ကား၊ ၄ ဉာဏ် တိမ်သောသူ သည် ဤ အရပ်သို့ဝင် စေ။ အိုပညာ မ ရှိသောသူ၊ ၅ လာ လော့။ ငါ့ မုန့် ကို စား လော့။ ငါဘော် သော စပျစ်ရည် ကို သောက် လော့။ ၆ မိုက် သောသူကို ရှောင် ၍ အသက် ချမ်းသာရ လော့။ ပညာ လမ်း သို့ လိုက် လော့ဟုဆိုသတည်း။ ၇ မထီမဲ့မြင် ပြုသောသူကို ဆုံးမ သောသူသည် အရှက်ကွဲ ခြင်းကိုငင်း ၊ လူဆိုး ကို အပြစ် ပြသောသူသည် ကဲ့ရဲ့ ခြင်းကိုငင်းခံရ လိမ့်မည်။ ၈ မထီမဲ့မြင် ပြုသောသူကိုမ ဆုံးမ နှင့်။ သင့် ကို မုန်း လိမ့်မည်။ ပညာ ရှိကို အပြစ် ပြလော့။ သူသည် သင့် ကို ချစ် လိမ့်မည်။ ၉ ပညာ ရှိသော သူကို ဆုံးမ လျှင် ၊ သူသည် သာ၍ပညာ ရှိလိမ့်မည်။ ဖြောင့်မတ် သောသူကို သွန်သင် လျှင် ၊ သူသည် သိပ်ံ အတတ်တိုးပွါး လိမ့်မည်။ ၁၀

ထာဝရဘုရား ကို ကြောက်ရွံ့သော သဘောသည် ပညာ ၏မူလ အမြစ် ဖြစ်၏။ သန့်ရှင်း တော်မူသောဘုရားကိုသိကျွမ်း သော သဘောသည် ဥာဏ် ဖြစ်၏။ ၁၁ အကြောင်း မူကား၊ ငါ့ ကိုအမှီပြု၍၊ သင် ၏ နေ့ရက် ကာလနှင့် အသက် အပိုင်းအခြား နှစ် ပေါင်း ကာလ တိုးပွါး လိမ့်မည်။ ၁၂ သင်သည်ပညာ ရှိလျှင် ၊ ကိုယ်တိုင် အကျိုးကို ခံရလိမ့်မည်။ မထီမဲ့မြင် ပြုလျှင် ကိုယ်တိုင် သာအပြစ် ကိုခံရလိမ့်မည်။ ၁၃ မိုက် သောမိန်းမ သည် စကား သံကျယ်၍ ဉာဏ် တိမ်သဖြင့် အလျှင်း မ သိ တတ်။ ၁၄ မိမိ အိမ် တံခါး နားတွင် ဖြို့ မြင့် ရာအရပ် အနေအထိုင်ပေါ် မှာ ထိုင် လျက်၊ ၁၅ လမ်း၌ တည့်တည့် ခရီး သွားသောသူတို့ ကို ခေါ် ၍၊ ၁၆ ဉာဏ် တိမ်သောသူ သည် ဤ အရပ်သို့ဝင် စေ။ အိုပညာ မ ရှိသောသူ၊ ၁၇ ခိုး သောရေ သည် ချို ၏။ တိတ်ဆိတ် စွာစား သောမုန့် လည်း မြိန် သည်ဟု ဆို တတ်၏။ ၁၈ ထို အရပ်၌ သရဲ့ချင်း သားရှိ ကြောင်း၊ ထိုမိန်းမ ၏ ဧည့်သည်တို့သည် မရဏာ နိုင်ငံအနက်ဆုံး၌ နေ ကြောင်း ကို ထိုယောကျ်ားသည်မ သိ မမှတ်။ **(Sheol h7585)**

၁၀ ရှောလမုန် မင်း၏ သုတ္တံ စကားဟူမူကား၊ ပညာ ရှိ သောသား သည် အဘ ဝမ်းမြောက် ခြင်းအကြောင်း၊ မိုက် သောသား မူကား ၊ အမိ ဝမ်းနည်း ခြင်းအကြောင်းကို ဖြစ်စေတတ်၏။ ၂ မ တရားသောဥစ္စာဘဏ္ဍာ သည် အကျိုး မ ရှိ။ ဖြောင့်မတ် ခြင်းပါရမီမူကား ၊ သေ ခြင်းမှ ကယ်တင် တတ် ၏။ ၃ ဖြောင့်မတ် သော သူကိုငတ် ၍ သေစေခြင်းငှါ၊ ထာဝရဘုရား သည် အခွင့်ပေးတော်မ မူ။ မ တရားသောသူတို့ ၏ အဓမ္မ အမှုကိုကား ဖျက်ဆီး တော်မူ၏။ ၄ ပျင်းရိ သောသူသည် ဆင်းရဲ ခြင်း၊ လုံ့လ ဝိရိယ ရှိသောသူသည် ကြွယ်ဝ ခြင်းသို့ ရောက်တတ်၏။ ၅ အသီး သီးသောအချိန်၌ သိမ်းယူ သောသူသည် ပညာ ရှိသောသား ဖြစ်၏။ စပါး ရိတ်ရာကာလ၌ အိပ် တတ်သောသူမူကား၊ အရှက် ခွဲတတ်သောသား ဖြစ်၏။ ၆ တရား သောသူ၏ခေါင်း ပေါ် မှာ မင်္ဂလာ သက်ရောက် တတ်၏။ မ တရားသောသူ၏နှုတ် ကိုကား ညှဉ်းဆဲ ခြင်း အပြစ်သည် ပိတ် လိမ့်မည်။ ၇ တရား သောသူကို အောက်မေ့ သောအခါ ကောင်းကြီး ပေးတတ်၏။ မ တရားသောသူ၏နာမ မူကား ပုပ်ပျက် တတ်၏။ ၈ လိမ္မာ သောသူသည် ပညတ် တရားကိုခံ တတ်၏။ ၉ ဖြောင့်မတ် ခြင်းလမ်းသို့ လိုက် သောသူသည် အနင်း မှန် လိမ့်မည်။ ကောက် သောလမ်း သို့လိုက်သော သူမူကား ၊ သဘော ထင်ရှားလိမ့်မည်။ ၁၀ မျက်စိ မှိတ် သောသူသည် စိတ် ကိုပူစေတတ်၏။ စကား များသော လူမိုက် မူကား ဆုံးရှုံး တတ်၏။ ၁၁ ဖြောင့်မတ် သောသူ၏နှုတ် သည် အသက် ရေတွင်း ဖြစ်၏။ မ တရားသောသူ၏ နှုတ် ကိုကား ၊ ညှဉ်းဆဲ ခြင်း အပြစ်သည် ပိတ် လိမ့်မည်။ ၁၂ မုန်း သောစိတ်သည် ရန်တွေ့ ရာသို့ တိုက်တွန်း တတ်၏။ ချစ် သောစိတ် မူကား ၊ ခပ်သိမ်း သော အပြစ် တို့ကို ဖုံးအုပ် တတ်၏။ ၁၃ ဉာဏ် ကောင်းသောသူသည် ပညာ စကား ကို ပြော တတ်၏။ ဉာဏ် မဲ့ သောသူ၏ကျော အဘို့ မူကား ကြိမ်လုံး ရှိ၏။ ၁၄ ပညာရှိ သောသူတို့သည် ကြားသိ သောအရာကို သိမ်း ထားတတ်၏။ မိုက် သောသူ၏နှုတ် မူကား ၊ အကျိုးနည်း ခြင်းနှင့်နီးစပ် ၏။ ၁၅ ငွေ ရတတ်သောသူ၏ စည်းစိမ် သည် သူ ၏ခိုင်ခံ့ သောမြို့ ဖြစ်၏။ ဆင်းရဲသား တို့၏ဆင်းရဲ ခြင်းမူကား၊ သူ တို့၏ အကျိုးနည်း ကြောင်းဖြစ်၏။ ၁၆ ဖြောင့်မတ် သောသူ၏အလုပ် အကိုင်သည် အသက် နှင့်ထင်း၊ မ တရားသောသူ၏ အကျိုး စီးပွါးသည် အပြစ် နှင့်ထင်း

ယှဉ်၏။ ၁၇ နည်း ဥပဒေသကို စောင့်ရှောက် သောသူသည် အသက် လမ်း သို့ လိုက်တတ်၏။ ဆုံးမ ခြင်းကို ငြင်းပယ် သောသူမူကား လမ်းလွဲ တတ်၏။ ၁၈ အငြိုး ဖွဲ့သောသဘောကို မုသာ နှုတ်ခမ်း ဖြင့် ဖုံး ထားသောသူ၊ သူ့အသရေ ပျက်အောင် ပြောတတ်သောသူ သည် မိုက် သောသဘောရှိ၏။ ၁၉ စကား များ သောအားဖြင့် အပြစ် ပါ တတ်၏။ မိမိ နှုတ် ကို ချုပ်တည်း သော သူမူကား ပညာ ရှိ၏။ ၂၀ ဖြောင့်မတ် သောသူ၏လျှာ သည် ငွေစင် နှင့် တူ ၏။ ဆိုး သောသူ ၏ နှလုံး မူကား အဘိုး မထိုက်။ ၂၁ ဖြောင့်မတ် သောသူ ၏နှုတ်ခမ်း တို့သည် လူအများ ကို ကျွေး တတ်၏။ မိုက် သောသူတို့မူကား ၊ ဉာဏ် မ ရှိသောကြောင့် သေ ကြလိမ့်မည်။ ၂၂ ထာဝရဘုရား ၏ ကောင်းကြီး မင်္ဂလာသည် စည်းစိမ် ကိုဖြစ်စေတတ်၏။ ထို စည်းစိမ်နှင့် လည်း၊ ဝမ်းနည်း ခြင်းအကြောင်း ကို ရောနှော တော်မ မူ။ ၂၃ မိုက် သောသူသည် အပြစ် ပြု ရာ၌ ပျော်မွေ့ တတ်၏။ ဉာဏ် ကောင်းသောသူ မူကား ဆင်ခြင် တတ်၏။ ၂၄ မ တရားသောသူကြောက် တတ်သော အမှုသည် သူ့ အပေါ် သို့ ရောက် လိမ့်မည်။ ဖြောင့်မတ် သောသူ တောင့်တ သော အကျိုးကိုကား ၊ ဘုရားသခင်ပေး တော်မူမည်။ ၂၅ မ တရားသောသူသည် လွန် သွားသော လေဘွေ ကဲ့သို့ ပျောက် တတ်၏။ ဖြောင့်မတ် သောသူမူကား ၊ မြဲမြံ သော တိုက်မြစ် ဖြစ်၏။ ၂၆ ပုံးရည် သည်သွား ၌ ၎င်း ၊ မီးခိုး သည် မျက်စိ ၌ ၎င်း ဖြစ်သကဲ့သို့ ၊ ပျင်းရိ သောသူသည် စေလွှတ် သောသူ ၌ ဖြစ် ၏။ ၂၇ ထာဝရဘုရား ကိုကြောက်ရွံ့ သော သဘောသည် အသက် တာကို ရှည် စေတတ်၏။ မ တရားသောသူ ၏ နှစ် ပေါင်းကာလမူကား တို့ တတ်၏။ ၂၈ ဖြောင့်မတ် သောသူ၏ မြော်လင့် ခြင်းသည် ဝမ်းမြောက် စရာအကြောင်းဖြစ်၏။ ဆိုး သောသူ၏ မြော်လင့် ခြင်းမူကား ပျောက်ပျက် လိမ့်မည်။ ၂၉ ထာဝရဘုရား ၏ တရားလမ်း သည် ဖြောင့်မတ် သောသူ ခိုင်ခံ့ ခြင်းအကြောင်း ဖြစ်၏။ မ တရားသဖြင့် ကျင့် သောသူတို့မူကား ၊ ပျက်စီး ခြင်းသို့ ရောက်ရကြ လိမ့်မည်။ ၃၀ ဖြောင့်မတ် သောသူသည် အစဉ် မပြတ်နေရာမှ မ ရွှေ့ ရ။ မ တရားသောသူမူကား ၊ မြေ ပေါ်မှာ အတည် မ ကျရ။ ၃၁ ဖြောင့်မတ် သောသူ၏ နှုတ် မှပညာ စကား ထွက် တတ်၏။ ကောက်လိမ် သော လျှာ မူကား ၊ အဖြတ် ခံရလိမ့်မည်။ ၃၂ ဖြောင့်မတ် သောသူ၏ နှုတ်ခမ်း တို့သည် နှစ်သက် ဘွယ်သော အရာကို သိကျွမ်း တတ်၏။ မ တရား သောသူတို့ မူကား ၊ ဆန့်ကျင် သော စကား ကို ပြောတတ် ကြ၏။

၁၁ မ မှန်သောချိန်ခွင် သည် ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူဘွယ်၊ မှန် သောအလေး မူကား ၊ နှစ်သက် တော်မူဘွယ်ဖြစ်၏။ ၂ မာန ထောင်လွှား သောအခါ အရှက် ကွဲခြင်း ဖြစ် တတ်၏။ စိတ် နှိမ့်ချသောသူတို့ ၌ ကား ပညာ ရှိ၏။ ၃ ဖြောင့် သောသဘောသည် ဖြောင့်မတ် သောသူတို့ ကိုပဲ့ပြင် တတ်၏။ ကောက် သောသဘောမူကား ၊ လွန်ကျူး သောသူတို့ကို ဖျက်ဆီး တတ်၏။ ၄ အမျက် ဒေါသထွက်သောကာလ ၌ စည်းစိမ် ဥစ္စာသည် အကျိုး မ ပေးနိုင်။ ဖြောင့်မတ် ခြင်းပါရမီမူကား ၊ သေ ခြင်းမှ ကယ်တင် တတ်၏။ ၅ ဖြောင့်မတ် ခြင်း ပါရမီသည်စုံလင် သောသူတို့ကို ပဲ့ပြင် တတ်၏။ မ တရားသောသူမူကား ၊ မိမိ မ တရားသော အမှုအားဖြင့် ဆုံးရှုံး တတ်၏။ ၆ ဖြောင့်မတ် သောသူတို့ ၏ဖြောင့်မတ် သော သဘောသည် သူ တို့ကိုကယ်တင် တတ်၏။ လွန်ကျူး သောသူတို့ မူကား ၊ မိမိတို့အဓမ္မ ၌ ကျော့မိ တတ်ကြ၏။ ၇ ဆိုး သောသူ သည် သေ သောအခါ မြော်လင့် ခြင်း ပျက် တတ်၏။

မတရားသောသူ၏တောင့်တ ခြင်းလည်း ပျက် တတ်၏။ ၈ ဖြောင့်မတ် သောသူသည် ဒုက္ခ ထဲက ထွက်မြောက် ၍ ၊ သူ့ ကိုယ်စား မ တရားသောသူခံရ ၏။ ၉ အဓမ္မ လူသည် မိမိနှုတ် ဖြင့် မိမိ အိမ်နီးချင်း ကို ဖျက် တတ်၏။ တရား သောသူမူကား ၊ ပညာ အတတ် အားဖြင့် အမှု လွတ်တတ်၏။ ၁၀ တရား သောသူသည် ကောင်းစား သောအခါ တမြို့ လုံးဝမ်းမြောက် ခြင်း ရှိ၏။ မ တရားသောသူသည် ဆုံးရှုံး သောအခါ မူကား ၊ ကြွေးကြော် ခြင်းရှိ၏။ ၁၁ တရား သောသူသည် ကောင်းကြီး ပေးသော အားဖြင့် သူ၏နေရာမြို့ သည် ချီးမြှောက် ခြင်းသို့ငင်း၊ မ တရားသောသူ ၏နှုတ် ဖြင့် ဖြိုဖျက် ခြင်းသို့ငင်း ရောက် တတ်၏။ ၁၂ ပညာမဲ့ သောသူသည် မိမိ အိမ်နီးချင်း ကို မထီမဲ့မြင် ပြုတတ်၏။ ဉာဏ် ကောင်းသောသူ မူကား ၊ တိတ်ဆိတ် စွာ နေတတ်၏။ ၁၃ လည် ၍စကားများစွာပြောတတ်သောသူသည် လျှို့ဝှက် အပ်သောအရာကို ဘော်ပြ တတ်၏။ သစ္စာ စောင့်သောသူမူကား ၊ ဝှက်ထား တတ်၏။ ၁၄ အကြံ ပေးနိုင်သော ဉာဏ်မ ရှိလျှင် ပြည်သား တို့ သည် ရှုံး တတ်၏။ အကြံ ပေးနိုင်သောသူ အများ ရှိလျှင် မူကား ၊ ဘေး လွတ်တတ်၏။ ၁၅ အကျွမ်း မဝင်သောသူ၏ အမှုဥစ္ဆာမခံ သောသူသည် အလွန် နာလိမ့်မည်။ လက်ဝါးချင်းရိုက် သော အမှုကိုမုန်း သောသူမူကား ၊ စိုးရိမ် စရာမရှိ။ ၁၆ နှစ်သက် ဘွယ်သောမိန်းမ သည် ဂုဏ် အသရေကိုငင်း ၊ ခွန်အား ကြီးသော ယောကျ်ားသည် စည်းစိမ် ကိုငင်း ရ တတ်၏။ ၁၇ သနား တတ်သောသူ သည် မိမိ ကိုယ် ၌ ကျေးဇူး ပြုတတ်၏။ ကြမ်းကြုတ် သောသူမူကား ၊ မိမိ ကိုယ် ကိုပင် နှောင့်ရှက် တတ်၏။ ၁၈ မ တရားသောသူပြု သော အမှု သည် အမြဲ မတည်တတ်။ ဖြောင့်မတ် ခြင်းတရားမျိုးစေ့ကို ကြဲ သော သူမူကား ၊ မြဲမြံ သော အကျိုး ကိုခံရလိမ့်မည်။ ၁၉ ဖြောင့်မတ် ခြင်း တရား သည် အသက်ရှင် ခြင်းနှင့် ဆိုင်သကဲ့သို့ ၊ ဒုစရိုက် ကိုလိုက် ရှာသောသူ သည်လည်း ၊ မိမိ သေ ခြင်းတိုင်အောင် လိုက်ရှာတတ်၏။ ၂၀ သဘော ကောက် သောသူတို့ကို ထာဝရဘုရား သည် စက်ဆုပ် ရွံရှာတော်မူ၏။ ဖြောင့် သောလမ်းသို့ လိုက်သောသူတို့ ကိုကား ၊ နှစ်သက် တော်မူ၏။ ၂၁ လူဆိုး တို့သည် အသင်း ဖွဲ့သော်လည်း၊ အပြစ် ဒဏ် နှင့်မ လွတ်ရကြ။ ဖြောင့်မတ် သောသူတို့၏ အမျိုးအန္တယ် မူကား လွတ် ရ၏။ ၂၂ သမ္မာ သတိမရှိ၊ အဆင်း လှသော မိန်းမ သည် ဝက်မ နှာခေါင်း ဖျာ၌ တပ်သော ရွှေ တန်ဆာ နှင့်တူ၏။ ၂၃ ဖြောင့်မတ် သောသူသည် မြတ် သောအရာကို သာ တောင့်တ တတ်၏။ မ တရားသောသူမြော်လင့် သော အရာမူကား၊ ဒေါသ အမျက်နှင့် ဆိုင်သတည်း။ ၂၄ စွန့်ကြဲ သော်လည်း ဥစ္စာ တိုးပွါးတတ်သော သူရှိ ၏။ အထောက် မတန်စုသိမ်း ၍ ဆင်းရဲ ခြင်းသို့ ရောက်တတ်သော သူလည်း ရှိ၏။ ၂၅ စွန့်ကြဲ တတ်သောသူသည် ကြွယ်ဝ လိမ့်မည်။ သူတပါးကို ရေ လောင်းသောသူသည် ကိုယ်တိုင် ရေ လောင်းခြင်း အကျိုး ကိုခံရလိမ့်မည်။ ၂၆ စပါး ကိုသိုထား သောသူသည် လူ များကျိန်ဆဲ ခြင်း ကိုခံရလိမ့်မည်။ ရောင်း ချသောသူ၏ခေါင်း ၌ မူကား ၊ ကောင်းကြီး မင်္ဂလာရှိလိမ့်မည်။ ၂၇ ကောင်း သောအရာကိုကြိုးစား၍ ရှာ သောသူသည် ကျေးဇူး ကိုခံရ လိမ့်မည်။ သူ့အကျိုးကိုဖျက်ခြင်းငှါရှာ ကြံသောသူမူကား ၊ ကိုယ် အကျိုးပျက်ခြင်းရှိ လိမ့်မည်။ ၂၈ မိမိ စည်းစိမ် ကို ကိုးစား သောသူသည်ရှုံး လိမ့်မည်။ ဖြောင့်မတ် သော သူမူကား ၊ သစ်ခက် ကဲ့သို့ စိမ်းလန်း လိမ့်မည်။ ၂၉ မိမိ အိမ် ကိုနှောင့်ရှက် သောသူသည် လေ ကို အမွေ ခံရလိမ့်မည်။ မိုက် သောသူသည်လည်း ၊

လိမ္မာ သော သူထံ ၌ ကျွန် ခံရလိမ့်မည်။ ၃၀ ဖြောင့်မတ် သောသူ သီးသော အသီး သည် အသက် ပင် အသီးဖြစ်၏။ သူတပါးတို့၏ စိတ်ဝိညာဉ် ကို ရ သောသူသည်လည်း ပညာရှိ ဖြစ်၏။ ၃၁ ဖြောင့်မတ် သောသူသော်လည်း မြေကြီး ပေါ်မှာ အပြစ်ဒဏ်ကို ခံရ ၏။ မ တရားသောသူနှင့် အပြစ် ထင်ရှားသောသူကိုမူကား ၊ အဘယ် ဆိုဘွယ်ရာရှိသနည်း။

၁၂ နည်း ဥပဒေကို ခံ ချင်သောသူသည် ပညာ အတတ်ကို နှစ်သက် ၏။ ဆုံးမ ခြင်းကိုမုန်း သော သူမူကား ၊ တိရစ္ဆာန် သဘောရှိ၏။ ၂ သူတော် ကောင်းသည် ထာဝရဘုရား ရှေ့တော်၌ မျက်နှာ ရ တတ်၏။ မ ကောင်းသောအကြံကို ကြံစည်သော သူမူကား ၊ အပြစ် စီရင်တော်မူခြင်းကို ခံရ၏။ ၃ လူ သည်ဒုစရိုက် အားဖြင့် မြဲမြံ ခြင်းသို့ မ ရောက်ရာ။ ဖြောင့်မတ် သောသူ၏အမြစ် မူကား မ ရွေ့ ရာ။ ၄ သီလ ရှိသော မိန်းမ သည် မိမိ လင် ၌ ဦးရစ် သရဖူ ဖြစ်၏။ အရှက် ခွဲတတ်သော မိန်းမမူကား ၊ လင် ၏အရိုး တို့ ၌ ဆွေးမြေ့ ခြင်းကဲ့သို့ ဖြစ်၏။ ၅ ဖြောင့်မတ် သောသူ ၏အကြံ သည် ဖြောင့် ၏။ မ တရားသောသူ ပေးသော အကြံ မူကား မုသာ ဖြစ်၏။ ၆ မ တရားသောသူ ၏စကား သည် သူ့အသက် ကို သတ်ခြင်းငှါစောင်းမြောင်း တတ်၏။ ဖြောင့်မတ် သောသူ ၏နှုတ် မူကား ၊ သူတပါး တို့ကို ကယ်နှုတ် တတ်၏။ ၇ မ တရားသောသူ ၏အိမ်သည် ပြိုလဲ ပျောက်ပျက် ခြင်း၊ ဖြောင့်မတ် သောသူ၏ အိမ် မူကား ၊ အမြဲ တည် ခြင်းရှိတတ်၏။ ၈ လူ သည်ဉာဏ် ပညာရှိသည်အတိုင်း ချီးမွမ်း ခြင်း ကိုခံရ၏။ သဘော ကောက် သော သူမူကား ၊ မထီမဲ့မြင် ပြုခြင်းကို ခံရ ၏။ ၉ စားစရာ မ ရှိဘဲ ဝါကြွား သောသူထက် ၊ အသရေ မရှိ၊ ကိုယ် အလုပ် ကိုလုပ်ရသောသူသည် သာ၍ကောင်း၏။ ၁၀ ဖြောင့်မတ် သောသူသည် မိမိ တိရစ္ဆာန် အသက် ကို နှမြော တတ်၏။ မ တရားသောသူမူကား ၊ ကရုဏာ အရာ၌ပင် ကြမ်းကြုတ် တတ်၏။ ၁၁ မိမိ လယ်ယာ ကို လုပ် သောသူသည် ဝ စွာစားရ ၏။ အချည်းနှီး သောအမှုကို စောင့် သောသူမူကား ၊ ဉာဏ် ချို့တဲ့ ၏။ ၁၂ မ တရားသောသူသည် လူဆိုး သုံးတတ်သော ကျော့ကွင်း ကို အလို ရှိ၏။ ဖြောင့်မတ် သောသူ ၏အမြစ် မူကား ၊ အသီး ကိုသီးတတ်၏။ ၁၃ စကား လွန်ကျူး ရာတွင် ဆိုး သောကျော့ကွင်း ရှိ၏။ ဖြောင့်မတ် သောသူမူကား ၊ အမှု ထဲက ထမြောက် တတ်၏။ ၁၄ လူ သည်မိမိနှုတ်ခမ်း အသီး ကို ဝ စွာစားရ၏။ မိမိ လက် လုပ် ရာ အကျိုးအပြစ်ကိုလည်းခံရ ၏။ ၁၅ မိုက် သောသူသည် မိမိ ပြု သောအမှုကို မှန် သည် ဟု ထင် တတ်၏။ အကြံ ပေးသောစကားကို နားထောင် သော သူမူကား ပညာ ရှိ၏။ ၁၆ မိုက် သောသူ၏ အမျက် ဒေါသသည် ချက်ခြင်း ထင်ရှား တတ်၏။ ပညာ သတိရှိသောသူမူကား ၊ ရှက် စရာ အမှုကို ဖုံး တတ်၏။ ၁၇ မှန် သောစကားကို ပြော သောသူသည် ဖြောင့်မတ် ခြင်းတရား၊ မ မှန်သောသက်သေ ကို ခံသောသူမူကား ၊ မုသာ တရားကို ပြသ တတ်၏။ ၁၈ သန်လျက် နှင့်ထိုး သကဲ့သို့ စကား ပြောတတ် သော လူတချို့ရှိ ၏။ ပညာရှိ တို့၏ လျှာ မူကား အနာ ကို ပင် ပျောက်စေတတ်၏။ ၁၉ သစ္စာ နှုတ်ခမ်း သည် အစဉ် အမြဲတည် ၏။ မုသာ လျှာ မူကား ခဏသာတည် ၏။ ၂၀ မ ကောင်းသောအကြံကို ကြံ သောသူတို့၏ စိတ် ထဲမှာ လှည့်စား တတ်သောသဘောရှိ၏။ ရန် ပြေစေ ခြင်းငှါ အကြံ ပေးသောသူတို့ ၌ကား ၊ ဝမ်းမြောက် စရာ အကြောင်းရှိ၏။ ၂၁ တရား သောသူ၌ အမင်္ဂလာ မ ရောက် ရာ။ မ တရားသော သူမူကား ၊ အမင်္ဂလာ နှင့်ပြည့်ဝ ရလိမ့်မည်။ ၂၂ မုသာ သုံးသောနှုတ်ခမ်း သည် ထာဝရဘုရား စက်ဆုပ်

ရှံရှာတော်မူဘွယ်ဖြစ်၏။ သစ္စာ တရားကို စောင့်ရှောက် သောသူတို့မူကား ၊ နှစ်သက် တော်မူဘွယ် ဖြစ်ကြ ၏။ ၂၃ ပညာ သတိရှိသောသူ သည် မိမိသိ သောအရာ ကိုပင်ထိမ်ဝှက် တတ်၏။ မိုက် သောသူမူကား ၊ မိမိစိတ် အလိုအလျောက်မိုက် သောသဘောကို ထင်ရှား ပြတတ် ၏။ ၂၄ လုံ့လဝိရိယ ပြုသောသူသည် အစိုး ရတတ်၏။ ပျင်းရိ သောသူမူကား ၊ အခွန် ပေး ရ၏။ ၂၅ ဝမ်းနည်း ခြင်းအကြောင်းသည် ညှိုးငယ် စေ တတ်၏။ ကောင်း သောစကား မူကား ၊ ရွှင်လန်း စေတတ် ၏။ ၂၆ ဖြောင့်မတ် သောသူသည် အိမ်နီးချင်း ကို လမ်း ပြတတ်၏။ မ တရားသောသူလိုက်သော လမ်း မူကား ၊ သူ့ ကိုပင် လှည့်စား တတ်၏။ ၂၇ ပျင်းရိ သောသူသည် မုဆိုး လုပ်သော်လည်း ၊ ဘမ်း ရသောအကောင်ကို ကင်၍မစားရ။ လုံ့လ ဝိရိယပြုသောသူ ၏ ဥစ္စာ မူကား၊ အဘိုး ထိုက်ပေ၏။ ၂၈ ဖြောင့်မတ် ခြင်းတရားလမ်း ၌ သေ ဘေးမ ရှိ၊ အသက် ချမ်းသာလမ်း ဖြစ်၏။

၁၃ ပညာ ရှိသောသား သည် အဘ ၏ သွန်သင်ခြင်း ကို နားထောင်တတ်၏။ မထီမဲ့မြင် ပြုသောသားမူကား ၊ အပြစ်တင် ခြင်းကို နား မ ထောင်တတ်။ ၂ လူ သည် မိမိနှုတ် ၏အသီး တည်းဟူသော ကောင်း သောအရာကို စား ရ၏။ ပြစ်မှားတတ်သော သူ မူကား ၊ ညှဉ်းဆဲခြင်းအပြစ်၏အသီးကို စားရ၏။ ၃ မိမိ နှုတ် ကိုစောင့် သောသူသည် မိမိ အသက် ကို စောင့် ၏။ မိမိ နှုတ် ကို ကျယ်ကျယ် ဖွင့်သောသူမူကား၊ ပျက်စီး ခြင်းသို့ရောက်တတ်၏။ ၄ ပျင်းရိ သောသူသည် အဘယ်အရာကိုမျှ တောင့်တ ၍ မ ရတတ်။ လုံ့လဝိရိယ ပြုသောသူမူကား ၊ မိမိအလို ဆန္ဒပြည့်စုံ ရ၏။ ၅ ဖြောင့်မတ် သောသူသည် မုသာ စကား ကို မုန်း တတ်၏။ မ တရားသောသူမူကား ၊ စက်ဆုပ် ဘွယ်ဖြစ်၍ ၊ အရှက် ကွဲခြင်းသို့ ရောက်တတ်၏။ ၆ ဖြောင့်မတ် ခြင်းတရားသည် လမ်း မလွဲသောသူကို စောင့် တတ်၏။ ဒုစရိုက် တရားမူကား ၊ အပြစ် ရှိသောသူကိုလဲ့ တတ်၏။ ၇ အလွန် ဆင်းရဲလျက် နှင့် ရတတ် ဟန်ဆောင်သော သူရှိ ၏။ အလွန် ရ တတ်လျက် နှင့် ဆင်းရဲ ဟန်ဆောင်သောသူလည်းရှိ၏။ ၈ စည်းစိမ် သည် ရတတ်သောသူ ၏အသက် ကို ရွေး ဘို့ ဖြစ်၏။ ဆင်းရဲ သောသူမူကား ၊ အပြစ်တင် သော စကားကို မ ကြား ဘဲနေ၏။ ၉ ဖြောင့်မတ် သောသူ ၏အလင်း သည် ရွှင်လန်း ၏။ မ တရားသောသူ ၏မီးခွက် မူကား ၊ သေ ရလိမ့်မည်။ ၁၀ မာန ကြောင့်သာ ရန်တွေ့ ခြင်းဖြစ် ၏။ သတိပေးသော စကားကို နားခံ သောသူမူကား ပညာ ရှိ၏။ ၁၁ လျှပ်ပေါ် ခြင်းအားဖြင့် ဥစ္စာ သည်လျော့ တတ် ၏။ ကြိုးစား အားထုတ် ၍ ဆည်းဖူး သောသူ ၏ဥစ္စာမူကား ၊ ပြန့်ပွား တတ်၏။ ၁၂ မြော်လင့် သောအရာသည် ဖင့်နွဲ လျှင်၊ စိတ် နှလုံးကို ပူပန် စေတတ်၏။ အလို ပြည့်စုံ သောအခါမူကား အသက် ပင် ဖြစ်၏။ ၁၃ နှုတ်ကပတ် တော်ကို မထီမဲ့မြင် ပြုသောသူသည် ပျက်စီး လိမ့်မည်။ ပညတ် တရားတော်ကိုခန့်ညား သော သူမူကား ၊ ချမ်းသာ ရလိမ့်မည်။ ၁၄ ပညာရှိ သောသူ၏တရား သည် အသေခံ ရာ ကျော့ကွင်း တို့မှ ၊ လွှဲ ရှောင်ရာအသက် စမ်းရေ တွင်းဖြစ်၏။ ၁၅ ကောင်း သောဉာဏ် ရှိသောသူသည် မျက်နှာ ရ တတ်၏။ ပြစ်မှား သောသူတို့ လမ်း မူကား ၊ ခက် သော လမ်းဖြစ်၏။ ၁၆ သမ္မာ သတိရှိသော သူအပေါင်း တို့သည် ပညာ အတတ်နှင့် ပြုမူ တတ်ကြ၏။ မိုက် သောသူမူကား ၊ မိမိမိုက် သော အပြစ်ကို ထင်ရှား စေတတ်၏။ ၁၇ မ တရားသောအစေခံ သည် မိမိစောင့် သောအမှု ကို ဖျက် တတ်၏။ သစ္စာ ရှိသော သံတမန်

မူကား ၊ ကျန်းမာ ခြင်းအကြောင်းဖြစ်၏။ ၁၈ သွန်သင် ခြင်းကို ငြင်းပယ် သောသူသည် ဆင်းရဲ ခြင်းနှင့် ရှက်ကြောက် ခြင်းသို့ ရောက်လိမ့်မည်။ ဆုံးမ သော စကားကို နားထောင် သော သူမူကား ၊ ဂုဏ် အသရေကို ရလိမ့်မည်။ ၁၉ အလိုဆန္ဒ ပြည့်စုံ ခြင်းအရာသည် ချိုမြိန် ၏။ ဒုစရိုက် ကို ရှောင် သောအရာမူကား ၊ မိုက် သောသူတို့ စက်ဆုပ် သော အရာဖြစ်၏။ ၂၀ ပညာရှိ တို့နှင့် ပေါင်းဘော် သောသူသည် ပညာ ရှိတတ်၏။ လူမိုက် တို့နှင့် ပေါင်းဘော် သောသူမူကား ၊ ပျက်စီး တတ်၏။ ၂၁ အပြစ် ရှိသောသူတို့ ကို ဘေး လိုက် တတ်၏။ ဖြောင့်မတ် သောသူတို့ မူကား ၊ ကောင်း သောအကျိုးကိုခံရ လိမ့်မည်။ ၂၂ သူတော် ကောင်းသည် သား မြေးတို့အတို့ အမွေဥစ္စာကို ချန်ထားတတ်၏။ အပြစ် ရှိသော သူ ၏စည်းစိမ် မူကား ၊ ဖြောင့်မတ် သောသူတို့ အဘို့ သိုထား လျက်ရှိ၏။ ၂၃ ဆင်းရဲ သား လယ်လုပ် ခြင်းအားဖြင့်စားစရာ ပွါးများ ၏။ သို့ရာတွင် ၊ မ တရား သော အမှုကြောင့် ပျက်စီး ခြင်းသို့ ရောက် တတ်၏။ ၂၄ ကြိမ်လုံး ကို မ သုံးသောသူသည် မိမိ သား ကို မုန်း ရာသို့ ရောက်၏။ သားကိုချစ် သောသူမူကား ၊ ငယ် သောအရွယ်မှစ၍ဆုံးမ တတ်၏။ ၂၅ ဖြောင့်မတ် သောသူသည် ဝ စွာစား ရသောအခွင့်ရှိ၏။ မ တရားသော သူမူကား ၊ မွတ်သိပ် ခြင်းကိုခံရလိမ့်မည်။

၁၄ ပညာရှိ သောမိန်းမ သည် မိမိ အိမ် ကို တည်ဆောက် တတ်၏။ မိုက် သောမိန်းမမူကား ၊ ကိုယ် လက် နှင့် ဖြိုဖျက် တတ်၏။ ၂ ဖြောင့် သောလမ်းသို့ လိုက် သောသူသည် ထာဝရဘုရား ကို ကြောက်ရွံ့ တတ်၏။ ကောက်သောလမ်းသို့ လိုက် သောသူမူကား ၊ မထီမဲ့မြင် ပြုတတ်၏။ ၃ မိုက် သောသူ၏ နှုတ် ၌ မာန ကြိမ်လုံး ရှိ၏။ ပညာရှိ သောသူ၏ နှုတ်ခမ်း တို့သည် ကယ်တင် သောအမှုကို ပြုတတ်၏။ ၄ နွား ထီးမ ရှိသော တင်းကုပ် သည် စင်ကြယ် ၏။ သို့သော်လည်း ၊ နွား ခွန်အား ကိုသုံး၍ များ သောစီးပွား ကို ရတတ်၏။ ၅ သစ္စာ ရှိသောသက်သေ သည်မုသာ မ သုံးတတ်။ သစ္စာ ပျက်သော သက်သေ မူကား ၊ မုသာ ကိုသုံး တတ်၏။ ၆ မထီမဲ့မြင် ပြုသောသူသည် ပညာ ကိုရှာ ၍ မ တွေ့ရာ။ ဉာဏ် ရှိသောသူမူကား ၊ ပညာ အတတ်ကို ရ လွယ်၏။ ၇ မိုက် သောသူနှင့်တွေ့၍ သူ၏နှုတ် ၌ ပညာ အတတ်မ ရှိသည်ကို သိမြင် လျှင် ၊ ထိုသူ ကို ရှောင် သွား လော့။ ၈ ပညာ သတိရှိသောသူ ၏ပညာ ကား၊ ကိုယ် သွား ရသောလမ်း ကို သိ ခြင်းတည်း။ မိုက် သောသူ၏ မိုက် ခြင်း မူကား ၊ ပရိယာယ် တည်း။ ၉ မိုက် သောသူတို့သည် ဒုစရိုက် အပြစ်ကို မထီ လေးစားပြုကြ၏။ ဖြောင့်မတ် သောသူတို့ မူကား ၊ တယောက် ကိုတယောက်ကျေးဇူး ပြုကြ၏။ ၁၀ စိတ် နှလုံးသည် မိမိ ဒုက္ခ ကို သိ ၏။ စိတ်နှလုံးရွှင်လန်း ခြင်း အကြောင်းကိုလည်း သူတပါး မ ဆိုင် တတ်။ ၁၁ မ တရားသောသူ၏အိမ် သည် ပြို လဲတတ်၏။ ဖြောင့်မတ် သောသူ ၏တဲ မူကား ၊ ပွင့်လန်း တတ်၏။ ၁၂ လူ ထင် သည်အတိုင်း မှန် သောလက္ခဏာ ရှိ သော်လည်း ၊ အဆုံး ၌ သေ ခြင်းသို့ပို့သော လမ်း တမျိုးရှိ၏။ ၁၃ လူသည် ရယ် စဉ် အခါပင် ၊ ဝမ်းနည်း သောစိတ် သဘောရှိ၏။ ထို ရယ်မောရွှင်လန်း ခြင်းအဆုံး ၌လည်း ညှိုးငယ် ခြင်းရှိတတ်၏။ ၁၄ စိတ် နှလုံးဖေါက်ပြန် သောသူဖြစ်စေ ၊ သူ တော် ကောင်းဖြစ်စေ ၊ မိမိ အကျင့် တို့နှင့်ဝ လိမ့်မည်။ ၁၅ ဉာဏ် တိမ်သောသူသည် သူတပါး ပြော သမျှ ကို ယုံ တတ်၏။ ပညာ သတိရှိသောသူမူကား ၊ မိမိ သွား ရာ လမ်းကို စေ့စေ့ ကြည့်ရှုတတ်၏။ ၁၆ ပညာရှိ သောသူသည် ကြောက် ၍ ဒုစရိုက် ကို ရှောင် တတ်၏။ မိုက် သောသူမူကား မာန ကြီး၍ ရဲရင့် တတ်၏။ ၁၇ စိတ်တို သောသူသည်

မိုက် စွာသောအမှုကို ပြု တတ်၏။ မ ကောင်းသောအကြံကို ကြံသောသူ ကိုလည်း သူတပါးမုန်း လိမ့်မည်။ ၁၈ ဉာဏ် တိမ်သောသူသည် မိုက် ခြင်းကို အမွေခံ တတ်၏။ ပညာ သတိရှိသောသူမူကား ၊ သိပ်ံ သရဖူ ကို ဆောင်းတတ်၏။ ၁၉ လူဆိုး တို့သည် သူ တော်ကောင်းရှေ့၌ဌင်း ၊ မ တရားသောသူတို့သည် ဖြောင့်မတ် သောသူ၏ အိမ် တံခါး၀ ၌ ၎င်း ဦးချ တတ်ကြ၏။ ၂၀ ဆင်းရဲ သောသူသည် မိမိ အိမ်နီးချင်း မုန်း ခြင်း ကိုပင် ခံရမည်။ ငွေ ရတတ်သောသူ၌မူကား ၊ များစွာ သော အဆွေ ခင်ပွန်းရှိလိမ့်မည်။ ၂၁ မိမိ အိမ်နီးချင်း ကို မထီမဲ့မြင် ပြုသောသူသည် အပြစ် ရှိ၏။ ဆင်းရဲ သော သူကိုသနား သောသူမူကား ၊ မင်္ဂလာ ရှိ၏။ ၂၂ မ ကောင်းသော အကြံကိုကြံ တတ်သောသူတို့ သည် မှားယွင်း ကြလိမ့်မည်။ ကျေးဇူး ပြု မည်ဟု ကြံတတ် သောသူတို့မူကား ၊ ကရုဏာ အကျိုး နှင့် သစ္စာ အကျိုးကိုခံရကြလိမ့်မည်။ ၂၃ ကြိုးစား ၍ လုပ်လေရာရာ ၌ကျေးဇူး ရှိ ၏။ စကား များခြင်းအကျိုးမူကား ၊ ဆင်းရဲ ခြင်းသက်သက် တည်း။ ၂၄ ပညာရှိ သောသူတို့၏ စည်းစိမ် ဥစ္စာသည် သူ တို့ ဦးရစ် သရဖူဖြစ်၏။ မိုက် သောသူတို့၏ မိုက် ခြင်းမူကား၊ အမိုက် သက်သက်ဖြစ်၏။ ၂၅ မှန် သောသက်သေ သည် သူ့အသက် ကို ကယ်တင် တတ်၏။ မ မှန်သောသက်သေ မူကား ၊ မုသာ ကို သုံးတတ်၏။ ၂၆ ထာ၀ရဘုရား ကို ကြောက်ရွံ့ ခြင်းသည် အားကြီး သော ကိုးစား ရာအခွင့်ကိုဖြစ်စေတတ်၏။ သား တော်တို့ သည်လည်း ၊ ခိုလှုံ ရာအရပ်ကို ရ ကြလိမ့်မည်။ ၂၇ ထာ၀ရဘုရား ကို ကြောက်ရွံ့ သောသဘောသည် အသေခံ ရာ ကျော့ကွင်း တို့မှ လွှဲရှောင် ရာအသက် စမ်းရေ တွင်း ဖြစ်၏။ ၂၈ ပြည်သား များပြား ရာ၌ ရှင်ဘုရင် ၏ဘုန်း တော် တည်၏။ ပြည်သား နည်းပါး ရာ၌ ကား ၊ မင်း အကျိုးနည်း ခြင်းရှိ၏။ ၂၉ စိတ် ရှည် သောသူသည် ပညာ ကြီး ၏။ စိတ်တို သောသူမူကား ၊ အထူးသဖြင့်မိုက် ပေ၏။ ၃၀ ကျန်းမာ သောနှလုံး သည် ကိုယ် အသက်ရှင် စေ သောအကြောင်း၊ ငြူစူ သော သဘောမူကား ၊ အရိုး ဆွေးမြေ့ ခြင်းအကြောင်းဖြစ်၏။ ၃၁ ဆင်းရဲသား တို့ကို ညှဉ်းဆဲ သောသူသည် ဖန်ဆင်း တော်မူသောဘုရားကိုကဲ့ရဲ့ ၏။ ဘုရား ကို ရိုသေ သောသူမူကား ၊ ဆင်းရဲ သောသူတို့ကို သနား တတ်၏။ ၃၂ မ တရားသောသူသည် မ တရားသဖြင့် ပြုစဉ်အခါ ၊ လဲ့ ခြင်းကို ခံရ၏။ ဖြောင့်မတ် သောသူမူကား ၊ သေ သောအခါ၌ ပင် မြော်လင့် စရာရှိ၏။ ၃၃ ဉာဏ် ရှိသောသူ၏ နှလုံး ၌ ပညာ ကျိန်း၀ပ် တတ် ၏။ မိုက် သောသူတို့၏အထဲ ၌ ရှိသောအရာမူကား ၊ ထင်ရှား တတ်၏။ ၃၄ ဖြောင့်မတ် ခြင်းတရားသည် ပြည်သား တို့ကို ချီးမြှောက် တတ်၏။ ဒုစရိုက် အပြစ်မူကား ၊ ပြည်သား များ တို့ကို ရှုတ်ချ တတ်၏။ ၃၅ ပညာရှိ သော ကျွန် အား ရှင် ဘုရင်သည် ကျေးဇူး ပြုတတ်၏။ အရှက် ခွဲတတ်သော ကျွန်မူကား ၊ အမျက် တော်ကိုခံရ မည်။

၁၅ ဖြည်းညှင်း သော စကား သည် စိတ် ကိုဖြေ တတ် ၏။ ကြမ်းတမ်း သောစကား မူကား ၊ အမျက် ကို နှိုးဆော် တတ်၏။ ၂ ပညာရှိ သောသူ ၏လျှာ သည်ပညာ အတတ်ကို တင့်တယ် စေတတ်၏။ မိုက် သောသူတို့၏ နှုတ် မူကား ၊ မိုက် သောအရာကို သွန်းလောင်း တတ်၏။ ၃ ထာ၀ရဘုရား ၏မျက်စိ တော်သည် ခပ်သိမ်း သောအရပ် ၌ ရှိ၍၊ ကောင်း မကောင်း ကို ကြည့်ရှု တော်မူ၏။ ၄ ဖြည်းညှင်း သောလျှာ သည် အသက် ဖြစ်၏။ ကြမ်းတမ်း သော လျှာ မူကား စိတ် နာ စေတတ်၏။ ၅ မိုက် သောသူသည် အဘ သွန်သင် ခြင်းကို မထီမဲ့မြင် ပြုတတ်၏။ ဆုံးမ သော စကားကို နားထောင်

သော သူမူကား ၊ သမ္မာ သတိနှင့်ပြည့်စုံတတ်၏။ ၆ ဖြောင့်မတ် သောသူ၏ အိမ် ၌များစွာ သော စည်းစိမ် ရှိ၏။ မ တရားသော သူခံရသောအခွန် မူကား ၊ များစွာသော နှောင့်ရှက် ခြင်းနှင့်ယှဉ်၏။ ၇ ပညာရှိ သောသူ ၏နှုတ်ခမ်း တို့သည် ပညာ အတတ်ကို စွန့်ကြဲ တတ်၏။ မိုက် သောသူ၏ နှလုံး မူကား ပညာမ ရှိ။ ၈ မ တရားသောသူ ပူဇော်သောယဇ် ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ သဘော ဖြောင့်သောသူ ဆုတောင်းသော ပဌနာ ကိုကား ၊ နှစ်သက် တော်မူ၏။ ၉ မ တရားသော သူလိုက်သောလမ်း ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ ဖြောင့်မတ် ခြင်း တရား လမ်းသို့ လိုက် သောသူကိုကား ချစ် တော်မူ၏။ ၁၀ လမ်း လွဲ သောသူသည် ဆုံးမ သောစကားကို နား မခံလို။ သို့သော်လည်း၊ အပြစ်တင် ခြင်းကို မုန်း သောသူသည် သေ ရမည်။ ၁၁ မရဏာ နိုင်ငံနှင့် အဗဒ္ဒုန် နိုင်ငံသည် ထာဝရဘုရား ရှေ့ တော်၌ ထင်ရှား၏။ ထိုမျှမက၊ လူ သားတို့၏ နှလုံး သည် သာ၍ ထင်ရှား ၏။ (Sheol h7585) ၁၂ မထီမဲ့မြင် ပြုသောသူသည် အပြစ် ပြသောသူ ကို မ ချစ် တတ်။ ပညာရှိ ထံသို့ မ ချဉ်းကပ် တတ်။ ၁၃ ရွှင်လန်းသော စိတ် နှလုံးသည် ချို သောမျက်နှာ ကို ဖြစ်စေတတ်၏။ ညှိုးငယ် ခြင်းအားဖြင့် ကား ၊ စိတ် ပျက် တတ်၏။ ၁၄ ဉာဏ် ကောင်းသောသူ၏ စိတ် နှလုံးသည် ပညာ အတတ်ကို ရှာ တတ်၏။ မိုက် သောသူတို့၏ နှုတ် မူကား ၊ မိုက် ခြင်းကို ကျက်စား တတ်၏။ ၁၅ ဆင်းရဲ ငြိုငြင်သောသူ၏ နေ့ရက် ရှိသမျှ တို့သည် ဆိုးယုတ် ကြ၏။ ရွှင်လန်း သောစိတ် နှလုံးမူကား ၊ အစဉ် အမြဲခံရသောပွဲ ဖြစ်၏။ ၁၆ နှောင့်ရှက် ခြင်းနှင့် ယှဉ်၍ ကြီးစွာ သော စည်းစိမ်ထက် ထာဝရဘုရား ကိုကြောက်ရွံ့ ခြင်းနှင့် ယှဉ် သောဥစ္စာ အနည်းငယ် သည် သာ၍ ကောင်း ၏။ ၁၇ ဆူ အောင်ကျွေးသော နွား တကောင်လုံးကို အချင်းချင်း အငြိုး ထားသောစိတ်နှင့် စားရသည်ထက်၊ ချစ် ခြင်းမေတ္တာပါသော ဟင်းရွက် တနပ်စာ သည်သာ၍ ကောင်း ၏။ ၁၈ မာန ကြီးသောသူ သည် ရန် ကိုနှိုးဆော် တတ်၏။ သည်းခံ နိုင်သော သူမူကား ငြိမ်း တတ်၏။ ၁၉ ပျင်းရိ သောသူသွားရာ လမ်း၌ ဆူး ပင်ဆီး ကာ လျက် ရှိ၏။ ဖြောင့်မတ် သောသူ သွား ရာလမ်းမူကား ၊ မို့ မောက်လျက်ရှိ၏။ ၂၀ ပညာရှိ သောသား သည်အဘ ဝမ်းမြောက် ခြင်း အကြောင်းဖြစ်၏။ မိုက် သောသား မူကား ၊ မိမိ အမိ ကို မထီမဲ့မြင် ပြုတတ်၏။ ၂၁ ဉာဏ် မ ရှိသောသူသည် မိုက် ခြင်း၌ ပျော်မွေ့ တတ်၏။ ဉာဏ် ရှိသောသူ မူကား ၊ ဖြောင့်မတ် သောအကျင့် ကို ကျင့် တတ်၏။ ၂၂ တိုင်ပင် ခြင်းမ ရှိလျှင် အကြံ ပျက် တတ်၏။ တိုင်ပင် သော သူများ လျှင် မူကား ၊ အကြံ တည်တတ်၏။ ၂၃ လူ သည်ပြန်ပြော သောစကား အားဖြင့် ဝမ်းမြောက် စရာအကြောင်းရှိ၏။ အချိန်တန် ၍ ပြောသော စကား သည်လည်း အလွန် လျောက်ပတ် ပေ၏။ ၂၄ ပညာရှိ သော သူလိုက်ရာ အသက် လမ်း သည် အောက် အရပ်၊ မရဏာ နိုင်ငံမှ လွှဲရှောင် ၍၊ အထက် သို့ ပို့ဆောင်တတ်၏။ (Sheol h7585) ၂၅ မာန ထောင်လွှားသောသူ ၏အိမ် ကို ထာဝရဘုရား ဖျက်ဆီး တော်မူမည်။ မုတ်ဆိုးမ နေရာ အရပ်ကို ကား ၊ တည် စေတော်မူမည်။ ၂၆ မ တရားသောသူ၏ အကြံအစည် တို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ စင်ကြယ် သောသူ၏ စကား တို့ကိုကား ၊ နှစ်သက် တော်မူ၏။ ၂၇ မ တရားသော စီးပွါးကို ရှာ သောသူသည် မိမိ အိမ်သား တို့ကို နှောင့်ရှက် တတ်၏။ တံစိုး ကိုရွံ သောသူမူကား အသက် ချမ်းသာရလိမ့်မည်။ ၂၈ ဖြောင့်မတ် သောသူသည် အဘယ်သို့ ပြန်ပြော ရမည်ကို စိတ် နှလုံးထဲမှာ ဆင်ခြင် တတ်၏။

မ တရားသောသူ ၏နှုတ် မူကား ၊ မ ကောင်းသောအရာတို့ကို သွန်းလောင်း တတ်၏။ ၂၉ ထာဝရဘုရား သည် မ တရားသောသူတို့ နှင့် ဝေး တော်မူ၏။ ဖြောင့်မတ် သောသူ၏ ပဌနာ စကားကို ကား နားထောင် တော်မူ၏။ ၃၀ မျက်စိ အလင်း သည် နှလုံး ကို ရွှင်လန်း စေတတ် ၏။ ကောင်း သော သိတင်း စကားသည်လည်း၊ အရိုး တို့ကို ခြင်ဆီနှင့်ပြည့်ဝ စေတတ်၏။ ၃၁ အသက် နှင့်ယှဉ်သောဆုံးမ ခြင်းစကားကို နားထောင် သောသူသည် ပညာရှိ တို့နှင့် ပေါင်းဘော် ရသောအခွင့်ရှိ၏။ ၃၂ ဆုံးမ ခြင်းစကားကို ပယ် သောသူသည်မိမိ အသက် ဝိညာဉ်ကို မထီမဲ့မြင် ပြုရာသို့ ရောက်၏။ နားထောင် သော သူမူကား ၊ ဉာဏ် ကိုရ တတ်၏။ ၃၃ ထာဝရဘုရား ကိုကြောက်ရွံ့ သော သဘောသည် ပညာ ကိုသွန်သင် ခြင်းဖြစ်၏။ ဂုဏ် အသရေအရင်၌ နှိမ့်ချ ခြင်း၏ နေရာရှိ၏။

၁၆ စိတ် နှလုံးအကြံအစည် တို့သည် လူ နှင့်ဆိုင်ကြ၏။ လျှာ နှင့်ပြန်ပြော ချက်ကိုကား ၊ ထာဝရ ဘုရားပိုင်တော်မူ ၏။ ၂ လူ သည် မိမိ ကျင့် သမျှ သောအကျင့် တို့ကို နှစ်သက် တတ်၏။ ထာဝရဘုရား မူကား ၊ စိတ် သဘောတို့ကို ချိန် တော်မူ၏။ ၃ ကိုယ် ပြုသောအမှု တို့ကို ထာဝရဘုရား ၌ အပ် လော့။ သို့ပြုလျှင် သင် ၏အကြံအစည် တို့သည် တည် ကြ လိမ့်မည်။ ၄ ထာဝရဘုရား သည် ခပ်သိမ်း သောအရာတို့ကို ကိုယ်တော် အဘို့ ၊ မ တရားသောသူတို့ကိုလည်း ဘေးဒဏ် ခံရသောနေ့ အဘို့ဖန်ဆင်း တော်မူ၏။ ၅ မာန ကြီးသောသူအပေါင်း တို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ သူတို့သည် အသင်း ဖွဲ့သော်လည်း၊ အပြစ်ဒဏ် နှင့် မ လွတ်ရကြ။ ၆ ကရုဏာ တရားနှင့် သစ္စာ တရားအားဖြင့် အပြစ် ပြေ တတ်၏။ ထာဝရဘုရား ကို ကြောက်ရွံ့ သော သဘောအားဖြင့် ဒုစရိုက် ကို ရှောင် တတ်၏။ ၇ လူ ကျင့် သောအကျင့်တို့ကို ထာဝရဘုရား သည် နှစ်သက် သောအခါ ၊ ထိုသူ ၏ရန်သူ ကိုပင် သူ နှင့် သင့်တင့် စေတော်မူ၏။ ၈ ဖြောင့်မတ် ခြင်းပါရမီနှင့် ယှဉ်သောဥစ္စာအနည်းငယ် သည်၊ မ တရားသဖြင့် ရသောဥစ္စာ အများ ထက် သာ၍ကောင်း ၏။ ၉ လူ သည် မိမိ သွားရာလမ်း ကို စိတ် ထဲမှာ ကြံစည် ၏။ သို့သော်လည်း သူ ၏ခြေရာ တို့ကို ထာဝရဘုရား စီရင် တော်မူ၏။ ၁၀ ရှင်ဘုရင် ၏ နှုတ်ခမ်း တို့ ၌ ဗျာဒိတ် တော်ရှိသည် ဖြစ်၍၊ တရား ဆုံးဖြတ်ရာအမှု၌ နှုတ် တော်သည် မ မှား စေနှင့်။ ၁၁ မှန် သောအလေး နှင့် မှန်သောချိန်ခွင် သည် ထာဝရ ဘုရား၏ဥစ္စာဖြစ်၏။ အလေး အိတ်၌ပါသမျှ သော အလေးတို့သည် စီရင် တော်မူရာ ဖြစ်ကြ၏။ ၁၂ ရှင်ဘုရင် ပြု သောဒုစရိုက် သည် စက်ဆုပ် ရွံရှာဘွယ်ဖြစ်၏။ အကြောင်း မူကား၊ ရာဇပလ္လင် သည် ဖြောင့်မတ် ခြင်းအားဖြင့် သာ တည် တတ်၏။ ၁၃ ဖြောင့်မတ် သော နှုတ်ခမ်း တို့သည် ရှင်ဘုရင် နှစ်သက် ရာဖြစ်၏။ မှန်ကန် စွာပြော သောသူကို ရှင်ဘုရင်ချစ် တတ်၏။ ၁၄ ရှင်ဘုရင် ၏ အမျက် သည် သေ မင်းတမန် ကဲ့သို့ ဖြစ်၏။ သို့သော်လည်း ၊ ပညာရှိ သောသူ သည် အမျက် တော်ကို ဖြေတတ်၏။ ၁၅ ရှင်ဘုရင် မျက်နှာ ပွင့်လန်း သောအားဖြင့် အသက် ချမ်းသာရ၏။ ကျေးဇူး တော်သည် နောက် ရွာ သော မိုးယိုးတိမ်ကဲ့သို့ ဖြစ်၏။ ၁၆ ရွှေ ကိုရတတ်ခြင်းထက် ပညာ ကို ရ တတ်ခြင်း သည် အလွန် ကောင်း ၏။ ငွေ ကိုအမြတ် မထား၊ ဉာဏ် နှင့် ပြည့်စုံခြင်းကို အမြတ် ထားစရာအလွန်ကောင်း၏။ ၁၇ ဖြောင့်မတ် သော သူလိုက်သောလမ်း မူကား၊ ဒုစရိုက် ကို ရှောင် ခြင်းတည်း။ ထိုလမ်း မှ မလွှဲဘဲ အမြဲ လိုက် သောသူသည် မိမိ အသက် ဝိညာဉ်ကို စောင့် တတ်၏။ ၁၈

မာန သည်ပျက်စီး ခြင်းအရင် ၊ ထောင်လွှား သော သဘော သည် ရှုတ်ချ ခြင်း အရင် ၌ နေရာကျတတ်၏။ ၁၉ စိတ် နှိမ့်ချသောသူတို့နှင့် ပေါင်းဘော်၍ စိတ် နှိမ့်ချ ခြင်းသည်၊ မာန ကြီးသောသူတို့ နှင့် ဆက်ဆံ၍ လုယူ သောဥစ္စာ ကို ဝေမျှ ခြင်းထက် သာ၍ကောင်း ၏။ ၂၀ ပညာ နှင့်အမှုစောင့်သောသူသည် အကျိုး ကို ရ လိမ့်မည်။ ထာဝရဘုရား ကို ခိုလှုံ သောသူသည်လည်း မင်္ဂလာ ရှိ၏။ ၂၁ လိမ္မာ သောစိတ် သဘောရှိသောသူသည် ပညာ သတိရှိသည်ဟု ကျော်စော ရာသို့ရောက်တတ်၏။ ချို သောစကားကို ပြောတတ်သော နှုတ် သတ္တိသည်လည်း ပညာ အတတ်ကိုတိုးပွါး စေတတ်၏။ ၂၂ ဉာဏ် ပညာကိုရ သောသူသည် အသက် စမ်းရေ တွင်း ကိုရ၏။ မိုက် သောသူတို့၏ သွန်သင် ခြင်းမူကား ၊ မိုက် ခြင်းဖြစ်၏။ ၂၃ ပညာ ရှိသောသူ ၏နှလုံး သည် သူ ၏နှုတ် ကို သွန်သင် ၍ ၊ သူ ၏နှုတ်ခမ်း တို့ ၌ ပညာ အတတ်ကို ထပ်လောင်း တတ်၏။ ၂၄ သာယာ သောစကား တို့သည် ပျားလပို့ ကဲ့သို့ ဖြစ်၍၊ စိတ် ဝိညာဉ်၌ ချိုမြိန် လျက် ၊ ကိုယ်အရိုး ကို ကျန်းမာ စေလျက်ရှိကြ၏။ ၂၅ လူ ထင် သည်အတိုင်း မှန် သောလက္ခဏာ ရှိ သော်လည်း ၊ အဆုံး ၌ သေ ခြင်းသို့ ပို့သောလမ်း တမျိုးရှိ၏။ ၂၆ အလုပ် လုပ်သောသူသည်၊ မိမိ ပစပ် တောင်း သောကြောင့် ၊ မိမိ အဘို့ လုပ် တတ်၏။ ၂၇ အဓမ္မ လူ သည် မ ကောင်းသော အမှုကိုကြိုးစား ၍ ကြံစည်တတ်၏။ သူ ၏နှုတ်ခမ်း ၌ လောင် သောမီး ကဲ့သို့ ရှိ၏။ ၂၈ သဘော ကောက်သောသူ သည် ရန် မျိုးစေ့ကို ကြဲ တတ်၏။ ကုန်း တိုက်သောသူသည် လည်း ၊ မိတ်ဆွေ တို့ကို ကွဲပြား စေတတ်၏။ ၂၉ ကြမ်းကြုတ် သောသူ သည် အိမ်နီးချင်း ကို ချော့မော့ ၍ ၊ မ ကောင်း သောလမ်း ထဲသို့ သွေးဆောင် တတ်၏။ ၃၀ ကောက် သောအကြံကို ကြံစည် ခြင်းငှါ မျက်စိ မှိတ် ၍၊ နှုတ်ခမ်း တို့ကို လှုပ် သဖြင့်၊ ဆိုးယုတ် သောအမှုကို ပြီးစီး တတ်၏။ ၃၁ ဖြူ သောဆံပင်သည် ဖြောင့်မတ် ခြင်း တရား လမ်း ၌ တည် လျှင်၊ ဘုန်းကြီး သောသရဖူ ဖြစ်၏။ ၃၂ စိတ်ရှည် သောသူသည် ခွန်အား ကြီးသောသူ ထက် ၎င်း၊ မိမိ စိတ် ကို ချုပ်တည်း သောသူသည် မြို့ ကို တိုက် ယူသောသူထက် ၎င်း သာ၍ကောင်း ၏။ ၃၃ စာရေးတံ တို့ကို အိတ် ထဲ၌လောင်း လျက်ရှိရာ တွင် ၊ ခွဲဝေ စီရင်ခြင်းအမှုကို ထာဝရဘုရား ပိုင်တော်မူ၏။

၁၇ တအိမ် လုံးပြည့် သော ယဇ် ပူဇော်ပွဲကို ရန်တွေ့ သောစိတ် နှင့်စားရသည်ထက်၊ ငြိမ်သက် ခြင်းနှင့် ယှဉ် သော မုန့် တလုပ်စာသည်သာ၍ ကောင်း ၏။ ၂ ပညာ ရှိသောကျွန် သည် အရှက်ခွဲ သောသား ကို အုပ်စိုး ၍ ညီအစ်ကို တို့နှင့်အတူ အမွေ ခံ တတ်၏။ ၃ ငွေ စစ်စရာဘို့ မိုက် ကိုငင်း ၊ ရွှေ စစ်စရာဘို့ မီးဖို ကို ၎င်း သုံးတတ်၏။ စိတ် နှလုံးကိုကား ၊ ထာဝရဘုရား စစ် တော်မူ၏။ ၄ မ တရားသဖြင့်ပြုသောသူသည် မုသာ စကား ကို ယုံ တတ်၏။ မုသာ သုံးသောသူသည် လည်း ဆိုးညစ် သော စကား ကို နားထောင် တတ်၏။ ၅ ဆင်းရဲသား တို့ကို မထီ လေးစားပြုသောသူသည် ဖန်ဆင်း တော်မူသောဘုရားကိုကဲ့ရဲ့ ၏။ သူတပါး၌ ဘေး ရောက်လျှင် ဝမ်းမြောက် တတ်သောသူသည် လည်း အပြစ်ဒဏ် နှင့် မ လွတ်ရ။ ၆ မြေး တို့သည် အသက်ကြီး သောသူ၏ သရဖူ ဖြစ် ၏။ သား တို့၏ဘုန်း ကား အဘ တည်း။ ၇ မြတ် သောစကား သည် မိုက် သောသူနှင့် မ တော် မသင့်။ ထိုမျှမက ၊ မုသာ စကား သည် မင်း နှင့်မတော် မသင့်။ ၈ လက်ဆောင် သည် ခံ သောသူအထင် အတိုင်း ကျောက်မြတ် ကဲ့သို့ ဖြစ်၍၊ မျက်နှာ ပြုလေရာရာ ၌ အောင် တတ်၏။ ၉

သူတပါးပြစ်မှား သော အမှုကိုဝှက် ထားသောသူသည် မေတ္တာ ကို ပြုစု ၏။ ကြားပြော သောသူမှကား ၊ မိတ်ဆွေ တို့ကို ကွဲပြား စေ၏။ ၁၀ မိုက် သောသူသည် ဒဏ်ချက် တရာ ကို အမှုထား သည်ထက်၊ ပညာရှိ သောသူသည် ဆုံးမ သော စကားကို သာ၍ အမှု ထားတတ်၏။ ၁၁ ပုန်ကန် သောသူသည် မ တရားသောအမှုကိုသာ ပြုစု တတ်၏။ ထိုကြောင့် ကြမ်းကြုတ် သော တမန် ကို သူ့ ဆီ သို့စေလွှတ် ရ၏။ ၁၂ မိုက် သောစိတ်ထဆဲရှိသော လူမိုက် နှင့်မ တွေ့ ပါစေနှင့်။ သား ငယ်ပျောက်သော ဝံ မနှင့်သာ၍တွေ့ပါစေသော။ ၁၃ အကြင်သူသည် ကျေးဇူး ကိုမသိ၊ မ ကောင်းသော အမှုနှင့် ဆပ် ၏။ ထိုသူ ၏အိမ် သည် မ ကောင်းသော အမှုနှင့် မ ကင်း မလွတ်ရ။ ၁၄ ရန်တွေ့ စ အမှုသည် ရေ ကန်ပေါင် ပေါက်စကဲ့သို့ ဖြစ်သောကြောင့် ၊ ရန် မ တွေ့မီတွေ့ စရာ အကြောင်းကို ရှောင် လော့။ ၁၅ မ တရားသောသူတို့ကို အပြစ် မှလွှတ် သော သူနှင့် ၊ ဖြောင့်မတ် သောသူတို့ကို အပြစ် စီရင်သော သူနှစ် ယောက်လုံးတို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ ၁၆ မိုက် သောသူသည် ပညာ ကိုအလို မ ရှိသည် ဖြစ်၍ ၊ ပညာ အဘိုးကို အဘယ် ကြောင့်သူ၌အပ်ရ သနည်း။ ၁၇ အဆွေ ခင်ပွန်းသည် အခါ ခပ်သိမ်းချစ် တတ်၏။ ညီအစ်ကို သည် ဒုက္ခ ကာလအတို့ မွေးဘွား လျက်ရှိ၏။ ၁၈ ဉာဏ် မဲ့ သောသူ သည် လက်ဝါး ချင်းရိုက် ၍၊ အဆွေ ခင်ပွန်းရှေ့မှာ အာမခံ တတ်၏။ ၁၉ ရန်တွေ့ခြင်းကို နှစ်သက် သောသူ သည် လွန်ကျူး ခြင်းကိုလည်း နှစ်သက် တတ်၏။ မိမိ တံခါး ကို ချီးမြှင့် သောသူသည် ပျက်စီး ခြင်းကို ရှာ တတ်၏။ ၂၀ သဘော ကောက် သောသူ သည်ကောင်း သော အကျိုးကို မ တွေ့ တတ်။ စကား လိမ် သောသူသည် ဘေး ဥပဒ် နှင့် တွေ့ကြုံ တတ်၏။ ၂၁ မိုက် သောသူကို ဖြစ်ဘွား စေသောသူသည် မိမိ ကို မိမိဝမ်းနည်း စေတတ်၏။ မိုက် သောသူ၏အဘ ၌ ဝမ်းမြောက် စရာအကြောင်းမ ရှိ။ ၂၂ စိတ် ရွှင်လန်း ခြင်းသည် ကျန်းမာ စေတတ်၏။ စိတ် ပျက် ခြင်းမူကား ၊ အရိုး တို့ကိုသွေ့ခြောက် စေတတ်၏။ ၂၃ မ တရားသောသူသည် တရား လမ်း ကိုဖျက် သော အဘိုးတံစိုး ကို သူတပါး၏ ခါးပိုက် အိတ်ထဲက နှိုက်ယူ တတ်၏။ ၂၄ ဉာဏ် ရှိသောသူသည် ပညာ ကို မျက်မှောက် ပြုတတ်၏။ မိုက် သောသူ၏ မျက်စိ မူကား ၊ မြေကြီး စွန်း တိုင်အောင်လှည့်၍ ကြည့်ရှုတတ်၏။ ၂၅ မိုက် သောသူသည် အဘ ဝမ်းနည်း စရာ အကြောင်း ၊ မွေး သော အမိစိတ်ညစ် စရာအကြောင်း ဖြစ်၏။ ၂၆ ဖြောင့်မတ် သောသူကို အပြစ် ဒဏ်မ ပေးကောင်း။ တရား သဖြင့် စီရင်သော မင်း ကိုလည်း မထိခိုက် ကောင်း။ ၂၇ သိပ်ံ အတတ်နှင့်ပြည့်စုံ သောသူသည် စကား မ များတတ်။ ဉာဏ် ကောင်းသောသူ သည်လည်း ၊ ဧ သောစိတ် ရှိတတ်၏။ ၂၈ မိုက် သောသူပင် တိတ်ဆိတ် စွာနေလျှင်ပညာ ရှိ ဟူ၍ငင်း၊ မိမိ နှုတ် ကိုမ ဖွင့်ဘဲ နေသောသူကို လည်း၊ ဉာဏ် ကောင်းသောသူဟူ၍ငင်း သူတပါး ထင် တတ်၏။

၁၈ သူတပါး များနှင့် မရောနှောသောသူသည် မိမိ စေတနာ အလို ရှိသည်အတိုင်း ရှာဖွေ ၍၊ ပညာ ရတနာ အမျိုးမျိုး ကို စူးစမ်း မွှေနှောက်တတ်၏။ ၂ မိုက် သောသူမှကား ၊ မိမိ စိတ် သဘောကို ပြ စရာ အခွင့်မှတပါး ၊ အခြားသောအကြောင်းကြောင့် ဉာဏ် ပညာ၌ မ ပျော်မွေ့ တတ်။ ၃ မ တရားသောသူလာ သောအခါ ၊ မထီမဲ့မြင် ပြုခြင်း ကို ခံရ၏။ ဂုဏ် အသရေပျက်သောအခါ ၊ ကဲ့ရဲ့ ခြင်း ကိုလည်း ခံရ ၏။ ၄ နှုတ်ထွက် သောစကား သည် နက် သောရေ

ကဲ့သို့ၚင်း၊ ပညာ စမ်းရေ တွင်းသည် ရေစီး သောမြစ် ကဲ့သို့ၚင်း ဖြစ်၏။ ၅ တရား တွေ့ရာအမှုဌ် ဖြောင့်မတ် သောသူကို ရှုံး စေခြင်းငှါ ၊ မ တရားသောသူ ၏မျက်နှာ ကို မ ထောက် ကောင်း။ ၆ မိုက် သောသူ၏နှုတ်ခမ်း တို့သည် ရန်တွေ့ တတ်၏။ သူ ၏နှုတ် သည်လည်း အပြစ် ဒဏ်ကို တောင်း တတ်၏။ ၇ မိုက် သောသူ၏နှုတ် သည် ပျက်စီး ရာအကြောင်း၊ နှုတ်ခမ်း တို့သည်လည်း မိမိ အသက် ကို ကျော့မိ ရာ အကြောင်းဖြစ်၏။ ၈ ကုန်း တိုက်သောသူ၏စကား သည် မြိန် သော ခဲဘွယ်စားဘွယ်ကဲ့သို့ ဖြစ်၍ ၊ ဝမ်း အတွင်း သို့ဝင် တတ်၏။ ၉ အလုပ် လုပ်သောအခါ ပျင်းရိ သောသူသည်၊ မိမိ ဥစ္စာကို အချည်းနှီး ကုန်စေသော သူနှင့်ညီအစ်ကို တော်ပေ၏။ ၁၀ ထာဝရဘုရား ၏နာမတော် သည် ခိုင်ခံ့ သော ရဲတိုက် ဖြစ်၍၊ ဖြောင့်မတ် သောသူတို့သည် ပြေး ဝင်သဖြင့် ၊ လုံခြုံ စွာနေရကြ၏။ ၁၁ ငွေ ရတတ်သောသူက၊ ငါ့စည်းစိမ် သည် ခိုင်ခံ့ သောမြို့ ဖြစ်၏။ မြင့် သောမြို့ရိုး နှင့် တူသည်ဟု ထင် တတ် ၏။ ၁၂ ပျက်စီး ခြင်းအရင် ဥ်လူ သည် စိတ် မြင့် ခြင်း၏ နေရာ၊ ဂုဏ် အသရေအရင် ဥ်နှိမ့်ချ ခြင်း၏နေရာရှိ၏။ ၁၃ အကျိုး အကြောင်းကို မ စစ်မှီ၊ အမှု စီရင် သောသူသည်မိုက် သော အပြစ်၊ အရှက် ကွဲရသောအပြစ်ရှိ၏။ ၁၄ လူ ၏စိတ် ဝိညာဉ်သည် မိမိ နာ ခြင်းဝေဒနာကို ခံနိုင် ၏။ ကြေကွဲ သောစိတ် ကိုကား ၊ အဘယ် သူသည်းခံ နိုင် သနည်း။ ၁၅ သမ္မာ သတိရှိသောသူ၏ စိတ် နှလုံးသည် ပညာ အတတ်ကို သိုထား တတ်၏။ ပညာ ရှိသောသူ ၏နား သည် လည်း ၊ ပညာ စကားကို ရှာ တတ်၏။ ၁၆ လူ ဥ်ပါသော လက်ဆောင် အားဖြင့် ၊ လမ်း ရှင်းလင်း ၍ ၊ လူကြီး ထံသို့ ဝင် ရသောအခွင့်ရှိတတ်၏။ ၁၇ ကိုယ် အမှု ကို အဦး စောင့်၍ပြောသောသူသည် ဖြောင့်မတ် ရာသို့ရောက်သော်လည်း၊ အိမ်နီးချင်း လာ ၍ စစ်ကြော တတ်၏။ ၁၈ စာရေးတံ ပြုခြင်းအားဖြင့် အငြင်းအခုံ ငြိမ်း ၍ ၊ အားကြီး သောသူတို့ အမှု ကို ဆုံးဖြတ်တတ်၏။ ၁၉ အငြိုး ထားသောညီအစ်ကို သည် ခိုင်ခံ့ သောမြို့ ထက် သာ၍ခက်၏။ ညီအစ်ကိုရန် တွေ့ခြင်းအမှုသည် ရဲတိုက် တံခါးကျင် ကဲ့သို့ ဖြစ်၏။ ၂၀ လူ သည်မိမိနှုတ် ၏အသီး နှင့် ဝမ်း ပြည့် ရ၏။ မိမိ နှုတ်ခမ်း တို့၏ စီးပွါး နှင့်ဝ ရ၏။ ၂၁ လျှာ သည်အသက်သေ ခြင်းနှင့် ရှင် ခြင်းကို အစိုးရ ၏။ လျှာ ကို နှစ်သက် သောသူသည်လည်း ၊ လျှာ ၏အသီး ကို စား ရ၏။ ၂၂ မယား ကိုရ သောသူသည် ကောင်း သောအရာကို ရ ၍ ၊ ထာဝရဘုရား ၏ ကျေးဇူး တော်ကို ခံရ ၏။ ၂၃ ဆင်းရဲ သောသူသည် တောင်းပန် တတ်၏။ ငွေ ရတတ် သောသူမူကား ၊ ကြမ်းတမ်း စွာ ပြန် ပြောတတ်၏။ ၂၄ အပေါင်း အဘော်များသောသူ သည် အကျိုးနည်း ရှိတတ်၏။ မိတ်ဆွေ မူကား ၊ ညီအစ်ကို စွဲကပ် သည် ထက် သာ၍စွဲကပ် တတ်၏။

၁၉ ကောက်လိမ် သော စကား ကိုသုံးတတ်သော လူမိုက် ထက် ၊ ဖြောင့်မတ် ခြင်းလမ်းသို့ လိုက် သော ဆင်းရဲ သူသည်သာ၍ကောင်း ၏။ ၂ စိတ် ဝိညာဉ်သည် ပညာ အတတ်မ ရှိဘဲ မ နေကောင်း ။ အလျင် အမြန်သွားသောသူသည် လည်း မှားယွင်း တတ်၏။ ၃ လူ သည် မိုက် သောသဘောကြောင့်၊ လမ်းလွဲ ၍ စိတ် ထဲမှာ ထာဝရဘုရား ကို ကဲ့ရဲ့ ပြစ်တင်တတ်၏။ ၄ စည်းစိမ် ရှိလျှင် အဆွေ ခင်ပွန်းများ တတ်၏။ ဆင်းရဲ သောသူမူကား ၊ မိမိ အိမ်နီးချင်းနှင့်မျှ မ ပေါင်းဘော် ရ။ ၅ မ မှန်သောသက်သေ သည် အပြစ် မခံဘဲမနေရ။ မုသာ ကို သုံး သောသူသည်လည်း ဒဏ်နှင့်မ လွတ် ရ။ ၆ များ သောသူတို့သည် မင်း ကိုဖျောင်းဖျ တတ်ကြ ၏။ လက်ဆောင် ပေးသော သူ ကိုလည်း၊ လူတိုင်း

မိတ်ဆွေ ဖွဲ့တတ်၏။ ၇ ဆင်းရဲ သောသူ၏ ညီအစ်ကို ရှိသမျှ တို့သည် သူ့ ကို မုန်း တတ်ကြ၏။ သူ ၏အဆွေ ခင်ပွန်းတို့သည် သူ့ ကို သာ၍ ဝေး စွာရှောင်တတ်ကြ၏။ လိုက် ၍ခေါ် သော်လည်း ကွယ်ပျောက် ကြပြီ။ ၈ ပညာ ကိုရ သောသူသည် မိမိ အသက် ဝိညာဉ်ကို ချစ် ရာရောက်၏။ ဉာဏ် ကိုစွဲလမ်း သောသူသည်လည်း၊ ကောင်းကျိုး ကို ခံ တတ်၏။ ၉ မ မှန်သောသက်သေ သည် အပြစ် မခံဘဲမနေရ။ မုသာ ကိုသုံး သောသူသည် လည်း ၊ ပျက်စီး ခြင်းသို့ ရောက် လိမ့်မည်။ ၁၀ မိုက် သောသူသည် မ ပျော်မွေ့ သင့်။ ထိုမျှမက ၊ ကျွန် သည်မင်း တို့ကို အစိုး မရသင့်။ ၁၁ သမ္မာ သတိရှိသောသူ သည် မိမိ အမျက် ဒေါသ ကို ချုပ်တည်း တတ်၏။ သူတပါးပြစ်မှား ခြင်းကို သည်းခံ သောသူသည်လည်း ဘုန်း အသရေရှိ၏။ ၁၂ ရှင်ဘုရင် ၏အမျက် တော်သည် ခြင်္သေ့ ဟောက် သကဲ့သို့ ဖြစ်၏။ ကျေးဇူး တော်မူကား ၊ မြက် ပေါ် မှာ ကျသော နှင်းရည် ကဲ့သို့ ဖြစ်၏။ ၁၃ မိုက် သော သား သည် အဘ ဆင်းရဲ စရာ အကြောင်း ဖြစ်၏။ ရန်တွေ့ တတ်သောမယား သည်လည်း ၊ အစက် စက်ကျသော မိုးယိုး ပေါက်နှင့်တူ၏။ ၁၄ အိမ် နှင့် စည်းစိမ် သည် မိဘ အမွေ ဥစ္စာဖြစ်၏။ သမ္မာ သတိရှိသောမယား မူကား ၊ ထာဝရဘုရား ပေးသနား တော်မူရာ ဖြစ်၏။ ၁၅ ပျင်းရိ သော သဘောသည် လွန်ကျူး စွာ အိပ်ပျော် စေ၍ ၊ ပျင်းရိ သောသူသည် အငတ် ခံရ၏။ ၁၆ ပညတ် တရားကို စောင့် သောသူသည် မိမိ အသက် ဝိညာဉ်ကို စောင့် ရာရောက်၏။ မိမိ သွားရာလမ်း တို့ကို မထီလေးစား ပြုသောသူမူကား၊ အသေ ခံရ၏။ ၁၇ ဆင်းရဲ သားကို သနား သောသူသည် ထာဝရ ဘုရား အား ချေးငှါး သောသူဖြစ်၍ ၊ သူ ပြုသောအမှု ၏ အကျိုးကိုဆပ် ပေးတော်မူလိမ့်မည်။ ၁၈ မြော်လင့် စရာရှိ စဉ်အခါ ၊ ကိုယ် သား ကို ဆုံးမ လော့။ သူ့ ကိုအကျိုး နည်းအောင် သနား သောစိတ်မ ရှိစေနှင့်။ ၁၉ ဒေါသ အမျက်ကြီး သောသူသည် အပြစ်ဒဏ် ကိုခံရလိမ့်မည်။ သူ့ကိုကယ်နှုတ် လျှင် အဖန်ဖန် ကယ်နှုတ်ရမည်။ ၂၀ နောက်ဆုံး ကာလ၌ ပညာရှိ ဖြစ်လိုသောငှါ ၊ ဆုံးမ သော စကားကို နားထောင် ၍ နည်းဥပဒေသ ကို ခံယူ လော့။ ၂၁ လူ သည်အထူးထူး အပြားပြားကြံစည် တတ်၏။ သို့ရာတွင် ၊ ထာဝရဘုရား ၏အကြံ တော်သည် တည် လိမ့်မည်။ ၂၂ လူ သည်စေတနာ ရှိလျှင် ကျေးဇူး ပြုရာ ရောက်၏။ ဆင်းရဲ သောသူသည်လည်း ၊ မုသာ သုံးသော သူ ထက် သာ၍ကောင်း ၏။ ၂၃ ထာဝရဘုရား ကို ကြောက်ရွံ့ သောသဘောသည် အသက်ရှင် ခြင်းနှင့်ဆိုင်သည်ဖြစ်၍ ထိုသဘောရှိသောသူသည် အလို ဆန္ဒပြည့်စုံလျက်ရှိ၍၊ ဘေးဥပဒ် နှင့်ကင်းလွတ် လိမ့်မည်။ ၂၄ ပျင်းရိ သောသူသည်မိမိ လက် ကို အိုး ၌ သွင်း သော်လည်း တဖန်နှုတ် ၍ မိမိ ပစပ် သို့ မ ခွဲ့လို။ ၂၅ မထီမဲ့မြင် ပြုသောသူကို ရိုက် လျှင် ဉာဏ် တိမ် သောသူသည် သတိ ရလိမ့်မည်။ ဉာဏ် ကောင်းသော သူကို ဆုံးမ လျှင် ၊ သူသည် ပညာ တရားကို နားလည် လိမ့်မည်။ ၂၆ အဘ ဥစ္စာ ကိုဖြုန်း၍ အမိ ကိုနှင်ထုတ် သော သားသည် အရှက်ခွဲ သောသား၊ ကဲ့ရဲ့ ခြင်းကိုခံစေသော သားဖြစ်၏။ ၂၇ ငါ့ သား ၊ ပညာ တရားကို ပယ် စေခြင်းငှါ ၊ သွန်သင် သောသူ ၏စကား ကို နား မ ထောင်နှင့်။ ၂၈ အဓမ္မ သက်သေ သည် တရား ကို မထီမဲ့မြင် ပြုတတ်၏။ မ တရားသောသူသည် လည်း ၊ ဒုစရိုက် ကို စား ၍ မျိ တတ်၏။ ၂၉ မထီမဲ့မြင် ပြုသောသူတို့အတို့ အပြစ် စီရင်ခြင်း၊ မိုက် သောသူတို့ ၏ကျော အဘို့ ဒဏ် ပေးခြင်းသည် အသင့် ရှိ၏။

၂၀ စပျစ်ရည် သည် လှည့်စား တတ်၏။ သေရည် သေရက်သည် ရုန်းရင်းခတ် ပြုခြင်းအမှုကို ဖြစ်စေတတ် ၏။ ထိုသို့ သောအားဖြင့် မှားယွင်း သောသူသည် ပညာ မ ရှိ။ ၂ ရှင်ဘုရင် ကြောက် စေသော အမှုအရာသည် ခြသေ့ ဟောက် ခြင်းနှင့် တူ၏။ အမျက်တော်ကို နှိုးဆော် သောသူသည် မိမိ အသက် ကို ပြစ်မှား ၏။ ၃ ရန်တွေ့ ခြင်းကို ငြိမ်းစေ သောသူ သည် ဂုဏ် အသရေရှိ၏။ မိုက် သောသူမူကား ၊ အမှု နှင့်ရောနှောတတ်၏။ ၄ ချမ်း သောကြောင့် ပျင်းရိ သောသူသည် လယ် မ လုပ်လို။ ထိုကြောင့် စပါး ရိတ်သောကာလ ၌သူတပါးကို တောင်း သော်လည်း မ ရရာ။ ၅ လူ စိတ် နှလုံး၌ ပညာအကြံ သည် နက် သော ရေ နှင့်တူသော်လည်း ၊ ဉာဏ် ကောင်းသောသူသည် ခပ်ယူ လိမ့်မည်။ ၆ လူ များ တို့သည် မိမိ တို့ပြုသောကျေးဇူး ကို ကြား ပြောတတ်၏။ သစ္စာ ရှိ သောသူ ကိုကား ၊ အဘယ် သူရှာ၍ တွေ့ နိုင်သနည်း။ ၇ ဖြောင့်မတ် သောသူသည် မိမိ ဖြောင့်မတ် ခြင်း လမ်းသို့ လိုက် ၍၊ သူ ၏သား စဉ်မြေးဆက်တို့သည် မင်္ဂလာ ရှိကြ၏။ ၈ တရား ပလ္လင်ပေါ် မှာထိုင် သော ရှင် ဘုရင်သည် မ ကောင်းသော အမှုအရာရှိသမျှ တို့ကို မျက်စိ တော်နှင့် ပယ်ရှင်း တတ်၏။ ၉ ငါသည် ကိုယ် စိတ် နှလုံးကို စင်ကြယ် စေပြီ။ အပြစ် နှင့် ကင်းလွတ် ၏ဟု အဘယ် သူဆို နိုင်သနည်း။ ၁၀ အလေး ချင်းမတူသောအလေး၊ အဝင်ချင်း မတူသော တင်းတောင်း တို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ ၁၁ သူငယ် သော်လည်း ၊ မိမိ ပြုသောအမှု သည် စင် သည်မစင်သည်၊ မှန် သည်မမှန်သည်ကို မိမိ အခြင်း အရာအားဖြင့် ပြ ၍ ၊ မိမိသဘောကို ထင်ရှားစေ၏။ ၁၂ ကြား တတ်သော နား ကို၎င်း၊ မြင် တတ်သော မျက်စိ ကို၎င်း ၊ ထာဝရဘုရား ဖန်ဆင်း တော်မူပြီ။ ၁၃ ဆင်းရဲ မည်ဟု စိုးရိမ်စရာရှိသည်ဖြစ်၍ ၊ အိပ် ခြင်းကိုမ တပ်မက် နှင့်။ နိုး တတ်လျှင် ဝ စွာစား ရ၏။ ၁၄ ဝယ် သောသူက၊ မ ကောင်းဘူး၊ မ ကောင်းဘူးဟု ဆို တတ်၏။ ဝယ်၍သွား ပြီး မှ ဝါကြွား တတ်၏။ ၁၅ ရွှေ ရှိ ၏။ ပတ္တမြား လည်း ရှိ ၏။ ပညာ အတတ်နှင့် ပြည့်စုံသော နှုတ် မူကား ၊ အလွန် အဘိုး ထိုက်သော ရတနာ ဖြစ်၏။ ၁၆ မ ကျွမ်းသောသူအတွက်၊ အမျိုး ပျက်သော မိန်းမအတွက် ၊ အာမခံ တတ်သောသူ သည် အဝတ် အစ ရှိသောဥစ္စာ တစုံတခုကို ပေါင် ထားစေ။ ၁၇ လှည့်စား ၍ ရသောအစာ သည် ချိုမြိန် သော်လည်း ၊ စားသောသူ ၏နှုတ် သည် ကျောက်စရစ် နှင့် ပြည့် လိမ့်မည်။ ၁၈ အကြံရှိသောသူသည် သူတပါးနှင့်တိုင်ပင် လျှင်၊ အကြံ ထမြောက် တတ်၏။ ကောင်း သော တိုင်ပင်ခြင်း ရှိမှ သာ စစ်မှု ကို ပြု ရမည်။ ၁၉ လည် ၍စကားများသောသူသည် လျှို့ဝှက် အပ် သောအရာကို ဘော်ပြ တတ်၏။ သို့ ဖြစ်၍ ချော့မော့ တတ် သောသူနှင့် မ ပေါင်းဘော် နှင့်။ ၂၀ အကြင်သူသည် မိဘ ကို ကျိန်ဆဲ ၏။ ထိုသူ ၏ မီးခွက် သည် ထူထပ် သော မှောင်မိုက် ၌ သေ လိမ့်မည်။ ၂၁ အမွေ ဥစ္စာကို အစအဦး ၌ အလျင် ရနိုင်သော်လည်း ၊ အဆုံး ၌ အမင်္ဂလာ ဖြစ်လိမ့်မည်။ ၂၂ ငါသည်ရန်တို့ ပြုမည်ဟု မ ဆို နှင့်၊ ထာဝရဘုရား ကို ငံ့လင့် လော့။ သို့ပြုလျှင် ကယ်တင် တော်မူလိမ့်မည်။ ၂၃ အလေး ချင်းမတူသော အလေးတို့ကို ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူ၏။ စဉ်းလဲ သောချိန်ခွင် လည်း အပြစ် ရှိ၏။ ၂၄ လူ သွား ရာလမ်းတို့ကို ထာဝရဘုရား စီရင်တော်မူ ၏။ သို့ ဖြစ်၍ ၊ သူ သည် မိမိ သွားရာလမ်း တို့ကို အဘယ် သို့ နားလည် နိုင်သနည်း။ ၂၅ ဘုရား အမှု၌စကားလွန်မိ သောသူ၊ သစ္စာ ဂတိထားပြီးမှ မေးမြန်း သောသူ သည် ကျော့ကွင်း နှင့် တွေ့မိပြီ။ ၂၆ ပညာ ရှိသော ရှင် ဘုရင်သည် လူဆိုး တို့ကို

ကွဲပြား စေ၍ ၊ ဘီး နှင့် ဖိ တတ်၏။ ၂၇ လူ ၏စိတ် ဝိညာဉ်သည် ကိုယ် အတွင်း၌ ရှိရှိ သမျှတို့ကို စစ်ဆေး သော ထာဝရဘုရား ၏ မီးခွက် ဖြစ်၏။ ၂၈ ကရုဏာ တရားနှင့် သစ္စာ တရားသည် ရှင် ဘုရင်ကို စောင့်မ တတ်၏။ ရာဇ ပလ္လင်တော်သည် ကရုဏာ တရားအားဖြင့် မြဲမြံ တတ်၏။ ၂၉ လူပျိုု ၏ဘုန်း ကား အစွမ်း သတ္တိ၊ လူအို ၏ ဂုဏ်အသရေ ကား ဖြူ သော ဆံပင်ဖြစ်၏။ ၃၀ အနာ ကိုမွှေနှောက် ခြင်းအားဖြင့်အဆိုး အညစ် နှင့် ကင်းစင် တတ်၏။ ဒဏ်ချက် ရာတို့သည်လည်း ၊ ကိုယ် အတွင်းအရပ်တို့ ၌ ထိုသို့သော ကျေးဇူးကို ပြုတတ်၏။

၂၁ ရှင်ဘုရင် ၏ စိတ် နှလုံးသည် ရေ ချောင်း ကဲ့သို့ ဖြစ်၍၊ ထာဝရဘုရား ၏ လက် တော်၌ ရှိသဖြင့်၊ အလို တော်ရှိသည်အတိုင်း လှည့် စေတော်မူ၏။ ၂ လူ တို့သည်မိမိ တို့ ကျင့် သမျှ သောအကျင့် တို့ကို နှစ်သက် တတ်၏။ ထာဝရဘုရား မူကား ၊ စိတ် နှလုံးတို့ကို ချိန် တော်မူ၏။ ၃ ယဇ် ပူဇော်ခြင်းကို နှစ်သက်သည်ထက် ဖြောင့်မတ် စွာပြု ခြင်း၊ တရား သဖြင့် စီရင်ခြင်းကို ထာဝရဘုရား သည် သာ၍နှစ်သက် တော်မူ၏။ ၄ ထောင်လွှား သောမျက်နှာ ၊ မာန ကြီးသောနှလုံး ၊ မ တရားသောသူတို့၏အလင်း သော်လည်း အပြစ် ပါ၏။ ၅ လုံ့လ ဝိရိယပြုသောသူ၏အကြံ အစည်သည် ကြွယ်ဝ ခြင်းနှင့် ၎င်း၊ သမ္မာ သတိမရှိသောသူ ၏အကြံအစည် သည် ဆင်းရဲ ခြင်းနှင့် ၎င်း ဆိုင် ပေ၏။ ၆ မုသာ စကား အားဖြင့် ဘဏ္ဍာ ကိုဆည်းဖူးခြင်း အမှု သည် သေမင်း ကျော့ကွင်း တို့တွင် ပျောက်လွင့် သော အနတ္တ ဖြစ်၏။ ၇ မ တရားသောသူတို့ သည် တရား သဖြင့်မ စီရင် လိုသောကြောင့်၊ မိမိညှဉ်းဆဲ ခြင်းအပြစ်သည် မိမိ ကို ဖျက်ဆီး လိမ့်မည်။ ၈ လမ်း လွဲသွားသောသူ သည် ကွာဝေး ရာသို့ ရောက်တတ်၏။ စင်ကြယ် သော သူပြုသောအမှု မူကား မှန် ပေ၏။ ၉ ရန်တွေ့ တတ်သောမိန်းမ နှင့်အတူလူ များသော အိမ် ၌နေ သည်ထက် ၊ အိမ်မိုး ပေါ် ထောင့် ထဲမှာ နေသော် သာ၍ကောင်း ၏။ ၁၀ မ တရားသောသူ သည် မနာလို သောစိတ်ရှိ၏။ အိမ်နီးချင်း ၌ ကျေးဇူး ပြုချင်သော အလို မ ရှိ။ ၁၁ မထီမဲ့မြင် ပြုသောသူသည် အပြစ်ဒဏ် ကို ခံရသောအခါ ၊ ဉာဏ်တိမ် သောသူသည်သတိ ရတတ်၏။ သတိ ရသောသူသည်လည်း သွန်သင် ခြင်းကိုခံသောအခါ ၊ ပညာ တိုးပွါး တတ်၏။ ၁၂ တရား သောသူသည် မ တရားသောသူ၏အိမ် ကို ပညာစိတ်နှင့် ဆင်ခြင်တတ်၏။ မ တရားသောသူတို့ မူကား၊ မိမိတို့ပြုသောဒုစရိုက် အားဖြင့်ပျက်စီး ခြင်းသို့ ရောက်တတ်ကြ၏။ ၁၃ ဆင်းရဲ သောသူ၏အော်ဟစ် သံကို မကြားလိုၟ၍၊ နား ကိုပိတ် သောသူသည် ကိုယ်တိုင် အော်ဟစ် ၍ ၊ အဘယ် သူမျှမ ကြားရ။ ၁၄ တိတ်ဆိတ် စွာ ပေးသောလက်ဆောင် သည် သူ့စိတ် ကိုငင်း ၊ ရင်ခွင် ၌ ချထားသော လက်ဆောင် ပဏ္ဏာ သည် ပြင်းစွာ သော အမျက် ကိုငင်းဖြေ တတ်၏။ ၁၅ ဖြောင့်မတ် သောသူသည် တရား သဖြင့်စီရင် ၍ ဝမ်းမြောက် တတ်၏။ အဓမ္မ အမှုကိုပြု သောသူမူကား ၊ ပျက်စီး ခြင်းသို့ ရောက်လိမ့်မည်။ ၁၆ ဉာဏ် ပညာလမ်း မှ လွဲသွား သောသူ သည် သရိုျင်း သား အစုအဝေး ၌ နေရာ ကျလိမ့်မည်။ ၁၇ ကာမ ဂုဏ်၌ မွေ့လျော်သောသူသည် ဆင်းရဲ ခြင်းသို့ ရောက်လိမ့်မည်။ စပျစ်ရည် နှင့် ဆီ ကို ကြိုက် သောသူသည် လည်း ငွေ ကိုမ ရတတ်ရ။ ၁၈ မ တရားသောသူသည် တရား သောသူအတို့ ၊ လွန်ကျူး သောသူသည် ဖြောင့်မတ် သောသူအတို့ ရွေး ရန် ဖြစ်၏။ ၁၉ စိတ်တို ၍ ရန်တွေ့ တတ်သောမိန်းမ နှင့် နေ သည်ထက် ၊ တော လွင်ပြင် ၌

နေသော်သာ၍ကောင်း ၏။ ၂၀ ပညာရှိ သောသူ၏အိမ် ၌ နှစ်သက်ဘွယ် သော ဘဏ္ဍာ နှင့် ဆီ ရှိတတ်၏။ မိုက် သောသူ မူကား ၊ ကုန် စေ တတ်၏။ ၂၁ ဖြောင့်မတ် ခြင်းတရားနှင့် ကရုဏာ တရားကို ရှာ သောသူသည် အသက်ရှင် ခြင်း၊ ဖြောင့်မတ် ခြင်း၊ ဂုဏ် အသရေထင်ရှားခြင်းကို တွေ့ တတ်၏။ ၂၂ ပညာ ရှိသောသူသည် ခိုင်ခံ့ သောမြို့ ရိုး ကို တက် ၍ ၊ မြို့ သားကိုးစား စရာခွန်အား ကို ရှုတ်ချ တတ်၏။ ၂၃ မိမိ နှုတ် နှင့် လျှာ ကိုစောင့် သောသူသည် မိမိ စိတ် ဝိညာဉ်ကို ဒုက္ခ နှင့် လွတ်စေခြင်းငှါ စောင့် ရာရောက် ၏။ ၂၄ ပြင်းစွာ သော ဒေါသ အမျက်၌ ကျင်လည် သောသူကို၊ ထောင်လွှား စော်ကားသောသူ၊ မထီမဲ့မြင် ပြုသောသူဟူ၍ သမုတ်အပ်၏။ ၂၅ ပျင်းရိ သောသူသည် အလုပ် မလုပ်ချင်သောကြောင့် ၊ မိမိ တပ်မက် သောအားဖြင့် သေ တတ်၏။ ၂၆ တနေ့လုံး တပ်မက် အားကြီးတတ်၏။ ဖြောင့်မတ် သော သူမူကား မ နှမြော ဘဲစွန့်ကြဲ တတ်၏။ ၂၇ မ တရားသော သူပူဇော်သော ယဇ် သည် စက်ဆုပ် ရွံရှာဘွယ်ဖြစ်၏။ ထိုမျှမက ၊ မ တရားသောစိတ် နှင့် ပူဇော် လျှင် သာ၍ဖြစ်၏။ ၂၈ မ မှန်သော သက်သေ သည် ပျက် တတ်၏။ ကိုယ်တိုင်ကြား သောသူ မူကား ၊ တည်ကြည် စွာ ပြော တတ်၏။ ၂၉ မ တရားသောသူ သည် မိမိ မျက်နှာ ကို ခိုင်မာ စေတတ်၏။ ဖြောင့်မတ် သောသူမူကား ၊ မိမိ သွားရာလမ်း ကို ပြင်ဆင် တတ်၏။ ၃၀ ထာဝရဘုရား တဘက် ၌ ဉာဏ် မ တည်၊ ပညာ မ တည်၊ အကြဲ တစုံတခုမျှ မ တည်နိုင်။ ၃၁ စစ်တိုက် ရာကာလ အဘို့ မြင်း များကို ပြင်ဆင် သော်လည်း ၊ ထာဝရဘုရား ၏ကျေးဇူးတော်ကြောင့် ချမ်းသာ ရပါ၏။

၂၂ ကောင်းသောအသရေ ကို များစွာ သော ဥစ္စာ ထက် သာ၍ရွေး စရာကောင်း၏။ သူတပါးစုံမက်ခြင်း ကျေးဇူး သည် ရွှေ ငွေ ထက် သာ၍ကောင်း ၏။ ၂ ငွေ ရတတ်သောသူနှင့် ဆင်းရဲ သောသူတို့သည် တွေ့ကြုံ ကြ၏။ ထိုသူ အပေါင်း တို့ကို ထာဝရဘုရား ဖန်ဆင်း တော်မူ၏။ ၃ သမွာ သတိရှိသောသူသည် အမှု ကိုမြော်မြင် ၍ ပုန်း နေတတ်၏။ ဉာဏ် တိမ်သောသူမူကား ၊ အစဉ်အတိုင်း သွား ၍ အမှု နှင့်တွေ့တတ်၏။ ၄ စိတ် နှိမ့်ချခြင်း၊ ထာဝရဘုရား ကို ကြောက်ရွံ့ ခြင်းကျေးဇူး ကြောင့် စည်းစိမ် ၊ ဂုဏ် အသရေ၊ အသက် ကို ရတတ်၏။ ၅ သဘော ကောက်သောလူ သွားရာလမ်း ၌ ၊ ဆူး ပင်များနှင့် ကျော့ကွင်း များရှိတတ်၏။ မိမိ စိတ် ဝိညာဉ်ကို စောင့်ရှောက် သောသူမူကားဝေး စွာ ရှောင်သွားလိမ့်မည်။ ၆ သူငယ် သွားရာလမ်း ဝ ၌ ဆုံးမ သွန်သင်လော့။ သို့ပြုလျှင် သူသည်အို သောအခါ ထို လမ်းမှ မ လွှဲ၊ လိုက် သွားလိမ့်မည်။ ၇ ငွေ ရတတ်သောသူသည် ဆင်းရဲ သောသူကို အစိုးရ ၏။ ချေးငှါးယူ သောသူသည် ချေးငှါး ပေးသောသူ ၌ ကျွန် ဖြစ်၏။ ၈ ဒုစရိုက် မျိုးစေ့ကို ကြဲ သောသူသည် ဒုက္ခ စပါးကိုရိတ် ရမည်။ ဒေါသ စိတ်ရှိ၍ ဒဏ် ပေးနိုင်သော တန်ခိုးလည်း ပျောက် လိမ့်မည်။ ၉ ကရုဏာ မျက်စိ ရှိသောသူ သည် ဆင်းရဲ သောသူတို့ ကိုကျွေး သောကြောင့် မင်္ဂလာ ရှိလိမ့်မည်။ ၁၀ မထီမဲ့မြင် ပြုသောသူကိုနှင်ထုတ် လော့။ သို့ပြုလျှင် ရန်မာန် လည်း ထွက်သွား လိမ့်မည်။ ရန်တွေ့ ခြင်းနှင့် ကဲ့ရဲ့ ခြင်းလည်း ငြိမ်း လိမ့်မည်။ ၁၁ စိတ် နှလုံးဖြူစင် ခြင်းကို နှစ်သက် သောသူသည် လျောက်ပတ် သောစကား ကို ပြောတတ်၍၊ ရှင် ဘုရင်နှင့် မိတ်ဆွေ ဖွဲ့ရလိမ့်မည်။ ၁၂ ထာဝရဘုရား ၏ မျက်စိ တော်သည် ပညာ အတတ်ကို စောင့် ၏။ ပြစ်မှား သောသူ၏စကား ကိုကား ချေ တော်မူ၏။ ၁၃ ပျင်းရိ သောသူက၊ အိမ်

ပြင်မှာခြသေ့ ရှိ၏။ လမ်း သို့ ထွက်လျှင် ငါသေ လိမ့်မည်ဟု ဆို တတ်၏။ ၁၄ အမျိုး ပျက်သော မိန်းမ၏နှုတ် သည် နက်သော မြေတွင်း ဖြစ်၏။ ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူသောသူသည် ထို မြေတွင်းထဲသို့ ကျ လိမ့်မည်။ ၁၅ မိုက် သောသဘောသည် သူငယ် ၏ စိတ် နှလုံးထဲမှာ ထုပ် ထားလျက်ရှိ၏။ သို့သော်လည်း၊ ဆုံးမ သော ကြိမ်လုံး သည် ထို သဘောကို ဝေး စွာ နှင်တတ်၏။ ၁၆ ကိုယ် စီးပွါး အဘို့ ဆင်းရဲသား တို့ကို ညှဉ်းဆဲ သောသူနှင့်၊ ငွေ ရတတ်သောသူတို့ အား ပေး သောသူသည် ဆင်းရဲ ခြင်းသို့ အမှန်ရောက်လိမ့်မည်။ ၁၇ သင် ၏နား ကိုညွတ် ၍ ပညာရှိ စကား ကို နားထောင် လော့။ ငါ့ ပညာ အတတ်ကို လည်း စိတ် နှလုံး၌ စွဲလမ်း လော့။ ၁၈ သင် ၏နှလုံး၌ သွင်းမိ နိုင်လျှင် သာယာ သော အကျိုးရှိလိမ့်မည်။ သင် ၏နှုတ် ၌ လည်း အစဉ် အသင့်ရှိ လိမ့်မည်။ ၁၉ သင် သည်ထာဝရဘုရား၌ ခိုလှုံ မည်အကြောင်း၊ သင့် ကိုယ်တိုင်ကိုယနေ့ ငါသွန်သင် ၏။ ၂၁ သင် သည် သမ္မာ တရားစကား စစ် ကိုသိ မည် အကြောင်း နှင့်၊ သင့် ထံသို့စေလွှတ် သော သူတို့အား၊ သမ္မာ စကား ကို ပြန် ပြောနိုင်မည်အကြောင်း သတိပေးလျက်၊ ပညာ အတတ်ကို ပြသလျက် ၊ ထူးဆန်းသော အရာတို့ကို ငါရေး ၍ ပေးလိုက်သည် မဟုတ်လော။ ၂၂ ဆင်းရဲသောသူ၏ဆင်းရဲကိုထောက်၍၊ သူ၏ ဥစ္စာ ကို မ လုမယူနှင့်။ ဒုက္ခိတ သတ္တဝါကို မြို့ တံခါး၀၌ မ ညှဉ်းဆဲ နှင့်။ ၂၃ အကြောင်း မူကား၊ ထာဝရဘုရား သည် သူ တို့ အမှု ကို စောင့် တော်မူမည်။ သူတို့ ဥစ္စာကို လုယူ သောသူ တို့ ၏ အသက် ကို လုယူ တော်မူမည်။ ၂၄ စိတ်တို သောသူ ကို မိတ်ဆွေ မ ဖွဲ့နှင့်။ အမျက် ပြင်းထန်သော သူ နှင့်အတူ မ လိုက် နှင့်။ ၂၅ လိုက်လျှင် သူ ၏ထုံးစံ ဓလေ့တို့ကိုသင် ၍ ၊ ကိုယ် အသက် ကျော့မိ ရာ ဖြစ် လိမ့်မည်။ ၂၆ လက်ဝါး ချင်းရိုက် သောလူစုနှင့် သူ့ကြွေး ကို အာမခံ သော လူစုထဲ သို့ မ ဝင် နှင့်။ ၂၇ သင် ၌ ပေး ရန် မ ရှိလျှင် ၊ သင့် အိပ်ရာ ကို အဘယ်ကြောင့် ယူသွား စေချင်သနည်း။ ၂၈ ဘိုးဘေး စိုက် ဘူးသော မြေမှတ်တိုင် တို့ကို မ ရွှေ့ နှင့်။ ၂၉ ဆောင်ရွက်စရာအမှု ကို ကြိုးစား ၍ ပြီးစီးစေ တတ်သောသူ ရှိ သလော။ ထိုသူသည် သာမည လူ၏ အမှု ကို မ ဆောင်ရွက် ၊ ရှင်ဘုရင် ၏ အမှု တော်ကို ဆောင်ရွက် ရ၏။

၂၃ မင်း နှင့်အတူ ထိုင် ၍ စားသောက် သောအခါ သင့် ရှေ့မှာ အဘယ် သူရှိသည်ကို စေ့စေ့ဆင်ခြင် လော့။ ၂ သင် သည် စားကြူး တတ်သောသူ ဖြစ်လျှင် ၊ သင် ၏လည်ချောင်း ကို ထား နှင့် ရွယ် လော့။ ၃ ထိုမင်း ၏ခဲဘွယ် စားဘွယ်တို့ကို အလို မ ရှိနှင့်။ လှည့်စား တတ်သော အစာ ဖြစ်၏။ ၄ ငွေ ရတတ် ခြင်းငှါ မ ကြိုးစား နှင့်။ ကိုယ် ဉာဏ် ကို အမှီ မပြုနှင့်။ ၅ ပျောက် တတ်သောအရာကို စေ့စေ့မျက်မှောက် ပြုသင့်သလော။ အကယ် စင်စစ်ရွှေလင်းတ သည် မိုဃ်း ကောင်းကင်သို့ ပျံတတ်သကဲ့သို့ ၊ ထို အရာသည် အတောင် တို့ကို လုပ် ၍ ပျံ သွားတတ်၏။ ၆ မနာလို သောသူ၏ အစာ ကိုမ စား နှင့်။ သူ ၏ ခဲဘွယ် စားဘွယ်ကို အလို မ ရှိနှင့်။ ၇ သူ သည် စိတ် ထင် သည်အတိုင်း ဖြစ်၏။ စား သောက် တော့ဟု ဆို သော်လည်း စေတနာစိတ် မ ရှိ။ ၈ သင် သည် စား သောအစာ ကို တဖန်အန် ရ လိမ့်မည်။ သင် ချို သော စကား လည်း ယိုယွင်း လိမ့်မည်။ ၉ မိုက် သောသူကြား အောင် စကားမ ပြော နှင့်။ သင် ၏စကား ၌ ပါသောပညာ ကို မထီမဲ့မြင် ပြုလိမ့်မည်။ ၁၀ အရင် စိုက်သော မြေ မှတ်တိုင်ကိုမ ရွှေ့ နှင့်။ မိဘ မရှိသောသူတို့ ၏ လယ်

ကို မ သိမ်း နှင့်။ ၁၁ အကြောင်း မူကား၊ ထိုသူ တို့ကို ရွေး တော်မူသောသူသည် တန်ခိုး ကြီး၍၊ သင့် တဘက် ၌ သူ
တို့အမှု ကို စောင့် တော်မူလိမ့်မည်။ ၁၂ ဆုံးမ သြဝါဒ၌ စိတ် နှလုံးစွဲလမ်း ၍ ၊ ပညာ အတတ် စကား ကို နားခံ လော့။
၁၃ သူငယ် ကို မ ဆုံးမဘဲမ နေနှင့်။ ကြိမ်လုံး နှင့် ရိုက် သော်လည်း သူသည် မ သေ။ ၁၄ ကြိမ်လုံး နှင့် ရိုက် ၍ သူ
၏အသက် ဝိညာဉ်ကို မရဏာ နိုင်ငံမှ ကယ်နှုတ် ရမည်။ (Sheol h7585) ၁၅ ငါ့ သား ၊ သင့် နှလုံး ၌ပညာ ရှိလျှင် ငါ့
နှလုံး နှင့် ငါ့ကိုယ်တိုင်သည် ဝမ်းမြောက် လိမ့်မည်။ ၁၆ သင့် နှုတ် သည် မှန် သောစကားကို ပြော သောအခါ ၊ ငါ့
ကျောက်ကပ် ရွှင်လန်း လိမ့်မည်။ ၁၇ အပြစ် ထင်ရှားသောသူတို့ ကို ငြူစူ သောစိတ် မ ရှိစေနှင့်။ တနေ့လုံး ထာဝရဘုရား
ကို ကြောက်ရွံ့ သောသဘော ရှိစေလော့။ ၁၈ အကယ် စင်စစ်အမှု ဆုံးဖြတ်ချိန်သည် ရောက် လိမ့်မည်။ သင့် မြော်လင့်
ခြင်းအကြောင်းမ ပျက် ရာ။ ၁၉ ငါ့ သား ၊ ငါ့စကားကို နားထောင် ၍ ပညာ ရှိသဖြင့် ၊ ကိုယ် စိတ် နှလုံးကို လမ်းမ ၌
ပဲ့ပြင် လော့။ ၂၀ စပျစ်ရည် သောက်ကြူး သောသူ၊ အမဲသား စားကြူး သောသူတို့ ကို အပေါင်းအဘော်မ လုပ် နှင့်။ ၂၁
သောက်ကြူး သောသူနှင့် စားကြူး သောသူသည် ဆင်းရဲ ခြင်းသို့ ရောက်လိမ့်မည်။ အိပ်ကြူး သော သဘောသည်
လူကိုအဝတ် စုတ်နှင့် ခြုံတတ်၏။ ၂၂ သင့် ကိုဖြစ်ဘွား စေသောအဘ ၏ စကားကို နားထောင် လော့။ အသက်ကြီး
သော အမိ ကို မထီမဲ့မြင် မ ပြုနှင့်။ ၂၃ သမ္မာ တရားကို ဝယ် လော့။ မ ရောင်း နှင့်။ ပညာ ကိုဂင်း ၊ ဆုံးမ သြဝါဒကိုဂင်း ၊
ဉာဏ် သတ္တိကိုဂင်း ထိုအတူ ပြုလော့။ ၂၄ ဖြောင့်မတ် သောသူ၏အဘ သည် အလွန်ဝမ်းမြောက် လိမ့်မည်။ ပညာ
ရှိသော သားကို ဖြစ်ဘွား စေသောသူသည် ထို သား၌ အားရဝမ်းမြောက် လိမ့်မည်။ ၂၅ သင်၏မိဘ တို့သည်ဝမ်းမြောက်
၍ ၊ သင့် ကို မွေးဘွား သောသူသည် ရွှင်လန်း လိမ့်မည်။ ၂၆ ငါ့ သား ၊ သင့် နှလုံး ကို ငါ့ အား ပေး လော့။ သင့် မျက်စိ
တို့သည် ငါ သွားသောလမ်း ကို ကြည့်မှတ် ပါစေ။ ၂၇ ပြည်တန်ဆာမ သည် နက် သောကျုံး ကဲ့သို့ဂင်း၊ အမျိုး ပျက်သော
မိန်းမသည် ကျဉ်း သော မြေတွင်း ကဲ့သို့ဂင်း ဖြစ်၏။ ၂၈ သူ သည် ထားပြ ကဲ့သို့ ချောင်း ကြည့်တတ်၏။ လွန်ကျူး သော
ယောကျ်ား များပြား စေခြင်းငှါ ပြုတတ်၏။ ၂၉ အဘယ်သူ သည် ဝမ်းနည်း ခြင်းရှိသနည်း။ အဘယ်သူ သည် ညည်းတွား
ခြင်းရှိသနည်း။ အဘယ်သူ သည် ရန်တွေ့ ခြင်းရှိသနည်း။ အဘယ်သူ သည် မြည်တမ်း ခြင်းရှိသနည်း။ အဘယ်သူ
သည် အကျိုး အကြောင်းမရှိ၊ ထိခိုက် ၍ နာခြင်းရှိသနည်း။ အဘယ်သူ သည် မျက်စိ နီ ခြင်းရှိသနည်း ဟူမူကား၊ ၃၀
စပျစ်ရည် ကို ကြာမြင့် စွာ သောက်လျက်နေ သောသူ၊ ဆေး နှင့်ရောသော စပျစ်ရည်ကို ရှာ တတ်သောသူတို့ သည်
ထိုသို့သော လက္ခဏာ ရှိကြ၏။ ၃၁ ဖလား ၌ နီ လျက် ၊ အရောင် တောက်လျက် ၊ အချို အမြိန်ဝင် လျက်ရှိသောစပျစ်ရည်
ကို မ ကြည့် မရှုနှင့်။ ၃၂ နောက်ဆုံး ၌ မွေ့ ကဲ့သို့ ကိုက် တတ်၏။ မွေ့ဆိုး ကဲ့သို့ နာ စေတတ်၏။ ၃၃ သင့် မျက်စိ
တို့သည် အမျိုး ပျက်သောမိန်းမတို့ကို ကြည့်ရှု ၍ ၊ သင့် နှလုံး သည်လည်း ကောက် သော စကားကို မွှက်ဆို လိမ့်မည်။
၃၄ အကယ် စင်စစ်သင်သည် ပင်လယ် အလယ် ၌ အိပ် သောသူ၊ သဘော် ရွက်တိုင်ဖျား ပေါ် မှာ အိပ် သော သူကဲ့သို့
ဖြစ် လိမ့်မည်။ ၃၅ သူတို့သည် ငါ့ ကိုရိုက် ကြပြီ။ သို့သော်လည်းငါမ နာ။ ငါ့ ကိုထိုး ကြသော်လည်းငါမ သိ။ အဘယ်
အချိန် မှ ငါနိုး ရမည်နည်း။ တဖန် ငါရှာ ဦးမည်ဟု သင်ဆိုလိမ့် သတည်း။

J၆ မ တရားသောသူ တို့ကို မ ငြူစူ နှင့်။ သူ တို့နှင့် ပေါင်းဘော် ခြင်းငှါ အလို မ ရှိနှင့်။ ၂ သူ တို့သည် ဖျက်ဆီး
ခြင်းငှါ နှလုံး ကြဲစည် တတ် ၏။ နှုတ် နှင့်လည်း ဘေး ပြုမည်စကားကို ပြော တတ်၏။ ၃ ဉာဏ် ပညာအားဖြင့် အိမ်
ကိုတည်ဆောက် ၍ ခိုင်ခံ့ မြဲမြံစေရ၏။ ၄ ပညာ အတတ်အားဖြင့် အခန်း များတို့သည် အဘိုးထိုက်၍၊ နှစ်သက်
ဘွယ်သော ဥစ္စာ အပေါင်း တို့နှင့် ပြည့် ရကြ၏။ ၅ ပညာရှိ သောသူ သည် တန်ခိုး ရှိ ၏။ ပညာ အတတ်နှင့်
ပြည့်စုံသောသူ သည် ခွန်အား တိုးပွါး တတ်၏။ ၆ ပညာရှိ တို့နှင့် တိုင်ပင်ပြီးမှစစ်မှု ကိုပြု ရ၏။ အကြံ ပေးနိုင်သော
သူများစွာ ရှိ လျှင် ၊ ဘေး လွတ်တတ်၏။ ၇ ပညာ မြင့် သောကြောင့် မိုက် သောသူမမှီနိုင်။ မြို့တံခါး၀ ၌ စကား
မ ပြော ဝံ့။ ၈ မ ကောင်းသောအမှုကို ပြုခြင်းငှါ ကြဲစည် သောသူကို၊ ဘေး ပြုသောသူဟူ၍ မှည့် ရ၏။ ၉ မိုက်
သောအကြံ အစည်၌ အပြစ် ပါ၏။ မထီမဲ့မြင် ပြုသောသူသည် လည်း ၊ လူ စက်ဆုပ် ရွံရှာဘွယ်ဖြစ် ၏။ ၁၀ သင်
သည် အမှု ရောက်သောကာလ ၌ စိတ်ပျက် လျှင် အားနည်း ၏။ ၁၁ သခ်ၤိုင်း သို့ ထုတ် ၍ အသေခံ လုသောသူတို့ကို
သင်သည် နှုတ်အံ့သောငှါ၊ အား မထုတ်ဘဲနေလျက်၊ ၁၂ ငါ့တို့မ သိ ဟုဆို သော်လည်း ၊ နှလုံး သဘောကို ဆင်ခြင်
သောသူသည် မ မှတ်၊ သင် ၏စိတ် ဝိညာဉ်ကို စောင့် သောသူသည် မသိဘဲ၊ လူအသီးအသီးတို့အား သူ တို့အကျင့် နှင့်
အလျောက်၊ အကျိုးအပြစ်ကို မဆပ် မပေးဘဲ နေတော်မူမည်လော။ ၁၃ ငါ့ သား ၊ ပျားရည် ကောင်း သောကြောင့် စား
လော့။ ချိုမြိန် သော ပျားလပို့ ကိုလည်း စားလော့။ ၁၄ ထိုအတူ ၊ သင်တွေ့ရသောပညာ တရားသည် စိတ် ဝိညာဉ်၌
အရသာနှင့်ပြည့်စုံ၍၊ သင် သည် မြော်လင့် ခြင်းအကြောင်းမ ပျက်၊ ကောင်း သောအကျိုးကိုခံရ လိမ့်မည်။ ၁၅ အိုမ
တရားသောသူ၊ ဖြောင့်မတ် သောသူ၏ အိမ် ကို ချောင်း ၍ မ ကြည့်နှင့်။ သူ ၏ ငြိမ်၀ပ် ရာအရပ်ကို မ ဖျက် နှင့်။
၁၆ ဖြောင့်မတ် သောသူသည် ခုနစ် ကြိမ်လဲ သော်လည်း ထ ပြန်လိမ့်မည်။ မ တရားသောသူမူကား ၊ လဲ သောအခါ
ဆုံးရှုံး လိမ့်မည်။ ၁၇ သင် ၏ရန်သူ လဲ သောအခါ ၀မ်း မ မြောက်နှင့်။ ခြေ ထိခိုက်သောအခါ ရွှင်လန်း သောစိတ်
မ ရှိနှင့်။ ၁၈ ရှိလျှင် ထာ၀ရဘုရား သိမြင် သဖြင့် ၊ မ နှစ်သက်ဘဲ သူ မှ အမျက် တော်ကို လွှဲ တော်မူမည်။ ၁၉ မ
တရားသောသူတို့ကြောင့် စိတ် မ ပူနှင့်။ အဓမ္မ လူတို့ကို မ ငြူစူ နှင့်။ ၂၀ အကြောင်း မူကား၊ မ တရားသောသူသည်
အကျိုး ကိုမ ရ။ အဓမ္မ လူ၏ မီးခွက် သည် သေ လိမ့်မည်။ ၂၁ ငါ့ သား ၊ ထာ၀ရဘုရား ကိုၾကင်း၊ ရှင် ဘုရင်ကိုၾကင်း ၊
ကြောက်ရွံ့ လော့။ မ တည်ကြည်သောသူတို့နှင့် မ ရောနှော မပေါင်းဘော်နှင့်။ ၂၂ သူ တို့ဘေး သည် ချက်ခြင်း ရောက်
တတ်၏။ ထို နှစ်ပါး တို့၏ အဆုံး ကို အဘယ်သူ သိ သနည်း။ ၂၃ ထိုမှတပါး ၊ ပညာရှိ တို့နှင့် ဆိုင်သော အရာဟူမူကား ၊
တရား တွေ့မှု စီရင်ရာတွင် လူမျက်နှာ ကို မ ထောက် ကောင်း။ ၂၄ သင် သည် ဖြောင့်မတ် ၏ဟု မ တရားသောသူအား
ဆို သောသူကို လူ အမျိုးတို့သည် ကျိန်ဆဲ ကြလိမ့်မည်။ လူ အန္တယ်တို့သည် စက်ဆုပ် ရွံရှာကြလိမ့်မည်။ ၂၅ ဆုံးမ
ပြစ်တင်သောသူတို့မူကား ၊ စိတ် သာယာလျက် ၊ ကောင်းကြီး မင်္ဂလာကို ခံ လျက်ရှိကြ လိမ့်မည်။ ၂၆ မှန် သောစကားကို
ပြန် ပြောတတ်သောသူ၏ နှုတ် ကို လူတိုင်းနမ်း လိမ့်မည်။ ၂၇ ပြင် အရပ်မှာ သင် ၏အလုပ် ကိုပြင် လော့။ လယ်
တောင် ကိုယ်အဘို့ ပြင်ဆင် လော့။ နောက်မှ သင် ၏ နေရာအိမ် ကို ဆောက် လော့။ ၂၈ သင် ၏အိမ်နီးချင်း တဘက် ၌

အကြောင်း မရှိဘဲ သက်သေ မ ခံ နှင့်။ ကိုယ် နှုတ် နှင့် သူတပါးကို မလှည့်စား နှင့်။ ၂၉ သူသည် ငါ ၌ ပြု သည်အတိုင်း သူ ၌ ငါပြု မည်။ သူ့ အကျင့် နှင့်အလျောက် အကျိုးအပြစ်ကို ငါဆပ် ပေး မည်ဟု မ ဆို နှင့်။ ၃၀ ပျင်းရိ သောသူ ၏ လယ်ယာ အနား နှင့်၊ ဉာဏ် မ ရှိ သောသူ ၏ စပျစ် ဥယျာဉ်အနား မှာ ငါရှောက်သွား စဉ်၊ ၃၁ ဆူးပင် များပြား ၍၊ မြေတပြင်လုံး ၌ ဆူးလေ ပင် အနှံ့အပြားလွှမ်းမိုး လျက် ၊ ကျောက် ရိုး ပြို လျက်ရှိသည်ကို၊ ၃၂ ငါ မြင် ၍ စေ့စေ့ဆင်ခြင် ၏။ ကြည့်ရှု ၍ သွန်သင် ခြင်းကို ခံရ၏။ ၃၃ ခဏ အိပ် လျက်၊ ခဏ ပျော် လျက်၊ အိပ်ပျော် ခြင်းငှါ ၊ ခဏ လက်ချင်း ပိုက် လျက်နေစဉ်တွင်၊ ၃၄ ဆင်းရဲ ခြင်းသည် ခရီးသွား သောသူကဲ့သို့ဎင်း၊ ဥစ္စာ ပြုန်းတီးခြင်းသည် သူရဲ ကဲ့သို့ ဎင်း ရောက် လာလိမ့်မည်။

၂၅ ယုဒ ရှင်ဘုရင် ဟေဇကိ လူ တို့ကူးရေး သော ရှောလမုန် မင်း၏ သုတ္တံ စကားဟူမူကား၊ ၂ အမှု အရေးကို ဝှက်ထား ခြင်းသည် ဘုရား သခင်၏ ဘုန်း တော်နှင့် သင့်၏။ ရှင်ဘုရင် မူကား၊ အမှု အရေးကို စစ်ကြော ခြင်းအားဖြင့်ဂုဏ် အသရေတည်၏။ ၃ မိုဃ်းကောင်းကင် သည် မြင့် ၏။ မြေကြီး သည် နက် ၏။ ရှင်ဘုရင် နှလုံး ကိုလည်း စစ် ၍မ သိနိုင်။ ၄ ငွေ ထဲက ချော် ကိုထုတ်ပယ် လျှင်၊ ပန်းတိမ် သမား နှင့် တော်သင့်သောဖလား ကို ရ လိမ့်မည်။ ၅ မ တရားသောသူတို့ ကို ရှင်ဘုရင် ထံ တော်မှ ပယ်ရှား လျှင် ၊ အာဏာ တော်သည် တရား အားဖြင့် တည် လိမ့်မည်။ ၆ ရှင်ဘုရင် ထံ တော်၌ ကိုယ်ကိုမ ချီးမြှောက် နှင့်။ လူကြီး နေရာ ၌ မ နေ နှင့်။ ၇ အကြောင်း မူကား၊ ဖူးမြင် ရသောမင်း ရှေ့ မှာ နှိမ် ခြင်းကိုခံရသည်ထက် ၊ ဤ အရပ်သို့ တက် ပါဟူသောစကား ကို သာ၍ကြားကောင်း ၏။ ၈ အလျင် အမြန်ရန် မ တွေ့နှင့်။ အိမ်နီးချင်း သည် သင့် ကို အရှက်ခွဲ ပြီးမှ ၊ သင်သည် အဘယ် သို့ပြု မည်နည်း။ ၉ သင် သည် အိမ်နီးချင်း နှင့် ကိုယ် အမှု ကို ဆွေးနွေး လော့။ ဝှက်ထား အပ်သောအမှုအရာကို သူတပါး အားထုတ် ၍မ ပြနှင့်။ ၁၀ သို့မဟုတ် ၊ သူသည် သင့် ကို အရှက် ခွဲသဖြင့် ၊ သင် ၏ ဂုဏ်အသရေသည် အစဉ် ဆုံးလိမ့်မည်။ ၁၁ လျောက်ပတ် သော စကား သည် ငွေ အပြောက်မှာ စီချယ် သော ရွှေ ရှောက်ချို့ သီးနှင့်တူ၏။ ၁၂ နားထောင် တတ်သောသူကို လျောက်ပတ် စွာ ဆုံးမ တတ်သောသူသည် ရွှေ နားတောင်း ကဲ့သို့ဎင်း၊ ရွှေ စင်တန်ဆာ ကဲ့သို့ ဎင်း ဖြစ်၏။ ၁၃ စပါး ရိတ်ရာကာလ ၌ မိုဃ်းပွင့် ကြောင့် ချမ်း သကဲ့သို့ ၊ သစ္စာ စောင့်သော တမန် သည် စေလွှတ် သောသူ ၌ ဖြစ်၍ ၊ သခင် စိတ် ကို ချမ်းစေ စေတတ်၏။ ၁၄ ပေး မည်ဟု ဝါကြွား ၍ မ ပေးဘဲနေသောသူ သည် မိုဃ်း ရေမ ပါသော တိမ် နှင့် လေ ကဲ့သို့ ဖြစ်၏။ ၁၅ ကြာမြင့် စွာသည်းခံ လျှင် မင်း ကိုဖျောင်းဖျ နိုင်၏။ ချို သောစကား သည်လည်း အရိုး ကျိုး အောင်တတ်နိုင်၏။ ၁၆ ပျားရည် ကိုတွေ့ သလော။ ဝ ရုံသာစား တော့။ အစား ကြူးလျှင် ရင်ပြည့်၍ အန် ရလိမ့်မည်။ ၁၇ သင် ၏အိမ်နီးချင်း အိမ် ၌ ကြာမြင့် စွာ မ နေနှင့်။ နေလျှင် သူသည် သင့် ကိုငြီးငွေ့ ၍ မုန်း လိမ့်မည်။ ၁၈ အိမ်နီးချင်း တဘက် ၌ မ မှန်သောသက်သေ ကို ခံ သောသူ သည် ဒုတ် ၊ ထား ၊ သံချွန် နှင့်တူ၏။ ၁၉ အမှု ရောက်သောကာလ ၌ သစ္စာ ပျက်တတ်သောသူကို ယုံ လျှင် သွား ကျိုး ခြင်း၊ ခြေ ဆစ်ပြုတ် ခြင်းကို ခံရ၏။ ၂၀ စိတ် ညှိုးငယ် သောသူအား သီချင်း ဆို သောသူသည် ဆောင်း ကာလ ၌ အဝတ် ကို ချွတ် သောသူ၊ ယမ်း စိမ်းပေါ် မှာ ပုံးရည် ကို လောင်းသောသူနှင့်တူ၏။

၂၁ သင် ၏ရန်သူ သည်မွတ်သိပ် လျှင် လုပ်ကျွေး လော့။ ရေတ် လျှင် သောက်စရာဘို့ပေး လော့။ ၂၂ ထိုသို့ ပြုလျှင် သူ
၏ခေါင်း ပေါ် ၌ မီးခဲ ကို ပုံ ထား ၍ ၊ ထာဝရဘုရား သည်လည်း၊ သင် ၌ ဆုချ တော်မူမည်။ ၂၃ မြောက် လေ သည်
မိုဃ်း ရေကို ဆောင် တတ် သကဲ့သို့ ၊ ကုန်းတိုက် သောလျှာ သည် ဒေါသ မျက်နှာ ကို ဆောင်တတ်၏။ ၂၄ ရန်တွေ့
တတ်သောမိန်းမ နှင့် လူ များသော အိမ် ၌ နေသည်ထက် ၊ အိမ်မိုး ပေါ် ထောင့် ထဲမှာနေ သော် သာ၍ကောင်း ၏။
၂၅ ဝေး သောပြည် မှ ရောက်လာသောဝမ်းမြောက် စရာ သိတင်း စကားသည် ရေတ် သောသူ ၌ ချမ်းဓ သောရေ
ကဲ့သို့ ဖြစ်၏။ ၂၆ ဖြောင့်မတ် သောသူသည် မ တရားသောသူ ရှေ့ တွင် မှားယွင်း လျှင် ၊ နောက် သောရေကန် ၊ ပုပ်
သောစမ်းရေ တွင်းနှင့်တူ၏။ ၂၇ ပျားရည် ကို စား ကြူး လျှင် မ ကောင်း သကဲ့သို့ ၊ ကိုယ် ဂုဏ် သရေကို ရှာ လျှင် ဂုဏ်
အသရေမရှိ။ ၂၈ ကိုယ် စိတ် ကို မ ချုပ်တည်း နိုင်သောသူ သည် မြို့ ရိုး ပျိုပျက် ၍ ဟင်းလင်းရှိသောမြို့ နှင့်တူ၏။

၂၆ နွေ ကာလ၌ မိုဃ်းပွင့် ကဲ့သို့ ၎င်း၊ စပါး ရိတ်ရာကာလ ၌ မိုဃ်း ရေကဲ့သို့ ၎င်း၊ မိုက် သောသူသည် ဂုဏ်
အသရေကို မ ခံသင့်။ ၂ စာဉ်က် သည် အရပ်ရပ် လှည့်လည်၍ ၊ ဓရက် သည် လည်း ပျံ သွားသကဲ့သို့ ၊
ထိုနည်းတူ အကြောင်း မရှိသော ကျိန်ဆဲ ခြင်းသည် မ သင့်မရောက် တတ်။ ၃ မြင်း ဘို့ နှင်တံ ၊ မြင်း ဘို့ ဓက်ကြိုး ၊
မိုက် သောသူ၏ ကျော ဘို့ ကြိမ်လုံး သည် သင့်ပေ၏။ ၄ မိုက် သောသူ၏ သဘောသို့လိုက်၍၊ သူ၏စကား ကို မ
ချေ နှင့်။ ထိုသို့ ချေလျှင် သူ နှင့် တူ လိမ့်မည်။ ၅ မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏စကား ကို ချေလော့။
သို့မဟုတ် ၊ သူသည် ဝါကြွားသောစိတ် ရှိ လိမ့်မည်။ ၆ မိုက် သော သူတွင် မှာ လိုက်သောသူသည် ကိုယ်ခြေ ကို ဖြတ်
၍ အကျိုးနည်းရှိ ၏။ ၇ သုတ္တံ စကားကို မိုက် သောသူ ပြော ခြင်းသည် ခြေဆွံ့ သောသူ၏ ခြေ ကြွ ခြင်း ကဲ့သို့ ဖြစ်၏။
၈ မိုက် သောသူကို ချီးမြှောက် ခြင်းသည် ကျောက် ပုံ ၌ ကျောက်မြတ် ကို ပစ် ထားခြင်းကဲ့သို့ ဖြစ်၏။ ၉ ဆူး သည်
ယစ်မူး သောသူ၏လက် ကို စူး သကဲ့သို့ ၊ သတ္တံ စကားသည် မိုက် သောသူ၏ နှုတ် ၌ ရှိ၏။ ၁၀ ကြီး သောသူသည်
ခပ်သိမ်း သောသူတို့ကို တုန်လှုပ် စေတတ်၏။ မိုက် သောသူနှင့် ပြစ်မှား တတ် သောသူတို့ ကို စေ သုံးတတ်၏။ ၁၁ ခွေး
သည် မိမိ အန်ဖတ် ကို ပြန် ၍စားတတ်သကဲ့သို့ ၊ မိုက် သောသူသည် မိုက် သောအကျင့်ကို ပြန် ၍ ကျင့်တတ်၏။ ၁၂
ငါသည် ပညာ ရှိ၏ဟု ထင် သောသူ ရှိလျှင်၊ ထိုသူ ၌ မြော်လင့်စရာအခွင့်ရှိသည်ထက်၊ မိုက် သောသူ၌ သာ၍ မြော်လင့်
စရာအခွင့်ရှိ၏။ ၁၃ ပျင်းရိ သောသူက၊ အိမ် ပြင်မှာ ခြင်္သေ့ ရှိ၏။ လမ်း တို့ ၌ ခြင်္သေ့ ရှိ၏ဟု ဆို တတ်၏။ ၁၄ တံခါးချက်
သည် စရွေး ၌ လည် သကဲ့သို့ ပျင်းရိ သောသူသည် အိပ်ရာ ပေါ် မှာ လည်တတ်၏။ ၁၅ ပျင်းရိ သောသူသည် မိမိ
လက် ကို အိုး ၌ သွင်း သော်လည်း၊ တဖန်နှုတ် ၍ မိမိ ပစပ် သို့ ခွံရလျှင် စိတ်ညစ် တတ်၏။ ၁၆ ပျင်းရိ သောသူက၊
ငါသည် အကျိုးအကြောင်းကို ပြတတ်သောသူ ခုနစ် ယောက်ထက် သာ၍ပညာရှိသည် ဟု ကိုယ်ကိုထင်တတ်၏။ ၁၇
လမ်း၌ရှောက်သွား ၍ မိမိ မ ဆိုင်သောအမှု ကို ရောနှော သောသူသည် ခွေး နားရွက် ကို ကိုင် ဆွဲသောသူ နှင့် တူ၏။ ၁၈
ငါ ကျိစား ရုံမျှသာ ပြုသည်ဟုဆို လျက်၊ ၁၉ မိမိ အိမ်နီးချင်း ကို လှည့်စား သောသူ သည် မီးစ ၊ မြား ၊ သေနော ကို ပစ်
တတ်သော အရူး နှင့် တူ၏။ ၂၀ ထင်း မ ရှိလျှင် မီး သေ တတ်သကဲ့သို့ ကုန်းတိုက် သော သူမ ရှိလျှင် ရန် ငြိမ်း တတ်၏။

၂၁ မီးခဲ ချင်းပြူသကဲ့သို့ငင်း ၊ ထင်း သည် မီး ကို မွေး သကဲ့သို့ ငင်း၊ ရန်တွေ့ တတ်သောသူ သည် ခိုက်ရန် မူကို ပြုစု တတ်၏။ ၂၂ ကုန်းတိုက် သောသူ ၏စကား သည် မြိန် သော ခဲဘွယ် စားဘွယ်ကဲ့သို့ ဖြစ်၍ ၊ ဝမ်း အတွင်း သို့ဝင် တတ်၏။ ၂၃ ချစ် အားကြီးသောနှုတ် နှင့် ၊ ဆိုးညစ် သော စိတ် နှလုံး သည် ချော် မွမ်းမံ သော အိုးခြမ်း နှင့် တူ၏။ ၂၄ အငြိုး ထားသောသူသည် နှုတ် ဖြင့် လျှိုဝှက် ၍ ၊ ကိုယ် ထဲမှာလှည့်စား သော သဘောကိုဝှက်ထား တတ်၏။ ၂၅ ထိုသို့သောသူ ၏ စကား သည် ချို သော်လည်း မ ယုံ နှင့်။ သူ ၏စိတ် နှလုံးထဲမှာ စက်ဆုပ် ရွံရှာဘွယ်သော အရာခုနစ် ပါးရှိ၏။ ၂၆ အငြိုး ထားခြင်းကို လှည့်စား ခြင်းအားဖြင့် ဝှက်ထား သောသူ ၏ ဒုစရိုက် အပြစ်သည် ပရိသတ် ရှေ့မှာ ထင်ရှား လိမ့်မည်။ ၂၇ တွင်း တူး သောသူသည် မိမိ တွင်းထဲသို့ ကျ လိမ့်မည်။ ကျောက် ကို လှိမ့် သောသူအပေါ် သို့ ထို ကျောက် သည် ပြန် ၍လိမ့်လိမ့်မည်။ ၂၈ မုသား ပြော တတ်သောသူသည် မိမိ ညှဉ်းဆဲ သောသူတို့ကို မုန်း တတ်၏။ ချော့မော့ တတ်သောသူသည် လည်း ဖျက်ဆီး တတ်၏။

၂၇ နက်ဖြန် နေ့ ကို အမှီပြု ၍ မ ဝါကြွား နှင့်။ တရက် အတွင်းတွင် အဘယ် သို့ ဖြစ်လိမ့်မည်ကို မ သိ နိုင်။ ၂ ကိုယ်တိုင်ကိုယ်ကိုမချီးမွမ်းဘဲ သူတပါး ချီးမွမ်း ပါလေစေ။ ကိုယ် နှုတ် နှင့် ကိုယ်ကိုမ ချီးမွမ်းဘဲ၊ ကိုယ် နှင့် မ ဆိုင်သော သူတပါး ချီးမွမ်း ပါလေစေ။ ၃ ကျောက် နှင့် သဲ သည်လေး ၏။ မိုက် သောသူ၏ ဒေါသ သည် ထို နှစ်ပါး ထက် သာ၍လေး ၏။ ၄ မာန သည်ကြမ်းကြုတ် သော သဘောရှိ၏။ ဒေါသ သည် ပြင်းထန် တတ်၏။ ငြူစူ သောစိတ်ကို ကား၊ အဘယ်သူ ဆီး ၍ ခံနိုင်သနည်း။ ၅ ထင်ရှား စွာဆုံးမ ပြစ်တင်ခြင်းသည် တိတ်ဆိတ် စွာ ချစ် ခြင်းထက် သာ၍ကောင်း ၏။ ၆ အဆွေခင်ပွန်းသည် ဒဏ် ပေး သောအခါ သစ္စာစောင့် လျက်ပေး၏။ ရန်သူ မူကား ၊ နမ်း သောအခါ လှည့်စား တတ်၏။ ၇ စား ၍ ဝသောသူ သည် ပျားလပို့ ကိုပင် ငြင်းပယ် လိမ့်မည်။ မွတ်သိပ် သောသူ မူကား ၊ ခါး သောအရာကို ချို သည်ဟု ထင်တတ်၏။ ၈ မိမိ နေရာ ကို စွန့် ၍ လည်သောသူ သည် မိမိ အသိုက် ကို စွန့် ၍လည်သော ငှက် နှင့် တူ၏။ ၉ နံ့သာ ဆီနှင့် နံ့သာ ရည်သည် ရွှင်လန်းစေသကဲ့သို့ ၊ ကြည်ညို သောစိတ်နှင့် အကြံ ပေးတတ်သော အဆွေ ခင်ပွန်း၏ ချစ်ဘွယ် သော လက္ခဏာသည် ရွှင်လန်း စေ တတ်၏။ ၁၀ ကိုယ် အဆွေ ခင်ပွန်းနှင့် အဘ ၏ အဆွေ ခင်ပွန်းကို မ စွန့် နှင့်။ အမှု ရောက်သောကာလ ၌ ညီအစ်ကို အိမ် သို့မ သွား နှင့်။ နီး သောအိမ်နီးချင်း သည် ဝေး သော ညီအစ်ကို ထက် သာ၍ကောင်း ၏။ ၁၁ ငါ့ သား ၊ ပညာ ရှိလော့။ ကဲ့ရဲ့ သောသူ၏စကား ကို ငါ ချေ နိုင်အောင်၊ ငါ့ စိတ် ကို ရွှင်လန်း စေလော့။ ၁၂ သမ္မာ သတိရှိသောသူသည် အမှု ကိုမြော်မြင် ၍၊ ပုန်းရှောင် လျက်နေတတ်၏။ ဉာဏ်တိမ် သောသူမူကား၊ အစဉ်အတိုင်းသွား ၍ အမှု နှင့်တွေ့တတ်၏။ ၁၃ မကျွမ်း သော သူအတွက် ၊ အမျိုး ပျက်သော မိန်းမအတွက် ၊ အာမခံ တတ်သောသူသည် အဝတ် အစ ရှိသောဥစ္စာတစုံတခုကို ပေါင် ထားစေ။ ၁၄ နံနက် စောစော ထ၍၊ မိမိ အဆွေ ခင်ပွန်းကို ကျယ် သောအသံ နှင့် ကောင်းကြီး ပေးသောသူသည် ကျိန်ဆဲ ခြင်းကို ပြု ရာရောက်၏။ ၁၅ ရန်တွေ့ တတ်သော မယား သည် မိုးယံ သည်းစွာရွာသောနေ့ ၌ အစက်စက် ကျသော မိုးယံးပေါက်နှင့် တူ၏။ ၁၆ ထိုမိန်းမ ကို သိမ်း ထားသောသူသည် လေ ကို သိမ်း ထားသောသူနှင့်တူ၏။ လက်ျာ လက်၌ လိမ်းသော နံ့သာ ဆီကို

ဝှက် ၍မထားနိုင်။ ၁၇ သံ ကို သံ ဖြင့်ထက် စေသကဲ့သို့ ၊ လူ သည်အဆွေ ခင်ပွန်း၏ မျက်နှာ ကို ထက် စေတတ်၏။ ၁၈ သင်္ဘောသဖန်း ပင်ကို စောင့် သောသူသည် သင်္ဘောသဖန်းသီး ကို စား ရ၏။ ထိုနည်းတူ ၊ သခင် အမှုကို ဆောင်ရွက် သောသူသည် ဂုဏ်အသရေ ကို ရတတ်၏။ ၁၉ ရေ ၌လူမျက်နှာ ချင်းတူသကဲ့သို့ ၊ လူ တယောက်နှင့်တယောက်စိတ် သဘောတူကြ၏။ ၂၀ မရဏာ နိုင်ငံနှင့် အဗဒ္ဒန် နိုင်ငံသည် အလို မ ပြည့်စုံသကဲ့သို့၊ လူ တို့မျက်စိ သည် အလို မ ပြည့်စုံတတ်။ **(Sheol h7585)** ၂၁ ငွေ စစ်စရာဘို့ မိုက် ရှိ၏။ ရွှေ စစ်စရာဘို့ မီးဖို ရှိ၏။ လူ ကိုစစ်စရာဘို့ သူတပါးချီးမွမ်း ခြင်းရှိ၏။ ၂၂ မိုက် သောသူကို စပါး နှင့်အတူ ဆုံ၌ ကျည်ပွေ့ နှင့် ထောင်း သော်လည်း ၊ မိုက် သောသဘော မ ထွက် တတ်။ ၂၃ သင် ၏ သိုးစု အကြောင်း တို့ကို သိ ခြင်းဉာဏ်ကြိုးစား လော့။ နွားစု တို့ကိုလည်း စေ့စေ့ ကြည့်ရှုလော့။ ၂၄ စည်းစိမ် သည် အမြဲ မ တည်တတ်။ ရှင် ဘုရင်၏ စည်းစိမ်သော်လည်း ၊ လူမျိုး အစဉ်အဆက် မတည် တတ်။ ၂၅ မြက်ပင် ပေါက် တတ်၏။ ပျိုး ပင်လည်း ထင်ရှား တတ်၏။ တောင် ယာအသီး ကိုလည်း သိမ်း ရ၏။ ၂၆ သိုးသငယ် တို့သည် သင် ဝတ် စရာဘို့ ၊ ဆိတ် တို့သည် လည်း မြေ အဘိုး ကိုဖြေစရာဘို့ ပြစ်၏။ ၂၇ သင် စားစရာ ဘို့ ၊ အိမ်သူ အိမ်သားစားစရာ ဘို့ ၊ ကျွန် မိန်းမများကို ကျွေး စရာဘို့ ဆိတ် နို့ လောက် လိမ့်မည်။

၂၈ လိုက် သောသူမ ရှိသော်လည်း ၊ မ တရားသောသူသည် ပြေး တတ်၏။ ဖြောင့်မတ် သောသူမူကား ၊ ခြင်္သေ့ ကဲ့သို့ ရဲရင့် တတ်၏။ ၂ ပြည်သူ ပြည်သားအပြစ် ကြောင့် ၊ မင်း တို့သည် များပြား တတ်ကြ၏။ ဉာဏ် ပညာနှင့် ပြည့်စုံ သောသူအားဖြင့် နိုင်ငံ တည်တတ်၏။ ၃ ဆင်းရဲ သားတို့ကို ညှဉ်းဆဲ သော ဆင်းရဲ သားသည် အဘယ်စားစရာ မျှ မ ကြွင်းစေဘဲ၊ သုတ်သင် ပယ်ရှင်း သော မိုးယံ ရေနှင့်တူ၏။ ၄ တရား ကိုဖျက် သောသူသည် မ တရားသောသူတို့ ကို ချီးမွမ်း တတ်၏။ တရား ကို စောင့် သောသူမူကား ၊ သူ တို့နှင့် ဆန့်ကျင် ဘက်ပြုတတ်၏။ ၅ အဓမ္မ လူ သည် တရား စီရင်ခြင်းကို နား မ လည်တတ်။ ထာဝရဘုရား ကို ရှာ သောသူမူကား ၊ ခပ်သိမ်း သော စီရင်ခြင်းကို နားလည် တတ်၏။ ၆ မ မှန်သောအမှုကို ပြု သောသူ သည် ငွေ ရတတ်သော်လည်း ၊ ဖြောင့်မတ် ခြင်းလမ်းသို့ လိုက် သော ဆင်းရဲ သားသည် သာ၍ မြတ် ၏။ ၇ တရား ကိုစောင့် သောသူသည် ပညာ ရှိသော သား ဖြစ်၏။ စားကြူး သောသူတို့နှင့် ပေါင်းဘော် သောသူ မူကား ၊ မိမိ အဘ ကို အရှက်ခွဲ တတ်၏။ ၈ အတိုး စား၍ မတရားသော အမြတ်အစားဖြင့်ဥစ္စာ ကို ဆည်းဖူးသောသူ သည် ဆင်းရဲသား တို့ကို သနား သောသူအဘို့ သာ ဆည်းဖူး တတ်၏။ ၉ တရား မနာ ၊ လွှဲ သွားသောသူသည် ဆုတောင်းသော်လည်း ၊ သူ ၏ပဌနာ စကားသည် စက်ဆုပ် ရွံရှာဘွယ်ဖြစ်၏။ ၁၀ ဖြောင့်မတ် သောသူကို လမ်းလွှဲ၍၊ မ ကောင်းသော လမ်း ထဲသို့ သွေးဆောင် သောသူသည် မိမိ တူး သော တွင်းထဲသို့ မိမိ ကျ လိမ့်မည်။ သဘော ဖြောင့်သောသူမူကား ၊ ကောင်း သောအရာတို့ကို အမွေခံ ရလိမ့်မည်။ ၁၁ ငွေ ရတတ်သောသူ က၊ ငါသည်ပညာ ရှိ၏ဟု ကိုယ်ကို ထင်တတ်၏။ ဉာဏ် ကောင်းသော ဆင်းရဲသား မူကား ၊ ထိုသူ ကို စစ်ကြော တတ်၏။ ၁၂ ဖြောင့်မတ် သောသူတို့သည် ဝမ်းမြောက် သောအခါ ဘုန်း ကြီး တတ်၏။ မ တရားသောသူတို့သည် ချီးမြှောက် ခြင်းသို့ ရောက်သောအခါ လူ တို့သည် ပုန်းရှောင် ၍ နေတတ်ကြ၏။ ၁၃ မိမိ အပြစ် ကို ဝှက်ထား သောသူသည် ချမ်းသာ မ ရ။

မိမိအပြစ်ကို ဘော်ပြ ဝန်ချ၍ စွန့်ပစ် သော သူမူကား ၊ ကရုဏာ တော်ကိုခံရလိမ့်မည်။ ၁၄ အစဉ် မပြတ်ကြောက်ရွံ့ သောသူ သည် မင်္ဂလာ ရှိ ၏။ မိမိ စိတ် နှလုံးကို ခိုင်မာ စေသောသူမူကား ၊ ဘေးဥပဒ် နှင့် တွေ့ လိမ့်မည်။ ၁၅ ဆင်းရဲ သားတို့ကို အုပ်စိုး သော အဓမ္မ မင်းသည် ဟောက် သောခြေသံ့ ၊ လှည့်လည် သောဝံ နှင့်တူ၏။ ၁၆ ဥာဏ် မ ရှိသောမင်း သည် ပြင်း စွာညှဉ်းဆဲ တတ် ၏။ လောဘ ကို မုန်း သောမင်းမူကား၊ အသက်တာ ရှည် လိမ့်မည်။ ၁၇ လူ အသက် ကို ညှဉ်းဆဲ သောသူသည် သင်္ချိုင်း တွင်း သို့ ပြေး ပါလေစေ။ အဘယ်သူမျှမ ဆီးတား စေနှင့်။ ၁၈ ဖြောင့် သောလမ်းသို့ လိုက် သောသူသည်ဘေး လွတ်လိမ့်မည်။ ကောက် သောလမ်းသို့ လိုက်သောသူမူကား ၊ ချက်ခြင်း လဲ လိမ့်မည်။ ၁၉ လယ် လုပ် သောသူသည် ဝ စွာစားရ၏။ အချည်းနှီး သောအမှုကို စောင့် သောသူမူကား ၊ ဆင်းရဲ ခြင်းနှင့် ဝ လိမ့်မည်။ ၂၀ သစ္စာ စောင့်သောသူ သည် ကောင်းကြီး မင်္ဂလာ နှင့် ကြွယ်ဝ လိမ့်မည်။ ငွေ ရတတ်ခြင်းငှါ အလျင် အမြန်ပြုသောသူမူကား ၊ အပြစ် နှင့်မ လွတ်ရ။ ၂၁ လူမျက်နှာ ကို မ ထောက် ကောင်း။ သို့သော်လည်း ၊ လူ သည် မုန့် တဖဲ့ ကိုရခြင်းငှါ ဒုစရိုက် ကို ပြုလိမ့်မည်။ ၂၂ ငွေ ရတတ်ခြင်းငှါ အလျင်အမြန် ပြုသော သူ သည် မ နာလိုသောသဘော ရှိတတ်၏။ နောက် တဖန် ဆင်းရဲ ခြင်းသို့ ရောက် မည်ဟု မ အောက်မေ့ တတ်။ ၂၃ ချော့မော့သောစကားကို ပြောသောသူသည် ကျေးဇူးကိုခံရသည်ထက်၊ ဆုံးမပြစ်တင်သောသူသည် နောက်တဖန် သာ၍ကျေးဇူးကိုခံရလိမ့်မည်။ ၂၄ အပြစ် မ ရှိဟုဆို လျက် ၊ မိဘ ဥစ္စာကို လုယူ သောသူသည် ဖျက်ဆီး သောသူ ၏ အပေါင်း အဘော်ဖြစ်၏။ ၂၅ စိတ် မြင့် သောသူသည် ခိုက်ရန် ကို နှိုးဆော် တတ် ၏။ ထာဝရဘုရား ကို ခိုလှုံ သောသူမူကား ၊ ကြွယ်ဝ တတ် ၏။ ၂၆ မိမိ စိတ် နှလုံးကို ကိုးစား သောသူသည် လူမိုက် ဖြစ်၏။ ပညာ သတိနှင့် ကျင့် သောသူမူကား ၊ ဘေးလွတ် တတ်၏။ ၂၇ ဆင်းရဲ သားတို့အား စွန့်ကြဲ သောသူသည်ကိုယ်တိုင် မ ဆင်းရဲ ရာ။ လွှဲရှောင် သောသူမူကား ၊ များစွာ သော ကျိန်ဆဲ ခြင်းကိုခံရ လိမ့်မည်။ ၂၈ မ တရားသောသူတို့သည် ချီးမြှောက် ခြင်းသို့ ရောက်သောအခါ ၊ လူ တို့သည် ပုန်းရှောင် ၍ နေရကြ၏။ ပျက်စီး ခြင်းသို့ ရောက်သောအခါ ၊ ဖြောင့်မတ် သောသူတို့ သည် ပွားများ တတ်ကြ၏။

၂၉ အထပ်ထပ်ဆုံးမ ခြင်းကိုခံ သော်လည်း၊ မိမိ လည်ပင်း ကို ခိုင်မာ စေသောသူ သည် ကိုးကွယ် ရာမ ရ၊ ရုတ်တရက် ပျက်စီး လိမ့်မည်။ ၂ ဖြောင့်မတ် သောသူတို့သည် အခွင့် ရသောအခါ ၊ ပြည်သူ ပြည်သားတို့သည် ဝမ်းမြောက် တတ်ကြ၏။ မ တရားသောသူတို့သည် အုပ်စိုး သောအခါ မူကား ၊ ပြည်သူ ပြည်သားတို့သည် ဝမ်းနည်း တတ်ကြ၏။ ၃ ပညာ တရားကို နှစ်သက် သောသူ သည် မိမိ အဘ ကို ဝမ်းမြောက် စေ၏။ ပြည်တန်ဆာ တို့နှင့် ပေါင်းဘော် သောသူမူကား ၊ ဥစ္စာ ပြုန်းတီး တတ်၏။ ၄ တရား သဖြင့် စီရင်သောရှင် ဘုရင်သည် တိုင်းပြည် ကို တည် စေတတ်၏။ တံစိုး စားသော ရှင် ဘုရင်မူကား ၊ တိုင်းပြည် ကို မှောက်လှန် တတ်၏။ ၅ အိမ်နီးချင်း ကို ချော့မော့ သောသူ သည် အိမ်နီးချင်း သွား ရာလမ်း၌ ကွန်ရွက် ကို ဖြန့် ထား၏။ ၆ အဓမ္မ လူ ပြစ်မှား ရာ၌ ကျော့ကွင်း ထောင်လျက် ရှိ၏။ ဖြောင့်မတ် သောသူမူကား ၊ ရွှင်လန်း စွာ သီချင်း ဆိုတတ်၏။ ၇ ဖြောင့်မတ် သောသူသည် ဆင်းရဲသား အမှု ကို ဆင်ခြင် တတ်၏။ မ တရားသောသူမူကား၊ ထိုအမှုကို ပမာဏ မပြုတတ်။ ၈ မထီမဲ့မြင် ပြုသောသူ တို့ သည် မြို့ ကို မီးရှို့

တတ် ၏။ ပညာရှိ သောသူတို့ မူကား ၊ ဒေါသအမျက် ကို လွှဲ တတ် ၏။ ၉ ပညာရှိ သောသူ သည် မိုက် သောသူ နှင့် အမှု တွေ့လျှင် ၊ စိတ်ဆိုး သည်ဖြစ်စေ ၊ ပြုံးရယ် သည်ဖြစ်စေ ၊ အားရ စရာအကြောင်းမ ရှိ။ ၁၀ လူ အသက်ကိုသတ် တတ်သောသူတို့သည် စုံလင် သောသူကို မုန်း တတ်ကြ၏။ ဖြောင့်မတ် သောသူတို့ မူကား ၊ သူတပါး အသက် ကို စောင့်မ တတ်ကြ၏။ ၁၁ မိုက် သောသူသည် မိမိ ကြဲစည် သမျှ ကို ဘော်ပြ တတ်၏။ ပညာ ရှိသောသူမူကား ၊ အဆင် မသင့်မှီ ထိမ်ဝှက် တတ်၏။ ၁၂ မင်း သည်မှသာ စကား ကို နားထောင် လျှင်၊ ကျွန် အပေါင်း တို့သည် လူဆိုး ဖြစ်ကြလိမ့်မည်။ ၁၃ ဆင်းရဲ သောသူနှင့် ညှဉ်းဆဲ သောသူ တို့သည် တွေ့ကြုံ ကြပြီ။ ထာဝရဘုရား သည် ထို နှစ်ဦး တို့အား အလင်း ကိုပေး သနားတော်မူ၏။ ၁၄ ဆင်းရဲသား တို့ကို တရား သဖြင့် စီရင် သော ရှင်ဘုရင် ၏အာဏာ တော်သည် အစဉ်အမြဲ တည် တတ်၏။ ၁၅ ကြိမ်လုံး နှင့်ရိုက်ခြင်း၊ နှုတ်နှင့်ဆုံးမ ခြင်းအားဖြင့် ပညာ တိုးပွါး တတ်၏။ တတ် တိုင်းနေစေသော သူငယ် သည် အမိ ကို အရှက်ခွဲ တတ်၏။ ၁၆ မ တရားသောသူတို့သည် များပြား သောအခါ ၊ လွန်ကျူး ခြင်းအပြစ်တိုးပွား တတ်၏။ သို့ရာတွင် ၊ သူ တို့ ပျက်စီး ခြင်းကို ဖြောင့်မတ် သောသူတို့သည် မြင် ရကြ၏။ ၁၇ သင် ၏သား ကို ဆုံးမ လော့။ သို့ပြုလျှင် သူသည် သင့် ကို ချမ်းသာ ပေးမည်။ ထိုမျှ မက စိတ် ရွှင်လန်း စရာ အခွင့်ကို ပေး မည်။ ၁၈ ဗျာဒိတ် တော်မ ရှိလျှင် ၊ လူ တို့သည် အကျိုးနည်း ဖြစ်ကြ၏။ တရား တော်ကို စောင့် သောသူမူကား မင်္ဂလာ ရှိ ၏။ ၁၉ စကား အားဖြင့် သာ ကျွန် ကို ဆုံးမ ၍ မ နိုင်ရာ။ သူသည်နားလည် သော်လည်း ၊ နား မ ထောင်ဘဲ နေလိမ့်မည်။ ၂၀ သတိ မရှိဘဲစကား များသော သူရှိ လျှင်၊ ထိုသူ ၌ မြော်လင့် စရာအခွင့်ရှိသည်ထက်၊ မိုက် သောသူ၌ သာ၍ မြော်လင့်စရာ အခွင့်ရှိ၏။ ၂၁ ကျွန် သည်ငယ် သော အရွယ်မှစ၍ ပျော်ပါး အော်ငေါ ကျွေးမွေးခြင်းကိုခံရလျှင် ၊ နောက်ဆုံး ၌ သား အရာကို ရ လိမ့်မည်။ ၂၂ စိတ်ဆိုး တတ်သောသူ သည် ခိုက်ရန် မှုကို နှိုးဆော် တတ်၏။ ပြင်းထန် သောသူ သည်လည်း ၊ အလွန်အကျူး များ တတ်၏။ ၂၃ မိမိ မာန သည် မိမိ ကိုနှိမ့်ချ လိမ့်မည်။ စိတ် နှိမ့်ချ သောသူမူကား ၊ ဂုဏ် အသရေကိုရ လိမ့်မည်။ ၂၄ သူခိုး ကို လက်ခံ သောသူသည် မိမိ အသက် ကိုမုန်း တတ်၏။ ကျိန်ဆို ခြင်းကိုပြု သော်လည်း ၊ အမှုကိုမ ဘော် မပြတတ်။ ၂၅ လူ ကိုကြောက်ရွံ့ခြင်း သဘောသည် ကျော့ကွင်း ကို ထောင် တတ်၏။ ထာဝရဘုရား ကို ခိုလှုံ သောသူမူကား လုံခြုံလိမ့်မည်။ ၂၆ မင်း ပြုသောကျေးဇူး ကိုများ သောသူတို့သည် ကြိုးစား၍ ရှာ တတ်ကြ၏။ သို့ရာတွင် ခပ်သိမ်းသောသူတို့ ၏အမှုကို ထာဝရဘုရား စီရင် တော်မူ၏။ ၂၇ တရား သောသူသည် မ တရားသောသူ ကိုငင်း၊ မ တရားသောသူသည်တရား သဖြင့် ကျင့် သောသူကိုငင်း၊ စက်ဆုပ် ရွံရှာတတ်၏။

၃၀ ယာကေ သား အာဂုရ သည် ကြသေလ နှင့် ဥကလ ကို ဆုံးမသောတရားစကား ဟူမူကား၊ ၂ အကယ် စင်စစ်ငါ သည် လူ မဟုတ်၊ တိရစ္ဆာန် ဖြစ်၏။ လူ ဉာဏ် နှင့် မ ပြည့်စုံ။ ၃ ပညာ တရားကို မ သင် ၊ သန့်ရှင်း သော အရာတို့ ကို မလေ့ကျက်။ ၄ ကောင်းကင် ဘုံသို့ အဘယ်သူ တက် သနည်း။ အဘယ်သူ ဆင်း လာသနည်း။ အဘယ်သူ သည် လေ ကို မိမိ လက် နှင့် ဆုပ်ယူ သနည်း။ အဘယ်သူ သည် ရေ ကို အဝတ် နှင့် ထုပ် ထားသနည်း။ မြေကြီး စွန်း ရှိသမျှ တို့ကို အဘယ်သူ တည် စေသနည်း။ ထိုသို့ပြုသောသူ ၏ အမည် နှင့် သူ ၏သား အမည် ကား အဘယ်သို့ နည်း။

သင်ပြော နိုင်သလော။ ၅ ဘုရား သခင်၏ စကား တော်ရှိသမျှ သည် စင်ကြယ် ၏။ ခိုလှုံ သောသူအပေါင်းတို့ ၌ ဘုရား သခင်သည် အကွယ် အကာဖြစ်တော်မူ၏။ ၆ စကား တော်၌ ထပ်၍ မ သွင်းနှင့်။ သို့ပြုလျှင် အပြစ်တင် တော်မူ၍ ၊ သင်သည် မုသာသုံးသောသူဖြစ် လိမ့်မည်။ ၇ ကိုယ်တော် ထံမှာ ဆုနှစ်ပါး ကို အကျွန်ုပ်တောင်း ပါ၏။ အကျွန်ုပ်မ သေ မီတိုင်အောင်ငြင်း တော်မ မူပါနှင့်။ ၈ အကျွန်ုပ် မှ အနတ္တ နှင့် မုသာ ကိုပယ် တော်မူပါ။ ဆင်းရဲ ခြင်း နှင့် ငွေ ရတတ်ခြင်းကိုပေး တော်မ မူပါနှင့်။ အသက်မွေးလောက်သောအစာ ကိုသာ ပေး တော်မူပါ။ ၉ သို့မဟုတ် ၊ အကျွန်ုပ်သည် ကြွယ်ဝ ၍ ၊ ထာဝရဘုရား ကား၊ အဘယ်သူ နည်းဟုဆိုလျက်၊ ကိုယ်တော်ကို ငြင်းပယ်မည်ဟု စိုးရိမ်စရာရှိပါ၏။ သို့မဟုတ် ၊ ဆင်းရဲ ၍ သူ့ဥစ္စာကိုခိုး သဖြင့် ၊ အကျွန်ုပ် ၏ ဘုရား သခင်နာမတော် ကို မုသာ နှင့်ဆိုင်၍ မြွက်ဆို မည်ဟု စိုးရိမ်စရာ ရှိပါ၏။ ၁၀ ကျွန် ၏ အကျိုး ကိုဖျက်ခြင်းငှါ သူ ၏သခင် ကို မ ပြောနှင့်။ ပြောလျှင် ကျွန်သည် သင့် ကိုကျိန်ဆဲ ၍၊ သင်၌ အပြစ် ရောက်မည်ဟု စိုးရိမ်စရာရှိ၏။ ၁၁ အဘ ကိုကျိန်ဆဲ ၍ အမိ ကိုလည်း ကောင်းကြီး မ ပေးတတ်သောလူတမျိုး၊ ၁၂ ငါသည် စင်ကြယ် ၏ဟု မိမိ ကိုယ်ထင် သော်လည်း ၊ မိမိ အညစ် အကြေးမှ မ ဆေးကြော သေးသော လူတမျိုး၊ ၁၃ အလွန် စိတ် မြင့်၍ မော်ကြည့်တတ်သော လူ တမျိုး၊ ၁၄ ဆင်းရဲ သောသူတို့ကို မြေကြီး ပေါ် က ၎င်း၊ ငတ်မွတ် သောသူတို့ကို လူ စုထဲက ၎င်း၊ ကိုက်စား ပယ်ရှားစရာဘို့ သန်လျက် နှင့်တူသောသွား ၊ ထား နှင့်တူသော အံ နှင့် ပြည့်စုံသော လူတမျိုးရှိ၏။ ၁၅ မျှော့ ကောင်၌ ပေး ပါနှင့်ပေး ပါဟူသောသမီး နှစ် ကောင်ရှိ၏။ အလို ဆန္ဒမ ပြေနိုင်သော အရာသုံး ပါးမက၊ တန် တော့ဟု မ ဆို တတ်သော အရာလေး ပါးဟူမူကား၊ ၁၆ သခ်ျိုင်း တပါး၊ မြို သောမိန်းမဝမ်း တပါး၊ ရေ မ ဝ နိုင်သောမြေ တပါး၊ တန် တော့ဟု မ ဆို တတ်သော မီး တပါးတည်း။ (Sheol h7585) ၁၇ အဘ ကို ကျီစား သောသူ၊ အမိ စကားကိုနား မထောင်၊ မထီမဲ့မြင် ပြုသောသူ၏ မျက်စိ ကို ချိုင့် ၌ကျင်လည်သောကျီးအ တို့သည် နှိုက် ကြလိမ့်မည်။ ရွှေလင်းတ သငယ် တို့သည်လည်း စား ကြလိမ့်မည်။ ၁၈ ငါ့ ဉာဏ် မမှီနိုင်သော အရာသုံး ပါးမက၊ ငါမသိ၊ နား မ လည်နိုင်သော အရာလေး ပါးဟူမူကား၊ ၁၉ လေ ၌ ရွှေလင်းတ သွားရာလမ်း တပါး၊ ကျောက် ပေါ် မှာ မြွေ သွားရာလမ်း တပါး၊ ပင်လယ် အလယ် ၌ သင်္ဘော် သွားရာလမ်း တပါး၊ အပျိုမ နှင့် ယောကျ်ား သွား ရာလမ်း တပါးတည်း။ ၂၀ မျောက်မထား သော မိန်းမ လမ်း လည်း ထို အတူ ဖြစ်၏။ အစာစား ပြီးမှ မိမိ ပစပ် ကိုသုတ် ၍ ၊ ဒုစရိုက် ကို ငါမ ပြု မိဟုဆို တတ်၏။ ၂၁ မြေကြီး ကို မွှေနှောက် သောအရာသုံး ပါးမက၊ မြေကြီးမ ခံ နိုင် သော အရာလေး ပါးဟူမူကား၊ ၂၂ မင်း ပြုသောကျွန် တပါး၊ ဝ စွာစားရသောလူမိုက် တပါး၊ ၂၃ လက်ထပ် သော မိန်းမဆိုး တပါး၊ သခင်မ ဥစ္စာ ကို အမွေ ခံရသောကျွန်မ တပါးတည်း။ ၂၄ မြေကြီး ပေါ် မှာ သေး နုပ်သော်လည်း ၊ အထူးသဖြင့် ပညာ ရှိသော အရာလေး ပါးဟူမူကား၊ ၂၅ ခွန်အား မရှိသောအမျိုး ဖြစ်သော်လည်း ၊ နွေ ကာလ၌ မိမိ စားစရာ ကို ပြင်ဆင် တတ်သော ပရွက်ဆိတ် တပါး၊ ၂၆ မ သန်စွမ်းသော အမျိုး ဖြစ်သော်လည်း ၊ ကျောက် တွင်း၌ နေရာ ချ တတ်သော ရှာဖန် ယုန်တပါး၊ ၂၇ မင်း မ ရှိသော်လည်း၊ တပ်ဖွဲ့၍ အစဉ်အတိုင်းသွား တတ်သောကျိုင်း တပါး၊ ၂၈ လက် ဖြင့် ကိုင် ဆွဲ၍ ၊ နန်းတော် ၌ ပင် နေတတ် သော အိမ်မြှောင် တပါးတည်း။ ၂၉ ကောင်း စွာသွား တတ်သော အရာသုံး

ပါးမက၊ အသွား လှ သော အရာလေး ပါးဟူမူကား၊ ၃၀ တိရစ္ဆာန် တကာတို့ထက် ခွန်အားကြီး ၍၊ အဘယ် သူကိုမျှ မ ရှောင် တတ်သော ခြင်္သေ့ တပါး၊ ၃၁ စစ်မြင်းတပါး၊ ဆိတ်ထီး တပါး၊ အဘယ်သူမျှမဆီးတားနိုင်သော ရှင်ဘုရင် တပါးတည်း။ ၃၂ သင်သည် ကိုယ်ကိုချီးမွှောက် ၍ မိုက်သောအမှု ကို ပြု မိသော် ၎င်း၊ မကောင်းသော အကြံကိုကြံ မိသော် ၎င်း၊ သင်၏နှုတ် ကို လက် နှင့်ပိတ်ထားလော့။ ၃၃ အကယ် စင်စစ်နို့ ကိုမွှေ လျှင် ထောပတ် ထွက် တတ်၏။ နှာခေါင်း ကိုဆွဲလိမ် လျှင် အသွေး ထွက် တတ်၏။ ထိုနည်းတူ ၊ ဒေါသ ကိုနှိုးဆော် လျှင် ခိုက်ရန် ထွက် တတ်၏။

၄၁ လေမွေလ မင်းကြီး ၏ မယ်တော် သည်သား ကို ဆုံးမ သွန်သင်သော တရား စကား ဟူမူကား၊ ၂ ငါ့ သား အဘယ် သို့နည်း။ ငါ ဘွား သောသား ၊ အဘယ် သို့နည်း။ ငါ့ ၏သစ္စာ ဂတိနှင့်ဆိုင်သောသား အဘယ် သို့နည်းဟု မေးမြန်းသော်၊ ၃ သင် ၏အစွမ်း သတ္တိကို မိန်းမ တို့အား မ ပေး နှင့်။ ရှင်ဘုရင် တို့ကိုဖျက်ဆီး တတ်သောအရာ၌ သင့် ၏အကျင့် အကြံ အပြုအမူတို့ကို မအပ်နှင့်။ ၄ အိုလေမွေလ ၊ စပျစ်ရည် သောက် သောအမှုနှင့် သေရည် သောက်သောအမှုသည် ရှင်ဘုရင် ၊ မင်းသား တို့နှင့် မ တော်မသင့်။ ၅ သူတို့သည်သောက် လျက် တရား တော်ကို မေ့လျော့ ၍ ၊ ဆင်းရဲသား အမှုကို မတရားသဖြင့် စီရင် ဆုံးဖြတ်မည်ဟု စိုးရိမ်စရာရှိ၏။ ၆ ဆုံး လုသောသူအား သေရည် သေရက်ကိုငင်း၊ စိတ်ညစ် သောသူအား စပျစ်ရည် ကိုငင်း ၊ ပေး လော့။ ၇ ထိုသူတို့သည် သောက် ၍ မိမိ ဒုက္ခ ဆင်းရဲကို မ အောက်မေ့ ဘဲ မေ့လျော့ ပါစေ။ ၈ ကိုးကွယ် ရာမရှိသော သူ အပေါင်း တို့၏အမှု ကို စောင့်ခြင်းငှါ ၊ စကားအ သောသူတို့ဘက် မှာ နေ၍ပြော လော့။ ၉ စကားပြော လျက်၊ တရား သဖြင့်စီရင် လျက် ၊ ဆင်းရဲ ငတ်မွတ် သောသူတို့၏ အမှုကိုစောင့် လော့။ ၁၀ သီလ နှင့်ပြည့်စုံသော မိန်းမ ကိုအဘယ်သူ တွေ့ ရ သနည်း။ ထိုသို့သောမိန်းမ သည် ပတ္တမြား ထက် အဘိုး သာ၍ထိုက်ပေ၏။ ၁၁ သူ ၏ခင်ပွန်း သည် သူ့ ကို ယုံ ၍ ၊ ဆင်းရဲ ခြင်းနှင့် ကင်းလွတ် လိမ့်မည်။ ၁၂ ထို မယားသည် မိမိ ခင်ပွန်းအကျိုး ကို မ ဖျက် ၊ တသက်လုံး ပြုစု တတ်၏။ ၁၃ သိုးမွေး နှင့် ဝါ ကို ရှာ ၍ ၊ မိမိ လက် နှင့် အလို အလျောက်လုပ် တတ်၏။ ၁၄ ကုန်သည် သင်္ဘော ကဲ့သို့ ဖြစ်၍ ၊ စားစရာ ကို ဝေး သောအရပ်မှ ဆောင် ခဲ့တတ်၏။ ၁၅ မိုးယံး မလင်းမှီထ လျက် ၊ အိမ်သူ အိမ်သားတို့အား စားစရာ ကိုငင်း ၊ ကျွန်မ တို့အား အဝန်း အတာကိုငင်း ပေး ဝေတတ်၏။ ၁၆ ကောင်းမွန်စွာ ဆင်ခြင် ၍၊ လယ်ကွက် ကိုဝယ် ယူ တတ်၏။ ကိုယ်တိုင် လုပ်၍ရသောငွေနှင့် စပျစ် ဥယျာဉ်ကို ပြုစု တတ်၏။ ၁၇ မိမိ ခါး ကို ခွန်အား နှင့် စည်း ၍ ၊ မိမိ လက် တို့ကိုသန်မြန် စေတတ်၏။ ၁၈ မိမိ လုပ် သောဥစ္စာကောင်း သည်ကို ရိပ်မိ ၍၊ သူ ၏မီးခွက် သည် တညလုံး မ သေ တတ်။ ၁၉ ချည်ဖြစ်တတ်သော တန်ဆာတို့ကို ကိုယ် လက် နှင့် ကိုင် ၍ လုပ်ဆောင်တတ်၏။ ၂၀ ဆင်းရဲ သောသူတို့အား လက် ကိုဖြန့် ၍ ၊ ငတ်မွတ် သောသူတို့အား လက်ရုံး ကိုဆန့် တတ်၏။ ၂၁ မိုးယံးပွင့် ကျသော်လည်း ၊ မိမိ အိမ်သူ အိမ်သားတို့ အတွက် မ စိုးရိမ်။ အိမ်သူ အိမ်သားအပေါင်း တို့သည် ကတ္တီပါနီ ကို ဝတ် ကြ၏။ ၂၂ ကိုယ် အဖို့ စောင် တို့ကို ရက် ၍၊ ပိတ်ချော နှင့် မောင်း သောအထည် ကို ဝတ်တတ်၏။ ၂၃ သူ ၏ခင်ပွန်း သည်လည်း မြို့တံခါး တို့ ၌ ပြည် သားအသက်ကြီး သူတို့နှင့် ထိုင် ၍ ၊ ထင်ရှား သောသူဖြစ် ရ၏။ ၂၄ ချော သောအထည်အလိပ်ကို ရက် ၍ ရောင်း

တတ် ၏။ ခါးစည်း တို့ကိုလည်း ကုန်သည် ၌ ချ တတ်၏။ ၂၅ သူ လုပ်သောအထည် အလိပ်သည် ခိုင်ခဲ့ ၍ ၊ လှ
သောအဆင်းနှင့် ပြည့်စုံသဖြင့် ၊ သူသည်နောင် ကာလ ၌ ဝမ်းမြောက် လိမ့်မည်။ ၂၆ ပညာ စကားကို ပြော တတ်၍ ၊
မေတ္တာ တရား အားဖြင့် နူတ်မြွတ် တတ်၏။ ၂၇ အိမ်သူ အိမ်သား ပြုမူ သမျှတို့ကို ကြည့်ရှု တတ် ၏။ ပျင်းရိ ခြင်းအစာ
ကို မ စား တတ်၊ ၂၈ သူ ၏သားသမီး တို့သည်ထ ၍ ၊ အမိ ကို ကောင်းကြီး ပေးတတ်ကြ၏။ သူ ၏ခင်ပွန်း ကလည်း၊ ၂၉
လူမျိုးသမီး အများ တို့သည် ကောင်းမွန် စွာ ပြု ကြ ပြီ။ သို့ရာတွင် ၊ သင် သည် ထိုသူ အပေါင်း တို့ကို လွန်ကဲ ပြီ ဟု
သူ့ကို ချီးမွမ်း တတ်၏။ ၃၀ ယဉ်ကျေး သောအရာသည် လှည့်စား ခြင်းနှင့် ယှဉ်တတ်၏။ လှ သောအဆင်းသည်လည်း
အချည်းနှီး ဖြစ် ၏။ ထာဝရဘုရား ကို ကြောက်ရွံ့ သော မိန်းမ မူကား၊ ချီးမွမ်း ခြင်းကိုခံရလိမ့်မည်။ ၃၁ ထိုသို့သော မိန်းမ
ကျင့် ရာ အကျိုး ကို ပေး လော့။ သူ ပြု သောအမှုသည် မြို့တံခါး တို့ ၌ သူ ၏အသရေ ကို ထင်ရှားစေသတည်း။

၁ ဒါဝိဒ် ၏သား တော်၊ ဓမ္မဒေသနာဆရာ ဖြစ်သော ယေရှုရှလင် မင်းကြီး ၏စကား ဟူမူကား၊ ၂ အနတ္တ သက်သက်၊ အနတ္တ သက်သက်၊ ခပ်သိမ်း သောအရာတို့သည် အနတ္တ ဖြစ်ကြ၏။ ၃ လူသည် နေ အောက် မှာ ကြိုးစား အားထုတ်သမျှ တို့ ၌ အဘယ် အကျိုး ရှိသနည်း။ ၄ လူ တဆက်လွန် သွား၏။ တဆက် ပေါ် လာ၏။ မြေကြီး မူကား အစဉ် အမြဲတည် ၏။ ၅ နေ လည်းထွက် လျက် ဝင် လျက် ၊ ထွက် ရာအရပ် သို့ တဖန် ပြေးလျက်၊ တောင် လမ်းသို့ လိုက် ၍ ၊ တဖန် မြောက် လမ်းသို့ ပြန် လည်တတ်၏။ ၆ လေ သည်လည်း အစဉ်လည် သွား၍၊ လည်ပြီး သောအရပ် သို့ တဖန်ပြန်၍လည် ပြန်တတ်၏။ ၇ ခပ်သိမ်း သော မြစ် တို့သည် ပင်လယ် ထဲသို့ ရောက် ကြ၏။ သို့သော်လည်း ၊ ပင်လယ် သည် မ ပြည့် တတ်။ မြစ် ရေသည် စီး ထွက်ရာအရပ် သို့ တဖန်ပြန် သွား တတ်၏။ ၈ ခပ်သိမ်း သော အရာ တို့သည် လူ မ ပြော နိုင် အောင် ပင်ပန်း ခြင်းနှင့် ယှဉ်ကြ၏။ မျက်စိ သည် မြင် ၍ မ ကုန် တတ်။ နား သည်လည်း ကြား ၍ မ ဝ တတ်။ ၉ ဖြစ် ဘူးသော အရာ သည် ဖြစ် လတံ့သောအရာ နှင့်တူ၏။ ယခုပြု သော အမှု သည် ပြု လတံ့သော အမှု နှင့်တူ၏။ နေ အောက်မှာ အသစ် သောအမှုအရာမ ရှိ။ ၁၀ ကြည့် ပါ။ အသစ် ဖြစ်၏ဟုဆို ရသော အမှုအရာ တစုံတခုရှိ သလော။ ထို အမှုအရာသည် ငါ တို့အရင် ၊ ရှေး ကာလ၌ ဖြစ် ဘူးပြီ။ ၁၁ ရှေး ဖြစ်ဘူးသော အမှုအရာတို့ကို မေ့လျော့ တတ်၏။ နောက် ဖြစ် လတံ့သောအမှုအရာတို့ကိုလည်း၊ ထိုအမှုအရာနောက် ၌ ဖြစ် လတံ့သောသူတို့ သည် မေ့လျော့ကြလိမ့်မည်။ ၁၂ ငါ ဓမ္မဒေသနာဆရာ သည်၊ ယေရှုရှလင် မြို့၌ ဣသရေလ ရှင်ဘုရင် ဖြစ် စဉ်တွင်၊ ၁၃ မိုယ်း ကောင်းကင်အောက် ၌ ပြု သမျှ တို့ကို ဉာဏ် ပညာ အားဖြင့် ၊ ရှာဖွေ စစ်ဆေးခြင်းငှါ နှလုံး ထား ၏။ လူ သား တို့ ကျင်လည် ရာဘို့ ထို ပင်ပန်း စေသောအမှု ကို ဘုရား သခင် ပေး တော်မူပြီ။ ၁၄ နေ အောက် မှာ ပြု လေသမျှ သော အမှု အရာ တို့ကို ငါမြင် ပြီ။ အလုံးစုံ တို့သည် အနတ္တ အမှု၊ လေ ကို ကျက်စား သော အမှုဖြစ်ကြ၏။ ၁၅ ကောက် သောအရာကို မ ဖြောင့် စေနိုင်။ ချို့တဲ့ သောအရာကို မ ရေတွက် ရ။ ၁၆ ငါ သည် ကိုယ် စိတ် နှလုံးထဲမှာ ပြောဆို သည် ကား၊ ငါ သည်ငါ့ အရင် ၊ ယေရှုရှလင် မြို့၌ ဖြစ် ဘူးသောသူ အပေါင်း တို့ထက် ကြီးမြင့် ၍ ပညာ ရှိ ၏။ အကယ်စင်စစ်ငါ့ စိတ် နှလုံးသည် ပညာ အတတ်များကို အထူးသဖြင့် လေ့ကျက် ၏။ ၁၇ ပညာ တရားကိုငင်း ၊ လျှပ်ပေါ် ခြင်းနှင့် မိုက်မဲ ခြင်းတို့ကိုငင်းပိုင်းခြား ၍ သိ အံ့သောငှါ ငါ သည်နှလုံး ထား ၏။ ထို အမှုသည်လည်း ၊ လေ ကို ကျက်စားသောအမှု ဖြစ်သည်ကို ရိပ်မိ ၏။ ၁၈ အကြောင်း မူကား၊ ပညာ များ လျှင် ၊ ငြိုငြင် စရာ အကြောင်းများ ၏။ သိပ်ံ အတတ် တိုးပွား သောသူသည် ဝမ်းနည်း ခြင်း တိုးပွား တတ်၏။

၂ တဖန်ငါ သည် ကိုယ် စိတ်နှလုံး ထဲမှာ ပြော သည် ကား၊ လာ ပါ။ ရွှင်လန်း ခြင်းအားဖြင့် သင့် ကိုငါစုံစမ်း မည်။ သို့ ဖြစ်၍ ၊ ကာမဂုဏ် ၌ ပျော်မွေ့ လော့ဟု ဆိုရာတွင်၊ ထို အမှုအရာသည်လည်း အနတ္တ ဖြစ်လေ၏။ ၂ ရယ်မော ခြင်းကို သင်သည် အရူး ဖြစ်၏ဟူ၍ငင်း၊ ရွှင်လန်း ခြင်းကို အဘယ်ကြောင့် ဤသို့ ပြု သနည်း ဟူ၍ငင်း ငါဆိုရ ၏။ ၃

တဖန်လူ သား တို့သည် မိုဃ်း ကောင်းကင်အောက် ၌၊ တသက်လုံး ပြု သင့်သောအမှုကောင်း ကို သိ အံ့သောဌာ၊ ပညာ တရားကို လေ့ကျက် လျက် နှင့်၊ စပျစ်ရည် အလို သို့ လိုက်၍ ၊ မိုက် သောအကျင့်ဓလေ့၌ ကျင်လည် ခြင်းငှါ၊ ငါကြဲစည် ၏။ ၄ ကြီးကျယ်သောအလုပ်ကို စီရင် ၍ အိမ် တို့ကို ဆောက် ၏။ စပျစ် ဥယျဉ်တို့ကိုလည်း စိုက် ၏။ ၅ ဥယျာဉ် အမျိုးမျိုးကို ပြုစု ၍ ၊ ခပ်သိမ်း သော အသီး မျိုးကို သီးသောအပင် တို့ကိုလည်း စိုက် ၏။ ၆ သစ်ပင် မျိုး နှင့် ပြည့်စုံသောတော ကို ရေ လောင်း စရာဘို့ ရေကန် တို့ကိုလည်း လုပ် ၏။ ၇ ကျွန် ယောကျ်ား၊ ကျွန် မိန်းမတို့ကိုသိမ်းယူ ၍ ၊ ကျွန်သားပေါက် များလည်း ရှိ ကြ၏။ ငါ့ အရင် ၊ ယေရုရှလင် မြို့၌ ဖြစ် ဘူးသော သူ အပေါင်း တို့ထက် ၊ ငါ သည်တိရစ္ဆာန် အကြီးအငယ်တို့နှင့် အလွန် ရ တတ်၏။ ၈ ရွှေ ငွေ ကိုငင်း ၊ ရှင်ဘုရင် နှင့်ဆိုင်သောဘဏ္ဍာ ၊ ကျေးရွာတို့ ၌ ခွဲသောအခွန်ကိုငင်းငါဆည်းပူး ၏။ အငြိမ့် သမားယောကျ်ားမိန်းမတို့ကိုငင်း ၊ လူ သား တို့ ပျော်မွေ့ တတ်သော ကြင်လျာမိန်းမ မောင်းမမိသံတို့ကိုငင်းငါသိမ်းယူ ၏။ ၉ ထိုသို့ ငါ့ အရင် ၊ ယေရုရှလင် မြို့၌ ဖြစ် ဘူးသောသူ အပေါင်း တို့ထက် ၊ ငါသည် တိုးပွါး ၍ ကြီးမြင့် ခြင်းသို့ ရောက်၏။ ငါ့ ပညာ လည်း တည် လျက်ရှိ၏။ ၁၀ ငါ့ မျက်စိ တပ်မက် လိုချင်သောအရာ တစုံတခုကိုမျှ ငါမ ငြင်း ၊ ငါ့ စိတ် ရွှင်လန်း စရာ တစုံတခု ကိုမျှမ ပယ်။ ငါ ကြိုးစား သမျှ တို့ ၌ ဝမ်းမြောက် လျက်ရှိ ၍ ၊ ကြိုးစား ခြင်း အကျိုး ကိုခံရ၏။ ၁၁ ထိုအခါ ငါ စီရင် ပြုပြင်သမျှ ၊ ငါ ကြိုးစား အားထုတ်သမျှတို့ ကိုငါ ကြည့်ရှု ၍ ၊ အလုံးစုံ တို့သည် အနတ္တ အမှု၊ လေ ကိုကျက်စား သော အမှုဖြစ်ကြ၏။နေ အောက် မှာကောင်း သောအကျိုးတစုံတခုမျှမ ရှိ။ ၁၂ တဖန် ငါ လှည့် ၍ ပညာ တရားကိုငင်း ၊ လျှပ်ပေါ် ခြင်းနှင့် မိုက်မဲ ခြင်းတရားတို့ကိုငင်းဆင်ခြင် ၏။ ရှင်ဘုရင် နောက် မှာ ဖြစ် သောသူ သည် အဘယ် သို့ပြုနိုင်သနည်း။ ပြုဘူး သည်အတိုင်း သာ ပြု နိုင်၏။ ၁၃ သို့ရာတွင် ၊ အလင်း သည် မှောင်မိုက် ထက် မြတ် သကဲ့သို့ ၊ ပညာ သည် မိုက်မဲ ခြင်းထက် မြတ် သည် ကို ငါ သိမြင် ၏။ ၁၄ ပညာရှိ သောသူ၏ မျက်စိ တို့သည် သူ ၏ ဦးခေါင်း ၌ ရှိ၏။ မိုက် သောသူမူကား ၊ မှောင်မိုက် ၌ ကျင်လည် တတ်၏။ သို့သော်လည်း ထိုသူ အပေါင်း တို့သည် တခု တည်းသောအမှု နှင့် တွေကြုံတတ်သည် ကို ငါရိပ်မိ ၏။ ၁၅ သို့ ဖြစ်၍ ၊ မိုက် သောသူတွေကြုံ သကဲ့သို့ ၊ ငါ သည် တွေကြုံ လျှင် ၊ အဘယ် ကြောင့်သူ့ထက်သာ၍ပညာရှိ သနည်းဟူ၍ငင်း၊ ဤ အမှုအရာသည်လည်း အနတ္တ ဖြစ်သည်ဟူငင်း ငါ အောက်မေ့ ၏။ ၁၆ ယခု ဖြစ်သမျှသော အမှုအရာတို့ကို နောင် ကာလ ၌ မေ့လျော့လိမ့်မည်ဖြစ်၍၊ မိုက် သောသူသည် အစဉ် မ အောက်မေ့သကဲ့သို့၊ ပညာရှိ သောသူကိုလည်း အစဉ်မ အောက်မေ့ တတ်။ ပညာရှိ သောသူသည် မိုက် သောသူ သေသကဲ့သို့ သေ တတ်ပါသည်တကား။ ၁၇ ထိုကြောင့် ၊ အသက်ရှင် ခြင်းကို ငါငြီးငွေ့ ၏။ နေ အောက် မှာ ပြု သော အမှု သည် ငါ ၌ ခက်ခဲ ၏။ အလုံးစုံ တို့သည် အနတ္တ အမှု၊ လေ ကိုကျက်စား သောအမှု ဖြစ်ကြ ၏။ ၁၈ ထိုမှတပါး ၊ ငါ သည်နေ အောက် မှာ ကြိုးစား အားထုတ်သော အမှုအလုံးစုံ တို့ကို ငါငြီးငွေ့ ရသောအကြောင်း ဟူမူကား၊ ထို အမှုကိုငါ့ နောက် မှဖြစ် လတံ့သောသူ အဘို့ ငါချန်ထား ရမည်။ ၁၉ ထိုသူသည် ပညာရှိ မည်လော ၊ မိုက် မည်လောဟု အဘယ်သူ ပြော နိုင်သနည်း။ ထိုသူ သည် ငါကြိုးစား အားထုတ်သမျှ၊ နေ အောက် မှာငါ့ပညာ ကို

ထင်ရှားပြလေ သမျှ သော အမှု တို့ကို အစိုးရ လိမ့်မည်။ ထို အမှုအရာသည် လည်း အနတ္တ ဖြစ် ၏။ ၂၀ ထိုကြောင့် နေ အောက် မှာ ငါကြိုးစား အားထုတ်သမျှ တို့ ၌ မြော်လင့် စရာမရှိ။ စိတ်ပျက်အောင်တဖန် ငါ ကြံစည် ၏။ ၂၁ အကြောင်း မူကား၊ ပညာရှိ လျက် သိပ်ံ အတတ် နှင့် ပြည့်စုံလျက် ၊ အမှု အောင်လျက် ကြိုးစား အားထုတ်သော သူ ဖြစ် သော်လည်း ၊ မ ကြိုးစား ၊ အားမထုတ်သောသူ ဝင်စရာဘို့ ထိုအမှုကိုစွန့် ထားရမည်။ ထို အမှုအရာသည် လည်း အနတ္တ အမှု၊ အလွန် ဆိုး သောအမှုဖြစ်၏။ ၂၂ လူ သည်နေ အောက် မှာ ကြိုးစား အားထုတ်သော အမှု အလွန်စိတ် စွဲလမ်း သောအမှု၊ အလုံးစုံ တို့ ၌ အဘယ် အကျိုးရှိ သနည်း။ ၂၃ သူ ၏နေ့ရက် အပေါင်း တို့သည် ဝမ်းနည်း ခြင်း၊ သူ ၏အလုပ် အကိုင်လည်း ငြိုငြင် ခြင်းဖြစ်၏။ ညဉ့် အခါ၌ ပင် သူ ၏စိတ် နှလုံးမ ငြိမ် ရ။ ထို အမှုအရာသည်လည်း အနတ္တ ဖြစ်၏။ ၂၄ စား သောက် ခြင်းငှါ ၎င်း၊ ကြိုးစား အားထုတ်ရာ၌ စိတ် နှလုံးပျော်မွေ့ ခြင်းငှါ၎င်း၊ လူ ၌ ကောင်း သောအခွင့် မ ရှိ။ ဘုရား သခင်၏ကျေးဇူးတော် ကြောင့် သာ ၊ ထိုသို့ သော အခွင့်ကို ရနိုင်သည်ဟု ငါသိမြင် ၏။ ၂၅ ဘုရား သခင်၏ အခွင့် မရှိဘဲ အဘယ်သူ စား ရ သနည်း။ အဘယ်သူ ခံစား ရသနည်း။ ၂၆ ရှေ့တော်၌ ကောင်း သောသူ အား ဉာဏ် ပညာ၊ သိပ်ံ အတတ်နှင့် ဝမ်းမြောက် ခြင်းအခွင့်ကိုပေး တော်မူ၏။ အပြစ် ရှိသောသူအား ပင်ပန်းစွာ အလုပ်လုပ်ရသောအခွင့်ကိုငင်း၊ ဘုရား သခင်၏ရှေ့ တော်၌ ကောင်း သောသူအား ပေး စရာဘို့ ၊ ဆည်ဖူး သိုထား ရသောအခွင့် ကိုငင်း ပေး တော်မူ၏။ ထို အမှုအရာသည်လည်း အနတ္တ အမှု၊ လေ ကိုကျက်စား သော အမှုဖြစ်၏။

၃ ခပ်သိမ်း သော အမှုအရာတို့သည် မိမိတို့အချိန် ရှိ၏။ မိုးယံး ကောင်းကင်အောက် ၌ ကြံစည် သမျှ အသီးသီး တို့ကို ပြုရသောအချိန် ရှိ၏။ ၂ ဘွား ချိန် နှင့် သေ ချိန် လည်းရှိ၏။ စိုက်ပျိုး ရသောအချိန် နှင့် စိုက်ပျိုး သောအရာကို နှုတ် ရသောအချိန် လည်း ရှိ၏။ ၃ သတ် ရသောအချိန် နှင့် အနာ ပျောက်စေရသော အချိန် လည်း ရှိ၏။ ဖြိုဖျက် ရသောအချိန် နှင့် တည်ဆောက် ရသောအချိန် လည်း ရှိ၏။ ၄ ငို ရ သောအချိန် နှင့် ရယ် ရ သောအချိန် လည်းရှိ၏။ ညည်းတွား ရသောအချိန် နှင့် ကခုန် ရသောအချိန် လည်း ရှိ၏။ ၅ ကျောက် တို့ကို ဖြန့်ကြဲ ရ သောအချိန် နှင့် စုသိမ်း ရသော အချိန် လည်း ရှိ၏။ ဘက်ယမ်း ရ သောအချိန် နှင့် ၊ မဘက်ယမ်း ဘဲ ခွဲခွါ ၍ နေရ သောအချိန် လည်း ရှိ၏။ ၆ ဆည်းဖူး ရ သောအချိန် နှင့် ဥစ္စာပျောက် ရ သောအချိန် လည်းရှိ၏။ သိုထား ရ သောအချိန် နှင့် ပစ် လိုက် ရ သောအချိန် လည်းရှိ၏။ ၇ အဝတ်ကို ဆုတ် ရ သောအချိန် နှင့် ချုပ် ရ သောအချိန် လည်းရှိ၏။ တိတ်ဆိတ် စွာနေသော အချိန် နှင့် ၊ စကားပြော ရ သော အချိန် လည်းရှိ၏။ ၈ ချစ် ရ သောအချိန် နှင့် မုန်း ရ သောအချိန် လည်း ရှိ၏။ စစ်တိုက် သောအချိန် နှင့် စစ်ငြိမ်း ရသောအချိန် လည်း ရှိ၏။ ၉ လုပ်ကိုင် သောသူသည်ကြိုးစား အားထုတ်ရာတွင် ၊ အဘယ် ကျေးဇူး ရှိသနည်း။ ၁၀ လူ သား တို့ ကျင်လည် ရာဘို့ ဘုရား သခင်ပေး တော်မူသောပင်ပန်း ခြင်းအမှုကို ငါကြည့် မြင်ပြီ။ ၁၁ ခပ်သိမ်း သောအရာတို့ကို မိမိ တို့အချိန် တန်မှ၊ လျောက်ပတ် စွာ ဖန်ဆင်း တော်မူပြီ။ လူ စိတ် နှလုံးကို လည်း အနန္တ ကာလ၌ စွဲလန်း စေတော်မူပြီ။ သို့ရာတွင် ၊ ဘုရား သခင်စီရင် တော်မူသော အမှု ကို၊ အစ မှ အဆုံး တိုင်အောင် ၊ လူ သည် စစ် ၍မ ကုန်နိုင်။ ၁၂ ရွှင်လန်း ခြင်းအမှုနှင့် အသက်ရှင် စဉ် တွင်ကျေးဇူး ပြု ခြင်း အမှုမှတပါး

အခြားသော အမှုအရာတို့ ၌၊ အကျိုး ကျေးဇူးမ ရှိသည်ကို ငါသိ ၏။ ၁၃ လူ တိုင်း စား သောက် ခြင်းငှါ ၎င်း ၊ မိမိ ကြိုးစား အားထုတ်သမျှ သောအမှု၌ ပျော်မွေ့ ခြင်းငှါ၎င်း၊ ဘုရား သခင်၏ ကျေးဇူးတော် ကြောင့်သာ အခွင့် ရှိ၏။ ၁၄ ဘုရား သခင်ပြု တော်မူသမျှ သော အမှုသည် နိစ္စ ထာဝရဖြစ် သည်ကို ငါသိ ၏။ ထပ် ၍ မ ပြုနိုင်ရာ။ နှုတ် ၍ မ ယူနိုင်ရာ။ လူတို့သည် ရှေ့ တော်၌ ကြောက်ရွံ့ မည် အကြောင်း ၊ ဘုရား သခင်ပြု တော်မူ၏။ ၁၅ ဖြစ် ဘူးသောအရာ သည် ယခု ဖြစ် သောအရာ နှင့် တူ၏။ ဖြစ်လတ့ံသောအရာသည်လည်း၊ ဖြစ်ဘူးသော အရာနှင့်တူ။ လွန် ပြီးသောအရာတို့ကိုလည်း ဘုရား သခင်တောင်း ပြန်တော်မူ၏။ ၁၆ ထိုမှတပါး၊ နေ အောက် မှာ တရား စီရင်ရာအရပ် ၌ အဓမ္မ အမှုရှိ သည်ကို၎င်း၊ ဖြောင့်မတ် ရာအရပ် ၌ ဒုစရိုက် ရှိ သည်ကို၎င်းငါမြင် ပြီ။ ၁၇ ဘုရား သခင်သည် ဖြောင့်မတ် သောသူတို့၏အမှု နှင့်၊ မ တရားသောသူတို့၏အမှုကို စစ်ကြော စီရင်တော်မူမည် ဟု ငါအောက်မေ့ ၏။ အကြောင်း မူကား၊ ခပ်သိမ်း သောအကြံ ၊ ခပ်သိမ်းသော အမှုတို့ကို စစ်ကြောစီရင် ရသောအချိန်ရှိ၏။ ၁၈ လူ သား တို့နေရာကို ရည်မှတ်၍ ငါ အောက်မေ့သည်ကား၊ လူတို့ကို ဘုရား သခင်စုံစမ်း တော်မူမည် အကြောင်း နှင့်၊ သူ တို့သည် တိရစ္ဆာန် ကဲ့သို့ ဖြစ်သည် ကို သူ တို့သိမြင် မည်အကြောင်း ၊ နေရာကျသတည်း။ ၁၉ လူ သား တွေကြုံ သော အမှုကို တိရစ္ဆာန် တွေကြုံ တတ်၏။ ထို သူနှစ်ဦးတို့သည် တပါး တည်းသောအမှု ကို တွေကြုံလျက် ၊ တဦး သေ သကဲ့သို့ တဦး သေ တတ်၏။ အလုံးစုံ တို့သည် အသက် တမျိုး တည်းရှိကြ၏။ သို့ ဖြစ်၍ ၊ လူ သည်တိရစ္ဆာန် ထက် ထူးမြတ် သော အကြောင်း မ ရှိ။ အလုံးစုံ တို့သည် အနတ္တ ဖြစ်ကြ၏။ ၂၀ အလုံးစုံ တို့သည် တခု တည်းသောအရပ် သို့ ရောက် တတ်ကြ၏။ အလုံးစုံ တို့သည် မြေမှုန့် ထဲက ဖြစ် သည်နှင့်အညီ ၊ မြေမှုန့် ထဲသို့ ပြန် သွားတတ်ကြ၏။ ၂၁ သို့ရာတွင်၊ အထက် သို့ တက် သော လူ သား ၏ ဝိညာဉ် ကို၎င်း၊ အောက် အရပ်မြေ သို့ ဆင်း တတ်သော တိရစ္ဆာန် ၏ဝိညာဉ် ကို၎င်း ၊ အဘယ်သူ သည် ပိုင်းခြား၍ သိ သနည်း။ ၂၂ လူ သည်မိမိ ပြုမူ ရာ၌ ပျော်မွေ့ ခြင်းအမှုထက် သာ၍ ကောင်း သောအမှုမ ရှိသည်ကို ငါသိမြင် ၏။ ထိုအမှုသည်သူ ၏ အဘို့ ဖြစ်၏။ သူသည် မိမိ နောက် မှာ အဘယ်သို့ ဖြစ် လတ့ံသည်ကို သိမြင် မည်အကြောင်း ၊ အဘယ် သူဆောင် ခဲ့လိမ့်မည်နည်း။

၄ တဖန်တုံ ၊ နေ အောက် မှာ ပြု သမျှ သော ညှဉ်းဆဲ ခြင်း တို့ကို ငါ ထပ်၍ဆင်ခြင် ၏။ ညှဉ်းဆဲ ခြင်းကို ခံရသောသူတို့ သည် ဝိုကြွေး သော်လည်း ၊ ချမ်းသာ ပေးနိုင်သော သူမ ရှိ။ ညှဉ်းဆဲ တတ်သောသူတို့ သည် တန်ခိုး ရှိသဖြင့် ချမ်းသာ ပေးနိုင်သောသူမ ရှိ။ ၂ သို့ ဖြစ်၍ ၊ သေ လွန်ပြီး သော လူ သေသည် အသက်ရှင် သေးသော လူ ရှင်ထက် သာ၍မင်္ဂလာရှိသည် ဟု ငါ ဆို ရ၏။ ၃ သို့ရာတွင် တခါမျှ မ ဖြစ်သေး သောသူ ၊ နေ အောက် မှာ ပြု သောဒုစရိုက် ကိုမ မြင် သေးသောသူသည် ထို နှစ်ဦး ထက် သာ၍မင်္ဂလာရှိ ၏။ ၄ တဖန် ကြိုးစား အားထုတ်ခြင်းအမှုနှင့် ၊ ကောင်းမွန် စွာ ပြီးစီးသောအမှု အလုံးစုံ တို့ကို၎င်း၊ ထိုသို့ သော အမှု တို့ကြောင့် သူတပါး ငြူစူ ကြောင်းကို၎င်းငါဆင်ခြင် ၏။ ထို အမှုအရာသည် အနတ္တ အမှု၊ လေ ကို ကျက်စား သောအမှုဖြစ်၏။ ၅ မိုက် သောသူသည် မိမိ လက်ချင်း ပိုက် ထား၍ ၊ မိမိ အသား ကို စား တတ်၏။ ၆ ငြိမ်သက်ခြင်းနှင့် ယှဉ်လျက်၊ လက်တဆုပ် တည်းသောဥစ္စာသည် ပင်ပန်းစွာလုပ်ခြင်း၊

လေ ကို ကျက်စား ခြင်းနှင့် ယှဉ်လျက်၊ လက်နှစ်ဘက်၌ ပြည့်သော ဥစ္စာထက် သာ၍ကောင်း၏။ ၇ တဖန် ငါ ထပ်၍ ၊ နေ အောက် မှာအနတ္တ အမှုကို ဆင်ခြင် သောအရာဟူမူကား၊ ၈ လူ သည်အဘော် အဘက်၊ သားသမီး ၊ ညီအစ်ကို မ ရှိ၊ တယောက်တည်းဖြစ်သော်လည်း၊ ကြိုးစား အားထုတ်၍ မ ကုန်နိုင်။ မိမိစည်းစိမ် ကိုမြင် ၍ မ ရောင့်ရဲ နိုင်။ ငါ သည် ကိုယ်ကို ညှဉ်းဆဲ ၍ ၊ အဘယ်သူ အဘို့ ကြိုးစားအားထုတ်သနည်းဟု မမေးတတ်။ ဤ အမှုအရာသည် လည်း အနတ္တ အမှု၊ အလွန် ပင်ပန်းစေသောအမှုဖြစ်၏။ ၉ လူသည်တယောက် တည်းထက် နှစ် ယောက် သာ၍ကောင်း၏။ ကြိုးစား အားထုတ်လျှင် ၊ ကောင်း သော အကျိုး ကို ရ တတ်၏။ ၁၀ တယောက် လဲ လျှင် တယောက်ထူ လိမ့်မည်။ တယောက် တည်းသောသူ လဲ လျှင်မူကား အကျိုးနည်း ပြီ။ ထူ သော သူမ ရှိ။ ၁၁ လူသည် နှစ် ယောက်အတူအိပ် လျှင် နွေး တတ်၏။ တယောက် တည်းသောသူမူကား၊ အဘယ် သို့နွေး နိုင် သနည်း။ ၁၂ လူတယောက် သည် တယောက်ကိုနိုင် လျှင် ထို လူကိုနှစ် ယောက် ဆီးတား နိုင်၏။ သုံး လွန်းတင်သော ကြိုး သည်လည်း အလွယ် တကူမ ပြတ် တတ်။ ၁၃ ဆုံးမ ခြင်းကို မ ခံ ၊ အသက်ကြီး ၍ မိုက် သော ရှင်ဘုရင် ထက်၊ ပညာ ရှိသောဆင်းရဲသား သူငယ် သည် သာ၍ မြတ် ၏။ ၁၄ ထိုသို့သော သူငယ်သည် ထောင် ထဲကထွက်၍၊ နန်းတော် ပေါ် သို့ရောက် တတ်၏။ ထိုသို့သောရှင် ဘုရင်မူကား ၊ အဘ အရိပ်အရာနှင့် နန်းထိုင်သော်လည်း ၊ ဆင်းရဲ ခြင်းသို့ ရောက် တတ်၏။ ၁၅ နေ အောက် မှာ ကျင်လည် သော သတ္တဝါ အပေါင်း တို့သည် မင်းအရိပ်အရာကိုခံရသောထိုဒုတိယ သူ ဘက် ၌ နေ တတ်ကြသည်ကို ငါဆင်ခြင် ၏။ ၁၆ ထိုမင်းအုပ်စိုးသော သူ အပေါင်း တို့ကို ရေတွက် ၍ မကုန်နိုင်။ နောက် လာသောသူတို့သည်လည်း ၊ ထိုမင်း ကို အား မ ရဘဲနေကြလိမ့်မည်။ အကယ် စင်စစ်ထို အမှုအရာသည်လည်း အနတ္တ အမှု၊ လေ ကို ကျက်စား သောအမှုဖြစ်၏။

၅ ဘုရား သခင့်အိမ် တော်သို့ သွား သောအခါ၊ သင့် ခြေ တို့ကို စောင့် လော့။ လူမိုက် ပြု သောယဇ် ပူဇော်ခြင်းအမှုထက် ၊ တရားနာခြင်းအမှုကိုသာ၍ ကြိုးစားလော့။ လူမိုက် တို့သည် ကိုယ်အပြစ် ကိုမ ဆင်ခြင် တတ် ကြ။ ၂ သင် ၏နှုတ် သည် သတိ မ လစ်စေနှင့်။ ဘုရား သခင့်ရှေ့ တော်၌ စကား ပြောခြင်းငှါ ၊ သင် ၏စိတ် နှလုံးမ လျင် မမြန်စေနှင့်။ ဘုရား သခင်သည် ကောင်းကင် ဘုံ၌ ရှိတော်မူ၏။ သင် သည် မြေကြီး ပေါ် မှာရှိ၏။ ထိုကြောင့် သင် ၏စကား မ များစေ နှင့်။ ၃ အမှု များ သောအားဖြင့် အိပ်မက် မြင် တတ်သကဲ့သို့ ၊ စကား များ သောအားဖြင့် မိုက် သောသူ ၏အသံ ကို ကြားရ၏။ ၄ ဘုရား သခင့်ထံ တော်၌ သစ္စာဂတိ ပြု မိလျှင် ၊ သစ္စာဝတ်ကို မ ဖြေ ဘဲမနေနှင့်။ မိုက် သောသူတို့ကို အားရနှစ်သက် တော်မ မူ။ သစ္စာဂတိ ပြုသည်အတိုင်း ဝတ် ကို ဖြေလော့။ ၅ သစ္စာဂတိ ပြု၍ ဝတ်ကိုမ ဖြေ ဘဲနေသည်ထက်၊ သစ္စာဂတိ အလျှင်းမ ပြုဘဲနေသော် သာ၍ ကောင်း ၏။ ၆ သင် ၏နှုတ် သည် သင် ၏ကိုယ်ခန္ဓာ ၌ အပြစ် မ ရောက်စေနှင့်။ အကျွန်ုပ်မှား ပါပြီဟု၊ တမန်တော် ရှေ့ မှာ ပြော ရသော အကြောင်းမ ရှိစေနှင့်။ ဘုရား သခင်သည် သင် ၏စကား သံကို အမျက် တော်ထွက်၍၊ သင် ပြုစု သောအမှု ကို အဘယ်ကြောင့် ဖျက်ဆီး တော်မူရမည်နည်း။ ၇ အိပ်မက် များ ရာ၌ ၎င်း၊ စကား များ ရာ၌ဌင်း ၊ အချည်းနှီး သောအကြောင်းအရာပါတတ်၏။ သင် မူကား ဘုရား သခင်ကို ကြောက်ရွံ့ လော့။ ၈ ကျေးရွာ ၌ ဆင်းရဲသား တို့ကို ညှဉ်းဆဲ ခြင်း၊ တရား လမ်း မှလွဲ၍ ၊ မတရားသဖြင့် အနိုင်အထက်စီရင်

ဆုံးဖြတ်ခြင်းအမှုကိုမြင်လျှင်၊ ထိုသို့သောအကြံရှိသည် ကို အံ့ဩ ခြင်းမ ရှိနှင့်။ ကြီးမြင့်သောသူတယောက်ကို တယောက် ကြည့်မှတ်သကဲ့သို့၊ အကြီးဆုံး၊ အမြင့်ဆုံးသောသူသည် ကြည့်မှတ်လျက်ရှိတော်မူ၏။ ၉ မြေကြီး ကဖြစ်သော စီးပွါးသည်အလုံးစုံ တို့အဘို့ ဖြစ်၏။ ရှင်ဘုရင် သော်လည်း၊ လယ် ၏ ကျေးဇူး ကိုခံရ၏။ ၁၀ ငွေ ကိုတပ်မက်သောသူသည် ငွေ နှင့် အလိုဆန္ဒ မ ပြေနိုင်။ စည်းစိမ် ကို တပ်မက် သောသူသည် စည်းစိမ် တိုးပွားသော်လည်း မ ရောင့်ရဲနိုင်။ ထို အမှုအရာသည် လည်း အနတ္တ ဖြစ်၏။ ၁၁ ဥစ္စာ တိုးပွား သောအခါ စား ရသောသူတို့သည် လည်း တိုးပွားများပြားကြ၏။ ဥစ္စာ ရှင်သည် မျက်စိ နှင့်ကြည့်ရှု ခြင်း ကျေးဇူးမှတပါး အဘယ် ကျေးဇူး ရှိသနည်း။ ၁၂ အလုပ်လုပ်သောသူသည် များစွာ စား သည် ဖြစ်စေ ၊ အနည်းငယ် စားသည်ဖြစ်စေ ၊ အအိပ် မြိန် တတ်၏။ ရတတ် သောသူ၏ စည်းစိမ် မူကား ၊ စည်းစိမ် ရှင်ကို အအိပ် ပျက် စေတတ်၏။ ၁၃ စည်းစိမ် ရှင်သည် ကိုယ် အကျိုး ပျက်သည်တိုင်အောင် ၊ စည်းစိမ် ကိုသိုထား ခြင်းတည်းဟူသော၊ နေ အောက် ၌ အလွန် ဆိုးသောအမှုအရာကို ငါမြင် ပြီ။ ၁၄ ထို စည်းစိမ်သည် မကောင်း သောအမှု အားဖြင့် ပျောက်ပျက် တတ်၏။ စည်းစိမ်ရှင်မြင် သော သား သည် လည်း လက်ချည်းနေရ၏။ ၁၅ သို့မဟုတ်၊ စည်းစိမ် ရှင်သည် အမိ ဝမ်း ထဲက အလျှင်း မပါဘဲ ထွက် လာသကဲ့သို့ ၊ ထိုနည်းတူ ပြန် သွားရမည်။ ကြိုးစား အားထုတ်၍ ရ သောဥစ္စာ တစုံတခုကိုမျှ လက် နှင့် စွဲကိုင် လျက် ယူ ၍မ သွားရ။ ၁၆ သူသည်လာသကဲ့သို့ အလျှင်းမခြားနားဘဲ၊ သွား ရသောအမှုအရာသည် အလွန် ဆိုးသောအမှုအရာဖြစ်၏။ လေ ကို ရအံ့သောငှါ ကြိုးစား အားထုတ်သောသူသည် အဘယ် ကျေးဇူး ရှိသနည်း။ ၁၇ သူ ၏နေ့ရက် ကာလကို မှောင်မိုက် ၌ လွန် စေတတ်၏။ များစွာ သောနှောင့်ရှက် ခြင်း၊ ညှိုးငယ် ခြင်း၊ အမျက် ထွက်ခြင်းကို ခံရ၏။ ၁၈ ငါ သိ မြင်သောအရာဟူမူကား ၊ စား သောက် ခြင်း အမှု၊ နေ အောက် ၌ ဘုရား သခင်ပေး တော်မူသောအသက် ရှည်သမျှ ကာလ ပတ်လုံး၊ ကြိုးစား အားထုတ်၍ ရ သောအကျိုး၌ ပျော်မွေ့ ခြင်းအမှုကို ပြုကောင်း ၏။ လျောက်ပတ် ၏။ ထို အမှုသည် လူ ၏အဘို့ ဖြစ်၏။ ၁၉ ဘုရား သခင်ပေး သနားတော်မူသောစည်းစိမ် ဥစ္စာ ကိုရသော လူတိုင်း မိမိ အဘို့ ကိုခံ ၍ ဝင်စား ခြင်းငှါ ၎င်း၊ ကြိုးစား အားထုတ်ရာ၌ ပျော်မွေ့ ခြင်းငှါ ၎င်း၊ ဘုရား သခင်ကျေးဇူးတော် ကြောင့် အခွင့် ရှိ၏။ ၂၀ လွန် သောနေ့ရက် ကာလကို များစွာ မ အောက်မေ့ ရ။ စိတ် နှလုံးရွှင်လန်း သောအခွင့်ကို ဘုရား သခင်ပေး သနားတော်မူ၏။

၆ လူ တို့တွင် အတွေ့များ ၍ ၊ နေ အောက် ၌ ငါမြင် ရသော အမှုဆိုး ဟူမူကား၊ ၂ အလို ဆန္ဒရှိသမျှ ပြေလောက်အောင် စည်းစိမ် ဥစ္စာ ဂုဏ် အသရေကို ဘုရား သခင်ပေး သော်လည်း ၊ ခံစားရသောအခွင့်ကိုပေး တော်မမူသောကြောင့်၊ ကိုယ်တိုင်မခံစားရ။ မ ဆိုင်သော သူတပါးဝင်၍ ခံစား ရသောအမှု သည် အနတ္တ အမှု၊ ဆိုး သောအမှု ဖြစ်၏။ ၃ လူ သည် နှစ် ပေါင်းများစွာ အသက် ရှည်၍ ၊ သား တရာ ပင် ရှိငြား သော်လည်း၊ အလို ဆန္ဒမ ပြည့်စုံဘဲ၊ သင်္ဂြိဟ် ခြင်းကို မ ခံရ ဘဲ သေသွားလျှင်၊ ထိုသူ ထက် ပျက် သောကိုယ်ဝန်သည်သာ၍မြတ် ၏။ ၄ အကြောင်း မူကား၊ ပျက်သော ကိုယ်ဝန်သည် အချည်းနှီး ပေါ် လာ၏။ မှောင်မိုက် ထဲ မှာ ထွက် သွား၏။ သူ့ အမည် ကား၊ မှောင်မိုက် နှင့် ဖုံးလွှမ်း လျက် ရှိလိမ့်မည်။ ၅ နေ ကိုလည်း မ မြင် ရ။ အဘယ်အရာကိုမျှမ သိ ရ။ သို့သော်လည်း ၊ အရင်ဆိုသောသူထက် သာ၍ချမ်းသာ ရ၏။

၆ အကယ်၍ အရင်ဆိုသောသူသည် အနှစ် နှစ် ထောင် အသက်ရှင် သော်လည်း ၊ အကျိုး ကျေးဇူးမ ရှိ။ အလုံးစုံ တို့သည် တခု တည်းသောအရပ် သို့ သွား ရကြသည် မ ဟုတ်လော။ ၇ လူ ကြိုးစား အားထုတ်သမျှ တို့ ၌ ဝမ်း ဘို့ သာ ကြိုးစားအားထုတ်သော်လည်း၊ စား ချင်သောစိတ် မ ပြေ နိုင်။ ၈ ပညာရှိ သောသူသည် မိုက် သောသူထက် အဘယ် ကျေးဇူး ရှိသနည်း။ အသက်ရှင် သောသူများရှေ့ မှာ ကျင့်ကြံ ပြုမူတတ်သော ဆင်းရဲသား ၏ အကျိုးကျေးဇူးကား အဘယ်သို့ နည်း။ ၉ ကိုယ်တိုင်တွေ့မြင် ခြင်း အကျိုး သည် လောဘ ပြန့်ပွား ခြင်း အကျိုးထက် သာ၍ကြီး၏။ ထို အမှုအရာ သည် အနတ္တ အမှု၊ လေ ကိုကျက်စား သောအမှုဖြစ်၏။ ၁၀ ရှိသမျှ သော အခြင်းအရာများကို မှတ်သား နှင့် ပြီ။ လူ ၏အခြင်းအရာ သက်သက်ဖြစ်သည်ကို သိ ရ၏။ လူ သည် မိမိ ထက် တန်ခိုး ကြီးသောသူနှင့် မ ပြိုင် နိုင် ရာ။ ၁၁ အနတ္တ တိုးပွား စရာအကြောင်းများပြား သည် ဖြစ် ၍၊ လူ သည် အဘယ် ကျေးဇူး ရှိသနည်း။ ၁၂ အရိပ် ကဲ့သို့ လွန် တတ်သော အနတ္တ အသက် ကာလ ပတ်လုံး၊ လူ ၌ ကျေးဇူး ပြုတတ်သော အရာ ကို အဘယ်သူ သိ နိုင်သနည်း။ နေ အောက် ၌ လူ နောက် မှာ ဖြစ် လတ္တံသော အမှု အရာတို့ကိုလည်း၊ အဘယ်သူ ပြော နိုင်သနည်း။

၇ ကောင်း သောအသရေ သည် နံ့သာ ဆီထက် သာ၍ကောင်း ၏။ သေ ရသောနေ့ သည်လည်း ဘွားမြင် သောနေ့ ထက် သာ၍ကောင်း၏။ ၂ မသာ အိမ် သို့ သွား ခြင်းသည်၊ ပွဲခံ ရာအိမ် သို့ သွား ခြင်းထက် သာ၍ကောင်း ၏။ အကြောင်း မူကား၊ လူ ခပ်သိမ်း တို့သည် မသာအိမ်၌ လမ်း ဆုံးရကြ၏။ အသက်ရှင် လျက်ရှိသောသူတို့လည်း၊ အသင့်နှလုံး သွင်းမိ ကြလိမ့်မည်။ ၃ ပြုံး ရယ်ခြင်းထက် ဝမ်းနည်း ခြင်းသည်သာ၍ကောင်း ၏။ အကြောင်း မူကား၊ မျက်နှာ ညှိုးငယ် သော အားဖြင့် နှလုံး သာ၍ကောင်း တတ်၏။ ၄ ပညာရှိ သောသူတို့၏နှလုံး သည် မသာ အိမ် ၌ ရှိ၏။ မိုက် သောသူတို့၏ နှလုံး မူကား ၊ ပျော်မွေ့ ခြင်းပြုရာ အိမ် ၌ ရှိ၏။ ၅ လူမိုက် သီချင်း ဆိုသောစကားကို နားထောင် သည်ထက် ၊ ပညာရှိ ဆုံးမ သောစကားကို နားထောင် သော် သာ၍ကောင်း ၏။ ၆ အကြောင်း မူကား၊ မိုက် သောသူ၏ ရယ် ခြင်း သည် အိုး အောက် ၌ ဆူး ပင်ကိုလောင်သောအသံ နှင့် တူ၏။ ထို အမှုအရာသည်လည်း အနတ္တ ဖြစ်၏။ ၇ အကယ် စင်စစ်၊ ညှဉ်းဆဲ ခြင်းသည် ပညာ ရှိ သောသူကို ရူး စေတတ်၏။ တံစိုး သည်လည်း စိတ် နှလုံးကို ယိုယွင်း စေတတ်၏။ ၈ အမှု ၏အဆုံး သည် အစ ထက် သာ၍ကောင်း ၏။ သည်းခံ တတ်သော သဘော ရှိသောသူသည် မာန ကြီး သော သူထက် သာ၍ကောင်း ၏။ ၉ အမျက် ထွက်သည်တိုင်အောင် စိတ် မ တိုနှင့်။ အမျက် သည် မိုက် သောသူ၏ စိတ်နှလုံး၌ နေရာ ကျတတ် ၏။ ၁၀ ရှေး ကာလ သည် ယခုကာလထက် အဘယ် ကြောင့်သာ၍ကောင်း သနည်းဟုမ မေး နှင့်။ ထိုသို့မေး လျှင်၊ ပညာ တရားအတိုင်း မေး သည်မ ဟုတ်။ ၁၁ ပညာ သည် အမွေ ဥစ္စာကဲ့သို့ ကောင်း ၍ ၊ နေ ကို မြင် သောသူတို့ အား ကျေးဇူး ပြုတတ်၏။ ၁၂ အကြောင်း မူကား၊ ပညာ သည် ကွယ်ကာ တတ် ၏။ ငွေ သည်လည်း ကွယ်ကာ တတ်၏။ ပညာ အတတ် သည် အဘယ်သို့ မြတ် သနည်းဟူမူကား၊ ပညာ အတတ်ကို ရ သောသူသည် အသက် ကိုလည်း ရတတ်၏။ ၁၃ ဘုရား သခင်၏ အမှု တော်ကိုဆင်ခြင် လော့။ ကောက် စေတော်မူသောအရာ ကိုအဘယ်သို့ ဖြောင့် စေ နိုင် သနည်း။ ၁၄ ကောင်းစား သည်ကာလ ၌ ဝမ်းမြောက် လော့။

ဆင်းရဲ ခံရသည်ကာလ ၌ ဆင်ခြင် လော့။ လူ သည် မိမိ နောက် မှာဖြစ်လတ္တံ့သော အမှုအရာကိုသိမည်အကြောင်း၊ ဘုရား သခင်သည် ကောင်းစားခြင်းနှင့် ဆင်းရဲခြင်းကိုလည်း အလှည့်လှည့်ပေးတော်မူ၏။ ၁၅ ငါ သည် အချည်းနှီး နေသောကာလ ၌ ခပ်သိမ်း သောအရာတို့ကို တွေ့မြင်ပြီ။ ဖြောင့်မတ် သောသူသည်မိမိ ဖြောင့်မတ် ခြင်း၌ ဆုံးရှုံး ကြောင်းကိုငင်း ၊ အဓမ္မ လူ သည် မိမိ အဓမ္မ အမှု၌ အသက်ရှည် ကြောင်းကိုငင်းငါမြင် ၏။ ၁၆ လွန်ကျူး စွာ မ ဖြောင့်မတ် နှင့်။ လွန်ကျူး စွာ ပညာ မ ရှိနှင့်။ အဘယ် ကြောင့်ကိုယ်အကျိုး ကို ဖျက်ချင် သနည်း။ ၁၇ လွန်ကျူး စွာမ ဆိုးညစ် နှင့်။ မ မိုက် နှင့်။ အချိန် မ ရောက် မှီ အဘယ် ကြောင့်သေ ချင်သနည်း။ ၁၈ ဤ စကားကို စွဲလန်း ကောင်း ၏။ လက် မ လွှတ် နှင့်။ ဘုရား သခင်ကို ကြောက်ရွံ့ သောသူသည် ခပ်သိမ်း သော အမှု ထဲက ထွက်မြောက် လိမ့်မည်။ ၁၉ မြို့ ထဲ မှာနေ သောသူရဲတကျိပ် ထက် ပညာရှိ သောသူတယောက်သည် ပညာ အားဖြင့် သာ၍တန်ခိုး ကြီး၏။ ၂၀ အပြစ် မ ပါဘဲ ကောင်း သောအကျင့်ကို ကျင့် သောသူ တော်ကောင်းတစုံ တယောက်မျှ မြေကြီး ပေါ် မှာ မ ရှိ။ ၂၁ သူတပါးပြောသမျှ သော စကား တို့ကို မ မှတ် နှင့်။ သို့ပြုလျှင်၊ ကိုယ် ကျွန် ကျိန်ဆဲ သောစကားကို ကြား လိမ့်မည်။ ၂၂ သင်သည်ကိုယ်တိုင် သူတပါး တို့ကိုအဖန်ဖန် ကျိန်ဆဲ ကြောင်း ကို၊ ကိုယ် စိတ်နှလုံး ထဲမှာသိ ၏။ ၂၃ ဤ အမှုအရာအလုံးစုံ တို့ကို ငါသည်ပညာ တရား အားဖြင့် စုံစမ်း ပြီ။ ပညာ နှင့်ငါပြည့်စုံမည်ဟုဆို သော်လည်း ၊ ပညာ သည် ငါ နှင့် ဝေး ၏။ ၂၄ ဝေး သောအရာ ၊ အလွန်နက်နဲ သောအရာကို အဘယ်သူ ရှာ၍ တွေ့ နိုင်သနည်း။ ၂၅ ပညာ တရားနှင့် အကျိုး အကြောင်းကို ရှာဖွေ စစ်ဆေး ၍ သိ နားလည်ခြင်းငှါ ၎င်း ၊ မိုက် စွာကျင့်ခြင်း၏ အပြစ်နှင့် ရူး ခြင်း၏အပြစ်ကို သိ နားလည်ခြင်းငှါ ၎င်း၊ ငါနှင့်ငါ့ နှလုံး သည် ဝိုင်း ညီ၍ ကြိုးစားလေပြီ။ ၂၆ ကျော့ကွင်း နှင့် ပိုက်ကွန် တို့ကို ကြဲစည်း ပြင်ဆင်၍ ကြိုးနှင့်ချည်နှောင် တတ်သော မိန်းမ သည်၊ သေ ခြင်းထက် သာ၍ခါး သည်ကို ငါ တွေ့ ပြီ။ ဘုရား သခင်စိတ် တွေ့ တော်မူသောသူသာလျှင်၊ ထိုမိန်းမ လက် နှင့် လွတ် လိမ့်မည်။ အပြစ် ပြုတတ်သောသူကိုကား ၊ ဘမ်းမိ လိမ့်မည်။ ၂၇ ဓမ္မဒေသနာဆရာ ဆို သည်ကား ၊ ငါ ရှာ ၍ မ တွေ့ သေး သောအရာ ကို တွေ့ အံ့သောငှါ၊ တခု နောက် တခု စစ်ဆေး ချင့်တွက်သောအခါ၊ ၂၈ ယောကျ်ား တထောင် တို့တွင် တယောက် ကို ငါတွေ့ ပြီ။ မိန်းမ တထောင်တို့တွင် တယောက်ကိုမျှ ငါမ တွေ့။ ၂၉ ငါတွေ့ သောအရာ တခု တည်းဟူမူကား ၊ ဘုရား သခင် သည် လူ ကိုဖြောင့်မတ် အောင် ဖန်ဆင်း တော်မူသော်လည်း ၊ လူ တို့သည် များ ပြားသော အကြံအစည် တို့ကို ရှာဖွေ ကြံစည်ကြပြီ။

၈ အဘယ်သူ သည် ပညာရှိ သောသူကဲ့သို့ ဖြစ်သနည်း။ နက်နဲ သောအနက်ကို အဘယ်သူ နားလည် သနည်း။ ပညာသည် ပညာရှိသောသူ၏ မျက်နှာကို ထွန်းလင်း စေတတ်၏။ ထိုသူ ၏ မျက်နှာ သည် အထူးသဖြင့် ရဲရင့် သောအဆင်း ရှိတတ်၏။ ၂ ဘုရားသခင့် ရှေ့တော်၌ ပြုသောသစ္စာကို ထောက် ၍၊ ရှင်ဘုရင် အမိန့် တော်ကို စောင့် လော့။ ၃ သမ္မာ သတိလစ်၍ အထံ တော်မှမ ထွက် နှင့်။ မ ကောင်းသောအမှု ကို မဆွဲမကိုင်နှင့်။ အလိုတော် ရှိသည် အတိုင်း စီရင် တော်မူမည်။ ၄ ရှင်ဘုရင် အမိန့် တော်၌ တန်ခိုး ပါ၏။ ကိုယ်တော် သည် အဘယ်သို့ ပြု သနည်းဟု အဘယ်သူ ဆို ရာ သနည်း။ ၅ အမိန့် တော်ကိုစောင့် သောသူသည် ရာဇဝတ် နှင့် လွတ် လိမ့်မည်။ ပညာရှိ သောသူ၏

စိတ်နှလုံး သည်လည်း ၊ ကာလ အချိန်ကိုငင်း၊ စီရင် ရသောအခွင့်ကိုငင်းသိမြင် တတ်၏။ ၆ လူကြီစည် သမျှ အဘို့ ၊ ကာလ အချိန်နှင့် စီရင် ရသော အခွင့်ရှိ ၏။ သို့သော်လည်း ၊ လူ သည် အလွန် ဆင်းရဲ ခြင်းကို ခံရ၏။ ၇ နောက်ဖြစ် လတံ့သောအရာ ကိုမ သိ။ အဘယ်သို့ ဖြစ် လတံ့သည်ကို တစုံတယောက်မျှမပြော နိုင်ရာ။ ၈ နံဝိညာဉ် ကို အစိုးရ၍ ချုပ် ထားနိုင်သော လူ တယောက် မျှမရှိ။ သေ ချိန် ရောက်သောအခါ တန်ခိုး မ ရှိ။ ထို စစ်မှု ထဲက ထွက် စရာအခွင့်မ ရှိ။ ဒုစရိုက်ကို ပြုသော်လည်း၊ ဒုစရိုက် သည် ထိုအမှုထဲက မ ကယ် မနှတ်နိုင်။ ၉ ဤ အမှုအရာအလုံးစုံ တို့ကို ငါတွေ့မြင် ပြီ။ နေ အောက် မှာပြု လေသမျှ တို့ကို ဆင်ခြင် ပြီ။ မိမိ အကျိုးပျက် အောင် တယောက် ကို တယောက် အုပ်စိုး သောအချိန် လည်း ရှိ၏။ ၁၀ ထို မှတပါး၊ သန့်ရှင်း ရာအရပ် ဌာနတော်သို့ သွား လာသောအဓမ္မ လူတို့သည် သင်္ဂြိဟ် ခြင်းခံရကြောင်းကို ၎င်း၊ အဓမ္မ ပြု ဘူးသောမြို့ ၌ သူတို့ကိုအဘယ်သူမျှ မအောက်မေ့ ကြောင်းကို ၎င်းငါမြင် ပြီ။ ထို အမှုအရာသည်လည်း အနတ္တ ဖြစ်၏။ ၁၁ အဓမ္မ အမှု ကို အလျင်အမြန် စစ်ကြော ၍၊ ဒဏ် မ ပေးသောကြောင့် ၊ လူ သား တို့သည် အဓမ္မ အမှုကို ပြု ခြင်းငှါ ၊ ခိုင်မာ စွာ သဘော ထားကြ၏။ ၁၂ အဓမ္မ လူသည် အကြိမ်တရာ တိုင်အောင်အဓမ္မ အမှုကိုပြု ၍ ၊ အသက် တာရှည်သော်လည်း ၊ ဘုရား သခင်ကို ကြောက်ရွံ့ သောသူတို့သည် ရှေ့ တော်၌ ကြောက်ရွံ့ သောကြောင့် ၊ ကောင်း သောအကျိုးကိုခံရ ကြမည်ဟု ငါ အမှန် သိ ၏။ ၁၃ အဓမ္မ လူကား၊ ဘုရား သခင်ရှေ့ တော်၌ မ ကြောက် မရွံ့သောကြောင့် ၊ ကောင်း သောအကျိုးကို မ ခံရ။ အရိပ် နှင့် တူသော မိမိ အသက်လည်း မ ရှည် ရ။ ၁၄ မြေကြီး ပေါ် မှာ ဖြစ် တတ်သော အနတ္တ အမှု တပါးဟူမူကား၊ အဓမ္မ လူပြုသောအမှု ကြောင့် ခံ ထိုက် သည်အတိုင်း ၊ ဖြောင့်မတ် သောသူအချို့တို့သည် အပြစ်ကိုခံရ ကြ၏။ ထိုနည်းတူ ၊ ဖြောင့်မတ် သောသူ ပြုသောအမှု ကြောင့် ခံ ထိုက်သည်အတိုင်း ၊ အဓမ္မ လူအချို့တို့သည် အကျိုးကိုခံရ ကြ၏။ ထို အမှုအရာသည်လည်း အနတ္တ ဖြစ် သည်ဟု ငါ့သဘော ရှိ၏။ ၁၅ ထိုအခါ ပျော်မွေ့ ခြင်းအမှုကို ငါ ချီးမွမ်း ၏။ အကြောင်း မူကား၊ လူ သည်နေ အောက် မှာ စား သောက် ခြင်း၊ ပျော်မွေ့ ခြင်းအမှု ထက်သာ၍ ကောင်းသောအမှု မ ရှိ။ နေ အောက် မှာ ဘုရား သခင်ပေး သနားတော်မူသောအသက် ကာလ ၌၊ ကြိုးစားအားထုတ်၍ ရသောအကျိုး တို့တွင်၊ ထိုအကျိုးကိုသာ အမြဲခံရ၏။ ၁၆ လူအချို့တို့သည် တနေ့ နှင့် တညဉ့်လုံး မ အိပ် ဘဲ နေတတ်သည်ဖြစ်၍၊ ပညာ တရားကို သိ ခြင်းငှါ ၎င်း၊ မြေကြီး ပေါ် မှာပြု သောအမှု များကို ကြည့်ရှု ခြင်းငှါ ၎င်း ၊ ငါသည် ကိုယ် နှလုံး ကို နှိုးဆော် ၏။ ၁၇ ဘုရား သခင်ပြုတော်မူသောအမှု အလုံးစုံ တို့ကို ငါကြည့်ရှု သောအခါ ၊ နေ အောက် မှာ ပြု သောအမှု များကို လူ သည် စစ် ၍ မ ကုန်နိုင်။။ ကြိုးစား ၍ စစ် သော်လည်း ၊ အကုန်အစင်မ သိ နိုင်။။ ထိုမျှ မက၊ ပညာရှိ သောသူသည် ငါသိမည်ဟု ကြံ သော်လည်း ၊ အကြံ မ မြောက်နိုင်ရာ။

၉ အထက်ဆိုခဲ့ပြီးသော အမှု အရာအလုံးစုံ တို့ကို ငါ သည် စုံစမ်း ခြင်းငှါ ဆင်ခြင် ရသည်ကား၊ ဖြောင့်မတ် သောသူနှင့် ပညာရှိ သောသူတို့သည် သူ တို့ပြုသောအမှု များနှင့်တကွ ၊ ဘုရား သခင်၏ လက် တော်၌ ရှိကြ၏။ ချစ် တော်မူသောလက္ခဏာကို ထင်ရှားသမျှသောအမှု အရာအားဖြင့်အဘယ်သူ မျှမ သိနိုင်။ ၂ ခပ်သိမ်း သောသူတို့

သည် ခပ်သိမ်း သောအမှုအရာတို့နှင့် ဆက်ဆံ ကြ၏။ တရား သောသူနှင့် မ တရား သောသူ၊ ကောင်း သောသူနှင့် မကောင်းသောသူ၊ စင်ကြယ် သောသူနှင့် မ စင်ကြယ်သောသူ၊ ယဇ် ပူဇော်သောသူနှင့် ယဇ် မ ပူဇော်သောသူ၊ အပြစ် မရှိသောသူနှင့် အပြစ် ရှိသောသူ၊ ကျိန်ဆို သောသူနှင့် ကျိန်ဆို ခြင်းကို ကြောက် သောသူတို့သည် တခု တည်းသောအမှုနှင့် တွေကြုံကြတတ် ၏။ ၃ နေ အောက် မှာ ပြု သမျှ သောအမှု၌ ပါသောဝမ်းနည်း စရာဟူမူကား၊ ခပ်သိမ်း သောသူတို့သည် တခု တည်း သောအမှု နှင့် တွေကြုံရကြ၏။ အကယ် စင်စစ်လူ သား တို့ ၏ စိတ် နှလုံးသည် ဒုစရိုက် သဘောနှင့်ပြည့် ၏။ အသက်ရှင် စဉ်အခါ၊ သူ တို့သည် ရူး သောစိတ် ကို စွဲလမ်း၍၊ နောက် တဖန် သေ သွားတတ်ကြ၏။ ၄ အသက်ရှင် သော လူစုအပေါင်း နှင့် ဆိုင် သေး သောသူသည် မြော်လင့် စရာရှိ ၏။ အသက်ရှင် သောခွေး သည် သေ သောခြင်္သေ့ ထက် သာ၍ကောင်းမြတ် ၏။ ၅ အသက်ရှင် သောသူသည် မိမိသေ ရမည်ကို သိ ၏။ သေ သောသူမူကား၊ အဘယ် အရာကိုမျှမ သိ။ အကျိုး အပြစ်ကိုလည်း မ ခံရ။ သူ့ ကိုလည်း မေ့လျော့ တတ် ကြ၏။ ၆ သူ ၏ချစ် ခြင်း၊ မုန်း ခြင်း၊ ငြူစူ ခြင်းလည်း ပျောက်ပျက် ၏။ နေ အောက် မှာ ပြု သမျှ သောအမှု၌ သူတပါး နှင့် ရောနှော ၍ မ ဆိုင်ရ။ ၇ သွား လော့။ ဝမ်းမြောက် သောစိတ်နှင့် အစာစား လော့။ ၍ငြင်လန်း သောစိတ် နှင့် စပျစ်ရည် ကို သောက် လော့။ သင် ပြုသောအမှု တို့ကို ဘုရား သခင်ဝန်ခံ တော်မူ၏။ ၈ သင့် အဝတ် လည်း၊ အစဉ် ဖြူစင် ပါလေစေ။ သင့် ခေါင်း သည်လည်း နံ့သာ ဆီမ ခန်း မခြောက်စေနှင့်။ ၉ နေ အောက် မှာ ပေး သနားတော်မူသောအနတ္တ အသက် ကာလပတ်လုံး၊ သင်ချစ် သောမယား နှင့် ၍ငြင်လန်း စွာ အသက် ကာလကို လွန်စေလော့။ ဤရွေ့ကား၊ အသက်ရှင် ၍ နေ အောက် မှာကြိုးစား အားထုတ်ရာ၌ သင် ခံရသောအကျိုး ပေတည်း။ ၁၀ ဆောင်ရွက် စရာအမှုရှိသမျှ ကိုကြိုးစား အားထုတ် ၍ ဆောင်ရွက် လော့။ အကြောင်း မူကား၊ သင် ယခု သွား ၍ ရောက်ရလတံ့သောအရပ် တည်းဟူသော မရဏာ နိုင်ငံလုပ်ဆောင် ခြင်းမ ရှိ။ ကြံစည် ခြင်းမရှိ။ သိပံ့ အတတ် မရှိ။ ပညာ မရှိပါတကား။ (Sheol h7585) ၁၁ တဖန် နေ အောက် မှာရှိသော အမှုအရာတို့ကို ငါပြန် ၍ ကြည့်ရှု သောအခါ၊ လျင်မြန် သောသူသည် ပြိုင် ၍ ပြေးသော်လည်း မ နိုင်တတ်။ ခွန်အား ကြီးသောသူသည် စစ်တိုက် ၍ မ အောင်တတ်။ ပညာရှိ သောသူသည် ဝစွာ မ စား တတ်။ ဥဏ်ကောင်းသောသူသည် စည်းစိမ် ကို မ ရတတ်။ လိမ္မာ သောသူသည် သူတပါးရှေ့၌ မျက်နှာ မ ရတတ်။ ခပ်သိမ်း သောသူ တို့ ၌ ကာလ အချိန်စေ့ခြင်း၊ အဆင်သင့် ခြင်းရှိသည်အတိုင်း ဖြစ် တတ်သည်ကို ငါမြင် ၏။ ၁၂ လူ သည် မိမိ ကာလ အချိန်ကိုမ သိ တတ်။ ဘေး ပြု ရာ ပိုက်ကွန် အုပ်မိ သော ငါး ကဲ့သို့ ၎င်း၊ ကျော့ကွင်း ၌ ကျော့မိ သော ငှက် ကဲ့သို့ ၎င်း၊ လူ သား တို့သည် ဘေး ပြုရာ ကာလ ထဲသို့ အမှတ်တမဲ့ ရောက် ၍ ကျော့မိ တတ်ကြ၏။ ၁၃ နေ အောက် မှာ ငါတွေ့မြင် ၍ ချီးမွမ်း ဘွယ်သော ပညာ ဟူမူကား၊ ၁၄ မြို့သား နည်း သောမြို့ ငယ် တမြို့ရှိ၏။ ကြီး သော ရှင် ဘုရင်တပါးသည်လာ ၍၊ ထိုမြို့ ပြင် မှာ ကြီးစွာ သော တပ် တို့ကို တည် ၍ ဝိုင်း ထား၏။ ၁၅ ထိုမြို့ ၌ နေ သောဆင်းရဲသား ပညာရှိ တယောက်သည် မိမိ ပညာ အားဖြင့် ထိုမြို့ ကို ကယ်တင် ၏။ သို့သော်လည်း၊ ထို ဆင်းရဲသား ကို အဘယ်သူ မျှမ အောက်မေ့။ ၁၆ ထိုအခါ ငါဆို သည်ကား၊ ပညာ သည် ခွန်အား ထက် သာ၍ကောင်းမြတ် ၏။

သို့သော်လည်း ၊ ဆင်းရဲ သောသူ၏ ပညာ ကို မထီမဲ့မြင် ပြုတတ်ကြ၏။ သူ ၏စကား ကို နား မ ထောင်တတ်ကြ။ ၁၇ အုပ်စိုး သောသူသည် မိုက် သောသူတို့တွင် ကြွေးကြော် သောအသံကို နားထောင်ကြသည်ထက် ၊ ငြိမ်ဝပ် ရာ၌ ပညာရှိ ပြောသောစကား ကို သာ၍နားထောင် တတ် ကြ၏။ ၁၈ ပညာ သည် စစ် လက်နက် ထက် သာ၍ကောင်း မြတ် ၏။ ဒုစရိုက် ကိုပြုသောသူသည်လည်း ၊ ကောင်း သော အမှုအများ ကို ဖျက်ဆီး တတ်၏။

၁၀ အထုံသမားလုပ် သော နံ့သာ ဆီကို သေ သော ယင်ကောင် သည် နံ စေသကဲ့သို့၊ အနည်းငယ် သောအမိုက် သည် ပညာ နှင့်ဂုဏ် အသရေထင်ရှား သောသူကို ထိုအတူ ဖြစ်စေတတ်၏။ ၂ ပညာရှိ သောသူ၏ နှလုံး သည် မိမိ လက်ျာ လက် ၌ ရှိ၏။ မိုက် သောသူ၏နှလုံး မူကား ၊ မိမိ လက်ဝဲ လက်၌ ရှိ၏။ ၃ မိုက် သောသူသည်လမ်း ၌ သွား စဉ်တွင်ပင် သတိ လစ် ၍ ၊ ငါသည် လူမိုက် ဖြစ်၏ဟု ခပ်သိမ်း သောသူတို့အား ပြော တတ်၏။ ၄ မင်း သည် သင့် ကို စိတ်ဆိုး လျှင် ၊ ကိုယ် နေသင့်ရာ အရပ် မှ မ ရွေ့ နှင့်။ သည်းခံ ခြင်းသည် ကြီး သောအပြစ် ကို ဖြေ တတ်၏။ ၅ မင်း မှားယွင်း ခြင်းအားဖြင့် ဖြစ် တတ်သော ၊ နေ အောက် ၌ ငါမြင် ရသောအမှု ဆိုးဟူမူကား၊ ၆ မိုက် သောသူတို့သည် မြင့် သောအရပ်၊ သူဌေး တို့ သည် နိမ့် သောအရပ်၌ ထိုင် ရသောအမှု၊ ၇ ကျွန် တို့သည် မြင်း ကိုစီး၍ မှူးမတ် တို့သည် ကျွန် ကဲ့သို့ မြေ ပေါ် မှာ ခြေဖြင့်သွား ရသောအမှုကို ငါမြင် လေပြီ။ ၈ တွင်း ကို တူး သောသူသည် ထို တွင်းထဲသို့ ကျ လိမ့်မည်။ ခြံ ကိုဖျက် သောသူသည် မြွေ ကိုက် ခြင်းကိုခံရလိမ့်မည်။ ၉ ကျောက် တို့ကို ရွှေ့ သောသူသည် ဖိ ခြင်းကိုခံရလိမ့်မည်။ ထင်း ခုတ် သောသူသည်လည်း ရှုန လိမ့်မည်။ ၁၀ ပုဆိန် တုံး သောအခါ မ သွေး ဘဲနေလျှင် သာ၍အားထုတ် ရမည်။ ပညာ သည် အမှုဆောင် ရသောအခွင့် ကိုပေး ၍ ကျေးဇူး ကြီး၏။ ၁၁ မြွေ သည် ပြုစား ခြင်းကိုမ ခံ။ ကိုက် မိလျှင် အလမ္ဘယ် သမား ကျေးဇူး မ ရှိ။ ၁၂ ပညာရှိ သောသူ၏စကား သည် လျောက်ပတ် ၏။ မိုက် သောသူ၏ နှုတ် မူကား သူ့ ကိုယ်ကိုမျိုု တတ်၏။ ၁၃ သူ ၏စကား အစ သည် မိုက် ခြင်း၊ အဆုံး သည် အပြစ် ပြုတတ်သော ရူး ခြင်းဖြစ်၏။ ၁၄ မိုက် သောသူသည် စကား များ တတ်၏။ သို့သော်လည်းဖြစ် လတ္တံ့သောအရာ ကို လူ သည်မ ပြော နိုင်ရာ။ လူ နောက် ၌ အဘယ်သို့ ဖြစ်လတ္တံ့သည်ကို အဘယ်သူပြောနိုင်သနည်း။ ၁၅ မြို့ သို့ သွား သောလမ်းကို မ သိ သောသူကဲ့သို့မိုက် သောသူသည် ကြိုးစား အားထုတ်သော်လည်း ၊ သူတပါး တို့ကို ပင်ပန်း စေတတ်၏။ ၁၆ ငယ်သား အစိုးရ ၍ မှူးမတ် များအချိန်မဲ့နံနက် စောစောစားသောက် တတ်သောပြည် သည် အမင်္ဂလာ ရှိ၏။ ၁၇ မင်းသား အစိုးရ ၍ ၊ မှူးမတ် တို့သည် လွန်ကျူး စွာ မ စားမသောက်ဘဲ၊ အချိန်တန် မှအားဖြည့် ခြင်းငှါ သာ၊ စားသောက် တတ်သော ပြည် သည် မင်္ဂလာ ရှိ၏။ ၁၈ အလွန်ပျင်းရိ ခြင်းအားဖြင့် အိမ်သည် ဆွေးမြေ့ တတ်၏။ လက် နှင့်မ ပြုပြင်ဘဲနေလျှင် အိမ် မိုးယို တတ်၏။ ၁၉ ပျော်မွေ့ ခြင်းငှါ ပွဲ ကိုလုပ် တတ်၏။ စပျစ်ရည် သည်လည်း ရွှင်လန်း စေတတ်၏။ ငွေ မူကား ၊ အရာရာ ၌ နိုင် တတ်၏။ ၂၀ ရှင် ဘုရင်ကို စိတ် ဖြင့် မျှ မ ကျိန်ဆဲ နှင့်။ လူကြီး ကို အိပ် ခန်း ထဲ ၌မ ကျိန်ဆဲ နှင့်။ မိုးယံ းကောင်းကင်၌ ကျင်လည်သော ငှက် သည် ထိုအသံ ကို ဆောင်သွား လိမ့်မည်။ ပျံ တတ်သော အကောင်သည် ထိုအမှုကို ဘော်ပြ လိမ့်မည်။

၁၁ သင် ၏အစာ ကို ရေ ပေါ် မှာပစ် ချလော့။ ကာလ ကြာမြင့် မှ တဖန်တွေ့ လေဦးမည်။ ၂ လူခုနစ် ယောက်မက၊ ရှစ် ယောက်တို့အား ဝေမျှ လော့။ မြေ ပေါ် မှာအဘယ် အမှု ရောက် မည်ကို သင်မ သိ။ ၃ မိုးယံးတိမ် တို့သည် မိုးယံးရေနှင့်ပြည့် သောအခါ မြေ ပေါ် မှာရွာ တတ်၏။ သစ်ပင် သည် တောင် ဘက်သို့ လဲ သည်ဖြစ်စေ ၊ မြောက် ဘက်သို့ လဲသည်ဖြစ်စေ၊ လဲ သောအရပ် ၌ နေရာ ကျ၏။ ၄ လေ ကိုမှတ် တတ်သောသူသည်မျိုးစေ့ကိုမ ကြဲ။ မိုးယံးတိမ် တို့ကို ပမာဏ ပြုတတ်သောသူသည် လည်း စပါး ကိုမ ရိတ်ရာ။ ၅ နံဝိညာဉ် သွားရာလမ်း ကို၎င်း၊ ကိုယ်ဝန်ဆောင် သော မိန်းမဝမ်း ၌ အရိုး တို့သည် အဘယ်သို့ တိုးပွား သည်ကို၎င်း မ သိ နိုင်သကဲ့သို့ ၊ အလုံးစုံ တို့ကို ဖန်ဆင်း တော်မူသောဘုရား သခင်၏အမှုတော် တို့ကို မ သိ နိုင်။ ၆ နံနက် အချိန်၌ မျိုးစေ့ ကိုကြဲ လော့။ ညဦး အချိန်၌ လည်း မ ကြဲ ဘဲမနေနှင့်။ အကြောင်း မူကား၊ အဘယ် အရာ သည် အကျိုး ရှိမည်ကို၎င်း၊ နှစ်ပါး စလုံးတို့သည် အညီအမျှ အကျိုး ရှိမည်ကို၎င်းမ သိ နိုင်။ ၇ အကယ် စင်စစ်အလင်း သည်ချို ၏။ နေ ရောင်ခြည် ကိုမြင် ၍ ပျော် ပါးစရာရှိ၏။ ၈ သို့ရာတွင် ၊ လူ သည်အသက်တာ ရှည် ၍ အစဉ် ချွင်လန်း သော်လည်း ၊ မှောင်မိုက် ကာလ ကို အောက်မေ့ ပါစေ။ ထိုကာလကြာမြင့် လိမ့်မည်။ ဖြစ် လတံ့သမျှ တို့သည် အနတ္တ သက်သက်ဖြစ်ကြ၏။ ၉ အချင်းလူပျို ၊ အသက် ပျိုသောအခါ ပျော်မွေ့ လော့။ အသက် ပျိုစဉ် ကာလတွင် စိတ် ချွင်လန်း ခြင်း ရှိလော့။ ကိုယ် အလို ရှိရာလမ်း နှင့် ၊ ကိုယ်ဉာဏ်ပြသော လမ်းသို့လိုက်လော့။ သို့ရာတွင် ၊ ထိုအမှုအလုံးစုံတို့ကို ဘုရား သခင်စစ်ကြော ၍ ၊ သင့် ကို အပြစ်ပေး တော်မူမည် ဟု အောက်မေ့ လော့။ ၁၀ သို့ ဖြစ်၍ ၊ စိတ် ညှိုးငယ် ခြင်းအကြောင်း နှင့် ၊ ကိုယ် ဆင်းရဲ ခြင်းအကြောင်း ကို ပယ်ရှား လော့။ အသက် ငယ် ခြင်းအရာနှင့် အရွယ် ပျိုခြင်းအရာသည် အနတ္တ ဖြစ်၏။

၁၂ ငါ နေ၍ မ ပြော နိုင်ဟုဆိုရသော ကာလ သည် မနီး၊ ဆိုး သောကာလ မ ရောက် မီ၊ ယခုအသက် ပျိုစဉ်အခါ ပင်၊ သင့် ကို ဖန်ဆင်း တော်မူသောအရှင်ကို အောက်မေ့ လော့။ ၂ နေ နှင့် အလင်း ၊ လ နှင့် ကြယ် တို့သည် ကွယ်၍ မိုးယံး ရွာပြီးမှ ၊ အထပ်ထပ်ရွာတတ်သော ကာလမရောက် မီ အောက်မေ့လော့။ ၃ ထိုကာလ ၌ အိမ် စောင့် တို့သည် တုန်လှုပ် ၍ ၊ ခိုင်ခံ့ သောသူ တို့ သည် အားလျော့ ကြလိမ့်မည်။ ဆန် ကြိတ် သောသူတို့သည် နည်း သောကြောင့် ရပ် ကြ လိမ့်မည်။ ပြတင်းပေါက် ဖြင့် ကြည့် သောသူတို့ သည် အလင်း ကွယ်ကြလိမ့်မည်။ ၄ ကြိတ် သံ လျော့ သောအခါ ၊ လမ်း နား မှာ တံခါးရွက် တို့သည် စေ့ လျက်ရှိလိမ့်မည်။ ငှက် သံ ကိုကြားသောအခါ ၊ စောစောထ လိမ့်မည်။ သီချင်း သည်မ အပေါင်း တို့ သည် အသံ သေးကြလိမ့်မည်။ ၅ ထို ကာလ၌ မြင့် သောအရာတို့ကို ကြောက် ကြ လိမ့်မည်။ လမ်း ၌ ဘေး တွေ့မည်ဟု ထင်ကြလိမ့်မည်။ ဗာတံ ပင်ပွင့် လိမ့်မည်။ ကျိုင်းကောင် သည် မိမိ ၌မိမိ လေးလိမ့်မည်။ အလို ဆန္ဒလျော့ လိမ့်မည်။ အကြောင်း မူကား၊ လူ သည်ထာဝရ နေရာ သို့ သွား ဆဲရှိ၍ ၊ ငို ခြင်းသည် တို့သည် လမ်း တို့ ၌ လှည့်လည် ကြ၏။ ၆ ငွေ ကြိုး ပြုတ် ခြင်း၊ ရွှေ ဖလား ကွဲ ခြင်း၊ စမ်းရေ တွင်း ၌ ရေပုံး ပေါက် ခြင်း၊ ရေကျင်း နား မှာစက်ကျိုးခြင်း အခြင်းအရာတို့သည် ဖြစ်ကြလိမ့်မည်။ ၇ ထိုကာလ၌ မြေမှုန့် သည် နေရင်းမြေ သို့ ၎င်း၊ ဝိညာဉ် သည် အရင်ပေး တော်မူသောဘုရား သခင်ထံသို့ ၎င်း ပြန် သွားရလိမ့်မည်။ ၈ အနတ္တ သက်သက်၊ အလုံးစုံ

တို့သည် အနတ္တ ဖြစ် ကြသည်ဟု ဓမ္မဒေသနာဆရာ ဟော ၏။ ၉ ဓမ္မဒေသနာဆရာ သည် ပညာရှိ သည်အတိုင်း ၊ ပရိသတ် တို့အား ပညာ အတတ်ကို သွန်သင် လေ့ရှိ၏။ လုံ့လ ဝိရိယပြုလျက် များစွာ သော သုတ္တံ စကားတို့ကို ရွာဖွေ ၍စီရင်၏။ ၁၀ ဓမ္မဒေသနာဆရာ သည် နားထောင် ဘွယ်သော စကား ကိုရွာ ၍ ၊ ရေးထား ချက်စကားသည် ဖြောင့်မတ် သောစကား၊ သမ္မာ စကား ဖြစ်၏။ ၁၁ ပညာရှိ သောသူ၏စကား သည် တုတ်ချွန် နှင့် ၎င်း၊ တပါး တည်းသော သိုးထိန်း ကြီးအပ်ပေး တော်မူ၍ ၊ ပရိသတ် အုပ်တို့ ရိုက် ထားသောသံချွန် နှင့် ၎င်း တူ၏။ ၁၂ တဖန်တုံ ၊ ငါ့ သား ၊ ထိုသို့သောစကားအားဖြင့်ဆုံးမ ခြင်းကိုခံ လော့။ စာ များကိုစီရင် ၍ မကုန်နိုင်။ စာကိုကြိုးစား၍ ကြည့်ရှုခြင်းအမှုသည်၊ ကိုယ် ကိုနှောင့်ရှက် သောအမှုဖြစ်၏။ ၁၃ အချုပ်အခြာ စကား ဟူမူကား၊ ဘုရား သခင်ကို ကြောက်ရွံ့ ၍ ၊ ပညတ် တော်တို့ကို စောင့်ရှောက် လော့။ ဤ ရွေ့ကား၊ လူ နှင့်ဆိုင်သော အမှုအရာအလုံးအစုံ တို့ကို ချုပ်ခြာသတည်း။ ၁၄ အကြောင်း မူကား၊ ဘုရား သခင်သည် ခပ်သိမ်း သော ဥက်ထား ခြင်းမှစ၍ ၊ အလုံးစုံ သောအမှု ၊ ကောင်း မကောင်း ရှိသမျှတို့ကို စစ်ကြော ၍၊ တရားသဖြင့် စီရင် တော်မူလတံ့သတည်း။

ရှောလမုန်သီချင်း

၁ သီချင်းတကာတို့တွင် အထွဋ်ဖြစ်သော ရှောလမုန် သီချင်း။ ၂ သခင် နှုတ်ဆက် သော နမ်း ခြင်းဖြင့် ကျွန်မ ကို နမ်း ပါစေ။ ကိုယ်တော် ၏မေတ္တာ သည် စပျစ်ရည် ထက် သာ၍ကောင်း ပါ၏။ ၃ ကိုယ်တော် ၌ မွှေးကြိုင် သော နံ့သာ ဆီကဲ့သို့ နာမ တော်သည် သွန်းလောင်း သောနံ့သာ ဆီဖြစ်ပါ၏။ ထိုကြောင့် သတို့သမီး ကညာတို့သည် ကိုယ်တော် ကိုချစ် ကြပါ ၏။ ၄ ကျွန်မ ကို သွေးဆောင် တော်မူပါ။ ကျွန်မတို့ သည် နောက်တော်သို့ပြေး ၍ လိုက်ကြပါမည်။ အရှင် မင်းကြီးသည် အိမ်တော်အတွင်း ခန်းထဲသို့ ကျွန်မ ကို ဆောင် ခဲ့တော်မူပြီ။ ကျွန်မတို့သည် ကိုယ်တော် ကြောင့် ဝမ်းမြောက် ရွှင်လန်း ကြမည်။ မေတ္တာ တော်ကို စပျစ်ရည် ထက် သာ၍ချီးမွမ်း ကြမည်။ သတို့သမီးကညာတို့သည် ကိုယ်တော် ကိုမှန်ကန် စွာ ချစ် ကြပါ၏။ ၅ အိုယေရုရှလင် မြို့သမီး တို့၊ ငါ သည်ကေဒ တဲ ကဲ့သို့ မည်း သောအဆင်းရှိသော်လည်း ၊ ရှောလမုန် မင်း၏ ကုလားကာ ကဲ့သို့ တင့်တယ် သေး၏။ ၆ ငါ သည်နေ ပူကိုခံ ၍ မည်း သောအဆင်းရှိသောကြောင့် ၊ ငါ့ ကိုမ ကြည့်ရှု ကြပါနှင့်။ ငါ့ မိခင် ၏သားသမီး တို့ သည် ငါ့ ကို မနာလိုသောစိတ် ရှိ၍၊ စပျစ် ဥယျာဉ်တို့ကို စောင့် စေကြ၏။ ကိုယ် ဥယျာဉ် ကို မ စောင့် ရပါ။ ၇ ကျွန်မနှစ်သက်နှစ်လိုရာအရှင်၊ ကိုယ်တော်သည် သိုးများကိုအဘယ်မှာ ထိန်းတော်မူသည်ကိုငင်း၊ မွန်းတည့် ချိန်၌ အဘယ်မှာအရပ်ခိုစေတော်မူသည်ကိုငင်းပြ တော်မူပါ။ ကျွန်မသည် အခြားတပါးသော သိုးထိန်းနောက်သို့ အဘယ်ကြောင့်လမ်းလွဲ၍လိုက်ရပါအံ့နည်း။ ၈ မိန်းမ တကာတို့ထက် အဆင်း လှသောအစ်မ၊ သင် သည်မ သိ လျှင် ၊ သိုး များခြေရာ သို့လိုက် သွား၍ ၊ သိုးထိန်း တဲ များအနား မှာ သင် ၏သိုးသငယ် တို့ကို ကျွေးမွေး ပါလော့။ ၉ ငါ ချစ် သောနှမ၊ သင့် ကိုဖာရော မင်းရထား ၌ ကသော မြင်း နှင့် ငါပုံ ပြမည်။ ၁၀ သင် ၏ပါးသွယ် ၌ မုတ်ပုတီးတန်ဆာ ဆင်လျက် ၊ လည်ပင်း ၌ ပုလဲ အသွယ်သွယ်ဆွဲလျက် ၊ သင်သည် တင့်တယ် လှ၏။ ၁၁ ငွေ နှင့် အပြောက် ချယ်သော ရွှေ ပုတီး အသွယ်သွယ်ကိုလည်း လုပ် ၍ ပေးဦးမည်။ ၁၂ အရှင် မင်ကြီးသည် စားပွဲ တော်နား မှာ ထိုင်နေစဉ် ၊ ငါ ထုံသော နာဒုဆီမွှေး အနံ့ သည် တပျုံ့ပျုံ့ တလိုင်လိုင်ဖြစ်လေ၏။ ၁၃ ငါ ချစ် ရာသခင်သည် ငါ ၌ မုရန် နံ့သာပုံ ဖြစ်၍၊ ငါ့ ရင်အုံ ကြား မှာ တညဉ့်လုံးအိပ် ရမည်။ ၁၄ ငါ ချစ် ရာသခင်သည် အင်ဂေဒိ ဥယျာဉ် မှ ဖြစ် သော ဟန်ာ ခက်ရွက်စည်းကဲ့သို့ ဖြစ်ပါ၏။ ၁၅ ငါ ချစ် သောနှမ၊ သင် သည် အဆင်း လှပေ၏။ အလွန်လှ ပေ၏။ ချိုး မျက်စိ နှင့်ပြည့်စုံ၏။ ၁၆ ငါ ချစ် ရာသခင်သည် အဆင်းလှ ၍၊ ချစ် ဘွယ် သော လက္ခဏာနှင့် ပြည့်စုံတော်မူ၏။ ငါ တို့အိပ်ရာခင်း သည် စိမ်း သော အဆင်းရှိ၏။ ၁၇ ငါ တို့ ဗိမာန် တိုင် တို့သည် အာရဇ ပင်၊ အမိုး သည် ထင်ရူး ပင်ဖြင့်ပြီးသတည်း။

၂ ကျွန်မသည် ရှာရုန် အရပ်နှင်းဆီ ပွင့်၊ ကွင်းပြင် ၌ပေါက်သော နှင်းပွင့် မျှသာဖြစ်ပါ၏။ ၂ ဆူး တောထဲမှာ နှင်းပွင့် ထင်သကဲ့သို့ ၊ ငါ ချစ် သောသတို့သမီးသည် လူမျိုးသမီး စုထဲမှာ ထင်ပေ၏။ ၃ တော ပင် စုထဲမှာ ရှောက်ချို ပင်ကဲ့သို့ ငါ ချစ် ရာ သခင်သည် လူမျိုးသား စုထဲမှာ ဖြစ်တော်မူ၏။ ငါသည် သူ ၏အရိပ် ဝယ် ပျော်မွေ့ နေထိုင် ၍ ၊ မြိန် စွာသော

အသီး ကို စား ရ၏။ ၄ ပွဲခံ ရာအိမ် သို့ ငါ့ ကိုဆောင်သွား၍ ၊ မေတ္တာ တော်အလံ ကို ငါ့ အပေါ် မှာ မိုးတော်မူပြီ။ ၅ ငါ သည်ချစ်ခြင်း အားဖြင့်ကြင်နာ သည်ဖြစ်၍ ၊ ငါ့ ကိုစပျစ်သီးပျဉ် နှင့် အားဖြည့် ကြပါ။ ရှောက်ချို သီးကို ကျွေး၍ သက်သာ စေကြပါ။ ၆ သင်၏ လက်ဝဲ လက်သည် ငါ့ ခေါင်း ကိုထောက်မလျက်၊ လက်ျာ လက်သည် ငါ့ ကိုဘက် လျက်နေတော်မူပါစေ။ ၇ ယေရုရှလင် မြို့သမီး တို့၊ ငါချစ် သော သတို့သမီးသည် အလိုလို မ နှိုး မှီတိုင်အောင်၊ မ လှုပ်မနှိုး မည် အကြောင်း ၊ တော ၌ ကျင်လည်သော သမင် ဒရယ် များကို တိုင်တည်၍ သင် တို့ကို ငါမှာ ထား၏။ ၈ ငါ ချစ် ရာသခင်၏စကား သံပေ။ ကြည့် ပါ။ တောင် ကြီးတောင် ငယ်တို့ကို ခုန်ကျော် လျက်ကြွလာ ၏။ ၉ ငါ ချစ် ရာသခင်သည် သမင် ဒရယ် သငယ် နှင့် တူ၏။ ကြည့် ပါ။ အုတ်ရိုး ပြင် မှာရပ် တော်မူ၏။ ပြတင်းပေါက် ဝတွင် ကြည့် လျက် ၊ ပြတင်းရွက် ကြား မှာ ကိုယ်ကို ပြလျက်နေတော်မူ၏။ ၁၀ ငါ ချစ် ရာ သခင်သည် ခေါ် ၍ ပြော သည်ကား၊ ငါ ချစ် သောနှမ၊ ငါ ၏မိန်းမလှ ၊ ထ ၍ လာ ခဲ့ပါ။ ၁၁ ဆောင်း ကာလလွန် ပြီ။ မိုးယံ း လည်းကြည်လင် ပြီ။ ၁၂ မြေကြီး ပေါ် မှာ ပန်း များ ပွင့် ကြပြီ။ ငှက်တို့ မြည်တွန် ချိန် လည်း ရောက် လေပြီ။ ငါ တို့မြေ ၌ ချိုးငှက် တွန်သံ ကိုလည်း ကြား ရ၏။ ၁၃ သင်္ဘော် သဖန်းပင်သည် စိမ်း သောအသီးကို မှည့် စေ၏။ စပျစ်နွယ် ပင်လည်း ပွင့် လျက်မွှေးကြိုင် ၏။ ငါ ချစ် သောနှမ၊ ငါ ၏မိန်းမလှ ၊ ထ၍လာ ခဲ့ပါ။ ၁၄ တောင် ပေါ် ၌ ခိုလှုံ ရာကျောက် ကြား တွင် ရှိသောငါ ၏ချိုးငှက် ၊ သင် ၏မျက်နှာ ကိုမြင် ပါရစေ။ သင် ၏စကား သံကို ကြား ပါရစေ။ သင် ၏စကား သံသည် ချို ၏။ သင် ၏ မျက်နှာ လည်း လှ ၏။ ၁၅ စပျစ်နွယ် ပင်တို့ကို ဖျက် လတံ့သော မြေခွေး များ နှင့် မြေခွေး ကလေး များကို ငါ တို့ဘို့ ဘမ်း ကြလော့။ ငါ တို့ စပျစ်နွယ် ပင်တို့သည် အပွင့် ပွင့်လျက်ရှိကြ၏။ ၁၆ ငါ ချစ် ရာသခင်ကိုငါ ဆိုင် ပေ၏။ ငါ့ ကိုလည်း သခင် ဆိုင် ပေ၏။ နှင်း တောၵ္ခ ကျက်စား တော်မူ၏။ ၁၇ မိုးယံ း မသောက်၊ မှောင်မိုက်အရိပ် မ ပြေး မှီ၊ ငါ ချစ် ရာသခင်၊ ဗေသာ တောင် ပေါ် မှာ သမင် ဒရယ်သငယ် ကဲ့သို့ တဖန်ပြုတော်မူပါ။

၃ ငါ့ ဝိညာဉ် ချစ် သောသူ ကို ညဉ့် အခါ အိပ်ရာ ပေါ် မှာ ငါရှာ ၏။ ရှာ သော်လည်း မ တွေ့။ ၂ ငါထ မည်။ မြို့ လမ်းတို့တွင် လည် မည်။ ငါ့ ဝိညာဉ် ချစ် သောသူ ကို လမ်းမ တို့တွင် ရှာ မည်ဟုဆိုလျက် ရှာ သော်လည်း မ တွေ့။ ၃ မြို့ ကိုလည် သော ကင်း စောင့်တို့သည် ငါ့ ကို တွေ့ ကြသော်၊ ငါ့ ဝိညာဉ် ချစ် သော သူ ကိုမြင် ကြသလောဟု ငါမေး၏။ ၄ သူ တို့မှ အနည်းငယ် လွန် ပြန်လျှင် ၊ ငါ ဝိညာဉ် ချစ် သောသူ ကို တွေ့ ၏။ ငါသည် သူ ကိုမ လွှတ်။ အမြဲကိုင် ၍ ငါ့ ကိုဘွားမြင် သော မိခင် ၏အိမ် ၌ အိပ်ရာအခန်း ထဲ သို့ ဆောင် ခဲ့ ၏။ ၅ ယေရုရှလင် မြို့သမီး တို့၊ ငါချစ် သော သတို့သမီးသည် အလိုလို မ နှိုး မှီတိုင်အောင်၊ မ လှုပ်မနှိုး မည် အကြောင်း ၊ တော ၌ ကျင်လည်သောသမင် ဒရယ် များကို တိုင်တည်၍၊ သင် တို့ကို ငါမှာ ထား၏။ ၆ မုရန် ၊ လောဗန် အစရှိသော ကုန်သည်ရောင်း တတ်သောနံ့သာမှုန့်မျိုးကို မီးရှို့၍၊ ထ သော မီးခိုး တိုင် သဏ္ဌာန် ရှိလျက်၊ တော ထဲ ကလာ သော ထို သူကား၊ အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း။ ရှောလမုန် မင်း၏ယာဉ်ပျံ တော်ကိုကြည့် ကြလော့။ သူရဲ ခြောက်ကျိပ် ၊ ဣသရေလ အမျိုးသားသူရဲ အချွေအရံ ရှိကြ၏။ ၇ ထိုသူ အပေါင်း တို့သည် ထား ကိုင် လျက်၊ စစ်မှု စစ်ရေး၌ လေ့ကျက် သောသူဖြစ် ကြ၏။ ၈ ညဉ့် အခါ စိုးရိမ်

စရာရှိသောကြောင့် ၊ လူတိုင်း မိမိ ပေါင် ၌ မိမိ ထား ကိုမြှောင်ထားလျက်ရှိ၏။ ၉ လေဗနုန် သစ်သား ဖြင့် ရှောလမုန် မင်းကြီး လုပ် တော်မူသောယာဉ် ပျံတော်ဖြစ်၏။ ၁၀ ကွန်းစင်တိုင် တို့ကို ငွေ ဖြင့်ငင်း၊ အောက် ပိုင်းကို ရွှေ ဖြင့်ငင်း၊ ထိုင်ရန်ဖုံကို နီမောင်း သော ကမ္ပလာဖြင့်ငင်း၊ ပြီး စေတော်မူ၏။ အတွင်း ကိုမူကား၊ ယေရုရှလင် မြို့သမီး တို့သည် မေတ္တာနှင့် ချယ်လှယ် ကြပြီ။ ၁၁ ဇိအုန် သတို့သမီး တို့၊ လက်ထပ် မင်္ဂလာဆောင်သောနေ့ ၊ နှလုံး တော်ရွှင်လန်း သောနေ့ ၌ မယ်တော် တင် သော ဦးရစ် သရဖူကို ဆောင်းတော်မူသောရှောလမုန် မင်းကြီး ကို သွား၍ ဖူးမြင် ကြလော့။

၄ သင် သည် အဆင်း လှပေ၏။ ငါ ချစ် သောနှမ၊ အလွန်လှ ပေ၏။ ဗျာပါဆံ ကြား မှာ ချိုး မျက်စိ နှင့် ပြည့်စုံ၏။ ဆံပင် သည်လည်း ဂိလဒ် တောင် ပေါ်မှ ဆင်း လာသော ဆိတ် စု ကဲ့သို့ ဖြစ်၏။ ၂ သင် ၏သွား တို့သည်လည်း အမွေး ညှပ်၍ ၊ ရေချိုး ရာမှ တက် လာသောသိုးစု ကဲ့သို့ ဖြစ်ကြ၏။ တ ကောင်မျှမ လျော့။ အမွှာ သာ ဘွားတတ်ကြ၏။ ၃ နှုတ်ခမ်း သည်လည်း နီ တွေးသောကြိုး နှင့်တူ ၏။ စကား သံလည်း သာယာ ပေ၏။ နားပန်းဆံကြားမှာ ပါးတို့ သည် သလဲသီးရှက်နှင့်တူ ကြ၏။ ၄ လည်ပင်း သည်လည်း၊ သူရဲ တို့သာသုံးဆောင်တတ်သော ဒိုင်း လွှားတထောင် ဆွဲ ထားသော လက်နက်စုံ ဘဏ္ဍာ တိုက်တည်းဟူသော ဒါဝိဒ် မင်း၏ ရဲတိုက် နှင့် တူ၏။ ၅ ရင်သား နှစ် ဘက်တို့သည် နှင်း တောင့် ကျက်စား သော ဒရယ် သငယ် အမွှာ နှင့် တူ ကြ၏။ ၆ မိုယ်း မသောက်၊ မှောင်မိုက်အရိပ် မ ပြေး မှီ၊ ငါသည်မုရန် တောင် နှင့် လောဗန် ကုန်း သို့ သွား မည်။ ၇ ငါ ချစ် သောနှမ၊ သင် သည်အပြစ် တစုံတခုမျှမ ရှိ။ တကိုယ်လုံး လှ ပေ၏။ ၈ ငါ နှင့်အတူ လေဗနုန် တောင်က လာ ပါအပယ်။ ငါ နှင့်အတူ လေဗနုန် တောင်က လာ ပါ။ အာမန တောင်ထိပ် ၊ ရှနိရ တောင်၊ ဟေရမုန် တောင်ထိပ် ၊ ခြင်္သေ့ တွင်း များ၊ ကျားသစ် နေရာ တောင် များအပေါ် က ကြည့်ရှုပါ။ ၉ ငါ့ နှမ ၊ ငါ့ခင်ပွန်း၊ သင်သည် ငါ့ နှလုံးကိုလု ယူပြီ။ သင် ၏ မျက်စိ တကြည့် ၊ လည်ပင်း တလည့် ဖြင့် ငါ နှလုံးကို လု ယူပြီ။ ၁၀ ငါ့ နှမ ၊ ငါ့ခင်ပွန်း ၊ သင် ၏မေတ္တာ သည် အလွန် ချိုပေ၏။ သင် ၏မေတ္တာ သည် စပျစ်ရည် ထက် အထူးသဖြင့် ကောင်း ပေ၏။ သင်းထုံ သောနံ့သာ ဆီသည် နံ့သာမျိုး တကာ တို့ထက် အထူးသဖြင့်မွှေးကြိုင်ပေ၏။ ၁၁ ငါ့ခင်ပွန်း ၊ သင် ၏နှုတ်ခမ်း သည် ပျားလပို့ ကဲ့သို့ယို တတ်၏။ လျှာ အောက် မှာ နို့ နှင့် ပျားရည် ရှိ၏။ အဝတ် တန်ဆာသည်လည်း လေဗနုန် အမွှေး အကြိုင်ကဲ့သို့ မွှေးကြိုင် လျက်ရှိ၏။ ၁၂ ငါ့ နှမ ၊ ငါ့ခင်ပွန်း သည် ဝင်း ကာသောဥယျာဉ် ၊ ပိတ်ထားသော ရေကန် ၊ တံဆိပ် ခတ်သော ရေတွင်း ဖြစ်ပေ၏။ ၁၃ သင် ၏ပျိုးပင် တို့ကား၊ ချို သောအသီး ကို သီးတတ်သော သလဲ တော ၊ နာဒ္ဒ ပင်နှင့် ရောသောဟန်ာ တော၊ ၁၄ နာဒ္ဒ ပင်၊ ကုရကုမ ပင်၊ ကြဲ ပင်၊ သစ်ကြဲပိုး ပင်၊ လောဗန် ပင် မျိုး၊ မုရန် ပင်၊ အကျော် ပင်၊ အမြတ် ဆုံးသော နံ့သာ ပင်မျိုးပါကြ၏။ ၁၅ ဥယျာဉ် များကို ရေ လောင်းစရာရေကန် ၊ စမ်းရေ တွင်း၊ လေဗနုန် တောင်က စီး ထွက်သော မြစ်ရေလည်း ပါသတည်း။ ၁၆ မြောက် လေ၊ နိုး ပါ။ တောင် လေ၊ လာ ပါ။ ငါ့ ဥယျာဉ် အပေါ် သို့ လာ ကြပါ။ မွှေးကြိုင်သောအနံ့ သည် ပျံ့လိုင် ပါစေ။ ငါ ချစ် ရာသခင်သည် ဥယျာဉ် တော်သို့ ဝင် ၍ ၊ ချို သောအသီး ကို စား တော်မူပါစေ။

၅ ငါ နှမ ၊ ငါ့ခင်ပွန်း ၊ ငါ့ ဥယျာဉ် ထဲ သို့ ငါဝင် လာပြီ။ ငါ့ မုရန် နှင့် နံ့သာမျိုး ကိုခံယူ ပြီ။ ငါ့ ပျားရည် နှင့် ပျားလပို့ ကို စား ရပြီ။ ငါ့ နို့ နှင့် စပျစ်ရည် ကိုသောက် ရပြီ။ ငါ့အဆွေ တို့၊ စား ကြလော့။ ငါ့မိတ်ဆွေ တို့၊ သောက် ကြ။ ဝ စွာ သောက်ကြလော့။ **၂** ငါ သည် အိပ်ပျော် စဉ်၊ နှလုံး နိုး လျက်ရှိ၏။ ငါ ချစ် ရာ သခင်၏စကား သံပေ။ ငါ့ နှမ ၊ ငါ ချစ် သောအမိ၊ ငါ့ ချိုး ၊ ငါ ၏စုံလင် သူ၊ ငါ အား ဖွင့် ပါ။ ငါ့ ခေါင်း သည် နှင်း နှင့်ငင်း၊ ငါ့ ဆံပင် သည် ညဉ့် ၌ကျ တတ်သော နှင်းစက်များနှင့်ငင်း စိုစို ပြီဟုဆိုလျက်၊ ခေါက် ၍နေတော်မူ၏။ **၃** ကျွန်မ သည် အဝတ် ကိုချွတ် ပါပြီ။ အဘယ် ကြောင့် ဝတ် ပြန်ရမည်နည်း။ ခြေ ကိုလည်းဆေး ပါပြီ။ တဖန်ညစ် အောင် အဘယ် ကြောင့်ပြုရပါမည်နည်း။ **၄** ငါ ချစ် ရာသခင်သည် လက် တော်ကိုတံခါးပေါက် အထဲ သို့ သွင်း တော်မူသည်ဖြစ်၍ ၊ သူ့ ကိုချစ်သနားသောစိတ် အားကြီး သဖြင့်၊ **၅** ငါ ချစ် ရာသခင်အား တံခါးကိုဖွင့် အံ့သောငှါ ထ သောအခါ ၊ ငါ့ လက် မှမုရန် ဆီ၊ ငါ့ လက်ချောင်း တို့မှ ပကတိမုရန် ဆီသည် တံခါး ကျင်တိုက်ပေါ် မှာ စက်စက် ကျလေ၏။ **၆** ငါ ချစ် ရာသခင်အား ငါ ဖွင့် သည်ရှိသော်၊ ငါ ချစ် ရာ သခင်သည်ထွက် သွား နှင့်ပြီ။ စကား သံတော်ကို စေ့စေ့နားထောင်လျက်၊ သခင် ကိုငါရှာ သော်လည်း မ တွေ့။ ခေါ် သော်လည်း ထူး တော်မ မူ။ **၇** မြို့ တွင် လည် သော ကင်းစောင့် တို့သည် ငါ့ ကို တွေ့ သော်၊ နာကျင် စွာရိုက် ကြ၏။ မြို့ရိုး စောင့် တို့သည် ငါ့ မျက်နှာဖုံး ကို လု ယူကြ၏။ **၈** အိုယေရုရှလင် မြို့သမီး တို့၊ သင် တို့သည် ငါ ချစ် ရာ သခင်ကိုတွေ့ လျှင် ၊ သူ့ကိုငါ ချစ် ၍ နာ နေကြောင်း ကို ကြား ပြောကြပါဟု၊ ငါ မှာထားတောင်းပန်ပါ၏။ **၉** မိန်းမ တကာ တို့ထက် အဆင်း လှသောအစ်မ၊ သင် ချစ် ရာသခင်သည် အခြားတပါးသော ချစ်ရာသခင် ထက် အဘယ်သို့သာသနည်း။ အကျွန်ုပ် တို့ကို ထို သို့မှာ ထားတောင်းပန်ရမည်အကြောင်း ၊ သင် ချစ် ရာသခင်သည် အခြားတပါးသော ချစ် ရာသခင်ထက် အဘယ်သို့ သာသနည်း။ **၁၀** ငါ ချစ် ရာသခင်သည် ဖြူ သောအဆင်း၊ နီ သော အဆင်းနှင့် ပြည့်စုံ၍၊ လူတ သောင်းတို့တွင် အထွဋ် အမြတ်ဖြစ်တော်မူ၏။ **၁၁** ဦးခေါင်း တော်သည် ရွှေစင် နှင့်တူ၏။ ဆံပင် တော်သည် ထူထပ် ၍၊ ကျီး အဆင်းကဲ့သို့ နက် ၏။ **၁၂** မျက်စိ တော်တို့သည် နို့ ၌ ချိုး လျက် မြစ် ရေ ပေါ် မှာ ပုံပုံကြွကြွဝပ် သော ချိုး နှင့်တူ ကြ၏။ **၁၃** ပါး တော်တို့သည် နံ့သာ တော၊ မွှေးကြိုင် သော ပန်း တောကဲ့သို့ ၎င်း နှုတ်ခမ်း တော်တို့သည် ပကတိမုရန် ဆီယို သော နှင်းပွင့် ကဲ့သို့ငင်း ဖြစ်ကြ၏။ **၁၄** လက် တော်တို့သည် မျက်ခွ စီ သောလက်စွပ် ကဲ့သို့ငင်း၊ ကိုယ် တော်သည် နီလာ ကျောက်ဖြင့် စီချယ် သော ဆင်စွယ် ဖြူ ကဲ့သို့ငင်း ဖြစ်၏။ **၁၅** ခြေထောက် တော်တို့သည် ရွှေစင် ဘိနပ် ပေါ် ၌ တည် သော ကျောက်ဖြူ တိုင် နှင့်တူကြ၏။ မျက်နှာ တော် သည် လေဗနုန် တောင်ကဲ့သို့ ဖြစ်၍၊ အာရဇ် ပင်ကဲ့သို့ ထူးမြတ် ပေ၏။ **၁၆** နှုတ် တော်သည် အလွန်ချို ပေ၏။ တကိုယ်လုံး၌ ချစ်ဖွယ် သော ဂုဏ်တော်အပေါင်း တို့နှင့် ပြည့်စုံတော်မူ၏။ ယေရုရှလင် မြို့သမီး တို့၊ ဤ သူသည် ငါ ချစ် ရာသခင်၊ ငါ့ မိတ်ဆွေ ဖြစ်တော်မူသတည်း။

၆ မိန်းမ တကာတို့ ထက် အဆင်း လှသောအစ်မ၊ သင် ချစ် ရာသခင်သည် အဘယ် အရပ်သို့ကြွ တော်မူသနည်း။ အကျွန်ုပ်တို့သည် သင် နှင့်အတူ သူ့ ကိုရှာ ရမည် အကြောင်း ၊ သင် ချစ် ရာသခင်သည် အဘယ် အရပ်သို့ လွှဲ

သွားတော်မူသည်ကို ပြောပါ။ ၂ ငါ ချစ် ရာသခင်သည် ဥယျာဉ် တော်၌ သစ်သီးကို စား၍ ၊ နှင်းပွင့် ကို ဆွတ်ယူ မည်ဟု၊ ဥယျာဉ် တော်တွင် နံ့သာ တော သို့ ဆင်း သွားတော်မူပေ၏။ ၃ ငါ ချစ် ရာသခင်သည် ငါ့ ကိုဆိုင် တော်မူ၏။ ငါ သည်လည်း သခင် ကို ဆိုင် ပေ၏။ နှင်း တော၌ ကျက်စား တော်မူ၏။ ၄ ငါ ချစ် သောနှမ၊ သင် သည်တိရစ္ဆာ မြို့ကဲ့သို့ လှ ၏။ ယေရုရှလင် မြို့ကဲ့သို့ တင့်တယ် ၏။ စစ် မျက်နှာကဲ့သို့ ကြောက်မက် ဘွယ်ဖြစ်၏။ ၅ သင် ၏မျက်စိ တို့ကို ငါ မှ လွှဲ ပါ။ သူ တို့သည် ငါ့ ကို အောင် ပြီ။ သင် ၏ဆံပင် သည်လည်း၊ ဂိလဒ် တောင်ပေါ် မှ ဆင်း လာသောဆိတ် စု ကဲ့သို့ ဖြစ်၏။ ၆ သင် ၏သွား တို့သည်လည်း၊ ရေချိုး ရာမှ တက် လာသော သိုး စု ကဲ့သို့ ဖြစ်ကြ၏။ တကောင်မျှ မလျော့ ၊ အမွှာ သာ ဘွားတတ်ကြ၏။ ၇ နားပန်း ဆံကြား မှာ ပါးတို့သည် သလဲ သီးရှက် နှင့် တူ ကြ၏။ ၈ မိဖုရား ခြောက် ကျိပ်၊ မောင်းမမိသဲ ရှစ် ကျိပ်၊ အပျိုတော်အတိုင်း မသိရှိကြ၏။ ၉ ငါ့ ချိုး ၊ ငါ ၏စုံလင် သူသည် ငါ၌တပါး တည်းရှိ၏။ ဘွားမြင် သောမိခင် ၌ အချစ် ဆုံးသောသမီး ဖြစ်၏။ လူမျိုး သမီး တို့သည် သူ့ ကိုမြင် ၍ ကောင်းကြီး ပေးကြ၏။ မိဖုရား များနှင့် မောင်းမမိသဲ များတို့သည် ချီးမွမ်း ကြ၏။ ၁၀ လ ကဲ့သို့ တင့်တယ် လျက်၊ နေ ကဲ့သို့ ထွန်းလင်း လျက်၊ စစ် မျက်နှာကဲ့သို့ ကြောက်မက် ဘွယ်ဖြစ်လျက်၊ နံနက် ကဲ့သို့ မျှော်ရှု သော သတို့သမီးကား ၊ အဘယ်သူ နည်း။ ၁၁ ချိုင့် ထဲမှာ သစ်သီး များကိုကြည့်ရှု၍ ၊ စပျစ်နွယ် ပင် သန်သည် မသန်သည်ကိုငဲ့၊ သလဲ ပင်ပွင့် သည် မပွင့်သည်ကိုငဲ့သိ ခြင်းငှါ ၊ ငါပြုစု သော ဥယျာဉ် သို့ ငါဆင်း သွား၏။ ၁၂ သတိ မ ရမှီ ငါ့ ဝိညာဉ် သည် အမိနဒိပ်ရထား ကို စီးသကဲ့သို့ ဖြစ်၏။ ၁၃ အိုရှူလမိတ် ၊ ပြန် လာပါ။ ပြန် လာပါ။ အကျွန်ုပ် တို့သည် သင့် ကို ရှုမြင် ရမည်အကြောင်း ၊ ပြန် လာပါ။ ပြန် လာပါ။ ရှူလမိတ် ၌ အဘယ်သို့ သောအရာကို တွေ့မြင် ကြလိမ့်မည်နည်း။ စစ်တပ် နှစ်တပ်ကဲ့သို့ တွေ့မြင်ကြ ပါမည်။

၇ အိုမင်းသမီး ၊ ခြေနင်း စီးလျက် ၊ သင် ၏ခြေ တို့ သည် အလွန် တင့်တယ် ပါ၏။ သင် ၏ခါးဆစ် တို့သည် လိမ္မာ သောသူ ပြုပြင် သောကျောက်ကောင်းရတနာ ကဲ့သို့ ဖြစ်ကြပါ၏။ ၂ သင် ၏ခါး သည် အရည် နှင့်ပြည့် သော ဖလား လုံး ဖြစ်ပါ၏။ ဝမ်း သည်လည်း နှင်းပန်း စီချယ် သော စပါး ပုံ ဖြစ်ပါ၏။ ၃ သင် ၏ရင်သား နှစ်ဘက် တို့သည် ဒရယ် သငယ် အမွှာ နှင့် တူကြပါ၏။ ၄ လည်ပင်း သည်ဆင်စွယ် ရဲတိုက် ကဲ့သို့ ၎င်း၊ မျက်စိ တို့သည် ဟေရှဘုန် မြို့၊ ဗာသရဗ္ဗိမ် တံခါး နား မှာ ရှိသောရေကန် ကဲ့သို့၎င်း၊ နှာခေါင်း သည် ဒမာသက် မြို့သို့ မျက်နှာ ပြုသော လေဗနုန် ရဲတိုက် ကဲ့သို့ ၎င်း ဖြစ်ပါ၏။ ၅ သင် ၏ဦခေါင်း သည် ကရမေလ တောင်နှင့် တူ ၍၊ ဆံပင် သည်လည်း နီမောင်း သော တန်ဆာဆင်ပါ ၏။ မင်းကြီး သည် ကျစ် သောဆံပင်နှင့် နှောင်ဖွဲ့ လျက် ရှိတော်မူ၏။ ၆ ငါချစ် သောနှမ၊ ငါပျော်မွေ့ ဘို့ရာ သင်သည် အလွန် လှ ပေ၏။ အလွန် ချစ် ဘွယ်သော လက္ခဏာနှင့် ပြည့်စုံပေ၏။ ၇ သင် ၏အရပ် သည် စွန်ပလွံ ပင်ကဲ့သို့ ဖြစ်၍၊ သင် ၏ရင်သား တို့လည်း စွန်ပလွံသီး ပြွတ်နှင့်တူ ကြ၏။ ၈ စွန်ပလွံ ပင်ကို ငါတက် မည်၊ အကိုင်း အခက် တို့ကို ကိုင် မည်ဟု ငါဆို သော် ၊ တဖန်သင် ၏ရင်သား တို့ သည် စပျစ်သီး ပြွတ် ကဲ့သို့ ၎င်း၊ သင် ရှူ သောအသက်အနံ့ သည် ရှောက်ချိုသီး အနံ့ကဲ့သို့ ၎င်း ၊ ၉ သင် ၏နှုတ် သည်လည်း အကောင်းဆုံး သော စပျစ်ရည် ကဲ့သို့ ၎င်း ဖြစ်၏။ ထိုစပျစ်ရည်သည် ငါ

ချစ် ရာသခင်အဘို့ ဖြောင့် စွာ စီး တတ်ပါ၏။ အိပ်ပျော် သောသူတို့၏နှုတ်ခမ်း သို့ အမှတ်တမဲ့ရောက် တတ်ပါ၏။ ၁၀ ငါ ချစ် ရာသခင်သည် ငါ့ ကိုဆိုင် တော်မူ၏။ ငါ့ အလို သို့လည်း လိုက်တော်မူတတ်၏။ ၁၁ ကြွလာ တော်မူပါ။ ငါ ချစ် ရာသခင်။ ကြွလာတော်မူ ပါ။ တော အရပ်သို့ ထွက်သွား ၍ ရွာ တို့ ၌ ည၌ ကိုလွန်စေ ကြကုန်အံ့။ ၁၂ နံနက် စောစောထ၍ စပျစ် ဥယျာဉ်သို့ သွားကြကုန်အံ့။ စပျစ်နွယ်ပင် သန်သည်မသန်သည်ကိုငင်း၊ အပွင့်များသည် မများသည်ကိုငင်း၊ သလဲပင်ပွင့်သည် မပွင့်သည်ကိုငင်း၊ ကြည့်ရှု ကြကုန်အံ့။ ထို အရပ်၌ ကျွန်မ ၏ မေတ္တာ ကို ကိုယ်တော် ၌ အပ်ပေး ပါမည်။ ၁၃ အနု ဆေးပင်တို့သည် မွှေးကြိုင် ကြပါ၏။ ငါ တို့ တံခါး နား မှာ ချို သောအသီးမျိုး အသစ် အဟောင်း တို့ကို ကိုယ်တော် ဘို့ ကျွန်မသိုထား ပါပြီ၊ ငါ ချစ် ရာသခင်။

၈ ကိုယ်တော် သည် ကျွန်မ ၏ မိခင် နို့ ကိုစို့ သော မောင် ရင်းကဲ့သို့ ဖြစ် စေချင်ပါ၏။ သို့ ဖြစ်လျှင် ၊ ကျွန်မ သည် ပြင် မှာ တွေ့ ၍ နမ်း ပါလိမ့်မည်။ သူတပါးမ ကဲ့ရဲ့ ရ။ ၂ ကိုယ်တော် ကို လက်ဆွဲ ၍၊ မိခင် ၏အိပ်ခန်း ထဲသို့ ဆောင် သွားပါလိမ့်မည်။ သူသည်လည်း ကျွန်မ ကို သွန်သင် သဖြင့်၊ ကျွန်မသည်ဆေး ရောသော စပျစ်ရည် နှင့် ကျွန်မ သလဲ ရည်ကို ကိုယ်တော် အား သောက် တော်မူ ပါစေမည်။ ၃ သခင် ၏ လက်ဝဲ လက်သည် ငါ့ ခေါင်း ကိုထောက်မ လျက်၊ လက်ျာ လက်သည် ငါ့ ကိုဘက် လျက် နေတော်မူပါစေ။ ၄ ယေရုရှလင် မြို့သမီး တို့၊ ငါချစ် သောသတို့သမီးသည် အလိုလို မ နိုး မှီတိုင်အောင်၊ မ လှုပ် မနှိုးမည် အကြောင်း၊ တောခွေကျင်လည်သော သမင်ဒရယ်များကို တိုင်တည်၍ သင် တို့ကို ငါ့မှာ ထား၏။ ၅ မိမိ ချစ် ရာသခင်၌ မြှောင် ၍တော ထဲ က လာ သောထို သူကား၊ အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း။ငါသည်ရှောက်ချို ပင်အောက်မှာ သင့် ကိုနှိုးဆော် ခဲ့ပြီ။ထို အရပ်၌ သင် ၏မိခင် သည်သင့် ကိုပေးစား ခဲ့ပြီ။ထို အရပ်၌ သင့် ကိုဘွားမြင် သောသူသည်သင့်ကိုပေးစား ခဲ့ပြီ။ ၆ ကျွန်မ ကို ကိုယ်တော် ၏နှလုံး ပေါ် မှာ တံဆိပ် ခတ်တော်မူပါ။ လက်ရုံး တော်ပေါ် မှာ တံဆိပ် ခတ်တော်မူ ပါ။ အကြောင်း မူကား၊ မေတ္တာ သည် သေခြင်းနှင့်အမျှ တန်ခိုး ကြီးပါ၏။ ခင်ပွန်းကို မယုံသောစိတ် သဘောသည် မရဏ နိုင်ငံနှင့်အမျှ ခက်ထန် ပါ၏။ သူ ၏အရှိန် သည် မီး အရှိန် ၊ လျှပ်စစ် အရှိန်ဖြစ်ပါ၏။ **(Sheol h7585)** ၇ သို့ရာတွင်၊ ရေ များ တို့သည် မေတ္တာ ကို မ သတ် နိုင်။။ မြစ် ရေတို့သည် မ လွှမ်းမိုး နိုင်။ လူ သည် မိမိ အိမ် ၌ ရှိသမျှ သော ပစ္စည်း ဥစ္စာတို့ကို မေတ္တာ ဘို့ ပေး ချင်သော်လည်း ၊ အလွန်တရာမထီမဲ့မြင် ပြုခြင်းကိုခံရလိမ့်မည်။ ၈ ငါ တို့ ၌ ညီမ ငယ် တယောက်ရှိ၏။ သူ သည် သားမြတ် မ ပေါ်သေး။ ထို ညီမ ကို တောင်း သောအခါ ၌ ၊ သူ့ အဘို့ အဘယ် သို့ပြု ရပါမည်နည်း။ ၉ သူ သည်မြို့ရိုး ဖြစ်လျှင် ၊ သူ့ အပေါ် မှာငွေ ပြအိုး ကို ဆောက် မည်။ တံခါး ဖြစ်လျှင် အာရဇ် ပျဉ်ပြား ဖြင့် ခိုင်ခံ့ စေမည်။ ၁၀ ငါသည်မြို့ရိုး ဖြစ်၏။ ငါ့ သားမြတ် တို့သည် ပြအိုး ကဲ့သို့ ဖြစ်ကြ၏။ သို့ ဖြစ်၍ ၊ ရှေ့ တော်၌ မျက်နှာ ရသော ကျေးဇူးရှိ ၏။ ၁၁ ဗာလဟာမုန် ပြည်၌ ရှောလမုန် မင်း၏ စပျစ် ဥယျာဉ်တော်တဆူရှိ ၏။ ဥယျာဉ် စောင့် တို့ ၌ ငှါး သဖြင့် သူ တို့ သည် အသီး ကို စားရသည်အတွက် ငွေ တထောင် စီ ဆက် ရကြ၏။ ၁၂ ငါ ပိုင်သောစပျစ် ဥယျာဉ်သည် ငါ့ ရှေ့ မှာရှိ၏။ အိုရှောလမုန် ၊ ငွေတထောင် ကို ကိုယ်တော် အား ဆက်၍ အသီး စောင့် သောသူတို့ သည် နှစ်ရာ ကိုယူရကြ၏။ ၁၃ ဥယျာဉ် တို့ ၌ နေ

သောသူ၊ သင် ၏စကား သံကို သင်၏ အပေါင်း အဘော်တို့သည် နားထောင် တတ်ကြ၏။ ငါ သည်လည်းကြား ပါရစေ။

၁၄ အလျင် အမြန်ကြွလာတော်မူပါ။ ငါ ချစ် ရာ သခင်။ နှံ့သာ တောင် ပေါ် မှာ သမင် ဒရယ် သငယ် ကဲ့သို့ ပြုတော်မူပါ။

၁ ယုဒ ရှင်ဘုရင် ဩဇိ မင်း၊ ယောသံ မင်း၊ အာခတ် မင်း၊ ဟေဇကိ မင်းတို့ လက်ထက် ၌ ၊ အာမုတ် ၏သား ဟေရှာယ သည် ယေရုရှလင် မြို့မှစ၍ ၊ ယုဒ ပြည်နှင့်ဆိုင် သော ဗျာဒိတ် တော်ကိုခံရ သည်မှာ၊ ၂ ထာဝရဘုရား မိန့် တော်မူသည်ဖြစ်၍ ၊ အို ကောင်းကင် ၊ ကြား လော့။ အိုမြေကြီး ၊ နားထောင် လော့။ မိန့်တော်မူချက်ဟူမူကား၊ ငါ ကျွေးမွေးပြုစုသော သားသမီး တို့သည် ငါ့ ကို ပုန်ကန် ကြပြီ။ ၃ နွား သော်လည်းမိမိ အရှင် ကိုသိ ၏။ မြည်း သော်လည်း မိမိ သခင် ၏ မြည်းဧောင်း ကို သိ၏။ ဣသရေလ အမျိုးသားတို့မူကား၊ ငါ့ကိုမ သိ ကြ။ ငါ ၏လူမျိုး မူကား၊ မ ဆင်ခြင် တတ်ပါတကား။ ၄ ဆိုးယုတ် သောအမျိုး ၊ ဒုစရိုက် ဝန်ကို ထမ်းရွက် သော လူစု ၊ မတရား သဖြင့်ပြုသောအနွယ် ၊ ဖောက်ပြန် သော သားသမီး ပါတကား။ ထာဝရဘုရား ကို စွန့် ကြပြီ။ ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရားကို မရိုမသေပြု၍ ပယ် ကြပြီ။ ကျော ခိုင်း၍ ခွာသွား ကြပြီ။ ၅ သူတို့ကိုအဘယ်သို့ ဒဏ် ပေးရဦးမည်နည်း။ အဘယ်သို့ထပ်၍ဆုံးမရဦးမည်နည်း။ ဦးခေါင်း သည် အနာ သက်သက်ရှိ၏။ နှလုံး သည်လည်း ခွန်အား အလျှင်း မရှိ။ ၆ ခြေ ဘဝါး မှသည် ဦးခေါင်း တိုင်အောင် ကျန်းမာ ခြင်းမရှိ။ စုတ်ရှ သောအနာ ၊ ထိခိုက်၍ရောင်သောအနာ၊ ရိယွဲသော အနာ သက်သက်ရှိ၏။ ထိုအနာများကို မနှိပ် မ နယ်ရ။ အဝတ်နှင့်မ စည်း ရ။ ဘယောင်းဆီ နှင့် မ ပြော့ စေရသေး။ ၇ သင် တို့ ပြည် သည် လူဆိတ်ညံ့ လျက်ရှိ၏။ သင် တို့မြို့ များကို မီးလောင် ပြီ။ သင် တို့မြေ ကိုလည်း တကျွန်း တနိုင်ငံသားတို့သည် သင် တို့မျက်မှောက် ၌ စား ကြ၏။ ရန်သူ ဖျက် ပြီးသကဲ့သို့ ၊ လူဆိတ်ညံ့ လျက်ရှိ၏။ ၈ ဇိအုန် သတို့သမီး သည်လည်း ၊ စပျစ် ဥယျာဉ်၌ တဲ ကဲ့သို့ ၎င်း၊ သခွါး တောင်ယာ၌ လင့်စင် ကဲ့သို့ ၎င်း၊ ရန်သူဝိုင်း သောမြို့ ကဲ့သို့ ၎င်း ကျန်ရစ် လေ၏။ ၉ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရားသည် ငါ တို့ ၌ အနည်းငယ် မျှ ကြွင်း စေတော်မ မူလျှင်၊ ငါတို့သည် သောဒုံ မြို့ကဲ့သို့ ဖြစ် ၍ဂေါမောရ မြို့နှင့် တူ ကြပြီ။ ၁၀ သောဒုံ မြို့ကို အစိုးရသောမင်း တို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို ကြား ကြလော့။ ဂေါမောရ မြို့သား တို့၊ ငါ တို့ဘုရား သခင်၏ တရား တော်ကို နားထောင် ကြလော့။ ၁၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့ပူဇော်သော ယဇ် များကို ငါ သည်အဘယ်သို့ ဆိုင်သနည်း။ မီးရှို့၍ ပူဇော် သောသိုး ကောင်၊ ဆူဖြိုးအောင်ကျွေးသော တိရစ္ဆာန် တို့၏ ဆီဥ နှင့် ငါဝ ပြီ။ နွား နှင့် သိုးသငယ် ၊ ဆိတ် တို့၏အသွေး ကို ငါမ နှစ်သက်။ ၁၂ သင်တို့သည် ငါ ရှေ့မှာ မျက်နှာပြ ခြင်းငှါ လာ ကြ သောအခါ ၊ ငါ့ တန်တိုင်း တော်ကို ကျော်နင်း သောသင် တို့ ၌ ထိုသို့ သော ဝတ်ကို အဘယ်သူ တောင်း သနည်း။ ၁၃ အချည်းနှီး သော ပူဇော် သက္ကာကို နောက်တဖန် မ ဆောင် ခဲ့ကြနှင့်။ သင်တို့မီးရှို့သောနံ့သာ ပေါင်းကို ငါ ရွံရှာ ၏။ လဆန်း နေ့၊ ဥပုသ် နေ့၊ ပရိသတ်စည်းဝေး သောနေ့ ကိုလည်း ရွံရှာ၏။ အဓမ္မ အမှုနှင့်ရောနှောသော ဓမ္မစည်းဝေး ခြင်းတို့ကို သည်းမ ခံ နိုင်။ ၁၄ ငါ့ ဝိညာဉ် သည် သင် တို့လဆန်း နေ့များနှင့် ၊ သင် တို့ပွဲ များကို မုန်း ၏။ ငါ့ ကို နှောက်ရှက် စရာဖြစ် ၏။ သည်းခံ ခြင်းအားဖြင့်ငါပင်ပန်း ၏။ ၁၅ သင် တို့သည်လက်ဝါး တို့ကို ဖြန့် ကြသောအခါ ၊ ငါသည်မျက်စိ ကိုလွှဲ မည်။ များ စွာသော ပဌနာ ကို ပြုကြသောအခါ ၊ ငါ သည်နား မ ထောင်။ သင် တို့လက် တို့ သည် အသွေး

နှင့် ပြည့် ကြ၏။ ၁၆ ကိုယ်ကိုကိုယ်ဆေးကြော ကြလော့။ ကိုယ်ကို ကိုယ်စင်ကြယ် စေကြလော့။ သင် တို့ဒုစရိုက်
များကို ငါ့ မျက်မှောက် မှ ပယ်ရှား ကြလော့။ မကောင်း သောအကျင့် ကို ဖြတ် ကြလော့။ ၁၇ ကောင်း သောအကျင့်ကို
ကျင့်အံ့သောငှါသင် ကြလော့။ တရား သဖြင့် ပြုခြင်းငှါ ရှာကြံ ကြလော့။ ကောက်သောအရာကို ဖြောင့်စေကြလော့။ မိဘ
မရှိသောသူတို့ အဘို့ တရား သဖြင့် စီရင်ကြလော့။ မုဆိုးမ တို့၏အမှုကို စောင့် ကြလော့။ ၁၈ ထာဝရဘုရား မိန့်
တော်မူသည်ကား၊ လာ ကြ။ တရားစီရင် ကြကုန်အံ့။ သင် တို့အပြစ် သည် နီ သော အဆင်းရှိသော်လည်း ၊ မိုဃ်းပွင့်
ကဲ့သို့ ဖြူ လိမ့်မည်။ ကတ္တီပါ နီနှင့်အမျှ နီ သော်လည်း ၊ သိုးမွေး ကဲ့သို့ ဖြစ် လိမ့်မည်။ ၁၉ သင်တို့သည် ကြည်ညို
နားထောင် လျှင် ၊ မြေ အသီးအနှံ ကို စားရ ကြလိမ့်မည်။ ၂၀ သို့မဟုတ် ၊ ငြင်းဆန် ပုန်ကန် လျှင် ထား လက်နက်ဖြင့်
ဆုံး ရကြလိမ့်မည်ဟု၊ ထာဝရဘုရား ၏ နှုတ် တော်ထွက်အမိန့် တော်ရှိ၏။ ၂၁ သစ္စာ ရှိသောမြို့ သည် အဘယ်သို့
မျောက်မထား ပြန်သနည်း။ အထက်က ဖြောင့်မတ် စွာ စီရင်ခြင်းနှင့်ပြည့် ၏။ တရား သည် သူ ၏အထဲ မှာ နေရာ
ကျ၏။ ယခု မူကား ၊ လူအသက်ကိုသတ် သောသူတို့သည် နေရာ ကျကြ၏။ ၂၂ သင် ၏ ငွေ သည်လည်းချော်
ဖြစ် လေပြီ။ သင် ၏ စပျစ်ရည် သည် ရေ နှင့် ရော လျက်ရှိ၏။ ၂၃ သင် ၏မင်း တို့သည် ပုန်ကန် ကြပြီ။ သူခိုး
လက်ခံ ဖြစ်ကြပြီ။ ထိုမင်းအပေါင်း တို့သည် လက်ဆောင် ကို အလို ရှိကြ၏။ တံစိုး ကိုစား ကြ၏။ မိဘ မရှိသောသူတို့
အဘို့ တရားမ စီရင် ကြ။ မုတ်ဆိုးမ အမှု ကို နား မ ထောင်ကြ။ ၂၄ ထိုကြောင့်၊ ကျသရေလ အမျိုးဌ် တန်ခိုးကြီး
သောဘုရား၊ ကောင်းကင်ဗိုလ်ခြေ သခင် အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ အဲ ၊ ငါ့ တဘက် ဌ် နေသောသူတို့
ကို ပယ်ရှားပြီးမှငါချင်ရဲ ပြေမည်။ ကိုယ်အဘို့ကို စောင့်၍ ငါ့ ရန်သူ တို့ကို အပြစ်နှင့် အလျောက်စီရင် မည်။ ၂၅ သင့် ကို
လည်း ငါ ကိုင် ယူပြီးလျှင် ၊ ချော် နှင့် ရှင်းရှင်းကင်းစင် စေ၍ သင် ၏ကြေး ဖြူရှိသမျှ ကိုလည်း ပယ်ရှား မည်။ ၂၆ သင်
၏ တရားသူကြီး တို့နှင့် တိုင်ပင်မှုးမတ်တို့ကို ရှေ့ဦး စွာခန့်ထားသည် နည်းတူ ၊ တဖန်ငါခန့်ထား ဦးမည်။ ထို နောက်မှ၊
သင် ၏နာမကို တရား သောမြို့ ၊ သစ္စာ စောင့်သောမြို့ ဟု သမုတ် ကြလိမ့်မည်။ ၂၇ ဇိအုန် မြို့သည် တရား အားဖြင့် ၎င်း၊
မြို့သူမြို့ သားတို့သည် ဖြောင့်မတ် သောအားဖြင့် ၎င်း၊ ရွေးနှုတ် ခြင်း ကိုခံ ရကြလိမ့်မည်။ ၂၈ လွန်ကျူး သောသူနှင့်
ပြစ်မှား သောသူတို့သည် ပျက်စီး ခြင်းသို့ အတူ ရောက်၍ ၊ ထာဝရဘုရား ကို စွန့် သောသူတို့ သည် ဆုံးရှုံး ကြလိမ့်မည်။
၂၉ သင်တို့သည် တပ်မက် ဘူးသော သပိတ် ပင်တို့ ကြောင့် ရှက် ကြလိမ့်မည်။ သင်တို့သည် ရွေး ယူဘူးသော ဥယျာဉ်
တို့ကြောင့် မျက်နှာပျက် ကြလိမ့်မည်။ ၃၀ အကြောင်း မူကား၊ အရွက် နွမ်း သော သပိတ် ပင် ကဲ့သို့ ၎င်း၊ ရေ မရှိ သော
ဥယျာဉ် ကဲ့သို့ ၎င်း ဖြစ် ကြလိမ့်မည်။ ၃၁ ခွန်အားကြီး သောသူသည် ပိုက်ဆန်လျှော်ဖြစ် လျက်၊ သူ ၏အမှု သည် မီးပွား
ဖြစ်လျက်၊ ထို နှစ် ပါးသည် အတူ လောင် ကြလိမ့်မည်။ ထိုမီးကိုအဘယ်သူမျှ မ သတ် ရ။

J ယုဒ ပြည်နှင့် ယေရုရှလင် မြို့ကို ရည်ဆောင် ၍၊ အာမုတ် ၏သား ဟေရှာယ ခံ ရသော ဗျာဒိတ် တော်အချက်
ဟူမူကား၊ ၂ နောက်ဆုံး သောကာလ ဌ် ထာဝရဘုရား ၏ အိမ် တော်တည်သောတောင် သည် တောင် ကြီး တောင်
ငယ် တို့၏ ထိပ်ပေါ် မှာ ချီးမြှောက် ၍ တည် လိမ့်မည်။ ခပ်သိမ်း သောလူမျိုး တို့သည် ထိုတောင် သို့ စည်းဝေး

ကြလိမ့်မည်။ ၃ များပြား သောသူ တို့ကလည်း ၊ လာ ကြလော့။ ထာဝရဘုရား ၏တောင် တော်၊ ယာကုပ် အမျိုး၏ ဘုရား သခင့်အိမ် တော်သို့ တက် သွားကြကုန်အံ့။ လမ်းခရီး တော် တို့ကို ပြသ သွန်သင်တော်မူ၍ ၊ ငါတို့သည် ခြေ တော်ရာသို့ လိုက်သွား ကြမည်ဟု ခရီးသွားလျက် ပြောဆို ကြလိမ့်မည်။ တရား တော်သည် ဇိအုန် တောင်မှ ၎င်း၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရုရှလင် မြို့မှ ၎င်း၊ ပေါ် ထွက်လိမ့်မည်။ ၄ ထာဝရဘုရားသည် လူမျိုး တို့တွင် တရား စီရင်၍ ၊ များပြား သောသူ တို့ကို ဆုံးမ တော်မူသဖြင့် သူ တို့ထား လက်နက်များကိုထွန်သွား ဖြစ်စေခြင်းငှာ ၎င်း ၊ လုံ့ များကို တံစဉ် ဖြစ်စေခြင်းငှါ ၎င်း ထုလုပ် ကြ လိမ့်မည်။ တပြည် ကို တပြည် စစ် မ တိုက်၊ စစ် အတတ်ကိုလည်း နောက် တဖန်မ သင် ရကြ။ ၅ အိုယာကုပ် အမျိုးသား တို့၊ လာ ကြလော့။ ထာဝရဘုရား ၏အလင်း တော်၌ ကျင်လည် ကြကုန်အံ့။ ၆ အကယ် စင်စစ်ကိုယ်တော်သည် ယာကုပ် အမျိုးသား တည်းဟူသောကိုယ်တော် ၏လူ တို့ကို စွန့်ပစ် တော်မူပြီ။ အကြောင်း မူကား၊ သူတို့သည် အရှေ့ပြည်အတတ် နှင့် ကြွယ်ဝ ၍၊ ဖိလိတ္တိ လူတို့ကဲ့သို့ အနာဂတ္တိ ဆရာ ဖြစ်ကြ၏။ တပါး အမျိုးသားနှင့် အပေါင်း အဘော်ပြုကြ၏။ ၇ သူ တို့ ပြည် သည် ရွှေ ငွေ နှင့်ကြွယ်ဝ ၍ ၊ ဥစ္စာ ပစ္စည်း အတိုင်း မသိများ၏။ သူ တို့ ပြည် သည် မြင်း နှင့် ကြွယ်ဝ ၍ ၊ မြင်းရထား အတိုင်း မသိများ၏။ ၈ သူ တို့ ပြည် သည် ရုပ်တု ဆင်းတုနှင့်ကြွယ်ဝ ၍၊ မိမိ လက် နှင့်လုပ် သောအရာ၊ မိမိ လက်ချောင်း တို့နှင့် ဖန်ဆင်း သော အရာကို ပင် သူတို့သည် ဦးချ ကြသည် တကား။ ၉ ထိုကြောင့် ၊ ယုတ်သောသူလည်း ဦးနှိမ့် ခြင်း၊ မြတ်သောသူလည်း ရှုတ်ချ ခြင်းကိုခံ ရလိမ့်မည်။ သူ တို့ အပြစ်ကိုလည်း ကိုယ်တော်သည် လွှတ် တော်မ မူရာ။ ၁၀ ထာဝရဘုရား သည် မြေကြီးကို ချောက်လှန့်အံ့သောငှါ ထတော်မူသောထိုအခါ၊ ဘုရားကိုကြောက်ခြင်း အရှိန်၊ ဘုန်း တန်ခိုးအာနုဘော် တော်အရှိန်ကြောင့်၊ ကျောက် ထဲသို့ ဝင် လော့။ မြေမှုန့် ၌ ပုန်း ၍နေလော့။ ၁၁ ထို ကာလ ၌ လူ တို့၏မော် သော မျက်နှာ ကို နှိမ့် ရမည်။ လူ တို့၏မာနကိုလည်း ရှုတ်ချ ရမည်။ ထာဝရဘုရား တပါးတည်း သာချီးမြှောက် ခြင်းသို့ ရောက်တော်မူလိမ့်မည်။ ၁၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား၏ နေ့ရက် ကာလသည် ကြီး မြင့်သောအရာနှင့် မိုမောက် သောအရာရှိသမျှ တို့ ကို ဆီးတား၍၊ သူတို့သည် နှိမ့်ချ ခြင်းရှိကြ လိမ့်မည်။ ၁၃ ကြီးမြင့် သော လေဗနုန် အာရဇ် ပင် ရှိသမျှ ကိုလည်း ၊ ဗာရှန် သပိတ် ပင်ရှိသမျှ ကိုလည်း၊ ၁၄ မြင့် သောတောင် ရှိသမျှ ကိုလည်း ၊ မိုမောက် သော တောင်ပို့ ရှိသမျှ ကိုလည်း၊ ၁၅ မြင့် သော ရဲတိုက် ရှိသမျှ ကိုလည်း ၊ ခိုင်ခံ့ သော မြို့ရိုး ရှိသမျှ ကိုလည်း ၊ ၁၆ တာရှ သင်္ဘော အပေါင်း တို့ကိုလည်း ၊ နှစ်သက် ဘွယ်သော ရူပါရုံ အလုံးစုံ တို့ကိုလည်းဆီးတားလိမ့်မည်။ ၁၇ ထိုကာလ၌ လူ တို့၏မာန ကို ရှုတ်ချ ၍ ၊ လူ တို့၏ စိတ် မြင့်သော သဘောကိုနှိမ့် ရမည်။ ထာဝရဘုရား တပါး တည်းသာ ချီးမြှောက် ခြင်းသို့ ရောက်တော်မူလိမ့်မည်။ ၁၈ ရုပ်တု ဆင်းတုတို့သည် ရှင်းရှင်း ကွယ်ပျောက် ကြ လိမ့်မည်။ ၁၉ ထာဝရဘုရားသည် မြေကြီး ကိုချောက် လှန့်အံ့သောငှါ ထ တော်မူသောအခါ ၊ ထိုဘုရားကိုကြောက်ခြင်းအရှိန်၊ ဘုန်း တန်ခိုးအာနုဘော် တော်အရှိန်ကြောင့် လူတို့သည် ကျောက် တွင်း ၊ မြေ တွင်း ထဲသို့ ဝင် ကြလိမ့်မည်။ ၂၀ ထိုကာလ ၌ လူ တို့သည် မိမိ တို့ကိုးကွယ် ဘို့ မိမိတို့ လုပ် ဘူးသော ငွေ ရုပ်တု ၊ ရွှေ ရုပ်တု တို့ကို ပွေးများ၊ လင်းနို့ များ၌ ပစ် ထားကြလိမ့်မည်။ ၂၁

ထာဝရဘုရားသည် မြေကြီး ကို ချောက်လှန့် အံ့သောဘုံ ထ တော်မူသောအခါ ၊ ထိုဘုရား ကို ကြောက် ခြင်းအရှိန်၊ ဘုန်း တန်ခိုးအာနုဘော် တော်အရှိန်ကြောင့် ကျောက် တွင်း ၊ ချောက် ကြားထဲသို့ ပြေး ဝင်ကြလိမ့်မည်။ ၂၂ နာခေါင်း နှင့်အသက် ရှူတတ်သော လူ သတ္တဝါကို မကိုးစားကြနှင့်။ ထိုသို့သော သူ ကိုအဘယ် သို့ ပမာဏ ပြုစရာရှိသနည်း။

၃ အကြောင်း မူကား၊ ကောင်းကင်ဗိုလ်ခြေ သခင် ၊ အရှင်ထာဝရ ဘုရားသည် မုန့် အထောက် အပင့်နှင့် ရေ အထောက် အပင့် ရှိသမျှ မှစ၍၊ ခပ်သိမ်း သော အထောက် အပင့်တို့ကို ယေရုရှလင် မြို့နှင့် ယုဒ ပြည်မှ ပယ်ရှား တော်မူ၏။ ၂ တန်ခိုး ကြီးသောသူ၊ စစ်တိုက် သောသူ ၊ တရားသူကြီး ၊ ပရောဖက် ၊ ဗေဒင် တတ်၊ အသက်ကြီး သူ၊ ၃ သွေးသောက်ကြီး၊ အရာရှိ၊ တိုင်ပင် မှူးမတ်၊ လက် သတ္တိရှိသောသူ၊ နှုတ် သတ္တိရှိသောသူတို့ကို ပယ်ရှားတော်မူ၏။ ၄ ထိုပြည် တွင် သူငယ် တို့ကို မင်း အရာ၌ ငါခန့် ထား ၍ နို့စို့သူငယ် တို့သည် အုပ်စိုး ကြလိမ့်မည်။ ၅ ပြည်သား တို့သည် တယောက် ကိုတယောက်၊ အိမ်နီးချင်း တယောက်ကိုတယောက်ညှဉ်းဆဲ ကြလိမ့်မည်။ သူငယ် သည် အသက်ကြီး သူကို ၎င်း ၊ လူယုတ် သည် လူမြတ် ကို ၎င်းစော်ကား လိမ့်မည်။ ၆ ထိုကြောင့် ၊ လူ သည် ပေါက်ဘော် ချင်းညီအစ်ကို ကို ကိုင် ဆွဲ၍၊ သင် ၌ အဝတ် ရှိသေး၏။ လာပါ။ အကျွန်ုပ် တို့အပေါ် ၌ မင်း ပြု ပါ။ အကျွန်ုပ် တို့ ပြိုပျက် ရာကိုလည်း ပြုပြင် ပါဟုဆိုလျှင်၊ ၇ သူကလည်း၊ ငါသည်ပြုပြင် နိုင်သော သူမ ဟုတ်။ ငါ့ အိမ် ၌ မုန့် လည်း မရှိ။ အဝတ် လည်း မရှိ။ငါ့ ကို ပြည်သား တို့ အပေါ်မှာမင်း မ ပြု စေနှင့်ဟု အတည့်အလင်းပြော ဆိုလိမ့်မည်။ ၈ ယေရုရှလင် မြို့ပြိုလဲ လျက်၊ ယုဒပြည် ဆုံးရှုံး လျက် ရှိ၏။ အကြောင်း မူကား၊ သူ တို့စကား နှင့် သူ တို့အကျင့် တို့ သည် ထာဝရဘုရား ၏ အလိုတော်နှင့်မညီ၊ ဘုန်း ကြီးသော မျက်စိ တော်တို့ကို ဆန့်ကျင် ဘက်ပြုကြ၏။ ၉ သူ တို့မျက်နှာ အနေအထား သည် သူ တို့တဘက် ၌ သက်သေ ခံ၏။ မိမိ ဒုစရိုက် ကိုမ ဝှက် ၊ သောဒုံ မြို့သားကဲ့သို့ ထင်ရှားစွာ ပြု ကြ၏။ သူ တို့ဝိညာဉ် ၌ အမင််လာ ရှိ၏။ အကြောင်း မူကား၊ မကောင်းကျိုး ကို မိမိ တို့ ၌ ဆပ်ပေး ကြပြီ။ ၁၀ ဖြောင့်မတ် သောသူသည် မင််လာ ရှိ၏ဟု ထိုသူ အား ပြော လော့။ အကြောင်း မူကား၊ သူ သည် မိမိအကျင့် တို့၏အကျိုး ကို ခံစား ရလိမ့်မည်။ ၁၁ မတရား သောသူသည်အမင််လာ ရှိ၏။ မကောင်း သော အမှုနှင့်တွေ့လိမ့်မည်။ အကြောင်း မူကား၊ သူ ကျင့် သောအကျင့် တို့၏အပြစ် ကို သူ ၌ ဆပ် ပေးရလိမ့်မည်။ ၁၂ ငါ ၏လူ များကိုကား၊ သူငယ် တို့သည် ညှဉ်းဆဲ ကြ ၏။ မိန်းမ တို့သည်လည်း အုပ်စိုး ကြ၏။ ငါ ၏လူ များတို့၊ သင် တို့အား လမ်းပြ သောသူတို့သည် လမ်းလွဲ စေကြ၏။ သင် တို့သွားသော လမ်း ခရီး ကိုလည်း ဖျက် ကြ၏။ ၁၃ ထာဝရဘုရား သည် မိမိအမှုကို စောင့် အံ့သောဘုံ ထ တော်မူ၏။ မိမိလူ တို့ကို တရား စီရင်မည်ဟု အားထုတ် တော်မူ၏။ ၁၄ ထာဝရဘုရား သည် မိမိ လူ တို့တွင်၊ အသက်ကြီး သူတို့ကို ၎င်း၊ မင်း တို့ကို၎င်းတရား စီရင်ရာ၌ ဆီး ကြို တော်မူမည်။ သင် တို့သည် ငါ့ဥယျာဉ် တော်ကိုစား ကြပြီ။ ဆင်းရဲ သောသူတို့၏ ဥစ္စာ ကို လုယူ၍၊ မိမိ တို့အိမ် ၌ သိုထားကြပြီ။ ၁၅ ငါ ၏လူ တို့ကို အဘယ်ကြောင့် နှိပ်စက် ကြသနည်း။ ဆင်းရဲ သားတို့၏မျက်နှာ ကို အဘယ်ကြောင့်ကြိတ် ကြသနည်းဟု ကောင်းကင်ဗိုလ်ခြေ သခင် အရှင် ထာဝရ ဘုရား မိန့် တော်မူ၏။ ၁၆ တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဇိအုန် သတို့သမီး တို့သည် စိတ် မြင့်၍ ၊ မိမိလည်ပင်း

ကို ပြ လျက်၊ မျက်စိ လော်လည် လျက်၊ ခြေချင်း တန်ဆာ မြည် လျက်၊ စိတ်စိတ်လှမ်း သွားတတ်သောကြောင့်၊ ၁၇ ဘုရား ရှင်သည် ဇီအုန် သတို့သမီး တို့ကို ခေါင်းတုံးဖြစ်စေတော်မူမည်။ ထာဝရဘုရား သည် သူ တို့မှ အဝတ် ကိုပယ် ၍ အရှက်ခွဲတော်မူမည်။ ၁၈ ထို ကာလ ၌ ဘုရား ရှင်သည် သူတို့ခြေချင်း ၊ စွာဦးထုပ် ၊ လဆန်းရုပ်လည်ဆွဲ၊ ၁၉ နား သန်သီး၊ လက်ကောက် ၊ မျက်နှာဖုံး၊ ၂၀ ပေါင်း သရဖူ၊ ရွှေခြေကြိုး ၊ ခါးပန်း၊ နှာခေါင်းဘူး၊ ၂၁ လက်ဖွဲ့၊ လက်စွပ် ၊ နှာဆွဲ၊ ၂၂ ရွှေ စွာအင်္ကျီ၊ တပက် ၊ ခေါင်း ခြုံ၊ လွယ်အိတ်၊ ၂၃ လွယ်မှန် ၊ အတွင်းအင်္ကျီ ၊ ဦးရစ် ၊ တင်းထိမ် တို့ကို ပယ်ရှင်း တော်မူမည်။ ၂၄ မွှေး သော အနံ့အရာ ၌ ပုပ်စပ် သောအနံ့၊ ခါးစည်း အရာ ၌ ခါးကြိုး ၊ ကျစ်သောဆံပင် အရာ ၌ ခေါင်းထုံး ခြင်း၊ ရင်စည်း တန်ဆာအရာ ၌လျှောတေ ကြိုး၊ လှ သော အဆင်းအရာ၌ သံ ပူထိုးချက်ရာ ဖြစ် ရလိမ့်မည်။ ၂၅ သင် ၏ လူ တို့သည် ထား လက်နက်ဖြင့် ၎င်း၊ သင် ၏သူရဲ တို့သည် စစ်တိုက် သဖြင့်၎င်း လဲ ၍ ဆုံးရှုံးကြ လိမ့်မည်။ ၂၆ သူ ၏တံခါး တို့သည် ဝိုကြွေး မြည်တမ်း ၍ ၊ သူသည်လူ ဆိတ်ညံရာ မြေ ပေါ် မှာ ထိုင် ရလိမ့်မည်။

၄ ထိုကာလ ၌ မိန်းမ ခုနစ် ယောက်တို့သည် ယောကျ်ား တ ယောက်ကို ကိုင် ဆွဲလျက်၊ ကျွန်မတို့သည် ကိုယ် မုန့် ကို စား ပါမည်။ ကိုယ် အဝတ် ကိုလည်း ဝတ် ပါမည်။ ကျွန်မ တို့ကို မောင် ၏နာမ ဖြင့် သမုတ် ခြင်းသာရှိစေ၍၊ ကျွန်မ တို့ ရှက် ကြောက်ခြင်းကို ပယ် ဖျောက်ပါဟု ဆို ကြလိမ့်မည်။ ၂ ထို ကာလ ၌ ထာဝရဘုရား ၏အညွှန့် သည် ဘုန်း အသရေပွင့်လန်းလိမ့်မည်။ လွတ် သောကျွန်သရေလ အမျိုးသားတို့အဘို့၊ မြေ အသီး အနှံသည် ကောင်းမြတ် လျောက်ပတ်လိမ့်မည်။ ၃ ထာဝရဘုရား သည် တရားစီရင် သောဝိညာဉ် ၊ မီးလောင် သောဝိညာဉ် တော်အားဖြင့် ၊ ဇီအုန် သတို့သမီး တို့၏အညစ်အကြေး ကို ဆေးကြော ၍၊ ယေရုရှလင် မြို့၏အသွေး ကိုမြို့ ထဲ က ပယ်ရှား တော်မူပြီးလျှင်၊ ၄ ဇီအုန် တောင်မှာကျန်ကြွင်း ၍၊ ယေရုရှလင် မြို့၌ နေရစ် သောသူတည်းဟူသော အသက် စာရင်းဝင် သမျှ သော ယေရုရှလင် မြို့သားတို့သည် သန့်ရှင်း ခြင်းရှိကြလိမ့်မည်။ ၅ ထာဝရဘုရား သည်လည်း ဇီအုန် တောင် မှာရှိသမျှ သောအိမ် များနှင့် စည်းဝေး ရာ ပရိသတ်များအပေါ် တွင်၊ နေ့ အချိန်၌ မိုးတိမ် နှင့် မီးခိုး ကို၎င်း၊ ညဉ့် အချိန်၌ မီးလျံ အလင်း ကို၎င်းဖန်ဆင်း တော်မူ၍၊ မြတ် သောအရာ အလုံးစုံ တို့ကို လွှမ်းမိုး တော်မူလိမ့်မည်။ ၆ နေ့ အချိန်၌လည်း နေပူ ကိုကွယ်ကာ သောတဲ ၊ မိုးယံသက် မုန်တိုင်း ရောက်မှ လုံခြုံသော ခိုလှုံ ရာဖြစ် လိမ့်မည်။

၅ ငါ ချစ် ရာသခင်၏ စပျစ် ဥယျာဉ်တော်ကို အကြောင်း ပြု၍၊ မေတ္တာသီချင်း ကို ရှေ့တော်၌ဆို ပေအံ့။ မြေ ကောင်းသော တောင် ပေါ် မှာ ငါ ချစ်ရာ သခင်၏ စပျစ် ဥယျာဉ်တော်တဆူရှိ ၏။ ၂ မြေကိုတူး ၍ ကျောက်ခဲတို့ကို ရှင်းလင်း စေပြီးမှ ၊ အကောင်းဆုံးသော စပျစ် နွယ်ပင်တို့ကို စိုက်ပျိုး တော်မူ ၏။ ဥယျာဉ် ထဲ မှာ မှီခိုရာတဲလင့် ကိုလည်း ဆောက် ၍ ၊ စပျစ်သီးနယ် ရာကျင်း ကိုလည်း တူး တော်မူ၏။ ထိုအခါ စပျစ်သီး ကို သီး မည် ဟုမြော်လင့် သည်ရှိသော်၊ ဗောရ သီး ကို သီး ပါသည်တကား။ ၃ ယခု မှာ အိုယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့၊ ငါ နှင့် ငါ့ စပျစ် ဥယျာဉ်အမှုကို စီရင် ကြပါလော့။ ၄ ငါ့ စပျစ် ဥယျာဉ်၌ ငါ့ကျေးဇူးပြုနိုင်လျက်၊ မ ပြု သေးသော အရာတစုံတခုရှိသလော။ စပျစ်သီး ကို

သီး မည်ဟု မြော်လင့် သည်ရှိသော်၊ ဗောရှသီး ကို အဘယ်ကြောင့် သီး သနည်း။ ၅ ယခု နားထောင်ကြ။ ငါ့ စပျစ် ဥယျာဉ်၌ ငါ ပြု ရမည်အမှု ကို သင် တို့အား ငါဘော်ပြ မည်။ စောင်းရန်း ကို ငါပယ်ရှင်း သဖြင့် ၊ သူတပါးတို့သည် စား ကြလိမ့်မည်။ အုတ်ရိုး ကိုငါဖြို သဖြင့်၊ သူတပါးတို့သည် ကျော်နင်း ကြ လိမ့်မည်။ ၆ ဥယျာဉ် ကို ငါရှင်းရှင်းဖျက်ဆီးမည်။ အဘယ်သူမျှ မ ပြင်ဆင် ရ။ အဘယ်သူမျှမ တူး မဆွရ။ ဆူးပင် အမျိုးမျိုးပေါက် ကြလိမ့်မည်။ ထိုဥယျာဉ် အပေါ် မှာလည်း မိုးယံး မရွာစေခြင်းငှါငါပညတ် မည်။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ စပျစ် ဥယျာဉ်ကား၊ ဣသရေလ အမျိုး တည်း။ နှစ်သက် တော်မူသောပျိုး ပင်ကား၊ ယုဒ လူ တည်း။ တရားစီရင် ခြင်းကို မြော်လင့် တော်မူသည်ရှိသော်၊ အသေသတ် ခြင်းကိုငင်း၊ ဖြောင့်မတ် ခြင်းအရာ၌လည်း ငိုကြွေး ခြင်းကိုငင်းတွေ့မြင် တော်မူ၏။ ၈ မိမိတို့သည် မြေ ၏အလယ် ၌ တစုတည်းနေရာ ကျ၍၊ လပ်သောအရပ် မ ရှိစေခြင်းငှါ ၊ အိမ် တဆောင်နှင့် တဆောင်ကိုငင်း၊ လယ် တကွက်နှင့်တကွက်ကိုငင်း၊ ဆက် တတ်သောသူတို့သည် အမင်္ဂလာ ရှိကြ၏။ ၉ ငါ ၏နား အပါး ၌ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အကယ်စင်စစ်ကြီးကျယ် တင့်တယ်သော အိမ် အများတို့သည် နေ သောသူ မ ရှိ။ လူဆိတ်ညံ ရာဖြစ် ကြလိမ့်မည်။ ၁၀ အကြောင်း မူကား၊ စပျစ် ဥယျာဉ်တပယ် သည် စပျစ်ရည်တဗတ် ကိုမျှသာ ဖြစ်စေမည်။ မျိုးစေ့ ကိုလည်း ကြဲသောအခါ၊ ဆယ်ဘို့တွင်တဘို့ကိုမျှသာ ရ ကြလိမ့်မည်။ ၁၁ သေရည် သေရက်ကို သောက်အံ့သောငှါ၊ နံနက် စောစော ထ၍ စပျစ်ရည်နှင့် ယစ်မူးအံ့သောငှါ၊ ညဉ့် ကိုလည်း လွန် စေတတ်သောသူတို့ သည် အမင်္ဂလာ ရှိကြ၏။ ၁၂ သူ တို့၏ပွဲ ၌စောင်း ၊ တယော ၊ ပတ်သာ ၊ ပုလွေ ၊ စပျစ်ရည် ပါ တတ်၏။ ထာဝရဘုရား ၏ အမှု တော်ကိုကား ၊ ပမာဏ မ ပြုကြ။ လက် တော်နှင့် ပြုပြင် တော်မူရာကို မ ရိပ်မိ ကြ။ ၁၃ ထိုကြောင့် ငါ ၏လူ တို့သည် ပညာ မရှိ၊ ဘမ်းဆီး သိမ်းသွားခြင်းကိုခံ ရကြ၏။ မှူးမတ် တို့သည် မွတ်သိပ် ၍ သေကြ၏။ ဆင်းရဲသား တို့သည် ရေငတ် ၍ ပူဆွေးလျက် ရှိကြ၏။ ၁၄ ထိုကြောင့်၊ မရဏာ နိုင်ငံသည် မိမိ လောဘ ကို ကျယ် စေ၍ မိမိ ပစပ် ကိုအတိုင်း အရှည်မရှိ ဘဲ ဖွင့်ဟ သဖြင့် ၊ သူတို့၏ ဂုဏ် အသရေအလုံး အရင်း၊ အသံ ဗလံပြုခြင်း၊ ရွှင်လန်း ခြင်းတို့သည် ဆင်း မြုပ်ရကြ၏။ **(Sheol h7585)** ၁၅ ယုတ်သောသူလည်း ဦးနှိမ့် ခြင်း၊ မြတ်သော သူလည်း ရှုတ်ချ ခြင်းကိုခံရ၍၊ မာန ကြီးသောသူတို့ ၏ မျက်နှာ လည်း ပျက် ရ၏။ ၁၆ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် တရားစီရင် ခြင်းအားဖြင့် ချီးမွှောက် ခြင်းသို့ရောက်တော်မူလိမ့်မည်။ သန့်ရှင်း တော်မူသောဘုရား သခင်သည် ဖြောင့်မတ် ခြင်းအားဖြင့် ၊ သန့်ရှင်း ခြင်းရှိတော်မူလိမ့်မည်။ ၁၇ ထိုအခါ သိုး သငယ်တို့သည် အလိုအလျောက်ကျက်စား ရကြလိမ့်မည်။ သူဌေး သူကြွယ်ပိုင်းဘူး၍၊ လူဆိတ်ညံရာအရပ်၌လည်း ဧည့်သည် တို့သည် စား ရကြ လိမ့်မည်။ ၁၈ ဒုက္ခ ကို ဒုစရိုက် ဖြင့် ဆွဲ သောသူ၊ လှည်း ကြိုး ဖြင့် ဆွဲသကဲ့သို့ ၊ အပြစ်ကိုဆွဲငင်သောသူတို့ သည် အမင်္ဂလာ ရှိကြ၏။ ၁၉ သူတို့ကလည်း၊ ဘုရား သခင်၏အမှု ကို ငါတို့ သည် မြင် ရမည်အကြောင်း ၊ အလျင် အမြန်ကြိုးစားတော်မူ ပါစေ။ ငါတို့သည် သိ နားလည်ရမည်အကြောင်း ၊ ဣသရေလ အမျိုး၏သန့်ရှင်း သော ဘုရား၏အကြံ တော်သည်၊ အနီးသို့ချဉ်း ၍ ပြည့်စုံ ပါစေဟု ဆို တတ်ကြ၏။ ၂၀ မကောင်း ကိုအကောင်း ၊ အကောင်း ကိုမကောင်း ဟု ခေါ် တတ်သောသူ၊

အလင်း အရာ၌ အမိုက် ၊ အမိုက် အရာ၌ အလင်း ကိုငင်း၊ အချို အရာ ၌ အခါး ၊ အခါး အရာ ၌ အချို ကိုငင်း၊ အလွဲယူ တတ်သောသူတို့ သည် အမင်္ဂလာ ရှိကြ၏။ ၂၁ ငါသည် ပညာ ရှိသည်ဟု ကိုယ်ကိုထင်သောသူ၊ သမ္မာသတိနှင့် ပြည့်စုံ သည်ဟု ထင်မှတ်သောသူတို့သည် အမင်္ဂလာ ရှိကြ၏။ ၂၂ စပျစ်ရည် ကို များစွာ သောက် နိုင်သောသူ၊ ဆေးနှင့်ရော သော သေရည် သေရက်ကို သောက်ခြင်း အမှု၌၊ အားကြီး သောသူ တို့ သည် အမင်္ဂလာ ရှိကြ၏။ ၂၃ ထိုသူတို့သည် တံစိုး ကိုစားခြင်းငှါ ၊ မတရား သောသူတို့ ကို အပြစ် မပေးဘဲလွှတ်၍၊ ဖြောင့်မတ် သောသူတို့၏ ဖြောင့်မတ် ခြင်းကို ဝန်မခံ၊ ပယ်ရှား တတ်ကြ၏။ ၂၄ ထိုကြောင့်၊ မီး လျှာ သည် ကောက်ရိုး ကိုလျက် ၊ မီးလျှံ သည် မြက် ခြောက်ကို ကျွမ်းစေသည်နည်းတူ ၊ သူ တို့၏အမြစ် သည် ဆွေးမြေ့ သော သစ်သားကဲ့သို့ ဖြစ်၍၊ အပွင့် သည်လည်း မြေမှုန့် ကဲ့သို့ လွင့် တတ်လိမ့်မည်။ အကြောင်း မူကား၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏တရား တော်ကို ပယ် ကြပြီ။ ဣသရေလ အမျိုး ၏သန့်ရှင်း သော ဘုရား၏ဗျာဒိတ် တော်ကို မထီမဲ့မြင် ပြုကြပြီ။ ၂၅ ထိုကြောင့် ၊ ထာဝရဘုရား သည် မိမိ လူ တို့ကို အမျက် တော်ထွက်လျက် ၊ သူတို့ ၌လက် တော်ကိုဆန့် ၍ ဒဏ်ခတ် တော်မူသဖြင့် ၊ တောင် တို့သည်တုန်လှုပ် ၍ ၊ သူ တို့၏အသေ ကောင်တို့သည် လမ်း များ၌ မစင် ကဲ့သို့ ဖြစ် ကြ၏။ သို့သော်လည်းအမျက် တော်သည် မ ငြိမ်း ၊ လက် တော် သည် ဆန့် လျက်ရှိ သေး၏။ ၂၆ ဝေး သောအရပ်မှာ နေသောလူမျိုး တို့အဘို့ အလံ ကိုထူ ၍ ၊ မြေကြီး စွန်း သားတို့ကို နှိုးဆော် တော်မူသဖြင့် ၊ သူတို့သည် အလျင်အမြန် လာ ကြလိမ့်မည်။ ၂၇ သူ တို့တွင်မော သောသူမ ရှိ။ ထိမိ၍ လဲ သောသူ မရှိ။ ငိုက်မျည်း သောသူ၊ အိပ်ပျော် သောသူလည်းမရှိ။ သူ တို့ ခါး စည်း မ ပြေ။ ခြေနင်း ကြိုး လည်း မ ကျွတ်။ ၂၈ သူ တို့ မြား တို့သည် ထက် ကြ၏။ လေး တို့သည် လည်း တင်း လျက်ရှိကြ၏။ မြင်းခွာ တို့သည် မီးကျောက် ကဲ့သို့ ၎င်း၊ ရထား ဘီး တို့သည်လည်း ၊ လေဘွေ ကဲ့သို့ ၎င်း ထင်ကြ၏။ ၂၉ သူ တို့အသံဗလံ သည် ခြင်္သေ့ ဟောက်သံနှင့်တူ ၍၊ ခြင်္သေ့ ပျိုကဲ့သို့ ဟောက် ကြလိမ့်မည်။ ဟောက် လျက် အကောင်ကိုဘမ်း ၍ ဆောင်သွား ကြလိမ့်မည်။ အဘယ်သူ မျှ မကယ် မနှုတ်ရ။ ၃၀ ထိုကာလ ၌ သူတို့သည် သမုဒ္ဒရာ အသံ ဗလံ ကဲ့သို့ ဟုန်းဟုန်းမြည် ကြလိမ့်မည်။ ထိုပြည် ကိုကြည့်ရှု လျှင် ၊ မှောင်မိုက် အတိ၊ ဒုက္ခဆင်းရဲသက်သက်ရှိ၍၊ မိုးယံကောင်းကင် အလင်း သည် ကွယ်ပျောက် လိမ့်သတည်း။

၆ ဩဇ မင်းကြီး အနိစ္စ ရောက်သော နှစ် တွင် ၊ ထာဝရ ဘုရားသည် အလွန်မြင့်မြတ် သောပလ္လင် ပေါ် မှာ ထိုင် တော်မူသည်ကို ငါမြင် ၏။ အဝတ် တော်တန်ဆာသည် ဗိမာန် တော်ကို ဖြည့် လေ၏။ ၂ ကောင်းကင်တမန် သရုပ် တို့သည် ပလ္လင်တော် တဘက်တချက်၌ ရပ်နေကြ၏။ သူတို့သည် အတောင် ခြောက် ခုစီရှိ၍၊ အတောင်နှစ် ခုဖြင့် မျက်နှာ ကိုဖုံး လျက်၊ အတောင်နှစ် ခုဖြင့် ခြေ တို့ကို ဖုံး လျက်၊ အတောင်နှစ် ခုဖြင့် ပျံ တတ်ကြ၏။ ၃ သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် သန့်ရှင်း တော်မူ၏။ သန့်ရှင်း တော်မူ ၏။ သန့်ရှင်း တော်မူ၏။ မြေကြီး လုံး သည် ဘုန်း တော်နှင့် ပြည့် လေ၏ဟု တပါးကိုတပါး ကြွေးကြော် ၍ မြွက်ဆို ကြ ၏။ ၄ ထိုသို့သော ကြွေးကြော် သံ ကြောင့်၊ တံခါး တိုင် တို့ သည် လှုပ်ရှား ၍၊ မီးခိုး နှင့် တအိမ် လုံးပြည့် လေ၏။ ၅ ငါကလည်း၊ ငါ ၌ အမင်္ဂလာ ရှိ၏။

ငါအကျိုးနည်း ပြီ။ အကြောင်း မူကား၊ ငါ သည်ညစ်ညူး သော နှုတ်ခမ်း ရှိ လျက် ၊ ညစ်ညူး သောနှုတ်ခမ်း ရှိသောလူမျိုး တွင် နေ လျက် နှင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရားတည်း ဟူသောရှင် ဘုရင်ကို၊ ကိုယ် မျက်စိ နှင့်မြင် လေပြီတကားဟု ဆို ၏။ ၆ ထိုအခါ ကောင်းကင်တမန် သရုပ် တပါး သည် ယဇ် ပလ္လင်ပေါ် က မီးညှပ် ဖြင့် ယူ သော မီးခဲ တခဲကို လက်နှင့်ကိုင် လျက်၊ ငါ ရှိရာသို့ ပျံ လာ၍၊ ၇ ငါ့ နှုတ် ကိုတို့ ပြီးလျှင် ၊ ဤမီးခဲသည် သင် ၏ နှုတ်ခမ်း ကို တွေ့ ပြီ။ သင် ၏ဒုစရိုက် ကို သုတ်သင် ပြီ။ သင် ၏အပြစ် လည်း ပြေရှင်း ပြီဟု ဆို ၏။ ၈ တဖန် ထာဝရဘုရား က၊ ငါသည်အဘယ်သူ ကို စေလွှတ် ရမည်နည်း။ ငါ တို့အဘို့ အဘယ် သူသွား မည်နည်းဟုမေး တော်မူသံ ကို ငါကြား လျှင် ၊ ငါက၊ အကျွန်ုပ် ရှိ ပါ၏။ အကျွန်ုပ် ကို စေလွှတ် တော်မူပါဟု လျှောက် လေ၏။ ၉ ထာဝရဘုရားကလည်း၊ ထိုလူမျိုး ရှိရာသို့ သွား ပြီးလျှင် ၊ သင်တို့သည် ကြား လျက်ပင်၊ အနက်ကို နား မ လည် ဘဲ ကြား ကြလိမ့်မည်။ မြင် လျက်ပင်အာရုံ မ ပြုဘဲ မြင် ကြ လိမ့်မည်ဟု ပြော လော့။ ၁၀ သူ တို့မျက်စိ မမြင်၊ နားမကြား၊ စိတ် နှလုံးမသိ၊ အကျင့်မပြောင်းလဲ ၊ သူတို့အနာရောဂါကို ငါမငြိမ်းစေရ သည်တိုင်အောင်၊ သူတို့စိတ် နှလုံးကို မိုက် စေလော့။ သူ တို့ နား ကိုလည်း ထိုင်း စေလော့။ သူ တို့မျက်စိ ကိုလည်း ပိတ် လော့ဟု မိန့် တော်မူ၏။ ၁၁ အိုထာဝရဘုရား ၊ အဘယ်မျှကာလပတ်လုံး ကြာပါလိမ့်မည်နည်းဟု ငါမေး လျှောက်ပြန်လျှင်၊ မြို့ တို့ သည် မြို့သား မ ရှိ၊ အိမ် တို့သည် အိမ်သား မ ရှိအောင် ဖျက်ဆီး ခြင်းသို့ရောက်သဖြင့်၊ တပြည်လုံးသည် လူ ဆိတ်ညံရာသက်သက်ဖြစ်သည်တိုင်အောင် ၎း၊ ၁၂ ထာဝရဘုရား သည် လူ တို့ကိုဝေးသောအရပ်သို့ ပြောင်း စေတော်မူ၍ ၊ ပြည် ထဲ မှာများ စွာသော စွန့်ပစ် ခြင်း ရှိသည်တိုင်အောင်ဎ၊ ထိုကာလသည် ကြာလိမ့်မည်။ ၁၃ ထိုပြည်၌ ဆယ် ဘို့တွင်တဘို့ ကြွင်းသေးသော်လည်း ၊ ထိုအကြွင်းသည် အထပ်ထပ် ဖျက်ဆီး ခြင်းကို ခံ ရ လိမ့်မည်။ သို့ရာတွင်၊ ထင်းရူး ပင်နှင့် သပိတ် ပင်တို့ကို ခုတ်လှဲ ၍၊ သစ်ငုတ် သည် ကြွင်းသကဲ့သို့ ၊ သန့်ရှင်း သော အနွယ် သည် ထိုပြည်၌ အငုတ် ဖြစ်လိမ့်မည်ဟု မိန့် တော်မူ ၏။

၇ ယုဒ ရှင်ဘုရင် ဩဇိ သား ဖြစ်သော၊ ယောသံ ၏ သား အာခတ် မင်းလက်ထက် ၌ ၊ ရှုရိ ရှင်ဘုရင် ရေဇိန် မင်း နှင့် ဣသရေလ ရှင်ဘုရင် ရေမလိ မင်း၏သား ပေကာ မင်း တို့သည်၊ ယေရုရှလင် မြို့ကိုတိုက် ခြင်းငှါ ချီ လာကြ၏။ သို့သော်လည်း၊ အကြဲ မ မြောက်နိုင် ကြ။ ၂ ရှုရိ ပြည်သည် ဧဖရိမ် ပြည်ကို အမှီပြု သည်ဟု ဒါဝိဒ် မင်းမျိုးကြားသောအခါ ၊ တော ၌သစ်ပင် တို့သည် လေ ကြောင့် လှုပ်ရှား သကဲ့သို့ ၊ မင်းကြီး ၏နှလုံး နှင့် ပြည်သား တို့၏နှလုံး သည် တုန်လှုပ် လျက်ရှိကြ၏။ ၃ ထိုအခါ ထာဝရဘုရား သည် ဟေရှာယ ကို မိန့် တော်မူသည်ကား၊ သင်သည်သင် ၏သား ရှာယာရှုပ် နှင့် အတူသွား၍၊ ခဝါသည် ၏ လယ် နားမှာ ရှောက်သော လမ်း ၊ အထက် ရေကန် ပြွန် ဝ ၌ အာခတ် မင်းကို ကြိုဆို ၍ တွေ့လျှင်၊ ဆင့် ဆိုရမည်မှာ၊ ၄ သတိပြု ၍ ငြိမ်သက် စွာနေလော့။ မီးခိုး ထွက် သော ဤထင်း စ နှစ် ခုတည်းဟူသော၊ ရှုရိ မင်းရေဇိန် နှင့် ရေမလိ ၏သား တို့သည် ပြင်း စွာအမျက် ထွက်သော်လည်း၊ မ စိုးရိမ် နှင့်၊ စိတ် မ ပျက် နှင့်။ ၅ ရှုရိ ပြည်၊ ဧဖရိမ် ပြည်၊ ရေမလိ သား တို့က၊ ငါတို့သည် ယုဒ ပြည်သို့ သွား ၍ နှောက်ယှက် ကြကုန်အံ့။ ၆ တိုက်ယူ ၍ ပြည် အလယ် မှာ တဗာလ ၏သား ကို မင်း အရာ၌ခန့် ထားကြကုန်အံ့ဟု သင့် တဘက်၌

မကောင်းသောအကြံ ကိုကြံကြသော်လည်း၊ ၇ ဘုရား ရှင် ထာဝရ ဘုရားက၊ ထိုအကြံမ တည် ရ။ ထိုသို့မ ဖြစ် ရ။ ၈ ရှရိ
ပြည်၏ခေါင်း ကား၊ ဒမာသက် မြို့။ ဒမာသက် မြို့၏ခေါင်း ကား၊ ရေဇိန် မင်းဖြစ်ရ၏။ ဧဖရိမ် ပြည်၏ခေါင်း ကား၊
ရှမာရိ မြို့။ ရှမာရိ မြို့၏ခေါင်း ကား၊ ရေမလိ သား ဖြစ်ရ၏။ ၉ သို့သော်လည်း၊ ခြောက်ဆယ် ငါး နှစ် အတွင်း တွင် ၊
ဧဖရိမ် ပြည်ကိုပြည်မဖြစ်စေခြင်းငှါ၊ ချိုးဖဲ့ လိမ့်မည်။ သင်တို့သည်မ ယုံ လျှင် ၊ မ တည် ရကြဟုမိန့် တော်မူ၏။ ၁၀
တဖန် ထာဝရဘုရား က၊ သင် ၏ဘုရား သခင်ထာဝရဘုရား ထံ မှာ နိမိတ် လက္ခဏာကိုတောင်းပန် လော့။ ၁၁ နက်
သောအရပ်၌ဖြစ်စေ ၊ မြင့် သောအထက် အရပ်၌ ဖြစ်စေ၊ တောင်းပန် လော့ဟု အာခတ် မင်းကို မိန့် တော်မူလျှင်၊
(Sheol h7585) ၁၂ အာခတ် မင်းက၊ ကျွန်ုပ်မ တောင်းပန် ပါ။ ထာဝရဘုရား ကို မ စုံစမ်း ပါဟု ပြန်ပြော ၏။ ၁၃ ထိုအခါ
ဟေရှာယက၊ အိုဒါဝိဒ် အမျိုးသား တို့၊ နားထောင် ကြလော့။ သင် တို့သည် လူ ကိုငြီးငွေ့ စေသည် သာမက ၊ ငါ
ကိုးကွယ်သော ဘုရား သခင်ကို ငြီးငွေ့ စေကြ မည်လော။ ၁၄ ထိုကြောင့်၊ ထာဝရ ဘုရားသည် ကိုယ်တော် တိုင်
နိမိတ် လက္ခဏာကို သင် တို့အား ပေး တော်မူမည်။ ကြည့်ရှု လော့။ သတို့သမီးကညာ သည် ပဋိသန္ဓေ စွဲယူ၍ ၊ သား
ယောကျ်ားကို ဘွားမြင် လတံ့။ ထိုသား ကို ဧမာနွေလ အမည် ဖြင့် မှည့် ရလတံ့။ ၁၅ ထိုသူသည် မကောင်း သောအရာကို
ပယ် ၍ ၊ ကောင်း သောအရာကို ရွေး ယူတတ်သည်တိုင်အောင်၊ နို့ခမ်း နှင့် ပျားရည် ကို စား ရလိမ့်မည်။ ၁၆ ထိုသူငယ်
သည် မကောင်း သောအရာကိုမပယ် ၊ ကောင်း သောအရာကို မရွေး မ ယူတတ်မှီ၊ သင် ကြောက် သော ရှင်ဘုရင် နှစ်ဦး
အစိုးရသောပြည် သည် စွန့်ပစ် သော အရပ်ဖြစ်လိမ့်မည်။ ၁၇ ဧဖရိမ် အမျိုးသည် ယုဒ အမျိုးနှင့် ကွာ သွားသောနေ့
မှစ၍ ၊ မ ဖြစ် ဘူးသော နေ့ရက် ကာလကို ထာဝရဘုရား သည် သင် ၏အပေါ် ၌ငင်း ၊ သင် ၏လူ များပေါ် ၌ငင်း ၊ သင်
၏အမျိုး ရင်းအပေါ် ၌ငင်း ရောက် စေတော်မူမည်။ ၁၈ ထို ကာလ ၌ အဲဂုတ္တု မြစ်လက် ကြားတို့ အနားမှာ ရှိသော ယင်
ကောင်ကိုငင်း၊ အာရှရိ ပြည် ၌ ရှိသော ပျား ကောင်ကိုငင်း နှိုးဆော် တော်မူသဖြင့်၊ ၁၉ သူတို့သည်လာ ၍ လူဆိတ်ညံ
သောချိုင့် များ၊ ချောက် ကြား၊ တော အုံ၊ ကျက်စား ရာများအပေါ် မှာ အကုန် အစင်နား ကြလိမ့်မည်။ ၂၀ ထိုကာလ တွင်
မြစ် ကြီးတဘက် ၌ နေသောသူ၊ အာရှရိ ရှင်ဘုရင် တည်းဟူသော ဂျိုး သော သင်တုန်း ဖြင့် ထာဝရ ဘုရားသည် ဆံပင်
နှင့် ခြေ မွေး ကို ရိတ် တော်မူ မည်။ မုတ်ဆိတ် ကိုလည်း ပယ်ရှင်း တော်မူမည်။ ၂၁ ထို ကာလ ၌ လူ သည်နွားမ
ကလေးတကောင်၊ သိုးဆိတ် နှစ် ကောင်ကိုမွေးစားလျှင်၊ ၂၂ သူတို့ ၌များစွာ သော နို့ ကိုရ သဖြင့် နို့ခမ်း ကို စား ရ၏။
ပြည် ၌ ကျန် ကြွင်းသမျှသော သူတို့သည် ထောပတ် နှင့် ပျားရည် ကို သာစား ရကြလိမ့်မည်။ ၂၃ ထိုအခါ စပျစ်
နွယ်ပင်တထောင် ရှိ ၍၊ ငွေ တထောင် အဘိုးထိုက်သော စပျစ် ဥယျာဉ်တိုင်း ၊ ဆူးပင် မျိုးသက်သက်ဖြစ် ရလိမ့်မည်။
၂၄ လေး နှင့် မြှား ကို ဆောင်လျက် ထို အရပ်သို့ သွား ကြလိမ့်မည်။ မြေ တပြင် လုံး၌ ဆူး ပင်မျိုးသက်သက်ဖြစ်
ရလိမ့်မည်။ ၂၅ ပေါက်တူး နှင့် တူးဆွ ရာ တောင် ယာရှိသမျှ တို့ သည်၊ ဆူး ပင်မျိုးကြောင့် အဘယ်သူမျှမ ချည်း
ဝံ့သဖြင့်၊ နွား လွတ် ၍ ကျက်စားရာ၊ သိုး ဆိတ်တို့ ကျော်နင်း ရာ ဖြစ် ရကြ လိမ့်မည်ဟု ဟော လေ၏။

၈ တဖန် ထာဝရဘုရား က၊ သင် သည်ကြီး သော ကျောက်သင်ပုန်း ကိုယူ ပြီးလျှင် ၊ အသော့လုယက်မြန်မြန်ဖျက်လော့ဟု ဆိုလိုသော၊ မဟေရရှာလလဟာရှဗတ် ဟူသောအက္ခရာစာလုံးကို လူ ဘာသာ အားဖြင့် ရေးထားလော့ဟု ငါ့ အား မိန့် တော်မူ၏။ **၂** ထိုအခါ သက်သေ ခံစေခြင်းအလိုငှါ ၊ ယုံ လောက် သောသက်သေ၊ ယဇ်ပုရောဟိတ် ဥရိယ နှင့် ယေဗရခိ ၏ သား ဇာခိရိ တို့ကို ငါခေါ် ထား၏။ **၃** ထိုနောက် မှငါသည် ပရောဖက်ကတော်ကို ချဉ်း သဖြင့် ၊ သူသည် ပဋိသန္ဓေ စွဲယူ၍ သား ယောကျ်ားကို ဘွားမြင် လေ၏။ ထာဝရဘုရား ကလည်း ၊ ထိုသားကို မဟေရရှာလလဟာရှဗတ် ဟူသောအမည် ဖြင့်မှည့် လော့။ **၄** အကြောင်း မူကား၊ ထိုသူငယ် သည် အမိ အဘ ဟုမ ခေါ် တတ်မီ၊ ဒမာသက် မြို့၏ စည်းစိမ် ၊ ရှမာရိ မြို့၌ လုယက် သောဥစ္စာကို အာရှုရိ ရှင်ဘုရင် သည် သိမ်း သွား လိမ့်မည်ဟု မိန့် တော်မူ၏။ **၆** တဖန် ထာဝရဘုရား က၊ ဤ လူမျိုး သည် ဖြည်းညှင်း စွာ စီး သော ရှိလောင် ချောင်း ကို ငြင်းပယ် ၍၊ရေဇိန် နှင့် ရေမလိ သား တို့ ၌ ဝမ်းမြောက် ကြသောကြောင့်၊ **၇** ထာဝရဘုရားသည် အလုံးအရင်းပါသောအာရှုရိ ရှင်ဘုရင် တည်းဟူသော၊ ခွန်အားဗလကြီး ၍များ သော မြစ် ရေ နှင့်သူ တို့ကို လွှမ်းမိုးစေတော်မူသဖြင့် ၊ ထိုမြစ် သည် မိမိ ချောင်း များကို လွှမ်း ၍ ၊ မိမိကမ်း များကို လျှံ လျက်၊ **၈** ယုဒ ပြည်ကို ချင်းနင်းလွှမ်းမိုး ဖြန့်သွား၍၊ လည်ပင်း တိုင်အောင် မှီ လိမ့်မည်။ သူ ၏ အတောင် တို့ကိုလည်း ဖြန့် သဖြင့်၊ ကိုယ်တော်၏မြေ တပြင်လုံး ကို အုပ်မိုး လိမ့်မည်၊ အိမ္မာနွေလ ဟု မိန့် တော်မူ၏။ **၉** အချင်းလူ များတို့၊ သင်းဖွဲ့၍မှိုင်တွေကြလော့။ ဝေး သောပြည် သားအပေါင်း တို့၊ နားထောင် ကြလော့။ ခါးစည်း ၍ မှိုင်တွေ ကြလော့။ ခါးစည်း ၍ မှိုင်တွေကြ လော့။ **၁၀** တိုင်ပင်ကြလော့။ သင်တို့အကြံ သည် ပျက် လိမ့်မည်။ စီရင် ကြလော့။ စီရင်သည်အတိုင်း မ တည်ရ။ အကြောင်း မူကား၊ ဘုရား သခင်သည် ငါ တို့ဘက် ၌ ရှိတော်မူ၏။ **၁၁** ဤ လူမျိုး ၏ ဘာသာ ဓလေ့အတိုင်း ၊ ငါမကျင့် ရမည် အကြောင်း ၊ ထာဝရဘုရား သည် တန်ခိုး ပြလျက်၊ ငါ့ ကို သွန်သင် ၍မိန့် တော်မူသည်ကား၊ **၁၂** သင်းဖွဲ့ ခြင်းဟု၊ ဤ လူမျိုး ဆို သမျှ အတိုင်း၊ သင်တို့သည် သင်းဖွဲ့ ခြင်းဟု မ ဆို ကြနှင့်။ သူ တို့ကြောက် တတ်သောအရာကို မ ကြောက် ကြနှင့်။ မ ထိတ်လန့် ကြနှင့်။ **၁၃** ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ကို ရိုသေခြင်းရှိကြလော့။ ထိုဘုရားကိုသာ ကြောက်ရွံ့ ခြင်း၊ ထိတ်လန့် ခြင်းရှိကြလော့။ **၁၄** ထိုသို့ပြုလျှင်၊ ထိုဘုရားသည် သင်တို့ခိုလှုံ ရာ ဖြစ် တော်မူလိမ့်မည်။ သို့ရာတွင် ၊ ဣသရေလ လူ နှစ် မျိုးတို့ ထိမိ၍လဲ စရာကျောက် ၊ မှားယွင်းစရာကျောက် ၊ ယေရုရှလင် မြို့သား တို့ ၌ ကျော့ကွင်း နှင့် ထောင်ချောက် ဖြစ်တော်မူလိမ့်မည်။ **၁၅** ထိုသူ အများတို့သည် ထိမိ ၍ တိမ်းလဲ ကျိုးပဲ့ ခြင်း၊ ကျော့မိ ဘမ်းဆီး ခြင်းသို့ ရောက်ကြလိမ့်မည်။ **၁၆** ဤသက်သေခံ ချက်ကို ငါ့ တပည့် တို့တွင် ထုပ် ထား၍၊ ပညတ် တရားကို တံဆိပ် ခတ်လော့ဟု မိန့်တော်မူ ၏။ **၁၇** ယာကုပ် အမျိုးသား တို့တွင် မျက်နှာ တော်ကို ကွယ် ထားတော်မူသောထာဝရဘုရား ကို ငါသည် ဆိုင်းငံ့ လျက် မြော်လင့် မည်။ **၁၈** ငါ မှစ၍ ငါ့ အား ထာဝရဘုရား ပေး တော်မူသော သူငယ် တို့သည် ရှိ ကြ၏။ ဇိအုန် တောင် ပေါ် မှာ ကျိန်းဝပ်တော်မူသောကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ထံ တော်က၊ ဣသရေလ အမျိုး၌ ပုပ္ပ နိမိတ်နှင့် အံ့ဘွယ်သော

အရာဖြစ်စေခြင်းငှါပေးတော်မူသတည်း။ ၁၉ တိုးတိုး ပြော၍ မန္တန်သရဇ္ဈာယ် တတ်သော နတ် ဝင်နှင့် စုန်း တို့ ၌ ဆည်းကပ် ကြလော့ဟု သင်တို့အား ဆို လျှင်မူကား၊ လူ တို့သည် မိမိ တို့ဘုရား သခင်၌ မ ဆည်းကပ်အပ်သလော။ အသက်ရှင် သောသူ ၏ အမှုမှာ အသက်သေ သောသူ၌ ဆည်းကပ် အပ်သလော။ ၂၀ တရား တော်ကိုငင်း၊ သက်သေခံ တော်မူချက်ကို ငင်း နားထောင် ကြကုန်။ သူတို့ ပြော သော စကားသည် နှုတ်ကပတ် တော်နှင့် မ ညီ လျှင် ၊ သူ တို့ ၌ အာရုဏ် မ တက် သေး။ ၂၁ ပင်ပန်း ခြင်းနှင့် မွတ်သိပ် ခြင်းကိုခံလျက် လွန် သွားရကြလိမ့်မည်။ မွတ်သိပ် သောအခါ လည်း ကိုယ်ကို ကိုယ်နှောင့်ရှက် ၍ ၊ မိမိ တို့ ရှင်ဘုရင် နှင့် မိမိ တို့ ဘုရား သခင်ကို ကျိန်ဆဲ ကြလိမ့်မည်။ ၂၂ အထက် သို့ မျှော် သည်ဖြစ်စေ၊ မြေကြီး ကို ကြည့် သည်ဖြစ်စေ ၊ ဒုက္ခ ဆင်းရဲနှင့် မှောင်မိုက် အတိရှိပါ ၏။ ထူထပ်သော မှောင်မိုက်နှင့်တွေ့၍၊ အလင်း ကွယ်ပျောက် ရာသို့ နှင်ထုတ် ခြင်းကိုခံရကြလိမ့်မည်။

၉ သို့ သော်လည်း၊ ဒုက္ခ ဆင်းရဲခြင်းကို ခံရသော ပြည်သည် နောက်မှမှောင်မိုက် နှင့်ကင်းလွတ် လိမ့်မည်။ ဇာဗုလုန် ခရိုင် နှင့် နဿလိ ခရိုင် ကို အထက် က ရှုတ်ချ တော်မူသော်လည်း ၊ နောက်တဖန်အိုင် နားရှောက်သော လမ်း ၊ ယော်ဒန် မြစ်တဘက် ၊ တပါးအမျိုးသား နေရာ ဂါလိလဲ ပြည်ကို ဂုဏ် အသရေနှင့် ပြည့်စုံစေတော်မူ၏။ ၂ မှောင်မိုက် ထဲမှာ သွားလာ သောလူ များတို့သည် ကြီး စွာသော အလင်း ကိုမြင် ရ၍၊ သေမင်း ၏နိုင်ငံ အရိပ် တွင် ရှိနေ သောသူ တို့ ၌ အလင်း ပေါ် ထွန်း လျက်ရှိ၏။ ၃ ကိုယ်တော်သည် အမျိုးသား တို့ကို များပြား စေ၍၊ သူ တို့၏ ဝမ်းမြောက် ခြင်းကို တိုးပွား စေတော်မူ၏။ စပါးကို စုသိမ်း ရာကာလ၌ ဝမ်းမြောက် သကဲ့သို့ ၎င်း၊ လုယူသော ဥစ္စာ ကို ဝေ သောသူ ဝမ်းမြောက် သကဲ့သို့ ၎င်း၊ ရှေ့ တော်၌ သူတို့သည် ဝမ်းမြောက် ကြပါ၏။ ၄ အကြောင်း မူကား၊ မိဒျန် လက်ထက် ၌ ပြုတော်မူသကဲ့သို့၊ ကိုယ်တော်သည် သူ တို့ထမ်း ရသောထမ်းဘိုး ၊ ကျော ၌ခံရသောတုတ် ကိုငင်း၊ ညှဉ်းဆဲ သောသူ၏ လုံ့တံ ကိုငင်းချိုး တော်မူပြီ။ ၅ စစ်တိုက် သောသူရဲ၏ ခြေစွပ် နှင့် အသွေး လူး သော အဝတ် တန်ဆာရှိသမျှ တို့သည် မီးရို့ ဘို့ မီးစာ ဖြစ် ရကြ လိမ့်မည်။ ၆ အကြောင်း မူကား၊ ငါ တို့အဘို့ သူငယ် ကို ဘွားမြင် ၏။ ငါ တို့အား သား ကိုသနား တော်မူ၏။ ထိုသူသည် အုပ်စိုးခြင်း အာဏာစက် ရှိ လိမ့်မည်။ နာမ တော်မူကား အံ့သြ ဘွယ်၊ တိုင်ပင် ဘက်၊ တန်ခိုး ကြီးသောဘုရား သခင်၊ ထာဝရ အဘ၊ ငြိမ်သက် ခြင်းအရှင် ဟု ခေါ် ဝေါ် သမုတ် ခြင်းကိုခံ တော်မူလိမ့်မည်။ ၇ ဒါဝိဒ် မင်း၏ ရာဇ ပလ္လင်ပေါ် မှာထိုင်၍၊ နိုင်ငံ တော်ကို နောင်ကာလအစဉ်မပြတ်၊ တရား တော်အတိုင်း ဖြောင့်မတ် စွာစီရင်၍အမြဲတည် စေတော်မူမည်အကြောင်း ၊ အာဏာ တော် တိုးတက် ခြင်းနှင့် ငြိမ်သက် တော်မူခြင်း သည် နိဂ္ဂ အမြဲရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် အလို တော်အားကြီး၍၊ ထို အမှုကို ပြီးစီး စေတော်မူလိမ့်မည်။ ၈ ထာဝရ ဘုရားသည် ဗျာဒိတ် တော်ကို ယာကုပ် အမျိုးသို့ လွှတ် ၍ ၊ ဣသရေလ အမျိုးအပေါ် မှာ သက်ရောက် စေတော်မူ၏။ ၉ အုတ် ရိုးပြို သော်လည်း ၊ ဆစ် သောကျောက်နှင့် တည် ပြန်မည်။ ၁၀ သဖန်းပင် များကို ခုတ်လဲ သော်လည်း ၊ သူတို့ အရာ၌ အာရဇ် ပင်များကို စိုက် ထားမည်ဟု မာန ကြီးမားထောင်လွှားသော ရှမာရိ မြို့သား မှစ၍ ဧဖရိမ် လူ အပေါင်း တို့သည် သိ ရကြလိမ့်မည်။ ၁၁ ထာဝရဘုရား သည်လည်း ၊ ထိုသူ တို့တဘက် ၌ ရေဇိန်

မင်း၏ရန်သူ တို့ကို ချီးမြှောက် ၍ ၊ ဧဖရိမ်အမျိုး၏ ရန်သူတို့ကို ထစေတော်မူသဖြင့်၊ ၁၂ ရှေ့၌ကား ရှုရိ လူ၊ နောက် ၌ ကား ဖိလိတ္တိ လူတို့ သည် ပစပ် ဟ၍၊ ဣသရေလ အမျိုးကို ကိုက် စားကြ လိမ့်မည်။ သို့သော်လည်း၊ အမျက် တော်သည် မ ငြိမ်း ၊ လက် တော်သည် ဆန့် လျက်ရှိသေး ၏။ ၁၃ ဤလူ မျိုးသည် ဒဏ်ခတ် တော်မူသောသူထံ သို့ မ လှည့် မပြန်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ကို မ ရှာ မဖွေတတ်။ ၁၄ ထိုကြောင့် ၊ ထာဝရဘုရား သည် ဣသရေလ အမျိုးမှ ဦးခေါင်း နှင့် အမြီး ကိုဌင်း၊ စွန်ပလွံ လက်နှင့် ကိုင်း ပင်ကိုဌင်းတနေ့ ခြင်းတွင် ခုတ် ဖြတ်တော်မူလိမ့်မည်။ ၁၅ ဦးခေါင်း ကား၊ အသက် ကြီးသူနှင့် အသရေ ရှိသူ တည်း။ အမြီး ကား၊ မုသာ ကိုဟော ပြောသော ပရောဖက် တည်း။ ၁၆ ဤ လူမျိုး ကို လမ်းပြ သောသူတို့သည် လမ်းလွဲ စေခြင်းငှါ ပြ ကြ၏။ လိုက်သောသူတို့သည်လည်း ပျက်စီး ခြင်းသို့ ရောက် ကြလိမ့်မည်။ ၁၇ ထိုကြောင့် ၊ ထာဝရ ဘုရားသည် သူ တို့တွင် ရှိသောလူပျို တို့ကို အားရ တော်မ မူ။ မိဘ မရှိသောသူငယ် နှင့် မုတ်ဆိုးမ တို့ကို သနား တော်မ မူ။ ထိုသူ အပေါင်း တို့ သည် အဓမ္မ ပြုသောသူ၊ ဆိုးညစ် သောသူဖြစ်၍ ၊ မတရား သော စကားကိုပြော တတ်ကြ၏။ သို့ ဖြစ်၍၊ အမျက် တော် သည် မ ငြိမ်း ၊ လက် တော်သည် ဆန့် လျက် ရှိသေး ၏။ ၁၈ အဓမ္မ သည် မီး ကဲ့သို့ လောင် တတ်၏။ ဆူးပင် အမျိုးမျိုးကို ကျွမ်း စေမည်။ တောအုပ် ကို လည်း မီးရှို့ သဖြင့်၊ အပင်တို့သည် မီးခိုး နှင့်တကွလွင့် တက်ကြလိမ့်မည်။ ၁၉ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ အမျက် တော်ကြောင့်၊ မြေသည်မီးလောင်၍၊ မြေသားတို့ သည် မီးမွေးဘို့ ထင်းဖြစ်ကြလိမ့်မည်။ ညီအစ်ကိုချင်း တယောက်ကိုတယောက် မနှမြောရ။ ၂၀ လက်ျာ ဘက်၌ ခုတ် ဖြတ်သော်လည်း ၊ ငတ်မွတ် လိမ့်မည်။ လက်ဝဲ ဘက်၌ ကိုက် စားသော်လည်း မ ဝ ရ။ အိမ်နီးချင်းအသား ကို လူ တိုင်းကိုက်စား ရလိမ့်မည်။ ၂၁ မနာရှေ အမျိုးသည် ဧဖရိမ် အမျိုးကိုဌင်း ၊ ဧဖရိမ် အမျိုးသည် မနာရှေ အမျိုးကိုဌင်းကိုက်စားကြလိမ့်မည်။ ထိုနှစ် မျိုးတို့သည် ယုဒ အမျိုးကို တညီတညွတ်တည်းရန်ပြုကြလိမ့်မည်။ သို့သော်လည်း၊ အမျက် တော်သည် မ ငြိမ်း ၊ လက် တော်သည် ဆန့် လျက်ရှိသေး ၏။

၁၀ ငတ်မွတ်သောသူတို့ ကို တရားရုံးစေခြင်းငှါဌင်း၊ ၂ ငါ ၏လူမျိုး တွင် ဆင်းရဲ သားတို့၏ အခွင့် အရာကို ရုပ်သိမ်း ခြင်းငှါ ဌင်း၊ မုတ်ဆိုးမ တို့ကို ညှဉ်းဆဲ၍၊ မိဘ မရှိသောသူတို့၏ ဥစ္စာကိုလုယူ ခြင်းငှါဌင်း၊ မတရား သဖြင့်စီရင် သောသူ၊ ကျပ်တည်း စွာသော မှတ်ချက် ကို မှတ်သား သော စာရေးတို့သည် အမင်္ဂလာ ရှိကြ၏။ ၃ ငါကြည့်ရှုစီရင် သည်ကာလ ၊ အဝေး က ရောက်လတံ့ သော ဖျက်ဆီး ခြင်းဖြစ်သည်ကာလ၌ ၊ သင်တို့သည် ချမ်းသာ ရအံ့သောငှါ ၊ အဘယ် သူထံ သို့ ပြေး ကြလိမ့်မည်နည်း။ သင် တို့စည်းစိမ် ဥစ္စာကို အဘယ်မှာ သို ထား ကြ လိမ့်မည်နည်း။ ၄ ငါ့ကျေးဇူးကို မခံရသောသူတို့သည်၊ ချုပ်ထား လျက်ရှိသောသူတို့ အောက် မှာ ဦးချ ရကြလိမ့်မည်။ အသေသတ် ခြင်းကို ခံရသောသူတို့ အောက် မှာ လဲ ရကြ လိမ့်မည်။ သို့သော်လည်း၊ အမျက် တော်သည်မ ငြိမ်း ၊ လက် တော်သည်ဆန့် လျက်ရှိသေး၏။ ၅ အာရှုရိ လူသည်အမင်္ဂလာ ရှိ၏။ ငါ့ အမျက် ၏ လှံတံ ဖြစ်၏။ သူ ကိုင် သောတောင်ဝေး သည် ငါ ဒဏ် ပေး စရာဘို့ ဖြစ်၏။ ၆ အဓမ္မ လူမျိုး ရှိရာသို့ သူ့ ကိုငါစေလွှတ် မည်။ ငါ့ အမျက် ခံရာ လူစု ကို လုယူ ဖျက်ဆီး ၍၊

လမ်း ၌ ရှိ့ ကိုကဲ့သို့ ကျော် နင်းစေခြင်းငှါ ၊ သူ့ ကိုငါမှာ ထားမည်။ ၇ သို့ သော်လည်း၊ သူသည်အခြားသောအကြံ၊ အခြားသော အလိုရှိ၏။ သူသည်ဖျက်ဆီး ၍ ၊ များစွာသောလူမျိုး တို့ကို ဖယ်ရှင်း ခြင်းငှါ အလိုရှိ၏။ ၈ သူသည် အဘယ်သို့ဆိုသနည်းဟူမူကား၊ ငါ ၏ မှူးမတ် တို့သည် မင်းကြီး ဖြစ်ကြသည်မဟုတ် လော။ ၉ ကာလနော မြို့သည် ခါခေမိတ် မြို့ကဲ့သို့ ၎င်း၊ ဟာမတ် မြို့သည် အာပဒ် မြို့ကဲ့သို့ ၎င်း၊ ရှမာရိ မြို့သည် ဒမာသက် မြို့ကဲ့သို့ ၎င်း ဖြစ်သည် မဟုတ် လော။ ၁၀ ရှမာရိ ရုပ်တုနှင့် ယေရုရှလင် ရုပ်တုထက် သာ၍မြတ် သော ရုပ်တု ဆင်းတု ကို ကိုးကွယ်သော တိုင်း နိုင်ငံများကို ငါ လု ယူသကဲ့သို့ ၎င်း၊ ၁၁ ရှမာရိ မြို့နှင့် သူ ၏ ရုပ်တု တို့ကို ငါပြု သကဲ့သို့ ၎င်း၊ ယေရုရှလင် မြို့နှင့် သူ ၏ ရုပ်တု တို့ကို ငါပြု မည် မဟုတ် လော ဟုဆို တတ်၏။ ၁၂ သို့သော်လည်း၊ ထာဝရ ဘုရားသည် ဇအုန် တောင် နှင့် ယေရုရှလင် မြို့၌ အမှုတော် ကို လက်စသတ် တော်မူပြီးမှ ၊ အာရှုရိ ရှင်ဘုရင် ၏ မာန ထောင်လွှားခြင်း၊ မော် သော မျက်နှာ နှင့် စော်ကား ခြင်းကို ငါကြည့်ရှု၍ စီရင် မည်။ ၁၃ ထိုမင်းက၊ ငါသည် ကိုယ် လက်ရုံး သတ္တိ နှင့် ကိုယ် ဉာဏ် အားဖြင့် ငါတတ် နိုင်၏။ ပညာ သတ္တိနှင့် ငါပြည့်စုံ၏။ လူမျိုး နေရာ အပိုင်းအခြားတို့ကို ငါရှေ့ပြီ။ သူ တို့၏ ဘဏ္ဍာ ကို လုယူ ပြီ။ ဘုရင် တို့ကို သူရဲ ကဲ့သို့ နှိမ့်ချ ပြီ။ ၁၄ ငါ့ လက် သည် ငှက်သိုက် ကို တွေ့သကဲ့သို့ ၊ လူ တို့၏ဥစ္စာ ပစ္စည်းကို တွေ့ ပြီ။ စွန့်ပစ် သောငှက်ဥ တို့ကို သိမ်းယူ သကဲ့သို့ ၊ မြေကြီး တန်ဆာရှိသမျှ တို့ကိုငါ သိမ်းယူ ပြီ။ အဘယ်သူမျှအတောင် ကိုမ လှုပ် ၊ နှုတ် သီးကိုမဖွင့် ၊ မမြည် မတွန့်ဟုဆို သည် ဖြစ်၍၊ ၁၅ ကြိမ်လုံး သည် ကိုင် သောသူကိုလှုပ် သကဲ့သို့ ၎င်း၊ တောင်ဝေး သည် မိမိသခင်ကိုချီ ကြွသကဲ့သို့ ၎င်း၊ ပုဆိန် သည် ခုတ် သောသူကို စော်ကား ရမည်လော။ လွှ သည် တိုက် သောသူကို ရန်ပြု၍ ထောင်လွှား ရမည်လော။ ၁၆ ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေ သခင်အရှင် ထာဝရဘုရား သည် ထိုမင်း ၏ ဆူဝ သောသူတို့ ၌ ပိန် ကျုံ့ခြင်းကို သွင်းပေးတော်မူမည်။ သူ ၏ ဘုန်း အောက် ၌ လည်း မီး လောင် သကဲ့သို့ လောင်စေခြင်းငှါ ရှိ့ တော်မူ မည်။ ၁၇ ဣသရေလ အမျိုး၏အလင်း သည် မီး ဖြစ် တော်မူ မည်။ သန့်ရှင်း သော ဘုရားသည် မီးလျှံ ဖြစ်တော်မူမည်။ တနေ့ ခြင်းတွင် ၊ ထိုမင်း ၏ ဆူး ပင်အမျိုးမျိုးတို့ကို မီးရှို့၍၊ ကျွမ်း စေတော်မူမည်။ ၁၈ တော ၏ဘုန်း ကိုငင်း၊ အသီးအနှံထွက်သောလယ် ၏ ဘုန်းကိုငင်း၊ သူ၏ ကိုယ် ခန္ဓာနံ ဝိညာဉ်နှင့်တကွ ကုန် စေတော်မူသဖြင့်၊ ထိုမင်းသည် နာ သောသူကဲ့သို့ အားလျော့ လိမ့်မည်။ ၁၉ ကြွင်း သော တောပင် တို့ကို သူငယ် သည် စာရင်း ယူနိုင်အောင်၊ အနည်းငယ် မျှသာ ဖြစ် လိမ့်မည်။ ၂၀ ထိုအခါမှစ၍၊ ဘေးလွတ် လျက် ကြွင်း သော ဣသရေလ အမျိုးနှင့် ယာကုပ် အမျိုးသား တို့သည်၊ မိမိ တို့ ကို ညှဉ်းဆဲ သောသူ၌ နောက် တဖန်မ ကိုးစား ဘဲ၊ ဣသရေလ အမျိုး၏ သန့်ရှင်း သောအရှင် ထာဝရဘုရား ၌ အမှန်ကိုးစား ကြလိမ့်မည်။ ၂၁ ကြွင်း သောသူတည်းဟူသော၊ ယာကုပ် အမျိုး၌ ကြွင်း သောသူတို့သည် တန်ခိုးကြီး တော်မူသောဘုရား သခင့်ထံသို့ ပြန် လာကြလိမ့်မည်။ ၂၂ အိုဣသရေလ အမျိုး ၊ သင်၏အမျိုးသားတို့သည် သမုဒ္ဒရာ သဲလုံး နှင့် အမျှ များသော်လည်း ၊ ကြွင်း သောသူတို့ သာလျှင် ပြန် လာကြလိမ့်မည်။ စီရင် ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်း ခြင်းသည် တရား သဖြင့် လွှမ်းမိုး ရ လိမ့်မည်။ ၂၃ ကောင်းကင်ဗိုလ်ခြေ ရှင် ထာဝရဘုရား သည် မြေ တပြင်လုံး အလယ် ၌ စီရင် ဆုံးဖြတ်သော၊

သုတ်သင် ပယ်ရှားခြင်းကို ပြု တော်မူလိမ့်မည်။ ၂၄ ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေ သခင် အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဇိအုန် မြို့၌နေ သောငါ ၏လူမျိုး ၊ အာရှရိ မင်းကြောင့် မ ကြောက် နှင့်။ သူ၏ ကြိမ်လုံး နှင့် သင့်ကိုရိုက် မည်။ အဲဂုတ္တု မင်း ပြု သည်နည်းတူ သူ ၏လုံတံ ကို သင် ၏အပေါ် မှာမိုး လိမ့်မည်။ ၂၅ သို့သော်လည်း၊ ခဏကြာပြီးမှ သူ တို့သည်ပျက်စီး ခြင်းသို့ရောက်သောအားဖြင့် ၊ ငါ့အမျက် သည်ငြိမ်း ၍၊ ငါ့ စိတ်လည်းပြေလိမ့်မည်။ ၂၆ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် ဩရာဘ ကျောက် နား မှာ မိဒျန် အမျိုးသားတို့ကို ဒဏ်ခတ် သကဲ့သို့ ၎င်း၊ ပင်လယ် ကိုလုံတံ တော်နှင့် မိုး သကဲ့သို့၎င်း၊ ထိုမင်းအဘို့ ဘေးဥပဒ်ကို ပြင်ဆင်၍၊ အဲဂုတ္တု လက်ထက်၌ကဲ့သို့ တဖန် လုံတံ တော်ကို ချီ တော်မူမည်။ ၂၇ ထို ကာလ ၌ သူ ၏ဝန် ကို သင် ၏ပခုံး ပေါ် က ၎င်း၊ သူ ၏ထမ်းဘိုး ကိုသင် ၏လည်ပင်း ပေါ် က ၎င်း ချ ရ၏။ ဆူဝ ခြင်းကျေးဇူးကြောင့် ထမ်းဘိုး ပျက်စီး ရ၏။ ၂၈ အာရပ် မြို့သို့ ရောက် လေပြီ။ မိဂရုန် မြို့တိုင်အောင် လွန် သွားပြီ။ မိတ်မတ် မြို့၌ လှည်း များကို ချ ထားပြီ။ ၂၉ တောင်ကြားကို လွန် ကြပြီ။ ဂေဗ မြို့၌ စားခန်း ချ ကြပြီ။ ရာမ မြို့သည် ကြောက်လန့် လျက်ရှိ၏။ ရှောလ နေရာဂိဗာ မြို့သည် ပြေး ၏။ ၃၀ အိုဂလ္လိမ် မြို့သမီး ၊ ကြွေးကြော် လော့။ အိုလဲရှ မြို့၊ နားထောင် လော့။ အာနသုတ် မြို့သည် အမင်္ဂလာ ရှိ၏။ ၃၁ မာဒမေန မြို့သည် ပြောင်းသွားပြီ။ ဂေဗိပ် မြို့သား တို့သည် လွတ်အောင်ပြေး ကြ၏။ ၃၂ နောဘ မြို့၌ တရက်နေပြီးမှ၊ ဇိအုန် သတို့သမီး ၏တောင် တည်းဟူသောယေရှုရှလင် တောင် ကိုရွယ်၍၊ မိမိ လက် ကို လှုပ် လိမ့်မည်။ ၃၃ ကောင်းကင်ဗိုလ်ခြေ သခင် အရှင် ထာဝရဘုရား သည် ကြောက်မက် ဘွယ်သော အခြင်းအရာနှင့် သစ်ပင်အထွဋ်ကို ပယ်ရှင်း တော်မူမည်။ အရပ်မြင့် သော အခက် တို့ကို ခုတ်လှဲ ၍ ၊ ကြီးမား သော အခက်တို့ကို နှိမ့်ချ တော်မူမည်။ ၃၄ တော အုပ်ကို ပုဆိန် နှင့် ခုတ်ပယ်တော်မူ၍ ၊ လေဗနုန် တောသည် တန်ခိုး ကြီးသောသူ ၏လက်အားဖြင့်လဲ လျက်နေလိမ့်သတည်း။

၁၁ ယေရှဲ အမျိုးအငုတ် ၌ အတက် ပေါက် လိမ့်မည်။ သူ ၏အမြစ် တို့တွင် အညွှန့် သည် အသီးသီး လိမ့်မည်။ ၂ ထာဝရဘုရား ၏ ဝိညာဉ် တော်တည်းဟူသောဉာဏ် ပညာ ကို ပေးသောဝိညာဉ် ၊ ကြံစည် တတ်စွမ်း နိုင် သော သတ္တိကိုပေးသောဝိညာဉ် ၊ ထာဝရဘုရား ကိုသိ ၍ ကြောက်ရွံ့ သောသဘောကို ပေးသောဝိညာဉ် တော်သည် ထိုသူ အပေါ်မှာ ကျိန်းဝပ် တော်မူလိမ့်မည်။ ၃ ထိုသူသည် ထာဝရဘုရား ကို ကြောက်ရွံ့ ခြင်း၌ မွေ့လျော် သည်ဖြစ်၍ ၊ မိမိ မျက်စိမြင် သည်အတိုင်း တရား မ စီရင်၊ မိမိ နား ကြား သည်အတိုင်း မ ဆုံးဖြတ် ဘဲ၊ ၄ ဆင်းရဲ သားတို့၏ အမှုကိုတရားတော် အတိုင်း စီရင် ၍ ၊ နှိမ့်ချ သော မြေကြီး သားတို့ဘက် ၌ နေလျက်၊ ဖြောင့်မတ် စွာ ဆုံးဖြတ် လိမ့်မည်။ မြေကြီးကိုနှုတ်ကပတ် တော်လုံတံ နှင့် ဒဏ်ခတ် ၍ ၊ ဆိုး သောသူကို နှုတ်ခမ်း ထွက်သက် နှင့် ကွပ်မျက် လိမ့်မည်။ ၅ တရား နှင့် သစ္စာ သည် သူ ၏ ခါးပန်း ခါးစည်း ဖြစ်လိမ့်မည်။ ၆ တောခွေး သည် သိုးသငယ် နှင့်အတူ နေ လိမ့်မည်။ ကျားသစ် သည် ဆိတ်သငယ် နှင့်အတူ အိပ် လိမ့်မည်။ နွားသငယ် ၊ ခြင်္သေ့ သငယ်၊ ဆူ အောင်ကျွေးသော အကောင်တို့သည် အတူ သွားလာကြ၍ ၊ လူသူငယ် သည် သူ တို့ကို ပို့ဆောင် လိမ့်မည်။ ၇ နွားမ နှင့် ဝံ မသည် အတူကျက်စား ၍၊ သူ တို့ သား ငယ်များသည် အတူ အိပ် ကြလိမ့်မည်။ ခြင်္သေ့ သည် လည်း နွား ကဲ့သို့ မြက် ကိုစား လိမ့်မည်။ ၈ နို့စို့

သူငယ်သည်လည်း မြွေဆိုး တွင်း ပေါ် မှာ ကစား လိမ့်မည်။ နို့ကွာသော သူငယ် သည်လည်း ၊ မြွေ ဟောက်တွင်း ဝ၌ မိမိ လက် ကိုသွင်း လိမ့်မည်။ ၉ ငါ ၏ သန့်ရှင်း သောတောင် တပြင်လုံး ၌ အချင်းချင်း ညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြ။ အကြောင်းမူကား၊ ပင်လယ် ရေသည် မိမိနေရာကို လွှမ်းမိုး သကဲ့သို့ ၊ မြေကြီး သည် ထာဝရဘုရား ကို သိကျွမ်း ခြင်းပညာနှင့် ပြည့်စုံ လိမ့်မည်။ ၁၀ ထို ကာလ ၌ ယေခဲ့ ၏အမြစ် သည် ပေါက်၍၊ လူ များ အဘို့ထူ သော အလံ ဖြစ်လိမ့်မည်။ ထိုအလံ ၌ တပါးအမျိုးသား တို့သည် ဆည်းကပ် ကြလိမ့်မည်။ ကျိန်းဝပ် တော်မူရာအရပ်သည်လည်း ဘုန်းကြီး လိမ့်မည်။ ၁၁ ထို ကာလ ၌ ထာဝရဘုရား သည် လက် တော်ကို ဆန့်၍၊ ကျန် ကြွင်းသော ကိုယ်တော် ၏ လူ တို့ကိုအာရှုရိ ပြည်၊ အဲဂုတ္တု ပြည်၊ ပါသရ ပြည်၊ ကုရှ ပြည်၊ ဧလံ ပြည်၊ ရှိနာ ပြည်၊ ဟာမတ် ပြည်၊ ပင်လယ် တဘက်၌ရှိသောပြည် များတို့မှ ကယ် ယူခြင်းငှါ တဖန် ပြု တော်မူလိမ့်မည်။ ၁၂ တပါးအမျိုးသား တို့အဘို့ အလံ ကိုထူ တော်မူသဖြင့် ၊ နှင်ထုတ် သောဣသရေလ အမျိုးသားနှင့် ၊ အရပ်ရပ် ကွဲပြား သောယုဒ အမျိုးသားတို့ကို မြေကြီး လေး မျက်နှာ တို့မှ ခေါ် ၍ စုဝေး စေတော်မူလိမ့်မည်။ ၁၃ ဧဖရိမ် အမျိုးသည် ငြူစူ သောစိတ်ငြိမ်း လိမ့်မည်။ ရန်ပြု တတ်သော ယုဒ အမျိုးသားတို့သည်လည်း ၊ ရန်ပြေ ကြလိမ့်မည်။ ဧဖရိမ် အမျိုးသည် ယုဒ အမျိုးကို မ ငြူစူ ရ။ ယုဒ အမျိုးလည်း ဧဖရိမ် အမျိုးကို ရန် မ ပြုရ။ ၁၄ သူတို့သည် အနောက် ဘက်၌ ဖိလိတ္တိ လူများကို လိုက် ၍ တိုက်ကြလိမ့်မည်။ အရှေ့ ပြည်သား တို့၏ ဥစ္စာကို အတူ လုယူ ကြလိမ့်မည်။ ဧဒုံ အမျိုးနှင့် မောဘ အမျိုး ကိုလည်း လုပ်ကြံ ကြလိမ့်မည်။ အမ္မုန် အမျိုးသား တို့ သည်သူ တို့၏အုပ်စိုးခြင်းကိုခံ ရကြလိမ့်မည်။ ၁၅ ထာဝရဘုရား သည်လည်း ၊ အဲဂုတ္တု ပင်လယ် ၏ လျှာ ကိုဖျောက်ဖျက် တော်မူမည်။ ပြင်း စွာသောလေ တော် နှင့်တကွ လက် တော်ကိုမြစ် ပေါ် မှာလှုပ် ၍ ၊ ချောင်း ခုနစ် သွယ်ဖြစ်စေခြင်းငှါ ရိုက်ခတ် တော်မူသဖြင့် ၊ လူတို့သည် ခြေနင်း စီးလျက် ကျော် သွားကြလိမ့်မည်။ ၁၆ ဣသရေလ အမျိုးသားတို့သည် အဲဂုတ္တု ပြည် မှ ထွက် သွားသောအခါ၌ ဖြစ်သကဲ့သို့ ၊ အာရှုရိ ပြည်မှ ကျန် ကြွင်းသော ကိုယ်တော် ၏လူ တို့သွားရာလမ်း ကြီးဖြစ် ရလိမ့်မည်။

၁၂ ထို ကာလ ၌ သင် မြွက်ဆို ရမည်ကား၊ အိုထာဝရ ဘုရား ၊ အကျွန်ုပ်သည် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း ပါမည်။ အကျွန်ုပ် ကို အမျက်ထွက် တော်မူသော်လည်း ၊ တဖန် အမျက် တော်ငြိမ်း ၍ ၊ အကျွန်ုပ် ကို နှစ်သိမ့် စေတော်မူ၏။ ၂ ဘုရား သခင်သည် ငါ့ ကို ကယ်တင် သော အရှင် ဖြစ်တော်မူ၏။ ကြောက်လန့် သောစိတ် မ ရှိဘဲ ရဲရင့် မည်။ ထာဝရဘုရား သည် ငါ ချီးမွမ်း ရာ၊ ငါသီချင်း ဆိုရာ၊ ငါ့ ကို ကယ်တင် တော်မူသောအရှင်ဖြစ် တော်မူ၏။ ၃ သင် တို့သည် ဝမ်းမြောက် သောစိတ် နှင့် ကယ်တင် ခြင်းစမ်းရေတွင်း တို့ ၌ ရေ ခပ် ရကြလိမ့်မည်။ ၄ ထို ကာလ ၌ လည်း ထာဝရဘုရား ၏ ဂုဏ်တော် ကို ချီးမွမ်း ကြလော့။ နာမ တော်ကို ပဌနာ ပြုကြလော့။ အမှု တော်တို့ကို လူ များတို့တွင် ဘော်ပြ လော့။ နာမ တော်သည် မြင့်မြတ် သောကြောင့် ချီးမွမ်း ကြလော့။ ၅ ထာဝရဘုရား ကိုထောမနာသီချင်းဆို ကြလော့။ထူးဆန်း သောအမှုကိုပြု တော်မူပြီ။အမှု တော်သည်မြေ တပြင် လုံး၌ ထင်ရှား

ပါစေ။ ၆ အိုဇိအုန် သတို့သမီး၊ ကြွေးကြော် လော့။ဝမ်းမြောက်သဖြင့်အော်ဟစ် လော့။ အကြောင်း မူကား၊ကြွသရေလ အမျိုး၏သန့်ရှင်း သောဘုရားသည်သင် ၏အလယ် ၌ ဘုန်းကြီး တော်မူ၏ဟုမြွက် ဆိုရလိမ့်မည်။

၁၃ ဗာဗုလုန် မြို့ကို ရည်ဆောင်၍ အာမုတ် ၏သား ဟေရှာယ ခံရ သော ဗျာဒိတ် တော်အချက်ဟူမူကား၊ ၂ ရှင်းလင်း သော တောင် ပေါ် မှာအလံ ကို ထူ ကြ။ ကျယ်သောအသံနှင့် အော်ဟစ် ကြ။ လက် ကိုလှုပ် ကြ။ သူတို့သည် မင်း တို့နေရာတံခါး များကို ဝင် ကြစေ။ ၃ ငါ သန့်ရှင်း စေသောသူတို့ ကို ငါ မှာ ထားပြီ။ ငါ ပေးသောဘုန်း အာနုဘော်ကြောင့် ဝမ်းမြောက် သောသူ၊ ငါ ၏သူရဲ တို့ကို ငါ့အမျက် ပြေစေခြင်းငှါ ငါခေါ် ပြီ။ ၄ ကြီး စွာသော အလုံးအရင်း၏ အသံ ကဲ့သို့ တောင် တို့အပေါ် မှာ လူ များ၏ အသံ ဗလံ၊ စုဝေး သော တိုင်း သူပြည်သားများတို့၏ အုတ်အုတ် ကျက်ကျက်သော အသံ ဗလံရှိသည်နှင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် စစ်တိုက် ခြင်းငှါ၊ အလုံး အရင်းကိုစီရင် ခင်းကျင်းတော်မူ၏။ ၅ ထာဝရဘုရား နှင့် အတူတကွ အမျက် တော် လက်နက် တို့သည် တပြည် လုံး ကို ဖျက်ဆီး ခြင်းငှါ၊ ဝေး သောပြည် ၊ ကောင်းကင် စွန်း မှ လာ ကြ၏။ ၆ ထာဝရဘုရား ၏နေ့ ရက်သည်နီး သောကြောင့်၊ ဝိုကြွေး မြည်တမ်းကြလော့။အနန္တ တန်ခိုးရှင်စီရင်တော်မူသောဘေး အန္တရာယ်ကဲ့သို့ လာ လိမ့်မည်။ ၇ ထိုကြောင့် ၊ ရှိသမျှ သော လက် တို့သည် ကျ ကြ လိမ့်မည်။ လူ အပေါင်း တို့သည် စိတ် ပျက် ၍ ကြောက်လန့် ခြင်းသို့ ရောက်ကြလိမ့်မည်။ ၈ နာ ခြင်းဝေဒနာ အမျိုးမျိုးကိုခံရ ကြလိမ့်မည်။ သားဘွား သော မိန်းမကဲ့သို့ ဝေဒနာ ကို ခံရလျက်၊ တယောက် ကိုတယောက်ကြည့်ရှု ၍မှိုင်တွေသဖြင့်၊ သူ တို့ မျက်နှာ သည် မီးလျှံ အဆင်း ရှိလိမ့်မည်။ ၉ ထိုပြည် ကို ဖျက်ဆီး ၍ ၊ အပြစ် ကြီးသော ပြည်သူပြည်သားတို့ကို သုတ်သင် ဖယ်ရှင်းခြင်းငှါ ၊ ထာဝရဘုရား ၏ ကြမ်းကြုတ် သောနေ့ ရက်သည် ပြင်းထန် သော ဒေါသ အမျက်ထွက်လျက်လာ လိမ့်မည်။ ၁၀ မိုဃ်းကောင်းကင် ကြယ် နက္ခတ် တို့သည် အလင်း ကိုမ ပေး။ နေ သည်လည်း ထွက် သောအခါ မိုက် လျက်၊ လ သည်လည်း မထွန်း မ လင်းဘဲလျက်ရှိလိမ့်မည်။ ၁၁ ထိုလောကီ နိုင်ငံ၏ အပြစ် ကိုငင်း ၊ မတရား သောသူတို့ ၏ ဒုစရိုက် များကိုငင်းငါစစ်ကြော မည်။ မာန ကြီး သောသူတို့၏ ထောင်လွှားခြင်းကို ငါနှိပ်စက် ၍၊ ကြမ်းကြုတ် သောသူတို့၏ စော်ကား ခြင်းကို ငါနှိမ့်ချ မည်။ ၁၂ လူ သည် ရွှေ စင်ထက် အဘိုးထိုက်မည် အကြောင်း၊ ဆင်းရဲသား သည် ဩဖိရ ရွှေ ကျောက်ထက် အဘိုးထိုက်မည်အကြောင်းငါ ပြုမည်။ ၁၃ သို့ ဖြစ်၍ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား ၏ ဒေါသ အမျက်တော်ပြင်း စွာထွက်သော နေ့ ရက် ၌ ၊ မိုဃ်းကောင်းကင် ကို ငါလှုပ်ရှား မည်။ မြေကြီး လည်း မိမိ နေရာ မှ ရွေ့ ရလိမ့်မည်။ ၁၄ ပြည်သားတို့သည် ကြောက်၍ပြေးသောဒရယ် မ၊ ထိန်းသိမ်း သူမ ရှိသော သိုး များကဲ့သို့ ဖြစ် ၍၊ အသီးအသီး မိမိ အမျိုးသား ချင်းတို့ကို မျက်နှာ ပြု၍ ၊ အသီးအသီး မိမိ ပြည် သို့ ပြေး ကြလိမ့်မည်။ ၁၅ တွေ့ မိသမျှ သောသူတို့ ကို လုံနှင့်ထိုး ရ၏။ စုဝေး လျက်ရှိသောသူအပေါင်း တို့လည်း ထား ဖြင့် ဆုံး ကြ လိမ့်မည်။ ၁၆ သူ တို့သားသမီး များကို သူ တို့မျက်မှောက်၌ မြေ ပေါ် မှာ ဆောင့် ဖွပ်လိမ့်မည်။ သူ တို့ အိမ် များကို လုယက် ၍ ၊ သူ တို့ မယား များကို အဓမ္မ ပြုကြလိမ့်မည်။ ၁၇ ကြည့်ရှု လော့။ ငွေ ကို ပမာဏ မ ပြု၊ ရွှေ ကိုအလို မ ရှိသော မေဒ လူများကို သူ တို့ တဘက် ၌ ငါ နှိုးဆော် မည်။ ၁၈

သူတို့သည် လူပျို တို့ကို လေး နှင့်ရိုက်ခတ် ကြ လိမ့်မည်။ ကလေး တို့ကို မ သနား ကြ။ သူ တို့မျက်စိ သည် သူငယ် တို့ကို မ နှမြော ရ။ ၁၉ တိုင်း နိုင်ငံတို့၏ အထွဋ် ၊ ခါလဒဲ အမျိုးသားတို့၏ ဘုန်း အသရေဖြစ်သော ဗာဗုလုန် မြို့သည် ဘုရား သခင်ဖျက်ဆီး တော်မူသောသော ဒုံ မြို့နှင့် ဂေါမောရ မြို့ကဲ့သို့ ဖြစ် လိမ့်မည်။ ၂၀ ထိုမြို့၌ ကာလအစဉ်၊ လူမျိုး အဆက်ဆက်အဘယ်သူမျှမ နေ ရ။ ထို မြို့၌ အာရပ် လူသည် တဲကိုမျှ မ ဆောက် ရ။ သိုးထိန်း တို့သည် သိုးခြံကိုမျှ မ လုပ် ရကြ။ ၂၁ တောသားရဲ တို့သည် ထို မြို့၌ အိပ် ကြလိမ့်မည်။ အိမ် တို့သည် မြည်တတ်သော တိရစ္ဆာန် များနှင့် အပြည့် ရှိကြလိမ့်မည်။ ကုလားအုပ် ငှက်တို့လည်း နေရာ ကျ၍ ၊ မျောက် တို့လည်း ကခုန် ကြလိမ့်မည်။ ၂၂ တောခွေး တို့သည်လည်း ၊ ဘုံ ဗိမာန်များ၌ ၎င်း၊ မြေခွေး တို့သည်လည်း ၊ ကြက်သရေတိုက်များ၌ဌင်း၊ အူ ကြ၊ မြည်ကြလိမ့်မည်။ ထိုသို့သော ကာလ နီး လှပြီ။ ထိုမြို့ ၏ အသက်တာ မ ရှည် ရ။

၁၄ အကြောင်း မူကား၊ ထာဝရဘုရား သည် ယာကုပ် အမျိုးကို သနား ၍ ဣသရေလ အမျိုးကို တဖန် ရွေးကောက် သဖြင့် ၊ သူ တို့ကို နေရင်းပြည် ၌ နေရာ ချတော်မူလိမ့်မည်။ တကျွန်း တနိုင်ငံသားတို့သည် သူ တို့နှင့် ပေါင်းဘော် ၍ ယာကုပ် အမျိုး ၌ ဆည်းကပ် ကြ လိမ့်မည်။ ၂ တပါးအမျိုးသား တို့သည် သူ တို့ကို နေရင်း အရပ် သို့ ပို့ဆောင် ကြလိမ့်မည်။ ဣသရေလ အမျိုးသား တို့ သည် တပါးအမျိုးသား တို့ကို ထာဝရဘုရား ၏ ပြည် တော်တွင် ၊ ကျွန် နှင့် ကျွန်မ အရာ၌ ထား၍ စေစားကြ လိမ့်မည်။ အထက်က သိမ်း သွားဘူးသောသူတို့ ကို တဖန် သိမ်း ယူခဲ့ကြလိမ့်မည်။ ညှဉ်းဆဲ ဘူးသောသူတို့ ကိုလည်း အုပ်စိုး ကြလိမ့်မည်။ ၃ ထိုအခါ ထာဝရဘုရား သည် သင့် ကို ငြိုငြင် ခြင်း၊ စိုးရိမ် ခြင်း၊ သူတပါး စေစား၍ ဆင်းရဲ စွာ အစေ ကျွန် ခံရခြင်းထဲက နှုတ်၍၊ ချမ်းသာ ပေးတော်မူလျှင်၊ ၄ သင်သည် ဗာဗုလုန် ရှင်ဘုရင် ကို ရည်ဆောင်၍ ၊ ပုံ စကားကို ဤ သို့မြွက် ဆိုလိမ့်မည်။ အစိုး တရပြုသောသူသည် ဆုံး လေပြီတကား။ ရွှေမြို့တော်သည် ဆုံးလေ ပြီတကား။ ၅ လူ သတ္တဝါတို့ကို အမျက် ထွက်၍ ၊ အစဉ်မပြတ်ရိုက် ခြင်း၊ အတိုင်းတိုင်း အပြည်ပြည်တို့ကို မာန စိတ်နှင့် အုပ်စိုး၍၊ အစဉ် မပြတ်ညှဉ်းဆဲ ခြင်းကို ပြုသောအမှု လူတို့၏တောင်ဝေး ကိုဌင်း၊ ၆ ထိုသို့အစိုးရ သောသူတို့ ၏ ရာဇ လှံတံကိုဌင်း၊ ထာဝရဘုရား ချီး တော်မူပြီ။ ၇ မြေ တပြင်လုံး သည် ငြိမ်ဝပ် ချမ်းသာ ခြင်းရှိ၏။ သွင်လန်းစွာ သီချင်း ဆိုသံနှင့် ကြွေးကြော် ကြ၏။ ၈ ထင်းရှူး ပင်နှင့် လေဗနုန် အာရဇ ပင်တို့က၊ သင်တို့သည် လဲ ပြီးသည်နောက်၊ ငါ တို့ကို ခုတ်လှဲ သောသူသည်မ တက် မလာရဟု သင့် ကို ရည်ဆောင်၍ ဝမ်းမြောက် ကြ၏။ ၉ သင် သည် ရောက် လာသောအခါ၊ အောက် အရပ် မရဏာ နိုင်ငံသည် ကြိုဆို အံ့သောဘ့ါ လှုပ် လေ၏။ သရဲချိုင်း သားများနှင့် လောကီ မင်း များအပေါင်း တို့ကို သင့် အတွက် ကြောင့် နှိုးဆော် လေ၏။ အတိုင်းတိုင်း အပြည်ပြည်သော ရှင်ဘုရင် အပေါင်း တို့ကို ရာဇပလ္လင် တို့မှ ထ စေ၏။ **(Sheol h7585)** ၁၀ ထိုသူ အပေါင်း တို့က၊ သင် သည်လည်း ငါ တို့ကဲ့သို့ အားနည်း ပါသည်တကား။ ငါ နှင့် တူ ပါသည် တကား။ ၁၁ သင် ၏ ဘုန်း အသရေနှင့် သင် ၏ တုရိယာ မျိုး အသံ ဗလံတို့ကို မရဏာ နိုင်ငံတွင် ရွှတ်ချ လေပြီတကား။ သင့် အောက် ၌ ပိုး ကောင်များကို ခင်း လျက် ၊ သင့် အပေါ် ၌ တီ ကောင်များကို ခြုံ လျက်ရှိပါသည်တကားဟု သင့်ကို နှုတ်ဆက် ၍ ပြော ဆိုကြလိမ့်မည်။ **(Sheol h7585)** ၁၂ အိုနံနက်

သား ၊ မိုဃ်းသောက် ကြယ်၊ သင်သည် ကောင်းကင် က ကျ လေပြိတကား။ အပြည် ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေ တိုင်အောင် ခုတ်လဲ့ ခြင်းကို ခံရလေပြီတကား။ ၁၃ သင် ကလည်း ၊ ကောင်းကင် ပေါ် သို့ ငါ တက် မည်။ ဘုရား သခင်၏ ကြယ် တို့အပေါ် မှာ ငါ့ ပလ္လင် ကို ငါချီးမွှောက် မည်။ မြောက် မျက်နှာဘက်၊ ဗျာဒိတ်တော် တောင် ပေါ် မှာ ငါထိုင် မည်။ ၁၄ မိုဃ်းတိမ် ထိပ် ပေါ် သို့ ငါတက် မည်။ အမြင့်ဆုံး သောဘုရားကဲ့သို့ငါနေ မည်ဟုစိတ် အကြံရှိ လေပြီ။ ၁၅ သို့ သော်လည်း၊ သင်သည်မရဏာ နိုင်ငံ၊ သခိုင်း တွင်း ထဲသို့ နှိမ့်ချ ခြင်းကို ခံရလေပြီ။ (Sheol h7585) ၁၆ သင့် ကိုမြင် သောသူတို့သည် စေ့စေ့ကြည့်ရှု ၍ ဆင်ခြင် ပြီးလျှင်၊ မြေကြီး ကို တုန်လှုပ် စေ၍၊ တိုင်း နိုင်ငံများ ကို လှုပ် ချောက်သောသူကား ဤသူလော။ ၁၇ လောကီ နိုင်ငံကို တော ကဲ့သို့ ဖြစ်စေ၍၊ မြို့ များကို ဖျက်ဆီး သောသူ၊ အချုပ်ခံရသောသူတို့ကို မိမိနေရာသို့ တဖန်မ လွှတ် သောသူကား ဤသူလော။ ၁၈ အပြည်ပြည် သောရှင်ဘုရင် အပေါင်း တို့သည် အသီးအသီး မိမိ တို့စေတီ ၌ ဘုန်း အသရေနှင့် အိပ် ကြ၏။ ၁၉ သင့် ကိုမူကား ၊ ရွံရှာ ဘွယ်သော သစ်ခက် ကဲ့သို့ သခိုင်း ထဲ ကထုတ်ပစ် ရ၏။ ကွပ်မျက် သောသူ၊ ထား ဖြင့်ထိုး သောသူ၊ သခိုင်းတွင်း ၌ ကျောက်စု ထဲသို့ ခု သောသူများနှင့် ဖုံးအုပ် လျက်၊ ခြေဖြင့်ကျော်နင်း သောအသေကောင် ဖြစ်လေ၏။ ၂၀ သူတပါးတို့နှင့်ရောနှော ၍ သင်္ဂြိုလ် ခြင်းကိုမ ခံရ။ အကြောင်း မူကား၊ မိမိ ပြည် ကို ဖျက်ဆီး ပြီ။ မိမိ အမျိုးသား ချင်းတို့ကိုသတ် လေပြီ။ အဓမ္မ ပြုသောသူတို့ ၏အနွယ် သည် ဂုဏ် အသရေအလျှင်းမ ရှိရဟု ပြောဆိုကြလိမ့်မည်။ ၂၁ သူ ၏ သား မြေးတို့သည်မ ထ ၊ မြေကြီး ကိုမပိုင် ၊ မြေ တပြင်လုံးတွင် ရန်သူများကို မနှိုးဆော်နိုင် မည် အကြောင်း၊ သူ တို့အဘို့ ဘိုးဘေး တို့၏ အပြစ် ကြောင့် ကွပ်မျက် ခြင်းကို ပြင် ကြလော့။ ၂၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါသည်သူ တို့တဘက် ၌ ထ ၍ ဗာဗုလုန် မြို့၏နာမ နှင့် အကြွင်း အကျန်ကိုဂင်း ၊ သား မြေးတို့ကိုဂင်းပယ် ဖြတ်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၃ တဖန်လည်း၊ ငါသည် ထိုမြို့ ကို ဖြူ ကောင်များနေရာ ၊ ရေ လွှမ်းမိုး ရာအရပ်ဖြစ် စေမည်။ ဖျက်ဆီး ခြင်း၏ တန်ဖြက်စည်း ဖြင့် လှည်း မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ကျိန်ဆို ၍ မိန့် တော်မူသည်ကား၊ ၂၅ ငါ ၏ မြေ ပေါ် မှာ အာရှရိ မင်းကို ငါနှိပ်စက် မည်။ ငါ ၏ တောင် ရိုးပေါ် မှာ ခြေဖြင့် ကျော်နင်း မည်ဟု ငါကြွေစည် သည် အတိုင်း ဖြစ် ၍၊ ငါစီရင် ချက်လည်း တည် ရ လိမ့်မည်။ ထိုအခါ သူ ၏ ထမ်းဘိုး ကို သူ တပါးအပေါ် က ရွှေ့ ၍၊ သူ တို့ပခုံး ပေါ် မှာ တင်သောဝန် ကိုချ ရသော အခွင့်ရှိ လိမ့်မည်။ ၂၆ မြေ တပြင်လုံး တွင် ထိုသို့ကြွေစည် တော်မူ၏။ ခပ်သိမ်း သော ပြည် တို့အပေါ် မှာ ထို သို့လက် တော်ကို ဆန့် လျက်ရှိ၏။ ၂၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ အကြံ တော်ကို အဘယ်သူ ဖျက် လိမ့်မည်နည်း။ ဆန့် တော်မူ သောလက် တော်ကို အဘယ်သူ လှန် လိမ့်မည်နည်း။ ၂၈ အာခတ် မင်းကြီး အနိစ္စ ရောက်သောနှစ် တွင် ခံရ သောဗျာဒိတ် တော် ဟူမူကား၊ ၂၉ အိုဖိလိတ္တိ ပြည်လုံး ၊ သင့် ကိုရိုက် သောကြိမ်လုံး ကျိုး သည်ကို ထောက်၍၊ ဝမ်း မ မြောက်နှင့်။ ထိုမြွေအမျိုး ထဲကမြွေ ဆိုးပေါက်လိမ့်မည်။ သူ ၏အနွယ် သည်လည်း ပျံ တတ် သော မီးမြွေ ဖြစ်လိမ့်မည်။ ၃၀ အတိုင်းထက်အလွန် ဆင်းရဲ သောသူတို့သည် စား

ရကြလိမ့်မည်။ ဆင်းရဲ ငြိုငြင်သောသူတို့သည် ဘေး လွတ်လျက် အိပ် ရကြလိမ့်မည်။ ငါသည်သင် ၏အမြစ် ကို သွေ့ခြောက်ခြင်းအားဖြင့် သတ် ၍ ၊ သင် ၏ အကြွင်း ကိုလည်း မွှေဆိုးသည်ကွပ်မျက် လိမ့်မည်။ ၃၁ အိုတံခါး ၊ ညည်းတွား လော့။ အိုမြို့ ၊ ငိုကြွေး မြည်တမ်း လော့။ အိုဖိလိတ္တိ ပြည်လုံး ၊ သင်သည်မိုင်တွေ လျက်ရှိ ၏။ မြောက် မျက်နှာမှ မီးခိုး ထွက် လာ၏။ ထိုအလုံးအရင်း ၌ တယောက် တခြားစီနေသောသူမ ရှိ။ ၃၂ တပြည် တနိုင်ငံမှ ရောက်လာသောသံတမန် တို့ အား အဘယ်သို့ ပြန်ပြော ရမည်နည်းဟူမူကား ၊ ထာဝရဘုရား သည် ဇိအုန် မြို့ကို တည်ထောင် တော်မူသည် ဖြစ်၍ ၊ ကိုယ်တော် ၏ ဆင်းရဲသား တို့သည် ထိုမြို့ ၌ ကိုးစား ကြ၏။

၁၅ မောဘ ပြည် နှင့် ဆိုင်သော ဗျာဒိတ် တော်ကား၊ လုပ်ကြံ သော ညဉ့် အခါ ၊ မောဘ ပြည်အာရ မြို့သည် ပျက်စီး ၏။ လုပ်ကြံ သော ညဉ့် အခါ ၊ မောဘပြည် ကိရ မြို့သည် ပျက်စီး ၏။ ၂ ပြည်သားတို့သည် ဗက်မြို့၊ ဒိဘုန် မြို့၌ မြင့် သောအရပ်သို့ တက် ၍ ငိုကြွေး ကြ၏။ မောဘ ပြည်သူတို့ သည် နေဗော မြို့၊ မေဒဘ မြို့ပေါ် မှာ ညဉ်းတွား မြည်တမ်းကြ၏။ သူ တို့ခေါင်း ပေါ် မှာ ဆံပင်မရှိ။ သူတို့ မုတ်ဆိတ် ကိုလည်း ရိတ် ပယ် ပြီ။ ၃ လမ်း ခရီးတို့တွင် လျှော်တေ အဝတ်ကို ဝတ် ကြ ၍၊ အိမ်မိုး ပေါ် ၌၎င်း၊ လမ်းမ ၌ ၎င်း ရှိသမျှ သောသူတို့ သည် ညည်းတွား မြည်တမ်း၍၊ အလွန် မျက်ရည် ကျ ကြ၏။ ၄ ဟေရှဘုန် မြို့နှင့် ဧလာလေ မြို့တို့လည်း ငိုကြွေး ၍၊ ဝိုသံ သည် ယာဟတ် မြို့တိုင်အောင် ကြား ရ၏။ မောဘ သူရဲ တို့သည်လည်း၊ တုန်လှုပ် သောစိတ် နှလုံးနှင့် ငိုကြွေး ကြ၏။ ၅ ငါ့ နှလုံး သည်လည်း၊ မောဘ အဘို့ ငိုကြွေး ၏။ ပြေးသောသူတို့သည်၊ သုံးနှစ်အသက်ရှိသောနွားမ ကဲ့သို့ဇောရ မြို့တိုင်အောင် လည် ကြ၏။ လုဟိတ် တောင်ပေါ် သို့ မျက်ရည် ကျလျက် တက် ကြ၏။ ဟောရနိမ် မြို့သို့ သွား သော လမ်း ၌ လည်း ဆုံးရှုံး ခြင်းအသံ ကို လွှင့် ကြ၏။ ၆ အကြောင်း မူကား၊ နိမရိမ် ရေကန် တို့သည် ဆိတ်ညံ ၍၊ မြက်ပင် များ သွေ့ ခြောက်ခဲ့ပြီ။ ပျိုး ပင်များ လည်း သေ ခဲ့ပြီ။ စိမ်း သောအပင် တပင်မျှမ ရှိ။ ၇ ထို့ကြောင့် ၊ သူတို့သည် မိမိတို့ဆည်းဖူး သော ဥစ္စာ ၊ သိုထားသောဘဏ္ဍာ များကို မိုးယံမခ ပင် ချိုင့် သို့ ယူ သွားကြလိမ့်မည်။ ၈ ငိုကြွေး သောအသံသည် မောဘ ပြည် ကို နှံ့ ပြား လေ၏။ ညည်းတွား မြည်တမ်း သော အသံသည် ဧဂလိမ် မြို့ တိုင်အောင် ၎င်း ၊ ဗေရဧလိမ် မြို့ တိုင်အောင်၎င်း ရောက်လေ၏။ ၉ အကြောင်း မူကား၊ မုဒိန် မြို့ရေ တို့သည် အသွေး နှင့်ပြည့် ကြ၏။ ဒိဗုန် မြို့အပေါ် မှာ အခြား သော ဘေးများ ကိုငင်း၊ လွတ်အောင်ပြေး သော မောဘ ပြည်သားနှင့် ကျန် ကြွင်းသော ပြည် သားအပေါ် မှာ ခြင်္သေ့ တို့ကိုငင်း ငါရောက် စေမည်။

၁၆ မြေ ရှင် ထံသို့သိုးသငယ် ကိုပေး လိုက်ကြလော့။ သေလ မြို့မှ တော တရှောက်လုံး၊ ဇိအုန် သတို့သမီး ၏ တောင် သို့ ပေးလိုက်ကြလော့။ ၂ မိမိအသိုက် ကို စွန့်ပစ် ၍ လည် ရသောငှက် ကဲ့သို့ ၊ မောဘ သမီး တို့သည် အာနုန် မြစ်ကူး ရာကမ်းနားမှာ ရှိ ကြလိမ့်မည်။ ၃ အကြံ ပေး လော့။ တရား သဖြင့် စီရင် လော့။ မွန်းတည့် အလင်းထဲ ၌ ညဉ့် ကဲ့သို့ သင် ၏အရိပ် ကို ဖြစ် စေလော့။ နှင်ထုတ် သောသူတို့ကို ဝှက် ထားလော့။ ပြေး သောသူတို့ ကို မ ပြ နှင့်။ ၄ မောဘ

ပြည်မှ နှင်ထုတ် သောသူတို့ သည် သင် နှင့်အတူ နေ ကြစေလော့။ ဖျက်ဆီး သောသူ၏ လက်မှ လွတ် စေခြင်းငှါ သူ တို့ကိုစောင့်မလော့။ သင့်ကို ညှဉ်းဆဲ သောသူမရှိ။ ဖျက်ဆီး သောသူ ပြတ် လေ၏။ နှိပ် နင်းသောသူတို့ ကို မြေ ပေါ် က ပယ်ရှင်း လေပြီ။ ၅ ရာဇ ပလ္လင်သည်လည်း ၊ ကရုဏာ ၌ တည် လိမ့်မည်။ သစ္စာနှင့်ပြည့်စုံ၍၊ ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူ သောသူသည် ဖြောင့်မတ် စွာ စစ်ကြော ၍ ၊ တရား မှုကို အလျင် အမြန်ဆုံးဖြတ်တော်မူလျက်၊ ဒါဝိဒ် မင်း၏ တဲ တော်၌ တရား စီရင်တော်မူလိမ့်မည်။ ၆ မောဘ ၏ မာန ကို ငါတို့သည်ကြား သိကြ၏။ အလွန်ကြီး သော မာန ဖြစ်၏။ ထောင်လွှား စော်ကား ခြင်း၊ ဒေါသ အမျက်ထွက်ခြင်းရှိ၍၊ အချည်းနှီးသက်သက်ဝါကြွား သော စကားကိုပြောတတ်၏။ ၇ ထို့ကြောင့်၊ မောဘ သည် မိမိအတွက် ညည်းတွား မြည်တမ်းရလိမ့်မည်။ ပြည်သားရှိသမျှ တို့သည် ညည်းတွား မြည်တမ်းကြလိမ့်မည်။ ကိရဟရက် မြို့ပျက် သည်အတွက် သင်တို့သည်ညည်းတွား ကြလိမ့်မည်။ ထိုမြို့သည် ဒဏ်ခတ်ခြင်းကို အလွန်ခံရ၏။ ၈ ဟေရှဘုန် လယ်ပြင် တို့သည် သွေ့ခြောက် ကြ ၏။ စိဗမာ စပျစ် နွယ်ပင် အညွန့်များကိုလည်း တပါး အမျိုးသား မင်း တို့သည် ချိုး ကြပြီ။ ထိုအညွန့် တို့သည် အထက်က ယာဇာ မြို့တိုင်အောင် ရောက် ၍၊ တော ၌လည် တတ်ကြ၏။ အလက် တို့သည် ရှည်လျား ၍၊ ပင်လယ် ကိုလွန် ကြ၏။ ၉ ထို့ကြောင့် ၊ ယာဇာ မြို့အတွက်မျက်ရည် ကျသကဲ့သို့ ၊ စိဗမာ စပျစ် နွယ်ပင်အတွက် ငါသည်မျက်ရည် ကျမည်။ အိုဟေရှဘုန် မြို့နှင့် ဧလာလေ မြို့၊ ငါ သည် မျက်ရည် ကျလျက် သင့် ကိုရေလောင်း မည်။ အကြောင်း မူကား၊ သင် ၏သစ်သီးနှင့် စပါးနှံတို့သည် စစ်တိုက်သံနှင့် တွေ့ကြုံကြပြီ။ ၁၀ ဝပြော သောလယ်ပြင်ထဲမှာ ဝမ်းမြောက် ရွှင်လန်း ခြင်း ပြတ် လေပြီ။ စပျစ် ဥယျာဉ်၌ သီချင်း မ ဆိုရကြ။ မ ကြွေးကြော် ရကြ။ စပျစ်သီး နယ်ရာကျင်း၌ စပျစ်သီးကိုနင်း သောသူလည်း မ နင်း ရ။ ကြွေးကြော် သော အသံ ကိုလည်းငါ ပြတ် စေပြီ။ ၁၁ ထို့ကြောင့် ၊ ငါ့ ဝမ်း သည် မောဘ ပြည်အတွက် ၊ ငါ့ အသူ သည် ကိရဟရက် မြို့အတွက် ၊ စောင်း ကဲ့သို့ မြည် ရ လိမ့်မည်။ ၁၂ ထိုအခါ မောဘ သည် မိမိမြင့် သောအရပ်၌ မိမိကို ပင်ပန်း စေခြင်း၊ ပဌနာ ပြုအံ့သောငှါ မိမိ သန့်ရှင်း ရာ ဌာနသို့ ဝင် ခြင်းအရာသည် ထင်ရှား သော်လည်း ၊ အကြံ မ မြောက်နိုင်ရာ။ ၁၃ ထိုသို့ ထာဝရဘုရား သည် မောဘ ၏ အကြောင်း စကား ကို အထက်က မိန့် တော်မူ၏။ ၁၄ ယခုတဖန် မိန့် တော်မူသည်ကား၊ အခစား သောသူရေတွက် သည်အတိုင်း၊ သုံး နှစ် လွန်မှ၊ မောဘ ပြည်၏ ဘုန်း အသရေသည် မိမိအလုံး အရင်းနှင့်တကွ ရှုတ်ချ ခြင်းသို့ ရောက်ရမည်။ ကျန် ကြွင်းသောသူတို့သည် အလွန်နည်း ၍၊ ခွန်အား ကုန်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၁၇ ဒမာသက် မြို့နှင့် ဆိုင်သော ဗျာဒိတ် တော်ကား၊ ကြည့်ရှု လော့။ ဒမာသက် မြို့သည် မြို့ မဖြစ်အောင် ပျက်စီး ရာပုံ ဖြစ် ရ၏။ ၂ အာရော် မြို့ များကို စွန့်ပစ် သောကြောင့်၊ သိုးစု တို့သည်ပိုင်၍၊ အဘယ်သူမျှမ မောင်း ဘဲအိပ် ကြလိမ့်မည်။ ၃ ဧဖရိမ် ပြည်၌မြို့ မ ရှိရ။ ဒမာသက် မြို့နှင့် ကျန် ကြွင်းသော ရှုရိ ပြည်၌ မင်း အာဏာမရှိရ။ သူတို့သည် ဣသရေလ အမျိုးသား တို့၏ ဘုန်း အသရေကဲ့သို့ ဖြစ် ရကြ လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၄ ထိုကာလ ၌ ယာကုပ် အမျိုး၏ ဘုန်း သည် လျော့ ၍ ၊ ဆူဝ ခြင်းလည်း ပိန့် ကြွခြင်းဖြစ်ရလိမ့်မည်။ ၅

လူသည် စပါး ကိုသိမ်း ယူ၍ အသီး အနှံများ ကိုလက် နှင့် ရိတ် သကဲ့သို့ငင်း၊ ရေဖိမ် ချိုင့် ၌ အသီးအနှံ တို့ကိုသိမ်း ရိတ်သကဲ့သို့ ငင်း၊ ထိုအမှုဖြစ် ရလိမ့်မည်။ ၆ သို့ရာတွင် ၊ သံလွင် ပင်ကို လှုပ် ပြီးမှအပင်ဖျား ၌ အသီးနှစ် လုံးသုံး လုံး၊ အသီး ကောင်းသော အခက် တို့ ၌ လေး ငါး လုံးရှိတတ်သကဲ့သို့ ၊ ကောက် သိမ်းစရာ အကြွင်း ရှိရလိမ့်မည်ဟု ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူ၏။ ၇ ထို ကာလ ၌ လူသည်မိမိ ကို ဖန်ဆင်း တော်မူသော အရှင်ကို ရည်မှတ် ၍၊ ဣသရေလ အမျိုး၌ သန့်ရှင်း တော်မူသောဘုရားကို ဖူး မျှော်ရလိမ့်မည်။ ၈ မိမိလက်နှင့် လုပ် သော ယဇ် ပလ္လင်တို့ကို မ မှတ် ရ။ မိမိ လက်ချောင်း နှင့် လုပ် သောအရာတည်းဟူသော အာရှရ ပင်တို့ကိုငင်း ၊ ရုပ်ထု တို့ကိုငင်းပမာဏ မ ပြုရ။ ၉ ထို ကာလ ၌ သူ ၏ခိုင်ခံ့ သောမြို့ တို့သည် ဣသရေလ အမျိုးသား ရှေ့မှာစွန့်ပစ် သော သစ်တော အကျန် အကြွင်းနှင့်သစ်ပင် အဖျားကဲ့သို့ ဖြစ်၍၊ ထိုပြည်သည် ဆိတ်ညံ လျက်ရှိ ရလိမ့်မည်။ ၁၀ သင့် ကို ကယ်တင် တော်မူသောဘုရား သခင်ကို သင်သည် မေ့လျော့ ၍ ၊ မိမိ ခိုလှုံ ရာ ကျောက် ကို မိမိမ အောက်မေ့ သောကြောင့်၊ သာယာ သော ပျိုး ပင် တို့နှင့်၊ တကျွန်းတနိုင်ငံအညွန့် တို့ကို စိုက်ပျိုး ၍၊ ၁၁ ထိုပျိုး ပင်တို့ကို ကြီးပွားစေခြင်းငှါငင်း၊ အလျင်အမြန် အပွင့်ပွင့် စေခြင်းငှါငင်း ပြုပြီးမှ၊ သိမ်း ယူရာကာလ ၌ အသီးအနှံသည်ပျက်စီး ၍ ၊ သင်သည် မ ပျောက်နိုင် သော ဝမ်းနည်း ခြင်းရှိရလိမ့်မည်။ ၁၂ သမုဒ္ဒရာ မြည် သံကဲ့သို့ မြည် တတ်သောလူ များ အလုံး အရင်းတို့ ၌ငင်း၊ အားကြီး သော ရေ တို့ သည် ဟုန်း သကဲ့သို့ ဟုန်း တတ်သောလူမျိုး တို့ ၌ငင်း အမင်္ဂလာရှိ၏။ ၁၃ အားကြီး သောရေ တို့သည် ဟုန်း သကဲ့သို့ ၊ လူမျိုး တို့သည် ဟုန်း ကြသော်လည်း၊ ဆုံးမ တော်မူသောကြောင့် ၊ အဝေး သို့ ပြေး သွားကြလိမ့်မည်။ တောင် ပေါ်မှာ လေတိုက်၍ လွင့်သော ဖွဲ ကဲ့သို့ ငင်း၊ လေဘွေ ၌ ပါသွား သော အမှိုက်ကဲ့သို့ ငင်း၊ သူတို့သည် နှင် ခြင်းကိုခံရကြ လိမ့်မည်။ ၁၄ ည‌ဦး ယံ ၌ ဘေး ရောက် ၍ ၊ နံနက် ယံမတိုင်မှီ ပျောက်ရှာကြလိမ့်မည်။ ငါ တို့ကို ညှဉ်းဆဲ သောသူတို့သည် ထိုသို့သော အကျိုး ၊ ငါ တို့ကို လုယူ ဖျက်ဆီးသောသူတို့ သည်၊ ထိုသို့ သော အမွေ ဥစ္စာကို ခံရကြလိမ့်မည်။

၁၈ အဲသယောပိ မြစ် များအနား မှာ အသံမြည်တတ် သော အတောင် ရှိ၍၊ ၂ ပင်လယ် လမ်းဖြင့် ၎င်း၊ ရေ ပေါ် ၌ဂမာ လှေ ဖြင့် ၎င်း ၊ သံတမန် တို့ကို လွှတ် တတ်သောပြည်၊ နားထောင်လော့။ ခိုင်မာပြင်းထန်လျက် ရှေ့ဦးစွာမှစ၍ယခုတိုင်အောင်၊ ကြောက်မက် ဖွယ်ဖြစ်ထသော၊ ခွန်အား ကြီး၍ နှိမ်နင်း တတ်ထသော၊ မြစ် ကွဲပြား သော မြေ ၌နေသောလူမျိုး ထံသို့၊ လျင်မြန် သောတံမန် တို့၊ သွား ကြလော့။ ၃ လောကီ နိုင်ငံ၌ နေ သောမြေကြီး သား အပေါင်း တို့၊ တောင် ပေါ်မှာ အလံ ကို ထူ သောအခါ ကြည့် ရှုကြ လော့။ တံပိုး မှုတ် သောအခါ နားထောင် ကြလော့။ ၄ ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား ၊ နေ အရောင်ထဲမှာ ကြည်လင် သော အရှိန် ကဲ့သို့ ၎င်း၊ အသီးအနှံကို သိမ်း ယူရာ ပူ သောကာလ၌ နှင်း နှင့် ပြည့်စုံသော မိုးယံတိမ် ကဲ့သို့ ၎င်း၊ ငါသည်ကျိန်းဝပ် ၍ ငါ့ နေရာ အရပ်မှာ ကြည့် ရှုမည်။ ၅ စပျစ်သီး ကို သိမ်းယူ ရာ ကာလမတိုင်မှီ အငုံစေ့စုံ၍၊ အပွင့် လည်း လုံးသောအသီး ဖြစ် စဉ်အခါ၊ အညွန့် များကို တံစဉ် နှင့် ဖြတ်၍ ၊ အခက် အလက်များကို သုတ်သင် ပယ်ရှင်းတော်မူမည်။ ၆ သူတို့သည်

တောင် ပေါ်မှာ နေတတ်သော ငှက် များ၊ တောသားရဲ များတို့၏ အဘို့ ဖြစ်၍၊ ငှက် တို့သည် နွေ ကာလ၌ငင်း၊ သားရဲ အပေါင်း တို့သည် ဆောင်း ကာလ၌ငင်း၊ သူ တို့အပေါ် မှာ နေကြလိမ့်မည်။ ၇ ထို အခါ ခိုင်မာပြင်းထန်လျက် ရှေ့ဦးစွာမှစ၍ယခုတိုင်အောင်ကြောက်မက် ဘွယ်ဖြစ်ထသော၊ ခွန်အားကြီး၍ နှိမ်နင်း တတ်ထသော၊ မြစ် များ ကွဲပြား သော မြေ ၌နေသောလူမျိုး သည်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ နာမ တော်တည် ရာဇအုန် တောင် သို့၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ဘို့ လက်ဆောင် ပဏ္ဏာကို ဆောင် ခဲ့ကြလိမ့် သတည်း။

၁၉ အဲဂုတ္တု ပြည် နှင့် ဆိုင်သော ဗျာဒိတ် တော်ကား၊ ကြည့်ရှု လော့။ ထာဝရဘုရား သည် လျင်မြန် သော မိုဃ်းတိမ် ကို စီး ၍ အဲဂုတ္တု ပြည်သို့ ကြွ တော်မူ၏။ ရှေ့တော်၌ အဲဂုတ္တု ပြည်၏ ရုပ်တု ဆင်းတုတို့သည် လှုပ်ရှား ၍ ၊ အဲဂုတ္တု ပြည်၏ နှလုံး သည် သူ ၏အထဲ မှာ အရည် ကျိုလျက် ရှိလိမ့်မည်။ ၂ အဲဂုတ္တု ပြည်သားတို့သည် အချင်းချင်းတ ယောက်နှင့် တယောက် ရန်ပြု စေခြင်းငှါ ငါနှိုးဆော် သဖြင့် ၊ သူတို့သည် ညီအစ်ကို ချင်း တယောက်နှင့် တ ယောက်၊ အိမ်နီးချင်း တယောက်နှင့်တယောက်၊ တမြို့ နှင့် တမြို့ ၊ တနိုင်ငံ နှင့် တနိုင်ငံ စစ်တိုက်ကြလိမ့်မည်။ ၃ အဲဂုတ္တု ပြည်၏ စိတ် သည် သူ ၏အထဲ မှာ ပျက် လိမ့်မည်။ သူ ၏အကြံ ကိုလည်း ငါဖျက် မည်။ သူတို့သည် ရုပ်တု တို့ ၌ငင်း ၊ ပြုစား သောသူတို့ ၌ ငင်း ၊ နတ်ဝင်နှင့် စုန်း တို့ ၌ငင်း ဆည်းကပ် ကြလိမ့်မည်။ ၄ အဲဂုတ္တု ပြည်သားတို့ကို ကြမ်းကြုတ် သော သခင် တို့ လက် သို့ ငါအပ် သဖြင့် ၊ ပြင်းထန် သော ရှင်ဘုရင် တပါးသည် အုပ်စိုး လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ သခင် အရှင်ထာဝရဘုရား မိန့် တော်မူ၏။ ၅ ထိုအခါပင်လယ် ရေ ပြတ် လိမ့်မည်။ မြစ် ရေ လည်း လျော့ ၍ ခန်းခြောက် လိမ့်မည်။ ၆ ချောင်း ရေများလည်း ပုပ် ကြလိမ့်မည်။ အဲဂုတ္တု မြစ် လက်ကြားတို့လည်း ရေ ပြတ်၍ ခန်းခြောက်သဖြင့်၊ ကျူပင် နှင့် ကိုင်း ပင်တို့သည် ညှိုးနွမ်း ကြလိမ့်မည်။ ၇ မြစ် လက်ကြားနားနှင့် ချောင်း ဝ နား မှာ ပေါက် သော မြက်ပင် အစရှိသော၊ မြစ် နားမှာ စိုက် သမျှ တို့သည် ညှိုးနွမ်း ပျက်စီး ပ ပျောက်ကြလိမ့်မည်။ ၈ တံငါ တို့သည် ညည်းတွား ကြလိမ့်မည်။ မြစ် ၌ ငါးမျှား ကို ချ သမျှ သောသူတို့သည် မြည်တမ်း ၍ ရေ ပေါ် မှာ ပိုက်ကွန် ကို ဖြန့် တတ်သောသူတို့ သည် စိတ်ပျက် ကြလိမ့်မည်။ ၉ ပိုက်ဆန် လုပ် သောသူနှင့် စျာ မျိုးကို ရက် သောသူတို့ သည်လည်း အကျိုးနည်း ရှိကြလိမ့်မည်။ ၁၀ အမှီ တကဲတို့သည် ပျက် ၍၊ အခ စား သောသူအပေါင်း တို့သည် ညှိုးငယ် သောစိတ် ရှိကြလိမ့်မည်။ ၁၁ အကယ်စင်စစ်ဧောန မင်း တို့သည် အရူး ဖြစ် ကြ၏။ ဖာရော ဘုရင်၏ တိုင်ပင် မှူးမတ် တို့သည် မိုက် သောအကြံ ကိုပေးကြ၏။ ကျွန်တော်သည် ပညာရှိ အမျိုး ၊ ရှေး ဘုရင် တို့ အနွယ် ဖြစ်ပါသည်ဟု ဖာရော ဘုရင်အား အဘယ်ကြောင့် လျှောက် ကြသနည်း။ ၁၂ သူ တို့သည် အဘယ်မှာ ရှိကြသနည်း။ သင် ၏ ပညာရှိ တို့သည် အဘယ်မှာရှိကြသနည်း။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည်၊ အဲဂုတ္တု ပြည် တဘက် ၌ အဘယ်သို့ ကြံစည် တော်မူသည်ကို ယခု ပြော ကြပါစေ။ ဘော်ပြ ကြပါစေ။ ၁၃ ဧောန မင်း တို့သည် အရူး ဖြစ်ကြပြီ။ နောဗ မင်း တို့သည် မှားယွင်း ကြပြီ။ အဲဂုတ္တု ပြည်၏ အမျိုး အနွယ်များကိုအုပ်သော အကြီးအကဲ တို့ကိုလည်း မှားယွင်း စေ ကြပြီ။ ၁၄ ထာဝရဘုရား သည် အဲဂုတ္တုပြည်၏ အလယ်၌ ယစ်မူး သော သဘော ကို ပြင်ဆင် တော်မူသဖြင့် ၊ ယစ်မူး

သောသူသည် မိမိ အနှဖတ် ၌ လဲ သကဲ့သို့ ၊ အဲဂုတ္တု ပြည် သားတို့သည် ပြု လေသမျှ တို့ ၌ မှားယွင်း ကြပြီ။ ၁၅ အဲဂုတ္တု ပြည်၏ ဦးခေါင်း ဖြစ်စေ ၊ အမြီး ဖြစ်စေ၊ စွန်ပလွံ့ လက်ဖြစ်စေ ၊ ကိုင်း ပင်ဖြစ်စေ၊ ပြီးစီး နိုင်သော အမှု အလျှင်းမ ရှိရ။ ၁၆ ထို ကာလ ၌ အဲဂုတ္တု လူတို့သည် မိန်းမ ကဲ့သို့ ဖြစ် ၍ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် သူ တို့အပေါ် မှာ လက် တော်ကို လှုပ်ရှား တော်မူသောကြောင့်၊ ကြောက်လန့် တုန်လှုပ် ကြလိမ့်မည်။ ၁၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် အဲဂုတ္တု ပြည် တဘက် ၌ ကြံစည် တော်မူသောအကြံ အစည်ကြောင့် ၊ ယုဒ ပြည် သည်လည်း အဲဂုတ္တု ပြည်၌ ကြောက်မက် ဘွယ်ဖြစ်လိမ့်မည်။ ယုဒ ပြည်ဟူ၍ပြော ကာမျှ နှင့် လူတိုင်း ကြောက်ရွံ့ကြလိမ့်မည်။ ၁၈ ထို ကာလ ၌ အဲဂုတ္တု ပြည် တွင် ၊ မြို့ ငါး မြို့တို့သည် ခါနာန် ဘာသာ စကားကို ပြော ၍ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား၏ သစ္စာ တော်ကိုခံ ကြလိမ့်မည်။ ထိုမြို့တို့တွင်၊ တ မြို့ကို သူရိယာ မြို့ ဟူ၍ခေါ် ဝေါ် ကြ လိမ့်မည်။ ၁၉ ထို ကာလ ၌ အဲဂုတ္တု ပြည် အလယ် တွင် ၊ ထာဝရဘုရား ကို ပူဇော်ရာယဇ် ပလ္လင် ရှိ လိမ့်မည်။ ပြည် စွန်း နား တွင် လည်း ထာဝရဘုရား အဘို့ မှတ်တိုင် ရှိလိမ့်မည်။ ၂၀ ထိုမှတ်တိုင်သည် အဲဂုတ္တုပြည်တွင် နိမိတ် လက္ခဏာဖြစ် လိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ သက်သေ လည်း ဖြစ်လိမ့်မည်။ အကြောင်းမူကား၊ သူတို့သည် ညှဉ်းဆဲ ခြင်းကို ခံရသောကြောင့် ၊ ထာဝရဘုရား ကို အော်ဟစ် ကြသည်ရှိ သော်၊ ကယ်တင် သောအရှင်၊ အမှုစောင့် သခင်ကို သူ တို့ရှိရာသို့ စေ လွှတ် တော်မူ၍ ၊ ထိုသခင်သည် ကယ်တင် တော်မူ၏။ ၂၁ အဲဂုတ္တုပြည်တွင် ထာဝရဘုရားကို သိရကြ သည်ဖြစ်၍၊ ထို ကာလ ၌ အဲဂုတ္တု လူတို့သည် ထာဝရဘုရား ကို သိ သောကြောင့်၊ ပူဇော် သက္ကာအလှူ ဒါနကို ဆက်ကပ်၍ ဝတ်ပြု ကြလိမ့်မည်။ ထာဝရဘုရား ရှေ့ တော်၌ သစ္စာ ဂတိထား ၍ ၊ ထားသည့်အတိုင်း ပြု ကြလိမ့်မည်။ ၂၂ ထာဝရဘုရား သည်လည်း အဲဂုတ္တု ပြည်ကို ဒဏ်ခတ် ၍ ၊ ခတ် ပြီးသော ဒဏ်ရာကို ပျောက် စေတော်မူမည်။ သူတို့သည်လည်း၊ ထာဝရဘုရား ထံ တော်သို့ ပြောင်းလဲ ကြ သည့်ကာလ၊ သူ တို့တောင်းပန်ခြင်းကို နားထောင် ၍ ဒဏ်ရာကို ပျောက် စေတော်မူမည်။ ၂၃ ထို ကာလ ၌ အဲဂုတ္တု ပြည်မှ သည် အာရှုရိ ပြည် တိုင်အောင် ၊ လမ်း တွင် လိမ့်မည်။ အာရှုရိ လူသည် အဲဂုတ္တု ပြည်သို့ ၎င်း၊ အဲဂုတ္တု လူသည်၊ အာရှုရိ ပြည်သို့ ၎င်း သွားလာ ၍ အဲဂုတ္တု လူနှင့် အာရှုရိ လူတို့သည် တညီတညွတ်တည်း ဝတ်ပြု ကြလိမ့်မည်။ ၂၄ ထို ကာလ ၌ ဣသရေလ အမျိုးသည် အဲဂုတ္တု အမျိုးနှင့် ၎င်း ၊ အာရှုရိ အမျိုးနှင့် ၎င်း ပေါင်း၍၊ တတိယ အမျိုးတည်းဟူသောမြေကြီး အလယ် ၌ မင်္ဂလာ ပြုသော အမျိုး ဖြစ် လိမ့်မည်။ ၂၅ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ကလည်း၊ ငါ ၏ လူ အဲဂုတ္တု အမျိုး၊ ငါ ပြုပြင် သော အာရှုရိ အမျိုး၊ ငါ ၏ အမွေ ဥစ္စာဖြစ်သော ဣသရေလ အမျိုးသည် မင်္ဂလာ ရှိစေသတည်းဟု ကောင်းကြီး ပေး တော်မူလိမ့်မည်။

၂၀ အာရှုရိ ရှင်ဘုရင် သာဂုန် စေလွှတ် သော ဗိုလ် မင်းတာတန်သည် အာဇုတ် မြို့သို့ စစ် ချီ၍ ၊ ထိုမြို့ ကို လုပ်ကြံ သော နှစ် တွင်၊ ၂ ထာဝရဘုရား က၊ သင်သည်သွား ၍ ခါးစည်း သော လျှော်တေ အဝတ်နှင့် ခြေနင်း ကိုချွတ် လော့ဟု၊ အာမုတ် သား ဟေရှာယ ကို မိန့် တော်မူသည်အတိုင်း၊ သူသည် ပြု ၍ အဝတ် ကို မဝတ်၊ ခြေနင်း ကိုမစီးဘဲ သွား လာလျက်နေ၏။ ၃ ထာဝရဘုရား ကလည်း ၊ ငါ့ ကျွန် ဟေရှာယ သည် အဲဂုတ္တု ပြည်နှင့် ကုရှ ပြည်၌ ပုပွ

နိမိတ်၊ အံ့ဘွယ် သော အရာကိုပြခြင်းငှါ၊ သုံး နှစ် ပတ်လုံးအဝတ် ကိုမဝတ်၊ ခြေနင်း ကိုမစီးဘဲ သွား လာသကဲ့သို့၊ ၄ ထိုနည်းတူ ၊ အဲဂုတ္တ၊ လူများကို အရှက် ခွဲခြင်း အလိုငှါ၊ အာရှရိ ရှင် ဘုရင်သည် အဲဂုတ္တ၊ လူနှင့် ကုရှ လူအကြီး အငယ် တို့အား အဝတ်နှင့် ခြေနင်းကို ချွတ်၍ တင်ပါး ကိုမျှ မ ဖုံးစေဘဲ၊ ဘမ်းဆီး ချုပ်ထားသိမ်း သွား လိမ့်မည်။ ၅ အာဇုတ်မြို့သားတို့သည် ကြောက် ကြလိမ့်မည်။ သူ တို့ ကိုးစား သော ကုရှ ပြည်ကိုငင်း ၊ ဝါကြား သော အဲဂုတ္တ၊ ပြည်ကိုငင်းရှက် ကြလိမ့်မည်။ ၆ ထို ကမ်း နားမှာ နေ သောသူများကလည်း ၊ ကြည့် ပါ၊ အာရှရိ ရှင်ဘုရင် ၏ လက်မှ လွတ် ခြင်းငှါ ငါတို့ မြော်လင့်ရာအရာ၊ ပြေး ၍ခိုလှုံ ရာအရာသည် ထိုသို့ ဖြစ်ပါသည် တကား။ ငါ တို့သည် အဘယ်သို့လွတ် နိုင်ပါ မည်နည်းဟု ထို အခါ ဆို ကြလိမ့်မည်။

၂၁ ရေ လွှမ်းမိုးသော တော နှင့်ဆိုင်သော ဗျာဒိတ် တော်ကား၊ တောင် လေမုန်တိုင်း တိုက်သကဲ့သို့ ကြောက်မက် ဘွယ်သော ပြည် ၊ တော ကြီးမှ လာ ၏။ ၂ ကြောက်မက် ဘွယ်သော ရူပါရုံ ကို ငါ မြင် ရ၏။ လုယူ တတ်သောသူသည် လုယူ ၏။ ဖျက်ဆီး တတ်သောသူသည် ဖျက်ဆီး ၏။ ဧလံ ပြည်သားတို့၊ တက် သွားကြလော့။ မေဒ ပြည်သားတို့၊ မြို့ကိုဝိုင်း ထားကြလော့။ ထိုမြို့ကြောင့်၊ သူတပါးညည်းတွား ခြင်းရှိသမျှ ကို ငါငြိမ်း စေ၏။ ၃ ထို့ကြောင့် ၊ ငါသည် ခါးနာလှ၏။ သားဘွား သော မိန်းမခံရသကဲ့သို့ ဝေဒနာကိုခံ ရ၏။ နားမကြား နိုင် အောင် ပြင်းထန်စွာခံရ ၏။ မျက်စိမမြင် နိုင်အောင် မှိုင်တွေ လျက်ရှိ၏။ ၄ ငါ့ စိတ် နှလုံးသည် မူး လျက်ရှိ၏။ ကြောက်မက် ဘွယ်သော အရာဖြင့် ငါ သည်ထိတ်လန့် လျက်ရှိ၏။ ငါ ပျော်မွေ့ သောညဉ့် ကိုဘေး နှင့် ပြည့်စုံ စေတော်မူ၏။ ၅ စားပွဲ ကိုပြင် ပြီ။ ကင်းစောင့် ကို ထား ပြီ။ စား သောက် လျက်နေကြ၏။ အိုမင်း များတို့၊ ထ ကြ၊ လွှား ကို ဆီ လောင်းကြ။ ၆ အကြောင်း မူကား၊ ဘုရား ရှင်က၊ သင်သွား ၍ ကင်းစောင့် ကိုထား လော့။ မြင် သည့်အတိုင်း ပြော စေလော့ ဟု ငါ့ အား မိန့် တော်မူ၏။ ၇ ကင်းစောင့်သည်လည်း၊ နှစ်စီးစီ နှစ်စီးစီ ချီလာ သော မြင်း တပ် တတပ်၊ မြည်း တပ် တတပ်၊ ကုလားအုပ် တပ် တတပ်ကို မြင် ၍ ၊ သတိနှင့် စေ့စေ့ကြည့်ရှုနားထောင် ပြီးလျှင်၊ ၈ သခင် ၊ ကျွန်တော် သည် နေ့အချိန်၌ ကင်းမျှော်စင် ပေါ် မှာ အစဉ် ရပ် ၍၊ တညဉ့် လုံး၌လည်း ကင်း စောင့် လျက်နေပါ၏။ ၉ ယခု မှာ နှစ်စီးစီ နှစ်စီးစီ ချီလာ သော မြင်း စီးသူရဲ တပ် ကို မြင် ပါသည်ဟု ခြသေ့် ကဲ့သို့ကြွေးကြော် ၏။ သူ ကလည်း၊ ဗာဗုလုန် မြို့ပြိုလဲ ပြီ၊ ပြိုလဲ ပြီ၊ သူ ၏ဘုရား ရုပ်တု ဆင်းတုရှိသမျှ တို့သည် မြေ ပေါ် မှာ ကျိုးပဲ့ လျက် ရှိကြ ပါသည်ဟု ထပ်၍ဆို လေ၏။ ၁၀ ငါ နင်း နယ်၍ ငါ့ တလင်း ပြင်မှ ထွက်သောစပါး၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၊ ဣသရေလ အမျိုး၏ ဘုရား သခင် မိန့်တော်မူသည်ကို ငါကြား ရသည် အတိုင်း ၊ သင် တို့အား ငါဆင့်ဆို သတည်း။ ၁၁ ဒုမာ ပြည်နှင့်ဆိုင်သော ဗျာဒိတ် တော်ကား၊ အိုကင်းစောင့် ၊ ညဉ့် အမှုကား အဘယ်သို့ နည်း။ အိုကင်းစောင့် ၊ ညဉ့် အမှုကား အဘယ်သို့ နည်းဟု စိရ တောင် ပေါ် က ငါ့ ကို ဟစ် ခေါ် လေ၏။ ၁၂ ကင်းစောင့် ကလည်း၊ နံနက် သည်လာ ၏။ ညဉ့် လည်း လာ၏။ သင်တို့သည် မေးမြန်း လိုလျှင် မေးမြန်း ကြ။ ပြန် သွားကြ။ တဖန် လာကြဟု ဆို လေ၏။ ၁၃ အာရပ် ပြည်နှင့် ဆိုင်သော ဗျာဒိတ် တော်ကား၊ ခရီးသွားသော ဒေဒန် လူစု တို့၊ သင်တို့သည် အာရပ် တော မှာ ညဉ့်ကို လွန် စေရကြမည်။ ၁၄

တေမ ပြည် သား တို့၊ ရေ ငတ်သောသူ အဘို့ ရေ ကို ယူ ခဲ့ကြ၏။ ပြေး သောသူကို မုန့် နှင့် ဆီး၍ ကြိုကြ၏။ ၁၅ အကြောင်း မူကား၊ သူတို့သည် ထား ဘေး မှ ၎င်း၊ ထုတ် သောထား ၊ တင် သောလေး ၊ အလွန်ခက် သော စစ်မှုမှ ၎င်း ပြေး ကြ၏။ ၁၆ ထာဝရ ဘုရားသည် ငါ့ အား မိန့် တော်မူသည် ကား ၊ အခစား သောသူရေတွက်သည်အတိုင်း ၊ တနှစ် တွင် ကေဒါ မြို့ ၏ ဘုန်း အသရေရှိသမျှ ကွယ်ပျောက် ၍၊ ၁၇ ကျန် ကြွင်းသော ကေဒါ အမျိုးသား ၊ လေး စွဲသူရဲ တို့သည် အလွန် နည်း ကြလိမ့်မည်ဟု၊ ဣသရေလ အမျိုး ၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူ၏။

JJ ဗျာဒိတ် ရူပါရုံချို့ နှင့် ဆိုင်သော ဗျာဒိတ် တော် ကား၊ သင့် တမြို့လုံး သည် အိမ်မိုး ပေါ် သို့ တက် ရမည် အကြောင်း ၊ အဘယ် အမှု ရောက်သနည်း။ ၂ အထက်က အသံ ဗလံများ ၍ အုတ်အုတ် ကျက်ကျက်ပြုတတ်သောမြို့ ၊ ရွှင်လန်း သောမြို့ ၊ သင်၏ လူသေ တို့သည် ထား လက်နက်ကြောင့် ဆုံး ကြသည်မ ဟုတ်။ စစ် တိုက်ရာမှာ သေ ကြသည် မ ဟုတ်။ ၃ သင် ၏ မင်း အပေါင်း တို့သည် အတူ ပြေး ကြ၏။ လေး သမားတို့ လက်၌ ချည်နှောင် လျက်ရှိကြ၏။ တွေ့ သမျှ သောသင် ၏ လူတို့သည် အဝေး သို့ ပြေး သော်လည်း၊ အတူ ချည်နှောင် လျက်ရှိကြ၏။ ၄ ထိုကြောင့် ငါဆို သည်ကား၊ ငါ့ ကိုမကြည့့် ပါနှင့်။ ပြင်း စွာငို ရမည်။ ငါ့ အမျိုး သတို့သမီး ပျက်စီး သည်ဖြစ်၍၊ ငါ့ စိတ် ပြေစေခြင်းငှါ မ ကြိုးစား ပါနှင့်။ ၅ ကောင်းကင်ဗိုလ်ခြေ သခင် အရှင်ထာဝရဘုရား သည်၊ ဗျာဒိတ် ရူပါရုံချို့ တွင် စီရင်တော်မူသဖြင့် ၊ ဒုက္ခခံ ရာကာလ ၊ နှိပ်စက် နှောင့်ရှက် ရာကာလ၊ မြို့ရိုး ကို ဖြို ၍ တောင် တို့ကို အော်ဟစ် ရာကာလသည် ရောက်လေပြီ။ ၆ ဧလံ အမျိုးသည် မြားတောင့် ကို ဆောင် လျက်၊ ရထား စီးသူရဲ ၊ မြင်း စီးသူရဲ တို့နှင့်တကွ လာ၏။ ကိရ အမျိုးသည် ဒိုင်း လွှားကို ထုတ် လေ၏။ ၇ သင် ၏ အမြတ်ဆုံးသော ချို့ငဲ့ တို့သည် ရထား နှင့် ပြည့့် ကြ၏။ မြင်း စီးသူရဲတို့သည် မြို့တံခါး ရှေ့ မှာ တပ် ချ ကြ၏။ ၈ ယုဒ ပြည်ကို ဖွင့်လှစ် သည် ဖြစ်၍ ၊ သင်သည် ထို အခါ လက်နက် စုံ သိုထားရာ၊ တော နန်း တော်သို့ ကြည့့် ရှုလိမ့်မည်။ ၉ ဒါဝိဒ် ၏မြို့ အပြို အပျက်များ သည်ကို သင်၏ လူတို့သည် မှတ် ရကြလိမ့်မည်။ အောက် ရေကန် မှထွက် သော ရေ ကို စုဝေး စေကြလိမ့်မည်။ ၁၀ ယေရုရှလင် မြို့၌ ရှိသောအိမ် များကို ရေတွက် ကြလိမ့်မည်။ မြို့ရိုး ကို ပြုပြင် လိုသောငှါ ၊ အိမ် များကို ဖြိုဖျက် ကြလိမ့်မည်။ ၁၁ ရေကန် ဟောင်း မှထွက်သော ရေ စုဝေးရာကို လည်း၊ မြို့ရိုး နှစ်ထပ်စပ်ကြား တွင် လုပ် ကြလိမ့်မည်။ သို့ရာတွင် ၊ ဤအမှု ကို စီရင် တော်မူသောသူကို သင်တို့သည် မ ကြည့့် မမှတ် တတ်ကြ။ ရှေး က ဖန်ဆင်း တော်မူသောသူကို ပမာဏ မ ပြု တတ်ကြ။ ၁၂ ထို ကာလ ၌ ဝိုကြွေး မြည်တမ်း ခြင်း၊ ဆံပင် ကို ပယ်ဖြတ်ခြင်း၊ လျော်တေ အဝတ်ကို ဝတ် စည်းခြင်း အလိုငှါ ၊ ကောင်းကင်ဗိုလ်ခြေ သခင် အရှင်ထာဝရဘုရား သည် နှိုးဆော် တိုက်တွန်းတော်မူသော်လည်း၊ ၁၃ ကြည့့် ပါ။ ဝမ်းမြောက် ရွှင်လန်း ခြင်းအမှု၊ သိုး နွား များကိုသတ် ခြင်း၊ အမဲသား စား ခြင်း၊ စပျစ်ရည် သောက် ခြင်း အမှုကို ပြုလျက်၊ ငါတို့သည် စား ကြကုန်အံ့၊ သောက် ကြကုန်အံ့၊ နက်ဖြန် သေ ရ ကြမည်ဟု ပြောဆို ကြသည် တကား။ ၁၄ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် ငါ့ နား၌ ဗျာဒိတ် ပေးတော်မူသည်ကား၊ အကယ် စင်စစ်သင် တို့အပြစ် သည် သင်တို့မသေ မချင်းတိုင်အောင် မ ပြေ မရှင်းရဟု ကောင်းကင်ဗိုလ်ခြေ သခင် အရှင်ထာဝရ ဘုရား မိန့်

တော်မူ၏။ ၁၅ ကောင်းကင်ဗိုလ်ခြေ သခင် အရှင်ထာဝရ ဘုရား မိန့် တော်မူသည်ကား၊ ဘဏ္ဍာ တော်စိုး၊ နန်းတော် အုပ် ရှေဗန အိမ်သို့ သွား ပြီးလျှင်၊ ၁၆ မြင့် သော အရပ်၌ ကိုယ် သရိုင်း တွင်းကို ထွင်း၍၊ ကိုယ် နေရာ ကို ကျောက် ၌ ထုလုပ် သောသူ၊ သင်သည် ဤ အရပ်၌ သရိုင်း တွင်းကို ကိုယ် အဘို့ ထွင်း စေခြင်းငှါ၊ ဤ အရပ် နှင့် အဘယ် သို့ဆိုင်သနည်း။ ၁၇ ထာဝရဘုရား သည် ပြင်းစွာ သော နှင်ထုတ် ခြင်း ဖြင့် သင့် ကို နှင်ထုတ် တော်မူလိမ့်မည်။ သင့် ကို အမှန် ကိုင် ဘမ်း၍၊ ၁၈ တလိမ့်လိမ့် လှိမ့် လျက်၊ လောက်လွဲစာကဲ့သို့ ကျယ် သောပြည် သို့ ပစ်လိုက်တော်မူလိမ့်မည်။ သင်သည် ထို ပြည်၌ သေ ရလိမ့်မည်။ ထို ပြည်၌ လည်း သင် ၏ ကြက်သရေ ရထား တို့သည်၊ သင့် အရှင် ၏ အမျိုး အရှက်ကွဲ စရာ ဖြစ်ရကြလိမ့်မည်။ ၁၉ ငါသည်လည်း သင် ၏ အရာ ကို နှုတ် မည်။ သင် ၏ နေရာ မှ သင့် ကိုချ မည်။ ၂၀ ထို ကာလ ၌ ငါ့ ကျွန် ၊ ဟိလခိ ၏ သား ဧလျာကိမ် ကို ငါခေါ် ၍၊ ၂၁ သင် ၏ဝတ်လုံ နှင့် ဝတ်ဆင် စေမည်။ သင် ၏ ခါးစည်း နှင့် ချီးမြှောက် ၍ ၊ သင် ၏ အစိုးရ သောအခွင့်ကို အပ် ပြီးလျှင် ၊ သူသည် ယေရုရှလင် မြို့သူ၊ ယုဒ အမျိုးသား တို့၏ အဘ ဖြစ် လိမ့်မည်။ ၂၂ ဒါဝိဒ် မင်းမျိုး ၏ တံခါးသော့ ကိုသူ ၏ ပခုံး ပေါ် မှာ ငါတင် ထားသဖြင့် ၊ သူသည် အဘယ် သူမျှမပိတ် နိုင် အောင် ဖွင့် လိမ့်မည်။ အဘယ်သူမျှမ ဖွင့် နိုင်အောင် ပိတ် လိမ့်မည်။ ၂၃ မြဲ သော အရပ် ၌ စွဲသောတံစို့ ကဲ့သို့သူ့ ကိုငါစွဲ စေမည်။ သူသည် မိမိ အဘ ၏ အိမ် ၌ ကြက်သရေ ပလ္လင် ဖြစ် လိမ့်မည်။ ၂၄ သူ ၏ အဘ အိမ် ၌ ရှိသမျှ သော ဘုန်း အသရေ၊ အမျိုး အနွယ်၊ အမြတ်အယုတ် ၊ ခွက်ဖလားရှိသမျှ ၊ အင်တုံ ၊ အိုး အမျိုးမျိုး တို့ကို သူ ၌ ဆွဲ ထားကြလိမ့်မည်။ ၂၅ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ တွင် မြဲ သောအရပ် ၌ အရင်စွဲ သောတံစို့ သည် နေရာမှ ရွေ့ ၍ ၊ ခုတ် လှဲခြင်းကိုခံရလိမ့်မည်။ သူ ၌ ဆွဲထားသော ဥစ္စာ သည်လည်း ၊ ခုတ် ပယ်ခြင်းကိုခံရလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ ၏။

၂၃ တုရု မြို့နှင့်ဆိုင်သော ဗျာဒိတ် တော်ကား၊ တာရှု သင်္ဘော များတို့၊ ညည်းတွား မြည်တမ်းကြလော့။ မြို့သည် အိမ် မ ရှိ၊ တည်းခို စရာ မရှိ သည် တိုင်အောင်ရှင်းရှင်းပျက်စီး လေပြီ။ ခိတ္တိမ် ပြည် မှ သိတင်းကြား ရ၏။ ၂ ပင်လယ် ကူး တတ်သော ဇိဒုန် ကုန်သည် တို့သည် စည်ပင် စေသော၊ ပင်လယ် ကမ်းနားမှာ နေ သောသူတို့၊ မှိုင်တွေ ကြလော့။ ၃ များ သောရေ ကို အမှီပြုသော ရှိဟောရ မျိုးစေ့ ၊ မြစ် ၏ အသီးအနှံ ကို ထိုမြို့ သည် အခွန် ရ၍၊ အတိုင်းတိုင်း အပြည်ပြည်တို့၏ စျေး ဖြစ် လေပြီ။ ၄ အိုဇိဒုန် မြို့၊ ရှက် ကြောက်ခြင်းရှိလော့။ အကြောင်း မူကား၊ ပင်လယ် တည်းဟူသောပင်လယ် မြို့ကြီး က၊ ငါသည် ကိုယ်ဝန် မ ဆောင်၊ သား မ ဘွား၊ လူပျို နှင့် အပျိုမ တို့ကို မ မွေးမြူ ရဟု ပြော ဆို၏။ ၅ အဲဂုတ္တု ပြည်သားတို့သည် တုရု မြို့သိတင်း ကို ကြားသောအခါ ၊ ထိုသိတင်း ကြောင့် အလွန်စိတ်ပူပန် ခြင်းသို့ ရောက်ကြလိမ့်မည်။ ၆ တာရှု မြို့သို့ ကူး ကြလော့။ ပင်လယ် နားမှာ နေ သောသူတို့၊ ညည်းတွား မြည်တမ်းကြလော့။ ၇ ဤ မြို့သည် ရှေး ကာလ ၌ တည်သဖြင့် သင် တို့ရွှင်လန်း သောမြို့လော။ ဝေး သော အရပ်၌ တည်းခို ခြင်းငှါ ၊ မိမိ ခြေ တို့သည် မိမိ ကိုဆောင် သွားကြ၏။ ၈ တုရု မြို့သည် ရာဇသရဖူကို ပေး တတ်သော မြို့ ဖြစ်လျက်၊ သူ ၏ကုန်သည် တို့သည် မင်းသား ၊ ဖောက်ကား ရောင်း ဝယ်သောသူတို့ သည် မြေကြီး မှူးမတ် ဖြစ်လျက်၊

ထိုမြို့တဘက်၌ အဘယ်သူ သည် ဤ အကြံကို ကြံစည်သနည်း။ ၉ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည်၊ ရှိသမျှ သော ဘုန်း အသရေ၏ မာန ကို အရှက်ခွဲ ခြင်းငှါ ၎င်း၊ မြေကြီး မူးမတ် အပေါင်း တို့ကို ရှုတ်ချ ခြင်းငှါ ၎င်း ထိုသို့ကြံစည် တော်မူ၏။ ၁၀ အိုတာရှ မြို့၏သခင်း ၊ ကမ်းရိုး ပျက် လေပြီ။ မြစ် ကဲ့သို့ ကိုယ် ပြည် ကို နှံ့ပြား လော့။ ၁၁ ရန်သူ သည် ပင်လယ် ပေါ် မှာ လက် ကိုဆန့် ၍၊ တိုင်း နိုင်ငံတို့ကို လှုပ်ရှား လေ၏။ ခါနာန် ပြည်၌ ခိုင်ခံ့ သော အရပ်တို့ကို ဖျက်ဆီး စေခြင်းငှါ ၊ ထာဝရဘုရား အမိန့် တော်ရှိ၏။ ၁၂ ညှဉ်းဆဲ ခြင်းကို ခံရသောကညာ ၊ ဇိဒုန် မြို့၏သခင်း ၊ သင်သည် နောက်တဖန် ရွှင်လန်း ခြင်း မ ရှိရ။ ထ လော့။ ခိတ္တိမ် ပြည်သို့ ကူး သွားလော့။ ထို အရပ်၌လည်း ငြိမ်သက် ခြင်း မ ရှိရဟု မိန့် တော်မူ၏။ ၁၃ အထက်က မ ရှိ သော ခါလဒဲ အမျိုးသား တို့နေသော ပြည် ကို ကြည့်ရှု လော့။ ထိုပြည်ကို အာရှုရိ မင်းသည် တောတွင်းသား တို့ နေ စရာဘို့ တည်ထောင် ၏။ ထိုပြည် သားတို့သည် ပြအိုး တို့ကို တည်ဆောက်၍၊ တုရုအိမ် တော် များနှင့် မြို့ကိုလည်း ရှင်းရှင်းဖျက်ဆီး ကြ၏။ ၁၄ တာရှု သဘော်ား များတို့၊ ညည်းတွား မြည်တမ်းကြလော့။ သင် တို့၏ မြို့ ကြီးသည် ပျက် ကုန်ပြီ။ ၁၅ ထို ကာလ ၌ တုရု မြို့ကို၊ မင်း ဆက်တ ဆက်အတိုင်း အရှည်၊ အနှစ် ခုနစ်ဆယ် ပတ်လုံး၊ အဘယ်သူမျှမ အောက်မေ့ ရ။ အနှစ် ခုနစ်ဆယ် လွန် သောအခါ ၊ ပြည်တန်ဆာ မိန်းမအားသီချင်း ဆိုသကဲ့သို့ ၊ တုရု မြို့အား သီချင်း ဆိုလိမ့်မည်။ ၁၆ အဘယ်သူမျှမ အောက်မေ့သော ပြည်တန်ဆာ မိန်းမ၊ စောင်း ကိုကိုင် ၍ မြို့ တွင်လှည့်လည် လော့။ သူတပါးတို့သည် သင့်ကို သတိရ စေခြင်းငှါ ၊ သာယာ သော အသံနှင့် တီး ၍၊ သီချင်း ကို များစွာဆို လော့။ ၁၇ အနှစ် ခုနစ်ဆယ် လွန် သောအခါ ၊ ထာဝရဘုရား သည် တုရု မြို့ကို အကြည့်အရှု ကြွလာတော်မူလိမ့်မည်။ သူ သည်လည်း တဖန်အမြတ် ရသောဘာသာသို့ လိုက်ပြန် ၍ ၊ မြေကြီး မျက်နှာ ပေါ် မှာ ရှိသမျှ သော လောကီ နိုင်ငံ တို့ နှင့် မတရားသော မေထုန် ကိုပြုလိမ့်မည်။ ၁၈ သို့ရာတွင် ၊ သူ ၏ ကုန်သွယ် ခြင်း၊ အမြတ် ရခြင်း အရာတို့သည် ထာဝရဘုရား အဘို့ သန့်ရှင်း လိမ့်မည်။ ဆည်းဖူး သိုထားခြင်းကို မ ပြုရ။ ကုန်သွယ် သော ဥစ္စာ သည် ထာဝရဘုရား ရှေ့တော်၌ နေ သောသူတို့အဘို့ ဖြစ်၍သူတို့သည် ဝ စွာစား ၍ ခိုင် သောအဝတ် ကို ဝတ် ကြလိမ့်မည်။

၂၄ ကြည့် ရှုလော့။ ထာဝရဘုရား သည် ပြည် တော်ကို လွတ်လပ်စေ၍ ပယ်ရှင်း မှောက်ထားသဖြင့် ၊ ပြည် သား တို့ ကို ကွဲပြား စေတော်မူ၏။ ၂ ထိုအခါ ယဇ်ပုရောဟိတ် သည် ဆင်းရဲသား ကဲ့သို့ ၎င်း၊ သခင် သည် ကျွန် ကဲ့သို့ ၎င်း၊ သခင်မ သည် ကျွန်မ ကဲ့သို့ ၎င်း၊ ရောင်း သောသူသည် ဝယ် သောသူကဲ့သို့ ၎င်း၊ ကြွေးရှင် သည် ကြွေးတင် သောသူကဲ့သို့ ၎င်း၊ အတိုး စား သောသူသည် အတိုး ပေးသောသူကဲ့သို့ ၎င်း ဖြစ် ရ လိမ့်မည်။ ၃ တပြည် လုံး လွတ်လပ် ၍ ရှင်းရှင်းပျက်စီး ရ လိမ့်မည်ဟူ သောအရာ ကို ထာဝရဘုရား မိန့် တော်မူ၏။ ၄ ပြည် တော်သည် ငြိုငြင် ညှိုးငယ် ခြင်းရှိ၏။ လောက သည် အားလျော့ ၍ ညှိုးငယ် ခြင်းရှိ၏။ ဘုန်းကြီး သော ပြည် သား တို့သည် အားလျော့ ကြ၏။ ၅ ပြည်သား တို့သည် တရား တော်ကို လွန်ကျူး ခြင်း၊ အမိန့် တော်ကို ပြောင်းလဲ ခြင်း၊ ထာဝရ သစ္စာ တော်ကို ဖျက် ခြင်းအကြောင်းကြောင့် ၊ ပြည် တော်သည် ညစ်ညူး ခြင်းရှိ ၏။ ၆ ထိုကြောင့် ၊ ကျိန်တော်မူသောအကျိန် သည် ပြည်

တော်ကို လွှမ်းမိုး ပြီ။ ပြည်သား တို့အပေါ် မှာ အပြစ် ရောက်လေပြီ။ ထိုကြောင့် ၊ ပြည်သား တို့သည် ပူလောင် ကြ သဖြင့်၊ ကျန်ကြွင်း သောသူ တို့သည် နည်း ကြ၏။ ၇ သစ်သောစပျစ်ရည် သည် ငြိုငြင် လေ၏။ စပျစ်နွယ် ပင်သည်လည်း အားလျော့ လေ၏။ စိတ် ရွှင်လန်း သောသူအပေါင်း တို့သည် ညည်းတွား ကြ၏။ ၈ သာယာသောပတ်သာ အသံ ငြိမ်း ပြီ။ ဝမ်းမြောက် သောသူ၏ အသံ မရှိ။ သာယာ သောစောင်း သံ လည်း ငြိမ်း ပြီ။ ၉ သီချင်း ဆိုလျက် စပျစ်ရည် ကို မ သောက် ရကြ။ သေရည် သေရက်ကို သောက် သောသူတို့သည် ပစပ်ခါး ကြလိမ့်မည်။ ၁၀ လွတ်လပ် သောမြို့ သည် ပြို ပျက်လေပြီ။ အဘယ်သူ မျှ မဝင်စေခြင်းငှါ၊ အိမ် များကို ပိတ် ထားကြပြီ။ ၁၁ စပျစ်ရည် ပြတ်သောကြောင့် လမ်း ခရီးတို့ ၌ မြည်တမ်း ခြင်းရှိ၏။ ဝမ်းမြောက် ခြင်းလည်း အကြွင်းမဲ့ကွယ် ပြီ။ တပြည် လုံး၌ သာယာ သောအသံ ငြိမ်း ပြီ။ ၁၂ ဆိတ်ညံ့ခြင်းသည် မြို့ထဲမှာ ကျန်ရစ်၏၊ မြို့ တံခါး ကိုလည်း ရိုက်ခတ် ၍ ဖြိုဖျက် ကြပြီ။ ၁၃ ထိုသို့ ပြည် တော်အလယ် ၊ ပြည်သား တို့တွင် ဖြစ်ရသော်လည်းသံလွင် ပင်ကို လှုပ် ၍ အသီးကို ရသကဲ့သို့ ၎င်း၊ စပျစ်သီးကို သိမ်းယူ သောနောက်၊ အကြွင်းအကျန်ကို ကောက် ရသကဲ့သို့ ၎င်း ဖြစ် လိမ့်မည်။ ၁၄ ထိုသူတို့ သည် ကြွေးကြော် ၍ ရွှင်လန်းစွာ သီချင်း ဆိုကြလိမ့်မည်။ ထာဝရဘုရား ကို ချီးမွမ်းသောအသံနှင့် ပင်လယ် တဘက်မှ မြည် ကြလိမ့်မည်။ ၁၅ သို့ ဖြစ်၍ ၊ အရှေ့ မျက်နှာအရပ်တို့ ၌ ထာဝရဘုရား ကို၎င်း၊ ပင်လယ်တဘက်တကျွန်း တနိုင်ငံအရပ်တို့ ၌ ၊ ဣသရေလ အမျိုး၏ ဘုရား သခင်တည်းဟူသော၊ ထာဝရဘုရား ၏ နာမ တော်ကို၎င်းချီးမွမ်း ကြလော့။ ၁၆ သန့်ရှင်း တော်မူသောသူသည် ဘုန်းကြီး တော်မူစေသတည်းဟု မြေကြီး စွန်း မှ သီချင်း ဆိုသံကို ငါတို့သည် ကြား ရ၏။ ငါမူကား ၊ အလွန်ဆင်းရဲ ၏။ အလွန်ဆင်းရဲ ၏။ အမင်္ဂလာ ရှိ၏။ လုယက် သောသူတို့သည် လုယက် လျက် နေကြ၏။ လုယက် သောသူတို့သည် ကြမ်းတမ်းစွာ လုယက် ကြ၏။ ၁၇ အိုပြည် သား ၊ သင် သည် ကြောက်လန့် ဘွယ် သောအရာ မြေတွင်း ၊ ကျော့ကွင်း ထဲသို့ ရောက်လေပြီ။ ၁၈ ကြောက်လန့် ဘွယ်သော အရာ မှ ပြေး သောသူသည် မြေတွင်း ထဲသို့ ကျ လိမ့်မည်။ မြေတွင်း မှ လွတ် သောသူသည် ကျော့ကွင်း ၌ ကျော့မိ လိမ့်မည်။ ကောင်းကင် ပြွန် ဝပွင့် လျက်ရှိ၍ ၊ မြေကြီး အမြစ် လည်း လှုပ်ရှား လေ၏။ ၁၉ ပြည် တော်သည် တပြည်လုံး ပြုတ် လေပြီ။ ပြည် တော်သည် အကုန်အစင်ပြို ပျက်လေပြီ။ ပြည် တော်သည် အလွန်တုပ်လှုပ် လျက် ရှိလေ၏။ ၂၀ ပြည် တော်သည် ယစ်မူး သောသူကဲ့သို့ တလူး လည်လည်ရှိ၏။ ပုခက် ကဲ့သို့ လှုပ်ရှား ၏။ မိမိ အပြစ် သည် မိမိ အပေါ် မှာ လေး သဖြင့် ၊ ပြည်တော်သည် လဲ လိမ့်မည်။ နောက်တဖန် မ ထ ရ။ ၂၁ ထို ကာလ ၌ ထာဝရဘုရား သည်၊ မြင့် သောအရပ်၌ မြင့် သောအလုံး အရင်းကို ၎င်း ၊ မြေ ပေါ် မှာမြေကြီး ရှင် ဘုရင်တို့ကို ၎င်းကြည့်ရှုစစ်ကြော တော်မူလိမ့်မည်။ ၂၂ သူတို့သည် တွင်း ထဲ မှာ တစု တည်းစုဝေး ၍ ချည်နှောင် ခြင်း၊ ထောင် ထဲ မှာ ချုပ် ထားခြင်းကိုခံ လျက် နေရ ကြလိမ့်မည်။ များ စွာသော နေ့ရက် ကာလလွန်ပြီးမှ ၊ စစ်ကြော ခြင်းကိုခံ ရကြလိမ့်မည်။ ၂၃ လ သည်လည်း မျက်နှာပျက် လိမ့်မည်။ နေ သည် လည်း အရှက် ကွဲလိမ့်မည်။ အကြောင်း မူကား၊ ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရား သည်၊ ဇိအုန် တောင် ပေါ် မှာ ယေရုရှလင် မြို့၌ မင်းပြု ၍ ၊ အသက်ကြီး သူတို့ ရှေ့ တွင်ဘုန်းကြီး တော်မူလတံ့။

၂၅ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား သခင်ဖြစ်တော်မူ၏။ ကိုယ်တော် ကို မြှောက်စား ပါမည်။ နာမ တော်ကို ချီးမွမ်း ပါမည်။ အံ့ဘွယ် သော အမှုတို့ကိုပြု တော်မူပြီ။ ရှေး အကြံ တော်တို့သည် မရွေ့ သစ္စာ နှင့် မြဲမြံကြပါ၏။ ၂ မြို့ ကိုအမှိုက်ပုံ ၊ ခိုင်ခံ့ သောမြို့ ကို ဖြိုဖျက် ရာဖြစ် စေတော်မူပြီ။ တကျွန်း တနိုင်ငံသားတို့၏ နေရာဘုံ ဗိမာန် သည် မြို့ မဖြစ်၊ နောက် တဖန် မ တည်မဆောက် ရမည် အကြောင်းစီရင် တော်မူပြီ။ ၃ ထိုကြောင့် ၊ အားကြီး သော လူမျိုး သည် ကိုယ်တော် ကို ချီးမွမ်း ကြပါလိမ့်မည်။ ကြောက်မက် ဘွယ်သော လူမျိုး တို့၏ နေရာမြို့ သည် ကိုယ်တော် ကို ကြောက်ရွံ့ ပါလိမ့်မည်။ ၄ ကိုယ်တော်သည် ဆင်းရဲ သောသူတို့ ခိုလှုံ ရာ၊ ငတ်မွတ် သောသူအမှု ရောက်သည်ကာလ၌ ခိုလှုံ ရာဖြစ် တော်မူ၏။ ထရံ ကို တိုက်သော မိုးယိုးသက်မုန်တိုင်း ကဲ့သို့ ၊ ကြောက်မက် ဘွယ်သောသူတို့၏ ဒေါသအမျက်ထွက်သောအခါ၊ မိုးယိုးသက်မုန်တိုင်းလွတ်ရာ၊ နေ ရောင်ကွယ်ကာ ရာ ဖြစ် တော်မူ၏။ ၅ သွေ့ ခြောက်သော အရပ်၌ နေအရှိန် ကိုကဲ့သို့ ၊ တကျွန်း တနိုင်ငံတို့၏ အသံ ဗလံကို ငြိမ်း စေတော်မူလိမ့်မည်။ ထူထပ်သော မိုးယိုး တိမ်အားဖြင့် နေ အရှိန် ပျောက်သကဲ့သို့၊ ကြောက်မက် ဘွယ်သောသူတို့၏ သီချင်း သံပျောက် ရပါလိမ့်မည်။ ၆ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည်၊ ခဲဘွယ်စားဘွယ်ပွဲ၊ ဟောင်း သောစပျစ်ရည်ပွဲ တည်းဟူသော၊ ဆူ သောခဲဘွယ်စားဘွယ်၊ ကောင်းမွန်စွာစစ် သော စပျစ်ရည် ဟောင်းကို လူ ခပ်သိမ်း တို့အဘို့ ဤ တောင် ပေါ် မှာ စီရင် တော်မူလိမ့်မည်။ ၇ လူ ခပ်သိမ်း တို့ကို ဖုံး သော မျက်နှာဖုံး ကိုဎင်း၊ ခပ်သိမ်း သော လူမျိုး တို့ကို ဖုံးလွှမ်း သော တင်းတိမ် ကိုဎင်း၊ ဤ တောင် ပေါ် မှာ ပယ် တော်မူလိမ့်မည်။ ၈ သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရားသည်လည်း၊ ခပ်သိမ်းသော မျက်နှာတို့မှ မျက်ရည်ကိုသုတ်တော်မူလိမ့်မည်။ ကိုယ်တော် ၏လူတို့သည် ခံရသောကဲ့ရဲ့ခြင်းကိုလည်း၊ မြေကြီး တပြင်လုံး၌ ပယ်ရှင်းတော်မူလိမ့်မည်ဟု၊ ထာဝရဘုရား အမိန့်တော်ရှိ၏။ ၉ ထို ကာလ ၌ ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့ မြော်လင့်သော၊ ငါ တို့၏ဘုရား သခင်တည်း။ ငါ တို့ကို ကယ်တင် တော်မူလိမ့်မည်။ ဤ အရှင်ကား၊ ငါတို့မြော်လင့် သော ထာဝရ ဘုရားတည်း။ ကယ်တင် တော်မူခြင်းကျေးဇူးကြောင့် ၊ ငါတို့သည် ဝမ်းမြောက် ရွှင်လန်းကြကုန်အံ့ဟုဆို ကြလိမ့်မည်။ ၁၀ အကြောင်း မူကား၊ ထာဝရဘုရား ၏ လက် တော် သည် ဤ တောင် ပေါ် မှာ ငြိမ်း လိမ့်မည်။ ကောက်ရိုး သည် နောက်ချေး ရွံ့ပွက်၌ နှိပ် နင်းခြင်းကိုခံရသကဲ့သို့ ၊ မောဘ ပြည်သည် မိမိ ၌ နှိပ် နင်းတော်မူခြင်းကိုခံရလိမ့်မည်။ ၁၁ ရေကူး သောသူသည် ရေကူး ခြင်းဉာ် လက်ကို ဆန့် သကဲ့သို့ ၊ မောဘ ပြည်အလယ် ၌ လက် တော်ကို ဆန့် ၍ ၊ မောဘ ၏မာန နှင့် လက် သတ္တိ ကို ချ တော်မူလိမ့်မည်။ ၁၂ သင် တို့၏ မြို့ရိုး ပြအိုး အထွဋ်ဋ် ကို ဖြို ၍၊ မြေ တိုင် အောင် နှိမ့် သဖြင့်၊ မြေမှုန့် ထဲမှာ ချ တော်မူလိမ့်မည်။

၂၆ ထို ကာလ ၌ ယုဒ ပြည် မှာ သီချင်း ဆို လတံ့သောစကားဟူမူကား၊ ငါ တို့ ၌ ခိုင်ခံ့ သော မြို့ ရှိ၏။ ကယ်တင် ခြင်း ကျေးဇူးကို ပြအိုး ၊ ရင်တား အရာ၌ စီရင် ခန့်ထားတော်မူလိမ့်မည်။ ၂ တံခါး တို့ကို ဖွင့် ကြလော့။သစ္စာ စောင့် ၍ဖြောင့်မတ် သောလူမျိုး ဝင် ပါစေ။ ၃ စိတ် နှလုံးတည်ကြည် သောသူသည် ကိုယ်တော် ၌ ခိုလှုံ သောကြောင့် ၊ ငြိမ်သက်

ခြင်း သက်သက်ရှိမည့် အကြောင်းစောင့်ရှောက် တော်မူလိမ့်မည်။ ၄ ထာဝရဘုရား၌ အစဉ် အမြဲခိုလှုံ ကြလော့။ ထာဝရ ဘုရား သည် နိစ္စ ထာဝရ ခိုလှုံ ရာဖြစ်တော်မူ၏။ ၅ မြင့် သောအရပ်၌ နေ သောသူတို့ကို ရှုတ်ချ တော်မူ ၏။ မြင့်မြတ် သောမြို့ ကိုဖြိုချ၍၊ မြေ တိုင်အောင် နှိမ့်ချ လျက် မြေမှုန့် ထဲမှာ ထား တော်မူ၏။ ၆ ကျော်နင်းခြင်းကိုခံရလိမ့်မည်။ ဆင်းရဲ သောသူ နှင့် ငတ်မွတ် သောသူတို့သည် ကျော် နင်းကြလိမ့်မည်။ ၇ ဖြောင့်မတ် သောသူသည် ဖြောင့် သောလမ်း၌ သွားတတ်၏။ အိုဖြောင့်မတ် တော်မူသောဘုရား၊ ကိုယ်တော် သည် ဖြောင့်မတ် သောသူ၏ လမ်း ခရီးကို ပြင်ဆင် တော်မူ၏။ ၈ အိုထာဝရဘုရား ၊ အကျွန်ုပ်တို့သည် တရား တော် လမ်း၌ သွားလျက်၊ ကိုယ်တော် ကို မြော်လင့် ၍၊ ကိုယ်တော် ၏အမည် ၊ ဘွဲ့ နာမတော်ကို စိတ် နှလုံး၌ တသ လျက်ရှိပါ ၏။ ၉ ညဉ့် အခါ အကျွန်ုပ် သည် စိတ် နှလုံးနှင့် ကိုယ်တော် ကို တောင့်တ ပါ၏။ နံနက်အခါ အကျွန်ုပ် သည် အတွင်း ဝိညာဉ် အားဖြင့်ကိုယ်တော် ကိုရှာ ပါ၏။ မြေ ပေါ်မှာ အမှုကို စစ်ကြော စီရင်တော်မူသောအခါ ၊ လောကီ သား တို့သည် တရား ကိုသင် ကြ၏။ ၁၀ မတရား သောသူသည် ကျေးဇူး ကိုခံရသော်လည်း၊ တရား ကို မ သင် တတ်ပါ။ တရား ကျင့်ရာပြည် ၌ ပင် အဓမ္မ ပြု၍ ၊ ထာဝရဘုရား ၏ ဘုန်းတော်ကို ပမာဏ မ ပြု တတ်ပါ။ ၁၁ အိုထာဝရဘုရား ၊ လက် တော်ကိုချီ တော်မူသော်လည်း၊ သူတို့သည် မ မြင် မမှတ်ကြပါ။ သို့သော်လည်း၊ ကိုယ်တော်၏ လူ တို့အဘို့ စိတ်အားကြီး တော်မူကြောင်းကို၊ သူတို့သည် မြင် ၍ အရှက်ကွဲ ကြပါလိမ့်မည်။ ကိုယ်တော် ၏ ရန်သူ တို့ကို မီး လောင် ရပါလိမ့်မည်။ ၁၂ အိုထာဝရ ဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် တို့အား ငြိမ်သက် ခြင်းကိုပေး တော်မူလိမ့်မည်။ အကြောင်း မူကား၊ အကျွန်ုပ် တို့၏ အမှု ရှိသမျှ တို့ကို အကျွန်ုပ် တို့အဘို့ ပြု တော်မူ၏။ ၁၃ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် မှတပါး အခြားသောသခင် တို့သည် အကျွန်ုပ် တို့ကို အစိုး ရကြပြီ။ ယခုမူကား၊ ကိုယ်တော် အားဖြင့် သာ နာမ တော်ကို ချီးမွမ်း ကြပါမည်။ ၁၄ ထိုသခင်တို့သည် သေ ကြပါပြီ။ တဖန် အသက် မ ရှင်ရကြပါ။ သင်္ချိုင်းသားဖြစ်၍ထ မြောက်ခြင်းမ ရှိရကြ ပါ။ သူ တို့ကို ကြည့်ရှုဖျက်ဆီး ၍ ၊ သူ တို့၏အမှတ် မျှ မရှိစေခြင်းငှါပယ်ရှင်း တော်မူပြီ။ ၁၅ အိုထာဝရဘုရား ၊ အကျွန်ုပ်တို့အမျိုး ကို တိုး ပွါးစေတော်မူပြီ။ အကျွန်ုပ်တို့ အမျိုး ကိုတိုး ပွါးစေသဖြင့်၊ ဘုန်း ကြီးတော်မူ၏။ ပြည် တော်ကို ပတ်ဝန်းကျင် ၌ ကျယ် စေတော်မူပြီ။ ၁၆ အိုထာဝရဘုရား ၊ သူတို့သည် ဆင်းရဲ ခံရသောအခါ ၊ ကိုယ်တော် ၌ ဆည်းကပ် ကြပါပြီ။ ဆုံးမ တော်မူသောအခါ၊ ဆုတောင်း ပဌနာ စကားကိုသွန်းလောင်းကြပါပြီ။ ၁၇ ကိုယ်ဝန် ဆောင်သောမိန်းမသည် သားဘွား ချိန် နီး သောအခါ နာကျင် ၍၊ နာကျင်ခြင်းဝေဒနာ ကြောင့် အော်ဟစ် သကဲ့သို့၊ ထိုအတူ ၊ အိုထာဝရဘုရား ၊ အကျွန်ုပ် တို့သည် ရှေ့ တော်၌ ဖြစ် ကြပါပြီ။ ၁၈ အကျွန်ုပ်တို့သည် ကိုယ်ဝန် ဆောင်၍ နာကျင် ခြင်း ဝေဒနာ ကို ခံရသော်လည်း ၊ လေ ကို ဘွား သကဲ့သို့ ဖြစ်ကြပါပြီတကား။ ပြည် သားတို့သည် ကယ်တင် ခြင်းသို့ မ ရောက် ကြ။ လောကီ သား တို့သည် မ လဲ ကြပါ။ ၁၉ ကိုယ်တော် ၏လူသေ တို့သည် အသက်ရှင် ကြပါ လိမ့်မည်။ ငါ ၏အသေကောင်တို့သည်လည်း ထ မြောက်ကြပါလိမ့်မည်။ မြေမှုန့် ၌နေ သောသူတို့၊ နိုး ၍ သီချင်း ဆို ကြလော့။ အကြောင်း မူကား၊ ကိုယ်တော် ၏ နှင်း သည် မြက်ပင် တို့ကို ပေါက်စေသော နှင်း ကဲ့သို့ ဖြစ်၍၊ မြေ သည် လည်း မိမိသင်္ချိုင်း

သားတို့ကို ထုတ် ဘော်ရပါလိမ့်မည်။ ၂၀ ငါ ၏လူ တို့၊ လာ ကြ။ အတွင်းအခန်း ထဲသို့ ဝင် ၍ ၊ သင်တို့ကို ကွယ်ကာသော တံခါး များကို ပိတ် ထားကြ။ အမျက် ကာလ လွန် သည်တိုင်အောင် ခဏ သာပုန်း ရှောင် ၍ နေကြလော့။ ၂၁ အကြောင်း မူကား၊ ထာဝရဘုရား သည် မြေကြီး သား တို့ကို၊ သူတို့ဒုစရိုက် ကြောင့် အပြစ် ပေးလိုသောငှါ ၊ မိမိ အရပ် ဌာနထဲ က ထွက် တော်မူ၏။ ထိုအခါ မြေကြီး သည် မိမိ ၌ရှိသောအသွေး ကိုဘော် ပြရလိမ့်မည်။ မိမိ ၌ အသေခံ ရသောသူတို့ကို နောက် တဖန် ဝှက် ၍မ ထားရ။

၂၇ ထို ကာလ ၌ ထာဝရဘုရား သည် ပြေးတက် သော မြွေ လဝိသန် ကို ၎င်း၊ လိမ် သောမြွေ လဝိသန် ကို ၎င်း ခိုင်ခံ့ ကြီးမား သော ထား တော်နှင့် ဒဏ် ပေး၍ ၊ ပင်လယ် ၌ ရှိသော နဂါး ကိုလည်း သတ် တော်မူလိမ့်မည်။ ၂ ထို ကာလ ၌ စပျစ် ဥယျာဉ်ကို အကြောင်း ပြု၍၊ ဤသို့သီချင်း ဆိုကြလော့။ ၃ ငါ ထာဝရဘုရား သည် ဥယျာဉ်စောင့် ဖြစ်၏။ မ ခြားမလပ်ရေ လောင်းမည်။ အဘယ်သူမျှမဖျက် စေ ခြင်းငှါ ၊ နေ့ ညဉ့် မပြတ် စောင့်ရှောက် မည်။ ၄ ငါ့ အမျက် ငြိမ်းပြီ။ ဆူး ပင်မျိုးကိုမူကား၊ စစ် ပွဲ၌ ငါ တွေ့ပါစေသော။ ချက်ချင်းတိုက် ၍ တပြိုင်နက် မီးရှို့ မည်။ ၅ သို့မဟုတ် ငါ ၏အစွမ်း သတ္တိကို ကိုးစား ၍၊ ငါ နှင့် မိသဟာယ ဖွဲ့ ကြစေ။ ငါ နှင့် မိသဟာယ ဖွဲ့ ကြစေသော။ ၆ နောင်ကာလ၌ ယာကုပ် သည် အမြစ် ကျလိမ့်မည်။ ဣသရေလ သည် စိမ်း လန်း၍ အဖူး အငုံ ထွက်သဖြင့် ၊ လောကီ နိုင်ငံကို အသီး နှင့် ပြည့် စေလိမ့်မည်။ ၇ သူ့ ကိုညှဉ်းဆဲ သောသူတို့ကို ညှဉ်းဆဲ တော်မူသည် နည်းတူ ၊ သူ့ ကို ညှဉ်းဆဲ တော်မူသလော။ သူ့ ကိုသတ် သောသူတို့ သည် အသေသတ် ခြင်းကိုခံ ရကြသည်နည်းတူ ၊ သူသည် အသေသတ် ခြင်းကိုခံရသလော။ ၈ သူ့ ကို စွန့်ပစ် ၍ အတော်အတန် ဆုံးမ တော်မူ၏။ အရှေ့ လေလာသောအခါ၊ ပြင်းစွာ သောလေဖြင့် တိုက် သွားတော်မူ၏။ ၉ ထို သို့ယာကုပ် အမျိုးသည် ယဇ် ပလ္လင်ကျောက် တို့ ကို ထုံး ကျောက် ကဲ့သို့ ချိုးဖဲ့ ၍၊ အာရှရ ပင်နှင့် ရုပ်တု တို့ကို လဲ့ သောအခါ ၊ မိမိ အပြစ် ပြေ ၍၊ အပြစ် ပြေရှင်းခြင်း အကျိုး ကျေးဇူးရှိသမျှ ကို ခံရလိမ့်မည်။ ၁၀ သို့ သော်လည်း၊ ခိုင်ခံ့ သောမြို့ သည်၊ ဆိတ်ညံ သောအရပ်၊ တောကဲ့သို့ စွန့် ၍ ပစ် ထားသောနေရာ ဖြစ် လိမ့်မည်။ ထို အရပ်၌ နွား သငယ်သည် ကျက်စား လျက် ၊ အိပ် လျက်နေ၍၊ အညွှန့် များကို ကိုက် စားလိမ့်မည်။ ၁၁ အခက် အလက်တို့သည် သွေ့ ခြောက်သောအခါ ချိုး ခြင်းသို့ရောက်၍၊ မိန်းမ တို့သည် လာ ၍မီးရှို့ ကြ လိမ့်မည်။ အကြောင်း မူကား၊ ပညာ မဲ့သောအမျိုး ဖြစ်၏။ ထို့ကြောင့် ၊ ဖန်ဆင်း ပြုပြင်တော်မူသောသူသည် မ သနား ၊ ကျေးဇူး မ ပြုဘဲ နေတော်မူလိမ့်မည်။ ၁၂ အိုဣသရေလ အမျိုးသား တို့၊ ထို ကာလ ၌ လည်း ၊ ထာဝရဘုရား သည် မြစ် ကြီးမှစ၍ ၊ အဲဂုတ္တု မြစ် တိုင်အောင်သစ်သီးများကို သိမ်းယူတော်မူသဖြင့်၊ သင် တို့သည် တ ယောက်နောက် တ ယောက်၊ ကောက် သိမ်းခြင်း ကျေးဇူးတော်ကိုခံရကြလိမ့်မည်။ ၁၃ ထို ကာလ ၌ လည်း ၊ ကြီး သောတံပိုး ကို မှုတ် ရ လိမ့်မည်။ အာရှရိ ပြည် ၌ ပျောက် သောသူ၊ အဲဂုတ္တု ပြည် ၌ စွန့်ပစ် လျက်နေသောသူတို့သည်လာ ၍ ၊ ယေရုရှလင် မြို့တွင် ၊ သန့်ရှင်း သော တောင် ပေါ် မှာ ထာဝရဘုရား ရှေ့ တော်၌ ဝတ်ပြု ၍ ကိုးကွယ် ကြလိမ့်မည်။

၂၈ စပျစ် ရည်နှင့် ယစ်မူးသောသူတို့၏ နေရာကြွယ်ဝ သော ချိုင့် ဦး တွင် ၊ ဧဖရိမ် အမျိုး သေ သောက်ကြူးတို့၏ မာန သရဖူ နှင့်၊ သူ တို့ ၌ ညှိုးနွမ်း တတ်သော ဘုန်း အသရေ၏ ပန်း ပွင့်သည် အမင်္ဂလာ ရှိ၏။ ၂ ထာဝရ ဘုရား၌ ခွန်အား တန်ခိုးကြီး သောသူသည်၊ မိုဃ်းသီး ပါလျက် ဖျက်ဆီး သော မိုဃ်း သက်မုန်တိုင်း ကဲ့သို့ ၎င်း၊ ပြင်း စွာထ၍ လွှမ်းမိုး သော ရေကြီးကဲ့သို့၎င်း၊ မြေ တိုင်အောင် ပြင်းစွာချ ပစ်လိမ့်မည်။ ၃ ဧဖရိမ်အမျိုး သေသောက်ကြူးတို့၏ မာနသရဖူ သည်၊ ကျော်နင်းခြင်းကိုခံရလိမ့်မည်။ ၄ ကြွယ်ဝ သော ချိုင့် ဦး တွင် ၊ သူ တို့ ၌ ညှိုးနွမ်း တတ် သော ဘုန်း အသရေ ၏ ပန်း ပွင့်သည်၊ နွေ ကာလ မ စေ့မီ အလျင် သီးသောအသီး ကဲ့သို့ ဖြစ် လိမ့်မည်။ ထိုအသီးကို မြင် သောသူသည် မြင် လျက်၊ လက်နှင့် ကိုင် လျက် ပင်စား တတ်၏။ ၅ ထို ကာလ ၌ လည်း၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည်၊ ကျန် ကြွင်းသော မိမိ လူ တို့ ၌ ဘုန်း ရှိ သောသရဖူ ၊ အသရေ တင့်တယ်သော ဦးရစ် ဖြစ် တော်မူလိမ့်မည်။ ၆ တရား မှုကို စီရင်သောသူ တို့အား တရား စီရင်သော ဉာဏ် ကို၎င်း၊ ရန်သူမျိုး တံခါး တိုင်အောင်စစ်မှု ကို လှန် သောသူတို့အား၊ ခွန်အား ဗလကို၎င်း ပေးတော်မူလိမ့်မည်။ ၇ သို့ သော်လည်း၊ ထို သူတို့သည် စပျစ်ရည် ကြောင့် မှားယွင်း ကြပြီ။ သေရည် သေရက်ကြောင့် လမ်း လွဲကြပြီ။ ယဇ်ပုရောဟိတ် နှင့် ပရောဖက် တို့သည် သေရည် သေရက် ကြောင့် မှားယွင်း ကြပြီ။ စပျစ်ရည် နှင့် မွန် ကြပြီ။ သေရည် သေရက်ကြောင့် လမ်း လွဲကြပြီ။ ဗျာဒိတ် ခံသည် အရာ၌ မှားယွင်း လျက်၊ တရားစီရင် သည်အရာ၌ ထိမိ၍ လဲ လျက်နေကြ၏။ ၈ သူတို့စားပွဲ ရှိသမျှ တို့သည်၊ လွတ်လပ် ရာမ ရှိ သည်တိုင်အောင်၊ အန်ဖတ် နှင့်ငင်း၊ အညစ် အကြေးနှင့်ငင်း ပြည့် လျက်ရှိကြ၏။ ၉ သူတို့က၊ အဘယ်သူ ကို ပညာ သွန်သင် ချင်သနည်း။ အဘယ်သူ ကို တရား နားလည် စေချင်သနည်း။ ငါတို့ သည် နို့ နှင့် ကွာ စရှိသောသူ၊ အမိသားမြတ် နှင့် အနိုင် ကွာ ရသောသူဖြစ်ကြသလော။ ၁၀ ပညတ် တခုပေါ် မှာ တခု၊ တခုပေါ် မှာ တခု၊ တနည်းပေါ် မှာ တနည်း၊ တနည်းပေါ် မှာ တနည်း၊ သည် ဘက်မှာ အနည်းငယ်၊ ဟိုဘက် မှာ အနည်းငယ် ရှိပါသည် တကားဟု ဆိုကြ၏။ ၁၁ အကယ်စင်စစ်၊ စကားမပြီသော နှုတ် ၊ ရိုင်း သောလျှာနှင့် ဤ လူမျိုး ကို မိန့် တော်မူလိမ့်မည်။ ၁၂ ဤသို့ပြုလျှင်ငြိမ်ဝပ် လိမ့်မည်။ ပင်ပန်း သောသူတို့ သည် ငြိမ်ဝပ် ကြစေ။ ဤသို့ပြုလျှင်သက်သာ လိမ့်မည်ဟု မိန့် တော်မူသော်လည်း ၊ သူတို့သည်နား မ ထောင်ကြ။ ၁၃ ထို့ကြောင့် ၊ သူတို့သည် သွား ရာတွင်၊ လှန် ဆုတ် ၍ ကျိုး ပဲ့ကျော့မိ ဘမ်းဆီး ခြင်းသို့ ရောက်မည်အကြောင်း ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် သူတို့ ၌ ပညတ် တခုပေါ် မှာတခု၊ တခုပေါ် မှာတခု၊ တနည်းပေါ် မှာ တနည်း၊ တနည်းပေါ် မှာ တနည်း၊ သည် ဘက်မှာ အနည်းငယ် ၊ ဟို ဘက်မှာ အနည်းငယ် ဖြစ်ရလိမ့်မည်။ ၁၄ သို့ ဖြစ်၍၊ ဆဲရေး တတ်သော ယေရုရှလင် မြို့ သား အကြီး အကြပ်တို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော် ကို နားထောင် ကြလော့။ ၁၅ သင်တို့က၊ ငါတို့သည် သေ မင်းနှင့် မိသဟာယ ဖွဲ့ ကြပြီ။ မရဏာ နိုင်ငံနှင့် အကျွမ်းဝင်ကြပြီ။ လွှမ်းမိုး သော ဘေး သည် ချင်းနင်းသောအခါ ၊ ငါ တို့ရှိရာသို့ မ ရောက်ရ။ ငါတို့သည် မုသာ ကိုကိုးစားကြ၏။ လှည့်စားခြင်းအောက် ၌ ပုန်းကွယ်၍ နေကြ၏ဟုဆိုတတ်သောကြောင့်၊ **(Sheol h7585)** ၁၆ အရှင် ထာဝရ ဘုရားက၊ စုံစမ်း သော အမြစ် ကျောက် တည်းဟူသော၊ မလှုပ်နိုင်အောင် မြဲမြံသော

တိုက်ထောင့်အမြစ် ကျောက် မြတ် ကို ဓိအုန် တောင်ပေါ် မှာ ငါ ချ ထား၏။ ထိုကျောက်ကို အမှီပြု သောသူသည် ပြေး
ရ သောအကြောင်းမ ရှိ။ ၁၇ တရား မူကို ဆုံးဖြတ်ခြင်း၊ ဖြောင့်မတ် စွာ စီရင်ခြင်း ကို မျှဉ်း ကြိုးနှင့် မှန်ထုပ် အားဖြင့်ငါ
ပြုမည်။ မိုဃ်းသီး ရွာ၍ ကိုးစား ရာ မုသာ ကို ပယ်ရှား လိမ့်မည်။ ပုန်း ကွယ် ရာအရပ်ကိုလည်း ရေ လွှမ်းမိုး လိမ့်မည်။ ၁၈
သင် တို့သည် သေ မင်းနှင့် ဖွဲ့သော မိသဟာယ ပျက် လိမ့်မည်။ မရဏာ နိုင်ငံနှင့် အကျွမ်းဝင် ခြင်းသည် အထ မ
မြောက်ရ။ လွှမ်းမိုး သောဘေး သည် ချင်းနင်း သောအခါ ၊ သင် တို့ကိုလည်း ကျော်နင်း လိမ့်မည်။ (Sheol h7585) ၁၉
ချင်းနင်းစဉ်တွင်ပါ သွားလိမ့်မည်။ နံနက် အချိန် ရောက်မြဲ အစဉ်အတိုင်း၊ နေ့ ညဉ့် မပြတ် ချင်း နင်းသည် ဖြစ်၍ ၊
သိတင်း ကြား ကာမျှ အားဖြင့်ထိတ်လန့် ခြင်းအကြောင်း ရှိ လိမ့်မည်။ ၂၀ ခုတင် သည် ကိုယ်မဆန့် လောက် အောင်တို
၏။ စောင် သည်လည်း မခြုံ လောက်အောင်ငယ် ၏။ ၂၁ ထာဝရဘုရား သည် အမှု တော်တည်းဟူသော၊ ထူးခြား သော
အမှု တော်ကို ပြု ခြင်းငှါ ၎င်း၊ အလုပ် တော် တည်းဟူသော၊ လုပ် မြဲမဟုတ်သော အလုပ် တော်ကို လက်စ သတ်ခြင်းငှါ
၎င်း၊ ပေရဇိမ် တောင် ပေါ် မှာ ပြုသကဲ့သို့ ထ တော်မူမည်။ ဂိဗောင် ချိုင့် ထဲမှာ ရှိသကဲ့သို့ အမျက် ထွက်တော်မူမည်။
၂၂ ယခု မှာ သင်တို့သည် သာ၍ပြင်းစွာ သော ဆုံးမ ခြင်းနှင့် လွတ်မည်အကြောင်း၊ နောက်တဖန် ဆဲရေး ခြင်း ကို မ
ပြုကြနှင့်။ ပြည် တပြည်လုံး ၌ အနှံ့အပြားစီရင် ဆုံးဖြတ် သော သုတ်သင် ပယ်ရှင်းခြင်း ရှိလိမ့်မည်ဟု ကောင်းကင်
ဗိုလ်ခြေ သခင် အရှင်ထာဝရဘုရား ထံ တော်၌ ငါ ကြား ရပြီ။ ၂၃ ငါ ပြော သံကိုကြား ၍ မှတ် ကြလော့။ ငါ့ စကား ကို
စေ့စေ့နားထောင် နာယူ ကြလော့။ ၂၄ လယ်လုပ် သောသူသည် မျိုးစေ့ကို ကြဲ ခြင်းငှါ ၊ မြေကိုဆွ လျက် ၊ မြေစိုင် ကို ချေ
လျက်အစဉ် လယ်ထွန် တတ်သလော။ ၂၅ လယ် မျက်နှာ ကို ညှိ ပြီးမှ စမုန်နက် မျိုးစေ့၊ ဇီယာ မျိုးစေ့ကို ကြဲ သည်မ
ဟုတ်လော။ ဂျုံ စပါးမျိုးစေ့ကို အတန်း တန်းစိုက် ၍ ၊ မုယော စပါးနှင့် ကောက် စပါးမျိုးစေ့အသီးအသီး တို့ကို သူ
တို့အရပ် ၌ ကြဲ သည်မဟုတ်လော။ ၂၆ အကြောင်းမူကား၊ သူ ၏ဘုရား သခင်သည် စီရင် တတ်သော ဉာဏ် ကိုပေး
တော်မူ၏။ သူ့ ကိုလည်း သွန်သင် တော်မူ၏။ ၂၇ စမုန် နက် မျိုးစေ့ကိုလည်း ပျဉ်ပြားနှင့် မ နယ် တတ်။ ဇီယာ စေ့ပေါ်
၌လည်း လှည်း ဘီး ကို မလှိမ့် တတ်။ စမုန်နက် စေ့ကို တုတ် နှင့် ၎င်း ၊ ဇီယာ စေ့ကို ကြိမ်လုံး နှင့် ၎င်း ရိုက် တတ်၏။
၂၈ ဂျုံ စပါးကိုကား နယ် တတ်၏။ သို့သော်လည်း၊ အစဉ် နယ် တတ်သည်မ ဟုတ်။ လှည်း ဘီး နှင့် မြင်း တို့ကို နှင်
သော်လည်း ၊ စပါး ကို ညက် စေတတ်သည်မဟုတ်။ ၂၉ ထို အမှုသည်လည်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား
အကြံပေးတော်မူသောအမှုတည်း။ အကြံ ပေးတော်မူခြင်းသည် အံ့သြ ဘွယ်ဖြစ်၏။ ဉာဏ် တော် သည်လည်း ထူးဆန်း
ပေ၏။

၂၉ အရေလ မြို့၊ ဒါဝိဒ် မင်းနေ သောအရေလ မြို့ သည် အမင်္ဂလာ ရှိ၏။ တနှစ် ပေါ် မှာ တနှစ် ထပ်ကြလော့။
ပွဲ တို့ကို အလှည့် လှည့်ခံကြလော့။ ၂ သို့ရာတွင်၊ အရေလ မြို့ကို ငါဆင်းရဲ စေ၍ ၊ ထိုမြို့ သည် ဝမ်းနည်း ခြင်းနှင့်
ညည်းတွား ခြင်းရှိ သော်လည်း ၊ အရေလ မြို့ကဲ့သို့ ငါ့ ရှေ့မှာ ဖြစ် ရလိမ့်မည်။ ၃ ငါသည် သင့် ပတ်ဝန်းကျင် ၌ တပ်ချ
မည်။ မြေခိုး နှင့် ဝိုင်း ထား၍ ၊ မြေကတုပ် များကိုလည်း တူး လုပ်မည်။ ၄ သင်သည် နှိမ့်ချ ခြင်းကိုခံ ၍ မြေ ထဲ က ပြော

ရ လိမ့်မည်။ မြေမှုန့် ထဲ က ငယ်သောအသံ နှင့် မြွက် ရ လိမ့်မည်။ သင် ပြောသောအသံ သည် နတ် ဝင်သူပြောသံကဲ့သို့ မြေ ထဲက ထွက် ၍ ၊ သင် သည် မြေ မှုန့်ထဲက အသံ သေးနှင့် တိုးတိုးမြွက် ဆိုရလိမ့်မည်။ ၅ သို့ရာတွင် ၊ သင် ၏ ရန်သူ အလုံး အရင်းသည် အဏုမြူ ကဲ့သို့ ၎င်း ၊ ကြောက်မက် ဘွယ်သောသူ အလုံး အရင်း သည် လွင့် သွားသော ဖွဲ ကဲ့သို့ ၎င်း ဖြစ် ၍၊ အလျင် တဆောချက်ခြင်း အမှုရောက် လိမ့်မည်။ ၆ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည်၊ မိုးယံးချုန်း ခြင်း၊ မြေ လှုပ်ခြင်း၊ အသံ ဗလံမြည်ခြင်းနှင့် တကွ မိုးယံးသက်မုန်တိုင်း ၊ လောင် တတ်သော မီးလျှံ အားဖြင့်အပြစ် ပေးတော်မူမည်။ ၇ အပြည်ပြည် ကလာ၍၊ အရေလ မြို့ကို စစ်တိုက် သော အလုံး အရင်း၊ အရေလ မြို့နှင့် ရဲတိုက် ကိုတိုက် ၍ ညှဉ်းဆဲ သော သူအပေါင်း တို့သည်၊ အိပ်မက် တည်းဟူသော ညှဉ့် ရူပါရုံ ကဲ့သို့ ဖြစ် ရကြလိမ့်မည်။ ၈ မွတ်သိပ် သောသူသည် အိပ်မက် တွင် စား ရသည် ဟုထင် သော်လည်း ၊ နိုး သောအခါ အမွတ် အသိပ်မပြေသကဲ့သို့၎င်း ၊ ရေ ငတ်သူသည် အိပ်မက်တွင် သောက် ရသည် ဟုထင် သော်လည်း ၊ နိုး သောအခါ နွမ်းနယ် လျက် ၊ တောင့်တလျက်ရှိသကဲ့သို့၎င်း၊ အပြည်ပြည် ကလာ၍၊ ဇိအုန် တောင် ကို စစ်တိုက် သော အလုံး အရင်းသည်ဖြစ် ရ လိမ့်မည်။ ၉ ဖင့်ခွဲ ၍ မှိုင်တွေ ကြလော့။ ကာမဂုဏ်၌ ပျော်မွေ့ ၍ မွန် လျက်နေကြလော့။ စပျစ်ရည် ကို မ သောက်ဘဲ ယစ်မူး လျက်၊ သေရည် သေရက်ကို မ သောက်ဘဲ တိမ်း ယိမ်းလျက် ရှိကြ၏။ ၁၀ အကြောင်း မူကား၊ ထာဝရဘုရား သည် အိပ် ချင် သောသဘော ကို သင် တို့ ၌ သွင်း သဖြင့် ၊ သင် တို့မျက်စိ ကို ပိတ် ၍၊ သင် တို့၏ ပရောဖက် များ၊ မင်း များ၊ ဗျာဒိတ် ခံသူများ တို့ကို ဖုံးလွှမ်း တော်မူပြီ။ ၁၁ ဗျာဒိတ် တော်ရှိသမျှ သည် တံဆိပ် ခတ်သောစာ ကဲ့သို့ သင် တို့ ၌ ဖြစ် ၏။ ထို စာသည် စာ တတ်သောသူအား ပေး ၍၊ ဤ စာ ကို ဘတ် ပါလော့ဟု ဆို လျှင်၊ ထိုသူက၊ ဤစာ ကို ငါမ ဘတ်နိုင်။။။ တံဆိပ် ခတ်လျက်ရှိ၏ဟု ပြန်ပြော တတ် ၏။ ၁၂ ထိုစာကို စာ မ တတ် သောသူ အား ပေး ၍၊ ဤ စာ ကိုဘတ် ပါလော့ဟု ဆို လျှင်၊ ထိုသူက၊ ငါသည် စာ မ တတ် ဟုပြန်ပြော တတ်၏။ ၁၃ ထာဝရဘုရား ကလည်း ၊ ဤ လူမျိုး သည် နှုတ် နှင့် ငါ့ထံသို့ချဉ်းကပ် ၍ ၊ နှုတ်ခမ်း နှင့် ငါ့ ကို ရိုသေ ကြ၏။ စိတ် နှလုံး မူကား ငါ နှင့် ဝေး လှ၏။ လူ တို့စီရင် သော ပညတ် တို့ ကို အမှီပြု၍ ငါ့ ကိုကြောက်ရွံ့ကြ၏။ ၁၄ ထိုကြောင့်၊ အံ့သြ ကြောက်မက်ဘွယ်သောအမှု ကို ဤ လူမျိုး တွင် တဖန် ငါ ပြုဦးမည်။ သူ တို့တွင် ပညာရှိ တို့၏ ပညာ သည် ပျက်စီး လိမ့်မည်။ ဉာဏ် ကောင်းသောသူတို့ ၏ ဉာဏ် လည်း ကွယ် ပျောက်လိမ့်မည်ဟု မိန့် တော်မူ ၏။ ၁၅ ထာဝရဘုရား မသိစေခြင်းငှါ ၊ နက်နဲ သောအကြံ ကို ကြံ ၍ ၊ မှောင်မိုက် ထဲမှာ အမှုကိုပြု လျက်၊ ငါ တို့ကို အဘယ်သူ မြင် သနည်း။ ငါ တို့ကို အဘယ်သူ သိ သနည်းဟု ပြော ဆိုတတ်သောသူတို့သည် အမင်္ဂလာ ရှိကြ၏။ ၁၆ သင် တို့သည် ဖောက်ပြန် ကြသည်တကား။ အိုးထိန်း သမားကို၊ အိုး မြေကဲ့သို့ မှတ် ရမည်လော။ လုပ် အပ် သောအရာသည် လုပ် တတ်သောသူကို ရည်မှတ်၍၊ ဤသူ သည် ငါ့ ကိုမ လုပ် ဟု ဆို ရမည်လော။ ဖန်ဆင်း အပ်သော အရာသည် ဖန်ဆင်း တတ်သောသူကို ရည်မှတ်၍၊ ဤသူ ၌ ပညာ အတတ်မ ရှိဟု ဆို ရမည်လော။ ၁၇ လေဗနုန် တောင်သည် ဝပြော သောလယ်ပြင်ကဲ့သို့ ၎င်း၊ ဝပြော သောလယ်ပြင်သည် တော ကဲ့သို့ ၎င်း ဖြစ် ရ သောအချိန်နီး ပြီ မ ဟုတ်လော။

၁၈ ထို ကာလ ၌ နားပင်း သောသူတို့သည် ကျမ်း စကား ကို ကြား ကြ လိမ့်မည်။ မျက်စိ ကန်းသောသူတို့သည် မြွေးရှက် ခြင်း၊ မှောင်မိုက် ခြင်းနှင့် ကင်းလွတ်၍ မြင် ကြ လိမ့်မည်။ ၁၉ စိတ်နှိမ့်ချ သောသူတို့ သည် ထာဝရဘုရား ကို အမှီပြု၍၊ ဝမ်းမြောက် ခြင်း တိုး ပွါးကြလိမ့်မည်။ လူ တို့တွင် ဆင်းရဲ သောသူတို့သည် ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရားကို အမှီပြု၍ ချွင်လန်း ကြလိမ့်မည်။ ၂၀ အကြောင်း မူကား၊ ကြောက်မက် ဘွယ်သောသူသည် ဆုံးရှုံး ရ၏။ ဆဲရေး သောသူသည် ပျောက် ကုန်ရ၏။ သူ့အပြစ် ကို ချောင်းမြောင်း သောသူ၊ ၂၁ တရား တွေ့၍ ဆင်းရဲ သားကို အပြစ် ရောက်စေ သောသူ၊ မြို့တံခါး ဝမှာ အမှုသည်ကို ကျော့ မိစေခြင်းငှါပြုသောသူ၊ အပြစ် မရှိသောသူကို မတရား သဖြင့် ရုံး စေ သောသူ အပေါင်းတို့ကို သုတ်သင် ပယ်ရှင်းရ၏။ ၂၂ သို့ ဖြစ်၍အာဗြဟံ အမျိုးကို ရွေးနှုတ် တော်မူသော ထာဝရဘုရား သည်၊ ယာကုပ် အမျိုး ကိုရည်မှတ် ၍ မိန့် တော်မူသည်ကား၊ ယာကုပ် အမျိုးသည် နောက်တဖန် ရှက် ကြောက်ခြင်း၊ မျက်နှာ ပျက် ခြင်း မ ရှိရ။ ၂၃ ထိုအမျိုးသား တို့သည် ငါ စီရင် သောအမှု ကိုမြင် လျှင် ၊ ငါ့ နာမ ကို မိမိ တို့တွင် ရှိသေ ကြလိမ့်မည်။ ယာကုပ် အမျိုး ၏ သန့်ရှင်း သောဘုရားကို ရှိသေ ၍ ၊ ဣသရေလ အမျိုး ၏ ဘုရား သခင်ကို ကြောက်ရွံ့ ကြလိမ့်မည်။ ၂၄ စိတ် သဘောဖောက်ပြန် သောသူတို့သည် ပညာ သတိ ကို ရကြ၍၊ ဆန့်ကျင် ဘက်ပြုသော သူတို့ သည်လည်း ၊ ဆုံးမ ဩဝါဒစကားကို နာယူ ကြလိမ့်မည်။

၃၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ပုန်ကန် သော အမျိုးသား တို့သည် အမင်္ဂလာ ရှိကြ၏။ သူတို့သည် ငါ့ ကို အမှီမ ပြုဘဲ အချင်းချင်းတိုင်ပင် ကြ၏။ ငါ့ ဝိညာဉ် အခွင့်မ ရှိဘဲ မိဿဟာယ ဖွဲ့၍ အထပ်ထပ် အပြစ် ရောက် ကြ၏။ ၂ ဖာရော ဘုရင်၏ ဘုန်း ကိုအမှီပြု၍၊ အဲဂုတ္တု အရိပ် ကို ခိုလှုံ ခြင်းငှါ ၊ ငါ့ နှုတ် ထွက်ကို အခွင့် မ ပန်ဘဲ၊ အဲဂုတ္တု ပြည်သို့ ရောက် အောင် သွား ကြ၏။ ၃ သို့ ဖြစ်၍သင် တို့သည် ဖာရော ဘုရင်၏ ဘုန်း ကို အမှီပြုသောကြောင့် ရှက်ကြောက် ကြလိမ့်မည်။ အဲဂုတ္တု အရိပ် ကို ခိုလှုံ သောကြောင့် မျက်နှာ ပျက်ကြလိမ့်မည်။ ၄ သူ တို့မင်း တို့သည် ဇောန မြို့၌ ရှိ ကြပြီ။ သံတမန် တို့သည် ဟာနက် မြို့သို့ ရောက် ကြပြီ။ ၅ အသုံး မ ဝင်၊ အကူအညီ မ ပေး၊ ကျေးဇူး မ ပြုနိုင် ဘဲ ရှက် ကြောက်ခြင်း၊ အသရေ ပျက်ခြင်း အကြောင်းသာ ဖြစ်သော လူမျိုး ကို သူတို့ရှိသမျှ သည် ရှက် ကြောက်ကြ၏။ ၆ ခြင်္သေ့ မ၊ ခြင်္သေ့ ပျို မြွေဆိုး ၊ ပျံ တတ်သော မီး မြွေ များသဖြင့်၊ အလွန်ခဲယဉ်း ၍ ဆင်းရဲ သောပြည် ကို ရှောက် လျက်၊ တောင် မျက်နှာသို့သွားသော တိရစ္ဆာန်တို့အပေါ် မှာ တင်သော ဝန်များကို ကြည့်ရှုကြလော့။ မြည်း ပခုံး ပေါ် မှာ ဥစ္စာ ပစ္စည်းများကိုလည်း ၊ ကုလားအုပ် ၏ ဘို့ ပေါ် မှာ ဘဏ္ဍာ များကိုလည်း တင် ၍၊ ကျေးဇူး မ ပြုနိုင်သော လူမျိုး ထံသို့ ဆောင်သွားကြသည်တကား။ ၇ အဲဂုတ္တု ပြည်သည် အချည်းနှီး သက်သက်၊ အကျိုး မပေး နိုင်။ ထိုကြောင့်၊ မ လှုပ်ဘဲနေတတ်သောရာခပ် ဟု ငါ သမုတ် ပေ၏။ ၈ သင်သည်ယခု သွား ၍ သူ တို့ရှေ့မှာသင်ပုန်း ၌ ရေး ထားရသောအချက်၊ နောင် ကာလ အစဉ် အဆက် တည် စေခြင်းငှါ၊ စာစီ ၍ မှတ်သားရသောအချက်ဟူမူကား၊ ၉ ဤ လူမျိုး သည် ပုန်ကန် တတ်၏။ ဖောက်ပြန် သောအမျိုးသား ၊ ထာဝရဘုရား ၏ တရား တော်ကို နာယူ ခြင်းငှါအလို မ ရှိသော အမျိုးသား ဖြစ်ကြ၏။ ၁၀ သူတို့ကလည်း၊ ဗျာဒိတ် တော်ကို မ ခံပါနှင့် ဟု ဗျာဒိတ် ခံသောသူတို့အား ၎င်း၊ မှန်

သောစကားကို ငါ တို့ အား မ ဟော ပါနှင့်။ ချော့မော့ သောစကားကို ပြောကြပါ။ လှည့်စား သောစကား ကို ဟော ကြပါ။ ၁၁ လမ်း လွဲ ကြပါ။ မှန်သောလမ်း ကို ရှောင် ကြပါ။ ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရားကို ငါ တို့ရှေ့ မှာ ကွယ် ထားကြပါဟု ပရောဖက် တို့အား ၎င်း ဆို တတ်ကြ၏။ ၁၂ သို့ ဖြစ်၍၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရား မိန့် တော်မူသည်ကား ၊ သင် တို့သည် နှုတ်ကပတ် တော်ကို ပယ် ၍ ၊ လိမ် ကောက် ယိုယွင်းခြင်းကို သာ မှီဝဲ ခိုလှုံ သောကြောင့်၊ ၁၃ သင် တို့အပြစ် သည် ပြို ကျ လုသော အုတ်ရိုးပျက် ကဲ့သို့ ၎င်း၊ မြင့် သောအုတ်ထရံ၌ မညီမညွတ်ထွက်ဝင်သ ကဲ့သို့၎င်း ဖြစ်လိမ့်မည်။ ထို ထရံ သည် အလျင် တဆောချက်ခြင်း ပြိုပျက် တတ်၏။ ၁၄ မြေအိုး ကွဲ သကဲ့သို့ ကွဲ ရလိမ့်မည်။ ကွဲရာတွင် လည်း မီးဖို ထဲက မီးခဲ ခံ စရာဘို့ ၊ ရေကန် ထဲက ရေ ခပ် စရာ ဘို့ အိုးခြမ်း တခုမျှ မ ရှိ စေခြင်းငှါ၊ နှမြော ခြင်း မ ရှိဘဲ ခွဲ ခြင်း ကိုခံ ရလိမ့်မည်။ ၁၅ ဣသရေလ အမျိုး၏ သန့်ရှင်း တော်မူသောဘုရား၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်တို့ သည် ပြောင်းလဲ ၍ ငြိမ်ဝပ် စွာ နေလျှင်၊ ကယ်တင် ခြင်း သို့ ရောက်ကြလိမ့်မည်။ ငြိမ်ဝပ် စွာနေခြင်း၊ ယုံကြည် ခြင်း အားဖြင့် ခွန်အား အစွမ်းကို ရ ကြလိမ့်မည်။ သင် တို့သည် ထိုသို့သော အလို မ ရှိကြ။ ၁၆ ငါတို့သည် ထိုသို့မ နေ၊ မြင်း စီး ၍ ပြေး မည်ဟု ဆို သောကြောင့် ၊ သူတပါးတို့သည် သင်တို့ကို ပြေး စေမည်။ ငါတို့သည် လျင်မြန် စွာ စီး သွားမည်ဟု ဆိုသောကြောင့် ၊ သင် တို့ကို လိုက် သောသူတို့သည် လျင်မြန် ကြ လိမ့်မည်။ ၁၇ သင်တို့သည် တောင် ထိပ် ပေါ် မှာ စိုက်သောမှတ်တိုင် ကဲ့သို့ ၎င်း ၊ ကုန်း ပေါ် မှာထူသော အလံကဲ့သို့ ၎င်း ဖြစ် ရသည်တိုင်အောင် ၊ တ ယောက်သောသူသည် ခြိမ်း လျှင်၊ တ ထောင် သောသူတို့သည် ပြေးကြလိမ့်မည်။ ငါး ယောက်ခြိမ်း လျှင်၊ တသောင်းပြေး ကြလိမ့်မည်။ ၁၈ သို့သော်လည်း၊ ထာဝရဘုရား သည် သင် တို့ ၌ ကျေးဇူး ပြုလိုသောငှါ မြော်လင့် တော်မူမည်။ ကရုဏာ ပြု လိုသောငှါ ချီးမြှောက် ခြင်းကိုခံ တော်မူမည်။ အကြောင်း မူကား၊ ထာဝရဘုရား သည် တရား သော ဘုရား သခင်ဖြစ်တော်မူ၏။ ကိုယ်တော် ကို မြော်လင့် သောသူအပေါင်း တို့သည် မင်္ဂလာ ရှိကြ၏။ ၁၉ ယေရုရှလင် မြို့၌ နေ သောဇိအုန် အမျိုး ၊ သင် သည် အစဉ်ငိုကြွေး ရမည် မဟုတ်။ သင် အော်ဟစ် သံ ကို နားထောင်၍ ကယ်မ သနားတော်မူလိမ့်မည်။ ထိုအသံကို ကြား သောအခါ ထူး တော်မူလိမ့်မည်။ ၂၀ ထာဝရဘုရား သည် သင့် အား ဒုက္ခ မုန့် ကို ကျွေး ၍ ၊ ဆင်းရဲ ခြင်းရေ ကို တိုက်တော်မူသော်လည်း ၊ သင် ၏ ဆရာ တို့သည် နောက် တဖန် ပုန်းရှောင် ၍ မ နေရကြ။ ကိုယ် မျက်စိ နှင့် ကိုယ် ဆရာ တို့ကို မြင် ရလိမ့်မည်။ ၂၁ သင်သည် လက်ျာ ဘက်၊ လက်ဝဲ ဘက်သို့လမ်းလွဲလျှင်၊ ဤမည်သောလမ်းသည် မှန်၏။ ဤ လမ်း ၌သွား လော့ဟု သင့် နောက် ၌ ပြောသောစကား သံကို ကိုယ် နား နှင့် ကြား ရလိမ့်မည်။ ၂၂ ထုလုပ်သောငွေ ရုပ်တု တန်ဆာ နှင့် သွန်းသော ရွှေ ရုပ်တု တန်ဆာ များကို မရို မသေပြု၍၊ ညစ်ညူးသော အဝတ် ကဲ့သို့ ပစ် ပယ်လျက်၊ သွား တော့ဟု ဆို ရလိမ့်မည်။ ၂၃ သင် သည် လယ် ၌ကြဲ သော မျိုးစေ့ ဘို့ မိုးယံ ကို ရွာ စေတော်မူလိမ့်မည်။ မြေ အသီး အနှံမှ ဖြစ်သော မုန့် ကို အလွန်ကြွယ်ဝ စွာ ပေး သနားတော်မူလိမ့်မည်။ ထိုအခါ သင် ၏သိုး နွားတို့သည် ကျယ် သော အရပ် ၌ ကျက်စား ရကြ လိမ့်မည်။ ၂၄ စံကော နှင့် ဆန်ခါ ဖြင့် သန့်ရှင်း စေ၍၊

ကောင်းမွန် စွာ ရောနှော သောစပါးကိုသာ မြေ ၌လုပ် သောနွား နှင့် မြည်း တို့သည်လည်း စား ရကြလိမ့်မည်။ ၂၅ များ စွာသော လူတို့ကိုသတ် ၍၊ ရဲတိုက် တို့သည် ပြိုလဲ သောအခါ၊ မြင့် သောတောင် ရှိသမျှ နှင့် ထင်ရှား သော ကုန်း ရှိသမျှ တို့အပေါ် မှာ ရေ စီး ရာမြစ် နှင့် ချောင်း များရှိ ကြလိမ့်မည်။ ၂၆ ထာဝရဘုရား သည် မိမိ လူ တို့၏ ကျိုး ပျက်ရာကို ပြုပြင် ၍၊ သူ တို့ခံရသောဒဏ်ချက် ရာကို ပျောက် စေတော်မူသောအခါ၊ လ ၏အလင်း သည် နေ ၏အလင်း ကဲ့သို့ ဖြစ် ၍၊ နေ ၏အလင်း သည်လည်း ပကတိ ထက် ခုနစ် ဆလင်း လိမ့်မည်။ ၂၇ ကြည့်ရှု လော့။ ထာဝရဘုရား ၏ နာမ တော်သည် ဝေး သောအရပ်မှ လာ ၏။ အမျက်တော်လောင်၍ မီးလျှံဟုန်းလေ၏။ နှုတ်တော်သည် အမျက်နှင့် ပြည့်၍၊ လျှာ တော်သည် မီးရှို့သကဲ့သို့ ဖြစ်လေ၏။ ၂၈ ထွက် သက်တော်သည်လည်း၊ လူမျိုး တို့ကို ရှင်းရှင်းဖျက်ဆီး ခြင်းငှါ၊ လွှမ်းမိုး သောရေ ကဲ့သို့ လည်ပင်း ကို မှီ လိမ့်မည်။ လမ်း လွဲစေသောဇက် ကို သူ တို့ပစပ် ၌ ခွဲတော်မူလိမ့်မည်။ ၂၉ သင်တို့သည် ပွဲခံ သောနေ့ ညဉ့် တွင် ပြုသကဲ့သို့ သီချင်း ဆိုရကြလိမ့်မည်။ ဣသရေလ အမျိုး၏ ကျောက်၊ ထာဝရဘုရား ၏ တောင် တော်သို့ ပုလွေ မှုတ်လျက် သွား သကဲ့သို့ ဝမ်းမြောက် ရကြလိမ့်မည်။ ၃၀ ထာဝရဘုရား သည်လည်း ဘုန်းကြီး သောအသံ တော်ကို လွှတ် တော်မူလိမ့်မည်။ လက်ရုံး တော် သက်ရောက် ခြင်း၊ ပြင်းစွာအမျက် ထွက်ခြင်း၊ မီးလျှံ လောင် ခြင်း၊ မိုဃ်းသီး ပါလျက်၊ မိုဃ်းသက် မုန်တိုင်း များတို့ကို ပြ တော်မူလိမ့်မည်။ ၃၁ သို့ ဖြစ်၍၊ အာရှရိ လူသည် ထာဝရဘုရား ၏ အသံ တော်အားဖြင့် လှဲ ချခြင်း၊ လှံတံ တော်အားဖြင့် ဒဏ်ခတ် ခြင်းကိုခံရလိမ့်မည်။ ၃၂ ထာဝရဘုရား စီရင် ၍၊ သူ ၏အပေါ် မှာ လေးစွာ ချ ထားတော်မူသော လှံတံ သည် ရှောက် သွားရာရာ ၌ စောင်း၊ ပတ်သာ တီးခြင်းနှင့်တကွ ဖြစ် လိမ့်မည်။ သူ့ ကို ပြင်းစွာစစ် တိုက် တော်မူလိမ့်မည်။ ၃၃ အကြောင်း မူကား၊ တောဖက် အရပ်သည် ရှေး ကာလ၌ စီရင် လျက်ရှိ၏။ အကယ်စင်စစ်ရှင်ဘုရင် အဘို့ ပြင်ဆင် လျက်ရှိ၏။ နက်နဲ ကျယ်ဝန်း စေခြင်းငှါဖန်ဆင်းတော်မူပြီ။ မီး ရှိဘို့ ထင်း ပုံကြီးလည်း ရှိ၏။ ထာဝရဘုရား ၏ ထွက် သက်တော်သည် အရည် ကျိုသောကန့် ကဲ့သို့၊ ထို ထင်းပုံ ကို မီးရှို့ ရလိမ့်မည်။

၃၁ စစ်ကူ တောင်းအံ့သောငှါ အဲဂုတ္တု ပြည် သို့ သွား ၍၊ မြင်း တို့ကို အမှီပြု လျက် များ စွာသော ရထား တို့ကိုငင်း၊ အားကြီး သော မြင်းစီး သူရဲတို့ကို ၎င်း ခိုလှုံလျက်၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရားကို မ မြော်လင့်၊ ထာဝရဘုရား ကို မ ရှာ ဘဲ နေသော သူတို့သည် အမင်္ဂလာ ရှိကြ၏။ ၂ ထိုဘုရားသည် ဉာဏ် တော်ကျယ်၍၊ သူတို့အပေါ် မှာ ဘေး ကိုသက်ရောက် စေတော်မူမည်။ စကား တော်မ ပျက် ဘဲ၊ ဆိုး သောလူမျိုး ကိုငင်း၊ မတရား သဖြင့် ပြု သောသူတို့ဘက်မှာ နေ သောသူတို့ကိုငင်းတဘက်၌ ထ တော်မူမည်။ ၃ အဲဂုတ္တု ပြည်သားတို့သည် ဘုရား မ ဖြစ်၊ လူ သက်သက်ဖြစ်ကြ၏။ သူ တို့ မြင်း သည်လည်း ဝိညာဉ် မ ဖြစ်၊ အသား သက်သက်ဖြစ်၏။ ထာဝရဘုရား သည် လက် တော်ကို ဆန့် တော်မူသောအခါ၊ မစ တတ်သောသူသည် လဲ လိမ့်မည်။ မစ အပ်သောသူလည်း ဆုံး လိမ့်မည်။ အလုံးစုံ တို့သည် အတူ ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်။ ၄ ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား၊ ခြင်္သေ့ နှင့် ခြင်္သေ့ သငယ်သည် လုယူရာ အကောင် ပေါ် မှာနေသောအခါ၊ သိုးထိန်း အလုံး အရင်း၏ ဆီးတားအော်ဟစ် ခြင်းကို မ

ကြောက် ၊ သူ တို့ပြုသောအသံ ဗလံအားဖြင့် အရှုံး မ ခံသကဲ့သို့ ထိုနည်းတူ ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် မိမိ တောင် တည်းဟူသောဓိအုန် တောင် တော်ဘက် မှာ စစ်တိုက် ခြင်းငှါ ဆင်းသက် တော်မူလိမ့်မည်။ ၅ ငှက် သည် သားငယ်ကို အုပ် တတ်သကဲ့သို့ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ယေရှုရှလင် မြို့ကို ကွယ်ကာ တော်မူမည်။ ကွယ်ကာ စောင့်မ၍ အပြစ် မပေး၊ ကယ်တင် တော်မူမည်။ ၆ အိုဂ္ဂသရေလ အမျိုးသား တို့၊ သင်တို့သည် အလွန် လွဲ ရှောင်ပယ်ထားသော ဘုရား ထံ တော်သို့ ပြန် လာ ကြလော့။ ၇ အကယ်စင်စစ်လူ အပေါင်းတို့သည် မိမိ လက် ဖြင့် အသီးအသီးလုပ် သော ငွေ ရုပ်တု ၊ ရွှေ ရုပ်တု တည်း ဟူသော၊ ပြစ်မှား ရာအရာများကို ထို ကာလ ၌ ပစ် လိုက် ကြလိမ့်မည်။ ၈ အာရှရိ လူသည်လည်း ၊ ကြီးမြတ် သောသူ၏ ထား မဟုတ် သော ထား ဖြင့် ဆုံး လိမ့်မည်။ ယုတ် သောသူ၏ထား မဟုတ် သော ထားသည် သူ့ ကိုဖျက်ဆီး လိမ့်မည်။ သူသည် လည်း ထား ဘေးမှ ပြေး ၍ ၊ သူရဲ တို့သည် ကျွန် ခံ ရကြ လိမ့်မည်။ ၉ သူသည်လည်း ကြောက်လန့် သဖြင့် ၊ မိမိ ခိုင်ခံ့ သော မြို့ကိုလွန် သွား၍ ၊ သူ ၏ မှူးမတ် တို့သည် နိမိတ် ကို မြင်လျှင် စိတ်ပျက် ကြလိမ့်မည်ဟု ဓိအုန် တောင်ပေါ် မှာမီးလျှံ ၊ ယေရှုရှင် မြို့၌ မီးဖို ရှိသော ထာဝရဘုရား မိန့် တော်မူသတည်း။

၃၂ ကြည့်ရှု လော့။ တရား သဖြင့် အုပ်စိုး သော ရှင်ဘုရင် တပါး ပေါ် ထွန်းတော်မူလိမ့်မည်။ မင်းသားမှူးမတ် တို့ သည် တရား သဖြင့် စီရင် ကြလိမ့်မည်။ ၂ ထိုမင်းတို့သည် လေ လုံ ၍ မိုးယံသက်မုန်တိုင်း ကွယ် ရာအရပ်ကဲ့သို့ ၎င်း၊ သွေ့ ခြောက်သောမြေ၌ စီးသော ချောင်း ရေ ကဲ့သို့ ၎င်း၊ နေပူ သော အရပ် ၌ ကျောက် လုံးကြီး အရိပ် ကဲ့သို့ ၎င်း ဖြစ် ကြလိမ့်မည်။ ၃ မျက်စိ မြင် သောသူတို့သည် ရှင်းလင်းစွာ မြင် ကြ လိမ့်မည်။ နား ကြား သောသူတို့လည်း နားထောင် ကြ လိမ့်မည်။ ၄ သတိ မရှိသောသူ၏ စိတ်နှလုံး သည် ဆင်ခြင် ၍ ပညာ ရှိလိမ့်မည်။ စကား အသောသူ၏လျှာ သည်လည်း စကား ပြီ အောင်ပြော တတ်လိမ့်မည်။ ၅ ယုတ် သောသူကို နောက် တဖန်အမြတ် ဟူ၍၎င်း၊ စေးနဲ့ သောသူကို လည်း နောက်တဖန် စွန့်ကြဲတတ် သော သူဟူ၍၎င်း မ ခေါ် ရ။ ၆ အကြောင်း မူကား၊ ယုတ် သောသူသည် လျှိုဖွက်လျက်၊ ထာဝရဘုရား ကို နှုတ် ဖြင့်ပြစ်မှား လျက် ၊ မွတ်သိပ် သောသူကို သာ၍ဆင်းရဲ စေခြင်းငှါ ၎င်း၊ ရေငတ် သောသူကို ရေ မ သောက်စေခြင်းငှါ၎င်း၊ ယုတ် သောစကားကို ပြော ၍ မကောင်း သောအကြံ ကိုကြံ လေဦးမည်။ ၇ စေးနဲ့ သောသူ သုံးဆောင်ရာ တန်ဆာ သည် လည်း ဆိုး လှ၏။ ဆင်းရဲ ငတ်မွတ်သောသူ၏ အမှု သည် မှန် သော်လည်း ၊ ထိုသို့သောသူ ကို မုသာ စကား အားဖြင့် ဖျက်ဆီး ခြင်းငှါ ၊ မကောင်း သောအကြံကိုသာ ကြံ တတ်၏။ ၈ စေတနာ ရှိသောသူမူကား ၊ စေတနာ နှင့်ဆိုင် သော အကြံတို့ကိုကြံစည် တတ်၏။ စေတနာ နှင့်ဆိုင်သောအရာများအားဖြင့် တည် ရလိမ့်မည်။ ၉ ငြိမ်သက် စွာနေသောမိန်းမ တို့ထ ကြ။ ငါ ပြော သံ ကို ကြား ကြလော့။ သတိ မရှိသော သတို့သမီး တို့၊ ငါ စကား ကို နားထောင် ကြလော့။ ၁၀ သတိ မရှိသောမိန်းမတို့၊ သင်တို့သည် တနှစ်လွန် မှပူပန် ကြလိမ့်မည်။ အကြောင်း မူကား၊ စပျစ်သီး ကို သိမ်း ခြင်းအမှုပြတ် လိမ့်မည်။ စပါးအသီးအနှံကို သိမ်းရာကာ လ မရောက်ရ။ ၁၁ ငြိမ်သက် စွာ နေသောမိန်းမတို့၊ တုန်လှုပ် ကြလော့။ သတိ မရှိသောသူတို့၊ ပူပန် ခြင်းရှိကြလော့။ အဝတ် တန်ဆာရှိသမျှတို့ကို

ပယ် ချုတ်ပြီးမှ၊ ခါး ၌ လျှော်တေအဝတ်ကို စည်း ကြလော့။ ၁၂ ရင်ပတ်ကိုခတ်ခြင်း၊ သာယာ သော လယ်ယာ နှင့် အသီးများ သော စပျစ် နွယ်ပင်အတွက် ညည်းတွား ခြင်းရှိလိမ့်မည်။ ၁၃ ငါ့ လူ တို့၏မြေ ကိုငင်း၊ ဝမ်းမြောက် သော အိမ် နှင့် ရွှင်လန်း သော မြို့ ကိုငင်း၊ ဆူး ပင်အမျိုးမျိုးတို့သည် တက် ၍ လွှမ်းမိုးကြလိမ့်မည်။ ၁၄ ဘုံ ဗိမာန်တို့ကို စွန့်ပစ် ၍ မြို့ ၏ အသံ ဗလံ ငြိမ်း လိမ့်မည်။ ဩဖေလကုန်း နှင့် ရဲတိုက် တို့သည် အစဉ် မြေတွင်း နှင့် ပြည်စုံ၍၊ ရိုင်းသောမြည်း ပျော်မွေ့ ရာ၊ သိုးစု ကျက်စား ရာ ဖြစ် ကြလိမ့်မည်။ ၁၅ ဝိညာဉ် တော်သည် ကောင်းကင် မှ ငါ တို့အပေါ် သို့သွန်းလောင်း ၍ ၊ တော သည် အသီးအနှံ များသော လယ်ဖြစ်၍၊ အသီးအနှံ များသော လယ်သည် တောအုပ် ကဲ့သို့ မှတ် ရသောကာလမရောက်မီတိုင်အောင် ၊ ထိုသို့ ဖြစ် ကြလိမ့်မည်။ ၁၆ ထိုအခါ တော ၌ ကား၊ တရား သဖြင့် စီရင်ခြင်းတည် ၍ ၊ အသီးအနှံ များသော လယ်၌ ကား၊ ဖြောင့်မတ် ခြင်းပါရမီသည် အမြဲနေ ရလိမ့်မည်။ ၁၇ ဖြောင့်မတ် ခြင်း တရားသည်လည်း ၊ ငြိမ်သက် ခြင်းကို ပြုစု လိမ့်မည်။ ဖြောင့်မတ် ခြင်း အကျိုး မူကား၊ ထာဝရ ငြိမ်သက် ခြင်းနှင့် လုံခြုံ ခြင်းတည်း။ ၁၈ ငါ ၏လူ တို့သည်လည်း ၊ ငြိမ်သက် သောနေရာ ၊ လုံခြုံ သောမြို့ ရွာ၊ ဘေးလွတ် သော ချမ်းသာ ရာအရပ်တို့ ၌ နေ ရကြလိမ့်မည်။ ၁၉ သို့ရာတွင် ၊ မိုဃ်းသီး ကျသဖြင့် တောအုပ် ကို လဲ့ ၍ ၊ မြို့ ကိုလည်း မြေ နှင့် တညီတည်း ဖြိုဖျက် လိမ့်မည်။ ၂၀ ရေ ရှိရာအရပ်ရပ် တို့ ၌ မျိုးစေ့ကိုကြဲ ၍၊ နွား ခြေ နှင့် မြည်း ခြေ တို့ကို လွှတ် တတ်သောသင် တို့သည် မင်္ဂလာ ရှိကြ၏။

၃၂ သူတပါး လုယူ ခြင်းကို မ ခံဘဲလျက်၊ လုယူ တတ် သောသူ၊ သူတပါးဖျက်ဆီး ခြင်းကို မ ခံဘဲလျက်၊ ဖျက်ဆီး တတ်သောသူ၊ သင် သည်အမင်္ဂလာ ရှိ၏။ သင် သည် မလု မယူဘဲ နေသောအခါ လုယူ ခြင်းကိုခံ ရမည်။ ဖျက်ဆီး၍ မော သောအခါ ပျက်စီး ခြင်းသို့ရောက်လိမ့်မည်။ ၂ အိုထာဝရဘုရား ၊ အကျွန်ုပ် တို့ကို သနား တော်မူ ပါ။ အကျွန်ုပ်တို့သည် ကိုယ်တော် ကို မြော်လင့် ကြပါ၏။ နံနက် တိုင်း အကျွန်ုပ်တို့ ၌ ခွန်အား ကိုပေး တော်မူပါ။ အမှု ရောက်သောအခါ ၊ အကျွန်ုပ် တို့ကို ကယ်တင် တော်မူ ပါ။ ၃ အလုံး အရင်း၏ အသံ ကြောင့် ၊ လူစု တို့သည် ပြေး ကြ၏။ ထ တော်မူသောအခါ ၊ လူမျိုး တို့သည် အရပ်ရပ် ကွဲပြား ကြ၏။ ၄ သူတပါးတို့သည် သင် တို့၏ ဥစ္စာ ကို ကျိုင်းကောင် သိမ်း ယူသကဲ့သို့ သိမ်း ယူကြလိမ့်မည်။ ကျိုင်းကောင် တို့သည် လူး လာပြေး သကဲ့သို့၊ သင်တို့၏ ဥစ္စာ ပေါ် မှာ လူးလာပြေးကြလိမ့်မည်။ ၅ ထာဝရဘုရား သည် ချီးမြှောက် ခြင်းရှိတော်မူ၏။ မြင့် သောအရပ်၌ နေ တော်မူ၏။ ဇိအုန် မြို့ကို တရား သဖြင့် ဆုံးဖြတ်ခြင်း၊ ဖြောင့်မတ် စွာ စီရင်ခြင်းနှင့် ပြည့် စေ တော်မူ၏။ ၆ ဉာဏ် နှင့် ပညာ သည် သင် ၏လက်ထက် ၌ တည်ကြည် ခြင်း၊ မြဲမြံ စွာ ကယ်တင် ခြင်းကို ဖြစ် စေလိမ့်မည်။ ထာဝရဘုရား ကို ကြောက်ရွံ့ခြင်းသဘော သည် လည်း သင် ၏ဘဏ္ဍာ ဖြစ် လိမ့်မည်။ ၇ သူရဲ တို့သည် ပြင် ၌ အော်ဟစ် ကြ၏။ မိဿဟာယ စကားကို ပြောသော တမန် တော်တို့သည် ပြင်း စွာငိုကြွေး ကြ၏။ ၈ လမ်း မတို့သည် ဆိတ်ညံ ကြ၏။ လမ်း ခရီး၌ သွား လာသောသူမရှိ။ ထိုမင်းသည် သစ္စာ ပျက် လေပြီ။ မြို့ များကိုလည်း ပယ် လေပြီ။ အဘယ်သူ၏ မျက်နှာကို မ မှတ် တတ်။ ၉ ပြည် တော်သည် ငြိုငြင် ၍ အားလျော့ ၏။ လေဗနုန် တောသည် ရှက် ကြောက်၍ နွမ်းရိ

၏။ ရှာရှုန် အရပ် သည် တော ကဲ့သို့ ဖြစ် ၏။ ဗာရှန် တောင်နှင့် ကရမေလ တောင်သည် လှုပ်ရှား ၏။ ၁၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယခု ငါထ မည်။ ယခု ချီးမြှောက် ခြင်းသို့ ရောက်မည်။ ကိုယ်ကို ကိုယ်ချီးမြှောက် မည်။ ၁၁ သင်တို့သည်ဖွဲ့ ကို ကိုယ်ဝန် ဆောင်၍၊ အမှိုက် ကို ဘွားမြင် ရလိမ့်မည်။ သင် တို့ စိတ် သဘောသည် မီး ဖြစ်၍၊ သင် တို့ကို ဖျက်ဆီး လိမ့်မည်။ ၁၂ လူ များတို့သည် ထုံး ကျောက်ကို ဖုတ် သကဲ့သို့ငင်း၊ ဆူး ပင်များကို ခုတ် ၍ မီး ရှို့ သကဲ့သို့ငင်း ဖြစ် ကြလိမ့်မည်။ ၁၃ ဝေး သောသူတို့၊ ငါပြု သော အမှုကို မှတ် ကြလော့။ နီး သောသူတို့၊ ငါ့ တန်ခိုး ကို ဝန်ခံ ကြလော့။ ၁၄ အပြစ် ရှိသောဇိအုန် မြို့သားတို့သည် ကြောက် ကြ၏။ အဓမ္မ ပြုသောသူတို့သည် ထိတ်လန့် ကြ၏။ ငါ တို့ တွင် အဘယ် သူသည် လောင် သောမီး ထဲမှာ နေ ရမည်နည်း။ ငါ တို့တွင် အဘယ် သူသည် ထာဝရ မီး လောင်ခြင်း ကိုခံ လျက်နေ ရမည်နည်း။ ၁၅ တရား သဖြင့်ကျင့် ၍ ဖြောင့်မတ် စွာ ပြော ထ သော၊ ညှဉ်းဆဲ ခြင်းအားဖြင့်ရသောငွေ ကို ရွံ၍၊ တံစိုး ကိုလည်း ငြင်းပယ် ထသော၊ လူအသက်သတ် ခြင်းအမှုကို နား မ ခံ၊ အဓမ္မ အမှုများကို မ ကြည့်မရှုသောသူသည် မြင့် သောအရပ်၌ နေ လိမ့်မည်။ ၁၆ ခိုင်ခံ့ သော ကျောက် မြို့၌ ခိုလှုံ လိမ့်မည်။ ထိုသူ အား အစာ ကို အစဉ်ပေး ရလိမ့်မည်။ သောက်ရေ လည်း မပြတ် ရ။ ၁၇ သင်သည် ရှင် ဘုရင်၏ တင့်တယ်ခြင်း အသရေ တော်ကို ကိုယ် မျက်စိ နှင့် မြင် ရ၍၊ ဝေး လှသောပြည် ကိုလည်း ကြည့် မြင်ရလိမ့်မည်။ ၁၈ သင်သည် ကြောက်လန့် ဘွယ်သော အခြင်းအရာကို အောက်မေ့ သောအခါ၊ စာရင်း ယူသောသူသည် အဘယ်မှာ ရှိသနည်း။ အခွန်ခံ သောသူသည် အဘယ်မှာ ရှိသနည်း။ ပြအိုး တို့ကို ရေတွက် သောသူသည် အဘယ် မှာရှိသနည်း။ ၁၉ ကြမ်းတမ်း သောလူမျိုး ၊ နား မ ဝင်နိုင်အောင် နက်နဲ သောစကား ၊ နားမလည်နိုင်အောင် ခက်ခဲ သောစကား ကို ပြောသော လူမျိုး ကို သင်သည်မ တွေ့ မမြင်ရ။ ၂၀ ငါ တို့ပွဲခံ ရာမြို့ ၊ ဇိအုန် မြို့ကို ကြည့်ရှု လော့။ တိုင် တခုမျှမ ရွှေ့ ၊ ကြိုး တခုမျှ မ ပြတ် ၊ အလျှင်း မ ပျက် ရသောတဲ့ တည်းဟူသော၊ ငြိမ်ဝပ် သောနေရာ ယေရုရှလင် မြို့ကို ကိုယ် မျက်စိ နှင့် မြင် ရလိမ့်မည်။ ၂၁ ထို မြို့တွင် ဘုန်းကြီး သော ထာဝရဘုရား သည် ငါ တို့ ၌ ကျယ် သောမြစ် များ ဆုံးရာအရပ် ဖြစ်တော်မူလိမ့်မည်။ ထိုအရပ် ၌ တက် သောရဲ လှေ ၊ အားကြီး သော သင်္ဘော တစင်းမျှ မ ရှောက် မသွားရ။ ၂၂ အကြောင်း မူကား၊ ထာဝရဘုရား သည် ငါ တို့၏ တရားသူကြီး ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ငါ တို့၏ ပညတ် တရားရှင် ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ငါ တို့၏ ရှင် ဘုရင်ဖြစ်၍၊ ငါ တို့ကို ကယ်တင် တော်မူလိမ့်မည်။ ၂၃ သင်၏ သင်္ဘောရွက်ကြိုး များ ပြုတ် လျက်ရှိ၏။ ရွက်တိုင် ကို ခိုင်ခံ့ စွာမ ချည် ၊ ရွက် ကိုလည်း မ ဖြန့် နိုင်။ သို့ ဖြစ်၍၊ များစွာ သောဥစ္စာ ကို လုယူ ဝေ့ ရ၏။ ခြေဆွံ့ သောသူပင် လုယူရာ ဥစ္စာ ကို လုယူ ရ၏။ ၂၄ မြို့သားကလည်း၊ ငါနာ သည်ဟုမ ဆို ရ။ ထိုမြို့ ၌ နေ သောသူ တို့သည် အပြစ် ပြေရှင်း ခြင်းသို့ ရောက်ရကြ လိမ့်မည်။

၂၄ အိုလူမျိုး တို့၊ သင်တို့သည် ကြား ရ အံ့သောငှါ ချဉ်းကပ် ကြလော့။ အို လူစု တို့၊ နားထောင် ကြလော့။ မြေကြီး နှင့် မြေကြီး ၌ ပါသမျှ သော အရာ၊ လောက ဓါတ် နှင့် လောက ဓါတ် တန်ဆာ ခပ်သိမ်း တို့သည် ကြား ကြ ပါစေ။ ၂ ထာဝရဘုရား ၏ အမျက် တော်သည် လူမျိုး အပေါင်း တို့ ၌ ထွက်၍ ၊ ပြင်းစွာသောအမျက် တော်သည် သူ တို့ အလုံး

အရင်းအပေါ် မှာ သင့်ရောက်လေ၏။ သူ တို့ကို ရှင်းရှင်းဖျက်ဆီး၍၊ အသေ သတ်ခြင်း၌ အပ် လိုက်တော်မူ ၏။ ၃ သူ တို့တွင် အသေခံရသောသူတို့ ကို ပြင်သို့ ပစ် လိုက်သဖြင့် ၊ အသေ ကောင်တို့သည် နံစော် ၍ ၊ သူ တို့၏ အသွေး ဖြင့် တောင် တို့သည် အရည် ဖြစ်ကြလိမ့်မည်။ ၄ ခပ်သိမ်း သော ကောင်းကင် တန်ဆာ တို့သည် ပြုတ် ၍ ၊ မိုးယံးကောင်းကင် သည်စာလိပ် ကဲ့သို့ လိပ် လျက် ရှိလိမ့်မည်။ စပျစ် နွယ်ပင်မှ အရွက် ကျ သကဲ့သို့ ၎င်း၊ သင်္ဘော သဖန်းပင်မှ အသီးကျ သကဲ့သို့ ၎င်း၊ ခပ်သိမ်း သော ကောင်းကင်တန်ဆာ တို့သည် ကျ ကြလိမ့်မည်။ ၅ အကြောင်း မူကား၊ ငါ့ ထား သည် မိုးယံးကောင်းကင် ၌ ရောင့်ရဲ ပြီးမှ၊ တဖန် ဧဒုံ ပြည် အပေါ် မှာ၎င်း၊ ငါ ကျိန် သောလူ များတို့အပေါ် မှာ၎င်း၊ ဒဏ် ပေးခြင်းငှါရောက်လိမ့်မည်။ ၆ ထာဝရဘုရား ၏ ထား တော်သည် အသွေး နှင့် ဝ ပြီ။ ဆီဥ နှင့် ဆူ ပြီ။ သိုးသငယ် နှင့် ဆိတ် တို့၏ အသွေး ၊ သိုး ထီးတို့၏ ကျောက်ကပ် ဆီဥ နှင့် ဆူဝပြီ။ ထာဝရဘုရား သည် ဗောဇရ မြို့၌ ယဇ် ပွဲကိုဧင်း၊ ဧဒုံ ပြည် ၌ ကြီး စွာသော သတ် ခြင်းပွဲကိုဧင်း ခံတော်မူ၏။ ၇ ကြိ့ များနှင့် နွားလား ဥသဘများတို့သည် လဲ ကြ သဖြင့်၊ သူ တို့နေရာမြေ သည် သူတို့အသွေး နှင့် ယစ်မူး ၍၊ မြေမှုန့် သည်လည်း ဆီဥ နှင့် ဆူဝ လိမ့်မည်။ ၈ ထာဝရဘုရား ဒဏ် ပေးတော်မူရာနေ့ ၊ ဇိအုန် မြို့ ၏ အမှု ကိုစောင့်၍ အပြစ် ပေးတော်မူရာ နှစ် ရောက်လေပြီ။ ၉ ထိုပြည် ၏မြစ် ရေသည် ထင်းရူး စေး၊ မြေမှုန့် လည်း ကန့် ၊ တပြည် လုံးလည်း မီး လောင်သော အစေး ဖြစ် လိမ့်မည်။ ၁၀ နေ့ ညဉ့် မပြတ် မီးမ ငြိမ်း ရ။ မီးခိုး လည်း အစဉ် တက် လိမ့်မည်။ ထိုပြည်သည် လူမျိုး အစဉ်အဆက် ဆိတ်ညံ ၍၊ ကာလအစဉ် အမြဲ အဘယ်သူမျှမ ရှောက် မသွားရ။ ၁၁ ဝံပို ငှက် နှင့် ဖြူ ကောင်တို့သည် ထိုပြည် ကို အမွေ ခံ၍ ၊ ဣဗိတ် ငှက် နှင့် ကျီးအ တို့သည်လည်း နေ ကြလိမ့်မည်။ ထိုမြေ အပေါ် မှာ လွတ်လပ် ခြင်း မျဉ်း ကြိုးကို တန်း ၍ ၊ လဟာ မှန် ထုပ်ကို စီရင်တော်မူလိမ့်မည်။ ၁၂ မင်းအရာ၌ ချီးမွှောက်ရသောမူး တော်မတ် တော် မ ရှိရ။ မင်း ရိုးပြတ် ရလိမ့်မည်။ ၁၃ ဘုံ ဗိမာန်တို့ ၌ဌင်း၊ ရဲတိုက် တို့ ၌ ၎င်း၊ ဆူး ပင်အမျိုးမျိုးပေါက်ကြလိမ့်မည်။ မြေခွေး ခို ရာ၊ ကုလားအုတ် ငှက် နေရာ ဖြစ် ရလိမ့်မည်။ ၁၄ ထိုအရပ်၌ တောသားရဲ တို့သည် တောခွေး တို့ နှင့် တွေ့ကြုံ ကြလိမ့်မည်။ မျောက် တို့သည် အချင်းချင်း တကောင်ကို တကောင် မြည် ကြလိမ့်မည်။ ထို အရပ်၌ လိလိတ် ငှက်သည်လည်း နား ၍ခိုလှုံရာကို တွေ့ လိမ့်မည်။ ၁၅ ခုန်တတ်သော မြွေသည်လည်း၊ ထို အရပ်၌ အသိုက် လုပ်၍ ဥ လိမ့်မည်။ အဥပေါက် ပြီးမှ မြွေသငယ်တို့ကို စုသိမ်း၍ ကွယ်ကာ လိမ့်မည်။ လင်းတ တို့သည်လည်း ထို အရပ် ၌ စုဝေး ၍၊ အထီး အမများ ပေါင်းကြလိမ့်မည်။ ၁၆ ထာဝရဘုရား ၏ ကျမ်းစာ ကို ကြည့်ရှု ၍ ဘတ် ကြလော့။ ထို တိရစ္ဆာန်တကောင်မျှ မ ပေါ် ဘဲမနေရ။ အမ တကောင်မျှ မိမိအဘော် ကို မ လို ရ။ ထာဝရဘုရား ၏ နှုတ် တော်ထွက် အမိန့် တော်ရှိ၏။ ဝိညာဉ် တော်သည်လည်း သူ တို့ ကို စုဝေး စေတော်မူ၏။ ၁၇ သူ တို့ကို စာရေးတံ ပြုလျက် ၊ လက် တော်နှင့် မျဉ်းကြိုး ကို တန်းလျက် ၊ သူ တို့နေရာကို ခွဲဝေ တော်မူ၏။ သူတို့ သည် ထိုပြည် ကို အမြဲ အမွေခံ ၍၊ အမျိုးအနွယ် အစဉ် အဆက်နေ ရကြလိမ့်မည်။

၃၅ တော နှင့် လွင်ပြင် သည် ဝမ်းမြောက် လိမ့်မည်။ ဆိတ်ညံ သော အရပ်သည်လည်း ရွှင်လန်း ၍ ၊ နှင်းပွင့် ကဲ့သို့ အပွင့် ပွင့် လိမ့်မည်။ ၂ အလွန်ပွင့်လန်း ၍ ဝမ်းမြောက် ခြင်း၊ သီချင်း ဆို ခြင်းနှင့်တကွ မြူးထူး လိမ့်မည်။ လေဗနုန်

တောင်၏ ဘုန်း နှင့်၎င်း၊ ကရမေလ တောင်၊ ရှာရုန် အရပ်တို့၏ တင့်တယ်ခြင်း အသရေ နှင့်၎င်း ပြည့်စုံ လိမ့်မည်။ ထာဝရဘုရား ၏ ဘုန်း တော်ကို၎င်း၊ ငါ တို့ဘုရား သခင်၏ တန်ခိုး အာနုဘော် တော်ကို၎င်းမြင် ရကြလိမ့်မည်။ ၃ အား မရှိသောလက် တို့ကို ခိုင်ခံ့ စေကြလော့။ လှုပ် တတ်သော ဒူး တို့ကို မြဲမြံ စေကြလော့။ ၄ အား ယူကြလော့၊ မ စိုးရိမ် ကြနှင့်ဟု ကြောက် တတ်သောသူတို့ အား ဆို ကြလော့။ အကြောင်းမူကား၊ သင် တို့၏ ဘုရား သခင်သည် အပြစ် ပေးလျက်၊ ဒဏ် စီရင် လျက်ကြွ လာတော်မူလိမ့်မည်။ ဘုရား သခင်သည် ကိုယ်တော် တိုင် ကြွ လာ၍ ၊ သင် တို့ကို ကယ်တင် တော်မူလိမ့်မည်။ ၅ ထိုအခါ မျက်စိ ကန်း သောသူတို့သည် မျက်စိပွင့် လင်းကြလိမ့်မည်။ နား ပင်း သောသူတို့သည် နားပင်းခြင်း နှင့် လွတ် ကြလိမ့်မည်။ ၆ ခြေဆွံ့ သောသူတို့သည် ဒရယ် ကဲ့သို့ ခုန် ကြ လိမ့်မည်။ စကား အ သောသူတို့သည် သီချင်း ဆိုကြလိမ့်မည်။ အကြောင်း မူကား၊ တော ၌ စမ်းရေ ထွက်၍ ၊ လွင်ပြင် ၌ မြစ် ရေစီး လိမ့်မည်။ ၇ တံလျှပ် သည် ရေကန် ဖြစ် လိမ့်မည်။ သွေ့ခြောက် သောမြေသည် စမ်း ရေတွင်း ဖြစ်လိမ့်မည်။ မြေခွေး အိပ်ရာ နေရာ ၌ ကျူပင် နှင့် ဂမာပင် အစား ၊ မြက်ပင် ပေါက်လိမ့်မည်။ ၈ ထို အရပ်၌ လမ်းမ ကြီး ရှိ လိမ့်မည်။ ထိုလမ်းကို သန့်ရှင်း ရာလမ်း ဟု သမုတ် ကြလိမ့်မည်။ မစင်ကြယ် သောသူသည် ထိုလမ်း ကို မ ရှောက် မသွားရ။ သွား သောသူတို့ နှင့်အတူကိုယ်တော် တိုင်ခရီးသွားလျက် ရှိတော်မူသည် ဖြစ်၍၊ မိုက် သောသူသော်လည်းလမ်း မ လွဲ ရ။ ၉ ထို လမ်း၌ ခြင်္သေ့ မ ရှိ ရ။ သားရဲ တကောင်မျှ မ တက် မလာရ။ ရှာ ၍ မ တွေ့ရ။ ရွေးနှုတ် သောသူတို့သာ လျှင် ခရီးသွား ကြလိမ့်မည်။ ၁၀ ထာဝရဘုရား ကယ် လွှတ်တော်မူသောသူတို့ သည် ပြန်လာ ၍ ၊ သီချင်း ဆိုလျက် ၊ ထာဝရ ဝမ်းမြောက် ခြင်း သရဖူ ကို ဆောင်း လျက်၊ ဓိအုန် မြို့သို့ ရောက် ကြ လိမ့်မည်။ ဝမ်းမြောက် ရွှင်လန်း ခြင်း အခွင့် ကို ရကြ၍၊ ဝမ်းနည်း ခြင်းနှင့် ညည်းတွား ခြင်းသည် ပြေး သွားရ လိမ့်မည်။

၃၆ ဟေဇကိ မင်းကြီး နန်းစံဆယ် လေး နှစ် တွင် အာရှရိ ရှင်ဘုရင် သနာခရိပ် သည်၊ ယုဒ ပြည်၌ခိုင်ခံ့ သော မြို့ ရှိသမျှ တို့ကို စစ်ချီ ၍ လုပ်ကြံ ပြီးလျှင်၊ ၂ ရာဗရှာခ ကို ခန့် ထား၍ များ စွာသော ဗိုလ်ခြေ နှင့်တကွ ၊ လာခိရှ မြို့မှ ယေရုရှလင် မြို့၊ ဟေဇကိ မင်းကြီး ထံသို့ စေလွှတ်လေ၏။ ထိုဗိုလ်ချုပ်မင်းသည် ရောက်၍၊ ခဝါသည် ၏ လယ် နားမှာ ရှောက်သောလမ်း ၊ အထက် ရေကန် ပွန် ဝ၌ ရပ် နေ၏။ ၃ ထိုအခါ ဟိလခိ သား ဖြစ်သော နန်းတော် အုပ် ဧလျာကိမ် ၊ စာရေး တော်ကြီးရှေဗန ၊ အာသပ် သား အတွင်းဝန် ယောအာ တို့သည် သူ့ ထံသို့ ထွက် ပြီးလျှင်၊ ၄ ရာဗရှာခက၊ မဟာ အရှင်မင်းကြီး ၊ အာရှရိ ရှင် ဘုရင်သည် ဟေဇကိ ကို မိန့် တော်မူသည်ကား၊ သင်ခိုလှုံ သဖြင့် ခိုလှုံ ရာကား အဘယ်သို့ နည်း။ ၅ စစ်တိုက် လောက်အောင် ဉာဏ် သတ္တိ၊ အစွမ်း သတ္တိနှင့် ငါပြည့်စုံသည်ဟု အချည်းနှီးသောစကား ကို သင် ဆို ပါသည်တကား။ ငါ့ ကို ပုန်ကန် ခြင်းငှါ အဘယ် သူကို ကိုးစား သနည်း။ ၆ ကျိုး သော ကျူလုံး တောင်ဝေး တည်းဟူသောအဲဂုတ္တု ပြည်ကို ကိုးစား ပါသည်တကား။ ထိုကျူလုံးသည် မှီ သောသူ၏ လက် ကိုဖောက် ၍ လျှိုသွားလိမ့်မည်။ ထိုသို့ အဲဂုတ္တု မင်းကြီး ဖာရော ဘုရင်သည် မိမိ ၌ မှီ သောသူအပေါင်း တို့ကိုပြု လိမ့်မည်။ ၇ သင်တို့က၊ ငါ တို့သည် ငါ တို့၏ ဘုရား သခင်ထာဝရဘုရား ကို ကိုးစားသည်ဟု ဆို ပြန်လျှင် ၊ ဟေဇကိ

သည်မြင့် သောအရပ်ဌာနနှင့် ယဇ် ပလ္လင်တို့ကို ပယ် ၍၊ ဤ မည်သောယဇ်ပလ္လင် ရှေ့၌သာ ကိုးကွယ် ရမည်ဟု ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားတို့ကို မှာ ထားသဖြင့် ၊ သင်တို့ ပြစ်မှားသော ဘုရား ဖြစ်သည်မ ဟုတ်လော။ ၈ သို့ ဖြစ်၍၊ ယခု တွင်ငါ့ သခင် ၊ အာရှုရိ ရှင်ဘုရင် ၌ အာမခံ တို့ကို အပ်ပါလော့။ သင် ၌ မြင်းစီး သူရဲ လုံလောက် အောင်ရှိလျှင် ၊ မြင်း နှစ်ထောင် တို့ကို ငါပေး မည်။ ၉ သင်သည် ငါ့ သခင် ၏ ကျွန် တို့တွင် အငယ်ဆုံး သော ဗိုလ် ကို အဘယ်သို့ လှန် နိုင်မည်နည်း။ အဲဂုတ္တ၊ ပြည် မှရထား များ၊ မြင်း စီးသူရဲများကိုရမည်ဟု ယုံ ပါသည်တကား။ ၁၀ ထာဝရဘုရား ၏ အခွင့်မ ရှိဘဲ၊ ဤ ပြည် ကို ဖျက်ဆီးခြင်းငှါငါလာ သလော။ ထိုပြည် ကိုသွား၍ ဖျက်ဆီး လော့ဟု ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူပြီ။ ဤအကြောင်း အရာများကို ပြန်ပြောကြလော့ဟု ပြောဆို၏။ ၁၁ ထိုအခါ ဧလျာကိမ် ၊ ရှေဗန ၊ ယောအာ တို့က၊ ရှုရိ ဘာသာ စကားအားဖြင့်ကျွန်တော် တို့အား အမိန့် ရှိပါ လော့။ ထိုစကားကို ကျွန်တော် တို့သည် နားလည် ပါ၏။ မြို့ရိုး ပေါ် မှာ ရှိသော သူ တို့သည် ကြား ရအောင်၊ ယုဒ ဘာသာစကားအားဖြင့်အမိန့် မ ရှိပါနှင့်ဟု ရာဗရှာခကို ဆို ကြလျှင်၊ ၁၂ ရာဗရှာခက၊ ငါ့ သခင် သည် သင် ၏သခင် နှင့် သင့် အား သာ ဤ စကား ကို ပြော စေခြင်းငှါ ငါ့ ကိုစေလွှတ် တော်မူသလော။ မြို့ရိုး ပေါ် မှာ ထိုင် လျက်၊ သင်တို့နှင့်အတူ မိမိ တို့မစင် ကိုစား ၍ ၊ မိမိ တို့ရေ ဟောင်းကို သောက် ရသောသူတို့ ရှိရာသို့ စေလွှတ်တော်မူသည် မဟုတ်လော ဟု ဆို ပြီးလျှင်၊ ၁၃ ရာဗရှာခ သည် ထ ၍ ယုဒ ဘာသာ စကားအားဖြင့် ကျယ် သောအသံ နှင့် ကြွေးကြော် လျက်၊ မဟာ အရှင် မင်းကြီး အာရှုရိ ရှင်ဘုရင် ၏ အမိန့် တော်ကို နားထောင် ကြလော့။ ၁၄ ရှင်ဘုရင် မိန့် တော်မူသည်ကား ၊ ဟေဇကိ သည် သင် တို့ကို မ လှည့်စား စေနှင့်။ သူသည်သင်တို့ကို ကယ် ယူ ခြင်းငှါ မ တတ် နိုင်။ ၁၅ ဟေဇကိ က၊ ထာဝရဘုရား သည် ငါ တို့ကို ဧကန် အမှန်ကယ် ယူတော်မူမည်။ ဤ မြို့ သည် အာရှုရိ ရှင်ဘုရင် လက် သို့ မ ရောက် ရဟု ဆို သဖြင့်၊ ထာဝရဘုရားကို မ ကိုးစား စေနှင့်။ ၁၆ ဟေဇကိ စကားကို နား မ ထောင်ကြနှင့်။ အာရှုရိ ရှင်ဘုရင် မိန့် တော်မူသည်ကား ၊ ငါ နှင့် မိသဟာယ ဖွဲ့ ကြ။ ငါ့ ထံသို့ ထွက် လာကြ။ ၁၇ သင်တို့ ပြည်နှင့် တူသောပြည်တည်း ဟူသော၊ ဆန်စပါးစပျစ်ရည်နှင့် ပြည့်စုံသောပြည်၊ မုန့်နှင့် စပျစ်ဥယျာဉ်များသောပြည်သို့၊ သင်တို့ကို ပို့ ခြင်းငှါငါမလာမှီတိုင်အောင်၊ သင်တို့သည် ကိုယ် စပျစ် ပင်၏အသီး၊ ကိုယ် သဘော် သဖန်းပင်၏ အသီးကို စား ၍ ၊ ကိုယ် ရေကန် ကရေ ကို သောက် လျက် နေကြ ဦးလော့။ ၁၈ ဟေဇကိ က၊ ထာဝရဘုရား သည် ငါ တို့ကို ကယ် ယူတော်မူမည်ဟု မ ဖြားယောင်း စေနှင့်။ အပြည်ပြည် သောဘုရား တို့သည် မိမိ တို့ ပြည် များကို အာရှုရိ ရှင်ဘုရင် လက် မှ ကယ် လွှတ်ကြပြီလော။ ၁၉ ဟာမတ် ပြည်၏ ဘုရား ၊ အာပဒ် ပြည်၏ဘုရား တို့သည် အဘယ် မှာရှိကြသနည်း။ သေဖရဝိမ် ပြည်၏ ဘုရားတို့သည် အဘယ်မှာရှိကြသနည်း။ သူတို့သည် ရှမာရိ ပြည်ကို ငါ့ လက် မှ ကယ်လွှတ် ကြပြီလော။ ၂၀ ထို အပြည် ပြည်သော ဘုရား တို့တွင်၊ အဘယ် မည်သော ဘုရားသည် မိမိ ပြည် ကို ငါ့ လက် မှ ကယ်လွှတ် ဘူးသနည်း။ ထာဝရဘုရား သည် ယေရုရှလင် မြို့ကို ငါ့ လက် မှ အဘယ်သို့ ကယ်လွှတ် နိုင်မည်နည်းဟု ဆို လေ၏။ ၂၁ ယုဒလူတို့လည်း၊ စကားတခွန်းကိုမျှမ ပြန် ဘဲ တိတ်ဆိတ် စွာ နေကြ၏။ အကြောင်း မူကား၊ ပြန် မ ပြော နှင့်ဟု ရှင်ဘုရင် အမိန့် တော်ရှိသတည်း။ ၂၂ ထိုအခါ ဟိလခိ သား ဖြစ်သော နန်းတော်

အုပ် ဧလျောကိမ် ၊ စာရေး တော်ကြီး ရှေဗန ၊ အာသပ် သား အတွင်းဝန် ယောအာ တို့သည် မိမိတို့အဝတ် ကိုဆုတ် လျက် ၊ ဟေဇကိ မင်းထံသို့လာ၍၊ ရာဗရှာခ စကား ကို ကြား လျှောက် ကြ၏။

၃၇ ထိုစကားကို ဟေဇကိ မင်းကြီး သည် ကြား လျှင် ၊ မိမိ အဝတ် ကို ဆုတ် ၍ လျှော်တေ အဝတ်ကို ခြုံ လျက် ဗိမာန် တော်သို့ သွား လေ၏။ ၂ လျှော်တေ အဝတ်ကို ဝတ် လျက်ရှိသောနန်းတော် အုပ် ဧလျောကိမ် ၊ စာရေး တော်ကြီးရှေဗန ၊ အသက်ကြီး သော ယဇ် ပုရောဟိတ်တို့ကို၊ အာမုတ် သား ပရောဖက် ဟေရှာယ ထံ သို့ စေလွှတ် လေ၏။ ၃ ဟေဇကိ မင်းမှာ ထား သော စကားဟူမူကား ၊ ယနေ့ သည် ဒုက္ခ နေ့ ၊ ဆုံးမ သောနေ့၊ ကဲ့ရဲ့ ခြင်းကို ခံရ သောနေ့ဖြစ်၏။ သား ဘွား ချိန်ရောက်၍သားကို ဘွား နိုင် အောင် ခွန်အား မ ရှိ။ ၄ အသက် ရှင်တော်မူသောဘုရား သခင်ကို ကဲ့ရဲ့ စေခြင်းငှါ ၊ အာရှုရိ ရှင်ဘုရင် စေလွှတ် သော မိမိကျွန် ရာဗရှာခ စကား ကို သင် ၏ဘုရား သခင်ထာဝရဘုရား ကြား တော်မူပါစေသော။ သင် ၏ဘုရား သခင်ထာဝရဘုရား သည် ကိုယ်တော်တိုင်ကြား သော စကား ကို ချေ တော်မူ ပါစေသော။ သင်သည်လည်းကျန် ကြွင်းသော လူ တို့အဘို့ ဆုတောင်း ပဌနာပြု ပါဟု ပြောစေခြင်းငှါ၊ ၅ ဟေဇကိ မင်း စေလွှတ်သော ကျွန် တို့သည် ဟေရှာယ ထံ သို့ ရောက် လာကြ၏။ ၆ ဟေရှာယ ကလည်း ၊ ထာဝရဘုရား မိန့် တော်မူသည် ကား ၊ အာရှုရိ ရှင်ဘုရင် ၏ ကျွန် တို့သည် ငါ့ ကို ကဲ့ရဲ့ ၍၊ သင်သည် ကြား ရသော စကား ကြောင့် မ ကြောက် နှင့်။ ၇ ထိုမင်း ၌ အခြားသောစိတ် သဘောကို ငါ သွင်း ပေးမည်။ သူသည် သိတင်း ကြား ၍ မိမိ ပြည် သို့ ပြန် သွား လိမ့်မည်။ ထိုပြည် ၌ ထား ဖြင့် ငါဆုံး စေမည်ဟူသောစကား တော်ကို သင် တို့၏ သခင် အား ပြန် ကြားကြလော့ဟု ပြော ဆို၏။ ၈ ထိုအခါ အာရှုရိ ရှင် ဘုရင်သည် လာခိရှ မြို့မှ ထွက်သွား ကြောင်းကို ရာဗရှာခ ကြား လျှင် ၊ ပြန် သွား၍ လိဗန မြို့ကို ရှင်ဘုရင်တိုက် နေသည်ကို တွေ့ လေ၏။ ၉ နောက်တဖန် ကုရှ မင်းကြီး တိရက္က သည် စစ် ချီ၍ လာပြီဟု သိတင်းကြားသောအခါ၊ ဟေဇကိ မင်းထံသို့ တမန် တို့ကို စေလွှတ် ပြန်၍၊ ၁၀ သင်တို့သည် ယုဒ မင်းကြီး ဟေဇကိ ကို ပြော ရ သော စကားဟူမူကား၊ သင် ကိုးစား သော ဘုရား သခင်က၊ ယေရုရှလင် မြို့သည် အာရှုရိ ရှင်ဘုရင် လက် သို့ မ ရောက် ရဟူ၍ သင့် ကို မ လှည့်စား စေနှင့်။ ၁၁ အာရှုရိ ရှင် ဘုရင်တို့သည် ခပ်သိမ်း သောပြည် တို့ ကို လုပ်ကြံ ၍ ရှင်းရှင်းဖျက်ဆီး ကြောင်းကို သင် သည်ကြား ရပြီ။ ကိုယ်တိုင်လွတ် လိမ့်မည်လော။ ၁၂ ငါ့ ဘိုးဘေး တို့သည် ဖျက်ဆီး သော အမျိုးသား ၊ ဂေါဇန် အမျိုးသား၊ ခါရန် အမျိုးသား၊ ရေဇပ် အမျိုးသား၊ တေလသာ မြို့၌ ရှိသော ဧဒင် အမျိုးသား တို့ကို၊ သူ တို့၏ ဘုရား များတို့သည် ကယ် ယူကြပြီလော။ ၁၃ ဟာမတ် မင်းကြီး ၊ အာပဒ် မင်းကြီး နှင့် သေဖရဝိမ် မြို့၊ ဟေန မြို့၊ ဣဝါမြို့ ကို စိုးစံသောမင်းကြီး တို့သည် အဘယ်မှာ ရှိကြသနည်းဟု မှာ လိုက်လေ၏။ ၁၄ ထိုမှာစာ ကို ဟေဇကိ မင်းသည် သံတမန် လက် မှ ခံယူ ၍ ကြည့် ပြီးလျှင် ၊ ဗိမာန် တော်သို့ သွား ၍ ထာဝရဘုရား ရှေ့ တော်၌ ဖြန့် ထားလေ၏။ ၁၅ ထိုအခါ ဟေဇကိ မင်းသည် ထာဝရဘုရား ရှေ့ တော်၌ လျှောက် ဆိုသည်ကား၊ ၁၆ ခေရုဗိမ် ပေါ်မှာထိုင် တော်မူသော၊ ဣသရေလ အမျိုး၏ ဘုရား သခင်ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၊ ကိုယ်တော် သည် ဘုရား သခင်ဖြစ်တော်မူ၏။ ကိုယ်တော်တပါးတည်းသာလျှင်၊ မြေကြီးပေါ်မှာ

ရှိသမျှ သောအတိုင်းတိုင်း အပြည်ပြည်တို့၏ဘုရားသခင်ဖြစ် တော်မူ၏။ ကိုယ်တော် သည် ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူ၏။ ၁၇ အိုထာဝရဘုရား ၊ နား တော်ကို လှည့် ၍ နားထောင် တော်မူပါ။ အိုထာဝရဘုရား ၊ မျက်စိ တော်ကို ဖွင့် ၍ ကြည့်ရှု တော်မူပါ။ သနာခရိပ် မင်းသည် အသက် ရှင်တော်မူသောဘုရား သခင်ကို ကဲ့ရဲ့ ၍၊ ပြောစေ သော စကား အလုံးစုံ တို့ကို မှတ် တော်မူပါ။ ၁၈ အိုထာဝရဘုရား ၊ အကယ်စင်စစ်အာရှုရိ ရှင် ဘုရင်တို့သည် အတိုင်းတိုင်း အပြည်ပြည် တို့ကို ဖျက်ဆီး ၍၊ ၁၉ သူ တို့၏ ဘုရား များကို မီး ထဲသို့ ချ ပစ်ကြပါပြီ။ ထိုဘုရားတို့သည် ဘုရား မဟုတ် ၊ လူ လက် ဖြင့်လုပ် သော သစ်သား နှင့် ကျောက် ဖြစ်သောကြောင့် ၊ ပျက်စီး ခြင်းသို့ ရောက်ကြပါပြီ။ ၂၀ အိုအကျွန်ုပ် တို့ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် ထာဝရဘုရား တပါး သာ၊ ဘုရားသခင်ဖြစ်တော်မူ သည်ကို မြေကြီး ပေါ်မှာရှိသမျှ သော တိုင်း နိုင်ငံတို့သည် သိ မည်အကြောင်း ၊ အကျွန်ုပ် တို့ကို ထိုမင်း လက် မှ ယခု ကယ်ယူတော်မူပါ၊ အကျွန်ုပ်တောင်းပန်ပါသည်ဟု ပဌနာ ပြုလေ၏။ ၂၁ ထိုအခါ အာမုတ် သား ဟေရှာယ သည် ဟေဇကိ မင်းထံသို့ စေလွှတ် ၍၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် အာရှုရိ ရှင်ဘုရင် သနာခရိပ် အကြောင်း ကြောင့်၊ ငါ့ ရှေ့မှာ ပဌနာ ပြုသည် ဖြစ်၍၊ ၂၂ ထိုမင်း၏အမှုမှာ ထာဝရဘုရား မိန့် တော်မူသော စကား ဟူမူကား ၊ ဇိအုန် သတို့သမီး ကညာ သည် သင့် ကို မထီမဲ့မြင် ပြု၍ ပြက်ယယ် ၏။ ယေရုရှလင် သတို့သမီး သည် သင့် နောက် ၌ ခေါင်း ညှိတ် ၏။ ၂၃ သင်သည် အဘယ်သူ ကို ကဲ့ရဲ့ ဆဲရေး သနည်း။ အဘယ်သူ ကို အော်ဟစ် ၍ မျက်နှာ ထောင်လွှား သနည်း။ ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရားကို ပင် ပြုပါ သည်တကား။ ၂၄ သင် သည် ကျွန် များအားဖြင့် ထာဝရ ဘုရားကို ကဲ့ရဲ့ ၍ ၊ ငါ သည် ရထား များပြား သဖြင့် တောင် ထိပ် သို့ ၎င်း၊ လေဗနုန် တောင်အထွဋ် သို့ဂင်း တက် လာပြီ။ အရပ် မြင့် သောအာရဇ် ပင်နှင့် အကောင်း ဆုံးသော ထင်းရူး ပင် တို့ကို ငါခုတ်လှဲ ပြီ။ အမြင့် ဆုံးသောအရပ်၊ အသီး များ သောတော ထဲသို့ ငါဝင် ပြီ။ ၂၅ ငါ သည် တွင်း တူး၍ ရေ ကိုသောက်ရပြီ။ ငါ၏ ခြေ ဘဝါး အားဖြင့် အဲဂုတ္တု မြစ် လက်ကြား ရေရှိသမျှ ကို ခန်းခြောက် စေပြီဟု သင်ဆို မိပြီတကား။ ၂၆ ငါသည်အထက်က ဤအမှုကို စီရင်ကြောင်းနှင့်၊ ရှေး ကာလ၌ ပြုပြင် ကြောင်းကို သင်သည်မ ကြား သလော။ ယခုမှာလည်း သင်သည် ခိုင်ခံ့ သောမြို့ တို့ကို ဖျက်ဆီး ၍၊ ကျောက် ပုံ ဖြစ် စေသောသူဖြစ် မည် အကြောင်း ငါစီရင်ခန့်ထားလေပြီ။ ၂၇ ထိုကြောင့်၊ မြို့သား တို့သည် အား နည်း ကြ၏။ မှိုင်တွေ ၍ စိတ်ပျက်လျက်ရှိကြ၏။ တော မြက်ပင်နှင့် စိမ်း သောစပါးပင်ကဲ့သို့ဂင်း၊ အိမ်မိုး ပေါ်မှာ ပေါက်သော မြက်ပင် နှင့်၊ မကြီး မှီ ညှိုးနွမ်းသောစပါးပင်ကဲ့သို့ဂင်း ဖြစ်ကြ၏။ ၂၈ သင် ၏ နေထိုင် ခြင်း၊ ထွက် ဝင် ခြင်း၊ ငါ ၌ အမျက် ဟုန်းခြင်းတို့ကို ငါသိ ၏။ ၂၉ ငါ ၌ သင် ၏အမျက် ဟုန်းခြင်း၊ စော်ကားခြင်းကို ငါ ကြား ရသောကြောင့်၊ သင့်ကို နှာရှူတ် တပ် ၍ ဇက် ခွံပြီးမှ ၊ သင်လာသော လမ်း ဖြင့် ပြန် စေမည်။ ၃၀ သင်မှတ်ရသောနိမိတ် လက္ခဏာဟူမူကား၊ ယခုနှစ် တွင် အလိုလိုကြီး ရင့်သော အသီးအနှံကိုဂင်း၊ ဒုတိယ နှစ် တွင် ထိုအတူ ပေါက် သောအရာများကိုဂင်းသင်တို့သည် စား ရမည်။ တတိယ နှစ် တွင် မျိုးစေ့ကိုကြဲ ၍ စပါးကိုရိတ် ကြလော့။ စပျစ် ဥယျာဉ်ကိုလည်း စိုက် ၍ အသီး ကို စား ကြလော့။ ၃၁ ဘေးလွတ်၍ ကျန်

ကြွင်းသော ယုဒ အမျိုးသား တို့သည် တဖန်အောက် မှာ အမြစ် စွဲ ၍ ၊ အထက် မှာ အသီး သီး ကြလိမ့်မည်။ ၃၂ ကျန်ကြွင်းသောသူတို့သည် ယေရှုရှင် မြို့ထဲက ၎င်း၊ ဘေး လွတ်သောသူတို့သည် ဇိအုန် တောင် ပေါ်က ၎င်း ပေါ် လာကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် အလိုတော်အားကြီး ၍၊ ထို အမှုကို စီရင် တော်မူလိမ့်မည်။ ၃၃ သို့ ဖြစ်၍၊ ထာဝရဘုရား သည် အာရှုရိ ရှင် ဘုရင်ကို ရည်မှတ် ၍ မိန့် တော်မူသည်ကား ၊ သူသည် ဤ မြို့ သို့ မ ဝင် ရ။ မြို့ထဲသို့ မြား ကို မ ပစ် ရ။ မြို့ ရှေ့မှာ ဒိုင်း လွှားကို မ ပြ ရ။ မြို့ပြင်မှာ မြေရိုး ကို မ ဖို့ ရ။ ၃၄ လာ သော လမ်း ဖြင့် ပြန် သွားရမည်။ ဤ မြို့ ထဲသို့ မ ဝင် ရ။ ၃၅ ငါသည် ကိုယ် မျက်နှာ ကိုငဲ့၊ ငါ့ကျွန် ဒါဝိဒ် ၏ မျက်နှာ ကိုငဲ့ ထောက်၍၊ ဤ မြို့ ကို ကယ်တင် ခြင်းငှါ စောင့်မ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၆ ထိုအခါ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ထွက် ၍ ၊ အာရှုရိ တပ် တွင် လူတသိန်း ရှစ် သောင်း ငါး ထောင် တို့ကို ဒဏ်ခတ် လေ၏။ နံနက် စောစောထ ချိန် ရောက်သောအခါ ၊ ထိုသူ အပေါင်း တို့သည် အသေ ကောင် ဖြစ်ကြ၏။ ၃၇ အာရှုရိ ရှင်ဘုရင် သနာခရိပ် သည်လည်း၊ ထိုအရပ် မှထွက် ၍ ပြန် သွားပြီးလျှင်၊ နိနေဝေ မြို့၌ နေ လေ ၏။ ၃၈ နောက် တဖန် သူ သည် မိမိ ဘုရား နိသရုတ် ၏ ဗိမာန် ၌ ကိုးကွယ် စဉ်တွင်၊ သား တော် အာဒြမ္မေလက် နှင့် ရှရေဇာ သည် ခမည်းတော် ကို ထား နှင့် သတ် ပြီးလျှင် ၊ အာရမနိ ပြည် သို့ ပြေး ကြ၏။ သား တော် ဧသရဟဒ္ဒန် သည်လည်း ၊ ခမည်းတော် အရာ ၌ နန်း ထိုင်၏။

၃၈ ထို ကာလ အခါ ဟေဇကိ မင်းသည် သေ နာ စွဲ သဖြင့် ၊ အာမုတ် သား ပရောဖက် ဟေရှာယ သည် လာ ၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ကိုယ် အိမ် အမှုကို စီရင် လော့။ သင် သည် အသက် မ ရှင်၊ သေ ရမည်ဟု အမိန့် တော်ကို ပြန် လေ၏။ ၂ ဟေဇကိ မင်းသည်လည်း ထရံ သို့ မျက်နှာ လှည့် ၍ ၊ အို ထာဝရဘုရား ၊ အကျွန်ုပ်သည် ရှေ့ တော်၌ သစ္စာ စောင့် လျက်၊ ၃ စုံလင် သော စိတ် နှလုံးနှင့် ကျင့်၍၊ နှစ်သက်တော်မူသည်အတိုင်း ပြု ကြောင်းကို အောက်မေ့ တော်မူ ပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု အလွန် ငိုကြွေး လျက်၊ ထာဝရဘုရား ကို ဆုတောင်း လေ၏။ ၄ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဟေရှာယ သို့ ရောက် ၍၊ ၅ သင်သည် ဟေဇကိမင်း ထံသို့ သွား ပြီးလျှင်၊ သင့် အဘ ဒါဝိဒ် ၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူ သည်ကား ၊ သင် ၏ ပဌနာ စကားကို ငါကြား ပြီ။ သင် ၏ မျက်ရည် ကိုလည်း ငါမြင် ပြီ။ သင် ၏ အသက် ၌ တဆယ် ငါး နှစ် ကို ငါ ဆက် ၍ ပေးမည်။ ၆ သင် နှင့် ဤ မြို့ ကို အာရှုရိ ရှင်ဘုရင် လက် မှ ငါ ကယ်လွှတ် မည်။ ဤ မြို့ ကို ငါ ကွယ်ကာ စောင့်မမည် အရာကို ပြော လော့ဟု မိန့် တော်မူ၏။ ၇ ဟေရှာယက၊ ထာဝရဘုရား အမိန့် တော်ရှိသည် အတိုင်း ပြု တော်မူမည်ဟု ထာဝရဘုရား သည် သင့် အား ပေး တော်မူသော လက္ခဏာ သက်သေဟူမူကား၊ ၈ ကြည့်ရှု လော့။ အာခတ် ၏နေတိုင်း နာရီပေါ် မှာ ရွှေ့သော အရိပ် ကို ဆယ်ချက်ပြန် စေမည်ဟု ဆို၏။ ဆိုသည်အတိုင်း ဆယ် ချက်ရွှေ့ပြီးသော အရိပ်သည် ဆယ် ချက်ပြန် လေ၏။ ၉ ယုဒ မင်းကြီး ဟေဇကိ သည် အနာ မှ ထမြောက် ၍ ရေးထားသော စာ ဟူမူကား၊ ၁၀ ငါ သည် ငြိမ်သက် စွာ နေစဉ်အခါ၊ မရဏာ နိုင်ငံတံခါး သို့ ဝင် ရပါသည်တကား။ ငါ ၌ ကြွင်း သော နှစ် များ ကို ငါ ရုံး ပြီဟု ငါဆို သတည်း။

(Sheol h7585) ၁၁ အသက်ရှင် သောသူတို့ ၏ နေရာ ၌ ၊ ထာဝရဘုရား ကို ငါမ မြင် ရ။ ငြိမ်း ရာအရပ်သား တို့နှင့် ပေါင်းဘော် ရသဖြင့်၊ နောက် တဖန် လူ တို့ကို မ မြင် ရ။ ၁၂ သိုးထိန်း တဲ ကဲ့သို့ ငါ နေသောအိမ် ကို နှုတ် ပယ် ၍၊ အခြားတပါးသို့ ဆောင်သွားပြီ။ ရက်ကန်းသည် ပြုသကဲ့သို့ ငါ့ အသက် သည် လိပ် လျက်ရှိ၍၊ ရက်ကန်း စင် မှ ငါ့ ကို ပယ် ဖြတ်တော်မူလိမ့်မည်။ တနေ့ခြင်းတွင် ငါ့ကို ဆုံး စေတော်မူလိမ့်မည်ဟု ငါဆို သတည်း။ ၁၃ ငါ့ အရိုး ရှိသမျှတို့ကို ချိုး တော်မူသည် ဖြစ်၍၊ ငါသည် ခြသေ့် ဟောက်သကဲ့သို့ နံနက် တိုင်အောင် မြည်ရ ၏။ တနေ့ခြင်းတွင် ငါ့ ကို ဆုံး စေတော်မူလိမ့်မည်ဟု ငါဆိုသတည်း။ ၁၄ ငါသည် တီတီတွတ် နှင့် ဇရက်ကဲ့သို့ မြည်၍ ချိုး ကဲ့သို့ ညည်း တွန်ရ၏။ ငါ့ မျက်စိ တို့သည် မျှော်ကြည့်၍ အား လျော့ကြပြီ။ အိုဘုရား ရှင်၊ ညှဉ်းဆဲခြင်းကို ခံရသောအကျွန်ုပ် ဘက်၌ နေ တော်မူပါ။ ၁၅ အဘယ်သို့ ငါပြော ရမည်နည်း။ ငါ့ အား ဂတိ ပေးတော်မူပြီ။ ဂတိတော်အတိုင်းလည်း ပြု တော်မူပြီ။ ငါ ၌ ကျန်ကြွင်းသော နှစ် စဉ်ကာလပတ်လုံး ၊ ငါ သည် စိတ် ဆင်းရဲ ခြင်းကို အောက်မေ့၍၊ ဖြည်းဖြည်းသွား ပါမည်။ ၁၆ အိုဘုရား ရှင်၊ ထိုသို့သောအားဖြင့် အသက်ရှင်ရပါ၏။ ထိုအရာ ရှိသမျှ တို့ ၌ အကျွန်ုပ် ဝိညာဉ် ၏ အသက် တည်ရပါ၏။ ကိုယ်တော်သည် အကျွန်ုပ် အနာ ရောဂါကို ငြိမ်းစေ ၍ ၊ အကျွန်ုပ် အသက်ကို ရှင် စေတော်မူ၏။ ၁၇ အကျွန်ုပ် ခံရသောဝေဒနာ သည် ငြိမ်းပါပြီ။ အကျွန်ုပ် ၏ ဝိညာဉ် ကို သနား ၍၊ ဖျက်ဆီးရာ တွင်း ထဲက နှုတ်ယူတော်မူပြီ။ အကျွန်ုပ် အပြစ် ရှိသမျှ တို့ကို နောက် တော်သို့ ပစ် လိုက်တော်မူပြီ။ ၁၈ အကယ်စင်စစ်မရဏာ နိုင်ငံသည် ဂုဏ်တော်ကို မ ချီးမွမ်း ရပါ။ သေ နေသောသူသည် ဂုဏ်တော်ကို ထောမနာသီချင်း မဆိုရပါ။ တွင်း ထဲသို့ ဆင်း သောသူသည် သစ္စာ တော်ကို မ မြော်လင့် ရပါ။ (Sheol h7585) ၁၉ အသက် ရှင်သောသူ၊ အသက် ရှင်သော သူသာ လျှင်၊ ယနေ့ အကျွန်ုပ် ပြုသကဲ့သို့ ၊ ဂုဏ်တော်ကို ချီးမွမ်း ရပါလိမ့်မည်။ အဘ သည် သား တို့အား သစ္စာ တော်ကို ဘော်ပြ ရပါလိမ့်မည်။ ၂၀ ထာဝရဘုရား သည် ငါ့ ကို ကယ်တင် တော်မူပြီ။ ထိုကြောင့်၊ ငါတို့သည် တသက် လုံး ဗိမာန် တော်၌ စောင်း တီး ၍ သီချင်းဆိုကြလိမ့်သတည်း။ ၂၁ ဟေရှာယ ကလည်း၊ သင်္ဘော် သဖန်းသီးအလုံး အထွေးကိုယူ၍ နယ် ပြီးမှ ၊ အနာ ကို အုံ ကြလော့။ ထိုသို့ ပြုလျှင် မင်းကြီးသည် သက်သာ ရလိမ့်မည်ဟု ဆို လေ၏။ ၂၂ ဟေဇကိ မင်းကလည်း၊ ငါသည် ဗိမာန် တော်သို့ တက် လိမ့်မည်ဆိုသော်၊ အဘယ် လက္ခဏာ သက်သေရှိ သနည်းဟုမေး ၏။

၃၉ ထို ကာလ အခါ ဗာလဒန် သား ၊ ဗာဗုလုန် မင်းကြီး မေရောဒပ္ပါလဒန် သည် ဟေဇကိမင်း နာ ၍ ၊ အနာ ပျောက်သည်ကို ကြား သောကြောင့် ၊ မေတ္တာစာ နှင့် လက်ဆောင် ပါလျက်၊ တမန်တို့ကို စေလွှတ် လေ၏။ ၂ ဟေဇကိ မင်းသည် သူ တို့ရောက်သောကြောင့်ဝမ်းမြောက် ၍ ၊ ရွှေတိုက် မှစသောရွှေ ၊ ငွေ ၊ နံ့သာ မျိုး၊ အဘိုးထိုက် သော နံ့သာ ဆီ၊ လက်နက် တိုက် နှင့် ဘဏ္ဍာ တော်အလုံးစုံ တို့ကို ပြ လေ၏။ နန်းတော် မှစ၍ နိုင်ငံ တော်အရပ်ရပ် ၌ မ ပြ သော အရာ တစုံတခုမျှ မ ရှိ။ ၃ ထိုအခါ ပရောဖက် ဟေရှာယ သည် ဟေဇကိ မင်းကြီး ထံ တော်သို့သွား ၍၊ ထိုသူတို့သည် အဘယ်သို့ ပြော ကြပါသနည်း။ အဘယ် ပြည်မှ အထံတော်သို့ လာ ကြပါသနည်းဟု မေး လျှောက်သော်၊ ဟေဇကိ မင်းက၊ ဝေး သောအရပ် ၊ ဗာဗုလုန် ပြည်မှ ရောက် လာကြသည်ဟု ပြန်ပြော ၏။ ၄ နန်းတော် ၌ အဘယ် အရာကို မြင်

ကြပြီနည်းဟုမေး ပြန်လျှင်၊ ဟေဇကိမင်း က၊ နန်းတော် ၌ ရှိသမျှ ကို မြင်ရကြပြီ။ ဘဏ္ဍာ တော်တွင် ငါမပြ သောအရာ တစုံတခုမျှ မ ရှိဟုပြန်ပြော ၏။ ၅ ထိုအခါ ဟေရှာယ က၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားထောင် လော့။ ၆ နန်းတော် ၌ ရှိသမျှ ကို ၎င်း၊ ယနေ့ တိုင်အောင် ဘိုးဘေး တို့သည် ဆည်းဖူး သမျှကို၎င်း၊ ဗာဗုလုန် မြို့သို့ ယူသွား ရသောကာလ သည် ရောက် လိမ့်မည်။ တစုံတခု မျှ မ ကျန် ကြွင်းရဟု ထာဝရဘုရား မိန့် တော်မူ၏။ ၇ သင် နှင့်နွယ်၍ရသောသင် ၏ သား မြေးတို့ကိုလည်း ယူ သွား၍ ၊ သူတို့သည် ဗာဗုလုန် ရှင်ဘုရင် ၏ နန်းတော် ၌ ၊ လူပျို တော်လုပ် ရကြလိမ့်မည်ဟု ဟေဇကိ မင်းအား ပြောဆို လေ၏။ ၈ ဟေဇကိ မင်းကလည်း ၊ သင်ပြန် ရသော ထာဝရဘုရား ၏ နှုတ်ကပတ် တော် ကောင်း ပါ၏ဟူ၍ငင်း၊ အကယ် စင်စစ်ငါ့ လက်ထက် ၌ ငြိမ်သက် ခြင်းနှင့် သစ္စာစောင့် ခြင်းရှိ ရလိမ့်မည်ဟူ၍ငင်း၊ ဟေရှာယ အား ဆို လေ ၏။

၄၀ သင် တို့၏ ဘုရား သခင်မိန့် တော်မူသည်ကား၊ ငါ ၏လူ တို့ကို နှစ်သိမ့် စေကြလော့။ နှစ်သိမ့် စေကြလော့။ ၂ စစ်မှု ကို ထမ်းရသောအချိန်စေ့ ပြီ။ သင်၏ အပြစ် လည်း ပြေရှင်း ပြီဟု ယေရုရှလင် မြို့အား နှစ်သိမ့်စေသော စကားကို ပြော ၍ ကြွေးကြော် ကြလော့။ အကြောင်း မူကား၊ ထာဝရဘုရား ၏ လက် တော်၌ မိမိ အပြစ်အတွက် နှစ်ဆ ခံ ရပြီ။ ၃ တော ၌ ဟစ်ကြော် သောသူ ၏အသံ မှာ၊ ထာဝရဘုရား ကြွတော်မူရာ လမ်း ကို ပြင် ကြလော့။ ငါ တို့ ဘုရား သခင် ၏ လမ်း ခရီးတော်ကို လွင်ပြင် ၌ ဖြောင့် စေ ကြလော့။ ၄ ချိုင့်ဝှမ်း ရာ ရှိသမျှ တို့ကို ဖို့ ရမည်။ တောင် ကြီး တောင် ငယ်ရှိသမျှတို့ကို ဖြို ရမည်။ ကောက် သော လမ်း များကို ဖြောင့် စေရမည်။ ကြမ်းတမ်း သော လမ်းများကိုလည်း သုတ်သင်ပြင်ဆင်ရမည်။ ၅ ထာဝရဘုရား ၏ ဘုန်း တော်ပေါ် ထွန်း ၍ ၊ လူ အပေါင်းတို့သည် အတူ မြင် ရကြလတံ့ဟု ထာဝရဘုရား ၏ နှုတ် တော်ထွက်အမိန့် တော်ရှိ၏။ ၆ တဖန် ထိုအသံ က၊ ဟစ်ကြော် လော့ဟု ဆို လျှင် ငါက၊ အဘယ် အရာကို ဟစ်ကြော် ရမည်နည်းဟုမေး သော်၊ လူမျိုး ရှိသမျှ သည် မြက်ပင် ဖြစ်၏။ လူမျိုး၏ ဘုန်း ရှိသမျှ သည်လည်း တော အပွင့် ကဲ့သို့ ဖြစ်၏။ ၇ ထာဝရဘုရား ၏ လေ တိုက် သောအခါ ၊ မြက်ပင် သည် ညှိုးနွမ်း သွေ့ခြောက်တတ်၏။ အပွင့် လည်း ကြွေ တတ်၏။ အကယ် စင်စစ်လူ တို့သည် မြက်ပင် ဖြစ်ကြ၏။ ၈ မြက်ပင် သည် ညှိုးနွမ်း သွေ့ခြောက်တတ်၏။ အပွင့် လည်း ကြွေ တတ်၏။ ထာဝရဘုရား ၏ နှုတ်ကပတ် တရားမူကား ၊ ကာလစဉ်အမြဲ တည် ၏ဟု ဆိုသတည်း။ ၉ ဇိအုန် တောင်သို့ ဝမ်းမြောက်စရာ သိတင်း ကို ဆောင်ခဲ့သောသူ၊ မြင့် သောတောင် ပေါ် သို့တက် လော့။ ယေရုရှလင် မြို့သို့ ဝမ်းမြောက် စရာ သိတင်းကို ဆောင်ခဲ့သောသူ၊ ကျယ်သောအသံ ကို လွှင့် လော့။ မ စိုးရိမ် ဘဲ အသံကို လွှင့် လော့။ သင် တို့၏ ဘုရား သခင်ကို ကြည့်ရှု ကြဟု ယုဒ မြို့ ရွာတို့အား ပြော လော့။ ၁၀ ကြည့်ရှု လော့။ အရှင် ထာဝရဘုရား သည်၊ ကြီး သော တန်ခိုး နှင့် ကြွလာ ၍ ၊ လက်ရုံး တော်အားဖြင့်အစိုးရ တော်မူလိမ့်မည်။ မိမိ ခံတော်မူထိုက်သောအခ မိမိ ၌ ပါလျှက်၊ ဆုလပ် တော်သည် ရှေ့ တော်၌ ရှိ၏။ ၁၁ မိမိ သိုးစု ကို သိုးထိန်း ကဲ့သို့ ကျွေးမွေး တော်မူ မည်။ သိုးသငယ် တို့ကို ချီ ၍ ပိုက် ပွေ့တော်မူမည်။ သားငယ် ရှိသောသိုးမတို့ကိုလည်း ဖြည်းညှင်းစွာ ပို့ဆောင် တော်မူမည်။ ၁၂ ရေ များကို လက် ဆွန်းဖြင့် ခြင် သောသူ၊ မိုဃ်း ကောင်းကင် ကို မိမိလက်ဖြင့် ထွာ သောသူ၊

မြေ မှုန့်ကို တင်းတောင်း ဖြင့် ချင့် တွက်သောသူ၊ တောင် ကြီးကို ချိန်ခွင် ဖြင့် ၎င်း၊ တောင် ငယ်ကို ကပ်ပယ် ဖြင့်၎င်း ချိန် သောသူကား အဘယ်သူ နည်း။ ၁၃ ထာဝရဘုရား ၏ ဝိညာဉ် ကို အဘယ်သူ စစ်ကြော သနည်း။ ထိုဘုရား နှင့် တိုင်ပင် ၍၊ အဘယ်သူသည် အကြံပေး သနည်း။ ၁၄ အဘယ်သူ နှင့် တိုင်ပင် တော်မူသနည်း။ ထိုဘုရား ကို အဘယ်သူသွန်သင် သနည်း။ ထိုဘုရားအား တရား လမ်း ကို ပြ သောသူ၊ ပညာ နည်း ကိုပေး သောသူ၊ ဉာဏ် လမ်း ကို ညွှန် သောသူကား အဘယ်သူနည်း။ ၁၅ လူ အမျိုးမျိုးတို့သည် ရေပုံး မှ ကျသော ရေစက် ကဲ့သို့ ဖြစ်၍ ၊ ချိန်ခွင် ၌ မြူမှုန် ကဲ့သို့ ထင်မှတ် စရာ ရှိ၏။ ကျွန်း တို့သည်လည်း၊ လွင့် တတ်သော အဏုမြူ ကဲ့သို့ ဖြစ်ကြ၏။ ၁၆ လေဗနုန် တောသည် မီး မွေးဘို့မ လောက်။ ထိုတော ၌ရှိသောတိရစ္ဆာန် တို့သည်လည်း၊ မီးရှို့ ရာ ယဇ် ဘို့မ လောက်။ ၁၇ ခပ်သိမ်း သော လူ အမျိုးမျိုးတို့သည် အဘယ်မျှ မဟုတ်သကဲ့သို့ ရှေ့ တော်၌ ဖြစ်ကြ၏။ အဘယ် မျှမဟုတ် သော အရာထက်သာ၍ငယ် သကဲ့သို့ငင်း၊ အနတ္တ ကဲ့သို့ငင်း မှတ် တော်မူ၏။ ၁၈ သို့ ဖြစ်၍၊ ဘုရား သခင်ကို အဘယ်သို့ ပုံ ပြရအံ့ နည်း။ ဘုရား သခင်နှင့် အဘယ် မည်သော ပုံ သဏ္ဌာန် တူသည်ဟု ဆိုရအံ့နည်း။ ၁၉ ပန်းတဉ်း သမားသည် ရုပ်တု ကို သွန်း ပြီးမှ ၊ ပန်းထိမ် သမားသည် ရွှေ နှင့် မွမ်းမံ ၍ ၊ ငွေ ကြိုးကိုလည်း လုပ် တတ်၏။ ၂၀ အဘိုးထိုက်သော အလှူ ကို မလှူနိုင်သောသူသည်၊ မ ဆွေးမြေ့ တတ်သော သစ်သား ကို ရွေးကောက် ပြီးမှ၊ မြဲမြံ သော ရုပ်တု ကို လုပ် စေခြင်းငှါ ၊ လိမ္မာ သော လက်သမား ကို ရှာ တတ်၏။ ၂၁ သင်တို့သည် မ သိ ကြသလော။ မ ကြား ကြသလော။ ရှေ့ဦး စွာမှစ၍ သင်တို့ အား မ ဘော် မပြသလော။ မြေကြီး တည် သည်အကြောင်းကို နား မ လည်ကြသလော။ ၂၂ မြေကြီး စက် အပေါ် မှာ ထိုင် ၍ ၊ မြေကြီး သား တို့ကို နှံကောင် ကဲ့သို့ မှတ်တော်မူထသော၊ မိုဃ်းကောင်းကင် ကို မျက်နှာကြက် ကဲ့သို့ ကြက် ၍ ၊ နေ စရာ တဲ ကဲ့သို့ ဖြန့် တော်မူထသော၊ ၂၃ မင်း တို့ကို ရှုတ်ချ ၍၊ မြေကြီး တရားသူကြီး တို့ကို အနတ္တ ကဲ့သို့ ဖြစ် စေတော်မူသောသူ ပေတည်း။ ၂၄ အကယ် စင်စစ်သူတို့ကို မ စိုက် မပျိုးရ။ အကယ် စင်စစ်သူတို့၏မျိုးစေ့ကို မ ကြဲ ရ။ အကယ် စင်စစ်သူ တို့ အပင် သည် မြေ ၌ အမြစ်မ စွဲ ရ။ သူ တို့အပေါ် မှာ မှုတ် တော်မူသဖြင့် ၊ သူတို့သည် ညှိုးနွမ်း သွေ့ခြောက်၍ ၊ လေ ဘွေသည် သူ တို့ကို ဖွဲ ကဲ့သို့ တိုက် လွှင့်လိမ့်မည်။ ၂၅ သို့ ဖြစ်၍၊ ငါ့ ကို အဘယ်သို့ ပုံ ပြရအံ့နည်း။ ငါသည် အဘယ်သူနှင့် တူ ရအံ့နည်းဟု သန့်ရှင်း သော ဘုရားမေး တော်မူ၏။ ၂၆ အထက်သို့ မျှော် ကြည့် ကြလော့။ ထို အရာတို့ကို အဘယ်သူ ဖန်ဆင်း သနည်း။ ထိုသူသည် သူ တို့အလုံး အရင်းကို အရေအတွက် အားဖြင့် ထုတ် ဆောင်တော်မူ၏။ အလုံးစုံ တို့ကို နာမည် ဖြင့် ခေါ် တော်မူ၏။ ခွန်အား ကြီး ၍ တန်ခိုး နှင့် ပြည့်စုံတော်မူသောကြောင့်၊ တစုံတခု မျှ မ ပေါ် ဘဲမနေရ။ ၂၇ အိုယာကုပ် အမျိုး၊ သင် သွားသော လမ်း ကို ထာဝရဘုရား သိ တော်မမူဟု အဘယ်ကြောင့်ပြော သနည်း။ အိုဣသရေလ အမျိုး၊ သင့် အမှု ကို သင် ၏ဘုရား သခင် မှတ် တော်မမူဟု၊ အဘယ်ကြောင့် ဆို ရသနည်း။ ၂၈ ထာဝရဘုရား သည် အစဉ် အမြဲတည် တော်မူသော ဘုရား သခင်ဖြစ်ကြောင်းကိုငင်း၊ မြေကြီး စွန်း တိုင်အောင် ဖန်ဆင်း တော်မူသောအရှင်ဖြစ်ကြောင်းကိုငင်း၊ မော တော်မူခြင်း၊ ပင်ပန်း တော်မူခြင်းမ ရှိ၊ စစ် ၍ မ ကုန်နိုင် သော ဉာဏ် နှင့် ပြည့်စုံတော်မူကြောင်းကိုငင်း၊ သင်သည်

မသိ မကြားဘူးသလော။ ၂၉ ထိုဘုရားသည် မော သောသူတို့အား ၊ ခွန်အား ကိုပေး တော်မူ၏။ နွမ်းနယ် သောသူတို့ အား ၊ အစွမ်း သတ္တိ နှင့် ပြည့်စုံ သော အခွင့်ကိုပေး တော်မူ၏။ ၃၀ လူပျို တို့သည် မော ၍ ပင်ပန်း ခြင်းသို့ ရောက်ကြ လိမ့်မည်။ လုလင် တို့သည်လည်း ထိမိ ၍ လဲ ကြလိမ့်မည်။ ၃၁ ထာဝရဘုရား ကို မြော်လင့် သောသူတို့မူကား ၊ အား ပြည့် ကြလိမ့်မည်။ ၍လင်းတ ကဲ့သို့ မိမိတို့ အတောင် ကို အသစ်ပြုပြင် ကြလိမ့်မည်။ ပြေး သော်လည်း မ ပင်ပန်း ၊ ခရီးသွား သောအခါ မ မော ရကြ။

၄၁ တကျွန်း တနိုင်ငံ အရပ်တို့၊ ငါ့ ရှေ့ မှာ ငြိမ်ဝပ် စွာ နေကြ။ လူအမျိုးမျိုးတို့၊ အား ဖြည့် ကြ။ ချဉ်းကပ် ၍ ပြော ကြ။ တရား တွေ့ ကြကုန်အံ့။ ၂ ဖြောင့်မတ် ခြင်းမင်္ဂလာ လိုက်တတ်သောသူကို အရှေ့ပြည်က ၊ အဘယ်သူ ပေါ် လာစေသနည်း။ လူ အမျိုးမျိုးတို့ကို သူ ၌ အပ် ၍ ၊ ရှင်ဘုရင် တို့ကို အုပ်စိုးစေခြင်းငှါ၊ အဘယ်သူစီရင်သနည်း။ ရန်သူတို့ကို သူ ၏ထား ရှေ့မှာ မြေမှုန့် ကဲ့သို့ ၎င်း၊ သူ ၏လေး ရှေ့မှာ လွင့် သောဖွဲ ကဲ့သို့ ၎င်း အဘယ်သူဖြစ် စေသနည်း။ ၃ ရန်သူ တို့ကို လိုက် ရ၏။ မိမိ ခြေ မ နင်း ဘူးသော လမ်း ဖြင့်၊ ဘေးမရှိ ၊ လွန်သွား ရ၏။ ၄ ထိုအမှုများကို စီရင်ဖန်ဆင်းလျက်၊ ရှေ့ဦးစွာမှ စ၍ လူမျိုး အစဉ်အဆက်တို့ကို ခေါ် သောသူသည် အဘယ် သူနည်းဟူမူကား၊ အဦး ဆုံးသောသူဖြစ် ၍၊ နောက်ဆုံး သောသူတို့ နှင့် ရှိသောငါ ထာဝရ ဘုရား ပေတည်း။ ၅ တကျွန်း တနိုင်ငံအရပ်တို့သည် မြင် ၍ ကြောက် ကြ၏။ မြေကြီး စွန်း သားတို့သည် ထိတ်လန့် သောစိတ် နှင့် ချဉ်းကပ် ၍ စုဝေး ကြ၏။ ၆ အိမ်နီးချင်းတယောက် ကို တယောက်မစ ၍ ၊ ညီအစ်ကို ချင်း တယောက်ကိုတယောက်၊ မ စိုးရိမ်နှင့်ဟု ဆို ကြ၏။ ၇ ထိုသို့ ပန်းတဉ်း သမားသည် ပန်းထိမ် သမားကို နှိုးဆော် တတ်၏။ သံတူ နှင့် ချော စေသောသူသည်၊ ပေ ပေါ် မှာ ရိုက် သော သူကိုလည်း နှိုးဆော်၍၊ ဂဟေ ကောင်း သည်ဟု ဆို တတ်၏။ ရုပ်တု ကို မ လှုပ်ရှား စေခြင်းငှါသံချွန် နှင့် ရိုက် ထားတတ်၏။ ၈ ငါ့ ကျွန် ဣသရေလ ၊ ငါရွေးချယ် သောသူ ယာကုပ် ၊ ငါ့ အဆွေ အာဗြဟံ ၏သား၊ ၉ မြေကြီး အစွန်းအနား မှ ငါလက်ဆွဲ ၍ ခေါ် သောသူ ၊ သင် သည် ငါ့ ကျွန် ဖြစ်၏ဟူ၍၎င်း၊ သင့် ကို ငါရွေးချယ် ပြီ၊ သင့် ကို မ ပစ် မပယ်ဟူ၍၎င်း၊ ဂတိကို ခံရသောသူ၊ ၁၀ မ စိုးရိမ် နှင့်။ ငါ သည် သင့် ဘက် မှာ ရှိ၏။ မကြောက်နှင့်။ သင် ၏ဘုရား သခင်ငါ သည် သင့် ကို ခိုင်ခံ့ စေမည်။ သင့် ကို စောင့်မ မည်။ ငါ့ သစ္စာ လက်ျာ လက်ဖြင့် ထောက် ပင့်မည်။ ၁၁ သင် ၌ အမျက် ထွက်သောသူတို့ သည် ရှက်ကြောက် ခြင်းနှင့် မျက်နှာပျက် ခြင်း ရှိကြလိမ့်မည်။ သင် ၌ ရန်ပြု သောသူ တို့ သည် အဘယ်မျှ မဟုတ်သကဲ့သို့ ဖြစ် ၍၊ ရှင်းရှင်းပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်။ ၁၂ သင် နှင့် ဆန့်ကျင် ဘက်ပြုသောသူ တို့ ကို သင် သည် ရှာ ၍ မ တွေ့ ရ။ သင့် ကို စစ်တိုက် သောသူ တို့ သည် အဘယ် မျှ မဟုတ်သကဲ့သို့ ၎င်း၊ အနတ္တ သက်သက်ကဲ့သို့ ၎င်း ဖြစ် ကြလိမ့်မည်။ ၁၃ အကြောင်း မူကား၊ သင် ၏ဘုရား သခင်ထာဝရဘုရား က၊ မ စိုးရိမ် နှင့်။ ငါ မစ မည်ဟု သင့် အား ဆို လျက်၊ သင် ၏လက်ျာ လက်ကို ကိုင် မည်။ ၁၄ အိုတီကောင် ယာကုပ် ၊ အမျိုး ငယ် ဣသရေလ ၊ မ စိုးရိမ် နှင့်။ ငါ သည် သင့် ကို မစ သောသူဖြစ် ၏။ သင့် ကို ရွေးနှုတ် သောသူသည်၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရားဖြစ်သည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ ငါ သည်

သင့်ကို အသွား ရှိ သောစပါးနယ်စရာ ယန္တရား စက် အသစ် ဖြစ် စေမည်။ သင်သည် တောင် ကြီး တို့ကို နယ်၍ ညက် စေမည်။ တောင် ငယ်တို့ကို ဖွဲ ကဲ့သို့ ဖြစ် စေမည်။ ၁၆ သူ တို့ကို လေ့ ၍ ၊ လေ သည် သူ တို့ကို တိုက် သွား လိမ့်မည်။ မုန်တိုင်း လွှင့် လိမ့်မည်။ သင် မူကား ထာဝရဘုရား ၌ ဝမ်းမြောက် လိမ့်မည်။ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရား၌ ဝါကြွား လိမ့်မည်။ ၁၇ ဆင်းရဲ သောသူနှင့် ငတ်မွတ် သောသူတို့ သည် ရေ ကိုရှာ ၍ မ တွေ့၊ ရေငတ် ၍ လျှာ သွေ့ ခြောက်သောအခါ၊ ငါ ထာဝရဘုရား သည် သူ တို့ စကားကို နားထောင် မည်။ ဣသရေလ အမျိုး၏ ဘုရား သခင်ဖြစ်သော ငါသည် သူ တို့ကို မ စွန့်။ ၁၈ မြင့် သောအရပ်တို့ ၌ မြစ် ကိုငင်း၊ နိမ့် သော အရပ်တို့ ၌ စမ်းရေ ကိုငင်း ငါပေါက် စေမည်။ တော အရပ် ၌ ရေ ကန် များကိုငင်း ၊ သွေ့ ခြောက်သောအရပ် ၌ စမ်းရေ တွင်း များကိုငင်းငါ ဖြစ်စေမည်။ ၁၉ တော ၌ အာရဇ် ပင်၊ အကာရှ ပင်၊ မုရတ ပင်၊ သံလွင် ပင် များကိုငင်း၊ လွင်ပြင် ၌ ထင်းရူး ပင်၊ တဒေရ ပင်၊ တာရှရ ပင်များကိုငင်းရောနှော လျက် စိုက် မည်။ ၂၀ သို့ ဖြစ်၍၊ ထာဝရဘုရား သည် ဤအမှုကို စီရင် ၍၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရားဖန်ဆင်း တော်မူကြောင်းကို ၊ ထိုသူအပေါင်းတို့သည် သိ မြင် ၍ ၊ ဆင်ခြင် နားလည် ကြလိမ့်မည်။ ၂၁ သင် တို့၏ အမှု ကို စောင့် ကြလော့ဟု ထာဝရဘုရား မိန့် တော်မူ၏။ သင် တို့၏ခိုင်ခံ့သော သက်သေ များ ကို ထုတ် ပြကြလော့ဟု ယာကုပ် အမျိုး၏ ရှင်ဘုရင် မိန့် တော်မူ၏။ ၂၂ ထုတ် ဘော်၍ အနာဂတ်အရာတို့ကို ငါ တို့အား ပြ ကြစေ။ အရင် ဖြစ် ဘူးသော အရာတို့သည် အဘယ်သို့ ဖြစ်သည်ကို ငါ တို့ ဆင်ခြင် ၍ ၊ ထိုအရာ တို့၏ အဆုံး ကို သိ ရမည်အကြောင်း ဘော် ပြကြစေ။ သို့မဟုတ် ၊ ဖြစ် လတံ့ သောအရာတို့ကို ငါ တို့အား ဟော ပြောကြစေ။ ၂၃ သင် တို့သည် ဘုရား ဖြစ်သည်ကို ငါတို့ သိ ရမည် အကြောင်း ၊ ဖြစ် လတံ့သော အရာတို့ကို ပြ ကြလော့။ အချင်းချင်းတယောက်ကိုတယောက်ကြည့်ရှုတွေ့မြင်မည်အကြောင်း၊ ကောင်း သောအမှု၊ ဆိုး သောအမှု တစုံတခုကို ပြုကြလော့။ ၂၄ သင် တို့သည် အဘယ် မျှမဟုတ်သော အရာ ထက်သာ၍ယုတ်မာ ကြ၏။ သင် တို့အမှု လည်း ၊ အဘယ်မျှ မဟုတ်သော အမှုထက်သာ၍ယုတ်မာ ၏။ သင် တို့ကို ရွေး ယူသောသူသည် ရွံရှာ ဘွယ် ဖြစ်၏။ ၂၅ မြောက် မျက်နှာ၌ လူတယောက်ကို ငါပေါ်ထွန်း စေ၍ ၊ သူသည် လာလိမ့်မည်။ နေ ထွက် ရာမှ လာ ၍ ငါ့ နာမ ကို ပဌနာ ပြုလိမ့်မည်။ အိုးထိန်း သမားသည် အိုးမြေ ကို နင်း သကဲ့သို့ ၊ ထိုသူသည် မင်း တို့ကို အိုးမြေ အမှတ်နှင့် ကျော်နင်း လိမ့်မည်။ ၂၆ ငါတို့သည် သိ ရမည်အကြောင်း ၊ ရှေ့ဦး စွာမှစ၍ အဘယ်သူ သည် ဟော ပြောသနည်း။ မှန် ပေ၏ဟု ငါတို့ သည် ဆို ရမည်အကြောင်း ၊ ရှေးမဆွ က အဘယ်သူသည် ဟောပြောသနည်း။ ဘော်ပြ သော သူတယောက်မျှမ ရှိ။ ဟော ပြောသော သူတယောက်မျှမ ရှိ။ သင် တို့စကား ကို ကြား သောသူတယောက်မျှမ ရှိ။ ၂၇ ဤမည်သောအမှုတို့သည် ဖြစ်ကြလိမ့်မည်ဟု ရှေး ဦးစွာ ငါသည် ဇိအုန် မြို့အား ပြော၏။ ဝမ်းမြောက်စရာ သိတင်း ကို ကြားပြောသော တမန်ကိုလည်း ၊ ယေရုရှလင် မြို့သို့ ငါစေလွှတ် ၏။ ၂၈ သူတို့ကို ငါကြည့် ရှုသောအခါ ၊ တစုံ တယောက်မျှ မ ရှိ။ သူ တို့တွင် သတိပေး သော သူတယောက်မျှမ ရှိ။ ပြန်ပြော စေခြင်းငှါ သူ တို့ကို ငါမေးမြန်း

သော်လည်း၊ ၂၉ သူ တို့သည် အကြွင်းမဲ့အနတ္တ ဖြစ်ကြ၏။ သူ တို့ အမှု များလည်း၊ အဘယ်မျှမဟုတ်။ သူတို့သွန်းသော ရုပ်တု တို့လည်း အတ္တမရှိ၊ လေ သက်သက်ဖြစ်ကြ၏။

၆၂ ငါထောက်မ သော ငါ့ ကျွန် ရင်း၊ ငါ နှစ်သက် မြတ်နိုးရာ ငါ ရွေးချယ် သောသူ ကို ကြည့်ရှု လော့။ ထိုသူ ၏အပေါ် ၌ ငါ့ ဝိညာဉ် ကို ငါတည် စေမည်။ သူသည် လူ အမျိုးမျိုးတို့ကို တရား ပေး လိမ့်မည်။ ၂ အော်ဟစ် ခြင်း၊ ကြွေးကြော် ခြင်းကို မ ပြုမူ၍ ၊ လမ်း ခရီး၌ သူ ၏အသံ ကို အဘယ်သူမျှမ ကြား စေရ။ ၃ နင်းနယ် လျက်ရှိသောကျူပင် ကို မ ချိုး။ အတောက် သေးသော မီးစာ ကို မ သတ်။ တရား သည် မြဲမြံ ခြင်းသို့ ရောက်မည်အကြောင်းစီရင် လိမ့်မည်။ ၄ မြေကြီး ပေါ် မှာ တရား တော်ကို မ တည် စေမှီတွင် အား မ လျော့၊ စိတ် လည်း မ ပျက်ရ။ သူ ၏တရား ကိုလည်း ၊ တကျွန်း တနိုင်ငံသားတို့သည် မြော်လင့် ကြလိမ့်မည်။ ၅ မိုဃ်းကောင်းကင် ကို ဖန်ဆင်း ၍ ကြက် တော်မူထသော၊ မြေကြီး နှင့် မြေကြီး ထဲက ဖြစ်သမျှတို့ကို ခင်းကျင်း တော်မူထသော၊ မြေကြီး ပေါ် မှာ ရှိသောသူ တို့ အား အသက် ကိုငင်း၊ မြေကြီး ကို ကျော် နင်းသောသူတို့ အား ဝိညာဉ် ကိုငင်းပေး တော်မူသောဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ ၆ ငါ ထာဝရဘုရား သည် သင့် ကို တရား သဖြင့် ခေါ် ထားသည်ဖြစ်၍၊ လက် ဆွဲ လျက် ထောက်မ မည်။ ၇ သင်သည် ကန်း သောမျက်စိ တို့ကိုဖွင့် စိမ့်သောဌါ ၎င်း၊ ချုပ် ထားသောသူတို့ကို လွှတ် စိမ့်သောဌါ ၎င်း၊ မှောင်မိုက် ၌နေ သောသူတို့ကို အမိုက်ထောင် ထဲက နှုတ်ယူစိမ့်သောဌါဝင်း၊ သင့်ကို လူ များနှင့်ပဋိညာဉ်ဖွဲ့စရာ ဘို့ ၊ လူ အမျိုးမျိုးလင်းစရာ ဘို့ ခန့် ထားမည်။ ၈ ငါ သည် ထာဝရဘုရား ဖြစ်၏။ ထို နာမသည် ငါ့ နာမ ဖြစ်၏။ ငါ့ ဘုန်း ကို အခြား သောသူအား ၎င်း၊ ငါ့ အသရေ ကို ရုပ်တု ဆင်းတုတို့အား ၎င်း ငါမ ပေး။ ၉ အရင် ဟောသော အရာတို့သည် ဖြစ် ကြပြီ။ အသစ် သော အရာတို့ကို ယခု ငါ ဟော ၏။ မ ပေါ် လာမှီ သင် တို့အား ငါပြ နှင့်၏။ ၁၀ ပင်လယ် ကို ကူး သော သူမှစ၍၊ ပင်လယ် ၌ ရှိသမျှ တို့နှင့်တကွ၊ တကျွန်း တနိုင်ငံအရပ်များ၊ ထို အရပ်၌ နေ သောသူများတို့၊ ထာဝရဘုရား အား အသစ် သော သီချင်း ကိုဆို ကြလော့။ မြေကြီး စွန်း တို့မှ ဂုဏ်တော်ကို ချီးမွမ်း ကြလော့။ ၁၁ တော နှင့်တကွ တောင်၌ရှိသော မြို့ ရွာ၊ ကေဒါ အရပ်သား တို့သည် ကြွေးကြော် ကြစေ။ ကျောက် ၌ နေ သောသူတို့ သည် သီချင်းဆိုကြစေ။ တောင် ထိပ် ပေါ် က ကြွေးကြော် ကြစေ။ ၁၂ ထာဝရဘုရား ကို ချီးမြှောက် ၍ ၊ တကျွန်း တနိုင်ငံအရပ်တို့ ၌ ဂုဏ် တော်ကို ထင်ရှား စွာ ချီးမွမ်းကြစေ။ ၁၃ ထာဝရဘုရား သည် သူရဲ ကဲ့သို့ ထွက်ကြွ၍၊ စစ် သူရဲ ကဲ့သို့ ကိုယ်စိတ် ကို ကိုယ်နှိုးဆော် တော်မူလိမ့်မည်။ အော်ဟစ် ကြွေးကြော် ၍ ရန်သူ တို့တစ်ဘက် ၌ အားထုတ် တော်မူလိမ့်မည်။ ၁၄ ငါသည် ကြာမြင့် စွာ တိတ်ဆိတ် လျက်နေပြီ။ ထိုသို့နေ၍ အောင့် ရဉီးမည်လော။ သားဘွား ခြင်းဝေဒနာ ကို ခံရသောမိန်းမကဲ့သို့ ငါအော်ဟစ် မည်။ ပင့်သက်ရှူ၍ ချက်ခြင်းဖျက်ဆီး မည်။ ၁၅ တောင် ကြီးတောင် ငယ်များကို သွေ့ ခြောက်စေမည်။ သူ တို့အပင် ရှိသမျှ တို့ကိုလည်း ညှိုးနွမ်း စေမည်။ မြစ် များကို ကုန်း ဖြစ် စေမည်။ ရေကန် များကို ခန်းခြောက် စေမည်။ ၁၆ မျက်စိကန်း သောသူတို့ ကို မိမိတို့မ သိ သော လမ်း ဖြင့် ငါဆောင် မည်။ မိမိတို့ မ ကျွမ်း သော ခရီး ၌ သွား စေမည်။ သူ တို့ရှေ့ မှာ မှောင်မိုက် ကို လင်း စေ မည်။ ကောက်သော လမ်း ကိုလည်း ဖြောင့် စေမည်။ ထို သို့သော ကျေးဇူး ကို ပြု

မည်။ သူ တို့ကို မ စွန့်ပစ်။ ၁၇ ရုပ်တု ဆင်းတုကို ခိုလှုံ၍၊ ကိုယ်တော် သည် အကျွန်ုပ် တို့၏ ဘုရား ဖြစ်တော်မူ၏ဟု သွန်းသော ရုပ်တု တို့အား ဆို သောသူတို့ သည် လှန် ခြင်းကို ခံရ၍၊ အလွန် အရှက်ကွဲ ခြင်းသို့ ရောက်ကြလိမ့်မည်။ ၁၈ နားပင်း သောသူတို့၊ ကြား ကြလော့။ မျက်စိကန်း သောသူတို့၊ သင်တို့သည် မြင် ရအံ့သောငှါ ကြည့်ရှု ကြလော့။ ၁၉ ငါ့ ကျွန် မှတပါး အဘယ်သူ ကန်း သနည်း။ ငါစေလွှတ် သော တမန် ကဲ့သို့ အဘယ်သူသည် နားပင်း သနည်း။ ငါမိတ်ဆွေ ကဲ့သို့ အဘယ်သူ ကန်း သနည်း။ ထာဝရဘုရား ၏ ကျွန် ကဲ့သို့ အဘယ်သူကန်း သနည်း။ ၂၀ သင်သည် များ စွာမြင် သော်လည်း အာရုံ မ ပြု တတ်။ နား ပွင့် လျက်ရှိသော်လည်း မ ကြား တတ်။ ၂၁ ထာဝရဘုရား သည် မိမိ ဖြောင့်မတ် ခြင်းကြောင့် အားရ နှစ်သက်သဖြင့်၊ တရား တော်ကို ချီးမြှောက် ၍ ဂုဏ် အသရေနှင့် ပြည့်စုံစေတော်မူမည်။ ၂၂ ဤ လူမျိုး သည် လုယူ ဖျက်ဆီး ခြင်းကို ခံရသောအမျိုးဖြစ်၏။ ရှိသမျှ တို့သည် တွင်း၌ အချုပ် ခံရ၍၊ ထောင် ထဲမှာ ပုန်း ကွယ်လျက်နေကြ၏။ ဖျက်ဆီး ရာဖြစ် သောအခါ ၊ အဘယ်သူမျှမ နှုတ် မယူ။ လုယူ ရာဖြစ်သောအခါ ၊ ပြန် ပေးလော့ဟု အဘယ်သူမျှမ ဆို။ ၂၃ သင် တို့တွင် အဘယ်သူ သည် ဤ စကားကို နားထောင် မည်နည်း။ နောင် ကာလ၌ အဘယ်သူကြား ၍ မှတ် မည်နည်း။ ၂၄ လုယူ ရာဖြစ်စေခြင်းငှါ ယာကုပ် ကိုငင်း ၊ ထားပြ တို့ လက်သို့ ဣသရေလ ကိုငင်း အဘယ်သူ အပ် သနည်း။ ငါတို့ ပြစ်မှား သော အရှင်ထာဝရဘုရား အပ်တော်မူသည် မ ဟုတ်လော။ သူတို့သည် နောက် တော်သို့ မ လိုက် ၊ တရား တော်ကို မ ကျင့် ဘဲ နေကြ၏။ ၂၅ ထို့ကြောင့် ၊ ပြင်းစွာ သော အမျက် တော်ထွက် ခြင်း ကြမ်းတမ်း သော စစ်တိုက် ခြင်းကို သူ တို့အပေါ် သို့ သွန်းလောင်း တော်မူသဖြင့် ၊ သူတို့ပတ်လည် ၌ မီးရှို့ ၏။ သို့သော်လည်း ၊ သူတို့သည် မ သိ ကြ။ မီးလောင် သော်လည်း ၊ သတိ မ ထားဘဲ နေကြ၏။

၄၃ ယခု မူကား ၊ ငါ့ ကျွန် ယာကုပ် ၊ ငါရွေးကောက် သောသူ ဣသရေလ ၊ နားထောင် လော့။ ၂ သင့် ကို ဖန်ဆင်း တော်မူသောဘုရား၊ ဘွားစ ကပင် သင့် ကို ပြုပြင် ၍၊ နောင်၌လည်း မစ လတ္တံသော ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ့ ကျွန် ယာကုပ် ၊ ငါရွေးကောက် သောသူ ယေရှုရုန် ၊ မ စိုးရိမ် နှင့်။ ၃ အကြောင်း မူကား၊ ရေ ငတ်သော သူအပေါ် မှာ ရေ ကို ငါသွန်းလောင်း ၍၊ သွေ့ခြောက်သော မြေ ကို ရေလွှမ်းမိုး စေမည်။ သင် ၏ အမျိုး အပေါ် မှာ ငါ့ ဝိညာဉ် ကိုငင်း၊ သင် ၏အနွယ် အပေါ် မှာ ငါ့ ကောင်းကြီး မင်္ဂလာကို ငင်း ငါသွန်းလောင်း မည်။ ၄ သူတို့သည်လည်း ရေ မြောင်း အနား မှာ မိုဃ်းမခ ပင်ကဲ့သို့ ၊ မြက်ပင် ထဲ တွင် ပေါက် ကြလိမ့်မည်။ ၅ တယောက် က၊ ငါ သည် ထာဝရဘုရား ၏ လူဖြစ် သည်ဟု ဆို လိမ့်မည်။ တယောက် သည်လည်း ၊ ယာကုပ် အမည် ဖြင့် ကိုယ်ကိုကိုယ်မှည့် လိမ့်မည်။ တယောက် သည် လည်း ၊ ထာဝရဘုရား ၏ လူဟူ၍ မိမိ လက် တွင် စာ ထိုး လျက် ၊ ဣသရေလ အမည် သစ်ဖြင့် ကိုယ်ကိုကိုယ်မှည့် လိမ့်မည်။ ၆ ဣသရေလ အမျိုး၏ ရှင် ဘုရင်ထာဝရဘုရား ၊ ဣသရေလ အမျိုးကို ရွေးနှုတ် သော၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ သည် အဦး ဆုံးသောသူ၊ နောက် ဆုံးသောသူဖြစ်၏။ ငါမှတပါး အခြားသော ဘုရား သခင်မ ရှိ။ ၇ ရှေး လူမျိုး ကို ငါ ခန့် ထားသည်မှစ၍ ၊ ငါ ကဲ့သို့ အဘယ်သူ သည် ဤအမှုတို့ကို ငါ့ အဘို့ ခေါ် ၍ ထုတ် ဘော် စီရင် နိုင်မည်နည်း။ ဖြစ် ဆဲသောအမှုနှင့် ဖြစ် လတ္တံသော အမှုတို့ကို သူ တို့အား ဘော်

ပြကြစေ။ ၈ မ စိုးရိမ် ကြနှင့်။ မ ကြောက် ကြနှင့်။ အထက် က ငါဟော ပြောပြသသည်မ ဟုတ်လော။ သင် တို့သည် ငါ ၏ သက်သေ ဖြစ်ကြ၏။ ငါ မှတပါး အခြားသော ဘုရား သခင်ရှိ သလော။ ငါမှတပါး အခြားသော မူလအမြစ်မ ရှိ။ တစုံတဦးကိုမျှငါမ သိ။ ၉ ရုပ်တု ဆင်းတုကို လုပ် သောသူအပေါင်း တို့သည် အချည်းနှီး သက်သက်ဖြစ်ကြ၏။ သူ တို့နှမြော သောအရာ တို့သည် အကျိုး ကို မ ပေးနိုင်ကြ။ ငါတို့သည် မ မြင် တတ်၊ နား မလည်တတ်ဟု ရှက် စရာအကြောင်းကို ကိုယ်တိုင် သက်သေခံ ကြ၏။ ၁၀ ဘုရား ကို လုပ် သောသူ၊ အကျိုး မ ပေးနိုင်သော ရုပ်တု ဆင်းတုကို သွန်း သောသူကား အဘယ်သူ နည်း။ ၁၁ ထိုသူ ၏အပေါင်း အဘော်ရှိသမျှ တို့သည် ရှက် ကြလိမ့်မည်။ လုပ် သောသူတို့သည် လူ သက်သက် ဖြစ် ကြ၏။ ရှိသမျှ တို့သည် စုဝေး ၍ ထ ကြစေ။ တပြိုင်နက် ထိတ်လန့် ရှက် ကြောက်ကြလိမ့်မည်။ ၁၂ ပန်းပဲ သမားသည် ပုဆိန် ကိုလုပ် ခြင်းငှါမီးခဲ ၌ ဖုတ်၍ ၊ လက်ရုံး အား ထုတ်လျက် သံ တူနှင့် ထု တတ်၏။ အကယ်၍ မွတ်သိပ် သောအခါ အား လျော့ တတ်၏။ ရေ မ သောက် ရသောအခါ မော တတ်၏။ ၁၃ လက်သမား သည် မျဉ်း ခ လျက် စူး နှင့် မှတ်သား ၍၊ လက်သမား တန်ဆာနှင့် လုပ် ပြီးလျှင်၊ အိမ်၌နေစေ ခြင်းငှါကွန်ပါ နှင့် ရေးသား ၍ ၊ လူ အသရေ ပါ အောင် လူ ပုံ သဏ္ဌာန်နှင့်အညီ ထု လုပ်တတ်၏။ ၁၄ ကိုယ် အဘို့ အလိုငှါ အာရဇ ပင်တို့ကို ခုတ် ၍ ကုပရု ပင်၊ သပိတ် ပင်တို့ကို ရွေး ယူသဖြင့် ၊ တော ပင် အမျိုးမျိုး တို့ကို ဆည်းဖူး တတ်၏။ အာရဇ ပင်ကိုစိုက် ၍ မိုးယံရေ လည်း မွေး တတ်၏။ ၁၅ လူ သုံးရန် ထင်းဖြစ် ၏။ လူလည်း ယူ ၍ မီးလှုံ တတ်၏။ တဖန် မီးမွှေး ၍ မုန့် ကို ပေါင်း တတ်၏။ တဖန် ဘုရား ကိုလုပ် ၍ ကိုးကွယ် တတ်၏။ ရုပ်တု ကို ထုလုပ် ၍ ရုပ်တု ရှေ့မှာ ပြပ်ဝပ် တတ်၏။ ၁၆ ထိုသစ်သား တပိုင်း နှင့် မီးမွေး တတ်၏။ တပိုင်း နှင့် အမဲသား ကိုချက် ၍ စား တတ်၏။ ဖုတ်ကင်ပြီးမှ ဝ စွာ စား တတ်၏။ တဖန် မီးလှုံ ၍ အယ် ၊ ငါနွေး ပြီ။ မီး ကို တွေ့ ပြီဟု ဆို တတ်၏။ ၁၇ ကျန် သောအပိုင်းကိုလည်း ယူ၍ ရုပ်တု တည်း ဟူသောဘုရား ကို လုပ် တတ်၏။ ထိုရုပ်တု ရှေ့ မှာ ပြပ်ဝပ် ၍ ကိုးကွယ် တတ်၏။ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား ဖြစ်တော်မူ၏။ အကျွန်ုပ် ကို ကယ်တင် တော်မူပါ ဟူ၍ဆုတောင်း တတ်၏။ ၁၈ ထိုသို့သောသူသည်ပညာ မ ရှိ။ ဉာဏ် မ ရှိ။ မမြင် နိုင်အောင် မျက်စိ ကိုငင်း၊ နား မလည်နိုင်အောင် စိတ် နှလုံးကိုငင်းပိတ် ၏။ ၁၉ ငါသည် တပိုင်း နှင့် မီး မွေးပြီး။ မုန့် ကိုလည်း ထိုမီးခဲ ပေါ် မှာ ဖုတ် လေပြီ။ အမဲသား ကိုလည်း ကင် ၍ စား လေပြီ။ ကြွင်း သော အပိုင်းကို စက်ဆုပ် ရွံရှာဘွယ် ဖြစ် စေရမည်လော။ သစ်သား ရှေ့ မှာ ငါပြပ်ဝပ် ရမည် လောဟု စိတ် နှလုံးထဲမှာ အောက်မေ့ ဆင်ခြင်နိုင်သော ဉာဏ် ပညာ အလျှင်းမ ရှိပါတကား။ ၂၀ သူသည် မီးဖိုပြာ ကို ကျက်စား တတ်၏။ မိုက် သောစိတ် နှင့်လမ်းလွဲ ပြီ။ ထို့ကြောင့်၊ ကိုယ် ဝိညာဉ် ကို ကိုယ်မ ချွတ် နိုင်။ မိမိ လက်ျာ လက်၌ မိစ္ဆာဒိဋ္ဌိ ပါသလောဟု မ အောက်မေ့ နိုင်ပါတကား။ ၂၁ အိုယာကုပ် အမျိုး၊ ဤ အရာတို့ကို ဆင်ခြင် လော့။ အိုဣသရေလ အမျိုး၊ သင် သည် ငါ့ ကျွန် ဖြစ်၏။ သင့် ကို ငါဖန်ဆင်း သည်ဖြစ်၍၊ သင် သည် ငါ့ ကျွန် ဖြစ် ၏။ အိုဣသရေလ အမျိုး၊ သင့်ကို ငါ မ မေ့ မလျော့။ ၂၂ သင် ၏ဒုစရိုက် တို့ကို တိမ် တိုက်ကဲ့သို့ ၎င်း၊ သင် ၏ အပြစ် တို့ကို တိမ် လွှာကဲ့သို့ ၎င်း ငါချေ ပြီ။ ငါ့ ထံသို့ ပြန်လာ လော့။ သင့် ကိုငါ ရွေးနှုတ် ပြီ။ ၂၃ အိုမိုယံးကောင်းကင် တို့၊ သီချင်းဆို ကြလော့။

ထာဝရဘုရား ပြု တော်မူပြီ။ မြေကြီး အောက် အရပ်တို့၊ ကြွေးကြော် ကြလော့။ တောင် များ၊ တော နှင့်တကွသစ်ပင် များတို့၊ ကျူးဇ သောအသံကိုပေး ကြလော့။ ထာဝရဘုရား သည် ယာကုပ် ကို ရွေးနှုတ် တော်မူပြီ။ ဣသရေလ အားဖြင့် ဘုန်း ထင်ရှားတော်မူပြီ။ ၂၄ သင့် ကို ရွေးနှုတ် တော်မူ၍၊ ဘွားစကပင် သင့် ကို ပြုပြင် တော်မူသောထာဝရဘုရား မိန့် တော်မူသည်ကား ၊ မိုဃ်းကောင်းကင် ကို ငါ တပါး တည်း ကြက် လျက်၊ မြေကြီး ကို အဘော်မရှိဘဲ ခင်း လျက်၊ ခပ်သိမ်း သော အရာတို့ကို ဖန်ဆင်း သော ထာဝရဘုရား ဖြစ်၏။ ၂၅ ငါ သည် မိစ္ဆာ ဆရာတို့၏ ပုပ္ပ နိမိတ်များကို ပယ် ဖျောက်တတ်၏။ ဗေဒင် သမားတို့ကို ရူးသွပ် စေတတ် ၏။ ပညာရှိ တို့ကို လှန် ၍ သူ တို့၏ပညာ ကို မိုက် စေတတ် ၏။ ၂၆ ငါသည် ငါ့ ကျွန် ၏ စကား ကို တည် စေ၍ ၊ ငါ့ တမန် တို့ ဟော ပြောသည်အတိုင်း ပြု တတ်၏။ ယေရုရှလင် မြို့ ကို သင်သည် လူ နေရာဖြစ်လိမ့်မည်ဟူ၍ဆင်း၊ ယုဒ မြို့ တို့ကို သင်တို့သည် တည်ဆောက် လျက်ရှိကြလိမ့်မည်။ ပြို ပျက်ရာများကို ငါပြုပြင် မည်ဟူ၍ဆင်း ဆို ၏။ ၂၇ ပင်လယ် ကိုလည်း ရေ ကုန်စေ။ သင် ၏ မြစ် အပေါင်းကို ငါခန်း ခြောက်စေမည်ဟူ၍ဆင်း၊ ၂၈ ကုရုမင်း ကိုလည်း၊ သင်သည် ငါ့ သိုးထိန်း ဖြစ်၏။ ငါ့ အလို ရှိသမျှ ကို ပြည့်စုံ စေလျက် ၊ ယေရုရှလင် မြို့ တည်ဆောက် စေ၊ ဗိမာန် တော်တိုက်မြစ် ကျစေဟု စီရင် လိမ့်မည်ဟူ၍ဆင်း ငါဆို ၏။

၄၄ ယခု မူကား ၊ ငါ့ ကျွန် ယာကုပ် ၊ ငါရွေးကောက် သောသူ ဣသရေလ ၊ နားထောင် လော့။ ၂ သင့် ကို ဖန်ဆင်း တော်မူသောဘုရား၊ ဘွားစ ကပင် သင့် ကို ပြုပြင် ၍၊ နောင်၌လည်း မစ လတံ့သော ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ့ ကျွန် ယာကုပ် ၊ ငါရွေးကောက် သောသူ ယေရှုရုန် ၊ မ စိုးရိမ် နှင့်။ ၃ အကြောင်း မူကား၊ ရေ ငတ်သော သူအပေါ် မှာ ရေ ကို ငါသွန်းလောင်း ၍၊ သွေ့ခြောက်သော မြေ ကို ရေလွှမ်းမိုး စေမည်။ သင် ၏ အမျိုး အပေါ် မှာ ငါ့ ဝိညာဉ် ကိုငင်း၊ သင် ၏အနွယ် အပေါ် မှာ ငါ့ ကောင်းကြီး မင်္ဂလာကို ငင်း ငါသွန်းလောင်း မည်။ ၄ သူတို့သည်လည်း ရေ မြောင်း အနား မှာ မိုဃ်းမခ ပင်ကဲ့သို့ ၊ မြက်ပင် ထဲ တွင် ပေါက် ကြလိမ့်မည်။ ၅ တယောက် က၊ ငါ သည် ထာဝရဘုရား ၏ လူဖြစ် သည်ဟု ဆို လိမ့်မည်။ တယောက် သည်လည်း ၊ ယာကုပ် အမည် ဖြင့် ကိုယ်ကိုကိုယ်မှည့် လိမ့်မည်။ တယောက် သည် လည်း ၊ ထာဝရဘုရား ၏ လူဟူ၍ မိမိ လက် တွင် စာ ထိုး လျက် ၊ ဣသရေလ အမည် သစ်ဖြင့် ကိုယ်ကိုကိုယ်မှည့် လိမ့်မည်။ ၆ ဣသရေလ အမျိုး၏ ရှင် ဘုရင်ထာဝရဘုရား ၊ ဣသရေလ အမျိုးကို ရွေးနှုတ် သော၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ သည် အဦး ဆုံးသောသူ၊ နောက် ဆုံးသောသူဖြစ်၏။ ငါမှတပါး အခြားသော ဘုရား သခင်မ ရှိ။ ၇ ရှေး လူမျိုး ကို ငါ ခန့် ထားသည်မှစ၍ ၊ ငါ ကဲ့သို့ အဘယ်သူ သည် ဤအမှုတို့ကို ငါ့ အဘို့ ခေါ် ၍ ထုတ် ဘော် စီရင် နိုင်မည်နည်း။ ဖြစ် ဆဲသောအမှုနှင့် ဖြစ် လတံ့သော အမှုတို့ကို သူ တို့အား ဘော် ပြကြစေ။ ၈ မ စိုးရိမ် ကြနှင့်။ မ ကြောက် ကြနှင့်။ အထက် က ငါဟော ပြောပြသသည်မ ဟုတ်လော။ သင် တို့သည် ငါ ၏ သက်သေ ဖြစ်ကြ၏။ ငါ မှတပါး အခြားသော ဘုရား သခင်ရှိ သလော။ ငါမှတပါး အခြားသော မူလအမြစ်မ ရှိ။ တစုံတဦးကိုမျှငါမ သိ။ ၉ ရုပ်တု ဆင်းတုကို လုပ် သောသူအပေါင်း တို့သည် အချည်းနှီး သက်သက်ဖြစ်ကြ၏။ သူ တို့နှမြော သောအရာ တို့သည် အကျိုး ကို မ ပေးနိုင်ကြ။ ငါတို့သည် မ မြင် တတ်၊ နား မလည်တတ်ဟု ရှက်

စရာအကြောင်းကို ကိုယ်တိုင် သက်သေခံ ကြ၏။ ၁၀ ဘုရား ကို လုပ် သောသူ၊ အကျိုး မ ပေးနိုင်သော ရုပ်တု ဆင်းတုကို သွန်း သောသူကား အဘယ်သူ နည်း။ ၁၁ ထိုသူ ၏အပေါင်း အဘော်ရှိသမျှ တို့သည် ရှက် ကြလိမ့်မည်။ လုပ် သောသူတို့သည် လူ သက်သက် ဖြစ် ကြ၏။ ရှိသမျှ တို့သည် စုဝေး ၍ ထ ကြစေ။ တပြိုင်နက် ထိတ်လန့် ရှက် ကြောက်ကြလိမ့်မည်။ ၁၂ ပန်းပဲ သမားသည် ပုဆိန် ကိုလုပ် ခြင်းငှါမီးခဲ ၌ ဖုတ်၍ ၊ လက်ရုံး အား ထုတ်လျက် သံ တူနှင့် ထု တတ်၏။ အကယ်၍ မွတ်သိပ် သောအခါ အား လျော့ တတ်၏။ ရေ မ သောက် ရသောအခါ မော တတ်၏။ ၁၃ လက်သမား သည် မျဉ်း ခု လျက် စူး နှင့် မှတ်သား ၍၊ လက်သမား တန်ဆာနှင့် လုပ် ပြီးလျှင်၊ အိမ်၌နေစေ ခြင်းငှါကွန်ပါ နှင့် ရေးသား ၍ ၊ လူ အသရေ ပါ အောင် လူ ပုံ သဏ္ဌာန်နှင့်အညီ ထု လုပ်တတ်၏။ ၁၄ ကိုယ် အဘို့ အလိုငှါ အာရဇ ပင်တို့ကို ခုတ် ၍ ကုပရု ပင်၊ သပိတ် ပင်တို့ကို ရွေး ယူသဖြင့် ၊ တော ပင် အမျိုးမျိုး တို့ကို ဆည်းဖူး တတ်၏။ အာရဇ ပင်ကိုစိုက် ၍ မိုးယံးရေ လည်း မွေး တတ်၏။ ၁၅ လူ သုံးရန် ထင်းဖြစ် ၏။ လူလည်း ယူ ၍ မီးလှုံ တတ်၏။ တဖန် မီးမွှေး ၍ မုန့် ကို ပေါင်း တတ်၏။ တဖန် ဘုရား ကိုလုပ် ၍ ကိုးကွယ် တတ်၏။ ရုပ်တု ကို ထုလုပ် ၍ ရုပ်တု ရှေ့မှာ ပြပ်ဝပ် တတ်၏။ ၁၆ ထိုသစ်သား တပိုင်း နှင့် မီးမွေး တတ်၏။ တပိုင်း နှင့် အမဲသား ကိုချက် ၍ စား တတ်၏။ ဖုတ်ကင်ပြီးမှ ဝစွာ စား တတ်၏။ တဖန် မီးလှုံ ၍ အယ် ၊ ငါနွေး ပြီ။ မီး ကို တွေ့ပြီဟု ဆို တတ်၏။ ၁၇ ကျန် သောအပိုင်းကိုလည်း ယူ၍ ရုပ်တု တည်း ဟူသောဘုရား ကို လုပ် တတ်၏။ ထိုရုပ်တု ရှေ့မှာ ပြပ်ဝပ် ၍ ကိုးကွယ် တတ်၏။ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား ဖြစ်တော်မူ၏။ အကျွန်ုပ် ကို ကယ်တင် တော်မူပါ ဟူ၍ဆုတောင်း တတ်၏။ ၁၈ ထိုသို့သောသူသည်ပညာ မ ရှိ။ ဉာဏ် မ ရှိ။ မမြင် နိုင်အောင် မျက်စိ ကိုဝှင်း၊ နား မလည်နိုင်အောင် စိတ် နှလုံးကိုဝှင်းပိတ် ၏။ ၁၉ ငါသည် တပိုင်း နှင့် မီး မွေးပြီး။ မုန့် ကိုလည်း ထိုမီးခဲ ပေါ် မှာ ဖုတ် လေပြီ။ အမဲသား ကိုလည်း ကင် ၍ စား လေပြီ။ ကြွင်း သော အပိုင်းကို စက်ဆုပ် ရွံရှာဘွယ် ဖြစ် စေရမည်လော။ သစ်သား ရှေ့မှာ ငါပြပ်ဝပ် ရမည် လောဟု စိတ် နှလုံးထဲမှာ အောက်မေ့ ဆင်ခြင်နိုင်သော ဉာဏ် ပညာ အလျှင်းမ ရှိပါတကား။ ၂၀ သူသည် မီးဖိုပြာ ကို ကျက်စား တတ်၏။ မိုက် သောစိတ် နှင့်လမ်းလွဲ ပြီ။ ထို့ကြောင့်၊ ကိုယ် ဝိညာဉ် ကို ကိုယ်မ ချွတ် နိုင်။ မိမိ လက်ျာ လက်၌ မိစ္ဆာဒိဋ္ဌိ ပါသလောဟု မ အောက်မေ့ နိုင်ပါတကား။ ၂၁ အိုယာကုပ် အမျိုး၊ ဤ အရာတို့ကို ဆင်ခြင် လော့။ အိုဣသရေလ အမျိုး၊ သင် သည် ငါ့ ကျွန် ဖြစ်၏။ သင့် ကို ငါဖန်ဆင်း သည်ဖြစ်၍၊ သင် သည် ငါ့ ကျွန် ဖြစ် ၏။ အိုဣသရေလ အမျိုး၊ သင့်ကို ငါ မ မေ့ မလျော့။ ၂၂ သင် ၏ဒုစရိုက် တို့ကို တိမ် တိုက်ကဲ့သို့ ၎င်း၊ သင် ၏ အပြစ် တို့ကို တိမ် လွှာကဲ့သို့ ၎င်း ငါချေ ပြီ။ ငါ့ ထံသို့ ပြန်လာ လော့။ သင့် ကိုငါ ရွေးနှုတ် ပြီ။ ၂၃ အိုမိုယံးကောင်းကင် တို့၊ သီချင်းဆို ကြလော့။ ထာဝရဘုရား ပြု တော်မူပြီ။ မြေကြီး အောက် အရပ်တို့၊ ကြွေးကြော် ကြလော့။ တောင် များ၊ တော နှင့်တကွသစ်ပင် များတို့၊ ကျူးဇ သောအသံကိုပေး ကြလော့။ ထာဝရဘုရား သည် ယာကုပ် ကို ရွေးနှုတ် တော်မူပြီ။ ဣသရေလ အားဖြင့် ဘုန်း ထင်ရှားတော်မူပြီ။ ၂၄ သင့် ကို ရွေးနှုတ် တော်မူ၍၊ ဘွားစကပင် သင့် ကို ပြုပြင် တော်မူသောထာဝရဘုရား မိန့် တော်မူသည်ကား ၊ မိုးယံးကောင်းကင် ကို ငါ တပါး တည်း ကြက် လျက်၊ မြေကြီး ကို အဘော်မရှိဘဲ ခင်း လျက်၊

ခပ်သိမ်း သော အရာတို့ကို ဖန်ဆင်း သော ထာဝရဘုရား ဖြစ်၏။ ၂၅ ငါ သည် မိစ္ဆာ ဆရာတို့၏ ပုပ္ပ နိမိတ်များကို ပယ် ဖျောက်တတ်၏။ ဗေဒင် သမားတို့ကို ရူးသွပ် စေတတ် ၏။ ပညာရှိ တို့ကို လှန် ၍ သူ တို့၏ပညာ ကို မိုက် စေတတ် ၏။ ၂၆ ငါသည် ငါ့ ကျွန် ၏ စကား ကို တည် စေ၍ ၊ ငါ့ တမန် တို့ ဟော ပြောသည်အတိုင်း ပြု တတ်၏။ ယေရုရှလင် မြို့ကို သင်သည် လူ နေရာဖြစ်လိမ့်မည်ဟူ၍ဎင်း၊ ယုဒ မြို့ တို့ကို သင်တို့သည် တည်ဆောက် လျက်ရှိကြလိမ့်မည်။ ပြို ပျက်ရာများကို ငါပြုပြင် မည်ဟူ၍ဎင်း ဆို ၏။ ၂၇ ပင်လယ် ကိုလည်း ရေ ကုန်စေ။ သင် ၏ မြစ် အပေါင်းကို ငါခန်း ခြောက်စေမည်ဟူ၍ဎင်း၊ ၂၈ ကုရုမင်း ကိုလည်း၊ သင်သည် ငါ့ သိုးထိန်း ဖြစ်၏။ ငါ့ အလို ရှိသမျှ ကို ပြည့်စုံ စေလျက် ၊ ယေရုရှလင် မြို့ တည်ဆောက် စေ၊ ဗိမာန် တော်တိုက်မြစ် ကျစေဟု စီရင် လိမ့်မည်ဟူ၍ဎင်း ငါဆို ၏။

၄၅ အကြင်သူ၏ရှေ့မှာ အပြည်ပြည် တို့ကို နှိမ့်ချ ၍၊ ရှင်ဘုရင် တို့ကို တန်ဆာ ချွတ် လျက်၊ အတွင်းတံခါး တို့ကို မ ပိတ် ရဘဲ၊ နှစ်ရွက်ရှိသောတံခါး တို့ကို ဖွင့် ခြင်းငှါ ၊ အကြင်သူ ၏ လက်ျာလက် ကို ငါထောက်မ ၏။ ထိုသူ တည်းဟူသောကုရုမင်း ၊ ထာဝရဘုရား ပေးတော်မူ၍ ဘိသိက် ခံသောမင်း အား မိန့် တော်မူသည်ကား၊ ၂ သင့် ရှေ့မှာ ငါ သွား ၍ မြင့် သောအရပ်ကို ညီ စေမည်။ ကြေးဝါ တံခါး တို့ကို ချိုး ၍ ၊ သံ ကန့်လန့် တို့ကို အပိုင်းပိုင်းဖြတ် မည်။ ၃ မှောင်မိုက် ၌ရှိသောဘဏ္ဍာ ၊ လုံခြုံ စွာ ဝှက်ထားသော ဥစ္စာ တို့ကို သင့် အား ငါပေး မည်။ သို့ ဖြစ်၍ ၊ ငါ သည် သင့် ကို နာမည် ဖြင့် ခေါ် သော ဣသရေလ အမျိုး၏ ဘုရား သခင်၊ ထာဝရ ဘုရား ဖြစ်တော်မူကြောင်းကို သင်သိ ရလိမ့်မည်။ ၄ ငါ့ ကျွန် ယာကုပ် ၊ ငါ ရွေးကောက် သောသူ ဣသရေလ အတွက် ၊ ငါသည် သင့် ကို နာမည် ဖြင့် ခေါ် ၏။ သင်သည် ငါ့ ကို မ သိ သော်လည်း ၊ သင် ၌ နာမည်သစ်ကို ထပ်၍ပေး ၏။ ၅ ငါ တပါးတည်းသာ ထာဝရဘုရား ဖြစ်၏။ ငါ မှတပါး အခြား သော ဘုရား သခင်မ ရှိ။ သင်သည် ငါ့ ကို မ သိ သော်လည်း ၊ သင် ၏ခါးကို ငါစည်း ၏။ ၆ သို့ ဖြစ်၍ငါ မှတပါး အခြား သော ဘုရားမ ရှိ၊ ငါ တပါးတည်းသာ ထာဝရဘုရား ဖြစ်ကြောင်း ကို၊ နေ ထွက် ရာအရပ်သားနှင့် အနောက် မျက်နှာသားတို့ သည် သိ ရကြလိမ့်မည်။ ၇ ငါသည် အလင်း ကိုလုပ် ၏။ အမိုက် ကိုလည်း ဖန်ဆင်း ၏။ ငြိမ်သက် ခြင်းကို ဖြစ် စေ၏။ အမင်္ကာ ကိုလည်း ဖန်ဆင်း ၏။ ခပ်သိမ်း သော အမှုအရာ တို့ကို ငါ ထာဝရဘုရား ပြု တော်မူ၏။ ၈ မိုဃ်းကောင်းကင် တို့၊ အထက် မှ ယို ကြလော့။ မိုဃ်းတိမ် တို့သည် တရား မိုဃ်းရွာ ကြစေ။ မြေကြီး သည် ပွင့် ၍ ကယ်တင် ခြင်းအသီးကို သီး စေ။ ဖြောင့်မတ် ခြင်း တရားသည် တပြိုင်နက် ပေါက် စေ။ ထိုသို့ငါ ထာဝရ ဘုရား ဖန်ဆင်း ၏။ ၉ အကြင်သူသည် မိမိကို ဖန်ဆင်း သော သူနှင့် ဆန့်ကျင် ဘက်ပြု၏၊ ထိုသူ သည် အမင်္ကာ ရှိ၏။ မြေ အိုးခြမ်း တို့တွင် အိုးခြမ်း ပါတကား။ အိုးမြေ က၊ သင်သည် အဘယ်သို့ သော အရာကို လုပ် သနည်းဟု အိုးထိန်း သမားကို ဆို ရမည်လော။ ငါ့ကို လုပ်သောသူ ၌ လက် မ ရှိ ဟု သင် လုပ် သော အရာကဆိုရမည်လော။ ၁၀ မိမိအဘ အား ၊ သင်သည် အဘယ်သို့ သော အရာကို ဖြစ်ဘွား စေသနည်းဟူ၍ဎင်း ၊ မိမိအမိ အား ၊ သင်သည် အဘယ်သို့ သော အရာကို မွေးဘွား သနည်းဟူ၍ ဎင်း ဆို သောသူသည် အမင်္ကာ ရှိ၏။ ၁၁ ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရား၊ ထိုအမျိုး ကို ဖန်ဆင်း သော ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင်တို့သည်ဖြစ် လတံ့သော

အမှုတို့ကို ငါ့ ထံ၌ မေးမြန်း ကြလော့။ ငါ့ သား တို့အတွက် ၊ ငါ့ ကိုယ်တိုင်ပြု သောအမှုအတွက်ကြောင့် ၊ ငါ့ ကို စီရင် ကြလော့။ ၁၂ မြေကြီး ကို ငါ လုပ် လေပြီ။ မြေကြီး ပေါ် မှာ လူ ကို လည်း ဖန်ဆင်း လေပြီ။ မိုဃ်းကောင်းကင် ကို ကိုယ် လက် နှင့် ငါ ကြက် လေပြီ။ မိုဃ်းကောင်းကင် တန်ဆာ အပေါင်း တို့ကို ငါခန့် ထားလေပြီ။ ၁၃ ထိုသူ ကိုလည်း တရား တော်အတိုင်း ငါ ပေါ် ထွန်း စေ၏။ သူ သွားသော လမ်း ကို ငါဖြောင့် စေမည်။ သူ သည် ငါ ၏မြို့ ကို တည် ဆောက်လိမ့်မည်။ သိမ်း သွား ချုပ်ထားခြင်းကို ခံရသောငါ ၏ လူတို့ကို သူသည် အဘိုး မ ခံ၊ ဆု မ ယူဘဲ လွှတ် လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အဲဂုတ္တု ပြည်၌ ဆည်းဖူး သောဥစ္စာ၊ ကုရှ ပြည်သား၊ အရပ် မြင့် သော သေဘ အမျိုးသား ပြုစုသော ကုန်သွယ် ဥစ္စာ သည် သင့် ဘက် သို့ ရောက် ၍ ၊ သင် ၏ ဥစ္စာဖြစ် ရလိမ့်မည်။ ထိုသူတို့သည် သင့် နောက် သို့ လိုက် ၍ သံကြိုး နှင့် ချည်နှောင် လျက် လမ်း၌ ရှောက် သွားကြလိမ့်မည်။ သင့် ရှေ့ မှာပြပ်ဝပ် ၍၊ အကယ် စင်စစ်ကိုယ်တော် ၌ ဘုရား သခင်ရှိ တော်မူ၏။ ထိုဘုရားမှတပါး အခြား သော ဘုရား သခင်မည်မျှမ ရှိပါဟူ၍ တောင်းပန် ကြလိမ့်မည်။ ၁၅ အိုဣသရေလ အမျိုး၏ဘုရား သခင်၊ ကယ်တင် တော်မူသောဘုရား၊ အကယ် စင်စစ်ကိုယ်တော် သည် ကိုယ်ကို ထင်ရှားစွာ ပြ တော်မမူသော ဘုရား သခင်ဖြစ်တော်မူ၏။ ၁၆ ရုပ်တု ကိုလုပ် သော သူအပေါင်းတို့သည် ရှက် ကြောက် ၍ မိန်းမော တွေဝေကြလိမ့်မည်။ အရှက် ကွဲ၍ တပြိုင်နက် ဆုတ် သွားကြလိမ့်မည်။ ၁၇ ဣသရေလ အမျိုးမူကား၊ ထာဝရဘုရား အားဖြင့် ထာဝရ ကယ်တင် ခြင်းသို့ ရောက်၍၊ သင်တို့သည် ရှက် ကြောက်ခြင်း၊ မှိုင်တွေ ခြင်းနှင့် ကမ္ဘာအဆက်ဆက် ကင်းလွတ် ကြလိမ့်မည်။ ၁၈ မိုဃ်းကောင်းကင် ကို ဖန်ဆင်း တော်မူသောထာဝရဘုရား ၊ မြေကြီး ကို ပြုပြင် ဖန်ဆင်း ၍ အမြဲတည် စေတော်မူသောအရှင်၊ အချည်းနှီး ဖန်ဆင်း သည်မ ဟုတ်၊ သတ္တဝါနေ စရာဘို့ ဖန်ဆင်း တော်မူသောဘုရားသခင်မိန့် တော်မူသည်ကား ၊ ငါ သည် ထာဝရဘုရား ဖြစ်၏။ ငါမှတပါး အခြား သော ဘုရားမ ရှိ။ ၁၉ ငါသည် တိတ်ဆိတ် စွာ မ ဟော။ မြေကြီး ထဲမှာ မှောင်မိုက် သော အရပ် ၌မဟော။ သင်တို့သည် ကျေးဇူးမရှိဘဲ ငါ့ ကို ရှာ ကြလော့ဟု ယာကုပ် အမျိုး အား ငါမပြော။ ငါ သည် ဖြောင့်မတ် စွာ ပြော ၍ အတည့် အလင်းဟော တတ်သော ထာဝရဘုရား ဖြစ်၏။ ၂၀ သင်တို့သည် စည်းဝေး ၍ လာ ကြလော့။ အတိုင်း တိုင်းအပြည်ပြည်တို့မှ ဘေးလွတ် သောသူတို့၊ စည်းဝေး ကြလော့။ မိမိ ထုလုပ်သော သစ်သား ကို ဆောင်ရွက် သောသူ၊ မ ကယ်တင် နိုင်သော ဘုရား ကို ပဌနာ ပြုသောသူတို့ သည် ပညာ မ ရှိကြ။ ၂၁ သိတင်းကြား ပြောကြလော့။ လူများကို အနီး သို့ ခေါ် ခဲ့၍ တိုင်ပင် ကြစေ။ ဤ အမှုကို ရှေး ကာလမှစ၍ အဘယ်သူ ဘော်ပြ သနည်း။ အထက် က အဘယ်သူဟော ပြောသနည်း။ ငါ ထာဝရဘုရား ဟောပြောသည် မ ဟုတ်လော။ ငါ မှတပါး အခြား သော ဘုရား သခင်မ ရှိ။ ငါသည် ဖြောင့်မတ် သော ဘုရား ၊ ကယ်တင် သောဘုရား ဖြစ်၏။ ငါ မှတပါး အခြားသော ဘုရားမ ရှိ။ ၂၂ မြေကြီး စွန်း သား အပေါင်း တို့၊ ငါ့ ကို မျှော် ကြည့် ၍ ၊ ကယ်တင် ခြင်းကျေးဇူးကိုခံ ကြလော့။ ငါ သည် ဘုရား သခင် ဖြစ်၏။ ငါမှတပါး အခြား သော ဘုရားမ ရှိ။ ၂၃ ငါ့ ရှေ့၌ လူတိုင်း ဒူးထောက် ရမည်၊ လူတိုင်း မိမိ နှုတ် နှင့် သစ္စာခံ ရမည်ဟု ကိုယ်ကိုကိုယ် တိုင်တည်

၍ ငါကျိန်ဆိုသော တရား စကား သည် ငါ့ နှုတ် မှ ထွက် သည် ဖြစ်၍ ၊ မ ပြည့်စုံ ဘဲ မနေရ။ ၂၄ ထာဝရဘုရား အားဖြင့် သာ ဖြောင့်မတ် ခြင်းနှင့် အစွမ်း သတ္တိကို ရပါသည်ဟု လူတိုင်းလျှောက် ရမည်။ ကိုယ်တော် ကို မနာလို သော သူအပေါင်း တို့သည် အထံ တော်သို့ လာ ၍ ၊ ရှက်ကြောက် ခြင်းသို့ ရောက်ရကြ လိမ့်မည်။ ၂၅ ကျသရေလ အမျိုးသား အပေါင်း တို့သည် ထာဝရဘုရား အားဖြင့် ဖြောင့်မတ် ရာသို့ ရောက်၍ ဝါကြွား ကြ လိမ့်မည်။

၄၆ ဗေလ သည် ကျ ပြီ။ နေဗော သည် ကျိုးပဲ့ပြီ။ သူ တို့ ရုပ်တု တို့သည် အခြေလေးချောင်းရှိသောသားတိရစ္ဆာန် တို့ အပေါ် မှာ ရှိကြ၏။ သင် တို့ထမ်း ဘူးသော ဝန်ကို တင်၍၊ ပင်ပန်း သော တိရစ္ဆာန် တို့သည် ထမ်း ရကြ၏။ ၂ သူတို့သည် ကျိုးပဲ့လျက်၊ အတူ လဲ လျက်နေ၍၊ မိမိ တို့ ထမ်းရသောဝန် ကို မ ကယ်တင် နိုင် ဘဲ၊ ကိုယ်တိုင်သိမ်း သွားခြင်းကိုခံ ရကြသည်တကား။ ၃ အိုယာကုပ် အမျိုးသား တို့၊ ငါ့ စကားကို နားထောင် ကြလော့။ ကျန် ကြွင်းသော ကျသရေလ အမျိုးသား အပေါင်း တို့၊ ဘွား စ ကပင်သင်တို့ကို ငါထမ်း လေပြီ။ အမိ ဝမ်း ထဲမှစ၍ ငါဆောင်ရွက် လေပြီ။ ၄ သင်တို့အသက် ကြီး၍ ဆံပင် ဖြူသည်တိုင်အောင် ၊ ငါ သည် ထိုသို့သောသူ ဖြစ် ၍ ၊ သင်တို့ကို ဆောင်ရွက် မည်။ ငါပြု ခဲ့ပြီးသည်အတိုင်း ထမ်း ဦးမည်။ ဆောင်ရွက် ၍ ကယ်တင် မည်။ ၅ သင်တို့သည် ငါ့ ကို အဘယ် သူနှင့် ပုံပြ ကြမည် နည်း။ အဘယ်သူနှင့် တူ စေကြမည်နည်း။ တူ အောင် အဘယ်သူနှင့် ခိုင်းနှိုင်း ကြမည်နည်း။ ၆ ရွှေ ကို အိတ် ထဲက များစွာထုတ် လျက် ၊ ငွေ ကို လည်း ချိန်ခွင် နှင့် ချိန် လျက်၊ ပန်းတိန် သမားကို ငှါး ၍ ဘုရား ကို လုပ် စေပြီးမှ၊ ပြပ်ဝပ် ကိုးကွယ် ကြသည်တကား။ ၇ ထို ဘုရားကို ပခုံး ပေါ် မှာ ထမ်း ၍ ဆောင် သွားသဖြင့် သူ နေရာ ၌ ထား ကြ၏။ သူသည်လည်း မတ်တတ် နေ၏။ သူ ၏နေရာ မှ သူမ ရွေ့ နိုင်။ သူ့ ကို အော်ဟစ် သော်လည်း ၊ သူသည် မ ထူး။ ဒုက္ခ ဆင်းရဲထဲက မ ကယ် မနှုတ်နိုင်။ ၈ အိုဖောက်ပြန် သောသူတို့၊ ဤ အမှုကို အောက်မေ့ ၍ ယောကျ်ားဂုဏ်ကို ပြ ကြလော့။ သတိနှင့် ဆင်ခြင်ကြလော့။ ၉ ရှေး ကာလ၌ ဖြစ်ဘူးသော အမှု အရာတို့ကို အောက်မေ့ ကြလော့။ ငါ သည် ဘုရား သခင် ဖြစ်၏။ ငါ မှတပါး အခြား သော ဘုရား မ ရှိ။ ၁၀ အဦး မှစ၍ အဆုံး တိုင်အောင်ငင်း၊ ရှေး ကာလမှ စ၍မ ဖြစ် သေးသော အမှုအရာတို့ကိုငင်းဘော်ပြ လျက် ၊ ငါ့ အကြံ တည် လိမ့်မည်။ ငါ့ အလို ရှိသမျှ ကို ငါပြည့်စုံ စေမည် ဟု ဆို လျက်၊ ၁၁ ဝေး သောအရပ် ၊ အရှေ့မျက်နှာမှ ငါ၏လက်ထောက် တည်းဟူသောဒှက်ရဲ့ ကို ခေါ် လျက်၊ ငါသည် ဘုရားသခင်ဖြစ်၏။ ငါနှင့်တူသောသူ မည်မျှမရှိ။ ငါသည် နှုတ်ထွက် အတိုင်း ပြု မည်။ ကြံ သည်အတိုင်း စီရင် မည်။ ၁၂ စိတ် ခိုင်မာ ၍ ဖြောင့်မတ် ခြင်း တရားနှင့် ဝေး သောသူတို့၊ ငါ့ စကားကို နားထောင် ကြလော့။ ၁၃ ငါ ၏ဖြောင့်မတ် ခြင်းတရားကို အနီးသို့ ငါဆောင် ခဲ့မည်။ အဝေး ၌မ နေရ။ ငါ ၏ကယ်တင် ခြင်း ကျေးဇူးလည်း မ ဖင့်ဆွဲ ရ။ ဇိအုန် တောင်ပေါ် မှာငါ၏ ကယ်တင် ခြင်း ကျေးဇူးကိုငင်း၊ ကျသရေလ အမျိုး၌ ငါ့ ဘုန်း ကိုငင်းငါထား မည်။

၄၇ အိုဗာဗုလုန် သတို့သမီး ကညာ ၊ ဆင်း ၍ မြေမှုန့် ၌ထိုင် လော့။ အိုခါလဒဲ သတို့သမီး ၊ ရာဇ ပလ္လင်မ ရှိဘဲ မြေ ပေါ် မှာ ထိုင် လော့။ သင့် ကို နူးညံ့ သိမ်မွေ့ သောသူ ဟူ၍နောက် တဖန်မ ခေါ် ရ။ ၂ ကြိတ်ဆုံ ကို ယူ ၍ စပါး ကို

ကြိတ် လော့။ မျက်နှာဖုံး ကို ဖွင့် လော့။ ရှည်သော အင်္ကျီ ကို ချွတ် လော့။ ပေါင် အဝတ်ကိုပင့် ၍ မြစ် ကို ကူး လော့။ ၃ သင် သည် အဝတ်အချည်းစည်း ရှိ၍ ၊ အရှက် ကွဲ ခြင်းကိုခံရမည်။ ငါသည် အပြစ်ဒဏ် ကိုပေး မည်။ အဘယ်သူ နှင့်မျှ မိသဟာယ မ ဖွဲ့။ ၄ ငါ တို့ကို ရွေးနှုတ် သောသူကား၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရားတည်းဟူသောတွဲ့ နာမရှိတော်မူ၏။ ၅ အိုခါလဒဲ သတို့သမီး ၊ တိတ်ဆိတ် စွာ ထိုင် လော့။ မိုက် ရာသို့ သွား လော့။ သင့်ကို နိုင်ငံ တို့၏ အရှင် မ ဟူ၍နောက် တဖန် မ ခေါ် ရ။ ၆ ငါသည် ငါ ၏လူ တို့ကို အမျက်ထွက် သောကြောင့်၊ ငါ ၏ အမွေ ကို ရွံတ်ချ ၍ သင့် လက် သို့ အပ် လိုက် ၏။ သင်သည် သနား သောစိတ် မ ရှိ။ အသက်ကြီး သူတို့ အပေါ် မှာ လေးသော ထမ်းဘိုး ကို တင် လေပြီ။ ၇ သင် ကလည်း၊ ငါသည် အရှင်မ ၏အရာ၌ အစဉ်အမြဲ နေ မည်ဟု ထင် သောကြောင့်၊ ဤ အမှုအရာတို့ကို မ ဆင်ခြင်။ သင် ၌ နောက်ဆုံး ဖြစ်လတ့ံသော အမှုကို မ အောက်မေ့။ ၈ ထိုကြောင့် ၊ ကာမဂုဏ် ၌ ပျော်မွေ့၍၊ သောက ကင်းလွတ်လျက်နေ သောသူ၊ ငါရှိ၏။ ငါ မှတပါး အဘယ်သူမျှမရှိ။ ငါသည် မုတ်ဆိုးမ ကဲ့သို့ထိုင်၍ မ နေ ရ။ သား ဆုံး ခြင်းကို ငါမ ခံရဟု အောက်မေ့ သောသူ၊ နားထောင် လော့။ ၉ သင်သည် ပြုစား သော အတတ်နှင့် နတ် ဝိဇ္ဇာ အတတ်များတို့ကို အလွန် ပြုစု သော်လည်း ၊ တနေ့ တခဏခြင်း တွင် သား ဆုံးခြင်းနှင့် လင် ဆုံးခြင်းတည်းဟူသောဘေးနှစ် ပါးတို့သည် သင် ၌ ရောက် လိမ့်မည်။ သင် ၏ အပေါ် ၌ အကုန်အစင် သင့် ရောက်လိမ့်မည်။ ၁၀ သင် သည် ကိုယ် ပြုသောအဓမ္မ အမှုကို ကိုးစား ပြီ။ ငါ့ကို အဘယ်သူမျှမ မြင် ဟု ဆို ပြီ။ သင့် ဉာဏ် နှင့် သင့် ပညာ အတတ်သည်၊ သင် ၏စိတ် ကို မှောက်လှန် သည် ဖြစ်၍၊ သင်က ငါ ရှိ၏၊ ငါ မှတပါး အဘယ်သူမျှမရှိဟု အောက်မေ့ ပြီ။ ၁၁ ထို့ကြောင့်၊ အဆုံး မ ထင် သော ဘေးဥပဒ် သည် သင် ၏အပေါ် မှာ ရောက် လိမ့်မည်။ သင်သည် မ ဖြေ နိုင် သော အပြစ်ဒဏ် နှင့်ငင်း၊ မ မြော်လင့် နိုင်အောင် ချက်ခြင်း ဖျက်ဆီး ခြင်းနှင့်ငင်း တွေကြုံ ရလိမ့်မည်။ ၁၂ သင် သည် ငယ် သော အရွယ်မှစ၍ ၊ ကြိုးစား အားထုတ်သော နတ် ဝိဇ္ဇာအတတ်နှင့် ၊ ပြုစား သော အတတ်အမျိုးမျိုး တို့ကို အမှီပြု ၍ တည် နေလော့။ အကျိုး ကို ရကောင်းလျှင် ရ လိမ့်မည်။ နိုင်ကောင်းလျှင် နိုင် လိမ့်မည်။ ၁၃ သင် သည် များပြား သော တိုင်ပင် ခြင်းအားဖြင့် ပင်ပန်း လှပြီ။ မိုဃ်းကောင်းကင် ကို ကြည့်ရှု သောသူ၊ ကြယ် နက္ခတ်တို့ကို မှတ် သောသူ၊ သင် ၌ ဖြစ် လတ့ံသော အမှုကို၊ လ ၏အခြင်းအရာအားဖြင့် ဟော တတ်သောသူတို့ သည် ထ ၍ သင့် ကို ယခု ကယ်တင် ကြစေ။ ၁၄ သူတို့သည် အမှိုက် ကဲ့သို့ ဖြစ် ၍မီးရှို့ ခြင်းကိုခံရကြလိမ့်မည်။ မီး အရှိန် မှ မိမိ တို့ကို မကယ် မနှုတ်ရကြ။ နွေး စရာဘို့ မီး တခဲမျှ၊ လှုံ စရာဘို့ မီး အလျှင်းမျှ မ ကျန်ရစ်ရ။ ၁၅ သင်နှင့် ဝိုင်းညီ၍ အမှုဆောင်ရွက်သောသူ၊ သင် ငယ် သော အရွယ်မှစ၍ သင် နှင့် ဖောက်ကား ရောင်းဝယ်သောသူတို့သည် သင် ၌ ထိုသို့ ဖြစ် ကြ၍၊ ကိုယ်စီ ကိုယ်စီမိမိနေရာ အရပ်သို့ လွှဲ သွားသဖြင့်၊ သင့် ကို ကယ်တင် သောသူတစုံတယောက်မျှ မ ရှိရ။

၄၈ အို ယာကုပ် အမျိုး ၊ ဣသရေလ ဟူ၍ သမုတ် ခြင်း ကိုခံ သောသူ၊ ယုဒ စမ်းရေ တွင်းမှ ထွက် စီးသောသူ၊ ထာဝရဘုရား ၏ နာမ တော်အားဖြင့် ကျိန်ဆို သောသူ၊ သစ္စာ မ ရှိ၊ တရား နှင့် မ ညီဘဲ ဣသရေလ အမျိုး၏ ဘုရား

သခင် ကို ချီးမွမ်း သောသူ၊ ၂ သန့်ရှင်း သော မြို့ တော်အလိုက် ၊ ကိုယ်ကိုကိုယ်သမုတ် သောသူ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား တည်းဟူသောဘွဲ့ နာမရှိသော ဣသရေလ အမျိုး ၏ ဘုရား သခင်ကို မှီခို သောသူတို့၊ နားထောင်ကြလော့။ ၃ ဖြစ်ဘူးသောအရာတို့ကို အထက် က သင်တို့အား ငါဟော လေပြီ။ ထိုအရာ တို့သည် ငါ့ နှုတ် မှ ထွက် ၍ ထင်ရှား ကြပြီ။ ချက်ခြင်း ငါပြု သောကြောင့် ဖြစ် ကြပြီ။ ၄ သင် သည် ခိုင်မာ သော သဘော ၊ သံ ချောင်း လည်ပင်း ၊ ကြေးဝါ နဖူး နှင့် ပြည့်စုံသည်ကို ငါ သိ သောကြောင့် ၊ ၅ အထက် က သင့် အား ငါဟော ပြီ။ အမှုမ ဖြစ် မီငါဘော်ပြ ပြီ။ သို့ ဖြစ်၍သင်က၊ ငါ ၏ရုပ်တု သည် ဤအမှု ကို ပြု ပြီ။ ငါ ထုသော ရုပ်တု ၊ ငါ သွန်းသော ရုပ်တု သည် ဤအမှု ကို စီရင်ပြီဟု ပြော ရသော အခွင့်မရှိ။ ၆ သင်သည် အရင်ကြား ရပြီ။ ဤအမှု အလုံးစုံ တို့ ကို ကြည့်ရှု လော့။ သူတပါးတို့အား မကြားမပြော ဘဲ နေမည်လော။ ယခု မှစ၍ အသစ် သောအရာ၊ ဝှက်ထား သောအရာ၊ သင်မ သိ သေးသော အရာ တို့ကို ငါဘော်ပြ ၏။ ၇ ထိုအရာတို့ကို ယခု ပင် ဖန်ဆင်း ၏။ အထက် က ဖန်ဆင်းသည်မ ဟုတ်။ ယနေ့ တိုင်အောင် သင်သည် မ ကြား စဖူး။ သို့ ဖြစ်၍သင်က၊ ငါသိ နှင့်ပြီဟု ပြော ရသော အခွင့်မရှိ။ ၈ အကယ် စင်စစ်သင်သည် မ ကြား မ သိ စဖူး။ သင် ၏ နား သည် အထက် က မ ပွင့်။ အကြောင်း မူကား၊ သင်သည် သစ္စာ ပျက်လိမ့်မည်။ ဘွား စကပင် သင့် ကို သူပုန် ဟူ၍သမုတ် ရလိမ့်မည်ကို ငါသိ ၏။ ၉ သို့သော်လည်း၊ သင့် ကို ရှင်းရှင်းမ ပယ် မဖြတ် ခြင်းငှါ ၊ ငါသည် ကိုယ်နာမ အတွက် ကိုယ် အမျက် ကို ချုပ်တည်း မည်။ ကိုယ် ဂုဏ် အသရေအတွက် သင် ၏အမှုၭ ငါသည်းခံ မည်။ ၁၀ ငါသည် သင့် ကို စစ် ခဲ့ပြီ။ သို့ သော်လည်း၊ ငွေ ကို စစ်သကဲ့သို့ မ ဟုတ်၊ ဒုက္ခ မိုက် ၌ သင့် ကို စုံစမ်း ခဲ့ပြီ။ ၁၁ ကိုယ် အတွက် ငါပြု ဦးမည်။ ငါ့နာမသည် ရှုပ်ချ ခြင်းကို အဘယ်ကြောင့် ခံရမည်နည်း။ ငါ့ ဂုဏ် အသရေကို သူတပါး အား ငါမ ပေး။ ၁၂ အိုယာကုပ် ၊ ငါ ခေါ် သော ဣသရေလ ၊ ငါ့ စကား ကို နားထောင် လော့။ ငါ သည် ဘုရား ဖြစ်၏။ ငါ သည် အဦး ဆုံးသောသူ၊ နောက် ဆုံးသောသူဖြစ် ၏။ ၁၃ အကယ်စင်စစ်ငါ့ လက် သည် မြေ ကြီးကို တည် လေပြီ။ ငါ့ လက်ျာ လက်သည် မိုယ်းကောင်းကင် ကို ကြက် လေပြီ။ ငါ ခေါ် ၍ သူ တို့သည် ချက်ခြင်း ပေါ် လာကြ၏။ ၁၄ ရှိသမျှ သော သင် တို့၊ စည်းဝေး ၍ နားထောင် ကြလော့။ ဤ အမှုအရာတို့ကို သင် တို့တွင် အဘယ်သူ သည် ရှေးမဆွက ဟော နှင့်သနည်း။ ထာဝရဘုရား ချစ် တော်မူသောသူသည် ဗာဗုလုန် မြို့၌ အလို တော်ကို ပြည့်စုံ စေမည်။ သူ ၏ လက် သည်လည်း ၊ ခါလဒဲ လူတို့အပေါ် သို့ ရောက်လိမ့်မည်။ ၁၅ ငါ့ ကိုယ်တိုင် အမိန့် တော်ရှိပြီ။ အကယ်စင်စစ်သူ့ ကို ငါခေါ် ပြီ။ ငါဆောင် ခဲ့ပြီ။ သူ သွားသောလမ်း ၌ မင်္ဂလာ ရှိရလိမ့်မည်။ ၁၆ ငါ့ ထံသို့ ချဉ်းကပ် ၍ ဤ စကားကို နားထောင်ကြလော့။ ရှေ့ဦးစွာမှစ၍ တိတ်ဆိတ် စွာ မ ဟော။ အမှု ဖြစ် စကာလ ၌ ငါ ရှိ၏။ ယခု တွင် အရှင် ထာဝရဘုရား နှင့် ဝိညာဉ် တော်သည် ငါ့ ကို စေလွှတ် တော်မူ၏။ ၁၇ သင့် ကို ရွေးနှုတ် သောသူ၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ သည် သင် ၏အကျိုး နှင့်ယှဉ်သော အရာကို သွန်သင် ၍၊ သင်သွား အပ်သော လမ်း ဖြင့် ပို့ဆောင် သောသင် ၏ ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ၁၈ သင်သည် ငါ ၏ပညတ် တို့ကို စောင့်ရှောက် ပါစေ သော။ သို့ပြုလျှင် ၊ သင် ၏ချမ်းသာ သည် မြစ် ကဲ့သို့ ၎င်း ၊ သင် ၏ဖြောင့်မတ် ခြင်းပါရမီသည်

သမုဒ္ဒရာ လှိုင်း တံပိုးကဲ့သို့ ၎င်း ဖြစ် ရလိမ့်မည်။ ၁၉ သင် ၏ အမျိုး အနွယ်သည် သဲ လုံးကဲ့သို့ ၎င်း၊ သင် ၏သား မြေးတို့သည်၊ သမုဒ္ဒရာ ကျောက်စရစ် ကဲ့သို့ ၎င်း ဖြစ် ရကြလိမ့်မည်။ သင် ၏နာမ သည် ငါ့ ရှေ့မှာ မ ပြတ် ၊ မ ပျက် မစီးရ။ ၂၀ ဗာဗုလုန် မြို့ထဲက ထွက် ကြလော့။ ချွင်လန်း စွာ သီချင်းသံနှင့် ခါလဒဲ လူတို့နေရာမှ ပြေး ကြလော့။ ဤ သိတင်းစကားကို မြေကြီး စွန်း တိုင်အောင် ပြန်ပြော မြွက်ဆို ၍ အသံ ကို လွှင့်ကြလော့။ ထာဝရဘုရား သည် မိမိ ကျွန် ယာကုပ် ကို ရွေးနှုတ် တော်မူပြီဟုပြော ဆိုကြ လော့။ ၂၁ သူတို့သည် တော လမ်းဖြင့် ဆောင်သွား တော်မူခြင်း ကိုခံ သောအခါ ရေမ ငတ် ကြ။ သူ တို့အဘို့ ကျောက် ထဲက ရေ ကို စီး စေတော်မူ၏။ ကျောက်ခဲ ကိုပင် ခွဲ တော်မူသဖြင့် ၊ ရေ သည် စီး ထွက်လေ၏။ ၂၂ မတရား သောသူတို့ ၌ ချမ်းသာ မ ရှိဟု ထာဝရဘုရား မိန့် တော်မူ၏။

၄၉ တကျွန်း တနိုင်ငံအရပ်တို့၊ ငါ့ စကားကို ကြားကြလော့။ ဝေးစွာသော လူမျိုးတို့၊ စေ့စေ့နားထောင်ကြလော့။ ငါဘွားစကပင် ထာဝရဘုရားသည် ငါ့ကို ခေါ် တော်မူ၏။ အမိဝမ်းထဲမှစ၍ ငါ၏နာမကို မှတ်တော်မူ၏။ ၂ ငါ့ နှုတ် ကို ထက် သော ထား ကဲ့သို့ ဖြစ် စေ၍ ၊ လက် တော်အရိပ် ၌ ဖုံး ထားတော်မူ၏။ ငါ့ ကိုလည်း ဦးသစ် သော စည်းသွားဖြစ် စေ၍၊ မိမိ မြား ထောင့်ထဲမှာ ဝှက် ထားတော်မူ၏။ ၃ အိုဣသရေလ ၊ သင် သည် ငါ ၏ ကျွန် ဖြစ်၏။ သင့် အားဖြင့် ငါ့ဘုန်း သည် ထင်ရှားလိမ့်မည်ဟု ငါ့ အား မိန့် တော်မူပြီ။ ၄ ငါ ကလည်း၊ အကျိုး မရှိဘဲ ငါလုပ် ဆောင်ရပြီ။ အချည်းနှီး သက်သက်ငါ့ ခွန်အား ကုန် ရပြီ။ သို့သော်လည်း ၊ ငါ့ အမှု သည် ထာဝရဘုရား ရှေ့တော်၌ရှိ၏။ ငါ ခံရသောအခ လည်း ငါ၏ဘုရားသခင်လက်တော်၌ရှိသည်ဟု ဆို၏။ ၅ ငါသည် ထာဝရဘုရား ရှေ့ တော်၌ အသရေထင်ရှား ၍ ၊ ငါ ၏ဘုရား သခင်သည် ငါ့ ကို ခိုင်ခံ့ စေ တော်မူသည်အကြောင်းနှင့်တကွ၊ ဣသရေလ အမျိုးသည် အထံ တော်၌ စုဝေး စေခြင်းကို မခံသော်လည်း၊ ငါသည် ယာကုပ် အမျိုးကို အထံ တော်သို့ တဖန် ဆောင် ခဲ့ရသောကျွန် ဖြစ် စေမည်အကြောင်း၊ ငါ့ ကို အမိဝမ်း ထဲ မှစ၍ဖန်ဆင်း တော်မူသောထာဝရဘုရား မိန့် တော်မူသည် ကား၊ ၆ သင်သည် ယာကုပ် ၏ အမျိုးအနွယ် တို့ကို ချီးမြှောက် ခြင်း၊ ဘေးလွတ် သော ဣသရေလ သားတို့ကို အရင်းကဲ့သို့ ဖြစ်စေခြင်းအလိုငှါသာ၊ ငါ့အမှုကို ဆောင်ရွက် သောအမှုသည် သာမညအမှုဖြစ်၏။ ထိုအမှုမက၊ သင်သည် မြေကြီးစွန်းတိုင်အောင်ငါ ၏ ကယ်တင်ခြင်းကို ပြု စိမ့်သောငှါ ၊ သင့် ကို တပါးအမျိုးသား တို့ လင်း စရာဘို့ ငါခန့် ထားသည်ဟု မိန့် တော်မူ၏။ ၇ ဣသရေလ အမျိုးကို ရွေးနှုတ်တော်မူ၍၊ ထို အမျိုး၏ သန့်ရှင်း သော ထာဝရဘုရား သည်၊ အဘယ်သူမျှ မနှစ်သက် ၊ တပြည် လုံး ရွံရှာ ဘွယ်ဖြစ်၍၊ မင်း ထံ၌ ကျွန် ခံရသောသူအား မိန့် တော်မူသည်ကား ၊ သစ္စာ ရှိတော်မူ သော ထာဝရဘုရား ၊ သင့် ကို ရွေးကောက် တော်မူသောဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရား၏ ကျေးဇူးတော်ကြောင့် ၊ ရှင် ဘုရင်တို့သည် မြင် ၍ ထ ကြလိမ့်မည်။ မင်းသား တို့သည်လည်း ကိုးကွယ် ကြလိမ့်မည်။ ၈ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ နှစ်သက် ဘွယ်သော အချိန် ၌ သင် ၏စကားကို ငါနားထောင် ပြီ။ ကယ်တင် ရာကာလ ၌ သင့် ကို မစ ပြီ။ သင့် ကိုလည်း ငါ စောင့်ရှောက် ၍ ၊ သင်သည် ပြည် တော်ကို ပြုပြင် လျက်၊ ဆိတ်ညံ သော အမွေ ခံရာအရပ်တို့ကို အမွေ ပေးစေမည် အကြောင်း၊ ၉ ထွက် ကြလော့ဟု ချုပ်ထား သောသူတို့ အား ၎င်း၊ ပေါ် လာကြလော့ဟု မှောင်မိုက် ထဲမှာ နေသောသူ

တို့အား ၎င်း ပြော စေမည်အကြောင်း ၊ လူမျိုးအား ပဋိညာဉ်တရား ကို ပြုစရာတို့ သင့်ကို ခန့်ထားမည်။ သို့ ဖြစ်၍၊ ထိုသူတို့ သည် လမ်း ခရီးတို့အနား မှာ စား ရ၍ ၊ မြင့် သော အရပ်ရပ်တို့ ၌ ကျက်စား ရာကို တွေ့ရကြလိမ့်မည်။ ၁၀ သူတို့သည် ရေစာကို မ ငတ် မ မွတ် ရ။ အပူ ကို လည်း မ ခံ ရကြ။ နေ ရောင်ခြည်မထိရ။ အကြောင်း မူကား၊ သူ တို့ကို သနား သောသူသည် သူ တို့ကို ပို့ဆောင် ၍ ၊ စမ်း ရေ တွင်းအနား သို့ လမ်းပြ လိမ့်မည်။ ၁၁ ငါ ၏တောင် ရှိသမျှ တို့ကို သွားရာလမ်း ဖြစ်စေမည်။ ငါ ၏မြေတန်တား များကိုလည်း ငါဖို့ မည်။ ၁၂ ကြည့် ရှုလော့။ ဤ သူတို့သည် ဝေး သောအရပ်မှ လာ ကြလိမ့်မည်။ ကြည့် ရှုလော့။ ထို သူတို့သည် မြောက် မျက်နှာနှင့် အနောက် မျက်နှာမှ ၎င်း၊ ထို သူတို့သည်လည်း ၊ သိနိမ် ပြည် မှ ၎င်း လာကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၁၃ အို မိုဃ်းကောင်းကင် တို့၊ သီချင်းဆို ကြလော့။ အိုမြေကြီး ၊ ဝမ်းမြောက် ခြင်းရှိလော့။ အိုတောင် များတို့၊ ရွှင်လန်းစွာ သီချင်း ဆို ကြလော့။ အကြောင်း မူကား၊ ထာဝရဘုရား သည် မိမိ လူ တို့ကို နှစ်သိမ့် စေတော်မူ၏။ ဆင်းရဲ ခံရသောမိမိ လူတို့ကို ကယ်မသနား တော်မူ၏။ ၁၄ ဇိအုန် ကလည်း ၊ ထာဝရဘုရား သည် ငါ့ ကို စွန့်ပစ် တော်မူပြီ။ ဘုရား ရှင်သည် ငါ့ ကို မေ့လျော့ တော်မူပြီဟု ဆို လေသော်၊ ၁၅ မိန်းမ သည် မိမိဘွား သော သား ကို မသနား သည်တိုင်အောင်၊ မိမိ နို့စို့ သူငယ်ကို မေ့လျော့ နိုင်သလော။ အကယ်၍မေ့လျော့ သော်လည်း ၊ သင့် ကို ငါ မ မေ့လျော့။ ၁၆ ငါသည် ကိုယ်လက်ဝါး ၌ သင့် ကို စာထိုး ပြီ။ သင် ၏ မြို့ရိုး သည် ငါ့ ရှေ့ မှာ အစဉ် ရှိ၏။ ၁၇ သင် ၏သားသမီး တို့သည် အလျင်အမြန် ပြုကြ လိမ့်မည်။ သင့် ကို လုယူဖျက်ဆီး သောသူတို့ သည် သင့် ထံမှ ထွက်သွား ကြလိမ့်မည်။ ၁၈ အရပ်ရပ် သို့ မျှော် ကြည့်လော့။ ဤသူ အပေါင်း တို့သည် စုဝေး ၍ သင့် ထံသို့ လာ ကြ၏။ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက် ရှင်သည်ဖြစ်၍၊ သင် သည် တင့်တယ်သော အဝတ် ကို ဝတ် သကဲ့သို့ ၊ ဤသူ အပေါင်း တို့ကို ဝတ်လိမ့်မည်။ မင်္ဂလာဆောင်သတို့သမီး ပြုသည် နည်းတူ တန်ဆာဆင် လိမ့်မည်။ ၁၉ သင် ၌ သုတ်သင် ပယ်ရှင်းသော အရပ်၊ ပျက်စီး သော ပြည် သည် နေ သူများသောကြောင့် ကျဉ်း ကြ လိမ့်မည်။ သင့် ကို ကိုက်စား သောသူတို့ သည်လည်း ဝေး ကြ လိမ့်မည်။ ၂၀ သင်၏သားများဆုံးပြီးမှ၊ တဖန်ရပြန် သော သား တို့က၊ နေရာ မ လောက်ပါ။ နေ စရာ အရပ်ကိုပေး ပါ ဟု သင့် အား တောင်း ကြလေဦးမည်။ ၂၁ သင်ကလည်း ၊ ဤ သူတို့ကို ငါ့ အား အဘယ်သူ ဖြစ်ဘွား စေသနည်း။ ငါ သည် သား ဆုံးသောသူ၊ ဆိတ်ညံ လျက်နေရသောသူ၊ နှင်ထုတ် ခြင်းကိုခံ ရသဖြင့် ၊ အဝေးသို့ လည်ရသောသူဖြစ်၍ ၊ ဤ သူတို့ကို အဘယ်သူ မွေးစား သနည်း။ ငါ သည် တယောက် တည်း နေ ရသည်ဖြစ်၍၊ ဤ သူ တို့သည် အဘယ်မှာ ရှိကြသနည်းဟု အောက်မေ့ လိမ့်မည်။ ၂၂ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ကြည့် ရှုလော့။ ငါသည် အတိုင်းတိုင်းအပြည်ပြည်၌နေသော လူမျိုးတို့အား လက် ကို ချီ ၍ အလံ ကို ထူ သဖြင့် ၊ သူတို့သည် သင် ၏သားသမီး တို့ကို လက် နှင့် ပွေ့လျက်၊ ပခုံး ပေါ် မှာ ထမ်းလျက်ဆောင် ခဲ့ကြလိမ့်မည်။ ၂၃ ရှင် ဘုရင်တို့သည် သင် ၏ ဘထွေး ၊ မိဖုရား တို့ သည် သင့် ကို မွေးစား သော အမိဖြစ် ကြလိမ့်မည်။ သင့် ရှေ့ မှာ ဦးညွတ်ပြပ်ဝပ် ၍၊ သင် ၏ခြေ ၌ မြေမှုန့် ကို လျက် ကြလိမ့်မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်းကို ၎င်း၊ ငါ့ ကို မြော်လင့် သောသူတို့သည် ရှက်

ကြောက်ခြင်းမ ရှိ ကြောင်းကို ၎င်းသင်သိ လိမ့်မည်။ ၂၄ လုယူရာ ဥစ္စာကို အားကြီး သောသူ ၏ လက်မှ ယူ ရမည်လော။ တရား သော သူသိမ်း သွားသော လူတို့ကို နှုတ် ရမည်လော။ ၂၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အကယ် စင်စစ် အားကြီး သောသူ သိမ်း သွားသော လူတို့ကို ယူ ရမည်။ ကြောက်မက် ဘွယ်သောသူ လုယူရာဥစ္စာ ကို နှုတ် ရ လိမ့်မည်။ အကြောင်း မူကား၊ သင် နှင့် ရန်တွေ့ သောသူကို ငါ သည် ရန်တွေ့ ၍ ၊ သင် ၏သား တို့ကို ကယ်တင် မည်။ ၂၆ သင့် ကို ညှဉ်းဆဲ သောသူတို့ ကို သူ တို့၏အသား နှင့် ငါကျွေး မည်။ ချိုသော စပျစ်ရည် ကို သောက်သကဲ့သို့ ၊ သူတို့သည် မိမိ အသွေး ကိုဝစွာ သောက် ရကြမည်။ သို့ ဖြစ်၍ ၊ ငါ ထာဝရဘုရား သည် သင့် ကို ကယ်တင် သော အရှင်၊ သင့် ကို ရွေးနှုတ် သောသခင်၊ ယာကုပ် အမျိုးဌ် တန်ခိုးကြီး သော ဘုရားဖြစ်ကြောင်းကို လူ အပေါင်း တို့ သည် သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၅၀ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါလွှတ် လိုက်သော သင် တို့အမိ ၏ ဖြတ် စာ သည် အဘယ်မှာ ရှိသနည်း။ ငါ ဌ်ကြွေးရှိ၍ အဘယ် မည်သော ကြွေးရှင် ထံ ဌ် သင် တို့ကို ငါရောင်း သနည်း။ သင် တို့သည် ကိုယ်ပြု သော ဒုစရိုက် အတွက် ကျွန်ခံရကြ၏။ သင် တို့အပြစ် ကြောင့် ၊ သင် တို့အမိ ကို ငါလွှတ် လိုက်၏။ ၂ ငါလာ သောအခါ အဘယ်ကြောင့် လူ မ ရှိသနည်း။ ငါခေါ် သောအခါ အဘယ်ကြောင့်မ ထူး သနည်း။ ငါသည် မရွေး မနှုတ်နိုင်အောင် လက် တို သလော။ ကယ်ခွါတ် နိုင်သော တန်ခိုး မ ရှိသလော။ ကြည့်ရှု လော့။ ငါ ဆုံးမ သဖြင့် ပင်လယ် ရေသည် ခန်းခြောက် ၏။ မြစ် တို့ကို လွင်ပြင် ဖြစ် စေ၏။ ရေ မ ရှိသောကြောင့် ငါး တို့သည် နံ ကြ၏။ ရေငတ် ၍ သေ ကြ၏။ ၃ ငါသည် မိုဃ်းကောင်းကင် ကို နက် သော အဝတ် ဝတ် စေ၍ ၊ လျှော်တေ အဝတ်နှင့် ခြုံ ၏။ ၄ ငါသည် ပင်ပန်း သောသူအား မစ ခြင်းငှါ စကားပြောတတ်မည်အကြောင်း၊ အရှင် ထာဝရဘုရား သည် လူတတ်၏ နှုတ် သတ္တိကို ငါ့ အား ပေး တော်မူပြီ။ နံနက် အစဉ်အတိုင်းငါ့ ကို နှိုး တော်မူ၏။ စာ သင်သော သူကဲ့သို့ နားထောင် စေမည်အကြောင်း ငါ့နား ကို နှိုးဆော် တော်မူ၏။ ၅ အရှင် ထာဝရဘုရား သည် ငါ့ နား ကို ဖွင့် တော်မူ၍၊ ငါ လည်း မ ငြင်း မဆန်၊ နောက် သို့မ ဆုတ်၊ ၆ ရိုက် သောသူတို့ အား ငါ့ ကျော ကိုငင်း ၊ နားပန်းဆံကို နှုတ် သောသူတို့အား ၊ ငါ့ ပါး ကိုငင်းငါအပ် ၏။ အရှက်ခွဲ ခြင်းနှင့် တံထွေး ထွေးခြင်းမှ ငါသည် ကိုယ် မျက်နှာ ကိုမ လွှဲ။ ၇ အရှင် ထာဝရဘုရား သည် ငါ့ ကို စောင့်မ တော်မူလိမ့်မည်။ ထို့ကြောင့် ၊ ငါမ ရှုံး ရသည်ဖြစ်၍ ၊ ကိုယ် မျက်နှာ ကို မီးကျောက် ကဲ့သို့ ထား လျက်၊ ရှက်ကြောက်ခြင်းသို့ မ ရောက်ရဟု ငါသိ ၏။ ၈ ငါ့ ကို အပြစ်လွှတ် သောသူသည် အနီး မှာရှိ၏။ အဘယ်သူ သည် ငါ နှင့် တရား တွေ့မည်နည်း။ ပြိုင် ၍ နေကြကုန်အံ့။ အဘယ် သူသည် ငါ နှင့်ရန်ဘက် ပြုမည်နည်း။ ထိုသူသည် ချဉ်းကပ် စေ။ ၉ ကြည့်ရှု လော့။ အရှင် ထာဝရဘုရား သည် ငါ့ ကို စောင့်မ တော်မူမည်။ အဘယ်သူ သည် ငါ့ ကို တရား ရှုံးစေ မည်နည်း။ ထိုသို့သော သူ အပေါင်း တို့သည် အဝတ် ကဲ့သို့ ဟောင်းနွမ်း ခြင်းသို့ ရောက်ကြလိမ့်မည်။ ပိုး ကိုက်စား ခြင်း ကိုလည်း ခံရကြလိမ့်မည်။ ၁၀ သင် တို့တွင် အဘယ်သူ သည် ထာဝရဘုရား ကို ကြောက်ရွံ့ သနည်း။ ထိုသူသည် ကိုယ်တော် ကျွန် ၏ စကား သံကို နားထောင် ပါစေ။ အဘယ်သူ သည် အလင်း မ ရှိဘဲ မှောင်မိုက် ဌ်သွား လာသနည်း။

ထိုသူ သည် ထာဝရဘုရား ၏ နာမ တော်ကို ခိုလှုံ ၍ ၊ မိမိ ဘုရား သခင်ကို အမှီပြု ပါစေ။ ၁၁ မီး ကိုညှို ၍ မိမိတို့ကို မီးပွား တို့နှင့် ဝန်းရံ စေသော သူအပေါင်း တို့၊ သင် တို့မီး ၏အလင်း ၌ ၎င်း၊ သင်တို့ပြုစု သော မီးစ များ၌၎င်း သွား လာကြလော့။ ငါ့ လက် ၌ ခံရသော အကျိုးဟူမူကား၊ သင် တို့သည် ဝမ်းနည်း လျက် အိပ် ရကြလိမ့်မည်။

၅၁ ဖြောင့်မတ် ခြင်းတရားသို့ လိုက်၍ ထာဝရဘုရား ကို ရှာ သောသူတို့၊ ငါ့ စကားကို နားထောင် ကြလော့။ သင်တို့ကို ခုတ် ယူရာ ကျောက် နှင့် ၊ တူး ယူရာ တွင်း ဝကို ကြည့် ရှုကြလော့။ ၂ သင် တို့၏အဘ အာဗြဟံ နှင့် ၊ သင် တို့ကို ဘွား သော သူစာရာ တို့ကို ကြည့် ရှုကြလော့။ ငါသည် တ ယောက်တည်းသောသူ အာဗြဟံ ကို ခေါ် ၍ ၊ ကောင်းကြီး ပေးသဖြင့် များ ပြားစေ၏။ ၃ ထိုသို့နှင့်အညီ၊ ထာဝရဘုရား သည် ဇိအုန် မြို့ကို ချမ်းသာ ပေးတော်မူမည်။ သူ ၏ဆိတ်ညံ ရာအရပ် အလုံးစုံ တို့ကို ချမ်းသာပေးမည်။ သူ ၏တော ကို ဧဒင် အရပ်ကဲ့သို့ ၎င်း ၊ သူ ၏လွင်ပြင် ကို ထာဝရဘုရား ၏ဥယျာဉ် ကဲ့သို့ ၎င်း ဖြစ် စေတော်မူသဖြင့် ၊ ဇိအုန် မြို့သည် ဝမ်းမြောက် ရွှင်လန်း ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်း ခြင်း၊ သီချင်း ဆိုခြင်း နှင့် ပြည့်စုံ လိမ့်မည်။ ၄ ငါ ၏လူမျိုး ၊ ငါ့ လူစု တို့၊ ငါ့ စကားကို နားထောင် နာယူကြလော့။ ငါ့ ထံ မှ တရား ထွက် ၍ ငါ စီရင် ချက်သည် လူ များလင်း စရာဘို့ တည်ရလိမ့်မည်။ ၅ ငါ ၏ဖြောင့်မတ် ခြင်းတရားသည် အနီး မှာရှိ၏။ ငါ ၏ကယ်တင် ခြင်းတရားသည် ထွက်သွား ပြီ။ ငါ့ လက်ရုံး သည် လူ တို့တွင် တရား မှုကို စီရင်လိမ့်မည်။ တကျွန်း တနိုင်ငံသားတို့သည် ငါ့ကို မြော်လင့် ၍ ၊ ငါ့ လက်ရုံး ကို ကိုးစား ကြလိမ့်မည်။ ၆ မိုဃ်း ကောင်းကင်ကို မျှော် ၍ကြည့်ကြလော့။ မြေကြီး ကိုလည်း ငုံ့ ၍ ကြည့် ကြလော့။ မိုဃ်းကောင်းကင် သည် မီးခိုး ကဲ့သို့ ကွယ်ပျောက် ၍ ၊ မြေကြီး သည် အဝတ် ကဲ့သို့ ဟောင်းနွမ်း လိမ့်မည်။ မြေကြီး သား တို့သည် ခြင် ကောင်ကဲ့သို့ သေ ကြလိမ့်မည်။ ငါ ၏ ကယ်တင် ခြင်းတရား မူကား အစဉ် အမြဲတည် လိမ့်မည်။ ငါ ၏ ဖြောင့်မတ် ခြင်း တရားလည်း ပပျောက် ခြင်း မ ရှိနိုင်ရာ။ ၇ ဖြောင့်မတ်ခြင်းတရားကိုသိ၍၊ ငါ ၏တရား ကို နှလုံး သွင်းမိသောသူတို့၊ ငါ့ စကားကို နားထောင် ကြလော့။ လူ တို့သည် အပြစ် တင်မည်ဟု မ စိုးရိမ် ကြနှင့်။ လူ တို့ကဲ့ရဲ့ ခြင်းကို မ ကြောက် ကြနှင့်။ ၈ အကြောင်း မူကား၊ ပိုးရွ တို့သည် သိုးမွေး အဝတ် ကို ကိုက်စား သကဲ့သို့ ၊ ထိုသူတို့ကို ကိုက်စား ဖျက်ဆီးကြ လိမ့်မည်။ ငါ ၏ဖြောင့်မတ် ခြင်းတရားမူကား နိစ္စ ထာဝရ ဖြစ် ၍ ၊ ငါ ၏ ကယ်တင် ခြင်းတရားသည်လည်း ကမ္ဘာ အဆက်ဆက် တည်လိမ့်သတည်း။ ၉ အို ထာဝရဘုရား ၏ လက်ရုံး တော်၊ နိုး တော်မူပါ။ နိုး၍ ခွန်အားကို ယူတော်မူပါ။ ရှေး ကာလ နှင့် လွန် ဘူးသောကာလ ၌ကဲ့သို့ နိုးတော်မူပါ။ ရာခပ် ကို ဒဏ်ခတ်၍ နဂါး ကို နာ စေသောသူကား၊ ကိုယ်တော် ပင် မ ဟုတ်လော။ ၁၀ ပင်လယ် ရေ၊ နက်နဲ ရာရေ တို့ကို ခန်းခြောက် စေ ၍၊ ပင်လယ် နက်နဲ ရာ အရပ်တို့ကို ရွေးနှုတ် သော သူများ သွား စရာ လမ်း ဖြစ်စေသောသူကား၊ ကိုယ်တော် ပင် မ ဟုတ်လော။ ၁၁ သို့ ဖြစ်၍၊ ထာဝရဘုရား ကယ် လွှတ်တော်မူသောသူတို့ သည် ပြန်လာ ၍ သီချင်းဆို လျက် ၊ ထာဝရ ဝမ်းမြောက် ခြင်းသရဖူကို ဆောင်းလျက် ၊ ဇိအုန် မြို့သို့ ရောက် ကြလိမ့်မည်။ ဝမ်းမြောက် ရွှင်လန်း ခြင်းအခွင့်ကို ရ ကြ၍၊ ဝမ်းနည်း ခြင်းနှင့် ညည်းတွား ခြင်းသည် ပြေး သွားရ လိမ့်မည်။ ၁၂ သင် တို့ကို နှစ်သိမ့် စေသော သူကား၊ အခြားသူ မဟုတ်၊ ငါ့ ကိုယ်တိုင်ပေတည်း။ သေ ရသော လူ

ကိုၚင်း၊ မြက်ပင် ကဲ့သို့ ဖြစ်လတံ့သော လူ သား ကိုၚင်း၊ သင်သည် ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော သဘောရှိသနည်း။ ၁၃ မိုဃ်းကောင်းကင် ကို ကြက် တော်မူထသော၊ မြေကြီး ကိုလည်း တည် တော်မူထသော၊ သင့် ကို ဖန်ဆင်း တော်မူသောထာဝရဘုရား ကို သင်သည် မေ့လျော့ ၍၊ ညှဉ်းဆဲသောသူသည် ငါ့ကို ဖျက်ဆီး လု ပြီဟု စိတ်ထင်နှင့်၊ သူ ၏ဒေါသ အမျက်ကို အစဉ် ကြောက် ရမည်အကြောင်း၊ အဘယ်သို့သော သဘောရှိသနည်း။ ယခုမှာ ညှဉ်းဆဲ သောသူ ၏ဒေါသ အမျက်သည် အဘယ် မှာရှိသနည်း။ ၁၄ အချုပ် ခံရသောသူသည် ထောင် ထဲမှာ မ သေ ၊ ရေ စာမ ပြတ် ၊ လျင်မြန် စွာ ကယ်နှုတ် ခြင်းသို့ ရောက်လိမ့်မည်။ ၁၅ ငါ သည် သမုဒ္ဒရာ ကို ဆုံးမ၍ လှိုင်း တံပိုးကို ဟုန်း စေသောသင် ၏ဘုရား သခင်ထာဝရဘုရား ဖြစ်၏။ ထိုဘုရား ၏နာမ တော်ကား၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရားပေတည်း။ ၁၆ မိုဃ်းကောင်းကင် ကို ဆောက် ၍ ၊ မြေကြီး ကို တည် စေခြင်းငှါ ၎င်း၊ သင် သည် ငါ ၏လူမျိုး ဖြစ်၏ဟု ဓိအုန် မြို့ကို ပြော စေခြင်းငှါ ၎င်း၊ ငါ့ စကား ကို သင် ၏နှုတ် ထဲမှာ ငါထား ပြီ။ ငါ့ လက် ၏အရိပ် နှင့် သင့် ကို ငါမိုး ပြီ။ ၁၇ ထာဝရဘုရား ၏လက် တော်၌ အမျက် တော် ဖလား ကို သောက် သော ယေရုရှလင် မြို့၊ နိုး လော့။ နိုး ၍ ထ လော့။ သင်သည် တုန်လှုပ် စေသောဖလား ကို အကုန် သောက် ခဲ့ပြီ။ အနည် အဖက်ကိုလည်း ညှစ် ခဲ့ပြီ။ ၁၈ ကိုယ်တိုင်ဘွားမြင် သော သား တို့တွင်၊ သင့်ကို လမ်းပြ သော သူတယောက် မျှမရှိ။ ကိုယ်တိုင်မွေးစား သော သား တို့တွင်၊ သင့်ကို လက် ဆွဲ သော သူတယောက်မျှမ ရှိ။ ၁၉ အစာခေါင်းပါး ၍ လူဆိတ်ညံခြင်းဘေး၊ ထား ဖြင့် ဖျက်ဆီး ခြင်းဘေးတည်းဟူသောဘေးနှစ် ပါးတို့သည် သင် ၏အပေါ် မှာ ရောက် လာသည်ဖြစ်၍၊ သင့် အတွက် အဘယ် သူငိုကြွေး မြည်တမ်းသနည်း။ ငါသည် အဘယ်သို့ ချမ်းသာ ပေးနိုင်သနည်း။ ၂၀ သင် ၏သား တို့သည် မိန်းမော တွေဝေကြ၏။ ကျောက္ကင်း ၌ ဘမ်းမိသော စိုင် ကဲ့သို့ ခပ်သိမ်း သော လမ်း၀ မှာ အိပ် ၍၊ ထာဝရဘုရား ၏ အမျက် ထွက်တော်မူခြင်း၊ သင် ၏ဘုရား သခင်ဆုံးမ တော်မူခြင်းနှင့် ၀ ကြ၏။ ၂၁ သို့ ဖြစ်၍၊ ညှဉ်းဆဲ ခြင်းကို ခံရသောသူ၊ စပျစ်ရည် မှတပါး အခြားသော ယစ်မျိုးနှင့် ယစ်မူး သောသူ၊ နားထောင်လော့။ ၂၂ သင် ၏အရှင် ၊ မိမိလူတို့၏အမှုကို စောင့်တော်မူသောသင် ၏ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ကြည့်ရှု လော့။ တုန်လှုပ် စေသော ဖလား ၊ ငါ့ အမျက် တော်ဖလား ၏ အနည် အဖတ်ကို သင် ၏လက် မှ ငါရုပ် ၍၊ သင်သည် နောက် တဖန်မ သောက် ရ။ ၂၃ သင်သည် ခရီးသွား သောသူတို့ ရှေ့မှာ ကိုယ် ကို မြေ တန်တားလုပ် ၍ ၊ အလျားဝပ်စေခြင်းငှါ ဝပ် လျက်နေ တော့။ ငါကျော်သွား မည်ဟုဆို ၍၊ သင့် ကို ညှဉ်းဆဲ သောသူတို့ လက် ၌ ထိုဖလား ကို ငါထား မည်။

၅၂ အို ဓိအုန် မြို့၊ နိုး လော့။ နိုး ၍ ခွန်အား ကို ယူ လော့။ အိုယေရုရှလင် မြို့ တည်းဟူသော၊ သန့်ရှင်း သော မြို့၊ သင် ၏တင့်တယ် သော အဝတ် တန်ဆာတို့ကို ဝတ်ဆင် လော့။ အကြောင်း မူကား၊ နောက် တဖန်အရေဖျား လှီးခြင်းကို မခံသောသူနှင့် ညစ်ညူး သောသူတို့ သည် သင် ၏အထဲသို့ မ ဝင် ရကြ။ ၂ အိုယေရုရှလင် မြို့၊ ကိုယ်၌ ကပ်သော မြေမှုန့် ကို ခါ လိုက်၍၊ မြင့်သော အရပ် ၌ ထိုင် လော့။ အိုချုပ် ထား လျက်ရှိသောဓိအုန် သတို့သမီး ၊ သင် ၏လည် ကြိုး ကို ချွတ် လော့။ ၃ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်တို့သည် ကိုယ်ဘိုး ငွေကို မ ရဘဲ ကျွန်ခံရသည်ဖြစ်၍၊

ငွေ မ ပေးဘဲ ရွေး ခြင်းသို့ ရောက်ကြလိမ့်မည်။ ၄ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ ၏လူ တို့သည် အထက် က အဲဂုတ္တု ပြည်၌ တည်းခို အံ့ သောငှါ သွား ကြ၏။ နောက် မှ အာရှုရိ လူတို့သည် အကြောင်းမရှိဘဲ ညှဉ်းဆဲ ကြ၏။ ၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ ၏ လူ တို့ကို အကြောင်း မရှိဘဲ ယူသွား ၍ ၊ အစိုးရ သောသူတို့ သည် ဝါကြွားလျက် ငါ့ နာမ ကို နေ့ တိုင်း ကဲ့ရဲ့ ကြသည် ဖြစ်၍၊ ငါ သည် အဘယ်သို့ ပြုရမည်နည်း။ ၆ သို့ ဖြစ်၍ ၊ ငါ ၏လူ တို့သည် ငါ့ ကို သိ ကြလိမ့်မည်။ ဂတိထားသောသူကား၊ ငါ ဖြစ်သည်ကို အချိန်ရောက်မှ သိကြလိမ့်မည်။ အကယ်စင်စစ်ငါရှိသည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၇ ငြိမ်သက် ခြင်း၏ ဝမ်းမြောက် စရာ သိတင်းကို ကြား ပြောသော သူ၊ ကယ်တင် ခြင်းကောင်းကျိုး ချမ်းသာ၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသော သူ၊ သင် ၏ ဘုရား သခင်စိုးစံ တော်မူ၏ဟု ဇိအုန် မြို့အား ပြော သောသူ ၏ ခြေ တို့သည် တောင် ပေါ် မှာ အလွန်တင့်တယ် လှစွ တကား။ ၈ သင် ၏ကင်းစောင့် တို့၏အသံ ကို နားထောင်ကြလော့။ သူတို့သည် အသံ ကို လွှင့် ၍၊ ရွှင်လန်းသော အသံ နှင့် တညီတညွတ် တည်းကြွေးကြော် ကြ၏။ အကြောင်း မူကား၊ ထာဝရဘုရား သည် ဇိအုန် မြို့သို့ ပြန် လာတော်မူကြောင်းကို ကိုယ်တိုင်မြင် ရကြ၏။ ၉ ယေရုရှလင် မြို့၌ ပြိုပျက် ရာအရပ်တို့၊ တညီတညွတ် တည်း သီချင်းဆို သံနှင့် ကြွေးကြော် ကြလော့။ ထာဝရဘုရား သည် မိမိ လူ တို့ကို နှစ်သိမ့် စေတော်မူပြီ။ ယေရုရှလင် မြို့ကို ရွေးနှုတ် တော်မူပြီ။ ၁၀ ထာဝရဘုရား သည် ခပ်သိမ်းသော လူ အမျိုးမျိုး တို့ ရှေ့မှာ၊ သန့်ရှင်း သော လက်ရုံး တော်ကို ဖွင့်ပြ တော်မူသဖြင့် ၊ မြေကြီး စွန်း ရှိသမျှ တို့သည် ငါ တို့ဘုရား သခင်၏ ကယ်တင် တော်မူခြင်းကျေးဇူးကို သိ မြင်ကြလတံ့။ ၁၁ ထွက် ကြ။ ထွက် ကြ။ ထို အရပ်မှ ထွက် သွားကြလော့။ မစင်ကြယ် သောအရာကို လက်နှင့်မျှ မ တို့ ကြနှင့်။ ထိုအရပ်ထဲက ထွက်သွား ကြလော့။ ထာဝရဘုရား ၏ အဆောက်အဦး တို့ကို ဆောင်ရွက် သောသူတို့၊ သန့်ရှင်း ခြင်းရှိကြလော့။ ၁၂ သင်တို့သည် အလျင်အမြန် မ ထွက် ရကြ။ ပြေး ၍ မ သွား ရကြ။ ထာဝရဘုရား သည် သင် တို့ရှေ့၌ ကြွ တော်မူမည်။ နောက်၌လည်း ဣသရေလ အမျိုး၏ ဘုရား သခင် သည် သင် တို့အကွယ် အကာဖြစ်တော်မူမည်။ ၁၃ ကြည့် ရှုလော့။ ငါ့ ကျွန် သည် အမှုဆောင်၍ အောင် လိမ့်မည်။ ချီးမွှောက် ချီးမွှင့် ခြင်းသို့ ရောက်၍ ၊ အထွဋ်အမြတ်ဖြစ် လိမ့်မည်။ ၁၄ သူသည် လူ မဟုတ်သကဲ့သို့မျက်နှာပျက်ခြင်း၊ လူ သားမဟုတ်သကဲ့သို့ အဆင်း အသရေပျက် ခြင်းရှိသည် ကို၊ အများ သောသူတို့ သည် အံ့ဩြ မိန်းမောကြသည် ဖြစ်၍၊ ၁၅ ထိုအတူ သူသည် အများ သော လူမျိုး တို့ကို သန့်ရှင်း စေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင် တို့သည် မိမိ တို့ နှုတ် ကို ပိတ် ၍ နေရကြလိမ့်မည်။ သူတပါးမ ပြ ဘူး သော အရာကို သူတို့သည် မြင် ကြလိမ့်မည်။ မ ကြား ဘူး သော အရာကိုလည်း နားလည် ကြလိမ့်မည်။

၅၃ ငါ တို့ ဟောပြောသော သိတင်း စကားကို အဘယ်သူ ယုံ သနည်း။ ထာဝရဘုရား ၏ လက် တော် သည် အဘယ် သူအား ထင်ရှား တော်မူသနည်း။ ၂ ထာဝရဘုရား၏ကျွန်သည် အညွန့် ကဲ့သို့ ၎င်း၊ သွေ့ ခြောက်သောမြေ ၌ ပေါက် သောအတက် ကဲ့သို့ ၎င်း၊ ရှေ့ တော်၌ ကြီးပွား ၏။ ပမာဏပြုစရာ အဆင်း တင့်တယ်ခြင်းမ ရှိ။ ချစ် လို

ဘွယ်သော မျက်နှာ လက္ခဏာ နှင့် မ ပြည့်စုံ။ ၃ မထီမဲ့မြင် ပြုခြင်းကိုခံ ၍ ၊ လူ တို့တွင် အယုတ် ဆုံး သောသူဖြစ် ၏ ငြိုငြင် သောသူ၊ နာကြည်းခြင်းဝေဒနာ နှင့် ကျွမ်းဝင် သောသူဖြစ် ၏။ သူတပါးမျက်နှာ လွဲ ခြင်းကို ခံရသော သူကဲ့သို့ ဖြစ်၏။ မထီမဲ့မြင် ပြုခြင်းကိုခံ လျက်ရှိ၍၊ ငါတို့သည် မ ရိုသေ ကြ။ ၄ သို့သော်လည်း၊ ထိုသူ သည် ငါ တို့အနာ ရောဂါဝေဒနာများကို ယူတင်ဆောင်ရွက် လေ၏။ ဒဏ်ခတ် တော်မူခြင်းကိုငင်း၊ ဘုရား သခင်ဆုံးမ ၍ နှိမ့်ချတော်မူခြင်း ကိုငင်းခံရသောသူဖြစ်သည်ဟု ငါ တို့သည် ထင်မှတ် ကြပြီ။ ၅ ထိုသူ သည် ငါ တို့ လွန်ကျူး ခြင်းအပြစ်များ ကြောင့် ၊ နာကျင်စွာ ထိုး ခြင်း၊ နှိပ်စက် ခြင်းကို ခံရလေ၏။ ငါ တို့၏ ငြိမ်သက် ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမ ခြင်းသည် သူ့ အပေါ် သို့ ရောက်၍ ၊ သူ ခံရသောဒဏ်ချက် အားဖြင့် ငါ တို့သည် အနာ ပျောက်လျက် ရှိကြ၏။ ၆ ငါ တို့ရိုသမျှ သည် သိုး ကဲ့သို့ လမ်းလွဲ လျက်၊ ကိုယ် လမ်း သို့ အသီးအသီး လိုက်သွား ကြသည်ဖြစ်၍ ၊ ထာဝရဘုရား သည် ခပ်သိမ်း သော ငါ တို့၏အပြစ် များကို သူ့ အပေါ် ၌ တင် တော်မူ၏။ ၇ ထိုသူ သည် ညှဉ်းဆဲ ခြင်းနှင့် နှိမ့်ချ ခြင်းကိုခံ ၍ နှုတ် ကို မ ဖွင့် ဘဲနေ၏။ အသေသတ် ခြင်းငှါ ဆောင်သွားသော သိုးသငယ် ကဲ့သို့ သူ့ကို ဆောင် သွား၍ ၊ သိုး သည် အမွေးညှပ် သောသူရှေ့မှာ မ မြည်ဘဲနေသကဲ့သို့ ၊ သူ သည် နှုတ် ကို မ ဖွင့် ဘဲ နေ၏။ ၈ မတရားစွာ စီရင် ခြင်းအားဖြင့် သူ့ကို ထုတ် သွား ကြ၏။ အသက် ရှင်သောသူတို့ ၏ နေရာ မှ သူ့ကို သုတ်သင် ပယ်ရှင်းသည်ဖြစ်၍ ၊ သူ ၏အမျိုး အနွယ်ကို အဘယ်သူ ပြည့်ဝန် မည်နည်း။ ငါ ၏လူမျိုး အပြစ် ကြောင့် ဒဏ်ခတ် တော်မူခြင်းကိုခံလေ၏။ ၉ ပြစ်မှား ခြင်းကို မ ပြု။ သူ ၏နှုတ် ၌ မုသာ မ ရှိ သော်လည်း ၊ လူဆိုး တို့နှင့်အတူ မြေမြှုပ်ခြင်းငှါစီရင် ကြ၏။ သို့ရာတွင် သေ ပြီးမှ သူဌေး ၌ ရှိ၏။ ၁၀ ထာဝရဘုရား သည် သူ့ ကို နှိပ်စက် ခြင်းငှါအလို တော် ရှိ၍ နာ စေတော်မူ၏။ သူသည် အပြစ်ဖြေသော ယဇ် ကိုပူဇော် ပြီးမှ ၊ အမျိုး အနွယ်တော်ကို မြင် ရလိမ့်မည်။ အသက် တော်လည်း ရှည် လိမ့်မည်။ ထာဝရဘုရား ၏ အကြံ တော်သည်လည်း သူ ၏လက် ၌ ပြည့်စုံ ခြင်းသို့ ရောက်လိမ့်မည်။ ၁၁ မိမိ စိတ် ဝိညာဉ်ခံရသောဝေဒနာ ၏အကျိုးကို မိမိမြင် ၍ အား ရလိမ့်မည်။ ထိုဖြောင့်မတ် သော ငါ ၏ကျွန် ကို သိကျွမ်း ခြင်းအားဖြင့် ၊ သူသည် အများ သောသူတို့ ကို ဖြောင့်မတ် ရာ၌ တည်စေလိမ့်မည်။ သူ တို့၏အပြစ် ကို ကိုယ်တိုင် ဆောင်ရွက် ရ၏။ ၁၂ ထိုသို့ မိမိ အသက် ကို သေ ခြင်း၌ သွန်း ၍၊ မတရား သောသူတို့ နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့် ၊ လူများ တို့၏အပြစ် ကို ဆောင်ရွက် ၍ ၊ မတရား သောသူတို့ အဘို့ တောင်းပန် သောကြောင့် ၊ လူကြီး တို့ကို သူ ၏ အဘို့ ဖြစ်စေခြင်းငှါ ငါခွဲ မည်။ အစွမ်းသတ္တိရှိသောသူတို့ ကို သူ၏လက်ရဥစ္စာကဲ့သို့၊ ကိုယ်တိုင်ဝေဖန်ရသောအခွင့် ရှိလိမ့်မည်။

၅၄ သားမ ဘွား သော အမြို မ၊ ဝမ်းမြောက်လော့။ သားဘွား ခြင်းဝေဒနာကို မ ခံသေးသော မိန်းမ၊ ကြွေးကြော် အော်ဟစ်လော့။ အကြောင်း မူကား၊ စွန့် ထားသော မိန်းမသည် လင် ရှိသောမိန်းမထက်သာ၍ များသော သား တို့ကို ဘွားမြင်ပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂ သင် ၏တဲ ရာ ကို ကျယ် စေလော့။ သင် ၏နေရာ မျက်နှာကြက် ကို ကြက် ဦးလော့။ နှမြော သောစိတ် မ ရှိ နှင့်။ ကြိုး တို့ကို ရှည် စေဦးလော့။ တိုင် တို့ကို မြဲစွာ စိုက် လော့။ ၃ အကြောင်း မူကား၊ သင်သည် လက်ျာ ဘက်၊ လက်ဝဲ ဘက်၌ တိုးပွား လိမ့်မည်။ သင် ၏အမျိုး အနွယ်သည် တပါး

အမျိုးသားတို့ကို အမွေ ခံ၍ ၊ သူတို့၏ ဆိတ်ညံ သော မြို့ တို့ ၌ နေ ကြလိမ့်မည်။ ၄ မ စိုးရိမ် နှင့်။ ရှက်ကြောက် ခြင်းသို့မ ရောက်ရ။ မျက်နှာ မ ပျက်နှင့်။ အရှက်ကွဲ ခြင်းကို မ ခံရ။ အသက် ငယ်စဉ်အခါ ခံရသောရှက်ကြောက် ခြင်းကို မေ့လျော့ လိမ့်မည်။ မုတ်ဆိုးမ ဖြစ်၍ ခံရသောကဲ့ရဲ့ ခြင်းကို နောက် တဖန် မ အောက်မေ့ ရ။ ၅ အကြောင်း မူကား၊ သင့် ကို ဖန်ဆင်း သော သူသည် သင် ၏လင် ဖြစ်တော်မူ၏။ နာမ တော်ကား၊ ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရ ဘုရားတည်း။ သင့် ကို ရွေးနှုတ် သောသူသည် ကွသရေလ အမျိုး၌ သန့်ရှင်း သော ဘုရား ဖြစ်တော်မူ၏။ မြေကြီး တပြင်လုံး ကို အစိုးရသောဘုရားဟူ၍ခေါ် ရကြ၏။ ၆ စွန့်ပစ် ၍ စိတ် ငြိုငြင် သော မိန်းမ ၊ ငယ် စဉ်တွင်မယား ဖြစ်၍ ၊ နောက်မှငြင်းပယ် သော မိန်းမကို တဖန် ခေါ် သကဲ့သို့ သင့် ကို ငါခေါ် မည်ဟု သင် ၏ဘုရား သခင်မိန့် တော်မူ၏။ ၇ သင့်ကို ခဏ သာ ငါစွန့် သည် ဖြစ်၍ ၊ များ စွာသော ကရုဏာ နှင့် တဖန်သိမ်းဆည်း ဦးမည်။ ၈ ပြင်းစွာသော အမျက် ထွက်၍ ခဏ မျှ ငါမျက်နှာ လွှဲ သော်လည်း ၊ ထာဝရ မေတ္တာ နှင့် သင့် ကို ကယ်မသနား ဦးမည်ဟု သင့် ကို ရွေးနှုတ် သော ထာဝရဘုရား မိန့် တော်မူ ၏။ ၉ နောဧ လက်ထက်၌ လွှမ်းမိုးသောရေ ကို ငါသည် မှတ်၍၊ ထိုရေ သည် မြေကြီး ကို နောက် တဖန်မလွှမ်းမိုးရ ဟု ကျိန်ဆို ခြင်းကို ပြုသည်နည်းတူ ၊ သင့် ကို အမျက် မထွက်၊ မဆုံးမ ဟု ကျိန်ဆို ခြင်းကို ပြုပြီ။ ၁၀ တောင် ကြီးတို့သည် ရွေ့ ၍ ၊ တောင် ငယ်တို့သည် လှုပ်ရှား သော်လည်း ၊ ငါ ၏မေတ္တာ သည် သင် မှ မ ရွေ့ ရ။ ငါ ၏ငြိမ်သက် ခြင်း ပဋိညာဉ် လည်း မ လှုပ်ရှား ရဟု သင် ၌ သနား ခြင်းကရုဏာစိတ်ရှိတော်မူသောထာဝရဘုရား မိန့် တော်မူ၏။ ၁၁ အို ညှဉ်းဆဲခြင်းနှင့် မိုးယိ သက်မုန်တိုင်းတိုက် ခြင်းကို ခံရ၍၊ သက်သာ မရနိုင်သောသူ၊ သင် ၏ တိုက် ကို ဟင်းသ ပြတားသရွတ်နှင့် ငါစေ့စပ်မည်။ တိုက်မြစ် ကို နီလာ ဖြင့် ၎င်း၊ ၁၂ ပြအိုးတို့ကို ကျောက်နီဖြင့်၎င်း၊ တံခါး တို့ကို ပတ္တမြား ဖြင့်၎င်း၊ ပတ်ဝန်းကျင် တန်ဆာများကို ကျောက် မြတ် အမျိုးမျိုး ဖြင့်၎င်း ငါပြီး စေမည်။ ၁၃ သင် ၏သားသမီး အပေါင်း တို့သည် ထာဝရဘုရား ဆုံးမ သွန်သင်တော်မူသောသူဖြစ်၍ ၊ များ စွာသော စည်းစိမ်ချမ်းသာ နှင့် ပြည့်စုံကြလိမ့်မည်။ ၁၄ သင်သည် ဖြောင့်မတ် ခြင်းတရားအားဖြင့် တည် လိမ့်မည်။ ညှဉ်းဆဲ ခြင်းနှင့် ဝေး သည်ဖြစ်၍ မ ကြောက် ရ။ ထိတ်လန့် ခြင်းသည်လည်း ဝေး၍၊ သင့် အနီးသို့ မ ရောက် ရ။ ၁၅ ငါ ၏ အခွင့်မ ရှိဘဲ သင့်တဘက်၌ အဘယ်သူမျှနေရာ မကျရ။ နေရာကျဘူးသောသူတို့သည် သင့် ဘက် သို့ ဝင်စား ကြလိမ့်မည်။ ၁၆ မီး ကိုမူတ် ၍၊ မိမိ အလုပ် တည်းဟူသောလက်နက် ကိုလုပ် တတ်သောပန်းပဲ ကိုဎင်း ၊ ဖျက်ဆီး စေခြင်းငှါ ဖျက်ဆီး သောသူကိုဎင်း ငါ ဖန်ဆင်း ၏။ ၁၇ သင့် တစ်ဘက် ၌ လုပ် သောလက်နက် တစုံတခုမျှ အထမ မြောက် ရ။ သင့် ကိုတရား တွေ့သောသူ မည်သည်ကား၊ အရှုံးခံရလိမ့်မည်။ ထာဝရဘုရား ၏ ကျွန် တို့သည် ထိုသို့သော အမွေကို ခံရ၍၊ ငါ့ ကြောင့် ဖြောင့်မတ် ရာသို့ ရောက်ရကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၅၅ အို ရေ ငတ်သောသူအပေါင်း တို့၊ ရေ ရှိရာသို့ လာ ကြလော့။ ငွေ မ ရှိသောသူ တို့၊ လာ ကြ။ ဝယ် ၍ စား သောက်ကြလော့။ ငွေ မ ပါ ဘဲ၊ အဘိုး ကို မ ပေးဘဲလာ ၍ စပျစ်ရည် နှင့် နို့ ကို ဝယ် ကြလော့။ ၂ အစာ မ ဟုတ်သောအရာအဘို့ သင်တို့ငွေ ကိုဎင်း၊ အမှတ်မ ပြေ နိုင်သောအရာအဘို့ သင်တို့ ဥစ္စာ ကိုဎင်း၊ အဘယ်ကြောင့် ကုန်

စေကြသနည်း။ ငါ့ စကားကို စေ့စေ့နားထောင် လျက် ၊ ကောင်း သောအစာကို စား ကြလော့။ သင် တို့၏ဝိညာဉ် သည် ချို သောအရာတို့ ၌ မိမိကိုမိမိ မွေ့လျော် စေလိမ့်မည်။ ၃ နှုးညွတ်သော နား နှင့် ငါ့ ထံသို့ လာ ကြလော့။ နားထောင် ကြလော့။ သို့ပြုလျှင် သင် တို့၏ ဝိညာဉ် သည် အသက် ရှင်ရလိမ့်မည်။ ငါသည်လည်း ၊ သင် တို့နှင့် ထာဝရ ပဋိညာဉ် ပြု ၍၊ ဒါဝိဒ် ၌ မြဲမြံ သော ကျေးဇူးတော်ကို သင်တို့အားပေး မည်။ ၄ ကြည့် ရှုလော့။ ထိုသူ ကို ဥပဒ္ဓာယ် ဆရာဖြစ်စေ ခြင်းငှါ ၎င်း၊ စီရင် အုပ်စိုးသော အရှင် ဖြစ်စေခြင်းငှါဝင်း၊ လူမျိုး တို့အား ငါပေး ပြီ။ ၅ ကြည့်ရှုလော့။ သင်သည် မ သိ ဘူးသော လူမျိုး ကို ခေါ် လိမ့်မည်။ သင့် ကို မ သိ ဘူးသော လူမျိုး တို့သည်လည်း ၊ သင် ၏ဘုရား သခင်ထာဝရဘုရား ၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရားကြောင့် ၊ သင့် ထံသို့ ပြေး လာကြလိမ့်မည်။ ထိုဘုရားသည် သင် ၏ဘုန်း ကို ပွင့်စေတော်မူ၏။ ၆ တွေ့ နိုင်သည် ကာလတွင် ထာဝရဘုရား ကို ရှာ ကြလော့။ နီး တော်မူသည်ကာလတွင် ဆုတောင်း ပဌနာပြုကြလော့။ ၇ ဆိုး သောသူသည် မိမိ လမ်း ကိုငင်း ၊ မတရား သောသူ သည် မိမိ အကြံ တို့ကိုငင်းစွန့်ပစ် ၍ ၊ ထာဝရဘုရား ထံ တော်သို့ ပြောင်းလဲ ပါစေ။ သို့ပြုလျှင် သနား တော်မူလိမ့်မည်။ ငါ တို့ ဘုရား သခင့်ထံ တော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင်အထူးသဖြင့်အပြစ်ကို လွှတ် တော်မူလိမ့်မည်။ ၈ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ ၏ အကြံအစည် သည် သင် တို့၏ အကြံအစည် နှင့်မ တူ။ ငါ ၏ အကျင့် သည်လည်း သင် တို့၏ အကျင့် နှင့်မ တူ။ ၉ မိုဃ်းကောင်းကင် သည် မြေကြီး ထက် သာ၍မြင့် သကဲ့သို့ ၊ ငါ ၏အကျင့် သည် သင် တို့၏အကျင့် ထက် ၎င်း ၊ ငါ ၏အကြံအစည် သည် သင် တို့၏ အကြံအစည် ထက်၎င်း သာ၍ မြင့် ၏။ ၁၀ မိုဃ်းရေ နှင့် မိုဃ်းပွင့် တို့သည် မိုဃ်းကောင်းကင် မှ ဆင်းသက် ၍ နောက်တဖန်မ ပြန် ၊ မြေသည် မျိုးစေ့ကြဲ သောသူအား မျိုးစေ့ ကိုငင်း၊ အစာစား သောသူအား အစာ ကိုငင်း ပေး မည်အကြောင်း ၊ မြေ ကို စို စေသဖြင့်၊ အပင် ပေါက် စေ၍ ၊ အသီးကို သီး စေသကဲ့သို့၊ ၁၁ ထိုအတူ ငါ ၏နှုတ်ကပတ် စကား သည် ဖြစ် လိမ့်မည်။ အကျိုး မရှိဘဲ ငါ့ ထံသို့ မ ပြန် ရ။ ငါ့အလို ကို ပြည့်စုံ စေမည်။ ငါစေခိုင်း သော အမှု ၌ အောင် လိမ့်မည်။ ၁၂ သင်တို့သည် ဝမ်းမြောက် သောစိတ် နှင့် ထွက် ၍ ၊ ချမ်းသာ စွာ ပို့ ခြင်းကိုခံ ရကြလိမ့်မည်။ တောင် ကြီး တောင် ငယ်တို့သည် သင် တို့ရှေ့ မှာ သီချင်း ဆိုသံနှင့် ကြွေးကြော် ၍ ၊ တော ၌ရှိသမျှ သော အပင် တို့သည် လက်ခုပ် တီး ကြလိမ့်မည်။ ၁၃ အမျိုးမျိုးသော ဆူး ပင်အရာ ၌ ထင်းရူး ပင်နှင့် မုရတု ပင်တို့သည် ပေါက် ကြလိမ့်မည်။ ထိုအမှုသည်ထာဝရဘုရား ရှေ့တော်၌ အောက်မေ့ဘို့ရာ၊ မ ပျောက် မပျက်ရသောထာဝရ သက်သေ ဖြစ် ရလိမ့်မည်။

၅၆ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ တရား ကို စောင့် ၍ ဖြောင့်မတ် စွာကျင့် ကြလော့။ ငါ ၏ကယ်တင် ခြင်း ကျေးဇူးရောက် ချိန်နှင့်၊ ငါ ၏ဖြောင့်မတ် ခြင်းတရား ထင်ရှား ချိန်ရောက်လုနီး ပြီ။ ၂ ထို သို့ပြု သောသူ ၊ အမြဲစွဲလမ်း သော လူ သား သည်၊ ဥပုသ် နေ့ကို မ ရှုတ်ချ ၊ စောင့်ရှောက် ၍ ဒုစရိုက် ကို မပြုမည်အကြောင်း၊ မိမိ လက် ကို ချုပ်တည်း လျှင် လည်း မင်္ဂလာ ရှိ၏။ ၃ ထာဝရဘုရား ၌ မှီဝဲ သော တပါးအမျိုးသား က၊ ထာဝရဘုရား သည် ငါ့ ကို မိမိ လူမျိုး နှင့် ရှင်းရှင်းခွဲ ထား တော်မူပြီဟု မ ဆို စေနှင့်။ မိန်းမလျာ ကလည်း ၊ ငါ သည် သွေ့ ခြောက်သော အပင်

ဖြစ်သည်ဟု မ ဆို စေနှင့်။ ၄ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ ၏ဥပုသ် နေ့ ကို စောင့် လျက်၊ ငါနှစ်သက် သောအရာ ကို ရွေး ယူ၍၊ ငါ ၏ပဋိညာဉ် ကို မှီဝဲ သော မိန်းမလျာ တို့အား၊ ၅ သား သမီးတို့ ထက် မြတ် သောအရာ၊ မြတ်သော နာမ ကို ငါ့ အိမ် ၊ ငါ့တန်တိုင်း အတွင်း ၌ ငါပေးမည်။ မ ပျောက် နိုင်သော ထာဝရ နာမ ကို သူ တို့အား ငါပေး မည်။ ၆ ထာဝရဘုရားထံ၌ အမှု စောင့်ခြင်း၊ နာမ တော်ကို ချစ် ခြင်း၊ ကျွန် တော်ရင်းဖြစ် ခြင်း အလိုငှါ ၊ ထာဝရဘုရား ၌ မှီဝဲ သော တပါး အမျိုးသားတို့ကိုငင်း၊ ဥပုသ် နေ့ကို မ ရှုတ်ချ ၊ စောင့်ရှောက် ၍ ၊ ငါ ၏ပဋိညာဉ် ကို စွဲလမ်း သော သူအပေါင်း တို့ကိုငင်း၊ ၇ ငါ ၏သန့်ရှင်း သော တောင် သို့ ငါဆောင် ခဲ့၍ ၊ ငါ ၏ပဌနာ အိမ် ၌ ဝမ်းမြောက် စေမည်။ သူ တို့ မီးရှို့ ရာ ယဇ်နှင့် ယဇ် အမျိုးမျိုးတို့ကို ငါ့ ယဇ်ပလ္လင် ပေါ် မှာ လက်ခံ မည်။ ငါ့ အိမ် ကို လူ အမျိုးမျိုး ဆုတောင်း ရာ အိမ် ဟူ၍ခေါ်ဝေါ် ကြလတံ့။ ၈ အရပ်ရပ်၌ ကွဲပြား သော ကျသရေလ အမျိုးသားတို့ကို စုဝေး စေသော အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ စုဝေး ပြီးသော သူများမှတပါး အခြားသောသူတို့ ကို ထိုအစုအဝေး၌ ငါစုဝေး စေဦးမည်ဟု မိန့်တော်မူ ၏။ ၉ အို လယ်ပြင် သား အပေါင်း နှင့် တော ၌ လည် သော သားရဲ အပေါင်း တို့၊ ကိုက်စား ခြင်းငှါ လာ ကြလော့။ ၁၀ သူ ၏ကင်းစောင့် တို့သည် မျက်စိကန်း ကြ၏။ ရှိသမျှ တို့သည် မိုက်ကြ၏။ အ ၍မ ဟောင် နိုင် သော ခွေး၊ ယောင်ယမ်း သောခွေး၊ အိပ် လျက်အိပ် ချင် အားကြီးသော ခွေး ဖြစ်ကြ၏။ ၁၁ စားချင် အားကြီး ၍ ဝမ်းမ ပြည့် နိုင်သော ခွေး လည်း ဖြစ်ကြ၏။ သိုးထိန်း တို့သည်လည်း မ ကြည့့် မရှု တတ်ကြ။ ထိုသိုးထိန်း ရှိသမျှ တို့သည် လမ်းလွဲ၍ မိမိ တို့ လမ်း သို့ လိုက် ကြပြီ။ တယောက်မျှမကြွင်း၊ တညီတညွတ်တည်း ကိုယ် အကျိုး စီးပွားကိုသာ ရှာကြ၏။ ၁၂ လာ ကြ။ စပျစ်ရည် ကို ယူ ခဲ့မည်။ သေရည် သေရက်ကို ဝစွာသောက် ကြစို့။ ယနေ့ ဖြစ်သကဲ့သို့ နက်ဖြန် နေ့ဖြစ် လိမ့်မည်။ ထိုမျှမက ၊ သာ၍ ကြွယ်ဝ လိမ့်မည်ဟု ဆိုတတ်ကြ၏။

၅၇ ဖြောင့်မတ် သောသူသည် ဆုံး ၍ ကျေးဇူး ပြုတတ် သောသူ တို့ သည် ပယ်ရှား ခြင်းကို ခံရသောအခါ၊ ဖြောင့်မတ် သောသူကို မကောင်း သော အမှုအရာထဲက ရုပ်သိမ်း ပြီဟု အဘယ်သူ မျှမဆင်ခြင် ၊ အဘယ်သူမျှမအောက်မေ့ကြ။ ၂ ထိုသို့သောသူသည် ချမ်းသာ ထဲသို့ ဝင် ရ၏။ ဖြောင့်မတ် စွာကျင့် လျက်မိမိ အိပ်ရာ ပေါ် မှာ ငြိမ် ရ၏။ ၃ စုန်းမ သား ၊ မျောက်မထား သော မိန်းမသား၊ ပြည်တန်ဆာ မသားတို့၊ ချဉ်းကပ် ကြလော့။ ၄ သင်တို့သည် အဘယ်သူ ကို ကျီစယ် ကြသနည်း။ အဘယ်သူ အား နှုတ် ကိုဖွင့် ၍ လျှာ ကို ထုတ် ပြကြသနည်း။ သင် တို့သည် ဖောက်ပြန် သောအမျိုး၊ သစ္စာ ပျက်သော အမျိုး ဖြစ်ကြသည်မ ဟုတ်လော။ ၅ စိမ်းသော သစ်ပင် ရှိသမျှ အောက် မှာ ရုပ်တု ဆင်းတု၌ တပ်မက် သောသူ၊ ချိုင့် ထဲ ၊ ကျောက် စောင်း အောက်မှာ သူငယ် ကိုသတ် သောသူမဟုတ်လော။ ၆ ချိုင့် ထဲမှာ ချော သောကျောက်ခဲတို့တွင် သင် ၏ တာ ရှိ၏။ ထို သို့သော အရာတို့သည် သင် ၏အမွေ ဖြစ်၏။ ထို သို့သော အရာရှေ့ မှာ သွန်းလောင်း ရာ ပူဇော် သက္ကာ နှင့် ဘောဇဉ် ပူဇော်သက္ကာကို ပြု တတ်၏။ ထို အမှုတို့ကို ငါနှစ်သက် တတ်သလော။ ၇ မြင့် လှသော တောင် ကြီးပေါ် မှာ သင် ၏ခုတင် ကို ထား ပြီးလျှင် ၊ ထို အရပ်သို့ တက် ၍ ယဇ်ပူဇော် တတ်၏။ ၈ သင်အောက်မေ့စရာသက်သေကို တံခါး နှင့် တိုင် နောက် မှာထား ပြီး။ ငါ မှ တပါးအခြားသူတို့အား

အဝတ်ကို ချွတ် ၍ ၊ အိပ်ရာပေါ် သို့ တက် လေပြီ။ မိမိ ခုတင် ကို ကျယ် စေ၍ သူ တို့နှင့် ဝန်ခံ ပြီ။ သူ တို့ခုတင် ကိုလည်း တပ်မက် ၍၊ နေရာအရပ်ကို ရှာ လေပြီ။ ၉ ဆီ မွှေးပါ လျက်၊ ရှင်ဘုရင့် ထံသို့ သွား ပြီ။ နံ့သာ မျိုးများကို သုံး ပြီ။ တမန် တို့ကို ဝေး သော အရပ်သို့ စေလွှတ် ၍ ၊ မရဏာ နိုင်ငံတိုင်အောင် မိမိကိုမိမိ နှိမ့်ချ ပြီ။ **(Sheol h7585)** ၁၀ ဝေးစွာခရီး သွား၍ ပင်ပန်း သော်လည်းစိတ် မ ပျက်။ ကြိုးစား၍ အသက် လွတ် သောကြောင့် အားလျော့ ခြင်းမ ရှိ။ ၁၁ သင်သည် သစ္စာပျက် သည်တိုင်အောင် ၎င်း၊ ငါ့ ကို မေ့လျော့ ၍ သတိ မ ပြုဘဲ နေသည်တိုင်အောင်၎င်း၊ အဘယ်သူ ကို ကြောက်ရွံ့ သနည်း။ ငါသည် ရှေး ကာလမှ စ၍တိတ်ဆိတ် စွာနေသောကြောင့် ၊ သင်သည် ငါ့ ကို မ ကြောက် ဘဲနေသည်မဟုတ်လော။ ၁၂ သင် ၏ကုသိုလ် နှင့် ၊ သင် ပြုသောအမှု တို့ကို ငါ ဘော်ပြ မည်။ ၁၃ ထိုသို့သော အမှုသည် အကျိုး ကို မ ပေးနိုင်။ သင် သည် အော်ဟစ် သောအခါ ၊ သင် ၏အလုံး အရင်းတို့ သည် ကယ်နှုတ် ကြစေ။ လေ သည် သူ တို့ကို တိုက် သွားလိမ့်မည်။ လေ တမှုတ်နှင့် လွင့် ကြလိမ့်မည်။ ငါ့ ကို ကိုးစား သော သူမူကား ၊ ပြည် တော်ကို ပိုင် ၍ ၊ ငါ ၏သန့်ရှင်း သော တောင် ကို အမွေ ခံရလိမ့်မည်။ ၁၄ ထိုအခါ မြေကို ဖို့ ကြ။ မြေကို ဖို့ ကြ။ လမ်း ကို ပြင် ကြ။ ငါ့ လူ တို့၏ လမ်း ခရီး၌ အဆီးအတားမရှိစေနှင့် ဟု ငါပြောဆိုရ၏။ ၁၅ အကြောင်း မူကား၊ သန့်ရှင်း ခြင်းဟု နာမ ရှိတော် မူထသော၊ အနန္တ ကာလတည်းဟူသောဘုံဗိမာန်၌ စံ တော်မူထသော၊ အထွဋ်မှ အမြတ်ဖြစ်တော်မူသောဘုရားမိန့် တော်မူသည်ကား ၊ ငါသည် မြင့်မြတ်သန့်ရှင်း သော အရပ် ၌နေ ၏။ စိတ် နှိမ့်ချ သောသူနှင့်၊ နှလုံးကြေကွဲ သောသူတို့ ၏စိတ် ဝိညာဉ်အသက် ရှင်စေ ခြင်းငှါ၊ ကြေကွဲ နှိမ့်ချ သောစိတ် သဘောရှိသောသူတို့ ၌လည်း ငါနေ၏။ ၁၆ ငါသည် အစဉ် မပြတ်တရား တွေ့မည်မ ဟုတ်။ အစဉ် မပြတ်အမျက် ထွက်မည်မ ဟုတ်။ ထိုသို့ဟုတ်လျှင်၊ အသက် သည် ငါ့ ရှေ့မှာ ပျောက် ၍ ၊ ငါ ဖန်ဆင်း သော ဝိညာဉ် သည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ ၁၇ သူ ၏လောဘ လွန်ကျူးခြင်း အပြစ် ကြောင့် ၊ ငါသည် အမျက် ထွက်၍ ဒဏ်ခတ် လေ၏။ အမျက် ထွက်၍ မျက်နှာကို လွှဲ လေ၏။ သူသည်လည်း မိမိ အလို ရှိရာ လမ်း သို့ လွှဲ သွားလေ၏။ ၁၈ သူ ၏အကျင့် ဓလေ့တို့ကို ငါမြင် ပြီ။ သူ့ ကို အနာ ပျောက်စေ၍ လမ်းပြ ဦးမည်။ သူ့ ကို ၎င်း ၊ သူ နှင့်အတူ စိတ် ညှိုးငယ်သောသူတို့ ကိုလည်း၊ ချမ်းသာ ပေးဦးမည်။ ၁၉ ငါသည် နှုတ်ခမ်း အသီး ကို ဖန်ဆင်း ၏။ ဝေး သောသူ၌ ၎င်း၊ နီး သောသူ၌ ၎င်း ငြိမ်သက် ခြင်းဖြစ်စေ၊ ငြိမ်သက် ခြင်းဖြစ်စေ၊ သူ ၏အနာ ကို ငါပျောက်စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၀ မတရား သောသူတို့ မူကား ၊ မ ငြိမ် နိုင် ဘဲ လှုပ်ရှား ၍၊ ရွံ့နှင့် အမှိုက် ကို ပက် သောပင်လယ် ရေနှင့် တူ ကြ ၏။ ၂၁ မတရား သောသူတို့ ၌ ငြိမ်သက် ခြင်းမ ရှိဟု ငါ ၏ဘုရား သခင်မိန့် တော်မူ၏။

၅၇ အသံ မ လျော့ ဘဲ ကြွေးကြော် လော့။ တံပိုး သံကဲ့သို့ အသံ ကိုလွှင့် ၍ ၊ ယာကုပ် အမျိုးသား ဖြစ်သော ငါ ၏ လူ တို့အား ၊ သူ တို့ဒုစရိုက်အပြစ် ကို ဘော်ပြ လော့။ ၂ သူတို့သည် တရား ကျင့် သောအမျိုး၊ မိမိ ဘုရား သခင်၏ပညတ် တို့ကို မ စွန့် သောအမျိုး ကဲ့သို့ ၊ နေ့ တိုင်း ငါ့ ကိုရှာ ၍ ငါ ၏တရားလမ်း ၌ မွေ့လျော် ကြသည်တကား။ ဖြောင့်မတ် စွာ တရား စီရင်ချက်တို့ကို ငါ့ ထံမှာအစဉ် မေးမြန်း ၍၊ ဘုရား သခင့်ထံသို့ချဉ်းကပ် ရာ၌ မွေ့လျော်

ကြသည်တကား။ ၃ အကျွန်ုပ်တို့သည် အစာ ရှောင်ခြင်း အကျင့်ကို ကျင့်သောအခါ၊ ကိုယ်တော်သည် အဘယ်ကြောင့် မြင် တော်မ မူသနည်း။ အကျွန်ုပ် တို့သည် ခြိုးခြံ စွာကျင့် သောအခါ၊ ကိုယ်တော်သည် အဘယ်ကြောင့်သိမှတ် တော်မ မူ သနည်းဟုဆိုသော်၊ သင် တို့သည် အစာ ရှောင်သောနေ့ ၌ ကိုယ်တိုင် ပျော်မွေ့ ၍ ၊ ကျွန် တို့ကိုပင်ပန်း စွာ လုပ်စေကြ၏။ ၄ သင်တို့သည် ငြင်းခုံ ရန်တွေ့ လျက်၊ အဓမ္မ လက် ဆုပ်နှင့် ထိုး လျက် အစာ ရှောင်ကြ၏။ မြင့် သော အရပ်၌ မိမိ တို့ အသံ ကို ကြား စေခြင်းငှါ ၊ ယခုကာလ အခါ အစာ ရှောင်ကြသည်မ ဟုတ်။ ၅ ငါနှစ်သက် သော အစာရှောင် ခြင်းသည် ထို သို့ သော လက္ခဏာရှိ သလော။ လူ သည် တ ရက်တွင် ခြိုးခြံ စွာကျင့် ခြင်း၊ ကိုင်း ပင်ကဲ့သို့ ဦးချ ခြင်း၊ အိပ်ရာဘို့ လျော်တေ နှင့်ပြာ ကို ခင်း ခြင်း၊ လက္ခဏာရှိလျှင်၊ အစာရှောင် ခြင်း ဟူ၍ငင်း ၊ ထာဝရဘုရား နှစ်သက် တော်မူသော နေ့ ရက်ဟူ၍ငင်း မှည့် အပ်သလော။ ၆ ငါနှစ်သက် သောအစာရှောင် ခြင်းဟူမူကား ၊ မတရား သော အချည် အနှောင်ကို ချွတ် ခြင်း၊ လေးသော ဝန် ကိုချ ခြင်း၊ ညှဉ်းဆဲ ခံရသောသူတို့ ကို လွှတ် ခြင်း၊ ထမ်းဘိုး ရှိသမျှ ကို ချိုး ခြင်းမ ဟုတ်လော။ ၇ မွတ်သိပ် သောသူကို အစာ ကျွေး ခြင်း၊ နေရာ မရှိ၊ ဆင်းရဲ သောသူတို့ကို ကိုယ်အိမ် သို့ ဆောင် ခြင်း၊ အဝတ် မရှိသော သူကိုမြင် လျှင် ၊ အဝတ် ကိုပေး ခြင်း၊ ကိုယ် အသား ကို မ ရှောင် ဘဲနေခြင်းမ ဟုတ်လော။ ၈ သို့ပြုလျှင် သင် ၏အလင်း သည် မိုယ်းသောက် သော အလင်းကဲ့သို့ ပေါ် ထွန်း ၍ ၊ အလျင် အမြန်ကျန်းမာ ခြင်းသို့ ရောက်လိမ့်မည်။ သင် ၏ဖြောင့်မတ် ခြင်း ပါရမီ သည် သင့် ရှေ့၌ သွား ၍ ၊ ထာဝရဘုရား ၏ဘုန်း တော် သည် နောက်၌ လုံခြုံ စေလိမ့်မည်။ ၉ သို့ပြုလျှင် ၊ ထာဝရဘုရား သည်၊ သင်ခေါ် သောအခါ ထူး တော်မူလိမ့်မည်။ အော်ဟစ် သောအခါ ၊ ငါ ရှိ သည်ဟု မိန့် တော်မူလိမ့်မည်။ သင်သည် သင် ၏အထဲ က ထမ်းဘိုး ကိုဂင်း၊ လက်ညှိုး ထိုး ခြင်းကိုဂင်း၊ ကဲ့ရဲ့ သော စကားကိုဂင်းပယ်ရှား ၍၊ ၁၀ မွတ်သိပ် သော သူနှင့် ဆင်းရဲ ခံရသောသူကို သနားသောစိတ်နှင့်ချမ်းသာ ပေးလျှင်၊ မရှင်းလင်းသော အရာမှာ သင်၏အလင်း သည် ပေါ် ထွန်း ၍၊ သင် ၏ မှောင်မိုက် သည် မွန်းတည့် အလင်းကဲ့သို့ ဖြစ်လိမ့်မည်။ ၁၁ ထာဝရဘုရား သည် သင့် ကို အစဉ် ပဲ့ပြင် တော်မူ မည်။ အစာခေါင်းပါး သည် ကာလ၌ ဝ စွာ ကျွေး၍ ၊ သင် ၏အရိုး တို့ကို ခိုင်ခံ့ စေတော်မူမည်။ သင်သည် ရေ လောင်းသော ဥယျာဉ် ကဲ့သို့ ၎င်း၊ ရေ မ ပြတ် နိုင်သော စမ်း ရေ တွင်းကဲ့သို့ ၎င်း ဖြစ် လိမ့်မည်။ ၁၂ သင် ၏အမျိုးအနွယ်သည် ရှေး ပြိုပျက် ရာတို့ကို ပြုပြင် ကြလိမ့်မည်။ ရှေးကာလ၌တည်ဘူးသော တိုက်မြစ် များအပေါ်မှာ ထပ်ဆင့်၍ တည်ဆောက် ကြလိမ့်မည်။ သင် သည်လည်း ၊ ပြိုပျက်သော မြို့ရိုး ကို ပြုပြင် သောသူ၊ လူနေ ရာ လမ်း များကို ပြင်ဆင် သော သူဟူ၍ သမုတ် ခြင်း ကိုခံရလိမ့်မည်။ ၁၃ သင်သည် ဥပုသ် နေ့ကို မရှုတ်ချ။ ငါသန့်ရှင်း သောနေ့ မှာ ကိုယ် အလို သို့မလိုက် ၊ ဥပုသ် နေ့ကို မွေ့လျော် ရာနေ့၊ ထာဝရဘုရား အဘို့ သန့်ရှင်း သောနေ့၊ ရိုသေ ဘွယ်သောနေ့ဟူ၍ခေါ် သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ် အလို သို့မလိုက် ၊ ကိုယ်စကား ကို မပြော ဘဲ နေ၍ ထို နေ့ကို ရိုသေ လျှင်၊ ၁၄ သင်သည် ထာဝရဘုရား၌ ပျော်မွေ့ ရလိမ့်မည်။ မြေကြီး ပေါ် မှာ မြင့် သော အရပ်တို့ကို ငါစီး စေ၍ ၊ သင့် အဘ ယာကုပ် ၏အမွေ ဥစ္စာနှင့် ငါကျွေး မည်ဟု ထာဝရဘုရား ၏ နှုတ် တော်ထွက်အမိန့် တော်ရှိ၏။

၅၉ ကြည့်ရှုလော့။ ထာဝရဘုရား သည် မကယ် မတင် နိုင်အောင် လက် တော်တို သည်မ ဟုတ်။ မကြား နိုင်အောင် နား တော်ထိုင်း သည်မ ဟုတ်။ ၂ သင် တို့ဒုစရိုက် သည် သင် တို့ကို ဘုရား သခင်နှင့် ကွာ စေပြီ။ ကြား တော်မမူစေခြင်းငှါ၊ သင် တို့အပြစ် သည် မျက်နှာ တော်ကို လွှဲ စေပြီ။ ၃ သင် တို့လက် သည် အသွေး နှင့် ၎င်း၊ လက်ချောင်း တို့သည် ဒုစရိုက် နှင့် ၎င်း ညစ်ညူး ကြ၏။ သင် တို့သည် နှုတ်ခမ်းနှင့် လျှာ အားဖြင့်မုသာ စကား၊ အဓမ္မ စကားကို ပြော တတ်ကြ၏။ ၄ တရား ကို အဘယ်သူ မျှမရှာ ၊ သစ္စာ ကို အဘယ်သူ မျှမစောင့် ၊ အနတ္တ ကို ကိုးစား ၍ မုသာ စကားကို ပြော တတ်ကြ၏။ မ ကောင်းသောအကြံကို ပဋိသန္ဓေ ယူ၍ ၊ အဓမ္မ အမှုကို ဘွား ကြ၏။ ၅ သူတို့သည် မြွေဆိုး ၏ အဥ တို့ကို ဝပ်၍ ပေါက် စေကြ၏။ ပင့်ကူ အမြွေး ကိုလည်း ရက် ကြ၏။ သူ တို့ ဥ များ ကို စား သောသူသည် သေ တတ်၏။ အဥကို ခွဲ လျှင် မြွေဆိုး ပေါက် တတ်၏။ ၆ သူ တို့ရက်သော အမြွေး ဖြင့် အဝတ် ကို မ လုပ် ရ။ ကိုယ် အကျင့် နှင့် ကိုယ်ကိုမ ခြုံ ရကြ။ သူ တို့ပြု သောအမှုသည် အဓမ္မ အမှု ဖြစ်၏။ သူ တို့လက် ၌ ကြမ်းတမ်း သော အမှုရှိ၏။ ၇ သူ တို့ခြေ သည် အဓမ္မ အမှုကို ပြုခြင်းငှါ ပြေး တတ်၏။ အပြစ် မရှိသောသူ ၏အသက် ကို သတ် ခြင်းငှါ လျင်မြန် ၏။ သူ တို့အကြံ သည် အဓမ္မ အကြံ ဖြစ်၍၊ သူ တို့ သွားရာလမ်း ၌ ပျက်စီး ခြင်းနှင့် ဒုက္ခ ဆင်းရဲခြင်း ရှိ၏။ ၈ ချမ်းသာ လမ်း ကို သူတို့မ သိ ကြ။ သူ တို့ခရီး သွားရာတွင် တရား မ ပါ။ မိမိ တို့သွားစရာဘို့ ကောက် သော လမ်း တို့ကို ပြင်ဆင်ကြပြီ။ လိုက် သွားသော သူမည်သည် ကား၊ ချမ်းသာ ကို မ သိ ရ။ ၉ ထို့ကြောင့် ၊ ဖြောင့်မတ် စွာ စီရင်ခြင်းသည် ငါ တို့ နှင့် ဝေး ၏။ တရား သည်လည်း ငါ တို့ကိုမ မှီ။ အလင်း ကို မြော်လင့် သောအခါ ရှင်းလင်း ခြင်းမရှိ။ ရောင်ခြည် ကို မြော်လင့် သော်လည်း ၊ မှောင်မိုက် ၌ သွား လာရကြ၏။ ၁၀ မ မြင်နိုင်သော သူကဲ့သို့ နံရံ ကို စမ်းသပ် ရကြ၏။ မျက်စိ မ ရှိသော သူကဲ့သို့ စမ်းသပ်ရကြ၏။ ည အချိန်၌ ဖြစ်သကဲ့သို့ မွန်းတည့် အချိန်၌ ထိမိ ၍ လဲ ကြ၏။ စည်းစိမ် ကို ခံစားလျက်၊ သေ သောသူကဲ့သို့ ဖြစ်ကြ၏။ ၁၁ ငါ တို့ရှိသမျှ သည် ဝံ ကဲ့သို့ မြည်တမ်း ၍ ၊ ချိုး ကဲ့သို့ ညည်းညူ ကြ၏။ တရား စီရင်ခြင်းကို မြော်လင့် ၍ မ ရကြ။ ကယ်တင် ခြင်းကျေးဇူးကို မြော်လင့်သော်လည်း၊ ငါ တို့နှင့် ဝေး လှ၏။ ၁၂ ငါ တို့အပြစ် တို့သည် ရှေ့ တော်၌ များ ပြားကြ၏။ ဒုစရိုက် တို့သည် ငါ တို့တစ်ဘက် ၌ သက်သေ ခံကြ၏။ ကိုယ် အပြစ် တို့သည် ကိုယ် ၌ စွဲကပ်လျက် ၊ ကိုယ် ပြုမိသော ဒုစရိုက် များကို ကိုယ်သိ ကြ၏။ ၁၃ ထာဝရဘုရား ကို ပြစ်မှား ခြင်း၊ ငြင်းပယ် ခြင်းကို ပြု၍ ၊ ငါ တို့၏ဘုရား သခင်ကို စွန့် ကြပြီ။ ညှဉ်းဆဲ သော စကား၊ ပုန်ကန် သော စကားကို ပြော ခြင်း၊ မ ဟုတ်မမှန် သောစကား ကို အောက်မေ့ ၍ ၊ စိတ်နှလုံး ထဲက မွှက်ဆို ခြင်းကို ပြုကြပြီ။ ၁၄ ဖြောင့်မတ် စွာ စီရင်ခြင်းသည် ဆုတ် သွားပြီ။ တရား သည် အဝေး က ရပ် ၍ နေ၏။ သစ္စာ သည် လမ်း ၌ လဲ ပြီ။ ဖြောင့် သောသဘော မ ဝင် နိုင် ရာ။ ၁၅ သစ္စာ သည် ပျက် ခဲ့ပြီ။ ဒုစရိုက် ကို ရှောင် သောသူသည် လုယူ ခြင်းကို ခံရ၏။ ထိုအမှုကို ထာဝရဘုရား သည် မြင် လျှင် ၊ တရား မ ရှိသောကြောင့် မုန်း တော်မူ၏။ ၁၆ လူတ ယောက်မျှမ ရှိသည်ကို မြင် တော်မူ၏။ တောင်းပန် သောသူတယောက်မျှမ ရှိသည်ကို အံ့ဩ တော်မူ ၏။ ထိုကြောင့် ၊ မိမိ လက် တော်သည် မိမိ အဘို့ ကယ်တင် ခြင်းအမှုကိုပြု၍ ၊ မိမိ ဖြောင့်မတ် ခြင်းတရားသည် မိမိ ကို ထောက်ပင့် ၏။ ၁၇

ဖြောင့်မတ် ခြင်းတရားတည်းဟူသောရင်ကျပ် ကို ဝတ်ဆင် ၍ ၊ ကယ်တင် ခြင်းတည်းဟူသောသံခမောက် လုံးကို ဆောင်း တော်မူ၏။ အပြစ် ပေးခြင်းအဝတ် ကိုဎင်း ၊ စိတ် အားကြီးခြင်းဝတ်လုံ ကိုဎင်းယူတင်ဝတ်ဆောင် တော်မူ ၏။ ၁၈ သူတို့အကျင့် အတိုင်း အကျိုးအပြစ်ကို ဆပ် ပေးတော်မူမည်။ ရန်ဘက် ပြုသောသူတို့ အား အမျက် တော် ကိုဎင်း၊ ရန်သူ တို့ ခံထိုက်သည်အတိုင်း အပြစ် ကိုဎင်း၊ တကျွန်း တနိုင်ငံသားတို့အား အကျိုးအပြစ်ကိုဎင်းဆပ်ပေး တော်မူမည်။ ၁၉ သို့ ဖြစ်၍၊ အနောက် မျက်နှာသားတို့နှင့်၊ နေ ထွက် ရာအရပ်သားတို့သည် ထာဝရဘုရား ၏ နာမ တော်နှင့် ဘုန်း တော်ကို ရိုသေ ကြလိမ့်မည်။ ရန်သူ သည် ရေ လွှမ်းမိုးသကဲ့သို့ ဝင် သောအခါ ၊ ထာဝရဘုရား ၏ ဝိညာဉ် တော် သည် ဆီးတား တော်မူမည်။ ၂၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ရွေးနှုတ် သောသခင်သည် ဇိအုန် တောင်ပေါ် သို့ ကြွ၍ ၊ မတရား သော အမှုမှလွဲ သော ယာကုပ် အမျိုးသားတို့ ရှိရာသို့ ရောက် လတံ့။ ၂၁ သူ တို့ ၌ ငါ ကိုယ်တိုင်ပေးသော ပဋိညာဉ် တရား ဟူမူကား၊ သင် ၏အပေါ် မှာ ကျိန်းဝပ်သော ငါ ၏ဝိညာဉ် နှင့် သင် ၏နှုတ် ၌ ငါထား သော စကား သည်၊ ယခု မှ စ၍ ကာလအစဉ် အဆက် သင် ၏နှုတ် ၊ သင့် အမျိုး အနွယ်၏ နှုတ် နှင့် ၊ သင့် အမျိုး အနွယ်၏ အမျိုး အနွယ်၏နှုတ် ထဲက မ ထွက် မပျောက်ရဟု ထာဝရဘုရား မိန့် တော်မူ၏။

၆၀ သင်ထ လော့။ လင်း လော့။ သင် ၏အလင်း ရောက် လာပြီ။ ထာဝရဘုရား ၏ဘုန်း တော်သည် သင် ၏ အပေါ် မှာ ပေါ်ထွန်း လျက်ရှိ၏။ ၂ ကြည့်ရှု လော့။ မှောင်မိုက် သည် မြေကြီး ကို ဖုံးလွှမ်း လိမ့်မည်။ ထူထပ်သော မှောင်မိုက် သည် လူ များကို ဖုံးလွှမ်းလိမ့်မည်။ သို့ သော်လည်း၊ သင် ၏အပေါ် မှာ ထာဝရဘုရား သည် ပေါ်ထွန်းတော်မူ၍ ၊ ဘုန်း တော်သည် သင် ၏အပေါ် မှာ ထင်ရှား လျက် ရှိလိမ့်မည်။ ၃ တပါးအမျိုးသား တို့သည် သင် ၏အလင်း သို့ ၎င်း ၊ ရှင်ဘုရင် တို့သည် သင် ၌ ပေါ်ထွန်း ခြင်းအရောင် သို့ ၎င်း လာ ကြလိမ့်မည်။ ၄ အရပ်ရပ် သို့ မျှော် ကြည့် လော့။ ခပ်သိမ်း သောသူ တို့ သည် စုဝေး ၍ သင့် ထံသို့ လာ ကြ၏။ သင် ၏ သား သမီး တို့သည် အဝေး က လာ ၍ ၊ သင် ၏အနား မှာ မွေးစား ခြင်းကိုခံ ကြလိမ့်မည်။ ၅ ထိုအခါ သင် သည် ကြောက်ရွံ့ခြင်းနှင့် ရွှင်လန်း ခြင်း ရှိလိမ့်မည်။ နှလုံး တုန်လှုပ်၍ ဝမ်းမြောက်လိမ့်မည်။ အကြောင်းမူကား၊ သမုဒ္ဒရာ ၏ကြွယ်ဝ ခြင်းသည် သင့် ဘက် သို့ ပြောင်းလဲ ၍၊ တပါးအမျိုးသား တို့၏ စည်းစိမ် သည် သင့် လက်သို့ ရောက် လိမ့်မည်။ ၆ ကုလားအုပ် များနှင့် မိဒျန် ပြည်၊ ဧဖာ ပြည်မှ ဖြစ်သော ကုလားအုပ် မျိုးတို့သည် သင့်ကို နှံ့ပြား ကြ လိမ့်မည်။ ရှေဘ ပြည်သား အပေါင်း တို့သည် လာ ကြလိမ့်မည်။ ရွှေ နှင့် လောဗန် ကို ဆောင် ခဲ့၍ ၊ ထာဝရဘုရား ၏ ဂုဏ် ကျေးဇူးတော်တို့ကို ဝမ်းမြောက်စွာ ချီးမွမ်း ကြလိမ့်မည်။ ၇ ကေဒါ ပြည်၏ သိုးစု အပေါင်း တို့သည် သင့် ထံမှာ စုဝေး ကြလိမ့်မည်။ နဗာယုတ် ပြည်၏ ဆိတ် တို့သည် သင် ၏အမှုကို ဆောင်ရွက် ၍၊ နှစ်သက် ဘွယ်သော လက္ခဏာ နှင့် ငါ ၏ယဇ်ပလ္လင် ပေါ် သို့ တက် ကြလိမ့်မည်။ ငါ့ ဘုန်း ထင်ရှားရာဗိမာန် ကို ငါသည် သာ၍ဘုန်းပွင့် စေမည်။ ၈ မိုးယံးတိမ် ကဲ့သို့ ၎င်း၊ မိမိ တို့အိမ် သို့ ပျံ သော ချိုး များကဲ့သို့ ၎င်း ပျံလာသောဤ သူတို့ကား၊ အဘယ်သူ ဖြစ်ကြလိမ့်မည်နည်း။ ၉ အကယ်စင်စစ်သင် ၏ဘုရား သခင်ထာဝရဘုရား ၏ နာမ တော်ကြောင့်၎င်း၊ သင် ၏ဘုန်းကိုပွင့် စေ သော၊ ဣသရေလ

အမျိုး၏သန့်ရှင်း သော ဘုရားကြောင့် ၎င်း၊ သင် ၏သား တို့နှင့်တကွသူ တို့ရွှေ ငွေ များကို အဝေး မှ ဆောင် ခဲ့ခြင်းငှါ ၊ တကျွန်း တနိုင်ငံသားတို့သည် ငါ့ ကို စောင့် နေ၍ ၊ တာရှူ သဘော် တို့သည် အဦး ပြုကြလိမ့်မည်။ ၁၀ တပါးအမျိုး တို့သည် သင် ၏မြို့ရိုး ကို တည် ကြ လိမ့်မည်။ ရှင် ဘုရင်တို့သည်လည်း သင့် ကို ပြုစု ကြလိမ့်မည်။ အကြောင်း မူကား၊ ငါ သည် အမျက် ထွက်၍ သင့် ကို ဒဏ်ခတ် သော်လည်း ၊ စေတနာ စိတ်နှင့် သနား ဦးမည်။ ၁၁ တပါးအမျိုးသား တို့၏ စည်းစိမ် ကို သင့် ထံသို့ ဆောင် ခဲ့၍၊ သူ တို့၏ရှင်ဘုရင် တို့ကိုလည်း ပို့သ မည် အကြောင်း၊ သင် ၏တံခါး တို့ကို နေ့ ညဉ့် မ ပိတ် ဘဲ အစဉ် ဖွင့် ထားရလိမ့်မည်။ ၁၂ အကြင်ပြည် နှင့် အကြင်နိုင်ငံ သည် သင် ၏အမှုကို မ ဆောင် ၊ ထိုပြည် နှင့် ထိုနိုင်ငံသည် ပျက်စီး ရ လိမ့်မည်။ ထိုသို့သော တိုင်းနိုင်ငံတို့သည် သုတ်သင် ပယ်ရှင်း ခြင်းကို အမှန်ခံရကြလိမ့်မည်။ ၁၃ ငါ ၏သန့်ရှင်း ရာဌာန ကို တင့်တယ် စေခြင်းငှါ ၊ လေဗနုန် ဘုန်း နှင့်တကွထင်ရှူး ပင်၊ တဒေရ ပင်၊ တာရှူရ ပင်တို့သည် သင့် ထံသို့ တညီတညွတ် တည်းရောက် လာ ကြလိမ့်မည်။ ငါသည် ငါ ၏ခြေ တင်ရာအရပ် ကို ဘုန်းပွင့် စေမည်။ ၁၄ သင့် ကို ညှဉ်းဆဲ သောသူတို့ ၏သား တို့သည် သင့် ထံသို့ လာ ၍ ဦးချကြလိမ့်မည်။ သင့် ကို မထီမဲ့မြင် ပြုသောသူအပေါင်း တို့သည် သင် ၏ခြေ ရင်း၌ ဝပ် နေကြ လိမ့်မည်။ ထာဝရဘုရား ၏မြို့ ၊ ဣသရေလ အမျိုး၏ သန့်ရှင်း သော ဘုရား၏ ဇိအုန် မြို့ဟူ၍၊ သင့် ကို သမုတ် ကြလိမ့်မည်။ ၁၅ သင့်ကို အဘယ်သူမျှရှောက် ၍ မ သွားရမည် အကြောင်း၊ သူတပါးတို့သည် သင့် ကို စွန့်ပစ် ရွံရှာ ကြ သည်အတွက် ၊ ငါသည် သင့် ကို ထာဝရ အထွဋ် အမြတ်ဖြစ် စေမည်။ လူမျိုး အစဉ်အဆက်ဝမ်းမြောက် စရာအကြောင်းလည်း ဖြစ် စေမည်။ ၁၆ သင် သည် တပါးအမျိုးသား တို့၏ နို့ ကို စို့ ရ လိမ့်မည်။ ရှင်ဘုရင် တို့၏သားမြတ် ကိုလည်း စို့ ရလိမ့်မည်။ ငါ ထာဝရဘုရား သည်၊ သင့် ကို ကယ်တင် သောသူ၊ ယာကုပ် အမျိုး၌ တန်ခိုး ကြီးသောဘုရားသည်၊ သင့် ကို ရွေးနှုတ် သောသူဖြစ် ကြောင်းကို သင်သည် သိ ရလိမ့်မည်။ ၁၇ ကြေးဝါ အရာ ၌ ရွှေ ကိုငင်း ၊ သံ အရာ ၌ ငွေ ကို ၎င်း၊ သစ်သား အရာ ၌ ကြေးဝါ ကိုငင်း ၊ ကျောက် အရာ ၌ သံ ကိုငင်းငါဆောင် ခဲ့မည်။ သင် ၏ အရာရှိ တို့ကို ငြိမ်သက် သောသဘော၊ အခွန်ခံ တို့ကို ဖြောင့်မတ် သော သဘောနှင့် ပြည့်စုံ စေမည်။ ၁၈ သင် ၏ပြည် ၌ အနိုင်အထက် ပြုခြင်းအသံကို နောက်တဖန် မ ကြား ရ။ သင် ၏နယ် အတွင်းတွင် လုယူ ဖျက်ဆီးခြင်းမရှိရ။ သင် ၏မြို့ရိုး ကို ကယ်တင် ခြင်းဟူ၍၎င်း၊ မြို့တံခါး တို့ကို ချီးမွမ်း ခြင်းဟူ၍၎င်း သမုတ် ရ လိမ့်မည်။ ၁၉ နောက်တဖန် နေ့ အချိန်၌ သင်၏အလင်းသည် နေ ပေးသော အလင်း မ ဟုတ် ၊ ညဉ့်အချိန်၌လည်း၊ လ အရောင် သည် သင့် ကို မ လင်း စေရ။ အကြောင်း မူကား၊ ထာဝရဘုရား သည် သင် ၌ ထာဝရ အလင်း ၊ သင် ၏ဘုရား သခင် သည် သင် ၏ဘုန်း အသရေဖြစ် တော်မူလိမ့်မည်။ ၂၀ နောက် တဖန် သင် ၏နေ သည်မ ဝင် ရ။ သင် ၏ လ သည်လည်း မ ဆုတ် ရ။ ထာဝရဘုရား သည် သင် ၌ ထာဝရ အလင်း ဖြစ်တော်မူ၍ ၊ စိတ်မသာညည်းတွား ရာ ကာလ ကုန် လေပြီ။ ၂၁ သင် ၏လူ အပေါင်း တို့သည် ဖြောင့်မတ် ၍၊ ပြည် တော်ကို အစဉ် အမြဲအမွေခံ သဖြင့်၊ ငါ ၏ဘုန်း ပွင့်စေခြင်းငှါ ၊ ငါ့ ကိုယ်တိုင်စိုက် ၍ ပြုစုသော ပျိုးပင် ဖြစ်ရကြ လိမ့်မည်။ ၂၂

သူငယ် တယောက်သည် လူတထောင် ဖြစ် ရ လိမ့်မည်။ အားနည်း သော သူတယောက်သည် အားကြီး သော လူမျိုး ဖြစ်ရလိမ့်မည်။ ငါ ထာဝရဘုရား သည် အချိန် ရောက်လျှင် ထိုအမှုကို နှီးဆော် မည်။

၆၁ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ငါ့ အပေါ် မှာ တည်တော်မူ၏။ အကြောင်း မူကား၊ ဆင်းရဲ သားတို့ အား ဝမ်းမြောက်စရာ သိတင်းကို ကြားပြော စေခြင်းငှါ ၊ ငါ့ ကို ဘိသိက် ပေးတော်မူပြီ။ နှလုံး ကြေကွဲ သောသူတို့၏ အနာကို စည်း စေခြင်းငှါ ၎င်း၊ ဘမ်း သွားချုပ်ထားလျက် ရှိသောသူတို့ အား လွှတ်ခြင်း အကြောင်းနှင့်၊ အကျဉ်းခံ လျက်ရှိသောသူတို့ အား ထောင်တံခါးဖွင့် ခြင်း အကြောင်းကို ပြစေခြင်းငှါဝင်း၊ ၂ ထာဝရဘုရား ၏မင်္ဂလာ နှစ် နှင့် ၊ ငါ တို့ဘုရား သခင် အပြစ် ပေးတော်မူရာ နေ့ ရက်ကာလကို ကြား ပြောစေခြင်းငှါ ၎င်း၊ စိတ်မသာညည်းတွား သောသူတို့ အား နှစ်သိမ့် စေခြင်းငှါ ၎င်း၊ ၃ စိတ်မသာညည်းတွား သော ဇိအုန် မြို့သားတို့ အဘို့ စီရင် ၍၊ ပြာ အရာ ၌ ပေါင်း သရဖူ၊ ဝမ်းနည်း ခြင်း အရာ ၌ ဝမ်းမြောက် ခြင်းဆီ ၊ ညှိုးငယ် သောစိတ် သဘောအရာ ၌ ချီးမွမ်း ခြင်းအဝတ် တန်ဆာကို သူ တို့အား ပေး စေခြင်းငှါ ၎င်း၊ ငါ့ ကို စေလွှတ် တော်မူပြီ။ ထိုသူ တို့သည် ဖြောင့်မတ် ခြင်းသပိတ်ပင်၊ ဘုန်း အသရေတော်ဘို့ ထာဝရဘုရား စိုက်ပျိုး တော်မူသောအပင်ဟူ၍သမုတ် ခြင်းကိုခံ ရကြလိမ့်မည်။ ၄ ရှေး ပြိုပျက် ရာတို့ကို ပြုပြင် ကြလိမ့်မည်။ ရှေး ကာလ၌ သုတ်သင် ပယ်ရှင်းရာတို့ကို တည်ဆောက် ကြ လိမ့်မည်။ ဆိတ်ညံသောမြို့ရာ၊ အစဉ် အဆက် စွန့်ပစ် ရာအရပ် တို့ကို ပြုစု ကြလိမ့်မည်။ ၅ တပါးအမျိုးသား တို့သည် ရပ် လျက် ၊ သင် တို့သိုးစု များကို ထိန်း ကျောင်းကြလိမ့်မည်။ တကျွန်း တနိုင်ငံသား တို့သည် သင် တို့အဘို့ လယ် လုပ်၍ ၊ စပျစ် ဥယျာဉ်ကိုလည်း ပြုစုကြလိမ့်မည်။ ၆ သင် တို့မူကား၊ ထာဝရဘုရား ၏ ယဇ်ပုရောဟိတ် ဟူ၍ဝင်း၊ ငါ တို့ဘုရား သခင်၏ အမှုတော်ထမ်း ဟူ၍ဝင်း သမုတ် ခြင်းကိုခံရကြလိမ့်မည်။ တပါးအမျိုးသား တို့ ၏ စည်းစိမ် ကို စား ၍ ၊ သူ တို့၏ ဘုန်း အသရေ၌ ဝါကြွား ဝမ်းမြောက်ကြလိမ့်မည်။ ၇ သင် တို့အရှက် ကွဲခြင်းအရာ ၌ နှစ်ဆ သော အကျိုးကို ခံရ၍၊ အသရေပျက် ခြင်းအရာ၌လည်း ၊ သူ တို့ အဘို့ ကို ခံစားလျက် ဝမ်းမြောက် ကြလိမ့်မည်။ သူ တို့မြေ ၌ နှစ်ဆ သောအဘို့ကို အမွေခံ ရ၍၊ ထာဝရ ဝမ်းမြောက် ခြင်း နှင့် ပြည့်စုံ ကြလိမ့်မည်။ ၈ အကြောင်း မူကား၊ ငါ ထာဝရဘုရား သည် တရား သဖြင့် စီရင်ခြင်းကို နှစ်သက် ၏။ လုယူ ခြင်းအမှု နှင့် အဓမ္မ အမှုကို မုန်း ၏။ သစ္စာ အတိုင်း သူ တို့အား အကျိုး ကိုပေး မည်။ သူ တို့နှင့် ထာဝရ ပဋိညာဉ် ကို ဖွဲ့ မည်။ ၉ သူ တို့အမျိုး အနွယ်သား စဉ်မြေးဆက်တို့သည် တပါးအမျိုးသား နေရာအရပ်ရပ်၌ ကျော်စော ကြလိမ့်မည်။ သူ တို့သည် ထာဝရဘုရား ကောင်းကြီး ပေးတော်မူသော အမျိုး အနွယ်ဖြစ်ကြ၏ဟု သူ တို့ကို မြင် သောသူ အပေါင်း တို့သည် ဝန်ခံ ကြလိမ့်မည်။ ၁၀ ထာဝရဘုရား ကြောင့် ငါသည် အလွန်ဝမ်းမြောက် ၍၊ ငါ ၏ဘုရား သခင်ကြောင့် ငါ့ ဝိညာဉ် သည် ရွှင်လန်း မည်။ အကြောင်း မူကား၊ မင်္ဂလာဆောင်လုလင် သည် ပေါင်း သရဖူကို ဆောင်း သကဲ့သို့ ၎င်း ၊ မင်္ဂလာဆောင် သတို့သမီးသည် တန်ဆာ ဆင် သကဲ့သို့ ၎င်း၊ ကယ်တင် ခြင်းအဝတ် တန်ဆာနှင့် ငါ့ ကို ဝတ်ဆင် စေ၍၊ ဖြောင့်မတ် ခြင်းဝတ်လုံ နှင့် ခြုံ တော်မူပြီ။ ၁၁ မြေကြီး သည် အပင် ကို ပေါက် စေသကဲ့သို့ ၎င်း ၊ လယ်ယာ သည်၊ မိမိ ၌စိုက်သောမျိုးစေ့ ကို အညှောက်

ထွက်စေသကဲ့သို့ငင်း၊ ထိုအတူ ထာဝရဘုရား သည် ခပ်သိမ်း သော လူမျိုး ရှေ့ မှာ၊ ဖြောင့်မတ် ခြင်းနှင့် ချီးမွမ်း ခြင်းကို ပေါ် ထွန်း စေတော်မူလိမ့်မည်။

၆၂ ဓအုန် မြို့ တည်းဟူသောယေရှုရှလင် မြို့၏ ဖြောင့်မတ် ခြင်းသည် ရောင်ခြည် ကဲ့သို့ ငင်း၊ သူ ၏ ကယ်တင် ခြင်းသည် ထွန်းတောက် သော ဆီမီးခွက် ကဲ့သို့ ငင်း မ ထင်ရှား မှီတိုင်အောင် ထိုမြို့ အတွက် ငါသည် တိတ်ဆိတ် ငြိမ်သက်စွာ မ နေရ။ ၂ တပါးအမျိုးသား တို့သည် သင် ၏ဖြောင့်မတ် ခြင်း ကိုငင်း ၊ ရှင်ဘုရင် အပေါင်း တို့သည် သင် ၏ ဘုန်း အသရေကိုငင်း မြင် ရကြလိမ့်မည်။ ထာဝရဘုရား ၏ နှုတ် တော် ထွက်နာမ သစ် ဖြင့် သင့် ကို ခေါ် ကြလိမ့်မည်။ ၃ သင်သည် ထာဝရဘုရား ၏ လက် တော်၌ တင့်တယ် သော ဦးရစ် ၊ သင် ၏ဘုရား သခင်ကိုင် တော်မူသောမင်း မြောက်သရဖူ ဖြစ် လိမ့်မည်။ ၄ သင့် ကို ၊ စွန့်ပစ် သောသူဟူ၍ငင်း၊ သင် ၏မြေ ကို ၊ လူဆိတ်ညံ သော မြေဟူ၍ငင်း နောက်တဖန် မ ခေါ် ရ။ သင် သည် ငါနှစ်သက် သောသူ၊ သင် ၏ မြေ သည်လက်ထပ် သောမြေဟူသော အမည် ကို ရလိမ့်မည်။ အကြောင်း မူကား၊ ထာဝရဘုရား သည် သင့် ကို နှစ်သက် တော်မူ၏။ သင် ၏မြေ ကိုလည်း လက်ထပ် ရလိမ့်မည်။ ၅ လူပျို သည် အပျို ကညာနှင့် လက်ထပ် သကဲ့သို့ ၊ သင် ၏သား တို့သည် သင် နှင့် လက်ထပ် ကြလိမ့်မည်။ မင်္ဂလာဆောင် လုလင်သည် မင်္ဂလာဆောင်သတို့သမီး ၌ ဝမ်းမြောက် သကဲ့သို့၊ သင် ၏ဘုရား သခင်သည် သင် ၌ ဝမ်းမြောက် တော်မူလိမ့်မည်။ ၆ အိုယေရှုရှလင် မြို့၊ နေ့ ညဥ့် မပြတ် တိတ်ဆိတ် စွာ မ နေရသော လူစောင့် တို့ကို သင် ၏မြို့ရိုး ပေါ် မှာ ငါထား ပြီ။ ထာဝရဘုရား ကို အောက်မေ့ စေသောသူတို့၊ တိတ်ဆိတ် စွာ မ နေကြနှင့်။ ၇ ယေရှုရှလင် မြို့ကို အမြဲတည်တော်မမူ၊ မြေကြီး ပေါ် မှာ ချီးမွမ်း စရာအကြောင်းဖြစ် စေတော်မမူမှီတိုင်အောင် ၊ ဘုရား သခင်ကို မ ငြိမ် စေကြနှင့်။ ၈ ထာဝရဘုရား က၊ သင် ၏ ရန်သူ တို့ကို သင် ၏ စပါး နှင့် နောက်တဖန် ငါမ ကျွေး။ သင်သည် ကြိုးစား ၍ လုပ်သော စပျစ်ရည် ကို တပါးအမျိုးသား တို့သည် မ သောက် ရကြ။ ၉ စပါးကိုရိတ် သောသူတို့သည် ကိုယ်တိုင် စား ၍ ၊ ထာဝရဘုရား ကို ချီးမွမ်း ကြလိမ့်မည်။ စပျစ်သီးကို သိမ်း သောသူတို့ သည် ငါ ၏ သန့်ရှင်း ရာဌာနတန်တိုင်း အတွင်း ၌ စပျစ်ရည်ကို သောက် ကြလိမ့်မည်ဟု တန်ခိုး ကြီးသော လက်ျာ လက်ရုံး တော်ကို တိုင်တည်၍ ကျိန်ဆို တော်မူပြီ။ ၁၀ မြို့ တံခါး မှ ထွက် ကြ။ ထွက် ကြ။ လူ များဘို့လမ်း ကို ပြင် ကြ။ မြေဖို့ ကြ။ ဖို့ ကြ။ ကျောက် များကို ပယ်ရှင်း ကြ။ လူ များဘို့ အလံ ကို ထူ ကြ။ ၁၁ မြေကြီး စွန်း တိုင်အောင်ထာဝရဘုရား မိန့် တော်မူ သည်ကား၊ သင့် ကို ကယ်တင် သောသူသည် လာ ၏။ မိမိ ခံထိုက်သော အခ သည် မိမိ ၌ပါ လျက် ၊ ဆုလပ် တော် သည် ရှေ့တော်၌ရှိ၏ဟု ဓအုန် သတို့သမီး ကို ပြော ကြလော့။ ၁၂ သူ တို့သည် သန့်ရှင်း သောသူ ၊ ထာဝရဘုရား ရွေးနှုတ် တော်မူသောသူဟူ၍ငင်း ၊ သင် သည် သူတပါး မ စွန့်ပစ် ၊ စည်ပင် သော မြို့ ဟူ၍ငင်း သမုတ် ခြင်းကိုခံရလိမ့်မည်။

၆၃ တင့်တယ် သော အဝတ် တန်ဆာဆင်ခြင်း၊ ကြီး သောတန်ခိုး ကြောင့် ဝါကြွားခြင်းရှိ၍၊ ပန်းဆိုး သော အဝတ် ကိုဝတ်လျက်၊ ဧဒုံ ပြည်ဗောဇရ မြို့မှ လာ သော ဤ သူကား၊ အဘယ်သူ ဖြစ်ပါလိမ့်မည်နည်း။

ဖြောင့်မတ်ခြင်းတရား ကို ဟော ၍၊ ကယ်တင် ခြင်းငှာ တန်ခိုးကြီး သောငါ ပေတည်း။ ၂ ကိုယ်တော် သည် အဘယ်ကြောင့်နှီ သောအဝတ် ကို ဝတ်တော်မူသနည်း။ အဝတ် တော်သည် စပျစ်သီးကို နင်းနယ် သောသူ ၏အဝတ်နှင့် အဘယ်ကြောင့် တူ ပါသနည်း။ ၃ စပျစ်သီးကို ငါ တယောက် တည်းနင်းနယ် ရပြီ။ လူ များအထဲ ကတယောက် မျှမ ပါ။ သူ တို့ကို ငါ အမျက် ထွက်၍ ကျော် နင်းပြီ။ ပြင်းစွာအမျက် ထွက်၍ နှိပ်နင်း ပြီ။ သူ တို့အသွေး သည် ငါ့ အဝတ် ပေါ် မှာ ဖျန်း လျက်ရှိပြီ။ ငါ့ အဝတ် တန်ဆာရှိသမျှ ကို ငါ ဆိုးပြီ။ ၄ အပြစ် ပေးသော နေ့ရက် ကို ငါ အောက်မေ့ ပြီ။ ငါ ရွေးနှုတ် သောသူတို့ ၏ နှစ် သည် ရောက် လာပြီ။ ၅ ငါကြည့် ရှု၍ မစ သော သူမ ရှိ။ မှိုင်တွေ သော်လည်း ထောက် ပင့်သောသူမ ရှိ။ ထိုကြောင့် ၊ ကိုယ် လက် သည် ကိုယ် အဘို့ ကယ်တင် ခြင်းကို ပြုပြီ။ ကိုယ် ဒေါသ အမျက်သည် ကိုယ် ကိုထောက် ပင့်ပြီ။ ၆ လူ များကို အမျက် ထွက်၍ ကျော်နင်း ပြီ။ ပြင်းစွာအမျက် ထွက်၍ ကျပ်ကျပ် နှိပ်နင်းပြီ။ သူ တို့အသွေး ကို မြေ ပေါ် မှာသွန် ပြီ။ ၇ ကရုဏာနှင့် မဟာမေတ္တာတော်အတိုင်း ထာဝရဘုရားသည် ငါ တို့အား သနား တော်မူသောအရာအလုံးစုံ ကိုငင်း၊ ကြွသရေလ အမျိုးသား တို့ ၌ ပြု တော်မူသော မဟာကျေးဇူး တော်ကိုငင်းထောက်၍၊ ထာဝရဘုရား ၏ မဟာမေတ္တာ တော်နှင့်၊ ထာဝရဘုရား ၏ ဂုဏ် ကျေးဇူးတော်ကို ငါချီးမွမ်း မည်။ ၈ အကယ် စင်စစ်သူ တို့သည် ငါ ၏လူ ဖြစ်ကြ၏။ သစ္စာ မ ပျက်သော သား လည်း ဖြစ်ကြ၏ဟု မိန့် တော်မူသဖြင့် ၊ သူ တို့ကို ကယ်နှုတ် တော်မူ၏။ ၉ အမှု ရောက်လေရာရာ ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ စေလွှတ်သော ကောင်းကင်တမန် သည် ကယ်တင် လျက်၊ မေတ္တာ ကရုဏာ တော်ရှိသည်အတိုင်းရွေးနှုတ် တော်မူ၏။ ရှေး ကာလ ပတ်လုံး သူ တို့ကို ချီ ဆောင် တော်မူ၏။ ၁၀ သူ တို့သည်လည်း ပုန်ကန် ၍ ၊ သန့်ရှင်း သော ဝိညာဉ် တော်ကို နာ စေကြ၏။ ထိုကြောင့် ၊ သူ တို့ကို ရန်ဘက် ပြု၍ စစ်တိုက် တော်မူ၏။ ၁၁ ထိုအခါ ထာဝရ ဘုရား၏ လူ တို့သည် ရှေး ကာလ ၊ မောရှေ ၏ကာလကို အောက်မေ့ ကြ၏။ မိမိ လူ တို့ ကို သိုးထိန်း နှင့် တကွပင်လယ် ထဲက ထုတ် ဆောင်သော ဘုရားသည် အဘယ်မှာ ရှိတော်မူသနည်း။ မိမိ လူတို့အထဲ ၌ သန့်ရှင်း သော ဝိညာဉ် တော်ကို သွင်း လျက်၊ ၁၂ မောရှေ ၏လက်ျာ နား မှာ ဘုန်း ကြီးသော လက်ရုံး တော်ကို သွင်း ၍၊ အသရေ တော်ကို အစဉ် ထင်ရှား စေခြင်းငှါ ၊ သူ တို့ရှေ့ မှာ ရေ ကို ခွဲ သဖြင့်၊ ၁၃ လွင်ပြင် ၌ မြင်း ကို နှင်သကဲ့သို့ ၊ အဆီး အတားမ ရှိဘဲ နက်နဲ ရာအရပ်၌ သူ တို့ကို ဆောင်သွား သော ဘုရား သည် အဘယ်မှာရှိတော်မူသနည်း။ ၁၄ ချိုင့် ထဲသို့ သိုး နွား ဆင်း သွားသကဲ့သို့ ၊ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ငြိမ်ဝပ် ရသောအခွင့်ကိုပေး တော်မူ၏။ ထိုသို့ အသရေ တော်ကို ထင်ရှား စေခြင်းငှါ ၊ ကိုယ်တော် ၏လူ တို့ကို ဆောင်သွား တော်မူပါပြီ။ ၁၅ ကောင်းကင် ဘုံက ငုံကြည့် တော်မူပါ။ သန့်ရှင်း ၍ ဘုန်း ကြီးသောနေရာ က ကြည့်ရှု တော်မူပါ။ စိတ် တော် အားကြီး၍ တန်ခိုး ကို ပြတော်မူခြင်း၊ ကရုဏာတော်လှုပ်ရှား၍ အကျွန်ုပ် တို့ကို သနား စုံမက်တော်မူခြင်းသည် အဘယ် မှာရှိပါသနည်း။ ချုပ်တည်း တော်မူသလော။ ၁၆ အာဗြဟံ သည် အကျွန်ုပ် တို့ကိုမ သိ ၊ ကြွသရေလ သည် လက် မ ခံသော်လည်း ၊ အကယ်စင်စစ်ကိုယ်တော် သည် အကျွန်ုပ် တို့အဘ ဖြစ်တော်မူ၏။ အိုထာဝရဘုရား၊ ကိုယ်တော် သည် အကျွန်ုပ် တို့အဘ ဖြစ်တော်မူ၏။ ရှေး ကာလမှ စ၍အကျွန်ုပ် တို့ကို ရွေးနှုတ်

သော ဘုရားဖြစ်တော်မူ၏။ ၁၇ အိုထာဝရဘုရား ၊ ကိုယ်တော် ၏လမ်း မှ အကျွန်ုပ် တို့ကို အဘယ်ကြောင့် လွှဲ
စေတော်မူသနည်း။ ကိုယ်တော်ကိုမကြောက်ရွံ့မည်အကြောင်း၊ အကျွန်ုပ် တို့၏ စိတ်နှလုံး ကိုအဘယ်ကြောင့် ခိုင်မာ
စေတော်မူသနည်း။ ကိုယ်တော် ၏ ကျွန်တို့အတွက်၊ အမွေ တော်ဖြစ်သောအနွယ် တို့အတွက် ပြန်လာ တော်မူပါ။ ၁၈
ကိုယ်တော် ၏ သန့်ရှင်း သူ တို့သည် ခဏ သာအစိုးရ ပြီးမှ၊ ရန်သူ တို့သည် သန့်ရှင်း ရာဌာနတော်ကို ကျော်နင်း
ကြသည်ဖြစ်၍၊ ၁၉ အကျွန်ုပ်တို့သည် ကိုယ်တော်မ အုပ်စိုး ဘူးသော သူကဲ့သို့ၔင်း၊ နာမ တော်ဖြင့် သမုတ် ခြင်းကိုမ
ခံဘူးသော သူကဲ့သို့ၔင်း ဖြစ် ကြပါ၏။

၆၄ ကိုယ်တော်သည် မိုယ်းကောင်းကင် ကို ဖွင့်လှစ် ၍၊ ဆင်းသက် တော်မူပါစေသော။ ရှေ့ တော်၌ တောင် တို့သည်
လှုပ် ကြပါစေသော။ ၂ မီး သည်အမှိုက် ကို လောင် သကဲ့သို့ ၎င်း၊ ရေ ကိုဆူ စေသကဲ့သို့ၔင်း ဖြစ်ပါစေသော။
သို့ ဖြစ်လျှင်၊ ကိုယ်တော် ၏ ရန်သူ တို့သည် နာမ တော်ကို သိ ၍၊ ရှေ့ တော်၌ လူ အမျိုးမျိုးတို့သည် တုန်လှုပ်
ကြပါလိမ့်မည်။ ၃ အကျွန်ုပ်တို့ မြော်လင့် သည်ထက်၊ အံ့ဘွယ် သော အမှုတို့ကို ပြု တော်မူသောအခါ ၊ ဆင်းသက်
တော်မူ၍ တောင် တို့သည် ရှေ့ တော်၌ လှုပ် ကြပါ၏။ ၄ ကိုယ်တော် ကို မြော်လင့် သောသူတို့အဘို့အလိုငှါ ကျေးဇူးပြု
တော်မူသောဘုရား၊ ကိုယ်တော် မှတပါး အခြားသော ဘုရား သခင်ကို ကမ္ဘာဦး မှစ၍ အဘယ်သူမျှမ ကြား မ သိ
ပါ။ နားဖြင့်မကြား၊ မျက်စိ ဖြင့်မ မြင် စဖူးပါ။ ၅ ဝမ်းမြောက် သောစိတ်နှင့် ဖြောင့်မတ် စွာကျင့် သောသူ၊ တရား
တော်လမ်းတို့ ၌ ကိုယ်တော် ကို အောက်မေ့ သောသူတို့နှင့် ကိုယ်တော်သည် မိသဟာယဖွဲ့တော်မူ ၏။ ထိုလမ်းတို့မှ
အကျွန်ုပ်တို့သည် အစဉ် လွှဲ တတ် သောကြောင့်အမျက် ထွက်တော်မူ၏။ ကယ်တင် ခြင်းသို့ ရောက်ရကြပါ မည်လော။
၆ အကျွန်ုပ် တို့ရှိသမျှ သည် စင်ကြယ် ခြင်းမရှိပါ။ ပြုဘူးသမျှ သောကုသိုလ် ကောင်းမှုတို့သည် ညစ်သော အဝတ်
နှင့်တူ ကြပါ၏။ အကျွန်ုပ် တို့ ရှိသမျှ သည် သစ်ရွက် ကဲ့သို့ ညှိုးနွမ်း လျက် ရှိ၍၊ ကိုယ် အပြစ် တို့သည် လေ ကဲ့သို့
အကျွန်ုပ် တို့ကို တိုက် သွားပါပြီ။ ၇ နာမ တော်ကို ပဌနာ ပြုသောသူ၊ ကိုယ်တော် ကို မှီဝဲ ခြင်းငှါ ကိုယ်ကိုကိုယ်နှိုးဆော်
သော သူတယောက်မျှ မရှိပါ။ အကြောင်း မူကား၊ မျက်နှာ တော်ကိုလွှဲ ၍ အကျွန်ုပ် တို့ကို ဒုစရိုက် အပြစ်အားဖြင့် ဆုံးရှုံး
စေတော်မူပြီ။ ၈ သို့ရာတွင် အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် တို့ အဘ ဖြစ်တော်မူ၏။ အကျွန်ုပ် တို့သည်
အိုးမြေ ဖြစ်ပါ၏။ ကိုယ်တော် သည် အကျွန်ုပ် တို့၏ အိုးထိန်း ဖြစ်တော်မူ၏။ အကျွန်ုပ် တို့ရှိသမျှ သည် လက် တော်နှင့်
ဖန်ဆင်း သောအရာ ဖြစ်ပါ၏။ ၉ အိုထာဝရဘုရား ၊ ပြင်းစွာအမျက် ထွက်တော် မ မူပါနှင့်။ ပြစ်မှားမိသော အပြစ်
တို့ကို အစဉ် မပြတ်အောက်မေ့ တော်မ မူပါနှင့်။ ကြည့်ရှု တော်မူပါ။ အကျွန်ုပ် တို့ ရှိသမျှ သည် ကိုယ်တော် ၏
လူ ဖြစ်ကြပါ၏။ ၁၀ သန့်ရှင်း သောမြို့ တော်တို့သည် တော ဖြစ် ကြ ပါပြီ။ ဇိအုန် တောင်လည်း တော ဖြစ် ပါပြီ။
ယေရုရှလင် မြို့ လည်းပျက်စီး ပါပြီ။ ၁၁ ကိုယ်တော် ကို ဘိုးဘေး တို့ချီးမွမ်း ရာအရပ် ၊ အကျွန်ုပ် တို့၏ သန့်ရှင်း
တင့်တယ် သော ဗိမာန် တော်ကို မီး လောင် ပါပြီ။ အကျွန်ုပ် တို့နှစ်သက် ဘွယ်သောအရာရှိသမျှ တို့ သည် သုတ်သင်

ပယ်ရှားလျက်ရှိ ကြပါ၏။ ၁၂ အိုထာဝရဘုရား ၊ ဤ အမှုတို့ကို သည်းခံ တော်မူမည် လော၊ အောင့် လျက်နေ၍ အကျွန်ုပ် တို့ကို အလွန် ဆင်းရဲ စေတော်မူမည်လော။

၆၅ ငါ့ကို မ မေး မလျှောက်သောသူတို့၏ စကားကို ငါနားထောင်ပြီ။ ငါ့ ကိုမ ရှာ သောသူတို့သည် ငါ့ကိုတွေ့ ရ ကြပြီ။ ငါ့ ကိုကြည့် ကြလော့။ ကြည့် ကြလော့ဟု ငါ့ နာမ ကို ပဌနာ မ ပြုသောလူမျိုး အား ငါပြော ဆိုပြီ။ ၂ မိမိ အလို အတိုင်း မ ကောင်း သောလမ်း ကို လိုက် ၍၊ ငြင်းဆန် တတ်သော လူမျိုး ကို မျက်နှာပြုလျက်၊ တနေ့ လုံး ငါသည် ကိုယ် လက် ဝါးကိုဖြန့် ရပြီ။ ၃ ထိုလူမျိုး သည် ဥယျာဉ် ၌ ယဇ်ပူဇော် ၍ ၊ အုတ် ပေါ် မှာ လောဗန်ကို မီးရှို့ သဖြင့်၊ ငါ့ အမျက် ကို နှိုးဆော်ခြင်းငှါ၊ ငါ့ မျက်မှောက် ၌ အစဉ် ပြုတတ်၏။ ၄ သင်္ချိုင်း မှာ နေ ၍ ၊ သင်္ချိုင်းတွင်း၌ အိပ် တတ်၏။ ဝက် သား ကို စား ၍၊ ရံ့ရှာဘွယ် သော အမဲသားပြုတ်ရည် ကို သောက်တတ်၏။ ၅ သူတို့ကလည်း၊ သင်သည် အသီးအခြားနေလော့။ ငါ့ ထံသို့ မ ချဉ်း နှင့်။ ငါသည်သင့် ထက်သာ၍သန့်ရှင်း သည်ဟု ဆို တတ်၏။ ထို သို့သောသူတို့ သည် ငါ့ နာခေါင်း ၌ မီးခိုး ကဲ့သို့ငင်း၊ အစဉ် လောင် သောမီး ကဲ့သို့ငင်း ဖြစ်ကြ၏။ ၆ ငါ့ ရှေ့ မှာ စာရင်းမှတ် လျက်ရှိသည်ဖြစ်၍၊ ငါသည် တိတ်ဆိတ် စွာမ နေ၊ အကျိုးအပြစ်ကို ဆပ် ပေးမည်။ ၇ သင် တို့၏ ဒုစရိုက် အပြစ်ကိုငင်း ၊ တောင် ပေါ် မှာ လောဗန်ကို မီးရှို့ ၍ ၊ ကုန်း ပေါ် မှာ ငါ့ ကိုကဲ့ရဲ့ သော သင် တို့ဘိုးဘေး ၏ ဒုစရိုက် အပြစ်ကိုငင်း သင်တို့ရင်ခွင် ၌ ငါဆပ်ပေးမည်။ အကယ်စင်စစ်သူ တို့ပြုဘူးသောအကျင့် တို့၏ အကျိုး အပြစ်ကို သူ တို့ရင်ခွင် ၌ ငါခြင် ၍ ပေး မည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၈ တဖန်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ စပျစ်သီးပွင့် ၌ စပျစ်ရည် ကို တွေ့ သောအခါ မ ဖျက် နှင့်၊ မင်္ဂလာ ရှိသည်ဟု ဆို တတ်သကဲ့သို့ ၊ ထိုအတူ ၊ ငါ့ ကျွန် တို့၏ အကျိုးအလိုငှါ ငါပြု မည်။ အကုန် အစင်မ ဖျက်။ ၉ ယာကုပ် အမျိုး ထဲက မျိုးစေ့ကိုငင်း၊ ယုဒ အမျိုးထဲက ငါ့ တောင် ကို အမွေခံ ရသောသူကိုငင်း ငါထုတ်ဘော် မည်။ ငါ ရွေးကောက် သောသူ တို့ သည် ပြည်တော်ကို အမွေခံ ၍ ၊ ငါ ၏ကျွန် တို့သည် နေ ရကြလိမ့်မည်။ ၁၀ ငါ့ ကိုရှာ သော ငါ ၏လူ တို့အဘို့ ၊ ရှာရှုန် အရပ်သည် သိုး ခြံ ဖြစ်လိမ့်မည်။ အာခေါ် ချိုင့် သည်လည်း နွား များ အိပ် ရာအရပ်ဖြစ် လိမ့်မည်။ ၁၁ သင် တို့မူကား ၊ ထာဝရဘုရား ကိုစွန့်ပစ် သောသူ၊ ငါ ၏သန့်ရှင်း သော တောင် ကိုမေ့လျော့ သောသူ၊ ဂါဒ ဘုရားရှေ့မှာ စားပွဲ ကိုခင်း ၍ ၊ မေနိ ဘုရားအား သွန်းလောင်း ရာ ပူဇော် သက္ကာကို ပြင်သောသူဖြစ် ကြ၏။ ၁၂ သင် တို့ကို ငါရေတွက် ၍ ၊ ထား ၌အပ်မည်။ ရှိသမျှ တို့သည် အသေသတ် ခြင်းကိုခံရအောင် ဦးချ ရကြ လိမ့်မည်။ အကြောင်း မူကား၊ သင်တို့သည် ငါခေါ် သောအခါ မ ထူး ကြ။ ငါပြော သောအခါ နား မ ထောင်ကြ။ ငါ့ မျက်မှောက် ၌ မကောင်း သောအကျင့် ကို ကျင့် ကြ၏။ ငါမ နှစ်သက် သော အရာကို ရွေး ယူကြ၏။ ၁၃ ထိုကြောင့်၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ ၏ကျွန် တို့သည် စား ကြလိမ့်မည်။ သင် တို့မူကား ၊ မွတ်သိပ် ကြလိမ့်မည်။ ငါ ၏ကျွန် တို့သည် သောက် ကြလိမ့်မည်။ သင် တို့မူကား ၊ ရေငတ် ကြလိမ့်မည်။ ငါ ၏ကျွန် တို့သည် ဝမ်းမြောက် ကြလိမ့်မည်။ သင် တို့မူကား ၊ ရှက် ကြောက် ကြလိမ့်မည်။ ၁၄ ငါ ၏ကျွန် တို့သည် ရွှင်လန်း သောစိတ် နှင့် သီချင်း ဆိုကြလိမ့်မည်။ သင် တို့မူကား ၊ ဝမ်းနည်း သောစိတ် နှင့်

ငိုကြွေး ကြလိမ့်မည်။ ကြေကွဲ သော နှလုံး နှင့် ညဉ်းတွား မြည်တမ်းကြလိမ့်မည်။ ၁၅ သင်တို့သည် ကိုယ် နာမ ကို၊ ငါ ရွေးကောက် သောသူတို့ ၌ ကျိန်ဆဲ ဘို့ ရာ ကျန်ရစ် စေကြလိမ့်မည်။ အရှင် ထာဝရဘုရား သည် သင် တို့ကို ကွပ်မျက် ၍၊ ကိုယ်တော် ၏ ကျွန် တို့ကို အခြား သောနာမ ဖြင့် မှည့် တော်မူမည်။ ၁၆ မြေကြီး ပေါ် မှာ မိမိကို မိမိကောင်းကြီး ပေးသောသူသည်၊ သစ္စာ စောင့်တော်မူသောဘုရား သခင်ကို အမှီပြု၍ ကောင်းကြီး ပေးလိမ့်မည်။ မြေကြီး ပေါ် မှာ ကျိန်ဆို သောသူသည်၊ သစ္စာ စောင့်တော်မူသောဘုရား သခင်ကို တိုင်တည်၍ ကျိန် ဆိုလိမ့်မည်။ အကြောင်း မူကား၊ အရင် အမှု တို့ကို မေ့လျော့ ရ၏။ ငါ့ မျက်မှောက် ၌ ကွယ် ပျောက် လျက်ရှိကြ၏။ ၁၇ ကြည့်ရှု လော့။ မိုးယံ ကောင်းကင်သစ် နှင့် မြေကြီး သစ် ကို ငါ ဖန်ဆင်း မည်။ အရင် မိုးယံကောင်းကင်နှင့်မြေကြီးကို မ အောက်မေ့ ရ။ နှလုံး မ မှတ်မိ ရ။ ၁၈ ငါ ဖန်ဆင်း လတံ့သောအရာကြောင့်၊ သင်တို့သည် အစဉ် အမြဲဝမ်းမြောက် ၍နှံး ကြလိမ့်မည်။ ယေရုရှလင် မြို့ကို ဝမ်းမြောက် စရာအကြောင်း၊ မြို့ သား တို့ကို ၍လန်း စရာအကြောင်းဖြစ်စေခြင်းငှါ ငါ ဖန်ဆင်း ၏။ ၁၉ ငါသည်လည်း ယေရုရှလင် မြို့ကြောင့် ဝမ်းမြောက် မည်။ ငါ ၏လူ တို့ကြောင့် ၍လန်း မည်။ ထိုမြို့ ၌ ငိုကြွေး သံ နှင့် အော်ဟစ် သံ ကို နောက် တဖန်မ ကြား ရ။ ၂၀ ထို မြို့၌ အသက်ငယ်သောသူငယ် မ ရှိ ရ။ အသက်မ ပြည့်စုံ သော လူအို လည်းမရှိရ။ အသက် တရာ ရှိလျက် သေ သောသူကို သူငယ်ဟူ၍မှတ်ရ၏။ အပြစ် ရှိသောသူသည် အသက် တရာ ရှိလျက်သေလျှင်၊ ကျိန် ခြင်းကို ခံရသောသူဟူ၍မှတ်ရ၏။ ၂၁ ထိုသူတို့သည် ကိုယ်ဆောက် သောအိမ် ၌ နေ ကြလိမ့်မည်။ ကိုယ်စိုက် သော စပျစ် ဥယျာဉ်အသီး ကို စား ကြ လိမ့်မည်။ ၂၂ သူတို့သည် အိမ်ကို ဆောက် ၍ အခြား သောသူ နေ ရမည်မ ဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက် ၍ အခြား သောသူစား ရမည်မ ဟုတ်။ ငါ ၏ လူ တို့အသက် သည် သစ်ပင် ၏အသက် ကဲ့သို့ ဖြစ်၍ ၊ သူ တို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာ သုံးဆောင်ရကြ လိမ့်မည်။ ၂၃ ငါ ရွေးကောက် သောသူတို့ သည် အချည်းနှီး မ လုပ် မဆောင်ရကြ။ အသက် တိုသော သားကိုမ ဘွား မမြင်ရကြ။ ကိုယ်တိုင် မှစ၍ အမျိုး အနွယ်တို့သည်၊ ထာဝရဘုရား ပေးတော်မူသောကောင်းကြီး မင်္ဂလာကို ခံရသောသူ ဖြစ်ကြလိမ့်မည်။ ၂၄ ငါသည် သူတို့မခေါ် မီ ကပင် ထူး မည်။ လျှောက် စဉ်တွင် ပင် ငါ နားထောင် မည်။ ၂၅ တောခွေး နှင့် သိုးသငယ် တို့သည် အတူကျက်စား ကြလိမ့်မည်။ ခြင်္သေ့ သည်နွား ကဲ့သို့ မြက် ကိုစား လိမ့်မည်။ မြွေ မူကား ၊ မြေမှုန့် ကိုသာ စား ရလိမ့်မည်။ ငါ ၏ သန့်ရှင်း သောတောင် တပြင် လုံး၌ အချင်းချင်းညှဉ်းဆဲ ခြင်း၊ ဖျက်ဆီး ခြင်းကို မ ပြုရကြဟု ထာဝရဘုရား မိန့် တော်မူ ၏။

၆၆ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ကောင်းကင် ဘုံသည် ငါ့ ပလ္လင် ဖြစ်၏။ မြေကြီး သည် ငါ့ ခြေ တင် ရာခုံ ဖြစ်၏။ အဘယ်သို့ သော ဗိမာန် ကို ငါ့ အဘို့ တည် ဆောက်ကြမည်နည်း။ အဘယ် အရပ်သည် ငါ ကျိန်းဝပ် ရာအရပ် ဖြစ်မည်နည်း။ ၂ ဤ အရာအလုံးစုံ တို့သည် ငါ့ ကိုယ်တိုင် ဖန်ဆင်း သောကြောင့် ဖြစ် ကြ၏။ စိတ်နှိမ့်ချ ခြင်း၊ နှလုံး ကြေကွဲ ခြင်း၊ ငါ့ စကား ကြောင့် တုန်လှုပ် ခြင်းရှိသောသူကိုသာငါကြည့်ရှု မည်။ ၃ တဖန်မိန့်တော်မူသည်ကား၊ နွား ကိုသတ် သောသူသည် လူ ကို သတ် သောသူနှင့်တူ၏။ သိုးသငယ် ကို ယဇ် ပူဇော်သောသူသည် ခွေး လည်ပင်းကိုဖြတ်

သော သူနှင့်တူ၏။ အလှူဒါနကို လှူဒါန်း သောသူသည် ဝက် သွေး ကို လှူဒါန်း သောသူနှင့်တူ၏။ လောဗန် ကိုမီးရှို့ သောသူသည် ရုပ်တု ကိုကောင်းကြီး ပေး သော သူ နှင့် တ ူ၏။ အကယ်စင်စစ် ထိုသူ တို့သည် မိမိ အလိုရှိရာ လမ်း ကိုရွေး ကြ၏။ မိမိ ဆိုးညစ် သောအမှုတို့ ၌ မွေ့လျော် ကြ၏။ ၄ ငါ သည်လည်း ၊ သူ တို့ဘို့ ဘေးဥပဒ် များကိုရွေး မည်။ သူ တို့ကြောက် သောအမှုကို ရောက် စေမည်။ အကြောင်း မူကား၊ ငါခေါ် သောအခါ အဘယ်သူ မျှမထူး။ ငါပြော သောအခါ သူတို့သည် နား မ ထောင်ကြ။ ငါ့ မျက်မှောက် ၌ မကောင်း သောအကျင့် ကိုကျင့် ၍ ၊ ငါ မ နှစ်သက် သော အရာ ကို ရွေးယူကြ၏။ ၅ ထာဝရဘုရား ၏ နှုတ်ကပတ် စကားတော်ကြောင့် တုန်လှုပ် သောသူတို့၊ စကား တော်ကို နားထောင် ကြလော့။ သင် တို့ကိုမုန်း ၍၊ ငါ့ နာမ ကြောင့် နှင်ထုတ် သော ညီအစ်ကို တို့က၊ ငါတို့သည်သင် တို့၏ ဝမ်းမြောက် ခြင်းကို မြင် ရမည်အကြောင်း ၊ ထာဝရဘုရား သည် ဘုန်းပွင့် တော်မူစေ သတည်း ဟု ပြော တတ်သော်လည်း ၊ ရှက် ကြောက်ကြ လိမ့်မည်။ ၆ မြို့ ၌ အုတ်အုတ် ကျက်ကျက်သောအသံ ၊ ဗိမာန် တော်ထဲက ထွက်သောအသံ ၊ ရန်သူ တို့အား အကျိုး အပြစ် ကိုပေး တော်မူသောထာဝရဘုရား ၏စကားသံ ပေတည်း။ ၇ ဇိအုန်သတို့သမီးသည် သားဘွားခြင်းဝေဒနာ ကို မ ခံမှီသားကိုဘွား ၏။ ဝေဒနာ ခံချိန်မ ရောက် မှီ သား ယောကျ်ားကိုမြင် ၏။ ၈ ထို သို့သော အမှုကို အဘယ်သူ သည် ကြား ဘူး သနည်း။ ထိုသို့သော အမှုတို့ကို အဘယ် သူသည် မြင် ဘူး သနည်း။ တိုင်း နိုင်ငံကို တ နေ့ ခြင်းတွင် ဘွား တတ်သလော။ ပြည်သူ ပြည်သားအပေါင်းတို့ကို တပြိုင်နက် ဘွား တတ်သလော။ ဇိအုန် သတို့သမီးသည် သားဘွား ခြင်းဝေဒနာ ကို ခံ အ ့ဆဲဆဲ တွင်၊ သား များကို ဘွားမြင် ပါ သည် တကား။ ၉ သားဘွားမည်အကြောင်းကို ငါ သည်စီရင် ပြီးမှ ၊ မ ဘွား စေဘဲနေရမည်လောဟု ထာဝရဘုရား မေး တော်မူ ၏။ ငါ သည် ပဋိသန္ဓေ ပေးပြီးမှ ၊ မဘွားနိုင်အောင် ချုပ် ထားရမည်လောဟု သင် ၏ဘုရား သခင်မေး တော်မူ ၏။ ၁၀ ယေရုရှလင် မြို့ကို ချစ် သောသူအပေါင်း တို့၊ သူ နှင့် အတူ ဝမ်းမြောက် ၍လန်း ကြလော့။ ယေရုရှလင် မြို့အတွက် စိတ်မသာညည်းတွား သောသူအပေါင်း တို့၊ သူ နှင့် အတူ အလွန်ဝမ်းမြောက် ကြလော့။ ၁၁ သို့ပြုလျှင် ၊ သူ ၏ချမ်းသာ ခြင်းသားမြတ် ကိုစို့ ၍ ဝ ကြလိမ့်မည်။ သူ ၏စည်းစိမ် ကြွယ်ဝခြင်းအထဲက ထုတ်ယူ၍ မွေ့လျော် ကြလိမ့်မည်။ ၁၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ မြစ် ကဲ့သို့ ချမ်းသာ ကိုငင်း ၊ စီး သောရေ ကဲ့သို့ တပါး အမျိုးသား တို့၏ စည်းစိမ် ကိုငင်းယေရုရှလင် မြို့သို့ ငါ ရောက် စေမည်။ သင်တို့သည် သားမြတ်ကိုစို့ ၍ ခါး ၌ခွဲချီ ခြင်း၊ ဒူး ပေါ် မှာ မြူ ခြင်းကို ခံစားရကြလိမ့်မည်။ ၁၃ အမိ သည် သား ငယ်ကို နှစ်သိမ့် စေသကဲ့သို့ ၊ သင် တို့ကို ငါ နှစ်သိမ့် စေမည်။ ယေရုရှလင် မြို့၌ ချမ်းသာ ရကြလိမ့်မည်။ ၁၄ ထိုသို့ တွေ့ မြင်သဖြင့် ၊ သင် တို့၏နှလုံး သည် ရွှင်မြူး ၍ ၊ အရိုး တို့ သည်စိမ်းလန်းသော အပင် ကဲ့သို့ သန် ကြလိမ့်မည်။ ထာဝရဘုရား ၏ လက် တော်သည်လည်း ကျွန် တော်တို့အားဇင်း၊ အမျက်တော်သည် ရန်သူ တို့ အားဇင်း ထင်ရှား လိမ့်မည်။ ၁၅ ကြည့်ရှု လော့။ ထာဝရဘုရား သည် ပြင်းစွာသော အရှိန် အားဖြင့် အမျက် တော်ကိုဇင်း၊ မီးလျှံ အားဖြင့် ဆုံးမ တော်မူခြင်းကိုငင်းထင်ရှားစွာ ပြ ခြင်းငှါ ၊ လေတွေ့ ကဲ့သို့ သော ရထား တော်တို့ကိုစီး၍ ၊ မီး ကဲ့သို့ကြွလာ တော်မူလိမ့်မည်။ ၁၆ ထာဝရဘုရား သည် မီး နှင့် ထား အားဖြင့် ၊ လူ

သတ္တဝါအပေါင်း တို့ကို အပြစ် ပေးတော်မူ၍၊ ထာဝရဘုရား ကွပ်မျက် တော်မူသောသူတို့ သည် များ ကြလိမ့်မည်။ ၁၇ တဖန်မိန့်တော်မူသည်ကား၊ ဝက် သား ၊ ကြွက် သား၊ ရွံရှာဘွယ် သောအရာကို စား လျက်၊ ဥယျာဉ် တို့တွင် အလယ် ၌ရှိသောသူတ ယောက်နောက် သို့ လိုက်၍၊ မိမိတို့ကို သန့်ရှင်း စင်ကြယ်စေသောသူတို့ သည် တပြိုင်နက် ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်။ သူ တို့၏အကျင့် ကိုငဲ့အကြဲအစည် တို့ကိုငဲ့ငါ သိ၏။ ၁၈ အချိန်တန်မှ ဘာသာ စကားခြားနားသော လူ အမျိုးမျိုးအပေါင်း တို့ကို ငါစည်းဝေး စေသဖြင့် ၊ သူတို့သည် လာ ၍ ငါ ၏ဘုန်း ကို ဖူးမြင် ကြလိမ့်မည်။ ၁၉ ထိုသူ တို့တွင် အလံ ကို ငါထူ မည်။ ဘေးလွတ် သောသူတို့ ကို တာရှု ပြည် ၊ ဖုလ ပြည်၊ လေး လက်နက်ကို သုံး တတ်သော လုဒ ပြည်၊ တုဗလ ပြည်၊ ယာဝန် ပြည်မှစ၍၊ ငါ ၏နာမ ကိုမ ကြား ၊ ငါ ၏ဘုန်း ကိုမ မြင် ၊ ဝေး စွာသော တကျွန်း တနိုင်ငံအရပ်သို့ စေလွှတ် သဖြင့် ၊ တပါး အမျိုးသား တို့တွင် ငါ ၏ဘုန်း ကို ဟော ပြောကြလိမ့်မည်။ ၂၀ ဣသရေလ အမျိုးသား တို့သည် စင်ကြယ် သော ဖလား စသည်တို့နှင့် ၊ ပူဇော် သက္ကာကို ဗိမာန် တော်သို့ ဆောင် ခဲ့သကဲ့သို့ ၊ ထိုသူတို့သည် သင် တို့၏ ညီအစ်ကို အပေါင်း ကို မြင်း ၊ ရထား ၊ ထမ်းစင် ၊ မြည်း ၊ ကုလားအုပ် ပေါ် ၌တင်၍၊ ထာဝရဘုရား အား ပူဇော် ဘို့ရာ၊ ခပ်သိမ်း သောအပြည် ပြည်တို့မှ ငါ ၏ သန့်ရှင်း သောတောင် ၊ ယေရုရှလင် မြို့သို့ ဆောင် ခဲ့ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၁ ထိုသူ အချို့တို့ကို ငါရွေး ယူ၍၊ ယဇ်ပုရောဟိတ် အရာ နှင့် လေဝိ လူအရာ ၌ခန့်ထားမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၂ ငါ ဖန်ဆင်း သော ကောင်းကင် သစ် နှင့် မြေကြီး သစ် သည် ငါ့ ရှေ့ ၌ တည် သကဲ့သို့ ၊ သင် တို့၏အမျိုး အနွယ်နှင့် သင် တို့၏ နာမ သည်လည်း တည် ရလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၃ လူ သတ္တဝါအပေါင်း တို့သည် ငါ့ ရှေ့ မှာ ကိုးကွယ် ခြင်းငှါ လဆန်း နေ့နှင့် ဥပုသ် နေ့အစဉ်အတိုင်းလာ ကြ လိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၄ ထိုသူတို့သည်၊ ငါ့ ကို ပြစ်မှား သောသူ တို့၏ အသေ ကောင်များကို ထွက် ၍ ကြည့် ရှုကြလိမ့်မည်။ သူ တို့၏ ပိုး သည်မ သေ နိုင်ရာ။ သူ တို့၏မီး သည်လည်း မ ငြိမ်း နိုင်ရာ။ လူ သတ္တဝါအပေါင်း တို့ ၌ ရွံရှာဘွယ် ဖြစ် ရကြ လိမ့်မည်ဟု မိန့်တော်မူ၏။

၁ ယုဒ ရှင်ဘုရင် အာမုန် သား ယောရှိ မင်းနန်းစံ ဆယ်သုံး နှစ် တွင် ၎င်း၊ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် လက်ထက် ၌ ၎င်း ၊ ၂ ယုဒ ရှင်ဘုရင် ယောရှိ သား ဇေဒကိ မင်းနန်းစံဆယ်တ နှစ် စေ့ ၍ ပဥ္စမ လ တွင် ၊ ယေရုရှလင် မြို့သားတို့ကိုသိမ်းသွား ချုပ်ထားသည်တိုင်အောင်၊ ၃ ထာဝရဘုရား ၏ဗျာဒိတ် တော်ကိုခံရ သော ဗယ်ာမိန် ပြည် ၊ အာနသုတ် မြို့နေဟိလခိ သား ယဇ်ပုရောဟိတ် ယေရမိ စကား မှာ၊ ၄ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် ၍ မိန့် တော်မူသည်ကား၊ ၅ သင့်ကိုအမိဝမ်း ထဲ ၌ငါမဖန်ဆင်း မှီ သင့် ကို ငါသိ ပြီ။ မ ဘွား မှီကပင် သင့် ကို ငါသန့်ရှင်း စေ၍၊ လူ အမျိုးမျိုးတို့အဘို့ ၊ ပရောဖက် အရာ၌ ခန့် ထားပြီဟု မိန့်တော်မူ၏။ ၆ ငါကလည်း၊ အို အရှင် ထာဝရဘုရား ၊ အကျွန်ုပ် သည် မ ဟော မပြောတတ်ပါ။ သူငယ် ဖြစ်ပါ၏ဟု လျှောက် လျှင် ၊ ၇ ထာဝရဘုရား ကလည်း ၊ အကျွန်ုပ် သည် သူငယ် ဖြစ်ပါ၏ဟု မ ပြော နှင့်။ အကြင် သူရှိရာသို့ သင့် ကို ငါ စေလွှတ် ၏၊ ထိုသူရှိရာသို့ သင်သွား ရမည်။ အကြင် စကားကို ငါမှာ ထား၏၊ ထို စကားကို သင် ဆင့်ဆို ရမည်။ ၈ သူ တို့ကိုမ ကြောက် နှင့်။ သင့် ကို ကယ်နှုတ် ခြင်းငှါ သင် နှင့် အတူငါ ရှိသည်ဟု မိန့် တော်မူပြီးမှ၊ ၉ လက် တော်ကိုဆန့် ၍ ငါ့ နှုတ် ကိုတို့ တော်မူလျက် ၊ သင် ၏နှုတ် ၌ ငါ့ စကား ကို ငါသွင်း ထားပြီ။ ၁၀ ကြည့်ရှု လော့။ သင်သည်နှုတ်ပယ်ဖြိုချ ဖျက်ဆီး မှောက် လဲ့ရသောအခွင့်၊ တည် ဆောက်စိုက်ပျိုး ရသောအခွင့်နှင့် သင့်ကို လူ အမျိုးမျိုးတို့၏ တိုင်း နိုင်ငံများ အပေါ် မှာ ယနေ့ ငါခန့် ထားပြီဟု မိန့် တော်မူ၏။ ၁၁ တဖန် ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် ၍၊ ယေရမိ ၊ သင် သည်အဘယ် အရာကို မြင် သနည်းဟုမေး တော်မူလျှင် ငါ က၊ အကျွန်ုပ်သည် ဗာတံ ကိုင်း ကို မြင် ပါ၏ဟု လျှောက် သော် ၊ ၁၂ ထာဝရဘုရား က၊ သင်သည်မှန်ကန် စွာမြင်ပြီ။ အကြောင်းမူကား၊ ငါ့ စကား ကို ပြည့်စုံ စေခြင်းငှါ ၊ ငါ စောင့် နေမည်ဟု မိန့် တော်မူ၏။ ၁၃ တဖန်ထာဝရ ဘုရား၏ နှုတ်ကပတ် တော်သည် ဒုတိယ အကြိမ် ငါ့ ဆီသို့ ရောက် ၍ ၊ သင် သည် အဘယ် အရာကို မြင် သနည်းဟုမေး တော်မူလျှင် ငါက၊ အကျွန်ုပ် သည် ဆူပွက် သော အိုး ကင်းကို မြင် ပါ၏။ မြောက် ဘက်သို့ မျက်နှာ ပြူလျက်ရှိပါ၏ဟု လျှောက် လျှင်၊ ၁၄ ထာဝရဘုရား က၊ မြောက် မျက်နှာဘက်က ဘေးဥပဒ် သည်၊ ဤပြည် သား တို့အပေါ် သို့ ထွက်လာလိမ့်မည်။ ၁၅ အကြောင်း မူကား၊ မြောက် တိုင်း နိုင်ငံသား အမျိုးမျိုး အပေါင်းတို့ကို ငါ ခေါ် ၍၊ သူတို့သည် လာ ပြီးလျှင် ၊ ယေရုရှလင် မြို့တံခါး ဝ များတို့ ၌၎င်း ၊ မြို့ရိုး ပတ်ဝန်းကျင် အရပ်ရပ် တို့ ၌၎င်း ၊ ယုဒ မြို့ ရွာအလုံးစုံ တို့ ၌ ၎င်း မိမိ တို့ ရာဇပလ္လင် များကို အသီးအသီး တည် ထားကြလိမ့်မည်။ ၁၆ ပြည်သူပြည်သားတို့သည် ငါ့ ကိုစွန့် သောအပြစ်၊ အခြားသော ဘုရား တို့အား နံ့သာပေါင်းကို မီးရှို့ သော အပြစ်၊ မိမိ တို့လက် ဖြင့် လုပ် သော အရာကို ကိုးကွယ် သောအပြစ် ရှိသမျှ တို့ကြောင့် ၊ သူ တို့ကို ငါ စစ်ကြော ၍၊ အပြစ်နှင့်အလျောက်စီရင် မည်။ ၁၇ သို့ ဖြစ်၍သင် သည် ခါးပန်း ကို စည်း ၍ ထ လော့။ ငါ မှာ ထားသမျှ ကို သူ တို့အား ဟော ပြောလော့။ သူ တို့ ရှေ့ မှာ သင့် ကို ငါအရှက်မခွဲရမည်အကြောင်းသူ တို့ကို မ ကြောက် နှင့်။ ၁၈ ကြည့်ရှု လော့။ ယုဒ ရှင်ဘုရင် ၊ မင်းသား ၊ ယဇ်ပုရောဟိတ် ၊ ပြည်သူ ပြည်သားတည်းဟူသောတနိုင်ငံ လုံး တစ်ဘက် ၌၊ ခိုင်ခံ့

သော မြို့ ၊ သံ တိုင် ၊ ကြေးဝါ ထရံ အရာ၌ သင့် ကို ယနေ့ ငါခန့် ထား၏။ ၁၉ သူတို့သည် သင့် ကို စစ်တိုက် ၍ မ နိုင် ရကြ။ သင့် ကို ကယ်နှုတ် ခြင်းငှါ ၊ သင် နှင့် အတူငါ ရှိသည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

J တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည်ငါ့ ဆီသို့ ရောက် ၍၊ သင်သည်ယေရုရှလင် မြို့သို့ သွား ပြီးလျှင် ၊ ၂ အော်ဟစ် ရမည်အရာဟူမူကား၊ ထာဝရဘုရား က၊ လယ် မ လုပ် သော တော အရပ်၌ သင် သည် ငါ့ နောက် သို့လိုက် သောအခါ၊ အသက် အရွယ်နုငယ်၍ခံရသောကျေးဇူးကိုငင်း၊ ထိမ်းမြား ပေးစားခြင်းနှင့်ယှဉ်သော ချစ်ခြင်း မေတ္တာကိုငင်း ငါအောက်မေ့ ၏။ ၃ ထိုအခါ ဣသရေလ အမျိုးသည် ထာဝရဘုရား အဘို့ သန့်ရှင်း ၏။ စီးပွားတော်အဘို့ အဦး သီးသော အသီး ဖြစ်၏။ သူ တို့ကို လုယူ သောသူအပေါင်း တို့သည် အပြစ် ရှိကြ၏။ ထိုသူတို့အပေါ်မှာ ဘေးဥပဒ်ရောက်ရသည် ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၄ အိုယာကုပ် အမျိုး နှင့် ဣသရေလ အမျိုး အနွယ် အပေါင်း တို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားထောင် ကြလော့။ ၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့၏ဘိုးဘေး တို့သည် ငါ့ ထံမှ ဝေး စွာထွက်သွား၍ ၊ အနတ္တ လမ်း သို့လိုက် လျက်၊ အနတ္တ သက်သက် ဖြစ် ရမည် အကြောင်း၊ ငါ ၌ အဘယ် မည်သောအပြစ် ကို တွေ့ ကြသနည်း။ ၆ သူတို့က၊ ငါ တို့ကို အဲဂုတ္တ၊ ပြည် မှ ကယ်နှုတ် ၍၊ တော တရှောက် လုံး၊ လွင်ပြင် ၊ မြေတွင်း နှင့်ပြည့်စုံသော ပြည်၊ သွေ့ခြောက်၍ သေမင်းအရိပ် လွှမ်းမိုးသောပြည် ၊ ခရီး သွားသောသူ၊ နေရာ ကျသောသူ မ ရှိသော ပြည်တရှောက် လုံးသို့ပို့ဆောင်သော ထာဝရဘုရား သည် အဘယ်မှာ ရှိတော်မူသနည်းဟု မ မေး ကြ။ ၇ ဝပြော သော ပြည် ၏အသီးအနှံ ဆီဥ ဆီကြည်ကို စား စေခြင်းငှါ သင် တို့ကို ငါဆောင် သွင်း၍၊ သင်တို့သည် ဝင်စား သောအခါ ၊ ငါ့ ပြည် ကို ညစ်ညူး စေ၍ ၊ ငါ ၏အမွေ ကို ရွံရှာ ဘွယ်ဖြစ် စေကြသည်တကား။ ၈ ယဇ် ပုရောဟိတ်တို့က၊ ထာဝရဘုရား သည် အဘယ်မှာ ရှိတော်မူသနည်းဟု မ မေး ကြ။ ကျမ်း တတ်တို့ သည် ငါ့ ကိုမ သိ ကြ။ သင်းအုပ် တို့သည် ငါ့ ကို ပြစ်မှား ကြ၏။ ပရောဖက် တို့သည် ဗာလ ကို အမှီပြု ၍ ဟောပြော လျက် ၊ ကျေးဇူး မဲ့ သောလမ်းသို့ လိုက် ကြ၏။ ၉ ထိုကြောင့် ၊ သင် တို့နှင့် သင် တို့သား သမီးများကို ငါစစ်ကြော မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ ခိတ္တိမ် ကျွန်း တို့သို့ကူး ၍ ကြည့်ရှု ကြလော့။ ကေဒါ ပြည်သို့ လူကို စေလွှတ် ၍ ၊ ထို သို့ ဖြစ် ဘူးပြီလောဟု စေ့စေ့ ကြည့်ရှု ဆင်ခြင်ကြလော့။ ၁၁ အခြားတပါးသော လူမျိုး ကိုးကွယ်သော ဘုရား သည် ဘုရား မဟုတ် သော်လည်း ၊ ပြောင်းလဲ ဘူးပြီလော။ ငါ ၏လူမျိုး သည် ကျေးဇူး မ ပြုနိုင်သောအရာဘို့ မိမိ တို့ ဘုန်း ကို ပြောင်းလဲ ကြပြီတကား။ ၁၂ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အို မိုဃ်း ကောင်းကင် တို့၊ ထို အမှုကို မိန်းမော တွေဝေ ၍၊ ကြက်သီး မွေးညှင်း ထ သည် တိုင်အောင ်ထိတ်လန့် လျက် နေကြလော့ ။ ၁၃ ငါ ၏ လူ တို့သည် အသက် စမ်း ရေတွင်း တည်း ဟူသော၊ ငါ့ ကိုစွန့်ပယ် ၍၊ ရေ မ လုံ ၊ ပဲ့ ပျက်သောရေကျင်း တို့ကို တူး သောအားဖြင့် ဒုစရိုက် နှစ် ပါးကို ပြု ကြပြီ။ ၁၄ ဣသရေလ သည် ကျွန် ဖြစ်သလော ။ ကျွန် သားပေါက် ဖြစ်သလော။ အဘယ်ကြောင့် လုယူ ခြင်းကိုခံရ သနည်း။ ၁၅ ခြင်္သေ့ တို့သည် သူ့ ကို ဟောက် ၍ အသံ မြည် ကြပြီ ။ သူ ၏ပြည် ကို ဖျက်ဆီး ကြပြီ။ သူ ၏မြို့ တို့သည် မီးလောင် သောကြောင့်၊ အဘယ်သူမျှမ နေ ရ။ ၁၆ နောဖ မြို့သား နှင့် တာပနက် မြို့သားတို့သည် သင်

၏ဦးထိပ် ကို စား ကြပြီ။ ၁၇ သင့် ကိုပို့ဆောင် တော်မူသောသင် ၏ဘုရား သခင် ထာဝရဘုရား ကို သင် သည်စွန့်
သောကြောင့်၊ ထို သို့သော အပြစ်ရောက် သည် မ ဟုတ်လော။ ၁၈ ယခု မှာ သင် သည် ရှိဟောရ မြစ်ရေ ကို သောက်
အံ့သောငှါ၊ အဲဂုတ္တု လမ်း သို့ အဘယ်ကြောင့် လိုက် သနည်း။ ဥဖရတ်မြစ် ရေ ကို သောက် အံ့သောငှါ၊ အာရှုရိ လမ်း
သို့ အဘယ်ကြောင့် လိုက်သနည်း။ ၁၉ သင် ၏ ဒုစရိုက် သည် သင့် ကိုဆုံးမ မည်။ သင် ၏ ဖောက်ပြန် ခြင်းသည်
သင့် ကို အပြစ် ပေးမည်။ သို့ ဖြစ်၍သင် ၏ဘုရား သခင်ထာဝရဘုရား ကို စွန့်ပစ် သောအမှု၊ ငါ့ ကိုမ ကြောက် ဘဲ
နေသောအမှုသည်၊ မကောင်း သော အမှု၊ ခါး သောအမှုဖြစ်သည်ကို သိမြင် ရမည်ဟု ကောင်းကင် ဗိုလ်ခြေ အရှင်
ထာဝရဘုရား မိန့် တော်မူ၏။ ၂၀ ရှေး ကာလ၌ သင် ထမ်းရသောထမ်းဘိုး ၊ သင် ၌ ချည်သော နှောင်ဖွဲ့ ခြင်းကို
ငါချိုးချွတ် ၍ သင်က၊ အကျွန်ုပ်သည် မ မှားယွင်း ဘဲ နေ ပါမည်ဟု ဂတိ ထား သော်လည်း ၊ မြင့် သောတောင်
ရှိသမျှ အပေါ် ၌၎င်း ၊ စိမ်း သောသစ်ပင် ရှိသမျှ အောက် ၌၎င်း ၊ ကိုယ် ကိုချ၍ ပြည်တန်ဆာ လုပ် လေ၏။ ၂၁
အကောင်းဆုံးသော စပျစ် နွယ်ပင်အမျိုး စစ် ဖြစ်သော သင့် ကို ငါ စိုက်ပျိုး သော်လည်း ၊ သင်သည် ငါ့ ရှေ့မှာ အဘယ်
မျှလောက်ဖောက်ပြန် ၍၊ အမျိုး မစစ်သော စပျစ် နွယ်ပင်ဖြစ်ပါသည်တကား။ ၂၂ သင်သည် ပေါက်ဆပ်ပြာ နှင့်
ရေချိုး ၍၊ ချက် သော ဆပ်ပြာ အများကို သုံး သော်လည်း ၊ သင် ၏အပြစ် သည် ငါ့ ရှေ့မှာထင်ရှား သည်ဟု အရှင်
ထာဝရဘုရား မိန့် တော်မူ၏။ ၂၃ သင်ကလည်း၊ ငါသည် ညစ်ညူး ခြင်းမ ရှိ၊ ဗာလ ဘုရားတို့ နောက် သို့မ လိုက်
ဟု အဘယ်သို့ ဆို နိုင်သနည်း။ ချိုင့် ၌ သင် လိုက်သော လမ်း ကိုကြည့်ရှု လော့။ သင်ပြု သော အမှုတို့ကို ဝန်ခံ
လော့။ လျင်မြန် စွာ ပြေး၍ လှည့်လည် တတ်သော ကုလားအုပ် မပါတကား။ ၂၄ တော ၌ လှည့်လည်၍ ကိလေသာ
ရာဂစိတ်နှင့် လေ ကိုရှူ တတ်သော မြည်း ရိုင်းမပါတကား။ အချိန် ရောက် သောအခါ အဘယ်သူ ဆီးတား နိုင်သနည်း။
သူ့ ကိုရှာ အံ့ သောငှါ အဘယ်သူ မျှပင်ပန်း ခြင်းကို မ ခံရ။ အချိန် စေ့ သောအခါ သူ့ ကိုတွေ့ လိမ့်မည်။ ၂၅ သင် ၏ခြေ
နင်းကို မ ပျက်စေနှင့်။ ရေတ် ခြင်း အကြောင်းကို မပြုနှင့်ဟုဆိုသော်လည်း ၊ သင်ကမြော်လင့် စရာမရှိ၊ အလျှင်းမရှိ။
သူတပါး တို့ကို ငါချစ် ၍ ၊ သူ တို့ နောက် သို့ လိုက် မည်ဟု ပြန်ပြော ၏။ ၂၆ ဘမ်းမိ သောသူခိုး သည် ရှက် သကဲ့သို့ ၊
ဣသရေလ အမျိုး ၏ ရှင်ဘုရင် ၊ မင်းသား ၊ ယဇ်ပုရောဟိတ် ၊ ပရောဖက် နှင့်တကွ အမျိုးသား များ တို့သည် ရှက်
ကြ၏။ ၂၇ သစ် တုံးအား ၊ ကိုယ်တော် သည် အကျွန်ုပ် အဘ ဖြစ်တော်မူ၏ဟူ၍၎င်း ၊ ကျောက် အား လည်း၊ ကိုယ်တော်
သည် အကျွန်ုပ် ကို ဘွားမြင် တော်မူပြီဟူ၍၎င်း ဆို လျက် ၊ စင်စစ်ငါ့ကို မျက်နှာ မ ပြု၊ ကျောခိုင်း ကြသော်လည်း၊ အမှု
ရောက်လျှင်မူကား ၊ ထ တော်မူပါ၊ အကျွန်ုပ် တို့ကို ကယ်မ တော်မူပါဟု လျှောက် တတ်ကြ၏။ ၂၈ ကိုယ် အဘို့
သင် လုပ် သော ဘုရား တို့သည် အဘယ် မှာရှိကြသနည်း။ အမှု ရောက်သောအခါ သူတို့ သည် တတ်နိုင်လျှင် ထ
၍ ကယ် ကြပါလေစေ။ အိုယုဒ ပြည်၊ သင် သည် မြို့ များ အရေအတွက် ရှိသည်အတိုင်း ၊ သင် ၏ဘုရား များရှိ
ပါသည်တကား။ ၂၉ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်တို့သည် အဘယ် အကျိုးအလိုငှါ ငါ နှင့် တရားတွေ့
ကြမည် နည်း။ သင် တို့ရှိသမျှ သည် ငါ့ ကို ပြစ်မှား ကြပြီ။ ၃၀ ငါသည်သင် တို့သား များကို အချည်းနှီး ဒဏ်ပေး

ပြီ။ သူတို့သည် ဆုံးမ ခြင်းကို မ ခံ ကြ။ သင် တို့၏ ထား သည် လုယူဖျက်ဆီး တတ်သော ခြင်္သေ့ ကဲ့သို့ ၊ သင် တို့၏ ပရောဖက် များကို ဖျက်ဆီး လေပြီ။ ၃၁ ယခု ဖြစ် သော အမျိုးသား တို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို ဆင်ခြင် ကြလော့။ ငါသည် ဣသရေလ အမျိုး၌ တော ကဲ့သို့ဎင်း ၊ မှောင်မိုက် နိုင်ငံ ကဲ့သို့ဎင်း ဖြစ် ဘူး သလော။ ငါ ၏လူ တို့က၊ ငါတို့သည် အရပ်ရပ်သို့ လည် မည်။ ကိုယ်တော် ထံသို့ နောက် တဖန်မ ချဉ်းကပ် ဟု အဘယ်ကြောင့် ဆို ကြသနည်း။ ၃၂ အပျိုု မသည် မိမိ ၌ဆင်သောတန်ဆာ ကိုဎင်း ၊ မင်္ဂလာဆောင် သတို့သမီး သည် မိမိ ခါးပန်း ကိုဎင်းမေ့လျော့ နိုင်သလော။ သို့ သော်လည်း၊ ငါ ၏လူ တို့သည် မ ရေတွက် နိုင်အောင် များစွာသောကာလ ပတ်လုံးငါ့ ကို မေ့လျော့ ကြပြီ။ ၃၃ သင်သည် ရည်းစား ကို ရှာ ခြင်းငှါ သင် တို့ဘာသာ ဓလေ့တို့ကို အဘယ်ကြောင့် ပြုပြင် သနည်း။ သင်၏အသိအကျွမ်းတို့ကို သွေးဆောင်လေပြီတကား။ ၃၄ ထိုမှတပါး၊ အနိုင် အထက်ပြု သည်ကို သင် မတွေ့ ။ အပြစ်မရှိ သော ဆင်းရဲသား တို့ကို အသေ သတ်၍၊ သွန်းသော အသွေး သည် သင် ၏အဝတ် စွန်း၌ ထင်ရှား ၏။ ၃၅ ထို သို့သော အပြစ်များ ရှိ သော်လည်း သင်က၊ ငါ၌အပြစ် မရှိသောကြောင့် ၊ ဘုရား သခင်၏ အမျက် တော်သည် ငါ မှ လွှဲသွား လိမ့်မည် ဟု ဆို ပါသည်တကား။ ငါ၌အပြစ် မ ရှိဟုဆို သောကြောင့် ၊ သင့် ကို ငါ စစ်ကြော စီရင်မည်။ ၃၆ သင် သည် အရပ်ရပ်သို့ ပြောင်းလဲ ခြင်းငှါ ၊ အဘယ်ကြောင့် ဤမျှ လောက်လှည့်လည် သနည်း။ အာရှုရိ ပြည်ကို ရှက်ကြောက် သည်နည်းတူ ၊ အဲဂုတ္တု ပြည် ကို ရှက်ကြောက် လိမ့်မည်။ ၃၇ သင်သည် မိမိ လက် ကို မိမိ ခေါင်း ပေါ် မှာ တင်လျက်၊ ထိုပြည်မှ အမှန်ထွက်သွား ရလိမ့်မည်။ အကြောင်းမူကား၊ သင် ခိုလှုံ သောအရာတို့ကို ထာဝရဘုရား သည် ပယ် တော်မူသောကြောင့် ၊ ခိုလှုံ၍ အကျိုး ကို မ ရနိုင်ရာ။

၃ ယောကျ်ား စွန့်ပစ် သော မိန်းမ သည် ထွက် သွား၍၊ အခြား သောသူ ၏မယားဖြစ် ပြီးမှ၊ အရင်လင်သည် ထိုမိန်းမ ကို ပြန် ၍ယူ သင့်သလော။ ထို သို့ပြုသောပြည် သည် ညစ်ညူး သည်မ ဟုတ်လောဟု ဆိုလေ့ရှိလျက် နှင့်၊ သင် သည်များစွာ သော ရည်းစား တို့ ၌မှီဝဲ၍ မှားယွင်း သော်လည်း ၊ ငါ့ ထံသို့ ပြန် လာပါဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၂ မြင့် သောအရပ်များကို မျှော် ကြည့်၍ ၊ လင် မ နေ ဘူးသောအရပ် တစုံတခုကို ရှာ လော့။ အာရပ် လူသည် တော ၌ စောင့်သကဲ့သို့ ၊ သင်သည် လမ်း တို့ ၌ စောင့် နေ၍၊ မတရားသောမေထုန် အားဖြင့် ၎င်း ၊ အဓမ္မ အမှုအားဖြင့် ၎င်း ပြည် ကို ညစ်ညူး စေပြီ။ ၃ မိုဃ်း ခေါင် ၍ နောက် မိုဃ်းတိုင်အောင်မ ရွာ သော်လည်း ၊ သင် သည် ပြည်တန်ဆာ နဖူး ရှိ၍၊ ရှက် ခြင်း သဘောကိုပယ်ရှား ပြီ။ ၄ ယခု မှစ၍ သင်က၊ အကျွန်ုပ် အဘ ၊ ကိုယ်တော် သည် အကျွန်ုပ် အသက်ငယ် စဉ်၊ စောင့်မပါပြီဟု ငါ့ အား အော်ဟစ် ပါစေသော။ ၅ ဘုရားသခင်သည် အစဉ် အမျက်ထွက် တော်မူမည် လော။ အဆုံး တိုင်အောင် အပြစ်ကို မှတ် တော်မူမည် လောဟု ဆိုပါစေသော။ ထိုသို့ဆို သော်လည်း ၊ တတ် နိုင်သမျှအတိုင်း အဓမ္မ အမှုကို ပြု ပါသည်တကား။ ၆ ယောရှိ မင်းကြီး လက်ထက် ၊ ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည်ကား၊ ဖောက်ပြန် သော ဣသရေလ အမျိုးပြု သော အမှုကိုသင်မြင် ပြီလော ။ မြင့် သော တောင် ရှိသမျှ အပေါ် သို့တက် ၍ ၎င်း ၊ စိမ်း သောသစ် ပင် ရှိသမျှ အောက် ၌ ၎င်း ပြည်တန်ဆာ လုပ်လေပြီ။ ၇ သူသည် ထို အမှုအလုံးစုံ တို့ကို ပြု ပြီးမှ ၊

ငါ့ ထံသို့ ပြန် လာပါဟု ငါပြော သော်လည်း ၊ သူသည်ပြန်၍မ လာ ။ ထိုအမှုကို သူ ၏ညီမ ၊ သစ္စာပျက် သောညီမ ယုဒ သည် ကြည့် မြင်လေ၏။ ၈ ဖောက်ပြန် သော ဣသရေလ သည် မတရား သောမေထုန် ကို ပြု၍၊ မှားယွင်းသော အပြစ်များကြောင့်၊ သူ နှင့်ငါကွာ ၍ ဖြတ်စာ ကို အပ် သော်လည်း ၊ သစ္စာပျက် သောညီမ ယုဒ သည်လည်း၊ မ ကြောက် ဘဲသွား ၍ ၊ ပြည်တန်ဆာ လုပ်ကြောင်း ကို ငါမြင် ရ၏။ ၉ သူသည် မတရား သောမေထုန် ကိုပြု၍ အလွန် လော်လည် သောအားဖြင့် ပြည် ကို ညစ်ညူး စေ၍ ၊ ကျောက် နှင့် ၎င်း ၊ သစ် တုံးနှင့် ၎င်း မှားယွင်း လေ၏။ ၁၀ ထို မျှ လောက်အပြစ်ရှိသော်လည်း ၊ သစ္စာ ပျက် သော ညီမ ယုဒ သည် ငါ့ ထံသို့ စိတ် နှလုံးအကြွင်းမဲ့ ပြန် ၍ မ လာ။ ပြန်လာဟန်ဆောင် သည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ တဖန် ထာဝရဘုရား သည် ငါ့ အား မိန့်တော်မူသည် ကား၊ သစ္စာ ပျက်သော ယုဒ သည် ဖောက်ပြန် သော ဣသရေလ ထက် အပြစ် ကြီး၏။ ၁၂ သင် သည် သွား ၍ မြောက် မျက်နှာ သို့ ဟစ်ကြော် ရမည် စကား ဟူမူကား၊ အိုဖောက်ပြန် သော ဣသရေလ ၊ ပြန် လာပါဟု ထာဝရဘုရား မိန့် တော်မူ၏။ သင် ၌ ငါ သည် မျက်မုန်းကြိုး ခြင်းကိုမ ပြု၊ ကရုဏာ စိတ်သဘောရှိ၏။ အစဉ် အမျက် ထွက်တတ်သည်မ ဟုတ်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၃ သင်သည် ငါ့ စကား ကို နား မ ထောင်။ သင် ၏ ဘုရား သခင်ထာဝရဘုရား ကို ပြစ်မှား ၍ ၊ စိမ်း သော သစ်ပင် ရှိသမျှ အောက် ၌တွေ့သော ဧည့်သည် တို့နှင့် မှားယွင်း သော အပြစ် ရှိကြောင်းကို ဝန်ချ ရုံမျှသာ ပြုလော့ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ အိုဖောက်ပြန် သော သူငယ် တို့၊ ပြန်လာ ကြလော့ ဟု ထာဝရဘုရား မိန့် တော်မူ၏။ ငါသည် သင်တို့ကို ရွံရှာဘူးသော်လည်း၊ သင်တို့မြို့ များထဲက တ မြို့လျှင် လူ တယောက်၊ အမျိုးသား ချင်း အစုစုထဲက တစုလျှင် လူနှစ် ယောက်ကို ရွေးယူ ၍ ဇိအုန် မြို့သို့ ပို့ဆောင် မည်။ ၁၅ ငါ သည် နှစ်သက် သောသူတို့ကို သင်းအုပ် အရာ ၌ ခန့် ထား၍ ၊ သူတို့သည် ဉာဏ် ပညာနှင့် ပြည့်စုံလျက် သင် တို့ကို အုပ် ကြလိမ့်မည်။ ၁၆ ထို ကာလ တွင် သင်တို့သည် ပြည် တော်၌ တိုးပွါး များပြား သောအခါ ၊ ထာဝရဘုရား ၏ ပဋိညာဉ် သေတ္တာ တော်ဟူ၍နောက် တဖန် မ ပြော မဆိုရ။ ထိုသေတ္တာတော် ကို စိတ် မ စွဲလမ်း ၊ မအောက်မေ့၊ မ ပြုစု ရ။ နောက် တဖန် မ လုပ် ရဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ ထို အခါ ယေရုရှလင် မြို့ကို ထာဝရဘုရား ၏ ပလ္လင် ဟူ၍ခေါ် ကြလိမ့်မည်။ လူမျိုး အပေါင်း တို့သည် လည်း ၊ ထာဝရဘုရား ၏နာမ တော်ကို အမှီပြု၍၊ ထို ပလ္လင် သို့ စည်းဝေး ကြလိမ့်မည်။ နောက် တဖန် မိမိ တို့ ၌ ဆိုး သောစိတ် နှလုံးခိုင်မာ ခြင်းသဘော သို့ လိုက် ၍ မ ကျင့် ရကြ။ ၁၈ ထို ကာလ ၌ ယုဒ အမျိုး သည် ဣသရေလ အမျိုး နှင့် ပေါင်းဘော် လျက် ၊ မြောက် မျက်နှာအရပ် က တစု တည်းလာ၍၊ သင် တို့ဘိုးဘေး များ အမွေခံ ဘို့ ၊ ငါပေးဘူး သော ပြည် သို့ ရောက် ကြလိမ့်မည်။ ၁၉ ငါသည်သင့်ကို သားတို့တွင် အဘယ်သို့ ထား ရ အံ့နည်း။ သာယာ သောပြည် ၊ တိုင်း နိုင်ငံအပေါင်းတို့၏ အထွဋ်၊ ဘုန်းကြီးသော အမွေ ခံရာ ပြည်ကိုသင့် အား အဘယ်သို့ပေး ရအံ့နည်းဟု ငါ မေး သောအခါ၊ သင်သည် ငါ့ ကို အကျွန်ုပ် အဘ ဟူ၍ ခေါ် ရလိမ့်မည်။ ငါ့ ထံမှ လွဲ ၍ မ သွားရဟု ငါပြန်ပြော ၏။ ၂၀ အိုဣသရေလ အမျိုး ၊ မယား သည် မိမိ ခင်ပွန်း ၌ သစ္စာဖျက်သကဲ့သို့၊ အကယ် စင်စစ်သင်တို့သည်ငါ ၌ သစ္စာ ဖျက်ကြပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၁ ဣသရေလ အမျိုးသား တို့သည်

မြင့် သောအရပ်တို့ ၌ ဝိုကြွေး ၍ တောင်းပန် သောအသံ ကို ငါကြား ရပြီ။ အကြောင်း မူကား၊ သူ တို့သည် လမ်း လွဲ ၍၊ မိမိ တို့ဘုရား သခင် ထာဝရဘုရား ကို မေ့လျော့ ကြပြီ။ ၂၂ အိုဖောက်ပြန် သော သူငယ် ၊ သင်တို့ ပြန်လာ ကြလော့။ ဖောက်ပြန် ရာများကို ငါပြုပြင် မည်။ သူတို့ ကလည်း၊ အကျွန်ုပ် တို့သည် ကိုယ်တော် ထံသို့ လာ ကြ ပါ၏။ ကိုယ်တော် သည် အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရ ဘုရားဖြစ်တော်မူ၏။ ၂၃ အကယ် စင်စစ် ကုန်း များနှင့် တောင် ရိုး များတ ို့သည် အချည်းနှီး သက်သက်ဖြစ်ကြ၏။ အကယ် စင်စစ် အကျွန်ုပ် တို့၏ ဘုရား သခင် ထာဝရဘုရား သည် ဣသရေလ အမျိုးကို ကယ်တင် ရာ အကြောင်း ဖြစ်တော်မူ၏။ ၂၄ ရှက်ဘွယ် သော အရာသည် အကျွန်ုပ် တို့၏ ဘိုးဘေး ဥစ္စာ တည်းဟူသောသူ တို့ သိုး နွား ၊ သားသမီး များကို အကျွန်ုပ် တို့ ငယ် သောအချယ်ကပင် စား ၍ ကုန်ပါပြီ။ ၂၅ အကျွန်ုပ် တို့သည် ရှက် ကြောက်လျက် အိပ် ရကြ ၏။ အသရေ ပျက်ခြင်း၌ နစ်မွန်း ကြ၏။ အကြောင်း မူကား၊ အကျွန်ုပ် တို့သည် ငယ် သော အချယ်မှစ၍ ယခု တိုင်အောင် ဘိုးဘေး နှင့်တကွ အကျွန်ုပ် တို့၏ ဘုရား သခင် ထာဝရဘုရား ၏ စကား တော်ကို နား မ ထောင်။ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား ကို ပြစ်မှား ပါ ပြီဟု ဆိုကြ၏။

၄ အို ဣသရေလ အမျိုး၊ သင်သည် ပြန် လာလိုလျှင် ငါ့ ထံသို့ ပြန် လာပါ။ သင် ၏ရွံရှာဘွယ် တို့ကို ပယ် လိုလျှင် ငါ့ ထံမှ မ ရွှေ့ ရ။ ၂ သင်ကလည်း၊ ထာဝရဘုရား အသက် ရှင်တော်မူသည် ဟု သစ္စာ စောင့်ခြင်း၊ တရားစီရင်ခြင်း၊ ဖြောင့်မတ် ခြင်းအားဖြင့် ကျိန်ဆို လိမ့်မည်။ လူ အမျိုးမျိုးတို့သည် လည်း၊ ထိုဘုရား သခင်အားဖြင့် မိမိတို့ကို ကောင်းကြီး ပေး၍ ၊ ထိုဘုရား သခင်ကို အမှီပြု လျက် ဝါကြွား ကြ လိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃ ထာဝရဘုရား သည် ယုဒ ပြည်သူ ယေရုရှလင် မြို့ သားတို့အား မိန့် တော်မူသည်ကား ၊ သင် တို့၏ လယ် ကို ထွန်ကြလော့။ ဆူး ပင်တို့တွင် မျိုးစေ့ကို မ ကြဲ ကြနှင့်။ ၄ အို ယုဒ ပြည်သူ ယေရုရှလင် မြို့သား တို့၊ ထာဝရဘုရား အတို့ အလိုငှါအရေဖျား လှီး မင်္ဂလာကိုခံ၍ ၊ သင် တို့နှလုံး အရေဖျား ကို လှီး ဖယ်ကြလော့။ သို့မဟုတ် ၊ သင် တို့၏ အကျင့် မကောင်း သောကြောင့် ၊ ငါ အမျက် သည်မီး ကဲ့သို့ ထွက် ၍ ၊ အဘယ်သူ မျှမငြိမ်း နိုင် အောင် လောင် လိမ့်မည်။ ၅ ယုဒ ပြည်၌ တံပိုး မှတ် ကြလော့ဟု၊ ယေရုရှလင် မြို့ မှစ၍တပြည် လုံး ကြွေးကြော် ၍ သိတင်းကြား ကြလော့။ စည်းဝေး ၍ ခိုင်ခံ့ သောမြို့ များ အတွင်း သို့ ဝင် ကြကုန်အံ့ ဟုအရပ်ရပ်၌ အနှံ့အပြားကြွေးကြော် ကြလော့။ ၆ ဇိအုန် တောင်ပေါ်မှာ အလံ ကို ထူ ကြလော့။ လွတ်အောင် ပြေး ကြလော့။ ရပ် ၍ မ နေကြနှင့်။ အကြောင်း မူကား၊ ကြီးစွာ သော ပျက်စီး ခြင်း ဘေးဥပဒ် ကို မြောက် မျက်နှာမှ ငါ သည် ဆောင် ခဲ့မည်။ ၇ ခြင်္သေ့ သည် မိမိ နေရာခြုံ ထဲက ထွက် လာပြီ။ တိုင်း နိုင်ငံတို့ကို ဖျက်ဆီး သောသူသည် လမ်း၌လာ ဆဲ ရှိ၏။ သင် ၏ပြည် ကို လူဆိတ်ညံ ရာအရပ် ဖြစ်စေခြင်းငှါ ၊ သူသည် မိမိ နေရာ မှ ထွက် လာသည်ဖြစ်၍၊ သင် ၏ မြို့ တို့ သည် လူမ နေ နိုင်အောင် ပျက်စီး ခြင်းသို့ ရောက်ကြ လိမ့်မည်။ ၈ ထို အကြောင်းကြောင့် လျှော်တေ အဝတ်ကို ဝတ် စည်းလျက်၊ ဝိုကြွေး မြည်တမ်း ၍ အော်ဟစ်ကြလော့။ အကြောင်း မူကား၊ ထာဝရဘုရား ၏ ပြင်းစွာ သော အမျက် တော်သည် ငါ တို့မှ လွဲ ရှောင်၍ မ

သွားသေး။ ၉ ထိုအခါ ရှင်ဘုရင် နှင့် မှူးမတ် တို့သည် စိတ် ပျက် ကြလိမ့်မည်။ ယဇ် ပုရောဟိတ်တို့သည် မိန်းမော တွေဝေလျက် ၊ ပရောဖက် တို့သည် ထိတ်လန့် လျက်ရှိကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ ငါကလည်း၊ အို အရှင် ထာဝရဘုရား ၊ သန်လျက် သည် အသက် ကိုထိ သည်တိုင်အောင် ခွင်းသော်လည်း၊ သင် တို့သည် ငြိမ်သက် ခြင်းရှိ ကြလိမ့်မည်ဟု ကိုယ်တော်သည် မိန့်တော်မူသောအားဖြင့်၊ ဤ လူ များနှင့်တကွ ယေရုရှလင် မြို့သားတို့ကို အလွန်လှည့်စား တော်မူပြီတကားဟု လျှောက်ဆို ၏။ ၁၁ ထို ကာလ ၌ ဤ လူ များနှင့် ယေရုရှလင် မြို့သား တို့ကို ရည်မှတ်၍ ဆို ရမည်ကား၊ ပူ သောလေ သည် တော ၌ မြင့် သောအရပ်က ငါ ၏လူမျိုး သတို့သမီး ထံသို့လာလိမ့်မည်။ အမှော်လွင့် စေခြင်း၊ သန့်ရှင်း စေခြင်းငှါ လာ သောလေမဟုတ်။ ၁၂ ထို လေထက် ပြင်း သော လေ သည် ငါ့ အလိုကို ပြည့်စုံစေခြင်းငှါ လာ လိမ့်မည်။ ယခု ပင် သူတို့ကို ငါ ကိုယ်တိုင်စစ်ကြော စီရင် မည်။ ၁၃ လာသောမင်းသည် မိုးယံတိမ် ကဲ့သို့ လာ လိမ့်မည်။ သူ ၏ရထား တို့သည် လေဘွေ ကဲ့သို့ ဖြစ်ကြ၏။ သူ၏မြင်း တို့သည် ရွှေလင်းတ ထက် သာ၍လျင်မြန် ကြ၏။ ငါ တို့သည် အမင်္ဂလာ ရှိကြ၏။ ပျက်စီး ခြင်းသို့ ရောက်ကြပြီ။ ၁၄ အို ယေရုရှလင် မြို့၊ သင်သည် ကယ်တင် ခြင်းသို့ ရောက်ခြင်းငှါ ၊ သင် ၏စိတ်နှလုံး ကို ဒုစရိုက် အပြစ်နှင့် ကင်းစင် စေလော့။ သင် ၏အဓမ္မ အကြံ အစည်တို့သည် အဘယ်မျှ ကာလပတ်လုံး သင်၏ အထဲ ၌တည် နေရမည်နည်း။ ၁၅ ဒန် ပြည်၌ အသံ ကို ကြား ရ၏။ ဧဖရိမ် တောင် ပေါ် မှာ ဒုက္ခ သိတင်းကို ဟစ်ကြော် ကြ၏။ ၁၆ အပြည် ပြည်တို့ ၌ သိတင်းကြား ကြလော့။ ယေရုရှလင် မြို့ကို ရည်မှတ်၍ ကြွေးကြော် ကြလော့။ ကင်းစောင့် တို့သည် ဝေး သောပြည် က လာ ၍ ၊ ယုဒ မြို့ များ တစ်ဘက် ၌ ထူး ကြလိမ့်မည်။ ၁၇ လယ် ကိုစောင့် သောသူများကဲ့သို့ ၊ ထိုသူတို့သည် ယုဒ ပြည်ကို ဝန်းရံ ကြ၏။ အကြောင်း မူကား၊ ထိုပြည် သည် ငါ့ ကို ပုန်ကန် ပြီ။ ၁၈ သင် လိုက်သောထုံးစံ နှင့် သင် ကျင့်သောအကျင့် တို့သည် သင့် အပေါ် မှာ ဤ အမှုကို သက်ရောက် စေပြီ။ သင်သည် ထိုသို့သော အမှုနှင့် တွေ့၍ ခါး စပ်သောစိတ်၊ နာကြည်း သောစိတ် ရှိရာ၏ဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၁၉ ငါ့ အသည်း သည်နာ၏။ ငါ့ အသည်း သည်နာ၏။ ငါ့ နှလုံး အရေဖျား လည်းနာ ၏။ ငါ့ အထဲ ၌ ငါ့ နှလုံး ပူဆွေး ၏။ ငါသည် တိတ်ဆိတ် စွာ မနေနိုင်။ အကြောင်း မူကား၊ အိုငါ့ ဝိညာဉ် ၊ သင်သည် တံပိုး မှုတ်သံ နှင့် စစ်တိုက် သံ ကို ကြား ရ၏။ ၂၀ ပျက်စီး ပြီ၊ ပျက်စီး ပြီဟု အထပ်ထပ်ဟစ်ကြော်ရ၏။ တပြည် လုံး ပျက်စီး ပြီ။ ငါ ၏တဲ တို့သည် ခဏ ခြင်း တွင် ပျက်စီး ကြပြီ။ ငါ ၏ကုလားကာ တို့သည် ချက်ခြင်း ပျက်စီးကြပြီ။ ၂၁ ငါသည် အဘယ် မျှကာလပတ်လုံး အလံ ကို မြင် ရအံ့နည်း။ အဘယ်မျှကာလပတ်လုံး တံပိုး သံ ကို ကြား ရအံ့နည်း။ ၂၂ အကယ် စင်စစ်ငါ ၏လူ တို့သည် ထိုင်းမှိုင်း ၍ ငါ့ ကို မ သိ ကြ။ မိုက် သောသူငယ် ဖြစ်၍ ဉာဏ် မ ရှိကြ။ မကောင်း သော အမှုတို့ ၌ လိမ္မာ ကြ၏။ ကောင်း သောအမှု တို့ကို မ ပြု တတ်ကြ။ ၂၃ ငါသည်မြေကြီး ကိုကြည့်ရှု၍ လွတ်လပ် လဟာ ဖြစ်၏။ မိုးယံး ကောင်းကင်ကို လည်း ငါကြည့်ရှု၍ အလင်း မ ရှိ။ ၂၄ တောင် တို့ကိုလည်း ငါကြည့်ရှု၍ ၊ သူတို့နှင့်တကွကုန်း ရှိသမျှ တို့သည် တုန်လှုပ် လျက်နေကြ၏။ ၂၅ ငါကြည့် ရှု၍ လူ မ ရှိ။ မိုးယံး ကောင်းကင်ငှက် အပေါင်း တို့သည် ပြေး ကြပြီ။ ၂၆ ငါ ကြည့်ရှု ၍ ဝပြော သော ပြည်သည် တော ဖြစ် လေပြီ။ မြို့ များတို့သည် ပြိုပျက်

လျက်ရှိကြ၏။ ထာဝရဘုရား ရှေ့၊ ပြင်းစွာသော အမျက် တော်ရှေ့၌ ထိုသို့သော အခြင်းအရာတို့သည် ဖြစ်ရကြ၏။ ၂၇ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ တပြည် လုံး ပျက်စီး ရာ ဖြစ် လိမ့်မည်။ ပျက်စီး ခြင်းကို ငါမ ဆီးတား ။ ၂၈ ထိုကြောင့် ၊ မြေကြီး သည် ညည်းတွား လိမ့်မည်။ မိုဃ်း ကောင်းကင်လည်း နက် လိမ့်မည်။ ငါသည် ပြော ပြီးမှ နောင်တ မ ရှိ။ ကြံ ပြီးမှ အကြံ မ ပျက်ရ။ ၂၉ မြင်းစီး သူရဲနှင့် လေး ကိုင်သူရဲတို့ ဟစ် သော အသံ ကြောင့် ၊ မြို့ သား အပေါင်း တို့သည် တောအုပ် သို့ ပြေး သွားကြ၏။ ကျောက် ပေါ် သို့ တက် ကြ၏။ မြို့ ရှိသမျှ တို့ ကို စွန့်ပစ် ၍ နေ သောသူတ ယောက်မျှ မ ရှိရ။ ၃၀ သင်သည် ပျက်စီး ခြင်းသို့ ရောက် သောအခါ အဘယ်သို့ ပြု လိမ့်မည်နည်း။ နီ မောင်း သော အဝတ်ကို ဝတ် သော်၎င်း၊ ရွှေ တန်ဆာ ကို ဆင် သော်၎င်း၊ သင် ၏ မျက်နှာ စုတ်ပဲ့ သည်တိုင်အောင်ဆေး သုတ်သော်၎င်း၊ သင်၏တင့်တယ် ခြင်းကို အချည်းနှီး ပြ၏။ သင်၏ ရည်းစား တို့သည် သင့် ကို စွန့် ၍၊ သင် ၏အသက် ကို သတ်ခြင်းငှါကြံ ကြ၏။ ၃၁ အကယ် စင်စစ် သားဘွား သော မိန်းမ ညည်းသံ ၊ သား ဦးဘွား သော မိန်းမ၏ ဝေဒနာခံရာ အသံ ကဲ့သို့ ၊ ဇိအုန် သတို့သမီး အော်ဟစ်သံကို ငါကြားရ၏။ ထိုသတို့သမီးက၊ အကျွန်ုပ် သည် အမင်္ဂလာ ရှိပါ၏။ လူသတ် များကြောင့်၊ အကျွန်ုပ်စိတ်ပျက် ပါ၏ဟု မိမိ လက် ဝါးကို ဖြန့် ၍ ငိုကြွေး လျက်နေ၏။

၅ ယေရုရှလင် မြို့ကို အပြစ် မှ ငါလွှတ်မည် အကြောင်း၊ တရား သဖြင့် ကျင့် သောမြို့သား၊ သစ္စာ စောင့် သောမြို့သား တစုံတယောက်မျှရှိ လျှင် ၊ ထိုသူ ကို တွေ့ အံ့သောငှါ ၊ မြို့လမ်း တို့ ၌ တောင်မြောက်ပြေး ၍၊ ကျယ် သော အရပ်တို့ ၌ ရှာဖွေ ကြည့်ရှု ကြလော့။ ၂ သူတို့က၊ ထာဝရဘုရား အသက် ရှင်တော်မူသည် ဟုဆို သော်လည်း ၊ အကယ်စင်စစ်မဟုတ် မမှန်ကျိန်ဆို တတ်ကြ၏။ ၃ အို ထာဝရ ဘုရား၊ ကိုယ်တော်သည် သစ္စာ တရားကို ထောက်ရှု တော်မူသည် မဟုတ် လော။ ကိုယ်တော်သည် ဒဏ်ခတ် တော်မူသော်လည်း သူ တို့သည် ညှိုးငယ် သောစိတ်မ ရှိကြပါ။ ဖျက်ဆီး တော်မူသော်လည်း၊ သူ တို့သည် ဆုံးမ ခြင်းကို ငြင်းပယ် ကြပါပြီ။ မိမိ တို့ မျက်နှာ ကို ကျောက် ထက် သာ၍မာ စေကြပါပြီ။ ငါတို့သည် ပြန် ၍ မလာဟု ငြင်းဆန် လျက်နေကြပါပြီ။ ၄ ငါ ကလည်း ၊ အကယ်စင်စစ်ဤသူ တို့သည် ဆင်းရဲ သားဖြစ်ကြ၏။ ထာဝရဘုရား ၏ တရား တော်ကိုငင်း၊ မိမိ တို့ ဘုရား သခင်စီရင် တော်မူရာကိုငင်း မ သိ သောကြောင့် မိုက် ကြ၏။ ၅ လူကြီး များထံသို့ ငါသွား ၍ ပြော မည်။ သူ တို့သည် ထာဝရဘုရား ၏ တရား တော်ကိုငင်း၊ မိမိ တို့ဘုရား သခင်စီရင် တော်မူရာကိုငင်း သိ ကြ၏ဟုဆိုသော်လည်း ၊ သူ တို့ သည် ထမ်းဘိုး တော်ကိုချိုး ၍၊ အနှောင် အဖွဲ့တော်တို့ကို ဖြတ် ကြပြီ။ ၆ ထိုကြောင့်၊ တော မှ လာသော ခြင်္သေ့ သည် သူ တို့ ကိုသတ် လိမ့်မည်။ ညဦးယံ၌ လည်တတ်သော တောခွေး သည် သူ တို့ကို ကိုက်စား လိမ့်မည်။ ကျားသစ် သည် သူ တို့မြို့ ကို စောင့် ၍၊ မြို့ပြင်သို့ထွက်သွား သောသူ အပေါင်းတို့ကို အပိုင်းပိုင်းကိုက်ဖြတ် လိမ့်မည်။ အကြောင်း မူကား ၊ သူ တို့ ပြစ်မှားသော အပြစ် များ ၍၊ အကြိမ်ကြိမ်အထပ်ထပ်ဖောက်ပြန် ကြပြီ။ ၇ ထို သို့သော အပြစ်မှ သင့် ကို အဘယ် သို့ငါလွှတ် နိုင်သနည်း။ သင် ၏ သားသမီး တို့သည် ငါ့ ကိုစွန့် ၍ ၊ ဘုရား မ ဟုတ်သောသူတို့ ကို တိုင်တည်လျက် ကျိန်ဆို ကြပြီ။ ငါသည်ဝ စွာကျွေးသောအခါသူ တို့သည် ပြည်တန်ဆာ အိမ် ၌ စည်းဝေး ၍ မှားယွင်း ကြပြီ။ ၈ ဝစွာစား ရသောမြင်း ကဲ့သို့ ဖြစ်၍၊

အသီးအသီး အိမ်နီးချင်းမယား တို့ကို တပ် သောစိတ်နှင့် ဟီ ကြပြီ။ ၉ ထို သို့သောအပြစ်တို့ကို ငါသည် မ စစ်ကြော ဘဲ နေရမည်လော။ ထို သို့သောအမျိုး ကို ဒဏ် ပေး၍၊ ငါ့ စိတ် ချင်ရဲမ ပြေဘဲ နေရမည်လောဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၁၀ မြို့ရိုး ပေါ် သို့တက် ၍ ဖျက်ဆီး ကြလော့။ ပျက်စီး ခြင်းကို မ စဲ စေကြနှင့်။ ခြေ လက်တို့ကို ပယ်ရှင်း ကြလော့။ ထာဝရဘုရား ဆိုင်တော်မ မူ။ ၁၁ ဣသရေလ အမျိုး နှင့် ယုဒ အမျိုး တို့သည် ငါ့ ထံ ၌ ခံဘူးသော သစ္စာ ကိုဖျက်ကြပြီဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၁၂ သူတို့က၊ ထာဝရဘုရား မ ရှိ။ ငါ တို့အပေါ် ၌ ဘေးဥပဒ် မ ရောက် ရ။ ထား ဘေး၊ မွတ်သိပ် ခြင်းဘေးကို ငါတို့သည် မ တွေ့ ရကြ။ ၁၃ ပရောဖက် တို့သည် လေ သက်သက် ဖြစ် ကြ၏။ သူ တို့ ၌ နှုတ်ကပတ် တော်မ ရှိ။ သူတို့ဟောပြောသည် အတိုင်း သူ တို့ခံရ လိမ့်မည်ဟု ထာဝရဘုရား ကို ငြင်းပယ် လျက် ဆို တတ်ကြ၏။ ၁၄ သို့ ဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူတို့သည် ထိုသို့ဆို သောကြောင့် ၊ ငါ့ စကား ကို သင် ၏နှုတ် ၌ မီး ကဲ့သို့ ၎င်း ၊ ဤ လူမျိုး ကိုထင်း ကဲ့သို့ဂင်း ငါ ဖြစ် စေ၍ သူ တို့ကို မီးလောင် ရလိမ့်မည်။ ၁၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အို ဣသရေလ အမျိုး ၊ သင့်ကို တိုက်စေဘို့လူတမျိုးကို ဝေး သော အရပ်က ငါ ဆောင် ခဲ့မည်။ အားကြီး သောအမျိုး ၊ ရှေး ကာလ၌ ဖြစ်ဘူးသောအမျိုး ၊ သူ တို့စကား ကို သင်မ သိ နား မ လည်သော အမျိုး ဖြစ်လိမ့်မည်။ ၁၆ သူ တို့ မြှားတောင့် သည် ဖွင့် ထားသော သင်္ချိုင်း တွင်းဖြစ်၏။ ထိုသူ အပေါင်း တို့သည် ခွန်အား ကြီးသောသူဖြစ် ကြ၏။ ၁၇ ထိုသူတို့သည် သင် ၏အသီးအနှံ နှင့် သင် ၏မုန့် ကို စား ကြလိမ့်မည်။ သင် ၏သား သမီး တို့ကိုလည်း စား ကြ လိမ့်မည်။ သင် ၏သိုး နွား တို့ကိုလည်း စား ကြလိမ့်မည်။ သင် ၏စပျစ် နွယ်ပင်နှင့် သင်္ဘောသဖန်း ပင်တို့ကိုလည်း စား ကြလိမ့်မည်။ သင် ခိုလှုံ ၍ ခိုင်ခံ့ သောမြို့ တို့ကိုလည်း တိုက် ၍ လုပ်ကြံ ကြလိမ့်မည်။ ၁၈ သို့ရာတွင် ၊ ထို ကာလ ၌ ငါသည် သင် ၏အမှုကို မ ဆုံးဖြတ် သေးဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၉ သူတို့ကလည်း၊ ငါ တို့ဘုရား သခင်ထာဝရဘုရား သည်၊ ငါ တို့ ၌ ဤ အမှုအလုံးစုံ တို့ကို အဘယ်ကြောင့် စီရင် တော်မူသနည်းဟုမေး ကြသောအခါ ၊ သင်တို့သည် ငါ့ ကိုစွန့်ပစ် ၍ ၊ ကိုယ် ပိုင်သော ပြည် ၌ တကျွန်း တနိုင်ငံဘုရား တို့၏ အမှုကိုဆောင်ရွက် သကဲ့သို့ ၊ ကိုယ် မ ပိုင် သော ပြည် ၌ တကျွန်း တနိုင်ငံသားတို့၏ အမှုကိုဆောင်ရွက် ရကြလိမ့်မည်ဟု၊ သင်သည်သူ တို့အား ဆင့်ဆို ရမည်။ ၂၀ ယာကုပ် အမျိုးနေရာ ယုဒ ပြည်၌ ဟော ပြောကြွေးကြော် ရမည်မှာ၊ ၂၁ အို မျက်စိ ရှိလျက် နှင့် မ မြင် ၊ နား ရှိလျက် နှင့် မ ကြား ၊ ဉာဏ် မဲ့ သော လူမိုက် တို့၊ နားထောင် ကြလော့။ ၂၂ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ပင်လယ် မ လွန် နိုင်အောင် ဆီးတား ဘို့ရာ သဲ ကိုထာဝရ အပိုင်း အခြားခန့် ထားသော ငါ့ ကို သင်တို့သည် မ ကြောက် ကြ သလော။ ငါ ၏ရှေ့ တော်၌ မ တုန်လှုပ် ကြသလော။ ပင်လယ် လှိုင်း တံပိုးတို့သည် ထ ၍ မ နိုင် ၊ ဟုန်း ၍မကျော် မ လွန်နိုင်သော်လည်း၊ ၂၃ ဤ လူ မျိုးသည် ပြစ်မှားပုန်ကန် သော သဘော ရှိ ၍ ၊ အစဉ်ပုန်ကန် တတ်ကြ၏။ ၂၄ အချိန်တန်မှ အရင်မိုးဦး နှင့် နောက်မိုးဦး ကို ရွာ စေ၍၊ အသီးအနှံ သိမ်းမြဲ သိမ်းရာ ကာလ ကို ငါ တို့အဘို့ သို ထားတော်မူသောငါ တို့၏ ဘုရား သခင်ထာဝရဘုရား ကို ယခု ကြောက် ကြကုန်အံ့ဟု၊ သူ တို့သည် စိတ် နှလုံးထဲ ၌မဆိုတတ်ကြ။ ၂၅ သင် တို့ဒုစရိုက် သည် ထို သို့သော

အရာတို့ကို လွဲ ၍၊ သင် တို့အပြစ် သည် သင် တို့၏ မင်္ဂလာ ကို ဆီးတား လေပြီ။ ၂၆ ဝပ် လျက်နေသောမုဆိုး ကဲ့သို့ ချောင်းမြောင်း သော လူဆိုး တို့သည် ငါ ၏လူ တို့တွင် ရှိ ကြ၏။ လူတို့ကို ထောင် ခြင်းငှါထောင်ချောက် ကို ထား ကြပြီ။ ၂၇ ငှက်ထောင် အိမ်သည် ငှက် တို့နှင့် ပြည့် သကဲ့သို့ ၊ သူ တို့အိမ် သည် လှည့်စားခြင်းပရိယာယ် နှင့်ပြည့် ၏။ ထိုသို့သူတို့သည် အားတိုးပွါး ၍ ရတတ် ခြင်းသို့ ရောက် ကြ၏။ ၂၈ ဝ လျက်၊ မျက်နှာပြောင် လျက်ရှိကြ၏။ ဆိုး သောသူတို့ ထက်သာ၍ဆိုးကြ၏။ တရားသဖြင့်မစီရင်ကြ။ မိဘမရှိ သောသူငယ်၏အမှု ကို စောင့် ၍ အနိုင် မ ပေးကြ။ ဆင်းရဲ သော သူဘက်၌ တရား သဖြင့် မ စီရင် ကြ။ ၂၉ ထို သို့သော အပြစ်တို့ကို ငါသည် မ စစ်ကြော ဘဲ နေရမည်လော။ ထို သို့သော အမျိုး ကို ဒဏ် ပေး၍၊ ငါ စိတ် ချင်ရဲမ ပြေဘဲ နေရမည်လောဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၃၀ အံ့သြ ရွံရှာ ဘွယ်သော အမှုကို ပြည် တော်၌ ပြု ကြ၏။ ၃၁ ပရောဖက် တို့သည် မဟုတ် မမှန်ဟော ပြောကြ ၏။ ယဇ် ပုရောဟိတ်တို့သည် ဝန်ခံ၍ အစိုးရ ကြ၏။ ထို သို့သောအမှုကို ငါ ၏လူ တို့သည် နှစ်သက် ကြ၏။ ထို အမှုဆုံး သောအခါ သင်တို့သည် အဘယ် သို့ပြု ကြလိမ့်မည်နည်း။

၆ အိုဗယ်မိန် အမျိုးသား တို့၊ ယေရုရှလင် မြို့ထဲက ထွက်၍ ၊ လွတ်အောင်ပြေး ကြလော့။ တေကော ရွာ၌ တံပိုး မှုတ် ကြလော့။ ဗေသက္ကရင် ရွာ၌ မီးရှူး ကို မြှောက် ၍ ပြကြလော့။ အကြောင်း မူကား၊ ဘေးဥပဒ် တည်းဟူသောကြီး စွာသော ပျက်စီး ခြင်းအကြောင်းအရာသည် မြောက် မျက်နှာက ပေါ် လာ၏။ ၂ အဆင်းလှ ၍ နူးညံ့ သိမ်မွေ့သော သူတည်းဟူသော ဇိအုန် သတို့သမီး ကို ငါဖျက်ဆီး မည်။ ၃ သိုးထိန်း တို့သည် သိုးစု များပါလျက် သူ့ ထံသို့ လာ ၍၊ သူတဘက်ပတ်လည် ၌ တဲ ဆောက် ၍၊ အသီးအသီး မိမိ တို့နေရာ မှာ ကျက်စား ကြ လိမ့်မည်။ ၄ သူ့ ကို စစ်တိုက် ခြင်းငှါပြင် ကြလော့။ ထ ကြ။ မွန်းတည့် အချိန်၌ တက် သွားကြကုန်အံ့။ ငါ တို့ ၌ ခက် လှ ၏။ မွန်းလွဲ ပြီ။ မိုဃ်းချုပ် လေပြီ။ ၅ ထ ကြ။ ညဉ့် အခါ တက် သွား၍၊ သူ ၏ ဘုံ ဗိမာန် တို့ကို ဖျက်ဆီး ကြကုန်အံ့ဟုဆိုကြလိမ့်မည်။ ၆ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သစ်ပင် တို့ကို ခုတ် လှဲကြလော့။ ယေရုရှလင် မြို့တဘက် ၌ မြေရိုး ကိုဖို့ ကြလော့။ ဤ မြို့ သည် ဆုံးမ စရာကောင်းသောမြို့ဖြစ်၏။ မြို့ ထဲ ၌ ညှဉ်းဆဲ ခြင်း သက်သက် ရှိ၏။ ၇ စမ်းရေပေါက်ဝမှ ရေ သည် စီး ထွက်သကဲ့သို့ ၊ ထိုမြို့ သည် ဒုစရိုက် ကို ထွက် စေတတ်၏။ မြို့ ထဲ ၌လုယူ ဖျက်ဆီး ခြင်းအသံကို ကြား ရ၏။ အနာ များနှင့် ဒဏ်ချက် ရာ များကို အစဉ် ငါ မြင် ရ၏။ ၈ အိုယေရုရှလင် မြို့၊ ဆုံးမ ခြင်းကိုခံ လော့။ သို့မဟုတ် ၊ သင့် ကို ငါ ရွံရှာ မည်။ သင့် ကိုပယ်ရှင်း၍ လူဆိတ်ညံ ရာအရပ် ဖြစ် စေမည်။ ၉ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ စပျစ်နွယ် ပင်၌ အကျန်အကြွင်းကို လိုက်၍ ဆွတ် သကဲ့သို့ ၊ ထိုသူတို့သည် ကျသရေလ ၌ ကျန်ကြွင်း သော အရာကိုလိုက်၍ အကုန်အစင်ဆွတ် ကြ လိမ့်မည်။ စပျစ်သီး ဆွတ် သော သူကဲ့သို့ ၊ သင် ၏လက် ကို ခြင်းတောင်းထဲသို့ တဖန်သွင်း ဦးလော့။ ၁၀ သူတို့သည် နားထောင် မည်အကြောင်း၊ အဘယ်သူ ကို ငါပြော ၍ သတိပေး ရမည်နည်း။ သူ တို့နား သည် အရေဖျား လှီးခြင်းမခံသော နားဖြစ်၍၊ သူတို့သည် နား မ ထောင်နိုင် ကြ။ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် သူ တို့ကဲ့ရဲ့ စရာဖြစ်၏။

ထိုနှုတ်ကပတ် တော် ကို မ နှစ်သက် ကြ။ ၁၁ ထိုကြောင့်၊ ငါသည်ထာဝရဘုရား ၏ အမျက် တော်နှင့် ပြည့်ဝ ၏။ အောင့် ၍မ နေနိုင်။ လမ်း ၌ ရှိသောသူငယ် များနှင့် စုဝေး သောလူပျို များအပေါ် သို့ အမျက် တော်ကို ငါသွန်းလောင်း မည်။ လင် မယား အစုံ ကိုငင်း၊ အသက် ကြီးသောသူနှင့် အို လွန်းသောသူကိုငင်း သိမ်း သွားမည်။ ၁၂ သူ တို့အိမ် နှင့်တကွလယ်ယာ ၊ မိန်းမ တို့သည် သူတပါး လက်သို့ ရောက် ကြလိမ့်မည်။ အကြောင်းမူကား၊ ပြည်သူ ပြည်သားတို့ကို ငါ ဒဏ်ခတ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၃ အငယ်ဆုံး သောသူမှစ၍ အကြီးဆုံး သော သူအပေါင်း တို့သည် မတရား သော စီးပွားကိုရှာကြ၏။ ပရောဖက် မှစ၍ ယဇ်ပုရောဟိတ် ရှိသမျှ တို့သည် မုသာ ကို သုံး ကြ၏။ ၁၄ ချမ်းသာ မ ရှိသောအခါ ချမ်းသာ ၊ ချမ်းသာ ဟု ပြော ဆိုလျက်၊ ငါ ၏လူမျိုး သတို့သမီးအနာ ကို ပေါ့ လျော့ စွာ ကု ကြ၏။ ၁၅ သူတို့သည် ရွံရှာ ဘွယ်သော အမှုကိုပြု ပြီးမှ ရှက် ကြသလော။ အလျှင်းမ ရှက် ကြ။ မျက်နှာ မ ပျက် တတ်ကြ။ ထိုကြောင့်၊ တယောက်နောက်တယောက်လဲ ကြ လိမ့်မည်။ ငါစစ်ကြော သောအခါ နှိမ့်ချ ခြင်းသို့ ရောက်ကြ လိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၆ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ လမ်း နား မှာ ရပ် ၍ ကြည့်ရှု ကြလော့။ ရှေး လမ်း ဟောင်းတို့ကို ရှာဖွေလျက်၊ ကောင်း သောလမ်း သည် အဘယ် မှာရှိသနည်းဟု မေးမြန်း ၍၊ ထို လမ်း သို့ လိုက် ကြလော့။ သို့ပြုလျှင် ၊ စိတ် နှလုံး သက်သာ ကြလိမ့်မည်။ သို့ရာတွင် ၊ ငါတို့သည် မ လိုက် ဟု ပြန်ပြော ကြ၏။ ၁၇ ငါကလည်း၊ တံပိုး မှုတ်သံ ကို နားထောင် ကြလော့ ဟုဆိုလျက်၊ သင် တို့အပေါ် ၌ကင်းစောင့် တို့ကို ခန့် ထားသောအခါ ၊ ငါတို့သည် နား မ ထောင်ဟု ပြန်ပြော ကြ ၏။ ၁၈ သို့ ဖြစ်၍၊ အိုတပါးအမျိုးသား တို့၊ နားထောင် ကြလော့ ။ တပါးအမျိုးသားတို့တွင် ရှိနေသောပရိသတ် တို့၊ သိမှတ် ကြလော့။ ၁၉ အိုမြေကြီး သားတို့၊ နားထောင် ကြလော့။ ဤ လူမျိုး သည် ငါ့ စကား ကို နား မ ထောင်၊ ငါ့ တရား ကိုလည်း ငြင်းပယ် သောကြောင့်၊ သူ တို့အလို အလျောက်ကြံစည် ခြင်းအကျိုး အပြစ်တည်းဟူသော၊ ကြီးစွာသော ဘေးဥပဒ် ကို၊ သူတို့အပေါ် သို့ငါ သက်ရောက် စေမည်။ ၂၀ ရှေဘ ပြည်မှ လောဗန် ကိုငင်း၊ ဝေး သောပြည် မှ မွှေး သောကြံ ကိုငင်း ၊ အဘယ် ကြောင့်ငါ့ ထံသို့ ဆောင်ခဲ့ သနည်း။ သင် တို့မီးရှို့ ရာ ယဇ်တို့ကို ငါ အလို မ ရှိ။ ပူဇော်သောယဇ် အမျိုးမျိုးကို ငါမ နှစ်သက် ။ ၂၁ ထိုအကြောင်းကြောင့် ထာဝရဘုရား မိန့် တော်မူ သည်ကား ၊ ထိမိ ၍ လဲစရာတို့ကို ဤ လူမျိုး ရှေ့မှာ ငါ ထား မည်။ အဘ နှင့် သား တို့သည် ထိမိ၍ လဲ ကြလိမ့်မည်။ အိမ်နီးချင်း နှင့် အဆွေ ခင်ပွန်းတို့သည် အတူ ပျက်စီး ကြလိမ့်မည်။ ၂၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ လူမျိုး တမျိုးသည် မြောက် မျက်နှာ မှ ပေါ် လာလိမ့်မည်။ ကြီး စွာသော လူမျိုး ကိုမြေကြီး စွန်း မှ ငါနှိုးဆော် မည်။ ၂၃ လေး နှင့် လှံ တို့ကို လက်စွဲ ကြ၏။ ကြမ်းကြုတ် သော အမျိုးဖြစ်၍ ၊ သနား ခြင်းကရုဏာမ ရှိ။ သူ တို့ စကားသံ သည် သမုဒ္ဒရာ မြည်သံကဲ့သို့ ဟုန်း တတ်၏။ အိုဇိအုန် သတို့သမီး ၊ စစ်သူရဲ ကဲ့သို့ တပ်ခင်းကျင်း လျက် မြင်း စီး ၍၊ သင် ရှိရာသို့ ချီ လာကြလိမ့်မည်။ ၂၄ ထိုသိတင်း ကို ငါတို့သည် ကြား ၍ လက် အားလျော့ ကြ၏။ ဒုက္ခ ဆင်းရဲကိုငင်း ၊ သားဘွား သော မိန်းမခံရ သကဲ့သို့ ပြင်းစွာသော ဝေဒနာ ကို ငင်း ခံ ရကြ၏။ ၂၅ တော သို့မ ထွက် ကြနှင့်။ လမ်း မှာ မ သွား ကြနှင့်။ ရန်သူ ၌ ထား ပါ၏။ အရပ်ရပ် ၌ ဘေး ရှိ၏။ ၂၆ အို ငါ ၏လူမျိုး

သတို့သမီး ၊ လျှော်တေ အဝတ်ကို ဝတ် စည်း၍ ပြာ ၌ လူး လဲလော့။ တ ယောက်တည်း သော သားသေသည်ကို ငိုကြွေး သကဲ့သို့၊ ငိုကြွေး၍ ပြင်းစွာ မြည်တမ်း လော့။ လုယူဖျက်ဆီး သောသူသည် ငါ တို့ ကို ချက်ခြင်း တိုက် လိမ့်မည်။ ၂၇ သင်သည် ငါ ၏ လူမျိုး ကျင့်သောအကျင့် ဓလေ့တို့ကို စစ် ၍ သိ မည်အကြောင်း ၊ စစ်သောသူအရာ၌ ရဲတိုက် ကဲ့သို့သင့် ကို ငါခန့် ထား၏။ ၂၈ ထိုသူ အပေါင်း တို့သည် အလွန်ဖောက်ပြန် သောသူ ၊ ကုန်းတိုက် တတ်သောသူဖြစ်ကြ၏။ ကြေးဝါ နှင့် သံ သက်သက် ၊ ဖျက် တတ်သော အရာသက်သက်ဖြစ်ကြ ၏။ ၂၉ ဖိုကိုမီး လောင် ပြီ။ ခဲ လည်းကုန် ပြီ။ စစ် သောသူသည် မှုတ် ၍ အကျိုးကိုမရ။ ညံ့ သောအရာကို မ ထုတ် မပယ်နိုင်။ ၃၀ ထိုသူ တို့ကို ပယ် သော ငွေ ဟူ၍ ခေါ် ရမည်။ ထာဝရဘုရား သည် ပယ် တော်မူ၏။

၇ ထာဝရဘုရား ၏ အထံ တော်က နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာ၍၊ သင်သည် ဗိမာန် တော် တံခါး ဝ၌ ရပ် လျက် ကြွေးကြော် ရမည့်စကား ဟူမူကား ၊ ၂ ထာဝရဘုရား ကို ကိုးကွယ် ခြင်းငှါ ၊ ဤ တံခါး တို့ အတွင်းသို့ ဝင် သောယုဒ အမျိုးသားအပေါင်း တို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားထောင် ကြလော့။ ၃ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့ဘာသာ ဓလေ့နှင့် သင် တို့အကျင့် များတို့ကို ပြုပြင် ကြလော့။ သို့ပြုလျှင် သင် တို့ကို ဤ အရပ် ၌ ငါနေ စေမည်။ ၄ ဤသည်ကား၊ ထာဝရဘုရား ၏ ဗိမာန် တော်၊ ထာဝရဘုရား ၏ ဗိမာန် တော်၊ ထာဝရဘုရား ၏ ဗိမာန် တော်ဖြစ်သတည်းဟု မုသာ စကား ကို ပြော သောသူတို့ ၌ မ မှီဝဲ ကြနှင့်။ ၅ သင် တို့ဘာသာ ဓလေ့နှင့် သင် တို့အကျင့် များ တို့ကို စုံလင်စွာ ပြုပြင် လျှင် ၎င်း ၊ အမှုသည်ချင်း တို့ကို သေချာစွာ တရား သဖြင့် စီရင် လျှင် ၎င်း ၊ ၆ ဧည့်သည် အာဂန္တု၊ မိဘ မရှိသောသူငယ်၊ မုတ်ဆိုးမ ကို မ ညှဉ်းဆဲ ၊ အပြစ် မရှိသောသူ၏ အသက် ကိုဤ အရပ် ၌ မ သတ် ၊ ကိုယ် အကျိုးကို ဖျက် ၍ အခြား တပါးသော ဘုရား တို့ကို မ ချဉ်းကပ် ဘဲ နေလျှင်၎င်း ၊ ၇ သင် တို့ဘိုးဘေး တို့အား ၊ ငါသည် အစဉ် မပြတ်ပေး သော ပြည် တည်းဟူသောဤ အရပ် ဌာန၌ သင် တို့ကို ငါနေ စေမည်။ ၈ အကျိုး မ ရှိဘဲ မုသာ စကား ကို ပြောသောသူတို့ ၌ သင် တို့သည် ခိုလှုံ ကြ၏။ ၉ သင်တို့သည် သူ့ဥစ္စာကိုခိုး လျက်၊ လူအသက်ကိုသတ် လျက် ၊ သူမယားကိုပြစ်မှား လျက် ၊ မဟုတ် မမှန်ဘဲ ကျိန်ဆို လျက် ၊ ဗာလ ဘုရားရှေ့၌ နံ့သာ ပေါင်းကို မီးရှို့လျက် ၊ ကိုယ်မ သိ ဘူးသော အခြား တပါးသော ဘုရား တို့ နောက် သို့လိုက် လျက်နှင့်၊ ၁၀ ငါ ၏နာမ ဖြင့် သမုတ် သော ဤ အိမ် တော်၌ ၊ ငါ့ ရှေ့ မှာဝင် ၍ ရပ် လျက်၊ ဤ ရွံရှာ ဘွယ်သော အမှု အလုံးစုံ တို့ကို ပြု သောကြောင့် ၊ အကျွန်ုပ်တို့သည် ကယ်နှုတ် တော်မူခြင်း ကျေးဇူးတော်ကိုခံရပါပြီဟု လျှောက် ရကြမည် လော။ ၁၁ ငါ ၏နာမ ဖြင့် သမုတ် သော ဤ အိမ် တော်ကို၊ သင်တို့သည် ထားပြ တွင်း ကဲ့သို့ထင် ကြသလော။ ဤအမှုကို ငါ့ ကိုယ်တိုင်မြင် ပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ ရှေ့ဦး စွာငါ ၏ နာမ ကို ငါတည် စေသောအရပ် ၊ ရှိလော ဓာ၌ ရှိသော ငါ့ အရပ် ဌာနသို့ သွား ၍ ၊ ငါ ၏အမျိုး ဣသရေလ လူတို့၏ အပြစ် ကြောင့် ၊ ထို အရပ်ကို အဘယ် သို့ငါပြု ဘူးသည်ကို ကြည့်ရှု ကြလော့။ ၁၃ ယခု တွင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့သည် ဤ အမှု အလုံးစုံ တို့ကို ပြု သောကြောင့် ၎င်း ၊ ငါသည်စောစော

ထ၍ အထပ်ထပ်ပြော သော်လည်း ၊ သင်တို့သည် နား မ ထောင်၊ ငါခေါ် ၍ သင်တို့သည် မ ထူး သောကြောင့်ငင်း ၊ ၁၄ ရှိလော ရွာကို ငါပြု သကဲ့သို့ ၊ ငါ ၏နာမ ဖြင့် သမုတ် သော ၊ သင် တို့ခိုလှုံ သော ဤအိမ် တော်၊ သင် တို့နှင့် ဘိုးဘေး တို့အား ငါပေး သော အရပ် ဌာနကို ငါပြု မည်။ ၁၅ သင် တို့ ညီအစ်ကို ဧဖရိမ် အမျိုးသား ရှိသမျှ တို့ကို ငါနှင်ထုတ် သကဲ့သို့ ၊ သင် တို့ကို ငါ့ ထံ မှ ငါနှင်ထုတ် မည်။ ၁၆ သင် သည်လည်း ဤ လူမျိုး အဘို့ ပဌနာ မ ပြုနှင့်။ သူ တို့အဘို့ အော်ဟစ် ခြင်း၊ ဆုတောင်း ခြင်းကို မ ပြု နှင့်။ ငါ့ ကို မ သွေးဆောင် နှင့်။ သင် ၏ စကားကို ငါ နား မ ထောင်။ ၁၇ သူ တို့သည် ယုဒ မြို့ များ၊ ယေရုရှလင် လမ်း များ တို့ ၌ ပြု ကြသော အမှုကို မ မြင် သလော။ ၁၈ ငါ့ ကို နှောင့်ရှက် မည်အကြံ နှင့်၊ ကောင်းကင် မိဖုရား အဘို့ မုန့် ပြားတို့ကို လုပ် ၍ ၊ အခြား တပါးသော ဘုရား တို့ရှေ့ မှာ သွန်းလောင်း ရာ ပူဇော် သက္ကာကိုပြုခြင်းငှါ၊ သား တို့သည် ထင်း ခွေ ကြ၏။ အဘ တို့သည် မီး ထည့် ကြ၏။ မိန်းမ တို့သည် မုန့် နယ် ကြ၏။ ၁၉ ထိုသို့ပြု၍ ငါ့ ကိုနှောင့်ရှက်ကြသလော။ မိမိ တို့ မျက်နှာ ကို ဖျက် မည်အကြောင်း ၊ မိမိ တို့ကိုယ်ကိုသာ နှောင့်ရှက် ကြသည်မ ဟုတ်လောဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၂၀ သို့ ဖြစ်၍၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ဤ အရပ် ၌ ရှိသောလူ ၊ တိရစ္ဆာန် ၊ သစ်ပင် ၊ မြေ အသီးအနှံ အပေါ် မှာ ငါ သည် ဒေါသ အမျက် မီးကို သွန်းလောင်း ၍၊ ထိုမီးသည် မ ငြိမ်း ဘဲလောင် လိမ့်မည်။ ၂၁ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့မီးရှို့ ရာ ယဇ်များကို အခြားသော ယဇ်များနှင့် အတူ ထား၍ ၊ အမဲသား ကိုစား ကြလော့။ ၂၂ အကြောင်း မူကား၊ သင် တို့ဘိုးဘေး များကို အဲဂုတ္တု ပြည် မှ ငါ နှုတ် ဆောင်သောအခါ ၊ မီးရှို့ ရာယဇ် အစ ရှိသောယဇ် များအတွက် သူ တို့ကို ငါမှာ ထားသည် မ ဟုတ်။ ၂၃ ငါမှာ ထားသောအရာ ဟူမူကား ၊ ငါ့ စကား ကို နားထောင် ကြလော့။ သို့ပြုလျှင် ၊ ငါသည်သင် တို့၏ ဘုရား သခင် ဖြစ် မည်။ သင် တို့သည်လည်း ၊ ငါ ၏ လူမျိုး ဖြစ် ကြ လိမ့်မည်။ သင် တို့သည် ကိုယ်အကျိုး ကို စောင့်လိုသောငှါ ၊ ငါစီရင်သမျှ သော တရားလမ်း သို့ လိုက် ရကြမည်ဟု မှာ ထား၏။ ၂၄ သို့ရာတွင် ၊ သူတို့သည် နား မ ထောင်၊ နား ကို မ လှည့် ဘဲ ဆိုးညစ် သော နှလုံး ခိုင်မာ သည်နှင့်အညီကျင့်ကြံ ပြုမူ ၍ မျက်နှာ မ ပြု ၊ ကျော ခိုင်းလျက် နေကြ၏။ ၂၅ သင် တို့အဘ များသည် အဲဂုတ္တု ပြည် က ထွက် သွား သော နေ့ မှစ၍ ယနေ့ တိုင်အောင် ၊ ငါသည် နေ့ တိုင်း စောစော ထ၍ ၊ ငါ ၏ကျွန် ပရောဖက် အပေါင်း တို့ကို သင် တို့ရှိရာသို့ အထပ်ထပ်စေလွှတ် သော်လည်း ၊ ၂၆ သင်တို့သည် ငါ့ စကားကို နား မ ထောင်၊ မ နာ မယူဘဲနေ၍ မိမိ တို့ လည်ပင်း ကို ခိုင်မာ စေသဖြင့်၊ အဘ များထက် သာ၍ဆိုးသွမ်း ကြ၏။ ၂၇ သင်သည် ဤ စကား အလုံးစုံ ကို သူ တို့အား ပြော သော်လည်း ၊ သူတို့သည် နား မ ထောင်ကြ။ ခေါ် သော်လည်း မ ထူး ကြ။ ၂၈ သို့ ဖြစ်၍ သင်ကလည်း၊ ဤ လူမျိုး သည် မိမိ တို့ ဘုရား သခင်ထာဝရဘုရား ၏စကား တော်ကို နား မ ထောင်၊ ဆုံးမ ၍ မ နိုင် သောအမျိုး ဖြစ်၏။ သစ္စာစကား ကိုမပြော၊ သစ္စာ ပျက် သော အမျိုးဖြစ်သည်ဟု သူ တို့အား ပြော ဆိုရမည်။ ၂၉ သင် ၏သစ္စာဆံပင် ကိုရိတ် ၍ ပစ် လိုက်လော့၊ မြင့် သောအရပ်၌ မြည်တမ်း ခြင်းကို ပြု လော့။ အကြောင်း မူကား၊ ထာဝရဘုရား သည် မိမိလူမျိုးကို ပယ် တော်မူပြီ။ အမျက် တော်သင့်ရောက်သော အမျိုး ကို စွန့်ပစ်

တော်မူပြီ။ ၃၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယုဒ အမျိုးသား တို့သည် ငါ့ ရှေ့မှာဆိုး သော အမှုကိုပြု ကြပြီ။ ငါ ၏နာမ ဖြင့် သမုတ် သော အိမ် တော်ကို ညစ်ညူး စေခြင်းငှါ၊ ရွံရှာဘွယ် သောအရာတို့ကို သွင်း ထားကြပြီ။ ၃၁ ငါမ မှာ ထား၊ ငါ အလျှင်းအလို မ ရှိသော်လည်း ၊ သူ တို့သား သမီး များကို မီးရှို့ ခြင်းငှါ ဟိန်နှံ သား၏ချိုင့်၌ ရှိသော တောဖက် ကုန်း တို့ကို တည် ကြပြီ။ ၃၂ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုချိုင့်ကို တောဖက် ချိုင့်ဟူ၍မ ခေါ် ၊ ဟိန်နှံ သား၏ ချိုင့် ဟူ၍မခေါ်၊ ကွပ်မျက် ရာ ချိုင့် ဟူ၍ခေါ်ရသောအခိုက် ကာလ ရောက် လိမ့်မည်။ တောဖက် ၌ မြေ လွတ်မ ရှိသည် တိုင်အောင် သင်္ဂြိဟ် ကြလိမ့်မည်။ ၃၃ ဤ လူမျိုး အသေ ကောင်တို့သည် မိုဃ်းကောင်းကင် ငှက် နှင့် တော သားရဲ စားစရာ ဘို့ ဖြစ် ကြလိမ့်မည်။ ထိုတိရစ္ဆာန်တို့ကို အဘယ်သူ မျှမမောင်း ရ။ ၃၄ ယုဒ မြို့ များ၊ ယေရုရှလင် လမ်း များတို့ ၌ ဝမ်းမြောက် သောအသံ ၊ ရွှင်လန်း သောအသံ ၊ မင်္ဂလာဆောင်သတို့သား အသံ နှင့် မင်္ဂလာဆောင်သတို့သမီး အသံ ကိုငါစဲ စေမည်။ တပြည် လုံးသည် လူဆိတ်ညံ ရာအရပ်ဖြစ် လိမ့်မည် ဟုမိန့်တော်မူ၏။

၈ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ အခါ ယုဒ ရှင်ဘုရင် တို့၏ အရိုး ၊ မှူးမတ် တို့၏အရိုး ၊ ယဇ်ပုရောဟိတ် တို့၏အရိုး ၊ ပရောဖက် တို့၏အရိုး ၊ ယေရုရှလင် မြို့သား တို့၏ အရိုး များကို သချိုင်း တွင်းများ အထဲ ကထုတ် ပစ်၍ ၊ ၂ ထိုသူ တို့သည် ကြည်ညို ရာ၊ အမှုဆောင် ရာ၊ လိုက် သွားရာ၊ ရှာဖွေ ရာ၊ ကိုးကွယ် ရာဖြစ်သော နေ ၊ လ ၊ ကောင်းကင် တန်ဆာ ရှေ့မှာ လှန် ထားကြလိမ့်မည်။ ထို အရိုးတို့ကို မ စု မပုံ၊ မ သင်္ဂြိဟ် ရ။ မြေ ပေါ်မှာ မစင် ကဲ့သို့ ဖြစ် ရကြလိမ့်မည်။ ၃ ငါနှင် လိုက်ရာအရပ်ရပ် ၌ ကျန် ကြွင်း၍၊ ဆိုးယုတ် သော ဤ အမျိုးသား တို့သည် အသက် ကို အလိုမရှိ။ သေ ခြင်းကို အလိုရှိ၍ ရွေးချယ် ရကြလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၄ တဖန် သင်သည် သူတို့အား ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ လဲ သောသူသည် နောက်တဖန် မ ထ ရသလော။ လွဲသွား သောသူသည် နောက် တဖန်ပြန်၍ မ လာ ရသလော။ ၅ ဤလူမျိုးတည်းဟူသောယေရုရှလင် မြို့သား တို့သည် ထာဝရဖောက်ပြန် ခြင်းအားဖြင့်အဘယ်ကြောင့် ဖောက်ပြန် ကြသနည်း။ မုသာ ကို စွဲလမ်း ကြ၏။ ငါတို့သည် ပြန် ၍မလာဟု ခိုင်မာစွာ ဆို ကြ၏။ ၆ ငါ စေ့စေ့ နားထောင် သောအခါ ၊ သူတို့သည် ဖြောင့်မတ် စွာ မ ပြော ကြ။ ငါသည် အဘယ်သို့ ပြု မိ သနည်းဟု ကိုယ် အပြစ် ကို မြင်၍ အဘယ်သူ မျှနောင်တ မရ။ စစ်တိုက် ခြင်းငှာ မြင်း ပြေး သကဲ့သို့ ၊ ထိုသူ အပေါင်း တို့သည် လမ်းလွှဲ၍ တဟုန်တည်းပြေး တတ်ကြ၏။ ၇ မိုဃ်းကောင်းကင် ၌ ကျင်လည်သော တောင်နှံ သော်လည်း ၊ မိမိ အချိန် ကို သိ တတ်၏။ ဥချိုး ၊ တီတီတွတ် ၊ ဓရက်သော်လည်း၊ မိမိ ပြန်လာ ချိန် ကို မှတ် တတ်၏။ ငါ ၏လူ မူကား ၊ ထာဝရဘုရား စီရင် တော်မူခြင်း ကို နား မ လည်တတ်။ ၈ ငါ တို့သည် ပညာရှိ ဖြစ်၏။ ထာဝရဘုရား ၏ တရား သည် ငါ တို့ ၌ ရှိ၏ဟု သင်တို့သည် အဘယ်သို့ ဆို ရလိမ့်မည်နည်း။ အကယ်စင်စစ်စာရေး တို့၏ မုသာ မှင်တံ သည် မုသာ တရားကို လုပ် လေပြီ။ ၉ ပညာရှိ တို့သည် အရှက် ကွဲကြ၏။ ထိတ်လန့် ၍ ကျော့ကွင်း ထဲသို့ ဝင်ကြပြီ။ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို ပယ် ကြပြီ။ သူ တို့ ၌ ပညာ မည် မျှရှိသနည်း။ ၁၀ ထိုအကြောင်းကြောင့်၊ သူ တို့မယား များကို သူတပါး တို့ ၌

ငါအပ် မည်။ သူ တို့လယ်ယာ များကို သူတပါးတို့အား အပိုင် ပေးမည်။ အငယ်ဆုံး သောသူမှစ၍ အကြီးဆုံး သောသူ အပေါင်း တို့သည် မတရားသော စီးပွား ကို ရှာကြ၏။ ပရောဖက် မှ စ၍ ယဇ် ပုရောဟိတ်ရှိသမျှ တို့သည် မုသာ ကို သုံး ကြ၏။ ၁၁ ချမ်းသာ မရှိ သောအခါ ချမ်းသာ ၊ ချမ်းသာ ဟု ပြော ဆိုလျက်၊ ငါ ၏လူမျိုး သတို့သမီး အနာ ကို ပေါ့လျော့ စွာကုကြ၏။ ၁၂ သူတို့သည် ရွံရှာဘွယ် သောအမှုကို ပြု ပြီးမှရှက် ကြ သလော။ အလျှင်းမ ရှက် ကြ။ မျက်နှာ မပျက်တတ်ကြ။ ထို့ကြောင့်၊ တယောက်နောက် တယောက်လဲ ကြလိမ့်မည်။ ငါစစ်ကြော သောအခါ နှိမ့်ချ ခြင်းကိုခံရကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၃ သူ တို့ကို ငါရှင်းရှင်းဖျက်ဆီး မည်။ စပျစ်နွယ် ပင် ၌ စပျစ်သီး မ ရှိရ။ သင်္ဘော် သဖန်းပင်၌ သင်္ဘော်သဖန်းသီး မ ရှိရ။ အရွက် လည်း ညှိုးနွမ်း ရမည်အကြောင်း၊ လွှမ်းမိုး သောသူ တို့ကို ငါစေလွှတ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ ငါ တို့သည် အဘယ် ကြောင့် ထိုင် လျက်နေကြ သနည်း။ စုဝေး ကြကုန်အံ့၊ ခိုင်ခံ့ သော မြို့ များအထဲ သို့ ဝင် ၍ တိတ်ဆိတ် စွာ နေကြကုန်အံ့။ ငါတို့သည် ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ ငါ တို့၏ ဘုရား သခင်ထာဝရဘုရား သည် ငါ တို့ကို တိတ်ဆိတ် စွာနေစေ၍ ၊ ဆေးခါး နှင့် ရောသော ရေ ကိုတိုက် တော်မူ၏။ ၁၅ ငါတို့သည် ချမ်းသာ ကို မြော်လင့် သော်လည်း ၊ ကောင်း သောအရာ မ ပေါ် လာ။ သက်သာ ချိန် ကို မြော်လင့်သော်လည်း ၊ ဘေး သက်သက်ဖြစ်၏။ ၁၆ သူ မြင်း နှာခေါင်းရှူသံ ကို ဒန် ပြည်က ကြား ရ၏။ သူ မြင်းရဲ ဟီ သံ ကိုကြား၍ တပြည် လုံး တုန်လှုပ် လေ၏။ သူတို့သည် ရောက် လာ၍ ၊ ပြည် နှင့် တကွပြည် ၌ရှိသမျှ ကိုငင်း ၊ မြို့ နှင့် တကွမြို့ သား တို့ကိုငင်းစား ၍မျိုကြ၏။ ၁၇ ကြည့်ရှု လော့။ မန်း မှုတ်၍ မ နိုင်သော မွေ ၊ ဆိုးသောမွေ များကို သင် တို့ရှိ ရာသို့ ငါ စေလွှတ် သဖြင့် ၊ သင် တို့ကို ကိုက် ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၁၈ ငါ ဝမ်းနည်း ခြင်း ပျောက်မည်အကြောင်းအဘယ်သို့နည်း။ ငါ သည် စိတ် ပျက် လျက်နေရ၏။ ၁၉ ငါ၏ လူမျိုးသတို့သမီး အော်ဟစ် သံ ကို ဝေး သော ပြည်က ကြားရ၏။ ထာဝရဘုရား သည် ဇိအုန် မြို့၌ ရှိတော်မ မူသလော ။ မိမိ ရှင် ဘုရင်သည် မြို့ ထဲ၌ရှိတော်မ မူသလော။ တကျွန်းတနိုင်ငံ နှင့်ဆိုင်သောအချည်းနှီးအရာ ၊ ရုပ်တုဆင်းတု အားဖြင့် သူတို့သည် ငါ့ အမျက် ကိုနှိုးဆော်ခြင်းငှာ အဘယ်ကြောင့် ပြုကြသနည်း။ ၂၀ အသီးအနှံသိမ်း ရာကာလလွန် ပြီ။ နွေ ကာလ ကုန် ပြီ။ ငါ တို့သည် ကယ်တင် ခြင်းသို့ မ ရောက်ကြ။ ၂၁ ငါ ၏လူမျိုး သတို့သမီး သည် နာ သောကြောင့် ၊ ငါ လည်းနာ ရ၏။ ကြမ်းတမ်း သော အဝတ်ကို ဝတ်လျက်၊ မိန်းမောတွေဝေလျက်နေရ၏။ ၂၂ ဂိလဒ် ပြည်၌ ဗာလဇံ ပင် အစေးမ ရှိသလော။ ထို ပြည်၌ ဆေးသမား မ ရှိသလော။ ရှိလျက်ပင် ငါ ၏လူမျိုး သတို့သမီး သည် အဘယ်ကြောင့် အနာမှမ ထမြောက် သနည်း။

၉ ငါ ၏လူမျိုး သတို့သမီး နှင့်ဆိုင်သော အသေ ကောင်များအတွက်၊ ငါသည်နေ့ ညဉ့် မပြတ် ငို ရမည် အကြောင်း၊ ငါ့ ဦးခေါင်း သည် ရေ သက်သက်၊ ငါ့ မျက်စိ တို့ သည် မျက်ရည် ထွက်သော စမ်း ဖြစ်ပါစေသော။ ၂ ငါသည် ငါ ၏ လူမျိုး ကို စွန့် ၍ ထွက်သွား နိုင် အောင် တော ၌ တဲ စားခန်းရှိပါစေသော။ အကြောင်း မူကား ၊ ထိုသူ အပေါင်း တို့သည် သူ့ မယားကို ပြစ်မှားသောသူ ၊ သစ္စာ ပျက်သော အစည်း အဝေးဖြစ်ကြ၏။ ၃ သူတို့သည် မိမိ တို့လျှာ

တည်းဟူသောလေး ကို မုသာ နှင့် တင် ကြ၏။ သစ္စာ တရားကို အမှီ မ ပြုဘဲ မြေကြီး ပေါ် မှာ လူကြီး ဖြစ်ကြ၏။ အကယ် စင်စစ်ဆိုး သောအမှုအပေါ် မှာ ဆိုး သောအမှု ကို ထပ်၍ပြု ကြ၏။ ငါ့ ကိုလည်း မ သိ မမှတ်ကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၄ လူတိုင်းမိမိ အပေါင်း အဘော်ကို သတိပြု လော့။ မိမိ ညီအစ်ကို ကို မ ယုံ ကြနှင့်။ ညီအစ်ကို တိုင်း မိမိ ညီအစ်ကိုအရာကို ဆက်ဆက်လုယူမည်။ အပေါင်း အဘော်ရှိသမျှ တို့သည် သူ့အသရေ ကို ဖျက်မြဲ ဖျက်ကြ လိမ့်မည်။ ၅ အပေါင်း အဘော်ရှိသမျှတို့သည် တယောက်ကို တယောက် လှည့်စား ကြလိမ့်မည်။ သစ္စာ စကားကို မ ပြော ဘဲ မုသာ စကားကိုပြော ခြင်းငှါမိမိ တို့လျှာ ကို သွန်သင် ကြပြီ။ မတရား သောအမှုကို ပြုသောအားဖြင့် ကိုယ်ကို ကိုယ် ပင်ပန်း စေကြပြီ။ ၆ သင် ၏ နေ ရာသည် မုသာ အရပ် ၌ ရှိ၏။ အရပ် သားတို့သည် မုသာ ကြောင့် ငါ့ ကိုမ သိ လိုဟု ထာဝရဘုရား မိန့် တော်မူ၏။ ၇ သို့ ဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည်သူ တို့ကို အရည်ကျိုး ၍ စုံစမ်း မည်။ သို့မဟုတ်၊ ငါ ၏လူမျိုး သတို့သမီး ၌ အဘယ်သို့ ငါပြု ရမည်နည်း။ ၈ သူ တို့လျှာ သည် သေ စေတတ်သောမြား ဖြစ်၏။ ပရိယာယ် စကားကို ပြော တတ်၏။ အပေါင်း အဘော်ချင်း တို့သည် နှုတ် ဖြင့် လောက ဝတ်စကားကိုပြော ၍၊ နှလုံး ဖြင့် ချောင်းမြောင်း တတ်ကြ၏။ ၉ ထိုသို့ သော အပြစ်တို့ကို ငါမ စစ်ကြော ဘဲနေရ မည်လော။ ထို သို့သော အမျိုး ကို ဒဏ် ပေး၍၊ ငါ့ စိတ်ချင်ရဲ မ ပြေဘဲ နေရမည်လောဟု ထာဝရဘုရား မိန့်တော်မူ၏။ ၁၀ တောင် များ၊ လွင်ပြင်များတို့အတွက် ငါသည် ငိုကြွေး မြည်တမ်း ခြင်းကို ပြု ရမည်။ ထိုအရပ်တို့ ၌ မီးလောင် သောကြောင့်၊ လူသည်မရှောက် မသွားရ။ သိုး နွား မြည်သံ ကို မ ကြား ရ။ မိုဃ်းကောင်းကင် ငှက် နှင့် သားရဲ တို့သည် ထွက် ပြေးရကြပြီ။ ၁၁ ငါသည် ယေရုရှလင် မြို့ကို အမှိုက် ပုံ၊ မြေခွေး နေရာတွင်း ဖြစ် စေမည်။ ယုဒ မြို့ ရွာတို့ကိုလည်း၊ လူ ဆိတ်သုဉ် ရာအရပ်ဖြစ် စေမည်။ ၁၂ ဤ အမှုကိုနားလည် နိုင်သော ပညာရှိ ကား၊ အဘယ်သူ နည်း။ ထာဝရဘုရား ၏ နှုတ် တော်ထွက် ကိုခံ၍၊ ဤအမှု၏အကြောင်း ကို ပြော နိုင်သော သူ ကား၊ အဘယ် သူနည်း။ အဘယ်သူမျှရှောက် ၍မသွားနိုင်အောင်၊ တပြည် လုံးသည် တော ကဲ့သို့ မီးလောင်၍၊ အဘယ်ကြောင့် ပျက်စီး သနည်း။ ၁၃ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူတို့သည် ငါ့ စကား ကို နား မ ထောင်၊ သူ တို့ ၌ ငါပေး သော တရား ကို မ ကျင့် မစောင့်ဘဲ စွန့်ပစ် ၍၊ ၁၄ မိမိ တို့ စိတ် နှလုံးခိုင်မာ ခြင်းသို့ ၎င်း၊ မိရိုး ဘလာအတိုင်း ဗာလ ဘုရားတို့နောက် သို့၎င်း လိုက် ကြသောကြောင့်၊ ၁၅ ကြွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူ တို့ကို ဒေါန နှင့် ငါ ကျွေး မည်။ ဆေးခါး နှင့်ရောသော ရေ ကို တိုက် မည်။ ၁၆ သူတို့မ သိ၊ ဘိုးဘေး မသိဘူးသော လူမျိုး တို့တွင် အရပ်ရပ်၌ ကွဲပြား စေမည်။ ရှင်းရှင်းမ ဖျက်ဆီး မှီတိုင်အောင်၊ သူ တို့နောက် သို့ ထား ဘေးကို စေလွှတ် မည်။ ၁၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဆင်ခြင် ကြလော့၊ ငိုခြင်းသည် မတို့ကိုခေါ် ၍ လာ ကြစေ။ လိမ္မာ သော မိန်းမတို့ ရှိရာသို့ စေလွှတ် ၍ လာကြစေ။ ၁၈ ငါ တို့သည် မျက်ရည် ကျ ၍၊ မျက်ခမ်း ထဲက တွေတွေစီး ထွက်စေခြင်းငှါ၊ ထိုမိန်းမတို့သည် အလျင် အမြန် ပြု၍၊ ငါ တို့အတွက် ငိုကြွေး ခြင်းကို ပြု ကြစေ။ ၁၉ နားထောင်ကြ။ ဓအုန် မြို့၌ ကြား ရသောငိုကြွေး သံ

ဟူမူကား၊ ငါတို့သည် အဘယ် မျှလောက်လုပ်ယူ ဖျက်ဆီးခြင်းကိုခံရသည်တကား။ သူတပါးတို့သည် ငါ တို့ နေရာများကို ဖြူချ သောကြောင့် ၊ ငါတို့သည် ကိုယ်ပြည် ကို စွန့် ၍ အလွန် မိန်းမော တွေဝေကြသည်တကား။ ၂၀ အိုမိန်းမတို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော် ကို နားထောင် ၍ ၊ နှုတ် တော်ထွက်ကို နာယူ ကြလော့။ သင် တို့၏ သမီးတို့အား ဝိုကြွေး ခြင်းကိုငင်း ၊ အသီးအသီး အပေါင်း အဘော်တို့အား မြည်တမ်း ခြင်းကိုငင်းသွန်သင် ကြလော့။ ၂၁ သေမင်းသည် ငါ တို့ ပြတင်းပေါက် သို့ တက် ၍၊ ငါ တို့ဘုံ ဗိမာန်ထဲသို့ ဝင် သဖြင့် ၊ သူငယ် များကို လမ်း မှ ပယ်ရှင်း ၍၊ လူပျို များကို ပွဲ သဘင်ထဲက ဖျက်ဆီးလေပြီ။ ၂၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ လူ သေ ကောင်တို့သည် လယ်ပြင် ၌ နောက်ချေး ကဲ့သို့ ၎င်း ၊ သိမ်း သူမ ရှိ၊ ရိတ် သောသူနောက် မှာ ကျန်ရစ်သော ကောက် လိုင်းကဲ့သို့ ၎င်း ကျနေကြလိမ့်မည်ဟု ကြား ပြောလော့။ ၂၃ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ပညာရှိ သောသူသည် မိမိ ပညာ ၌ မဝါကြွား စေနှင့်။ ခွန်အား ကြီးသောသူသည် မိမိ ခွန်အား ၌ မ ဝါကြွား စေနှင့်။ ဥစ္စာ ရတတ်သောသူသည် မိမိ ဥစ္စာ ၌ မ ဝါကြွား စေနှင့်။ ၂၄ ဝါကြွား သောသူ မည်သည်ကား၊ ငါသည် မြေကြီး ပေါ် မှာ ချစ် သနားခြင်း၊ တရား သဖြင့် စီရင်ခြင်း၊ ဖြောင့်မတ် ခြင်းကို ပြု သောထာဝရ ဘုရား ဖြစ်ကြောင်း တည်းဟူသော၊ ငါ့ သဘောကို သိ နားလည် ခြင်း၌သာ ဝါကြွား စေ။ ငါသည် ထို အရာတို့ ၌ မွေ့လျော် သည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အရေဖျား လှီး ခြင်းကိုခံ သောသူ၊ အရေဖျားလှီးခြင်းကို မခံသောသူ၊ ၂၆ အဲဂုတ္တု လူ၊ ယုဒ လူ၊ ဧဒုံ လူ၊ အမ္မုန် အမျိုးသား ၊ မောဘ အမျိုးသား၊ ပါးမုန်း ကိုရိတ် တတ်သော လူမျိုး၊ တော ၌ နေ သောသူအပေါင်း တို့ကို ငါဆုံးမ ရသော အချိန်ကာလ ရောက် လိမ့်မည်။ တပါးအမျိုးသား အပေါင်း တို့သည် အရေဖျား လှီးခြင်းကို မခံသောသူဖြစ်ကြ၏။ ဣသရေလအမျိုးသား အပေါင်း တို့သည်လည်း ၊ စိတ်နှလုံး အားဖြင့်အရေဖျား လှီးခြင်းကို မခံသောသူဖြစ်ကြ၏။

၁၀ အို ဣသရေလ အမျိုးသား တို့၊ သင် တို့အား ထာဝရဘုရား မိန့် တော်မူသော စကား ကို နားထောင် ကြလော့။ ၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သာသနာပ လူတို့၏ ဘာသာ ဓလေ့၌ မ ကျင်လည် ကြနှင့်။ သာသနာပ လူတို့ ထိတ်လန့် ကြောက်တတ်သော မိုဃ်း ကောင်းကင်နိမိတ် တို့မှ မ ထိတ်လန့် မကြောက်ကြနှင့်။ ၃ လူ အမျိုးမျိုးကျင့်သောအကျင့် ဓလေ့တို့သည် အချည်းနှီး ဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား၊ သူတို့ သည် တော၌ သစ်ပင် ကို ခုတ်လှဲ ၍၊ ပုဆိန် နှင့် လုပ်တတ် သော လက်သမား ၏ လက် လုပ် ရာဖြစ်သောအရာကို၊ ၄ ရွှေငွေ နှင့် လှပစွာ ချယ်လှယ် ပြီးလျှင်၊ မ လှုပ်ရှား စေခြင်းငှါ သံချွန် ကို တူ နှင့်ရိုက် ထားကြ၏။ ၅ သူသည် စွန်ပလွံပင်ကဲ့သို့ ခိုင်မာ၍ စကား မ ပြော တတ်။ မိမိအလိုအလျောက်မ သွား နိုင်သောကြောင့် ၊ ထမ်း ၍သွား ရ၏။ ထို အရာတို့ကို မ ကြောက် ကြနှင့် ။ အန္တရာယ် ကိုမ ပြုနိုင်။ ကျေးဇူး ကိုလည်း မ ပြုနိုင်။ ၆ အိုထာဝရဘုရား ၊ ကိုယ်တော်နှင့် အဘယ်သူ မျှမတူ ပါ။ ကိုယ်တော် သည် ကြီးမြတ် တော်မူ၏။ နာမ တော်သည်လည်း ၊ တန်ခိုး တော်အားဖြင့် ကြီးမြတ် တော်မူ၏။ ၇ အိုလူ အမျိုးမျိုးတို့၏ ဘုရင် ၊ ကိုယ်တော်ကို ကြောက်သင့်သည် ဖြစ်၍၊ အဘယ်သူ သည် မကြောက် ဘဲ နေရပါမည်နည်း။ အမျိုးမျိုးသော ပညာရှိ အပေါင်း တို့ ၌ ၎င်း ၊ ခပ်သိမ်း သော တိုင်း နိုင်ငံတို့ ၌ ၎င်း

ကိုယ်တော် နှင့် တူသောသူတစုံတယောက်မျှ မ ရှိပါ။ ၈ သူတို့သည် တလုံးတဝ တည်းတိရစ္ဆာန်သဘောနှင့် မိုက်သော သဘောရှိကြ၏။ သစ်သား သော်လည်းမိုက်သောအယူကို ဆုံးမ တတ်၏။ ၉ ထု လုပ်တတ်သောသူ၊ သွန်းတတ်သောသူ၏ လက် လုပ်ရာ ငွေ ပြားကို တာရှု မြို့မှ ၎င်း ၊ ရွှေ ကိုလည်း ဥဖတ် မြို့မှဂင်း ဆောင် ခဲ့တတ်၏။ ပြာသောအထည်၊ မောင်း သောအထည် နှင့်ခြုံတတ်၏။ လိမ္မာ သောသူ လုပ် ရာသက်သက် ဖြစ်သတည်း။ ၁၀ ထာဝရဘုရား မူကား ၊ မှန် သောဘုရား ၊ အသက်ရှင် သောဘုရား ၊ နိစ္စ ထာဝရဘုရင် ဖြစ်တော်မူ၏။ အမျက် တော်ထွက်လျှင် မြေကြီး တုန်လှုပ် ရ၏။ လူ အမျိုးမျိုးတို့သည် အမျက် တော်ကို မ ခံ နိုင်ကြ။ ၁၁ သာသနာပ လူတို့အား ပြောရသော စကားဟူမူကား၊ ကောင်းကင် နှင့်မြေကြီး ကို မ ဖန်ဆင်း သော ဘုရား တို့သည် ဤ ကောင်းကင် အောက် ၊ ဤမြေကြီး ပြင်မှ ကွယ်ပျောက် ကြလိမ့်မည်။ ၁၂ ထာဝရဘုရားသည် တန်ခိုး တော်အားဖြင့် မြေကြီး ကို ဖန်ဆင်း တော်မူပြီ။ ပညာ တော်အားဖြင့် လောကဓါတ် ကို တည် တော်မူပြီ။ ဉာဏ် တော်အားဖြင့် မိုဃ်းကောင်းကင် ကို ကြက် တော်မူပြီ။ ၁၃ အသံ တော်ကို လွှတ် တော်မူသောအခါ ၊ မိုဃ်းရေ အသံ ဗလံဖြစ်တတ်၏။ မြေကြီး စွန်း မှ မိုဃ်းတိမ် ကို တက် စေတော်မူ၏။ မိုဃ်း ရွာသည်နှင့် လျှပ်စစ် ပြက် စေတော်မူ ၏။ လေ ကိုလည်း ၊ ဘဏ္ဍာ တော်တိုက်ထဲက ထုတ် တော်မူ ၏။ ၁၄ လူမည်သည်ကား၊ မိမိဉာဏ်အားဖြင့်တိရစ္ဆာန် ကဲ့သို့ ဖြစ်၏။ ရုပ်တု ကို သွန်း သောသူတိုင်း မိမိလုပ်သော ရုပ်တုအားဖြင့် မှောက်မှားလျက် ရှိ၏။ အကြောင်းမူကား၊ သွန်းသောရုပ်တု သည် မုသာ ဖြစ်၏။ သူ ၌ လည်း ထွက် သက်ဝင်သက်မ ရှိ။ ၁၅ ထို သို့သောအရာ တို့သည် အချည်းနှီး သက်သက်ဖြစ်ကြ၏။ လှည့်စား သောအရာလည်းဖြစ်ကြ၏။ စစ်ကြောခြင်းကိုခံရသည်ကာလ ၌ ကွယ် ပျောက်ကြ လိမ့်မည်။ ၁၆ ယာကုပ် အမျိုး၏အဘို့ သည် ထိုသို့သောအရာ နှင့် တူ တော်မ မူ။ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်း သော ဘုရားဖြစ်တော်မူ၏။ ဣသရေလ အမျိုးသည် အမွေခံတော်မူရာဖြစ်၏။ နာမ တော်သည် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရားပေတည်း။ ၁၇ အိုရဲတိုက် ၌ နေ သောသူ၊ မြေ ပေါ်မှာ ရှိသောသင် ၏ဥစ္စာ ပရိဂံများကို စုသိမ်း လော့။ ၁၈ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ယခုပင် ငါ သည်လောက်လွှဲစာကိုပစ်သကဲ့သို့၊ ပြည်သား များကို လောက်လွှဲထဲကပစ် ၍၊ ရန်သူတို့ လက်သို့ရောက် စေ ခြင်းငှါ ညှဉ်းဆဲ မည်ဟု မိန့်တော်မူ၏။ ၁၉ ငါ သည် ချိုးဖျက် ခြင်းကိုခံရသောကြောင့် အမင်္ဂလာ ရှိ၏။ ငါ့ အနာ ပြင်းလှ၏။ သို့သော်လည်း၊ ငါတွေ့သော ဤ ဒုက္ခ ဝေဒနာကို ဆက်ဆက် ခံရ မည်ဟု ငါ ဆို ၏။ ၂၀ ငါ့ တဲ့ လည်းပျက် ၏။ ငါ့ ကြိုး ရှိသမျှ တို့လည်း ပြတ် ကြ၏။ ငါ့ သား တို့လည်း ငါ့ ထံမှထွက် သွား၍ ပျောက် ကြ၏။ နောက်တဖန်ငါ့ တဲ့ ကို ဆောက် ရသောသူ၊ ငါ့ ကုလားကာ တို့ကို ဆွဲကာ ရသောသူမ ရှိ။ ၂၁ အကြောင်း မူကား၊ သိုးထိန်း တို့သည် တိရစ္ဆာန် သဘော ရှိ၍ ၊ ထာဝရဘုရား ကို မ ရှာဖွေ သောကြောင့် အကြံ မမြောက်ရကြ။ သိုးစု အပေါင်း တို့သည် အရပ်ရပ်သို့ ကွဲပြားရကြ၏။ ၂၂ အသံ ကိုကြားရ၏။ အနီးသို့လာ၏။ ယုဒ မြို့ တို့ကို ဖျက်ဆီး ၍၊ မြေခွေး နေရာ တွင်း ဖြစ် စေခြင်းငှါ ၊ ကြီးသော အသံ ဗလံသည် မြောက် မျက်နှာ က လာ ၏။ ၂၃ အိုထာဝရဘုရား ၊ လူ သည် မိမိ သွားရာလမ်း ကို အစိုးမ ရ။ သွား စဉ်အခါမိမိ ခြေရာ တို့ကို မ စီရင် တတ်သည် ကို အကျွန်ုပ်သိ ပါ၏။ ၂၄ အို ထာဝရဘုရား ၊ အကျွန်ုပ် ကို

ဆုံးမတော်မူလျှင် ၊ အကျိုးနည်း စေခြင်းငှါ အမျက် ထွက်တော်မ မူပါနှင့်။ တရား တော်အတိုင်း သာ ဆုံးမ တော်မူပါ။ ၂၅ ကိုယ်တော် ကိုမ သိ သော တပါးအမျိုးသား တို့ အပေါ် သို့ငင်း ၊ နာမ တော်ကို ပဌနာ မ ပြုသော အမျိုးအနွယ် တို့အပေါ် သို့ဂင်း အမျက် တော်ကို သွန်းလောင်း တော်မူပါ။ အကြောင်း မူကား၊ သူတို့သည် ယာကုပ် အမျိုး ကို အကုန်အစင်ကိုက်စား ၍ ၊ သူ ၏နေရာ ကို သုတ်သင်ပယ်ရှင်း ကြပါပြီ။

၁၁ ယေရမိ သို့ ရောက် လာသော ထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား၊ ၂ ဤ ပဋိညာဉ် စကား ကို နားထောင် ကြလော့။ သင်သည် ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့အား ၊ ၃ ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား ၏ အမိန့် တော်ကို ဟောပြော ဆင့်ဆိုရမည်မှာ၊ ၄ ယနေ့ဖြစ်သည်နှင့်အညီ၊ နို့ နှင့် ပျားရည် စီး သောပြည် ကို ငါပေး မည်ဟု၊ သင် တို့၏ ဘိုးဘေး များ၌ ငါကျိန်ဆို သော သစ္စာ ဂတိကို စောင့် ရသောအခွင့်ရှိစေခြင်းငှါ၊ သင် တို့သည် ငါ ၏ လူ ဖြစ် ၍ ၊ ငါ သည်လည်း သင် တို့၏ ဘုရား ဖြစ် မည် အကြောင်း ၊ ငါ့ စကား ကို နားထောင် ၍ ၊ ငါမှာ ထား သမျှ အတိုင်း ကျင့် ကြလော့ဟု၊ ၅ သံ မီးဖို တည်းဟူသောအဲဂုတ္တု ပြည် မှ သင် တို့၏ဘိုးဘေး များကို နှုတ် ဆောင် သောအခါ သူတို့ ၌ ငါထား သော ပဋိညာဉ် တရားစကား ကို နား မ ထောင်သော သူ သည် ကျိန် တော်မူခြင်းကို ခံစေဟု မိန့် တော်မူလျှင်၊ ငါက၊ အိုထာဝရဘုရား ၊ အာမင် ဟု လျှောက် ၏။ ၆ ထာဝရဘုရား ကလည်း ၊ သင်သည် ယုဒ မြို့ များ နှင့် ယေရုရှလင် မြို့လမ်း များတို့ ၌ ဟစ်ကြော် ရမည်စကား ဟူမူကား၊ သင်တို့သည် ဤ ပဋိညာဉ် စကား ကို နားထောင် ၍ ကျင့် ကြလော့။ ၇ အကြောင်း မူကား၊ ငါ့ စကား ကို နားထောင် ကြလော့ဟု၊ သင် တို့၏ ဘိုးဘေး များကို အဲဂုတ္တု ပြည် က ငါ နှုတ် ဆောင်သောနေ့ မှစ၍ ယနေ့ တိုင်အောင် ၊ ငါသည် စောစော ထ၍ အထပ်ထပ်ဆုံးမ သော်လည်း ၊ ၈ သူတို့သည် နား မ ထောင်၊ နား ကို မ လှည့် ဘဲ ဆိုးညစ် သော မိမိ တို့ စိတ် နှလုံးခိုင်မာ ခြင်းရှိသည်အတိုင်း၊ တယောက်မျှ မကြွင်း၊ လိုက် သွားကြသောကြောင့် ၊ ငါမှာ ထား၍၊ သူတို့မ ကျင့် သော ဤ ပဋိညာဉ် စကား အလုံးစုံ တို့ကို၊ သူ တို့အပေါ် ၌ ငါသက်ရောက် စေမည်ဟု မိန့် တော်မူ ၏။ ၉ တဖန် ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား၊ ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့သည် သင်းဖွဲ့ ကြ၏။ ၁၀ ငါ့ စကား ကို ငြင်းပယ် သော ဘိုးဘေး တို့၏ ဒုစရိုက် များကို ပြုအံ့သောငှါ ပြန် သွားကြပြီ။ အခြား တပါး သော ဘုရား တို့ကို ဝတ်ပြု အံ့သောငှါ လိုက် သွားကြပြီ။ သူ တို့၏ ဘိုးဘေး များနှင့် ငါဖွဲ့ သော ပဋိညာဉ် တရားကို ဣသရေလ အမျိုး နှင့် ယုဒ အမျိုးသား တို့သည် ဖျက် ကြပြီ။ ၁၁ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သူတို့မ လွတ် နိုင် သော ဘေး အန္တရာယ်ကို သူ တို့အပေါ် ၌ ငါ သက် ရောက်စေမည်။ သူတို့သည် ငါ့ ကိုအော်ဟစ် သော်လည်း ၊ ငါနား မ ထောင်ဘဲနေမည်။ ၁၂ ထိုအခါယုဒ မြို့ သူရွာသားနှင့် ယေရုရှလင် မြို့သား တို့သည် နံ့သာပေါင်းကို မီးရှို့ ၍၊ ပူဇော်ဘူးသော ဘုရား များထံသို့ သွား၍ အော်ဟစ် သော်လည်း ၊ ဘေး ရောက်ရာကာလ ၌ ထိုဘုရားတို့သည် အလျှင်းချမ်းသာ မ ပေးဘဲနေကြလိမ့်မည်။ ၁၃ အိုယုဒ ပြည်၊ သင် သည်မြို့ များ အရေအတွက် ရှိသည်အတိုင်း ၊ သင် ၏ဘုရား များရှိ ပါသည်တကား။ ယေရုရှလင် မြို့လမ်း များ အရေအတွက် ရှိသည်အတိုင်း၊ ရှက်ဘွယ် သော ရုပ်တုအဘို့

ယဇ် ပလ္လင်များ၊ ဗာလ ဘုရားရှေ့ မှာ နံ့သာပေါင်း ရှို့ ရာ ယဇ်ပလ္လင် များကို တည် ကြပြီ။ ၁၄ သို့ ဖြစ်၍သင် သည်ဤ လူမျိုး အဘို့ ပဌနာ မ ပြု နှင့်။ သူ တို့အဘို့ အော်ဟစ် ခြင်း၊ ဆုတောင်း ခြင်းကို မ ပြုနှင့်။ ဘေး ရောက်သည်ကာလ ၊ သူ တို့ အော်ဟစ် သော စကားကို ငါ နား မ ထောင်။ ၁၅ ငါ ချစ် သောအစ်မသည် များ စွာသောသူတို့ နှင့် မတရား သဖြင့် ပေါင်းဘော် ၍ ၊ ဆိုးညစ်စဉ်တွင်၊ ငါ့ အိမ် နှင့် အဘယ်သို့ ဆိုင် သနည်း။ သင်သည် သန့်ရှင်း သော အမဲသား ကို မပူဇော်ရ။ ဒုစရိုက် ကို ပြုစဉ် တွင်ပင်၊ ဝမ်းမြောက် ပါသည်တကား၊ ၁၆ စိမ်းလန်း လှပ ၍ ကောင်းသော အသီး ကို သီးသောသံလွင် ပင်ဟု၊ သင့် ကို ထာဝရဘုရား သမုတ် တော်မူ၏။ ကြီး သော အသံ ဗလံနှင့် ထိုအပင် ကို မီးရှို့ တော်မူ၍ ၊ အခက် အလက်တို့သည် ကျွမ်း လောင်ကြ၏။ ၁၇ ဣသရေလ အမျိုး နှင့် ယုဒ အမျိုးသား တို့သည် ဗာလ ဘုရားရှေ့ မှာ နံ့သာ ပေါင်းကို မီးရှို့၍၊ ငါ့ အမျက် ကို နှိုးဆော်ခြင်းငှါ မိမိ တို့အဘို့ မကောင်း သောအမှုကို ပြု သောကြောင့် ၊ သင့် ကိုစိုက် တော်မူသောကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည်၊ သင် ၌ အမှု ရောက် မည် အကြောင်းမိန့် တော်မူပြီ။ ၁၈ ထာဝရဘုရား သည် ငါ့ အား ဗျာဒိတ် ပေးတော်မူသောကြောင့် ငါသိ ရ၏။ သူ တို့ပြုသောအမှု များကို ကိုယ်တော်သည် ပြ တော်မူပြီ။ ၁၉ အသေသတ် ခြင်းငှါ ဆောင်သွား သော သိုး သငယ် ယဉ် ကဲ့သို့ ငါ ဖြစ်၏။ သူတို့က၊ သူ ၏နာမ ကို ရှင်းရှင်း ပျောက်စေခြင်းငှါ ၊ အသီး အကင်းနှင့် တကွအပင် ကို ရှင်းရှင်းဖျက် ၍၊ အသက် ရှင်သောသူတို့၏ နေရာ မှ သူ့ ကိုပယ်ဖြတ် ကြကုန်အံ့ဟု၊ ငါ့ တဘက် ၌ မကောင်းသော အကြံ နှင့် ကြံစည် ကြောင်းကို ငါမ သိ ။ ၂၀ နှလုံး ကျောက်ကပ် ကို စစ်ကြော ၍၊ တရား သဖြင့် စီရင် တော်မူသောကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၊ ကိုယ်တော် သည် ထိုသူ တို့အား အပြစ် ပေးတော်မူ ကြောင်းကို အကျွန်ုပ်မြင် လိုပါ၏။ အကျွန်ုပ် အမှု ကို ကိုယ်တော် အား ကြား လျှောက်ပါပြီ။ ၂၁ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အာနသုတ် မြို့သား တို့က၊ သင်သည် ငါ တို့လက် ဖြင့် မ သေ ရမည်အကြောင်း ၊ ထာဝရဘုရား ၏ နာမ တော်အားဖြင့် ပရောဖက် မ ပြုနှင့်ဟုဆို လျက်၊ သင် ၏အသက် ကို ရှာ ကြ သောကြောင့်၊ ၂၂ ငါ သည်သူ တို့ကို စစ်ကြော သဖြင့်၊ လူပျိုု တို့သည် ထား ဖြင့် သေ ကြလိမ့်မည်။ သား သမီး တို့သည် ငတ်မွတ် ၍ သေ ကြလိမ့်မည်။ ၂၃ တစုံတယောက်မျှ မ ကြွင်း ရ။ ထိုသို့စစ်ကြော ရာ ကာလ တည်းဟူသောဘေး ဥပဒ်ကို အာနသုတ် မြို့သား တို့အပေါ် သို့ ငါသက်ရောက် စေမည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၁၂ အို ထာဝရဘုရား ၊ အကျွန်ုပ်သည် ကိုယ်တော် နှင့် တရားစကားကို ဆွေးနွေး သောအခါ ၊ ကိုယ်တော် သည် တရား တော်မူ၏။ သို့သော် လည်း၊ စစ်ကြော စီရင်တော်မူခြင်း အကြောင်းကို မေး လျှောက်ပါမည်။ မတရား သောသူတို့ သည် အဘယ်ကြောင့် အကြံ မြောက် ရကြပါ သနည်း။ အလွန်သစ္စာပျက် သော သူအပေါင်း တို့သည် အဘယ်ကြောင့်ချမ်းသာ ရကြပါသနည်း။ ၂ ကိုယ်တော်သည် သူ တို့ကို စိုက် တော်မူသဖြင့် ၊ သူတို့သည် အမြစ် ကျ၍ ကြီးပွါး လျက် အသီး ကို သီး ကြပါ ၏။ ကိုယ်တော် သည် သူ တို့နှုတ် နှင့် နီး ၍ နှလုံး နှင့် ဝေး တော်မူ၏။ ၃ အို ထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ကို သိမြင် တော်မူ၏။ အကျွန်ုပ် သည် ကိုယ်တော်နှင့်သဘော

တူကြောင်းကို စစ်ကြော တော်မူပြီ။ သိုး တို့ကို ထုတ်သကဲ့သို့ ၊ ထိုမတရားသောသူ တို့ ကို အသေ သတ်ခြင်းငှါ ဆွဲ ထုတ် တော်မူပါ။ သတ် ရသောနေ့ အဘို့ ပြင်ဆင် တော်မူပါ။ ၄ ပြည် သား များပြားသောဒုစရိုက် အပြစ်ကြောင့် ၊ ပြည်သည် အဘယ် မျှကာလပတ်လုံး မြည်တမ်း ရပါအံ့နည်း။ အရပ်ရပ် တို့ ၌ရှိသောမြက်ပင် သည် အဘယ်မျှ ကာလပတ်လုံး ညှိုးနွမ်း ရပါအံ့နည်း။ ငါ တို့ခံရသောအကျိုး အပြစ်ကို ဘုရားသခင်မ သိ မမြင်ဟု ပြည်သားများ ဆို သောကြောင့် ၊ သား များနှင့် ငှက် များတို့သည် ပျောက် ပျက် ကြပါပြီ။ ၅ သင်သည် ခြေသည် တို့နှင့် ပြိုင်ပြေး ၍ မော လျှင် မြင်း တို့နှင့် အဘယ်သို့ ပြိုင် နိုင်မည်နည်း။ စိုးရိမ်ခြင်းမရှိ၊ ငြိမ်ဝပ် စွာ နေရသောပြည် ၌ မော လျှင် ၊ ယော်ဒန် မြစ်၏ ဂုဏ် အသရေထဲမှာ အဘယ် သို့ပြု လိမ့်မည်နည်း။ ၆ သင် ၏ညီအစ်ကို ၊ အဘ ၏ အိမ်သူ အိမ်သားတို့ ပင် သင့် ကို သစ္စာဖျက် ၍၊ သင့် နောက်သို့ အော်ဟစ် လျက် လိုက်ကြ၏။ သူ တို့သည် ကောင်း သောစကားကို ပြော သော်လည်း မ ယုံ နှင့်။ ၇ ငါသည်ကိုယ် အိမ် ကိုစွန့် ၍၊ ကိုယ် အမွေ ကို ပစ် ထားပြီ။ ငါ အလွန်ချစ် သောအစ်မကို သူ ၏ ရန်သူ လက် သို့ အပ်နှံ ပြီ။ ၈ ငါ့ အမွေ သည် တော ၌ တွေ့သောခြင်္သေ့ ကဲ့သို့ ငါ့ အား ဖြစ် ၍၊ ငါ့ ကို ဟောက် သောကြောင့် ငါမုန်း လေ၏။ ၉ ငါ့ အမွေ သည် ဇောဘ သားရဲ ကဲ့သို့ငါ့ အား ဖြစ်၏။ ပတ်လည် ၌ ရှိသောသားရဲ တို့သည် တိုက် ကြ၏။ လာကြ။ တော သားရဲ အပေါင်း တို့၊ စည်းဝေး ကြ။ ကိုက်စား ခြင်းငှါ လာ ကြစေ။ ၁၀ များစွာ သော သိုးထိန်း တို့သည် ငါ့ စပျစ် ဥယျာဉ် ကို ဖျက်ဆီး ကြပြီ။ ငါ ရထိုက်သောအဘို့ ကို ကျော်နင်း ကြပြီ။ ငါ ရထိုက်သောနှစ်သက် ရာအဘို့ ကို လူဆိတ်ညံ ရာ တော ဖြစ် စေကြပြီ။ ၁၁ သုတ်သင် ပယ်ရှင်းသောကြောင့် ၊ လူဆိတ်ညံ လျက်ရှိ၍၊ ငါ့ အား ညည်းတွား လေ၏။ တပြည် လုံး ပျက်စီး သော်လည်း၊ အဘယ် သူမျှပမာဏ မပြုတတ်။ ၁၂ တော ၌ မြင့် သော အရပ်အလုံးစုံ တို့အပေါ် မှာ လုယက် သောသူတို့ သည် တက် ကြပြီ။ အကယ်စင်စစ်ပြည် စွန်း တဘက်မှ တဘက် တိုင်အောင် ထာဝရဘုရား ၏ ထား တော်သည် ဖျက်ဆီး သဖြင့်၊ အဘယ်သူ မျှချမ်းသာ မ ရ။ ၁၃ သူတို့သည် ဂျုံ စပါးမျိုးစေ့ကို ကြဲ ၍ ဆူး ပင်ကိုသာ ရိတ် ရကြ၏။ ပင်ပန်းစွာ ကြိုးစား သော်လည်းကျေးဇူး မ ရှိကြ။ ထာဝရဘုရား ၏ အမျက် တော်အရှိန် ကြောင့် ၊ မိမိ တို့ ခံရသောအကျိုး ကိုထောက် ၍ ရှက် ကြလိမ့်မည်။ ၁၄ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါပေး သနား၍၊ ငါ ၏လူ ဣသရေလအမျိုးပိုင် ထိုက်သော အမွေ ကို ထိခိုက် သော၊ ငါ ၏အိမ်နီးချင်း ဆိုး အပေါင်း တို့ကို၊ သူ တို့ ပြည် ထဲက ငါ နှုတ် မည်။ သူ တို့အထဲ က လည်း ယုဒ အမျိုး ကို ငါနှုတ်မည်။ ၁၅ နှုတ် ပြီးမှ တဖန် ငါသနား ၍ ၊ အသီးအသီး တို့ကို မိမိ တို့ပိုင်ထိုက် သော မြေ၊ မိမိ တို့နေရင်းပြည် သို့ ငါပြန် ပို့ မည်။ ၁၆ ဗာလ ဘုရားကိုတိုင်တည်၍ ကျိန်ဆို စေခြင်းငှါ ၊ သူတို့သည် ငါ ၏လူမျိုး ကို သွန်သင် ဘူးသည်နည်းတူ ၊ ထာဝရဘုရား အသက်ရှင် တော်မူသည်ဟု၊ ငါ ၏နာမ ကို တိုင်တည်၍ ကျိန်ဆို ခြင်းငှါ ၊ ငါ့ လူမျိုး ၏ ဘာသာ ဓလေ့ကို ကြိုးစား၍ သင် လျှင် ၊ ငါ ၏လူမျိုး အထဲ ၌ သူတို့ကို ငါတည် စေမည်။ ၁၇ သို့မဟုတ် ၊ နား မ ထောင်ဘဲနေလျှင် ၊ နား မထောင်သော လူမျိုး ကို ငါသည် ရှင်းရှင်းနှုတ် ပယ် ဖျက်ဆီး မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၁၃ တဖန် ထာဝရဘုရား က၊ သင်သည် ချည် ခါးပန်း ကို သွား၍ ယူ ပြီးလျှင် ခါး၌ စည်း လော့။ ရေ နှင့် မ လျှော် ရ
ဟု ငါ့ အား မိန့် တော်မူသောစကားတော်အတိုင်း ၊ ၂ ငါသည် ခါးပန်း ကိုယူ၍ ခါး၌ စည်း လေ၏။ ၃ ထာဝရဘုရား ၏
နှုတ်ကပတ် တော်သည် ဒုတိယ အကြိမ် ငါ့ ဆီသို့ ရောက် လျှင် ၊ ၄ သင် သည် ခါး၌စည်းသော ခါးပန်း ကို ယူ ပြီး လျှင်၊
ဥဖရတ် မြစ်သို့ ထ သွား၍ ၊ ကျောက် တွင်း၌ ဝှက် ထားလော့ဟု၊ ၅ မိန့် တော်မူသည်အတိုင်း ၊ ငါသည်သွား၍ ဥဖရတ်
မြစ်နား မှာ ဝှက် ထား၏။ ၆ ထို နောက်၊ ကာလ အင်တန်ကြာ ပြီးမှ ၊ ထာဝရဘုရား က၊ သင်သည် ထ၍ ဥဖရတ်
မြစ်သို့ သွား လော့။ ထို မြစ်နား မှာ ငါ့အမိန့် တော်နှင့် ဝှက် ထားခဲ့ပြီးသော ခါးပန်း ကိုထုတ် လော့ဟု မိန့် တော်မူ၏။
၇ ငါသည်လည်း ဥဖရတ် မြစ်နား သို့ သွား ပြီးလျှင် ၊ ဝှက် ထားရာအရပ် ၌ တူး၍ ခါးပန်း ကို ထုတ် သောအခါ၊
ခါးပန်း သည် ဆွေးမြေ့၍ အသုံး မ ရဖြစ်၏။ ၈ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် ၍ မိန့်
တော်မူသည်ကား၊ ၉ ထိုနည်းတူ ၊ ယုဒ ပြည်၏ ထောင်လွှား ခြင်းကို ငါရှုတ်ချ မည်။ ယေရုရှလင် မြို့၏ ထောင်လွှား
ခြင်းကို အလွန် ရှုတ်ချမည်။ ၁၀ ငါ့ စကား ကို နား မထောင်၊ မိမိ စိတ် နှလုံးခိုင်မာ သော သဘောအတိုင်း ကျင့် ၍၊ အခြား
တပါးသော ဘုရား တို့ကို ဝတ်ပြု ကိုးကွယ် ခြင်းငှါ လိုက်သွား သော ဤ လူ ဆိုး မျိုးသည်၊ အသုံး မ ရသော ဤ ခါးပန်း
ကဲ့သို့ ဖြစ် လိမ့်မည်။ ၁၁ ခါးပန်း သည် လူ ၏ခါး ၌ မှီဝဲ သကဲ့သို့ ၊ ဣသရေလ အမျိုး ရှိသမျှ တို့နှင့် ယုဒ အမျိုး
အပေါင်း တို့သည် ငါ ၏ လူမျိုး ၊ ဘွဲ့ နာမ၊ ဘုန်း အသရေ ဖြစ် စေခြင်းငှါ ၊ ငါ ၌ မှီဝဲ စေသော်လည်း ၊ သူတို့သည်နား မ
ထောင်ကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ တဖန် ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား က၊ သားရေ
ဘူးရှိသမျှ တို့သည် စပျစ်ရည် နှင့် ပြည့် ကြလိမ့်မည်ဟု မိန့် တော်မူကြောင်းကို ၊ သင် သည် သူ တို့အား ပြော လော့။
သူတို့ကလည်း၊ သားရေ ဘူး ရှိသမျှ တို့ သည် စပျစ်ရည် နှင့်ပြည့် ကြလိမ့်မည်အကြောင်း ကို၊ ငါတို့မ သိ သလောဟု
ပြန်ပြော ကြလျှင်၊ ၁၃ သင်ကလည်း၊ ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ဒါဝိဒ် မင်းကြီး ၏ ရာဇပလ္လင် ပေါ်မှာ ထိုင်
သော ရှင်ဘုရင်မှစ၍ယဇ်ပုရောဟိတ် ၊ ပရောဖက် ၊ ယေရုရှလင် မြို့သား ရှိသမျှ တို့နှင့် ပြည်သူ ပြည်သားအပေါင်း
တို့ကို ယစ်မူး ခြင်းနှင့် ငါပြည့် စေမည်။ ၁၄ ညီအစ်ကိုချင်း၊ သား အဘ ချင်းတို့ကို ငါ ထိခိုက် စေမည်။ ငါသည်
ကရုဏာ မ ရှိ၊ မ နှမြော ၊ မ ကယ်မ ဘဲ၊ ထိုသူ တို့ကို ဖျက်ဆီး မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ သင်တို့သည်
နားထောင် နာယူ ကြလော့။ ထောင်လွှား သောစိတ် မ ရှိကြနှင့်။ ထာဝရဘုရား အမိန့် တော် ရှိ၏။ ၁၆ မိုဃ်းမချုပ်မှီ၊ မိုက်
သောတောင် ပေါ်မှာ သင် တို့သည် ထိခိုက် ၍ မ လဲမှီ၊ အလင်း ကို မြော်လင့် သောအခါ ၊ သေမင်းအရိပ် ၊ ထူထပ်
သော မှောင်မိုက်ကို ဖြစ် စေတော်မမူမှီ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ၏ ဂုဏ် တော်ကို ချီးမွမ်း ကြလော့။ ၁၇
သင်တို့သည် နား မ ထောင်ဘဲနေလျှင် မူကား ၊ သင်တို့မာန ကြောင့် ၊ ငါ့ စိတ် ဝိညာဉ်သည် မ ထင်ရှားသော အရပ်၌
ငိုကြွေး မည်။ ထာဝရဘုရား ၏ သိုးစု ကို သိမ်း သွားသောကြောင့် ၊ ငါ့ မျက်စိ လည်း အလွန် ငို ၍ မျက်ရည် ကျ
မည်။ ၁၈ ကိုယ်ကိုကိုယ်နှိမ့်ချ ၍ ထိုင် ကြလော့။ သင် တို့ ၌ ဘုန်းကြီး သော သရဖူ သည် သင် တို့၏ ခေါင်း ပေါ်မှ
ဆင်း ရလိမ့်မည်ဟု၊ ရှင်ဘုရင် နှင့် မိဖုရား တို့အား ပြော လော့။ ၁၉ တောင် ဘက် မြို့ တို့ကို ပိတ် ထား၍ အဘယ်သူ

မျှ မဖွင့် ရ။ ယုဒ ပြည်သူပြည်သားအပေါင်း တို့ကို သိမ်းသွား ကြပြီ။ အကုန် အစင်သိမ်းသွား ကြပြီ။ ၂၀ မြောက်မျက်နှာက လာ သောသူတို့ ကို မျှော် ၍ ကြည့် လော့။ သင့် အား ငါပေး သော သိုးစု ၊ လှ သောသိုးစု သည် အဘယ် မှာရှိသနည်း။ ၂၁ သင် သည် ဆုံးမ တော်မူခြင်းကို ခံရသောအခါ ၊ အဘယ်သို့ ပြော လိမ့်မည်နည်း။ သူ တို့သည် သင့် ကို အစိုး တရပြုစေခြင်းငှါ၊ သင်သည် ကိုယ်တိုင်အကြဲ ပေးပြီး။ သားဘွား သော မိန်းမ ခံရသောဝေဒနာ ကို သင် ခံရ လိမ့်မည်မ ဟုတ်လော။ ၂၂ သင်ကလည်း၊ အဘယ် အကြောင်းကြောင့် ဤ အမှုရောက် သနည်းဟုစိတ် ထဲ၌ အောက်မေ့ လျှင် ၊ သင် ၏အပြစ် များ သောကြောင့် ၊ သင့် အဝတ် ကို ချွတ် ရ၏။ ခြေနင်း ကိုလည်းမ စီးရ။ ၂၃ အဲသယောပိ လူသည် မိမိ အရေ ၏ အဆင်းကိုငင်း၊ ကျားသစ် သည် မိမိ အကွက် အကျားတို့ကိုငင်းပြောင်းလဲ နိုင်သလော။ ပြောင်းလဲနိုင်လျှင်၊ ဒုစရိုက် ကို ပြုလေ့ရှိသောသူတို့ သည်၊ သုစရိုက် ကိုပြုခြင်းငှါ တတ်နိုင် ကြလိမ့်မည်။ ၂၄ ထိုကြောင့် ၊ ဖွဲ ကို လေ ပြင်းတိုက် လွှင့်သကဲ့သို့ ၊ ထိုသူ တို့ကို ငါလွှင့် စေမည်။ ၂၅ သင်သည်ငါ့ ကို မေ့လျော့ ၍ ၊ မုသာ ၌ မှီဝဲ ဆည်းကပ်သောကြောင့် ၊ သင့် အဘို့ ငါတိုင်းထွာ ၍ ပေး လတံ့သော အင်နှံးအတာ ကား ဤ သို့တည်း။ ၂၆ ထိုသို့ နှင့်အညီသင် ရှက် စရာအကြောင်းကို ထင်ရှား စေခြင်းငှါ ၊ သင် ၏ အဝတ် ကို ငါ ဖွင့်လှစ် ၍ ပြ မည်။ ၂၇ သင် ၏ မျောက်မထား ခြင်း၊ ဟီ မြည်ခြင်း၊ မတရား သောမေထုန် ၏ညစ်ညူး ခြင်း၊ တောင် ပေါ် ၌ငင်း ၊ လယ်ပြင် ၌ ငင်း ပြုသောစက်ဆုပ် ရွံရှာဘွယ်တို့ကို ငါ သိ မြင်၏။ အိုယေရုရှလင် မြို့၊ သင် သည် အမင်္ဂလာ ရှိ၏။ သန့်ရှင်း ခြင်းသို့ မ ရောက်ဘဲ အဘယ်မျှ ကာလ ပတ်လုံးနေလိမ့်မည်နည်းဟု ထာဝရဘုရား မိန့်တော်မူ၏။

၁၄ မိုယ်း ပြတ်သောအမှု ကို ရည်မှတ် ၍၊ ယေရမိ သို့ ရောက်သော ထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား ၊ ၂ ယုဒ ပြည်သည် ညည်းတွား ၏။ မြို့ တံခါး တို့ ၌ မြည်တမ်း သော အသံရှိ၏။ နက် သောအဝတ်ကို မြေ တိုင်အောင် ဝတ်၍ ၊ ယေရုရှလင် မြို့သားတို့၏ ဝိုကြွေး ခြင်း အသံသည် တက် လေ၏။ ၃ မှူးမတ် တို့သည် မိမိ သူငယ် တို့ကို ရေ ခပ် စေလွှတ် ၍၊ သူငယ်တို့သည် ရေကျင်း သို့ ရောက် သောအခါ ၊ ရေ ကိုမ တွေ့ ။ အိုး သက်သက်ကိုသာ ဆောင်ခဲ့လျက် ပြန် လာကြ၏။ ဦးခေါင်း ကို ခြုံ လျက်ရှက် ကြောက်မိုင်တွေ ကြ၏။ ၄ မိုယ်း ပြတ် ၍ မြေ အက်ကွဲ သောကြောင့် ၊ လယ် လုပ် သောသူ တို့ သည် ဦးခေါင်း ကိုခြုံ လျက် ရှက်ကြောက် ကြ၏။ ၅ သမင်မ သည် လယ်ပြင် ၌ မွေး သောအခါ မြက် မ ရှိ သောကြောင့် ၊ သားငယ်ကို စွန့်ပစ်၏။ ၆ မြည်း ရိုင်းတို့သည် မြင့် သောအရပ်ပေါ် မှာ ရပ် လျက် မြေခွေး ကဲ့သို့ လေ ကိုရှူ ကြ၏။ မြက် မ ရှိသောကြောင့် ၊ သူ တို့ မျက်စိ ပျက် လေ၏။ ၇ အိုထာဝရဘုရား ၊ အကျွန်ုပ် တို့၏ အပြစ် သည် အကျွန်ုပ် တို့တဘက် ၌ သက်သေခံ သော်လည်း ၊ နာမ တော်ကိုထောက် ၍စီရင် တော်မူပါ။ အကျွန်ုပ် တို့သည် ကြိမ်ဖန် များစွာဖောက်ပြန် ပါပြီ။ ကိုယ်တော် ကို ပြစ်မှား ပါပြီ။ ၈ အို ဣသရေလ အမျိုး၏ မြော်လင့် စရာ အကြောင်း၊ အမှု ရောက်သောကာလ ကယ်တင် တော်မူသော သခင်၊ ကိုယ်တော်သည် အကျွန်ုပ်တို့ ပြည် ၌ ဧည့်သည် ကဲ့သို့ ၎င်း ၊ တညဉ့်သာ အိပ် ခြင်းငှါဝင်သော ခရီးသွား ကဲ့သို့ ၎င်း ၊ အဘယ်ကြောင့် ဖြစ် တော်မူသနည်း။ ၉ မိန်းမော တွေဝေသော သူ ကဲ့သို့ ၎င်း ၊ ကယ်တင် ခြင်းငှါ မ တတ် နိုင်သော သူရဲ ကဲ့သို့ ၎င်း ၊

အဘယ်ကြောင့် ဖြစ် တော်မူသနည်း။ အိုထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် တို့တွင် ရှိတော်မူ၏။ အကျွန်ုပ် တို့သည် နာမ တော်ဖြင့် သမုတ် သောသူဖြစ်ပါ၏။ အကျွန်ုပ်တို့ကို စွန့်ပစ်တော်မမူပါနှင့်။ ၁၀ ဤ လူမျိုး ကို ရည်မှတ် ၍ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤလူတို့သည် လှည့်လည် ခြင်းငှါ အလွန် အလို ရှိကြ၏။ မိမိ တို့ခြေ ကို မ ချုပ်တည်း ကြ။ ထိုကြောင့် ၊ ထာဝရဘုရား နှစ်သက် တော်မ မူ။ သူ တို့ ပြုသောဒုစရိုက် ကို အောက်မေ့ ၍ ၊ သူ တို့အပြစ် များ ကြောင့် စစ်ကြော တော်မူမည်။ ၁၁ ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား ၊ ဤ လူမျိုး အဘို့ မေတ္တာ ပို့ ၍ ဆု မ တောင်းနှင့်။ ၁၂ သူတို့သည် အစာရှောင် ခြင်းအကျင့်ကို ကျင့် သောအခါ ၊ သူ တို့ အော်ဟစ် သံကို ငါ နား မ ထောင်။ မီးရှို့ ရာယဇ်ကိုသော်ငင်း၊ ပူဇော် သက္ကာကိုသော်ငင်း၊ ဆက်ကပ် သောအခါ ငါ လက် မ ခံ။ ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးဖြင့် ၊ သူ တို့ကို ငါ ဆုံး စေမည်ဟု မိန့်တော်မူလျှင်၊ ၁၃ ငါကလည်း ၊ အိုအရှင် ထာဝရဘုရား ၊ ပရောဖက် တို့က၊ သင်တို့သည် ထား ဘေးကို မ တွေ့ ရကြ။ မွတ်သိပ် ခြင်းဘေးသည် သင် တို့ရှိရာသို့ မ ရောက် ရ။ ဤ အရပ် ၌ မြဲ သော ငြိမ်သက် ခြင်းကို ငါပေး မည်ဟု၊ ဤသူ တို့ အား ဟော ပြောကြောင်းကို ငါလျှောက် သောအခါ၊ ၁၄ ထာဝရဘုရား က၊ ထိုပရောဖက် တို့သည် ငါ ၏ နာမ ကိုအမှီပြု ၍ မုသာ ကို ဟော တတ်ကြ၏။ သူ တို့ကို ငါမ စေလွှတ် ၊ မ မှာ ထား၊ ဗျာဒိတ် မ ပေး။ သူတို့ ဟောပြော ချက်တို့သည် မျက်စိကို လှည့် ခြင်း၊ နတ် ပူးခြင်း၊ အချည်းနှီး ကြဲစည်ခြင်း၊ မိမိ ဉာဏ် အတိုင်း လှည့်စား ခြင်း သက်သက်ဖြစ်ကြ၏။ ၁၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ ပြည် ၌ ထား ဘေး၊ မွတ်သိပ် ခြင်း ဘေးမ ရှိ ရဟု၊ ငါ မ စေလွှတ် ဘဲ ၊ ငါ့ နာမ ကို အမှီပြု ၍၊ ကိုယ်အလိုအလျောက်ဟောပြော သော ပရောဖက် တို့သည် ထား ဘေး၊ မွတ်သိပ် ခြင်း ဘေးဖြင့် ဆုံး ရကြလိမ့်မည်။ ၁၆ သူတို့၏ တရားနာပရိသတ် တို့သည် ကိုယ်တိုင်မှစ ၍၊ မယား သား သမီး တို့နှင့်တကွမွတ်သိပ် ခြင်းဘေး၊ ထား ဘေးကြောင့် ၊ ယေရုရှလင် မြို့လမ်း ထဲသို့ ပစ် ချခြင်းကို ခံရ၍၊ အဘယ်သူမျှမ သင်္ဂြိဟ် ရ။ သူ တို့၏အပြစ် ကို သူ တို့ အပေါ် သို့ ငါသွန်းလောင်း မည်။ ၁၇ သင် သည်လည်း သူ တို့အား ပြော ရမည်စကား ဟူမူကား၊ ငါ သည် နေ့ ညဉ့် မ ပြတ် မျက်ရည် ကျ ရမည်။ ငါ ၏လူမျိုး သတို့သမီး သည် အလွန်ပြင်းစွာ သော ဒဏ်ချက် ကို ခံရ ၍ အရိုးများကျိုး လေပြီ။ ၁၈ ငါသည်မြို့ ပြင်သို့သွား သောအခါ ၊ သတ် သော အသေ ကောင်များကို တွေ့ ရ၏။ မြို့ ထဲသို့ဝင် သောအခါ ၊ ငတ်မွတ် ၍ နာကျင် စွာခံရသောသူများကိုလည်း တွေ့ ရ ၏။ ပရောဖက် နှင့် ယဇ် ပုရောဟိတ်တို့သည် အဘယ်အမှု ကိုမျှမ သိ ဘဲ အရပ်ရပ် လှည့်လည် ကြ၏။ ၁၉ ကိုယ်တော်သည် ယုဒ ပြည်ကို အကုန်အစင်ပယ် တော်မူသလော။ ဇိအုန် မြို့ကို စက်ဆုပ် ရွံရှာတော်မူသလော။ ချမ်းသာ မ ရအောင် အကျွန်ုပ် တို့ကို အဘယ်ကြောင့် ဒဏ်ခတ် တော်မူသနည်း။ အကျွန်ုပ်တို့ သည် ငြိမ်သက် ခြင်းကို မြော်လင့် သော်လည်း ၊ ကောင်းကျိုး ကို မ ရကြပါ။ ချမ်းသာ ကို မြော်လင့်သော်လည်း၊ ဘေး နှင့် သာ တွေ့ ရကြပါ၏။ ၂၀ အိုထာဝရဘုရား ၊ အကျွန်ုပ် တို့သည် ကိုယ် ဒုစရိုက် များနှင့် ဘိုးဘေး တို့၏ အပြစ် များကို ဝန်ခံ ပါ၏။ ကိုယ်တော် ကို ပြစ်မှား ပါပြီ။ ၂၁ ကိုယ်တော် ၏နာမ ကြောင့်၊ အကျွန်ုပ်တို့ကို စက်ဆုပ် ရွံရှာတော်မ မူပါနှင့်။ ဘုန်း တော်ပလ္လင် ၏ အသရေကို ရှုတ်ချ တော်မ မူပါနှင့်။

အောက်မေ့ တော်မူပါ။ အကျွန်ုပ် တို့နှင့် ဖွဲ့သော ပဋိညာဉ် တော်ကို ဖျက် တော် မ မူပါနှင့်။ ၂၂ သာသနာပ လူတို့ ကိုးကွယ်သော ရုပ်တု ဆင်းတုတို့တွင် ၊ မိုဃ်းရွာ စေနိုင်သော သူရှိ ပါသလော။ မိုဃ်း သည် အလိုလို ရွာ နိုင်ပါသလော။ အကျွန်ုပ် တို့ ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော် သာလျှင် တတ်နိုင်တော်မူသည် မ ဟုတ်လော။ သို့ ဖြစ်၍၊ ကိုယ်တော် ကို မြော်လင့် လျက်နေ ပါမည်။ ကိုယ်တော် သည် အလုံးစုံ တို့ကို ဖန်ဆင်း သော ဘုရားဖြစ်တော်မူ၏။

၁၅ တဖန် ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား၊ မောရှေ နှင့် ရှမွေလ သည် ငါ့ ရှေ့ မှာ ဆုတောင်းသော်လည်း ၊ ဤ လူမျိုး ကို ငါ မ သနား ။ ငါ့ ထံ မှ ထွက်သွား စေခြင်းငှါ နှင်ထုတ် လော့။ ၂ အကျွန်ုပ်တို့သည် အဘယ် အရပ်သို့ ထွက်သွား ရပါမည် နည်းဟု မေးမြန်း လျှင် ၊ သင်ကလည်း၊ သေ တန် သောသူ တို့ သည် သေခြင်း သို့ ၎င်း ၊ ကွပ်မျက် တန်သောသူ တို့ သည် ကွပ်မျက် ခြင်းသို့ ၎င်း ၊ ငတ်မွတ် တန်သောသူ တို့ သည် ငတ်မွတ် ခြင်းသို့ ၎င်း ၊ သိမ်း သွားချုပ်ထားတန် သောသူ တို့ သည် သိမ်း သွားချုပ်ထားခြင်းသို့ ၎င်း ထွက်သွား ကြဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို သူ တို့ အား ဆင့်ဆို လော့။ ၃ သူတို့ကိုသတ် ရသောထား ၊ ဆွဲ ဖြတ်ရသောခွေး ၊ ကိုက်စား ရသောမိုဃ်းကောင်းကင် ငှက် နှင့် သားရဲ တည်း ဟူသောရန်သူလေး မျိုး ကို သူ တို့တဘက် ၌ ငါခန့် ထား မည်။ ၄ ယုဒ ရှင်ဘုရင် ဟေဇကိ သား မနာရှေ မင်းသည် ယေရုရှလင် မြို့၌ ပြု သော အမှုကြောင့် ၊ ထိုသူ တို့ကို မြေကြီး ပေါ်မှာ အတိုင်းတိုင်း အပြည်ပြည်တို့ ၌ အနှောင့်အရှက် ကိုခံ စေမည်။ ၅ အို ယေရုရှလင် မြို့၊ သင့် ကို အဘယ် သူသနား လိမ့်မည်နည်း။ သင် နှင့်အတူအဘယ် သူညည်းတွား လိမ့်မည် နည်း။ သင့် ကိုကျန်းမာ၏လောဟု မေး အံ့သောဘု ၊ အဘယ် သူလမ်း လွှဲလိမ့်မည်နည်း။ ၆ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် သည် ငါ့ ကို စွန့်ပစ် ၍ ဆုတ် သွားပြီ။ ထိုကြောင့် ၊ ငါ သည် လက် ကို ဆန့် ၍ သင့် ကို ဖျက်ဆီး မည်။ ငါသည် နှောင်တရ ၍ ငြီးငွေ့ ပြီ။ ၇ ပြည် တံခါး ဝ၌ သူ တို့ကို စံကော နှင့် ငါလွှေ့ မည်။ သူတို့သားသမီးများကို ငါရှုံး စေမည်။ ငါ ၏ လူမျိုး သည် မိမိ လိုက်သွားသော လမ်း မှ မ ပြန် လာသောကြောင့်၊ သူတို့ ကို ငါဖျက်ဆီး မည်။ ၈ သူ တို့မုတ်ဆိုးမ တို့သည် သမုဒ္ဒရာ သဲလုံး နှင့် အမျှမက ၊ ငါ့ ရှေ့မှာ များပြား ကြလိမ့်မည်။ မွန်းတည့် အချိန်၌ အမိ ကို တိုက်ဖျက် သော လုလင် ကို ငါခေါ် ခဲ့၍၊ ကြောက်မက် ဘွယ်သော လုပ်ကြံခြင်းကို ချက်ခြင်း ဖြစ် စေမည်။ ၉ သားခုနစ် ယောက်ကို ဘွားမြင် သော မိန်းမသည် အားလျော့ ၍ အသက် ချုပ် လေ၏။ ညအချိန် မရောက်မှီ သူ ၏နေ ဝင် လေ၏။ သူသည် ရှက်ကြောက် မှိုင်တွေ လျက်နေရ၏။ ကျန် ကြွင်းသောသူ တို့ ကိုလည်း ၊ ရန်သူ တို့ရှေ့မှာ၊ ထား ၌ ငါအပ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ အို မိခင် ၊ ငါ ၌ အမင်္ဂလာ ရှိ၏။ မိခင်သည် တပြည် လုံး ရန်တွေ့ သောသူ ၊ ငြင်းဆန် သောသူ ဖြစ်သော ငါ့ ကို ဘွားမြင် ပါပြီ။ ငါသည် သူတပါး ကိုအတိုးနှင့်မ ချေး ။ သူတပါးသည်လည်း ငါ့ ကို အတိုးနှင့်မ ချေး ။ သို့သော်လည်း ၊ လူ ခပ်သိမ်း တို့သည် ငါ့ ကိုကျိန်ဆဲ တတ်ကြ၏။ ၁၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အကယ် စင်စစ်သင့် ကို ငါချမ်းသာ ပေးမည်။ အမှု ရောက်သောကာလ ၊ ဉှဉ်းဆဲ ခြင်းကို ခံရသောကာလ ၌ ၊ ရန်သူ သည် သင့် ထံမှာ တောင်းပန် မည်အကြောင်း၊ အကယ် စင်စစ်ငါစီရင်မည်။ ၁၂ သံ ချင်းတိုက်သောအခါ မြောက် ပြည်သံ ကိုငင်း၊ သံမဏိ ကိုငင်း ချိုး နိုင်သလော။ ၁၃ သင်

၏ပြည် တရှောက် လုံး၌ သင် ပြုသောအပြစ် များကြောင့် ၊ သင် ၏ဥစ္စာ ဘဏ္ဍာ ကို အဘိုး မ ခံဘဲ လုယူ သောသူတို့ လက်သို့ ငါပေး မည်။ ၁၄ သင်မ သိ သောပြည် သို့ ရန်သူ နှင့်အတူ သင့် ကို ငါသွား စေမည်။ သင် တို့ကို လောင် သောမီး သည် ငါ့ အမျက် အားဖြင့် ရှို့ လျက်ရှိ၏။ ၁၅ အို ထာဝရဘုရား ၊ ကိုယ်တော် သည် သိ တော်မူ ၏။ အကျွန်ုပ် ကို အောက်မေ့ လျက် အကြည့်အရှု ကြွလာ၍ ၊ အကျွန်ုပ် ကို ညှဉ်းဆဲ သောသူတို့ကို တရားသဖြင့်ဒဏ်ပေး တော်မူပါ။ သူတို့ကိုသည်းခံ ၍၊ အကျွန်ုပ် ကို သုတ်သင် ပယ်ရှင်းတော်မ မူပါနှင့်။ အကျွန်ုပ် သည် ကိုယ်တော် အတွက် ကဲ့ရဲ့ ခြင်း ခံရ ကြောင်း ကို အောက်မေ့ တော်မူပါ။ ၁၆ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား ၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ် တော် စကားကိုခံယူ ပါပြီ။ နှုတ်ကပတ် တော်သည် အကျွန်ုပ် ဝမ်းမြောက် ၍ရင်လန်းစရာအကြောင်းဖြစ် ပါ၏။ နာမ တော် ဖြင့် အကျွန်ုပ် ကို ခေါ်ဝေါ် ပါ၏။ ၁၇ ပွဲခံ သောသူအစည်းအဝေး၌ အကျွန်ုပ်မ ထိုင် ပါ။ ပျော်ရွှင် ခြင်းအမှုကို မပြုပါ။ လက် တင်တော်မူသောကြောင့် ၊ တယောက် တည်း ထိုင် ပါပြီ။ အကျွန်ုပ် ကို ဒေါသ အမျက်နှင့် ပြည့် စေတော်မူပြီ။ ၁၈ အကျွန်ုပ် ခံရသောဝေဒနာ သည် အဘယ်ကြောင့် မြဲ ပါသနည်း။ မပျောက် လို၊ မပျောက် နိုင်သော အနာ ကို အဘယ်ကြောင့်ခံရပါသနည်း။ အကယ်စင်စစ်ကိုယ်တော်သည် ပျောက် တတ်၍၊ လှည့်စား သောရေ ကဲ့သို့ အကျွန်ုပ် ၌ ဖြစ် တော်မူပါပြီတကား။ ၁၉ ထိုကြောင့်၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် ပြန် လာလျှင်၊ သင့် ကိုငါဆောင် ခဲ့၍ ၊ သင်သည် ငါ ၏အမှုကို ထမ်း ရလိမ့်မည်။ သင်သည် မြတ် သောအရာ နှင့် ယုတ် သောအရာတို့ကို ပိုင်းခြားခွဲထားလျှင် ၊ ငါ့ နှုတ် ကဲ့သို့ ဖြစ် ရလိမ့်မည်။ သူ တို့သည် သင့် ထံသို့ ပြန် လာကြ လိမ့်မည်။ သင် သည် သူ တို့ရှိရာသို့ ပြန် ၍ မ သွားရ။ ၂၀ ငါသည်လည်း သင့် ကို ဤ လူမျိုး တဘက် ၌ ခိုင်ခံ့ သော ကြေးဝါ မြို့ရိုး ဖြစ် စေမည်။ သူတို့သည် သင့် ကို တိုက် ၍ မ နိုင် ရကြ။ ငါ သည် သင့် ကို နှုတ်ယူ ကယ်တင်ခြင်းငှါ သင့် ဘက် ၌နေမည်။ ၂၁ လူ ဆိုးလက် မှ သင့် ကို ငါနှုတ် ၍ ၊ ကြောက်မက်ဘွယ် သောသူတို့ လက် မှ ရွေးယူ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၁၆ တဖန် ငါ့ ဆီသို့ ရောက် သော ထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား၊ ၂ သင် သည် ဤ အရပ် ၌ စုံဘက် ခြင်းကို မ ပြုရ။ သား သမီး ကို မ ဘွား မမြင်ရ။ ၃ ဤ အရပ် ၌ ဘွားမြင် သော သား သမီး များကိုငင်း၊ သူ တို့မိဘ များကိုငင်း၊ ထာဝရဘုရား ရည်မှတ်၍ မိန့် တော်မူသည်ကား ၊ ၄ ထိုသူတို့သည် ဆိုး သော သေ ခြင်းဖြင့် သေ ရကြ လိမ့်မည်။ သူတို့ ကိုမြည်တမ်း ၍ မ သင်္ဂြိုဟ် ရ။ မြေ ပေါ် မှာ မစင် ကဲ့သို့ ဖြစ် ကြလိမ့်မည်။ သူတို့သည် ထား ဘေးနှင့် မွတ်သိပ် ခြင်းဘေးဖြင့် ဆုံး ခြင်းသို့ရောက်၍ ၊ အသေ ကောင်တို့သည် မိုဃ်းကောင်းကင် ငှက် နှင့် တော သားရဲ စားစရာ ဘို့ ဖြစ်ကြလိမ့်မည်။ ၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ မသာ အိမ် သို့ မ ဝင် နှင့်။ သေသောသူတို့အတွက် ငိုကြွေး မြည်တမ်းခြင်းငှါ မ သွား နှင့်။ ငါ ၏ ငြိမ်သက် ခြင်းတည်းဟူသောမေတ္တာ ကရုဏာ ကို ဤ လူမျိုး မှ ငါပယ်ရှင်း ပြီဟု မိန့် တော်မူ ၏။ ၆ ပြည် သူပြည်သားအကြီး အငယ် တို့သည် သေ ရ ကြလိမ့်မည်။ သို့သော်လည်း၊ မ သင်္ဂြိုဟ် ရ။ သူ တို့အတွက် မြည်တမ်း ခြင်းကိုမ ပြုရ။ ကိုယ်ကို ကိုယ်ရှန ခြင်း၊ ဆံပင်ရိတ် ခြင်းကိုလည်း မ ပြုရ။ ၇ သေ

သောသူတို့အတွက် စိတ်မသာညည်းတွား သောသူတို့ ကို နှစ်သိမ့် စေခြင်းငှါ ၊ မသာပွဲ ကို မ လုပ်ရ။ မိဘ သေသော်လည်း၊ နှစ်သိမ့် စေသော ခွက် ဖလားကို မ ပေး ရ။ ၈ ထိုနည်းတူ ၊ စားသောက်ပွဲခံ ရာ အိမ် သို့မ ဝင် နှင့်။ သူ တို့နှင့် ပေါင်းဘော် ၍ မစား မသောက် နှင့်။ ၉ ကျသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ အရပ်၌ ဝမ်းမြောက် သောအသံ ၊ ရွှင်လန်း သောအသံ ၊ မင်္ဂလာဆောင်သတို့သား အသံ ၊ မင်္ဂလာဆောင်သတို့သမီး အသံ ကို သင် တို့လက်ထက် ၊ သင် တို့မျက်မှောက် တွင် ငါ စဲ စေမည်။ ၁၀ သင်သည် ဤ စကား အလုံးစုံ တို့ကို ဤ လူမျိုး အား ကြားပြော ၍ သူတို့ကလည်း၊ ထာဝရဘုရား သည် ဤ မျှလောက် ကြီးစွာ သော ဘေးဒဏ် ကို ငါ တို့အား အဘယ် ကြောင့် စီရင် တော်မူသနည်း။ ငါ တို့ပြုသောဒုစရိုက် ကား၊ အဘယ်သို့ နည်း။ ငါ တို့ဘုရား သခင်ထာဝရဘုရား ကို ငါတို့ ပြစ်မှား သော အပြစ် ကား၊ အဘယ်သို့ နည်းဟုမေး ကြသောအခါ ၊ ၁၁ သင်သည် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ သင် တို့၏ ဘိုးဘေး တို့သည် ငါ့ ကိုစွန့် ၍၊ အခြား တပါးသော ဘုရား နောက် သို့ လိုက် လျက်၊ ဝတ်ပြု ကိုးကွယ် သဖြင့် ငါ့ ကိုစွန့်ပစ် ၍၊ ငါ့ တရား ကို မ စောင့် သောကြောင့်ငင်း ၊ ၁၂ ဘိုးဘေး ကျင့်သောအကျင့် ထက် ၊ သင်တို့သည် သာ၍ဆိုး သောအကျင့် ကို ကျင့်သဖြင့် ၊ ငါ့ စကားကို နား မ ထောင်၊ မိမိ တို့ဆိုး သောစိတ် နှလုံး၊ ခိုင်မာ သော သဘောသို့ လိုက် သောကြောင့်ငင်း ၊ ၁၃ သင် တို့နှင့် သင် တို့၏ ဘိုးဘေး မ သိ သောပြည် သို့ ဤ ပြည် ထဲက သင် တို့ကို ငါနှင် လိုက်မည်။ ထိုပြည်၌ သင် တို့သည် ငါ၏ကျေးဇူး ကိုမ ခံရ ။ အခြားတပါးသော ဘုရား တို့ကို နေ့ ည၌ မပြတ် ဝတ်ပြု ရကြမည်။ ၁၄ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသားတို့ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင် သော ထာဝရဘုရား အသက် ရှင်တော်မူသည်ဟူ၍မ ကျိန်ဆို ဘဲ၊ ၁၅ ဣသရေလ အမျိုးသား တို့ကို မြောက် ပြည် မှစ၍ ၊ နှင်ထုတ် ဘူးသော ပြည် ရှိသမျှ တို့မှ နှုတ် ဆောင်သော ထာဝရဘုရား အသက် ရှင်တော်မူသည်ဟူ၍ကျိန်ဆိုရ သော ကာလသည် နောက်တဖန် ရောက်လိမ့်မည်။ သူ တို့ ဘိုးဘေး တို့အား ငါပေး သော ပြည် သို့ သူ တို့ကို တဖန် ငါဆောင် ခဲ့ဦးမည်။ ၁၆ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည် တံငါ အများ တို့ကို စေလွှတ် ၍ ၊ ဤလူမျိုး ကိုမျှား စေမည်။ ထိုနောက် ၊ မုဆိုး အများ တို့ကို စေလွှတ် ၍ ၊ ခပ်သိမ်း သော တောင် ကြီး တောင် ငယ်၊ ချောက် ကြား တို့ ၌ ရှာ စေမည်။ ၁၇ သူ တို့သွားသမျှ သောလမ်း တို့ကို ငါ သည် ကြည့်ရှု လျက်နေ၏။ သူတို့သည် ငါ့ မျက်ကွယ် ၌ သွားကြသည် မ ဟုတ်။ သူ တို့၏ ဒုစရိုက် ကို ငါ့ ရှေ့မှာ ဝှက် ၍ မ ထားနိုင်။ ၁၈ သူ တို့သည် ငါ့ ပြည် ကို ညစ်ညူး စေ၍၊ ငါ အမွေ ခံ သော မြေကို သူ တို့သည် စက်ဆုပ် ရွံရှာဘွယ်သော အသေကောင်တို့နှင့် ပြည့်စေသောကြောင့်၊ သူ တို့ ၌ နှစ် ဆ သော အပြစ်ဒဏ်ကို ငါပေး မည်။ ၁၉ အကျွန်ုပ် အစွမ်း သတ္တိ၊ အကျွန်ုပ် ရဲတိုက် ၊ အမှု ရောက်သောနေ့ ၌ အကျွန်ုပ် ခိုလှုံ ရာဖြစ်တော်မူသောထာဝရဘုရား ၊ တပါးအမျိုးသား တို့က၊ အကယ်စင်စစ်အကျွန်ုပ် တို့ ဘိုးဘေး တို့သည် မုသာ ၊ အနတ္တ ၊ အချည်းနှီးသော အရာတို့ ကို အမွေခံ ကြပါပြီဟု၊ မြေကြီး စွန်း မှ ကိုယ်တော်ထံသို့လာ ၍ လျှောက် ကြပါလိမ့်မည်။ ၂၀ လူသည် ဘုရား မ ဟုတ်သော

ဘုရား တို့ကို ကိုယ် အဘို့ လုပ် ရမည်လော။ ၂၁ သို့ ဖြစ်၍၊ ငါ သည်ယခုတခါ သူ တို့ကိုသတိ ပေး၍၊ ငါ့ လက် နှင့် ငါ့ တန်ခိုး ကို ဘော်ပြသောအားဖြင့်၊ ငါ့ နာမ သည်ထာဝရဘုရား ဖြစ်ကြောင်းကို သိ ရကြလိမ့်မည်။

၁၇ ယုဒ အမျိုး၏ အပြစ် သည် သံ ကညစ် ၊ စိန် ချွန် နှင့် သူတို့နှလုံး ပြား၌ ၌ငင်း ၊ ယဇ်ပလ္လင် ဦးချို ၌ ၎င်း အကွရာ တင် ၍ မှတ်သားလျက်ရှိ၏။ ၂ သူငယ် တို့ပင် မြင့် သောတောင် ပေါ် ၊ စိမ်း သော သစ်ပင် နား မှာရှိသော ယဇ်ပလ္လင် များ၊ အာရှရပင် များကို အောက်မေ့ တတ်ကြ၏။ ၃ အချင်းငါ ၏တောင် ၊ လယ် ၌ ရှိသောသင် ၏ဥစ္စာ နှင့်သိုထားသမျှ သောဥစ္စာ ကို၎င်း ၊ ပြည် တရှောက် လုံး ၌ သင် ပြစ်မှား ရာ၊ မြင့် သောအရပ်တို့ကို၎င်း၊ လုယူ သောသူတို့ လက်သို့ ငါအပ် မည်။ ၄ သင့်ကိုယ်တိုင်လည်း ငါပေး သော အမွေ မှ ရွေ့ သွားရလိမ့်မည်။ သင်မ သိ သော ပြည် တွင် ၊ ရန်သူ လက်၌ သင့် ကို ငါကျွန်ခံ စေမည်။ အကြောင်းမူကား၊ အစဉ် လောင် သောငါ ၏ အမျက် မီး ကို သင်တို့သည် မွေး ကြပြီ။ ၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ လူ ကို ကိုးစား ၍ လူသတ္တဝါ ကို အမှီပြု သဖြင့် ၊ စိတ် နှလုံးထဲ၌ထာဝရဘုရား ထံ တော်မှ ထွက် သွားသော သူ သည် ကျိန် အပ်သောသူဖြစ်၏။ ၆ ထိုသူသည် လွင်ပြင် ၌ ရှိသောသစ်ပင် ခြောက် ကဲ့သို့ ဖြစ် ၍ ၊ ကောင်းကျိုး ရောက် ကြောင်းကို မ သိ ရ။ အဘယ်သူမျှမ နေ သောဆား မြေ ၊ သွေ့ ခြောက်သော လွင်ပြင် ၌ နေ ရလိမ့်မည်။ ၇ ထာဝရဘုရား ကို ကိုးစား သော သူ ၊ ထာဝရဘုရား ကို မိမိ ကိုးစား ရာ အကြောင်းဖြစ် စေ သောသူသည် ကောင်းကြီး မင်္ဂလာကို ခံအပ်သောသူဖြစ် ၏။ ၈ ထိုသူသည်ကား၊ ရေ ရှိသော အရပ်၌စိုက် ၍ မြစ် နားမှာ အမြစ် ဖြာ သဖြင့် ၊ ပူ သောအရှိန် ရောက် ကြောင်း ကို မ သိ ၊ အရွက် မညှိုးနွမ်း ၊ မိုးယံခေါင် သောကာလ ၌ စိုးရိမ် စရာမ ရှိဘဲ၊ အစဉ် အမြဲအသီး ကို သီး တတ် သော အပင် နှင့်တူ ၏။ ၉ စိတ် နှလုံးသည် ခပ်သိမ်း သော အရာထက် စဉ်းလဲ တတ်၏။ အလွန်ယိုယွင်း သော သဘောရှိ၏။ စိတ် နှလုံးသဘောကို အဘယ် သူသိ နိုင်သနည်း။ ၁၀ ငါ ထာဝရဘုရား သည် လူ အသီးအသီးတို့အား မိမိ တို့အကျင့် အတိုင်း ၊ မိမိတို့ခံထိုက်သော အကျိုး အပြစ် ကိုပေး ခြင်းငှါ ၊ နှလုံး ကျောက်ကပ် တို့ကို စေ့စေ့စစ်ကြော တတ်၏။ ၁၁ ကောရ ဂှက်သည် မိမိမ ဥ သော ဥကို ဝပ် သကဲ့သို့ ၊ မ တရား သဖြင့် ဥစ္စာ ဆည်းဖူး သော သူသည် အသက် ပျိုစဉ် ကပင်၊ ဆင်းရဲ ခြင်းသို့ ရောက်၍ အဆုံး ၌ ကား၊ လူမိုက် ဖြစ် လိမ့်မည်။ ၁၂ ရှေ့ဦး စွာမှစ၍ မြင့် သော အရပ်၌ ဘုန်းကြီး တော်မူသောရာဇ ပလ္လင်သည် ငါ တို့သန့်ရှင်း ရာ ဌာန တော် အရပ်ဖြစ်၏။ ၁၃ အိုဣသရေလ အမျိုး၏ မြော်လင့် စရာ အကြောင်းဖြစ်သော ထာဝရဘုရား ၊ ကိုယ်တော် ကို စွန့်ပစ် သော သူအပေါင်း တို့သည် အရှက်ကွဲ ရကြပါလိမ့်မည်။ ငါ့ ထံမှ ထွက်သွား သောသူတို့ သည် မြေ စာရင်း သို့ ဝင်ရကြပါလိမ့်မည်။ အကြောင်း မူကား၊ အသက် စမ်း ရေ တွင်း တည်းဟူသောထာဝရဘုရား ကို စွန့်ပစ် ကြ သတည်း။ ၁၄ အို ထာဝရဘုရား ၊ အကျွန်ုပ် ၏ အနာ ကို ငြိမ်း စေတော်မူပါ။ သို့ပြုလျှင် ၊ အကျွန်ုပ်သည် အနာ ငြိမ်းပါလိမ့်မည်။ အကျွန်ုပ် ကို ကယ်တင် တော်မူပါ။ သို့ပြုလျှင် ၊ အကျွန်ုပ်သည် ကယ်တင် ခြင်းသို့ ရောက်ပါလိမ့်မည်။ ကိုယ်တော် သည် အကျွန်ုပ် ချီးမွမ်း ရာ ဖြစ်တော်မူ၏။ ၁၅ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် အဘယ် မှာရှိသနည်း။ ယခု လာ ပါစေတော့ဟု ဤသူ တို့ သည် အကျွန်ုပ် အား ဆို တတ်ကြပါ၏။ ၁၆ အကျွန်ုပ် သည် နောက် တော်သို့ လိုက်သော

ဆရာ ၏အရာကို မ ရှောင် ပါ။ အမင်္ဂလာ နေ့ ကို မ တောင့်တ ပါ။ အကျွန်ုပ် ဟော ပြောချက်ကို ကိုယ်တော် သိ တော်မူ ၏။ ကိုယ်တော် မျက်မှောက် ၌ ရှိ ပါ၏။ ၁၇ အကျွန်ုပ် ကို ထိတ်လန့် စေ တော်မ မူပါနှင့်။ ဘေး ရောက်သောကာလ ၌ ကိုယ်တော် သည် အကျွန်ုပ် ခိုလှုံ ရာ ဖြစ်တော်မူ၏။ ၁၈ အကျွန်ုပ် ကို ညှဉ်းဆဲ သောသူတို့သည် အရှက်ကွဲ ကြပါစေသော။ အကျွန်ုပ် မူကား ၊ အရှက် မ ကွဲပါစေနှင့်။ သူ တို့သည် စိတ်ပျက် ကြပါစေသော။ အကျွန်ုပ် မူကား ၊ စိတ် မ ပျက်ပါစေနှင့်။ သူ တို့အပေါ် မှာ ဘေး အန္တရာယ် ကာလ ကို ရောက် စေတော်မူပါ။ အထပ်ထပ် ဖျက်ဆီး တော်မူ ပါ။ ၁၉ ထာဝရဘုရား သည် ငါ့ အားမိန့် တော်မူသည် ကား ၊ ယုဒ ရှင်ဘုရင် ထွက်ဝင် သော အမျိုးသား ချင်း မြို့တံခါး မှစ၍ ခပ်သိမ်း သော ယေရုရှလင် မြို့တံခါးဝ ၌ သွား ၍ ရပ် လျက်၊ ၂၀ လူ များတို့အား ပြော ဆိုရမည်မှာ၊ ဤ တံခါး တို့ ဖြင့် ထွက် ဝင်သော ယုဒ ရှင် ဘုရင်များနှင့် ယုဒ ပြည်သူယေရုရှလင် မြို့သား များအပေါင်း တို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားထောင် ကြလော့။ ၂၁ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဥပုသ် နေ့ ၌ ဝန် ကိုမ ထမ်းမရွက် ၊ ယေရုရှလင် မြို့တံခါး ဖြင့် မဆောင် မသွင်းမည်အကြောင်း ၊ သတိ ပြုကြလော့။ ၂၂ ဥပုသ် နေ့ ၌ သင် တို့အိမ် ထဲက ဝန် ကို မထုတ် မ ဆောင်ကြနှင့်။ အဘယ် အလုပ်ကိုမျှမ လုပ် ကြနှင့်။ သင် တို့ဘိုးဘေး များကို ငါမှာ ထားသည်အတိုင်း ၊ ဥပုသ် နေ့ ကို သန့်ရှင်း စေကြလော့။ ၂၃ ဘိုးဘေးတို့သည် နား မ ထောင်၊ နား ကိုမ လှည့် ဘဲ နေကြ၏။ နားမ ကြား ၊ ဆုံးမ ခြင်းကို မ ခံ မည်အကြောင်း၊ မိမိ တို့လည်ပင်း ကို ခိုင်မာ စေကြ၏။ ၂၄ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်တို့သည် ဥပုသ် နေ့ ၌ ဤ မြို့ တံခါး ဖြင့် ဝန် ကို မသွင်း မဆောင်၊ အဘယ် အလုပ် ကိုမျှမ လုပ် ၊ ဥပုသ် နေ့ ကို သန့်ရှင်း စေသည် တိုင်အောင် ၊ ငါ့စကားကို စေ့စေ့နားထောင် လျှင် ၊ ၂၅ ဒါဝိဒ် မင်းကြီး၏ ရာဇ ပလ္လင်ပေါ် မှာ ထိုင် သော ရထား စီး ၊ မြင်း စီးရှင်ဘုရင် ၊ မင်း သားမှစ၍သူတို့မူးမတ် ၊ ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့သည် ဤ မြို့ တံခါး များ သို့ ဝင် လျက်ရှိကြလိမ့်မည်။ ဤ မြို့ သည်လည်း အစဉ် အမြဲတည် လိမ့်မည်။ ၂၆ မီးရှို့ ရာယဇ်မှစ၍ အခြားသော ယဇ် များ၊ ပူဇော် သက္ကာများ၊ မီးရှို့ရာနံ့သာ ပေါင်း၊ ချီးမွမ်း ရာ ယဇ်တို့ကို ထာဝရဘုရား ၏ အိမ် တော်သို့ ဆောင် ခဲ့သောသူတို့ သည် ယုဒ မြို့ များ၊ ယေရုရှလင် မြို့ပတ်ဝန်းကျင် အရပ်များ၊ ဗင်္ယာမိန် ပြည် ၊ မြေညီ ခရိုင်၊ တောင် ရိုးခရိုင်၊ တောင် မျက်နှာခရိုင်မှ လာ ကြလိမ့်မည်။ ၂၇ သို့မဟုတ်၊ ဥပုသ် နေ့ ၌ ဝန် ကို ထမ်းရွက် ၍၊ ယေရုရှလင် မြို့တံခါး များသို့ မ ဝင် ၊ ဥပုသ် နေ့ ကို သန့်ရှင်း စေ သည်တိုင်အောင် ၊ သင်တို့သည် ငါ့ စကားကို နား မ ထောင်လျှင် ၊ ငါသည် ထိုမြို့ တံခါး တို့ကို မီးရှို့ ၍ ၊ ထိုမီးသည် မ ငြိမ်း မသေဘဲ ယေရုရှလင် မြို့ဘုံ ဗိမာန်တို့ကို လောင် ရ လိမ့်မည်။

၁၈ ယေရမိ သို့ ရောက်လာ သော ထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား၊ ၂ သင် သည် ထ ၍ အိုးထိန်း သမားအိမ် သို့ သွား လော့။ ထို အရပ်၌ ငါ့ စကား ကို ငါကြား စေမည်ဟု မိန့် တော်မူသည်အတိုင်း ၊ ၃ ငါသည်သွား ၍ ၊ အိုးထိန်း စက်နှင့် လုပ် လျက်ရှိသော အိုးထိန်း သမားကိုတွေ့ ၏။ ၄ အိုးမြေ ဖြင့် လုပ် သော အိုး သည်၊ အိုးထိန်း သမား လက် ၌ ပျက်စီး သောကြောင့် ၊ သူသည်အလိုအလျောက်အသစ်ပြုပြင် ၍ ၊ အခြား သောအိုး ကို လုပ် ပြန်လေ၏။ ၅ ထိုအခါ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ငါ့ ဆီသို့ ရောက် လာ၍ ၊ ထာဝရဘုရားမိန့် တော်မူသည် ကား၊ ၆ အို

ဣသရေလ အမျိုး ၊ အိုးထိန်း သမားပြုသကဲ့သို့ သင် တို့ကို ငါမ ပြု နိုင် သလော။ အို ဣသရေလ အမျိုး ၊ အိုးမြေ သည် အိုးထိန်း သမားလက် ၌ ရှိသကဲ့သို့ သင် တို့သည် ငါ့ လက် ၌ ရှိကြ၏။ ၇ အကြင် တိုင်း နိုင်ငံ ကို နှုတ်ပယ် ဖြိုချ ဖျက်ဆီး ခြင်းငှါ ငါအမိန့် တော်ရှိ၏၊ ၈ ငါ့အမိန့်တော်နှင့် ဆိုင်သော ထိုတိုင်း နိုင်ငံသည် မိမိ ဒုစရိုက် ကို စွန့်ပစ် လျှင်၊ ငါကြံစည် သော ဘေးဒဏ် ကို ငါနောင်တ ရမည်။ ၉ အကြင်တိုင်း နိုင်ငံ ကို တည်ထောင် ပြုစု ခြင်းငှါ ငါအမိန့် တော်ရှိ၏၊ ၁၀ ထိုတိုင်းနိုင်ငံသည် ငါ့ စကား ကို နား မ ထောင်၊ ငါ့ မျက်မှောက် ၌ ဒုစရိုက် ကိုပြု လျှင် ၊ သူ ၏အကျိုး အလိုငှါ ပြုစု မည်ဟူသော စကား၌ပါသောကျေးဇူး ကို ငါနောင်တ ရမည်။ ၁၁ ယခု မှာ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့အဘို့ ဘေးဒဏ် ကို ငါ ပြင်ဆင် ၏။ သင် တို့ကို ဆန့်ကျင်ဘက်ပြု၍ ငါကြံစည် ၏။ သို့ ဖြစ်၍၊ ဆိုး သော လမ်း မှ အသီးအသီး ပြန် လာကြလော့။ သင် တို့လိုက်သော လမ်း နှင့် သင် တို့ကျင့်သောအကျင့် ကို ဖြောင့် စေကြလော့ ဟု၊ ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့အား ဆင့်ဆို လော့။ ၁၂ သူတို့ကလည်း၊ မြော်လင့် စရာမရှိ။ ငါတို့သည် ကိုယ် အလို သို့ လိုက်မည်။ ငါတို့ ၌ ဆိုး သော စိတ် နှလုံးခိုင်မာ ခြင်းရှိသည်အတိုင်း၊ အသီးအသီး ပြု မည်ဟု ဆို ကြ ၏။ ၁၃ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ထိုသို့ သော အမှုကို အဘယ် သူကြား ဘူးသနည်းဟု သာသနာပ လူတို့တွင် မေး ကြလော့။ ဣသရေလ သတို့သမီး ကညာသည် အလွန် စက်ဆုပ်ရွံရှာ ဘွယ်သော အမှုကိုပြု လေပြီ။ ၁၄ လွင်ပြင် ၌ရှိသောကျောက် ကို မစွန့် ၊ လေဗနုန် တောင်၏ မိုဃ်းပွင့် ကို အဘယ်သူစွန့်မည်နည်း။ အခြား တပါးသော အရပ်မှစီး လာ၍ ချမ်းဇ သောမြစ်ရေ သည် ခန်း ခြောက်လိမ့်မည်လော။ ၁၅ ငါ ၏လူ တို့သည် ငါ့ ကိုမေ့လျော့ ၍၊ အချည်းနှီး သော အရာရှေ့မှာ နံ့သာ ပေါင်းကို မီးရှို့ကြပြီ။ ရှေး ကာလ မှစ၍လိုက်ဘူးသော လမ်း တို့ ၌ လဲ တတ်သောကြောင့်၊ အခြားသောလမ်း ၊ မြေမ ဖို့ သောလမ်းသို့ လိုက် ကြပြီ တကား။ ၁၆ ထိုသို့ပြု၍ မိမိ တို့ ပြည် ကို လူဆိတ်ညံ ရာအရပ်၊ အစဉ် ကဲ့ရဲ့ သံ ကြားရာအရပ်ဖြစ်စေသဖြင့်၊ လမ်း၌ ရှောက်သွား သော သူအပေါင်း တို့သည် အံ့ဩ ၍ ၊ မိမိ တို့ ခေါင်း ကို ညှိတ် ကြလိမ့်မည်။ ၁၇ ငါသည်အရှေ့ လေ ကဲ့သို့ သူ တို့ကို ရန်သူ ရှေ့မှာ လွင့် စေမည်။ ဘေး ရောက်သောကာလ ၌ သူ တို့အား မျက်နှာ ကို မ ပြ၊ ကျော ကိုပြ မည်။ ၁၈ သူတို့ကလည်း လာ ကြ။ ယေရမိ တဘက် ၌ ကြံစည် ကြကုန်အံ့။ ယဇ် ပုရောဟိတ်သည် တရား အမှု၌ငင်း ၊ ပညာရှိ သောသူသည် အကြံ ပေးခြင်းအမှု၌ငင်း ၊ ပရောဖက် သည် ဟော ပြောခြင်းအမှု၌ ငင်း အရှုံး မခံရ။ လာ ကြ။ ယေရမိ ကိုလျှာ နှင့် ရိုက် ကြကုန်အံ့။ သူ ၏စကား ကို နား မထောင်ဘဲနေကြကုန်အံ့ဟု ဆို ကြ၏။ ၁၉ အို ထာဝရဘုရား ၊ အကျွန်ုပ် ကို ကြည့်ရှု တော်မူ ပါ။ အကျွန်ုပ် နှင့် ရန်တွေ့ သောသူတို့ ၏ စကား ကို မှတ် တော်မူပါ။ ၂၀ ကျေးဇူး ပြုသောအတွက် အပြစ် ပေး သင့်ပါမည် လော။ သူတို့သည် အကျွန်ုပ် အသက် ဘို့ တွင်း ကိုတူး ကြ ပါပြီ။ အကျွန်ုပ်သည် သူ တို့ အကျိုး အလိုငှါ လျှောက် ၍၊ သူ တို့မှ အမျက် တော်ကို လွှဲ ခြင်းငှါ ၊ ရှေ့ တော်၌ ရပ် နေကြောင်းကို အောက်မေ့ တော်မူပါ။ ၂၁ ထိုကြောင့်၊ သူတို့ကို ထားဘေးသို့ၔင်း ၊ သူ တို့သားသမီး များကို မွတ်သိပ် ခြင်းသို့ ၔင်း အပ် တော်မူပါ။ သူ တို့မိန်းမ တို့သည် သားများဆုံး၍ မုတ်ဆိုးမ ဖြစ် ကြပါစေသော။ လူ ကြီးတို့သည် အသေသတ် ခြင်းကို ခံရ ၍၊ လူပျို

တို့ လည်း စစ်တိုက် ပွဲ၌ ထား ဖြင့် ဆုံး ကြပါစေသော။ ၂၂ စစ်တိုက်သော ရန်သူ များကို သူ တို့ရှိရာသို့ ချက်ခြင်း ရောက် စေတော်မူသောအခါ ၊ သူ တို့အိမ်သား များ အော်ဟစ် ကြပါစေသော။ အကြောင်းမူကား၊ အကျွန်ုပ် ကို ထောင် ခြင်းငှါ တွင်း ကိုတူး ကြပါပြီ။ အကျွန်ုပ် သွား ရာလမ်း ၌ ကျော့ကွင်း ကို ဝှက်ထား ကြပါပြီ။ ၂၃ အို ထာဝရဘုရား ၊ အကျွန်ုပ် အသက်ကို သတ် ခြင်းငှါ ၊ သူ တို့ ကြံစည် သမျှ ကို ကိုယ်တော် သိ တော်မူ ၏။ သူ တို့ကို အပြစ် မှလွှတ် တော်မ မူပါနှင့်။ မျက်မှောက် တော်၌ သူ တို့အပြစ် ကို ချေ တော်မ မူပါနှင့်။ ရှေ့ တော်၌ ဆုံးရှုံး ကြပါ စေသော။ အမျက် တော်ထွက် သောအခါ၊ သူ တို့ကို စီရင် တော်မူပါ။

၁၉ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် အိုးထိန်း သမားထံသို့သွား ၍ ရေဘူး ကိုယူ ပြီးလျှင် ၊ အသက်ကြီး သော လူ ၊ အသက်ကြီး သော ယဇ် ပုရောဟိတ်အချို့ တို့နှင့်တကွ၊ ၂ ဟရသိတ် တံခါး ပြင်၊ ဟိန်နုံ သား၏ ချိုင့်သို့ သွား ၍၊ ငါမိန့် တော်မူသည်အတိုင်း ကြွေးကြော် ရမည့်စကား ဟူမူကား၊ ၃ အိုယုဒ ရှင် ဘုရင်များနှင့် ယေရုရှလင် မြို့သား များတို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့ ။ ကြွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သိတင်း ကြား သောသူတိုင်း နား ခါး သည်တိုင်အောင်၊ ငါ သည် ဤ အရပ် ၌ ဘေး ရောက် စေမည်။ ၄ အကြောင်း မူကား၊ သူတို့သည် ငါ့ ကိုစွန့်ပစ် ကြပြီ ။ ကိုယ်တိုင်မ သိ ၊ ဘိုးဘေးများမသိ ၊ ယုဒ ရှင် ဘုရင်များ မသိသော တကျွန်းတနိုင်ငံဘုရား တို့ ရှေ့မှာ၊ ဤ အရပ်၌ နံ့သာပေါင်းကို မီးရှို့ သဖြင့်၊ ဤ အရပ် ကို တကျွန်း တနိုင်ငံမြေဖြစ် စေကြပြီ။ အပြစ် မရှိသောသူတို့ ၏ အသွေး နှင့် ဤ အရပ် ကို ပြည့် စေကြပြီ။ ၅ ငါမ စီရင် မ မှာ ထား၊ ငါ အလျှင်းအလို မ ရှိသော ဝတ်တည်းဟူသော၊ ဗာလ ဘုရားရှေ့ မှာ မိမိ သား တို့ကို မီးရှို့ ၍၊ ပူဇော် ရာ ဝတ်ပြုခြင်းငှါ ၊ ဗာလ ဘုရားဘို့ ကုန်း တို့ကို တည် လုပ်ကြပြီ။ ၆ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို အရပ် ကို တောဖက် အရပ်ဟူ၍မ ခေါ် ၊ ဟိန်နုံ သား၏ ချိုင့်ဟူ၍မခေါ်၊ ကွပ်မျက် ရာ ချိုင့် ဟူ၍ခေါ်ရသောအချိန် ကာလသည် ရောက် လိမ့်မည်။ ၇ ယုဒပြည်သူ ယေရုရှလင်မြို့သားတို့ ကြံစည်သော အကြံအစည် ကို ဤ အရပ် ၌ ငါဖျက် မည်။ ရန်သူ ၏ ထား ဖြင့် ၎င်း ၊ သတ်ခြင်းငှါရှာ သောသူ၏ လက် ဖြင့် ၎င်း ၊ သူ တို့ကို ငါဆုံး စေမည်။ သူ တို့အသေ ကောင် များကိုလည်း မိုဃ်းကောင်းကင် ငှက် နှင့် တော သားရဲ စားစရာ ဘို့ ငါထား မည်။ ၈ ဤ မြို့ ကိုလည်း လူဆိတ်ညံ ရာ၊ ကဲ့ရဲ့ သံကို ကြားရာအရပ်ဖြစ် စေမည်။ လမ်း၌ရှောက် သွားသမျှ သောသူတို့ သည် ဤမြို့ ခံရသောဘေး အလုံးစုံ တို့ကို မြင်သောအခါ ၊ အံ့သြ ၍ ကဲ့ရဲ့ သံကို ပြုကြလိမ့်မည်။ ၉ သတ်ခြင်းငှါရှာကြံ သောရန်သူ များတို့သည် ဝိုင်း ၍ တပ်တည်သဖြင့်၊ ဤသူတို့သည် ကျဉ်းကျပ် လျက် နေ၍၊ ကိုယ် သား သမီး အသား ကို ငါစား စေမည်။ အချင်းချင်း တယောက်အသားကို တယောက်စား ကြလိမ့်မည်ဟု မြွက်ဆိုပြီးမှ၊ ၁၀ သင် နှင့် အတူသွား သောသူတို့ရှေ့ တွင်၊ ရေဘူး ကိုခွဲ လော့။ ၁၁ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား က၊ နောက် တဖန်မ ပြင် နိုင် အောင် ရေဘူး ကို ခွဲ သကဲ့သို့ ၊ ဤ လူ များနေသောဤ မြို့ ကို ငါခွဲ မည်။ တောဖက် အရပ်၌ သင်္ဂြိုဟ် ရာ မြေ မ လောက်အောင် သင်္ဂြိုဟ် ကြလိမ့်မည်။ ၁၂ ဤ အရပ် ၌ဌင်း ၊ ဤအရပ် သားတို့ ၌ ၎င်း ၊ ဤ သို့ငါပြု

၍ ဤ မြို့ ကို တောဖက် အရပ်ကဲ့သို့ ဖြစ် စေမည်။ ၁၃ အကြင်အိမ်မိုး အပေါ် မှာ ကောင်းကင် တန်ဆာ ရှိသမျှ တို့အား နံ့သာ ပေါင်းကို မီးရှို့၍ ၊ အခြား တပါးသော ဘုရား များရှေ့၌ သွန်းလောင်း ရာပူဇော်သက္ကာပြု ၏။ ထို အိမ် ရှိသမျှ တို့နှင့်တကွယေရုရှလင် မြို့ အိမ် များ၊ ယုဒ ရှင်ဘုရင် ၏ နန်းတော် များတို့သည် တောဖက် အရပ် ကဲ့သို့ မစင်ကြယ် ဖြစ်ရကြလိမ့်မည်ဟု မိန့် တော်မူကြောင်းကို ဆင့်ဆို လော့ဟု မှာထားတော်မူ၏။ ၁၄ ထိုအခါ ဟောပြောစေခြင်းငှါ၊ ထာဝရဘုရား စေလွှတ် တော်မူရာ တောဖက် အရပ်က ၊ ယေရမိ သည် ပြန်လာ ၍ ဗိမာန် တော်တန်တိုင်း ၌ ရပ်လျက် ၊ ၁၅ ကြသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤမြို့သားတို့သည် ငါ့ စကား ကို နား မ ထောင်ခြင်းငှါ၊ မိမိ တို့ လည်ပင်း ကို ခိုင်မာ စေသောကြောင့် ၊ ငါခြိမ်း သမျှသော ဘေးဒဏ် တို့ကို၊ ဤ မြို့ ရွာ ရှိသမျှ တို့အပေါ် မှာ သက်ရောက် စေမည်ဟူသောအမိန့် တော်ကို လူ အပေါင်း တို့အား ဆင့်ဆို လေ၏။

၂၀ ထို သို့ယေရမိ ဟော ပြောကြောင်းကို၊ ဗိမာန် တော် မှူး ဖြစ်သော ယဇ်ပုရောဟိတ် ဣမေရ သား ပါရှုရ သည် ကြား သောအခါ ၊ ၂ ပရောဖက် ယေရမိ ကို ရိုက်ပုတ် ၍ ၊ ဗိမာန် တော် နား မှာ ဗင်္ယာမိန် အထက် တံခါး ဝတွင် ထိတ်ခတ် ၍ ထား၏။ ၃ နက်ဖြန် နေ့၌ ပါရှုရ သည် ယေရမိ ကို ထိတ် မှ လွှတ် သောအခါ ၊ ယေရမိ က၊ ထာဝရဘုရား သည် သင့် ကို ပါရှုရ ဟူ၍ မှည့် တော်မ မူ။ မာဂေါ မိဿဘိတ် ဟူ၍မှည့် တော်မူ၏။ ၄ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ သည် သင်နှင့် သင် ၏ အဆွေ ခင်ပွန်းတို့ ၌ ၊ သင့် ကို ကြောက်မက် ဘွယ်သော အရာဖြစ် စေမည်။ သူတို့သည်လည်း ၊ သင့် မျက်မှောက် ၌ ရန်သူ ၏ထား ဖြင့် ဆုံး ကြလိမ့်မည်။ ယုဒ ပြည် တပြည်လုံး ကို ဗာဗုလုန် ရှင်ဘုရင် လက် သို့ ငါအပ် သဖြင့် ၊ သူသည် ပြည်သား တို့ကို ဗာဗုလုန် မြို့သို့ သိမ်း သွား ၍ ၊ ထား နှင့် သတ် လိမ့်မည်။ ၅ ဤ မြို့ ၏ အစွမ်း သတ္တိရှိ သမျှကိုလည်း ၊ လုပ်ဆောင်၍ ရသမျှ သော ဥစ္စာ ကိုလည်း ၊ ဆည်းဖူးသမျှ သောရတနာ ကိုလည်း ၊ ယုဒ ရှင်ဘုရင် ၏ ဘဏ္ဍာ တော် အလုံးစုံ တို့ကိုလည်း၊ ရန်သူ လက် သို့ ငါအပ် သဖြင့် ၊ ရန်သူတို့သည် လုယက် ၍ ဗာဗုလုန် မြို့သို့ သိမ်း သွားကြလိမ့်မည်။ ၆ သင် ပါရှုရ နှင့် သင် ၏အိမ်သူ အိမ်သားအပေါင်း တို့ကိုလည်း သိမ်း သွားကြလိမ့်မည်။ သင်သည် ဗာဗုလုန် မြို့သို့ ရောက် ရလိမ့်မည်။ သင်ဟောပြော သော မုသာ စကားကို နားထောင်သော သင် ၏အဆွေ ခင်ပွန်းအပေါင်း တို့နှင် တကွ၊ သင် သည် ထို မြို့၌ သေ ၍ သင်္ဂြိဟ် ခြင်းကိုခံ ရလိမ့်မည်ဟု ပါရှုရ အား ပြောဆို ၏။ ၇ အို ထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ကို သွေးဆောင် တော်မူသည်အတိုင်း အကျွန်ုပ်လိုက်ပါပြီ။ ကိုယ်တော်သည် အကျွန်ုပ် ထက်အားကြီး ၍ နိုင် တော်မူပြီ။ အကျွန်ုပ်သည် ကဲ့ရဲ့ ခြင်းကို နေ့ တိုင်း ခံရ ပါ၏။ လူတိုင်း ပြက်ပြယ် ခြင်းကို ပြုတတ်ကြပါ၏။ ၈ အကျွန်ုပ်သည် ဟော ပြောလေရာရာ၌ အနိုင် အထက် ပြုခြင်း၊ ညှဉ်းဆဲ ခြင်းအမှုကြောင့် အော်ဟစ် ၍ ကြွေးကြော် ရပါ၏။ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် အကျွန်ုပ် ၌ ကဲ့ရဲ့ ခြင်း၊ အစဉ် ပြက်ပြယ် ခြင်းကိုခံ စေရာအကြောင်း ဖြစ် ပါ၏။ ၉ ထိုကြောင့်၊ ငါသည် နှုတ်ကပတ်တော်ကို မ ကြား မပြော၊ နာမ တော်ကို အမှီပြု ၍ မ ဟော ဘဲနေမည်ဟု သဘော ထားသော်လည်း ၊ ငါ့ အရိုး တို့ ၌ ချုပ် ထား၍ ၊ လောင် သောမီး ကဲ့သို့

နှုတ်ကပတ်တော်သည် ငါ့ နှလုံး ၌ ဖြစ် သောကြောင့်၊ အလွန်ငြီးငွေ့ သဖြင့် အောင့် ၍မ နေနိုင် ၊ ၁၀ လူများ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ကြား ရ၏။ ခပ်သိမ်း သော အရပ်တို့ ၌ ကြောက်မက် ဘွယ်သော အကြောင်းရှိ၏။ သူတပါးတို့က သိတင်းကို ကြား ပြော ကြလော့။ ငါတို့သည် တဆင့်ကြား ပြောလိမ့်မည်ဟု ဆိုကြ၏။ ငါ ၏အနားမှာ အစဉ်နေ သောငါ ၏မိတ်ဆွေ အပေါင်း တို့က၊ ငါတို့သည် သူ့ ကို နိုင် ၍ အငြိုး ထားသောစိတ် ပြေစေခြင်းငှါ၊ သူ့ကို သွေးဆောင် ကောင်း သွေးဆောင် လိမ့်မည်ဟု ဆိုကြ၏။ ၁၁ သို့ သော်လည်း၊ ထာဝရဘုရား သည် အားကြီး သော သူရဲ ကဲ့သို့ ငါ့ ဘက် ၌ ရှိတော်မူ၏။ ထိုကြောင့် ၊ ငါ့ ကိုညှဉ်းဆဲ သောသူတို့ သည် မ နိုင် ဘဲ ထိမိ၍ လဲ ကြ လိမ့်မည်။ အကြံ မ မြောက်သောကြောင့် အလွန် ရှက် ကြ လိမ့်မည်။ မ ပြေ မပျောက်နိုင်သော ထာဝရ ရှက် ကြောက်ခြင်း ရှိကြလိမ့်မည်။ ၁၂ ဖြောင့်မတ် သောသူတို့ ကို စုံစမ်း ၍၊ နှလုံး ကျောက်ကပ်သဘော ကို သိ မြင်တော်မူသောကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၊ အကျွန်ုပ် ၏အမှု ကို ရှေ့တော်၌ ဖွင့်ပြ ပါသည်ဖြစ်၍ ၊ သူ တို့ ၌ အပြစ်ဒဏ် စီရင်တော်မူကြောင်းကို အကျွန်ုပ်မြင် ရပါလိမ့်မည်။ ၁၃ ထာဝရဘုရား အား သီချင်း ဆိုကြလော့။ ထာဝရဘုရား ကို ချီးမွမ်း ကြလော့။ အကြောင်း မူကား၊ မတရား သဖြင့် ပြုသောသူတို့ လက် မှ ၊ ဆင်းရဲ သောသူ ကို ကယ်နှုတ် တော်မူသတည်း။ ၁၄ ငါဘွား သော နေ့ ရက်သည် အမင်္ဂလာ ရှိပါစေသော။ ငါ့ ကို ငါ့ အမိ ဘွား သော နေ့ ရက်သည် ကောင်းကြီး မင်္ဂလာကို မ ခံ ပါစေနှင့်။ ၁၅ ငါ့ အဘ ထံသို့သွား၍၊ ကိုယ်တော် သည် သား ယောကျ်ားကို ရ ပါပြီဟု သိတင်းပြော လျက်၊ ငါ့အဘ ကို အလွန်ဝမ်းမြောက် စေသောသူသည် အမင်္ဂလာ ရှိပါ စေသော။ ၁၆ ထာဝရဘုရား သည် နောင်တ မ ရ၊ ဖျက်ဆီး တော်မူ သော မြို့ တို့ကဲ့သို့ ၊ ထို သူ သည်ဖြစ် ပါစေသော။ နံနက် အချိန်၌ ကြွေးကြော် သံကို၎င်း ၊ မွန်းတည့် အချိန် ၌ အော်ဟစ် သံကို၎င်းကြား ပါစေသော။ ၁၇ အကြောင်း မူကား၊ သူသည် ငါ့ ကိုဘွား စကပင် မ သတ် ဘဲ၊ ငါ့ အမိ ၏ ဝမ်း သည်ငါ ၏ သင်္ချိုင်း ဖြစ် ၍၊ ငါ့ ကို အစဉ် ကိုယ်ဝန် ဆောင်မည် အကြောင်း မပြုဘဲ နေပါ သည်တကား။ ၁၈ ငါသည် ပူပန် ခြင်း၊ ဝမ်းနည်း ခြင်းကိုခံရ မည် အကြောင်းနှင့်၊ ရှက် ကြောက်ခြင်းအားဖြင့် ကိုယ် အသက် ကို လွန် စေရမည်အကြောင်း ၊ အဘယ်ကြောင့် ငါ့ကို ဘွားမြင် ရပါသနည်း။

၂၁ ဧဒေကိ မင်းကြီး သည် မေလခိ သား ပါရှရ နှင့်၊ ယဇ်ပုရောဟိတ် မာသေယ သား ဧဖေနိ တို့ကို ယေရမိ ထံသို့ စေလွှတ် ၍၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ငါ တို့ကို စစ်တိုက် သည်ဖြစ်၍၊ သူ့ကိုငါ့ တို့ထံမှ ပြန်သွား စေခြင်းငှါ ၊ ထာဝရဘုရား သည် အံ့ဘွယ် သောအမှုတို့ကိုပြုတော်မူသမျှ အတိုင်း ၊ ၂ ငါ တို့ ၌တဖန်ပြု တော်မူမည်အကြောင်း၊ ငါ တို့အတွက် ထာဝရဘုရား ကိုတောင်းပန် ပါလော့ဟုမိန့် တော်မူသောအခါ၊ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက်လာ ၍၊ ၃ ယေရမိ က၊ သင်တို့သည် ဧဒေကိ မင်းကြီးအား ပြန်ပြော ရမည်မှာ၊ ၄ ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်တို့၏မြို့ ပြင် မှာ တပ်စွဲ ၍ နေသောဗာဗုလုန် ရှင်ဘုရင် ၊ ခါလဒဲ အမျိုးသားတို့ကို စစ်တိုက်လျက်၊ သင် တို့စွဲကိုင် သော လက်နက် များကို ငါ လွဲ စေမည်။ ထိုသူ တို့ကို မြို့ ထဲ၌ ငါစည်းဝေး စေမည်။ ၅ ငါ့ ကိုယ်တိုင်လည်း အလွန်ပြင်းစွာထွက်သော အမျက် အရှိန်အားကြီး ၍ ၊ ဆန့် သောလက် ၊

သန်စွမ်း သော လက်ရုံး နှင့် သင် တို့ကို တိုက် မည်။ ၆ ဤ မြို့ ၌နေ သောလူ သတ္တဝါတိရစ္ဆာန် တို့ကို ငါသည် ဒဏ်ခတ်၍ ပြင်း စွာသောကာလနာ ဖြင့် သေ ရ ကြလိမ့်မည်။ ၇ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို နောက်မှ နာ ဘေး၊ ထား ဘေး၊ မွတ်သိပ် ခြင်းဘေးနှင့် လွတ်၍၊ ကျန် ကြွင်းသော မြို့သားတည်းဟူသောယုဒ ရှင်ဘုရင် ဇေဒကိ မှစ၍ သူ ၏ကျွန် များ၊ သူ၏လူ များတို့ကို၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ အစ ရှိသော ရန်သူ များ၊ သတ် ချင်သော သူများလက် သို့ ငါအပ်၍၊ ထိုမင်းသည် သနားခြင်း ကရုဏာမ ရှိ၊ မ စုံမက် ၊ မ နှမြော ဘဲ၊ ထား နှင့် ကွပ်မျက်လိမ့်မည်ဟု ဆင့်ဆိုလေ၏။ ၈ ထာဝရဘုရား ကလည်း၊ သင်သည် ဤ လူမျိုး တို့ အား ဆင့် ဆိုရသော ထာဝရဘုရား၏ အမိန့်တော်ဟူမူကား ၊ အသက်ရှင် ရာလမ်း ၊ သေ ရာလမ်း တို့ကို သင် တို့ရှေ့ မှာ ငါ ဖွင့် ထား၏။ ၉ ဤ မြို့ ထဲမှာ နေသောသူသည် ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ နာ ခြင်းဘေးဖြင့် သေ လိမ့်မည်။ မြို့ပြင်သို့ထွက် ၍ ၊ မြို့ပြင်မှာ တပ်စွဲလျက်နေသောခါလဒဲ လူတို့ဘက်သို့ ဝင်စား သောသူသည် အသက် ချမ်းသာ၍ လုယူရသော ဥစ္စာ ကဲ့သို့ ကိုယ် အသက်ကို ရ လိမ့်မည်။ ၁၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဤ မြို့ ကို ကျေးဇူး မ ပြု၊ အပြစ် ပြုခြင်းငှါ ငါ သည် မျက်နှာထား သည်ဖြစ် ၍၊ ဤမြို့ကို ဗာဗုလုန် ရှင်ဘုရင် လက် သို့ ငါအပ် သဖြင့် ၊ သူသည် မီးရှို့ လိမ့်မည်။ ၁၁ ယုဒ ရှင်ဘုရင် အမျိုး ကို ရည်မှတ်၍၊ ထာဝရဘုရား မိန့်တော်မူသောစကား တော်ကို နားထောင် ကြလော့။ ၁၂ အို ဒါဝိဒ် မင်းကြီးအမျိုး ၊ ထာဝရဘုရား မိန့် တော်မူ သည်ကား ၊ မဆိုင်းမလင့်၊ တရား သဖြင့် စီရင် ကြလော့။ လုယူ ခြင်းခံရသောသူကို ညှဉ်းဆဲသောသူ၏ လက် မှ ကယ်နှုတ် ကြလော့။ သို့မဟုတ် ၊ သင် တို့ပြု သောဒုစရိုက် အပြစ်ကြောင့် ၊ ငါ့ အမျက် သည် မီးကဲ့သို့ ဖြစ်၍ ၊ အဘယ် သူမျှမသတ် နိုင်အောင်လောင် လိမ့်မည်။ ၁၃ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုချိုင့် ၌ နေ သောသူ၊ အိုလွင်ပြင် ၌ရှိသောကျောက် ၊ သင့် တဘက် ၌ ငါ နေ၏။ သင်တို့က၊ ငါ တို့ကို အဘယ်သူ စစ်တိုက်နိုင်မည်နည်း ။ ငါ တို့ နေရာ ထဲသို့ အဘယ်သူ ဝင် နိုင်မည်နည်းဟု ဆို တတ်သော်လည်း ၊ ၁၄ သင် တို့အကျင့် နှင့် ထိုက်လျောက်အောင် အပြစ် ဒဏ် ကို ငါပေးမည်။ သင်တို့တော ကို ငါရှို့ သော မီး သည်၊ ပတ်လည် ၌ရှိသမျှ သောအရာတို့ကို လောင် လိမ့်မည်ဟု မိန့်တော်မူ၏။

၂၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် ယုဒ ရှင်ဘုရင် ၏ နန်းတော် သို့သွား ၍ ဆင့် ဆိုရမည်မှာ၊ ၂ ဒါဝိဒ် မင်းကြီး၏ ရာဇ ပလ္လင်ပေါ် မှာ ထိုင် သော ယုဒ ရှင်ဘုရင် ၊ သင့် ကိုယ်တိုင်မှစ၍ သင် ၏ကျွန် များနှင့် ၊ ဤ မြို့ တံခါး တို့ ဖြင့် ဝင် သောသင် ၏လူ များတို့၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားထောင် ကြလော့။ ၃ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ တရား သဖြင့် စီရင် ၍ ဖြောင့်မတ် စွာ ဆုံးဖြတ်ကြလော့။ လုယူ ခြင်းခံရသောသူကို ညှဉ်းဆဲ သောသူ ၏လက် မှ ကယ်နှုတ် ကြလော့။ ဧည့်သည် ဖြစ်သောသူ၊ မိဘ မရှိသောသူ၊ မုတ်ဆိုးမ တို့ကို မတရား သဖြင့်မ ပြု၊ မ ညှဉ်းဆဲ ကြနှင့်။ အပြစ် မရှိသောသူတို့ ကို ဤ အရပ် ၌ မ ကွပ်မျက် ကြနှင့်။ ၄ အကြောင်း မူကား၊ သင်တို့သည် ဤ ပညတ် တော် အတိုင်း အမှန်ပြု လျှင် ၊ ဒါဝိဒ် မင်းကြီး၏ ရာဇပလ္လင် ပေါ် မှာ ထိုင် သော ရထား စီး ၊ မြင်း စီးရှင် ဘုရင်တို့သည် ကျွန် များ၊ နိုင်ငံတော်သား များနှင့်တကွ၊ ဤ နန်းတော် တံခါး များ ကို ထွက်ဝင်

ရကြလိမ့်မည်။ ၅ သို့မဟုတ် ၊ သင်တို့သည် ဤ အမိန့် တော်ကို နား မ ထောင်ဘဲနေလျှင် ၊ ဤ နန်းတော် သည် လူဆိတ်ညံ သော အရပ်ဖြစ်လိမ့်မည်ဟု ငါထာဝရဘုရား သည် ကိုယ် ကို ကိုယ်တိုင်တည် ၍ မိန့် တော်မူ၏။ ၆ ယုဒ ရှင်ဘုရင် ၏ နန်းတော် ကို ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် သည်ငါ ၌ ဂိလဒ် အရပ်ကဲ့သို့ငင်း ၊ လေဗနုန် တောင်ထိပ် ကဲ့သို့ငင်း ဖြစ်သော်လည်း၊ အကယ်စင်စစ်ငါသည်သင့်ကို လူမ နေ သောမြို့ ကဲ့သို့တော ဖြစ် စေမည်။ ၇ သင့် ကို ဖျက်ဆီးစေခြင်းငှါ၊ ထား နှင့်ပုဆိန်ပါ သောသူ တို့ ကို ငါပြင်ဆင် သဖြင့် ၊ သူတို့သည် သင် ၌ အမြတ် ဆုံးသော အာရဇ ပင်တို့ကို ခုတ်လှဲ ၍ မီး ထဲသို့ ချ လိုက် ကြလိမ့်မည်။ ၈ လူ အမျိုးမျိုး တို့သည် ဤ မြို့ အနားမှာ ရှောက် သွား လျက် ၊ ထာဝရဘုရား သည် ဤ မြို့ ကြီး ကို အဘယ်ကြောင့် ဤသို့ ပြု တော်မူသနည်းဟု၊ တယောက် ကို တယောက်မေး ကြသည်ရှိသော် ၊ ၉ ဤ မြို့သားတို့သည် မိမိတို့ဘုရား သခင်ထာဝရဘုရား ၏ ပဋိညာဉ် ကို စွန့်ပစ် ၍ ၊ အခြား တပါးသော ဘုရား တို့ကို ဝတ်ပြု ကိုးကွယ် ကြသောကြောင့် ၊ ဤသို့ပြုတော်မူသည်ဟု ပြန်ပြော ကြလိမ့်မည်။ ၁၀ သေ သောသူအတွက် ငိုကြွေး မြည်တမ်း ခြင်းကို မ ပြုကြနှင့်။ အခြားတပါးသို့ သွား သောသူအတွက် ငိုကြွေး ခြင်းကို ပြုကြလော့။ သူသည် နောက်တဖန်ပြန်၍မ လာ ရ။ မိမိ မွေးဘွား ရာဌာန ကို မမြင် ရ။ ၁၁ ခမည်းတော် ယောရှိ မင်းကြီးအရာ ၌စိုးစံ ၍ ဤ ပြည် မှ ထွက် သွားသော ယုဒ ရှင်ဘုရင် ယောရှိ မင်းကြီး၏ သား ရှလ္လုံ ကို ရည်မှတ် ၍ ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ထိုမင်းသည် နောက် တဖန်ဤပြည်သို့ ပြန်၍မ လာ ရ။ ၁၂ ရန်သူတို့ သိမ်း သွားရာပြည် ၌ ပင် သေ ရလိမ့်မည်။ ဤ ပြည် ကို နောက် တဖန်မ မြင် ရ။ ၁၃ မ တရား သော အမှုအားဖြင့် မိမိ အိမ် ကိုငင်း ၊ အဓမ္မ ပြု၍ အထက် ခန်းတို့ကိုငင်းဆောက် သောသူ၊ အိမ်နီးချင်း ကိုအခ မ ပေးဘဲ စေစား ၍၊ အလုပ်လုပ်သည် အတွက် ဆုမချ သော သူသည် အမင်္ဂလာ ရှိ၏။ ၁၄ ကြီး သောအိမ် ၊ ကျယ် သောအထက် ခန်းတို့ကို ငါဆောက် မည်ဟု ဆို လျက် ၊ ပြတင်းပေါက် ကို ဖေါက် ၍ ၊ အာရဇ် သစ်သားနှင့် မိုး ပြီးမှ ၊ ဟင်းသပြတား နှင့် ချယ်လှယ် ပြီတကား။ ၁၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်သည် အာရဇ် သစ်သား၏ ဂုဏ်ကိုကိုးစားသောကြောင့် စိုးစံ ရမည်လော။ သင် ၏ အဘ သည်ဝစွာ စား သောက် ရသည် မ ဟုတ်လော။ တရား သဖြင့် စီရင် ဆုံးဖြတ်သည်မဟုတ် လော။ ထို သို့ပြု၍ ကောင်းစား ခြင်းရှိ၏။ ၁၆ သူသည် ဆင်းရဲ ဝတ်မွတ် သောသူတို့ အမှု ကို စောင့် ၍ တရား သဖြင့် စီရင်၏။ ထိုသို့ပြု၍ ကောင်းစားခြင်းရှိ၏။ ငါ့ ကိုသိ သော အကျိုးမ ဟုတ်လော။ ၁၇ သင် ၏ မျက်စိ နှင့် သင် ၏နှလုံး မူကား ၊ လောဘ လွန်ကျူးခြင်း၊ အပြစ် မရှိသောသူကို သတ် ခြင်း၊ ညှဉ်းဆဲ နှိပ်စက် ခြင်းမှတပါး ၊ အဘယ်အမှုကိုမျှ မ မှတ် တတ်။ ၁၈ ထိုကြောင့်၊ ထာဝရဘုရား သည် ယုဒ ရှင်ဘုရင် ယောရှိ မင်းကြီး၏သား ယောယကိမ် ကို ရည်မှတ် ၍ မိန့် တော်မူသည်ကား ၊ ထိုမင်းသေသောအခါ လူများတို့က၊ ဩ ငါ့ အစ်ကို ၊ ဩ ငါ့နှမ ဟူ၍မ ငိုကြွေး ရကြ။ သူ ၏ အတွက် လည်း၊ ဩ သခင် ၊ ဩ အရှင်မ၏ ဘုန်း ဟူ၍မ မြည်တမ်း ရကြ။ ၁၉ ယေရှုရှလင် မြို့ပြင် သို့ ဆွဲသွား ၍ ပစ် ထားသဖြင့်၊ မြည်း ကို သင်္ဂြိဟ် သကဲ့သို့ထိုမင်းကို သင်္ဂြိဟ် ရလိမ့်မည်။ ၂၀ လေဗနုန် တောင်ပေါ် သို့ တက် ၍ ကြွေးကြော် လော့။ ဗာရှန် ပြည်၌ အော်ဟစ် လော့။ အာဗရိမ် အရပ်မှာ အသံ ကိုလွှင့်လော့။ အကြောင်း မူကား၊ သင် ၏မိတ်ဆွေ အပေါင်း

တို့သည် ပျက်စီး ခြင်းသို့ ရောက်ကြပြီ။ ၂၁ သင် သည် ကောင်းစား သောအခါ ငါသတိပေး ၏။ သင်က၊ ငါနား မ ထောင်ဟု ပြန်ပြော ၏။ ငယ် သောအရွယ်မှစ၍ ငါ့ စကား ကို နား မ ထောင်ဘဲ နေမြဲရှိ၏။ ၂၂ သင့် ကို ကျွေးမွေး သော သူအပေါင်း တို့ကို လေ သည် စား လိမ့်မည်။ သင် ၏မိတ်ဆွေ တို့ကို ရန်သူတို့ သည် သိမ်း သွား ကြလိမ့်မည်။ ထိုအခါ သင်သည် ကိုယ် ပြု သမျှ သောဒုစရိုက် တို့ကြောင့် အမှန် ရှက်ကြောက် ၍ စိတ်ပျက် ခြင်း ရှိလိမ့်မည်။ ၂၃ အာရဇ် ပင်တို့ ၌ အသိုက် လုပ်တတ်သော လေဗနုန် တောင်သား ၊ သားဘွား ခြင်းဝေဒနာကို မိန်းမခံရသကဲ့သို့ ၊ သင် သည်နာကျင် ခြင်းဝေဒနာ ကိုခံရ သောအခါ ၊ အဘယ် မျှလောက်သနား ဘွယ်ဖြစ်လိမ့်မည်တကား။ ၂၄ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယုဒ ရှင်ဘုရင် ယောယကိမ် မင်းကြီး၏သား ခေါနိ သည်၊ ငါ့ လက်မှာ လက် ၌ ပါသောတံဆိပ် လက်စွပ်မှန် သော်လည်း ၊ ငါ အသက် ရှင်သည်အတိုင်း သင့် ကို ငါပယ် ပစ်မည်။ ၂၅ သင့် အသက် ကိုသတ် ချင်သောသူ၊ သင် အလွန် ကြောက် သော သူတည်းဟူသောဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ မင်းမှစ၍ ခါလဒဲ လူတို့ လက် သို့ ငါအပ် မည်။ ၂၆ သင့် ကိုငင်း ၊ သင့် ကိုဘွား မြင်သော သင် ၏အမိ ကိုငင်း ၊ မွေးဘွား ရာ ဌာနမ ဟုတ်သော ပြည်သို့ ငါနှင်ထုတ် သဖြင့် ၊ ထို ပြည်၌ သင်တို့သည် သေ ကြ လိမ့်မည်။ ၂၇ ပြန် လို သောပြည် သို့ နောက်တဖန်ပြန် ၍ မ လာရကြ။ ၂၈ ဤ မင်းသား ခေါနိ သည် ရိုသေ ဘွယ်မဟုတ်၊ ကျိုးပဲ့ သောရုပ်တု ဖြစ်သလော။ အဘယ်သူမျှမ နှစ်သက် သောတန်ဆာ ဖြစ်သလော။ သူ နှင့် တကွ သူ ၏သား မြေး တို့ကို နှင်ထုတ် ၍ ၊ သူတို့မ သိ ဘူးသောပြည် ၌ အဘယ်ကြောင့် ချ ပစ်ရသနည်း။ ၂၉ အိုမြေကြီး ၊ မြေကြီး ၊ မြေကြီး ၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် လော့။ ၃၀ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ မင်း ကို သား မရှိသောသူ ဟူ၍ငင်း ၊ တသက် လုံးမ ကောင်းစား သောသူဟူ၍ငင်း ရေး မှတ်လော့။ သူ ၏သား မြေးတစုံ တယောက်မျှ ဒါဝိဒ် မင်းကြီး၏ ရာဇပလ္လင် ပေါ် မှာ ထိုင် ရ သောအခွင့်နှင့်၊ ယုဒ ပြည်ကို စိုးစံ ရသောအခွင့်မရှိရ။

၂၃ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ့ ထံမှာကျက်စား သော သိုး တို့ကို ဖျက်ဆီး ၍ ၊ အရပ်ရပ်သို့ ကွဲပြား စေသော သိုးထိန်း တို့သည် အမင်္ဂလာ ရှိကြ၏။ ၂ ထိုကြောင့်၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ ၏ လူ တို့ကို ကျွေးမွေး ရသောသိုးထိန်း တို့အမှုမှာ သင်တို့သည် ငါ ၏ သိုးစု ကို မ ကြည့်ရှု ၊ မပြုစု၊ အရပ်ရပ်သို့ ကွဲပြား စေ၍ နှင်ထုတ် သောကြောင့်၊ သင် တို့ပြု သောဒုစရိုက် အပြစ်ကို သင် တို့အပေါ် မှာ ငါ သက်ရောက် စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃ တဖန်မိန့်တော်မူသည်ကား၊ ငါ ၏သိုးစု ကို ငါနှင်ထုတ် သော ပြည် ရှိသမျှ တို့ ၌ ကျန် ကြွင်းသော သိုး တို့ကို ငါစုဝေး ၍၊ နေရင်းသိုးခြံ သို့ တဖန်ငါဆောင် ခဲ့ ဦးမည်။ သူတို့သည်လည်း ၊ သားဘွား ၍ များ ပြားကြ လိမ့်မည်။ ၄ သူတို့ကို ကျွေးမွေးသော သိုးထိန်း တို့ကို သူ တို့ အပေါ် မှာ ငါခန့် ထားသဖြင့် ၊ သူတို့သည် နောက် တဖန် ကြောက် ခြင်း၊ ထိတ်လန့် ခြင်းမ ရှိ ရကြ။ ဆုံးမ ခြင်းကိုလည်း မ ခံရကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သန့်ရှင်း သော အညွှန့် ကို ဒါဝိဒ် အဘို့ ငါပေါက် စေသည်အတိုင်း ၊ ဉာဏ် ကောင်းသောရှင်ဘုရင် တဦးသည် စိုးစံ ၍ ၊ မြေကြီး ပေါ် မှာ တရား သဖြင့်

ဖြောင့်မတ် စွာ စီရင် ရာ ကာလ သည် ရောက် လိမ့်မည်။ ၆ ထိုမင်း လက်ထက် ၌ ယုဒ ပြည်သည် ကယ်တင် ခြင်းသို့ရောက်၍ ၊ ဣသရေလ ပြည်လည်း ငြိမ်ဝပ် စွာ နေ ရ လိမ့်မည်။ ထို မင်းသည် ယေဟောဝါ ဧဒေကနု ဟူသော ဘွဲ့ နာမရှိ လိမ့်သတည်း။ ၇ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသား တို့ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင် သော ထာဝရဘုရား အသက်ရှင် တော်မူသည်ဟူ၍မ ကျိန်ဆို ဘဲ၊ ၈ ဣသရေလ အမျိုးသား အစဉ် အဆက်တို့ကို မြောက် ပြည် မှစ၍ ၊ နှင်ထုတ် ဘူးသော ပြည် ရှိသမျှ တို့မှ ပို့ဆောင် သော ထာဝရဘုရား အသက်ရှင်တော်မူသည် ဟူ၍ကျိန်ဆိုရသော ကာလသည် နောက်တဖန် ရောက် လိမ့်မည်။ သူ တို့သည် နေရင်းပြည် ၌ တဖန် နေ ရကြ လိမ့်မည်။ ၉ ပရောဖက် များနှင့် ဆိုင်သော စကားဟူမူကား၊ ထာဝရဘုရား ကြောင့် ၎င်း ၊ သန့်ရှင်း သော စကား တော် ကြောင့် ၎င်း ငါ့ စိတ် ပျက် လျက်ရှိ၏။ ငါ့ အရိုး ရှိသမျှ တို့သည် လှုပ်ရှား ကြ၏။ ယစ်မူး သောသူ နှင့် စပျစ်ရည် နိုင် သော သူ ကဲ့သို့ ငါဖြစ် ၏။ ၁၀ အကြောင်း မူကား၊ မတရား သောမေထုန် ၌မှီဝဲ သောသူတို့သည် တပြည် လုံး၌ အနှံ့အပြားရှိ ကြ၏။ ထိုသူတို့ကြောင့် တပြည် လုံးမြည်တမ်း ရ၏။ တော ၌ ကျက်စား ရာအရပ်တို့သည် သွေ့ ခြောက်ကြ၏။ ပြည်သားများလိုက်သောလမ်း သည် မဖြောင့် ၊ သူ တို့အစွမ်း သတ္တိ သည် တရား ဘက်၌ မ နေတတ်။ ၁၁ ပရောဖက် နှင့် ယဇ်ပုရောဟိတ် နှစ်ပါးတို့သည် ဘုရားကို မရိုမသေ ပြုကြပြီ။ ငါ့ အိမ် ၌ ပင် သူ တို့ပြုသောအဓမ္မ အမှုကို ငါတွေ့ ပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ ထိုကြောင့်၊ သူ တို့သွားသောလမ်း သည် မှောင်မိုက် ၌ ချော တတ်သော လမ်းကဲ့သို့ ဖြစ်၍၊ သူတို့သည် တွန်း တိုးခြင်းကို ခံရ၍ လဲ ကြလိမ့်မည်။ အကြောင်း မူကား၊ သူ တို့သည် ဆုံးမ ခြင်းကို ခံရသောကာလ ၌ သူ တို့အပေါ် မှာ ဘေးဥပဒ် ကို သင့် ရောက် စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၃ ရှမာရိ ပြည်သား ပရောဖက် တို့ ၌ လည်း ၊ မိုက် သောသဘောကို ငါမြင် ပြီ။ သူတို့သည် ဗာလ ဘုရားကို မှီဝဲ ၍ ပရောဖက် ပြုသဖြင့် ၊ ငါ ၏လူ ဣသရေလ အမျိုးသားတို့ကို မှားယွင်း စေကြပြီ။ ၁၄ ယေရုရှလင် မြို့သား ပရောဖက် တို့ ၌ လည်း ၊ စက်ဆုပ် ရွံရှာဘွယ်သောသဘောကို ငါမြင် ပြီ။ သူတို့သည် မတရား သောမေထုန် ၌မှီဝဲလျက် ၊ မုသာ ကိုလည်း သုံး လျက် ၊ အဓမ္မ ပြုသောသူတို့ကို အားပေး တတ်သဖြင့်၊ အဘယ်သူမျှမိမိ ပြုသော အဓမ္မ အမှုကို မ စွန့် ။ ထိုသူ ရှိ သမျှတို့သည် ငါ၌ သောဒုံ မြို့သားကဲ့သို့ ၎င်း ၊ ယေရုရှလင် မြို့သား တို့သည် ဂေါမောရ မြို့သားကဲ့သို့ ၎င်း ဖြစ် ကြ၏။ ၁၅ ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ပရောဖက် တို့အမှု ၌ မိန့် တော်မူသည်ကား ၊ သူ တို့ကို ဒေါန နှင့် ငါ ကျွေး မည်။ ဆေးခါး ကိုလည်း သောက် စေမည်။ ယေရုရှလင် မြို့သား ပရောဖက် တို့သည် မူလအမြစ်ဖြစ်၍၊ အဓမ္မ အမှုသည် တပြည် လုံး ကို နှံ့ ပြား လေပြီ။ ၁၆ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ပရောဖက်ပြု၍ သင် တို့အား ဟော တတ်သော ဆရာ တို့၏ စကား ကို နား မ ထောင်ကြနှင့်။ သူ တို့သည် သင်တို့အား အချည်းနှီးဟော တတ် ကြ၏။ ထာဝရဘုရား ၏ နှုတ် တော်ထွက်သို့မ လိုက်၊ ကိုယ် အလို အလျောက်ရူပါရုံ ကို မြင်သည်အတိုင်း ဟော ပြောတတ်ကြ၏။ ၁၇ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို မထီမဲ့မြင် ပြုသောသူတို့ အား ၊ သင် တို့သည် ငြိမ်ဝပ် ခြင်းရှိ ကြ လိမ့်မည်ဟု ဟော တတ်ကြ၏။ မိမိ တို့စိတ်နှလုံး ခိုင်မာ ခြင်း

သဘောသို့ လိုက် သောသူတို့ အား၊ သင် တို့သည် ဘေးဥပဒ် နှင့် မ တွေ့ ရကြဟု ဟော တတ်ကြ၏။ ၁၈ ထိုသူတို့တွင် အဘယ်သူ သည် ထာဝရဘုရား နှင့် တိုင်ပင်ဘက် ပြုသနည်း။ အဘယ်သူသည် အမှုတော်ကို ကြား မြင် သနည်း။ အဘယ်သူ သည် နှုတ်ကပတ် တော်ကို နားထောင် ၍ ကြား သနည်း။ ၁၉ ထာဝရဘုရား ၏ လေဘွေ တော်သည် ပူသော အရှိန်နှင့်ထွက် ၏။ ပြင်းစွာသော လေဘွေ ဖြစ်၍၊ မတရား သောသူတို့ ခေါင်း ပေါ် မှာ ပြင်းစွာတိုက် လိမ့်မည်။ ၂၀ ထာဝရဘုရား သည် လက်စ သတ်၍ ၊ အကြံအစည် တော်ကို ပြည့်စုံ စေတော်မမူမီ အမျက် တော် မ ငြိမ်း ရ။ နောက်ကာလ ၌ သင်တို့သည် ရှင်းလင်းစွာ နားလည် ကြလိမ့်မည်။ ၂၁ ငါမ စေလွှတ် ဘဲ ထိုပရောဖက် တို့သည် ပြေး ကြပြီ ။ ငါမ မှာ ထားဘဲ သူ တို့သည် ကိုယ်အလိုအလျောက်ဟော ပြောကြပြီ။ ၂၂ ထိုသူတို့သည် ငါ နှင့် တိုင်ပင်ဘက် ပြု လျှင် ၊ ငါ့ စကား ကို ငါ၏ လူမျိုးအားဆင့်ဆို ၍ ၊ ငါ ၏လူမျိုး ကို မတရား သော လမ်း မှ ၎င်း ၊ မကောင်း သောအကျင့် ဓလေ့မှ ၎င်း လွဲသွား စေကြပြီ။ ၂၃ ငါ သည်နီး သော အရပ်၌ သာ ဘုရား ဖြစ် သလော။ ဝေး သော အရပ်၌ လည်း ဘုရား ဖြစ်သည် မ ဟုတ်လောဟု ထာဝရဘုရား မေး တော်မူ၏။ ၂၄ ငါ မ မြင် စေခြင်းငှါ အဘယ်သူသည် မထင်ရှား သော အရပ်၌ ပုန်းရှောင် ၍ နေနိုင်သနည်းဟု ထာဝရဘုရား မေး တော်မူ၏။ ငါ သည် ကောင်းကင် မြေကြီး ကို နှံ့ ပြား သည် မ ဟုတ်လောဟု ထာဝရဘုရား မေး တော်မူ ၏။ ၂၅ ငါသည် အိပ်မက် မြင်ပြီ၊ အိပ်မက် မြင်ပြီဟု၊ ငါ့ နာမ ကို အမှီပြု၍၊ မုသာဖြင့် ဟောပြော သော ပရောဖက် တို့၏ စကား ကို ငါကြား ပြီ။ ၂၆ ထိုပရောဖက် တို့သည် အဘယ်မျှကာလပတ်လုံး ဤသို့ကြံစည်ကြလိမ့်မည်နည်း။ သူတို့သည် မုသာ စကား ကို ဟော ပြောတတ်ကြ၏။ ကိုယ် စိတ်နှလုံးလှည့်စား သည် အတိုင်း ဟောပြောတတ်ကြ၏။ ၂၇ ဘိုးဘေး တို့သည် ဗာလ ကြောင့် ငါ့ နာမ ကို မေ့လျော့သကဲ့သို့ ၊ သူတို့သည် အိမ်နီးချင်း တ ယောက်ကို တယောက်ပြော တတ်သော အိပ်မက် များအားဖြင့် ငါ ၏ လူမျိုး သည် ငါ့ နာမ ကို မေ့လျော့ စေမည်ဟု အကြံ ရှိကြ သည်တကား။ ၂၈ အိပ်မက် မြင်သော ပရောဖက် သည် အိပ်မက် စကားကို ပြော ပါလေစေ။ ငါ ၏နှုတ်ကပတ် တော်ကို ခံရသောသူ သည်နှုတ်ကပတ် စကားတော်ကို မှန်ကန် စွာ ဟော ပြောပါလေစေ။ အဖျင်း သည်စပါး နှင့် အဘယ် သို့ဆိုင် သနည်းဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၉ ငါ ၏ နှုတ်ကပတ် တော်သည် မီး ကဲ့သို့ ၎င်း ၊ ကျောက် ကို ထု ချေသောသံတူ ကဲ့သို့ ၎င်း ဖြစ်သည်မဟုတ် လောဟု ထာဝရဘုရား မေး တော်မူ၏။ ၃၀ သို့ ဖြစ်၍၊ ငါ့ စကား တော်ကို အိမ်နီးချင်း တယောက်မှ တယောက်ခိုး သော ပရောဖက် တို့ကို ငါ သည် ဆန့်ကျင် ဘက်ပြုမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၁ မိမိ တို့အလို အလျောက်ဟော ပြောလျက် နှင့် အမိန့် တော်ရှိ သည်ဟုဆိုသော ပရောဖက် တို့ကို ငါ သည် ဆန့်ကျင် ဘက်ပြုမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၂ မှား သောအိပ်မက် ကိုဟော ပြော၍၊ မုသာ စကား နှင့် အချည်းနှီး စကားအားဖြင့် ငါ ၏လူမျိုး ကိုမှားယွင်း စေသော ပရောဖက်တို့ကို ငါ သည် ဆန့်ကျင် ဘက်ပြုမည်။ သူ တို့ကို ငါ မ စေလွှတ် ၊ မ မှာ ထားသောကြောင့် ၊ ဤ လူမျိုး သည် ကျေးဇူး မ ရှိဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၃ ဤ လူမျိုး တွင် ဆင်းရဲသားဖြစ်စေ၊ ပရောဖက် ဖြစ်စေ ၊ ယဇ်ပုရောဟိတ် ဖြစ်စေ၊ တစုံတယောက်က၊ ထာဝရဘုရား ၏ ဗျာဒိတ် တော်အဘယ်သို့ နည်းဟု သင့် ကို မေး လျှင် ၊

ပြန် ပြော ရမည်မှာ၊ သင်တို့နှင့်ဆိုင်သော ဗျာဒိတ် တော်ဟူမူကား၊ သင် တို့ကို ငါစွန့်ပစ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၄ ထာဝရဘုရား ၏ ဗျာဒိတ် တော်ရှိသည်ဟု ပြော ဆို သော ပရောဖက် ၊ ယဇ်ပုရောဟိတ် ၊ ပြည်သူ ပြည်သားကိုငင်း၊ ထိုသူ ၏ အိမ် သူအိမ်သားတို့ကိုငင်း၊ ငါသည် ဒဏ်ပေး မည်။ ၃၅ သင်တို့က၊ ထာဝရဘုရား သည် အဘယ် သို့ ပြန်ပြော တော်မူသနည်းဟူ၍ငင်း ၊ အဘယ်သို့ မိန့် တော်မူသနည်းဟူ၍ငင်း ၊ အိမ်နီးချင်း ၊ ညီအစ်ကို ချင်း တယောက် ကို တယောက် မေးမြန်း ရမည်။ ၃၆ ထာဝရဘုရား ၏ ဗျာဒိတ် တော်ရှိသည်ဟူ၍နောက် တဖန် မ ဆို ရ။ လူ တိုင်းမိမိ စကား မှတပါး အခြား သောဗျာဒိတ် တော်မရှိရ။ အကြောင်းမူကား၊ သင်တို့သည် အသက်ရှင် တော်မူသောဘုရား ၊ ငါ တို့၏ ဘုရား သခင်တည်းဟူသောကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား ၏ စကား တော်ကို ဖျက် ကြပြီ။ ၃၇ ထာဝရဘုရား သည် သင့် အား အဘယ်သို့ ပြန်ပြော တော်မူသနည်း။ ထာဝရဘုရား သည် အဘယ်သို့ မိန့် တော်မူသနည်းဟု ပရောဖက် ကို မေး လော့။ ၃၈ သင်တို့က၊ ထာဝရဘုရား ၏ ဗျာဒိတ် တော်ဟု ဆို ကြသည်ဖြစ်၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ထာဝရဘုရား ၏ ဗျာဒိတ် တော်ရှိ သည်ဟု မ ဆို ရမည် အကြောင်း၊ ငါပညတ် သော်လည်း ၊ သင် တို့သည် ထာဝရဘုရား ၏ ဗျာဒိတ် တော်ရှိ သည်ဟူသောစကား ကို သုံး ကြ သောကြောင့် ၊ ၃၉ ငါသည် သင် တို့ကိုငင်း၊ သင် တို့နှင့် ဘိုးဘေး တို့ အား ငါပေး သော မြို့ ကိုငင်း၊ ငါ့ ထံမှ အကုန်အစင်ကျဉ်း ၍ ပစ်လိုက်မည်။ ၄၀ အစဉ်အမြဲ မ မေ့လျော့ နိုင်သော ထာဝရ ကဲ့ရဲ့ ခြင်းနှင့် အရှက်ကွဲ ခြင်းကို သင် တို့အပေါ် မှာ သက်ရောက် စေမည်။

၂၄ ထာဝရဘုရား ပြတော်မူသောရူပါရုံဟူမူကား၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ယုဒ ရှင်ဘုရင် ယောယကိမ် သား ယေခါနိ မင်းအစ ရှိသော ယုဒ မူးမတ် များ၊ လက်သမား ၊ ပန်းပဲ သမားများတို့ကို ယေရုရှလင် မြို့ မှ ဗာဗုလုန် မြို့သို့ သိမ်းသွား သောနောက်၊ ထာဝရဘုရား ၏ ဗိမာန် တော်ရှေ့၌ ထား သော သင်္ဘော သဖန်းသီးတောင်း နှစ် လုံးသည် ထင်ရှား လေ၏။ ၂ တောင်း တလုံး ၌ကား၊ အဦး မှည့်သော သင်္ဘောသဖန်း သီးကဲ့သို့ အလွန် ကောင်း သော သင်္ဘောသဖန်းသီး နှင့် ပြည့်လျက်ရှိ၏။ တလုံး၌ကား၊ မ စား နိုင်အောင် အလွန် ညံ့ သော သင်္ဘောသဖန်းသီး နှင့် ပြည့်လျက်ရှိ၏။ ၃ ထာဝရဘုရား ကလည်း ၊ ယေရမိ ၊ သင် သည် အဘယ် အရာကို မြင် သနည်းဟုမေး တော်မူလျှင် ၊ အကျွန်ုပ်သည် သင်္ဘောသဖန်း သီးကို မြင်ပါ၏။ ကောင်း သော သင်္ဘော သဖန်းသီးသည် အလွန်ကောင်း ပါ၏။ ညံ့ သော သင်္ဘောသဖန်းသီးသည် မ စား နိုင်အောင် အလွန် ညံ့ ပါသည်ဟု ပြန်လျှောက် ၏။ ၄ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၅ ဤ အရပ် မှ ခါလဒဲ ပြည် သို့ ငါစေလွှတ် ၍ သိမ်းသွား ခြင်းကို ခံရသော ယုဒ အမျိုးသားတို့သည်၊ ဤ ကောင်း သော သင်္ဘော သဖန်းသီးကဲ့သို့ ဖြစ်ကြသည်ဟု ငါဝန်ခံ မည်။ ၆ သူ တို့ ၌ ကျေးဇူး ပြုမည်ဟု ငါကြံစည်၍၊ ဤ ပြည် သို့ တဖန် ဆောင် ခဲ့ဦးမည်။ နောက် တဖန် မ ဖြို မဖျက်ဘဲ တည်ဆောက် မည်။ မ နှုတ် မပယ်ဘဲစိုက် ထားမည်။ ၇ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို၊ သူတို့ သိ နိုင်သော စိတ် နှလုံးကို ငါပေး မည်။ သူတို့သည် ငါ ၏လူ ဖြစ် ကြ၍ ၊ ငါ

သည်လည်း သူ တို့၏ ဘုရား သခင်ဖြစ် လိမ့်မည် ။ ငါ့ ထံသို့ စိတ် နှလုံးအကြွင်းမဲ့ နှင့် ပြန် လာကြလိမ့်မည်။ ၈ မ စား နိုင်အောင် အလွန်ညံ့ သော သင်္ဘော သဖန်း သီးကဲ့သို့ ၊ ငါသည် ယုဒ ရှင်ဘုရင် ဇေဒကိ မှစ ၍၊ မှူး တော်မတ်တော်၊ ဤ ပြည် ၌ ကျန် ကြွင်းသော ယေရုရှလင် မြို့သား၊ အဲဂုတ္တု ပြည် ၌ နေ သောအမျိုးသားတို့ကို ဖြစ် စေမည်။ ၉ သူတို့သည် ငါနှင် ရာ အရပ်ရပ် တို့ ၌ ကဲ့ရဲ့ခြင်း၊ ပုံ ခိုင်း ခြင်း၊ ဆဲရေး ခြင်း၊ ကျိန် ခြင်းတို့ကိုခံ ရမည် အကြောင်း၊ ငါသည် မြေ ပေါ်မှာ တိုင်း နိုင်ငံရှိသမျှ တို့ ၌ နှောင့်ရှက် ညှဉ်းဆဲခြင်းသို့ သူ တို့ကို အပ် လိုက်မည်။ ၁၀ သူ တို့နှင့် သူ တို့၏ ဘိုးဘေး တို့အား ငါပေး သော ပြည် မှ ၊ သူ တို့ကို မ ပယ်ရှင်း မှီတိုင်အောင်ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးကို သူ တို့ရှိရာ သို့ ငါစေလွှတ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၂၅ ယုဒ ရှင်ဘုရင် ယောရှိ မင်းကြီးသား ယောယကိမ် နန်းစံစတုတ္ထ နှစ် ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ နန်းစံပဉ္စမ နှစ် တွင်၊ ယုဒ ပြည်သား အပေါင်း တို့ကို ရည်မှတ် ၍၊ ယေရမိ သို့ ရောက် လာသော နှုတ်ကပတ် တော်ကို၊ ၂ ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား အပေါင်း တို့ အား ၊ ယေရမိ ဆင့်ဆို ဟောပြောရသည်ကား ၊ ၃ ယုဒ ရှင်ဘုရင် အာမုန် သား ယောရှိ နန်းစံဆယ် သုံး နှစ် မှစ၍ ယခု တိုင် အောင်၊ အနှစ်နှစ်ဆယ် သုံး နှစ် ပတ်လုံး ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာသည်အတိုင်း၊ ငါသည် စော စောထ၍ အမိန့် တော်ကို အထပ်ထပ်ဆင့် ဆိုသော်လည်း ၊ သင်တို့သည် နား မ ထောင်ဘဲ နေကြ၏။ ၄ ထာဝရဘုရား သည်လည်း၊ စောစောထ ၍ မိမိ ကျွန် ပရောဖက် အပေါင်း တို့ကို၊ သင် တို့ရှိရာသို့ အထပ်ထပ်စေလွှတ် တော်မူသော်လည်း ၊ သင်တို့သည် နား မ ထောင်ကြ။ အမိန့်တော်ကို ကြား ခြင်းငှါ နား ကို မ လှည့် ဘဲ နေကြ၏။ ၅ ထိုပရောဖက်တို့က၊ သင်တို့အသီးအသီး လိုက် သောလမ်း ဆိုး နှင့် အကျင့် ဆိုး များကို ပယ်ရှား၍၊ သင် တို့နှင့် ဘိုးဘေး တို့အား ထာဝရဘုရား သည် အမြဲ ပေး တော်မူ သော ပြည် ၌ နေ ကြလော့။ ၆ အခြား တပါးသော ဘုရား နောက် သို့ လိုက် ၍ ဝတ် မ ပြု၊ မကိုးကွယ် ကြနှင့်။ ကိုယ် လက် နှင့် လုပ် သော အရာများအားဖြင့် ၊ ငါ ၏အမျက် ကို မ ထွက်စေကြနှင့်။ ငါသည်လည်း ၊ သင် တို့ကို မ ညှဉ်းဆဲ ဟု ဆင့် ဆိုကြ၏။ ၇ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုသို့ ဆင့်ဆိုကြသော်လည်း၊ သင် တို့သည် ကိုယ်၌အကျိုးနည်း ဖြစ်စေခြင်းငှါ ၊ ကိုယ် လက် နှင့် လုပ် သော အရာများအားဖြင့် ၊ ငါ ၏အမျက် ကို ထွက်စေသော အခွင့်ရှိမည် အကြောင်း ၊ ငါ့ စကားကို နား မ ထောင်ဘဲနေကြပြီ။ ၈ ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်တို့သည် ငါ့ စကား ကို နား မ ထောင်သောကြောင့် ၊ ၉ ဤ ပြည် နှင့် ပြည် သား များကိုဎင်း၊ ပတ်ဝန်းကျင် ၌ရှိသောလူအမျိုးမျိုး တို့ကိုဎင်းစစ်တိုက်စေခြင်းငှါ၊ ငါ ၏ ကျွန် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ အစရှိသော မြောက် ပြည်သား အမျိုးမျိုး အပေါင်းတို့ကို ငါ မှာ လိုက်၍ ဆောင် ခဲ့ပြီးလျှင်၊ ရှင်းရှင်းဖျက်ဆီး ၍ ၊ ဤ ပြည်သား တို့ကို အံ့သြ ဘွယ်ရာ၊ ကဲ့ရဲ့ သံကိုကြားရာ၊ အစဉ် အမြဲလူဆိတ်ညံ ရာ ဖြစ် စေမည်။ ၁၀ ဤသူတို့တွင် ဝမ်းမြောက် သော အသံ ၊ ရွှင်လန်း သောအသံ ၊ မင်္ဂလာဆောင်သတို့သား ၏အသံ ၊ သတို့သမီး ၏အသံ ၊ ကြိတ်ဆုံ သံ နှင့် မီးခွက် အလင်း ကို ငါကွယ် ပျောက်စေမည်။ ၁၁ ဤ ပြည် တရှောက် လုံးသည် လူဆိတ်ညံ ရာ၊ အံ့သြဘွယ် ရာ ဖြစ် လိမ့်မည်။ ဤ လူမျိုး

တို့သည် အနှစ် ခုနစ်ဆယ် ပတ်လုံးဗာဗုလုန် ရှင်ဘုရင် ၏ အမှုကို ဆောင်ရွက် ရကြလိမ့်မည်။ ၁၂ ထာဝရဘုရား မိန့်တော်မူသည်ကား၊ အနှစ် ခုနစ်ဆယ် စေ့ သောအခါ၊ ဗာဗုလုန် ရှင်ဘုရင် နှင့် သူ၏ နိုင်ငံ တည်းဟူသောခါလဒဲ တိုင်းနိုင်ငံ၏ အပြစ် ကြောင့်၊ ငါသည် သူတို့ကို ဒဏ် ပေး၍၊ ထိုနိုင်ငံ ကို အစဉ် အမြဲ လူဆိတ်ညံ ရာအရပ် ဖြစ် စေမည်။ ၁၃ ငါခြိမ်း သော စကား များတည်းဟူသော ယေရမိ သည် ခပ်သိမ်း သော တိုင်း နိုင်ငံတို့တဘက်၌ ဟောပြော ၍၊ ဤစာ ၌ ရေး ထားသော စကားရှိသမျှ တို့ကို ခါလဒဲ တိုင်း နိုင်ငံအပေါ် မှာ ငါသက်ရောက် စေမည်။ ၁၄ များစွာ သော လူမျိုး တို့နှင့် ကြီး သော ရှင် ဘုရင်တို့သည် ခါလဒဲပြည်သားတို့ကို စေစား ကြလိမ့်မည်။ သူ တို့ ကျင့်သောအကျင့်၊ သူတို့ကိုယ်တိုင်ပြုသောအမှု နှင့် အလျောက်၊ အကျိုးအပြစ်ကို ငါဆပ် ပေးမည်။ ၁၅ ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား ကလည်း၊ အမျက် တော်စပျစ်ရည် ဖလား ကို ငါ့ လက် မှ ခံယူ လော့။ ငါ သည်သင့် ကို စေလွှတ်သော လူမျိုး အပေါင်း တို့ကို သောက် စေလော့။ ၁၆ သူ တို့အလယ် သို့ ငါ စေလွှတ် သော ထား ကြောင့် သူတို့သည် သောက် ၍ ယစ်မူး တိမ်းယိမ်း ခြင်းသို့ ရောက် ကြလိမ့်မည်ဟု ငါ့ အား မိန့် တော်မူသည်အတိုင်း၊ ၁၇ ငါသည် ထာဝရဘုရား ၏ လက် တော်မှ ထို ဖလား ကိုခံယူ ၍၊ ထာဝရဘုရား သည် ငါ့ ကို စေလွှတ် တော်မူသော လူမျိုး အပေါင်း တို့ကို သောက် စေ၏။ ၁၈ ထိုလူမျိုးများဟူမူကား၊ ယနေ့ ရှိသည်အတိုင်း လူဆိတ်ညံ ရာ၊ အံ့သြဘွယ်ရာ၊ ကဲ့ရဲ့သံကိုကြားရာ၊ ကျိန်ဆဲ ရာဖြစ် စေခြင်းငှါ၊ သောက်ရသောယေရုရှလင် မြို့သူ၊ ယုဒ ပြည် သား၊ ယုဒရှင် ဘုရင်များ၊ မှူးမတ် များ၊ ၁၉ အဲဂုတ္တု ပြည်ကို အစိုးရ သောဖာရော ဘုရင် အစရှိသောသူ ၏ ကျွန် ၊ မှူးမတ် ၊ ပြည်သူ ပြည်သား၊ သူတို့နှင့် ရောနှောသော တပါးအမျိုးသား ရှိသမျှ ၊ ၂၀ ဥဇ မင်းအပေါင်း ၊ ဖိလိတ္တိ မင်း အပေါင်း ၊ အာရှကေလုန် ပြည်သား၊ ဂါဇ ပြည်သား၊ ဧကြုန် ပြည်သား၊ ကျန်ကြွင်း သော အာဇုတ် ပြည်သား၊ ၂၁ ဧဒုံ ပြည်သား၊ မောဘ ပြည်သား၊ အမ္မုန် ပြည်သား ၊ ၂၂ တုရု မင်း အပေါင်း ၊ ဇိဒုန် မင်း အပေါင်း ၊ ပင်လယ် တဘက် ၌ အစိုးရသောမင်း များ၊ ၂၃ ဒေဓန် ပြည်သား၊ တေမ ပြည်သား၊ ဗုဇ ပြည်သား၊ ပါးမုန်း ကိုရိတ် တတ်သော ပြည်သားရှိသမျှ ၊ ၂၄ အာရပ် မင်း အပေါင်း ၊ တော ၌ နေ ၍ အမျိုး မစစ် သော လူများကို အစိုးရသောမင်း အပေါင်း ၊ ၂၅ ဇိမရိ မင်း အပေါင်း ၊ ဧလံ မင်း အပေါင်း ၊ မေဒ မင်း အပေါင်း ၊ ၂၆ တပါးနှင့်တပါးနီး သည်ဖြစ်စေ၊ ဝေး သည်ဖြစ်စေ၊ မြောက် ပြည်မင်း ရှိသမျှ တို့နှင့်၊ မြေကြီး တပြင်လုံး ၌ ရှိသမျှ သော လောကီ နိုင်ငံ အပေါင်း ပါကြသတည်း။ နောက်ဆုံး ၌ ရှေရှက် ရှင်ဘုရင် သောက်ရမည်။ ၂၇ သင် တို့အလယ် သို့ ငါ စေလွှတ် သော ထား ကြောင့် သောက် ၍ ယစ်မူး ကြ။ အော့အန် ကြ၊ လဲ ကြ၊ နောက်တဖန် မ ထ ကြနှင့်ဟု ဣသရေလ အမျိုး၏ ဘုရား သခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူကြောင်းကို သူ တို့အား ဆင့်ဆို လော့။ ၂၈ သူတို့သည် သောက်ခြင်းငှါထိုဖလား ကို သင် ၏ လက် မှ မခံ၊ ငြင်းပယ် လျှင်လည်း၊ စင်စစ်သောက် ရကြမည် ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူကြောင်းကို သူ တို့အား ပြန်ပြော လော့။ ၂၉ အကြောင်း မူကား၊ ငါ ၏နာမ ဖြင့် သမုတ် သော မြို့ ကို ငါ သည် အပြစ်ပေးစ ပြုလျှင်၊ သင်တို့သည် ဒဏ် အလျှင်းမခံဘဲ နေရကြမည်လော။ ဒဏ် မခံဘဲမနေရကြ။ ငါ သည် မြေကြီး သား ရှိသမျှ တို့အဘို့

ထား ကို မှာ လိုက် မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ ၃၀ ထိုကြောင့် ၊ သင် သည် ပရောဖက် ပြုလျက် သူ တို့ အား ဟော ပြောရသောစကား များဟူမူကား၊ ထာဝရဘုရား သည် မြင့် သော အရပ် က ကြွေးကြော် တော်မူ မည်။ သန့်ရှင်း သော ဘုံဗိမာန် တော်က အသံ ကို လွှင့် တော်မူမည်။ ကျိန်းဝပ်တော်မူရာအရပ် ဌာန တဘက် ၌ ပြင်းစွာကြွေးကြော် တော်မူမည်။ စပျစ်သီးကို နင်းနယ် သောသူများ အော်ဟစ် သကဲ့သို့ ၊ မြေကြီး သား များ တဘက် ၌ အော်ဟစ် တော်မူမည်။ ၃၁ မြေကြီး စွန်း တိုင်အောင် အသံ နှံ့ ပြား လိမ့်မည်။ ထာဝရဘုရား သည် လူ အမျိုးမျိုးတို့နှင့် တရား တွေ့စရာ အကြောင်းရှိ၍၊ ခပ်သိမ်း သော သတ္တဝါ တို့ကို အမှုလုပ် တော်မူမည်။ ဆိုး သောသူတို့ကို ထား နှင့်ကွပ်မျက်စေခြင်းငှါ အပ် တော်မူမည်ဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၃၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဘေး သည် တပြည် မှ တပြည် သို့ ကူး သွားလိမ့်မည်။ မြေကြီး အစွန်း အနားတို့ မှ ပြင်းစွာ သော လေဘွေ သည် ထ လိမ့်မည်။ ၃၃ ထိုအခါ ထာဝရဘုရား ကွပ်မျက် တော်မူခြင်းကို ခံရသောသူတို့ သည် မြေကြီး တဘက် မှ တဘက် တိုင်အောင် နှံ့ ပြားကြလိမ့်မည်။ သူတို့ကို မ မြည်တမ်း ရ။ မ စု မပုံရ။ မ သင်္ဂြိဟ် ရ။ မြေ ပေါ် မှာ မစင် ကဲ့သို့ ဖြစ်ကြ လိမ့်မည်။ ၃၄ အို သိုးထိန်း တို့၊ ဝိုင်ကြွေး အော်ဟစ်ကြလော့။ အို သိုး ကြီး သိုးမြတ်တို့၊ ပြာ၌လူးလည်းလျက်နေကြလော့။ သင် တို့ကိုသတ် ရသောအချိန် ရောက် လေပြီ။ အရပ်ရပ်သို့ ငါမောင်းသဖြင့်၊ သင်တို့သည် အဘိုး ထိုက်သော တန်ဆာ ကျ သကဲ့သို့ ဖြစ်ရကြလိမ့်မည်။ ၃၅ သိုးထိန်း တို့သည် ပြေးစရာလမ်းမရှိ။ သိုး ကြီး သိုးမြတ်တို့သည် လွတ် ရာလမ်းကို ရှာ၍ မတွေ့ရကြ။ ၃၆ သိုးထိန်း များ ဝိုင်ကြွေး သံ နှင့် သိုး ကြီး သိုးမြတ်များ မြည်သံ ကိုကြားရ၏။ အကြောင်း မူကား၊ ထာဝရဘုရား သည် သူ တို့ကျက်စား ရာအရပ်ကို ဖျက်ဆီး တော်မူ၏။ ၃၇ ထာဝရဘုရား သည်ပြင်းစွာ အမျက် ထွက်တော်မူသော အားဖြင့် ငြိမ်ဝပ် စွာ နေရာ အရပ်တို့ သည်လည်း ပယ်ရှင်း ဖျက်ဆီးခြင်းကိုခံရကြ၏။ ၃၈ ခြင်္သေ့ ဘာသာဓလေ့၊ နေတော်မူရာခြုံ ကို စွန့် ထွက်တော်မူပြီ။ ညှဉ်းဆဲ သောသူ ၏ပြင်းထန်ခြင်း၊ ပြင်းစွာ အမျက် ထွက်ခြင်းအားဖြင့် ၊ သူ တို့ ပြည် သည် လူဆိတ်ညံ ရာအရပ် ဖြစ်ရ၏။

၂၆ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် နန်း ထိုင်စ က ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ရောက် လာ ၍၊ ၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဗိမာန် တော်၌ ကိုးကွယ် အံ့သောဘုံ ရောက် လာသောယုဒ မြို့ သူရွာသားအပေါင်း တို့အား ဆင့်ဆို စေခြင်းငှါ ၊ ငါသည်သင် ၌ မှာ ထားသမျှ သောစကား တို့ကို ဗိမာန် တော် တန်တိုင်း ထဲမှာ ရပ် လျက်၊ သူ တို့အား ပြန်ပြော လော့။ တခွန်း ကိုမျှ မ ထိမ် မဝှက်နှင့်။ ၃ သူတို့သည် နားထောင် ၍ ၊ အသီးအသီး မိမိ တို့ အဓမ္မ လမ်း မှ လွှဲရှောင် ကောင်း လွှဲရှောင်ကြလိမ့်မည်။ ငါ သည်လည်း သူ တို့ပြု သောဒုစရိုက် ကြောင့် အပြစ် ပေး မည်ဟု ကြံစည် ခြင်းကို နောင်တရ မည်။ ၄ သို့ ဖြစ်၍၊ သင်သည် ဆင့်ဆိုရမည်မှာ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်တို့သည် ငါ့ စကားကို နား မ ထောင်၊ သင် တို့ ၌ ငါထား သော ပညတ် တရားလမ်း သို့ မလိုက် ၊ ၅ ငါ သည် စောစော ထ၍ သင် တို့ရှိရာသို့ အထပ်ထပ် စေလွှတ် သော ငါ ၏ကျွန် ပရောဖက် တို့၏ စကား ကို နား မထောင်ဘဲနေသကဲ့သို့၊ ယခုလည်း နား မ ထောင်ဘဲ နေလျှင် ၊ ၆ ဤ အိမ် ကို ရှိလော ရှာကဲ့သို့ ငါဖြစ် စေမည်။ ဤ မြို့

ကိုလည်း ၊ မြေ ပေါ် မှာ လူ အမျိုးမျိုး ကျိန်ဆဲ သော မြို့ဖြစ် စေမည်ဟု မိန့်တော်မူ၏။ ၇ ထို စကား ကို ဗိမာန် တော်၌ ယေရမိ ဟောပြော သည်ကို ယဇ် ပုရောဟိတ်များ၊ ပရောဖက် များ၊ လူ များ အပေါင်း တို့သည် ကြား ကြ၏။ ၈ လူ များအပေါင်း တို့အား ဆင့်ဆို စေခြင်းငှါ ၊ ထာဝရဘုရား မှာ ထားတော်မူသမျှ သော စကားတော်ကို အကုန်အစင်ဟော ပြောပြီး မှ၊ ယဇ်ပုရောဟိတ် ၊ ပရောဖက် ၊ လူ များအပေါင်း တို့သည် ယေရမိ ကို ဘမ်းဆီး ၍၊ သင်သည် အသေ သတ်ခြင်းကို အမှန်ခံရမည်။ ၉ ဤ အိမ် တော်သည် ရှိလော ရွာကဲ့သို့ ဖြစ် လိမ့်မည် ။ ဤ မြို့ သည် လူမ ရှိ ၊ ဆိတ်ညံ ရာအရပ်ဖြစ်လိမ့်မည်ဟု သင်သည် ထာဝရဘုရား ၏နာမ တော်ကို အမှီ ပြု၍ အဘယ်ကြောင့် ဟော သနည်းဟုပြော ဆိုလျက် ၊ လူ များ အပေါင်း တို့သည် ဗိမာန် တော်တွင် ယေရမိ တဘက် ၌ စုဝေး ကြ၏။ ၁၀ ယုဒ မှူးမတ် တို့သည် ထို အမှု ကို ကြားသိ သောအခါ ၊ နန်းတော် မှ ဗိမာန် တော်သို့လာ ၍ ၊ ဗိမာန် တော် တံခါး သစ် အတွင်း၌ ထိုင် ကြ၏။ ၁၁ ယဇ်ပုရောဟိတ် နှင့် ပရောဖက် တို့က၊ ဤ သူ သည် အသေ ခံထိုက် ပေ၏။ သင်တို့သည် ကိုယ် နား နှင့် ကြား သည်အတိုင်း ၊ ဤ မြို့ ကို ဆန့်ကျင် ဘက်ပြု၍ ဟော ပြောပါပြီတကားဟု မှူးမတ် အစရှိ သော လူ များ အပေါင်း တို့အား ပြော ဆိုကြ၏။ ၁၂ ယေရမိ ကလည်း ၊ သင်တို့ကြား သမျှ အတိုင်း၊ ဤ အိမ် တော်နှင့် ဤ မြို့ တော်ကို ဆန့်ကျင် ဘက်ပြု၍ ဟော ပြောစေခြင်းငှါ ၊ ထာဝရဘုရား သည် ငါ့ ကို စေလွှတ် တော်မူပြီ။ ၁၃ ယခု မှာသင် တို့၏ ကျင့်ကြံ ပြုမူ ခြင်းတို့ကို ပြောင်းလဲ ကြလော့။ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ၏ စကား တော်ကို နားထောင် ကြလော့။ သို့ပြုလျှင် ၊ ထာဝရဘုရား သည် သင် တို့ ၌ ဘေးဥပဒ် ရောက်စေမည်ဟု ခြိမ်း တော်မူသော်လည်း၊ တဖန် နောင်တရ တော်မူလိမ့်မည်။ ၁၄ ငါ မူကား၊ သင် တို့လက် ၌ ရှိပါ၏။ သင် တို့စိတ် ၌ ဖြောင့်မတ် လျောက်ပတ် သည်ဟု ထင်သည်အတိုင်း ၊ ငါ့ ကို ပြု ကြလော့။ ၁၅ သို့ရာတွင် ၊ ငါ့ ကိုသတ် လျှင် အပြစ် မရှိသောအသွေး ကို သင် တို့သည် ကိုယ် အပေါ် သို့ငင်း ၊ ဤ မြို့ နှင့် မြို့ သား တို့အပေါ် သို့ငင်း စင်စစ်ရောက် စေလိမ့်မည်ဟု ဧကန်အမှန် သိမှတ် ကြလော့။ ဤ စကား အလုံးစုံ တို့ကို သင် တို့အား ကြား ပြောမည်အကြောင်း၊ ထာဝရဘုရား သည် ငါ့ ကို စင်စစ် စေလွှတ် တော်မူပြီဟု မှူးမတ် အစ ရှိသောလူ များအပေါင်း တို့အား ပြော ဆိုလေ၏။ ၁၆ ထိုအခါ မှူးမတ် အစ ရှိသော လူ များအပေါင်း တို့ က၊ ဤ သူ သည် အသေခံ ထိုက်သည်မ ဟုတ်။ ငါ တို့ဘုရား သခင် ထာဝရဘုရား ၏ နာမ တော်ကို အမှီပြု ၍၊ ငါ တို့ အား ဟော ပြောလေပြီဟု ယဇ်ပုရောဟိတ် နှင့် ပရောဖက် တို့အား ပြော ဆိုကြ၏။ ၁၇ ပြည် သား အသက်ကြီး သူ အချို့ကလည်း ၊ ယုဒ ရှင်ဘုရင် ဟေဇကိ လက်ထက် ၊ မောရရှ္ဂ ရွာသားမိက္ခါ သည် ပရောဖက် ပြုလျက်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၁၈ ဇိအုန် တောင်သည် လယ် ကဲ့သို့ထွန် ခြင်းကိုခံရလိမ့်မည်။ ယေရုရှလင် မြို့သည်လည်း၊ မြေပုံ များဖြစ်လိမ့်မည်။ ဗိမာန် တော်တောင် သည်လည်း၊ တော တောင် ကဲ့သို့ ဖြစ် လိမ့်မည်ဟု ယုဒ ပြည်သား အပေါင်း တို့အား ဟောပြော ၏။ ၁၉ ထိုအခါ ယုဒပြည်သားအပေါင်းတို့နှင့်တကွ၊ ယုဒ ရှင်ဘုရင် ဟေဇကိ သည် ထိုပရောဖက် ကိုသတ် သလော။ ထိုမင်းသည် ထာဝရဘုရား ကို ကြောက်ရွံ့ သည် မ ဟုတ်လော။ ရှေ့တော်၌ တောင်းပန် သည် မဟုတ်လော။ ထာဝရဘုရား သည် သူ

တို့ ၌ ဘေးဥပဒ် ကို ရောက် စေမည် ဟု ခြိမ်း တော်မူသော်လည်း၊ တဖန် နောင်တရ တော်မူသည် မဟုတ်လော။ ငါ တို့မူကား၊ ကိုယ်အကျိုး ကို ဖျက်ဆီး ခြင်းငှါပြုကြသည်တကားဟု စည်းဝေး သောသူ အပေါင်း တို့အား ပြော ဆိုကြ၏။ ၂၀ ကိရယတ် ယာရိမ်မြို့ နေ၊ ရှေမာယ ၏သား ဥရိယ သည်လည်း၊ ထာဝရဘုရား ၏ နာမ တော်ကို အမှီပြု ၍၊ ထို မြို့ နှင့် ထိုပြည် တဘက် ၌ ပရောဖက် ပြု၍၊ ယေရမိ ဟောပြောသောစကား နှင့် တညီတညွတ်းဟောပြော ၏။ ၂၁ ယောယကိမ် မင်းကြီး နှင့် မင်း များ၊ မှူးမတ် များ အပေါင်း တို့သည် ထိုပရောဖက် ၏ စကား ကို ကြား သောအခါ၊ သူ့ ကိုသတ် အံ့သောငှါမင်းကြီး သည် ရှာကြံ ၏။ ထိုသိတင်းကိုကြား လျှင်၊ ဥရိယ သည်ကြောက် ၍၊ အဲဂုတ္တု ပြည်သို့ ပြေး သွားလေ၏။ ၂၂ ယောယကိမ် မင်းကြီး သည် အာခဗော် သား ဧလနာသန် နှင့်တကွ လူ အချို့တို့ကို အဲဂုတ္တု ပြည်သို့ စေလွှတ် ၍၊ ၂၃ ထိုသူတို့သည် ဥရိယ ကို အဲဂုတ္တု ပြည်မှ ယောယကိမ် မင်း ထံသို့ ပို့ဆောင် သဖြင့်၊ မင်းကြီးသည် ဥရိယ ကို ထား နှင့် သတ် ၍၊ အသေ ကောင်ကို ဆင်းရဲသား တို့၏ သင်္ချိုင်း ၌ ပစ် ထားလေ၏။ ၂၄ သို့ သော်လည်း၊ ရှာဖန် သား အဟိကံ သည် ယေရမိ ကို မစသောကြောင့်၊ အသေခံ စေခြင်းငှါ လူ များ တို့ လက် သို့ မ အပ် ရ။

၂၇ ယုဒ ရှင်ဘုရင် ယောရှိ သား ဧဒေကိ မင်းနန်း ထိုင် စ က၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာ၍၊ ၂ ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား၊ ကြိုး နှင့် ထမ်းဘိုး များကိုလုပ် ၍၊ သင် ၏လည်ပင်း ၌ တပ် လော့။ ၃ ယုဒ ရှင်ဘုရင် ဧဒေကိ ထံ၊ ယေရုရှလင် မြို့သို့ ရောက် လာသောသံတမန် တို့တွင်၊ ထို ကြိုးနှင့် ထမ်းဘိုးတို့ကို ဧဒုံ မင်း၊ မောဘ မင်း၊ အမ္မုန် မင်း၊ တုရု မင်း၊ ဇိဒုန် မင်း သို့ ပေး လိုက်လော့။ ၄ ထိုသံတမန်တို့အားလည်း၊ သင်တို့သည် သင် တို့အရှင် များတို့အား ဆင့်ဆို ရမည်မှာ၊ ကြွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ၅ ငါသည် မဟာ တန်ခိုး နှင့် လက်ရုံး ကို ဆန့် လျက် မြေကြီး ကိုဂင်း၊ မြေကြီး ပေါ် မှာ ရှိသော လူ နှင့် တိရစ္ဆာန် တို့ကိုဂင်းဖန်ဆင်း သည်ဖြစ်၍၊ ငါသည် ပေးလို သောသူ တို့အား ပေး ၏။ ၆ ယခု မှာ ဤ ပြည် ရှိသမျှ တို့ကို ငါ့ ကျွန် ဗာဗုလုန် ရှင်ဘုရင်၊ နေဗုခဒ်နေဇာ လက် သို့ ငါ အပ်ပေး ပြီ။ သူ စေစား ဘို့ရာ တော တိရစ္ဆာန် များကိုလည်း ငါပေး ပြီ။ ၇ သူ ၏နိုင်ငံ ဆုံးချိန် မ ရောက် မီတိုင်အောင်၊ ဤ ပြည် သားအပေါင်း တို့သည် သူ၏အမှုနှင့် သူ ၏သား မြေး အမှုကို ဆောင်ရွက် ရကြမည်။ ထိုအချိန်ရောက်မှ၊ များစွာ သော လူမျိုး တို့နှင့် ကြီး သောရှင် ဘုရင်တို့သည် သူ့ ကို စေစား ကြလိမ့်မည်။ ၈ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ၏ အစေ ကိုမ ခံ၊ သူ၏ထမ်းဘိုး ကို မ ထမ်း လိုသော တိုင်း နိုင်ငံရှိသမျှကို၊ သူ ၏လက် ၌ ဆုံးရှုံး စေခြင်းငှါ၊ ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးဖြင့် ငါအပြစ် ပေးမည်။ ၉ သို့ ဖြစ်၍၊ သင် တို့သည် ဗာဗုလုန် ရှင်ဘုရင် ၏ အစေ ကို မ ခံရဟု၊ သင် တို့အား ပြော တတ်သော ပရောဖက်၊ အနာဂတ် ဆရာ၊ အိပ်မက် မြင်သောဆရာ၊ နတ် ဝိဇ္ဇာ ဆရာ၊ ပြုစား တတ်သော ဆရာတို့၏ စကားကို နား မ ထောင်ကြနှင့်။ ၁၀ ထိုသူတို့သည် သင်တို့ကို သင် တို့ ပြည် မှ အဝေးသို့ ရွှေ့ သွားစေခြင်းငှါ၊ သင် တို့ကို ငါနှင်ထုတ် ၍ ဆုံးရှုံး စေခြင်းငှါဘင်း မုသာ စကားကို ဟော ပြောတတ်ကြ၏။ ၁၁ ဗာဗုလုန် ရှင်ဘုရင် ၏ ထမ်းဘိုး ထမ်း ၍၊ သူ ၏ အစေ

ကိုခံသော လူမျိုးတို့အား၊ မိမိ တို့ ပြည် ၌ နေ ရသော အခွင့်ကို ငါပေးသဖြင့် ၊ သူတို့သည် မိမိတို့မြေ၌ လုပ် ၍ နေ ရကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ ထို စကား တော်ရှိသမျှ ကို ငါပြန်၍ ယုဒ ရှင်ဘုရင် ဧဒေကိ အား လျှောက် ဆိုသည်ကား၊ ဗာဗုလုန် ရှင်ဘုရင် ၏ ထမ်းဘိုး ကိုထမ်း ၍ ၊ သူ နှင့် သူ ၏လူ များ အစေ ကို ခံလျက်၊ အသက် ချမ်းသာပါလော့။ ၁၃ ဗာဗုလုန် ရှင်ဘုရင် ၏ အစေ ကိုမ ခံသော လူမျိုး ကို ထာဝရဘုရား ရည်မှတ်၍ မိန့် တော်မူသည်အတိုင်း ၊ ကိုယ်တော် နှင့် ကိုယ်တော် ၏ လူ တို့သည် ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးဖြင့် အဘယ်ကြောင့် သေ ရပါမည်နည်း။ ၁၄ သင်တို့သည် ဗာဗုလုန် ရှင်ဘုရင် ၏ အစေ ကို မ ခံရဟု၊ သင် တို့အား ဟောပြော သောပရောဖက် တို့၏ စကား ကို နား မ ထောင်ကြနှင့်။ သူ တို့သည် မုသာ စကားကို ဟော ပြောတတ်ကြ၏။ ၁၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်တို့နှင့် သင် တို့အား ဟော ပြောသော ပရောဖက် တို့ကို ငါ နှင်ထုတ် ၍ ဆုံးရှုံး စေခြင်းငှါ၊ ငါမ စေလွှတ် ဘဲ သူ တို့သည် ငါ့ နာမ ကို အမှီပြု ၍ မုသာ စကားကို ဟော ပြောတတ်ကြ ၏။ ၁၆ ယဇ်ပုရောဟိတ် တို့နှင့် လူ အပေါင်း တို့အား လည်း ၊ ထာဝရဘုရား ၏ အမိန့် တော်ကို ငါပြန်ပြော သည် ကား ၊ ကာလ မ ကြာမမြင့်မီ၊ ဗိမာန် တော် တန်ဆာ တို့ကို ဗာဗုလုန် မြို့မှ တဖန် ဆောင် ခဲ့လိမ့်မည်ဟု သင် တို့အား ဟောပြော သော ပရောဖက် တို့၏ စကား ကို နား မ ထောင်ကြနှင့်။ သူ တို့သည် မုသာ စကားကို ဟော ပြောတတ် ကြ၏။ ၁၇ သူ တို့၏စကားကို နား မ ထောင်ကြနှင့်။ ဗာဗုလုန် ရှင်ဘုရင် ၏ အစေ ကိုခံ၍ ၊ အသက် ချမ်းသာကြလော့။ ဤ မြို့ သည် အဘယ်ကြောင့် ပျက်စီး ခြင်းသို့ရောက် ရ မည်နည်း။ ၁၈ သူ တို့သည် ထာဝရဘုရား ၏ ဗျာဒိတ် တော်ကိုခံ ၍၊ ပရောဖက် မှန် လျှင် ၊ ဗိမာန် တော်၌ ၎င်း ၊ နန်းတော် ၌ ၎င်း ၊ ယေရုရှလင် မြို့၌ ၎င်း ကျန် ကြွင်းသေးသော တန်ဆာ တို့ကို ဗာဗုလုန် မြို့သို့ ယူ၍မ သွား ရမည်အကြောင်း၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရားအား တောင်းပန် ကြလော့။ ၁၉ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ယုဒ ရှင်ဘုရင် ယောယကိမ် သား ယေခေါနိ အစရှိသော ယုဒ ပြည် ယေရုရှလင် မြို့ မှူး တော်မတ်တော်အပေါင်း တို့ကို၊ ၂၀ ယေရုရှလင် မြို့မှ ဗာဗုလုန် မြို့သို့ သိမ်း သွားသောအခါ ၊ ထိုရှင်ဘုရင်သည် မ သိမ်း မယူ၊ ၂၁ ဗိမာန် တော်၌၎င်း ၊ နန်းတော် ၌၎င်း ၊ ယေရုရှလင်မြို့ ၌ ၎င်း ကျန် ကြွင်းသေး သောတိုင် ၊ ရေကန် ၊ ရေကန်အခြေအမြစ် များ၊ ကျန်ကြွင်း သေးသောတန်ဆာ များတို့ကို ရည်မှတ် ၍၊ ကွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၂၂ ထိုတန်ဆာ တို့ကို ဗာဗုလုန် မြို့သို့ ယူသွား ရ လိမ့်မည်။ ငါ အကြည့်အရှု မ ကြွလာမှီတိုင်အောင်၊ ထို မြို့၌ ရှိ နေရကြလိမ့်မည်။ ငါကြွလာသောအခါ ၊ ထိုတန်ဆာတို့ကို ငါဆောင် ခဲ့၍ ၊ ဤ အရပ် ၌ ပြန်ထား မည်ဟု မိန့် တော်မူ၏။

၂၈ ထိုနှစ်တည်းဟူသောယုဒ ရှင်ဘုရင် ဧဒေကိ နန်းစံစတုတ္ထ နှစ် ၊ ပဉ္စမ လ တွင် ၊ ဂိဗောင် မြို့နေ၊ အာဇုရ သား ဟာနနိ က၊ ၂ ကွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဗာဗုလုန် ရှင်ဘုရင် ၏ ထမ်းဘိုး ကို ငါချိုး မည်။ ၃ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ဤ အရပ် မှ ဗာဗုလုန် မြို့သို့ ယူသွားသောဗိမာန် တော် တန်ဆာ အလုံးစုံ တို့ကို နှစ် နှစ်အတွင်း တွင်၊ ဤ အရပ် သို့ ငါ ဆောင် ခဲ့ဦးမည်။ ၄

ဗာဗုလုန် မြို့သို့ သိမ်း သွားသော ယုဒ ပြည်သား အပေါင်း တို့နှင့်တကွ၊ ယုဒ ရှင်ဘုရင် ယောယကိမ် သား ယေခေါနိ မင်းကိုလည်း ၊ ဤ အရပ် သို့ ငါ ဆောင် ခဲ့ဦးမည်။ ဗာဗုလုန် ရှင်ဘုရင် ၏ ထမ်းဘိုး ကို ငါချိုး မည်ဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို၊ ဗိမာန် တော်၌ ယဖ ပုရောဟိတ်များ၊ လူ များအပေါင်း တို့ ရှေ့ မှာ ငါ့အား ပြောဆို၏။ ၅ ထိုအခါ ပရောဖက် ယေရမိ သည် ဗိမာန် တော်၌ ရပ် နေသောယဖ ပုရောဟိတ်များနှင့် လူ များအပေါင်း တို့ ရှေ့ မှာ၊ ပရောဖက် ဟာနနိ အား ပြန်ပြော သည်ကား၊ ၆ အာမင် ၊ ထာဝရဘုရား ပြု တော်မူပါစေသော။ ဗိမာန် တော်တန်ဆာ များနှင့်တကွ ၊ ဤ အရပ် မှ ဗာဗုလုန် မြို့သို့ သိမ်း သွားသော သူများအပေါင်း တို့ကို၊ ထာဝရဘုရား သည် တဖန်ဆောင် ခဲ့၍၊ သင်ဟောပြော သော စကား မှန် ကြောင်းကို ပြ တော်မူပါစေသော။ ၇ သို့ရာတွင် ၊ သင် နှင့် တကွလူ အပေါင်း တို့အား ငါ ယခု ဟောပြော သော စကား ကို နားထောင် လော့။ ၈ ငါ တို့မဖြစ်မီ ရှေး ကာလ၌ ဖြစ်ဘူးသော ပရောဖက် တို့သည်၊ များပြား သော ပြည် ၊ အားကြီး သော တိုင်း နိုင်ငံတို့ကို ရည်မှတ်၍၊ စစ်တိုက် မည်အကြောင်း ၊ ဘေး ရောက်မည်အကြောင်း ၊ ကာလနာ ပေါ်မည်အကြောင်း တို့ကို ဟော ပြောတတ်ကြ၏။ ၉ ငြိမ်ဝပ် မည်အကြောင်း ကို ဟောပြော သော ပရောဖက် ရှိလျှင်၊ သူ ၏ စကား ပြည့်စုံ သောအခါ စင်စစ်ထာဝရဘုရား စေလွှတ် တော်မူသော ပရောဖက် ဖြစ် ကြောင်း ထင်ရှား လိမ့်မည်ဟု ပြောဆို၏။ ၁၀ ထိုအခါ ပရောဖက် ဟာနနိ သည် ပရောဖက် ယေရမိ လည်ပင်း မှ ထမ်းဘိုး ကို ယူ ၍ ချိုး လျက် ၊ ၁၁ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ထိုသို့ လူ အမျိုးမျိုး တို့၏ လည်ပင်း ပေါ် မှာ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ တင်သောထမ်းဘိုး ကိုနှစ် နှစ်အတွင်းတွင် ငါချိုး ပယ်မည်ဟု မိန့် တော်မူကြောင်းကို၊ လူ အပေါင်း တို့ရှေ့ မှာ ပြောဆို ၏။ ထို အခါ ပရောဖက် ယေရမိ သည် ထွက် သွားလေ၏။ ၁၂ ပရောဖက် ဟာနနိ သည် ပရောဖက် ယေရမိ ၏ လည်ပင်း မှ ထမ်းဘိုး ကို ချိုး ပယ်သောနောက် ၊ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာသည်ကား၊ ၁၃ သင်သွား ၍ ထာဝရဘုရား ၏ အမိန့် တော်ကို ဟာနနိ အား ဆင့်ဆို ရမည်မှာ၊ သင်ချိုး သော သစ်သား ထမ်းဘိုး အစား ၊ သံ ထမ်းဘိုး ကို လုပ် ရမည်။ ၁၄ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ လူမျိုး ရှိသမျှ တို့သည် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ၏ အစေ ကိုခံစေခြင်းငှါ ၊ သူတို့လည်ပင်း ပေါ် မှာ သံ ထမ်းဘိုး ကို ငါတင် ပြီ။ ထိုသူတို့သည် ထိုမင်း ၏ အစေ ကိုခံ ရကြမည်။ တော တိရစ္ဆာန် များကိုလည်း ၊ သူ ၌ ငါအပ်ပေး ပြီဟု မိန့်တော်မူ၏။ ၁၅ ပရောဖက်ယေရမိ ကလည်း ၊ ဟာနနိ၊ နားထောင် လော့။ ထာဝရဘုရား သည် သင့် ကို စေလွှတ် တော်မ မူ။ ဤ လူမျိုး သည် မုသာ ၌ ခိုလှုံမည်အကြောင်းကို သင် ပြု တတ်၏။ ၁၆ ထိုကြောင့်၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည်ထာဝရဘုရား ကို ပုန်ကန် စေခြင်းငှါ သွန်သင် သောကြောင့် ၊ သင့် ကို မြေပြင် မှ ငါ ပယ်ရှင်း မည်။ ယခုနှစ် တွင် သင် သည် သေ ရမည်ဟု ပရောဖက်ဟာနနိ အား ပြောဆို ၏။ ၁၇ ထိုသို့ နှင့်အညီပရောဖက် ဟာနနိ သည် ထို နှစ် တွင် ၊ သတ္တမ လ ၌ သေ လေ၏။

JC ရှင်ဘုရင် ယေခေါနိ နှင့်တကွ မိဖုရား အစ ရှိသောမိန်းမစိုး များ၊ ယုဒ ပြည် ယေရုရှလင် မြို့မှူး တော်မတ်တော်များ၊ လက်သမား ၊ ပန်းပဲသမား များတို့သည် ယေရုရှလင် မြို့မှ သွား သောနောက် ၊ ၂ ယုဒ ရှင်ဘုရင် ဧဒေကိ သည် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ထံ ၊ ဗာဗုလုန် မြို့သို့စေလွှတ် သော ရှာဖန် သား ဧလာသာ နှင့် ဟိလခိ သား ဂေမရိ တွင်၊ ပရောဖက် ယေရမိ သည်စာရေး၍ ၃ ယေရုရှလင် မြို့မှ ဗာဗုလုန် မြို့သို့ နေဗုခဒ်နေဇာ သိမ်းသွား ခြင်းကိုခံရသော အသက်ကြီး သူ၊ ယဇ်ပုရောဟိတ် ၊ ပရောဖက် ၊ ဆင်းရဲသားကျန်ကြွင်းသမျှတို့နေရာသို့ ယေရုရှလင် မြို့မှ ပေးလိုက်သော စာဟူမူကား၊ ၄ ကြသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ယေရုရှလင် မြို့မှ ဗာဗုလုန် မြို့သို့ သိမ်း သွားစေတော်မူသော သူအပေါင်း တို့ အား မိန့် တော်မူသည်ကား ၊ ၅ အိမ် တို့ကိုဆောက် ၍ နေရာချ ကြလော့။ ၆ ဥယျာဉ် တို့ကို စိုက်ပျိုး ၍ အသီး ကို စား ကြလော့။ သင်တို့သည် ထို ပြည်၌ ခေါင်းပါး ခြင်းမ ရှိ၊ တိုးပွား များပြားမည်အကြောင်း၊ မယား နှင့်နေ ၍ သား သမီး ကို ဘွားမြင် ကြလော့။ သား သမီး တို့ကိုလည်း၊ အချင်းချင်းတယောက်ကိုတယောက်ပေးစား ၍၊ တဖန် သား သမီး ကို ဘွားမြင် စေကြလော့။ ၇ ငါသည် သင် တို့ကို သိမ်း သွားစေသော မြို့ သည်လည်း ၊ ငြိမ်သက် ခြင်းရှိမည်အကြောင်းကို ပြုစု ၍၊ ထို မြို့အဘို့ အလိုငှာ၊ ထာဝရဘုရား အား မေတ္တာ ပို့ကြလော့။ ထိုမြို့ ၏ငြိမ်သက် ခြင်းအားဖြင့် ၊ သင် တို့သည်လည်း ငြိမ်သက် ခြင်းရှိ ကြလိမ့်မည်။ ၈ ကြသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့တွင် ရှိသော ပရောဖက် ဆရာ၊ အနာဂတ် ဆရာတို့သည် သင် တို့ကို မ လှည့်စား ကြစေနှင့်။ သင် တို့ မြင် စေသော အိပ်မက် တို့ကို လည်း မ ယုံ မမှတ်ကြနှင့်။ ၉ တဖန်မိန့်တော်မူသည်ကား၊ ထိုဆရာ တို့သည် ငါစေလွှတ် သောသူမဟုတ် ဘဲ၊ ငါ့ နာမ ကို အမှီပြု ၍ မုသာ စကား ကို ဟော ပြောတတ်ကြ၏။ ၁၀ တဖန်မိန့် တော်မူသည်ကား ၊ ဗာဗုလုန် မြို့၌ အနှစ် ခုနစ်ဆယ် စေ့ သောအခါ၊ သင် တို့ကို ငါအကြည့်အရှု ကြွ လာမည်။ ငါ ထားသော ဂတိ ကောင်း ကိုတည် စေ၍၊ သင် တို့ကို ဤ ပြည် သို့ ငါပို့ဆောင် ဦးမည်။ ၁၁ တဖန်မိန့် တော်မူ သည်ကား၊ ငါ သည် သင် တို့ကိုအကျိုးနည်း စေခြင်းငှာ ကြံစည်သော အကြံမဟုတ် ဘဲ၊ သင်တို့သည် မျှော်လင့် သော အကျိုးကိုရ မည်အကြောင်း ၊ ငြိမ်ဝပ် စေခြင်းငှာသာ၊ သင် တို့အဘို့ ကြံစည် သော အကြံ တို့ကို ငါ သိ ၏။ ၁၂ တဖန် မိန့်တော်မူ သည်ကား၊ သင်တို့သည် ငါ့ ကိုခေါ် ၍ သွား လာကြလိမ့်မည်။ ဆုတောင်း သောအခါ သင် တို့စကားကို ငါနားထောင် မည်။ ၁၃ ငါ့ ကိုရှာ သောအခါ စိတ်နှလုံး အကြွင်းမဲ့ နှင့် ရှာ လျှင် တွေ့ ကြလိမ့်မည်။ ၁၄ ငါသည်လည်း၊ သင် တို့အတွေ့ ကိုခံ မည်။ အထက်က ငါနှင်ထုတ်၍ သင် တို့ခံရသောသိမ်းသွား ခြင်း အမှုကို ငါသည် ဖြေရှင်းခြင်းငှာ၊ တိုင်း နိုင်ငံအရပ်ရပ် တို့မှ သင် တို့ကို ငါစုသိမ်း ပြီးလျှင် ၊ အထက်က ငါနှင်ထုတ် ၍ သင် တို့ရှိုး သော ပြည် သို့ တဖန်ငါဆောင် ခဲ့ဦးမည်ဟုထာဝရဘုရား မိန့် တော်မူ၏။ ၁၅ ဗါဗိလုန် ၏ ရာဇ ပလ္လင်ပေါ် မှာထိုင် သော ရှင်ဘုရင် မှစ၍ ၊ ဤ မြို့ ၌ နေ သောသူ အပေါင်း တည်းဟူသော၊ သင် တို့နှင့်အတူ သိမ်း သွားခြင်းကို မ ခံရသော သင် တို့ ညီအစ်ကို များကိုရည်မှတ်၍၊ ၁၆ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သူ တို့အပေါ် မှာထား ဘေး၊ မွတ်သိပ် ခြင်း ဘေး၊ ကာလနာ ဘေးတို့ကို

ငါ စေလွှတ် မည်။ မ စား နိုင်အောင် အလွန်ညှဉ့် သော သဘော် သဖန်းသီးကဲ့သို့ ငါဖြစ် စေမည်။ ၁၇ သူတို့ကို ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးဖြင့် ငါညှဉ်းဆဲ မည်။ ငါနှင် ရာအရပ်ရပ် တို့ ၌ လူ အမျိုးမျိုး တို့တွင် ၊ သူတို့သည် ကျိန်ဆဲ ရာ၊ အံ့သြဘွယ်ရာ ၊ ကဲ့ရဲ့ သံကိုကြားရာ၊ အသရေ ရှုတ်ချရာဖြစ်မည် အကြောင်း ၊ မြေ ပေါ်မှာ တိုင်း နိုင်ငံရှိသမျှ တို့၏ နှောင့်ရှက် ခြင်းသို့ သူ တို့ကို ငါအပ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၈ အကြောင်းမူကား၊ ငါသည် စောစောထ ၍ ၊ အထပ်ထပ်မှာထားစေလွှတ် သော ငါ ၏ကျွန် ပရောဖက် တို့၏ စကား ကို သူတို့သည် နား မ ထောင်ကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၉ ထို့ကြောင့် သိမ်းသွားခြင်း ကို ခံရ၍၊ ယေရုရှလင် မြို့မှ ဗာဗုလုန် မြို့သို့ ငါစေလွှတ် သော သူအပေါင်း တို့၊ ထာဝရဘုရား ၏ စကား ကို နားထောင် ကြလော့ဟု မိန့်တော်မူ၏။ ၂၀ ထာဝရဘုရား သည် ငါတို့အဘို့ ပရောဖက်များ ကို ဗာဗုလုန်မြို့၌ ပေါ် ထွန်းစေတော်မူပြီဟု သင်တို့ဆိုကြသည်ဖြစ်၍၊ ၂၁ ကွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ ၏နာမ ကို အမှီပြု ၍ သင် တို့အား မုသာစကား ကို ဟော ပြောသော၊ ကောလာယ သား အာဟပ် နှင့် မာသေယ သား ဇေဒကိ တို့ကို ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ လက် သို့ ငါ အပ် ၍၊ ထိုမင်းသည် သူ တို့ကို သင် တို့မျက်မှောက် ၌ သတ် လိမ့်မည်။ ၂၂ ဗာဗုလုန် မြို့သို့ သိမ်း သွားခြင်းကို ခံရသောယုဒ အမျိုးသားအပေါင်း တို့က၊ ဗာဗုလုန် ရှင် ဘုရင်သည် မီးရှို့ သော ဇေဒကိ နှင့် အာဟပ် ကဲ့သို့ ၊ ထာဝရဘုရား သည် သင့် ကို ဖြစ် စေတော်မူပါစေဟု ထိုသူ တို့ကို ပုံဆောင် ၍ ကျိန်ဆဲ ကြလိမ့်မည်။ ၂၃ အကြောင်း မူကား၊ သူတို့သည် ကွသရေလ အမျိုး၌ အဓမ္မ အမှုကို ပြု ကြပြီ။ သူ့ မယား တို့ကို ပြစ်မှား ကြပြီ။ ငါမ မှာ ထားဘဲ၊ ငါ ၏နာမ ကို အမှီ ပြု၍ မုသာ စကား ကို ဟော ပြောကြပြီ။ ငါ သိ သည်အတိုင်း သက်သေ ဖြစ်သည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၄ နဟေလံ ရွာသား ရှေမာယ ကို လည်း ပြော ရမည်မှာ ၂၅ ကွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် သည် ငါ ၏နာမ ကို အမှီပြု ၍၊ ယဇ်ပုရောဟိတ် မာသေယ သား ဇေဖနိ အစ ရှိသော ယဇ် ပုရောဟိတ်များတို့နှင့် ယေရုရှလင် မြို့သား ရှိသမျှ တို့ကို စာ ပေး လိုက်၍၊ ၂၆ သင်သည် ဗိမာန် တော်၌ လူ စောင့်ကို ခန့်ထားသဖြင့်၊ ပရောဖက် လုပ်သော အရူး ရှိသမျှ ကို ထောင် ထဲမှာ လှောင်၍ ထိတ်ခတ် စေခြင်းငှာ၊ ထာဝရဘုရား သည် ယဇ်ပုရောဟိတ် ယောယဒ ၏ကိုယ်စား သင့် ကို ယဇ်ပုရောဟိတ် အရာ၌ ခန့် ထားတော်မူ၏။ ၂၇ သို့ ဖြစ်၍၊ သင် တို့တွင် ပရောဖက် လုပ်သော အာနသုတ် ရွာသား ယေရမိ ကို အဘယ်ကြောင့် မ ဆုံးမ သနည်း။ ၂၈ သူကလည်း၊ ဤအမှု ကြာ လိမ့်မည်။ အိမ် တို့ကို ဆောက် ၍ နေရာ ချကြလော့။ ဥယျာဉ် တို့ကို စိုက်ပျိုး ၍ အသီး ကို စား ကြလော့ဟု၊ ဗာဗုလုန် မြို့၌နေသောငါ တို့ကို မှာ လိုက်ပါပြီတကားဟု၊ ၂၉ ရှေမာယ ပေးလိုက် သောစာ ကို ယဇ်ပုရောဟိတ် ဇေဖနိ သည် ပရောဖက် ယေရမိ ရှေ့ မှာ ဘတ် လေ၏။ ၃၀ ထိုအခါ နဟေလံ ရွာသား ရှေမာယ ကို ရည်မှတ် ၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ မ စေလွှတ် ဘဲ ရှေမာယ သည် သင် တို့အား ပရောဖက် ပြု၍ မုသာ ၌ ခိုလှုံ စေသောကြောင့် ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၃၁ နဟေလံ ရွာသား ရှေမာယ နှင့် သူ ၏အမျိုး ကို ငါ သည် ဒဏ်ပေး မည်။ ဤ အမျိုးသား တို့တွင် ၊

သူ၏လူ တယောက် မျှ နေ ရသောအခွင့် မ ရှိ ရ။ ၃၂ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူသည် ထာဝရဘုရား ကို ပုန်ကန် စေခြင်းငှာသွန်သင် သောကြောင့် ၊ ငါ ၏လူမျိုး ၌ ငါ ပြု လတ္တံသော ကျေးဇူး ကို သူသည် မ မြင် ရဟု၊ သိမ်းသွား ခြင်းကို ခံရသောသူအပေါင်း တို့ကို စာပေး လိုက်ရမည်အကြောင်းထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာ၍ မှာ ထားတော်မူ၏။

၃၀ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာ၍၊ ၂ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင့် အား ငါပြော သမျှ သော စကား တို့ကို ရေး ထားလော့။ ၃ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယခု သိမ်း သွားခြင်းကို ခံရသောငါ ၏ လူ ဣသရေလ အမျိုးနှင့် ယုဒ အမျိုးသားတို့ကို ငါဆောင် ခဲ့ရသော အချိန် ကာလသည် ရောက် လိမ့်မည်။ သူ တို့ဘိုးဘေး တို့အား ငါပေး သော ပြည် သို့ ငါပြန် လာစေသဖြင့် ၊ သူတို့သည် ပိုင် ရကြလိမ့်မည်ဟု မိန့် တော်မူ၏။ ၄ ဣသရေလ အမျိုးနှင့် ယုဒ အမျိုးကို ရည်မှတ် ၍ ထာဝရဘုရား မိန့် တော်မူသော စကား ဟူမူကား ၊ ၅ ငါသည် ထိတ်လန့် ခြင်းစကား သံကို ကြား ရ၏။ ငြိမ်သက် ခြင်းမရှိ ။ ကြောက်ရွံ ဘွယ်သောအကြောင်းသာ ရှိ၏။ ၆ ယောကျ်ား သည် သားဘွား တတ်သလောဟုမေးမြန်း ကြည့်ရှု ကြလော့။ မိန်းမသည် သားဘွား ခြင်း ဝေဒနာကိုခံရသောအခါ၊ မိမိ ခါး ၌ လက် တင်သကဲ့သို့ ယောကျ်ား တိုင်း ပြု၍ ၊ ခပ်သိမ်း သောသူတို့ သည် မျက်နှာ ပျက် လျက်ရှိကြသည်ကို အဘယ်ကြောင့် ငါ မြင်ရသနည်း။ ၇ အလို လေး၊ ထို နေ့ ရက်ကား ခိုင်းနှိုင်း စရာမရှိ ။ ကြီး သောနေ့ရက်ဖြစ်၏။ ယာကုပ် အမျိုး၌ အမှု ရောက် သော နေ့ရက် ဖြစ်၏။ သို့ရာတွင် ၊ သူ တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြလိမ့်မည်။ ၈ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို နေ့ ရက်၌ သူ တို့ထမ်းရသောထမ်းဘိုး ကို သူ တို့လည်ပင်း မှ ငါချိုး ပယ်မည်။ သူ တို့ကို ချည်နှောင် သော ကြိုးများကို ငါဖြတ် မည်။ တပါး အမျိုးသား တို့သည် နောက် တဖန်သူ တို့ကို မ စေစား ရကြ။ ၉ သူတို့သည် မိမိ တို့ဘုရား သခင်ထာဝရဘုရား ၏ အမှုကိုငင်း ၊ သူ တို့အဘို့ ငါပေါ်ထွန်း စေလတ္တံသော ရှင်ဘုရင် ဒါဝိဒ် ၏အမှုကိုငင်း ဆောင်ရွက် ရကြမည်။ ၁၀ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုငါ့ ကျွန် ယာကုပ် ၊ မ ကြောက် နှင့်။ အို ဣသရေလ အမျိုး၊ စိတ် မ ပျက်နှင့်။ သင့် ကို ဝေး သောအရပ်မှ ငင်း ၊ သင် ၏ အမျိုးသား တို့ကို သိမ်းသွားရာ ပြည် မှ ငင်း ၊ ငါ နှုတ် ယူဆောင်ခဲ့သဖြင့် ၊ ယာကုပ် အမျိုးသည် ပြန်လာ ၍ ၊ ချောက်လှန့် သောသူမရှိ ၊ ငြိမ်ဝပ် ချမ်းသာ စွာ နေရလိမ့်မည်ဟု မိန့် တော်မူ၏။ ၁၁ တဖန်မိန့်တော်မူသည်ကား၊ သင့် ကို ကယ်တင် ခြင်းငှါ သင် နှင့် အတူငါ ရှိ၏။ ငါသည်သင့် ကို ငါကွဲပြား စေသော တိုင်း နိုင်ငံရှိသမျှ တို့ကို ဆုံး စေသော်လည်း ၊ သင့် ကိုမ ဆုံး စေ။ သို့ရာတွင် ၊ အပြစ် ကို ရှင်းရှင်းမလွှတ်ဘဲ၊ အတော်အတန် ဆုံးမ မည်။ ၁၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင့် အနာ သည် ပျောက် ခဲ၏။ သင် ခံရသောဝေဒနာ သည် ပြင်း လှ ၏။ ၁၃ သင့်အနာကို စည်း အုံ့သောငှါ အဘယ်သူမျှသင့် အမှု ကို မ စောင့် ။ အနာ ပျောက်စေနိုင်သော ဆေး ကို အဘယ်သူမျှမ ကု။ ၁၄ သင် ၏မိတ်ဆွေ ရှိသမျှ တို့သည် သင့် ကို မေ့လျော့ ၍ မ မေး မရှာဘဲနေကြ၏။ သင့် အပြစ် သည် ကြီး ၍၊ သင်ပြုသောဒုစရိုက် သည် များပြား သောကြောင့် ၊ ရန်သူ

ပေးတတ်သော အနာ နှင့်သင့် ကို ငါနာ စေပြီ။ ကြမ်းတမ်း သောသူ ပေးတတ်သော ဒဏ် ကို ငါပေးပြီ။ ၁၅ သင် သည် အနာ ကိုခံရသည်ဖြစ်၍၊ အဘယ်ကြောင့် ဝိုကြွေး သနည်း။ သင် ၏အပြစ် ကြီး သောကြောင့် ၊ သင် ခံရသောဝေဒနာ သည် ပျောက် ခဲ၏။ သင် ပြုသောဒုစရိုက် များပြား သောကြောင့်၊ ဤ သို့ငါဆုံးမ ရ၏။ ၁၆ သို့ရာတွင်၊ သင့် ကို ကိုက်စား သောသူအပေါင်း တို့သည် ကိုက် စားခြင်း၊ သင် ၏ရန်သူ အပေါင်း တို့သည် သိမ်း သွားခြင်း၊ သင့် ကို လုယူ ဖျက်ဆီး သော သူအပေါင်း တို့ သည် လုယူ ဖျက်ဆီး ခြင်းကိုခံရ ကြမည်။ ၁၇ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူတပါးတို့ က၊ သင် သည် စွန့်ပစ် ခြင်းကို ခံရသောသူဟူ၍ငင်း ၊ အဘယ်သူမျှမ ကြည့်ရှု မပြုစုသော ဇိအုန် မြို့ဟူ၍ငင်း ခေါ် သော်လည်း၊ သင် ၏အနာ ရောဂါများကို ငါပျောက် စေ၍၊ ကျန်းမာ ပကတိ ဖြစ်စေမည်။ ၁၈ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သိမ်း သွား ခြင်းကိုခံရသောယာကုပ် အမျိုးသားတို့၏ တဲ များကို ငါ ဆောင် ခဲ့ဦးမည်။ သူ တို့အိမ် များကို သနား ဦးမည်။ မြို့ သည်လည်း ၊ မိမိ ကုန်း ပေါ် မှာ တဖန် တည် လျက်ရှိ လိမ့်မည်။ နန်းတော် ၌လည်း ၊ ရှေးထုံးစံ အတိုင်းနေ ကြလိမ့်မည်။ ၁၉ ထိုသူ တို့အထဲ က ကျေးဇူးကို ချီးမွမ်း ခြင်းအသံ၊ ရွှင်မြူး သောသူတို့ ၏ အသံ သည် ထွက် လိမ့်မည်။ ငါသည် သူ တို့ကို မ နည်း စေဘဲ များပြား စေမည်။ နှိမ့်ချ ခြင်းသို့ မ ရောက်၊ ချီးမွှောက် ခြင်းသို့ ရောက်စေမည်အကြောင်းစီရင်မည်။ ၂၀ အမျိုးသား တို့သည် အရင် ကဲ့သို့ ဖြစ် ၍၊ ပရိသတ် တို့သည် ငါ့ ရှေ့ မှာ တည် ကြလိမ့်မည်။ ညှဉ်းဆဲ သော သူအပေါင်း တို့ကို ငါသည် အပြစ် ပေးမည်။ ၂၁ သူ တို့၏ မင်း သည် သူ တို့အမျိုးဖြစ် လိမ့်မည်။ သူ တို့အထဲက ပေါ် ထွန်း သောသူသည်သူ တို့ကို အုပ်စိုး ရ လိမ့်မည်။ ငါသွေးဆောင် ၍ သူတို့သည် ငါ့ ထံသို့ ချဉ်းကပ် ကြလိမ့်မည်။ ငါ့ ထံသို့ ချဉ်းကပ် လိုသောငှါ ၊ အဘယ်သူ သည် မိမိစိတ် ကို တန်းစေသနည်း။ ၂၂ ထိုအခါ သင်တို့သည် ငါ ၏ လူ ဖြစ် ၍ ၊ ငါ သည် လည်း သင် တို့၏ ဘုရား သခင်ဖြစ် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၃ ထာဝရဘုရား ၏ လေဘွေ တော်သည် ပူသော အရှိန်နှင့် ထွက် ၏။ ပြင်းစွာသော လေဘွေဖြစ်၍၊ မတရား သောသူတို့ ခေါင်း ပေါ် မှာ ပြင်းစွာတိုက် လိမ့်မည် ။ ၂၄ ထာဝရဘုရား သည် လက်စသတ် ၍ ၊ အကြံအစည် တော်ကို ပြည့်စုံ စေတော်မ မူမှီ၊ ပြင်းစွာ သော အမျက် တော်မ ငြိမ်း ရ။ နောင် ကာလ ၌ သင်တို့သည် နားလည် ကြလိမ့်မည်။

၃၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ ၌ ငါသည် ဣသရေလ အဆွေ အမျိုးအပေါင်း တို့၏ ဘုရား သခင်ဖြစ် ၍ ၊ သူတို့သည် ငါ ၏ လူ ဖြစ် ကြလိမ့်မည်။ ၂ တဖန် မိန့်တော်မူသည်ကား၊ ထား ဘေးနှင့်လွတ် သောသူ တို့ သည် တော ၌ ကျေးဇူး ကိုခံရ ကြပြီ။ ငါသည် ကြွသွား ၍ ဣသရေလ အမျိုးကို ချမ်းသာ ပေးမည်။ ၃ ထာဝရဘုရား သည် အဝေးက ထင်ရှား ၍ မိန့်တော်မူသည်ကား၊ အကယ် စင်စစ်ထာဝရ မေတ္တာ နှင့် သင့် ကိုငါချစ် ၏။ ထိုကြောင့် ၊ ကရုဏာ ကျေးဇူးကို သင် ၌ကြာမြင့်စွာပြ ၏။ ၄ အို ဣသရေလ သတို့သမီး ကညာ၊ သင့် ကိုတဖန် ငါတည်ဆောက် သောကြောင့် ၊ သင်သည် တည်ဆောက် ခြင်းသို့ ရောက်လိမ့်မည်။ သင်သည် တဖန် ပတ်သာ နှင့် တန်ဆာ ဆင်လျက် ၊ ရွှင်မြူး ခြင်းကို ပြုသောသူတို့နှင့် အတူက ခုန်လျက်သွား လိမ့်မည်။ ၅ ရှမာရိ တောင် ပေါ် မှာ စပျစ် ဥယျာဉ်ကို တဖန် စိုက် လိမ့်မည်။ ဥယျာဉ်လုပ် သောသူတို့သည် စိုက်ပျိုး ၍ ၊ အသီးကို ကိုယ်အလိုအလျောက်စား ရကြလိမ့်မည်။ ၆

ဧဖရိမ် တောင် ပေါ် မှာ ကင်းစောင့် တို့က၊ ထ ကြ လော့။ ငါ တို့ ဘုရား သခင်ထာဝရဘုရား ရှိတော်မူရာ ဧအုန် တောင်သို့ သွား ကြကုန်အံ့ဟု ကြွေးကြော် ရသောအချိန် ကာလသည် ရောက် လိမ့်မည်။ ၇ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ယာကုပ် အမျိုးအား၊ ရွှင်လန်း စွာ သီချင်း ဆိုကြလော့။ လူမျိုး တို့၏ အထွဋ်ဒု ၌ ကြွေးကြော် ကြလော့။ အို ထာဝရဘုရား ၊ ကိုယ်တော် ၏ လူမျိုး တည်းဟူသော၊ ကျန် ကြွင်းသော ဣသရေလ အမျိုးသားကို ကယ်တင် တော်မူပြီဟု မြွက် ဆိုလျက် သိတင်း ကြားလိုက်၍ ချီးမွမ်း ကြလော့။ ၈ သူ တို့ကို မြောက် ပြည် မှ ငါ ဆောင် ခဲ့၍၊ မြေကြီး စွန်း မှ စုသိမ်း မည်။ မျက်စိ ကန်းသောသူ၊ ခြေဆွံ့ သောသူ၊ ကိုယ်ဝန် ဆောင်သောမိန်းမ၊ သားဘွား ခြင်းဝေဒနာကို ခံရသောမိန်းမများလည်းပါ လျက်၊ ကြီး စွာသော အစည်း အဝေးတို့သည် ပြန် လာကြလိမ့်မည်။ ၉ ငိုကြွေး လျက် လာ ကြလိမ့်မည်။ ဆုတောင်း ပဌနာပြုလျက်ရှိသောထိုသူ တို့ကို ငါပို့ဆောင် မည်။ မြစ် နား မှာ ရှောက်သောလမ်း၊ ထိမိ ၍ မလဲရသော လမ်း ဖြောင့် တို့ ၌ ငါသွေးဆောင် မည်။ အကြောင်း မူကား၊ ငါသည် ဣသရေလ အမျိုး၏ အဘ ဖြစ် ၏။ ဧဖရိမ် အမျိုး သည် ငါ ၏ သားဦး ဖြစ်၏။ ၁၀ အိုလူမျိုးတို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ ဝေး သောအရပ် ရပ်တို့ ၌ ကြွေးကြော် ၍၊ ဣသရေလ အမျိုးသားတို့ကို အရပ်ရပ်သို့ ကွဲပြား စေသောသူသည် တဖန်စုသိမ်း ပြီးလျှင် ၊ သိုးထိန်း သည် မိမိ သိုးစု ကိုစောင့်တတ်သကဲ့သို့ စောင့် တော်မူမည်ဟု ကြား ပြောကြလော့။ ၁၁ အကြောင်း မူကား၊ ထာဝရဘုရား သည် ယာကုပ် အမျိုးကို ရွေးနှုတ် တော်မူပြီ။ သူ ထက် အားကြီး သောသူ ၏လက် မှ ကယ်လွှတ် တော်မူပြီ။ ၁၂ ထိုကြောင့် အမျိုးသားတို့သည် လာ ၍ ၊ ဧအုန် တောင်ထိပ် ၌ သီချင်းဆို ကြလိမ့်မည်။ ထာဝရဘုရား ပြုတော်မူခြင်း ကျေးဇူး တည်းဟူသောဆန် စပါး၊ စပျစ်ရည် ၊ ဆီ ၊ သိုး သငယ် ၊ နွား သငယ်တို့ကို ရအံ့သောငှါ စည်းဝေးကြလိမ့်မည်။ သူ တို့စိတ် ဝိညာဉ်သည် ရေ လောင်းသော ဥယျာဉ် ကဲ့သို့ ဖြစ်၍ ၊ နောက် တဖန် ညှိုးငယ် ခြင်းမ ရှိရ။ ၁၃ ထိုအခါ သမီး ကညာသည် က ခုန်လျက် ၊ လူပျို ၊ လူအို တို့နှင့်တကွပျော်မွေ့ လိမ့်မည်။ သူ တို့ ညည်းတွား ခြင်း အရာ၌ ဝမ်းမြောက် ခြင်းကို ငါဖြစ် စေမည်။ သူ တို့သည် ဝမ်းနည်း ခြင်းကို ခံရသောနောက်၊ စိတ် သက်သာ၍ ရွှင်လန်း မည်အကြောင်းကို ငါပြုမည်။ ၁၄ ယဇ် ပုရောဟိတ်တို့ကိုလည်း ဆူဖြိုးသော အမဲသားနှင့်ဝစွာ ကျွေး မည်။ ငါ ၏လူ တို့သည်လည်း ငါ့ ကျေးဇူး နှင့် ဝပြော ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ရာမ အရပ် ၌ သည်း စွာသော ညည်းတွား ငိုကြွေး ခြင်းအသံ ကို ကြား ရ ၍၊ ရာခေလ သည် မိမိ သား တို့မ ရှိသောကြောင့် ၊ ငို ၍ စိတ် မပြေနိုင်။ ၁၆ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် သည် ငိုကြွေးသံ ကို ချုပ် လော့၊ မျက်ရည် မကျစေနှင့်။ သင်သည် ကိုယ် ကျင့်သောအကျင့် ၏ အကျိုး ကိုခံရ လိမ့်မည်။ သင်၏ သားတို့သည် ရန်သူ ပြည် မှ ပြန် လာကြလိမ့်မည်။ ၁၇ သင် ၏အဆုံး ၌ မြော်လင့် စရာအကြောင်းရှိ ၏။ သင်၏ သား တို့သည် နေရင်းပြည် သို့ ပြန် လာကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၈ ဧဖရိမ် က၊ ကိုယ်တော်သည် အကျွန်ုပ် ကို ဆုံးမ တော်မူပြီ။ အကျွန်ုပ်သည် ရိုင်း သောနွားလား ကဲ့သို့ ဆုံးမ ခြင်းကိုခံရပါပြီ။ အကျွန်ုပ် ကိုသွေးဆောင် တော်မူ ပါ။ သို့ပြုလျှင် ၊ အကျွန်ုပ်သည် ပြန် လာပါမည်။ အို ထာဝရဘုရား ၊ ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား သခင်

ဖြစ်တော်မူ၏။ ၁၉ ပြန်လာသောနောက် ၊ အကျွန်ုပ်သည် အမှန် နောင်တရ ပါ၏။ ဆုံးမတော်မူခြင်းကို ခံရသောနောက်၊ အကျွန်ုပ်သည် ကိုယ်ပေါင် ကို ရိုက် ပါ၏။ အသက် ငယ်စဉ် ပြုမိသော အပြစ်ကြောင့် အသရေပျက် ခြင်းကို ခံရသဖြင့် ၊ ရှက်ကြောက်၍ မိုင်တွေလျက်ရှိပါ၏ဟု ကိုယ်ကို အပြစ်တင်၍ မြည်တမ်းသောစကားကို ငါသည် ဆက်ဆက်ကြားရပြီ။ ၂၀ ဧဖရိမ် သည် ငါ ၏ ချစ် သား ဖြစ်သလော ။ ချစ်ဘွယ် သော သူငယ် ဖြစ်သလော။ သူ ၏အကြောင်းကို ငါ ပြော လေ ရာရာ၌ ငါသည် အလွန်တရာ အောက်မေ့ လျက်နေ၏။ ထိုကြောင့် ၊ ငါ သည် သူ့ အတွက် စိတ် ကြင်နာ ခြင်းရှိ၏။ အကယ်စင်စစ်သူ့ ကိုငါကယ်မ သနားမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၁ လမ်း၌မှတ်တိုင် တို့ကိုစိုက် လော့။ အလံတိုင် တို့ကို ထူ လော့။ လိုက်သွား သောလမ်းမ ကို စိတ် စွဲလမ်းလော့။ အိုကညသရေလ သတို့သမီး ကညာ၊ ပြန် လာလော့။ သင် ၏ နေရာ ဤ မြို့ များသို့ ပြန်လာ လော့။ ၂၂ အိုဖောက်ပြန် သော သတို့သမီး ၊ သင်သည် အဘယ် မျှကာလပတ်လုံးလှည့်လည် ၍ နေလိမ့်မည်နည်း။ ထာဝရဘုရား သည် မြေကြီး ပေါ် မှာ ထူးဆန်း သော အမှုကို စီရင် တော်မူ၍၊ မိန်းမ သည် ယောကျ်ား ကို ပတ်ဝိုင်း လိမ့်မည်။ ၂၃ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သိမ်း သွားခြင်းကို ခံရသောသူ တို့ကို ငါ ဆောင် ခဲ့ပြန်သောအခါ ၊ ယုဒ ပြည် ၏မြို့ ရွာတို့ ၌ နေသောသူတို့က၊ အို ဖြောင့်မတ် ခြင်းနေရာအရပ်၊ အိုသန့်ရှင်း ခြင်း နေရာ တောင် ၊ ထာဝရဘုရား သည် သင့် ကို ကောင်းကြီး ပေးတော်မူစေသတည်း ဟူသောစကား ကို တဖန် သုံး ကြလိမ့်မည်။ ၂၄ ထိုအရပ် ၌ ယုဒ ပြည်သူ၊ ယုဒ မြို့ ရွာသား အပေါင်း တို့သည်၊ လယ်လုပ် သောသူနှင့် သိုး ထိန်းသော သူများပါလျက် ၊ အတူ နေ ရကြလိမ့်မည်။ ၂၅ ငတ်မွတ် သော သူ အပေါင်းတို့ကို ငါကျွေးမွေး မည်။ ညှိုးငယ် သော သူ အပေါင်း တို့ကို ငါသက်သာ စေမည် ဟု မိန့်တော်မူ၏။ ၂၆ ထိုနောက်၊ ငါသည် နိုး ၍ ကြည့်ရှု သောအခါ ၊ အိပ်ပျော် ခြင်းအားဖြင့်အားရ လျက်ရှိ၏။ ၂၇ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါသည် ဣသရေလ ပြည် ၊ ယုဒ ပြည် ၌ လူ မျိုးစေ့ နှင့် တိရစ္ဆာန် မျိုးစေ့ ကို ကြဲ ရသော အချိန် ကာလရောက် လိမ့်မည်။ ၂၈ ငါသည် သူ တို့ကို နှုတ်ပယ် ဖြိုချ မှောက်လှန် ဖျက်ဆီး ညှဉ်းဆဲ ခြင်းအမှုကို ပြု ဘူးသည်နည်းတူ ၊ တဖန် တည်ဆောက် စိုက်ပျိုး ခြင်းအမှုကို ပြု ဦးမည်ဟု မိန့် တော်မူ ၏။ ၂၉ ထို ကာလ ၌ အဘ သည် ချဉ်သောစပျစ် သီးကို စား သောကြောင့် ၊ သား သည် သွား ကျိန်း ခြင်းကို ခံရ၏ ဟု မ ဆို ရကြ။ ၃၀ လူတိုင်း မိမိ အပြစ် ကြောင့် မိမိသေ ရမည်။ ချဉ်သောစပျစ် သီးကို စား သောသူတိုင်း သွား ကျိန်း ခြင်းကိုခံရမည်။ ၃၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါသည် ဤလူမျိုး ၏ဘိုးဘေး တို့ကိုလက်ဆွဲ ၍ အဲဂုတ္တု ပြည် မှ ဆောင်သွား သောအခါ၊ သူတို့ ၌ငါပေးသောပဋိညာဉ်တရားနှင့် ခြားနားသောပဋိညာဉ်တရား သစ် ကို ဣသရေလ အမျိုးသား ၊ ယုဒ အမျိုးသား တို့ ၌ ငါပေး သောအချိန် ကာလရောက် လိမ့်မည်။ ၃၂ အရင်ငါ ပေးဘူးသောပဋိညာဉ်တရား ကို သူတို့သည်ဖျက် ၍၊ ငါ သည်လည်း သူတို့ကိုခွဲရာ၏။ ၃၃ နောက် ကာလ အခါ ဣသရေလ အမျိုးသား တို့ ၌ ငါပေး အံ့သော ပဋိညာဉ် တရားဟူမူကား ၊ ငါထာဝရ ဘုရားသည် ငါ ၏ပညတ် တရားကို သူ တို့အတွင်း ထဲ သို့ သွင်း မည်။ သူ တို့နှလုံး ပေါ် မှာ ရေး ထားမည်။ ငါသည် သူ တို့၏ ဘုရား ဖြစ် မည်။ သူ တို့သည်လည်း ငါ ၏ လူ ဖြစ် ကြလိမ့်မည်။ ၃၄

ထိုသူတို့က၊ ထာဝရဘုရား ကို သိ လော့ဟု၊ အမျိုးသား ချင်း၊ ညီအစ်ကို အချင်းချင်းတယောက်ကို တယောက်ဆုံးမ သြဝါဒမပေးရကြ။ အကြောင်း မူကား၊ အငယ်ဆုံး သော သူမှစ၍ အကြီးဆုံး သောသူတိုင်အောင် ၊ ထိုသူ အပေါင်း တို့သည် ငါ့ ကိုသိ ကြလိမ့်မည်။ ထိုအခါ ငါသည် သူ တို့အပြစ် များကို သည်းခံ မည်။ သူ တို့ပြုသောဒုစရိုက် များကို မ အောက်မေ့ ဘဲနေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၅ နေ့ အချိန်၌ လင်း စရာဘို့ နေ ကိုခန့် ထား၍၊ ညဉ့် အချိန်၌ လင်း စရာဘို့ လ နှင့် ကြယ် တို့ကို စီရင် တော်မူထသော၊ သမုဒ္ဒရာ ကိုဆုံးမ ၍ လှိုင်း တံပိုးကို ဟုန်း စေတော်မူထသော၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ဟူသော ဘွဲ့ နာမရှိတော်မူသောထာဝရဘုရား မိန့် တော်မူ သည်ကား ၊ ၃၆ ထို တရား တို့သည် ငါ့ ရှေ့မှာ ကွယ်ပျောက် လျှင် ၊ ဣသရေလ အမျိုး သည် ငါ့ ရှေ့မှာ အမျိုး တိမ်မြုပ် ၍ အစဉ် ကွယ်ပျောက်လိမ့်မည်ဟု မိန့် တော်မူ၏။ ၃၇ တဖန်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အထက် မိုဃ်းကောင်းကင် ကို တိုင်းထွာ နိုင်လျှင် ၎င်း ၊ မြေကြီး အောက် ဆုံးအမြစ် တို့ကိုလိုက်၍ စစ် နိုင်လျှင်၎င်း ၊ ဣသရေလ အမျိုးသား အပေါင်း တို့ကို သူတို့ပြု မိသမျှ သော အပြစ်တို့ကြောင့် ငါ စွန့်ပစ် မည်ဟု မိန့် တော်မူ၏။ ၃၈ တဖန်ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဟာနနေလ ရဲတိုက် မှစ၍ မြို့ထောင့် တံခါး တိုင်အောင်၊ မြို့ တော်ကို ထာဝရဘုရား အဘို့ တည်ထောင် ရသောအချိန် ကာလသည် ရောက် လိမ့်မည်။ ၃၉ ဂါရက် တောင် ကို လွန်၍ မျဉ်းကြိုး နှင့်တန်းချ လိမ့်မည်။ ဂေါသ တောင်ကိုလည်း ဝိုင်း မိလိမ့်မည်။ ၄၀ အရှေ့ ဘက်မြင်း တံခါး ရှိသောမြို့ထောင့် တိုင်အောင် ၊ အသေ ကောင်များ၊ ပြာ များစွန့်ပစ်ရာ ချိုင့် တရှောက် လုံးနှင့်၊ ကေဒြုန် ချောင်း အတွင်းတွင် ၊ လယ်ပြင် ရှိသမျှတို့သည် ထာဝရဘုရား အဘို့ သန့်ရှင်း ကြ လိမ့်မည်။ နောက် တဖန် နှုတ်ပယ် ဖြိုချ ခြင်း အလျှင်း မ ရှိရဟု မိန့်တော်မူ၏။

၃၂ နေဗုခဒ်နေဇာ နန်းစံတဆယ် ရှစ် နှစ် ၊ ယုဒ ရှင်ဘုရင် ဇေဒကိ နန်းစံဆယ် နှစ် တွင် ၊ ထာဝရဘုရား ထံတော်မှ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာ၏။ ၂ ထိုအခါ ဗာဗုလုန် ရှင်ဘုရင် ၏ စစ်သူရဲ တို့သည် ယေရုရှလင် မြို့ကို ဝိုင်း ထားကြပြီ။ ပရောဖက် ယေရမိ သည် ယဒ ရှင်ဘုရင် ၏ နန်းတော် ထောင် ဝင်း ထဲမှာ အချုပ် ခံလျက်နေ ရ၏။ ၃ အကြောင်းမူကား၊ ယုဒ ရှင်ဘုရင် ဇေဒကိ သည် ခေါ်၍၊ ထာဝရဘုရား က၊ ဤ မြို့ကို ဗာဗုလုန် ရှင်ဘုရင် လက် သို့ ငါ အပ် ၍ ၊ သူသည် သိမ်း ယူလိမ့်မည်။ ၄ ယုဒ ရှင်ဘုရင် ဇေဒကိ သည် ခါလဒဲ လူတို့ လက် နှင့် မ လွတ် ၊ ဗာဗုလုန် ရှင်ဘုရင် လက် သို့ ဆက်ဆက် ရောက် လိမ့်မည်။ မျက်နှာချင်းဆိုင်၍ စကားပြော လျက် ၊ တယောက်ကို တယောက်ကြည့်ရှုလျက် တွေ့ ရလိမ့်မည်။ ၅ ဇေဒကိ ကိုလည်း ဗာဗုလုန် မြို့သို့ ဆောင်သွား လိမ့်မည်။ ငါ အကြည့် အရှုမ လာမှီတိုင်အောင်၊ ထို မြို့၌ နေ ရလိမ့်မည်။ သင်တို့သည် ခါလဒဲ လူတို့ကို စစ်တိုက် ၍ မ နိုင် ရကြဟု ထာဝရဘုရား မိန့် တော်မူကြောင်းကို၊ သင် သည် အဘယ်ကြောင့်ပရောဖက်ပြု၍ ဟောသနည်းဟု ဆို၍ ထောင်ထဲမှာ လှောင်ထားသတည်း။ ၆ ထိုအခါ ယေရမိ က၊ ငါ့ ဆီသို့ ရောက် လာသောထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား၊ ၇ သင် ၏ဘ ထွေး ရှလ္လုံ သား ဟာနမေလ သည် သင့် ထံ သို့လာ ၍၊ အာနသုတ် မြို့မှာ ရှိသော ကျွန်ုပ် လယ် ကို သင် သည် ရွေး ပိုင်သောကြောင့် ၊ ဝယ် ပါဟု ပြောဆို လိမ့်မည်အကြောင်းကို ထာဝရဘုရား မိန့်တော်မူသည်နှင့်အညီ ၊ ၈ ငါ့

ဘထွေး သား ဟာနမေလ သည် ငါ ရှိရာထောင်ဝင်းထဲသို့ လာ ၍ ၊ ဗယ်ာမိန် ခရိုင် ၊ အာနသုတ် မြို့၌ ရှိသော ကျွန်ုပ် လယ် ကို ဝယ် ပါလော့။ သင် သည် အမွေခံ ပိုင်သော အခွင့် နှင့် ရွေး ပိုင်သော အခွင့်ရှိသည် ဖြစ်၍၊ ကိုယ် အဘို့ ဝယ် ပါဟု ငါ့ အား ပြောဆို ၏။ ထိုအခါ ထာဝရ ဘုရား စီရင်တော်မူသောအမှု ဖြစ်ကြောင်း ကို ငါသိ သောကြောင့် ၊ ၉ အာနသုတ် မြို့၌ ရှိသော ငါ့ ဘထွေး သား ဟာနမေလ ၏လယ် ကို ငါဝယ် ၍ လယ်ဘိုးငွေ တဆယ် ခုနစ် ကျပ် ကို ချိန် ပေးလေ၏။ ၁၀ စာချုပ်ကိုလည်း စီရင် ၍ တံဆိပ် ခတ်ပြီးမှ ၊ သက်သေ တို့ကိုခေါ် ၍ ငွေ ကို ချိန်ခွင် နှင့် ချိန် ပေး၏။ ၁၁ ဓမ္မသတ် ထုံးစံအတိုင်း တံဆိပ် ခတ်သော စာချုပ် တစောင်နှင့် ဖွင့် ထားသောလက်ခံ တစောင်ကို ယူ ၍ ၊ ၁၂ ဘထွေး သား ဟာနမေလ အစ ရှိသော၊ စာချုပ် ၌ အမည်ပါ သောသက်သေ များ၊ ထောင် ဝင်း ထဲ မှာ ထိုင် နေသော ယုဒ လူများအပေါင်း တို့ရှေ့ တွင်၊ မာသေယ သား ဖြစ်သော နေရိ ၏သား ဗာရုတ် ၌ အပ် လျက်၊ ၁၃ ကွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၁၄ တံဆိပ် ခတ်သော ဤ စာချုပ် တစောင်နှင့် ဖွင့် ထားသော ဤ လက်ခံ တစောင်ကို ယူ၍၊ ကာလ ကြာမြင့် စွာ တည် နေစေခြင်းငှါ မြေ အိုး ၌ ထား လော့။ ၁၅ ကွသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ ပြည် ၌ အိမ် ၊ လယ် ယာ၊ စပျစ် ဥယျာဉ်တို့ကို ပိုင် ရကြ လေဦး မည်ဟု မိန့် တော်မူကြောင်းကို ပြန်ပြောသဖြင့်၊ ထိုသူ တို့ရှေ့ မှာ ဗာရုတ် ကိုမှာ ထားလေ၏။ ၁၆ ထိုသို့ နေရိ သား ဗာရုတ် ၌ စာချုပ် ကို အပ် ပြီးမှ ၊ ထာဝရဘုရား အား ငါဆုတောင်း သော ပဌနာ စကား ဟူမူကား၊ ၁၇ အို အရှင် ထာဝရဘုရား ၊ ကိုယ်တော် သည် မဟာ တန်ခိုး နှင့် လက်ရုံး တော်ကိုဆန့် ၍၊ ကောင်းကင် နှင့် မြေကြီး ကို ဖန်ဆင်း တော်မူပြီ။ ကိုယ်တော် မ တတ်နိုင် သော အရာ တစုံတခု မျှ မ ရှိပါ။ ၁၈ ကိုယ်တော်သည် လူအထောင် အသောင်းတို့အား ကရုဏာ ကျေးဇူးပြု လျက်၊ အဘ တို့၏အပြစ် ကို နောက် ဖြစ်သောသား တို့၏ ခေါင်း ပေါ် သို့ သက်ရောက် စေတော်မူ ၏။ အလွန်ကြီးမြတ် သောဘုရား ၊ မဟာတန်ခိုး တော်နှင့် ပြည့်စုံသော ဘုရားဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ဟူသောဘွဲ့ နာမရှိတော်မူ၏။ ၁၉ ထူးဆန်း သော အကြံ ကိုကြံ၍ ၊ ထူးဆန်း သော အမှု ကို စီရင်တော်မူလျက်၊ လူ အသီး အသီးတို့ ကျင့်ကြံ ပြုမူ သည် အတိုင်း အကျိုးအပြစ်ကိုပေး ခြင်းငှါ၊ လူ သား များ သွားလာသောလမ်း အလုံးစုံ တို့ကို အစဉ်ကြည့်ရှု လျက်နေတော်မူ၏။ ၂၀ အဲဂုတ္တု ပြည် ၊ ကွသရေလ ပြည်အစရှိသော လူ အမျိုးမျိုးတို့ ၌ နိမိတ် လက္ခဏာအံ့ဘွယ် သော အမှုတို့ကို ယနေ့ တိုင်အောင် ပြ တော်မူသဖြင့် ၊ ယခု ကဲ့သို့ အစဉ် ကျော်စောသော သိတင်းရှိ တော်မူ၏။ ၂၁ နိမိတ် လက္ခဏာ အံ့ဘွယ် သောအမှုတို့ကို ပြလျက်၊ အားကြီး သော လက် ၊ ဆန့် တော်မူသောလက်ရုံး ၊ အလွန် ကြောက်မက် ဘွယ်သော အခြင်းအရာနှင့် တကွ၊ ကိုယ်တော် ၏ ကွသရေလလူ တို့ကို အဲဂုတ္တု ပြည် မှ နှုတ် ဆောင်တော်မူ၍၊ ၂၂ ငါပေး မည်ဟု ဘိုးဘေး တို့အား ကျိန်ဆို တော်မူသော ပြည် တည်းဟူသော၊ နို့ နှင့် ပျားရည် စီးသော ဤ ပြည် ကိုပေး သနားတော်မူသဖြင့်၊ ၂၃ သူတို့သည် ဝင် ၍ သိမ်းယူ ကြသော်လည်း ၊ အမိန့် တော်ကို နား မထောင်၊ တရား တော်လမ်းသို့ မ လိုက် ၊ မှာ ထားတော်မူသော အကျင့် တစုံတခုကိုမျှ မ ကျင့် ဘဲ နေသောကြောင့် ၊ ယခုခံရသမျှသော

ဘေးဥပဒ် တို့ကို သူ တို့အပေါ် သို့ ရောက် စေတော်မူပြီ။ ၂၄ ပြအိုး မြေရိုးတို့ကိုကြည့်ရှုတော်မူပါ။ မြို့ တော်ကို တိုက် ယူခြင်းငှါ ရောက် ကြပါပြီ။ ထား ဘေး၊ မွတ်သိပ် ခြင်း ဘေး၊ ကာလနာ ဘေးတို့ ဖြင့် တိုက် သော ခါလဒဲ လူတို့ လက် သို့ မြို့ တော်ကို အပ် တော်မူပြီ။ မိန့် တော်မူသော စကားပြည့်စုံ ကြောင်းကိုလည်း ကိုယ်တော် တိုင် မြင် တော်မူ၏။ ၂၅ ထိုမြို့ တော်သည် ခါလဒဲ လူတို့လက် သို့ ရောက် သော်လည်း၊ အိုအရှင် ထာဝရဘုရား ၊ ထိုလယ် ကို ငွေ နှင့် ဝယ် ၍ ၊ သက်သေ တို့ကို ခေါ် ထား ရမည်အကြောင်းမိန့် တော်မူပါပြီတကားဟု လျှောက်လေ ၏။ ၂၆ ထိုအခါ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ယေရမိ သို့ ရောက် လာသည်ကား၊ ၂၇ ငါ ထာဝရဘုရား သည် ခပ်သိမ်း သော သတ္တဝါ တို့ကို အစိုးရသောဘုရား သခင်ဖြစ်၏။ ငါ မ တတ်နိုင် သော အရာ တစုံတခု ရှိလိမ့်မည်လော။ ၂၈ သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ မြို့ ကို ခါလဒဲ လူတို့ လက် သို့ ၎င်း ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ လက် သို့ ၎င်း ငါ အပ် ၍၊ သူသည် သိမ်းယူ လိမ့်မည်။ ၂၉ ဤ မြို့ ကို တိုက် သော ခါလဒဲ လူတို့သည်ဝင် ၍ မီးရို့ ကြလိမ့်မည်။ ငါ့ အမျက် ကိုနှိုးဆော်ခြင်းငှါ ဗာလ ဘုရားအဘို့ အိမ်မိုး ပေါ် မှာ နံ့သာပေါင်းကိုမီးရှို့ ၍ ၊ အခြား တပါးသော ဘုရား တို့အဘို့ သွန်းလောင်း ရာပူဇော် သက္ကာ ကိုပြုရာ အိမ် များနှင့် တကွ၊ တမြို့ လုံးကို မီးလောင် စေကြ လိမ့်မည်။ ၃၀ အကြောင်း မူကား၊ ဣသရေလ အမျိုးသား တို့နှင့် ယုဒ အမျိုးသား တို့သည်၊ ငယ် သော အရွယ်မှစ၍ ငါ့ ရှေ့ မှာ ဒုစရိုက် ကိုသာ ပြု ကြပြီ။ မိမိ တို့ ပြု လေရာရာ၌ ငါ့ အမျက် ကို နှိုးဆော်ခြင်းငှါ သာ ပြုကြပြီ။ ၃၁ ဣသရေလ အမျိုး နှင့် ယုဒ အမျိုး ၏ရှင်ဘုရင် ၊ မှူးမတ် ၊ ယဇ်ပုရောဟိတ် ၊ ပရောဖက် ၊ ယုဒ ပြည်သူ ယေရုရှလင် မြို့သား တို့သည် ငါ့ အမျက် ကိုနှိုးဆော်ခြင်းငှါ ပြု လေသမျှ သောဒုစရိုက် ကြောင့် ၊ ၃၂ ဤ မြို့ ကို ငါ့ ထံမှ ငါပယ်ရှား မည်အကြောင်း ၊ မြို့ တည် သော နေ့ မှစ၍ ယနေ့ တိုင်အောင် ၊ ငါ့ အမျက် ထွက်၍၊ အမျက် အရှိန်အားကြီး စေသောမြို့ဖြစ်၏။ ၃၃ သူတို့သည် ငါ့ ကို မျက်နှာ မ ပြုဘဲ ကျောခိုင်း ကြပြီ။ ငါသည် စောစောထ ၍ အထပ်ထပ်ဆုံးမ သွန်သင် သော်လည်း ၊ ငါ၏ဩဝါဒ ကို ခံ လိုသောငှါ နား မ ထောင်ကြ။ ၃၄ ငါ ၏နာမ ဖြင့် သမုတ် သော ဗိမာန် ကို ညစ်ညူး စေခြင်းငှါ ၊ စက်ဆုပ် ရွံရှာဘွယ်သော အရာတို့ကို သွင်း ထားကြပြီတကား၊ ၃၅ သူ တို့သား သမီး တို့ကို မောလုပ် ဘုရားအား ပူဇော် ခြင်းငှါ ၊ ဟိန္နံ့ သား၏ချိုင့်ဝှမ်း ရှိသော ဗာလ ဘုရား၏ ကုန်း တို့ကို တည် လုပ်ကြပြီ။ ယုဒ အမျိုးအပေါ် သို့ အပြစ် ရောက်စေခြင်းငှါ ၊ ထို မျှလောက် စက်ဆုပ် ရွံရှာဘွယ် သောအမှုကို ငါမ မှာ ထား၊ ငါ အလျှင်းအလို မ ရှိဘဲ ပြု ကြပြီ ဟု ထာဝရဘုရား မိန့်တော်မူ၏။ ၃၆ သို့ရာတွင် ၊ ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေး အားဖြင့် ဗာဗုလုန် ရှင်ဘုရင် လက် သို့ ရောက် မည်ဟု သင် တို့ဆို တတ်သော ဤ မြို့ ကို ရည်မှတ် ၍၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၃၇ ငါ သည် အမျက် ဟုန်းဟုန်းထွက်၍ ၊ အမျက် အရှိန်အားကြီး သည်နှင့်၊ သူ တို့ကိုနှင်ထုတ် ရာ တိုင်း ပြည် ရှိသမျှ တို့မှ ၊ တဖန်စုသိမ်း ၍ ဤ အရပ် သို့ ဆောင် ခဲ့ပြီးလျှင် ၊ ငြိမ်ဝပ် စွာ နေ စေမည်။ ၃၈ သူတို့သည် ငါ ၏ လူ ဖြစ် ကြလိမ့်မည်။ ငါ သည် လည်း သူ တို့၏ ဘုရား သခင်ဖြစ် မည်။ ၃၉ ကိုယ် အကျိုး အလိုငှါ ၎င်း ၊ နောက် ဖြစ်လတ္တံသော သား သမီးတို့၏ အကျိုးအလိုငှါ ၎င်း ၊ ငါ့ ကိုအစဉ် ကြောက်ရွံ့ စေခြင်းငှါ တညီတညွတ်တည်းကျင့်ကြံ နိုင်သော သဘော

ကို ငါပေး မည်။ ၄၀ သူ တို့ကို မ စွန့်ပစ် ဘဲ အစဉ်ကျေးဇူး ပြုခြင်းငှါ ၊ သူ တို့ ၌ ထာဝရ ပဋိညာဉ် ကို ငါထား မည်။ သူတို့သည်လည်း ငါ့ ထံ မှ မ ထွက်မသွား မည်အကြောင်း၊ ငါ့ ကိုကြောက်ရွံ့ သော သဘော နှင့် ပြည့်စုံ စေမည်။ ၄၁ သူ တို့အား ကျေးဇူး ပြုခြင်း အမှု၌ ငါသည် အားရ ဝမ်းမြောက်၍ ၊ ငါ့ စိတ် နှလုံးနှင့် နံဝိညာဉ် အကြွင်းမဲ့ ပါ လျက်၊ သူ တို့ကို ဤ ပြည် ၌ ဆက်ဆက်နေရာ ချမည်။ ၄၂ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ လူမျိုး အပေါ် မှာ ကြီး စွာသော ဤ ဘေးဥပဒ် အပေါင်း ကို ရောက် စေသည် နည်းတူ ၊ ငါ ဂတိ ထားသော ကောင်းကျိုး အပေါင်း ကိုလည်း ငါ ရောက် စေမည်။ ၄၃ လူ မရှိ ၊ တိရစ္ဆာန် မရှိ ဆိတ်ညံ ပြီ၊ ခါလဒဲ လူတို့ လက် သို့ ရောက် လေပြီဟု သင် တို့ဆို တတ်သော ဤ ပြည် ၌ ၊ နောက်တဖန် လယ်ယာ တို့ကို ရောင်းဝယ် ကြလိမ့်မည်။ ၄၄ ဗင်္ာမိန် ပြည် ၌ ၎င်း ၊ ယေရုရှလင် မြို့ ပတ်ဝန်းကျင် အရပ်တို့ ၌ ၎င်း ၊ ယုဒ ပြည်တွင်ရှိသောမြို့ တို့ ၌ ၎င်း ၊ တောင် ပေါ်မြို့ ၊ ချိုင့် ထဲမြို့ ၊ တောင် ဘက်မြို့ တို့ ၌ ၎င်း ၊ လူတို့သည် လယ်ယာ တို့ကို ငွေ နှင့်ဝယ် ခြင်း၊ စာချုပ် ကို စီရင် ခြင်း၊ တံဆိပ် ခတ်ခြင်း၊ သက်သေ တို့ကိုခေါ် ထားခြင်း အမှုများကို ပြုမြဲပြုကြလိမ့်မည်။ အကြောင်း မူကား၊ သိမ်းသွား ခြင်းကို ခံရသောသူ တို့ကို တဖန် ငါဆောင် ခဲ့ဦးမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၃၃ ယေရမိ သည် ထောင် ဝင်း ထဲမှာ အချုပ်ခံ လျက် နေရသောအခါ ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဒုတိယ အကြိမ် ရောက် လာ၍ ၊ ၂ ဤအမှု ကို ပြု သောဘုရား၊ ဤအမှု ကို ဖန်ဆင်း စီရင် သော ဘုရား ၊ ယေဟောဝါ အမည် ရှိသောထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၃ ငါ့ ကို ခေါ် လော့။ ငါထူး မည်။ ကြီး သောအရာ၊ သင်မ သိ နိုင်အောင် နက်နဲ သော အရာတို့ကို ငါပြ မည်။ ၄ ပြအိုး မြေရိုးဖြင့်ဝင်း ၊ ထား ဖြင့်ဝင်း ပြိုပျက် သော ဤ မြို့ ၏အိမ် များ၊ ယုဒ ရှင်ဘုရင် ၏ ဘုံ ဗိမာန်များကို ရည်မှတ် ၍၊ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၅ ခါလဒဲ လူတို့သည် စစ်တိုက် ခြင်းငှါ လာ ကြ၏။ ငါ သည် ပြင်းစွာအမျက် ထွက်၍ ကွပ်မျက် သော သူ တို့ ၏ အသေ ကောင်များနှင့် ထို အိမ်များကို ပြည့် စေခြင်းငှါ လာကြ၏။ ထိုသူ တို့၏ ဒုစရိုက် များကြောင့် ၊ ဤ မြို့ မှ ငါ သည် မျက်နှာ ကိုလွှဲ ပြီ။ ၆ သို့ရာတွင်၊ ငါ သည် ဤမြို့ ၏ အနာကို ဆေးအုံ ၍ ပျောက် စေမည်။ မြို့သားတို့သည် ကျန်းမာ မည် အကြောင်း ၊ မြဲ သောစည်းစိမ်ချမ်းသာ နှင့် ပြည့်စုံ မည် အကြောင်းကို ငါပြ မည်။ ၇ သိမ်းသွား ခြင်းကိုခံရသောယုဒ အမျိုးနှင့် ဣသရေလ အမျိုးသား တို့ကို တဖန်ငါဆောင် ခဲ့၍ အရင် ကဲ့သို့ တည်ဆောက် မည်။ ၈ သူတို့သည် ငါ့ ကို ပြစ်မှား သမျှ သော အပြစ် တို့ကို ငါဖြေရှင်း မည်။ ငါ့ ကို ပြစ်မှား ၍ ငါ၏တရားကို လွန်ကျူး သမျှ သောအပြစ် တို့ကို ငါလွှတ် မည်။ ၉ ဤမြို့သည် ငါဝမ်းမြောက်စရာအကြောင်း၊ မြေပေါ်မှ ခပ်သိမ်း သောလူမျိုး တို့တွင် ချီးမွမ်း စရာ အကြောင်း၊ ဂုဏ် အသရေတော်ကျော်စော စရာအကြောင်းဖြစ် လိမ့်မည်။ ဤမြို့သားတို့အား ငါ ပြု သမျှ သော ကျေးဇူး ကို လူအမျိုးမျိုးတို့သည် ကြား သိကြလိမ့်မည်။ ဤမြို့ ၌ ငါ ပြုစု သမျှသော စည်းစိမ် ချမ်းသာ ကိုထောက်၍ ကြောက်ရွံ တုန်လှုပ် ကြလိမ့်မည်။ ၁၀ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ လူ မ ရှိ၊ တိရစ္ဆာန် မ ရှိ၊ ဆိတ်ညံ ပြီဟု သင် တို့ဆို တတ်သော ဤ အရပ် ၌ ၎င်း ၊ လူ မ ရှိ၊ တိရစ္ဆာန် မ ရှိ၊ နေ သောသူမ ရှိ၊ ဆိတ်ညံသောယုဒ မြို့ များ၊ ယေရုရှလင်

လမ်း များတို့ ၌ ၎င်း ၊ ၁၁ နောက်တဖန်ဝမ်းမြောက် သော အသံ ၊ ရွှင်လန်း သော အသံ ၊ မင်္ဂလာဆောင်သတို့သား အသံ ၊ မင်္ဂလာဆောင် သတို့သမီး အသံ ၊ ထာဝရဘုရား သည် ကောင်းမြတ် တော်မူ၍ ကရုဏာ တော်သည် အစဉ် အမြဲတည်သောကြောင့် ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ကို ချီးမွမ်း ကြလော့ဟုဆို သောသူတို့ ၏အသံ ၊ ချီးမွမ်း ရာ ပူဇော်သက္ကာကို ဗိမာန် တော်သို့ဆောင် ခဲ့သောသူတို့ ၏ အသံကို ကြား ရကြလိမ့်မည်။ အကြောင်း မူကား၊ သိမ်း သွားခြင်းကို ခံရသောပြည် သားတို့ကို ငါဆောင် ခဲ့၍၊ အရင် ကဲ့သို့ နေစေမည်ဟု မိန့် တော်မူ၏။ ၁၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ လူ မ ရှိ၊ တိရစ္ဆာန် မရှိ၊ ဆိတ်ညံ သော ဤ အရပ်တွင် ၊ မြို့ ရွာရှိသမျှ တို့ ၌ သိုးစု ကို ထိန်းသော သိုးထိန်း နေရာ ရှိ လေဦး မည်။ ၁၃ တောင် ပေါ်မြို့ ၊ ချိုင့် ထဲမြို့ ၊ တောင် ဘက်မြို့ ၊ ဗယ်မိန် ပြည် ၊ ယေရုရှလင် မြို့ ပတ်ဝန်းကျင် အရပ်၊ ယုဒ မြို့ များတို့ ၌ ၊ သိုးစု ကိုရေတွက် သောသူ ၏ လက် အောက် မှာ၊ သိုးစုတို့သည် တဖန် ရှောက်သွား ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၁၄ တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုး နှင့် ယုဒ အမျိုးသား တို့ ၌ ငါထား သော ဂတိ အတိုင်း ကျေးဇူး ပြုရသော အချိန်ကာလသည် ရောက် လိမ့်မည်။ ၁၅ ထို ကာလ အခါ သန့်ရှင်း သော အညွှန့် ကို ဒါဝိဒ် အဘို့ ငါ ပေါက် စေ၍ ၊ သူသည် မြေကြီး ပေါ် မှာ တရား သဖြင့် ဖြောင့်မတ် စွာ စီရင် လိမ့်မည်။ ၁၆ ထို ကာလ ၌ ယုဒ ပြည်သည် ကယ်တင် ခြင်းသို့ ရောက်၍ ၊ ယေရုရှလင် မြို့သည်လည်း ငြိမ်ဝပ် ခြင်း ရှိ လိမ့်မည်။ ထိုမြို့သည် ယေဟောဝါ ဧဒေကနု ဟူသော ဘွဲ့ နာမရှိလိမ့်သတည်း။ ၁၇ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဣသရေလ နန်းတော် ပေါ် မှာ ထိုင် ရသောဒါဝိဒ် မင်းရိုး မင်းစဉ်သည် အလျှင်း မပြတ် ရ။ ၁၈ ငါ့ ရှေ့ မှာ မီးရှို့ ရာ ယဇ်ကိုပူဇော် လျက် ၊ ဘောဇဉ် ပူဇော်သက္ကာကို မီးရှို့ လျက် ၊ ယဇ် ပူဇော်ရာဝတ်ကို အစဉ် ပြု ရသော လေဝိ သားယဇ် ပုရောဟိတ်ရိုးလည်း အလျှင်း မပြတ် ရဟု မိန့်တော်မူ၏။ ၁၉ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် ၍၊ ၂၀ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါထား သောနေ့ ပဋိညာဉ် နှင့် ညဉ့် ပဋိညာဉ် တရားကို သင်တို့သည် ဖျက် ၍၊ နေ့ ညဉ့် အပိုင်း အခြား မ ရှိ စေခြင်းငှါ တတ်နိုင် လျှင်၊ ၂၁ ငါ ၏ကျွန် ဒါဝိဒ် ၌ ငါ ထားသော ပဋိညာဉ် ပျက် ၍၊ ဒါဝိဒ် ၏ ရာဇပလ္လင် ပေါ် မှာစိုးစံ ရသောဒါဝိဒ် မင်းရိုး သည် ပြတ်လိမ့်မည်။ ငါ ၏အမှုထမ်း လေဝိ သား ယဇ် ပုရောဟိတ်ရိုးလည်း ပြတ်လိမ့်မည်။ ၂၂ မိုဃ်းကောင်းကင် တန်ဆာ တို့ကို မ ရေတွက် နိုင်၊ သမုဒ္ဒရာ သဲ လုံးတို့ကို တောင်းတင်းနှင့် မ ခြင် နိုင်အောင် များပြားသကဲ့သို့၊ ငါ့ ကျွန် ဒါဝိဒ် ၏အမျိုး ကို၎င်း ၊ ငါ ၏အမှုထမ်း လေဝိ သားတို့ကို၎င်းငါများ ပြားစေမည်ဟု မိန့် တော်မူ ၏။ ၂၃ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာသည်ကား၊ ၂၄ ထာဝရဘုရား ရွေးကောက် သော လူမျိုး နှစ် မျိုး ကို တဖန် ပယ် တော်မူပြီဟု ဤ လူ တို့ပြော တတ်သော စကား ကို သင်သည်ဆင်ခြင် ပြီလော။ ထိုသို့သူတို့သည် ငါ ၏လူမျိုး ကို လူမျိုး ကဲ့သို့မ မှတ် ၊ မထီမဲ့မြင် ပြုကြပြီ။ ၂၅ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ နေ့ နှင့် ညဉ့် အဘို့ငါ ၏ပဋိညာဉ် မရှိ လျှင် ၎င်း ၊ မိုဃ်းကောင်းကင် နှင့် မြေကြီး တရား တို့ကို ငါမ စီရင် လျှင်ၵင်း ၊ ၂၆ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် အမျိုး ကို အုပ်စိုး ရသောမင်းအရာ၌၊ ယာကုပ် အမျိုးနှင့် ငါ့ ကျွန် ဒါဝိဒ် ၏ အမျိုးသား စဉ်

မြေးဆက်ထဲက ငါရွေး ၍ မခန့်ထားဘဲ စွန့်ပစ် မည်။ သို့မဟုတ်သိမ်း သွားခြင်းကိုခံရသောထိုသူ တို့ ကို တဖန်ငါဆောင် ခဲ့၍ ကယ်မ သနားမည်ဟု မိန့်တော်မူ ၏။

၃၄ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ မင်းကြီးသည် ဗိုလ်ခြေ အပေါင်း ၊ အစိုးရ တော်မူသမျှ သော တိုင်း နိုင်ငံသား၊ လူမျိုး အသီးအသီး အပေါင်းတို့နှင့်တကွ၊ ယေရုရှလင် မြို့ကိုငင်း၊ ထို မြို့နှင့်ဆိုင်သမျှ သောမြို့ရွာ တို့ကိုငင်းတိုက် သောအခါ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် ၍၊ ၂ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် ယုဒ ရှင်ဘုရင် ဇေဒကိ ကို သွား ၍ ပြော ရမည်မှာ၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဤ မြို့ ကို ဗာဗုလုန် ရှင်ဘုရင် လက် သို့ ငါ အပ် ၍ ၊ သူသည် မီးရှို့ လိမ့်မည်။ ၃ သင် သည် ထိုမင်း လက် နှင့် မ လွတ် ရ။ စင်စစ်သင့်ကိုဘမ်းဆီး ၍ ထိုမင်း လက် သို့ အပ် ကြလိမ့်မည်။ သင် သည် ဗာဗုလုန် ရှင်ဘုရင် ကို မျက်နှာ ချင်းဆိုင်၍ တယောက်နှင့်တယောက် စကားပြော ရလိမ့်မည်။ ဗာဗုလုန် မြို့သို့လည်း သွား ရလိမ့်မည်။ ၄ သို့ရာတွင်၊ ယုဒ ရှင်ဘုရင် ဇေဒကိ မင်းကြီး၊ ထာဝရဘုရား ၏ စကား တော်ကို နားထောင် လော့။ မင်းကြီး ကို ရည်မှတ် ၍ ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင်သည် ထား ဖြင့် အသေ မ ခံရ။ ၅ ငြိမ်ဝပ် စွာ သေ ၍ သင့် ရှေ့မှာ စိုးစံ သော ဘိုး တော်ဘေးတော်တို့အဘို့ ပြုဘူးသည်နည်းတူ၊ သင့် အဘို့ နံ့သာပေါင်းကို မီးရှို့ လျက် ၊ သြ သခင် ဟူ၍ငိုကြွေး မြည်တမ်းကြလိမ့်မည်၊ ငါ ပြော ထားပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ ၆ ဗာဗုလုန် ရှင်ဘုရင် ၏ ဗိုလ်ခြေ တို့သည် ယေရုရှလင် မြို့ကို ၎င်း၊ ၇ ယုဒပြည်၌ ခိုင်ခံ့ ၍ ကျန်ကြွင်း သောမြို့ ၊ လာခိရှ မြို့၊ အဇေကာ မြို့တည်းဟူသောယုဒ ပြည် ၌ ကျန် ကြွင်း သော မြို့ တို့ကိုငင်းတိုက် သောအခါ၊ ပရောဖက် ယေရမိ သည် ထို စကား အလုံးစုံ တို့ကို ယုဒ ရှင်ဘုရင် ဇေဒကိ အား ဆင့်ဆို လေ၏။ ၈ ယေရုရှလင် မြို့သား အပေါင်း တို့သည် အသီးအသီး စေစားသော ယုဒ ညီအစ်ကို ချင်း၊ ၉ အစေခံရသောဟေဗြဲ အမျိုးကျွန်ယောက်ျား မိန်းမ တို့ကို နောက်တဖန် မ စေစားဘဲလွှတ် စေခြင်းငှါ ၊ ဇေဒကိ မင်းကြီး သည် လွှတ်ခြင်း တရားကို စီရင် မည်ဟု ဝန်ခံပြီးသည်နောက် ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ယေရမိ သို့ရောက် လာ၏။ ၁၀ အကြောင်းမူကား၊ ဝန်ခံ သောမှုးမတ် ၊ ဆင်းရဲသား အပေါင်း တို့သည် အသီးအသီး စေစား သော ကျွန် ယောက်ျား မိန်းမ တို့ကို နောက် တဖန် မ စေစား ဘဲ လွှတ် ရမည်ဟု ကြားသောအခါ၊ နားထောင် ၍ လွှတ် လိုက်ကြ၏။ ၁၁ နောက် တဖန် ပြောင်းလဲ ၍ ယခင်လွှတ် ပြီးသော ကျွန် ယောက်ျား မိန်းမ တို့ကို ခေါ် ပြန်၍ အစေ ကျွန်ခံစေကြ ၏။ ၁၂ ထိုကြောင့် ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ယေရမိ သို့ ရောက် ၍၊ ၁၃ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့ဘိုးဘေး များကို ကျွန်ခံ နေရာ အဲဂုတ္တု ပြည် မှ ငါ နှုတ်ဆောင် သောအခါ ၊ ၁၄ သင်တို့သည် အသီးအသီးဝယ်သော ညီအစ်ကို ချင်း ဟေဗြဲ အမျိုးသားတို့ကို ခုနစ် နှစ် စေ့ လျှင် လွှတ် ရမည် ။ ခြောက် နှစ် ပတ်လုံးသင် တို့ ၌ အစေကျွန်ခံ ပြီးမှ ၊ လွတ် သော အခွင့် ကိုပေးရမည်ဟု ပညတ်သော်လည်း ၊ သင် တို့ဘိုးဘေး များတို့သည် ငါ့ စကားကို နား မ ထောင်၊ နား ကို ပိတ် လျက်နေကြ၏။ ၁၅ သင်တို့သည် ယခုမှာပြောင်းလဲ ၍၊ အသီးအသီး အိမ်နီးချင်း တို့ အား လွတ်

ရသောအခွင့်ကို ထင်ရှား စွာ စီရင်သဖြင့်၊ ငါ့ ရှေ့၌ တရား သော အမှုကို ပြု လျက်၊ ငါ့ နာမ ဖြင့် သမုတ် သော ဗိမာန် တော်၌ ငါ့ ရှေ့ မှာ ဝန်ခံခြင်း ပဋိညာဉ် ကိုပြု ကြသော်လည်း ၊ ၁၆ တဖန် ပြောင်းလဲ ၍ ငါ ၏နာမ ကို ရှုတ်ချ လျက် ၊ အသီးအသီး ရှင်းရှင်းလွတ် ဘူးသော ကျွန် ယောကျ်ား မိန်းမ တို့ကို ခေါ် ပြန်၍ အစေ ကျွန်ခံစေကြပြီတကား။ ၁၇ ထိုကြောင့်၊ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့သည် အသီးအသီး ညီအစ်ကို ချင်း၊ အိမ်နီးချင်း တို့ အား လွတ် ရသောအခွင့်ကို ထင်ရှား စွာ မစီရင်၊ ငါ့ စကား ကို နား မ ထောင်သောကြောင့်၊ ထာဝရဘုရား မိန့် တော်မူသည် ကား၊ ငါ သည် သင် တို့အဘို့ ၊ ထား ဘေး၊ ကာလနာ ဘေး၊ မွတ်သိပ် ခြင်းဘေးတို့အား လွတ် သောအခွင့်ကို ထင်ရှား စွာ စီရင်၍၊ အတိုင်းတိုင်း အပြည်ပြည်တို့ ၌ အနှောင့် အရှက်ခံ စေမည်။ ၁၈ နွားသငယ် ကို ထက်ခြမ်းခွဲ ၍ ၊ အလယ် သို့ ရှောက် သွားလျက်၊ ငါ့ ရှေ့ မှာပြု သော ဝန်ခံခြင်းပဋိညာဉ် စကား အတိုင်းမ ကျင့် ၊ ငါ ၏ပဋိညာဉ် ကို ဖျက် သော သူ တည်းဟူသော၊ ၁၉ ယုဒ မင်း ၊ ယေရုရှလင် မင်း ၊ မှူးမတ် ၊ ယဇ်ပုရောဟိတ် အစ ရှိသော၊ နွားသငယ် ထက် ခြမ်းအလယ် သို့ ရှောက်သွား သော ပြည်သူ ပြည်သားအပေါင်း တို့ကို၊ ၂၀ သူ တို့ရန်သူ များလက် သို့ ၎င်း ၊ သတ် ချင်သောသူများလက် သို့ ၎င်း ငါအပ် မည်။ သူ တို့အသေ ကောင် များတို့သည် မိုဃ်းကောင်းကင် ငှက် နှင့် တော သားရဲ များ စားစရာ ဘို့ ဖြစ်ကြလိမ့်မည်။ ၂၁ ယုဒ ရှင်ဘုရင် ဇေဒကိ မှစ၍ မှူး တော်မတ်တော် တို့ကို သူ တို့ရန်သူ များလက် သို့ ၎င်း ၊ သတ် ချင်သောလူများ လက် သို့ ၎င်း ၊ ယခုလွှဲ သွားသောဗာဗုလုန် ရှင်ဘုရင် ၏ ဗိုလ်ခြေ များလက် သို့ ၎င်း ငါအပ် မည်။ ၂၂ ငါ သည် အမိန့် တော်ပေး၍ သူ တို့ကို ဤ မြို့ သို့ ပြန် လာစေမည်။ သူတို့သည် တိုက် ယူ ၍ မီးရှို့ ကြလိမ့်မည်။ ငါသည်လည်း၊ ယုဒ မြို့ ရွာတို့ကို လူဆိတ်ညံ ရာအရပ် ဖြစ် စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၃၅ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် မင်း လက်ထက် ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာသည်ကား ၊ ၂ သင်သည်ရေခပ် အမျိုးသားတို့အိမ် သို့ သွား ၍ ၊ သူ တို့နှင့်နှုတ်ဆက် ပြီးမှ၊ ဗိမာန် တော် အခန်း တ ခန်းထဲသို့ ခေါ် သွင်း၍ စပျစ်ရည် ကိုတိုက် ပေးလော့ဟု မိန့် တော်မူသည် အတိုင်း ၊ ၃ ငါသည် ဟာဗဇိညာ သား ဖြစ်သော ယေရမိ ၏ သား ယာဇည် မှစ၍ ၊ သူ ၏ညီအစ်ကို တို့နှင့် သား များ အပေါင်း ၊ ရေခပ် အမျိုးသားအပေါင်း တို့ကို ခေါ် ၍ ၊ ၄ ဗိမာန် တော်အတွင်း၊ တံခါးစောင့်ရှလ္လုံ သား မာသေယ ၏ အခန်း အပေါ် ၊ မှူး တော်မတ်တော် စည်းဝေး ရာ အခန်း နား မှာ ဘုရား သခင်၏လူ ကွဂဒါလိ သား ဟာနန် ၏သား တို့ နေသော အခန်း ထဲသို့ ဆောင် သွားပြီးလျှင်၊ ၅ ထိုရေခပ် အမျိုးသား တို့ရှေ့၌ စပျစ်ရည် နှင့် ပြည့် သောခိုး များနှင့် ခွက် ဖလားတို့ကိုထည့် ၍ ၊ စပျစ်ရည် ကို သောက် ကြပါဟု သူ တို့အား ဆို ၏။ ၆ သူတို့ကလည်း ၊ အကျွန်ုပ်တို့သည် စပျစ်ရည် ကို မ သောက် ပါ။ အကြောင်း မူကား၊ အကျွန်ုပ် တို့အမျိုး၏ အဘ ရေခပ် ၏ သား ယောနဒပ် က၊ သင်တို့မှစ၍ သား စဉ် မြေးဆက်တို့သည် စပျစ်ရည် ကို မ သောက် ရကြ။ ၇ အိမ် ကိုလည်း မ ဆောက် ရ၊ မျိုးစေ့ ကိုလည်း မ ကြဲ ရ၊ စပျစ် ဥယျာဉ်ကိုလည်း မ စိုက် ရ၊ မ ရှိ စေရကြ။ သင် တို့သည် နေ့သည် ဖြစ်လျက်နေသော ပြည် ၌ အသက် တာရှည် မည်အကြောင်း ၊ တသက် လုံး တဲ နှင့် သာ နေ ရကြမည်ဟု အကျွန်ုပ် တို့ကို မှာ ထားပါပြီ။ ၈

ထိုကြောင့် ၊ အကျွန်ုပ် တို့သည် မယား သား သမီး နှင့်တကွတသက်လုံး စပျစ်ရည် ကိုမ သောက် ။ ၉ နေ့ စရာဘို့ အိမ် ကိုလည်း မ ဆောက် ။ စပျစ် ဥယျာဉ်မရှိ။ လယ်ယာ မရှိ၊ မျိုးစေ့ မ ရှိ ။ ၁၀ တဲ့ နှင့် သာ နေ ၍ အကျွန်ုပ် တို့အမျိုး၏ အဘ ရေခပ်သား ယောနဒပ် မှာ ထားသမျှ သော စကားကို နားထောင် လျက် ၊ အဘယောနဒပ်မှာထား သမျှအတိုင်း ပြု ကြပါပြီ။ ၁၁ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ဤ ပြည် သို့ လာ သောအခါ ၊ အကျွန်ုပ်တို့က၊ လာ ကြ။ ယေရုရှလင် မြို့သို့ သွား ကြကုန်အံ့။ ခါလဒဲ စစ်သူရဲ တို့နှင့် ရှုရိ စစ်သူရဲ တို့ကို ကြောက်စရာရှိသည်ဟု အချင်းချင်းပြောဆို၍၊ ယခုယေရုရှလင် မြို့၌ နေ ကြပါသည်ဟု ဆို ကြ၏။ ၁၂ ထိုအခါ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ယေရမိ သို့ ရောက် လာ၍၊ ၁၃ ဣသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည်ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့ ရှိရာသို့ သွား ၍ ၊ သင်တို့သည် ငါ့ စကား ကို နားထောင် အံ့သောငှါ ဆုံးမ ခြင်းကို မ ခံ ကြသလောဟု ထာဝရဘုရား မေး တော်မူ ၏။ ၁၄ စပျစ်ရည် ကို မ သောက် ရဟု၊ ရေခပ် သား ယောနဒပ် သည် မိမိ သား တို့ ၌ ထား သော ပညတ် စကားအတိုင်း၊ သူတို့သည် ကျင့် ၍ ယနေ့ တိုင် အောင်စပျစ်ရည် ကို မ သောက်ဘဲနေလျက်၊ အဘ ၏ပညတ် စကားကို နားထောင် ကြ၏။ ငါ သည် စောစော ထ၍ သင် တို့ကို အထပ်ထပ် ပြော သော်လည်း ၊ သင်တို့သည် ငါ့ စကားကို နား မ ထောင်ကြ။ ၁၅ ငါ ၏ကျွန် ပရောဖက် အပေါင်း တို့ကိုလည်း ၊ ငါသည်စောစော ထ၍ သင်တို့ရှိရာသို့ အထပ်ထပ်စေလွှတ် လျက်၊ သင်တို့အသီးအသီး လိုက်သော အဓမ္မ လမ်း ကို ရှောင် ကြလော့။ သင် တို့အကျင့် ကို ပြုပြင် ကြလော့ ။ အခြား တပါးသော ဘုရား နောက် သို့မ လိုက် ၊ ဝတ် မပြုကြနှင့်။ ဤစကားကို နားထောင်လျှင်၊ သင် တို့နှင့် သင် တို့၏ဘိုးဘေး တို့အား ငါပေး သော ပြည် ၌ နေ ရကြ လိမ့်မည်ဟု မှာ လိုက်သော်လည်း ၊ သင်တို့သည် နား ကိုပိတ် လျက်၊ ငါ့ စကားကို နား မ ထောင်ဘဲ နေကြပြီ။ ၁၆ ရေခပ် သား ဖြစ်သော ယောနဒပ် ၏ သား မြေးတို့ သည် မိမိ တို့ အဘ မှာ ထားသော စကား အတိုင်း ကျင့် ကြ၍၊ ဤ လူမျိုး သည် ငါ့ စကားကို နား မ ထောင်သောကြောင့်၊ ၁၇ ဣသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ငါသည်ဤမ်း သမျှ သော ဘေးဥပဒ် တို့ကို ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သား အပေါင်း တို့အပေါ် သို့ ရောက် စေမည်။ အကြောင်း မူကား၊ ငါပြော သော်လည်း ၊ သူတို့သည် နား မ ထောင်ကြ။ ခေါ် သော်လည်း မ ထူး ကြဟု မိန့်တော်မူ၏။ ၁၈ ရေခပ် အမျိုးသား တို့အား လည်း ၊ ယေရမိ ဆင့်ဆို သော၊ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ အမိန့် တော်ဟူမူကား ၊ သင်တို့သည် သင် တို့အဘ ယောနဒပ် ၏ ပညတ် စကားကို နားထောင် ၍၊ သူ စီရင် ထုံးဖွဲ့သမျှ အတိုင်း ကျင့် စောင့် သောကြောင့်၊ ၁၉ ရေခပ် ယောနဒပ် အမျိုး ၌ ငါ့ အမှုထမ်း တို့သည် အစဉ် ရှိကြလိမ့်မည်ဟု ဣသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၃၆ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် မင်း နန်းစံလေး နှစ် တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ယေရမိ သို့ ရောက် လာသည်ကား၊ ၂ သင် သည် စာလိပ် ကိုယူ ပြီးလျှင် ၊ ယောရှိ မင်း လက်ထက် ၌ သင့် အား

ငါပြော သောနေ့ မှစ၍ ယနေ့ တိုင်အောင် ကျသရေလ ပြည်၊ ယုဒ ပြည်အစ ရှိသောခပ်သိမ်း သော တိုင်း ပြည်တို့ကို ငါခြိမ်း သမျှ သော စကား အတိုင်း ရေး ထားလော့။ ၃ ယုဒ အမျိုး တို့ ၌ ပြုမည်ဟု ငါ ကြံစည် သမျှ သော ဘေးဥပဒ် တို့ကို သူတို့သည် ကြားသောအခါ၊ သူ တို့ ဒုစရိုက် အပြစ် ကို ငါလွှတ် မည်အကြောင်း၊ အသီး အသီး လိုက်ဘူး သော အဓမ္မ လမ်း တို့ကို ရှောင်ကောင်း ရှောင် ကြ လိမ့်မည်ဟု မိန့် တော်မူ၏။ ၄ ထိုအခါယေရမိ သည် နေရိ သား ဗာရုတ် ကို ခေါ် ပြီးလျှင် ထာဝရဘုရား မိန့် တော်မူသမျှ သော စကား တော်တို့ကို ပြန်ပြော သည်အတိုင်း ၊ ဗာရုတ် သည် စာလိပ် ၌ ရေး ထားလေ၏။ ၅ ယေရမိ ကလည်း ၊ ငါ သည် အချုပ်ခံ လျက် နေရ သောကြောင့်၊ ဗိမာန် တော်သို့ မ သွား နိုင် ။ ၆ သင် သွား လော့။ ငါ ပြန်ပြော သည်အတိုင်း ၊ သင်သည် စာလိပ် ၌ ရေး ထားသော ထာဝရဘုရား ၏ စကား တော်တို့ကို၊ အစာရှောင် သောနေ့ တွင် ၊ ဗိမာန် တော်၌ရှိသောသူ တို့ အားဘတ် လော့။ အမြို့မြို့ အရွာရွာ က လာ သော ယုဒ လူတို့အားလည်း ဘတ် လော့။ ၇ သူတို့သည် အသီးအသီး လိုက်ဘူးသော အဓမ္မ လမ်း ကို ရှောင် လျက်၊ ထာဝရဘုရား အားပြပ်ဝပ်၍ ဆုတောင်းကောင်းဆုတောင်း ကြလိမ့်မည်။ ဤ လူမျိုး ၌ ထာဝရဘုရား ခြိမ်း တော်မူသော အမျက် ဒေါသ သည် အလွန် ပြင်းထန်ပေ၏ဟု ဗာရုတ် အား မှာ ထားလေ၏။ ၈ ထိုသို့ ပရောဖက် ယေရမိ မှာ ထားသမျှ အတိုင်း ၊ နေရိ သား ဗာရုတ် သည်ပြု ၍၊ ထာဝရဘုရား ၏ စကား တော်ပါသောစာ ကိုဗိမာန် တော်၌ ဘတ် လေ၏။ ၉ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် မင်း နန်းစံငါး နှစ် ၊ နဝမ လ တွင် ယေရုရှလင် မြို့သား အပေါင်း တို့နှင့် ၊ ယုဒ မြို့ ရွာမှ ယေရုရှလင် မြို့သို့ ရောက် လာသောသူ အပေါင်း တို့သည် ထာဝရဘုရား ရှေ့တော်၌ အစာရှောင် ရာအချိန်ကို ကြော်ငြာ ကြ၏။ ၁၀ ထိုအခါ ဗာရုတ် သည် ဗိမာန် တော်တံခါး သစ် နား မှာ၊ အထက် တန်တိုင်းအတွင်း၊ စာရေး တော်ရှာဖန် သား ဂေမရိ ၏အခန်း ၌၊ ယေရမိ စီရင်သောစာ ကို လူ အပေါင်း တို့ ရှေ့မှာ ဘတ် လေ၏။ ၁၁ ထိုစာ ၌ ပါသမျှ သော ထာဝရဘုရား ၏ စကား တော်တို့ကို ရှာဖန် သား ဖြစ်သော ဂေမရိ ၏သား မိက္ခါယ သည်ကြား လျှင် ၊ ၁၂ နန်းတော် အတွင်း၊ စာရေး တော်အခန်း သို့ သွား ၍ ၊ စာရေး တော် ဧလိရှမာ ၊ ရှေမာယ သား ဒေလာယ ၊ အာခဗော် သား ဧလနာသန် ၊ ရှာဖန် သား ဂေမရိ ၊ ဟာနနိ သား ဇေဒကိ အစရှိ သော မှူး တော်မတ်တော် အပေါင်း တို့သည် ထိုင် လျက်ရှိကြ၏။ ၁၃ ထိုအခါဗာရုတ် သည် လူ များတို့အား ဘတ် သော စာ ထဲက မိက္ခါယ ကြား သမျှ သော စကားတို့ကို ပြန်ပြော လေ၏။ ၁၄ ထိုမင်း အပေါင်း တို့သည်လည်း ၊ ကုရှိ ၊ ရှေလမိ ၊ နာသနိ တို့မှ ဆင်းသက် သော ယေဟုဒိ ကို ဗာရုတ် ထံသို့ စေလွှတ် လျက်၊ သင်သည် လူ များတို့အား ဘတ် သော စာလိပ် ကို သင့် လက် နှင့်ကိုင် ၍ လာ ခဲ့ဟုခေါ် ကြ၏။ နေရိ သား ဗာရုတ် သည်လည်း၊ စာလိပ် ကိုကိုင် ၍ လာ ၏။ ၁၅ သူ တို့ကလည်း ထိုင် လော့။ ငါ တို့အား ဘတ် လော့ ဟုဆိုသည်အတိုင်း ၊ ဗာရုတ် သည် သူ တို့ရှေ့ မှာ ဘတ် လေ ၏။ ၁၆ ထိုစကား အလုံးစုံ တို့ကို မင်း များတို့သည် ကြား လျှင် ၊ အချင်းချင်း ကြောက်ခဲ့ သောစိတ် ရှိ၍ ၊ ငါတို့သည် ဤ စကား အလုံးစုံ တို့ကို ရှင်ဘုရင် အား ဆက်ဆက်ကြား လျှောက်ရမည်ဟု ဗာရုတ် ကို ဆို ကြ၏။ ၁၇ တဖန် သင်သည် ဤ စကား အလုံးစုံ တို့ကို သူ နှုတ် မြွက် သည် အတိုင်း အဘယ်သို့ ရေး ထားသနည်းဟု မေးမြန်း လျှင်၊ ၁၈

ဗာရုတ် က၊ သူသည်ဤ စကား အလုံးစုံ တို့ကို နှုတ် မြွက် ၍ ၊ အကျွန်ုပ် သည် မှင် နှင့် ရေး ထားပါ၏ဟု ပြန်ပြော သော် ၊ ၁၉ မင်း များတို့က၊ သင် သွား လော့။ ယေရမိ နှင့် အတူ ပုန်းရှောင် ၍ နေလော့။ အဘယ်မှာ နေသည်ကို တစုံ တယောက်မျှ မ သိ စေနှင့်ဟုဗာရုတ် အား မှာ ခဲ့၍ ၊ ၂၀ စာလိပ် ကိုစာရေး တော်ဧလိရှမာ ၏ အခန်း ၌ ထား ပြီးမှ နန်းတော်အတွင်း၊ ရှင်ဘုရင် ထံသို့ဝင်၍၊ ထိုအမှု ကို အကုန် အစင်လျှောက် ကြ၍။ ၂၁ ရှင် ဘုရင်သည် ထိုစာလိပ် ကိုယူ ချေဟု၊ ယေဟုဒိ ကိုစေလွှတ် သဖြင့် ၊ ယေဟုဒိ သည် စာရေး တော်ဧလိရှမာ ၏ အခန်း ထဲက ယူ ၍ ၊ ရှင်ဘုရင် အစရှိသော အထံ တော်၌ ရပ် နေသောမှူးမတ် အပေါင်းတို့ရှေ့ မှာ ဘတ် လေ၏။ ၂၂ ထို အခါန၀မ လ ဖြစ်၍၊ ရှင် ဘုရင်သည် ဆောင်း ကာလ၌ စံပျော်ရာနန်း အခန်းတွင်ထိုင် ၍ ၊ ရှေ့ တော်၌ မီးမယ်ဖျူး ပေါ်မှာ မီး ခဲပုံရှိ၏။ ၂၃ ယေဟုဒိ သည် သုံး လေး ခဏ်း လောက် ဘတ် မိ လျှင် ၊ ရှင်ဘုရင်သည် စာရေး ၏ထား နှင့် လှီး ၍ မီးမယ်ဖျူး ပေါ်မှာရှိသော မီး ထဲသို့ စာလိပ်ကို ချ ပစ်လျှင်၊ အကုန် အစင် ကျွမ်း လောင်လေ၏။ ၂၄ ရှင်ဘုရင် မှစ၍ ၊ ထို စကား အလုံးစုံ တို့ကို ကြား သော ရှင် ဘုရင်၏ ကျွန် တယောက်မျှမ ကြောက် ၊ မိမိ အ၀တ် ကိုလည်း မ ဆုတ် ကြ။ ၂၅ ရှင် ဘုရင်သည် စာလိပ် ကိုမီး မရှို့စေခြင်းငှါ ၊ ဧလနာသန် ၊ ဒေလာယ ၊ ဂေမရိ တို့သည် တောင်းပန် သော်လည်း ၊ ရှင်ဘုရင်သည် သူ တို့စကားကို နား မ ထောင်။ ၂၆ တဖန်ရှင် ဘုရင်သည် စာရေး ဗာရုတ် နှင့် ပရောဖက် ယေရမိ ကို ဘမ်းဆီး စေခြင်းငှါ ၊ သား တော်ယေရမေလ ၊ အာဇရေလ သား စရာယ ၊ အာဗဒေလ သား ရှေလမိ တို့ကို စေလွှတ် လေ၏။ သို့ရာတွင် ၊ ထာ၀ရဘုရား သည် ထိုသူ နှစ်ယောက်တို့ကို ဝှက် ထားတော်မူ၏။ ၂၇ ယေရမိ နှုတ် မြွက်သည်အတိုင်း ဗာရုတ် ရေး ထားသော ထိုစာလိပ် ကို ရှင်ဘုရင် မီးရှို့ သောနောက် ၊ ထာ၀ရဘုရား ၏နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လာသည် ကား၊ ၂၈ သင် သည်အခြား သော စာလိပ် ကိုယူ ၍၊ ယုဒ ရှင်ဘုရင် ယောယကိမ် မီးရှို့ သော အရင် စာလိပ် ၌ ပါ သမျှ သော စကား ရင်း အတိုင်း ရေး ထားလော့။ ၂၉ သင်သည် ယုဒ ရှင်ဘုရင် ယောယကိမ် အား ပြော ဆိုရမည်မှာ၊ ထာ၀ရဘုရား မိန့် တော်မူသည်ကား ၊ ဗာဗုလုန် ရှင် ဘုရင်သည် ဆက်ဆက်လာ ၍ ဤ ပြည် ကို ဖျက်ဆီး လိမ့်မည်။ လူ နှင့် တိရစ္ဆာန် အပေါင်းတို့ကို သုတ်သင် ပယ်ရှင်းလိမ့်မည်ဟူသောစကား ကို အဘယ်ကြောင့် ရေး ထားသနည်းဟု သင်သည်ဆို ၍ စာလိပ် ကိုမီးရှို့ ပြီ။ ၃၀ ထိုကြောင့်၊ ထာ၀ရဘုရား သည် ယုဒ ရှင်ဘုရင် ယောယကိမ် ကို ရည်မှတ် ၍ မိန့် တော်မူသည်ကား ၊ သူ၏အမျိုးအနွယ်သည် ဒါဝိဒ် ၏ရာဇ ပလ္လင်ပေါ် မှာ မ ထိုင် ရ။ သူ ၏အသေ ကောင်ကို နေ့ အချိန်၌ နေပူ ထဲသို့ ၎င်း ၊ ည၌ အချိန်၌ နှင်းခဲ ထဲသို့ ၎င်း ပစ် လိုက်ကြလိမ့်မည်။ ၃၁ သူ မှစ၍ သူ ၏သား မြေးတို့ကို ၎င်း၊ သူ ၏ ကျွန် တို့ကိုလည်း၊ အပြစ် နှင့်အလျောက်ငါစီရင် မည်။ သူ တို့နှင့် ယေရှုရှလင် မြို့သူ ယုဒ ပြည်သား တို့သည် နား မ ထောင်၊ သူ တို့အပေါ် သို့ ငါခြိမ်း သမျှ သော ဘေးဥပဒ် တို့ကို ရောက် စေမည်ဟုမိန့်တော်မူ၏။ ၃၂ ထိုအခါ ယေရမိ သည်အခြား သော စာလိပ် ကို ယူ ၍ ၊ နေရိ သား စာရေး ဗာရုတ် အား ပေး သဖြင့် ၊ ယုဒ ရှင်ဘုရင် ယောယကိမ် မီးရှို့ သော စာ ၌ ပါသမျှ သော စကား တို့ကို ယေရမိ သည်နှုတ် မြွက်၍၊ ဗာရုတ်သည်ရေး ထား ၏။ အလား တူသော စကား အများ ကိုလည်းထပ်၍သွင်း ရ၏။

၃၇ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ယုဒ ရှင်ဘုရင်အရာ၌ ခန့်ထားသော ယောယကိမ် သား ခေါနိ အရာ ၌၊ ယောရှိ မင်းကြီး၏ သား ဧဒေကိ မင်းကြီး သည် နန်းထိုင် လေ၏။ ၂ ထာဝရဘုရား သည် ယေရမိ အားဖြင့် မိန့် တော်မူ သော စကား တော်တို့ကို၊ ထိုမင်းကြီး အစ ရှိသော ကျွန် များ၊ ပြည်သူ ပြည်သားများတို့သည် နား မ ထောင်ဘဲ နေကြ၏။ ၃ တရံရောအခါဧဒေကိ မင်းကြီး သည်၊ ရှေလမိ သား ယေဟုကလ နှင့် ယဇ်ပုရောဟိတ် မာသေယ သား ဇေဖနိ တို့ကို ပရောဖက် ယေရမိ ထံ သို့ စေလွှတ် ၍ ၊ ငါ တို့ အဘို့ ငါ တို့ဘုရား သခင်ထာဝရဘုရား အား ဆုတောင်း ပါလော့ဟု မှာ လိုက်၏။ ၄ ထို အခါ ယေရမိ သည် ထောင် ထဲသို့ မ ရောက် သေး။ လူ များ တို့နှင့် ပေါင်းဘော် လျက် နေသေး၏။ ၅ ယေရုရှလင် မြို့ကို ဝိုင်း သော ခါလဒဲ လူတို့သည်၊ အဲဂုတ္တု ပြည်မှ ဖာရော ဘုရင်၏ ဗိုလ်ခြေ များစစ်ချီ ၍ လာကြောင်းကို ကြား လျှင် ၊ ထို မြို့မှ ထွက်သွား ကြပြီ။ ၆ ထိုအခါ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ပရောဖက် ယေရမိ သို့ ရောက် ၍၊ ၇ ဣသရေလ အမျိုး၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ့ ကိုမေး လျှောက် စေခြင်းငှါ ၊ သင့်ကိုမှာ လိုက်သော ယုဒ ရှင်ဘုရင် အား ဤသို့ ပြန်ပြော လော့။ သင် တို့ကို စစ်ကူ ခြင်းငှါ လာ သော ဖာရော ဘုရင်၏ ဗိုလ်ခြေ တို့သည်သူ တို့နေရင်း အဲဂုတ္တု ပြည် သို့ ပြန် သွားကြ လိမ့်မည်။ ၈ ခါလဒဲ လူတို့သည် လာ ပြန်၍ ၊ ဤ မြို့ ကို တိုက် ယူ ပြီးလျှင် မီးရှို့ ကြလိမ့်မည်။ ၉ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အကယ်စင်စစ် ခါလဒဲ လူတို့သည် ငါ တို့ထံ မှ ထွက်သွား ကြလိမ့်မည်ဟု ဆို၍ ကိုယ် ကိုကိုယ်မ လှည့်စား ကြနှင့်။ သူတို့သည် ထွက်၍ မ သွား ရကြ။ ၁၀ ထိုမျှမက၊ သင် တို့ကို စစ် တိုက်သော ခါလဒဲ စစ်သူရဲ အပေါင်း တို့ကို သင်တို့သည်လုပ်ကြံ သဖြင့် ၊ သူ တို့ တွင် ဒဏ်ချက်ထိ သော သူ သက်သက်ကျန်ကြွင်း သော်လည်း ၊ သူတို့သည် အသီးအသီးမိမိ တို့တဲ ၌ ထ ၍ ၊ ဤ မြို့ ကို မီးရှို့ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၁၁ ခါလဒဲ စစ်သူရဲ တို့သည် ဖာရော ဘုရင်၏ဗိုလ်ခြေ တို့ကို ကြောက်ရွံ့၍၊ ယေရုရှလင် မြို့မှ ဆုတ် သွားကြသောအခါ ၊ ၁၂ ယေရမိ သည်မိမိအမျိုး ၌ မိမိအမွေဥစ္စာကို ခံ အံ့သော်ငှါ ၊ ဗင်္သာမိန် ပြည် သို့သွား မည်ဟု အကြံရှိ၍ ယေရုရှလင် မြို့မှ ထွက်သွား လေ၏။ ၁၃ ဗင်္သာမိန် တံခါးဝ သို့ ရောက်သောအခါ၊ ဟာနနိ သား ဖြစ်သော ရှေလမိ ၏ သား ကင်း မှူး ဣရိယ က၊ သင် သည်ခါလဒဲ လူတို့ဘက်သို့ ကူး သွားပါသည် တကား ဟုဆို လျက်၊ ပရောဖက် ယေရမိ ကိုဘမ်းဆီး လေ၏။ ၁၄ ယေရမိ ကလည်း ၊ မဟုတ် ပါ။ ခါလဒဲ လူတို့ ဘက်သို့ ငါ မ ကူး မသွားပါဟုဆိုသော်လည်း ၊ ဣရိယ သည် နား မ ထောင်ဘဲ၊ ယေရမိ ကို ယူ ၍ မင်း များထံသို့ ပို့ဆောင် လေ၏။ ၁၅ မင်း များတို့သည် အမျက် ထွက်၍ ယေရမိ ကို ရိုက် ပြီးမှ ၊ စာရေး တော်ယောနသန် ၏အိမ် ၌ လှောင် ထားကြ၏။ ထိုအိမ် ကို လှောင် အိမ် လုပ် နှင့်သတည်း။ ၁၆ ယေရမိ သည် အိမ် အောက်မြေတွင်း ၊ လှောင် အိမ်ထဲသို့ ရောက် ၍ ၊ နေ့ရက် များ စွာနေ ရသောနောက် ၊ ၁၇ ဧဒေကိ မင်းကြီး သည် လူကိုစေလွှတ် ၍ ယေရမိ ကိုနှုတ် ပြီးမှ ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ရှိ သလောဟု နန်းတော် ၌ တိတ်ဆိတ် စွာ မေးမြန်း လျှင် ၊ ယေရမိ က၊ နှုတ်ကပတ်တော်ရှိ ပါ၏။ ကိုယ်တော်သည် ဗာဗုလုန် ရှင်ဘုရင် လက် သို့ ရောက် ပါလိမ့်မည်ဟု ပြန်လျှောက် ၏။ ၁၈ တဖန် ယေရမိ က၊ အကျွန်ုပ်သည် ကိုယ်တော် ကို ပြစ်မှား သလော ။ ကိုယ်တော် ၏ကျွန် တို့ကို ပြစ်မှားသလော။ ဤ

လူမျိုး ကို ပြစ်မှားသလော။ အဘယ်မည် သောအပြစ်ကြောင့် အကျွန်ုပ် ကို လှောင် ထားကြသနည်း။ ၁၉ ဗာဗုလုန် ရှင် ဘုရင်သည် သင် တို့နှင့် ဤ ပြည် ကို မ တိုက် မလာရဟု ဟောပြော သော သင် တို့၏ ပရောဖက် တို့သည် ယခုအဘယ် မှာ ရှိကြသနည်း။ ၂၀ သို့ ဖြစ်၍၊ အကျွန်ုပ် သခင် အရှင်မင်းကြီး ၊ နားထောင် တော်မူပါ။ အကျွန်ုပ် တောင်းပန် သောစကားကို နားခံ တော်မူပါ။ အကျွန်ုပ်ကို သေ စေခြင်းငှါ ၊ စာရေး တော်ယောနသန် အိမ် သို့ ပြန် စေတော်မ မူပါနှင့်ဟု ဧဒေကိ မင်းကြီး ကို လျှောက်ဆို ၏။ ၂၁ ထိုအခါ ဧဒေကိ မင်းကြီး အမိန့် တော်ရှိ၍ ၊ ယေရမိ ကို ထောင် ဝင်း ၌ ထား ကြ၏။ မြို့ တွင် မုန့် မ ကုန် မှီ တိုင်အောင်၊ မုန့် သည် တန်းမှ မုန့် တလုံးကို နေ့ တိုင်း အစဉ်ပေး ရ၏။ ထိုသို့ ယေရမိ သည် ထောင် ဝင်း ထဲမှာ နေ လေ၏။

၃၈ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၂ ဤ မြို့ ထဲမှာ နေ သောသူသည် ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးတို့နှင့်သေ လိမ့်မည်။ခါလဒဲ လူတို့ဘက်သို့ ထွက်သွား သောသူသည် အသက် ချမ်းသာ၍ ၊ လက်ရဉ္စာ ကဲ့သို့ ကိုယ် အသက် ကိုရ လိမ့်မည်ဟူ၍ငင်း၊ ဤ မြို့ ကို ဗာဗုလုန် ရှင်ဘုရင် ၏ဗိုလ်ခြေ လက် သို့ ဆက်ဆက်အပ် ၍၊ သူသည်သိမ်းယူ လိမ့်မည်ဟူ၍ငင်း၊ ထာဝရဘုရား မိန့် တော်မူ၏ဟု၊ ၃ ယေရမိ သည် လူ အပေါင်း တို့အား ဟောပြော တတ်သော စကား များကို မဿန် သား ရှေဖတိ ၊ ပါရှုရ သား ဂေဒလိ ၊ ရှေလမိ သား ယေဟုကလ ၊ မာလခိ သား ပါရှုရ တို့သည်ကြား သောအခါ၊ ၄ ထိုမှူး မတ်တို့သည် ရှင်ဘုရင် ထံသို့ ဝင်၍၊ ဤ သူ သည် ဤ သို့သော စကား ကို ပြော သဖြင့် ၊ မြို့ ထဲမှာ ကျန် ကြွင်းသေးသောစစ်သူရဲ အစ ရှိသော လူ အပေါင်း တို့၏ လက် ကိုအားလျော့ စေတတ်ပါ၏။ သူ သည် ဤ လူမျိုး ၏ အကျိုး ကို မ ပြုစု တတ်၊ ဖျက်ဆီး တတ်ပါ၏။ ထိုကြောင့် ၊ သူကိုကွပ်မျက် ပါမည်အကြောင်းအခွင့်တောင်းပန်ပါ၏ ဟု လျှောက် လျှင်၊ ၅ ဧဒေကိ မင်းကြီး က၊ သူ သည် သင် တို့လက် ၌ ရှိ၏။ ရှင် ဘုရင်သည် သင်တို့အလို ကို မ ဆီးတား နိုင်ဟု မိန့် တော်မူ၏။ ၆ ထိုအခါ ယေရမိ ကို ယူ ၍၊ ထောင် ဝင်း ထဲမှာ ရှိသော သား တော် မာလခိ ၏မြေတွင်း ၌ ကြိုး နှင့် လျှော့ချ ကြ၏။ ထိုမြေတွင်း ၌ ရေ မရှိ ၊ ရွံ့ သာ ရှိ၍ ၊ ယေရမိ သည်ရွံ့ ၌ ကျွံ လျက်နေ၏။ ၇ ထိုသို့ယေရမိ ကို မြေတွင်း ၌ ချ ထားကြောင်း ကို နန်းတော် အရာရှိ ဖြစ်သောသူ၊ ကုရှ အမျိုးသားဧဗဒမေလက် သည် ကြား သိသောအခါ၊ ရှင်ဘုရင် သည် ဗင်္ာမိန် တံခါးဝ ၌ ထိုင် နေတော်မူစဉ်တွင်၊ ၈ ထိုသူ သည် နန်းတော် ထဲက ထွက် ၍ အထံ တော်သို့ သွားပြီးလျှင်၊ ၉ အကျွန်ုပ် သခင် အရှင်မင်းကြီး ၊ ထို သူ တို့သည် ပရောဖက် ယေရမိ ကို ပြု လေသမျှ တို့ ၌ မှား ကြပါပြီ။ မြေတွင်း ၌ ချ ထားကြပါပြီ။ မြို့ ၌ မုန့် ကုန် သောကြောင့် ၊ ထိုတွင်း ၌ ငတ်မွတ် ၍ သေ ပါလိမ့်မည်ဟုလျှောက် သော်၊ ၁၀ ရှင် ဘုရင်က၊ ပရောဖက် ယေရမိ မ သေ မှီ ဤ အရပ်မှ လူ သုံးဆယ် ကို ခေါ် သွား၍၊ မြေတွင်း ထဲက နှုတ်ယူ လော့ဟု၊ ကုရှ အမျိုးသားဧဗဒမေလက် ကို အမိန့် တော်ရှိ၏။ ၁၁ ဧဗဒမေလက် သည်လည်း လူ တို့ကို ခေါ် ၍ နန်းတော် အတွင်း ဘဏ္ဍာတိုက် အောက် သို့ ဝင် ပြီးလျှင် ၊ ဟောင်းနွမ်း သော အဝတ် စုတ်များကို ယူ ပြီးမှ၊ ယေရမိ ရှိရာ မြေတွင်း ၌ ကြိုး နှင့် လျှော့ချ လေ၏။ ၁၂ ထိုအခါ ကုရှ အမျိုးသားဧဗဒမေလက် က၊ ဟောင်းနွမ်း သော ဤအဝတ် စုတ်တို့နှင့်သင်

၏ လက် က တီးကြား၌ကြိုး ကိုခုခံပါလော့ဟုဆိုသည်အတိုင်း ယေရမိ ပြု လေ၏။ ၁၃ ထိုသို့ ယေရမိ ကိုမြေတွင်း
ထဲက ကြိုး နှင့် ဆွဲတင် ကြ၏။ ထို နောက်ယေရမိ သည် ထောင် ဝင်း ထဲမှာ နေ လေ ၏။ ၁၄ တဖန် ဗေဒကိ မင်းကြီး
သည် လူကို စေလွှတ် ၍ ဗိမာန် တော်၌ တတိယ အတွင်း ခန်းထဲသို့ ယေရမိ ကို ခေါ် ပြီးလျှင်၊ သင် ၌ တစုံတခု
ကို ငါ မေးမြန်း မည်။ အဘယ် အရာကိုမျှ မ ထိမ် မဝှက်နှင့်ဟုဆို သော်၊ ၁၅ ယေရမိ က၊ အကျွန်ုပ်လျှောက် လျှင် ၊
အကျွန်ုပ် ကို မ သတ် ဘဲအမှန်နေတော်မူမည်လော။ အကျွန်ုပ်သည် အကြံ ပေးလျှင် ၊ အကျွန်ုပ် စကားကို နားထောင်
တော်မူမည် လောဟု ဗေဒကိ ကို မေး လျှောက်လေ၏။ ၁၆ ဗေဒကိ မင်းကြီး ကလည်း၊ ငါ တို့ကို အသက် ရှင်သော
သတ္တဝါဖြစ်စေခြင်းငှါ ဖန်ဆင်း သော ထာဝရဘုရား အသက် ရှင်တော်မူသည်အတိုင်း၊ သင့် ကိုငါမ သတ် ။ သင့်
အသက် ကိုရှာ သော ထို လူ တို့လက် သို့ သင့် ကိုငါ မ အပ် ဟု ယေရမိ အား တိတ်ဆိတ် စွာ ကျိန်ဆို လေ၏။ ၁၇
ယေရမိ ကလည်း ၊ ဣသရေလ အမျိုး၏ ဘုရား သခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရား သခင်ထာဝရဘုရား မိန့်
တော်မူသည်ကား ၊ ကိုယ်တော်သည်ဟဗုလုန် ရှင်ဘုရင် ၏မှူးမတ် တို့ထံ သို့အမှန်ထွက်သွား လျှင် အသက် ချမ်းသာ
ရတော်မူမည်။ ဤ မြို့ သည်လည်း မီးရှို့ ခြင်းနှင့်လွတ် လိမ့်မည်။ ကိုယ်တော် နှင့်တကွဆွေ တော် မျိုးတော်တို့သည်
အသက် ချမ်းသာရကြလိမ့်မည်။ ၁၈ သို့မဟုတ် ၊ ကိုယ်တော်သည် ဟဗုလုန် ရှင်ဘုရင် ၏ မှူးမတ် တို့ထံသို့ မ ထွက်
မသွားလျှင် ၊ ဤ မြို့ ကို ခါလဒဲ လူတို့လက် သို့ အပ် ၍ ၊ သူတို့သည် မီးရှို့ ကြလိမ့်မည်။ ကိုယ်တော် သည်လည်း ၊ သူ
တို့လက် နှင့် မ လွတ် ရဟု ဗေဒကိ ကို လျှောက်ဆို ၏။ ၁၉ ဗေဒကိ မင်းကြီး ကလည်း ၊ ခါလဒဲ လူတို့ဘက်သို့ ကူး
သွားသော ယုဒ လူတို့ကို ငါ ကြောက် ၏။ ငါ့ ကိုသူ တို့ လက် သို့ အပ် ၍ ၊ ငါ သည် ကဲ့ရဲ့ ခြင်း ကိုခံရမည်စိုးရိမ်သည်
ဟုဆို လျှင် ၊ ၂၀ ယေရမိ က၊ ကိုယ်တော်ကိုမအပ်ရ။ အကျွန်ုပ် ဆင့်ဆို သော ထာဝရဘုရား ၏အမိန့် တော်ကို နားထောင်
တော်မူပါ။ ထိုသို့ပြုလျှင် ချမ်းသာ ရ၍ အသက် ရှင်တော်မူ မည်။ ၂၁ သို့မဟုတ် ၊ ကိုယ်တော် က၊ ငါမထွက်မသွားဟု
ငြင်း လျှင် ၊ အကျွန်ုပ် အား ထာဝရဘုရား ပြ တော်မူသော အရာ ဟူမူကား၊ ၂၂ နန်းတော် ၌ ကျန် ကြွင်းသမျှ သော
မိန်းမ တို့ကို ဗာဗုလုန် ရှင်ဘုရင် ၏မှူးမတ် တို့ထံသို့ ထုတ် ဆောင်ကြ လိမ့်မည်။ ထိုမိန်းမ တို့ကလည်း ၊ ကိုယ်တော်
၏အဆွေ ခင်ပွန်းတို့သည် သွေးဆောင် ၍ နိုင် ကြပြီ။ ခြေ တော်သည် ရွံ့ ၌ ကျံ ၍၊ သူတို့သည် ဆုတ် သွားကြပြီဟု
ကိုယ်တော်အား ဆို ကြလိမ့်မည်။ ၂၃ ထိုသို့ ကိုယ်တော် ၏ မယား နှင့် သားသမီး ရှိသမျှ တို့ ကို ခါလဒဲ လူတို့ထံသို့
ထုတ် ဆောင်ကြလိမ့်မည်။ ကိုယ်တော် လည်း သူ တို့လက် နှင့် မ လွတ် ဘဲ၊ ဗာဗုလုန် ရှင်ဘုရင် လက် သို့ရောက် ၍ ၊
ဤ မြို့ ကို မီးရှို့ စေတော်မူမည်ဟု လျှောက် ၏။ ၂၄ ဗေဒကိ ကလည်း ၊ ဤ စကား ကို အဘယ်သူ မျှမ ကြား မသိစေနှင့်။
သို့ပြုလျှင် ၊ သင်သည်မ သေ ရ။ ၂၅ ငါသည် သင် နှင့် စကား ပြောကြောင်း ကို မှူးမတ် တို့သည် ကြား ၍ သင် ရှိရာသို့
လာ လျက် ၊ သင်သည် ရှင်ဘုရင် အား အဘယ်သို့ လျှောက် သည်ကိုငင်း ၊ ရှင်ဘုရင် သည် သင့် အား အဘယ် သို့မိန့်
တော်မူသည်ကိုငင်း ၊ ငါ တို့အား ကြား ပြောပါလော့။ မ ထိမ် မဝှက်ပါနှင့် ဟုဆို လျှင် ၊ ၂၆ သင်ကလည်း ၊ ငါ့ကိုသေ
စေခြင်းငှါ ၊ ယောနသန် အိမ် သို့ ပြန် စေတော် မ မူမည်အကြောင်း၊ ရှင်ဘုရင် ထံ၌ ငါ အသနား တော်ခံပြီဟု သူ တို့အား

ပြန်ပြော လော့ဟု၊ ယေရမိ အား မိန့် တော်မူ၏။ ၂၇ ထိုအခါ မူး မတ်အပေါင်း တို့သည် ယေရမိ ရှိရာသို့ လာ ၍ မေး စစ်ကြ၏။ သူသည်လည်း၊ ရှင်ဘုရင် မှာ ထား သမျှ အတိုင်း ပြန်ပြော ပြီးမှ ၊ သူတို့သည် မ မေးမစစ်ဘဲ နေကြ၏။ ထို အမှု ကိုအဘယ်သူမျှ မ ရိပ်မိ ကြ။ ၂၈ ယေရှရှလင် မြို့ကို တိုက် ၍ရသော နေ့ တိုင်အောင် ၊ ယေရမိ သည်ထောင် ဝင်း ထဲမှာ နေ ရ၏။ ယေရှရှလင် မြို့သည် ရန်သူလက်သို့ ရောက် သောအခါ၊ ထောင်ဝင်းထဲမှာရှိ သေး၏။

၃၉ ယုဒ ရှင်ဘုရင် ဇေဒကိ မင်းကြီးနန်းစံကိုးနှစ် ဒသမ လ တွင် ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ဗိုလ်ခြေ အပေါင်း တို့နှင့် တကွလာ ၍ ယေရှရှလင် မြို့ကို ဝိုင်း ထားကြ၏။ ၂ ဇေဒကိ မင်းကြီးနန်းစံဆယ် တ နှစ် ၊ စတုတ္ထ လ ကိုး ရက်နေ့၌ မြို့ ကို ဖြို ဖေါက်၍ ၊ ၃ ရွှေထားဝန်နေရဂါလရှရေဇာ ၊ မိန်းမစိုး အုပ်စာသခိမ် ၊ မာဂု ပညာရှိအုပ်နေရဂါလရှရေဇာ တည်းဟူသောဗာဗုလုန် ရှင်ဘုရင် ၏မူးမတ် အစ ရှိသော မူးတော် မတ်တော်အပေါင်း တို့သည် မြို့ထဲသို့ဝင်၍၊ အလယ် ချက် တံခါး၀ ၌ ထိုင် ကြ၏။ ၄ ယုဒ ရှင်ဘုရင် ဇေဒကိ မင်းနှင့် စစ်သူရဲ အပေါင်း တို့သည် ထိုလူ များကို မြင် လျှင် ၊ ညဉ့် အခါပြေး ၍ ဥယျာဉ် တော်လမ်း ကို လိုက်လျက်၊ မြို့ရိုး နှစ်ထပ်စပ်ကြား တံခါး ဖြင့် ထွက်ပြီးမှလွင်ပြင် သို့ သွား ကြ၏။ ၅ ခါလဒဲ စစ်သူရဲ တို့သည် လိုက် လျက် ၊ ယေရိခေါ လွင်ပြင် ၌ ဇေဒကိ မင်းကိုမှီ ၍ ဘမ်းဆီး ပြီးမှ ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ရှိရာ ဟာမတ် ပြည် ရိဗလ မြို့သို့ ဆောင်သွား ကြ၏။ ဗာဗုလုန်ရှင်ဘုရင်သည် ဇေဒကိ မင်း၏ အမှု ကို စစ်ကြော စီရင်၍ ၊ ၆ ရိဗလ မြို့မှာ ဇေဒကိ သား တို့ကို အဘ မျက်မှောက် ၌ သတ် လေ၏။ ယုဒ မူးမတ် အပေါင်း ကိုလည်း သတ် လေ၏။ ၇ ဇေဒကိ မျက်စိ ကိုလည်း ဖောက် ပြီးမှ ၊ သူ့ ကိုကြေးဝါ ကြိုးနှင့် ချည်နှောင် လေ၏။ ၈ ခါလဒဲ လူတို့သည်လည်း ၊ နန်းတော် နှင့် ဆင်းရဲသား အိမ် တို့ကို မီးရို့ ၍ ၊ မြို့ရိုး ကို ဖြိုဖျက် ကြ၏။ ၉ ထို အခါ ကိုယ်ရံ တော်မှူး နေဗုဇာရဒန် သည် မြို့ ထဲမှာ ကျန် ကြွင်းသောသူ ၊ ခါလဒဲ လူဘက် သို့ ကူး သွား နှင့်သော သူ၊ ကျန် ကြွင်းသမျှသောသူ တို့ ကိုဗာဗုလုန် မြို့သို့ သိမ်း သွားလေ၏။ ၁၀ သို့ရာတွင် ၊ ဥစ္စာအလျှင်းမရှိသော ဆင်းရဲသား အချို့တို့ကို ယုဒ ပြည် ၌ ထား ခဲ့၍ ၊ စပျစ် ဥယျာဉ်နှင့် လယ်ယာ တို့ကိုပေး လေ၏။ ၁၁ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ယေရမိ အမှု၌၊ ကိုယ်ရံတော် မူးနေဗုဇာရဒန် ကို မှာ ထားနှင့် သည်ကား၊ ၁၂ ယေရမိ ကိုယူ ၍ ကောင်းမွန်စွာ ကြည့်ရှု လော့။ မ ညှဉ်းဆဲ နှင့်။ သူပြော သည်အတိုင်း သူ့ ကိုပြု လော့ဟု မှာ ထားတော်မူသည်နှင့်အညီ၊ ၁၃ ကိုယ်ရံတော် မူးနေဗုဇာရဒန် ၊ မိန်းမစိုး အုပ် နေဗုရှာဇဗန် ၊ မာဂု ပညာရှိအုပ်နေရဂါလရှရေဇာ အစရှိ သောဗာဗုလုန် ရှင်ဘုရင် ၏မူးမတ် အပေါင်း တို့သည် လူကိုစေလွှတ် ၍ ၊ ၁၄ ယေရမိ ကိုထောင် ဝင်း ထဲက နူတ်ယူ ပြီး လျှင်၊ သူ၏နေရာ သို့ ပို့ဆောင် စေခြင်းငှါ ၊ ရှာဖန် သား ဖြစ်သော အဟိကံ ၏သား ဂေဒလိ ၌ အပ် ကြ၏။ သို့ ဖြစ်၍၊ ယေရမိ သည် ပြည်သား များနှင့် အတူနေ ရလေ၏။ ၁၅ ယေရမိ သည်ထောင် ဝင်း ထဲမှာ အချုပ် ခံရသောအခါ ၊ ထာဝရဘုရား ၏ နူတ်ကပတ် တော်ရောက် ၍၊ ၁၆ သင်သည် ကုရှ အမျိုးသားဧဗဒမေလက် ကို ဆင့်ဆို ရမည်မှာ၊ ဣသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ သည်ကား ၊ ဤ မြို့ ၏အကျိုး ကိုမပြုစု၊ ဖျက်ဆီးခြင်းငှါငါ့စကားကို ငါတည်စေမည်။ ကာလ အချိန်ရောက်လျှင်၊ သင့် ရှေ့၌ ငါ့ စကား ပြည့်စုံ လိမ့်မည်။ ၁၇ သို့

သော်လည်း၊ ထို ကာလ ၌ သင့် ကို ငါကယ်နှုတ် မည်။ သင်ကြောက် သော သူ တို့ လက် သို့ သင်မ ရောက် ရ။ ၁၈ ငါသည် သင့် ကို စင်စစ် ကယ်နှုတ် မည်။ သင်သည် ထား ဖြင့် မ ဆုံး ရ။ လက် ရဥစ္စာကဲ့သို့ ကိုယ် အသက် ကို ရ လိမ့်မည်။ အကြောင်းမူကား၊ သင်သည် ငါ့ ကို ကိုးစား သောကြောင့် တည်းဟု ထာဝရဘုရား မိန့် တော်မူ၏။

၄၀ ကိုယ်ရံတော် မှူး နေဗုဇာရဒန် သည် ယေရမိ ကို တဖန် သိမ်းသွား၍ ရာမ မြို့၌ လွှတ် သောနောက် ၊ ထာဝရဘုရား ထံ တော်မှ နှုတ်ကပတ် တော်သည် ရောက် လာသည်အရာမှာ၊ ဗာဗုလုန် မြို့သို့ သိမ်းသွား ခြင်းကို ခံရသောယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားအပေါင်း တို့နှင့်အတူ၊ ယေရမိ သည်သံကြိုး နှင့် ချည်နှောင် ခြင်းကို ခံရသောအခါ၊ ၂ ကိုယ်ရံတော် မှူးသည် သူ့ ကိုခေါ် ၍ ၊ သင် ၏ ဘုရား သခင်ထာဝရဘုရား သည် ဤ ပြည် ၌ ရောက်သော အမှု ကို ခြိမ်း တော်မူနှင့်ပြီ။ ၃ ခြိမ်း တော်မူသည်အတိုင်း လည်း၊ အမှုကို ရောက် စေ၍ စီရင် တော်မူပြီ။ သင်တို့သည် အမိန့် တော်ကို နား မထောင်၊ ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ ဤ အမှု သည် သင် တို့အပေါ် သို့ ရောက် လေပြီ။ ၄ ယခု မှာ သင့် လက် ၌ ချည်နှောင်လျက်ရှိသောသံကြိုး ကို ငါချွတ် မည်။ ငါ နှင့် အတူ ဗာဗုလုန် မြို့သို့ လိုက်လာ ခြင်းငှါ အလို ရှိလျှင် လိုက် လာပါ။ ငါသည် ကောင်းမွန်စွာ ကြည့်ရှု မည်။ ငါ နှင့် အတူ ဗာဗုလုန် မြို့သို့ လိုက် ခြင်းငှါ အလို မရှိလျှင် မ လိုက်နှင့်။ တပြည် လုံး သည် သင့် ရှေ့မှာ ရှိ ၏။ အကြင်အရပ်သို့သွားကောင်း သည်ဟု စိတ်ထင်လျှင်၊ ထို အရပ်တည်းဟူသောစိတ် ရောက်ရာအရပ် သို့ သွား ပါလော့ဟုဆို၏။ ၅ ယေရမိသည်ကိုယ်ရံတော်မှူးထံမှ မထွက်မီ၊ ကိုယ်ရံတော်မှူးက၊ ဗာဗုလုန် ရှင် ဘုရင်သည် ယုဒ ပြည်နယ် တွင် ၊ မြို့အုပ်အရာ၌ခန့်ထားတော်မူသောရှာဖန် ၏သား ဖြစ်သော အဟိကံ ၏သား ဂေဒလိ ထံ သို့ ပြန်၍၊ ပြည်သား များနှင့်အတူ နေ ပါလော့။ သို့မဟုတ် ၊ စိတ် ရှိသည်အတိုင်း သွား ပါလော့ဟုဆိုလျက်၊ စားစရိတ် နှင့် လက်ဆောင် ကိုပေး ၍ လွှတ် လိုက်လေ၏။ ၆ ထိုအခါ ယေရမိ သည် အဟိကံ သား ဂေဒလိ ရှိရာ မိဇပါ မြို့သို့ သွား ၍ ၊ ပြည် ၌ ကျန်ကြွင်း သေးသောသူ တို့ နှင့် အတူ နေ လေ၏။ ၇ ဗာဗုလုန် ရှင် ဘုရင်သည် အဟိကံ သား ဂေဒလိ ကိုပြည် အုပ် အရာ၌ ခန့် ထား၍ ၊ ဗာဗုလုန် မြို့သို့ သိမ်းယူ ရာ၌မ ပါသော ယောကျ်ား မိန်းမ သူငယ် ဆင်းရဲသား အချို့တို့ကို သူ ၌ အပ် ကြောင်း ကို၊ တော မှာ ရှိသော တပ်မှူး တို့ နှင့် စစ်သူရဲ များတို့သည် ကြား သိကြသောအခါ ၊ ၈ နာသနိ သား ဣရှမေလ ၊ ကာရာ သား ယောဟနန် နှင့် ယောနသန် ၊ တာနုမက် သား စရာယ ၊ နေတောဖတ် အမျိုး၊ ဧဖဲ ၏သား များ၊ မာခသိ အမျိုးသားယေဇနိ တို့ သည် မိမိ လူ များနှင့်တကွဂေဒလိ ရှိရာမိဇပါ မြို့သို့ လာ ၍ ၊ ၉ ရှာဖန် ၏သား ဖြစ်သော အဟိကံ ၏သား ဂေဒလိ က၊ ခါလဒဲ မင်း၏အမှု ကို ဆောင်ရွက်ရမည် အခွင့်ကို မ စိုးရိမ် ကြနှင့်။ ဤပြည် ၌ နေ ၍ ဗာဗုလုန် ရှင်ဘုရင် အမှုကို ဆောင်ရွက် ကြလော့။ သို့ပြုလျှင် ၊ ချမ်းသာ ရကြလိမ့်မည်။ ၁၀ ငါ မူကား၊ လာ လတံ့သော ခါလဒဲ လူတို့စကားကို နားထောင် ခြင်းငှါ မိဇပါ မြို့မှာ နေ မည်။ သင် တို့မူကား ၊ စပျစ်ရည် ကို၎င်း ၊ နွေ ကာလအသီးကို၎င်း ၊ ဆီ ကို၎င်း သိမ်း ၍ အိုး ၌ သိုထား ကြလော့။ ယခု ဝင် ပြန်သော မြို့ ရွာ တို့ ၌ နေ ကြလော့ဟူ၍၊ ထိုသူ တို့အား သစ္စာ ပြုလေ၏။ ၁၁ ဗာဗုလုန် ရှင် ဘုရင်သည် ယုဒ ပြည်၌ လူအချို့တို့ ကို ကျန် ကြွင်းစေ၍ ၊ ရှာဖန် ၏သား ဖြစ်သော အဟိကံ ၏ သား ဂေဒလိ ကိုမင်း

အရာ၌ ခန့် ထားကြောင်းကို၊ မောဘ ပြည်၊ အမ္မုန် ပြည်၊ ဧဒုံ ပြည်အစ ရှိသော အတိုင်းတိုင်း အပြည်ပြည်တို့ ၌ ရှိသော ယုဒ လူအပေါင်း တို့သည် ကြား သိကြသောအခါ၊ ၁၂ နှင်ထုတ် ရာပြည် အရပ်ရပ် တို့မှ ပြန် လာ၍၊ ယုဒ ပြည်၊ ဂေဒလိ ရှိရာ မိဇပါ မြို့သို့ ရောက် သဖြင့်၊ များ စွာသော စပျစ်ရည် နှင့် နွေ ကာလအသီးကို သိမ်းယူ ကြ၏။ ၁၃ ထို နောက်မှ၊ ကာရာ သား ယောဟနန် သည် တော ၌ ရှိသော တပ်မှူး များနှင့်တကွ၊ ဂေဒလိ ရှိရာမိဇပါ မြို့ သို့ လာ ၍၊ ၁၄ ကိုယ်တော် ကို သတ် စေခြင်းငှါ၊ အမ္မုန် ရှင်ဘုရင် ဗာလိတ် သည် နာသနိ သား ဣရှမေလ ကို စေလွှတ် ကြောင်း ကို အမှန်သိ ပါ၏လောဟု မေး လျှောက်သော်လည်း၊ ထိုစကားကို အဟိကံ သား ဂေဒလိ သည်မ ယုံ။ ၁၅ ထိုအခါ ကာရာ သား ယောဟနန် ကလည်း၊ အကျွန်ုပ်သွား ၍ နာသနိ သား ဣရှမေလ ကိုသတ် ရသောအခွင့်ကိုပေး ပါလော့။ အဘယ် သူမျှမ သိ ရ။ သူသည် ကိုယ်တော် ကိုသတ် ၍၊ ကိုယ်တော် ထံ ၌ စုဝေး သောယုဒ လူ အပေါင်း တို့သည် အရပ်ရပ်သို့ကွဲပြား သဖြင့်၊ ယုဒ ပြည်၌ ကျန်ကြွင်း သောသူတို့ သည် အဘယ်ကြောင့် ပျက်စီး ရ ကြပါမည်နည်းဟု၊ မိဇပါ မြို့၌ ဂေဒလိ ကို တိတ်ဆိတ် စွာ လျှောက် သော်လည်း၊ ၁၆ အဟိကံ သား ဂေဒလိ က၊ သင်သည်ထို သို့မ ပြု ရ။ ဣရှမေလ ၌ မ မှန်သောစကားကိုပြန်ပြော ပြီဟု၊ ကာရာ သား ယောဟနန် အား ပြန်ပြော လေ၏။

၄၁ သတ္တမ လ တွင် ဆွေ တော်မျိုးတော်ဖြစ်သော မင်းသား ဧလိရှမာ သား နာသနိ ၏သား ဣရှမေလ သည်၊ လူ တကျိပ် နှင့် တကွ၊ အဟိကံ သား ဂေဒလိ ရှိရာ မိဇပါ မြို့ သို့ လာ၍၊ ထို မြို့ ၌ တစု တည်းစားသောက် ကြ၏။ ၂ ထိုအခါ နာသနိ သား ဣရှမေလ နှင့် ထိုလူ တကျိပ် တို့သည် ထ ၍၊ ဗာဗုလုန် ရှင်ဘုရင် အခွင့်နှင့် ပြည် အုပ် လုပ်သော ရှာဖန် ၏သား ဖြစ်သော အဟိကံ ၏သား ဂေဒလိ ကိထား နှင့် ခုတ် ၍ သတ် ကြ၏။ ၃ ဣရှမေလ သည်လည်း၊ မိဇပါ မြို့တွင် ဂေဒလိ ထံ ၌ ရှိ သော ယုဒ လူအပေါင်း တို့ကိုဂင်း၊ တွေ့ သမျှသော ခါလဒဲ စစ်သူရဲ တို့ကိုဂင်းသတ် လေ၏။ ၄ ဂေဒလိ ကိုသတ် ၍၊ နှစ် ရက် လွန် သော်လည်း၊ ထိုအမှုကို အဘယ်သူ မျှမ သိ သေးသဖြင့်၊ ၅ ရှေခင် မြို့၊ ရှိလော မြို့၊ ရှမာရိ မြို့မှ ထွက် လာသောလူ ရှစ်ကျိပ် တို့သည် မိမိတို့မုတ်ဆိတ် ကိုရိတ် ပြီးလျှင်၊ အဝတ် စုတ်ကိုဝတ်၍ ရှန သော ကိုယ်ရှိလျက်၊ ပူဇော် သက္ကာနှင့် နံ့သာ ပေါင်းကို ဗိမာန် တော်သို့ ဆောင် ခဲ့လျက် ရောက်လာကြ၏။ ၆ ထိုသူ တို့ကို ကြိုဆို အံ့သောဉ့်၊ နာသနိ သား ဣရှမေလ သည် ငိုကြွေး လျက်၊ မိဇပါ မြို့မှ ထွက် ၍ တွေ့ သောအခါ၊ အဟိကံ သား ဂေဒလိ ထံ သို့လာ ကြလော့ ဟု ခေါ် လေ၏။ ၇ မြို့ ထဲ သို့ ရောက် ပြီးလျှင်၊ နာသနိ သား ဣရှမေလ နှင့် သူ ၏လူ များတို့သည် ထိုသူ တို့ကိုသတ် ၍၊ မြေတွင်း ထဲ သို့ ပစ်ချကြ၏။ ၈ ထိုသူ တို့တွင် ပါသောလူ တကျိပ် တို့က၊ အဣရှိန်ပ် တို့ကို မ သတ် ပါနှင့်။ အဣရှိန်ပ် တို့သိုထားသော ဥစ္စာ တည်း ဟူသောဂျုံ၊ မုယော၊ ဆီ၊ ပျားရည် သည်တော ၌ ရှိ ပါ၏ဟု၊ ဣရှမေလ အား ပြော ဆိုသောကြောင့်၊ ထိုသူ တို့ကိုသူ တို့ ညီအစ်ကို များနှင့်အတူမ သတ် ဘဲနေ၏။ ၉ ဣရှမေလ သည် ဂေဒလိ နှင့်အတူ သတ် သော သူ အသေကောင် များကို ပစ်ချ သော တွင်း သည်အခြားတွင်း မဟုတ်၊ အာသ မင်းကြီး သည် ဣသရေလ ရှင်ဘုရင် ဗာရှာ ကို ကြောက်၍တူးသော တွင်းဖြစ်သတည်း။ ထိုတွင်းကို နာသနိ သား ဣရှမေလ သည် အသေ ကောင်များနှင့် ပြည့် စေ၏။ ၁၀ ထိုအခါ အဟိကံ သား ဂေဒလိ ၌ ကိုယ်ရံတော်

မှူး နေဗုဇ္ဈာရဒန် အပ် သော မင်း သမီး များအစရှိသော၊ မိဇပါ မြို့၌ ကျန်ကြွင်း သမျှ သော သူ တို့ ကို နာသနိ သား ဣရှမေလ သည် သိမ်းယူ ၍ ၊ အမျှန် အမျိုးသား တို့ထံသို့ ထွက်သွား လေ၏။ ၁၁ ထိုသို့နာသနိ သား ဣရှမေလ ပြု သော အမှုဆိုး အလုံးစုံ တို့ကို၊ ကာရာ သား ယောဟနန် နှင့် သူ့ ထံ ၌ရှိသမျှ သော တပ်မှူး တို့သည်ကြား လျှင် ၊ ၁၂ လူ အပေါင်း တို့ကို ခေါ် ၍ ၊ နာသနိ သား ဣရှမေလ ကို တိုက် ခြင်းငှါ ထွက်သွား သဖြင့် ၊ ဂိဗောင် ကန် နား မှာတွေ့ လေ၏။ ၁၃ ဣရှမေလ ၌ ပါသော သူ အပေါင်း တို့သည် ကာရာ သား ယောဟနန် နှင့် သူ ၌ ပါသော တပ်မှူး အပေါင်း တို့ကို မြင် သောအခါ ၊ ဝမ်းမြောက် ခြင်းသို့ ရောက် ကြ၏။ ၁၄ ထိုအခါ မိဇပါ မြို့မှ ဣရှမေလ သိမ်း သွားသော လူ အပေါင်း တို့သည် သူ့ထံမှထွက် ၍ ၊ ကာရာ သား ယောဟနန် ထံသို့ ကူး သွားကြ၏။ ၁၅ နာသနိ သား ဣရှမေလ သည် လူ ရှစ် ယောက်နှင့်တကွ ၊ ယောဟနန် လက်မှ လွတ် ပြေး၍ ၊ အမျှန် အမျိုးသား တို့ထံသို့ သွား လေ၏။ ၁၆ ထိုသို့ အဟိကံ သား ဂေဒလိ ကို သတ် ပြီးသည် နောက် ၊ ကာရာ သား ယောဟနန် နှင့် သူ့ ထံ၌ ရှိသော တပ်မှူး အပေါင်း တို့သည် နာသနိ သား ဣရှမေလ လက်မှ ၎င်း ၊ မိဇပါ မြို့မှ ၎င်း နှုတ် ၍ ကျန် ကြွင်းသော သူ တည်း ဟူသော ၊ အားကြီး သော စစ်သူရဲ များ၊ မိန်းမ များ၊ သူငယ် များ၊ မိန်းမစိုး များ အပေါင်း တို့ကို ဂိဗောင် မြို့မှ ဆောင် ခဲ့ ပြန်၍၊ ၁၇ ခါလဒဲလူတို့ကြောင့် အဲဂုတ္တု ပြည်သို့ ပြောင်းမည် အကြဲရှိလျက်၊ ဗက်လင် မြို့နှင့်နီး သော ခိမဟံ ရွာသို့ သွား ၍ နေ ကြ၏။ ၁၈ အကြောင်း မူကား၊ ပြည် အုပ်အရာ၌ ဗာဗုလုန် ရှင်ဘုရင် ခန့် ထားသော အဟိကံ သား ဂေဒလိ ကို နာသနိ သား ဣရှမေလ သတ် သောကြောင့် ၊ ခါလဒဲ လူတို့ကို ကြောက် ကြ၏။

၄၂ ထိုအခါ ကာရာ သား ယောဟနန် ၊ ဟောရှဲ သား ယေဇနိ အစရှိသော တပ်မှူး ရှိသမျှ တို့နှင့် လူ အကြီး အငယ် အပေါင်း တို့သည် ပရောဖက် ယေရမိ ထံသို့ ချဉ်းကပ် ၍ ၊ ၂ အကျွန်ုပ် တို့သည်အထက်ကများ သော်လည်း၊ ယခုကိုယ်တော် မြင် သည်အတိုင်း အနည်းငယ် သာကျန်ကြွင်း ပါသည်ဖြစ်၍ ၊ အကျွန်ုပ်တို့အသနား တော်ခံသောစကားကိုမ ပယ်ပါနှင့်။ ၃ အကျွန်ုပ်တို့သွား ရသော လမ်း နှင့် ပြု ရသော အမှု ကို ကိုယ်တော် ၏ဘုရားသခင် ထာဝရဘုရား သည် အကျွန်ုပ် တို့အား ပြ တော်မူမည်အကြောင်း ၊ ကျန်ကြွင်း သမျှ သောသူ၊ အကျွန်ုပ် တို့အဘို့ ကိုယ်တော် ၏ဘုရားသခင် ထာဝရဘုရား ထံ တော်၌ ဆုတောင်း ပါလော့ဟု တောင်းပန်ကြ၏။ ၄ ပရောဖက် ယေရမိ ကလည်း ၊ ငါကြား ၏။ သင် တို့ပြော သည်အတိုင်း ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား အား ဆုတောင်း မည်။ ထာဝရဘုရား သည် သင် တို့အား မိန့် တော်မူသမျှ တို့ကို ပြန်ပြော မည်။ အဘယ် အရာကိုမျှ မ ထိမ် မဝှက်ဟု ပြောဆို ၏။ ၅ သူ တို့ကလည်း ၊ ကိုယ်တော် ၏ ဘုရား သခင်ထာဝရဘုရား သည် ကိုယ်တော်အားဖြင့်အကျွန်ုပ် တို့ကို မှာ ထားတော်မူသမျှ အတိုင်း ၊ အကျွန်ုပ်တို့သည် ပြု ပါမည်ဟု၊ ထာဝရဘုရား သည်အကျွန်ုပ် တို့ ၌ မှန်ကန် ၍ သစ္စာစောင့် သော သက်သေ ဖြစ် တော်မူစေသတည်း။ ၆ အကျွန်ုပ် တို့သည် အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် သောအခါ ချမ်းသာ ရပါမည်အကြောင်း ၊ အကျွန်ုပ်တို့သည်။ ကိုယ်တော် ကိုစေလွှတ် ရာ အကျွန်ုပ်တို့၏ ဘုရား သခင်ထာဝရဘုရား ၏ အမိန့် တော်သည်ကောင်း သည်ဖြစ်စေ ၊ မကောင်း သည်ဖြစ်စေ ၊

နားထောင် ပါမည်ဟု ယေရမိ အား ပြောဆို ကြ၏။ ၇ ထိုနောက် ဆယ် ရက် ကြာ သောအခါ ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် လျှင် ၊ ၈ ယေရမိသည် ကာရာ သား ယောဟနန် မှစ၍ ၊ သူ၌ ပါသမျှ သော တပ်မှူး တို့နှင့် လူ အကြီး ၊ အငယ် အပေါင်း တို့ကို ခေါ် ၍ ၊ ၉ သင်တို့သည် ငါ့ ကို စေလွှတ် ၍ အသနား တော် ခံသော ဣသရေလ အမျိုး၏ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ၁၀ အကယ်စင်စစ်သင်တို့သည် ဤ ပြည် ၌ နေ လျှင် ၊ ငါသည်သင် တို့ကို မ ဖြို မဖျက်၊ တည်ဆောက် မည်။ သင် တို့ ကိုမ နှုတ် ၊ စိုက်ပျိုး မည်။ ငါသည် သင် တို့ ၌ ရောက် စေ သော ဘေးဒဏ် ကြောင့် နောင်တ ရ၏။ ၁၁ သင် တို့ကြောက် တတ်သော ဗာဗုလုန် ရှင်ဘုရင် ကို မ ကြောက် ကြနှင့်။ ထာဝရဘုရား မိန့် တော်မူသည် ကား၊ ထိုရှင် ဘုရင်ကို မ ကြောက် ကြနှင့်။ ငါ သည် သင် တို့ကို ကယ်တင် ၍၊ ထိုမင်း လက် မှ နှုတ်ယူ ခြင်းငှါ သင် တို့ဘက် ၌ ရှိ၏။ ၁၂ သင် တို့ကို ငါကယ်မ သနားသောအားဖြင့် ၊ ထိုရှင်ဘုရင်သည် သင် တို့ကို သနား ၍ ၊ နေရင်းပြည် သို့ ပြန် စေရလိမ့်မည်။ ၁၃ သို့မဟုတ် ၊ သင် တို့က၊ ငါတို့သည်ဤ ပြည် ၌ မ နေ ၊ ငါ တို့ဘုရား သခင် ထာဝရဘုရား ၏ အမိန့် တော်ကို နား မ ထောင်ဘဲ၊ ၁၄ စစ်မှု ကိုမ တွေ့ မမြင်၊ တံပိုး မှုတ်သံ ကို မ ကြား ၊ မ ငတ် မမွတ်ရာ အရပ်၊ အဲဂုတ္တု ပြည် သို့သွား ၍ နေ မည်ဟု ဆို လျှင်၊ ၁၅ ကျန် ကြွင်းသော ယုဒ အမျိုးသားတို့၊ ထာဝရဘုရား ၏အမိန့် တော်ကို ကြား ကြလော့။ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့သည် အဲဂုတ္တု ပြည်သို့ သွား ခြင်းငှါ ကျပ်ကျပ်မျက်နှာ ပြု လျက် ၊ ထို ပြည်သို့ အမှန်သွား ၍ တည်းခို လျှင် ၊ ၁၆ သင် တို့ကြောက် သော ထား ဘေးသည် အဲဂုတ္တု ပြည် ၌ သင် တို့ကို မှီ လိမ့်မည်။ သင် တို့ကြောက် သော မွတ်သိပ် ခြင်းဘေးသည်လည်း ၊ အဲဂုတ္တု ပြည်၌ သင် တို့ကို ကျပ်ကျပ်လိုက် ၍ ၊ ထို ပြည်၌သင်တို့သည် သေ ကြလိမ့်မည်။ ၁၇ အဲဂုတ္တု ပြည်သို့ သွား ၍ တည်းခို ခြင်းငှါ မျက်နှာ ပြု သော သူ အပေါင်း တို့သည် ထား ဘေး၊ မွတ်သိပ် ခြင်း ဘေး၊ ကာလနာ ဘေးတို့ ဖြင့် သေ ကြလိမ့်မည်။ သူ တို့ အပေါ် သို့ငါ ရောက် စေသော ဘေးဒဏ် နှင့် တယောက်မျှ မလွတ် ရ။ ကျန်ကြွင်း သောသူ တယောက်မျှမ ရှိ ရ။ ၁၈ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ယေရုရှလင် မြို့သား တို့အပေါ် သို့ ငါ့ အမျက် အရှိန်ကို ငါ သွန်းလောင်း သည်နည်းတူ ၊ သင်တို့သည် အဲဂုတ္တု ပြည်သို့ ဝင် သောအခါ ၊ သင် တို့အပေါ် သို့ သွန်းလောင်း သဖြင့် ၊ သင်တို့သည် ဆဲရေး ခြင်း၊ အံ့သြ ခြင်း၊ ကျိန် ခြင်း၊ ကဲ့ရဲ့ ခြင်းကိုခံတို့ရာဖြစ် ကြလိမ့်မည်။ ဤ အရပ် ကို နောက် တဖန်မ မြင် ရ။ ၁၉ ကျန်ကြွင်း သောယုဒ အမျိုးသားတို့၊ အဲဂုတ္တု ပြည်သို့ မ သွား ကြနှင့်ဟု သင် တို့အား ထာဝရဘုရား အမိန့် တော်ရှိ၏။ ငါသည်သင် တို့ကို ယနေ့ သက်သေခံ ကြောင်း ကို သိမှတ် ကြလော့။ ၂၀ အကယ်စင်စစ်သင်တို့က၊ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား အား အကျွန်ုပ် တို့အဘို့ ဆုတောင်း ပါလော့။ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသမျှ တို့ကို ကြား ပြောပါလော့။ အကျွန်ုပ်တို့သည် နားထောင် ပါမည် ဟုဆို ၍၊ ငါ့ ကို သင် တို့၏ ဘုရား သခင်ထာဝရဘုရား ထံတော်သို့ စေလွှတ် သောအခါ ၊ ကိုယ် စိတ် ကို ကိုယ် လှည့်စား ကြပြီ။ ၂၁ ငါသည်သင် တို့အား ယနေ့ ကြား ပြော၏။ သင်တို့မူကား

၊ သင် တို့ဘုရား သခင်ထာဝရဘုရား ၏ အမိန့် တော် ကို ၎င်း ၊ ငါ့ အားဖြင့်မှာ လိုက်တော်မူသမျှ တို့ကို ၎င်း နား မထောင်ဘဲနေကြ၏။ ၂၂ ထိုကြောင့် သင်တို့သည် သွား၍ တည်းခို ချင် သော အရပ် ၌ ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးတို့ ဖြင့် သေ ကြလိမ့်မည်အကြောင်း ကို အမှန်သိ မှတ် ကြလော့ဟု ယေရမိသည် ပြန်ပြော လေ၏။

၄၃ ထိုလူ များတို့၏ ဘုရား သခင်ထာဝရဘုရား သည် ယေရမိ အားဖြင့် မှာ တော်မူသမျှ သော အမိန့် တော်တို့ကို၊ ယေရမိ သည် လူ အပေါင်း တို့ အား အကုန် အစင်ကြား ပြောသည်ရှိ သော် ၊ ၂ ဟောရှဲ သား အာဇရိ နှင့် ကာရာ သား ယောဟနန် အစ ရှိသော၊ မာန ထောင်လွှားသော သူ အပေါင်း တို့က၊ သင် သည် မုသာ စကားကိုပြော ၏။ အဲဂုတ္တု ပြည်သို့ သွား ၍ မ တည်းခို ရဟု ငါ တို့၏ ဘုရား သခင်ထာဝရဘုရား သည် သင့် အားဖြင့်မှာ ထားတော်မ မူ။ ၃ ခါလဒဲ လူတို့သည် ငါ တို့ကို သတ် ၍ ဗာဗုလုန် မြို့သို့ သိမ်းသွား စေမည်အကြောင်း ၊ သူတို့လက် သို့ ငါ တို့ကိုအပ် လိုသောဘ့ါ၊ နေရိ သား ဗာရုတ် သည်သင့် ကို နှိုးဆော် တိုက်တွန်း၏ဟု ဆိုကြပြီးလျှင်၊ ၄ ကာရာ သား ယောဟနန် အစ ရှိသော တပ်မှူး များနှင့် လူ များအပေါင်း တို့သည်၊ ယုဒ ပြည် ၌ နေ ရမည် ဟူသောထာဝရဘုရား ၏ အမိန့် တော်ကို နား မ ထောင်ဘဲ၊ ၅ အတိုင်းတိုင်းအပြည်ပြည် သို့ နှင်ထုတ် ခြင်းကိုခံရပြီးမှ ယုဒ ပြည် ၌ နေ အံ့သောဘ့ါ၊ ၆ ပြန် လာသောယုဒ အမျိုးသားအကျန် အကြွင်း၊ ယောက်ျား ၊ မိန်းမ ၊ သူငယ် ၊ မင်း သမီး အစ ရှိသော ကိုယ်ရံတော် မှူးနေဗုဇရဒန် သည် ရှာဖန် ၏သား ဖြစ်သော အဟိကံ ၏သား ဂေဒလိ ၌ အပ် သော လူ အပေါင်း တို့ကို၎င်း၊ ပရောဖက် ယေရမိ ၊ နေရိ သား ဗာရုတ် ကို၎င်း၊ ကာရာ သား ယောဟနန် နှင့် တပ်မှူး အပေါင်း တို့သည်ယူ ၍၊ ၇ ထာဝရဘုရား ၏အမိန့် တော်ကို နား မ ထောင်ဘဲ၊ အဲဂုတ္တု ပြည် သို့ သွား ၍တာပနက် မြို့သို့ ရောက် ကြ၏။ ၈ တာပနက် မြို့၌ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရမိ သို့ ရောက် တော်မူသည်ကား၊ ၉ သင် သည်ကြီး သော ကျောက် တို့ကို ကိုင် ယူ ၍ ၊ တာပနက် မြို့၌ ဖာရော ဘုရင်၏အိမ် တော်ဝ နား မှာ ရှိသော အုတ်ဖို မြေ ၌ ၊ ယုဒ လူ များရှေ့တွင် မြှုပ် ထားလော့။ ၁၀ သူ တို့အား လည်း ၊ ဣသရေလ အမျိုး၏ ဘုရား သခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ သည်ကား ၊ ငါ သည်လူကိုစေလွှတ် ၍ ၊ ငါ ၏ကျွန် ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ ကိုဆောင် ခဲ့ပြီးလျှင် ၊ ငါမြှုပ် ထားသော ဤ ကျောက် တို့အပေါ် မှာ ၊ သူ ၏ရာဇ ပလ္လင်ကို ငါတည် မည်။ သူသည်လည်း ၊ မိမိ တဲ တော်ကို ဤကျောက် တို့အပေါ် မှာ ဖြန့် လိမ့်မည်။ ၁၁ ထိုမင်းသည် ရောက် လာသောအခါ၊ အဲဂုတ္တု ပြည် ကိုလုပ်ကြံ ၍၊ သေတန်သောသူ တို့ ကို သေခြင်း သို့၎င်း ၊ သိမ်းသွားချုပ်ထားတန်သောသူ တို့ ကို သိမ်းသွားချုပ်ထားခြင်း သို့၎င်း၊ ကွပ်မျက်တန်သောသူ တို့ကိုကွပ်မျက်ခြင်း သို့၎င်း အပ်လိမ့်မည်။ ၁၂ အဲဂုတ္တု ဘုရား အိမ် တို့ကို ငါမီး ရှို့ မည်။ သူသည် လည်း၊ ထိုဘုရား တို့ကိုမီးရှို့ ၍ သိမ်း သွားချုပ်ထားလိမ့်မည် ။ သိုးထိန်း သည် မိမိ အဝတ် ကို ဝတ် သကဲ့သို့ ၊ ထိုမင်း သည် အဲဂုတ္တု ပြည် ကိုဝတ် ၍ ငြိမ်ဝပ် စွာ ထွက် သွားလိမ့်မည်။ ၁၃ အဲဂုတ္တု ပြည် ဗက်ရှေမက် မြို့၌၊ ရုပ်တု ဆင်းတုများကို ချိုး ဖျက်၍ ၊ အဲဂုတ္တု ဘုရား အိမ် များကို မီး ရှို့ လိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။

၄၄ အဲဂုတ္တု ပြည် ၊ မိဂဒေါလ မြို့၊ တာပနက် မြို့၊ နောဖ မြို့၊ ပါသရု အရပ် ၌ နေ သောယုဒ လူအပေါင်း တို့ကို ရည်မှတ် ၍ ယေရမိ သို့ ရောက် လာသော နှုတ်ကပတ် တော်အားဖြင့်၊ ၂ ဣသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ယေရုရှလင် မြို့အစ ရှိသော ယုဒ မြို့ ရွာ အရပ်ရပ် တို့အပေါ် သို့ ငါရောက် စေသော ဘေးဒဏ် ကို သင် တို့သည် မြင် ကြပြီ။ ၃ ကြည့်ရှု ကြလော့။ ယနေ့ မှာ ထိုမြို့ ရွာတို့သည်၊ နေ သောသူမ ရှိ၊ လူဆိတ်ညံ သောအရပ်ဖြစ်ကြ၏။ အကြောင်းမူကား၊ အရင်နေသောသူတို့သည် ကိုယ်တိုင်မ သိ ၊ ဘိုးဘေး တို့မသိ၊ အခြား တပါးသော ဘုရား တို့အား နှံ့သာပေါင်းကို မီးရှို့ ၍ဝတ်ပြု သဖြင့်၊ ငါ ၏အမျက် တော်ကို နှိုးဆော်ခြင်းငှါ ပြု ကြသောဒုစရိုက် ကြောင့် ဤအမှု ရောက်သတည်း။ ၄ ငါ ၏ကျွန် ပရောဖက် အပေါင်း တို့ကို ငါသည် စောစော ထ၍ သင် တို့ရှိရာသို့ အထပ်ထပ်စေလွှတ် လျက်၊ ငါမုန်း သော အမှု၊ ဤ စက်ဆုပ် ရွံရှာဘွယ်သောအမှု ကို မ ပြု ပါနှင့်ဟု ပြော သော်လည်း ၊ ၅ သူတို့သည်အခြား တပါးသော ဘုရား အား နှံ့သာပေါင်း ကို မီးမ ရှို့၊ ဒုစရိုက် ကို ရှောင် မည်အကြောင်း နားထောင် ခြင်းကို မ ပြု၊ မ နာ မယူဘဲ နေကြ၏။ ၆ ထိုကြောင့် ၊ ငါ ၏အမျက် အရှိန် ကို ငါသွန်းလောင်း ၍ ၊ ယုဒ မြို့ များ ယေရုရှလင် လမ်း များတို့ ၌ အမျက်မီး ရှို့သဖြင့် ၊ သူတို့သည်ယနေ့ ၌ ဖြစ် သကဲ့သို့ သုတ်သင် ပယ်ရှင်း ရာအရပ်ဖြစ်ကြ၏။ ၇ ယခု မှာဣသရေလ အမျိုး၏ ဘုရားသခင် ၊ ကောင်းကင် ဗိုလ်ခြေ အရှင်ဘုရားသခင် ၊ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့သည် ကိုယ်ကိုကိုယ်ပယ်ဖြတ် လိုသောငှါ ၎င်း၊ မြေကြီး ပေါ် မှာ လူ အမျိုးမျိုး တို့တွင် ကဲ့ရဲ့ ကျိန်ဆဲရာ ဖြစ် လိုသောငှါ ၎င်း၊ ၈ သွား ၍နေ သောအဲဂုတ္တု ပြည် ၌ အခြားတပါး သောဘုရား တို့အား နှံ့သာပေါင်းကိုမီးရှို့ လျက်၊ ကိုယ်တိုင် ပြုသောအမှု နှင့် ငါ ၏အမျက် ကိုနှိုးဆော်သဖြင့်၊ သင် တို့တွင် တယောက်မျှမ ကြွင်း ၊ ယုဒ အမျိုးယောကျ်ား မိန်းမ ၊ သူငယ် နို့စို့ကလေး အပေါင်းတို့ကိုပယ်ဖြတ် မည်အကြောင်း၊ ကြီးစွာ သောဒုစရိုက် ကို ကိုယ် စိတ်ဝိညာဉ် တဘက် ၌ အဘယ်ကြောင့် ပြု ကြသနည်း။ ၉ ယုဒ ပြည် ၌ ၎င်း ၊ ယေရုရှလင် လမ်း တို့ ၌ ၎င်း ၊ သင် တို့ဘိုးဘေး များ ပြုသောဒုစရိုက် ၊ ယုဒ ရှင် ဘုရင်များ ပြုသောဒုစရိုက် ၊ မိဖုရား များပြုသောဒုစရိုက် ၊ သင် တို့ကိုယ်တိုင်ပြုသောဒုစရိုက် ၊ သင် တို့မယား များပြုသောဒုစရိုက် တို့ကို မေ့လျော့ ကြပြီလော။ ၁၀ ယနေ့ တိုင်အောင် သူတို့သည် နှိမ့်ချ သောစိတ် မ ရှိ၊ ကြောက်ရွံ့ သောစိတ်မ ရှိ၊ ငါ ၏တရား လမ်း သို့ မ လိုက် ၊ သင် တို့မှစ၍သင် တို့ဘိုးဘေး တို့ရှေ့ မှာ ငါထား သော ပညတ် များကို မစောင့်ရှောက်ကြ။ ၁၁ သို့ ဖြစ်၍ ၊ ဣသရေလ အမျိုး၏ဘုရားသခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့ကို အပြစ် ပြု၍ ယုဒ အမျိုးသားအပေါင်း တို့ကို ပယ်ဖြတ် ခြင်းငှါ ငါ သည် မျက်နှာ ထား မည်။ ၁၂ အဲဂုတ္တု ပြည် သို့ သွား ၍ တည်းခို ခြင်းငှါ မျက်နှာ ပြု သော ယုဒ အမျိုးသားအကျန်အကြွင်း တို့ကို ငါသည် ယူ ၍၊ သူတို့သည်ထိုပြည် ၌ သေကြေ ပျက်စီးကြလိမ့်မည်။ ထား ဘေး၊ မွတ်သိပ် ခြင်းဘေးဖြင့် ပျက်စီး ခြင်းသို့ ၎င်း ၊ အငယ်ဆုံး သော သူမှစ၍အကြီးဆုံး သော သူတိုင်အောင် ထား ဘေး၊ မွတ်သိပ် ခြင်းဘေးဖြင့် သေကြေ ပျက်စီးခြင်းသို့ ၎င်း ရောက်၍၊ ဆဲရေး ခြင်း၊ အံ့သြ ခြင်း၊ ကျိန် ခြင်း၊ ကဲ့ရဲ့ ခြင်းကိုခံတို့ရာဖြစ် ကြလိမ့်မည်။ ၁၃ ယေရုရှလင် မြို့သားတို့ကို ထား ဘေး၊ မွတ်သိပ်

ခြင်းဘေး၊ ကာလနာ ဘေးတို့ ဖြင့် ငါသည် ဒဏ်ပေး သည် နည်းတူ ၊ အဲဂုတ္တ၊ ပြည် ၌ နေ သောသူတို့ ကို ငါသည် ဒဏ်ပေး သဖြင့် ၊ ၁၄ အဲဂုတ္တ၊ ပြည် သို့ သွား ၍ တည်းခို သော ယုဒ အမျိုးသားအကျန်အကြွင်း တို့သည် ယုဒ ပြည် သို့ ပြန် ၍ နေချင်သော်လည်း၊ တယောက်မျှဘေး နှင့်မ လွတ်ရ၊ တယောက်မျှမကျန်ကြွင်းရကြ။ ဘေးလွတ် သော သူသာ လျှင် ပြန်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၁၅ ထိုအခါ မိမိ မယား တို့သည် အခြား တပါးသော ဘုရား အား နံ့သာပေါင်း နှင့်မီးရှို့ကြောင်း ကို သိ သော လူ များ၊ အနားဦးရပ်နေ သောမိန်းမ များ၊ ကြီးစွာ သော အလုံးအရင်း တည်းဟူသော၊ အဲဂုတ္တ၊ ပြည် ပါသရု အရပ်၌ နေ သောသူအပေါင်း တို့သည် ယေရမိ ကို ပြန်ပြော ကြသည်ကား၊ ၁၆ သင်သည်ထာဝရဘုရား ၏ နာမ တော်ကို အမှီပြု ၍၊ ငါ တို့အား ဟောပြော သော စကား ကို ငါ တို့သည် နား မ ထောင်။ ၁၇ ငါ တို့မှစ၍ငါ တို့ဘိုးဘေး ၊ ရှင်ဘုရင် ၊ မှူးမတ် တို့သည် ယုဒ မြို့ များ၊ ယေရုရှလင် လမ်း များ၌ ပြု ဘူး သကဲ့သို့ ၊ ကောင်းကင် မိဖုရား အဘို့ နံ့သာပေါင်းကို မီးရှို့ ၍၊ သွန်းလောင်း ရာ ပူဇော်သက္ကာကိုပြု ခြင်းငှါ၊ ကိုယ် အလိုအလျောက်စီရင်သည်အတိုင်း ဆက်ဆက်ပြု မည်။ အထက်က ဝစွာ စားရကြ၏။ ဘေး နှင့်လွတ်၍ ချမ်းသာ စွာ နေ ရကြ၏။ ၁၈ ကောင်းကင် မိဖုရား အဘို့နံ့သာ ပေါင်းကို မီးမ ရှို့၊ သွန်းလောင်း ရာပူဇော်သက္ကာကို မပြု ဘဲနေပြန်သောအခါ ၊ အလွန်ဆင်းရဲ ခြင်း၊ ထား ဘေး၊ မွတ်သိပ် ခြင်း ဘေးဖြင့် ပျက်စီး ခြင်းသို့ ရောက်ကြပြီ။ ၁၉ ကောင်းကင် မိဖုရား အဘို့ နံ့သာပေါင်းကိုမီးရှို့ ၍ ၊ သွန်းလောင်း ရာပူဇော်သက္ကာကို ပြု သောအခါ ၊ ငါ တို့၏ ယောကျ်ား မ ပါဘဲ မုန့်ပြား တို့ကို လုပ် ၍၊ သွန်းလောင်း ရာ ပူဇော်သက္ကာပြု လျက် ကိုးကွယ် သလောဟုပြန်ပြော ကြ၏။ ၂၀ ထိုသို့ ပြန်ပြောသော ယောကျ်ား မိန်းမ အပေါင်း တို့အား ယေရမိ ပြန်ပြော သည်ကား၊ ၂၁ သင်တို့မှစ၍ သင် တို့ဘိုးဘေး ၊ ရှင်ဘုရင် ၊ မှူးမတ် ၊ ပြည်သူပြည်သား တို့သည် ယုဒ မြို့ များ၊ ယေရုရှလင် လမ်း များ၌ မီးရှို့ သော နံ့သာပေါင်း ကို ထာဝရဘုရား သည် မအောက်မေ့ ၊ နှလုံး မ သွင်းဘဲနေတော်မူသလော ။ ၂၂ သင် တို့ပြု သောဒုစရိုက် ၊ စက်ဆုပ် ရွံရှာဘွယ် သောအမှုတို့ကို ထာဝရဘုရား သည် သည်းခံ တော်မ မူနိုင် သောကြောင့်၊ သင် တို့ ပြည် သည်၊ ယနေ့ ဖြစ်သည်အတိုင်း၊ နေ သောသူမ ရှိ၊ လူဆိတ်ညံ ရာ၊ အံ့သြဘွယ် ရာ၊ ကျိန်ဆဲ ရာ ဖြစ် လေပြီတကား။ ၂၃ သင်တို့သည် နံ့သာပေါင်း ကို မီးရှို့၍ ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၎င်း ၊ ထာဝရဘုရား ၏ အမိန့် တော်ကို နား မ ထောင်၊ ထုံးဖွဲ့ ချက်၊ သက်သေခံ ချက်ပညတ် တရားတော်လမ်းသို့ မ လိုက် သောကြောင့်၎င်း ၊ ဤ ဘေး သည် ယနေ့ ၌ရှိသည်အတိုင်း ၊ သင် တို့ ၌ ရောက် လေပြီတကားဟု ပြောဆို ၏။ ၂၄ တဖန် မိန်းမ အပေါင်း တို့နှင့် လူ ခပ်သိမ်း တို့အား ယေရမိ ဟောပြော သည်ကား၊ အဲဂုတ္တ၊ ပြည် ၌ ရှိသော ယုဒ လူအပေါင်း တို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ ၂၅ ဣသရေလ အမျိုး၏ ဘုရားသခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့နှင့် သင် တို့မယား တို့က၊ ငါတို့သည် ကောင်းကင် မိဖုရား အဘို့ နံ့သာပေါင်းကို မီးရှို့ ၍ သွန်းလောင်း ရာပူဇော်သက္ကာပြု ခြင်းငှါ သစ္စာ ဂတိထားသည်နှင့်အညီ ဆက်ဆက်ပြု မည်ဟု နှုတ် နှင့် ပြော၍ လက် နှင့် ပြုသည်အတိုင်း၊ သင်တို့သည် ကိုယ် ထားသော သစ္စာ ဂတိ ကို ဆက်ဆက်စောင့် ၍၊ သစ္စာ ဂတိထားသည်အတိုင်း ပြု ကြလိမ့်မည်။ ၂၆ သို့ ဖြစ်၍ အဲဂုတ္တ၊

ပြည် ၌ နေ သောယုဒ လူ အပေါင်း တို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အရှင် ထာဝရဘုရား အသက် ရှင်တော်မူသည်ဟူ၍အဲဂုတ္တ၊ ပြည် တရှောက်လုံး တွင် ၊ ယုဒ လူ တယောက်မျှ ငါ ၏ နာမ ကို မမြွက် မ ဆိုရမည်အကြောင်း၊ ငါသည် ကိုယ် မဟာ နာမ ကို တိုင်တည်၍ ကျိန်ဆို ၏။ ၂၃ သူ တို့ကို ကျေးဇူး ပြုခြင်းငှါ မ ဟုတ်၊ အပြစ် ပြု ခြင်းငှါ ငါ စောင့် သည် ဖြစ်၍ ၊ အဲဂုတ္တ၊ ပြည် ၌ ရှိသော ယုဒ လူ အပေါင်း တို့သည် ဆုံးရှုံး ခြင်းသို့ မ ရောက်မှီ တိုင်အောင်ထား ဘေး၊ မွတ်သိပ် ခြင်းဘေးနှင့် ပျက်စီး ကြလိမ့်မည်။ ၂၈ သို့ရာတွင် ၊ ထား ဘေးနှင့်လွတ် ၍၊ အဲဂုတ္တ၊ ပြည် မှ ယုဒ ပြည် သို့ ပြန် ရသောသူတို့သည် နည်း ကြလိမ့်မည်။ ငါ့ စကားတည်မည်၊ သူ တို့စကားတည် မည်ကို၊ အဲဂုတ္တ၊ ပြည် ၌ တည်းခို ခြင်းငှါ သွား သော ယုဒ လူအကျန်အကြွင်း တို့သည် သိ ကြလိမ့်မည်။ ၂၉ ဤ အရပ် ၌ သင် တို့ကိုငါ ဆုံးမ ၍၊ သင်တို့ ၌ အပြစ် ရောက်စေခြင်းငှါငါ့ စကား သည် ဆက်ဆက်တည် လိမ့်မည်ဟု သင်တို့သိ မည်အကြောင်း၊ ငါပေးသော နိမိတ် လက္ခဏာဟူမူကား ၊ ၃၀ ယုဒ ရှင်ဘုရင်ဧဒကိ မင်းအသက် ၏ ရန်သူ တည်းဟူသောဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ မင်း၏လက် သို့ ဧဒကိ မင်း ကိုငါအပ် သည်နည်းတူ ၊ အဲဂုတ္တ၊ ရှင်ဘုရင် ဖာရော ဟောဖရ အသက်ကို ရှာ သောရန်သူ လက် သို့ ထိုမင်းကိုငါအပ် သည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၄၅ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် လက်ထက်၊ နေရိ သား ဗာရုတ် သည်၊ ယေရမိ မြွက်ဆို သည် အတိုင်း၊ စကား တော်များကို စာ ၌ ရေးထား သောနောက် ၊ ပရောဖက် ယေရမိ သည် ဗာရုတ်အားဆင့်ဆို ရသော နှုတ်ကပတ် တော်ဟူမူကား၊ ၂ အိုဗာရုတ် ၊ သင် က၊ ငါ သည်အမင်္ဂလာ ရှိ၏။ ထာဝရဘုရား သည် ငါ ဝမ်းနည်း စရာ အကြောင်းတပါး အပေါ် မှာတပါးကို ထပ်ဆင့် တော်မူသောကြောင့် ၊ ငါသည် သက်သာ မ ရ ။ ၃ ညည်းတွား ၍ စိတ်ပျက် ပါပြီဟု ဆို သည်ဖြစ်၍၊ သင်သည်ဆင့်ဆိုရမည်မှာ၊ ကလသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ ၄ ငါဆောက် သောအရာ ကို ငါ ဖြိုဖျက် မည်။ ငါ စိုက် သောအရာ တည်းဟူသောဤ ပြည် ကို အကြွင်းမဲ့ ငါနှုတ်ပစ် မည်။ ၅ သင် သည် ကြီးစွာ သော အရာတို့ကို ကိုယ် အဘို့ ရှာ သလော။ မ ရှာ နှင့်။ အကြောင်း မူကား၊ ငါ သည် ခပ်သိမ်း သော သတ္တဝါ တို့အပေါ် သို့ ဘေး ရောက် စေမည်။ သို့ရာတွင် ၊ သင်ရောက် လေရာအရပ် တို့ ၌၊ သင် ၏ အသက် ကို လက်ရ ဥစ္စာကဲ့သို့ သင့် အား ငါပေး မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၄၆ တပါး အမျိုးကိုရည်မှတ် ၍ ပရောဖက် ယေရမိ သို့ ရောက်လာ သော ထာဝရဘုရား ၏ နှုတ်ကပတ် တော်

တည်းဟူသော၊ ၂ ယုဒ ရှင်ဘုရင် ယောရှိ သား ယောယကိမ် မင်း နန်းစံလေး နှစ် တွင် ၊ ကာခေမိတ် အရပ်၊ ဥဖရတ် မြစ် နား ၌ တပ်ချ၍၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ လုပ်ကြံ သော အဲဂုတ္တ၊ ရှင်ဘုရင် ဖာရော နေခေါ် ၏ စစ်သူရဲ ၊ အဲဂုတ္တ၊ ပြည်သားတို့ကို ရည်မှတ်သော နှုတ်ကပတ်တော်ဟူမူကား၊ ၃ ဒိုင်း လွှား တို့ကို ပြင်ဆင် ၍ ၊ စစ်တိုက် ခြင်းငှါ ချဉ်းကပ် ကြလော့။ ၄ မြင်းစီး သူရဲများတို့၊ မြင်း ကို ကကြိုး တန်ဆာဆင်၍ စီး ပြီးလျှင် ၊ သံ ခမောက်လုံးကို

ဆောင်းလျက် ထွက် ကြလော့။ လုံ တို့ကိုပွတ် ကြလော့။ သံချပ် အင်္ကျီတို့ကို ဝတ် ကြလော့။ ၅ သူ တို့သည်ကြောက်ရွံ့ ၍ ဆုတ် သွားကြသည်ကို အဘယ်ကြောင့် ငါမြင် ရသနည်း။ အားကြီး သောသူတို့ သည် ရုံး သဖြင့် ပြန် ၍မ ကြည့်ဝံ့။ အလျင်အမြန်ပြေး ကြ ၏။ ပတ်လည် အရပ်၌ ဘေး ရှိသည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၆ လျင်မြန် သောသူကို မ ပြေး စေနှင့်။ အားကြီး သော သူကိုမ လွတ် စေနှင့်။ ဥဖရတ် မြစ် နား ၊ မြောက် မျက်နှာ၌ ထိမိ ၍ လဲ ကြလိမ့်မည်။ ၇ နိုလ မြစ်ထ သကဲ့သို့ ၎င်း ၊ မြစ် ရေ စီးသကဲ့သို့ ၎င်း တက်လာ သောဤ သူကား အဘယ်သူ နည်း။ ၈ အဲဂုတ္တု ပြည်သည် နိုလ မြစ်ထ သကဲ့သို့ ၎င်း ၊ မြစ် ရေ စီးသကဲ့သို့ ၎င်း တက်လာ လျက်၊ ငါသည် ထ ၍ မြေကြီး ကို လွှမ်းမိုး မည်။ မြို့ နှင့်တကွ မြို့သား တို့ကို ဖျက်ဆီး မည်ဟု ပြောဆို ၏။ ၉ မြင်း များတို့၊ တက် ကြလော့။ ရထား များတို့၊ ဟုန်းဟုန်း မြည်ကြလော့။ သူရဲ များတည်းဟူသော၊ ဒိုင်း လွှားကို ကိုင် တတ်သော ကုရှ အမျိုး၊ ဖုတ အမျိုးသား၊ လေး ကိုကိုင် ၍ ပစ် တတ်သောလုဒိ အမျိုးသားတို့သည် ထွက်သွား ကြစေ။ ၁၀ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ ရန်သူ တို့ကို ဒဏ် ပေးရသောနေ့ ၊ အမျက်တော်ကို ဖြေရသောနေ့ ရက်ဖြစ်သည်နှင့်အညီ ၊ ထား တော်သည် ကိုက်စား ၍၀ လိမ့်မည်။ သူ တို့အသွေး နှင့် ယစ်မူး လိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား အဘို့ ၊ မြောက် မျက်နှာ၌ ဥဖရတ် မြစ် နား မှာ ယဇ် ပူဇော်စရာ အကြောင်း ရှိ၏။ ၁၁ အိုအဲဂုတ္တု သတို့သမီး ကညာ ၊ ဂိလဒ် ပြည်သို့ သွား ၍ဓာလစံစေး ကို ယူ လော့။ သင်သည်များစွာ သော ဆေး ကိုအချည်းနှီး သုံးတတ်၏။ သင် ၏အနာ မ ပျောက် နိုင်ရာ။ ၁၂ သင် သည် အရှက်ကွဲ ကြောင်းကို လူမျိုး တို့သည် ကြား ကြပြီ။ သင် မြည်တမ်း သော အသံသည်မြေ တပြင်လုံး၌ နှံ့ ပြား ပြီ။ သူရဲချင်း တယောက်နှင့် တယောက်ထိခိုက် ၍၊ နှစ် ယောက်တို့သည်လဲ ကြပြီဟု မိန့်တော်မူ၏။ ၁၃ အဲဂုတ္တု ပြည် ကိုလုပ်ကြံ ခြင်းငှါ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ လာ မည်အကြောင်းကြောင့်၊ ထာဝရဘုရား သည် ပရောဖက် ယေရမိ အား မိန့် တော်မူသော စကား ဟူမူကား၊ ၁၄ သင့် ပတ်လည် ၌နေသောသူတို့ကို ထား တော် သည် ကိုက်စား ပြီ။ ကိုယ် ကိုပြင်ဆင် ၍ မြဲမြံစွာ နေ လော့ ဟု အဲဂုတ္တု ပြည်၌ ကြွေးကြော် ကြလော့။ မိဂဒေါလ မြို့၌ သိတင်းကြား ကြလော့။ နောဖ မြို့၊ တာပနက် မြို့၌ လည်း ကြားပြော ကြလော့။ ၁၅ သင် ၏သူရဲ သည် အဘယ်ကြောင့် ရုံး သနည်း။ ထာဝရဘုရား တွန်းချ တော်မူသောကြောင့် ၊ သူသည် မ ရပ် မနေနိုင်ရာ။ ၁၆ လူများတို့သည် ထိမိ ၍တယောက် အပေါ် မှာ တယောက်လဲ စေခြင်းငှါပြုတော်မူသည်ဖြစ်၍ ၊ သူတို့က၊ ထ ကြကုန်အံ့။ ညှဉ်းဆဲ တတ်သော ထား ကြောင့် ကိုယ် အမျိုး ၊ ကိုယ် နေရင်း ပြည် သို့ ပြန် ကြကုန်အံ့ဟု ပြောဆို ကြ၏။ ၁၇ ရောက်ပြီးမှအဲဂုတ္တု ရှင်ဘုရင် ဖာရော မင်းသည် ဆုံးရှုံးပြီ။ စည်းဝေး ရသောအချိန်ကို လွန် စေပြီဟု ဟစ် ကြ၏။ ၁၈ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ဟု ဘွဲ့ နာမရှိသော ရှင်ဘုရင် မိန့် တော်မူသည်ကား၊ ငါ သည် အသက် ရှင်သည်ဖြစ်၍၊ တောင် တို့တွင် တာဗော် တောင် ကဲ့သို့ ၎င်း ၊ ပင်လယ် နား မှာကရမေလ တောင်ကဲ့သို့ ၎င်း ထိုမင်းသည် လာ လိမ့်မည်။ ၁၉ နေရာ ကျသော အဲဂုတ္တု သတို့သမီး ၊ နေရာ ပြောင်းစရာဘို့ ကိုယ်အသုံး အဆောင်များကို ပြင် လော့။ အကြောင်း မူကား၊ နောဖ မြို့သည် နေ သောသူမ ရှိအောင် သုတ်သင် ဖျက်ဆီးခြင်းကိုခံရမည်။ ၂၀ အဲဂုတ္တု ပြည်သည်အဆင်း လှသော နွားမ ဖြစ်၏။ သို့ရာတွင်၊ မြောက်

မျက်နှာဘက်က နှောင့်ရှက် ခြင်း အကြောင်းပေါ် လာ ၏။ ၂၁ သူငှါး တို့သည် သူ ၏အလယ် ၌ ဆူ အောင် ကျွေးသောနွား ကဲ့သို့ ဖြစ်သော်လည်း ၊ ပျက်စီး ခြင်းနေ့ ၊ ဆုံးမ ခြင်းကိုခံရသောအချိန် ရောက် သောကြောင့် ၊ သူတို့ သည် မ ရပ် မနေ၊ ကျောကိုလှည့် ၍ တညီတညွတ် တည်းပြေး သွားကြ၏။ ၂၂ သစ် ခုတ် သောသူကဲ့သို့ ပုဆိန် ပါလျက်၊ လူ အလုံးအရင်းနှင့်တကွချီလာ ကြသောအခါ၊ သူ ၏စကားသံ သည် မြွေ မြည်သံကဲ့သို့ ဖြစ်လိမ့်မည်။ ၂၃ ထိုတောသည် အလွန် ရှုပ်သော်လည်း ၊ သူတို့ သည် ကျိုင်းကောင် ထက်မက မ ရေတွက် နိုင်အောင် များသောကြောင့်ခုတ်လှဲ ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၄ အဲဂုတ္တ၊ သတို့သမီး သည် မိန်းမော တွေဝေလျက် ရှိ၏။ မြောက် မျက်နှာပြည်သား တို့ လက် သို့ ရောက် လေပြီ။ ၂၅ ဣသရေလ အမျိုး၏ဘုရားသခင် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ နော မြို့၌ရှိသောအမှုန် ဘုရားနှင့် ဖာရော ဘုရင်မှစ၍အဲဂုတ္တ၊ ပြည်သားဘုရား များ၊ ရှင် ဘုရင်များတည်းဟူသော၊ ဖာရော ဘုရင်အစရှိသော၊ ထိုဘုရင်ကို ကိုးစား သောသူတို့ ကို ငါ ဆုံးမ မည်။ ၂၆ သူ တို့အသက် ကို ရှာ သောသူတည်းဟူသောဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ မင်းနှင့် သူ ၏ ကျွန် တို့ လက် သို့ သူ တို့ကို ငါအပ် မည်။ ထိုနောက် မှတဖန် အဲဂုတ္တ၊ ပြည်သည်အရင် ကဲ့သို့ စည်ပင် လိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၇ အိုငါ့ ကျွန် ယာကုပ် ၊ မ ကြောက် နှင့်။ အို ဣသရေလ အမျိုး၊ စိတ် မ ပျက်နှင့်။ သင့်ကိုဝေး သောအရပ်မှ ၎င်း ၊ သင် ၏အမျိုးသား တို့ကို သိမ်းသွား ရာ ပြည် မှ ၎င်း ငါ နှုတ်ယူ ဆောင်ခဲ့သဖြင့်၊ ယာကုပ် အမျိုးသည်ပြန်လာ ၍၊ ချောက်လှန့် သောသူမ ရှိ၊ ငြိမ်ဝပ် ချမ်းသာ စွာ နေရ လိမ့်မည်။ ၂၈ ငါ့ ကျွန် ယာကုပ် မ ကြောက် နှင့်။ သင် နှင့်အတူ ငါ ရှိ၏။ သင့် ကို ငါနှင်ထုတ် သော တိုင်း နိုင်ငံရှိသမျှ တို့ကို ငါသည်ဆုံး စေသော်လည်း ၊ သင့် ကို မ ဆုံး စေ။ သို့ရာတွင်၊ ရှင်းရှင်းအပြစ် မ လွှတ်ဘဲ အတော်အတန်ဆုံးမ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၄၆ ဖာရော ဘုရင်သည် ဂါဇ မြို့ကို မ လုပ်ကြံ မီ၊ ဖိလိတ္တိ အမျိုးသားတို့ကို ရည်မှတ်၍၊ ပရောဖက် ယေရမိ သို့ ရောက်လာ သော နှုတ်ကပတ် တော်အားဖြင့်၊ ၂ ထာဝရဘုရား မိန့် တော်မူသည်ကား၊ မြောက် မျက်နှာဘက်က ရေ သည်ထ ၍ လွှမ်းမိုး သောပင်လယ် ဖြစ် လျက် ၊ တပြည်လုံး နှင့် ၊ ပြည်၌ ပါသမျှ ကိုဂင်း ၊ မြို့ နှင့် မြို့၌ နေ သောသူတို့ ကိုဂင်းလွှမ်းမိုး ၍၊ သူတို့သည် အော်ဟစ် ကြလိမ့်မည်။ ပြည်သူ ပြည်သားတို့သည် မြည်တမ်း ကြ လိမ့်မည်။ ၃ ရန်သူ စီးသော မြင်းခွါ သံ ၊ စိုင်းသောရထား ဘီး များ မြည်သံ ကြောင့် ၊ အဘ တို့သည် လက် အားလျော့ ၍ သား တို့ကိုပြန် မ ကြည့်ကြ။ ၄ အကြောင်း မူကား၊ ဖိလိတ္တိ အမျိုးသားတို့ကို ဖျက်ဆီး ရသောနေ့ ၊ တုရု မြို့၊ ဇီဒုန် မြို့ကို စစ်ကူ နိုင်သောသူ အကျန် အကြွင်းရှိသမျှ ကို ပယ်ဖြတ် ရသောနေ့သည် ရောက် ၍၊ ထာဝရဘုရား သည် ဖိလိတ္တိ အမျိုးသားနှင့် ကျန်ကြွင်း သော ကတ်ဖ္တောရ ပြည်သားတို့ကို သုတ်သင် ပယ်ရှင်းတော်မူမည်။ ၅ ဂါဇ မြို့သည်ဆံပင် ရိတ်ခြင်းကို ခံရ၏။ အာရှကေလုန် မြို့နှင့် ကျန်ကြွင်း သောချိုင့် အရပ်သည်ပျက်စီး ပြီ။ အဘယ်မျှ ကာလပတ်လုံးကိုယ်အသားကို ခုတ်ဖြတ် ရ မည်နည်း။ ၆ အို ထာဝရဘုရား ၏ ထား တော်၊ သင်သည် အဘယ်မျှ ကာလပတ်လုံးမ ငြိမ် ဘဲနေမည်နည်း။ ကိုယ်

အိမ် ၌ ဝင် ၍နေလော့။ နေရာကျ ၍ ငြိမ်ဝပ် စွာနေလော့။ ၇ အာရှကေလုန် မြို့နှင့် ပင်လယ် ကမ်း အမှု၌ ထာဝရဘုရား မှာထား တော်မူသောကြောင့်၊ အဘယ်သို့ ငြိမ်ဝပ် စွာနေနိုင်သနည်း။ ထိုအမှုကို ဆောင်ရွက်စေခြင်းငှါခန့်ထား တော်မူ၏။

၄၈ ဣသရေလ အမျိုး၏ ဘုရားသခင် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် မောဘ ပြည်ကို ရည်မှတ်၍ မိန့် တော်မူသည်ကား၊ နေဗော မြို့သည် အမင်္ဂလာ ရှိ၏။ ပျက်စီး ခြင်းသို့ရောက်လေ၏။ ကိရယသိမ် မြို့သည် ရှုံး၍လုယူ ခြင်းကို ခံရ၏။ မိသဂပ် မြို့ သည်လည်း ရှုံး၍ စိတ်ပျက် လေ၏။ ၂ မောဘ ပြည်သည် နောက် တဖန် ဟေရှဘုန် မြို့၌ မ ဝါကြွား ရ။ ရန်သူတို့က၊ မောဘပြည်ကို ပြည်မဖြစ် စေခြင်းငှါပယ်ရှား ကြကုန်အံ့ဟု၊ ရန်ပြု မည့်အကြံနှင့် ကြံစည် ကြ၏။ အိုမာဒမေန မြို့၊ သင်သည်လည်း ပျက်စီး ရမည်။ ထား ဘေးသည် သင့် ကိုလိုက် လိမ့်မည်။ ၃ ဟောရနိမ် မြို့၌လည်း ညှဉ်းဆဲ ခြင်းနှင့် ပြင်းစွာ သော ပျက်စီး ခြင်းရှိ၍၊ အော်ဟစ် သောအသံ ကိုကြားရ၏။ ၄ မောဘ ပြည်သည်ပျက်စီး ခြင်းသို့ရောက်၍၊ သူငယ် တို့သည် မြည်တမ်း သောအသံကိုပြုကြ၏။ ၅ ဝိုကြွေး သောအသံသည် လုဟိတ် တောင်ပေါ် သို့ တက် ရ၏။ ဟောရနိမ် မြို့သို့ဆင်း ရာအရပ်၌ လည်း၊ ဆုံးရှုံး ခြင်းအသံကိုရန်သူ တို့သည် ကြား ရကြ၏။ ၆ အသက် လွတ် အံ့သောငှါပြေး ကြလော့။ လွင်ပြင် ၌ ရှိသောသစ်ပင် ခြောက်ကဲ့သို့ ဖြစ် ကြလော့။ ၇ သင်သည်မိမိ ဆည်းဖူးသော ဘဏ္ဍာ ဥစ္စာကို ကိုးစား သောကြောင့် ၊ သူတပါးလက် သို့ရောက်ရလိမ့်မည်။ ခေမုရှ ဘုရားကိုလည်း သူ ၏ မင်း၊ သူ ၏ယဇ်ပုရောဟိတ်တို့ နှင့်တကွသိမ်းသွား ကြလိမ့်မည်။ ၈ လုယူ သောသူသည် မြို့များအစဉ်အတိုင်းရောက်လာ ၍ မြို့တမြို့မျှမ လွတ် ရ။ ချိုင့် နှင့်တကွ လွင်ပြင် သည်လည်း၊ ပျက်စီး ခြင်းသို့ ရောက်ရလိမ့်မည်။ ထိုသို့ ထာဝရဘုရား မိန့် တော်မူပြီ။ ၉ မောဘ ပြည်သည် လွတ်ရာသို့ ပြေး ရအောင် ငှက်တောင် တို့ကိုပေး လော့။ မြို့ တို့သည်နေ သောသူမ ရှိ၊ လူဆိတ်ညံ ရာဖြစ် ကြလိမ့်မည်။ ၁၀ ထာဝရဘုရား ၏ အမှု တော်ကို ကြိုးစား ၍ မဆောင်သောသူသည် ကျိန်ဆဲ ခြင်းကိုခံစေ။ လူအသက် ကို မသတ်ဘဲမိမိ ထား ကို သိမ်းရုပ် သောသူသည် ကျိန်ဆဲ ခြင်း ကိုခံစေ။ ၁၁ မောဘ သည်အိုး တလုံးမှ တလုံးသို့ မ ပြောင်း ၊ တကျွန်းတနိုင်ငံသို့ ယူသွား ခြင်းကိုမ ခံ၊ ငယ် သော အရွယ်မှစ၍ ငြိမ် လျက် ၊ မိမိ အဖတ် အနည်ပေါ် ၌ နေရာ ကျလျက်ရှိသောကြောင့်၊ မိမိ အရသာ သည် တည် နေ၏။ မွေး သောအနံ့လည်း မ ပျက် ။ ၁၂ သို့ရာတွင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ စောင်း၍ထားတတ်သောသူတို့ကို သူ့ ထံသို့ ငါစေလွှတ် ရသော အချိန် ရောက် လိမ့်မည်။ သူတို့သည် မောဘကို စောင်း၍ ထားပြီးလျှင်၊ သူ ၏အိုး တို့ကိုသွန် ၍ ရေဘူး တို့ကို ခွဲ ကြလိမ့်မည်။ ၁၃ ဣသရေလ အမျိုး သည် မိမိ တို့ခိုလှုံ သော ဗေသလ ဘုရားကြောင့် ရှက် ရသကဲ့သို့ ၊ မောဘ အမျိုး သည်လည်း ခေမုရှ ဘုရားကြောင့် ရှက် ရလိမ့်မည်။ ၁၄ ငါ တို့သည်အားကြီး သောသူ၊ စစ်တိုက် ခြင်းငှါတတ်စွမ်းနိုင်သောသူဖြစ်ကြ၏ဟု၊ သင်တို့သည် အဘယ်သို့ ပြောဆို ကြလိမ့်မည်နည်း။ ၁၅ မောဘ ပြည်သည် ပျက်စီး ပြီ။ မြို့ တို့သည် ကျွမ်းလောင် ကြပြီ။ သူ ရွေးချယ် သောလုလင် တို့သည် ကွပ်မျက် ခြင်းကိုခံအံ့သောငှါ ဆင်းသွား ကြပြီဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ဟူ၍ဘွဲ့ နာမရှိသော ရှင်ဘုရင် မိန့် တော်မူ၏။ ၁၆ မောဘ ကို လုပ်ကြံရသောအချိန်နီး ပြီ။ သူ ခံရသော ဘေး သည်

အလျင်အမြန် လာ၏။ ၁၇ သူ့ ပတ်လည် ၌နေသောသူအပေါင်း တို့၊ သူ့ အတွက် မြည်တမ်း ကြလော့။ သူ၏နာမ ကို သိ သော သူအပေါင်း တို့၊ တန်ခိုး ကြီးသောလှံတံ ၊ အသရေ တင့်တယ်သောတံဖျာ သည် ကျိုး လေပြီတကားဟု ပြောဆို ကြ လော့။ ၁၈ ဒိဘုန် မြို့၌နေ သောသတို့သမီး ၊ သင်ခံစားရသော စည်းစိမ် မှ ဆင်း ၍အဝတ် ခံလျက်ထိုင် လော့။ မောဘ ကို လုယူ သောသူသည် သင် ရှိရာ သို့လာ ၍၊ သင် ၏ရဲတိုက် တို့ကို ဖျက်ဆီး လိမ့်မည်။ ၁၉ အိုအာရော် မြို့သား ၊ လမ်း နား မှာရပ် ၍ ကြည့်ရှု လော့။ အဘယ် အမှုရှိ သနည်းဟု၊ ပြေး သောယောက်ျားနှင့် အသက်လွတ် သော မိန်းမကိုမေးမြန်း လော့။ ၂၀ မောဘ သည်စိတ်ပျက် လေ၏။ ပြိုလဲ လျက်ရှိ၏။ ဝိုကြွေး မြည်တမ်း ကြလော့။ မောဘ သည် ပျက်စီး ကြောင်း ကို အာနုန် မြို့၌ ကြားပြော ကြလော့။ ၂၁ လွင်ပြင် နှင့်တကွဟောလုန် မြို့၊ ယဟာဇ မြို့၊ မေဖတ် မြို့၊ ၂၂ ဒိဘုန် မြို့၊ နေဗော မြို့၊ ဗက်ဒိဗလသိမ် မြို့၊ ၂၃ ကိရယသိမ် မြို့၊ ဗက်ဂမုလ မြို့၊ ဗက်မောင် မြို့၊ ၂၄ ကေရုတ် မြို့၊ ဗောဇရ မြို့မှစ၍၊ မောဘ ပြည် ၌ ရှိသောမြို့ အနီး အဝေး ရှိသမျှ တို့သည် အပြစ်ဒဏ် ကို ခံရကြ ၏။ ၂၅ မောဘ ၏ဦးချို သည် ပြတ် လေပြီ။ သူ ၏လက်ရုံး သည် ကျိုး လေပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၆ မောဘ သည် ထာဝရဘုရား တဘက် ၌ ဝါကြွား သောကြောင့် သူ့ ကိုယစ်မူး စေကြလော့။ သူသည် မိမိ အန်ဖတ် ၌ လူးလည်း ၍ ကဲ့ရဲ့ ခြင်းကို ခံရ ၏။ ၂၇ သင်သည်ကလသရေလ ကို ကဲ့ရဲ့ ပြီမ ဟုတ်လော။ သို့ရာတွင်၊ သူသည်သူခိုး တို့နှင့်ပေါင်းဘော်သည်ကို တွေ့ဘူးသလော။ သူ ၏အကြောင်း ကိုပြောလေရာရာ၌ သင်သည်ခေါင်းကိုညိတ် ပါသည်တကား။ ၂၈ မောဘ ပြည်၌နေ သောသူတို့၊ မြို့ တို့ကိုစွန့် ၍ ကျောက် ကြား ၌ နေ ကြလော့။ မြေတွင်း ဝ နား မှာ အသိုက် လုပ်တတ်သော ချိုးငှက် ကဲ့သို့ ပြု ကြလော့။ ၂၉ မောဘ ၏မာန ကိုငါတို့သည် ကြားသိ ကြ၏။ အလွန်ကြီး သော မာန ဖြစ်၏။ မာန ကြီးခြင်း၊ ထောင်လွှား စော်ကား ခြင်း၊ စိတ် နှလုံးမြင့် ခြင်းရှိသော်လည်း၊ ၃၀ သူ ၏ဒေါသ အမျက်ထွက်ခြင်းကို ငါ သိ သည် ဖြစ်၍၊ သူသည် အချည်းနှီးသက်သက်ဝါကြွား သော စကားကို ပြောလျက်နှင့်၊ မိမိအလိုမ ပြည့်စုံ ရာဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၁ ထိုကြောင့် ၊ မောဘ အတွက် ငါသည် ညည်းတွား မြည်တမ်းမည်။ မောဘ ပြည်တပြည်လုံး အတွက် ဝိုကြွေး မည်။ ကိရဟရက် မြို့သား တို့အတွက် ညည်းတွား ခြင်း ရှိရမည်။ ၃၂ အိုစိဗမာ စပျစ်နွယ် ပင်၊ ယာဇာ မြို့အတွက် မျက်ရည် ကျသည်ထက် ၊ သင့် အတွက် ငါသည် မျက်ရည် ကျမည်။ သင် ၏အညွှန့် တို့သည် ပင်လယ် ကိုလွန် ၍၊ ယာဇာ ပင်လယ် တိုင်အောင် ရောက် ကြ၏။ ဖျက်ဆီး သောသူသည် သင် ၏သစ်သီး နှင့် စပျစ်သီး တို့ကို လုယူ၏။ ၃၃ ဝပြော သောလယ်ပြင်နှင့် မောဘ ပြည် ထဲမှာ ဝမ်းမြောက် ရွှင်လန်း ခြင်းပြတ် လေပြီ။ စပျစ်သီး နယ်ရာ ကျင်း၌စပျစ်ရည် ကို ငါပြတ် စေပြီ။ ကြွေးကြော် သံကိုပြု၍ စပျစ်သီးကိုမ နင်း ရ။ ကြွေးကြော် သော အသံလည်း ကြွေးကြော် သောအသံမ ဟုတ်ရ။ ၃၄ ဟေရှဘုန် မြို့ ဝိုကြွေး သံမှစ၍ ဧလာလေ မြို့၊ ယာဟတ် မြို့တိုင်အောင် ၎င်း ၊ ဇောရ မြို့မှစ၍ ဟောရနိမ် မြို့တိုင်အောင် ၎င်း သုံးနှစ်အသက်ရှိသောနွားမမြည်သံကဲ့သို့အသံ ကို လွှင့် ကြ၏။ အကြောင်း မူကား၊ နိမရိမ် ရေကန် တို့သည်လည်း ဆိတ်ညံ လျက်ရှိကြ၏။ ၃၅ မောဘ ပြည်၌ မြင့် သော အရပ်ပေါ်မှာ ပူဇော် သောသူ၊ မိမိ ဘုရား တို့အား နှံသာ ပေါင်းကို မီးရှို့သောသူတို့ ကို ငါပြတ် စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၃၆ ထိုကြောင့် ၊ ငါ့ နှလုံး သည် မောဘ ပြည်အတွက် ပုလွေ ကဲ့သို့ မြည် ရလိမ့်မည်။ ငါ့ နှလုံး သည် ကိရဟရက် မြို့သား တို့အတွက် ပုလွေ ကဲ့သို့ မြည် ရလိမ့်မည်။ သူတို့ ဆည်းဖူး သော ဘဏ္ဍာ ဥစ္စာပျက်စီး ပြီ။ ၃၇ လူတိုင်းဆံပင် တိုလျက် ၊ မုတ်ဆိတ် ကိုရိတ် လျက်၊ လက် ၌ ရှန လျက်၊ ခါး ၌ လျှော်တေ အဝတ်ကို ဝတ်လျက် ရှိရ၏။ ၃၈ အသုံး မရသော အိုး ကိုခွဲတတ်သကဲ့သို့ ၊ မောဘ ပြည်ကို ငါခွဲ သောကြောင့် ၊ မောဘ ပြည်အိမ်မိုး များ အပေါ် ၌ငင်း ၊ လမ်း များ၌ ၎င်း ညည်းတွား မြည်တမ်းခြင်းနှံ့ ပြားရမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃၉ သူတို့ကလည်း၊ မောဘ ပြည်ပြိုပျက် လေပြီ တကား၊ ရှက် ၍ဆုတ်သွား လေပြီတကားဟု ညည်းတွား မြည်တမ်းကြလိမ့်မည်။ မောဘ သည် အရှက်ကွဲ၍ ကဲ့ရဲ့ ခြင်းကိုခံရလျက်၊ ပတ်လည် ၌နေသောသူအပေါင်း တို့၏ ကြောက်လန့် စရာအကြောင်းဖြစ် ရလိမ့်မည်။ ၄၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ရန်သူသည် ၍လင်းတ ပျံတတ်သကဲ့သို့ ပျံ လာ၍ ၊ အတောင် တို့နှင့် မောဘ ပြည်ကို အုပ်မိုး လိမ့်မည်။ ၄၁ မြို့ တို့ကိုလုပ်ကြံ ၍ ရဲတိုက် တို့ကို တိုက်ယူ သောကြောင့် ၊ ထို နေ့ ၌ မောဘ အမျိုးသူရဲ တို့ စိတ် နှလုံးသည်၊ သားဘွားခြင်းဝေဒနာ ကိုခံရသောမိန်းမ ၏စိတ် နှလုံးကဲ့သို့ ဖြစ် ရလိမ့်မည်။ ၄၂ မောဘ သည် ထာဝရဘုရား တဘက်၌ ဝါကြွား သောကြောင့် ၊ နောက်တဖန် ပြည် မဖြစ်နိုင်အောင် ပျက်စီး ရလိမ့်မည်။ ၄၃ အိုမောဘ အမျိုးသား၊ သင်သည် ကြောက်လန့် ဘွယ်သောအရာ၊ မြေတွင်း ၊ ကျော့ကွင်း ထဲသို့ ရောက် လေပြီ။ ၄၄ ကြောက်လန့် ဘွယ်သောအရာမှ ပြေး သောသူသည် မြေတွင်း ထဲသို့ ကျ လိမ့်မည်။ မြေတွင်း မှ လွတ် သောသူသည် ကျော့ကွင်း ၌ ကျော့မိ လိမ့်မည်။ ဆုံးမ ခြင်းကိုခံရသောနှစ် ကာလကို မောဘ ပြည်သို့ ငါရောက် စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၄၅ ပြေး သောသူတို့သည်အားကုန် သောကြောင့်၊ ဟေရှဘုန် မြို့အရိပ် ကို ခို ကြသော်လည်း၊ ရှိဟုန် ဘုရင် နေရာဟေရှဘုန် မြို့မှ မီးလျှံ ထွက် သဖြင့် ၊ မာန ထောင်လွှား သောသူ တို့၏ အထွဋ်ဦ မှစ၍မောဘ ပြည်စွန်း တိုင်အောင်လောင် လိမ့်မည်။ ၄၆ အိုမောဘ ပြည်၊ သင် သည်အမင်္ဂလာ ရှိ၏။ အိုခေမုရှ တပည့် တို့၊ သင်တို့သည် အကျိုးနည်း ကြပြီ။ သင် တို့၏ သား သမီး များကို သိမ်းသွား ကြပြီ။ ၄၇ သို့ရာတွင် ၊ သိမ်းသွား ခြင်းကိုခံရသောမောဘ အမျိုးသားတို့ကို နောင် ကာလ၌ ငါဆောင် ခဲ့ဦးမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ဤရွေ့ကား ၊ မောဘ ခံရသော အပြစ်တရား ပေတည်း။

၄၉ အမ္မုန် အမျိုးသား တို့ကို ရည်မှတ် ၍ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ ၌ သား မ ရှိ သလော ။ အမွေခံ မ ရှိသလော။ မိလကုံ ဘုရားသည် ဂဒ် ပြည်ကို အဘယ်ကြောင့် သိမ်းယူ သနည်း။ သူ့ တပည့် တို့သည် ဂဒ်မြို့ တို့ ၌အဘယ်ကြောင့်နေ ကြသနည်း။ ၂ ထိုကြောင့် ၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ အမ္မုန် အမျိုးသား တို့ နေရာရဗ္ဗာ မြို့၌ စစ်တိုက် ခြင်းအသံ ကို ငါကြား စေသောအချိန် ရောက် လိမ့်မည်။ ထိုမြို့သည် ပျက်စီး ရာပုံ ဖြစ် ၍၊ သူ ၏သမီး တို့သည်လည်း မီးရှို့ ခြင်းကိုခံရကြလိမ့်မည်။ ထိုအခါဣသရေလအမျိုး၏နေရာကို၊ သိမ်းယူ သောသူတို့ ၏ နေရာကို၊ ဣသရေလ သည် တဖန်သိမ်းယူ ရလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃ အို ဟေရှဘုန် မြို့၊ ညည်းတွား မြည်တမ်းလော့။ အာဣ မြို့ ပျက်စီး ပြီ။ အိုရဗ္ဗာ မြို့သမီး တို့၊ ဝိုကြွေး ကြလော့။ လျှော်တေ အဝတ်ကိုဝတ် ၍

မြည်တမ်း လျက် ၊ ခြံ နား မှာ တောင်မြောက်ပြေး ကြလော့။ အကြောင်း မူကား၊ မိလကုံ ဘုရားသည်သူ ၏ယဇ်
ပုရောဟိတ်၊ သူ ၏မင်း များနှင့်တကွ သိမ်းသွား ခြင်းကိုခံရ၏။ ၄ ငါ့ ထံသို့ အဘယ် ရန်သူရောက် လိမ့်မည်နည်းဟု
အောက်မေ့လျက်၊ မိမိ စည်းစိမ် ၌ ကိုးစား လျက် ဖောက်ပြန် သောသတို့သမီး ၊ သင်သည် ချိုင့် တို့ ၌ အဘယ်ကြောင့်
ဝါကြွား သနည်း။ သင် ၏ချိုင့် သည် အသွေးစီး ရာ ဖြစ်လိမ့်မည် ။ ၅ ကောင်းကင်ဗိုလ်ခြေ သခင် အရှင် ထာဝရဘုရား
မိန့် တော်မူသည်ကား၊ သင့် ပတ်လည် ၌နေသောသူအပေါင်း တို့ကြောင့် ကြောက်လန့် သော အကြောင်းကို သင် ၌ ငါ
ဖြစ် စေမည်။ သင်တို့အသီးအသီး ရှိသမျှသည် နှင်ထုတ် ခြင်းကို အတည့်အလင်းခံရကြမည်။ ကွဲပြား သောသူတို့ကို
စုဝေး စေသော သူလည်းမ ရှိရ။ ၆ သို့သော်လည်း ၊ သိမ်းသွား ခြင်းကိုခံရသောအမျှန် အမျိုးသား တို့ကို နောက်
တဖန်ငါဆောင် ခဲ့ဦးမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ဧဒုံ
ပြည်ကို ရည်မှတ် ၍ မိန့် တော်မူသည်ကား၊ တေမန် ပြည်၌ ပညာ ကုန် သလော။ ပညာ သတိရှိသောသူတို့သည် အကြံ
မပေးနိုင်သလော။ သူ တို့ဉာဏ် သည် ဆုံး သလော။ ၈ အိုဒေဒန် မြို့သူ မြို့သားတို့၊ ဆုတ် ၍ ပြေးသွား ကြလော့ ။
နက်နဲ သောအရပ်၌ နေ ကြလော့။ ဧသော တွေ့ရသော ဘေး ၊ ဆုံးမ ခြင်းကိုခံရသောအချိန် ကို ငါရောက် စေမည်။ ၉
စပျစ်သီးကိုဆွတ် သောသူတို့သည် သင် ရှိရာသို့ လာ လျှင် ၊ သူတပါးလိုက်၍ ဆွတ် စရာဘို့ ကျန်ကြွင်း စေကြလိမ့်မည်မ
ဟုတ်လော။ ညဉ့် အခါ သူခိုး လာလျှင် ၊ စိတ်ပြေလောက်အောင်သာ လုယူ ကြလိမ့်မည်မဟုတ်လော။ ၁၀ ဧသော
၏အဝတ်ကို ငါ ချွတ် မည်။ သူသည် ပုန်း ၍မ နေနိုင် အောင် သူ ကွယ် သောနေရာအရပ်တို့ကို ငါလှန် မည်။ သူ
၏အမျိုးအနွယ် ၊ ညီအစ်ကို ၊ အိမ်နီးချင်း တို့သည် ပျက်စီး ၍၊ သူ့ ကိုယ်တိုင်လည်း ပျောက် ရလိမ့်မည်။ ၁၁ သင် ၌မိဘ
မရှိသောသူငယ်တို့ကို ထား ခဲ့လော့။ ငါ စောင့်မ မည်။ သင် ၏ မုတ်ဆိုးမ တို့သည် ငါ့ ကိုခိုလှုံ ကြစေ။ ၁၂ ထာဝရဘုရား
မိန့် တော်မူသည်ကား၊ ခွက် ဖလား ကို မ သောက် ထိုက် သောသူ တို့ သည် အကယ်၍သောက် ကြသည် မှန်လျှင်၊
သင်သည်အပြစ် ကို မခံဘဲ ရှင်းရှင်းလွတ် ရမည်လော။ မ လွတ် ဘဲမနေရ။ စင်စစ် သောက် ရမည်။ ၁၃ ဗောဇရ
ပြည်သည်အုံ့ဩ ရာ၊ ကဲ့ရဲ့ ရာ၊ လူဆိတ်ညံ ရာ၊ ကျိန်ဆဲ ရာဖြစ် ရလိမ့်မည်။ သူ ၏ မြို့ အလုံးစုံ တို့သည်လည်း၊ အစဉ်
သုတ်သင် ပယ်ရှင်းရာဖြစ် ရကြ လိမ့်မည်ဟု၊ ငါသည်ကိုယ် ကို တိုင်တည်၍ကျိန်ဆို ပြီဟု၊ ထာဝရဘုရား မိန့် တော်မူ၏။
၁၄ ထာဝရဘုရား ကြွေးကြော် တော်မူသံကို ငါကြား ၏။ သင်တို့သည် စည်းဝေး ၍၊ ဧဒုံပြည်ကို တိုက် ခြင်းငှါစစ်ချီ
၍လာ ကြလော့ဟု တပါးအမျိုးသား တို့ထံသို့ သံတမန် ကို စေလွှတ် တော်မူပြီ။ ၁၅ တပါးအမျိုးသား တို့တွင် သင် သည်
ယုတ်မာ မည်အကြောင်းနှင့်၊ လူ တို့တွင် အသရေ ရွှတ်ချခြင်းကိုခံရမည်အကြောင်းငါပြု မည်။ ၁၆ ကျောက် ကြား တို့ ၌
နေ ၍တောင် ထိပ် ကို ခိုလှုံ သောသူဖြစ် သောကြောင့်၊ သင် ၏ကြောက်မက် ဘွယ်သော အခြင်းအရာ၊ သင် ၏မာန
သည် သင့် ကိုလှည့်စား ပြီ။ သင်သည် ရွှေလင်းတ ကဲ့သို့ မြင့် သောအရပ်၌ အသိုက် ကို လုပ်သော်လည်း ၊ ထို အရပ်မှ
သင့် ကို ငါနှိမ့်ချ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ ဧဒုံ ပြည်သည် အုံ့ဩ ရာဖြစ် ၍၊ ရှောက်သွား သော သူတိုင်း
အုံ့ဩ ကြလိမ့်မည်။ သူ ခံရသောဘေးဥပဒ် အပေါင်း တို့ကြောင့် ကဲ့ရဲ့ သံကို ပြုကြလိမ့်မည်။ ၁၈ သောဒုံ မြို့နှင့် ဂေါမောရ

မြို့မှစ၍နီးစပ် သောမြို့ တို့၏ ပျက်စီး ခြင်းကဲ့သို့ ဖြစ်၍၊ ဧဒုံပြည်၌ အဘယ်သူမျှမ နေ ရ။ လူ သား တစုံတယောက်မျှ နေရာ မ ကျရဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၉ ခြေသေ့ သည် ယော်ဒန် မြစ်၏ ဂုဏ် အသရေမှ တက် သကဲ့သို့၊ ရန်သူသည် ကျောက် နှင့်ပြည့်စုံသော နေရာ သို့ တက်သောအခါ၊ နေသောသူသည် ချက်ခြင်းပြေး မည်အကြောင်းကို ငါပြုမည်။ ရွေးချယ် သော သူကိုလည်း၊ ဧဒုံပြည်အပေါ် မှာ ငါခန့်ထား မည်။ ငါ နှင့် အဘယ်သူ တူသနည်း။ ငါ့ အချိန်ကို အဘယ်သူ ချိန်းချက် မည်နည်း။ အဘယ်မည် သော သိုးထိန်း သည် ငါ့ ရှေ့ မှာ ရပ် နိုင်သနည်း။ ၂၀ သို့ ဖြစ်၍၊ ထာဝရဘုရား သည် ဧဒုံ ပြည်တဘက် ၌ ကြံစည် တော်မူသော အကြံ၊ တေမန် ပြည်သား တို့ တဘက် ၌ ကြံစည် တော်မူသော အကြံအစည် တို့ကို နားထောင် ကြလော့။ အကယ် စင်စစ်ရန်သူသည်၊ အား မရှိ သောထိုသိုး တို့ကို လုယက် လိမ့်မည်။ အကယ် စင်စစ်သူ တို့ရှိရာသို့လာ၍၊ ကျက်စား ရာအရပ်တို့ကို ဖျက်ဆီး လိမ့်မည်။ ၂၁ သူ တို့ပြိုလဲ သော အသံ ကြောင့် မြေကြီး လှုပ်ရှား ၏။ သူတို့အော်ဟစ် သော အသံ ကို ဧဒုံ ပင်လယ် တိုင်အောင် ကြား ရ၏။ ၂၂ ရန်သူသည် တက် ၍ ရွေလင်းတ ကဲ့သို့ ပျံ လျက် ၊ ဗောဇရ မြို့ကို အတောင် တို့နှင့် ဖြန့်ဖိုး လိမ့်မည်။ ထို နေ့ ၌ ဧဒုံ ပြည်သားသူရဲ တို့၏ စိတ် နှလုံးသည်၊ သားဘွားခြင်း ဝေဒနာ ကိုခံရသောမိန်းမ ၏စိတ် နှလုံးကဲ့သို့ ဖြစ် လိမ့်မည်။ ၂၃ ဒမာသက် မြို့ကို ရည်မှတ် သော စကားဟူမူကား၊ ဟာမတ် မြို့နှင့် အာပဒ် မြို့တို့သည် မကောင်း သော သိတင်း ကိုကြား သောကြောင့် ၊ အရှက်ကွဲ ၍စိတ်ပျက် လျက်ရှိကြ၏။ ပင်လယ် တိုင်အောင်စိုးရိမ် စရာရှိသောကြောင့် ၊ ငြိမ်ဝပ် ခြင်းသို့မ ရောက်နိုင် ။ ၂၄ ဒမာသက် မြို့သည် အားလျော့ ပြီ။ ပြေး အံ့သောငှါ ကိုယ်ကိုလှည့် ပြီ။ တုန်လှုပ် လျက်နေ၏။ ဒုက္ခ ဆင်းရဲကိုငင်း၊ သားဘွား သောမိန်းမခံရသကဲ့သို့ ၊ ပြင်းစွာသော ဝေဒနာ ကိုငင်း ခံရ ၏။ ၂၅ အသရေ ရှိသောမြို့ ၊ ငါ ဝမ်းမြောက် စရာမြို့ သည် အဘယ်ကြောင့် မ ကျန်ကြွင်း ရသနည်း။ ၂၆ သို့ ဖြစ်၍ ၊ ထိုမြို့သားလုလင် တို့သည် လမ်းမ တို့ ၌ လဲ ၍၊ ထို နေ့ တွင် စစ်သူရဲ အပေါင်း တို့သည် ဆုံးရှုံး ကြ လိမ့်မည်။ ၂၇ ငါသည်လည်း၊ ဒမာသက် မြို့ရိုး ကို မီး ရှို့ ၍ ၊ ဗင်္ဟာဒဒ် ၏ နန်းတော် တို့ကို လောင် စေမည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၈ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ လုပ်ကြံ သော ကေဒါ ပြည်နှင့် ဟာဇော် နိုင်ငံ တို့ကို ရည်မှတ် ၍ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထ ကြလော့။ ကေဒါ ပြည်သို့ သွား ၍၊ အရှေ့ မျက်နှာအရပ်သား တို့ကို လုယူ ကြလော့။ ၂၉ သူ တို့တဲ များနှင့် သိုးစု များကိုငင်း၊ ကုလားကာ များ၊ အသုံးအဆောင် များ၊ ကုလားအုပ် များကိုငင်းသိမ်း ၍ ယူသွား ရကြမည်။ သူတို့ပတ်လည် ၌ ကြောက်လန့် စရာ အကြောင်းကို ကြွေးကြော် ရကြမည်။ ၃၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဟာဇော် ပြည်သား တို့၊ ဝေးစွာ ပြေးသွား ကြလော့။ နက်နဲ သော အရပ်တို့ ၌ နေ ကြလော့။ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် သင် တို့ကိုရည်ဆောင်၍ စီရင် မည်ဟု သင် တို့တဘက် ၌ ကြံစည် သောအကြံအစည် ရှိ၏။ ၃၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထ ကြလော့။ ငြိမ်ဝပ် စွာနေ ၍ စိုးရိမ် စရာမရှိသောလူမျိုး ၊ မြို့တံခါး နှင့်ကန့်လန့်ကျင် ကို မ သုံးတတ်၊ အပေါင်းအဘော်မရှိ၊ တခြားစီ နေ တတ်သောလူမျိုးနေရာသို့ သွား ကြလော့။ ၃၂ သူ တို့ကုလားအုပ် အစရှိသော တိရစ္ဆာန် အပေါင်း တို့သည် လုယူ ရာဖြစ် ကြလိမ့်မည်။ ပါးမုန်း ကိုရိတ် တတ် သော

လူမျိုးကိုအရပ်ရပ် သို့ ငါကွဲပြား စေမည်။ အရပ်ရပ် တို့မှ သူ တို့ ၌ ဘေးဥပဒ် ကိုငါရောက် စေမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၃ ဟာဇော် ပြည်သည် မြေခွေး နေရာ ၊ လူဆိတ်ညံ ရာ အစဉ် ဖြစ် ၍ ၊ အဘယ်သူမျှမ နေ ရ။ လူ သား တစုံတယောက် မျှနေရာ မ ကျရ။ ၂၄ ယုဒ ရှင်ဘုရင် ဇေဒကိ မင်းနန်းစံ ၉ က၊ ဧလံ ပြည် ကို ရည်မှတ် သော ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ပရောဖက် ယေရမိ သို့ ရောက်လာ ၍၊ ၂၅ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဧလံ ၏လေး တည်းဟူသောသူ ၏ အစွမ်း သတ္တိအထွဋ်ဋ် အမြတ်ကို ငါ ချိုး မည်။ ၂၆ အရပ်လေး မျက်နှာတို့က လေ လေး မျိုးကို ဧလံ ပြည်သို့ ငါဆောင်ခဲ့ မည်။ ထို လေ တို့ရှေ့မှာ ပြည်သားများကို ငါလွှင့် မည်။ ထိုသို့နှင်ထုတ် သော ဧလံ ပြည်သားမ ရောက် သော တိုင်း နိုင်ငံတခုမျှမ ရှိ ရ။ ၂၇ ဧလံ ပြည်သားတို့ကို ရန်သူ တို့ရှေ့ မှာငင်း ၊ သူ တို့ အသက် ကိုရှာ သော လူတို့ရှေ့ မှာငင်း ၊ ငါကြောက်လန့် စေ၍၊ ပြင်းစွာ သော ဘေး၏အမျက် တည်းဟူသောဘေးဥပဒ် ကိုသူ တို့အပေါ် သို့ ရောက် စေမည်။ သူ တို့ကို မ ဖျက်ဆီး မှီတိုင်အောင်သူ တို့နောက် သို့ ထား ကို လွှတ်လိုက် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၈ ဧလံ ပြည်၌ ငါ ၏ပလ္လင် ကို တည် ထား၍ ၊ ရှင်ဘုရင် နှင့် မင်းသား တို့ကို သုတ်သင်ပယ်ရှင်း မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၉ သို့ရာတွင် ၊ သိမ်းသွား ခြင်းကိုခံရသောဧလံ အမျိုးသားတို့ကို နောင် ကာလ၌ ငါဆောင်ခဲ့ ဦးမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၅၀ ထာဝရဘုရား သည် ဗာဗုလုန် မြို့နှင့်ခါလဒဲ ပြည် ကို ရည်မှတ် ၍၊ ပရောဖက် ယေရမိ အားဖြင့် မိန့် တော်မူ သော စကား ဟူမူကား၊ ၂ လူမျိုး တို့တွင် သိတင်းကြားပြော ကြလော့။ ဝှက် ၍ မ ထားဘဲအလံ ကို ထူ ၍ ကြော်ငြာ ကြလော့။ ကြားပြော ရသောစကားဟူမူကား၊ ဗာဗုလုန် မြို့ကို တိုက်ယူ ကြပြီ။ ဗေလ ဘုရားသည် အရှက်ကွဲ ပြီ။ မေရောဒပ် ဘုရားသည် ကျိုး ပြီ။ ဗာဗုလုန်ရုပ်တု ဆင်းတု တို့သည် အရှက်ကွဲ ၍ကျိုးပဲ့ လျက်ရှိကြ၏။ ၃ လူ တမျိုးသည် မြောက် မျက်နှာမှ လာ ၍ ဗာဗုလုန် ပြည် ကို သုတ်သင် ပယ်ရှင်းလိမ့်မည်။ နေ သောသူမ ရှိ ရ။ လူ နှင့် တိရစ္ဆာန် တို့သည် အကုန်အစင်ထွက်သွား ကြလိမ့်မည်။ ၄ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ အခါ ဣသရေလ အမျိုးသား တို့သည် ယုဒ အမျိုးသား တို့နှင့် ပေါင်းဘက်၍လာ ကြလိမ့်မည်။ မျက်ရည် ကျလျက် ၊ ခရီးသွား လျက် ၊ သူ တို့၏ဘုရားသခင် ထာဝရဘုရား ကို သွား ၍ ရှာ ကြလိမ့်မည်။ ၅ ဇိအုန် မြို့သို့ မျက်နှာ ပြု၍ လမ်း ကို ရှာ ကြလိမ့်မည်။ အစဉ် မ မေ့လျော့ ရသောပဋိညာဉ် အားဖြင့်ထာဝရဘုရား ထံ တော်သို့ ချဉ်းကပ် ၍ မိဿဟာယ ဖွဲ့ကြလိမ့်မည်။ ၆ ငါ ၏လူ တို့သည် ပျောက် သောသိုး ဖြစ် ကြပြီ။ သိုးထိန်း တို့သည် တောင် များပေါ် မှာလမ်းလွဲ စေကြပြီ။ သူတို့သည်တောင် တလုံးမှ တလုံးသို့ လမ်းလွဲ သွား ၍၊ ငြိမ်ဝပ် သောအရပ်ကိုမေ့လျော့ ကြပြီ။ ၇ သူ တို့ကို တွေ့ကြုံ သမျှ သောသူတို့သည် ကိုက်စား ကြပြီ။ ရန်သူ တို့က၊ သူတို့သည်တရား သော ငြိမ်ဝပ် ရာ၊ ဘိုးဘေး တို့ခိုလှုံ ရာ ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ ငါတို့သည်ကိုက်စားသော်လည်းမ လွန်ကျူး ဟု ပြောဆို ကြပြီ။ ၈ ဗာဗုလုန် မြို့ထဲ က ပြေး ကြလော့။ ခါလဒဲ ပြည် မှ ထွက်သွား ကြလော့။ သိုးစု ရှေ့၌ သိုးထီး ကဲ့သို့ ပြု ကြလော့။ ၉ အကြောင်း မူကား၊ မြောက် မျက်နှာအရပ် ၌ ကြီးစွာ သော တိုင်း နိုင်ငံသားအစုအဝေး ကို ငါ နှိုးဆော် ၍၊ ဗာဗုလုန်

မြို့သို့ ဆောင်ခဲ့ မည်။ သူတို့သည် မြို့တဘက် ၌ တပ်ခင်းကျင်း ၍ တိုက်ယူ ကြလိမ့်မည်။ သူ တို့ပစ်သော မြား တို့သည် လိမ္မာသော စစ်သူရဲ ၏ မြားကဲ့သို့ ဖြစ်၍မ မှန်ဘဲမနေရ။ ၁၀ ခါလဒဲ ပြည်သည် လုယူ ရာဖြစ် ၍၊ လုယူ သောသူတို့ သည် ဝ ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ ငါ့ အမွေ ကို ဖျက်ဆီး သောသူတို့၊ သင်တို့သည် ဝမ်းမြောက် ရွင်လန်းကြပြီ။ ကျက်စား သောန္ဒားမ ကဲ့သို့ ခုန် ကြပြီ။ မြင်းထီး ကဲ့သို့ ဟီ ကြပြီ။ ၁၂ ထိုကြောင့်၊ သင် တို့အမိ သည် မိန်းမော တွေဝေလိမ့်မည်။ သင် တို့ကိုမွေးဘွား သောသူသည် အရှက်ကွဲ လိမ့်မည်။ ပြည် တကာတို့တွင် အယုတ်ဆုံး သော ပြည်၊ သုတ်သင် သောအရပ်၊ သွေ့ခြောက် သော လွင်ပြင် ဖြစ်ရလိမ့်မည်။ ၁၃ ထာဝရဘုရား ၏ အမျက် တော်ကြောင့် နောက် တဖန်လူမ နေ ရ။ ဆိတ်ညံ သောအရပ် သက်သက်ဖြစ် ရ လိမ့်မည်။ ဗာဗုလုန် မြို့နား မှာ ရှောက်သွား သော သူတိုင်း အံ့ဩ ၍ ၊ သူ ခံရသောဘေးဥပဒ် ကိုထောက် လျက်၊ ကဲ့ရဲ့ သံကိုပြုကြလိမ့်မည်။ ၁၄ ဗာဗုလုန် မြို့ပတ်လည် ၌ တပ်ခင်းကျင်း ကြလော့ ။ သူသည် ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ လေး သမားအပေါင်း တို့၊ မြား ကိုမ နှမြော ဘဲ ပစ် ကြလော့။ ၁၅ မြို့ပတ်လည် ၌ ကြွေးကြော် ကြလော့။ သူသည် ဝန်ချ ပြီ။ မြို့ရိုး နှင့် ပြအိုး တို့သည် ပြိုလဲ ကြပြီ။ ထာဝရဘုရား ၏အမျက် တော်ပြေခြင်း အမှုဖြစ်၍ ၊ သူ့ကိုအပြစ် နှင့်အလျောက်စီရင်ကြလော့။ သူသည်ပြု ဘူးသည် အတိုင်း သူ ၌ ပြု ကြလော့။ ၁၆ ဗာဗုလုန် မြို့၌ မျိုးစေ့ကြဲ သော သူနှင့် စပါး ရိတ် သောသူတို့ ကိုပယ်ဖြတ် ကြလော့။ ညှဉ်းဆဲ တတ်သော ထား ကိုကြောက်သောကြောင့် ၊ အသီးအသီး တို့သည် မိမိ တို့လူမျိုး နေရာသို့ ပြန်သွား ၍ ၊ မိမိ တို့ ပြည် သို့ ပြေး ကြလိမ့်မည်။ ၁၇ ဣသရေလ သည်အရပ်ရပ်သို့ လွင့်ပြေး ရသောသိုး ဖြစ်၏။ ခြင်္သေ့ တို့သည် နှောင့်ရှက် ကြပြီ။ အာရှုရိ ရှင် ဘုရင်သည် ရှေးဦးစွာ ကိုက်စား ပြီ။ နောက်မှ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် သူ ၏အရိုး တို့ကို ချိုးဖဲ့ပြီ။ ၁၈ ထိုကြောင့် ၊ ဣသရေလ အမျိုး၏ဘုရားသခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည် ကား၊ ငါ သည်အာရှုရိ ရှင်ဘုရင် ကို ဒဏ် ပေးသည် နည်းတူ ၊ ဗာဗုလုန် ရှင်ဘုရင် နှင့် သူ ၏နိုင်ငံ ကို ဒဏ် ပေး မည်။ ၁၉ ဣသရေလ ကိုသူ ၏နေရင်း အရပ်သို့ ငါဆောင်ခဲ့ ဦးမည်။ သူသည် ကရမေလ တောင်နှင့် ဗာရှန် တောင် ပေါ်မှာ ကျက်စား ၍ ၊ ဧဖရိမ် တောင် နှင့် ဂိလဒ် တောင်ပေါ် မှာ ဝ လိမ့်မည်။ ၂၀ ထို ကာလ အခါ ဣသရေလ အပြစ် ကို စစ်ကြော သော်လည်း အပြစ်မ ပေါ် ရာ။ ယုဒ ဒုစရိုက် တို့ကိုရှာ၍ မ တွေ့ ရာ။ ငါချန်ထား သော သူတို့ ၏ အပြစ်ကို ငါဖြေရှင်း မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၁ ပုန်ကန်တတ်သောပြည်၊ ဆုံးမအပ်သော ပြည်သားတို့ရှိရာသို့ စစ်ချီ ကြလော့။ သုတ်သင် ပယ်ရှင်း၍ သူ တို့အမျိုးအနွယ်ကိုအကုန်အစင်ဖျက်ဆီး ကြလော့။ ငါမှာထား သမျှ အတိုင်း ပြု ကြလော့ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၂ ထိုပြည် ၌ စစ်တိုက် ခြင်းအသံ ၊ ကြီးစွာ သော ဖျက်ဆီး ခြင်းအသံကို ကြားရ၏။ ၂၃ မြေ တပြင်လုံးကို ရိုက်နှက်သောသံတူ သည် ကျိုးပြတ် လေပြီတကား၊ ဗာဗုလုန် မြို့သည် လူမျိုး တို့တွင် အံ့ဩ ရာဖြစ် လေပြီတကား။ ၂၄ အို ဗာဗုလုန် မြို့၊ သင် အဘို့ ကျော့ကွင်း ကို ငါထောင်ထားသဖြင့် ၊ သင်သည် သတိလစ် ၍ကျော့မိ ပြီ။ ထာဝရဘုရား ၏ အာဏာတော်ကို ဆန် သောကြောင့် ၊ ရန်သူတွေ့ ၍ တိုက်ယူ ပြီ။ ၂၅ ထာဝရဘုရား သည် လက်နက်စုံ တိုက် တော်ကို ဖွင့် ၍ ၊ အမျက် တော်လက်နက် တို့ကို ထုတ် တော်မူပြီ။ ဣအမ္မကား၊

ကောင်းကင်ဗိုလ်ခြေ သခင်အရှင် ထာဝရဘုရား သည် ခါလဒဲ ပြည် ၌ ပြုတော်မူသောအမှု ပေတည်း။ ၂၆ မြို့တဘက်
မှတဘက်တိုင်အောင်တိုက် ကြလော့ ။ စပါးကျီ တို့ကို ဖွင့် ၍၊ စပါး ပုံများကဲ့သို့ ပုံထား လျက်၊ အလျှင်းမ ကြွင်း
စေခြင်းငှါရှင်းရှင်းဖျက်ဆီး ကြလော့။ ၂၇ သူ ၏နွား ဥသဘရှိသမျှ တို့ကိုသတ် ကြလော့။ သတ် ရာအရေပ်သို့ ဆင်းသွား
စေကြလော့။ သူ တို့သည် အမင်္ဂလာ ရှိကြ၏။ အကယ် စင်စစ်သူ တို့အချိန် ၊ ဆုံးမ ခြင်းကို ခံရသောအချိန် ရောက်
လေပြီ။ ၂၈ ငါ တို့ဘုရားသခင် ထာဝရဘုရား ၏ အမျက် တော် ပြေခြင်း၊ ဗိမာန် တော်ကို ဖျက်ဆီးသောအပြစ်နှင့်
အလျောက်ဒဏ် ပေးခြင်းသိတင်းကို ဓိအုန် မြို့၌ ကြားပြော အံ့သောငှါ၊ ဗာဗုလုန် ပြည် မှ ပြေး လွတ် သောသူတို့၏ အသံ
ကို ကြားရ၏။ ၂၉ လေး သမားတို့ကို ဗာဗုလုန် မြို့သို့ ခေါ် ကြလော့။ ပစ် တတ်သော သူအပေါင်း တို့၊ မြို့ပတ်ဝန်းကျင် ၌
တပ်ချ ကြလော့။ မြို့သူမြို့သားတယောက်ကိုမျှ မ လွတ် စေနှင့်။ ထိုမြို့ကျင့်သောအကျင့် နှင့်အလျောက်အပြစ်ပေး
ကြလော့ ။ သူပြု ဘူးသမျှ အတိုင်း သူ၌ပြုကြလော့။ သူသည်ဣသရေလ အမျိုး၏သန့်ရှင်း တော်မူသောဘုရား၊
ထာဝရဘုရား တဘက်၌ ဝါကြွား ပြိတကား။ ၃၀ ထိုကြောင့် ၊ မြို့သားလုလင် တို့သည် လမ်းမ တို့ ၌ လဲ နေ၍၊ ထို နေ့ တွင်
စစ်သူရဲ အပေါင်း တို့သည် ဆုံးရှုံး ကြ လိမ့်မည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၃၁ ကောင်းကင်ဗိုလ်ခြေ သခင်အရှင်
ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုမာန ကြီးသောသူ၊ သင့် တဘက် ၌ ငါ နေ၏။ အကယ် စင်စစ်သင် ၏အချိန် ၊
ဆုံးမ ခြင်းကိုခံရသော အချိန် ရောက် လေပြီ။ ၃၂ မာန ကြီးသောသူသည် ထိမိ ၍ လဲ ပြီးမှ အဘယ်သူမျှမ ကြွ ရ။
ငါသည်လည်း သူ့ နေရာ မြို့ တို့ကို မီး ရှို့ ၍၊ သူ့ ပတ်လည် ၌နေသောသူအပေါင်း တို့ကို လောင် လိမ့်မည်ဟု မိန့်တော်မူ၏။
၃၃ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသား တို့နှင့်တကွယုဒ အမျိုးသား
တို့သည် ညှဉ်းဆဲ ခြင်းကိုခံရကြပြီ။ သူ တို့ကိုသိမ်းသွား သောသူ ရှိသမျှ တို့သည် ချုပ်ထား ပြီးလျှင် ၊ ငါတို့သည် မလွှတ်
ဟု ငြင်းပယ် လျက်နေကြပြီ။ ၃၄ သို့ရာတွင်၊ သူ တို့ကိုခွေးနှုတ် သော သခင်သည် အားကြီး ၏။ ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရား တည်းဟူသောဘွဲ့ နာမရှိတော်မူ၏။ ထိုသခင်သည်သူ တို့ အမှု ကို ကျပ်တည်းစွာစောင့် ၍၊ ပြည်
တော်ကို ငြိမ်ဝပ် စေလျက်၊ ဗာဗုလုန် မြို့သူမြို့သားတို့ကို နှောင့်ရှက် လျက် ပြုတော်မူမည်။ ၃၅ ထာဝရဘုရား မိန့်
တော်မူသည်ကား၊ ထား ဘေး သည် ခါလဒဲ ပြည်သူ၊ ဗာဗုလုန် မြို့သားတို့နှင့်တကွ မင်း များ၊ ပညာရှိ များအပေါ် သို့
သင့်ရောက်လိမ့်မည်။ ၃၆ ထား ဘေးသည် မိစ္ဆာ ဆရာတို့အပေါ် သို့ ရောက် ၍၊ သူတို့သည် အရူး ဖြစ်ကြလိမ့်မည်။ ထား
ဘေးသည် ထိုမြို့သားစစ်သူရဲ တို့အပေါ် သို့ ရောက်၍၊ သူတို့သည် စိတ်ပျက် ကြလိမ့်မည်။ ၃၇ ထား ဘေးသည်မြင်း
များ၊ ရထား များ၊ မြို့ထဲမှာ နေသော လူ အမျိုးမျိုးရှိသမျှ တို့အပေါ် သို့ ရောက်၍၊ သူတို့သည် မိန်းမ ကဲ့သို့ ဖြစ်
ကြလိမ့်မည်။ ထား ဘေးသည် မြို့ဘဏ္ဍာ အပေါ် သို့ရောက်၍၊ ရန်သူတို့သည်လုယူ ကြလိမ့်မည်။ ၃၈ ခန်းခြောက်
ခြင်းဘေးသည် မြို့၏ ရေ တို့ အပေါ် သို့ရောက်၍ ခန်းခြောက် ကြလိမ့်မည်။ အကြောင်း မူကား၊ ထိုပြည် သည်ရုပ်တု
တို့နှင့် အပြည့်ရှိ၏။ ပြည်သားတို့သည် ဆင်းတု တို့ကို အမှီပြု ၍ ဝါကြွား ကြ၏။ ၃၉ ထိုကြောင့် ၊ တောသားရဲ တို့သည်
တောခွေး တို့ နှင့်တကွ ထိုမြို့၌ နေ ကြလိမ့်မည်။ ကုလားအုပ် ငှက်တို့ သည်လည်း နေရာ ကျကြလိမ့်မည်။ နောက် တဖန်

အဘယ်သူမျှမ နေ ရ။ ကာလ အစဉ်အဆက်လူနေရာ မ ဖြစ်ရ။ ၄၀ သောဒုံ မြို့နှင့် ဂေါမောရ မြို့မှစ၍နီးစပ် သော မြို့များကို ဘုရားသခင် ဖျက်ဆီး တော်မူသဖြင့် လူဆိတ်ညံ့ သကဲ့သို့၊ ဗာဗုလုန်မြို့၌ အဘယ်သူမျှမ နေ ရ၊ လူ သား တစုံတယောက် မျှနေရာ မ ကျရဟု၊ ထာဝရဘုရား မိန့် တော်မူ ၏။ ၄၁ ကြည့်ရှု လော့။ လူမျိုး တမျိုးသည် မြောက် မျက်နှာမှ လာ ၏။ ကြီးစွာ သော လူမျိုး နှင့် များစွာ သော ရှင် ဘုရင်တို့ သည် မြေကြီး စွန်း တို့မှ ပေါ် လာ ကြ၏။ ၄၂ လေး နှင့် လှံ တို့ကို လက်စွဲ ကြ၏။ ကြမ်းကြုတ် သော အမျိုးဖြစ်၍သနား ခြင်းကရုဏာမ ရှိ။ သူ တို့စကားသံ သည် သမုဒ္ဒရာ မြည်သံကဲ့သို့ ဟုန်း တတ်၏။ အိုဗာဗုလုန် သတို့သမီး ၊ စစ်သူရဲ ကဲ့သို့ တပ်ခင်းကျင်း လျက်မြင်း စီး ၍၊ သင် ရှိရာသို့ ချီလာကြလိမ့်မည်။ ၄၃ သူ တို့၏သိတင်း ကို ဗာဗုလုန် ရှင် ဘုရင်သည် ကြား ၍ လက် အားလျော့ ၏။ ဒုက္ခ ဆင်းရဲကိုဝင်း ၊ သားဘွား သောမိန်းမခံရသကဲ့သို့ ပြင်းစွာသော ဝေဒနာ ကိုဝင်း ခံရ၏။ ၄၄ ခြင်္သေ့ သည် ယော်ဒန် မြစ်၏ ဂုဏ် အသရေမှ တက် သကဲ့သို့ ၊ ရန်သူသည် ကျောက် နှင့်ပြည့်စုံသော နေရာ သို့ တက်သောအခါ၊ နေသောသူသည် ချက်ခြင်းပြေး မည်အကြောင်းကို ငါပြု မည်။ ရွေးချယ် သောသူကို လည်းဗာဗုလုန်မြို့အပေါ် မှာ ငါခန့်ထား မည်။ ငါ နှင့် အဘယ်သူ တူသနည်း။ ငါ့ အချိန်ကို အဘယ်သူ ချိန်းချက် မည်နည်း။ အဘယ် မည်သော သိုးထိန်း သည် ငါ့ ရှေ့မှာ ရပ် နိုင်သနည်း။ ၄၅ သို့ ဖြစ်၍ ၊ ထာဝရဘုရား သည် ဗာဗုလုန် မြို့ တဘက် ၌ ကြံစည် တော်မူသော အကြံ ၊ ခါလဒဲ ပြည် တဘက် ၌ ကြံစည် တော်မူသော အကြံအစည် တို့ကို နားထောင် ကြလော့ ။ အကယ် စင်စစ်ရန်သူသည် အား မရှိသော ထိုသိုး တို့ကို လုယက် လိမ့်မည်။ အကယ် စင်စစ်သူတို့ရှိရာသို့ လာ၍၊ ကျက်စား ရာအရပ်ကို ဖျက်ဆီး လိမ့်မည်။ ၄၆ ဗာဗုလုန် မြို့ကိုတိုက်ယူ သော အသံ ကြောင့် မြေကြီး လှုပ်ရှား ၏။ အော်ဟစ် သောအသံကို လူ အမျိုးမျိုးတို့သည် ကြားရ ကြ၏။

၅၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗာဗုလုန် မြို့တဘက် ၌ငင်း ၊ ငါ၏ရန်သူတို့နှင့်ပေါင်းဘော် သောသူတို့ တဘက် ၌ငင်း ၊ ဖျက်ဆီး တတ်သော လေ ကို ငါ ထ စေမည် ။ ၂ စံကောနှင့်ပြာတတ်သောသူတို့ကို ဗာဗုလုန် မြို့ သို့ ငါစေလွှတ် သဖြင့် ၊ သူတို့သည် တပြည်လုံး ကိုပြာ ၍ ရှင်းလင်း ကြလိမ့်မည်။ အမှု ရောက်သောကာလ ၊ သူတို့ သည် မြို့ပတ်ဝန်းကျင် တို့ ၌ ရန်ဘက်ပြုလျက်နေ ကြ လိမ့်မည်။ ၃ လေး ကိုကိုင်သောသူ၊ သံချပ် အင်္ကျီကိုဝတ်သောသူတို့ ကို လေးတင် ၍ ပစ်ကြလော့။ မြို့သားလုလင် တို့ကို မ နှမြော ဘဲ၊ မြို့သားအလုံးအရင်း ရှိသမျှ တို့ကို ရှင်းရှင်းဖျက်ဆီး ကြလော့။ ၄ ထိုသို့သူရဲ တို့သည် ခါလဒဲ ပြည် တွင် ၊ လမ်းမ တို့ ၌ လဲ ၍ အထိုး ခံရကြလိမ့်မည်။ ၅ ဣသရေလ အမျိုးနှင့် ယုဒ အမျိုးနေရာ ပြည် သည်၊ ဣသရေလ အမျိုး၏သန့်ရှင်း တော်မူသောဘုရားကို ပြစ်မှား သော အပြစ်နှင့်ပြည့် သော်လည်း၊ သူ တို့ ဘုရားသခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား သည် ထိုအမျိုးတို့ကို စွန့်ပစ် တော်မ မူ။ ၆ ဗာဗုလုန် မြို့ထဲ က ထွက်ပြေး ၍ ၊ အသီးအသီး ကိုယ် အသက် ကို ကယ်နှုတ် ကြလော့။ မြို့သားတို့၏အပြစ် နှင့်ရော၍ ဆုံးရှုံး ခြင်းကို မ ခံကြနှင့်။ ဤအချိန်ကား၊ ထာဝရဘုရား ၏အမျက် တော်ကို ဖြေချိန် ဖြစ်၍၊ အကျိုး အပြစ်နှင့်အလျောက်စီရင် တော်မူမည်။ ၇ ဗာဗုလုန် မြို့သည်၊ ထာဝရဘုရား ကိုင်တော်မူ၍ မြေကြီး တပြင်လုံး

ကို ယစ်မူး စေသောရွေ့ ဖလား ဖြစ်၏။ ထိုဖလားဌ်ပါသောစပျစ်ရည် ကို လူ အမျိုးမျိုးတို့သည် သောက် ၍အရူး ဖြစ်ကြ၏။ ၈ ဗာဗုလုန် မြို့သည် ချက်ခြင်း ပြိုလဲ ၍ ပျက်စီး ပြီ။ သူ ၏အတွက် ငိုကြွေး မြည်တမ်းကြလော့။ သူ ၏အနာ ပျောက် နိုင်လျှင် ၊ ပျောက်စေခြင်းငှါဗာလစံစေး ကို ယူ ကြလော့။ ၉ ငါတို့သည် ဗာဗုလုန် မြို့၏အနာကို ပျောက် စေခြင်းငှါပြုသော်လည်း၊ အနာမ ပျောက် နိုင်။ သူ့ ကို စွန့်ပစ် ၍၊ အသီးအသီး ငါတို့ နေရင်းပြည် သို့ သွား ကြကုန်အံ့။ သူ ခံရ သောအပြစ်သည် ကောင်းကင် တိုင်အောင် ရောက် ၍၊ မိုဃ်းတိမ် ကို ထိ လျက်ရှိ၏။ ၁၀ ထာဝရဘုရား သည် ငါ တို့ဖြောင့်မတ် ကြောင်းကို ဘော်ပြ တော်မူပြီ။ လာ ကြလော့။ ငါ တို့ဘုရားသခင် ထာဝရဘုရား အမှု တော်ကို ဇအုန် မြို့၌ ကြားပြော ကြ ကုန်အံ့။ ၁၁ မြှား တို့ကို ပွတ် ကြလော့။ ဒိုင်း လွှားတို့ကို ကိုင်စွဲ ကြလော့။ ထာဝရဘုရား သည် မေဒိ ရှင်ဘုရင် တို့ကို နှိုးဆော် တော်မူပြီ။ ဗာဗုလုန် မြို့ကို ဖျက်ဆီး မည် အကြံ ရှိတော်မူ၏။ အကြောင်း မူကား၊ ထာဝရဘုရား ၏ အမျက် တော်ကိုဖြေခြင်း၊ ဗိမာန် တော်ကိုဖျက်ဆီးသောအပြစ်နှင့် အလျောက်ဒဏ်ပေး ခြင်းအမှုဖြစ်သတည်း။ ၁၂ ဗာဗုလုန် မြို့ရိုး ရှေ့မှာ အလံ ကိုထူ ကြလော့။ များစွာသော လူစောင့် တို့ကို ထား ၍ကင်းထိုး ကြလော့။ ချောင်းမြောင်း သော တပ်သားတို့ကို ပြင် ကြလော့။ ထာဝရဘုရား သည် ဗာဗုလုန် မြို့သား တို့ကို ခြိမ်း သည်အတိုင်း ကြဲစည် ၍ လက်စသတ် တော်မူမည်။ ၁၃ များစွာ သော ရေ အနား မှာနေ ၍ စည်းစိမ် ကြီး သောသူ၊ သင် ၏ဆုံးရှုံး ချိန်၊ သင် ၏လောဘ အလိုပျက်ချိန် ရောက် လေပြီ။ ၁၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ကိုယ် ကိုတိုင်တည် ၍ ကျိန်ဆိုတော်မူသည်ကား၊ သင့် ကို ကျိုင်းကောင် များနှင့်ပြည့်စေသကဲ့သို့ လူ များနှင့်ပြည့် စေမည်။ သူတို့သည်သင့် တဘက် ၌ ကြွေးကြော် သံကို လွှင့် ကြလိမ့်မည်။ ၁၅ တန်ခိုး တော်အားဖြင့် မြေကြီး ကို ဖန်ဆင်း တော်မူပြီ။ ပညာ တော်အားဖြင့် လောကဓါတ် ကို တည် တော်မူပြီ။ ဉာဏ် တော်အားဖြင့် မိုဃ်းကောင်းကင် ကို ကြက် တော်မူပြီ။ ၁၆ အသံ တော်ကို လွှတ် တော်မူသောအခါ ၊ မိုဃ်း ရေ အသံဗလံ ဖြစ်တတ်၏။ မြေကြီး စွန်း မှ မိုဃ်းတိမ် ကို တက် စေတော်မူ၏။ မိုဃ်း ရွာသည်နှင့် လျှပ်စစ် ပြက်စေ တော်မူ၏။ လေ ကိုလည်း ဘဏ္ဍာ တော် တိုက်ထဲက ထုတ် တော်မူ၏။ ၁၇ လူ မည်သည်ကား၊ မိမိဉာဏ် အားဖြင့်တိရစ္ဆာန် ကဲ့သို့ ဖြစ်၏။ ရုပ်တု ကို သွန်း သော သူ တိုင်းမိမိလုပ်သော ရုပ်တုအားဖြင့်မှောက်မှား လျက်ရှိ၏။ အကြောင်း မူကား၊ သွန်းသောရုပ်တု သည် မုသာ ဖြစ်၏။ သူ ၌ လည်း ထွက်သက် ဝင်သက်မ ရှိ။ ၁၈ ထိုသို့ သော အရာ တို့သည် အချည်းနှီး သက်သက် ဖြစ်ကြ၏။ လှည့်စား သောအရာလည်း ဖြစ်ကြ၏။ စစ်ကြော ခြင်းကိုခံရသည်ကာလ ကွယ်ပျောက် ကြ လိမ့်မည်။ ၁၉ ယာကုပ် အမျိုး၏ အဘို့ ဖြစ်သောဘုရားသည် ထိုသို့ သောအရာနှင့်တူ တော်မ မူ။ ခပ်သိမ်း သောအရာ တို့ကို ဖန်ဆင်း သောဘုရားဖြစ်တော်မူ၏။ ဣသရေလအမျိုး သည် အမွေခံ တော်မူရာဖြစ်၏။ နာမ တော်သည် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ပေတည်း။ ၂၀ အိုသံတူ ကြီး၊ သင် သည် ငါ စစ်တိုက် စရာ လက်နက် ဖြစ်၏။ သင့် ကို ငါကိုင်၍ အတိုင်းတိုင်း အပြည်ပြည်တို့ကို ချိုးဖဲ့ ပြီ။ ၂၁ သင့် ကိုကိုင်၍ မြင်း နှင့် မြင်းစီး သူရဲကိုငင်း ၊ ရထား နှင့် ရထားစီး သူရဲကိုငင်း ငါချိုးဖဲ့ ပြီ။ ၂၂ သင့် ကိုကိုင်၍ ယောကျ်ား နှင့် မိန်းမ တို့ကိုငင်း၊ အသက်ကြီး သူနှင့် အသက်ငယ် သူတို့ကိုငင်း၊ လူပျို နှင့် အပျိုမ

တို့ကိုငင်းငါချိုးဖဲ့ ပြီ။ ၂၃ သင့် ကိုကိုင်၍ သိုးထိန်း နှင့် သိုးစု ကိုငင်း ၊ လယ်လုပ် သော သူနှင့် နွားယှဉ် ကိုငင်း၊ ဗိုလ် များနှင့် မင်း များကိုငင်းငါချိုးဖဲ့ ပြီ။ ၂၄ သို့ရာတွင် ၊ ဗာဗုလုန် မြို့သူ၊ ခါလဒဲ ပြည်သား အပေါင်း တို့သည် ဓိအုန် မြို့၌ ပြု လေသမျှ သော ဒုစရိုက် ရှိသည်အတိုင်း၊ ငါသည် သင် တို့မျက်မှောက် ၌ သူ တို့အား အပြစ်ပေး မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၂၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဖျက်ဆီး တတ်သောသဘောရှိ၍၊ မြေကြီး တပြင်လုံး ကို ဖျက်ဆီး တတ်သောတောင် ကြီး၊ သင့် တဘက် ၌ ငါ နေ၏။ သင့် အပေါ် မှာ ငါ ၏လက် ကိုဆန့် လျက်၊ ကျောက် တို့မှ သင့် ကို လိှမ့်ချ ၍၊ မီး နှင့်ကျွမ်းလောင်သော တောင် ဖြစ် စေမည်။ ၂၆ တိုက်ထောင့် အထွဋ်ကျောက် ၊ တိုက်မြစ် ကျောက် တစုံတခုကိုမျှ သင် ၏အထဲက မ နှုတ် မယူရ၊ အစဉ်မပြတ် ပျက်စီး လျက်နေ ရလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ ၏။ ၂၇ ထိုပြည် ၌ အလံ ကိုထူ ကြလော့။ အပြည်ပြည် တို့ ၌ တံပိုး ကိုမှုတ် ၍၊ လူ အမျိုးမျိုးတို့ကိုသူ ၏ တဘက် ၌ပြင်ဆင် ကြလော့။ အာရရတ် ပြည်၊ မိန္နီ ပြည်၊ အာရှကေနတ် ပြည် တို့ကို သူ ၏တဘက် ၌ စည်းဝေး စေကြလော့။ ဗိုလ်ချုပ် မင်းကိုခန့်ထား ၍၊ အမွေးကြမ်း သော ကျိုင်းကောင် ကဲ့သို့ မြင်း စီးသူရဲတို့ကို စစ်ချီ စေကြလော့။ ၂၈ လူမျိုး များတို့နှင့်တကွ၊ မေဒ ရှင်ဘုရင် မှစ၍ဗိုလ် များ၊ မင်း များ၊ မေဒိနိုင်ငံ သားအပေါင်း တို့ကို သူ ၏ တဘက် ၌ ပြင်ဆင် ကြလော့။ ၂၉ ဗာဗုလုန်ပြည် သည်တုန်လှုပ် ၍ လူးလိမ့် မည်။ ထိုပြည်သည်နေ သူမ ရှိ၊ သုတ်သင် ပယ်ရှင်းရာ ဖြစ်စေခြင်းဌါ ၊ ထာဝရဘုရား ကြံစည် တော်မူသောအကြံအစည် ရှိသမျှသည် ပြည့်စုံရလိမ့်မည်။ ၃၀ ဗာဗုလုန် စစ်သူရဲ တို့သည် စစ် မ ပြိုင်ဘဲရဲတိုက် များ၌ နေ ကြ၏။ အား လျော့ ၍မိန်းမ ကဲ့သို့ ဖြစ် ကြ၏။ မြို့သားနေရာ တို့ကိုမီး ရှို့၍၊ တံခါးကျင် တို့ကို ချိုးဖဲ့ ကြ၏။ ၃၁ ရန်သူတို့သည် မြို့ တော်ကို တဘက်တချက် တိုက် ဝင်ကြပြီဟူ၍ငင်း ၊ လမ်း၀ ကို ပိတ်ထား ၍ ရေကန် နား မှာမီး ရှို့ ကြောင်းနှင့်၊ စစ်သူရဲ တို့သည် ကြောက်လန့် လျက်ရှိကြပြီဟူ၍ငင်း ၊ ၃၂ ဗာဗုလုန် ရှင်ဘုရင် အား ကြားလျှောက် အံ့သောဌါ ၊ မင်း လုလင်ချင်းတယောက်ကို တယောက်၊ စေလွှတ် သူချင်းတယောက်ကို တယောက်တွေ့ကြုံလျက် ပြေးလာ ကြ၏။ ၃၃ ဣသရေလ အမျိုး၏ ဘုရားသခင် ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗာဗုလုန် သတို့သမီး သည် စပါးနယ် ရသောကောက်နယ် တလင်းကဲ့သို့ ဖြစ်၏။ စပါး ရိတ်ရာအချိန် နီး ပြီ။ ၃၄ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ငါ တို့ကို ကိုက်စား ၍ နှိပ်စက် ပါပြီ။ ငါ တို့ကို ဟင်းလင်း သောအိုး ဖြစ် စေပါပြီ။ နဂါး မျိုတတ်သကဲ့သို့ ငါ တို့ကို မျိုရှ၍၊ ငါ တို့ ပျော်မွေ့ စရာအရာ တို့နှင့် မိမိ ဝမ်း ကို ပြည့် စေ ပါပြီ။ ငါ တို့ကို နှင်ထုတ် ပါပြီ။ ၃၅ ဓိအုန် မြို့သမီးက၊ ငါ၏ကိုယ်နှင့်ငါ ၏အသား ၌ ပြုသောအဓမ္မ အမှုသည် ဗာဗုလုန် မြို့အပေါ် သို့ ရောက်ပါစေဟူ၍ငင်း ၊ ယေရုရှလင် မြို့ကလည်း၊ ငါ ၏အသွေး သည် ခါလဒဲ ပြည်သား တို့အပေါ် သို့ ရောက်ပါစေဟူ၍ငင်း ဆို ရ၏။ ၃၆ သို့ ဖြစ်၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် ၏အမှု ကို ငါ စောင့် မည်။ သင် ခံရသောအပြစ် ကို ပြန်ပေး မည်။ သူ ၏ပင်လယ် ကိုငင်း၊ သူ ၏စမ်းရေ တွင်းတို့ကိုငင်းငါခန်းခြောက် စေမည်။ ၃၇ ဗာဗုလုန် မြို့သည် အမှိုက်ပုံ ၊ မြေခွေး နေရာ တွင်း၊ အံ့သြဘွယ် ရာ၊ ကဲ့ရဲ့ သံပြုရာ၊ လူဆိတ်ညံ ရာအရပ် ဖြစ် လိမ့်မည်။ ၃၈ ထာဝရဘုရား မိန့် တော်မူသည်ကား၊ မြို့သားတို့ သည်ခြင်္သေ့ ကဲ့သို့ ဟောက် သောအသံ၊ ခြင်္သေ့ သငယ်

ကဲ့သို့ မြည် သောအသံကိုတညီတညီး ပြုကြလိမ့်မည်။ ၃၉ သူတို့သည်ပျော်မွေ့ ကြမည်အကြောင်း နှင့်၊ နောက်တဖန်မ
နိုး ဘဲ၊ အစဉ်မပြတ် အိပ်ပျော် မည် အကြောင်း၊ သူတို့သည် ရွှင်လန်းအားကြီးသောအခါ၊ သောက်စရာဘို့ ငါတိုက်၍
ယစ်မူး စေမည်။ ၄၀ အသေသတ် ခြင်းငှါ ဆွဲ၍ချသော သိုးသငယ် ကို ကဲ့သို့ ၎င်း ၊ သိုးထီး ၊ ဆိတ်ထီး ကိုကဲ့သို့ ၎င်း ငါ
ဆွဲ၍ချမည်။ ၄၁ ရှေ့ရှက် မြို့ကိုတိုက် ၍ ရလေပြီတကား။ မြေ တပြင်လုံး ၌ ကျော်စော သော မြို့ကိုလုယူ လေပြီတကား။
ဗာဗုလုန် မြို့သည် အပြည်ပြည် တို့တွင် အံ့သြ ရာဖြစ် လေပြီ တကား။ ၄၂ ပင်လယ် သည် ဗာဗုလုန် ပြည်အပေါ်
သို့တက် ၍၊ များစွာသော လှိုင်း တံပိုးတို့သည် လွှမ်းမိုး ကြပြီ။ ၄၃ မြို့ များတို့သည် သုတ်သင် ပယ်ရှင်းရာအရပ်၊
သွေ့ခြောက် သော လွင်ပြင် ဖြစ် ကြပြီ။ အဘယ်သူမျှမ နေ ရ။ လူ သား တစုံ တယောက်မျှ ထိုလမ်းကိုမ ရှောက် ရ။
၄၄ ဗာဗုလုန် မြို့၌ ဗေလ ဘုရားကို လည်း ငါသည် ဒဏ်ပေးမည်။ သူ မျိုု သောအရာတို့ကို တဖန်အန် စေမည်။ လူ
အမျိုးမျိုးတို့သည် နောက် တဖန်သူ့ ထံမှာ မ စည်းဝေး ရကြ။ မြို့ ရိုး လည်းပြိုလဲ လျက်ရှိရလိမ့်မည်။ ၄၅ ငါ ၏လူ တို့၊
ဗာဗုလုန် မြို့ထဲက ထွက် ကြလော့။ ထာဝရဘုရား ၏ ပြင်းစွာ သောအမျက် တော်မှ ၊ အသီးအသီး ကိုယ် အသက် ကို
ကယ်နှုတ် ကြလော့။ ၄၆ ထိုပြည် ၌ ကြား ရသောသိတင်း ကြောင့် စိတ် မ ပျက် ၊ ကြောက်လန့် ခြင်းမရှိကြနှင့်။ တနှစ်
ထက် တနှစ် သိတင်း ကြားရလိမ့်မည်။ မင်းချင်း တယောက်ကို တယောက်လုယူ ၍ညှဉ်းဆဲခြင်းအမှု ရှိရလိမ့်မည်။ ၄၇
ထိုနောက်မှဗာဗုလုန် မြို့၌ ထုလုပ်သော ရုပ်တု ဆင်းတုတို့ကို ငါသည် ဒဏ်ပေး သဖြင့် ၊ တပြည်လုံး မိန်းမော တွေဝေ၍ ၊
သူရဲ အပေါင်း တို့သည် မြို့ ထဲမှာ လဲ လျက်သေကြသော အချိန် ရောက် လိမ့်မည်။ ၄၈ ထိုသို့ မြောက် မျက်နှာအရပ်က
လုယူ သောသူတို့ သည် ဗာဗုလုန် မြို့သို့ ရောက်လာ သောအခါ၊ မိုယ်း မြေ မှစ၍အရပ်ရပ် ၌ရှိသမျှတို့သည် ရွှင်လန်း
သော အသံကို ပြုကြ လိမ့်မည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၄၉ ဗာဗုလုန် မြို့ကြောင့် ကျသရေလ အမျိုးသူရဲ တို့
သည် လဲ ၍သေသကဲ့သို့၊ ဗာဗုလုန် မြို့ထဲမှာ ပြည်သား သူရဲ အပေါင်း တို့သည် လဲ ၍သေကြလိမ့်မည်။ ၅၀ ထား ဘေးနှင့်
လွတ် သောသူတို့၊ သွား ကြလော့။ ရပ် ၍မ နေကြနှင့်။ ဝေး သောအရပ်၌ ထာဝရဘုရား ကို အောက်မေ့ ၍ ၊ ယေရုရှလင်
မြို့ကိုလည်း စိတ် စွဲလမ်းကြလော့ ။ ၅၁ ငါတို့သည်ကဲ့ရဲ့ သောအသံကို ကြား သောကြောင့် အရှက်ကွဲ လျက်၊ မျက်နှာ
ပျက် လျက်နေရကြပါ၏။ တပါးအမျိုးသား တို့သည် ဗိမာန် တော်တွင်၊ သန့်ရှင်း ရာအရပ် ဌာနတော်တို့၏ အထဲသို့ ဝင်
ကြပါပြီ။ ၅၂ သို့ ဖြစ်၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗာဗုလုန်ပြည်ကိုးကွယ်သော ရုပ်တု ဆင်းတုတို့ကို ငါသည်
ဒဏ်ပေး ၍၊ တပြည်လုံး ၌ ဒဏ်ချက် ထိသောသူတို့သည် ညည်းတွား ကြသော အချိန် ရောက် လိမ့်မည်။ ၅၃ ဗာဗုလုန်
မြို့သည် မိုယ်း ကောင်းကင်သို့တက် ၍ ၊ မြို့ ရိုး အထွဋ် ကို ခိုင်ခံ့ စွာ တည်သော်လည်း၊ ငါ စေလွှတ်၍ လုယူ သောသူတို့
သည် သူ ရှိရာသို့ ရောက် ကြလိမ့်မည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၅၄ ဗာဗုလုန် မြို့မှာ ငိုကြွေး သံ ကိုငင်း ၊ ခါလဒဲ
ပြည် မှာ ပြင်းစွာ သော ပျက်စီး သံကိုငင်းကြားရ၏။ ၅၅ အကြောင်းမူကား ၊ ထာဝရဘုရား သည် ဗာဗုလုန် မြို့ကို
ဖျက်ဆီး ၍ ၊ သူပြုတတ်သောအသံ ကြီး ကို ငြိမ်း စေ တော်မူ၏။ သူ ၏လှိုင်း တံပိုးတို့သည် အားကြီး သော ရေ ကဲ့သို့
ဟုန်ဟုန်းမြည် သဖြင့်၊ ကြီးစွာသောအသံဗလံ ကို ပြု တတ်ကြ၏။ ၅၆ ဗာဗုလုန် မြို့ကို တိုက်ဖျက် လုယူသောသူသည်

ရောက် လျှင် ၊ မြို့သားစစ်သူရဲ တို့သည် ရန်သူတို့လက် သို့ ရောက်၍၊ သူ တို့စွဲကိုင်သော လေး ရှိသမျှတို့သည် ကျိုး ကြ ၏။ အကျိုး အပြစ်ကိုပေး တတ်သောဘုရားသခင် ထာဝရဘုရား သည် ဆက်ဆက်ပေး တော်မူပြီ။ ၁၇ ဗာဗုလုန် မင်းသား ၊ တိုင်ပင် မှူးမတ်၊ စစ်ကဲ ၊ မင်း အရာရှိ၊ ခွန်အားကြီး သောသူတို့ ကို ငါယစ်မူး စေသဖြင့် ၊ သူတို့သည်နောက် တဖန်မ နိုး ဘဲ အစဉ်မပြတ် အိပ်ပျော် ကြလိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ဟူ၍ဘွဲ့ နာမရှိသော ရှင်ဘုရင် မိန့် တော်မူ၏။ ၁၈ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဒုံ ကြီးသော ဗာဗုလုန် မြို့ရိုး တို့ကို အကုန်အစင်ဖြိုဖျက် ၍ ၊ မြင့် သောမြို့တံခါး တို့ကိုလည်း မီး ရို့ ကြလိမ့်မည်။ လူ အမျိုးမျိုးတို့သည် အချည်းနှီး လုပ်ဆောင် ၍ ၊ မီး ၌ပင်ပန်း ခြင်းကိုခံရကြပြီ။ ၁၉ ဗာဗုလုန် မြို့အပေါ်မှာ ရောက် လတံ့သော ၊ ဘေးဥပဒ် အပေါင်း တည်းဟူသော၊ ဗာဗုလုန် မြို့ကို ရည်မှတ် ၍ ရေးထား သောကျ် စကား အလုံးစုံ တို့ကို ပရောဖက်ယေရမိ သည် ရေး ကူး၍ ၊ ၆၀ ယုဒ ရှင်ဘုရင် ဇေဒကိ နန်းစံ လေး နှစ် တွင် ၊ ရှင်ဘုရင်နှင့်အတူ ဗာဗုလုန် မြို့သို့လိုက်သွား သော၊ မာသေယ ၏သား ဖြစ်သောနေရိ ၏ သား အတွင်းဝန် စရာယ ကိုမှာထား သော စကား ဟူမူကား၊ ၆၁ သင် သည် ဗာဗုလုန် မြို့သို့ရောက် သောအခါ ၊ ဤ စကား အလုံးစုံ တို့ကို ကြည့်ရှု ၍ ဘတ် ရမည်။ ၆၂ ထိုအခါ သင်က၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် ဤ အရပ် ၌ လူ မ ရှိ ၊ တိရစ္ဆာန် မရှိ၊ အစဉ်မပြတ် ဆိတ်ညံ ရာအရပ်ဖြစ် စေ၍၊ သုတ်သင် ပယ်ရှင်းမည် အကြောင်းကို ခြိမ်းတော်မူပြီဟု လျှောက်ဆို ရမည်။ ၆၃ ဤ စာ ကို အကုန်အစင်ဘတ် ပြီး လျှင် ၊ စာပေါ်မှာကျောက် ကို ချည် ထား၍ ၊ ဥဖရတ် မြစ်အလယ် မှာ ချပစ် လျက်၊ ၆၄ ဗာဗုလုန် မြို့သည် ဤသို့နစ် ရလိမ့်မည်။ ငါ ရောက် စေသော ဘေးဥပဒ် ထဲကနောက်တဖန် မ ထမြောက် ရ။ မြို့သူမြို့သားတို့သည် အားကုန် လျက် နေရကြ လိမ့်မည်ဟု၊ မြွက်ဆို ရမည်အကြောင်းကို၊ ယေရမိသည် မှာထားလေ၏။ ဤရွေ့ကား ၊ ယေရမိ စကား ပေတည်း။

၅၂ ဇေဒကိ မင်းသည် အသက် နှစ်ဆယ် တ နှစ် ရှိသော်၊ နန်းထိုင် ၍ ယေရုရှလင် မြို့၌ တဆယ် တ နှစ် စိုးစံ လေ၏။ မယ်တော် ကား၊ လိဗန မြို့သူယေရမိ သမီး ဟာမုတလ ဖြစ်သတည်း။ ၂ ထိုမင်းသည်ယောယကိမ် မင်းပြု သမျှ အတိုင်း ၊ ထာဝရဘုရား ရှေ့ တော်၌ဒုစရိုက် ကိုပြု ၏။ ၃ ထာဝရဘုရား သည် ယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားတို့ကို အထံ တော်မှ မ နှင်ထုတ် မှီတိုင်အောင်အမျက်ထွက် တော်မူ၍၊ ဇေဒကိ မင်းသည် ဗာဗုလုန် ရှင်ဘုရင် ကို ပုန်ကန် လေ၏။ ၄ ဇေဒကိမင်းနန်းစံ ကိုး နှစ် ၊ ဒသမ လ ဆယ် ရက် နေ့တွင် ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ဗိုလ်ခြေ အပေါင်း တို့နှင့်တကွယေရုရှလင် မြို့သို့ စစ်ချီ သဖြင့် ၊ မြို့ပတ်လည် ၌ တပ်ချ ၍ မြေကတုပ် တို့ကို တူးလုပ် ပြီးမှ ၊ ၅ ဇေဒကိ မင်း နန်းစံတဆယ် တ နှစ် တိုင်အောင် မြို့ ကိုဝိုင်း ထားလေ၏။ ၆ ထိုနှစ်၊ စတုတ္ထ လ ကိုး ရက်နေ့တွင် ၊ မြို့ ထဲမှာ အလွန်အစာအာဟာရ ခေါင်းပါးသဖြင့် ၊ မြို့သူ မြို့သားတို့ သည် စားစရာ မ ရှိ သောအခါ ၊ ၇ ခါလဒဲ လူတို့သည် မြို့ရိုးကို ဖြို ဖေါက်၍ ၊ မြို့ကိုလည်း ဝိုင်းနေသောကြောင့်၊ မြို့သားစစ်သူရဲ အပေါင်း တို့သည် ညဉ့် အခါပြေး ၍၊ မြို့ရိုး နှစ်ထပ်စပ်ကြား ၊ ဥယျာဉ် တော်နား တံခါး၀ ဖြင့် ထွက် ပြီးမှ လွင်ပြင် သို့သွား ကြ၏။ ၈

ခါလဒဲ စစ်သူရဲ တို့သည် ရှင်ဘုရင် ဧဒေကိ ကို လိုက် ၍၊ ယေရိခေါ လွင်ပြင် ၌ မှီ သဖြင့် ဧဒေကိ မင်း၏ စစ်သူရဲ အပေါင်း တို့သည် လွင့် ပြေးကြ၏။ ၉ ရန်သူတို့သည် ရှင်ဘုရင် ကို ဘမ်းဆီး ၍ ၊ ဗာဗုလုန် ရှင်ဘုရင် ရှိရာ ဟာမတ် ပြည် ရိဗလ မြို့သို့ ဆောင်သွား ကြ၏။ ဗာဗုလုန် ရှင်ဘုရင်သည် ဧဒေကိ၏အမှုကို စစ်ကြော စီရင်၍၊ ၁၀ ဧဒေကိ မင်း၏သား တို့ကို အဘမျက်မှောက် ၌ သတ် လေ၏။ ရိဗလ မြို့မှာ ယုဒ မှူးမတ် အပေါင်း တို့ကိုလည်း သတ် လေ၏။ ၁၁ ဧဒေကိ မျက်စိ ကိုလည်း ဖေါက် ပြီးမှ ၊ သူ့ ကို ကြေးဝါ ကြိုးနှင့် ချည်နှောင် ၍ ဗာဗုလုန် မြို့သို့ ယူသွား သဖြင့် ၊ သေ သည်တိုင်အောင် ထောင် ထဲမှာ လှောင်ထား လေ၏။ ၁၂ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ နန်းစံတဆယ် ကိုး နှစ် ၊ ပဉ္စမ လ ဆယ် ရက်နေ့တွင် ၊ အမှု တော်ထမ်းကိုယ်ရံတော်မှူး နေဗုဇာရဒန် သည် ယေရုရှလင် မြို့ သို့ လာ ၍၊ ၁၃ ဗိမာန် တော်၊ နန်း တော်၊ မင်း အိမ် ၊ ဆင်းရဲသားအိမ် ရှိသမျှ တို့ကို မီး ရို့ လေ၏။ ၁၄ ကိုယ်ရံတော်မှူး ၌ ပါသောခါလဒဲ စစ်သူရဲ အပေါင်း တို့သည် ယေရုရှလင် မြို့ရိုး ရှိသမျှ တို့ကို ဖြိုဖျက် ကြ၏။ ၁၅ ထိုအခါ ကိုယ်ရံတော်မှူး နေဗုဇာရဒန် သည် မြို့ ထဲမှာ ကျန်ကြွင်း သောဆင်းရဲသား ၊ ဗာဗုလုန် ရှင်ဘုရင် ဘက်သို့ ကူး သွားနှင့်သောမြို့သား၊ ကြွင်း သမျှသောသူတို့ ကို သိမ်း သွားလေ၏။ ၁၆ သို့ရာတွင် ၊ စပျစ် ဥယျာဉ်ကိုပြုစု၍ လယ် လုပ်စေခြင်းငှါ၊ ဆင်းရဲသား အချို့တို့ကို ထား ခဲ့လေ၏။ ၁၇ ဗိမာန် တော်၌ ကြေးဝါ တိုင် တို့ကိုငင်း ၊ ကြေးဝါ ရေကန် ကိုငင်း၊ ရေချိုးအင်တုံ အခြေအမြစ်တို့ကိုငင်း၊ ခါလဒဲ လူတို့သည်ချိုးဖဲ့ ၍ ၊ ကြေးဝါ ရှိသမျှ ကို ဗာဗုလုန် မြို့သို့ ယူသွား ကြ၏။ ၁၈ အိုးကင်း ၊ တူးရွင်းပြား ၊ မီးညှပ် ၊ အိုး ၊ ဇွန်း မှစ၍အမှု တော်ထမ်းစရာ၊ ကြေးဝါ တန်ဆာ ရှိသမျှ တို့ကိုလည်း ယူ သွားကြ၏။ ၁၉ ရွှေတန်ဆာ၊ ငွေတန်ဆာတည်းဟူသောအင်တုံ ၊ လင်ပန်း ၊ အိုး ၊ အိုးကင်း ၊ မီးခုံ ၊ ဇွန်း ၊ ဖလား များကို၊ ရွှေ ဖြစ်စေ ၊ ငွေ ဖြစ်စေ၊ ကိုယ်ရံတော်မှူး သည် ယူ သွား လေ၏။ ၂၀ ဗိမာန် တော်၌ ရှောလမုန် မင်းကြီး လုပ် သော တိုင် နှစ် တိုင်၊ ရေကန် တ ခု၊ ရေကန်ခံစရာအခြေအမြစ် ကြေးဝါနွား တဆယ် နှစ် ခု၌ပါသောကြေးဝါ သည် အချိန် အားဖြင့်အတိုင်းမသိ များ၏။ ၂၁ တိုင် အမြင့် ကား၊ တဆယ် ရှစ် တောင် ရှိ၏။ လုံးပတ် မူကား ၊ တဆယ် နှစ် တောင် ရှည်သော ကြိုးတပတ် ရှိ၏။ ခေါင်းပွ ဖြစ်၍ဒှ လေး သစ်ရှိ၏။ ၂၂ ကြေးဝါ တိုင် ထိပ်လည်း ရှိ၏။ တိုင် ထိပ်အမြင့် ကား၊ ငါး တောင် ရှိ၍ ထိပ် ပတ်လည် ကြေးဝါ ကွန်ရွက် ၊ ကြေးဝါသလဲသီး တို့နှင့်ပြည့်စုံ၏။ အခြား သော တိုင် သည် လည်း၊ ထိုအတူ ဖြစ်၍ သလဲသီး တို့နှင့်ပြည့်စုံ၏။ ၂၃ တိုင်တမျက်နှာ၌ သလဲသီး ကိုးဆယ် ခြောက် လုံး စီရှိ ၍၊ ကွန်ရွက် တဘက် ၌ သလဲသီး ပေါင်း တရာ ရှိသတည်း။ ၂၄ ကိုယ်ရံတော်မှူး နေဗုဇာရဒန်သည် ယဇ်ပုရောဟိတ် မင်းစရာယ ၊ ဒုတိယ ယဇ်ပုရောဟိတ် ဇေဖန် ၊ ဗိမာန် တော်တံခါးမှူး သုံး ယောက်တို့ကို ဘမ်းဆီး လေ၏။ ၂၅ စစ်သူရဲ တို့ကို အုပ် သောဗိုလ် တ ယောက်၊ မြို့ ထဲ၌ တွေ့ မိသော တိုင်ပင် မှူးမတ်ခုနှစ် ယောက်၊ ပြည်သူ ပြည်သားများကို နှိုးဆော် သော တပ် စာရေးကြီး တယောက်၊ မြို့ ထဲ ၌ တွေ့ မိသော ပြည်သား ခြောက်ဆယ် တို့ကို မြို့ ထဲက ခေါ် သွား၍၊ ၂၆ ဗာဗုလုန် ရှင်ဘုရင် ရှိရာ ရိဗလ မြို့သို့ ဆောင် ခဲ့ပြီးလျှင် ၊ ၂၇ ဗာဗုလုန် ရှင်ဘုရင် သည် ဟာမတ် ပြည် ရိဗလ မြို့ ၌ ထိုသူ တို့ကို ဒဏ်ပေး ၍ ကွပ်မျက် လေ၏။ ထိုသို့ ယုဒ အမျိုးသည် မိမိ ပြည် မှ သိမ်း သွားခြင်းကိုခံရသတည်း။ ၂၈ နေဗုခဒ်နေဇာ မင်းသိမ်း သွားသော လူ

ဟူမူကား၊ နန်းစံခုနစ် နှစ် တွင် ၊ ယုဒ အမျိုးသားသုံး ထောင် နှစ်ဆယ် သုံး ယောက်တို့ကို သိမ်းသွားလေ၏။ ၂၉ တဆယ် ရှစ် နှစ် တွင် ၊ လူရှစ် ရာ သုံးဆယ် နှစ် ယောက်တို့ကို ယေရုရှလင် မြို့မှ သိမ်းသွားလေ၏။ ၃၀ နှစ်ဆယ် သုံး နှစ် တွင် ။ ကိုယ်ရံတော်မှူး နေဗုဇာရဒန် သည် ယုဒ အမျိုးသားခုနှစ် ရာ လေးဆယ် ငါး ယောက်တို့ကို သိမ်း သွား၏။ လူ အပေါင်း ကား၊ လေး ထောင် ခြောက် ရာ ရှိသတည်း။ ၃၁ ယုဒ ရှင်ဘုရင် ယေခေါနိ သည် အချုပ် ခံရသောသက္ကရာဇ် သုံးဆယ် ခုနစ် နှစ်၊ ဒွါဒသမ လ နှစ်ဆယ် ငါး ရက်နေ့တွင် ၊ ဗာဗုလုန် ရှင်ဘုရင် ဧဝိလမရောဒက် နန်းစံ စက ယုဒ ရှင်ဘုရင် ယေခေါနိ ကို ထောင် ထဲက နှုတ် ၍ ချမ်းသာ ပေး လေ၏။ ၃၂ ကောင်းမွန် စွာ နှုတ်ဆက် ၍ သူ ၏ပလ္လင် ကို ဗာဗုလုန် မြို့မှ အထံ တော်၌ ရှိသောမင်းကြီး များထိုင်ရာပလ္လင် တို့ ထက် ချီးမြှင့် လေ၏။ ၃၃ ယေခေါနိမင်းသည် ထောင် ထဲမှာဝတ်သော အဝတ် ကိုလဲ ၍ ၊ အသက် ရှည်သမျှ ကာလ ပတ်လုံးအစဉ်မပြတ် အထံ တော်၌ စားသောက် ရ၏။ ၃၄ မ သေ မှီတိုင်အောင်အသက် ရှည်သမျှ နေ့ ရက်အစဉ်မပြတ် သူ စားစရာ ဘို့၊ ဗာဗုလုန် ရှင်ဘုရင် ပေး သနား တော်မူ၏။

၁ စည်ပင် ခဲ့သော မြို့ သည် လူ ဆိတ်ညံလျက် ထိုင် လေသည်တကား၊ လူမျိုး တို့တွင် ကြီးမြတ် ဘူးသော သတို့သမီးသည် မုတ်ဆိုးမ ကဲ့သို့ ဖြစ် ၏။ အပြည်ပြည် တို့၏ သခင်မ သည် အခွန် ပေး ရ၏။ ၂ ညဉ့် အခါ ပြင်းစွာ ငိုကြွေး၍ ၊ သူ ၏ပါး သည် မျက်ရည် နှင့် စိုစွတ်လေ၏။ ရည်းစား အပေါင်း တို့တွင် နှစ်သိမ့် စေသောသူ တယောက် မျှမရှိ။ အဆွေ ခင်ပွန်းအပေါင်း တို့သည် သစ္စာ ပျက်၍ ရန်သူ ဖြစ် ကြပြီ။ ၃ ယုဒ သတို့သမီးသည် ညှဉ်းဆဲ ခြင်း၊ ကြမ်းတမ်း စွာ စေစား ခြင်းကို ခံရသောကြောင့် ပြောင်း သွားပြီ။ သာသနာပ လူတို့အထဲ မှာနေ လျက် ချမ်းသာ မ ရ။ လိုက် သော သူအပေါင်း တို့သည် ကျဉ်းမြောင်း ရာ၌ မှီ ကြ၏။ ၄ အဘယ်သူမျှပွဲ သဘင်သို့ မ လာ သောကြောင့် ၊ ဓိအုန် လမ်း တို့သည် ညည်းတွား ကြ၏။ သူ ၏မြို့တံခါး ရှိသမျှ တို့သည် လူ ဆိတ်ညံလျက်ရှိကြ၏။ သူ ၏ယဇ် ပုရောဟိတ်တို့သည်လည်း ညည်းတွား ကြ၏။ သူ ၏သမီး ကညာ တို့သည်လည်း နာကြည်း သောစိတ်ရှိ၍၊ သူ သည် ကိုယ်တိုင်ညှဉ်းငယ် လျက်နေရ၏။ ၅ သူ ပြစ်မှားသော အပြစ် များပြား သောကြောင့် ထာဝရဘုရား သည် ဒဏ်ခတ် တော်မူသဖြင့်၊ သူ နှင့် ဆန့်ကျင် ဘက်ပြုသောသူတို့ သည် အစိုးရ ၍ ၊ သူ ၏ရန်သူ တို့ သည်ကောင်းစား ကြပြီ။ သူ ၏သားသမီး တို့ကိုလည်း ရန်သူ သိမ်း သွား ပြီ။ ၆ ဓိအုန် သတို့သမီး ၏ ဂုဏ် အသရေသည်အကြွင်းမဲ့ ကွယ် ပျောက်၏။ သူ ၏မင်းသား တို့သည် ကျက်စား ရာ ကိုရှာ၍ မ တွေ့ သော သမင် ဒရယ်ကဲ့သို့ ဖြစ် ၍ ၊ လိုက် သောသူ ရှေ့မှာ အား မ ရှိဘဲ ပြေး သွားကြပြီ။ ၇ ယေရုရှလင် မြို့သည် ဆင်းရဲ ငြိုငြင်ခြင်းကိုခံ ရစဉ် တွင်၊ အရင် ခံစားဘူးသော စည်းစိမ် ကို အောက်မေ့ ၏။ သူ ၏လူ တို့သည် ရန်သူ လက် သို့ ရောက် ၍ မစ သော သူ မရှိသောအခါ ၊ ဆန့်ကျင် ဘက်ပြုသောသူတို့သည် သူ ၏အမှုကိုမြင် ၍ ၊ သူ ၏ဆုံး ခြင်းကို ကဲ့ရဲ့ ကြ၏။ ၈ ယေရုရှလင် မြို့ပြစ်မှား သောအပြစ် သည် အလွန်များသောကြောင့်၊ ရွံရှာ ဘွယ် ဖြစ် လေ၏။ သူ့ ကို ရိုသေ ဘူးသောသူ အပေါင်း တို့သည် သူ ၌အချည်းစည်း ရှိ ခြင်းကို မြင် သောကြောင့် မထီမဲ့မြင် ပြုကြ၏။ သူ သည် လည်း ညည်းတွား ၍ နောက် သို့ ပြန် သွားလေ၏။ ၉ သူ ၌မ စင်ကြယ်သော လက္ခဏာထင်ရှားသော်လည်း ၊ နောက်ခံရသောအပြစ်ကို မ အောက်မေ့ ။ ထိုကြောင့်၊ မျက်နှာ ပေးသောသူမ ရှိဘဲ အံ့သြဘွယ် သော အခြင်းအရာနှင့် နှိမ့်ချခြင်းသို့ ရောက်လေ၏။ အိုထာဝရ ဘုရား ၊ အကျွန်ုပ် ဆင်းရဲ ခြင်းကို ကြည့်ရှု တော်မူပါ။ ၁၀ ရန်သူ သည် ကိုယ်ကိုချီးမွှော်က ပါပြီ။ ပရိသတ် တော်ထဲသို့ မ ဝင် ရဟုမြစ်တား တော်မူသော သာသနာပ လူတို့သည် သူ ၏သန့်ရှင်း ရာဌာနတော်ထဲသို့ ဝင် ကြောင်း ကို သူမြင် ရပါ၏။ ၁၁ သူ ၏လူ အပေါင်း တို့သည် ညည်းတွား လျက်၊ မုန့် ကိုရှာ လျက် နေကြ၏။ သေ ဘေးနှင့်လွတ်ခြင်းငှါ မိမိ စည်းစိမ် ကို စားစရာ ဘို့ စွန့် ရ၏။ အိုထာဝရဘုရား ၊ အကျွန်ုပ် သည် ရှုတ်ချ ခြင်းကို ခံရသောကြောင့် ကြည့်ရှု ဆင်ခြင်တော်မူပါ။ ၁၂ အိုခရီး သွား သောသူ အပေါင်း တို့၊ ကြည့်ရှု ဆင်ခြင်ကြလော့။ ထာဝရဘုရား သည် ပြင်းစွာ အမျက် တော် ထွက်သောနေ့ ၌ ငါ့ ကို ညှဉ်းဆဲ ၍ ၊ ဖြစ် စေတော်မူသော ဒုက္ခ နှင့် တူသော ဒုက္ခ ရှိ သလော ။ ၁၃ အထက် မှ မီး ကို ငါ့ အရိုး ထဲသို့ လွှတ် လိုက်၍ ကြေမွေစေတော်မူပြီ။ ငါ့ ခြေ ကို ကျော့မိ စေခြင်းငှါ ကျော့ကွင်း ထောင် ၍ ငါ့ ကိုပြန် စေတော်မူပြီ။ တနေ့လုံး

ညှိုးငယ် ခြင်းအကြောင်း၊ စိတ်ပျက် ခြင်းအကြောင်းကို ငါ ၌ဖြစ် စေတော်မူ၏။ ၁၄ ငါ ပြစ်မှားသော အပြစ် ထမ်းဘိုး ကို လက် တော် နှင့် ငါ့ လည်ပင်း ပေါ် ၌တပ်၍ချည်နှောင် ပြီးမှ၊ ထာဝရ ဘုရား သည် ငါ့ ကိုအား လျော့ စေ၍၊ ငါမ ဆီးတားနိုင် သော သူတို့လက် သို့ ရောက် စေတော်မူပြီ။ ၁၅ ထာဝရ ဘုရားသည် ငါ ၏သူရဲ အပေါင်း တို့ကို ငါ့ အလယ် ၌ ကျော် နင်းတော်မူပြီ။ ငါ ၏လူပျိုု တို့ကို နှိပ်စက် ခြင်းငှါ လူ အလုံးအရင်းကို ခေါ် တော်မူပြီ။ ထာဝရ ဘုရား သည် ယုဒ သတို့သမီး ကညာ ကို စပျစ်သီး နယ်ရာကျင်း ၌ နင်းနယ် တော်မူပြီ။ ၁၆ ထို အကြောင်းကြောင့် ငါ သည်ငို ရ၏။ မျက်ရည် ကျ လျက်ရှိ၏။ ငါ့ အသက် ကို ထောက်မ ၍ ငါ့ ကို နှစ်သိမ့် စေသောသူသည် ငါ နှင့် ဝေး ပါ၏။ ရန်သူ နိုင် သောကြောင့် ငါ့ သားသမီး တို့သည် ပျောက်ပျက် ကြပြီ။ ၁၇ ဇိအုန် သတို့သမီးသည် မိမိ လက်ဝါး တို့ကို ဖြန့် သော်လည်း၊ နှစ်သိမ့် စေသောသူ မရှိ။ ထာဝရဘုရား သည် ယာကုပ် ပတ်လည် ၌ ရန်သူ တို့ကို ခန့်ထား တော်မူပြီ။ ယေရုရှလင် မြို့သည် သူ တို့တွင် ရွံရှာ ဘွယ် ဖြစ် လေ၏။ ၁၈ ထာဝရဘုရား သည် တရား သဖြင့်စီရင် တော်မူ ၏။ ငါသည် ပညတ်တော်ကို လွန်ကျူး မိပြီ။ လူမျိုး ခပ်သိမ်း တို့၊ နားထောင် ၍ ငါ ၏ဒုက္ခ ကို ဆင်ခြင် ကြပါ လော့။ ငါ ၏လူပျိုု နှင့် အပျိုု တို့ကို သိမ်းသွား ကြပြီ။ ၁၉ ငါ သည် ရည်းစား တို့ကိုခေါ် ၍ သူ တို့သည် သစ္စာ မရှိကြ။ ငါ ၏ယဇ် ပုရောဟိတ်တို့နှင့် ငါ ၏အသက်ကြီး သူတို့သည် ကိုယ် အသက် မွေး ဘို့ စားစရာ ကို ရှာ စဉ် ပင် မြို့ ထဲ၌ အသက် ချုပ်ကြပြီ။ ၂၀ အိုထာဝရဘုရား ၊ ကြည့်ရှု တော်မူပါ။ အကျွန်ုပ် ပင်ပန်း ပါ၏။ ဝမ်း ၌ဆူလှိုင် ခြင်းရှိပါ၏။ နှလုံး မှောက် လျက် ရှိပါ၏။ အကျွန်ုပ် သည် အလွန် ပြစ်မှားပါပြီ။ ပြင် မှာ ထား ဘေးနှင့်တွေ့ရပါပြီ။ အတွင်း ၌ လည်း သေမင်း နေသကဲ့သို့ ရှိပါ၏။ ၂၁ အကျွန်ုပ် ညည်းတွား သံကို ကြား သော သူတို့တွင်၊ နှစ်သိမ့် စေသောသူတယောက်မျှမ ရှိပါ။ အကျွန်ုပ် ၌ ရောက်သောအမှု ကို အကျွန်ုပ် ၏ ရန်သူ အပေါင်း တို့သည် ကြား ကြပါပြီ။ ကိုယ်တော် ပြု တော်မူသည်ကို ဝမ်းမြောက် ကြပါ၏။ ကိုယ်တော်ချိန်းချက် သော နေ့ရက် ကိုရောက် စေ တော်မူသောအခါ ၊ သူတို့သည် အကျွန်ုပ် ကဲ့သို့ ပင် ဖြစ် ကြ ပါစေသော။ ၂၂ သူ တို့၏ဒုစရိုက် အလုံးစုံ တို့ကို စစ်ကြော တော်မူ ပါ။ အကျွန်ုပ် ပြစ်မှားမိသမျှ သော အပြစ် တို့ကြောင့် ၊ အကျွန်ုပ် ၌ ပြု တော်မူသကဲ့သို့ သူ တို့ ၌ ပြု တော်မူပါ။ အကျွန်ုပ် သည် ညည်းတွား ခြင်းများပြား ၍ စိတ် ပျက် လျက်ရှိပါ၏။

J ထာဝရ ဘုရားသည် ဇိအုန် သတို့သမီး ကို အမျက် တော် မိုးယံးတိမ် ဖြင့် ဖုံးလွှမ်းတော်မူပြီ။ ဣသရေလ အမျိုး ၏ ဂုဏ် အသရေကို ကောင်းကင် မှ မြေကြီး တိုင်အောင်ချ တော်မူပြီ။ အမျက် တော်ထွက်ချိန် ၌ ခြေ တော်တင် ရာခုံ ကို မ အောက်မေ့ ဘဲနေတော်မူပါပြီတကား။ ၂ ထာဝရ ဘုရားသည် သနား ခြင်းမ ရှိဘဲ၊ ယာကုပ် အမျိုး၏နေရာ အရပ်ရှိသမျှ တို့ကို မျိုု တော်မူပြီ။ အမျက် တော်ထွက်သဖြင့် ယုဒ သတို့သမီး ၏ရဲတိုက် တို့ကို မြေ တိုင်အောင် ဖြိုဖျက် ၍ ၊ နိုင်ငံ တော်နှင့် မင်းသား တို့ကို ရွံတ်ချ တော်မူပြီ။ ၃ ပြင်းစွာ အမျက် တော်ထွက်၍ ၊ ဣသရေလ ၏ ဦးချို ရှိသမျှ တို့ကို ဖြတ် တော်မူပြီ။ ရန်သူ ရှေ့ မှာ လက်ရုံး တော်ကို ရုပ်သိမ်း တော်မူပြီ။ အရပ်ရပ် လောင် သော မီး တောက်ကဲ့သို့ ယာကုပ် အမျိုးကို လောင် စေတော်မူပြီ။ ၄ ရန်သူ ကဲ့သို့ လေး ကိုတင် လျက်၊ ရန်ဘက် ပြုသောသူကဲ့သို့

လက်ျာ လက်ကို ချီ ကြွလျက်၊ တင့်တယ် ခြင်း အသရေရှိသော သူအပေါင်း တို့ကိုသတ် တော်မူပြီ။ ဓိအုန် သတို့သမီး ၏နေရာ တဲ့ ပေါ် မှာမီး ကဲ့သို့ သော အမျက် တော်ကို သွန်းလောင်း တော်မူ၏။ ၅ ထာဝရ ဘုရားသည် ရန်ဘက် ပြု၍ ၊ ကြသရေလ အမျိုးကိုငင်း၊ ဘုံ ဗိမာန်အပေါင်း တို့ကိုငင်းမျိ တော်မူပြီ။ ရဲတိုက် တို့ကို ဖြိုဖျက် တော်မူပြီ။ ယုဒ သတို့သမီး ဝိုကြွေး မြည်တမ်းသောအကြောင်း တို့ကို များပြား စေတော်မူပြီ။ ၆ ဝင်း တော်ကို တောင်ယာ ခြံကဲ့သို့ အမှတ်ပြု၍ ချိုးဖျက် တော်မူပြီ။ မိမိ ပွဲသဘင် တော်ကို ဖျက်ဆီး တော်မူပြီ။ ဓိအုန် မြို့၌ ခံ သော ဓမ္မပွဲနေ့၊ ဥပုသ် နေ့တို့ကို ထာဝရဘုရား မေ့ စေတော်မူပြီ။ အမျက် တော်အရှိန် ပြင်း၍ ရှင်ဘုရင် နှင့် ယဇ် ပုရောဟိတ်ကို မ ရှုမမှတ်ပြုတော်မူပြီ။ ၇ ထာဝရ ဘုရားသည် မိမိ ယဇ် ပလ္လင်တော်ကို ပယ် တော်မူပြီ။ မိမိ သန့်ရှင်း ရာဌာနတော်ကို စက်ဆုပ် တော်မူပြီ။ ဘုံ ဗိမာန်တော်ကို ရန်သူ လက် သို့ အပ် တော်မူသဖြင့်၊ ပွဲ သဘင်ခံသောနေ့ ၌ အသံပြုသကဲ့သို့၊ ရန်သူတို့ သည်ထာဝရဘုရား ၏ အိမ် တော်၌ အသံ ပြု ကြပြီ။ ၈ ထာဝရဘုရား သည် ဓိအုန် သတို့သမီး ၏မြို့ ရိုး ကို ဖြိုဖျက် မည်ဟု အကြံ တော်ရှိသည်အတိုင်း ၊ ကြိုး ကိုတန်း ၍ အစဉ်မပြတ်ဖြိုဖျက် တော်မူသဖြင့် ၊ အတွင်းမြို့ ရိုး နှင့် ပြင်မြို့ ရိုး တို့သည် အတူ ညည်းတွား ၍ ဝိုကြွေးမြည်တမ်းရမည် အကြောင်းပြု တော်မူပြီ။ ၉ မြို့ တံခါးချက် တို့သည် မြေ ၌ မြုပ် လျက်ရှိကြ၏။ ကန့်လန့်ကျင် တို့ကို ချိုးဖဲ့ တော်မူပြီ။ ရှင်ဘုရင် နှင့် မင်းသား တို့သည် သာသနာပ လူတို့တွင် နေရကြ၏။ တရား တော်မ ရှိ။ ပရောဖက် တို့သည် ထာဝရဘုရား ၏ ဗျာဒိတ် တော်ကို မ ခံ မရကြ။ ၁၀ ဓိအုန် သတို့သမီး ၏ အသက်ကြီး သူတို့သည် မြေမှုန့် ကိုမိမိ တို့ ခေါင်း ပေါ် မှာပစ်တင် လျက်၊ လျှော်တေ အဝတ်ကို ဝတ်စည်း လျက်၊ မြေ ပေါ် မှာထိုင် ၍ တိတ်ဆိတ် စွာ နေကြ၏။ ယေရုရှလင် မြို့ သူကညာတို့သည် ခေါင်း ကိုငိုက်ဆိုက် ညွတ်လျက်နေကြ၏။ ၁၁ ငါ ၏လူမျိုး သတို့သမီး ပျက်စီး သောကြောင့် ၊ ငါ သည် မျက်ရည် ကျ၍ မျက်စိ ပျက် လေပြီ။ ဝမ်း ၌ဆူလှိုက် ခြင်းရှိ၍ အသည်း လည်းမြေ ပေါ် မှာ သွန်း လျက်ရှိ၏။ အကြောင်း မူကား၊ သူငယ် နှင့် နို့စို့ ကလေးတို့သည် မြို့ လမ်း ၌ အား ပျက်လျက်နေကြ၏။ ၁၂ သူတို့ကလည်း၊ ဆန် စပါးနှင့် စပျစ်ရည် သည် အဘယ် မှာရှိသနည်းဟု၊ ရန်သူ ညှဉ်းဆဲသော သူကဲ့သို့ မြို့ လမ်း ၌ အားပျက် လျက် ၊ အမိ ရင်ခွင် ၌ မိမိ အသက် ကို သွန်း လျက်၊ အမိ ကို မေး တတ်ကြသည်တကား။ ၁၃ အိုယေရုရှလင် သတို့သမီး ၊ သင်၏အမှု၌ အဘယ်သက်သေကို ငါပြရမည်နည်း။ အိုဓိအုန် သတို့သမီး ကညာ ၊ သင့် ကိုနှစ်သိမ့် စေခြင်းငှါ ၊ သင် နှင့် အဘယ် သူကို ငါခိုင်းနှိုင်း ရမည်နည်း။ သင် ၏ပြိုပျက် ရာသည် သမုဒ္ဒရာ ကဲ့သို့ ကျယ် သောကြောင့် အဘယ်သူ ပြုပြင် နိုင် သနည်း။ ၁၄ သင် ၏ပရောဖက် တို့သည် အချည်းနှီး သော အရာ၊ မိုက် သောအရာတို့ကို သင် အတို့ မြင် ကြပြီ။ သိမ်းသွား ချုပ်ထားသော အမှုကိုပေ စေခြင်းငှါ ၊ သင် ၏ အပြစ် ကို မ ဘော် မပြဘဲ မှား သောရူပါရုံ ၊ လမ်း လွဲစရာ အရာကို သင့် အတို့ မြင် ကြပြီ။ ၁၅ လမ်း ၌ ရှောက် သွားသမျှ သောသူတို့က၊ ဂုဏ်သရေအထွဋ်၊ မြေ တပြင်လုံး ရွှင်လန်း ရာဘွဲ့ ရှိသောမြို့ ကား ဤ မြို့လော ဟု၊ ယေရုရှလင် သတို့သမီး ကို လက်ခုပ် တီး လျက် ၊ ကဲ့ရဲ့ သံကိုပြုလျက်၊ ခေါင်း ကို ညှိတ် လျက် မေး တတ်ကြ၏။ ၁၆ သင် ၏ရန်သူ အပေါင်း တို့သည် သင့် တဘက် ၌ နှုတ် ကို ဖွင့် ကြ၏။ ငါတို့သည်

သူ့ ကိုမျိုပြီ။ အကယ် စင်စစ်ဤ သည်နေ့ ကား၊ ငါတို့မြော်လင့် ခဲ့ ပြီးသောနေ့ဖြစ်၏။ ငါတို့တွေ့မြင် ရပြီဟု ကဲ့ရဲ့ သံကိုပြုလျက် ၊ အံသွား ကို ခဲကြိတ် လျက် ဆို ကြ၏။ ၁၇ ထာဝရဘုရား သည် ကြဲစည် သောအမှု ကို ပြု တော်မူပြီ။ ရှေး ကာလ ၌ မိန့် တော်မူသောစကား တော်ကို ပြည့်စုံ စေတော်မူပြီ။ မ နှမြော ဘဲဖြိုဖျက် တော်မူပြီ။ ရန်သူ သည် သင် ၏အပေါ် မှာဝမ်းမြောက် ရသောအခွင့်ကိုပေး ၍ ၊ ရန်သူ ၏ဦးချို ကို ချီးမြှင့် တော်မူပြီ။ ၁၈ သူ တို့သည်စိတ် နှလုံးထဲက ထာဝရ ဘုရားကို အော်ဟစ် ကြ၏။ အိုဇိအုန် သတို့သမီး ၏မြို့ ရိုး ၊ သင်၏ မျက်ရည် သည် မြစ် ရေစီးသကဲ့သို့ နေ့ ညည့်မပြတ်စီး စေလော့ ။ ကိုယ်ကိုကိုယ် မ ငြိမ်း စေနှင့်။ သင် ၏မျက်ဆန် ကိုလည်း မ ငြိမ်း စေနှင့်။ ၁၉ ညဦးယံ အချိန်၌ ထ ၍အော်ဟစ် လော့။ ထာဝရ ဘုရား ၏မျက်နှာ တော်ရှေ့ မှာ သင် ၏နှလုံး ကို ရေ ကဲ့သို့ သွန်းလောင်း လော့။ ငတ်မွတ် ၍ ခပ်သိမ်း သော လမ်း ဝ မှာ အားပျက် လျက်နေသောသင် ၏သူငယ် တို့ကို အသက် ချမ်းသာစေခြင်းငှါ ၊ အထံ တော်သို့ သင် ၏လက် ကို ချီ ဆန့်လော့။ ၂၀ အိုထာဝရဘုရား ၊ ကိုယ်တော်သည် အဘယ်သူ ၌ ဤသို့စီရင် တော်မူသည်ကို ကြည့်ရှု ဆင်ခြင် တော်မူပါ။ မိန်းမ သည် မိမိ ရင်သွေး ၊ မိမိချီပိုက် သော သား ကို စား ရပါမည် လော။ ယဇ်ပုရောဟိတ် နှင့် ပရောဖက် သည် ထာဝရ ဘုရား ၏ သန့်ရှင်း ရာဌာနတော်၌ အသေ သတ်ခြင်းကိုခံရပါမည်လော။ ၂၁ လူ အကြီးအငယ် တို့သည် လမ်း ၌မြေ ပေါ် မှာ တုံးလုံး နေရကြပါ၏။ အကျွန်ုပ် ၏လူပျို နှင့် အပျို တို့သည် ထား ဖြင့် သေ ရကြပါပြီ။ ကိုယ်တော် သည် အမျက် တော် ထွက်သောနေ့ ၌၊ သူတို့ကို မ သနား ဘဲကွပ်မျက် တော်မူပြီ။ ၂၂ ပွဲ သဘင်နေ့ ၌ လူတို့ကို ခေါ်ဘိတ်သကဲ့သို့၊ အကျွန်ုပ် ပတ်လည် ၌ ကြောက်မက် ဘွယ်သော အရာတို့ကို ခေါ် ဘိတ်တော်မူပြီ။ ထာဝရဘုရား အမျက် တော် ထွက် သောနေ့ ၌ အဘယ်သူမျှမ လွတ် ၊ မကျန်ကြွင်း ရပါ။ အကျွန်ုပ်ချီပိုက် ကျွေးမွေးသောသူ တို့ ကို အကျွန်ုပ် ၏ ရန်သူ သည် ဖျက်ဆီး ပါပြီ။

၃ ငါ သည် ဘုရား သခင်၏ အမျက် တော်ကြိမ်လုံး အောက်၌ ဆင်းရဲ ခြင်းကို ခံရ သောသူဖြစ်၏။ ၂ ငါ့ ကိုသွေးဆောင် ၍ အလင်း သို့မ ပို့၊ မှောင်မိုက် ထဲသို့ ပို့ဆောင် တော်မူ၏။ ၃ အကယ် စင်စစ်ငါ့ ကို တနေ့လုံး အထပ်ထပ် ဒဏ်ခတ် တော်မူ၏။ ၄ ငါ့ အရေ နှင့် အသား ကို ဆွေးရိ စေ၍ ငါ့ အရိုး တို့ကိုလည်း ချိုး တော်မူ၏။ ၅ ငါ့ တဘက် ၌ တပ် တည်၍ ခါး သောအရာ၊ ပင်ပန်း စရာအကြောင်းတို့နှင့် ဝိုင်း တော်မူ၏။ ၆ သေ လွန်သောသူတို့ကို ပြုတတ်သကဲ့သို့ ၊ ငါ့ ကို မိုက် သောအရပ်၌ ထား တော်မူ၏။ ၇ ငါမ ထွက် နိုင်အောင် ဝင်း ခတ်၍ ၊ လေးသော သံကြိုး နှင့် ချည်နှောင် တော်မူ၏။ ၈ ထိုမျှမက ငါသည် ကြွေးကြော် အော်ဟစ် ၍ ဆုတောင်း သော်လည်း ငြင်းပယ် တော်မူ၏။ ၉ ငါ သွားရာလမ်း ကို ကျောက် ထရံနှင့် ပိတ် ၍၊ ကောက် သောလမ်းဖြင့် သွားစေတော်မူ၏။ ၁၀ ငါ့ ကို ခြောင်းမြောင်း သောဝက်ဝံ ကဲ့သို့ဎင်း ၊ မ ထင်ရှားသော အရပ်၌ နေသောခြင်္သေ့ ကဲ့သို့ဎင်း ဖြစ် တော်မူ၏။ ၁၁ ငါ့ ကိုလမ်း လွဲ စေပြီးလျှင် အပိုင်းပိုင်း ဖြတ်၍ ဖျက်ဆီး တော်မူ၏။ ၁၂ လေး တော်ကိုတင် ၍ ပစ်စရာစက် အရာ၌ ငါ့ ကို ထား တော်မူ၏။ ၁၃ မြှား တော်တို့ကိုလည်း၊ ငါ့ ကျောက်ကပ် ကို ခွင်း စေတော်မူ၏။ ၁၄ ငါသည်ငါ ၏လူ တို့တွင် ကဲ့ရဲ့ စရာအကြောင်း နှင့် တနေ့လုံး သီချင်း ဆိုစရာအကြောင်းဖြစ် ပါသည်တကား။ ၁၅ ခါး သောဆေးနှင့် ငါ့ ကိုဖြည့် ၍၊ ဒေါန နှင့်ယစ်မူး စေတော်မူ၏။ ၁၆

ကျောက်စရစ် ကိုကျွေး၍ ငါ့ သွား တို့ကို ချိုး တော်မူ ၏။ မီးဖိုပြာ နှင့် ဖုံး တော်မူ၏။ ၁၇ ငါ ၏ဝိညာဉ် ကို ချမ်းသာ နှင့် ဝေး စွာ ရွေ့တော်မူသောကြောင့် ၊ ငါသည် မင်္ဂလာ အကြောင်းကို မေ့လျော့ ၏။ ၁၈ သို့ ဖြစ်၍ ၊ ငါ သည် ထာဝရဘုရား ရှေ့တော်၌ အစွမ်း သတ္တိနှင့် မြော်လင့် စရာအကြောင်းပျက် လေပြီဟု ဆို ရ၏။ ၁၉ အကျွန်ုပ် ခံရသောဆင်းရဲ ငြိုငြင် ခြင်းကိုငဲ့ ၊ ဒေါန နှင့် သည်းခြေ အရည်ကိုငဲ့အောက်မေ့ တော်မူပါ။ ၂၀ ဧကန်အမှန်အောက်မေ့ တော်မူလိမ့်မည်။ ၂၁ ထိုသို့ အကျွန်ုပ် ၏ စိတ် နှလုံးသည် ဆင်ခြင် ၍ သတိရသောအခါ မြော်လင့် စရာအခွင့်ရှိပါ၏။ ၂၂ ထာဝရဘုရား သည် သနား တော်မူ၍ ကရုဏာ တော်သည် မ ကုန် သောကြောင့် ငါတို့သည် ဆုံးရှုံး ခြင်းသို့ မ ရောက်ဘဲနေကြ၏။ ၂၃ နံနက် တိုင်းကရုဏာတော်အသစ် ကိုခံရကြ၏။ သစ္စာ တော်သည် ကြီးမြတ် ပါ၏။ ၂၄ ငါ့ ဝိညာဉ် ၏ သဘောဟူမူကား၊ ထာဝရဘုရား သည် ငါ ၏အဘို့ ဖြစ်တော်မူ၏။ ထိုကြောင့် ၊ ကိုယ်တော် ကို ငါမြော်လင့် ပါ၏။ ၂၅ ကိုယ်တော် ကို မြော်လင့် သောသူနှင့် ကိုယ်တော် ကို ရှာ သောသူ၏ စိတ် ဝိညာဉ်အား ထာဝရဘုရား သည် ကျေးဇူး ပြုတော်မူ၏။ ၂၆ ကယ်တင် တော်မူမည်ဟု မြော်လင့်လျက်၊ ငြိမ်ဝပ် စွာ စောင့် ၍ နေကောင်း ၏။ ၂၇ လူ သည်အသက် ပျိုစဉ် အခါ ထမ်းဘိုး ကို ထမ်း ကောင်း ၏။ ၂၈ ထမ်းဘိုး ကို တင် တော်မူသောကြောင့် တယောက် တည်းထိုင် ၍ ငြိမ်ဝပ် စွာနေစေ။ ၂၉ မြော်လင့် စရာအခွင့်ရှိကောင်း ရှိ လိမ့်မည်ဟု ထင်လျက်၊ မိမိ နှုတ် ကို မြေမှုန့် ၌ ကပ် စေ။ ၃၀ ရိုက် သောသူအား မိမိ ပါး ကိုပေး ၍၊ ကဲ့ရဲ့ ပြစ်တင်ခြင်းနှင့် ပြည့်ဝ စေ။ ၃၁ အကြောင်း မူကား၊ ထာဝရ ဘုရားသည် အစဉ် စွန့်ပစ် တော်မ မူတတ်။ ၃၂ ဝမ်းနည်း စေတော်မူသော်လည်း ၊ ကရုဏာ တော် များပြား သည်နှင့်အညီ သနား တော်မူလိမ့်မည်။ ၃၃ ဆင်းရဲစေချင်သောစိတ် နှင့် လူ သား တို့ကို ညှဉ်းဆဲ ၍ ဝမ်းနည်း စေတော်မူသည်မ ဟုတ်။ ၃၄ ချုပ် ထားသော ပြည် သားအပေါင်း တို့ကို ခြေ နှင့် နင်း ကြိတ်ခြင်းအမှု၊ ၃၅ လူ ခံထိုက်သောတရား ကို အမြင့်ဆုံး သော ဘုရား မျက်မှောက် ၌ ဖျက် ခြင်းအမှု၊ ၃၆ သူတပါး ကိုမ တရားသဖြင့် ရုံး စေခြင်းအမှုတို့ကို ထာဝရ ဘုရားနှစ်သက် တော်မ မူ။ ၃၇ ထာဝရ ဘုရားမှာ ထားတော်မ မူဘဲ၊ အဘယ်သူ သည် ပြော ၍ တစုံတခုကို ဖြစ် စေနိုင်သနည်း။ ၃၈ အမြင့်ဆုံး သော ဘုရား၏နှုတ် ထွက်ရှိသည် အတိုင်း မင်္ဂလာ နှင့် အမင်္ဂလာ ဖြစ် တတ်သည် မ ဟုတ် လော။ ၃၉ အသက်ရှင် သောလူ သတ္တဝါသည် အဘယ် ကြောင့် မြည်တမ်း ရမည်နည်း။ မိမိ ဒစရိုက် အပြစ်ကြောင့် မြည်တမ်းရမည်လော။ ၄၀ ငါ တို့သည်ကိုယ်လိုက်သောလမ်း တို့ကို စစ်ကြော စုံစမ်း၍ ၊ ထာဝရဘုရား ထံ တော်သို့ ပြန် သွားကြကုန်အံ့။ ၄၁ ကောင်းကင် ဘုံ၌ ရှိတော်မူသောဘုရား သခင်ထံ တော်သို့ နှလုံး နှင့် လက် တို့ကို ချီကြွ ကြကုန်အံ့။ ၄၂ အကျွန်ုပ် တို့သည် ပြစ်မှား ပုန်ကန် မိပါပြီ။ ကိုယ်တော် သည် အပြစ် လွှတ်တော်မ မူပါ။ ၄၃ အမျက် တော်ထွက်၍ မျက်နှာ လွှဲတော်မူ၏။ တဖန် အကျွန်ုပ် တို့ကိုလိုက် ၍ ကရုဏာ မ ရှိဘဲ ကွပ်မျက် တော်မူ၏။ ၄၄ အကျွန်ုပ်တို့ ပဌနာ စကားသည် အထံ တော်သို့ မပေါက် နိုင်အောင်၊ မိုးယံးတိမ် ဖြင့် ကိုယ်ကို ကွယ်ကာ တော်မူ၏။ ၄၅ အကျွန်ုပ် တို့ကိုလူမျိုး တို့တွင် လှည်းပစ်သော တန်မြက်ချေး အမှိုက် ကဲ့သို့ငင်း ၊ ရွံစရာ အရာကဲ့သို့ငင်း ဖြစ် စေတော်မူ၏။ ၄၆ ရန်သူ အပေါင်း တို့သည် အကျွန်ုပ် တို့တဘက် ၌ နှုတ် ကိုဖွင့် ကြပါ၏။ ၄၇ အကျွန်ုပ် တို့သည် ကြောက်လန့် ဘွယ်သော အရာထဲသို့ငင်း

၊ တွင်း ထဲသို့ဝင်း ၊ သုတ်သင် ပယ်ရှင်းဖျက်ဆီး ခြင်းထဲသို့ဝင်း ရောက် ကြပါပြီ။ ၄၈ ငါ ၏လူမျိုး သတို့သမီး ပျက်စီး သောကြောင့် ၊ ငါ့ မျက်စိ သည် မြစ် ရေ ဖြစ်၍ စီး လျက်ရှိ၏။ ၄၉ ထာဝရဘုရား သည် ကောင်းကင် က ငုံကြည့် ၍ ရှုမှတ် တော်မ မူမှီတိုင်အောင်၊ ၅၀ ငါ့ မျက်ရည် သည်ကျ ၍ အစဉ်မပြတ်ယိုစီးလျက်ရှိ၏။ ၅၁ ငါ ၏မြို့ သမီး အပေါင်း တို့အတွက် ကြောင့်၊ ငါ မျက်စိ သည် ငါ့ နှလုံး ကို ပူ စေတတ်၏။ ၅၂ အကြောင်း မရှိဘဲ ငါ့ ကိုရန် ပြုသောသူတို့သည် ငှက် ကိုလိုက် ၍ ရှာသကဲ့သို့ ငါ့ ကိုလိုက် ၍ ရှာကြ၏။ ၅၃ မြေတွင်း ၌ ငါ့ အသက် ကို ဖြတ် ၍ ငါ့ အပေါ် မှာ ကျောက် ကို တင် ထားကြ၏။ ၅၄ ငါ့ ခေါင်း ကို ရေ လွှမ်းမိုး သည်ဖြစ်၍ ၊ ငါသည် ဆုံးရှုံး ပြီဟု ဆို ရ၏။ ၅၅ အိုထာဝရဘုရား ၊ နက် သော မြေတွင်း ထဲက အကျွန်ုပ်သည် ကိုယ်တော် ၏နာမ ကို ခေါ် ပါ၏။ ၅၆ အကျွန်ုပ် ခေါ်သံ ကို ကြား တော်မူသည်ဖြစ်၍၊ အကျွန်ုပ် ညည်းတွားအော်ဟစ် သောအခါ နား တော်ကို လွှဲ တော်မ မူပါနှင့်။ ၅၇ အကျွန်ုပ်သည် ကိုယ်တော် ကို ဟစ်ခေါ် သောအခါ ၊ ကိုယ်တော်သည် ချဉ်းကပ် တော်မူ၍၊ မ ကြောက် နှင့် ဟု မိန့် တော်မူပြီ။ ၅၈ အိုထာဝရ ဘုရား၊ ကိုယ်တော် သည် အကျွန်ုပ် အသက် နှင့် ဆိုင်သောအမှု ကိုစောင့် ၍ ရွေးနှုတ် တော်မူပြီ။ ၅၉ အိုထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် ခံရသောဥဉ်းဆဲ ခြင်းကို မြင် တော်မူပြီ။ အကျွန်ုပ် အဘို့ တရား စီရင် တော်မူပါ။ ၆၀ သူ တို့သည် အကျွန်ုပ် ကို ရန်ငြိုး ဖွဲ့သမျှ နှင့် မကောင်းသော အကြံ ရှိသမျှ ကို ကိုယ်တော်မြင် တော်မူပြီ။ ၆၁ အိုထာဝရဘုရား ၊ သူ တို့ကဲ့ရဲ့ သောအကြောင်းနှင့် မကောင်းသောအကြံ ရှိသမျှ ကို၎င်း ၊ ၆၂ အကျွန်ုပ် တဘက်၌ ထ သောသူတို့၏ အပြစ်တင် ခြင်း၊ အကျွန်ုပ် တဘက် ၌ တနေ့လုံး ကြံစည် ခြင်းကို၎င်းကိုယ်တော်ကြား တော်မူပြီ။ ၆၃ သူ တို့ထိုင် ခြင်း၊ ထ ခြင်းကိုကြည့်ရှု တော်မူပါ။ အကျွန်ုပ် သည် သူ တို့သီချင်း ဆိုစရာအကြောင်း ဖြစ်ပါ၏။ ၆၄ အိုထာဝရဘုရား ၊ သူ တို့ကျင့်သောအကျင့် နှင့် အလျောက်အကျိုးအပြစ် ကို ဆပ် ပေးတော်မူပါ။ ၆၅ သူ တို့စိတ် နှလုံးကိုခိုင်မာ စေ၍ ကျိန် တော်မူပါ။ ၆၆ အမျက် တော်ထွက်၍ သူ တို့ကို ညှဉ်းဆဲ သဖြင့် ၊ ထာဝရဘုရား ၏ မိုဃ်း ကောင်းကင်အောက် မှ သုတ်သင် ပယ်ရှင်းတော်မူပါ။

၄ ရွှေ သည် အလွန် သမ်းညို သည်တကား။ အကောင်း ဆုံးသော ရွှေ သည် အလွန်ဖေါက်ပြန် သည် တကား။ သန့်ရှင်း သော ကျောက် တို့သည် ခပ်သိမ်း သော လမ်း ဝ တို့ ၌ ဖရိုဖရဲ ကွဲပြားလျက်ရှိကြ၏။ ၂ အမြတ် ဆုံးသော ရွှေ နှင့်အမျှ အလွန် အဘိုးထိုက် သော ဇိအုန် မြို့သား တို့ကို၊ အိုးထိန်း သမား လုပ် သောမြေ အိုး ကဲ့သို့ မှတ် တတ်သည်တကား။ ၃ မြေခွေး မတို့ပင် မိမိ တို့သား ငယ်တို့အား နို့ သီးကိုပေး ၍နို့ တိုက်တတ်၏။ ငါ ၏လူမျိုး သတို့သမီး မူကား၊ တော ၌ နေသောကုလားအုပ် ငှက်ကဲ့သို့ ကြမ်းကြုတ် သော သဘောရှိ၏။ ၄ နို့စို့ ကလေးသည် နို့တပ် သောကြောင့် ၊ လျှာ သည် အာခေါင် ၌ ကပ် လျက်ရှိ၏။ သူငယ် တို့သည် မုန့် ကို တောင်း ၍ အဘယ် သူမျှမပေး။ ၅ ကောင်းမွန် စွာ စား တတ်သောသူတို့ သည် ကိုးကွယ် ရာမရှိ၊ လမ်း ၌ နေကြ၏။ နီမောင်း သော အိပ်ရာပေါ် မှာ ပျော်မွေ့ ဘူးသောသူတို့ သည် နောက်ချေး ပုံကို ဘက် ရကြ၏။ ၆ အဘယ်သူမျှအား မ ထုတ်ဘဲချက်ခြင်း ပျက်စီး ခြင်းသို့ ရောက်သော၊ သောဒုံ မြို့ခံရသောအပြစ် ဒဏ် ထက် ၊ ငါ ၏လူမျိုး သတို့သမီး ခံရသောအပြစ် ဒဏ်သည် သာ၍ကြီး ပေ၏။ ၇ သူ ၏မှူးမတ်

တို့သည် မိုဃ်းပွင့် ထက် သန့်ရှင်း ၍၊ နို့ ရည်ထက် လည်း ဖြူ ကြ၏။ သူတို့အသား သည် ကျောက် နီထက် နီ ၏။ သွေးကြော လည်း နီလာ နှင့်တူ၏။ ၈ ယခုမူကား၊ သူ တို့အဆင်း သည်မှောင်မိုက် ထက် မည်း သည်ဖြစ်၍လမ်း ၌ မ ထင်ရှား ။ သူ တို့အရေ သည် အရိုး ၌ ကပ် ၍ ထင်း ကဲ့သို့ သွေ့ခြောက် လေ၏။ ၉ ထား ဖြင့်သေ သောသူသည်၊ ငတ်မွတ် ၍ သေ သောသူထက် သာ၍မင်္ဂလာ ရှိ၏။ ငတ်မွတ်၍ သေသောသူ သည် အသီးအနှံ ပြတ် ခြင်းအားဖြင့် ထိုး ဖောက်၍ ပိန်ကြို့ ရ၏။ ၁၀ စိတ် ကြင်နာတတ်သော မိန်းမ တို့သည် မိမိ တို့ သား ကိုပင်ပြုတ် ရကြ၏။ ငါ ၏လူမျိုး သတို့သမီး သည် ပျက်စီး သောကာလ ၌ မိမိ တို့သားကိုပင် စား ရကြ၏။ ၁၁ ထာဝရဘုရား သည် အမျက် တော်ကို စုံလင် စေတော်မူပြီ။ ပြင်းစွာ သော အမျက် တော်အရှိန်ကို လွှတ် တော်မူပြီ။ ဓိအုန် မြို့ကို မီးရှို့ ၍ မြို့ရိုး အမြစ် တိုင်အောင်လောင် စေတော်မူပြီ။ ၁၂ ရန် ပြုသောသူနှင့် စစ်တိုက် သောသူသည် ယေရုရှလင် မြို့တံခါး အတွင်းသို့ ဝင် နိုင်သည်ဟု၊ လောကီ ရှင်ဘုရင် နှင့် လောကီ သတ္တဝါ တစုံ တယောက်မျှမ ယုံ ကြ။ ၁၃ ယေရုရှလင် မြို့အလယ် ၌ ဖြောင့်မတ် သောသူတို့ ကိုသတ် တတ်သောမြို့ သားပရောဖက် တို့၏ ဒုစရိုက် များနှင့်၊ ယဇ်ပုရောဟိတ် တို့၏ အပြစ် များကြောင့် ဤအမှုသည် ရောက် လေပြီ။ ၁၄ ထိုသူတို့သည်အရှုးကဲ့သို့လမ်း ၌ လှည့်လည် ၍၊ လူအသွေး နှင့် လူး သောကြောင့်၊ သူ တို့အဝတ် ကို အဘယ်သူမျှ မ ထိ ဝံ့ ။ ၁၅ သွား ကြ။ မ စင်ကြယ်သောသူတို့၊ သွား ကြ၊ သွား ကြ။ မ ထိ ကြနှင့်ဟု သူတပါးတို့သည်ဟစ် တတ်ကြ၏။ အဝေး သို့ပြေး၍ အရပ်ရပ်သို့လှည့်လည် ရသောအခါ သာသနာပ လူတို့က ၊ သူတို့သည် မ တည်း မနေ ရဟု ဆို တတ်ကြ၏။ ၁၆ ထာဝရဘုရား သည် အမျက်တော်ထွက်၍ သူ တို့ ကို ကွဲပြား စေတော်မူပြီ။ သူ တို့အမှု ကို ကြည့်ရှု တော်မ မူ။ သူတပါးတို့သည်လည်း၊ ယဇ် ပုရောဟိတ်တို့ကို မ ရိုသေ ၊ အသက်ကြီး သူတို့ကို အား မ နာဘဲနေကြ၏။ ၁၇ ငါ တို့သည်ရှိစဉ်တွင် မစ မည့်သူကို မြော်လင့်၍ မ မြင်ရကြ။ မ ကယ်တင် နိုင်သောလူမျိုး ကို ကင်းစင် ပေါ် မှာ အကျိုး မရှိဘဲ စောင့် ကြပြီ။ ၁၈ ငါ တို့သည် လမ်း ၌ မသွား ရမည်အကြောင်း ငါ တို့ခြေရာ ကို လိုက်ရှာ ကြ၏။ ငါ တို့သည် ဆုံး ချိန်နီး ပြီ။ အသက်ရှင်ရသောကာလ စေ့ ပြီ။ ဆုံး ချိန်ရောက် လေပြီ။ ၁၉ ငါ တို့ကိုလိုက် ၍ ရှာသောသူတို့သည် မိုဃ်း ကောင်းကင်ရွှေလင်းတ ထက် သာ၍လျင်မြန် ကြ၏။ တောင် ရိုးပေါ် မှာလိုက် ရှာကြ၏။ တော ၌ လည်း ချောင်းမြောင်း ကြ၏။ ၂၀ ငါ တို့ထွက်သက် ဝင်သက် တည်းဟူသော၊ ထာဝရဘုရား သည် ပေးတော်မူ၍ ဘိသိတ် ခံသောအရှင်ကို သူ တို့သည် မြေတွင်း ၌ ဘမ်းမိ ကြပြီ။ ထိုအရှင် ၏ ဘုန်းတော်ကိုခိုလှုံ၍ ၊ ငါတို့သည်သာသနာပ လူတို့တွင် အသက် ချမ်းသာရလိမ့်မည်ဟု အထင်ကဆို တတ်ကြ၏။ ၂၁ ဥဇ ပြည် ၌ နေ သောဧဒုံ သတို့သမီး ၊ ဝမ်းမြောက် ရွှင်လန်း လော့။ ဖလား တော်သည် သင် ရှိရာသို့ ကူး သွား လိမ့်မည်။ သင်သည်ယစ်မူး ၍ အဝတ် အချည်းစည်းရှိရလိမ့်မည်။ ၂၂ အိုဓိအုန် သတို့သမီး ၊ သင် ခံထိုက်သမျှသောအပြစ် ဒဏ်ကုန် ပြီ။ သင် သည် နောက် တဖန် သိမ်း သွား ခြင်းကို မ ခံရ။ အိုဧဒုံ သတို့သမီး ၊ သင် ပြုသောဒုစရိုက် ကို စစ်ကြော ၍သင် ၏အပြစ် ကို ဘော်ပြ တော်မူမည်။

၅ အိုထာဝရဘုရား ၊ အကျွန်ုပ် တို့ ၌ ရောက် သော အမှု ကိုအောက်မေ့ တော်မူပါ။ အကျွန်ုပ် တို့ခံရသောကဲ့ရဲ့ ခြင်းကိုကြည့်ရှု ၍ ဆင်ခြင် တော်မူပါ။ ၂ အကျွန်ုပ် တို့ အမွေ ခံရာမြေသည် တပါး အမျိုးသားလက်သို့ ၎င်း ၊ နေရာအိမ် တို့သည်လည်း တကျွန်းတနိုင်ငံသား တို့လက်သို့ ၎င်း ရောက် ပါပြီ။ ၃ အကျွန်ုပ်တို့သည် မိ ဘမရှိသော သူငယ်ဖြစ် ကြပါ ၏။ အဘ ဆုံး ပါပြီ။ အမိ သည်မုတ်ဆိုးမ ကဲ့သို့ နေရပါ၏။ ၄ ငွေ ပေးမှ ရေ ကို သောက် ရပါ၏။ ထင်း ကိုလည်း ဝယ် ရပါ၏။ ၅ ထမ်းဘိုးကိုအစဉ်ထမ်းရပါ၏။ မ ရပ် မနေဘဲ လုပ်ကိုင် ရပါ၏။ ၆ စားစရာ ကိုရ ခြင်းငှါ အဲဂုတ္တု ပြည်သား၊ အာရှုရိ ပြည်သားတို့ ၌ ကျွန် ခံရပါ၏။ ၇ ဘိုးဘေး တို့သည်ပြစ်မှား ၍ သေပြီးမှ၊ အကျွန်ုပ် တို့သည် သူ တို့ အပြစ် များကိုခံ ရပါ၏။ ၈ သူ့ကျွန် တို့သည် အကျွန်ုပ် တို့ကို အုပ်စိုး ကြပါ၏။ သူ တို့လက် မှ အဘယ်သူမျှမကယ်မနှုတ်ပါ။ ၉ တော ၌်ထား ဘေးနှင့် တွေ့ ၍ အသေခံ လျက် စားစရာ ကို ရှာရ ကြပါ၏။ ၁၀ မွတ်သိပ် ခြင်းအရှိန် ကြောင့် အကျွန်ုပ် တို့၏ အရေ သည် မီးဖို ကဲ့သို့ မည်း ပါ၏။ ၁၁ ဇိအုန် မြို့၌ မိန်းမ များကို၎င်း၊ ယုဒ မြို့ ရွာတို့ ၌ မိန်းမပျို များကို၎င်း အဓမ္မ ပြုကြပါ၏။ ၁၂ မှူးမတ် တို့ကို လက် ဖြင့် ဆွဲ ထားကြပါ၏။ အသက်ကြီး သူတို့ကိုလည်း မ ရိုသေ ကြပါ။ ၁၃ လူပျို တို့သည် ကြိတ်ဆုံ ကို ထမ်း ရကြပါ၏။ သူငယ် တို့သည်လည်း ထင်း အောက်မှာ လဲ ရကြပါ၏။ ၁၄ အသက်ကြီး သူတို့သည် မြို့တံခါးဝ ၌ ၎င်း ၊ လူပျို တို့သည် ပွဲ သဘင်၌ ၎င်း ကွယ်ပျောက် ကြပါ၏။ ၁၅ အကျွန်ုပ် တို့သည် နှလုံး ရွှင်လန်း ခြင်းပြတ် ၍၊ က ခြင်းအရာ၌ ညည်းတွား ခြင်း ရှိ ကြပါ၏။ ၁၆ အကျွန်ုပ် တို့ဆောင်း သော သရဖူ သည်ကျ ပါပြီ။ အကျွန်ုပ်တို့သည် ပြစ်မှား သောကြောင့် အမင်္ဂလာ ရှိကြပါ၏။ ၁၇ ထိုကြောင့် အကျွန်ုပ် တို့သည်စိတ် ပျက် ကြ ပါပြီ။ ထို အပြစ်ကြောင့် မျက်စိ တို့သည်လည်း မွဲ ကြပါ၏။ ၁၈ လူဆိတ်ညံ လျက်ရှိသောဇိအုန် တောင် ပေါ်မှာ မြေခွေး တို့သည် သွား လာကြပါ၏။ ၁၉ အိုထာဝရဘုရား ၊ ကိုယ်တော် သည် နိစ္စ အမြဲတည် တော်မူ၏။ ပလ္လင် တော်သည်လည်း ထာဝရ ပလ္လင် ဖြစ်ပါ၏။ ၂၀ ကိုယ်တော်သည် အဘယ် ကြောင့်အကျွန်ုပ် တို့ကို အစဉ် မပြတ်မေ့လျော့ တော်မူသနည်း။ အဘယ်ကြောင့်ကာလ ကြာမြင့် စွာ စွန့်ပစ် တော်မူသနည်း။ ၂၁ အိုထာဝရဘုရား ၊ အကျွန်ုပ် တို့ကိုအထံ တော်သို့ လှည့် စေတော်မူပါ။ သို့ပြုလျှင် ၊ အကျွန်ုပ်တို့သည်ပြန် ၍ လာကြပါမည်။ ရှေး ကာလကဲ့သို့ အကျွန်ုပ် တို့ကာလ ကို အသစ် ပြုပြင်တော်မူပါ။ ၂၂ အကယ်၍ ကိုယ်တော်သည်အကျွန်ုပ် တို့ကို ရှင်းရှင်းပယ် တော်မူမည်လော။ ပြင်းစွာ အမျက်ထွက် တော်မူ မည်လော။

၁ သက္ကရာဇ် သုံး ဆယ်ပြည့်၊ ယေခေါနိ မင်းကြီး နန်းကျ ပဉ္စမ နှစ် ၊ စတုတ္ထ လ ငါး ရက်နေ့၌ ၂ ငါ သည် သိမ်းသွားသောသူတို့ တွင် ခေဗာ မြစ် နား မှာရှိ နေစဉ်၊မိုယ်း ကောင်းကင်ပွင့် ၍ဘုရားသခင် ၏ဗျာဒိတ် ရူပါရုံတို့ကိုမြင် ရ၏။ **၂** ထိုအခါခါလဒဲ ပြည် ၊ ခေဗာ မြစ် နား မှာ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယဇ်ပုရောဟိတ် ဗုဇိ သား ယေဇကျေလ အမည် ရှိသောငါဆီသို့ ရောက် ၍ ၊ ထာဝရဘုရား ၏လက် တော်သည် ငါ့အပေါ် မှာ တင်လျက်ရှိ ၏။ **၄** ငါကြည့်ရှု ၍ ၊ ပြင်းစွာ သော လေ၊ ကြီးစွာ သော မိုယ်းတိမ် ၊ ထွန်းလင်း သော မီးစက် သည် မြောက် မျက်နှာမှ ပေါ် လာ ၏။ မီးစက် ထဲက ဟရှမေလ ရွှေရောင်ထွက် လေ၏။ **၅** ထိုမီးစက်ထဲမှာ သတ္တဝါ လေး ပါးတို့သည် ထင်ရှားကြ၏။ ထိုသတ္တဝါ တို့၏ အဆင်း သဏ္ဌာန်ဟူမူကား ၊ လူ ၏ပုံသဏ္ဌာန် ကိုဆောင်၍၊ **၆** မျက်နှာ လေး ခုစီ ၊ အတောင် လည်း လေး ခုစီ ရှိကြ၏။ **၇** ခြေထောက် သည် ဖြောင့် သော ခြေထောက် ဖြစ်၏။ ခြေဘဝါး သည် နွားသငယ် ၏ ခြေဖဝါး ကဲ့သို့ ဖြစ်၍ဦးသစ် သော ကြေးဝါ ကဲ့သို့ တောက် လေ၏။ ကိုယ်လေး မျက်နှာအတောင် အောက် ၌ လူ လက် ရှိ၏။ **၈** ထိုလေး ပါးတို့သည် မျက်နှာ တို့နှင့်ငင်း ၊ အတောင် တို့နှင့်ငင်း ပြည့်စုံကြ၏။ **၉** အတောင် ချင်းတခု နှင့်တခု စပ် လျက်ရှိ၍၊ ထိုသတ္တဝါတို့ သွား သောအခါ တပါးမျှ မ လည် ဘဲ တည့်တည့် သွား တတ်ကြ၏။ **၁၀** မျက်နှာ အဆင်း သဏ္ဌာန်ဟူမူကား ၊ သတ္တဝါ လေး ပါးတို့သည် လက်ျာ ဘက်၌ လူ မျက်နှာ ၊ ခြင်္သေ့ မျက်နှာ နှင့်ငင်း ၊ လက်ဝဲ ဘက်၌နွား မျက်နှာ ၊ ရွှေလင်းတ မျက်နှာ နှင့်ငင်း ပြည့်စုံကြ၏။ **၁၁** အတောင် များတို့သည် အထက် သို့ ပြန့် ၍၊ အတောင်နှစ် ခုချင်း စပ် လျက်၊ နှစ် ခုဖြင့် ကိုယ် ကိုဖုံး လျက် ရှိကြ၏။ **၁၂** ထိုသတ္တဝါတို့သည် ဝိညာဉ် တော်သွား ခွင့်ရှိသည် အတိုင်း သွား ကြ၏။ သွားသောအခါတပါးမျှ မ လည် ဘဲ တည့်တည့်သွား တတ်ကြ၏။ **၁၃** ထိုသတ္တဝါ တို့၏ အဆင်း အရောင်သည်ကား ၊ တောက် သော မီး ခဲ အရောင် ၊ မီးခွက် အရောင် နှင့် တူ၏။ မီး သည်တောက် လျက် သတ္တဝါ တို့တွင် အနှံ့အပြားလှည့်လည် ၍ မီး ထဲက လျှပ်စစ် ပြက် လေ၏။ **၁၄** သတ္တဝါ တို့သည်လည်း လျှပ်စစ် နွယ်ကဲ့သို့ အရောင် တောက်၍၊ ပြေး လျက် ပြန် လာလျက်ရှိကြ၏။ **၁၅** ထိုသတ္တဝါ တို့ကို ငါ့ကြည့်ရှု စဉ် ၊ သူတို့အနား မှာ လေး ပိုင်းရှိသောရထားဘီး တခု စီ ထင်ရှား ၏။ **၁၆** ထို ရထားဘီး တို့၏ အဆင်း အရောင်သည်ကား ၊ ကျောက်မျက်ရွဲ အဆင်း အရောင်နှင့် တူ၏။ ထို လေး ခုတို့ သည် အဆင်း အရောင်တညီ တည်း ရှိကြ၏။ ပုံ သဏ္ဌာန်မူကား ၊ ဘီး တခုအထဲ ၌ ဘီး တခုတပ်သကဲ့သို့ ဖြစ် ၏။ **၁၇** သွား သောအခါ ဘီး လေး မျက်နှာ တို့သည် တညီတည်းဖြစ်၍မ လည် ဘဲသွား တတ်ကြ၏။ **၁၈** ဘီးဝန်း တို့သည်လည်း မြင့် ၍ ကြောက်မက် ဘွယ် ဖြစ်ကြ၏။ ထို လေး ပါးတို့သည်မျက်စိ နှင့် ပြည့် ကြ၏။ **၁၉** သတ္တဝါ တို့သည် သွား သောအခါ ၊ ဘီး တို့သည် လည်း ထက် ကြပ်ပါ ကြ၏။ **၂၀** သတ္တဝါ တို့သည် မြေကြီး နှင့် ကွာ၍ တက် သောအခါ ၊ ဘီး တို့သည်လည်း တက် ကြ၏။ ဝိညာဉ် တော် သွား ခွင့်ရှိသည်အတိုင်း ၊ သူတို့သည်လည်း သွား ကြ၏။ ဘီး တို့သည်လည်း သူ တို့နှင့် ထက်ကြပ်တက် ၍ လိုက် က ၏။ သတ္တဝါ တို့၏ ဝိညာဉ် သည်ဘီး တို့ ၌ ရှိ ၏။ **၂၁** သူ တို့သွား သောအခါ ဘီးတို့သည်သွား ကြ၏။ သူ တို့ရပ် သောအခါ ဘီးတို့သည်ရပ်

ကြ၏။ သူတို့သည် မြေကြီး နှင့်ကွာ၍ တက် သောအခါ ၊ ဘီး တို့သည်လည်း သူတို့နှင့်ထက်ကြပ်တက်၍လိုက်ကြ၏။ အကြောင်း မူကား၊ သတ္တဝါ တို့၏ဝိညာဉ် သည် ဘီး တို့ ၌ ရှိ၏။ ၂၂ ထိုသတ္တဝါ တို့၏ ခေါင်း များအပေါ် မှာ မိုဃ်း မျက်နှာကြက်၏ အဆင်းအရောင်သည်ရှိ၍၊ ကြောက်မက် ဘွယ်သော ကျောက် သလင်းမျက်နှာကြက်ကဲ့သို့ ဖြစ်၏။ ၂၃ မိုဃ်း မျက်နှာကြက်အောက် မှာ သူ တို့အတောင် များသည် တခုသို့တခုတည့်တည့် ပြန့် လျက်ရှိ၍ ၊ ပြင်ဘက် ၌လည်း ကိုယ် ကို ဖုံး စရာတို့ အတောင်နှစ် ခုစီ ရှိ၏။ ၂၄ သူ တို့သွား သောအခါ သမုဒ္ဒရာရေ သံ ကဲ့သို့ ၎င်း ၊ အနန္တ တန်ခိုးရှင်၏အသံ တော်ကဲ့သို့ ၎င်း ၊ အတောင် တို့ မြည်သောအသံ ကို ငါကြား ၏။ စကားသံသည်လည်း လူ အလုံးအရင်း၏ စကား သံ ကဲ့သို့ ဖြစ်၏။ ရပ် သောအခါ အတောင် တို့ကို ချ လျက်နေကြ၏။ ၂၅ ရပ် ၍ အတောင် တို့ကို ချ သောအခါ၊ သူ တို့၏ ခေါင်း များအပေါ် မှာ မိုဃ်း မျက်နှာကြက်ထဲက စကား သံ သည် ထွက် ၏။ ၂၆ သူ တို့၏ခေါင်း များအထက် ၊ မိုဃ်း မျက်နှာကြက်အပေါ် ၌ လည်း နီလာ ကျောက် ကဲ့သို့ အဆင်း အရောင်ရှိသောရာဇ ပလ္လင်သဏ္ဌာန် ပေါ်၏။ ပလ္လင် သဏ္ဌာန် အပေါ် ၌လည်း လူ ပုံသဏ္ဌာန် ကဲ့သို့ ပေါ် ၏။ ၂၇ ပလ္လင်အတွင်း၌၎င်း ၊ ပတ်လည် ၌ ၎င်း ၊ ခါး သဏ္ဌာန် မှ သည် အထက် ပိုင်း၌ ဟရ္ဓမေလ ရွှေအရောင်နှင့် မီး အရောင် ကဲ့သို့ ထင်ရှား ၏။ အောက် ပိုင်း၌ မီး အရောင် ကဲ့သို့ ထင်ရှား ၍ ပတ်လည် ၌ ထွန်းတောက် လေ၏။ ၂၈ ထိုသို့ ထွန်းတောက် သော အရောင် သည် မိုဃ်းရွာ သောနေ့ တွင် ၊ မိုဃ်းတိမ် ၌ ပေါ်သော သက်တံ့ ၏ အရောင် ကဲ့သို့ ဖြစ် ၏။ ဤ ရွေ့ကား၊ ထာဝရဘုရား ၏ ဘုန်း တော်သဏ္ဌာန် အဆင်းအရောင်ဖြစ်သတည်း။

၂ ထိုဗျာဒိတ်ရူပါရုံကို ငါသည် မြင်သောအခါ ပြပ်ဝပ်လျက်နေ၏။ တဦးသောသူကလည်း၊ အချင်း လူသား ၊ မတ်တတ် နေလော့။ သင့် အားငါ ပြော မည်ဟု ငါ့ အား ဆို သံကိုငါကြား ၏။ ၂ ထိုသို့ ဆို သောအခါ ဝိညာဉ် တော်သည် ငါ့ အထဲ သို့ဝင် ၍ မတ်တတ် နေစေသဖြင့်၊ ငါနှင့်ပြောသောသူ၏ စကားကိုငါကြားသည်ကား၊ ၃ အချင်းလူသား ၊ ငါ့ ကို ပုန်ကန် တတ်သော အမျိုး တည်းဟူသော ၊ ယနေ့ တိုင်အောင် ဘိုးဘေး တို့နှင့်တကွ ငါ့ ကိုအစဉ်ပုန်ကန် ၍၊ ပြစ်မှား သော ဣသရေလ အမျိုးသား တို့ ရှိရာသို့ သင့် ကို ငါ စေလွှတ် မည်။ ၄ ရဲ သောမျက်နှာ နှင့် ခိုင်မာ သော နှလုံး ရှိသောအမျိုးသား တို့ရှိရာသို့ သင့် ကို ငါ စေလွှတ် ၍ ၊ သင် က၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ဟု သူ တို့အား ပြော ရမည်။ ၅ သူ တို့သည် ပုန်ကန် တတ်သော အမျိုး ဖြစ်၍ ၊ နားထောင် သည်ဖြစ်စေ ၊ နား မထောင်သည်ဖြစ်စေ ၊ မိမိ တို့တွင် ပရောဖက် ရှိ သည်ကို သိ ရကြမည်။ ၆ အချင်းလူသား ၊ သင် သည် ဆူး ပင်အမျိုးမျိုးနှင့် တွေ့၍ ၊ ကင်းမြီးကောက် တို့တွင် နေ ရသော်လည်း သူ တို့ကိုမ ကြောက် နှင့်။ သူ တို့စကား ကိုလည်း မ ကြောက် နှင့်။ သူ တို့သည်ပုန်ကန် တတ်သော အမျိုး ဖြစ်၍ ၊ သူ တို့ စကား ကိုမ ကြောက် နှင့်။ သူ တို့မျက်နှာရည်ကြောင့် စိတ် မ ပျက်နှင့်။ ၇ သူ တို့သည် အလွန်ပုန်ကန် တတ်သော သဘောရှိသည်ဖြစ်၍ ၊ နားထောင် သည်ဖြစ်စေ ၊ နား မထောင်သည် ဖြစ်စေ ၊ ငါ့ စကား ကိုသူ တို့အား ဟောပြော ရမည်။ ၈ အချင်းလူသား ၊ ငါ ပြော သောစကားကို နားထောင် လော့။ ထိုပုန်ကန် တတ်သော အမျိုး ကဲ့သို့ ပုန်ကန် သော သဘောမ ရှိ နှင့်။ သင့် ပစပ် ကို ဖွင့် ၍ ငါ ပေး သော အရာ

ကိုစား လော့ဟု မိန့် တော်မူလျှင် ၊ ၉ ငါကြည့် ၍ စာလိပ် ပါသောလက် သည် ငါ့ ဆီ သို့ ဆန့် လျက်ရှိ၏။ ၁၀ ထိုစာလိပ်ကို ငါ့ ရှေ့ မှာ ဖွင့်ဖြန့် သောအခါ၊ တဘက်တချက် ၌ အကွရာတင် ၍ ငိုကြွေးမြည်တမ်းခြင်းအချက် ၊ စိတ်မသာညည်းတွားခြင်းအချက် ၊ အမင်္ဂလာအချက် များပါသတည်း။

၃ တဖန် ၊ အချင်းလူသား ၊ သင်တွေ့ သောအရာ ကို စား လော့။ ဤ စာလိပ် ကိုစားပြီးလျှင်၊ ဣသရေလ အမျိုးသား တို့ရှိရာသို့ သွား ၍ ဟောပြော လော့ဟု မိန့် တော်မူသည်အတိုင်း ၊ ၂ ငါ သည်ပစပ် ကိုဖွင့် စဉ် ထို စာလိပ် ကို ခွံ့ တော်မူလျက် ၊ ၃ အချင်းလူသား ၊ ငါ ပေး သော ဤ စာလိပ် ကို စား ၍ ဝမ်း ပြည့် စေလော့ဟု မိန့် တော်မူသည်အတိုင်း ၊ ငါသည် စား ၍ ပစပ် ၌ ပျားရည် ကဲ့သို့ ချို ၏။ ၄ တဖန် ၊ အချင်းလူသား ၊ ဣသရေလ အမျိုးသား တို့ ရှိရာသို့ သွား ၍ ငါ့ စကား ကို ဟောပြော လော့။ ၅ သင် မသိမကျွမ်း၊ နားလည်ခဲသော စကားကို ပြောတတ်သော လူမျိုး ရှိရာသို့ သင့်ကို ငါစေလွှတ်သည် မဟုတ်။ ဣသရေလ အမျိုး ရှိရာသို့ စေလွှတ် ၏။ ၆ သင်မ သိ မကျွမ်း၊ နားလည်ခဲသောစကား၊ အလျင်း နား မလည်နိုင်သော စကား ကို ပြောတတ်သော လူ အမျိုးမျိုး တို့ ရှိရာသို့ စေလွှတ်သည်မဟုတ်။ အကယ်၍ ထိုသို့ သောသူ တို့ ရှိရာသို့ စေလွှတ် လျှင်၊ သင့် စကားကို နားထောင် ကြလိမ့်မည်။ ၇ ဣသရေလ အမျိုး တို့မူကား ၊ သင့် စကားကို နား မ ထောင်ကြ။ ငါ့ စကားကို ပင် နား မ ထောင်ကြ။ ဣသရေလ အမျိုးသား အပေါင်း တို့သည် ခိုင်မာ သော နဖူး နှင့် ခိုင်မာ သော နှလုံး ရှိကြ၏။ ၈ သို့ရာတွင်၊ သူ တို့မျက်နှာ တဘက် ၌ သင် ၏ မျက်နှာ ကိုငင်း ၊ သူ တို့နဖူး တဘက် ၌ သင် ၏နဖူး ကိုငင်းငါခိုင်ခံ့ စေ ပြီ။ ၉ သင် ၏နဖူး ကို ကျောက် ထက် မက၊ စိန် ထက် သာ၍ခိုင်မာ စေ ပြီ။ သူ တို့သည် ပုန်ကန် တတ်သော အမျိုး ဖြစ်၍ ၊ သင်သည်မ ကြောက် နှင့်။ သူ တို့မျက်နှာရည်ကြောင့် စိတ် မ ပျက်နှင့်ဟု မိန့်တော်မူ၏။ ၁၀ တဖန် ၊ အချင်းလူသား ၊ သင့် အား ငါပြော လတံ့ သမျှ သော စကား တို့ကို နားထောင် ၍ နှလုံး သွင်း လော့။ ၁၁ သိမ်းသွား ခြင်းကို ခံရသောသင် ၏အမျိုးသား ချင်းတို့ရှိရာသို့ သွား ၍ ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ဟု၊ သူတို့နားထောင် သည်ဖြစ်စေ ၊ နား မထောင်သည်ဖြစ်စေ ၊ ဟောပြောလော့ဟု မိန့်တော်မူ၏။ ၁၂ ထိုအခါ ဝိညာဉ် တော်သည် ငါ့ ကိုချီ ၍ ၊ ထာဝရဘုရား ကျိန်းဝပ် တော်မူရာ အရပ်မှ ဘုန်း တော်သည် မင်္ဂလာ ရှိစေသတည်းဟု၊ ငါ့ နောက် ၌ ကြီးစွာ သော လှုပ်ရှား ခြင်းအသံ ကို ငါကြား ၏။ ၁၃ တခု နှင့်တခုစပ်လျက်ရှိသောသတ္တဝါ တို့၏ အတောင် များမြည်သံ ကိုငင်း ၊ သူ တို့အနား မှာ ဘီး များ မြည်သံ ကိုငင်း၊ ကြီးစွာ သော လှုပ်ရှား ခြင်းအသံ ကိုငင်း ငါကြားရ၏။ ၁၄ ဝိညာဉ် တော်သည် ငါ့ ကိုချီသွား တော်မူ၍ ၊ ငါ သည်ခါး သောစိတ်၊ ပူပန် သောစိတ် နှင့်လိုက် ရ၏။ ထာဝရဘုရား ၏လက် တော်သည် ငါ့ အပေါ် မှာ လေးလံ စွာ တင် လျက်ရှိ၏။ ၁၅ သိမ်းသွား ခြင်းကိုခံရ၍ ၊ ခေဇာ မြစ် နား ၊ တေလဗိဗ ရွာမှာ နေရာ ကျသောသူတို့ ရှိရာသို့ ငါရောက် ၍ ၊ သူ တို့နေရာ အရပ်၌ ခုနစ် ရက် ပတ်လုံးမိန်းမောတွေဝေလျက်နေ၏။ ၁၆ ခုနစ် ရက် လွန် မှ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍ ၊ ၁၇ အချင်းလူသား ၊ သင့် ကိုဣသရေလ အမျိုး တွင် ကင်း စောင့်အရာ၌ ငါခန့်ထား သောကြောင့် ၊ ငါ သတိ ပေးသောစကား ကို နားထောင် ၍ သူ တို့အား ဆင့်ဆိုလော့။ ၁၈

သင်သည် အမှန်သေ လိမ့်မည်ဟု၊ လူဆိုး အား ငါ ပြော လျက် နှင့် သင်သည်သတိ မ ပေး၊ လူဆိုး ၏ အသက် ကို ချမ်းသာစေခြင်းငှါ ၊ လူဆိုး အား သတိ ပေးသောစကား ကို မ ပြော ဘဲနေလျှင် ထို လူဆိုး သည် မိမိ အပြစ် ၌ သေ လိမ့်မည်။ သူ ၏အသက် ကိုကား ၊ သင် ၌ ငါတောင်း မည်။ ၁၉ သို့မဟုတ် ၊ သင် သည် လူဆိုး ကို သတိ ပေးလျက် နှင့်သူ သည် မိမိ ပြုသော ဒုစရိုက် ကို ၎င်း ၊ မိမိ လိုက်သော အဓမ္မ လမ်း ကို ၎င်းမ ရှောင် ဘဲနေလျှင် ၊ မိမိ အပြစ် ၌ သေ လိမ့်မည်။ သင် မူကား ၊ ကိုယ် အသက် ဝိညာဉ်ကို ကယ်နှုတ် လေပြီ။ ၂၀ တဖန်တုံ ၊ ဖြောင့်မတ် သောသူသည်ဖေါက်ပြန် ၍ ဒုစရိုက် ကိုပြု လျှင် ၎င်း ၊ ထိမိ ၍ လဲစရာအကြောင်းကို သူ့ ရှေ့ မှာငါထား လျှင် ၎င်း သူ သည် သေ လိမ့်မည်။ သင်သည်သတိ မ ပေးသောကြောင့် ၊ သူသည်မိမိ အပြစ် ၌ သေ လိမ့်မည်။ သူကျင့် ဘူးသော တရား ကို ပမာဏ မ ပြုရ။ သူ ၏ အသက် ကိုကား ၊ သင် ၌ ငါတောင်း မည်။ ၂၁ သို့မဟုတ် ၊ ဖြောင့်မတ် သောသူသည် ဒုစရိုက် ကို မ ပြုမည်အကြောင်း ၊ သင် သည်သတိ ပေး၍ သူ သည် ဒုစရိုက် ကို မ ပြုဘဲနေလျှင် ၊ သတိ ပေးသောကျေးဇူးကြောင့် စင်စစ်အသက် ချမ်းသာလိမ့်မည်။ သင် သည် လည်း ၊ ကိုယ် အသက် ဝိညာဉ်ကို ကယ်နှုတ် လေပြီဟု မိန့်တော်မူ၏။ ၂၂ တဖန် ထာဝရဘုရား ၏လက် တော်သည် ငါ့ အပေါ် မှာ တင် ပြီးလျှင် ၊ သင်ထ ၍ လွင်ပြင် သို့ သွား လော့။ ထို အရပ်၌ ငါပြော မည်ဟု မိန့် တော်မူသည် အတိုင်း ၊ ၂၃ ငါသည် ထ ၍ လွင်ပြင် သို့ သွား ၏။ ရောက်သောအခါ ခေဗာ မြစ် နား မှာ ငါမြင် ဘူးသော ထာဝရဘုရား ၏ ဘုန်း တော်သည် ရပ် တော်မူ၍ ၊ ငါသည် ပြပ်ဝပ်လျက် နေ၏။ ၂၄ ဝိညာဉ် တော်သည် ငါ့ အထဲ သို့ဝင် ၍ မတ်တတ် နေစေလျက် ၊ သင်သွား လော့။ ကိုယ် အိမ် ၌ ပုန်းရှောင် ၍ နေလော့။ ၂၅ အချင်းလူသား ၊ သင် သည်ကြိုး နှင့် ချည်နှောင် ခြင်းကိုခံ ၍ သူ တို့တွင် မ ထွက် ရ။ ၂၆ သင် သည် သူ တို့ကို မ ဆုံးမ ဘဲနေ စေခြင်းငှါ ၊ စကား အလျက် သင့် လျှာ ကိုအာခေါင် ၌ ကပ် စေမည်။ အကြောင်း မူကား၊ သူ တို့သည်ပုန်ကန် တတ်သောအမျိုး ဖြစ်ကြ၏။ ၂၇ သို့ရာတွင် ၊ သင့် အားငါ ပြော သောအခါ သင့် နှုတ် ကို ငါဖွင့် မည်။ သင်က၊ အရှင် ထာဝရဘုရား မိန့် တော်မူ၏ ဟု သူ တို့အား ဟောပြော ရမည်။ နားထောင် သောသူသည် နားထောင် စေ၊ နား မထောင်သောသူသည် နား မထောင်ဘဲနေစေ။ သူ တို့သည်ပုန်ကန် တတ်သော အမျိုး ဖြစ်ကြသည် ဟုမိန့်တော်မူ၏။

၄ တဖန်တုံ ၊ အချင်းလူသား ၊ အုတ် ပြားကိုယူ ၍ သင့် ရှေ့ မှာထား ပြီးလျှင် ၊ ယေရုရှလင် မြို့ ပုံကို ရေး လော့။ ၂ မြို့ ကို ဝိုင်း ၍ မြို့ ပြင် ၌ တပ် တည် လော့။ မြေရိုး ကိုလည်း ဖို့ လော့။ တပ် သားတို့ကိုလည်း ခင်းကျင်း လော့။ မြို့ ပတ်လည် တွင် ဝက်ခွ တိုင်တို့ ၌ တုံးတို့ကိုလည်း ဆွဲ ထားလော့။ ၃ ထိုမှတပါး ၊ သံ ပြား ကိုယူ ၍ ၊ သင် နှင့် မြို့ စပ်ကြား မှာ သံ ရိုး ဖြစ်စေခြင်းငှါ ထောင် ပြီးလျှင် ၊ မြို့ တဘက် ၌ သင် ၏မျက်နှာ ကိုထား လော့။ ထိုသို့ ဝိုင်း ထားသဖြင့် ၊ ထိုမြို့ သည်ဝိုင်း ထားခြင်းကိုခံရမည်။ ဤ သည်ကား ဣသရေလ အမျိုး အား နိမိတ် လက္ခဏာဖြစ် လိမ့်မည်။ ၄ ထိုမှတပါး ၊ သင် သည် လက်ဝဲ နံစောင်း ဖြင့် အိပ် ၍ ၊ ဣသရေလ အမျိုး ၏အပြစ် ကို ထိုနံစောင်း၌ တင် ထား လော့။ ထိုသို့ အိပ် ရသော နေ့ရက် အရေအတွက် အတိုင်း သူ တို့အပြစ် ကိုခံရ မည်။ ၅ အကြောင်း မူကား၊ အရက် သုံး ရာ ကိုး ဆယ် အရေအတွက် အတိုင်း ၊ သူ တို့အပြစ် နှင့်ယှဉ်သော နှစ် ပေါင်းကိုသင် ၏အပေါ် ၌ ငါ တင် ထားပြီ။ ထိုသို့ ဣသရေလ

အမျိုး ၏ အပြစ် ကို သင်သည် ခံရ မည်။ ၆ ထို နေ့ရက်စေ့ ပြီးမှ ၊ တဖန် လက်ျာ နံစောင်း ဖြင့် အိပ် ၍၊ အရက် လေးဆယ် ပတ်လုံးယုဒ အမျိုး ၏ အပြစ် ကိုခံ ဦးလော့။ နှစ် အစား ၌ ရက် ကို ငါထား ပြီ။ ၇ သင်သည် ယေရုရှလင် မြို့ကို ဝိုင်း ထားသည် အမှုမှာ၊ မျက်နှာ ထား ၍ လက်ရုံး ကိုဆန့် လျက် ၊ မြို့ တဘက် ၌ ပရောဖက် ပြုရမည်။ ၈ ငါသည် သင့် ကို ချည်နှောင် ၍ ဝိုင်း ထားခြင်းအမှုကို ပြုရသော ကာလ မ စေ့ မီ၊ သင် သည် တဘက် မှ တဘက် သို့ မ စောင်း ရ။ ၉ ထို မှတပါး၊ ဂျုံ ဆန်၊ မုယော ဆန်၊ ပဲ ဆန်နှစ်မျိုးနှင့် ပြောင်းဆန်၊ ကောက် ဆန်တို့ကို ယူ၍ အိုး တလုံး ၌ ရောနှော လျက်ထားရမည်။ နံစောင်း တဘက်ဖြင့် အိပ် ရသော နေ့ရက် သုံးရာ ကိုးဆယ်ပတ်လုံး၊ ထို ရောနှောသောဆန်ကို မုန့် လုပ် ၍ စား ရမည်။ ၁၀ ထို မုန့် ကို တနေ့ တနေ့လျှင် အကျပ် နှစ်ဆယ် စီ ချိန် ၍ စား ရမည်။ ၁၁ ရေ ကိုလည်း တနေ့ တနေ့လျှင် တဗတ် စီခြင် ၍ သောက် ရမည်။ ၁၂ မုယော မုန့်ပြား ကို စားသကဲ့သို့စားအံ့သောဌ၊ လူ များရှေ့ တွင် လူ ၏မစင် နှင့် ဖုတ် ရမည်။ ၁၃ ထိုသို့ ငါနှင်ထုတ် ရာအရပ် ၊ တပါးအမျိုးသား တို့ နေရာ ၌ ၊ ဣသရေလ အမျိုး တို့သည် ညစ်ညူး သောမုန့် ကို စား ရကြမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ ငါကလည်း၊ အိုအရှင် ထာဝရဘုရား ၊ အကျွန်ုပ် သည် ညစ်ညူး ခြင်းသို့ မ ရောက်ပါသေး။ အလိုလို သေ သောအကောင်၊ သားရဲ ကိုက်၍ သေသောအကောင်၊ ရွံရှာဘွယ် သောအကောင်၏ အသား ကို ငယ် သော အသက်အရွယ်မှစ၍ ယခု တိုင်အောင် အကျွန်ုပ် သည် မ စား ပါဟု လျှောက် လျှင် ၊ ၁၅ လူ ၏မစင် အရာ ၌ နွား ချေး ကို ငါပေး ၏။ နွားချေးနှင့်သင့် မုန့် ကို ဖုတ် ရမည်ဟု မိန့် တော်မူ၏။ ၁၆ တဖန်တုံ ၊ အချင်းလူသား ၊ ယေရုရှလင် မြို့၌ မုန့် အထောက် အပင့်ကို ငါ ချိုး မည်။ မြို့သားတို့သည် မုန့် ကိုချိန် လျက် ၊ စိုးရိမ် သောစိတ် နှင့် စား ရကြမည်။ ရေ ကိုလည်း ခြင် လျက် ၊ မိန်းမော တွေဝေခြင်းနှင့် သောက် ရကြမည်။ ၁၇ မုန့် နှင့် ရေ ခေါင်းပါး သဖြင့် ၊ မြို့သားတို့သည် တညီတညွတ်တည်းမိန်းမော တွေဝေ၍ ၊ မိမိ တို့အပြစ် ကြောင့် ပိန်ကြဲ ခြင်းသို့ ရောက်ရကြမည်ဟု မိန့်တော်မူ၏။

၅ တဖန်တုံ ၊ အချင်းလူသား ၊ ထက် သောထား တည်းဟူသော၊ ဆတ္တာသည် ၏သင်တုန်း ကိုယူ ၍ ၊ ကိုယ် ဆံပင် နှင့် မုတ်ဆိတ် ကို ရိတ် ပြီးမှ ၊ ချိန်ခွင် နှင့် ချိန်၍ အစုစုခွဲ ထားလော့။ ၂ မြို့ ကို ဝိုင်း ထားရာ ကာလ စေ့ သောအခါ ၊ ဆံပင်နှင့် မုတ်ဆိတ်သုံးစု တစုကို မြို့ထဲမှာ မီးရှို့ လော့။ တစု ကိုထား နှင့် ခုတ် ဖြတ်လော့။ တစု ကို လေ တိုက်ရာ၌ လွှင့် လော့။ ငါသည်လည်း ထို အစုနောက် သို့ ထား ကိုလွှတ် လိုက်မည်။ ၃ အနည်းငယ် ကိုလည်း ယူ ၍ ကိုယ် အဝတ် နှင့် ထုပ် လော့။ ၄ ထိုအနည်းငယ်အချို့ကိုလည်း ယူ ပြန် ၍ မီးရှို့ လော့။ ထိုမီး သည် ဣသရေလ အမျိုး ကို နှံ့ ပြား လိမ့်မည်ဟု မိန့်တော်မူ၏။ ၅ တဖန် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ဤပုံသည် ယေရုရှလင် မြို့ဖြစ်၏။ ပတ်လည် ၌ ရှိသောတိုင်း ပြည်များတို့အလယ် မှာ ထိုမြို့ ကို ငါထား ၍ ၊ ၆ ပတ်လည် ၌ရှိသော တိုင်းသူ ပြည်သားတို့သည် ငါ ၏စီရင် ထုံးဖွဲ့ချက်ပညတ် တရားကို လွန်ကျူးသည်ထက်၊ ထိုမြို့သားတို့သည်သာ၍မတရားသဖြင့် လွန်ကျူးကြပြီ။ ထို ပညတ်တရားတော်လမ်းသို့ မ လိုက် ဘဲ ငြင်းပယ် ကြပြီ။ ၇ သို့ ဖြစ်၍ ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင် တို့သည် ပတ်လည် ၌ရှိသော တိုင်းသူ ပြည်သားတို့ ဆန့်ကျင်သည်ထက်၊ သာ၍ဆန့်ကျင်

သောကြောင့်၎င်း ၊ ငါ ၏စီရင် ချက်လမ်းသို့ မ လိုက် ၊ ငါ ၏ပညတ် တရား ကိုမ စောင့်ရှောက် ၊ ပတ်လည် ၌ရှိသော တိုင်းသူ ပြည်သားတို့၏ထုံးစံ ဓလေ့သို့လိုက်သောကြောင့်၎င်း ၊ ၈ ငါ သည်ကိုယ်တိုင် သင့် တဘက် ၌ နေ ၍ ၊ တပါး အမျိုးသား တို့ရှေ့ မှာ သင် ၌ အပြစ် ဒဏ်ကိုစီရင်မည်။ ၉ သင် ပြုဘူးသမျှ သောရွံရှာဘွယ် အမှုတို့ကြောင့် ၊ ငါမ စီရင် စဖူး၊ မ စီရင် လတံ့သော အပြစ် ဒဏ်ကို သင် ၌ စီရင် မည်။ ၁၀ သင် ၏အလယ် ၌ အဘ တို့သည် သား တို့ကို စား ကြလိမ့်မည်။ သား တို့သည်လည်း အဘ တို့ကိုစား ကြ လိမ့်မည်။ သင် ၌ အပြစ်ဒဏ် ကို စီရင် ၍ ၊ ကျန်ကြွင်း သမျှ ကို အရပ်ရပ် တို့က လာသောလေ ရှေ့မှာ ငါလွှင့် မည်။ ၁၁ ထိုကြောင့် ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက် ရှင်သည်အတိုင်း ၊ စက်ဆုပ် ရွံရှာဘွယ်သော အမှုအရာအပေါင်း တို့နှင့် ငါ ၏သန့်ရှင်း ရာ ဌာနကို သင်သည်ညစ်ညူး စေသောကြောင့် ၊ ငါ သည် လည်း သင့် ကိုမ နှမြော ၊ မ စုံမက် ဘဲမျက်နှာ လွှဲမည်။ ၁၂ သင် ၏သုံးစု တို့တွင် ၊ တစုသည်နာ ဘေးဖြင့် သေ ၍ ၊ သင် ၏အလယ် ၌ မွတ်သိပ် ခြင်းဘေးဖြင့် ဆုံး ရ လိမ့်မည်။ တစု သည်သင့် ပတ်လည် ၌ ထား ဘေးဖြင့် လဲ ၍ သေရလိမ့်မည်။ တစု ကိုအရပ်ရပ် တို့က လာသောလေ ရှေ့မှာငါလွှင့် ၍ ၊ သူ နောက် သို့ ထား ကို လွှတ် လိုက် မည်။ ၁၃ ထိုသို့ ငါအမျက်အလို ပြည့်စုံလိမ့်မည်။ ငါ့ ဒေါသ အရှိန် ကို သူ တို့အပေါ် မှာ တည်စေပြီးမှ၊ ငါ့ စိတ် ပြေ လိမ့်မည်။ သူ တို့ ၌ ငါ့ဒေါသ စိတ်အလို ကိုပြည့်စုံစေသောအခါ ၊ ငါ ထာဝရဘုရား သည် စိတ် အားကြီး၍ မိန့် တော်မူကြောင်း ကို သူတို့သိရ ကြလိမ့်မည်။ ၁၄ ထိုမှတပါး ၊ အနားမှာရှောက်သွား သမျှ သောသူတို့ ရှေ့ တွင် သင့် ကိုလူဆိတ်ညံ ရာ၊ ပတ်လည် ၌နေသော လူ အမျိုးမျိုးတို့၏ ကဲ့ရဲ့ ရာ ဖြစ် စေမည်။ ၁၅ ဒေါသအမျက်အရှိန်အားဖြင့်သင် ၌ ပြင်းစွာ သော အပြစ် ဒဏ်ကို ငါ စီရင် သောအခါ ၊ ပတ်လည် ၌ နေသော လူ အမျိုမျိုးတို့တွင် သင်သည် ကဲ့ရဲ့ ပြစ်တင်ရာ၊ သတိရရာ၊ အံ့သြဘွယ်ရာဖြစ် လိမ့်မည်။ ထိုသို့ငါ ထာဝရ ဘုရား မိန့် တော်မူ၏။ ၁၆ သင် တို့ကို ဖျက်ဆီး ခြင်းငှါ မွတ်သိပ် ခြင်း ဘေးတည်းဟူသော မြှား ဆိုးတို့ကို ငါလွှတ် လိုက်သောအခါ ၌ဌင်း ၊ သင် တို့တွင် မွတ်သိပ် ခြင်းဘေးကို တိုးပွါး စေ၍ ၊ မုန့် အထောက် အပင့်ကို ငါချိုး သောအခါ ၌ဌင်း ၊ ၁၇ သင် တို့ကို လုယက် နှိပ်စက်ရသောမွတ်သိပ် ခြင်း ဘေး၊ သားရဲ ဘေးကို ငါလွှတ် လိုက်၍ ၊ ထား ဘေးကိုလည်း ရောက် စေသဖြင့် ၊ နာ ဘေး၊ အသေ သတ်ခြင်းဘေးတို့ သည် လွှမ်းမိုး သောအခါ၌ဌင်း ထိုသို့ ဖြစ်လိမ့်မည်။ ထိုသို့ ငါ ထာဝရဘုရား သည် မိန့် တော်မူ၏။

၆ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ သင် သည် ဣသရေလ တောင် တို့ကို မျက်နှာ ပြု ၍ ၊ သူ တို့တဘက် ၌ ပရောဖက် ပြုလော့။ ၃ အိုဣသရေလ တောင် တို့၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ အရှင် ထာဝရဘုရား သည် တောင် ကြီး၊ တောင် ငယ်၊ မြစ် ၊ ချိုင့် တို့အား မိန့် တော်မူသည်ကား ၊ ငါ သည်ကိုယ်တိုင် သင် တို့အပေါ် သို့ ထား ကိုရောက် စေ၍ ၊ မြင့် သောအရပ်တို့ကို ဖြိုဖျက် မည်။ ၄ သင် တို့ယဇ် ပလ္လင်တို့သည် လူဆိတ်ညံ လိမ့်မည်။ နေရုပ်တု တို့သည် ကျိုးပဲ့ လိမ့်မည်။ ရုပ်တု ဆင်းတုတို့ရှေ့ မှာ သင် တို့၏သူရဲ များကို ငါလှဲ ချမည်။ ၅ ရုပ်တု ဆင်းတုတို့ရှေ့ မှာ ဣသရေလ အမျိုးသား အသေ

ကောင်များကို ချထား ၍ ၊ ယဇ် ပလ္လင်တို့ပတ်လည် ၌ သင် တို့အရိုး များကို ငါဖြန့်ကြဲ မည်။ ၆ သင် တို့နေရာ အရပ်ရပ် ၌ ရှိသောမြို့ တို့သည် ပြိုပျက် ၍ ၊ မြင့် သော အရပ်တို့သည် လူ ဆိတ်ညံလျက်၊ ယဇ် ပလ္လင်တို့သည်သုတ်သင် ပယ်ရှင်းလျက် ၊ ရုပ်တု ဆင်းတုအမျိုးမျိုးတို့သည် ခုတ်လဲ ချိုးဖဲ့ ခြင်းကိုခံရလျက် ၊ သင် တို့လုပ် သော အရာတို့သည် ပျောက်ပျက် လျက်ရှိကြလိမ့်မည်။ ၇ သင် တို့အလယ် ၌ သူရဲ တို့သည် လဲ ၍ သေကြလိမ့်မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြ လိမ့်မည်။ ၈ သို့သော်လည်း ၊ သင် တို့သည် အပြည်ပြည် သို့ ကွဲပြား ကြသောအခါ ၊ လူ အမျိုးမျိုးတို့၏ထား နှင့် လွတ် သော သူအချို့ရှိ စေခြင်းငှါ အကျန် အကြွင်းကို ငါထား မည်။ ၉ ငါ့ ကိုစွန့် ပစ်၍ မှားယွင်း တတ်သော နှလုံး ကိုငင်း၊ ရုပ်တု ဆင်းတုတို့နှင့် မှားယွင်းလိုသဖြင့်လိုက်၍ ကြည့် သော မျက်စိ တို့ကိုငင်းငါပယ်ဖျက် သောအခါ ၊ လွတ် သောသူတို့သည်သိမ်းသွား ခြင်းကိုခံရာအပြည်ပြည် တို့ ၌ ငါ့ ကိုအောက်မေ့ ကြလိမ့်မည်။ ပြု မိသမျှ သောစက်ဆုပ် ရွံရှာဘွယ်အမှုတို့ကြောင့် ကိုယ်ကိုကိုယ်ရွံရှာကြ လိမ့်မည်။ ၁၀ ထိုသို့ သောအပြစ် ဒဏ်ကို ငါပေး မည်ဟု၊ ငါ ထာဝရဘုရား သည် အချည်းနှီး မိန့် တော်မူသည် မ ဟုတ် ကြောင်း ကို သိ ရကြလိမ့်မည်။ ၁၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဣသရေလ အမျိုး ပြုမိသမျှ သော ရွံရှာဘွယ်အမှုဆိုး တို့ ကြောင့် ၊ အမင်္ဂလာရှိပါသည်တကားဟုဆိုလျက်၊ လက်ခုပ် တီးလော့။ ခြေ နှင့် ဆောင့်လော့။ အကြောင်း မူကား ၊ သူတို့သည်ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ နာ ဘေး တို့ ဖြင့် လဲ ၍ သေကြလိမ့်မည်။ ၁၂ ဝေး သောသူသည် နာ ဘေးဖြင့် သေ လျက် ၊ နီး သောသူသည် ထား ဘေးဖြင့် ဆုံး လျက် ၊ ထိုဘေးမှ လွတ်၍ ကျန်ကြွင်း သောသူသည်လည်း မွတ်သိပ် ခြင်း ဘေးဖြင့် သေ လျက် ၊ သူ တို့ ၌ ငါ ၏ ဒေါသအရှိန် ပြည့်စုံ လိမ့်မည်။ ၁၃ ရုပ်တု ဆင်းတုအပေါင်း တို့အား နံ့သာပေါင်း ကို ပူဇော် ရာအရပ် ၊ ယဇ် ပလ္လင်များပတ်လည် ၊ မြင့် သောကုန်း ၊ တောင်ထိပ် ရှိသမျှ တို့အပေါ် ၊ စိမ်း သောသစ်ပင်၊ အရိပ် ကောင်းသော သပိတ်ပင် ရှိသမျှတို့အောက်၌၊ ရုပ်တု ဆင်းတုတို့တွင် သူရဲတို့သည်လဲ၍ သေလျက်ရှိ ကြသောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြ လိမ့်မည်။ ၁၄ သူ တို့အပေါ် မှာ ငါ သည်လက် ကိုဆန့် ၍ ၊ ဒိဗလတ် မြို့နှင့် ဆိုင်သော လွင်ပြင် ထက်၊ သူ တို့နေ လေရာရာ ပြည် ကိုသာ၍ လူဆိတ်ညံ ရာ၊ အုံသြဘွယ် ရာဖြစ် စေ သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြ လိမ့်မည်ဟု မိန့်တော်မူ၏။

၇ နောက် တဖန် ထာဝရဘုရား ၏နှုတ်ကပတ် တော် သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ အရှင် ထာဝရဘုရား သည် ဣသရေလ ပြည်သား တို့ကို ရည်မှတ်၍ မိန့် တော်မူသည်ကား ၊ ပြည် လေး ထောင့် တို့သည် ဆုံး ခြင်းသို့ ရောက် ကြ၏။ ၃ သင် သည် ဆုံး ခြင်းသို့ရောက်၍ သင့် အပေါ် သို့ ငါ ၏အမျက် ကို ငါလွှတ် လိုက်မည်။ သင် ၏အကျင့် နှင့် အလျောက်ငါစီရင် မည်။ သင် ပြုမိသမျှ သော ရွံရှာဘွယ် အမှုတို့၏ အကျိုးအပြစ်ကို ဆပ် ပေးမည်။ ၄ ငါသည် နှမြောစုံမက်ခြင်းမ ရှိဘဲ သင့် အကျင့် တို့၏ အကျိုးအပြစ်ကို ဆပ် ပေးမည်။ သင် ပြုမိသော ရွံရှာဘွယ် အမှုတို့သည် သင် ၏အလယ် ၌ တည် ကြလိမ့်မည်။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကိုသင်သိ ရလိမ့်မည်။ ၅ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဘေး တခု နောက်တခု ရောက် လာ၏။ ၆ ဆုံး

ခြင်းဘေးရောက် လာ၏။ ဆုံး ခြင်းဘေး ရောက် လာ၏။ သင့် ကို စောင့် လျက် ရောက် လာ၏။ ၇ အိုပြည် တော်သား၊ သင်သည် အလှည့်ခံရသောအချိန်ရောက်လာ၏။ အချိန် စေ့ ပြီ။ ရွှင်လန်းစွာ ကြွေးကြော် ခြင်းမရှိရဘဲ၊ ရုန်းရင်းခတ်ခြင်း အမှုကိုပြုရသောနေ့ နီး ပြီ။ ၈ ငါသည် မ ကြာမမြင့်မီသင် ၏ အပေါ် သို့ ငါ ၏ ဒေါသအရှိန်ကို သွန်းလောင်း မည်။ သင်၌ ငါ့ အမျက် အလိုကို ပြည့်စုံ စေမည်။ သင် ၏အကျင့် အတိုင်း စီရင် မည်။ သင် ပြုမိသမျှ သော ရွံရှာဘွယ် အမှုတို့၏အကျိုး အပြစ်ကိုဆပ် ပေးမည်။ ၉ နှမြော စုံမက်ခြင်းမ ရှိဘဲ၊ သင့် အကျင့် တို့၏ အကျိုးအပြစ်ကို ဆပ် ပေးမည်။ သင် ပြုမိသောရွံရှာဘွယ် အမှုတို့သည် သင် ၏အလယ် ၌ တည် ကြလိမ့်မည်။ ငါ ထာဝရဘုရား သည် ဒဏ် ပေးကြောင်း ကို သိ ရကြ လိမ့်မည်။ ၁၀ နေ့ရက် ရောက် လာ၏။ ရောက် လာ၏။ အလှည့် ခံရချိန်စေ့ ပြီ။ တံဖျာ ပွင့် ပြီ။ မာန ကြီးပွား ပြီ။ ၁၁ ညှဉ်းဆဲ ခြင်းအမြစ်မှ အပြစ် တံဖျာ ပေါက် လေပြီ။ သူ တို့အစည်း အဝေး၊ သူ တို့ပရိသတ် တစုံတယောက်မျှ မ ကျန်ကြွင်းရ။ သူ တို့အဘို့ ငိုကြွေး မြည်တမ်းခြင်းကို မ ပြုရ။ ၁၂ အချိန် စေ့ ပြီ။ နေ့ရက် နီး ပြီ။ ဝယ် သောသူသည် ဝမ်း မ မြောက်စေနှင့်။ ရောင်း သောသူသည် စိတ်မသာ၊ မ ညည်းတွား စေနှင့်။ အကြောင်း မူကား၊ ထိုလူ အစုအဝေးအပေါင်း တို့အပေါ် မှာ အမျက် တော်သည် တည်လျက် ရှိ၏။ ၁၃ ရောင်း သောသူသည် အသက်လွတ်လျက် ရှိသော်လည်း၊ ရောင်း သော မြေသို့ ပြန် ၍ မ လာရ။ ထို လူ အစုအဝေးအပေါင်း တို့နှင့်ဆိုင် သော ဗျာဒိတ် ရူပါရုံ သည် မပြည့်စုံဘဲမနေရ။ မ တရားစွာကျင့်သောအားဖြင့် အဘယ်သူမျှမ တည် နိုင်ရ။ ၁၄ စစ် ခင်းကျင်းစေခြင်းငှါတံပိုး ကို မှုတ် ကြသော်လည်း ၊ အဘယ်သူမျှ စစ်ချီ ၍ မသွား ။ အကြောင်း မူကား၊ ငါ့ အမျက် သည် ထို လူ အစုအဝေးအပေါင်း တို့အပေါ် မှာ တည်လျက်ရှိ၏။ ၁၅ ပြင် ၌ ကား ထား ရှိ၏။ အတွင်း ၌ ကားနာ ခြင်း၊ မွတ်သိပ် ခြင်းရှိ၏။ လယ်ပြင် တွင် ရှိသော သူ သည် ထား ဖြင့် သေ လိမ့်မည်။ မြို့ ထဲ တွင်ရှိသောသူ သည် လည်း နာ ခြင်း၊ မွတ်သိပ် ခြင်း အားဖြင့် ဆုံး လိမ့်မည်။ ၁၆ သို့ရာတွင် လွတ် သောသူတို့သည် လွတ် သောအခါ ၊ အသီးအသီး မိမိ တို့အပြစ် ကြောင့် စိတ် မသာ ညည်းတွားလျက် ၊ ချိုင့် သားချိုး ကဲ့သို့ တောင် ပေါ် မှာ ရှိ ကြ လိမ့်မည်။ ၁၇ ထိုသူရှိသမျှ တို့သည် လက် အားလျော့ ၍ ၊ ဒူး သည်လည်း အရည် ဖြစ် လိမ့်မည်။ ၁၈ သူတို့သည်လည်း လျှော်တေ အဝတ်ကို ဝတ် စည်းလျက် ၊ ပြင်းစွာသော ထိတ်လန့် ခြင်းနှင့် ကိုယ် ကို ခြုံ လျက်၊ တယောက်မျှမကြွင်း၊ မျက်နှာ ရှက်ကြောက် လျက် ၊ ဆံပင် ဖြတ်လျက် ရှိကြလိမ့်မည်။ ၁၉ သူ တို့ငွေ ကို လမ်း သို့ ပစ် ၍ ၊ ရွှေ ကိုညစ်ညူး သော အရာကဲ့သို့ မှတ်ကြလိမ့်မည်။ ထာဝရဘုရား အမျက်ထွက် တော်မူသောကာလ ၌၊ သူ တို့ ရွှေ ငွေ သည် သူ တို့ကို ကယ်တင် ခြင်းငှါ မ တတ်နိုင် ။ သူ တို့အလို ဆန္ဒကို မ ဖြေ နိုင်။ ဝ စွာမ ကျွေးနိုင်။ အကြောင်းမူကား၊ ထိုရွှေငွေသည် သူ တို့ထိမိ ၍မှားယွင်းခြင်းအကြောင်း ဖြစ် သတည်း။ ၂၀ သူ တို့ ၌ တင့်တယ် သောတန်ဆာ အားဖြင့်သူတို့ မာန ကို တိုးပွါးစေ၍၊ သူ တို့ ၌ စက်ဆုပ် ဘွယ်သော ရုပ်တု ဆင်းတုတို့ကိုငင်း ၊ ရွံရှာဘွယ် သော အရာတို့ကိုငင်းလုပ် ကြသောကြောင့် ၊ ထိုတန်ဆာကို ညစ်ညူး သောအရာ ဖြစ်စေ ခြင်းငှါငါစီရင် မည်။ ၂၁ တပါး အမျိုးသားတည်းဟူသောအမမွ လူတို့ သည် လုယူ ဖျက်ဆီးစေခြင်းငှါ သူတို့လက် သို့ ငါအပ် သဖြင့် ၊ သူတို့သည် ညစ်ညူး စေကြလိမ့်မည်။ ၂၂ ငါ လည်း မျက်နှာ

လွဲ သည်ဖြစ်၍ ၊ သူတို့သည် ငါ ၏ သန့်ရှင်းရာဌာနကို ညစ်ညူးစေကြလိမ့်မည်။ ထားပြ တို့သည် ဝင် ၍ ညစ်ညူး စေကြလိမ့်မည်။ ၂၃ သံကြိုး ကိုလုပ် လော့။ အကြောင်း မူကား၊ ပြည် သည် လူအသက် ကို သတ်ခြင်းအပြစ်နှင့်ပြည့် ၏။ မြို့ သည်လည်း ညှင်းဆဲ နှိပ်စက်ခြင်းနှင့် ပြည့် ၏။ ၂၄ ထိုကြောင့် ၊ ကြမ်းကြုတ် သော လူမျိုး တို့ကို ငါဆောင် ခဲ့၍ ၊ သူ တို့သည် အိမ် များကို သိမ်းယူ ကြလိမ့် မည်။ ခွန်အားကြီး သောသူတို့၏ မာန ကို ငါငြိမ်း စေမည်။ သူ တို့သန့်ရှင်း သောအရပ်တို့သည် ညစ်ညူး ခြင်း ရှိကြလိမ့်မည်။ ၂၅ ပျက်စီး ခြင်းဘေးလာ ၏။ သူတို့သည် ငြိမ်ဝပ် ခြင်း ကို ရှာ ၍ မ တွေ့ရကြ။ ၂၆ ဘေး တခုနောက်တခု၊ သိတင်း တခုနောက်တခု ပေါ် လာလိမ့်မည်။ ပရောဖက် ထံမှာ ဗျာဒိတ် ရူပါရုံကို ရှာ သော်လည်း မရကြ။ ယဇ် ပုရောဟိတ်တို့သည် တရား ဟော သောအခွင့်၊ အသက်ကြီး သောသူတို့ သည် အကြံ ပေးသောအခွင့်ကို မ ရဘဲနေ ကြလိမ့်မည်။ ၂၇ ရှင် ဘုရင်သည် ညည်းတွား မြည်တမ်းလိမ့်မည်။ မင်းသား သည် မှိုင်တွေ ခြင်းအဝတ် ကို ဝတ်ရ လိမ့်မည်။ ပြည်သူ ပြည်သားတို့၏ လက် တို့သည် တုန်လှုပ် ကြလိမ့်မည်။ သူ တို့ကျင့် ကြသည်အတိုင်း သူ တို့ ၌ ငါပြု မည်။ သူ တို့စီရင် ကြသည်အတိုင်း ငါပြန် ၍ စီရင်မည်။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၈ သက္ကရာဇ် ခြောက် ခု၊ ဆဋမ လ ၊ ငါး ရက်နေ့တွင် ၊ ငါ သည်ကိုယ် အိမ် ၌ ထိုင် ၍ ၊ ယုဒ အမျိုးအသက်ကြီး သူတို့ သည် ငါ ရှေ့မှာ ထိုင် ကြစဉ်၊ အရှင် ထာဝရဘုရား ၏ လက် တော်သည် ငါ့ အပေါ် သို့ သက်ရောက် လေ၏။ ၂ ထိုအခါ ငါကြည့်ရှု ၍ ၊ မီး အရောင် ကဲ့သို့သော ပုံ သဏ္ဌာန်သည် ထင်ရှား ၏။ ခါး သဏ္ဌာန် မှ သည်အောက် ပိုင်း၌ မီး အရောင်ကဲ့သို့ငင်း ၊ အထက် ပိုင်း၌ ဟရှမေလ ရွှေအရောင်ကဲ့သို့ ၎င်း ထင်ရှား ၏။ ၃ လက် သဏ္ဌာန် ကိုဆန့် ၍ ငါ ၏ဆံပင် တစုကို ကိုင် လျက် ၊ ဝိညာဉ် တော်သည် ငါ့ ကိုမြေ နှင့် မိုဃ်း ကောင်းကင် ကြား မှာ ချီကြွ ၍ ၊ အမျက် တော်ကို နှိုးဆော်သော ရုပ်တု ပလ္လင်ရှိရာ ယေရုရှလင် မြို့မြောက် မျက်နှာ အတွင်း တံခါးဝ သို့ ၊ ဘုရားသခင် ၏ဗျာဒိတ် တော်ရူပါရုံအားဖြင့် ငါ့ ကိုဆောင်သွား ၏။ ၄ လွင်ပြင် ၌ အရင်ငါမြင် ဘူးသော ဗျာဒိတ် ရူပါရုံ ကဲ့သို့ ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ဘုန်း တော်သည် ထင်ရှား ၏။ ၅ အချင်းလူသား ၊ မြောက် လမ်း သို့ မျှော်ကြည့် လော့ဟု မိန့် တော်မူသည်အတိုင်း ၊ မြောက် လမ်း သို့ ငါမျှော် ကြည့်၍ ၊ မြောက် မျက်နှာ၊ ယဇ် ပလ္လင်တံခါးဝ ၌ အမျက် တော်ကို နှိုးဆော်သော ရုပ်တု ရှိ၏။ ၆ တဖန်တုံ ၊ အချင်းလူသား ၊ ငါ သည် ငါ ၏ သန့်ရှင်း ရာဌာနနှင့် ဝေး စွာသွားစေခြင်းငှါ သူ တို့ပြု ကြ သောအမှု ၊ ဤ အရပ်၌ ဣသရေလ အမျိုး ပြု သော၊ အလွန် စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကို မြင် ပြီလော ။ တဖန် လှည့် ၍သွားဦးလော့။ သာ၍ ကြီး သော ရွံရှာဘွယ် အမှု တို့ကို မြင် လိမ့်မည်ဟု မိန့် တော်မူလျက်၊ ၇ တန်တိုင်း တံခါးဝ သို့ ငါ့ ကိုဆောင်သွား ၍ ငါ ကြည့်ရှု သောအခါ ၊ တန်တိုင်း ရိုး၌ အပေါက် ကို မြင် လေ ၏။ ၈ တဖန်တုံ အချင်းလူသား ၊ တန်တိုင်း ရိုးကို တူး လော့ဟု မိန့် တော်မူသည်အတိုင်း ၊ ငါသည်တူး ပြီးမှ တံခါးဝ ကို မြင် လေ၏။ ၉ ဝင် လော့။ ၌ အရပ်၌ ပြု ကြသော စက်ဆုပ် ရွံရှာဘွယ်အမှုဆိုး တို့ကို ကြည့်ရှု လော့ဟု မိန့် တော်မူသည်အတိုင်း ၊ ၁၀ ငါသည် ဝင် ၍ ကြည့်ရှု သောအခါ ၊ တန်တိုင်း ရိုး အတွင်းပတ်လည်၌၊ တွား တတ်သော

အကောင်မှစ၍ ရဲရွာဘွယ် သော တိရစ္ဆာန် အမျိုးမျိုး နှင့် ၊ ကျသရေလ အမျိုး ကိုးကွယ်သော ရုပ်တုဆင်းတုရှိသမျှတို့၏ ပုံသဏ္ဌာန်သည် ရေးထားလျက်ရှိ၏။ ၁၁ သူ တို့ရှေ့မှာ ကျသရေလ အမျိုး အသက်ကြီး သူ ခုနှစ် ကျိပ်တို့နှင့်တကွ ၊ ယာဧည သား ရှာဖန် သည် သူ တို့ အလယ် ၌ ရပ် ၍ ၊ ထိုသူအပေါင်းတို့သည် အသီးအသီး လင်ပန်း ကို ကိုင်လျက်၊ နံ့သာပေါင်းကို မီးရှို့ကြသဖြင့်၊ မီးခိုးသည် ထူထပ်စွာတက် လေ၏။ ၁၂ တဖန်တုံ ၊ အချင်းလူသား ၊ ကျသရေလ အမျိုး အသက်ကြီး သူ အသီးအသီး တို့သည် မှောင်မိုက် ထဲမှာ ပုံရေးသော အခန်းတို့ ၌ ပြုသောအမှုကိုမြင်ပြီလော။ သူတို့က၊ ထာဝရဘုရားမမြင်။ ထာဝရဘုရား သည် မြေကြီး ကို စွန့်ပစ်လေပြီဟု ဆိုကြ၏။ ၁၃ တဖန် လှည့် ၍ သွားဦးလော့။ သူတို့ပြု သောအမှုတို့တွင် သာ၍ကြီးစွာ သော စက်ဆုပ် ရဲရွာဘွယ်အမှုတို့ကို မြင် လိမ့်မည်ဟု မိန့် တော်မူလျက် ၊ ၁၄ ဗိမာန် တော်မြောက် တံခါးဝ သို့ ဆောင်သွား ၍ ၊ ထို အရပ်၌ မိန်းမ တို့သည် တမ္မုဇနတ် အဘို့ ငိုကြွေး လျက် ထိုင်ကြ၏။ ၁၅ အချင်းလူသား ၊ ထို အမှုကိုမြင် ပြီလော ။ တဖန် လှည့် ၍သွားဦးလော့။ ထိုမျှမက သာ၍ကြီးစွာသော စက်ဆုပ် ရဲရွာဘွယ်အမှုတို့ကို မြင် လိမ့်မည်ဟု မိန့်တော်မူလျက်၊ ၁၆ ထာဝရဘုရား ၏အိမ် တော်အတွင်း တန်တိုင်းထဲသို့ ဆောင်သွား ၍ ၊ ဗိမာန် တော်တံခါး ၊ ဗိမာန် တော်ဦးနှင့် ယဇ် ပလ္လင်ကြား မှာ၊ လူ နှစ်ကျိပ် ငါး ယောက်တို့သည် ဗိမာန် တော်ကို ကျောခိုင်း လျက် ၊ အရှေ့ သို့ မျက်နှာ ပြုလျက် ၊ အရှေ့ မျက်နှာ၌ နေ ကို ကိုးကွယ် ကြ၏။ ၁၇ တဖန်တုံ ၊ အချင်းလူသား ၊ ထိုအမှုကို မြင် ပြီ လော ။ ယုဒ အမျိုး သည် ဤ အရပ်၌ စက်ဆုပ် ရဲရွာဘွယ်အမှုတို့ကို ပြု သောအပြစ်ပေါ့ သလော ။ သူတို့သည် အဓမ္မ မှုဖြင့် တပြည်လုံး ကို ပြည့် စေ၍ ငါ၏အမျက်ကို အထပ်ထပ် နှိုးဆော်ကြပြီ။ သစ်ခက် ကိုလည်း မိမိ တို့နှာခေါင်းဝ ၌ ကပ် ၍ကိုင်ကြ၏။ ၁၈ ထိုကြောင့် ၊ ငါ သည် နှမြော စုံမက်ခြင်းမရှိဘဲ ငါ ၏အမျက် ကို လွှတ် လိုက်မည်။ သူတို့သည် ကျယ် သော အသံ နှင့်အော်ဟစ်၍ တောင်းလျှောက်သော်လည်း၊ ငါသည် နား မ ထောင်ဟု မိန့်တော်မူ၏။

၉ ဖျက်ဆီး သော လက်နက် ကို အသီးအသီး ကိုင် လျက် ၊ ဤမြို့ ခံရသောဒဏ်တို့ကို အနီးသို့ဆောင် ခဲ့ကြလော့ ဟု ကျယ် သောအသံ နှင့် ခေါ် တော်မူသည်ကို ငါ ကြား ၏။ ၂ ထိုအခါ လူ ခြောက် ယောက်တို့သည် အသီးအသီး ကွပ်မျက် စရာ လက်နက် ကို ကိုင် လျက် ၊ တယောက် သည်လည်း ၊ ပိတ် အဝတ်ကိုဝတ် ၍ နံ ပါး၌ မှင်အိုး ပါလျက်၊ မြောက် မျက်နှာ ဘက် အထက် တံခါး လမ်း ဖြင့် ဝင် ၍ ၊ ကြေးဝါ ပလ္လင် အနား မှာရပ် နေကြ၏။ ၃ ကျသရေလ အမျိုး၏ဘုရားသခင် ဘုန်း တော် သည် ကျိုန်းဝပ်ရာ ခေရုဗိမ် မှ အိမ် တော်တံခါး ခုံသို့ တက် ၍၊ ပိတ် အဝတ်ကိုဝတ်လျက်၊ နံပါး ၌ မှင်အိုး ပါသောသူ ကို ခေါ် ၍ ၊ ၄ ထာဝရဘုရား က၊ ယေရုရှလင် မြို့အလယ် ၌ ရှောက်သွား လော့။ မြို့ ထဲ၌ ပြု သမျှ သော စက်ဆုပ် ရဲရွာဘွယ်အမှုတို့ကြောင့် ၊ ညည်းတွား ငိုကြွေး သောသူ တို့၏ နဖူး ကို ထိုး မှတ်လော့ဟူ၍ငင်း ၊ ၅ အခြားသောသူတို့ အားလည်း၊ ထိုသူ နောက် မြို့ ထဲ၌ ရှောက်သွား ၍ ဒဏ်ခတ် ကြလော့။ နှမြော စုံမက်ခြင်းမရှိကြနှင့်။ ၆ အသက်ကြီး သောသူ၊ အသက် ငယ်သောသူ၊ အပျိုမ ၊ သူငယ် ၊ မိန်းမ တို့ကို ရှင်းရှင်းသတ် ကြလော့။ သို့ရာတွင် ၊ အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။ ငါ၏ သန့်ရှင်းရာဌာန၌ အဦးပြုကြလော့ဟု မိန့်တော်မူသည် ကို

ငါကြား၏။ သူတို့သည်လည်း၊ အိမ်တော်ရှေ့မှာရှိသော အသက်ကြီးသူတို့ကို ရှေ့ဦးစွာသတ်ကြ၏။ ၇ တဖန်တုံ ၊ အိမ်တော်ကိုညစ်ညူး စေ၍ ၊ ကွပ်မျက်သော သူအသေ ကောင်တို့နှင့် တန်တိုင်း များကို ပြည့် စေပြီးမှ၊ ထွက်သွား ကြလော့ဟု မိန့် တော်မူသည် အတိုင်း ၊ သူတို့သည်ထွက် ၍ မြို့ ထဲ၌ ကွပ်မျက် ကြ၏။ ၈ ထိုသို့ သူ တို့သည် ကွပ်မျက် ကြသောအခါ ၊ ငါ နေရစ် စဉ်တင်ပြပ်ဝပ် ၍ ၊ အိုအရှင် ထာဝရဘုရား ၊ ယေရုရှလင် မြို့အပေါ် သို့ အမျက် တော်ကို သွန်းလောင်း ၍ ၊ ကျန်ကြွင်း သမျှ သောကျသရေလ အမျိုးကို ဖျက်ဆီး တော်မူ မည်လော ဟု ကြွေးကြော် ၍ လျှောက် လေ၏။ ၉ ထာဝရဘုရားကလည်း၊ ကျသရေလ အမျိုး နှင့် ယုဒ အမျိုး၏အပြစ် သည် အလွန် တရာကြီး ၏။ တပြည်လုံး သည် လူအသက်ကိုသတ်ခြင်းအပြစ်နှင့်ပြည့် ၏။ မြို့ သည်လည်း ဖောက်ပြန် ခြင်း အပြစ်နှင့်ပြည့် ၏။ သူတို့က၊ ထာဝရဘုရား သည် မြေကြီး ကို စွန့်ပစ် လေပြီ။ ထာဝရဘုရား မမြင် ဟု ဆို ကြ၏။ ၁၀ ထိုကြောင့် ၊ ငါ သည် နှမြော စုံမက်ခြင်းမ ရှိဘဲ၊ သူ တို့အကျင့် တို့၏ အကျိုးအပြစ်ကို သူ တို့ခေါင်း ပေါ် သို့ သက်ရောက် စေမည်ဟု ငါ့အား မိန့်တော်မူ၏။ ၁၁ ပိတ်အဝတ်ကို ဝတ် ၍ နံပါး ၌ မှင်အိုး ပါသောသူ ကလည်း၊ ကိုယ်တော် မှာ ထားတော်မူသည်အတိုင်း အကျွန်ုပ်ပြု ပါပြီဟု ပြန်လျှောက် လေ၏။

၁၀ တဖန် ငါကြည့်ရှု ၍ ၊ ခေရုဗိမ် ၏ခေါင်း တို့ အထက် မိုယံး မျက်နှာကြက်၌ နီလာ ကျောက် ကဲ့သို့ ၊ ရာဇ ပလ္လင် ၏ သဏ္ဌာန် အရောင် သည် ထင်ရှား ၏။ ၂ ပိတ် အဝတ်ကိုဝတ် သောသူ အား လည်း ၊ ရထား ဘီး တို့အကြား မှာ ခေရုဗိမ် အောက် သို့ ဝင် လော့။ ခေရုဗိမ် အကြား မှာရှိသော မီးခဲ တို့ကို လက် နှစ်ဘက်နှင့် ကျုံးပြီးလျှင် ၊ မြို့ အပေါ် မှာ ဖြန့်ကြဲ လော့ဟု မိန့်တော်မူသည် အတိုင်း၊ ထိုသူသည် ငါ့ မျက်မှောက် ၌ သွား ၏။ ၃ ဝင် သောအခါ ခေရုဗိမ် တို့သည် အိမ် တော် လက်ျာ ဘက်မှာ ရပ် ၍ ၊ အတွင်း တန်တိုင်း သည် မိုယံးတိမ် နှင့် ပြည့် ၏။ ၄ ထာဝရဘုရား ၏ ဘုန်းတော်သည် ခေရုဗိမ် အပေါ် က အိမ် တော်တံခါး ခုံအထက်သို့ တက် ရွှေ့၍ ၊ အိမ် တော်သည် မိုယံးတိမ် နှင့် ပြည့် ၏။ တန်တိုင်း သည် လည်း ၊ ထာဝရဘုရား ၏ ဘုန်း တော်အရောင် နှင့်ပြည့် ၏။ ၅ အနန္တ တန်ခိုးရှင်ဘုရားသခင် မိန့် မြွက်တော်မူသော အသံ ကဲ့သို့ ခေရုဗိမ် အတောင် တို့၏ အသံ ကို ကြား ရ၏။ ၆ ပိတ် အဝတ်ကိုဝတ် သောသူ အားလည်း၊ ရထား ဘီး အကြား ထဲက မီး ကိုယူ လော့ဟု မိန့် တော်မူသောအခါ ၊ ထိုသူသည်ဝင် ၍ ဘီး တို့အနား ၌ ရပ် နေ၏။ ၇ ခေရုဗိမ် တပါးသည် ခေရုဗိမ် စုထဲက လက် ကို ဆန့် ၍ ၊ ခေရုဗိမ် အကြား မှာရှိသော မီး ကိုယူ ပြီးလျှင် ၊ ပိတ် အဝတ်ကို ဝတ် သောသူလက် ၌ ထည့် ၏။ ထိုသူလည်း ခံယူ ၍ ထွက်သွား ၏။ ၈ ခေရုဗိမ် အတောင် အောက် ၌ လူ လက် ကိုလည်း ငါမြင် ၏။ ၉ ငါကြည့်ရှု ၍ ၊ ခေရုဗိမ် တို့အနား မှာ ရထားဘီး တခု စီရှိ၏။ ဘီး တို့သည် ကျောက် မျက်ရွဲ၏ အဆင်း အရောင် ရှိ၏။ ၁၀ ဘီး လေး ခုတို့သည်ပုံသဏ္ဌာန် တညီ တည်းရှိ၍၊ ဘီး တခုထဲ ၌ ဘီး တခုတပ်သကဲ့သို့ ရှိ ကြ၏။ ၁၁ သွား သောအခါ ဘီး လေး မျက်နှာ တညီတည်း နေ၍၊ မ လှည့် ဘဲ သွား တတ်ကြ၏။ ခေါင်း မျက်နှာ ပြုသော ဘက် သို့လိုက် ၍ မ လှည့် ဘဲ သွား ကြ၏။ ၁၂ ဘီး လေး ခုနှင့်တကွခေရုဗိမ်လေးပါးတို့သည် ကျော ၊ လက် ၊ အတောင် မှစ၍ တကိုယ်လုံး ၌ မျက်စိ နှင့်ပြည့် ကြ၏။ ၁၃ ထို ဘီး တို့ကို စကြာ ဟူသောအမည်ဖြင့်

သမုတ် သည်ကို ငါ ကြား ၏။ ၁၄ ခေရုဗိမ် တို့သည် မျက်နှာ လေး ခုစီရှိ၍၊ ပဌမ မျက်နှာ သည်ခေရုဗိမ်မျက်နှာ ၊ ဒုတိယ မျက်နှာ သည် လူ မျက်နှာ ၊ တတိယ မျက်နှာသည် ခြင်္သေ့ မျက်နှာ ၊ စတုတ္ထ မျက်နှာသည် ရွှေလင်းတ မျက်နှာ ဖြစ်၏။ ၁၅ ထိုခေရုဗိမ် တို့သည် ခရီကြွ လျက် ရှိကြ၏။ ဤ သည်ကား၊ ခေဇာ မြစ် နား မှာ ငါမြင် ဘူးသော သတ္တဝါ ပေတည်း။ ၁၆ ခေရုဗိမ် တို့သည် သွား သောအခါ ဘီး တို့သည် ထက်ကြပ်လိုက် ကြ၏။ ခေရုဗိမ် တို့သည် မြေကြီး မှ တက် အံ့သောငှါ အတောင် တို့ကို ဖြန့် သောအခါ ၊ ဘီး တို့ သည် မ ကွာ ဘဲလိုက်ကြ၏။ ၁၇ သူ တို့ရပ် သောအခါ ဘီးတို့သည်ရပ် ကြ၏။ သူ တို့သည် မြေကြီး နှင့် ကွာ ၍ တက် သောအခါ ၊ ဘီးတို့သည်လည်း ထက်ကြပ်လိုက်၍ တက် ကြ၏။ အကြောင်း မူကား၊ သတ္တဝါ ၏ ဝိညာဉ် သည် ဘီးတို့ ၌ရှိ၏။ ၁၈ ထိုအခါ ထာဝရဘုရား ၏ ဘုန်း တော်သည် အိမ် တော်တံခါး ခုံမှ ရွှေ့ ၍ ခေရုဗိမ် အပေါ် မှာ တည် လေ ၏။ ၁၉ ထိုခေရုဗိမ် တို့သည် ငါ့ မျက်မှောက် ၌ အတောင် တို့ကို ဖြန့် ပြီးလျှင် ၊ မြေကြီး နှင့် ကွာ၍ တက် ကြ၏။ ပြင်သို့ ထွက် သောအခါ ဘီး တို့သည် လိုက်ကြ၏။ ထာဝရဘုရား ၏ အိမ် တော်ရှေ့ တံခါးဝမှာ ရပ် ၍ ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ဘုန်း တော်သည် သူ တို့အပေါ် မှာ တည်လျက် ရှိ၏။ ၂၀ ဤ သည်ကား၊ ခေဇာ မြစ် နား မှာ ဣသရေလ အမျိုး၏ ဘုရားသခင့် အောက် ၌ ငါမြင် ဘူးသော သတ္တဝါ ပေတည်း။ ခေရုဗိမ် ဖြစ်သည်ကို လည်း ငါသိ ၏။ ၂၁ သူ တို့သည် မျက်နှာ လေး ခုစီ ၊ အတောင် လေး လုံး စီ ရှိ၍၊ အတောင် အောက် ၌ လူ လက် သဏ္ဌာန် ရှိ၏။ ၂၂ မျက်နှာ ပုံ ကား ၊ ခေဇာ မြစ် နား မှာ ငါမြင် ဘူး သော မျက်နှာ နှင့်တူ၏။ ကိုယ် အဆင်း အရောင်လည်း တူ၏။ ထို သူလေးပါးတို့သည် တည့်တည့် သွား တတ်ကြ၏။

၁၁ ထိုနောက် ဝိညာဉ် တော်သည် ငါ့ ကိုချီ ၍ ၊ အရှေ့ ဘက်သို့ မျက်နှာ ပြုသော ထာဝရဘုရား ၏ အိမ် တော် အရှေ့ တံခါး သို့ ဆောင်သွား ၍ ၊ တံခါးဝ ၌ လူ နှစ်ကျိပ် ငါး ယောက်ရှိ၏။ သူ တို့တွင် မင်း ပြုသောသူ၊ အာဇုရ သား ယာဇနိ ၊ ဗေနာယ သား ပေလတိ တို့ကို ငါမြင် ၏။ ၂ ဗျာဒိတ် တော်အသံကား ၊ အချင်းလူသား ၊ ဤ သူတို့သည် မ ကောင်းသောအကြံကို ကြံစည် ၍ ၊ ဤ မြို့ ၌ မ တရားသော တိုင်ပင် ခြင်းကို ပြု သောသူဖြစ်ကြ၏။ ၃ သူတို့က၊ အမှုမ ရောက်သေး။ အိမ် ဆောက် ကြကုန်အံ့။ ဤ မြို့သည် အိုးကင်း ၊ ငါ တို့သည် အမဲသား ဖြစ်သည်ဟု ဆို တတ်ကြ၏။ ၄ သို့ ဖြစ်၍ အိုလူသား ၊ သူ တို့တဘက် ၌ ပရောဖက် ပြု၍ ဟောပြောလော့ဟု မိန့်တော်မူ၏။ ၅ ထိုအခါ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ငါ့ အပေါ် သို့ သက်ရောက် ၍ ၊ သင်သည် ဟောပြော လော့။ ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အိုဣသရေလ အမျိုး ၊ သင်တို့သည် ဤသို့ပြောဆို ကြပြီ။ သင် တို့ကြံစည် သမျှတို့ကို ငါ သိ ၏။ ၆ သင် တို့သည် ဤ မြို့ ၌ သူရဲ တို့ကို များပြား စေ၍ ၊ မြို့ လမ်း တို့ကို သူရဲ များနှင့်ပြည့် စေကြပြီ။ ၇ ထိုကြောင့် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင် တို့ထား သော သူရဲ တို့သည် အမဲသား ဖြစ်၏။ ဤ မြို့သည် အိုးကင်း ဖြစ်၏။ သို့သော်လည်း ၊ သင် တို့ကို မြို့ ထဲ က ငါထုတ် မည်။ ၈ သင်တို့သည် ထား ကို ကြောက် သည်ဖြစ်၍ ၊ ငါ သည် ထိုထား ကို သင် တို့အပေါ် သို့ရောက် စေမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၉ ငါသည် သင် တို့ကိုမြို့ ထဲ က ထုတ် ပြီးလျှင် ၊ တ ကျွန်းတနိုင်ငံသား တို့၏လက် သို့ အပ် ၍ အပြစ် ဒဏ်ကို စီရင် မည်။ ၁၀ သင်တို့သည် ထား ဖြင့် ဆုံးရှုံး ကြ၍ ၊

ကျသရေလ ပြည်စွန်း မှာ ငါ စစ်ကြော စီရင်သဖြင့် ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြလိမ့်မည်။ ၁၁ ဤ မြို့သည် သင် တို့၏ အိုး ကင်းမ ဖြစ် ရ၊ သင် တို့သည်လည်း ၊ အိုး ကင်း၌ အမဲသား မဖြစ် ရကြ။ ကျသရေလ ပြည်စွန်း မှာ ငါစစ်ကြော စီရင်သဖြင့် ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြလိမ့်မည်။ ၁၂ အကြောင်း မူကား၊ သင်တို့သည် ငါ ၏တရား လမ်းသို့ မ လိုက် ၊ ငါ့ စီရင် ချက်တို့ကို မ စောင့် ၊ သင် တို့ပတ်လည် ၌နေသော လူမျိုး တို့၏ ထုံးစံ ဓလေ့တို့ကို လိုက် ကြပြီဟု မိန့်တော်မူ၏။ ၁၃ ထိုဗျာဒိတ်တော်စကားကို ငါ သည်ဆင့်ဆို ၍ ဟောပြော စဉ်တွင် ၊ ဗေနာယ သား ပေလတိ သည် သေ ၏။ ငါသည်လည်း ပြပ်ဝပ် ၍ ၊ အိုအရှင် ထာဝရဘုရား ၊ ကျန်ကြွင်း သော ကျသရေလ အမျိုးသားတို့ကို ဆုံးရှုံး စေတော်မူမည်လောဟု ကျယ် သောအသံ နှင့် ကြွေးကြော် ၏။ ၁၄ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၁၅ အချင်းလူသား ၊ ယေရုရှလင် မြို့သူ မြို့သားတို့က၊ ထာဝရဘုရား ထံ တော်မှ ဝေး စွာထွက်သွားကြလော့။ ဤ ပြည် ကိုငါ တို့အား အပိုင် ပေး တော်မူပြီဟု သင် ၏ ညီအစ်ကို ၊ သင် ၏အမျိုးသား ချင်း၊ ကျသရေလ အမျိုးသား အပေါင်း တို့အား ဆို တတ်ကြ၏။ ၁၆ ထိုကြောင့် ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင်၏အမျိုးသားချင်းတို့ကို တပါးအမျိုးသားတို့ နေရာဝေးသောအရပ်သို့ ငါပြောင်းစေ၍၊ အတိုင်းတိုင်း အပြည်ပြည်တို့ ၌ ဖြန့်ကြဲ သော်လည်း ၊ သူတို့ ရောက် သော ပြည် တို့ ၌ ငါသည်သူ တို့အဘို့ သန့်ရှင်း ရာဌာနကဲ့သို့ ခဏ ဖြစ် လိမ့်မည်။ ၁၇ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သူ တို့ ကို ဖြန့်ကြဲ သော လူ အမျိုးမျိုးနေရာအတိုင်းတိုင်း အပြည်ပြည်တို့မှ ငါသိမ်းယူ ၍ ၊ စုဝေး ပြီးလျှင် ၊ ကျသရေလ ပြည် ကိုပေး မည်။ ၁၈ သူတို့သည် ထို ပြည်သို့ ရောက် ၍ ၊ စက်ဆုပ်ရွံရှာဘွယ် သော အမှုအရာရှိသမျှ တို့ကို ပယ်ရှား ကြလိမ့်မည်။ ၁၉ ငါသည်လည်း၊ ညီညွတ် သော စိတ်နှလုံး နှင့် အသစ် သောသဘော ကို သွင်း ပေးမည်။ သူတို့ကိုယ်ခန္ဓါ ထဲက ကျောက် နှလုံး ကို နှုတ် ၍ ၊ အသား နှလုံး ကိုပေး သောကြောင့် ၊ ၂၀ သူတို့သည် ငါစီရင်ထုံးဖွဲ့သော ပညတ်တရား လမ်းသို့လိုက်၍ စောင့်ရှောက် သဖြင့် ၊ ငါ ၏ လူ ဖြစ် ကြ လိမ့်မည်။ ငါ သည်လည်း သူ တို့၏ ဘုရားသခင် ဖြစ် မည်။ ၂၁ သို့မဟုတ်လျှင်၊ စက်ဆုပ်ရွံရှာဘွယ်သော အမှု အရာတို့၏ အလိုသို့ စိတ် နှလုံးအားဖြင့် လိုက်သောသူတို့ ၏ အပြစ်ကို၊ သူ တို့၏ခေါင်း ပေါ် သို့ ငါရောက် စေမည် ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၂ ထိုအခါ ခေရုဗိမ် တို့သည် အတောင် တို့ကို ဖြန့် ၍ ၊ ဘီး တို့သည်လည်း လိုက်ကြ၏။ ကျသရေလ အမျိုး၏ ဘုရားသခင့် ဘုန်း တော်သည်လည်း သူ တို့အပေါ် ၌ ရှိတော်မူ၏။ ၂၃ ထာဝရဘုရား ၏ ဘုန်း တော်သည် မြို့ ထဲက တက် ၍ ၊ မြို့ အရှေ့ မှာ ရှိသော တောင် ပေါ် ၌ ရပ် တော်မူ၏။ ၂၄ ဝိညာဉ် တော်သည်လည်း ၊ ဘုရားသခင် ၏ ဗျာဒိတ် ရူပါရုံအားဖြင့် ငါ့ ကိုချီ ၍ သိမ်းသွား သောသူတို့ နေရာ၊ ခါလဒဲ ပြည်သို့ ဆောင်သွား တော်မူ၏။ ငါမြင် ခဲ့ပြီး သော ဗျာဒိတ် ရူပါရုံသည်လည်း ငါနှင့်ကွာ၍ တက်သွား၏။ ၂၅ ထာဝရဘုရား ပြ တော်မူခဲ့ပြီးသော အမှု အရာ ရှိသမျှ တို့ကို ငါ သည်သိမ်းသွား ခြင်းကိုခံရသောသူတို့ အား ကြားပြော လေ၏။

၁၂ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ သင် သည်ပုန်ကန် တတ်သော အမျိုး ထဲမှာ နေ ၏။ သူ တို့သည် မြင် ရသောမျက်စိ ရှိသော်လည်း မ မြင် တတ်။ ကြား ရသောနား ရှိသော်လည်း မ ကြား တတ်။ ပုန်ကန် တတ်သော အမျိုး ဖြစ်ကြ၏။ ၃ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ အခြားသို့ ပြောင်း သွားခြင်းငှါ ဥစ္စာ ပရိက်ံများကို ပြင်ဆင် ၍ ၊ နေ့ အချိန်၌ သူ တို့မျက်မှောက် တွင် ပြောင်း သွားလော့။ သူ တို့မျက်မှောက် တွင် အခြား တပါးသို့ နေရာ ပြောင်း လော့။ ပုန်ကန် တတ်သော အမျိုး ဖြစ်သော်လည်း ၊ သတိရ ကောင်းရကြ လိမ့်မည်။ ၄ နေရာပြောင်းစရာဘို့ ပြင်ဆင်သော ဥစ္စာ ပရိက် များကဲ့သို့ ၊ သင် ၏ ဥစ္စာပရိက်ံများကို နေ့ အချိန်၌ သူ တို့ မျက်မှောက် တွင် ထုတ် ရမည်။ သိမ်းသွားခြင်းကို ခံရသောသူကဲ့သို့ ၊ ည အချိန်၌ သူ တို့မျက်မှောက် တွင် ထွက်သွား ရမည်။ ၅ သူ တို့မျက်မှောက် ၌ အုတ်ရိုး ကိုတူးဖောက် ၍ ၊ ဥစ္စာ ပရိက်ံများကို ထုတ် သွားလော့။ ၆ ညဦးယံ အချိန်၌ သူ တို့မျက်မှောက် တွင် ပခုံး ပေါ် မှာထမ်း ၍ ထုတ် ရမည်။ မြေ ကိုမ မြင် ရအောင် မျက်နှာ ကိုဖုံး ရမည်။ အကြောင်း မူကား၊ သင့် ကို ဣသရေလ အမျိုး အား နိမိတ် လက္ခဏာဖြစ်စေခြင်းငှါ ငါခန့်ထား ပြီဟု မိန့်တော်မူသည်အတိုင်း၊ ၇ ငါသည် သိမ်းသွားခြင်းကို ခံရသောသူ၏ ဥစ္စာပရိက်ံများကဲ့သို့ ၊ ငါ ၏ ဥစ္စာပရိက်ံများကို နေ့ အချိန်၌ ထုတ် ၍ ၊ ည အချိန်၌ အုတ်ရိုး ကို ကိုယ်လက် နှင့် တူးဖော် ပြီးမှ၊ ညဦးယံ အချိန်၌ သူ တို့မျက်မှောက် တွင် ပခုံး ပေါ် မှာ ထမ်း သွား၏။ ၈ နံနက် အချိန်၌ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍ ၊ ၉ အချင်းလူသား ၊ ပုန်ကန် တတ်သော ဣသရေလ အမျိုး က၊ သင် သည်အဘယ် သို့ပြု သနည်းဟု သင့် အား မေး သည်ရှိသော်၊ ၁၀ အရှင် ထာဝရ ဘုရား၏ အမိန့် တော်ကို ဆင့်ဆို ရ မည်။ ဤဗျာဒိတ်တော်သည် ယေရုရှလင် မြို့ကို အစိုးရ သော မင်း မှစ၍၊ ထိုမြို့၌ရှိသောဣသရေလ အမျိုးသား အပေါင်း တို့နှင့် ဆိုင်ပေ၏။ ၁၁ ငါ သည်သင် တို့၏ နိမိတ် လက္ခဏာဖြစ်၏။ ငါပြု သကဲ့သို့ သင်တို့သည် ပြု ရကြလိမ့်မည်။ နေရာပြောင်း၍ သိမ်းသွားခြင်းကိုခံရကြလိမ့်မည်။ ၁၂ သင်တို့၏ မင်း သည်လည်း ၊ မိမိ ပခုံး ၌ ထမ်း ၍ ညဦးယံ အချိန်၌ ထုတ် သွားရလိမ့်မည်။ ထုတ် သွားစရာဘို့ အုတ်ရိုး ကို တူးဖော် ရလိမ့်မည်။ မြေ ကိုမ မြင် ရအောင် မျက်နှာ ကိုဖုံး ရလိမ့်မည်။ ၁၃ ထိုမင်း ကိုလည်း ငါ ၏ပိုက်ကွန် နှင့် အုပ် ၍ ၊ ငါ ၏ ကျော့ကွင်း ၌ ကျော့မိ စေသည်။ ခါလဒဲ ပြည် ဗာဗုလုန် မြို့သို့ ဆောင်သွား မည်။ ထို မြို့၌ သေ ရသော်လည်း မြို့ကို မ မြင် ရ။ ၁၄ သူ ကိုမစ ခြင်းငှါဝိုင်း သောသူ တို့နှင့် တပ်သား အပေါင်း တို့ကို အရပ်ရပ် သို့ ဖြန့်ကြဲ မည်။ သူ တို့နောက် ၌ လည်း ထား ကို လွှတ် လိုက်မည်။ ၁၅ လူ အမျိုးမျိုးတို့တွင် ကွဲပြား စေ၍ ၊ အတိုင်းတိုင်း အပြည်ပြည်သို့ ဖြန့်ကြဲ သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိရ ကြလိမ့်မည်။ ၁၆ သို့ရာတွင် ၊ ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ကာလနာ ဘေးတို့နှင့် လွတ်၍၊ ငါကျန်ကြွင်း စေသော သူ အချို့ တို့သည် မိမိ တို့ပြုဘူးသော စက်ဆုပ် ရွံရှာဘွယ်အမှုရှိသမျှ တို့ကို၊ နောက်ရောက်သော တပါး အမျိုးသားနေရာပြည်တို့ ၌ ဘော်ပြ ကြလိမ့်မည်။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိရ ကြလိမ့်မည်ဟု မိန့်တော်မူ ၏။ ၁၇ တဖန်ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍ ၊ ၁၈ အချင်းလူသား ၊ တုန်လှုပ် လျက် အစာ ကို စား လော့။ တုန်လှုပ် လျက် ၊

သတိ ပြုလျက် ရေ ကိုသောက် လော့။ ၁၉ အရှင် ထာဝရဘုရား သည် ကျသရေလ ပြည် ၊ ယေရှုရှလင် မြို့သား တို့ကို ရည်မှတ်၍ မိန့်တော်မူသောစကားကို ဆင့်ဆိုရမည်မှာ၊ သူတို့သည် သတိပြုလျက် အစာကို စား ရကြမည်။ မိန်းမော တွေဝေလျက် ရေ ကို သောက် ရကြမည်။ ထိုသို့ သောအားဖြင့်၊ ပြည်သူ ပြည်သားအပေါင်း တို့ပြုသောအဓမ္မအမှုကြောင့်၊ ကျသရေလပြည် သည် မိမိ ပြည့်စုံခြင်းနှင့် ကင်းလွတ်ရလိမ့်မည်။ ၂၀ လူနေ သောမြို့ တို့သည်လည်း ပျက်စီး ၍ ၊ တပြည်လုံး ဆိတ်ညံ လျက် ရှိ ရလိမ့်မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြလိမ့်မည်ဟု မိန့်တော်မူ ၏။ ၂၁ တဖန်ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍ ၊ ၂၂ အချင်းလူသား ၊ နေ့ရက်ကာလရွေ့လျက်ရှိ၍၊ ခပ်သိမ်းသော ဗျာဒိတ်ရူပါရုံလည်း ပျက်ကြပြီဟု၊ ကျသရေလ ပြည် ၌ သုံး တတ်သော စကားပုံ ကား အဘယ် သို့နည်း။ ၂၃ သို့ ဖြစ်၍ ၊ အရှင် ထာဝရ ဘုရား၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ထို စကားပုံ ကို ငါပျောက် စေမည်။ နောက် တဖန် ကျသရေလ အမျိုးခ်ဳ မသုံးရကြ။ နေ့ရက်ကာလနီးပြီ။ ခပ်သိမ်း သော ဗျာဒိတ် ရူပါရုံလည်း ပြည့်စုံ ကြလိမ့်မည်ဟု ပြောလော့။ ၂၄ နောက် တဖန် ကျသရေလ အမျိုး ၌ အချည်းနှီး သောရူပါရုံ မ ရှိ ရ။ ချော့မော့ စွာ ပရောဖက် ပြုခြင်းလည်း မရှိရ။ ၂၅ ငါ သည် ထာဝရဘုရား ဖြစ်၏။ ငါပြော လျှင် ၊ ပြော သည်အတိုင်း ပြည့်စုံ လိမ့်မည်။ ပြည့်စုံ ချိန်လည်း မ ရွေ့ရ။ အချင်းပုန်ကန် တတ်သောအမျိုး ၊ သင် တို့လက်ထက် ၌ ငါပြော မည်။ ပြော သည်အတိုင်းလည်း ပြည့်စုံ စေမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၆ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂၇ အချင်းလူသား ၊ ကျသရေလ အမျိုးသား တို့က၊ သူ မြင် သော ဗျာဒိတ် ရူပါရုံသည် ဝေးသေး၏။ ဝေး သေး သောကာလ ကို ရည်မှတ်၍ ဟော တတ်သည်ဟု ပြောဆို ကြ၏။ ၂၈ သို့ ဖြစ်၍ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆိုရမည်မှာ၊ ငါ ၏စကား ပြည့်စုံချိန်မ ရွေ့ရ။ ငါပြော သည်အတိုင်း လည်း ပြည့်စုံ စေမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၁၃ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ ကိုယ်အလိုအလျောက်ပရောဖက် ပြု၍ ဟောပြောတတ်သော ကျသရေလ အမျိုး ပရောဖက် တို့တဘက် ၌ ဟောပြော လော့။ ထာဝရဘုရား ၏ အမိန့် တော်ကိုနားထောင် ကြဟု သူ တို့အား ပြော လော့။ ၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အဘယ်အရာကိုမျှ မ မြင် ဘဲ၊ ကိုယ် စိတ် အလိုသို့ လိုက် တတ်သော ပရောဖက် မိုက် တို့သည် အမင်္ဂလာ ရှိကြ၏။ ၄ အိုကျသရေလ အမျိုး၊ သင် ၏ပရောဖက် တို့သည် တော ၌ နေ သောမြေခွေး နှင့် တူ ကြ၏။ ၅ ကျသရေလ အမျိုး သည် ထာဝရဘုရား ၏ နေ့ ရောက်မှစ်တိုက် ၍ ခံ နိုင်မည်အကြောင်း ၊ သူတို့သည် မြို့ရိုး ပျက် အပေါ် သို့တက် ၍၊ ပြုပြင် ခြင်းအမှုကို မ ပြုဘဲ နေကြ၏။ ၆ အချည်းနှီး သောအရာကို မြင် ကြပြီ။ ထာဝရဘုရား စေလွှတ် တော်မ မူဘဲ၊ ထာဝရဘုရား မိန့် တော်မူသည် ဟုဆို လျက်၊ လှည့်စား ၍ ပရောဖက် ပြုကြပြီ။ ကိုယ်စကား ပြည့်စုံ မည်ဟု သူတပါးယုံစေခြင်းငှါပြုကြပြီ။ ၇ ငါ မ ပြော ဘဲ ထာဝရဘုရား မိန့် တော်မူသည်ဟု သင်တို့ဆို လျက် ၊ အချည်းနှီး သော အရာကိုမြင် ကြပြီ မ ဟုတ်လော ။ လှည့်စား ၍ ပရောဖက် ပြုကြပြီ မဟုတ် လော။ ၈ ထိုကြောင့်

အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင် တို့သည် အချည်းနှီး သော စကားကို ပြော ၍ မုသာ ရူပါရုံကိုမြင် သောကြောင့် ငါ သည် သင် တို့တဘက် ၌ နေ၏။ ၉ အချည်းနှီး သော အရာကိုမြင် ၍ မုသာ စကားကို ဟောပြော တတ်သော ပရောဖက် တို့ကို ငါ ဆီးတားသဖြင့်၊ သူတို့သည် ငါ ၏ပရိသတ် စည်းဝေး ရာသို့ မ ဝင် ရကြ။ ဣသရေလ အမျိုး ၏ စာရင်း ၌ သူတို့အမည် ကို မ သွင်းရ။ ဣသရေလ ပြည် ၌ နေရာ မ ချရ။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြလိမ့်မည်။ ၁၀ ငြိမ်သက် ခြင်းမ ရှိသော်လည်း ၊ ငြိမ်သက် ခြင်း ရှိသည်ဟု သင်တို့ဆို လျက် ၊ ငါ ၏လူ တို့ကို လှည့်စား သောကြောင့် ၎င်း ၊ တယောက်ကား အုတ်ရိုး ကိုတည် လျက် ၊ တယောက်ကားအင်္ဂတေ နှင့်မွမ်းမံ လျက်ပြုသောကြောင့်၎င်း ၊ ၁၁ ထိုအုတ်ရိုးသည်ပြိုလဲ မည်ဟု အင်္ဂတေ နှင့်မွမ်းမံ သောသူတို့အား ပြော လော့။ မိုဃ်းရေ လွှမ်းမိုး လိမ့်မည်။ ကြီးစွာသော မိုဃ်းသီး ကျ လိမ့်မည်။ မိုဃ်းသက် မုန်တိုင်းတိုက်ဖျက် လိမ့်မည်။ ၁၂ ထိုအုတ်ရိုး သည်ပြိုလဲ ပြီးမှ ၊ သင်တို့မွမ်းမံ သော အင်္ဂတေ သည် အဘယ် မှာရှိသနည်းဟု သင် တို့အား သူတပါးမေး လိမ့်မည်မ ဟုတ်လော ။ ၁၃ ထိုကြောင့် ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ငါ သည် အမျက် ထွက်၍ ၊ သင်တို့အုတ်ရိုးကို မိုဃ်းသက် မုန်တိုင်းအားဖြင့်တိုက်၍ ဖျက် မည်။ ငါ ၏ ဒေါသ အရှိန်ကြောင့် မိုဃ်းရေ လွှမ်းမိုး ၍ ၊ ကြီးစွာသော မိုဃ်းသီး နှင့် ဆုံး စေမည်။ ၁၄ ထိုသို့သင်တို့သည် အင်္ဂတေ နှင့် မွမ်းမံ သော အုတ်ရိုး ကို မြေ တိုင်အောင် ငါဖြိုချ ၍ အမြစ် ကိုလှန် သဖြင့် ၊ အုတ်ရိုးသည်လဲ ၍ ဖိမိလျက်၊ သင်တို့သည် အသက် ဆုံးကြ လိမ့်မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို ထိုအခါ သိရ ကြလိမ့်မည်။ ၁၅ ထိုသို့ အုတ်ရိုး ၌ ၎င်း ၊ အင်္ဂတေ နှင့် မွမ်းမံ သောသူတို့ ၌ ၎င်း ၊ ငါ သည်ကိုယ်အမျက် ကို ဖြေ မည်။ အုတ်ရိုး မ ရှိဟူ၍၎င်း ၊ အင်္ဂတေ နှင့် မွမ်းမံသောသူတည်းဟူသော၊ ၁၆ ငြိမ်သက် ခြင်းမ ရှိသောအခါ ယေရုရှလင် မြို့ အဘို့ ငြိမ်သက် ခြင်း ရူပါရုံ ကို မြင် ၍ ဟောပြော သော ဣသရေလ ပရောဖက် များမရှိကြဟူ၍၎င်း ၊ သူတို့အား ငါပြောမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ ထိုမှတပါး၊ အချင်းလူသား ၊ ကိုယ် အလို အလျောက်ပရောဖက် ပြုသောသင် ၏ အမျိုးသမီး တို့ တဘက် ၌ မျက်နှာ ပြု ၍၊ ၁၈ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဟောပြော ဆင့်ဆိုရမည်မှာ၊ အသက် ဝိညာဉ်တို့ကို ဘမ်း ခြင်းငှါ ခပ်သိမ်း သောသူတို့ ၏နံပါး၌ ခေါင်းအုံး ကိုထည့် ၍ ၊ လူအကြီးအငယ်တို့ခေါင်း ပေါ် မှာ ဦးထုပ် တို့ကို တင်ထား သောမိန်းမတို့သည် အမင်္ဂလာ ရှိကြ၏။ ငါ့ လူ တို့၏ အသက် ဝိညာဉ်ကို ဘမ်း ၍ ၊ ကိုယ်အသက် ဝိညာဉ်ကို သေ ခြင်းမှ ကယ်ချွတ်ကြလိမ့်မည်လော။ ၁၉ မုယော ဆန်တလက် ဆွမ်းနှင့် မုန့် တဖဲ့ ကို ရ အံ့သောငှါ ၊ ငါ ၏လူ တို့တွင် ငါ့ ကိုရွှတ်ချ ကြလိမ့်မည်လော။ မုသာ စကားကို နားထောင် တတ်သော ငါ ၏လူ တို့အား မုသာ စကားကို ပြောသောအားဖြင့် ၊ မ သေ အပ်သောသူ တို့ ၏ အသက် ကိုသတ် ၍ ၊ မ ရှင် အပ်သောသူ တို့ကို အသက် ချမ်းသာ ပေးကြလိမ့်မည်လော။ ၂၀ ထိုကြောင့် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သင် တို့သည် အသက် ဝိညာဉ်တို့ကို ရအောင် ဘမ်း လျက် ၊ သုံးတတ်သောခေါင်းအုံး တို့ကို ငါ သည် ရန်ဘက် ပြု၍ သင် တို့နံပါး မှ ဆွဲနှုတ် ပြီးလျှင် ၊ သင် တို့ရအောင် ဘမ်း သော အသက် ဝိညာဉ်တို့ကို ငါလွှတ် လိုက်မည်။ ၂၁ သင် တို့ ဦးထုပ် တို့ကိုလည်း ငါဆုတ် ၍ ၊ ငါ ၏ လူ တို့ကို သင် တို့လက် မှ ကယ်နှုတ် မည်။

နောက် တဖန် သူတို့သည် အဘမ်း ခံ၍၊ သင် တို့လက် သို့ မ ရောက် ရကြ။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြ လိမ့်မည်။ ၂၂ ငါ မ ညှိုးငယ် စေသော လူကောင်း တို့ကို သင်တို့သည် မုသာ စကားအားဖြင့် ညှိုးငယ် စေသောကြောင့် ၎င်း ၊ လူဆိုး တို့သည် ဆိုး သောလမ်း ကို မ ရှောင် စေခြင်းငှါအသက် ချမ်းသာပေး၍၊ သူတို့ကိုခိုင်မာ စေသောကြောင့် ၎င်း ၊ ၂၃ နောက် တဖန်သင်တို့သည် အချည်းနှီး သော အရာကိုမ မြင် ရကြ။ ပရောဖက် ပြု၍ မ ဟော ရကြ။ ငါ ၏ လူ တို့ကိုသင် တို့လက် မှ ငါကယ်နှုတ် မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြလိမ့်မည်ဟု မိန့်တော်မူ ၏။

၁၄ ဣသရေလ အမျိုးအသက်ကြီး သူ အချို့တို့သည် လာ ၍ ငါ့ ရှေ့မှာ ထိုင် ကြ၏။ ၂ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍ ၊ ၃ အချင်းလူသား ၊ ဤ လူ တို့သည် ကိုယ် စိတ် နှလုံး၌ ကိုယ် ရုပ်တု များကို တည်ထောင် ၍ ၊ ကိုယ် မျက်နှာ ရှေ့မှာ ကိုယ် ဒုစရိုက် သစ်တုံး ကို ထား ကြပြီ။ သူ တို့ မေးလျှောက် ခြင်းကို ငါခံရ မည်လော ။ ၄ ထိုကြောင့် ၊ အရှင် ထာဝရ ဘုရား၏ အမိန့် တော် ကို သူ တို့အား ဆင့်ဆို ရမည်မှာ၊ အကြင်ဣသရေလ အမျိုးသား သည် ကိုယ် စိတ်နှလုံး ၌ ကိုယ် ရုပ်တု တို့ကို တည်ထောင် ၍ ၊ ကိုယ် မျက်နှာ ရှေ့မှာ ကိုယ် ဒုစရိုက် သစ်တုံး ကို ထား လျက် ပရောဖက် ထံသို့ ရောက် လာ၏၊ ထိုသူ ၌ရုပ်တု များပြား သည်နှင့်အညီ ငါပြန်ပြော မည်။ ၅ ထိုသို့ သောအားဖြင့်၊ ဣသရေလ အမျိုး ကို သူ တို့ စိတ် သဘောရှိသည်နှင့်အညီငါဘမ်း မည်။ ထို သူအပေါင်း တို့သည် မိမိ တို့ရုပ်တု များကြောင့် ငါ နှင့် ကွာဝေး ကြပြီ။ ၆ ထိုကြောင့် ၊ အရှင် ထာဝရဘုရား ၏အမိန့် တော် ကို ဣသရေလ အမျိုး အား ဆင့်ဆို ရမည်မှာ၊ နောင်တ ရ၍ ရုပ်တု တို့ကို ကြဉ်ရှောင် ကြလော့။ သင် တို့ပြုသမျှ သော စက်ဆုပ် ရွံရှာဘွယ်အမှုတို့မှ မျက်နှာ လွှဲ ကြလော့။ ၇ ငါ နှင့် ကွာ ပြီးလျှင် ၊ ကိုယ် စိတ်နှလုံး ၌ ကိုယ် ရုပ်တု များကို တည်ထောင် ၍ ၊ ကိုယ် မျက်နှာ ရှေ့မှာ ကိုယ် ဒုစရိုက် သစ်တုံး ကို ထား လျက်ပင်၊ ငါ့ အလိုကို မေးမြန်း ခြင်းငှါ ၊ ပရောဖက် ထံသို့ လာ သော ဣသရေလ အမျိုးသား ဖြစ်စေ ၊ ဣသရေလ အမျိုး၌ တည်း နေသော တပါး အမျိုးသား ဖြစ်စေ၊ ငါ ထာဝရဘုရား သည် ကိုယ် အလိုအလျောက်ပြန်ပြော သဖြင့် ၊ ၈ ထိုသူ တဘက် ၌ငါ သည်မျက်နှာ ထား ၍ သူ့ ကို နိမိတ် ဖြစ် စေမည်။ စကားပုံ လည်း ဖြစ်စေမည်။ ထိုသူကို ငါ ၏လူ တို့အထဲ မှ ပယ်ရှား မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြလိမ့်မည်။ ၉ ပရောဖက် သည်ဟောပြော ၍ မှားယွင်း လျှင် ၊ ထို ပရောဖက် ကို ငါ ထာဝရဘုရား မှားယွင်း စေ၏။ ထိုသူ ကိုငါ သည် ဒဏ်ခတ် ၍ ၊ ငါ ၏လူ ဣသရေလ အမျိုးထဲမှ ပယ်ရှား မည်။ ၁၀ သူတို့သည်လည်း အပြစ် နှင့် အလျောက်ဒဏ်ခံရကြမည်။ ပရောဖက် ခံရ သောဒဏ် သည် ပရောဖက်ကို ဆည်းကပ် သောသူခံရသောဒဏ်နှင့်တူရလိမ့်မည်။ ၁၁ ထိုသို့ ဖြစ်လျှင်၊ နောက် တဖန် ဣသရေလ အမျိုး သည် ငါ့ ကို မစွန့်ပစ်၊ လမ်း မ လွှဲ၊ မှားယွင်းခြင်း အပြစ် ရှိသမျှ တို့နှင့် နောက် တဖန်မ ညစ်ညူး ဘဲ၊ ငါ ၏လူ ဖြစ် ရကြ လိမ့်မည်။ ငါ သည်လည်း သူ တို့၏ဘုရားသခင် ဖြစ် မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ တဖန် ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၁၃ အချင်းလူသား ၊ ပြည် သားတို့သည် အထပ်ထပ် လွန်ကျူး၍ ငါ့ ကို ပြစ်မှား သောကြောင့်

၊ ငါ သည်လက် ကို ဆန့် ၍ မုန့် အထောက် အပင့်ကို ချိုး သဖြင့် ၊ အစာ အာဟာရ ကို ခေါင်းပါးစေ၍၊ ထိုပြည်မှ လူ နှင့် တိရစ္ဆာန် တို့ကို ပယ် ဖြတ်လျှင် ၊ ၁၄ နောဧ ၊ ဒံယေလ ၊ ယောဘ ၊ ဤ သုံး ယောက်ရှိ သော်လည်း ၊ ကိုယ် ဖြောင့်မတ် ခြင်းအားဖြင့် ကိုယ် အသက် ဝိညာဉ်ကိုသာ ကယ်နှုတ် ရသောအခွင့်ရှိကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ သားရဲ တို့သည် ပြည် ၌ ပေါ် လာ၍ ဖျက်ဆီး သောကြောင့် ၊ အဘယ်သူ မျှမနေနိုင်သဖြင့် လူဆိတ်ညံ လျှင် ၊ ၁၆ ထို သူ သုံး ယောက်ရှိသော်လည်း၊ ငါ ၏အသက်ရှင် သည်အတိုင်း ကိုယ်သားသမီး ကို မ ကယ်နှုတ် ရ။ ကိုယ်တိုင် သာချမ်းသာ ရကြ၍ ၊ ပြည် သည် လူဆိတ်ညံ လျက် ရှိ ရ လိမ့်မည်။ ၁၇ သို့မဟုတ် ၊ အိုထား ၊ ထို ပြည် ကိုလုပ်ကြံလော့ဟု ငါဆို လျက် ၊ ထား ဘေးကို ရောက် စေသောကြောင့်၊ လူ နှင့် တိရစ္ဆာန် တို့ကို ပယ်ဖြတ် လျှင် ၊ ၁၈ ထို သူ သုံး ယောက်ရှိသော်လည်း ၊ ငါ အသက်ရှင် သည်အတိုင်း ကိုယ်သားသမီး ကိုမ ကယ် မနှုတ်ရ၊ ကိုယ်တိုင် သာချမ်းသာ ရကြလိမ့်မည်။ ၁၉ သို့မဟုတ် ၊ ထို ပြည် ၌ ကာလနာ ကို ငါစေလွှတ် သောကြောင့် ၊ လူ နှင့် တိရစ္ဆာန် ၏ အသက် ကို သတ်ဖြတ်ပယ်ရှင်းခြင်းငှါ ငါ ၏ ဒေါသအရှိန်ကို သွန်းလောင်း လျှင်၊ ၂၀ နောဧ ၊ ဒံယေလ ၊ ယောဘ တို့ရှိသော်လည်း ၊ ငါ အသက်ရှင် သည် အတိုင်းကိုယ်သားသမီး ကို မ ကယ် မနှုတ်၊ ကိုယ် ဖြောင့်မတ် ခြင်းအားဖြင့် ကိုယ် အသက် ဝိညာဉ်ကိုသာ ကယ်နှုတ် ရကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၁ ထိုကြောင့် ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ယေရုရှလင် မြို့၌ လူ နှင့် တိရစ္ဆာန် တို့ကို ပယ်ဖြတ် ခြင်းငှါ ထား ဘေး၊ မွတ်သိပ် ခြင်းဘေး၊ ဖျက်ဆီးတတ်သောသားရဲဘေး၊ ကာလနာဘေးတည်းဟူသော၊ အလွန်ဆိုးသော ဘေးလေးပါးတို့ကို ငါစေလွှတ်သောအခါ ။ ထိုမျှမက လွှတ်ခဲလိမ့်မည်မဟုတ်လော။ ၂၂ သို့ရာတွင် ၊ လွတ် ၍ ထွက်မြောက် ရသောအကျန် အကြွင်းသားသမီး အချို့ရှိကြလိမ့်မည်။ သူ တို့ သည် သင် တို့ရှိရာသို့ ထွက်လာ၍ ၊ ကျင့်ကြံ ပြုမူသော အမှုအရာ တို့ကို သင်တို့သိ ကြလိမ့်မည်။ ယေရုရှလင် မြို့၌ ငါရောက် စေသမျှသော အမှုများကြောင့် စိတ်ပူပန်ခြင်းမရှိ၊ သက်သာ ခြင်းရှိကြလိမ့်မည်။ ၂၃ သူ တို့ ကျင့်ကြံ ပြုမူသော အမှု အရာတို့ကို သင်တို့သည် မြင် သောအခါ သက်သာ ရကြလိမ့်မည်။ ယေရုရှလင် မြို့ကို ငါပြု လေသမျှ တို့ ၌၊ အကြောင်း မရှိဘဲ မ ပြု သည် ကိုသိ ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၁၅ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ သစ်တော ၌ သစ်ခက် သာမညဖြစ် သော စပျစ် နွယ်သား သည် အခြားသောသစ်သား ထက် မြတ်သောအရာ တစုံ တခုရှိ သလော ။ ၃ တစုံ တခုကို လုပ် အံ့သောဘို့ စပျစ်နွယ်သား ကို ယူ တတ်သလော ။ တစုံတခု ကို ဆွဲထား စရာ တံစို့ ကို စပျစ် နွယ်သားဖြင့် လုပ်တတ်သလော။ ၄ ထင်း ဘို့ မီး ထဲသို့ ချ တတ်၏။ မီး သည်လည်း အရင်း အဖျားအလယ် ကို လောင် တတ်၏။ အသုံး ဝင် တတ်သလော ။ ၅ မီး မလောင်မီအသုံး မ ဝင်လျှင်၊ မီး လောင် ၍ ကျွမ်း ပြီးမှအသုံးမဝင်ဟု သာ၍ဆိုဘွယ်ရှိသည် မဟုတ် လော။ ၆ ဤ အမှု၌ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ တော သစ်ပင် တွင် မီး မွေးစရာ ထင်း ဘို့ ငါ အပ် သော စပျစ် နွယ်သား ကဲ့သို့ ၊ ယေရုရှလင် မြို့ သားတို့ကို ငါအပ် မည်။ ၇ သူ တို့တဘက် ၌ ငါ

သည် မျက်နှာ ကိုထား မည်။ သူ တို့သည် မီး တပုံမှ ထွက် ၍ တပုံ ၌လောင် လိမ့်မည်။ သူ တို့တဘက် ၌ ငါ သည် မျက်နှာ ကို ထား သောအခါ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိရ ကြ လိမ့်မည်။ ၈ သူတို့သည် ငါ့ကို အထပ်ထပ် ပြစ်မှားသောကြောင့် ၊ ငါသည်သူတို့ ပြည်ကို လူဆိတ်ညံ ရာအရပ် ဖြစ် စေမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၁၆ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ ယေရုရှလင် မြို့သည် မိမိ ၌ စက်ဆုပ် ရွံရှာဘွယ်သောအမှုအရာတို့ကိုသိ မည်အကြောင်း ပြုလော့။ ၃ ထာဝရဘုရား သည် ယေရုရှလင် မြို့အား မိန့် တော်မူသောစကား ကိုသင်ဆင့်ဆို ရမည်မှာ၊ သင် ၏မူလ ၊ သင် ၏မွေးဘွား ရာဌာနသည် ခါနာန် ပြည် ၌ ရှိ၏။ သင် ၏ အဘ သည် အာမောရိ လူ၊ သင် ၏အမိ သည် ဟိတ္တိ အမျိုး ဖြစ်၏။ ၄ သင့် ကို ဘွား ခြင်းအကြောင်းအရာဟူမူကား ၊ ဘွား သောနေ့ ၌ ချက်ကြိုး ကိုမ ဖြတ် ၊ သန့်ရှင်း စေခြင်းငှါ ရေ မချိုး၊ ဆား နှင့်မလူး၊ အဝတ် နှင့် မပတ်ရစ်၊ ၅ ကရုဏာ စိတ်နှင့်ထိုသို့ ပြုစု ခြင်းငှါ သင့် ကိုမြင် ၍ အဘယ်သူမျှမ သနား ၊ ဘွား သောနေ့ ၌သင် သည် ကိုယ် ကိုရွံရှာ ရသည်တိုင်အောင် လယ်ပြင် ၌ ပစ် ထားခြင်းကို ခံရ၏။ ၆ ငါသည် ရှောက်သွား ၍ အသွေး နှင့် လူး လျက်ရှိ သောသင့် ကို မြင် သောအခါ အသက်ရှင် လော့ဟု သင် သည် အသွေး ၌ ရှိစဉ် ငါဆို ၏။ ၇ မြက်ပင် ကဲ့သို့ ငါကြီးပွါး စေသဖြင့် ၊ သင်သည် အစဉ်အတိုင်းကြီး ၍ လှ သော အဆင်းနှင့်ပြည့်စုံ ၏။ ရင်သား ထ ၍ ကိုယ် ၌လည်းအမွေး ပေါက် ၏။ အရင်က အဝတ် မရှိ၊ အချည်းစည်း နေရ၏။ ၈ တဖန် ငါသည်ရှောက်သွား ၍ သင့် ကိုမြင် သောအခါ ၊ သင် ၌ချစ်လိုဘွယ် သော အချိန် အရွယ်ရှိသောကြောင့် ၊ ငါသည်ကိုယ် အဝတ် စွန်းကို ဖြန့် ၍ ၊ သင် ၌ အချည်းစည်း ရှိခြင်းကို ဖုံးအုပ် ၏။ ကျိန်ဆို ခြင်းကိုလည်း ပြု၍ ၊ သင် နှင့် ပဋိညာဉ် ဖွဲ့သဖြင့် ၊ သင်သည် ငါ ၏ခင်ပွန်းဖြစ် လေ၏။ ၉ ထိုအခါ သင့် ကို ရေချိုး ၍ ၊ သင် ၌လူးသော အသွေး ရှိသမျှကို ငါဆေးကြော ၏။ ဆီ နှင့် လိမ်း ၏။ ၁၀ ချယ်လှယ် သော အဝတ်ကိုဝတ် စေ၏။ တဟာရ သားရေခြေနင်း ကို စီးစေ၏။ ဖဲ ၊ ပိတ်ချော နှင့် ခြုံ စေ၏။ ၁၁ လက်ကောက် နှင့် လည်ဆွဲ အစ ရှိသော တန်ဆာ မျိုးကို ဆင် စေ၏။ ၁၂ နား တောင်း၊ နှာဆွဲ ၊ လှ သော ပေါင်း ကိုလည်း ဆင် စေ၏။ ၁၃ ထိုသို့ သင် သည် ရွှေ ငွေ နှင့်တကွ ၊ ဖဲ ၊ ပိတ်ချော ၊ ချယ်လှယ် သော အဝတ်တန်ဆာတို့ကိုဆင် လျက်၊ မုန့်ညက် ၊ ပျားရည် ၊ ဆီ ကိုစား လျက် ၊ အလွန် တရာ လှ သောအဆင်းနှင့်ပြည့်စုံ၍ ၊ မိဖုရား အရာကိုခံရ ၏။ ၁၄ ငါသည် ကိုယ် အသရေ ကို သင် ၌ အပ်ပေး သောကြောင့် ၊ သင် သည် လှ သောအဆင်းနှင့် စုံလင် ၍ ၊ အတိုင်းတိုင်း အပြည်ပြည်၌ ကျော်စော လေ၏။ ၁၅ သို့ရာတွင် ၊ သင် သည်ကိုယ်လှ သော အဆင်းကို ကိုးစား ၍ ၊ ဂုဏ် အသရေကျော်စောသောကြောင့် ၊ ပြည်တန်ဆာ လုပ်၍၊ ခရီးသွား သောသူအပေါင်း တို့နှင့် မ တရားသောမေထုန်ကို အနှံ့အပြား ပြုသဖြင့် ၊ ယောကျ်ား တိုင်းအခွင့် ရ၏။ ၁၆ သင် ၏အဝတ် ကို လည်း ယူ ၍ ၊ မြင့် သောအရပ် တို့ကိုထူးခြားသော အဆင်းအရောင်နှင့်ဆင်ပြင်၍၊ တခါမျှမ ဖြစ် စဖူး၊ နောက်၌လည်းမ ဖြစ် လတံ့သောအမှု၊ မ တရားသောမေထုန်ကို ထိုအရပ် ၌ ပြုလေပြီ။ ၁၇ ငါပေး သော ရွှေ ငွေ တန်ဆာ မြတ် တို့ကိုလည်း

ယူ ၍ ၊ ယောကျ်ား ရုပ်တု တို့ကို လုပ် ပြီးလျှင် ၊ သူ တို့နှင့် မှားယွင်း လေပြီတကား။ ၁၈ ချယ်လှယ် သောအဝတ် ကိုလည်း ယူ ၍ ၊ ထို ရုပ်တုတို့ကို ခြုံ ပြီးလျှင် ၊ ငါ့ ဆီ နှင့် ငါ့ နဲ့သာပေါင်း ကို သူ တို့ရှေ့ မှာ တင် ထားလေပြီ။ ၁၉ ငါပေး သော ဘောဇဉ် ၊ သင့် ကိုငါကျွေး သော မုန့်ညက် ၊ ဆီ ၊ ပျားရည် ကိုလည်း သူ တို့ရှေ့ မှာ မွှေးကြိုင် စရာဘို့ တင် ထားလေပြီတကား။ ၂၀ ထိုမှတပါး၊ သင်ဘွား သော ငါ ၏ သားသမီး တို့ကို ယူ ၍ ၊ ထို ရုပ်တုတို့အား ကျွေးမွေး ခြင်းငှါ ယဇ် ပူဇော်လေပြီ။ ၂၁ သင် သည် မ တရားသောမေထုန် ကိုပြု၍ စိတ် မ ပြေသောကြောင့်ငါ ၏သားသမီး တို့ကိုသတ် ၍ ရုပ်တု တို့ အား မီးဖြင့်ပူဇော် ရမည်လော။ ၂၂ သင် ပြုသောစက်ဆုပ် ရွံရှာဘွယ်အမှု၊ မ တရား သောမေထုန် အမှုအပေါင်း တို့ကိုပြုစဉ်တွင်၊ အရွယ် ငယ် သောအခါ အဝတ် မရှိ၊ အချည်းစည်း ရှိ ကြောင်း၊ ကိုယ် အသွေး ၌ လူးလဲ လျက်နေကြောင်းကို မ အောက်မေ့ ပါ တကား။ ၂၃ သင် သည် အမင်္ဂလာ ရှိ၏။ အမင်္ဂလာ ရှိ၏။ ဒုစရိုက် အပေါင်း ကို ပြု ပြီးမှ ၊ ၂၄ ကိုယ် နေဘို့ ကုဋ္ဌီ တိုက်ကိုတည် ၍ လမ်း ရှိ တိုင်းမြင့် သော အရပ်ကို လုပ် လေ၏။ ၂၅ သင် သည် မြင့် သောအရပ်ကို လမ်း ဦး တိုင်း လုပ် ၍ ၊ ကိုယ် လှ သော အဆင်းကိုရွံရှာဘွယ် ဖြစ်သည် တိုင်အောင်ပြုလျက်၊ ခရီးသွား သောသူအပေါင်း တို့အား ပေါင် တို့ကို ခွါ ဖွင့်၍ ၊ မ တရားသောမေထုန်အမှုတို့ကို များပြား စေ၏။ ၂၆ ဆူဖြိုး သောသင် ၏အိမ်နီးချင်း အဲဂုတ္တု လူ တို့နှင့် မှားယွင်း ၍ ၊ ငါ့ အမျက် ကို နှိုးဆော်လျက် ၊ မ တရားသောမေထုန် အမှုတို့ကို များပြား စေ၏။ ၂၇ ထိုကြောင့် ၊ ငါ သည် လက် ကို ဆန့် လျက်သင် ၏ ရိက္ခါကို ဖြတ် ၍ ၊ သင့် ကိုမုန်း သောသူ၊ သင့် ဆိုးညစ် သော အမှု များကြောင့် ရှက် တတ်သော ဖိလိတ္တိ အမျိုးသမီး တို့ လက်သို့အပ် ရ၏။ ၂၈ သင် သည်ကိလေသာစိတ် မ ပြေသောကြောင့် ၊ အာရှုရိ လူ တို့နှင့် လည်း မှားယွင်း လေ၏။ ထိုသို့မှားယွင်း သော်လည်း စိတ် မ ပြေနိုင်။ ၂၉ ထိုမှတပါး ၊ ခါနာန် ပြည် မှ သည် ခါလဒဲ ပြည် တိုင်အောင် ၊ မ တရားသောမေထုန်အမှုတို့ကို များပြား စေသော်လည်း စိတ် မ ပြေနိုင်။ ၃၀ အစိုးတရပြု၍ သီလ ပျက်သော မိန်းမ ပြု တတ် သမျှ သောဤ အမှုတို့ကို သင် သည်ပြု မိလျက် ၊ သင့် စိတ် နှလုံး သည် အလွန် မိုက် ပါသည်တကား။ ၃၁ သင် ၏ ကုဋ္ဌီတိုက်ကို ခပ်သိမ်း သော လမ်း ၌ တည် ၍ ၊ လမ်း ရှိ တိုင်းမြင့် သော အရပ်ကိုလုပ် သဖြင့် ၊ အခ ကိုငြင်း သောကြောင့် ပြည်တန်ဆာ နှင့် မ တူ ။ ၃၂ ကိုယ်မ ဆိုင်သော ယောကျ်ားကို ကိုယ် လင် ၏ ကိုယ်စား လက်ခံ ၍မျောက်မထား သော မိန်းမ နှင့်တူ၏။ ၃၃ ပြည်တန်ဆာ မိန်းမရှိသမျှ တို့သည် လက်ဆောင် ကိုခံယူ တတ်ကြ၏။ သင် မူကား ၊ သင် ၏ရည်းစား အပေါင်း တို့အား လက်ဆောင် ကိုပေး တတ်၏။ အရပ်ရပ် တို့က လာ ၍ မ တရားသောမေထုန် ကိုပြုစေခြင်းငှါ ၊ သူတပါး တို့ကို ငှါး တတ်၏။ ၃၄ သို့ ဖြစ်၍ ၊ သင် သည် အခြားသော ပြည်တန်ဆာ တို့နှင့် ခြားနား စွာ ပြု တတ်၏။ သင်ပြုသကဲ့သို့အဘယ်သူမျှမတရားသောမေထုန် ကို မပြုတတ်။ သင်သည် အခကို မခံ၊ သူတပါးတို့အားပေးသောကြောင့်အခြားသော မိန်းမတို့နှင့် ခြားနား ၏။ ၃၅ သို့ ဖြစ်၍ ၊ အိုပြည်တန်ဆာ မိန်းမ၊ ထာဝရဘုရား ၏အမိန့် တော်ကို နားထောင် လော့။ ၃၆ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် ၏ရည်းစား များ စက်ဆုပ် ရွံရှာဘွယ်သော ရုပ်တု အပေါင်း တို့နှင့် မှားယွင်း ခြင်းအားဖြင့် ၎င်း ၊ သူ တို့အား ပေး သော သားသမီး တို့၏ အသွေး အားဖြင့်၎င်း သင်သည်ကိုယ် ရှက်ကြောက်ခြင်း၊ အဝတ် အချည်းစည်းရှိခြင်းကို ထင်ရှား

စွာ ဘော်ပြသောကြောင့်၊ ၃၇ သင့် ကိုချစ် သောရည်းစားရှိသမျှ တို့နှင့် သင်ချစ် သောသူ ၊ မုန်း သောသူ အပေါင်း တို့ကိုငါ စုဝေး မည်။ သင့် တဘက် ပတ်လည် ၌ စုဝေး စေ၍ ၊ သင် ၌အဝတ် အချည်းစည်းရှိခြင်းကို ငါပြ သဖြင့် ၊ ထို သူအပေါင်း တို့သည် သင် ၌ အဝတ် အချည်းစည်းရှိသမျှ ကို မြင် ရကြလိမ့်မည်။ ၃၈ မျောက်မထား သောမိန်းမနှင့် ၊ လူအသက်ကိုသတ် သော မိန်းမတို့ကို စီရင် သကဲ့သို့သင့် ကိုငါစီရင် ၍ ၊ ပြင်းစွာ သော ဒေါသအမျက် အသွေး ကို ငါတိုက် မည်။ ၃၉ သင့် ကို သူ တို့လက် သို့ ငါအပ် သဖြင့် ၊ သူတို့သည် သင် ၏ ကုဋီတိုက်ကို ဖျက် ၍ ၊ သင် ၏မြင့် သော အရပ်တို့ ကို ဖြိုချ ကြလိမ့်မည်။ သင့် အဝတ် တို့ကိုချွတ် ၍ လှ သော တန်ဆာ တို့ကို လုယူ ပြီးလျှင် ၊ သင့် ကို အဝတ် မပေး၊ အချည်းစည်း ရှိစေခြင်းငှါပစ် ထားကြလိမ့်မည်။ ၄၀ လူ အလုံးအရင်းကို လည်း ခေါ် သဖြင့် ၊ သူတို့ သည် ခဲ နှင့် ပစ် ၍ ၊ ထား နှင့် ခုတ် ကြလိမ့်မည်။ ၄၁ သင့် အိမ် တို့ကိုလည်း မီးရို့ ၍ များစွာ သော မိန်းမ တို့ရှေ့ မှာ သင့် ကို အပြစ်ဒဏ် ပေးကြသဖြင့်၊ သင်သည် နောက်တဖန်ပြည်တန်ဆာ မလုပ်ဘဲနေစေခြင်းငှါ ငါပြု မည်။ နောက်တဖန် သင်သည်သူတပါးတို့ကို မငှါးရ။ ၄၂ ထိုသို့ ငါ့ ဒေါသ စိတ်ကို ငါဖြေ မည်။ သင့် ကိုမယုံ။ အလွန် ပူပန်သောစိတ် ငြိမ်း ၍ ၊ ငါသည်အမျက် မ ထွက်ဘဲ ငြိမ်သက် စွာ နေမည်။ ၄၃ သင် သည် အသက် ငယ်သော ကာလ ကို မ အောက်မေ့ ၊ အရာရာ ၌ ငါ့ စိတ်ကို နှောင့်ရှက် သောကြောင့် ၊ သင့် အပြစ် ကို သင့်ခေါင်း ပေါ် သို့ ငါသက်ရောက် စေမည်။ စက်ဆုပ် ရွံရှာဘွယ်သော အမှုရှိသမျှ တို့အပေါ် မှာ ဆိုးညစ် သောအကြံကိုထပ် ၍ ထို အကြံအတိုင်း မ ပြုရ။ ၄၄ စကားပုံ ကိုသုံးတတ်သော သူအပေါင်း တို့က၊ အမိ ကဲ့သို့ သမီး ဖြစ်၏ဟု သင့် ကိုရည်မှတ် ၍ စကားပုံ ကို ပြောကြလိမ့်မည်။ ၄၅ သင် သည်လင် နှင့် သားသမီး ကိုရွံရှာ သော မိန်းမ သမီး ဖြစ်၏။ လင် နှင့် သားသမီး ကိုရွံရှာ သော မိန်းမ ၏ ညီမ လည်း ဖြစ်၏။ သင့် အမိ သည် ဟိတ္တိ အမျိုး၊ သင့် အဘ သည် အာမောရိ လူဖြစ်၏။ ၄၆ သင့် အစ်မ သည် မိမိ သမီး တို့နှင့်တကွ သင့် လက်ဝဲ ဘက် ၌နေ သောရှမာရိ မြို့ဖြစ်၏။ သင့် ထက် အသက် ငယ်သောသင် ၏ ညီမ သည် မိမိ သမီး တို့နှင့်တကွ သင့် လက်ျာ ဘက် ၌နေ သောသောဒုံ မြို့ ဖြစ်၏။ ၄၇ သို့ရာတွင်၊ သင်သည် သူ တို့ထုံးစံ ကို မ လိုက် ၊ သူ တို့ပြုသောရွံရှာဘွယ် အမှုမျှသာပြု သည်မဟုတ်၊ ထိုအမှုကို သာမညအမှုဟူ၍ ထင်မှတ်သဖြင့်၊ သင် သည် အရာရာ ၌ သူ တို့ထက် သာ၍ဆိုးညစ် ပေ၏။ ၄၈ ငါ အသက်ရှင် သည်အတိုင်း၊ သင် သည် ကိုယ့် သမီး တို့နှင့်တကွ ပြု သကဲ့သို့ ၊ ညီမ သောဒုံ နှင့် သူ ၏သမီး တို့ သည် မ ပြု ကြ။ ၄၉ သင့် ညီမ သောဒုံ ၏ အပြစ်ဟူမူကား ၊ သူ နှင့် သူ့ သမီး တို့သည် မာန ကြီးခြင်း၊ ဝ စွာစားသောက်ခြင်း၊ ငြိမ်ဝပ် စွာကောင်းစားခြင်းရှိ ၍ ၊ ဆင်းရဲ ဝတ်မွတ် သောသူတို့ ကို မ ထောက်ပံ့ ဘဲ နေကြ၏။ ၅၀ မာန ထောင်လွှား၍ ငါ့ ရှေ့ မှာ စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကိုပြု ကြ၏။ ထိုကြောင့် ၊ သင်မြင် သည် အတိုင်း သူ တို့ကို ငါပယ်ရှင်း ပြီ။ ၅၁ ရှမာရိ သည်လည်း ၊ သင် ပြုမိသော ဒုစရိုက် တဝက် ကိုမျှ မ ပြု မိ။ သင်မူကား၊ ညီအစ်မ တို့၏အပြစ်ကို မထင်ရှားစေသည်တိုင်အောင်၊ စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကို သူ တို့ထက်မက များပြား စွာပြုလေပြီတကား။ ၅၂ သင် သည်ညီအစ်မ တို့ကို အပြစ်တင်၍ စီရင် လျက်ပင်၊ သူ တို့ ပြုသည်ထက် စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကိုသာ၍ပြုသောကြောင့်၊ အရှက်ကွဲ ခြင်းကိုခံ

လော့။ သူတို့သည် သင့် ထက် သာ၍အပြစ်နည်း ကြ၏။ သင် မူကား ၊ ညီအစ်မ တို့၏အပြစ် ကို မထင်ရှားစေသည် တိုင်အောင်ပြုသောကြောင့်စိတ်ပျက် ၍ အရှက်ကွဲ ခြင်းကို ခံ လော့။ ၅၃ သိမ်းသွား ခြင်းကိုခံရသောသောဒုံ နှင့် သူ ၏ သမီး များ၊ ရှမာရိ နှင့် သူ ၏သမီး များကို တဖန်ငါဆောင်ခဲ့သောအခါ ၊ သိမ်းသွား ခြင်းကို ခံရသောသင် ၏လူ တို့ကို သူ တို့နှင့်အတူ ငါဆောင် ခဲ့မည်။ ၅၄ သို့ ဖြစ်၍ ၊ သင် သည် သူ တို့ကိုနှစ်သိမ့် စေ၍ ၊ ပြု လေသမျှ တို့ကြောင့် စိတ်ပျက် လျက် အရှက်ကွဲ ခြင်းကိုခံရ လိမ့်မည်။ ၅၅ သင် ၏ညီအစ်မ သောဒုံ နှင့် သူ ၏သမီး များ၊ ရှမာရိ နှင့် သူ ၏သမီး များတို့သည် အရင် နေရာသို့ ပြန် ရောက်သောအခါ ၊ သင် သည်လည်း သင် ၏ သမီး တို့ နှင့်တကွ အရင် နေရာသို့ ပြန် ရောက်ရလိမ့်မည်။ ၅၆ ရှုရိ သမီး များနှင့် သူ တို့ပတ်လည် ၌ နေသောသူအပေါင်း တို့သည် သင့် ကိုကဲ့ရဲ့ ၍၊ သင့်ပတ်လည် ၌ နေသောဖိလိတ္တိ သမီး များတို့သည် မထီမဲ့မြင် ပြုကြသဖြင့် ၊ ၅၇ သင် ပြုသောဒုစရိုက် အပြစ်မ ထင်ရှား မီ သင် သည်မာန ထောင်လွှားစဉ် ကာလတွင်၊ သင့် ညီမ သောဒုံ ၏နာမ ကို အလျှင်း နှုတ် မ မြွက်။ ၅၈ ယခုမူကား၊ သင် သည် ကိုယ် ဆိုးညစ် သောအမှု နှင့် စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့၏ အပြစ်ကိုခံရ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၅၉ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင်သည် ဝန်ခံခြင်းပဋိညာဉ် ကို ဖျက် လိုသောဘု၊ သစ္စာ ဂတိကို မ ရှိမသေပြုသည်နှင့်အညီ သင် ၌ငါပြု မည်။ ၆၀ သို့သော်လည်း ၊ ငါ သည်သင့် အသက် ငယ်စဉ်၊ ဖွဲ့သောပဋိညာဉ် ကို အောက်မေ့ ၍ ၊ တဖန် ထာဝရ ပဋိညာဉ် ကို သင် နှင့် ဖွဲ့ ဦးမည်။ ၆၁ သင် သည် ဝန်ခံခြင်းပဋိညာဉ် ကို မ စောင့်ရ သော်လည်း ၊ ပဋိညာဉ်အားဖြင့်သင် ၏ညီအစ်မ တို့ကို သင် ၏သမီး ဖြစ်ဘို့ ရာငါပေး ၍ ၊ သင် သည် ထိုသူတို့ကို လက်ခံ သောအခါ ၊ သင် ပြု မိသောအမှုများကို အောက်မေ့ ၍ ရှက်ကြောက် ရလိမ့်မည်။ ၆၂ ထိုအခါ ငါ ၏ ပဋိညာဉ် ကိုသင် နှင့် ငါ ဖွဲ့ မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်သိ ရလိမ့်မည်။ ၆၃ သင်ပြု ဘူးသမျှ သော အမှုတို့ကို ငါ မမှတ်။ စိတ်ပြေ သောအခါ သင်သည် အောက်မေ့ ၍ ရှက်ကြောက် ခြင်းနှင့် မျက်နှာ ပျက်ခြင်းကြောင့် ၊ နှုတ် ကို မ ဖွင့် ဘဲနေ ရလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ ၏။

၁၇ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၂ အချင်းလူသား ၊ သင်သည်ဣသရေလ အမျိုး အား စကားထာ ဝှက်၍ ပုံ ပြောလျက် ၊ ၃ ထာဝရဘုရား မိန့် တော်မူသောစကားကို ဆင့်ဆို ရမည်မှာ ၊ ထူးခြားသော အဆင်း အရောင်၊ များပြားသော အမွေး နှင့်ပြည့်စုံ ၍၊ ရှည်လျား ကြီးမား သော အတောင် ရှိသောရွှေလင်းတ ကြီး သည် လေဗနုန် တောင် သို့ လာ ၍၊ အာရဇ် ပင်၏အဖျား ကိုကိုင် လျက် ၊ ၄ အမြင့်ဆုံး သော အညွှန့် တို့ကို ချိုး ဆိတ်၍ ကုန်သွယ် ရာပြည် သို့ ချီဆောင် ပြီးလျှင်၊ ကုန်သည် မြို့ ၌ စိုက် လေ၏။ ၅ မျိုးစေ့ ကို လည်း ယူ ၍ ရေ များ ရာလယ်ကွက် ၌ ပျိုး လျက် ၊ မိုယ်းမခ ပင်ကဲ့သို့ထား လေ၏။ ၆ အရပ် နိမ့် လျက်ရှည်လျား စွာနွယ်သော စပျစ် နွယ်ပင်ပေါက် ၍ ၊ မိမိ အခက် အလက်တို့ကို ရွှေ လင်းတရှိရာ သို့ ညွတ် လျက် ၊ သူ့ အောက် သို့ အမြစ် ထိုး သဖြင့် ၊ အကိုင်း အခက် အလက်အညွှန့်တို့နှင့် ပြည့်စုံ သော စပျစ် နွယ်ပင် ဖြစ် လေ၏။ ၇ အမွေး ထူထပ် ၍ ကြီးစွာ သော အတောင် ရှိသောရွှေလင်းတ ကြီး တကောင် ရှိ ၏။ စပျစ် ပင်သည်မိမိ စိုက် ရာ ချောင်းမြောင်း နား မှာ

ထိုရွှေလင်းတ၏ကျေးဇူးကြောင့်၊ ရေ ကိုရအံ့သောဉ့ါ သူ ရှိရာသို့ အမြစ် သွယ်ဝိုက် ၍ အကိုင်း လည်း ထိုး လေ၏။ ၈ အခက် အလက်နှင့် ပြည့်စုံ ၍ အသီး ကိုသီး သဖြင့် ၊ သန်မြန် သော စပျစ် နွယ်ပင်ဖြစ် စေခြင်းဉ့ါ ရေ များ ရာအရပ် ၊ မြေကောင်း သောလယ်ကွက် ၌ ထို အပင်ကို စိုက် လေပြီ။ ၉ သို့ ဖြစ်၍၊ အရှင် ထာဝရ ဘုရား၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ထိုအပင်သည် ကောင်းစားရမည်လော။ ညှိုးနွမ်း စေခြင်းဉ့ါအမြစ် ကို နှုတ် ၍ အသီး ကိုဆွတ် ရမည် မ ဟုတ်လော ။ ပေါက် လေ သမျှသော အရွက် တို့သည် ညှိုးနွမ်း ရကြလိမ့်မည်။ အမြစ် နှင့်တကွ သုတ်သင်ပယ်ရှင်းခြင်း အမှုကိုပြီးစေခြင်းဉ့ါကြီး သော တန်ခိုး ၊ များပြား သော အလုံး အရင်းကို အလိုမ ရှိ။ ၁၀ စိုက် လျက်ရှိ၍ ကောင်းစား ရမည်လော ။ အရှေ့ လေတိုက် သောအခါ အကုန်အစင် ညှိုးနွမ်းရမည် မ ဟုတ်လော ။ ကြီးပွါး သော လယ်ကွက် ၌ ညှိုးနွမ်း ရ လိမ့်မည်ဟု မိန့်တော်မူ၏။ ၁၁ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၁၂ ပုန်ကန် တတ်သော အမျိုး အား သင်ပြော ရမည်မှာ၊ ဤ စကားအဘယ်သို့ ဆိုလို သည်ကို နားလည် ကြ သလော ။ ဗာဗုလုန် ရှင် ဘုရင်သည် ယေရုရှလင် မြို့သို့ ရောက် ၍ ၊ ယေရုရှလင် ရှင်ဘုရင် နှင့် မှူး တော် မတ်တော် တို့ကို ဗာဗုလုန် မြို့သို့ သိမ်းသွား ပြီ။ ၁၃ ဆွေ တော်မျိုးတော်ထဲက တယောက်ကိုယူ ၍ ပဋိညာဉ် ဖွဲ့ လျက် သစ္စာ တိုက် လေပြီ။ ၁၄ ထိုနိုင်ငံ သည် ယုတ်ညံ့ ၍ နောက်တဖန်မ ထ မကြွ ဘဲ၊ သစ္စာ တော်ကို စောင့် သောအားဖြင့် သာ တည် စေခြင်းဉ့ါ ၊ အားကြီးသောနိုင်ငံသားတို့ကိုလည်း သိမ်းသွား ပြီ။ ၁၅ သို့ရာတွင် ၊ မြင်း များ၊ လူ များ တို့ကို တောင်းခြင်းဉ့ါ သံတမန် ကို အဲဂုတ္တ ပြည်သို့ စေလွတ် ၍ ပုန်ကန် လေပြီ။ ထိုသို့ ပြု သောသူသည် ကောင်းစား ရမည်လော ။ ဘေး လွတ်ရမည်လော ။ သစ္စာ ဖျက် ပြီး မှလွတ် ရမည်လော။ ၁၆ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက်ရှင် သည်အတိုင်း၊ အကယ် စင်စစ်ရှင် ဘုရင်အရာ၌ ခန့်ထားသော ရှင်ဘုရင် ၏သစ္စာ ကို မ ရှိမသေပြု၍ ပဋိညာဉ် ကိုဖျက် သောကြောင့် ၊ ထိုရှင် ဘုရင်နေရာ ဗာဗုလုန် မြို့အလယ် ၌ သေ ရလိမ့်မည်။ ၁၇ ဖာရော ဘုရင်သည်လည်း လူ များ တို့ကို သတ် ခြင်းဉ့ါ ၊ အားကြီး သော ဗိုလ် ပါအလုံးအရင်းများနှင့်အတူ မြေရိုး တို့ကိုဖို့ ၍ ရဲတိုက် တို့ကို ဆောက် သော်လည်း ၊ သူ့အဘို့စစ်တိုက် ၍ မနိုင်ရာ။ ၁၈ အကြောင်း မူကား၊ ယေရုရှလင် မင်းသည် လက် ချင်းရိုက် ပြီးမှ၊ သစ္စာ တော်ကိုမ ရှိမသေပြု၍ ပဋိညာဉ် ကိုဖျက် လျက် ၊ ဤ အမှုအလုံးစုံ တို့ကို ပြု သောကြောင့် ဘေးမှမ လွတ် ရ။ ၁၉ ထိုကြောင့် ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ ငါ အသက် ရှင်သည်အတိုင်း အကယ်စင်စစ်ငါ ၏သစ္စာ ကို မ ရှိမသေပြု၍ ငါ ၏ပဋိညာဉ် ကို ဖျက် သော အပြစ် ကို သူ၏ခေါင်းပေါ် သို့ ငါသက်ရောက်စေမည်။ ၂၀ ငါ သည် ပိုက်ကွန် နှင့် အုပ် ၍ ၊ ငါ ၏ကျော့ကွင်း နှင့် ကျော့ ပြီးလျှင် ၊ ဗာဗုလုန် မြို့သို့ ဆောင် သွားမည်။ ငါ့ ကို ပြစ်မှား သောအပြစ် ကြောင့် ထို မြို့ ၌ ငါစစ်ကြော စီရင် မည်။ ၂၁ သူ့ ထံမှပြေး သော သူများနှင့် သူရဲ များအပေါင်း တို့သည် ထား ဖြင့် ဆုံး ခြင်းသို့ရောက်၍ ၊ ကျန်ကြွင်း သောသူတို့ သည် အရပ်ရပ် သို့ ကွဲပြား ကြလိမ့်မည်။ ငါ ထာဝရ ဘုရား မိန့် တော်မူသည် ကို သင်တို့သိရ ကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၂၂ တဖန် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား ၊ မြင့် သော အာရဇ် ပင်၌ အမြင့်ဆုံး သော အညွန့် ကို ငါ ယူ ၍ စိုက် မည်။ အညွန့်ဖျားတို့တွင် နု သော အညွန့်ကိုဆိတ် ၍ ၊ မြင့်မြတ် သော တောင်

ပေါ် မှာ ငါ စိုက်ပျိုး မည်။ ၂၃ အမြင့်ဆုံး သော ဣသရေလ တောင် ပေါ် မှာ ငါ စိုက်ပျိုး ပြီးမှ ၊ အခက် အလက်နှင့်ပြည့်စုံ ၍ အသီး ကို သီး သဖြင့် ၊ ကောင်းမွန် သော စပျစ် နွယ်ပင်ဖြစ် လိမ့်မည်။ ထိုအပင်အောက်၌ငင်း ၊ အခက် အလက်အရိပ် ၌ ငင်း ၊ ငှက် မျိုးအပေါင်း တို့သည် နေရာ ကျကြလိမ့်မည်။ ၂၄ ငါ ထာဝရဘုရား သည်မြင့် သော အပင် ကိုနှိမ့် ၍ ၊ နိမ့် သောအပင် ကိုချီးမြှောက် ကြောင်း၊ စိမ်းလန်း သော အပင် ကို သွေ့ခြောက် စေ၍ ၊ သွေ့ ခြောက်သောအပင် ကို စိမ်းလန်း စေကြောင်းများကို၊ တော သစ်ပင် ရှိသမျှ တို့သည် သိရ ကြလိမ့်မည်။ ငါ ထာဝရဘုရား သည် စကား တော် ရှိသည်အတိုင်း ပြု မည်ဟုမိန့်တော်မူ၏။

၁၈ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အဘ တို့သည် ချဉ် သောစပျစ်သီးကို စား ၍ သား တို့သည် သွား ကျိန်း လျက်ရှိကြ၏ဟု၊ သင် တို့သည် ဣသရေလ ပြည် ကိုရည်မှတ် ၍ စကားပုံ ကို သုံး သောအခါ အဘယ်သို့ ဆိုလို သနည်း။ ၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက်ရှင် သည်အတိုင်း နောက် တဖန်ဣသရေလ ပြည် ၌ ထို စကားပုံ ကိုသုံး ရသောအကြောင်းမ ရှိ ရ။ ၄ ဝိညာဉ် အပေါင်း တို့ကို ငါ ပိုင် ၏။ အဘ ၏ဝိညာဉ် ကို ငါပိုင်သကဲ့သို့ သား ၏ဝိညာဉ် ကိုလည်း ငါ ပိုင် ၏။ ပြစ်မှား သော ဝိညာဉ် သည် အသက်သေ ရမည်။ ၅ လူ မည်သည်ကား ၊ သဘော ဖြောင့်၍ တရား သောအမှု၊ ဟုတ်မှန် သော အမှုကိုပြု လျှင် ၎င်း ၊ ၆ တောင် ပေါ် မှာ မ စား ၊ ဣသရေလ အမျိုး ကိုးကွယ်သော ရုပ်တု တို့ကို မ ဖူး မမျှော်၊ သူ့ မယား ကို မ ပြစ်မှား ၊ ဥတု ရောက်သော မိန်းမ ကို မ ချဉ်းကပ် ၊ ၇ အဘယ်သူ ကိုမျှ မ ညှဉ်းဆဲ ၊ ကြွေး စားပေါင် ထား သော ဥစ္စာကို ပြန် ၍မပေးဘဲမနေ၊ သူ့ဥစ္စာ ကို အနိုင်အထက် မ လုမယူ၊ ငတ်မွတ် သောသူကို ကျွေးမွေး ၍ ၊ အဝတ် မရှိသောသူကို အဝတ် နှင့်ဖုံးလွှမ်း လျှင်၎င်း ၊ ၈ အတိုး စား၍ ငွေကိုမ ချေး ၊ အဓမ္မ အမှုကို လက် မ ခံ၊ သူတပါးအမှုကို တရား သဖြင့် စီရင် ခြင်း၊ ၉ ငါ စီရင် ထုံးဖွဲ့သည် အတိုင်းကျင့် ၍ သစ္စာစောင့် ခြင်းကိုပြု လျှင်၎င်း ၊ ထိုသူ သည် ဖြောင့်မတ် သောသူဖြစ် ၏။ အကယ်စင်စစ်အသက်ရှင် ရလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ သို့ရာတွင်၊ ထိုသူ၏သား သည် ထားပြ တိုက် သောသူ၊ လူအသက် ကိုသတ်သောသူ၊ အရင်ဆိုခဲ့ပြီးသော ဒုစရိုက်တစုံတခု ကို ပြု သောသူ၊ ၁၁ အရင်ဆိုခဲ့ပြီးသော သုစရိုက်ကိုမ ပြု ၊ တောင် ပေါ် မှာ စား ခြင်း၊ သူ့ မယား ကိုပြစ်မှား ခြင်း၊ ၁၂ ဆင်းရဲ ငတ်မွတ် သောသူကို ညှဉ်းဆဲ ခြင်း၊ သူ့ဥစ္စာ ကို အနိုင်အထက် လုယူခြင်း၊ ပေါင် ထားသော ဥစ္စာကို ပြန် ၍မ ပေးဘဲနေခြင်း၊ ရုပ်တု ကို ဖူးမျှော် ခြင်း၊ ရွံရှာဘွယ် သော အမှုကိုပြု ခြင်း၊ ၁၃ အတိုး စား၍ငွေချေး ခြင်းကိုပြုသောသူဖြစ် လျှင်၊ အသက်ရှင် ရမည်လော။ အသက် မ ရှင်ရ။ ထို ရွံရှာဘွယ် သော အမှုများကိုပြုသောကြောင့်၊ စင်စစ်အသေ သတ်ခြင်းကိုခံရမည်။ သေထိုက်သောအပြစ်ရှိ ၏။ ၁၄ သို့ရာတွင် ၊ ထိုသူ၏သား သည် အဘ ပြုသမျှ သော ဒုစရိုက် တို့ကို မြင် ၍ဆင်ခြင်သဖြင့် ၊ ထိုသို့ သော အမှုတို့ကိုမ ပြု ၊ ၁၅ တောင် ပေါ် မှာ မ စား ၊ ဣသရေလ အမျိုး ကိုးကွယ်သော ရုပ်တု တို့ကို မ ဖူး မမျှော်၊ သူ့ မယား ကိုမ ပြစ်မှား ၊ ၁၆ အဘယ်သူ ကိုမျှ မ ညှဉ်းဆဲ ၊ ပေါင် ထားသော ဥစ္စာကိုမ သိမ်း ၊ သူ့ဥစ္စာ ကို အနိုင်အထက် မ လုမယူ၊ ငတ်မွတ် သောသူကို ကျွေးမွေး ခြင်း၊ အဝတ် မရှိသော သူကိုအဝတ် နှင့်ဖုံးလွှမ်း ခြင်း၊ ၁၇ ဆင်းရဲ သော

သူကိုချမ်းသာ ပေးခြင်း၊ အတိုး မ စား ဘဲငွေချေးခြင်းကို ပြု၍ငါ စီရင် ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက် လျှင်၊ ထိုသူ သည်အဘ ၏ အပြစ် ကြောင့် အသေ ခံရမည်မ ဟုတ်။ စင်စစ်အသက်ရှင် ရလိမ့်မည်။ ၁၈ အဘ မူကား၊ မိမိညီအစ်ကို ကိုအထပ်ထပ်ညှဉ်းဆဲ လျက်၊ သူ့ဥစ္စာကို အနိုင်အထက် လုယူလျက် ၊ မိမိ အမျိုးသား ချင်းတို့တွင် မကောင်း သော အမှုကိုပြု သောအပြစ်ကြောင့် ၊ အသေ သတ်ခြင်းကိုခံရမည်။ ၁၉ သင်တို့ကလည်း ၊ အဘယ်သို့ နည်း။ သား သည် အဘ ၏ အပြစ် ကို မ ခံရ သလောဟု မေး ကြသော်၊ သား သည် တရား သောအမှု၊ ဟုတ်မှန် သောအမှုကိုပြု ၍၊ ငါ စီရင် ထုံးဖွဲ့သမျှ အတိုင်း ကျင့် စောင့်လျှင်၊ စင်စစ်အသက်ရှင် ရလိမ့်မည်။ ၂၀ ပြစ်မှား သောသူသည် အသေ ခံရမည်။ သား သည် အဘ ၏အပြစ် ကိုမ ခံရ ။ အဘ သည် သား ၏အပြစ် ကို မ ခံရ ။ တရား သောသူသည် တရား စွာပြုခြင်းအကျိုး ကိုငင်း၊ မတရား သောသူသည် မတရား စွာပြုခြင်း အပြစ်ကိုငင်းခံရ လိမ့်မည်။ ၂၁ သို့ရာတွင် ၊ မတရား သောသူသည် မိမိ ပြုမိသမျှ သော ဒုစရိုက် တို့ကို ကြဉ်ရှောင် လျက်၊ ငါ စီရင် ထုံးဖွဲ့သမျှ တို့ ကို စောင့်ရှောက် ၍ ၊ တရား သောအမှု၊ ဟုတ်မှန် သော အမှုတို့ကိုပြုလျှင်၊ သေ ခြင်းနှင့်လွတ် ၍ စင်စစ်အသက်ရှင် ရလိမ့်မည်။ ၂၂ ပြု မိသမျှ သော ဒုစရိုက် အပြစ်တို့ကို သူ တဘက် ၌ မ မှတ် ရ။ ပြု မိသောဖြောင့်မတ် ခြင်းအမှုကြောင့် အသက်ရှင် ရလိမ့်မည်။ ၂၃ မတရား သောသူသည်မိမိ အကျင့် တို့ကိုရှောင် ၍ အသက် မ ရှင်၊ အသေခံ ခြင်းအမှု၌ ငါသည်အနည်းငယ်သော ပျော်မွေ့ ခြင်းရှိသလော။ ၂၄ သို့ရာတွင် ၊ တရား သောသူသည်ဖောက်ပြန် ၍ ၊ အဓမ္မ အမှုကိုငင်း ၊ မတရား သောသူပြု သမျှ သော စက်ဆုပ် ရွံရှာဘွယ်အမှုတို့ကိုငင်းပြု လျှင် ၊ အသက်ရှင် ရမည်လော။ အရင်ပြု သမျှ သော ဖြောင့်မတ် ခြင်းအမှုတို့ကို မ မှတ် ၊ သူသည် လွန်ကျူး သောအမှု၊ ပြစ်မှား သော အပြစ် ကြောင့် အသေ သတ်ခြင်းကိုခံရလိမ့်မည်။ ၂၅ သို့သော်လည်း သင်တို့က၊ ထာဝရ ဘုရား စီရင်ချက် မ ဖြောင့် ဟု ဆို ကြသည်တကား။ အိုဣသရေလ အမျိုး ၊ ငါ စီရင်ချက် သည် ဖြောင့် ၍၊ သင် တို့စီရင်ချက် ကောက် သည် မ ဟုတ်လော။ ၂၆ တရား သောသူသည်တရား သောအမှုကိုပယ် ၍ အဓမ္မ အမှုကို ပြု လျှင် ၊ ထိုအမှု ကြောင့် သေ ရမည်။ ပြု မိသော အဓမ္မ အမှုကြောင့် အသေ သတ်ခြင်းကိုခံရမည်။ ၂၇ ထိုအတူ၊ မတရား သောသူသည် မိမိပြု မိသော အဓမ္မ အမှုကို ရှောင် ၍၊ တရား သောအမှု၊ ဟုတ်မှန် သော အမှုကိုပြု လျှင်၊ မိမိ အသက် ကို ကယ်နှုတ် ရလိမ့်မည်။ ၂၈ ပြု မိသမျှ သော အဓမ္မ အမှုတို့ကို ဆင်ခြင် ၍ ရှောင် သောကြောင့် ၊ သေ ခြင်းနှင့်လွတ် ၍ စင်စစ်အသက်ရှင် ရလိမ့်မည်။ ၂၉ သို့သော်လည်း ဣသရေလ အမျိုး က၊ ထာဝရ ဘုရား စီရင်ချက် မ ဖြောင့် ဟု ဆို ကြသည်တကား။ အိုဣသရေလ အမျိုး ၊ ငါ စီရင်ချက် သည် ဖြောင့် ၍၊ သင် တို့စီရင်ချက် ကောက် သည် မ ဟုတ်လော။ ၃၀ သို့ ဖြစ်၍ ၊ အိုဣသရေလ အမျိုး ၊ သင် တို့အသီးအသီး ကျင့် ကြသည်အတိုင်း အကျိုးအပြစ်ကိုငါစီရင် မည်။ သင်တို့သည် အဓမ္မ အမှုရှိသမျှ တို့ကို စွန့်ပစ် ၍ ပြောင်းလဲ ကြလော့။ ပြောင်းလဲကြလော့။ ဒုစရိုက် အပြစ်ကြောင့် ထိမိ ၍ ဆုံးခြင်းသို့မ ရောက် ကြနှင့်။ ၃၁ သင် တို့သည် ပြု သမျှ သော လွန်ကျူး ခြင်းအမှု တို့ကို စွန့်ပစ် ၍ အသစ် သောနှလုံး ၊ အသစ် သောစိတ် သဘောကို ပြင်ဆင် ကြလော့။ အိုဣသရေလ အမျိုး ၊ သင်တို့သည်

အဘယ်ကြောင့် အသေ သတ်ခြင်းကိုခံလိုသနည်း။ ၃၂ အသေ ခံရသောသူ ၏ အသေခံ ခြင်းအမှု၌ ငါသည် ပျော်မွေ့ခြင်းမ ရှိ။ ထိုကြောင့် ၊ ပြောင်းလဲ ၍ အသက်ရှင် ကြလော့ဟု အရှင် ထာဝရဘုရား မိန့် တော်မူ ၏။

၁၉ ထိုမှတပါး ၊ ဣသရေလ မင်းသား တို့အတွက် ဝိုကြွေး မြည်တမ်းလျက်ပြော ရမည်မှာ၊ ၂ သင် ၏အမိ ကားအဘယ်သူ နည်း။ ခြင်္သေ့မ ဖြစ် ၏။ ခြင်္သေ့ တို့တွင် အိပ် လျက်နေ၍၊ ခြင်္သေ့ ပျိုတို့တွင် မိမိ သား တို့ကို ကျွေးမွေး ၏။ ၃ ကျွေးမွေး သောသား တကောင် သည် ခြင်္သေ့ ပျို ဖြစ် ၍၊ တော တိရစ္ဆာန်တို့ကိုဘမ်းဆီး ခြင်းငှါ ၊ သင်၏ လူ တို့ကိုလည်း ကိုက်စား တတ်၏။ ၄ လူမျိုး တို့သည် ကြား ၍ မြေတွင်း၌ ထိုခြင်္သေ့ပျို ကို ဘမ်း ပြီးလျှင် ၊ သံကြိုး နှင့် ချည်နှောင်၍ အဲဂုတ္တု ပြည် သို့ ယူ သွားကြ၏။ ၅ သားဆုံးရှုံး ကြောင်း ကို အမိသည် မြင် ၍ စိတ်ပျက် သောအခါ၊ သား တကောင် ကို ယူ ပြန်၍ ခြင်္သေ့ ပျို ဖြစ်စေခြင်းငှါပြု သဖြင့်၊ ၆ သူသည်လည်း ၊ ခြင်္သေ့ တို့နှင့်ပေါင်းဘော် ၍ ခြင်္သေ့ ပျိုဖြစ် လျက်၊ တော တိရစ္ဆာန်တို့ကို ဘမ်းဆီး ခြင်းငှါ ၊ သင်၏လူ တို့ကိုလည်း ကိုက်စား ၏။ ၇ သူ တို့ မုဆိုး များကိုသိ ၍ ၊ သူ တို့မြို့ များကို သုတ်သင် ပယ်ရှင်းလေ၏။ ဟောက် သောအသံ ကြောင့် ပြည် နှင့် ပြည် ၌ ရှိသမျှ တို့သည် ဆိတ်ညံ လျက်ရှိကြ၏။ ၈ ထိုအခါ လူမျိုး တို့သည် ကျေးလက် အရပ်ရပ် တို့ က တိုက် လာ၍ ပိုက်ကွန် နှင့်ဝိုင်း ပြီးလျှင် ၊ မြေတွင်း ၌ ဘမ်း ကြ၏။ ၉ သံကြိုး နှင့် ချည်နှောင်လျက်ဗာဗုလုန် ရှင်ဘုရင် ထံသို့ ဆောင်သွား ၍၊ သူ ၏အသံ သည် ဣသရေလ တောင် ပေါ်မှာ နောက်တဖန် မ မြည် စေခြင်းငှါ နှောင်အိမ် ၌ လှောင် ထားကြ၏။ ၁၀ သင် ၏အမိ သည် သင်နှင့်တူလျက်၊ ရေ နား မှာ စိုက်သော စပျစ် နွယ်ပင်ကဲ့သို့ ဖြစ်၏။ ရေ များ သောကြောင့် အခက်အလက် နှင့် ပြည့်စုံ၍၊ များစွာ သောအသီး ကို သီး တတ်၏။ ၁၁ မင်း တို့အသုံးအဆောင်ရာဇလုံတံ ဘို့ ခိုင်ခံ့ သော တံဖျာ တို့နှင့် ပြည့်စုံ ၏။ ထူထပ် ၍များပြား သော အခက်အလက် တို့နှင့် အရပ် မြင့်၍ ထင်ရှား လေ၏။ ၁၂ သို့ရာတွင် ၊ ဒေါသ အရှိန်အားဖြင့် နှုတ် ၍ မြေ ပေါ်မှာ လှဲချ လေပြီ။ အရှေ့လေ သည် တိုက်၍အသီး ကို ပိတ်ခြောက် စေ၏။ ခိုင်ခံ့ သောတံဖျာ တို့သည် ကျိုး ၍ သွေ့ခြောက် သဖြင့်၊ မီး လောင် ခြင်းကိုခံရကြပြီ။ ၁၃ ယခု မူကား ရေမရှိ၊ သွေ့ခြောက် သောလွင်ပြင် အရပ်၌ စိုက် လျက်ရှိ၏။ ၁၄ အခက်အလက် တံဖျာတခု ထဲက မီး ထွက် ၍ အသီး ကို ကျွမ်းလောင် ပြီ။ အစိုးရ သောရာဇလုံတံ ဘို့ ခိုင်ခံ့ သောတံဖျာ တစုံတခု မျှမကျန်ကြွင်း ။ ဤရွေ့ကား ၊ ဝိုကြွေး မြည်တမ်းခြင်း အကြောင်းဖြစ်၏။ ဝိုကြွေး မြည်တမ်းစရာ အကြောင်း လည်း ဖြစ် လိမ့်မည်။

၂၀ သက္ကရာဇ် ခုနစ် ခု၊ ပဉ္စမ လ ဆယ် ရက်နေ့တွင် ၊ ဣသရေလ အမျိုး အသက်ကြီး သူတို့သည် ထာဝရဘုရား ကို မေးလျှောက် ခြင်းငှါ လာ ၍ ငါ့ ရှေ့မှာ ထိုင် နေကြ၏။ ၂ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက်လာ ၍ ၊ ၃ အချင်းလူသား ၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဣသရေလ အမျိုး အသက်ကြီး သူတို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့သည် ငါ့ ထံ၌မေးလျှောက် ခြင်းငှါ လာ ကြသလော။ ငါ အသက်ရှင် သည်အတိုင်း သင် တို့မေးလျှောက် ခြင်းကို ငါမ ခံ။ ၄ အချင်းလူသား ၊ သင်သည်သူ တို့ကို စစ်ကြော လော့။ စစ်ကြော လော့။ သူ တို့ဘိုးဘေး

ပြုဘူးသော စက်ဆုပ် ရွံရှာဘွယ်အမှုကို ဘော်ပြ ၍၊ ၅ အရှင် ထာဝရဘုရား ၏ အမိန့်တော်ကိုဆင့်ဆို ရမည်မှာ၊ ဣသရေလ အမျိုး ငါ ရွေးကောက် ၍၊ အဲဂုတ္တု ပြည် ၌ သူ တို့အား ထင်ရှား လျက်၊ ငါ သည်သင် တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်သည်ဟု၊ ယာကုပ် အမျိုးသား တို့ အား ကျိန်ဆို သည်ကာလ၊ ၆ သူ တို့ကို အဲဂုတ္တု ပြည် မှ ငါနှုတ်ပြီးလျှင်၊ ပြည် တကာ တို့၏ အထွဋ်ဖြစ်၍၊ နို့ နှင့် ပျားရည် စီး သောပြည်၊ သူ တို့အဘို့ ငါကြည့်ရှု သော ပြည် သို့ ဆောင်သွားခြင်းငှါကျိန်ဆို သောအခါ၊ ၇ သင်တို့အသီးအသီး ဖူးမျှော်သော စက်ဆုပ် ရွံရှာဘွယ်အရာတို့ကို စွန့်ပစ်ကြလော့။ အဲဂုတ္တု ရုပ်တု တို့နှင့် ကိုယ်ကိုကိုယ်မ ညစ်ညူး စေကြနှင့်။ ငါ သည်သင် တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏ဟု ငါဆို သော်လည်း၊ ၈ သူတို့သည် နား မ ထောင်၊ ငါ့ ကိုပုန်ကန် ကြ၏။ အသီးသီး ဖူးမြင်သော စက်ဆုပ် ရွံရှာဘွယ်အရာတို့ကိုငင်း၊ အဲဂုတ္တု ရုပ်တု ကိုငင်း ၊ မ စွန့်ပစ် ဘဲနေကြ ၏။ ထိုကြောင့် ၊ သူ တို့ ၌ ငါ့ ဒေါသ စိတ်ပြေမည်အကြောင်း၊ အဲဂုတ္တု ပြည် ထဲမှာ သူ တို့အပေါ် သို့ ငါ့ အမျက် ရှိန်ကို သွန်းလောင်း မည် ဟု ငါအကြံရှိ၏။ ၉ သို့ရာတွင် ၊ သူ တို့နေသောတပါးအမျိုးသား တို့ ရှေ့မှာ ၊ ငါ၏နာမအသရေ ကို မ ပျက်စေခြင်းငှါ ၊ ငါသည် နာမ တော်အတွက် စီရင် ၍၊ တပါး အမျိုးသားတို့ရှေ့မှာ ထင်ရှား လျက်၊ သူ တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် လေ ၏။ ၁၀ အဲဂုတ္တု ပြည် မှ နှုတ်ဆောင် ၍ တော သို့ ရောက် သောအခါ ၊ ၁၁ ကျွင့် သောသူ ၌ အသက်ရှင် စရာအကြောင်းဖြစ်သော ငါ ၏စီရင် ထုံးဖွဲ့ချက်တို့ကို ငါဘော်ပြ ၏။ ၁၂ ထိုမှတပါး ၊ ငါ ထာဝရဘုရား သည် သူ တို့ကို သန့်ရှင်း စေသည်ဟု သူတို့သည် သိ မည်အကြောင်း ၊ ငါ နှင့် သူ တို့စပ်ကြား မှာ လက္ခဏာ သက်သေဖြစ် စေခြင်းငှါ ၊ ငါ ၏ ဥပုသ် နေ့တို့ကို ငါခန့်ထား ၏။ ၁၃ သို့ရာတွင် ၊ ဣသရေလ အမျိုး သည် တော ၌ ငါ့ ကို ပုန်ကန် ကြ၏။ ကျွင့် သောသူ၌ အသက်ရှင် စရာ အကြောင်းဖြစ်သော ငါ ၏စီရင် ထုံးဖွဲ့ချက်ကို မ စောင့်ရှောက် ၊ မထီမဲ့မြင်ပြု ၍ ငါ ၏ဥပုသ် နေ့တို့ကို အလွန် ရှုတ်ချ ကြ၏။ ထိုအခါ သူ တို့ဖျက်ဆီး ခြင်းငှါ ၊ တော ၌ သူ တို့ အပေါ် သို့ ငါ့ အမျက် အရှိန်ကို သွန်းလောင်း မည်ဟု အကြံ ရှိ၏။ ၁၄ သို့ရာတွင် ၊ ငါနှုတ်ဆောင် ခြင်းကျေးဇူးကို မြင် သော တပါးအမျိုးသား တို့ရှေ့မှာ ငါ၏နာမအသရေကို မ ပျက်စေခြင်းငှါ၊ ငါသည် နာမ တော်အတွက် စီရင် လေ၏။ ၁၅ တဖန် ၊ ပြည် တကာ တို့၏ အထွဋ်ဖြစ်၍နို့ နှင့် ပျားရည် စီး သော ပြည်၊ သူ တို့အားငါပေး သောပြည် သို့ မ ပို့ဆောင် ခြင်းငှါ ၊ တော ၌ ငါ ကျိန်ဆို ၏။ ၁၆ အကြောင်းမူကား ၊ သူတို့သည် ရုပ်တု များကို ငဲ့ကွက် သောကြောင့် ၊ ငါ ၏စီရင် ထုံးဖွဲ့ချက်တို့ကို မ စောင့်ရှောက် ၊ မထီမဲ့မြင်ပြု ၍ ငါ ၏ဥပုသ် နေ့တို့ကို ရှုတ်ချ ကြ၏။ ၁၇ သို့သော်လည်း ၊ ငါသည်သူ တို့ကို နှမြော သောကြောင့် မဖျက်ဆီး ၊ တော ၌ ဆုံးရှုံး စေခြင်းငှါမ ပြု ။ ၁၈ သား မြေးတို့အား လည်း၊ သင် တို့၏ ဘိုးဘေး စီရင် ထုံးဖွဲ့ချက်တို့ကို မ စောင့်ရှောက် ကြနှင့်။ သူ တို့၏ ရုပ်တု များအားဖြင့် ကိုယ်ကိုမ ညစ်ညူး စေကြနှင့်။ ၁၉ ငါ သည် သင် တို့၏ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ ငါ ၏စီရင် ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက် ၍ ကျင့်ကြ ကြလော့။ ၂၀ ငါ ၏ဥပုသ် နေ့တို့ကိုလည်း သန့်ရှင်း စေကြလော့။ ငါ သည် သင် တို့၏ဘုရားသခင် ထာဝရဘုရား ဖြစ်သည် ဟု၊ သင်တို့သည်သိ မည်အကြောင်း၊ ထိုဥပုသ်နေ့တို့ကို ငါ နှင့် သင် တို့စပ်ကြား မှာ လက္ခဏာ သက်သေဖြစ် စေ ကြလော့ဟု ငါဆို ၏။ ၂၁ သို့သော်လည်း ၊

သူတို့၏သား မြေးတို့သည် ငါ့ ကို ပုန်ကန် ကြ၏။ ကျင့် သောသူ၌ အသက်ရှင် စရာ အကြောင်းဖြစ်သော၊ ငါ ၏စီရင် ထုံးဖွဲ့ချက်တို့ကို မ စောင့်ရှောက် ၊ မ ကျင့်ကြံ ဘဲနေ၍၊ ငါ ၏ဥပုသ် နေ့တို့ကို ရှုတ်ချ ကြ၏။ ထိုအခါ ငါသည်သူ တို့ ၌ ဒေါသ စိတ်ကို ပြေ စေခြင်းငှါ၊ တော ထဲမှာ ငါ ၏ အမျက် အရှိန်ကို သူ တို့အပေါ် သို့ သွန်းလောင်း မည်ဟု အကြံ ရှိ၏။ ၂၂ သို့ရာတွင် ၊ ငါနှုတ်ဆောင် ခြင်း ကျေးဇူးကို သိမြင်သော တပါးအမျိုးသား တို့ရှေ့မှာ ငါ၏နာမ အသရေ ကို မ ပျက်စေခြင်းငှါ၊ ငါသည်နာမ တော်အတွက် ပြု ၍ သည်းခံ လျက်နေ၏။ ၂၃ တဖန် ငါ သည် သူ တို့ကို အတိုင်းတိုင်း အပြည်ပြည်အရပ်ရပ် တို့သို့ ကွဲပြား စေခြင်းငှါ တော ၌ ကျိန်ဆို ၏။ ၂၄ အကြောင်းမူကား ၊ သူတို့သည် ဘိုးဘေး တို့ ကိုးကွယ်သော ရုပ်တု များကို ငဲ့ကွက်သောကြောင့်၊ ငါ ၏ စီရင် ထုံးဖွဲ့ချက်တို့ကို မ စောင့်ရှောက် ၊ မထီမဲ့မြင်ပြု ၍ ငါ ၏ ဥပုသ် နေ့တို့ကို ရှုတ်ချ ကြ၏။ ၂၅ ထိုကြောင့် ၊ မကောင်း သောစီရင် ချက်၊ အသက် မ ရှင်ရသောထုံးဖွဲ့ ချက်တို့ကို ငါ ပေး ၏။ ၂၆ ငါ သည် ထာဝရဘုရား ဖြစ်သည်ကို သူတို့သည် သိ မည်အကြောင်း၊ သူ တို့ကိုဖျက်ဆီး ခြင်းငှါ ၊ သူတို့သည် သားဦး အပေါင်း တို့ကို မီးဖြင့် ပူဇော်ရာတွင်၊ သူ တို့ပူဇော်သက္ကာ များအားဖြင့် ငါညစ်ညူး စေ၏။ ၂၇ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ အရှင် ထာဝရဘုရား ၏ အမိန့်တော်ကို ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ သင် တို့၏ဘိုးဘေး တို့သည် ငါ့ ကိုအထပ်ထပ်ပြစ်မှား ၍ ရှုတ်ချ ကြသည်တကား။ ၂၈ သူ တို့အား ပေး ခြင်းငှါ ငါကျိန်ဆို သော ပြည် သို့ ဆောင် သွင်းသောအခါ ၊ သူတို့သည်မြင့် သောတောင် ၊ ထူထပ် သော သစ်ပင် ရှိသမျှ တို့ ကိုကြည့်ရှု ၍၊ ထို အရပ်တို့ ၌ ယဇ် ပူဇော် ခြင်း၊ ငါ့အမျက် ကို နှိုးဆော်သော အလှူ ဒါန ကိုတင် ခြင်း၊ နံ့သာပေါင်း ကို မီးရှို့ ခြင်း၊ အရည် ပူဇော်သက္ကာသွန်းလောင်း ခြင်းတို့ကို ပြုကြ၏။ ၂၉ ငါကလည်း၊ သင် တို့သွား တတ်သော မြင့်ရာ အရပ် ကား၊ အဘယ်သို့ နည်းဟုမေး သော်လည်း ၊ ယနေ့ တိုင်အောင် မြင့်ရာအရပ်ဟု ဆိုလိုသော ဗာမာ အမည် ဖြင့် သမုတ် ကြ၏။ ၃၀ သို့ ဖြစ်၍ ၊ သင်သည် အရှင် ထာဝရဘုရား ၏ အမိန့်တော်ကို ကျသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ အိုကျသရေလအမျိုး၊ သင် တို့သည် ဘိုးဘေး တို့ ထုံးစံ အတိုင်း ညစ်ညူး လျက်၊ သူ တို့ပြုသောစက်ဆုပ် ရွံရှာဘွယ်အမှုတို့ကိုပြု၍ မှားယွင်း လျက်၊ ၃၁ ပူဇော်သက္ကာ ပြု သဖြင့်၎င်း ၊ ကိုယ် သား တို့ကို မီး ဖြင့် ပူဇော် သဖြင့်၎င်း ၊ ယနေ့ တိုင်အောင် ရုပ်တု အပေါင်း တို့နှင့် ညစ်ညူး လျက်ရှိကြစဉ်တွင်၊ ငါ သည် သင် တို့မေးလျှောက် ခြင်းကိုခံရမည်လော။ ငါ အသက်ရှင် သည်အတိုင်း သင် တို့မေးလျှောက် ခြင်းကို ငါမ ခံ။ ၃၂ ငါတို့သည် တပါးအမျိုးသား ကဲ့သို့ ၎င်း ၊ သစ်သား ဘုရား၊ ကျောက် ဘုရားကိုဝတ်ပြု သောပြည်သူ ပြည်သားများကဲ့သို့ ၎င်း ဖြစ် မည်ဟု၊ သင် တို့ကြံစည် သည်အတိုင်း အကြံ မ မြောက်ရ။ ၃၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက်ရှင် သည်အတိုင်း အကယ်စင်စစ် အားကြီး သော လက် ၊ ဆန့် သောလက်ရုံး ၊ သွန်းလောင်း သောဒေါသ အရှိန် အားဖြင့် သင် တို့ကို ငါအုပ်စိုး မည်။ ၃၄ သင်တို့ကွဲပြား လျက်နေသော အတိုင်းတိုင်း အပြည်ပြည်တို့မှ ၊ သင်တို့အားကြီး သောလက် ၊ ဆန့် သော လက်ရုံး ၊ သွန်းလောင်း သောဒေါသ အရှိန်နှင့် ငါဆောင် ခဲ့၍ စုဝေး စေမည်။ ၃၅ လူ အမျိုးမျိုးနှင့်ဆိုင်သောတော သို့ ဆောင် ခဲ့၍၊ ကိုယ်တိုင်ကိုယ်ကြပ် တရား တွေ့မည်။ ၃၆ အဲဂုတ္တ

ပြည် နှင့်ဆိုင်သော တော ၌ သင် တို့၏ ဘိုးဘေး များနှင့်တရား တွေ့သကဲ့သို့ သင် တို့နှင့် တရား တွေ့မည်။ ၃၇ နှင်တံ
အောက်မှာ ရှောက်သွား စေ၍ ၊ ပဋိညာဉ် အချည်အနှောင် ကိုခံ စေမည်။ ၃၈ ငါ့ ကို ပုန်ကန် ၍ ပြစ်မှား သောသူတို့ကို
သင် တို့ထဲက နှုတ်ပယ် မည်။ သူ တို့သည် တည်း နေသောပြည် မှ ထွက်သွား ရသော်လည်း ၊ ဣသရေလ ပြည် သို့ မ
ဝင် ကြရ။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ရကြ လိမ့်မည်။ ၃၉ အိုဣသရေလ အမျိုးသား တို့၊
အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သွား ကြလော့။ အသီးအသီး မိမိ တို့ ရုပ်တု များကို ဝတ်ပြု ကြလော့။
သို့ရာတွင် ၊ အကယ်စင်စစ် နောက်တဖန် ငါ့ စကားကို နား မ ထောင် သော်လည်း၊ ငါ ၏သန့်ရှင်း သောနာမ တော်ကို
သင် တို့ပူဇော်သက္ကာ များနှင့် ရုပ်တု များအားဖြင့် မ ရှုတ်ချ ဘဲနေရကြလိမ့်မည်။ ၄၀ အကြောင်းမူကား ၊ ငါ ၏သန့်ရှင်း
သောတောင် ၊ အမြင့်ဆုံး သော ဣသရေလ တောင် ပေါ်မှာ ဣသရေလ အမျိုးသား ၊ ပြည်သူ ပြည်သားအပေါင်း
တို့သည် ငါ့ အား ဝတ်ပြု ရကြလိမ့်မည်။ ငါသည်လည်း လက်ခံ ၍၊ ထို အရပ် ၌ သင် တို့ပြုသောပူဇော်သက္ကာ များ၊ အဦး
သီးသော အသီးတွင်ရွေး၍ဆက်ရသောအသီးအနှံ များနှင့်တကွ ၊ သင် တို့သန့်ရှင်း သောအရာရှိသမျှ တို့ကို ငါတောင်း
မည်။ ၄၁ သင်တို့သည် ကွဲပြား လျက်နေသောအတိုင်းတိုင်း အပြည်ပြည်တို့မှ ငါဆောင် ခဲ့၍ စုဝေး သောအခါ ၊
သင်တို့ ၌ပါသောနံ့သာပေါင်း အမွှေးအကြိုင် နှင့်တကွ၊ သင် တို့ကို ငါသည်လက်ခံ ၍၊ သင် တို့အားဖြင့် တပါးအမျိုးသား
တို့ရှေ့မှာ ဂုဏ် အသရေထင်ရှားခြင်း ရှိလိမ့်မည်။ ၄၂ သင် တို့၏ ဘိုးဘေး တို့အား ပေး ခြင်းငှါ ၊ ကျိန်ဆို သော
ဣသရေလ ပြည် သို့ သင် တို့ကို ဆောင် သွင်းသောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ
ရကြလိမ့်မည်။ ၄၃ သင်တို့ ညစ်ညူး သော ကျင့်ကြံ ပြုမူရာအမှု ရှိသမျှ တို့ကို ထို ပြည်၌ အောက်မေ့ ၍ ၊ ပြု မိသမျှ
သော ဒုစရိုက် တို့ကြောင့် ကိုယ်ကိုကိုယ် ရွံရှာ ကြလိမ့်မည်။ ၄၄ အိုဣသရေလ အမျိုးသား တို့၊ သင် တို့၏ဒုစရိုက်
များ၊ သင် တို့ဆိုးညစ် သောအကျင့် များနှင့်အညီ ၊ ငါသည် သင်တို့ကိုမစီရင်။ ကိုယ် နာမ တော်ကိုထောက်၍ စီရင်
သောအခါ ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ကြ ရလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၄၅ တဖန်
ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၄၆ အချင်းလူသား ၊ တောင်ဘက် သို့မျက်နှာ ပြု
လျက်၊ တောင် မျက်နှာတဘက်၌ မြွက်ဆို ၍၊ တောင် ပြည် ၌ရှိသောတော တဘက်၌ ဟောပြော လော့။ ၄၇ အရှင်
ထာဝရဘုရား ၏ အမိန့် တော်ကို တောင် ပြည်၌ရှိသောတော အား ဆင့်ဆို ရမည်မှာ၊ ငါ သည် သင် ၌ မီး ကိုညှိ မည်။
သင်၌ စိမ်းလန်း သောအပင် ၊ သွေ့ခြောက် သောအပင် ရှိသမျှ လောင် လိမ့်မည်။ တောက် သော မီးလျှံ သည်မ ငြိမ်း ရ။
တောင် ဘက်မှ သည် မြောက် ဘက်သို့ တိုင်အောင် မြေတပြင်လုံး လောင် လိမ့်မည်။ ၄၈ ထိုမီးကို ငါ ထာဝရဘုရား ညှိ
ကြောင်း ကို၊ သတ္တဝါ အပေါင်း တို့သည် သိ ရကြလိမ့်မည်။ ထိုမီးသည် မ ငြိမ်း ရဟု မိန့် တော်မူ၏။ ၄၉ ငါကလည်း၊ အို
အရှင် ထာဝရဘုရား ၊ သူ တို့က၊ ဤသူ သည်ပုံပမာ ကိုသာဆောင်၍ ဟောပြောတတ်သည် မ ဟုတ်လောဟု၊ အကျွန်ုပ်
ကို ရည်မှတ်၍ဆို တတ်ကြပါ သည်ဟု လျှောက် လေ၏။

၂၁ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ ယေရှုရှလင် မြို့ကို မျက်နှာ ပြု လျက်၊ သန့်ရှင်း သော အရပ်ဌာနတို့တဘက် ၌ မြွက်ဆို ၍ ဣသရေလ ပြည် တဘက် ၌ ဟောပြော လော့။ ၃ အရှင်ထာဝရဘုရား ၏ အမိန့် တော်ကို ဣသရေလ ပြည် အား ဆင့်ဆို ရမည်မှာ၊ ငါ သည် သင့် ကို ရန်ဘက်ပြု လျက်၊ ငါ့ ထား ကိုထားအိမ် မှ ထုတ် ၍ ၊ သင်၌ တရား သောသူ၊ မတရား သောသူတို့ကို ပယ်ဖြတ် မည်။ ၄ ထိုသို့သင် ၌ တရား သောသူ၊ မတရား သောသူတို့ ကို ပယ်ဖြတ် စရာအကြောင်းရှိသောကြောင့် ၊ ငါ့ ထား သည် တောင် ဘက်မှ သည် မြောက် ဘက်သို့တိုင်အောင်၊ ခပ်သိမ်း သောသတ္တဝါ တို့ကို ရန်ဘက်ပြု ၍ မိမိ အိမ် မှ ထွက် ရလိမ့်မည်။ ၅ ငါ ထာဝရဘုရား သည် ငါ့ ထား ကို သူ့ အိမ် မှ ထုတ် ကြောင်း ကို၊ သတ္တဝါ အပေါင်း တို့ သိ ရကြလိမ့်မည်။ ထိုထားသည် နောက် တဖန်အိမ်သို့ မ ပြန် ရ။ ၆ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ ညည်းတွား သံကို ပြုလော့။ ခါး ကျိုး လျက်၊ နှလုံး ကြေကွဲလျက်၊ သူ တို့ရှေ့မှာ ညည်းတွား သံကို ပြုလော့။ ၇ သူတို့ကလည်း၊ အဘယ်ကြောင့် ညည်းတွား သနည်းဟု သင့် ကိုမေး သောအခါ ၊ သင်က၊ ငါသည် သိတင်း စကားကြောင့် ညည်းတွား၏။ အမှုနီး ပြီ၊ ။ လူ အပေါင်း တို့သည် ကြောက် အားကြီး၍ လက် အားလျော့ ကြလိမ့်မည်။ စိတ်ပျက် ၍ ဒူး သည်လည်း အရည် ဖြစ် လိမ့်မည်။ အမှုလာ ၍ ရောက် မည်အကြောင်းကို၊ အရှင် ထာဝရဘုရား ဗျာဒိတ် ပေးတော်မူကြောင်းကို ပြန်ပြော လော့ဟု မိန့်တော်မူ၏။ ၈ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၉ အချင်းလူသား ၊ ပရောဖက်ပြု ၍ အရှင်ထာဝရ ဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ထား တော်ကို ထက် စွာ သွေးလေပြီ။ ပြောင်လက် စွာ ပွတ်လေပြီ။ ၁၀ ထက်၍ အထူးသဖြင့်လုပ်ကြံ စေခြင်းငှါသွေး လေပြီ။ ပြောင်၍ အရောင် တောက်စေခြင်းငှါလည်း ပွတ် လေပြီ။ ငါ့ သား ၏ ရာဇလှံတံ ကြောင့် ရွှင်လန်း ခြင်းကို ပြုရမည်လော။ ထိုထားသည် သစ်သား ရှိသမျှ ကို မထီမဲ့မြင်ပြု တတ်၏။ ၁၁ သုံး စရာဘို့ ပွတ် စေခြင်းငှါ အပ် ထားပြီ။ လုပ်ကြံ သောသူ၌ အပ် ခြင်းငှါ ထက် စွာလည်း သွေးလေပြီ။ ပြောင်လက် စွာပွတ်လေပြီ။ ၁၂ အချင်းလူသား ၊ ငိုကြွေး အော်ဟစ် လော့။ အကြောင်းမူကား ၊ ငါ ၏ လူ တို့ ၌ရောက် လိမ့်မည်။ ဣသရေလ မင်းသား အပေါင်း တို့ ၌ လည်း ရောက်လိမ့်မည်။ သူတို့နှင့်တကွငါ ၏လူ တို့ကို ထား ၌ အပ် လေ၏။ ထိုကြောင့် ၊ သင်၏ပေါင် ကို ရိုက် လော့။ ၁၃ စုံစမ်း ခြင်းအမှုဖြစ်၏။ ထားတော်သည် လှံတံကို မရိုမသေ ပြုလျှင် အဘယ်သို့ နည်း။ လှံတံဆုံး လိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ ပရောဖက်ပြု ၍ လက်ခုပ်တီး လော့။ ထား တော်သည် နှစ် ခေါက်၊ သုံး ခေါက် ရောက်ရ၏။ သူရဲ ထား ၊ အားကြီး သော သူရဲ ထား ဖြစ်၏။ သူ တို့ကိုဝန်းရံ သော ထားဖြစ်၏။ ၁၅ သူတို့စိတ်ပျက် ၍ အထူးသဖြင့်ဆုံးရှုံး စေခြင်းငှါ၊ ထား ဘေး ကိုမြို့ တံခါး ရှိသမျှ တို့ ၌ ငါရောက် စေပြီ။ ထားပြောင် လျက်ရှိ၏။ လုပ်ကြံ စရာဘို့ ပွတ် ထားလျက် ရှိ၏။ ၁၆ စုဝေး လော့။ လက်ျာ ဘက်သို့ ခုတ် လော့။ ပြင်ဦးလော့။ လက်ဝဲ ဘက် အစရှိသောသင် ၏အသွားမျက်နှာ ပြုသမျှဘက်သို့ ခုတ်လော့။ ၁၇ ငါ သည်လည်း လက် ချင်းရိုက် ၍ ၊ ငါ ဒေါသ အရှိန် ကို ငြိမ်း စေမည်။ ထိုသို့ငါ ထာဝရဘုရား မိန့် တော်မူပြီ။ ၁၈ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၉ အချင်းလူသား ၊ ဗာဗုလုန်

ရှင်ဘုရင် ၏ ထား သွားရာလမ်း နှစ် လမ်းကို မှတ်သား လော့။ လမ်းနှစ် လမ်း တို့သည် ပြည် တ ပြည်ထဲက ထွက်ရမည်။ မြို့ သို့သွားသော လမ်း ခွ ၌ အရပ်တခုကို ရွေး လော့။ ၂၀ အမျှန် ပြည်၌ ရဖွတ် မြို့သို့ငင်း ၊ ယုဒ ပြည်၌ ခိုင်ခံ့သော ယေရုရှလင် မြို့သို့ငင်း ၊ ထား ရောက် ရာလမ်း ကို မှတ်သား လော့။ ၂၁ ဗာဗုလုန် ရှင်ဘုရင် သည် ဗေဒင် တွက်ခြင်းငှါ လမ်း နှစ် လမ်းဆုံ မိရာလမ်း ခွ ၌ ရပ် ၏။ မြှား တို့ကို ရောနှော ၏။ တေရပ်ရုပ်တု တို့ကို မေးမြန်း ၏။ အသည်း ကို ကြည့်ရှု ၏။ ၂၂ ဝက်ခွတိုင် ၌ တုံးတို့ကို ဆွဲထား စေခြင်းငှါ ၎င်း ၊ လုပ်ကြံ ခြင်းအမှုကို မှာထား စေခြင်းငှါ ၎င်း ၊ ကြွေးကြော် အော်ဟစ်စေခြင်းငှါ ၎င်း ၊ မြို့တံခါး တဘက် တချက် ဝက်ခွတိုင် ၌ တုံးတို့ကိုဆွဲ ထားစေခြင်းငှါ ၎င်း၊ မြေရိုး ကိုဖို့ စေခြင်းငှါ ၎င်း ၊ ရဲတိုက် ကို ဆောက် စေခြင်းငှါ ၎င်း ၊ လက်ျာ ဘက်၌ ယေရုရှလင် မြို့အဘို့ ဗေဒင် တွက်၍ နေရာ ကျ၏။ ၂၃ သို့ရာတွင် ၊ ရှင်ဘုရင်ထံ၌ သစ္စာခံ သောသူတို့ သည် ထိုဗေဒင်တွက်ခြင်းကို အချည်းနှီး သော ဗေဒင် တွက်ခြင်းကဲ့သို့ မှတ် ကြလိမ့်မည်။ ရှင်ဘုရင်မူကား ၊ သူတို့ ကို ဘမ်းမိ လိုသောငှါ ၊ သူတို့ ပြစ်မှားသော အပြစ် ကို အောက်မေ့ လိမ့်မည်။ ၂၄ သို့ ဖြစ်၍ ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ သင် တို့ပြု လေသမျှ တို့ ၌ အပြစ် ထင်ရှား သည် တိုင်အောင်၊ သင် တို့သည် မိမိ တို့ဒုစရိုက် အပြစ်ကို သူတပါးအောက်မေ့ စေ၍၊ မိမိ တို့ လွန်ကျူးခြင်း အမှုများ ကို ဘော်ပြ လျက်၊ မိမိ တို့ကို သူတပါး အောက်မေ့ စေသောကြောင့် ၊ ထိုရှင်ဘုရင်လက် သို့ ရောက် ရကြလိမ့်မည်။ ၂၅ အချင်းဆိုးယုတ် သော အဓမ္မ ကျသရေလ မင်းသား ၊ အဓမ္မ အမှုကြောင့်ဆုံးရှုံး ရသောကာလ ရောက်သောအခါ ၊ သင်၏အချိန် ကာလသည် ရောက် လိမ့်မည်။ ၂၆ ဦးရစ် တော်ကိုပယ် ၍ ရာဇသရဖူ ကို ချွတ် လော့။ နောက်တဖန် မ ရှိရ။ နိမ့် သောသူကိုချီးမြှောက် ရမည်။ မြင့် သောသူကို နှိမ့်ချ ရမည်။ ၂၇ နိုင်ငံကို ဆုံးစေခြင်းငှါ၊ အစိုးပိုင်သောသူ မ ရောက် မှီတိုင်အောင်၎င်း ငါမှောက်လှန် မည်။ မှောက်လှန် မည်။ မှောက်လှန် မည်။ အစိုးပိုင်သောသူ ၌ ငါအပ် မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၈ အချင်းလူသား ၊ အရှင် ထာဝရဘုရား သည် အမျှန် အမျိုးသား တို့ကိုဂင်း၊ ၂၉ သူ တို့ကဲ့ရဲ့ ခြင်းကိုဂင်းရည်မှတ် ၍မိန့် တော်မူသော စကားကို ပရောဖက်ပြု ၍ ဆင့်ဆို ရမည်မှာ၊ အဓမ္မ အမှုကြောင့် ဆုံးရှုံးရသောကာလ ရောက်၍ အပြစ်ဒဏ်ခံရသောအခါ၊ အသေ သတ်ခြင်းကို ခံရသောအဓမ္မလူတို့၏ လည်ပင်း ပေါ်မှာ ၊ သင့် ကိုနေရာ ကျစေခြင်းငှါ ၊ သင့် အဘို့ အချည်းနှီး သောအရာကိုကြည့်မြင် ၍၊ မုသာ စကားကိုဟောပြော စဉ်တွင်၊ ထား တော်သည် လုပ်ကြံ ဘို့ရာထုတ် လျက်ရှိ၏။ ဖျက်ဆီးဘို့ရာအရောင် တောက်သည်တိုင်အောင်ပြောင် စွာပွတ်လေပြီ။ ၃၀ သင့်ထားကို အိမ် သို့ ပြန် စေလော့။ သင့်ကို ငါ ဖန်ဆင်း သော အရပ် ၊ မွေးဘွား ရာဌာန ၌ သင့် ကို ငါစီရင် မည်။ ၃၁ သင့် အပေါ် သို့ ငါ့ အမျက် ကို ငါသွန်းလောင်း မည်။ ငါ့ ဒေါသ မီး ဖြင့် သင့် ကို မှုတ် မည်။ ကြမ်းတမ်းသော သဘောရှိ၍ ဖျက်ဆီး တတ်သော လူ တို့လက် သို့ အပ် မည်။ ၃၂ သင်သည်မီးမွေးဘို့ ထင်း ဖြစ် ရလိမ့်မည်။ သင့် အသွေး သည် ပြည် အလယ် ၌ ရှိ ရလိမ့်မည်။ နောက်တဖန်အဘယ်သူမျှမ အောက်မေ့ ရဟု ငါ ထာဝရဘုရား မိန့် တော်မူ၏။

JJ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား၊ လူအသက် ကိုသတ်တတ်သော မြို့ ကို သင်သည် စစ်ကြော လော့။ စစ်ကြော လော့။ သူ ၌ ပြုသမျှ သော စက်ဆုပ် ရွံရှာဘွယ်အမှုတို့ကိုပြလော့။ ၃ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ မိမိ အချိန် ရောက် စေခြင်းငှါ၊ မိမိ အလယ် ၌ လူအသက် ကိုသတ်၍၊ မိမိကိုညစ်ညူး စေဘို့ မိမိတဘက်၌ ရုပ်တု တို့ကိုလုပ် တတ်သောမြို့၊ ၄ သင်သည် လူအသက် ကိုသတ် သောအားဖြင့် အပြစ် ရောက်၏။ လုပ် သောရုပ်တု အားဖြင့် ညစ်ညူး ခြင်း ရှိ၏။ သင် ၏နေ့ရက် ကာလအချိန် ကို ကိုယ်တိုင်ရောက် စေ ပြီ။ ထိုကြောင့်၊ ငါသည် သင့်ကို အတိုင်းတိုင်း အပြည်ပြည် တို့တွင် ကဲ့ရဲ့ ရာ၊ ပျက်ချော် ရာဖြစ်စေမည်။ ၅ အိုအသရေ ပျက်၍ နှောင့်ရှက် ခြင်းကို ခံရသောသင် ကို ၊ အဝေး အနီး ၌နေသောသူတို့ သည် ပျက်ချော်ကြလိမ့်မည်။ ၆ ကြွသရေလ မင်းသား တို့သည် အသီးအသီး အခွင့် တန်ခိုးရှိသည်အတိုင်း ၊ သင့် အလယ် ၌ လူအသက်ကိုသတ် တတ်ကြ၏။ ၇ သင့် အလယ် ၌ မိဘ တို့ကိုမထီမဲ့မြင်ပြု ကြ၏။ တပါး အမျိုးသားတို့ကို အနိုင်အထက်ပြု ကြ၏။ မိဘ မရှိသောသူ နှင့် မုတ်ဆိုးမ တို့ကို ညှဉ်းဆဲ ကြ၏။ ၈ သင်သည် ငါ ၏ သန့်ရှင်းသောအရာတို့ကို မထီမဲ့မြင်ပြုပြီ။ ငါ ၏ ဥပုသ် နေ့တို့ကို ရှုတ်ချ ပြီ။ ၉ သင့် အလယ် ၌ လူအသက် ကိုသတ် လိုရှိ ကုန်းတိုက် သောသူ၊ တောင်ပေါ်မှာ စား သောသူ၊ အဓမ္မ အမှုကိုပြု သောသူရှိ ကြ၏။ ၁၀ သင့် အလယ် ၌ အဘ ၏မယားကို ပြစ်မှား ကြ၏။ ဥတု ရောက်သော မိန်းမနှင့်မှားယွင်း ကြ၏။ ၁၁ သင့်အလယ်၌ အချို့တို့သည် အိမ်နီးချင်း မယား ကို ပြစ်မှား ကြ၏။ အချို့တို့သည် မိမိ ချွေးမ နှင့် ဆိုးညစ် သောအဓမ္မ အမှုကို ပြုကြ၏။ အချို့တို့သည် မိမိ နှမ ၊ မိမိ အဘ ၏သမီး ကို ရှုတ်ချ ကြ၏။ ၁၂ သင့် အလယ် ၌လည်း လူအသက် သတ်ခ ကို ခံ ကြ ၏။ အတိုး စား၍ ငွေကိုချေးကြ၏။ အိမ်နီးချင်း ၏ ဥစ္စာကို လုယူ ကြ၏။ ငါ့ ကိုလည်း မေ့လျော့ ကြ၏။ ၁၃ သို့ ဖြစ်၍ ၊ သင်ဆည်းဖူး သောဥစ္စာ ၊ သင့် အလယ် ၌ သွန်းသော အသွေး ကြောင့် ငါလက်ခုပ်တီး ၏။ ၁၄ သင့် ကိုငါ စီရင် သောအခါ ၊ သင် ၏နှလုံး သည် ခိုင်ခံ့နိုင်သလော။ သင် ၏လက် သည်လည်း အားကြီး နိုင် သလော။ ငါ ထာဝရဘုရား သည် အမိန့် တော်ရှိသည် အတိုင်း ပြုမည်။ ၁၅ သင့် ကိုလည်း အတိုင်းတိုင်း အပြည်ပြည်တို့တွင်၊ အရပ်ရပ် သို့ ကွဲပြား စေမည်။ သင် ၏အညစ်အကြေးကိုလည်း ပယ်ရှင်း မည်။ ၁၆ လူ အမျိုးမျိုးတို့ရှေ့မှာ ၊ သင်သည် ကိုယ်တိုင်အသရေ ရှုတ်ချခြင်းကို ခံရ၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကိုသိ ရလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၈ အချင်းလူသား ၊ ကြွသရေလ အမျိုး သည် ငါ့ ရှေ့မှာ ချော် ဖြစ်လေပြီ။ ထိုသူအပေါင်းတို့သည် မိုက် ထဲ၌ ထည့်သော ကြေးနီ ၊ ကြေးဖြူ ၊ သံ ၊ ခဲ ကဲ့သို့ငွေ နှင့် ကွာသော ချော် ဖြစ်ကြ၏။ ၁၉ ထိုကြောင့် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ သင် တို့အပေါင်း သည် ချော် ဖြစ် သောကြောင့် ၊ ယေရုရှလင် မြို့ထဲ၌ ငါ စုဝေး စေမည်။ ၂၀ ငွေ ၊ ကြေးနီ ၊ ကြေးဖြူ ၊ သံ ၊ ခဲ တို့ကို မီး မှုတ် ၍ အရည်ကျိုခြင်းငှါမိုက်ထဲ၌ စုထား သကဲ့သို့၊ ထိုအတူ ငါသည် ပြင်းစွာအမျက် ထွက်လျက်၊ သင် တို့ကို ထိုမြို့ထဲ၌စုထား ၍အရည်ကျိုမည်။ ၂၁ အကယ်စင်စစ်စုထား ပြီးမှ ငါ့ အမျက် မီး ကို မှုတ် ၍ ၊ သင်တို့သည် မြို့ထဲမှာ အရည်ကျိုခြင်းကိုခံရကြ လိမ့်မည်။ ၂၂

ငွေ ကိုမိုက် ထဲ၌ အရည်ကျိ သကဲ့သို့ ၊ သင်တို့သည် မြို့ ထဲမှာ အရည်ကျိ ခြင်းကိုခံရသဖြင့် ၊ ငါ ထာဝရဘုရား သည် သင် တို့အပေါ် သို့ ၊ ငါ ၏ဒေါသ အရှိန်ကို သွန်းလောင်း သည်ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၂၃ တဖန် အရှင်ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂၄ အချင်းလူသား ၊ သင်ဆင့်ဆို ရမည်မှာ၊ အမျက် ထွက် သောနေ့ ၌ မိုးယံ မ ရွာ၊ သင်သည် မိုးယံ ရေကို မ ခံရသောပြည် ဖြစ်၏။ ၂၅ ထိုပြည် အလယ် ၌ ပရောဖက် တို့သည် သင်းဖွဲ့ခြင်းကို ပြုကြပြီ။ ဟောက် ၍အကောင် ကို ကိုက်ဖြတ် သော ခြင်္သေ့ ကဲ့သို့ လူ တို့ကို ကိုက်စား ကြ၏။ ဘဏ္ဍာ များနှင့် အဘိုး ထိုက်သော ဥစ္စာများကို လုယူ ကြ၏။ ပြည် အလယ် ၌ မုတ်ဆိုးမ တို့ကို များပြား စေကြ၏။ ၂၆ ယဇ်ပုရောဟိတ် တို့သည်လည်း ငါ ၏တရား ကို ဖျက် ၍ ၊ ငါ ၏သန့်ရှင်း ရာဌာနကိုလည်း ညစ်ညူး စေကြ၏။ သန့်ရှင်း သောအရာ၊ မ သန့်ရှင်းသောအရာတို့ကို မ ပိုင်းခြား ၊ စင်ကြယ် သောအရာ၊ မ စင်ကြယ်သောအရာ တို့ကို ရောနှော ကြ၏။ ငါ ၏ ဥပုသ်နေ့တို့မှလည်း မျက်နှာလွှဲ ကြ၏။ သူ တို့ အလယ် ၌ ငါသည်ရှုတ်ချ ခြင်းကို ခံရ၏။ ၂၇ မင်း တို့သည်လည်း အကောင် ကို ကိုက်ဖြတ် သော တောခွေး ကဲ့သို့ ပြည် အလယ် ၌ ဖြစ်၍၊ မတရား သော စီးပွားကို ရှာ လိုသောငှါ လူအသက် ကိုသတ် ၍၊ သူတပါး တို့ကို သုတ်သင် ပယ်ရှင်းတတ်ကြ၏။ ၂၈ ပရောဖက် တို့ကလည်း ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ဟု ထာဝရဘုရား မိန့် တော်မ မူဘဲ၊ အချည်းနှီး သောအရာကို မြင် ၍၊ မုသား စကားကို ဟောပြော လျက်၊ သူ တို့ကို အင်္ဂတေ နှင့်မွမ်းမံ ကြ၏။ ၂၉ ပြည်သူ ပြည်သားတို့သည်လည်း ညှဉ်းဆဲ ခြင်း၊ ထားပြ တိုက်ခြင်း၊ ဆင်းရဲ ငတ်မွတ် သောသူတို့ကို နှိပ်စက် ခြင်း၊ တပါး အမျိုးသားတို့အား မတရား သဖြင့် ညှဉ်းဆဲ ခြင်း ကို ပြုကြ၏။ ၃၀ ထိုပြည် ကို ငါမ ဖျက်ဆီး စေခြင်းငှါ ကွယ်ကာသောသူ၊ မြို့ရိုး ပျက် ပေါ်မှာ ရပ် ၍ ဆီးတား သောသူ တယောက်ကိုမျှ ငါရှာ ၍မ တွေ့ ။ ၃၁ ထိုကြောင့် ၊ ငါ့ အမျက် ကို ငါသွန်းလောင်း လျက်၊ ငါ့ ဒေါသ မီး ဖြင့် သူ တို့ကိုရှိ ၍၊ သူတို့အပြစ်ကို သူ တို့ ခေါင်း ပေါ် သို့ ရောက် စေမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၂၃ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ အမိ မ ကွဲပြားသော ညီအစ်မ နှစ် ယောက်ရှိ ၏။ ၃ သူ တို့သည် အသက် ငယ်စဉ်အခါ၊ အဲဂုတ္တု ပြည်၌ မတရား သောမေထုန် ကို ပြုကြ၏။ ထို ပြည်၌ သူ တို့၏ သားမြတ် ကို ပွတ်နယ် ၍ အပျိုမ အသရေ ကို ရှုတ်ချကြ၏။ ၄ အစ်မ ကား အဟောလ ၊ ညီမ ကား အဟောလိဗ အမည် ရှိ၏။ ထိုသူနှစ်ယောက်တို့သည် ငါ ၏ခင်ပွန်းဖြစ် ၍သား သမီး တို့ကို ဘွားမြင် ကြ၏။ အဟောလ အမည်သည် ရှမာရိ ဟူ၍၎င်း ၊ အဟောလိဗ အမည်သည် ယေရုရှလင် ဟူ၍၎င်း ဆိုလိုသတည်း။ ၅ အဟောလ သည် ငါ ၏ခင်ပွန်းဖြစ်စဉ်အခါ၊ မတရား သောမေထုန် ကိုပြု၏။ ၆ မိမိ ရည်းစား တည်းဟူသော၊ ပြာ သောအဝတ် ကို ဝတ်သောမိမိအိမ်နီးချင်း အာရှုရိ အမျိုးသားဗိုလ်မင်း ၊ ဝန်မင်း ၊ ချစ် ဘွယ်သောလူပျို ၊ မြင်းစီး သူရဲတို့ကို တပ်မက် ၏။ ၇ ထိုအာရှုရိ လူကောင်း လူမြတ်အပေါင်း တို့နှင့် မတရား သောမေထုန်ကိုပြု၏။ တပ်မက် သော သူအပေါင်း တို့၏ ရုပ်တု များနှင့် ကိုယ်ကိုညစ်ညူး စေ၏။ ၈ အသက် ငယ်စဉ်အခါ အဲဂုတ္တု ပြည်၌ သူနှင့် သင့်နေ ၍၊ အပျိုမ အသရေ ကို ရှုတ်ချသဖြင့်၊ အထပ်ထပ်မတရားသောမေထုန် ကိုပြုကြသည်နှင့်အညီ၊ အဲဂုတ္တု မေထုန်ကိုလည်း မ စွန့်ပစ် ၊

မှီဝဲလျက်နေ၏။ ၉ ထိုကြောင့် ၊ သူတပ်မက် သော ရည်းစား၊ အာရှရိ လူ တို့ ၌ သူ့ ကိုငါ အပ် ၍၊ ၁၀ သူတို့သည် အဝတ်ကို ခွတ် ကြ၏။ သူ ၏ သား သမီး တို့ကို သိမ်း သွား၍ ၊ သူ့ ကိုထား နှင့် ကွပ်မျက် ကြ ၏။ ထိုသို့အပြစ် စီရင်ခြင်းကို ခံရသောအားဖြင့်၊ မိန်းမ တကာတို့တွင် ကျော်စော သောမိန်းမဖြစ် လေ၏။ ၁၁ ထိုအမှုကို ညီမ အဟောလိဗ သည် မြင် သောအခါ ၊ အစ်မ ထက် သာ၍တပ်မက် သောစိတ် ရှိသည်နှင့်၊ အစ်မ ထက် သာ၍မတရား သောမေထုန်ကို ပြု၏။ ၁၂ တင့်တယ် သော အဝတ် ကိုဝတ်သော မိမိအိမ်နီးချင်း အာရှုရိ အမျိုးသား ဗိုလ်မင်း ၊ ဝန်မင်း ၊ ချစ် ဘွယ် သောလူပျို ၊ မြင်းစီး သူရဲတို့ကို တပ်မက် ၏။ ၁၃ ထိုအခါ သူသည် ညစ်ညူး ကြောင်းနှင့်၊ အစ်မလိုက် သောလမ်း သို့ လိုက်ကြောင်း ကို ငါသိမြင် ၏။ ၁၄ အထူးသဖြင့်မတရား သောမေထုန်ကို ပြုသောအကြောင်းအရာဟူမူကား၊ ခါးစည်း ကိုစည်း လျက်၊ ထူးဆန်းသော ပုဆိုးခေါင်းပေါင်း ကို ပေါင်းလျက်၊ မွေးဘွား ရာဌာန ခါလဒဲ ပြည် ဗာဗုလုန် မြို့သား ကဲ့သို့၊ မင်း ၏အသွင် ကိုဆောင်လျက်၊ ၁၅ အုတ် ထရံ၌ ဟင်းသပြတား နှင့်ရေး သော ခါလဒဲ လူ၏ ရုပ်ပုံ တို့ကို မြင် သောအခါ ၊ ၁၆ တပ်မက် သောစိတ်ရှိ၍ ၊ ခါလဒဲ ပြည်သို့ တမန် ကို စေလွှတ် လေ၏။ ၁၇ ဗာဗုလုန် မြို့သား တို့သည် သူနှင့်သံဝါသပြု ရာခုတင်သို့ လာ ၍ ၊ မတရား သောမေထုန်ကို ပြုသော အားဖြင့် ညစ်ညူး စေကြ၏။ သူသည်လည်း ထိုသူ တို့ကို ခွံရှာ သည် တိုင်အောင်ညစ်ညူး ခြင်းကိုခံလေ၏။ ၁၈ ထိုသို့ မတရား သောမေထုန်ကိုပြုခြင်း၊ အဝတ် အချည်းစည်းရှိခြင်းကို ထင်ရှား ဘော်ပြ သောကြောင့် ၊ ငါသည် သူ့ အစ်မ ကိုခွံရှာ သကဲ့သို့ ၊ သူ့ ကိုလည်းခွံရှာ ၏။ ၁၉ အသက်ငယ် စဉ်အခါအဲဂုတ္တု ပြည် ၌ မှားယွင်း သောကာလ ကို အောက်မေ့ သဖြင့်၊ မှားယွင်း ခြင်းကို အထပ်ထပ် ပြု၏။ ၂၀ မြည်း အင်္ဂါနှင့်တူသော အင်္ဂါ၊ မြင်း သုတ်ရည် နှင့် တူသောသုတ်ရည် ရှိသောထိုရည်းစား တို့ကိုပင် တပ်မက် လေသည်တကား။ ၂၁ သို့ ဖြစ်၍ ၊ အိုအဟောလိဗ၊ အဲဂုတ္တု လူတို့သည် သင့် အသရေ ကို ရှုတ်ချ ၍၊ အပျိုမ သားမြတ် တို့ကို ပွတ်နယ်ကြသဖြင့်၊ သင် အသက်ငယ် စဉ်အခါသင်ပြုသောအဓမ္မ အမှုကို အထပ်ထပ် ပြုသောကြောင့်၊ ၂၂ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် ခွံရှာ သော ရည်းစား တို့ကို ငါ ထ စေပြီးလျှင်၊ အရပ်ရပ် တို့က လာ ၍ တိုက်စေမည်။ ၂၃ အာရှုရိ လူ များနှင့်တကွအကြီးအကဲ၊ သူဌေးသူကြွယ်၊ ထင်ရှားသောသူဖြစ်သော ဗာဗုလုန် လူ ၊ ခါလဒဲ လူများတည်းဟူသော၊ ချစ် ဘွယ်သော လူပျို ၊ ဗိုလ်မင်း ၊ ဝန်မင်း ၊ မှူးကြီးမတ်ကြီး ၊ မြင်းစီး သူရဲအပေါင်း တို့သည်၊ ၂၄ စစ်တိုက် လက်နက်နှင့် လှည်း ရထားပါလျက်၊ လူ အလုံးအရင်း နှင့်တကွလာ ၍ ဒိုင်း ၊ လွှား ၊ သံခမောက်လုံး တို့ကို သင့် ပတ်လည် ၌ ခင်းကျင်း ကြလိမ့်မည်။ တရား စီရင် သော အခွင့်ကိုသူ တို့ ၌ ငါ အပ်ပေး၍၊ သူတို့သည် မိမိ ထုံးစံ အတိုင်း စီရင် ကြလိမ့်မည်။ ၂၅ သူတို့သည် သင့် ကို မ ယုံမည်အကြောင်း၊ ငါပြု ၍သင့် ကို ကြမ်းတမ်း စွာ စီရင် ကြလိမ့်မည်။ သင့် နှာခေါင်း ၊ နားရွက် တို့ကို ဖြတ် ၍ အကျန်အကြွင်း ကိုထား နှင့် စဉ်းကြလိမ့်မည်။ သင် ၏သား သမီး တို့ကို သိမ်း သွား ၍၊ ကျန်ကြွင်း သောသူတို့ ကို မီး ရှို့ ကြ လိမ့်မည်။ ၂၆ သင့် အဝတ် ကိုလည်း ခွတ် ၍ ၊ တင့်တယ် သော တန်ဆာ တို့ကို သိမ်းယူ ကြလိမ့်မည်။ ၂၇ ထိုသို့သင်သည် နောက် တဖန် မျှော် မ ကြည့်၊ အဲဂုတ္တု ပြည်ကို မ အောက်မေ့ စေခြင်းငှါ၊ သင် ပြုသောအဓမ္မ အမှုနှင့် အဲဂုတ္တု ပြည် မှ ပါသောအဓမ္မ မေထုန်ကို ငါငြိမ်း စေမည်။ ၂၈ တဖန် အရှင်

ထာဝရဘုရား မိန့် တော်မူသည် ကား၊ သင်မုန်း သောသူ၊ သင် ရွံရှာ သောသူတို့ လက် သို့ သင့် ကိုငါ အပ် သဖြင့် ၊ ၂၉ သူတို့သည် မုန်း သည်အတိုင်းပြု လျက်၊ သင် ကြိုးစား ၍ ဆည်းပူးသမျှသောဥစ္စာတို့ကိုသိမ်းယူ ၍၊ သင့် ကိုယ်၌ အဝတ် မရှိ၊ အချည်းစည်း ရှိ ရစ် စေကြလိမ့်မည်။ သင် မှားယွင်း ၍ အချည်းစည်း ရှိခြင်း၊ အဓမ္မ အမှုကို ပြုခြင်း၊ မတရား သောမေထုန်သို့ လိုက်ခြင်းအရာသည် ထင်ရှား ရလိမ့်မည်။ ၃၀ သင် သည်တပါး အမျိုးသား တို့နှင့် မှားယွင်း ၍၊ သူ တို့ရုပ်တု များနှင့် ညစ်ညူး သောကြောင့် ၊ ထိုသို့ ငါစီရင် မည်။ ၃၁ သင်သည် အစ်မ လိုက်သော လမ်း ကိုလိုက် သောကြောင့် ၊ သူ သောက်သော ခွက် ကို သင့် လက် ၌ ငါထား မည်။ ၃၂ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင့် အစ်မ သောက်သောခွက် ၊ ကျယ် ၍ စောက် သောခွက်ကို သင်သောက် ရမည်။ ထိုခွက်၌ များစွာ ဝင် သည်ဖြစ်၍၊ သင်သည်ကဲ့ရဲ့ ခြင်းနှင့် ပျက်ချော် ခြင်းကိုခံရ မည်။ ၃၃ သင့် အစ်မ ရှမာရိ သောက်သောခွက် ၊ မြို့ငတွေ စေသော ခွက် ကို သောက်၍၊ ယစ်မူး ခြင်း၊ ညှိုးငယ် ခြင်းနှင့် ဝ ရလိမ့်မည်။ ၃၄ ထိုခွက် ကို သောက် ၍စုတ် ပြီးမှ ခွက်ခြမ်း ကို ကိုက်ခဲ ၍ ၊ ကိုယ် သားမြတ် တို့ကို ဆွဲဖြတ် ရလိမ့်မည်။ ငါ ပြော ပြီဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၃၅ သို့ ဖြစ်၍ ၊ သင်သည် ငါ့ ကို မေ့လျော့ ၍ ၊ သင့် ကျော နောက်သို့ ငါ့ ကိုပစ် လိုက်သောကြောင့် ၊ သင် သည် အဓမ္မ အမှုနှင့် မတရား သောမေထုန် အမှု၏ အပြစ်ကိုခံ လော့ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၃၆ တဖန် ထာဝရဘုရား သည် ငါ့ အား မိန့် တော်မူသည် ကား၊ အချင်းလူသား ၊ သင်သည်အဟောလ နှင့် အဟောလိဗ တို့ကို စစ်ကြော လော့။ အကယ်စင်စစ်သူ တို့ ပြုသောစက်ဆုပ် ရွံရှာဘွယ်အမှုတို့ကို ဘော်ပြ ရမည်။ ၃၇ အကြောင်းမူကား ၊ သူတို့သည် မျောက်မထား ကြပြီ။ လူအသက် ကိုသတ် သောအပြစ်ရှိကြ၏။ ရုပ်တု တို့နှင့် ပင် မျောက်မထား ကြပြီ။ ငါ့ အဘို့ ဘွားမြင် သောသား တို့ကိုပင် ရုပ်တုစားစရာ ဘို့ မီး ဖြင့်ပူဇော်ကြပြီ။ ၃၈ ထိုမှတပါး ၊ ငါ ၌ ပြု သောအမှုဟူမူကား၊ ထိုနေ့ခြင်း တွင် ငါ ၏ သန့်ရှင်း ရာဌာနကို ညစ်ညူး စေ၍ ၊ ငါ ၏ဥပုသ် နေ့တို့ကိုရှုတ်ချ ကြပြီ။ ၃၉ ကိုယ် သားသမီး တို့ကိုရုပ်တု ရှေ့တွင် သတ် ပြီးမှ ၊ ထိုနေ့ခြင်း တွင် ငါ ၏ သန့်ရှင်း ရာဌာနကို ညစ်ညူး စေခြင်းငှါ လာ ကြ၏။ ထိုသို့ ငါ့ အိမ် တော်အလယ် ၌ ပြု ကြပြီတကား။ ၄၀ ထိုမှတပါး ၊ သင်သည်တမန် တို့ကို စေလွှတ် ၍ ၊ ဝေး သောအရပ်မှ ယောကျ်ား တို့ကိုခေါ် ၍ သူတို့သည် လာ ကြ၏။ သူတို့အဘို့ သင် သည် ရေချိုးခြင်း၊ မျက်စိ ၌ ဆေး ထိုးခြင်း၊ တန်ဆာဆင် ခြင်းကို ပြုပြီးလျှင်၊ ၄၁ အသရေ ရှိသော ခုတင် ပေါ် ၌ ထိုင် ၍ ၊ ငါ့ နံ့သာပေါင်း နှင့် ငါ့ ဆီ ကို တင် သောစားပွဲ ကို ခုတင် ရှေ့မှာ ခင်း လေ၏။ ၄၂ ပျော်မွေ့ လျက် နေသောလူ အလုံးအရင်းမြည်သံ ကိုလည်း ကြားရ၏။ အခြားသောသူအများ တို့နှင့်အတူ တော က လာ ၍ ၊ လက် ၌ လက်ကောက် ၊ ခေါင်း ၌ တင့်တယ် သော သရဖူ ကို ဆောင်းသော သေသောက်ကြူး တို့လည်း ပါကြ၏။ ၄၃ ငါကလည်း၊ ထိုသူတို့သည် ဣမိန်းမ နှင့်ပင် အကယ်၍မတရား သောမေထုန် ကို ပြုကြလိမ့်မည်လောဟု၊ အို သည်တိုင်အောင်ပြည်တန်ဆာ လုပ်သော ထိုမိန်းမကို ရည်မှတ်၍ ဆို သော်၊ ၄၄ ပြည်တန်ဆာ မိန်းမ ရှိရာသို့ ယောကျ်ား ဝင် တတ် သကဲ့သို့ ၊ သူတို့သည် ထိုအဓမ္မ မိန်းမ အဟောလ နှင့် အဟောလိဗ ရှိရာသို့ ဝင် ကြ၏။ ၄၅ သို့ ဖြစ်၍ ၊ မျောက်မထား သောမိန်းမ၊ လူအသတ် ကိုသတ်သော အပြစ်ရှိသောမိန်းမဖြစ်သောကြောင့် ၊ မျောက်မထား

သောမိန်းမ၊ လူ အသက်ကိုသတ်သော မိန်းမကို စီရင် သကဲ့သို့၊ ဖြောင့်မတ် သောသူ တို့သည် စီရင် ကြ လိမ့်မည်။ ၄၆ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုမိန်းမတို့ရှိရာသို့ လူ အလုံးအရင်းကိုငါချီ စေ၍ ၊ လုယက် သိမ်း သွားစေခြင်းငှါ အခွင့်ပေး မည်။ ၄၇ ထိုအလုံးအရင်း သည် မိန်းမ တို့ကိုခဲ နှင့် ပစ်၍ ၊ ထား နှင့် ခုတ် ကြလိမ့်မည်။ သား သမီး တို့ကိုသတ် ၍ အိမ် တို့ကိုလည်း မီး ရှို့ ကြလိမ့်မည်။ ၄၈ ထိုသို့အခြားသော မိန်းမ ရှိသမျှ တို့သည် သင် တို့ကဲ့သို့ အဓမ္မ အမှုကိုမ ပြု ဘဲ သတိရ စေခြင်းငှါ၊ သင်တို့အဓမ္မ အမှုကို တပြည်လုံး ၌ ငါပယ်ရှင်း မည်။ ၄၉ လူအလုံးအရင်းသည် သင် တို့အဓမ္မ အမှု၏ အပြစ်နှင့်အလျောက်စီရင် ၍ ၊ သင်တို့သည် ရုပ်တု များနှင့်ဆိုင်သော အပြစ် ကိုခံရ လျက်၊ ငါ သည် အရှင် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၂၆ သက္ကရာဇ် ကိုး ခု၊ ဒသမ လ ဆယ် ရက်နေ့တွင် ၊ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ ဤ မည်သောနေ့၊ ယခု နေ့ရက်ကိုမှတ် လော့။ ယခု နေ့၌ ဗာဗုလုန် ရှင်ဘုရင် သည် ယေရုရှလင် မြို့ကို ဝိုင်း ထားစပြု၏။ ၃ ပုန်ကန် တတ်သော အမျိုး အား လည်း ပုံ စကား တည်းဟူသော၊ အရှင် ထာဝရဘုရား မိန့် တော်မူသောစကားကို ဆင့်ဆို ရမည်မှာ၊ အိုးကင်း ကို မီးဖို၌ တင် ထား၍ ရေ ကိုလောင်း လော့။ ၄ အမဲသားတစ် များ၊ ကောင်း သောအတစ် တို့ကို စုထား ၍၊ ပေါင် ၊ ပခုံး ၊ အစရှိသော အကောင်းဆုံး သော အရိုး တို့ကို အိုးကင်း၌အပြည့် ထည့်လော့။ ၅ သိုး အကောင်းဆုံး တို့ကို ယူ ပြီးလျှင် ၊ အရိုး အချို့တို့ကို အိုးကင်း အောက်မှာ ပုံ ၍၊ အိုးကင်း ထဲမှာ အရိုး တို့ကို ကျက် စေခြင်းငှါ ကျပ်ကျပ် ဆူစေလော့။ ၆ ဤအမှု၌ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ လူအသက် ကိုသတ်တတ်သောမြို့ ၊ သံချေးတက် ၍ ရှိသေး သောအိုးကင်း သည် အမင်္ဂလာ ရှိ၏။ သားတစ် တို့ကို တခုနောက်တခုထုတ် လော့။ စာရေးတံ မ ပြု နှင့်။ ၇ အကြောင်းမူကား ၊ ထိုမြို့သတ်သောသူ ၏ အသွေး သည် မြို့ အလယ် ၌ ရှိ၏။ ထိုအသွေးကိုမြေမှုန့် နှင့် ဖုံး ခြင်းငှါ မြေ ပေါ်မှာ သွန်း သည်မ ဟုတ်၊ ရှင်းလင်း သော ကျောက် ပေါ်မှာ တင် ထားပြီ။ ၈ ငါသည်လည်း အပြစ်ဒဏ် ပေးမည်အကြောင်း ၊ ဒေါသ အမျက်ထွက် စေခြင်းငှါ ၊ ထိုအသွေး ကိုမ ဖုံး ဘဲ ရှင်းလင်း သောကျောက် ပေါ်မှာ တင် ထားပြီ။ ၉ ဤအမှု၌ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ လူအသက် ကိုသတ်တတ်သောမြို့ သည် အမင်္ဂလာ ရှိ၏။ ကြီးစွာ သော မီးပုံ ကို ငါ စီရင်မည်။ ၁၀ ထင်း များကို ပုံ ထား၍မီး ရှို့ လော့။ အမဲသား လျော့၍ မြိန်စွာသော စားဘွယ်ဖြစ် စေလော့။ အရိုး တို့ကိုလည်း ကျွမ်း စေ။ ၁၁ ထိုနောက် ၊ အဘယ်အရာ မျှမပါဘဲ မီးခဲ ပေါ်မှာ တင် ထားလော့။ ကြေးနီ ပူ ၍ မီး တောက်စေ။ အိုးကင်း ၌ ပါသောအညစ်အကြေး ကို အရည်ကျို ၍ သံချေး ကုန် စေ။ ၁၂ ကြိုးစား၍ ပင်ပန်း သော်လည်း ၊ များစွာ သော သံချေး မ ထွက် တတ်။ မီး အားဖြင့် မကုန်တတ်။ ၁၃ သင် ၏အညစ်အကြေး ၌ အဓမ္မ အမှုပါ၏။ ငါဆေးကြော ၍ သင်သည်ဆေးကြော ခြင်းကို မ ခံသောကြောင့် ၊ ငါ ၏အမျက် အရှိန်သည် သင့် အပေါ်သို့ မ ရောက် မချင်းတိုင်အောင်၊ သင် ၏အညစ်အကြေး ကို မ ဆေးကြော ရ။ ၁၄ ငါ ထာဝရဘုရား ပြော ပြီ။ ပြောသည်အတိုင်း ငါပြု ၍ပြည့်စုံစေမည်။ နောက် သို့မ ဆုတ်၊ မ နှမြော ၊ နောင်တ မ ရ၊ သင် ကျင့်ကြံ ပြုမူ သမျှ အတိုင်း ၊ ငါစီရင် မည် ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ တဖန်

ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၆ အချင်းလူသား ၊ သင် ကြည့်ရှု လိုဘွယ်သော သူကိုငါ သည် ဒဏ်ခတ် ၍ ပယ်ရှား မည်။ သို့ရာတွင် ၊ သင်သည် ဝိုကြွေး မြည်တမ်း ခြင်းကို မ ပြု၍။ မျက်ရည် မ ကျ ရ။ ၁၇ တိုးတိုး ညည်းတွား လော့။ သေ သောသူအတွက် မြည်တမ်း ခြင်းကို မ ပြု နှင့်။ ခေါင်းပေါင်း ပေါင်း ၍ ခြေနင်း ကိုစီး လော့။ နှုတ် ကိုမ ဖုံး နှင့်။ ဆင်းရဲ သောသူ၏ အစာ ကို မ စား နှင့်ဟု မိန့် တော်မူ၏။ ၁၈ ထိုသို့ငါသည် နံနက် အချိန်၌ လူ များတို့အား ကြားပြော ၏။ ညဦး အချိန်၌ ငါ့ ခင်ပွန်း သည် သေ ၏။ မှာထား တော်မူသည်အတိုင်း နက်ဖြန်နံနက် မှငါပြု ၏။ ၁၉ လူ များတို့ကလည်း ဤသို့ သင် ပြု သောအမှုသည် ငါ တို့နှင့်အဘယ်သို့ ဆိုင်သနည်း။ ငါ တို့အား မ ပြော သလော ဟုငါ့ အား မေး ကြသော် ၊ ၂၀ ငါက၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂၁ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဣသရေလ အမျိုး အား ဆင့်ဆို ရမည်မှာ၊ ငါ ၏သန့်ရှင်း ရာ ဌာန၊ သင် တို့အစွမ်းသတ္တိ အထွဋ်အမြတ် ၊ သင် တို့ကြည့်ရှု လိုဘွယ်သောအရာ၊ အလွန်နှမြော သော အရာကို ငါ ရှုတ်ချ မည်။ သင် တို့ဘွားမြင်သောသား သမီး တို့သည် ထား ဖြင့် ဆုံး ကြလိမ့်မည်။ ၂၂ ထိုအခါ သင်တို့သည် ငါပြု သကဲ့သို့ ပြု ကြ ရလိမ့်မည်။ နှုတ် ကိုမ ဖုံး ၊ ဆင်းရဲ သောသူတို့၏ အစာ ကို မ စား ရကြ။ ၂၃ ခေါင်းပေါင်း ပေါင်း၍ ခြေနင်း ကို စီးရကြ လိမ့်မည်။ ဝိုကြွေး မြည်တမ်း ခြင်းကိုမ ပြုရကြ။ ကိုယ် အပြစ် ကြောင့် ပိန်ကြို၍ တယောက် ကိုတယောက်ညည်းတွား ရကြလိမ့်မည်။ ၂၄ ထိုသို့ယေဇကျေလ သည် သင် တို့အား ပုပ္ပနိမိတ် ဖြစ် ရ၏။ သူပြု သမျှ အတိုင်း သင်တို့သည်၊ အမှုရောက် သောအခါ ပြု၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း သိ ရကြလိမ့်မည်။ ၂၅ အချင်းလူသား ၊ သင်၏အမှုမူကား၊ သူ တို့ အစွမ်းသတ္တိ ၊ ဝါကြွား စရာဘုန်း ၊ ကြည့်ရှု လိုဘွယ်သော အရာ၊ စိတ် စွဲလမ်း သောအရာကိုငင်း ၊ သား သမီး တို့ကိုငင်းငါ ပယ်ရှား သောအခါ ၊ ၂၆ လွတ် သောသူ တစုံတယောက်သည် သင် ရှိရာသို့ ရောက်လာ ၍ ကြားပြော လိမ့်မည်။ ၂၇ ထိုအခါ လွတ် သောသူနှင့် တွေ့သဖြင့် သင် ၏နှုတ် ပွင့် လိမ့်မည် ။ စကား မပြောဘဲနေချိန်လွန် ၍ ဟောပြော ရလိမ့်မည်။ ထိုသို့သင်သည် သူ တို့အား ပုပ္ပနိမိတ် ဖြစ် ၍ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၂၅ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည် အမျှန် အမျိုးသား တို့ တဘက် ၌မျက်နှာ ထား ၍ ပရောဖက်ပြု လျက်၊ ၃ ဆင့်ဆို ရမည်မှာ၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ရှုတ်ချ လျက်ရှိသောငါ ၏ သန့်ရှင်း ရာဌာနကိုငင်း ၊ လူဆိတ်သုဉ် ခြင်းသို့ရောက်သော ဣသရေလ ပြည် ကိုငင်း၊ သိမ်း သွားခြင်းကို ခံရ သော ယုဒ အမျိုး ကို ၎င်း ၊ အဲ့ဟေ ဟု သင် ဆို မိသောကြောင့် ၊ ၄ သင့် ကိုအရှေ့ ပြည်သားတို့အား ငါ အပိုင် ပေး မည်။ သူတို့သည် သင် ၏အထဲ၌ ဘုံဗိမာန် တို့ကို တည်ဆောက်၍ နေရာကျ ကြလိမ့်မည်။ သင် ၏အသီးအနှံ ကိုစား ၍ သင် ၏နို့ ကို သောက် ကြလိမ့်မည်။ ၅ ရဗ္ဗာ မြို့ကို ကုလားအုပ် တင်းကုပ် ၊ အမျှန် ပြည်ကို သိုး ကျက်စား ရာ ငါဖြစ် စေမည်။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ရကြလိမ့်မည်။ ၆ သင်သည် ဣသရေလ ပြည် ကို

မနာလို သောစိတ် အားကြီး လျက် လက်ခုပ်တီး ခြင်း၊ ခြေ နှင့်ဆောင့် ခြင်း ကို ဝမ်းမြောက် စွာ ပြုသောကြောင့် ၊ ၇ ငါ သည် သင့် ကို တိုက် ၍၊ လူ အမျိုးမျိုးလုယူ ဘို့ရာ အပ် မည်။ လူ နေရာအတိုင်းတိုင်း အပြည်ပြည်ထဲက သင့် ကို သုတ်သင် ပယ်ရှင်း မည်။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သင်သိ ရလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၈ တဖန်မောဘ ပြည်နှင့် စိရ မြို့က၊ ယုဒ အမျိုး သည် တပါးအမျိုးသား အပေါင်း တို့နှင့် တူသည်ဟု ဆို သောကြောင့် ၊ ၉ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ မောဘ နံပါး ၊ ပြည်စွန်း နားမှာ နိုင်ငံ ၏ဘုန်း ဖြစ်သော ဗက်ယေရှိမုတ် မြို့၊ ဗာလမောင် မြို့၊ ကိရယသိမ် မြို့တို့ကို ငါ လှန် ထားမည်။ ၁၀ ထိုမြို့တို့ကို အမွှန် အမျိုးသား တို့နှင့်တကွ အရှေ့ပြည်သားတို့အား အပိုင် ပေး မည်။ အမွှန် ပြည်သား တို့ကို တိုင်း နိုင်ငံစုတွင် မ မှတ် ရ။ ၁၁ မောဘ ပြည်ကို လည်း ငါသည် အပြစ်ဒဏ် စီရင် ၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ကြရလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ တဖန်ဧဒုံ ပြည်သည် ချင်ရဲပြေ စေခြင်းငှါ၊ ယုဒ အမျိုး တဘက် ၌နေ၍ အလွန်ပြစ်မှား သဖြင့် ၊ အပြစ်ဒဏ် စီရင်သောကြောင့် ၊ ၁၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဧဒုံ ပြည်ကို ငါတိုက် ၍ လူ နှင့် တိရစ္ဆာန် တို့ကို ပယ်ဖြတ် မည်။ တေမန် မြို့မှစ၍ လူဆိတ်ညံ စေမည်။ ဒေဒန် မြို့တိုင်အောင် ထား ဖြင့် ဆုံး ရကြလိမ့်မည်။ ၁၄ ငါ ၏လူ ကြသရေလ အမျိုးသားများအားဖြင့် ၊ ဧဒုံ ပြည်ကိုငါ ၏ ချင်ရဲပြေစေခြင်းငှါဒဏ် ပေး မည်။ သူတို့သည် ငါ၏အမျက် အရှိန်အားကြီးသည့်အတိုင်း ဧဒုံ ပြည် ကို ပြု ကြလိမ့်မည်။ ငါ ပေးသော အပြစ်ဒဏ် ကို သိ ရ ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ တဖန် ဖိလိတ္တိ လူတို့သည် အငြိုးထား ၍ မနာလို သောစိတ် အားကြီးသည်နှင့် ဒေါသအလိုကိုပြည့်စုံစွာ ပြု၍၊ ရှင်းရှင်း ဖျက်ဆီး ခြင်းငှါအပြစ်ဒဏ် ပေးသောကြောင့် ၊ ၁၆ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဖိလိတ္တိ လူတို့ကို ငါ တိုက် ၍ ခေရသိ လူတို့ကို ပယ်ဖြတ် မည်။ ပင်လယ် ကမ်းနား ၌ ကျန်ကြွင်း သောသူတို့ကို ဖျက်ဆီး မည်။ ၁၇ ပြင်းစွာ သော ဆုံးမ ခြင်းနှင့်တကွကြီးစွာသော အပြစ်ဒဏ် ကိုပေး မည်။ ထိုသို့ငါ ၏ချင်ရဲပြေ စေခြင်းငှါဒဏ်ပေးသောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၂၆ သက္ကရာဇ် ဆယ် တ ခု၊ ပဌမ တရက်နေ့တွင် ၊ ထာဝရဘုရား ၏နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍ ၊ ၂ အချင်းလူသား ၊ တုရု မြို့က၊ အေ့ဟေ ၊ တိုင်း နိုင်ငံတို့၏ တံခါး ဖြစ်သော ယေရုရှလင် မြို့သည် ပျက်စီး သည် ဖြစ်၍ ၊ ငါ့ လက်သို့ ရောက် လိမ့်မည်။ ထိုမြို့ဆိတ်ညံ သောကြောင့် ငါစည်ပင် လိမ့်မည်ဟု ယေရုရှလင်မြို့တဘက်၌ ဆို မိသောကြောင့်၊ ၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုတုရု မြို့၊ သင့် တဘက် ၌ငါ နေ၏။ သမုဒ္ဒရာ လှိုင်းတံပိုး တက် သကဲ့သို့ ၊ လူ အမျိုးမျိုး တို့သည် သင့် ကို တက်၍ တိုက် စေမည်။ ၄ သူတို့သည် တုရု မြို့ရိုး ကိုဖျက် ၍ ပြအိုး တို့ကို ဖြိုချ ကြလိမ့်မည်။ မြေမှုန့် ကို ငါခြစ် ခွာ၍ ရှင်းလင်း သောကျောက် ကဲ့သို့ ဖြစ် စေမည်။ ၅ ပင်လယ် အလယ် ၌ ပိုက်ကွန် လှန်း ရာအရပ် ဖြစ် လိမ့်မည်။ ငါ ပြော ပြီဟု အရှင် ထာဝရဘုရား မိန့် တော်မူ ၏။ လူမျိုး လုယူ ရာဖြစ် ရလိမ့်မည်။ ၆ လယ်ပြင် ၌ ရှိသောသမီး တို့သည် ထား ဖြင့် သေ ၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း

ကို သိ ရကြ လိမ့်မည်ဟု မိန့်တော်မူ၏။ ၇ တဖန် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ ဘုရင် တို့၏ဘုရင် တည်းဟူသောမြောက် မျက်နှာရှင်ဘုရင် နေဗုခဒ်နေဇာ ကို၊ မြင်း ရထား ၊ မြင်းစီး သူရဲ၊ လူ များအလုံးအရင်း နှင့်တကွ တုရု မြို့သို့ ငါ ဆောင် ခဲ့ မည်။ ၈ သူသည်လယ်ပြင် ၌ ရှိသောသင် ၏သားသမီး တို့ကို ထား နှင့် သတ် လိမ့်မည်။ သင့် တဘက်၌ ရဲတိုက် ကိုတည် ၍ မြေရိုး ကိုဖို့ ပြီးလျှင် ၊ ဒိုင်း လွှားတို့ကို ချီ ကာလိမ့်မည်။ ၉ သင် ၏မြို့ ရိုး တဘက် တချက်၊ ဝက်ခွတိုင် ၌ တုံး တို့ကို ဆွဲ ထား၍ သင် ၏ရဲတိုက် တို့ကို တူးခွင်း နှင့် ဖြိုချ လိမ့်မည်။ ၁၀ မြင်း များ သောကြောင့် မြေမှုန့် သည် သင့် ကို ဖုံးလွှမ်း လိမ့်မည်။ တိုက်ဖျက် သော မြို့ ထဲသို့ဝင် တတ် သကဲ့သို့ သင် ၏မြို့တံခါး သို့ ဝင် သောအခါ ၊ လှည်းရထား မျိုးမြည်သံ၊ မြင်းစီး သူရဲတို့ အသံ ကြောင့် သင် ၏မြို့ ရိုး လှုပ်ရှား လိမ့်မည်။ ၁၁ မြင်း ခွာ တို့ ဖြင့် သင် ၏လမ်း ရှိသမျှ တို့ကို နင်း လျက်၊ သင် ၏လူ တို့ကို ထား နှင့် သတ် ၍ ၊ သင် ခိုလှုံ စရာ ရုပ်တု ဆင်းတုတို့သည် မြေ တိုင်အောင် ပြိုလဲ ကြလိမ့်မည်။ ၁၂ သင် ၏ဥစ္စာ ကို လုယူ ၍ သင် ၏ကုန် များကိုလည်း သိမ်းယူ ကြလိမ့်မည်။ သင် ၏အုတ် ထရံတို့ကို ဖြို ၍ ဘုံဗိမာန် တို့ကို ဖျက် ပြီးလျှင် ၊ သင် ၏ ကျောက် ၊ သစ်သား ၊ မြေ တို့ကို ရေ ထဲမှာ ချပစ် ကြလိမ့်မည်။ ၁၃ သင် ဆိုသောသီချင်း သံ ကို ငါငြိမ်း စေ၍ ၊ သင် တီး သော စောင်း သံ ကို နောက် တဖန် အဘယ်သူမျှမ ကြား ရ။ ၁၄ သင်သည် ရှင်းလင်း သောကျောက် ကဲ့သို့ပိုက်ကွန် လှန်း ရာအရပ် ဖြစ် ရလိမ့်မည်။ နောက် တဖန် မ တည် ပြန်ရ။ ငါ ထာဝရဘုရား ပြော ပြီဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ တုရု မြို့ကို ရည်မှတ်၍ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင့် အလယ် ၌ ကြီးစွာသော လုပ်ကြံ ခြင်း အမှုဖြစ်၍၊ ထိခိုက် သောသူတို့ သည် အော်ဟစ် သောအခါ ၊ သင် ပြိုလဲ ခြင်း အသံ ကြောင့် တကျွန်း တနိုင်ငံအရပ်တို့သည် တုန်လှုပ် ကြလိမ့်မည်။ ၁၆ သမုဒ္ဒရာ မင်း အပေါင်း တို့သည် ရာဇ ပလ္လင်ပေါ်က ဆင်း ၍ ၊ အင်္ကျီ တော်ကိုဂင်း ၊ ချယ်လှယ် သော အဝတ် တော်ကိုဂင်းချွတ်ပယ် ပြီးမှ၊ တုန်လှုပ် ခြင်းအဝတ် ကို ဝတ်လျက်၊ မြေ ပေါ် ၌ ထိုင် လျက် ခဏခဏ တုန်လှုပ် ၍ ၊ သင် ၏အမှုကြောင့် မိန်းမော တွေဝေကြလိမ့်မည်။ ၁၇ သူတို့ကလည်း၊ အိုကျော်စော သော မြို့ ၊ ပင်လယ်သား နေ ၍ ပင်လယ် ၌ အားကြီး သော မြို့၊ ပင်လယ်သား အပေါင်း တို့ ရိုသေ ဘွယ်သော မြို့ သား နှင့် ပြည့်စုံသော မြို့၊ သင်သည် အလွန် ပျက်စီး လေပြီတကားဟု သင့် အား ဆို လျက် ၊ သင့် အတွက် မြည်တမ်း ကြလိမ့်မည်။ ၁၈ သင် ပြိုလဲ သောနေ့ တွင် တကျွန်း တနိုင်ငံအရပ် တို့သည် တုန်လှုပ် ၍ ၊ သင် ကွယ်ပျောက် သောကြောင့် ပင်လယ် ၌ ရှိသော ကျွန်း များတို့သည် ထိတ်လန့် ကြ လိမ့်မည်။ ၁၉ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ လူမ နေ သော မြို့ ကဲ့သို့ ငါသည် သင့် ကိုဆိတ်ညံ စေလျက်၊ ပင်လယ် ကိုသင့် အပေါ် သို့ ဆောင် ခဲ့၍၊ လှိုင်းတံပိုး တို့သည် သင့် ကိုလွှမ်းမိုး သောအခါ ၊ ၂၀ ရှေး လူ ဟောင်းတို့ နေရာမြေတွင်း ထဲသို့ ဆင်း သောသူတို့ နှင့်အတူ သင့် ကိုငါ နှိမ့်ချ ၍၊ သင်၌လူမ နေ စေခြင်းငှါ မြေတွင်း ထဲသို့ဆင်း သောသူတို့နှင့်အတူ ၊ ရှေး ကာလမှစ၍ဆိတ်ညံ ရာအရပ်၊ မြေ အောက် အရပ်တို့ ၌ ငါချထား မည်။ ထိုအခါ အသက်ရှင် သောသူတို့၏ နေရာ ၌ ငါ့ဘုန်း ကို ငါဖွင့် မည်။ ၂၁ သင် မူကား၊ ကြောက်မက် ဘွယ်သော အရာဖြစ် ၍၊ နောက် တဖန် အဘယ်သူမျှ ရှာ ၍ မတွေ့ နိုင်အောင်၊ ပျောက် ကုန်ရာသို့ရောက်လိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

J2 တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ တုရု မြို့အတွက် မြည်တမ်း ခြင်း ကိုပြု ၍၊ တုရု မြို့အား ဆင့်ဆို ရမည်မှာ၊ ၃ အိုပင်လယ် ဝ ၌ တည် သောမြို့၊ များစွာ သော ကျွန်းသူ ကျွန်းသားတို့အဘို့ ကုန်သွယ် တတ်သောမြို့၊ သင့် ကို အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုတုရု မြို့၊ သင် က၊ ငါ ၏တင့်တယ် ခြင်းစုံလင် ပြီဟု ဆို တတ်၏။ ၄ သင် ၏နံပါး တို့သည် ပင်လယ် ထဲမှာ ရှိ၏။ သင် ၏ဗိသုကာ တို့သည် သင့် ကိုစုံလင် စွာ တင့်တယ် စေခြင်းငှါပြုကြပြီ။ ၅ သင်၏ပျဉ်ပြား ရှိသမျှ တို့ကို စေနိရ ထင်းရူး သစ်သားဖြင့် လုပ် ၍၊ ရွက်တိုင် ဘို့ လေဗနုန် အာရဇ် ပင် တို့ကို ယူ ကြပြီ။ ၆ ဗာရှန် သပိတ် သစ်သားဖြင့် တက် တို့ကိုထင်း၊ ခိတ္တိမ် ကျွန်း တို့မှ ယူခဲ့၍ ဆင်စွယ် နှင့် စီချယ် သော တာရှရ သစ်သားဖြင့် ကန့် တို့ကိုထင်းလုပ် ကြပြီ။ ၇ အဲဂုတ္တု ပြည်၌ ချယ်လှယ် သော ပိတ်ချောရွက် တို့ကို ဖြန့် ၍၊ ဧလိရှ ကျွန်း တို့မှ ယူခဲ့သော အထည် ပြာ ၊ အထည်မောင်း ဖြင့် လုပ်သောမျက်နှာကြက် နှင့် ပြည့်စုံ၏။ ၈ ဇိဒုန် မြို့သား ၊ အာဝဒ် မြို့သားတို့သည် သဘော်သား ဖြစ် ၍၊ တုရု ပညာရှိ တို့သည်လမ်းပြ မာလိန်ဖြစ် ကြ၏။ ၉ ဂေဗလ လူကြီး ၊ ပညာရှိ တို့သည် သင့် ကို ပြုပြင် လျက်လိုက်ကြ၏။ ပင်လယ်ကူး တတ်သော သဘော်ရှိသမျှ ၊ သဘော်သား တို့နှင့်တကွသင် နှင့် ဖောက်ကား ရောင်းဝယ်ခြင်းငှါပါ ကြ၏။ ၁၀ ပေရသိ လူ၊ လုဒ လူ၊ ဖုတ လူတို့သည် သင် ၏ တပ်သား ၊ စစ်သူရဲ လုပ် ကြ၏။ ဒိုင်း ၊ လ္ဘား၊ သံခမောက်လုံး တို့ကို ပြင်ဆင် ၍၊ သင်၏ဂုဏ် အသရေကို ထင်ရှား စေကြ၏။ ၁၁ အာဝဒ် အမျိုးသား တို့သည် သင်၏တပ်သား တို့ နှင့်တကွမြို့ရိုး ပတ်လည် ၌ စီးကြ၏။ ဂမ္မဒိမ် လူတို့သည် ပြအိုး တို့ကိုစောင့်၍၊ မြို့ရိုး ပတ်လည် ၌ မြှားတောင့်တို့ကို ပြင်ဆင်သဖြင့်၊ သင် ၏တင့်တယ် ခြင်းကို စုံလင် စေကြ ၏။ ၁၂ သင် ၌ကုန်သွယ် ရန် ဥစ္စာ များ သောကြောင့် ၊ တာရှ မြို့သည်ငွေ ၊ သံ ၊ သံဖြူ ၊ ခဲ တို့ကို သင့်ဝိုင်းသို့ယူခဲ့၍ သင် နှင့်ကုန်သွယ် ခြင်းကို ပြုလေ၏။ ၁၃ ယာဝန် မြို့၊ တုဗလ မြို့၊ မေရှက် မြို့တို့သည် သင် နှင့်ကုန်သွယ် ၍၊ လူ ကျွန်တို့နှင့် ကြေးနီ ဖလား တို့ကို သင့် ဈေး ၌ ရောင်း ကြ၏။ ၁၄ တောဂါမ အမျိုးသား တို့သည်မြင်း ၊ မြင်းစီး သူ၊ လား တို့ကို သင့် ဝိုင်း ၌ သွင်း ကြ၏။ ၁၅ ဒေဒန် မြို့သား တို့သည်လည်း သင် နှင့်ကုန်သွယ် ကြ၏။ များစွာ သော တကျွန်း တနိုင်ငံအရပ်သားတို့သည် သင် လုပ် သော ဥစ္စာ ကိုဝယ်၍၊ ဦးချို ၊ ဆင်စွယ် ၊ သစ်သားနက် ကို ပြန်ပေး ကြ၏။ ၁၆ သင် လုပ်သော ဥစ္စာ များ သောကြောင့် ရှုရိ ပြည်သည် သင် နှင့်ကုန်သွယ် ၍၊ နပက်ကျောက် ၊ ပြာ သောအထည်၊ ချယ်လှယ် သောအဝတ်၊ ပိတ်ချော ၊ သန္တာ ၊ ကျောက်နီ တို့ကို သင့် ဝိုင်း ၌ သွင်း ကြ၏။ ၁၇ ယုဒ ပြည်နှင့် ဣသရေလ ပြည် သည် သင် နှင့်ကုန်သွယ် ၍၊ ဂျုံ စပါး၊ မုရန်စေး၊ ပနက်စေး ၊ ဗာလစံစေး ၊ ဆီ ၊ ပျားရည် တို့ကို သင့် ဈေး ၌ သွင်း ကြ၏။ ၁၈ ဒမာသက် မြို့သည် သင် လုပ်သော ဥစ္စာ များ၊ စည်းစိမ် များပြား သောကြောင့် ၊ ဟေလဗုန် စပျစ်ရည် ၊ ဖြူ သောသိုးမွေး ကို ဖယ်လှယ် လျက် ဖေါက်ကားတတ်၏။ ၁၉ ဝေဒန် မြို့နှင့် ယာဝန် ပြည် ဥဇာလ မြို့သည် လည်း သံ ပြောင် ကို သင့် ဝိုင်း သို့ ယူ ခဲ့၍၊ သင့် ဈေး ၌ သစ်ကြဲပိုး နှင့် ကြဲ လည်းရှိ ၏။ ၂၀ ဒေဒန် မြို့သည် မြင်းစီး သူရဲ သုံးစရာချော သော အထည် မျိုးကို ရောင်း၍သင် နှင့်ကုန်သွယ် ၏။ ၂၁ အာရပ် ပြည်နှင့် ကေဒါ မင်း အပေါင်း တို့သည် သင် လုပ်သော ဥစ္စာကိုရခြင်းငှါသိုးသငယ် ၊ သိုးထီး ၊ ဆိတ် များတို့နှင့် ဖယ်လှယ် ၍ ကုန်သွယ်ကြ၏။ ၂၂ ရှေဘ ကုန်သည် ၊ ရာဂမ

ကုန်သည်တို့သည် သင် နှင့် ကုန်သွယ် ၍ အမြတ်ဆုံး သော နံ့သာမျိုး ၊ အဘိုးကြီး သော ကျောက် မျိုး၊ ရွှေ မျိုးကိုသင့် ဝိုင်း ၌ သွင်း ကြ၏။ ၂၃ ခါရန် မြို့သား၊ ကန္ဒေ မြို့သား၊ ဧဒင် မြို့သား၊ ရှေဘ ကုန်သည် ၊ အာရှုရိ ကုန်သည်၊ ခိလမဒ် ကုန်သည်တို့ လည်း၊ သင် နှင့်ကုန်သွယ် ၍၊ ၂၄ ထူးဆန်း သော ဥစ္စာ၊ ပြာ သောအထည် ၊ ချယ်လှယ် သောအထည်၊ အဘိုးထိုက် သော အဝတ် တန်ဆာပါ၍၊ ကြိုး နှင့်ပတ်ရစ် သော အာရဓ ဆေတ္တာတို့ကို သင် ၏ ကုန် ထဲသို့ သွင်းကြ၏။ ၂၅ တာရှု သဘော်ာ တို့သည် သင် ၏ကုန် ကို ဆောင် လျက်သွား လာသဖြင့် ၊ သင်သည် ပင်လယ် အလယ် ၌ ကြွယ်ဝ ၍ အလွန် ဘုန်းကြီး လေ၏။ ၂၆ ယခုမူကား၊ သင် ၏တက်ခတ်သား တို့သည် သင့် ကိုကြီးစွာ သော ရေ ထဲသို့ ဆောင်သွား ၍၊ အရှေ့ လေ သည်လည်း ပင်လယ် အလယ် ၌ ချိုး လေပြီ ။ ၂၇ သင် သည် လဲပျက် သောအခါ သင် ၏ဥစ္စာ ၊ ဝိုင်း ၊ ကုန် ၊ သဘော်သား ၊ လမ်းပြ မာလိန်၊ ပြုပြင် သူ၊ ကုန်သည် ၊ စစ်သူရဲ အလုံးအရင်း ပါသမျှ တို့သည် ပင်လယ် အလယ် ၌ ကျ ရကြလိမ့်မည်။ ၂၈ သင် ၏လမ်းပြ မာလိန်တို့ အော်ဟစ် သံ ကြောင့် ၊ ပတ်ဝန်းကျင် အရပ်တို့သည် လှုပ်ရှား ကြလိမ့်မည်။ ၂၉ တက်ခတ် သော သူအပေါင်း တို့သည် သဘော်ာ မှ ဆင်း ၍၊ သဘော်သား များနှင့် ပင်လယ် လမ်းပြ မာလိန် အပေါင်း တို့သည် ကုန်း ပေါ်မှာ ရပ် လျက်၊ ၃၀ သင့် အတို့ အော်ဟစ် ၍ ပြင်းစွာ ငိုကြွေး ကြ လိမ့်မည်။ မြေမှုန့် ကို မိမိ တို့ခေါင်း ပေါ်မှာ ပစ်တင် ၍ပြာ ၌ လူး ကြလိမ့်မည်။ ၃၁ ဆံပင် ကိုလည်း ဖြတ်၍လျှော်တေ အဝတ်ကို ဝတ်စည်း လျက်၊ ညှိုးငယ် သောစိတ် နှင့် သင့် အတို့ ပြင်းစွာ ငိုကြွေး မြည်တမ်း ရသည်ကား၊ ၃၂ ပင်လယ် အလယ် ၌ ဆုံး သောမြို့တည်းဟူသောတုရု မြို့နှင့် အဘယ် မြို့တူ သနည်း။ ၃၃ သင် ၏ဥစ္စာ တို့သည် ပင်လယ် လမ်းဖြင့် ထွက်သွား သောအခါ ၊ လူမျိုး များ တို့ကို ရောင့်ရဲ စေ၍၊ များပြား သောဥစ္စာ ၊ ကုန်စလယ် တို့ ဖြင့် လောကီ ရှင်ဘုရင် တို့ကို ကြွယ်ဝ စေတတ်၏။ ၃၄ ယခု မူကား၊ သင်သည် ပင်လယ် ၌ငင်း ၊ သင့် ကုန်သွယ် ရန် ဥစ္စာတို့သည် လှိုင်းတံပိုး အလယ် ၌ ငင်း ကျိုးပဲ့ ၍ ၊ သင် နှင့်ပါ သောသူအပေါင်း တို့သည် ဆုံးရှုံး ကြပြီ။ ၃၅ ကျွန်းသူ ကျွန်းသားအပေါင်း တို့သည် သင့် အမူကြောင့် မိန်းမော တွေဝေ၍၊ ရှင်ဘုရင် တို့သည် မျက်နှာ ပျက် လျက် ကြက်သီး မွေးညှင်းထကြ၏။ ၃၆ အမျိုးမျိုးသောကုန်သည် တို့သည် သင့် အား ကဲ့ရဲ့ သံကို ပြုကြ၏။ သင်သည် ကြောက်မက် ဘွယ်ဖြစ် လေပြီတကား။ နောက် တဖန်မပေါ် လာ ရပါတကားဟု ငိုကြွေး မြည်တမ်း ကြလိမ့်မည်ဟု မိန့်တော်မူ၏။

၂၈ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို တုရု ရှင်ဘုရင် အား ဆင့်ဆို ရမည်မှာ၊ သင်သည် ကိုယ်ကို ဘုရားသခင် ကဲ့သို့ ထင်မှတ် သော်လည်း ဘုရားသခင် မ ဟုတ်၊ လူ သက်သက်ဖြစ်လျက်နှင့် ငါ သည် ဘုရား ဖြစ်၏၊ ပင်လယ် အလယ် ၌ ဘုရား ပလ္လင် ပေါ်မှာငါထိုင် သည်ဟု ဝါကြွား သောစိတ် နှင့် ဆို သည်ဖြစ်၍၊ ၃ သင် သည် ဒံယေလ ထက် သာ၍ပညာရှိ ပါသည် တကား။ သင် မ သိရအောင် သူတပါးဉာဏ်ထား နိုင်သော အရာ တစုံတခု မျှမ ရှိ။ ၄ ကိုယ် ဉာဏ်ပညာ အားဖြင့် ဥစ္စာ ရ တတ်၏။ ရွှေ ငွေ ကို ဆည်းပူး ပြီ။ ၅ ထူးဆန်း သော ပညာ နှင့် ကုန်စလယ် များအားဖြင့် စည်းစိမ် ကြီး ၍၊ ထိုစည်းစိမ် ကြောင့် စိတ် ဝါကြွား ပြီ။ ၆ သို့ ဖြစ်၍ ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ သင် သည် ကိုယ်ကို ဘုရားသခင်

ကဲ့သို့ ထင်မှတ် သောကြောင့် ၊ ၇ ကြောက်မက် ဘွယ်သော တကျွန်း တနိုင်ငံသား တို့ကို သင် ရှိရာသို့ ငါ ပို့ဆောင် သဖြင့် ၊ သူတို့သည် သင် ၏ ပညာ ဂုဏ် ကို ထား နှင့်ခုတ်၍၊ သင် ၏တင့်တယ် ခြင်း အသရေကို ရှုတ်ချ ကြလိမ့်မည်။ ၈ သင့် ကို မြေတွင်း ထဲသို့ နှိမ့်ချ ၍ ၊ ပင်လယ် အလယ် ၌ ဆုံးရှုံးသောသူကဲ့သို့သင့်အသက် သည် ဆုံးရှုံးရ လိမ့်မည်။ ၉ သင့် အသက် ကိုသတ် သောသူတို့ လက် တွင် ၊ သင်သည် ဘုရားသခင် မ ဟုတ်၊ လူ သက်သက်ဖြစ်လျက် နှင့်၊ ငါ သည် ဘုရား ဖြစ်သည်ဟု သင့် အသက် ကိုသတ် သောသူတို့ရှေ့မှာ အမှန်ပြော လိမ့်မည်လော။ ၁၀ အရေဖျားလှီး ခြင်းမခံသော လူသေ သကဲ့သို့၊ သင်သည် တကျွန်း တနိုင်ငံသားတို့ လက် ဖြင့် သေ ရမည်။ ငါ ပြော ပြီဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၂ အချင်းလူသား ၊ တုရု ရှင်ဘုရင် အတွက် မြည်တမ်း သော စကားကို မြွက်၍၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ သင် သည် ထူးဆန်း သော တံဆိပ် ဖြစ်၏။ ပညာ နှင့်ပြည့်စုံ ၍ တင့်တယ် ခြင်းအသရေလည်းစုံလင် လျက်ရှိ၏။ ၁၃ ဧဒင် အရပ်၊ ဘုရားသခင် ၏ ဥယျာဉ် တော်၌ နေ ပြီ။ သင်၏ခေါင်းပေါ် မှာကျောက်နီ ၊ ဥဿဖရား ၊ စိန် ၊ မျက်ခွဲ ၊ ကြောင် ၊ နဂါးသွဲ့ ၊ နီလာ ၊ မြ ၊ ပတ္တမြား အစရှိသော ကျောက် မြတ် အမျိုးမျိုး တို့ကို ဆောင် လေ၏။ ရွှေ ဖြင့် လုပ် သော ပတ်သာ ၊ ပုလွေ တို့သည်လည်း၊ သင် ဘွား သောနေ့ ၌ ပင် သင့် အဘို့ ပြင်ဆင် လျက်ရှိကြ၏။ ၁၄ သင် သည် ဖြန့် ၍ လွှမ်းမိုး သော ခေရုဗိမ် ဖြစ်လျက်၊ ငါ့အခွင့်နှင့် ဘုရားသခင် ၏ သန့်ရှင်း သော တောင် ပေါ် မှာ နေရာ ကျ၍ မီး တောက်သော ကျောက် တို့ တွင် သွား လာရ၏။ ၁၅ ဘွား သောနေ့ မှစ၍ သင့် အပြစ် ထင်ရှား သောနေ့ တိုင်အောင် ၊ ပြု လေရာရာ၌ စုံလင် လျက်ရှိ၏။ ၁၆ သို့ရာတွင်၊ ကုန်သွယ် ခြင်း များပြား သောအားဖြင့် ၊ အဓမ္မ အမှုတို့နှင့်ပြည့်စုံ ၍ ပြစ်မှား သောအပြစ် ရောက်လေပြီ။ ထိုကြောင့် ၊ ဆိုးယုတ်သော သူကဲ့သို့၊ သင့်ကိုဘုရားသခင် ၏ တောင် တော်ပေါ် က ငါနှင်ထုတ် မည်။ အိုလွှမ်းမိုး သော ခေရုဗိမ် ၊ မီး တောက်သော ကျောက် တို့အထဲ က သင့် ကိုငါ ပယ်ရှင်း မည်။ ၁၇ သင် သည် ကိုယ်၌ တင့်တယ် ခြင်းအသရေကြောင့် ၊ ဝါကြွား သောစိတ် ရှိလျက် ဂုဏ်ထွန်းတောက် သောကြောင့် ၊ သင် ၏ပညာ သည် ဖေါက်ပြန် လျက်ရှိလေပြီ ။ ငါသည်သင့် ကို မြေ တိုင်အောင် နှိမ့်ချ မည်။ ရှင်ဘုရင် တို့သည် သင့် ကိုကြည့်ရှု ၍ ဝမ်းမြောက်စေခြင်းငှါ ၊ သူတို့ ရှေ့မှာ သင့်ကို ငါချထားမည်။ ၁၈ သင့် အပြစ် သည်များပြား ၍ ကုန်သွယ် ခြင်း အဓမ္မ အားဖြင့် ၊ သန့်ရှင်း ရာဌာနတို့ကို ညစ်ညူး စေသောကြောင့် ၊ သင့်ကိုမီးရှို့ဘို့ သင့် အလယ် ၌ မီး ကိုငါ့ဘို့ မည်။ သင့် ကိုမြင် သော သူအပေါင်း တို့ရှေ့မှာ ၊ သင်၏ ပြာ ကို မြေ ပေါ် သို့ ငါချထား မည်။ ၁၉ သင့် ကိုသိ သောလူ အမျိုးမျိုး တို့သည် သင် ၏ အမှုကြောင့် မိန်းမော တွေဝေကြလိမ့်မည်။ သင်သည် ကြောက်မက် ဘွယ်ဖြစ် လိမ့်မည်။ နောက် တဖန် မပေါ် လာရ ဟု မိန့်တော်မူ၏။ ၂၀ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂၁ အချင်းလူသား ၊ သင်သည် ဇိဒုန် မြို့တဘက် ၌ မျက်နှာ ထား ၍ ပရောဖက်ပြု လျက်၊ ၂၂ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည် မှာ၊ အိုဇိဒုန် မြို့၊ သင့်တဘက်၌ ငါနေ၏။ သင့် အလယ် ၌ ငါ့ဘုန်း တန်ခိုးသည် ထင်ရှားလိမ့်မည်။ သင့်ကိုငါ သည် အပြစ်ဒဏ် ပေး၍ ရိုသေ ခြင်းကိုခံရသောအခါ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း

ကို လူများသိ ရကြလိမ့်မည်။ ၂၃ သင့်အပေါ် သို့ ကာလနာ ဘေးကိုၚင်း၊ သင်၏ လမ်း တို့ ၌ ထား ဘေးကိုၚင်း ငါစေလွှတ်၍၊ ပတ်လည် ၌ တိုက်သော ထား ဖြင့်သူရဲတို့သည် သင့်အလယ် ၌ လဲ၍ သေ ကြသောအခါ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်။ ၂၄ ထိုအခါ ဣသရေလ အမျိုး ၏ ပတ်လည် ၌နေ၍၊ မထီမဲ့မြင်ပြု သောသူတို့ တွင် စူး တတ်သော ဆူးပင် ၊ နှောက်ယှက် တတ်သောငြောင့် တစုံတခု မျှ မကျန်ကြွင်းရ။ ငါ သည် ထာဝရ ဘုရားဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၂၅ တဖန် အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသား တို့သည် ကွဲပြား လျက်နေသောလူ အမျိုးမျိုးထဲက ငါ ခေါ်၍စုဝေး သောအခါ ၊ သူ တို့အားဖြင့် လူမျိုး များရှေ့၌ ရိုသေ ခြင်းကိုငါခံ၍၊ ငါ့ ကျွန် ယာကုပ် အား ငါအရင်ပေး သော ပြည် ၌ သူတို့သည် နေ ကြလိမ့်မည်။ ၂၆ ထိုပြည် ၌ စိုးရိမ် စရာမရှိ။ အိမ် ဆောက် ခြင်း၊ စပျစ် ဥယျာဉ်စိုက် ခြင်းအမှုကိုပြု၍ နေ ကြလိမ့်မည်။ သူ တို့ ပတ်လည် ၌ နေ၍မထီမဲ့မြင်ပြု သောသူအပေါင်း တို့ကို ငါ သည် အပြစ်ဒဏ် စီရင် သောနောက် သူတို့သည် စိုးရိမ် စရာမရှိဘဲနေ၍၊ ငါ သည် သူ တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၉ သက္ကရာဇ် ဆယ် ခု၊ ဒသမ လ တဆယ် တရက်နေ့ တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည် အဲဂုတ္တု ရှင်ဘုရင် ဖါရော မင်းတဘက် ၌မျက်နှာ ထား ၍ ၊ သူ နှင့် အဲဂုတ္တု ပြည် တပြည်လုံး တဘက် ၌ပရောဖက်ပြု လျက်၊ ၃ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ အိုအဲဂုတ္တု ရှင်ဘုရင် ဖာရော မင်း၊ ကိုယ် မြစ် များ အလယ် ၌ နေ လျက်၊ ငါ့ မြစ် ကို ငါ ပိုင်၏။ ငါ့ အဘို့ ငါ ဖန်ဆင်း ပြီဟု ဆို တတ်သောမိကျောင်း ကြီး ၊ သင့် တဘက် ၌ ငါ နေ၏။ ၄ သင့် ပါးရိုး ကို သံချိတ် နှင့်ချိတ် ၍၊ သင့် မြစ် ၌နေသော ငါး တို့ကို သင့် အကြေး တို့ ၌ ငါကပ် စေမည်။ သင့် မြစ် များ အလယ် ထဲက သင့် ကို ငါနှုတ် ၍ ၊ မြစ် ၌ရှိသမျှ သော ငါး တို့သည် သင့် အကြေး တို့ ၌ ကပ် ကြလိမ့်မည်။ ၅ သင် နှင့် သင့် မြစ် ၌ရှိသမျှ သော ငါး တို့ကိုတော ၌ ငါပစ်ထား မည်။ လွင်ပြင် ၌ကျ ၍ နောက်တဖန်စုဝေး ခြင်း ကို မ ပြုရ။ တော သားရဲ များ၊ မိုယိုး ကောင်းကင်ငှက် များ စားစရာ ဘို့ သင့် ကိုငါအပ် ၏။ ၆ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို အဲဂုတ္တု ပြည်သားအပေါင်း တို့သည် သိ ရကြလိမ့်မည်။ အကြောင်းမူကား ၊ သင်သည် ဣသရေလ အမျိုး ၌ ကျူ တောင်ဝေး ဖြစ် လေပြီ။ ၇ သင့် ကိုလက် နှင့် ကိုင် သောအခါ သင်သည် အကိုင်မခံ။ သူ တို့ ပခုံး ဆစ်ကို ဖြုတ် လေ၏။ သင် နှင့် ကိုယ်ကိုထောက် သောအခါ သင်သည် ကျိုး ၍ သူ တို့ခါး ကို နာ စေ၏။ ၈ သို့ ဖြစ်၍ ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ ငါ သည် သင့် အပေါ် သို့ ထား ကိုဆောင် ခဲ့၍ လူ နှင့် တိရစ္ဆာန် တို့ကို ပယ်ဖြတ် သဖြင့် ၊ ၉ အဲဂုတ္တု ပြည် သည် လူဆိတ်ညံ လျက်၊ ပျက်စီး လျက်ရှိ သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရလိမ့်မည်။ သင်က၊ ငါ့မြစ် ကိုငါ ပိုင်၏။ ငါ ဖန်ဆင်း ပြီ ဟု ဆို မိသောကြောင့် ၊ ၁၀ သင် နှင့် သင့် မြစ် တဘက် ၌ ငါ နေ၏။ အဲဂုတ္တု ပြည် ကို မိဂဒေါလ မှစ၍ သုဏေ မြို့တိုင်အောင်၎င်း ၊ အဲသယောပိ ပြည်စွန်း တိုင်အောင် ၎င်း ၊ ထားနှင့် ဖျက်ဆီး ၍ ဆိတ်ညံ စေမည်။ ၁၁ အနှစ်လေးဆယ် ပတ်လုံးလူ ရှောက် ၍မ သွားရ။ တိရစ္ဆာန် လည်း ရှောက် ၍မ သွားရ။ အဘယ်သူမျှမ နေ ရ။ ၁၂ ပျက်စီး

သောပြည် တို့တွင် အဲဂုတ္တာ ပြည် ကို ငါဖျက်ဆီး မည်။ လူဆိတ်ညံ သောမြို့ တို့တွင် အနှစ် လေးဆယ် ပတ်လုံးအဲဂုတ္တာ မြို့တို့သည် ပျက်စီး လျက်ရှိ ကြလိမ့်မည်။ အဲဂုတ္တာ လူတို့ကို အတိုင်းတိုင်း အပြည်ပြည် တို့သို့ ငါကွဲပြား ပြန့်လွင့် စေမည်။ ၁၃ သို့ရာတွင်၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ အနှစ် လေးဆယ် စေ့ သောအခါ၊ ကွဲပြား လျက် နေရသော လူမျိုး တို့မှ အဲဂုတ္တာ လူတို့ကို ငါခေါ် ၍ စုဝေး စေမည်။ ၁၄ သိမ်း သွားခြင်းတို့မရသော အဲဂုတ္တာ လူတို့ကို ငါတဖန် ဆောင်ခဲ့၍ သူ တို့နေရင်း ပြည် ၊ ပါသရု ပြည် သို့ ပြန် စေမည်။ ထို ပြည်၌ ယုတ် သောနိုင်ငံ ဖြစ် ရလိမ့်မည်။ ၁၅ တပါး သော လူမျိုးတို့ကို နောက် တဖန်အစိုး မ ရ။ နိုင်ငံ တကာတို့တွင် အယုတ်ဆုံး ဖြစ် ရလိမ့်မည်။ တပါး သော လူမျိုးတို့ကို နောက်တဖန် အစိုး မ ရစေခြင်းငှါငါရှုတ်ချ မည်။ ၁၆ ကျသရေလ အမျိုးသား တို့သည် ထိုပြည်သားတို့ကို မြော်လင့်၍၊ မိမိတို့အပြစ် ကို ငါအောက်မေ့ စေသဖြင့်၊ နောက် တဖန် ထိုပြည်သည် သူတို့ ခိုလှုံ ရာမ ဖြစ် ရာ။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၁၇ သကျရာဇ် နှစ်ဆယ် ခုနစ် ခု၊ ပဌမ လ တရက် နေ့ တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၈ အချင်းလူသား ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည်၊ သူ ၏စစ်သူရဲ တို့ကို တုရု မြို့တဘက် ၌ များစွာ သော အမှု ကိုဆောင်ရွက် စေပြီ။ စစ်သူရဲတိုင်း ခေါင်းတုံး ပြီ။ ပခုံး လည်းပွန်း ပြီ။ သို့ရာတွင် ၊ ရှင်ဘုရင် နှင့် စစ်သူရဲ တို့သည် တုရု မြို့တဘက်၌ အမှု ဆောင်ရွက်ခ ကို ထိုမြို့တွင် မ ခံရ ကြ။ ၁၉ သို့ ဖြစ်၍ ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ အဲဂုတ္တာ ပြည် ကို ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ အား ငါ ပေး မည်။ ထိုမင်းသည် ပြည်သားအလုံးအရင်း ကိုဎင်း၊ လက်ရ ဥစ္စာအမျိုးမျိုးကိုဎင်း သိမ်းယူ ပြီးလျှင် ၊ မိမိ စစ်သူရဲ တို့ အခ ဘို့ ဝေ့ လိမ့်မည်။ ၂၀ ငါ့ အမှုကို ဆောင်ရွက် သောကြောင့် ၊ တုရု မြို့ တဘက် ၌ အမှု ဆောင်ရွက်ခ ဘို့ အဲဂုတ္တာ ပြည် ကို ငါပေး ပြီ။ ၂၁ ထို ကာလ ၌ ကျသရေလ အမျိုး ၏ ချို့ ကိုငါပေါက် စေ၍ ၊ သူ တို့အထဲမှာ သင်ဟောပြော ရသော အခွင့်ကို ငါပေး မည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့ သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၀ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည် ပရောဖက်ပြု လျက် ၊ အရှင် ထာဝရဘုရား ၏အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ရောက်ရသောနေ့ သည် အမင်္ဂလာ ရှိသည်ဟု အော်ဟစ် ကြလော့။ ၃ ထိုနေ့ နီး ပြီ။ ထာဝရဘုရား ၏နေ့ ၊ မိုးယံးအုံ့ သောနေ့ ၊ တပါး အမျိုးသားဘို့ ချိန်းချက်သော အချိန် နီး ပြီ။ ၄ ထား ဘေးသည် အဲဂုတ္တာ ပြည်သို့ ရောက် သဖြင့် ၊ သူရဲ တို့သည် လဲ ၍သေကြသောအခါ ၊ အဲသယောပိ ပြည် သည် ပူပန် လိမ့်မည်။ အလုံးအရင်း ကို ပယ်ရှား ၍ မူလ အမြစ်ကို ဖြိုဖျက် ကြလိမ့်မည်။ ၅ အဲသယောပိ ပြည်သား၊ ဖုတ ပြည်သား၊ လုဒ ပြည်သား၊ အမျိုး မစစ်သော လူရှိသမျှ ၊ ခုဘ အမျိုးသား၊ မိဿဟာယ ဖွဲ့သော ပြည်သား တို့သည်၊ အဲဂုတ္တာ ပြည်သားတို့နှင့်တကွ ထား ဖြင့် လဲ ၍သေကြလိမ့်မည်။ ၆ အဲဂုတ္တာ ပြည်ကို ထောက်မ သောသူတို့သည် လဲ ၍သေကြသဖြင့် ၊ အဲဂုတ္တာ အစွမ်းသတ္တိ ၏ ဂုဏ်အသရေသည် ဆုံး လိမ့်မည်။ မိဂဒေါလ မြို့မှစ၍ သုဏေ မြို့ တိုင်အောင်အဲဂုတ္တာပြည်သားတို့သည် ထား ဖြင့် လဲ ၍ သေကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့်

တော်မူ၏။ ၇ ပျက်စီး သော ပြည် တို့တွင် ပျက်စီး လျက်ရှိကြ၍ ၊ လူဆိတ်ညံ သော မြို့ တို့တွင် အဲဂုတ္တုမြို့တို့သည် ပါဝင် ကြ လိမ့်မည်။ ၈ ငါသည် အဲဂုတ္တု ပြည်၌ မီးညှိ ၍ ထိုပြည်ကို မစ သမျှ သောသူတို့ သည် ပျက်စီး ကြသောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်။ ၉ ထိုအခါစိုးရိမ် ခြင်းမရှိသော အဲသယောပိ ပြည်သားတို့ကို ကြောက် စေခြင်းငှါ၊ ငါစေလွှတ်သော တမန် တို့ သည် သင်္ဘော စီး၍ သွား ကြသဖြင့်၊ အဲဂုတ္တု ပြည်၏ အချိန် ၌ သူတို့သည်လည်း အလွန်ဆင်းရဲ ခြင်းသို့ ရောက် ရကြ လိမ့်မည်။ ထိုအချိန်လည်းနီး ပြီဟု မိန့်တော်မူ၏။ ၁၀ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ အားဖြင့် အဲဂုတ္တု ပြည် ၏ အလုံးအရင်း ကို ငါဖြတ် မည်။ ၁၁ ထိုရှင်ဘုရင် နှင့်တကွ သူ ၏လူ များ၊ ကြောက်မက် ဘွယ်သော လူမျိုး များတို့သည် အဲဂုတ္တုပြည် ကို ဖျက်ဆီး ခြင်းငှါ လာ ၍ ၊ ထား ကိုင် လျက် တပြည်လုံး ကို သူရဲ တို့နှင့် ပြည့် စေကြလိမ့်မည်။ ၁၂ မြစ် တို့ကို ငါခန်းခြောက် စေ၍ ၊ အဓမ္မ လူတို့အား ပြည် ကို ရောင်း လိုက်မည်။ တကျွန်း တနိုင်ငံသားတို့ လက် ဖြင့် ပြည် နှင့်တကွ ပြည် ၌ ပါသမျှ ကို ငါဖျက်ဆီး မည်။ ငါ ထာဝရဘုရား ပြော ပြီ။ ၁၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ရုပ်တု တို့ကို ငါဖျက်ဆီး ၍ ၊ နောဖ ပြည်၌ ဆင်းတု တို့ကိုလည်း ပယ်ဖြုတ် မည်။ နောက် တဖန် အဲဂုတ္တု မင်း မျိုးမ ရှိ ရ။ အဲဂုတ္တု ပြည် သည် ကြောက်ရွံ့ မည်အကြောင်းကို ငါပြု မည်။ ၁၄ ပါသရု ပြည်ကို ငါဖျက် မည်။ ဇောန မြို့ကိုလည်း မီး ရှို့မည်။ နော မြို့ကိုလည်း အပြစ်ဒဏ် စီရင် မည်။ ၁၅ အဲဂုတ္တု ပြည်၏ အစွမ်းသတ္တိ ဖြစ်သော သိန် မြို့ အပေါ် သို့ ငါသည် အမျက် ကို သွန်းလောင်း ၍ ၊ နော မြို့သားအလုံးအရင်း ကို ပယ်ဖြတ် မည်။ ၁၆ အဲဂုတ္တု ပြည်၌ မီးညှိ ၍ သိန် မြို့သည် တုန်လှုပ် ခြင်း၊ နော မြို့ရိုးသည် ပြို ပေါက်ခြင်း၊ နောဖ မြို့သည် နေ့ အချိန်၌ပင် စစ်တိုက် ခြင်းကိုခံရ လိမ့်မည်။ ၁၇ အာဝင် မြို့၊ ဖိဗေသက် မြို့သားလုလင် တို့သည် ထား ဖြင့် လဲ ၍ သေကြသဖြင့်၊ မိန်းမတို့သည် သိမ်း သွား ခြင်းကိုခံရ ကြလိမ့်မည်။ ၁၈ တာပနက် မြို့၌ အဲဂုတ္တု လုံတံ တို့ကို ငါ ချိုး ၍ ၊ သူ့ အစွမ်းသတ္တိ ၏ ဂုဏ် အသရေဆုံး သောအခါ နေ့ အချိန် ၌ အလင်းကွယ် လိမ့်မည်။ မိုးယံးအုံ ၍ မြို့ သမီး တို့သည် သိမ်း သွားခြင်းကိုခံရ ကြလိမ့်မည်။ ၁၉ ထိုသို့ အဲဂုတ္တု ပြည်၌ ငါသည် အပြစ်ဒဏ် စီရင် ၍ ၊ ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၂၀ သက္ကရာဇ် တဆယ် တခု ၊ ပဌမ လ ခုနစ် ရက်နေ့ တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍ ၊ ၂၁ အချင်းလူသား ၊ အဲဂုတ္တု ရှင်ဘုရင် ဖာရော မင်း၏ လက်ရုံး ကို ငါချိုး ပြီ။ ဆေးကု ၍မ ထုပ် ရ။ ထား ကိုင် စေ ဘို့ ပကတိခွန်အား ရှိစေခြင်းငှါအဝတ် နှင့်မစည်းရ။ ၂၂ ဤ အမှု၌ အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ ငါ သည် အဲဂုတ္တု ရှင်ဘုရင် ဖာရော မင်းတဘက် ၌ နေသဖြင့် ၊ သူ ၏လက်ရုံး တည်းဟူသော၊ ခိုင်မာ သော လက်ရုံးနှင့် အရင်ချိုး သောလက်ရုံးကို ငါချိုး ၍ ထား ကို သူ့ လက် မှ ကျ စေမည်။ ၂၃ အဲဂုတ္တု လူတို့ကို အတိုင်းတိုင်း အပြည်ပြည် တို့ တွင် ကွဲပြား ပြန့်လွင့် စေမည်။ ၂၄ ဗာဗုလုန် ရှင်ဘုရင် ကို ငါခိုင်မာ စေ၍ ၊ ငါ့ ထား ကို သူ့ လက် ၌ အပ် မည်။ ဖာရော မင်း၏ လက်ရုံး တို့ကို ငါချိုး သဖြင့် ၊ သူသည် အသေ သတ်ခြင်းကို ခံရသောသူ အော်ဟစ် သကဲ့သို့၊ ဗာဗုလုန် ရှင်ဘုရင်ရှေ့မှာ အော်ဟစ် ရလိမ့်မည်။ ၂၅ ဗာဗုလုန် ရှင်ဘုရင် ၏ လက်ရုံး တို့ကို ငါခိုင်မာ စေမည် ။ ဖာရော ဘုရင်၏ လက် မူကား ၊

အောက်သို့ကျ လိမ့်မည်။ ငါ့ ထား ကို ဗာဗုလုန် ရှင်ဘုရင် လက် ၌ ငါ အပ် ၍၊ သူသည် အဲဂုတ္တ ပြည် ကို ထိုထားနှင့်ခုတ်သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့ သိ ရကြလိမ့်မည်။ ၂၆ ထိုသို့ အဲဂုတ္တ၊ လူတို့ကို အတိုင်းတိုင်း အပြည်ပြည် တို့ ၌ ငါကွဲပြား ပြန့်လွင့် စေမည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၁ သက္ကရာဇ် တဆယ် တခု ၊ တတိယ လ တ ရက်နေ့ တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည် အဲဂုတ္တ၊ ရှင်ဘုရင် ဖာရော မင်းနှင့် သူ ၏အလုံးအရင်း အား ဟောပြော ရမည် မှာ၊ သင်သည် ဘုန်း တန်ခိုးကြီး၍ အဘယ်သူ နှင့် တူသနည်း။ ၃ အာရှရိ လူသည် အဆင်းလှ ၍ လွှမ်းမိုး သော အကိုင်း ၊ မြင့် သောအရပ် ၊ ထူထပ် သောအခက်အလက်တို့နှင့် ပြည့်စုံသော ထိပ်ဖျား ရှိ သောလေဗနုန် အာရဇ်ပင်ဖြစ်၏။ ၄ မြစ်ရေ ၏ကျေးဇူးကြောင့် ကြီးမား ခြင်း၊ နက်နဲ သောရေ၏ကျေးဇူးကြောင့် အရပ် မြင့်ခြင်းရှိ၏။ သူစိုက်ရာ အရပ်ရပ် တို့ ၌ ရေ စီး ၍ ၊ ခပ်သိမ်း သော တော ပင် ရှိရာသို့ မြစ် ရေသည် နှံ့ ပြား လေ၏။ ၅ ထိုသို့ သောအားဖြင့် တော သစ်ပင် တကာ တို့ ထက် အရပ် မြင့်လေ၏။ တိုးပွားသောအခါ ရေ များ သောကြောင့် အကိုင်းအခက် များပြား ၍၊ အလက် တို့သည် ရှည်လျား ကြ၏။ ၆ မိုယိုး ကောင်းကင်ငှက် အပေါင်း တို့သည် အကိုင်းအခက် တို့ ၌ အသိုက် လုပ်ကြ၏။ တော တိရစ္ဆာန် အပေါင်း တို့သည် အကိုင်းအခက် တို့ အောက်၌ သာ ဘွား ကြ၏။ ထိုအပင် ၏ အရိပ် ၌ ကြီးမား သော လူမျိုး အပေါင်း တို့ သည် နေ ကြ၏။ ၇ ထိုသို့ ရေ များ သောအရပ်၌ အမြစ် စွဲ သောကြောင့် ၊ ကြီးမြင့် ၍ အခက်အလက် ရှည်လျား သဖြင့် လှ သောအဆင်းနှင့် ပြည့်စုံ၏။ ၈ ဘုရားသခင် ၏ ဥယျာဉ် တော်၌ အာရဇ် ပင်တို့ သည် ထိုအပင် ကို မ ကွယ် နိုင်။ ထင်းရူး ပင်နှင့် အာရမုန် ပင်တို့သည် ထိုသို့သော အကိုင်းအခက် နှင့်မ ပြည့်စုံ ကြ။ ဘုရားသခင် ၏ ဥယျာဉ် တော်၌ သစ်ပင် တပင် မျှ ထိုအပင် ကဲ့သို့ အဆင်း မ လှ။ ၉ ဒေဝ အရပ်၊ ဘုရားသခင် ၏ဥယျာဉ် တော်၌ ရှိသမျှ သော သစ်ပင် တို့သည် ထိုအပင် ကို ငြူစူ သည်တိုင်အောင်၊ အခက်အလက် များပြား သောအားဖြင့် သူ၏အဆင်းကို ငါလှ စေ ၏။ ၁၀ တဖန်အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ ထိုအာရဇ်ပင်သည် အရပ် မြင့် လျက်၊ ထူထပ် သော အခက်အလက်တို့နှင့် ပြည့်စုံသော မိမိ ထိပ်ဖျား ကို ချီးမွှော်က် လျက်၊ စိတ် လည်း မြင့် ၍ ဝါကြွား လျက်ရှိသောကြောင့် ၊ ၁၁ လူမျိုး တို့တွင် တန်ခိုး ကြီး၍ သူ့ ကိုကျပ်တည်း စွာ စီရင်သောသူ ၏လက် သို့ ငါအပ် လေပြီ။ သူ ပြုသော အဓမ္မ အမှုကြောင့် နှင်ထုတ် လေပြီ။ ၁၂ ကြောက်မက် ဘွယ်သော တကျွန်း တနိုင်ငံသား တို့သည် သူ့ ကို ခုတ်လဲ ၍ ပစ်ထား ကြပြီ။ အကိုင်းအခက် တို့သည် တောင် ပေါ် နှင့် ချိုင့် ထဲမှာ ကျ ၍ တပြည်လုံး မြစ်နားမှာ ကျိုးပဲ့ လျက်နေကြ၏။ မြေကြီး သားအပေါင်း တို့သည် သူ့ အရိပ် ထဲက ထွက် ၍ သူ့ ကိုစွန့် သွားကြ၏။ ၁၃ မိုယိုး ကောင်းကင်ငှက် နှင့် တော တိရစ္ဆာန် အပေါင်း တို့သည် ကျိုးပဲ့ သော အကိုင်းအခက် တို့ အပေါ်မှာ နေ ရကြ၏။ ၁၄ အကြောင်းမူကား၊ ရေ နားမှာရှိသမျှ သော သစ်ပင် တို့တွင် တပင်မျှအရပ် မြင့်သောကြောင့် မ ဝါကြွား ။ ထူထပ် သော အခက်အလက်တို့တွင် မိမိ ထိပ်ဖျား ကို မ ချီးမွှော်က် မည်အကြောင်း၊ ရေ ကိုသောက် သမျှ သောအပင်တပင်မျှအရပ်

မြင့်လျက် မ ပြိုင် ဝံ့မည်အကြောင်းတည်း။ ထိုအပင် အပေါင်း တို့သည် မြေတွင်း ထဲသို့ ဆင်း တတ်သောလူသား တို့နှင့်အတူသေ ခြင်းသို့ ၎င်း ၊ မြေ အောက် အရပ်သို့ ၎င်း ရောက်စေခြင်းငှါငါအပ် လေပြီ။ ၁၅ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူသည် မရဏာ နိုင်ငံထဲသို့ ဆင်း သွားသောနေ့ ၌ နက်နဲ သောအရပ်ကို သူ့ အဘို့ မသာ အဝတ်နှင့် ငါဖုံးလွှမ်း၏။ လှိုင်း တံပိုးတို့ကို ငါကန့်ကွက် ၍ ကြီးစွား သော ရေ ကို ချုပ်ထား၏။ လေဗနုန် တောင်ကို သူ့ အဘို့ မသာ အဝတ် ကို ဝတ်စေ၍ ၊ တော သစ်ပင် အပေါင်း တို့သည် စိတ်ပျက် ကြ၏။ (Sheol h7585) ၁၆ မြေတွင်း ထဲသို့ ဆင်း သွားသောသူတို့နှင့်အတူ သူ့ ကို မရဏာ နိုင်ငံထဲသို့ ငါ နှိမ့်ချ သောအခါ ၊ နှိမ့်ချ သံ အားဖြင့် လူ အမျိုးမျိုးတို့ကို ငါတုန်လှုပ် စေ၏။ ဧဒင် သစ်ပင် ရှိသမျှ တို့နှင့် အကောင်းဆုံး ။ အမြတ်ဆုံး သော လေဗနုန် သစ်ပင်မှစ၍၊ ရေ ကိုသောက် သမျှ သောသစ်ပင်တို့သည် မြေ အောက် အရပ်တို့ ၌ သက်သာ ခြင်းသို့ ရောက်ကြ၏။ (Sheol h7585) ၁၇ ထိုသူ နှင့်တကွ သူ့ လက်ရုံး ဖြစ်၍၊ လူမျိုး တို့တွင် သူ့ အရိပ် ကို ခို သောသူတို့သည် ထား ဖြင့် အသေ ခံရသောသူတို့ နေရာ၊ မရဏာ နိုင်ငံထဲသို့ လိုက် သွားကြ၏။ (Sheol h7585) ၁၈ သင်သည် ဘုန်း တန်ခိုးအာနုဘော် အားဖြင့် အဘယ်မည် သော ဧဒင် သစ်ပင် နှင့် တူသနည်း။ သင် သည် ဧဒင် သစ်ပင် တို့နှင့်အတူ မြေ အောက် အရပ်သို့ နှိမ့်ချ ခြင်းကိုခံရမည်။ အရေဖျား လှီးခြင်းကို မခံသောလူ၊ ထား ဖြင့်အသေ ခံရသောသူတို့နှင့်အတူ လဲ ၍နေရမည်။ ထိုသို့ ဖာရော ဘုရင်နှင့် သူ့ အလုံးအရင်း ရှိသမျှ တို့သည် ဖြစ်ရကြမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၃၂ သက္ကရာဇ် တဆယ် နှစ် ခု၊ ဒွါဒသမ လ တ ရက်နေ့ တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည်အဲဂုတ္တု ရှင်ဘုရင် ဖာရော မင်းအတွက် မြည်တမ်း ခြင်းကိုပြု၍ ပြောဆို ရမည်မှာ၊ သင်သည်လူမျိုး တို့တွင် ခြင်္သေ့ပျို ကဲ့သို့ ဖြစ်၏။ အိုင် ၌ နေသောမိကျောင်း ကဲ့သို့ လည်းဖြစ်၍၊ မြစ် တို့ကို ကူး သွားလျက် ၊ ခြေ ဖြင့် ရေ ကိုလှုပ်ရှား လျက် မြစ် ရေကို နောက် စေ၏။ ၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ လူမျိုး များ စုဝေး လျက်၊ ငါသည် ပိုက်ကွန် နှင့်သင့် ကို အုပ်မိ ၍၊ သူတို့သည် ပိုက်ကွန် နှင့်တကွသင့် ကို ဆွဲယူ ကြလိမ့်မည်။ ၄ ငါသည် သင့် ကိုကုန်း ပေါ်မှာ တင် ၍ လွင်ပြင် ၌ ပစ် ထားမည်။ မိုဃ်း ကောင်းကင်ငှက် အပေါင်း တို့ကို သင့် အပေါ်မှာ နား စေမည်။ မြေ သားအပေါင်း တို့ကို ဝ စွာ ကျွေးမည်။ ၅ သင့် အသား ကို တောင် တို့အပေါ်၌ ငါခင်း မည်။ ချိုင့် တို့ကို သင့် ကိုယ်နှင့် ပြည့် စေမည်။ ၆ သင် မှ ယို သော အသွေး ဖြင့် မြေ ကိုတောင်ထိပ် တိုင်အောင် စို စေမည်။ မြစ် တို့သည် သင့် အသွေးနှင့် ပြည့် ကြလိမ့်မည်။ ၇ သင့် ကို ငါဆုံး စေသောအခါ မိုဃ်းကောင်းကင် ကို ငါဖုံးလွှမ်း ၍ ကြယ် တို့ကို မိုက် စေမည်။ နေ ကို မိုဃ်းအုံ့ စေ၍ လ သည်လည်း အလင်း ကို မ ပေး ရ။ ၈ သင့်အထက်၊ မိုဃ်း ကောင်းကင်၌ ထွန်းလင်း သော အလင်း အိမ် အလုံးစုံ တို့ကို မိုက် စေ၍၊ သင့် ပြည် ကို မှောင်မိုက် နှင့် ဖုံးလွှမ်း မည်။ ၉ သင်မ သိ ဘူးသော အတိုင်းတိုင်း အပြည်ပြည် တို့ တွင် သင် ပျက်စီး ခြင်းအကြောင်းကို ငါ ကြား စေသောအခါ ၊ လူမျိုး များ တို့ကို စိတ် ပူပန် စေမည်။ ၁၀ အကယ်စင်စစ်သင့် အမှုကြောင့် လူမျိုး များ တို့ကို ငါမိန်းမော တွေဝေစေမည်။ ငါသည် ရှင်ဘုရင် တို့ ရှေ့မှာထား နှင့်ရွယ် သောအခါ ၊ သူတို့သည် သင့် အမှု ကြောင့် အလွန်ထိတ်လန့် ကြလိမ့်မည်။

သင် ဆုံးရှုံး သောနေ့ ၌ သူတို့သည် အသီးအသီး မိမိ တို့အသက် ကြောင့် ခဏခဏ စိုးရိမ် တုန်လှုပ်ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဗာဗုလုန် ရှင်ဘုရင် ၏ ထား သည် သင့် အပေါ် သို့ရောက် လိမ့်မည်။ ၁၂ ခွန်အား ကြီးသောသူ၊ ကြောက်မက် ဘွယ်သော လူမျိုး အပေါင်း တို့ ဖြင့် သင် ၏အလုံးအရင်း ကို ငါလဲ စေမည်။ သူတို့သည် အဲဂုတ္တု မာန ကို နှိမ့်ချ ၍၊ ပြည်သားအလုံးအရင်း ရှိသမျှ ကို ဖျက်ဆီး ကြလိမ့်မည်။ ၁၃ များစွာ သော ရေ အနားမှာ ကျက်စားသမျှ သောတိရစ္ဆာန် တို့ကိုလည်း ငါပယ်ရှင်း မည်။ နောက် တဖန် လူ ခြေ နှင့် တိရစ္ဆာန် ခြေ သည် ထိုရေကို မ နောက် စေရ။ ၁၄ ထိုရေ ကို ငါကြည် စေ၍ မြစ် ရေသည် ဆီ ကဲ့သို့ စီး စေမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ ငါ သည် အဲဂုတ္တု ပြည် ၌ ဥစ္စာ ရှိသမျှကို ကုန် စေခြင်းငှါသုတ်သင် ပယ်ရှင်း၍၊ ပြည်သူ ပြည်သားအပေါင်း တို့ကို ဒဏ်ခတ် သောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်။ ၁၆ ဤ ရွေ့ကား၊ အဲဂုတ္တု ပြည်အတွက် ပြုရသော မြည်တမ်း ခြင်းတည်း။ အမျိုးမျိုး သော သတို့သမီး တို့ သည်လည်း မြည်တမ်း ၍၊ အဲဂုတ္တု ပြည်နှင့် ပြည်သားအလုံးအရင်း ရှိသမျှ တို့အတွက် မြည်တမ်း ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ သကကရာဇ် တဆယ် နှစ် ၊ ပဋမလတဆယ် ငါး ရက် နေ့တွင် ၊ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၈ အချင်းလူသား ၊ အဲဂုတ္တု ပြည်သားအလုံးအရင်း အတွက် မြည်တမ်း ခြင်းကို ပြုလော့။ မြေတွင်း ထဲသို့ ဆင်း သွားသောသူတို့နေရာ မြေ အောက် အရပ်သို့ တိုင်အောင် ၊ ကျော်စော သောလူမျိုး သတို့သမီး တို့နှင့်တကွ နှိမ့်ချ လျက် မြွက်ဆိုရမည်မှာ၊ ၁၉ သင်သည် သူတပါး ထက် သာ၍လှ သလော။ အရေဖျား လှီးခြင်းကို မခံသော လူတို့နှင့်အတူ ဆင်းသက် ၍ နေရာ ကျလော့။ ၂၀ ထား ဘေး၌ အပ် သည်ဖြစ်၍၊ ထား ဖြင့်သေ သောသူတို့ နှင့်အတူ လဲ ၍သေရသောကြောင့်၊ သူ ကိုယ်တိုင်မှစ၍သူ ၏ လူအလုံးအရင်း ရှိသမျှ တို့ကို ဆွဲ ကြလော့။ ၂၁ ခွန်အား အကြီးဆုံးသော သူရဲ တို့သည် မရဏာ နိုင်ငံထဲက သူ နှင့် သူ ၏အခြံအရံ တို့ကို နှုတ်ဆက် ကြ လိမ့်မည်။ သူတို့သည်လည်း ဆင်း သွားကြပြီ။ ထား နှင့်သေ ၍၊ အရေဖျား လှီးခြင်းမခံသော အဖြစ်၌လဲ နေလျက် ရှိကြ၏။ (Sheol h7585) ၂၂ ထို အရပ်၌ အာရှုရ နှင့်သူ ၏ လူ အလုံးအရင်းအပေါင်း လည်း ရှိကြ၏။ သူတို့သည် ထား ဖြင့် သေ ၍ လဲ နေလျက်၊ ပတ်လည် အရပ်ရပ်တို့ ၌ သူ တို့သချိုင်း များ ရှိကြ၏။ ၂၃ ထိုသချိုင်း တို့သည် ဥမင် အတွင်း အနားမှာ စီ လျက်၊ မင်းသချိုင်း ၌ ပတ်လည် ခြံရံလျက် ရှိ ကြ၏။ အသက်ရှင် သောသူတို့ ၏နေရာ ၌ သူတပါးကို ကြောက် စေတတ်သောသူ ဖြစ်သော်လည်း၊ ထိုသူ ရှိသမျှ တို့သည် ထား ဖြင့် သေ ၍လဲ နေကြ၏။ ၂၄ ထို အရပ်၌ ဧလံ နှင့်သူ ၏ သချိုင်း ပတ်လည် ၌ သူ ၏လူ အလုံးအရင်းရှိသမျှ တို့သည် ထား ဖြင့် သေ ၍ လဲ လျက်ရှိကြ၏။ အသက်ရှင် သောသူတို့ ၏နေရာ ၌ သူတပါးကို ကြောက် စေတတ်သော်လည်း၊ အရေဖျား လှီး ခြင်းကိုမခံသော လူဖြစ်၍မြေ အောက် အရပ်သို့ ဆင်း သွားရသဖြင့်၊ မြေတွင်း ထဲသို့ ဆင်း သွားသောသူတို့နှင့်အတူ ၊ အရှက်ကွဲ လျက် သေသောသူတို့နှင့်အတူနေရာကျ ကြ၏။ ၂၅ မိမိ အလုံးအရင်း နှင့် အိပ် ၍သူ တို့ သချိုင်း တွင်း တို့သည် ပတ်လည် ၌ ရှိကြ၏။ ထိုသူ ရှိသမျှ တို့သည် အရေဖျား လှီးခြင်းကို မခံသောလူဖြစ်၍ထား ဖြင့် သေ ကြ ၏။ အသက်ရှင်

သောသူတို့၏ နေရာ ၌ သူတပါးကို ကြောက် စေတတ်သော်လည်း ၊ မြေတွင်း ထဲသို့ ဆင်း သွား သောသူတို့ နှင့်အတူ အရှက်ကွဲ သဖြင့် ၊ သေ သောသူတို့နှင့်အတူ နေရာ ကျကြ၏။ ၂၆ ထို အရပ်၌ မိမိ အလုံးအရင်း ရှိသမျှ တို့နှင့်အတူ မေရှက် လည်း ရှိ၏။ တုဗလ လည်းရှိ၏။ သခ်ိုင်း တွင်း တို့သည် ပတ်လည် ၌ရှိကြ၏။ အသက်ရှင် သောသူတို့၏ နေရာ ၌ သူတပါးကိုကြောက် စေတတ်သော်လည်း ၊ ထိုသူ ရှိသမျှ တို့သည် အရေဖျား လှီးခြင်းကို မခံသောသူဖြစ်၍ ထား ဖြင့် သေ လျက်နေကြ၏။ ၂၇ သူတို့သည် ရွေးကာလ၌ လဲ ၍သေသော၊ အရေဖျား လှီးခြင်းကို မခံသော လူကြီး တို့နှင့်အတူ အိပ် ၍ နေရကြလိမ့်မည်မ ဟုတ်လော။ ထိုလူကြီးတို့သည် အသက်ရှင် သောသူတို့၏ နေရာ ၌ လူကြီး တို့ကို ကြောက် စေတတ်သော်လည်း ၊ စစ်တိုက် လက်နက် ပါလျက် မရဏာ နိုင်ငံထဲသို့ဆင်း သွား၍ ၊ မိမိ ထား ကို မိမိ ခေါင်း အောက်မှာ ထား လျက်၊ မိမိ တို့အရိုး ပေါ်မှာ မိမိ တို့ အပြစ် တည် လျက် ရှိကြ၏။ (Sheol h7585) ၂၈ သင် သည်လည်း၊ အရေဖျား လှီးခြင်းကိုမခံသော လူတို့အလယ် ၌ ကျိုးပျက် ၍ ၊ ထား ဖြင့်သေ သောသူတို့ နှင့်အတူ လဲ လျက်နေရလိမ့်မည်။ ၂၉ ထို အရပ်၌ ဧဒုံ ရှင်ဘုရင် နှင့် မူး တော် မတ်တော်တို့သည် မိမိ တို့တန်ခိုး ပါလျက်၊ ထား ဖြင့်သေ သောသူတို့ နှင့်အတူ နေရာ ကျ၍၊ အရေဖျား လှီးခြင်းကို မခံသောလူ၊ မြေတွင်း ထဲသို့ ဆင်း သွားသောသူတို့နှင့်အတူ အိပ် ရကြ၏။ ၃၀ ထို အရပ်၌ မြောက် ပြည်မင်း ၊ ဇိဒုန် မင်းအပေါင်း တို့သည် ရှိကြ၏။ ကိုယ်တန်ခိုး ကို ရှက် လျက်၊ ထိတ်လန့် လျက် သေ သောသူတို့နှင့်အတူ ဆင်း သွားကြပြီ။ ထား ဖြင့် သေ သောသူတို့နှင့်အတူ အရေဖျား လှီးခြင်းကို မခံသော လူဖြစ်၍ အိပ် ကြ၏။ မြေတွင်း ထဲသို့ ဆင်းသက် သောသူတို့ နှင့်အတူအရှက်ကွဲ လျက် နေကြ၏။ ၃၁ ဖါရော ဘုရင်သည် ထိုလူ များကိုမြင် ၍ ၊ ထား ဖြင့် သေ သော မိမိ လူအလုံးအရင်း ရှိသမျှတို့ကြောင့် ပူပန် သောစိတ် လျော့၍၊ ဖာရော ဘုရင်နှင့် မိမိ ဗိုလ်ခြေ အပေါင်း တို့သည် သက်သာ ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၃၂ အသက်ရှင် သောသူတို့ ၏နေရာ ၌ သူသည် သူတပါးတို့ကို ကြောက် စေသောအခွင့်ကို ငါပေးသော်လည်း ၊ ဖာရော ဘုရင်နှင့် သူ ၏လူ အလုံးအရင်းရှိသမျှ တို့ သည် ထား ဖြင့် သေ သောသူတို့နှင့်အတူ ၊အရေဖျား လှီးခြင်းကိုမခံသောလူတို့အလယ် ၌ လဲ ၍ နေကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၃၂ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင် ၏ အမျိုးသား ချင်းတို့ အား ဟောပြော ၍ ဆင့်ဆို ရမည်မှာ၊ ငါသည် တစုံတခုသောပြည် သို့ ထား ဘေးရောက် စေသောအခါ ၊ ပြည်သား တို့သည် ပြည်သားတယောက် ကို ယူ ၍ ကင်းစောင့် ထား ပြီးမှ ၊ ၃ ထိုသူသည် ထား ဘေးရောက် သည်ကို မြင် လျက် တံပိုး မှုတ် ၍ သတိပေး သော်လည်း ၊ ၄ တစုံတယောက်သောသူသည် တံပိုး မှုတ်သံ ကို ကြား လျက်နှင့် အမှု မ ထား၊ ထား ဘေးရောက် ၍ သူ၏ အသက် ဆုံးလျှင်၊ ထိုသူသည် ကိုယ်အသက်ဆုံးသော အပြစ်ကို ကိုယ်တိုင်ခံရ မည်။ ၅ တံပိုး မှုတ်သံ ကိုကြား ၍ အမှု မ ထားသောကြောင့် ၊ ကိုယ်အသက် ဆုံးသောအပြစ်ကို ကိုယ်တိုင်ခံရ မည်။ အမှု ထားသောသူမူကား၊ ကိုယ် အသက် ကို ကယ်တင် လိမ့်မည်။ ၆ သို့မဟုတ် ကင်းစောင့် ထားသောသူသည် ထား ဘေး ရောက် ကြောင်းကိုမြင် လျက် တံပိုး မ မှုတ် ၊ ပြည်သား တို့ အား သတိ မ ပေးသောကြောင့် ထား

ဘေးရောက် ၍ တစုံတယောက်သောသူ အသက် ဆုံး လျှင်၊ ထိုသူသည် မိမိ အပြစ် ကြောင့် အသက် ဆုံးသော်လည်း ၊ သူ ၏အသက် ကို ကင်းစောင့် သောသူ၌ ငါတောင်း မည်။ ၇ ထိုအတူ ၊ အချင်းလူသား ၊ သင့် ကိုကြသရေလ အမျိုး ၌ ကင်းစောင့် စေခြင်းငှါငါခန့်ထား သောကြောင့် ၊ သင်သည်ငါ ၏ နှုတ် ထွက်စကား ကို နားခံ ၍ သူ တို့ကို သတိပေး ရမည်။ ၈ ငါ သည် လူဆိုး အား ၊ အိုလူဆိုး ၊ အကယ်စင်စစ်သင်သည် အသေ ခံရမည်ဟုဆို သောအခါ ဆိုး သောသူကို သူ ၏လမ်း မှ လွှဲစေခြင်းငှါသင်သည် သတိ မ ပေးလျှင် ၊ ထို လူဆိုး သည် မိမိ အပြစ် ကြောင့် အသက် ဆုံးလိမ့်မည်။ သို့ရာတွင် ၊ သူ ၏အသက် ကိုသင် ၌ ငါတောင်း မည်။ ၉ သို့မဟုတ် ၊ လူဆိုး ကိုသူ ၏ လမ်း မှ လွှဲ စေခြင်းငှါ သင် သည် သတိပေး ၍ သူသည်မ လွှဲ ဘဲနေလျှင်၊ မိမိ အပြစ် ကြောင့် အသက် ဆုံးသော်လည်း ၊ သင် သည် ကိုယ် အသက် ကို ကယ်တင် ပြီ။ ၁၀ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ ဣသရေလ အမျိုးသား တို့အား ဟောပြော ရမည်မှာ၊ ငါ တို့သည် ကိုယ်ပြုမိသော ဒုစရိုက် အပြစ် ကိုခံရသဖြင့် အားလျော့ သည်ဖြစ်၍ ၊ အဘယ်သို့ အသက်ရှင် နိုင်ပါမည်နည်းဟု သင်တို့ဆို ကြသော်၊ ၁၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက်ရှင် သည်အတိုင်း၊ ဆိုး သောသူသည် အသေခံ ခြင်းအမှုကို ငါနှစ်သက် သည်မ ဟုတ်။ ဆိုး သောသူသည် မိမိ ဆိုးသော လမ်း မှ လွှဲ ၍ အသက်ရှင် ခြင်းအမှုကိုသာ ငါနှစ်သက်၏။ အိုဣသရေလ အမျိုးသား တို့၊ သင် တို့လိုက် သောလမ်း ဆိုး မှ လွှဲ ကြလော့။ လွှဲ ကြလော့။ အဘယ်ကြောင့် အသေခံ လိုကြသနည်း။ ၁၂ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ သင် ၏အမျိုးသား ချင်းတို့အား ဟောပြော ရမည်မှာ၊ ဖြောင့်မတ် သောသူသည် ဖေါက်ပြန် လျှင်၊ အရင်ဖြောင့်မတ် ခြင်း အမှုသည် သူ့ ကို ကယ်တင် ရမည်မ ဟုတ်။ ဆိုး သောသူသည် ဆိုး သောအမှုကိုရှောင် လျှင်၊ အရင်ဆိုး သောအမှုကြောင့် ပျက်စီး ခြင်းသို့ ရောက်ရမည်မ ဟုတ်။ ဖြောင့်မတ် သောသူသည် ပြစ်မှား သောနေ့ ၌ အသက်ရှင် ရသောအခွင့် မ ရှိရ။ ၁၃ ဖြောင့်မတ် သောသူသည် စင်စစ်အသက်ရှင် ရ လိမ့်မည်ဟု ငါ ဆို သော်လည်း ၊ သူ သည် မိမိ ဖြောင့်မတ် ခြင်းကို ကိုးစား ၍ ဒုစရိုက် ကိုပြု မိလျှင်၊ အရင်ဖြောင့်မတ် ခြင်း အမှုတစုံတခု ကိုမျှ မအောက်မေ့ ရ။ ပြု မိသော ဒုစရိုက် ကြောင့် အသေ ခံရလိမ့်မည်။ ၁၄ တဖန် ဆိုး သောသူအား သင်သည် စင်စစ်အသေ ခံရလိမ့်မည်ဟု ငါ ဆို သော်လည်း ၊ ထိုသူသည် မိမိ ဒုစရိုက် ကို ရှောင် ၍ ၊ တရား သောအမှု၊ ဖြောင့်မတ် သောအမှုကို ပြု လျက်၊ ၁၅ ပေါင် ထားသောဥစ္စာကို မ သိုထား၊ လုယူ သော ဥစ္စာကို ပြန် ပေးလျက်၊ အဓမ္မ အမှုကို မ ပြု ဘဲအသက်ရှင် ရာပညတ် တရားလမ်းသို့လိုက် လျှင်၊ အသေ မ ခံရဘဲ စင်စစ်အသက်ရှင် ရလိမ့်မည်။ ၁၆ ပြု မိသော ဒုစရိုက် အပြစ်တစုံတခု ကိုမျှ သူ ၌ မတင် ။ တရား သောအမှု၊ ဖြောင့်မတ် သောအမှုကို ပြု သောကြောင့်စင်စစ်အသက်ရှင် ရလိမ့်မည်။ ၁၇ သို့သော်လည်း ၊ သင် ၏အမျိုးသား ချင်းတို့က၊ ထာဝရ ဘုရား စီရင်ချက် မ ဖြောင့် ဟု ဆို ကြသည်ဖြစ်၍ ၊ သူ တို့စီရင်ချက် မ ဖြောင့် ပါတကား။ ၁၈ ဖြောင့်မတ် သောသူသည် မိမိ ဖြောင့်မတ် ခြင်းကို စွန့် ၍ ဒုစရိုက် ကိုပြု မိလျှင် ၊ ထိုဒုစရိုက် အပြစ်ကြောင့် အသေ ခံရလိမ့်မည်။ ၁၉ ဆိုး သောသူမူကား၊ မိမိ ဒုစရိုက် ကိုရှောင် ၍ တရား သောအမှု၊ ဖြောင့်မတ် သောအမှုကို ပြု မိလျှင်၊ ထိုအမှု ကြောင့် အသက်ရှင် ရလိမ့်မည်။ ၂၀ သို့သော်လည်း ၊ သင်တို့က၊ ထာဝရ ဘုရား

စီရင်ချက် မ ဖြောင့် ဟု ဆို ကြသည်တကား။ အိုဣသရေလ အမျိုးသား တို့၊ သင် တို့အသီးသီး ပြု ကြသည်အတိုင်း ငါစီရင် မည်ဟုမိန့်တော်မူ၏။ ၂၁ သိမ်း သွားရာ သဣရာဇ် တဆယ် နှစ် ခု၊ ဒသမ လ ငါး ရက်နေ့တွင် ၊ ယေရုရှလင် မြို့မှ ပြေး ၍လွတ်သော သူတယောက်သည် ငါ့ ထံသို့ ရောက်လာ ၍၊ မြို့ ကိုလုပ်ကြံ ပြီ ဟု သိတင်း ကြားပြော၏။ ၂၂ ထိုသူမ ရောက် မှီ ညဦး မှစ၍သူရောက်သော နံနက် အချိန်တိုင်အောင် ၊ ထာဝရဘုရား သည် လက် တော် ကို ငါ့ အပေါ် ၌ တင် ၍ ငါ့ နှုတ် ကိုဖွင့် တော်မူသဖြင့် ၊ ငါသည် စကား မပြောဘဲနေရသော အချိန်လွန်၍ ဟောပြောရ၏။ ၂၃ ထိုအခါ ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂၄ အချင်းလူသား ၊ ပျက်စီး သော ဣသရေလ ပြည် ၌ နေ သေးသောသူတို့ က၊ အာဗြဟံ သည် လူတဦးတည်း ဖြစ်သော်လည်း ဤပြည် ကို အမွေ ခံရ၏။ ငါ တို့မူကား အများ ဖြစ်ကြ၏။ ငါ တို့အမွေခံ စရာဘို့ ပေး တော်မူပြီဟု ဆို ကြသော်၊ ၂၅ သင်သည်အရှင် ထာဝရဘုရား ၏အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ သင်တို့သည် အသွေး နှင့်တကွအမဲသားကို စား လျက် ၊ ရုပ်တု တို့ကို ဖူးမြော် လျက်၊ လူအသက် ကိုလည်း သတ်လျက်နှင့်ပင်၊ ဤပြည် ကို ပိုင် ရကြမည်လော။ ၂၆ ထား ကို ခိုလှုံ လျက်၊ စက်ဆုပ် ဘွယ်သော အမှုကို ပြု လျက် ၊ အိမ်နီးချင်း မယား ကို ပြစ်မှား လျက်နှင့်ပင်၊ ဤပြည် ကို ပိုင် ရကြမည်လော။ ၂၇ တဖန်အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ငါ အသက်ရှင် သည်အတိုင်း၊ ပျက်စီး သော အရပ်၌ နေသော သူတို့ သည် ထား ဖြင့် လဲ ၍ သေရ ကြလိမ့်မည်။ လွင်ပြင် ၌ ရှိသောသူတို့ ကို ငါသည်သားရဲ ၌ အပ် ၍ ကိုက်စား စေမည်။ ရဲတိုက် ဥမင် ၌ ရှိသော သူတို့ သည် ကာလနာ နှင့် သေ ရကြလိမ့်မည်။ ၂၈ တပြည်လုံး ကို ငါသုတ်သင် ပယ်ရှင်းသဖြင့် ၊ သူ့ အစွမ်းသတ္တိ ၏ ဂုဏ် အသရေကုန် ၍၊ အဘယ်သူ မျှမရှောက် မသွားရအောင်၊ ဣသရေလ တောင် တို့သည် လူဆိတ်ညံ လျက် ရှိရကြလိမ့်မည်။ ၂၉ ပြည်သားတို့သည် ပြု မိသော စက်ဆုပ် ဘွယ် အမှုအလုံးစုံ တို့ကြောင့် ၊ ထိုပြည် ကို ငါ သုတ်သင် ပယ်ရှင်းသောအခါ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်။ ၃၀ ထိုမှတပါး ၊ အချင်းလူသား ၊ သင် ၏အမျိုးသား ချင်းတို့က၊ ငါတို့သွား ကြကုန်အံ့။ ထာဝရဘုရား သည် အဘယ်သို့ ဗျာဒိတ် ပေးတော်မူသည်ကို ကြား ကြကုန်အံ့ဟု၊ ထရံ နား ၊ အိမ် တံခါး နားမှာ သင့် ကိုရည်မှတ် ၍ တယောက် ကိုတယောက်ပြော တတ်ကြ၏။ ၃၁ ငါ၏လူ ကဲ့သို့ သင့် ထံသို့ လာ ၍ ၊ ငါ ၏လူ ကဲ့သို့သင့် ရှေ့မှာ ထိုင် လျက် ၊ သင် ၏စကား ကိုကြား သော်လည်း ၊ နား မ ထောင်ဘဲနေကြ၏။ အလွန်ချစ်ဘွယ် သော လက္ခဏာကို နှုတ် နှင့် ပြ သော်လည်း၊ စိတ်နှလုံး မူကား လောကီ ဥစ္စာကိုစွဲလမ်း လျက်ရှိ၏။ ၃၂ သင် ၏စကား သည်၊ ကောင်းမွန် စွာတီး ၍ သာယာ သောအသံ နှင့် ပြည့်စုံသောသူဆိုသော၊ နှစ်သက် ဘွယ်သော သီချင်း ကဲ့သို့ သူ တို့ ၌ ဖြစ်၍ ၊ သူတို့သည် ကြား ရ သော်လည်း နား မ ထောင်တတ်ကြ။ ၃၃ သို့ရာတွင် ၊ အမှုရောက် လိမ့်မည်။ အမှုရောက် သောအခါ သူ တို့တွင် ပရောဖက် ရှိ ဘူးသည်ကို သူတို့ သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၄ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည် ဣသရေလ အမျိုး သိုးထိန်း တို့တဘက် ၌ ပရောဖက်ပြု ၍ ဟောပြော လျက်၊ သိုးထိန်း တို့အား အရှင် ထာဝရဘုရား

မိန့် တော်မူသောစကားကိုဆင့်ဆို ရမည်မှာ၊ ကိုယ် ကိုသာ ကျွေးမွေး သော ဣသရေလ အမျိုး သိုးထိန်း တို့သည် အမင်္ဂလာ ရှိကြ၏။ သိုးထိန်း သည် သိုး တို့ကိုမ ကျွေးမွေး ရသလော ။ ၃ သင်တို့သည် သိုးနို့ ကို စား ကြ၏။ သိုးမွေး ကို ဝတ် ကြ၏။ ဆူဖြိုး သော သိုးတို့ကိုလည်း သတ် ကြ၏။ သို့ရာတွင်၊ သိုး တို့ကို မ ကျွေးမွေး ပါတကား။ ၄ အားနည်း သောသိုးကိုမ မစ ကြ၊ နာ သော သိုးတို့ကိုဆေး မ ကုကြ၊ အရိုးကျိုး သောသိုးကို အဝတ် နှင့် မ စည်းကြ၊ သူတပါးနှင် သော သိုးကိုလိုက် ၍မ ဆောင်ခဲ့ ကြ၊ ပျောက် သောသိုးကို မ ရှာ ကြ၊ အနိုင်အထက် ပြု၍ ကြမ်းတမ်း စွာ စီရင် ကြပြီ။ ၅ ထိန်း သောသူမ ရှိသောကြောင့် သိုးတို့သည် ကွဲပြား ကြ၏။ ကွဲပြား လျက်နေသောအခါ ခပ်သိမ်း သော တော သားရဲစားစရာ ဖြစ် ကြ၏။ ၆ ငါ့ သိုး တို့သည် တောင် များ၊ မြင့် သောကုန်း များ အပေါ်မှာ လဲ ၍ မြေ တပြင်လုံး တွင် အရပ်ရပ်သို့ ကွဲပြား ပြန့်လွင့်လျက်နေ၍၊ အဘယ်သူ မျှမလိုက် မ ရှာ ကြ။ ၇ သို့ ဖြစ်၍ ၊ အချင်းသိုးထိန်း တို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ ၈ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက်ရှင် သည်အတိုင်း၊ သိုးထိန်း မ ရှိ၊ အဘယ်သိုးထိန်း မျှ ငါ့ သိုး တို့ကိုမ ရှာ ၊ သိုးထိန်း တို့သည် ငါ့ သိုး တို့ကို မ ကျွေးမွေး ၊ ကိုယ် ကိုသာကျွေးမွေး သဖြင့် ၊ ငါ့ သိုး တို့သည် လုယူ ရာ၊ ခပ်သိမ်း သောတော သားရဲ စားစရာ ဖြစ် သောကြောင့် ၊ ၉ အချင်း သိုးထိန်း တို့၊ ထာဝရဘုရား ၏ အမိန့် တော်ကိုနားထောင် ကြလော့။ ၁၀ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည်သိုးထိန်း တို့ တဘက်၌ နေ၏။ ငါ့ သိုး များကို သူ တို့ ၌ ငါတောင်း ၍ သိုးထိန်း အရာကို နှုတ် မည်။ သိုးထိန်း တို့သည် နောက် တဖန်ကိုယ် ကိုမ ကျွေးမွေး ရကြ။ ငါ့ သိုး များကို သူ တို့ပစပ် မှ ငါနှုတ် ၍ နောက်တဖန် မ ကိုက် မစားရကြ။ ၁၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည် ကိုယ်တိုင် လိုက် ၍ ငါ့ သိုး တို့ကိုရှာ မည်။ ၁၂ ကွဲပြား လျက်ရှိသောမိမိ သိုး တို့တွင် သိုးထိန်း ရောက် သောအခါ ကြိုးစား၍ ရှာ သကဲ့သို့ ၊ ငါသည်လည်း ငါ့ သိုး တို့ကိုကြိုးစား၍ ရှာ မည်။ မိုယ်းအုံ့ ၍ မိုက် သောနေ့ ၌ သူတို့ကွဲပြား သော အရပ်ရပ် တို့က ငါနှုတ်ဆောင် မည်။ ၁၃ အတိုင်းတိုင်း အပြည်ပြည် တို့က ခေါ် ခဲ့၍ စုဝေး စေပြီးလျှင် ၊ သူ တို့ နေရင်းပြည် သို့ ပို့ဆောင် မည်။ ဣသရေလ တောင် တို့အပေါ် ၊ မြစ် တို့အနား အစရှိသော နေစရာ အရပ်ရပ် တို့ ၌ ကျွေးမွေး မည်။ ၁၄ ကောင်း သောကျက်စား ရာအရပ်၌ ကျွေးမွေး မည်။ မြင့် သော ဣသရေလ တောင် တို့အပေါ်မှာ သူ တို့ ခြံ ရှိ လိမ့်မည်။ သူတို့သည်ဣသရေလ တောင် တို့အပေါ်မှာ ကောင်း သောခြံ ၌ အိပ် ၍ ၊ ကြွယ်ဝ သောကျက်စား ရာ၌ ကျက်စား ကြလိမ့်မည်။ ၁၅ ငါ သည် ငါ့ သိုး များကို ကျွေးမွေး မည်။ အိပ်ရာ ကိုလည်း ငါပေးမည်။ ၁၆ ပျောက် သောသိုးကို ငါရှာ မည်။ သူတပါးနှင် သော သိုးကိုလိုက် ၍ ဆောင်ခဲ့မည်။ အရိုးကျိုး သော သိုးကိုအဝတ် နှင့်စည်းမည်။ အားနည်း သော သိုးကိုမစ မည်။ ဆူဖြိုး ၍ အား ရှိသောသိုးကိုကား၊ တရား အတိုင်း ကျွေးမွေး ၍ ကွပ်မျက် မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုငါ့ သိုး တို့၊ တိရစ္ဆာန်အမျိုးမျိုးတို့ကိုငင်း၊ သိုး ထီးနှင့် ဆိတ် ထီးတို့ကိုငင်းငါ ပိုင်းခြား မည်။ ၁၈ သင်တို့သည် ကောင်း သောကျက်စား ရာအရပ်၌ စား သည်သာမက၊ ကျန် သော မြက်ပင် ကိုနင်း သော အမှုသည်သာမည အမှုဖြစ်သည်ဟု ထင်မှတ်ကြသလော ။ ကြည် သော ရေ ကို သောက် သည်သာမက၊ ကျန်

သော ရေကိုခြေ နှင့် နောက် စေသောအမှုသည် သာမညအမှုဖြစ် သည်ဟု ထင်မှတ်ကြသလော။ ၁၉ သင် တို့နင်း သောမြက်ပင်ကိုငင်း၊ ခြေ နှင့်နောက် စေသော ရေကိုငင်း ၊ ငါ့ သိုး တို့သည် စား သောက် ရကြမည်လော။ ၂၀ သို့ ဖြစ်၍ ၊ ထိုသူ တို့အား အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဆူဖြိုး သော တိရစ္ဆာန် တို့နှင့် ပိန်ကြုံ သောတိရစ္ဆာန် တို့ကို ငါ သည် ကိုယ်တိုင် ပိုင်းခြား မည်။ ၂၁ သင်တို့သည် အားနည်း သောသိုးတို့ကို အရပ်ရပ် သို့ ကွဲပြား စေခြင်းငှါနှံပါး နှင့် ၎င်း ၊ ပခုံး နှင့်၎င်း တိုး၍ ချို နှင့် ခွေ့ သောကြောင့် ၊ ၂၂ ငါသည် ငါ့ သိုး တို့ကို ကယ်တင် သဖြင့် ၊ သူတို့ သည် နောက် တဖန် လုယူ ရာမ ဖြစ် ရကြ။ တိရစ္ဆာန် အမျိုးမျိုးတို့ကိုလည်း ငါပိုင်းခြား မည်။ ၂၃ သိုးထိန်း တဦး ကိုလည်း ငါခန့်ထား၍ သူသည် ကျွေးမွေး လိမ့်မည်။ ငါ ၏ကျွန် ဒါဝိဒ် သည် သူ တို့ကို ကျွေးမွေး၍ သိုးထိန်း လုပ် ရလိမ့်မည်။ ၂၄ ငါ ထာဝရဘုရား သည် သူ တို့၏ဘုရားသခင် ဖြစ် မည်။ ငါ ၏ကျွန် ဒါဝိဒ် သည်လည်း သူ တို့၏မင်း ဖြစ်ရ လိမ့်မည်။ ငါ ထာဝရဘုရား ပြော ပြီ။ ၂၅ သူ တို့နှင့် ငြိမ်သက် ခြင်း ပဋိညာဉ် ကို ငါဖွဲ့၍ ၊ ဆိုး သောသားရဲ တို့ကို ထိုပြည် ၌ ပယ်ဖြတ် မည်။ သူတို့သည် လွင်ပြင် ၌ ငြိမ်ဝပ် စွာနေ ၍ တော ၌ အိပ်ပျော် ကြလိမ့်မည်။ ၂၆ သူ တို့ကိုငင်း၊ ငါ ၏တောင် တော်ပတ်လည် ၌ ရှိသောအရပ်တို့ကိုငင်းငါကောင်းကြီး ပေး၍ ၊ အချိန်တန် လျှင် မိုးယံ ကိုရွာစေသဖြင့်၊ ကောင်းကြီး မိုး ရေ ကျ ရ လိမ့်မည်။ ၂၇ တော သစ်ပင် သည် အသီး ကို သီး လိမ့်မည်။ မြေ သည်လည်း အသီးအနှံ ကိုပေး လိမ့်မည်။ ပြည်သား တို့သည် ငြိမ်ဝပ် စွာနေ ရကြလိမ့်မည်။ သူ တို့ထမ်းသော ထမ်းပိုး ကြိုး ကို ငါ ဖြတ်၍၊ အနိုင်အထက် စေခိုင်းသောသူတို့ လက် မှ ကယ်နှုတ် သောအခါ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်။ ၂၈ နောက် တဖန်တပါး အမျိုးသား တို့သည် မလု မ ယူရကြ။ ပြည် သားရဲ တို့သည်လည်း ကိုက် ၍မ စားရကြ။ အဘယ်သူ မျှမကြောက် စေဘဲ၊ သူတို့သည် ငြိမ်ဝပ် စွာ နေ ရကြလိမ့်မည်။ ၂၉ အသရေ ရှိသော ဥယျာဉ် ကိုလည်း သူ တို့အဘို့ ငါပြုစု မည်။ နောက် တဖန်ပြည် ၌ အစာ အဟာရ ခေါင်းပါး ၍၊ သူတို့သည်မွတ်သိပ်ခြင်းကို မ ခံရ ကြ။ တပါး အမျိုးသား တို့၏ကဲ့ရဲ့ ခြင်းကိုလည်း မ ခံရ ကြ။ ၃၀ သူ တို့၏ဘုရားသခင် ငါ ထာဝရဘုရား သည် သူ တို့နှင့်အတူ ရှိကြောင်းကိုငင်း ၊ ကျသရေလ အမျိုးသား တည်းဟူသောသူ တို့သည် ငါ ၏လူ ဖြစ်ကြောင်း ကိုငင်းသိ ရကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၃၁ ငါ ၏ကျက်စား ရာအရပ်၌ရှိသောငါ့ သိုး တို့၊ သင် တို့သည်လူ ဖြစ်ကြ၏။ ငါ သည်လည်း သင် တို့၏ ဘုရားသခင် ဖြစ်သည်ဟု အရှင် ထာဝရဘုရား မိန့်တော်မူ၏။

၃၅ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ သင်သည် စိရ တောင် တဘက် ၌ မျက်နှာ ထား ၍ ပရောဖက်ပြု လျက်၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ၃ အိုစိရ တောင် ၊ သင့် တဘက် ၌ငါ နေ၏။ သင့် ကို ငါတိုက် ၍ သုတ်သင် ပယ်ရှင်းမည်။ ၄ သင် ၏မြို့ တို့ကို ငါဖျက်ဆီး သဖြင့် သင် သည် လူဆိတ်ညံ လျက်ရှိ၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရလိမ့်မည်။ ၅ သင် သည် အစဉ် ရန်ငြိုး ဖွဲ့၍ ကျသရေလ အမျိုးသား တို့ ၌ အမှု ရောက်သောကာလ ၊ အပြစ် ကြောင့် ခံရသောကာလ အဆုံး ၌ ၊ သူတို့အသက်ကို ထား နှင့် သတ် သောကြောင့် ၊ ၆ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ

အသက်ရှင် သည်အတိုင်း၊ အသက် သတ်ခြင်းအမှုကို သင် ၌ငါပြု ၍ ၊ ထိုအမှု သည်သင့် ကို လိုက် မည်။ အသက် သတ်ခြင်းအမှုကို သင်မ မုန်း သောကြောင့် ၊ ထိုအမှု သည် သင့် ကိုလိုက် ရလိမ့်မည်။ ၇ ထိုသို့ စိရ တောင် ကို ငါသုတ်သင် ပယ်ရှင်းသဖြင့် ထွက်သွား သောသူ၊ ပြန်လာ သောသူတို့ကို ပယ်ဖြတ် မည်။ ၈ သင်၏တောင် တို့ကိုလည်း သင်၏သူရဲ အသေကောင်တို့နှင့် ငါပြည့် စေမည်။ သင့် နေရာကုန်း ၊ ချိုင့် ၊ မြစ် နားခ်ထား ဖြင့် အသေ ခံရသောသူတို့ သည် ရှိ ကြ လိမ့်မည်။ ၉ သင့် ကိုအစဉ်မပြတ် သုတ်သင် ပယ်ရှင်းသဖြင့် ၊ သင် ၏မြို့ တို့ ၌ အဘယ်သူမျှမ နေ ရ။ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သင်သိ ရလိမ့်မည်။ ၁၀ သင် က၊ ဤတိုင်း ပြည် နှစ် ပြည်ကိုငါတို့သည် သိမ်းရ၍ပိုင် မည်ဟု ထို ပြည်၌ ထာဝရဘုရား ရှိ လျက်နှင့် ဆို မိသောကြောင့် ၊ ၁၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ အသက်ရှင် သည်အတိုင်း၊ သင်သည်သူ တို့ကို ရန်ငြိုး ဖွဲ့၍ ဒေါသ စိတ်၊ ငြူစူ သောစိတ် တိုက်တွန်းသည် နှင့်အညီ သင်၌ ငါပြု မည်။ သင့် ကို စီရင် သောအခါ သူ တို့တွင် ငါထင်ရှား လိမ့်မည်။ ၁၂ သင်က၊ ဣသရေလ တောင် တို့သည် ပျက်စီး ၍ ငါ တို့စားစရာ ဘို့ ဖြစ်ကြ၏ဟု ကဲ့ရဲ့ ၍ပြောဆို သော စကားအလုံးစုံ တို့ကို ငါ ထာဝရဘုရား ကြား ကြောင်း ကို သင်သိ ရလိမ့်မည်။ ၁၃ ထိုသို့ သင်သည် ငါ့ တဘက် ၌ဝါကြွား ၍ ပြောမိ သောစကား အလုံးစုံတို့ကို ငါ ကြား ပြီဟု မိန့်တော်မူ၏။ ၁၄ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ တပြည်လုံး ၌ငြိမ်းချမ်း သောအခါ သင့် ကိုငါဖျက်ဆီး မည်။ ၁၅ ဣသရေလ အမျိုးသား တို့ အမွေ မြေ ပျက်စီး သည်ကို သင် သည် ဝမ်းမြောက် သောကြောင့် ၊ ထိုအတူ သင် ၌ ငါပြု မည်။ အိုစိရ တောင် ၊ သင်နှင့်တကွ ဧဒုံ ပြည် သည် အကုန်အစင် ပျက်စီး ၍ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၆ တဖန် အချင်းလူသား ၊ ဣသရေလ တောင် တို့ အား ပရောဖက်ပြု ၍ ဆင့်ဆို ရမည်မှာ၊ အိုဣသရေလ တောင် တို့၊ ထာဝရဘုရား ၏အမိန့် တော်ကို နားထောင် ကြလော့။ ၂ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ရန်သူ က၊ အေ့ဟေ ၊ ထာဝရ တောင် တို့သည်ငါ တို့လက်သို့ ရောက် ကြပြီဟု သင် တို့တဘက် ၌ ဆို မိသောကြောင့် ၊ ၃ ပရောဖက်ပြု ၍ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကိုဆင့်ဆို ရမည်မှာ၊ သင် တို့သည်ကျန်ကြွင်း သော တပါးအမျိုးသား တို့ သိမ်းယူ ရာဖြစ် ရသည်တိုင်အောင် ၊ သင် တို့ကိုသုတ်သင် ပယ်ရှင်း၍ ပတ်လည် ကိုက်စား သောကြောင့် ၎င်း ၊ သင်တို့သည် လူများပြောဆို ရာ၊ ကဲ့ရဲ့ ရာ ဖြစ်သောကြောင့် ၎င်း ၊ ၄ အိုဣသရေလ တောင် တို့၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ အရှင် ထာဝရဘုရား သည် တောင် ကြီး၊ တောင် ငယ်၊ မြစ် ရေစီးရာ၊ ချိုင့် ရာ၊ သုတ်သင် သောလွင်ပြင် မှစ၍၊ ပတ်လည် ၌နေသောတပါးအမျိုးသား အကျန်အကြွင်း တို့သည် လုယူ ကဲ့ရဲ့ ၍၊ မြို့သားစွန့် သွားသော မြို့ တို့အား မိန့် တော်မူသည်ကား၊ ၅ အကယ်စင်စစ်ငါ့ ပြည် ကိုလုယူစရာဘို့ ပစ်ထား ခြင်းငှါအလွန်ဝမ်းမြောက် သောစိတ် ၊ အငြိုး ထားသောစိတ် ရှိ၍၊ ကိုယ်တိုင်လုယူ စရာဘို့ စီရင် သော ဧဒုံ အမျိုးသား အပေါင်း တို့နှင့် ကျန်ကြွင်း သော တပါးအမျိုးသား တို့တဘက် ၌ ငါသည် ဒေါသ မီး ထွက်၍ ပြော ထားပြီ။ ၆ သို့ ဖြစ်၍ ၊ ဣသရေလ ပြည် ကို ရည်မှတ် ၍ ပရောဖက်ပြု လျက်၊ တောင် ကြီး၊ တောင် ငယ်၊ မြစ် ရေစီး ရာ၊ ချိုင့်

ရာတို့အား အရှင် ထာဝရဘုရား ၏ အမိန့် တော် ကို ဆင့်ဆိုရမည်မှာ၊ သင်တို့သည်တပါးအမျိုးသား တို့ကဲ့ရဲ့ခြင်းကိုခံရ သောကြောင့် ၊ ငါသည် ဒေါသ အမျက် ထွက်၍ ပြော ပြီ။ ၇ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အကယ်စင်စစ် သင် တို့ပတ်လည် ၌နေသောတပါးအမျိုးသား တို့သည် ကိုယ် အရှက်ကွဲ ခြင်းကိုခံရ ကြလိမ့်မည်ဟု ငါ ကျိန်ဆို ပြီ။ ၈ အိုဣသရေလ တောင် တို့၊ သင် တို့မူကား ၊ အပင် ပေါက် ၍ ငါ ၏လူ ဣသရေလ အမျိုးသားတို့အဘို့ အသီး ကိုသီး ရကြလိမ့်မည်။ သူတို့ ပြန်လာ ချိန်နီး ပြီ။ ၉ ငါ သည်သင် တို့ဘက်၌ နေ၍ သင် တို့ရှိရာသို့ ပြန်လာ သဖြင့် ၊ သင်တို့အပေါ် မှာလယ်လုပ် ၍ မျိုးစေ့ကြဲ ကြလိမ့်မည်။ ၁၀ သင် တို့အပေါ် မှာ လူ များတည်းဟူသောဣသရေလ အမျိုးသား အပေါင်း တို့ကို ငါပြန့်ပွါး စေသဖြင့် ၊ သူတို့သည် မြို့ များ၌နေ ၍ ပျက်စီး သော အရပ်များကို ပြုပြင် ကြလိမ့်မည်။ ၁၁ သင် တို့အပေါ် မှာ လူ နှင့် တိရစ္ဆာန် တို့ကို ငါ များပြား စေသဖြင့် ၊ သူတို့သည်ပွားများ ၍ သား မြေးအစဉ်အဆက်ရှိကြလိမ့်မည်။ နေရင်း အရပ်တို့ ၌ ငါနေရာ ချ၍ ၊ အရင် ပြုသကဲ့သို့ငါကျေးဇူး ပြုမည်။ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ရကြလိမ့်မည်။ ၁၂ သင် တို့အပေါ် မှာ လူ များတည်းဟူသောငါ ၏ လူ ဣသရေလ အမျိုးသားတို့သည် သွား လာမည် အကြောင်းငါပြုမည်။ သူတို့သည် သင် တို့ကို သိမ်းယူ ၍ အမွေ ခံရ သဖြင့် ၊ နောက် တဖန် သင်တို့ကြောင့် သား မ ဆုံးရှုံးရကြ။ ၁၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အချင်းပြည်၊ သင် သည် လူ တို့ကို ကိုက်စား တတ်၏။ ကိုယ် အမျိုးသား တို့ကို လုယူ ဖျက်ဆီးတတ်၏ဟု သူတပါး ဆို သောကြောင့် ၊ ၁၄ နောက် တဖန်သင်သည် လူ တို့ကို မ ကိုက် မစားရ။ ကိုယ် အမျိုးသား တို့ ၌ လုယူ ဖျက်ဆီးခြင်းကို မ ပြုရဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ နောက် တဖန် အတိုင်းတိုင်း အပြည်ပြည်ကဲ့ရဲ့ အပြစ်တင် သော စကားကိုမ ကြား ရ။ နောက် တဖန် ကိုယ် အမျိုးသား တို့ ၌ လုယူ ဖျက်ဆီးခြင်းကို မ ပြုရဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၆ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၁၇ အချင်းလူသား ၊ ဣသရေလ အမျိုးသား တို့သည် ကိုယ် ပြည် ၌ နေ သောအခါ ၊ အလိုအလျောက်ကျင့်ကြံ ပြုမူ သောအားဖြင့် ထိုပြည် ကို ညစ်ညူး စေကြ၏။ သူ တို့ အကျင့် ဓလေ့သည် ငါ့ ရှေ့မှာ ဥတု ရောက်သော မိန်းမ၏ အညစ်အကြေး ကဲ့သို့ ဖြစ် ၏။ ၁၈ ထိုပြည် ၌ လူအသက် ကိုသတ်သောအပြစ်၊ ရုပ်တု တို့နှင့် ညစ်ညူး စေသော အပြစ်ကြောင့် ၊ ငါသည် ဒေါသ အမျက်ကို သွန်းလောင်း ပြီ။ ၁၉ အတိုင်းတိုင်း အပြည်ပြည် သို့ ငါကွဲပြား ပြန့်လွင့် စေပြီ။ သူ တို့ကျင့်ကြံ ပြုမူ သည်အတိုင်း ငါစီရင် ပြီ။ ၂၀ သို့ရာတွင် တကျွန်း တနိုင်ငံသို့ ရောက် သောအခါ ဤ သူတို့သည် ထာဝရဘုရား ၏ လူ ဖြစ်ကြ၏။ ကိုယ် ပြည် မှ ထွက်သွား ရကြ၏ဟု သူတပါးပြောဆို သဖြင့်၊ ငါ ၏နာမ မြတ် ကို ရှုတ်ချ သောကြောင့် ၊ ၂၁ ဣသရေလ အမျိုးသား ရောက် ရာ တကျွန်း တနိုင်ငံအရပ်ရပ်တို့ ၌ ရှုတ်ချ သော ငါ ၏နာမ မြတ် ကို ငါနှမြော ၏။ ၂၂ သို့ ဖြစ်၍ ၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဣသရေလ အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ အိုဣသရေလ အမျိုး ၊ သင် တို့ကိုထောက်၍ ဤအမှုကို ငါ ပြု သည် မ ဟုတ်။ သင်တို့ရောက် သမျှသော အရပ်တို့ ၌ လူ အမျိုးမျိုးတို့ ရှေ့မှာရှုတ်ချ သော ငါ ၏နာမ မြတ် ကိုသာ ထောက်၍ပြု၏။ ၂၃ တပါးအမျိုးသား တို့ အလယ် ၌သင်တို့ရှုတ်ချ သော

ငါ ၏မဟာ နာမ တော်ကို ငါချီးမြှောက် မည်။ သူ တို့ မျက်မှောက် ၌ သင် တို့အားဖြင့် ငါ သည် ချီးမြှောက် ရာသို့ ရောက်သောအခါ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၄ အကြောင်းမူကား ၊ သင် တို့ကို အတိုင်းတိုင်း အပြည်ပြည် တို့က ငါခေါ် ခဲ့၍ စုဝေး စေပြီးလျှင် ၊ သင် တို့နေရင်းပြည် သို့ ပို့ဆောင် မည်။ ၂၅ သင် တို့အပေါ်မှာ သန့်ရှင်း သော ရေ ကို ဖြန်း သဖြင့် ၊ သင် တို့ကို ခပ်သိမ်း သော အညစ်အကြေး မှစ၍ ခပ်သိမ်း သော ရုပ်တု တို့နှင့် ကင်းစင် စေမည်။ ၂၆ စိတ်နှလုံး သစ် ကို ငါပေး မည်။ သဘော သစ် ကို သွင်း ထားမည်။ သင် တို့ကိုယ်ခန္ဓါ ထဲက ကျောက် နှလုံး ကို နှုတ် ၍ အသား နှလုံး ကိုပေး မည်။ ၂၇ ငါ့ ဝိညာဉ် ကိုလည်း သင် တို့အထဲ သို့ သွင်း ပေး သဖြင့် ၊ သင်တို့သည် ငါ ၏တရား လမ်းသို့ လိုက် ၍ ၊ ငါ စီရင် တော်မူချက်တို့ကို စောင့်ရှောက် ကြလိမ့်မည်။ ၂၈ ဘိုးဘေး တို့အား ငါပေး သော ပြည် ၌ သင်တို့သည် နေ ရ၍ ငါ ၏လူ ဖြစ် ကြလိမ့်မည်။ ငါ သည်လည်း သင် တို့၏ဘုရားသခင် ဖြစ် မည်။ ၂၉ သင် တို့ကို အညစ်အကြေး ရှိသမျှ တို့နှင့် ငါ ကင်းလွတ် စေမည်။ အစာ ခေါင်းပါးခြင်းဘေးကို ပယ်ရှား ခြင်းငှါ၊ ဆန် စပါးကို မှာ လိုက်၍ များပြား စေမည်။ ၃၀ သင်တို့သည် မွတ်သိပ် ၍ တပါးအမျိုးသား တို့ ကဲ့ရဲ့ ခြင်းနှင့် လွတ် စေမည်အကြောင်း ၊ သစ်ပင် အသီး နှင့် မြေ အသီးအနှံ ကို ငါများပြား စေမည်။ ၃၁ ထိုအခါ သင်တို့သည် ကိုယ် ကျင့်ဘူးသောအကျင့် ဆိုး နှင့် မ ကောင်း သော အမှု တို့ကို အောက်မေ့ ၍၊ ကိုယ် ဒုစရိုက် အပြစ်၊ စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကြောင့် ကိုယ်ကိုကိုယ် ရွံရှာ ကြလိမ့်မည်။ ၃၂ သင် တို့ကိုထောက်၍ ဤအမှုကို ငါ ပြု သည် မ ဟုတ်ဟု သိမှတ် ကြလော့။ အိုဣသရေလ အမျိုး ၊ ကိုယ် ပြု မိသောအမှုကြောင့် ရှက်ကြောက် လျက် ၊ မိန်မော တွေဝေလျက်နေကြလော့ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၃၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့ဒုစရိုက် အပြစ်ရှိသမျှ တို့ကို ငါ ရှင်းလင်း သောအခါ ၊ မြို့ များ၌လူနေ စေ၍ ပျက်စီး သော အရပ်တို့သည် ပြုပြင် ခြင်းရှိကြလိမ့်မည်။ ၃၄ ရှောက်သွား သော သူအပေါင်း တို့၏ မျက်မှောက် ၌ စွန့်ပစ် ဘူးသော မြေ တွင် တဖန် လယ်လုပ် ကြ လိမ့်မည်။ ၃၅ ထိုအခါ သူတပါးတို့က၊ အရင်စွန့်ပစ် သော ဤ မြေ သည် ဧဒင် ဥယျာဉ် ကဲ့သို့ ဖြစ် လေပြီ။ သုတ်သင် ပယ်ရှင်း ပျက်စီး သော မြို့ တို့သည်လည်း ခိုင်ခံ့ ၍ မြို့သား တို့နှင့် ပြည့်စုံကြပြီဟု ပြော ကြလိမ့်မည်။ ၃၆ ထိုအခါ ပျက်စီး သော အရပ်တို့ကို ငါ ထာဝရ ဘုရား ပြုပြင် ကြောင်း ကိုငင်း၊ စွန့်ပစ် သောမြေတွင် လယ် လုပ် ကြောင်းကိုငင်း၊ သင် တို့ပတ်လည် ၌နေရစ် သော တပါးအမျိုးသား တို့သည် သိ ရကြလိမ့်မည်။ ငါ ထာဝရဘုရား သည် မိန့်မြွက် သည်အတိုင်း ပြု မည်။ ၃၇ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဤသရေလ အမျိုး အဘို့ ဤ အမှုကို ငါပြု ရမည်အကြောင်း ၊ သူတို့သည် ငါ့ကိုတောင်းပန် ရကြမည်။ သိုး များပြားသကဲ့သို့ ထိုအမျိုးသားချင်းတို့ကို များပြား စေမည်။ ၃၈ ပျက်စီး သောမြို့ တို့သည် သန့်ရှင်း သော သိုးစု တည်းဟူသော၊ ဓမ္မ ပွဲခံချိန်တွင် ယေရုရှလင် သိုးစု ကဲ့သို့ သော လူ စုတို့နှင့် ပြည့်စုံ ၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၇ တဖန်ထာဝရဘုရား ၏ လက် တော်သည် ငါ့ အပေါ်မှာ ရှိ၍ ဝိညာဉ် တော်အားဖြင့် ငါ့ ကိုပြင်သို့ ဆောင် သွား လျက်၊ အရိုး တို့နှင့် ပြည့် သောချိုင့် အလယ် ၌ ထား ပြီးလျှင် ၊ ၂ ထိုအရိုးတို့ပတ်လည် ၌ ရှောက်သွား စေတော်မူ ၏။ ထိုချိုင့် မျက်နှာပြင် ၌ များစွာ သောအရိုးတို့သည်ရှိ၍ အလွန် သွေ့ခြောက် ကြ၏။ ၃ ထာဝရဘုရားကလည်း၊ အချင်းလူသား ၊ ဤ အရိုး တို့သည် အသက်ရှင် နိုင်သလောဟုမေး တော်မူလျှင် ၊ ငါက၊ အိုအရှင် ထာဝရဘုရား ၊ ကိုယ်တော် သိ တော်မူသည် ဟု လျှောက် လေ၏။ ၄ ထာဝရဘုရားကလည်း၊ ဤ အရိုး တို့အပေါ်မှာ ပရောဖက်ပြု ၍ ဟောပြော ရမည်မှာ၊ အိုသွေ့ခြောက် သော အရိုး တို့၊ ထာဝရဘုရား ၏အမိန့် တော်ကိုနားထောင် ကြလော့။ ၅ ဤ သွေ့ခြောက်သော အရိုး တို့အား အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည် သင် တို့အထဲသို့ အသက် ကိုသွင်း ၍ သင်တို့သည် အသက်ရှင် ရကြမည် ။ ၆ သင် တို့အပေါ်မှာ အကြော တို့ကို ငါတင် ၍ အသား ကို တက် စေမည်။ အရေ နှင့် ဖုံးလွှမ်း ၍ ၊ အသက် ကို သွင်း သဖြင့် သင်တို့သည် အသက်ရှင် ၍ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်ဟု၊ ၇ မှာထား တော်မူသည်အတိုင်း ငါသည် ပရောဖက်ပြု ၏။ ပရောဖက်ပြု စဉ်တွင် အသံ မြည်၏။ လှုပ်ရှား ခြင်းလည်း ရှိ၏။ အရိုး တို့သည် တခုအနီးသို့တခု ချဉ်း ကြ ၏။ ၈ ငါကြည့်ရှု စဉ်တွင် အကြော တို့သည်ပေါ်လာ ၍ အသား လည်း တက် ၏။ အရေ လည်းဖုံးလွှမ်း ၏။ သို့ရာတွင် ၊ အသက် မ ရှိသေး။ ၉ ထာဝရဘုရားကလည်း၊ အချင်းလူသား ၊ လေ အား ပရောဖက်ပြု လော့။ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို လေ အား ဆင့်ဆို ရမည်မှာ၊ အိုလေ ၊ အရပ် လေးမျက်နှာတို့မှ လာ ၍၊ ဤ အသေကောင် တို့သည် အသက်ရှင် မည်အကြောင်း သူတို့အပေါ်မှာမှုတ် လော့ဟု၊ ၁၀ မှာထား တော်မူသည်အတိုင်း ငါသည် ပရောဖက်ပြု ၍ ၊ လေ သည် သူ တို့အထဲသို့ ဝင် သဖြင့် သူတို့သည် အသက်ရှင် ၍ ၊ အလွန် များ သော ဗိုလ်ခြေ ဖြစ်လျက် မတ်တတ် နေကြ၏။ ၁၁ ထာဝရဘုရားကလည်း၊ အချင်းလူသား ၊ ဤ အရိုး တို့သည် ဣသရေလ အမျိုး အပေါင်း ဖြစ်ကြ၏။ ငါ တို့အရိုး များသည် သွေ့ခြောက် ကြ၏။ မြော်လင့် စရာ မ ရှိ။ ငါတို့သည် ဆုံးရှုံး ကြပြီဟု သူ တို့ဆို တတ်ကြ၏။ ၁၂ သို့ ဖြစ်၍ ၊ ပရောဖက်ပြု လျက် အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို သူ တို့အား ဆင့်ဆို ရမည်မှာ၊ အချင်းငါ ၏လူ တို့၊ သင် တို့သချိုင်း တွင်းများကို ငါ ဖွင့် ၍ သင် တို့ကို ထုတ် ပြီးလျှင် ဣသရေလ ပြည် သို့ ပို့ဆောင် မည်။ ၁၃ အချင်းငါ ၏လူ တို့၊ သင် တို့သချိုင်း တွင်းများကို ငါ ဖွင့် ၍ သင် တို့ကို ထုတ် ပြီးလျှင် ၊ ၁၄ အသက်ရှင် စေခြင်းငှါငါသည် ကိုယ် အသက် ကို သွင်း ပေး၍ ၊ သင် တို့ကို နေရင်းပြည် ၌ နေရာ ချသောအခါ ၊ ငါ သည် ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ရကြလိမ့်မည်။ ငါထာဝရဘုရားပြော သည်အတိုင်း ပြည့်စုံ ကြောင်း ကိုလည်း သိရကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၅ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍ ၊ ၁၆ အချင်းလူသား ၊ တုတ် တ ချောင်းကိုယူ ၍ ၊ ယုဒ အမျိုးနှင့် သူ ၏အပေါင်းအဘော် ဣသရေလ အမျိုးသား အဘို့ ဟု ရေးမှတ် လော့။ တဖန် တုတ် တ ချောင်းကိုယူ ၍ ၊ ယောသပ် အမျိုးနှင့်သူ ၏ အပေါင်းအဘော် ဣသရေလ အမျိုးသား များအဘို့၊ ဧဖရိမ် တုတ် ပေတည်းဟု ရေးမှတ် လော့။ ၁၇ ထိုတုတ်နှစ်ချောင်းကို တ ချောင်းတည်းဖြစ် စေခြင်းငှါ ပူး ထား၍၊ ထိုတချောင်းတည်းသော တုတ်ကို လက် စွဲလော့။ ၁၈

သင် ၏အမျိုးသား ချင်းတို့က၊ ထိုသို့ ပြုသော်၊ အဘယ်သို့ ဆိုလိုသည်ကို ငါ တို့အား မ ပြော သင့်သလော ဟုမေး လျှင် ၊ ၁၉ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကိုသူ တို့ အား ဆင့်ဆို ရမည်မှာ၊ ဧဖရိမ် ကိုင် သော ယောသပ် ၏ တုတ် နှင့် ၊ သူ ၏အပေါင်းအဘော် ဣသရေလ အမျိုးအနွယ် တို့ကိုငါ ယူ ၍ ယုဒ တုတ် နှင့်အတူပူး ထားပြီးလျှင် ၊ တ ချောင်းတည်းဖြစ်သော တုတ် ကိုငါ လက် စွဲမည်ဟု ဆင့်ဆိုလျက်၊ ၂၀ သင်ရေးမှတ် သော ထိုတုတ် ကိုသူ တို့မျက်မှောက် ၌ လက် စွဲလျက် နေ လော့။ ၂၁ အရှင် ထာဝရ ဘုရား၏ အမိန့် တော်ကိုလည်း ဆင့်ဆို ရမည်မှာ၊ ဣသရေလ အမျိုးသား တို့ရောက် သော တပါး အမျိုးသား နေရာအရပ်ရပ် တို့မှ သူ တို့ကိုငါ ခေါ် ခဲ့၍ စုဝေး စေပြီးလျှင် ၊ သူ တို့ကို နေရင်းပြည် သို့ ပို့ဆောင် မည်။ ၂၂ ထိုပြည်တွင် ဣသရေလ တောင် တို့အပေါ် ၌ လူ တ မျိုးတည်းဖြစ်စေ ၍၊ ရှင်ဘုရင် တ ပါးတည်းသာလျှင်ထိုသူ အပေါင်း တို့ကို စိုးစံ ရလိမ့်မည်။ နောင် တဖန် သူတို့ သည် လူ နှစ် မျိုးမ ဖြစ် ရ။ နှစ် တိုင်း နှစ်ပြည်ကွဲပြား လျက် မ ရှိရ။ ၂၃ နောက် တဖန် သူ တို့ရုပ်တု များ၊ စက်ဆုပ် ရွံရှာဘွယ်သော အမှုများ၊ လွန်ကျူး ခြင်းအမှုများနှင့် ကိုယ်ကိုမ ညစ်ညူး စေရကြ။ သူတို့ ပြစ်မှား လေရာရာ အရပ် တို့မှ ငါကယ်နှုတ် ၍ သန့်ရှင်း စေမည်။ သူတို့သည် ငါ ၏ လူ ဖြစ် ကြလိမ့်မည်။ ငါ သည်လည်း သူ တို့၏ဘုရားသခင် ဖြစ် မည်။ ၂၄ ငါ ၏ကျွန် ဒါဝိဒ် သည် သူ တို့၏ရှင်ဘုရင် ဖြစ်၍ ၊ ထိုသူ အပေါင်း တို့သည် သိုးထိန်း တဦးတည်း ရှိ ကြလိမ့်မည်။ ငါ စီရင် ထုံးဖွဲ့ချက် တရား လမ်းသို့ လိုက် ၍ စောင့်ရှောက် ကြလိမ့်မည်။ ၂၅ ငါ ၏ကျွန် ယာကုပ် အား ငါပေး ၍၊ သင် တို့ဘိုးဘေး များနေ ဘူးသော ပြည် ၌ သူ တို့နှင့် သား မြေး အစဉ်အဆက် တို့သည် နေ ကြလိမ့်မည်။ ငါ ၏ကျွန် ဒါဝိဒ် သည် လည်း သူ တို့ကို အစဉ်အမြဲ စိုးစံလိမ့်မည်။ ၂၆ ထိုမှတပါး ၊ သူ တို့နှင့် မိဿဟာယ ပဋိညာဉ် ကို ငါဖွဲ့ ၍၊ ထိုပဋိညာဉ်သည် နိစ္စ ထာဝရပဋိညာဉ် ဖြစ် လိမ့်မည် ။ သူ တို့ကိုနေရာချ ၍ များပြား စေမည်။ ငါ ၏ သန့်ရှင်း ရာဌာနကို သူ တို့အလယ် ၌ အစဉ်အမြဲ ထား မည်။ ၂၇ ငါ ၏ဗိမာန် တော်သည်လည်း သူ တို့ ၌ ရှိ ၍ ၊ ငါသည် သူ တို့၏ ဘုရားသခင် ဖြစ် မည်။ သူ တို့သည်လည်း ငါ ၏လူ ဖြစ် ကြလိမ့်မည်။ ၂၈ ထိုသို့ ငါ ၏ သန့်ရှင်း ရာဌာနသည် သူ တို့အလယ် ၌ အစဉ်အမြဲ တည် သောအခါ ၊ ငါ ထာဝရဘုရား သည် ဣသရေလ အမျိုးကို သန့်ရှင်း စေသည်ဟု တပါး အမျိုးသား တို့သည် သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၇ တဖန် ထာဝရဘုရား ၏ နှုတ်ကပတ်တော် သည် ငါ့ ဆီသို့ ရောက်လာ ၍၊ ၂ အချင်းလူသား ၊ ရောရှပြည်၊ မေရှက်ပြည်၊ တုဗလ ပြည်ကို အစိုးရ သောမာဂေါဂ ပြည်သား ဂေါဂ မင်းတဘက် ၌ မျက်နှာ ထား ၍ ပရောဖက်ပြု လျက်၊ ၃ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ရောရှ၊ မေရှက် ၊ တုဗလ ပြည်တို့ကို အစိုးရသောအိုဂေါဂ မင်း၊ သင့် တဘက် ၌ ငါ နေ၏။ ၄ သင့် ကို ငါပြန်လာ စေမည်။ သင့် ပါးရိုး ကို သံချိတ် နှင့်ချိတ် ပြီးလျှင် ၊ သင် မှစ၍ထူးဆန်းသော လက်နက် စုံ အမျိုးမျိုး ကို ဆောင်သောသူ၊ ဒိုင်း လွှား ပါ၍ ထား ကို လက်စွဲ သောလူ အလုံးအရင်းများ နှင့် မြင်း ၊ မြင်းစီး သူရဲ ဗိုလ်ခြေ အပေါင်း တို့ကို ငါဆောင် ခဲ့မည်။ ၅ အသီးအသီး ဒိုင်း လွှားကိုင်၍ သံခမောက်လုံး ကို ဆောင်းသောပေရသိ ပြည်သား၊ ကုရှ ပြည်သား၊ ဖုတ ပြည်သား၊ ၆ ဂေါမာ နှင့်သူ ၏တပ် များ၊ မြောက်

ပြည်သားတောဂါမ အမျိုးနှင့် သူ ၏တပ် များအလုံးအရင်း အပေါင်း တို့သည် သင် နှင့်အတူ လိုက်လာကြလိမ့်မည်။ ၇ သင် သည် မိမိ ၌ စုဝေး သောလူ အလုံးအရင်းများ နှင့်တကွကိုယ် ကိုပြင်ဆင် လော့။ ပြင်ဆင် လျက်နေလော့။ သူ တို့ကို စောင့် လျက်နေလော့။ ၈ ကြာမြင့် စွာ ကာလ လွန် ပြီးမှသင်သည် အုပ်ချုပ်ရသောအခွင့်ရှိလိမ့်မည်။ ထား ဘေးနှင့်လွတ် ၍ လူ အမျိုးမျိုး ထဲက နှုတ် သောပြည်သား၊ ကြာမြင့် စွာ ဆိတ်ညံ လျက်နေသော ဣသရေလ တောင် တို့အပေါ် သို့ ၊ တဖန်ဆောင်ခဲ့သော ပြည်သား တို့ရှိရာသို့ နောင် ကာလ ၌ သင်သည်စစ်ချီ ၍လာ လိမ့်မည်။ ထိုပြည်သားတို့သည် လူ အမျိုးမျိုးထဲက နှုတ်ဆောင် သောသူဖြစ်၍၊ တပြည်လုံး ငြိမ်ဝပ် လျက်ရှိနေ သောအခါ ၊ ၉ သင်သည်မိုယ်းသက် မုန်တိုင်းကဲ့သို့ တက် လာ၍၊ သင် ၌ ပါသောသမ္ဘသောတပ်သား အလုံးအရင်း နှင့်တကွ ၊ ထိုပြည် ကို မိုယ်းအုံ့ သကဲ့သို့ ဖြစ် လိမ့်မည်။ ၁၀ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုအခါ သင်သည် အရာရာတို့ကို အောက်မေ့ ၍ မကောင်း သော အကြံ ကိုကြံစည် လျက်၊ ၁၁ ရွာ ဇနပုဒ်များသောပြည် ၊ မြို့ရိုး မ ရှိ၊ တံခါးကျင် နှင့် တံခါး မ ရှိ၊ စိုးရိမ် စရာအကြောင်းအလျှင်း မရှိ၊ ငြိမ်ဝပ် သောပြည်သားတို့ရှိရာသို့ ငါချီသွား ၍ ၊ ၁၂ သူတို့ ဥစ္စာ ကို လုယက် သိမ်းယူမည်။ အရင် ဆိတ်ညံ ၍ ယခုလူနေ သောအရပ်တို့ကို၎င်း၊ လူ အမျိုးမျိုးထဲက စုဝေး သဖြင့် တိရစ္ဆာန် များနှင့် ဥစ္စာ များကိုရ တတ်၍၊ ပြည် အလယ် ၌ နေ သောသူတို့ကို၎င်းတိုက်မည်ဟု ကြွစည်လိမ့်မည်။ ၁၃ ရှေဘ ပြည်သား၊ ဒေဒန် ပြည်သား၊ တာရှု ကုန်သည် များ၊ ခြင္ကေ့ ပျိုအပေါင်း တို့ကကိုယ်တော် သည်သူ့ ဥစ္စာ ကိုလုယူ ခြင်းငှါ လာ သလော ။ သူ့ ဥစ္စာကို ဝေငှ၍ရွေ့ ငွေ ကို၎င်း တိရစ္ဆာန် များနှင့် ဥစ္စာ များကို၎င်းသိမ်း သွားလျက်၊ များစွာလုယက် ဖျက်ဆီးခြင်းငှါ အပေါင်းအသင်း ကို စုဝေး စေပြီ လောဟု မေးမြန်း ကြလိမ့်မည်။ ၁၄ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ ပရောဖက်ပြု ၍ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဂေါဂ အား ဆင့်ဆို ရမည်မှာ၊ ငါ ၏လူ ဣသရေလ အမျိုးသားတို့သည် ငြိမ်ဝပ် စွာနေ သောအခါ သင်သည်သိ ၍၊ ၁၅ မြင်း စီး သောသူ အလုံးအရင်း အပေါင်း ၊ အားကြီး သောစစ်သူရဲ အပေါင်းတို့နှင့်တကွမြောက် မျက်နှာမှ ချီ လာမည်။ ၁၆ ပြည် ကို မိုယ်းအုံ့ သကဲ့သို့ ငါ ၏လူ ဣသရေလ အမျိုးသားတို့ကို တက် ၍တိုက်လာမည်။ နောင် ကာလ တွင် ငါ ၏ပြည် တဘက် ၌ သင့် ကို ငါဆောင် ခဲ့မည်မဟုတ်လော။ အကြောင်းမူကား၊ အိုဂေါဂ ၊ လူအမျိုးမျိုးတို့ မျက်မှောက် ၌ သင့် အားဖြင့် ငါ သည်ချီးမြှောက် ရာသို့ ရောက်သောအခါ ၊ သူတို့သည် ငါ့ ကိုသိ ရကြမည်အကြောင်း တည်း။ ၁၇ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါသည် စစ်ချီ စေမည် ဟု၊ လွန်လေပြီးသောရှေး ကာလ ၌ ပရောဖက်ပြု သောငါ ၏ ကျွန် ဣသရေလ ပရောဖက် တို့ အား ငါသည်ဗျာဒိတ် ပေးသောအခါ၊ သင့် ကိုရည်မှတ်သည်မဟုတ်လော ။ ၁၈ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ တွင် ဂေါဂ သည် ဣသရေလ ပြည် ကို တိုက်လာ သောကာလ အခါ၊ ငါ သည်ဒေါသ အရှိန် ထ ၍ အမျက် ထွက် လိမ့်မည် ။ ၁၉ အကယ်စင်စစ် ထိုအခါ ဣသရေလ ပြည် ၌ ကြီးစွာ သော လှုပ်ရှား ခြင်းဖြစ် လိမ့်မည်ဟု ငါ ၏ဒေါသ မီး လောင် လျက် ငါပြော ပြီ။ ၂၀ ပင်လယ် ငါး ၊ မိုယ်း ကောင်းကင်ငှက် ၊ တော တိရစ္ဆာန် နှင့် မြေ ၌ တွား တတ်သောတိရစ္ဆာန် ၊ မြေ ပေါ် မှာ ရှိသော လူ အပေါင်း တို့သည် ငါ့ ရှေ့မှာ တုန်လှုပ်

ကြ လိမ့်မည်။ တောင် တို့သည်ပြို့ လျက် ၊ အစောက် မြင့်သော အရပ်တို့သည် လဲ လျက် ၊ အလုံးစုံ သောအုတ်ရိုး ပြုတ် လျက် ရှိကြလိမ့်မည်။ ၂၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ့ တောင် များ အရပ်ရပ် တို့တွင် သူ့ တဘက် ၌ထား ကို ငါမှာလိုက် သဖြင့် ၊ လူအပေါင်းတို့သည် တယောက်ကို တယောက်ထား နှင့် ခုတ်ကြလိမ့်မည်။ ၂၂ ငါသည်ကာလနာ ဘေး၊ အသေ သတ်ခြင်းဘေး အားဖြင့် သူ့ ကို ဒဏ် ပေးမည်။ သူ နှင့် သူ၌ပါသောတပ် များ၊ အလုံးအရင်း များအပေါ်မှာ လွှမ်းမိုး သောမိုယိုး ရေ၊ ကြီး သောမိုယိုးသီး၊ ကန့် နှင့်ရောသောမီး မိုယိုး ကို ရွာစေမည်။ ၂၃ ထိုသို့ ငါသည် ကိုယ်ကိုချီးမြှောက် ၍ ရိုသေ ဘွယ် သော ဂုဏ်လက္ခဏာတို့ကိုပြလျက်၊ များစွာ သောလူမျိုး တို့ ရှေ့မှာ ထင်ရှား သောအခါ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သူတို့သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၃၉ သို့ ဖြစ်၍ ၊ အချင်းလူသား ၊ ဂေါဂ တဘက် ၌ပရောဖက်ပြု ၍ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည်မှာ၊ ရောရှ၊ မေရှက် ၊ တုဗလ ပြည်တို့ကို အစိုးရ သောအိုဂေါဂ မင်း ၊ ငါ သည်သင့် တဘက် ၌ နေ၏။ ၂ သင့် ကို ငါလှည့် ၍ သွေးဆောင် မည်။ မြောက် မျက်နှာ မှ ချီ လာ၍ ဣသရေလ တောင် တို့အပေါ် သို့ ရောက် စေမည်။ ၃ ထိုအခါ သင့် လက်ဝဲ လက် မှ လေး ကိုဎင်း ၊ လက်ျာ လက် မှ မြား တို့ကိုဎင်း ငါရိုက် ၍ကျ စေမည်။ ၄ သင် နှင့် သင် ၌ပါသောတပ်သား အပေါင်း တို့ သည် ဣသရေလ တောင် တို့အပေါ်မှာ လဲ ၍ သေကြလိမ့်မည်။ သင့်ကို အမျိုးမျိုး သော ငှက်ရဲ ၊ သားရဲ တို့ကိုက်စား စရာဘို့ ငါအပ် မည်။ ၅ သင်သည် လွင်ပြင် ၌ လဲ ၍သေလိမ့်မည်။ ငါ ပြော ပြီဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၆ မာဂေါဂ ပြည်နှင့် ပင်လယ် ကမ်းနားမှာ ငြိမ်ဝပ် စွာနေ သောသူတို့ အပေါ် သို့ မီး ကိုငါလွှတ် လိုက်၍ ၊ ငါ သည်ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြလိမ့်မည်။ ၇ ထိုသို့ ငါ ၏ နာမ မြတ် ကိုငါ ၏ လူ ဣသရေလ အမျိုးသားတို့တွင် ထင်ရှား စေမည်။ နောက် တဖန်သူတို့ သည် ငါ ၏နာမ မြတ် ကိုမ ရှုတ်ချ ရကြ။ ငါ သည်ဣသရေလ အမျိုး၏ သန့်ရှင်း သောဘုရား၊ ထာဝရဘုရား ဖြစ်ကြောင်း ကို တပါးအမျိုးသား တို့သိ ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ ၈ တဖန် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ အမှုရောက် လေပြီ။ ပြည့်စုံ လေပြီ။ ယခု နေ့ရက်သည် ငါမိန့်မြွက် နှင့်ပြီးသော နေ့ ရက်ဖြစ်၏။ ၉ ဣသရေလ မြို့ တို့ ၌ နေ သောသူတို့သည် ထွက်သွား ၍ ၊ စစ်တိုက် လက်နက်၊ ဒိုင်း ၊ လွှား ၊ လေး ၊ မြား ၊ တုတ် ၊ လုံ များကို ခုနစ် နှစ် ပတ်လုံးမီး ရှို့ ကြလိမ့်မည်။ ၁၀ ထိုကာလတွင် ဥယျာဉ် ၌ ထင်း မ ခွေ၊ တော ၌ ထင်းမ ခုတ် မလှဲ၊ စစ်တိုက် လက်နက်တို့နှင့် မီးမွှေး ကြ လိမ့်မည်။ ဖျက်ဆီး သောသူတို့ကို ဖျက်ဆီး ကြလိမ့်မည်။ လုယူ သောသူတို့၏ ဥစ္စာကိုလည်းလုယူ ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ ထို ကာလ တွင် ဣသရေလ ပြည်၊ အိုင် အရှေ့ ၊ ခရီးသွား ရာချိုင့် ၌ ထင်ရှားသော သခိုင်း ကိုဂေါဂ အား ငါပေး မည်။ ခရီသွား သောသူတို့ သည် နှာခေါင်းကို ပိတ် ရကြ လိမ့်မည်။ ထို အရပ်၌ ဂေါဂ နှင့် သူ ၏လူ အလုံးအရင်းရှိသမျှ ကိုမြေ၌ မြှုပ် ၍၊ ထိုချိုင့်သည် ဟာမုန် ဂေါဂ ချိုင့်အမည် ဖြင့် တွင်လိမ့်မည်။ ၁၂ ဣသရေလ အမျိုးသား တို့သည် ပြည် ကို သန့်ရှင်း စေခြင်းငှါ ခုနစ် နှစ် ပတ်လုံးမြေ ၌မြှုပ်ကြ လိမ့်မည်။ ၁၃ ပြည်သား အပေါင်း တို့သည် ဝိုင်း၍မြေ၌မြှုပ် သဖြင့် ၊ ငါ ၏ဘုန်း ပွင့်သော ထိုနေ့ ရက်၌ သူတို့သည်လည်း ကျော်စော ခြင်းသို့ ရောက်

ကြလိမ့်မည် ဟုအရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ အရပ်ရပ် လှည့်လည် ၍ အခြားသောခရီးသည်တို့နှင့် ဝိုင်းလျက်၊ မြေ ပေါ် ၌ ကြွင်း သေးသော အသေကောင်တို့ကို မြှုပ် ၍၊ ထိုပြည် ကို သန့်ရှင်း စေခြင်းငှါ အစဉ် အမှုစောင့်သောသူတို့ ကိုရွေးကောက်၍ ခန့်ထား ရကြလိမ့်မည်။ ထိုသူတို့သည် ခုနစ် လ မက ရှာဖွေ ကြစဉ်တွင်၊ ၁၅ လှည့်လည် ၍ ခရီးသွားသောသူတို့သည် အသေကောင် ၏ အရိုး ကိုတွေ့မြင် လျှင် ၊ မြေ ၌မြှုပ်သောသူတို့ သည် ဟာမုန် ဂေါဂချိုင့်၌ မ မြှုပ် မှီတိုင်အောင်၊ အရိုး ၏အနား မှာမှတ်တိုင် ကို စိုက် ရကြမည်။ ၁၆ ထိုအရပ်၌ တည်သောမြို့သည်လည်း ဟာမုန် မြို့ ဟူ၍တွင် သဖြင့် ၊ ထိုသို့ ပြည် တော်ကို သန့်ရှင်း စေကြ လိမ့်မည်။ ၁၇ အချင်းလူသား ၊ အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ငှက် အမျိုးမျိုး တို့နှင့် မြေ တိရစ္ဆာန် ခပ်သိမ်း တို့အား ဆင့်ဆိုရမည်မှာ၊ စည်းဝေး ၍ လာ ကြလော့။ ဣသရေလ တောင် တို့အပေါ် ၌ သင် တို့အဘို့ ငါစီရင်သော ယဇ် ပွဲကြီး သို့ အရပ်ရပ် တို့က စည်းဝေး ၍၊ အသား အသွေး ကို သောက် စား ခြင်းငှါလာကြလော့။ ၁၈ သင်တို့သည် အားကြီး သောသူတို့၏ အသား ၊ လောကီ မင်း တို့၏အသွေး ၊ ဗာရှန် ပြည်၌ ဆူ အောင်ကျွေး သော သိုးထီး ၊ ဆိတ်ထီး ၊ နွားလားဥသဘ တို့၏ အသား အသွေးကို သောက် စား ရကြလိမ့်မည်။ ၁၉ သင် တို့အဘို့ ငါစီရင် သော ယဇ် ပွဲ၌ ဆီဥ ကိုဝ စွာ စား ရကြလိမ့်မည်။ အသွေး နှင့်ယစ်မူး သည်တိုင်အောင် သောက် ရကြလိမ့်မည်။ ၂၀ ထိုသို့စားပွဲ ၌ မြင်း ၊ မြင်းစီး သူရဲ၊ ခွန်အား ကြီးသောသူ၊ စစ်တိုက် သောသူ အမျိုးမျိုး တို့ကို ဝ စွာစားရကြ လိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၁ ငါ့ ဘုန်း ကိုလည်း တပါးအမျိုးသား တို့တွင် ငါထင်ရှား စေ၍ ၊ ငါစီရင် သော တရားမှု နှင့် ၊ သူ တို့ ၌ ငါတင် သော လက် ကို တပါးအမျိုးသား အပေါင်း တို့သည် မြင် ရကြလိမ့်မည်။ ၂၂ ငါ သည်သူ တို့၏ ဘုရားသခင် ထာဝရဘုရား ဖြစ်ကြောင်း ကို ဣသရေလ အမျိုးသား တို့သည် ထို နေ့ မှစ၍ သိ ရကြလိမ့်မည်။ ၂၃ ဣသရေလ အမျိုးသား တို့သည် မိမိ အမျိုးတို့ အပြစ် ကြောင့် သိမ်း သွားခြင်းခံရကြောင်း ကို တပါး အမျိုးသား တို့သည် သိ ရကြလိမ့်မည်။ ငါ့ ကိုပြစ်မှား သောကြောင့် ၊ ငါသည် မျက်နှာ လွှဲ ၍ ရန်သူ တို့လက် သို့ အပ် သဖြင့် ၊ ထိုသူ အပေါင်း တို့သည် ထား ဖြင့် လဲ ၍ သေရ ကြပြီ။ ၂၄ သူ တို့ ညစ်ညူး သောအမှု၊ လွန်ကျူး ခြင်းအမှုတို့ အတိုင်း ငါသည် ပြု ၍ မျက်နှာ ကိုလွှဲ ပြီ။ ၂၅ ဤ အမှုတွင် အရှင် ထာဝရဘုရား မိန့် တော်မူသည် ကား၊ သိမ်း သွားခြင်းကို ခံရသောယာကုပ် အမျိုးကို ငါတဖန်ဆောင် ခဲ့၍ ၊ ဣသရေလ အမျိုးသား အပေါင်း တို့ကို ကယ်မ သနားသဖြင့် ၊ ငါ ၏နာမ မြတ် အဘို့ အလိုငှါ စိတ် အားကြီးမည်။ ၂၆ သူ တို့ကို လူ အမျိုးမျိုးထဲက ငါ ခေါ် ခဲ့၍၊ ၂၇ ရန်သူ နေရာပြည် တို့မှ စုဝေး စေလျက် ၊ သူ တို့ အားဖြင့် များစွာ သော လူမျိုး တို့ရှေ့မှာ ငါသည်ချီးမြှောက် ခြင်းသို့ရောက်သောအခါ၊ သူတို့သည် ကြောက် စေသော သူမ ရှိ၊ ငြိမ်ဝပ် စွာနေ ကြစဉ်တွင် ခံရဘူးသောအရှက်ကွဲ ခြင်းနှင့် ၊ ငါ့ အား ပြစ်မှား ခြင်းအပြစ် များကို အောက်မေ့ ကြ ရလိမ့်မည်။ ၂၈ ငါသည်သူ တို့ကို တပါးအမျိုးသား တို့၏ သိမ်း သွားခြင်းကို ခံစေသောကြောင့်၎င်း ၊ နောက်တဖန် နေရင်းပြည် ၌ စုဝေး စေ၍ နေရာချသောကြောင့်၎င်း ၊ သူ တို့၏ဘုရားသခင် ထာဝရဘုရား ဖြစ်ကြောင်း ကို သိ ရကြ လိမ့်မည်။ ၂၉ ငါသည်

ကိုယ် ဝိညာဉ် ကို ကျသရေလ အမျိုးသား အပေါ် သို့ သွန်းလောင်း သောအခါ၊ သူ တို့တွင် တယောက် ကိုမျှ နောက် တဖန်ငါမစွန့်ပစ် ၊ ငါ့ မျက်နှာ ကိုလည်း မ လွှဲ ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၄၀ ငါတို့သည် သိမ်း သွားခြင်းကိုခံရာသကျရာဇ နှစ်ဆယ် ငါး ခု၊ ပဌမ လ ဆယ် ရက်နေ့၊ မြို့ တော်ကို လုပ်ကြံ ၍၊ တဆယ် လေး နှစ် စေ့သောနေ့ တွင် ၊ ထာဝရဘုရား ၏ လက် တော်သည် ငါ့ အပေါ်မှာ ရှိ ၍ ထို မြို့သို့ ဆောင် သွားတော်မူ၏။ ၂ ဘုရားသခင် ၏ ဗျာဒိတ် ရူပါရုံအားဖြင့် ငါ့ ကို ကျသရေလ ပြည် သို့ ဆောင် သွား၍ ၊ အလွန် မြင့် သော တောင် ပေါ်မှာ တင် ထားတော်မူ၏။ ထိုတောင်အနားမှာ တောင် ဘက်၌ မြို့ ပုံသဏ္ဌာန် ရှိ၏။ ၃ ထို အရပ်သို့ ငါ့ ကိုဆောင် သွားတော်မူသောအခါ ၊ ကြေးဝါ ကဲ့သို့ အဆင်းအရောင် ရှိသောလူ တဦးသည် တိုင်း စရာကျူလုံး နှင့် ချည် ကြိုး ကို ကိုင်လျက်မြို့တံခါးဝ မှာ ရပ် နေ၏။ ၄ ထိုသူက၊ အချင်းလူသား ၊ စေ့စေ့ကြည့်ရှု လော့။ စေ့စေ့နားထောင် လော့။ ငါ ပြ လတံ့သမျှ တို့ကို နှလုံး သွင်း လော့။ သင့် အား ငါပြ အံ့သောငှါ သင့်ကိုဤ အရပ်သို့ ဆောင် ခဲ့တော်မူပြီ၊ မြင် သမျှ တို့ကိုလည်းကျသရေလ အမျိုး အား ပြ ရမည်ဟုဆို ၏။ ၅ အိမ် တော်ပြင် ပတ်လည် ၌ တန်တိုင်း ရှိ၏။ ထိုသူသည် သံတောင်အားဖြင့်အရှည်ခြောက် တောင် ရှိသောကျူလုံး ကို ကိုင် လျက်၊ ထိုတန်တိုင်း ကိုတိုင်း ၍ အထု ကျူ တပြန်၊ အမြင့် လည်း ကျူ တပြန်ရှိ၏။ ၆ ထိုနောက် ၊ အရှေ့ တံခါး သို့ သွား ၍ လှေကား ကို တက် ပြီးမှ ၊ တံခါး ထုပ် နှင့် တံခါး ခုံကိုတိုင်း ၍ အနံ ကျူ တပြန်စီရှိ၏။ ၇ အခန်းငယ် တို့သည် တခန်းနှင့်တခန်း ငါး တောင် ကွာလျက် အလျား ကျူ တပြန်၊ အနံ လည်း ကျူ တပြန်စီရှိကြ၏။ ၈ အတွင်းတံခါးခုံလည်း အနံကျူတပြန်ရှိ၏။ ၉ တံခါး မုတ် ကိုလည်း တိုင်း ၍အလျားရှစ် တောင် ရှိ၏။ မုတ်တိုင် အမြင့် နှစ် တောင် စီရှိ၏။ တံခါး မုတ် သည် တံခါးအတွင်း ဘက်၌ ရှိသတည်း။ ၁၀ အရှေ့ တံခါး တဘက်တချက်၌ အခန်းငယ် သုံး ခန်းစီရှိ၍၊ အလျား အနံတညီတည်း ၊ တဖက်တချက်၌ တိုင် အမြင့်လည်း တညီတည်း ရှိကြ၏။ ၁၁ တံခါး ဝ ကိုလည်းတိုင်း ၍ အနံ ဆယ် တောင် ၊ အမြင့် တဆယ် သုံး တောင် ရှိ၏။ ၁၂ အခန်းငယ် တို့ရှေ့မှာ တဘက်တချက်၌ ကြမ်းပြင် အနံတ တောင် ရှိ၏။ တဘက်တချက်၌ရှိသောအခန်းငယ် တို့သည် အလျားအနံခြောက် တောင် စီရှိ၏။ ၁၃ ထိုနောက် ၊ အခန်းငယ် အမိုး စွန်းတခုမှ သည် တခုတိုင်အောင် တိုင်း ၍အကျယ် နှစ်ဆယ် ငါး တောင် ရှိ၏။ တံခါးတို့ သည် မျက်နှာချင်းဆိုင် ကြ၏။ ၁၄ တံခါး ပတ်လည် တန်တိုင်း အတွင်း၊ ထောင့် တိုင် အထိ ၊ အတောင် ခြောက်ဆယ် ကျယ်အောင် တိုင် များကို ထား လေ၏။ ၁၅ ပြင်တံခါးဝ မှ သည် အတွင်းတံခါး မုတ်ဝ တိုင်အောင် အတောင် ငါးဆယ် ရှိ၏။ ၁၆ အခန်း များ၊ တံခါး အတွင်း ပတ်လည် တိုင် များ၊ တံခါးမုတ် များ အတွင်း ဘက် ၌ ကျဉ်းသောပြတင်းပေါက် များရှိ၏။ တိုင် များ၌ စွန်ပလွန် ပင်ပုံထုလျက်ရှိ၏။ ၁၇ ထိုနောက် ၊ ငါ့ ကိုပြင် တန်တိုင်း ထဲသို့ သွင်း ၍ အခန်း များကို ငါမြင်၏။ ကျောက် ခင်းလည်း ရှိ ၏။ ကျောက် ခင်းအပေါ်မှာ အခန်း သုံးဆယ် ရှိ၏။ ၁၈ တံခါး များအစဉ်အတိုင်းလိုက်၍၊ တံခါး အနားမှာ ရှိသောကျောက် ခင်းသည် အောက် ကျောက် ခင်းဖြစ်၏။ ၁၉ ထိုနောက် ၊ အောက် တံခါး ဦး မှ သည် အတွင်း တန်တိုင်း ပြင် ဘက် ဦး တိုင်အောင် တိုင်း ၍၊ အရှေ့ မျက်နှာ၌ အတောင် တရာ ကွာ ၏။ ၂၀ တဖန် မြောက် မျက်နှာသို့ ခေါ်သွား၍၊ ပြင် တန်တိုင်း မြောက်

ဘက်သို့ မျက်နှာ ပြုသောတံခါး အမြင့် နှင့် အနံ ကိုတိုင်း လေ၏။ ၂၁ အခန်း တို့သည် တဘက်တချက်၌ သုံး ခန်းစီ ရှိ၏။ တိုင် များ၊ မုတ် များတို့သည် အရင် တံခါး ကဲ့သို့ ဖြစ် ၍၊ အလျား အတောင် ငါးဆယ် ၊ အနံ နှစ်ဆယ် ငါး တောင် ရှိ၏။ ၂၂ ပြတင်းပေါက် ၊ မုတ် ၊ စွန်ပလွံ ပင်များတို့သည် အရှေ့ တံခါး ကဲ့သို့ ဖြစ်ကြ၏။ လေ့ကား ခုနစ် ထစ်ဖြင့် တံခါး သို့ တက် ရ၏။ မုတ် တို့သည် လေ့ကားနှင့် တတန်း တည်း ရှိကြ၏။ ၂၃ အရှေ့ ဘက်၌ ရှိသကဲ့သို့မြောက် တံခါး မျက်နှာချင်းဆိုင် အတွင်း တန်တိုင်း တံခါးဝ ရှိ၏။ တံခါးဝ တခုနှင့် တခု အတောင် တရာ ကွာ၏။ ၂၄ ထိုနောက် ၊ တောင် မျက်နှာသို့ခေါ် သွား ၍ တောင် တံခါး ကို ငါမြင် ၏။ တိုင် များ၊ မုတ် များကိုတိုင်း ၍ အရင်ပမာဏ နှင့်တညီတည်း ရှိကြ၏။ ၂၅ အရင်ပြတင်းပေါက် ကဲ့သို့ ပြတင်းပေါက် များ၊ မုတ် များရှိ၍၊ အလျား အတောင် ငါးဆယ် ၊ အနံ နှစ်ဆယ် ငါး တောင် ရှိ၏။ ၂၆ လေ့ကား ခုနစ် ထစ်ဖြင့် တံခါးသို့တက် ရ၏။ မုတ် တို့သည် လေ့ကားနှင့် တတန်းတည်းရှိကြ၏။ တဘက်တချက်တိုင် များ၌ စွန်ပလွံ ပင်ပုံ ထုလျက်ရှိ၏။ ၂၇ တောင် မျက်နှာ၌ အတွင်း တန်တိုင်း တံခါးဝ ရှိ၏။ ထိုမျက်နှာ၌ တံခါးဝ တခုမှ သည် တခုတိုင်အောင် တိုင်း ၍ အတောင် တရာ ကွာ၏။ ၂၈ တဖန် အတွင်း တန်တိုင်း ထဲသို့ တောင် တံခါး ဖြင့် သွင်း ၍၊ အရင် ပမာဏ နှင့်အညီ ထိုတံခါး ကိုတိုင်း လေ၏။ ၂၉ အခန်းငယ် များ၊ တိုင် များ၊ မုတ် များတို့သည် အရင် ပမာဏ နှင့်တညီတည်း ရှိကြ၏။ တံခါးဝပတ်လည် ၌ငင်း ၊ မုတ် များ၌ငင်း ပြတင်းပေါက် ရှိ၍၊ အလျား အတောင် ငါးဆယ် ၊ အနံ နှစ်ဆယ် ငါး တောင် ရှိ၏။ ၃၀ ပတ်လည် ၌ရှိသောမုတ် တို့သည်လည်း အလျား အတောင်နှစ်ဆယ် ငါး တောင် ၊ အနံ ငါး တောင် ရှိ၏။ ၃၁ မုတ် တို့သည် ပြင် တန်တိုင်း သို့မျက်နှာပြု ၍ ၊ တိုင် များအပေါ် မှာ စွန်ပလွံ ပင်ပုံ ထုလျက်ရှိ၏။ လေ့ကား ရှစ် ထစ်ဖြင့်တက် ရ၏။ ၃၂ အရှေ့ ဘက်၌လည်း အတွင်း တန်တိုင်း ထဲသို့ သွင်း ၍ ၊ ထိုတံခါးကို အရင် ပမာဏ နှင့်အညီ တိုင်း လေ၏။ ၃၃ အခန်းငယ် များ၊ တိုင် များ၊ မုတ် များတို့သည် အရင်ပမာဏ နှင့် တညီတည်း ရှိကြ၏။ တံခါးဝပတ်လည် ၌ငင်း ၊ မုတ် များ၌ ငင်း ပြတင်းပေါက် ရှိ၍၊ အလျား အတောင် ငါးဆယ် ၊ အနံ နှစ်ဆယ် ငါး တောင် ရှိ၏။ ၃၄ မုတ် တို့သည် ပြင် တန်တိုင်း သို့ မျက်နှာပြု ၍၊ တဘက်တချက်တိုင် များပေါ် မှာ စွန်ပလွံ ပင် ပုံထုလျက် ရှိ၏။ လေ့ကား ရှစ် ထစ်ဖြင့် တက် ရ၏။ ၃၅ တဖန် မြောက် တံခါး သို့ ခေါ် သွား၍ အရင် ပမာဏ နှင့်အညီ တိုင်း လေ၏။ ၃၆ အခန်းငယ် များ၊ တိုင် များ၊ မုတ် များ၊ ပတ်လည် ၌ ပြတင်းပေါက် များတို့နှင့် ပြည့်စုံ၍၊ အလျား အတောင် ငါးဆယ် ၊ အနံ နှစ်ဆယ် ငါး တောင် ရှိ၏။ ၃၇ မုတ် တို့သည် ပြင် တန်တိုင်း သို့မျက်နှာပြု ၍၊ တဘက်တချက်တိုင် များအပေါ် မှာ စွန်ပလွံ ပင်ပုံ ထုလျက် ရှိ၏။ လေ့ကား ရှစ် ထစ်ဖြင့်တက် ရ၏။ ၃၈ မီးရှို့ သော ယဇ်ကောင်ကိုရေနှင့် ဆေးကြော စရာအခန်း များ၊ အခန်း ဝင်ဝများတို့သည် ထို တံခါး မုတ် ၌ ရှိကြ၏။ ၃၉ မီးရှို့ ရာယဇ်၊ အပြစ် ဖြေရာယဇ်၊ ဒုစရိုက် ဖြေရာ ယဇ်ကောင်ကိုသတ် စရာဘို့ ၊ တံခါး မုတ် အတွင်း တဘက် တချက်၌ စားပွဲ နှစ် ခုစီရှိကြ၏။ ၄၀ မြောက် တံခါး ဝ သို့ တက် ရာတံခါးမုတ်၊ ပြင် အနား တဘက်တချက်၌လည်း စားပွဲ နှစ် ခုစီရှိသည်ဖြစ်၍၊ ၄၁ တံခါးဝ တဘက်တချက်၌ ယဇ်ကောင်ကိုသတ် စရာစားပွဲ လေး ခုစီ၊ ပေါင်းရှစ် ခုရှိကြ၏။ ၄၂ မီးရှို့ ရာယဇ်ဘို့ စားပွဲ လေး ခုတို့သည် ဆစ် သော ကျောက် ဖြင့်ပြီး၍၊ အလျား တတောင်

တထွာ၊ အနံ့ တတောင် တထွာ၊ အမြင့် တ တောင် ရှိ၏။ ထို စားပွဲ ပေါ်မှာ မီးရှို့ ရာယဇ်ကောင်ကိုသတ် စရာတန်ဆာ
များကို တင် ထားရကြ၏။ ၄၃ စားပွဲ အပေါ် ပတ်လည် ၌ အကျယ်လက် တ ဝါးရှိသောအနားပတ် တပ် လျက်ရှိ၍၊
ပူဇော် စရာယဇ်သား ကို တင်ထားရကြ၏။ ၄၄ အတွင်း တံခါး ပြင် မှာ အတွင်း တန်တိုင်း ၌ အခန်း နှစ်ခုကို ငါမြင်၏။
တခန်းကား၊ မြောက် တံခါး အနား မှာ ရှိ၍ တောင် ဘက်သို့ မျက်နှာပြု ၏။ တခန်းကား၊ တောင် တံခါး အနား မှာ ရှိ၍
မြောက် ဘက်သို့ မျက်နှာပြု ၏။ ၄၅ တောင် ဘက်သို့မျက်နှာပြု သော ဣ အခန်း ကား၊ အိမ် တော် အမှူ ကိုဆောင် သော
ယဇ်ပုရောဟိတ် နေစရာ ဘို့၊ ၄၆ မြောက် ဘက်သို့မျက်နှာပြု သော ဣအခန်း ကား၊ ယဇ်ပလ္လင် အမှူ ကို ဆောင်
သောယဇ်ပုရောဟိတ် နေစရာ ဘို့ ဖြစ်၏။ ထိုသူတို့ကား၊ ထာဝရဘုရား ထံ တော်သို့ ချဉ်းကပ် ၍ အမှုတော်ကို ဆောင်
စေခြင်းငှါ၊ လေဝိ သား တို့တွင် ရွေးကောက်သောဇာဒုတ် သား ပေတည်းဟု ငါ့အား ပြောဆို၏။ ၄၇ ထိုအခါ တန်တိုင်း
ကိုတိုင်း ၍ အလျား အတောင် တရာ ၊ အနံ့ အတောင် တရာ စတုရန်း ရှိ၏။ ယဇ်ပလ္လင် သည် အိမ် တော်ရှေ့မှာ
တည်၏။ ၄၈ အိမ် တော်ဦး သို့ ခေါ် ၍ တံခါးဝနှစ်ဘက်ကို တိုင်း လျှင်၊ အကျယ်ငါး တောင် စီရှိ၏။ တံခါးရွက် နှစ်ဘက်၊
အနံ့ သုံး တောင် စီရှိ၏။ ၄၉ အိမ်တော်ဦး အလျား ကား အတောင် နှစ်ဆယ် ၊ အနံ့ ကားတဆယ် တ တောင် ရှိ၏။
လှေကား ဆယ်ထစ်ဖြင့် တက် ရ၏။ အိမ်တော်ဦး အနား ၊ တဘက်တချက်၌ တိုင် တ လုံးစီတည်လျက်ရှိ၏။

၄၁ ထိုနောက်မှ ဗိမာန် တော်သို့ ခေါ် ၍ တံခါး တိုင် တို့ကို တိုင်း လျှင်၊ နှစ်ဘက်၌ တံခါးတိုင်ထု သည် ဗိမာန်
တော်ထု နှင့်အမျှခြောက် တောင် ရှိ၏။ ၂ ဗိမာန်တော်တံခါးဝ အကျယ် ကား ဆယ် တောင် ရှိ၏။ တံခါးဝ
တဘက်နှင့်တဘက်လည်း ငါး တောင် စီ ကျယ်၏။ ဗိမာန်တော်ကိုတိုင်း ၍၊ အလျား ကား အတောင် လေးဆယ်
၊ အနံ့ ကားအတောင် နှစ်ဆယ် ရှိ၏။ ၃ ထိုနောက် ၊ အထဲ သို့ ဝင် ၍ အရာရာတို့ကို တိုင်း လျှင်၊ တံခါး တိုင်
နှစ် တောင် ၊ တံခါးဝ ခြောက် တောင် ၊ တံခါးဝ တဘက်တချက် ခုနစ် တောင် စီရှိ၏။ ၄ ထိုအခန်းသည် ဗိမာန်
တော်အနံ့နှင့်တညီတညွတ်ဖြစ်လျက်၊ အလျား အတောင် နှစ်ဆယ် ၊ အနံ့ လည်း အတောင် နှစ်ဆယ် ရှိသည်ကို တိုင်း ၍၊
ဣ အခန်းကား အလွန် သန့်ရှင်းရာဌာနဖြစ်သည်ဟု ငါ့ အား ပြောဆို ၏။ ၅ ထိုနောက် ၊ အိမ် တော်ထရံ ကိုတိုင်း ၍ အထု
ခြောက် တောင် ရှိ၏။ အိမ် တော်ပတ်လည် ထရံ အခန်းတို့ သည် အနံ့ လေး တောင် စီရှိ၏။ ၆ ထရံ အခန်းတို့သည်
အစဉ်အတိုင်းသုံးဆယ် ၊ အဆင့်သုံး ဆင့်ပေါင်းသုံးဆယ်သုံးလီ ရှိကြ၏။ ထိုအခန်း တို့သည် အိမ် တော်ထရံ ထဲသို့ မ ဝင်
ဘဲထရံအောက်ပိုင်း ထွက်သောခြေအပေါ် မှာ မှီ နေ ကြ၏။ ၇ ထရံအခန်း အောက်ဆင့်မှသည် ဒုတိယအဆင့် သို့ဝင်း ၊
ဒုတိယ အဆင့်မှ သည် တတိယ အဆင့်သို့ ၎င်း တက်သည်အတိုင်း၊ အိမ်တော် ထရံ ပတ်လည် တရှောက်လုံး ဆက်ကာ
ဆက်ကာ ဆုတ်၍၊ အခန်းနေရာသည် အစဉ်အတိုင်း ကျယ်လျက် အဆင့်ဆင့် တက်၏။ ၈ အိမ် တော်အထက် ပိုင်း
ပတ်လည် ၌ အမြင့်ဆုံး သော ထရံ အခန်းတို့သည် ခြောက် တောင် ရှည်သော ကျူတပြန် မျှ ကျယ် ကြ၏။ ၉ ထရံ
အခန်းပြင် ဘက်၌ ကာသော ထရံ သည် အထု ငါး တောင် ရှိ၏။ ကျွန်ကြွင်း သောအရပ်သည် ထရံ အခန်းတို့နှင့် ဆိုင်၏။
၁၀ အိမ် တော်ပတ်လည် ၌ ထရံအခန်းတို့သည် အိမ်တော်တန်တိုင်းအခန်း တို့နှင့် အတောင် နှစ်ဆယ် ကွာလျက်ရှိကြ၏။

၁၁ ထရံ အခန်းတို့သည် ကျန်ကြွင်း သောအရပ်သို့ ဖွင့်၍ မြောက် ဘက်သို့ဝင်း ၊ တောင် ဘက်သို့ဝင်း မျက်နှာပြုကြ၏။ ကျန်ကြွင်း သော အရပ်သည် ပတ်လည် ၌ အနံ ငါး တောင် ရှိ၏။ ၁၂ လွတ်လပ် သော အရပ်ကိုပိတ်၍ အနောက် ဘက်၌ရှိသောတန်တိုင်းသည် အလျား အတောင် ခုနစ်ဆယ် ရှိ၍၊ အိမ် တော်ပတ်လည် တန်တိုင်း သည်လည်း အထု ငါး တောင် ၊ အလျား အတောင် ကိုးဆယ် ရှိ၏။ ၁၃ ထိုသို့ အိမ် တော်ကိုတိုင်း ၍ လွတ်လပ် သောအရပ်၊ အိမ် တော်ထရံ ၊ တန်တိုင်းပါလျက်အလျား အတောင် တရာ ရှိ၏။ ၁၄ အရှေ့ မျက်နှာ၌ လွတ်လပ် သောအရပ်ပါလျက်၊ အိမ် တော်ဦး အတိုင်းအရှည် လည်း အတောင် တရာ ရှိ၏။ ၁၅ လွတ်လပ် သောအရပ်၌ ကာသောရှေ့ တန်တိုင်း နှင့် နောက် တန်တိုင်းကိုတိုင်း ၍၊ တဘက်တချက်၌ရှိသောထရံ အခန်းပါလျက် အလျားအတောင် တရာ ရှိ၏။ ၁၆ အတွင်း ဗိမာန် နှင့် တန်တိုင်း မုတ် များ၊ တံခါးခုံ များ၊ ကျဉ်း သော ပြတင်းပေါက် များ၊ တံခါးခုံ ရှိသမျှ တဘက်တချက်သုံး ဆင့်ရှိသောထရံ အခန်းနံရံများတို့ သည် မြေ မှပြတင်းပေါက် တိုင်အောင် ပျဉ်ပြား နှင့်ဖုံးအုပ် လျက်ရှိ၏။ ပြတင်းပေါက် တို့သည်လည်း ကွယ်ကာ လျက် ရှိကြ၏။ ၁၇ တံခါးပေါက် ရှိသမျှအထက် ၊ အတွင်း ဗိမာန် ပြင် ဘက်၊ အိမ်တော်အတွင်း ပြင် ထရံ ပတ်လည် ၌ ခေရုဗိမ် နှင့် စွန်ပလွံ ပင်ပုံထု ၍၊ ၁၈ ခေရုဗိမ် နှစ်ခုကြားမှာ စွန်ပလွံ ပင်တခုစီရှိ၏။ ခေရုဗိမ် တခု၌ မျက်နှာ နှစ် ခုစီပါလျက်၊ ၁၉ စွန်ပလွံ ပင်နှစ်ခုကြားမှာ တဘက်၌လူ မျက်နှာ ၊ တဘက်၌ ခြင်္သေ့ မျက်နှာ ကို ပြကြ၏။ ၂၀ ထိုသို့ အိမ် တော်ပတ်လည် ၊ မြေ မှ သည်တံခါးပေါက် အထက် တိုင်အောင် ဗိမာန် တော်ထရံ ၌ ခေရုဗိမ် နှင့် စွန်ပလွံ ပင် အရုပ်ထု လျက်ရှိ၏။ ၂၁ ဗိမာန် တော်တိုင် တို့သည် လေးထောင့် ဖြစ်ကြ၏။ သန့်ရှင်း ရာဌာနနှင့်မျက်နှာ ချင်းတူ ကြ၏။ ၂၂ သစ်သား ယဇ်ပလ္လင် သည် အမြင့် သုံး တောင် ၊ အလျား နှစ် တောင် ၊ အနံနှစ်တောင်ရှိ၏။ ပလ္လင်ထောင့် ၊ ဘိနပ်၊ နံရံ တို့သည်သစ်သား ဖြင့်ပြီးကြ၏။ ဤ စားပွဲ ကား၊ ထာဝရဘုရား ရှေ့ တော်မှာတင်သော စားပွဲပေတည်းဟု ငါ့ အား ပြောဆို ၏။ ၂၃ ဗိမာန် တော်နှင့် သန့်ရှင်း ရာဌာန၌ တံခါးပေါက် တပေါက်စီ ရှိ၍၊ ၂၄ တံခါး တို့သည်လည်း တပ် သော တံခါးရွက် နှစ် ရွက်စီရှိ၏။ ၂၅ ဗိမာန် တော်ထရံ ၌ ထု သကဲ့သို့ တံခါးရွက် တို့ ၌ ခေရုဗိမ် နှင့် စွန်ပလွံ ပင်ပုံ ထု လျက်ရှိ၏။ မုတ်ဦး အထက် မှာ ထုပ် တင်လျက်ရှိ၏။ ၂၆ မုတ် နံရံ ၊ အိမ် တော်အခန်း ထရံတို့သည် ထုပ် များ၊ ကျဉ်း သော ပြတင်းပေါက် များ၊ စွန်ပလွံ ပင်များနှင့် ပြည့်စုံကြ၏။

၄၂ ထိုနောက်မှ မြောက် လမ်း ဖြင့် ပြင် တန်တိုင်း ထဲသို့ ခေါ်သွား ၍၊ အိမ် တော်မြောက် ဘက်၊ လွတ်လပ် သော အရပ်ရှေ့မှာ ရှိသော အခန်း များကို ပြလေ၏။ ၂ ထိုအခန်းတို့သည် မြောက် တံခါး အထိ၊ အလျား အတောင် တရာ ၊ အနံ အတောင် ငါးဆယ် ရှိကြ၏။ ၃ အတောင်နှစ်ဆယ် ရှိသောအတွင်း တန်တိုင်း ရှေ့ ၊ ပြင် တန်တိုင်း ကျောက် ခင်းရှေ့တွင်တဘက် တချက်၌ နံရံ အခန်းသုံး ဆင့်ရှိ၏။ ၄ ထိုအခန်း များရှေ့မှာ တ တောင် ကျယ်သော လမ်း နှင့်တကွအတွင်း ဘက်သို့ ဝင်၍၊ အနံ ဆယ် တောင် ရှိသောစကြံ် ရှိ၏။ အခန်းတံခါးတို့ သည် မြောက် ဘက်သို့ မျက်နှာပြုကြ၏။ ၅ အထက် ခန်း တို့သည် ကျဉ်း ကြ၏။ သူတို့၏ ကြမ်းပြင်သည် အောက် ခန်းကြမ်းပြင်၊ အလယ် ခန်း ကြမ်းပြင်နှင့်မညီ၊ အထဲသို့ဝင်လျက် ရှိကြ၏။ ၆ အကြောင်းမူကား ၊ အခန်းသုံး ဆင့်ရှိသော်လည်း ၊ ထိုအခန်းတို့သည်

အခြားတန်တိုင်း ကဲ့သို့ တိုင် မ ရှိ၊ သို့ ဖြစ်၍ ၊ အောက် ခန်းနှင့် အလယ် ခန်းထက် သာ၍ကျဉ်း ကြ၏။ ၇ ထိုအခန်း များတဘက် တချက်၊ ပြင် တန်တိုင်း ဘက်မှာ အခန်း များရှေ့၌ ကာသော နံရံ သည် အလျား အတောင် ငါးဆယ် ရှိ၏။ ၈ ပြင် တန်တိုင်း နှင့် ဆိုင်သောအခန်း တို့သည် အလျား အတောင် ငါးဆယ် ရှိကြ၏။ ဗိမာန် တော်ရှေ့မှာ အလျားသည် အတောင် တရာ ရှိ၏။ ၉ ပြင် တန်တိုင်း မှ လာ ၍၊ ထိုအခန်း များ ခြေရင်း အရှေ့ ဘက်၌ ဝင် ရာလမ်းရှိ၏။ ၁၀ အိမ်တော်တောင်ဘက်၊ လွတ်လပ် သော အရပ် ကို ကာသော တန်တိုင်း နံရံ ၌ လည်း အခန်း များရှိကြ၏။ ၁၁ ထိုအခန်းစုရှေ့မှာ ရှိသောစကြံ် မှစ၍အခန်း အလျား အနံ ၊ ထွက် ရာဝင်ရာ တံခါးရှိသမျှ တို့ သည် မြောက် အခန်း စုနှင့် ပုံသဏ္ဌာန် တူ ကြ၏။ ၁၂ တောင် ခန်း တံခါးတို့ သည်လည်း မြောက်ခန်း တံခါးတို့နှင့် တူသည်ဖြစ်၍၊ တန်တိုင်း တဘက်တချက်၊ အရှေ့ သို့မျက်နှာပြု သော စကြံ် ဦး ၌ ဝင်ရာတံခါး၀ ရှိ၏။ ၁၃ တိုင်းသောသူကလည်း၊ လွတ်လပ် သော အရပ် ရှေ့မှာ မြောက် ခန်း နှင့် တောင် ခန်း တို့သည် သန့်ရှင်း သောအခန်း ၊ ထာဝရဘုရား ထံ တော်သို့ ချဉ်းကပ် သော ယဇ်ပုရောဟိတ် တို့သည် အလွန် သန့်ရှင်းသောအရာများ ကို စား ရသောအခန်းဖြစ်ကြ၏။ ထိုအရပ်သည် သန့်ရှင်းသောကြောင့်အလွန် သန့်ရှင်းသောအရာ၊ ဘောဇဉ် ပူဇော်သက္ကာ၊ အပြစ် ဖြေရာယဇ်၊ ဒုစရိုက် ဖြေရာယဇ်တို့ကို ထား ရာအရပ် ဖြစ်၏။ ၁၄ ယဇ်ပုရောဟိတ် တို့သည် ဝင် သောအခါ အမှု တော် ဆောင် အဝတ် ကိုဝတ်လျက်၊ သန့်ရှင်း သောအရပ်မှ ပြင် တန်တိုင်း သို့ မ ထွက် ရ။ ထိုအဝတ်သန့်ရှင်း သောကြောင့် ချွတ်ထား ၍ အခြား သော အဝတ် ကို ဝတ် ပြီးမှ ၊ လူ များရှိရာသို့ ထွက်သွား ရကြမည်ဟု ငါ့ အား ပြောဆို ၏။ ၁၅ အတွင်း ဗိမာန် တော်ကို တိုင်း ပြီး သည်နောက် ၊ အရှေ့ တံခါး ပြင်သို့ ခေါ်သွား ၍ ၊ ၁၆ တိုင်း စရာကျူလုံး နှင့်အရှေ့ မျက်နှာကို တိုင်း လျှင် ကျူလုံးအပြန် ငါး ရာ ရှိ၏။ ၁၇ မြောက် မျက်နှာကိုတိုင်း လျှင်လည်း ကျူလုံး အပြန်ငါး ရာ ရှိ၏။ ၁၈ တောင် မျက်နှာကိုတိုင်း လျှင်လည်း ကျူလုံး အပြန်ငါး ရာ ရှိ၏။ ၁၉ အနောက် မျက်နှာကိုတိုင်း လျှင်လည်း ကျူလုံး အပြန်ငါး ရာ ရှိ၏။ ၂၀ လေး မျက်နှာကိုတိုင်း ၍ ပတ်လည် ၌ရှိသောတန်တိုင်း သည် သန့်ရှင်း သောအရပ်၊ မ သန့်ရှင်းသော အရပ်တို့ကို ပိုင်းခြား လျက်၊ အလျား အပြန်ငါး ရာ ၊ အနံ လည်း အပြန်ငါး ရာ ရှိ၏။

၄၂ ထိုနောက်မှ အရှေ့ ဘက်သို့ မျက်နှာပြု သော တံခါး၀ သို့ တဖန်ခေါ်သွား ၏။ ၂ ကသရေလ အမျိုး၏ ဘုရားသခင် ဘုန်း တော် သည် အရှေ့ မျက်နှာမှ လာ ၍ ၊ အသံသည် သမုဒ္ဒရာ သကဲ့သို့ ဖြစ်၏။ ရောင်ခြည် တော်အားဖြင့် မြေ တပြင်လုံးလင်း ၏။ ၃ ငါမြင် သော ရူပါရုံ သည် မြို့ တော်ကိုဖျက်ဆီး ခြင်းငှါ လာ သောအခါ ၊ ငါမြင် သော ရူပါရုံ နှင့် တူ၏။ ထင်ရှားသောအရာတို့သည် ခေဗာ မြစ် နားမှာ ငါမြင် ဘူးသော အရာများကဲ့သို့ ဖြစ်၍ ၊ ငါသည် ပြပ်ဝပ် လျက်နေ၏။ ၄ ထာဝရဘုရား ၏ ဘုန်း တော်သည် အရှေ့ ဘက် သို့ မျက်နှာ ပြုသော တံခါး လမ်း ဖြင့် အိမ် တော်ထဲသို့ ဝင် တော်မူ၏။ ၅ ထိုအခါ ဝိညာဉ် တော်သည် ငါ့ ကိုချီ လျက် အတွင်း တန်တိုင်း ထဲသို့ ဆောင်သွား ၍ ၊ ထာဝရဘုရား ၏ ဘုန်း တော်သည် တအိမ်လုံး ကို ဖြည့် တော်မူ၏။ ၆ အရင်လူ သည် ငါ့ အနား မှာရပ် နေလျက်၊ အိမ် တော်ထဲက ငါ့ အား မိန့် တော်မူသောအသံကို ငါကြား သည်ကား၊ ၇ အချင်းလူသား ၊ ဤအရပ်သည် ငါ့ ပလ္လင် တည်ရာအရပ် ၊ ငါ့

ခြောဝါး နင်းမြဲအရပ် ၊ ကျသရေလ အမျိုးသား တို့တွင် အစဉ်အမြဲ ငါ့နေ ရာအရပ် ဖြစ်၏။ ကျသရေလ ရှင်ဘုရင်များနှင့် အမျိုးသား များတို့သည် မှားယွင်း ခြင်းအားဖြင့် ၎င်း ၊ ရှင်ဘုရင် ၏အသေကောင် အားဖြင့် ၎င်း ၊ မြင့် ရာအရပ်တို့ ၌ငါ ၏နာမ တော်မြတ် ကို နောက် တဖန် မ ရှုတ်ချ ရကြ။ ၈ သူ တို့တံခါးခုံ ကိုလည်း ငါ့ တံခါးခုံ အနား မှာ၎င်း ၊ သူတို့တိုင် ကိုလည်း ငါ့ တိုင် အနား မှာ၎င်း တည် စိုက်လျက်၊ ငါ နှင့် သူ တို့စပ်ကြား မှာ နံရံ တခုတည်းသာရှိလျက်၊ သူတို့ပြု မိသော စက်ဆုပ် ရွံရှာဘွယ်အမှုတို့ ဖြင့် ၊ ငါ ၏နာမ တော်မြတ် ကို ရှုတ်ချ သောကြောင့် ၊ ငါသည်အမျက်ထွက် ၍ သူတို့ကို ဖျက်ဆီး ပြီ။ ၉ ယခု မူကား၊ သူ တို့မှားယွင်း ခြင်းအမှုများနှင့် ရှင်ဘုရင် ၏အသေကောင် များကို ငါ မှ ဝေး စွာ ပယ်ရှားကြစေ။ ငါသည်လည်း သူ တို့တွင် အစဉ်အမြဲ နေ မည်။ ၁၀ အချင်းလူသား ၊ ကျသရေလ အမျိုးသား တို့သည် ကိုယ် ဒုစရိုက် အပြစ်ကြောင့် ရှက်ကြောက် စေခြင်းငှါ အိမ် တော်ကိုပြ လော့။ အိမ်တော်ပုံ ကို သူတို့ တိုင်း ကြစေလော့။ ၁၁ သူတို့သည် ကိုယ်ပြု မိသောအမှုများကြောင့် အမှန်ရှက်ကြောက် လျှင် ၊ အိမ် ပုံသဏ္ဌာန် နှင့် ထွက်ရာ ဝင် ရာတံခါးဝများ၊ ကျင့်ရသမျှသော ထုံးစံ များ၊ စီရင် ထုံးဖွဲ့ချက်တရား အလုံးစုံ တို့ကိုပြ လော့။ သူတို့သည် ထုံးစံ များနှင့် စီရင် ထုံးဖွဲ့ချက်အလုံးစုံ တို့ကို ကျင့် စောင့် စေခြင်းငှါ သူ တို့ရှေ့မှာ ရေးထား လော့။ ၁၂ တောင် ထိပ်ပေါ်မှာ တည်သော အိမ် တော်၏ တရား ဟူမူကား၊ အိမ်တော်နယ်နိမိတ် ရှိသမျှ တို့သည် အလွန် သန့်ရှင်းရကြမည်။ ဤရွေ့ကား ၊ အိမ် တော်၏ တရား ပေတည်း။ ၁၃ ယဇ်ပလ္လင် အတိုင်း အရှည်ကား၊ သံတောင် ဖြင့် တိုင်းလျှင်၊ ဘိနပ်အမြင့်တတောင် ၊ အကျယ် တတောင် ၊ ပတ်လည် အနားပတ် အကျယ်တထွာ ရှိ၍၊ ယဇ်ပလ္လင် ပြင်ဘက်၌ တည်ရ၏။ ၁၄ အောက် အထစ် သည် မြေ နှင့်နှစ် တောင် ကွာ၍ အကျယ် တ တောင် ရှိရမည်။ ငယ် သောအထစ် နှင့် ကြီးသောအထစ် သည် လေး တောင် ကာ၍ အကျယ် တတောင် ရှိရမည်။ ၁၅ ယဇ်ပလ္လင် အမြင့်သည်လည်း လေးတောင် ရှိရမည်။ ဦးချို့ လေး ချောင်းလည်း တက် ရမည်။ ၁၆ ယဇ်ပလ္လင် သည် စတုရန်း ဖြစ်၍၊ အလျား တဆယ်နှစ် တောင်၊ အနံ လည်း တဆယ် နှစ် တောင် ရှိရမည်။ ၁၇ အောက်အထစ် သည်လည်း စတုရန်းဖြစ်၍အလျား တဆယ် လေး တောင်၊ အနံ လည်းတဆယ် လေး တောင်ရှိရမည်။ အနား ပတ်သည် လည်း အကျယ် တထွာ ရှိရမည်။ ဘိနပ် သည်ယဇ်ပလ္လင်ပတ်လည်၌ တတောင် ထွက်၍၊ တက် ရာလမ်းသည် အရှေ့ သို့ မျက်နှာပြု ရမည်။ ၁၈ တဖန် အချင်းလူသား ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည် အတိုင်း၊ မီးရှို့ ရာယဇ်ကိုပူဇော် ၍ အသွေး ကိုဖြန်း ဘို့ရာ ၊ ယဇ်ပလ္လင် ကိုတည် သောနေ့ ၌ ကျင့်ရသောတရား ဟူမူကား၊ ၁၉ အမှုတော်ကိုဆောင် ၍ ငါ့ ထံသို့ ချဉ်းကပ် သော လေဝိ အမျိုး၊ ဇာဒုတ် သား ယဇ်ပုရောဟိတ် တို့အား အပြစ် ဖြေရာယဇ်ဘို့၊ ပျိုု သောနွားထီး တကောင်ကို အပ် ရမည်။ ၂၀ နွားအသွေး အချို့ကိုယူ ၍ ယဇ်ပလ္လင်ဦးချို့ လေး ချောင်း၊ အထစ် လေး ထောင့် ၊ အနားပတ် ကိုလူး သော အားဖြင့်သန့်ရှင်း စင်ကြယ်စေရမည်။ ၂၁ အပြစ် ဖြေရာ ယဇ်ဘို့နွား ကောင်ကို ယူ ၍ သန့်ရှင်း ရာဌာနပြင် ၊ ဗိမာန်တော်အတွင်းတွင် ခန့်ထား သော အရပ်၌ မီးရှို့ ရမည်။ ၂၂ ဒုတိယ နေ့ ၌ လည်း အပြစ် မရှိသော ဆိတ် သငယ် ကို ယူ၍၊ အပြစ် ဖြေရာ ယဇ်ဘို့ ပူဇော် ရမည်။ ယဇ်ပလ္လင် ကို နွား အသွေးနှင့်သန့်ရှင်း စေသကဲ့သို့ ဆိတ်အသွေးနှင့် သန့်ရှင်း

စေရမည်။ ၂၃ ထိုသို့ယဇ်ပလ္လင်ကို သန့်ရှင်း စေပြီး သည်နောက် ၊ အပြစ် မရှိ၊ ပျို သောန္ဓားထီး နှင့် အပြစ် မရှိသော ဆိတ်ထီး ကိုထာဝရဘုရား ရှေ့တော်၌ပူဇော် ရမည်။ ၂၄ ယဇ်ပုရောဟိတ် တို့သည် ဆား ကိုတင် လျက်၊ ထိုယဇ်ကောင် တို့ကို ထာဝရဘုရား အဘို့ မီးရှို့၍ ပူဇော် ရကြမည်။ ၂၅ ခုနစ် ရက် ပတ်လုံးတနေ့ တနေ့လျှင်၊ ဆိတ် တကောင်ကို အပြစ် ဖြေရာယဇ်ပြု၍ ပူဇော် ရမည်။ အပြစ် မရှိ၊ ပျို သောန္ဓားထီး တကောင်နှင့် သိုးထီး တကောင်ကိုလည်း ပူဇော် ရမည်။ ၂၆ ခုနစ် ရက် ပတ်လုံးယဇ်ပလ္လင် ကို သန့်ရှင်း စင်ကြယ် စေ၍၊ ကိုယ်ကိုလည်း ယဇ်ပုရောဟိတ်အရာ၌ ခန့်ထား ရကြမည်။ ၂၇ ခုနစ်ရက် စေ့ သောနောက် အဋ္ဌမ နေ့ ၌ ၎င်း ၊ ထို နေ့မှစ၍၎င်း ၊ ယဇ်ပုရောဟိတ် တို့သည် ယဇ်ပလ္လင် ပေါ်မှာ သင် တို့မီးရှို့ ရာယဇ်များနှင့် မိသဟာယ ယဇ်များ ကို ပူဇော် ရကြမည်။ ငါသည်လည်း ၊ သင် တို့ကိုလက်ခံ မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၄၄ ထိုနောက် ၊ သန့်ရှင်း ရာအရပ်အရှေ့ သို့ မျက်နှာပြု သောပြင် တံခါး သို့ ဆောင် သွား၍ ၊ ထိုတံခါးသည် ပိတ် လျက်ရှိ၏။ ၂ ထာဝရဘုရား ကလည်း ၊ ဤ တံခါး ကိုမ ဖွင့် ဘဲ ပိတ် ထားလျက်ရှိရမည်။ လူ များမ ဝင် ရကြ။ အကြောင်းမူကား ၊ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရဘုရား ဝင် တော်မူသောကြောင့် ပိတ် ထားလျက်ရှိရမည်။ ၃ မင်းသား အဘို့ ဖြစ်၏။ မင်းသားသည် ထာဝရဘုရား ရှေ့ တော်၌ စားသောက် ၍ထိုတံခါးဝ မှာ ထိုင် ရ လိမ့်မည်၊ မင်းသားသည် ထိုတံခါးမုတ်ဖြင့် ထွက် ဝင် ရလိမ့်မည်ဟု မိန့် တော်မူ၏။ ၄ ထိုအခါ အိမ် တော်ရှေ့၊ မြောက် တံခါး လမ်း ဖြင့် ငါ့ ကိုဆောင်သွား ၍ ၊ ထာဝရဘုရား ၏ဘုန်း တော်သည် ထာဝရဘုရား ၏အိမ် တော်ကို ဖြည့် တော်မူသဖြင့် ၊ ငါသည် ပြပ်ဝပ် လျက်နေ၏။ ၅ ထာဝရဘုရား ကလည်း၊ အချင်းလူသား ၊ စေ့စေ့ကြည့်ရှု ၍ မှတ် လော့။ ထာဝရဘုရား ၏ အိမ် တော်အဘို့ ငါစီရင် ထုံးဖွဲ့ချက် ပညတ် တရားရှိသမျှ တို့ကို နားထောင် လော့။ အိမ် တော်ဝင် ရာတံခါးဝနှင့် သန့်ရှင်း ရာဌာနမှ ထွက် ရာတံခါးဝရှိသမျှ တို့ကို စေ့စေ့မှတ် လော့။ ၆ ပုန်ကန် တတ်သောသူ ဣသရေလ အမျိုးသား တို့ အား အရှင် ထာဝရဘုရား ၏ အမိန့် တော်ကို ဆင့်ဆို ရမည် မှာ၊ အိုဣသရေလ အမျိုးသား တို့၊ ၇ သင်တို့သည် ငါ့ ဘောဇဉ် တည်းဟူသောဆီဥ နှင့် အသွေး ကို ပူဇော် သောအခါ ၊ ငါ့ ဗိမာန် ကိုညစ်ညူး စေခြင်းငှါ ၊ အရေဖျား လှီးခြင်းကို မခံသောစိတ် နှင့် အရေဖျား လှီးခြင်းကို မခံ သောကိုယ် ရှိသောတပါး အမျိုးသားတို့ကို ငါ ၏သန့်ရှင်း ရာဌာနထဲသို့ သွင်း ၍နေရာ ချသဖြင့် ၊ စက်ဆုပ် ရွံရှာဘွယ်သော အမှုများကို ပြုမိသည်ဖြစ်၍၊ ရောင့်ရဲ သောစိတ် ရှိကြလော့။ စက်ဆုပ် ရွံရှာဘွယ်သောအမှုများ အားဖြင့် ငါ့ ပဋိညာဉ် ကို ဖျက် ကြပြီ။ ၈ ငါ ၏သန့်ရှင်း ရာဌာနကို မ စောင့် ။ ထိုဌာန၌ စောင့် သောသူတို့ကို ကိုယ်အလိုအလျောက်ခန့်ထား ကြပြီ။ ၉ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသား တို့တွင် နေ၍၊ အရေဖျား လှီးခြင်းကို မခံသောစိတ် နှင့် အရေဖျား လှီးခြင်းကိုမခံသော ကိုယ် ရှိ သောတပါး အမျိုးသားသည် ငါ ၏သန့်ရှင်း ရာဌာနထဲသို့ မ ဝင် ရ။ ၁၀ ဣသရေလ အမျိုးသားတို့သည် ငါ့ ထံမှ ထွက်၍ လမ်းလွဲ ပြီးလျှင်၊ မိမိ တို့ရုပ်တု များနောက်သို့ လိုက် သွား သောအခါ၊ ငါ့ ထံမှ ထွက်၍လမ်းလွဲ သော လေဝိ သားတို့ သည်လည်း ကိုယ် အပြစ် ကိုခံရ ကြမည်။ ၁၁ သို့ရာတွင် ၊ ငါ ၏သန့်ရှင်း ရာဌာနနှင့်ဆိုင်သော အမှု စောင့်ဖြစ်၍၊ ဗိမာန် တော်၌တံခါး

တို့ကို စောင့် လျက် ၊ အမှ တော်ကို ဆောင်ရွက်လျက်နေရကြမည်။ မီးရို့ ရာယဇ် နှင့် လူ များပူဇော်သော ယဇ်ကောင် တို့ကိုသတ် ၍၊ လူများ ကိုယ်စားအမှ တော်ကို ဆောင်ရွက်ရကြမည်။ ၁၂ သူတို့သည် ရုပ်တု တို့ရှေ့မှာ လူများအမှ ကို ဆောင်ရွက်သဖြင့် ၊ ကျသရေလ အမျိုး ထိမိ ၍ ဒုစရိုက် အပြစ်ထဲသို့ လဲစရာအကြောင်းဖြစ်ဘူးသောကြောင့် ၊ သူ တို့ တဘက် ၌ငါကျိန်ဆို ၍၊ သူတို့သည် ကိုယ် အပြစ် ကို ခံရ ကြမည် ။ ၁၃ ယဇ်ပုရောဟိတ် လုပ်၍ ငါ့ ထံသို့ မ ချဉ်းကပ် ရကြ။ အလွန် သန့်ရှင်းသော ငါ့ဌာန၌ သန့်ရှင်း သောအရာတို့ကို မချဉ်းကပ် ရကြ။ ကိုယ် အရှက်ကွဲ ခြင်း၊ ကိုယ်ပြု မိသော စက်ဆုပ် ရွံရှာဘွယ်အမှုတို့ကိုခံရ ကြမည်။ ၁၄ အိမ် တော်ကိုစောင့် ၍၊ အိမ်တော်၌ ခပ်သိမ်း သောအမှ တို့ကို ဆောင်ရွက် စေခြင်းငှါ ငါခန့်ထား မည်။ ၁၅ ကျသရေလ အမျိုးသား တို့သည် ငါ့ ထံမှ ထွက်၍ လမ်းလွဲ သောအခါ ၊ ငါ ၏သန့်ရှင်း ရာဌာနကို စောင့်နေသော လေဝိ အမျိုးဖြစ်သော ဇာဒုတ် သား ၊ ယဇ်ပုရောဟိတ် တို့သည် ငါ့ အမှု ကိုဆောင်ခြင်းငှါ ငါ့ ထံသို့ ချဉ်းကပ် ရကြ၏။ ငါ့ အား ဆီဥ နှင့် အသွေး ကို ပူဇော် ခြင်းငှါ အရှေ့မှာရပ် ရကြမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၆ ထိုသူ တို့သည် ငါ ၏သန့်ရှင်း ရာဌာနထဲသို့ ဝင် ၍ ငါ့ အမှု ကိုဆောင်ခြင်းငှါ ၊ ငါ့ စားပွဲ အနားသို့ ချဉ်းကပ် ၍ ငါ့ အမှု စောင့်ဖြစ်ရကြမည်။ ၁၇ သူတို့သည် အတွင်း တန်တိုင်း တံခါး အတွင်း သို့ ဝင် သောအခါ ၊ ပိတ် အဝတ် ကိုသာ ဝတ် ရကြမည်။ အတွင်း တန်တိုင်း တံခါး အတွင်း၌ အမှု တော်ကိုဆောင်ရွက်စဉ် ၊ သိုးမွေး အဝတ်ကို မ ဝတ် ရကြ။ ၁၈ ခေါင်း ပေါ်မှာ ပိတ် ဦးထုပ် ကို ဆောင်း ၍ ၊ ခါး၌ ပိတ် ပေါင်းဘီ ကိုဝတ် ရကြမည်။ ချွေးထွက် စေသော အဝတ်ကို မ ဝတ် ရကြ။ ၁၉ လူ များရှိရာ ပြင် တန်တိုင်း သို့ ထွက်သွား သောအခါ ၊ အမှုတော်ကို ဆောင် စဉ်တွင်ဝတ်သောအဝတ် ကို ချွတ် ၍ ၊ သန့်ရှင်း သောအခန်း တို့ ၌ ထား ပြီးလျှင် ၊ အခြား သောအဝတ် ကိုဝတ် ရကြမည်။ အရင်အဝတ် ကိုဝတ်လျက် လူ များတို့ကို မ သန့်ရှင်း စေရကြ။ ၂၀ မိမိ တို့ဆံပင် ကိုလည်း မ ရိတ် ရ၊ မ ရှည် စေခြင်းငှါဖြတ် ရမည်။ ၂၁ ယဇ်ပုရောဟိတ် သည် အတွင်း တန်တိုင်း ထဲသို့ ဝင် သောအခါ စပျစ်ရည် ကိုမ သောက် ရ။ ၂၂ မုတ်ဆိုးမ နှင့် မစုံဘက်ရ။ လင်ကွာ သောမိန်းမနှင့် မ စုံဘက် ရ။ ကျသရေလ အမျိုး အပျိုကညာ နှင့် သော်၎င်း၊ ယဇ်ပုရောဟိတ် ၏မယား ဖြစ် ဘူးသော မုတ်ဆိုးမ နှင့်သော်၎င်းစုံဘက် ရမည်။ ၂၃ ငါ ၏လူ တို့သည် သန့်ရှင်း သောအရာ၊ မ သန့်ရှင်းသောအရာတို့ကိုဂင်း၊ စင်ကြယ် သောအရာ၊ မ စင်ကြယ်သောအရာတို့ကိုဂင်းပိုင်းခြား ၍သိစေခြင်းငှါသွန်သင် ရကြမည်။ ၂၄ တရားတွေ့ မှုကိုစီရင်လျှင်၊ ငါ ၏ခမ္မသတ် အတိုင်း စီရင် ရကြမည်။ ငါ ၏ခမ္မပွဲ တို့ကို ဆောင်ရွက်လျှင်၊ ငါ စီရင် ထုံးဖွဲ့ချက်တို့ကိုဂင်း ၊ ငါ ၏ဥပုသ် နေ့တို့ကိုဂင်းစောင့်ရှောက် ရကြမည်။ ၂၅ အသေကောင် ကိုချဉ်း ၍ ကိုယ်ကိုမ ညစ်ညူး စေရ။ သို့ရာတွင် ၊ ကိုယ်မိ ဘ ၊ သား သမီး ၊ ညီအစ်ကို ၊ လင် မ နေ သောနှမ အတွက် ကိုယ်ကို ညစ်ညူး စေရသော အခွင့်ရှိ၏။ ၂၆ သန့်ရှင်း ခြင်းကိုပြုပြီးမှ ခုနစ် ရက် နေ ရမည်။ ၂၇ သန့်ရှင်း ရာဌာန၌ အမှုတော်ကိုဆောင် ခြင်းငှါ အတွင်း တန်တိုင်း သန့်ရှင်း ရာဌာနထဲသို့ ဝင် သောနေ့ တွင် ၊ အပြစ် ဖြေရာယဇ်ကို ပူဇော် ရမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂၈ ထိုအရာသည် ယဇ်ပုရောဟိတ် တို့၏ အမွေ ဥစ္စာ ဖြစ် ရမည်။ ငါ သည်သူ တို့အမွေ ဥစ္စာဖြစ်၏။ ကျသရေလ ပြည်၌ သူ တို့အား အမွေ မြေကို မ ပေး ရ။ ငါ သည်သူ

တို့၏ အမွေ မြေဖြစ်၏။ ၂၉ ပူဇော် သောမုန့်ညက်နှင့် အပြစ် ဖြေရာယဇ်၊ ဒုစရိုက် ဖြေရာယဇ်ကို စား ရကြမည်။ ဣသရေလ အမျိုးသားကျိန်ဆိ ၍ ပူဇော်သမျှ တို့ကိုလည်း သိမ်းယူ ရကြမည်။ ၃၀ အဦး သီးသောအသီးအမျိုးမျိုး နှင့် ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ အလုံးစုံ တို့ကို ယဇ်ပုရောဟိတ် သည် သိမ်းယူ ရမည်။ သူသည်သင့် အိမ် ၌ ကောင်းကြီး မင်္ဂလာကို သက်ရောက် စေခြင်းငှါ ၊ အဦး နယ်သော မုန့်စိမ်း ကို သူ ၌ လှူ ရမည်။ ၃၁ ငှက် ဖြစ်စေ ၊ သား ဖြစ်စေ၊ အလိုလို သေသော အကောင်၊ သားရဲ ကိုက်၍ သေသောအကောင်ကို ယဇ်ပုရောဟိတ် မ စား ရ။

၄၅ သင်တို့သည် မြေ ကို အမွေခံ ခြင်းငှါစာရေးတံချ ၍ ပိုင်းခြားသောအခါ ၊ သန့်ရှင်း သောမြေ တကွက်ကို ထာဝရဘုရား အား ပူဇော် ရကြမည်။ ထိုအကွက်သည် အလျား ကျူလုံးအပြန်နှစ်သောင်း ငါးထောင်၊ အနံ တသောင်း ရှိရမည်။ နယ်နိမိတ် ရှိသမျှ သည်လည်း သန့်ရှင်း ရမည်။ ၂ ထိုမြေကွက်အလယ်၌ အလျားအတောင်ငါး ရာ ၊ အနံလည်း အတောင်ငါး ရာ ရှိသော စတုရန်း အကွက် သည် သန့်ရှင်း ရာဌာနဘို့ ဖြစ် ရမည်။ ထိုအကွက် ပတ်လည် ၌ သန့်ရှင်းသော နယ် လည်းအတောင် ငါးဆယ် ရှိရမည်။ ၃ ထိုသို့အလျား နှစ်သောင်း ငါးထောင်၊ အနံ တသောင်း ကိုတိုင်း ပြီးမှ အလွန် သန့်ရှင်းသောအရပ်နှင့် သန့်ရှင်း သောဌာနတည်ရာ ဖြစ် ရမည်။ ၄ ထိုသန့်ရှင်း သောမြေ သည် ထာဝရဘုရား ၏ အမှုတော်ကို ဆောင် ခြင်းငှါ အထံတော်သို့ချဉ်းကပ် ၍၊ သန့်ရှင်း ရာဌာန၏ အမှု စောင့်၊ ယဇ်ပုရောဟိတ် တို့အဘို့ ဖြစ်ရမည်။ သူ တို့ အိမ် ဆောက်စရာနှင့် သန့်ရှင်း ရာဌာနတည်စရာဘို့ သန့်ရှင်း သော မြေဖြစ် ရမည်။ ၅ အလျား နှစ်သောင်း ငါးထောင်၊ အနံ တသောင်း ရှိသောအကွက်သည် အိမ် တော်အမှု စောင့်လေဝိ လူတို့ နေရာအခန်း နှစ်ဆယ် တည်ဆောက်စရာဘို့ ဖြစ် ရမည်။ ၆ မြို့ တော်နှင့်ဆိုင်သောမြေသည် သန့်ရှင်း သော အရပ်တဘက်တချက် ၌ အလျားတသောင်း ငါးထောင်၊ အနံ ငါး ထောင် ရှိ၍၊ ဣသရေလ အမျိုးသား အပေါင်း တို့ အဘို့ ဖြစ် ရမည်။ ၇ သန့်ရှင်း သောမြေကွက် နှင့် မြို့ တော် နယ်နိမိတ်အနောက် ဘက်တရှောက်လုံးတပိုင်း၊ အရှေ့ဘက် တရှောက်လုံးတပိုင်းသည် မင်းသား အဘို့ ဖြစ်ရမည်။ ၈ ငါ ၏မင်းသား တို့သည် နောက် တဖန် ငါ ၏လူ တို့ ကို မ ညှဉ်းဆဲ မည်အကြောင်း၊ ထိုမြေသည် ဣသရေလ ပြည်၌ မင်းသားပိုင် သော မြေ ဖြစ် ရမည်။ ကြွင်းသော မြေ ကို ဣသရေလ အမျိုးအနွယ် အသီးအသီးတို့အား ပေးဝေ ရမည်။ ၉ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုဣသရေလ မင်းသား တို့၊ ရောင့်ရဲ သောစိတ် ရှိကြလော့။ အနိုင်အထက်ပြု ခြင်း၊ လုယူ ခြင်းအမှုတို့ကို ပယ်ရှား ၍ ၊ တရား သောအမှု ၊ ဟုတ်မှန် သော အမှုတို့ကို ပြု ကြလော့။ နောက်တဖန်ငါ ၏ လူ တို့ကို မ ညှဉ်းဆဲ မနှိပ်စက်ကြနှင့်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ မှန် သောချိန်ခွင် ၊ မှန် သောဧဖါ ၊ မှန် သော ဗတ် တို့ကို သုံး ရကြမည်။ ၁၁ ဧဖါ နှင့် ဗတ် သည် အညီအမျှ ရှိ ရမည်။ နှစ်ပါးသည် ဟောမဲ ကို အမှီပြု၍၊ ဧဖါ သည်တဟောမဲ တွင် ဆယ်စုတစု ၊ ဗတ် သည်လည်း တဟောမဲ တွင် ဆယ်စုတစု ရှိ ရမည်။ ၁၂ ဂေရာ နှစ်ဆယ် ကိုတကျပ် ၊ အကျပ် ခြောက်ဆယ် ကို တမာနေ ရှိ ရမည်။ ၁၃ ချီးမြှောက် ရာ ပူဇော်သက္ကာပြုသောအခါ၊ ဂျုံ ဆန်ဖြစ်စေ၊ မုယော ဆန်ဖြစ်စေ၊ တဟောမဲတွင်တဩမဲ ကို ပူဇော် ရမည်။ ၁၄ ဆီ နှင့်ဆိုင်သော ပညတ် ဟူမူကား၊ တ ကောရတွင် ဗတ် ဆယ်စုတစု ကို ပူဇော်ရမည်။ တဟောမဲ သည် ဆယ် ဗတ်

ဖြစ်သောကြောင့် တကောရသည်ဆယ် ဗတ် ဖြစ်သတည်း။ ၁၅ သူ တို့အပြစ် ကို ဖြေခြင်းငှါ ကျသရေလ ကျက်စား ရာ၊ ရေများသော အရပ်၌ရှိသောသိုး နှစ်ရာ တွင် သိုးသငယ် တကောင် ကို ဘော်ဇဉ် ပူဇော်သကျှာနှင့်တကွ မီးရှို့ ရာယဇ်၊ မိသဟာယ ယဇ်တို့ကိုပူဇော်ရကြမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၆ ထိုချီးမြှောက် ရာပူဇော်သကျှာကို ပြည်သူ ပြည်သားအပေါင်း တို့သည် ကျသရေလ မင်းသား အား ဆက် ရကြမည်။ ၁၇ မင်းသားသည်လည်းပွဲသဘင် နေ့၊ လဆန်း နေ့၊ ဥပုသ် နေ့၊ ကျသရေလ အမျိုး ပရိသတ် စည်းဝေးသော နေ့ရက်အစဉ်အတိုင်းမီးရှို့ ရာယဇ်၊ ဘောဇဉ် ပူဇော်သကျှာ၊ သွန်းလောင်း ရာ ပူဇော်သကျှာတို့ကို ပူဇော် ရမည်။ ကျသရေလ အမျိုး ၏အပြစ် ကို ဖြေခြင်းငှါ အပြစ် ဖြေရာ ယဇ်၊ ဘောဇဉ် ပူဇော်သကျှာ၊ မီးရှို့ ရာယဇ်၊ မိသဟာယ ယဇ်ကိုလည်း ပူဇော် ရမည်။ ၁၈ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ပဌမ လ တ ရက်နေ့တွင် ၊ အပြစ် မပါ၊ အသက်ပျို သော နွားထီး တကောင်ကိုယူ ၍ သန့်ရှင်း ရာဌာနကို စင်ကြယ် စေရမည်။ ၁၉ ယဇ်ပုရောဟိတ် သည် အပြစ် ဖြေရာ ယဇ်ကောင်အသွေး အချို့ကို ယူ ၍ အိမ် တော်တိုင် ၌ ၎င်း ၊ ယဇ်ပလ္လင် အောက်ထစ် လေး ထောင့် ၌ ၎င်း ၊ အတွင်း တန်တိုင်း တံခါး တိုင် ၌ ၎င်း ထည့် ရမည်။ ၂၀ ထိုမှတပါး ၊ မှားယွင်း သောသူနှင့် မိုက် သောသူ အတွက် ခုနှစ် ရက်နေ့တွင်၊ ထိုနည်းတူ ပူဇော် ၍၊ အိမ် တော်အတွက် အပြစ် ဖြေရာမင်္ဂလာကို ပြုရမည်။ ၂၁ ပဌမ လ တဆယ် လေး ရက် နေ့တွင် ၊ ပသခါ ပွဲ ကို ခံ ရမည်။ ခုနစ် ရက် ပတ်လုံးပွဲခံစဉ်တွင်တဆေးမဲ့ မုန့်ကိုသာ စား ရမည်။ ၂၂ ထို နေ့ ၌ မင်းသား သည် ကိုယ် ဘို့ ၎င်း ၊ ပြည်သူ ပြည်သားအပေါင်း တို့ဘို့ ၎င်း၊ နွားထီး တကောင်ကို အပြစ် ဖြေရာ ယဇ်ပူဇော် ရမည်။ ၂၃ ပွဲ နေ့ခုနစ် ရက် ပတ်လုံးထာဝရဘုရား အား မီးရှို့ ရာယဇ်ကို နွားထီး ခုနစ် ကောင်၊ အပြစ် မပါသော သိုးထီး ခုနစ် ကောင်ကို၎င်း၊ အပြစ် ဖြေရာ ယဇ်ဘို့ဆိတ်သငယ် တကောင်ကို၎င်းနေ့ တိုင်းပူဇော် ရမည်။ ၂၄ နွား ဖြစ်စေ၊ သိုး ဖြစ်စေ၊ တကောင်တကောင်နှင့် ပါရသော ဘောဇဉ် ပူဇော်သကျှာဘို့ မုန့်ညက်တဇဖါ ၊ ဆီ တဟိန် ကို ပြင်ဆင် ရမည်။ ၂၅ သတ္တမ လ တဆယ် ငါး ရက် နေ့တွင် ၊ ပွဲ ခံ၍ ယခင် အပြစ် ဖြေရာ ယဇ်၊ မီးရှို့ ရာယဇ်၊ ဘောဇဉ် ပူဇော်သကျှာ၊ ဆီ ပူဇော်သကျှာပြုသည်အတိုင်း ခုနစ် ရက် ပတ်လုံးပြု ရမည်။

၄၆ အရှင် ထာဝရဘုရား မိန့် တော်မူ သည်ကား၊ အရှေ့သို့ မျက်နှာပြု သော အတွင်း တန်တိုင်း တံခါး ကို အလုပ်

လုပ်သောနေ့ ခြောက် ရက်ပတ်လုံးပိတ် ထား ရမည်။ ဥပုသ် နေ့ နှင့် လဆန်း နေ့ ၌ ဖွင့် ထားရမည်။ ၂ မင်းသား သည် ထိုတံခါး မုတ် ဖြင့် ဝင် ၍ တံခါး တိုင် အနား မှာ ရပ် နေရမည်။ ယဇ်ပုရောဟိတ် တို့သည် မင်းသားမီးရှို့ ရာယဇ်၊ မိသဟာယ ယဇ်တို့ကို ပူဇော်၍၊ သူသည်တံခါးခုံ ၌ ဦးညွတ် ချပြီးမှ ပြင်သို့ထွက်သွား ရမည်။ သို့ရာတွင် ၊ ညဦးယံ မ ရောက်မှီ ထိုတံခါး ကို မ ပိတ် ရ။ ၃ ထိုနည်းတူ ၊ ဥပုသ် နေ့နှင့် လဆန်း နေ့၌ ပြည်သူ ပြည်သားတို့သည် ထို တံခါးဝ နားမှာ ထာဝရဘုရား ရှေ့တော်တွင် ဦးညွတ် ချရကြမည်။ ၄ ဥပုသ် နေ့ ၌ မင်းသား သည် မီးရှို့ ရာယဇ်ဘို့ အပြစ် မပါသော သိုးသငယ် ခြောက် ကောင်၊ အပြစ် မပါသော သိုးထီး တကောင်ကို ထာဝရဘုရား ထံ တော်သို့ ဆောင် ခဲ့ရမည်။ ၅ ဘောဇဉ် ပူဇော်သကျှာဘို့ သိုးထီး တကောင်နှင့် မုန့်ညက်တဇဖါ ၊ ဆီ တဟိန် ကို၎င်း၊ သိုးသငယ်

နှင့် အလိုရှိသမျှကိုငင်း ပူဇော်ရမည်။ ၆ လဆန်း နေ့ ၌ အပြစ် မပါသော နွားထီး တကောင်၊ သိုးသငယ် ခြောက်ကောင်၊ သိုးထီး တကောင်ကို ပူဇော် ရမည်။ ၇ ဘောဇဉ် ပူဇော်သက္ကာဘို့ နွား တကောင်နှင့် မုန့်ညက်တဗဖါ၊ သိုးတကောင်နှင့် တဗဖါ၊ သိုးသငယ် နှင့် အလိုရှိသမျှကိုငင်း၊ မုန့်ညက်တဗဖါ နှင့် ဆီ တဟိန် ကိုငင်း ပူဇော် ရမည်။ ၈ မင်းသား ဝင် သောအခါ အရှေ့တံခါး မုတ် ဖြင့် ဝင် ရမည်။ ထိုတံခါးမုတ် ဖြင့် လည်း ထွက် ရမည်။ ၉ ပြည်သူပြည်သားတို့သည် ဓမ္မပွဲ ခံချိန်ကာလ၌၊ ထာဝရဘုရား ရှေ့ တော်သို့ ဝင် သောအခါ၊ ဦးညွတ် ချခြင်းငှါ မြောက် တံခါး ဖြင့် ဝင် သောသူသည် တောင် တံခါး ဖြင့် ထွက် ရမည်။ တောင် တံခါး ဖြင့် ဝင် သောသူသည် မြောက် တံခါး ဖြင့် ထွက် ရမည်။ ဝင် သောတံခါး ဖြင့် မ ထွက် ရ။ ဝင်သော တံခါးတဘက်တချက် ၌ရှိသောတံခါးဖြင့် ထွက် ရမည်။ ၁၀ ပြည်သား တို့တွင် မင်းသား ဖြစ်သောသူသည် သူ တို့ ဝင် သောအခါ ဝင် ရမည်။ သူ တို့ထွက် သောအခါ ထွက် ရမည်။ ၁၁ ပွဲ ခံ၍ ပရိသတ် စည်းဝေးရာ ကာလ၌ ဘောဇဉ် ပူဇော်သက္ကာဘို့၊ နွား တကောင်နှင့် မုန့်ညက်တဗဖါ၊ သိုးတကောင်နှင့် တဗဖါ၊ သိုးသငယ် နှင့် အလိုရှိသမျှကိုငင်း၊ မုန့်ညက်တဗဖါ နှင့် ဆီ တဟိန် ကိုငင်းပူဇော် ရမည်။ ၁၂ မင်းသား သည် အလိုလို ပြုသော မီးရှို့ ရာယဇ်၊ မိသဟာယ ယဇ်ကို မိမိအလိုအလျောက် ထာဝရဘုရား အား ပူဇော်သက္ကာပြု သောအခါ၊ အရှေ့ သို့မျက်နှာပြု သော တံခါး ကိုဖွင့် ရမည်။ သူသည်ဥပုသ် နေ့ ၌ မီးရှို့ ရာ ယဇ်၊ မိသဟာယ ယဇ်ကို ပူဇော် သကဲ့သို့ ပူဇော် ရမည်။ ပူဇော်ပြီးမှ ထွက်သွား ၍ တံခါး ကို ပိတ် ထားရမည်။ ၁၃ နေ့ တိုင်းအစဉ်၊ ထာဝရဘုရား အား မီးရှို့ ရာယဇ် ဘို့ အပြုစ် မပါ၊ အခါမလည် သော သိုးသငယ် တကောင်ကို နံနက် အချိန်၌ ပူဇော် ရမည်။ ၁၄ နံနက် တိုင်းအစဉ်၊ ထိုသိုးသငယ် နှင့်အတူ ဘောဇဉ် ပူဇော်သက္ကာဘို့ မုန့်ညက်တဗဖါ တွင် ခြောက်စုတစု ကိုငင်း၊ မုန့်ညက် နှင့်ရောရသော ဆီ လေး လောဃ ကိုငင်းပူဇော် ရမည်။ ဤရွေ့ကား၊ ထာဝရဘုရား အား အစဉ်အမြဲ ပြုရသော ဘောဇဉ် ပူဇော်သက္ကာတရား ပေတည်း ။ ၁၅ ထိုသို့မီးရှို့ ရာယဇ်ကို နံနက် တိုင်း အစဉ်မပြတ် ပူဇော်စရာဘို့ သိုးသငယ် ကိုငင်း၊ ဘောဇဉ် ပူဇော်သက္ကာနှင့် ဆီ ကိုငင်း ပြင်ဆင် ရမည်။ ၁၆ အရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ မင်းသား သည် မိမိ သား ၌ လက်ဆောင် တစုံတခု ကို ပေး လျှင် ၊ ထိုလက်ဆောင်သည် အမွေဥစ္စာဖြစ်၍၊ သား တော်သည် အမွေခံ လျက် သိမ်းယူ ရမည်။ ၁၇ မိမိ ကျွန် ၌ အမွေ ဥစ္စာလက်ဆောင် တစုံတခုကို ပေး လျှင် မူကား ၊ လွတ် ရာနှစ် သက္ကရာဇ်တိုင် ရုံမျှသာထိုကျွန်သည် ပိုင် ရမည်။ နောက်မှ မင်းသား လက်သို့ ပြန်ရောက် ရမည်။ သား မူကား ၊ အစဉ်အမြဲအမွေ ခံရ မည် ။ ၁၈ ထိုမှတပါး ၊ မင်းသား သည်ပြည်သား အမွေ မြေကို အနိုင်အထက် ယူ ၍ မြေရှင်ကိုမနှင်ထုတ်ရ။ မိမိပိုင်သော မြေထဲကမိမိသားတို့အား အမွေပေးရမည်။ ငါ၏လူတို့ သည် မိမိတို့ပိုင်သော အမွေမြေ၌ မနေရဘဲ အရပ်ရပ်သို့ ကွဲပြားစေခြင်းငှါမပြုရ။ ၁၉ ထိုနောက်မှ တံခါး အနား ၌ ရှိသောဝင်ဝ ဖြင့် ငါ့ကို ဆောင်သွား ၍၊ မြောက် သို့ မျက်နှာပြု သော ယဇ်ပုရောဟိတ် သန့်ရှင်း သော အခန်း များ ထဲသို့ သွင်းသဖြင့်၊ အနောက် ဘက်၌ ရှိသောအရပ် တခုကို ငါမြင် ၏။ ၂၀ ဤ အရပ် ကား၊ ယဇ်ပုရောဟိတ် တို့သည် ဒုစရိုက် ဖြေရာယဇ်၊ အပြစ် ဖြေရာယဇ်ကိုပြုတ် ၍၊ ဘော်ဇဉ် ပူဇော်သက္ကာကို ဖုတ် ရသောအရပ် ဖြစ်၏။ လူ များကို သန့်ရှင်း စေခြင်းငှါ

၊ ထိုအရာတို့ကို ပြင် တန်တိုင်း ထဲသို့ မထုတ် ရကြဟု ငါ့ အား ပြောဆို ၏။ ၂၁ တဖန် ပြင် တန်တိုင်း ထဲသို့ ငါ့ ကိုခေါ် သွင်း၍ တန်တိုင်း ထောင့် လေး ထောင့်တို့ကို ရှောက်သွား စေသဖြင့် ၊ ထိုလေးထောင့် တို့ ၌ တန်တိုင်း ငယ် တခုစီရှိသည်ကို ငါမြင် ၏။ ၂၂ ထိုတန်တိုင်း ငယ်တို့သည် အလျား အတောင်လေးဆယ် ၊ အနံ အတောင်သုံးဆယ် ရှိ၍၊ အတိုင်း အရှည် တညီတညွတ် တည်းဖြစ်ကြ၏။ ၂၃ ထိုလေး ထောင့်တို့အတွင်း ပတ်လည် ၌ ချက်ပြုတ် စရာဘို့ အစဉ်အတိုင်းခုံလောက် တန်းများ ရှိ ကြ၏။ ၂၄ ဤ အရပ်တို့ကား အိမ် တော်အမှု စောင့်တို့သည် လူ များပူဇော်သော ယဇ်ကောင် တို့ကို ပြုတ် ရသောအရပ် ဖြစ်ကြသည်ဟု ငါ့ အား ပြောဆို ၏။

၄၂ ထိုနောက်မှ အိမ် တော်တံခါး သို့ တဖန်ငါ့ ကို ဆောင် ခဲ့၍ ၊ တံခါးခုံ အောက်မှာ အရှေ့ဘက်သို့ ထွက် သော ရေ ကိုငါမြင် ၏။ အိမ် တော်ဦး သည် အရှေ့သို့မျက်နှာပြု၍၊ ရေ သည်အိမ် တော်တံခါးခုံလက်ျာ အောက် ၊ ယဇ်ပလ္လင် တော် တောင် ဘက်မှ စီး သွားလေ၏။ ၂ တဖန် မြောက် တံခါး လမ်း ဖြင့် ငါ့ ကိုထုတ် ၍ ပြင် ၌ပိုင်း သွားလျက်၊ အရှေ့သို့ မျက်နှာပြု သော ပြင် တံခါး လမ်းဝသို့ ရောက်သောအခါ၊ လက်ျာ ဘက် မှ စီး သော ရေ ကို ငါမြင် ၏။ ၃ ကြိုး ကိုကိုင် သောသူသည် အရှေ့သို့သွား ပြီးလျှင် ၊ အတောင် တထောင် စေ့အောင်တိုင်း ၍ ငါ့ ကို ရေ ကူး စေ၏။ ရေ သည် ဖမျက်သို့ မှီလေ၏။ ၄ တဖန် အတောင်တထောင် စေ့အောင်တိုင်း ၍ ရေး ကူး စေပြန်လျှင်၊ ရေ သည် ဒူး ကိုမှီလေ၏။ တဖန် အတောင်တထောင် စေ့အောင်တိုင်း ၍ ကူး စေပြန်လျှင်၊ ရေ သည်ခါး ကိုမှီလေ၏။ ၅ တဖန် အတောင်တထောင် စေ့အောင် တိုင်း သောအခါ မ ကူး နိုင် သော မြစ် ဖြစ်လေ၏။ ရေ ထ သောကြောင့် နင်း၍မ ကူး နိုင်၊ ခြေထောက်၍ မမှီပဲ ကူး ရသောမြစ် ဖြစ်၏။ ၆ ထိုသူက၊ အချင်းလူသား ၊ ဤအရာကို မြင် သည် မ ဟုတ်လောဟု ပြော ပြီးမှ ၊ တဖန် ငါ့ ကိုခေါ် သွား၍ မြစ် နား သို့ ပြန် စေ၏။ ၇ ပြန် စဉ်အခါ မြစ် နား နှစ်ဘက်၌ များစွာ သော အပင် တို့ကို ငါ မြင် ၏။ ၈ ထိုသူကလည်း၊ ဤ ရေ သည် အရှေ့သို့ စီး ၍ တော ကို ရှောက် ပြီးမှ ၊ အိုင် ထဲသို့ ဝင် တတ်သော အားဖြင့်အိုင်ရေ သည် ချို လိမ့်မည်။ ၉ အသက်ရှင် ၍လှုပ်ရှား တတ်သော သတ္တဝါ အမျိုးမျိုး တို့သည် ထို မြစ် ရေရောက် သမျှ သော အရပ်တို့ ၌ အသက်ရှင် ၍ ၊ အလွန် များစွာ သော ငါး တို့လည်း ရှိ ကြ လိမ့်မည်။ ထို မြစ်ရေ သည် ချို သောကြောင့် ၊ ရောက် သမျှ သော အရပ်တို့ ၌ သတ္တဝါအမျိုးမျိုးတို့သည် အသက်ရှင် ကြလိမ့်မည်။ ၁၀ အိုင်နားမှာတံငါ တို့သည် ရပ် ၍၊ အင်္ဂေါ်ဒိ ရွာမှစ၍ ဧနေဂလိမ် ရွာတိုင်အောင် ပိုက်ကွန် ဖြန့် ချရာ အရပ် ဖြစ် လိမ့်မည်။ ငါး အမျိုးမျိုး တို့သည် မဟာ ပင်လယ် ငါး ကဲ့သို့ အလွန် များပြား ကြလိမ့်မည်။ ၁၁ ၍ပွက် ရေနှင့် ၍အိုင် ရေမူကား မ ချို ရ၊ အစဉ် ငန် ရလိမ့်မည်။ ၁၂ မြစ် ကမ်းနား နှစ်ဘက်၌ စားစရာ ကောင်းသော အပင် အမျိုးမျိုး ပေါက် ကြလိမ့်မည်။ အရွက် လည်း မ ညှိုး မနွမ်း ရ၊ အသီး လည်းမ ပျက် ရ။ လ တိုင်းအစဉ်နုသော အသီးကို သီး လိမ့်မည်။ အကြောင်းမူကား ၊ သန့်ရှင်း ရာ ဌာနထဲက ထွက် သတည်း။ အသီး သည် စားစရာ ဘို့ ဖြစ် ၏။ အရွက် သည်လည်း အနာ ရောဂါငြိမ်းစရာဘို့ ဖြစ်သည်ဟု ငါ့ အား ပြောဆို ၏။ ၁၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်အတိုင်း၊ ဣသရေလ အမျိုး တဆယ် နှစ် မျိုးအမွေ ခံရသော မြေ အပိုင်းအခြားမူကား၊ ယောသပ် သည် မြေ အပိုင်းအခြားနှစ်ခုကို ယူရမည်။ ၁၄ ဘိုးဘေး တို့အား

ငါကျိန်ဆို သည်အတိုင်း ငါပေး ရသောထို မြေ သည် သင် တို့အမွေ ဖြစ်၍၊ သင်တို့သည် အချင်းချင်း အမွေ ခံရကြမည်။ ၁၅ မြေ မြောက် ဘက် အပိုင်းအခြား သည် မဟာ ပင်လယ် တဘက်တချက်၊ ဟေသလုန် လမ်း ၊ ဇေဒဒ် လမ်းသို့ လိုက်လျက်၊ ၁၆ ဟာမတ် မြို့နှင့် ဇေရောသာ မြို့ကိုဂင်း၊ ဒမာသက် နယ် နှင့် ဟာမတ် နယ် စပ်ကြား မှာ သိဗရိမ် မြို့ကိုဂင်း၊ ဟောရန် မြို့အနား မှာ ၊ ဟာဇာဟတ္တိကုန် မြို့ကိုဂင်းဝိုင်း၍၊ ၁၇ တဖန် ပင်လယ် နှင့်ကွာပြီးမှဒမာသက် နယ် အနား၌ ဟာဇရေနန် မြို့၊ မြောက် ဘက်၌ ဇိဖြုန်မြို့၊ ဟာမတ် မြို့ပါရမည်။ ဤရွေ့ကား၊ မြောက် ဘက် အပိုင်းအခြား ဖြစ်သတည်း။ ၁၈ အရှေ့ ဘက် အပိုင်းအခြားသည် ဟောရန် မြို့၊ ဒမာသက် မြို့၊ ဂိလဒ် ပြည်၊ ယော်ဒန် မြစ်နား ဣသရေလ ပြည်နယ် ကိုရှောက်၍၊ အရှေ့ ပင်လယ် ၌ ဆုံးရမည်။ ဤရွေ့ကား၊ အရှေ့ ဘက် အပိုင်းအခြားဖြစ်သတည်း။ ၁၉ တောင် ဘက် အပိုင်းအခြားသည် တာမာ မြို့မှစ၍ ကာဒေရှ မြို့၊ မေရိဘ ရေ တိုင်အောင် ၎င်း ၊ မဟာ ပင်လယ် ထဲသို့ ဝင်သောမြစ်တိုင်အောင်၎င်း ၊ ရှောက်သွားရမည်။ ဤရွေ့ကား၊ တောင် ဘက် အပိုင်းအခြားဖြစ်သတည်း ။ ၂၀ အနောက် ဘက် ၌ မဟာ ပင်လယ် သည် တောင် ဘက်မှစ၍၊ ဟာမတ် မြို့တဘက်တချက် တိုင်အောင် ပိုင်းခြား လျက်ရှိရမည်။ ဤရွေ့ကား ၊ အနောက် ဘက် အပိုင်းအခြားဖြစ်သတည်း။ ၂၁ ထို မြေ ကိုဣသရေလ အမျိုး အသီးအသီးတို့အား ဝေ ရမည်။ ၂၂ အမျိုးသားချင်းအမွေခံဘို့ဂင်း ၊ သင် တို့တွင် နေ ၍ သားသမီး ဘွားမြွင် သော တပါး အမျိုးသားချင်း အမေခံ ဘို့ဂင်း စာရေးတံချ ၍ မြေကို ဝေရမည်။ ထိုတပါး အမျိုးသားတို့ကို ပြည် ၌ဘွားမြင်သော ဣသရေလ အမျိုးသား ကဲ့သို့ မှတ်ရမည်။ သူတို့သည် ဣသရေလ အမျိုးသား တို့နှင့်အတူ မြေကိုအမွေ ခံရ ကြလိမ့်မည်။ ၂၃ တပါး အမျိုးသားနေ လေရာရာ ခရိုင် ၌ သူ့ အမွေခံ စရာမြေကို ပေး ရမည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ ၏။

၄၈ ဣသရေလအမျိုးခရိုင်စု အမည် ကား၊ မြောက် ဘက်၌ ဟေသလုန် လမ်း နှင့် ဟာမတ် လမ်းနား ၊ ဟာဇရေနန် မြို့ပါလျက် ဒမာသက် မြို့နယ် မြောက် ၊ ဟာမတ် မြို့နယ်တိုင်အောင် ၎င်း ၊ အရှေ့ ဘက် မှသည် ပင်လယ် တိုင်အောင်၎င်း ဒန် ခရိုင်ရှိ ရမည်။ ၂ ဒန် ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် အာရှာ ခရိုင်ရှိရမည်။ ၃ အာရှာ ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် နဿလိ ခရိုင်ရှိရမည်။ ၄ နဿလိ ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် မနာရှေ ခရိုင်ရှိရမည်။ ၅ မနာရှေ ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ဧဖရိမ် ခရိုင်ရှိရမည်။ ၆ ဧဖရိမ် ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ရုဗင် ခရိုင်ရှိရမည်။ ၇ ရုဗင် ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ယုဒ ခရိုင်ရှိရမည်။ ၈ ယုဒ ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် သင်တို့ပူဇော် ရသော မြေကွက် ရှိ ရမည်။ ထိုမြေအနံ ကား၊ ကျူလုံးအပြန်နှစ်သောင်း ငါးထောင်၊ အလျား ကား၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ခရိုင်အလျားနှင့်ညီရမည်။ ထိုမြေ အတွင်း ၌ သန့်ရှင်း ရာဌာန ရှိ ရမည်။ ၉ ထာဝရဘုရား အား ပူဇော် ရသော မြေကွက် မူကား၊ အလျား နှစ်သောင်း ငါးထောင်၊ အနံ တသောင်း ရှိရမည်။ ၁၀ ထိုသန့်ရှင်း သော ပူဇော်သက္ကာ သည် ယဇ်ပုရောဟိတ် ဘို့ ဖြစ် ၍၊ မြောက် ဘက်၌ နှစ်သောင်း ငါးထောင်၊ အနောက် ဘက်၌ အနံ တသောင်း ၊

အရှေ့ ဘက်၌ အနံ တသောင်း ၊ တောင် ဘက်၌ အလျား နှစ်သောင်း ငါးထောင်ကျယ်၍ ၊ ထာဝရဘုရား ၏သန့်ရှင်း ရာဌာနသည် ထိုအကွက် အလယ် ၌ ရှိ ရမည်။ ၁၁ ကျသရေလ အမျိုးသား တို့သည် လမ်းလွဲ သောအခါ လေဝိ လူကဲ့သို့ လမ်း မ လွဲ။ ငါ့ အမှု ကို အစဉ်ဆောင် ၍ သန့်ရှင်း သော ဧဇုတ် သား ယဇ်ပုရောဟိတ် တို့အဘို့ ဖြစ်ရမည်။ ၁၂ လေဝိ လူနေရာ မြေ အနား မှာ ထိုသို့ပူဇော် သော မြေ သည် ယဇ်ပုရောဟိတ် တို့အဘို့ အလွန် သန့်ရှင်းသော မြေဖြစ် ရမည်။ ၁၃ ယဇ်ပုရောဟိတ် မြေ အနား မှာ လေဝိ လူနေရာ မြေကွက်သည် အလျား နှစ်သောင်း ငါးထောင်၊ အနံ တသောင်း ရှိရမည်။ ၁၄ ထိုမြေ သည် ထာဝရဘုရား အဘို့ သန့်ရှင်း သောကြောင့် ၊ လေဝိလူတို့သည် မြေကို မ ရောင်း ရ။ အဦး သီးသော အသီးကို အခြားသော ဥစ္စာနှင့်မ ဖယ်လှယ် ရ။ အဘိုးနှင့်မရောင်းရ။ ၁၅ နှစ်သောင်း ငါးထောင်အနား မှာ ကြွင်း သေး သော မြေငါး ထောင် သည် လူနေရာ မြို့ နှင့် မြို့နယ် တည် စရာဘို့ ဖြစ်၍၊ ထိုမြေ အလယ် ၌ မြို့ တည် ရမည်။ ၁၆ မြို့ အတိုင်း အရှည်ကား၊ မြောက် ဘက် ၌ လေး ထောင် ငါး ရာ ၊ တောင် ဘက် ၌လေး ထောင် ငါး ရာ ၊ အရှေ့ ဘက် ၌ လေး ထောင် ငါး ရာ ၊ အနောက် ဘက် ၌ လေး ထောင် ငါး ရာ ရှိရမည်။ ၁၇ မြို့နယ် ကား၊ မြောက် ဘက်၌ နှစ်ရာ ငါးဆယ် ၊ တောင် ဘက်၌ နှစ်ရာ ငါးဆယ် ၊ အရှေ့ ဘက်၌ နှစ်ရာ ငါးဆယ် ၊ အနောက် ဘက်၌ နှစ်ရာ ငါးဆယ် ရှိ ရမည်။ ၁၈ သန့်ရှင်း သော မြေ အနား မှာ အလျား ၌ ကြွင်း သေးသော အရှေ့ ဘက်၌ တသောင်း ၊ အနောက် ဘက်၌ တသောင်း ကျယ်သော မြေ၌ဖြစ်သော အသီးအနှံ သည်၊ မြို့ အမှု ကို စောင့်သောသူတို့ စားစရာ ဘို့ ဖြစ် ရမည်။ ၁၉ မြို့ အမှု စောင့်တို့ကို ကျသရေလ အမျိုး အပေါင်း ထဲက ရွေးကောက် ရမည်။ ၂၀ ပူဇော်သော မြေကွက် ပေါင်း ကား၊ အလျား နှစ်သောင်း ငါးထောင်၊ အနံနှစ်သောင်း ငါးထောင်ကျယ်၍၊ မြို့နယ် ပါလျက် သန့်ရှင်း သော ထိုစတုရန်း မြေ ကို ပူဇော် ရမည်။ ၂၁ ထိုသန့်ရှင်း သော ပူဇော်သက္ကာ မြေနှင့် မြို့နယ် နှစ်ဘက်၌ ကြွင်း ၍၊ အရှေ့ ဘက်၌ နှစ်သောင်း ငါးထောင်၊ အနောက် ဘက်၌ နှစ်သောင်း ငါးထောင်ကျယ်သော မြေစွန်းနှစ်ကွက်တို့သည် မင်းသား အဘို့ ဖြစ်ရမည်။ သန့်ရှင်း သော ပူဇော်သက္ကာ မြေနှင့် အိမ် တော်၏ သန့်ရှင်း ရာဌာနသည်ထိုနှစ်ကွက်စပ်ကြား မှာ နေရာ ကျရမည်။ ၂၂ ထိုသို့စပ်ကြားမှာကျသော လေဝိ လူနေရာ အပိုင်းအခြား၊ မြို့နယ် အပိုင်းအခြား ၊ ပြင်ဘက်နှစ်ဘက်၊ ယုဒ ခရိုင် ၊ ဗင်္ယာမိန် ခရိုင် စပ်ကြား မှာ ကျသောမြေရှိသမျှ သည် မင်းသား အဘို့ ဖြစ် ရမည်။ ၂၃ ကြွင်း သော ကျသရေလခရိုင် ဟူမူကား၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ဗင်္ယာမိန် ခရိုင် ရှိရမည်။ ၂၄ ဗင်္ယာမိန် ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ရှိမောင် ခရိုင်ရှိရမည်။ ၂၅ ရှိမောင် ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ကျသခါ ခရိုင်ရှိရမည်။ ၂၆ ကျသခါ ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ဇာဗုလုန် ခရိုင်ရှိရမည်။ ၂၇ ဇာဗုလုန် ခရိုင် အနား ၊ အရှေ့ ဘက် မှ သည် အနောက် ဘက် တိုင်အောင် ဂဒ် ခရိုင်ရှိရမည်။ ၂၈ ဂဒ် ခရိုင် တောင် ဘက် အပိုင်းအခြား သည် တာမာ မြို့မှစ၍ ကာဒေရှ မြို့၊ မေရိဘ ရေ တိုင်အောင်ထိုး ၊ မဟာ ပင်လယ် ထဲသို့ ဝင်သော မြစ် တိုင်အောင်ထိုး ရှောက်သွား ရမည်။ ၂၉ ဤရွေ့ကား ၊ ကျသရေလ အမျိုးအနွယ် တို့ အမွေခံ စရာဘို့ စာရေးတံချ ၍ ဝေရသောမြေ ၊ ဤရွေ့ကား ၊ သူ တို့ ပိုင်းခြား ၍ နေရသော

ခရိုင်အသီးအသီးဖြစ်သတည်းဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၃၀ မြို့ မှထွက် ရာတံခါးများဟူမူကား၊ မြို့မြောက် ဘက် ၌ လေး ထောင် ငါး ရာ ကျယ်၍၊ ၃၁ မြို့ တံခါး တို့သည် ကွသရေလ အမျိုးအနွယ် တို့ အမည် ကို ဆောင်လျက်၊ မြောက် ဘက်၌ ရှဗင် တံခါး ၊ ယုဒ တံခါး ၊ လေဝိ တံခါး တည်းဟူသောတံခါး သုံး ပေါက် ရှိရမည်။ ၃၂ မြို့အရှေ့ ဘက် ၌ လေး ထောင် ငါး ရာ ကျယ်၍၊ ယောသပ် တံခါး ၊ ဗင်္ာမိန် တံခါး ၊ ဒန် တံခါး တည်းဟူသောတံခါး သုံး ပေါက်ရှိရမည်။ ၃၃ မြို့တောင် ဘက် ၌ လေး ထောင် ငါး ရာ ကျယ်၍၊ ရှိမောင် တံခါး ၊ ဂွသခါ တံခါး ၊ ဇာဗုလုန် တံခါး တည်းဟူသောတံခါး သုံး ပေါက်ရှိရမည်။ ၃၄ မြို့အနောက် ဘက် ၌ လေး ထောင် ငါး ရာ ကျယ်၍၊ ဂဒ် တံခါး ၊ အာရှာ တံခါး ၊ နဿလိ တံခါး တည်းဟူသောတံခါး သုံး ပေါက်ရှိရမည်။ ၃၅ ထိုသို့ မြို့ပတ်လည် အတိုင်းအရှည်ကား၊ တသောင်း ရှစ်ထောင်ရှိရလိမ့်မည်။ တည်သောနေ့ မှစ၍ ထိုမြို့ ကို ယေဟောဝါရှမ္မအမည် ဖြင့် ခေါ်တွင်ရလိမ့် သတည်း။

၁ ယုဒ ရှင်ဘုရင် ယောယကိမ် နန်းစံ သုံး နှစ် တွင် ၊ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ သည် ယေရုရှလင် မြို့သို့ ချီလာ၍ ဝန်းရံ လေ၏။ **၂** ထာဝရ ဘုရားသည် ယုဒ ရှင်ဘုရင် ယောယကိမ် မှစ၍ ဗိမာန် တော်တန်ဆာ အချို့ တို့ကို နေဗုခဒ်နေဇာလက် သို့ အပ်နှံ တော်မူ၍ ၊ ထိုတန်ဆာ များကို နေဗုခဒ်နေဇာမင်းသည် ရှိနာ ပြည် ၌ရှိသောမိမိ ဘုရား ၏ကျောင်း သို့ ယူ သွားပြီးလျှင် ၊ ရွှေ တိုက်၌ သွင်း ထားတော်မူ၏။ **၃** ထိုအခါ ရှင် ဘုရင်သည် မိန်းမစိုး အုပ် အာရှပေနတ် ကို ခေါ်တော်မူ၍၊ **၄** မကောင်း သော လက္ခဏာကင်း လျက်၊ လှ သောအဆင်း သဏ္ဌာန်နှင့်ပြည့်စုံ၍ ၊ ကောင်း သောဉာဏ်နှင့်တကွ အထူးထူး အပြားပြားသော အတတ် ပညာများကို လေ့ကျက် ၍ ၊ နန်းတော် ၌ အမှု ထမ်းခြင်းငှါ တတ်စွမ်း နိုင်သော လူပျိုု တို့ကို ဣသရေလ မင်း မျိုး မင်းသား ထဲက ရွေးကောက်၍၊ ခါလဒဲ ဘာသာ အတတ်ကို သင် စေဟု အမိန့် တော်ရှိ၏။ **၅** ပွဲတော်မှ ကြွင်းသောအစာ နှင့် သောက် တော်မူသော စပျစ်ရည် ကို နေ့ တိုင်းပေး၍ သုံး နှစ် ကျွေးမွေးပြီးမှ၊ အမှု တော်ထမ်းရမည်အကြောင်းစီရင် တော်မူ၏။ **၆** ထိုသူ တို့တွင် ယုဒ အမျိုးသား ဒံယေလ ၊ ဟာနနိ ၊ မိရှေလ ၊ အာဇရိ တို့သည် ပါ ကြ၏။ **၇** မိန်းမစိုး အုပ်သည် ထိုသူ တို့ကို အမည် နာမလဲ၍၊ ဒံယေလ ကို ဗေလတရှာဇာ ၊ ဟာနနိ ကို ရှာဒရက် ၊ မိရှေလ ကို မေရှက် ၊ အာဇရိ ကို အဗေဒနေဂေါ ဟု၊ အသီးအသီးအမည်အသစ်ကိုပေး ၏။ **၈** ဒံယေလ မူကား ၊ ပွဲတော်မှကြွင်းသောအစာ နှင့် သောက် တော်မူသောစပျစ်ရည် ကို မသောက်မစားဘဲ၊ ညစ်ညူးခြင်းကို ရှောင်မည်ဟု အကြံ ရှိ၍၊ မိမိကို မ ညစ်ညူး စေမည်အကြောင်း ၊ မိန်းမစိုး အုပ်ကို အခွင့် တောင်း၏။ **၉** ဘုရား သခင်ပြုပြင်တော်မူသောအားဖြင့် ၊ မိန်းမစိုး အုပ်သည် ဒံယေလ ကို အလွန်ချစ် သနားသော်လည်း ၊ **၁၀** ငါ့ သခင် ကြည့်ရှုစေခြင်းငှါမိန်းမစိုး အုပ်ခန့်ထား သော စားတော်ကဲ့ကို ငါ ကြောက် ၏။ သင် တို့အစား အသောက် ကို စီရင်တော်မူပြီ။ သင် တို့မျက်နှာ သည် အရွယ် တူ လူပျိုု တို့၏ မျက်နှာလောက် အဆင်း မလှ သည်ကို မြင် တော်မူလျှင် ၊ သင်တို့အတွက် ငါ သည် ရာဇဝတ်သင့်၍ အသက်မလွတ်ရဟု ဒံယေလကို ပြောဆို၏။ **၁၁** ထိုအခါ ဒံယေလ ၊ ဟာနနိ ၊ မိရှေလ ၊ အာဇရိ တို့ကို ကြည့်ရှုစေခြင်းငှါ မိန်းမစိုး အုပ်ခန့်ထား သော စားတော်ကဲ့ ကို ဒံယေလ က၊ **၁၂** အကျွန်ုပ် တို့ စား သောက် စရာဘို့ ဟင်းသီး ဟင်းရွက်နှင့် ရေ ကိုသာ ဆယ် ရက် ပတ်လုံးပေးစမ်းပါ။ **၁၃** ထိုနောက် ၊ အကျွန်ုပ် တို့မျက်နှာနှင့်၊ ပွဲတော်မှ ကြွင်းသော အစာ ကို စား သောလူပျိုု တို့၏မျက်နှာကို သခင် ရှေ့၌ စစ်တော်မူပါစေ။ ကိုယ်တော်တိုင်မြင် ပြီးမှ ၊ အကျွန်ုပ်တို့ကို စီရင် တော်မူပါဟုပြော လျှင်၊ **၁၄** စားတော်ကဲ့သည် ဝန်ခံ ၍ ဆယ် ရက် စုံစမ်း လေ၏။ **၁၅** ဆယ် ရက် စေ့ လျှင် သူ တို့မျက်နှာသည်၊ ပွဲတော်မှ ကြွင်းသောအစာ ကို စား သော လူပျိုု အပေါင်း တို့၏ မျက်နှာထက် အဆင်း လှ၍ ဖွံ့ဝ လျက်ရှိ၏။ **၁၆** ထိုအခါ စားတော်ကဲ့ သည် သူ တို့အစာ ကိုငင်း ၊ သူ တို့သောက် ဘို့ စပျစ်ရည် ကိုငင်းရုပ်သိမ်း ၍၊ ဟင်းသီး ဟင်းရွက်နှင့်သာ ကျွေးမွေး ၏။ **၁၇** ဘုရား သခင်သည် ထို လုလင် လေး ယောက်တို့ အား အထူးထူး သော သိပ္ပံ အတတ်ပညာတို့ကို သိ စေခြင်းငှါ၊ ထိုးထွင်း၍ နားလည်နိုင်သော ဉာဏ် သတ္တိကို ပေး သနားတော်မူ၏။ ဒံယေလ သည်လည်း ဗျာဒိတ် ရူပါရုံနှင့် အိပ်မက် ကိုနားလည်

နိုင်သော ဉာဏ်ပညာနှင့်ပြည့်စုံ၏။ ၁၈ နန်းတော်သို့ သွင်း စေခြင်းငှါ ချိန်းချက် တော်မူသော အချိန် ရောက် သော်၊ မိန်းမစိုး အုပ်သည် လုလင်များ တို့ကို ခေါ်၍ နန်းတော်သို့ သွင်း လေ၏။ ၁၉ ရှင် ဘုရင်သည် ထိုလုလင် တို့နှင့် ဆွေးနွေး မေးမြန်းတော်မူပြီးလျှင် ၊ ဒံယေလ ၊ ဟာနနိ ၊ မိရှေလ ၊ အာဇရိ တို့နှင့် တူ သောသူတယောက်မျှမ ရှိ သောကြောင့် ၊ သူတို့သည် အထံ တော်၌ ခစား ရသောအခွင့်အရာကို ရကြ၏။ ၂၀ ရှင်ဘုရင် မေး တော်မူသမျှ သော အတတ် ပညာ ကို ထိုလုလင်တို့သည် နိုင်ငံ တော်၌ရှိသမျှ သော မာဂု ပညာရှိ၊ ဗေဒင် တတ်များထက် သာ၍ဆယ် ဆ တတ်ကြသည် ကို တွေ့မြင် တော်မူ၏။ ၂၁ ဒံယေလ သည် ကုရု မင်းကြီး နန်းစံပဋမ နှစ် တိုင်အောင် ရှိ နေသတည်း။

၂ နေဗုခဒ်နေဇာ မင်းသည် နန်းစံနှစ် နှစ် တွင် ၊ အိပ်မက် ကို မြင် တော်မူ၍ ထိတ်လန့် ခြင်း စိတ် ရှိသောကြောင့် ၊ စက်တော် မခေါ်နိုင်သည်ဖြစ်၍၊ ၂ အိပ်မက် တော်ကို ပြန်ပြော စေခြင်းငှါ မာဂု ပညာရှိ၊ ဗေဒင် တတ်၊ သူပြု ဆရာ၊ ခါလဒဲ ဆရာတို့ကို ခေါ် ချေဟု အမိန့် တော်ရှိသည်အတိုင်း ၊ သူတို့သည် အထံ တော်သို့ ရောက် လာကြသည်ရှိသော် ၊ ၃ ရှင်ဘုရင် က၊ ငါသည် အိပ်မက် ကိုမြင် ပြီ။ ထိုအိပ်မက် ကိုမသိ ၊ နားမလည်သည်ဖြစ်၍စိတ် မအီမသာ ရှိသည်ဟု မိန့် တော်မူ၏။ ၄ ခါလဒဲ ပညာရှိတို့ကလည်း ၊ အရှင် မင်းကြီး၊ အသက် တော်အစဉ် အမြဲရှင်ပါစေ။ အကျွန်ုပ်တို့အား အိပ်မက် တော်ကို မိန့် တော်မူပါ။ အကျွန်ုပ်တို့သည် အနက် ကို ဘော်ပြ ပါမည်ဟု၊ ရှရိ ဘာသာဖြင့် လျှောက် ကြ၏။ ၅ ရှင် ဘုရင်ကလည်း၊ ငါအမိန့် တော်ရှိပြီ။ ထိုအိပ်မက် နှင့် အနက် ကို သင်တို့မ ဘော် မပြလျှင် ၊ သင်တို့ကို အပိုင်းပိုင်း စဉ်း မည်။ သင် တို့အိမ် များကိုလည်း နောက်ချေးပုံ ဖြစ် စေမည်။ ၆ အိပ်မက် နှင့်အနက် ကို ဘော်ပြ လျှင် ၊ ဆုလပ် သပ်ပကာ၊ ဂုဏ် အသရေများကို ငါပေးမည်။ သို့ ဖြစ်၍ ၊ အိပ်မက် နှင့်အနက် ကို ငါ့အားဘော်ပြ ကြဟု၊ ခါလဒဲ ပညာရှိတို့ကို မိန့် တော်မူ၏။ ၇ ထိုသူတို့က၊ အရှင် မင်းကြီး၊ မြင်မက် တော်မူချက် ကို အမိန့် ရှိတော်မူပါ။ အကျွန်ုပ်တို့သည် အနက် ကို ဘော်ပြ ပါမည်ဟု တဖန် လျှောက် ကြပြန်လျှင်၊ ၈ ရှင် ဘုရင်က၊ ငါ့အမိန့်တော်ရှိပြီးသောကြောင့် ၊ သင်တို့သည် နေ့ရက် အချိန်ကာလကြာစေခြင်းငှါ ရွှေ့ချင် သည်ကို ငါ အမှန် သိ ၏။ ၉ အိပ်မက် ကို ငါ့ အားမ ဘော် မပြလျှင် ၊ သင်တို့သည် အကြံတခု တည်းသာရှိသည်ဖြစ်၍၊ ကာလ ပြောင်းလဲ သည်တိုင်အောင် ၊ ငါ့ ရှေ့၌ လျှောက် စရာဘို့ ကောက်ကျစ် လိမ် လစ်သောစကား ကို ပြင်ဆင် နှင့်ကြပြီ။ အိပ်မက် ကို ပြန်ပြော ကြ။ ထိုသို့ပြောလျှင်၊ အိပ်မက်အနက် ကို ဘော်ပြ နိုင်သည်ကို ငါသိ မည်ဟု ပြန်၍ မိန့်တော်မူ၏။ ၁၀ ခါလဒဲ ဆရာတို့ကလည်း၊ အရှင် မင်းကြီး၏ အမှု အရာကို ဖြေ နိုင် မည်သူ ၊ မြေကြီး ပေါ် မှာ တယောက်မျှ မ ရှိ ပါ။ အဘယ်မည်သော ရှင် ဘုရင်သည် ဘုန်း တန်ခိုးကြီးသော်လည်း၊ မာဂု ပညာရှိ၊ ဗေဒင် တတ်၊ ခါလဒဲ ဆရာတို့ကို ဤသို့ မေးမြန်း လေ့မ ရှိပါ။ ၁၁ အရှင် မင်းကြီးမေးမြန်း တော်မူသော အရာ သည် ခက်ခဲ သော အရာဖြစ်ပါ၏။ လူ ပကတိနှင့် မ ဆက်ဆံ သော ဘုရား မှတပါး အဘယ်သူမျှအရှင် မင်းကြီးရှေ့ တော်၌ မထုတ် မ ဘော်နိုင်ပါဟု တဖန်ပြန်ကြား လျှောက်ထားကြ၏။ ၁၂ ထိုစကားကို ကြားတော်မူလျှင် ပြင်းစွာ အမျက် တော်ထွက်၍၊ ဗာဗုလုန် မြို့၌ ရှိသမျှ သော ပညာရှိ တို့ကို ပယ်ရှင်း စေဟုအမိန့် တော်ရှိ၏။ ၁၃ ထိုအမိန့် တော်ဆင့် ၍ ဒံယေလ နှင့် သူ ၏ အပေါင်း အဘော်တို့ကို သတ် ခြင်းငှါ ရှာ ကြသော်၊

၁၄ ဒံယေလ က၊ ရှင် ဘုရင်၏အမိန့် တော်သည် အဘယ်ကြောင့် ဤမျှလောက်လျင်မြန် သနည်းဟု၊ ၁၅ ဗာဗုလုန် ပညာရှိ တို့ကို ပယ်ရှင်း ခြင်းငှါ ထွက်သွား သော ကိုယ်ရံတော် မှူးအာရုတ် ကို သတိ ပညာနှင့် မေးမြန်း၍၊ အာရုတ် သည် ထိုအကြောင်း ကို ကြား ပြောလျှင် ၊ ၁၆ ဒံယေလ သည် နန်းတော်သို့ ဝင် ၍ အိပ်မက် တော်ကို ဖြေရသော နေ့ ရက်အချိန်ကိုပေး တော်မူမည် အကြောင်း အသနား တော်ခံပြီးမှ၊ ၁၇ မိမိ အိမ် သို့ ပြန် သွား၍ ၊ ထိုအကြောင်း ကို မိမိ အပေါင်း အဘော်ဟာနနိ ၊ မိရှေလ ၊ အာဇရိ တို့အား ကြား ပြော၍၊ ၁၈ ငါတို့သည် အခြား သောဗာဗုလုန် ပညာရှိ တို့နှင့်အတူ မ သေ မပျောက်စေခြင်းငှါ ၊ ဤ နက်နဲ သောအရာ၌ ကရုဏာ ကျေးဇူးတော်ကိုခံရမည်အကြောင်း၊ ကောင်းကင်ဘုံရှင် ဘုရားသခင် ကို ဆုတောင်း ကြကုန်အံ့ဟု ပြောဆို၏။ ၁၉ ညဉ့် အခါ ဗျာဒိတ် တော်အားဖြင့် ထိုနက်နဲ သော အရာကို ဒံယေလ အား ဘုရားသခင်ဘော်ပြ တော်မူ၏။ ၂၀ ထိုအခါ ဒံယေလ သည် ကောင်းကင် ဘုံရှင် ဘုရား သခင်၏ ကျေးဇူး တော်ကို ချီးမွမ်းလျက်၊ ဘုရား သခင် ၏ နာမ တော်သည် ထာဝရ မင်္ဂလာ ရှိ ပါစေသတည်း။ ပညာ နှင့်ဥာဏ် ၊ အစွမ်း သတ္တိနှင့်ဂုဏ် ပြည့်စုံတော်မူ၏။ ၂၁ ကာလ အချိန် ဥတု များကို ပြောင်းလဲ စေတော်မူ ၏။ ရှင် ဘုရင်တို့ကိုလည်း နှိမ့်ချ ချီးမြှောက် တော်မူ၏။ ပညာရှိ တို့အား ပညာ ကို ပေး တော်မူ၏။ ဉာဏ် ရှိသောသူတို့ သည် ကျေးဇူးတော်အားဖြင့်သာ၊ ထိုးထွင်း၍ နားလည် တတ်ကြ၏။ ၂၂ နက်နဲ ခက်ခဲသော အရာတို့ကို ထင်ရှား စွာ ပြတော်မူ၏။ မှောင်မိုက် ၌ ရှိသမျှတို့ကို သိမြင် ၍ အလင်း ၏တည် ရာဖြစ်တော်မူ၏။ ၂၃ အကျွန်ုပ် ဘိုးဘေး တို့၏ ဘုရား သခင်၊ အကျွန်ုပ် အား ပညာ အစွမ်း သတ္တိကို ပေး သနား၍ ၊ အကျွန်ုပ်တို့ ဆုတောင်း သည်အတိုင်း၊ ရှင် ဘုရင်၏ အိပ်မက် ကို ဖွင့်ပြ တော်မူ သောကျေးဇူး တော်ကို ချီးမွမ်းထောမနာ ပြုပါ၏ဟု ဒံယေလ မြွက်ဆို ပြီးမှ၊ ၂၄ ဗာဗုလုန် ပညာရှိ တို့ကို ပယ်ရှင်း စေခြင်းငှါ ၊ ရှင် ဘုရင်ခန့် ထားတော်မူသော အာရုတ် ထံ သို့သွား ၍ ၊ ဗာဗုလုန် ပညာရှိ တို့ကို မ လုပ်ကြဲ ပါနှင့်။ အကျွန်ုပ် ကို အထံ တော်သို့ခေါ် သွင်းပါ။ အကျွန်ုပ်သည် အိပ်မက်တော်နှင့် အနက် ကိုဘော်ပြ ၍ လျှောက်ပါမည်ဟုဆို ၏။ ၂၅ ထိုအခါ အာရုတ်သည် ဒံယေလကို အလျင် တဆောအထံတော်သို့ ခေါ် သွင်းပြီးလျှင်၊ အိပ်မက်တော် နှင့်အနက်ကို အရှင်မင်းကြီးအား ဘော်ပြနိုင်သော သူတယောက်ကို ယုဒအမျိုး လက်ရလူတို့တွင် အကျွန်ုပ် တွေ့ပါပြီဟု လျှောက်လေ၏။ ၂၆ ရှင် ဘုရင်ကလည်း၊ ငါမြင် မက်သော အိပ်မက် ကို ပြန်ပြော၍ အနက် ကို ဘော်ပြ နိုင် သလောဟု၊ ဗေလတရှာဇာ အမည် ရှိသောဒံယေလ ကို မေး တော်မူလျှင်၊ ၂၇ ဒံယေလ က၊ အရှင် မင်းကြီးမေးမြန်း တော်မူသော အရာကို ပညာရှိ ၊ ဗေဒင် တတ်၊ မာဂု ဆရာ၊ အနာဂတ်တို့ ဆရာတို့သည် အရှင် မင်းကြီးအား ဘော် ခြင်းငှါ မ တတ်နိုင် ကြပါ။ ၂၈ နက်နဲ သော အရာတို့ကို ဖွင့်ပြ ၍၊ နောင် ကာလ ၌ ဖြစ် လတ္တံ့သော အရာတို့ကို နေဗုခဒ်နေဇာ မင်းကြီး အား ကြား ပြောတော်မူသောဘုရား သခင်တဆူသည် ကောင်းကင် ဘုံမှာ ရှိ တော်မူ၏။ ၂၉ အရှင် မင်းကြီး၊ နောင်၌ ဖြစ်လတ္တံ့သော အရာတို့ ကို ကိုယ်တော်သည် စက်တော်ခေါ် ၍ မြော်လင့်တော်မူ ၏။ နက်နဲ သောအရာကိုဖွင့်ပြ တော်မူသောဘုရား သည် နောင်ကာလ၌ ဖြစ် လတ္တံ့သော အရာတို့ကို ကိုယ်တော် အားပြ တော်မူ၏။ ၃၀ ဤ နက်နဲ သောအရာကိုကား၊ အခြားသော သတ္တဝါ အပေါင်း တို့ထက် အကျွန်ုပ် သာ၍ပညာ ရှိ သောကြောင့် ၊

အကျွန်ုပ် အား ဘုရားသခင်ဖွင့်ပြ တော်မူသည် မ ဟုတ်ပါ။ ကိုယ်တော်သည် စိတ် နှလုံးတော်၏ အထင် ကို နားလည် မည်အကြောင်း၊ ထို အနက် ကို အကျွန်ုပ်ပြန်ကြား လျှောက်ထားစိမ့်သောငှါသာ ဘုရားသခင်ဖွင့်ပြတော်မူ ၏။ ၃၁ အရှင် မင်းကြီး၊ စက်တော်ခေါ် ၍ မြင်မက်တော်မူ သောရူပါရုံဟူမူကား၊ ကိုယ်တော်သည် ကြည့်ရှု ၍ ရုပ်တု ကြီးကို မြင် တော်မူ၏။ ထူးမြတ် သော အရောင် အဝါ နှင့် ပြည့်စုံ၍ ၊ ကြီး မြင့်သော ထို ရုပ်တု သည် ကြောက်မက် ဘွယ်သော ပုံသဏ္ဌာန် ကိုဆောင်လျက် ကိုယ်တော် ရှေ့၌ တည်ရှိ ၏။ ၃၂ သူ ၏ ဦးခေါင်း သည် ရွှေ စင် ဖြစ်၏။ ရင်ပတ် နှင့် လက် နှစ်ဘက်သည် ငွေ ဖြစ်၏။ ၃၃ ဝမ်း နှင့် ပေါင် နှစ်ဘက်သည် ကြေးဝါ ဖြစ်၏။ ခြေသလုံး နှစ်ဘက်သည် သံ ဖြစ်၏။ ခြေဘဝါး နှင့် ဖမိုး သည် သံ တပိုင်းသရွတ်တပိုင်းဖြစ်၏။ ၃၄ ကိုယ်တော်သည် ကြည့်ရှု တော်မူစဉ် ၊ လက် ဖြင့် မ ထု မလုပ်ဘဲ အလိုလိုဖြစ်သော ကျောက် တလုံးသည် သံ နှင့် သရွတ် ဖြစ်သော ရုပ်တု ၏ခြေ ကို ထိခိုက်၍ ချိုးဖဲ့ သည်ရှိသော်၊ ၃၅ သံ ၊ သရွတ် ၊ ကြေးဝါ ၊ ငွေ ၊ ရွှေ တို့သည် ကျိုးပဲ့ ကြေမွလျက်၊ နွေ ကာလ၌ ကောက်နယ် တလင်း အမှုန့် ကဲ့သို့ ဖြစ် သဖြင့်၊ လေ တိုက် လွှင့်၍ သူ တို့နေရာ မ ရှိ ၊ ပျောက်လေ၏။ ရုပ်တု ကို ထိခိုက် သော ကျောက် မူကား၊ တိုးပွားသဖြင့် တောင် ကြီး ဖြစ်၍၊ မြေကြီး တပြင်လုံး ကို ဖုံးလွှမ်း သည်ဟု မြင်မက်တော်မူ၏။ ၃၆ ယခုတွင် အိပ်မက် တော်၏အနက် ကို ဘော်ပြ၍ နားတော်လျှောက် ပါမည်။ ၃၇ အရှင် မင်းကြီး၊ ကိုယ်တော် သည် ဘုရင် တို့၏ ဘုရင် ဖြစ်တော်မူ၏။ ကောင်းကင် ဘုံရှင် ဘုရား သခင်သည် နိုင်ငံ နှင့်တကွတန်ခိုး အာနုဘော်အစွမ်း သတ္တိ ဘုန်း အသရေကို ကိုယ်တော် အား ပေး တော်မူပြီ။ ၃၈ လူ နေရာ ရှိသမျှ တို့နှင့် မြေကြီး သား တိရစ္ဆာန် ၊ မိုဃ်း ကောင်းကင်ငှက် များတို့ကို ကိုယ်တော် လက် ၌ အပ် ပေး ၍၊ ကိုယ်တော် သည် အလုံးစုံ တို့ကို အုပ်စိုး ရသောအခွင့်ရှိတော်မူ၏။ ကိုယ်တော် သည် ရုပ်တု၏ ရွှေ ဦးခေါင်း ဖြစ်တော်မူ၏။ ၃၉ ကိုယ်တော် နောက် ၌ ကိုယ်တော်၏ နိုင်ငံ လောက်မမြတ်သော နိုင်ငံ တခုသည် တည်ထောင် လိမ့်မည် ။ ထိုနောက်၊ မြေကြီး တပြင်လုံး ကို အုပ်စိုး သော ကြေးဝါ နိုင်ငံတည်းဟူသောတတိယ နိုင်ငံတည်ထောင်လိမ့်မည်။ ၄၀ စတုတ္ထ နိုင်ငံ သည် သံ ကဲ့သို့ ခိုင်မာ သော နိုင်ငံဖြစ် လိမ့်မည်။ သံ သည် အခြားသောအရာရှိသမျှ တို့ကို ချိုးဖဲ့ ၍ နိုင် သကဲ့သို့ ၊ စတုတ္ထနိုင်ငံသည် ချိုးဖဲ့ နှိပ်စက် ခြင်း ကို ပြုလိမ့်မည်။ ၄၁ ရုပ်တု၏ခြေ နှင့် ခြေချောင်း တို့သည် သရွတ် တပိုင်း သံ တပိုင်းရှိသည်ကို မြင် တော်မူသည်အတိုင်း ၊ အချင်းချင်းကွဲပြား သော နိုင်ငံ ဖြစ် လိမ့်မည်။ သို့သော်လည်းဖုတ်သောသရွတ် နှင့် သံ ရောနှော သည်ကို မြင် တော်မူသည်ဖြစ်၍ ၊ သံ သည်ခိုင်မာ ခြင်း သတ္တိရှိ လိမ့်မည်။ ၄၂ ခြေချောင်း တို့သည် သံ တပိုင်းသရွတ် တပိုင်း ဖြစ်သည်နှင့်အညီ၊ ထိုနိုင်ငံ သည် ခိုင်မာ ခြင်းနှင့်ငင်း ၊ ကျိုးပဲ့ ခြင်းနှင့်ငင်း ဆက်ဆံ လိမ့်မည်။ ၄၃ ဖုတ်သောသရွတ် နှင့် သံ ရောနှော သည်ကို မြင် တော်မူသည်နှင့် လျော်စွာ၊ နိုင်ငံသားတို့သည် အခြား သော လူမျိုး သား တို့နှင့် ပေါင်းဘော် ကြလိမ့်မည်။ သို့သော်လည်း၊ သရွတ် နှင့် သံ မ ရောနှော နိုင်သကဲ့သို့ ၊ သူတို့သည် အချင်းချင်းပေါင်းဘော် ၍ မ သင့်နိုင်ကြ။ ၄၄ လက် နှင့် မ ထုမလုပ်ဘဲ ကျောက် တလုံးသည် တောင် ပေါ် က အလိုလိုပဲ့ကွာ ၍၊ သံ ၊ ကြေးဝါ ၊ သရွတ် ၊ ငွေ ၊ ရွှေ တို့ကိုချိုးဖဲ့ သည် ကိုမြင်

တော်မူသည်အကြောင်းအရာမှာ ၊ ပျက်စီး ခြင်းသို့မ ရောက်နိုင်သော နိုင်ငံ တခုကို ထို မင်းကြီး များလက်ထက် ၌ ကောင်းကင်ဘုံ ရှင်ဘုရားသခင် သည်တည်ထောင် စေတော်မူမည်။ ၄၅ ထို နိုင်ငံ သည်အခြား သောလူမျိုး လက်သို့မ ရောက် ရဘဲ၊ အထက် ဆိုခဲ့ပြီးသောနိုင်ငံ ရှိသမျှ တို့ကိုချိုးဖဲ့ ဖျက်ဆီး ၍ အစဉ်အမြဲ တည် လိမ့်မည်။ ထိုသို့ နောင် ၌ဖြစ်လတံ့ သော အရာ တို့ကိုကြီးမြတ် တော်မူသောဘုရားသခင် သည် အရှင် မင်းကြီးအား ကြားပြော တော်မူ၏။ အိပ်မက် တော်ရွေ့လျော့ ခြင်းမရှိ။ အနက် သည်လည်း မှန် ပါ၏ဟု ဒံယေလသည် အထံတော်၌လျှောက်ထား၏။ ၄၆ ထိုအခါ နေဗုခဒ်နေဇာ မင်းကြီး သည် ပြပ်ဝပ် ၍ ဒံယေလ ကို ရှိခိုး ကိုးကွယ်ပြီးလျှင်၊ ပူဇော် သက္ကာပြုခြင်းငှါငင်း ၊ နံ့သာမျိုး ကို မီးရှို့၍ ဆပ်ကပ် ခြင်းငှါ ထင်း စီရင် တော်မူလျက်၊ ၄၇ ကိုယ်တော်သည် ဤနက်နဲ သောအရာကို ဖွင့်ပြ နိုင်သည်ဖြစ်၍၊ အကယ် စင်စစ်ကိုယ်တော် ၏ ဘုရား သခင်သည် ဘုရား တို့၏ဘုရား ၊ ဘုရင် တို့၏ အရှင် ၊ နက်နဲ သော အရာကိုဖွင့်ပြ တော်မူသောသခင်ဖြစ် တော်မူ၏ဟု မိန့် တော်မူ၍၊ ၄၈ ဒံယေလ ကို ချီးမြှောက် လျက်၊ များစွာ သော ဆုလပ် သပ်ပကာတို့ကိုပေး ၍၊ ဗာဗုလုန် နိုင်ငံ တွင် ဝန်ကြီး အရာ၌ထင်း ၊ ဗာဗုလုန် ပညာရှိ တို့ကို အုပ်စိုး သော ဝန် အရာ၌ထင်း ခန့်ထားတော်မူ၏။ ၄၉ ထိုအခါ ဒံယေလ သည် သံတော်ဦး တင်သောကြောင့် ၊ မင်းကြီး သည် ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကို ဗာဗုလုန် နိုင်ငံ တွင် ဝန်အရာ၌ ခန့် ထားတော်မူ ၏။ ဒံယေလ သည် နန်း တော်ဦး၌ နေရလေ၏။

၃ တရံရောအခါနေဗုခဒ်နေဇာ မင်းကြီး သည် အမြင့် အတောင် ခြောက် ဆယ်၊ အနံ ခြောက် တောင် ရှိသောရွှေ ရုပ်တု ကို လုပ် ပြီးမှ၊ ဗာဗုလုန် ကျေးလက် ဒုရ လွင်ပြင် ၌ တည် ထားတော်မူ၍၊ ၂ စော်ဘွား ၊ မြို့ဝန် ၊ စစ်ကဲ ၊ တရားသူကြီး ၊ အခွန် တော်ဝန်၊ တိုင်ပင် မှူးမတ်၊ မြို့ စာရေး၊ နိုင်ငံ တော် အရာရှိ အပေါင်း တို့သည် မင်းကြီး တည် ထားတော်မူသော ရုပ်တု ကို သာဓု အနုမောဒနာခေါ် သောပွဲသို့ စုဝေး စေခြင်းငှါ အမိန့်တော်ရှိ၍၊ ၃ စော်ဘွား ၊ မြို့ဝန် ၊ စစ်ကဲ ၊ တရားသူကြီး ၊ အခွန် တော်ဝန်၊ တိုင်ပင် မှူးမတ်၊ မြို့ စာရေး၊ နိုင်ငံ တော် အရာရှိ အပေါင်း တို့သည် စုဝေး ရောက်လာ၍၊ တည် ထား တော်မူသော ရုပ်တု ရှေ့မှာ ရပ် နေကြ၏။ ၄ ထိုအခါ သံတော်ဆင့် တယောက်က၊ အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသော လူ အမျိုးမျိုးတို့၊ ၅ တံပိုး ၊ ခရာ၊ စောင်း ၊ ပုလွေ ၊ တယော၊ ပတ်သာအစရှိသော တုရိယာ မျိုး တီးမှုတ်ခြင်းအသံ ကို ကြား သောအခါ ၊ နေဗုခဒ်နေဇာ မင်းကြီး တည် ထားတော်မူသော ရွှေ ရုပ်တု ကို ပြပ်ဝပ် ကိုးကွယ် ရကြမည်။ ၆ မ ပြပ်ဝပ် မကိုးကွယ် ဘဲနေသော သူ မည်သည်ကို မီး လောင် လျက်ရှိသောမီးဖို ထဲသို့ ချက်ခြင်းချ ပစ်စေဟု အမိန့် တော်မြတ်ရှိသည်ဟု ဟစ်ကြော် ၏။ ၇ ထိုကြောင့် ၊ လူ အပေါင်း တို့သည် တံပိုး ၊ ခရာ၊ စောင်း ၊ ပုလွေ ၊ တယော၊ ပတ်သာအစရှိသော တုရိယာ မျိုး တီးမှုတ်ခြင်း အသံ ကို ကြား သောအခါ ၊ အသီးသီးအခြားခြားသော ဘာသာ စကားကိုပြောသော လူ အမျိုးမျိုးအပေါင်း တို့သည် ပြပ်ဝပ် ၍ ၊ နေဗုခဒ်နေဇာ မင်းကြီး တည် ထားသော ရွှေ ရုပ်တု ကို ကိုးကွယ် ကြ၏။ ၈ ထိုအခါ၊ ခါလဒဲ လူ အချို့တို့သည် နေဗုခဒ်နေဇာမင်းကြီးထံ တော်သို့ ချဉ်းကပ် လျက်၊ ၉ အရှင် မင်းကြီး၊ အသက် တော်အစဉ်အမြဲ ရှင်ပါစေ ။ ၁၀ တံပိုး ၊ ခရာ၊ စောင်း ၊ ပုလွေ ၊ တယော၊ ပတ်သာအစရှိသော တုရိယာ

မျိုး တီးမှုတ်ခြင်းအသံ ကို ကြား သော သူ ရှိသမျှ တို့သည် ရွှေ ရုပ်တု ကို ပြပ်ဝပ် ကိုးကွယ် ရကြမည်။ ၁၁ မ ပြပ်ဝပ် မကိုးကွယ် ဘဲ နေသော သူ မည်သည်ကို မီး လောင် လျက်ရှိသောမီးဖို ထဲသို့ ချ ပစ်စေဟု အမိန့် တော်မြတ်ရှိပါ၏။ ၁၂ အရှင် မင်းကြီး၊ ကိုယ်တော်သည် ဗာဗုလုန် နိုင်ငံ တွင် ဝန်အရာ၌ ခန့်ထား တော်မူသော ယုဒ လူ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ အမည်ရှိသောသူ တို့ သည် အာဇ္ဈာတော်ကို ပမာဏ မ ပြုပါ။ ကိုယ်တော် ၏ ဘုရား တို့ကို ဝတ် မ ပြုပါ။ တည် ထားတော်မူသော ရွှေ ရုပ်တု ကို လည်း မ ကိုးကွယ် ပါဟု၊ ယုဒလူတို့ကို အပြစ်တင် ၍ လျှောက်ထားကြ၏။ ၁၃ ထိုအခါ နေဗုခဒ်နေဇာ မင်းကြီးသည် ပြင်းစွာ အမျက်ထွက်၍၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကို ခေါ် ချေဟုမိန့် တော်မူသည်အတိုင်း၊ သူ တို့သည် အထံ တော်သို့ ရောက် လျှင်၊ ၁၄ ဟယ်၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့၊ ငါ ၏ဘုရား တို့ကို ဝတ် မ ပြုလော။ ငါတည် ထားသော ရွှေ ရုပ်တု ကို မ ကိုးကွယ် လော။ ၁၅ ယခု တွင် တံပိုး ၊ ခရာ၊ စောင်း ၊ ပုလွေ ၊ တယော၊ ပတ်သာအစရှိသော တုရိယာ မျိုး တီးမှုတ်ခြင်း အသံ ကို ကြား သောအခါ ၊ ငါလုပ်သော ရွှေရုပ်တု ကို ပြပ်ဝပ် ကိုးကွယ်အံ့သောငှါအသင့် နေကြ။ သို့မဟုတ်လျှင်၊ မီး လောင် လျက်ရှိသောမီးဖို ထဲသို့ ချက်ခြင်းချ ပစ်မည်။ ငါ ၏လက် မှ ကယ် လွှတ်နိုင်သော ဘုရား ကား၊ အဘယ် ဘုရားရှိသနည်းဟု မိန့် တော်မူ၏။ ၁၆ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကလည်း၊ အရှင် မင်းကြီးနေဗုခဒ်နေဇာ ၊ အကျွန်ုပ် တို့သည် ဤ အမှုဌ် ပြန် လျှောက်ရမည်အကြောင်းမ ရှိပါ။ ၁၇ အကျွန်ုပ် တို့ကိုးကွယ် သော ဘုရား သခင်သည်မီး လောင် လျက်ရှိသောမီးဖို ထဲက အကျွန်ုပ် တို့ကို ကယ်လွှတ် နိုင် တော်မူ၏။ ကိုယ်တော် ၏ လက် မှ လည်း ကယ် လွှတ်တော်မူလိမ့်မည်။ ၁၈ ထိုသို့ကယ်လွှတ်တော်မမူသော်လည်းအရှင် မင်းကြီး၊ ကိုယ်တော် ၏ဘုရား တို့ကို အကျွန်ုပ်တို့သည် ဝတ်မပြုပါ။ တည် ထားတော်မူသော ရွှေ ရုပ်တု ကို လည်း မ ကိုးကွယ် ပါဟု ပြန် လျှောက်ကြ၏။ ၁၉ ထိုအခါ နေဗုခဒ်နေဇာ မင်းကြီးသည် ပြင်းစွာအမျက် ထွက်သဖြင့်၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကို ကြည့်ရှု၍ မျက်နှာ တော်ပျက် လျက်၊ မီးဖို ကို အရင်ထက် ခုနစ် ဆတိုး၍ ပူ စေခြင်းငှါ ငင်း ၊ ၂၀ ခွန်အား ကြီးသော စစ် သူရဲတို့သည် ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကို တုပ်နှောင်၍၊ မီး လောင် လျက်ရှိသောမီးဖို ထဲသို့ ချ ပစ်စေခြင်းငှါ ငင်း အမိန့် တော်ရှိသည်အတိုင်း၊ ၂၁ ထို သူသုံးယောက်တို့ကို ပေါင်းဘီ ၊ အင်္ကျီ ၊ ဝတ်လုံ အစရှိသည် တို့နှင့်တကွတုပ် နှောင်၍၊ မီး လောင် လျက် ရှိသောမီးဖို ထဲသို့ ချ ပစ်ကြသောအခါ ၊ ၂၂ ရှင် ဘုရင်၏ အမိန့် တော်ကျပ်တည်း ၍ မီးဖို သည် အလွန် ပူ သောကြောင့် ၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကို ဆွဲချ သော သူ တို့ သည် မီး လျှံ အရှိန်ကြောင့် သေကြ၏။ ၂၃ ထို သူသုံး ယောက်တို့မူကား၊ တုပ် နှောင်လျက် ပြင်းစွာလောင် သော မီးဖို ထဲသို့ ကျရောက် လေ၏။ ၂၄ ထိုအခါ နေဗုခဒ်နေဇာ မင်းကြီး သည် အံ့ဩမိန်းမော၍ အလျင် တဆောထ ပြီးလျှင်၊ လူ သုံး ယောက် တို့ကို တုပ် နှောင်၍ မီးထဲသို့ ချ ပစ်သည် မ ဟုတ်လောဟု တိုင်ပင် မှူးမတ်တို့အား မေး တော်မူ၏။ မှူးမတ်တို့ကလည်း ၊ မှန်ပါ၏ဘုရားဟု ပြန် လျှောက်ကြလျှင်၊ ၂၅ ရှင်ဘုရင်က၊ လူ လေး ယောက်တို့သည် မ တုပ် မနှောင်ဘဲ မီး ထဲ၌ သွား လာ၍ ဘေးဥပဒ် နှင့် ကင်းလွတ် သည်ကို ငါ မြင် သည်တကား။ စတုတ္ထ သူသည်ဘုရား သား ၏ အဆင်း

သဏ္ဌာန်ရှိ သည်ဟု မိန့် တော်မူ၍၊ ၂၆ မီး လောင် လျက်ရှိသောမီးဖိုဝ နားသို့ ချဉ်းကပ် ပြီးလျှင်၊ အမြင့် ဆုံးသော ဘုရား သခင်၏ကျွန် ၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့၊ ထွက် ၍လာကြလော့ဟု မိန့် တော်မူသည်အတိုင်း၊ သူတို့သည် မီး ထဲက ထွက် လာကြ ၏။ ၂၇ စော်ဘွား ၊ မြို့ဝန် ၊ စစ်ကဲ၊ အတွင်းဝန် တို့သည် ဝိုင်း ၍မီး မ လောင် နိုင်သော ထို သူတို့ကို ကြည့်ရှု ကြ၏။ သူ တို့ဆံခြည် တပင်မျှ မ မြိုက် ၊ ဝတ်လုံ လည်း ခြားနား ခြင်း မ ရှိ၊ မီးလောင်သောအနံ့ လည်းကင်းလွတ် ၏။ ၂၈ နေဗုခဒ်နေဇာ မင်းကြီးကလည်း၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့၏ ဘုရား သခင်သည် မင်္ဂလာ ရှိတော်မူစေသတည်း။ မိမိ တို့ဘုရား မှတပါး အခြား သော ဘုရား ကို ဝတ်ပြု ကိုးကွယ်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း၊ ဘုရားသခင်ကို ယုံကြည် ကိုးစား၍ မင်းကြီး အမိန့် တော်ကို ဆန် လျက်၊ မိမိ တို့ကိုယ် ကိုပင် အပ်နှံ သော ကျွန် တော်ရင်း တို့ရှိရာသို့ ၊ ထိုဘုရားသခင်သည် ကောင်းကင် တမန်ကို စေလွှတ် ၍ ကယ်တင် တော်မူပြီ။ ၂၉ ထိုကြောင့်၊ အရပ်ရပ်တို့ ၌ နေ၍အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသော လူ အမျိုးမျိုး တို့တွင် တစုံတယောက်သောသူသည်၊ ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့၏ ဘုရား သခင်အား ပြစ်မှားသော စကား ကို ပြောလျှင်၊ ထိုသူကို အပိုင်းပိုင်း စဉ်း စေ။ သူ ၏အိမ် ကိုလည်း နောက်ချေးပုံ ဖြစ်စေဟု ငါ အမိန့် တော် ရှိ၏။ အကြောင်း မူကား၊ ထိုမျှလောက် သော ကယ်တင် ခြင်းကို ထိုဘုရားသခင်မှတပါး အဘယ်ဘုရား မျှ မ ပြုနိုင် ဟု မိန့်တော်မူပြီးမှ၊ ၃၀ ဗာဗုလုန် နိုင်ငံ တွင် ရှာဒရက် ၊ မေရှက် ၊ အဗေဒနေဂေါ တို့ကို ချီးမြှောက် တော်မူ၏။

၃ ငါ နေဗုခဒ်နေဇာ မင်းကြီး ကြားမှာလိုက်သည်။ မြေကြီး တပြင်လုံး ၌ အရပ်ရပ်နေ ၍ အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသောလူမျိုး တကာတို့၊ သင် တို့ ၌ ငြိမ်ဝပ် ချမ်းသာခြင်းများပြား စေသော။ ၂ မြင့်မြတ် တော်မူသောဘုရား သခင်သည် ငါ ၌ ပြု တော်မူသော နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို ပြ ခြင်းငှါ ငါ အလို ရှိ၏။ ၃ နိမိတ် လက္ခဏာတော်သည် အလွန် ကြီးပေ၏။ အံ့ဘွယ် သော အမှုတော်လည်း တန်ခိုး နှင့်ပြည်စုံပေ၏။ ဘုရားသခင်၏နိုင်ငံ တော်သည် ထာဝရ နိုင်ငံ ဖြစ်၏။ အာဏာစက် တော်လည်း ကမ္ဘာ အဆက်ဆက်တည်တော်မူ ၏။ ၄ ငါ နေဗုခဒ်နေဇာ သည် နန်းတော် ၌ ငြိမ်ဝပ် စွာ နေ၍ စည်းစိမ် ကြီးစဉ်အခါ၊ ၅ ကြောက်မက်ဘွယ်သော အိပ်မက် ကို မြင် ၍ ၊ သာလွန် ပေါ် မှာ အိပ်လျက် စိတ်ထဲ၌အာရုံပြုသောရူပါရုံ အားဖြင့်တုန်လှုပ် ခြင်းသို့ ငါ ရောက်လေ၏။ ၆ ထိုကြောင့်၊ အိပ်မက် အနက် ကို ငါ့ အားဘော်ပြ စေခြင်းငှါ၊ ဗာဗုလုန် ပညာရှိ အပေါင်း တို့ကို အထံ တော်သို့ သွင်း စေဟု ငါအမိန့် တော်ရှိသည်အတိုင်း၊ ၇ မာဂု ပညာရှိ၊ ဗေဒင် တတ်၊ ခါလဒဲ ဆရာ၊ အနာဂတ္တိ ဆရာတို့သည် ဝင် ကြလျှင်၊ ငါ မြင်မက်သော အိပ်မက် ကို သူ တို့အား ပြပြော သော်လည်း၊ သူတို့သည် အနက် ကို မ ဘော် မပြနိုင်ကြ။ ၈ နောက်မှငါ ကိုးကွယ်သောဘုရား ၏ နာမ အားဖြင့်ဗေလတရှာဇာ ဟုခေါ်သမုတ်၍၊ သန့်ရှင်း သော ဘုရား သခင်၏ ဝိညာဉ် တော်နှင့် ပြည့်စုံသော ဒံယေလ သည် ငါ့ ထံသို့ ဝင်လာလျှင်၊ ၉ အချင်းမာဂု ဆရာချုပ် ဗေလတရှာဇာ ၊ သင် သည် သန့်ရှင်း သော ဘုရား သခင်၏ ဝိညာဉ် တော်နှင့် ပြည့်စုံသည်ကိုငင်း၊ နက်နဲ သောအရာရှိသမျှ တို့ကို ဖွင့်ပြနိုင်သည်ကိုငင်းငါ သိ ၏။ သို့ ဖြစ်၍၊ ငါမြင်မက် သော အိပ်မက် ၏ အနက် ကိုဘော်ပြ လော့။ ၁၀ ငါအိပ်ပျော်စဉ်တွင်မြင်မက်သည်ကား၊ ငါကြည့်ရှု

၍ မြေကြီး အလယ် ၌ အရပ်မြင့် လှသော သစ်ပင် တပင်ရှိ၏။ ၁၁ ထိုအပင် သည် ကြီးပွား ၍ ခိုင်မာ ခြင်းသို့ ရောက်၏။ မိုဃ်း ကောင်းကင်သို့ ထိ ၍ မြေကြီး စွန်း တိုင်အောင် ထင်ရှား၏။ ၁၂ အရွက် လည်းလှ ၏။ သတ္တဝါ အပေါင်း တို့စား၍ ဝလောက်သော အသီး နှင့်ပြည့်စုံ၏။ မြေ တိရစ္ဆာန် တို့သည် ထိုသစ်ပင်အရိပ် ၌ ခိုကြ၏။ အခက် အလက်တို့ ၌ ကောင်းကင် ငှက် တို့သည် နားနေ ကြ၏။ ၁၃ အိပ်ပျော်၍ မြင်မက် စဉ်၊ တဖန်ငါကြည့်ရှု ပြန် လျှင်၊ သစ်ပင်စောင့် တည်းဟူသောသန့်ရှင်း သူတယောက်သည် ကောင်းကင် မှ ဆင်းလာ ၍၊ ၁၄ သစ်ပင် ကိုလှဲ လော့။ အခက် တို့ကို ခုတ်လော့။ အသီး အရွက် တို့ကို လှုပ် ချေလော့။ တိရစ္ဆာန် တို့သည် သစ်ပင်အောက် က ထွက်၍၊ ငှက် တို့သည်လည်း အကိုင်း အခက်ထဲက သွား ကြစေ။ ၁၅ သို့သော်လည်း ၊ မြေ ၌ စွဲသော အမြစ် နှင့်တကွသစ်ငုတ် ကိုခြွင်း ထား၍၊ သံ ကြိုး ၊ ကြေးဝါ ကြိုးနှင့် ချည်နှောင်သကဲ့သို့နှ သောမြက်ပင်ထဲ၌ ရှိစေလော့။ ခုနစ်နှစ်ပတ်လုံးမိုဃ်းစွတ်ခြင်းကိုခံ၍၊ တိရစ္ဆာန် တို့နှင့်အတူ ဆက်ဆံလျက် မြက်ပင်ကို စားစေလော့။ ၁၆ လူစိတ်သဘောပျောက်၍ တိရစ္ဆာန်စိတ် သဘောနှင့်ပြည့်စုံစေလော့။ ၁၇ အကြောင်းမူကား၊ အမြင့်ဆုံး သောဘုရားသည် လောကီနိုင်ငံ ကို အုပ်စိုး တော်မူသည်ကိုငင်း၊ ပေးလို သောသူတို့ အားပေး တော်မူသည်ကိုငင်း၊ ယုတ်မာသောသူတို့ ကို ချီးမြှောက်၍ နိုင်ငံကို အပ်ပေးတော်မူသည်ကိုငင်းသတ္တဝါတို့ သိနားလည်ရသောအခွင့်ရှိစေခြင်းငှါ၊ သစ်ပင်စောင့်တို့သည် ဤသို့စီရင်ကြပြီ။ သန့်ရှင်းသူတို့ သည် အမိန့်တော်ကိုပေး ကြပြီဟု ဟစ်ကြော်လေ၏။ ၁၈ ထိုသို့ ငါ နေဗုခဒ်နေဇာ မင်းကြီး သည် မြင်မက် ရပြီ။ ယခုတွင် အချင်းဗေလတရှာဇာ ၊ ငါမြင်သော အိပ်မက်အနက် ကိုဘော်ပြ လော့။ ငါ့ နိုင်ငံ တွင် ပညာရှိ အပေါင်း တို့သည် အနက် ကို ငါ့ အား မ ဘော်မပြနိုင် သော်လည်း ၊ သင် သည် သန့်ရှင်း သော ဘုရား သခင်၏ ဝိညာဉ် နှင့်ပြည့်စုံ၍ ဘော်ပြနိုင် သည်ဟု ငါသည် ကိုယ်မြင်သော အိပ်မက် ကို ဒံယေလအား ပြန်ပြော၏။ ၁၉ ထိုအခါ ဗေလတရှာဇာ အမည် ရှိသော ဒံယေလ သည် တ နာရီ လောက် မိန်းမော တွေဝေ၍ စိတ် ပူပန်လျက် နေ၏။ ရှင် ဘုရင်က၊ အချင်းဗေလတရှာဇာ ၊ အိပ်မက် အနက် အဓိပ္ပါယ်ကြောင့် ပူပန် သောစိတ်မ ရှိပါနှင့်ဟု မိန့် တော်မူ၏။ ဗေလတရှာဇာ ကလည်း၊ အရှင် စော၊ ကိုယ်တော် ကို မုန်း သော ရန်သူ တို့အပေါ် ၌ အိပ်မက်အနက် ရောက်ပါစေသော။ ၂၀ မြင်မက် တော်မူစဉ်တွင် ကြီးပွား ၍ ခိုင်မာ ထသော၊ မိုဃ်း ကောင်းကင် သို့ ထိ ၍ မြေကြီး တပြင်လုံး ၌ ထင်ရှားထသော၊ ၂၁ အရွက် လှ လျက်၊ သတ္တဝါ အပေါင်းတို့ စား၍ ဝလောက်သော အသီး နှင့် ပြည့်စုံထသော၊ မြေ တိရစ္ဆာန် တို့သည် အောက် ၌နေကြသဖြင့်၊ အခက် အလက်တို့ ၌ ကောင်းကင် ငှက် များ မှီခို နားနေရာဖြစ်သော သစ်ပင် သည်၊ ၂၂ အရှင် မင်းကြီး၊ ကိုယ်တော်ပင် ဖြစ်ပါ၏။ ကိုယ်တော်သည် ကြီးပွား ၍ ခွန်အား နှင့်ပြည့်စုံတော်မူ၏။ ဘုန်း စည်းစိမ်တော်ကြီး မြင့်၍ မိုဃ်း ကောင်းကင်သို့ ထိ ၏။ အာဏာစက် တော်လည်း၊ မြေကြီး စွန်း တိုင်အောင် ရောက် တော်မူ၏။ ၂၃ သစ်ပင်စောင့် ၊ သန့်ရှင်း သူတယောက်သည် ကောင်းကင် မှ ဆင်းလာ ၍ ၊ သစ်ပင် ကို ခုတ်လှဲ ဖျက်ဆီး လော့။ သို့သော်လည်း ၊ မြေ ၌ စွဲသော အမြစ် နှင့်တကွသစ်ငုတ် ကို ခြွင်း ထား၍ သံ ကြိုး ၊ ကြေးဝါ ကြိုးနှင့် ချည်နှောင်သကဲ့သို့နှ သောမြက်ပင်ထဲ၌ ရှိစေလော့။ ခုနစ် နှစ်ပတ်လုံးမိုဃ်း စွတ်ခြင်းကိုခံ ၍ ၊ မြေ တိရစ္ဆာန် တို့နှင့် ဆက်ဆံစေဟုဆိုသည်မှာ၊ ၂၄ အမြင့်ဆုံး သော

ဘုရားသခင်စီရင် တော်မူ၍၊ အရှင် မင်းကြီး အပေါ် ၌ ရောက် ရသော မြင်မက်တော်မူချက်၏ အနက် ဟူမူကား ၊ ၂၅ ကိုယ်တော် ကို လူစု ထဲက နှင်ထုတ် ၍ ၊ မြေ တိရစ္ဆာန် တို့နှင့်အတူ နေရာ ချကြလိမ့်မည်။ အမြင့်ဆုံး သောဘုရားသည် လောကီ နိုင်ငံ ကို အုပ်စိုး ၍၊ ပေးလို သော သူ တို့ အား ပေး တော်မူသည်ကို ကိုယ်တော်မသိ မ မှတ်မှီကာလ၊ ခုနစ် နှစ်ပတ်လုံးနွား ကဲ့သို့ မြက် ကိုစား ၍ ၊ မိုးယံ စွတ်ခြင်းကိုခံ လျက်နေရမည်။ ၂၆ သစ်မြစ် ၊ သစ်ငုတ် ကိုခွင်း ထားစေခြင်းငှါ စီရင် ကြသည်အရာမှာ၊ ကောင်းကင် ဘုံသည် အုပ်စိုး ကြောင်း ကို ကိုယ်တော်သိ ပြီးသော နောက်၊ နိုင်ငံ တော်သည် လက်တော်မှ မရွေ့ဘဲ တည် လိမ့်မည်။ ၂၇ သို့ ဖြစ်၍ ၊ အရှင် မင်းကြီး၊ အကျွန်ုပ် စကား ကို နာယူ တော်မူပါ။ တရား သော အမှုကိုပြုခြင်း၊ ဆင်းရဲ သောသူတို့ကို သနား ခြင်းအားဖြင့် ဒုစရိုက် အပြစ်တို့ကို ပယ် ဖြတ်တော်မူပါ။ ထိုသို့ပြုလျှင်၊ ချမ်းသာ ရကောင်း ရတော်မူလိမ့်မည်ဟု ဒံယေလလျှောက်ထား၏။ ၂၈ ထိုအမှုအရာအလုံးစုံ တို့သည် နေဗုခဒ်နေဇာ မင်းကြီး အပေါ် သို့ ရောက် သည်အကြောင်းကား၊ ၂၉ တဆယ် နှစ် လ လွန် ပြီးသော်၊ ဗာဗုလုန် နန်းတော် ပေါ် မှာ စက္ကြံ သွားလျက်၊ ၃၀ ဤ မြို့ကား၊ ငါ့နိုင်ငံတည်ရာ၊ ငါ့ ရွှေဘုန်း တော်ကို ချီးမြှောက် ရာဘို့ ၊ ငါ့ တန်ခိုး အာနုဘော်အားဖြင့် ငါ တည် လုပ်သော ဗာဗုလုန် မြို့ကြီး မ ဟုတ်လောဟု မြွက်ဆို ၏။ ၃၁ ထိုစကား ကို မြွက်ဆိုစဉ် ပင်၊ ကောင်းကင် မှ သက်ရောက် သော အသံ ဟူမူကား၊ အိုနေဗုခဒ်နေဇာ မင်းကြီး ၊ နားထောင်လော့။ နိုင်ငံ တော်သည် သင့် လက်မှ ရွှေ့ သွားပြီ။ ၃၂ သင့် ကို လူစု ထဲက နှင်ထုတ် ၍ ၊ မြေ တိရစ္ဆာန် တို့ နှင့်အတူ နေရာ ချကြလိမ့်မည်။ အမြင့်ဆုံး သောဘုရား သည် လောကီ နိုင်ငံ ကို အုပ်စိုး ၍၊ ပေးလို သော သူ တို့အား ပေး တော်မူသည်ကို မင်းကြီးမသိ မ မှတ်မှီကာလ ၊ ခုနစ် နှစ် ပတ်လုံးနွား ကဲ့သို့ မြက် ကိုစား လျက်နေရမည်ဟု အသံ ဖြစ်လေ၏။ ၃၃ ထိုစကားနှင့်အညီနေဗုခဒ်နေဇာ ၌ ချက်ခြင်းဖြစ်၍၊ လူစု ထဲက နှင်ထုတ် ကြလျှင်၊ သူသည်နွား ကဲ့သို့ မြက် ကိုစား ၍ မိုးယံ စွတ်ခြင်းကိုခံ သဖြင့်၊ ကိုယ်အမွေး သည် ရွှေလင်းတ အတောင်ကဲ့သို့ ၎င်း ၊ လက်သည်း ခြေသည်းတို့သည် ငှက် ခြေသည်းကဲ့သို့ ၎င်း ဖြစ်၏။ ၃၄ ကာလ အချိန်စေ့ သောအခါ၊ ငါ နေဗုခဒ်နေဇာ သည် ကောင်းကင် သို့ မျှော်ကြည့်၍ သတိရပြန်လျှင်၊ အမြင့်ဆုံး သောဘုရားကို ကောင်းကြီး ပေး၍ ၊ ထာဝရ အသက် ရှင်တော်မူသောဘုရားကို ချီးမွမ်း ထောမနာ ပြု၏။ အာဏာ တော်သည် ထာဝရ အာဏာ ဖြစ်၏။ နိုင်ငံ တော်သည် ကမ္ဘာ အဆက်ဆက်တည်၏။ ၃၅ မြေကြီး သားအပေါင်း တို့သည် ရှေ့တော်၌ အဘယ်မျှ မဟုတ်သကဲ့သို့ ဖြစ်ကြ၏။ ကောင်းကင် ဗိုလ်ခြေ တို့ ၌ ၎င်း ၊ မြေကြီး သားတို့ ၌၎င်း အလို တော်ရှိသည်အတိုင်း စီရင် ပြုပြင်တော်မူ၏။ လက် တော်ကို အဘယ်သူ မျှမ ဆီးတား နိုင်။ အဘယ်သို့ ပြု သနည်းဟု ကိုယ်တော် ကို ဆို နိုင်သောသူ မရှိ ။ ၃၆ ထိုအခါ ငါ့စိတ်ပကတိဖြစ်ပြန်၍၊ ငါ့ နိုင်ငံ ၏ အသရေ ဘို့ ယမန်ကဲ့သို့တင့်တယ်ခြင်း အရောင် အဆင်း နှင့် ပြည့်စုံ၍၊ တိုင်ပင် သော မှူးတော်မတ်တော်တို့သည် ညီလာခံဝင်ကြလျှင်၊ ငါ ၏အာဏာတည်မြဲတည်၏။ ငါ့ဘုန်း အာနုဘော်လည်း ယခင် ထက် တိုးပွါး၏။ ၃၇ ယခု တွင် ငါ နေဗုခဒ်နေဇာ သည် ကောင်းကင် ဘုံ၏ အရှင် ဘုရားသခင်ကို ချီးမွမ်း ထောပနာပြု၏။ စီရင် ဖန်ဆင်း တော်မူသမျှ

သော အရာတို့သည် သစ္စာ နှင့် ပြည့်စုံ၍ တရား နှင့် ညီလျော်ကြ၏။ မာန ထောင်လွှား သောသူတို့ ကို နှိမ်ချ ခြင်းငှါ တတ်နိုင် တော်မူ၏ဟု အမိန့်တော်ကို အရပ်ရပ်သို့ ပြန့်စေတော်မူ၏။

၅ တရံရောအခါဗေလရှာဇာ မင်းကြီး သည် မှူးမတ် တထောင် ကို ခေါ်ပြီးလျှင်ကြီး စွာသော ပွဲ ကို လုပ် ၍ ၊ မှူးမတ်တထောင် နှင့်တကွစပျစ်ရည် ကို သောက် တော်မူ၏။ ၂ စပျစ်ရည် ကို မြည်းစမ်းသောအခါ၊ ယေရှရှလင် မြို့ ဗိမာန် တော် ထဲက ခမည်းတော် နေဗုခဒ်နေဇာ သိမ်းယူ ဆောင်ခဲ့သော ရွှေ ဖလား ၊ ငွေ ဖလားတို့နှင့် ကိုယ်တော်တိုင်မှစ၍မင်းသား ၊ မိဖုရား ၊ မောင်းမမိသဲ တို့သည် သောက် ရမည်အကြောင်း၊ ထိုဖလားတို့ကို ယူ ခဲ့ရမည်ဟု အမိန့် တော်ရှိသည်အတိုင်း၊ ၃ ယေရှရှလင် မြို့၌ ရှိသော ဘုရား သခင်၏ ဗိမာန် တော်တိုက်ထဲက သိမ်းယူ ဆောင်ခဲ့သော ရွှေ ဖလား တို့ကို ယူ ခဲ့၍၊ မင်းကြီး ၊ မင်းသား ၊ မိဖုရား ၊ မောင်းမမိသဲ တို့သည် ထိုဖလားတို့နှင့် သောက် ကြ၏။ ၄ စပျစ်ရည် ကိုသောက် ၍ ၊ ရွှေ ဘုရား ၊ ငွေ ဘုရား၊ ကြေးဝါ ဘုရား၊ သံ ဘုရား၊ သစ်သား ဘုရား၊ ကျောက် ဘုရားတို့ကို ချီးမွမ်း ကြ၏။ ၅ ထိုအချိန် နာရီတွင် လူ ၏လက်ဖျားသည် ပေါ် လာ၍ မီးခုံအထက်၊ နန်းတော် အုတ်ထရံ အင်္ဂတေ ၌ အက္ခရာ တင်၍ ရေးထား၏။ ထိုသို့ရေး သော လက်ဖျားကို ရှင် ဘုရင်မြင် တော်မူလျှင်၊ ၆ မျက်နှာ တော်ညှိုးငယ်၍ စိတ် ပူပန် ခြင်းသို့ ရောက်သဖြင့်၊ ခါး ဆစ် ပြုတ်မတတ်ဖြစ်၍ဒူး ခြင်းထိခိုက် သည်ရှိသော်၊ ၇ ဗေဒင် တတ်၊ ခါလဒဲ ဆရာ၊ အနာဂတ္တိ ဆရာ တို့ကို ခေါ် ချေဟု ဟစ်ကြော် ပြီးလျှင်၊ ထို စာ ကို ဘတ် ၍ အနက် ကို ဘော်ပြ နိုင်သော သူ သည်အဝတ်နီ ကိုဝတ်ဆင် ၍ လည်ပင်း ၌ ရွှေ စလွယ် ဆွဲလျက်၊ နိုင်ငံ တော်တွင် တတိယ မင်း ဖြစ်စေဟု ဗာဗုလုန် ပညာရှိ တို့အား အမိန့် တော်ရှိ၍ ၊ ၈ ပညာရှိ ဆရာတော်အပေါင်း တို့သည် လာ ရောက်ကြသော်လည်း၊ ထိုစာ ကို မ ဘက် နိုင် ကြ။ အနက် အဓိပ္ပါယ်ကို ရှင် ဘုရင်အား မဟော မပြောနိုင်သောကြောင့် ၊ ၉ ဗေလရှာဇာ မင်းကြီး သည် အလွန် စိတ် ပူပန်ခြင်း၊ မျက်နှာ တော်ညှိုးငယ်ခြင်းရှိ၍၊ မှူး တော်မတ်တော်တို့ သည် မှိုင် လျက်နေကြ၏။ ၁၀ ထိုအခါ မယ်တော် မိဖုရားသည် ရှင် ဘုရင်၏ စကား ၊ မှူးမတ် တို့၏ စကားကို ကြားသိလျှင်၊ ပွဲ တော်သို့ ဝင် ၍၊ အရှင် မင်းကြီး၊ အသက် တော် အစဉ်အမြဲ ရှင်ပါစေ။ စိတ် တော်ပူပန် ခြင်းမ ရှိပါနှင့်။ မျက်နှာ ညှိုးငယ်တော် မ မူပါနှင့်။ ၁၁ သန့်ရှင်း သော ဘုရား သခင်၏ ဝိညာဉ် တော်နှင့် ပြည့်စုံသော သူတယောက်သည် နိုင်ငံ တော်တွင် ရှိ ပါ၏။ ခမည်းတော် ဘုရားလက်ထက် တော်၌ ၊ ထိုသူတွင် ဘုရား ပညာ နှင့် တူသော ပညာ ဉာဏ် သတ္တိ ထင်ရှားလျက် ရှိပါ၏။ ထိုသူကို ခမည်းတော် ဘုရား နေဗုခဒ်နေဇာ မင်းကြီး သည် မာဂု ပညာရှိ၊ ဗေဒင် တတ်၊ ခါလဒဲ ဆရာ၊ အနာဂတ္တိ ဆရာတို့အပေါ် တွင် ဆရာ အုပ်အရာ၌ ခန့် ထားတော်မူ ၏။ ၁၂ အကြောင်း မူကား၊ အိပ်မက် အနက် ကို ဘတ်ခြင်း၊ နက်နဲ ခက်ခဲသောအရာကိုဖွင့်ပြ ခြင်း၊ ပုစ္ဆာအမေးကို ဖြေ ခြင်းငှါတတ်စွမ်းနိုင် သောဉာဏ် ပညာ နှင့်တကွ၊ ထူးဆန်း သောစိတ် ဝိညာဉ်သည် ဒံယေလ အမည်ရှိသောထိုသူတွင် ထင်ရှား လျက်ရှိပါ၏။ ဗေလတရှာဇာ ဟူသော ဘွဲ့နာမ ကိုလည်း ရှင် ဘုရင်ပေး သနား တော်မူ၏။ ထိုဒံယေလ ကို ခေါ် တော်မူလျှင်၊ အနက် ကို ဟောပြော ပါလိမ့်မည်ဟု လျှောက် သော်၊ ၁၃ ဒံယေလ ကို အထံ တော်သို့ ခေါ် သွင်းလေ၏။ ရှင် ဘုရင်က၊ ငါ့ ခမည်းတော် ဘုရားသည် ယုဒ

ပြည်က သိမ်းယူ တော်မူခဲ့၍၊ ယုဒ လူစုဌ် ပါသော ဒံယေလ မှန်သလော။ ၁၄ သင် သည် ဘုရား သခင်၏ ဝိညာဉ် နှင့်ငင်း ၊ ထူးဆန်း သော ပညာ ဉာဏ် သတ္တိနှင့်ငင်း ပြည့်စုံသည်ဟု သင် ၏ သိတင်းကို ငါကြား ၏။ ၁၅ ထို စာ ကို ဘတ် ၍ အနက် ကို ငါ့ အား ဘော်ပြ စေခြင်းငှါ ဗေဒင် တတ်ပညာရှိ တို့ကို ငါ့ ထံသို့ သွင်း သော်လည်း ၊ သူတို့သည်အနက် ကို မ ဘော် မပြနိုင် ကြ။ ၁၆ သင်သည် အနက် များကို ဘော်ပြ ၍ ပုစ္ဆာ အမေးတို့ကို ဖြေ နိုင် သည်ဟု ငါ ကြား ပြီးအတိုင်း၊ ထိုစာ ကိုဘတ် ၍ အနက် ကိုငါ့ အား ဘော်ပြ နိုင် လျှင် ၊ အဝတ်နီ ကိုဝတ်ဆင် ၍ လည်ပင်း၌ ရွှေ စလွယ် ဆွဲလျက်၊ နိုင်ငံ တော်တွင် တတိယ မင်း ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ ၏။ ၁၇ ဒံယေလ ကလည်း၊ ဆု တော်လပ်တော်ကို ကိုယ်တော် ၌ ရှိ စေတော်မူပါ။ ပေးလိုသောအရာများကို အခြား သူအား ပေး သနားတော်မူပါ။ သို့သော်လည်း ၊ ရှေ့ တော်၌ ထိုစာ ကို ဘတ် ၍ အနက် ကိုဘော်ပြ ပါမည်။ ၁၈ အရှင် မင်းကြီး၊ အမြင့်ဆုံး သော ဘုရား သခင်သည် ခမည်းတော် နေဗုခဒ်နေဇာ မင်းကြီး၌ နိုင်ငံ တော် နှင့်တကွရွှေဘုန်း တော်မြတ်၊ ဂုဏ် အသရေတော်ကိုပေး သနားတော်မူ၏။ ၁၉ ပေး သနားတော်မူသော ထိုရွှေဘုန်း တော်မြတ် ကြောင့် ၊ အရပ်ရပ်တို့ ၌ နေ၍ အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသော လူမျိုး တကာ တို့သည် ရှေ့ တော်၌ ကြောက်ရွံ့ တုန်လှုပ် လျက် နေကြ၏။ သတ်လို သော သူတို့ ကိုသတ် တော်မူ၏။ အသက်ရှင်စေလို သော သူတို့ ကို ရှင် စေတော်မူ၏။ ချီးမြှောက်လို သော သူတို့ ကို ချီးမြှောက် တော်မူ၏။ နှိမ့်ချလို သော သူတို့ကို နှိမ့်ချ တော်မူ၏။ ၂၀ မာန် မာနစိတ် နှင့် ထောင်လွှားစော်ကားခြင်း ရှိသောအခါ ၊ ဘုန်း တန်ခိုးကွယ်ပျောက် ၍ နန်း တော်မှ ကျ ၏။ ၂၁ လူ သား စုထဲက နှင်ထုတ် ခြင်းကိုခံ၍ တိရစ္ဆာန် သဘောနှင့် ပြည့်စုံ၏။ အမြင့်ဆုံး သော ဘုရား သခင်သည် လောကီ နိုင်ငံ ကို အုပ်စိုး ၍၊ အလို တော်ရှိသော သူ တို့အား အပ် တော်မူသည်ကို မ သိမှတ် မှီတိုင်အောင်၊ မြည်းရိုင်း တို့နှင့် ပေါင်းဘော်လျက်၊ နွား ကဲ့သို့ မြက် ကိုစား လျက်၊ မိုးယံး စွတ်ခြင်းကိုခံ ၍နေရ၏။ ၂၂ အရှင်သားတော် ဗေလရှာဇာ ၊ ကိုယ်တော်သည် ထို အမှုအလုံးစုံ တို့ကို သိ သော်လည်း ၊ စိတ် နှလုံးကို မ နှိမ့်ချ ဘဲ၊ ၂၃ ကောင်းကင် ဘုံ၏ အရှင် ကို ဆန့်ကျင်ဘက်ပြု၍၊ ဗိမာန် တော်၏ ဖလား တို့ကို ရှေ့ တော်သို့ ယူ ခဲ့စေ၍ ၊ ကိုယ်တော်တိုင်မှစသောမှူး တော် မတ်တော်၊ မိဖုရား ၊ မောင်းမမိသံ တို့သည် ထိုဖလားတို့နှင့်စပျစ်ရည် ကို သောက် ကြပြီတကား။ မျက်စိမ မြင် ၊ နားမ ကြား ၊ အဘယ် အရာကိုမျှ မ သိ သော ငွေ ဘုရား၊ ရွှေ ဘုရား၊ ကြေးဝါ ဘုရား၊ သံ ဘုရား၊ သစ်သား ဘုရား၊ ကျောက် ဘုရား တို့ကို ချီးမွမ်း ၍၊ ကိုယ်တော် ၏ အသက် သခင်တည်းဟူသောကိုယ်တော်၏ အမှု အလုံးစုံ တို့ကိုစီရင်ပိုင်တော်မူသောဘုရား သခင်ကို မ ချီးမွမ်း ဘဲ နေပါပြီတကား။ ၂၄ ထိုကြောင့်၊ လက်ဖျားကိုစေလွှတ် ၍ ထို စာ ကို ရေး စေတော်မူ၏။ ၂၅ စာ ချက်ဟူမူကား၊ မေနေ မေနေ ၊ တေကလ ၊ ဖေရက် ဟု အက္ခရာ တင် လျက်ရှိ၏။ ၂၆ မေနေ ၏ အနက် အဓိပ္ပါယ်ကား၊ ကိုယ်တော် ၏ နိုင်ငံ ကို ဘုရား သခင်ရေတွက် ၍ ဆုံး စေတော်မူ၏။ ၂၇ တေကလ ၏ အနက်အဓိပ္ပါယ်ကား၊ ကိုယ်တော်ကို ချိန်ခွင် နှင့် ချိန် ၍လျော့ ကြောင်းကို တွေ့မြင် တော်မူ ၏။ ၂၈ ဖေရက် ၏ အနက်အဓိပ္ပါယ်ကား၊ နိုင်ငံ တော်ကို ခွဲဝေ ၍ မေဒ လူ၊ ပေရသိ လူတို့အား အပ် ပေးတော်မူ၏ဟု ဆိုလိုသတည်းဟု ဒံယေလသည် အထံတော်၌ ပြန်ကြား လျှောက်ထား၏။ ၂၉

ထိုအခါ ဗေလရှာဇာ မင်းကြီးမိန့် တော်မူသည် အတိုင်း၊ ဒံယေလ ကို အဝတ်နီ ဝတ်ဆင် စေ၍ လည်ပင်း၌ ရွှေ စလွယ် ဆွဲပြီးမှ၊ နိုင်ငံ တော်တွင် တတိယ မင်း ဖြစ် သည်ဟု ကြေညာ၍ဟစ်ကြော် ကြ၏။ ၃၀ ထိုညဉ့် ၌ပင် ခါလဒဲ ရှင် ဘုရင် ဗေလရှာဇာ မင်းသည် အသက် ဆုံး၍၊ ၃၁ မေဒိ အမျိုး ဒါရိ မင်းသည် အသက်ခြောက် ဆယ်နှစ် နှစ် တွင် နိုင်ငံ တော်ကို သိမ်းယူ တော်မူ၏။

၆ ဒါရိ မင်းကြီးသည် နိုင်ငံ တော် အမှုအရေးအလုံးစုံ တို့ကို စီရင်ရသောမြို့ဝန် တရာ နှစ် ဆယ်တို့ကို ၎င်း၊ ၂ အကျိုး တော်ကို မ ယုတ်မလျော့စေခြင်းငှါ၊ ထိုမြို့ဝန် အပေါင်းတို့ကို အုပ်ချုပ်စစ်ကြောရသော ဝန်ကြီး သုံး ပါးကိုထင်းအလိုတော်ရှိသည်အတိုင်း ခန့်ထားတော်မူ၏။ ထိုဝန်ကြီးသုံးပါးတွင်ဒံယေလ သည် ဝန်ကြီးအရာကို ရသည်သာမက၊ ၃ ထူးဆန်း သော ဉာဏ် နှင့်ပြည့်စုံ၍ မြို့ဝန် တကာ၊ ဝန်ကြီး တကာတို့ထက် လွန်ကဲသောကြောင့်၊ နိုင်ငံ တော် တ နိုင်ငံလုံးကို သူ ၌ အပ်နှင်း မည် ဟုရှင် ဘုရင်သည် အကြံ ရှိတော်မူ၏။ ၄ ထိုအခါ ဝန်ကြီး နှင့် မြို့ဝန် တို့သည် ဒံယေလ ၌ အပြစ်တင်ခွင့် ကို ရှာ၍၊ နိုင်ငံ တော်အမှုအရေးများကို စစ်ကြော ကြ၏။ ဒံယေလသည် သစ္စာ နှင့် ပြည့်စုံ၍ အပြစ် တစုံတခုမျှမရှိသောကြောင့်၊ အပြစ်တင်ခွင့် ကို ရှာ ၍မ တွေ့ကြသည်ရှိသော်၊ ၅ ဘုရား သခင်၏ ဘာသာမှုမှတပါးအခြားသော အမှုတွင် ဒံယေလ ၌ အပြစ်တင်ခွင့် ကိုငါတို့ မ တွေ့ နိုင် ကြဟု တိုင်ပင်ပြောဆို ပြီးမှ၊ ၆ အထံတော်သို့ လာရောက်စည်းဝေး ကြ၍ ၊ အရှင် မင်းကြီးဒါရိ ၊ အသက် တော် အစဉ် အမြဲရှင်ပါစေ။ ၇ ကိုယ်တော် မြတ်မှတပါး အခြား သော လူ ကို ဖြစ်စေ၊ ဘုရား ကို ဖြစ်စေ၊ အရက် သုံး ဆယ်အတွင်း တွင် ဆုတောင်း သော သူမည်သည်ကို ခြသေ့် လှောင် သော တွင်း ထဲသို့ ချ ပစ်ရမည်ဟုမ ဖေါက်ပြန်နိုင်သော အမိန့် တော် မြတ်ကို ထုတ် စေခြင်းငှါ နိုင်ငံ တော်ဝန်ကြီး ၊ မြို့ဝန် ၊ စောဘွား ၊ တိုင်ပင် မှူးမတ်၊ စစ်ကဲ အပေါင်း တို့သည် အညီအညွတ် တိုင်ပင် ကြပါပြီ။ ၈ သို့ ဖြစ်၍၊ အရှင် မင်းကြီး၊ အမိန့် ရှိတော်မူပါ။ မ ပြောင်းလဲ တတ်သော မေဒိ ၊ ပေရသိ ဓမ္မသတ် အတိုင်း အမိန့်တော်တည် စေခြင်းငှါ၊ တံဆိပ် ခတ်တော်မူပါဟု လျှောက်ထားကြလျှင်၊ ၉ ဒါရိ မင်းကြီး သည် အမိန့် တော်ကိုပေး၍ တံဆိပ် ခတ်တော်မူ၏။ ၁၀ အမိန့် တော်ထုတ်၍ တံဆိပ် ခတ်ကြောင်းကို ဒံယေလ သည် ကြား သိသော်လည်း၊ မိမိ အိမ် သို့ သွား ၍ ယေရုရှလင် မြို့သို့ မျက်နှာပြုရာ အထက်ခန်း ပြတင်းပေါက် ပွင့် လျက်ပင်၊ အထက် ပြု လေ့ရှိ သည်အတိုင်း ၊ တနေ့ သုံး ကြိမ် ဒူး ထောက်လျက် ဘုရား သခင်ကို ဆုတောင်း ၍ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းလေ၏။ ၁၁ ထိုသို့ဘုရား သခင်ကို ဆုတောင်း ပဋနာပြုလျက် နေသည်ကို မှူးမတ်အရာရှိတို့သည် စည်းဝေး ၍ တွေ့မြင် ကြလျှင်၊ ၁၂ အထံ တော်သို့ဝင် ၍ ၊ အရှင် မင်းကြီး၊ ကိုယ်တော် မြတ်မှတပါး အခြား သောလူ ကိုဖြစ်စေ၊ ဘုရား ကို ဖြစ်စေ၊ အရက် သုံး ဆယ်အတွင်း တွင် ဆုတောင်း သော သူမည်သည်ကို ခြသေ့် လှောင် သောတွင်းထဲသို့ ချ ပစ်စေဟု အမိန့် တော်ကို တံဆိပ် ခတ်တော်မူလျက် ရှိပါသည်မ ဟုတ် လောဟု အမိန့် တော်အကြောင်း ကို မေးလျှောက်ကြ၏။ ရှင် ဘုရင်ကလည်း၊ မ ပြောင်းလဲ တတ်သော မေဒိ ၊ ပေရသိ ဓမ္မသတ် အတိုင်း မှန် ပေသည်ဟု မိန့် တော်မူ၏။ ၁၃ မှူးမတ်အရာရှိတို့ကလည်း၊ အရှင် မင်းကြီး၊ ယုဒ ပြည်က သိမ်းယူ ခဲ့ သော ယုဒလူမျိုးဒံယေလ

သည် အာဏာတော်ကို ပမာဏ မ ပြု၊ တံဆိပ် ခတ်တော်မူသော အမိန့် တော်ကို ဆန့်ကျင်လျက်၊ တနေ့ သုံး ကြိမ် တိုင်အောင်ဆုတောင်း ၍ နေပါသည်ဟု လျှောက်ထား ကြ၏။ ၁၄ ထိုစကား ကို ကြား လျှင် ၊ ရှင် ဘုရင်သည် အလွန် နောင်တ ရ၍ ဒံယေလ ကို လွှတ် ခြင်းငှါ စိတ် အားကြီးသဖြင့်၊ လွှတ် ရသောအခွင့်ကို နေ ဝင် သည်တိုင်အောင် ကြိုးစား ၍ ရှာတော်မူ၏။ ၁၅ တဖန်မူးမတ်အရာရှိတို့သည် အထံ တော်သို့ စည်းဝေး ၍ ၊ အရှင် မင်းကြီး၊ တခါထုတ် ပြီးသော အမိန့် တော်မ ပျက် နိုင်ရာဟု မေဒိ ၊ ပေရသိ ဓမ္မသတ် ၌ ပါကြောင်းကို သတိ ထားတော်မူပါဟု လျှောက် ကြပြန် လျှင်၊ ၁၆ တဖန် ရှင် ဘုရင်မိန့် တော်မူသည်အတိုင်း၊ ဒံယေလ ကို ခေါ် ၍ ခြင်္သေ့ တွင်း ထဲသို့ ချ ပစ်ကြ၏။ ရှင် ဘုရင်ကလည်း၊ သင် မ ပြတ်ကိုးကွယ် သော ဘုရား သခင် သည် သင့် ကိုကယ်လွှတ် ပါစေဟု ဒံယေလ ကို မိန့် တော်မူ၏။ ၁၇ ကျောက် ပြားကိုလည်း ယူ ခဲ့၍ တွင်း ဝ ကို ပိတ် ပြီးလျှင်၊ ဒံယေလ အမှုခွင် စီရင်ချက်ကို မ တိုး မလျော့စေခြင်းငှါ၊ ရှင် ဘုရင်တံဆိပ် နှင့် မှူးမတ် တို့တံဆိပ် ကို ခတ်တော်မူ၏။ ၁၈ ထိုနောက် ၊ ရှင် ဘုရင်သည် နန်းတော် သို့ ပြန် ၍ တညဉ့်လုံး စား တော်မခေါ် ၊ အငြိမ့် တန်ဆာကို အထံ တော် သို့ မ သွင်း စေဘဲ စက်တော်ခေါ် ၍ မပျော်နိုင်။ ၁၉ နံနက် စောစောထ ၍ ခြင်္သေ့ တွင်း သို့ အလျင်အမြန် သွား တော်မူ၏။ ၂၀ ရောက်လျှင်၊ ငိုကြွေး သော အသံ နှင့် ဒံယေလ ကို ခေါ် ၍၊ အသက် ရှင်တော်မူသောဘုရား သခင်၏ ကျွန် ဒံယေလ ၊ သင် မ ပြတ် ကိုးကွယ် သော ဘုရား သခင်သည် သင့် ကို ခြင်္သေ့ ဘေးမှ ကယ်လွှတ် နိုင် သလောဟုမေး တော်မူ၏။ ၂၁ ဒံယေလ က၊ အရှင် မင်းကြီး၊ အသက် တော် အစဉ် အမြဲရှင်ပါစေ။ ၂၂ အကျွန်ုပ် ၏ ဘုရား သခင်သည် ကောင်းကင် တမန်ကို စေလွှတ် ၍ ခြင်္သေ့ နှုတ် ကို ပိတ် ထားတော်မူသဖြင့်၊ အကျွန်ုပ် သည် ခြင်္သေ့ဘေးနှင့် လွတ်ပါ၏။ အကြောင်း မူကား၊ ဘုရားသခင့်ရှေ့၌ အကျွန်ုပ် သည် အပြစ် ကင်းပါ၏။ ကိုယ်တော် မြတ်ကိုလည်း အလျှင်း မပြစ်မှားပါဟု ပြန် လျှောက်လေ၏။ ၂၃ ထိုအခါ ရှင် ဘုရင်သည် အလွန် ဝမ်းမြောက် ၍ ၊ ဒံယေလ ကို တွင်း ထဲက ထုတ် ယူစေဟု အမိန့် တော်ရှိသည် အတိုင်း ဒံယေလ ကို တွင်း ထဲက ထုတ် ယူ၍ ၊ ဘုရား သခင်ကို ယုံကြည် သောကြောင့် သူ ၌ ထိခိုက် သောအနာတခုမျှ မ ရှိ ။ ၂၄ ထိုနောက်၊ ဒံယေလ ၌ အပြစ်တင် သော သူတို့ ကို ရှင် ဘုရင်၏ အမိန့်တော်နှင့် ခေါ် ၍၊ သား မယား နှင့်တကွခြင်္သေ့ တွင်း ထဲသို့ ချ ပစ်ကြလျှင်၊ မြေ သို့ မ ရောက် မှီ ခြင်္သေ့ တို့သည် နိုင်၍သူ တို့ အရိုး ရှိသမျှ တို့ကို ချိုးဖဲ့ ကြ၏။ ၂၅ ထိုအခါ မြေကြီး တပြင်လုံး တွင် အရပ်ရပ်တို့ ၌ နေ ၍၊ အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသော လူမျိုး တကာ တို့ရှိရာသို့ အမိန့်တော်စာနှင့် စေလွှတ်တော်မူ၏။ စာချက်ဟူမူကား၊ သင် တို့ ၌ ငြိမ်ဝပ် ချမ်းသာခြင်းများပြား စေသော။ ၂၆ ငါအစိုးရသောတနိုင်ငံလုံးတွင် ရှိနေသော သင်တို့သည် ဒံယေလ ၏ ဘုရား သခင်ကို ကြောက်ရွံ ရိုသေကြကုန်ဟု ငါအမိန့် တော်ရှိ၏။ အကြောင်း မူကား၊ ထို ဘုရား သခင်သည် အသက် ရှင်တော်မူသောဘုရား၊ နိစ္စ ထာဝရတည် တော်မူသောဘုရားဖြစ်တော်မူ၏။ နိုင်ငံ တော်သည် ပျက်စီး ခြင်းသို့ မ ရောက်နိုင်။ အာဏာစက် တော်လည်း အစဉ်အဆက် တည်လိမ့်မည်။ ၂၇ မစ ကယ်တင် ခြင်း ကျေးဇူးကို ပြု တော်မူ၏။ ကောင်းကင် မြေကြီး ၌ နိမိတ် လက္ခဏာ၊ အံ့သြဘွယ် တို့ကို ဖြစ်စေတော်မူ၏။ ဒံယေလ ကို ခြင်္သေ့ လက် မှ ကယ်လွှတ်

တော်မူသော ဘုရားသခင်သည် ထိုသို့သော ဘုရားဖြစ် တော်မူ၏ဟု အမိန့်တော်ရှိ၏။ ၂၈ ထိုသို့ဒံယေလ သည်ဒါရိ
မင်းကြီးလက်ထက်၌ ၎င်း ၊ ပေရသိ အမျိုးကုရု မင်းကြီးလက်ထက်၌ ၎င်း ကောင်းစား လျက်နေ၏။

၇ ဗာဗုလုန် ရှင် ဘုရင်ဗေလရှာဇာ နန်းစံပဌမ နှစ် တွင် ၊ ဒံယေလ သည် အိပ်မက် ကို မြင် ၍ အိပ်ပျော်စဉ်၊
စိတ်ထဲ၌အာရုံ ပြုပြီးမှမြင်မက် သော အရာတို့ကို ရေး ထားသော အချက် ကား၊ ၂ ငါ ဒံယေလ သည် ညဉ့် အခါ
အာရုံ ပြု၍၊ မိုဃ်း ကောင်းကင်လေး မျက်နှာ၌ လေ တို့သည် မဟာသမုဒ္ဒရာ ပေါ်မှာ အချင်းချင်းတိုက် ကြလျှင်၊ ၃
သဏ္ဌာန်ချင်းမ တူသော သားရဲ လေး ကောင်တို့ သည် သမုဒ္ဒရာ ထဲက ထွက် လာကြ၏။ ပဌမ သားရဲသည် ခြင်္သေ့ နှင့်
တူ၏။ ရွှေလင်းတ အတောင် လည်း ရှိ၏။ ၄ ငါ ကြည့်ရှု ၍ နေစဉ်၊ သူ၏အတောင် ကို နှုတ် ကြ၏။ မြေ မှ ကိုယ်ကိုချီ
ကြွလျက် လူ ကဲ့သို့ ခြေ ဖြင့် မတ်တပ် ရပ်၍ ၊ လူ စိတ် သဘောကိုလည်း ရ ၏။ ဒုတိယ သားရဲ သည် ဝံ နှင့် တူ၏။ ၅
တဘက် ၌ ကိုယ်ကိုကိုယ်ချီ ကြွ၏။ ပစပ် ၌ နံရိုး သုံး ချောင်းကို ကိုက်လျက်ရှိ၏။ သင်ထ လော့။ အသား များကို
ကိုက်စား လော့ဟု သူ့အား ပြော ကြ၏။ ၆ တဖန်ငါကြည့်ရှု ပြန်၍၊ ကျားသစ် နှင့် တူသော သားရဲတကောင်သည်
ထင်ရှား၏။ ကျော ပေါ် မှာ ငှက် အတောင် လေး ခုရှိ၏။ ခေါင်း လေး လုံးနှင့်ပြည့်စုံ၏။ အုပ်စိုး ရသောအခွင့်လည်းရှိ၏။
၇ ထိုညဉ့် အခါ၊ တဖန်ငါသည် အာရုံ ပြုစဉ်၊ ကြီးစွာ သော ခွန်အား နှင့်ပြည့်စုံ၍ အလွန်ကြောက်မက် ဘွယ် သော
စတုတ္ထ သားရဲ သည် ထင်ရှား၏။ ကြီး စွာသော သံ သွား လည်းရှိ၏။ ကိုက်စား ချိုးဖဲ့ ၍ ကြွင်း သော အရာကို ခြေ
ဖြင့် နင်း ချေ၏။ သူသည်အရင် သားရဲ ရှိသမျှ တို့ထက် ထူးခြား ၏။ ချို ဆယ် ချောင်းလည်း ရှိ၏။ ၈ ထိုချို တို့ကို
ငါကြည့်ရှုစဉ်၊ ချိုများအလယ် ၌ ချို ငယ် တချောင်းသည် ပေါက် ပြန်၏။ ထိုချိုငယ်ရှေ့မှာ အရင် ချို သုံး ချောင်းကို အမြစ်
နှင့်တကွနှုတ်လေ၏။ ထို ချို ငယ်သည် လူ မျက်စိ ကဲ့သို့ သော မျက်စိ နှင့်၎င်း ၊ ကြီး စွာသော စကားကို ပြော တတ်သော
နှုတ် နှင့်၎င်း ပြည့်စုံ၏။ ၉ ထိုအခါ ငါကြည့်ရှု စဉ် ၊ ရာဇ ပလ္လင်များကို တည် ထားလျက်ရှိ၍ ၊ အသက်ကြီးသော
သူတဦးသည် ထိုင် တော်မူ၏။ အဝတ် တော်သည် မိုဃ်းပွင့် ကဲ့သို့ ဖြူ ၏။ ဆံပင် တော်သည် ဖြူ သော သိုးမွေး
နှင့် တူ၏။ ပလ္လင် တော်သည် မီး လျှံ ဖြစ်၏။ ပလ္လင်တော်အောက်၌ မီး စက်လှည်းဘီး ရှိ၏။ ၁၀ မျက်နှာတော်မှ မီး
ရောင်ခြည်ထွက် လေ၏။ အတိုင်းမသိများစွာသောသူတို့ သည် အမှု တော်ကို ဆောင်ရွက်၍ ၊ ကုဋေသခြေမက ရှေ့
တော်၌ ခစား ၍ နေကြ၏။ တရား စီရင်ခြင်းငှါပြင်ဆင်၍ စာစောင် များ ကိုဖွင့် ထားကြ၏။ ၁၁ ထိုအခါ ချို ငယ်ပြော
သော စကား ကြီး အသံ ကြောင့် ငါကြည့်ရှု ၍ နေစဉ်၊ ထိုသားရဲ အသက်ကိုသတ် ပြီးလျှင်သူ၏ ကိုယ် ကိုမီး ရှို့၍ ဖျက်ဆီး
ကြ၏။ ၁၂ အခြား သော သားရဲ မူကား၊ အစိုးရ သောအခွင့် တန်ခိုးရှိုး သော်လည်း၊ ချိန်းချက်သော ကာလ ပတ်လုံး
အသက် ရှင်ရကြ၏။ ၁၃ ထိုညဉ့် အခါ ငါသည် အာရုံ ပြု၍၊ လူ သား နှင့် တူသောသူတဦးသည် မိုဃ်းတိမ် ကိုစီးလျက်၊
အသက်ကြီးသောသူ ၏အထံ တော်သို့ ရောက် လာ၏။ ထိုသူကို အထံ တော်ပါးသို့သွင်းကြ၏။ ၁၄ အရပ်ရပ်တို့ ၌နေ၍
အသီးသီးအခြားခြားသော ဘာသာ စကားကို ပြောသောလူမျိုး တကာ တို့ကို အုပ်စိုးစေခြင်းဌာ၊ ထိုသူသည် နိုင်ငံ
နှင့်တကွ အာဏာစက် တန်ခိုးကိုရ ၏။ အာဏာစက် တော် သည် ကမ္ဘာ အဆက်ဆက်တည်၏။ နိုင်ငံ တော်သည်

ပျက်စီး ခြင်းသို့ မ ရောက်နိုင်ရာ။ ၁၅ ငါ ဒံယေလ သည် ကိုယ်ခန္ဓါ တုန်လှုပ် ၍ ၊ ထိုရူပါရုံ ကြောင့် စိတ် ပူပန်ခြင်းရှိလျှင် ၁၆ အနားဌ ရပ် နေသောသူတယောက် ထံသို့ သွား ၍ ယခုမြင်သမျှ ကား၊ အဘယ်သို့ဆိုလိုသနည်းဟုမေးမြန်း သော်၊ ၁၇ ထိုသူက၊ ဤ သားရဲ လေး ကောင်တို့သည် မြေကြီး ပေါ် မှာ ပေါ် လတ်သော နိုင်ငံ လေး ပါးဖြစ်၏။ ၁၈ သို့သော်လည်း၊ အမြင့်ဆုံး သော ဘုရား၏ သန့်ရှင်း သူတို့သည် နိုင်ငံ ကိုသိမ်းယူ၍ ကမ္ဘာ အဆက်ဆက်စံစား ကြလတ့ံဟု အနက် အဓိပ္ပါယ်ကို ကြား ပြော၏။ ၁၉ ထိုအခါ အခြားသော သားရဲထက်ထူးခြား ၍ အလွန် ကြောက်မက် ဘွယ်ဖြစ်လျက်၊ သံ သွား နှင့်ဂင်း ၊ ကြေးဝါ လက်သည်း ခြေသည်းနှင့်ဂင်း ပြည့်စုံသဖြင့်၊ ကိုက်စား ချိုးဖဲ့ ၍ ကြွင်း သမျှကို ခြေ ဖြင့်နင်း ချေတတ်သော စတုတ္ထ သားရဲ ကား၊ အဘယ်သို့ဆိုလိုသည်ကိုဂင်း၊ ၂၀ သူ၏ခေါင်း ၌ ရှိသော ချို ဆယ် ချောင်းကား၊ အဘယ်သို့ဆိုလိုသည်ကိုဂင်း၊ နောက်ပေါက်၍ အရင်ချို သုံး ချောင်းကိုနှုတ်၍၊ ကြီး စွာသော စကားကို ပြော တတ်သော နှုတ် နှင့် မျက်စိ ရှိသဖြင့်၊ မိမိအဘော် တို့ ထက် သာ၍ရဲရင့်သော မျက်နှာအဆင်း ရှိသောချိုတချောင်းကား၊ အဘယ်သို့ဆိုလို သည်ကိုဂင်းသိခြင်းငှါငါအလို ရှိ၏။ ၂၁ ငါကြည့်ရှု စဉ်တွင် အသက်ကြီး သောသူသည်ရောက်လာ လျှင်၊ အမြင့်ဆုံး သောဘုရား၏သန့်ရှင်း သောသူတို့အား စီရင် ရသောအခွင့်ကိုပေး ၍၊ ၂၂ ထိုသူတို့သည် နိုင်ငံ ကိုသိမ်းယူ ဝင်စား သောအချိန် ရောက်သည့် တိုင်အောင် ထို ချို သည် သန့်ရှင်း သူတို့ကို စစ် တိုက် ၍ နိုင် လေ၏။ ၂၃ ထိုသူကလည်း စတုတ္ထ သားရဲ သည် မြေကြီး ပေါ် မှာ အခြားသော နိုင်ငံ ရှိသမျှ တို့ထက် ထူးခြား သော စတုတ္ထ နိုင်ငံ ဖြစ်၏။ ထိုနိုင်ငံသည် မြေကြီး ရှိသမျှ ကို ကိုက်စား ချိုးဖဲ့ နင်းချေ လိမ့်မည်။ ၂၄ ထိုနိုင်ငံ ၌ ပေါက်သော ချို ဆယ် ချောင်းသည် ပေါ် လတ်သော မင်းကြီး ဆယ် ပါးဖြစ်၏။ သူ တို့နောက် အခြား သော မင်းကြီးပေါ် လာလိမ့်မည်။ အရင် မင်းကြီးထက် ထူးခြား ၍ သုံး ပါးတို့ကို နှိမ့်ချ လိမ့်မည်။ ၂၅ အမြင့်ဆုံး သော ဘုရားကို ဆန့်ကျင် ဘက်ပြု၍၊ ကြီးစွာသော စကား ကို ပြော လိမ့်မည်။ အမြင့်ဆုံး သော ဘုရား၏သန့်ရှင်း သူတို့ကို ညှဉ်းဆဲ နှိပ်စက်လိမ့်မည်။ ကာလ အချိန်နှင့် ပညတ် တရားတို့ကို ပြောင်းလဲ စေခြင်းငှါ ကြံစည် လိမ့်မည်။ တကာလ ၊ နှစ်ကာလ ၊ ကာလ တဝက် ပတ်လုံးသူသည် အခွင့်ရ လိမ့်မည်။ ၂၆ ထိုနောက်မှတရား စီရင်ခြင်းဖြစ်လိမ့်မည်။ ထိုအခါသူ၏ တန်ခိုး အာဏာကို နှုတ် ၍ရှင်းရှင်းဖျက်ဆီး ကြလိမ့်မည်။ ၂၇ ကောင်းကင် အောက် ၌ နိုင်ငံ နှင့်တကွအာဏာစက် ဘုန်း တန်ခိုးရှိသမျှကို အမြင့်ဆုံး သော ဘုရား၏ သန့်ရှင်း သော အမျိုးသား တို့သည် ရ ကြလိမ့်မည်။ ထို ဘုရားသခင်၏ နိုင်ငံ တော်သည် ထာဝရ နိုင်ငံ ဖြစ်၏။ မင်းကြီး အပေါင်း တို့သည် တိုးဝင်၍ ကျွန် ခံရကြလိမ့်မည်။ ၂၈ ဤရွေ့ကား ၊ အနက်အဓိပ္ပါယ်ပေတည်းဟု ဆိုလေ၏။ ငါ ဒံယေလ သည် စိတ် ပူပန် ခြင်းသို့ရောက်၍ မျက်နှာ ညှိုးငယ်ခြင်းရှိ၏။ သို့သော်လည်း၊ မြင်ရသောအာရုံများကို စိတ် နှလုံးထဲ၌ သိုထား ၏။

၈ ဗေလရှာဇာ မင်းကြီး နန်းစံ သုံး နှစ် တွင် ၊ ငါ ဒံယေလ သည် ယခင် ဗျာဒိတ်တော်ကို မြင် ပြီးသည်နောက် ၊ တဖန် ဗျာဒိတ် ရူပါရုံကို မြင် ရသောအကြောင်းအရာဟူမူကား၊ ၂ ဧလံ ပြည် ၊ ရှုရှန် မြို့ တော်၌ ဥလဲ မြစ် နား မှာ ငါ ရှိ စဉ်၊ ရူပါရုံ ထင်ရှား ၍ ၊ ၃ ငါမျှော် ကြည့်သော၊ ရှည်လျား သော ချို နှစ်ချောင်းရှိသောသိုး တကောင် သည် မြစ် တဘက် ၌ ရပ် နေ

၏။ ထိုချိုနှစ်ချောင်းသည်မညီ၊ တချောင်းသာ၍ရှည်၏။ သာ၍ရှည်သောချိုသည် နောက် ပေါက် သတည်း။ ၄ ထိုသိုး သည် အနောက် ၊ တောင် ၊ မြောက် ၊ သုံး မျက်နှာသို့ တိုးခွေ့ သောကြောင့်အဘယ် တိရစ္ဆာန် မျှ မ ခံနိုင် ၊ အဘယ်သူ မျှသူ့ လက် မှမကယ် မလွတ်နိုင်သည် ဖြစ်၍မိမိအလို ရှိသည့်အတိုင်း ပြု သဖြင့် ကြီးမား ခြင်းသို့ ရောက်လေ၏။ ၅ ထိုအမူကို ငါ ဆင်ခြင် လျက်နေသောအခါ ၊ မျက်စိ နှစ်လုံးကြား ၌ ထူးဆန်း သော ချို တချောင်းရှိသောဆိတ် တကောင်သည် အနောက် မျက်နှာ က လာ ၍၊ မြေ ကို မ နင်း ဘဲ မြေကြီး တပြင်လုံး ကို ကျော်လေ၏။ ၆ ချို နှစ်ချောင်းနှင့်မြစ် တဘက် ၌ ထင်ရှားသော သိုး ရှိရာ သို့ ပြင်း စွာသော အဟုန် နှင့်ပြေး ၍ ၊ ၇ အနားသို့ ရောက် သောအခါ၊ ပြင်းစွာ အမျက်ထွက် သဖြင့် သိုး ကို ခတ် ၍ သိုးချို နှစ် ချောင်းကို ချိုးဖဲ့ ၏။ သိုး သည်ခံနိုင် သော တန်ခိုး မ ရှိ သည်ဖြစ်၍ ၊ ဆိတ်သည် သူ့ ကိုမြေ ၌ လဲ့ ၍ နင်း လေ၏။ သူ့ လက် မှ အဘယ်သူမျှသိုး ကို မ ကယ် မလွတ်နိုင်။ ၈ သို့ ဖြစ်၍ ၊ ထိုဆိတ် သည် အလွန် ကြီးမား ခြင်းသို့ ရောက်လေ၏။ ခွန်အား ကြီးသောအခါ ချို ကြီး ကျိုးပဲ့ ၏။ ထိုချိုအရာ၌ ထူးဆန်း သော ချိုလေး ချောင်းပေါက် ၍၊ မိုဃ်း ကောင်းကင်လေး မျက်နှာသို့ မျက်နှာပြုကြ၏။ ၉ ထိုချိုလေးချောင်းတွင် တချောင်း ထဲက အခြား သောချိုတက် တချောင်းပေါက် ပြန်၍ တောင် မျက်နှာသို့ ၎င်း ၊ အရှေ့ မျက်နှာသို့ ၎င်း ၊ သာယာ သော ပြည်သို့ ၎င်း မျက်နှာပြု၍၊ အလွန် ကြီးမားခြင်းသို့ ရောက်လေ၏။ ၁၀ ကောင်းကင် ဗိုလ်ခြေ တိုင်အောင် ကြီးမား ၍ ၊ ထိုဗိုလ်ခြေ အချို့တို့နှင့် ကြယ် အချို့တို့ကို မြေ သို့ ချ ၍ နင်း လေ၏။ ၁၁ ထိုမျှမက၊ ဗိုလ်ခြေ သခင် တိုင်အောင် ထောင်လွှား ခြင်းကို ပြုလျက် ၊ နေ့ရက်အစဉ် ပြုသောဝတ်ကိုပယ်၍၊ သန့်ရှင်း ရာဌာနတော်ကို ရွာတ်ချ လေ၏။ ၁၂ အပြစ် များသောကြောင့် နေ့ရက်အစဉ် ပြုသောဝတ်နှင့်တကွ ဗိုလ်ခြေ ကိုလည်း ထိုချိုသည်ရ၍ သမ္မာ တရား ကို မြေ သို့ နှိမ့်ချ ၏။ ထိုသို့ ပြု ၍ အောင်မြင် ခြင်းသို့ ရောက်လေ၏။ ၁၃ ထိုအခါ သန့်ရှင်း သူတပါး ၏ စကားပြော သံကို ငါကြား ၏။ သန့်ရှင်း သူတပါး က၊ ယခင်ပြော သောသူကို ဟစ်၍၊ သန့်ရှင်း ရာဌာနနှင့် ဗိုလ်ခြေ ကိုနင်း ခြင်း အလိုဌာ နေ့ရက်အစဉ် ပြုသောဝတ်ကို ပယ်ခြင်းနှင့်၎င်း ၊ ဖျက်ဆီး တတ်သော လွန်ကျူး ခြင်းနှင့်၎င်း စပ်ဆိုင်သော ဗျာဒိတ် ရူပါရုံသည်အဘယ် မျှ ကာလပတ်လုံး တည်လိမ့်မည် နည်းဟုမေးမြန်း လျှင် ၊ ၁၄ ယခင်ပြောသောသူက ရက်ပေါင်းနှစ် ထောင်သုံး ရာ တိုင်တိုင် တည် လိမ့်မည်။ ထိုနောက်၊ သန့်ရှင်း ရာဌာနကို တဖန် ဆေးကြော သုတ်သင်ကြ လိမ့်မည်ဟုပြန်၍ ပြောဆို ၏။ ၁၅ ငါ ဒံယေလ သည် ထိုရူပါရုံ ကို မြင် ၍ အနက် ကို ရှာဖွေ သောအခါ ၊ လူ သဏ္ဌာန် ရှိသောသူတဦးသည် ငါ့ ရှေ့ တွင် ရပ် နေ၏။ ၁၆ အခြားသော သူက၊ အိုဂါဗြေလ ၊ ထို သူသည် ယခု မြင်သော ဗျာဒိတ် ရူပါရုံကို နားလည် စေခြင်းငှါအနက်ကို ပြန်ပြောလော့ဟု၊ ဥလဲ မြစ်နားကြား မှာ လူ အသံ နှင့်ဟစ် ၍ ပြောဆို သည်ကို ငါကြား ၏။ ၁၇ ထိုသူသည် ငါ ရပ် နေရာအပါး သို့လာ လျှင် ၊ ငါသည် ကြောက်ရွံ့ ၍ ပြပ်ဝပ် လျက်နေ၏။ ထိုသူက၊ အချင်းလူ သား ၊ နားလည် လော့။ ဤဗျာဒိတ် ရူပါရုံသည် အမှုကုန် ရသောကာလ နှင့်ဆိုင်သည်ဟု ငါ့ အား ပြောဆို ၏။ ၁၈ ထိုသို့ ဆို သောအခါ ငါသည် မြေ ပေါ် မှာပြပ်ဝပ်၍ မိန်းမောတွေဝေလျက်နေ၏။ ထိုသူသည်ငါ့ ကို လက်နှင့် တို့ ၍ ယခင်နေရာ ၌ မတ်တတ် နေစေပြီးလျှင် ၊ ၁၉ ဒေါသ

အမျက်တော်အဆုံး ၌ ဖြစ် လတံ့သော အရာ ကိုငါ ကြား ပြောဦးမည်။ ချိန်းချက် သောအချိန်၌ လက်စသတ် လိမ့်မည်။ ၂၀ ချို နှစ်ချောင်းနှင့် ပေါ် လာသော သိုး သည် မေဒိ ရှင်ဘုရင် ၊ ပေရသိ ရှင်ဘုရင်ဖြစ်၏။ ၂၁ အမွေးကြမ်း သော ဆိတ် သည် ဟေလသ ရှင်ဘုရင် ဖြစ်၏။ မျက်စိ နှစ်လုံးကြား ၌ရှိသော ချို ကြီး သည် ပဌမ မင်း ဖြစ်၏။ ၂၂ ထိုချို့ကျိုးပဲ့ ၍ ၊ သူ့ အရာ ၌ ချို့လေး ချောင်းပေါက် သည်မှာ၊ အရင်နိုင်ငံ တွင် နိုင်ငံ လေး ပါး တည်ထောင် လိမ့်မည်။ အရင်နိုင်ငံ၏တန်ခိုး နှင့် မ ပြည့်စုံကြ။ ၂၃ ထိုနိုင်ငံ တို့၏ အဆုံးစွန်သောကာလ၌ လွန်ကျူး သောသူတို့ ၏ အပြစ်ပြည့်စုံ သောအခါ ၊ ရဲရင့် သော မျက်နှာ ရှိ၍ ပရိယာယ် တို့ကို နားလည် သော မင်းကြီး တပါး ပေါ် လာလိမ့်မည်။ ၂၄ ထိုမင်းကြီးသည် ကိုယ် တန်ခိုး မ ရှိဘဲလျက် တန်ခိုး ကြီး လိမ့်မည်။ အထူးသဖြင့်ဖျက်ဆီး ၍ တိုးပွားအောင်မြင် လိမ့်မည်။ စွမ်းအား ကြီးသော လူစု၊ သန့်ရှင်း သော လူစု ကို ပင် ဖျက်ဆီး လိမ့်မည်။ ၂၅ သူသည်လိမ္မာ စွာပြုသဖြင့်၊ မုသာ လည်း အောင်မြင် လိမ့်မည်။ စိတ်ထောင်လွှား ခြင်းနှင့်တကွမိသဟာယဖွဲ့သောအားဖြင့် လူများ တို့ကို ဖျက်ဆီး ၍ ၊ သခင် တို့၏သခင် ကို ဆန့်ကျင်ဘက် ပြုလိမ့်မည်။ သို့သော်လည်း ၊ လူလက် ဖြင့် ဒဏ်မ ခတ်ဘဲ ကျိုးပဲ့ ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ ၂၆ ညဦး နှင့် နံနက် ကို ဘော်ပြသော ဗျာဒိတ် ရူပါရုံ စကားမှန် သည် ဖြစ်၍ ၊ ထိုစကားကို တံဆိပ်ခတ် ထား လော့။ တာရှည် သော ကာလ တိုင်တိုင်တည် လိမ့်မည်ဟု ဆို၏။ ၂၇ ထိုအခါ ငါ ဒံယေလ သည် မော ၍ နာ လျက် နေ၏။ တဖန် အနာမှထမြောက် ၍ ဘုရင် ၏အမှု တော်ကို ဆောင်ရွက် ၏။ မြင်ပြီးသော ဗျာဒိတ် ရူပါရုံကို ငါအံ့ဩ သော်လည်း ထိုအမှုကို အဘယ်သူမျှမ ရိပ်မိ ကြ။

၉ ယေရှုရှလင် မြို့ပျက်စီး ၍ အနှစ် ခုနစ် ဆယ် လွန် စေမည်ဟု၊ ၂ ထာဝရဘုရား ၏ ဗျာဒိတ် တော်ကို ပရောဖက် ယေရမိ ခံဘူးသည်ဖြစ်၍၊ ခါလာဒဲ နိုင်ငံ ကို အစိုးရ သော မေဒိ အမျိုး ၊ အာရှေရု သား ဒါရိ နန်းစံပဌမ နှစ် တွင် ၊ ငါ ဒံယေလ သည် ထိုနှစ် ပေါင်းအရေအတွက် ကို ကျမ်းစာ အားဖြင့် သိ ရသောကြောင့် ၊ ၃ အစာ ကိုရှောင်လျက်၊ လျှော်တေ အဝတ်ကို ဝတ် လျက်၊ ပြာ နှင့်လူးလျက်၊ အရှင် ဘုရား သခင်ထံ တော်သို့ ချဉ်းကပ်၍ ဆုတောင်း ပဌနာပြု၏။ ၄ ထိုသို့ အပြစ်ကို ဘော်ပြ တောင်းပန်၍ ငါ ကိုးကွယ်သော ဘုရား သခင်ထာဝရဘုရား ထံ ငါပြုသောပဌနာ ဟူမူကား ၊ ကိုယ်တော် ကိုချစ် ၍ ပညတ် တော်တို့ကို စောင့် သောသူတို့ အား သစ္စာတော်မပျက်၊ ကရုဏာ တရားကိုစောင့် တော်မူထသော၊ အလွန် ကြီးမြတ်၍ ကြောက်ရွံ့ ဘွယ်ဖြစ်တော်မူသောအရှင် ဘုရား သခင်၊ ၅ အကျွန်ုပ်တို့သည် ပြစ်မှား မိပါပြီ။ ဒုစရိုက် ကို ပြုမိ ပါပြီ။ မ တရားသဖြင့် ကျင့်မိပါပြီ။ ပုန်ကန် မိပါပြီ။ စီရင် ထုံးဖွဲ့တော်မူသောတရား လမ်းမှ လွှဲ မိပါပြီ။ ၆ အကျွန်ုပ် တို့၏ရှင် ဘုရင်၊ မင်းသား အသက်ကြီးသူမှစ၍ပြည်သူ ပြည်သားအပေါင်း တို့အား ကိုယ်တော် ၏အခွင့် နှင့် ဟောပြော သော ကိုယ်တော် ၏ ကျွန် ၊ ပရောဖက် တို့၏စကားများကို အကျွန်ုပ်တို့သည် နား မ ထောင်ဘဲနေကြပါပြီ။ ၇ အိုဘုရား ရှင်၊ ကိုယ်တော် သည် တရား နှင့် ဆိုင် တော်မူ၏။ ကိုယ်တော်ကို ပြစ်မှားသောအပြစ် ကြောင့် နှင်ထုတ် တော်မူ၍၊ နီး သောပြည်၊ ဝေး သောပြည်၊ အရပ်ရပ် တို့ ၌ နေရသော ယုဒ ပြည်သူ ၊ ယေရှုရှလင် မြို့သား မှစ၍ကွသရေလ လူအပေါင်း တည်းဟူသောအကျွန်ုပ် တို့ သည် ယနေ့ ၌ရှိသည်အတိုင်း ၊ မျက်နှာ ပျက်

ခြင်းနှင့် ဆိုင်ကြပါ၏။ ၈ အိုဘုရား ရှင်၊ ကိုယ်တော် ကို ပြစ်မှား သောကြောင့် ၊ အကျွန်ုပ် တို့၏ရှင် ဘုရင်၊ မင်းသား ၊ အသက်ကြီးသူမှစ၍အကျွန်ုပ် တို့သည် မျက်နှာပျက် ခြင်းနှင့် ဆိုင်ကြပါ ၏။ ၉ အကျွန်ုပ်တို့သည် ကိုယ်တော် ကို ပုန်ကန် သော်လည်း ၊ အကျွန်ုပ် တို့အရှင် ဘုရား သခင်သည် ကရုဏာ ကို ပြခြင်း၊ အပြစ် ကို ဖြေရှင်းခြင်းအခွင့်နှင့် ဆိုင်တော်မူ၏။ ၁၀ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား သည် ကျွန် တော်ရင်း၊ ပရောဖက် တို့ ဖြင့် အကျွန်ုပ် တို့ ၌ ထား တော်မူ သော ပညတ် တရားတော်လမ်းသို့ လိုက် ခြင်းငှါ ၊ ဗျာဒိတ် တော်အသံ ကို အကျွန်ုပ်တို့သည်နား မ ထောင်ဘဲ နေကြ ပါပြီ။ ၁၁ အကယ်စင်စစ်ကွသရေလ အမျိုးသားအပေါင်း တို့ သည် ဗျာဒိတ်တော်အသံ ကို နား မ ထောင်၊ လွဲ သွား၍ ပညတ် တရားတော်ကို လွန်ကျူး ကြပါပြီ။ သို့ ဖြစ်၍ ၊ ကိုယ်တော် ကို ပြစ်မှား သော အပြစ်ကြောင့် ၊ ကျိန်ဆို တော်မူ ခြင်းတည်းဟူသော၊ ဘုရား သခင်၏ ကျွန် မောရှေ ၏ ပညတ္တိ ကျမ်း၌ မှတ်သား သော အကျိန် ကို အကျွန်ုပ် တို့ အပေါ် သို့ သွန်းလောင်း တော်မူ၏။ ၁၂ အကျွန်ုပ် တို့တဘက် ၊ အကျွန်ုပ် တို့ကို အုပ် သော တရားသူကြီး တို့ တဘက် ၌ မိန့် တော်မူသော စကား တော် ကို တည် စေ၍ ၊ အကျွန်ုပ် တို့အပေါ် မှာ ကြီးစွာ သော ဘေးဥပဒ် ကို ရောက် စေတော်မူပြီ။ အကြောင်းမူကား၊ ယေရုရှလင် မြို့၌ ဘေးရောက်သကဲ့သို့ ကောင်းကင် အောက် တွင် အဘယ်အရပ်၌မျှ မ ရောက်စဖူးပါ။ ၁၃ မောရှေ ၏ ပညတ္တိ ကျမ်းစာ၌ မှတ်သား သည် အတိုင်း ၊ ဤ ဘေးဥပဒ် ရှိသမျှ သည် အကျွန်ုပ် တို့အပေါ် မှာ ရောက် ပါပြီ။ အကျွန်ုပ် တို့သည် ဒုစရိုက် များကိုရှောင်၍ သမ္မာ တရားတော်ကို နားလည် ခြင်းအလိုငှါ ၊ အကျွန်ုပ် တို့ ဘုရား သခင်ထာဝရဘုရား ထံ တော်၌ မ တောင်းပန် ဘဲ နေကြပါပြီတကား။ ၁၄ ထို့ကြောင့် ၊ ထာဝရဘုရား သည် ဘေးဥပဒ် ကို စောင့်၍၊ အကျွန်ုပ် တို့အပေါ် သို့ရောက် စေတော်မူပြီ။ အကျွန်ုပ် တို့၏ ဘုရား သခင်ထာဝရဘုရား သည် ပြု တော်မူသမျှ တို့ ၌ ဖြောင့်မတ် တော်မူ၏။ အကျွန်ုပ်တို့ သည် ဗျာဒိတ်တော်အသံ ကို နား မ ထောင်ဘဲ နေကြပါပြီ တကား။ ၁၅ တန်ခိုး ကြီးသောလက် တော်ဖြင့် ကိုယ်တော် ၏ လူ တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် ၍ ၊ ယနေ့ ၌ရှိသည် အတိုင်း အသရေတော်ကို ထင်ရှားစေတော်မူသောအကျွန်ုပ် တို့၏ အရှင် ဘုရား သခင်၊ အကျွန်ုပ်တို့သည် ပြစ်မှား မိပါပြီ။ မ တရားသဖြင့်ပြုမိပါပြီ။ ၁၆ အိုဘုရား ရှင်၊ ဖြောင့်မတ် တော်မူခြင်း တရား တော်ရှိသမျှ တို့နှင့်အညီ ၊ သန့်ရှင်း သော တောင် တော် တည်းဟူသောကိုယ်တော် ၏ ယေရုရှလင် မြို့ မှ ပြင်းစွာသော ဒေါသ အမျက် တော်ကို လွဲ တော်မူပါဟု အကျွန်ုပ် တောင်းပန်ပါ၏။ အကြောင်း မူကား၊ အကျွန်ုပ် တို့ အပြစ် များမှစ၍ဘိုးဘေး တို့၏ အပြစ် များကြောင့် ၊ ယေရုရှလင် မြို့နှင့် ကိုယ်တော် ၏လူစု သည် ပတ်ဝန်းကျင် ၌ရှိသောသူတို့ တွင် ကဲ့ရဲ့ စရာအကြောင်းဖြစ်ပါ၏။ ၁၇ ယခု မူကား ၊ အကျွန်ုပ် တို့ဘုရား သခင်၊ ကိုယ်တော် ၏ ကျွန် ပြုသောပဌနာ စကားကို နားထောင် တော်မူ ပါ။ ဆိတ်ညံ လျက်ရှိသောသန့်ရှင်း ရာဌာနတော်ကို ဘုရား ရှင်၏ အကျိုး တော်ကြောင့်၊ မျက်နှာ တော် ရောင်ခြည်ကို ထွန်းလင်း စေတော်မူပါ။ ၁၈ အကျွန်ုပ် ၏ဘုရား သခင်၊ နား တော်ကိုလှည့် ၍ နားထောင် တော်မူပါ။ မျက်စိ တော်ကိုဖွင့် ၍ အကျွန်ုပ် တို့ ပျက်စီး ရာများကိုငဉ်း၊ နာမ တော်ဖြင့် သမုတ် သော မြို့ ကိုငဉ်း ကြည့်ရှု တော်မူပါ။ အကျွန်ုပ် တို့သည် ကိုယ် ကုသိုလ် ကို အမှီ မ ပြု၊ မဟာ ကရုဏာ တော်ကိုသာ အမှီ ပြု၍

ပဌနာ စကားကို ရှေ့တော်၌ ဆက်ကပ်ပါ၏။ ၁၉ အိုဘုရား ရှင်၊ နားထောင် တော်မူပါ။ အိုဘုရား ရှင်၊ အပြစ်ကိုလွှတ် တော်မူပါ။ အိုဘုရား ရှင်၊ နားထောင် ၍ ပြု တော်မူပါ။ အကျွန်ုပ် ၏ဘုရား သခင်၊ ကိုယ်တော် အတွက် ဖင့်နွဲ့ တော်မ မူပါနှင့်။ ကိုယ်တော် ၏မြို့ ၊ ကိုယ်တော် ၏ လူစု သည် နာမ တော်ဖြင့် သမုတ် ခြင်းရှိပါသည်ဟု ဆုတောင်းပဌနာပြု ၏။ ၂၀ ထိုသို့ဆုတောင်း ပဌနာပြု၍၊ ကိုယ် အပြစ် ကိုဝင်း ၊ အမျိုးသား ချင်း ဣသရေလ လူတို့၏ အပြစ် ကိုဝင်းဘော်ပြ တောင်းပန်၍ ၊ ငါ ကိုးကွယ်သော ဘုရား သခင်၏ သန့်ရှင်း သော တောင် တော်အဘို့ ငါ ပြုသော ပဌနာ စကားကို၊ ငါ ၏ဘုရား သခင်ထာဝရဘုရား ရှေ့တော်၌ ဆက်ကပ်လျက်နေ၍၊ ၂၁ ဆုတောင်း သော အမှုမပြီးမှီ မြွက်ဆို စဉ် တွင်၊ ယခင် ဗျာဒိတ် ရူပါရုံ၌ ထင်ရှား သော သူ၊ ဂါဗေလ သည် လျင်မြန်စွာ ပျံ ၍လာ သဖြင့်၊ ညဦးယဲ ပူဇော် ချိန် ၌ ရှိရာသို့ ရောက်၍၊ ၂၂ နူတ်ဆက်လျက်၊ အချင်းဒံယေလ ၊ ငါသည် သင် ၌ ဉာဏ် ပညာတိုးပွားစေမည်အကြောင်းထွက် လာပြီ။ ၂၃ သင် သည် ဆုတောင်း စ ပြုသောအခါ အမိန့် တော်ရှိသည်ဖြစ်၍၊ သင့်အားကြားပြော ခြင်းငှါ ငါ ရောက် လာပြီ။ သင် သည် အလွန် ချစ်အပ်သောသူဖြစ်၏။ ထိုကြောင့် ၊ ဗျာဒိတ် တော်အချက်ကို ဆင်ခြင် ၍ နားလည် ရသောအခွင့်ရှိ၏။ ၂၄ လွန်ကျူး ခြင်းအမှုကို ဆီးတား ၍ အပြစ် ကို တံဆိပ်ခတ်စေခြင်းငှါ ၎င်း ၊ ဒုစရိုက် အပြစ်ကို ဖြေရှင်း ၍ ထာဝရ ကုသိုလ်ကို သွင်း စေခြင်းငှါ ၎င်း ၊ ဗျာဒိတ် ရူပါရုံနှင့် အနာဂတ္တိ ဗျာဒိတ်တော်တို့ကို တံဆိပ် ခတ်၍ ၊ အလွန် သန့်ရှင်း သော အရပ်ဌာနကိုလိမ်း စေခြင်းငှါ ၎င်း ၊ သိတင်း ခုနစ် ဆယ်ကို သင် ၏ အမျိုးသား ချင်းအဘို့ နှင့် သင် ၏ သန့်ရှင်း သောမြို့ အဘို့ ဆုံးဖြတ် ခြင်းရှိ၏။ ၂၅ ထိုကြောင့် ၊ ယေရုရှလင် မြို့ကိုတဖန် တည်ထောင် ပြုစုစေခြင်းငှါ ၊ အမိန့် တော်ရှိသည် နေ့မှစ၍ ခရစ်တော်သခင်၏ လက်ထက်တိုင်အောင် ၊ ခုနစ် သိတင်း နှင့် ခြောက် ဆယ်နှစ် သိတင်း ကြာလိမ့်မည်ဟု သိမှတ် နားလည် လော့။ အနှောင့် အရှက် ခံရသောကာလ ၌ မြို့လမ်း ကို တဖန် တည်ထောင် ပြုစုရမည်ဟု စီရင် ဆုံးဖြတ်ခြင်းရှိ၏။ ၂၆ ထိုသိတင်းခြောက် ဆယ်နှစ် သိတင်း လွန် ပြီးမှ၊ ခရစ်တော်သည် အခွင့်မ ရဘဲအသေ သတ်ခြင်းကိုခံရလိမ့်မည်။ ထိုနောက်မှလာသော သခင် ၏ လူ တို့သည် မြို့ တော်ကိုဝင်း ၊ သန့်ရှင်း ရာဌာနကိုဝင်း ဖြိုဖျက် ကြ လိမ့်မည်။ ရေ လွှမ်းမိုးသော အားဖြင့် ဆုံးရှုံးခြင်းဖြစ်လိမ့်မည်။ အဆုံး တိုင်အောင် စစ်တိုက် ခြင်း၊ ပျက်စီး ရာနှင့်ဆိုင်သော စီရင် ဆုံးဖြတ်ခြင်းရှိလိမ့်မည်။ ၂၇ တ သိတင်း တွင် လူအများ တို့နှင့် ပဋိညာဉ် ဖွဲ့ခြင်းရှိ၍၊ ထိုသိတင်း တဝက် တွင် ယဇ် ပူဇော်ခြင်းနှင့် ဆက်ကပ် ခြင်းကို ပပျောက် စေလိမ့်မည်။ ရုံရှာ ဘွယ်သောအရာ၏ အထွဋ်ပေါ် သို့ ဖျက်ဆီး သောသူသည် ရောက်၍၊ စီရင် ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်း သည် ပျက်စီး အပ်သောသူတို့ ကို မလွှမ်းမိုးမီတိုင်အောင် ထိုသို့ ဖြစ်လိမ့်မည်ဟု ကြားပြော၏။

၁၀ ပေရသိ ရှင်ဘုရင် ကုရု နန်းစံသုံး နှစ် တွင် ၊ ဗေလတရှာဇာ အမည် ဖြင့် သမုတ် သော ဒံယေလ သည် ဗျာဒိတ် တော်ကိုခံရ ၏။ ထိုဗျာဒိတ် တော်စကား မှန် ပေ၏။ ကြီးစွာ သော စစ်တိုက် ခြင်းနှင့် ဆိုင်ပေ၏။ သူသည် ထိုစကား ကို နားလည် ၏။ မြင်ရသောရူပါရုံ သဘောကိုလည်း ရိပ်မိ၏။ ၂ ထို ကာလ ၌ ငါ ဒံယေလ သည် အရက် နှစ်ဆယ် တရက် တိုင်တိုင်ခြိုးခြံစွာကျင့် လျက်နေ၏။ ၃ အရက် နှစ်ဆယ် တရက်မ စေ့ မှီမြိန် သော မုန့် ကိုမ စား ။ အမဲသား နှင့်

စပျစ်ရည် ကိုမ မြည်း ။ ဆီ လိမ်းခြင်းကိုလည်း အလျှင်းမပြု။ ၄ ပဌမ လ နှစ် ဆယ် လေး ရက် နေ့၌ ငါ သည် ဟိဒကေလ မြစ် ကြီး အနားမှာရှိ စဉ်၊ ၅ မျှော် ကြည့်၍ ပိတ်ချော နှင့် ဥဖတ် ချောင် ခါးပန်း ကို ဝတ် စည်းလျက် ရှိသောလူ တဦး ကို မြင် ၏။ ၆ သူ ၏ ကိုယ် သည် ကျောက် မျက်ရွဲကဲ့သို့ ဖြစ်၏။ သူ့ မျက်နှာ သည်လည်း လျှပ်စစ် ကဲ့သို့ ထင်၏။ သူ့ မျက်စိ သည်လည်း မီးခွက် ကဲ့သို့ ဖြစ်၏။ သူ့ လက် ခြေ တို့သည် ဦးသစ်သော ကြေးဝါ အရောင်အဆင်းရှိ၏။ သူ့ စကား သံ သည် များစွာ သော လူစုအသံ နှင့် တူ၏။ ၇ ထိုဗျာဒိတ် ရူပါရုံကို ငါ ဒံယေလ တယောက် တည်း မြင် ရ၏။ ငါ နှင့်အတူ ပါသောလူ တို့သည် မ မြင် ရကြ။ သူတို့သည် အလွန် ကြောက်ရွံ့ တုန်လှုပ်ခြင်းသို့ ရောက် သဖြင့် ပုန်းရှောင် ၍ နေခြင်းငှါ ပြေး ကြ၏။ ၈ ငါ မူကား၊ တယောက် တည်းနေရစ် ၍ ထို ကြီးစွာ သော ရူပါရုံ ကိုမြင် ရလျှင် ၊ ခွန်အား လျော့၍ မျက်နှာ ပျက် လျက်၊ ကိုယ်၌ အစွမ်း သတ္တိအလျှင်းမ ရှိ ဖြစ်လေ၏။ ၉ သို့ရာတွင် ၊ ထိုသူ ၏ စကား သံ ကို ငါကြား ၏။ ကြား သောအခါ မြေ ပေါ် မှာပြပ်ဝပ် ၍ မိန်းမော တွေဝေလျက်နေ၏။ ၁၀ ထိုအခါ လက် တဘက်သည်ငါ့ ကို ကြွ ၍ ၊ ငါ သည် ဒူး နှင့် လက်ဝါး ဖြင့် ထောက် လျက်နေရ၏။ ၁၁ သူကလည်း၊ အလွန် ချစ်အပ်သောသူ၊ ဒံယေလ ၊ ငါ့စကား ကို နားလည် အံ့သောငှါမတ်တတ် နေလော့။ သင် ရှိရာသို့ ငါ့ကိုစေလွှတ် တော်မူ၍ ယခု ငါလာပြီဟု ဆိုလျှင်၊ ငါသည်တုန်လှုပ် မတ်တတ် နေ၏။ ၁၂ ထိုအခါ သူကလည်း၊ အချင်းဒံယေလ ၊ မ ကြောက် နှင့်။ သင် သည် နားလည် ခြင်းငှါ ၎င်း ၊ သင် ၏ ဘုရား ရှေ့ မှာ ကိုယ်ကိုကိုယ်ဆုံးမ ခြင်းငှါ ၎င်း ၊ စိတ် ပြဋ္ဌာန်း သော ပဌမ နေ့ မှစ၍ သင် ၏ စကား ကိုကြား တော်မူပြီ။ ထိုစကား ကြောင့် လည်း ငါ ရောက် လာပြီ။ ၁၃ ပေရသိ နိုင်ငံ ကို အစိုးရသောမင်း မူကား ၊ အရက် နှစ် ဆယ်တရက် ပတ်လုံးငါ့ ကို ဆီးတား၏။ နောက်တခါ အမြတ်ဆုံးသော မင်း စုထဲက မိကျောလ သည် ငါ့ ကို အကူ လာ ၍၊ ငါသည်လည်း ထိုအရပ်၌ ပေရသိ မင်းကြီး တို့ထံမှာ ဆိုင်းလင့် ၍ နေရ၏။ ၁၄ ယခုမူကား ၊ နောင်ကာလ တွင် သင် ၏ အမျိုးသား ချင်းတို့ ၌ ဖြစ် လတံ့သော အမှုအရာတို့ကို သင် သည် နားလည် စေခြင်းငှါ ငါရောက်လာပြီ။ ဤဗျာဒိတ် ရူပါရုံသည် တာရှည်သောကာလ နှင့် ဆိုင်ပေ၏ဟု ငါ့ အား ပြောဆို ၏။ ၁၅ ထိုသို့ ပြောဆို ပြီးမှ ၊ ငါသည် ဦးညွတ်ပြပ်ဝပ်၍ စကား မပြောနိုင်ပဲနေ၏။ ၁၆ ထိုအခါ လူ သား ၏ သဏ္ဌာန် ရှိသောသူတဦးသည် ငါ့ နှုတ် ကို လက်နှင့်တို့ လျှင် ၊ ငါသည်နှုတ် ကို ဖွင့် ၍ ပြော ရသောအခွင့်ကို ရပြီးလျှင် ၊ အကျွန်ုပ် ၏သခင် ၊ ဗျာဒိတ် ရူပါရုံကြောင့် အကျွန်ုပ်သည် ပြင်းစွာသော ဝေဒနာ ကို ခံရ၍၊ ကိုယ်၌ ခွန်အား အလျှင်းမ ရှိပါ။ ၁၇ ကိုယ်တော် ကျွန်သည် ကိုယ်တော် အရှင်နှင့် အဘယ်သို့ စကားပြော နိုင် ပါအံ့နည်း။ ယခုပင် အကျွန်ုပ် ကိုယ်၌ ခွန်အား အလျှင်းမ ရှိပါ။ အကျွန်ုပ် အသက် လည်း ကုန်ပါပြီဟု ငါ့ ရှေ့ မှာ ရပ် နေသောသူအား ငါလျှောက် ၏။ ၁၈ နောက် တဖန် လူ သဏ္ဌာန် ရှိသောသူသည် လာ၍ ငါ့ ကို လက်နှင့်တို့ လျက် အားပေး ပြီးလျှင် ၊ ၁၉ အလွန် ချစ်အပ်သောသူ၊ မ ကြောက် နှင့်။ ငြိမ်သက် ခြင်းရှိပါစေ။ အားရှိ လော့။ ခွန်အား နှင့်ပြည့်စုံလော့ ဟု ဆို၏။ ထိုသို့ဆိုပြီးမှခွန်အားကို ငါရ၍၊ အကျွန်ုပ်၏ သခင်၊ မိန့်တော်မူပါ။ အကျွန်ုပ်ကို ခွန်အားပေးတော်မူပြီ ဟု လျှောက်၏။ ၂၀ ထိုသူကလည်း၊ ငါသည် သင် ရှိရာသို့ လာရသော အကြောင်းကို နားလည် သလော။ ပေရသိ မင်း ကို စစ်တိုက် အံ့သောငှါ ယခု ငါပြန် သွားရမည်။ ငါ သွား

ပြီး သည်နောက်၊ တဖန် ဟေလသ မင်း သည် ပေါ်လာ လိမ့်မည်။ ၂၁ သို့ရာတွင် သမ္မာ ကျမ်းစာ၌ မှတ်သား သော အမှုအရာကို ငါပြ ဦးမည်။ ဤ အမှုတို့တွင် သင် တို့၏ မင်း မိကွေ့လ မှတပါး ငါ့ ဘက်မှာ နေသောသူမ ရှိ။

၁၁ ငါ သည်လည်း မေဒိ အမျိုး ဒါရိ မင်းကြီးနန်းစံပဌမ နှစ် တွင် သူ့ကို နှိုးဆော် ၍ ခိုင်ခံ့ မြဲမြံစေခြင်းငှါ ကြိုးစား အားထုတ်လေ၏။ ၂ ယခု မူကား ၊ မှန် သောအရာကိုငါပြ မည်။ ပေရသိ နိုင်ငံကို အစိုးရသောရှင်ဘုရင် သုံး ပါးပေါ် လေဦးမည်။ စတုတ္ထ ရှင်ဘုရင်မူကား ၊ ထိုသူ ရှိသမျှ တို့ထက် ငွေ ရတတ်လိမ့်မည်။ ထိုသို့ ရတတ်၍ အား ကြီးသောကြောင့် ၊ ဟေလသ နိုင်ငံ ကို ရန်ဘက်ပြုစေခြင်းငှါ၊ ခပ်သိမ်း သောသူတို့ ကို နှိုးဆော် လိမ့်မည်။ ၃ ထိုအခါ တန်ခိုး ကြီးသော ရှင်ဘုရင် တပါးလည်း ပေါ် လာလိမ့်မည်။ အာဏာ တော်ကြီး လျက် အစိုးရ ၍ မိမိ အလို ရှိသည်အတိုင်း ပြု လိမ့်မည်။ ၄ ထိုသူသည် ပေါ် လာပြီးမှ နိုင်ငံ တော်ကျိုးပဲ့ ၍ ၊ သူတပါးတို့သည် မိုဃ်း ကောင်းကင်လေး မျက်နှာတို့ ၌ ခွဲဝေ ကြလိမ့်မည်။ သို့ရာတွင် ၊ အစိုးရသောသူတို့ သည် အမျိုးအနွယ်တော်မဟုတ်၊ အာဏာတော်နှင့် အစိုးမရ၊ နိုင်ငံ တော်ကို နှုတ်ပစ် ၍ အမျိုးအနွယ်တော်မှတပါး အခြား သောသူတို့ သည် ရကြလိမ့်မည်။ ၅ ထိုအခါ တောင် ရှင် ဘုရင်သည် တန်ခိုး ကြီးလိမ့်မည် ။ မင်း စုထဲ၌မင်းတပါးသည် ထိုသူ ထက် တန်ခိုး ကြီး၍ အာဏာ တည်လိမ့်မည်။ သူ ၏အာဏာ လည်း အလွန် ကျယ်လိမ့်မည်။ ၆ ကာလ လွန် သောအခါ သူတို့သည် အဆွေ ဖွဲ့ကြ လိမ့်မည်။ အသင့်အတင့် ဖြစ်စေခြင်းငှါ တောင် ရှင်ဘုရင် ၏ သမီး သည် မြောက် ရှင်ဘုရင် ထံသို့ ရောက် လိမ့်မည်။ သို့သော်လည်း ၊ ထိုမင်းသမီး၏ အာဏာ သည် မ တည် ရ။ ထိုမင်း နှင့်တကွ အမျိုးအနွယ် တော် သည်လည်း မတည်ရ။ မင်းသမီး ကိုငင်း၊ ဆောင် ခဲ့သောသူတို့ ကိုငင်း၊ သူ ၏သား ကိုငင်း ၊ ထိုကာလ ၌ သူ့ ကိုထောက်ပင့် သော သူများကိုငင်းဆုံးရှုံးခြင်းသို့အပ် ရလိမ့်မည်။ ၇ ထိုမင်းသမီး၏ အဆွေအမျိုး ဖြစ်သောသူ တယောက်သည် အဘ၏ အရိပ်အရာ ကိုရသဖြင့် စစ်ချီ၍ လာ လိမ့်မည်။ မြောက် ရှင်ဘုရင် ၏ မြို့တော်သို့ ရောက် လျှင် ၊ မြို့သားတို့ကို တိုက် ၍ နိုင်လိမ့်မည်။ ၈ သူ တို့၏ဘုရား များ၊ သွန်း သောရုပ်တုများ၊ အဘိုး ထိုက်သောငွေ ဖလား ၊ ရွှေ ဖလားများကို အဲဂုတ္တ ပြည်သို့ သိမ်း သွားလိမ့်မည်။ သူသည်လည်း မြောက် ရှင်ဘုရင် ထက် အသက် ရှည်လိမ့်မည်။ ၉ တဖန် မြောက်ရှင်ဘုရင်သည် တောင် ရှင်ဘုရင် ၏နိုင်ငံ သို့ ဝင် သော်လည်း မိမိ ပြည် သို့ ပြန် သွားရ လိမ့်မည်။ ၁၀ သား တော်တို့သည် ထပြန်၍ များစွာ သော အလုံးအရင်း ကို စုဝေး ကြလိမ့်မည်။ သားတယောက်လည်း ဆက်ဆက်လာ၍ လွှမ်းမိုး ချင်းနင်း လိမ့်မည်။ တဖန် ပြန် လာ၍ သူ ၏မြို့ တိုင်အောင် လုပ်ကြံ လိမ့်မည်။ ၁၁ တောင် ရှင် ဘုရင်သည် အမျက် ထွက်သဖြင့် ၊ မြောက် ရှင်ဘုရင် ကို ဆီးကြို ၍ တိုက် လိမ့်မည်။ မြောက်ရှင်ဘုရင် သည် များစွာ သော စစ်သည်ဗိုလ်ခြေအလုံးအရင်း တို့ကိုစီရင် သော်လည်း ၊ တောင်ရှင်ဘုရင်သည် ထိုအလုံးအရင်း တို့ကို သိမ်းယူလိမ့်မည်။ ၁၂ ထိုအလုံးအရင်း တို့ကို ပယ်ရှင်းပြီးမှ မာန စိတ် ပေါက်လျက်၊ အထောင် သောင်းမကများစွာသော လူတို့ကို လုပ်ကြံ သော်လည်း ၊ မိမိအာဏာကို မ တည် စေရ။ ၁၃ အကြောင်း မူကား၊ မြောက် ရှင် ဘုရင်သည် တဖန် ပေါ်လာ၍၊ အရင် ထက် များစွာ သောအလုံးအရင်း တို့ကို စီရင်ပြီးမှကာလ အတန်အရာလွန် လျှင်၊ စစ်အင်္ဂါများ၊ စည်းစိမ် များ နှင့်

ဆက်ဆက်လာ လိမ့်မည်။ ၁၄ ထို ကာလ ၌ တောင် ရှင်ဘုရင် ကို ရန်ဘက်ပြု သောသူတို့သည် များ ကြလိမ့်မည်။ သင် ၏အမျိုးသား ချင်း ဖြစ်သော သူပုန် တို့သည် ဗာဒိတ် ရူပါရုံကို ပြည့်စုံစေ ခြင်းငှါ ထ ၍ ၊ ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်။ ၁၅ မြောက် ရှင် ဘုရင်သည် လာ ၍ မြို့ရိုး ကို တည် ပြီးလျှင်ခိုင်ခံ့ သော မြို့ တို့ကို လုပ်ကြံ လိမ့်မည်။ တောင် ရှင်ဘုရင်၏ လက်နက်များ၊ ရွေးချယ် သောလူများတို့သည် ဆီးတား ခြင်းငှါ ခွန်အား မ ရှိသောကြောင့် မ ဆီးတား ရကြ ။ ၁၆ တိုက်လာ သောသူသည် မိမိ အလို အလျောက် ပြု ၍ ၊ သူ့ ရှေ့ မှာ အဘယ်သူမျှမ ရပ် မနေနိုင်ဘဲ၊ သာယာ သော ပြည် ကိုနင်းပြီးမှစုံလင် စေလိမ့်မည်။ ၁၇ ဖြောင့်မတ် သောသူတို့ သည် လိုက်လျက် ထိုမင်း သည် မိမိ နိုင်ငံ ၏ အလုံးအရင်းရှိသမျှ တို့နှင့်တကွ ဝင်စား ခြင်းငှါ ကြိုးစားအားထုတ်၍၊ မိန်းမငယ် အားဖြင့်ဖျက်ဆီး ခြင်းငှါ ပေးစား လိမ့်မည်။ သို့သော်လည်း သူသည် အကြံ မမြောက်၊ အကျိုးမရှိရ။ ၁၈ တဖန် ကျွန်းစု သို့ မျက်နှာ လှည့် ၍ ကျွန်းအများ တို့ကို လုပ်ကြံ လိမ့်မည်။ သို့ရာတွင် ၊ ဗိုလ်မင်း တပါးသည် မိမိ ခံရသောအသရေ ဖျက်ခြင်းကို မိမိမှလွဲ ပယ်၍၊ ထို အသရေပျက် ခြင်းကို တိုက်လာသောမင်းအပေါ် သို့ ပြန် ရောက်စေလိမ့်မည်။ ၁၉ ထိုမင်းသည်လည်း မိမိ နေရာမြို့ တော်သို့ ပြန် သွားပြီးလျှင် ၊ ထိမိ ၍ လဲ သဖြင့် ကွယ်ပျောက် လိမ့်မည်။ ၂၀ ထိုမင်းအရာ ၌လည်း နိုင်ငံ တော်၏ ဘုန်း စည်းစိမ် ကို ရှုတ်ချ လျက်၊ ငွေတော်ခွဲသောသူသည် ပေါ်လာ၍ ခဏရှိပြီးမှ၊ ဒေါသ အမျက်မ ထွက်၊ စစ် မတိုက်ဘဲ ဆုံးရှုံး ခြင်းသို့ရောက်လိမ့်မည်။ ၂၁ ထိုသူအရာ ၌ လည်း မင်းစည်းစိမ် ကိုခံထိုက်သော သူမဟုတ်၊ ယုတ်မာ သောသူ ပေါ်လာလိမ့်မည်။ သူသည် အနိုင်အထက် မပြု ချော့မော့ ခြင်းအားဖြင့် နိုင်ငံ ကို ရ လိမ့်မည်။ ၂၂ လွှမ်းမိုး သော လက်နက် တို့သည် သူ့ ရှေ့ မှာ မြုပ် ၍ ဆုံးရှုံး လိမ့်မည်။ မိသဟာယ ခံသော မင်း လည်း ဆုံးရှုံးလိမ့်မည်။ ၂၃ အကြောင်းမူကား၊ မိသဟာယ ပြုသောမင်းသည် သစ္စာ ပျက်သဖြင့်၊ တက် လာ၍ လူ အနည်းငယ် မျှ ပါသော်လည်း တန်ခိုး ကြီးလိမ့်မည်။ ၂၄ အသီးအနှံ များသောပြည် ကို အနိုင်အထက် မပြုဘဲ ဝင် လိမ့်မည်။ လုယူ သော ပစ္စည်းဥစ္စာ စည်းစိမ် များကို စွန့်ကြဲ၍၊ မိမိ ဘိုးတော် မ ပြု ဘူးသော အမှုကိုပြု လိမ့်မည်။ ခိုင်ခံ့ သော မြို့ပြတို့ကို ရခြင်းငှါတာရှည် စွာ ကြံစည် လိမ့်မည်။ ၂၅ ကြီးစွာသော အလုံး အရင်းနှင့်တကွ တောင် ရှင်ဘုရင် ကို ဆန့်ကျင်ဘက်ပြု၍၊ မိမိ အစွမ်း သတ္တိ ကို နှိုးဆော် လိမ့်မည်။ တောင် ရှင်ဘုရင် သည်လည်း ၊ အားကြီး ၍ များစွာ သော အလုံးအရင်းနှင့်တကွ စစ် တိုက်ခြင်းငှါနှိုးဆော် သော်လည်းမ ခံ မရပ်နိုင်။ အကြောင်း မူကား၊ သူ တဘက် ၌ မကောင်းသောအကြံ ကို ကြံစည် ကြ လိမ့်မည်။ ၂၆ ထိုသူကျွေးမွေးခြင်းကို ခံရသောသူတို့ သည် လည်း၊ ထိုသူ ၏ အကျိုးကိုဖျက်ဆီး သောအားဖြင့်၊ သူ ၏ တပ် မြုပ် ၍ ၊ စစ်သူရဲများတို့သည် အသက် ဆုံးကြလိမ့်မည်။ ၂၇ ထိုရှင် ဘုရင် နှစ် ပါးတို့သည် မကောင်း သော အကြံကိုကြံ၍၊ တခု သောစားပွဲ ၌ မုသာ စကားကို ပြော ကြလိမ့်မည်။ သို့သော်လည်း ၊ အကြံ မ မြောက်ရ။ ချိန်းချက် သော အချိန်ကာလ ၌ အဆုံး ဖြစ်ရလိမ့်မည်။ ၂၈ တဖန် မြောက်ရှင်ဘုရင်သည် များစွာ သော စည်းစိမ် ဥစ္စာပါ လျက် မိမိ ပြည် သို့ ပြန် ၍သွားစဉ်တွင်၊ သန့်ရှင်း သော ပဋိညာဉ် တရားကို မနာလိုသောစိတ် ရှိသည်အတိုင်း ပြု ပြီးမှ မိမိ ပြည် သို့ ပြန် သွားလိမ့်မည်။ ၂၉ ချိန်းချက် သော အချိန်၌ လည်း တောင် မျက်နှာသို့ တဖန်ပြန် လာဦးမည်။

သို့သော်လည်း ၊ အရင် ဖြစ်သကဲ့သို့ မ ဟုတ် ။ နောက် ဖြစ်သကဲ့သို့ လည်းမဟုတ်။ ၃၀ အကြောင်းမူကား၊ ခိတ္တိမ်သင်္ဘော တို့သည် ထိုသူ ကို ဆီးတားကြလိမ့်မည်။ ထိုကြောင့် ၊ စိတ်နာ လျက် ပြန် သွား၍ သန့်ရှင်း သော ပဋိညာဉ် တရားကို အမျက် ထွက်သည်အတိုင်းပြု ပြီးမှပြန် သွားစဉ်တွင်၊ သန့်ရှင်း သော ပဋိညာဉ် တရားကို စွန့်ပစ် သောသူတို့နှင့် အဆွေဖွဲ့လိမ့်မည် ။ ၃၁ ထိုမင်းနောက်မှစစ်လက်နက် တို့သည် ပေါ် လာ သဖြင့် ၊ တန်ခိုးကြီးသော သန့်ရှင်း ရာဌာနတော်ကို ညစ်ညူး စေ၍၊ နေ့ရက်အစဉ် ပြုသောဝတ်ကို ပယ်ရှင်း ကြ လိမ့်မည်။ ဖျက်ဆီး တတ်သောရွံရှာဘွယ်အရာကိုလည်း တည် ထားကြလိမ့်မည်။ ၃၂ ပဋိညာဉ် တရားကို ပြစ်မှား သောသူတို့ သည် ချော့မော့ ရာသို့ လိုက်၍ ယိုယွင်း ကြလိမ့်မည်။ မိမိ တို့ ဘုရား သခင်ကို သိ သောသူတို့မူကား ၊ ကြီးစွာ သောအားနှင့် ပြု ကြလိမ့်မည်။ ၃၃ လူစု ထဲမှာ ပညာ ရှိသောသူတို့ သည် အများ သောသူတို့ ကို သွန်သင် ကြလိမ့်မည်။ ထား နှင့်ကွယ်မျက်ခြင်း၊ မီး ရို့ခြင်း၊ သိမ်း သွားချုပ်ထားခြင်း၊ လုယက် ခြင်း အားဖြင့် အင်တန်ကာလ ပတ်လုံး လဲ ကြလိမ့်မည်။ ၃၄ လဲ ကြသောအခါ အနည်းငယ် သော မစ ခြင်းကို တဖန် ခံရကြလိမ့်မည်။ လူအများ တို့သည် ချော့မော့ ရာသို့ လိုက်၍ဆည်းကပ်ကြလိမ့်မည်။ ၃၅ အမှုဆုံး ရသည် ကာလ တိုင်အောင် ၊ ပညာ ရှိသောသူအချို့တို့သည်လည်း စုံစမ်း ခြင်းကိုခံ၍၊ သန့်ရှင်း ဖြူစင် ရမည် အကြောင်း လဲ ကြလိမ့်မည်။ ထိုအမှုသည် ချိန်းချက် သော ကာလတိုင်အောင် ဖြစ်ရသတည်း။ ၃၆ ရှင် ဘုရင်တပါးသည် မိမိ အလို အလျောက် ပြု ၍ ၊ ဘုရား အပေါင်း တို့ထက် ကိုယ်ကိုကိုယ်ချီးပင့် မြှောက်စား လျက် ၊ ဘုရား တို့၏ဘုရား ကို ဆန့်ကျင်ဘက်ပြု၍ အံ့ဘွယ် သောစကားကို ပြော လိမ့်မည်။ ဒေါသ အမျက်စေ့ စုံသည် ကာလတိုင်အောင် ကောင်းစား လိမ့်မည်။ စီရင် ဆုံးဖြတ်သမျှ အတိုင်းဖြစ် ရလိမ့်မည်။ ၃၇ ထိုမင်းသည် ဘိုးဘေး တို့ ကိုးကွယ်သော ဘုရား ကိုငဲ့၊ မိန်းမ ၌ တပ်မက်သောအလို ကိုငဲ့ ၊ တပါးသော ဘုရား များကိုငဲ့ပမာဏ မ ပြု။ သူတကာတို့ထက် ကိုယ်ကိုကိုယ်ချီးမြှောက် လိမ့်မည်။ ၃၈ ထိုဘုရားအရာ ၌ ရဲတိုက် တို့၏ဘုရား နှင့်၊ ဘိုးဘေး တို့မ သိသော ဘုရား ကို ချီးမြှောက် ၍ ၊ ရွှေ ၊ ငွေ ၊ ကျောက် မြတ် ၊ နှစ်သက် ဘွယ်သော တန်ဆာများကို ပူဇော် လိမ့်မည်။ ၃၉ ခိုင်ခံ့ သော ရဲတိုက် များကို ငဲ့၊ မိမိဝန်ခံသောတပါး အမျိုးသားဘုရား ကိုငဲ့ပြုစု ၍၊ ဂုဏ် အသရေတိုးပွား စေလိမ့်မည်။ လူများ တို့အပေါ် မှာအုပ်စိုး ရသောအခွင့်ကိုပေး၍ ၊ စီးပွား ဖြစ်ခြင်းအလိုဉ်ငြေ ကို ဝေဖန် လိမ့်မည် ။ ၄၀ အမှုကုန် ရသည်ကာလ ၌ တောင် ရှင် ဘုရင်သည် ထိုမင်းကို တိုက် လိမ့်မည်။ မြောက် ရှင်ဘုရင် သည်လည်း ရထား များ၊ မြင်းစီး သူရဲများ၊ သင်္ဘော များတို့နှင့်တကွ လေဘွေ ကဲ့သို့တိုက်လာလျက်၊ ထိုပြည် တို့ကို ဝင် ၍ ချင်းနင်း လွှမ်းမိုးလိမ့်မည်။ ၄၁ သာယာ သောပြည် ကိုလည်းဝင် ၍ အများ သောသူတို့ သည် ဆုံးရှုံး ကြလိမ့်မည်။ သို့ရာတွင် ၊ သူ ၏ လက် မှ လွတ် သော သူဟူမူကား ၊ ဧဒုံ ပြည်သား၊ မောဘ ပြည်သား၊ အမ္မုန် အမျိုးသား အကြီး တို့သည် လွတ်ကြလိမ့်မည်။ ၄၂ ထိုမင်းသည် အပြည်ပြည် တို့ကို အောင်မြင်ရ လိမ့်မည်။ အဲဂုတ္တု ပြည် လည်း မ လွတ် ရ။ ၄၃ ထိုပြည်မှာရှိသော ရွှေ ဘဏ္ဍာ ၊ ငွေ ဘဏ္ဍာ၊ အဘိုးထိုက် သော ဥစ္စာများကို အပိုင် ရလိမ့်မည်။ လိဗု ပြည်သားနှင့် ကုရှ ပြည်သားတို့သည် သူ့နောက်သို့ လိုက်ရကြလိမ့်မည်။ ၄၄ သို့ရာတွင် သူသည် အရှေ့မျက်နှာ၊ မြောက် မျက်နှာအရပ်မှ

သိတင်း ကိုကြား၍ စိတ်ပူပန် သဖြင့်၊ လူအများ တို့ကို ဖျက်ဆီး သုတ်သင် ပယ်ရှင်းခြင်းငှါ ၊ ကြီးစွာ သော ဒေါသ အမျက်နှင့် ထွက်သွား လိမ့်မည်။ ၄၅ ပင်လယ် ကြား မှာ ဘုန်း ကြီး၍ သန့်ရှင်း သော တောင် ပေါ် ၌ စံရာ တဲ တော်ကို တည်ဆောက်ပြီးလျှင်၊ အဘယ်သူမျှမစ ခြင်းငှါမ တတ်နိုင်၍ ဆုံးရှုံးခြင်းသို့ ရောက် လိမ့်မည်။

၁၂ ထို ကာလ ၌ သင့် အမျိုးသား ချင်းတို့၏အမှုကို စောင့် သော အရှင် ကြီး မိကျေလ သည် ပေါ် လာလိမ့်မည်။ လူမျိုး တစုံတမျိုးမျှဖြစ် သည်ကာလမှစ၍ထို ကာလ တိုင်အောင် ၊ မ ဖြစ် စဖူးသော ဆင်းရဲ ဒုက္ခကပ်ကာလ သည် ရောက် လိမ့်မည်။ ထို ကာလ အခါ စာစောင် ၌ စာရင်း ဝင်သမျှ သောသင် ၏အမျိုးသား ချင်းတို့သည် ကယ်လွှတ် ခြင်းသို့ ရောက်ကြလိမ့်မည်။ ၂ ထိုကာလအခါ မြေ မှုန့် ၌ အိပ်ပျော် သော သူများ တို့သည် နိုး ကြလိမ့်မည်။ အချို့ တို့ကား၊ ထာဝရ အသက် ရှင်ခြင်းနှင့်ငင်း ၊ အချို့ တို့ကား၊ ရှက် ကြောက်ခြင်း၊ ထာဝရ အသရေ ပျက်ခြင်းနှင့်ငင်း နိုးကြလိမ့်မည်။ ၃ ပညာ ရှိသောသူတို့ သည်လည်း၊ ကောင်းကင် မျက်နှာကြက်၏ အရောင် အဝါကဲ့သို့ ၎င်း ၊ လူအများ တို့ကို ဖြောင့်မတ် ခြင်းတရားလမ်းထဲသို့ သွင်းသောသူတို့ သည်လည်း၊ ကြယ် များကဲ့သို့ ၎င်း အစဉ် အမြဲထွန်းလင်း ကြလိမ့်မည်။ ၄ သင် ဒံယေလ မူကား ၊ အမှုကုန် ရသည် ကာလ တိုင်အောင် ၊ ဤစကား တော်တို့ကို ပိတ် ၍ စာစောင် ကို တံဆိပ် ခတ်ထားလော့။ အများ သောသူတို့ သည် ထိုစာကို ကြည့်၍ရှုသောအားဖြင့် ပညာ တိုးပွား လိမ့်မည်ဟု ပြောဆို ၏။ ၅ ထိုအခါ ငါ ဒံယေလ သည် ကြည့်ရှု လျှင် ၊ အခြား သောသူနှစ် ပါးတို့သည် မြစ် ကမ်း တို့ ၌ တဘက် တပါး စီရပ် နေကြ၏။ ၆ တပါးကလည်း၊ အံ့ဘွယ် သော ဤအမှုအရာတို့သည် မ ကုန်စင် မီ အဘယ် မျှလောက် ကြာလိမ့်မည်နည်းဟု ပိတ်ချော ကိုဝတ် လျက်၊ မြစ် ရေ ပေါ် မှာရှိသော လူ ကို မေးမြန်း ၏။ ၇ ပိတ်ချော ကိုဝတ် လျက် မြစ် ရေ ပေါ် မှာရှိသော လူ ကလည်း၊ တကာလ၊ နှစ်ကာလ၊ ကာလတဝက် ပတ်လုံးဖြစ်လိမ့်မည်။ သန့်ရှင်း သောသူ တို့ ၏ အစွမ်း သတ္တိကို အရပ်ရပ်သို့ ဖြန့် လွှင့်ခြင်းအမှုပြီး သောအခါ ၊ ထို အမှု အရာ အလုံးစုံ တို့သည် ကုန်စင် ကြလိမ့်မည်ဟု လက်နှစ်ဘက်ကို ကောင်းကင် သို့ ချီ လျှက် ၊ ကမ္ဘာ အဆက်ဆက်အသက် ရှင်တော်မူသောဘုရားကို တိုင်တည် ၍ ကျိန်ဆိုသည် ကို ငါကြား ၏။ ၈ ထိုစကားကို ငါ ကြား ၍ နား မ လည်သောကြောင့် ၊ သခင် ဘုရား၊ ဤ အမှုအရာတို့သည် အဘယ် သို့ကုန်စင် ပါမည်နည်းဟု မေးလျှောက် လျှင် ၊ ၉ ထိုသူက ဒံယေလ ၊ သင်သွား လော့။ ထိုစကား သည် အမှုကုန် ရသည်ကာလ တိုင်အောင် ပိတ် ၍ တံဆိပ် ခတ်ထားလျက်ရှိ၏။ ၁၀ လူအများ တို့သည် သန့်ရှင်း ဖြူစင် ခြင်းသို့ ရောက်၍ စုံစမ်း ခြင်းကိုခံရကြလိမ့်မည်။ မ တရားသောသူတို့ သည် မ တရားသဖြင့် ပြု၍ တယောက် မျှ နား မ လည်ရ။ ပညာ ရှိသောသူတို့ မူကား ၊ နားလည် ကြ လိမ့်မည်။ ၁၁ နေ့ရက်အစဉ် ပြုသောဝတ်ကို ပယ်ရှင်း ၍၊ ဖျက်ဆီး တတ်သော ရွံရှာ ဘွယ်အရာသည် ပေါ် လာပြီးမှ ၊ အရက် တထောင် နှစ် ရာကိုး ဆယ်ကြာလိမ့်မည်။ ၁၂ အရက် တ ထောင်သုံး ရာ သုံး ဆယ်ငါး ရက်တိုင်အောင် ငံ့လင့် ၍ မှီ သောသူသည် မင်္ဂလာ ရှိ၏။ ၁၃ သင် မူကား ၊ အဆုံး မဖြစ်မှီတိုင်အောင် သွား လော့။ ငြိမ်ဝပ် စွာ နေရလိမ့်မည်။ နေ့ရက် ကာလ ကုန်စင် ပြီးမှ၊ ကိုယ် အရိပ် အရာကိုခံ၍ ပေါ် ရလိမ့်မည်ဟုဆို၏။

၁ ယုဒ ရှင်ဘုရင် ဩဇိ မင်း၊ ယောသံ မင်း၊ အာခတ် မင်း၊ ဟေဇကိ မင်း၊ ဣသရေလ ရှင်ဘုရင် ယောရှ သား ယေရောဗောင် မင်းတို့လက်ထက် ၊ ဗေရိ ၏ သား ဟောရှေ သို့ ရောက် လာသော ထာဝရဘုရား ၏ နှုတ်ကပတ် တော် အစအဦးဟူမူကား၊ **၂** သင် သွား၍ ပြည်တန်ဆာ မိန်းမ နှင့်တကွ သူဘွားမြင်သော သားသမီး တို့ကို သိမ်းပိုက် လော့။ အကြောင်း မူကား၊ ပြည်သား တို့သည် ထာဝရဘုရား ကိုစွန့်ပစ် ၍ အထပ်ထပ်မှားယွင်း ကြပြီဟု ဟောရှေ အား မှာ ထားတော်မူသည် အတိုင်း ၊ **၃** ဟောရှေသည်သွား ၍ ဒိဗလိမ် သမီး ဂေါမာ ကို သိမ်းပိုက် သဖြင့် ၊ သူသည် ပဋိသန္ဓေ ယူ၍ ဟောရှေ၌ သား ယောကျ်ားကို ဘွားမြင် လေ၏။ **၄** ထာဝရဘုရား ကလည်း ၊ ထို သားကို ယေဇရေလ အမည် ဖြင့် မှည့် လော့။ အကြောင်း မူကား၊ ခဏကြာ ပြီးမှ ယေဇရေလ အသက် ကိုသတ်သောအပြစ်ကြောင့်၊ ယေဟု အမျိုး ကို ငါသည် ဒဏ်ပေး ၍ ဣသရေလ အမျိုး ၏ နိုင်ငံ ကို ဆုံး စေမည်။ **၅** ဣသရေလ လေး ကို ယေဇရေလ ချိုင့် ၌ ငါချိုး သောနေ့ ခြင်းတွင် ထို အမှုပြည့်စုံ လိမ့်မည်ဟု မိန့် တော်မူ ၏။ **၆** တဖန် ပဋိသန္ဓေ ယူ၍ သမီး ကိုဘွားမြင် လေ၏။ ထို သမီးကို လောရုဟာမာ အမည် ဖြင့် မှည့် လော့။ အကြောင်း မူကား၊ ငါသည် ဣသရေလ အမျိုး ကို နောက် တဖန် မ သနား မစုံမက်ဘဲ ဧကန်အမှန်ပယ်ရှင်း မည်။ **၇** ယုဒ အမျိုး ကိုကား ၊ သနား စုံမက်ဦးမည်။ သို့ရာတွင် ၊ လေး ၊ ထား ၊ စစ်တိုက် လက်နက်၊ မြင်း ၊ မြင်း စီးသူရဲ အားဖြင့် မ ကယ်တင် ၊ သူ တို့၏ ဘုရား သခင်ထာဝရဘုရား အားဖြင့် ကယ်တင် မည်ဟု မိန့် တော်မူ၏။ **၈** လောရုဟာမာ ကို နို့ ခွါသောအခါ ၊ အမိသည် ပဋိသန္ဓေ ယူပြန်၍ သား ယောကျ်ားကို ဘွားမြင် လေ၏။ **၉** ထို သားကိုလောအမ္မိ အမည် ဖြင့် မှည့် လော့။ အကြောင်း မူကား၊ သင် တို့သည် ငါ ၏လူ မ ဟုတ်။ ငါ သည် လည်း သင် တို့၏ ဘုရားသခင်မ ဟုတ် ။ **၁၀** သို့ရာတွင် ၊ ဣသရေလ အမျိုးသား တို့သည် မ ခြေ နိုင်၊ မ ရေတွက် နိုင်သော သမုဒ္ဒရာ သဲလုံး နှင့်အမျှ များ ကြလိမ့်မည်။ သင် တို့သည် ငါ ၏ လူ မ ဟုတ်ဟု ထိုသူ တို့အား ပြောဆို ရာ အရပ် ၌ ပင်လျှင်၊ သူ တို့သည် အသက်ရှင် တော်မူသောဘုရား သခင်၏သား ဟု ခေါ်ဝေါ် ခြင်းကိုခံရကြလိမ့်မည်။ **၁၁** ထိုအခါ ယုဒ အမျိုးသား တို့နှင့် ဣသရေလ အမျိုးသား တို့သည် စုဝေး ပေါင်းဘော်၍ ၊ မင်း တဦးတည်း ကို ချီးမြှောက် သဖြင့် ထိုပြည် ထဲက ထွက်လာ ကြ လိမ့်မည်။ ယေဇရေလ နေ့ သည် ကြီးမြတ် သောနေ့ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။

၂ သင် တို့ ညီအစ်ကို များကို ငါ ၏လူ ဟူ၍ငင်း ၊ သင် တို့နှမ များကို သနား စုံမက်အပ်သောသမီးဟူ၍ငင်း တဖန်ခေါ် ကြလော့။ **၂** သင် တို့အမိ နှင့် ဆွေးနွေး ကြလော့။ သူ သည် ငါ့ မယား မ ဟုတ်၊ ငါ သည်လည်း သူ့ လင် မ ဟုတ်ကြောင်း ကို ဆွေးနွေး ကြလော့။ ပြည်တန်ဆာ မျက်နှာကို ပယ် ၍ မှားယွင်း ခြင်းအမှုကို ရှောင်စေ။ **၃** မ ရှောင်လျှင် သူ၏အဝတ်ရှိသမျှကို ငါချွတ် ၍ ၊ သူ ဘွား သောနေ့ ၌ အဝတ်မရှိသကဲ့သို့အဝတ် မပါ၊ ပြင်၌ ထုတ် ထားမည်။ လွင်ပြင် ကဲ့သို့ သုတ်သင် မည်။ သွေ့ခြောက် သော မြေ ကဲ့သို့ ဖြစ်စေ လျက် ရေ အငတ်ထား၍ သေ စေမည်။ **၄** သူ ၏သားသမီး

တို့သည် သူ မျောက်မထား ၍ ရသောသားသမီး ဖြစ်သောကြောင့် သူတို့ကို ငါမ သနား မစုံမက်ဘဲ နေမည်။ ၅ သူ တို့အမိ သည် ပြည်တန်ဆာ ဖြစ်၏။ သူ တို့ကို ပဋိသန္ဓေ ယူ သောသူသည် ရှက်ဘွယ် သောအမှုကိုပြုပြီ။ သူကလည်း၊ ငါ့ မုန့် ၊ ငါ့ ရေ ၊ ငါ့ သိုးမွေး ၊ ငါ့ ပိုက်ဆန် ၊ ငါ့ ဆီ ၊ ငါ သောက် သောအရည်တို့ကိုပေး တတ်သော ငါ့ ရည်းစား များ နောက် သို့ ငါလိုက် မည်ဟုဆို ပြီ။ ၆ သို့ ဖြစ်၍ ၊ သူ့ ကိုဆူး စောင်ရန်းနှင့် ကာ ထားမည်။ ထွက် စရာမ ရှိစေခြင်းငှါ သူ့ ပတ်လည် ၌ ကျောက်ရိုး ကိုလည်း တည် မည်။ ၇ သူ သည် ရည်းစား တို့ကို လိုက် သော်လည်း မ မှီ ၊ ရှာ သော်လည်း မ တွေ့ ဘဲ နေရသောအခါ၊ လင် ဟောင်းထံသို့ ငါပြန် သွားမည်။ ယခု နေရာထက် အရင် နေရာသာ၍ ကောင်း သည်ဟု ဆို လိမ့်မည်။ ၈ ဆန် စပါး၊ စပျစ်ရည် ၊ ဆီ တို့ကို ငါ ပေး သနား သည်ဟူ၍ငင်း ၊ ဗာလ ဘုရားအား ပူဇော် သောရွှေ နှင့် ငွေ ကို သူ ၌ ငါများပြား စေသည်ဟူ၍ငင်း သူသည် မ အောက်မေ့ ပါတကား။ ၉ သို့ ဖြစ်၍ ၊ စပါးရိတ် ရာကာလ ၌ ငါ့ စပါး ကိုငင်း၊ စပျစ်ရည်လုပ်ကာ ကာလ၌ ငါ့ စပျစ်ရည် ကိုငင်း ၊ သူ ၏ ကိုယ်ကိုဖုံးလွှမ်း စေရာ ငါ့ သိုးမွေး နှင့် ပိုက်ဆန် ကိုငင်းငါသိမ်းယူ မည်။ ၁၀ ယခုပင် သူ ၏ ရည်းစား များရှေ့၌ သူ့ အဝတ် ကို ငါလှစ်လှန်၍ အရှက် ခွဲမည်။ ငါ့ လက် မှ အဘယ်သူ မျှသူ့ ကိုမ နှုတ် ရ။ ၁၁ သူ ရွှင်လန်း စရာအကြောင်းရှိသမျှ နှင့် ပွဲခံ ခြင်း၊ လဆန်း နေ့၊ ဥပုသ် နေ့စောင့်ခြင်း၊ ပရိသတ် စည်းဝေးခြင်း အလုံးစုံ တို့ကို ငါပြတ် စေမည်။ ၁၂ ဤသည်ကား၊ ငါ့ ရည်းစား ပေး သော ဆု လက်ဆောင်ဖြစ်သည်ဟု သူဆို ရာ စပျစ် ဥယျာဉ်၊ သဘော်သဖန်း ဥယျာဉ်တို့ကို ငါသုတ်သင် ပယ်ရှင်း၍ ၊ လွင်ပြင် ဖြစ်စေ သဖြင့် တော သားရဲ တို့သည် ကိုက်စား ကြလိမ့်မည်။ ၁၃ ဗာလဘုရားတို့အားနံ့သာပေါင်းကို မီးရို့ ၍ နှာခေါင်း ဆွဲနှင့် လည်ဆွဲ တန်ဆာ ကို ဆင်လျက် ရည်စား များ နောက် သို့လိုက် သဖြင့် ၊ ငါ့ ကို မေ့လျော့ ၍ ဗာလ ဘုရား တို့ လက်ထက် ၌ ပြုမိသောအပြစ်နှင့်အလျောက်ငါစီရင် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ သို့ရာတွင် ၊ သူ့ ကို တဖန်ငါ ဖြားယောင်း မည်။ တော လမ်းဖြင့် ပို့ဆောင် သော်လည်း ၊ နှစ်သိမ့် စေသော စကားကိုပြော မည်။ ၁၅ တော တဘက်၌ စပျစ် ဥယျာဉ်တို့ကိုငင်း၊ အာခေါ် ချိုင့် ၌ မြော်လင့် ရာတံခါး ကိုငင်းငါပေး မည်။ သူ သည် အသက် ငယ် စဉ်ကာလ ၊ အဲဂုတ္တု ပြည် မှ ထွက် လာသောအခါ ၊ သီချင်းဆိုသကဲ့သို့၊ တော တဘက်သို့ ရောက်သောအခါ သီချင်း ဆိုရလိမ့်မည်။ ၁၆ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုကာလ ၌ သင်သည်ငါ့ ကို သခင် ဟူ၍မ ခေါ် ရ၊ ခင်ပွန်း ဟူ၍ခေါ် ရမည်။ ၁၇ အခြားတပါးသော သခင်တို့၏ ဘွဲ့နာမ များကို သူ ၏ နှုတ် မှ ငါပယ် ၍ ၊ ထို ဘွဲ့နာမ များကို နောက် တဖန် မ မှတ်မိ မမြွက်ဆိုရ။ ၁၈ ထိုကာလ ၌ ငါသည်သူ တို့အတွက် ၊ တော သားရဲ ၊ မိုဃ်း ကောင်းကင်ငှက် ၊ မြေ ပေါ်မှာ တွား တတ်သော တိရစ္ဆာန်များနှင့် မိသဟာယ ဖွဲ့၍ ၊ လေး ၊ ထား ၊ စစ်တိုက် လက်နက်တို့ကို မြေ ပေါ်က ပယ်ရှား သဖြင့် သူ တို့သည် စိုးရိမ် ခြင်းမရှိဘဲ အိပ် ရကြလိမ့်မည်။ ၁၉ ငါသည် ကိုယ် အဘို့ သင့် ကို အစဉ်အမြဲ သိမ်းယူ မည်။ ဖြောင့်မတ် ခြင်း၊ တရားသဖြင့် စီရင် ခြင်း၊ ချစ် သနား စုံမက်ခြင်းနှင့်အညီ ကိုယ် အဘို့ သင့် ကို သိမ်းယူ မည်။ ၂၀ သစ္စာ စောင့်ခြင်းနှင့်အညီ သိမ်းယူ ၍ ၊ သင်သည် ထာဝရဘုရား ကို သိ ရလိမ့်မည်။ ၂၁ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုကာလ ၌ ငါသည် နားထောင် မည်။ မိုဃ်း ကောင်းကင်စကားကို နားထောင် ၍ ၊ သူ သည် မြေကြီး

စကားကို နားထောင် မည်။ ၂၂ မြေကြီး သည်လည်း ဆန် စပါး၊ စပျစ်ရည် ၊ ဆီ တို့ ၏ စကားကို နားထောင် ၍ ၊ သူ တို့သည်လည်း ယေဇရေလ စကားကို နားထောင် ကြလိမ့်မည်။ ၂၃ ထိုသတို့သမီးကိုမျိုးစေ့ကဲ့သို့မြေ ၌ ကိုယ် အဘို့ ငါကြဲ မည်။ မ သနား မစုံမက်အပ်သော သတို့သမီးကို ငါသနား စုံမက်မည်။ ငါ၏ လူ မဟုတ်သော သူကိုလည်း၊ သင်သည်ငါ ၏လူ ဖြစ်သည်ဟု ငါဆို မည်။ သူ ကလည်း ကိုယ်တော် သည် အကျွန်ုပ် ၏ ဘုရား သခင်ဖြစ်တော်မူ သည်ဟု၊ လျှောက် လိမ့်မည်ဟုမိန့်တော်မူ၏။

၃ တဖန် ထာဝရဘုရား က၊ ကျွသရေလ အမျိုးသား တို့သည် အခြား တပါးသော ဘုရား တို့ကို ဖူးမြော် ၍ ၊ စပျစ်သီး ပျဉ် ကို အလိုရှိ သော်လည်း ထာဝရဘုရား ချစ် တော်မူသည် နည်းတူ ၊ မိမိခင်ပွန်း ၏ ချစ် ခြင်းကိုခံ လျက် မျောက်မထား သော မိန်းမကို သွား ၍ ချစ် ဦးလော့ဟု ငါ့ အား မှာ ထားတော်မူသည်အတိုင်း ၊ ၂ ထိုမိန်းမကို ငွေ တဆယ် ငါး ကျပ်၊ မုယော ဆန် တဟောမဲ ခွဲနှင့် ငါ ရွေး ပြီးမှ ၊ ၃ သင်သည်ငါ့ အဘို့ နေ့ရက် များစွာ စောင့်၍ နေ ရမည်။ ပြည်တန်ဆာ မ လုပ်ရ။ အခြားသော ယောကျ်ား နှင့် မ ပေါင်းဘော် ရ။ သို့ပြုလျှင် ၊ သင့် အဘို့ ငါ စောင့်၍ နေမည်ဟု ပြော ထား၏။ ၄ အကြောင်း မူကား၊ ကျွသရေလ အမျိုးသား တို့ သည် နေ့ရက် များစွာ ရှင်ဘုရင် မ ရှိ၊ မင်းသား မ ရှိ၊ ယဇ် ပူဇော်ခြင်းမ ရှိ၊ ဆင်းတု မ ရှိ၊ သင်တိုင်း မ ရှိ၊ တေရပ်ရုပ်တု မရှိဘဲနေရ ကြလိမ့်မည်။ ၅ ထိုနောက်မှ ကျွသရေလ အမျိုးသား တို့သည် ပြန် လာ၍ ၊ သူ တို့ဘုရား သခင်ထာဝရဘုရား ကိုငင်း ၊ သူ တို့ရှင်ဘုရင် ဒါဝိဒ် ကိုငင်းရှာ ၍ ၊ နောင် ကာလ ၌ ကျေးဇူး တော်ကိုခံ အံ့သောငှါ ၊ ထာဝရဘုရား ထံ တော်သို့ တုန်လှုပ် လျက် ပြေးကြလိမ့်မည်။

၅ အိုကျွသရေလ အမျိုးသား တို့၊ ထာဝရဘုရား ၏ အမိန့် တော်ကို နားထောင် ကြလော့။ ထာဝရဘုရား သည် ပြည်သူ ပြည်သားတို့နှင့် တရား တွေ့မှုရှိတော်မူ၏။ အကြောင်း မူကား၊ သူတို့သည် သစ္စာ မ ရှိ၊ ကရုဏာ မ ရှိ၊ ဘုရား သခင်ကို မ သိ ကြ။ ၂ ကျိန်ဆဲ ခြင်း၊ မုသာ စကားကို ပြောခြင်း၊ လူအသက် ကို သတ် ခြင်း၊ သူ ဥစ္စာကိုခိုး ခြင်း၊ သူ့ မယားကို ပြစ်မှားခြင်းတို့ ၌ အဆီး အတားမရှိ။ လူအသက်ကိုသတ် သောအပြစ် အထပ်ထပ်ရှိကြ၏။ ၃ ထိုကြောင့် ၊ ပြည် သည် ငိုငြင် လိမ့်မည်။ ပြည်သား အပေါင်း တို့နှင့်တကွ ၊ တော သားရဲ ၊ မိုးယံ ကောင်းကင်ငှက် တို့သည် အားလျော့ ကြလိမ့်မည်။ ပင်လယ် ငါး တို့ သည်လည်း ကုန် ကြလိမ့်မည်။ ၄ သို့ရာတွင် ၊ အဘယ် သူမျှမ ဆီးတား စေနှင့်။ အဘယ် သူမျှမ ဆုံးမ စေနှင့်။ အကြောင်း မူကား၊ သင် ၏ အမျိုးသား ချင်းတို့သည် ယဇ်ပုရောဟိတ် နှင့် ဆန့်ကျင်ဘက် ပြုသောသူကဲ့သို့ ဖြစ်ကြ၏။ ၅ ထိုကြောင့် ၊ နေ့ အချိန်၌ သင်သည်လဲ ရလိမ့်မည်။ ညဉ့် အချိန်၌ သင် နှင့်အတူ ပရောဖက် သည်လည်း လဲ ရ လိမ့်မည်။ သင့် အမိ ကိုလည်း ငါဖျက်ဆီး မည်။ ၆ ငါ့ လူ တို့သည် ပညာ နည်း သောကြောင့် ဆုံးရှုံး ကြ၏။ သင်သည် ပညာ ကိုပယ် သောကြောင့် ၊ ငါ့ ယဇ် ပုရောဟိတ်အဖြစ်သို့ မရောက်စေခြင်းငှါ သင့် ကို ငါပယ် မည်။ သင် ၏ ဘုရား သခင့်တရား ကို သင်မေ့လျော့ သောကြောင့် ၊ သင် ၏ သားသမီး တို့ကို ငါ့မေ့လျော့ မည်။ ၇ သူ တို့သည် ဘုန်းတိုးပွား သည်အတိုင်း ငါ့ ကို ပြစ်မှား ကြပြီ။ သို့ ဖြစ်၍ ၊ သူ တို့၏ ဘုန်း ကို ငါအရှက်ကွဲ စေမည်။ ၈

ငါ့ လူ တို့၏ အပြစ် ဖြေရာ ယဇ်တို့ကို စား လျက် နှင့် ပင်၊ ထို အပြစ် ကို စိတ် စွဲလမ်းတတ်ကြ၏။ ၉ ထိုကြောင့် ၊ လူ တို့ ၌ ဖြစ်သကဲ့သို့ ယဇ်ပုရောဟိတ် ၌ ဖြစ် လိမ့်မည်။ သူ တို့အကျင့် များကို ငါစစ်ကြော ၍ ၊ အသီးအသီး ပြုမူ သမျှအတိုင်းအကျိုး အပြစ်ကိုပေးမည်။ ၁၀ သူတို့သည် စား ၍ မ ဝ ရကြ။ မ တရားသောမေထုန် ကိုပြု၍ သားသမီး ကို မ ဘွားမြင်ရကြ။ ၁၁ အကြောင်း မူကား စိတ် နှလုံးကို ယစ်မူး စေတတ် သော ကာမ ဂုဏ်၌ ပျော်မွေ့ခြင်း၊ စပျစ်ရည် နှင့် သေရည် သေရက်ကို သောက် ခြင်း၌ မှီဝဲသောကြောင့် ၊ ထာဝရဘုရား ကို စွန့်ပစ် ကြပြီ။ ၁၂ ငါ့ လူ တို့သည် သစ်သား နှင့် တိုင်ပင် တတ်ကြ၏။ သူ တို့၏တောင်ဝေး သည် အကြံ ပေးတတ်၏။ ကိလေသာ စိတ် အားကြီးသောကြောင့် ၊ သူတို့သည် လမ်းလွဲ ၍ မိမိ တို့ ဘုရား သခင့်ထံမှာ မနေ၊ မှားယွင်း တတ်ကြ၏။ ၁၃ တောင် ထိပ် ပေါ် ၊ ကုန်း ပေါ် မှာဎင်း ၊ အရိပ် ကောင်း သောသပိတ် ပင်မျိုး၊ လိဗနော ပင် အောက် မှာဎင်း ၊ ယဇ် ပူဇော်၍ နံ့သာပေါင်းကို မီးရှို့ တတ်ကြ၏။ ထိုကြောင့် ၊ သင် တို့သမီး တို့သည် ယောကျ်ား နှင့် မှားယွင်း၍ ၊ ချွေးမ တို့သည် မျောက်မထား တတ်ကြ၏။ ၁၄ သင် တို့သမီး တို့သည် ယောကျ်ား နှင့် မှားယွင်း၍ ၊ ချွေးမ တို့သည် မျောက်မထား သော်လည်း ငါမ စစ်ကြော ၊ အကြောင်း မူကား၊ ယောကျ်ားတို့သည် ကိုယ့်မယားကို စွန့်ပစ်၍ ပြည်တန်ဆာတို့နှင့် ပေါင်းဘော်တက်ကြ၏။ မိန်းမရွှင်တို့နှင့်အတူယဇ်ပူဇော်တတ်ကြ၏။ သို့ ဖြစ်၍ပညာမရှိသောသူတို့ သည် ဆုံးရှုံးကြလိမ့်မည်။ ၁၅ အိုဣသရေလ အမျိုး၊ သင် သည် ပြည်တန်ဆာ လုပ်သော်လည်း ၊ ယုဒ အမျိုးကို မ မှားယွင်း ပါစေနှင့်။ ဂိလဂါလ မြို့သို့ မ ချဉ်းကပ် ကြနှင့်။ ဗေသဝင် မြို့သို့ မ သွား ကြနှင့်။ ထာဝရဘုရား အသက်ရှင် တော်မူသည် အတိုင်းဟူ၍မ ကျိန်ဆို ကြနှင့်။ ၁၆ ဣသရေလ အမျိုးသည် ရုန်း တတ်သော နွား မပျိုကဲ့သို့ ဆန့်ကျင် ဘက်ပြုတတ်၏။ ယခုမှာထာဝရဘုရား သည် ကျယ် သောအရပ်၌ သိုးသငယ် ကိုထိန်း သကဲ့သို့ ၊ ဣသရေလ အမျိုးကို ပြုတော်မူမည်။ ၁၇ ဧဖရိမ် သည်ရုပ်တု တို့ ၌စွဲကပ် လျက်ရှိ၏။ သူ့ ကို တတ် တိုင်းရှိစေလော့။ ၁၈ သူ တို့စားသောက် ပွဲခံချိန်လွန် ပြီ။ မင်း လုပ်သောသူတို့သည် အထပ်ထပ်မတရား သောမေထုန် ကိုပြုကြပြီ။ ရှက်ဘွယ် သောအမှုကိုတပ်မက် ကြပြီ။ ၁၉ လေ သည် မိမိ အတောင် တို့နှင့် တိုက် ၍ ပါသွားမည်။ သူ တို့သည် မိမိ တို့ ပူဇော်သောယဇ် များကြောင့် ရှက် ကြလိမ့်မည်။

၅ အို ယဇ်ပုရောဟိတ် တို့၊ ကြား ကြလော့။ အိုဣသရေလ အမျိုးသား တို့၊ နားထောင် ကြလော့။ အို နန်းတော် သားတို့၊ မှတ်မိ ကြလော့။ သင် တို့သည် စစ်ကြော စီရင်ခြင်းကိုခံရကြမည်။ အကြောင်း မူကား၊ သင်တို့သည် မိဇပါ တောင်ပေါ် မှာကျော့ကွင်း ၊ တာဗော် တောင်ပေါ် မှာထောင် သော ပိုက် ဖြစ် ကြပြီ။ ၂ ယဇ်ကောင် တို့ကိုသတ် သောအားဖြင့် မိမိတို့အပြစ် ကို များပြားစေကြ၏။ ထိုကြောင့် ၊ ငါ သည် ထိုသူ အပေါင်း တို့ ၌ အပြစ် ဒဏ်ပေးမည်။ ၃ ဧဖရိမ် ကို ငါ သိ ၏။ ဣသရေလ သည်လည်း ငါ့ ရှေ့မှ ပုန်းရှောင် ၍ မ နေနိုင်။ ယခု ပင် အိုဧဖရိမ် ၊ သင်သည်မှားယွင်း ၍ ဣသရေလ သည် ညစ်ညူး ခြင်းရှိ၏။ ၄ သူ တို့သည်ပြုမြဲပြုသောကြောင့်၊ သူ တို့၏ဘုရား သခင့်ထံ တော်သို့ ပြန် ၍ မ လာနိုင်ကြ။ မှားယွင်းသော သဘောစွဲလမ်းသည်ဖြစ်၍၊ ထာဝရဘုရား ကိုမ သိ ကြ။ ၅ ဣသရေလ အမျိုး၏ မာန သည်သူ့ မျက်မှောက် ၌ နှိမ့်ချ ခြင်းသို့ရောက်သဖြင့် ၊ ဣသရေလ နှင့် ဧဖရိမ် သည် မိမိ တို့ အပြစ် ၌ လဲ ၍ ၊

သူ တို့နှင့်အတူ ယုဒ အမျိုးသည်လည်း လဲ လိမ့်မည်။ ၆ သိုးစု နွားစု ပါ လျက် ၊ ထာဝရဘုရား ကိုရှာ ခြင်းငှါ သွား ကြသော်လည်း မ တွေ့ ရကြ။ သူ တို့နှင့် ကွာ တော်မူပြီ။ ၇ သူတို့သည်ထာဝရဘုရား ထံတော်၌ ခံသောသစ္စာ ကို ဖျက်ကြပြီ။ အကြောင်း မူကား၊ တပါး အမျိုးသားတို့ကို ဘွားမြင် ကြပြီ။ လဆန်း နေ့ရောက်မှ သူ တို့နှင့် သူ တို့ ဥစ္စာ သည်ပျက်စီး လိမ့်မည်။ ၈ ဂိဗာ မြို့၌ နှဲ ခရာကိုငင်း ၊ ရာမ မြို့၌ တံပိုး ကိုငင်းမှတ် ကြလော့။ ဗေသဝင် မြို့၌ ကြွေးကြော် ကြလော့။ အိုဗယ်မိန် အမျိုး၊ နောက် သို့ ကြည့်ကြလော့။ ၉ ဣသရေလ အမျိုးအနွယ် တို့ကို ဆုံးမ သတိပေး သောနေ့ ၌ ဧဖရိမ် သည် ပျက်စီး ရ လိမ့်မည်။ ဆက်ဆက်ဖြစ်လတံ့သော အမှုကို ငါဘော်ပြ ၏။ ၁၀ ယုဒ မင်း တို့သည် မြေ မှတ်တိုင်တို့ကို ရွှေ့ သော သူကဲ့သို့ ဖြစ် ကြ၏။ ငါသည်သူ တို့အပေါ် သို့ ငါ့ အမျက် ကို ရေ ကဲ့သို့ သွန်းလောင်း မည်။ ၁၁ ဧဖရိမ် သည် ညှဉ်းဆဲ ခြင်းကို ခံရ၏။ တရား စီရင် ခြင်းနှင့်တွေ့၍ ဆုံးရှုံးရ၏။ အကြောင်း မူကား၊ အမိန့် တော်အတိုင်း ကျင့် လေပြီ။ ၁၂ ထိုကြောင့် ၊ ငါ သည် ဧဖရိမ် ၌ ကိုက်တတ်သော ပိုး ကောင်၊ ယုဒ အမျိုး ၌ စား တတ်သော အနာကဲ့သို့ ဖြစ်မည်။ ၁၃ ဧဖရိမ် သည် မိမိ အပေါက် တို့ကိုငင်း ၊ ယုဒ သည် မိမိ အနာ ကိုငင်း မြင် သောအခါ ၊ ဧဖရိမ် သည် အာရှုရိ မင်းထံသို့ သွား ၍ ၊ ယုဒသည် ရှင်ဘုရင် ယာရက် ထံသို့ စေလွှတ် သော်လည်း ၊ ထိုမင်းတို့သည် သင် တို့အပေါက်ကို မ ဖါ နိုင် ၊ အနာ ကိုလည်း မ ပျောက် စေနိုင်ကြ။ ၁၄ အကြောင်း မူကား၊ ငါ သည် ဧဖရိမ် ၌ ခြင်္သေ့ ကဲ့သို့ ၎င်း ၊ ယုဒ အမျိုး ၌ ခြင်္သေ့ ပျိုကဲ့သို့ ၎င်း ဖြစ်မည်။ ငါ သည် ကိုယ်တိုင်ကိုက် ဖြတ်၍ သွား မည်။ ချီသွား ၍ အဘယ် သူမျှမ နှုတ်ရ။ ၁၅ သူတို့သည် ကိုယ်အပြစ်ကို ဝန်မချ။ ငါ့ မျက်နှာ ကို မ ရှာ မှီတိုင်အောင်၊ ငါ သည် ကိုယ်နေရာ သို့ ပြန် သွား၍ နေမည်။ အမှု ရောက်သောအခါ ၊ သူ တို့သည် ငါ့ ကိုကြိုးစား၍ ရှာ ကြလိမ့်မည်။

၆ လာ ကြ။ ထာဝရဘုရား ထံ တော်သို့ ပြန် ကြကုန်အံ့။ ကိုယ်တော် သည် ကိုက်ဖြတ် သော်လည်း ပကတိ ဖြစ်စေတော်မူမည်။ ဒဏ်ခတ် သော်လည်း အနာကို စည်း တော်မူမည်။ ၂ နှစ် ရက်လွန်ပြီးမှ ငါ တို့ကို အသက်ရှင် စေ၍၊ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် စေတော်မူသဖြင့် ၊ အထံ တော်၌ ငါတို့သည် အသက်ရှင် ကြလိမ့်မည်။ ၃ ပညာ ကိုလည်း ရကြလိမ့်မည်။ ထာဝရဘုရား ကို သိ ခြင်းငှါ လိုက် ရှာကြလိမ့်မည်။ ထွက် တော်မူချိန်သည် နံနက် ကဲ့သို့ ဖြစ် လိမ့်မည်။ ရွာသောမိုးယံ နှင့် မြေ အပေါ် သို့ ရွာ သော နောက် မိုးယံကဲ့သို့ သက်ရောက် တော်မူလိမ့်မည်။ ၄ အိုဧဖရိမ် ၊ သင် ၌ အဘယ် သို့ငါပြု ရမည်နည်း။ အိုယုဒ ၊ သင် ၌ အဘယ် သို့ငါပြု ရမည်နည်း။ သင် တို့ကြည်ညိုသော စိတ် သည် နံနက် မိုးယံတိမ် ကဲ့သို့ ၎င်း ၊ စောစော ပျောက် တတ်သော နှင်း ကဲ့သို့ ၎င်း ဖြစ်၏။ ၅ ထိုကြောင့် သူတို့ကို ပရောဖက် များအားဖြင့် ငါသည် အပိုင်းပိုင်းခုတ်ဖြတ် ရပြီ။ ငါ့ နှုတ်ထွက် စကား အားဖြင့် သတ် ရပြီ။ ငါ့စီရင် ချက်တို့သည်လည်း ထွန်းလင်းသော အလင်း ကဲ့သို့ ဖြစ် ကြပြီ။ ၆ ယဇ် ပူဇော်ခြင်း အကျင့်ထက် သနားခြင်းကရုဏာ အကျင့်ကိုငင်း၊ မီးရှို့ ရာယဇ်ပူဇော်ခြင်းထက် ဘုရား သခင်နှင့် ကျွမ်းဝင် ခြင်းကိုငင်းငါနှစ်သက် ၏။ ၇ သူ တို့သည် အာဒံ ကဲ့သို့ ပဋိညာဉ် ကို လွန်ကျူး ကြပြီ။ နေရင်း အရပ်၌ ငါ့ သစ္စာ ကို ဖျက်ကြပြီ။ ၈ ဂိလဒ် မြို့ သည် အဓမ္မ ပြု သောသူတို့ နေရာ ဖြစ်၍၊ လူအသွေး နှင့် စွန်း သော ခြေရာများ၏။ ၉ ထားပြ အလုံးအရင်းသည် ခရီးသွားသောသူ ကို ချောင်း ၍ ကြည့်သကဲ့သို့ ၊

ယဇ်ပုရောဟိတ် အပေါင်း အသင်းသည် ရှေခင် မြို့သို့ သွားသော လမ်း၌ ပင် အသက် ကိုသတ် တတ်ကြ၏။ ၁၀ အကယ်စင်စစ်အဓမ္မအမှုကို ပြုတတ်ကြ၏။ ကြောက်မက် ဘွယ်သောအမှုကို ကျသရေလ အမျိုး၌ ငါမြင် ပြီ။ ထို အမျိုး၌ ဧဖရိမ် သည် မှားယွင်း တတ်၏။ ကျသရေလ သည် ညစ်ညူး ခြင်းရှိ၏။ ၁၁ ထို မှတပါး၊ အိုယုဒ အမျိုး၊ သိမ်း သွားသော ငါ ၏လူ တို့ကို ငါ ဆောင်ခဲ့ ပြန်သောအခါ ၊ စပါး ရိတ်ရာကာလသည် သင့် အဖို့ ခန့်ထား လျက်ရှိ၏။

၇ ကျသရေလ ၏ အနာ ကို ပျောက်စေခြင်းငှါ ငါ ပြု သောအခါ ၊ ဧဖရိမ် ၏အပြစ် နှင့် ရှမာရိ ပြုသော အဓမ္မ အမှုသည် ထင်ရှား ပြန်၏။ သူတို့သည် သစ္စာ ဖျက်ကြပြီ။ အထဲသို့ သူခိုး ဝင် တတ်၏။ ပြင် ၌ လည်း ထားပြ အလုံးအရင်းတို့သည် တိုက် တတ်ကြ၏။ ၂ သူ တို့ပြုသမျှ သော အဓမ္မ အမှုကို ငါမှတ်မိ သည် ဟု မိမိ တို့ စိတ်နှလုံး ထဲမှာ မ အောက်မေ့ ကြ။ ယခုပင် ထို အမှု တို့သည် သူ တို့ကို ဝိုင်း ကြပြီ။ ငါ့ မျက်မှောက် တွင် ရှိ ကြ၏။ ၃ ဆိုးညစ် သော အမှုအားဖြင့် ရှင် ဘုရင်ကိုငင်း၊ မုသာ စကားအားဖြင့် မင်း များကိုငင်းဝမ်းမြောက် စေကြ ၏။ ၄ ထိုသူ အပေါင်း တို့သည် မ တရားသောမေထုန် ဖြင့် မှားယွင်းသောသူဖြစ်၍၊ မီး ထည့်သော မုန့်သည် ၏ မီးဖို နှင့် တူကြ၏။ မုန့်စိမ်း ကိုနယ် ပြီးမှ မ ဖေါင်းကြွ မှီတိုင်အောင်၊ မီး ကိုမဆော် ဘဲ ငြိမ်ဝပ် စွာ နေရ၏။ ၅ ငါ တို့ရှင်ဘုရင် ၏ နှစ်စဉ်ပွဲနေ့ ၌ မင်း တို့သည် စပျစ်ရည် အရှိန် နှင့် ယစ်မူး ၍ ရှင်ဘုရင်သည် မထီမဲ့မြင် ပြုသောသူတို့ ကို လက်ခံ တတ်၏။ ၆ အကယ် စင်စစ်သူ တို့သည် ချောင်း ၍ ကြည့် လျက် နေကြစဉ် မိမိ တို့နှလုံး ကိုမီးဖို ကဲ့သို့ ပြင်ဆင် ကြပြီ။ သူ တို့မုန့်သည် တညဉ့်လုံး အိပ် သော်လည်း၊ နံနက် အချိန်၌ တောက် သော မီး ကဲ့သို့ လောင် လျက်ရှိ၏။ ၇ ထိုသူ အပေါင်း တို့သည် မီးဖို ကဲ့သို့ ပူ ကြ၏။ မိမိ တို့ တရားသူကြီး များကို လောင် ကြပြီ။ သူ တို့ရှင် ဘုရင်အပေါင်း တို့သည် လဲ ကြပြီ။ ငါ့ ကို ဟစ်ခေါ် သော သူတယောက် မျှမရှိ။ ၈ ဧဖရိမ် သည်တပါး အမျိုးသားတို့နှင့် ပေါင်းဘော်ရောနှော လျက်ရှိ၏။ တမျက်နှာသာဖုတ်၍ မ လှန် သော မုန့်ပြား ဖြစ် ၏။ ၉ သူ မ သိ မမှတ်ဘဲ တကျွန်း တနိုင်ငံသားတို့သည် သူ ၏ ခွန်အား ကို စား ကြပြီ။ ကိုယ်မ သိ မမှတ်ဘဲ ခေါင်း ပေါ် မှာ ဖြူ သောဆံပင်အနှံ့အပြား ရှိပြီ။ ၁၀ ကျသရေလ အမျိုး၏ မာန သည် သူ့ မျက်မှောက် ၌ နှိမ့်ချ ခြင်းသို့ ရောက်သော်လည်း ၊ အမျိုးသားတို့သည် ကိုယ် ဘုရား သခင်ထာဝရဘုရား ထံ တော်သို့ မ ပြန် မလာ ကြ။ အမှု ရောက်သော်လည်း ဘုရား ကို မ ရှာ ကြ။ ၁၁ ဧဖရိမ် သည် ဉာဏ် မ ရှိ၊ မိုက် သော ချိုး နှင့် တူ၏။ အဲဂုတ္တု ပြည်ကို ဟစ်ခေါ် တတ်၏။ အာရှုရိ ပြည်သို့ ပြေး တတ်၏။ ၁၂ သွား လေရာရာတွင် ငါ့ ပိုက် နှင့်သူ တို့ကို ငါအုပ်မိ မည်။ မိုးယံး ကောင်းကင်ငှက် ကိုကဲ့သို့ မြေသို့နှိမ့်ချ မည်။ သူ တို့စည်းဝေး ရာ၌ ကြား သည်အတိုင်း ငါဆုံးမ မည်။ ၁၃ သူတို့သည် ငါ့ ထံ မှ ထွက်၍ လည်သောကြောင့်အမင်္ဂလာ ရှိကြ၏။ ငါ့ ကို ပြစ်မှား သောကြောင့် ဖျက်ဆီး ဘို့ရာ ဖြစ်ကြ၏။ သူ တို့ကို ငါရွေးနှုတ် သော်လည်း ၊ ငါ့ တဘက် ၌ မုသာ စကားကို ပြော ကြ၏။ ၁၄ သူတို့သည် အိပ်ရာ ပေါ် မှာ မြည်တမ်း သော်လည်း ၊ စေတနာစိတ်နှင့် ငါ့ကို မ အော်ဟစ် ကြ။ ဆန် စပါး၊ စပျစ်ရည် ကို ရခြင်းငှါစည်းဝေး၍ ငါ့ ကို ပုန်ကန်ကြ၏။ ၁၅ ငါ သည် ဆုံးမ သော်ငင်း ၊ သူ တို့ကို ခိုင်ခံ့ စေသော်ငင်း၊ ငါ့ တဘက် ၌ မ ကောင်းသော

အကြံကိုကြံစည် ကြ၏။ ၁၆ အကျိုးနည်းရှိကြ၏။ လိမ် တတ်သောလေး ကဲ့သို့ ဖြစ် ကြ၏။ မင်း တို့သည် စော်ကား သောကြောင့် ထား ဖြင့် သေ၍၊ အဲဂုတ္တု ပြည်သား တို့၏ ကဲ့ရဲ့ ခြင်းကိုခံရကြ လိမ့်မည်။

၈ တံပိုး မှုတ် လော့။ ရန်သူသည် ရွှေလင်းတ ကဲ့သို့ ထာဝရဘုရား ၏အိမ် တော်သို့ လာလိမ့်မည်။ အကြောင်း မူကား၊ သူတို့သည် ငါ့ ပဋိညာဉ် ကို ဖျက် ၍ ငါ့ တရား ကို လွန်ကျူး ကြပြီ။ ၂ သို့ရာတွင်၊ သူတို့က၊ အကျွန်ုပ် တို့၏ ဘုရား သခင်၊ အကျွန်ုပ်တို့သည် ဣသရေလ အမျိုးဖြစ်၍ကိုယ်တော် ကို သိ ကြပါ၏ဟု ငါ့ အား ကြွေးကြော် ကြသည်တကား။ ၃ ဣသရေလ အမျိုးသည် ကောင်း သောအရာကို စွန့်ပစ် သောကြောင့်၊ ရန်သူ ညှဉ်းဆဲ ခြင်းကိုခံရလိမ့်မည်။ ၄ သူ တို့သည် ငါ ၏အခွင့်မ ရှိဘဲ ကိုယ်အလို အလျောက်ရှင်ဘုရင်တို့ကို ချီးမြှောက် ကြပြီ။ ငါမ သိရ ဘဲ မင်းတို့ကို ခန့်ထား ကြပြီ။ ကိုယ်အကျိုးနည်း စေခြင်းငှါ၊ ကိုယ် ရွှေ ငွေ နှင့် ကိုယ် အဘို့ ရုပ်တု များကိုလုပ် ကြပြီ။ ၅ အိုရှမာရိ၊ သင် ၏ နွားသငယ် ကို စွန့်ပစ် လော့။ ကိုးကွယ်သော သူများကို ငါ အမျက် ထွက် ၏။ သူတို့သည် အဘယ်မျှ ကာလ ပတ်လုံးသန့်ရှင်း ခြင်းတရားကို မ မှီနိုင် ဘဲ နေရကြလိမ့်မည်နည်း။ ၆ ထိုနွားသငယ်သည် ဣသရေလ အမျိုး ကြဲစည်၍ ဖြစ်၏။ ဆရာသမား လုပ် သောကြောင့် ဘုရား မ ဟုတ်။ အကယ် စင်စစ်ရှမာရိ နွားသငယ် သည် အပိုင်းပိုင်း ကျိုးပဲ့ရလိမ့်မည်။ ၇ လေ မျိုးစေ့ကို ကြဲ၍ လေဘွေ စပါး ကိုရိတ် ရကြ လိမ့်မည်။ စပါးပင် မ ရှိရ။ အနုံ ထဲက မုန့်ညက် မ ထွက် ရ။ ထွက် သော်လည်း တကျွန်း တနိုင်ငံသားတို့သည် စား ကြ လိမ့်မည်။ ၈ ဣသရေလ အမျိုးသည် တိမ်မြုပ် လေပြီ။ အဘယ် သူမျှ မနှစ်သက် သော တန်ဆာ ကဲ့သို့ တပါးအမျိုးသား တို့ တွင် ရှိ ရလိမ့်မည်။ ၉ အာရှုရိ ပြည်သို့ အလိုလိုသွား လေပြီတကား။ ဧဖရိမ် သည် ကိုယ် အဘို့ တကောင် တည်းနေသောမြည်းရိုင်း ကဲ့သို့ ဖြစ်၍၊ ရည်းစား တို့အား ဆုချ လေပြီ။ ၁၀ တပါးအမျိုးသား တို့အား ဆုချ သော်လည်း ၊ ချက်ခြင်း လူ များကို ငါစုဝေး စေမည်။ မကြာမမြင့်မှီ ရှင်ဘုရင် နှင့် မင်း များတင်သော ဝန် ကို ပင်ပန်း စွာ ထမ်းရကြ လိမ့်မည်။ ၁၁ ဧဖရိမ် သည် များစွာသော ယဇ် ပလ္လင်တို့ကို အပြစ်အဘို့ လုပ် သောကြောင့် ၊ ယဇ် ပလ္လင်တို့ကို သူ ၏ အပြစ် ဟူ၍ မှတ် ရလိမ့်မည်။ ၁၂ ငါ့ တရား ၏ ထူးဆန်း သောအရာတို့ကို သူ့ အဘို့ ငါရေး ထားပြီ။ သို့သော်လည်း၊ ရိုင်း သော အရာဟူ၍ သူသည် မှတ် လေပြီတကား။ ၁၃ ငါ နှင့်ဆိုင်သော ပူဇော်သက္ကာတို့ကို ယဇ်ပူဇော်သောသူတို့ သည် ပူဇော်၍ ကိုယ်တိုင်စား ကြ၏။ ထာဝရဘုရား သည် သူ တို့ကို လက်ခံ တော်မ မူ။ သူ တို့အပြစ် များ ကို ချက်ခြင်း အောက်မေ့ ၍ စစ်ကြော တော်မူသော အားဖြင့် ၊ သူ တို့သည် အဲဂုတ္တု ပြည်သို့ ပြန် သွားရကြ လိမ့်မည်။ ၁၄ ဣသရေလ သည် သူ့ ကို ဖန်ဆင်း တော်မူသောသခင်ကိုမေ့လျော့ ၍ ဘုံ ဗိမာန်များကို တည်ဆောက် တတ် ၏။ ယုဒ သည်လည်း ခိုင်ခံ့ သော မြို့ တို့ကို များပြား စေ တတ်၏။ သို့ရာတွင် ၊ ငါသည် ထို မြို့ များတို့ကို မီး ရှို့၍ ဘုံ ဗိမာန်များတို့ကို မီးလောင် ရလိမ့်မည်။

၉ အိုဣသရေလ အမျိုး၊ တပါး အမျိုးသားကဲ့သို့ ဝမ်းမြောက် ရွှင်မြူး သောစိတ် ရှိ၍မ ခုန်နှင့်။ ကိုယ် ဘုရား သခင် ၌ မ ဆည်းကပ်၊ အခြားသော ဘုရားနှင့် မှားယွင်းပြီ။ ကောက်နယ်တလင်း ရှိသမျှ တို့ ၌ မှားယွင်း ခကို နှစ်သက် တတ်၏။ ၂

ကောက်နယ် တလင်းအားဖြင့် အသက်မမွေးရ။ စပျစ်သီး နယ်ရာ ကျင်းအားဖြင့်လည်း အသက် မ မွေးရ။ စပျစ်ရည် သစ်လည်း သူ တို့ မြော်လင့်သည်အတိုင်း မထွက် ရ။ ၃ ဧဖရိမ် အမျိုးတို့သည် ထာဝရဘုရား ၏ မြေ တော်၌ မ နေ ရဘဲ အဲဂုတ္တု ပြည်သို့ ပြန် သွား၍ ၊ အာရှုရိ ပြည်၌ မ စင်ကြယ်သောအစာကို စား ရကြမည်။ ၄ စပျစ်ရည် သွန်းလောင်း ရာ ပူဇော်သက္ကာကို ထာဝရဘုရား အား မ ပြုရကြ။ ပူဇော်သော ယဇ် တို့ကို နှစ်သက် တော်မ မူရ။ ထိုယဇ်အသားသည် မသာလိုက်၍ ငိုကြွေးမြည်တမ်းသောသူတို့ ၏အစာကဲ့သို့ ဖြစ်၍၊ စား သောသူအပေါင်း တို့သည် ညစ်ညူး ခြင်းသို့ ရောက်ကြ လိမ့်မည်။ သူ တို့အစာ ကို ကိုယ်တိုင် စားကြစေ။ ထာဝရဘုရား ၏အိမ် တော်ထဲသို့ မ သွင်း စေနှင့်။ ၅ ဓမ္မ ပွဲနေ့ ၊ ထာဝရဘုရား အဘို့ဆောင်သော ပွဲ နေ့ တို့ ၌ သင်တို့သည် အဘယ် သို့ပြု ကြလိမ့်မည်နည်း။ ၆ ပျက်စီး ရာထဲက သူတို့သည် ထွက်သွား ကြပြီ။ အဲဂုတ္တု ပြည်၌စု ၍ မင်ဖိ မြို့၌ သင်္ဂြိဟ် ကြလိမ့်မည်။ ငွေ တန်ဆာ ဆင်သော နေရာဘုံ ဗိမာန်များကို ဆူး အမျိုးမျိုးတို့သည် လွှမ်းမိုး ကြလိမ့်မည်။ ၇ စစ်ကြော ရသော အချိန် ရောက် လေပြီ။ အပြစ် ပေးရသောအချိန် ရောက် လေပြီ။ ဣသရေလ အမျိုး သိ ရလိမ့်မည်။ ပရောဖက် သည် အမိုက် ဖြစ်၏။ ဝိညာဉ် ဆု ကျေးဇူးကိုခံ သောသူ သည် အရူး ဖြစ်၏။ သင် ၌ အပြစ် ကြီး သည်အတိုင်း ကြီးစွာ သော ဖျက်ဆီး ခြင်းကို ခံရ၏။ ၈ ဧဖရိမ် ကင်း စောင့်သည် မိမိ ဘုရား ဘက် မှာ နေ၏။ ပရောဖက် သည် ပြု လေသမျှတို့ ၌ မုဆိုး ကျော့ကွင်း ဖြစ်၏။ သူ ၏ဘုရား အိမ် တွင် ဘေး ပြုသောသူဖြစ် ၏။ ၉ ဂိဗာ မြို့ လက်ထက် ကဲ့သို့ သူတို့သည် ကိုယ်ကိုအလွန် ညစ်ညူး စေကြပြီ။ သူ တို့အပြစ် ကို အောက်မေ့ ၍ ဒုစရိုက် များကို စစ်ကြော တော်မူမည်။ ၁၀ တော ၌ စပျစ်သီး ကဲ့သို့ ဣသရေလ အမျိုးကို ငါ တွေ့ ၏။ သီး စသော သဘော် သဖန်းပင်၌ အဦးဆုံးမှည့် သော သဘော်သဖန်းသီးကဲ့သို့သင် တို့ဘိုးဘေး များကို ငါမြင် ၏။ သူတို့သည် ကိုယ်အလိုအလျောက် ဗာလပေဂုရ ဘုရားထံသို့သွား ၍ ၊ ထိုရှက်ဘွယ် သော အရာအဘို့ ကိုယ်ကိုအပ်နှံ သဖြင့် တပ်မက် သည်အတိုင်း စက်ဆုပ် ရွံရှာဘွယ်သော အမှုတို့ကို ပြု ကြ၏။ ၁၁ ဧဖရိမ် ၏ဘုန်း သည် ငှက် ကဲ့သို့ ပျံ သွားလိမ့်မည်။ သားဘွား ခြင်း၊ ကိုယ်ဝန် ဆောင်ခြင်း၊ ပဋိသန္ဓေ ယူခြင်း မရှိရ။ ၁၂ သားသမီး တို့ကို ကျွေးမွေး သော်လည်း ၊ တယောက် ကိုမျှ မကျန်စေခြင်းငှါငါလု ယူမည်။ အကယ်၍ သူ တို့ကို ငါ စွန့်ပစ် သောအခါ အမင်္ဂလာ ရှိကြလိမ့်မည်။ ၁၃ ဧဖရိမ် သည် တုရ မြို့ကဲ့သို့ ငြိမ်ဝပ် ရာအရပ်၌ တည် ဟန်ရှိသော်လည်း ၊ မိမိ သား သမီးတို့ကို လူသတ် လက် သို့ အပ် ရလိမ့်မည်။ ၁၄ အိုထာဝရဘုရား ၊ ပေး သနားတော်မူပါ။ အဘယ် သို့ ပေး တော်မူရမည်နည်း။ ကိုယ်ဝန် မဆောင်သော ဝမ်း ၊ နို့ မထွက်သော သားမြတ် ကိုပေး တော်မူပါ။ ၁၅ ဂိလဂါလ မြို့၌ သူ တို့ပြုသမျှ သော ဒုစရိုက် ရှိ၍၊ ထို အရပ်၌ သူ တို့ကို ငါမုန်း ၏။ သူ တို့ ဒုစရိုက် အပြစ် ကြောင့် ငါ့ အိမ် မှ ငါနှင်ထုတ် မည်။ နောက် တဖန် သူ တို့ကို မ ချစ် ။ သူ တို့ မင်း အပေါင်း တို့သည် ပုန်ကန် တတ်သောသူဖြစ် ကြ၏။ ၁၆ ဧဖရိမ် သည် အထိ အခိုက်ခံရသောကြောင့်၊ အမြစ် သွေ့ခြောက် လျက်ရှိ၍ အသီး ကို မ သီး နိုင်ရာ။ သားဘွား သော်လည်း ၊ အချစ် ဆုံးသော သားတို့ကို ငါသတ် မည်။ ၁၇ ငါ့ ဘုရား သခင်၏ စကားတော်ကို နား မ ထောင်သောကြောင့် စွန့်ပစ် တော်မူ၍ ၊ သူတို့သည် တပါးအမျိုးသား တို့တွင် အရပ်ရပ်သို့ လှည့်လည် ရ ကြမည်။

၁၀ ကျသရေလ သည် အသီး များစွာ သီးသော စပျစ်နွယ် ပင်ဖြစ်၏။ ကိုယ် အလိုအလျောက်သီး တတ်၏။ အသီး တိုးပွား သည်အတိုင်း အမျိုးသားတို့သည် ယဇ်ပလ္လင် တို့ကို များပြား စေကြ၏။ သူ တို့ ပြည် ကောင်း သည်အတိုင်း ကောင်းသော ရုပ်တု ဆင်းတုတို့ကို လုပ် ကြသည်တကား။ ၂ သူ တို့ ၌ စိတ် နှစ်ခု ရှိ၏။ ချက်ခြင်း အပြစ်ဒဏ် ကိုခံရကြမည်။ သူ တို့ ယဇ်ပလ္လင် တို့ကို ကိုယ်တော် တိုင် ဖြိုချ ၍၊ ရုပ်တု ဆင်းတုတို့ကိုလည်း ဖျက်ဆီး တော်မူမည်။ ၃ ငါ တို့သည် ထာဝရဘုရား ကို မ ကြောက်ရွံ့ သောကြောင့် ရှင်ဘုရင် မ ရှိ။ ရှင်ဘုရင် ရှိသော်လည်း ၊ ငါ တို့အဘို့ အဘယ်သို့ ပြု နိုင်မည်နည်းဟု ချက်ခြင်းဆို ရကြမည်။ ၄ သူတို့ ကျိန်ဆို သော စကားသည် စကားသက်သက် ဖြစ်၍၊ မိသဟာယ ဖွဲ့ သောအခါ မုသာ စကား ကိုသာ ပြော တတ်ကြ၏။ တရား စီရင်ခြင်းအမှုသည် လယ် ကန်ဆည်ရိုး ပေါ် မှာ ဘင်းခါး ပင်ကဲ့သို့ ပေါက် ရ လိမ့်မည်။ ၅ ရှမာရိ မြို့ သားတို့သည် ဗေသဝင် နွားသငယ် အဘို့ ကြောက် ကြလိမ့်မည်။ ထိုနွားသငယ်၏ ဘုန်းအတွက် သူ ၏တကာ တို့သည် ဝိုကြွေး မြည်တမ်း၍ ၊ ယဇ် ပုရောဟိတ်တို့သည် တုန်လှုပ်ကြလိမ့်မည်။ အကြောင်းမူကား ၊ ရန်သူတို့သည် ထိုဘုန်းကို လုယူ၍၊ ၆ နွားသငယ် နှင့်အတူ အာရှရိ ပြည်သို့ ယူသွား ပြီးလျှင် ၊ ရှင်ဘုရင် ယာရက် အား ဆက် ရကြလိမ့်မည်။ ဧဖရိမ် သည် အသရေ ပျက်၍ ကျသရေလ သည် မိမိ အကြံ အစည်အားဖြင့် ရှက်ကြောက် ရလိမ့်မည်။ ၇ ရှမာရိ သည် ပျက် ရ၏။ ရှမာရိ ရှင် ဘုရင်သည် ရေမြှုပ် သက်သက်ဖြစ်၏။ ၈ ကျသရေလ ပြစ်မှား ရာ အာဝင်မြို့ကုန်း တို့သည် ပြိုကျ ၍ ၊ ဆူး ပင်အမျိုးမျိုးတို့သည် သူ တို့ ယဇ် ပလ္လင်များကို လွှမ်းမိုး ကြလိမ့်မည်။ မြို့သားတို့ကလည်း၊ အိုတောင် များ တို့၊ ငါ တို့ကို ဖုံးအုပ် ကြပါ။ အိုကုန်း များတို့၊ ငါ တို့အပေါ် ၌ ကျ ကြပါဟု ခေါ် ကြလိမ့်မည်။ ၉ ဂိဗာ မြို့လက်ထက် ၌ အပြစ်ကြီးသည်ထက် ကျသရေလ သည် အပြစ်သာ၍ကြီး၏။ ထို မြို့၌ ရပ် နေကြ ၏။ ဂိဗာ မြို့၌ အဓမ္မ လူ တို့ကို စစ်တိုက် သောအခါ မ ရှုံး ကြ။ ၁၀ ငါ သည် ကိုယ် အလိုအလျောက်သူ တို့ကို ဆုံးမ မည်။ သူ တို့ အပြစ် နှစ် ပါးကြောင့် ချည် ထားလျက်ရှိသောအခါ ၊ သူ တို့တဘက် ၌ လူများစည်းဝေး ရကြလိမ့်မည်။ ၁၁ ဧဖရိမ် သည် ယဉ် ၍ စပါးကို နင်း ချင်သော နွားမ ပျိုဖြစ်သော်လည်း၊ ငါ သည် ထမ်းဘိုးကို ထမ်း စေ သဖြင့် ၊ ဧဖရိမ် သည် ကခြင်းကိုခံ ၍၊ ယုဒ သည် ထွန် လျက်၊ ယာကုပ် သည်လည်း မြေစိုင်ကို ခွဲ လျက်ရှိရလိမ့်မည်။ ၁၂ ကိုယ် အဘို့ ဖြောင့်မတ် ခြင်းမျိုးစေ့ကို ကြဲ ၍၊ ကရုဏာ တော် အသီးအနှံ ကို ရိတ် ကြလော့။ မလုပ်သေး သော လယ် ကို ထွန် ကြလော့။ ထာဝရဘုရား သည် ကြွ လာ ၍ ၊ သင် တို့အပေါ် သို့ ဖြောင့်မတ် ခြင်း မိုးကို ရွာ စေတော် မ မူမီတိုင်အောင်၊ ကိုယ်တော် ကို ရှာ ရသောအချိန် ရောက်လေပြီ။ ၁၃ သင်တို့သည် ဒုစရိုက် မျိုးစေ့ကို ကြဲလို၍ လယ်ထွန် သောကြောင့်၊ အပြစ် စပါးကိုရိတ် ရကြ၏။ မုသာ အသီးအနှံ ကို စား ရကြ၏။ အကြောင်း မူကား၊ ကိုယ် ကြံစည် ပြုမူခြင်းကိုငင်း၊ ကိုယ် ၌ များစွာ သော သူရဲ တို့ကိုငင်းကိုးစား တတ်၏။ ၁၄ ထိုကြောင့် ၊ သင် ၏လူ တို့သည် ရုန်းရင်းခတ် ကြ လိမ့်မည်။ ရှာလမန် မင်းသည် ဗေသာဗေလ မြို့ကို စစ်တိုက် သောအခါ ဖျက်ဆီး သကဲ့သို့ ၊ သင် ၏ရဲတိုက် ရှိသမျှ တို့ သည် ပျက်စီး ရကြလိမ့်မည်။ အမိ သည် သား တို့နှင့်အတူ မြေပေါ် မှာ ဆောင့်ဖွပ်

ခြင်းကိုခံရလိမ့်မည်။ ၁၅ ထိုသို့ ဗေသလ သည် သင် တို့ဒုစရိုက် အပြစ်များ ကြောင့် သင် တို့ ၌ ပြု လိမ့်မည်။ နံနက် အချိန်သည် လွန်တတ်သကဲ့သို့၊ ဂ္ဂသရေလ ရှင် ဘုရင်သည် ရှင်းရှင်းကွယ်ပျောက် ရလိမ့်မည်။

၁၁ ဂ္ဂသရေလ သည် အသက် ငယ်သောအခါ ငါသည် ချစ် ၍ ငါ့ သား ကို အဲဂုတ္တု ပြည်မှ ခေါ် ခဲ့ပြီ။ ၂ သူ တို့ကို ခေါ် သောသူတို့ ထံမှ ထွက်သွား ကြ၏။ ဗာလ ဘုရားတို့အား ယဇ် ပူဇော်၍ ရုပ်တု ဆင်းတုတို့အား နံ့သာပေါင်းကို မီးရှို့ ကြ၏။ ၃ ငါ သည် သွား တတ်သော အတတ်ကို ဧဖရိမ် အား လက် ဆွဲ ၍ သွန်သင်၏။ သို့သော်လည်း ၊ ငါစောင့်မ ခြင်း ကျေးဇူးကို သူသည် မ သိ ဘဲ နေ၏။ ၄ လူ ကို ဆွဲတတ်သော ကြိုး တည်းဟူသော မေတ္တာ ကြိုး နှင့် ငါဆွဲငင် ၏။ ပါးရိုး အနား သို့ ထမ်းဘိုး ကို ချွေ ၍ ဖြည်းညှင်းစွာ ကျွေး ၏။ ၅ အထံတော်သို့ မပြန်မလာဟု သူသည် ငြင်း သောကြောင့် ၊ အဲဂုတ္တု ပြည် သို့ ပြန် ၍မ သွားရ။ အာရှရိ မင်းသည် သူ တို့ကို အုပ်စိုးရလိမ့်မည်။ ၆ ထား ဘေးသည် သူ့ နေရာမြို့ တို့ အပေါ် သို့ ရောက် ၍ မင်း တို့ကို ဖျက်ဆီး လိမ့်မည်။ သူ တို့ ကြံစည် ခြင်း အားဖြင့် ပင် သုတ်သင် ပယ်ရှင်းလိမ့်မည်။ ၇ ငါ ၏လူ တို့သည် ငါ့ ထံမှလွှဲမြဲ လွှဲကြ၏။ အမြင့်ဆုံး သော ဘုရားထံသို့ ခေါ် သော်လည်း ၊ ထို ဘုရားကို အဘယ်သူမျှမ ချီးမြှောက် လို။ ၈ အိုဧဖရိမ် ၊ ငါသည် သင့် ကို အဘယ် သို့စွန့် နိုင် မည်နည်း။ အိုဣသရေလ ၊ သင့် ကို အဘယ်သို့ အပ်နှံ နိုင် မည်နည်း။ သင့်ကို အာဒမာ မြို့ကဲ့သို့ အဘယ်သို့ ဖြစ်စေ နိုင်မည်နည်း။ ဇောဗိုင် မြို့အရာ၌ အဘယ်သို့ခန့်ထား နိုင် မည်နည်း။ ငါ သည် နှလုံး ပြောင်းလဲ ၍ အလွန် ကြင်နာသောစိတ် ရှိ၏။ ၉ ပြင်းစွာ အမျက် ထွက်သည်အတိုင်း မ ပြု လို။ ဧဖရိမ် ကို အထပ်ထပ်မ ဖျက်ဆီး လို။ ငါ သည် လူ မ ဟုတ်၊ ဘုရား သခင်ဖြစ်၏။ မြို့ထဲမှာနေသောမြို့သားမဟုတ် သော်လည်း၊ သင် တို့တွင် နေ၍ သန့်ရှင်း သော ဘုရား ဖြစ်၏။ ၁၀ သူတို့သည် ထာဝရဘုရား ၏နောက် တော်သို့ လိုက် ကြလိမ့်မည်။ ခြင်္သေ့ ကဲ့သို့ ဟောက် တော်မူမည်။ ဟောက် တော်မူသောအခါ သားသမီး တို့သည် အနောက် မျက်နှာမှ အလျင် အမြန် ပြေးကြလိမ့်မည်။ ၁၁ စာဒုက် ကဲ့သို့ အဲဂုတ္တု ပြည်မှ ၎င်း ၊ ချိုး ကဲ့သို့ အာရှရိ ပြည် မှ ၎င်း အလျင် အမြန်ပြေးကြ၍၊ သူ တို့ကို နေရင်း အရပ်၌ ငါနေရာ ချမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ ဧဖရိမ် သည် မုသာ စကားနှင့် ၎င်း ၊ ဂ္ဂသရေလ သည် လှည့်စား ခြင်းနှင့် ၎င်း ငါ့ ကို နှောင့်ရှက် တတ်၏။ ယုဒ သည်လည်း ဘုရား သခင်ထံ ၊ သန့်ရှင်း ၍ သစ္စာ စောင့်တော်မူသောဘုရားသခင့်ထံမှလွှဲ၍ လှည့်လည် တတ်၏။

၁၂ ဧဖရိမ် သည် လေ ကို ကျက်စား တတ်၏။ အရှေ့ လေကို လိုက် တတ်၏။ နေ့ တိုင်း မုသာ စကားနှင့် ပျက်စီး ခြင်းအကြောင်းတို့ကို များပြား စေတတ်၏။ အာရှရိ လူတို့ နှင့် မိဿဟာယ ဖွဲ့လျက် နှင့်ပင်၊ အဲဂုတ္တု ပြည်သို့ ဆီ ကို ယူ သွားတတ်၏။ ၂ ထာဝရဘုရား သည် ယုဒ အမျိုးနှင့် လည်း တရား တွေ့မှုရှိတော်မူ၏။ ယာကုပ် ၏အကျင့် တို့ကို စစ်ကြော ၍ သူ ပြုမူ သည်နှင့်အညီ အပြစ် ပေးတော်မူမည်။ ၃ ယာကုပ်သည် အမိဝမ်း၌ အစ်ကို ၏ ဖနောင့် ကို ကိုင်၏။ ခွန်အား ကြီး၍ ဘုရား သခင်နှင့် ပြိုင် လေ၏။ ၄ ကောင်းကင် တမန်နှင့် ပြိုင် ၍ နိုင် လေ၏။ ငို ၍ တောင်းပန် နှင့်ပြီ။ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရား သခင် ထာဝရဘုရား ကို ဗေသလ မြို့မှာ ဖူးတွေ့ ၍ ၊ ငါတို့ အဘို့ ဗျာဒိတ်တော်ကိုခံ

လေ၏။ ၅ ထာဝရဘုရား တည်းဟူသောနာမ သည်ထိုဘုရားသခင်၏ ဘွဲ့နာမတော်ဖြစ်၏။ ၆ သို့ ဖြစ်၍ ၊ သင် ၏ဘုရား သခင့်ထံ တော်သို့ ပြန်လာ လော့။ ကရုဏာ တရား၊ ဖြောင့်မတ်ခြင်းတရား ကို စောင့်ရှောက် ၍ ၊ သင် ၏ဘုရား သခင်ကို အစဉ် မပြတ်မြော်လင့် လော့။ ၇ သူသည် ကုန်သည် ဖြစ်၏။ စဉ်းလဲ သော ချိန်ခွင် ကို ကိုင် တတ်၏။ သူတပါးကို ညှဉ်းဆဲ ခြင်းငှါ အလိုရှိ ၏။ ၈ သို့ရာတွင် ၊ ဧဖရိမ် က၊ ငါသည် ရတတ် ၏။ ဘဏ္ဍာ ကို သိုထား ပြီ။ ကြိုးစား သမျှတို့ ၌ အပြစ် ပါသော လွန်ကျူး ခြင်းကို ရှာ၍ မ တွေ့ ရာဟု ဆို လိမ့်မည်။ ၉ ငါ ထာဝရဘုရား သည် သင့် ကို အဲဂုတ္တု ပြည် မှ ကယ်နှုတ်သောသင် ၏ဘုရား သခင်ဖြစ်၏။ ဓမ္မပွဲ ခံစဉ်တွင် နေတတ်သကဲ့သို့ တဖန် တဲ တို့ ၌ နေ စေမည်။ ၁၀ ငါသည် ပရောဖက် တို့ ၌ ဗျာဒိတ် ပေးပြီ။ များစွာ သော ရူပါရုံ တို့ကို ပြပြီ။ ပရောဖက် များအားဖြင့် ပုံပမာ တို့ကို ထားပြီ။ ၁၁ ဂိလဒ် ပြည်၌ အပြစ် ရှိ၏။ ပြည်သူပြည်သားတို့ သည် အကျိုးနည်း ရှိ ကြပြီ။ ဂိလဂါလ မြို့၌ နွား တို့ကို ယဇ် ပူဇော်၍ ၊ ယဇ် ပလ္လင်တို့သည် ထွန်ကြောင်း တွင် မြေ အုပ်ပုံ ရှိသကဲ့သို့ များကြ၏။ ၁၂ ယာကုပ် သည် ရှုရိ ပြည် သို့ ပြေး ၏။ ဣသရေလ သည် မယား ကိုရခြင်းငှါ အစေ ကျွန်ခံ၍ သိုးစုကို ထိန်း ရလေ၏။ ၁၃ ထာဝရဘုရား သည် ပရောဖက် အားဖြင့် ဣသရေလ အမျိုးကို အဲဂုတ္တု ပြည်မှ ကယ်နှုတ် ၍ ၊ ပရောဖက် အားဖြင့် လည်း စောင့်မ တော်မူ၏။ ၁၄ ဧဖရိမ် သည် အမျက် တော်ကို အလွန်နှိုးဆော်လေပြီ။ ထိုကြောင့်၊ လူအသက်ကိုသတ် သော အပြစ် သည် သူ ၌ ရောက် လိမ့်မည်။ သူ ကဲ့ရဲ့ ခြင်း အပြစ်ကို သူ ၏သခင် သည် ပြန် ပေးလိမ့်မည်။

၁၃ ဧဖရိမ် သည် နှုတ်မွှက် သောအခါ သူတပါး ကြောက်လန့် တတ်၏။ သူ သည် ဣသရေလ အမျိုး၌ မြင့်မြတ် ၏။ နောက် တဖန် ဗာလ ဘုရားအားဖြင့် ပြစ်မှား သောကြောင့် သေ ၏။ ၂ ယခု မှာ အထပ်ထပ်ပြစ်မှား ၍ ကိုယ် ဉာဏ် ပညာ အားဖြင့် အရည် သွန်းသော ငွေ ရုပ်တု ၊ ဆရာသမား လုပ် တတ်သော ရုပ်တု ဆင်းတုများကို ကိုယ့် အဘို့ လုပ် ကြ ၏။ လုပ်ပြီးမှယဇ် ပူဇော်သောသူသည် နွားသငယ် ကို နမ်း စေဟု ဆို တတ်ကြ၏။ ၃ ထိုကြောင့် ၊ သူတို့သည် နံနက် မိုယ်းတိမ် ကဲ့သို့ ၎င်း ၊ စောစော ကွယ်ပျောက် တတ်သော နှင်း ကဲ့သို့ ၎င်း ၊ ကောက်နယ် တလင်းမှ လေဘွေ တိုက်သွားသော ဖွဲ ကဲ့သို့ ၎င်း ၊ မီးဖို ထဲက ထွက်သော မီးခိုး ကဲ့သို့ ၎င်း ဖြစ် ရကြ လိမ့်မည်။ ၄ သို့ရာတွင် ၊ ငါ ထာဝရဘုရား သည် သင့်ကို အဲဂုတ္တု ပြည် မှ ကယ်နှုတ်သောသင် ၏ဘုရား သခင်ဖြစ်၏။ ငါ မှတပါး အခြားသော ဘုရား သခင်ကို သင်မ သိ ပြီ။ ငါ မှတပါး ကယ်တင် နိုင်သော သခင်မ ရှိ။ ၅ အလွန် သွေ့ခြောက်သော အရပ် တည်းဟူသော တော ၌ ပင် သင့် ကို ငါ သိ ပြီ။ ကျက်စား ရာအရပ်၌ ဝပြော စွာ စားရကြ၏။ ၆ ဝ သောအခါ ဝါကြွား သောစိတ် ရှိ၍ ငါ့ ကို မေ့လျော့ ကြ၏။ ၇ ထိုကြောင့် ၊ သူ တို့ ၌ ငါသည် ခြင်္သေ့ ကဲ့သို့ ဖြစ် မည်။ လမ်း နားမှာ ချောင်းသော ကျားသစ် ကဲ့သို့ သူတို့ကို ချောင်းမြောင်း မည်။ ၈ သား ပျောက်သော ဝံ မကဲ့သို့ သူ တို့ကို ငါဆီးကြို၍၊ သူ တို့နှလုံး ၌ ဖုံးသော အမြွေးကို ဆုတ်ဖဲ့ မည်။ ခြင်္သေ့ မင်းကဲ့သို့ တွေ့သောအရပ်၌ပင် ငါကိုက်စား မည်။ တော သားရဲ ဖြစ်၍အပိုင်းပိုင်းဆွဲဖြတ် မည်။ ၉ အို ဣသရေလ ၊ သင့် ကို ကယ်တင် နိုင်သော အရှင် ငါ့ ကို သင် သည် ဆန့်ကျင် ဘက်ပြုသောကြောင့် အကျိုးနည်း ရှိ၏။ ၁၀ သင် ၏ ရှင် ဘုရင်သည် အဘယ် မှာရှိသနည်း။ သင့် နေရာမြို့ ရှိသမျှ တို့ ၌

ကယ်တင် ပါစေသော။ သင် ၏ တရားသူကြီး တို့သည် အဘယ်မှာရှိကြသနည်း။ ၁၁ ရှင်ဘုရင် နှင့် မင်း များကိုပေး ပါဟု သင် တောင်း သောကြောင့် ၊ ငါ အမျက် ထွက်၍ ရှင် ဘုရင်ကိုပေး ပြီ။ တဖန်ပြင်းစွာအမျက်ထွက် ၍ ရှင်ဘုရင်ကို ပယ်ရှား ပြီ။ ၁၂ ဧဖရိမ် ပြူသောဒုစရိုက် ကို ငါထုပ် ထား၍ သူ ၏ အပြစ် ကို သိုမှီး ပြီ။ ၁၃ သူ သည် သားဘွား သော မိန်းမကဲ့သို့ဝေဒနာ ကို ခံရ ချိန်နိုးပြီ။ မိုက် သောအမျိုးသား ဖြစ်၏။ သားဘွား ရာ ဝမ်းဝ၌ ကြာမြင့် စွာနေပါသည်တကား။ ၁၄ သူ တို့ကို မရဏာ နိုင်ငံတန်ခိုး မှ ငါကယ်လွတ် မည်။ သေ မင်းလက်မှ လည်း ရွေး မည်။ အိုသေမင်း ၊ သင့် ကို ကာလနာ စွဲစေမည်။ အိုမရဏာ နိုင်ငံ၊ သင် ၌ ဖျက်ဆီး သောဘေးကို ရောက်စေမည်။ နောင်တ ရမည်အကြောင်းကို ပမာဏ မ ပြူ။ **(Sheol h7585)** ၁၅ မိမိ ညီအစ်ကို တို့တွင် အသီး များစွာသီးတတ် သော်လည်း ၊ အရှေ့ လေလာ လိမ့်မည်။ ထာဝရဘုရား ၏ လေ သည် တော မှ လာ ၍ သူ ၏စမ်းရေ တွင်းကို ခန်းခြောက် စေသဖြင့် ရေ ပြတ် လိမ့်မည်။ ဘဏ္ဍာ တိုက်၌ ရှိသမျှ သော တန်ဆာ အကောင်း အမြတ်တို့ကို ရန်သူလုယူ လိမ့်မည်။ ၁၆ ရှမာရိ မြို့သည် မိမိ ဘုရား သခင်ကို ပုန်ကန် သောကြောင့် ပျက်စီး လိမ့်မည်။ မြို့သားတို့သည် ထား ဖြင့် လဲ ၍ သေကြလိမ့်မည်။ သူငယ် တို့သည် မြေပေါ် မှာဆောင့်ဖွပ် ခြင်းကိုငင်း ၊ ကိုယ်ဝန် ဆောင်သောမိန်းမတို့ သည် ဝမ်းခွဲ ခြင်းကိုငင်းခံရကြလိမ့်မည်။

၁၄ အိုဣသရေလ ၊ သင် သည် ကိုယ်ပြူသောဒုစရိုက်အပြစ် အားဖြင့် အကျိုးနည်း ရှိသောကြောင့် သင် ၏ ဘုရား သခင်ထာဝရဘုရား ထံ တော်သို့ ပြန် လော့။ ၂ ပဌနာစကား ကို ပြင်ဆင် ၍ ထာဝရဘုရား ထံ တော်သို့ ပြန် လျက် ၊ အကျွန်ုပ်တို့ ၌ ရှိသမျှ သောအပြစ် တို့ ကို ပယ်ရှင်းတော်မူပါ။ ကျေးဇူး ပြု၍ လက်ခံ တော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ် နှုတ်ခမ်း တည်းဟူသော နွား သငယ် တို့ကို ပူဇော် ပါမည်။ ၃ အာရှုရိ မင်းသည် အကျွန်ုပ် တို့ကို မ ကယ်တင် ရ။ အကျွန်ုပ်တို့သည် မြင်းစီး သူရဲမ လုပ်ပါ။ ကိုယ် လက် ဖြင့် လုပ် သောအရာတို့အား ၊ ကိုယ်တော်တို့သည် အကျွန်ုပ် တို့၏ ဘုရား သခင်ဖြစ်ပါ၏ဟု နောက် တဖန် မ ဆို ပါ။ အကြောင်း မူကား၊ မိဘ မရှိသောသူတို့သည် ကိုယ်တော် ထံ၌ ကရုဏာ ကျေးဇူးကိုခံ တတ်ကြပါ၏ဟု လျှောက်ကြလော့။ ၄ ငါ သည် အမျက် ပြေ သောကြောင့် သူ တို့ဖောက်ပြန် ခြင်းကို ပြုပြင် မည်။ ကိုယ် အလို အလျောက်စုံမက် မည်။ ၅ ငါသည် နှင်း ကဲ့သို့ ကျသရေလ အပေါ် မှာ နေ မည်။ သူသည် နှင်းပွင့် ကဲ့သို့ ပွင့် လိမ့်မည်။ လေဗနုန် တောကဲ့သို့ အမြစ် စွဲ လိမ့်မည်။ ၆ အညွှန့် တို့သည် ပြန့်ပွါး ၍ ၊ သံလွင် ပင်ကဲ့သို့ အသရေ တင့်တယ် လိမ့်မည်။ လေဗနုန် တောကဲ့သို့ မွှေးကြိုင် လိမ့်မည်။ ၇ ထိုအပင် ၏ အရိပ် အောက်၌ နေ သောသူတို့သည် အသစ် ပြုပြင်ခြင်းရှိ၍ စပါး ကိုပြုစု ကြလိမ့်မည်။ စပျစ်နွယ် ပင်ကဲ့သို့ တိုးပွါး ၍ လေဗနုန် စပျစ်ရည် ကဲ့သို့ ကျော်စော ကြလိမ့်မည်။ ၈ ငါ သည် နောက် တဖန် ရုပ်တု ဆင်းတုတို့နှင့် အဘယ်သို့ ဆိုင်ရသနည်းဟု ဧဖရိမ် သည် ပြောလိမ့်မည်။ သူ၏စကားကိုလည်း ငါနားထောင် ၍ သူ့ ကိုကြည့်ရှု မည်။ စိမ်း သောထင်းရှူး ပင်ကဲ့သို့ ဖြစ်၍၊ သင် သည် ငါ့ ကျေးဇူးကြောင့် အသီး နှင့်ပြည့်စုံ လိမ့်မည်။ ၉ အဘယ်သူ သည်ပညာရှိ သနည်း။ ထိုသူသည် ဤ အရာတို့ကို နားလည် လိမ့်မည်။ အဘယ်သူသည် ဉာဏ် ကောင်းသနည်း။ ထိုသူသည် ဤ

အရာတို့ကို သိ ရလိမ့်မည်။ ထာဝရဘုရား ၏လမ်း တော်တို့သည် ဖြောင့် ကြ၏။ ဖြောင့်မတ် သောသူတို့ သည် လိုက် ကြလိမ့်မည်။ အဓမ္မ လူတို့မူကား ၊ ထို လမ်းတို့ ၌ ထိမိ၍ လဲ ကြလိမ့်မည်။

၁ ပေသွေလ ၏ သား ယောလ သို့ ရောက် လာသော ထာဝရဘုရား ၏ နှုတ်ကပတ် တော် ဟူမူကား၊ ၂ အသက်ကြီး သောသူတို့ ၊ ကြား ကြလော့။ ပြည်သူ ပြည်သား အပေါင်း တို့၊ နားထောင် ကြလော့။ ဤသို့ သော အမှုသည် သင် တို့လက်ထက် ၌ ဖြစ် ဘူးသလော။ ဘိုးဘေး တို့ လက်ထက် ၌ ဖြစ်ဘူးသလော။ ၃ ကိုယ် သား တို့အား ပြောကြလော့။ သူတို့သည် သူ တို့သား တို့အား ပြော ကြစေ။ သူ တို့သား တို့သည်လည်း ဆက်လွှယ် သော အခြား သူတို့အား ပြောကြစေ။ ၄ ဂါဇံ ကျိုင်းခြင်း ထားသော အရာကိုအရာဘကျိုင်း စား ၏။ အရာဘကျိုင်း ခြင်း ထားသော အရာကို ယာလက်ကျိုင်း စား ၏။ ယာလက်ကျိုင်း ခြင်း ထားသော အရာကို ခါသိလ ကျိုင်း စား ၏။ ၅ သေ သောက်ကြူး တို့၊ နှိး ၍ ငိုကြွေး ကြလော့။ စပျစ်ရည် ကို သောက်ကြူး သောသူတို့၊ သင်တို့သောက်ရန် ချိုသော စပျစ်ရည် ပြတ် သောကြောင့် ငိုကြွေး မြည်တမ်းကြလော့ ။ ၆ အကြောင်း မူကား၊ အားကြီး ၍ မ ရေတွက်နိုင်အောင် များပြားသော အမျိုး သည် ငါ့ ပြည် ပေါ် သို့ တက် လာပြီ။ ထိုအမျိုး ၏ သွား သည် ခြင်္သေ့ သွား ကဲ့သို့ရင်း ၊ အံသွားသည်လည်း ခြင်္သေ့ မအံသွား ကဲ့သို့ရင်း ဖြစ်၏။ ၇ ငါ့ စပျစ် နွယ်ပင်ကို ဖျက်ဆီး ၍ ငါ့ သင်္ဘောသဖန်း ပင်ကို ကျိုးပဲ့ စေပြီ။ သုတ်သင် ပယ်ရှင်း၍ ပစ် လိုက် လေပြီ။ အခက် အလက်တို့သည် ဖြူ ကြ၏။ ၈ အသက်ငယ် စဉ်လက်ထပ်သော ခင်ပွန်း အတွက် လျှောတေ အဝတ်ကို ဝတ် သော သတို့သမီး ကဲ့သို့ ငိုကြွေး မြည်တမ်း လော့။ ၉ ဘောဇဉ် ပူဇော်သက္ကာနှင့် သွန်းလောင်း ရာ ပူဇော်သက္ကာသည် ထာဝရဘုရား ၏အိမ် တော်၌ ပြတ် ၏။ ထာဝရဘုရား ၏အမှု တော်စောင့် ယဇ် ပုရောဟိတ်တို့ သည် ငိုကြွေး မြည်တမ်းကြ၏။ ၁၀ လယ် သည် ပျက် ၏။ မြေ သည် ညှိုးငယ် ၏။ စပါး လည်း ပျက် ၏။ ချိုသော စပျစ်ရည် ကုန် ပြီ။ ဆီ လည်း လျော့ ပြီ။ ၁၁ လယ်လုပ်သောသူတို့ ၊ လယ်၌ ရိတ်ရသော အသီးအနှံ ပျက်သောကြောင့်၊ ကျုံစပါးနှင့် မုယောစပါး အတွက် ရှက်ကြောက်ခြင်း ရှိကြလော့။ ဥယျာဉ်ကို ပြုစု သောသူတို့ ၊ မြည်တမ်းကြလော့။ ၁၂ စပျစ် နွယ်ပင်သည် ညှိုးနွမ်း ၏။ သင်္ဘောသဖန်း ပင်လည်း သွေ့ခြောက် ၏။ သလဲ ပင်၊ စွန်ပလွံ ပင်၊ ရှောက်ချို ပင် မှစ၍ တော သစ်ပင် ရှိသမျှ တို့သည် ညှိုးနွမ်း ကြ၏။ အကယ် စင်စစ် လူ သား တို့ ၌ ဝမ်းမြောက် စရာ အကြောင်းသည် သွေ့ခြောက် ၏။ ၁၃ အို ယဇ်ပုရောဟိတ် တို့၊ လျှောတေအဝတ်ကို ဝတ် ၍ ငိုကြွေး ကြလော့။ ယဇ် ပလ္လင်တော် အမှု စောင့်တို့၊ မြည်တမ်း ကြလော့။ ငါ ၏ဘုရား သခင့်အမှု တော်စောင့်တို့၊ လာ ကြ။ လျှောတေ အဝတ်ကို ဝတ်လျက် တညဉ့်လုံးအိပ် ကြလော့။ အကြောင်း မူကား၊ ဘောဇဉ် ပူဇော်သက္ကာ၊ သွန်းလောင်း ရာ ပူဇော်သက္ကာကို သင် တို့ဘုရား သခင်၏ အိမ် တော်၌ မ ဆက်ကပ်ဘဲ နေကြပါပြီတကား။ ၁၄ အစာရှောင် ရသောအချိန်ကို ခန့် ထားကြလော့ ။ ခြိုးခြံစွာကျင့် ရသောအချိန်ကို ကြော်ငြာ ကြလော့။ အသက်ကြီး သူမှစ၍ပြည်သူ ပြည်သားအပေါင်း တို့ကို သင် တို့ဘုရား သခင်ထာဝရဘုရား ၏ အိမ် တော်၌ စည်းဝေး ၍ ထာဝရဘုရား အား ဟစ်ကြော် ကြလော့။ ၁၅ ထိုနေ့ ရက်ကြောင့် အ မင်္ဂလာရှိ၏။ ထာဝရဘုရား ၏ နေ့ ရက်နီး ပြီ။ အနန္တ တန်ခိုးရှင် ဖျက်ဆီး ခြင်း ဘေးကဲ့သို့ ရောက် လာလိမ့်မည်။ ၁၆ ငါတို့စားစရာ သည် ငါ တို့မျက်မှောက် ၌ ပြတ် သည်မ ဟုတ်လော။ ငါ တို့ ဘုရား သခင်၏ အိမ်

တော်၌ ဝမ်းမြောက် ရွှင်လန်း ခြင်းအကြောင်းလည်း ပြတ်သည် မဟုတ်လော။ ၁၇ မျိုးစေ့ တို့သည် မြေစိုင် အောက် မှာ ပုပ် ကြ၏။ စပါး ပြတ် သောကြောင့် စပါးကျီ တို့သည် ပျက် ကြ၏။ ဘဏ္ဍာ တိုက် တို့သည် ပြို ကြ၏။ ၁၈ တိရစ္ဆာန် တို့သည် အလွန်မြည်တမ်း ကြ၏။ နွား စု တို့သည် ကျက်စား ရာအရပ်မ ရှိသောကြောင့် ပင်ပန်း ကြ ၏။ သိုး စု တို့သည်လည်း သေ ကြ၏။ ၁၉ အိုထာဝရဘုရား ၊ ကိုယ်တော် ကို အကျွန်ုပ် ဟစ်ကြော် ပါ၏။ တော ၌ ကျက်စား ရာအရပ်တို့ကို မီး ရှို့ ပါပြီ။ တော သစ်ပင် ရှိသမျှ တို့ကို မီးလျှံ လောင် ပါပြီ။ ၂၀ တော သားရဲ တို့သည်လည်း ကိုယ်တော် ကို ဟစ်ကြော် ကြပါ၏။ မြစ် ရေ ခန်းခြောက် ပါပြီ။ တော ၌ ကျက်စား ရာအရပ်တို့ကိုလည်း မီး လောင် ပါပြီ။

J ဓိအုန် တောင်ပေါ် မှာ တံပိုး ကို မှုတ် ကြလော့။ သန့်ရှင်း သော ဘု တောင် ပေါ် မှာ သတိပေးသော အသံ ကို ပြုကြလော့။ ပြည်သူ ပြည်သားအပေါင်း တို့သည် တုန်လှုပ် ကြစေ။ အကြောင်း မူကား၊ ထာဝရဘုရား ၏ နေ့ ရက်သည် လာ ၍ နီး ပြီ။ ၂ မိုက်မဲ သောနေ့ ၊ မိုဃ်း အုံ့ ၍ မှောင်မိုက် ထူထပ် သောနေ့ ဖြစ်၏။ နေအာရုန် သည် တောင် ထိပ်တို့ကို နှံ့ ပြား သကဲ့သို့ ၊ အများ ဖြစ်၍အားကြီး သော အမျိုး သည် လာ၏။ ရှေး ကာလ ၌ ထိုသို့ မ ဖြစ် စဖူး။ နောင် ကာလ အစဉ်အဆက်၌လည်း မ ဖြစ် ရ လတံ့။ ၃ သူ တို့ရှေ့ မှာ မီး လောင် ၏။ နောက် ၌လည်း မီးလျှံ တောက် ၏။ ရှေ့ တွင်ရှိသောပြည် သည် ဧဒင် ဥယျာဉ် ကဲ့သို့ ဖြစ်၏။ နောက် ၌ကား၊ သုတ်သင် ပယ်ရှင်းသော လွင်ပြင် ဖြစ်၏။ အကယ် စင်စစ်သူ တို့လက်မှ အဘယ်အရာမျှ မ လွတ် ရ။ ၄ သူ တို့သည် အဆင်း အားဖြင့်မြင်း နှင့်တူ ၍ ၊ မြင်းစီး သူရဲကဲ့သို့ ပြေး ကြလိမ့်မည်။ ၅ ရထား မြည်သံ ကဲ့သို့ ၎င်း ၊ အမှိုက် ကို လောင် သော မီး မြည်သံ ကဲ့သို့ ၎င်း အသံမြည်၍ တောင် ထိပ် တို့အပေါ် မှာ ခုန် ကြလိမ့်မည်။ စစ်တိုက် ခြင်းငှါခင်းကျင်း ၍ အားကြီး သော လူ အလုံးအရင်းကဲ့သို့ ဖြစ်ကြလိမ့်မည်။ ၆ သူ တို့ရှေ့ မှာ လူ တို့သည် အလွန်ပင်ပန်း သောစိတ် ရှိ၍၊ ခပ်သိမ်း သောသူတို့ သည် မျက်နှာ မည်း ကြ လိမ့်မည်။ ၇ သူတို့သည် သူရဲ ကဲ့သို့ ပြေး ၍ စစ်သူရဲ ကဲ့သို့ မြို့ရိုး ကို တက် ကြလိမ့်မည်။ လမ်း မ လွှဲ ဘဲ အသီးအသီး မိမိ တို့လမ်း သို့ တည့်တည့်လိုက် ကြလိမ့်မည်။ ၈ တဦး ကိုတဦးမ တိုက် ဘဲ မိမိ လမ်း သို့ မိမိလိုက် ကြလိမ့်မည်။ ထားသွား ကို ထိ သော်လည်းရှုန ခြင်းကို မ ခံရကြ။ ၉ မြို့ ထဲမှာတလည်လည် ပြေး လျက်၊ မြို့ရိုး ကို ကျော် လျက်၊ အိမ် ပေါ် သို့ တက် လျက်၊ သူခိုး ကဲ့သို့ ပြတင်းပေါက် ထဲသို့ ဝင် လျက်ရှိကြလိမ့်မည်။ ၁၀ သူ တို့ရှေ့ မှာ မြေကြီး လှုပ် လိမ့်မည်။ မိုဃ်း ကောင်းကင် လည်း တုန်ခိုက် လိမ့်မည်။ နေ နှင့် လ သည် မိုက် ၍ ၊ ကြယ် တို့သည် မ ထွန်းလင်းဘဲနေကြလိမ့်မည်။ ၁၁ ထာဝရဘုရား သည်လည်း မိမိ တပ် တော်ရှေ့ မှာ အသံ ကို လွှင့် တော်မူမည်။ တပ် တော်သည် အလွန် ကြီးမား ၏။ စကား တော်အတိုင်း စီရင် သောသူသည် တန်ခိုး ကြီး တော်မူ၏။ ထာဝရဘုရား ၏နေ့ ရက်သည် ကြီး ၍ အလွန် ကြောက်မက် ဘွယ်သော နေ့ရက်ဖြစ်၏။ အဘယ်သူ ခံနိုင် သနည်း။ ၁၂ သို့ ဖြစ်၍ ၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယခု တွင် အစာရှောင် ခြင်း၊ ငိုကြွေး မြည်တမ်း ခြင်းနှင့်တကွ စိတ် နှလုံး အကြွင်းမဲ့ ဘု ထံ သို့ ပြန် လာကြလော့။ ၁၃ အဝတ် ကို မ ဆုတ်ဘဲ နှလုံး ကို ဆုတ် လျက် ၊ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ထံ တော်သို့ ပြန် လာကြလော့။ ချစ် သနားခြင်းမေတ္တာ ကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည် သော

သဘော၊ အလွန် ကျေးဇူး ပြုချင်သော သဘော၊ အပြစ် ပေး ခြင်းကို နောင်တရ တတ်သော သဘောရှိတော်မူ၏။ ၁၄ သင်တို့သည် သင် တို့၏ ဘုရား သခင်ထာဝရဘုရား အား ဘောဇဉ် ပူဇော်သက္ကာနှင့် သွန်းလောင်း ရာ ပူဇော်သက္ကာကို ဆက်ကပ်ရန် ဖြစ်စေခြင်းငှါ၊ ဘုရားသခင် သည် တဖန် ပြန်လာ၍ နောင်တရ ပြီးလျှင် ၊ ကောင်းကြီး မင်္ဂလာကို ထား ရစ်စေတော်မူမည်မမူမည်ကို အဘယ်သူ သိ နိုင် သနည်း။ ၁၅ ဇိအုန် တောင်ပေါ် မှာ တံပိုး ကို မှုတ် ကြလော့။ အစာရှောင် ရသောအချိန်ကို ခန့် ထား၍ ခြိုးခြံ စွာကျင့် ရသောအချိန်ကို ကြော်ငြာ ကြလော့။ ၁၆ လူ များတို့ကို ခေါ် ၍ စုဝေးသော ပရိသတ် တို့ကို သန့်ရှင်း စေကြလော့။ အသက်ကြီး သောသူတို့ ကိုငင်း၊ ငယ် သောသူနှင့်နို့စို့ သောသူတို့ ကိုငင်းစုဝေး စေကြလော့။ မင်္ဂလာဆောင် လုလင်သည် မိမိ အခန်း ထဲက ငင်း ၊ မင်္ဂလာဆောင် သတို့သမီးသည် မိမိ ကွယ်၍နေသော ကုလားကာ တွင်းက ငင်း ထွက် စေ။ ၁၇ ထာဝရဘုရား ၏ အမှု တော်စောင့်၊ ယဇ် ပုရောဟိတ်တို့သည် အိမ်တော်ဦး နှင့် ယဇ် ပလ္လင်စပ်ကြား မှာ ငိုကြွေး လျက် ၊ အိုထာဝရဘုရား ၊ ကိုယ်တော် ၏လူ များကို သနား တော်မူပါ။ တပါးအမျိုးသားတို့သည် အစိုးရ၍ အမွေ တော်လူတို့ကို ကဲ့ရဲ့ စေခြင်းငှါ အပ်နှံ တော်မ မူပါ နှင့်။ သူ တို့ ဘုရား သခင်ကား၊ အဘယ်မှာ ရှိသနည်းဟု တပါးအမျိုးသားတို့သည် အဘယ်ကြောင့် ဆို ရကြပါ သနည်းဟု လျှောက် ကြစေ။ ၁၈ သို့ပြုလျှင်၊ ထာဝရဘုရား သည် ပြည် တော်ကို မစချင်သောစိတ် အားကြီး၍ မိမိ လူ တို့ကို ကယ်မ သနား တော်မူလိမ့်မည်။ ၁၉ အကယ်စင်စစ်ထာဝရဘုရား သည် ထူး တော်မူလျက် ၊ ငါ သည် ဆန် စပါး၊ စပျစ်ရည် ၊ ဆီ ကို ပေး လိုက်၍ သင်တို့သည် ဝ ကြလိမ့်မည်။ နောက် တဖန် တပါးအမျိုးသား ကဲ့ရဲ့ ရာဖြစ်စေခြင်းငှါ ငါမ ပြု ။ ၂၀ မြောက် မျက်နှာတပ်သားတို့ကို သင် တို့နေရာ မှ ငါပယ် ရှားမည်။ အဘယ်သူ မျှမရှိ၊ သွေခြောက် သော အရပ် သို့ နှင် ထုတ်မည်။ အရှေ့ပင်လယ် ကို မျက်နှာ ပြု လျက် ၊ အနောက် ပင်လယ် ကို ကျောခိုင်း လျက် ခြီ သွားလိမ့်မည် ။ ပုပ်စပ်နံစော်သော အနံ့ ထွက် လိမ့်မည်။ ထာဝရဘုရား သည် ကြီး သော အမှုတို့ကို ပြု တော်မူမည်ဟု မိန့် တော်မူလိမ့်မည်။ ၂၁ အိုပြည် တော်၊ မ စိုးရိမ် နှင့်။ ဝမ်းမြောက် ရွှင်လန်းခြင်းရှိလော့။ ထာဝရဘုရား သည် ကြီး သောအမှုတို့ကို ပြု တော်မူမည်။ ၂၂ အိုတော သားရဲ တို့၊ မ စိုးရိမ် ကြနှင့်။ တော မြက်ပင် ပေါက် လျက်၊ သစ်ပင် တို့သည် အသီး ကို သီး လျက်၊ သင်္ဘော သဖန်းပင်နှင့် စပျစ် နွယ်ပင်တို့လည်း အား ထုတ် လျက်ရှိကြ၏။ ၂၃ အိုဇိအုန် မြို့သား တို့၊ ဝမ်းမြောက် ၍ သင် တို့၏ ဘုရား သခင်ထာဝရဘုရား ကို အမှီပြုလျက် ရွှင်လန်း ကြလော့။ အကြောင်း မူကား၊ ဓမ္မ ဆရာကို ပေး တော်မူ၍ အစ အဦး၌ လည်း အရင် မိုးနှင့် နောက်မိုးကို သင် တို့အပေါ် မှာ ရွာ စေတော်မူမည်။ ၂၄ ကောက်နယ် တလင်းတို့သည် စပါး နှင့် ပြည့် ၍ ၊ အသီး နယ်ရာ ကျင်းတို့ ခွံလည်း စပျစ်ရည် နှင့် ဆီ လျှံ ကြ လိမ့်မည်။ ၂၅ အရာဘကျိုင်း ၊ ယာလက်ကျိုင်း ၊ ခါသိလကျိုင်း ၊ ဂါဇံ ကျိုင်းတည်းဟူသောငါစေလွှတ် သော ငါ ၏ မဟာ ဗိုလ်ခြေတို့ ကိုကိစား သော နှစ် ပေါင်းကာလကို ငါပြန် ပေး မည်။ ၂၆ သင် တို့သည် ဝ စွာ စား ရကြလိမ့်မည်။ အံ့ဩ ဘွယ်သောအမှုတို့ကို သင် တို့ ခွံ ပြု သော သင် တို့၏ဘုရား သခင် ထာဝရဘုရား ၏နာမတော် ကို ချီးမွမ်း ကြလိမ့်မည်။ နောက် တဖန် ငါ ၏လူ တို့သည်လည်း ရှက် ကြောက်ခြင်းမ ရှိရကြ။ ၂၇ ငါ သည် ဣသရေလ အမျိုး၏အလယ် ခွံ ရှိ ကြောင်း ကိုငင်း ၊ အခြား

သော ဘုရားမ ရှိ၊ ငါ ထာဝရဘုရား သည် သင် တို့၏ဘုရား သခင်ဖြစ်ကြောင်း ကိုငင်းသင်တို့သိ ရကြလိမ့်မည်။ နောက် တဖန်ငါ ၏လူ တို့သည် ရှက်ကြောက် ခြင်းမ ရှိရကြ။ ၂၈ ထိုနောက်မှ လူမျိုး တကာ တို့ အပေါ် သို့ ငါ ၏ ဝိညာဉ် တော်ကို ငါသွန်းလောင်း မည်။ သင် တို့၏ သား သမီး တို့သည် ပရောဖက် ဉာဏ်နှင့် ဟောပြောရကြ လိမ့်မည်။ အသက်ကြီး သောသူတို့သည် နိမိတ်အိပ်မက် တို့ကို မြင်မက် ရကြလိမ့်မည်။ အသက် ငယ်သောသူတို့ သည်လည်း ဗျာဒိတ် ရူပါရုံတို့ကို မြင် ရကြလိမ့်မည်။ ၂၉ ငါ၏အမှု ကို ဆောင်ရွက်သော ယောကျ်ားမိန်းမ တို့အပေါ် သို့ ငါ ၏ဝိညာဉ် တော်ကို ငါသွန်းလောင်း ၍၊ သူတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ ၃၀ မိုဃ်းကောင်းကင် ၌ ၎င်း ၊ မြေကြီး ပေါ် ၌ ၎င်း ၊ အံ့ဘွယ် သောအရာတည်းဟူသောသွေး ၊ မီးလျှံ ၊ မီးခိုး တိုင် တို့ကို ငါပြ မည်။ ၃၁ ထာဝရ ဘုရား၏ ကြောက်မက် ဘွယ်သောနေ့ ကြီး မတိုင်မီ၊ နေ သည်မှောင်မိုက် အတိ ဖြစ် လိမ့်မည်။ လ သည်လည်း သွေး ဖြစ် လိမ့်မည်။ ၃၂ ထိုအခါ ထာဝရဘုရား ကို ပဌနာ ပြု သောသူ ရှိသမျှ တို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်ရကြ လတံ့။ အကြောင်း မူကား၊ ထာဝရဘုရား မိန့် တော်မူသည် အတိုင်း ဇိအုန် တောင် ၊ ယေရုရှလင် မြို့၌ ၊ ထာဝရဘုရား ခေါ် တော်မူသောသူ အကျန် အကြွင်းတို့အဘို့ ကယ်တင် ခြင်းအခွင့် ရှိ ရလတံ့။

၃ ထိုနေ့ ရက်ကာလ ၌ အထက်က သိမ်း သွားခြင်း ကို ခံရသောယုဒ ပြည်သူ၊ ယေရုရှလင် မြို့သားတို့ကို ငါဆောင် ခဲ့ပြန်သောအခါ ၊ ၂ ခပ်သိမ်း သော လူမျိုး တကာတို့ကို ငါသည် စုဝေး စေ၍ ယောရှဖတ် ချိုင့် သို့ ခေါ် ခဲ့မည်။ သူတို့သည် ငါ့ ပြည် ကို ဝေဖန် ၍ အတိုင်းတိုင်း အပြည်ပြည်တို့တွင် ကွဲပြား စေ သော ငါ ၏အမွေ လူ ဣသရေလ အမျိုးဘက် မှာ ငါသည် တရား စီရင်မည်။ ၃ သူတို့သည် ငါ ၏လူ တို့အဘို့ စာရေးတံ ချ ကြပြီ။ လူ ကလေးကို ပြည်တန်ဆာ နှင့် ၎င်း ၊ မိန်းမ ကလေးကို မိမိသောက် စရာ စပျစ်ရည် နှင့် ၎င်း ဖယ်လှယ် ကြပြီ တကား။ ၄ အိုတုရု မြို့၊ ဇိဒုန် မြို့၊ ပါလေတ္တိန ပြည်နှင့် နီးစပ်သော အရပ် ရှိသမျှ တို့၊ သင်တို့သည် ငါ နှင့် အဘယ်သို့ ဆိုင်ကြသနည်း။ ငါ့ ကို ရန် တုံ့ပြုကြမည်လော။ ငါ့ ကို ရန် တုံ့ ပြုကြလျှင် ၊ ထိုရန်ကို သင် တို့ခေါင်း ပေါ် သို့ အလျင် အမြန်ငါပြန် ရောက်စေမည်။ ၅ သင်တို့သည် ငါ့ ရွှေ ငွေ ကို ယူ ၍ ၊ ငါ နှစ်သက် ဘွယ်သော ဥစ္စာ မြတ်တို့ကို သင် တို့ဘုံ ဗိမာန်ထဲ သို့ သွင်း သောကြောင့် ၎င်း ၊ ၆ ယုဒ ပြည်သူ ၊ ယေရုရှလင် မြို့သား တို့ကို နေရင်း ပြည် မှ အဝေး သို့ ပြောင်းစေလိုသောငှါ ၊ ဟေလသ အမျိုးသား တို့အား ရောင်း လိုက်သောကြောင့်၎င်း ၊ ၇ သင်တို့ရောင်း လိုက်ရာအရပ် မှ ငါ သည် ထမြောက် ၍ ၊ သင် တို့ရန် တုံ့ပြုခြင်းကို သင် တို့ခေါင်း ပေါ် သို့ ပြန် ရောက်စေမည်။ ၈ သင် တို့သား သမီး များကိုလည်း ယုဒ အမျိုးသား တို့ ၌ ငါရောင်း ၍ ၊ သူ တို့သည် တဖန်ဝေး သော အမျိုး၊ ရှေဘ ပြည် သားတို့ ၌ ရောင်း လိုက်ကြလိမ့်မည်။ ထိုသို့ ထာဝရဘုရား မိန့် တော်မူပြီ။ ၉ ဤ အမှုကို တပါးအမျိုးသား တို့အား ကြား ပြော ကြလော့။ စစ်တိုက် ခြင်းငှာပြင်ဆင် ၍ စစ် သူရဲတို့ကို နှိုးဆော် ကြလော့။ စစ် သူရဲအပေါင်း တို့သည် ချဉ်းကပ် ၍ တက် လာကြစေ။ ၁၀ သံထွန်သွား များကို ထား ဖြစ်စေ ခြင်းငှာ၎င်း ၊ တံစဉ် များကို လုံ ဖြစ်စေ ခြင်းငှာ၎င်း ထု လုပ်ကြလော့။ အားနည်း သောသူက၊ ငါ အား ကြီးသည်ဟု ပြောဆို စေ။ ၁၁ ပတ်လည် ၌ နေသောတပါးအမျိုးသား အပေါင်း တို့၊ စုဝေး ၍ လာ ကြလော့။

သင်းဖွဲ့ကြလော့။ စုဝေးရာအရပ် ၌ သင်တို့သူရဲ များကို ထာဝရဘုရား နှိမ့်ချ တော်မူမည် ။ ၁၂ တပါးအမျိုးသား တို့သည် ထ ၍ ယောရှဖတ် ချိုင့် သို့ တက် လာကြစေ။ ပတ်လည် ၌ နေသောတပါး အမျိုးသား အပေါင်းတို့ကို စစ်ကြော စီရင်ခြင်းငှာ ထို အရပ်၌ ငါထိုင် မည်။ ၁၃ ရိတ် စရာ စပါးမှည့် သောကြောင့် တံစဉ် ကို လွှတ် ကြလော့။ စပျစ်သီး နယ်ရာတန်ဆာပြည့် ၍၊ စပျစ်ရည် ကျင်းတို့သည် လျှံ သောကြောင့် လာ ကြ။ ဆင်းကြလော့ ။ အကြောင်း မူကား၊ သူ တို့ပြုသောဒုစရိုက် အပြစ် သည် ကြီး လှ၏။ ၁၄ ကွပ်မျက် ရာချိုင့် ၌ လူ များစည်းဝေးလျက်ရှိကြ၏။ ကွပ်မျက် ရာချိုင့် ၌ ထာဝရဘုရား ၏ နေ့ရက် သည် ရောက်လုနီး ပြီ။ ၁၅ နေ နှင့် လ သည် မိုက် လိမ့်မည်။ ကြယ် တို့သည် လည်း မ ထွန်းလင်း ဘဲနေကြလိမ့် မည်။ ၁၆ ထာဝရဘုရား သည်လည်း ဇိအုန် တောင်ပေါ် က ကြွေးကြော် ၍ ၊ ယေရှုရှလင် မြို့ထဲက အသံ ကိုလွှင့် တော်မူသဖြင့် ၊ မိုဃ်းကောင်းကင် နှင့် မြေကြီး သည် တုန်လှုပ် လိမ့်မည် ။ သို့ရာတွင် ၊ ထာဝရဘုရား သည် မိမိ လူ တို့၏ ခိုလှုံ ရာ ၊ ဣသရေလ အမျိုးသား တို့၏ အစွမ်း သတ္တိဖြစ်တော်မူလိမ့် မည်။ ၁၇ ငါ သည်လည်း ငါ ၏သန့်ရှင်း သော ဇိအုန် တောင် ပေါ် မှာနေ သော သင် တို့၏ ဘုရား သခင်ထာဝရဘုရား ဖြစ်ကြောင်း ကို သင်တို့သိ ရကြလိမ့်မည်။ ယေရှုရှလင် မြို့ သည်လည်း သန့်ရှင်း လိမ့်မည် ။ နောက် တဖန် ထိုမြို့ ကို တပါး အမျိုးသားမ နင်း ရ။ ၁၈ ထို ကာလ ၌ ချိုသော စပျစ်ရည် သည် တောင် တို့ မှ ယို လိမ့်မည်။ နို့ ရည်သည် ကုန်း တို့မှ ထွက် လိမ့်မည်။ ယုဒ မြစ် ရှိသမျှ တို့သည် ရေစီး ကြလိမ့်မည်။ ထာဝရဘုရား ၏ အိမ် တော်ထဲက စမ်းရေ ထွက် ၍ ရှိတ္တိမ် ချိုင့် ကို စို စေလိမ့်မည်။ ၁၉ ယုဒ ပြည် ၌ အပြစ် မရှိသောသူ တို့ကိုသတ် ၍ ယုဒ အမျိုးသား တို့ကို ညှဉ်းဆဲ သောကြောင့် ၊ အဲဂုတ္တု ပြည် သည်လူဆိတ်ညံ လျက် ရှိ လိမ့်မည်။ ဧဒုံ ပြည်သည်လည်း လူဆိတ်ညံ သော တော ဖြစ် လိမ့်မည်။ ၂၀ ယုဒ ပြည်မူကား ၊ ထာဝရ ပြည်၊ ယေရှုရှလင် မြို့မူကား ၊ ကာလ အစဉ်အဆက်တည်သော မြို့ ဖြစ်လိမ့်မည်။ ၂၁ ထို မြို့သားတို့သည် အသေ သတ်ခြင်းကို ခံရသော အပြစ်ကြောင့်၊ ငါသည် မ ပေး သေးသော ဒဏ်ကို တဖန်ပေးဦ းမည်။ ထာဝရဘုရား သည် ဇိအုန် တောင်ပေါ် မှာ ကျိန်းဝပ် တော်မူသတည်း။

၁ ယုဒ ရှင်ဘုရင် ဩဇိ မင်း၊ ဣသရေလ ရှင်ဘုရင် ယောရှ ၏သား ယေရောဗောင် မင်းတို့လက်ထက် ၊ မြေကြီး မ
လှုပ် မှီနှစ် နှစ် အထက်က၊ သိုးထိန်း စုအဝင်ဖြစ်သော တေကော ရွာသားအာမုတ် သည် ဣသရေလ ပြည်အတွက် ခံရ
သောဗျာဒိတ်တော်စကား ဟူမူကား၊ **၂** ထာဝရဘုရား သည် ဇိအုန် တောင်ပေါ် က ကြွေးကြော် ၍ ၊ ယေရုရှလင် မြို့ထဲက
အသံ ကို လွှင့် တော်မူသောကြောင့် ၊ သိုးထိန်း နေရာ တို့သည် ညှိုးငယ် ၍ ၊ ကရမေလ တောင်ထိပ် သည် နွမ်းရို
လိမ့်မည်။ **၃** ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဒမာသက် မြို့သည် ဂိလဒ် ပြည်ကို စပါးနယ်ရာ သံ ယန္တရား စက်တို့
နှင့် ကြိတ်နယ်သောအပြစ် သုံး ပါးမက ၊ အပြစ်လေး ပါးကြောင့် ငါသည် ဒဏ် မ ပေးဘဲမနေ။ **၄** ဟာဇေလ မင်းမျိုး
အပေါ် သို့ မီး ကိုလွှတ် ၍ ၊ ဗင်္ဟာဒဒ် မင်း၏ဘုံ ဗိမာန်တို့ကို လောင် စေမည်။ **၅** ဒမာသက် မြို့ တံခါးကန့်လန့်ကျင်
တို့ကိုချိုး မည်။ အာဝင်ချိုင့် သား တို့ကိုငင်း၊ ဗေသေဒင် မြို့၌ မင်း ပြုသောသူတို့ ကိုငင်း ပယ်ဖြတ် မည်။ ရှုရိ ပြည်သား
တို့သည် ကိရ မြို့သို့ သိမ်း သွားခြင်းကိုခံရကြမည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ **၆** တဖန်ထာဝရဘုရား မိန့်
တော်မူသည်ကား ၊ ဂါဇ မြို့သည် ချုပ်ထား သောသူ အပေါင်း တို့ကို ဧဒုံ မင်း၌ အပ် ခြင်းငှါ သိမ်း သွားသောအပြစ် သုံး
ပါးမက ၊ အပြစ်လေး ပါးကြောင့် ငါသည် ဒဏ် မ ပေးဘဲမနေ။ **၇** ဂါဇ မြို့ရိုး အပေါ် သို့ မီး ကိုလွှတ် ၍ ဘုံ ဗိမာန်တို့ကို
လောင် စေမည်။ **၈** အာဇုတ် မြို့သား တို့ကို ငင်း ၊ အာရှကေလုန် မြို့၌ မင်း ပြုသောသူတို့ကိုငင်း ပယ်ဖြတ် မည်။
ဧကြုန် မြို့ကိုလည်း တိုက် ၍ ကျန်ကြွင်း သော ဖိလိတ္တိ လူတို့သည် ပျက်စီး ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့်
တော်မူ၏။ **၉** တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ တုရု မြို့သည် ညီအစ်ကို ချင်းဖွဲ့သောမိဿဟာယ ကို
မ စောင့် ၊ ချုပ် ထားသော သူ အပေါင်း တို့ကို ဧဒုံ မင်း၌ အပ် သောအပြစ် သုံး ပါးမက ၊ အပြစ်လေး ပါးကြောင့်
ငါသည် ဒဏ် မ ပေးဘဲမနေ။ **၁၀** တုရု မြို့ရိုး အပေါ် သို့ မီး ကိုလွှတ် ၍ ဘုံ ဗိမာန်တို့ကို လောင် စေမည်။ **၁၁** တဖန်
ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဧဒုံ ပြည်သည် သနား သောစိတ်ကိုချုပ်တည်း ၍ ၊ ညီအစ်ကို ကို ထား နှင့် လိုက်
သောအပြစ်၊ ဒေါသ စိတ်နှင့် အစဉ်အမြဲ ဆွဲဖြတ် ၍ အစဉ်အမြဲ အငြိုး ထား သော အပြစ် သုံး ပါးမက ၊ အပြစ်လေး
ပါးကြောင့် ငါသည်ဒဏ် မ ပေးဘဲမနေ။ **၁၂** တေမန် မြို့အပေါ် သို့ မီး ကိုလွှတ် ၍ ၊ ဗောဇရ မြို့၏ ဘုံ ဗိမာန်တို့ကို
လောင် စေမည်။ **၁၃** တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အမ္မုန် ပြည်သား တို့သည် မိမိ တို့နေရာ ကို ကျယ်
စေခြင်းငှါ ၊ ကိုယ်ဝန် ဆောင်သော ဂိလဒ် ပြည်သူမိန်းမတို့၏ ဝမ်းကိုခွဲ သောအပြစ် သုံး ပါးမက ၊ အပြစ်လေး ပါးကြောင့်
ငါသည် ဒဏ် မ ပေးဘဲမနေ။ **၁၄** ရဗ္ဗာ မြို့ရိုး ကို မီး ရှို့ ၍ ဘုံ ဗိမာန်တို့ကို လောင် စေမည်။ စစ်တိုက် သောနေ့ ၌
အော်ဟစ် ခြင်း၊ မိုဃ်းသက်မုန်တိုင်း ရောက်သောနေ့ ၌ လွင့်သွားခြင်း ရှိလိမ့်မည်။ **၁၅** သူ တို့ရှင်ဘုရင် ကိုယ်တိုင်မှစ၍ ၊
မှူး တော်မတ်တော်များတို့သည် သိမ်း သွားခြင်းကို ခံရ ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

J တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား၊ မောဘ ပြည်သည် ဧဒုံ ရှင်ဘုရင် ၏ အရိုး တို့ကို ထုံး ဖြစ် စေခြင်းငှါမီး နှင့် ဖုတ်သောအပြစ် သုံး ပါးမက၊ အပြစ်လေး ပါးကြောင့် ငါသည်ဒဏ် မ ပေးဘဲမနေ။ ၂ မောဘ ပြည်အပေါ် သို့ မီး ကိုလွှတ် ၍၊ ကေရုတ် မြို့၏ဘုံ ဗိမာန်တို့ကို လောင် စေမည်။ ကြီးသော အသံ ဗလံ ပြုခြင်း၊ အော်ဟစ် ခြင်း၊ တံပိုး မှုတ်ခြင်းနှင့်တကွ မောဘ ပြည်သည် ဆုံးရှုံး ရလိမ့်မည်။ ၃ မောဘ ပြည်အလယ် ၌ တရားသူကြီး ကို ငါပယ်ဖြတ် ၍၊ သူ နှင့်တကွ မှူးမတ် အပေါင်း တို့ကို ကွပ်မျက် မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၄ တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယုဒ အမျိုးသည် ထာဝရဘုရား စီရင် တော်မူချက်တို့ကို မ စောင့်၊ ပညတ် တရားတော်ကို စွန့်ပစ်၍၊ ဘိုးဘေး တို့ လိုက် ဘူးသော မိစ္ဆာဒိဋ္ဌိ အားဖြင့် မှားယွင်း သော အပြစ် သုံး ပါးမက၊ အပြစ်လေး ပါးကြောင့် ငါသည်ဒဏ် မ ပေးဘဲမနေ။ ၅ ယုဒ ပြည်အပေါ် သို့ မီး ကိုလွှတ် ၍၊ ယေရုရှလင် မြို့၏ ဘုံ ဗိမာန်တို့ကို လောင် စေမည်။ ၆ တဖန် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုးသည် ဖြောင့်မတ် သောသူကို ငွေ နှင့် ၎င်း၊ ဆင်းရဲ သောသူကို ခြေနင်း တရံနှင့် ၎င်း ရောင်း သောအပြစ်၊ ၇ ဆင်းရဲ သောသူတို့ ၏ခေါင်း ကို မြေမှုန့် နှင့် ဖုံးလွှမ်းစေခြင်းငှါအလွန်အလိုကြီး၍၊ နှိမ့်ချ သောသူကို မတရားသဖြင့် စီရင်သောအပြစ်၊ ငါ ၏နာမ မြတ် ကို ရှုတ်ချ ခြင်းငှါ အဘ နှင့် သား သည် တဦးတည်းသောမိန်းမ ကို ပေါင်းဘော်သောအပြစ်၊ ၈ ပေါင် ထားသောအဝတ် ကို ခပ်သိမ်း သော ယဇ် ပလ္လင်တို့အနား ၌ ခင်း ၍အိပ်သောအပြစ်၊ လျော်ပြစ်ငွေကို ဝယ်သောစပျစ်ရည် ကို သူတို့ဘုရား၏အိမ်၌ သောက်သောအပြစ်သုံးပါးမက၊ အပြစ်လေးပါးကြောင့် ငါသည် ဒဏ်မပေးဘဲမနေ။ ၉ အာရဇ် ပင်အရပ် နှင့်အမျှ မြင့် ၍ သပိတ် ပင်ကဲ့သို့ ခိုင်မာ သောအာမောရိ အမျိုးကို သင်တို့ရှေ့မှာ ငါ ပယ်ရှား ၍၊ အထက် ၌ သူ ၏အသီး ကို၎င်း၊ အောက် ၌ သူ ၏အမြစ် ကို၎င်းငါ ဖျက်ဆီး ပြီ။ ၁၀ သင် တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ယူ ၍ အာမောရိ ပြည် ကို ဝင်စား စေခြင်းငှါ၊ အနှစ် လေးဆယ် ပတ်လုံးတော ၌ ပို့ဆောင် ပြီ။ ၁၁ သင် တို့သား အချို့ကို ပရောဖက် အရာ၊ လုလင် အချို့ကို နာဇရိ လူအရာ ၌ ငါခန့်ထား ပြီ။ အိုဣသရေလ အမျိုးသား တို့၊ ဤ စကားမှန် သည် မဟုတ်လောဟု ထာဝရဘုရား မေး တော်မူ၏။ ၁၂ သင်တို့မူကား၊ နာဇရီ လူသောက် ဘို့ စပျစ်ရည် ကိုပေးကြပြီ။ ပရောဖက် တို့ကိုလည်း၊ ပရောဖက် ပြု၍ မ ဟော ကြနှင့်ဟု မြစ်တား ကြပြီ။ ၁၃ ထိုကြောင့်၊ လှည်း သည် အပြည့် တင်သော ကောက်လှိုင်း ၏ဖိစီး ခြင်းကိုခံရသကဲ့သို့၊ သင် တို့၏နေရာ အရပ်ကို ငါ ဖိစီး မည်။ ၁၄ အပြေး ကောင်းသောသူသည် ပြေး သောအခွင့်ကို မရ။ ခွန်အား ကြီးသောသူသည် မိမိ ခွန်အား ကို ထုတ် ရ သောအခွင့်မ ရှိရ။ သူရဲ သည် ကိုယ်ကို မ ကယ်လွှတ် ရ။ ၁၅ လေး ကိုကိုင် သောသူသည်မ ရပ် ရ။ လျင်မြန် သောခြေ သည် သူရဲသည် ကိုယ်ကို မ ကယ်လွှတ် ရ။ မြင်းစီး သူရဲသည်လည်း ကိုယ်ကို မ ကယ်လွှတ် ရ။ ၁၆ ရဲရင့် သော သူရဲ သည် ထိုနေ့ ၌ အဝတ် မပါဘဲ ပြေး သွားရလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၂ အိုဣသရေလ အမျိုးသား တို့၊ အဲဂုတ္တု ပြည် မှ ငါနှုတ်ဆောင် သော အမျိုးသား အပေါင်း တို့၊ သင် တို့ကို ရည်မှတ်၍ ငါထာဝရဘုရား မိန့် တော်မူသောစကား ကို နားထောင် ကြလော့။ ၂ မြေကြီး ပေါ် မှာနေသောအမျိုးသား အပေါင်း

တို့တွင် သင် တို့တမျိုး တည်းကိုသာ ငါလက်ခံ သောကြောင့် ၊ သင် တို့အပြစ် ရှိသမျှ တို့ကို ငါစစ်ကြော မည်။ ၃ လူနှစ်
ဦးသည် သဘော မ တူလျှင် ၊ ပေါင်းဘော် ၍ ခရီးသွား နိုင်သလော ။ ၄ ခြင်္သေ့ သည် ဘမ်းစရာ မ ရှိလျှင် ၊ တော ၌
ဟောက် လိမ့်မည်လော ။ ခြင်္သေ့ပျို သည် အဘယ်အရာကိုမျှမ ဘမ်းမိ လျှင် ၊ တွင်း ထဲက အသံ ပြု လိမ့်မည်လော ။ ၅
မြေ ပေါ်မှာ ကျော့ကွင်း နှင့်မ ထောင် လျှင် ၊ ငှက် ကို ကျော့မိ လိမ့်မည်လော ။ ထောင် ထားသော ကျော့ကွင်း ၌
အဘယ်အရာကိုမျှ မရမှီထောင်ထားရာအရပ်မှ နှုတ်သွား လိမ့်မည်လော ။ ၆ မြို့ ထဲမှာ တံပိုး မှုတ် လျှင် ၊ မြို့သား
တို့သည် မ ကြောက် မလန့်ဘဲနေကြလိမ့်မည်လော။ ထာဝရဘုရား စီရင် တော်မ မူဘဲ ဘေး တစုံတခုသည် မြို့ ထဲမှာ
ရောက် လိမ့်မည်လော။ ၇ အကယ် စင်စစ်အရှင် ထာဝရဘုရား သည် မိမိ ကျွန် ပရောဖက် တို့အား မဘော် မပြဘဲ
အဘယ်အမှုကိုမျှ စီရင် တော်မ မူ။ ၈ ခြင်္သေ့ ဟောက် သောအခါ၊ အဘယ် သူမျှမ ကြောက် မလန့်ဘဲ နေလိမ့်မည်နည်း။
အရှင် ထာဝရဘုရား မိန့် တော်မူသောအခါ၊ အဘယ် သူသည် ပရောဖက် မ ပြုဘဲနေလိမ့်မည်နည်း။ ၉ အာဇုတ် မြို့ ဘုံ
ဗိမာန်တို့နှင့် အဲဂုတ္တု ပြည် ဘုံ ဗိမာန်တို့တွင် သိတင်းကြားပြော ရမည်မှာ ၊ ရှမာရိ တောင် တို့ အပေါ် မှာစုဝေး ၍ ၊ ရှမာရိ
မြို့ထဲမှာ ရုန်းရင်းခတ် ခြင်းအမှုကိုၾကည့် ၊ မြို့ ထဲမှာ ညှဉ်းဆဲ ခံရသောသူတို့ကိုၾကည့် ကြည့်ရှု ကြလော့။ ၁၀ မြို့သားတို့သည်
တရား သောအမှုကို မ ပြု တတ်၊ အနိုင်အထက် ပြု၍ လုယူ သောဥစ္စာကို ဘုံ ဗိမာန်တို့ ၌ သိုထား တတ်ကြသည်ဟု
ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ ထိုကြောင့် ၊ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ရန်သူ တို့သည် ရှမာရိပြည်
ကိုဝိုင်း ပြီးလျှင် ၊ သင် ၏အစွမ်း သတ္တိကို နှိမ့်ချ ၍ ၊ ဗိမာန် တို့ကို ဖြိုဖျက် ကြလိမ့်မည်။ ၁၂ ထာဝရဘုရား မိန့်
တော်မူသည်ကား ၊ သိုးထိန်း သည် ခြင်္သေ့ နှုတ် ထဲက ခြေ နှစ်ခု ၊ သို့မဟုတ် ၊ နားရွက် တပိုင်း ကို နှုတ်ယူ သကဲ့သို့
ရှမာရိ မြို့၌ ခုတင် ထောင့် ၊ ဒမာသက် မွေ့ရာ ဖုံပေါ်မှာ ထိုင် သော ဣသရေလ အမျိုးသား တို့ကို နှုတ်ယူ ရလိမ့်မည်။
၁၃ ကောင်းကင်ဗိုလ်ခြေ ကို အစိုးပိုင်သော ဘုရား သခင်၊ အရှင် ထာဝရဘုရား မိန့် တော်မူသောစကားကို သင်တို့သည်
နားထောင် ၍ ယာကုပ် အမျိုးသား တို့အား ဆင့်ဆို ရမည်မှာ၊ ၁၄ အကယ် စင်စစ်ဣသရေလ အမျိုး၏ အပြစ် တို့ကို
စစ်ကြော သောနေ့ ၌ ၊ ဗေသလ ယဇ် ပလ္လင်တို့ကို ငါစစ်ကြော လျက် ၊ ယဇ် ပလ္လင်ဦးချို တို့ကိုဖြတ် ၍ မြေ ပေါ် သို့ချ
မည်။ ၁၅ ဆောင်း ကာလ၌ စံသောနန်းတော် နှင့် နွေ ကာလ၌စံသော နန်းတော် တို့ကို ငါထိခိုက် ၍ ၊ ဆင်စွယ် ဖြင့်
ပြီးသော အိမ် တို့ကိုဖျက်ဆီး မည်။ ဘုံ ဗိမာန်တို့သည်လည်း ဆုံး ကြလိမ့်မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။

၄ ဆင်းရဲ သောသူတို့ကို ညှဉ်းဆဲ လျက်၊ ငတ်မွတ် သောသူတို့ကိုနှိပ်စက် လျက်၊ မိမိ သခင် တို့အား ငါတို့ သောက်
ဘို့ယူခဲ့ ကြဟုဆို တတ်လျက်၊ ရှမာရိ တောင် ပေါ်မှာ နေသောဗာရှန် နွား တို့၊ ဤ စကား တော်ကိုနားထောင် ကြလော့။
၂ အရှင် ထာဝရဘုရား သည် မိမိ သန့်ရှင်း ခြင်း ပါရမီတော်ကို တိုင်တည်၍ ကျိန်ဆို တော်မူသည် အတိုင်း ၊ သင်
တို့ကို ငါးမျှား နှင့် ၎င်း ၊ သင် တို့သားမြေး တို့ကိုပိုက်ကွန် နှင့် ၎င်း ဘမ်းဆီး ယူသွားရသောကာလ ရောက် လိမ့်မည်။
၃ သင်တို့သည် အသီးအသီး ကိုယ်စီတွေ့သော အပေါက် ဖြင့် ထွက် ၍ ရဲတိုက် ထဲသို့ ချ ခြင်းကိုခံရကြမည်ဟု
ထာဝရဘုရား မိန့် တော်မူ၏။ ၄ ဗေသလ မြို့သို့သွား ၍ ပြစ်မှား ကြလော့။ ဂိလဂါလ မြို့သို့လည်း သွား၍ များစွာ

သောပြစ်မှား ခြင်းကို ပြုကြလော့။ နံနက် တိုင်းပူဇော်သောယဇ် ကိုငင်း၊ သုံး နှစ်တခါ ဥစ္စာဆယ်ဘို့ တဘို့ကိုငင်းဆောင်ခဲ့ကြလော့။ ၅ လုယူ သောဥစ္စာထဲက ကျေးဇူး ချီးမွမ်းရာ ပူဇော်သက္ကာကို မီးရှို့ ကြလော့။ အလိုလို ပြုသော ပူဇော်သက္ကာများကိုလည်း ကြားပြော ၍ကြော်ငြာစေကြလော့။ အိုဣသရေလ အမျိုးသား တို့၊ ထိုသို့ ပြုရာတွင် သင်တို့သည် မွေ့လျော် တတ်ကြသည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၆ ငါ သည်လည်း၊ သင် တို့မြို့ ရွာရှိသမျှ တို့ ၌ သွား တို့၏ စင်ကြယ် ခြင်းကိုငင်း၊ သင် တို့နေရာ အရပ်ရှိသမျှ တို့ ၌ အစာ ခေါင်းပါး ခြင်းကိုငင်း ပေး သော်လည်း၊ သင် တို့သည် ငါ့ ထံသို့ ပြန် ၍ မ လာကြဟုထာဝရဘုရား မိန့် တော်မူ၏။ ၇ စပါးရိတ်ရာကာလမရောက်မီ သုံး လ အထက်က၊ မိုးယံမရွာစေခြင်းငှါမိုးယံး ကိုငါ ဆီးတား ပြီ။ မြို့တမြို့ ပေါ်မှာ ရွာစေခြင်းငှါငင်း၊ တမြို့ပေါ်မှာမရွာစေခြင်းငှါငင်း ပြုလျက်၊ မြေတကွက်သည် မိုးယံးရေကိုခံရ၍ တကွက်သည် မခံရ၊ သွေ့ခြောက် လျက် နေရ၏။ ၈ ထိုသို့ မြို့နှစ် မြို့သုံး မြို့သားတို့သည် ရေ သောက် ခြင်းငှါ မြို့ တ မြို့သို့ သွား ရ၍ မ ဝ ရကြ။ သို့သော်လည်း၊ သင်တို့သည် ငါ့ ထံသို့ ပြန် ၍မ လာကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၉ လေထိ၍အပင်သေခြင်း၊ အရည်ယို၍ သေခြင်းဘေး ဖြင့် ငါသည်ဒဏ်ခတ်လေပြီ။ သင် တို့ ၌ များပြား သောလယ်ယာ၊ စပျစ် ဥယျာဉ်၊ သင်္ဘော် သဖန်းပင်၊ သံလွင် ပင်တို့ကို ကျိုင်းကောင်တို့သည် ကိုက်စား ကြပြီ။ သို့သော်လည်း၊ ငါ့ ထံသို့ ပြန် ၍မ လာကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ အဲဂုတ္တုပြည်ခံရ သောကာလနာ ဘေးကို သင် တို့ရှိရာ သို့ ငါစေလွှတ် လေပြီ။ လုလင် တို့ကို ထား ဖြင့် ကွပ်မျက် စေပြီ။ မြင်းတို့ကိုသိမ်း သွားစေပြီ။ သင် တို့တပ် ၌ ပုပ်စပ်သောအနံ့ ကို သင် တို့နှာခေါင်း ၌ လိုင် စေပြီ။ သို့သော်လည်း၊ ငါ့ ထံသို့ ပြန် ၍မ လာကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ ဘုရား သခင်သည် သောဒုံ မြို့နှင့် ဂေမောရ မြို့ကို မှောက်လှန်သကဲ့သို့၊ သင် တို့အချို့ကို ငါမှောက်လှန် ၍ သင်တို့သည် မီး ထဲက နှုတ် သောထင်းစ ကဲ့သို့ ဖြစ် ကြပြီ။ သို့သော်လည်း၊ ငါ့ ထံသို့ ပြန် ၍မ လာကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ သို့ ဖြစ်၍၊ အိုဣသရေလ အမျိုး၊ အထက်က ပြုသကဲ့သို့သင် တို့ ၌ ငါပြု ဦးမည်။ ထိုသို့ ပြု မည်ဖြစ်သောကြောင့်၊ အိုဣသရေလ အမျိုး၊ သင် ၏ဘုရား သခင်နှင့် တွေ့ခြင်းငှါ ကိုယ်ကို ပြင်ဆင် လော့။ ၁၃ တောင် တို့ကို လုပ် ၍ လေ ကိုဖန်ဆင်း ထသော၊ လူ စိတ် အကြံအစည်ကို လူအား ဘော်ပြ ထသော၊ နံနက် အလင်းကို အမိုက် ဖြစ်စေ ထသော၊ မြင့် သောမြေ အရပ်တို့ကို နင်း သောသူသည် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား တည်းဟူသောဘွဲ့နာမရှိတော်မူ၏။

၅ အိုဣသရေလ အမျိုး၊ ယခုသင် တို့ ၌ ငါ မြွက်ဆို ၍ မြည်တမ်း သောစကား ကို နားထောင် ကြလော့။ ၂ ဣသရေလ သတို့သမီး ကညာသည်လဲ ပြီ။ နောက် တဖန်မ ထ ရ။ မိမိ မြေ ပေါ်မှာ တုံးလုံး နေ၏။ ချီကြွ သောသူမ ရှိ။ ၃ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ဣသရေလ အမျိုး ၏ အမှုကိုထမ်းစေဘို့ လူတထောင်ကိုပေး နိုင်သောမြို့သည် လူတရာ၊ တရာကို ပေးနိုင်သော မြို့သည် တကျိပ် ကိုသာပေး နိုင်လိမ့်မည်။ ၄ ထာဝရဘုရား သည် ဣသရေလ အမျိုးအား မိန့် တော်မူသည်ကား၊ ငါ့ ကို ရှာ ကြလော့။ ရှာလျှင် အသက် ချမ်းသာရကြလိမ့်မည်။ ၅ ဗေသလ မြို့ကို မရှာ ကြနှင့်။ ဂိလဂါလ မြို့သို့မ ဝင် ကြနှင့်။ ဗေရရှေဘ မြို့သို့ မ သွား ကြနှင့်။ အကြောင်း မူကား၊ ဂိလဂါလ မြို့သည်

ဆက်ဆက်သိမ်းသွား ခြင်းကိုခံရလိမ့်မည်။ ဗေသလ မြို့သည်လည်း ၊ အကျိုးနည်း ရှိ ရလိမ့်မည်။ ၆ ထာဝရဘုရား ကို ရှာ
ကြလော့။ ရှာလျှင် အသက် ချမ်းသာရကြလိမ့်မည်။ သို့မဟုတ် လျှင်၊ ယောသပ် အမျိုး အပေါ်မှာ မီး ကဲ့သို့ တက်၍၊
အဘယ်သူမျှမ ငြိမ်း နိုင်အောင် ဣသရေလအမျိုးကို လောင် စေတော်မူမည်။ ၇ တရား သဖြင့် စီရင်ခြင်းကို ဒေါန ဖြစ်
စေ၍ ဖြောင့်မတ် ခြင်းတရားကို မြေ သို့ ချ ကြပြီးသောသူတို့ ၊ ၈ ခိမ ကြယ်စုနှင့် ခသိလ ကြယ်ကို ဖန်ဆင်း ထသော၊
သေမင်း အရိပ်ကို နံနက် အလင်း ဖြစ် စေခြင်းငှါ ၎င်း ၊ နေ့ အလင်းကို ညဉ့် အမိုက် ဖြစ်စေခြင်းငှါ၎င်း စီရင်ထသော၊
ပင်လယ် ရေ ကိုခေါ် ၍ မြေ ပေါ် မှာသွန်းလောင်း ထသော၊ ထာဝရဘုရား တည်းဟူသောဘွဲ့ နာမရှိထသော၊ ၉ ခွန်အား
ကြီးသောသူတို့ကိုဂင်း၊ ရဲတိုက် တို့ကို ၎င်းဖျက်ဆီး တော်မူသောဘုရားကို ရှာကြလော့။ ၁၀ မြို့တံခါး ဝတွင် ဆုံးမ
တတ်သောသူကို မုန်း ၍ ဖြောင့်မတ် စွာပြော တတ်သောသူကို ရွံရှာ ကြပြီတကား။ ၁၁ သင် တို့သည် ဆင်းရဲသား
ကိုနှိပ်စက် ၍ ဂျုံစပါး ကို တောင်းခံ တတ်သောကြောင့် ၊ ဆစ် သောကျောက်နှင့် တိုက် ကိုတည် သော်လည်း ထို တိုက်၌
မ နေ ရကြ။ နှစ်သက် ဘွယ်သော စပျစ် ဥယျာဉ်ကိုစိုက် သော်လည်း ၊ စပျစ်ရည် ကို မ သောက် ရကြ။ ၁၂ သင်
တို့အထပ်ထပ် လွန်ကျူးသော ဒုစရိုက် ၊ အလွန် လေးသော အပြစ် တို့ကို ငါသိ ၏။ ဖြောင့်မတ် သောသူကို နှောင့်ရှက်
တတ်ကြ၏။ တံစိုး စား တတ်ကြ၏။ ဆင်းရဲသား ကို တံခါးဝ တွင် မ တရားသဖြင့် စီရင်တတ် ကြ၏။ ၁၃ ထိုသို့
သောကာလ သည် ဆိုးယုတ် သောကာလ ဖြစ်သောကြောင့် ၊ ပညာရှိ သောသူသည် တိတ်ဆိတ် စွာ နေလိမ့်မည်။
၁၄ အသက် ချမ်းသာစေခြင်းငှါ ဒုစရိုက် ကိုရှောင် ၍ သုစရိုက် ကို ရှာ ကြလော့။ ထိုသို့ ပြုလျှင်၊ သင်တို့ဆို တတ်
သည်အတိုင်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား သည် သင် တို့နှင့်အတူ ရှိ တော်မူလိမ့်မည်။ ၁၅
ဒုစရိုက် ကို မုန်း ၍ သုစရိုက် ကို ချစ် ကြလော့။ မြို့တံခါးဝ တွင် တရား ကို တည် စေကြလော့။ ကောင်းကင်ဗိုလ်ခြေ
အရှင်ဘုရား သခင်ထာဝရဘုရား သည် ကျန်ကြွင်း သောယောသပ် အမျိုးကို သနားကောင်းသနား တော်မူလိမ့်မည်။ ၁၆
ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ခပ်သိမ်း သောလမ်း တို့ ၌ မြည်တမ်း
ခြင်းရှိ၍ သွား လာသောသူတို့က၊ အလိုလေး ၊ အလိုလေး ဟု ဆို ကြလိမ့်မည်။ လယ်လုပ် သောသူသည် ညည်းတွား
စေ ခြင်းငှါ၎င်း ၊ မြည်တမ်း တတ်သောသူသည် ငိုကြွေး မြည်တမ်းစေ ခြင်းငှါ၎င်း ခေါ် ကြလိမ့်မည်။ ၁၇ ခပ်သိမ်း
သောစပျစ် ဥယျာဉ်တို့ ၌ လည်း မြည်တမ်း ခြင်းရှိလိမ့်မည်။ အကြောင်း မူကား၊ ငါသည် သင် တို့အလယ် ၌ ရှောက်သွား
မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၈ ထာဝရဘုရား ၏နေ့ရက် ကို တောင့်တ သောသူတို့သည် အမင်္ဂလာ ရှိကြ၏။
သင်တို့သည် အဘယ် အကျိုးရှိကြလိမ့်မည်နည်း။ ထာဝရဘုရား ၏ နေ့ရက် သည် သင် တို့ ၌ လင်း သည်မ ဟုတ်၊
အမိုက် ဖြစ်လိမ့်မည်။ ၁၉ လူ သည် ခြင်္သေ့ ရှိ ရာမှပြေး ၍ ဝံ ကိုတွေ့ သကဲ့သို့ ၎င်း ၊ အိမ် ထဲသို့ ဝင် ၍ ထရံ ကို မှီ စဉ်
မွေ့ ကိုက် သကဲ့သို့ ၎င်း ဖြစ်လိမ့်မည်။ ၂၀ ထာဝရဘုရား ၏ နေ့ရက် သည်မ လင်း ဘဲ မိုက် လိမ့်မည်။ ထွန်းလင်း ခြင်း
အလျှင်း မရှိ၊ အမိုက် သက်သက် ဖြစ်လိမ့်မည်။ ၂၁ သင် တို့စောင့်သောပွဲ နေ့တို့ကို ငါမုန်း ၏။ စက်ဆုပ် ရွံရှာ၏။ ခြိုးခြံ
စွာကျင့်သော နေ့ရက်တို့ ၌ ငါမ မွေ့လျော် ။ ၂၂ မီး ရှို့ရာယဇ်နှင့် ဘောဇဉ် ပူဇော်သက္ကာတို့ကို ဆက်ကပ် သော်လည်း ငါ

လက်မ ခံ။ ဆူဝ သော တိရစ္ဆာန် တို့ကို မိသဟာယ ယဇ်ပူဇော်သော်လည်း ငါသည် ပမာဏ မ ပြု။ ၂၃ သင် တို့သီချင်း ဆိုသံ ကို ပယ်ရှား ကြလော့။ တယော ထိုးသံ ကို ငါ နားငြီးလှ၏။ ၂၄ တရား သဖြင့် စီရင်ခြင်းကို ရေ ကဲ့သို့ ၎င်း ၊ ဖြောင့်မတ် ခြင်းကို မ ပြတ်စီးသော မြစ် ရေကဲ့သို့ ၎င်း စီး စေ ကြလော့။ ၂၅ အိုဣသရေလ အမျိုး ၊ သင်တို့သည် ယဇ် နှင့် ပူဇော် သက္ကာများကို တော ၌ အနှစ် လေးဆယ် ပတ်လုံးငါ့ အား ပူဇော် ကြသလော။ ၂၆ သင်တို့ဘုရား မောလုပ်၏တဲနှင့် သင်တို့ဘုရား ဓိအုန်၏ကြယ်တည်းဟူသောကိုယ်အဘို့ လုပ်သော ပုံတို့ ကို ဆောင်ရွက်ကြပြီတကား။ ၂၇ ထိုကြောင့် ၊ သင် တို့ကို ဒမာသက် မြို့တဘက် သို့ သိမ်း သွားစေ ခြင်းငှါ ငါစီရင်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရား သခင်ဟူ၍ဘွဲ့ နာမရှိသော ထာဝရဘုရား မိန့် တော်မူ၏။

၆ ဇိအုန် မြို့၌ ငြိမ်ဝပ် စွာနေသောသူ၊ ရှမာရိ တောင် ပေါ် မှာ စိုးရိမ် ခြင်းနှင့် ကင်းလွတ်လျက်နေသောသူ၊ လူမျိုး တို့တွင် အထွဋ်ခဲ့ အမြတ်ဟူ၍ခေါ် ဝေါ် သောသူ၊ ဣသရေလ အမျိုး ဆည်းကပ် သောသူတို့သည် အမင်္ဂလာ ရှိ ကြ၏။ ၂ ကာလနေ မြို့သို့သွား ၍ ကြည့်ရှု ကြလော့။ ထို မြို့မှ ဟာမတ် ကြီးမြို့သို့၎င်း ၊ ဖိလိတ္တိ လူတို့နေသောဂါသ မြို့ သို့၎င်း သွား ကြလော့။ ထိုနိုင်ငံ တို့သည် ဤ နိုင်ငံတို့ထက် သာ၍ကောင်း သလော ။ သူ တို့နယ် အပိုင်းအခြားသည် သင် တို့နယ် အပိုင်းအခြားထက် သာ၍ကျယ် သလော။ ၃ ဆိုးယုတ် သော နေ့ရက် ကို ရွှေ့ ၍ ၊ မ တရားသဖြင့် စီရင်ရာပလ္လင် ကို အနီး မှာတည်စေခြင်း၊ ၄ ဆင်စွယ် ခုတင် ပေါ် မှာ အိပ် ၍ မွေ့ရာ ပေါ် မှာလျောင်း ခြင်း၊ သိုးစု ထဲက သိုးသငယ် တို့ကိုဎ၎င်း ၊ နွားတင်းကုပ် ထဲက နွားသငယ် တို့ကိုဎ၎င်း ယူ၍စား ခြင်း၊ ၅ တယော ထိုး သံနှင့်ပြိုင်လျက် သီချင်း ဆိုခြင်း၊ တီးမှုတ် ရာတုရိယာမျိုးအသစ်ကို ဒါဝိဒ် မင်းရှာ၍ လုပ်သကဲ့သို့ လုပ်ခြင်း၊ ၆ စပျစ်ရည် ကို ဖလား နှင့် သောက် ၍ ၊ အဘိုးထိုက် သော နံ့သာဆီ နှင့် လိမ်း ခြင်းတို့ကိုပြု၍၊ ယောသပ် အမျိုး ဆင်းရဲ ခံရသည်ကို စိတ် မ ကြင်နာဘဲနေသော၊ ၇ ထို သူတို့သည် အဦးဆုံး သိမ်းသွား ခြင်းကို ခံရသောသူတို့နှင့်အတူ ပါ သွားကြလိမ့်မည်။ လျောင်း ၍ နေသောသူတို့၏ ပွဲ သည်လည်း ကွယ်ပျောက် ရလိမ့်မည်။ ၈ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ အရှင် ထာဝရဘုရား သည် ကိုယ် ကိုတိုင်တည်၍ ကျိန်ဆို တော်မူသည်အတိုင်း၊ ယာကုပ် ၏မာန ကို ငါ ရွံရှာ ၍ သူ ၏ဘုံ ဗိမာန်တို့ကိုမုန်း သောကြောင့် ၊ မြို့ တော်နှင့် မြို့၌ရှိသမျှ ကို ငါစွန့်ပစ် မည်။ ၉ အိမ် တ ဆောင်တွင် လူ တကျိပ် ကျန်ကြွင်း သော်လည်း သေ ကြလိမ့်မည်။ ၁၀ ပေါက်ဘော် တော်၍ မီး ဖြင့် သင်္ဂြိဟ်ရသော သူသည် အိမ် ထဲက အသေ ကောင်ကိုထုတ် ၍ ချီ သွား သောအခါ၊ အိမ် အတွင်း တွင် ရှိသောသူ ကို ခေါ် ၍ ၊ သင် ၌ တစုံတယောက် ကျန်ကြွင်းသေးသလော ဟုမေးသော်၊ မကျန်ကြွင်းဟု ပြန်ပြောလိမ့်မည်။ ထမ်းသွားသောသူကလည်း၊ တိတ်ဆိတ် စွာနေလော့။ ထာဝရဘုရား ၏ နာမ တော်ကို ချီးမွမ်း ရသောအခွင့်မ ရှိဟု ပြောဆို လိမ့်မည်။ ၁၁ အကြောင်း မူကား၊ ထာဝရဘုရား အမိန့် တော် ရှိသဖြင့် ၊ အိမ် ကြီး ကိုဖြို ၍ အိမ် ငယ် ကိုလည်း ကွဲ စေတော်မူလိမ့်မည်။ ၁၂ မြင်း သည် ကျောက် ပေါ် မှာ ပြေး တတ်သလော ။ လူသည် ကျောက်ပေါ်မှာ နွား နှင့် ထွန် တတ်သလော။ သင်တို့သည် တရား သဖြင့် စီရင်ခြင်းကို ခါး စွာသော သစ်ရွက် ဖြစ်စေ ခြင်းငှါ၎င်း ၊ ဖြောင့်မတ် ခြင်းကို ဒေါန ရွက် ဖြစ်စေ ခြင်းငှါ၎င်း ပြု

ကြသည်တကား။ ၁၃ အချည်းနှီးသောအရာ၌ ဝါကြွားဝမ်းမြောက် ၍၊ ငါတို့သည် ကိုယ် အစွမ်း သတ္တိအားဖြင့် အာဏာ ကို သိမ်းယူ ပြီမ ဟုတ်လော ဟု ဆို တတ်ကြသည်တကား။ ၁၄ အကယ် စင်စစ်၊ အိုက္ကသရေလ အမျိုး ၊ သင် တို့တဘက် ၌ လူတမျိုးကို ငါ ထ စေ၍၊ ထို လူမျိုး သည် ဟာမတ် မြို့လမ်းဝ မှစ၍ တော ၌ရှိသောမြစ် တိုင်အောင် သင် တို့ကို ညှဉ်းဆဲ လိမ့်မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရား သခင်ထာဝရဘုရား မိန့် တော်မူ၏။

၇ တဖန် အရှင် ထာဝရဘုရား သည် ငါ့ အား ပြ တော်မူသောရူပါရုံဟူမူကား၊ ရှင်ဘုရင် ဆိုင်သော မြက်ပင် ကိုရိတ် ပြီးမှ ၊ နောက် မြက်ပင် ပေါက် စ ကာလ၌ ကျိုင်းကောင် တို့ကို ဖန်ဆင်း တော်မူ၏။ ၂ ထိုကျိုင်းကောင်တို့သည် တပြည်လုံး ၌ရှိ သောမြက်ပင် ကိုစား ၍ ကုန် ပြီးမှငါက၊ အိုအရှင် ထာဝရဘုရား ၊ အပြစ် မှ လွတ်တော်မူပါ။ ယာကုပ် သည် ငယ် သောကြောင့် ၊ အဘယ်သို့ ထ ရပါလိမ့်မည်နည်းဟု လျှောက် သော် ၊ ၃ ထာဝရဘုရား သည် နောင်တရ ၍၊ ဤသို့ မ ဖြစ် ရဟု မိန့် တော်မူ၏။ ၄ တဖန် အရှင် ထာဝရဘုရား သည် ငါ့ အားပြ တော်မူသောရူပါရုံဟူမူကား ၊ မီး ဖြင့် ဒဏ်ပေး ခြင်းငှါ မီးကို ခေါ် တော်မူ၍၊ မဟာ သမုဒ္ဒရာ ကို မီးလောင် လေ၏။ ကုန်း ကိုလည်း လောင် လေ၏။ ၅ ငါကလည်း၊ အိုအရှင် ထာဝရဘုရား ၊ ဆိုင်း တော်မူပါ။ ယာကုပ် သည် ငယ် သောကြောင့် အဘယ်သို့ ထ ရ ပါလိမ့်မည်နည်းဟု လျှောက် သော် ၊ ၆ အရှင် ထာဝရဘုရား သည် နောင်တရ ၍၊ ဤသို့ မ ဖြစ် ရဟု မိန့် တော်မူ၏။ ၇ တဖန် ပြ တော်မူသောရူပါရုံဟူမူကား၊ ချိန်ကြိုး ချ၍ လုပ်သော ကျောက်ရိုး ပေါ်မှာ ထာဝရ ဘုရားသည် ရပ် လျက်၊ လက် တော်၌ ချိန်ကြိုး ကို ကိုင်လျက်၊ ၈ အာမုတ် ၊ သင် သည် အဘယ် အရာကို မြင် သနည်းဟုမေး တော်မူလျှင် ၊ ချိန်ကြိုး ကို မြင် ပါသည်ဟု လျှောက် သော် ၊ ဘုရား ရှင်က၊ ငါ ၏လူ ဣသရေလ အမျိုး အလယ် ၌ ချိန်ကြိုး ကို ငါ ချ မည်။ နောက် တဖန် သူ တို့ကို သည်း မ ခံ။ ၉ ဣဇာက် ၏မြင့်ရာ အရပ်တို့သည် လူဆိတ်ညံလျက် ၊ ဣသရေလ ၏ သန့်ရှင်း ရာအရပ်တို့သည် သုတ်သင် ပယ်ရှင်းလျက်ရှိကြလိမ့်မည်။ ယေရောဗောင် မင်းမျိုး ကိုလည်း ထား နှင့် ငါတိုက် မည်ဟု မိန့်တော်မူ၏။ ၁၀ ထိုအခါ ဗေသလ ယဇ်ပုရောဟိတ် အာမဇိ သည် ဣသရေလ ရှင်ဘုရင် ယေရောဗောင် ထံသို့ စေလွှတ် ၍၊ အာမုတ် သည် ဣသရေလ အမျိုး အလယ် တွင် ကိုယ်တော် တဘက် ၌ မကောင်း သောအကြံကို ကြံစည်ပါပြီ။ သူ ၏ စကား အလုံးစုံ တို့ကို ပြည် တော်သည် မ ခံ နိုင် ပါ။ ၁၁ ယေရောဗောင် သည် ထား ဖြင့် သေ ရလိမ့်မည်။ ဣသရေလ အမျိုးသားတို့သည် နေရင်းပြည် မှ ဆက်ဆက်နှင် သွားခြင်းကိုခံရကြလိမ့်မည်ဟု၊ အာမုတ် ဆို တတ်ပါသည်ဟု လျှောက်လေ၏။ ၁၂ အာမုတ် ကို လည်း ခေါ် ၍၊ အိုပရောဖက် ၊ ယုဒ ပြည် သို့ ပြေး သွားလော့။ ထို ပြည်မှာ ပရောဖက် ပြု၍ အသက် မွေးလော့။ ၁၃ နောက် တဖန်ဗေသလ မြို့တဘက် ၌ ပရောဖက် မ ပြု နှင့်။ ရှင်ဘုရင် ၏ သန့်ရှင်း ရာဌာနတော် ဖြစ်၏။ နန်းတော် တည်ရာမြို့ လည်း ဖြစ်၏ဟု ဆိုလျှင်၊ ၁၄ အာမုတ် က၊ ငါ သည် ပရောဖက် မ ဟုတ်၊ ပရောဖက် ၏သား လည်း မ ဟုတ်ဘဲ၊ နွား ကျောင်းသောသူ၊ သဖန်း သီးကို ဆွတ် သောသူဖြစ်စဉ်အခါ၊ ၁၅ ထာဝရဘုရား သည် နွား ကျောင်း ရာမှ ငါ့ ကို နှုတ်ယူ ၍၊ သင်သွား လော့။ ငါ ၏လူ ဣသရေလ အမျိုးတွင် ပရောဖက် ပြုလော့ဟု မိန့် တော်မူ၏။ ၁၆ သို့ ဖြစ်၍ ၊ ထာဝရဘုရား ၏အမိန့် တော်ကို နားထောင် လော့။

ကျသရေလ အမျိုးတဘက် ၌ ပရောဖက် မ ပြုနှင့်၊ ကျောက် အမျိုး တဘက် ၌ မ မြွက် နှင့်ဟု သင် ဆို သော်၊ ၁၇ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် ၏ မယား သည် ပြည်တန်ဆာ ဖြစ်လိမ့်မည်။ သင် ၏သား သမီး တို့သည် ထား ဖြင့် သေ ကြလိမ့်မည်။ သူတပါးတို့သည် သင် ၏မြေ ကို ကြိုးတန်း ချ၍ ဝေဖန် ကြလိမ့်မည်။ သင်သည် ညစ်ညူး သော ပြည် ၌ သေ ရလိမ့်မည်။ ကျသရေလ အမျိုးသည် နေရင်းပြည် မှ ဆက်ဆက်နှင် သွားခြင်းကို ခံရကြလိမ့်မည်ဟု၊ အာမဓိအား ဆင့်ဆိုလေ၏။

၈ တဖန် အရှင် ထာဝရဘုရား သည် ငါ့ အား ပြ တော်မူသောရူပါရုံဟူမူကား၊ နွေ ကာလအသီးပါသောတောင်း သည် ထင်ရှား ၏။ ၂ အာမုတ်၊ သင် သည် အဘယ် အရာကို မြင် သနည်းဟုမေး တော်မူလျှင်၊ နွေ ကာလအသီးပါသောတောင်း ကို မြင်ပါသည်ဟု ငါလျှောက် သော်၊ ထာဝရဘုရား က၊ နောက်ဆုံး ကာလသည် ငါ ၏လူ ကျသရေလ အမျိုး၌ ရောက် လေပြီ။ နောက် တဖန် သူ တို့ကို သည်း မ ခံ။ ၃ ထိုကာလ ၌ နန်း စဉ်ကခြေသည် တို့သည် မြည်တမ်း ကြလိမ့်မည်။ အရပ်ရပ် တို့ ၌ များစွာ သော အသေကောင် ရှိ၍၊ လူတို့သည် တိတ်ဆိတ် စွာ ပစ်ချ ကြလိမ့်မည်ဟု အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၄ ငါတို့သည် စပါး ကို ရောင်း အံ့သောငှါလဆန်း နေ့လွန် ပါစေ၊ ဂျုံ ကို ရောင်း အံ့သောငှါ ဥပုသ် နေ့လွန်ပါစေဟု ဆို လျက်၊ ၅ ဧဖာ လေးကို ငယ် စေခြင်းငှါ၎င်း၊ ကျပ်လေး ကိုကြီး စေခြင်းငှာ၎င်း လုပ်၍၊ စဉ်းလဲ သော ချိန်ခွင် ကို သုံးလျက်ဆင်းရဲ သောသူကို ငွေ နှင့် ၎င်း၊ ငတ်မွတ် သောသူကို ခြေနင်း တရံနှင့် ၎င်း ဝယ် ၍၊ ၆ ည့် သော ဂျုံ ဆန်ကို ရောင်း လျက်၊ ငတ်မွတ် သောသူတို့ ကို နှိပ်နင်း ၍ ဆင်းရဲ သော ပြည်သား တို့ကို ဖြတ် ခြင်းငှါ အလွန်အလိုကြီးသောသူတို့၊ ဤ စကားကို နားထောင် ကြလော့။ ၇ ထာဝရဘုရား သည် ယာကုပ် ၏ဘုန်း ကို တိုင်တည်၍ ကျိန်ဆို တော်မူသည်ကား၊ အကယ်စင်စစ်သူ တို့ ကျင့်ကြံ ပြုမူသမျှ တို့ကို ငါသည် အစဉ် မပြတ်မ မေ့လျော့ ။ ၈ ထို အပြစ်ကြောင့် မြေ တုန်လှုပ် လိမ့်မည်မ ဟုတ်လော ။ မြေသား အပေါင်း တို့သည် ညည်းတွား ကြလိမ့်မည် မဟုတ်လော။ မြစ် ကဲ့သို့ တပြည်လုံး ထ ပြီးလျှင်၊ တဖန် အဲဂုတ္တု မြစ် ၌ မြှုပ်သကဲ့သို့ ပါသွား၍ မြှုပ် လိမ့်မည်မဟုတ် လော။ ၉ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုကာလ အခါ မွန်းတည့် အချိန်၌ ငါသည် နေ ကိုဝင် စေမည်။ ကြည်လင် သောနေ့ ၌ မြေကြီး ကို မိုက် စေမည်။ ၁၀ သင် တို့ပွဲ ခံခြင်းကို ညည်းတွား ခြင်းဖြစ်စေ မည်။ သီချင်း ဆိုခြင်းရှိသမျှ ကို ငိုကြွေး ခြင်းဖြစ်စေမည်။ လူအပေါင်းတို့သည် လျှော်တေ အဝတ်နှင့် ခါး ကိုစည်းစေခြင်းငှါ၎င်း ၊ ဆံပင် ကိုရိတ် စေခြင်းငှါ၎င်း ငါစီရင် မည်။ တယောက် တည်းသောသား သေသည်အတွက် မြည်တမ်း ခြင်းကဲ့သို့ ၎င်း ၊ အဆုံး ၌ ခါး စွာသောနေ့ ကဲ့သို့ ၎င်း ငါဖြစ်စေ မည်။ ၁၁ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ မွတ်သိပ် ခြင်းဘေးကို တပြည်လုံး ၌ ငါဖြစ် စေသောကာလ ရောက် လိမ့်မည်။ အစာ ခေါင်းပါး၍ မွတ်သိပ် ခြင်းဘေးမ ဟုတ်၊ ရေ ငတ် ခြင်းဘေးလည်း မ ဟုတ်၊ ထာဝရဘုရား ၏ အမိန့် တော်ကို မ ကြား ရသောမွတ်သိပ်ခြင်းဘေးဖြစ်လိမ့်မည်။ ၁၂ လူတို့သည် ထာဝရဘုရား ၏ အမိန့် တော်ကို ရှာ လျက်၊ ပင်လယ် တပါးမှ သည် ပင်လယ် တပါးတိုင်အောင် လှည့်လည် ၍ ၊ တောင် မြောက် ပြေး သွားသော်လည်း မ တွေ့ ရကြ။ ၁၃ ထိုကာလ ၌ အဆင်း လှသော သတို့သမီး ကညာများနှင့်

လုလင် များတို့သည် ရေငတ် ၍ မော ကြလိမ့်မည်။ ၁၄ ရှမာရိ အပြစ် ကို တိုင်တည်၍ ကျိန်ဆို သောသူ၊ အိုဒန် ၊ သင်
၏ဘုရား အသက် ရှင်တော်မူသည်အတိုင်း ဟူ၍ငင်း ၊ ဗေရရှေဘ ဘာသာ အသက် တည်သည်အတိုင်းဟူ၍ငင်း ဆို
သောသူတို့သည်၊ နောက် တဖန် မ ထ နိုင် အောင်လဲ ၍ နေရကြလိမ့်မည်ဟု မိန့်တော်မူ၏။

၉ တဖန် ငါကြည့်ရှု ၍ ဘုရား ရှင်သည် ယဖ ပလ္လင်ပေါ် မှာ ရပ် လျက် မိန့် တော်မူသည်ကား၊ ရှိသမျှ သောသူ တို့ ၏
ခေါင်း ပေါ် သို့ တံခါး တိုင်လှုပ် ၍ ပြို ကျစေခြင်းငှါ တံခါး ထုပ်ကို ရိုက် လော့။ သူတို့သားမြေးများကိုလည်း ထား နှင့်
ငါကွပ်မျက် မည်။ ပြေး သောသူသည် မ လွတ် ရ။ လွတ် သောသူသည်လည်း ချမ်းသာ ကို မ တွေ့ရ။ ၂ မရဏာ
နိုင်ငံတိုင်အောင် တွင်း တူးသော်လည်း ငါ နှုတ်ယူ မည်။ မိုဃ်း ကောင်းကင်သို့ တက် သော်လည်း ငါချ မည်။ **(Sheol h7585)**
၃ ကရမေလ တောင်ထိပ် ၌ ပုန်းရှောင် သော်လည်း ၊ ငါရှာ ၍ထုတ်မည်။ ငါနှင့်လွတ်အံ့သောငှါသမုဒ္ဒရာ အောက် ၌
ပုန်းရှောင် သော်လည်း ၊ ငါသည် နဂါး ကို မှာ လိုက်၍ ကိုက် စေမည်။ ၄ ရန်သူ တို့သည် သိမ်းသွား သော်လည်း ၊ အခြား
သောအရပ်၌ ငါသည် ထား ကို မှာ လိုက်၍ သတ် စေမည်။ ကျွးဧူး မ ပြု၊ အပြစ် ပြုခြင်းငှါ သာ ငါ ကြည့်ရှု မည်။ ၅
ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရား သခင်ထာဝရဘုရား သည် မြေ ကို ထိ တော်မူလျှင် ၊ မြေသည် အရည် ဖြစ်၍
မြေသား အပေါင်း တို့သည် ညည်းတွား ကြလိမ့်မည်။ မြစ် ကဲ့သို့ တပြည်လုံး ထ ပြီးလျှင် ၊ တဖန် အဲဂုတ္တု မြစ် ၌
မြုပ်သကဲ့သို့ မြုပ် လိမ့်မည်။ ၆ အထက်အခန်းတော်တို့ကို ကောင်းကင် ၌ ဆောက် ၍ ၊ အောက်တိုက်တော်ကို မြေကြီး
ပေါ် မှာ တည် တော်မူ၏။ သမုဒ္ဒရာ ရေ ကိုခေါ် ၍ မြေကြီး ပြင် ၌ သွန်းလောင်း တော်မူ၏။ ကောင်းကင်ဗိုလ်ခြေ အရှင်
ဘုရားသခင် ထာဝရဘုရား တည်းဟူသော ဘွဲ့နာမ ရှိတော်မူ ၏။ ၇ အို ဣသရေလ အမျိုးသား တို့၊ သင် တို့သည် ငါ ၌
ကုရှ အမျိုးသား ကဲ့သို့ ဖြစ်ကြသည်မ ဟုတ်လော ။ ဣသရေလ အမျိုးကို အဲဂုတ္တု ပြည် မှ ငါနှုတ်ဆောင် သကဲ့သို့၊
ဖိလိတ္တိ လူတို့ကို ကတ္တောရ ပြည်မှ ၎င်း ၊ ရှုရိ လူတို့ကို ကိရ ပြည်မှ ၎င်း ငါနှုတ်ဆောင်ပြီ မ ဟုတ်လော ဟု ထာဝရဘုရား
မိန့် တော်မူ၏။ ၈ အရှင် ထာဝရဘုရား သည် အပြစ် ရှိသောတိုင်း နိုင်ငံကို ကြည့်ရှု လျက် ၊ ထို တိုင်းနိုင်ငံကို မြေကြီး
ပြင် မှ ငါသုတ်သင် ပယ်ရှင်းမည်။ သို့သော်လည်း ၊ ယာကုပ် အမျိုး ကို ရှင်းရှင်းမ ဖျက်ဆီး ဟု မိန့် တော်မူ၏။ ၉ တဖန်
ငါ အမိန့် တော်ရှိသဖြင့် ဆန်ကို ဆန်ခါနှင့် ချ သကဲ့သို့ ၊ ဣသရေလ အမျိုး ကို ခပ်သိမ်း သော အမျိုး တို့တွင် ဆန်ခါ
နှင့်ငါချ မည်။ ဆန် တစေ့မျှ မြေ သို့မ ကျ ရ။ ၁၀ ဘေးဥပဒ် သည် ငါ တို့ကို မ မှီ နိုင်၊ မဆီးတား နိုင်ဟု ဆို လျက်၊ အပြစ်
များသော ငါ ၏လူ အပေါင်း တို့သည် ထား ဖြင့် သေ ရကြလိမ့်မည်။ ၁၁ ကျန်ကြွင်းရစ် သောဧဒုံ အမျိုးသားမှစ၍ ငါ
၏နာမ ဖြင့် သမုတ် သော တပါးအမျိုးသား အပေါင်း တို့ကိုသိမ်းယူ စေခြင်းငှါ ၊ လဲ လျက်ရှိသောဒါဝိဒ် ၏တဲ ကိုထို
ကာလ ၌ ငါဆောက်တည် ပြန်မည်။ အက်ကွဲရာ များကိုစေ့စပ် မည်။ ၁၂ ပြိုပျက်ရာ များကိုလည်း ပြုပြင် ပြီးလျှင် ၊
ထိုတဲ ကိုရှေး ကာလ ၌ရှိသကဲ့သို့ မတ်စေ ပြန်မည်ဟု၊ ဤ အမှုအရာကိုစီရင် တော်မူသောထာဝရဘုရား ၏ဗျာဒိတ်
တော်ရှိ၏။ ၁၃ ထာဝရဘုရား မိန့် တော်မူသည်ကား၊ လယ်ထွန် သောသူသည် စပါးရိတ် သောသူကိုငင်း ၊ စပျစ်သီး နယ်
သောသူသည် မျိုးစေ့ ကြဲ သောသူကိုငင်း မှီ လျက်၊ တောင် တို့မှ ချိုသောစပျစ်ရည် ယို ၍ ၊ ကုန်း ရှိသမျှ တို့လည်း

အရည် ဖြစ်ရသောကာလရောက်လိမ့်မည်။ ၁၄ သိမ်းသွား ခြင်းကို ခံရသောငါ ၏လူ ကြသရေလ အမျိုးသားတို့ကို တဖန် ငါဆောင် ခဲ့သဖြင့် ၊ သူတို့သည် ပျက်စီး သောမြို့ များကို ပြုပြင် ၍ နေကြလိမ့်မည်။ စပျစ် ဥယျာဉ်များကို စိုက် ၍ စပျစ်ရည်ကို သောက် ကြလိမ့်မည်။ လယ်ယာ များကို ပြုစု ၍ အသီး တို့ကို စား ကြလိမ့်မည်။ ၁၅ သူ တို့နေရင်းအရပ် ၌ ငါစိုက် ထားမည်။ ငါ ပေး သော ပြည် မှ နောက် တဖန် အဘယ်သူမျှမ နှုတ် ရဟု၊ သင် ၏ဘုရား သခင်ထာဝရဘုရား မိန့် တော်မူ၏။

၁ အရှင် ထာဝရဘုရား သည် ဧဒုံ ပြည်ကို ရည်မှတ် ၍ မိန့် တော်မူသည်ကား၊ ထာဝရဘုရား ကြွေးကြော် တော်မူ သံကို ငါတို့သည် ကြား ကြ၏။ သင်တို့ထ ၍ ဧဒုံ ပြည်ကို တိုက် ခြင်းငှါ စစ်ချီ ကြလော့ဟု၊ တပါးအမျိုးသား တို့ထံ သို့ သံတမန် ကို စေလွှတ် တော်မူပြီ။ **၂** သင့် ကို တပါးအမျိုးသား တို့တွင် ယုတ်မာ စေခြင်းငှါ ငါစီရင် သဖြင့်၊ သင် ၏အသရေသည် အလွန် ရွှတ်ချ ခြင်း ရှိလိမ့်မည်။ **၃** ကျောက် ကြား တို့ ၌ နေ ၍ မြင့် သောအရပ်ကို ခိုလှုံ လျက်၊ ငါ့ ကို မြေ သို့ အဘယ်သူ နှိမ့်ချ နိုင်သနည်းဟု အောက်မေ့ သော သူဖြစ် သောကြောင့်၊ သင် ၏မာန သည် သင့် ကို လှည့်စား ပြီ။ **၄** သင်သည် ရွှေလင်းတ ကဲ့သို့ ကိုယ်ကို ချီးမွှောက် ၍ ၊ ကြယ် တို့တွင် အသိုက် ကို လုပ် သော်လည်း ၊ ထို အရပ်မှ သင့် ကို ငါနှိမ့်ချ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ **၅** ညဉ့် အခါ သူခိုး ထားပြ တို့သည် သင် ရှိရာသို့ လာ လျှင် ၊ စိတ်ပြေလောက်အောင်သာ ခိုး ယူကြလိမ့်မည်မ ဟုတ်လော။ စပျစ်သီး ကို ဆွတ်သောသူတို့သည် လာ လျှင် ၊ သူတပါး လိုက်၍ ဆွတ် စရာဘို့ ကြွင်း စေကြလိမ့်မည်မ ဟုတ်လော။ **၆** သင်သည် အလွန်ပျက်စီး ပြီတကား။ ဧသော သည် အလွန် အစစ်ခံရပြီတကား။ သူ ဝှက် ထားသော ဥစ္စာ ကို အလွန်ရှာဖွေ ကြသည်တကား။ **၇** သင် နှင့်မိသဟာယ ဖွဲ့သော သူ အပေါင်း တို့ သည် ပြည် စွန်းသို့ နှင် ကြပြီ။ အဆွေ လုပ်သောသူ တို့ သည် သင့် ကို လှည့်စား ၍ နိုင် ကြပြီ။ သင် နှင့်အတူစားသောက် သော သူတို့သည် သင့် အောက် ၌ ကျော့ကွင်း ကို ထောင် ထားကြပြီ။ သင် ၏ ဉာဏ် ပညာ ကုန် ပြီ။ **၈** ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ ၌ ဧဒုံ ပြည်မှ ပညာရှိ တို့ကိုငှင်း ၊ ဧသော ၏တောင် မှ ဉာဏ် ကောင်းသော သူတို့ ကိုငှင်းငါပယ်ရှား မည်။ **၉** အိုတေမန် မြို့၊ ဧသော ၏တောင် မှ ခပ်သိမ်း သောသူတို့ ကို ပယ်ဖြတ် မည်အကြောင်း ၊ သင် ၏ သူရဲ တို့သည် ကြောက် ကြလိမ့်မည်။ **၁၀** သင် သည် ညီ ယာကုပ် ကို အသေသတ်ခြင်း၊ အနိုင် အထက် ပြုခြင်းအပြစ်ကြောင့် ကိုယ်တိုင် အရှက်ကွဲ ၍ ၊ အကုန်အစင် ပယ်ဖြတ် ခြင်းကိုခံရလိမ့်မည်။ **၁၁** သင် သည် တဘက် ၌ နေ သောနေ့ ၊ တကျွန်း တနိုင်ငံသား တို့သည် သူ ၏အမှုထမ်း များကို သိမ်း သွားသောနေ့ ၊ တပါး အမျိုးသားတို့သည် သူ ၏မြို့တံခါး ထဲသို့ ဝင် ၍ ယေရုရှလင် မြို့ကို စာရေးတံ ချ သောနေ့၌ သင် သည် လက်ခံသောသူဖြစ်၏။ **၁၂** သင် ၏ညီ သည် တပါး အမျိုးသားဖြစ်သောနေ့ ၌ သူ၏အမှုကို သင်မ ကြည့် သင့်။ ယုဒ အမျိုးသား တို့သည် ပျက်စီး သောနေ့ ၌ မ ဝါကြွား သင့်။ ဒုက္ခ ခံရသောနေ့ ၌ စော်ကား သောစကား ကို မ ပြောသင့်။ **၁၃** ငါ ၏လူ တို့သည် ဘေး ဥပဒ်ကို ခံရသောနေ့ ၌ သူတို့ နေရာတံခါး အတွင်းသို့ မ ဝင် သင့်။ ဘေး ဥပဒ်ကို ခံရသော နေ့ ၌ သူ တို့၏ဆင်းရဲ ဒုက္ခကို မ ကြည့် မရှုသင့်။ ဘေး ဥပဒ် ကို ခံရသောနေ့ ၌ သူ တို့ ဥစ္စာ ကို မ လု မယူသင့်။ **၁၄** လွတ် သောသူတို့ကို ဆီးတား ခြင်းငှါ ဖြတ်လမ်း ၌ မ ရပ် မနေ သင့်။ အမှု ရောက်သောနေ့ ၌ ကျန် ကြွင်းသောသူတို့ ကို မ အပ် သင့်။ **၁၅** အကြောင်း မူကား၊ ထာဝရဘုရား ၏နေ့ ရက်သည် ခပ်သိမ်း သောလူမျိုး တို့နှင့် နီး ပြီ။ သင်ပြု သည်အတိုင်း သင် ၌ သူတပါး ပြု လိမ့်မည်။ သင် ပြုသောအမှု သည် သင့် ခေါင်း ပေါ် သို့ ရောက် ရလိမ့်မည်။ **၁၆** ယုဒအမျိုးသားတို့သည် သန့်ရှင်း သော ငါ့ တောင် ပေါ် မှာ စားသောက် သကဲ့သို့ ၊ ပတ်လည်၌နေသောလူမျိုး အပေါင်း

တို့သည် စားသောက် ရကြလိမ့်မည်။ စားသောက် ၍ မျိ သဖြင့် မ ရှိ ဘူးသောသူကဲ့သို့ ဖြစ် ရကြလိမ့်မည်။ ၁၇ ဇအုန် တောင် ပေါ် မှာ ဘေးလွတ် သောသူအချို့ရှိ ကြလိမ့်မည်။ သန့်ရှင်း သောအရပ်ဖြစ် လိမ့်မည်။ ယာကုပ် အမျိုး သည် မိမိ ပိုင် ထိုက်သောမြေကို ပိုင် ရလိမ့်မည်။ ၁၈ ယာကုပ် အမျိုး သည် မီး ၊ ယောသပ် အမျိုး သည် မီးလျံ ၊ ဧသော အမျိုး သည် အမှိုက် ဖြစ် လျက် မီးညှိ ၍ လောင် သဖြင့် ၊ ဧသော အမျိုးသား မ ကျန် ကြွင်းရ။ ထာဝရဘုရား မိန့် တော်မူပြီ။ ၁၉ တောင် မျက်နှာသားတို့သည် ဧသော ၏တောင် ကိုငင်း ၊ မြေညီ သောအရပ်သားတို့သည် ဖိလိတ္တိ ပြည်ကိုငင်း ၊ ဧဖရိမ် လယ်ပြင် နှင့် ရှမာရိ လယ်ပြင် ကိုငင်း ၊ ဗင်္ာမိန် အမျိုးသည် ဂိလဒ် ပြည်ကိုငင်း သိမ်းယူ ကြ လိမ့်မည်။ ၂၀ သိမ်း သွားခြင်းကို ခံရ၍၊ ခါနန် လူတို့တွင်ရှိသော ဣသရေလ အမျိုး အလုံးအရင်း သည် ဇရတ္တ မြို့တိုင်အောင် ငင်း ၊ သိမ်း သွားခြင်းကို ခံရ၍ သေဖရဒ် ပြည်၌ ရှိသော ယေရုရှလင် မြို့သားတို့သည် တောင် မျက်နှာမြို့ ရွာတို့ကို ငင်း သိမ်းယူ ကြလိမ့်မည်။ ၂၁ ဧသော ၏တောင် ကို တရား စီရင်ခြင်းငှါ ကယ်တင် သောသူတို့သည် ဇအုန် တောင် ပေါ် သို့ တက် ကြ လိမ့်မည်။ တိုင်း နိုင်ငံသည်လည်း ထာဝရဘုရား ၏ နိုင်ငံတော် ဖြစ် လိမ့်သတည်း။

၁ အမိတ္တဲ ၏သား ယောန သို့ ရောက် လာသောထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား၊ ၂ သင်ထ၍ နိနေဝေ မြို့ကြီး သို့ သွား ပြီးလျှင် ၊ ခြိမ်းချောက် သောစကားနှင့် ကြွေးကြော် လော့။ ထိုမြို့ပြုသောဒုစရိုက် အပြစ်သည် ငါ့ ရှေ့ သို့ တက် လာပြီဟု မိန့် တော်မူ၏။ ၃ သို့သော်လည်း ၊ ယောန သည် ထာဝရဘုရား ထံ တော်မှ တာရှု မြို့သို့ ပြေး မည့် အကြံရှိသည်နှင့် ထ လျက် ယုပ္ပေ မြို့သို့သွား၍ ရောက်သဖြင့် ၊ တာရှု မြို့သို့သွား သော သင်္ဘော် ကို တွေ့ကြုံ၍ သင်္ဘော ခ ကို ပေး ပြီးလျှင် ၊ ထာဝရဘုရား ထံ တော်မှ သင်္ဘောသား တို့နှင့်အတူ တာရှု မြို့သို့ လိုက် ခြင်းငှါ သင်္ဘော် ကို စီး လေ၏။ ၄ ထာဝရဘုရား သည်လည်း ပြင်းစွာ သောလေ ကို ပင်လယ် ပေါ် သို့ စေလွှတ် တော်မူသဖြင့် ၊ ပင်လယ် ၌ ကြီးစွာ သော မိုဃ်းသက်မုန်တိုင်း ဖြစ် ၍ ၊ သင်္ဘော် သည် ပျက် လုသောလက္ခဏာ ရှိ၏။ ၅ ထိုအခါ သင်္ဘောသား တို့သည် ကြောက်ရွံ့၍ အသီးအသီး မိမိ တို့ဘုရား ကို အော်ဟစ် ကြ၏။ သင်္ဘော် ပေါ့ စေခြင်းငှါ ဝန် များကိုလည်း ပင်လယ် ထဲ သို့ ပစ်ချ ကြ ၏။ ယောန မူကား ၊ သင်္ဘော် ဝမ်း ထဲ သို့ ဆင်း ၍ အိပ်ပျော် လျက်နေ၏။ ၆ သင်္ဘော် သူကြီးသည် လာ ၍ ၊ အိုအိပ်ပျော် သောသူ ၊ အဘယ်သို့ နည်း။ ထ လော့။ သင် ၏ဘုရား ကို ဆုတောင်း လော့။ ငါတို့အသက် လွတ်စေခြင်းငှါထိုဘုရား သည် ငါ တို့ ကို အောက်မေ့ ကောင်း အောက်မေ့လိမ့်မည်ဟု ဆို ၏။ ၇ နောက် တဖန် သူတို့က၊ လာ ကြ။ အဘယ်သူ ၏ အပြစ် ကြောင့် ဤ အမှုရောက်သည်ကို ငါတို့သိ ရမည်အကြောင်း စာရေးတံ ချ ကြကုန်အံ့ဟု တိုင်ပင် ၍ ၊ စာရေးတံ ချ လျှင် ယောန ၌ စာရေးတံ ကျ ၏။ ၈ တဖန် သူတို့က၊ အဘယ်အပြစ် ကြောင့် ဤ အမှု ရောက်သည် ကို ပြော ပါလော့။ သင် ဆောင်ရွက်သောအမှု ကား၊ အဘယ် အမှုနည်း။ သင်သည် အဘယ် အရပ်က လာ သနည်း။ အဘယ် ပြည် ၊ အဘယ် အမျိုးသား ဖြစ်သနည်း ဟု မေးမြန်း ကြသော်၊ ၉ ငါ သည် ဟေဗြဲ အမျိုးသားဖြစ်၏။ ရေ မြေ ကို ဖန်ဆင်း တော်မူ သောကောင်းကင် ဘုံ၏အရှင်ဘုရား သခင်ထာဝရဘုရား ကို ကိုးကွယ် သောသူဖြစ်၏ဟု ဆို လျှင် ၊ ၁၀ ထိုသူတို့သည် အလွန် ကြောက်ရွံ့၍ ၊ သင်သည် အဘယ်ကြောင့် ဤ သို့ပြု သနည်းဟုမေး ကြ၏။ ယောန သည် ထာဝရဘုရား ထံ တော်မှ မိမိ ပြေး ကြောင်းကို ဘော်ပြ သောကြောင့် သူတို့သိ ကြ၏။ ၁၁ ထိုအခါ ပင်လယ် ၌ လှိုင်းတံပိုးသည် တိုး ၍ ထ သောကြောင့် သူတို့က၊ ငါ တို့ ၌ လှိုင်းတံပိုးငြိမ်း စေခြင်းငှါ သင့် ကို အဘယ်သို့ ပြု ရပါမည်နည်းဟုမေး ကြသော် ၊ ၁၂ ငါ့ ကိုချီ ၍ ပင်လယ် ထဲ သို့ ချ ပစ်ကြလော့။ သို့ပြုလျှင် ၊ လှိုင်းတံပိုးသည် သင် တို့ ၌ ငြိမ်း လိမ့်မည်။ ဤ ပြင်းစွာ သော မိုဃ်းသက်မုန်တိုင်း သည် ငါ့ ကြောင့် သာ သင် တို့အပေါ် သို့ ရောက်သည်ကို ငါ သိ ၏ဟု ပြန်ပြော သော်လည်း ၊ ၁၃ သင်္ဘောသား တို့သည် ကမ်း သို့ ရောက် အံ့သောငှါ ပင်ပန်းစွာ တက် ခတ်ကြ၏။ သို့ရာတွင် ၊ သူ တို့တဘက် ၌ လှိုင်းတံပိုးတိုး ၍ ထ သောကြောင့် ၊ သူတို့သည် မ တတ်နိုင် သောအခါ ၊ ၁၄ အို ထာဝရဘုရား ၊ အကျွန်ုပ်တို့သည် တောင်းပန် ပါ၏။ ဤ သူ ၏အသက် ကြောင့် အကျွန်ုပ်တို့သည် အကျိုး နည်း မ ဖြစ်ပါစေနှင့်။ အပြစ် မရှိသောသူ၏အသက် သတ် သောအပြစ်ကို အကျွန်ုပ် တို့ ၌ တင် တော်မ မူပါနှင့်။ အို ထာဝရဘုရား ၊ ကိုယ်တော်သည် အလို ရှိတော်မူသည် အတိုင်း ပြု တော်မူ၏ဟု ထာဝရဘုရား အား ကြွေးကြော်

တောင်းပန် ပြီးမှ ၊ ၁၅ ယောန ကိုချီ ၍ ပင်လယ် ထဲ သို့ ချ ပစ်ကြ၏။ ထိုအခါ ပင်လယ် လှိုင်းတံပိုးသည် ငြိမ်း လေ၏။ ၁၆ သင်္ဘောသား တို့သည်လည်း ထာဝရဘုရား ကို အလွန် ကြောက်ရွံ့ သဖြင့် ယဇ် ပူဇော် ၍ သစ္စာ ဂတိထားကြ ၏။ ၁၇ ယောန ကို မျိုု စေခြင်းငှါ ငါး ကြီး ကို ထာဝရဘုရား ခန့် ထားတော်မူသည်နှင့်အညီ ၊ ယောန သည် ငါး ၏ဝမ်း ထဲမှာ သုံး ရက် ပတ်လုံးနေ ရ၏။

၂ ငါး ၏ဝမ်း ထဲမှာနေစဉ်တွင်၊ ယောန သည် မိမိ ဘုရား သခင် ထာဝရဘုရား ကို ဆုတောင်း သောစကားဟူမူကား ၊ ၂ ငါသည် ဒုက္ခ ဆင်းရဲကို ခံရသောကြောင့်၊ ထာဝရဘုရား ကို ဟစ် ခေါ် ၍ ငါ့ စကားကို ကြား တော်မူ၏။ မရဏာ နိုင်ငံ၏ ဝမ်း ထဲက ဟစ် ခေါ် သော စကား သံကို နားထောင် တော်မူ၏။ **(Sheol h7585)** ၃ ကိုယ်တော်သည် အကျွန်ုပ် ကို နက်နဲ သောအရပ်၊ သမုဒ္ဒရာ အလယ် ချက်ထဲ သို့ ချ ပစ်တော်မူသဖြင့် ၊ ပင်လယ် ရေသည် ဝိုင်း ၍ လှိုင်း တံပိုး တော်ရှိသမျှ တို့သည် လွှမ်း မွန်း ကြပါ၏။ ၄ ထိုသို့ မျက်မှောက် တော်မှ နှင်ထုတ် ခြင်းကို ခံရသော်လည်း ၊ သန့်ရှင်း သောဗိမာန် တော်ကို မျက်မှောက် ပြု မြဲ ပြုပါမည်ဟု အောက်မေ့လျက်နေ၏။ ၅ ရေ တို့သည် အကျွန်ုပ်အသက်ကို သေစေခြင်းငှါ ဝိုင်း သဖြင့်၊ အကျွန်ုပ်သည် ပင်လယ် အလယ်၌ အချုပ် ခံရပါ၏။ ပင်လယ်မြက်ပင် သည် အကျွန်ုပ် ခေါင်း ကို ပေါင်းစည်း လျက်ရှိပါ၏။ ၆ တောင် ခြေရင်း အမြစ်သို့ အကျွန်ုပ်ဆင်း ၍၊ မြေ ကန့်လန့်ကျင် အတွင်း၌ အစဉ် အမြဲပိတ်ထားသော်လည်း ၊ အကျွန်ုပ် ၏ဘုရား သခင်ထာဝရဘုရား ၊ ကိုယ်တော်သည် အကျွန်ုပ် အသက် ကို ပျက်စီး ရာမှ ကယ်ဆယ် တော်မူလိမ့်မည်။ ၇ အကျွန်ုပ် သည် စိတ်ပျက် သောအခါ ထာဝရဘုရား ကို အောက်မေ့ ၍ ၊ အကျွန်ုပ် ၏ပဌနာ သည် သန့်ရှင်း သော ဗိမာန် တော်၌ ကိုယ်တော် ထံ သို့ဝင် ပါ၏။ ၈ မုသာ အနတ္တ ကို မှီဝဲ သောသူတို့သည် မိမိ တို့ ကရုဏာ ခံရာအကြောင်းကို စွန့်ပစ် ကြပါ၏။ ၉ အကျွန်ုပ် မူကား ၊ ကျေးဇူး တော်ကို ချီးမွမ်းသော စကား နှင့် ကိုယ်တော် အား ယဇ် ပူဇော်ပါမည်။ သစ္စာ ဂတိ ထားသည်အတိုင်း သစ္စာဝတ် ကို ပြုပါမည်။ ထာဝရဘုရား ၏ ကျေးဇူးတော်ကြောင့် ချမ်းသာ ရပါသည်ဟု ဆုတောင်းလေ၏။ ၁၀ ထိုအခါ ငါး ကြီးသည် ထာဝရဘုရား ၏ အမိန့် တော်ကိုခံ ၍ ယောန ကို ကုန်း ပေါ် သို့ အန် လေ၏။

၃ နောက် တဖန် ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ယောန သို့ ရောက် လာသည်ကား၊ ၂ သင်ထ ၍ နိနေဝေ မြို့ ကြီး သို့ သွား လော့။ ငါ မှာ ထားသည်အတိုင်း ကြွေးကြော် လော့ဟု မိန့် တော်မူ၏။ ၃ ထိုအခါ ထာဝရဘုရား ၏ အမိန့် တော်အတိုင်း ယောန သည် ထ ၍ နိနေဝေ မြို့သို့ သွား ၏။ နိနေဝေ မြို့ သည် အလွန်ကြီး သောမြို့ ၊ သုံး ရက် ခရီး ကျယ်ဝန်းသော မြို့ဖြစ် သတည်း။ ၄ ယောန သည် မြို့ ထဲ သို့ဝင် ၍ တ နေ့ ခရီး သွား လျက် ၊ အရက် လေးဆယ် လွန်သော်၊ နိနေဝေ မြို့သည် ပျက်စီး ခြင်းသို့ရောက်လိမ့်မည်ဟု ကြွေးကြော် လေ၏။ ၅ နိနေဝေ မြို့သား တို့သည် ဘုရား သခင်၏ အမိန့် တော်ကို ယုံ ၍ ၊ လူကြီး လူငယ် အပေါင်းတို့သည် အစာရှောင် ရာအချိန်ကို ကြော်ငြာ ၍ လျှော်တေ အဝတ်ကို ဝတ် ကြ၏။ ၆ နိနေဝေ မင်းကြီး သည် ထိုသိတင်း ကို ကြား သောအခါ နန်းတော် မှ ဆင်း ၍ မင်းမြောက်

တန်ဆာကို ချွတ် ပြီးမှ ၊ လျှော်တေ အဝတ်ကို ဝတ် ၍ ပြာ ထဲ ၌ ထိုင် တော်မူ၏။ ၇ လူ သတ္တဝါ တိရစ္ဆာန် သိုး နွား တို့သည် အလျှင်းမ မြည်စေနှင့်။ အစာကို မ စား ၊ ရေ ကို မ သောက် စေနှင့်။ ၈ လူ သတ္တဝါတိရစ္ဆာန် တို့သည် လျှော်တေ အဝတ် ကို ဝတ် ကြစေ။ ကြိုးစား ၍ ဘုရား သခင်ကို ဆုတောင်း ကြစေ ။ အသီးအသီး တို့သည် မိမိ တို့လိုက်သော အဓမ္မ လမ်း ၊ မိမိတို့ပြုသောအဓမ္မ အမှုကို နှောင် ကြစေ။ ၉ ငါတို့သည် ပျက်စီး ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ၊ ဘုရား သခင်သည် ပြောင်းလဲ ၍ နောင်တရ သဖြင့် ၊ ပြင်းစွာ သောအမျက် တော်ကို ငြိမ်းစေတော်မူမည် မမူ မည်ကို အဘယ်သူ ပြောနိုင်သနည်းဟု မင်းကြီး အာဏာ ၊ မှူးမတ် အာဏာနှင့် နိနေဝေ တမြို့လုံးတွင် သိတင်း ကြားပြော ၍ ကြော်ငြာ စေတော်မူ၏။ ၁၀ မြို့သားတို့သည် မိမိ တို့လိုက်သော အဓမ္မ လမ်း ကို လွှဲရှောင် ၍၊ ကျင့်သောအကျင့် များကို ဘုရား သခင်သည် မြင် လျှင် ၊ အရင်ခြိမ်း သော ဘေးဒဏ် ကို မ ပေး ဘဲနေ တော်မူ၏။

၄ ယောန သည် အလွန် စိတ်ညစ် ၍ အမျက်ထွက် သဖြင့် ၊ အို ထာဝရဘုရား ၊ အကျွန်ုပ်တောင်းပန်ပါ၏။ အကျွန်ုပ် သည် ကိုယ် ပြည် ၌ ရှိ စဉ် ၊ ဤသို့ ပြော ပါပြီ မ ဟုတ် လော။ ထိုကြောင့် ၊ ကိုယ်တော်ထံမှ တာရှု မြို့သို့ ကြိုးစား၍ ပြေး ပါ၏။ ၂ ကိုယ်တော် သည် သနား စုံမက်တတ်သော ဘုရား ဖြစ်၍ စိတ်ရှည် သောသဘော၊ ကျေးဇူး ပြုချင်သော သဘော၊ အပြစ်ဒဏ် ပေးမည့်အမှုကို နောင်တရ တတ်သော သဘောရှိတော်မူကြောင်း ကို အကျွန်ုပ် သိ ပါ၏။ ၃ သို့ ဖြစ်၍ ၊ အိုထာဝရဘုရား ၊ အကျွန်ုပ် အသက် ကို နှုတ်ယူ တော်မူပါ။ အကျွန်ုပ် အသက် ရှင်ခြင်းထက် သေ ခြင်း သည် သာ၍ကောင်း ပါသည်ဟု တောင်း လျှောက်လေ ၏။ ၄ ထာဝရဘုရား ကလည်း ၊ သင် သည် အမျက် ထွက် ကောင်း သလောဟုမေး တော်မူ၏။ ၅ ယောန သည် မြို့ ၌ အဘယ်သို့ ဖြစ် မည်ကို သိမြင် ခြင်းငှါ၊ မြို့ ပြင်သို့ထွက် ၍ မြို့ အရှေ့ မျက်နှာ၌ တဲ မိုးကို လုပ် ပြီးလျှင် ၊ အမိုးအရိပ် တွင် ထိုင် ၍နေ၏။ ၆ အရှင် ထာဝရဘုရား သည်လည်း ကြက်ဆူ ပင်ကို ပြင်ဆင် ပြီးလျှင် ၊ ယောန၏စိတ်ကို ပြေ စေခြင်းငှါ သူ့ ခေါင်း ပေါ်မှာ လွှမ်း၍ မိုးစေတော်မူ၏။ ထိုအပင် ကြောင့် ယောန သည် အလွန် အားရဝမ်းမြောက် ၏။ ၇ နက်ဖြန် မိုဃ်းလင်း သောအခါ ဘုရား သခင်ခန့် ထား တော်မူသောပိုး ကောင်သည် ကြက်ဆူ ပင်ကို ကိုက် ၍ ညှိုးနွမ်း စေ၏။ ၈ နေ ထွက် သောအခါ ဘုရား သခင်သည် အလွန် ပူ သောအရှေ့လေ ကို ပြင်ဆင် တော်မူ၍ ၊ ယောန ၏ ခေါင်း ကို နေ ထိခိုက် သဖြင့် သူသည် မော ၍ သေ ချင်သော စိတ် ရှိ လျက် ၊ ငါ့ အသက်သေ ခြင်းသည် ရှင် ခြင်းထက် သာ၍ကောင်း သည်ဟု မြည်တမ်း လေ၏။ ၉ ဘုရား သခင်ကလည်း ၊ သင်သည် ကြက်ဆူ ပင် အတွက် အမျက် ထွက်ကောင်း သလောဟုမေး တော်မူလျှင် ၊ ယောနက၊ အကျွန်ုပ် သည် အသက်သေ သည် တိုင်အောင် အမျက် ထွက်ကောင်း ပါသည်ဟု လျှောက် ဆို၏။ ၁၀ ထာဝရဘုရား ကလည်း ၊ သင် သည် ပင်ပန်းစွာ မ လုပ် ၊ ကြီးပွား စေခြင်းငှါလည်း မ ပြုစု၊ တညဉ့် ခြင်းတွင် ပေါက် ၍ တညဉ့် ခြင်းတွင် သေ သော ကြက်ဆူ ပင်ကို နှမြော သည်တကား။ ၁၁ ငါ သည် များစွာ သော တိရစ္ဆာန် တို့ကိုမဆို၊ ကိုယ် လက်ျာ လက်နှင့် လက်ဝဲ လက်ကိုမျှ ပိုင်းခြား၍ မ သိ သော သူ တသိန်း နှစ်သောင်းမက ၊ လူ များ သော နိနေဝေ မြို့ ကြီး ကို ငါနှမြော သင့်သည်မ ဟုတ်လောဟု မိန့် တော်မူ ၏။

၁ ယုဒ ရှင်ဘုရင် ယောသံ မင်း၊ အာခတ် မင်း၊ ဟေဇကိ မင်းတို့လက်ထက် ၌ မောရရှ ရွာသားမိက္ခါ သည် ရှမာရိ မြို့နှင့် ယေရုရှလင် မြို့အဘို့ ခံရ သော ထာဝရဘုရား ၏ ဗျာဒိတ် တော်ဟူမူကား ၊ ၂ အိုလူ များအပေါင်း တို့၊ ကြား ကြလော့။ အို ပြည် နှင့် ပြည်သားအပေါင်းတို့၊ နားထောင် ကြလော့။ အရှင် ထာဝရဘုရား တည်းဟူသောသန့်ရှင်း သော ဗိမာန် တော် ထဲက ဘုရား ရှင်သည် သင် တို့တဘက် ၌ သက်သေခံ တော်မူမည်။ ၃ ထာဝရဘုရား သည် ကျိန်းဝပ်တော်မူရာ အရပ် ဌာနတော်ထဲက ထွက် ကြွဆင်းသက် ၍ ၊ မြင့် သော မြေ အရပ်တို့ကို နင်း တော်မူမည်။ ၄ မီး ရှေ့ မှာ ဘယောင်း ကဲ့သို့ ၎င်း ၊ ချောက် ကြီးမှ ဆင်း သော ရေ ကဲ့သို့ ၎င်း ရှေ့တော်၌ တောင် တို့သည် အရည် ဖြစ်၍ ၊ ချိုင့် တို့သည်လည်း အက်ကွဲ ကြလိမ့်မည်။ ၅ ထို အမှုသည် ယာကုပ် လွန်ကျူး ၍ ဣသရေလ အမျိုး ပြစ်မှား သောကြောင့် ရောက်သတည်း။ ယာကုပ် လွန်ကျူး ရာကား အဘယ်သို့ နည်း။ ရှမာရိ မြို့မ ဟုတ် လော။ ယုဒ ၏မြင့် ရာအရပ်ကား အဘယ်မှာ ရှိသနည်း။ ယေရုရှလင် မြို့၌ရှိသည်မ ဟုတ်လော။ ၆ ထိုကြောင့် ၊ ရှမာရိ မြို့ကို လယ်ပြင် ၌ မြေပုံ ကဲ့သို့ ၎င်း ၊ စပျစ် ဥယျာဉ် စိုက် ရာအရပ်ကဲ့သို့ ၎င်း ငါဖြစ် စေမည် ။ မြို့ရိုး ကျောက် တို့ကို ချိုင့် ထဲ သို့ သွန် ပစ်၍ ၊ မြို့ရိုး အမြစ် ကို လှန် ပြမည်။ ၇ ခပ်သိမ်း သော ရုပ်တု ဆင်းတုတို့ကို ချိုးဖဲ့ မည်။ သူငှါးလုပ်၍ ရသမျှ သောအခ တို့ကို မီးရို့ မည်။ မှားသော ဘုရား ရှိသမျှ တို့ကို သုတ်သင် ပယ်ရှင်းမည်။ ပြည်တန်ဆာ လုပ်၍ ဥစ္စာ ကို ဆည်းဖူး သည်ဖြစ်၍၊ ထိုဥစ္စာ သည် ပြည်တန်ဆာ လက်သို့ တဖန်ရောက် ရဦးမည်။ ၈ ထို အမှုကြောင့် ငါသည် ငိုကြွေး မြည်တမ်း မည်။ အဝတ်ကိုချွတ် ၍ အချည်းစည်း လည်သွား မည်။ မြေခွေး ကဲ့သို့ အူ လျက် ၊ ကုလားအုပ် ငှက်ကဲ့သို့ မြည် လျက်နေမည်။ ၉ သူ ခံရသောဒဏ်နာ မ ပျောက်နိုင်။ ယုဒ ပြည်တိုင်အောင် ကူး သဖြင့်၊ ငါ ၏အမျိုးသား နေရာ ယေရုရှလင် မြို့ တံခါး သို့ ရောက် လေပြီ။ ၁၀ ဂါသ မြို့၌ သိတင်းမ ပြော ကြနှင့်။ အလျှင်းမ ငိုကြွေး ကြနှင့်။ ဗေသောဖရာ မြို့မှာ မြေမှုန့် ၌ လူး လဲလျက် နေကြလော့။ ၁၁ အိုရှဖိရ မြို့သမီး ၊ အဝတ်ကို ချွတ် ၍ အရှက်ကွဲ လျက် သွား လော့။ ဇာနန် မြို့သမီး သည် ငိုကြွေး ခြင်းကို ပြုလျက် မ ထွက် ရ။ ဗေသဧလ မြို့သည် သင်တို့တည်းခိုရသော အခွင့်ကို မပေးရ။ ၁၂ မာရုတ် မြို့သမီး သည်လည်း ကောင်း သောအရာ ကို တောင့်တ၍ နာကျင် လျက်ရှိ၏။ အကြောင်း မူကား၊ ထာဝရဘုရား ထံတော်မှ ဘေးဒဏ် သည် ယေရုရှလင် မြို့ တံခါး သို့ ရောက် လေပြီ။ ၁၃ အိုလာခိရှ မြို့သမီး ၊ လျင်မြန်သော မြင်း ကို ရထား ၌ က လော့။ သင် သည် ဣသရေလ ၏ လွန်ကျူး ခြင်း ကို လက်ခံ ၍၊ ဓိအုန် သတို့သမီး အား အပြစ် လမ်းကို ပြသတည်း။ ၁၄ ထိုကြောင့် သင်သည် ဂါသ ပြည် မောရရှက်မြို့ သို့ လက်ဆောင် ကိုပေး လိုက်ရမည်။ အာခဇိပ် မြို့သား တို့ သည် ဣသရေလ ရှင် ဘုရင်တို့ကို လှည့်စား ကြလိမ့်မည်။ ၁၅ အိုမရေရှ မြို့သမီး ၊ သင် ၏ဥစ္စာကို အမွေ ခံသောသူကို ငါခေါ် ခဲ့မည်။ သူသည် ဣသရေလ ဘုန်း ၊ အဒုလံ မြို့သို့ ရောက် လိမ့်မည်။ ၁၆ ချစ် ဘွယ်သောသင် ၏သားသမီး တို့သည် သိမ်း သွားခြင်းကို ခံရသောကြောင့် ၊ သူတို့အတွက် သင်သည် ခေါင်းပြောင်အောင် ဆံပင်ကိုရိတ် ၍နေလော့။ ရွှေလင်းတ ကဲ့သို့ ကျယ်စွာ သော ခေါင်းပြောင် ခြင်းကို ပြုလော့။

J ဒုစရိုက် ကို ပြုခြင်းငှါ အိပ်ရာ ပေါ် မှာ မကောင်း သော အကြံကိုကြံ ၍ ၊ မိုဃ်းလင်း သောအခါ အခွင့်ရသည် အတိုင်း ပြု တတ်သောသူတို့ သည် အ မင်္ဂလာရှိကြ၏။ ၂ သူတပါး၏အိမ် နှင့် လယ်ယာ တို့ကို တပ်မက် ၍ အနိုင်အထက် သိမ်းယူလျက် ၊ လူ နှင့် သူ ၏အိမ် ကိုငင်း၊ လူကြီး နှင့် သူ ၏အမွေ ဥစ္စာကိုငင်း လုယက် ၍ ညှဉ်းဆဲ တတ်ကြ၏။ ၃ သို့ ဖြစ်၍ ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့လည်ပင်း မ လွတ် ၊ ခေါင်း မ ကြွနိုင်သော ဘေးဒဏ် ကို ထိုသို့ သော အိမ်ထောင် တဘက် ၌ ငါ ကြံစည် ၏။ ဆိုး သောကာလ ဖြစ်လိမ့်မည်။ ၄ ထို ကာလ တွင် သင် တို့တဘက် ၌ ပုံ စကားကို သုံး ၍ ၊ အလွန်ပြင်းစွာမြည်တမ်း ရသောစကားဟူမူကား၊ ငါတို့သည် ရှင်းရှင်းပျက်စီး ကြပြီ။ ငါ့ အမျိုးသား ခံစားရသော အဘို့ ကိုလဲ ၍ ငါ့ လက်မှ ရုပ် တော်မူပြီတကား။ ငါ တို့ လယ်ကွက် များကို ရုပ်သိမ်း၍၊ သူတပါး တို့အား ဝေဖန် တော်မူပြီ။ ၅ ထိုကြောင့် ၊ ထာဝရဘုရား ၏ပရိသတ် တော်တွင် ၊ သင် တို့ခံစားရသောအဘို့ ကို ကြိုး တန်းနှင့် တိုင်းထွာ သောသူ မ ရှိ ရ။ ၆ ပရောဖက်ပြုသောသူတို့ ၊ ပရောဖက် မ ပြုကြ နှင့်။ သူတို့သည် ရှက်ကြောက် မည်အကြောင်း ပရောဖက် မ ပြုရကြ။ ၇ ထာဝရဘုရား ၏ ဝိညာဉ် တော်သည် ဆီးတား ခြင်းကို ခံရသလော။ ဤ အမှုတို့ကို ပြု တော်မူ သလောဟု ဣသရေလ အမျိုးသား မေး လျှင်၊ ဖြောင့်မတ် စွာကျင့် သောသူသည် ငါ့ စကား အားဖြင့် အကျိုး ကို ရသည်မ ဟုတ် လော။ ၈ ရှေးကာလ၌ပင် ငါ ၏လူ တို့သည် ရန်ဘက် ပြု၍ ထ ကြ၏။ စစ်တိုက် ရာမှ ပြန် ၍ ဘေးကိုမကြောက် ဘဲ၊ ရှောက်သွား သော သူတို့၏ ပြင်အဝတ်နှင့် အတွင်းအဝတ် ကို လုယူ တတ်ကြ၏။ ၉ ငါ့ လူ တို့၏မယား များကို သူ တို့သာယာ သော နေရာ ထဲက နှင်ထုတ် ၍၊ သူ တို့သား များမှ ငါ ၏ဘုန်း ကို အစဉ် နူတ်ယူ ကြပြီ။ ၁၀ ထ ၍ သွား ကြလော့။ ဤ ပြည်သည် သင်တို့ငြိမ်ဝပ် ရာအရပ်မ ဟုတ်။ ဤအရပ်သည် ညစ်ညူး သောကြောင့် ကြီးစွာသော ပျက်စီးခြင်းနှင့် ပျက်စီး ရလိမ့်မည်။ ၁၁ ကိုယ် အလိုသို့ လိုက် ၍ မုသား စကားကို သုံး သော သူက၊ ငါသည် ပရောဖက်ပြု၍ စပျစ်ရည် တရား နှင့် သေရည် သေရက်တရားကို ဟောပြော မည်ဟုဆိုလျှင် ၊ ထိုသူသည် ဤ လူ တို့၏ပရောဖက် ဖြစ် ရလိမ့်မည်။ ၁၂ အိုယာကုပ် ၊ ငါသည် သင် ၏အမျိုးသား အပေါင်း တို့ကို ၎င်း၊ ကျန် ကြွင်းသော ဣသရေလ အမျိုးသားအပေါင်း တို့ကိုငင်း ဆက်ဆက်စုဝေး စေမည်။ သိုးခြံ ၌ သိုး များကဲ့သို့ ၎င်း ၊ ကျက်စား ရာအရပ်ထဲ မှာ သိုးစု ကဲ့သို့ ၎င်း သူ တို့ကို ငါစု ၍ ထား မည်။ လူများသောကြောင့်အသံ ကြီး လိမ့်မည်။ ၁၃ အနိုင် အထက်ဖွင့်သောသူသည် သူ တို့ရှေ့ မှာ သွား ၏။ သူတို့သည်လည်း အနိုင် အထက်ဖွင့်၍ တံခါးဝ ဖြင့် ရှောက်သွား ကြ၏။ သူ တို့ ရှင် ဘုရင်သည် သူ တို့ရှေ့ မှာ သွား ၍ ထာဝရဘုရား သည် လမ်းပြ တော်မူ၏။

၂ ငါဆို သည်ကား၊ အိုယာကုပ် အမျိုးမင်း ၊ ဣသရေလ အမျိုး သူကြီး တို့၊ နားထောင် ကြပါလော့။ သင် တို့သည် တရား သဖြင့် စီရင်ခြင်းအမှုကို နားလည် အပ်သည် မ ဟုတ်လော။ ၂ သုစရိုက် ကို မုန်း ၍ ဒုစရိုက် ကို နှစ်သက် လျက်၊ သူတပါး အရေ ကိုငင်း ၊ အရိုး ၌ ကပ်သော အသား ကိုငင်းဆွဲ ယူလျက် ၊ ၃ ငါ့ လူ တို့၏အသား ကို စား လျက် ၊ အရေ ကို ခွာ လျက် ၊ အရိုး တို့ကို ချိုး လျက် ၊ ဟင်းအိုး ၌ ချက်သော သားတစ်၊ အိုးကင်း ၌ ပြုတ်သော အမဲသား ကို ပြုသကဲ့သို့ အရိုးအသားကို စဉ်း လျက်နှင့်ပင်၊ ၄ သင်တို့သည် ထာဝရဘုရား ကို အော်ဟစ် ကြ သော်လည်း

နားထောင် တော်မ မူ။ ဒုစရိုက် ကို ပြုကြသည် နှင့်အညီ ၊ ထို ကာလ ၌ မျက်နှာ တော်ကို လွဲ တော်မူလိမ့်မည်။ ၅ ငါ ၏လူ တို့ကို မှားယွင်း စေလျက် ဝ စွာ စားရ သောအခါ၊ ငြိမ်ဝပ် ခြင်းအကြောင်းရှိသည်ဟု ကြွေးကြော် လျက် ၊ မ လုပ်ကျွေး သောသူကိုကား၊ စစ်တိုက် ခြင်းငှါပြင်ဆင် လျက် ၊ ပရောဖက် ပြုသောသူတို့၊ ၆ သင်တို့သည် ရူပါရုံ ကို မ မြင်နိုင်မည်အကြောင်း၊ ညဉ့် အချိန် ရောက်လိမ့်မည်။ အနာဂတ်ကို မ ဟော နိုင် မည်အကြောင်း၊ မှောင်မိုက် ဖြစ်လိမ့်မည်။ ပရောဖက် တို့ ၌ နေ ဝင် လိမ့်မည်။ နေ့ အချိန်၌ ပင် မှောင်မိုက် ဖုံးလွှမ်းလိမ့်မည် ။ ၇ ထိုအခါ ပရောဖက် တို့သည် ရှက်ကြောက် ကြ လိမ့်မည်။ အနာဂတ်ကို ဟော သောသူတို့သည် စိတ်ပျက် ကြလိမ့်မည်။ ဘုရား သခင်ထူး တော်မ မူသောကြောင့် ၊ ထိုသူ အပေါင်း တို့ သည် မိမိတို့နှုတ် ကို ဖုံး ထားကြလိမ့်မည် ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၈ ငါ မူကား ၊ ယာကုပ် အမျိုး လွန်ကျူး ခြင်း၊ ဣသရေလ အမျိုးပြစ်မှား ခြင်းကို သူတို့အား ဟော်ပြ နိုင်မည် အကြောင်း ၊ ထာဝရဘုရား ၏ ဝိညာဉ် တော်အားဖြင့် အရှိန် တန်ခိုး၊ ဉာဏ် သတ္တိ၊ အစွမ်း သတ္တိနှင့် ပြည့်စုံ ၏။ ၉ ဖြောင့်မတ်စွာ စီရင် ခြင်းကို ရွံရှာ ၍ ခပ်သိမ်း သောတရား ကို ဖျက် လျက်၊ ၁၀ လူအသက်ကို သတ် ခြင်းအမှုဖြင့် ဓိအုန် မြို့ကိုဌင်း ၊ အဓမ္မ အမှုဖြင့် ယေရုရှလင် မြို့ကိုဌင်း ပြုစု သော ယာကုပ် အမျိုး မင်း ၊ ဣသရေလ အမျိုး သူကြီး တို့၊ နားထောင် ကြပါလော့။ ၁၁ မင်း တို့သည် လက်ဆောင် ကို ရခြင်းငှါသာ တရားမှုကို စီရင် တတ်ကြ၏။ ယဇ် ပုရောဟိတ်တို့သည် အခ ကို ရခြင်းငှါသာ သင် ပေးတတ်ကြ၏။ ပရောဖက် တို့ သည် ငွေ ကို ရခြင်းငှါသာ အနာဂတ်ကို ဟော တတ်ကြ၏။ သို့သော်လည်း ၊ ထာဝရဘုရား ကို ခိုလှုံ လျက်၊ ထာဝရဘုရား သည် ငါ တို့တွင် ရှိတော်မူသည်မ ဟုတ်လော၊ ဘေး ဥပဒ် မ ရောက် နိုင်ဟု ဆို တတ်ကြသည်တကား။ ၁၂ ထိုကြောင့် ၊ သင် တို့အတွက် ဓိအုန် တောင်သည် လယ် ကဲ့သို့ ထွန် ခြင်းကိုခံရလိမ့်မည်။ ယေရုရှလင် မြို့ သည်လည်း မြေပုံ များဖြစ် လိမ့်မည်။ ဗိမာန် တော်တောင် သည်လည်း ၊ တော တောင် ကဲ့သို့ ဖြစ်လိမ့်မည်။

၄ နောက်ဆုံး သောကာလ ၌ ထာဝရဘုရား ၏ အိမ် တော် တည်သော တောင် သည် တောင် ကြီး တောင်ငယ်တို့၏ ထိပ် ပေါ် မှာ ချီးမြှောက် ၍ တည် လိမ့်မည်။ ခပ်သိမ်းသော လူစု တို့သည် ထိုတောင် သို့ စည်းဝေး ကြ လိမ့်မည်။ ၂ များပြား သော လူမျိုး တို့ကလည်း ၊ လာ ကြလော့။ ထာဝရဘုရား ၏တောင် တော်၊ ယာကုပ် အမျိုး၏ ဘုရား သခင်အိမ် တော်သို့ တက် သွားကြကုန်အံ့။ လမ်း ခရီးတော် တို့ကို ပြသ သွန်သင်တော်မူ၍ ၊ ငါတို့သည် ခြေ တော်ရာသို့ လိုက်သွား ကြမည်ဟု၊ ခရီးသွား လျက် ပြောဆို ကြလိမ့်မည်။ တရား တော်သည် ဓိအုန် တောင်မှ ၎င်း ၊ ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ယေရုရှလင် မြို့မှ ၎င်း ပေါ် ထွက် လိမ့်မည်။ ၃ ထာဝရဘုရားသည် များပြား သော လူ တို့တွင် တရား စီရင်၍ ၊ ဝေး စွာ နေလျက် အားကြီး သော လူမျိုး တို့ကို ဆုံးမ တော်မူ သဖြင့် ၊ သူ တို့ ထား လက်နက်များကို ထွန်သွား ဖြစ် စေခြင်းငှါ ၎င်း ၊ လှံ များကို တံစဉ်း ဖြစ် စေခြင်းငှါဌင်း ထုလုပ် ကြ လိမ့်မည်။ တပြည် ကိုတပြည်စစ်မ တိုက် ၊ စစ် အတတ်ကို လည်း နောက် တဖန် မ သင် ရကြ။ ၄ လူ အပေါင်းတို့သည် ကိုယ် ပိုင်သော စပျစ် ပင်၊ ကိုယ် ပိုင်သော သင်္ဘောသဖန်း ပင်အောက် မှာ ထိုင် ကြ လိမ့်မည်။ ကြောက် စေသော သူတယောက် မျှမရှိရ။

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ နှုတ် တော် ထွက်အမိန့် တော်ရှိ၏။ ၅ လူမျိုး အပေါင်း တို့သည် ကိုယ် ဆိုင်သော ဘုရား ၏နာမ ကို ခိုလှုံလျက် ကျွင့် နေတတ်ကြ၏။ ငါ တို့မူကား ၊ ကိုယ် ဆိုင်သော ဘုရား သခင်ထာဝရဘုရား ၏ နာမ တော်ကို ကာလ အစဉ် အမြဲ ခိုလှုံလျက် ကျွင့် နေကြမည်။ ၆ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ ၌ ခြေ ဆွံ့ သောသူကို ငါခေါ် မည်။ နှင်ထုတ် ခြင်းကို ခံရသော သူ ၊ ငါညှဉ်းဆဲ ဘူးသောသူ တို့ကို ငါစုဝေး စေမည်။ ၇ ခြေ ဆွံ့သောသူကို ငါကျန် ကြွင်းစေမည်။ အဝေးသို့ နှင်ထုတ် ခြင်းကို ခံရသောသူသည် ကြီးမား သော လူမျိုး ဖြစ်စေခြင်းငှါငါစီရင် မည်။ ထာဝရဘုရား သည် ဇိအုန် တောင် ပေါ် မှာ သူ တို့ကို ယခု မှစ၍ အစဉ် အမြဲအုပ်ချုပ် စိုးစံတော်မူလိမ့်မည်။ ၈ အိုဧဒါလင့်စင် ၊ ဇိအုန် သတို့သမီး နေရာကုန်း ၊ သင်သည် အစိုးရလိမ့်မည်။ အရင် တည်သော အာဏာ တည် ပြန် လိမ့်မည်။ နိုင်ငံ တော်သည် ယေရုရှလင် သတို့သမီး လက်သို့ တဖန် ရောက် လိမ့်မည်။ ၉ ယခု မှာ သင်သည် အဘယ်ကြောင့် ကျယ် သော အသံနှင့် အော်ဟစ် သနည်း။ သင် ၌ ရှင်ဘုရင် တယောက် မျှ မရှိသလော။ အကြံ ပေးသော မူးမတ်ပျောက်ပျက် သလော။ သားဘွား သောမိန်းမကဲ့သို့ သင် သည် ဝေဒနာ ကိုခံရ ပါသည်တကား။ ၁၀ အိုဇိအုန် သတို့သမီး ၊ သားဘွားသော မိန်းမကဲ့သို့ ဝေဒနာကို ခံ၍၊ သားကိုဘွားအံ့သောငှါအားထုတ်လော့။ ယခု ပင် သင်သည် မြို့ ထဲက ထွက် ၍ လယ်ပြင် ၌ နေ ရ မည်။ ဗာဗုလုန် မြို့တိုင်အောင် သွား ရမည်။ ထို မြို့၌ လွတ် လိမ့်မည်။ ထို မြို့၌ ထာဝရဘုရား သည် သင့် ကို ရန်သူ တို့ လက် မှ ရွေးနှုတ် တော်မူလိမ့်မည်။ ၁၁ ယခု မှာ လူမျိုး များ တို့က၊ ဇိအုန် မြို့သည် ညစ်ညူး ပါစေ။ သူ၌ ငါ တို့အလို ပြည့်စုံပါစေဟု၊ သင့် တဘက် ၌ စုဝေး လျက် ဆို ကြ၏။ ၁၂ သို့ရာတွင် ၊ ထာဝရဘုရား ၏စိတ် တော်ကို မ သိ ၊ အကြံအစည် တော်ကို နား မ လည်ကြ။ ကောက်လိုင်း တို့ ကို ကောက်နယ် တလင်း၌ စုထားသကဲသို့ ၊ ထိုသူ တို့ကို စု ထားတော်မူ၏။ ၁၃ အို ဇိအုန် သတို့သမီး ၊ ထ ၍ နယ် လော့။ သင့် ဦးချို ကို သံ ဖြင့်ငင်း ၊ သင့် ခွာ တို့ကို ကြေးဝါ ဖြင့်ငင်း ငါပြီး စေမည်။ သင်သည် လူမျိုး များ တို့ကို ညက်ညက်ချေ ရမည်။ သူ တို့တွင်ရသမျှသော စည်းစိမ် ဥစ္စာကိုယူ ၍ ၊ မြေ တပြင်လုံး ကို အစိုးပိုင်တော်မူသောအရှင် ထာဝရဘုရား အား ပူဇော် ရမည်။

၅ ယခု မူကား၊ အိုဗိုလ်ခြေ သတို့သမီး ၊ စည်းဝေး ၍ ခင်းကျင်း လော့။ ငါ တို့ကို ဝိုင်း ထားကြပြီ။ ဣသရေလ မင်း ၏ ပါး ကို ကြိမ်လုံး နှင့် ရိုက် ကြပြီတကား။ ၂ အိုဗက်လင် ဗေထလ် မြို့၊ အစိုးရသောယုဒ မြို့တို့ တွင် သင် သည် မြို့ငယ် မြို့ယုတ်ဖြစ် သော်လည်း ၊ ဣသရေလ အမျိုးကို အုပ်စိုး ရသောသခင်သည် ငါ့ အဘို့ သင် ၏ အထဲ မှာ ပေါ် ထွန်း လတံ့။ ထိုသခင်သည် ရှေး ကပ် ကမ္ဘာ မှစ၍ ပေါ် ထွန်း သော သခင်ဖြစ်၏။ ၃ သို့ ဖြစ်၍ ၊ သားဘွား ခြင်းဝေဒနာကို ခံရသောမိန်းမသည် မ ဘွား မှီတိုင်အောင်ငင်း ၊ ဣသရေလ အမျိုးသား တို့ နှင့်တကွ ကျန် ကြွင်းသော ညီအစ်ကို တို့သည် မပြောင်းလဲ မှီ တိုင်အောင်ငင်း ၊ သူ တို့ကို စွန့်ပစ် တော်မူလိမ့်မည်။ ၄ ထိုသခင်သည် ရပ် ၍ ထာဝရဘုရား ၏အစွမ်း သတ္တိနှင့် ၎င်း ၊ မိမိ ဘုရား သခင် ထာဝရဘုရား ၏နာမ တော် တန်ခိုး အာနုဘော် နှင့် ၎င်း ၊ မိမိသိုးစုကို ကျွေးမွေး လိမ့်မည်။ သူတို့သည်လည်း တည် ကြလိမ့်မည်။ အကြောင်း မူကား၊ ထိုသခင်သည် မြေကြီး စွန်း တိုင်အောင်

အစိုးရ ၍ ၊ ရန်ငြိမ်း ခြင်း အကြောင်းဖြစ် တော်မူလိမ့်မည်။ ၅ အာရှရှိ လူသည် ငါ တို့ ပြည် သို့ လာ ၍ ၊ ငါ တို့ ဘုံ ဗိမာန်များကို နင်း သောအခါ ၊ သိုးထိန်း ခုနစ် ပါးနှင့် လူကြီး ရှစ် ပါးတို့သည် ငါတို့တွင် ပေါ်ထွန်း ၍ ၊ ၆ ထား လက်နက်ဖြင့် အာရှရှိ ပြည် ကိုငင်း၊ မြို့ တံခါး၀ အတွင်း ၌ နိမ်ရောဓ နိုင်ငံ ကိုငင်းသုတ်သင် ပယ်ရှင်း သောအားဖြင့်၊ ငါ တို့ ပြည် သို့ လာ ၍ ၊ ငါ တို့နယ် အတွင်း တွင် နင်း သော အာရှရှိ လူ၏လက်မှ ငါတို့ကို ကယ်လွှတ် လိမ့်မည်။ ၇ ကျန် ကြွင်းသော ယာကုပ် အမျိုးသားတို့သည် တပါး အမျိုးသားအများ တို့တွင် နေ၍၊ ထာဝရဘုရား ပေးတော်မူသောနှင်း ကဲ့သို့ ၎င်း ၊ လူ ကို မ ငဲ့လင့် ၊ လူသား တို့ ၏ အလို သို့မ လိုက်သော မိုးယံး ရေကဲ့သို့ ၎င်း ဖြစ် ကြ လိမ့်မည်။ ၈ ကျန် ကြွင်းသော ယာကုပ် အမျိုးသားတို့သည် တပါး အမျိုးသားအများ တို့တွင် နေ၍၊ တော သားရဲ တို့တွင် ခြင်္သေ့ ကဲ့သို့ ၎င်း ၊ သိုး စု တို့တွင် ခြင်္သေ့ ပျိုကဲ့သို့ ၎င်း ဖြစ် ကြ လိမ့်မည်။ ခြင်္သေ့၀င် သောအခါ အဘယ်သူ မျှမကယ်နှုတ် နိုင်အောင် နင်း ၍ ကိုက်စား တတ်၏။ ၉ သင် ၏ရန်ဘက် ၌ နေသောသူတို့ကို သင် တိုက် ၍ ၊ ရန်သူ အပေါင်း တို့သည် ဆုံးရှုံး ကြလိမ့်မည်။ ၁၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို ကာလ ၌ သင် ၏မြင်း တို့ကို သင့် အလယ် က ငါပယ်ရှင်း ၍ ၊ သင် ၏ ရထား တို့ကိုလည်း ဖျက်ဆီး မည်။ ၁၁ သင် ၏ပြည် ၌ မြို့ရိုး တို့ကို ငါပယ်ရှင်း ၍ ၊ သင် ၏ ရဲတိုက် ရှိသမျှ တို့ကို ဖြိုဖျက် မည်။ ၁၂ သင် ၏နယ် ၌ စုန်း လုပ်သောသူတို့ကို ငါပယ်ရှင်း ၍ ၊ သင် ၌ ဗေဒင် ဟောသောသူမ ရှိ ရ။ ၁၃ ထုလုပ် သော ရုပ်တု ဆင်းတုတို့ကို သင့် အလယ် က ငါပယ်ရှင်း ၍ ၊ ကိုယ် လက် နှင့်လုပ် သော အရာကို နောက် တဖန်သင်မ ကိုးကွယ် ရ။ ၁၄ အာရှရ ပင်တို့ကိုလည်း သင့် အလယ် ၌ ငါနှုတ် ၍ ၊ သင် ၏မြို့ တို့ကိုလည်း ငါဖျက်ဆီး မည်။ ၁၅ ငါ့စကားကို နား မ ထောင်သော တပါးအမျိုးသား တို့ကို ပြင်းစွာအမျက် ထွက်၍ အပြစ်ဒဏ်ကို ငါစီရင် မည်။

၆ ထာဝရဘုရား ၏အမိန့် တော်ကို နားထောင် ကြလော့ ။ ထ ၍ တောင် ကြီးတို့ရှေ့ မှာ တရား တွေ့သဖြင့် ၊ တောင် ငယ်တို့ သည် သင့် စကား ကို ကြား ကြစေ။ ၂ အိုတောင် တို့၊ ခိုင်ခံ့ သောမြေ အမြစ် တို့၊ ထာဝရဘုရား ၏တရား တွေ့မှုကို နားထောင် ကြလော့။ ထာဝရဘုရား သည် မိမိ လူမျိုး နှင့် တရား တွေ့စရာရှိ၏။ ဣသရေလ အမျိုးနှင့် ဆွေးနွေး ငြင်းခုံတော်မူမည်။ ၃ အို ငါ ၏လူမျိုး ၊ သင့် ကို အဘယ်သို့ ငါပြု ဘူး သနည်း။ အဘယ်သို့ ညှဉ်းဆဲ ဘူးသနည်း။ ငါ့ တဘက် ၌ သက်သေခံ လော့။ ၄ သင့် ကို အဲဂုတ္တု ပြည် မှ ငါဆောင် ခဲ့ပြီ။ ကျွန် ခံ နေရာ အရပ်မှ ရွေးနှုတ် ပြီ။ သင့် ရှေ့ မှာ မောရှေ ၊ အာရုန် ၊ မိရိအံ တို့ကို ငါစေလွှတ် လေပြီ။ ၅ အို ငါ ၏လူမျိုး ၊ ရှိတ္တိမ် မြို့နှင့် ဂိလဂါလ မြို့ စပ်ကြားမှာ မောဘ မင်းကြီး ဗာလက် ကြံစည် သော အကြံ ကိုငင်း ၊ ဗောရ သား ဗာလမ် ပြန်ပြော သောစကားကိုငင်းအောက်မေ့ လော့။ ထိုသို့ အောက်မေ့မိလျှင်၊ ထာဝရဘုရား ၏ ဖြောင့်မတ် တော်မူခြင်းကို နားလည် လိမ့်မည်။ ၆ ငါသည် ထာဝရဘုရား ရှေ့တော်သို့ အဘယ် ပူဇော် သက္ကာပါ လျက် ချဉ်းကပ် ၍၊ အမြင့်ဆုံး သော ဘုရား သခင့်ရှေ့ တော်၌ ကိုးကွယ် ရမည်နည်း။ မီးရှို့ ရာယဇ်နှင့် အခါလည် သော နွားသငယ် တို့ကို ဆောင်လျက် ချဉ်းကပ် ရမည်လော။ ၇ ထာဝရဘုရား သည် သိုး ထီးတထောင် ၊ ဆီ မြစ် တသောင်း ကို အားရ နှစ်သက်တော်မူမည်လော။ ငါ့ လွန်ကျူး ခြင်းအတွက် ငါ ၏သားဦး ကိုငင်း၊ ငါ့ စိတ် ဝိညာဉ်၏ အပြစ် အတွက် ငါ ၏ ရင်သွေး ကိုငင်းပူဇော် ရမည်လော၊ ၈ အချင်းလူ ၊ ကောင်း

သောလမ်းကို ပြ တော်မူပြီ။ တရား သဖြင့် ပြု ခြင်း၊ ကရဏာ ကို နှစ်သက် ခြင်း၊ သင် ၏ ဘုရား သခင့်ရှေ့ တော်၌ နှိမ့်ချ သောစိတ် နှင့် ကျင့် နေခြင်း မှတပါး အဘယ် ပူဇော်သက္ကာကို ထာဝရဘုရား တောင်း တော်မူသနည်း။ ၉ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် မြို့ ကို ဟစ်ခေါ် တော်မူ၏။ ပညာရှိ သောသူသည် နာမ တော်ကို ကြောက်ရွံ့ ရ၏။ ဆုံးမ ခြင်းကိုငင်း ၊ စီရင် သောသူသည် အဘယ်သူ ဖြစ်သည်ကိုငင်းနားထောင် ကြလော့။ ၁၀ မတရား သောသူတို့ ၏အိမ် ၌ မတရား သဖြင့် ဆည်းဖူးသော ဥစ္စာ နှင့် ၊ ရွံရှာ ဘွယ်သော တင်းတောင်း ငယ် ရှိ သေး သလော။ ၁၁ မတရား သော ချိန်ခွင် နှင့် စဉ်းလဲ သော အလေး အိတ် ရှိသောမြို့ ကိုသန့်ရှင်း သော မြို့ ဟူ၍ငါမှတ်ရမည် လော။ ၁၂ မြို့ သားသူဌေး တို့သည် အနိုင်အထက် ပြု၍ ရ တတ်ကြ၏။ ဆင်းရဲသားတို့သည်လည်း မုသာ ကို သုံး တတ်ကြ၏။ သူ တို့နှုတ် ၌ ရှိသောလျှာ သည် မုသာ ဖြစ်၏။ ၁၃ သို့ ဖြစ်၍ ၊ သင် ၏အပြစ် ကြောင့် သင့် ကိုငါ သုတ်သင် ပယ်ရှင်း ခြင်းအလိုငှါ နာကျင် စွာ ဒဏ်ခတ်မည်။ ၁၄ သင် သည် စား သော်လည်း မ ဝ ရ။ မွတ်သိပ် ခြင်း ကိုခံရမည်။ သင်သည် ချီ သော်လည်း ယူ ၍ မ သွားရ။ ယူ သွားသော အရာကိုလည်း ထား ဘေးသို့ ငါအပ် မည်။ ၁၅ မျိုးစေ့ကို ကြဲ သော်လည်း ၊ စပါးကို မ ရိတ် ရ။ သံလွင် သီးကို နယ် သော်လည်း ၊ ဆီ နှင့်ကိုယ်ကိုမ လိမ်း ရ။ စပျစ်သီး ကို နယ်သော်လည်း ၊ စပျစ်ရည် ကို မ သောက် ရ။ ၁၆ အကြောင်း မူကား၊ သင်သည် ဩမရိ မင်း၏ စီရင် ထုံးဖွဲ့ချက်တို့ကိုငင်း ၊ အာဟပ် မင်းမျိုး ကျင့်သောအကျင့် ရှိသမျှ ကိုငင်း ကျင့်စောင့် ၍ ၊ သူ တို့၏ တိုက်တွန်း ရာသို့ လိုက် တတ်၏။ သို့ ဖြစ်၍ ၊ သင့် ကို ငါ သုတ်သင် ပယ်ရှင်း၍ မြို့ သားတို့ကို ဆဲရေး ရာဖြစ်စေသဖြင့်၊ သင် သည် ငါ ၏လူ တို့ကဲ့ရဲ့ ခြင်းကိုခံရ မည်။

၇ ငါ သည် အ မင်္ဂလာရှိ၏။ နွေ ကာလ၌ ဆွတ် သော သင်္ဘောသဖန်းသီးကဲ့သို့ ၎င်း ၊ လိုက်၍ ကောက် သော စပျစ်သီး အကျန်အကြွင်းကဲ့သို့ ၎င်း ငါဖြစ် ၏။ စား စရာဘို့ စပျစ်သီးပွတ် မ ရှိ။ အဦး မှည့်သော သင်္ဘောသဖန်းသီး ကို ငါ တောင့်တ ရ၏။ ၂ ကောင်း သော ပြည်သားအပေါင်းတို့သည် ကွယ်ပျောက် ကြပြီ။ ဖြောင့်မတ် သော သူတယောက် မျှမရှိ။ ခပ်သိမ်း သော သူ တို့ သည် လူအသက်ကို သတ် ခြင်းငှါ ချောင်း ၍ ကြည့်တတ် ကြ၏။ အချင်းချင်း တယောက် ကို တယောက် ကျော့ကွင်း နှင့်ဘမ်း တတ်ကြ၏။ ၃ ဒုစရိုက် ကို ကြိုးစား၍ပြု ခြင်းငှါ အသင့်ရှိကြ၏။ မင်း သည် လက်ဆောင်ကို တောင်း တတ်၏။ တရားသူကြီး သည် တံစိုး ကို စားတတ်၏။ သူတပါးထက်ကြီး သော သူသည် မတရားသော လောဘ ကို ထင်ရှား စေတတ်၏။ ထိုသို့အမှု ကို ရှုပ် စေခြင်းငှါပြုတတ်ကြ၏။ ၄ အကောင်း ဆုံးသောသူ သည် ဆူး ပင်ကဲ့သို့ ဖြစ် ၏။ အဖြောင့် ဆုံးသောသူသည် ဆူး ခြံထက် ခက်လှ၏။ သင် ၏ကင်းစောင့် တို့သည် သတိပေးသောနေ့ ၊ သင် စစ်ကြော ခြင်းကို ခံရသောနေ့ရက်သည် ရောက် လာပြီ။ နှိပ်စက် နှောင့်ရှက်ရာကာလဖြစ် ၏။ ၅ အဆွေ ခင်ပွန်းကို မ ယုံ နှင့်။ လမ်းပြ သောသူကို အမှီ မ ပြုနှင့်။ သင့် ရင်ခွင် ၌ အိပ် သော မယားကို မယုံမူ၍၊ သင့် နှုတ် တံခါး ကို ပိတ် ထားလော့။ ၆ အကြောင်း မူကား၊ သား သည် အဘ ၏အသရေ ကို ဖျက်လိမ့်မည်။ သမီး သည် အမိ ကို ၎င်း ၊ ချွေးမ သည် ယောကျ်မ ကို ၎င်း ရန်ဘက်ပြုလိမ့်မည်။ ကိုယ် အိမ်သူ အိမ်သား တို့သည်လည်း ကိုယ် ရန်သူ ဖြစ်ကြလိမ့်မည်။ ၇ ငါ မူကား ၊ ထာဝရဘုရား ကို မြော်လင့် မည်။ ငါ့ ကို ကယ်တင် တော်မူသောဘုရား

သခင်ကို ငါခိုလှုံ မည်။ ငါ ၏ဘုရား သခင်သည် ငါ့ စကားကို နားထောင် တော်မူ မည်။ ၈ အချင်းရန်သူ ၊ ငါ့ အပေါ် မှာ ဝါကြွား ဝမ်းမြောက်ခြင်း မ ရှိနှင့်။ ငါလဲ သော်လည်း ထ ဦးမည်။ မှောင်မိုက် ၌ ထိုင် ရသော်လည်း ၊ ထာဝရဘုရား သည် ငါ ၏ အလင်း ဖြစ် တော်မူလိမ့်မည်။ ၉ ငါသည် ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ အမျက် တော်ကို ခံရ ၏။ ငါ့ အမှု ကို စစ်ကြော ၍ တရား ဆုံးဖြတ် တော်မ မူမှီတိုင်အောင်ငါခံရ၏။ ငါ့ ကို အလင်း ထဲ သို့ ထုတ် ၍ နေရာပေးတော်မူသောအားဖြင့် ဖြောင့်မတ် ခြင်း ပါရမီတော်ကို ငါမြင် ရလိမ့်မည်။ ၁၀ သင် ၏ဘုရား သခင်ထာဝရဘုရား ကား၊ အဘယ်မှာ ရှိသနည်းဟုမေး သော ငါ့ ရန်သူ သည် ထိုအမှု ကို မြင် ၍ ရှက်ကြောက် လိမ့်မည်။ သူ ၌ ငါစိတ်ပြေလိမ့်မည်။ သူသည် လမ်း မှာ ခွဲ့ ကဲ့သို့ ကျော်နင်း ခြင်းကို ခံရ လိမ့်မည်။ ၁၁ သင် ၏မြို့ ရိုး တည် သောကာလ သည် ရောက်လိမ့်မည် ။ အမိန့် တော်အရှိန် ကုန်လိမ့်မည်။ ၁၂ ထို ကာလ ၌ အာရှရှိ ပြည်နှင့် အဲဂုတ္တု မြို့ များမှ ၎င်း ၊ အဲဂုတ္တု ပြည်နှင့် မြစ် ကြီးစပ်ကြားအရပ်မှ၎င်း ၊ ပင်လယ် ကမ်းနားအရပ်ရပ်၊ တောင် ခြေရင်းအရပ်ရပ်တို့ မှ ၎င်း ၊ သင့် ထံ သို့လာ ကြလိမ့်မည်။ ၁၃ ထိုသို့ မဖြစ်မီ ပြည်သူ ပြည်သားပြု မိသော ဒုစရိုက် အပြစ်ကြောင့် ပြည် တော်သည် လူဆိတ်ညံ လျက် ရှိ ရလိမ့်မည်။ ၁၄ ကိုယ်တော် ၏လူ တည်းဟူသောအပေါင်းအဘော်မရှိဘဲ၊ တော တွင် ကရမေလတောင်ပေါ် မှာ နေ ရ သော အမွေ တော်သိုးစု ကို သိုးထိန်း နှင်တံ နှင့် ထိန်း တော်မူ ပါ။ ရှေး ကာလ ၌ ရှိသကဲ့သို့ ၊ ဗာရှန် ပြည်နှင့် ဂိလဒ် ပြည် ၌ ကျက်စား သော အခွင့်ကိုပေး တော်မူပါ။ ၁၅ သင် သည် အဲဂုတ္တု ပြည် မှ ထွက် သောနေ့ ၌ မြင် သည်အတိုင်း ၊ တဖန်အံ့ဩ ဘွယ်သော အမှုတို့ကို ငါပြ မည်။ ၁၆ လူ အမျိုးမျိုးတို့သည် ငါ၏လူတို့ ၌ရှိသမျှ သော တန်ခိုး ကိုမြင် ၍ မိန်းမော တွေဝေလျက်၊ မိမိ တို့နှုတ် ကို လက် နှင့်ပိတ် ၍ နားပင်း ကြလိမ့်မည်။ ၁၇ မြွေ ကဲ့သို့ မြေမှုန့် ကိုလျက် ၍၊ တီ ကဲ့သို့ တွင်း ထဲက တုန်လှုပ် လျက် ထွက်ကြလိမ့်မည်။ ငါ တို့ဘုရား သခင် ထာဝရ ဘုရား ကို ၎င်း ၊ သင့် ကို ၎င်း ကြောက်ရွံ့ ကြလိမ့်မည်။ ၁၈ အပြစ် မှလွတ် တော်မူထသော၊ ကျန် ကြွင်းသော အမွေ တော် လူတို့၏ လွန်ကျူး ခြင်းများကို သည်းခံ တော်မူထသော၊ ကရုဏာ ၌ မွေ့လျော် သောကြောင့် အစဉ် အမျက် ထွက် တော် မ မူသော ကိုယ်တော် ကဲ့သို့ အဘယ် ဘုရား ရှိပါသနည်း။ ၁၉ ကိုယ်တော်သည် အကျွန်ုပ် တို့ကို တဖန် သနား ၍၊ အကျွန်ုပ် တို့၏ ဒုစရိုက် ရှိသမျှတို့ကို ကျော်နင်း တော်မူလိမ့်မည်။ အကျွန်ုပ် တို့၏ အပြစ် အလုံးစုံ တို့ကို နက်နဲ သော ပင်လယ် ထဲ သို့ ချ ပစ်တော်မူလိမ့်မည်။ ၂၀ ရှေး ကာလ မှစ၍ဘိုးဘေး တို့အား ကျိန်ဆို တော်မူ သည်အတိုင်း ၊ ယာကုပ် ၌ သစ္စာ စောင့်ခြင်း၊ အာဗြဟံ အား ကရုဏာ ကျေးဇူးပြုခြင်းကို စီရင် တော်မူလိမ့်မည်။

၁ ဧလကောရှ ရွာသား နာဟုံ ခံရ၍၊ နိနေဝေ မြို့နှင့် ဆိုင်သော ဗျာဒိတ် တော်အချက်ဟူမူကား၊ **၂** အပြစ်ရှိသည်ဟု ထာဝရဘုရား သည် ယုံ လွယ်၍ ဒဏ် ပေးသော ဘုရား ဖြစ်တော်မူ၏။ ထာဝရဘုရား သည် ဒဏ် ပေး၍ အမျက် ပြင်းထန်တော်မူ၏။ ထာဝရဘုရား သည် ရန်ဘက် ပြုသောသူတို့ကို ဒဏ် ပေး၍ ၊ ရန်သူ တို့ကို အငြိုး ထားတော်မူ၏။ **၃** ထာဝရဘုရား သည် စိတ် ရှည်တော်မူ၏။ တန်ခိုး လည်း ကြီး တော်မူ၏။ သို့ရာတွင် ၊ အပြစ်တည်သော သူတို့ ကို အပြစ် မှ လွှတ်တော်မ မူ။ ထာဝရဘုရား သည် လေဘွေ၌ ၎င်း ၊ မိုဃ်းသက် မုန်တိုင်း၌ ၎င်း ကြွ တော်မူ၍ ၊ မိုဃ်း တိမ် တို့သည် စက် တော်အောက်၌ မြေမှုန့် ကဲ့သို့ ဖြစ်ကြ၏။ **၄** ပင်လယ် ကို ဆုံးမ ၍ ခန်းခြောက် စေတော်မူ၏။ ခပ်သိမ်း သော မြစ် ရေကိုလည်း ကုန် စေတော်မူ၏။ ဗာရှန် တောင်နှင့် ကရမေလ တောင်တို့သည် ညှိုးနွမ်း ကြ၏။ လေဗနုန် အပွင့် လည်း ညှိုးနွမ်း ၏။ **၅** ကိုယ်တော် ကြောင့် တောင် တို့သည် တုန်လှုပ် လျက် ၊ ကုန်း တို့သည် အရည် ကျိုလျက် ၊ ရှေ့ တော်၌ မြေကြီး နှင့် လောကခါတ် မှစ၍ လောက သားအပေါင်း တို့သည် ရွှေ့ လျက်ရှိကြ၏။ **၆** အမျက် တော်ရှေ့ မှာ အဘယ်သူ ရပ် နိုင်သနည်း။ အမျက် တော်အရှိန် ကို အဘယ်သူ ဆီးတား နိုင်သနည်း။ မီး လောင်သကဲ့သို့ အမျက် ထွက် ၍ ၊ ကျောက် တို့ကို ဖြို ချ တော်မူ၏။ **၇** ထာဝရဘုရား သည် ကောင်း တော်မူ၏။ အမှု ရောက်သောအခါ ရဲတိုက် ဖြစ်တော်မူ၏။ ခိုလှုံ သောသူတို့ ကို သိ မှတ်တော်မူ၏။ **၈** ရန်သူ နေရာ ကို လွှမ်းမိုး သော မြစ် ရေနှင့် ဆုံးရှုံး စေတော်မူသဖြင့် ၊ ရန်သူ တို့ကို မှောင်မိုက် လိုက် လိမ့်မည်။ **၉** ထာဝရဘုရား တဘက် ၌ အဘယ်သို့ ကြံစည် ကြသနည်း ။ အပြီး ဆုံးရှုံးစေတော်မူမည်။ တဖန် နှိပ် နင်းစရာ အကြောင်းမ ရှိ ရ။ **၁၀** သူတို့သည် ဆူး ပင်ကဲ့သို့အချင်းချင်းညှိတွယ် လျက် ၊ စပျစ်ရည် နှင့် ယစ်မူး သကဲ့သို့ ဖြစ်လျက်၊ သွေ့ခြောက် သောအမှိုက် ကဲ့သို့ မီး လောင်ခြင်းကိုခံရကြ လိမ့်မည်။ **၁၁** ထာဝရဘုရား တဘက် ၌ မ ကောင်းသော အကြံ ကို ကြံစည် သောအဓမ္မ တိုင်ပင်အမတ်သည် သင့် အထဲ က ပေါ် လာပြီ။ **၁၂** ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူတို့သည် စုံလင် ၍ အရေအတွက်အားဖြင့်များပြား သော်လည်း ၊ ဆုံးရှုံး ၍ ကွယ်ပျောက် ရကြလိမ့်မည်။ သင့် ကို ငါညှဉ်းဆဲ ဘူးသော်လည်း နောက် တဖန် မ ညှဉ်းဆဲ ။ **၁၃** ယခု မှာ သင် ၌ သူ တင်သော ထမ်းဘိုး ကို ငါချိုး ပယ်၍ ၊ ချည်နှောင်သော ကြိုး တို့ကိုလည်း ဖြတ် မည်။ **၁၄** သင် ၏အမှူ ၌ ထာဝရဘုရား စီရင် တော်မူသည် ကား၊ သင် ၏အမျိုး မ ဆက် မန္တယ်ရ။ ထုသော ရုပ်တု နှင့် သွန်း သော ရုပ်တုတို့ကို သင် ၏ဘုရား ကျောင်း မှ ငါပယ် ရှင်းမည်။ သင်သည် ယုတ်မာ သောကြောင့် သင် ၏ သချိုင်း ကို ငါလုပ် မည်။ **၁၅** ငြိမ်သက် ခြင်း၏ ဝမ်းမြောက် စရာသိတင်း စကားကို ကြား ပြောသောသူ ၏ခြေ တို့ကို တောင် ပေါ် မှာ ကြည့် ကြလော့။ အိုယုဒ အမျိုး၊ သင် ၏ ဓမ္မပွဲကို ခံ လော့။ သစ္စာ ဂတိထားသည်အတိုင်း သစ္စာဝတ်ကို ဖြေ လော့။ အဓမ္မ လူသည် ရှင်းရှင်း ပယ် ဖြတ်ခြင်းကို ခံရသောကြောင့် ၊ နောက် တဖန်သင့် ကို မ ကျော် မနင်းရ။

J ဖျက်ဆီး သောသူသည် သင့် ရှေ့သို့ ရောက် လာ ပြီ။ သင်၏ရဲတိုက် ကို သတိ ပြုလော့။ လမ်း ကို စောင့် လော့။ ကိုယ်ခါး ကို ခိုင်ခံ့ စေလော့။ ကျပ်ကျပ် အား ယူ လော့။ ၂ အကြောင်း မူကား၊ ထာဝရဘုရား သည် ဣသရေလ ၏ဘုန်း ကဲ့သို့ ယာကုပ် ၏ဘုန်း ကို ပြုပြင် တော်မူ၏။ သုတ်သင် သောသူတို့ သည် ယာကုပ် အမျိုးကို သုတ်သင် ၍ ၊ သူ ၏အခက် အလက်တို့ကို ပယ်ရှင်း ကြပြီ။ ၃ သူရဲ တို့သည် နီ သော ဒိုင်း လွှားကို ဆောင်၍၊ နီ သော အဝတ်ကိုဝတ်ကြ၏။ ခင်းကျင်း သောနေ့ ၌ ရထား တို့သည် သံ လက်နက်နှင့် တောက်ပ ၍ ၊ လှံတံ တို့သည် အလွန် လှုပ်ရှားကြ၏။ ၄ ရထား တို့သည် လမ်း ၌ ဟုန်းဟုန်း မြည်၍၊ လမ်းမ တို့ ၌ တောင်မြောက်ပြေး ကြ၏။ မီးရူး အဆင်း အရောင်ရှိ၍၊ လျှပ်စစ် ကဲ့သို့ ပြေး ကြ၏။ ၅ စစ်သူရဲ တို့ကို နှိုးဆော် တော်မူ၏။ သူ တို့သည် ချီ သွားစဉ် သူတပါးကို တွန်း ချကြ၏။ မြို့ရိုး သို့ အလျင်အမြန် သွား၍ ပြအိုး တို့ကို ပြင်ဆင် ကြ၏။ ၆ မြစ် တံခါး ပွင့် လျှင် ၊ နန်းတော် သည် ကွယ်ပျောက် ၏။ နိနေဝေသတို့သမီးကို အဝတ် ချွတ်၍ ထုတ် ရ၏။ ၇ အပျို တော်တို့သည် ချိုး ကဲ့သို့ ကူ ၍ ရင်ပတ် ကို တီး လျက် လိုက် ရကြ၏။ ၈ ရှေးကာလ မှစ၍ နိနေဝေ မြို့သည် ရေကန် ကဲ့သို့ ဖြစ်၏။ ယခုမူကား၊ ရေ တို့သည် စီး ထွက်ကြ၏။ ရပ် ကြ။ ရပ် ကြဟုဟစ်သော်လည်း အဘယ်သူ မျှပြန် ၍ မကြည့်။ ၉ ငွေ ကို လုယူ ကြ။ ရွှေ ကိုလည်း လုယူ ကြ။ နှစ်သက် ဘွယ်သော တန်ဆာ များကို ရွှေတိုက် တော်ထဲက ထုတ်၍ မ ကုန် နိုင်။ ၁၀ မြို့တော်သည် ဟင်းလင်း နေရ၏။ ဥစ္စာ မရှိ၊ လူဆိတ်ညံလျက် ဖြစ်၏။ မြို့သားအပေါင်းတို့သည် စိတ် ပျက် လျက် ၊ ဒူး ချင်းထိခိုက် လျက် ၊ အလွန်ခါး ကိုက် လျက် ၊ မျက်နှာ မည်း လျက် ရှိကြ၏။ ၁၁ ခြင်္သေ့ နေရာအရပ်၊ ခြင်္သေ့ ပျို စား ရာအရပ်၊ ခြင်္သေ့ ၊ ခြင်္သေ့ မ၊ ခြင်္သေ့ ကလေး တို့သည် အဘယ်သူမျှမ ကြောက် စေဘဲ၊ ကျင်လည် ရာအရပ်သည် အဘယ်မှာ ရှိသနည်း။ ၁၂ ခြင်္သေ့ သည် သား ငယ်များတို့ ကိုက် ဖြတ်လျက် ၊ ခြင်္သေ့ မတို့ လည်ပင်းကို ညှစ် လျက် ၊ လုယူ ဖျက်ဆီးသော အကောင်များကို ဆောင်ခဲ့၍ မိမိ မှီခို ရာတွင်း တို့ကို ပြည့် စေတတ်၏။ ၁၃ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင့် တဘက် ၌ ငါ နေ၏။ သင် ၏ရထား တို့ကို မီးခိုး ထဲမှာ မီးရှို့ မည်။ သင် ၏ခြင်္သေ့ ပျိုတို့ကို ထား ဖြင့် ဖျက်ဆီး မည်။ သင် လုယူသော ဥစ္စာ ကို မြေကြီး မှ ပယ်ရှင်း မည်။ သင် ၏သံတမန် တို့ စကား သံကို နောက် တဖန် အဘယ်သူမျှမ ကြား ရ။

Z လူအသက်ကိုသတ် တတ်သော မြို့ ၌အမင်္ဂလာ ဖြစ်စေသော၊ လှည့်စား ခြင်း၊ အနိုင် အထက်ပြုခြင်းနှင့် ပြည့်ဝ ၏။ ဘမ်းမိ သောအရာကို မ လွှတ် တတ်။ ၂ နှင်တံ နှင့်ရိုက်သံ ၊ လှည်းဘီး လိမ့် သံ ၊ မြင်း ခုန် သံ၊ ရထား ပြေး သံကို ကြားရ၏။ ၃ မြင်းစီးသူရဲ သည် မီး တောက်သော ထား ၊ လျှပ်စစ် ပြက်သော လှံ ကိုချီ လျက် ၊ တိုက်သောသူရဲအများ နှင့် သေ သောသူအပုံ ပုံရှိကြ၏။ အသေ ကောင်တို့ကို ရေတွက် ၍ မကုန်နိုင်။ လူ သေကောင်များကို ထိမိ၍ လဲ တတ်ကြ ၏။ ၄ အဆင်း လှ ၍ ပြုစား တတ်လျက်၊ မတရား သောမေထုန် အမှုနှင့် စုန်းမ အတတ်အား ဖြင့် ၊ လူ အမျိုးမျိုးအန္တယ်နွယ်တို့ကို ကုန်သွယ် လုပ်တတ်သော ပြည်တန်ဆာ မိန်းမသည် မတရား သောမေထုန် ကို ပြုဖန်များပြား သောကြောင့် ၊ ၅ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင့် တဘက် ၌ ငါ နေ၏။ သင့်

အဝတ် ကို သင် ၏မျက်နှာ ပေါ် မှာ လှန် ၍ အတိုင်းတိုင်းအပြည် ပြည် ရှေ့မှာ သင် ၌ အချည်းစည်း ရှိခြင်း၊ အရှက် ကွဲခြင်းကို ငါပြ မည်။ ၆ သင် ၌ မစင် ကိုပစ် ၍ ညစ်ညူး စေပြီးမှ ၊ သူတပါး တို့ကြည့် စရာထား မည်။ ၇ သင့် ကို မြင် သမျှ သောသူတို့ က၊ နိနေဝေ မြို့ ပျက်စီး ပြီ။ အဘယ်သူ မြည်တမ်း မည်နည်းဟုဆို လျက် ၊ သင့် ထံမှ ပြေး ကြလိမ့်မည်။ နှစ်သိမ့် စေသောသူတို့ ကို သင့် အဘို့ အဘယ်မှာ ငါရှာ ၍ ရနိုင်သနည်း။ ၈ သင်သည် မြစ် ကြားမှာ တည် သော နောမုန် မြို့ ထက် ကြီးမြတ် သလော။ ထိုမြို့ ကို ရေ ဝိုင်း လျက်၊ ပင်လယ် သည် မြို့ ကျုံး ဖြစ်၏။ မြို့ ရိုး လည်း ပင်လယ် နှင့် စပ် သတည်း။ ၉ အဲသယောပိ ပြည်နှင့် အဲဂုတ္တု ပြည်သည် သူ ၏ လက်နက် ဖြစ်၏။ ရေတွက် ၍ မကုန်နိုင်။ ဖုတ ပြည်နှင့် လိဗ္ဗ ပြည်လည်း သူ ၏လက်နက် အဝင် ဖြစ် ၏။ ၁၀ သို့သော်လည်း ၊ ထိုမြို့ ကို ရန်သူတို့သည် တိုက်၍ သိမ်း သွားကြပြီ။ မြို့သားငယ် တို့ကို လမ်း ဦး ရှိသမျှ တို့ ၌ ချိုးဖဲ့ လျက် ၊ ဂုဏ် အသရေရှိသော မြို့သားတို့ကို စာရေးတံ ချ လျက် ၊ အားကြီး သော မြို့သားအပေါင်း တို့ကို သံကြိုး ဖြင့် ချည်နှောင် လျက် ပြုကြပြီ။ ၁၁ သင် သည်လည်း မိန်းမော တွေဝေလျက် ပုန်းရှောင် ၍ နေရလိမ့်မည်။ ရန်သူ ၏လက်နှင့် လွတ်အောင် ခိုင်ခံ့ သောအရပ်ကို ရှာ ရလိမ့်မည်။ ၁၂ သင် ၏ရဲတိုက် ရှိသမျှ တို့သည် ရှေ့ဦးစွာ မှည့် သော အသီးကို သီးသော သင်္ဘောသဖန်း ပင်နှင့် တူကြ လိမ့်မည်။ လှုပ် လျှင် စား ချင်သောသူ၏ ပါးစပ် ထဲ သို့ ကျ လိမ့်မည်။ ၁၃ သင် ၏လူ တို့သည် သင့် အလယ် ၌ မိန်းမ ကဲ့သို့ ဖြစ်၍၊ ပြည် တံခါး တို့သည် ရန်သူ တို့အား ကျယ်ကျယ်ပွင့် လျက်၊ ကန့်လန့်ကျင် တို့သည် မီး လောင် လိမ့်မည်။ ၁၄ ရန်သူဝိုင်း ထားသော ကာလဘို့ ရေ ကို ခပ် ထား လော့။ ရဲတိုက် တို့ကို ခိုင်ခံ့ စေလော့။ ရွံ့ ထဲ သို့ ဝင် ၍ အုတ် မြေကို နင်း နယ်လော့။ အုတ်ဖို ကို ပြင်ဆင် လော့။ ၁၅ ထိုအရပ်၌ပင် သင့် ကို မီး လောင် လိမ့်မည်။ ထား နှင့်ခုတ် ဖြတ်လိမ့်မည်။ ယာလက်ကျိုင်း ကိုက်စားသကဲ့သို့ ကိုက်စား လိမ့်မည်။ ယာလက်ကျိုင်း နှင့် အရာဘကျိုင်း ကောင်တို့သည် များ သကဲ့သို့ သင်၏လူတို့ကို များပြားစေခြင်းငှါကြိုးစားလော့။ ၁၆ မိုယ်းကောင်းကင် ကြယ် များသည်ထက် ၊ သင် ၏ ကုန်သည် တို့ကို များပြား စေသော်လည်း၊ ယာလက်ကျိုင်း တို့သည် နှံ့ ပြား ၍ ပျံ သွားတတ်ကြ၏။ ၁၇ သင် ၏မင်းသား တို့သည် အရာဘကျိုင်း ကဲ့သို့ ၎င်း ၊ ဗိုလ် တို့သည် ဂေါဘကျိုင်း ကဲ့သို့ ၎င်း ဖြစ်၍၊ ချမ်း သောအခါ စောင်ရန်း နား မှာ ဝပ် တတ်ကြ၏။ နေ ထွက် သောအခါ ပျံ သွား၍ အဘယ် အရပ် သို့ ရောက်သည်ကို မ သိ ရ။ ၁၈ အိုအာရှရိ ရှင်ဘုရင် ၊ သင် ၏သိုးထိန်း တို့သည် အိပ်ပျော် လျက်၊ သင် ၏မှူးမတ် တို့သည် ကျိန်းဝပ် လျက်၊ သင် ၏လူ အပေါင်းတို့သည် တောင်ရိုး ပေါ် မှာ အရပ်ရပ်သို့ ကွဲပြား လျက်ရှိ၍၊ အဘယ်သူ မျှမစုဝေး စေ။ သင် ၏ အနာ မ ပျောက် နိုင်။ ပြင်းစွာခံရ ၏။ ၁၉ သင် ၏သိတင်း ကို ကြား သမျှ သောသူတို့ သည် သင့် အပေါ် မှာ လက် ခုပ်တီး ကြလိမ့်မည်။ အကြောင်း မူကား၊ သင် ပြုသောအဓမ္မ အမှု ကို မ ခံ ဘဲလွတ်သော သူကား အဘယ်သူ နည်း။

၁ ပရောဖက် ဟဗက္ကုတ် ခံရ သော ဗျာဒိတ် တော် အချက်ဟူမူကား၊ ၂ အိုဲ ထာဝရဘုရား ၊ ကိုယ်တော်သည် ကြား တော် မ မူဘဲ၊ အဘယ် မျှကာလ ပတ်လုံးအကျွန်ုပ်အော်ဟစ် ရပါ မည်နည်း။ ကယ်တင် တော်မ မူဘဲ အကျွန်ုပ်သည် အဓမ္မ အမှုကို ခံ၍၊ ရှေ့တော်၌ အဘယ်မျှကာလပတ်လုံး အော်ဟစ် ရပါမည်နည်း။ **၃** မတရား သောအမှုကို အကျွန်ုပ် အား အဘယ်ကြောင့် ပြ တော်မူသနည်း။ အဓမ္မ အမှုကို အဘယ်ကြောင့် မြင် စေတော်မူသနည်း။ လုယူ ခြင်း၊ အနိုင် အထက်ပြုခြင်း အမှုသည် အကျွန်ုပ် ရှေ့ မှာ အဘယ်ကြောင့်ရှိရပါသနည်း။ ငြင်းခုံ ခြင်း၊ ရန်တွေ့ ခြင်းကိုလည်း အဘယ်ကြောင့် လူချင်းပြု ရပါသနည်း။ **၄** သို့ ဖြစ်၍ တရား လျော့ ပါ၏။ တရား သဖြင့် စီရင် ဆုံးဖြတ်ခြင်းမ ရှိ ပါ။ မ တရားသောသူတို့ သည် ဖြောင့်မတ် သောသူတို့ကို ဝိုင်း သောကြောင့် ၊ မ တရားသဖြင့် စီရင် ဆုံးဖြတ်ကြပါ၏။ **၅** သစ္စာပျက်သောသူတို့၊ ကြည့်ရှု ဆင်ခြင် ၍ အလွန်မှိုင်တွေ ကြလော့။ အကြောင်း မူကား၊ သင်တို့အား သူတပါး ပြ ဿနာသော်လည်း သင်တို့မ ယုံ သော အမှုကို သင် တို့လက်ထက် ကာလ၌ ငါပြု ၏။ **၆** ပြင်းထန် လျင်မြန် သော ခါလဒဲ အမျိုး ကို ငါ နှိုးဆော် ၏။ ကိုယ် မ ပိုင်သော နေရာ အရပ်တို့ကို သိမ်း ယူ ခြင်းငှါ မြေ တပြင်လုံး ၌ ချီ သွားကြလိမ့်မည်။ **၇** အလွန်ကြောက်မက် ဘွယ်သောသူဖြစ်၍ကိုယ် အလိုအလျောက်တရား စီရင်ဆုံးဖြတ်ကြ၏။ **၈** သူ တို့၏ မြင်း သည် ကျားသစ် ထက် လျင်မြန် ၏။ ညဉ့် ၌ လည်သော တောခွေး ထက် ကြမ်းတမ်း ၏။ မြင်းစီးသူရဲ တို့သည် အဝေး က လာ၍ ခုန် ကြလိမ့်မည်။ အကောင်ကို ကိုက်စား ခြင်းငှါ လျင်မြန် သော ရွှေလင်းတ ကဲ့သို့ ပျံ လာ ကြလိမ့်မည်။ **၉** ထိုသူ အပေါင်း တို့သည် ညှဉ်းဆဲ ခြင်းငှါ လာ ကြ ၏။ ရှေ့ သို့ သာ မျက်နှာ ပြုသော အလုံး အရင်းဖြစ်၍၊ ဘမ်းမိ သောသူတို့ကို သဲ လုံးနှင့်အမျှ စုဝေး စေကြလိမ့်မည်။ **၁၀** ရှင်ဘုရင် တို့ကို အား မနာ၊ မင်း များတို့ကို ပြက်ယယ်ပြု ကြလိမ့်မည်။ ရဲတိုက် ရှိသမျှ တို့ကို ကဲ့ရဲ့ လျက် ၊ မြေမှုန့် ကို ပုံ ထား၍ တိုက် ယူကြလိမ့်မည်။ **၁၁** ထိုနောက် ၊ သူတို့သည် သဘောပြောင်းလဲလျက် လွန်ကျူး ၍ အပြစ်ခံရကြလိမ့်မည်။ မိမိ တို့ တန်ခိုး သည် မိမိ တို့ ဘုရား ဖြစ်လေသည်တကား။ **၁၂** အိုဲ ထာဝရဘုရား ၊ အကျွန်ုပ် ၏ဘုရား သခင်၊ သန့်ရှင်း တော်မူသောဘုရား၊ ကိုယ်တော် သည် နိစ္စ ထာဝရ တည်တော်မူသည်မ ဟုတ်လော။ သို့ဟုတ်လျှင်၊ အကျွန်ုပ် တို့သည် သေ ခြင်းနှင့် ကင်းလွတ် ကြပါမည်။ အိုထာဝရ ဘုရား ၊ အကျွန်ုပ်တို့ကို စစ်ကြော စေခြင်းငှါ သူ တို့ကို ခန့် ထားတော်မူပြီ။ အိုကျောက် ထရံ၊ ဆုံးမ စေခြင်းငှါ သူ တို့ကို နေရာ ချတော်မူပြီ။ **၁၃** ကိုယ်တော်သည် ဒုစရိုက် ကို ကြည့်ရှု တော်မမူ။ သန့်ရှင်း သော မျက်စိ ရှိတော်မူ၏။ အဓမ္မ အမှုကို ကြည့်ရှု ၍ နေတော်မ မူတတ် ပါ။ သို့ ဖြစ်၍ ၊ သစ္စာ ပျက်သောသူတို့ ကို အဘယ်ကြောင့် ကြည့်ရှု ၍ နေတော်မူသနည်း။ အဓမ္မ လူသည် မိမိ ထက် ဖြောင့်မတ် သောသူကို ကိုက်စား သောအခါ ၊ အဘယ်ကြောင့်တိတ်ဆိတ် စွာ နေတော်မူသနည်း။ **၁၄** လူ သတ္တဝါတို့ကိုလည်း ပင်လယ် ငါး ကဲ့သို့ ၎င်း ၊ မင်း မ ရှိသော ပိုး ကောင်ကဲ့သို့ ၎င်း အဘယ်ကြောင့်ဖြစ် စေတော်မူသနည်း။ **၁၅** ရန်သူသည် ထိုသူ အပေါင်း တို့ကို ငါးမျှား နှင့် မျှား လျက်၊ ကွန် နှင့် အုပ် လျက် ၊ ပိုက် နှင့် လှောင် လျက် ဝမ်းမြောက် ရွှင်လန်း တတ်၏။ **၁၆** မိမိ ကွန် အား ယဇ် ပူဇော်၍ ၊ မိမိ ပိုက် အား

နံ့သာပေါင်းကို မီးရှို့ တတ်၏။ အကြောင်း မူကား၊ ထို တန်ဆာအားဖြင့် ဥစ္စာ ရတတ်၍ ဝ စွာစား‌ရ၏။ ၁၇ သို့ ဖြစ်၍ ၊ သူ သည် ပိုက်ကွန် ထဲက ငါးတို့ကို သွန်းလောင်း ရပါမည်လော။ လူ အမျိုးမျိုးတို့ကို မ နှမြော ဘဲ အစဉ် လုပ်ကြံ ရပါမည်လော။

ငါသည် ငါ့ လင့်စင် ပေါ် မှာ ရပ် လျက် ၊ ရဲတိုက် ၌ အမြဲနေ လျက် ၊ ငါ့ အား အဘယ်သို့ မိန့် တော်မူမည်ကိုငင်း၊ အပြစ် တင်လျှင် အဘယ်သို့ ပြန် လျှောက်ရမည်ကိုငင်းငါစောင့် ၍ နေစဉ် တွင်၊ ၂ ထာဝရဘုရား ကလည်း၊ ဘတ်သောသူသည် ပြေး လျက် ဘတ် နိုင်အောင်၊ ဗျာဒိတ် ရူပါရုံကို သင်ပုန်း ပေါ် မှာ အက္ခရာ တင်၍ ရေးမှတ် လော့။ ၃ ထိုရူပါရုံ သည် ချိန်းချက် သော အချိန်နှင့်ဆိုင်၍ အမှုကုန် ရသောကာလကို ဆိုလို ၏။ မုသာ နှင့် ကင်းလွတ် ၏။ ဆိုင်း သော်လည်း မြော်လင့် လော့။ နောက် မ ကျဘဲ ဧကန်အမှန် ရောက် လိမ့်မည်။ ၄ စိတ် မြင့်သောသူသည် သဘော မ ဖြောင့်။ ဖြောင့်မတ် သော သူမူကား ၊ မိမိ ယုံကြည် ခြင်းအားဖြင့် အသက် ရှင်လိမ့်မည်။ ၅ ထိုမှတပါး၊ စပျစ်ရည် နှင့်ပျော်မွေ့သောသူသည် သစ္စာ ပျက်တတ်၏။ မာန ထောင်လွှားသောသူ သည် ကိုယ် နေရာ ၌မ နေနိုင်ဘဲ၊ မိမိ လောဘ ကို မရဏာ နိုင်ငံကဲ့သို့ ကျယ် စေလျက် ၊ သေမင်း ကဲ့သို့ မ ပြေ နိုင်သောစိတ် ရှိ လျက် ၊ တိုင်း သူနိုင်ငံသား အမျိုးမျိုးအပေါင်း တို့ကို မိမိ ထံ သို့ ဆွဲငင် ၍ စုဝေး စေ၏။ **(Sheol h7585)** ၆ ထို သူအပေါင်း တို့သည် သူ တဘက် ၌ ပုံ စကားနှင့် ကဲ့ရဲ့ သော နိမိတ် စကားကို သုံးဆောင် လျက် ၊ ကိုယ် မ ပိုင် သော ဥစ္စာကို ဆည်းဖူး သောသူသည် အ မင်္ဂလာရှိ၏။ အဘယ် မျှကာလ ပတ်လုံးကိုယ် အပေါ် မှာ ကြွေး များကို တင် စေပါလိမ့်မည်နည်းဟု မြွက်ဆို ကြမည်မဟုတ်လော။ ၇ သင့် ကို ကိုက် သောသူတို့ သည် ချက်ခြင်း ထ ကြ မည်မ ဟုတ်လော။ နှောင့်ရှက် သောသူတို့ သည် နှိး ကြမည် မဟုတ်လော။ သင်သည် သူ တို့လုယူ ရာဖြစ် လိမ့်မည်။ ၈ သင် သည် များ စွာသောလူမျိုး တို့ကို လု ယူသောကြောင့် ၊ ကျန် ကြွင်းသော လူမျိုး အပေါင်း တို့သည် သင့် ကို လု ယူကြလိမ့်မည်။ လူ အသက်ကိုသတ် သောအပြစ် ၊ ပြည်သူ မြို့သားအပေါင်း တို့ကို ညှဉ်းဆဲ သောအပြစ်ကြောင့် ပြု ကြလိမ့်မည်။ ၉ မိမိ အသိုက် ကို မြင့် သော အရပ်၌ တင် ၍ ဘေးဒဏ် လက် မှ မိမိလွတ် စေခြင်းငှါ ၊ မ ကောင်းသော အဓမ္မ စီးပွားကို မိမိ အမျိုး အဘို့ ရှာ သောသူသည် အ မင်္ဂလာ ရှိ၏။ ၁၀ သင်သည် လူ များ တို့ကို လုပ်ကြံ သောအားဖြင့် ကိုယ် အမျိုး ကို အရှက်ကွဲ စေခြင်းငှါကြံစည် ၍၊ ကိုယ် အသက် ကို ပြစ်မှား ပြီ။ ၁၁ အကယ် စင်စစ်ကျောက် တလုံးသည် ကျောက် ထရံ ထဲက ဟစ် ခေါ် ၍ ၊ ထုပ် တချောင်းသည် သစ်သား စုထဲက ထူး လေ၏။ ၁၂ လူအသက်ကိုသတ် သောအပြစ် နှင့် ရွာ ကို တည် သောသူ၊ အဓမ္မ အမှုနှင့် မြို့ ကို ခိုင်ခံ့ စေသော သူသည် အ မင်္ဂလာ ရှိ၏။ ၁၃ လူ များတို့သည် မီး ထဲမှာ လုပ်ဆောင် ၍၊ အမျိုး မျိုး တို့သည် အချည်းနှီး သော အမှု၌ ပင်ပန်း စေခြင်းငှါ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား စီရင်တော်မူပြီ။ ၁၄ အကြောင်း မူကား၊ ပင်လယ် ရေ သည် မိမိနေရာ ကို လွှမ်းမိုး သကဲ့သို့ ၊ မြေကြီး သည် ထာဝရဘုရား ၏ ဘုန်း တော်ကို သိကျွမ်း ခြင်းပညာနှင့် ပြည့်စုံ လိမ့်မည်။ ၁၅ မိမိ အိမ်နီးချင်း ၌ အဝတ် အချည်းစည်းရှိခြင်းကို မြင် လို ၍၊ သူ့ကို ယစ်မူး စေခြင်းငှါသေရည် သေရက်ကို လောင်း ၍ သောက်

စေသောသူသည် အ မင်္ဂလာရှိ၏။ ၁၆ သင် သည် အသရေ ပျက်၍ အရှက်ကွဲ ခြင်းနှင့် ဝ လိမ့်မည်။ ကိုယ်တိုင်သောက်၍ အဝတ်ချွတ် ခြင်းကို ခံရလိမ့်မည်။ ထာဝရဘုရား ၏ လက်ျာ လက်တော်၌ရှိသောဖလား သည် သင့် ဆီသို့ ရောက်၍ ၊ ရွံရှာ ဘွယ်သော အော့အန်ခြင်းသည် သင့် အသရေ ကို လွှမ်းမိုးလိမ့်မည်။ ၁၇ လေဗနုန် တောင်ကို အနိုင်အထက်ပြုသောအပြစ်၊ တိရစ္ဆာန် များကို ကြောက်မက်ဘွယ်သော အခြင်း အရာနှင့် ဖျက်ဆီး သော အပြစ်သည် သင့် ကို လွှမ်းမိုး လိမ့်မည်။ လူ အသက်ကိုသတ် သောအပြစ် ၊ ပြည်သူ မြို့သားအပေါင်း တို့ကို ညှဉ်းဆဲ သော အပြစ်ရှိ၏။ ၁၈ ထုလုပ်သော ရုပ်တု သည် အဘယ် အကျိုး ကိုပေး၍၊ လက်သမားသည် ထုလုပ် ရသနည်း။ သွန်းသော ရုပ်တု နှင့်မိစ္ဆာဆရာသည် အဘယ်အကျိုးကိုပေး၍၊ လုပ် သောသူသည် မိမိ အလုပ် ကို မှီခို လျက်၊ စကားအ သော ရုပ်တု တို့ကို လုပ်ရသနည်း။ ၁၉ သစ်သား အား ၊ နိုး တော်မူပါဟူ၍ငင်း ၊ စကား အ သောကျောက် အား ၊ ထ တော်မူပါဟူ၍ငင်း ဆို သောသူသည် အ မင်္ဂလာရှိ၏။ ထို အရာသည် သွန်သင် လိမ့်မည် လော။ ရွှေ ငွေ နှင့် မွမ်းမံ လျက် ရှိ၏။ အတွင်း၌ အသက် အလျှင်း မ ရှိပါတကား။ ၂၀ ထာဝရဘုရား မူကား ၊ သန့်ရှင်း သော ဗိမာန် တော်၌ ရှိတော်မူ၏။ မြေကြီး သားအပေါင်း တို့၊ ရှေ့ တော်၌ ငြိမ်ဝပ် စွာ နေကြလော့။

၃ ပရောဖက် ဟဗက္ကုတ် ၏ ပဌနာ စကားတည်းဟူသောရှိဂျောနုတ် သီချင်း၊ ၂ အိုထာဝရဘုရား ၊ အကျွန်ုပ်သည် ကိုယ်တော် ၏ ဗျာဒိတ် တော်သံကို ကြား ၍ ကြောက်ရွံ့ ပါပြီ။ အိုထာဝရ ဘုရား ၊ ယခုနှစ် များအတွင်း တွင် အမှု တော်ကို ပြုပြင် တော်မူပါ။ ယခုနှစ် များအတွင်း တွင် ထင်ရှား စေတော်မူပါ ။ အမျက်ထွက် တော်မူသော်လည်းကရုဏာ တရားကို အောက်မေ့ တော်မူပါ။ ၃ ဘုရား သခင်သည် တေမန် မြို့မှ ၎င်း ၊ သန့်ရှင်း သော ဘုရားသည် ပါရန် တောင် မှ ၎င်း ကြွ တော်မူ၏။ ဘုန်း တော်သည် မိုဃ်းကောင်းကင် ကို ဖုံးအုပ် လျက် ၊ မြေကြီး သည် ဂုဏ် အသရေတော်နှင့် ပြည့်စုံ လျက် ရှိ၏။ ၄ အဆင်း အရောင်တော်သည် နေ ရောင်ကဲ့သို့ ဖြစ်၏။ လက် တော်မှ ရောင်ခြည် သည် ထွက် ၍ ၊ ဘုန်း အာနုဘော်တော်ကို ကွယ်ကာ လေ၏။ ၅ ရှေ့ တော်၌ ကာလနာ ဘေးသည် သွား ၍ ၊ ပူလောင် ခြင်းဘေးသည် ခြေ တော်ကို ခြံရံ လျက်ရှိ၏။ ၆ ရပ် ၍ မြေကြီး ကို တိုင်း တော်မူ၏။ ကြည့်ရှု ၍ လူမျိုး တို့ကို တုန်လှုပ် စေတော်မူ၏။ အစဉ် အမြဲတည် သော တောင် တို့သည် ကျိုးပဲ့ ၍၊ ထာဝရ ကုန်းရိုး တို့သည် ညွတ် ကြ၏။ ထာဝရ လမ်း တို့ကို ကြွတော်မူ၏။ ၇ ကုရှန် ပြည်၌ တဲ တို့သည် ဆင်းရဲ ခံခြင်း၊ မိဒျန် ပြည် ၌ ကုလားကာ တို့သည် လှုပ်ရှား ခြင်းကို ငါမြင် ၏။ ၈ အို ထာဝရဘုရား ၊ ကိုယ်တော်သည် ကယ်တင် ရာ မြင်း ရထား တော်ကို စီး တော်မူမည်အကြောင်း ၊ မြစ် တို့ ကို အမျက်ထွက် တော်မူသလော။ မြစ် များတဘက် ၌ စိတ် ထတော်မူသလော။ ပင်လယ် ကို ရန်ငြိုး ဖွဲ့တော်မူသလော။ ၉ ကိုယ်တော်သည် အမျိုး အနွယ်တော်တို့ ၌ ထား တော်မူသောသစ္စာ ဂတိရှိသည်အတိုင်း၊ လေး လက်နက်တော်ကို ထုတ်ပြတော်မူ၏။ မြေကြီး ၌ မြစ် တို့ကို ပေါက် စေ တော်မူ၏။ ၁၀ တောင် တို့သည် ကိုယ်တော် ကို မြင် ၍ တုန်လှုပ်ကြပါ၏။ လျှံ သော ရေ သည် လွှမ်းမိုး ပါ၏။ ပင်လယ် သည် အော်ဟစ် ၍ လက် ကို ချီ ပါ၏။ ၁၁ နေ နှင့်လ သည် မိမိတို့နေရာ ၌ ရပ် ၍ နေပါ၏။ သူတို့ အလင်း ၌ မြှား တော်တို့သည် သွား ၍၊ သူတို့ရောင်ခြည် ၌ လှံ တော်သည်လည်း

လျှပ်စစ် ပြက်ပါ၏။ ၁၂ အမျက် တော်ထွက်လျက် တပြည်လုံး ချီ သွား၍၊ ဒေါသ စိတ်နှင့် လူ အမျိုးမျိုးတို့ကို နှင်း နယ်တော်မူ၏။ ၁၃ ကိုယ်တော် ၏လူ တို့ကို ကယ်တင် ခြင်း၊ ကိုယ်တော် ပေးတော်မူ၍ ဘိသိက် ခံသောသူတို့ကို ကယ်တင် ခြင်းအလိုငှါ ထွက် ကြွတော်မူ၏။ အဓမ္မ လူ၏အိမ် ၌ ဦးခေါင်း ကို နှိပ်စက် ၍၊ မူလ အမြစ်ကို လည်ပင်း တိုင်အောင် ပယ်ရှင်း တော်မူ၏။ ၁၄ ဗိုလ် မင်းတို့၏ ဦးခေါင်း ကို မြှား တော်တို့နှင့် ထုတ်ချင်းခပ် ထိုးတော်မူ၏။ ထိုသူတို့သည် အကျွန်ုပ် တို့ကို လွင့် စေခြင်းငှါ လေပြင်း မုန်တိုင်းကဲ့သို့တိုက်ကြပါ၏။ ဆင်းရဲသား တို့ကို အမှတ်တမဲ့ ကိုက်စား မည့်အကြံရှိသကဲ့သို့ ဝမ်းမြောက် ကြပါ၏။ ၁၅ ကိုယ်တော် သည် မြင်း တော်များကို စီး၍၊ ရေ ဟုန်းဟုန်း မြည်သော ပင်လယ် အလယ်သို့ ချီ သွားတော်မူ ၏။ ၁၆ ဗျာဒိတ်တော်သံ ကို ငါကြား သောအခါ ရင် ၌ လှုပ်ရှား ခြင်း၊ မေးခိုင် ခြင်း၊ အရိုး ဆွေးမြေ့ ခြင်း၊ တကိုယ်လုံး တုန်လှုပ် ခြင်းရှိ၏။ အကြောင်းမူကား၊ အမှု ရောက် သောနေ့ ၊ လုပ်ကြံသောသူသည် ငါ၏လူမျိုး ကို တိုက် လာ သောနေ့တိုင်အောင်ငါသည် နေရစ် ရမည်။ ၁၇ သင်္ဘောသဖန်း ပင် မ ပွင့် ရ၊ စပျစ် ပင်မ သီး ရ၊ သံလွင် ပင်၏ကျေးဇူး ကို မြော်လင့်၍မ ခံရ၊ လယ် တို့သည် အသီးအနှံ ကို မ ပေး ရ၊ သိုးခြံ ၌ သိုး ကုန် ၍ တင်းကုပ် ၌ နွား မ ရှိရ။ ၁၈ သို့သော်လည်း ၊ ထာဝရဘုရား ၌ ငါဝမ်းမြောက် ၍၊ ငါ့ ကို ကယ်တင် တော်မူသောဘုရား သခင်ကို အမှီပြု လျက် ရွှင်လန်း မည်။ ၁၉ အရှင် ထာဝရဘုရား သည် ငါ ၏အစွမ်း သတ္တိဖြစ် တော်မူ၏။ ငါ့ ခြေ ကို သမင်ခြေ ကဲ့သို့ ဖြစ် စေ၍ ၊ ငါ ၏မြင့် ရာအရပ် ပေါ် မှာ ငါ့ ကို နေရာ ချတော်မူမည်။

၁ ယုဒ ရှင်ဘုရင် အာမုန် သား ယောရှိ မင်းလက်ထက် ၊ ဟိဇကိ ၊ အာမရိ ၊ ဂေဒလိ တို့မှ ဆင်းသက်သော ကုရှိ ၏သား ဧဇေဖနိ သို့ ရောက် လာသော ထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား၊ ၂ ပြည် တပြည်လုံး ၌ ရှိလေသမျှ တို့ကို အကုန်အစင် ငါသုတ်သင်ပယ်ရှင်း မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၃ လူ နှင့် တိရစ္ဆာန် တို့ကို ပယ်ရှင်း မည်။ မိုးယံ ကောင်းကင် ငှက် နှင့် ပင်လယ် ငါး တို့ကိုငင်း၊ အဓမ္မ လူတို့ နှင့်တကွ ပြစ်မှား စရာအကြောင်းတို့ကိုငင်းငါပယ်ရှင်းမည်။ မြေ တပြင်လုံး ၌ ရှိသောလူ သတ္တဝါတို့ကိုလည်း ငါ ပယ်ရှင်း မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၄ ယုဒ ပြည်သူ၊ ယေရုရှလင် မြို့ သားအပေါင်း တို့ကို ငါတိုက် ၍ ၊ ဤ အရပ် ၌ ကျန် ကြွင်းသော ဗာလ ဘုရား၏ တပည့်တို့နှင့် ယဇ်ပုရောဟိတ်အမျိုးမျိုးတို့ကိုငင်း ၊ ၅ ကောင်းကင် တန်ဆာ များကို အိမ်မိုး ပေါ် မှာ ကိုးကွယ် သောသူ၊ ထာဝရဘုရား နှင့် မာလခံ ဘုရားကို တိုင်တည် လျက် ကျိန်ဆိုကိုးကွယ် သောသူတို့ ကိုငင်း ၊ ၆ ထာဝရဘုရား ၏နောက် တော်သို့ မလိုက်၊ ဆုတ် သွားသောသူ၊ ထာဝရဘုရား ကို မ ရှာဖွေ ၊ မ မေးမြန်း သောသူတို့ ကိုငင်း ငါပယ်ရှင်း မည်။ ၇ အရှင် ထာဝရဘုရား ၏ရှေ့ တော်၌ ငြိမ်ဝပ် စွာ နေကြလော့။ ထာဝရဘုရား ၏နေ့ နီး ပြီ။ ထာဝရဘုရား သည် မိမိယဇ်ပွဲတော်ကို ပြင်ဆင် ၍၊ ပွဲဝင် သောသူတို့ ကို သန့်ရှင်းစေတော်မူပြီ။ ၈ ထာဝရဘုရား ပွဲခံတော်မူသောနေ့ ၌ မင်း များ၊ ဆွေတော် မျိုးတော်များနှင့် ထူးခြားစွာ ဝတ် သောသူများ အပေါင်း တို့ကို ငါစစ်ကြော မည်။ ၉ သူတပါး၏အိမ်တံခါးခုံ ကို ကျော် ၍ အနိုင်အထက် ပြုခြင်း၊ လှည့်စား ခြင်းအားဖြင့်ရသောဥစ္စာနှင့် မိမိ သခင် ၏ အိမ် ကို ပြည့် စေသောသူအပေါင်း တို့ကိုလည်း ထို နေ့ ၌ ငါစစ်ကြော မည်။ ၁၀ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို နေ့ ၌ ငါး တံခါးဝ မှာ အော်ဟစ်သံ ကိုငင်း ၊ ဒုတိယ မြို့၌ ဝိုကြွေး မြည်တမ်းသံကိုငင်း ၊ တောင်ရိုး ၌ ပြင်း စွာချိုးဖျက် သံကိုငင်း ကြားရ၏။ ၁၁ မတ္တေရှ အရပ် သားတို့၊ ဝိုကြွေး မြည်တမ်းကြလော့ ။ ကုန်သည် အပေါင်း တို့သည် ပြတ် ကြပြီ။ ငွေ ကို ဆောင် သောသူအပေါင်း တို့သည် ဆုံး ကြပြီ။ ၁၂ ထို ကာလ ၌ ငါသည် မီးခွက် ကို ကိုင်၍ ယေရုရှလင် မြို့ကို စစ်ကြောမည်။ ထာဝရဘုရား သည် ကျေးဇူး ကိုလည်း မ ပြု၊ အပြစ် ကိုလည်း မ ပေးဟု အောက်မေ့ လျက်၊ မိမိ တို့အနည် အဖတ်ပေါ် ၌ နေရာကျသောသူ တို့ ကို ငါစစ်ကြော မည်။ ၁၃ ထိုသူ တို့၏ဥစ္စာ ကို သူတပါးလုယူ ၍ ၊ သူ တို့၏ နေရာ သည် လူဆိတ်သုဉ်လျက် ရှိ လိမ့်မည်။ အိမ် ကို ဆောက် သော်လည်း မ နေ ရကြ။ စပျစ် ဥယျာဉ်ကို စိုက် သော်လည်း စပျစ်ရည် ကို မ သောက် ရကြ။ ၁၄ ထာဝရဘုရား ၏နေ့ ကြီး နီး ပြီ။ နီး ပြီ။ အလျင်အမြန် လာ၏။ ထာဝရဘုရား ၏ နေ့ သိတင်း သည် နား၌ ခါး ၏။ ထိုနေ့၌ သူရဲ သည် အော်ဟစ် လိမ့်မည်။ ၁၅ ထို နေ့ သည် အမျက် ထွက်သောနေ့ ၊ ဆင်းရဲ ပူပန် ခြင်းကို ခံရသောနေ့ ၊ သုတ်သင် ပယ်ရှင်းဖျက်ဆီး ရာနေ့ ၊ အလင်း ကွယ်၍ မှောင်မိုက် သောနေ့ ၊ မိုးယံအုံ၍ ထူထပ် သောမှောင်မိုက် ဖုံးလွှမ်းသောနေ့ ၊ ၁၆ ခိုင်ခံ့ သောမြို့ ၊ မြင့် သောရဲတိုက် တို့တဘက် ၌ တံပိုး မှုတ်၍ ကြွေးကြော် ရာနေ့ ဖြစ်၏။ ၁၇ သူတို့သည် ထာဝရဘုရား ကို ပြစ်မှား သောကြောင့် ၊ သူ တို့ကို ငါညှဉ်းဆဲ သဖြင့် မျက်စိ မမြင်သော သူကဲ့သို့ သွား ကြလိမ့်မည်။ သူ တို့အသွေး ကို မြေမှုန့် ကဲ့သို့ သွန်း ၍ အသား ကိုလည်း မစင် ကဲ့သို့

မှတ်ကြလိမ့်မည်။ ၁၈ ထာဝရဘုရား အမျက် ထွက်တော်မူသောနေ့ ၌ သူ တို့ရွှေ ငွေ သည် သူ တို့ကို မ ကယ်တင် နိုင် ရာ။ ဒေါသ အမျက်တော်မီး သည် တပြည်လုံး ကို လောင် လိမ့်မည်။ ပြည်သူ ပြည်သားအပေါင်း တို့ကို အလျင်အမြန် စီရင် ၍ အကုန်အစင် သုတ်သင်ပယ်ရှင်းတော်မူလိမ့်မည်။

J အရှက် မ ရှိသော အမျိုးသား တို့၊ ကိုယ်ကို စစ်ကြော ကြလော့။ ၂ အမိန့် တော်အတိုင်း မစီရင် ၊ သင်တို့အချိန် သည် ဖွဲ ကဲ့သို့ မလွန် ၊ ထာဝရဘုရား ၏ပြင်းစွာ သော အမျက် တော်သည် သင် တို့အပေါ် သို့မ ရောက် ၊ ထာဝရဘုရား ၏ အမျက် တော်နေ့ သည် သင် တို့အပေါ် သို့ မ ရောက် မီ ကိုယ် ကို စစ်ကြောကြလော့။ ၃ တရား တော်အတိုင်း ကျင့် ၍ စိတ်နှိမ့်ချ သော ပြည် သူပြည်သားအပေါင်း တို့၊ ထာဝရဘုရား ကို ရှာ ကြ လော့။ ဖြောင့်မတ် ခြင်းနှင့် စိတ်နှိမ့်ချ ခြင်းကိုလည်း ရှာ ကြလော့။ ထာဝရဘုရား အမျက် ထွက်တော်မူသောနေ့ ၌ သင်တို့သည် ပုန်းရှောင် ရာကို တွေ့ကောင်းတွေ့ကြ လိမ့်မည်။ ၄ အကယ် စင်စစ်ဂါဇ မြို့သည် စွန့်ပစ် ရာ၊ အာရှကေလုန် မြို့သည် သုတ်သင် ပယ်ရှင်းရာ ဖြစ် လိမ့်မည်။ အာဇုတ် မြို့သားတို့ကို မွန်းတည့် အချိန်၌ နှင်ထုတ် ၍ ၊ ဧကြုန် မြို့ကိုလည်း ဖြိုဖျက် ကြလိမ့်မည်။ ၅ အို ပင်လယ် ကမ်းနား မှာ နေ သောခေရသိ အမျိုးသား တို့၊ သင် တို့တဘက် ၌ ထာဝရဘုရား ၏ နှုတ်ကပတ် တော်ရှိ၏။ အို ဖိလိတ္တိ လူနေရာ ခါနာန် ပြည်၊ သင် ၌ အဘယ်သူ မျှမနေ စေခြင်းငှါသုတ်သင် မည်။ ၆ ပင်လယ် ကမ်းနား အရပ်သည် ကျက်စား ရာ၊ သိုးထိန်း မှီခို ရာ၊ သိုး ခြံ လုပ်စရာဘို့ ဖြစ် လိမ့်မည်။ ၇ ပင်လယ်ကမ်း သည်လည်း ကျန် ကြွင်းသော ယုဒ အမျိုးသား တို့အဘို့ ဖြစ် ၍၊ သူတို့သည် ထိုအရပ် ၌ ကျက်စား ကြလိမ့်မည်။ ည အချိန်၌ လည်း အာရှကေလုန် မြို့ရာအိမ် တို့ ၌ အိပ် ကြလိမ့်မည်။ သူ တို့၏ ဘုရား သခင်ထာဝရဘုရား သည် သူ တို့ကို အကြည့့် အရှုကြွလာ၍ ၊ သိမ်း သွားခြင်းဘေးကို ပယ်ရှင်း တော်မူလိမ့်မည်။ ၈ မောဘ အမျိုးသားနှင့် အမ္မုန် အမျိုးသား တို့သည် ငါ ၏လူမျိုး ကို ကဲ့ရဲ့ အပြစ်တင်၍ ၊ ငါ၏လူနေရာ တဘက် ၌ ဝါကြွား သော စကားကို ငါကြား ပြီ။ ၉ သို့ဖြစ်၍ ၊ ဣသရေလ အမျိုး၏ ဘုရား သခင်၊ ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည် ကား၊ မောဘ ပြည် နှင့် အမ္မုန် ပြည် သည်၊ သောဒုံ မြို့နှင့် ဂေါမောရ မြို့ ကဲ့သို့ ဆူး ပင်ပေါက်သောအရပ် ၊ ဆား ချက်ဘို့ မြေတူးရာအရပ် ၊ အစဉ် အမြဲပျက်စီး ရာအရပ် ဖြစ် ၍ ၊ ကျန် ကြွင်းသော ငါ ၏လူ ၊ ငါ ၏အမျိုးသား တို့သည် လုယူ သိမ်းစား ကြလိမ့်မည်။ ၁၀ ထိုသူတို့သည် မာနကြီး သောသူဖြစ် ၍၊ ကဲ့ရဲ့ လျက် ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ လူမျိုး တဘက် ၌ ဝါကြွား သောကြောင့်ထိုသို့သော အပြစ်ကိုခံရကြလိမ့်မည်။ ၁၁ ထာဝရဘုရား သည် သူ တို့တဘက် ၌ ကြောက်မက် ဘွယ်ဖြစ်၍၊ လောကီ ဘုရား ရှိသမျှ တို့ကို အငတ် ထား တော်မူလိမ့်မည်။ တပါးအမျိုးသား နေရာ ကျွန်း ရှိသမျှ တို့ သည် အသီး အသီးမိမိ တို့အရပ် ၌ ရှိခိုး ကြလိမ့်မည်။ ၁၂ အို ကုရှ ပြည်သားတို့၊ သင် တို့သည်လည်း ငါ့ ထား ဖြင့် အသေ ခံရကြလိမ့်မည်။ ၁၃ မြောက် မျက်နှာကို လည်း တိုက် ၍ အာရှုရိ ပြည် ကို ဖျက်ဆီး တော်မူမည်။ နိနေဝေ မြို့ကို လူဆိတ်ညံ ရာအရပ် ၊ လွင်ပြင် ကဲ့သို့ သွေ့ခြောက် သော အရပ်ဖြစ် စေတော်မူမည်။ ၁၄ မြို့ အလယ် ၌ သိုး စုများနှင့် တပါး အမျိုး သားရဲ အပေါင်း တို့ သည် အိပ် ကြလိမ့်မည်။ ဝံပို နှင့် ဖြူ တို့သည် တံခါး ထုပ်၌ နေရာ ကျ၍ ပြတင်းပေါက်

၌ မြည် ကြ လိမ့်မည်။ တံခါး ခုံတို့သည် လူဆိတ်ညံ လျက်၊ အာရုဏ် သစ်သား၌ အပြောက် ပယ်ရှင်း လျက် ရှိလိမ့်မည်။ ၁၅ ထို မြို့ က၊ ငါ ရှိ၏။ ငါမှတပါး အဘယ် သူမျှမရှိ ဟု ဆို လျက်၊ သောက နှင့် ကင်းလွတ်၍ ဝမ်းမြောက် လျက် နေဘူးသော မြို့ဖြစ်ပါသည်တကား။ ယခုမှာ သုတ်သင် ပယ်ရှင်းရာ၊ သားရဲ အိပ် ရာအရပ်ဖြစ် ပါသည်တကား။ ရှောက် သွားသော သူအပေါင်း တို့သည် ကဲ့ရဲ့ သံ ကို ပြု၍ လက် ဖျားခါ ကြလိမ့်မည်။

၃ ဆန့်ကျင် ဘက်ပြု၍ ညစ်ညူး လျက် ညှဉ်းဆဲ တတ်သော မြို့ သည် အ မင်္ဂလာရှိ၏။ ၂ နှုတ်ကပတ်တော်အသံ ကို နား မ ထောင်၊ ဆုံးမ တော်မူခြင်း ကိုမ ခံ ၊ ထာဝရဘုရား ကို မ ခိုလှုံ ၊ မိမိ ဘုရား သခင်ထံ တော်သို့ မ ချဉ်းကပ် ၊ ၃ မြို့ အလယ် ၌ မင်း များတို့သည် ဟောက် သော ခြင်္သေ့ ဖြစ်ကြ၏။ တရားသူကြီး တို့သည် နံနက် တိုင်အောင် အဘယ်အရာကိုမျှမ ချန် မထား၊ ညဉ့် ၌ လှည့်လည်တတ် သောတောခွေး ဖြစ်ကြ၏။ ၄ ပရောဖက် တို့သည် လျှပ်ပေါ် သောသူ၊ သစ္စာ ပျက်သောသူ ဖြစ်ကြ၏။ ယဇ် ပုရောဟိတ်တို့သည် သန့်ရှင်း ရာဌာနတော်ကို ညစ်ညူး စေ၍ တရား တော်ကိုလည်း ရှုတ်ချ ကြ၏။ ၅ သို့သော်လည်း၊ ထာဝရဘုရား သည် မြို့ အလယ် ၌ တရားသဖြင့် ပြုတော်မူ၏။ မ တရားသော အမှုကို ပြု တော်မ မူ။ နံနက် အစဉ်အတိုင်းမိမိ ဖြောင့်မတ် ကြောင်း ကို မချွတ်မယွင်း ဘော်ပြ တော်မူ၏။ သို့သော်လည်း ၊အဓမ္မ လူတို့သည် ရှက်ကြောက် ခြင်းမ ရှိ ကြ။ ၆ လူ အမျိုးမျိုးတို့ကို ငါပယ် ဖြတ်၍ သူ တို့ရဲတိုက် များကို ဖျက်ဆီး လေပြီ။ လမ်း တို့ ၌ အဘယ်သူ မျှမသွား မလာစေခြင်းငှါ လူဆိတ်ညံ စေပြီ။ မြို့ တို့ကိုလည်း လူ တစုံတယောက်မျှ မနေ စေခြင်းငှါ ဖျက်ဆီး လေပြီ။ ၇ ထိုအခါ ငါက၊ အကယ်စင်စစ်ဤမျှလောက်ငါဆုံးမ ပြီးမှ သင်သည် ကိုယ် နေရာ ကို မ ပယ်ရှင်း စေ ခြင်းငှါ၊ ငါ့ ကို ကြောက်ရွံ့၍ နည်းခံ လိမ့်မည်ဟု ဆို သော်လည်း၊ သူတို့သည် ကြိုးစား ၍ မှားယွင်း သောအကျင့် ကိုသာ ကျင့်ကြ၏။ ၈ သို့သော်လည်း၊ ထာဝရဘုရား မိန့် တော်မူသည် ကား၊ ဘမ်းဆီး လုယက်ခြင်းငှါ ငါ မထ မှီတိုင်အောင်ငါ့ ကို ငံ့လင့် ကြလော့။ တိုင်း နိုင်ငံပြည်သား အမျိုးမျိုးတို့ကို စုဝေး စေ၍၊ ငါ့ အမျက် ၊ ငါ့ ဒေါသ အရှိန် ကို အကုန်အစင် သွန်းလောင်း မည်ဟု ငါ အကြံ ရှိ၏။ ငါ့ ဒေါသ မီး သည် မြေ တပြင်လုံး ကို လောင် ရလိမ့်မည်။ ၉ အကယ် စင်စစ်လူမျိုး အပေါင်း တို့သည် ထာဝရဘုရား ၏အမှုတော်ကို တညီတညွတ် တည်းဆောင်ရွက် မည် အကြောင်း၊ နာမ တော်ကို ပဌနာ ပြုစေခြင်းငှါ သန့်ရှင်း သော ဘာသာ စကားကို သူ တို့အား ငါပြန် ပေးမည်။ ၁၀ ကုရှ ပြည်၏မြစ် တို့တဘက် ၊ အရပ်ရပ်၌ ကွဲပြား လျက်နေသောငါ ၏လူမျိုးသတို့သမီး ၊ ငါ့ ကို တောင်းပန် သောသူတို့ သည် ငါ့ အဘို့ ပူဇော် သက္ကာကို ဆောင် ခဲ့ကြ လိမ့်မည်။ ၁၁ ငါ့ ကို ပြစ်မှား သောအပြစ် များကြောင့် ထိုအခါ သင်သည် အရှက်ကွဲ ခြင်းကို မ ခံရ။ သင် ၏ ဂုဏ်အသရေကြောင့် ဝါကြွား သောသူတို့ ကို သင့် အလယ် ၌ ငါပယ်ရှား မည်။ သင်သည်လည်း ငါ ၏သန့်ရှင်း သော တောင် ကို အမှီပြု ၍ နောက် တဖန်မာန မ ထောင်လွှားရ။ ၁၂ နှိမ့်ချ ဆင်းရဲ သော အမျိုး ကို သင့် အလယ် ၌ ငါချန် ထားမည်။ ထိုသူတို့သည် ထာဝရဘုရား ၏ နာမ တော် ကို ခိုလှုံ ကြလိမ့်မည်။ ၁၃ ကျန် ကြွင်းသော ဣသရေလ အမျိုးသားတို့သည် မ တရားသောအမှုကို မ ပြု ရကြ။ မုသာ မ ပြော ရကြ။ သူ တို့ နှုတ် ၌ လှည့်စား တတ်သော လျှာ မ ရှိ ရ။ အဘယ်သူမျှမ ကြောက် စေဘဲ

စားသောက် လျက် ၊ အိပ် လျက်နေရကြ လိမ့်မည်။ ၁၄ အိုဇိအုန် သတို့သမီး ၊ သီချင်းဆို လော့။ အို ဣသရေလ အမျိုး၊ ကြွေးကြော် လော့။ အိုယေရှုရှလင် သတို့သမီး ၊ စိတ်နှလုံး အကြွင်းမဲ့ ဝမ်းမြောက် ရွှင်လန်းလော့။ ၁၅ ထာဝရဘုရား သည် သင် ၏အပြစ် ဒဏ်တို့ကို ပယ်ရှား တော်မူပြီ။ ဣသရေလ အမျိုး၏ ရှင် ဘုရင်ထာဝရဘုရား သည် သင့် အလယ် ၌ ရှိတော်မူ၏။ သင်သည် နောက် တဖန်ဘေးဥပဒ် နှင့်မ တွေ့ မကြုံရ။ ၁၆ မ စိုးရိမ် နှင့်ဟု၊ ယေရုရှလင် မြို့အား ၎င်း ၊ လက် အား မ လျော့ စေနှင့်ဟု၊ ဇိအုန် တောင်အားဎင်း ထိုအခါ ဆို ရ၏။ ၁၇ သင် ၏ဘုရား သခင်ထာဝရဘုရား သည် သင့် အလယ် ၌ ရှိ၍၊ တန်ခိုး ကြီးသောဘုရားသည် သင့်ကို ကယ်တင် တော်မူ လိမ့်မည်။ သင် ၌ အားရ ၍ ဝမ်းမြောက် တော်မူလိမ့်မည်။ ချစ်ခြင်း မေတ္တာ၌ ကျိန်းဝပ် ၍၊ သီချင်း ဆို ခြင်းနှင့်တကွ သင် ၌ ဝမ်းမြောက် တော်မူလိမ့်မည်။ ၁၈ ကဲ့ရဲ့ ခြင်းဝန် ကို သင် ထမ်း ရာအကြောင်းတည်းဟူသော၊ သင် နှင့် ဝေး၍ ဓမ္မ ပွဲကို မခံရဘဲ ညှိုးငယ် လျက် ရှိသောသူတို့ ကို ငါစုဝေး စေမည်။ ၁၉ သင့် ကို ညှဉ်းဆဲ သောသူအပေါင်း တို့ကို ထိုအခါ ငါ စီရင် မည်။ နာ သောသူကို ချမ်းသာ ပေးမည်။ နှင်ထုတ် ခြင်းကိုခံရသော သူကို သင်း ဖွဲ့စေမည်။ အရှက်ကွဲ ခြင်းကိုခံရရာ ပြည် အရပ် ရပ် တို့ ၌ ချီးမွမ်း ခြင်းဂုဏ် အသရေကို ပေး မည်။ ၂၀ ထို ကာလ ၌ သင် တို့ကို တဖန် ငါဆောင် ခဲ့၍ စုဝေး စေသဖြင့် ၊ သိမ်း သွားခြင်းကို ခံရသောသူတို့ကို သင် တို့ မျက်မှောက် ၌ တဖန် ဆောင် ခဲ့ပြန်သောအခါ ၊ မြေကြီး သား အမျိုးမျိုး တို့တွင် ချီးမွမ်း ခြင်းဂုဏ် အသရေကို သင် တို့အား ပေး မည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။

၁ ဒါရိ မင်းကြီး နန်းစံနှစ် နှစ် ၊ ဆဌမ လ တ ရက် နေ့ တွင် ၊ ပရောဖက် ဟဂ္ဂဲ အားဖြင့် ယုဒ မြို့ဝန် ၊ ရှာလသေလ သား ဇေရုဗဗေလ နှင့် ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား ယောရှု ဆီသို့ ထာဝရဘုရား ၏နှုတ်ကပတ် တော် ရောက်လာ၍၊ ၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အချိန် မ ရောက် သေး၊ ထာဝရဘုရား ၏အိမ် တော်ကို တည်ဆောက် ရသောအချိန် မရောက်သေး ဟု၊ ဤ လူ များ ပြောဆို ကြသည်မှာ၊ ၃ ပရောဖက် ဟဂ္ဂဲ အားဖြင့် ထာဝရဘုရား ၏ နှုတ်ကပတ် တော်ရောက် လာသည်ကား၊ ၄ အချင်းလူတို့၊ သင် တို့သည် အမိုးနှစ်ထပ်နှင့် ပြည့်စုံ သော အိမ် ၌ နေ ချိန် ရှိလျက်ပင်၊ အိမ် တော်ပျက် လျက် နေရမည်လော။ ၅ ယခု မှာ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ကိုယ်ကျင့်သောအကျင့် တို့ ကို ဆင်ခြင် ကြလော့။ ၆ သင်တို့သည် များစွာ သော မျိုးစေ့ ကို ကြဲသော်လည်း အသီးအနှံနည်းပါး ရ ၏။ စား ရသော်လည်း ဝ စွာ မ စားရကြ။ သောက် ရသော်လည်း ဝစွာ မ သောက် ရကြ။ အဝတ်ကို ဝတ် ရသော်လည်း နွေး စွာ မ ဝတ်ရကြ။ အလုပ် လုပ်၍ အခ ကို ခံရသော်လည်းမ လုံသော အိတ် ထဲမှာ သိုထားရကြ၏။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ကိုယ်အကျင့် တို့ကို ဆင်ခြင် ကြလော့။ ၈ တောင် ပေါ် သို့ တက် သွား၍ သစ်သား ကို ဆောင် ခဲ့ပြီးလျှင် အိမ် တော်ကို ဆောက် ကြလော့။ ငါသည် လည်း အား ရ၍ ငါ၏ဘုန်း သည် ထင်ရှားလိမ့်မည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၉ သင်တို့သည် များစွာ ရမည်ဟု မြော်လင့် သော်လည်း ရသောဥစ္စာခေါင်းပါး ရ၏။ အိမ် သို့ ရောက် သောအခါ ငါမှုတ်လိုက်၏။ အဘယ်ကြောင့် နည်းဟု၊ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မေး တော်မူ၏။ ငါ့ အိမ် သည် ပျက်လျက်ရှိသောကြောင့် ၎င်း ၊ သင် တို့သည် အသီးအသီး မိမိ တို့အိမ် သို့ ပြေး သောကြောင့်၎င်း ဖြစ်သတည်း။ ၁၀ ထိုကြောင့် သင် တို့အပေါ် မှာ မိုးယိမ်း ခေါင် သဖြင့် နှင်း မကျရ။ မြေ သည်လည်း အသီးအနှံ ကို မ ပေးရ။ ၁၁ မြေ ပေါ်၌၎င်း ၊ တောင် ပေါ် ၌၎င်း ၊ ဆန် စပါး၊ ချိုသောစပျစ်ရည် ၊ ဆီ အပေါ် ၌၎င်း ၊ မြေ ထဲကထွက် သမျှ အပေါ် ၌၎င်း ၊ လူ သတ္တဝါတိရစ္ဆာန် အပေါ် ၌၎င်း ၊ လုပ်ဆောင် သမျှ အပေါ် ၌၎င်း ၊ သွေ့ခြောက် ခြင်းဘေးကို ငါမှာ လိုက်လေပြီဟု မိန့်တော်မူ၏။ ၁၂ ထိုအခါ ရှာလသေလ သား ဇေရုဗဗေလ နှင့် ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား ယောရှု မှစ၍ ကျန် ကြွင်းသော သူ အပေါင်း တို့သည် မိမိ တို့ဘုရား သခင်ထာဝရဘုရား ၏အမိန့် တော်ကိုငင်း ၊ မိမိ တို့ ဘုရား သခင်ထာဝရဘုရား စေခိုင်း တော်မူသောပရောဖက် ဟဂ္ဂဲ စကား ကိုငင်း နားထောင် သဖြင့် ၊ ထာဝရဘုရား ရှေ့တော်၌ ကြောက်ရွံ့ကြ၏။ ၁၃ ထိုအခါ ထာဝရဘုရား မှာ ထားတော်မူသည် အတိုင်း ထာဝရဘုရား ၏ တမန် ဟဂ္ဂဲ က၊ ငါ သည် သင် တို့နှင့်အတူ ရှိ၏ဟု၊ ထာဝရဘုရား မိန့် တော်မူကြောင်းကို လူ များတို့အား ဆင့်ဆို လေ၏။ ၁၄ ထာဝရဘုရား သည်လည်း၊ ယုဒ မြို့ဝန် ၊ ရှာလသေလ သား ဇေရုဗဗေလ နှင့် ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား ယောရှု မှစ၍ကျန် ကြွင်းသော သူ အပေါင်း တို့ ကို နှိုးဆော် တော်မူသောအားဖြင့် ၊ ၁၅ ဒါရိ မင်းကြီး နန်းစံနှစ် နှစ် ၊ ဆဌမ လ နှစ်ဆယ်

လေး ရက်နေ့ တွင် ၊ သူတို့သည် လာ ၍ မိမိ တို့ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏အိမ် တော်၌ အလုပ် လုပ် ကြ၏။

၂ သတ္တမ လ နှစ်ဆယ် တ ရက်နေ့တွင် ၊ ပရောဖက် ဟဂ္ဂဲ အားဖြင့် ထာဝရဘုရား ၏ နှုတ်ကပတ် တော် ရောက် လာ၍၊ ၂ သင်သည် ယုဒ မြို့ဝန် ၊ ရှာလသေလ သား ဇေရုဗဗေလ နှင့် ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား ယောရှု မှစ၍ကျန် ကြွင်းသောသူ တို့အား ဆင့်ဆို ရမည်မှာ၊ ၃ ဤ အိမ် တော်သည် ရှေး ဘုန်း နှင့် ပြည့်စုံသည်ကို မြင် ဘူး၍ သင် တို့တွင် ကျန် ကြွင်းသော သူ ကား အဘယ်သူ နည်း။ ယခု အဘယ် အရာကို မြင် သနည်း။ နှိုင်းယှဉ်လျှင် သင် တို့မျက်မှောက် ၌ အဘယ် မျှမဟုတ်သကဲ့သို့ ဖြစ်သည်မ ဟုတ်လော။ ၄ သို့သော်လည်း ၊ အိုဇေရုဗဗေလ ၊ အား ယူလော့ ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ အို ယဇ်ပုရောဟိတ် မင်း ယောဇဒက် သား ယောရှု ၊ အား ယူလော့။ အိုပြည် သူ ပြည် သားအပေါင်း တို့၊ အား ယူကြလော့ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၅ အဲဂုတ္တု ပြည်မှ ထွက် သောအခါ သင် တို့နှင့် ငါဖွဲ့ သော ပဋိညာဉ်စကား နှင့်အညီ ငါ သည် သင် တို့နှင့်အတူ ရှိ၏။ ငါ ၏ဝိညာဉ် တော်သည် သင် တို့တွင် နေရာ ကျ၏။ မ စိုးရိမ် ကြနှင့်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၆ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ကာလမကြာမမြင့် မှီကောင်းကင် ၊ မြေကြီး ၊ ပင်လယ် ၊ ကုန်း တို့ကို တဖန် ငါ လှုပ် ဦးမည်။ ၇ လူမျိုး အပေါင်း တို့ကိုလည်း ငါလှုပ် ဦးမည်။ လူမျိုး အပေါင်း တို့ နှစ်သက် ဘွယ်သောအရာသည် ရောက် ၍ ၊ ဤ အိမ် ကို ဘုန်း နှင့် ငါပြည့်စုံ စေမည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၈ ရွှေ နှင့် ငွေ ကို ငါ ပိုင် သည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၉ နောက် တည်သော ဤ အိမ် တော်သည် အရင် အိမ်တော်ထက် ဘုန်း သာ၍ကြီး လိမ့်မည် ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ဤ အရပ် ၌ လည်း ငြိမ်သက် ခြင်းကို ငါပေး မည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ ဒါရိ မင်းကြီးနန်းစံနှစ် နှစ် ၊ နဝမ လနှစ်ဆယ် လေး ရက်နေ့ တွင် ၊ ထာဝရဘုရား ၏နှုတ်ကပတ် တော် သည် ပရောဖက် ဟဂ္ဂဲ အားဖြင့်ရောက် လာလျက်၊ ၁၁ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား က၊ သင်သည် တရား အမှုကို ယဇ်ပုရောဟိတ် ၌ မေးမြန်း ရမည် မှာ၊ ၁၂ လူ သည် သန့်ရှင်း သော အမဲသား ကို မိမိ အဝတ် နှင့် ထုတ် ၍ ဆောင် ခဲ့လျက် ၊ မုန့် ၊ ဟင်း ၊ စပျစ်ရည် ၊ ဆီ အစရှိသော စားစရာ တစုံတခု ကို ထိုအဝတ် နှင့် ထိ လျှင် ၊ ထိုစားစရာသည် သန့်ရှင်း လိမ့်မည်လောဟု မေးမြန်း သော် ၊ ယဇ် ပုရောဟိတ်တို့က၊ ထိုစားစရာသည် မ သန့်ရှင်းဟု ပြန်ပြော ကြ၏။ ၁၃ ဟဂ္ဂဲ ကလည်း ၊ အသေ ကောင်အားဖြင့် မ စင်ကြယ်သော သူသည် ထို အရာတစုံတခု ကိုထိ လျှင် ညစ်ညူး ခြင်း ရှိလိမ့်မည်လောဟု မေးမြန်း သော် ၊ ယဇ် ပုရောဟိတ်တို့က၊ ညစ်ညူး ခြင်းရှိလိမ့်မည်ဟု ပြန်ပြော ကြ၏။ ၁၄ ဟဂ္ဂဲ ကလည်း ၊ ဤ လူမျိုး ၊ ဤ ပြည်သား တို့သည် ငါ့ မျက်မှောက် ၌ ထိုအတူဖြစ်ကြ၏။ သူ တို့လုပ်ဆောင် သမျှ သည် လည်း ထိုအတူ ဖြစ်၏။ ငါ့ထံမှာပူဇော် သော အရာသည်လည်း ညစ်ညူး ၏ဟု၊ ထာဝရဘုရား မိန့် တော်မူ ၏။ ၁၅ ထာဝရဘုရား ၏ဗိမာန် တော်၌ ကျောက် တခု ပေါ် မှာ တခုကို မ တင် မှီ၊ ယခု နေ့ မှစ၍ အထက် အမှုကို ပြန်ကြည့်ဆင်ခြင် ကြပါလော့။ ၁၆

ထိုကာလတွင် ဆန်အတင်းနှစ်ဆယ် ထွက်ရသော စပါး ပုံသို့ လူလာ သောအခါ တဆယ် ကိုသာ ရ ၏။ စပျစ်ရည် အိုးငါးဆယ် ကို ယူ ခြင်းငှါ စပျစ်သီး နယ်ရာကျင်း သို့ လာ သောအခါ နှစ်ဆယ် ကိုသာ ရ ၏။ ၁၇ သင် တို့လုပ်ဆောင် သမျှ တို့တွင် လေထိ၍ အပင်သေဘေး၊ အရည်ယို၍ သေဘေးဖြင့် ငါသည် ဒဏ်ခတ် ခဲ့ပြီ။ သို့သော်လည်း ၊ သင် တို့သည် ငါ့ ထံ သို့ ပြန်၍ မလာကြဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၈ ထာဝရဘုရား ၏ဗိမာန် တော်တိုက်မြစ် ကျ၍၊ နဝမ လ နှစ်ဆယ် လေး ရက်နေ့ ၊ ယခု နေ့ မှစ၍ ရှေ့သို့ မျှော်ကြည့် ဆင်ခြင် ကြပါလော့။ ဆင်ခြင် ရမည် အကြောင်းအရာ ဟူမူကား၊ ၁၉ စပါး ကျီ၌ စပါး ရှိသလော။ မရှိ။ စပျစ် ပင်၊ သင်္ဘောသဖန်း ပင်၊ သလဲ ပင်၊ သံလွင် ပင် တို့သည် အသီး ကို မ သီးကြသေး။ သို့သော်လည်း၊ ယနေ့ မှစ၍ သင်တို့ကို ငါကောင်းကြီး ပေးမည်ဟု မိန့်တော်မူ၏။ ၂၀ ထိုလ နှစ်ဆယ် လေး ရက်နေ့တွင် ၊ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ဟဂ္ဂဲ သို့ တဖန် ရောက် လာ၍၊ ၂၁ သင်သည် ယုဒ မြို့ဝန် ၊ ဇေရုဗဗေလ ကို ဆင့် ဆိုရမည်မှာ၊ ငါ သည် ကောင်းကင် နှင့် မြေကြီး ကို လှုပ် မည်။ ၂၂ တိုင်း နိုင်ငံတို့၏ ရာဇ ပလ္လင်များကို မှောက်လှန် ၍ ၊ အမျိုးမျိုး သော တိုင်း နိုင်ငံတန်ခိုး ကို ဖျက်ဆီး မည်။ ရထား နှင့် ရထား စီး သူရဲတို့ ကိုလည်း မှောက်လှန် မည်။ မြင်း နှင့် မြင်း စီး သူရဲ တို့သည် တယောက် ကို တယောက်ခုတ် ၍ လဲ ကြလိမ့်မည်။ ၂၃ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ အို ရှာလသေလ သား ၊ ငါ့ ကျွန် ဇေရုဗဗေလ ၊ ထိုအခါ သင့် ကိုငါယူ ၍ တံဆိပ် လက်စွပ်ကဲ့သို့ ခန့် ထားမည်ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ သင့် ကို ငါရွေးချယ် ပြီဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၁ ဒါရိ မင်းကြီးနန်းစံနှစ် နှစ် ၊ အဋ္ဌမ လ တွင် ၊ ကြဒေါ သား ဗာရခိ ၏သား ပရောဖက် ဇာခရိ သို့ ရောက် လာသော ထာဝရဘုရား ၏နှုတ်ကပတ် တော်ဟူမူကား၊ ၂ ထာဝရဘုရား သည် သင် တို့ဘိုးဘေး များကို အလွန်အမျက် ထွက်တော်မူပြီ။ ၃ သို့သော်လည်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား၏အမိန့် တော်ကို သူ တို့အား ဆင့်ဆို ရမည် မှာ၊ ငါ့ ထံသို့ ပြန် ၍လာကြလော့ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ငါသည်လည်း သင် တို့ရှိရာသို့ ပြန် လာမည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ ၄ ရှေး ပရောဖက် တို့က၊ သင် တို့မ ကောင်းသော လမ်း ၊ မ ကောင်းသောအကျင့် များကို ယခု ကြဉ်ရှောင် ကြလော့ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကို ဆင့်ဆို လျက် ကြွေးကြော် သော်လည်း နားမ ကြား ၊ ငါ့ စကားကို လည်း နား မ ထောင်သော သင် တို့ဘိုးဘေး များကဲ့သို့ မ ပြု ကြနှင့်ဟု၊ ထာဝရဘုရား မိန့် တော်မူ ၏။ ၅ ဘိုးဘေး တို့သည် အဘယ် မှာရှိကြသနည်း။ ပရောဖက် တို့သည် အစဉ်အမြဲ အသက်ရှင် တတ်ကြ သလော ။ ၆ ငါ ၏ ကျွန် ပရောဖက် တို့ ၌ ငါမှာ ထားသော ငါ ၏ ပညတ် စကား တို့သည် သင် တို့ဘိုးဘေး များကို မှီ ကြပြီ မ ဟုတ်လော ။ သူတို့သည် သတိရ ၍ ငါ တို့ကျင့်ကြံ ပြုမူ သည်နှင့် အလျောက်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ဘုရားသခင် ထာဝရဘုရား သည် ငါ တို့ ၌ စီရင် မည်ဟု အကြံ ရှိတော်မူသည်အတိုင်း ၊ စီရင် တော်မူပြီဟု ပြောဆိုကြသည် မဟုတ်လောဟု မိန့် တော်မူ၏။ ၇ ဒါရိ မင်းကြီးနန်းစံနှစ် နှစ် ၊ ဧကာ ဒသမလ တည်းဟူသော ရှေဗတ် လ နှစ် ဆယ်လေး ရက်နေ့ တွင်၊ ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ကြဒေါ သား ဖြစ်သော ဗာရခိ ၏သား ပရောဖက် ဇာခရိ သို့ ရောက် လာ၍၊ ၈ ညဉ့် အခါမြင် ရသောရူပါရုံဟူမူကား ၊ မြင်း နီ ကို စီး သော လူ တဦးသည် ထင်ရှား ၍ ချိုင့် တွင် ရှိသောမုရတု တောဌ ရပ် ၏။ သူ နောက် မှာနီ သောမြင်း ၊ ညို သော မြင်း၊ ဖြူ သောမြင်းတို့သည် ရှိကြ၏။ ၉ ငါကလည်း ၊ အိုသခင် ၊ ထို သူတို့ကား အဘယ် သူနည်းဟုမေး သော်၊ ငါ နှင့် ပြောဆို သော ကောင်းကင် တမန် က၊ ထို သူ တို့ကား အဘယ် သူဖြစ်သည်ကို ငါ ပြ မည်ဟု ဆို ပြီးမှ ၊ ၁၀ မုရတု တောဌ ရပ် သော လူ က၊ ထို သူတို့သည် မြေကြီး အရပ်ရပ် တို့ကို လှည့်လည်၍ သွား စေခြင်းငှါ ၊ ထာဝရဘုရား စေလွှတ် တော်မူသောသူဖြစ်ကြသည်ဟု ပြန်ပြော ၏။ ၁၁ ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် မြေကြီး အရပ်ရပ် တို့ကို လှည့်လည်၍ သွား ပါပြီ။ မြေကြီး တရှောက်လုံး သည်အမှုမရှိ၊ ငြိမ်ဝပ် လျက်ရှိပါ၏ဟု၊ မုရတု တောဌ ရပ် သော ထာဝရဘုရား ၏ ကောင်းကင် တမန်အား ပြန်လျှောက် ကြ၏။ ၁၂ တဖန် ထာဝရဘုရား ၏ ကောင်းကင် တမန်က၊ အို ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၊ ကိုယ်တော်သည် အနှစ် ခုနစ် ဆယ်ပတ်လုံးအမျက်ထွက် တော်မူသောယေရုရှလင် မြို့နှင့် ယုဒ မြို့ များကို အဘယ် မျှကာလ ပတ်လုံးမ သနား ဘဲ နေတော်မူမည်နည်းဟု မေးလျှောက် သော် ၊ ၁၃ ထာဝရဘုရား သည် ငါ နှင့် ပြောဆို သော ကောင်းကင် တမန်အား ကောင်း သောစကား ၊ နှစ်သိမ့် စေသော စကား ပြန်ပြော တော်မူ၏။ ၁၄ ငါ နှင့် ပြောဆို သော ကောင်းကင် တမန်ကလည်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား၏ အမိန့် တော်ကို ဆင့်ဆို ၍ ကြွေးကြော် ရမည်မှာ၊

ငါသည် ယေရှုရှင်လင် မြို့နှင့် ဓိအုန် တောင်အဘို့ အလွန်ကြင်နာ သောစိတ်အား ကြီး၏။ ၁၅ ငြိမ်ဝပ် စွာနေသောတပါး အမျိုးသားတို့ကို အလွန် အမျက် ထွက်၏။ အကြောင်း မူကား၊ ငါ သည် ယေရှုရှင်မြို့ကို အနည်းငယ် အမျက် ထွက်သောအခါ သူတို့သည် ဝိုင်း၍ ညှဉ်းဆဲ ကြပြီ။ ၁၆ ထိုကြောင့် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ကျေးဇူး ပြုချင်သောစိတ်နှင့် ယေရှုရှင်လင် မြို့သို့ ငါပြန် လာ ပြီ။ ဤ မြို့တွင် ငါ့ အိမ် ကို တည်ဆောက် ရမည်။ မြို့ ရွာကို လည်း တိုင်းထွာ ရမည်ဟု၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၇ တဖန် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား ၏အမိန့် တော်ကို ဆင့်ဆို ၍ ကြွေးကြော် ရမည်မှာ၊ ငါ ၏ မြို့ရွာတို့သည် အရပ်ရပ် ၌ နှံ့ပြား၍ စည်ပင်ကြ လိမ့်မည်။ ထာဝရဘုရား သည် ဓိအုန် တောင်သားတို့ကို နှစ်သိမ့် စေဦးမည်။ ယေရှုရှင်လင် မြို့သားတို့ကို ရွေးကောက် ၍ ပြုစု ဦးမည်ဟု မိန့် တော်မူ၏။ ၁၈ တဖန် ငါမျှော်ကြည့် ၍ ဦးချို လေး ချောင်းကို မြင် ၏။ ၁၉ ငါ နှင့် ပြောဆို သော ကောင်းကင် တမန်အား လည်း ၊ ထို ဦးချိုတို့ကား အဘယ်သို့ နည်းဟု မေးမြန်း သော် ၊ ထို ဦးချိုတို့သည် ယုဒ ပြည်၊ ဣသရေလ ပြည်၊ ယေရှုရှင်လင် မြို့တို့ကို အရပ်ရပ်သို့ ကွဲပြား စေသော ဦးချို ဖြစ်သည်ဟု ပြန်ပြော ၏။ ၂၀ ထာဝရဘုရား သည်လည်း လက်သမား လေး ဦးတို့ကို ပြ တော်မူ၏။ ၂၁ ငါကလည်း၊ ဤ သူတို့သည် အဘယ် အမှုကို ပြု ခြင်းငှါ လာ ပါသနည်းဟု မေးလျှောက် သော် ၊ ကောင်းကင် တမန်က၊ ထို ဦးချို တို့သည် အဘယ်သူမျှမျှော် ၍ မ ကြည့်ဝံ့အောင်၊ ယုဒ ပြည်သားတို့ကို ကွဲပြား စေသော ဦးချိုဖြစ်ကြ၏။ ဤလက်သမားတို့သည် ယုဒ ပြည်သား တို့ ကို ကွဲပြား စေခြင်းငှာ တိုက်လာသောထိုဦးချို တို့ကို ခြိမ်းမောင်း ၍၊ တပါး အမျိုး၏ ဦးချို တို့ကို ရှုတ်ချ သောသူ ဖြစ် ကြသည်ဟု ပြန်ပြော ၏။

J တဖန် ငါ မျှော် ကြည့် ၍ ၊ တိုင်း စရာကြိုး ကို ကိုင် သော လူ တဦးကို မြင် လျှင် ၊ ၂ အဘယ် အရပ်သို့ သွား မည်နည်းဟု ထိုသူအားမေးသော်၊ ယေရှုရှင်လင် မြို့ အလျား အနံ ကို သိ လို ၍ မြို့ကို တိုင်း ခြင်းငှါ သွားသည်ဟု ပြန်ပြော ၏။ ၃ ငါ နှင့် ပြောဆို သော ကောင်းကင် တမန်သည် ထွက်သွား သော် ၊ အခြား သော ကောင်းကင် တမန်သည် ကြိုဆို လျက် ၊ ၄ သင်သည် ပြေး ၍ ထို လုလင် ကို ဆင့်ဆို ရမည်မှာ၊ ယေရှုရှင်လင် မြို့သား လူ သတ္တဝါတိရစ္ဆာန် တို့သည် အလွန် များသောကြောင့် ရွာ တို့ ၌ နေ ရကြလိမ့်မည်။ ၅ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါ သည် မြို့ ကို ကာ သောမီး မြို့ရိုး ဖြစ် မည်။ မြို့ အလယ် ၌ လည်း ငါသည် မြို့၏ဘုန်း အသရေဖြစ် မည်။ ၆ အချင်း တို့၊ အချင်း တို့၊ မြောက် မျက်နှာအရပ် မှ ပြေး လာကြလော့ဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ မိုဃ်း ကောင်းကင်အောက်လေး မျက်နှာတို့ ၌ သင် တို့ကို ငါနှံ့ ပြား စေပြီဟု၊ ထာဝရဘုရား မိန့် တော်မူ၏။ ၇ ဗာဗုလုန် မြို့သမီး ထံမှာနေ သောအချင်းဓိအုန် သတို့သမီး၊ အလွတ် ပြေးလော့။ ၈ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ သင် တို့ကို ဖျက်ဆီး သောလူမျိုး တို့ ရှိရာသို့ ဘုန်း ထင်ရှားပြီးမှ ငါ့ ကို စေလွှတ် တော်မူ၏။ သင် တို့ကို ထိ သောသူသည် မျက် ဆန် တော်ကို ထိ သောသူဖြစ်၏။ ၉ သူ တို့ကို ငါ တိုက် ၍ သူ တို့၏ ကျွန် များသည် လုယူ ဖျက်ဆီးကြလိမ့်မည် ။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ငါ့ ကို စေလွှတ် တော်မူသည်ကို သင်တို့သိ ရကြလိမ့်မည်။ ၁၀ အို ဓိအုန် သတို့သမီး ၊ သီချင်း ဆို၍ ရွှင်လန်း လော့။ ငါ လာ ၍ သင့် အလယ် ၌ နေ မည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ ထိုကာလ ၌

လူမျိုး အများ တို့သည် ထာဝရဘုရား ဘက်သို့ ဝင်စား ၍ ငါ ၏ လူ ဖြစ် ကြလိမ့်မည်။ သင့် အလယ် ၌ ငါနေ မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ငါ့ ကို သင့် ဆီ သို့ စေလွှတ် တော်မူသည်ကို သင်သိ ရ လိမ့်မည်။ ၁၂ ထာဝရဘုရား သည် သန့်ရှင်း သော ပြည် ၌ မိမိ အဘို့ ယုဒ ပြည်ကို အမွေခံ ၍ တဖန် ယေရုရှလင် မြို့ကို ရွေးချယ် တော်မူလိမ့်မည်။ ၁၃ အိုလူ သတ္တဝါအပေါင်း တို့၊ ထာဝရဘုရား ရှေ့ တော်၌ ငြိမ်ဝပ် စွာနေကြလော့။ သန့်ရှင်း သော ကျိန်းဝပ် ရာဌာနတော်၌ ထ တော်မူပြီ။

၇ ယဇ် ပုရောဟိတ်မင်း ယောရှု သည် ထာဝရဘုရား ၏ ကောင်းကင် တမန်ရှေ့၌ ရပ် နေသည်ကိုငင်း၊ စာတန် သည် ရန်ဘက် ပြု၍ သူ ၏လက်ျာ ဘက်၌ ရပ် နေသည် ကိုငင်းငါ့ အားပြ တော်မူ၏။ ၂ ထာဝရဘုရား ၏ ကောင်းကင်တမန်ကလည်း၊ အိုစာတန် ၊ ထာဝရဘုရား သည် သင့် ကို ဆုံးမ တော်မူပါစေသော။ ယေရုရှလင် မြို့ကို ရွေးချယ် ပြီးသော ထာဝရဘုရား သည် သင့် ကို ဆုံးမ တော်မူပါစေသော။ ဤ သူသည် မီး ထဲ က နှုတ် သော ထင်းစ ဖြစ်သည်မ ဟုတ်လော ဟု စာတန် အား ဆို ၏။ ၃ ယောရှု သည် ညစ်ညူး သော အဝတ် ကို ဝတ် လျက်၊ ကောင်းကင် တမန်ရှေ့ မှာ ရပ် နေသည်ဖြစ်၍ ၊ ၄ ကောင်းကင်တမန်က၊ ညစ်ညူး သော အဝတ် ကို ချွတ်ပယ် ကြလော့ဟု မိမိ ရှေ့မှာ ရပ် နေသောအခြားသူတို့ အား ဆို ၏။ ယောရှုအားလည်း၊ သင့် အပြစ် ကို ငါဖြေရှင်း ပြီ။ တင့်တယ် သော အဝတ်ကို ဝတ် စေမည်ဟု ဆို ၏။ ၅ ငါကလည်း၊ စင်ကြယ် သော ပေါင်း ကို သူ ၏ ခေါင်း ပေါ် မှာ တင် ကြစေဟု ဆို သည်အတိုင်း ၊ စင်ကြယ် သောပေါင်း ကို သူ ၏ခေါင်း ပေါ် မှာ တင် ၍ အဝတ် ကို ဝတ် စေကြ၏။ ထာဝရဘုရား ၏ ကောင်းကင်တမန် သည် လည်း အနားမှာ ရပ် နေ၏။ ၆ တဖန် ထာဝရဘုရား ၏ ကောင်းကင်တမန် သည် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား၏ အမိန့် တော်ကို ဆင့်ဆို ၍ ယောရှု အား ပညတ် ထားသည်ကား ၊ ၇ သင်သည် ငါ့ လမ်း သို့ လိုက် ၍ ငါ့ ပညတ် တရားကို စောင့်ရှောက် လျှင် ၊ ငါ့ အိမ် ကို စီရင် ရသောအခွင့်၊ ငါ့ တန်တိုင်း တို့ကို စောင့် ရသောအခွင့်ရှိလိမ့်မည်။ ရှေ့တော် ၌ ရပ် နေသောသူအချို့တို့ကို၊ သင့် အား လမ်းပြရသောသူဖြစ်မည်အကြောင်းငါခန့်ထား မည်။ ၈ အို ယဇ် ပုရောဟိတ်မင်းယောရှု ၊ သင့် ရှေ့ မှာနေ သော သင့် အပေါင်း အဘော်တို့နှင့်တကွ နားထောင် လော့။ သူ တို့သည် နိမိတ် လက္ခဏာနှင့်ယှဉ်သော သူ ဖြစ် ကြ၏။ ငါ ၏ကျွန် တည်းဟူသော အညွှန့် ကို ငါ ပေါ် ထွန်း စေမည်။ ၉ ယောရှု ရှေ့ မှာ ငါထား သော ကျောက် ကို ကြည့်ရှု လော့။ ထိုကျောက် တခု ကို မျက်စိ ခုနစ် လုံး ကြည့်ရှု လျက် ရှိလိမ့်မည်။ ထို ကျောက် ကိုလည်း ငါ ထု လုပ်မည်။ တ နေ့ ခြင်းတွင် ဤ ပြည် ၏အပြစ် ကို ငါပယ်ရှင်း မည်ဟု ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၀ ထို နေ့၌ သင်တို့သည် မိမိ တို့ အိမ်နီးချင်း တယောက် ကိုတယောက်စပျစ် ပင်အောက် ၊ သင်္ဘော သဖန်းပင်အောက် သို့ ခေါ် ဘိတ်ကြလိမ့်မည်ဟု ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။

၄ ငါ နှင့် ပြောဆို သော ကောင်းကင် တမန်သည် ပြန် လာ၍ ၊ အိပ်ပျော် သောသူ ကို နှိုး သကဲ့သို့ ငါ့ ကို နှိုး လျက် ၊ ၂ သင် သည် အဘယ် အရာကို မြင် သနည်းဟုမေး လျှင် ၊ ငါက၊ အကျွန်ုပ်သည် ကြည့်ရှု ၍ ရွှေ အတိပြီးသော ဆီမီးခုံ ကို မြင် ပါ၏။ မီးခုံ တိုင်အဖျား ၌ ဆီအိုး တလုံး၊ မီးခွက် ခုနစ် လုံး၊ ဆီအိုးနှင့် မီးခွက် ခုနစ် လုံး ဆက်သော ပြွန်တံ ခုနစ် တံရှိပါ၏။ ၃ ဆီအိုး လက်ျာ ဘက်၌ သံလွင်ပင်တ ပင်၊ လက်ဝဲ ဘက်၌ တ ပင်၊ မီးခုံ ကို လွှမ်းမိုး သော သံလွင် ပင်နှစ် ပင် ရှိပါသည်ဟုဆို ပြီးမှ ၊ ၄ ငါ နှင့် ပြောဆို သော ကောင်းကင် တမန်အား ၊ အကျွန်ုပ် သခင် ၊ ဤ အရာတို့ကား အဘယ် အရာဖြစ်သနည်း ဟုမေး သော် ၊ ၅ ငါ နှင့် ပြောဆို သော ကောင်းကင် တမန်က၊ ဤ အရာတို့ကား၊ အဘယ် အရာဖြစ်သည်ကို နား မ လည် သလော ဟုမေး လျှင် ၊ အကျွန်ုပ် နားမ လည်ပါသခင် ဟု လျှောက် ၏။ ၆ ကောင်းကင်တမန်ကလည်း၊ ဇေရုဗဗေလ သို့ ရောက်လာသောထာဝရဘုရား ၏ နှုတ်ကပတ် တော်ဟူမူကား ၊ ဤအမှုသည် ဗိုလ်ခြေ အားဖြင့် မ ဟုတ်၊ အာဇာ တန်ခိုး အားဖြင့် မ ဟုတ်၊ ငါ့ ဝိညာဉ် အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ ၏။ ၇ အို တောင် ကြီး ၊ သင် သည် အဘယ် သို့နည်း။ ဇေရုဗဗေလ ရှေ့မှာ ညီ သောအရပ် ဖြစ် ရလိမ့်မည်။ လူများ တို့က၊ ကျေးဇူး တော်ရှိပါစေသော။ ကျေးဇူး တော်ရှိပါ စေသောဟု ကြွေးကြော် လျက်၊ ထို မင်းသည် တိုက်ထောင့် အထွဋ်ရှ ကျောက် ကို တင်ထားရလိမ့်မည်။ ၈ တဖန် ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ငါ့ ဆီ သို့ ရောက် လာသည်ကား၊ ၉ ဇေရုဗဗေလ သည် ဤ အိမ် တော်အမြစ် ကို ချထား ပြီ။ သူ သည်လည်း လက်စသတ် ရလိမ့်မည်။ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ငါ့ ကို သင် တို့ရှိရာသို့ စေလွှတ် တော်မူသည်ကို သင်တို့သိ ရကြလိမ့်မည်။ ၁၀ အမှု ငယ်ပြုသော နေ့ရက် ကို အဘယ်သူ သည် မထီမဲ့မြင် ပြုရသနည်း။ ချိန်ကြိုး သည် ဇေရုဗဗေလ လက် ၌ ရှိသည်ကို ထိုခုနစ်ပါးတို့သည် မြင်၍ ဝမ်းမြောက် ကြ လိမ့်မည်။ ထို ခုနစ် ပါးတို့ကား၊ မြေကြီး တပြင်လုံး တွင် တောင်မြောက်ပြေး တတ်သော၊ ထာဝရဘုရား ၏မျက်စိ တော်များဖြစ်သတည်းဟု မိန့်တော်မူ၏။ ၁၁ ငါကလည်း၊ မီးခုံ လက်ျာ ဘက်၊ လက်ဝဲ ဘက်၌ ရှိသောထိုသံလွင် ပင်နှစ် ပင်ကား အဘယ် သို့နည်းဟူ၍ငင်း ၊ ၁၂ ဆီညှစ်ရာရွှေ စက်နှစ် ခုအားဖြင့်၊ မိမိ တို့ဆီကို သွန်းလောင်း သော ထို သံလွင် ကိုင်း နှစ် ကိုင်းကား အဘယ် သို့ နည်းဟူ၍ငင်း မေးလျှောက် သော် ၊ ၁၃ ကောင်းကင်တမန်က၊ ထို အကိုင်းတို့ကို နား မ လည်သလော ဟုမေး လျှင် ၊ အကျွန်ုပ် နားမ လည်ပါသခင် ဟု လျှောက် ၏။ ၁၄ ကောင်းကင်တမန်ကလည်း၊ ထို အကိုင်းတို့သည် မြေကြီး တပြင်လုံး ကို အစိုးပိုင်တော်မူသောအရှင် ၏ ရှေ့တော်၌ ရပ် နေသောဘိသိက် ခံသူနှစ် ပါးဖြစ်သည်ဟု ဆို ၏။

၅ တဖန် ငါမျှော် ကြည့်၍ ၊ ပျံဝဲ လျက်ရှိသောစာစောင် ကို မြင် ၏။ ၂ ကောင်းကင်တမန်ကလည်း၊ သင် သည် အဘယ် အရာကို မြင် သနည်းဟုမေး လျှင် ၊ ပျံဝဲ လျက်ရှိသောစာစောင် ကို မြင် ပါ၏။ အလျား အတောင် နှစ်ဆယ် ၊ အနံ အတောင် တဆယ် ရှိပါသည်ဟု လျှောက် ၏။ ၃ ကောင်းကင်တမန်ကလည်း၊ ထို စာစောင်သည် တပြည်လုံး ကို နှံ့ပြား သော ကျိန် ခြင်းဖြစ်၏။ ခိုး တတ်သောသူ ရှိသမျှ တို့သည်၊ ထို စာစောင်တဘက် ၌ ပါသည်အတိုင်း

ပယ်ဖြတ် ခြင်းကိုခံရကြမည်။ အကျိန် ရဲသောသူ ရှိသမျှ တို့ သည်၊ ထို စာစောင်တဘက် ၌ ပါသည်အတိုင်း ပယ်ဖြတ် ခြင်းကိုခံရကြမည်။ ၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထို စာစောင်ကို ငါထုတ်ဘော်မည်။ ခိုး တတ်သောသူ ၏အိမ် ထဲ သို့ဝင်း ၊ ငါ့ နာမ ကို တိုင်တည် ၍ မ မှန်သောကျိန်ဆိုခြင်းကို ပြုသောသူ၏ အိမ်ထဲသို့ ၀င်း ဝင် ၍ နေရာ ကျသဖြင့် ၊ သစ်သား များ၊ ကျောက် များနှင့်တကွ ထို အိမ် ကိုစား လိမ့်မည်ဟု မိန့်တော်မူ၏။ ၅ တဖန် ငါ နှင့် ပြောဆို သော ကောင်းကင် တမန် သည် ထွက် ၍ ၊ ယခု ထွက် လာသောအရာ ကို မျှော်ကြည့်လော့ဟု ငါ့ အား ဆို လျှင် ၊ ၆ ထို အရာကား အဘယ် အရာနည်းဟု ငါမေး သော် ၊ ထို အရာသည် ထွက်သွား သော ဧဖာ ဖြစ်သည်ဟူ၍၎င်း ၊ ထိုအရာသည် တပြည်လုံး ၌ သူ တို့၏အကြဲ အစည်ဖြစ် သည်ဟူ၍၎င်း ဆို ၏။ ၇ ခဲ အခွက် တဆယ်ကိုလည်း အထက်သို့ ချီမြှောက် ၍ မိန်းမ တယောက် သည် ဧဖာ ထဲ ၌ ထိုင် သည်ကို ငါမြင် ၏။ ၈ ကောင်းကင်တမန်ကလည်း၊ ထို မိန်းမသည် ဒုစရိုက် အပြစ်ဖြစ်၏ဟုဆို လျက် ၊ သူ့ ကို ဧဖာ ထဲ ကို ချ ထား ၍ ဧဖာ အ၀ ပေါ် မှာ ခဲပြား ကို တင် လေ၏။ ၉ တဖန် ငါ မျှော်ကြည့် ၍ ၊ တောင်နှီး ၏အတောင် ကဲ့သို့ ၊ အတောင်ရှိသောမိန်းမ နှစ်ယောက်တို့သည်၊ အတောင် တို့ ၌ ဝိညာဉ် ပါ လျက် ထွက် လာ၍ ၊ ထိုဧဖာ ကို မြေကြီး နှင့် မိုဃ်း ကောင်းကင်စပ်ကြားသို့ ချီသွား ကြ၏။ ၁၀ ထိုဧဖာ ကို အဘယ် သို့ချီသွား ကြသနည်းဟု ငါ နှင့် ပြောဆို သော ကောင်းကင် တမန်အား ငါမေး သော် ၊ ၁၁ ရှိနာ ပြည် ၌ ဧဖာ အတို့ အိမ် ဆောက် ခြင်းငှါ ချီသွားကြ၏။ ထို ပြည် ၌ သူ၏ခုံပေါ် မှာ တင် ထား၍ နေရာ ချကြလိမ့်မည်ဟု ဆို ၏။

၆ တဖန် ငါ မျှော်ကြည့် ၍ ၊ ကြေးဝါ ဖြင့် ပြီးသော တောင် နှစ် လုံးကြား မှ ရထား လေး စီးထွက် လာ၏။ ၂ ပဌမ ရထား ၌ မြင်း နီ ၊ ဒုတိယ ရထား ၌ မြင်း နက် ၊ ၃ တတိယ ရထား ၌ မြင်း ဖြူ ၊ စတုတ္ထ ရထား ၌ ခွန်အား ကြီးသော မြင်း ကျားတို့သည် ကလျက်ရှိကြ၏။ ၄ အကျွန်ုပ် သခင် ၊ ထို ရထားတို့ကား အဘယ် သို့နည်းဟု ငါ နှင့် ပြောဆို သော ကောင်းကင် တမန်အား ငါမေး သော် ၊ ၅ ကောင်းကင် တမန်က၊ ထို ရထားတို့သည်၊ မြေကြီး တပြင်လုံး ကို အစိုးပိုင်တော်မူသောအရှင် ၏ရှေ့ တော်၌ ရပ် နေရာမှ ထွက်သွား သော မိုဃ်း ကောင်းကင်လေ လေးပါးဖြစ်၏။ ၆ ကသော မြင်း နက် တို့သည် မြောက် ပြည် သို့ သွား ကြ၏။ မြင်းဖြူ တို့သည် မြင်းနက် နောက် သို့ လိုက် ကြ၏။ မြင်းကျား တို့သည် တောင် ပြည် သို့ သွား ကြ၏ဟု ဆို ၏။ ၇ ခွန်အား ကြီးသော မြင်းတို့သည် ထွက်၍ ၊ မြေကြီး ပေါ် မှာ တောင်မြောက်သို့ လှည့်လည် ခြင်းငှါ အားထုတ် ကြ၏။ ကောင်းကင်တမန်ကလည်း၊ သွား၍ မြေကြီး ပေါ် မှာ တောင်မြောက်သို့ လှည့်လည် ကြလော့ဟုဆို သည် အတိုင်း ၊ သူတို့သည် မြေကြီး ပေါ် မှာ တောင်မြောက်သို့ လှည့်လည် ကြ၏။ ၈ ကောင်းကင်တမန်သည်လည်း ငါ့ ကို ခေါ် ၍ ၊ ကြည့် လော့။ မြောက် ပြည် သို့ သွား သော မြင်းတို့သည် ငါ့ အမျက် ကို မြောက် ပြည် ၌ တည် စေကြပြီဟု ဆို ၏။ ၉ တဖန် ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာသည်ကား၊ ၁၀ အရင်သိမ်းသွား ခြင်းကို ခံ ရ၍ ယခု ဗာဗုလုန် မြို့မှ ပြန်လာသောဟေလဒဲ အမျိုး၊ တောဘိယ အမျိုး၊ ယေဒါယ အမျိုးအချို့တို့ကို ခေါ် ၍ ၊ တနေ့ ခြင်းတွင် ဧဖေနိ ၏သား

ယောရှိ အိမ် သို့ သွား ပြီး သော်၊ ၁၁ ရွှေ ငွေ တို့ကို ယူ ၍ သရဖူ ကို လုပ် ပြီးလျှင် ယောဇဒက် သား ယဇ်ပုရောဟိတ် မင်း ယောရှု ၏ ခေါင်း ပေါ် မှာ တင် လော့။ ၁၂ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရ ဘုရား၏ အမိန့် တော်ကို ထိုသူ အား ဆင့်ဆို ရမည်မှာ၊ အညွန့် အမည် ရှိသောသူ ကို ကြည့်ရှု လော့။ မိမိ ဒေသ အရပ်၌ ပေါက် ၍ ထာဝရဘုရား ၏ဗိမာန် တော်ကို တည်ဆောက် လိမ့်မည်။ ၁၃ ထာဝရဘုရား ၏ဗိမာန် တော်ကို တည်ဆောက် ပြီးလျှင် ၊ ဘုန်း ကြီး၍ မိမိ ရာဇပလ္လင် ပေါ် မှာ ထိုင် လျက် စိုးစံ လိမ့်မည်။ ရာဇပလ္လင် တော် ပေါ် မှာ ယဇ်ပုရောဟိတ် လည်း ဖြစ်၍၊ ထို နှစ် ပါးတို့သည် မိသဟာယ ပဋိညာဉ် ကို ဖွဲ့ ကြ လိမ့်မည်။ ၁၄ ထိုသရဖူ သည်ဟေလင် ၊ တောဘိယ ၊ ယေဒါယ ၊ ဇေဖနိ ၏သား ဟင် တို့အဘို့ ၊ ထာဝရဘုရား ၏ ဗိမာန် တော်၌ သက်သေ ဖြစ်ရမည်။ ၁၅ ဝေး သောသူတို့ သည်လည်း လာ ၍ ထာဝရဘုရား ၏ ဗိမာန် တော်၌ တည်ဆောက် ကြလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် ငါ့ ကို သင် တို့ရှိရာသို့ စေလွှတ် တော်မူသည်ကို သင်တို့သိ ရကြလိမ့်မည်။ သင်တို့သည် သင် တို့၏ဘုရား သခင်ထာဝရဘုရား ၏အမိန့် တော်ကို စေ့စေ့နားထောင် လျှင် ၊ ဤသို့ ဖြစ် ရလိမ့်မည်ဟု မိန့်တော်မူ ၏။

၇ ဒါရိ မင်းကြီး နန်းစံလေး နှစ် ၊ ခိသလု မည် သော နဝမ လ လေး ရက်နေ့တွင် ၊ ၂ ထာဝရဘုရား ရှေ့ တော်၌ ဆုတောင်း ခြင်းငှါ ၎င်း ၊ ၃ နှစ် ပေါင်းများစွာ ပြု သကဲ့သို့ ပဉ္စမ လ တွင် ဝိုကြွေး ၍ ခြိုးခြံစွာကျင့် ရပါမည်လောဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ အိမ် တော်၌ ရှိသောယဇ်ပုရောဟိတ် နှင့် ပရောဖက် တို့အား မေးလျှောက် ခြင်းငှါ ၎င်း ၊ ရှရေဇာ ၊ ရေဂမ်လက် နှင့် သူ တို့လူ များကို ဘုရားသခင်၏အိမ်တော်သို့ စေလွှတ်ကြသောအခါ။ ၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ဂါဇာခရိ သို့ ရောက် လာ၍ ၊ ၅ ယဇ်ပုရောဟိတ် တို့နှင့် ပြည်သူ ပြည်သားအပေါင်း တို့အား သင်ဆင့်ဆို ရမည်မှာ၊ အနှစ် ခုနစ် ဆယ် ပတ်လုံးသင်တို့သည် ပဉ္စမ လနှင့် သတ္တမ လတွင် အစာရှောင် ၍ ဝိုကြွေး မြည်တမ်းသောအခါ ၊ အကယ် စင်စစ်ငါ့ အလိုရှိသည်အတိုင်း ငါ့ အားအစာ ရှောင်ကြသလော ။ ၆ စား သောက် သောအခါ ၌လည်း ကိုယ် အလို အလျောက်စား သောက် ကြသည်မ ဟုတ်လော ။ ၇ ယေရုရှလင် မြို့မပျက်၊ စည်ပင်၍ ပတ်လည် ၌ ရှိသောမြို့ ရွာ၊ တောင် မျက်နှာအရပ်နှင့် မြေညီ သော အရပ်၌ လူများသေးသောအခါ၊ ရှေး ပရောဖက် တို့ ဖြင့် ထာဝရဘုရား ကြွေးကြော် တော်မူသော အမိန့် တော် ပြည့်စုံ ပြီမ ဟုတ်လော ဟု မိန့်တော်မူ၏။ ၈ ထိုအခါ ထာဝရဘုရား ၏ နှုတ်ကပတ် တော် သည် ဇာခရိ သို့ ရောက် လာသည်ကား၊ ၉ တရား အမှုကို တရား သဖြင့် စီရင် ကြလော့။ သနားခြင်းကရုဏာ စိတ်နှင့် တယောက် ကို တယောက်ကျေးဇူး ပြု ကြလော့။ ၁၀ မိဘ မရှိသောသူ၊ မုတ်ဆိုးမ ၊ တကျွန်း တနိုင်ငံသား၊ ဆင်းရဲသား ကို မ ညှဉ်းဆဲ ကြနှင့်။ တယောက် ကို တယောက်မ ကောင်းသောအကြံကို မ ကံ့ ကြနှင့်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသော်လည်း ၊ ၁၁ သူတို့သည် နားမထောင်ဘဲလွတ် အောင် ရုန်းကြ ၏။ မကြား စေခြင်းငှါ နား ကို ပိတ် ကြ၏။ ၁၂ တရား စကားကိုငင်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ဝိညာဉ် တော်သည် ရှေး ပရောဖက် တို့ ဖြင့် ထား တော်မူသောစကား ကိုငင်းသူတို့သည် မကြား စေ ခြင်းငှါ၊ မိမိ တို့နှလုံး ကို စိန် ကျောက်ကဲ့သို့ မာစေကြ၏။ ထိုကြောင့် ၊ ကောင်းကင်ဗိုလ်ခြေ

အရှင် ထာဝရဘုရား သည် အလွန် အမျက် ထွက်တော်မူ၏။ ၁၃ ငါဟစ်ခေါ် ၍ သူတို့သည် နား မ ထောင်သကဲ့သို့ ၊ တဖန် သူတို့သည် ဟစ်ခေါ် ၍ ငါလည်း နား မ ထောင်ဘဲ နေပြီဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ ၁၄ သူတို့မ သိ သော လူမျိုး အပေါင်း တို့တွင် လေဘေ တိုက်၍ ငါလွှင့်ပြီ။ ထိုကြောင့် ၊ သူ တို့ ပြည် သည် လူ ဆိတ်ညံ် လျက် ရှိ၍ အဘယ်သူမျှမသွား မလာ ။ သာယာ သော ပြည် သည် သုတ်သင် ပယ်ရှင်းရာဖြစ်လေပြီတကားဟု မိန့် တော်မူ၏။

၈ တဖန် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏နှုတ်ကပတ် တော်သည် ငါ့ဆီသို့ ရောက် လာ၍၊ ၂ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါသည် ဇိအုန် တောင်အဘို့ အလွန် စိတ် အားကြီးပြီ။ အလွန် အမျက် ထွက်၍ သူ့ အဘို့ စိတ် အားကြီးပြီ။ ၃ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဇိအုန် တောင်သို့ ငါပြန် လာပြီ။ ယေရုရှလင် မြို့ထဲမှာ နေ မည်။ ယေရုရှလင် မြို့ ကို သမ္မာ မြို့ဟူ၍ငင်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား ၏ တောင် တော်ကို သန့်ရှင်း သောတောင် ဟူ၍ငင်း သမုတ် ကြ လိမ့်မည်။ ၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ အို သော ယောကျ်ားမိန်းမ၊ အသက်ကြီး၍ တောင်ဝေး ကိုင် သောသူ အပေါင်း တို့သည် ယေရုရှလင် မြို့လမ်း တို့ ၌ နေ ကြလေဦးမည်။ ၅ မြို့ လမ်း တို့သည်လည်း ကစား သော သူငယ် ယောကျ်ားမိန်းမ တို့နှင့် အပြည့်ရှိကြလိမ့်မည်။ ၆ တဖန် မိန့်တော်မူသည်ကား၊ ထို အမှုသည် ယခု ကာလ တွင် ကျန်ကြွင်း သော ဤ လူ တို့ မျက်မှောက် ၌ အံ့ဩဘွယ် ဖြစ်သော်လည်း ၊ ငါ့မျက်မှောက် ၌ အံ့ဩဘွယ် ဖြစ်ရာသလောဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ငါ ၏လူ တို့ကို အရှေ့ပြည် မှ ၎င်း ၊ အနောက် ပြည် မှ ၎င်း ငါ ကယ်တင် ၍ ၊ ၈ ဆောင် ခဲ့သဖြင့် သူ တို့သည် ယေရုရှလင် မြို့ထဲမှာ နေ ရကြလိမ့်မည်။ သစ္စာ တရားနှင့် ဖြောင့်မတ် ခြင်း တရားအားဖြင့် ၊ သူတို့သည် ငါ ၏ လူ ဖြစ် ၍ ငါ သည်လည်း သူ တို့၏ဘုရား သခင်ဖြစ် လိမ့်မည်။ ၉ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ဗိမာန် တော်ကို တည်ဆောက် ခြင်းငှါ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ အိမ် တော် တိုက်မြစ် ကို ချသောကာလ ၌ရှိသောပရောဖက် တို့ ဟောပြော သော ဤ စကား ကို ယခု ကာလ၌ ကြား သောသူတို့ ၊ သင် တို့လက် ကို အားကြီး စေကြလော့။ ၁၀ ထို ကာလ အထက် ၌ လူ ခံရသောအကျိုး မ ရှိ ။ တိရစ္ဆာန် ခံရသောအကျိုး မ ရှိ။ ထွက် ဝင် သော သူတို့ သည် ရန်သူ ရှိသောကြောင့် ချမ်းသာ မ ရကြ။ ငါသည် လူ အပေါင်း တို့ကို တယောက် နှင့်တယောက် ရန်ဘက် ဖြစ်စေ ၏။ ၁၁ ယခု မူကား ၊ ကျန်ကြွင်း သော ဤ လူ တို့ ၌ ငါ သည် အရင် ကဲ့သို့ မ ပြုဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ မျိုးစေ့ ကို ငြိမ်ဝပ် စွာ ကြဲ ရလိမ့်မည်။ စပျစ် ပင် သည် အသီး ကိုငင်း ၊ မြေ သည် မိမိ စီးပွား ကိုငင်း၊ မိုယံးကောင်းကင် သည် နှင်း ရည်ကိုငင်း ၊ ပေး ရ လိမ့်မည်။ ကျန်ကြွင်း သော ဤ လူ တို့သည် ဤ အရာအလုံးစုံ တို့ကို ရ တတ်စေခြင်းငှါ ငါပြုမည်။ ၁၃ အိုယုဒ အမျိုး နှင့် ဣသရေလ အမျိုး တို့၊ သင်တို့သည် တပါး အမျိုးတို့တွင် ကျိန်ဆဲ ရာဖြစ် ဘူးသကဲ့သို့ ၊ ကောင်းကြီး ခံရာဖြစ် စေခြင်းငှါငါကယ်တင်

မည်။ မ စိုးရိမ် ဘဲ လက် အားကြီး ကြလော့။ ၁၄ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင် တို့၏ ဘိုးဘေး တို့သည် ငါ့ အမျက် ကို နှိုးဆော်ကြသောအခါအပြစ် ပြုမည်ဟု ငါသည် နောင်တ မ ရဘဲ ကြံသကဲ့သို့၊ ၁၅ တဖန် ယခု ကာလ ၌ ယေရုရှလင် မြို့နှင့် ယုဒ အမျိုး ကို ကျေးဇူး ပြုမည်ဟု ငါကြံ ပြန် ၏။ မ စိုးရိမ် ကြနှင့်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၆ သင်တို့ကျင့် ရမည်အကျင့် ဟူမူကား၊ သင် တို့ရှိသမျှသည် တယောက် နှင့်တယောက်မှန် သော စကားကို ပြော ကြလော့။ မြို့တံခါးဝ မှာ ဖြောင့်မတ် စွာ စီရင်၍၊ တရား တွေ့သည့်အမှုကို ငြိမ်း စေခြင်းငှါဆုံးဖြတ် ကြလော့ ။ ၁၇ တယောက် ကိုတယောက်အဘယ်သူမျှမ ကောင်းသောအကြံကို မ ကြံ ကြနှင့်။ မ မှန်သော ကျိန်ဆို ခြင်းကို မ နှစ်သက် ကြနှင့်။ ထိုသို့ သော အမှု ရှိသမျှ တို့ကို ငါမုန်း သည်ဟု ထာဝရဘုရား မိန့် တော်မူ၏။ ၁၈ တဖန် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏ နှုတ်ကပတ် တော်သည် ငါ့ ဆီသို့ ရောက် လာ၍၊ ၁၉ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ စတုတ္ထ လတွင် အစာရှောင် ခြင်း၊ ပဉ္စမ လတွင် အစာရှောင် ခြင်း၊ သတ္တမ လတွင် အစာရှောင် ခြင်း၊ ဒသမ လတွင် အစာရှောင် ခြင်းတို့သည် ယုဒ အမျိုး ဝမ်းမြောက် ရွှင်လန်း ၍ ပွဲ လုပ်ရာ ကာလဖြစ် ကြလိမ့်မည်။ ဖြောင့်မတ် ခြင်းတရား၊ ငြိမ်ဝပ် ခြင်းတရားကို နှစ်သက် ကြလော့။ ၂၀ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ များစွာ သော မြို့ သူရွာသား၊ လူ အမျိုးမျိုးတို့သည် လာ ကြလိမ့်မည်။ ၂၁ မြို့တမြို့ ၌နေ သောသူသည် အခြား မြို့တမြို့၌ နေသောသူတို့ ဆီသို့ သွား ၍၊ ထာဝရဘုရား ရှေ့ တော်၌ ဆုတောင်း ခြင်းငှါ ၎င်း ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ကို ရှာ ခြင်းငှါ ၎င်း ဧကန် အမှန် သွား ကြကုန်အံ့။ ငါလည်း သွား မည်ဟု ခေါ် ကြလိမ့်မည်။ ၂၂ ကြီး သော တိုင်း နိုင်ငံသား၊ လူ အမျိုးမျိုး တို့သည် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ကို ယေရုရှလင် မြို့၌ ရှာ ၍၊ ထာဝရဘုရား ရှေ့ တော်၌ ဆုတောင်း ခြင်းငှါ လာ ကြလိမ့်မည်။ ၂၃ ထိုကာလ ၌ ဘာသာ အသီး အသီးကို ပြော တတ် သော လူ အမျိုးမျိုးတို့တွင် တကျိပ် သော လူ တို့သည်။ ယုဒ လူဖြစ်သောသူ ၏အဝတ်စွန်း ကို ကိုင် လျက် ၊ ဘုရား သခင်သည် သင် နှင့်အတူ ရှိတော်မူသည်ဟု အကျွန်ုပ်တို့သည် ကြားသိ ၍၊ သင် တို့နှင့်အတူ လိုက် ပါမည်ဟု ဆို ကြလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။

၈ ထာဝရဘုရား ၏ဗျာဒိတ် နှုတ်ကပတ် တော်သည် ဟာဒရက် ပြည် နှင့် ဒမာသက် မြို့၌ သင့် ရောက်ပေ၏။ ထာဝရဘုရား သည် လူမျိုးကိုဂင်း၊ ဣသရေလ အမျိုး အနွယ်အပေါင်း တို့ကိုဂင်းကြည့်ရှု လျက် ရှိတော်မူ၏။ ၂ ထိုပြည်နှင့် နီးစပ် သော ဟာမတ် ပြည်၌ ၎င်း ၊ တုရ မြို့သည် လိမ္မာ သောကြောင့် ထိုမြို့ နှင့် ဇီဒုန် မြို့၌ဂင်း သင့်ရောက်ပေ၏။ ၃ တုရ မြို့သည် မိမိ အဘို့ ရဲတိုက် ကို တည်ဆောက် ၍၊ ငွေ ကို မြေမှုန့် ကဲ့သို့ ၎င်း၊ ရွှေစင် ကိုလမ်း ၌ရှိသောရွံ့ ကဲ့သို့ ၎င်း စုပုံ သော်လည်း ၊ ၄ ထာဝရ ဘုရားသည် သူတပါး လက်သို့ သူ့ ကိုအပ် ၍ ၊ သူ့ ခွန်အား ကို ပင်လယ် ထဲသို့ ချ တော်မူသဖြင့် ၊ မြို့ သည် မီး ဖြင့် ကျွမ်းလောင် လိမ့်မည်။ ၅ ထိုအမှုကို အာရှကေလုန် မြို့သည် မြင် ၍ ကြောက် လိမ့်မည်။ ဂါဇ မြို့သည် မြင်၍ အလွန် တုန်လှုပ် လိမ့်မည်။ ဧကြုန် မြို့လည်း မြော်လင့် ၍ အရှက်ကွဲ

သောကြောင့် ထိုအတူဖြစ်လိမ့်မည်။ ဂါဇ မင်းကြီး သည် ဆုံး လိမ့်မည် ။ အာရှကေလုန် မြို့သည်လည်း အစိုး မ ရ။ ၆ အာဇုတ် မြို့၌ တကျွန်း တနိုင်ငံသားတို့သည် နေ ကြလိမ့်မည်။ ဖိလိတ္တိ အမျိုး၏ မာန ကိုလည်း ငါချိုးဖဲ့ မည်။ ၇ သူ စားသော အသွေး ကို သူ ၏ပါးစပ် ထဲမှ ၎င်း ၊ သူ ကိုက်သော ရွံရှာဘွယ် တို့ကို သူ ၏သွား ကြား မှ ၎င်း ငါနှုတ်ပယ် မည်။ ကျန်ကြွင်းသောသူသည်လည်း ငါ တို့ ဘုရား သခင်အဘို့ ကျန်ကြွင်း ၍ ၊ ယုဒ ပြည်၌ မင်း ကဲ့သို့ နေလိမ့်မည်။ ဧကြုန် မြို့သားလည်း ယေဗုသိ လူကဲ့သို့ ဖြစ် လိမ့်မည်။ ၈ အဘယ်ရန်သူ မျှ မထွက် မဝင်စေခြင်းငှါ၊ ငါ့ အိမ် တော်ပတ်လည်၌ တပ်ချ မည်။ ညှဉ်းဆဲ သောသူသည် ငါ့ လူတို့ကို နောက် တဖန် မ နှိပ်နင်း ရ။ အကြောင်း မူကား၊ ငါ သည် ယခု ကိုယ်တိုင်ကြည့် ၍ မြင် ပြီ။ ၉ အိုဓိအုန် သတို့သမီး ၊ အလွန် ဝမ်းမြောက် လော့။ အိုယေရုရှလင် မြို့သတို့သမီး ၊ ကြွေးကြော် ကြလော့။ တရား သဖြင့် စီရင်၍ ကယ်တင် ခြင်းသို့ ရောက်သော သခင် ၊ သင် ၏အရှင် မင်းကြီးသည် မြည်းမ နှင့် မြည်း ကလေး ကို စီး ၍ နူးညံ့ သိမ်မွေ့သောစိတ် နှင့် သင် ရှိရာသို့ ကြွ လာတော်မူသည်ကို ကြည့်ရှု လော့။ ၁၀ ငါသည် ဧဖရိမ် ပြည်၌ ရထား ကိုငင်း၊ ယေရုရှလင် မြို့၌ မြင်း ကိုငင်း ပယ်ဖြတ် မည်။ စစ် လေး ကိုလည်း ပယ်ဖြတ် မည်။ တပါးအမျိုးသား တို့သည် စစ်ငြိမ်း မည် အကြောင်း ကို ထို အရှင်သည် မိန့် တော်မူမည်။ အာဏာ တော်လည်း ပင်လယ် တပါးမှ သည် ပင်လယ် တပါးတိုင်အောင် ၎င်း ၊ မြစ် မှ သည် မြေကြီး စွန်း တိုင်အောင် ၎င်း တည်လိမ့်မည်။ ၁၁ သင် ၏အမှုမူကား ၊ ချုပ်ထား လျက်ရှိသောသင် ၏လူတို့ကို၊ ရေ မ ရှိသော မြေတွင်း ထဲက ၊ သင် နှင့် ဖွဲ့သော ပဋိညာဉ် အသွေး ကြောင့် ငါကယ်လွှတ် မည်။ ၁၂ အချုပ် ခံ၍ မြော်လင့် သောသူတို့ ၊ ရဲတိုက် သို့ ပြန်လာ ကြလော့။ ငါသည် နှစ်ဆ သော ကျေးဇူး ကို ပြုဦးမည်ဟု ယနေ့ ပင် ပြော ထား၏။ ၁၃ ယုဒ လေးကို ငါ တင် ၍ ၊ ဧဖရိမ် လေး ကို ဆွဲငင် လျက်၊ ဇိအုန် သား တို့ကို ဟေလသ သား တို့တဘက် ၌ နှိုးဆော် ၍ ၊ သင့် ကို သူရဲ ၏ထား ကဲ့သို့ ဖြစ် စေမည်။ ၁၄ ထာဝရဘုရား သည် သူ တို့အပေါ် မှာ ထင်ရှား တော်မူ၍ ၊ မြှား တော်သည် လျှပ်စစ်ပြက် သကဲ့သို့ ပြေး လိမ့်မည်။ အရှင် ထာဝရဘုရား သခင်သည် တံပိုး မှုတ် ၍ ၊ တောင် လေဘွေ တို့နှင့် ကြွ သွားတော်မူလိမ့်မည်။ ၁၅ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် သူ တို့ကို ကွယ်ကာ တော်မူသဖြင့် ၊ သူတို့သည် ကိုက်စား ၍ လက် လွှဲကျောက် တို့ကို ကျော်နင်း ကြလိမ့်မည်။ သောက် ပြီးလျှင် ၊ စပျစ်ရည် နှင့် ဝသကဲ့သို့ ကြွေးကြော် ကြလိမ့်မည်။ အင်တုံ ကဲ့သို့ ၎င်း ၊ ယဇ် ပလ္လင်ထောင့် ကဲ့သို့ ၎င်း ပြည့်ဝ ကြ လိမ့်မည်။ ၁၆ ထို နေ့၌ သူ တို့၏ဘုရား သခင်ထာဝရဘုရား သည် မိမိ လူ တို့ကို သိုးစု ကဲ့သို့ ကယ်တင် တော်မူလိမ့်မည်။ သူ တို့သည် မြေ တော်၌ ထင်ရှား သော သရဖူ မျက်မွန် ကဲ့သို့ ဖြစ်ကြလိမ့်မည်။ ၁၇ ကျေးဇူး တော်သည် အလွန်ကြီးစွတကား။ ဂုဏ် အသရေတော်လည်း အလွန် ကြီးစွတကား။ ဆန် စပါးသည် လုလင် တို့ကိုငင်း၊ စပျစ်ရည် သစ်သည် အပျိုမ တို့ကိုငင်း တိုးပွား များပြားစေလိမ့်မည်။

၁၀ နောက် မိုယ်းရွာရာကာလ တွင် မိုယ်း ရွာစေမည် အကြောင်း၊ ထာဝရဘုရား ထံ တော်၌ ဆုတောင်း ကြလော့။ ထာဝရဘုရား သည် လျှပ်စစ် ကိုပြင်ဆင် ၍ များစွာမိုယ်း ရွာ စေသဖြင့်၊ ခပ်သိမ်း သောလူတို့အဘို့ လယ်ပြင် ၌

အပင် ပေါက်စေတော်မူမည်။ ၂ တေရပ်ရုပ်တု တို့သည် အနတ္တ စကားကို ပြော ကြ၏။ ပရောဖက် လုပ်သောသူတို့ သည် မုသာ ရူပါရုံကိုမြင် ၍ ၊ မ မှန်သော အိပ်မက် ကို ဟောပြော ကြ၏။ အချည်းနှီး နှစ်သိမ့် စေကြ၏။ ထိုကြောင့် ၊ သိုးစု ကဲ့သို့ လည် သွား၍ သိုးထိန်း မ ရှိသောကြောင့် ဆင်းရဲ ခံရကြ၏။ ၃ သိုးထိန်း တို့ကို ငါ အမျက် ထွက် ၍ ၊ ဆိတ်ထီး တို့ကို စစ်ကြော သဖြင့် ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် မိမိ သိုးစု ယုဒ အမျိုး ကို အကြည့်အရှု ကြွလာ ၍ ၊ ဘုန်း တော်ကို ဆောင်သော စစ်တိုက် မြင်း ကဲ့သို့ ဖြစ် စေတော်မူမည်။ ၄ ထိုအမျိုး ထဲက တိုက်ထောင့် အမြစ်ကျောက်၊ တံစို့ ၊ စစ်တိုက် လေး ၊ မင်း ဖြစ်သော လူအပေါင်း တို့သည် ထွက် ကြလိမ့်မည်။ ၅ သူတို့သည် စစ်တိုက် ရာတွင် လမ်း ၌ ရှိသော၌ ကိုနင်း သော စစ် သူရဲကဲ့သို့ ဖြစ် ကြလိမ့်မည်။ ထာဝရ ဘုရား ၏ ကျေးဇူးတော်ကို ခံရသောကြောင့် ၊ စစ်တိုက် ၍ မြင်း စီး သူရဲတို့ကို အရှက် ခွဲကြလိမ့်မည်။ ၆ ယုဒ အမျိုး ကိုလည်း ငါခိုင်ခံ့ စေမည်။ ယောသပ် အမျိုး ကိုလည်း ငါကယ်တင် မည်။ သူ တို့ကို သနား စုံမက်သောကြောင့် နေရာ ချမည်။ သူ တို့သည် နှင်ထုတ် ခြင်းကို မ ခံဘူးသကဲ့သို့ ဖြစ် ကြလိမ့်မည်။ ငါ သည် သူ တို့၏ဘုရား သခင် ထာဝရဘုရား ဖြစ်၍ သူ တို့စကားကို နားထောင် မည်။ ၇ ဧဖရိမ် အမျိုးသားတို့သည် သူရဲ ကဲ့သို့ ဖြစ် ၍ ၊ စပျစ်ရည် နှင့်ဝသကဲ့သို့ ဝမ်းမြောက် ကြလိမ့်မည်။ သား မြေးတို့သည် မြင် လျက် ဝမ်းမြောက် ၍ ၊ ထာဝရဘုရား ကို အမှီပြု လျက် ရွှင်လန်း ကြလိမ့်မည်။ ၈ သူ တို့ကို ငါနှိုးဆော် ၍ စုဝေး စေမည်။ သူ တို့သည် ငါ၏ရွေးနှုတ် ခြင်းကို ခံရသောအားဖြင့်၊ အရင်များပြား သကဲ့သို့ တဖန် များပြား ကြလိမ့်မည်။ ၉ သူ တို့ကို တပါး အမျိုးသားတို့တွင် မျိုးစေ့ကဲ့သို့ငါကြဲ သဖြင့် ၊ ဝေး သောပြည်၌ ငါ့ ကိုအောက်မေ့ ၍ ၊ သားမြေး တို့နှင့်တကွ အသက်ရှင် လျက် ပြန် လာကြလိမ့်မည်။ ၁၀ သူ တို့ကို အဲဂုတ္တု ပြည် မှ တဖန် ငါဆောင် ခဲ့ဦးမည်။ အာရှရိ ပြည်မှ ခေါ် ၍ စုဝေး စေမည်။ ဂိလဒ် ပြည် နှင့် လေဗနုန် ပြည်သို့ တဖန် ငါဆောင် ခဲ့သဖြင့် ၊ သူတို့ နေစရာဘို့ မြေမလောက်နိုင်။ ၁၁ ပင်လယ် အလယ် ၌ ရှောက်သွား ၍ ညှဉ်းဆဲ လျက် ၊ ပင်လယ် တံပိုးများကို ဒဏ်ခတ် တော်မူမည်။ မြစ် ၌ နက်နဲ သောအရပ်ရှိသမျှ တို့လည်း ခန်းခြောက် ကြ လိမ့်မည်။ အာရှရိ ပြည်၏မာန ကို နှိမ့်ချ ၍ ၊ အဲဂုတ္တု မင်း၏ အာဏာ သည်လည်း ကွယ်ပျောက် လိမ့်မည်။ ၁၂ သူ တို့ကို ထာဝရဘုရား အားဖြင့် ငါခိုင်ခံ့ စေမည်။ နာမ တော်ကို အမှီပြုလျက် လှည့်လည်၍ သွား ကြလိမ့်မည် ဟု ထာဝရဘုရား မိန့် တော်မူ၏။

၁၁ အို လေဗနုန် တောင်၊ သင် ၏ အာရဇ် ပင်တို့ကို မီး လောင် စေခြင်းငှါ သင် ၏တံခါး တို့ကို ဖွင့် လော့။ ၂ အိုထင်းရူး ပင်၊ အာရဇ် ပင်လဲ သောကြောင့် မြည်တမ်း လော့။ မြတ် သောအပင်တို့သည် ပျက်စီး ကြပြီ။ အို ဗာရှန် သပိတ် ပင်တို့၊ ခိုင်ခံ့ သောတော ကို ခုတ်လှဲ သောကြောင့် မြည်တမ်း ကြလော့။ ၃ သိုးထိန်း တို့သည် မိမိ တို့ အသရေ ပျက် သောကြောင့် ၊ မြည်တမ်း သောအသံ ကို ပြုကြ၏။ ယော်ဒန် မြစ် ၏ဂုဏ် အသရေပျက် သောကြောင့် ၊ ခြင်္သေ့ ပျိုဟောက် သောအသံ ကို ကြားရ၏။ ၄ ငါ ၏ဘုရား သခင်ထာဝရဘုရား မိန့် တော်မူသည် ကား ၊ သတ် ဘို့ရာထားသော ဥသိုးစု ကို ကျွေးမွေး လော့။ ၅ ပိုင် သောသူ တို့သည် သတ် ၍ ကိုယ်အပြစ် ရှိသည် ကို မ သိကြ။ ရောင်း စားသောသူ တို့ကလည်း ၊ ငါရ တတ် သည်ဖြစ်၍ ထာဝရဘုရား သည် မင်္ဂလာ ရှိတော်မူစေသတည်းဟု ဆို ကြ၏။ သိုးထိန်း

တို့သည်လည်း သနား ခြင်းကရုဏာမ ရှိကြ။ ၆ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ငါသည် ပြည်သူ ပြည်သားတို့ကို နောက် တဖန်မ သနား ၊ မနှမြောဘဲ၊ လူ အသီးအသီး တို့ကို အိမ်နီးချင်း လက် သို့ ၎င်း ၊ ရှင်ဘုရင် လက် သို့ ၎င်း အပ် သဖြင့် ၊ သူတို့သည် တပြည်လုံး ကို နှိပ်စက် ကြလိမ့်မည်။ သူ တို့လက် မှ ငါမ ကယ်လွှတ် ဘဲ နေမည်ဟု မိန့်တော်မူ၏။ ၇ ထိုသို့ သတ် ဘို့ရာထားသော သိုးစု တည်းဟူသော၊ ဆင်းရဲ သောသိုး တို့ကို ငါကျွေးမွေး ရ၏။ သိုးထိန်းတောင်ဝေး နှစ် စင်းကိုယူ ၍ ၊ တစင်း ကို ကျေးဇူး ဟူ၍၎င်း ၊ တစင်းကို အနှောင် အဖွဲ့ဟူ၍၎င်း ခေါ်ဝေါ် လျက်၊ သိုးစု ကို ကျွေးမွေး ၏။ ၈ သိုးထိန်း သုံး ယောက်ကိုလည်း တ လ တွင် ငါပယ်ဖြတ် ၏။ သူ တို့ကြောင့် ငါ့ စိတ် ငြီးငွေ့ ၏။ သူ တို့သည်လည်း ငါ့ ကို ရွံရှာ ကြ၏။ ၉ နောက် တဖန် သင် တို့ကို ငါမ ကျွေး ။ သေ သော အကောင်သည် သေ ပါလေစေ။ အသတ် ခံရသောအကောင်သည် ခံရ ပါလေစေ။ ကျန်ကြွင်း သောအကောင်တို့သည် တကောင် ကိုတကောင်စား ပါလေစေဟု ငါဆို လျက် ၊ ၁၀ ခပ်သိမ်း သောလူမျိုး တို့နှင့် အရင် ဖွဲ့သော ပဋိညာဉ် ကို ဖျက် လို ၍၊ ကျေးဇူး အမည်ရှိသောငါ ၏ တောင်ဝေး ကို ယူ ၍ ချိုး ၏။ ၁၁ ထို ပဋိညာဉ်သည် ထို နေ့၌ ပျက် သောကြောင့် ၊ ငါ့ ကိုအမှီပြုသော သိုး ဆင်းရဲ တို့သည် ထာဝရဘုရား ၏ နှုတ်ကပတ် တော်ကို နားလည် ကြ၏။ ၁၂ တဖန် ငါက၊ ငါရထိုက် သော အခကို ပေးအံ့သောငှါ ၊ သင်တို့သည် အလိုရှိလျှင် ပေး ကြလော့။ အလို မရှိလျှင် မ ပေး ကြနှင့်ဟုဆိုသော်၊ သူတို့သည် ငါ့ အား အခ ပေးအံ့သောငှါငွေ သုံး ဆယ်ကို ချိန် ကြ၏။ ၁၃ ထာဝရဘုရား ကလည်း ၊ ထိုငွေကို အိုးထိန်း သမားရှေ့ မှာ ပစ်ချ လော့။ ငါ့ ကို အဘိုးပြတ်၍ ငွေများလှ သည်တကားဟု မိန့်တော်မူသည်အတိုင်း၊ ထိုငွေ သုံးဆယ် ကို ငါယူ ၍ ထာဝရဘုရား ၏ဗိမာန် တော်၌ အိုးထိန်း သမားရှေ့မှာ ပစ်ချ ၏။ ၁၄ ထိုအခါ ယုဒ အမျိုးနှင့် ဣသရေလ အမျိုးဖွဲ့ သော မိသဟာယ ကို ဖျက် လို ၍၊ အနှောင် အဖွဲ့အမည်ရှိသော အခြား တောင်ဝေး ကို ငါချိုး ၏။ ၁၅ တဖန် ထာဝရဘုရား က၊ မိုက် သော သိုးထိန်း ၏ တန်ဆာ တို့ကို သိမ်းယူ လော့။ ၁၆ အကြောင်း မူကား၊ ဤပြည် ၌ သိုးထိန်း တဦးကို ငါ ပေါ်ထွန်း စေမည်။ သူသည် အသတ် ခံရသောအကောင်ကို မ ကြည့် မရှု၊ လမ်းလွဲသောအကောင် ကို မ ရှာ ၊ နာ သော အကောင်ကို အနာ ပျောက်စေခြင်းငှါမ ပြု၊ ရပ် နေသောအကောင်ကို မ မစ ၊ ဆူ သောအကောင် တို့ကို စား လိမ့်မည်။ သူ တို့ ခွာ ကိုလည်း ချိုးဖဲ့ လိမ့်မည်။ ၁၇ သိုးစု ကို စွန့်ပစ် သော အချည်းနှီး သိုးထိန်း သည် အမင်္ဂလာ ရှိစေသတည်း။ သူ ၏လက်ရုံး နှင့် လက္ခာ မျက်စိ ၌ ထား ဘေးရောက်လိမ့်မည်။ လက်ရုံး သည် အကုန်အစင် ခြောက်ကပ်လိမ့်မည်။ လက္ခာ မျက်စိ သည် အကုန်အစင် မိုက်လိမ့်မည်ဟု မိန့်တော်မူ၏။

၁၂ ထာဝရဘုရား ၏ ဗျာဒိတ် နှုတ်ကပတ် တော် တည်းဟူသော၊ မိုဃ်းကောင်းကင် ကို ကြက် ၍ မြေကြီး တိုက်မြစ် ကို ချတော်မူထသော၊ လူ အထဲ ၌ လူ ၏ဝိညာဉ် ကို ဖန်ဆင်း တော်မူသောထာဝရဘုရား သည် ဣသရေလ အမျိုးကို ရည်မှတ်၍ မိန့် တော်မူသည်ကား၊ ၂ ငါ သည် ယေရုရှလင် မြို့ကို ပတ်လည် ၌ရှိသောလူမျိုး အပေါင်း တို့အား တုန်လှုပ် စေသော ဖလား ဖြစ်စေမည် ။ ယေရုရှလင် မြို့ကို ဝိုင်း ထားကြစဉ်တွင်ယုဒ ပြည်ကိုလည်း ထိုအတူ ဖြစ်စေမည်။ ၃ ထိုကာလ အခါ၌ လည်း ထို မြို့ကို လူမျိုး အပေါင်း တို့အား လေး သော ကျောက် ဖြစ် စေမည်။ ထို

ကျောက်ကို ချီ သော သူအပေါင်း တို့သည် ကျိုးပဲ့ ကြေမွကြလိမ့်မည်။ လောကီ သားအမျိုးမျိုး တို့သည် ယေရှရှလင် မြို့တဘက် ၌ စုဝေး လျက် ရှိကြလိမ့်မည်။ ၄ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ထိုကာလ ၌ ရှိသမျှ သော မြင်း တို့ကို မိန်းမော တွေဝေစေခြင်းငှါ ၎င်း ၊ မြင်းစီး သူရဲအပေါင်းတို့ကို အရူး ဖြစ်စေခြင်းငှါ ၎င်း ငါသည် ဒဏ်ခတ် မည်။ ယုဒ အမျိုး ကို ငါကြည့်ရှု ၍ ၊ တပါး အမျိုးသားတို့ ၌ရှိသမျှ သော မြင်း တို့ကို မျက်စိ ကန်း စေခြင်းငှါ ဒဏ်ခတ် မည်။ ၅ ယုဒ မင်း တို့ကလည်း ၊ ယေရှရှလင် မြို့သား တို့၏ ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား အားဖြင့် သူ တို့သည် ငါ့ ခွန်အား ဖြစ်ကြ၏ဟုစိတ် ထဲမှာ ဆို ကြလိမ့်မည်။ ၆ ထိုကာလ ၌ ငါသည် ယုဒ မင်း တို့ကို ထင်း ပုံတွင် မီး ဖို ကဲ့သို့ ၎င်း ၊ ကောက်လှိုင်း တွင် မီး စ ကဲ့သို့ ၎င်း ဖြစ်စေသဖြင့်၊ လက္ခ ဘက်၊ လက်ဝဲ ဘက်၊ ပတ်လည် ၌ရှိသောလူမျိုး အပေါင်း တို့ကို မီးလောင် လိမ့်မည်။ ယေရှရှလင် မြို့ သည်လည်း မြို့ ရာဟောင်း၌ တည်မြဲ တည်လိမ့်မည်။ ၇ ထာဝရဘုရား သည် ယုဒ တဲ တို့ကို ရှေ့ဦးစွာ ကယ်တင် တော်မူမည်။ ထို့ကြောင့် ဒါဝိဒ် မင်းမျိုး ၏ဘုန်း နှင့်ယေရှရှလင် မြို့သား တို့၏ဘုန်း သည် ယုဒ ပြည်တဘက် ၌ မ ဝါကြွား ရ။ ၈ ထိုကာလ ၌ ထာဝရဘုရား သည် ယေရှရှလင် မြို့ သားတို့ကို ကွယ်ကာ စောင့်မတော်မူသဖြင့်၊ အားနည်း သောသူသည် ထိုကာလ ၌ ဒါဝိဒ် မင်းကဲ့သို့ ၎င်း ၊ ဒါဝိဒ် မင်း မျိုး သည် ဘုရား သခင်ကဲ့သို့ ၎င်း ၊ သူ တို့ရှေ့ မှာ ထာဝရဘုရား ၏ ကောင်းကင် တမန်ကဲ့သို့ ၎င်း ဖြစ် လိမ့်မည်။ ၉ ထိုကာလ ၌ ယေရှရှလင် မြို့ကို တိုက်လာ သောလူမျိုး အပေါင်း တို့ကို ဖျက်ဆီး ခြင်းငှါ ငါသည် အားထုတ် မည်။ ၁၀ ကျေးဇူး တော်ကိုခံ သောသဘော ၊ ဆုတောင်း ပဌနာပြုသောသဘောကို ဒါဝိဒ် မင်းမျိုး ၊ ယေရှရှလင် မြို့ သားတို့အပေါ် သို့ ငါသွန်းလောင်း သဖြင့် ၊ သူ တို့သည် မိမိတို့ ထိုးဖောက် သော ငါ့ ကို ရှုမြင် ရကြလိမ့်မည်။ တယောက် တည်းသော သားအတွက် အဘသည် ငိုကြွေး မြည်တမ်းသကဲ့သို့ ၊ ထိုသူ အတွက် ငိုကြွေး မြည်တမ်းရကြ လိမ့်မည်။ သားဦး အတွက် အဘသည် နာကြည်း ရကြ လိမ့်မည်။ ၁၁ မေဂိဒ္ဒေါ ချိုင့် တွင် ဟာဒဒ်ရိမ္မုန် မြို့မှာ ငိုကြွေး မြည်တမ်း သကဲ့သို့ ၊ ထိုကာလ ၌ ယေရှရှလင် မြို့မှာ ကြီးစွာ သော ငိုကြွေး မြည်တမ်းခြင်း ရှိလိမ့်မည်။ ၁၂ တပြည်လုံး အမျိုးအနွယ် အသီးအသီးတမျိုး တခြားစီ ငိုကြွေး မြည်တမ်းကြလိမ့်မည်။ ဒါဝိဒ် မင်း၏ အဆွေအမျိုး တခြား ၊ သူ တို့မိန်းမ များတခြား၊ နာသန် ၏ အဆွေအမျိုး တခြား၊ သူ တို့မိန်းမ များတခြား၊ ၁၃ လေဝိ ၏အဆွေအမျိုး တခြား၊ သူ တို့မိန်းမ များ တခြား၊ ရှိမိ ၏အဆွေအမျိုး တခြား၊ သူ တို့မိန်းမ များတခြား၊ ၁၄ ကျန်ကြွင်း သော အဆွေအမျိုး အပေါင်း တို့သည် တမျိုးတခြားစီ၊ သူ တို့မိန်းမ များ တစုတခြားစီငိုကြွေးမြည်တမ်း ကြလိမ့်မည်။

၁၃ ထိုကာလ ၌ ဒါဝိဒ် မင်းမျိုး နှင့် ယေရှရှလင် မြို့ သားတို့၏ ဒုစရိုက် အပြစ်အညစ် အကြေးကို ဆေးကြောစရာတို့ စမ်းရေ တွင်းသည် ပွင့် လျက်ရှိ လိမ့်မည်။ ၂ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား ၊ ပြည် တော်တွင် ရှိသောရုပ်တု တို့၏ နာမ များကို နောက် တဖန်အဘယ်သူမျှမ မှတ်မိ စေခြင်းငှါ၊ ထိုကာလ ၌ ငါသုတ်သင် ပယ်ရှင်းမည်။ ပရောဖက် လုပ် သောသူတို့ကိုငင်း ၊ ညစ်ညူး သော ဝိညာဉ် ကိုငင်း ပြည် တော်မှ နှင်ထုတ် မည်။ ၃ လူ တစုံတယောက်သည် ပရောဖက် ပြုသေးလျှင် ၊ ဘွားမြင် သော မိဘ တို့က၊ သင်သည် ထာဝရဘုရား ၏ နာမ ကို

အမှီပြု ၍ မုသာ စကားကို ဟောပြော သောကြောင့် အသေခံ ရမည်ဟုဆို လျက် ၊ ပရောဖက် ပြုစဉ်ပင် ကိုယ်မိဘ တို့ သည် သူ့ ကို ထုတ်ချင်းခပ်ထိုး ကြလိမ့်မည်။ ၄ ထိုကာလ ၌ ပရောဖက် သည် ဟောပြော သောအခါ မိမိ မြင်သော ရူပါရုံ ကြောင့် ရှက် လိမ့်မည်။ သူတပါး ကို လှည့်စား မည့်အကြံနှင့် ကြမ်းတမ်း သော အဝတ် ကိုလည်း မ ဝတ် ရ။ ၅ အကျွန်ုပ် သည် ပရောဖက် မ ဟုတ်၊ လယ် လုပ် သောသူ ဖြစ် ပါ၏။ ငယ် သောအခွယ်မှစ၍ သူတပါး၌ ကျွန် ခံရပါပြီဟု ဝန်ခံ လိမ့်မည်။ ၆ သူတပါးကလည်း၊ သင့် လက် ၌ ပေါ်သော ဒဏ်ရာ ကား အဘယ်သို့ နည်းဟုမေး လျှင် ၊ ဤဒဏ်ရာကား၊ အကျွန်ုပ် ၏ အဆွေခင်ပွန်း အိမ် ၌ ခံရ သောဒဏ်ရာဖြစ်ပါသည်ဟု ပြန်ပြော လိမ့်မည်။ ၇ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူသည်ကား၊ အိုထား ၊ ငါ ၏သိုးထိန်း တဘက် ၊ ငါ ၏ အပေါင်း အဘော်ဖြစ်သောသူ တဘက် ၌ နိုး လော့။ သိုးထိန်း ကို ရိုက် သတ်လော့။ သို့ပြုလျှင်၊ သိုး တို့သည် ကွဲလွင့် ရကြ လိမ့်မည်။ သိုးသငယ် တို့အပေါ် ၌လည်း ငါသည် ငါ့ လက် ကို တင် ဦးမည်။ ၈ ထာဝရဘုရား မိန့် တော်မူသည်ကား၊ တပြည်လုံး သုံး စုတွင် နှစ် စု ကို ပယ်ဖြတ် ၍ အသေခံ ရသဖြင့်၊ တစုသာ ကျန်ကြွင်း ရလိမ့်မည်။ ၉ ထိုတစုကို မီး အလယ်သို့ ငါရှောက်သွား စေမည်။ ငွေ ကိုရွှတ် သကဲ့သို့ ရွှတ် မည်။ ရွှေ ကို စုံစမ်း သကဲ့သို့ စုံစမ်း မည်။ သူတို့သည် ငါ့ နာမ ကို ပဌနာပြု ၍ ငါနားထောင် မည်။ သူ တို့ကို ငါ ၏လူမျိုး ဟူ၍ငါခေါ်ဝေါ် မည်။ သူ တို့ကလည်း ၊ ထာဝရဘုရား သည် ငါ တို့၏ဘုရား သခင်ဖြစ်တော်မူ၏ဟု ဝန်ခံ ကြလိမ့်မည်။

၁၄ ထာဝရဘုရား ၏ နေ့ရက် သည် ရောက် သောအခါ ၊ သူတပါးတို့သည် သင် ၏ဥစ္စာ ကို လုယူ၍ သင့် အလယ် ၌ ဝေဖန် ကြလိမ့်မည်။ ၂ ယေရုရှလင် မြို့ကို တိုက် စေခြင်းငှါ ၊ လူမျိုး အပေါင်း တို့ကို ငါစုဝေး စေမည်။ မြို့ ကို တိုက် ယူပြီးလျှင် ၊ အိမ် တို့ကို လုယက် ၍ မိန်းမ တို့ကို အဓမ္မ ပြုကြလိမ့်မည်။ မြို့ သားတဝက် ကို သိမ်း သွား၍ တဝက် သာမြို့ ၌ ကျန်ကြွင်းလိမ့်မည်။ ၃ ထာဝရဘုရား သည်လည်း စစ်တိုက် ရာကာလ ၌ တိုက် သကဲ့သို့ ၊ ထို လူမျိုး တို့ကို တိုက် သွားတော်မူမည်။ ၄ ထိုနေ့ရက် ၌ ခြေ တော်သည် ယေရုရှလင် မြို့ အရှေ့ ၊ သံလွင် တောင် ပေါ် မှာရပ် ၍ ၊ သံလွင် တောင် သည် အရှေ့ ဘက်မှ အနောက် ဘက်တိုင်အောင် အလယ်၌ ကွဲ သဖြင့် ၊ အလွန် ကြီး သော ချိုင့် ဖြစ်လိမ့်မည်။ တောင် တဝက် သည် မြောက် ဘက်သို့ ၎င်း ၊ တဝက် သည် တောင် ဘက်သို့ ၎င်း ရွှေ့ ရလိမ့်မည်။ ၅ သင် တို့သည် ငါ့ တောင် ကြားချိုင့် လမ်းဖြင့် ပြေး ကြလိမ့်မည်။ ထိုချိုင့် သည် အာဇလ မြို့ တိုင်အောင် မှီ လိမ့်မည်။ ယုဒ ရှင်ဘုရင် ဩဇိ မင်းလက်ထက် ၊ မြေကြီးလှုပ် ၍ သင်တို့သည် ပြေး သကဲ့သို့ တဖန် ပြေး ကြလိမ့်မည်။ ငါ ၏ ဘုရား သခင်ထာဝရဘုရား ကြွလာ တော်မူ၍ ၊ မိမိ သန့်ရှင်း သူအပေါင်း တို့သည် ပါ ကြလိမ့်မည်။ ၆ ထိုနေ့ရက် ၌ အလင်း မ ရှိ ၊ မြတ် သောအရာတို့ သည် ယုတ်လျော့ လိမ့်မည်။ ၇ နေ့ မ ဟုတ်၊ ညဉ့် မ ဟုတ်၊ ထာဝရဘုရား သိ တော်မူသော နေ့ရက် တရက် ဖြစ် ၍ ၊ ညဦးယံ အချိန် ရောက် မှ လင်း လိမ့်မည်။ ၈ ထိုနေ့ရက် ၌ အသက် ရေ သည် ယေရုရှလင် မြို့မှ ထွက် ၍ ၊ နွေ ကာလဖြစ်စေ ၊ ဆောင်း ကာလဖြစ်စေ ၊ အရှေ့ ပင်လယ် သို့ တဝက် ၊ အနောက် ပင်လယ် သို့ တဝက် စီး သွား လိမ့်မည်။ ၉ ထာဝရဘုရား သည် တပြည်လုံး တွင် ရှင်ဘုရင် ဖြစ် တော်မူမည်။ ထိုနေ့ရက်

၌ ထာဝရဘုရား တပါး တည်း၊ နာမတော် တပါး တည်းဖြစ် တော်မူမည်။ ၁၀ ဂေဘ မြို့မှ သည် ယေရုရှလင် မြို့ တောင် ဘက်၊ ရိမ္မုန် မြို့တိုင်အောင် တပြည်လုံး ကို ချိုင့် ကဲ့သို့ တညီတည်း ဖြစ်စေတော်မူမည်။ မြို့သည်လည်း ဗင်္ယာမိန် တံခါး မှ သည် အရင် တံခါး ရာ၊ မြို့ထောင့် တံခါး တိုင်အောင် ၎င်း ၊ ဟာနနေလ ရဲတိုက် မှ သည် စပျစ်သီးနယ်ရာ တန်ဆာတော်တိုင်အောင်၎င်း ချီးမြှောက်ခြင်းကိုခံ၍၊ မြို့ဟောင်း ရာ၌ တဖန်တည်ရလိမ့်မည်။ ၁၁ နောက် တဖန် ယေရုရှလင် မြို့သည် ကျိန် ခြင်းဘေးကိုမ ခံ ၊ မြို့သား တို့သည် နေရာ ကျ၍ စိုးရိမ် စရာမရှိ ဘဲနေ ကြလိမ့်မည်။ ၁၂ ယေရုရှလင် မြို့ကို တိုက် လာသောလူမျိုး အပေါင်း တို့ ၌ ထာဝရဘုရား ပေးတော်မူသောဘေးဒဏ် ဟူမူကား ၊ ခြေ ဖြင့် ရပ် လျက်ပင်သူ တို့အသား လျော့ ပျက် လိမ့်မည်။ မျက်အိမ် ၌ မျက်လုံး လျော့ ပျက်လိမ့်မည်။ လျှာ သည်လည်း ခံတွင်း ၌ လျော့ ပျက်လိမ့်မည်။ ၁၃ ထို နေ့ရက် ၌ ထာဝရဘုရား ၏ တန်ခိုးတော် ကြောင့် သူ တို့သည် အလွန် ရုန်းရင်းခတ် မျှပြူ ၍ ၊ တယောက် ကိုတယောက်လက် ချင်းရိုက် သော်လည်း ၊ တယောက် ကိုတယောက်တိုက် ၍ သတ်ကြလိမ့်မည်။ ၁၄ ယုဒ အမျိုးသားတို့လည်း ယေရုရှလင် မြို့၌ တိုက် ကြလိမ့်မည်။ ပတ်လည် ၌နေသောတပါးအမျိုးသား အပေါင်း တို့၏ဥစ္စာ စည်းစိမ်တည်းဟူသော ၊ များစွာ သော ရွှေ ငွေ အဝတ် တန်ဆာစုပုံ လျက်ရှိကြလိမ့်မည်။ ၁၅ မြင်း ၊ လား ၊ ကုလားအုပ် ၊ မြည်း မှစ၍ ရန်သူတပ် တွင် ရှိသမျှ သော တိရစ္ဆာန် တို့ ၌ပေးသော ဘေးဒဏ် သည်၊ အထက်ဆိုခဲ့ပြီးသော ဘေးဒဏ်နှင့် တူလိမ့်မည်။ ၁၆ ယေရုရှလင် မြို့ကို တိုက်လာ သောလူမျိုး အပေါင်း တို့တွင် ကျန်ကြွင်း သမျှ သောသူတို့ သည်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား တည်းဟူသောရှင်ဘုရင် ကို ကိုးကွယ် ၍ ၊ သကေနေ ပွဲ ခံ အံ့သောငှါ မြို့တော်သို့ နှစ် တိုင်းအစဉ်တက် လာကြလိမ့်မည်။ ၁၇ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ဟူသော ရှင်ဘုရင် ကို ကိုးကွယ် အံ့သောငှါ ၊ မြို့ တော်သို့ တက် ၍ မ လာသောမြေကြီး သား အဆွေအမျိုး ရှိသမျှအပေါ် သို့ မိုးယံ မ ရွာရ။ ၁၈ အဲဂုတ္တု ပြည်သား အဆွေအမျိုး သည် မ တက် မလာလျှင် ၊ မိုးယံ မ ရွာဘဲနေ သဖြင့် ၊ သကေနေ ပွဲ ကို ခံ အံ့သောငှါ တက် ၍ မ လာသောလူမျိုး တို့ ၌ ၊ ထာဝရဘုရား ပေး တော်မူသောဘေးဒဏ် သည် ထိုသူ တို့ကိုလည်း ထိလိမ့်မည်။ ၁၉ ဤ ရွေ့ကား၊ သကေနေ ပွဲ ကို ခံ အံ့သောငှါ တက် ၍ မ လာသော အဲဂုတ္တု အမျိုးသား၊ တပါးအမျိုးသား အပေါင်း တို့ ခံရ သောအပြစ် ပေတည်း။ ၂၀ ထို နေ့ရက်ကာလ တွင် ထာဝရဘုရား အား သန့်ရှင်း ခြင်းဟု၊ မြင်း ၌ဆွဲသော ဆည်းလည်း အပေါ် မှာပင် အက္ခရာတင်ရလိမ့်မည်။ ထာဝရဘုရား ၏အိမ် တော်၌ အိုး တို့သည် ယဇ် ပလ္လင်ရှေ့ မှာ ရှိသော ဖလား ကဲ့သို့ ဖြစ် ကြလိမ့်မည်။ ၂၁ ထိုမျှမက ၊ ယေရုရှလင် မြို့မှစ၍ ယုဒ ပြည်၌ ရှိသမျှ သော အိုး တို့သည် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား အား သန့်ရှင်း ကြလိမ့်မည်။ ယဇ်ပူဇော် သောသူအပေါင်း တို့သည်လာ ၍ ၊ ထို အိုးတို့ကို ယူ ပြီးလျှင် ချက်ပြုတ် ကြလိမ့်မည်။ ထို နေ့ မှစ၍ နောက် တဖန် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ၏အိမ် တော်၌ ခါနာန် လူမ ရှိ ရ။

၁ ထာဝရဘုရား သည် မာလခိ လက် တွင် ကျသရေလ အမျိုးသို့ ပေးလိုက်တော်မူသောဗျာဒိတ် နှုတ်ကပတ် တော်တည်းဟူသော၊ **၂** ထာဝရဘုရား မိန့် တော်မူသောစကားဟူမူကား၊ သင် တို့ကို ငါချစ် လေပြီ။ အကျွန်ုပ် တို့ကို အဘယ်သို့ ချစ် တော်မူသနည်းဟု သင်တို့မေး ကြလျှင် ၊ ဧသော သည် ယာကုပ် ၏အစ်ကို ဖြစ်သည်မ ဟုတ်လော။ သို့သော်လည်း ယာကုပ် ကို ငါချစ် ၏။ **၃** ဧသော ကို ငါမုန်း ၍ သူ နေသောတောင် တို့ကို လွင်ပြင် ဖြစ် စေပြီ။ သူ့ အမွေခံ ရာမြေကို မြေခွေး တို့ ၌ အပ်လေပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ **၄** ဧဒုံ အမျိုးသားတို့က၊ ငါတို့သည် ပျက်စီး သော်လည်း ၊ ပျက်စီး သောအရပ်တို့ကို တဖန် တည်ဆောက် ဦးမည်ဟုဆို ရာတွင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူသည်ကား၊ သူ တို့သည် တည်ဆောက် သော်လည်း ငါ ဖြိုဖျက် မည်။ သူ တို့ကို ဒုစရိုက် ပြည်သား ၊ ထာဝရဘုရား အစဉ် အမျက် ထွက်တော်မူသောလူမျိုး ဟူ၍သမုတ် ကြလိမ့်မည်။ **၅** ထိုအမှုကို သင်တို့သည် မြင် သောအခါ၊ ထာဝရဘုရား သည် ကျသရေလ ပြည် ၏ပြင်မှာ ဘုန်းတန်ခိုးကြီး တော်မူသည်ဟု ဆို ကြလိမ့်မည်။ **၆** သား သည် အဘ ကို ရိုသေ တတ်၏။ ကျွန် သည် သခင် ကို ကြောက်ရွံ့တတ်၏။ ငါ သည် အဘ မှန်လျှင် ၊ ငါ့ ကို အဘယ်သူ ရိုသေ သနည်း။ သခင် မှန်လျှင် ၊ အဘယ်သူ ကြောက်ရွံ့ သနည်းဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား သည် နာမ တော်ကို မထီမဲ့မြင် ပြုသော ယဇ်ပုရောဟိတ် တို့အား မေး တော်မူ၏။ အကျွန်ုပ်တို့သည် နာမ တော်ကို အဘယ်သို့ မထီမဲ့မြင် ပြုပါသနည်းဟု သင်တို့ မေး ရာတွင် ၊ **၇** ညစ်ညူး သောအစာ ကို ငါ့ ယဇ်ပလ္လင်သို့ ဆောင် ခဲ့ကြသည်တကား။ အကျွန်ုပ်တို့သည် ကိုယ်တော် ကို အဘယ်သို့ ရွှတ်ချ ပါသနည်းဟုမေး ရာတွင် ၊ ထာဝရဘုရား ၏စားပွဲ သည် ယုတ်မာ ၏ဟုဆိုသောကြောင့်ငါ့ကို ရွှတ်ချကြပြီ။ **၈** မျက်စိ ကန်းသော အကောင်ကို ယဇ် ပူဇော်လျှင် အပြစ် ရှိသည် မဟုတ်လော။ ခြေ ဆွံ့သောအကောင်နှင့် နာ သော အကောင်ကို ယဇ် ပူဇော်လျှင် အပြစ် ရှိသည် မ ဟုတ်လော။ မြို့ဝန် မင်းအား ဆက် ပါလော့။ မင်း၏စိတ် နှင့် တွေ့လိမ့်မည်လော။ သင့် မျက်နှာ ကို ထောက်လိမ့်မည် လော ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ **၉** ယခု မှာ ဘုရား သခင်သည် ငါ တို့ကို ကယ်မ သနားတော်မူမည်အကြောင်း ၊ ထာဝရဘုရားရှေ့ တော်၌ ဆုတောင်း ကြပါလော့။ သင် တို့လက်ခံသောကြောင့်ဤသို့ ပြုတတ်ကြ၏။ သင် တို့မျက်နှာ ကို ထောက်ရမည်လောဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ **၁၀** သင် တို့တွင် အဘယ်သူ သည် ငါ့တံခါး တို့ကို ပိတ် လိမ့်မည်နည်း။ သင်တို့သည် ငါ့ ယဇ် ပလ္လင်ပေါ်မှာ မီး ကို အချည်းနှီး မ ညှိရကြ။ သင် တို့ကို ငါ အလို မ ရှိ၊ သင် တို့ပြု သောပူဇော် သက္ကာကို ငါ လက်မ ခံဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ **၁၁** နေ ထွက် ရာအရပ်မှ သည် နေဝင် ရာအရပ်တိုင်အောင် တပါးအမျိုးသား တို့တွင် ငါ ၏နာမ တော်သည် ကြီးမြတ် ရလိမ့်မည်။ ခပ်သိမ်း သော အရပ် တို့ ၌ နံ့သာ ပေါင်း ကို ငါ ၏နာမ တော်အား မီးရှို့၍ ၊ သန့်ရှင်း သော ပူဇော် သက္ကာကို ဆက်သပ် ရကြလိမ့်မည်။ ငါ ၏နာမ တော်သည် တပါးအမျိုးသား တို့တွင် ကြီးမြတ် ရလိမ့်မည်ဟု ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်

တော်မူ၏။ ၁၂ သင် တို့က၊ ထာဝရ ဘုရား၏ စားပွဲ တော်သည် ညစ်ညူး ၏။ တင်ထားသော ဘောဇဉ်ပူဇော်သက္ကာသည် ယုတ်မာ ၏ဟုဆို သောကြောင့် စားပွဲ တော်ကို ရွှတ်ချ ကြပြီ။ ၁၃ တဖန်သင်တို့က၊ အမှုတော်ကို ဆောင်ရွက်၍ ပင်ပန်း စွတကားဟုဆို လျက် ၊ ကဲ့ရဲ့ သံကို ပြုတတ်ကြသည် ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ လု ယူသောအကောင်၊ ခြေ ဆွံ့သောအကောင်၊ နာ သောအကောင်ကို ဆောင် ခဲ့ကြပြီ။ ထိုသို့သော ပူဇော် သက္ကာကို ဆောင် ခဲ့ကြပြီတကား။ သင် တို့လက် မှ ငါခံရ မည် လောဟု ထာဝရဘုရား မေး တော်မူ၏။ ၁၄ သစ္စာ ဂတိထားပြီးမှ မိမိ သိုး စုဥ္စ အထီး ရှိ လျက်ပင် လှည့်စား ၍ ၊ ထာဝရ ဘုရားအား ချို့တဲ့ သော အကောင်ကို ယဇ် ပူဇော်သောသူသည် အမင်္ဂလာ ရှိစေသတည်း။ ငါ သည် ကြီးမြတ် သော ရှင်ဘုရင် ဖြစ်၏။ ငါ ၏ နာမ တော်သည် လူ အမျိုးမျိုးတို့တွင် ကြောက်မက် ဖွယ်ဖြစ် ရမည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။

J အို ယဇ်ပုရောဟိတ် တို့၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် သင် တို့အား မိန့်တော်မူသောပညတ် စကားဟူမူကား၊ ၂ ငါ ၏နာမ တော်ကို ချီးမွမ်း လိုသောငှါ သင်တို့သည် နား မ ထောင်၊ နှလုံး မ သွင်း ဘဲနေလျှင် ၊ ကျိန် ခြင်းဘေးကို သင် တို့အပေါ် သို့ ငါလွှတ် လိုက်မည်။ သင် တို့၏ မင်္ဂလာ ကို အမင်္ဂလာ ဖြစ်စေမည်။ ထိုမျှမက ၊ နှလုံး မ သွင်း ဘဲနေသောကြောင့် ယခုပင် အမင်္ဂလာ ဖြစ်စေပြီ။ ၃ သင်တို့မျိုးစေ့ ကို ငါ ဖျက် မည်။ တိရစ္ဆာန်ချေး တည်းဟူသောသင် တို့မမွှဲ ၏တိရစ္ဆာန်ချေး ကို သင် တို့မျက်နှာ ပေါ် ၌ ငါကြဲ မည်။ သူတပါးတို့သည် သင် တို့ကို ထိုတိရစ္ဆာန်ချေး နှင့်အတူ ယူ သွားကြလိမ့်မည်။ ၄ ငါ ၏ပဋိညာဉ် ကို လေဝိ အမျိုး၌ တည် စေခြင်းငှါ ၊ ဤ ပညတ် စကားကို သင် တို့ဆီသို့ ငါပေး လိုက်ကြောင်း ကို သင်တို့သိ ရကြလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၅ ငါဖွဲ့သော အသက် ပဋိညာဉ် ၊ ငြိမ်ဝပ် ခြင်း ပဋိညာဉ်သည် ထိုအမျိုး ၌ ရှိ ၏။ ငါ့ ကို ကြောက်ရွံ့ ၍ ငါ ၏နာမ တော်ရှေ့၌ ထိတ်လန့် သောကြောင့်ငါဖွဲ့၍ ပေး ၏။ ၆ ထိုအမျိုးသည် သစ္စာ တရား စကားကို ပြော တတ် ၏။ သူ နှုတ် ၌ အပြစ် ကိုရှာ ၍မ တွေ့။ ငြိမ်ဝပ် ခြင်းတရား၊ ဖြောင့်မတ် ခြင်းတရားအတိုင်း ငါ နှင့်အတူ သွား လာ၍ ၊ များစွာ သောသူတို့ ကို ဒုစရိုက် အပြစ်မှ လွှဲရှောင် စေတတ် ၏။ ၇ ယဇ်ပုရောဟိတ် ၏နှုတ်ခမ်း သည် ပညာ ကို စောင့် ရမည်။ သူ ၏နှုတ် ၌ လူတို့သည် တရား တော်ကို ရှာ ရကြမည်။ အကြောင်း မူကား၊ သူ သည် ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား စေလွှတ်တော်မူသောတမန် ဖြစ်၏။ ၈ သင် တို့မူကား ၊ လမ်း လွှဲကြပြီ။ လူများ တို့သည် တရား တော်ကို ထိမိ၍ လဲ စေခြင်းငှါပြုကြပြီ။ လေဝိ အမျိုးနှင့်ဖွဲ့သော ပဋိညာဉ် ကို ဖျက် ကြပြီဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ ၉ သို့ ဖြစ်၍ ၊ သင် တို့သည် ငါ့ လမ်း တို့ကို မ လိုက် ၊ တရား အမှုတွင် လူမျက်နှာ ကို ထောက် သောကြောင့် ၊ လူ ခပ်သိမ်း တို့သည် သင် တို့ကို မထီမဲ့မြင် ပြု၍ ရှုတ်ချ စေခြင်းငှါငါ စီရင် မည်။ ၁၀ ခပ်သိမ်း သော ငါ တို့ ၌ တပါး တည်းသော အဘ ရှိသည်မ ဟုတ်လော။ တပါး တည်းသော ဘုရား သခင်သည် ငါ တို့ကို ဖန်ဆင်း တော်မူသည်မ ဟုတ်လော။ ဘိုးဘေး တို့နှင့် ဖွဲ့တော်မူသောပဋိညာဉ် ကို ရှုတ်ချ ၍၊ ငါတို့ သည် အဘယ်ကြောင့် တယောက် ကိုတယောက်သစ္စာ ဖျက်ကြသနည်း။ ၁၁ ယုဒ အမျိုးသည် သစ္စာ ပျက်၏။ ဣသရေလ

ပြည်သူ၊ ယေရှုရှင်လင် မြို့သားတို့သည် ရှံရွာ ဘွယ်သော အမှုကို ပြု ကြ၏။ ယုဒ အမျိုးသည် ထာဝရဘုရား ချစ်တော်မူသော သန့်ရှင်း ခြင်းတရားတော်ကို ရှုတ်ချ ၍ ၊ တပါး အမျိုးဘုရား ၏သမီး နှင့် လက်ထပ် ပါသည်တကား။ ၁၂ ထိုသို့ ပြု သောဆရာနှင့်တပည့်ကိုငင်း၊ ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား ထံ တော်သို့ ပူဇော် သက္ကာကို ဆောင်ခဲ့သောသူကိုငင်း ၊ ယာကုပ် တဲ တို့မှ ပယ် ဖြတ်တော်မူမည်။ ၁၃ တဖန် သင်တို့ပြု သောအမှုဟူမူကား၊ ထာဝရဘုရား ၏ယဇ် ပလ္လင်ကို မျက်ရည် ကျခြင်း၊ ငိုကြွေး မြည်တမ်း ခြင်းနှင့် ဖုံးအုပ် ကြပြီ။ ထိုကြောင့် ၊ ပူဇော် သက္ကာကို မှတ်တော်မ မူ။ သင် တို့လက် မှ နှစ်သက် သောစိတ် နှင့် ခံ တော်မမူ။ ၁၄ အဘယ်ကြောင့် နည်းဟု သင်တို့မေး လျှင်၊ သင့် အသက်ပျို စဉ်အခါ လက်ထပ်၍နောက်တဖန် သစ္စာ မစောင့်၊ ပြစ်မှားသော မယား တဘက် နှင့် သင့် တဘက် ၌ ထာဝရဘုရား သည် သက်သေ ဖြစ်တော်မူ၏။ ထိုမယား သည် သက်သေဖြစ်တော်မူ၏။ ထိုမယားသည် သင် ၏အဆွေ ခင်ပွန်း၊ သင် ဖွဲ့သော ပဋိညာဉ် နှင့်ဆိုင်သော မယား ဖြစ်သတည်း။ ၁၅ တဦး တည်းသော်လည်း၊ ကိုယ်တော် ၌ ဝိညာဉ် တော် အကျန် အကြွင်းရှိ၏။ အဘယ်ကြောင့် တဦး တည်း ကိုသာ ဖန်ဆင်း တော်မူသနည်းဟူမူကား၊ ဘုရား သခင်နှင့် ထိုက်တန်သောအမျိုး ကိုရှာ ၍ ထိုသို့ ဖန်ဆင်းတော်မူ၏။ သို့ ဖြစ်၍ ၊ ကိုယ် စိတ် သဘောကို ချုပ်တည်း ကြလော့။ အသက်ပျို စဉ်အခါ လက်ထပ်သော မယား ကို သစ္စာ ဖျက် ၍ မ ပြစ်မှားကြနှင့်။ ၁၆ မယားကိုစွန့် ခြင်းအမှု၊ မိမိ ခင်ပွန်း ၌ ပြစ်မှားသောအပြစ် ကို ဖုံးအုပ် ခြင်းအမှုကို ငါမုန်း သည်ဟု၊ ကျသရေလ အမျိုး၏ဘုရား သခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ထိုကြောင့် ၊ ကိုယ် စိတ် သဘောကို ချုပ်တည်း ကြလော့။ သစ္စာ ကို မ ပျက်ကြနှင့်။ ၁၇ သင် တို့သည် ထာဝရဘုရား ၏ နားတော်ငြီး သည်တိုင်အောင်စကား များကြ၏။ နားတော်ငြီးသည် တိုင်အောင်အဘယ်သို့ ပြုမိသနည်းဟုမေး သော် ၊ ဒုစရိုက် ကိုပြု သောသူတိုင်း ထာဝရဘုရား ရှေ့တော်၌ ကောင်း ၏။ ထိုသို့သောသူတို့ ကို နှစ်သက် တော်မူ၏ ဟူ၍ငင်း ၊ စစ်ကြော စီရင်တော်မူသောဘုရား သခင်ကား၊ အဘယ်မှာ ရှိသနည်းဟူ၍ငင်း ဆိုတတ်ကြသည်တကား။

၂ ကြည့်ရှု လော့။ ငါ သွားရာလမ်း ကို ပြင် ရသောငါ ၏တမန် ကို ငါ စေလွှတ် မည်။ သင် တို့ရှာ သော သခင် ၊ သင် တို့တောင့်တ သော ပဋိညာဉ် တမန် တော်သည် မိမိ ဗိမာန် တော်သို့ ချက်ချင်း လာ လိမ့်မည်။ ကြည့်ရှု လော့။ ထိုသခင်လာ လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂ လာ တော်မူသော နေ့ရက်ကို အဘယ်သူ သည် မ တိမ်းမရှောင်ဘဲ နေလိမ့်မည်နည်း။ ပေါ်ထွန်း တော်မူ သောအခါ အဘယ်သူ သည် ခံရလိမ့်မည်နည်း။ ထို သခင် သည် ငွေ စစ်သောသူ၏မီး ၊ ခဝါသည် သုံးသော ဆပ်ပြာ ကဲ့သို့ ဖြစ်တော်မူမည်။ ၃ ငွေ ကို ချွတ် ၍ သန့်ရှင်း စေသောသူကဲ့သို့ထိုင် လျက် ရှေ့ ငွေ ကို ချွတ်သကဲ့သို့ ၊ လေဝိ သား တို့ကို ချွတ် ၍ သန့်ရှင်း စေတော်မူသဖြင့်၊ သူတို့သည် ထာဝရဘုရား အဘို့ ဖြစ် ၍ ဖြောင့်မတ် ခြင်းပူဇော် သက္ကာကို ပူဇော် ကြ လိမ့်မည်။ ၄ ယုဒ ပြည်သူ၊ ယေရှုရှင်လင် မြို့သားတို့၏ ပူဇော် သက္ကာသည် ရှေး လွန် လေပြီးသော နှစ် ၊ လ၊ နေ့ ရက်ကာလ၌ ဖြစ်သကဲ့သို့ ၊ ထာဝရဘုရား နှစ်သက် တော်မူဘွယ်ဖြစ်လိမ့်မည်။ ၅ သင် တို့ကို စစ်ကြော စီရင်ခြင်းငှါ ငါချဉ်း မည်။

ပြုစား တတ် သောသူ၊ သူ့ မယားကို ပြစ်မှားသောသူ၊ မ မှန် သော ကျိန်ဆို ခြင်းကို ပြုသောသူ၊ သူငှါး ကို အခ မပေး ညှဉ်းဆဲ သောသူ၊ မိဘ မရှိသောသူငယ်နှင့် မုတ်ဆိုးမ ကို ညှဉ်းဆဲ သောသူ၊ ဧည့်သည် ကို မ တရားသဖြင့် စီရင်သောသူ ၊ ငါ့ ကိုမ ကြောက်ရွံ့ သောသူတို့တဘက်၌ ငါသည် လျင်မြန် သော သက်သေ ဖြစ် မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၆ ငါ သည် ထာဝရဘုရား ဖြစ်၏။ ပြောင်းလဲ ခြင်း မ ရှိ။ ထိုကြောင့် ၊ ယာကုပ် အမျိုးသား တို့၊ သင်တို့သည် ဆုံးရှုံး ခြင်းသို့ မ ရောက်ကြ။ ၇ ဘိုးဘေး တို့ လက်ထက် မှစ၍ သင်တို့သည် ငါ စီရင် ထုံးဖွဲ့ချက်တို့ကို မ စောင့် ၊ တိမ်းရှောင် ကြပြီ။ ငါ ထံ သို့ ပြန် လာကြလော့။ ငါသည်လည်း သင် တို့ဆီသို့ ပြန် လာမည် ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ အကျွန်ုပ်တို့သည် အဘယ်သို့ ပြန် လာရပါ မည်နည်းဟု သင်တို့မေး ကြသည်တကား။ ၈ လူ သည် ဘုရား သခင်၏ဥစ္စာတော်ကို လုယူ ရ မည်လော။ သို့သော်လည်း ၊ သင် တို့သည် ငါ့ ဥစ္စာကို လုယူ ကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့ လုယူ ပါသနည်းဟု သင်တို့မေး လျှင်၊ ဆယ် ဘို့တဘို့ကိုငင်း ၊ ပူဇော် သက္ကာတို့ ကိုငင်းလုယူကြပြီ။ ၉ သင် တို့သည် ကျိန် ခြင်းအမင်္ဂလာ ကို ခံရကြ၏။ အကြောင်း မူကား၊ ပြည်သူ ပြည်သားအပေါင်း တို့သည် ငါ့ ဥစ္စာကို လုယူ ကြပြီ။ ၁၀ ဆယ် ဘို့တဘို့ရှိသမျှ ကို ဘဏ္ဍာ တိုက်ထဲ သို့ သွင်း၍ ၊ ငါ့ အိမ် တော်၌ စားစရာ ရှိ စေခြင်းငှါပြုကြလော့။ ငါသည် မိုဃ်းကောင်းကင် ပြတင်းပေါက် တို့ကို ဖွင့် ၍ ကောင်းကြီး မင်္ဂလာကို အကုန်အစင်သွန်းလောင်း မည် မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်း ကြလော့ဟု ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၁ ကိုက်စား တတ်သော အကောင်ကို သင် တို့အတွက် ငါဆုံးမ၍ ၊ သင် တို့၏ မြေ အသီး အနှံကို မ ဖျက်ဆီး ရ။ သင် တို့၏ စပျစ် ဥယျာဉ် သည် အသီး မသီးဘဲ မ နေရဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၂ လူမျိုး အပေါင်း တို့သည် သင် တို့ကို မင်္ဂလာ ရှိ သောသူဟူ၍ခေါ် ဝေါ် ကြလိမ့်မည်။ သင် တို့ ပြည် သည် လည်း နှစ်သက် ဘွယ်သော ပြည်ဖြစ် လိမ့်မည်ဟု ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၃ သင် တို့သည် ငါ့ တဘက် ၌ ရဲရင့် စွာ ပြောကြပြီဟု ထာဝရဘုရား မိန့် တော်မူ၏။ သို့ရာတွင် ၊ အကျွန်ုပ်တို့သည် ကိုယ်တော် တဘက် ၌ အဘယ်သို့ ပြော မိပါသနည်းဟု သင်တို့မေး ကြသည်တကား။ ၁၄ ထာဝရဘုရား ၏အမှု ကို ဆောင်ရွက်သော်လည်း အကျိုး မရှိ။ စီရင် ထုံးဖွဲ့တော်မူချက်ကိုစောင့် ၍ ၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား ရှေ့မှာ ညှိုးငယ် စွာ ကျင့်ကြံ ပြုမူခြင်းအားဖြင့် အဘယ် ကျေးဇူး ရှိသနည်း။ ၁၅ မာန ထောင်လွှားသောသူတို့ကို မင်္ဂလာ ရှိသော သူဟူ၍ငါ တို့သည် ခေါ် ဝေါ် ကြ၏။ အကယ် စင်စစ်ဒုစရိုက် ကိုပြု သောသူတို့သည် အောင် တတ်ကြ၏။ အကယ် စင်စစ်ဘုရား သခင်ကို စုံစမ်း သော်လည်း ချမ်းသာ ရ တတ်ကြ၏ဟု သင်တို့သည် ပြော ကြပြီ။ ၁၆ ထိုအခါ ထာဝရဘုရား ကို ကြောက်ရွံ့ သော သူတို့ သည် တယောက် ကိုတယောက်နှုတ်ဆက်၍ ပြောဆို ကြ၏။ ထာဝရဘုရား သည်လည်း နားထောင် ၍ ကြား တော်မူ၏။ ထာဝရဘုရား ကို ကြောက်ရွံ့၍ နာမ တော်ကို အောက်မေ့ သောသူတို့အဘို့ ၊ ရှေ့တော်တွင် စာရင်း ၌ မှတ်သား လျက်ရှိ၏။ ၁၇ ထိုသူတို့သည် ငါ စီရင် သောနေ့ ရက်၌ ငါ ပိုင် ထိုက်သော ဘဏ္ဍာ တော်ဖြစ် ကြလိမ့်မည်။ အဘ ၏အမှု

ကို ဆောင်သောသား ကို အဘ နှမြော သကဲ့သို့ ထိုသူ တို့ကို ငါနှမြော မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၁၈ တဖန် သင်တို့သည် ပြောင်းလဲ ၍ ဖြောင့်မတ် သောသူ၊ မ ဖြောင့်မတ်သောသူ၊ ဘုရား သခင်၏အမှု တော်ကို ဆောင်သောသူ၊ မ ဆောင် သောသူတို့ကို ပိုင်းခြား၍ သိ ရကြလိမ့်မည်။

၄ မီးဖို ၌ မီးလောင် သကဲ့သို့ လောင်သောနေ့ ရက်ကာလသည် ရောက် လိမ့်မည်။ မာန ကြီးသောသူနှင့် ဒုစရိုက် ကိုပြု သော သူအပေါင်း တို့သည် အမှိုက် ခြောက် ဖြစ် ကြလိမ့်မည်။ သူ တို့အရင်း အဖျား မျှ မ ကျန် ကြွင်းစေခြင်းငှါထိုနေ့ ရက်သည် လောင် လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၂ ငါ ၏နာမ တော်ကို ကြောက်ရွံ့ သောသင် တို့ ၌ ကား၊ တရား တော်နေ မင်းသည် အနာ ပျောက်စေသော အတောင် တို့နှင့် ပေါ်ထွန်း တော်မူမည်။ သင်တို့သည် ထွက် သွား၍ တင်းကုပ် ၌ နွား သငယ်ကဲ့သို့ ခုန် ကြ လိမ့်မည်။ ၃ မ တရားသောသူတို့ ကိုလည်း နင်း ကြလိမ့်မည်။ ထိုသို့ငါ စီရင် သော နေ့ ရက်၌ သူတို့သည် သင် တို့ခြေ ဘဝါး အောက် ၌ မြေမှုန့် ကဲ့သို့ ဖြစ် ကြလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့် တော်မူ၏။ ၄ ကျသရေလ အမျိုးသားအပေါင်း တို့အဘို့ ဟောရပ် အရပ်၌ ငါမှာ ထားသော ၊ ငါ့ ကျွန် မောရှေ ၏ တရား တည်းဟူသောစီရင် ထုံးဖွဲ့ တော်မူချက်တို့ကို အောက်မေ့ ကြလော့။ ၅ ကြည့်ရှု လော့။ ထာဝရဘုရား ၏ ကြောက်မက် ဘွယ်သော နေ့ ရက်ကြီး မ ရောက် မှီ၊ ပရောဖက် ဧလိယ ကို သင် တို့ရှိရာသို့ ငါ စေလွှတ် မည်။ ၆ ငါသည် လာ ၍ သင်တို့၏ပြည် ကို ကျိန် ခြင်းဘေး နှင့် ဒဏ် မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သား တို့နှင့် အဘ တို့ကိုငင်း၊ အဘ တို့နှင့် သား တို့ကိုငင်း အသင့်အတင့် ဖြစ်စေမည်ဟု မိန့်တော်မူ၏။

ဓမ္မသစ်ကျမ်း



ယေရှု ကလည်း၊ အိုအဘ ၊ သူ တို့၏ အပြစ်ကိုလွှတ် တော်မူပါ။ သူတို့သည် ကိုယ်ပြု သောအမှုကို မ သိ ကြ
ဟု မြွက်ဆို တော်မူ၏။ အဝတ် တော်ကိုလည်း စာရေးတံ ချ၍ ဝေဖန် ကြ၏။
လုကာ ၂၃:၃၄

၁ အာဗြဟံ နှင့် ဒါဝိဒ် တို့မှ ဆင်းသက် တော်မူသောယေရှု ခရစ် ၏ဆွေ တော်စဉ်မျိုးတော်ဆက်စာရင်း ဟူမူကား၊ ၂ အာဗြဟံ သား ဣဇာက် ။ ဣဇာက် သား ယာကုပ် ။ ယာကုပ် သား ယုဒ မှစ၍ ညီနောင် တစ်စု။ ၃ ယုဒ သည် မိမိခင်ပွန်းတာမာ တွင် မြင် သောသားဖာရက် နှင့် ဇာရ ။ ဖာရက် သား ဟေဇရုံ ။ ဟေဇရုံ သား အာရံ ။ ၄ အာရံ သား အမိနဒပ် ။ အမိနဒပ် သား နာရှုန် ။ နာရှုန် သား စာလမုန် ။ ၅ စာလမုန် သည် မိမိခင်ပွန်းရာခပ် တွင် မြင် သော သားဗောဇ ။ ဗောဇ သည် မိမိခင်ပွန်းရုသ တွင် မြင် သော သားဩဗက် ။ ဩဗက် သား ယေရှဲ ။ ယေရှဲ သား ဒါဝိဒ် မင်းကြီး တည်း။ ၆ ဒါဝိဒ် မင်းကြီးသည် ဥရိယ ၏ခင်ပွန်းဖြစ်ဘူးသော မိန်းမ တွင် မြင် သောသားရှောလမုန် ။ ၇ ရှောလမုန် သား ရောဗောင် ။ ရောဗောင် သား အဘိယ ။ အဘိယ သား အာသ ။ ၈ အာသ သား ယောရှဖတ် ။ ယောရှဖတ် သား ယဟောရံ ။ ယဟောရံ သား ဩဇိ ။ ၉ ဩဇိ သား ယောသံ ။ ယောသံ သား အာခတ် ။ အာခတ် သား ဟေဇကိ ။ ၁၀ ဟေဇကိ သား မနာရှေ ။ မနာရှေ သား အာမုန် ။ အာမုန် သား ယောရှိ ။ ၁၁ ယောရှိ သား ယောယကိမ်။ ယောယကိမ်သည် ဗာဗုလုန် မြို့သို့ နေရာပြောင်း ခါနိုးတွင် မြင်သောသား ယေခေါနိ မှစ၍ ညီနောင် တစ်စုတည်း။ ၁၂ ဗာဗုလုန် မြို့သို့ နေရာပြောင်း သည့်နောက် ၊ ယေခေါနိ သား ရှာလသေလ ။ ရှာလသေလ သား ဇေရုဗဗေလ ။ ၁၃ ဇေရုဗဗေလ သား အဗျုဒ် ။ အဗျုဒ် သား ဧလျာကိမ် ။ ဧလျာကိမ် သား အာဇော် ။ ၁၄ အာဇော် သား ဇာဒုတ် ။ ဇာဒုတ် သား အာခိမ် ။ အာခိမ် သား ဧလိုဒ် ။ ၁၅ ဧလိုဒ် သား ဧလာဇာ ။ ဧလာဇာ သား မဿန် ။ မဿန် သား ယာကုပ် ။ ၁၆ ယာကုပ် မြင် သောသားကား ၊ မာရိ ၏ ခင်ပွန်း ယောသပ် တည်း။ ထိုမာရိသည် ခရစ် ဟုခေါ်ဝေါ်သမုတ်သော ယေရှု ၏ မယ်တော် ဖြစ်၏။ ၁၇ ဤသို့ လျှင်၊ မျိုးစဉ် ဆယ်ဆက်ပေါင်း ကား၊ အာဗြဟံ မှ သည် ဒါဝိဒ် တိုင်အောင် တစ်ဆယ်လေး ဆက် ၊ ဒါဝိဒ် မှ သည် ဗာဗုလုန် မြို့သို့ နေရာပြောင်း သည်တိုင်အောင် တစ်ဆယ်လေး ဆက် ၊ ဗာဗုလုန် မြို့သို့ ပြောင်း ပြီးမှသည် ခရစ်တော် တိုင်အောင် တစ်ဆယ်လေး ဆက် ဖြစ်သတည်း။ ၁၈ ယေရှု ခရစ် သည် ဘွားမြင် ခြင်းကို ခံ တော်မူသောအကြောင်းအရာဟူမူကား၊ မယ်တော် မာရိ သည် ယောသပ် နှင့် ထိမ်းမြား ဆောင်နှင်း၍ မ ရှက်တင် မီတွင် သန့်ရှင်း သောဝိညာဉ် တော်ကြောင့် ပဋိသန္ဓေ စွဲနေ၏။ ၁၉ သူ ၏ခင်ပွန်း ယောသပ် သည် သူတော်ကောင်း ဖြစ် ၍ ၊ မာရိ အသရေ ကို မ ပျက်စေချင် သောကြောင့် တိတ်ဆိတ် စွာစွန့်ပယ် မည်ဟု အကြံရှိ ၏။ ၂၀ ထိုသို့ ကြံစည် ၍နေစဉ်တွင် အိပ်မက် ကိုမြင်ရသည်မှာ၊ ထာဝရ ဘုရား၏ကောင်းကင်တမန် သည် ထင်ရှား ၍၊ ဒါဝိဒ် အမျိုး ယောသပ် ၊ သင် ၏ခင်ပွန်း မာရိ ကို ထိန်းသိမ်း ရမည်အခွင့်ကို မ စိုးရိမ် နှင့်။ ဤပဋိသန္ဓေ သည် သန့်ရှင်း သောဝိညာဉ် တော်ကြောင့် ဖြစ် ၏။ ၂၁ သား ယောက်ျားကို ဘွားမြင် လိမ့်မည်။ ထိုသား သည် မိမိ လူ တို့ကိုအပြစ် မှ ကယ်ချွတ် မည်သူ ဖြစ်သောကြောင့် ၊ ယေရှု ဟူသောအမည် ဖြင့် မှည့် ရမည်ဟု ကောင်းကင်တမန်ဆို ၏။ ၂၂ ထိုအကြောင်း အရာမူကား ၊ ထာဝရ ဘုရားသည် ပရောဖက် ဖြင့် ထားတော်မူသောဗျာဒိတ် တော် ပြည့်စုံ မည် အကြောင်း တည်း ။ ၂၃ ဗျာဒိတ်တော်အချက်ဟူမူကားကြည့်ရှု လော့။ သတို့သမီး ကညာသည် ပဋိသန္ဓေ စွဲယူ ၍ သား

ယောက်ျားကို ဘွားမြင် လတံ့။ ထိုသား ကို ၈မာန္ဓေလ အမည် ဖြင့် မှည့် ရကြလတံ့ဟုလာသတည်း။ ၈မာန္ဓေလ အနက်ကား ငါ တို့နှင့်အတူ ရှိတော်မူသောဘုရားသခင် ဟု ဆိုလို သတည်း။ ၂၄ ယောသပ် သည် အိပ်ပျော် ရာမှ နိုး လျှင် ထာဝရ ဘုရား၏ကောင်းကင်တမန် မှာထား သည့်အတိုင်း ပြု ၍ မိမိ ခင်ပွန်း ကို ထိန်းသိမ်း လေ၏။ ၂၅ သို့သော်လည်း ၊ သား ဦးကို မ ဘွား မီတိုင်အောင် သံဝါသ မ ပြုဘဲနေ၏။ ထိုသား ကိုလည်း ယေရှု ဟူသောအမည် ဖြင့် မှည့် လေ၏။

J ယုဒ ပြည်ဗက်လင် မြို့၌ ဟေရုဒ် မင်းကြီး လက်ထက် ၊ ယေရှု သည်ဘွားမြင် ခြင်းကိုခံတော်မူပြီးမှ ၊ မာဂု ပညာရှိတို့သည် အရှေ့ပြည်က ယေရုရှလင် မြို့သို့ ရောက်လာ ကြလျှင်။ ၂ ယခု ဘွားမြင် သောယုဒ ရှင်ဘုရင် သည်၊ အဘယ်မှာ ရှိ တော်မူသနည်း။ အရှေ့ပြည်၌ သူ ၏ကြယ် ကိုငါတို့ မြင် ရသည်ဖြစ်၍ ဖူးတွေ့ ပူဇော်ခြင်းငှာရောက်လာ ပြီဟု မေးမြန်းပြောဆို ကြ၏။ ၃ ထိုစကားကိုကြား လျှင် ဟေရုဒ် မင်းကြီး သည် ယေရုရှလင် မြို့သူမြို့သားအပေါင်း တို့နှင့်တကွ စိတ်ပူပန် ခြင်းသို့ ရောက်သဖြင့် ၊ ၄ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ တို့တွင် ကျမ်းပြု ဆရာရှိသမျှ တို့ကိုစုဝေး စေ၍ ခရစ်တော် ကို အဘယ် အရပ်မှာ ဘွားမြင် လိမ့်မည်နည်းဟု မေးမြန်း တော်မူ၏။ ၅ ထိုဆရာ တို့ကလည်း ၊ ပရောဖက် တစ်ဦးရေး ထားသောအချက်ဟူမူကား ၊ ၆ အိုယုဒ ပြည် ဗက်လင် မြို့၊ အစိုးရ သောယုဒ မြို့တို့တွင် သင်သည် မြို့ငယ် မြို့ယုတ်မ ဟုတ် ။ အကြောင်းမူကား ၊ ငါ ၏လူစု ဣသရေလ အမျိုးကို အုပ်စိုးရသောသခင် သည် သင် ၏အထဲ မှာပေါ်ထွန်း လတံ့ဟု ကျမ်းလာ ရှိပါ၏။ ထို့ကြောင့်ယုဒ ပြည်ဗက်လင် မြို့၌ ခရစ်တော်ကိုဘွားမြင်ရပါမည်ဟု မင်းကြီး အား ပြန်ကြား လျှောက်ထားကြ၏။ ၇ ထိုအခါ ဟေရုဒ် မင်းကြီးသည်၊ မာဂု ပညာရှိတို့ကို မထင်မရှား ခေါ် ၍ ကြယ် ပေါ်ထွန်း သောအချိန် ကာလကို စေ့စေ့ မေးမြန်းပြီးမှ၊ ၈ သင်တို့သွား ၍ ထို သူငယ် ကိုကြိုးစား ရှာ ကြပါ။ တွေ့ လျှင် ငါ့ ထံသို့ ပြန်လာ ၍ ငါ လည်း ထိုသူငယ် ကို ဖူးတွေ့ ပူဇော်ရအောင် ကြားပြော ကြပါဟု မှာထား တော်မူလျက်၊ ဗက်လင် မြို့သို့ စေလွှတ် လေ၏။ ၉ ထိုသူ တို့သည် မင်းကြီး စကားကိုနာခံ ပြီးလျှင် ထွက်သွား ကြ၍ အရှေ့ပြည်၌ မြင် ရသောကြယ် သည် သူ တို့ ရှေ့ကသွားသဖြင့် သူငယ် တော်ရှိ ရာအရပ် အပေါ်သို့ ရောက် ၍ တည် လျက်နေ၏။ ၁၀ ထို ကြယ် ကို မြင် ပြန်သောအခါ အလွန် ဝမ်းမြောက် ဝမ်းသာ ခြင်းရှိ၍၊ ၁၁ အိမ်သို့ ဝင် လေသော်၊ မယ်တော် မာရိ နှင့်တကွ သူငယ် တော်ကိုတွေ့မြင် လျှင် ပြပ်ဝပ် ကိုးကွယ် ၍ ၊ မိမိ တို့ ဘဏ္ဍာဥစ္စာတို့ကိုဖွင့် ပြီးမှ လောဗန် နှင့် မုရန် တည်းဟူသောနံ့သာမျိုးကိုငင်း၊ ရွှေ ကိုငင်း ဆက်ကပ် ပူဇော်ကြ၏။ ၁၂ နောက်မှ ဟေရုဒ် မင်းကြီးထံသို့ မ ပြန် ရမည်အကြောင်းကို အိပ်မက် တွင် ဗျာဒိတ် တော်ကိုရ၍ မိမိ တို့ ပြည် သို့ အခြား သောလမ်း ဖြင့် ပြန်သွား ကြ၏။ ၁၃ ထိုသူ တို့သွား ကြသည်နောက် ၊ ယောသပ် သည် အိပ်မက် ကိုမြင် သည်မှာ၊ ထာဝရ ဘုရား၏ကောင်းကင်တမန် သည် ထင်ရှား ၍၊ သင်ထ လော့။ မယ်တော် နှင့် သူငယ် တော်ကိုဆောင်ယူ ပြီးလျှင် ၊ အဲဂုတ္တု ပြည်သို့ ပြေး ၍၊ တစ်ဖန်ငါပြောဆို သည်တိုင်အောင် ထို ပြည်၌ နေ လော့။ ဟေရုဒ် မင်းကြီးသည် သူငယ် တော်ကို သတ် အံ့သောငှာ ရှာ လိမ့်မည်ဟုဆို လေ၏။ ၁၄ ထိုအခါ ယောသပ်သည် ထ ၍ မယ်တော် နှင့် သူငယ် တော်ကို ညဉ့် အချိန်၌ ဆောင်ယူ ပြီးလျှင် အဲဂုတ္တု ပြည်သို့ ထွက်သွား ၍ ၊ ၁၅ ဟေရုဒ် မင်းကြီးအနိစ္စ

ရောက်သည်တိုင်အောင် ထို ပြည်၌ နေ လေ၏။ ဤအကြောင်းအရာကား၊ ငါ့ သား ကို အဲဂုတ္တု ပြည်မှ ငါခေါ် ခဲ့ပြီဟု ထာဝရ ဘုရားသည် ပရောဖက် ဖြင့် ထား တော်မူသောဗျာဒိတ် တော် ပြည့်စုံ မည် အကြောင်းတည်း။ ၁၆ ထိုအခါ ဟေရှဒ် မင်းကြီးသည် မာဂု ပညာရှိတို့ လှည့်ဖြား သည် ကိုသိ လျှင်၊ ပြင်းစွာ အမျက်ထွက် ၍ လူ ကို စေလွှတ်သဖြင့်၊ မာဂု ပညာရှိတို့ ၌ စေ့စေ့မေးမြန်း ပြီးသောကြယ်၏အချိန် ကာလကို ထောက် ၍၊ ဗက်လင် မြို့မှစသော ကျေးလက် ရှိသမျှ တို့ ၌ နှစ် နှစ်အရွယ်မှစ၍ ထိုအရွယ်အောက် ယုတ်သော သူငယ် ယောကျ်ားအပေါင်း တို့ကို သတ် စေ၏။ ၁၇ ပရောဖက် ယေရမိ ဟော ဘူးသည်ကား၊ ၁၈ ရာမ အရပ်၌ သည်းစွာ သောညည်းတွား ငိုကြွေး၊ မြည်တမ်း ခြင်းအသံ ကိုကြား ရ၍၊ ရာခေလ သည် မိမိ သား တို့ မ ရှိ သောကြောင့် ငို ၍ စိတ် မ ပြေနိုင် ဟူသောစကား သည် ထိုအခါ ၌အမှန် ကျသတည်း။ ၁၉ ဟေရှဒ် မင်းကြီးအနိစ္စ ရောက်သည်နောက် ၊ ယောသပ် သည် အဲဂုတ္တု ပြည်၌ အိပ်မက် ကိုမြင် ပြန်သည် မှာ၊ ထာဝရ ဘုရား၏ကောင်းကင်တမန် သည်ထင်ရှား ၍၊ ၂၀ သင်ထ လော့။ မယ်တော် နှင့် သူငယ် တော်ကိုဆောင်ယူ ပြီးလျှင် ဣသရေလ တိုင်း သို့ သွား လော့။ သူငယ် တော်ကိုသတ်အံ့သောဟု ရှာ သောသူ တို့သည်သေ ကြပြီဟု ဆို လေ၏။ ၂၁ ထိုအခါ ယောသပ်သည် ထ ၍ မယ်တော် နှင့် သူငယ် တော်ကို ဆောင်ယူ ပြီးလျှင် ဣသရေလ တိုင်း သို့ သွား၍ ရောက် သည်ရှိသော်၊ ၂၂ ဟေရှဒ် မင်းကြီး၏အရာ၌ သားတော်အာခေလ သည် ယဒ ပြည်တွင်မင်းပြု ကြောင်း ကို ကြား ရလျှင် ၊ ထို ပြည်သို့ မ သွား ဝံ့၍ အိပ်မက် ၌ ဗျာဒိတ် တော်ကိုရပြန်ပြီးမှ ဂါလိလဲ ပြည် သို့ သွား ၍၊ ၂၃ ခရစ်တော်ကို နာဇရက် လူဟုခေါ် ဝေါ် ကြလတံ့ဟူသော ပရောဖက် တို့၏နှုတ်ထွက် နှင့်အညီ၊ နာဇရက် အမည် ရှိသောမြို့ သို့ ရောက် ၍ အမြဲနေ လေ၏။

၃ ထို ကာလ အခါ ဗတ္တိဇံ ဆရာယောဟန် သည် ပေါ်ထွန်း လျှင် ၊ ကောင်းကင် နိုင်ငံ တော်သည် တည်လုနီး ပြီ။ ၂ ထို့ကြောင့် နောင်တရ ကြလော့ဟု ယုဒ တော ၌ ဟော လေ၏။ ၃ ပရောဖက် ဟေရှာယ ဟော ဘူးသည်ကား၊ တော ၌ ဟစ်ကျော် သောသူ၏အသံ မှာ၊ ထာဝရ ဘုရားကြွ တော်မူရာလမ်း ကို ပြင် ကြလော့။ လမ်း ခရီးတော်ကို ဖြောင့် စေကြလော့ဟူသောအချက်၌ ထိုယောဟန်ကို ဆိုလို သတည်း။ ၄ ယောဟန် သည် ကုလားအုပ် အမွေး နှင့် ရက်သော အဝတ် ကိုဝတ်လျက်၊ ခါး ၌ သားရေ ခါးပန်း ကို စည်းလျက်၊ ကျိုင်းကောင် နှင့် တော ၌ဖြစ်သောပျားရည် ကို စား လျက် နေ ၏။ ၅ ထိုအခါ ယေရုရှလင် မြို့မှစ၍ ယုဒ ပြည်သူပြည်သား၊ ယော်ဒန် မြစ်နား မှာနေသောသူ အပေါင်း တို့သည် ယောဟန် ထံသို့ ထွက်သွား ၍၊ ၆ မိမိ တို့အပြစ် များကိုဖော်ပြ လျက် ယော်ဒန် မြစ် ၌ ဗတ္တိဇံ ကိုခံကြ၏။ ၇ ဖာရိရှဲ နှင့် ဒဒ္ဒုကဲ့ အများ တို့သည် ဗတ္တိဇံ ကို ခံအံ့သောဟု လာ ကြသည်ကို ယောဟန် သည်မြင် လျှင် ၊ အချင်းမွှေဆိုး အမျိုး တို့၊ ရောက် လုသောသေဒဏ် မှ ပြေးသွား စိမ့်သောဟု၊ အဘယ်သူ သည် သင် တို့ကိုသတိပေး ဘိသနည်း။ ၈ နောင်တရ ခြင်းနှင့် ထိုက်တန် သောအကျင့် ကို ကျင့် ကြလော့ ၉ အာဗြဟံ သည် ငါတို့အဘ ဖြစ် သည်ဟူ၍ စိတ်ထဲ၌ မ အောက်မေ့ ကြနှင့်။ ဘုရားသခင် သည် ဤ ကျောက်ခဲ တို့မှ အာဗြဟံ တို့ကို ထုတ်ဘော် ဖန်ဆင်းနိုင် တော်မူသည်ဟု ငါအမှန်ဆို ၏။ ၁၀ သစ်ပင် အမြစ် နားမှာ ပုဆိန် ထား လျက်ရှိသည်ဖြစ်၍ ၊ ကောင်း သောအသီး မ သီး သောအပင်

ရှိသမျှ တို့ကို ခုတ်လှဲ ၍ မီး ထဲသို့ ချ လိုက်ရ၏။ ၁၁ ငါ သည် နောင်တ အဘို့ အလိုငှာ သင် တို့ကို ရေ နှင့် ဗတ္တိဇံ ပေး၏။ ငါ့ နောက် ကြွလာ သောသူ သည် ငါ့ ထက်တတ်စွမ်း နိုင်၏။ ထိုသူ ၏ခြေနင်း တော်ကိုမျှဆောင် ခြင်းငှာငါမ ထိုက် ။ ထိုသူ သည် သန့်ရှင်း သောဝိညာဉ် တော်နှင့် ငင်း၊ မီး နှင့် ငင်း၊ သင် တို့ကို ဗတ္တိဇံ ပေးမည်။ ၁၂ လက် တော်တွင် စံကော ပါလျက်၊ မိမိ ကောက်နယ် တလင်းကို ရှင်းလင်း စေသဖြင့် ၊ မိမိ ဂျုံ စပါးကို ကျီ ၌ စုသိမ်း သွင်းထား၍ ၊ အဖျင်း ကိုကား မငြိမ်းနိုင် သောမီး နှင့်ရှို့ တော်မူလတံ့ဟု ယောဟန်ဟောပြော ၏။ ၁၃ ထိုအခါ ယေရှု သည် ဗတ္တိဇံ ကိုခံအံ့သောငှာ ဂါလိလဲ ပြည်မှ ယော်ဒန် မြစ်နား ယောဟန် ထံသို့ ကြွ တော်မူ၏။ ၁၄ ယောဟန် ကလည်း ၊ အကျွန်ုပ် သည် ကိုယ်တော် ထံ၌ဗတ္တိဇံ ကိုခံရမည်အကြောင်း ရှိ ပါသည်ဖြစ်၍၊ ကိုယ်တော် သည် အကျွန်ုပ် ထံသို့ ကြွလာ တော်မူသလောဟု ယေရှု ကိုဆီးတား လေ၏။ ၁၅ ယေရှု ကလည်း အလုံးစုံ သောတရား တို့ကို အကုန်အစင် ကျင့်သင့်သည်ဖြစ် ၍ ယခု အခွင့် ပေးပါ ဟု ပြန်ပြောတော်မူ ၏။ ထိုအခါ ယောဟန်သည် ဝန်ခံ လေ၏။ ၁၆ ယေရှု သည် ဗတ္တိဇံ ကိုခံတော်မူပြီးလျှင် ရေ မှ ပေါ် ထစဉ်တွင်၊ ကောင်းကင် ဖွင့်လှစ် သဖြင့်၊ ဘုရားသခင် ၏ဝိညာဉ် တော်သည် ချိုးငှက် ကဲ့သို့ ဆင်းသက် ၍ ကိုယ်တော် အပေါ် ၌ နား တော်မူသည်ကိုမြင် ရ၍ ၊ ၁၇ ဤ သူကား ငါနှစ်သက် မြတ်နိုးရာ၊ ငါ ၏ချစ် သား ပေတည်း ဟု ကောင်းကင် က အသံ တော်ဖြစ်လေ၏။

၄ ထိုအခါ မာရ်နတ် ၏စုံစမ်း သွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ် တော်သည် ယေရှု ကို တော သို့ ပို့ဆောင် တော်မူ၍၊ ၂ ယေရှုသည် အရက် လေးဆယ်ပတ်လုံး အစာ အာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ် ခြင်းသို့ ရောက်တော်မူ၏။ ၃ ထိုအခါ စုံစမ်း သွေးဆောင်သောသူ သည် ချဉ်းကပ် ၍၊ ကိုယ်တော်သည် ဘုရားသခင် ၏သား တော်မှန် လျှင် ၊ ဤ ကျောက်ခဲ တို့ကို မုန့် ဖြစ် စေခြင်းငှာ အမိန့် ရှိတော်မူပါဟု လျှောက် လေ၏။ ၄ ယေရှု ကလည်း ၊ လူ သည် မုန့် အားဖြင့် သာ အသက် ကိုမွေးရမည်မ ဟုတ်။ ဘုရားသခင် မိန့် တော်မူသမျှ အားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာ လာသည် ဟု ပြန်ပြော တော်မူ၏။ ၅ ထိုအခါ မာရ်နတ် သည် ယေရှု ကို သန့်ရှင်း သောမြို့ တော်သို့ ဆောင်သွား ၍ ဗိမာန် တော်၏အထွဋ် ၌ တင် ထားပြီးလျှင် ၊ ၆ ကျမ်းစာလာ သည်ကား၊ ကောင်းကင်တမန် တို့အား သင့် အဘို့ မှာထား တော်မူသည်ဖြစ်၍၊ သင် ၏ခြေ ကို ကျောက် နှင့် မ ထိ မခိုက်စေခြင်းငှာ သူတို့သည် သင့် ကို လက် နှင့် မစ ချီပင့်ကြလိမ့်မည်ဟုလာ၏။ ထိုကြောင့် ဘုရားသခင် ၏သား တော်မှန် လျှင် ကိုယ် ကိုအောက် သို့ချ လိုက်တော်မူပါဟု လျှောက် လေ၏။ ၇ ယေရှု ကလည်း သင် ၏ဘုရားသခင် ထာဝရ ဘုရားကို သင်သည်အစုံအစမ်း မ ပြုရဟု ကျမ်းစာ လာပြန် သည် ဟု မိန့် တော်မူ၏။ ၈ တစ်ဖန် မာရ်နတ် သည် ယေရှု ကို အလွန် မြင့် လှစွာသော တောင် ပေါ် သို့ ဆောင်သွား ၍၊ ဤလောက ၌ ရှိသမျှ သောတိုင်းနိုင်ငံ တို့ကိုငင်း ၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်း စည်းစိမ်ကိုငင်း ပြည့်စွန် ၍ ၊ ၉ ကိုယ်တော်သည် ငါ့ ကို ညွတ်ပြပ် ကိုးကွယ် လျှင် ယခု ပြလေသမျှ တို့ကို ငါပေး မည်ဟုဆို လေ၏။ ၁၀ ယေရှု ကလည်း အချင်း စာတန် ၊ ငါ့ နောက်သို့ဆုတ်လော့။ သင် ၏ဘုရားသခင် ထာဝရ ဘုရားကို ကိုးကွယ် ရမည်။ ထိုဘုရားသခင် ကိုသာ ဝတ်ပြု ရမည်ကျမ်းစာ လာသည် ဟုမိန့် တော်မူ၏။ ၁၁ ထိုအခါ မာရ်နတ် သည်

အထံ တော်မှထွက်သွား ၍ ကောင်းကင်တမန် တို့သည် ချဉ်းကပ် လျက် လုပ်ကျွေး ကြ၏။ ၁၂ ယောဟန် သည် ထောင် ထဲသို့ရောက်ကြောင်း ကို ယေရှုသည်ကြား လျှင်၊ ဂါလိလဲ ပြည်သို့ ကြွ တော်မူ၍၊ ၁၃ နာဇရက် မြို့ကို စွန့်သွား လျက် ၊ ဇာဗုလုန် ခရိုင် ၊ နဿလိ ခရိုင်စပ်ကြား တွင် အိုင် နှင့်နီးစပ်သော ကပေရနောင် မြို့သို့ ရောက် ၍ နေ တော်မူ၏။ ၁၄ ဤအကြောင်းအရာကား၊ ပရောဖက် ဟေရှာယ ၏ နှုတ်ထွက် ပြည့်စုံ မည်အကြောင်း တည်း။ ၁၅ နှုတ်ထွက်အချက်ဟူမူကား၊ ဇာဗုလုန် ခရိုင် နှင့် နဿလိ ခရိုင် တည်းဟူသောအိုင် နားရွောက်သောလမ်း ၊ ယော်ဒန် မြစ်တစ်ဘက် ၊ တစ်ပါး အမျိုးသားနေရာဂါလိလဲ ပြည်၊ ၁၆ မှောင်မိုက် ထဲမှာ ရှိ နေသောလူ များတို့သည် ကြီးစွာ သောအလင်း ကို မြင် ရ၍၊ သေမင်း ၏နိုင်ငံ အရိပ် တွင်ရှိ နေသော သူ တို့ ၌ အလင်း ပေါ်ထွန်း လျက်ရှိ၏ဟု ဟောထားသတည်း။ ၁၇ ထိုအခါ မှစ၍ ယေရှု က၊ နောင်တရ ကြလော့။ ကောင်းကင် နိုင်ငံ တော်သည် တည်လုနီး ပြီဟူသောတရား ကို ဟောစ ပြုတော်မူ၏။ ၁၈ ဂါလိလဲ အိုင် နား မှာ ကြွ တော်မူစဉ်၊ ပေတရု ဟူ၍ခေါ်ဝေါ် သော ရှိမုန် နှင့် အန္ဒြေ ၊ ညီအစ်ကို နှစ် ယောက်တို့သည် တံငါ ဖြစ် ၍၊ အိုင် တွင် ပိုက်ကွန် ဖြန့်ချ သည်ကို မြင် တော်မူလျှင်၊ ၁၉ ထိုသူ တို့အား ငါ့ နောက် သို့လိုက် ကြလော့။ သင် တို့သည် လူ ကိုမျှားသောတံငါ ဖြစ်စေခြင်းငှာ ငါပြု မည် ဟု အမိန့် တော်ရှိလေသော် ၊ ၂၀ ထိုသူတို့သည် ချက်ခြင်း ပိုက်ကွန် ကိုစွန့်ပစ် ၍ နောက် တော်သို့ လိုက်ကြ၏။ ၂၁ ထိုမှ လွန် လျှင် အခြား သောညီအစ်ကို နှစ် ယောက်၊ ဇေဗေဒဲ ၏သား ယာကုပ် နှင့် ယောဟန် တို့သည် သူ တို့အဘ နှင့်အတူ လှေ ပေါ် မှာ ပိုက်ကွန် ပြင် နေသည်ကို မြင်၍ ခေါ် တော်မူ၏။ ၂၂ ထိုသူ တို့သည်လည်း ချက်ခြင်း အဘ နှင့် လှေ ကို စွန့်ပစ် ၍ နောက်တော်သို့လိုက် ကြ၏။ ၂၃ ယေရှု သည် တရားစရပ် တို့ ၌ ဆုံးမ သြဝါဒပေးလျက် ၊ နိုင်ငံ တော်နှင့်ယှဉ်သောဧဝံဂေလိ တရားကိုဟော လျက်၊ လူ တို့တွင် အနာ ရောဂါအမျိုးမျိုး တို့ကို ငြိမ်း စေလျက် ၊ ဂါလိလဲ ပြည်တစ်ပြည်လုံး ကို ဒေသစာရီ လှည့်လည် တော်မူ၏။ ၂၄ သိတင်း တော်သည်လည်း ရှုရိ ပြည်၌ အနှံ့အပြား ကျော်စော သည်ဖြစ်၍ နတ်ဝင် သောသူ ဝက်ရူးစွဲ သောသူ၊ လက်ခြေသေ သောသူမှစသောအထူးထူးအပြားပြား သော အနာ ရောဂါစွဲ၍ မကျန်းမမာ သောသူ ရှိသမျှ တို့ကို အထံ တော်သို့ဆောင်ခဲ့ ကြ၍ ၊ သူ တို့၏အနာရောဂါကို ငြိမ်း စေတော်မူ၏။ ၂၅ ဂါလိလဲ ပြည်၊ ဒေကပေါလိ ပြည်၊ ယေရုရှလင် မြို့မှစသော ယုဒ ပြည်၊ ယော်ဒန် မြစ်တစ်ဘက် မှ လာသော လူ များ အပေါင်းတို့သည် နောက်တော်သို့လိုက် ကြ၏။

၅ ထိုလူ အပေါင်းတို့ကို မြင် လျှင် ၊ ကိုယ်တော်သည် တောင် ပေါ် သို့ တက် ၍ ထိုင် တော်မူသောအခါ ၊ တပည့် တော်တို့သည် ကိုယ်တော် ရင်းသို့ ချဉ်းကပ် ကြ၏။ ၂ ထိုအခါ နှုတ် တော်ကိုဖွင့် ၍ တပည့် တော်တို့အား ဆုံးမ သြဝါဒပေးတော်မူသည်မှာ၊ ၃ စိတ် နှလုံးနှိမ့်ချ သောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ကောင်းကင် နိုင်ငံ တော်သည် ထိုသူ တို့၏နိုင်ငံဖြစ် ၏။ ၄ စိတ်မသာ ညည်းတွားသောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ထိုသူ တို့သည် သက်သာ ခြင်းသို့ရောက်ကြလတံ့။ ၅ စိတ် နူးညံ့သိမ်မွေ့သောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ထိုသူ တို့သည် ပြည် တော်ကို အမွေ ခံရကြလတံ့။ ၆ ဖြောင့်မတ် ခြင်းပါရမီကို ဆာငတ် ခင်မွတ် သောသူ

တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ထိုသူ တို့သည်ဝပြော ခြင်းသို့ရောက်ကြလတံ့။ ၇ သနားစုံမက် တတ်သောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ထိုသူ တို့သည် သနားစုံမက် ခြင်းကို ခံရကြလတံ့။ ၈ စိတ် နှလုံးဖြူစင် သောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ထိုသူ တို့သည် ဘုရားသခင် ကို မြင် ရကြလတံ့။ ၉ သူတစ်ပါးချင်းခိုက်ရန် ပြုခြင်းကို ငြိမ်းစေတတ်သောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ထိုသူ တို့သည် ဘုရားသခင် ၏သား တော်ဟု ခေါ် ဝေါ် ခြင်းကိုခံရကြလတံ့။ ၁၀ ဖြောင့်မတ် ခြင်းတရားကြောင့် နှောင့်ရှက် ညှဉ်းဆဲခြင်းကို ခံရသောသူ တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ကောင်းကင် နိုင်ငံ တော်သည် ထိုသူ တို့၏နိုင်ငံဖြစ် ၏။ ၁၁ ငါ့ ကြောင့် သင် တို့ကို ကဲ့ရဲ့ ညှဉ်းဆဲ၍ မမှန် ဘဲလျက် အပြစ် တကာ တင်ကြသောအခါ ၊ သင်တို့သည် မင်္ဂလာ ရှိ ကြ၏။ ၁၂ ဝမ်းမြောက် ရွှင်မြူး ခြင်းရှိကြလော့။ အကြောင်းမူကား ၊ ကောင်းကင် ဘုံ၌ သင် တို့၏အကျိုး သည် ကြီးလှ ပေ၏။ သင် တို့ရှေ့ ကပေါ် ထွန်းသော ပရောဖက် တို့ကို ထိုနည်းတူ ညှဉ်းဆဲ ကြပြီ။ ၁၃ သင် တို့သည် ဤလောက ၏ဆား ဖြစ် ကြ၏။ ဆား မူကား ၊ အငန် ကင်းပျောက်လျှင် ငန် သောအရသာကို အဘယ်သို့ ရပြန်မည်နည်း။ ပြင် သို့ပစ် လိုက်၍ ကျောနင်း ခြင်းမှတစ်ပါး အဘယ် အသုံး မျှမ ဝင်။ ၁၄ သင် တို့သည် ဤလောက ၏ အလင်း ဖြစ် ကြ၏။ တောင် ထိပ်၌တည် သောမြို့ ကို မ ကွယ် နိုင် ။ ၁၅ ဆီမီး ထွန်း၍ တောင်း ဇလားအောက် ၌ ဖုံးထားလေ့မ ရှိ။ အိမ်သူ အိမ်သားအပေါင်း တို့သည် အလင်း ကို ရစေခြင်းငှာ ဆီမီးခုံ ပေါ် မှာ တင်ထားလေ့ရှိ၏။ ၁၆ ထိုနည်းတူ ၊ သူတစ်ပါးတို့သည် သင် တို့၏ကောင်း သောအကျင့် ကိုမြင် ၍၊ ကောင်းကင် ဘုံ၌ ရှိတော်မူသောသင် တို့အဘ ၏ဂုဏ် တော်ကို ချီးမွမ်းစေခြင်းငှာ၊ သူတစ်ပါး ရှေ့၌ သင် တို့အလင်း ကို လင်း စေကြလော့။ ၁၇ ပညတ္တိ ကျမ်း၊ အနာဂတ္တိ ကျမ်းများကို ဖျက်ပယ် ခြင်းငှာငါလာ သည်ဟု မ ထင် ကြနှင့်။ ဖျက်ပယ် ခြင်းငှာငါလာ သည်မ ဟုတ်။ ပြည့်စုံ စေခြင်းငှာငါလာသတည်း။ ၁၈ ငါအမှန် ဆို သည်ကား၊ ကောင်းကင် နှင့် မြေကြီး မ ပျက်စီး မှီတိုင်အောင်၊ ပညတ္တိ ကျမ်း၌ အငယ်ဆုံး သော စာလုံး ဗိန္ဓု တစ်လုံးမျှ ပြည့်စုံ ခြင်းသို့ မ ရောက်မှီ မ ပျက်စီး ရ။ ၁၉ ထိုကြောင့် အကြင်သူ သည်၊ အငယ်ဆုံး သောပညတ် တစ်ခု ကို ကိုယ်တိုင်လွန်ကျူး ၍ သူတစ်ပါး တို့အားလည်း ထိုအတူ သွန်သင် ၏။ ထိုသူသည် ကောင်းကင် နိုင်ငံ တော်၌ အငယ်ဆုံး သောသူဖြစ် လိမ့်မည်။ အကြင်သူ သည် ကိုယ်တိုင်ကျင့် ၍ သူတစ်ပါး တို့အားလည်း သွန်သင် ၏။ ၂၀ ထိုသူ သည် ကောင်းကင် နိုင်ငံ တော်၌ ကြီး သောသူဖြစ် လိမ့်မည်။ သင် တို့ကျင့်သောအကျင့်သည် ဖာရိရှဲ တို့နှင့် ကျမ်းပြု ဆရာတို့ကျင့်သောအကျင့်ထက် မ လွန်မသာလျှင်၊ သင်တို့သည် ကောင်းကင် နိုင်ငံ တော်သို့ မ ဝင် ရကြဟုငါအမှန်ဆို ၏။ ၂၁ လူ အသက်ကို မ သတ်ရ။ သတ် သောသူ သည် ရုံး၌အပြစ် စီရင်ခြင်းကို ခံထိုက် ပေ၏ဟူသော ရှေး ပညတ် စကားကို သင်တို့ကြား ရပြီ။ ၂၂ ငါ ပညတ် သည်ကား ၊ ညီအစ်ကို ကို အထောက်မတန်အမျက်ထွက် သောသူ သည် ရုံး၌အပြစ် စီရင်ခြင်းကို ခံထိုက် ပေ၏။ ညီအစ်ကို ကိုကဲ့ရဲ့ သောသူ သည် လွတ်တော် ၌ အပြစ်စီရင်ခြင်းကို ခံထိုက် ပေ၏။ ညီအစ်ကိုကိုကျိန်ဆဲ သောသူ သည် ဂေဟန်နံ အရပ်၌ မီးရှို့ ခြင်းကို ခံထိုက် ပေ၏။ **(Geenna g1067)** ၂၃ ထိုကြောင့် သင် သည်ပူဇော် သက္ကာကို ယဇ်ပလ္လင် သို့

ဆောင်ယူ ခဲ့လျက် သင် ၏ညီအစ်ကို သည် သင် ၌ အပြစ်တင် ခွင့်တစ်စုံတစ်ခု ရှိ သည်ဟု အောက်မေ့ သတိရလျှင် ၊ ယဇ်ပလ္လင် ရှေ့မှာ ပူဇော် သက္ကာကိုထား၍သွား လော့။ ၂၄ ညီအစ်ကို နှင့် သင့်တင့် ပြီးမှ ပြန် ၍ ပူဇော် သက္ကာကို တင် လော့။ ၂၅ တရားတွေ့ဘက် နှင့်အတူ လမ်း ၌ သွားစဉ် တွင်ပင်၊ သူ ၏စိတ် ကို ပြေစေခြင်းငှာ အလျင်အမြန် ပြုလော့။ သို့မဟုတ် တရားတွေ့ဘက် သည် တရားသူကြီး ၌ အပ် မည်။ တရားသူကြီး သည်လည်း လုလင် ခေါင်း၌ အပ်၍ ထောင် ထဲ၌ လှောင် ထားမည်။ ၂၆ လျော်ပြစ်ငွေ ရှိသမျှ ကို မ လျော် မှီတိုင်အောင် ထောင်ထဲကမ ထွက် ရဟု ငါအမှန် ဆို ၏။ ၂၇ သူ့ မယားကို မ ပြစ်မှားရဟူသော ရှေး ပညတ်စကားကို သင်တို့ကြား ရပြီ။ ၂၈ ငါ ပညတ် သည်ကား ကိလေသာ စိတ်နှင့် သူ့မယား ကိုကြည့်ရှု သောသူ သည် စိတ် နှလုံးထဲ၌ ထိုမိန်းမ နှင့်ပြစ်မှား ပြီ ။ ၂၉ ထိုကြောင့် လက်ျာ မျက်စိ ဖြစ်သော်လည်း သင့် ကိုမှားယွင်း စေလျှင် ထိုမျက်စိ ကိုထုတ်ပစ် လော့။ တစ်ကိုယ်လုံး ငရဲ သို့ ချ ခြင်းကိုခံရသည်ထက် အင်္ဂါတစ်ခုပျက် သော် သာ၍ကောင်း ၏။ **(Geenna g1067)** ၃၀ ထိုနည်းတူ လက်ျာ လက် ဖြစ်သော်လည်း သင့် ကိုမှားယွင်း စေလျှင် ထိုလက် ကိုဖြတ်ပစ် လော့။ တစ်ကိုယ်လုံး ငရဲ သို့ ချ ခြင်းကို ခံရသည်ထက် အင်္ဂါတစ်ခု သာပျက် သော်သာ၍ကောင်း ၏။ **(Geenna g1067)** ၃၁ တစ်ဖန်တုံ ၊ မယား နှင့်ကွာ လိုလျှင် ဖြတ်စာ ကို အပ်ပေး စေဟူသော ပညတ် စကားရှိပြီ။ ၃၂ ငါ ပညတ် သည်ကား၊ မှားယွင်း ခြင်းအကြောင်း မှတပါး အခြားသောအကြောင်းဖြင့် မိမိ မယား နှင့်ကွာ သောသူ သည် မိမိမယား ကိုမှားယွင်း စေ၏။ ကွာ သောမိန်းမနှင့်စုံဘက် ခြင်းကိုပြုသောသူ သည်လည်း သူ့ မယားကိုပြစ်မှား၏။ ၃၃ တစ်ဖန်တုံ ၊ မဟုတ်မမှန်ဘဲလျက် ကျိန်ဆို ခြင်းကိုမ ပြုရ။ ကျိန်ဆို ခြင်းကို ပြုသည်အတိုင်းထာဝရ ဘုရား ရှေ့တော်၌ တည်စေလော့ဟူသော ရှေး ပညတ် စကားကို သင်တို့ကြား ရပြီ။ ၃၄ ငါ ပညတ် သည်ကား ၊ ကျိန်ဆို ခြင်းကို အလျင်း မ ပြုရ။ ကောင်းကင် ဘုံကို တိုင်တည်၍မ ကျိန်ရ။ ကောင်းကင်ဘုံကား ဘုရားသခင် ၏ ပလ္လင် တော်ဖြစ် သတည်း။ ၃၅ မြေကြီး ကို တိုင်တည်၍မ ကျိန်ရ။ မြေကြီးကား ဘုရားသခင် ၏ခြေ တော်တင် ရာခုံဖြစ် သတည်း။ ယေရုရှလင် မြို့ကို တိုင်တည်၍မ ကျိန်ရ။ မဟာ မင်းကြီး ၏မြို့ တော် ဖြစ် သတည်း။ ၃၆ ဆံခြည် တစ် ပင်ကိုမျှ ဖြူ စေခြင်း၊ မည်း စေခြင်းငှာ မ တတ်နိုင် သော်၊ ကိုယ် ဦးခေါင်း ကိုတိုင်တည်၍ မ ကျိန် ရ။ ၃၇ သင် ၏စကား မှာ ဟုတ် သည်ကိုအဟုတ် ၊ မ ဟုတ်သည်ကို မ ဟုတ်ဖြစ် စေလော့။ ဤ ထက်လွန် သော စကားသည် မကောင်း သောအရာနှင့်စပ်ဆိုင်ပေ ၏။ ၃၈ သူ့မျက်စိ ကိုဖျက်လျှင် ကိုယ်မျက်စိ ဖျက်ခြင်းကိုခံစေ။ သူ့သွား ကိုချိုးလျှင် ကိုယ်သွား ချိုးခြင်းကို ခံစေ ဟူသော ပညတ် စကားကို သင်တို့ကြား ရပြီ။ ၃၉ ငါ ပညတ် သည်ကား ၊ နှောင့်ရှက် သောသူ ကို မ ဆီး မတားနှင့်။ သင် ၏ပါး တစ်ဘက်ကို သူတစ်ပါး ပုတ် လျှင် ပါးတစ်ဘက် ကို လှည့် ၍ပေးဦးလော့။ ၄၀ သင့် အင်္ကျီ ကိုယူလို ၍ တရား တွေ့သောသူ အား သင့် ဝတ်လုံ ကိုလည်း ယူ စေခြင်းငှာအခွင့် ပေးဦးလော့။ ၄၁ အကြင်သူ သည် သင့် ကိုအနိုင်ပြု ၍ ခရီးတစ် တိုင် သွားစေ၏။ ထိုသူ နှင့်တကွ နှစ် တိုင်သွား ဦးလော့။ ၄၂ တောင်း သောသူ အားပေး လော့။ ချေးငှား လို သောသူ ကိုလည်း မ ငြင်း မပယ်နှင့်။ ၄၃ ကိုယ် နှင့်စပ်ဆိုင် သောသူ ကို ချစ် လော့။ ရန်သူ ကိုမုန်း လော့ဟူသောပညတ် စကားကို သင်တို့ ကြား ရပြီ။ ၄၄ ငါ

ပညတ် သည်ကား ၊ သင်တို့သည် ကောင်းကင် ဘုံ၌ ရှိတော်မူသော သင် တို့အဘ ၏ သား ဖြစ် လိုသောငှာ ။ သင်
တို့၏ရန်သူ တို့ကို ချစ် ကြလော့။ သင် တို့ကိုကျိန်ဆဲ သောသူ တို့အား မေတ္တာပို့ ကြလော့။ သင်တို့ကို မုန်း သော
သူ တို့အား ကျေးဇူးပြု ကြလော့။ သင်တို့ကို နှောင့်ရှက် ညှဉ်းဆဲ သောသူ တို့ အဘို့ ဘုရားသခင် ကို ဆုတောင်း
ကြလော့။ ၄၅ အကြောင်းမူကား ၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည်၊ ကောင်း သောသူမကောင်း
သောသူတို့အပေါ် ၌ ကိုယ်တော် ၏နေ ကို ထွက် စေတော်မူ၏။ ဖြောင့်မတ် သောသူ မ ဖြောင့်မတ်သောသူတို့ အပေါ်
၌မိုးယံ ကို ရွာစေတော်မူ၏။ ၄၆ သင် တို့ကို ချစ် သောသူ တို့အားသာချစ်တုံပြု လျှင် အဘယ် ကျေးဇူး တင် သနည်း။
အခွန်ခံ သူတို့ပင် ဤမျှလောက်ပြု ကြသည် မ ဟုတ်လော။ ၄၇ အဆွေအမျိုး တို့အားသာ လောကဝတ် ပြုလျှင်
အဘယ်သို့ ထူးမြတ် သနည်း။ သာသနာပ လူတို့ပင် ထိုအတူ ပြု ကြသည်မ ဟုတ်လော။ ၄၈ ထို့ကြောင့် ကောင်းကင်
ဘုံ၌ ရှိတော်မူသော သင် တို့အဘ သည် စုံလင် တော်မူသည်နည်းတူ သင် တို့သည်လည်း စုံလင် ခြင်းရှိ ကြလော့။

၆ လူ များတို့ မြင် စေခြင်းငှာ ကိုယ် သီလ အကျင့်ကို သူ့ရှေ့မှောက် ၌ မ ကျင့် မည်အကြောင်း သတိပြု ကြလော့။
သို့မဟုတ် ကောင်းကင် ဘုံ၌ ရှိတော်မူသောသင် တို့အဘ ထံမှ အကျိုး ကိုမ ခံ မရကြ။ ၂ ထိုကြောင့် သင်သည်
အလှူဒါန ကို ပေး သောအခါ လျှို့ဝှက် သောသူ တို့သည် လူ များအချီးအမွမ်း ကို ခံလို၍ ပွဲ သဘင်လမ်း ခရီး၌ မိမိ
တို့ရှေ့ မှာ တံပိုး ခရာမှုတ်စေသည်နည်းတူ မ ပြု နှင့်။ ငါအမှန် ဆို သည်ကား၊ ထိုသူတို့သည် မိမိ တို့အကျိုး ကိုရ
ကြပြီ။ ၃ သင် သည် အလှူဒါန ကိုပေး သောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှာ၊ လက်ျာ လက်ပြု သည်
အမှု ကို လက်ဝဲ လက်မျှ မသိ စေနှင့်။ ၄ မ ထင်ရှားသောအရာကို မြင် တော်မူသောသင် ၏အဘ သည် အကျိုး
ကိုထင်ရှားစွာ ပေး တော်မူလတံ့။ ၅ သင်သည် ဆုတောင်း ပဌနာပြုသောအခါ လျှို့ဝှက် သောသူ တို့နည်းတူ မ ပြု
နှင့်။ ထိုသူတို့သည် လူ များတို့ရှေ့မှာ ထင်ရှား စေခြင်းငှာ ၊ ပွဲ သဘင်လမ်း ဆုံ လမ်းဝတို့ ၌ ရပ် လျက်ဆုတောင်း
ခြင်းငှာ အလိုရှိ ကြ၏။ ငါအမှန် ဆို သည်ကား၊ ထိုသူတို့သည် မိမိ တို့အကျိုး ကိုခံရ ကြ၏။ ၆ သင် သည် ဆုတောင်း
သောအခါ ဆိတ်ညံ ရာအခန်းသို့ ဝင် ၍ တံခါး ကိုပိတ် ပြီးမှ ၊ မ ထင်ရှားသောအရပ်၌ ရှိတော်မူသော သင် ၏အဘ
ကို ဆုတောင်း လော့။ မ ထင်ရှားသောအရာ ကို မြင် တော်မူသောသင် ၏အဘ သည် အကျိုးကို ထင်ရှားစွာပေး
တော်မူလတံ့။ ၇ သင်တို့သည် ဆုတောင်း သောအခါ သာသနာပ လူနည်းတူ အချည်းနှီး သောစကားဖြင့် အထပ်ထပ်မ
မြွက်ကြနှင့်။ ထိုသူတို့သည် များစွာ သောစကားအားဖြင့် မိမိ တို့အလို ပြည့်စုံမည်ဟု ထင်မှတ် ကြ၏။ ၈ ထိုသူ
တို့နည်းတူ မ ပြုကြနှင့်။ အကြောင်းမူကား ၊ သင် တို့ အလို ရှိသမျှ တို့ကို သင် တို့မ တောင်း မီသင် တို့ အဘ သိ
တော်မူ၏။ ၉ ထိုကြောင့် သင် တို့ဆုတောင်း ရမည်မှာ ကောင်းကင် ဘုံ၌ ရှိတော်မူသောအကျွန်ုပ် တို့အဘ ကိုယ်တော်
၏နာမ တော်အား ရှိသေ လေးမြတ်ခြင်းရှိပါစေသော။ ၁၀ နိုင်ငံ တော်တည်ထောင် ပါစေသော။ အလို တော်သည်
ကောင်းကင် ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီး ပေါ်မှာ ပြည့်စုံ ပါစေသော။ ၁၁ အသက် မွေးလောက်သောအစာ ကို
အကျွန်ုပ် တို့အား ယနေ့ ပေး သနားတော်မူပါ။ ၁၂ သူတစ်ပါး သည် အကျွန်ုပ် တို့ကိုပြစ်မှားသောအပြစ် များကို

အကျွန်ုပ် တို့သည် လွှတ် သကဲ့သို့ အကျွန်ုပ် တို့၏အပြစ် များကို လွှတ် တော်မူပါ။ ၁၃ အပြစ် သွေးဆောင်ရာသို့ မ လိုက် မပါစေဘဲ၊ မကောင်း သောအမှုအရာ မှ လည်း ကယ်နှုတ် တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုး အာနုဘော် သည် ကမ္ဘာ အဆက်ဆက် ကိုယ်တော်၌ ရှိ ပါ ၏။ အာမင် ဟု ဆုတောင်း ကြလော့။ ၁၄ သင်တို့သည် သူတစ်ပါး တို့၏အပြစ် ကိုလွှတ် လျှင် ၊ ကောင်းကင် ဘုံ၌ရှိတော်မူသောသင် တို့အဘ သည် သင် တို့၏အပြစ်ကို လွှတ် တော်မူမည်။ ၁၅ သင်တို့သည် သူတစ်ပါး တို့၏အပြစ်ကိုမ လွှတ် လျှင် ၊ သင် တို့အဘ သည် သင် တို့၏အပြစ် ကို လွှတ် တော်မ မူ။ ၁၆ သင်တို့သည် အစာရှောင် ခြင်းအကျင့်ကိုကျင့်သောအခါ လျှို့ဝှက် သောသူ တို့နည်းတူ မျက်နှာညှိုးငယ် ခြင်းမ ရှိ ကြနှင့်။ ထိုသူတို့သည် မိမိတို့အစာရှောင် သည်ကို လူ များတို့ရှေ့မှာ ထင်ရှား စေခြင်းငှာ မိမိ တို့မျက်နှာ ကိုဖျက် တတ်ကြ၏။ ၁၇ ငါအမှန်အကန် ဆို သည်ကား၊ ထိုသူတို့သည် မိမိ တို့အကျိုး ကို ခံရ ကြ၏။ ၁၈ သင် သည်အစာရှောင် သောအခါ အစာရှောင် သည်ကိုလူ များတို့ရှေ့မှာ မ ထင်ရှား စေဘဲ၊ မ ထင်ရှားသောအရပ် ၌ ရှိတော်မူသော သင် တို့အဘ ရှေ့တော်၌သာ ထင်ရှားစေခြင်းငှာ ၊ ခေါင်း ကိုလိမ်းကျုံ လော့။ မျက်နှာ ကိုလည်း သစ် လော့။ မ ထင်ရှားသောအရာ ကို မြင် တော်မူသောသင် တို့အဘ သည် အကျိုးကို ထင်ရှားစွာပေး တော်မူလတံ့။ ၁၉ သံချေး ၊ ပိုးရွ ဖျက်ဆီး ၍ သူခိုး ထွင်းဖောက် ခိုးယူ ရာမြေကြီး ပေါ်မှာ ဘဏ္ဍာ ကို မ ဆည်းဖူး ကြနှင့်။ ၂၀ သံချေး ၊ ပိုးရွ မ ဖျက်ဆီး ၍ သူခိုး မ ထွင်း မဖောက် မ ခိုး မယူရာ ကောင်းကင် ဘုံ၌ ဘဏ္ဍာ ကိုဆည်းဖူး ကြလော့။ ၂၁ အကြောင်းမူကား ၊ အကြင်အရပ် ၌ သင် တို့၏ဘဏ္ဍာ ရှိ ၏။ ထို အရပ်သို့ သင် တို့၏စိတ် နှလုံးရောက် တတ်၏။ ၂၂ မျက်စိ ကားကိုယ် ၏ဆီမီး ဖြစ် ၏။ ထိုကြောင့် မျက်စိ ကြည်လင် လျှင် တစ်ကိုယ်လုံး လင်း လိမ့်မည် ။ ၂၃ မျက်စိ မြွေးရှက် လျှင် တစ်ကိုယ်လုံး မိုက် လိမ့်မည် ။ သင် ၏ အလင်း သော်ကား၊ မှောင်မိုက် ဖြစ် လျှင် ထိုအမိုက်သည် အလွန် မိုက် စွတကား။ ၂၄ အဘယ်သူ မျှသခင် နှစ် ဦးအစေ ကို မခံနိုင် ။ သခင်တစ် ဦးကိုမုန်း ၍ တစ် ဦးကိုချစ် မည်။ သခင်တစ် ဦးကို မှီခို ၍ တစ် ဦးကို မခန့်မညား ပြုမည်။ သင်တို့သည် ဘုရားသခင် ၏အစေကိုငင်း ၊ လောကီစည်းစိမ် ၏အစေ ကိုငင်း မ ခံ နိုင်ကြ။ ၂၅ ထိုကြောင့် ငါဆို သည်ကား ၊ အဘယ်သို့ စား သောက် ရမည်ဟု အသက် အဘို့မ စိုးရိမ် ကြနှင့်။ အဘယ်သို့ ဝတ် ရမည်ဟု ကိုယ် အဘို့ မ စိုးရိမ်ကြနှင့်။ အစာ ထက် အသက် မြတ်သည်မ ဟုတ်လော။ အဝတ် ထက် ကိုယ် မြတ်သည်မဟုတ်လော။ ၂၆ မိုဃ်း ကောင်းကင်၌ ကျင်လည်သောငှက် များကို ကြည့်ရှု ဆင်ခြင်ကြလော့။ ထိုငှက်တို့သည် မျိုးစေ့ကို မ စိုက် မကြဲ၊ စပါးကိုမ ရိတ် ၊ ကျီ ၌ မ စု မသွင်း။ သို့သော်လည်း ကောင်းကင် ဘုံ၌ရှိတော်မူသောသင် တို့အဘ သည် သူ တို့ကို ကျွေးမွေး တော်မူ၏။ ထိုငှက် တို့ထက် သင် တို့သည် အလွန်မြတ် သည်မ ဟုတ်လော။ ၂၇ အဘယ်သူ သည် စိုးရိမ် ခြင်းအားဖြင့် မိမိ အသက်တာ ကို တစ် တောင် ခန့်မျှ တိုးပွား စေနိုင် သနည်း။ ၂၈ အဝတ် အဘို့ ၌ အဘယ်ကြောင့် စိုးရိမ် ရသနည်း။ တော နှင်းပင် တို့သည် အဘယ်သို့ သောအားဖြင့် ကြီးပွား သည်ကို ဆင်ခြင် အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမ လုပ် ၊ ချည်ဖြစ်စေခြင်းငှာမ ငင် မဝင့်။ ၂၉ သို့သော်လည်း ဘုန်းကြီး သောရှောလမုန် မင်းကြီး၏အဝတ် သည် ထို အပင်တစ်

ပင်မျှ၏အဝတ်ကို မ မှီဟုငါဆို ၏။ ၃၀ ယုံကြည် အားနည်းသောသူတို့၊ ယနေ့ အသက်ရှင်လျက် နက်ဖြန် မီးဖို ထဲသို့ ရောက် သောတော မြက်ပင် ကို ဘုရားသခင် သည် ထိုသို့သော အဝတ် နှင့် ဖုံးလွှမ်းတော်မူလျှင်၊ ထိုမျှမက သင် တို့ကိုအဝတ် နှင့် ဖုံးလွှမ်းတော်မူမည် မ ဟုတ်လော။ ၃၁ ထိုကြောင့် အဘယ်သို့ စား သောက် ရအုံနည်း။ အဘယ်သို့ ဝတ် ရအုံနည်းဟူ၍မ စိုးရိမ် ကြနှင့်။ ထို အရာများကို သာသနာပ လူတို့သည် ရှာဖွေ တတ်ကြ၏။ ၃၂ ထိုအရာ များကို သင်တို့သည် အသုံးလို ကြောင်း ကို ကောင်းကင် ဘုံ၌ရှိတော်မူသောသင် တို့အဘ သည် သိ တော်မူ၏။ ၃၃ ဘုရားသခင် ၏နိုင်ငံ တော်နှင့် ဖြောင့်မတ် ခြင်းတရားတော်ကို ရှေးဦးစွာ ရှာ ကြလော့။ နောက်မှ ထိုအရာ များကို ထပ် ၍ပေးတော်မူလတံ့။ ၃၄ ထို့ကြောင့် နက်ဖြန် အဘို့ မ စိုးရိမ် ကြနှင့်။ နက်ဖြန် နေ့သည် မိမိ အဘို့ စိုးရိမ် လိမ့်မည်။ ယခုနေ့၌ရှိသောမကောင်း မသင့်သောအရာ သည် ယခုနေ့ ဘို့ လောက် ပေ၏။

၇ သင်တို့သည် စစ်ကြော ဆုံးဖြတ်ခြင်းနှင့် ကင်းလွတ် ရမည်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြော ဆုံးဖြတ်ခြင်းကို မ ပြုကြနှင့်။ ၂ သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကိုစီရင် ကြ၏။ ထိုတရားအတိုင်းစီရင် ခြင်းကို ခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏ နှင့် သူတစ်ပါးအား ပေး၏။ ထိုပမာဏ အတိုင်း ကိုယ်ခံရ ကြမည်။ ၃ ကိုယ် မျက်စိ ၌ ရှိသော တံကျင် ကို မ အော်မေ့ ဘဲ ညီအစ်ကို မျက်စိ ၌ ရှိသော ငြောင့်ငယ် ကို အဘယ်ကြောင့် ကြည့်ရှု သနည်း။ ၄ ကိုယ် မျက်စိ ၌ တံကျင် ရှိလျက်ပင်ညီအစ်ကို အားသင် ၏မျက်စိ ၌ ရှိသောငြောင့်ငယ် ကို ထုတ် ပါရစေ ဟု အဘယ်သို့ ဆို သနည်း။ ၅ လျှို့ဝှက် သောသူ၊ ကိုယ် မျက်စိ ၌ ရှိသောတံကျင် ကိုရှေးဦးစွာ ထုတ်ပစ် လော့။ နောက်မှ ညီအစ်ကို မျက်စိ ၌ ရှိသော ငြောင့်ငယ် ကို ထုတ်ပစ် ခြင်းငှာရှင်းလင်း စွာမြင်လိမ့်မည်။ ၆ ဖြူစင် သောအရာ ကို ခွေး တို့အား မ ပေး ကြနှင့်။ ပုလဲ ရတနာတို့ကို ဝက် တို့ရှေ့ မှာမ ချ မထားကြနှင့်။ သို့ပြုလျှင်ထိုအရာတို့ကို ကျော်နင်း ၍ သင် တို့ကိုလှည့် လျက် ကိုက်ဖြတ် ကြလိမ့်မည်။ ၇ တောင်း ကြလော့။ တောင်းလျှင် ရ မည်။ ရှာ ကြလော့။ ရှာလျှင် တွေ့ မည်။ တံခါးကိုခေါက် ကြလော့။ ခေါက်လျှင် ဖွင့် မည်။ ၈ တောင်း သောသူ မည်သည်ကား ရ ၏။ ရှာ သောသူ လည်း တွေ့ ၏။ ခေါက် သောသူ အားလည်း တံခါးကို ဖွင့် ၏။ ၉ သားသည် မုန့် ကိုတောင်း လျှင် မိမိ သား အား ကျောက် ကိုပေး မည်သူ၊ ၁၀ ငါး ကို တောင်း လျှင် မြွေ ကို ပေး မည်သူ တစ်စုံတစ်ယောက် မျှသင် တို့တွင် ရှိ သလော။ ၁၁ သင် တို့သည် အဆိုး ဖြစ် လျက်ပင် ကိုယ် သား တို့အား ကောင်း သောအရာ ကို ပေး တတ်လျှင် ၊ ထိုမျှမက ကောင်းကင် ဘုံ၌ ရှိတော်မူသော သင် တို့အဘ သည် ဆုတောင်း သောသူ တို့အား ကောင်း သော အရာ ကို သာ၍ ပေး တော်မူမည် မဟုတ်လော။ ၁၂ သင် တို့သည် ကိုယ် ၌သူတစ်ပါး ပြု စေ လိုသမျှ အတိုင်းသူတစ်ပါး ၌ပြု ကြလော့။ ဤ ပညတ်ကား ပညတ္တိ ကျမ်း နှင့် အနာဂတ္တိ ကျမ်းတို့၏ အချုပ်အခြာပင် ဖြစ် သတည်း။ ၁၃ ကျဉ်း သောတံခါး ကိုဝင် ကြလော့။ ပျက်စီး ခြင်းသို့ ရောက် သောလမ်း နှင့် တံခါး သည် ကျယ်ဝန်း သည် ဖြစ်၍ဝင် သောသူ တို့သည်များ ကြ၏။ ၁၄ အသက် ရှင်ခြင်းသို့ ရောက် သောလမ်း နှင့် တံခါး သည် အလွန်ကျဉ်းမြောင်း သည်ဖြစ်၍၊ တွေ့ ဝင်သော သူ တို့သည် နည်း ကြ၏။ ၁၅ အတွင်း ၌ကြမ်းတမ်း သော တောခွေး ဖြစ် လျက် သိုး ရေ ကိုခြုံ၍ သင် တို့ရှိရာ သို့လာ သော မိစ္ဆာ ပရောဖက်

တို့ကို သတိ နှင့် ရှောင်ကြလော့။ ၁၆ ထိုသူ တို့၏အကျင့် ကိုထောက် ၍ သူ တို့၏သဘောကို သိ ကြလိမ့်မည်။ ဆူးပင် ၌ စပျစ်သီး ကို ဆွတ် တတ် သလော ။ ဆူးလေ ပင်၌ သင်္ဘောသဖန်း သီးကို ဆွတ် တတ် သလော။ ၁၇ ကောင်း သောအပင် သည် ကောင်း သောအသီး ၊ မကောင်း သောအပင် သည် မကောင်း သောအသီး ကို သီး တတ်၏။ ၁၈ ကောင်း သောအပင် သည် မကောင်း သောအသီး ၊ မကောင်း သောအပင် သည် ကောင်း သောအသီး ကို မ သီး နိုင် ။ ၁၉ ကောင်း သောအသီး မ သီး သောအပင် ရှိသမျှ တို့ကိုခုတ်လှဲ ၍ မီး ထဲသို့ ချ လိုက်တတ်၏။ ၂၀ သို့ ဖြစ်လျှင် ထိုပရောဖက် တို့၏အကျင့် ကိုထောက် သော် သူ တို့၏သဘောကို သိ ရကြလိမ့်မည်။ ၂၁ သခင် ၊ သခင် ဟု ငါ့ ကိုလျှောက် သောသူ တိုင်း ကောင်းကင် နိုင်ငံ တော်သို့ ဝင် ရလိမ့်မည်မ ဟုတ်။ ကောင်းကင် ဘုံ၌ ရှိတော်မူသော ငါ့ ခမည်းတော် ၏အလို ကိုဆောင် သောသူ သာလျှင် ဝင်ရလိမ့်မည်။ ၂၂ ထို နေ့ ၌ ကား၊ သခင် ၊ သခင် ၊ အကျွန်ုပ်တို့သည် ကိုယ်တော် အခွင့် နှင့် ဆုံးမ ဩဝါဒပေးပါပြီမ ဟုတ်လော။ ကိုယ်တော် အခွင့် နှင့် နတ်ဆိုး တို့ကို နှင်ထုတ် ပါပြီ မဟုတ် လော။ ကိုယ်တော် အခွင့် နှင့် များစွာ သော တန်ခိုး တို့ကို ပြ ပါပြီ မဟုတ် လောဟု အများ သောသူ တ ို့သည် လျှောက် ကြလိမ့်မည်။ ၂၃ ထိုသို့ လျှောက်ကြသောအခါ သင် တို့ကို ငါအလျင်း မသိ ၊ အဓမ္မ အမှုကို ပြု သောသူ တို့၊ ငါ့ ထံမှ ဖယ် ကြဟု ထိုသူ တို့အား အတည့်အလင်း ငါပြောမည်။ ၂၄ အကြင်သူ သည်ငါ ဟောပြောသော ဤ စကား ကို ကြား၍နားထောင် ၏။ ထိုသူ သည် ကျောက် ပေါ်မှာ အိမ် ဆောက် သော ပညာရှိ နှင့် တူကြောင်းကို ငါပုံပြ မည်။ ၂၅ မိုး ရွာ ၍ ရေစီး သည်နှင့် လေ လာ ၍ ထို အိမ် ကိုတိုက် သည်ရှိသော်၊ ကျောက် ပေါ်မှာ တည် သောကြောင့် မ ပြို မလဲနေ၏။ ၂၆ အကြင်သူသည်ငါ ဟောပြောသော ဤ စကား ကိုကြား ၍ နား မ ထောင်ဘဲနေ၏။ ထိသူ သည် သဲ ပေါ်မှာ အိမ် ဆောက် သော လူ မိုက် နှင့် တူ ကြောင်း ကို ငါပုံပြ မည်။ ၂၇ မိုးယိုး ရွာ ၍ ရေစီး သည်နှင့် လေ လာ ၍ ထို အိမ် ကို တိုက် သောအခါ ၊ ကြီးစွာ သောပြိုလဲ ခြင်းသို့ ရောက် လေသည် ဟု ဟော တော်မူ ၏။ ၂၈ ထို ဒေသနာ တော်ကို ယေရှု ဟောတော်မူသည်အဆုံး ၌ ပရိသတ် အပေါင်းတို့သည် ဆုံးမ ဩဝါဒ ပေး တော်မူခြင်းကို အလွန်အံ့ဩ ကြ၏။ ၂၉ အကြောင်းမူကား ၊ ကျမ်းပြု ဆရာနည်းတူ မ ဟုတ်၊ အစိုးရ သော သူနည်းတူ ဆုံးမ ဩဝါဒ ပေး တော်မူ၏။

၈ ကိုယ်တော် သည် တောင် ပေါ်မှ ဆင်းကြွ တော်မူလျှင် ၊ များစွာ သောလူ အပေါင်းတို့သည် နောက်တော်သို့ လိုက် ကြ၏။ ၂ ထိုအခါ နူနာစွဲ သောသူတစ်ယောက်သည် ညွတ်ပြပ် လျက်၊ သခင် အလို တော်ရှိလျှင် ကျွန်တော် ကို သန့်ရှင်း စေနိုင် တော်မူသည်ဟု လျှောက် လေ၏။ ၃ ယေရှုကလည်း ငါအလိုရှိ ၏။ သန့်ရှင်း ခြင်းသို့ ရောက်စေ ဟု မိန့် တော်မူလျက် လက် တော်ကိုဆန့် ၍ ထိုသူ ကိုတို့ တော်မူ၏။ ထိုခဏခြင်း တွင် နူနာ ပျောက်၍ သန့်ရှင်း ခြင်းသို့ရောက်လေ၏။ ၄ ယေရှု ကလည်း သင်သတိပြု။ ဤအကြောင်းကို အဘယ်သူ အားမျှမပြော နှင့်။ ယဇ် ပုရောဟိတ်ထံသို့သွား ၍ ကိုယ် ကိုပြ လော့။ သူတစ်ပါး ၌ သက်သေ ဖြစ်စေခြင်းငှာ မောရှေ စီရင် မှာထားသော ပူဇော် သက္ကာကိုဆက် လော့ဟု မိန့် တော်မူ၏။ ၅ ထိုနောက်မှကပေရနောင် မြို့သို့ ကြွဝင် တော်မူလျှင်၊ တပ်မှူး တစ်ယောက်သည် အထံ တော်သို့လာ ၍၊ ၆ သခင် ၊ ကျွန်တော် ၏ ငယ်သား တစ်ယောက်သည် လက်ခြေသေ

သည်အနာနှင့် ပြင်းစွာ ခံရ၍ အိမ် တွင် တုံးလုံး နေပါသည်ဟု တောင်းပန် လေ၏။ ၇ ယေရှုကလည်း ငါ လာ၍ ချမ်းသာ ပေးမည် ဟု မိန့် တော်မူလျှင် ၊ ၈ တပ်မှူး က၊ သခင် ၊ ကျွန်တော် ၏ အိမ်မိုး အောက် သို့ကြွဝင် တော်မူခြင်း ကျေးဇူးတော်ကို ကျွန်တော် မ ခံထိုက် ပါ။ အမိန့် တော် တစ်ခွန်းရှိလျှင် ကျွန်တော် ၏ငယ်သား သည် ချမ်းသာ ရပါလိမ့်မည်။ ၉ ဥပမာကား၊ ကျွန်တော် သည် မင်း အောက် ၌ကျွန်ခံသောသူ ဖြစ် သော်လည်း စစ်သူရဲ များကိုအုပ်စိုး၍ တစ်ဦး ကိုသွား ချေဟုဆို လျှင် သွား ပါ၏။ တစ်ဦး ကို လာ ခဲ့ဟုဆိုလျှင် လာ ပါ၏။ ကျွန် ကိုလည်း ဤအမှု ကို လုပ် တော့ ဟုဆိုလျှင် လုပ် ပါ၏ဟု တပ်မှူးလျှောက် လေ၏။ ၁၀ ထိုစကားကို ယေရှု သည်ကြား လျှင် အံ့ဩ ခြင်းရှိ၍၊ ငါ အမှန် ဆိုသည်ကား၊ ဤမျှလောက် သော ယုံကြည် ခြင်းကို ဣသရေလ အမျိုး၌ ပင် ငါမ တွေ့ ဘူးသေး။ ၁၁ ငါဆို ပြန်သည်ကား ၊ လူ များတို့သည်၊ အရှေ့ အရပ်၊ အနောက် အရပ်မှ လာ ၍ ၊ ကောင်းကင် နိုင်ငံ တော်၌ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့နှင့်တကွ လျောင်း ရကြလတံ့၊ ၁၂ နိုင်ငံ တော်သား တို့သည်လည်း ငိုကြွေး ခြင်း၊ အံသွား ခဲကြိတ် ခြင်းရှိ ရာ၊ ပြင် အရပ်မှောင်မိုက် ထဲသို့ နှင်ချ ခြင်းကို ခံရကြလတံ့ဟု နောက် တော်သို့ လိုက်သောသူ တို့အား မိန့် တော်မူပြီးမှ ၊ ၁၃ တပ်မှူး အား သင်သွား လော့။ ယုံကြည် သည်နှင့်အညီ သင် ၌ဖြစ် စေဟု မိန့် တော်မူ၏။ ထို ခဏခြင်း တွင် သူ ၏ငယ်သား သည် အနာ ရောဂါကင်း၍ သက်သာခြင်းသို့ ရောက်လေ၏။ ၁၄ ထိုနောက်မှယေရှု သည် ပေတရု အိမ် သို့ ကြွ ၍ ပေတရု ၏ ယောကျ်မ သည် ဖျားနာ စွဲလျက် တုံးလုံး နေ သည်ကို တွေ့မြင် တော်မူ၏။ ၁၅ ထိုမိန်းမ ၏လက် ကို တို့ တော်မူလျှင် ၊ သူသည် အဖျား ပျောက် သဖြင့် ထ ၍ ဧည့်သည် ဝတ်ကို ပြုလေ၏။ ၁၆ ညဦးယံ ၌ နတ်ဆိုးစွဲ သောသူအများ တို့ကို အထံ တော်သို့ ဆောင်ခဲ့ ၍ နှုတ်တော်မြွက် ကာမျှနှင့်ထိုနတ် တို့ကို နှင်ထုတ် တော်မူ၏။ နာ သောသူ ရှိသမျှ တို့ကို သက်သာ စေတော်မူ၏။ ၁၇ ထို အကြောင်းအရာမူကား၊ သူ သည် အကျွန်ုပ် တို့ အနာ ရောဂါဝေဒနာ များကို ယူတင် ဆောင်ရွက် လေ သည်ဟု ပရောဖက် ဟေရှာယ ဟော ဘူးသောစကား ပြည့်စုံ မည်အကြောင်း ဖြစ်သတည်း။ ၁၈ များစွာသောလူ အပေါင်းတို့သည် ကိုယ်တော် ကိုဝန်းရံ လျက် နေကြသည်ကို မြင် တော်မူလျှင် ၊ ကမ်းတစ်ဘက် သို့ ကူး မည့်အကြောင်း အမိန့် တော်ရှိ၏။ ၁၉ ထိုအခါ ကျမ်းပြူ ဆရာတစ် ယောက်သည်လာ ၍ အရှင် ဘုရား၊ ကိုယ်တော် ကြွ တော်မူရာအရပ်ရပ် သို့ အကျွန်ုပ်လိုက် ပါမည်ဟု လျှောက် လေ၏။ ၂၀ ယေရှု ကလည်း မြေခွေး သည် မြေတွင်း ရှိ ၏။ မိုဃ်း ကောင်းကင်၌ ကျင်လည်သောငှက် သည်နားနေရာ အရပ်ရှိ ၏။ လူ သား မူကား ၊ ခေါင်း ချ ရာမျှ မ ရှိဟု မိန့် တော်မူ၏။ ၂၁ အခြား သော တပည့် တော်ကလည်း ၊ သခင် ၊ အကျွန်ုပ် အဘ ကို ရှေးဦးစွာ သွား ၍ သင်္ဂြိဟ် ရသော အခွင့် ကိုပေးတော်မူပါဟု လျှောက် လေ၏။ ၂၂ ယေရှု ကလည်း၊ ငါ့ နောက် သို့လိုက်လော့။ လူသေ တို့သည် မိမိ လူသေ တို့ကို သင်္ဂြိဟ် ပါလေစေဟု မိန့် တော်မူ၏။ ၂၃ ထိုအခါ လှေ ထဲသို့ ဝင် တော်မူ၍ တပည့် တော်တို့သည် လိုက် ကြ၏။ အိုင် ၌ လှိုင်း တံပိုးပြင်းစွာ ထ ၍ လှေ ကို လွှမ်း လေ၏။ ၂၄ ကိုယ်တော် သည် ကျိန်းစက် ၍ နေတော်မူ၏။ ၂၅ တပည့်တော်တို့သည် ချဉ်းကပ် ၍ ကိုယ်တော် ကို နှိုး ပြီးလျှင် ၊ သခင် ၊ အကျွန်ုပ်တို့သည် ပျက်စီး ခြင်းသို့ ရောက်ပါ၏။ ကယ်မ တော်မူပါဟု လျှောက် ကြသော်၊ ၂၆

ကိုယ်တော်က၊ ယုံကြည် အားနည်းသော သူတို့၊ အဘယ်ကြောင့် ကြောက် တတ်သနည်း ဟု မေး တော်မူပြီးလျှင် ၊ ထ၍လေ နှင့် ပင်လယ် ကို ဆုံးမ တော်မူသဖြင့် အလွန် သာယာ လေ၏။ ၂၇ ထိုလူ တို့ကလည်း ၊ ဤ သူကားအဘယ်သို့ သောသူနည်း။ လေ နှင့် ပင်လယ် သည် သူ ၏စကားကို နားထောင် ပါသည်တကားဟု အံ့သြ ကြ၏။ ၂၈ ကမ်းတစ်ဘက် ဂါဒရ ပြည် သို့ ရောက် တော်မူသောအခါ နတ်ဆိုးစွဲ သောလူနှစ် ယောက်တို့သည် ထို လမ်း ကို အဘယ်သူ မျှ မ သွား နိုင် အောင် အလွန် ကြမ်းကြုတ် စွာပြုလျက်၊ သချိုင်း တစပြင်မှ ထွက်လာ ၍ ကိုယ်တော် ကို ခရီးဦးကြိုပြု ပြီးလျှင်၊ ၂၉ ဘုရားသခင် ၏ သား တော်ယေရှု၊ ကိုယ်တော် သည် အကျွန်ုပ် တို့နှင့် အဘယ်သို့ ဆိုင်သနည်း။ အချိန် မ ရောက်မီ အကျွန်ုပ် တို့ကို ညှဉ်းဆဲ ခြင်းငှာကြွလာ တော်မူသလောဟု အော်ဟစ် ၍ လျှောက် ကြ၏။ ၃၀ ထိုသူ တို့နှင့် မနီးမဝေး သောအရပ်၌ များစွာ သောဝက် အစု သည်ကျက်စား လျက်ရှိ ၏။ ၃၁ နတ်ဆိုး တို့လည်း ကိုယ်တော်သည် အကျွန်ုပ် တို့ကိုနှင်ထုတ် လျှင် ၊ ထိုဝက် အစု ထဲသို့ ဝင်ရပါမည် အကြောင်း အခွင့် ပေးတော်မူပါဟု တောင်းပန် ကြသော်၊ ၃၂ သွား ကြ ဟု မိန့် တော်မူ၏။ နတ်ဆိုးတို့သည် ထွက် ၍ ဝက် ထဲသို့ ဝင် သဖြင့် ဝက်အစု ရှိသမျှ သည်အိုင် ကမ်းစောက် ကို တဟုန်တည်း ပြေးဆင်း၍ ရေ ၌ သေ ကြ၏။ ၃၃ ဝက်ကျောင်း သောသူ တို့သည်လည်း ပြေး ၍ မြို့ ထဲသို့ ဝင် ပြီးလျှင်၊ နတ်ဆိုးစွဲ သောသူ တို့၏အကြောင်း မှစ၍ ဖြစ် လေသမျှတို့ကို ကြားပြော ကြသော်၊ ၃၄ တစ်မြို့လုံး လည်း ယေရှု ကိုတွေ့ အံ့သောငှာ ထွက်လာ ကြ၏။ ကိုယ်တော် ကိုတွေ့မြင် လျှင် မိမိ တို့ ပြည် က ထွက်သွား တော်မူမည်အကြောင်း တောင်းပန် ကြ၏။

၉ ထိုအခါ ကိုယ်တော်သည် လှေ စီး ၍ ကူး ပြန်သဖြင့်၊ မိမိ မြို့ သို့ ရောက် တော်မူ၏။ ၂ လက်ခြေသေ ၍ အိပ်ရာ ပေါ်မှာ တုံးလုံး နေသော သူတစ်ယောက်ကို အထံ တော်သို့ဆောင်ခဲ့ ကြ၏။ ယေရှု သည်ထိုသူ တို့၏ ယုံကြည် ခြင်းကိုမြင် လျှင် လက်ခြေသေ သောသူ အား၊ ငါ့သား မ စိုးရိမ်နှင့်။ သင် ၏အပြစ် ကို လွတ် စေပြီ ဟုမိန့် တော်မူ၏။ ၃ ကျမ်းပြု ဆရာအချို့တို့က၊ ဤသူ သည်ဘုရားကိုလွန်ကျူး ၍ ပြောသည်ဟု ထင် ကြ၏။ ၄ ယေရှု သည် ထိုသူ တို့၏စိတ် ကို သိမြင် တော်မူလျှင် ၊ သင်တို့သည် အဘယ်ကြောင့် ငြူစူ သောစိတ် ရှိ ကြသနည်း။ ၅ အဘယ် စကားကိုသာ၍ ပြော လွယ်သနည်း။ သင် ၏အပြစ် ကို လွတ် စေပြီဟု ပြောလွယ်သလော။ သင်ထ ၍ လှမ်းသွား လော့ဟု ပြော လွယ်သလော။ ၆ လူ သား သည် မြေကြီး ပေါ်မှာ အပြစ် လွှတ် ပိုင် သည်ကို သင်တို့သိ စေခြင်းငှာ ထ လော့။ ကိုယ် အိပ်ရာ ကို ဆောင် ၍ ကိုယ် အိမ် သို့ သွား လော့ ဟု လက်ခြေသေ သောသူ အား မိန့် တော်မူ၏။ ၇ ထိုသူသည်လည်း ထ ၍ မိမိ အိမ် သို့ သွား လေ၏။ ၈ လူ အစုအဝေးတို့သည်မြင် လျှင် အံ့သြ ခြင်းရှိ၍ ၊ လူ တို့အား ဤသို့သော အခွင့် ကို အပ်ပေး တော်မူသော ဘုရားသခင် ၏ ဂုဏ် တော်ကိုချီးမွမ်းကြ၏။ ၉ ယေရှု သည် ထို အရပ်မှကြွ တော်မူလျှင် ၊ မသ္သဲ အမည် ရှိသောသူတစ်ယောက်သည် အခွန်ခံ ရာတဲ၌ ထိုင် နေသည်ကို မြင် သော်၊ ငါ့ နောက် သို့လိုက်လော့ဟု မိန့် တော်မူ၏။ ထိုသူသည်လည်း ထ ၍ နောက် တော်သို့ လိုက်လေ၏။ ၁၀ ထိုနောက်မှ အိမ် တွင် စားပွဲ ၌ လျောင်းတော်မူစဉ် ၊ အခွန်ခံ သောသူများ နှင့် ဆိုး သောသူများတို့သည် လာ ၍ ကိုယ်တော်

မှစသော တပည့် တော်တို့နှင့်တကွ စားပွဲ၌လျောင်း ကြ၏။ ၁၁ ဖာရိရှဲ တို့သည် မြင် လျှင် တပည့် တော်တို့အား၊ သင် တို့ဆရာ သည် အခွန်ခံ သောသူ၊ ဆိုး သောသူတို့နှင့်အတူ အဘယ်ကြောင့် စား သနည်းဟုဆို ကြ၏။ ၁၂ ယေရှုသည် ကြား တော်မူလျှင် ၊ ကျန်းမာ သောသူ တို့သည် ဆေးသမား ကို အလို မ ရှိ ကြ။ နာ သောသူ တို့ သာလျှင် အလိုရှိ ကြ၏။ ၁၃ ယဇ် ပူဇော်ခြင်းအကျင့်ထက် သနား ခြင်းကရုဏာအကျင့်ကို ငါနှစ်သက် ၏ဟူသော ကျမ်းစကားကို နားလည်ခြင်းဉာသင်တို့သွား ၍ သင် ကြလော့။ ဖြောင့်မတ် သောသူတို့ကို နောင်တသို့ ခေါ် ခြင်းဌာ၊ ငါလာ သည် မ ဟုတ်။ ဆိုး သောသူတို့ကို ခေါ်ခြင်းဌာ၊ ငါလာသတည်းဟု မိန့် တော်မူ၏။ ၁၄ ထိုအခါ ယောဟန် ၏ တပည့် တို့သည် အထံ တော်သို့ ချဉ်းကပ် ၍၊ အကျွန်ုပ် တို့နှင့် ဖာရိရှဲ တို့သည် အဖန်တလဲလဲ အစာရှောင် ကြသည်ဖြစ်၍၊ အဘယ်ကြောင့် ကိုယ်တော် ၏တပည့် တို့သည် အစာ မ ရှောင်ဘဲ နေကြပါသနည်းဟု လျှောက် ကြ၏။ ၁၅ ယေရှု က လည်း မင်္ဂလာဆောင် လုလင်သည် မိမိအပေါင်းအဘော် တို့နှင့်အတူ ရှိ စဉ်အခါသူတို့သည် စိတ်မသာ ညည်းတွားတတ် ကြသလော။ မင်္ဂလာဆောင် လုလင်ကို သူ၏အပေါင်းအဘော် တို့နှင့် ခွာ ၍ ယူသွား သော အချိန် ကာလရောက် လိမ့်မည်။ ထိုအခါ သူတို့သည် အစာရှောင် ကြလိမ့်မည်။ ၁၆ အဝတ် ဟောင်း ကို အထည် သစ် နှင့်ဖာ လေ့မ ရှိ။ ထိုသို့ဖာလျှင် ဖာ သောအထည်သည် အဝတ် ဟောင်းကို စား ၍ အပေါက် ကျယ်တတ်၏။ ၁၇ ၎င်းနည်းဟောင်း သော သားရေဘူး ၌ အသစ် သောစပျစ်ရည် ကို ထည့် လေ့မ ရှိ။ ထိုသို့ ထည့်လျှင် ၊ သားရေဘူး သည် စုတ်ကွဲ သဖြင့် ၊ စပျစ်ရည် သည် ယို ၍ သားရေဘူး လည်း ပျက်စီး တတ်၏။ အသစ် သော စပျစ်ရည် ကို အသစ် သောသားရေဘူး ၌ ထည့် လေ့ရှိ၏။ ထိုသို့ထည့်လျှင် နှစ် ပါးစလုံးမ ပျက်စီး ဟု မိန့် တော်မူ၏။ ၁၈ ထို စကားကို မိန့် တော်မူစဉ် အရာရှိ တစ် ယောက်သည် လာ ၍ ပြပ်ဝပ် လျက်၊ အကျွန်ုပ် ၏ သမီး သည် ယခုပင် သေ ဆဲရှိပါ၏။ သို့သော်လည်း ၊ ကိုယ်တော်သည်ကြွ ၍ သူ့ အပေါ် ၌လက် ကိုတင် တော်မူလျှင် အသက် ရှင်ပါလိမ့်မည်ဟု လျှောက် ၏။ ၁၉ ယေရှု သည် ထ ၍ တပည့် တော်နှင့်အတူထိုသူ နောက် သို့လိုက်တော်မူ၏။ ၂၀ ထိုအခါ တစ်ဆယ့်နှစ် နှစ် ပတ်လုံးသွေး သွန်အနာစွဲသောမိန်းမ တစ်ယောက်က၊ ၂၁ ငါသည် အဝတ် တော်ကိုသာ တို့ လျှင် ချမ်းသာ ရမည်ဟု စိတ်ထင် နှင့် နောက် တော်သို့ချဉ်းကပ် ၍ အဝတ် တော်၏ ပန်းပွား ကို တို့ လေ၏။ ၂၂ ယေရှု သည် လှည့် ၍ ထိုမိန်းမ ကိုမြင် တော်မူလျှင် ၊ ငါ့သမီး ၊ မ စိုးရိမ်နှင့်။ သင် ၏ယုံကြည် ခြင်းသည် သင့် အနာကို ငြိမ်း စေပြီ ဟုမိန့် တော်မူ၏။ ထို ခဏ မှစ၍ ထိုမိန်းမ သည်အနာပျောက်ကင်း လေ၏။ ၂၃ အရာရှိ အိမ် သို့ ရောက် တော်မူ၍ တီးမှုတ် သော သူတို့နှင့် များစွာ သောလူတို့သည် အုန်းအုန်းသဲသဲ ပြု ကြသည်ကိုမြင် လျှင် ၊ ၂၄ ဖယ်ရှား ကြလော့။ မိန်းမငယ် သေ သည်မ ဟုတ်၊ အိပ်ပျော် သည် ဟု မိန့် တော်မူသော်၊ ထိုသူတို့သည် ပြက်ယယ်ပြု ကြ၏။ ၂၅ ထိုလူ များကို ပြင် သို့ထွက်စေပြီးမှ အတွင်းသို့ဝင် ၍၊ မိန်းမငယ် ၏လက် ကို ကိုင် တော်မူသည်တွင် သူသည် ထ လေ၏။ ၂၆ ထို သိတင်း စကားသည် တစ်ပြည်လုံး ၌ နှံ့ ပြား ကျော်စောလေ၏။ ၂၇ ထို အရပ်မှ ယေရှု သည် ကြွ တော်မူစဉ်၊ မျက်စိကန်း သောသူနှစ် ယောက်တို့သည် နောက် တော်သို့ လိုက်၍ ဒါဝိဒ် ၏သား တော်၊ ကျွန်တော် တို့ကို သနား တော်မူပါဟု ဟစ်ကြော်

ကြ၏။ ၂၈ အိမ် သို့ ဝင် တော်မူလျှင် ၊ မျက်စိ ကန်းသောသူ တို့သည် အထံ တော်သို့ ချဉ်းကပ် ကြ၏။ ကိုယ်တော်က လည်း၊ ဤအမှု ကို ငါတတ်နိုင် သည်ကို ယုံ သလော ဟု မေး တော်မူလျှင် ၊ ယုံ ပါ၏သခင် ဟု လျှောက် ကြ၏။ ၂၉ ထိုအခါ သူ တို့၏ မျက်စိ ကိုတို့ တော်မူ၍၊ သင် တို့ ယုံ ခြင်းရှိသည်အတိုင်း သင် တို့ ၌ဖြစ် စေ ဟု မိန့် တော်မူလျှင် ၊ ၃၀ သူ တို့သည် မျက်စိ ပွင့်လင်း လေ၏။ ယေရှု ကလည်း ၊ အဘယ်သူ မျှမသိ စေခြင်းဟုသတိပြု ကြလော့ ဟု မြစ်တား တော်မူ၏။ ၃၁ သို့သော်လည်း ထိုသူ တို့သည် သွား ၍ သိတင်းတော်ကို တစ်ပြည်လုံး ၌ နှံ့ ပြား ကျော်စောစေ၏။ ၃၂ ထိုသူ တို့သည် ထွက်သွား ကြသည်နောက် ၊ နတ်ဆိုးစွဲ သောသူ တစ်ယောက်ကို အထံ တော်သို့ ဆောင်ခဲ့ ကြ၏။ ၃၃ နတ်ဆိုး ကို နှင်ထုတ် တော်မူပြီးမှ ထိုအ သောသူ သည်စကား ပြော၏။ လူ အစုအဝေးတို့သည်လည်း အံ့သြ ၍၊ ဣသရေလ အမျိုး၌ ဤကဲ့သို့ မ မြင်ရစဖူးဟု ပြောဆို ကြ၏။ ၃၄ ဖာရိရှဲ တို့ကလည်း ၊ နတ်ဆိုး အကြီး ကို အမှီပြု ၍ နတ်ဆိုး တို့ကို နှင်ထုတ် သည်ဟု ပြောဆို ကြ၏။ ၃၅ ယေရှု သည် တရားစရပ် တို့ ၌ ဆုံးမ သြဝါဒပေးလျက် ၊ နိုင်ငံ တော်နှင့်ယှဉ်သောဧဝံဂေလိ တရားကို ဟော လျက်၊ လူများခံရသောအနာ ရောဂါအမျိုးမျိုး တို့ကို ငြိမ်း စေလျက် ၊ မြို့ ရွာ ရှိသမျှ တို့ကို ဒေသစာရီ လှည့်လည်တော်မူ၏။ လူ အစုအဝေးတို့ကို မြင် တော်မူလျှင် သနား ခြင်းစိတ်ရှိတော်မူ၏။ ၃၆ အကြောင်းမူကား ၊ ထိုသူတို့သည် ပင်ပန်း သည်ဖြစ်၍ထိန်း သူမ ရှိ ဘဲပစ် ထားသောသိုး ကဲ့သို့ ဖြစ် ကြ၏။ ၃၇ ထိုအခါ ကိုယ်တော် က၊ စပါး ရိတ်စရာများစွာ ရှိ၏။ ရိတ် သောသူ တို့သည် နည်း ကြ၏။ ၃၈ ထိုကြောင့် လုပ်ဆောင် သောသူတို့ကို စပါး ရိတ်စေခြင်းငှာ စေလွှတ် တော်မူမည်အကြောင်း ၊ စပါးရှင် ကို ဆုတောင်း ကြလော့ ဟု တပည့် တော်တို့အား မိန့် တော်မူ၏။

၁၀ တစ်ကျိပ် နှစ်ပါးသော တပည့် တော်တို့ကိုခေါ် တော်မူပြီးမှ ၊ ညစ်ညူး သောနတ် တို့ကို နှင်ထုတ် ခြင်းငှာရင်း ၊ အနာ ရောဂါအမျိုးမျိုး တို့ကို ငြိမ်း စေခြင်းငှာရင်း အခွင့် ပေး တော်မူ၏။ ၂ တစ်ကျိပ် နှစ်ပါးသော တပည့် တော်တို့၏ အမည် ကား ၊ ပဌမ မှာ၊ ပေတရု ဟူ၍ခေါ်ဝေါ် သော ရှိမုန် နှင့် သူ့ ညီ အန္ဒြေ ၊ ၃ ဇေဗေဒဲ ၏သား ယာကုပ် နှင့် သူ့ ညီ ယောဟန် ၊ ဖိလိပ္ပ နှင့် ဗာသောလမဲ ၊ သောမ နှင့် အခွန်ခံ မသ္သဲ ၊ အာလဖဲ ၏သား ယာကုပ် နှင့် သဒ္ဒဲ ဟုအမည်သစ်ကိုရသော လေဗဲ၊ ၄ ကာနနိတ် လူရှိမုန် နှင့် ကိုယ်တော် ကိုအပ်နှံ သော ယုဒ ရှကာရုတ် ပေတည်း။ ၅ ထို တစ်ကျိပ် နှစ်ပါးသော သူ တို့ကို ယေရှု သည် စေလွှတ် တော်မူ၍၊ သင်တို့သည် တစ်ပါး အမျိုးသားတို့ရှိရာ သို့ မ သွား ကြနှင့်။ ရှမာရိ မြို့ ရွာထဲသို့ မ ဝင် ကြနှင့်။ ၆ ဣသရေလ အမျိုး ၊ ပျောက်လွင့် သော သိုး များရှိရာ သို့ အရင် သွား ကြလော့။ ၇ သွား စဉ်တွင်၊ ကောင်းကင် နိုင်ငံ တော် တည်လုနီး ပြီဟုသိတင်းကြားပြော ကြလော့။ ၈ နာ သောသူတို့အား ချမ်းသာ ပေးကြလော့။ သေ သောသူတို့ကို ထမြောက် စေကြလော့။ နူ သောသူတို့ကို သန့်ရှင်း စေကြလော့။ နတ်ဆိုး တို့ကိုလည်း နှင်ထုတ် ကြလော့။ သင်တို့သည် အဘိုး မပေးဘဲ ကျေးဇူးတော်ကို ခံရ ကြပြီဖြစ်၍အဘိုး မခံဘဲ ပေးကမ်း ကြလော့။ ၉ ရွှေ ၊ ငွေ ၊ ကြေး တို့ကို ခါးပန်း ထဲ၌ မ သိုမှီး ကြနှင့်။ ၁၀ လမ်း ခရီးဘို့ လွယ်အိတ် ၊ အင်္ကျီ နှစ် ထည်၊ ခြေနင်း တောင်ဝေး ကို မ သိုမှီးကြနှင့်။ အကြောင်းမူကား ၊ လုပ်ဆောင် သောသူ သည် ကျွေးမွေး ခြင်းကို ခံထိုက်

ပေ၏။ ၁၁ မည်သည် မြို့ မည်သည်ရွာ သို့ ဝင် လျှင်၊ ထိုမြို့ ရွာ၌ အဘယ် မည်သောသူသည် ထိုက်တန် သနည်းဟု မေးမြန်း၍၊ ထို မြို့ရွာမှ မ ထွက် မသွားမီတိုင်အောင်ထိုသူ ၏အိမ်တွင် နေ ကြလော့။ ၁၂ အိမ် သို့ ဝင် သောအခါ မင်္ဂလာရှိပါစေသောဟုနှုတ်ဆက် ခြင်းကို ပြုကြလော့။ ၁၃ ထိုအိမ် သည် ထိုက်တန် လျှင် သင် တို့မြွက်သော မင်္ဂလာ ရောက် စေသတည်း။ မ ထိုက်တန် လျှင် သင် တို့ ထံသို့ ပြန်လာ စေသတည်း။ ၁၄ အကြင်သူ သည်သင် တို့ကို လက် မ ခံ၊ သင် တို့၏ စကား ကိုနား မ ထောင်ဘဲနေ၏။ ထို သူနေသော အိမ် မှထွင်း၊ မြို့ မှထွင်း ထွက်သွား စဉ်၊ သင် တို့၏ ခြေဘဝါး မှ မြေမှုန့် ကို ခါ လိုက်ကြလော့။ ၁၅ ငါအမှန် ဆို သည်ကား၊ တရား ဆုံးဖြတ်သောနေ့ ၌ ထို မြို့ သည် သောဒုံ မြို့နှင့် ဂေါမောရ မြို့ထက် သာ၍ ခံရလတံ့။ ၁၆ တောခွေး စု ထဲသို့ သိုး တို့ကို စေလွှတ်သကဲ့သို့ သင် တို့ကို ငါ စေလွှတ် ၏။ ထိုကြောင့် သင်တို့သည် မြွေ ကဲ့သို့ လိမ္မာ လျက် ၊ ချိုးငှက် ကဲ့သို့ အဆိပ်ကင်း လျက် ရှိ ကြလော့။ ၁၇ လူ တို့ကို သတိပြု ကြ။ အကြောင်းမူကား ၊ သင် တို့ကို လွှတ်ရုံး သို့ အပ်နှံ ကြလိမ့်မည်။ တရားစရပ် တို့ ၌ ရိုက် ကြလိမ့်မည်။ ၁၈ ထိုသူ တို့မှစ၍ တစ်ပါး အမျိုးသားတို့အား သက်သေ ဖြစ်စေခြင်းငှာ၊ မြို့ဝန်မင်း ၊ ရှင်ဘုရင် ထံသို့ ငါ့ ကြောင့် သင်တို့ကို ပို့ဆောင် ကြလိမ့်မည်။ ၁၉ သင် တို့ကို အပ်နှံ သောအခါ အဘယ်သို့ ပြော ရမည်ကို မ စိုးရိမ် ကြနှင့်။ ပြော ရသောစကားကို ထို ခဏခြင်း တွင် သင် တို့သည်ရ ကြလိမ့်မည်။ ၂၀ အကြောင်းမူကား ၊ သင် တို့ အလိုအလျောက် ပြော ကြသည်မ ဟုတ် ။ သင် တို့အဘ ၏ ဝိညာဉ် တော်သည် သင် တို့အားဖြင့် ပြော တော်မူ၏။ ၂၁ ထိုအခါ ညီအစ်ကို ချင်းတစ်ယောက်ကိုတစ်ယောက် သေ စေခြင်းငှာ အပ်ကြလိမ့်မည်။ အဘ သည်လည်း သား ကို အပ် လိမ့်မည်။ သားသမီး တို့သည်လည်း မိဘ ကို ရန်ဘက် ပြု၍ သေ စေကြလိမ့်မည်။ ၂၂ လူအပေါင်း တို့သည်လည်း ငါ ၏နာမ ကြောင့် သင်တို့ကို မုန်း ကြလိမ့်မည် ။ အကြင်သူသည်အဆုံး တိုင်အောင် တည်ကြည် ၏။ ထိုသူ သည်ကယ်တင် ခြင်းသို့ ရောက်လိမ့်မည်။ ၂၃ တစ်မြို့ ၌ သင် တို့ကိုညှဉ်းဆဲ လျှင် တစ်မြို့ သို့ ပြေး ကြလော့။ ငါအမှန် ဆို သည်ကား၊ ဣသရေလ မြို့ ရွာ ရှိသမျှတို့ကို သင်တို့ လှည့်လည်၍ မ ကုန် မီ လူ သား သည်ကြွလာ လိမ့်မည်။ ၂၄ တပည့် သည် ဆရာ ထက် မ သာ။ ကျွန် သည် သခင် ထက် မ သာ။ ၂၅ တပည့် သည် ဆရာ ကဲ့သို့ ၎င်း ၊ ကျွန် သည်သခင် ကဲ့သို့ ၎င်းဖြစ် လျှင် သင့်လောက် ပေ၏။ အိမ်ရှင် ကို ဗေလဇေဗုလ ဟုခေါ် ဝေါ် ကြလျှင် ၊ အိမ်သူ အိမ်သားတို့ကို သာ၍ ခေါ် ဝေါ် ကြလိမ့်မည်။ ၂၆ ထို့ကြောင့် သူ တို့ကို မ ကြောက် ကြနှင့်။ ဖုံးထား လျက်ရှိ သမျှသောအရာတို့သည် ပွင့် လိမ့်မည်။ ဆိတ်ကွယ် ရာ၌ ရှိသမျှတို့သည်လည်း ထင်ရှား လိမ့်မည်။ ၂၇ မှောင်မိုက် ၌ သင် တို့အား ငါပြော သောအရာ များကို သင်တို့သည် အလင်း ၌ ကြားပြော ကြလော့။ သင် တို့နား အပါး၌ ပြော၍ ကြား သောအရာ များကို အိမ်မိုး ပေါ် မှာ ဟစ်ကြော် ကြလော့ ဟု မိန့်တော်မူ၏။ ၂၈ တနည်းကားကိုယ်ခန္ဓါ ကိုသာသတ် ၍ စိတ် ဝိညာဉ်ကို မ သတ် နိုင် သော သူတို့ ကို မ ကြောက် ကြနှင့်။ ကိုယ်ခန္ဓါ နှင့် စိတ် ဝိညာဉ်ကို ငရဲ ၌ ဖျက်ဆီး နိုင် သောသူ ကိုသာ၍ ကြောက် ကြလော့။ **(Geenna g1067)** ၂၉ စာငှက် နှစ် ကောင်ကို အဿရိ တစ်ပြားအဘိုးနှင့် ဝယ် ရသည်မ ဟုတ်လော။ သင် တို့အဘ အခွင့်မ ရှိလျှင် ထို စာငှက်တစ် ကောင်မျှ မြေ သို့ မ ကျ ရ။ ၃၀ သင် တို့ဆံပင် သည်လည်း အကုန်အစင်

ရေတွက် လျက်ရှိ ၏။ ၃၁ ထို့ကြောင့် မ ကြောက် ကြနှင့်။ သင် တို့သည် စာငှက် အများ တို့ထက် သာ၍ မြတ်ကြ၏။ ၃၂ အကြင်သူ သည် လူတို့ ရှေ့မှာ ငါ့ ကိုဝန်ခံ အံ့။ ကောင်းကင် ဘုံ၌ ရှိသော ငါ ၏ခမည်းတော် ရှေ့မှာ ထိုသူ ကိုငါ ဝန်ခံ မည်။ ၃၃ အကြင်သူ သည် လူတို့ ရှေ့မှာ ငါ့ ကိုငြင်းပယ် အံ့ ။ ကောင်းကင် ဘုံ၌ ရှိသော ငါ ၏ခမည်းတော် ရှေ့မှာ ထိုသူ ကို ငါ ငြင်းပယ် မည်။ ၃၄ မြေ ပေါ် သို့ ငြိမ်သက် ခြင်းကို စေလွှတ် အံ့သောဘုငါလာ သည်ဟုမ ထင် ကြနှင့်။ ငြိမ်သက် ခြင်းကို စေလွှတ် အံ့သောဘုငါလာ သည်မ ဟုတ်။ ဓား ကို စေလွှတ်အံ့သောဘုငါလာသတည်း။ ၃၅ အဘ နှင့် သား ၊ အမိ နှင့် သမီး ၊ ယောကျ်မ နှင့် ချွေးမ အချင်းချင်းကွဲပြား စေခြင်းဘုငါလာ သတည်း။ ၃၆ ကိုယ် အိမ်သူ အိမ်သားတို့သည်လည်း ကိုယ် ရန်သူ ဖြစ်ကြလိမ့်မည်။ ၃၇ အကြင်သူ သည် ငါ့ ကိုချစ်သည်ထက် မိဘ ကိုသာ၍ချစ် ၏။ ထိုသူသည် ငါ နှင့်မ ထိုက် မတန်။ အကြင်သူ သည် ငါ့ ကို ချစ်သည်ထက် သား သမီး ကို သာ၍ ချစ် ၏။ ထိုသူငါ နှင့်မ ထိုက် မတန်။ ၃၈ အကြင်သူ သည် မိမိ လက်ဝါးကပ်တိုင် ကို ထမ်း ၍ ငါ့ နောက် သို့မ လိုက် ၊ ထိုသူသည် ငါ နှင့် မ ထိုက် မတန်။ ၃၉ မိမိ အသက် ကို တွေ့ သောသူ သည် အသက် ရှုံး လိမ့်မည်။ ငါ့ ကြောင့် မိမိ အသက် ရှုံး သောသူ မူကားအသက် ကို တွေ့ လိမ့်မည်။ ၄၀ သင် တို့ကို လက်ခံ သောသူ သည် ငါ့ ကိုလက်ခံ ၏။ ငါ့ ကို လက်ခံ သောသူ သည် ငါ့ ကို စေလွှတ် တော်မူသောသူ ကို လက်ခံ ၏။ ၄၁ ပရောဖက် ၏ မျက်နှာ ကိုထောက်၍၊ ပရောဖက် ကို လက်ခံ သောသူ သည် ပရောဖက် ၏အကျိုး ကို ခံရ လတံ့၊ ဖြောင့်မတ် သောသူ၏မျက်နှာ ကိုထောက်၍၊ ဖြောင့်မတ် သောသူကို လက်ခံ သောသူ သည် ဖြောင့်မတ် သောသူ၏အကျိုး ကိုခံရ လတံ့။ ၄၂ အကြင်သူ သည် တပည့် တော်၏ မျက်နှာ ကိုထောက်၍ဤ သူငယ် တစ်စုံတစ်ယောက်အား ရေ တစ်ခွက် ကို မျှ ပေး ၏။ ထိုသူသည် အကျိုး ကို မရဘဲမ နေရာ၊ ငါ အမှန် ဆိုသည် ဟု မှာထားတော်မူ၏။

၁၁ ထိုသို့တစ်ကျိပ် နှစ်ပါးသောတပည့် တော်တို့ကို အကုန်အစင် မှာထား တော်မူပြီးလျှင် ၊ မြို့ ရွာများတို့ ၌ ဆုံးမ သြဝါဒပေးခြင်းဘုငင်း ၊ သိတင်းကြားပြော ခြင်းဘုငင်း၊ ထို အရပ်မှ ကွာ တော်မူ၏။ ၂ ခရစ်တော် ပြုတော်မူသောအမှု တို့ကို ယောဟန် သည်ထောင် ထဲမှာ ကြား သောအခါ၊ မိမိ တပည့် နှစ် ယောက်ကို စေလွှတ် ၍၊ ကိုယ်တော် သည် ကြွလာ သောသူ မှန် သလော။ ၃ သို့မဟုတ် အခြား သောသူကိုမြော်လင့် ရပါမည်လောဟု မေးလျှောက် စေ၏။ ၄ ယေရှု ကလည်း ၊ သင်တို့သည် ကြား ရသမျှ မြင် ရသမျှတို့ကိုသွား ၍ ယောဟန် အား ကြားလျှောက် ကြလော့။ ၅ မျက်စိ ကန်းသောသူတို့သည် မျက်စိမြင် ရကြ၏။ ခြေမစွမ်း သောသူတို့သည် လှမ်းသွား ရကြ၏။ နူနာစွဲ သောသူတို့သည် သန့်ရှင်း ခြင်းသို့ ရောက်ရကြ၏။ နားပင်း သောသူတို့သည် နားကြား ရကြ၏။ သေ သောသူ တို့သည် ထမြောက် ခြင်းသို့ရောက်ရကြ၏။ ဆင်းရဲသား တို့သည်လည်း ဝမ်းမြောက် စရာသိတင်းကို ကြားရ ကြ၏။ ၆ ငါ့ ကြောင့် စိတ် မ ပျက်သောသူ သည် မင်္ဂလာ ရှိ ၏ဟု ပြန်ပြော တော်မူ၏။ ၇ ထိုသူ တို့သည် သွား ကြသည်နောက် ယေရှု သည် ယောဟန် ကိုအကြောင်း ပြု၍ ပရိသတ် တို့အား ၊ သင်တို့သည် အဘယ် မည်သောအရာကို ကြည့်ရှုခြင်းဘုတော သို့ ထွက်သွား ကြသနည်း။ လေ လှုပ် သော ကျူပင် ကို ကြည့်ရှု ခြင်းဘုသွားသလော။ ၈ သို့မဟုတ် နူးညံ့ သောအဝတ်ကို

ဝတ်ဆင် သောသူ ကို ကြည့်ရှုခြင်းဌာ သွား သလော။ နူးညံ့ သော အဝတ်ကို ဝတ်ဆင် သောသူ တို့သည် မင်း အိမ် ၌ နေ တတ်ကြ၏။ ၉ ပရောဖက် ကို ကြည့်ရှုခြင်းဌာ သွား သလော။ မှန် ပေ၏။ ပရောဖက် ထက် ကြီးမြတ်သောသူလည်း ဖြစ် သည်ဟု ငါဆို ၏။ ၁၀ ကျမ်းစာ၌လာ သည်ကား၊ ကြည့်ရှု လော့။ သင် သွားရာလမ်း ကိုပြင် ရသောငါ ၏တမန် ကိုသင့် ရှေ့၌ငါ စေလွှတ် ၏ဟု ဆိုရာ၌ ထိုသူ ကိုဆိုလို သတည်း။ ၁၁ ငါအမှန် ဆို သည်ကား၊ မိန်းမ မွေး သောသူတို့တွင် ဗတ္တိဇံ ဆရာယောဟန် ထက်ကြီးမြတ် သောသူ တစ်ယောက်မျှ မ ပေါ် မထွန်းသေး။ သို့သော်လည်း ကောင်းကင် နိုင်ငံ တော်တွင် အငယ်ဆုံး သောသူသည် ထိုသူ ထက် သာ၍ကြီးမြတ်၏။ ၁၂ ဗတ္တိဇံ ဆရာယောဟန် လက်ထက် မှစ၍ ယခု တိုင်အောင် ကောင်းကင် နိုင်ငံ တော်ကို အနိုင် အထက်ပြုသော သူတို့သည်လည်း လုယူ ဝင်စား ရကြ၏။ ၁၃ ယောဟန် မ ရောက်မှီတိုင်အောင်ပညတ္တိ ကျမ်း၊ အနာဂတ္တိ ကျမ်းရှိသမျှ တို့သည် ဆုံးမ သြဝါဒပေးကြ၏။ ၁၄ သင်တို့သည် ငါ့စကားကို နာခံ နိုင် လျှင် ၊ ဤသူ ကား လာ လတံ့သော ဧလိယ ဖြစ် သတည်း။ ၁၅ ကြားစရာနား ရှိ သောသူ မည်သည်ကားကြား ပါစေ။ ၁၆ ဤ လူမျိုး ကို အဘယ် ဥပမာနှင့် ပုံပြ ရအံ့နည်း။ ပွဲ သဘင်၌ ထိုင် နေသော သူငယ် တို့သည် မိမိသူငယ်ချင်း တို့အား အသံ ကိုလွှင့်၍၊ ၁၇ ငါတို့သည်သာယာစွာ တီးမှုတ် သော်လည်း သင်တို့သည်မ က ကြ။ ညည်းတွား စွာ မြည်တမ်းသော်လည်း မ ငိုကြွေး ကြဟု ပြောဆို သောသူငယ်တို့နှင့် ဤလူမျိုးသည်တူလှ၏။ ၁၈ အကြောင်းမူကား ၊ ယောဟန် သည် မ စား မ သောက် ဘဲ လာ သည်ရှိသော်၊ သူတို့က ဤသူသည် နတ်ဆိုး စွဲ သောသူပါတကားဟု ဆို ကြ၏။ ၁၉ လူ သား သည် စား သောက် လျက် လာ သည်ရှိသော်၊ ဤ သူ သည် စားကြူး သောသူ၊ စပျစ်ရည်သောက်ကြူး သောသူပါတကား။ အခွန်ခံ သောသူနှင့် ဆိုး သောသူတို့ကို မိတ်ဆွေ ဖွဲ့သောသူပါတကားဟု ဆို ပြန်ကြ၏။ သို့သော်လည်း ပညာ တရားသည် မိမိသားတို့တွင် ကဲ့ရဲ့ ပြစ်တင်ခြင်းနှင့် လွတ်သည် ဟုမိန့်တော်မူ၏။ ၂၀ ထိုအခါ များစွာ သောတန်ခိုး တော်ကို ပြ တော်မူသောမြို့ရွာတို့သည် နောင်တ မ ရသောကြောင့် ၊ ထိုမြို့ တို့ကို ဤသို့ကဲ့ရဲ့ ပြစ်တင်တော်မူ၏။ ၂၁ အိုခေါရာဇိန် မြို့၊ သင် သည် အမင်္ဂလာ ရှိ၏။ အိုဗက်ဇဒ မြို့၊ သင် သည် အမင်္ဂလာ ရှိ၏။ အကြောင်းမူကား ၊ သင် တို့တွင် ပြ သောတန်ခိုး ကို တုရု မြို့နှင့် ဇိဒုန် မြို့တို့တွင် ပြ ဘူးလျှင် ၊ ထိုမြို့ တို့သည် ရှေး ကာလ၌ လျှော်တေ အဝတ်ကို ဝတ်၍၊ ပြာ နှင့် လူးလျက်နောင်တရ ကြလိမ့်မည်။ ၂၂ ငါဆို သည်ကား၊ တရား ဆုံးဖြတ်သောနေ့ ၌ သင် တို့သည် တုရု မြို့နှင့် ဇိဒုန် မြို့ထက် သာ၍ ခံရ ကြလတံ့။ ၂၃ အိုကပေရနောင် မြို့၊ သင် သည် မိုးဃ် ကောင်းကင်တိုင်အောင် မြှောက်စား ခြင်းကိုခံရသော်လည်း၊ မရဏာ နိုင်ငံတိုင်အောင် နှိမ့်ချ ခြင်းကိုခံရလတံ့။ အကြောင်းမူကား ၊ သင် ၌ ပြ သောတန်ခိုး ကို သောဒုံ မြို့၌ ပြု ဘူးလျှင် ၊ ထိုမြို့သည် ယခု တိုင်အောင် တည် ရာ၏။ **(Hadēs g86)** ၂၄ ငါဆို သည်ကား၊ တရား ဆုံးဖြတ်သောနေ့ ၌ သင် သည် သောဒုံ မြို့ထက် သာ၍ ခံရ လတံ့ ဟု မိန့်တော်မူ၏။ ၂၅ ထို အခါ ယေရှု က၊ ကောင်းကင် နှင့် မြေကြီး ကို အစိုးရတော်မူသောအဘ ၊ ကိုယ်တော်သည် ပညာ အလိမ္မာ နှင့် ပြည့်စုံသောသူတို့အား ဤအရာ များကို ထိမ်ဝှက် ကွယ်ထားလျက် သူငယ် တို့အား ဖော်ပြ တော်မူသည်ဖြစ်၍ ၊ ကျေးဇူး တော်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ ၂၆ ထိုသို့ အလို

တော်ရှိ သောကြောင့် မှန် ပါ၏အဘာ ။ ၂၇ ငါ ၏ခမည်းတော် သည် ခပ်သိမ်း သောအရာတို့ကို ငါ ၌အပ်ပေး တော်မူပြီး။ ခမည်းတော် မှတစ်ပါး အဘယ်သူ မျှသား တော်ကိုမ သိ ။ သား တော်နှင့် သား တော်သည် လင်း စေလို သော သူ မှတစ်ပါး အဘယ်သူ မျှခမည်းတော် ကိုမ သိ ။ ၂၈ ဝန်လေး ၍ ပင်ပန်း သော သူ အပေါင်း တို့၊ ငါ့ ထံသို့ လာ ကြလော့။ ငါ သည် ချမ်းသာ ပေးမည်။ ၂၉ ငါ့ ထမ်းဘိုး ကို တင် ၍ ထမ်း ကြလော့။ ငါ့ ထံ၌ နည်းခံ ကြလော့။ ငါသည် နူးညံ့ သိမ်မွေ့နှိမ့်ချ သောစိတ် သဘောရှိ ၏။ သင် တို့စိတ် နှလုံးသည် သက်သာ ခြင်းကိုရ လိမ့်မည်။ ၃၀ အကြောင်းမူကား ၊ ငါ့ ထမ်းဘိုး သည် ထမ်းလွယ် ၏။ ငါ့ ဝန် လည်း ပေါ့ ၏ ဟု မိန့် တော်မူ၏။

၁၂ ထို ကာလ အခါ ယေရှု သည် ဥပုသ်နေ့ ၌ ဂျုံ စပါးလယ်ကွက်တို့ကို ရှောက်ကြွ တော်မူလျှင်၊ တပည့် တော်တို့သည် ဆာမွတ် သောကြောင့် စပါး အသီးအနှံကို ဆွတ် ၍ စား ကြ၏။ ၂ ဖာရိရှဲ တို့သည်မြင် လျှင်၊ ကိုယ်တော် ၏ တပည့် တို့သည် ဥပုသ်နေ့ ၌ မ ပြု အပ် သောအမှု ကို ပြု ကြပါသည် တကားဟု လျှောက် ကြသော်၊ ၃ ကိုယ်တော် က ဒါဝိဒ် သည် မိမိ အဘော် တို့နှင့်တကွ မွတ်သိပ် သောအခါ ၊ ၄ ဘုရားသခင် ၏ အိမ် တော်သို့ ဝင် ၍ မိမိ မ စားအပ်၊ မိမိ အဘော် မ စား အပ်၊ ယဇ်ပုရောဟိတ် တို့သာ စား အပ်သော ရှေ့ တော်မုန့် ကို စား သည်အကြောင်းကို သင်တို့သည် မ ဘတ် ဘူးသလော။ ၅ ယဇ် ပုရောဟိတ်တို့သည်လည်း ဗိမာန် တော်တွင် ဥပုသ်နေ့ ၌ ဥပုသ် ပျက်သော်လည်း ၊ မပြစ် မသင့်သည်ကို ပညတ္တိ ကျမ်း၌ မ ဘတ် ဘူးသလော။ ၆ ငါဆို သည်ကား၊ ဤ အရပ်၌ ဗိမာန် တော်ထက် သာ၍ကြီးမြတ်သောအရာရှိ ၏။ ၇ ယဇ် ပူဇော်ခြင်းအကျင့်ထက် သနား ခြင်းကရုဏာအကျင့်ကို ငါနှစ်သက် ၏ဟူသော ကျမ်းစကားကို သင်တို့သည် နားလည် လျှင် ၊ အပြစ် ကင်းသောသူ တို့ကို အပြစ် မ တင် မစီရင်ကြပြီ။ ၈ လူ သား သည် ဥပုသ်နေ့ ကို အစိုးရ သည် ဟု မိန့်တော်မူ၏။ ၉ ထို အရပ်မှ ကြွ ၍ တရားစရပ် သို့ ဝင် တော်မူ၏။ လက် တစ်ဘက်သေ သောသူ တစ်ယောက်ရှိ သည်ဖြစ်၍၊ ၁၀ လူအချို့တို့က၊ ဥပုသ်နေ့ ၌ ရောဂါကို ငြိမ်း စေအပ် သလောဟု ကိုယ်တော် ၌အပြစ်တင် ခွင့်ကို ရှာ၍ မေး လျှောက် ကြ၏။ ၁၁ ကိုယ်တော် ကလည်း ၊ မိမိ၌ သိုး တစ် ကောင်တည်းရှိ ၍ ထို သိုးသည် ဥပုသ်နေ့ ၌ တွင်း ထဲသို့ ကျ လျှင် ၊ မ ဆွဲ မတင်ဘဲ နေမည့်သူတစ်ဦးတစ်ယောက်မျှ သင် တို့တွင် ရှိ သလော။ ၁၂ လူ သည် သိုး ထက်အလွန် မြတ် ပေ၏။ ထို့ကြောင့် ဥပုသ်နေ့ ၌ ကျေးဇူး ပြု အပ် သည် ဟု ပြန်ပြောတော်မူပြီးမှ၊ ၁၃ ထို သူအား ၊ သင် ၏လက် ကိုဆန့် လော့ ဟု မိန့် တော်မူ၍ ၊ သူသည် မိမိလက်ကိုဆန့် လျှင် ထိုလက်သည် လက်တစ်ဘက် ကဲ့သို့ ပကတိ ဖြစ်လေ၏။ ၁၄ ထိုအခါ ဖာရိရှဲ တို့သည် ထွက် ၍ ကိုယ်တော် ကို အဘယ်သို့ဖျက်ဆီး ရအံ့နည်းဟု တိုင်ပင် ကြ၏။ ၁၅ ယေရှု သည်သိ တော်မူလျှင် ၊ အခြား သို့ပြောင်း ကြွ၍ များစွာ သောလူ အပေါင်းတို့သည် နောက် တော်သို့ လိုက်ကြသဖြင့် ၊ သူ တို့၏ အနာ ရောဂါရှိသမျှ တို့ကို ငြိမ်းစေတော်မူ၏။ ၁၆ ထိုသူ တို့သည် သိတင်းတော်ကို မ ဖွင့် ရ မည်အကြောင်း ပညတ် တော်မူ၏။ ၁၇ ထိုအကြောင်းအရာကား၊ ပရောဖက် ဟေရှာယ ၏ နှုတ်ထွက် ပြည့်စုံ မည်အကြောင်း တည်း။ နှုတ်ထွက် အချက်ဟူမူကား၊ ၁၈ ငါရွေးချယ် သော ငါ့ ကျွန် ရင်း၊ ငါ နှစ်သက် မြတ်နိုး သောသူ ကိုကြည့်ရှု လော့။ ထိုသူ ၏အပေါ် ၌ငါ့ ဝိညာဉ် ကို ငါတည် စေမည်။ သူသည် လူ

အမျိုးမျိုးတို့ကို တရား ပေး လိမ့်မည်။ ၁၉ ငြင်းခုံ ခြင်း၊ ဟစ်ကြော် ခြင်းကို မ ပြုမူ၍၊ လမ်း ခရီး၌ သူ ၏အသံ ကို အဘယ်သူ မျှမကြား စေရ။ ၂၀ နင်းနယ် လျက်ရှိသော ကျူပင် ကိုမ ချိုး ၊ မီးခိုး များသော မီးစာ ကိုမ သတ် ။ တရား သည် အောင်မြင် ခြင်းသို့ ရောက် မည်အကြောင်း စီရင်လိမ့်မည်။ ၂၁ သူ ၏နာမ ကိုလည်း လူ အမျိုးမျိုးတို့သည် ကိုးစား ကြလိမ့်မည်ဟု ဟောထားသတည်း။ ၂၂ ထိုအခါ နတ်ဆိုးစွဲ သောလူကန်း လူအ တစ်ယောက်ကို အထံ တော်သို့ဆောင်ခဲ့ ကြလျှင်၊ ထိုလူကန်း လူအသည် မျက်စိမြင် ၍ စကားပြော နိုင်အောင်ကယ်မ တော်မူ၏။ ၂၃ လူအစုအဝေး အပေါင်း တို့သည်မိန်းမော တွေဝေ၍ ဤသူ သည် ဒါဝိဒ် ၏သား တော်ဖြစ် လိမ့်မည်လော ဟု ပြောဆို ကြ၏။ ၂၄ ဖာရိရှဲ တို့သည်ကြား လျှင် ၊ ဤသူ သည် နတ်ဆိုး မင်း ဗေလဇေဗုလ ကိုအမှီပြု ၍သာ နတ်ဆိုး တို့ကို နှင်ထုတ် သည်ဟုဆို ကြ၏။ ၂၅ ယေရှုသည် ထိုသူ တို့၏စိတ် ကို သိ တော်မူသည်ဖြစ်၍၊ တိုင်း နိုင်ငံမည်သည်ကား ၊ မိမိ နှင့်မသင့်မတင့် ကွဲပြား လျှင် ပျက်စီး ခြင်းသို့ရောက်လိမ့်မည်။ မြို့ ရွာဖြစ်စေ ၊ အိမ် ဖြစ်စေ၊ မိမိ နှင့်မသင့်မတင့် ကွဲပြား လျှင် မ တည် နိုင်ရာ။ ၂၆ စာတန် သည်လည်း စာတန် ကိုနှင်ထုတ် သည်မှန်လျှင် ၊ သူသည်မိမိ နှင့်ကွဲပြား ၏။ သူ ၏နိုင်ငံ သည် အဘယ်သို့ တည် နိုင်မည်နည်း။ ၂၇ ငါ သည် ဗေလဇေဗုလ ကိုအမှီပြု ၍ နတ်ဆိုး တို့ကိုနှင်ထုတ် သည်မှန်လျှင် ၊ သင် တို့၏သား တို့သည် အဘယ်သူ ကိုအမှီပြု ၍နှင်ထုတ် ကြသနည်း။ ထိုကြောင့် သူ တို့သည်သင် တို့အား တရား စီရင်သောသူဖြစ် ကြလိမ့်မည်။ ၂၈ ငါ သည် ဘုရားသခင် ၏ဝိညာဉ် တော်ကိုအမှီပြု ၍နတ်ဆိုး တို့ကို နှင်ထုတ် သည်မှန်လျှင် ၊ အကယ်စင်စစ် သင် တို့ ၌ ဘုရားသခင် ၏ နိုင်ငံ တော်တည်ချိန်ရောက် လေပြီ။ ၂၉ သူရဲ ကို ရှေးဦးစွာ မ ချည် မနှောင်လျှင် ၊ အဘယ်သူ သည်သူရဲ အိမ် သို့ ဝင် ၍ သူ ၏ဥစ္စာ ကို လုယူ နိုင် အံ့နည်း။ သူရဲကို ချည်နှောင်ပြီးမှ သူ ၏အိမ် ကို လုယူ နိုင်၏။ ၃၀ ငါ့ ဘက်၌ မ နေ သောသူ သည် ငါ့ ရန်ဘက် ဖြစ် ၏။ ငါ နှင့်အတူ မ စု မသိမ်းသောသူ သည် ကြဲဖြန့် သောသူ ဖြစ်၏။ ၃၁ ထိုကြောင့် ငါဆို သည်ကား၊ ပြစ်မှားသောအပြစ် ၊ ဘုရားကိုကဲ့ရဲ့ သောအပြစ်အမျိုးမျိုး တို့နှင့် လွတ် စေ ခြင်းအခွင့်ကို လူ တို့သည် ရနိုင်ကြ၏။ ဝိညာဉ် တော်ကို ကဲ့ရဲ့ သောအပြစ်နှင့်လွတ် စေခြင်းအခွင့်ကို လူတို့သည် မ ရနိုင်ကြ။ ၃၂ လူ သား ကို နှုတ် ဖြင့်ပြစ်မှား သောသူ ၏အပြစ်ကိုလည်းလွတ် နိုင်၏။ သန့်ရှင်း သောဝိညာဉ် တော်ကို နှုတ်ဖြင့် ပြစ်မှား သောသူ ၏အပြစ်ကို ယခု ဘဝ နောင် ဘဝ၌ မ လွတ် နိုင်။ **(aiōn g165)** ၃၃ အသီး အားဖြင့် အပင် ၏သဘောထင်ရှား သည်ဖြစ်၍ ၊ အသီး ကောင်း လျှင် အပင် ကောင်း သည်ဟု ဆို ကြလော့။ အသီး မကောင်း လျှင် အပင် မကောင်း ဟု ဆို ကြလော့။ ၃၄ အချင်းမွေဆိုး အမျိုး တို့၊ အဆိုး ဖြစ် လျက် ကောင်း သောစကားကို အဘယ်သို့ ပြော နိုင် မည်နည်း။ စိတ် နှလုံးအပြည့် ရှိသည်အတိုင်း နှုတ် မြွက် တတ်၏။ ၃၅ ကောင်း သောသူ သည် ကောင်း သောစိတ်နှလုံးဘဏ္ဍာတိုက် ထဲက ကောင်း သောအရာတို့ကို ထုတ်ဘော် တတ်၏။ မကောင်း သောသူ သည် မကောင်း သောဘဏ္ဍာတိုက် ထဲက မကောင်း သောအရာတို့ကို ထုတ်ဘော် တတ်၏။ ၃၆ ငါ ဆိုသည်ကား ၊ လူ တို့သည် အကျိုးမဲ့ သောစကား ကို ပြော သမျှ အတွက် ၊ တရား ဆုံးဖြတ်သောနေ့ ၌ စစ်ကြောခြင်းကို ခံရ ကြလတံ့။ သင့် စကား များအားဖြင့် သင်သည်အပြစ် လွတ်လိမ့်မည်။ ၃၇ သို့မဟုတ် သင့် စကား များအားဖြင့် အပြစ် စီရင်ခြင်းကိုခံရလိမ့်မည်

ဟု မိန့်တော်မူ၏။ ၃၈ ထိုအခါ အချို့သောကျမ်းပြု ဆရာနှင့် ဖာရိရှဲ တို့က၊ အရှင် ဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်တော်ပြတော်မူသော နိမိတ် လက္ခဏာတစ်စုံတစ်ခုကို မြင် ချင် ပါသည်ဟု လျှောက် ကြလျှင်၊ ၃၉ ကိုယ်တော်က ဆိုးညစ် ၍ မျောက်မထား သောအမျိုး သည် နိမိတ် လက္ခဏာကို တောင်း သည်မှာ၊ ပရောဖက် ယောန ၏ နိမိတ် လက္ခဏာမှတစ်ပါး အဘယ် လက္ခဏာ ကိုမျှ သူ တို့အားမပြ ရာ။ ၄၀ ယောန သည်ငါး ကြီးဝမ်း ထဲမှာ သုံး ရက်နေ ရသကဲ့သို့ ၊ လူ သား သည် မြေကြီး ထဲမှာ သုံး ရက်နေ ရလတံ့။ ၄၁ တရား ဆုံးဖြတ်တော်မူသောအခါ ၊ နိနေဝေ မြို့သား တို့သည် ဤ လူမျိုး တစ်ဘက်၌ ထ ၍အရှုံးခံ စေလတံ့။ အကြောင်းမူကား ၊ ထိုမြို့သားတို့သည် ယောန ဟောပြော သောစကားကြောင့် နောင်တရ ကြ၏။ ဤ အရပ်၌ ကား၊ ယောန ထက် သာ၍ကြီးမြတ်သောသူရှိ၏။ ၄၂ တရား ဆုံးဖြတ်တော်မူသောအခါ တောင် ပြည်ကို အစိုးရသောမိဖုရား သည်၊ ဤ လူမျိုး တစ်ဘက်၌ ထ ၍ အရှုံးခံ စေလတံ့။ အကြောင်းမူကား ၊ ထိုမိဖုရားသည် ရှောလမုန် မင်းကြီး၏ပညာ စကားကို နားထောင် ခြင်းငှာမြေကြီး စွန်း မှ လာ ၏။ ဤ အရပ်၌ကား၊ ရှောလမုန် ထက် သာ၍ကြီးမြတ်သောသူရှိ၏။ ၄၃ ညစ်ညူး သောနတ် သည် လူ ထဲက ထွက် လျှင် ၊ ခြောက်ကပ် သောအရပ် တို့ ၌လည် ၍ ငြိမ်ဝပ် ခြင်းကို ရှာ တတ်၏။ ၄၄ မ တွေ့ လျှင် ငါ သည်ထွက်ခဲ့ သော နေမြဲအိမ် သို့ ပြန် ရဦးမည်ဟုဆို ၍ ၊ ရောက် သောအခါထိုအိမ်သည် လွတ်လပ် ၍ သုတ်သင် ပြင်ဆင်လျက်ရှိသည်ကိုတွေ့ သော်၊ ၄၅ မိမိ ထက်သာ၍ညစ်ညူး သော နတ်ဆိုး ခုနစ် ယောက်ကိုခေါ် ပြီးလျှင် ထို လူထဲသို့ဝင် ၍နေ ကြ၏။ ထို လူ နောက် ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုး ၏။ ဆိုးညစ် သောဤ လူမျိုး၌ ထိုနည်းတူ ဖြစ် လတံ့ ဟု မိန့် တော်မူ၏။ ၄၆ ထိုသို့ ပရိသတ် တို့အား ဟော တော်မူစဉ် တွင်၊ မယ်တော် နှင့် ညီ တော်တို့သည် နှုတ်ဆက် လို ၍ ပြင် မှာ ရပ်နေကြ၏။ ၄၇ လူ တစ်ယောက်ကလည်း ၊ မယ်တော် နှင့် ညီ တော်တို့သည် ကိုယ်တော် နှင့်နှုတ်ဆက် လို ၍ ပြင် မှာ ရပ်နေ ကြပါ၏ဟုလျှောက် လျှင်၊ ၄၈ ကိုယ်တော်က၊ ငါ့ အမိ ၊ ငါ့ ညီ ကား အဘယ်သူ နည်း ဟု မေး တော်မူ၏။ ၄၉ လက်တော်ကိုလည်းဆန့် ၍ တပည့် တော်တို့ကို ညွှန်လျက်၊ ဤသူတို့သည် ငါ့ အမိ ၊ ငါ့ ညီ ပေတည်း။ ၅၀ ကောင်းကင် ဘုံ၌ ရှိတော်မူသော ငါ့ အဘ ၏အလို တော်ကိုဆောင် သောသူ သည် ငါ့ ညီ ၊ ငါ့နှမ ၊ ငါ့အမိ ဖြစ် သတည်း ဟု မိန့် တော်မူ၏။

၁၃ ထို နေ့ ၌ ယေရှု သည် အိမ် ကထွက် ၍ အိုင် နား မှာထိုင် နေတော်မူသည်တွင်၊ ၂ များစွာ သောလူ အပေါင်းတို့သည် ကိုယ်တော် ကိုဝန်းရံ ၍စုဝေးလျက်ရှိကြသောကြောင့် ၊ လှေ ထဲသို့ ဝင် ၍ ထိုင် တော်မူ၏။ ပရိသတ် အပေါင်း တို့သည် ကုန်း ပေါ် မှာ ရပ် နေကြ၏။ ၃ ထိုအခါ ဥပမာ စကားများ တို့ကို မြွက်ဆို တော်မူသည်မှာ၊ မျိုးစေ့ ကြဲသောသူ သည် မျိုးစေ့ ကိုကြဲခြင်းငှာထွက်သွား ၏။ ၄ အစေ့ကိုကြဲ သည်တွင် အချို့သောအစေ့ တို့သည် လမ်း၌ ကျ သဖြင့် ငှက် တို့သည်လာ ၍ ကောက်စား ကြ၏။ ၅ အချို့သောအစေ့တို့သည် မြေ နည်း ၍ ကျောက်ပေါများသောအရပ်၌ ကျ သဖြင့် ၊ မြေ တိမ် သောကြောင့် ချက်ခြင်း အပင်ပေါက် သော်လည်း ၊ ၆ နေ ထွက် သောအခါ ပူလောင် သည်ဖြစ်၍ အမြစ် မ စွဲ သောကြောင့် ညှိုးနွမ်း ပျက်စီးခြင်းသို့ ရောက်ကြ၏။ ၇ အချို့သောအစေ့တို့သည် ဆူးပင် တို့တွင် ကျ သဖြင့် ၊ ဆူးပင် တို့သည်ကြီးပွား ၍ ညှင်းဆဲ ကြ၏။ ၈ အချို့သောအစေ့တို့သည် ကောင်း

သောမြေ ၌ ကျ သဖြင့်၊ အဆသုံးဆယ် ၊ အဆခြောက်ဆယ် ၊ အဆ တရာ ပွားများ၍ အသီး သီး ကြ၏။ ၉ ကြားစရာနား ရှိ သောသူ မည်သည်ကားကြား ပါစေဟု မိန့်တော်မူ၏။ ၁၀ တပည့် တော်တို့သည် ချဉ်းကပ် လျက် ၊ ကိုယ်တော်သည် အဘယ်ကြောင့် ဥပမာ ကိုဆောင်၍ ဤလူ တို့အား ဟောပြော တော်မူသနည်းဟု မေးလျှောက် ကြလျှင်၊ ၁၁ ကိုယ်တော်က၊ သင် တို့သည် ကောင်းကင် နိုင်ငံ တော်၏နက်နဲ သော အရာတို့ကိုသိ ရသော အခွင့် ရှိကြ၏။ ထို သူတို့မူကား အခွင့် မ ရှိကြ၊ ၁၂ အကြင်သူ သည် ရ တတ်၏။ ထိုသူ၌ ကြွယ်ဝ ပြည့်စုံစေခြင်းငှာပေး ဦးမည်။ အကြင်သူ သည် ဆင်းရဲ ၏။ ထိုသူ ၌ ရှိ သမျှ ကိုပင် နှုတ် လိမ့်မည်။ ၁၃ ထိုကြောင့် သူ တို့သည် မြင် လျက်မ မြင် ၊ ကြား လျက်မ ကြား ၊ အနက်ကိုလည်း နား မ လည်သောကြောင့် ဥပမာ ကိုဆောင် ၍ ငါဟောပြော ၏။ ၁၄ ဟေရှာယ ဟော ဘူးသောအနာဂတ် စကားဟူမူကား၊ သင်တို့သည် ကြား လျက်ပင် အနက်ကိုနား မ လည် ဘဲ ကြား ကြလိမ့်မည်။ မြင် လျက်ပင် အာရုံ မ ပြုဘဲမြင် ကြလိမ့်မည်။ ၁၅ အကြောင်းမူကား ၊ ဤ လူမျိုး သည် မျက်စိ မ မြင် ၊ နား မကြား ၊ စိတ် နှလုံးမသိ ၊ အကျင့်မပြောင်းလဲ ၊ သူ တို့ အနာ ရောဂါကို ငါမငြိမ်းစေရသည်တိုင်အောင်၊ သူတို့စိတ် နှလုံးသည်မိုက် လျက်၊ နား သည်ထိုင်း လျက် ၊ ကိုယ် မျက်စိ ကိုပိတ် လျက်ရှိကြ၏ဟူသောစကားသည် ဤလူ တို့ ၌ ပြည့်စုံ ခြင်းသို့ရောက်သတည်း။ ၁၆ သင် တို့မျက်စိ သည်မြင် သောကြောင့် မင်္ဂလာ ရှိ၏။ သင် တို့နား သည်လည်း ကြား သောကြောင့် မင်္ဂလာရှိ၏။ ၁၇ ငါအမှန် ဆို သည်ကား၊ သင်တို့ မြင် ရသောအရာ တို့ကိုပရောဖက် များ နှင့် ဖြောင့်မတ် သော သူများတို့သည် မြင် ခြင်းငှာအလိုရှိ သော်လည်း မ မြင် ရကြ။ သင်တို့ကြား ရသောအရာ တို့ကို ကြား ခြင်းငှာအလိုရှိသော်လည်းမ ကြား ရကြ။ ၁၈ မျိုးစေ့ ကြဲသောသူ ၏ဥပမာ အနက်အဓိပ္ပါယ်ကို နားထောင် ကြလော့။ ၁၉ လမ်း ၌ အစေ့ ကိုကြဲ ခြင်းအကြောင်းအရာကား၊ နိုင်ငံ တော်၏ တရား စကားကိုကြား ၍ နှလုံး မ သွင်းသည် ရှိသော်၊ နတ်ဆိုး လာ ၍ နှလုံး ၌ ကြဲ သောအစေ့ကို နှုတ်ယူ တတ်သည်ဟု ဆိုလိုသတည်း။ ၂၀ ကျောက် ပေါသောအရပ်၌ အစေ့ ကိုကြဲ ခြင်းအကြောင်းအရာကား၊ တရားစကား ကိုကြား ၍ ဝမ်းမြောက် သောစိတ်နှင့် ချက်ခြင်း ခံယူ သော်လည်း၊ ၂၁ စိတ်နှလုံး၌ အမြစ် မ စွဲ ခဏ သာတည် သဖြင့် ၊ တရား စကားကြောင့် အမှုအခင်း နှင့် ညှဉ်းဆဲ ခြင်းကို ခံရ သောအခါချက်ခြင်း ဖောက်ပြန် တတ်သည်ဟု ဆိုလိုသတည်း။ ၂၂ ဆူးပင် တို့တွင် အစေ့ ကိုကြဲ ခြင်းအကြောင်းအရာကား တရား စကားကိုကြား ၍ လောကီ အမှု၌ စိုးရိမ် ခြင်းနှင့် စည်းစိမ် ဥစ္စာ၏လှည့်စား ခြင်းသည် တရားစကား ကို လွှမ်းမိုး ညှဉ်းဆဲတတ်သောကြောင့် အသီး မသီးနိုင်ဟု ဆိုလိုသတည်း။ **(aiōn g165)** ၂၃ ကောင်း သောမြေ ၌ အစေ့ ကိုကြဲ ခြင်းအကြောင်းအရာကား ၊ တရားစကား ကိုကြား ၍ နှလုံး သွင်းသဖြင့်၊ အဆသုံးဆယ် ၊ အဆခြောက်ဆယ် ၊ အဆတရာ ပွားများ ၍ အသီးသီး တတ်သည်ဟု ဆိုလိုသတည်းဟု မိန့်တော်မူ၏။ ၂၄ အခြား သော ဥပမာ စကားကိုမိန့်မြွက် တော်မူသည်ကား၊ ကောင်းကင် နိုင်ငံ တော်သည် ကောင်း သောမျိုးစေ့ ကို လယ် ၌ ကြဲ သောသူ နှင့်တူ ၏။ ၂၅ လူ တို့သည် အိပ်ပျော် သောအခါ သူ ၏ရန်သူ သည်လာ ၍ကောင်းသောစပါး နှင့် လက္ခဏာတူသော တော မျိုးစေ့ကို စပါးအထဲ ၌ကြဲ ၍ သွား လေ၏။ ၂၆ အပင် ပေါက် ၍ အသီးအနှံ ထွက် သောအခါ ၊

တောပင် များလည်း ထင်ရှား လျှင် ၊ ၂၇ ကျွန် တို့သည် အိမ်ရှင် ထံသို့သွား ၍ သခင် ၊ ကောင်း သောမျိုးစေ့ ကို လယ် ၌ ကြဲ တော်မူသည် မ ဟုတ်လော။ တောပင် တို့သည် အဘယ် ကဖြစ် သနည်းဟု လျှောက် ကြလျှင်၊ ၂၈ အိမ်ရှင် က ဤ အမှုကား ရန်သူ ပြု သောအမှုတည်းဟု ဆို ၏။ အကျွန်ုပ်တို့သည်သွား ၍ တောပင် တို့ကို ရွေးနှုတ် စေခြင်းငှာအလို တော်ရှိသလောဟု လျှောက် ကြလျှင် ၊ ၂၉ အိမ်ရှင် က ထိုသို့ငါအလိုမ ရှိ။ တောပင် တို့ကိုရွေးနှုတ် လျှင်စပါး ပင်တို့ကိုရောနှော ၍ နှုတ် မိမည် စိုးရိမ်စရာအကြောင်းရှိ၏။ ၃၀ စပါး ရိတ်သည်ကာလတိုင်အောင် အပင်နှစ် မျိုးတို့သည် အတူ ကြီးပွားပါလေစေ။ စပါး ရိတ်သည်ကာလ ရောက် လျှင် ၊ တောပင် တို့ကို ရှေးဦးစွာ ရွေးနှုတ် ၍ မီးရှို့ ခြင်းငှာ စည်းနှောင် ကြလော့။ စပါး ကိုကား ကျီ ၌ စုသိမ်း သွင်းထားကြလော့ဟု ရိတ် သောသူတို့အား ငါစီရင်မည်ဟု အိမ်ရှင်ဆို သည် ဟု မိန့် တော်မူ၏။ ၃၁ အခြား သောဥပမာ စကားကို မိန့်မြွက် တော်မူသည်ကား၊ ကောင်းကင် နိုင်ငံ တော်သည် လယ် ၌ စိုက် သော မုန်ညင်း စေ့ နှင့်တူ ၏။ ၃၂ မုန်ညင်းစေ့သည် အစေ့ တကာ တို့ထက် ငယ် သော်လည်း၊ ကြီးပွား သောအခါ မြက်ပင် တကာတို့ထက် ကြီး သဖြင့် မိုယံး ကောင်းကင်ငှက် တို့သည်လာ ၍ အကိုင်းအခက် တို့ ၌ နားနေ မှီခိုလောက်သောအပင် ဖြစ် တတ် သည် ဟု မိန့်တော်မူ၏။ ၃၃ အခြား သောဥပမာ စကားကို မိန့်မြွက် တော်မူသည်ကား၊ ကောင်းကင် နိုင်ငံ တော်သည် တဆေး နှင့်တူ ၏။ မိန်းမ သည် တဆေးကိုယူ ၍ မုန့်ညက် သုံး တင်း ၌ ထည့် သဖြင့်၊ မုန့်ညက်ရှိသမျှ ကို ဖောင်းကြွ စေတတ်သည် ဟု မိန့်တော်မူ၏။ ၃၄ ယေရှု သည် ဤ ဥပမာ များတို့ကိုဆောင်၍ ပရိသတ် များတို့အား ဟောပြော တော်မူ၏။ ဥပမာ ကင်း ၍ ဟောပြော တော်မ မူ၊ ၃၅ ထိုသို့သော အားဖြင့် ပရောဖက် စကား ဟူမူကား၊ ငါသည်နှုတ် ကိုဖွင့် ၍ ဥပမာ များကိုမြွက်ဆို အံ့။ ကမ္ဘာ ဦး မှစ၍ ထိမ်ဝှက် သောအရာတို့ကိုဘော်ပြ ပေအံ့ဟု ဟောဘူးသောစကားသည် ပြည့်စုံ ခြင်းသို့ ရောက် သတည်း။ ၃၆ ထိုနောက်မှ ယေရှုသည် လူ အစုအဝေးများကိုလွှတ် ၍ အိမ် သို့ ဝင် တော်မူပြီးမှ၊ တပည့် တော်တို့သည် ချဉ်းကပ် ၍ ၊ လယ် ၌ကြဲသောတော မျိုးစေ့၏ ဥပမာ အနက်အဓိပ္ပါယ်ကို အကျွန်ုပ် တို့အား ဘော်ပြ တော်မူပါဟု လျှောက် ကြလျှင်၊ ၃၇ ကိုယ်တော် က၊ ကောင်း သောမျိုးစေ့ကို ကြဲ သောသူ သည်လူ သား ဖြစ် ၏။ ၃၈ လယ် ကား ဤလောက ဖြစ် ၏။ ကောင်း သောအစေ့ ကား နိုင်ငံ တော်သား ဖြစ် ၏။ တော မျိုးစေ့ကား နတ်ဆိုး သား ဖြစ် ၏။ ၃၉ တော မျိုးစေ့ကိုကြဲ သောရန်သူ ကား မာရ်နတ် ဖြစ် ၏။ စပါး ရိတ်သောကာလကား ဤကမ္ဘာကုန် သော ကာလ ဖြစ် ၏။ စပါးရိတ် သောသူကား ကောင်းကင်တမန် ဖြစ် ၏။ **(aiōn g165)** ၄၀ တောပင် တို့ကိုရွေးနှုတ် ၍ မီး ရှို့ သကဲ့သို့ ဤကမ္ဘာ အဆုံး ၌ ဖြစ် လတံ့။ **(aiōn g165)** ၄၁ လူ သား သည် မိမိ ကောင်းကင်တမန် တို့ကိုစေလွှတ် ပြီးလျှင် ၊ မှားယွင်း စေသောသူ တို့နှင့် မတရား သော အမှုကို ပြု သောသူ ရှိသမျှ တို့ကို နိုင်ငံ တော်ထဲက ရွေးနှုတ် ၍၊ ၄၂ ဝိုကြွေး ခြင်း၊ အံသွား ခဲကြိတ် ခြင်းရှိ ရာမီး ဖို ၌ ချ ကြလတံ့။ ၄၃ ထိုအခါ ဖြောင့်မတ် သောသူ တို့သည် နေ ထွန်းလင်းသကဲ့သို့ မိမိ တို့အဘ ၏ နိုင်ငံ တော်၌ ထွန်းလင်း ကြ လတံ့။ ကြားစရာနား ရှိ သောသူ မည်သည်ကား ကြား ပါစေ။ ၄၄ တနည်းကား၊ ကောင်းကင် နိုင်ငံ တော်သည် လယ် ၌ ဝှက်ထား သောဘဏ္ဍာ နှင့်တူ ၏။ ထိုဘဏ္ဍာ ကိုတွေ့ သောသူ သည် တစ်ဖန် ဖုံးအုပ်

၍၊ ဝမ်းမြောက် သောစိတ်နှင့် သွား ပြီးလျှင် ၊ ရ တတ်သမျှ ကိုရောင်း ၍ ထို လယ် ကိုဝယ် တတ်၏။ ၄၅ တနည်း ကား၊ ကောင်းကင် နိုင်ငံ တော်သည် မြတ် သောပုလဲ တို့ကိုရှာ သော ကုန်သည် နှင့်တူ ၏။ ၄၆ ထိုကုန်သည်သည် အလွန်အဘိုး ထိုက်သောပုလဲ ကိုတွေ့ သောအခါ ၊ သွား ၍ မိမိ၌ရ တတ်သမျှ ကို ရောင်း ပြီးလျှင်ထိုပုလဲ ကိုဝယ် လေ၏။ ၄၇ တနည်း ကား၊ ကောင်းကင် နိုင်ငံ တော်သည် ပင်လယ် ၌ ချ ၍ အမျိုးမျိုး သောငါးတို့ကို အုပ်မိ သောပိုက်ကွန် နှင့်တူ ၏။ ၄၈ ငါးနှင့်အပြည့် ရှိသောအခါ တံငါတို့သည် ကုန်း ပေါ် သို့ ဆွဲတင် ၍ထိုင် လျက် ၊ ကောင်း သောငါးကို ခြင်း ထဲသို့ ရွေးချယ် ထည့်ထား၍ ၊ မကောင်း သောငါးကို ပြင် သို့ပစ် လိုက်ကြ၏။ ၄၉ ထိုနည်းတူ ကမ္ဘာ အဆုံး ၌ ကောင်းကင်တမန် တို့သည် ဆင်းလာ ပြီးလျှင် ၊ ဖြောင့်မတ် သောသူ တို့အထဲ မှ ဆိုး သောသူ တို့ကို နှုတ်ယူ ခွဲထား၍၊ (aiōn g165) ၅၀ ငိုးကြွေး ခြင်း၊ အံသွား ခဲကြိတ် ခြင်းရှိ ရာ မီး ဖို ၌ ချ ကြလတံ့။ ၅၁ ဤ အရာအလုံးစုံ တို့ကို သင်တို့သည် နားလည် ကြသလောဟု မေးတော်မူလျှင်၊ နားလည် ပါပြီသခင်ဟု တပည့်တော်တို့သည် လျှောက် ကြ၏။ ၅၂ ကိုယ်တော် ကလည်း ၊ သို့ ဖြစ်၍ ကောင်းကင် နိုင်ငံ တော်၏ အကြောင်းအရာကို သင် ပြီးသောကျမ်း ဆရာ မည်သည်ကား၊ မိမိဘဏ္ဍာ ထဲက အထူးထူးအပြားပြားသော အသစ် ဟောင်း တို့ကို ထုတ်ဘော် သောအိမ်ရှင် နှင့်တူ သည် ဟု မိန့် တော်မူ၏။ ၅၃ ထို ဥပမာ စကားများကို အကုန်အစင် မိန့်မြွက်တော်မူပြီးလျှင် ထို အရပ်မှကြွသွား တော်မူ၏။ ၅၄ ထိုနောက်မှမိမိ မြို့ သို့ ရောက် တော်မူ၍ တရားစရပ် ၌ ဆုံးမ သြဝါဒပေးလေ၏။ မြို့သားတို့သည် မိန်းမော တွေဝေခြင်းရှိကြသဖြင့် ၊ ဤ သူသည် ဤ ပညာ ကိုဂင်း ၊ ဤတန်ခိုး ကိုဂင်း အဘယ်မှာ ရသနည်း။ ၅၅ သူသည် လက်သမား သား မ ဟုတ် လော။ သူ့ အမိ ကား မာရိ အမည် ရှိသည်မ ဟုတ်လော။ သူ့ ညီ ကား၊ ယာကုပ် ၊ ယောသေ ၊ ရှိမုန် ၊ ယုဒ ဟုဆိုကြသည်မဟုတ်လော။ ၅၆ သူ့ နှမ များတို့သည်လည်း ငါ တို့နှင့် အနီးအပါးနေ ကြသည်မ ဟုတ်လော။ သို့ ဖြစ်လျှင် ဤ သူသည် အရာ များကို အဘယ်မှာ ရသနည်းဟု ပြောဆို လျက်၊ ၅၇ စေတနာစိတ်ပျက် ကြ၏။ ယေရှု ကလည်း ၊ ပရောဖက် သည် မိမိ မြို့ ၊ မိမိ အိမ် မှတစ်ပါး အခြားသောအရပ် ၌ အသရေရှိသည် ဟု ထိုသူ တို့အား မိန့် တော်မူ၏။ ၅၈ မြို့သား များတို့သည် မယုံကြည် ကြသောကြောင့် ၊ ထို အရပ်၌ များစွာ သောတန်ခိုး ကိုပြ တော်မ မူ။

၁၄ ထို အခါ စော်ဘွား ဟေရုဒ် သည် ယေရှု ၏သိတင်း တော်ကိုကြား လျှင် ၊ ၂ ဤ သူကားဗတ္တိဇံ ဆရာယောဟန် ဖြစ် သည်။ သေ ခြင်းမှ ထမြောက် လေပြီ။ ထို့ကြောင့် တန်ခိုး များကို ပြ နိုင်သည်ဟု မိမိ ငယ်သား တို့အားဆို ၏။ ၃ အထက်က ဟေရုဒ် သည်မိမိ ညီ ဖိလိပ္ပု ၏ခင်ပွန်း ဟေရောဒိ အကြောင်း ကြောင့်၊ ယောဟန် ကိုဘမ်းဆီး ချည်နှောင် ၍ ထောင် ထဲမှာ လှောင် ထား၏။ ၄ အကြောင်းမူကား ၊ ယောဟန် က၊ အရှင် မင်းကြီးသည် ထိုမိန်းမ ကိုမ သိမ်း အပ်ဟု ဟေရုဒ် အားဆို လေပြီ။ ၅ ယောဟန် ကိုသတ် ခြင်းငှာအလိုရှိ သော်လည်း ၊ လူ အပေါင်းတို့၏မျက်နှာကိုထောက် ၍ မသတ်ဝံ့ဘဲနေ ၏။ အကြောင်းမူကား ၊ ထိုသူတို့သည် ယောဟန် ကို ပရောဖက် ကဲ့သို့ ထင်မှတ် ကြသတည်း။ ၆ ထိုနောက်မှဟေရုဒ် ကိုဘွား သောနေ့ရက်၌ နှစ်စဉ်ပွဲခံစဉ် တွင်၊ ဟေရောဒိ ၏သမီး သည် ပွဲသဘင်၌ က သဖြင့် ဟေရုဒ် သည် နူးညွတ် သောစိတ်ရှိလျှင် ၊ ၇ ငါသည် သင် တောင်း သမျှ ကို ပေး မည်ဟု ကျိန်ဆို လေ၏။ ၈ ထိုမိန်းမငယ်

သည်သူ ၏အမိ တိုက်တွန်း သည်အတိုင်း ၊ ဗတ္တိဖံ ဆရာယောဟန် ၏ ဦးခေါင်း ကို လင်ပန်း ၌ ပေး တော်မူပါဟု တောင်းလျှောက် ၏။ ၉ မင်းကြီး သည် ဝမ်းနည်း သော်လည်း ကျိန်ဆို ခြင်းကိုငဲ့၊ အပေါင်းအဘော် တို့၏မျက်နှာကိုငဲ့ ထောက် သောကြောင့် ပေး စေဟုအမိန့် တော်ရှိလျက်၊ ၁၀ လူကို စေလွှတ် ၍ ယောဟန် ၏လည်ပင်း ကို ထောင် ထဲမှာ ဖြတ်စေ၏။11ဦးခေါင်း ကို လင်ပန်း ၌ ဆောင်ခဲ့ ၍ ထိုမိန်းမငယ် အားပေး ပြီးမှ ၊ သူသည်လည်း မိမိ အမိ ထံသို့ယူသွား ၏။ ၁၁ ယောဟန် ၏တပည့် တို့သည်လည်း လာ ၍ အလောင်း ကိုဆောင်သွား သဖြင့် သင်္ဂြိဟ် ပြီးမှ ၊ ယေရှု ထံတော် သို့သွား ၍ ကြားလျှောက် ကြ၏။ ၁၂ ယေရှု သည် ကြား တော်မူလျှင် ၊ ထို အရပ်မှထွက် ၍လေ့ ကိုစီးလျက် တော ၌ ဆိတ်ကွယ်ရာအရပ် သို့ ကွ တော်မူ၏။ လူ အစုအဝေးတို့သည် ကြားသိ ရလျှင် ၊ မြို့ ရွာမှ ထွက်၍ ကုန်းကြောင်း လိုက် ကြ၏။ ၁၃ ယေရှုသည် ထွက်ကွ ၍ လူ များ အပေါင်းတို့ကို တွေ့မြင် တော်မူလျှင် ၊ သနား ခြင်းစိတ်တော်ရှိ၍ လူနာ ရှိသမျှတို့ကို ချမ်းသာ ပေးတော်မူ၏။ ၁၄ ညဦးယံ ၌ တပည့် တော်တို့သည်ချဉ်းကပ် ၍၊ ဤအရပ် သည် တော အရပ်ဖြစ် ပါ၏။ မိုး လည်း ချုပ်ပါပြီ။ လူ အစုအဝေးတို့သည် မြို့ရွာ သို့ သွား ၍ စားစရာ ကိုဝယ် စေခြင်းဌာ အခွင့် ပေးတော်မူပါဟု လျှောက် ကြလျှင်၊ ၁၅ ယေရှု က၊ သွား ရ သောအကြောင်း မ ရှိ။ သူ တို့စားစရာ ဘို့ သင် တို့ပေး ကြလော့ ဟု မိန့် တော်မူ၏။ ၁၆ တပည့် တော်တို့ကလည်း ၊ မုန့် ငါး လုံးနှင့် ငါး နှစ် ကောင်မှတစ်ပါး အဘယ်စားစရာမျှ အကျွန်ုပ်တို့ ၌မ ရှိ ပါ ဟု လျှောက် ပြန်လျှင်၊ ထိုမုန့်နှင့်ငါးကို ယူခဲ့ ကြ ဟုမိန့် တော်မူ၏။ ၁၇ ထိုအခါ လူ အစုအဝေးတို့ကို မြက်ပင် ပေါ်မှာ လျောင်း ကြစေ ဟုအမိန့် တော်ရှိ၏။ ၁၈ မုန့် ငါး လုံးနှင့် ငါး နှစ် ကောင်ကိုလည်းယူ ၍ ကောင်းကင် သို့ ကြည့်မြော် လျက်၊ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ မုန့် နှင့် ငါးကိုဖဲ့ ၍ တပည့် တော်တို့အား ပေး တော်မူ၏။ ၁၉ တပည့် တော်တို့သည်လည်းလူ အပေါင်းတို့အား ပေးကြ၏။ လူအပေါင်း တို့သည်စား ၍ ဝ ကြပြီးမှ ကြွင်းရစ် သောအကျိုးအပဲ့ ကို ကောက်သိမ်း ၍ တင်းဆယ့်နှစ် တောင်း အပြည့် ရကြ၏။ ၂၀ စား သောသူ အရေအတွက်ကား၊ မိန်းမ နှင့် သူငယ် တို့ကိုမ ဆိုဘဲ၊ ယောကျ်ား ငါးထောင် မျှလောက် ရှိ သတည်း။ ၂၁ ယေရှုသည် စည်းဝေး သောသူ တို့ကိုလွှတ် တော်မူစဉ် တွင်၊ တပည့် တော်တို့ကိုလေ့ စီးစေ၍ ကမ်းတစ်ဘက် သို့ အရင် ကူးစေတော်မူ၏။ ၂၂ စည်းဝေး သောသူတို့ကိုလွှတ် ပြီးမှ ဆုတောင်း ပဌနာပြုအံ့သောဌာတောင် ပေါ်၌ဆိတ်ကွယ် ရာအရပ်သို့ တက်ကွ သဖြင့်၊ ည အချိန်ရောက် သောအခါ ၊ တစ်ယောက်တည်း ရှိ နေတော်မူ၏။ ၂၃ လေ့ မူကား အိုင်အလယ်၌ရှိ၍ လေ မ သင့်သောကြောင့် လှိုင်း တံပိုးလှုပ်ရှား ခြင်းကို ပြင်းစွာရ ၏။ ၂၄ ည သုံးချက်တီး ကျော်အချိန် ၌ ယေရှုသည် အိုင် ပေါ်မှာ စက်တော်ဖြန့် လျက်တပည့် တော်တို့ရှိရာ သို့ ကွ တော်မူ၏။ ၂၅ ထိုသို့အိုင် ပေါ်မှာ စက်တော်ဖြန့်၍ ကွ တော်မူသည်ကို သူ တို့သည်မြင် လျှင် ထိတ်လန့် ၍၊ ဖုတ် တစ္ဆေဖြစ် သည်ဟု ကြောက် သောစိတ်နှင့် အော်ဟစ် ကြ၏။ ၂၆ ယေရှု သည် ချက်ခြင်း နှုတ်ဆက် ၍ တည်ကြည်သောစိတ် ရှိကြလော့။ ငါ ပင်ဖြစ် သည်။ မ ကြောက်လန့် ကြနှင့် ဟု မိန့် တော်မူ၏။ ၂၇ ပေတရု ကလည်း ၊ သခင် ကိုယ်တော် မှန် လျှင် အကျွန်ုပ် သည်ကိုယ်တော် ထံသို့ ရေ ပေါ်မှာ လာ ရမည်အကြောင်းမိန့် တော်မူပါဟုလျှောက် လျှင်၊ ၂၈ လာ ခဲ့လော့ ဟု မိန့် တော်မူ၏။ ပေတရု သည်လေ့ ပေါ် ကဆင်း ၍

ယေရှု ထံသို့ ရောက် အံ့သောဌာရေ ပေါ်မှာ လှမ်းသွား ၏။ ၂၉ လေ ပြင်း သည်ကိုမြင် လျှင် ကြောက်လန့် ၍ နစ်မွန်း လု သည်ရှိသော်၊ ကယ်မ တော်မူပါသခင် ဟု ဟစ်ကြော် လေ၏။ ၃၀ ယေရှု သည် လက် တော်ကိုချက်ခြင်း ဆန့် ၍ ပေတရု ကိုကိုင် တော်မူလျက် ၊ ယုံကြည် အားနည်းသောသူ၊ အဘယ်ကြောင့် ယုံမှား သောစိတ်ဝင်သနည်း ဟု မေး တော်မူ၏။ ၃၁ လေ့ ပေါ် သို့ ရောက် ကြလျှင် လေ သည်ငြိမ်း လေ၏။ ၃၂ လေ့ သား တို့သည်ချဉ်းကပ်၍၊ စင်စစ်ကိုယ်တော် သည် ဘုရားသခင် ၏သား တော်မှန် ပါသည်ဟု ညွတ်ပြပ် ၍ လျှောက် ကြ၏။ ၃၃ ကမ်း တစ်ဘက် သို့ကူး လျှင် ဂနေ်သရက် နယ်သို့ ရောက် ကြ၏။ ၃၄ ထို အရပ် သား တို့သည် မျက်နှာတော်ကိုမှတ်မိ လျှင် ၊ ပတ်ဝန်းကျင် အရပ်ရှိသမျှ သို့ စေလွှတ် သဖြင့် လူနာ ရှိသမျှ တို့ကို ဆောင်ခဲ့ ၍ ၊ ၃၅ အဝတ် တော်၏ပန်းပွား ကိုမျှသာ တို့ ရပါမည်အကြောင်း အခွင့်တောင်း ကြ၏။ တို့ သမျှ သောသူတို့သည်လည်း ချမ်းသာ ရကြ၏။ ၃၆ ထိုအခါ ယေရှုရှလင် မြို့သားဖာရိရှဲ့ တို့နှင့် ကျမ်းပြု ဆရာတို့သည် ချဉ်းကပ် ပြီးလျှင်၊

၁၅ ရှေးဟောင်း တို့မှဆက်ခံသော နည်းဥပဒေ ကို ကိုယ်တော် ၏တပည့် တို့သည် အဘယ်ကြောင့် လွန်ကျူး ကြပါသနည်း။ သူတို့သည် လက် မ ဆေး ဘဲ အစာ စား ကြပါသည်တကားဟု လျှောက် ကြလျှင်၊ ၂ ကိုယ်တော် က၊ သင် တို့သည်အဆက်ဆက်ခံသော နည်းဥပဒေ ကိုအမှီပြု ၍ ဘုရားသခင် ၏ပညတ် တော် ကို အဘယ်ကြောင့် လွန်ကျူး ကြသနည်း။ ၃ ဘုရားသခင် ၏ပညတ် တော်ကား၊ မိဘ ကို ရှိသေ စွာပြုလော့။ အကြင်သူ သည် မိဘ ကိုနှုတ် ဖြင့်ပြစ်မှား၏၊ ထိုသူသည် အသေ သတ် ခြင်းကို ခံစေဟုလာသတည်း။ ၄ သင် တို့မူကား ၊ အကြင်သူ သည် ကိုယ့် မိဘ ကို၊ သင်တို့အသုံးရ နိုင်သမျှ သော ငါ ၏ဥစ္စာသည် အလှူ ဝတ္ထု ဖြစ်စေဟုဆို ၏၊ ၅ ထိုသူသည် ကိုယ် မိဘ ကိုပင် ရှိသေ စွာမ ပြုရဟုဆို၏။ ထိုသို့သင်တို့သည် အဆက်ဆက်ခံသော နည်းဥပဒေ အားဖြင့် ဘုရားသခင် ၏ပညတ် တော်ကို ပယ် ကြ၏။ ၆ လျှို့ဝှက် သောသူတို့၊ ဟေရှာယ သည် သင် တို့ကိုရည်မှတ် လျက် ဤ လူမျိုး သည်နှုတ်နှင့် ငါ့ထံသို့ချဉ်းကပ်၍ နှုတ်ခမ်း နှင့်ငါ့ ကို ရှိသေ ကြ၏။ စိတ် နှလုံးမူကား ငါ နှင့် ဝေး လှ၏။ ၈ လူ တို့စီရင် သောပညတ် တို့ကိုသွန်သင် ၍ နည်းဥပဒေသပေးလျက်ပင်ငါ့ ကို အချည်းနှီး ကိုးကွယ် ကြ၏ဟု နောက်ဖြစ်လတံ့သောအရာကို လျောက်ပတ်စွာဟောခဲ့ပြီ ဟု ပြန်၍မိန့်တော်မူ၏။ ၉ ထိုအခါ လူ အစုအဝေးကို အထံတော်သို့ခေါ် ၍၊ သင်တို့နားထောင် နားလည် ကြလော့။ ၁၀ ခံတွင်း သို့ ဝင် သောအရာ သည် လူ ကိုညစ်ညူး စေသည်မ ဟုတ်။ ခံတွင်း မှ ထွက် သောအရာ သည် ညစ်ညူး စေသောအရာဖြစ်သည် ဟု မိန့် တော်မူ၏။ ၁၁ တပည့် တော်တို့သည်ချဉ်းကပ် ၍ ၊ ယခုမိန့်တော်မူသောစကား ကို ဖာရိရှဲ့ တို့သည်ကြား သောအခါစေတနာစိတ်ပျက် ကြသည်ကို သိ တော်မူသလောဟုလျှောက် ကြ၏။ ၁၂ ကိုယ်တော် ကလည်း ၊ ကောင်းကင် ဘုံ၌ရှိတော်မူသော ငါ ၏ခမည်းတော် စိုက် တော်မ မူသောအပင် ရှိသမျှ တို့ကို နှုတ် ရလိမ့်မည်။ ၁၃ ထိုသူ တို့ကိုရှိ ပါလေစေ။ သူတို့သည်လူကန်း တို့အား လမ်းပြ သောလူကန်း ဖြစ် ၏။ လူကန်း ချင်းတစ်ဦးကို တစ်ဦးလမ်းပြ လျှင် ၊ နှစ် ဦးတို့သည် တွင်း ထဲသို့ ကျ ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၁၄ ပေတရု ကလည်း ၊ ထို ဥပမာ ကို အကျွန်ုပ် တို့အား ဖွင့်ပြ

တော်မူပါဟုလျှောက် လျှင်၊ ၁၅ ယေရှု က၊ သင် တို့သည် ယခု တိုင်အောင်ပညာ မဲ့လျက်နေ သေးသလော။ ၁၆ ခံတွင်း သို့ ဝင် သမျှ သည် ဝမ်း ထဲသို့ ဆင်း ၍ ရေအိမ် တွင် စွန့်ပစ် သည်ကိုနား မ လည်ကြသေးသလော။ ၁၇ ခံတွင်း မှ ထွက် သောအရာ မူကား ၊ နှလုံး ထဲက ထွက်လာ ၍ လူ ကိုညစ်ညူး စေသောအရာဖြစ်၏။ ၁၈ မကောင်း သောကြံစည် ခြင်း၊ လူ အသက်ကိုသတ်ခြင်း၊ သူ့ မယားကိုပြစ်မှားခြင်း၊ မိန်းမ လွတ်နှင့် မှားယွင်းခြင်း၊ သူ့ ဥစ္စာကိုခိုး ခြင်း၊ မမှန် သောသက်သေကိုခံခြင်း၊ သူ့ အသရေကိုဖျက်ခြင်းအရာတို့သည် နှလုံး ထဲက ထွက်လာ ၍၊ ၁၉ လူ ကို ညစ်ညူး စေသောအရာ ဖြစ် ကြ၏။ လက် မ ဆေးဘဲလျက် အစာကိုစား ခြင်းမူကား ၊ လူ ကိုညစ်ညူး စေသည်မ ဟုတ် ဟု မိန့် တော်မူ၏။ ၂၀ ယေရှု သည် ထို အရပ်မှထွက် ၍ တုရု မြို့နှင့် ဇီဒုန် မြို့၏ ကျေးလက် သို့ ကြွ တော်မူလျှင် ၊ ၂၁ ခါနာန် အမျိုးဖြစ်သောမိန်းမ တစ်ယောက်သည် ထို နယ်စပ် မှ ထွက်လာ ၍၊ ဒါဝိဒ် ၏သား တော်ရှင် ၊ ကျွန်မ ကို သနား တော်မူပါ။ ကျွန်မ ၏သမီး သည် နတ်ဆိုး နှိပ်စက်ခြင်းကို ပြင်းစွာ ခံရပါသည်ဟု ဟစ်ကြော် သော်လည်း စကား တစ်ခွန်းမျှပြန် တော်မ မူ။ ၂၂ တပည့် တော်တို့သည်ချဉ်းကပ် ၍ ၊ ထိုမိန်းမ ပြန်သွား ရသောအခွင့်ကို ပေးတော်မူပါ။ ငါ တို့နောက် သို့ လိုက်၍ ဟစ်ကြော် လျက်နေပါသည်ဟု တောင်းလျှောက် ကြ၏။ ၂၃ ကိုယ်တော် ကလည်း ၊ ဣသရေလ အမျိုးအဝင် ပျောက်လွင့် သောသိုး များမှတစ်ပါး အခြားသောအမျိုးရှိ ရာသို့ ငါ့ကိုမ စေလွှတ် ဟု မိန့် တော်မူ၏။ ၂၄ ထိုမိန်းမ သည်ချဉ်းကပ် ၍ပြပ်ဝပ် လျက် ကျွန်မ ကိုကယ် တော်မူပါသခင် ဟု လျှောက် ပြန်လျှင်၊ ၂၅ ကိုယ်တော် က၊ သား ၏အစာ ကိုယူ ၍ ခွေး အားမ ပေး မချအပ်ဟု ပြန်ပြ ောတော်မူ ၏။ ၂၆ မိန်းမ ကလည်း မှန် ပါ၏သခင် ၊ ခွေး မည်သည်ကားမိမိ သခင် ၏ စားပွဲ မှ ကျ သော စားနုပ် စားပေါက်ကို စား မြဲထုံးစံရှိပါ၏ဟု လျှောက် ပြန်လျှင်၊ ၂၇ အို မိန်းမ ၊ သင် သည်ယုံကြည် အားကြီး လှပြီ။ သင့်အလိုရှိ သည်အတိုင်း သင် ၌ဖြစ် စေ ဟုမိန့် တော်မူ၏။ ထို အချိန် မှစ၍ ထိုမိန်းမ ၏သမီး သည် ကျန်းမာ ပကတိဖြစ်လေ၏။ ၂၈ ယေရှု သည် ထို အရပ်မှကြွ ၍ ဂါလိလဲ အိုင် နား သို့ရောက် တော်မူလျှင်တောင် ပေါ် သို့ တက် ၍ ထိုင် တော်မူ၏။ ၂၉ များစွာ သောလူ အပေါင်းတို့သည် ခြေမစွမ်း ၊ မျက်စိ ကန်း၊ စကားအ ၊ အင်္ဂါချို့တဲ့သောသူမှစ၍ အခြား သော အနာရောဂါစွဲသောသူများ ကို ဆောင်ခဲ့ လျက် အထံ တော်သို့ရောက်လာ၍ ခြေ တော်ရင်း၌ ချထား ကြ၏။ ၃၀ အနာ ရောဂါများကို ငြိမ်းစေတော်မူသဖြင့် ၊ အ သောသူသည် စကား ပြောသည်ကို၎င်း ၊ ချို့တဲ့ သောသူ သည် ပကတိ ဖြစ်သည်ကို၎င်း၊ ခြေမစွမ်း သောသူသည် လှမ်းသွား သည်ကို၎င်း ၊ မျက်စိကန်း သောသူသည် မြင် ရ သည်ကို၎င်း၊ လူ အစုအဝေးတို့သည်မြင် လျှင် အံ့သြ ခြင်းသို့ရောက် ၍ ဣသရေလ အမျိုး၏ ဘုရားသခင် ဂုဏ် တော်ကို ချီးမွမ်းကြ၏။ ၃၁ ထိုအခါ ယေရှု သည် တပည့် တော်တို့ကိုခေါ် ၍၊ ဤ လူ များကိုငါသနား ၏။ သုံး ရက် ပတ်လုံး ငါ နှင့်အတူရှိ ကြပြီ။ စားစရာ အလျှင်း မ ရှိ ။ လမ်း ခရီး၌ မော မည်ကိုစိုးရိမ်သောကြောင့်အစာ မစားမီ သူ တို့ကိုလွှတ် ခြင်းငှာငါအလို မ ရှိ ဟုမိန့်တော်မူလျှင် ၊ ၃၂ တပည့် တော်တို့က ဤမျှလောက် များ သောလူစု တို့သည် ဝ စွာစားလောက်သောအစာ ကို ဤတော အရပ် ၌ အကျွန်ုပ် တို့သည် အဘယ်သို့ ရနိုင်ပါမည်နည်းဟု လျှောက် ကြသော် ၊ ၃၃ ယေရှု က၊ သင်တို့တွင်မှန့် ဘယ်နှစ် လုံးရှိ သနည်း ဟု

မေး တော်မူလျှင် ၊ ၃၄ မုန့်ခုနှစ် လုံးနှင့် အနည်းငယ် မျှ သော ငါး ကောင်ကလေးရှိပါသည်ဟု ပြန် လျှောက်ကြ၏။ ၃၅ ထိုအခါ လူ အစုအဝေးတို့ကို မြေ ပေါ်မှာ လျောင်း ကြစေ ဟု အမိန့် တော်ရှိ၏။ ၃၆ မုန့် ခုနှစ် လုံးနှင့် ငါး တို့ကိုလည်းယူ ၍ ကျေးဇူး တော်ကိုချီးမွမ်းပြီးမှ ၊ မုန့်နှင့်ငါးကိုဖဲ့ ၍ တပည့် တော်တို့အား ပေး တော်မူ၏။ တပည့် တော်တို့လည်း လူ အပေါင်းတို့အား ပေးကြ၏။ ၃၇ လူအပေါင်း တို့သည် စား ၍ ဝ ကြပြီးမှ ၊ ကြွင်းရစ် သောအကျိုးအပဲ့ ကိုကောက်သိမ်း ၍ ခုနှစ် တောင်း အပြည့် ရကြ၏။ ၃၈ စား သောသူ အရေအတွက်ကား၊ မိန်းမ နှင့် သူငယ် ကိုမ ဆိုဘဲ ယောက်ျား လေးထောင် ရှိ သတည်း။ ၃၉ ထို လူ များတို့ကို လွှတ် တော်မူပြီးမှ ၊ လှေ စီး ၍ မာဂဒါလ ကျေးလက် သို့ ရောက် တော်မူ၏။

၁၆ ထိုအခါ ဖာရိရှဲ နှင့် ဇဒ္ဒုကဲ တို့သည် ကိုယ်တော် ကို စုံစမ်း နှောင့်ရှက်ခြင်းငှာချဉ်းကပ် ၍၊ မိုဃ်း ကောင်းကင်က ဖြစ်သော နိမိတ် လက္ခဏာကို ပြ တော်မူမည်အကြောင်း တောင်းပန် ကြ၏။ ၂ ကိုယ်တော် ကလည်း ၊ သင်တို့သည် ညဦးယံ ၌ပြောဆို တတ်သည်ကား၊ ယခုမိုးတိမ် နီ သည်ဖြစ်၍ မိုး ကြည်လင်လိမ့်မည်ဟု ဆိုတတ်ကြ၏။ ၃ နံနက်ယံ ၌ကား၊ ယခုမိုး အုံ့ လျက်ရှိ၏။ နီမောင်း သောအဆင်းလည်းရှိ၏။ ယနေ့ မိုးသက် မုန်တိုင်းလာလိမ့်မည်ဟုဆိုတတ်ကြ၏။ လျှို့ဝှက်သောသူတို့၊ သင်တို့သည် မိုးကောင်းကင် ၏ မျက်နှာ ကိုပိုင်းခြား ၍သိ နိုင်ကြ၏။ကပ် ကာလ၏ နိမိတ် လက္ခဏာတို့ကို ပိုင်းခြား၍မ သိနိုင် ကြ။ ၄ ဆိုးညစ် ၍ မျောက်မထား သောအမျိုး သည် နိမိတ် လက္ခဏာကိုတောင်း သည်မှာ၊ ပရောဖက်ယောန ၏ နိမိတ် လက္ခဏာမှတစ်ပါး အဘယ်လက္ခဏာ ကိုမျှ သူတို့အားမ ပြ ရာ ဟု မိန့် တော်မူပြီးလျှင်၊ ထိုသူ တို့ရှိရာမှထွက် ၍ ကြွ တော်မူ၏။ ၅ တပည့် တော်တို့သည် ကမ်းတစ်ဘက် သို့ သွား ကြသောအခါ မုန့် ကိုယူ ခြင်းဉာဉ်မေ့လျော့ ကြ၏။ ၆ ယေရှု ကလည်း ၊ ဖာရိရှဲ နှင့် ဇဒ္ဒုကဲ တို့၏ တဆေး ကိုသတိ နှင့် ကြဉ်ရှောင် ကြ ဟု မိန့် တော်မူ၏။ ၇ တပည့် တော်တို့ကလည်း ၊ ငါတို့ ၌ မုန့် မ ပါ သောကြောင့် ဤစကားကိုမိန့်တော်မူသည်ဟု အချင်းချင်း ဆွေးနွေး ပြောဆို ကြ၏။ ၈ ယေရှု သည် သိ တော်မူလျှင် ၊ ယုံကြည် အားနည်းသောသူတို့၊ သင်တို့ ၌မုန့် မ ပါ သည်ကိုထောက်၍အဘယ်ကြောင့် အချင်းချင်း ဆွေးနွေး ပြောဆိုကြသနည်း။ ၉ မုန့် ငါး လုံးကို လူငါးထောင် စား၍ စားကြွင်းဘယ်နှစ် တောင်း ကောက်သိမ်း သည်ကိုငင်းမုန့် ခုနှစ် လုံးကိုလူလေးထောင် စား၍စားကြွင်းဘယ်နှစ် တောင်း ကောက်သိမ်း သည်ကိုငင်း၊ ၁၀ သင်တို့သည် နှလုံး မ သွင်း မ အောက်မေ့ ဘဲနေကြသေးသလော။ ၁၁ ဖာရိရှဲ နှင့် ဇဒ္ဒုကဲ တို့၏ တဆေး ကိုကြဉ်ရှောင် ကြ ဟူသောစကားကို ငါပြောသည်တွင်၊ မုန့် ကိုအမှတ်ပြု၍ ငါမ ပြောသည် ကို သင်တို့သည် နား မ လည်ဘဲ အဘယ်သို့ နေကြသနည်း ဟု မိန့် တော်မူ၏။ ၁၂ ထိုအခါ တပည့်တော်တို့သည် မုန့် ၏ တဆေး ကို ကြဉ်ရှောင် ကြဟု မိန့် တော်မ မူ။ ဖာရိရှဲ နှင့် ဇဒ္ဒုကဲ တို့၏ သြဝါဒ ကို ကြဉ်ရှောင်ကြဟု မိန့်တော်မူသည်ကို နားလည်ကြသတည်း။ ၁၃ ယေရှု သည် ဖိလိပ္ပု ကဲသရိ မြို့၏ ကျေးလက် သို့ ကြွ တော်မူသောအခါ ၊ လူ များတို့သည် လူ သား ဖြစ် သော ငါ့ကို အဘယ်သူ ဖြစ်သည်ဆို ကြသနည်း ဟု တပည့် တော်တို့ကို မေးမြန်း တော်မူလျှင်၊ ၁၄ လူအချို့ က၊ ကိုယ်တော်သည် ဗတ္တိဇံ ဆရာယောဟန် ဖြစ်သည်ဟူ၍ငင်း၊ အချို့ က၊ ဧလိယ ဖြစ်သည် ဟူ၍ငင်း၊ အချို့ က၊

ယေရမိ မှစ၍ ပရောဖက် တပါးပါး ဖြစ်သည်ဟူ၍ငင်း ဆိုကြပါ၏ဟု လျှောက် ကြသော် ၊ ၁၅ သင် တို့လည်း ငါ့ ကို အဘယ်သူ ဖြစ် သည် ဆို ကြသနည်း ဟု မေးမြန်း တော်မူလျှင်၊ ၁၆ ရှိမုန် ပေတရု က၊ ကိုယ်တော် သည် ခရစ်တော် တည်းဟူသောအသက် ရှင်တော်မူသော ဘုရားသခင် ၏ သား တော်ဖြစ် တော်မူသည်ဟု လျှောက် လေ၏။ ၁၇ ယေရှု ကလည်း ၊ ရှိမုန် ဗာယောန ၊ သင်သည်မင်္ဂလာ ရှိ ၏။ အကြောင်းမူကား ၊ အသွေး အသား သည် အကြောင်းအရာကို သင့် အားဖော်ပြ သည်မ ဟုတ်။ ကောင်းကင် ဘုံ၌ ရှိတော်မူသောငါ့ ခမည်းတော် သည် ဖော်ပြတော်မူသတည်း။ ၁၈ ငါ ဆို သည်ကား၊ သင် သည် ပေတရု ဖြစ် ၏။ ဤ ကျောက် ပေါ်မှာ ငါ့ အသင်း ကို ငါတည်ဆောက် မည်။ ထိုအသင်း ကို မရဏာ နိုင်ငံ၏တံခါး တို့သည် မ နိုင် ရာ။ **(Hadēs g86)** ၁၉ ကောင်းကင် နိုင်ငံ တော်၏ သော့ တို့ကိုလည်း သင့် အားငါပေး မည်။ သင်သည်မြေကြီး ပေါ်မှာ ချည်နှောင် သမျှ သည် ကောင်းကင် ဘုံ၌ ချည်နှောင် လျက်ရှိ လိမ့်မည်။ မြေကြီး ပေါ်မှာ ဖြည်လွှတ် သမျှ သည် ကောင်းကင် ဘုံ၌ ဖြည်လွှတ် လျက်ရှိ လိမ့်မည် ဟု မိန့် တော်မူပြီးလျှင် ၊ ၂၀ ကိုယ်တော် သည် ခရစ်တော် ဖြစ် ကြောင်း ကို အဘယ်သူ အားမျှမပြော စိမ့်သောဉာတပည့် တော်တို့ကို ပညတ် တော်မူ၏။ ၂၁ ထိုမှတပါးကိုယ်တော် သည် ယေရုရှလင် မြို့သို့ သွား ရ မည်။ လူ အကြီးအကဲ၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့လက်၌ များစွာ ခံရ မည်။ အသေ သတ်ခြင်းကိုလည်း ခံရမည်။ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည်ဟူသောအကြောင်း များကို ထိုအခါ မှ စ ၍တပည့် တော်တို့အား ပြ တော်မူ၏။ ၂၂ ထိုအခါ ပေတရု သည် ကိုယ်တော်ကို မိမိ နှင့်အတူခေါ် ၍ ၊ သခင် ၊ ကိုယ်တော် ၌ ဤသို့မဖြစ်ပါစေနှင့်။ ဤ အမှုသည် ကိုယ်တော် ၌ မ ရောက် ရာဟု အပြစ်တင် သောစကားကို လျှောက် သော်၊ ၂၃ ကိုယ်တော် သည် မျက်နှာတော်ကိုလှည့် ၍ အချင်းရန်သူ ၊ ငါ့ နောက် သို့ဆုတ် လော့။ သင်သည် ငါ တိုက်မိ ၍ လဲစရာအကြောင်းဖြစ် ၏။ သင်သည် ဘုရားသခင် ၏အရာ ကို စိတ်မ စွဲလမ်း ၊ လူ တို့၏အရာ ကိုသာ စွဲလမ်း သည် ဟု မိန့် တော်မူ၏။ ၂၄ ထိုအခါ ယေရှု က၊ ငါ ၌ဆည်းကပ် လို သောသူ ဖြစ် လျှင်ကိုယ်ကိုကိုယ် ငြင်းပယ် ရမည်။ ကိုယ် လက်ဝါးကပ်တိုင် ကိုထမ်း ၍ ငါ့ နောက်သို့လိုက် ရမည်။ ၂၅ အကြင်သူ သည် မိမိ အသက် ကို ကယ်ဆယ် ခြင်းဉာအလိုရှိ ၏။ ထိုသူသည် အသက် ရှုံး လိမ့်မည်။ အကြင်သူ သည် ငါ့ ကြောင့် အသက် ရှုံး ၏၊ ထိုသူသည်အသက် ကို တွေ့ လိမ့်မည်။ ၂၆ လူ သည် ဤစကြဝဠာ ကို အကြွင်းမဲ့ အစိုးရ ၍ မိမိ အသက် ဝိညာဉ်ရှုံး လျှင် အဘယ် ကျေးဇူး ရှိသနည်း။ မိမိ အသက် ဝိညာဉ်ကို အဘယ် ဥစ္စာနှင့်ရွေး နိုင်သနည်း။ ၂၇ လူ သား သည် မိမိ အဘ ခမည်းတော်၏ ဘုန်း အာနုဘော်ကိုဆောင်လျက်၊ ကောင်းကင် တမန် အခြံအရံတို့နှင့် ကြွလာ တော်မူလတ္တံ့။ ထိုအခါ သူ အသီးသီး ကျင့်သောအကျင့် နှင့် အလျောက် အကျိုးအပြစ်ကို ဆပ်ပေး တော်မူလတ္တံ့။ ၂၈ ငါအမှန် ဆို သည်ကား၊ လူ သား သည် နိုင်ငံ တော်တည်လျက်ကြွလာ တော်မူသည်ကို၊ ဤ အရပ်၌ရှိ သော သူ အချို့ တို့သည် မ မြင် မီသေ ခြင်းသို့မ ရောက် ရကြဟု တပည့် တော်တို့အား မိန့် တော်မူ၏။

၁၇ ခြောက် ရက် လွန် သောအခါ ယေရှု သည် ပေတရု ၊ ယာကုပ် ၊ ယာကုပ် ညီ ယောဟန် တို့ကိုခေါ် ၍၊ မြင့် လှစွာသော တောင် ပေါ်တွင်ဆိတ်ကွယ် ရာအရပ်သို့ ဆောင်ကြွ တော်မူ၏။ ၂ သူ တို့ရှေ့ ၌ ထူးခြား

သောအဆင်းအရောင်နှင့် ပြည့်စုံသည်ဖြစ်၍ ၊ မျက်နှာ တော်သည် နေ ကဲ့သို့ ထွန်းတောက် လျက် ၊ အဝတ် တော်သည် အလင်း ကဲ့သို့ ဖြူ လျက် ရှိ ၏။ ၃ မောရှေ နှင့် ဧလိယ သည် ထင်ရှား ၍ ကိုယ်တော် နှင့်အတူ စကား ပြောလျက်နေကြ၏။ ၄ ထိုအခါ ပေတရု က၊ သခင် ၊ ဤ အရပ်၌နေ ဘွယ်ကောင်း ပါ၏။ ကိုယ်တော် ဘို့တဲတစ် ဆောင်၊ မောရှေ ဘို့ တစ် ဆောင်၊ ဧလိယ ဘို့တစ် ဆောင်၊ တဲ သုံး ဆောင်ကို အလို တော်ရှိလျှင် အကျွန်ုပ်တို့သည် ဆောက်လုပ် ပါမည်ဟု လျှောက် လေ၏။ ၅ ထိုသို့လျှောက် စဉ် တွင်၊ ထွန်းလင်း သောမိုးယံးတိမ် သည် ထိုသူ တို့ကိုလွှမ်းမိုး ၍၊ ဤ သူသည် ငါနှစ်သက် မြတ်နိုးရာ၊ ငါ ၏ချစ် သား ပေတည်း ။ သူ ၏စကားကို နားထောင် ကြလော့ဟု မိုးယံးတိမ် က အသံ တော်ဖြစ်လေ၏။ ၆ တပည့် တော်တို့သည် ကြား ရလျှင် ၊ ပြပ်ဝပ် ၍ အလွန် ကြောက်လန့် ခြင်းရှိကြ၏။ ၇ ယေရှု သည်လာ ၍ သူ တို့ကို လက်နှင့်တို့ တော်မူလျက် ၊ ထ ကြ၊ မ ကြောက် ကြနှင့် ဟု မိန့် တော်မူသော်၊ ၈ သူ တို့သည် ကြည့်မြော် သဖြင့် ၊ ယေရှု တစ်ယောက်တည်း မှတစ်ပါး ၊ အဘယ်သူ ကိုမျှ မမြင် ကြ။ ၉ တောင် ပေါ်မှ ဆင်း ကြသောအခါ ယေရှု က၊ လူ သား သည်သေ ခြင်းမှ မ ထမြောက် မှီတိုင်အောင်၊ သင်တို့ ယခုမြင်သော ရူပါရုံ ကို အဘယ်သူ အားမျှမပြော ကြနှင့်ဟု တပည့် တော်တို့ကို ပညတ် တော်မူ၏။ ၁၀ ထိုအခါ တပည့် တော်တို့က၊ ဧလိယ သည် အရင် လာ ရ မည်ဟု ကျမ်းပြု ဆရာတို့သည် အဘယ်ကြောင့် ဆို ပါသနည်းဟု မေးလျှောက် ကြလျှင် ၊ ၁၁ ယေရှု က၊ ဧလိယ သည်အရင်လာ ၍ အလုံးစုံ တို့ကို ပြုပြင် ရသည်မှန် ပေ၏။ ၁၂ ငါဆို သည်ကား၊ ဧလိယ ရောက်လာ ပြီ ။ လူများသည်သူ့ ကိုမ သိ သဖြင့် သူ့ အားပြုချင် သမျှ ကိုပြု ကြပြီ။ ထိုနည်းတူ လူ သား သည်လည်း ထိုလူ များလက်၌ ခံရ မည် ဟုမိန့် တော်မူသော်၊ ၁၃ ဗတ္တိဇံ ဆရာယောဟန် ကို အမှတ် ပြု၍ မိန့် တော်မူကြောင်း ကို တပည့် တော်တို့သည် နားလည် ကြ၏။ ၁၄ လူအစုအဝေး ရှိရာ သို့ ရောက် ကြသောအခါ ၊ လူ တစ်ယောက်သည် အထံ တော်သို့ချဉ်းကပ် ၍ ဒူးထောက် လျက် ၊ သခင် ၊ ၁၅ အကျွန်ုပ် ၏သား ကို ကယ်မ သနားတော်မူပါ။ ဝက်ရူးနာ စွဲ၍ ပြင်းစွာ ခံစား ရပါ၏။ မီး၌ ၎င်း ၊ ရေ၌ ၎င်း အကြိမ်ကြိမ် လဲ တတ်ပါ၏။ ၁၆ တပည့် တော်တို့ထံသို့ဆောင်ခဲ့ ၍ သူတို့သည်ချမ်းသာ မ ပေးနိုင် ကြပါဟု လျှောက် လျှင် ၊ ၁၇ ယေရှု က၊ ယုံကြည် ခြင်းမရှိ၊ ဖောက်ပြန် သောအမျိုး ၊ ငါသည် သင် တို့နှင့်တကွ အဘယ်မျှ ကာလပတ်လုံးနေ ရမည်နည်း။ သင် တို့ကို အဘယ်မျှ ကာလ ပတ်လုံးသည်းခံ ရမည်နည်း။ သူငယ် ကို ငါ့ ထံသို့ယူခဲ့ ကြ ဟု မိန့် တော်မူ၏။ ၁၈ ယေရှု သည် သူ့ ကိုဆုံးမ တော်မူလျှင် ၊ နတ်ဆိုး သည် သူ မှ ထွက်သွား သဖြင့် ၊ ထို ခဏ မှစ၍ သူငယ် သည် ကျန်းမာ ပကတိဖြစ်လေ၏။ ၁၉ ထိုအခါ တပည့် တော်တို့သည် ဆိတ်ကွယ် ရာအရပ်၌ ယေရှု ထံတော်သို့ချဉ်းကပ် ၍၊ အကျွန်ုပ် တို့သည် ထိုနတ်ဆိုး ကိုအဘယ်ကြောင့် မ နှင်ထုတ် နိုင် ပါသနည်းဟု လျှောက် ကြသော်၊ ၂၀ သင် တို့သည် ယုံကြည် ခြင်းမရှိသောကြောင့် မနှင်ထုတ်နိုင်ကြ။ ငါအမှန် ဆို သည်ကား၊ သင် တို့သည် မုန်ညင်း စေ့ ခန့်မျှလောက် သော ယုံကြည် ခြင်းရှိလျှင် ၊ ထို တောင် ကို နေရာမှ ရွှေ့ လော့ဟုဆို ကြသော်၊ နေရာမှ ရွှေ့ လိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင် တို့မ တတ်နိုင်သောအမှုမ ရှိ။ ၂၁ သို့သော်လည်းဆုတောင်းခြင်း၊ အစာရှောင်ခြင်းမှတပါး အဘယ်သို့သောအားဖြင့်၊ ထိုအမျိုးသည် မ ထွက်တတ် ဟု မိန့်တော်မူ၏။ ၂၂ ဂါလိလဲ ပြည်၌

နေကြစဉ်တွင် ယေရှု က၊ လူ သား ကို လူ တို့လက် သို့ အပ်နှံ ရသောအချိန်နီး ပြီ။ ၂၃ သူတို့သည် သတ် ကြလိမ့်မည်။ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည် ဟု တပည့် တော်တို့အား မိန့် တော်မူ၏။ သူတို့သည်လည်း အလွန် ဝမ်းနည်း ခြင်းရှိကြ၏။ ၂၄ ကပေရနောင် မြို့သို့ ရောက် သောအခါ ၊ ဗိမာန်တော်အခွန်တည်းဟူသောဒိဒြမ္မ ကိုခံ သောသူ တို့သည် ပေတရု ဆီသို့လာ ၍ သင် ၏ဆရာ သည်ဒိဒြမ္မ ကိုမ ပေး သလောဟု မေးမြန်းလျှင်၊ ပေး ပါသည်ဟု ပေတရုဆို ၏။ ၂၅ ပေတရု သည် အိမ် သို့ ဝင် သောအခါ ၊ ယေရှု သည် တင်ကူး ၍၊ အချင်းရှိမုန် ၊ သင် သည်အဘယ်သို့ ထင် သနည်း။ လောကီ ရှင်ဘုရင် တို့သည် အဘယ်သူ မှာ အခွန် ကိုခံ ကြသနည်း။ မိမိ သား မှာ ခံကြသလော။ သူတစ်ပါး မှာ ခံကြသလော၊ ဟုမေး တော်မူလျှင်၊ ၂၆ ပေတရုက၊ သူတစ်ပါး မှာ ခံကြပါသည်ဟုလျှောက် သော်၊ ယေရှု ကလည်း သို့ ဖြစ်လျှင် သား မူကားလွတ် ရ ၏။ သို့သော်လည်း ထိုသူ တို့သည် ငါတို့ကြောင့်မ မှားယွင်း မည်အကြောင်း ၊ အိုင် သို့ သွား ၍ ငါးမျှား ကိုချ လော့။ ၂၇ ရှေ့ဦးစွာ ရ သောငါး ကိုယူ ၍ ပစပ် ကိုဖွင့် လျှင် ၊ သတာတဲ့ တစ်ပြားကိုတွေ့ လိမ့်မည်။ ထို ငွေကိုယူ ၍ ငါ့ အဘို့ နှင့် သင့် အဘို့ ထိုသူ တို့အားပေး လော့ ဟု မိန့် တော်မူ၏။

၁၈ ထို အခါ တပည့် တော်တို့သည် ချဉ်းကပ် ၍ ကောင်းကင် နိုင်ငံ တော်၌ အဘယ်သူ သည်သာ၍ကြီးမြတ် ပါအံ့နည်းဟု မေးလျှောက် ကြသော်၊ ၂ သူငယ် တစ်ယောက်ကိုခေါ် တော်မူ၍ ၊ တပည့် တော်တို့အလယ် ၌ ထား ပြီးမှ ၊ ၃ ငါအမှန် ဆို သည်ကား၊ သင်တို့သည်ပြောင်းလဲ ၍ သူငယ် ကဲ့သို့ မ ဖြစ် လျှင် ကောင်းကင် နိုင်ငံ တော်သို့ မ ရောက် ရကြ။ ၄ ထို့ကြောင့် အကြင်သူ သည် ဤ သူငယ် ကဲ့သို့ မိမိ ကိုမိမိနှိမ့်ချ အံ့၊ ထိုသူ သည် ကောင်းကင် နိုင်ငံ တော်၌ သာ၍ ကြီးမြတ်လိမ့်မည်။ ၅ အကြင်သူ သည်ငါ့ မျက်နှာ ကိုထောက်၍ဤကဲ့သို့ သောသူငယ် တစ်စုံတစ်ယောက် ကို လက်ခံ ၏၊ ထိုသူသည် ငါ့ ကိုပင်လက်ခံ ၏။ ၆ ငါ့ ကိုယုံကြည် သော ဤ သူငယ် တစ်စုံတစ်ယောက် ကို အကြင်သူ သည်မှားယွင်း စေ၏၊ ထိုသူ သည် လည်ပင်း ၌ ကြိတ်ဆုံ ကျောက်ကိုဆွဲ ၍ နက်နဲ သောပင်လယ် ၌ နှစ်မြှုပ် ခြင်းကို ခံရလျှင်အနေသာ၍ကောင်း ၏။ ၇ မှားယွင်း စရာအကြောင်းများရှိသောကြောင့် လောကီသား တို့သည်အမင်္ဂလာ ရှိကြ၏။ မှားယွင်း စရာ အကြောင်း ရှိ ရမည်။ သို့သော်လည်း မှားယွင်း စရာအကြောင်းကို ဖြစ် စေသောသူ သည် အမင်္ဂလာ ရှိ၏။ ၈ သင် ၏လက် ခြေ သည် သင့် ကို မှားယွင်း စေလျှင် လက် ခြေကိုဖြတ်ပစ် လော့။ လက် ခြေ အစုံ နှင့် ထာဝရ မီး ထဲသို့ ချ ခြင်းကို ခံရသည်ထက် အင်္ဂါချို့တဲ့၍ အသက် ရှင်ခြင်းသို့ ဝင်စား သော်သာ၍ ကောင်း၏။ **(aiōnios g166)** ၉ သင် ၏မျက်စိ သည်လည်း သင့် ကိုမှားယွင်း စေလျှင် ၊ မျက်စိ ကိုထုတ်ပစ် လော့။ မျက်စိ နှစ် ဘက်စုံနှင့် ငရဲ မီး ထဲသို့ ချ ခြင်းကို ခံရ သည်ထက် မျက်စိ တစ်ဘက်နှင့် အသက် ရှင်ခြင်းသို့ ဝင်စား သော် သာ၍ ကောင်း၏။ **(Geenna g1067)** ၁၀ သင် တို့သည် ဤ သူငယ် တစ်စုံတစ်ယောက် ကို မထီမဲ့မြင် မ ပြုမည်အကြောင်း သတိ ရှိကြလော့။ ငါဆို သည်ကား၊ သူ တို့၏ကောင်းကင်တမန် တို့သည် ကောင်းကင် ဘုံ၌ ရှိတော်မူသော ငါ့ အဘ ၏ မျက်နှာ တော်ကိုအစဉ်မပြတ် ဖူးမြင် ကြ၏။ ၁၁ ထိုမှတပါးလူသားသည်ပျောက်သောသူတို့ကို ကယ်တင်အံ့သောငှာကြွလာသတည်း။ ၁၂ အဘယ်သို့ ထင် ကြသနည်း။ သိုး တရာ ရှိ သောသူ ၌ သိုး တစ်

ကောင်သည်လမ်းလွဲ ၍ပျောက်လျှင် ၊ ထိုသူသည် ကိုးဆယ် ကိုးကောင်သောသိုးတို့ကို တောင် ပေါ်မှာ ထား ခဲ့ပြီးမှ၊ လမ်းလွဲ ၍ပျောက်သော သိုးတစ်ကောင်ကို သွား ၍ ရှာ တတ်သည် မ ဟုတ်လော။ ၁၃ တွေ့ ပြီးလျှင် ၊ လမ်း မ လွဲမပျောက်သောသိုး ကိုးဆယ် ကိုးကောင်၌ ဝမ်းမြောက်ခြင်းရှိသည်ထက် ၊ ထိုသိုး တစ်ကောင်၌ သာ၍ ဝမ်းမြောက်ခြင်းရှိသည်ဟု ငါအမှန် ဆို ၏။ ၁၄ ထိုနည်းတူ ကောင်းကင် ဘုံ၌ ရှိတော်မူသော သင် တို့အဘ သည် ဤ သူငယ် တစ်ယောက်ကိုမျှ ပျက်စီး စေခြင်းငှာ အလို တော်မ ရှိ ။ ၁၅ ထို့ကြောင့်သင် ၏ညီအစ်ကို သည် သင့် ကိုပြစ်မှား လျှင် ၊ သူ့ ဆီသို့သွား ၍ နှစ်ယောက်တည်းချင်း သူ၏ အပြစ်ကိုပြ ၍ ဆုံးမလော့။ သူသည် သင် ၏စကားကိုနားထောင် လျှင် ညီအစ်ကို ကိုရ ပြီ။ ၁၆ သို့မဟုတ် သင်၏စကားကိုနား မ ထောင်လျှင် ။ လူနှစ် ဦးသုံး ဦးသက်သေခံ ၍စကား ရှိသမျှ တို့ကို တည် စေခြင်းငှာကိုယ် နှင့်အတူ လူတစ်ဦး နှစ် ဦးကိုခေါ် ဦးလော့။ ၁၇ ထိုသူ တို့၏စကားကို နားမထောင် လျှင် အသင်းတော် အား ကြားပြော လော့။ အသင်းတော် ၏စကားကို နားမထောင် လျှင် ၊ သာသနာပ လူကဲ့သို့ငင်း ၊ အခွန်ခံ ကဲ့သို့ ၎င်း ထိုသူကိုမှတ် လော့။ ၁၈ ငါအမှန် ဆို သည်ကား၊ မြေကြီး ပေါ်မှာ သင်တို့ချည်နှောင် သမျှ သည် ကောင်းကင် ဘုံ၌ ချည်နှောင် လျက် ရှိ လိမ့်မည်။ မြေကြီး ပေါ်မှာ ဖြည်လွှတ် သမျှ သည် ကောင်းကင် ဘုံ၌ ဖြည်လွှတ် လျက်ရှိ လိမ့်မည်။ ၁၉ တစ်ဖန် ငါဆို သည်ကား၊ မြေကြီး ပေါ်မှာ သင် တို့တွင် နှစ် ယောက်တို့သည် သဘော ချင်းတူ၍ ဆုတောင်း လျှင် ၊ တောင်းသမျှ သောဆု တို့ကို ကောင်းကင် ဘုံ၌ ရှိတော်မူသောငါ ၏ခမည်းတော် သည် ပေး တော်မူလတံ့။ ၂၀ အကြောင်းမူကား ၊ အကြင်အရပ် ၌ လူနှစ် ဦးသုံး ဦးတို့သည် ငါ ၏နာမ ကိုထောက်၍စည်းဝေး ကြ၏၊ ထို အရပ်၌ သူ တို့အလယ် မှာ ငါရှိ သည် ဟု မိန့်တော်မူ၏။ ၂၁ ထိုအခါ ပေတရု သည်ချဉ်းကပ် ၍၊ သခင် ၊ ညီအစ်ကို သည် အကျွန်ုပ် ကိုပြစ်မှား ၍ အကျွန်ုပ် သည် သူ ၏ အပြစ်ကို ဘယ်နှစ်ကြိမ် လွှတ် ရပါအံ့နည်း။ ခုနှစ် ကြိမ်မြောက် အောင်လွှတ်ရပါအံ့လောဟု မေးလျှောက် သော်၊ ယေရှု က၊ ခုနှစ် ကြိမ်မြောက် အောင်လွှတ်ရမည် ငါမ ဆို ။ ၂၂ အကြိမ် ခုနှစ်ဆယ်ခုနှစ်လီ မြောက် အောင်လွှတ်ရမည် ငါဆို၏။ ၂၃ ထို့ကြောင့် ကောင်းကင် နိုင်ငံ တော်သည်၊ မိမိ ကျွန် များတို့ကိုစာရင်း ယူ ခြင်းငှာအလိုရှိ သောမင်းကြီး တစ်ဦးနှင့်တူ ၏။ ၂၄ စာရင်းယူ စဉ်တွင်၊ ငွေ အခွက်တသိန်း ကြွေးတင် သောသူတစ် ယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ ကြ၏။ ၂၅ ထိုသူသည်ကြွေးဆပ် ရန်မ ရှိ သောကြောင့် ၊ ကိုယ်မှစ၍သား မယား ဥစ္စာ ရှိ သမျှ တို့ကိုရောင်း ၍ ကြွေး ကို ဆပ်စေဟု သူ၏သခင် စီရင် ၏။ ၂၆ ထို ကျွန် သည်ညွတ်ပြပ် ဝပ်တွား လျက်၊သခင် ၊ ကျွန်တော် ကိုသည်းခံ တော်မူပါ။ ကြွေးရှိသမျှ ကို ဆပ် ပါမည်ဟုလျှောက် လျှင်၊ ၂၇ သူ ၏သခင် သည် သနား ခြင်းရှိသဖြင့် ကြွေး ရှိသမျှကိုလွှတ် ၍ချမ်းသာ ပေးလေ၏။ ၂၈ ထို ကျွန် သည်ထွက်သွား ရာတွင် မိမိ ငွေဒေနာရိ တစ်ရာ ကြွေးတင် သော ကျွန်ချင်း တစ် ယောက်ကိုတွေ့ လျှင်၊ လည်ပင်း ကိုကိုင် ညှစ်၍ ငါ့ငွေကိုဆပ်ပေး လော့ဟုဆို ၏။ ၂၉ ထိုကျွန်ချင်း သည် ကြွေးရှင်၏ခြေရင်း၌ပြပ်ဝပ် လျက် ကျွန်တော် ကိုသည်းခံ တော်မူပါ။ ကြွေး ရှိသမျှကို ဆပ် ပါမည်ဟု တောင်းပန် သော်လည်း ၊ ၃၀ ငွေရှင် သည် နား မ ထောင်ဘဲသွား ၍ ကြွေး ကိုမ ဆပ်မှီတိုင်အောင်သူ့ ကိုထောင် ထဲမှာ လှောင် ထား၏။ ၃၁ ထိုအမှုအရာ ကို အခြားသောကျွန်ချင်း တို့သည် မြင်

လျှင် အလွန် နာကြည်း သောစိတ်နှင့်သွား ၍ ပြု လေ သမျှ တို့ကို မိမိ တို့သခင် ၌ ကြားလျှောက် ကြ၏။ ၃၂ ထိုအခါ သခင် သည်ထိုကျွန် ကိုခေါ် ၍၊ ဟယ် ဆိုးညစ် သောကျွန် ၊ သင်သည်ငါ့ ကိုတောင်းပန် သောကြောင့် သင် ၌တင်သမျှ သောကြွေး ကို ငါရှင်းလင်း စေ၏။ ၃၃ ငါ သည်သင့် ကိုသနား သကဲ့သို့ သင် သည်လည်း ကျွန်ချင်း ကို မ သနား အပ် သလောဟု ဆို လျက်၊ ၃၄ အမျက်ထွက် ၍ ကြွေး ရှိသမျှ ကို မ ဆပ် မီတိုင်အောင်အာဏာသား တို့လက်ကိုအပ် လေ၏။ ၃၅ သင်တို့သည်လည်း ညီအစ်ကို အချင်းချင်း တို့ကို စိတ် နှလုံးပါလျက်အပြစ် မ လွှတ်လျှင် ၊ ကောင်းကင် ဘုံ၌ ရှိတော်မူသော ငါ ၏အဘ သည် ထိုနည်းတူ သင် တို့ကိုစီရင် တော်မူလတံ့ ဟု မိန့် တော်မူ၏။

၁၉ ထို ဒေသနာ တော်ကို ယေရှု သည်အကုန်အစင် ဟောတော်မူပြီးလျှင် ၊ ဂါလိလဲ ပြည်မှ ပြောင်း၍ ယုဒ ပြည် စွန်း ၊ ယော်ဒန် မြစ်တစ်ဘက် သို့ ကြွ တော်မူ၏။ ၂ လူ များအပေါင်း တို့သည် နောက် တော်သို့လိုက်ကြသည်ဖြစ်၍ ၊ ထို အရပ်၌ အနာ ရောဂါများကို ငြိမ်း စေ တော်မူ၏။ ၃ ဖာရိရှဲ တို့သည် အထံ တော်သို့လာ ၍ လူ သည် ခပ်သိမ်း သောအပြစ် ကြောင့် မိမိ မယား နှင့် ကွာ အပ်သလောဟု စုံစမ်း နှောင့်ရှက်ခြင်းငှာမေးလျှောက် ကြသော်၊ ၄ ကိုယ်တော် က၊ အစအဦး ၌ ဖန်ဆင်း တော်မူသောသူ သည် ယောကျ်ား နှင့် မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်း တော်မူ၏။ ၅ ထို အကြောင်း ကြောင့် ယောကျ်ား သည် ကိုယ် မိဘ ကိုစွန့် ၍ ကိုယ် ခင်ပွန်း ၌မှီဝဲ သဖြင့် ၊ ထိုသူနှစ် ယောက်တို့သည် တစ်သား တစ်ကိုယ်တည်းဖြစ် ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့မဘတ်ဘူးသလော။ ၆ ထို့ကြောင့် လင်မယားတို့သည် နှစ် ဦးမ ဟုတ်တစ်ဦးတည်း ဖြစ် ၏။ ဘုရားသခင် ဘက်စပ် ၍ ထမ်းဘိုးတင် တော်မူသောအရာ ကို လူ မ ခွဲ မခွာစေနှင့် ဟု မိန့် တော်မူ၏။ ၇ ဖာရိရှဲတို့ကလည်း၊ ထိုသို့ မှန်လျှင်ဖြတ်စာ ကိုပေး ၍ မယား နှင့် ကွာ စေခြင်းငှာမောရှေ သည် အဘယ်ကြောင့် စီရင် သနည်းဟု လျှောက် ကြသော်၊ ၈ ကိုယ်တော်က၊ သင် တို့စိတ် နှလုံးခိုင်မာသောကြောင့် မယား နှင့်ကွာ ရသောအခွင့် ကို မောရှေ သည် စီရင် ၏။အစအဦး ၌ ထိုသို့ မ ဟုတ်။ ၉ ငါပညတ် သည်ကား၊ မှားယွင်း ခြင်းအကြောင်းမှတပါး အခြား သောအကြောင်းဖြင့် မိမိ မယား နှင့်ကွာ ၍ အခြားသောမိန်းမနှင့်စုံဘက် သောသူ သည် မိမိမယားကိုပြစ်မှား ၏။ ကွာသောမိန်းမနှင့်စုံဘက်သောသူသည် လည်း သူ့ မယား ကို ပြစ်မှားသည် ဟုမိန့်တော်မူ၏။ ၁၀ တပည့် တော်တို့ကလည်း၊ လင် မယား အမှု သည် ဤသို့ ဖြစ် လျှင် စုံဘက် ခြင်းကိုမ ပြုကောင်း ပါဟု လျှောက် ကြ၏။ ၁၁ ကိုယ်တော် ကလည်း ၊ ထို စကား ကို လူ တိုင်းမ ခံ မယူနိုင်။ အခွင့်ရ သောသူ တို့သာ ခံယူနိုင်ကြ၏။ ၁၂ လူအချို့တို့သည် အမိ ဝမ်း တွင်းကပင် မိန်းမလျာ ဖြစ် ကြ၏။ အချို့တို့သည် သူတစ်ပါး ဆုံးမ ၍ မိန်းမလျာဖြစ်ကြ၏။ အချို့တို့သည် ကောင်းကင် နိုင်ငံ တော်အဘို့ အလို့ငှာမိမိ ကိုယ်ကိုဆုံးမ ၍ မိန်းမလျာဖြစ်ကြ၏။ ထို စကားကို ခံယူ နိုင် သောသူ သည် ခံယူ စေ ဟုမိန့် တော်မူ၏။ ၁၃ ထိုအခါ သူငယ် တို့အပေါ် မှာလက် တော်ကိုတင် ၍ မေတ္တာပို့ တော်မူစေခြင်းငှာအထံ တော်သို့ဆောင်ခဲ့ သည်ဖြစ်၍တပည့် တော်တို့သည် အပြစ်တင် ကြ၏။ ၁၄ ယေရှု ကလည်း ၊ ထိုသူငယ် တို့ကို ရှိစေတော့။ ငါ့ ထံသို့ လာ သည်ကို မ ဆီးတား ကြနှင့်။ ကောင်းကင် နိုင်ငံ တော်သည် ထိုသို့သော သူတို့၏နိုင်ငံဖြစ် သည် ဟု မိန့် တော်မူ၍၊ ၁၅ သူငယ် တို့အပေါ် မှာလက် တော်ကိုတင် ပြီးလျှင် ၊ ထို အရပ်မှ ကြွသွား

တော်မူ၏။ ၁၆ ထိုနောက် လူတစ် ယောက်သည် ချဉ်းကပ် ၍၊ ကောင်းမြတ်သောဆရာ ၊ ထာဝရ အသက် ကို ရ အံ့သောငှာ အကျွန်ုပ်သည် အဘယ် ကောင်းမှု ကို ပြု ရပါမည်နည်းဟု မေးလျှောက် သော်၊ **(aiōnios g166)** ၁၇ ငါ့ ကိုကောင်းမြတ် သည်ဟု အဘယ်ကြောင့် ခေါ် သနည်း။ ဘုရားသခင်တစ်ပါးတည်း သာကောင်းမြတ် တော်မူ၏။ အသက် ရှင်ခြင်းသို့ ဝင်စား လို လျှင် ပညတ် တော်တို့ကို စောင့်ရှောက် လော့ ဟု မိန့် တော်မူ၏။ ၁၈ အဘယ် ပညတ်တို့ကို စောင့်ရှောက်ရမည်နည်းဟု လျှောက် ပြန်သော် ၊ လူအသက်ကိုမ သတ် နှင့်။ သူ့ မယားကို မ ပြစ်မှားနှင့်။ သူ့ဥစ္စာကို မ ခိုး နှင့်။ မမှန် သောသက်သေကို မ ခံနှင့်။ ၁၉ မိဘ ကိုရိုသေ စွာပြုလော့။ ကိုယ် နှင့်စပ်ဆိုင် သောသူ ကို ကိုယ် နှင့်အမျှ ချစ် လော့ ဟု မိန့် တော်မူ၏။ ၂၀ ထိုလုလင် ကလည်း၊ ထို ပညတ်ရှိသမျှ တို့ကို အကျွန်ုပ်သည်ငယ် သောအရွယ်မှစ၍စောင့်ရှောက် ပါပြီ။ အဘယ် အကျင့်လို သေး သနည်းဟု လျှောက် ပြန်လေ၏။ ၂၁ ယေရှု က လည်း၊ သင်သည်စုံလင် ခြင်းသို့ ရောက် လို လျှင် သွား လော့။ ကိုယ် ဥစ္စာ များကိုရောင်း ၍ ဆင်းရဲ သောသူ တို့အား ပေး လော့။ ထိုသို့ပြုလျှင်ကောင်းကင် ဘုံ၌ ဘဏ္ဍာ ကိုရ လိမ့်မည်။ သို့ပြီးမှ ငါ့ နောက် သို့ လိုက် လော့ ဟု မိန့် တော်မူ၏။ ၂၂ ထိုလုလင် သည် များစွာ သောဥစ္စာ ကို ရ တတ်သောသူဖြစ် ၍၊ ထိုစကား ကိုကြား လျှင် စိတ်မသာ သည်နှင့် သွား လေ၏။ ၂၃ ယေရှု ကလည်း ၊ ငါအမှန် ဆို သည်ကား၊ ငွေရတတ် သောသူသည် ကောင်းကင် နိုင်ငံ တော်သို့ ဝင် ခဲ လှ ၏။ ၂၄ တစ်ဖန် ငါဆို သည်ကား၊ ကုလားအုပ် သည် အပ် နဖားကိုလျှို လွယ် ၏။ ငွေရတတ် သောသူသည် ဘုရားသခင် ၏နိုင်ငံ တော်သို့ ဝင် ခဲသည် ဟု တပည့် တော်တို့အားမိန့် တော်မူ၏။ ၂၅ ထိုသူတို့သည်ကြား လျှင် အလွန် မိန်းမော တွေဝေခြင်းရှိ၍ ၊ သို့ ဖြစ်လျှင် အဘယ်သူ သည် ကယ်တင် တော်မူခြင်းသို့ ရောက်နိုင် မည်နည်းဟု ပြောဆို ကြ၏။ ၂၆ ယေရှု သည်လည်း သူ တို့ကိုကြည့်ရှု ၍ ဤအမှု ကိုလူ မ တတ်နိုင်။ သို့သော်လည်း ဘုရားသခင် သည် ခပ်သိမ်း သော အမှုတို့ကို တတ်နိုင် တော်မူသည် ဟု မိန့် တော်မူ၏။ ၂၇ ထိုအခါ ပေတရု က၊ အကျွန်ုပ် တို့သည် ရှိသမျှကို စွန့်ပစ် ၍ ကိုယ်တော် နောက် သို့လိုက်ကြပါပြီ။ အဘယ် အကျိုးကို ရ ကြပါမည်နည်းဟု လျှောက် လေသော်၊ ၂၈ ယေရှု က၊ ငါအမှန် ဆို သည်ကား၊ အလုံးစုံသောအရာတို့ကို အသစ် ပြုပြင်သောကာလ၌ လူ သား သည် ဘုန်း ရှိသော ပလ္လင် တော်ပေါ်မှာ ထိုင် တော်မူသောအခါ ၊ ငါ့ နောက်သို့လိုက် ကြသောသင် တို့သည် တစ်ဆယ့်နှစ် ခု သော ပလ္လင် ပေါ်မှာ ထိုင် လျက်၊ ဣသရေလ လူတစ်ဆယ့်နှစ် မျိုး ကို စစ်ကြော စီရင်ရကြလတံ့။ ၂၉ အကြင်သူ သည် ငါ ၏နာမ ကြောင့် အိမ် ၊ လယ် ၊ ညီအစ်ကို ၊ နှမ ၊ မိဘ ၊ သား မယားတည်းဟူသောတပါးပါး ကိုစွန့် ၏။ ထိုသူသည် အဆတရာ သောအကျိုးကိုရ ၍ ထာဝရ အသက် ကို အမွေ ခံရလတံ့။ **(aiōnios g166)** ၃၀ နောက်ကျ သောသူအများ တို့သည် အရင် ကျကြလိမ့်မည် ။ အရင် ကျသောသူအများတို့သည် နောက်ကျ ကြလိမ့်မည်။

၂၀ ဥပမာကား၊ ကောင်းကင် နိုင်ငံ တော်သည် စပျစ် ဥယျာဉ်ကို လုပ်ဆောင် သောသူတို့ကို ဌား ခြင်းငှာနံနက် စောစောထွက်သွား သော အိမ်ရှင် နှင့်တူ ၏။ ၂ ထိုသူ သည် တစ်နေ့ လျှင် ဒေနာရိ တစ်ပြားစီပေးမည်ဟူ၍လုပ်ဆောင် သောသူတို့နှင့် ဝန်ခံ ပြီးမှ စပျစ် ဥယျာဉ်သို့ စေလွှတ် လေ၏။ ၃ နံနက်တချက်တီး အချိန် ၌ ထွက် ပြန်လျှင် ၊ အခြား

သောသူတို့သည် အလုပ် ကိုမလုပ်၊ စျေး ၌ ရပ် နေသည် ကို မြင် ၍၊ ၄ သင် တို့လည်း ငါ့စပျစ် ဥယျာဉ်သို့ သွား ကြ။ တော်လျော် စွာ ငါပေး မည်ဟုဆို လျှင် ထိုသူတို့သည် သွား ကြ၏။ ၅ တစ်ဖန် နှစ်ချက်တီး အချိန်၊ တစ်ဖန် သုံးချက်တီး အချိန် ၌ ထွက် ၍ ရှေ့နည်းအတူ ပြု လေ၏။ ၆ ဆယ်တ နာရီအချိန်၌လည်း ထွက် ပြန်လျှင် အခြား သောသူတို့သည် အလုပ်ကိုမလုပ်၊ ရပ် နေသည်ကို တွေ့ ၍၊ သင်တို့သည် တစ်နေ့ လုံး အလုပ် ကိုမလုပ်ဘဲ ဤ အရပ်၌ အဘယ်ကြောင့် နေ ကြသနည်းဟုမေး သော်၊ ၇ ထိုသူတို့က၊ ကျွန်တော် တို့ကိုအဘယ်သူ မျှ မငှား ပါဟု ပြောဆို ကြလျှင်၊ သင် တို့လည်း ငါ့စပျစ် ဥယျာဉ်သို့ သွား ကြသော် လျော်စွာရကြလိမ့်မည်ဟု ဆို လေ၏။ ၈ ည အချိန် ရောက် သောအခါ စပျစ် ဥယျာဉ်ရှင် က လုပ်ဆောင် သော သူတို့ကိုခေါ် ခဲ့လော့။ နောက် ဝင် သောသူမှစ၍ အရင် အဦးဝင်သောသူ တိုင်အောင် အခ ကိုပေး လော့ဟု မိမိ စာရေး ကိုမှာ လိုက်လေ၏။ ၉ ထို့ကြောင့်ဆယ်တ နာရီအချိန် ၌ ဝင်သောသူ တို့သည်လာ ၍ ဒေနာရိ တစ်ပြားစီ ခံ ကြ၏။ ၁၀ အရင် ဝင်သောသူတို့သည် လာ ကြသောအခါ ငါတို့သည်သာ၍ ရ မည်ဟု စိတ်ထဲမှာထင်မှတ် သော်လည်း ဒေနာရိ တစ်ပြားစီ ခံရ ကြ၏။ ၁၁ ထိုသို့ ခံ ပြီးလျှင် အိမ်ရှင် ကို ကဲ့ရဲ့ပြစ်တင် ၍၊ ၁၂ နောက် ဝင်သောသူ တို့သည် တစ် နာရီ ခန့်မျှသာ လုပ်ဆောင် သော်လည်း ၊ တစ်နေ့လုံး အမှုဝန် ကို ထမ်းရွက် ၍ နေပူ ဆင်းရဲခံရသော အကျွန်ုပ် တို့နှင့်အညီအမျှ ကိုယ်တော် စီရင် ပါပြီတကားဟု ဆို ကြ၏။ ၁၃ အိမ်ရှင် ကလည်း အဆွေ ၊ သင် ၌ မတရား သောအမှုကိုငါမ ပြု။ ဒေနာရိ တစ်ပြားကိုအမှတ်ပြု၍ သင်သည် ငါ နှင့်ဝန်ခံ သည်မ ဟုတ်လော။ ၁၄ သင် ၏ဥစ္စာ ကို ယူ ၍ သွား လော့။ နောက် ဝင်သောသူတို့အား သင် နှင့်အညီအမျှ ပေး ခြင်းငှာငါအလိုရှိ ၏။ ၁၅ ငါသည် ကိုယ် ဥစ္စာကို ပြု လို သမျှ မ ပြု ရာသလော။ ငါ့ သဘောကောင်း သောကြောင့် သင် သည် မျက်မုန်းကြိုး ရသလောဟု ဆို လေ၏။ ၁၆ ထိုနည်းတူ နောက်ကျ သောသူ တို့သည် အရင် ကျ ကြလိမ့်မည်။ အရင် ကျသောသူ တို့သည် နောက်ကျ ကြလိမ့်မည်။ ခေါ် တော်မူသောသူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည် ဟု မိန့်တော်မူ၏။ ၁၇ ယေရှု သည် ယေရုရှလင် မြို့သို့ တက်ကြွ တော်မူစဉ် ၊ လမ်း ခရီး၌ တစ်ကျိပ် နှစ်ပါးသော တပည့် တော်တို့ကို ဆိတ်ကွယ် ရာအရပ်သို့ခေါ် ၍ ၊ ၁၈ ငါတို့သည် ယေရုရှလင် မြို့သို့ ယခုသွား ကြ၏။ လူ သား သည် ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့လက် သို့ ရောက်လိမ့်မည်။ ထိုသူတို့သည် သေ ပြစ်ကို စီရင် ကြလိမ့်မည်။ ၁၉ လူသားအား ပြက်ယယ်ပြု ခြင်း၊ ရိုက်ပုတ် ခြင်း၊ လက်ဝါးကပ်တိုင် မှာရိုက်ထားခြင်းကို ပြုစေခြင်းငှာ တစ်ပါး အမျိုးသားတို့လက်သို့ အပ်နှံ ကြလိမ့်မည်။ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည် ဟု မိန့် တော်မူ၏။ ၂၀ ထိုအခါ ဇေဗေဒဲ ၏သား တို့အမိ သည် သား တို့နှင့်အတူ အထံ တော်သို့ချဉ်း ၍ ပြပ်ဝပ် လျက်ဆု ကျေးဇူးကို တောင်းပန် လေ၏။ ကိုယ်တော် က သင်သည် အဘယ် ဆုကျေးဇူးကို အလိုရှိ သနည်း ဟု မေး တော်မူသော်၊ ၂၁ ကိုယ်တော် ၏နိုင်ငံ တွင် ကျွန်မ ၌ ဤ သား နှစ် ယောက်တို့သည် လက်ျာ တော်ဘက်၌ တစ် ယောက်၊ လက်ဝဲ တော်ဘက်၌ တစ် ယောက် ထိုင် ရသောအခွင့်ကိုပေးတော်မူပါဟု လျှောက် လေ၏။ ၂၂ ယေရှု ကလည်း ၊ သင်တို့သည် အဘယ်သို့ တောင်းပန် သည်ကို သင်တို့မ သိ ကြ။ ငါ သောက် ရအံ့ သောခွက် ကို သောက် ခြင်းငှာငင်း၊ ငါခံသောဗတ္တိဇံကိုခံခြင်းငှာငင်း၊ သင်တို့သည်

တတ်စွမ်း နိုင်သလော ဟု မေး တော်မူလျှင်၊ အကျွန်ုပ်တို့သည် တတ်စွမ်း နိုင်ပါ၏ဟု လျှောက် ကြသော်၊ ၂၃ ငါ ၏ခွက်ကို သင်တို့သည်သောက် ရကြလိမ့်မည်။ ငါခံသော ဗတ္တိဇံကိုလည်း သင်တို့သည်ခံရကြ လိမ့်မည်။ သို့သော်လည်း ငါ ၏လက်ျာ ဘက်၊ လက်ဝဲ ဘက်မှာ ထိုင် ရသောအခွင့်ကိုကား အကြင်သူ တို့အဘို့ အလို့ငှာငါ့ ခမည်းတော်သည် ပြင်ဆင် ၏။ ထို သူတို့အားသာ ငါ ပေး ပိုင်သည် ဟု မိန့် တော်မူ၏။ ၂၄ အခြားသောတပည့်တော်တစ်ကျိပ်တို့သည် ကြားသိ လျှင် ၊ ထိုညီအစ်ကို နှစ် ယောက်တို့ကို အမျက်ထွက် ကြ၏။ ၂၅ ယေရှု သည် ထိုသူ တို့ကိုခေါ်တော်မူ၍၊ သင်တို့ သိ သည်အတိုင်း လောကီ မင်း တို့သည်အစိုးတရ ပြု တတ်ကြ၏။ ၂၆ အကဲအမှူး တို့သည် အာဏာထားတတ်ကြ၏။ ၂၇ သင် တို့မူကား ထိုသို့ မ ပြု ကြနှင့်။ လူ သား သည် သူတပါးကိုစေစား ခြင်းငှာမ လာ၊ ၂၈ သူတစ်ပါးအစေ ကို ခံခြင်းငှာငင်း၊ မိမိ အသက် ကိုစွန့် ၍ လူများ ကိုရွေး ခြင်းငှာ ငင်း၊ ကြွလာ သည်ဖြစ်၍၊ ထိုနည်းတူ သင် တို့တွင် အကဲအမှူးပြုလို သောသူကို သင် တို့အစေခံ ဖြစ် စေ။ သင်တို့တွင်အထွဋ်အမြတ် လုပ်ချင် သောသူကိုလည်း သင် တို့ကျွန် ဖြစ် စေ ဟု မိန့်တော်မူ၏။ ၂၉ ယေရိခေါ မြို့မှ ထွက်သွား ကြစဉ်တွင် လူ များ အပေါင်းတို့သည် နောက်တော်သို့လိုက် ကြ၏။ ၃၀ ယေရှု သည် ကြွသွား တော်မူကြောင်း ကို လမ်း နား မှာထိုင် နေသော လူကန်း နှစ်ယောက်တို့သည် ကြား ရ လျှင် ။ ဒါဝိဒ် ၏သား တော်အရှင် ၊ အကျွန်ုပ် တို့ကို ကယ်မ သနားတော်မူပါဟုဟစ်ကြော်လေ၏။ ၃၁ ထိုသူ တို့ကို တိတ်ဆိတ် စွာနေစေခြင်းငှာ လူ အစုအဝေးတို့သည်ငေါက် ၍ ဆိုကြသော်လည်း ၊ ဒါဝိဒ် ၏သား တော်အရှင် ၊ အကျွန်ုပ် တို့ကို ကယ်မ သနားတော်မူပါဟု သာ၍ ဟစ်ကြော် ကြ၏။ ၃၂ ယေရှု သည်လည်း ရပ်တော်မူလျက် ထိုသူ တို့ကိုခေါ် ၍ သင် တို့ ၌အဘယ်သို့ ပြု စေလို သနည်း ဟု မေး တော်မူလျှင် ၊ ၃၃ သခင် ၊ အကျွန်ုပ်တို့ မျက်စိ ကို ပွင့်လင်း စေခြင်းငှာ ပြုတော်မူပါဟု လျှောက် ကြသော်၊ ၃၄ ယေရှု သည် သနား ခြင်းစိတ်တော်ရှိ၍ သူတို့မျက်စိ ကို လက်နှင့်တို့ တော်မူ၏။ ထိုခဏခြင်း တွင် ထိုသူ တို့သည် မျက်စိမြင် ၍ နောက်တော်သို့လိုက် ကြ၏။

၂၁ ယေရုရှလင် မြို့အနီး သို့ချဉ်း၍ သံလွင် တောင် ခြေရင်း၌ ဗက်ဖာဂေ ရွာသို့ ရောက် ကြသောအခါ ယေရှု သည် တပည့် တော်နှစ် ယောက်တို့ကို စေလွှတ် ၍ ၊ ၂ သင် တို့ရှေ့၌ရှိသောရွာ သို့ သွား ကြ။ ထိုရွာ၌ ချည်နှောင်လျက်ရှိသောမြည်းမ နှင့် မြည်းကလေး ကို သင် တို့သည် ချက်ခြင်း တွေ့ လိမ့်မည်။ မြည်းကြိုးကိုဖြည် ၍ ငါ့ထံသို့ဆောင်ခဲ့ ကြ။ ၃ သူတစ်ပါး သည် သင် တို့အား တစ်စုံတစ်ခု ကိုဆို လျှင် သခင် အလို ရှိ သည်ဟုပြန်ပြောကြလော့။ ထိုသို့ ပြော လျှင် ထိုသူသည်ချက်ခြင်း ပေး လိုက်မည် ဟု မှာထား တော်မူ၏။ ၄ ထို အကြောင်းအရာမူကား၊ သင် ၏အရှင် မင်းကြီးသည် မြည်းမ နှင့် မြည်းကလေး ကိုစီး ၍၊ ၅ နူးညံ့ သိမ်မွေ့သောစိတ်နှင့် သင် ရှိရာသို့ ကြွလာ တော်မူသည်ကို ကြည့်ရှု လော့ဟု ဇိအုန် သတို့သမီး အား ပြော ကြလော့ဟူသော ပရောဖက် ၏ နှုတ်ထွက်ပြည့်စုံ မည်အကြောင်း ဖြစ် သတည်း။ ၆ တပည့် တော်တို့သည်သွား ၍ အမိန့် တော်အတိုင်း ပြု သဖြင့် ၊ ၇ မြည်းမ နှင့် မြည်းကလေး ကိုဆောင်ခဲ့ ၍ မြည်းကျောပေါ်မှာ မိမိ တို့အဝတ် ကိုတင် ကြပြီးလျှင် ကိုယ်တော်သည် စီးတော်မူ၏။ ၈ အတိုင်းမသိ များစွာ သောလူတို့သည် မိမိ တို့အဝတ် ကို လမ်း ၌ ခင်း ကြ၏။ အချို့ တို့သည် သစ်

ကိုင်း သစ်ခက်များကိုခုတ် ၍ လမ်း ၌ ခင်း ကြ၏။ ၉ ရှေ့ နောက် လိုက်သွားသော အခြံအရံ များတို့က ဒါဝိဒ် ၏သား တော်အား ဟောရှဏ္ဏ ဖြစ်စေသတည်း။ ထာဝရ ဘုရား၏အခွင့် နှင့် ကြွလာ တော်မူသောသူ သည်မင်္ဂလာ ရှိစေသတည်း။ ကောင်းကင် ဘဝ်ဝယ် ဟောရှဏ္ဏ ဖြစ်စေသတည်းဟု ကြွေးကြော် ကြ၏။ ၁၀ ယေရုရှလင် မြို့သို့ ဝင် တော်မူသောအခါ တမြို့လုံး အုတ်အုတ်သဲသဲ ၍၊ ဤ သူကားအဘယ်သူ နည်းဟု မေးမြန်း ကြလျှင်၊ ၁၁ လူ အစုအဝေးတို့က၊ ဤသူ သည် ဂါလိလဲ ပြည်နာဇရက် မြို့၌ ပေါ်ထွန်းသောပရောဖက် ယေရှု ပေတည်း ဟု ပြောဆို ကြ၏။ ၁၂ ယေရှု သည် ဘုရားသခင်၏ဗိမာန် တော်သို့ ဝင် တော်မူပြီးလျှင် ၊ ဗိမာန် တော်၌ ရောင်း ဝယ် သောသူ အပေါင်း တို့ကို နှင်ထုတ် ၍ ၊ ငွေ လဲသောသူတို့၏ခုံ များကိုငင်း ၊ ချိုးငှက် ရောင်း သောသူ တို့၏ ထိုင် နေရာကိုငင်း တွန်းလဲ့ တော်မူလျက် ၊ ၁၃ ငါ့ အိမ် ကို ဆုတောင်း ရာအိမ် ဟူ၍ခေါ် ဝေါ် ကြလတံ့ဟု ကျမ်းစာ ၌လာသော်လည်း ၊ သင် တို့သည် ထို အိမ် ကို ဓားပြ တွင်း ဖြစ် စေကြပြီတကား ဟု မိန့် တော်မူ၏။ ၁၄ ထိုအခါ ဗိမာန် တော်၌ မျက်စိကန်း သောသူ၊ ခြေမစွမ်း သောသူတို့သည် အထံ တော်သို့လာ ၍ သူ တို့အနာရောဂါကို ငြိမ်း စေတော်မူ၏။ ၁၅ ကိုယ်တော်ပြု တော်မူသော အံ့သြဘွယ် အမှု တို့ကိုငင်း၊ သူငယ် တို့ကလည်း ၊ ဒါဝိဒ် ၏သား တော်အား ဟောရှဏ္ဏ ဖြစ်စေသတည်းဟု ဗိမာန် တော်၌ ကြွေးကြော် ကြသည်ကိုငင်း၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့ သည် ကြားမြင် လျှင် အမျက်ထွက် ကြ၍ ၊ ၁၆ ဤ သူတို့သည် အဘယ်သို့ ပြောဆို သည်ကို ကြား သလောဟု ယေရှု အား မေး ကြလေသော်၊ ငါကြား ၏။ နို့စို့ သူငယ် တို့ နှုတ် ထဲမှ ကိုယ်တော်သည် ချီးမွမ်း ခြင်းကိုပြင်ဆင် တော်မူသည်ဟူသောစကားကို သင်တို့သည် တရံတစ်ခါ မျှ မဘတ် ဘူးသလော ဟု မိန့် တော်မူ၏။ ၁၇ ထိုအခါ သူ တို့ကိုထား ခဲ့၍မြို့ ထဲမှ ထွက် ပြီးလျှင် ဗေသနိ ရွာသို့ ကြွ၍ ထို ညဉ့်ကို လွန် စေတော်မူ၏။ ၁၈ နံနက် အချိန်၌ မြို့ သို့ ပြန် စဉ်တွင် ဆာမွတ် တော်မူ၏။ ၁၉ လမ်း နား မှာသင်္ဘောသဖန်း ပင်တစ် ပင်ကို မြင် လျှင် ၊ ထိုအပင် သို့ ကြွသွား ၍ အရွက် ကိုသာ တွေ့ တော်မူသည်ရှိသော်၊ ယခုမှစ၍ အစဉ်မပြတ် သင် ၌အသီး မ သီး စေနှင့် ဟု မိန့် တော်မူလျှင် ၊ ထိုအပင် သည် ချက်ခြင်း သွေ့ခြောက် လေ၏။ (aiōn g165) ၂၀ တပည့် တော်တို့သည် မြင် လျှင် ၊ သင်္ဘောသဖန်း ပင်သည် ချက်ခြင်း သွေ့ခြောက် ပါပြီတကားဟု အံ့သြ ၍ ဆို ကြ၏။ ၂၁ ယေရှု ကလည်း ၊ ငါအမှန် ဆို သည်ကား၊ သင်တို့သည် ယုံမှား ခြင်းနှင့် ကင်း သော ယုံကြည် ခြင်းရှိ လျှင် ၊ သင်္ဘောသဖန်း ပင်၌ ပြု သကဲ့သို့သင်တို့ပြုနိုင်သည်သာမက ၊ ထို တောင် ကိုပင် နေရာမှ ရွေ့ လော့၊ ပင်လယ် ၌ ကျ လော့ဟုဆို လျှင်ဆိုသည်အတိုင်း ဖြစ် လိမ့်မည်။ ၂၂ ယုံကြည် ခြင်းပါလျက် ပဌနာ ပြု၍ ဆုတောင်း သမျှ တို့ကို သင်တို့သည်ရ ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၂၃ ဗိမာန် တော်သို့ ဝင် ပြန်၍ ဆုံးမ သြဝါဒပေးတော်မူစဉ်တွင်၊ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ တို့တွင် အကြီးအကဲ ဖြစ်သောသူ တို့သည် အထံ တော်သို့ချဉ်းကပ် ၍၊ ကိုယ်တော်သည် ဤ အမှုများကို အဘယ် အခွင့် နှင့် ပြု သနည်း။ ထို အခွင့် ကို အဘယ်သူ ပေး သနည်းဟု မေးလျှောက် ကြသော်၊ ၂၄ ယေရှု က၊ ငါ သည် တစ်စုံတစ်ခု ကိုမေး ဦးမည်။ သင်တို့ဖြေ လျှင် ဤ အမှုများကို အဘယ် အခွင့် နှင့် ငါပြု သည်ကို ငါ ပြော မည်။ ၂၅ ယောဟန် ၏ ဗတ္တိဇံ တရားသည် အဘယ် ကဖြစ် သနည်း။ ဘုရား က ဖြစ်သလော ။ လူ က

ဖြစ်သလော ဟု မေး တော်မူ၏။ ထိုသူ တို့သည် အချင်းချင်း ဆင်ခြင် ၍ ဘုရား က ဖြစ်သည်ဟု ငါတို့ဖြေ လျှင် ၊ သင်
တို့သည် ယောဟန် ကို အဘယ်ကြောင့် မ ယုံသနည်းဟု သူမေး လေဦးမည်။ ၂၆ လူ က ဖြစ်သည်ဟု ငါတို့ဖြေ လျှင် လူ
များကိုကြောက် ရ၏။ အကြောင်းမူကား ၊ လူအပေါင်း တို့သည် ယောဟန် ကို ပရောဖက် ကဲ့သို့ ထင်မှတ် ကြ၏ဟု
အချင်းချင်းဆင်ခြင်ပြီးမှ၊ ၂၇ အကျွန်ုပ်တို့မ သိ ပါဟု ယေရှု အား ပြန်ပြော ကြ၏။ ကိုယ်တော် ကလည်း ၊ ထိုအတူ
ဤ အမှုများကို အဘယ် အခွင့် နှင့် ငါပြု သည်ကို ငါ မ ပြော ။ ၂၈ သင် တို့သည် အဘယ်သို့ ထင် ကြသနည်း။
တစ်စုံတစ်ယောက်သောသူ ၌ သား နှစ် ယောက်ရှိ ၏။ သားအကြီး ဆီသို့သွား ၍ ငါ့သား ၊ ယနေ့ ငါ့စပျစ် ဥယျာဉ်သို့
သွား ၍ လုပ်ဆောင် လော့ဟုဆို လျှင် ၊ ၂၉ သား က ငါမ သွား ဘူးဟု ပြန်ပြော သော်လည်း ၊ နောက်မှ နောင်တရ ၍သွား
လေ၏။ ၃၀ အဘသည် အခြား သောသားဆီသို့သွား ၍ ရှေ့နည်းအတူ ဆို လျှင် ၊ သား ကသွားပါမည်အဘသခင် ဟု ဆို
သော်လည်း မ သွား ဘဲနေ၏။ ၃၁ ထိုသားနှစ် ယောက်တို့တွင် အဘယ်သူ သည် အဘ ၏အလို ကိုဆောင် သနည်း ဟု
မေးတော်မူလျှင်၊ သား အကြီး ဆောင်ပါသည်ဟု လျှောက် ကြသော်၊ ယေရှု ကလည်း ငါအမှန် ဆို သည်ကား၊ အခွန်ခံ
တို့နှင့် ပြည်တန်ဆာ တို့သည် သင် တို့အရင် ဘုရားသခင် ၏နိုင်ငံ တော်သို့ ဝင်တတ်ကြ၏။ ၃၂ အကြောင်းမူကား
၊ ယောဟန် သည် ဖြောင့်မတ် သောအကျင့် ကိုကျင့်၍ သင် တို့ဆီသို့ လာ သော်လည်း သင်တို့မ ယုံကြည် ကြ။
အခွန်ခံ တို့နှင့် ပြည်တန်ဆာ တို့မူကား ယုံကြည် ကြ၏။ ထိုအကြောင်းကို သင် တို့သည် မြင် သော်လည်း ယုံကြည်
မည်အကြောင်း နောက်တစ်ဖန် နောင်တ မ ရကြ။ ၃၃ အခြား သော ဥပမာ ကိုနားထောင် ကြလော့။ အိမ်ရှင် တစ်ဦးသည်
စပျစ် ဥယျာဉ်ကိုစိုက်ပျိုး ၍၊ စောင်ရန်း ကို လုပ် ပြီးမှ စပျစ်သီး နယ်ရာကျင်းကိုတူး လေ၏။ မှီခိုရာလင့်စင် ကိုလည်း
ဆောက် လေ၏။ လုပ်ဆောင် သော သူတို့အား ဥယျာဉ် ကိုငှား ၍ အခြားသောပြည်သို့သွား လေ၏။ ၃၄ အသီး သီးချိန်
ရောက် သောအခါ ၊ အသီး ကိုခံ စေခြင်းငှာငယ်သား တို့ကို ဥယျာဉ်စောင့် တို့ရှိရာ သို့ စေလွှတ် လေ၏။ ၃၅ ထိုသူ
တို့သည် ငယ်သား များကို ဘမ်း ပြီးလျှင် တစ်ဦး ကိုရိုက် ၍၊ တစ်ဦး ကိုသတ် ၍ ၊ တစ်ဦး ကို ခဲ နှင့်ပစ်ကြ၏။ ၃၆
နောက်တစ်ဖန် အရင် ထက် များသော အခြား ငယ်သား တို့ကို စေလွှတ် ပြန်လျှင် ၊ ဥယျာဉ်စောင့်တို့သည် ရှေ့နည်းတူ ပြု
ကြ၏။ ၃၇ နောက်ဆုံး ၌ ဥယျာဉ်ရှင်က၊ ထိုသူတို့သည်ငါ့ သား ကို အားနာ ကြလိမ့်မည်ဟုဆို ၍ မိမိ သား ကို စေလွှတ်
လေ၏။ ၃၈ ဥယျာဉ်စောင့် တို့သည် သား ကိုမြင် လျှင် ဤသူ သည်အမွေခံ ဖြစ် ၏။ လာ ကြ၊ သူ့ ကိုသတ် ၍ သူ ၏
အမွေ ဥစ္စာကိုယူ ကြကုန်အံ့ဟု အချင်းချင်း တိုင်ပင် ၍၊ ၃၉ ဥယျာဉ်ရှင်၏သား ကို ဘမ်းယူ ပြီးမှ ဥယျာဉ် ပြင် သို့ထုတ်
၍ သတ်ပစ် ကြ၏။ ၄၀ သို့ ဖြစ်လျှင် ဥယျာဉ် ရှင် သည်လာ သောအခါ ၊ ဥယျာဉ်စောင့် တို့ကိုအဘယ်သို့ ပြု မည်နည်း
ဟုမေးတော်မူ၏။ ၄၁ ပရိသတ်တို့ကလည်း ထိုလူဆိုး တို့အား ဆိုး သောဖျက်ဆီး ခြင်းကို စီရင်ပါလိမ့်မည်။ အသီး
သီးချိန် တွင် အသီးကို ဆက် အံ့သောအခြား လူ တို့အား ထိုဥယျာဉ် ကို ငှား ပါလိမ့်မည်ဟု လျှောက် ကြ၏။ ၄၂ ယေရှု
ကလည်း၊ တိုက်ကိုတည်လုပ် သောသူ များ ပယ် ထားသောကျောက် သည် နောက်တစ်ဖန်တိုက် ထောင့် အထွဋ်ရှု ဖျားသို့
ရောက် ပြန်၏။ ထို အမှုသည် ထာဝရ ဘုရားပြုတော်မူသောအမှုဖြစ် ၏။ ငါ တို့ မျက်မှောက် ၌ လည်း အံ့သြဘွယ် ဖြစ်

၏ဟူသောစကားကို ကျမ်းစာ ၌ သင်တို့သည် တရံတခါမျှမ ဘတ် ဘူးသလော။ ၄၃ ထို့ကြောင့် ငါဆို သည်ကား၊ ဘုရားသခင် ၏နိုင်ငံ တော်ကို သင် တို့မှ နှုတ် ၍ နိုင်ငံ တော်၏အသီး ကို သီး အံ့သောလူမျိုး အား ပေး ရလတံ့။ ၄၄ အကြင်သူ သည် ထို ကျောက် အပေါ် သို့ ကျ ၏။ ထိုသူသည် ကျိုး လတံ့၊ အကြင်သူ ၏အပေါ် သို့ ထို ကျောက်သည်ကျ ၏၊ ထိုသူ သည် ညက်ညက် ကြေလတံ့ ဟု မိန့် တော်မူ၏။ ၄၅ ထိုဥပမာ စကားကို ယဇ်ပုရောဟိတ် အကြီးနှင့် ဖာရိရှဲ တို့သည်ကြား ရလျှင် ၊ မိမိ တို့ကို ရည်ဆောင် ၍ ဟောပြော တော်မူသည်ကို သိ ကြ၏။ ၄၆ ကိုယ်တော် ကို ဘမ်းဆီး ခြင်းငှာရှာကြံ သော်လည်း စုဝေး သောသူများကို ကြောက် ကြ၏။ အကြောင်းမူကား ၊ ထိုသူတို့သည် ကိုယ်တော် ကို ပရောဖက် ကဲ့သို့ ထင်မှတ် ကြ၏။

၂၂ တစ်ဖန် ယေရှု သည် ဥပမာ ကိုဆောင်၍ ပရိသတ် တို့အား မိန့်မြွက် တော်မူသည်ကား၊ ၂ ကောင်းကင် နိုင်ငံ တော်သည် မိမိ သား အဘို့ ထိမ်းမြား မင်္ဂလာဆောင်ပွဲကို စီရင် သောမင်းကြီး နှင့်တူ ၏။ ၃ ထိုမင်းကြီးသည် ဘိတ် ပြီးသောသူ တို့ကို ခေါ် စေခြင်းငှာလုလင် တို့ကိုစေလွှတ် သောအခါ ထိုသူတို့သည် မ လာ ဘဲနေကြ၏။ ၄ တစ်ဖန် အခြား သောလုလင် တို့ကို စေလွှတ် ၍ ငါ့ ပွဲ ကို ငါပြင်ဆင် ပြီ။ နွား မှစသောဆူဖြိုး သော တိရစ္ဆာန် များကို သတ် ၍ပြီးပြီ။ အလုံးစုံ တို့သည် အသင့် ရှိပြီ။ မင်္ဂလာဆောင်ပွဲ သို့ လာ ကြပါဟု ဘိတ် ပြီးသောသူ တို့အား ပြော ကြဟု မှာ လိုက်ပြန်၏။ ၅ သို့သော်လည်း ထိုသူ တို့သည် နားမထောင် ဘဲ အချို့ တို့သည် မိမိ လယ် သို့ သွား ကြ၏။ အချို့ တို့သည် ကုန်သွယ် ရာသို့ သွားကြ၏။ ၆ ကြွင်း သောသူ တို့သည်လည်း လုလင် တို့ကိုဘမ်းဆီး ၍ ညှဉ်းဆဲ ခြင်း၊ အသေ သတ်ခြင်းကို ပြုကြ၏။ ၇ ထိုမင်းကြီး သည်ကြားလျှင် အမျက်ထွက် ၍ စစ် ခရီ စေသဖြင့် ၊ လူ အသက်ကိုသတ်သော ထို သူတို့ကို အပြီးလုပ်ကြဲ ၍ သူ တို့၏မြို့ ကို မီးရို့ လေ၏။ ၈ ထိုနောက်မှ မင်းကြီးသည်လုလင် တို့ကိုခေါ် ၍ ငါ၏မင်္ဂလာဆောင် ပွဲသည် အသင့် ရှိ ၏။ ခေါ် ဘိတ် သောသူ တို့သည် မ ထိုက် မတန်သောကြောင့် ၊ ၉ လမ်းမ လမ်းကြား သို့ သွား ၍ တွေ့ သမျှ သောသူတို့ကို ပွဲ သို့ ခေါ် ဘိတ် ကြဟု အမိန့် တော်ရှိသည်အတိုင်း၊ ၁၀ လုလင် တို့သည် လမ်း များသို့ ထွက်သွား ၍ ကောင်း မကောင်း တွေ့ သမျှ သော လူအပေါင်း တို့ကို စုဝေး စေ၍ ပွဲ တော်၌ အပြည့် ရှိလေ၏။ ၁၁ မင်းကြီး သည် ပွဲ ၌ လျောင်း သောသူ တို့ကို ကြည့်ရှု ခြင်းငှာဝင် တော်မူသောအခါ ၊ မင်္ဂလာဆောင် ပွဲ၏ အဝတ် ကိုမ ဝတ် သောသူ တစ်ယောက်ကိုမြင် လျှင် ၊ ၁၂ အဆွေ ၊ မင်္ဂလာဆောင် ပွဲ၏ အဝတ် မ ရှိ ဘဲ အဘယ်ကြောင့် ဝင် သနည်းဟု မေး တော်မူသည်ကို ထိုသူ သည် မ ပြောနိုင်ဘဲနေ၏။ ၁၃ ထိုအခါ မင်းကြီး သည် အခြံအရံ တို့အား ထိုသူ ၏လက် ခြေ ကိုတုပ်နှောင် လော့။ ဝိုကြွေး ခြင်းအံသွား ခဲကြိတ် ခြင်းရှိ ရာ၊ ပြင် အရပ် မှောင်မိုက် ထဲသို့ ယူသွားချ လိုက်ကြဟု အမိန့် တော်ရှိ၏။ ၁၄ ထိုသို့ ခေါ် တော်မူသောသူအများ ရှိ သော်လည်း ၊ ရွေးကောက် တော်မူသောသူနည်း သည် ဟု မိန့်တော်မူ၏။ ၁၅ ထိုအခါ ဖာရိရှဲ တို့သည် ထွက်သွား ပြီးလျှင်၊ ငါတို့သည်သူ ၏စကား ကို ချောင်းမြောင်း၍ အပြစ် ပြုခွင့်ကို အဘယ်သို့ရ နိုင်သနည်းဟု မေးမြန်း တိုင်ပင်ပြီးမှ၊ ၁၆ မိမိ တပည့် တို့နှင့် ဟေရုဒ် တပည့်တို့ကို အထံ တော်သို့စေလွှတ် ၍ အရှင် ဘုရား၊ ကိုယ်တော်သည် သစ္စာ

ရှိပါ၏။ အဘယ်သူ ကိုမျှမ ကြောက် ၊ လူ မျက်နှာ ကိုမ ထောက် ဘဲ ဘုရားသခင် ၏တရားလမ်း ကို ဟုတ်မှန် စွာ ပြ
တော်မူသည်ကို အကျွန်ုပ်တို့သိ ကြပါ၏။ ၁၇ သို့ ဖြစ်၍ ကိုယ်တော် သည် အဘယ်သို့ ထင် တော်မူသနည်း။ ကဲသာ
ဘုရင်အားအခွန် ကို ဆက် အပ် သလော။ မ ဆက်အပ်သလော အကျွန်ုပ် တို့အား မိန့် တော်မူပါဟု မေးလျှောက်
ကြ၏။1" ၁၈ ယေရှု သည် ထိုသူ တို့၏ဆိုးညစ် သောသဘောကို သိ တော်မူလျှင် ၊ လျှို့ဝှက် သောသူတို့၊ အဘယ်ကြောင့်
ငါ့ ကို စုံစမ်း နှောင့်ရှက်ကြသနည်း။ ၁၉ အခွန် ငွေ တစ်ပြားကိုပြ ပါ ဟု မိန့် တော်မူ၍၊ ဒေနာရိ တစ်ပြားကို ယူခဲ့
ကြ၏။ ၂၀ ဤ ပုံ ဤလိပ်စာ ကား၊ အဘယ်သူ ၏ပုံ အဘယ်သူ၏လိပ်စာဖြစ်သနည်း ဟု မေး တော်မူလျှင် ၊ ၂၁ ကဲသာ
ဘုရင်၏ပုံ၊ လိပ်စာဖြစ်ပါသည်ဟု လျှောက် ကြသော်၊ ယေရှုကလည်း၊ ကဲသာ ဘုရင်၏ဥစ္စာ ကို ကဲသာ ဘုရင်အား
ဆက်ပေး ကြလော့။ ဘုရားသခင် ၏ ဥစ္စာ ကိုကား ဘုရားသခင် အားဆက်ပေးကြလော့ ဟု မိန့် တော်မူ၏။ ၂၂
ထိုသူတို့သည် ကြား ရလျှင် အံ့သြ ၍ အထံ တော်မှ ထွက် သွား ကြ၏။ ၂၃ ထမြောက် ရှင်ပြန်ခြင်းမ ရှိ ဟူ၍အယူရှိသော
ဒဿုကဲ တို့သည် ထို နေ့ ၌ အထံ တော်သို့ချဉ်းကပ် ၍၊ ၂၄ အရှင် ဘုရား၊ လူ မည်သည်ကားသား မ ရှိ ဘဲသေ လျှင် ၊
သူ ၏မယား ကို သူ့ ညီ သိမ်းယူ ၍ အစ်ကို အမျိုး မပြတ်ဆက်နွယ် စေဟု မောရှေ စီရင်ပါပြီ။ ၂၅ ကျွန်ုပ် တို့တွင်
ညီအစ်ကို ခုနစ် ယောက်ရှိ ပါ၏။ အစ်ကိုအကြီး သည် မိန်းမနှင့် စုံဘက် ၍ သား မ ရှိ ဘဲ သေ သဖြင့် မိမိ မယား ကို
မိမိ ညီ နှင့် ကျန်ရစ် စေ၏။ ၂၆ ထိုအတူ တစ်ယောက်နောက်တစ်ယောက် ခုနစ် ယောက်သောညီအစ်ကိုတို့သည်
ထိုမိန်းမနှင့် စုံဘက်ပြီးမှသေကြ၏။ ၂၇ နောက်ဆုံး ၌ မိန်းမ သည်လည်း သေ လေ၏။ ၂၈ သို့ ဖြစ်၍ ထမြောက်
ရာကာလ၌ ထိုမိန်းမသည်ခုနစ် ယောက်သောညီအစ်ကိုတို့တွင် အဘယ်သူ ၏ မယား ဖြစ် ရပါမည်နည်း။ ထိုသူအပေါင်း
တို့သည် ထိုမိန်းမ နှင့်စုံဘက် ခြင်းကို ပြုကြပြီဟု မေးလျှောက် ကြ၏။ ၂၉ ယေရှု ကလည်း ၊ သင်တို့သည် ကျမ်းစာ
ကိုနား မ လည်၊ ဘုရားသခင် ၏တန်ခိုး တော်ကို မ သိသောကြောင့်မှား သောအယူကိုယူကြ၏။ ၃၀ ထမြောက်
ရာကာလ၌ စုံဘက် ခြင်းကို မ ပြု၊ ထိမ်းမြား ပေးစားခြင်းကို မ ပြု။ ၃၁ ကောင်းကင် သားဘုရားသခင်၏ တမန်တော်
ကဲ့သို့ ဖြစ် ကြ၏။ ၃၂ ထိုမှတပါးသေ လွန်သောသူ တို့သည် ထမြောက် ခြင်းအရာမှာ၊ ဘုရားသခင် က၊ ငါ သည်
အာဗြဟံ ၏ ဘုရား ၊ ဣဇာက် ၏ဘုရား ၊ ယာကုပ် ၏ဘုရား ဖြစ် သည်ဟု သင် တို့အား မိန့်မြွက် တော်မူကြောင်းကို
သင်တို့သည် မ ဘတ် ဘူးသလော။ ဘုရားသခင်သည် သေ နေသောသူတို့၏ ဘုရား မ ဟုတ် ၊ အသက် ရှင်သောသူတို့၏
ဘုရားဖြစ်တော်မူသည် ဟု မိန့် တော်မူ၏။ ၃၃ ပရိသတ် များတို့သည် ကြား ရလျှင် ဆုံးမ ဩဝါဒပေးတော်မူသည်ကို
အံ့သြ ခြင်းရှိကြ၏။ ၃၄ ဒဿုကဲ တို့၏ စကား ကို ချေတော်မူကြောင်း ကို ဖာရိရှဲ တို့သည်ကြား လျှင် စုဝေး ကြ၍ ၊ ၃၅ သူ
တို့အဝင် အပါဖြစ်သော ကျမ်းတတ် တစ် ယောက်သည် ကိုယ်တော် ကို စုံစမ်း နှောင့်ရှက်ခြင်းငှာ၊ ၃၆ အရှင် ဘုရား၊
ပညတ္တိ ကျမ်း၌ အဘယ် မည်သော ပညတ် သည်သာ၍ ကြီးသနည်းဟု မေးလျှောက် သော်၊ ၃၇ ယေရှု က၊ သင်
၏ဘုရားသခင် ထာဝရ ဘုရားကို စိတ် နှလုံးအကြွင်းမဲ့ ဉာဏ် ရှိသမျှ နှင့် ချစ် လော့၊ ၃၈ ဟူသော ပညတ်သည် ပဌမ
ပညတ် ဖြစ် ၏။ ကြီးမြတ် သော ပညတ်လည်း ဖြစ်၏။ ၃၉ ထိုမှတပါးကိုယ် နှင့်စပ်ဆိုင် သောသူကို ကိုယ် နှင့်အမျှ

ချစ် လော့ဟူသောဒုတိယ ပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ ၏။ ၄၀ ဤ ပညတ် နှစ် ပါးတို့ကား ပညတ္တိ ကျမ်းနှင့် အနာဂတ္တိ ကျမ်း ရှိသမျှ တို့၏ အချုပ်အခြာ ပင်ဖြစ်သတည်း ဟု မိန့် တော်မူ၏။ ၄၁ ဖာရိရှဲ တို့သည် စုဝေး ၍ နေကြစဉ်တွင်ယေရှု က၊ သင် တို့သည် ခရစ်တော် ကို အဘယ်သို့ ထင်မှတ် ကြ သနည်း။ ၄၂ အဘယ်သူ ၏ သား ဖြစ် သနည်း ဟု မေး တော်မူလျှင်၊ ဒါဝိဒ် ၏သား ဖြစ်သည်ဟု လျှောက် ကြသော်၊ ၄၃ သို့ ဖြစ်လျှင် ဒါဝိဒ် သည် ခရစ်တော် ကို သခင် ဟူ၍ဝိညာဉ် တော်အားဖြင့် အဘယ်ကြောင့် ခေါ် သနည်း။ ၄၄ ဒါဝိဒ်၏စကားမှာ ထာဝရ ဘုရားက၊ သင် ၏ ရန်သူ တို့ကို သင် ၏ခြေ တင်ရာငါမ ချ မထားမီတိုင်အောင်ငါ့ လက်ျာ ဘက်၌ ထိုင် နေလော့ဟု ငါ ၏သခင် အား မိန့် တော်မူသည်ဟု ဒါဝိဒ်ဆိုသတည်း။ ၄၅ ထိုသို့ ဒါဝိဒ် သည် ခရစ်တော် ကိုသခင် ဟူ၍ခေါ် လျှင် ၊ အဘယ်သို့ သူ ၏သား ဖြစ် သနည်း ဟု မေး တော်မူသည်ရှိသော်၊ ၄၆ အဘယ်သူ မျှစကား တစ်ခွန်းကိုပြန် လျှောက်ခြင်းငှာမတတ်နိုင် ကြ။ ထို နေ့ မှစ၍ နောက်တစ်ဖန် အဘယ်သူ မျှမ မေး မလျှောက်ဝံ့ ကြ။

JR ထိုအခါ ယေရှု သည် တပည့် တော်တို့နှင့် လူ အပေါင်းတို့အား ဟောပြော တော်မူသည်ကား၊ ၂ ကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့သည် မောရှေ ၏ထိုင်ရာ ပလ္လင်ပေါ်မှာ ထိုင် ကြ၏။ ၃ ထို့ကြောင့် သူတို့စီရင် ထုံးဖွဲ့သမျှ တို့ကို စောင့်ရှောက် ၍ ပြု ကြလော့။ သူ တို့၏ အကျင့် အတိုင်း မ ကျင့် ကြနှင့်။ အကြောင်းမူကား ၊ သူတို့သည် စီရင် ထုံးဖွဲ့သော်လည်း ကိုယ်တိုင်မ ကျင့် ကြ။ ၄ အလွန်လေး ၍ ထမ်း ခဲသောဝန် တို့ကို ပြင်ဆင် ၍ သူတစ်ပါး ပခုံး ပေါ်မှာ တင် တတ်ကြ၏။ မိမိ တို့မူကား လက်ဖျား နှင့်မျှ မရွှေ့ လို ကြ။ ၅ သူတို့သည် ပြု သမျှ သောအကျင့် အမူတို့ကို လူ များရှေ့မှာ ထင်ရှား စေခြင်းငှာပြုကြ၏။ ကျယ် သော လက်ဖွဲ့ တို့ကိုငင်း ၊ ကြီး သော ပန်းပွား တို့ကိုငင်း ဝတ်လေ့ရှိကြ၏။ ၆ ပွဲ သဘင်၊ တရားစရပ် တို့ ၌ မြင့်မြတ် သောနေရာ ထိုင်ရာကိုငင်း၊ ၇ ဈေး ၌ ရိုသေစွာနှုတ်ဆက် ခြင်းကိုငင်း ၊ အရှင် ဘုရား အရှင်ဘုရားဟု လူ များခေါ်ဝေါ် ခြင်းကိုငင်း နှစ်သက် ကြ၏။ ၈ သင် တို့မူကား အရှင် ဘုရားဟု ခေါ်ဝေါ် ခြင်းကိုမ ခံကြနှင့်။ ခရစ်တော်တည်းဟူသောသင် တို့ ဉပဇ္ဈာယ် ဆရာတစ်ပါးတည်း ရှိ ၏။ သင် တို့အပေါင်း သည် ညီအစ်ကို ချင်းဖြစ် ကြ၏။ ၉ မြေကြီး ပေါ်မှာ အဘယ်သူကိုမျှအဘ ဟူ၍မ ခေါ်ဝေါ် ကြနှင့်။ ကောင်းကင် ဘုံ၌ သင် တို့အဘ တစ်ပါးတည်း ရှိ တော်မူ၏။ ၁၀ ဉပဇ္ဈာယ် ဆရာဟု ခေါ်ဝေါ် ခြင်းကို မ ခံကြနှင့်။ ခရစ်တော် တည်းဟူသောသင် တို့ ဉပဇ္ဈာယ် ဆရာတစ်ပါးတည်း ရှိ ၏။ ၁၁ သင် တို့တွင် အကြီး ဖြစ်သောသူ သည် သင် တို့အစေခံ ဖြစ် ရ၏။ ၁၂ အကြင်သူသည် မိမိ ကိုချီးမြှောက် အံ့၊ ထိုသူသည် နှိမ့်ချ ခြင်းသို့ရောက်လတံ့။ အကြင်သူသည် မိမိ ကိုနှိမ့်ချ အံ့၊ ထိုသူသည်ချီးမြှောက် ခြင်းသို့ ရောက်လတံ့။ ၁၃ လျှို့ဝှက် သောကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ကောင်းကင် နိုင်ငံ တော်၏ တံခါးကိုလူတို့ ရှေ့ မှာပိတ် ထား၍ မိမိ တို့လည်းမ ဝင် ၊ ဝင် လိုသောသူ တို့ကိုလည်း ဆီးတား ကြ၏။ ၁၄ လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ မုတ်ဆိုးမအိမ်ကို လုယူသိမ်းစား၍၊ အပြစ်မပေါ် စေခြင်းငှာရှည်စွာသော ပဌနာစကားကို ရွတ်တတ်ကြ၏။ ထို့ကြောင့်သာ၍ကြီးစွာသော

ဒဏ်ကိုခံရကြလတံ့။ ၁၅ လျှို့ဝှက် သောကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား၊ လူ တစ် ယောက်ကိုပင် ဘာသာ သွင်းခြင်းငှာကုန်းကြောင်း ရေကြောင်း ပတ်ပတ် လှည့်လည်၍ ဘာသာသွင်းပြီးသောသူ ကိုလည်း၊ မိမိ တို့ထက် နှစ်ဆသောငရဲ သား ဖြစ် စေကြ၏။ **(Geenna g1067)** ၁၆ လမ်းပြ သောလူကန်း တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ ဗိမာန် တော်ကိုတိုင်တည် ၍ ကျိန်ဆို ခြင်းကို ပြုလျှင်မ တည် ။ ဗိမာန် တော်၏ ရွှေ ကိုတိုင်တည်၍ ကျိန်ဆို ခြင်းကိုပြုလျှင် တည်သည်ဟုသင်တို့ဆို ကြ၏။ ၁၇ လူမိုက် လူကန်း တို့၊ အဘယ် အရာသည်သာ၍ မြတ်သနည်း။ ထိုရွှေ ကားမြတ်သလော။ ထိုရွှေ ကို သန့်ရှင်း စေသော ဗိမာန် တော်ကားမြတ်သလော။ ၁၈ တနည်းကား၊ ယဇ်ပလ္လင် ကို တိုင်တည်၍ ကျိန်ဆို ခြင်းကိုပြုလျှင် မ တည် ။ ယဇ်ပလ္လင် ပေါ်မှာ ရှိသော ပူဇော် သက္ကာကို တိုင်တည် ၍ကျိန်ဆို ခြင်းကိုပြုလျှင် တည်သည်ဟု သင်တို့ဆိုကြ၏။ ၁၉ လူမိုက်လူကန်း တို့၊ အဘယ် အရာသည်သာ၍ မြတ်သနည်း။ ထိုပူဇော် သက္ကာကား မြတ်သလော ။ ထို ပူဇော် သက္ကာကို သန့်ရှင်း စေသော ယဇ်ပလ္လင် ကားမြတ်သလော။ ၂၀ ထို့ကြောင့် ယဇ်ပလ္လင် ကိုတိုင်တည် ၍ ကျိန်ဆိုလျှင်၊ ယဇ်ပလ္လင် မှစ၍ ယဇ်ပလ္လင် ပေါ်မှာ ရှိသမျှကို တိုင်တည် ၍ ကျိန်ဆိုသတည်း။ ၂၁ ဗိမာန် တော်ကိုတိုင်တည် ၍ ကျိန်ဆို လျှင် ၊ ဗိမာန် တော်မှစ၍ ဗိမာန် တော်၌ ကျိန်းဝပ် တော်မူသောသူ ကို တိုင်တည် ၍ ကျိန်ဆိုသတည်း။ ၂၂ ကောင်းကင် ဘုံကိုတိုင်တည် ၍ ကျိန်ဆိုလျှင်၊ ပလ္လင် တော်ကိုငင်း ၊ ပလ္လင် တော်ပေါ်မှာ ထိုင် တော်မူသော သူ ကိုငင်း တိုင်တည် ၍ကျိန်ဆိုသတည်း။ ၂၃ လျှို့ဝှက် သောကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ပင်စိမ်း ၊ စမ္မတ် ၊ ဇီယာ ၊ အသီးအရွက်တို့ကို ဆယ်ဘို့တစ်ဘို့ လျှကြသည်တွင် တရား သဖြင့်စီရင်ခြင်း၊ သူတစ်ပါးကို သနား ခြင်း၊ သစ္စာစောင့် ခြင်းတည်းဟူသောပညတ် တရားတွင် လေး သောအရာ တို့ကိုကား လှပ် ၍ထားကြ၏။ အရင် ဆိုသောအရာတို့ကို မ လှပ် မထား၊ နောက်ဆိုသောအရာ တို့ကို ကျင့် ရမည်။ ၂၄ လမ်းပြ သောလူကန်း တို့၊ သင်တို့သည် ခြင် တစ်ကောင်ကိုမျှ မပါစေခြင်းငှာရေကိုစစ် လျက်နှင့် ကုလားအုပ် ကို မျိုကြ၏။ ၂၅ လျှို့ဝှက် သော ကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့ ၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ဖလား ၊ လင်ပန်း ကို အပြင် ၌ဆေးကြော ကြ၏။ အတွင်း ၌ကား လုယူ ခြင်း၊ မတရား သဖြင့် ကျင့်ခြင်းနှင့် ပြည့် လျက်ရှိ၏။ ၂၆ မျက်စိ ကန်းသော ဖာရိရှဲ ၊ ဖလား၊ လင်ပန်းကို အတွင်း ၌ရှေးဦးစွာ ဆေးကြော လော့။ သို့ပြုလျှင် အပြင် ကား သန့်ရှင်း လိမ့်မည်။ ၂၇ လျှို့ဝှက် သော ကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ အဖြူ သုတ်သောသင်္ချိုင်း တွင်းနှင့်တူ ကြ၏။ ထိုတွင်း သည် အပြင် ၌တင့်တယ် စွာတကား။ အတွင်း ၌ကား လူ သေအရိုး ၊ အညစ်အကြေး အမျိုးမျိုး နှင့် ပြည့် လျက်ရှိ၏။ ၂၈ ထိုအတူ သင် တို့သည်အပြင် ၌ လူတို့ ရှေ့မှာဖြောင့်မတ် ဟန် ရှိ၏။ အတွင်း ၌ကား လျှို့ဝှက် ခြင်း၊ မတရား သဖြင့် ကျင့်ခြင်းနှင့် ပြည့် လျက်ရှိ ကြ၏။ ၂၉ လျှို့ဝှက် သော ကျမ်းပြု ဆရာ၊ ဖာရိရှဲ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ပရောဖက် မှစ၍ ဖြောင့်မတ် သောသူ တို့၏ သင်္ချိုင်း တွင်းနှင့် အရိုးအိုးတို့ကို တည်လုပ် ၍ တန်ဆာ ဆင်သဖြင့် ၊ ၃၀ ငါ တို့သည် ဘိုးဘေး တို့လက်ထက် ၌ ရှိ လျှင် ၊ ပရောဖက် တို့ကို သတ် သည်အမှုကိုလက် မ

ခံပြီဟု ဆို ကြ၏။ ၃၁ ထိုသို့ဆိုသော် ၊ သင်တို့သည် ပရောဖက် တို့ကိုသတ် သောသူ တို့၏ အမျိုးအနွယ် ဖြစ် သည်ကို ကိုယ် အဘို့ ကိုယ်သက်သေခံ ကြ၏။ ၃၂ သို့ ဖြစ်၍ ဘိုးဘေး တို့၏အကျင့်ပမာဏ ကို မှီ အောင်ကျင့်ကြလော့။ ၃၃ မြွေဆိုး အမျိုး တို့၊ သင်တို့သည် အပြစ် ငရဲ မှ အဘယ်သို့ လွတ် နိုင်ကြမည်နည်း။ **(Geenna g1067)** ၃၄ ထို့ကြောင့် ဗျာဒိတ်တော်အချက်ဟူမူကား ပရောဖက် ပညာရှိ ကျမ်းပြု ဆရာတို့ကို သင် တို့ရှိရာ သို့ ငါ စေလွှတ် ၏။ ထိုသူ အချို့တို့ကိုကွပ်မျက် ၍ လက်ဝါးကပ်တိုင် ၌သတ်ကြလိမ့်မည်။ အချို့တို့ကို တရားစရပ် ၌ ရိုက် ၍ တစ် မြို့မှ တစ် မြို့သို့ ညှဉ်းဆဲ နှင်ထုတ်ကြလိမ့်မည်။ ၃၅ ထို့ကြောင့် ဖြောင့်မတ် သော အာဗေလ ၏အသွေး မှစ၍ ၊ အတွင်းဗိမာန် တော်နှင့် ယဇ်ပလ္လင် ၏ အကြား ၌ သင် တို့သတ် ကြသော ဗာရခိ သား ဇာခရိ ၏အသေး တိုင်အောင် မြေကြီး အပေါ် ၌သွန်း ပြီးသမျှသော သူတော်ကောင်း တို့၏အသွေး သည် သင် တို့ ခေါင်းပေါ် သို့ ရောက် လိမ့်မည်။ ၃၆ ငါအမှန် ဆို သည်ကား၊ ဤ အရာများတို့သည် ယခု ဖြစ်သောလူများအပေါ် သို့ ရောက် ကြလိမ့်မည်။ ၃၇ အိုယေရုရှလင် မြို့၊ ယေရုရှလင် မြို့၊ သင်သည်ပရောဖက် တို့ကိုသတ် မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ် သော သူ တို့ကိုလည်း ကျောက်ခဲ နှင့် ပစ်မြဲရှိ၏။ ကြက်မ သည် မိမိ သားငယ် တို့ကို အတောင် အောက် ၌ စုရုံး သကဲ့သို့ သင် ၏သား တို့ကို စုရုံး စေခြင်းငှာကြိမ်ဖန် များစွာငါအလိုရှိ ပြီ။ သင်မူကား အလို မ ရှိ။ ၃၈ သင် တို့နေသောအိမ် သည် သင် တို့ ၌ လူဆိတ်ညံ လျက် ကျန်ရစ် ရ၏။ ၃၉ ငါဆို သည်ကား၊ ထာဝရ ဘုရား၏အခွင့် နှင့် ကြွလာ သောသူ သည်မင်္ဂလာ ရှိစေသောဟုသင် တို့မ ပြောမှီ တိုင်အောင်ယခု မှစ၍ သင်တို့သည်ငါ့ မျက်နှာကို မ မြင် ရကြ ဟု မိန့်တော်မူ၏။

J၆ ယေရှု သည် ဗိမာန် တော်မှ ထွက်ကြွ တော်မူသည်ရှိ သော်၊ တပည့် တော်တို့သည် ဗိမာန် တော်၏ တိုက်ဆောင် များကို ပြ ခြင်းငှာအထံ တော်သို့ ချဉ်းကပ် ကြ၏။ ၂ ယေရှု ကလည်း ၊ ဤ အရာအလုံးစုံ ကို သင် တို့သည်မြင် ကြသည်မ ဟုတ်လော။ ငါအမှန် ဆို သည်ကား၊ မ ဖြို မချဘဲ ကျောက် တစ်ခုပေါ်မှာ တစ်ခုမျှမ တည် မနေရ ဟု မိန့် တော်မူ၏။ ၃ ထိုနောက် သံလွင် တောင် ပေါ်မှာ ထိုင် တော်မူစဉ်၊ တပည့် တော်တို့သည် အခြား သူမပါဘဲချဉ်းကပ် ၍၊ ထို အမှုအရာတို့သည် အဘယ် ကာလမှ ဖြစ် မည်ကိုငင်း၊ ကိုယ်တော် သည်ကြွလာ ၍ ဤ ကပ်ကမ္ဘာကုန် သော ပုပ္ပ နိမိတ်သည် အဘယ် နိမိတ်ဖြစ်မည်ကိုငင်း အမိန့် ရှိတော်မူပါဟု လျှောက် ကြ၏။ **(aiōn g165)** ၄ ယေရှု ကလည်း ၊ သင် တို့ကို အဘယ်သူ မျှ မ လှည့်ဖြား စေခြင်းငှာသတိပြု ကြလော့။ ၅ အများ သောသူတို့က၊ ငါ သည် ခရစ်တော် ဖြစ် ၏ဟု ဆို လျက်၊ ငါ ၏အယောင် ကိုဆောင် ၍ ပေါ်လာ သဖြင့် လူအများ တို့ကို လှည့်ဖြား ကြလိမ့်မည်။ ၆ သင်တို့သည် စစ်တိုက် ခြင်းအကြောင်းကိုငင်း ၊ စစ်တိုက် အံ့သော သိတင်း စကားကိုငင်း ကြား ရကြလိမ့်မည်။ သို့သော်လည်း စိုးရိမ် တုန်လှုပ်ခြင်းမ ရှိ စေခြင်းငှာသတိပြု ကြလော့။ ထိုအမှုအရာ များသည်ဖြစ်ရ မည်။ သို့သော်လည်း အဆုံး သည်မ ဖြစ် သေး။ ၇ လူ တစ်မျိုးနှင့်တစ်မျိုးတစ်နိုင်ငံ နှင့်တစ်နိုင်ငံရန်ဘက် ပြုကြလိမ့်မည်။ အရပ်ရပ် တို့ ၌ အစာ ခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီး လှုပ်ခြင်းတို့သည် ဖြစ် ကြလိမ့်မည်။ ၈ ထို အမှုအရာတို့သည် ဒုက္ခ ဆင်းရဲခြင်း၏အစအဦး ပင်ဖြစ်သတည်း။ ၉ ထို ကာလ၌ လူများတို့သည် သင် တို့ကိုညှဉ်းဆဲ

ခြင်း၊ အသေ သတ်ခြင်းကိုခံစေခြင်းငှာ အပ်နှံ ကြလိမ့်မည်။ ငါ ၏နာမ ကြောင့် လည်း ခပ်သိမ်း သောလူမျိုး တို့သည် သင်တို့ကို မုန်း ကြလိမ့်မည်။ ၁၀ ထို ကာလ၌ အများ သောသူတို့သည် ဖောက်ပြန် ခြင်းသို့ရောက်၍၊ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် အပ် ကြလိမ့်မည်။ ၁၁ အချင်းချင်း မုန်း ကြလိမ့်မည်။ မိစ္ဆာ ပရောဖက်အများ တို့သည် ပေါ်လာ ၍ လူအများ တို့ကို လှည့်ဖြား ကြ လိမ့်မည်။ ၁၂ မတရား သောအမှုတို့သည်များပြား သဖြင့် အများ သောသူ တို့၏ ချစ် ခြင်းမေတ္တာသည် ခေါင်းပါး လိမ့်မည်။ ၁၃ အကြင်သူ သည် အဆုံး တိုင်အောင် တည်ကြည် ၏။ ထိုသူ သည် ကယ်တင် ခြင်းသို့ရောက်လိမ့်မည်။ ၁၄ လူမျိုး အပေါင်း တို့အားသက်သေ ဖြစ်မည်အကြောင်း နိုင်ငံ တော်နှင့်ယှဉ်သော ဧဝံဂေလိ တရားကို လောကီ နိုင်ငံအရပ်ရပ်ရှိသမျှ တို့ ၌ ဟော ရလိမ့်မည်။ သို့ပြီးမှ အဆုံး သည်ဖြစ် လတ္တံ့။ ၁၅ ထို့ကြောင့် ပရောဖက် ဒံယေလ ဟော သည်အတိုင်း ဖျက်ဆီး တတ်သောရွံရှာဘွယ် အရာ သည် သန့်ရှင်း သောအရပ် ဌာန၌ စိုက်နေ သည်ကို သင်တို့ မြင် ရလျှင် ၊ ကျမ်းစာကိုကြည့် သောသူ သည် နားလည် ပါစေ။ ၁၆ ထိုသို့ မြင်ရလျှင်၊ ယုဒ ပြည်၌ ရှိသောသူ တို့သည် တောင် ပေါ်သို့ ပြေး ကြစေ။ ၁၇ အိမ်မိုး ပေါ်မှာ ရှိသောသူ သည် အိမ် ထဲက ဥစ္စာ ကိုယူ ခြင်းငှာမ ဆင်း စေနှင့်။ ၁၈ လယ် ၌ ရှိသောသူ လည်း မိမိ အဝတ် ကို ယူ ခြင်းငှာနောက် သို့ မ ပြန် စေနှင့်။ ၁၉ ထို နေ့ရက် ၌ ကိုယ်ဝန်ဆောင် သောမိန်းမ နှင့် နို့စို့ သူငယ်ရှိသောမိန်းမ တို့သည် အလွန်ခက် ကြလိမ့်မည်။ ၂၀ သင် တို့ ပြေး ရသောအချိန်သည် ဆောင်း ကာလ၌မ ကျ၊ ဥပုသ်နေ့ ၌လည်းမ ကျ မည်အကြောင်း ဆုတောင်း ကြလော့။ ၂၁ အကြောင်းမူကား ၊ ကမ္ဘာ ဦး မှစ၍ ယခု တိုင်အောင် မ ဖြစ် စဖူး၊ နောက်၌လည်း မ ဖြစ် လတ္တံ့သော ကြီးစွာ သော ဒုက္ခ သည် ထိုကာလ၌ဖြစ် လိမ့်မည်။ ၂၂ ထို ကာလ တာရှည် လျှင် အဘယ်သူမျှမ လွတ် နိုင်ရာ။ ရွေးချယ် သောသူ တို့အဘို့ အလို့ငှာထို ကာလ သည် တို လိမ့်မည်။ ၂၃ ထိုအခါ သူတစ်ပါး က ဤ အရပ်၌ ခရစ်တော် ရှိသည်၊ ထို အရပ်၌ရှိသည်ဟု ဆို သော်လည်း မ ယုံ ကြနှင့်။ ၂၄ အကြောင်းမူကား ၊ ခရစ်တော် ၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာ ပရောဖက်တို့သည် ပေါ်လာ ၍ ရွေးချယ် သောသူ တို့ကိုပင် လှည့်ဖြားနိုင် လျှင် လှည့်ဖြား လောက်အောင် ကြီးစွာ သောနိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို ပြ ကြလိမ့်မည်။ ၂၅ ထိုအကြောင်းအရာတို့ကို ငါပြော နှင့်ပြီ။ ၂၆ ထို့ကြောင့် သူတို့ကခရစ်တော်သည် တော ၌ ရှိ သည်ဟုဆို သော်လည်း မ ထွက် မသွားကြနှင့်။ တိုက်ခန်း ၌ ရှိ သည်ဟု ဆိုသော်လည်းမ ယုံ ကြနှင့်။ ၂၇ လျှပ်စစ် သည် အရှေ့မှ ပြက် ၍အနောက် တိုင်အောင် ထွန်းလင်း သကဲ့သို့ ၊ လူ သား သည် ကြွလာ တော်မူလတ္တံ့ ။ ၂၈ အသေ ကောင်ရှိ ရာ၌ ရွှေလင်းတ တို့သည် စုဝေး ကြလတ္တံ့။ ၂၉ ထို ကာလ ၏ ဒုက္ခ ဆင်းရဲခြင်းနောက် ရုတ်ခနဲ နေ သည်မိုက် လိမ့်မည်။ လ သည် အရောင် ကိုမ ပေး ။ ကြယ် တို့သည် ကောင်းကင် မှ ကျ ကြလိမ့်မည်။ ကောင်းကင် တန်ခိုး တို့သည် တုန်လှုပ် ကြလိမ့်မည်။ ၃၀ ထိုအခါ လူ သား ၏နိမိတ် လက္ခဏာသည် ကောင်းကင် ၌ ထင်ရှား လိမ့်မည်။ မြေကြီး ပေါ်မှာလူ အပေါင်း တို့သည် ငိုကြွေး မြည်တမ်းကြ၍ ၊ လူ သား သည်ကြီးစွာ သောဘုန်း တန်ခိုး အာနုဘော်ကိုဆောင်လျက် ၊ မိုး တိမ် ကိုစီး ၍ ကြွလာ တော်မူသည်ကိုမြင် ရကြလိမ့်မည်။ ၃၁ လူသားသည် မိမိ တမန် တို့ကိုစေလွှတ် ၍ တံပိုး ခရာကိုပြင်းစွာ မှုတ်စေတော်မူသဖြင့် ၊ သူတို့သည်

ရွေးချယ် တော်မူသောသူ တို့ကို အရပ် လေး မျက်နှာ၊ ကောင်းကင် အောက် ထက်ဝန်းကျင်တို့မှ ခေါ် ၍စုရုံး ကြလတံ့။ ၃၂ သင်္ဘော် သဖန်းပင်ကို အစွဲပြု၍ ပုံ သက်သေတစ်ခုကိုမှတ် ကြလော့။ သင်္ဘောသဖန်းပင်သည် အခက်အလက် နု ၍ အရွက် ပေါက် သောအခါ နွေ ကာလနီး သည်ကို သင်တို့သိ ကြ၏။ ၃၃ ထိုနည်းတူ ၊ ထို အကြောင်းအရာအလုံးစုံ တို့ကိုမြင် ရလျှင် လူသားသည်တံခါးဝ တိုင်အောင် အနီး သို့ ရောက် တော်မူသည်ကို သိမှတ် ကြလော့။ ၃၄ ငါအမှန် ဆို သည်ကား၊ ယခု ဖြစ်သောလူ များမ ကုန် မှီ ထို အကြောင်းအရာအလုံးစုံ တို့သည် ဖြစ် ကြလိမ့်မည်။ ၃၅ ကောင်းကင် နှင့် မြေကြီး မ တည်သော်လည်း ငါ့ စကား တည် လိမ့်မည်။ ၃၆ ထို အချိန် နာရီ ကိုကား အဘယ်သူ မျှမ သိ ။ ကောင်းကင် တမန် မ သိ။ ငါ့ခမည်းတော် တစ်ပါးတည်း သာ သိ တော်မူ၏။ ၃၇ လူ သား သည် ကြွလာ သောအခါနောဧ လက်ထက် ၌ ဖြစ် သကဲ့သို့ ဖြစ် လိမ့်မည်။ ၃၈ ရေ လွှမ်းမိုးခြင်းမ ဖြစ်မီကာလ ၌ နောဧ သည် သင်္ဘော် ထဲသို့ ဝင် သောနေ့ တိုင်အောင် လူများတို့သည် စား သောက် လျက် ၊ ထိမ်းမြား စုံဘက် လျက်နေ၍ ၊ ၃၉ ရေ လွှမ်းမိုးခြင်းရောက် သဖြင့် လူခပ်သိမ်း တို့ကို သုတ်သင် ပယ်ရှင်းသည်တိုင်အောင် သတိမဲ့ နေကြသည် နည်းတူ ၊ လူ သား ကြွလာ သောအခါ၌ ဖြစ် လိမ့်မည်။ ၄၀ ထိုအခါ လယ် ၌ ရှိ သော သူနှစ် ယောက်တို့တွင် တစ် ယောက်ကိုသိမ်းယူ ၍ တစ် ယောက်မူကား နေရစ် ရ လတံ့။ ၄၁ ကြိတ်ဆုံ ကြိတ် သောသူနှစ် ယောက်တို့တွင် တစ် ယောက်ကိုသိမ်းယူ ၍ တစ် ယောက်မူကား နေရစ် ရလတံ့။ ၄၂ သင် တို့အရှင် သည် အဘယ် အချိန်နာရီ ၌ရောက်လာ မည်ကို သင်တို့မ သိ သောကြောင့် စောင့် နေကြ လော့။ ၄၃ သူခိုး လာ မည်အချိန် နာရီကို အိမ်ရှင် သိ ရလျှင် ၊ မိမိ အိမ် ကိုမ ထွင်း မဖောက်စေခြင်းငှာ၊ စောင့် နေလိမ့်မည်ကို သင်တို့သိ ကြ၏။ ၄၄ ထိုကြောင့် သင် တို့သည်ပြင်ဆင် လျက်နေ ကြလော့။ အကြောင်းမူကား ၊ သင်တို့ မ ထင် မမှတ်သော အချိန် နာရီ၌ လူ သား သည်ကြွလာ လိမ့်မည်။ ၄၅ အရှင်သည် မိမိ အိမ်သူ အိမ်သားအပေါင်းတို့အား အချိန်တန် လျှင် အစား အသောက်တို့ကို ဝေဖန် စေခြင်းငှာအအုပ်အချုပ် ခန့်ထား ၍၊ သစ္စာ နှင့်ဉာဏ်၊ သတိပညာ နှင့် ဉာဏ် ပြည့်စုံသောကျွန် ကား အဘယ်သူ နည်း။ ၄၆ အကြင်ကျွန်သည် ဤသို့ ပြု လျက်နေသည်ကို အရှင် သည်ပြန်လာ ၍တွေ့ ၏။ ထို ကျွန် သည် မင်္ဂလာ ရှိ၏။ ၄၇ ငါအမှန် ဆို သည်ကား၊ အရှင်သည် မိမိ ဥစ္စာ ရှိသမျှ တို့ကို ထိုကျွန် ၌ အပ် လိမ့်မည်။ ၄၈ သို့မဟုတ် မူကား ၊ အကြင်ကျွန် ဆိုး က ငါ့ အရှင် လာ ခဲလိမ့်မည်ဟု စိတ် ထဲ၌ အောက်မေ့သည်။ ၄၉ ကျွန်ချင်း တို့ကို ရိုက်ပုတ် လျက် သေသောက်ကြူး သောသူ တို့နှင့်တကွ စား သောက် လျက်နေ၏။ ၅၀ ထို ကျွန် မ ကြည့် မမျှော်သောနေ့ရက် ၊ မ ကြား မသိသောအချိန် နာရီ၌ သခင် သည်ရောက်လာ လျှင်၊ ၅၁ ထိုကျွန် သည် ပြင်းပြစွာကွပ်မျက် ဆုံးမ၍ ၊ ဝိုကြွေး ခြင်း၊ အံသွား ခဲကြိတ် ခြင်းရှိ ရာအရပ် ၌ လျှိုဝှက် သော သူ တို့နှင့်တကွ နေရာ ချ လတံ့။

J၅ ထိုအခါ ကောင်းကင် နိုင်ငံ တော် သည် ကား၊ မင်္ဂလာဆောင် လုလင်ကို ခရီးဦးကြိုပြု အံ့သောဇာ မိးခွက် ကိုကိုင်ယူ ၍ ထွက်သွား သောသတို့သမီး တစ်ကျိပ် နှင့်တူ ၏။ ၂ ထိုသတို့သမီး တို့တွင် ငါး ယောက်သည် ပညာ သတိရှိကြ၏။ ငါး ယောက်မူကား အမိုက် ဖြစ် ကြ၏။ ၃ မိုက် သောသူ တို့သည် မီးခွက် တို့ကိုသာယူ ၍ ဆီ ကို မ ယူ

ကြ။ ၄ ပညာ သတိရှိသောသူ တို့မူကား ၊ မီးခွက် နှင့်တကွ ဘူး ၌ ပါသောဆီ ကိုလည်း ယူ ကြ၏။ ၅ မင်္ဂလာဆောင် လုလင်သည် မ လာဘဲနေစဉ်၊ ထိုသတို့သမီးအပေါင်း တို့သည် ငိုက် ၍ အိပ်ပျော် ကြ၏။ ၆ သန်းခေါင်ယံ ၌ကြည့် ပါ။ မင်္ဂလာဆောင် လုလင်သည် လာပြီ။ ခရီးဦးကြိုပြု ခြင်းငှာ ထွက်သွား ကြကုန်ဟု ကြွေးကြော် လျှင် ၊ ၇ ထို သတို့သမီး အပေါင်း တို့သည် ထ ၍ မီးခွက် များကို ပြင်ဆင် ကြ၏။ ၈ မိုက် သောသူ တို့က ငါ တို့ဆီမီး သေ ပါပြီ။ သင် တို့ ဆီ ကိုအနည်းငယ်ပေး ပါဟု ပညာရှိ သောသူ တို့အား တောင်း ကြ၏။ ၉ ပညာရှိ သောသူ တို့ကလည်း သင်တို့ အဘို့နှင့် ငါ တို့အဘို့ ဆီမ လောက် ။ ထို့ကြောင့်ဆီရောင်း သောသူ ရှိရာ သို့သွား ၍ ကိုယ် သုံးဘို့ဝယ် လျှင် သာ၍ ကောင်းသည်ဟု ပြန်ပြော ကြ၏။ ၁၀ ထိုသူ တို့သည် ဆီဝယ် သွား သည်အခိုက်တွင် မင်္ဂလာဆောင် လုလင်သည်လာ ၍ ၊ အသင့် ရှိသော သတို့သမီး တို့သည် လုလင် နှင့်အတူ ပွဲ သို့ ဝင် ကြပြီးလျှင် တံခါး ကိုပိတ် ထား၏။ ၁၁ ထိုနောက် ကြွင်း သောသတို့သမီး တို့သည်လာ ၍ အရှင် ၊ အရှင် ၊ ကျွန်မ တို့အား တံခါးကိုဖွင့် ပါဟု တောင်းလျှောက် ကြသော်၊ ၁၂ အရှင် ကလည်း ၊ ငါအမှန် ဆို သည်ကား၊ သင် တို့ကို ငါမ သိ ဟု ပြန်ပြော လေ၏။ ၁၃ သို့ ဖြစ်၍ လူသားသည် ကြွလာအံ့သောနေ့ရက် ၊ အချိန် နာရီကို သင်တို့သည်မ သိ သောကြောင့် စောင့် နေကြလော့။ ၁၄ ဥပမာ ကား၊ လူ တစ်ဦးသည် အခြားသောပြည်သို့သွား မည်ဟု အကြိုရှိလျက်၊ မိမိ ငယ်သား တို့ကိုခေါ် ၍ မိမိ ဥစ္စာ များကို အပ်ပေး ၏။ သူတို့သည် အသီးအသီး အစွမ်း သတ္တိရှိသည်အတိုင်း ၊ တစ်ဦး ၌ ငွေ အခွက်ငါးဆယ် ၊ ၁၅ တစ်ဦး ၌ အခွက်နှစ်ဆယ် ၊ တစ်ဦး ၌ အခွက်တစ်ဆယ် ကို အပ်ပေး ပြီးမှချက်ခြင်း သွား လေ၏။ ၁၆ အခွက် ငါးဆယ် ကိုခံ သောသူ သည် သွား ၍ကုန်သွယ်ခြင်းကိုပြု သဖြင့် အခြား သောအခွက်ငါးဆယ် ကို အမြတ်ရ လေ၏။ ၁၇ ထိုနည်းတူ အခွက်နှစ်ဆယ် ကိုခံသောသူ သည်လည်း၊ အခြား သောအခွက်နှစ်ဆယ် ကို အမြတ်ရ လေ၏။ ၁၈ အခွက်တစ်ဆယ် ကို ခံ သောသူ မူကား ၊ သွား ၍ မြေ ၌တွင်းတူး ပြီးလျှင် အရှင် ၏ငွေ ကိုဝှက်ထား လေ၏။ ၁၉ ကာလ ကြာမြင့် ပြီးမှ ထို ငယ်သား တို့၏ အရှင် သည်လာ ၍ သူ တို့ကိုစာရင်း ယူ လေ၏။ ၂၀ အခွက် ငါးဆယ် ကို ခံ သောသူ သည်ချဉ်းကပ် ၍ အခြား သောအခွက် ငါးဆယ် ကိုဆက် လျက်၊ သခင် ၊ ကိုယ်တော်သည် အကျွန်ုပ် ၌ အခွက် ငါးဆယ်ကို အပ်ပေး တော်မူ၏။ အခြား သောအခွက် ငါးဆယ် ကို အကျွန်ုပ်အမြတ်ရ ပါပြီဟု လျှောက် လေ၏။ ၂၁ အရှင် ကလည်း၊ သာခု ၊ သစ္စာရှိ သော ငယ်သား ကောင်း ။ သင်သည် အမှုငယ် ၌သစ္စာစောင့် လေပြီ။ များစွာ သော အမှုအခွင့်ကို သင် ၌ ငါအပ်ပေး မည်။ သင် ၏သခင် နှင့်အတူစည်းစိမ် ကိုဝင်စား လော့ဟု မိန့် တော်မူ၏။ ၂၂ အခွက် နှစ်ဆယ် ကို ခံသောသူ သည်လည်း ချဉ်းကပ် ၍ သခင် ၊ ကိုယ်တော်သည် အကျွန်ုပ် ၌ အခွက် နှစ်ဆယ် ကို အပ်ပေး တော်မူ၏။ အခြား သောအခွက် နှစ်ဆယ် ကို အကျွန်ုပ်အမြတ်ရ ပါပြီဟု လျှောက် လေသော်၊ ၂၃ အရှင် က၊ သာခု သစ္စာရှိ သောငယ်သား ကောင်း ၊ သင်သည် အမှုငယ် ၌ သစ္စာစောင့် လေပြီ။ များစွာ သော အမှုအခွင့်ကို သင် ၌ ငါအပ်ပေး မည်။ သင် ၏ သခင် နှင့်အတူစည်းစိမ် ကိုဝင်စား လော့ဟု မိန့် တော်မူ၏။ ၂၄ အခွက် တစ်ဆယ် ကို ခံ သောသူ သည်လည်း ချဉ်းကပ် ၍ သခင် ၊ ကိုယ်တော် သည် ခဲယဉ်း သောသူ ဖြစ် သည်နှင့် ကိုယ်မ စိုက် မပျိုးသောအရပ် ၌ရိတ် ၍၊ ကိုယ်မ ဖြန့်

မကြဲသောအရပ် ၌ စုသိမ်း တတ်သည်ကို အကျွန်ုပ်သိ ၍ ၊ ၂၅ ကြောက် သောကြောင့် ၊ အခြားသို့သွား ၍ ကိုယ်တော် ၏ ငွေ အခွက်တဆယ်ကို မြေ ၌ ဝှက်ထား ပါ၏။ ယခုကိုယ်တော် ၏ ဥစ္စာ ရှိ ပါသည်ဟု လျှောက် ၏။ ၂၆ အရှင် ကလည်း ၊ ဆိုးညစ် ပျင်းရိ သောငယ်သား ၊ ငါသည် ကိုယ်မ စိုက် မပျိုးသောအရပ် ၌ ရိတ် ၍၊ ကိုယ် မ ဖြန့် မကြဲသောအရပ် ၌ စုသိမ်း သည်ကို သင်သိ သည်မှန်လျှင်၊ ၂၇ ငါ့ ငွေ ကို ပွဲစား လက်သို့ အပ် ရမည်။ ထိုသို့ အပ်လျှင် ငါ ပြန်လာ သောအခါ ငွေရင်း နှင့် အတိုး ကိုရ နိုင်၏။ ၂၈ ထို့ကြောင့် အခွက် တဆယ်ကို ထိုသူ ၏ လက်မှ နှုတ် ကြ။ အခွက် တရာ ရှိ သောသူ ကို ပေး ကြ။ ၂၉ အကြောင်းမူကား ၊ အကြင်သူသည်ရ တတ်၏။ ထိုသူ၌ ကြွယ်ဝ ပြည့်စုံစေခြင်းငှာပေး ဦးမည်။ အကြင်သူ သည် ဆင်းရဲ ၏။ ထိုသူ ၌ ရှိသမျှ ကိုပင် နှုတ် လိမ့်မည်။ ၃၀ အသုံး မရသော ထိုငယ်သား ကိုငိုကြွေး ခြင်း၊ အံသွား ခဲကြိတ် ခြင်းရှိရာ ၊ ပြင် အရပ်မှောင်မိုက် ထဲသို့ နှင်ထုတ် ချလိုက်ကြဟု စီရင် တော်မူ၏။ ၃၁ လူ သား သည် မိမိ ဘုန်း အာနုဘော်ကို ဆောင် လျက်၊ သန့်ရှင်းသော ကောင်းကင် တမန်များ အခြံအရံ တို့နှင့်တကွ ကြွလာ တော်မူသောအခါ ဘုန်း ရှိသော ပလ္လင် တော်ပေါ်မှာ ထိုင် ၍ ၊ ၃၂ ရှေ့ တော်၌ လူမျိုး အပေါင်း တို့ကို စုဝေး စေသဖြင့် ၊ သိုးထိန်း သည် သိုး နှင့်ဆိတ် တို့ကို အသီးအခြား ခွဲ ၍ ၊ ၃၃ သိုး တို့ကို လက်ျာ တော်ဘက် ၊ ဆိတ် တို့ကို လက်ဝဲ တော်ဘက် ၌ ထား တော်မူလတံ့။ ၃၄ ထိုအခါ လက်ျာ တော်ဘက် ၌ရှိသော သူ တို့အား မင်းကြီး က၊ ငါ့ ခမည်းတော် ထံ ကောင်းကြီး မင်္ဂလာကိုခံသောသူ တို့၊ ကမ္ဘာ ဦး ကပင် သင်တို့ အဘို့ ပြင်ဆင် သောနိုင်ငံ ကို လာ ၍ အမွေခံ ကြလော့။ ၃၅ အကြောင်းမူကား ၊ ငါ သည် မွတ်သိပ် သောအခါ သင်တို့သည် ကျွေး ကြ၏။ ငါ သည် ရေငတ် သောအခါ သင်တို့သည် သောက် ဘို့ပေးကြ၏။ ငါ သည် ဧည့်သည် ဖြစ် သောအခါ သင်တို့သည်ဧည့်သည် ဝတ်ကို ပြုကြ၏။ ၃၆ ငါ သည် အဝတ် အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ် နှင့်ဖုံးလွှမ်းကြ၏။ ငါသည် အနာ ရောဂါ စွဲသောအခါ သင်တို့သည်ကြည့်ရှု ပြုစုကြ၏။ ငါသည် ထောင် ထဲမှာ နေ ရသောအခါ သင်တို့သည် ငါ့ ထံသို့ လာ ကြ၏ဟု မိန့် တော်မူလျှင်၊ ၃၇ ဖြောင့်မတ် သောသူ တို့က၊ သခင် ၊ ကိုယ်တော် သည် မွတ်သိပ် တော်မူသည်ကို အဘယ် အခါ၌ အကျွန်ုပ်တို့သည်မြင် ၍ ကိုယ်တော်ကို လုပ်ကျွေး ပါသနည်း။ ရေငတ် တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို သောက် ဘို့ပေးပါသနည်း။ ၃၈ ဧည့်သည် ဖြစ်တော်မူသည်ကို အဘယ် အခါ၌ အကျွန်ုပ်တို့သည်မြင် ၍ ဧည့်သည်ဝတ်ကို ကိုယ်တော် အား ပြု ပါသနည်း။ အဝတ် အချည်းစည်းရှိတော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော်ကို အဝတ် နှင့်ဖုံးလွှမ်းပါသနည်း။ ၃၉ အနာ စွဲတော်မူသည်ကိုဎင်း၊ ထောင် ထဲမှာ နေတော်မူသည်ကိုဎင်း၊ အဘယ် အခါ၌ အကျွန်ုပ်တို့သည် မြင် ၍ အထံ တော်သို့ ရောက် ပါသနည်းဟု ပြန် ၍လျှောက်ကြသော် ၊ ၄၀ မင်းကြီး က၊ ငါအမှန် ဆို သည်ကား၊ သင်တို့သည် ဤ သူတည်းဟူသောငါ့ ညီ တို့တွင် အငယ်ဆုံး သော သူ တစ်ယောက်အား ပြု ကြသမျှ တို့ကို ငါ့ အား ပြု ကြပြီဟု ပြန်၍မိန့် တော်မူလတံ့။ ၄၁ ထိုအခါ လက်ဝဲ တော်ဘက် ၌ရှိသောသူ တို့အား မင်းကြီးက၊ ကျိန် ခြင်းကို ခံရသောသူ တို့၊ မာရ်နတ် နှင့် သူ ၏တမန် တို့အတို့ ပြင်ဆင် သောထာဝရ မီး ထဲသို့ ငါ့ ထံမှ ခွာသွား ကြလော့။ **(aiōnios g166)** ၄၂ အကြောင်းမူကား ၊ ငါသည် မွတ်သိပ်

သောအခါ သင်တို့သည်မ ကျွေး ၊ ငါသည် ရေငတ် သောအခါ သင် တို့သည် သောက် ဘို့မ ပေး။ ၄၃ ငါ သည် ဧည့်သည် ဖြစ် သောအခါ သင်တို့သည် ဧည့်သည် ဝတ်ကိုမ ပြု။ ငါ သည် အဝတ် အချည်းစည်းရှိ သောအခါ သင်တို့သည် အဝတ် နှင့်မ ဖုံးမလွှမ်း။ ငါ သည် အနာ ရောဂါစွဲသောအခါ ၌ဂင်း ၊ ထောင် ထဲမှာ နေရ သောအခါ၌ဂင်း၊ သင်တို့သည် မ ကြည့်ရှု မပြုစုဟု မိန့် တော်မူလျှင်၊ ၄၄ ထိုသူ တို့က၊ သခင် ၊ ကိုယ်တော် သည် မွတ်သိပ် တော်မူခြင်း၊ ရေငတ် တော်မူခြင်း၊ ဧည့်သည် ဖြစ်တော်မူခြင်း၊ အဝတ် အချည်းစည်းရှိတော်မူခြင်း၊ အနာ စွဲတော်မူခြင်း၊ ထောင် ထဲမှာ နေတော်မူခြင်းတို့ကို အကျွန်ုပ်တို့ သည် အဘယ် အခါ၌မြင် ၍ ကိုယ်တော် ကို မ ပြုစု မလုပ်ကျွေးဘဲ နေပါသနည်းဟု ပြန်၍လျှောက်ကြသော်၊ ၄၅ မင်းကြီးက၊ ငါအမှန် ဆို သည်ကား၊ သင်တို့သည် ဤ သူ တို့တွင် အငယ်ဆုံး သောသူ တစ်ယောက်အား မ ပြု သမျှ တို့ကို ငါ့ အား မ ပြု ကြပြီဟုပြန်၍မိန့် တော်မူလတံ့။ ၄၆ ထိုသူ တို့သည် ထာဝရ အပြစ် ဒဏ်ခံရာသို့ ၎င်း ၊ ဖြောင့်မတ် သောသူ တို့မူကား ၊ ထာဝရ အသက် ရှင်ရာ သို့ ၎င်း သွား ရကြလတံ့ ဟု မိန့် တော်မူ၏။ **(aiōnios g166)**

၂၆ ထို ဒေသနာ တော်ရှိသမျှတို့ကို ယေရှု သည် အကုန်အစင် ဟော တော်မူပြီး လျှင်၊ တပည့် တော်တို့အား၊

၂ နှစ် ရက် လွန် မှပသခါ ပွဲနေ့ရောက် မည်ကို သင်တို့သိ ကြ၏။ ထိုအခါ လူ သား ကိုလက်ဝါးကပ်တိုင် မှာရိုက်သတ်စေခြင်းငှာ အပ်နှံ ကြလိမ့်မည် ဟု မိန့်တော်မူ၏။ ၃ ထိုအခါ ယဇ်ပုရောဟိတ် အကြီးကျမ်းပြုဆရာတို့နှင့် လူ တို့တွင် အကြီးအကဲ ဖြစ်သောသူ တို့သည်၊ ကယာဖ အမည် ရှိသော ယဇ်ပုရောဟိတ် မင်း၏ အိမ်ဦး ၌ စည်းဝေး ကြပြီးလျှင် ၊ ၄ ယေရှု ကိုပရိယာယ် အားဖြင့်ဘမ်းဆီး ၍ သတ် အံ့သောငှာတိုင်ပင် ကြ၏။ ၅ သို့သော်လည်း လူ များတို့သည် ရုန်းရင်းခတ် ဖြစ် မည်ကိုစိုးရိမ်၍ ပွဲ နေ့တွင် မ ပြုနှင့်ဦးဟု ပြောဆို ကြ၏။ ၆ ဗေသနိ ရွာတွင် ရှိမုန် အမည်ရှိသောလူနှ ၏ အိမ် ၌ ယေရှု ရှိ တော်မူသည်ဖြစ်၍ ၊ ၇ မိန်းမ တစ်ယောက်သည် အဘိုး များစွာထိုက်သော ဆီမွှေး ကျောက်ဖြူ ခွက်တစ်လုံးကို အထံ တော်သို့ ယူခဲ့၍၊ စားပွဲ နားမှာလျောင်းတော်မူသော ကိုယ်တော် ၏ခေါင်း ပေါ်၌ သွန်းလောင်း လေ၏။ ၈ တပည့် တော်တို့သည် မြင် လျှင် ဒေါသ စိတ်ရှိသည်ဖြစ်၍ အဘယ်ကြောင့် အကျိုးမဲ့ ဆုံးစေသနည်း။ ၉ ထို ဆီမွှေးကို အဘိုးများစွာ နှင့်ရောင်း ၍ ဆင်းရဲ သောသူတို့အား ပေး စရာကောင်းသည်ဟုဆို ကြ၏။ ၁၀ ယေရှု သည် သိ တော်မူလျှင် ထိုမိန်းမ ကိုအဘယ်ကြောင့် နှောင့်ရှက် ကြသနည်း။ သူသည် ငါ ၌ ကောင်း သောအမှု ကိုပြု ပြီ။ ၁၁ ဆင်းရဲ သောသူ တို့သည် သင် တို့ ၌ အစဉ် ရှိ ကြ၏။ ငါ မူကား သင်တို့ ၌အစဉ် ရှိ သည်မ ဟုတ်။ ၁၂ ဤ ဆီမွှေး ကို ငါ့ ကိုယ် အပေါ် ၌သွန်းလောင်း သည်မှာ ငါ့ အလောင်းကို သင်္ဂြိုဟ် မည်ဟု ပြင်ဆင်ခြင်းငှာ ပြု သတည်း။ ၁၃ ငါအမှန် ဆို သည်ကား၊ ဧဝံဂေလိ တရားကို မြေ တပြင်လုံး တွင် ဟော သောအရပ်ရပ် တို့ ၌ ဤမိန်းမ ကို အောက်မေ့ စရာဘို့ သူ ပြု သောဤအမှု ကို ကြားပြော ရကြလတံ့ ဟု မိန့် တော်မူ၏။ ၁၄ ထိုအခါ တပည့်တော်တစ်ကျိပ် နှစ်ပါးအဝင် ဖြစ် သော ယုဒ ရှကာရုတ် သည် ယဇ်ပုရောဟိတ် အကြီးတို့ထံသို့ သွား ၍၊ ၁၅ အကျွန်ုပ် သည် ယေရှု ကို ကိုယ်တော် တို့လက်သို့အပ် လျှင် အဘယ်မျှလောက် ပေး ပါမည်နည်းဟု လျှောက် သော်၊ ထိုသူ တို့က ငွေ အကျပ်သုံးဆယ် ပေးမည်ဟု ဝန်ခံကြ၏။ ၁၆ ထိုအခါ မှစ၍ ကိုယ်တော် ကိုအပ် ခြင်းငှာ အဆင်သင့် သောအချိန်ကာလကို ရှာကြံ

လျက်နေ၏။ ၁၇ အဓုမ ပွဲ ပဌမ နေ့၌ တပည့် တော်တို့သည် အထံ တော်သို့ချဉ်းကပ် ၍၊ ကိုယ်တော်သည် ပသခါ ပွဲကို စား တော်မူဘို့ရာအဘယ် အရပ်၌ အကျွန်ုပ်တို့သည် ပြင်ဆင် စေခြင်းငှာအလိုရှိ တော်မူသနည်းဟု မေး ကြသော်၊ ၁၈ ကိုယ်တော် က၊ မြို့ တွင် ဤမည်သော သူ ၏အိမ်သို့ သွား ကြ၊ ဆရာ မှာ လိုက်သည်ကား၊ ငါ့ အချိန် နီး ပြီ။ သင့် အိမ်၌ ငါ့ တပည့် တို့နှင့်တကွ ပသခါ ပွဲကို ငါခံ မည်ဟု ထိုသူ ကို ပြော ကြလော့ ဟု မိန့် တော်မူ၏။ ၁၉ တပည့် တော်တို့သည် စီရင် တော်မူသည်အတိုင်း ပြု ၍ ပသခါ ပွဲကို ပြင်ဆင် ကြ၏။ ၂၀ ညဦးယံ အချိန်ရောက် မှ တပည့်တော်တစ်ကျိပ် နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်း တော်မူ၏။ ၂၁ စား ၍နေကြစဉ် ကိုယ်တော် က၊ ငါအမှန် ဆို သည်ကား၊ သင် တို့တွင် တစ်စုံတစ်ယောက် သောသူသည် ငါ့ ကို အပ်နှံ လိမ့်မည် ဟု မိန့် တော်မူလျှင် ၊ ၂၂ တပည့်တော်တို့သည် အလွန် ဝမ်းနည်း ၍ သခင် ၊ အကျွန်ုပ် လောဟု အသီးအသီး မေးလျှောက် ကြ၏။ ၂၃ ကိုယ်တော် ကလည်း ငါ နှင့်အတူ ပုဂန် တွင် လက် နှိုက် သောသူ သည် ငါ့ ကို အပ်နှံ လိမ့်မည်။ ၂၄ ကျမ်းစာ လာသည်အတိုင်း လူ သား သည်သွား ရမည်။ သို့သော်လည်း လူ သား ကိုအပ်နှံ သောသူ သည် အမင်္ဂလာ ရှိ၏။ ထို သူ သည် ဘွားမြင် ခြင်းကိုမ ခံရလျှင် အနေသာ၍ကောင်း သည် ဟု မိန့် တော်မူ၏။ ၂၅ ကိုယ်တော်ကို အပ်နှံ မည့်သူ ယုဒ ရှကာရုတ် ကလည်း ၊ အရှင် ဘုရား၊ အကျွန်ုပ် လောဟု မေးလျှောက် လျှင်၊ သင် ဆို သည့်အတိုင်းမှန်သည် ဟု ပြန်ပြော တော်မူ၏။ ၂၆ ထိုအခါ စား လျက်နေကြစဉ်တွင်၊ ယေရှု သည် မုန့် ကိုယူ ၍ ကျေးဇူး တော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့ ၍ ၊ ဤ မုန့်ကား ငါ ၏ကိုယ် ဖြစ် ၏။ ယူ ၍စား ကြလော့ ဟု မိန့် တော်မူလျက်၊ တပည့် တော်တို့အား ပေး တော်မူ၏။ ၂၇ ခွက် ကိုလည်း ယူ ၍ ကျေးဇူး တော်ကိုချီးမွမ်းပြီးမှ သူ တို့အားပေး တော်မူ၍ သင်တို့ရှိသမျှ သည်သောက် ကြလော့။ ၂၈ ဤ ခွက်ကား ပဋိညာဉ် တရားသစ်နှင့်ဆိုင်၍ လူများ တို့၏အပြစ် ကိုလွှတ် စေခြင်းငှာ သွန်း သော ငါ ၏ အသွေး ဖြစ် ၏။ ၂၉ ငါဆို သည်ကား၊ ဤ စပျစ်ရည် မျိုး အသစ် ကို ငါ့ ခမည်းတော် ၏နိုင်ငံ ၌ သင် တို့နှင့်အတူ ငါ မ သောက်မှီ နေ့ တိုင်အောင်ယခု မှစ၍ တစ်ဖန် ငါမ သောက်ရ ဟု မိန့် တော်မူ၏။ ၃၀ ထို့နောက် သီချင်း ဆိုကြပြီးမှသံလွင် တောင် သို့ ထွက်သွား ကြ၏။ ၃၁ ထိုအခါ ယေရှု ကလည်း၊ ကျမ်းစာလာသည်ကား၊ သိုးထိန်း ကိုငါရိုက်သတ် ၍ သိုး တို့သည် ကွဲလွင့် ရကြ လိမ့်မည်ဟု ရေး ထားသည်နှင့်အညီ၊ ယနေ့ ညဉ့် တွင် သင် တို့ရှိသမျှ သည် ငါ့ ကြောင့် စိတ်ပျက် ကြလိမ့်မည်။ ၃၂ သို့သော်လည်း ငါ သည်ထမြောက် ပြီးမှသင် တို့ရှေ့ ဂါလိလဲ ပြည်သို့ သွားမည် ဟု မိန့် တော်မူသော်၊ ၃၃ ပေတရု က၊ ဤသူ ရှိသမျှတို့သည် ကိုယ်တော် ကြောင့် စိတ်ပျက် ကြသော်လည်း ၊ အကျွန်ုပ် သည် စိတ် အလျှင်း မပျက်ပါဟု လျှောက် လေ၏။ ၃၄ ယေရှု ကလည်း၊ ငါအမှန် ဆို သည်ကား၊ ယနေ့ ညဉ့် တွင် ကြက် မ တွန် မှီ သင်သည်သုံး ကြိမ်မြောက်အောင် ငါ့ ကို ငြင်းပယ် လိမ့်မည် ဟု မိန့် တော်မူလျှင်၊ ၃၅ ပေတရု က၊ ကိုယ်တော် နှင့်တကွ သေ ရသော်လည်း အကျွန်ုပ် သည်ကိုယ်တော် ကို မ ငြင်း မပယ်ပါဟု လျှောက် ပြန်၏။ တပည့် တော်အပေါင်း တို့သည်လည်း ထိုနည်းတူ လျှောက် ကြ၏။ ၃၆ ထိုအခါ ယေရှု သည် သူ တို့နှင့်အတူ ဂေသရှေမန် အရပ် သို့ ရောက် တော်မူလျှင်၊ ငါသည် ထို အရပ်သို့ သွား ၍ ဆုတောင်း စဉ် တွင် ဤ အရပ်၌ ထိုင် နေကြလော့ ဟု တပည့် တော်တို့အား

မိန့် တော်မူပြီးမှ ၊ ၃၇ ပေတရု နှင့် ဇေဗေဒဲ ၏သား နှစ် ယောက်တို့ကို ခေါ် သွား ၍ ၊ နှလုံး သေစိတ်ပူပန် ခြင်းသို့ ရောက်တော်မူ၏။ ၃၈ ထိုအခါ ယေရှု က၊ ငါ သည် သေ လောက် အောင် စိတ် နှလုံးအလွန်ညှိုးငယ် ခြင်းရှိ ၏။ ဤ အရပ်၌ ငါ နှင့်အတူ စောင့် ၍ နေ ကြလော့ ဟု တပည့်တော်သုံးယောက်တို့အား မိန့် တော်မူ၏။ ၃၉ ထိုမှအနည်းငယ် လွန် ပြန်လျှင် ပြပ်ဝပ် ၍ အကျွန်ုပ် အဘ ၊ ဤ ခွက် သည် အကျွန်ုပ် ကိုလွန်သွားနိုင် လျှင် လွန်သွား ပါစေသော။ သို့သော်လည်း အကျွန်ုပ် အလိုရှိ သည်အတိုင်း မ ဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း ဖြစ်ပါစေသော ဟု ဆုတောင်း တော်မူ၏။ ၄၀ တပည့် တော်တို့ရှိရာ သို့ ပြန် ၍ သူ တို့သည် အိပ်ပျော် လျက်နေကြသည်ကို တွေ့ တော်မူလျှင် ၊ သင်တို့ သည် တစ် နာရီ ခန့်မျှ ငါ နှင့်အတူ စောင့် ၍နေခြင်းငှာဤသို့ မ စွမ်းနိုင် သလော။ ၄၁ စုံစမ်း နှောင့်ရှက်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ဆုတောင်း လျက်စောင့် နေကြလော့။ စိတ်ဝိညာဉ် ကား စေတနာ ရှိငြားသော်လည်း ၊ ကိုယ် မူကား အားနည်း သည် ဟု ပေတရု အား မိန့် တော်မူပြီးမှ ၊ ၄၂ တစ်ဖန် သွား ၍ အကျွန်ုပ် အဘ ၊ ဤခွက် ကိုအကျွန်ုပ်မ သောက် ဘဲ လွန် ၍မ သွားရလျှင် ကိုယ်တော် အလိုရှိ သည်အတိုင်း ဖြစ် ပါစေသော ဟု ဆုတောင်း ပြန်၏။ ၄၃ ထိုနောက် တပည့် တော်တို့ရှိရာသို့လာ ၍ သူ တို့သည် မျက်စိ လေးလံ သဖြင့် တစ်ဖန် အိပ်ပျော် လျက် နေကြသည်ကိုတွေ့ တော်မူလျှင်၊ ၄၄ သူ တို့ကိုထား ခဲ့၍ တစ်ဖန် သွား ပြီးလျှင်ရှေ့မြွက်ဆို သည်နည်းတူ သုံး ကြိမ်မြောက်အောင် ဆုတောင်း တော်မူ၏။ ၄၅ ထိုနောက် တပည့် တော်တို့ရှိရာ သို့ ပြန်လာ လျှင် ယခု အိပ်ပျော် ၍ ငြိမ်ဝပ် စွာနေကြလော့။ လူ သား ကို ဆိုး သောသူတို့လက် သို့ အပ်နှံ ရသောအချိန် ရောက်လာ ပြီ။ ၄၆ ထ ကြ၊ ငါတို့သည် သွား ကြကုန်အံ့။ ငါ့ ကို အပ်နှံ သောသူ သည် ရောက်လာ ပြီ ဟု မိန့် တော်မူ၏။ ၄၇ ထိုသို့ မိန့် တော်မူစဉ် တွင်ပင် တပည့်တော်တစ်ကျိပ် နှစ်ပါးအဝင်ဖြစ်သော ယုဒ ရှကာရုတ်လာ ၏။ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ တို့တွင် အကြီးအကဲ ဖြစ်သောသူများစေလွှတ်သောလူ အစုအဝေးအပေါင်း တို့သည် ဓား နှင့် ဒုတ် များကို ကိုင်လျက်ပါကြ၏။ ၄၈ ကိုယ်တော် ကို အပ်နှံ သောသူ က၊ ငါနမ်း သောသူ သည် ယေရှု ပင်ဖြစ် ၏။ သူ့ ကိုဘမ်း ကြဟု ထိုသူ တို့အား အမှတ် ပေး ခဲ့သည်အတိုင်း၊ ၄၉ ကိုယ်တော် ရင်းသို့ ချက်ခြင်း ချဉ်းကပ် ၍ အရှင် ဘုရား၊ မင်္ဂလာ ရှိပါစေသောဟုဆို လျက်နမ်း လေ၏။ ၅၀ ယေရှု ကလည်း ၊ အဆွေ ၊ အဘယ် အခင်းရှိ ၍လာ သနည်း ဟုမေး တော်မူပြီးမှ ၊ ထိုသူများတို့သည် လာ ၍ ကိုယ်တော် ကို ဆွဲကိုင် ဘမ်းဆီး ကြ၏။ ၅၁ ထိုအခါ ယေရှု နှင့် ပါသောသူ တစ် ယောက်သည် လက် ကိုဆန့် ၍ ဓား ကိုဆွဲထုတ် ပြီးလျှင် ယဇ်ပုရောဟိတ် မင်း၏ ကျွန် တစ်ယောက်ကိုခုတ် သဖြင့် နားရွက် ပြတ် လေ၏။ ၅၂ ယေရှု ကလည်း သင့် ဓား ကို သူ့ နေရာ ၌ ပြန်ထား လော့။ ဓား ကိုကိုင် သောသူ ရှိသမျှ တို့သည် ဓား ဖြင့် ဆုံး ခြင်းသို့ ရောက်ကြလိမ့်မည်။ ၅၃ ယခုပင် ငါ့ အဘ ကို ငါတောင်း နိုင် သည်ကို ၎င်း ၊ တောင်းလျှင် ကောင်းကင်တမန် တစ်ဆယ့်နှစ် တပ် မက ငါ့ ထံသို့စေလွှတ် တော်မူမည်ကိုဎင်း၊ သင်သည်မ ထင် သလော။ ၅၄ သို့ ဖြစ်လျှင် ဤသို့သော အမှုအရာ တို့သည်ဖြစ်ရ မည်ဟူသောကျမ်းစာ ချက်သည် အဘယ်သို့ ပြည့်စုံ အံ့နည်း ဟု မိန့် တော်မူ၏။ ၅၅ ထို အခါ ယေရှု က၊ သင်တို့သည် ဓားပြ ကိုဖမ်း သကဲ့သို့ ငါ့ ကိုဖမ်း အံ့သောငှာဓား နှင့် ဒုတ်

များကို လက်စွဲလျက်လာ ကြသည်တကား။ ငါသည် ဗိမာန် တော်၌ နေ့တိုင်း ဆုံးမ သြဝါဒပေးလျက် သင်တို့အလယ်၌ ထိုင် နေစဉ်အခါ၊ သင်တို့သည် ငါ့ ကို မ ဖမ်းဆီး ကြ။ ၅၆ ထို အကြောင်းအရာမူကား ၊ အနာဂတ္တိ ကျမ်းစာ ပြည့်စုံ မည်အကြောင်း တည်း ဟု လူ အစုအဝေးတို့ကို မိန့် တော်မူ၏။ ထိုအခါ တပည့် တော်အပေါင်း တို့သည် ကိုယ်တော် ကို စွန့်ပစ် ၍ပြေး ကြ၏။ ၅၇ ကိုယ်တော် ကို ဘမ်းဆီး သောသူ တို့သည် ကျမ်းပြု ဆရာ၊ လူ အကြီးအကဲများစည်းဝေး ရာ ယဇ်ပုရောဟိတ် မင်း ကယာဖ ထံသို့ ဆောင်သွား ကြ၏။ ၅၈ ပေတရု သည်လည်း ၊ ယဇ်ပုရောဟိတ် မင်း၏ အိမ်ဦး တိုင်အောင် ကိုယ်တော် နှင့် ဝေး စွာလိုက် ၍ အတွင်း သို့ဝင် ပြီးလျှင် ၊ ထိုအမှု၏ အဆုံး ကိုသိမြင် ခြင်းငှာမင်း လုလင်တို့နှင့်အတူ ထိုင် နေ၏။ ၅၉ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူအကြီးအကဲ၊ လွှတ် အရာရှိအပေါင်း တို့သည် ယေရှု ကိုသတ် ရမည် အကြောင်း မမှန် သောသက်သေကို ရှာ သော်လည်း မတွေ့ကြ။ ၆၀ မမှန် သောသက်သေခံအများ လာ သော်လည်း သက်သေကိုမ တွေ့ ကြ။ နောက်ဆုံး ၌ မမှန်သော သက်သေခံနှစ် ယောက်တို့သည် လာ ၍ ၊ ၆၁ ဤ သူက ငါသည် ဘုရားသခင် ၏ဗိမာန် တော်ကို ဖြိုဖျက် ၍ သုံး ရက် အတွင်း တွင် တည်ဆောက် နိုင် သည်ဟု ပြော ပါသည်ဟု သက်သေခံ ကြ၏။ ၆၂ ယဇ်ပုရောဟိတ် မင်းသည် ထ ၍ ၊ သင်သည် တစ်ခွန်းမျှ ပြန် ၍မပြောသလော။ ဤ သူတို့သည် အဘယ်သို့ သက်သေခံ သနည်းဟုဆို လျှင်၊ ၆၃ ယေရှု သည် တိတ်ဆိတ် စွာနေတော်မူ၏။ ယဇ်ပုရောဟိတ် မင်းကလည်း သင် သည် ခရစ်တော် တည်းဟူသောဘုရားသခင် ၏သား တော်မှန်သည် မမှန်သည်ကို ငါ တို့အား ပြော စေခြင်းငှာ ၊ အသက် ရှင်တော်မူသောဘုရားသခင် ကို ငါတိုင်တည် ၍ သင့် ကို ကျိန်ဆိုစေ၏ဟု ဆို လျှင်၊ ၆၄ ယေရှု က၊ သင် ဆို သည့်အတိုင်းမှန်၏။ ထိုမျှမက ငါဆို သည်ကား၊ နောင်ကာလ၌ လူ သား သည် တန်ခိုး တော်၏လက်ျာ ဘက်၌ ထိုင် လျက် မိုးယံတိမ် ကိုစီး ၍ ကြွလာ သည်ကို သင်တို့ မြင် ရကြလတံ့ ဟု မိန့် တော်မူ၏။ ၆၅ ထိုအခါ ယဇ်ပုရောဟိတ် မင်းသည် မိမိ အဝတ် ကိုဆုတ် လျက် ဤသူသည်ဘုရားကို လွန်ကျူး ၍ ပြော သောစကားကို ယခုပင် သင်တို့ ကြား ရပြီ။ ၆၆ အဘယ်သို့ ထင်မှတ် ကြသနည်းဟု မေးမြန်းလျှင်၊ ထိုသူ တို့က ဤသူသည် အသေခံ ထိုက် ပေ၏ဟု ပြန် စီရင်ကြ၏။ ၆၇ ထိုအခါ မျက်နှာ တော်ကို တံထွေး နှင့် ထွေးကြ၏။ လက်သီး နှင့် ထိုးကြ၏။ ၆၈ အချို့ တို့သည်လည်း ပါးတော်ကို လက်နှင့်ပုတ် ၍ ၊ အချင်းခရစ်တော် ၊ ကိုယ်တော် ကို အဘယ်သူ ပုတ် သည်ကို ပရောဖက် ပြု၍ ဟောတော်မူပါဟုဆို ကြ၏။ ၆၉ ပေတရု သည် ပြင် မှာအိမ်ဦး ၌ ထိုင် နေစဉ်၊ အစေအပါး မိန်းမတစ် ယောက်သည် သူ ရှိရာသို့လာ ၍ သင် သည်လည်း ဂါလိလဲ လူ ယေရှု နှင့် ပေါင်းဘော်သောသူဖြစ် သည်ဟု ဆို လျှင်၊ ၇၀ ပေတရု က သင်ပြော သောအရာ ကို ငါမ သိ ဟု လူအပေါင်း တို့ရှေ့၌ ငြင်းခုံ လေ၏။ ၇၁ ထို့နောက် ပေတရုသည် အိမ်ဦးရှေ့သို့ ထွက် ပြီးမှအခြား သောမိန်းမသည် သူ့ ကိုမြင် ၍ ထို အရပ်၌ ရှိသောသူ တို့အား၊ ဤ သူလည်းနာဇရက် မြို့သားယေရှု နှင့် ပေါင်းဖော်သောသူဖြစ် သည်ဟု ဆို လျှင် ၊ ၇၂ ပေတရုက၊ ထိုသူ ကို ငါမ သိ ဟု ကျိန်ဆို လျက်တစ်ဖန် ငြင်းခုံ ပြန်၏။ ၇၃ ထို့နောက် များမကြာ ထိုအရပ်၌ ရပ် နေသော သူ တို့သည် ပေတရု အနီးသို့လာ ၍၊ အကယ်စင်စစ် သင် သည်လည်း ထိုသူ တို့အဝင် ဖြစ် ၏။ သင့် စကား သည် သင့် အကြောင်းကို ထင်ရှား စေ၏ဟု ဆို ကြလျှင် ၊ ၇၄

ပေတရုက၊ ထိုသူ ကို ငါမ သိ ဟု ဓိဋ္ဌာန် ပြု၍ ကျိန်ဆို ၏။ ထို ခဏချင်းတွင် ကြက် တွန် လေ၏။ ၂၅ ယေရှု က၊ ကြက် မ တွန် မှီ သင်သည် သုံး ကြိမ်မြောက်အောင် ငါ့ ကို ငြင်းပယ် လိမ့်မည် ဟု မိန့် တော်မူသော စကား ကို ပေတရု သည် သတိရ သဖြင့် ပြင် သို့ထွက် ၍ ပြင်းစွာ ငိုကြွေး လေ၏။

၂၇ နံနက် အချိန်ရောက် လျှင် ၊ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ တို့တွင် အကြီးအကဲ ဖြစ်သောသူ အပေါင်း တို့သည် ယေရှု ကို သတ် အံ့သောငှာ တိုင်ပင် ၍၊ ၂ ကိုယ်တော် ကို ချည်နှောင် ပြီးလျှင် မြို့ဝန်မင်း ပုန္တိ ပိလတ်ထံသို့ဆောင်သွား ၍ အပ် လိုက်ကြ၏။ ၃ ထိုအခါ ကိုယ်တော် ကိုအပ်နှံ သော ယုဒ ရှကာရုတ်သည် ကိုယ်တော်၌ သေ ပြစ်ကို စီရင်ကြသည်ကို သိမြင် လျှင်၊ နောင်တရ ၍ ငွေ သုံးဆယ် ကိုယဇ်ပုရောဟိတ် အကြီး၊ လူ အကြီးအကဲတို့ ၌ ပြန်ပေး ၍၊ ၄ အကျွန်ုပ်ပြစ်မှား ပါပြီ။ အပြစ် မရှိသောသူ၏ အသွေး ကိုအပ် မိပါပြီဟု ဆို ၏။ ထိုသူ တို့ကလည်း ငါ တို့နှင့် အဘယ်သို့ ဆိုင်သနည်း။ ကိုယ် အမှုကို ကိုယ်ကြည့် လော့ဟု ဆို ကြသော်၊ ၅ သူသည် ထိုငွေ ကိုဗိမာန် တော်၌ ပစ်ချ ခဲ့၍ အခြားသို့သွား ပြီးလျှင် လည်ကြိုးတပ် ၍ သေလေ၏။ ၆ ယဇ်ပုရောဟိတ် အကြီးတို့သည် ထိုငွေ ကိုယူ ၍ အသွေး ၏အဘိုး ဖြစ် ၏။ ဘဏ္ဍာ တော်၌ မ သွင်း အပ် ဟု ပြောဆို ၊ ၇ တိုင်ပင် ပြီးမှ ၊ အိုးထိန်း သမား၏ မြေ အကွက်ကို တစ်ပါး အမျိုးသားတို့၏သင်္ချိုင်း ဖြစ်စေဘို့ ရာ ထိုငွေ နှင့် ဝယ် ကြ၏။ ၈ ထိုအကြောင်းကို အစွဲပြု၍ ယခု တိုင်အောင် ထို မြေ အကွက်ကို သွေး မြေ ဟု ခေါ်တွင် ကြ၏။ ၉ ပရောဖက် ယေရမိ ဟော သည်ကား၊ ဣသရေလ လူတို့သည် အဘိုး ပြတ်သောသူ ၏ ကိုယ်ဘိုး ငွေ သုံးဆယ် ကို သူတို့သည် ယူ ၍ ထာဝရ ဘုရားသည် ငါ့ ကို မှာထား တော်မူသည်အတိုင်း ၊ ၁၀ အိုးထိန်း သမား၏မြေ အကွက်ကို ဝယ် ကြ၏ဟူသောစကား သည်ထိုအခါ ပြည့်စုံ ခြင်းသို့ ရောက်လေ၏။ ၁၁ ယေရှု သည် မြို့ဝန်မင်း ရှေ့ သို့ရောက် တော်မူသည်ရှိသော် မြို့ဝန်မင်း က၊ သင် သည် ယုဒ ရှင်ဘုရင် မှန် သလောဟု မေး လျှင် ၊ ယေရှု က၊ မင်းကြီး မေး သည်အတိုင်း မှန်သည်ဟု မိန့် တော်မူ၏။ ၁၂ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူအကြီးအကဲ တို့သည် အပြစ်တင် ကြသော် တစ်ခွန်းကိုမျှ ပြန် တော်မမူ၊ ၁၃ ပိလတ် မင်းကလည်း၊ သင့် တစ်ဘက်၌ အဘယ်မျှလောက် သက်သေခံ ကြသည်ကို သင်မ ကြား သလောဟု ပြောဆို သော်လည်း၊ ၁၄ စကား တစ် ခွန်းကိုမျှ ပြန် တော်မ မူသည်ကို မြို့ဝန်မင်း သည် အလွန် အံ့သြ လေ၏။ ၁၅ ထိုပွဲ ၌ မြို့ဝန်မင်း သည် အကျဉ်း ထားသောသူတို့တွင် ၊ လူ များတို့ အလိုရှိ သောသူ တစ် ယောက်ယောက် ကို လွှတ် မြဲထုံးစံ ရှိ၏။ ၁၆ ထိုအခါ အကျဉ်း ထားသောသူတို့တွင် ဗာရဗ္ဗ အမည် ရှိသော ကျော်စော သောသူတစ်ယောက်ရှိ ၏။ ၁၇ လူ များ စည်းဝေး ကြသည်ရှိသော်၊ ပိလတ် မင်းက၊ သင် တို့သည် အဘယ်သူ ကို လွှတ် စေချင် သနည်း။ ဗာရဗ္ဗ ကိုလွှတ်စေချင်သလော။ ခရစ် ဟုခေါ် ဝေါ် သော ယေရှု ကို လွှတ်စေချင်သလောဟု လူ များတို့အား မေး လေ၏။ ၁၈ အဘယ်ကြောင့် ဤသို့မေးသနည်းဟူမူကား၊ ထိုသူတို့သည် မနာလို သောစိတ်နှင့် ယေရှု ကို အပ်နှံ ကြောင်း ကို ပိလတ်မင်းသိ ၏။ ၁၉ ထိုမှတစ်ပါးတရားပလ္လင် ပေါ်မှာ ထိုင် စဉ်တွင် ၊ မိမိ ခင်ပွန်း သည် လုလင်တစ်ယောက်ကို စေလွှတ် ၍၊ ထို ဖြောင့်မတ် သောသူ ကို အဘယ်သို့ မျှမပြုပါနှင့်။ ယနေ့ ပင် ကျွန်မသည် ထိုသူ ကြောင့် အိပ်မက်

၌ ပြင်းစွာ ခံရ ပါပြီဟု မှာ လိုက်၏။ ၂၀ လူအစုအဝေးတို့သည် ဗာရဗ္ဘ ကိုတောင်း ၍ ယေရှု ကိုသတ် စေခြင်းငှာ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ အကြီးအကဲ တို့သည် လူ များကို တိုက်တွန်း သွေးဆောင်ကြ၏။ ၂၁ ထို့ကြောင့် မြို့ဝန်မင်း သည်၊ ဤသူနှစ် ယောက်တို့တွင် သင် တို့သည်အဘယ်သူ ကိုလွှတ် စေချင် သနည်း ဟု လူ များကို တစ်ဖန်မေး သောအခါ၊ ဗာရဗ္ဘ ကို လွှတ်စေချင်ပါသည်ဟု လျှောက် ကြ၏။ ၂၂ ပိလတ် မင်းကလည်း၊ သို့ ဖြစ်လျှင် ခရစ် ဟု ခေါ် ဝေါ် သော ယေရှု ကို အဘယ်သို့ ပြု ရမည်နည်းဟု မေး ပြန်သော်၊ ထိုသူအပေါင်း တို့က၊ သူသည် လက်ဝါးကပ်တိုင် မှာရိုက်ထားခြင်းကို ခံပါလေစေဟု ဆို ကြ၏။ ၂၃ မြို့ဝန်မင်း ကလည်း အဘယ်ကြောင့် နည်း။ အဘယ် အပြစ် ကို ပြု ဘိသနည်းဟုမေး လျှင် ၊ ထိုသူ သည် လက်ဝါးကပ်တိုင် မှာရိုက်ထားခြင်းကို ခံပါလေစေဟု လူများတို့သည် သာ၍ ဟစ် ကြ၏။ ၂၄ ပိလတ် မင်းသည် မိမိမ နိုင် ၊ လူများသာ၍ ရုန်းရင်းခတ် မျှ ပြု ကြသည်ကိုမြင် လျှင် ၊ ရေ ကိုယူ ၍ လူ များ ရှေ့ တွင် မိမိ လက် ကိုဆေး လျက်၊ ဤ ဖြောင့်မတ်သော သူ၏ အသွေး နှင့်ငါသည် ကင်းရှင်း ၏။ ဤအမှုကို သင် တို့ ကြည့် ကြလော့ဟု ဆို ၏။ ၂၅ ထိုလူ အပေါင်း တို့က သူ ၏အသွေး သည် ငါ တို့၏ ခေါင်းပေါ် ၌ ၎င်း သား မြေးတို့၏ခေါင်းပေါ် ၌ ၎င်းတည်ရှိပါစေဟု ပြန်ပြော ကြ၏။ ၂၆ ပိလတ်မင်းသည်လည်း ဗာရဗ္ဘ ကို လူ များတို့အား လွှတ် လေ၏။ ယေရှု ကိုကား ရိုက် ပြီးလျှင်လက်ဝါးကပ်တိုင် မှာသတ်စေခြင်းငှာ အပ် လိုက်လေ၏။ ၂၇ ထိုအခါ မြို့ဝန်မင်း ၏ စစ်သူရဲ တို့သည် ယေရှု ကို အိမ်တော်ဦး သို့ ဆောင်သွား ၍ စစ်သူရဲ တပတပ်လုံးကို အထံ တော်၌ စုရုံး စေပြီးမှ၊ ၂၈ အဝတ်တော်ကို ချွတ် ၍ နီ သောဝတ်လုံ ကို ခြုံ စေကြ၏။ ၂၉ ဆူးပင် နှင့် ရက် သောဦးရစ် ကို ခေါင်း တော်၌ တင် ကြ၏။ ကျူ တစ်လုံးကိုလည်း လက်ျာ လက်တော်နှင့် ကိုင် စေပြီးလျှင် ရှေ့ တော်မှာဒူးထောက် လျက်ယုဒ ရှင်ဘုရင် ၊ ကိုယ်တော်သည် မင်္ဂလာ ရှိစေသတည်းဟူ၍ကိုယ်တော် ကို ပြက်ယယ်ပြု ကြ၏။ ၃၀ ကိုယ်တော် ကို တံတွေး နှင့်ထွေးကြ၏။ ကျူလုံး ကိုယူ ၍ ခေါင်း တော်ကို ရိုက် ကြ၏။ ၃၁ ထိုသို့ ကိုယ်တော် ကို ပြက်ယယ်ပြု သည်နောက် ၊ မင်းဝတ်လုံ ကို ချွတ် ၍ အဝတ် တော်ကို ဝတ် ပြန်စေပြီးလျှင် လက်ဝါးကပ်တိုင် မှာရိုက်ထားခြင်းငှာ ထုတ်သွား ကြ၏။ ၃၂ သွား ကြစဉ်တွင် ရှိမုန် အမည် ရှိသောကုရေနေ ပြည်သားတစ်ယောက်ကိုတွေ့ လျှင်၊ အနိုင်ပြု ၍ လက်ဝါးကပ်တိုင် တော်ကို ထမ်း စေကြ၏။ ၃၃ ဦးခေါင်းခွံ အရပ် ဟု ဆိုလို သောဂေါလဂေါသ အမည် တွင်သောအရပ် သို့ ရောက် ကြသော် ၊ ၃၄ ဆေးခါး နှင့် ရော သောပုံးရည် ကို ကိုယ်တော် အား သောက် စိမ့်သောငှာပေး လျှင်၊ မြည်းစမ်း တော်မူ၍ မ သောက် ချင် ဘဲ နေလေ၏။ ၃၅ ကိုယ်တော် ကို လက်ဝါးကပ်တိုင် မှာရိုက်ထားပြီးလျှင် အဝတ် တော်တို့ကို စာရေးတံ ချ ၍ ဝေဖန် ကြ၏။ ၃၆ ထို အရပ်၌လည်း ထိုင် လျက် စောင့် နေကြ၏။ ၃၇ အပြစ် ဖော်ပြသော ကမ္မည်းလိပ်စာချက်ဟူမူကား၊ ဤသူ သည် ယုဒ ရှင်ဘုရင် ယေရှု ပေတည်း ဟု ရေး ၍ ခေါင်း တော်ပေါ် မှာ တပ် သတည်း။ ၃၈ ထိုအခါ ကိုယ်တော် နှင့်တကွ ဓားပြ နှစ် ယောက်တို့ကို လက်ျာ တော်ဘက်၌ တစ် ယောက်၊ လက်ဝဲ တော် ဘက်၌ တစ် ယောက်၊ လက်ဝါးကပ်တိုင် မှာရိုက်ထားကြ၏။ ၃၉ လမ်းမှာ သွားလာ သောသူ တို့ကလည်း ၊ ဗိမာန် တော်ကို ဖြိုဖျက် ၍ သုံး ရက် အတွင်း တွင် တည်ဆောက် ပြန်သောသူ ၊ ကိုယ်ကိုကိုယ် ကယ်တင် လော့။ ၄၀

ဘုရားသခင် ၏သား တော်မှန် လျှင် လက်ဝါးကပ်တိုင် မှ ဆင်း လော့ဟု မိမိ တို့ခေါင်း ကိုညှိတ် ၍ ကဲ့ရဲ့ သော စကားနှင့် ပြောဆို ကြ၏။ ၄၁ ထိုနည်းတူ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာ၊ လူ အကြီးအကဲတို့က၊ ဤသူသည် သူတစ်ပါး တို့ကို ကယ်တင် တတ်၏။ ၄၂ ကိုယ် ကို မ ကယ်တင် နိုင် ပါတကား။ ဣသရေလ ရှင်ဘုရင် မှန် လျှင် လက်ဝါးကပ်တိုင် မှ ယခု ဆင်း ပါလေစေ။ ဆင်းလျှင် ငါတို့ယုံကြည် မည်။ ၄၃ ဘုရားသခင် ကိုကိုးစား ပြီ။ ငါ သည် ဘုရားသခင် ၏သား ဖြစ်၏ဟုဆို ပြီ။ သို့ ဖြစ်၍ဘုရားသခင်သည် သူ ၌ အလို တော်ရှိလျှင် ယခုပင် ကယ်တင် တော်မူပါလေစေဟု ပြက်ယယ်ပြု ၍ ပြောဆို ကြ၏။ ၄၄ ထိုနည်းတူ ကိုယ်တော် နှင့်တကွ လက်ဝါးကပ်တိုင် မှာရိုက်ထားသောဓားပြ တို့သည်လည်း ကဲ့ရဲ့ အပြစ်တင်ကြ၏။ ၄၅ မွန်းတည့် အချိန် မှစ၍ သုံးချက်တီး အချိန် တိုင်အောင် မြေ တပြင်လုံး ၌ မှောင်မိုက် အတိဖြစ် လေ၏။ ၄၆ သုံးချက်တီး အချိန် ၌ ယေရှု က၊ ဧလိ ၊ ဧလိ ၊ လာမာ ရှာဗသာနိ ဟု ကြီး သောအသံ နှင့် ကြွေးကြော် တော်မူ၏။ အနက် ကား၊ အကျွန်ုပ် ဘုရား ၊ အကျွန်ုပ် ဘုရား ၊ အဘယ်ကြောင့် အကျွန်ုပ် ကို စွန့်ပစ် တော်မူသနည်း ဟု ဆိုလို သတည်း။ ၄၇ ထို အရပ်၌ ရပ် နေသောသူ အချို့တို့သည် ကြား လျှင်၊ သူသည် ဧလိယ ကိုခေါ်သည် ဟု ဆို ကြ၏။ ၄၈ လူတစ် ယောက်သည် ချက်ခြင်း ပြေး ၍ ရေမှို့ တထွေးကို ပုံးရည် နှင့် ပြည့် စေပြီးလျှင် ၊ ကျူလုံး ဖျား၌ တပ် ၍ ကိုယ်တော် အား သောက်စိမ့်သောဘာပေး လေ၏။ ၄၉ ကြွင်း သောသူ တို့က၊ ရှိ စေတော့။ ဧလိယ သည် သူ့ ကိုကယ်တင် ခြင်းဘာလာ မည်မလာမည်ကို ကြည့် ကြ ကုန်အံ့ဟု ဆို ကြ၏။ ၅၀ ယေရှု သည် ကြီး သောအသံ နှင့်တစ်ဖန် ကြွေးကြော် ပြီးလျှင် အသက် တော်ကို လွှတ် တော်မူ၏။ ၅၁ ထိုအခါ ဗိမာန် တော်၏ ကုလားကာ သည် အထက် စွန်းမှ အောက် စွန်းတိုင်အောင် စုတ်ကွဲ လေ၏။ မြေကြီး လှုပ် လေ၏။ ကျောက် များတို့သည် ကွဲပြား ကြ၏။ ၅၂ သခိုင်း တွင်းတို့သည် ပွင့် လစ်သဖြင့် ကျိန်းစက် လျက်ရှိသော သန့်ရှင်း သူတို့၏ အလောင်း များစွာ တို့ သည် ထ ကြ၍ ၊ ၅၃ ကိုယ်တော် ထမြောက် တော်မူသည်နောက် ၊ ထိုသူတို့သည် သခိုင်း တွင်းမှ ထွက် ၍ သန့်ရှင်း သောမြို့ ထဲသို့ ဝင် ပြီးလျှင် ၊ လူများစွာ တို့အား ထင်ရှား ကြ၏။ ၅၄ ယေရှု ကိုစောင့် သော တပ်မှူး မှစ၍ စစ်သူရဲ များတို့သည် မြေကြီး လှုပ်ခြင်းစသည်တို့ကိုမြင် လျှင် အလွန် ထိတ်လန့် ၍ ၊ စင်စစ် ဤသူ သည် ဘုရားသခင် ၏သား တော်မှန် ပေ၏ဟု ဆို ကြ၏။ ၅၅ ဂါလိလဲ ပြည်က ယေရှု နောက် တော်၌ အလုပ်အကျွေး လိုက်လာသော မိန်းမ အများ တို့သည်လည်း ထို အရပ်၌ အဝေး က ကြည့်ရှု ၍ နေ ကြ၏။ ၅၆ ထိုမိန်းမ တို့တွင် မာဂဒလ မာရိ ၊ ယာကုပ် နှင့် ယောသေ တို့၏ အမိ ဖြစ်သောမာရိ နှင့် ဇေဗေဒဲ ၏ သား တို့၏ အမိ ပါ ကြသတည်း။ ၅၇ ည အချိန်ရောက် မှ အရိမသဲ မြို့သားယောသပ် အမည် ရှိသောသူဌေး သည် ယေရှု ၏တပည့် တော် ဖြစ် သည်နှင့် ၊ ၅၈ ပိလတ် မင်းထံသို့ဝင် ၍ ယေရှု ၏အလောင်း တော်ကို တောင်း လေ၏။ ပိလတ် မင်းသည် အလောင်း တော်ကို ပေး စေခြင်းဘာအမိန့် တော်ရှိသော် ၊ ၅၉ ယောသပ် သည် အလောင်း တော်ကိုယူ ၍ ဖြူစင် သောပိတ်ချော နှင့် ပတ်ရစ် ပြီးလျှင် ၊ ၆၀ ကျောက် ၌ ထွင်း သောမိမိ သခိုင်း တွင်းသစ် ထဲမှာ ထား လေ၏။ ကြီးစွာ သော ကျောက် ကိုလည်း တွင်း ဝ ၌ လိှမ့် ထားပြီးမှ သွား ၏။ ၆၁ မာဂဒလ မာရိ နှင့် အခြား သောမာရိ သည် ထို အရပ်၌ သခိုင်း တော်ရှေ့ မှာ ထိုင်

လျက်နေရစ်ကြ၏။ ၆၂ အဘိတ်နေ့ လွန် ၍ နက်ဖြန် နေ့ရောက် လျှင် ၊ ယဇ်ပုရောဟိတ် အကြီးနှင့် ဖာရိရှဲ တို့သည် ပိလတ် မင်းထံ၌ စုဝေး ၍၊ ၆၃ ထို လှည့်ဖြား သောသူ က၊ ငါသည် သုံး ရက် မြောက် သောနေ့၌ ထမြောက် မည်ဟု မ သေမီ ပြော သည်ကို အကျွန်ုပ်တို့မှတ်မိ ပါပြီ။ ၆၄ ထိုကြောင့် သူ ၏တပည့် တို့သည် ညအခါလာ ၍ အလောင်း ကိုခိုးယူ ပြီးလျှင် ၊ သူသည် သေ ခြင်းမှ ထမြောက် တော်မူပြီဟု လူ အပေါင်းတို့အား ပြောဆို ကြသော်၊ ရှေ့ အမှား ထက် နောက် အမှားသာ၍ ကြီးမည်ဟု စိုးရိမ်စရာ အကြောင်းရှိ သည်ဖြစ်၍၊ သင်္ချိုင်း တွင်းကို သုံး ရက် မြောက် အောင်လုံခြုံစွာစောင့် စိမ့်သောဘုအမိန့် ရှိတော်မူပါဟု လျှောက် ကြလျှင်၊ ၆၅ ပိလတ် မင်းက၊ သင်တို့ ၌ လူစောင့် တတပ်ရှိ ၏။ သွား ကြ၊ တတ်နိုင်သမျှအတိုင်း လုံခြုံစွာစောင့် စေကြ ဟု ဆို လေ၏။ ၆၆ ထိုသူ တို့သည် သွား ၍ ကျောက် ကို တံဆိပ် ခတ်ပြီးလျှင်အစောင့် ထားလျက် သင်္ချိုင်း တွင်းတော်ကို လုံခြုံ စွာ ပြုကြ၏။

၂၈ ဥပုသ်နေ့ လွန် ခုနစ် ရက်တွင် ပဌမ နေ့ရက်မိုဃ်းလင်း အံ့ဆဲဆဲအချိန်၌၊ မာဂဒလ မာရိ နှင့် အခြား သော မာရိ သည် သင်္ချိုင်း တော်ကို အကြည့်အရှု သွား ကြ၏။ ၂ ထိုအခါ မြေကြီး သည် ပြင်းစွာ လှုပ်လေ၏။ အကြောင်းမူကား ၊ ထာဝရ ဘုရား၏ ကောင်းကင်တမန် သည် ကောင်းကင် ဘုံမှ ဆင်းလာ ၍၊ တွင်းဝ၌ပိတ်သောကျောက် ကို လှိမ့်လှန် ပြီးလျှင် ၊ ထိုကျောက် ပေါ်မှာ ထိုင် နေ၏။ ၃ သူ ၏မျက်နှာ သည် လျှပ်စစ် ကဲ့သို့ ထင် ၏။ အဝတ် သည်လည်း မိုဃ်းပွင့် ကဲ့သို့ ဖြူ ၏။ ၄ လူစောင့် တို့သည် ကောင်းကင် တမန်ကို ကြောက်ရွံ့ သဖြင့် တုန်လှုပ် ၍ သေ မတတ်ဖြစ် ကြ၏။ ၅ ကောင်းကင် တမန်ကလည်း ၊ ကြောက်ရွံ့ ခြင်းမ ရှိကြနှင့်။ လက်ဝါးကပ်တိုင် မှာသတ်သောယေရှု ကို သင် တို့ရှာ ကြသည်ကို ငါသိ ၏။ ၆ ဤ အရပ်၌မ ရှိ ။ မိန့် တော်မူသည်အတိုင်း ထမြောက် တော်မူပြီ။ လာ ကြ၊ သခင်လျောင်း တော်မူရာ အရပ် ကို ကြည့် ကြလော့။ ၇ အလျင်အမြန် ပြန်သွား ၍ သေ ခြင်းမှ ထမြောက် တော်မူကြောင်းကို တပည့် တော်တို့အားပြော ကြလော့။ သင် တို့ ရှေ့ ဂါလိလဲ ပြည်သို့ ကြွတော်မူမည်။ ထို ပြည်၌ သင်တို့သည်ကိုယ်တော် ကို တွေ့မြင် ရကြလိမ့်မည်။ ငါပြော ပြီဟုထိုမိန်းမ တို့အား ကောင်းကင်တမန်ဆို ၏။ ၈ ထိုမိန်းမတို့သည်လည်း ကြောက်ရွံ့ သဖြင့် ၎င်း၊ အလွန် ဝမ်းမြောက် သဖြင့်၎င်း၊ သင်္ချိုင်း တော်မှ အလျင်အမြန် သွား ၍ တပည့် တော်တို့အား ထိုသိတင်းစကားကို ကြားပြော ခြင်းငှာပြေး ကြ၏။ ၉ လမ်းမှာသွားကြစဉ် ယေရှု သည် ကြုံဆို တော်မူ၍ ၊ သင်တို့အား မင်္ဂလာ ဖြစ်စေသတည်း ဟု မိန့် တော်မူ၏။ ထို မိန်းမတို့သည် ချဉ်းကပ် ၍ ခြေ တော်ကိုဘက်ယမ်း လျက် ပြပ်ဝပ် ကိုးကွယ်ကြ၏။ ၁၀ ယေရှု ကလည်း ကြောက်ရွံ့ ခြင်းမ ရှိကြနှင့်။ သွား ကြလော့။ ငါ့ ညီ တို့သည် ဂါလိလဲ ပြည်သို့ သွား စေခြင်းငှာဤသိတင်းစကားကို ကြားပြော ကြလော့။ ထို ပြည်၌ သူတို့သည် ငါ့ ကိုတွေ့မြင် ရကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၁၁ ထိုမိန်းမ တို့သည် သွား ကြစဉ်အခါလူစောင့် အချို့ တို့သည် မြို့ ထဲသို့ ဝင် ၍ ဖြစ် လေသမျှသောအခြင်းအရာ တို့ကို ယဇ်ပုရောဟိတ် အကြီးတို့အား ပြန်ကြား ကြ၏။ ၁၂ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲ တို့သည် စုဝေး ၍ တိုင်ပင် ပြီးမှ စစ်သူရဲ တို့အား ငွေ အများ ကို ပေး ၍၊ ၁၃ ညဉ့် အခါငါ တို့အိပ်ပျော် စဉ်တွင် ထိုသူ ၏ တပည့် တို့သည်လာ၍ အလောင်းကို ခိုး သွား ကြသည်ဟု

သင်တို့ပြော ကြလော့။ ၁၄ ထို အကြောင်းကို မြို့ဝန်မင်း ကြား ပြန်လျှင် ၊ ငါ တို့သည် သူ့ ကိုဖျောင်းဖျ ၍ သင် တို့ ၌ အမှု မရှိစေခြင်းဟုပြု မည်ဟု၊ ၁၅ သွန်သင် သည်နှင့်အညီ စစ်သူရဲ တို့သည် ငွေ ကိုယူ ၍ ပြု ကြ၏။ ထို စကား ကို ယခု တိုင်အောင် ယုဒ လူတို့ သည် အနှံ့အပြား ပြောဆိုကြ၏။ ၁၆ တစ်ကျိပ် တစ်ပါးသော တပည့် တော်တို့သည် ဂါလိလဲ ပြည်သို့ သွား ၍ ယေရှု မှာထား တော်မူသော တောင် ပေါ် သို့ တက်ကြလျှင်၊ ကိုယ်တော် ကိုတွေ့မြင် ၍ ပြပ်ဝပ် ကိုးကွယ်ကြ၏။ ၁၇ အချို့တို့သည် ယုံမှား ခြင်းရှိကြ၏။ ၁၈ ယေရှု သည် အနီးအပါးသို့ ချဉ်း တော်မူပြီးလျှင် ၊ ကောင်းကင် ဘုံ၌ ၎င်း ၊ မြေကြီး ပေါ် ၌ ၎င်း၊ စီရင်ပိုင် သော အခွင့် တန်ခိုးရှိသမျှ တို့ကို ငါ ခံရ ပြီ။ ၁၉ သင်တို့သွား ၍ လူမျိုး တကာ တို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော် ၊ သား တော်၊ သန့်ရှင်း သော ဝိညာဉ် တော်၏နာမ ၌ ဗတ္တိဇံ ကို ပေးကြလော့။ ၂၀ ငါသည် သင် တို့အား ပေးသမျှ သော ပညတ် တော်တို့ကို စောင့်ရှောက် စေခြင်းဟုဆုံးမ သြဝါဒပေးကြ လော့။ ငါ သည်လည်း ကပ် ကမ္ဘာကုန် သည်တိုင်အောင် သင် တို့နှင့်အတူ အစဉ်မပြတ် ရှိ သည် ဟု တပည့် တော်တို့ အား မိန့် တော်မူ၏။ **(aiōn g165)**

၁ ဘုရားသခင် သား တော် ယေရှု ခရစ် ၏ ဧဝံဂေလိ တရား၏ အစ ကို ဆိုပေအံ့။ ၂ အနာဂတ္တိ ကျမ်းစာ၌ လာ သည်ကား၊ ကြည့်ရှု လော့။ သင် သွားရာလမ်း ကို ပြင် ရသောငါ ၏တမန် ကို သင့် ရှေ့၌ ငါစေလွှတ် ၏။ ၃ တော ၌ ဟစ်ကြော် သောသူ၏အသံ မှာ၊ ထာဝရ ဘုရားကြွတော်မူရာလမ်း ကို ပြင် ကြလော့။ လမ်း ခရီးတော်ကို ဖြောင့် စေ ကြလော့ဟု လာသည်နှင့်အညီ၊ ၄ ယောဟန် သည် တော ၌ ဗတ္တိဇံ ကိုပေးလျက်၊ အပြစ် လွှတ် ခြင်းအဘို့ အလိုငှာနောင်တ နှင့် စပ်ဆိုင်သော ဗတ္တိဇံ တရားကို ဟော လျက် ပေါ်ထွန်း ၏။ ၅ ယေရုရှလင် မြို့သားများမှစ၍ ယုဒ ပြည်သူ ပြည်သားအပေါင်း တို့သည် ယောဟန် ထံသို့ ထွက်သွား ၍ မိမိ တို့ အပြစ် များကိုဖော်ပြ လျက် ယော်ဒန် မြစ် ၌ ဗတ္တိဇံ ကိုခံကြ၏။ ၆ ယောဟန် သည် ကုလားအုပ် အမွေး နှင့် ရက်သောအဝတ်ကိုဝတ် လျက်၊ ခါး ၌ သားရေ ခါးပန်း ကို စည်း လျက်၊ ကျိုင်းကောင် နှင့် တော ၌ဖြစ်သောပျားရည် ကို စား လျက် နေ၏။ ၇ ဟော ချက်စကား ဟူမူကား ၊ ငါ့ ထက် တတ်စွမ်း နိုင်သောသူ သည် ငါ့ နောက် ကြွလာ ၏။ ထိုသူ ၏ ခြေနင်း တော်ကြိုး ကိုမျှ ငုံ၍ဖြည် ခြင်းငှာငါမထိုက် ။ ၈ ငါ သည် သင် တို့အား ရေ ၌ဗတ္တိဇံ ကိုပေး၏။ ထိုသူ သည် သန့်ရှင်း သောဝိညာဉ် တော်၌ သင် တို့ကိုဗတ္တိဇံ ပေးမည်ဟု ဟောသတည်း။ ၉ ထိုအခါ ယေရှု သည် ဂါလိလဲ ပြည်နာဇရက် မြို့မှ ကြွလာ ၍ ယောဟန် လက်ဖြင့် ယော်ဒန် မြစ်၌ ဗတ္တိဇံကို ခံ တော်မူ၏။ ၁၀ ရေ မှ ပေါ် ထစဉ်တွင်ကောင်းကင် ကွဲ ၍ ဝိညာဉ် တော်သည်ချိုးငှက် ကဲ့သို့ ကိုယ်တော် အပေါ် ၌ဆင်းသက် တော်မူသည်ကို မြင် ရ၍၊ ၁၁ သင် ကား ငါနှစ်သက် မြတ်နိုးရာ၊ ငါ ၏ချစ် သား ပေတည်း ဟု ကောင်းကင် က အသံ တော်ဖြစ် လေ၏။ ၁၂ ထိုခဏခြင်း တွင် ဝိညာဉ် တော်သည် ယေရှု ကိုတော သို့ သွား စေတော်မူ၏။ ၁၃ အရက် လေးဆယ် ပတ်လုံးထိုတော ၌ နေ ၍ စာတန် ၏စုံစမ်း သွေးဆောင်ခြင်းကို ခံတော်မူ၏။ သားရဲ တို့နှင့်အတူ ရှိ တော်မူ၏။ ကောင်းကင်တမန် တို့သည်လည်း လုပ်ကျွေး ကြ၏။ ၁၄ ယောဟန် သည် ထောင် ထဲသို့ရောက်သည်နောက် ၊ ယေရှု သည် ဂါလိလဲ ပြည်သို့ ကြွ တော်မူလျှင် ၊ ၁၅ အချိန် ပြည့်စုံ ပြီ၊ ဘုရားသခင် ၏နိုင်ငံ တော်သည် တည်လုနီး ပြီ၊ နောင်တရ ကြလော့။ ဧဝံဂေလိ တရား ကို ယုံကြည် ကြလော့ဟူသော ဘုရားသခင် ၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိ တရားကိုဟော တော်မူ၏။ ၁၆ ဂါလိလဲ အိုင် နား မှာ ကြွ တော်မူစဉ်၊ ရှိမုန် နှင့် အန္ဒြေ ညီအစ်ကို နှစ်ယောက်သည် တံငါ ဖြစ် ၍ ၊ အိုင် တွင် ပိုက်ကွန်ဖြန့်ချသည်ကို မြင် တော်မူလျှင် ၊ ၁၇ ထိုသူ တို့အား ငါ့ နောက် သို့လိုက် ကြလော့။ သင် တို့သည် လူ ကို မျှားသောတံငါ ဖြစ် စေခြင်းငှာငါပြု မည် ဟု အမိန့် တော်ရှိသော် ၊ ၁၈ ထိုသူတို့သည် ချက်ခြင်း ပိုက်ကွန် ကိုစွန့်ပစ် ၍ နောက် တော်သို့ လိုက်ကြ၏။ ၁၉ ထိုမှအနည်းငယ် လွန် ပြန်လျှင် ဇေဗေဒဲ ၏သား ယာကုပ် နှင့် ယောဟန် ညီအစ်ကို နှစ်ယောက်တို့သည် လှေ ပေါ်မှာ ပိုက်ကွန် ပြင် နေသည်ကိုမြင် ၍ ချက်ခြင်း ခေါ် တော်မူ၏။ ၂၀ ထိုသူတို့သည်လည်း လှေ ပေါ်မှာ ရှိသောသူငှား တို့နှင့်တကွ အဘ ဇေဗေဒဲ ကိုစွန့်ပစ် ၍ နောက် တော်သို့ လိုက် ကြ၏။ ၂၁ ကပေရနောင် မြို့သို့ သွား ကြလျှင် ၊ ဥပုသ်နေ့ ၌ ကိုယ်တော်သည်ချက်ခြင်း တရားစရပ် သို့ ဝင် ၍ ဆုံးမ သြဝါဒပေးတော်မူ၏။ ၂၂ ပရိသတ်တို့သည်လည်း

ဆုံးမ သြဝါဒပေးတော်မူခြင်းကို အလွန်အံ့သြ ကြ၏။ အကြောင်းမူကား ၊ ကျမ်းပြု ဆရာနည်းတူ မ ဟုတ်၊ အစိုးရ သောသူနည်းတူ ဆုံးမ သြဝါဒပေးတော်မူ၏။ ၂၃ ထိုသူ တို့၏ တရားစရပ် ၌ ညစ်ညူး သောနတ် စွဲ သောသူ ရှိ ၍ ၊ ၂၄ သြော် နာဇရက် မြို့သားယေရှု ၊ ကိုယ်တော် သည် အကျွန်ုပ် တို့နှင့် အဘယ်သို့ ဆိုင်သနည်း။ အကျွန်ုပ် တို့ကို ဖျက်ဆီး ခြင်းငှာလာ သလော။ ကိုယ်တော် သည် အဘယ်သူ ဖြစ် သည်ကို အကျွန်ုပ်သိ ပါ၏။ ဘုရားသခင် ၏ သန့်ရှင်း တော်မူသောသူ ဖြစ်ပါသည်ဟု ဟစ်ကြော် လေ၏။ ၂၅ ယေရှု ကလည်း တိတ်ဆိတ် စွာနေလော့။ ထိုသူ ၏အထဲ ကထွက်သွား လော့" ဟု ဆုံးမ တော်မူလျှင်၊ ၂၆ ညစ်ညူး သောနတ် သည် ထိုသူ ကို တောင့်မာ စေပြီးမှ ၊ ကြီး သောအသံ နှင့် အော်ဟစ် ၍ထွက်သွား ၏။ ၂၇ လူအပေါင်း တို့သည် မိန်းမော တွေဝေ၍ ၊ ဤအမှုသည် အဘယ်သို့နည်း။ ဤ ဆုံးမ ခြင်းအသစ် သည် အဘယ်သို့ နည်း။ ညစ်ညူး သောနတ် တို့ကိုပင် အာဏာ နှင့် မှာထား ၍၊ သူတို့သည် နားထောင် ကြသည်တကားဟု အချင်းချင်း မေးမြန်း ပြောဆို ကြ၏။ ၂၈ သတင်း တော်သည်လည်း ဂါလိလဲ ပြည်အရပ်ရပ် တို့ ၌ ချက်ချင်း နှံ့ပြား ကျော်စောလေ၏။ ၂၉ တရားစရပ် မှ ထွက် ကြလျှင် ၊ ရှိမုန် ၊ အန္ဒြေ တို့အိမ် သို့ ယာကုပ် ၊ ယောဟန် နှင့်တကွ ချက်ခြင်း သွား ကြ ၏။ ၃၀ ရှိမုန် ၏ယောကျ္ခမ သည် ဖျားနာ စွဲ၍ တုံးလုံး နေသည်အကြောင်း ကို အလျင်အမြန် လျှောက် ကြ၏။ ၃၁ ကိုယ်တော်သည်လာ ၍ ထိုမိန်းမ ၏လက် ကိုကိုင် လျက် ချီကြွ တော်မူသည် ခဏခြင်းတွင် သူသည် အဖျား ပျောက် ၍ ဧည့်သည် ဝတ်ကို ပြုလေ၏။ ၃၂ နေ ဝင် ၍ ည အချိန်ရောက် လျှင် ၊ မကျန်းမမာ သောသူ နှင့် နတ်ဆိုးစွဲ သောသူ ရှိသမျှ တို့ကို အထံ တော်သို့ ဆောင်ခဲ့ ၍ ၊ ၃၃ တစ်မြို့လုံး သည် တံခါး နား မှာစုဝေး လျက်ရှိ ကြ၏။ ၃၄ အထူးထူးအပြားပြား သော အနာ စွဲ သောသူများ တို့ကို သက်သာ စေတော်မူ၏။ နတ်ဆိုး များ တို့ကိုလည်း နှင်ထုတ် တော်မူ၏။ နတ်ဆိုး တို့သည် ကိုယ်တော် ကိုသိ ကြသောကြောင့် ၊ စကားတစ်ခွန်းကိုမျှ ပြော စေခြင်းဘုအခွင့် ပေးတော်မ မူ၏။ ၃၅ နံနက် အချိန်၊ မိုဃ်းမလင်းမှီ ကိုယ်တော်သည် ထ ပြီးလျှင် တော အရပ် သို့ ထွက်ကြွ ၍ ဆုတောင်း တော်မူ၏။ ၃၆ ရှိမုန် နှင့် သူ ၏အပေါင်းအဖော် တို့သည် လိုက် ၍ ရှာကြသော်၊ ၃၇ ကိုယ်တော် ကိုတွေ့ လျှင် လူအပေါင်း တို့သည် ကိုယ်တော် ကို ရှာ ကြပါသည်ဟုလျှောက်ဆို ၏။ ၃၈ ကိုယ်တော်ကလည်း "ငါသည် နီးစပ် သောမြို့ ရွာတို့ ၌ တရား ဟောခြင်းဘု သွား ကြကုန်အံ့။ ထိုသို့ အလို့ဘု ငါကြွလာ ပြီ" ဟုမိန့်တော်မူ ၍ ၊ ၃၉ ဂါလိလဲ ပြည်အရပ်ရပ် တရားစရပ် တို့ ၌ တရား ဟောလျက် နတ်ဆိုး တို့ကို နှင်ထုတ် လျက်နေတော်မူ၏။ ၄၀ နူနာစွဲ သောသူတစ်ယောက်သည် အထံ တော်သို့ လာ ၍ ဒူးထောက် လျက် ၊ ကိုယ်တော်အလိုရှိ လျှင် ကျွန်တော် ကို သန့်ရှင်း စေနိုင် တော်မူသည်ဟု တောင်းပန် လေ၏။ ၄၁ ယေရှုသည် သနား သောစိတ်ရှိသဖြင့် လက် တော်ကိုဆန့် ၍ ထိုသူ ကိုတို့ လျှက် ၊ ငါအလိုရှိ ၏။ သန့်ရှင်း ခြင်းသို့ ရောက်စေ" ဟု မိန့် တော်မူ၏။ ၄၂ ထိုသို့ မိန့်တော်မူသည် ခဏခြင်း တွင် နူနာ ပျောက် ၍ သန့်ရှင်း ခြင်းသို့ရောက်လေ၏။ ၄၃ ယေရှုကလည်း၊ "သင်သတိပြု။" ၄၄ "အဘယ်သူ အား စကားတစ်ခွန်းကိုမျှမ ပြော နှင့်။ ယဇ် ပုရောဟိတ်ထံသို့သွား ၍ ကိုယ် ကိုပြ လော့။ သူတစ်ပါး ၌ သက်သေ ဖြစ်စေခြင်းဘု သန့်ရှင်း ခြင်းသို့ ရောက်သည်အတွက် ၊ မောရှေ စီရင် မှာထားသော ပူဇော် သက္ကာကို ဆက်လော့ ဟု

မြစ်တား ၍ ချက်ခြင်း လွှတ် လိုက်တော်မူ၏။ ၄၅ ထိုသူ သည်ထွက်သွား ၍ စကား များ သောအားဖြင့်ထို အကြောင်းကို အနှံ့အပြား ကျော်စော၏။ ထို့ကြောင့် ကိုယ်တော် သည် နောက်တစ်ဖန်မြို့ ထဲသို့ ထင်ရှား စွာမဝင် ရ ဘဲ။ မြို့ပြင် တော အရပ် ၌ သာ နေ တော်မူ၍ အရပ်ရပ် တို့မှ အထံ တော်သို့ ရောက်လာ ကြ၏။

J နောက် တစ်နေ့သ၌ ကိုယ်တော်သည်ကပေရနောင် မြို့သို့ ဝင် ပြန် ၍ အိမ် ၌ ရှိ တော်မူသည်ကို ကြား ကြ လျှင် ၊ ၂ တံခါး ပြင်နား မှာ နေစရာ မ ရှိနိုင်အောင် လူများ တို့သည် အလျင်အမြန်စုဝေး ကြသည်ဖြစ်၍ သူ တို့အား တရား ဟော တော်မူ၏။ ၃ ထိုအခါ လက်ခြေသေ သောသူတစ်ယောက်ကို လူ လေးယောက်တို့သည်ထမ်း ၍ အထံ တော်သို့ ဆောင်ခဲ့ ကြ၏။ ၄ လူ စုဝေးလျက်ရှိသောကြောင့် ကိုယ်တော် ရင်းသို့မ ချဉ်းကပ် နိုင် သဖြင့် ၊ ကိုယ်တော်ရှိ ရာ အပေါ် မှာအမိုး ကို ဖောက်ထွင်း ပြီးမှလူနာ နှင့်တကွအိပ်ရာ ခုတင်ကို လျှောချ ကြ၏။ ၅ ယေရှု သည် ထိုသူ တို့၏ ယုံကြည် ခြင်းကိုမြင် လျှင် ၊ လက်ခြေသေ သောသူ အား၊ ငါ့သား ၊ သင် ၏အပြစ် ကို လွှတ် စေပြီ” ဟုမိန့် တော်မူ၏။ ၆ ထို အရပ်၌ထိုင် သော ကျမ်းပြု ဆရာအချို့တို့က၊ ၇ ဤသူ သည် ဘုရားကိုလွန်ကျူး ၍ အဘယ်ကြောင့် ဤသို့ ပြော ရသနည်း။ ဘုရားသခင် မှတစ်ပါး အဘယ်သူ သည်အပြစ် ကိုလွှတ် နိုင် သနည်းဟု စိတ် ထဲမှာ ထင်မှတ် ကြ၏။ ၈ သူ တို့စိတ်ထဲမှာ ထိုသို့ ထင်မှတ် ခြင်းရှိသည်ကို ယေရှု သည် မိမိ ဉာဏ် အားဖြင့် ချက်ခြင်း သိ တော်မူလျှင် ၊ သင် တို့ စိတ် ထဲမှာ အဘယ်ကြောင့် ဤသို့ ထင်မှတ် ကြသနည်း။” ၉ လက်ခြေသေ သောသူ အား အဘယ် စကားကိုသာ၍ ပြော လွယ်သနည်း။ သင် ၏အပြစ် ကိုလွှတ် စေပြီဟုပြောလွယ်သလော။ သင်ထ လော့။ ကိုယ် အိပ်ရာ ကိုဆောင် ၍ လှမ်းသွား လော့ဟု ပြော လွယ်သလော။” ၁၀ လူ သား သည် မြေကြီး ပေါ် မှာ အပြစ် လွှတ် ပိုင် သည်ကို သင်တို့သိ စေခြင်းဌာ ထ လော့။” ၁၁ “ကိုယ် အိပ်ရာ ကို ဆောင် ၍ ကိုယ် အိမ် သို့ သွား လော့ဟု သင့် အား၊ ငါ ဆိုသည် ဟု လက်ခြေသေ သောသူ အား မိန့် တော်မူ၏။ ၁၂ ထိုသူသည်လည်း ချက်ခြင်း ထ ၍ အိပ်ရာ ကိုဆောင် လျက် လူအပေါင်း တို့ရှေ့ မှာထွက်သွား ၏။ ထိုလူ အပေါင်း တို့သည် မိန်းမော တွေဝေခြင်းရှိ၍ ၊ ဤကဲ့သို့ တခါမျှ မမြင် စဖူးဟု ပြောဆို ၍ ဘုရားသခင် ၏ဂုဏ် တော်ကို ချီးမွမ်းကြ၏။ ၁၃ နောက်တစ်ဖန် အိုင် နား သို့ ကြွ တော်မူ၍ ၊ လူ အစုအဝေးအပေါင်း တို့သည် အထံ တော်သို့ လာ ကြလျှင် ၊ သူ တို့အား ဆုံးမ သြဝါဒပေးတော်မူ၏။ ၁၄ လမ်း၌ကြွ တော်မူစဉ်၊ အာလဖဲ ၏သား လေဝိ သည် အခွန်ခံ ရာတဲ၌ ထိုင် နေသည်ကိုမြင် သော် ၊ ငါ့ နောက် သို့ လိုက်လော့” ဟု မိန့် တော်မူ၏။ ၁၅ ထိုသူသည်လည်း ထ ၍ နောက် တော်သို့လိုက်လေ၏။ ထိုနောက်မှ သူ ၏အိမ် တွင် စားပွဲ၌ လျောင်း တော်မူစဉ် ၊ အခွန်ခံ သောသူများ နှင့် ဆိုး သောသူများတို့သည် ကိုယ်တော် မှစသောတပည့် တော်တို့နှင့်တကွ စားပွဲ၌ လျောင်း ကြ၏။ ထိုသူအများ တို့သည် နောက် တော်သို့လိုက်ကြ၏။ ၁၆ ထိုသို့ အခွန်ခံ သောသူ၊ ဆိုး သောသူ တို့နှင့်အတူ စား တော်မူသည်ကို ကျမ်းပြု ဆရာဖာရိရှဲ တို့သည် မြင် လျှင်၊ ဤသူသည် အခွန်ခံ သောသူ ၊ ဆိုး သောသူတို့နှင့်အတူ အဘယ်ကြောင့်စား သောက်သနည်းဟု တပည့် တော်တို့အား ဆို ကြ၏။ ၁၇ ယေရှု သည် ကြား တော်မူလျှင် ၊ ကျန်းမာ သောသူ တို့သည် ဆေးသမား ကိုအလို မ ရှိ ကြ။ နာ သောသူ တို့သာလျှင် အလိုရှိ ကြ၏။

ဖြောင့်မတ် သောသူတို့ကို နောင်တသို့ခေါ် ခြင်းငှာငါလာ သည်မ ဟုတ်၊ ဆိုး သောသူတို့ကို ခေါ်ခြင်းငှာငါလာသတည်း" ဟု မိန့် တော်မူ၏။ ၁၈ အစာရှောင် တတ်သော ယောဟန် ၏တပည့် တို့နှင့် ဖာရိရှဲ တို့သည်လာ၍ ၊ ယောဟန် ၏တပည့် တို့နှင့် ဖာရိရှဲ တို့သည် အစာရှောင် ကြသည်ဖြစ်၍၊ အဘယ်ကြောင့် ကိုယ်တော် ၏တပည့် တို့သည် အစာ မ ရှောင်ဘဲ နေ ကြပါသနည်းဟု လျှောက် ကြ၏။ ၁၉ ယေရှု ကလည်း ၊ မင်္ဂလာဆောင် လုလင်သည် မိမိအပေါင်းအဘော် တို့နှင့်အတူရှိစဉ်အခါသူတို့သည် အစာရှောင် တတ် ကြသလော။ ရှိစဉ်ကာလ ပတ်လုံးအစာ မ ရှောင်တတ် ကြ။" ၂၀ မင်္ဂလာဆောင် လုလင်ကို သူ၏အပေါင်းအဘော် တို့နှင့်ခွာ၍ ယူသွား သောအချိန် ကာလ ရောက် လိမ့်မည်။ ထို ကာလ အခါ သူတို့သည်အစာရှောင် ကြလိမ့်မည်။" ၂၁ "အဝတ် ဟောင်း ကို အထည် သစ် နှင့် ဖာ လေ့မ ရှိ။ ထိုသို့ဖာလျှင် ဖာသောအထည်သစ် သည် အဝတ် ဟောင်း ကို စား၍အပေါက်ကျယ် တတ်၏။" ၂၂ ၎င်းနည်းဟောင်း သော သားရေဘူး၌ အသစ် သောစပျစ်ရည် ကို ထည့် လေ့မ ရှိ။ ထိုသို့ထည့်လျှင် အသစ်သောစပျစ်ရည် သည် သားရေဘူး ကို ဆုတ် ခွဲသဖြင့် စပျစ်ရည် သည်ယိုး၍ သားရေဘူး လည်း ပျက်စီး တတ်၏။ အသစ် သောစပျစ်ရည် ကို အသစ် သောသားရေဘူး၌ ထည့်ရသည်" ဟု မိန့် တော်မူ၏။ ၂၃ ဥပုသ်နေ့ ၌ ကိုယ်တော် သည် ဂျုံစပါးလယ်ကွက် တို့ကို လျှောက်ကြွ တော်မူလျှင် ၊ တပည့် တော်တို့သည် စပါး အသီးအနှံကို ဆွတ် လျက် ခရီး သွား ကြ၏။ ၂၄ ဖာရိရှဲ တို့ကလည်း ၊ ဥပုသ်နေ့ ၌ မ ပြုအပ် သောအမှု ကို သူတို့သည် ပြု ကြပါသည်တကားဟု လျှောက် ကြ သော် ၊ ၂၅ ကိုယ်တော်က၊ ယဇ်ပုရောဟိတ် မင်း အဗျာသာ လက်ထက် ၌ ဒါဝိဒ် သည် မိမိ အဖော် တို့နှင့်တကွ ဆာမွတ် ၍ မ တတ်နိုင်သောအခါ ၊" ၂၆ ဘုရားသခင် ၏အိမ် တော်သို့ ဝင် ၍ ယဇ်ပုရောဟိတ် တို့မှတစ်ပါး အဘယ်သူ မျှမစား အပ် သော ရှေ့တော် မုန့် ကိုစား ၍ မိမိ အဖော် တို့အား ပေး သည်အကြောင်းကို သင်တို့သည် တစ်ရံတစ်ခါမျှ မ ဖတ် ဘူးသလော။" ၂၇ ထိုမှတစ်ပါး ဥပုသ်နေ့ သည် လူ အဘို့ ဖြစ် ၏။ လူ သည် ဥပုသ်နေ့ အဘို့ ဖြစ်သည်မ ဟုတ်။" ၂၈ သို့ ဖြစ်၍ လူ သား သည်ဥပုသ်နေ့ ကိုပင် အစိုးရ သည် ဟု မိန့် တော်မူ၏။

၃ တရားစရပ် သို့ တစ်ဖန် ဝင် တော်မူ၍ ၊ ထို စရပ်၌ လက် တစ်ဘက်သေ သောသူ တစ်ယောက်ရှိ ၏။ ၂ ဥပုသ်နေ့ ၌ သူ ၏ရောဂါကိုငြိမ်း စေမည် မငြိမ်းစေမည်ကို ထိုသူတို့သည် ကိုယ်တော် ၌ အပြစ်တင် ခွင့်ကို ရှာ၍ချောင်းကြည့် ကြ၏။ ၃ ကိုယ်တော်ကလည်း၊ အလယ် ၌ မတ်တတ် နေလော့ ဟု လက် တစ်ဘက်သေ သောသူ အား မိန့်တော်မူ ပြီးမှ ၊ ၄ ဥပုသ်နေ့ ၌ ကျေးဇူး ပြုအပ် သလော၊ သူ့အကျိုးကိုဖျက်ဆီး အပ်သလော၊ အသက် ကို ကယ် အပ်သလော၊ သတ် အပ်သလော ဟု ပရိသတ် တို့အား မေး တော်မူလျှင် ၊ ထိုသူတို့သည် တိတ်ဆိတ် စွာနေကြ၏။ ၅ ထိုအခါ အမျက် တော်နှင့် သူ တို့ကို ပတ်လည်ကြည့်ရှု ၍ သူ တို့စိတ် နှလုံးမိုက် သောကြောင့် ဝမ်းနည်း တော်မူခြင်းရှိလျက်၊ သင် ၏လက် ကိုဆန့် လော့ ဟု ထိုသူ အား မိန့် တော်မူ၍ သူသည် မိမိလက်ကိုဆန့် လျှင် ၊ ထို လက် သည် လက်တစ်ဘက်ကဲ့သို့ပကတိ ဖြစ်လေ၏။ ၆ ထိုအခါ ဖာရိရှဲ တို့သည်ထွက် ၍ ကိုယ်တော် ကို အဘယ်သို့ ဖျက်ဆီး ရအံ့နည်းဟု ဟေရုဒ် တပည့်တို့နှင့် ချက်ခြင်း တိုင်ပင် ကြ၏။ ၇ ယေရှု သည် တပည့် တော်တို့နှင့်အတူ အိုင် နား သို့

ပြောင်း ကြွတော်မူ၍ ၊ ဂါလိလဲ ပြည်၊ ၈ ယေရုရှလင် မြို့မှစသော ယုဒ ပြည်၊ ကြဒုမဲ ပြည်၊ ယော်ဒန် မြစ်တစ်ဘက် မှ လာကြသောလူ များ အပေါင်း တို့နှင့် တုရု မြို့၊ ဇိဒုန် မြို့ ပတ်ဝန်းကျင် အရပ်တို့မှ လာကြသော လူများ အပေါင်း တို့သည် ပြု တော်မူသမျှ ကို ကြား လျှင် အထံ တော်သို့ လာ ကြ၏။ ၉ လူ များတို့သည် ကိုယ်တော် ကိုဝန်းရံ၍ မ ထိခိုက် စေမည်အကြောင်း ၊ ကိုယ်တော် ၏အနီးအပါးတွင် လှေ တစင်းကို အမြဲရှိ စေခြင်းငှာ တပည့် တော်တို့အား အမိန့် တော်ရှိ၏။ ၁၀ အကြောင်းမူကား ၊ လူများ တို့အား ချမ်းသာ ပေးတော်မူသောကြောင့် ၊ ရောဂါ ဝေဒနာ နှိပ်စက် သောသူ ရှိသမျှ တို့သည် ကိုယ်တော် ကို တို့ ခြင်းငှာ တွန်း ကြ၏။ ၁၁ ညစ်ညူး သောနတ် တို့သည်လည်း ကိုယ်တော် ကိုမြင် သောအခါ ပြပ်ဝပ် ၍၊ ကိုယ်တော် သည် ဘုရားသခင် ၏သား တော်ဖြစ် တော်မူသည်ဟု ဟစ်ကြော် ကြ၏။ ၁၂ သိတင်းတော်ကို မ ပွင့် စေမည်အကြောင်း သူ တို့အား ကြပ်တည်း စွာ ပညတ် တော်မူ၏။ ၁၃ ထိုအခါ ကိုယ်တော်သည် တောင် ပေါ် သို့ တက် ၍ အလို တော်ရှိသောသူ တို့ကို ခေါ် တော်မူလျှင် ၊ အထံ တော်သို့ လာ ကြ၏။ ၁၄ ကိုယ်တော် နှင့်အတူ ရှိ နေစေခြင်းငှာ ၎င်း၊ တရား ဟောသောအခွင့်၊ အနာရောဂါတို့ကို ငြိမ်းစေ၍၊ ၁၅ နတ်ဆိုး တို့ကို နှင်ထုတ် နိုင်သောအခွင့် နှင့် စေလွှတ် ခြင်းငှာ ၎င်း၊ တစ်ကျိပ် နှစ်ပါးသောသူ တည်းဟူသော၊ ၁၆ ပေတရု အမည် သစ်ကို ပေး တော်မူသောရှိမုန် ၊ ၁၇ မိုဃ်းကြိုး သား ဟု ဆိုလို သော ဗောနေရဂက် အမည် သစ်ကို ပေး တော်မူသော ဇေဗေဒဲ ၏သား နှစ် ယောက်ယာကုပ် နှင့် ယောဟန် ၊ ၁၈ အန္ဒြေ ၊ ဖိလိပ္ပု ၊ ဗာသောလမဲ ၊ မဿဲ ၊ သောမ ၊ အာလဖဲ ၏သား ယာကုပ် ၊ သဒ္ဒဲ ၊ ကာနနိတ် လူရှိမုန် ၊ ၁၉ ကိုယ်တော် ကို အပ်နှံ သော ယုဒ ရှကာရုတ် တို့ကို ခန့်ထား တော်မူ၏။ ၂၀ ထိုသူ တို့သည် အိမ် သို့ ဝင် ကြလျှင် ၊ အစာ ကို မ စား နိုင် သည့်တိုင်အောင် လူ များတို့သည် တစ်ဖန် စုဝေး ကြပြန်၏။ ၂၁ ကိုယ်တော် ၏ အဆွေအမျိုး တို့သည်ကြား လျှင် ၊ သူသည် အရူး ဖြစ်၏ဟုဆို ၍ ကိုယ်တော် ကို ဘမ်းဆီး ခြင်းငှာထွက်သွား ကြ၏။ ၂၂ ယေရုရှလင် မြို့မှ လာ သော ကျမ်းပြု ဆရာတို့ကလည်း ၊ သူသည် ဗေလဇေဗုလ စွဲ သောသူဖြစ်၏။ နတ်ဆိုး မင်း ကို အမှီပြု ၍ နတ်ဆိုး တို့ကို နှင်ထုတ် သည်ဟု ဆို ကြ၏။ ၂၃ ကိုယ်တော်သည် သူ တို့ကိုခေါ် ၍ ဥပမာ ကို ဆောင်တော်မူလျက်၊ စာတန် သည် စာတန် ကို အဘယ်သို့ နှင်ထုတ် နိုင် သနည်း။” ၂၄ “တိုင်း နိုင်ငံသည် မိမိ နှင့် မသင့်မတင့် ကွဲပြား လျှင် မ တည် နိုင် ရာ။” ၂၅ အိမ် သည်လည်း မိမိ နှင့်မသင့်မတင့် ကွဲပြား လျှင် မ တည် နိုင် ရာ။” ၂၆ စာတန် သည် မိမိ တစ်ဘက် ၌ ထ ၍ မိမိနှင့် မသင့်မတင့်ကွဲပြား လျှင် မ တည် နိုင် ဘဲ ဆုံး ခြင်းသို့ ရောက် လိမ့်မည်။” ၂၇ သူရဲ ကို ရှေးဦးစွာ မ ချည် မနှောင်လျှင် ၊ သူ၏ အိမ် သို့ ဝင် ၍ သူ ၏ဥစ္စာ ကို အဘယ်သူ မျှမလု မ ယူနိုင် ။ သူရဲ ကိုချည်နှောင်ပြီးမှ သူ ၏အိမ် ကို လုယူ နိုင်၏။” ၂၈ ငါအမှန် ဆို သည်ကား၊ ပြစ်မှား သောအပြစ် အမျိုးမျိုး ၊ ဘုရားကို ကဲ့ရဲ့ သောအပြစ်အမျိုးမျိုးရှိသမျှ တို့နှင့် လွတ်စေခြင်းအခွင့်ကို လူ သား တို့သည် ရနိုင်ကြ၏။” ၂၉ သန့်ရှင်း သောဝိညာဉ် တော်ကို ကဲ့ရဲ့ သောသူ သည် အပြစ်လွတ် စေခြင်းအခွင့်ကို အဘယ် ကာလ၌ မျှ မ ရ နိုင်ကြ။ ထာဝရ အပြစ် ဒဏ် ကို ခံရသောသူဖြစ် ပေ၏ ဟု မိန့်တော်မူ၏။ **(aiōn g165, aiōnios g166)** ၃၀ အဘယ်ကြောင့် ဤသို့ မိန့်တော်မူသနည်းဟူမူကား၊ ကိုယ်တော်သည် ညစ်ညူး သောနတ် စွဲ သောသူ ဖြစ်သည်ဟု ဆို ကြသတည်း။ ၃၁ ထိုအခါ

မယ်တော် နှင့် ညီ တော်တို့သည်လာ ၍ ပြင် မှာရပ် နေလျက် ၊ တစ်စုံတစ်ယောက်သောသူကို ကိုယ်တော် ထံသို့ စေလွှတ် ၍ ခေါ် ကြ၏။ ၃၂ ခြံရံ လျက်ထိုင် သောသူများ တို့က၊ မယ်တော် နှင့် ညီ တော်တို့သည် ကိုယ်တော် ကိုရှာ လျက် ပြင် မှာရှိကြပါ၏ဟုလျှောက် လျှင် ၊ ၃၃ ကိုယ်တော်က၊ ငါ့ အမိ ၊ ငါ့ ညီ ကား အဘယ်သူ နည်း" ဟု မေး တော်မူ၍ ၊ ၃၄ ခြံရံ လျက်ထိုင် သောသူ တို့ကို ပတ်လည် ကြည့်ရှု ၍ ၊ ဤသူတို့သည် ငါ့ အမိ ၊ ငါ့ ညီ ပေတည်း။" ၃၅ ဘုရားသခင် ၏အလို တော်ကို ဆောင် သောသူ သည် ငါ့ ညီ ၊ ငါ့နှမ ၊ ငါ့အမိ ဖြစ် သတည်း ဟု မိန့် တော်မူ၏။

၄ နောက်တစ်ဖန် အိုင် နား မှာ ဆုံးမ သြဝါဒပေးတော်မူစဉ်တွင်၊ များစွာ သောလူ အပေါင်းတို့သည် အထဲ တော်၌ စုဝေး ကြသောကြောင့် ၊ အိုင် တွင် လှေ ထဲသို့ ဝင် ၍ ထိုင် တော်မူ၏။ ပရိသတ် အပေါင်း တို့သည် အိုင် နား ကုန်း ပေါ် မှာ နေ ကြ၏။ ၂ ထိုအခါ ဥပမာ စကားအားဖြင့် များစွာ သောဆုံးမ သြဝါဒကို ပေး၍ မြွက်ဆို တော်မူသည်မှာ၊ ၃ နားထောင် ကြလော့။ မျိုးစေ့ ကြဲသောသူ သည် မျိုးစေ့ ကိုကြဲခြင်းငှာထွက်သွား ၏။" ၄ အစေ့ကို ကြဲ သည်တွင် အချို့ သောအစေ့တို့သည် လမ်း၌ ကျ သဖြင့် ၊ မိုယ်းကောင်းကင်ငှက် တို့သည် လာ ၍ ကောက်စား ကြ၏။" ၅ အချို့ သောအစေ့တို့သည် မြေ နည်း ၍ ကျောက် ပေါများသောအရပ်၌ ကျ သဖြင့် ၊ မြေ တိမ် သောကြောင့် ချက်ခြင်း အပင်ပေါက် သော်လည်း ၊" ၆ နေ ထွက် သောအခါ ပူလောင် သည်ဖြစ်၍ အမြစ် မ စွဲ သောကြောင့် ညှိုးနွမ်း ပျက်စီးခြင်းသို့ ရောက်ကြ၏။" ၇ အချို့သောအစေ့တို့သည် ဆူးပင် တို့တွင် ကျ သဖြင့် ၊ ဆူးပင် တို့သည် ကြီးပွား ၍ ညှဉ်းဆဲ သောကြောင့် အသီး မ သီး ကြ။" ၈ အချို့သောအစေ့တို့သည် ကောင်း သောမြေ၌ ကျ သဖြင့် ၊ အပင်ပေါက် ၍ ကြီးပွား လျက် အဆသုံးဆယ် ၊ အဆခြောက်ဆယ် ၊ အဆတရာ ပွားများ ၍ အသီး သီး ကြ၏။" ၉ ကြား စရာ နား ရှိ သောသူ မည်သည်ကားကြား ပါစေ ဟု မိန့် တော်မူ၏။ ၁၀ ဆိတ်ကွယ် ရာအရပ်၌ ရှိ တော်မူသောအခါ တစ်ကျိပ် နှစ်ပါးသောသူ တို့နှင့် အခြံအရံ တော်တို့သည် ထို ဥပမာ ကို မေးမြန်း ကြလျှင် ၊ ၁၁ ကိုယ်တော်က၊ သင် တို့သည် ဘုရားသခင့် နိုင်ငံ တော်၏နက်နဲ သောအရာကို သိရသောအခွင့်ရှိ ကြ၏။" ၁၂ ပြင်၌ရှိသော ထိုသူတို့မူကား၊ မြင် လျက်ပင် အာရုံ မ ပြုဘဲမြင်၍၊ ကြား လျက်ပင်အနက် ကို နားမ လည် ဘဲ ကြား သဖြင့် ၊ သူ တို့အကျင့် မ ပြောင်းလဲ၊ အပြစ်မလွှတ် ရသည်တိုင်အောင်သူ တို့အား ဟောသမျှကို ဥပမာ အားဖြင့် ဟောရ၏။" ၁၃ သင်တို့သည် ဤ ဥပမာ ကိုမျှ နား မလည်လျှင်၊ ဥပမာ ရှိသမျှ တို့ကို အဘယ်သို့ နားလည် ကြမည်နည်း။" ၁၄ မျိုးစေ့ ကြဲသောသူ သည် တရားစကား ကိုကြဲ ၏။" ၁၅ တရား စကားကို လမ်း၌ ကြဲ ခြင်း၊ အကြောင်းအရာကား၊ တရားစကားကို ကြား သည်ရှိသော်၊ စာတန် သည် ချက်ခြင်း လာ ၍ နှလုံး၌ ကြဲ သော တရားစကား ကို နှုတ်ယူ တတ်သည်ဟု ဆိုလိုသတည်း။" ၁၆ ကျောက် ပေါသောအရပ် ၌ ကြဲ ခြင်းအကြောင်းအရာကား၊ တရားစကား ကိုကြား ၍ ဝမ်းမြောက် သော စိတ်နှင့် ချက်ခြင်း ခံယူ သော်လည်း ၊" ၁၇ စိတ် နှလုံး၌ အမြစ် မ စွဲ ခဏ သာတည် သဖြင့် တရား စကားကြောင့် အမှုအခင်း နှင့် ညှဉ်းဆဲ ခြင်းကို ခံရ သောအခါ ချက်ခြင်း ဖောက်ပြန် တတ်သည်ဟု ဆိုလိုသတည်း။" ၁၈ ဆူးပင် တို့တွင် ကြဲ ခြင်းအကြောင်းအရာကား၊ တရားစကား ကိုကြား ၍" ၁၉ လောကီ အမှု၌စိုးရိမ် ခြင်း၊ စည်းစိမ် ဥစ္စာ၏ လှည့်စား ခြင်း၊

ကြွင်း သောအရာ ကို တပ်မက် ခြင်းစိတ် တို့ သည် တရားစကား ကို လွှမ်းမိုး ညှဉ်းဆဲ တတ်သောကြောင့် အသီး မသီးနိုင်ဟု ဆိုလို သတည်း။" (aiōn g165) ၂၀ ကောင်း သောမြေ ၌ ကြဲ ခြင်းအကြောင်းအရာကား၊ တရားစကား ကို ကြား ၍ခံယူသဖြင့် ၊ အဆသုံးဆယ် ၊ အဆခြောက်ဆယ် ၊ အဆတရာ ပွားများ၍ အသီးသီး တတ်သည်ဟု ဆိုလို သတည်း။" ၂၁ ထိုမှတစ်ပါးဆီမီး ကို ဆီမီးခုံ ပေါ်မှာ မ တင် ၊ တောင်း ဇလားအောက် ၊ ခုတင် အောက် ၌ ဖုံးထား ခြင်းငှာ ယူခဲ့ သလော။" ၂၂ ဆိတ်ကွယ် ရာ၌ရှိ သမျှတို့သည် ထင်ရှား လိမ့်မည်။ ဝှက်ထား လျက်ရှိသမျှတို့သည်လည်း ပွင့်လင်း လိမ့်မည်။" ၂၃ ကြား စရာနား ရှိ သောသူ မည်သည်ကားကြား ပါစေ။" ၂၄ ထိုမှတပါးသင်တို့သည် အဘယ်သို့ ကြားနာ ရသည်ကို သတိပြု ကြလော့။ အကြင်ချိန်၊ တင်း ပမာဏနှင့် သင်တို့သည် သူတစ်ပါးအား ပေး၏။ ထိုပမာဏ အတိုင်း ကိုယ်တိုင်ခံရကြမည်။" ၂၅ အကြင်သူ သည် ရ တတ်၏၊ ထိုသူ အား ပေး ဦးမည်။ အကြင်သူ သည် ဆင်းရဲ ၏၊ ထိုသူ ၌ ရှိ သမျှ ကိုပင် နှုတ် လိမ့်မည်။" ၂၆ ထိုမှတစ်ပါး လူ သည် လယ် ၌ မျိုးစေ့ ကြဲ ပြီးမှ နောက်တစ်ဖန်မိမိမကြည့်မမှတ်၊" ၂၇ ညဉ့် ၊ နေ့ ၊ အိပ် လျက် ၊ နိုး လျက်နေသော်လည်း အပင်ပေါက် ၍ ကြီးပွား သည်နှင့်ဘုရားသခင် ၏နိုင်ငံ တော်တူ ၏။" ၂၈ မြေကြီးသည် မိမိ အလိုအလျောက်အသီးကိုသီး စေ၍ ရှေးဦးစွာ အညောက် ၊ ထိုနောက် အနှံ ၊ ထိုနောက် အနှံ ထဲမှာ အောင်မာသောအဆန် ကို ဖြစ်စေတတ်၏။" ၂၉ အသီး မှည့် ၍ ရိတ် ချိန်ရောက် သောအခါ ၊ လယ်ရှင်သည် မဆိုင်းမလင့် ၊ တံစဉ် နှင့် ရိတ် စေတတ် သည်" ဟု မိန့် တော်မူ၏။ ၃၀ ထိုမှတပါး ဘုရားသခင် ၏နိုင်ငံ တော်ကို အဘယ်သို့ ပုံပြရအံ့နည်း။ အဘယ် ဥပမာ နှင့် ခိုင်းနှိုင်း ရအံ့နည်းဟူမူကား၊" ၃၁ မုန်ညင်း စေ့ နှင့်တူ ၏။ မုန်ညင်းစေ့သည် မြေ ၌ စိုက် သောအခါ မြေ ၌ ရှိသော အစေ့ တကာ တို့ထက် ငယ် သော်လည်း ၊ စိုက် ပြီးမှ အပင်ပေါက် ၍၊" ၃၂ မြက်ပင် တကာ တို့ထက် ကြီးပွား သဖြင့် ၊ မိုးယံး ကောင်းကင်ငှက် တို့သည် အရိပ် ခို ၍ နားနေ လောက် သော အကိုင်းအခက်ကြီး တို့ကိုဖြစ် စေတတ်သည် ဟု မိန့် တော်မူ၏။" ၃၃ ထိုသို့သော ဥပမာ စကားများ အားဖြင့်ကိုယ်တော်သည် ပရိသတ်များနားထောင် နိုင် သည်အတိုင်း တရား ဟော တော်မူ၏။ ၃၄ ဥပမာ ကင်း ၍ ဟောပြော တော်မ မူ။ ရှိသမျှ သောအရာတို့ကို ဆိတ်ကွယ် ရာအရပ်၌ တပည့် တော်တို့ အား ဖွင့်ပြ တော်မူ၏။ ၃၅ ထို နေ့ ည အချိန်၌ ကိုယ်တော်က၊ ကမ်း တစ်ဘက်သို့ ကူး ကြကုန်အံ့ ဟု မိန့် တော်မူလျှင် ၊ ၃၆ တပည့်တော်တို့သည် လူ စုဝေးရာမှထွက် ၍ လှေ ပေါ် ၌ ရှိ နှင့်သောကိုယ်တော် ပါ လျက် သွား ကြ၏။ အခြား လှေ တို့လည်း ပါ သေး၏။ ၃၇ ထိုအခါ ပြင်းစွာသောမိုယံးသက်မုန်တိုင်း ဖြစ် ၍ လှိုင်း တံပိုးခတ် သောကြောင့် လှေ သည် ရေနှင့် ပြည့် လေ၏။ ၃၈ ကိုယ်တော် သည် ပဲ့ ၌ ခေါင်းအုံး ပေါ်မှာ ကျိန်းစက် ၍နေ တော်မူ၏။ တပည့်တော်တို့သည် ကိုယ်တော် ကို နှိုး ပြီးမှ ၊ အရှင် ဘုရား၊ အကျွန်ုပ်တို့သည်ပျက်စီး ခြင်းသို့ ရောက်သည်ကို လျစ်လျူ သောစိတ်ရှိတော်မူသလောဟု လျှောက် ကြသော် ၊ ၃၉ ကိုယ်တော်သည် ထ ၍ တိတ်ဆိတ် ငြိမ်ဝပ် စွာ နေဟုလေ နှင့် ပင်လယ် ကို ဆုံးမ တော်မူသဖြင့် လေ သည် ငြိမ် ၍ အလွန် သာယာ လေ၏။ ၄၀ ကိုယ်တော်ကလည်း၊ သင်တို့သည် အဘယ်ကြောင့် ဤမျှလောက်ကြောက် တတ်သနည်း။ အဘယ်ကြောင့်ယုံကြည် ခြင်းစိတ်နှင့် ကင်း သနည်း ဟု မေး တော်မူလျှင် ၊ ၄၁ သူတို့သည် အလွန် ကြောက်ရွံ့ ၍ ဤ

သူကား အဘယ်သို့ သောသူနည်း။ လေ နှင့် ပင်လယ် သည် သူ ၏ စကားကို နားထောင် ပါသည်တကားဟု အချင်းချင်း ပြောဆို ကြ၏။

၅ အိုင် တစ်ဘက် ၊ ဂါဒရ ပြည် သို့ ရောက် ကြ၍ ၊ ၂ ယေရှု သည် လှေ ထဲက ထွက်ကြွ တော်မူသည် ခဏခြင်း တွင်၊ ညစ်ညူး သောနတ် စွဲ သောသူ သည် သချိုင်း တစပြင်မှ ထွက်လာ၍ ကိုယ်တော် ကိုခရီးဦးကြိုပြု လေ၏။ ၃ ထိုသူ သည် သချိုင်း တစပြင်၌ နေ တတ်၏။ သူ့ ကို သံကြိုး နှင့်ပင် အဘယ်သူ မျှချည် ၍ မ နိုင် ။ ၄ ခြေချင်း ၊ သံကြိုး အဖန်များစွာချည် စမ်းသော်လည်း ၊ သံကြိုး ကိုဆွဲဖြတ် ၍ ခြေချင်း ကိုဖြဲ တတ်၏။ သူ့ ကို ယဉ် စေခြင်းငှာအဘယ်သူ မျှမတတ်နိုင် ။ ၅ နေ့ ညဉ့် မပြတ် သချိုင်း တစပြင်၌ ၎င်း ၊ တောင် ပေါ်၌ ၎င်း ၊ ဟစ်ကြော် လျက်၊ ကျောက် စောင်းနှင့် ကိုယ် ကို ရှ စေလျက် နေ တတ်၏။ ၆ ယေရှု ကိုအဝေး က မြင် လျှင် ၊ အထံ တော်သို့ ပြေးလာ ၍ ပြပ်ဝပ် လျက်၊ ၇ အမြင့်ဆုံး သော ဘုရားသခင် ၏သား တော်ယေရှု ၊ ကိုယ်တော် သည် အကျွန်ုပ် နှင့် အဘယ်သို့ ဆိုင် သနည်း။ အကျွန်ုပ် ကို ညှဉ်းဆဲ တော်မ မူမည်အကြောင်း ဘုရားသခင် ကိုအမှီပြု၍အကျွန်ုပ်တောင်းပန် ပါသည်ဟု ကြီး သောအသံ နှင့် အော်ဟစ် ၍ လျှောက် လေ၏။ ၈ လျှောက်သည်အကြောင်းကား၊ ညစ်ညူး သောနတ် ၊ ထိုလူ မှ ထွက်သွား လော့ဟု မိန့် တော်မူခဲ့ပြီ။ ၉ ကိုယ်တော်ကလည်း၊ သင် သည် အဘယ် အမည် ရှိသနည်း ဟုမေး တော်မူလျှင် ၊ အကျွန်ုပ် အမည်ကား၊ လေဂေါင် ဖြစ်ပါ၏။ အကျွန်ုပ်တို့သည် အများ ဖြစ် ကြပါ၏ဟု လျှောက် ပြီးမှ ၊ ၁၀ ထို ပြည် ထဲက အခြားသို့မ နှင် ပါမည့် အကြောင်းများစွာ တောင်းပန် လေ၏။ ၁၁ ထို အရပ်၌ တောင် ပေါ်မှာ များစွာ သော ဝက် အစု သည် ကျက်စား လျက်ရှိ ၏။ ၁၂ နတ်ဆိုးအပေါင်းတို့လည်း၊ အကျွန်ုပ်တို့သည် ထို ဝက် ထဲသို့ ဝင် ရပါမည်အကြောင်း စေလွှတ် တော်မူပါ ဟု တောင်းပန် ပြန်လျှင် ၊ ၁၃ ယေရှု သည် ချက်ခြင်းအခွင့် ပေးတော်မူ၏။ ညစ်ညူး သောနတ်တို့သည် ထွက် ၍ ဝက် ထဲသို့ ဝင် သဖြင့် ဝက်အစု သည် အိုင် ကမ်းစောက် ကို တဟုန်တည်းပြေးဆင်း ၍ အိုင် ၌ အသက် ဆုံးကြ၏။ အရေအတွက်အားဖြင့်နှစ်ထောင် လောက် ရှိ၏။ ၁၄ ဝက်ကျောင်း သောသူ တို့သည် ပြေး ၍ မြို့ ရွာ တို့ ၌ သိတင်းကြားပြော လျှင် ၊ လူများတို့သည် ထို အမှုအရာ တို့ကို ကြည့်ရှု အံ့သောဌာထွက်လာ ကြ၏။ ၁၅ အထံ တော်သို့ ရောက် သောအခါ ၊ နတ်ဆိုး လေဂေါင် စွဲ သောသူ သည်အဝတ်ကိုဝတ် ၍ ပကတိ စိတ် နှင့် ထိုင် နေသည်ကိုမြင် လျှင် ၊ ကြောက်ရွံ့ ခြင်းသို့ ရောက်ကြ၏။ ၁၆ နတ်ဆိုးစွဲ သောသူ ၌ဌင်း ၊ ဝက် တို့ ၌ဌင်း၊ အဘယ်သို့ ဖြစ် သည်ကို သိမြင် သောသူ တို့သည် နောက်လာ သောသူ တို့အား ပြန်ကြား ပြီးမှ ၊ ၁၇ မိမိ တို့ ပြည် က ထွက်သွား တော်မူမည်အကြောင်း တောင်းပန် ကြ၏။ ၁၈ လှေ ထဲသို့ ဝင် တော်မူသောအခါ နတ်ဆိုးစွဲ ဘူးသောသူ သည် ကိုယ်တော် နှင့်အတူ ရှိ ပါမည်အကြောင်း တောင်းပန် လျှင် ၊ ၁၉ ကိုယ်တော်သည် အခွင့် မ ပေး။. သင်သည် ကိုယ် အိမ် သို့ သွား လော့။ ထာဝရ ဘုရားသည် သနား ခြင်းစိတ် တော်နှင့် သင် ၌ အဘယ်မျှလောက် ကျေးဇူးပြု တော်မူသည်ကို သင် ၏အဆွေအမျိုး တို့အား ပြန်ကြား လော့ ဟု မိန့် တော်မူလျှင် ၊ ၂၀ ထိုသူသည် သွား ၍ ၊ ယေရှု သည် အဘယ်မျှလောက် ကျေးဇူးပြု တော်မူသည်ကို၊ ဒေကပေါလိ ပြည် တွင် သိတင်းကြားပြော သည်ဖြစ်၍ ၊ ခပ်သိမ်း

သောသူတို့သည် အံ့ဩခြင်းရှိကြ၏။ ၂၁ ယေရှု သည် ကမ်းတစ်ဘက် သို့ ကူး ပြန် ၍ အိုင် နား မှာ ရှိ တော်မူစဉ်၊ များစွာ သောလူ အပေါင်းတို့သည် အထံ တော်၌ စုဝေး ကြ၏။ ၂၂ ထိုအခါ ယာကျရု အမည် ရှိသော တရားစရပ်မှူး သည်လာ ၍ ကိုယ်တော် ကိုမြင် လျှင်၊ ခြေ တော်ရင်း၌ ပြပ်ဝပ် လျက် ၊ အကျွန်ုပ် ၏ သမီးငယ် သေ လုပါပြီ။ ၂၃ သို့သော်လည်းကိုယ်တော်သည်ကြွ ၍ သူ့ကို ကယ်တင် ခြင်းငှာ သူ၏အပေါ် ၌်လက် ကိုတင် တော်မူလျှင် အသက် ရှင်ပါလိမ့်မည်ဟု များစွာ တောင်းပန် ၏။ ၂၄ ကိုယ်တော်သည် သူ နှင့်အတူ သွား ၍ များစွာ သော လူ အပေါင်းတို့သည် ကိုယ်တော် ကို ခြံရံ လျက် ထိခိုက်တိုက်မိကြ၏။ ၂၅ ထိုအခါ တစ်ဆယ့်နှစ် နှစ် ပတ်လုံးသွေး သွန် အနာ စွဲ သောကြောင့် ၊ ၂၆ များစွာ သော ဆေးသမား တို့လက်၌ အလွန် ခံရ ၍ ၊ ဥစ္စာရှိသမျှ ကုန် သော်လည်း သက်သာ မ ရသည် သာမက ၊ အနာတိုး သော မိန်းမ တစ်ယောက်သည်၊ ၂၇ ယေရှု ၏သိတင်း တော်ကို ကြား သည်ရှိသော်၊ ၂၈ ငါသည် အဝတ် တော်ကိုသာ တို့ လျှင် ချမ်းသာ ရမည်ဟု ဆို သည်နှင့်၊ လူ အစုအဝေးထဲ၌ နောက် တော်သို့ လာ ၍အဝတ် တော်ကို တို့ လေ၏။ ၂၉ ထိုခဏခြင်း တွင် အသွေး စုဝေး ရာခန်းခြောက် သည်ဖြစ်၍ ၊ ထို ရောဂါ နှိပ်စက်ခြင်းနှင့် ကင်းလွတ် ပြီဟု မိမိ ကိုယ် ၌်သိ လေ၏။ ၃၀ ယေရှု သည် မိမိ ကိုယ်မှ တန်ခိုး ထွက် သည်ကို ချက်ခြင်း သိ တော်မူလျှင် လူအစုအဝေး ၌ နောက်သို့လှည့် ၍၊ ငါ့ အဝတ် ကို အဘယ်သူ တို့ သနည်း ဟု မေး တော်မူ၏။ ၃၁ တပည့် တော်တို့က၊ လူ အစုအဝေးသည် ကိုယ်တော် အား ထိခိုက် ကြသည်ကိုမြင် လျက်ပင်၊ ငါ့ ကို အဘယ်သူ တို့ သနည်းဟုမေး တော်မူပါသည်တကားဟု လျှောက် ကြသော်လည်း ၊ ၃၂ ကိုယ်တော်သည် ထိုသို့ ပြု သောသူ ကိုမြင် ခြင်းငှာ၊ ပတ်လည် သို့ ကြည့်ရှုတော်မူ၏။ ၃၃ ထို မိန်းမ သည်ကိုယ် ၌အဘယ်သို့ ဖြစ် သည်ကိုသိ သောကြောင့် ကြောက်ရွံ့ တုန်လှုပ် လျက် အထံ တော်သို့ လာ ပြီးလျှင် ၊ ပြပ်ဝပ် ၍ ထိုအကြောင်းရှိသမျှ ကို အဟုတ်အမှန် ကြားလျှောက် လေ၏။ ၃၄ ကိုယ်တော်ကလည်း ၊ ငါ့သမီး ၊ သင် ၏ယုံကြည် ခြင်းသည် သင့် အနာကိုငြိမ်း စေပြီ။ ငြိမ်ဝပ် စွာ သွား လော့။ ရောဂါ နှိပ်စက်ခြင်းနှင့် ကင်းလွတ် စေ “ဟု မိန့် တော်မူ၏။ ၃၅ ထိုသို့ မိန့် တော်မူစဉ် တွင်တရားစရပ်မှူး အိမ် မှ လူလာ ၍ ၊ ကိုယ်တော် ၏သမီး သေ ပါပြီ။ အဘယ်ကြောင့် ဆရာ ကို နှောင့်ရှက် သေး သနည်းဟု ဆို ကြ၏။ ၃၆ ထို စကား ကို ယေရှု သည်ကြား လျှင်၊ မ ကြောက် ကြနှင့်။ ယုံကြည် ခြင်းစိတ်တခုသာ ရှိစေလော့ ဟု တရားစရပ်မှူး အား ချက်ခြင်းမိန့် တော်မူ၏။ ၃၇ ပေတရု ၊ ယာကုပ် ၊ ယာကုပ် ၏ညီ ယောဟန် မှတစ်ပါး အဘယ်သူ ကိုမျှမ လိုက် စေ ဘဲ၊ ၃၈ တရားစရပ်မှူး အိမ် သို့ ရောက် ၍ အုန်းအုန်းသဲသဲ ပြုကြသည်ကိုငဲ့ မြင် တော်မူလျှင် ၊ ၃၉ အတွင်းသို့ဝင် ၍ သင်တို့သည် အဘယ်ကြောင့် အုန်းအုန်းသဲသဲ ပြု၍ ငိုကြွေး ကြသနည်း။ သူငယ် သေ သည်မ ဟုတ်အိပ်ပျော် သည်” ဟု မိန့် တော်မူသော်၊ ၄၀ ထိုသူတို့သည် ပြက်ယယ်ပြု ကြ၏။ ထိုသူ ရှိသမျှ တို့ကို ပြင်သို့ ထွက် စေပြီးမှသူငယ် ၏ မိဘ တို့ကိုငဲ့ ၊ ကိုယ်တော် နှင့် ပါသောသူ တို့ကိုငဲ့ ခေါ် ပြီးလျှင် ၊ သူငယ် လျောင်း ရာအရပ် သို့ ဝင် ၍ ၊ ၄၁ သူငယ် ၏လက် ကို ကိုင် တော်မူလျက် ၊ တလိသ ကုမိ ဟု မိန့် တော်မူ၏။ အနက် ကား၊ မိန်းမငယ် ထ လော့ ငါဆို ၏ဟု ဆိုလို သတည်း။ ၄၂ ထိုခဏခြင်း တွင် မိန်းမငယ် သည် ထ ၍ လှမ်းသွား ၏။ သူသည် တစ်ဆယ့်နှစ် နှစ်

အရွယ်ရှိ ၏။ ထိုသူတို့ သည် အလွန် မိန်းမော တွေဝေခြင်းသို့ ရောက်ကြ၏။ ၄၃ ထို အမူအရာကို အဘယ်သူ မျှမသိ စေမည်အကြောင်း ၊ ထိုသူ တို့ကို ကျပ်တည်း စွာ ပညတ် တော်မူ၍ ၊ "သူ့ အား စားစရာ ပေး လော့ ဟု မိန့် တော်မူ၏။

၆ ထို အရပ်မှကြွ ၍ တပည့် တော်တို့သည် လိုက် ကြသဖြင့် မိမိ မြို့ သို့ ရောက် တော်မူ၏။ ၂ ဥပုသ်နေ့ ရောက် လျှင် တရားစရပ် ၌ ဆုံးမ သြဝါဒပေးတော်မူ၏။ လူများ တို့သည် ကြားနာ ရလျှင် မိန်းမော တွေဝေခြင်းသို့ ရောက်၍၊ ဤ သူသည် ဤ အရာတို့ကို အဘယ်မှာ ရသနည်း။ သူရသော ပညာကားအဘယ် ပညာ နည်း။ ဤမျှလောက် သော တန်ခိုး များကို အဘယ်သို့ ပြုနိုင်သနည်း။ ၃ သူ သည် လက်သမား မ ဟုတ်လော။ မာရိ ၏သား မဟုတ်လော။ ယာကုပ် ၊ ယောသေ ၊ ယုဒ ၊ ရှိမုန် တို့၏ အစ်ကို မဟုတ်လော။ သူ့ နှမ များသည်လည်း ငါ တို့နှင့် အနီးအပါး နေ ကြသည်မ ဟုတ်လောဟု ပြောဆိုလျက် စေတနာ စိတ်ပျက်ကြ၏။ ၄ ယေရှု ကလည်း ၊ ပရောဖက် သည် မိမိ မြို့ ၊ မိမိ အဆွေ နေရာ၊ မိမိ အိမ် မှတစ်ပါး အခြားသောအရပ်၌ အသရေ ရှိသည်" ဟု ထိုသူ တို့အားမိန့် တော်မူ၏။ ၅ မကျန်းမမာ သောသူအချို့ပေါ် မှာလက် တော်ကိုတင် ၍ အနာကိုငြိမ်း စေခြင်းမှတစ်ပါး အဘယ် တန်ခိုး တော်ကိုမျှ ထို အရပ်၌ ပြ တော်မ မူနိုင် ။ ၆ ထိုသူ တို့သည် မယုံကြည် ကြသည်ကို အံ့သြ ခြင်းရှိတော်မူ၏။ ပတ်လည် ၌ရှိသော မြို့ ရွာများသို့ ဒေသစာရီ လှည့်လည် ၍ ဆုံးမ သြဝါဒပေးတော်မူ၏။ ၇ တစ်ကျိပ် နှစ်ပါးသောတပည့်တော်တို့ကို ခေါ် တော်မူပြီးမှ ၊ ညစ်ညူး သောနတ် တို့ကို နိုင်စေခြင်းငှာအခွင့် ပေး လျက် ၊ နှစ် ယောက်စီနှစ် ယောက်စီစေလွှတ် တော်မူ၍ ၊ ၈ "သင်တို့သည် တောင်ဝေး တစ်ခုမှတစ်ပါး လမ်း ခရီးတို့ အဘယ် အရာကိုမျှ မယူ ကြနှင့်။ လွယ်အိတ် နှင့်မုန့် မှစ၍ ခါးပန်း ၌ ကြေး ငွေကို မ ယူကြနှင့်။" ၉ ခြေနင်း ကို စီး ကြလော့။ အင်္ကျီ နှစ် ထပ်မ ဝတ် ကြနှင့် ဟု မှာထား တော်မူ၏။ ၁၀ ထိုမှတပါး သင်တို့သည် မည်သည် အိမ် သို့ ဝင် လျှင် ၊ ထို အိမ်တွင် ထို အရပ်မှ မ ထွက် မသွားမီတိုင်အောင်နေ ကြလော့။" ၁၁ အကြင်သူ တို့သည် သင် တို့ကို လက် မ ခံ၊ သင် တို့ စကားကိုနား မ ထောင်ဘဲနေ၏။ ထို သူတို့နေရာ အရပ်မှ ထွက်သွား စဉ်၊ သူ တို့တစ်ဘက်၌သက်သေ ဖြစ်စေခြင်းငှာ သင် တို့၏ခြေဘဝါး မှ မြေမှုန့် ကို ခါ လိုက်ကြ လော့။ ငါအမှန်ဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ ထိုမြို့သည် သောဒုံမြို့နှင့် ဂေါမောရမြို့ထက်သာ ခံရလတံ့" ဟု မိန့်တော်မူ၏။ ၁၂ တပည့်တော်တို့သည် ထွက်သွား ၍ နောင်တ တရားကိုဟော ကြ၏။ ၁၃ နတ်ဆိုး များ ကို နှင်ထုတ် ကြ၏။ မကျန်းမမာ သောသူများ တို့ကို ဆီ နှင့်လူး ၍ အနာကို ငြိမ်း စေကြ၏။ ၁၄ ထိုအခါ သိတင်း တော်ကျော်စော သည်ဖြစ် ၍၊ ဟေရုဒ် မင်းကြီး သည် ကြား လျှင် ၊ ဗတ္တိဇံ ဆရာယောဟန် သည် သေ ခြင်းမှ ထမြောက် လေပြီ။ ထိုကြောင့် တန်ခိုး များကို ပြ နိုင်သည်ဟု ဆို ၏။ ၁၅ လူအချို့က၊ ဤသူသည် ဧလိယ ဖြစ် သည်ဟု ဆို ကြ၏။ အချို့ က၊ ရှေးပရောဖက် ကဲ့သို့ ပရောဖက် ဖြစ်သည်ဟု ဆို ကြ၏။ ၁၆ ဟေရုဒ် သည် ကြား လျှင် ၊ ဤ သူကား ငါ ၏အမိန့်နှင့် လည်ပင်းကိုဖြတ် သော ယောဟန် ဖြစ်၏။ သေခြင်းမှ ထမြောက် လေပြီဟုဆို လေ၏။ ၁၇ အထက်က ဟေရုဒ် သည် မိမိ ညီ ဖိလိပ္ပု ၏ ခင်ပွန်း ဟေရောဒိ ကို သိမ်းယူ သဖြင့် ၊ ထိုမိန်းမအကြောင်း ကြောင့် စေလွှတ် ၍ ယောဟန် ကို ဘမ်းဆီး ပြီးလျှင် ထောင် ထဲမှာ ချုပ်နှောင် လေ၏။ ၁၈ အကြောင်းမူကား ၊ ယောဟန် က အရှင် မင်းကြီးသည် ညီ

တော်၏ခင်ပွန်း ကို မ သိမ်း အပ် ဟု ဟေရုဒ် အား ဆို လေပြီ။ ၁၉ ထိုကြောင့် ၊ ဟေရောဒိ သည် ယောဟန် ကို ရန်ငြိုး
ဖွဲ့သဖြင့် သတ် ခြင်းဟုအလိုရှိ ၏။ ၂၀ သို့သော်လည်း ယောဟန် သည် ဖြောင့်မတ် သန့်ရှင်း သောသူ ဖြစ်ကြောင်းကို
ဟေရုဒ် သည် သိ ၍ သူ့ ကို ကြောက်ရွံ့ ရိုသေ၏။ သူ့ ကိုလည်း စောင့်မ ၏။ အမှုအရာများတို့ ၌ သူ ၏စကားကို
နားထောင် ၍ ဝမ်းမြောက်သောစိတ် နှင့်လည်း နားထောင် တတ်သည် ဖြစ်သောကြောင့် ထိုမိန်းမသည်အခွင့်မရနိုင်။ ၂၁
ထိုနောက်မှ အဆင်သင့် သောအခါ ဟေရုဒ် ကို ဘွား သောနေ့ရက်၌ နှစ်စဉ်ပွဲ ကိုခံ၍ မှူးမတ် ၊ စစ်သူကြီး ၊ ဂါလိလဲ ပြည်၌
အကြီးအကဲ ဖြစ်သောသူ တို့ကို ကျွေး တော်မူစဉ်တွင်၊ ၂၂ ဟေရောဒိ ၏သမီး သည် ဝင် ၍ က သဖြင့် ၊ ဟေရုဒ် မှစ၍
အပေါင်းအဘော် တို့အား နူးညွတ် သော စိတ် ကိုဖြစ်စေ၏။ ထိုအခါမင်းကြီး က၊ သင်သည် အလိုရှိ သမျှ ကို တောင်း
လော့၊ ငါပေး မည်ဟု ထိုမိန်းမငယ် အား ဆို လေ၏။ ၂၃ တစ်ဖန် လည်း၊ သင်တောင်း သမျှ ကို ငါ့ နိုင်ငံ တစ်ဝက်
တိုင်အောင် ငါပေး မည်ဟု ကျိန်ဆို လေ၏။ ၂၄ ထိုမိန်းမငယ်သည် ထွက် ၍ အဘယ် အရာကို တောင်း ရမည်နည်းဟု
သူ၏ အမိ ကိုမေး လျှင် အမိက၊ ဗတ္တိဇံ ဆရာယောဟန် ၏ ဦးခေါင်း ကို တောင်းလော့ဟု ပြန်ဆို သော်၊ ၂၅ ချက်ခြင်း
မိန်းမငယ်သည် မင်းကြီး ထံသို့ အလျင်တဆော ဝင် ၍ ၊ ဗတ္တိဇံ ဆရာယောဟန် ၏ ဦးခေါင်း ကို ဣလင်ပန်း ၌
အလျင်အမြန် ပေး တော်မူစေခြင်းဌာ ကျွန်မအလိုရှိ ပါသည်ဟု တောင်းလျှောက် ၏။ ၂၆ မင်းကြီး သည် အလွန်ဝမ်းနည်း
ခြင်းရှိ သော်လည်း ၊ ကျိန်ဆို ခြင်းကိုငဲ့ ၊ အပေါင်းအဖေါ် တို့၏ မျက်နှာကိုငဲ့၊ ထောက် သောကြောင့်၊ ထိုမိန်းမငယ်
ကို မ ငြင်း မပယ်လို ၍၊ ၂၇ ဦးခေါင်း ကို ယူခဲ့ ဟု အမိန့်တော်ရှိ လျက် လူစောင့် တစ်ယောက်ကို ချက်ခြင်း စေလွှတ် လျှင်
၊ လူစောင့်သည် သွား ၍ ယောဟန် ၏လည်ပင်းကို ထောင် ထဲမှာ ဖြတ် လေ၏။ ၂၈ ဦးခေါင်း ကို လင်ပန်း ၌ ဆောင်ခဲ့ ၍
ထို မိန်းမငယ် အားပေး ပြီးမှ မိန်းမငယ် သည်လည်း သူ့ အမိ ကို ပေး လေ၏။ ၂၉ ယောဟန် ၏တပည့် တို့သည်လည်း
ကြား သောအခါ လာ ၍ အလောင်း ကို ဆောင်သွား ပြီးလျှင် သချိုင်း တွင်း၌ ထား ကြ၏။ ၃၀ တမန်တော် တို့သည်
ယေရှု ထံ တော်၌ စုဝေး ၍ ၊ မိမိတို့ပြု သမျှ သွန်သင် သမျှ တို့ကို ကြားလျှောက် ကြ၏။ ၃၁ ကိုယ်တော်ကလည်း ၊ တော
၌ဆိတ်ကွယ် ရာအရပ် သို့ လာ ကြ။ ခဏ အားဖြည့်၍ ငြိမ်သက် စွာ နေကြဟု မိန့် တော်မူ၏။ အကြောင်းမူကား ၊ လူများ
သွား လာ ကြသည်ဖြစ် ၍ တမန်တော်တို့သည် အစာစား ခြင်းဟုမျှ မ အား နိုင်ကြ။ ၃၂ ထိုကြောင့် ၊ လေ့ စီး၍ တော ၌
ဆိတ်ကွယ် ရာအရပ် သို့ သွား ကြ၏။ ၃၃ သွား ကြသည်ကို လူများ တို့သည်မြင် ၍ ကိုယ်တော်ဖြစ်သည်ကို သိ လျှင်
၊ အမြို့မြို့ အရွာရွာတို့မှ ထွက်၍ ထို အရပ်သို့ ကုန်းကြောင်း ပြေးသွား သဖြင့် ၊ တမန်တော် တို့ အရင် ရောက်၍
အထံတော်၌စုဝေးကြ၏။ ၃၄ ယေရှုသည် ထွက်ကြွ ၍ လူ များ အပေါင်းတို့ကို တွေ့မြင် တော်မူလျှင်၊ ထိုသူတို့သည်
ထိန်း သူမ ရှိ ၊ ပစ်ထားသော သိုး ကဲ့သို့ ဖြစ် ကြသည်ကိုသနား ခြင်းစိတ်တော်ရှိ၍ များစွာ သော ဆုံးမ သြဝါဒကို
ပေးတော်မူ၏။ ၃၅ မိုးယံးချုပ် သောအခါတပည့် တော်တို့သည် ချဉ်းကပ် ၍ ၊ ဤအရပ်သည် တော အရပ် ဖြစ် ပါ၏။
မိုးယံး လည်း ချုပ်ပါပြီ။ ၃၆ လူများတို့သည် ပတ်ဝန်းကျင် ရွာ ဇနပုဒ် သို့ သွား ၍ စားစရာ ကိုဝယ် စေခြင်းဟုအခွင့်
ပေးတော်မူပါ။ သူ တို့ ၌ စားစရာမရှိပါဟု လျှောက်ကြလျှင်၊ ၃၇ ကိုယ်တော်က၊ သူ တို့စားစရာ ဘို့ သင် တို့ပေး ကြလော့

ဟု ပြန်ပြော တော်မူ၏။ တပည့်တော်တို့ကလည်း ၊ အကျွန်ုပ်တို့သည် သွား ၍ ဒေနာရိ အပြားနှစ်ရာ နှင့်မုန့် ကိုဝယ်ပြီးလျှင် သူ တို့အား စားစရာ ဘို့ ပေး ရပါအံ့လောဟု လျှောက် ကြ၏။ ၃၈ ကိုယ်တော်ကလည်း၊ သင်တို့ ၌ မုန့် ဘယ်နှစ်လုံးရှိ သနည်း။ သွား ၍ ကြည့်ရှု ကြ ဟု မိန့် တော်မူသည် အတိုင်း သူတို့သည် သိ ပြီးမှ ၊ မုန့်ငါး လုံးနှင့် ငါး နှစ် ကောင် ရှိပါသည်ဟု လျှောက် ပြန်၏။ ၃၉ ထိုအခါ လူအပေါင်း တို့ကို မြက် စိမ်း ပေါ်မှာ အစုစု လျောင်း ကြစေ ဟု အမိန့် တော်ရှိ၏။ ၄၀ သူတို့သည် တရာ တစ်စု၊ ငါးဆယ် တစ်စု၊ အစုစု လျောင်း ကြလျှင် ၊ ၄၁ ကိုယ်တော်သည် မုန့် ငါး လုံးနှင့် ငါး နှစ် ကောင်ကိုယူ ၍ ၊ ကောင်းကင် သို့ မျှော်ကြည့် လျက် ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ မုန့် ကိုဖဲ့ ၍ လူ များတို့ရှေ့ ၌ထည့်စေခြင်းငှာ တပည့် တော်တို့အား ပေး တော်မူ၏။ ငါး နှစ် ကောင်ကို လည်း လူအပေါင်း တို့အား ဝေ့ တော်မူ၏။ ၄၂ လူအပေါင်း တို့သည် စား ၍ ဝ ကြပြီးမှ ၊ ၄၃ မုန့်နှင့်ငါး အကျိုးအပဲ့ ကို ကောက်သိမ်း ၍ တစ်ဆယ့်နှစ် တောင်း ၊ အပြည့် ရကြ၏။ ၄၄ မုန့် ကိုစား သောသူ ယောကျ်ား အရေအတွက်ကား၊ လူငါးထောင် မျှလောက်ရှိ သတည်း။ ၄၅ စည်းဝေး သောသူတို့ကို လွှတ် တော်မူစဉ် တွင်တပည့် တော်တို့ လေ့ စီး စေ၍ ကမ်းတစ်ဘက် ဗက်ဇဲဒ မြို့သို့ အရင် ကူးစေတော်မူ၏။ ၄၆ စည်းဝေးသောသူ တို့ကို လွှတ် ပြီးမှ ဆုတောင်း ပဌနာပြုအံ့သောငှာတောင် ပေါ်သို့ ကြွ တော်မူ၏။ ၄၇ည အချိန်ရောက် သောအခါ လေ့ သည် အိုင် အလယ် ၌ ရှိ ၏။ ကိုယ်တော် သည် ကုန်း ပေါ်မှ တစ်ယောက်တည်း ရှိနေတော်မူ၏။ ၄၈ လေ မ သင့်သောကြောင့် တပည့် တော်တို့သည် တက်ခတ် ၍ပင်ပန်း ကြသည်ကို မြင် တော်မူ၏။ ည သုံးချက်တီး ကျော် အချိန်၌ အိုင် ပေါ်မှ စက်တော်ဖြန့် လျက် ၊ သူ တို့ရှိရာ သို့ကြွ ၍ အနားမှာ ရှောက်သွား မည် ပြု တော်မူ၏။ ၄၉ ထိုသို့အိုင် ပေါ်မှာ စက်တော်ဖြန့်၍ ကြွ တော်မူသည်ကို သူတို့သည်မြင် လျှင်၊ ဖုတ် တစ္ဆေဖြစ် သည်ဟု စိတ်ထင် နှင့် အော်ဟစ် ကြ၏။ ၅၀ ထိုသူအပေါင်း တို့သည် ကိုယ်တော် ကိုမြင် ၍ ထိတ်လန့် ခြင်းသို့ရောက်ကြ၏။ ကိုယ်တော်သည် ချက်ခြင်း နှုတ်ဆက် ၍ "တည်ကြည်သောစိတ် ရှိကြလော့။ ငါ ပင်ဖြစ် သည်၊ မ ကြောက်လန့် ကြနှင့် ဟု မိန့် တော်မူ၏။ ၅၁ လေ့ ပေါ်၌ သူ တို့ရှိရာ သို့ တက် တော်မူလျှင် လေ သည်ငြိမ် လေ၏။ ထိုသူ တို့သည် အတိုင်း ထက်အလွန်မိန်းမော တွေဝေအံ့သြခြင်းသို့ ရောက်ကြ၏။ ၅၂ အကြောင်းမူကား ၊ သူ တို့စိတ် နှလုံး မိုက်သည်ဖြစ် ၍ မုန့် ၌ပြသောတန်ခိုးတော်ကို ပမာဏ မ ပြုကြ။ ၅၃ ကမ်း တစ်ဘက်သို့ ကူး လျှင် ဂနေ်သရက် နယ်သို့ ရောက် ၍ လှေကို ဆိုက် ကြ၏။ ၅၄ လေ့ မှ ဆင်း သောအခါ လူ များတို့သည် မျက်နှာ တော်ကို ချက်ခြင်း မှတ်မိ လျှင်၊ ၅၅ ပတ်ဝန်းကျင်အရပ် ၌ ရှိသမျှ သို့ ပြေးသွား ၍ မည်သည့်အရပ်၌ ရှိ တော်မူသည်ဟုကြား လျှင်၊ ထိုအရပ် သို့ လူနာ များကို အိပ်ရာ နှင့် ဆောင်ခဲ့ ကြ၏။ ၅၆ မြို့ ရွာ ဇနပုဒ် သို့ ရောက် တော်မူရာ၌ မကျန်းမမာ သောသူ တို့ကို လမ်း နားမှာထား ၍ အဝတ် တော်၏ ပန်းပွား ကိုမျှ တို့ ရပါမည်အကြောင်း အခွင့်တောင်း ကြ၏။ တို့ သမျှ သော သူတို့သည်လည်း ချမ်းသာ ရကြ၏။

၇ ထိုအခါ ဖာရိရှဲ တို့နှင့် ယေရုရှလင် မြို့မှ ရောက်လာ သော ကျမ်းပြု ဆရာအချို့တို့သည် အထံ တော်၌ စုဝေး ၍၊ ၂ တပည့် တော်အချို့တို့သည် ညစ်ညူး သောလက် တည်းဟူသောရေမဆေး သောလက်နှင့် အစာ စား သည်ကိုမြင်

လျှင် အပြစ်တင်ကြ၏။ ၃ အကြောင်းမူကား ၊ ရှေး လူအပေါင်းတို့မှ ဆက်ဆံသော နည်း ဥပဒေသကိုခံယူ သော ဖာရိရှဲ မှစ၍ယုဒ လူ အပေါင်း တို့သည် လက် ဆုပ် မ ဆေး ဘဲ အစာကို စား လေ့မ ရှိ။ ၄ စျေး မှ ပြန်လာသောအခါ ၌လည်း ဆေး ခြင်းမ ပြုဘဲစား လေ့မ ရှိ။ ထိုမှတပါး ၊ ခွက် ၊ ဖလား ၊ ကြေးဝါပုကန် ၊ ခုတင် တို့ ဆေး ခြင်းမှစ၍အခြား သောထုံးတမ်းများ ကို ခံယူ ၍ ကျင့် လေ့ရှိ၏။ ၅ ထိုအခါ ဖာရိရှဲ တို့နှင့် ကျမ်းပြု ဆရာတို့က၊ ရှေး လူအပေါင်းတို့မှ ဆက်ခံ သောနည်း ဥပဒေသကို ကိုယ်တော် ၏ တပည့် တို့သည် မ ကျင့် ဘဲလျက် အဘယ်ကြောင့် ညစ်ညူး သောလက် နှင့် အစာ စား ကြပါသနည်း ဟု မေးလျှောက် ကြလျှင် ၊ ကိုယ်တော်က၊ ကျမ်းစာလာသည်အတိုင်း၊ ၆ ဟေရှာယ သည် လျှို့ဝှက် သော သင် တို့ကိုရည်မှတ် လျက်၊ ဤ လူမျိုး သည် နှုတ်ခမ်း နှင့် ငါ့ ကို ရိုသေ ကြ၏။ စိတ် နှလုံးမူကား ငါ နှင့် ဝေး လှ၏။” ၇ လူတို့ စီရင် သော ပညတ် တို့ကို သွန်သင် ၍ နည်းဥပဒေပေးလျက်ပင်၊ ငါ့ ကို အချည်းနှီး ကိုးကွယ် ကြ၏ဟု၊ နောက်ဖြစ်လတ္တံ့သောအရာကို လျောက်ပတ် စွာ ဟော ခဲ့ပြီ။” ၈ အကြောင်းမူကား၊ သင်တို့သည် ဘုရားသခင် ၏ ပညတ် တော်ကို ပယ် ၍ ခွက်ဖလားဆေးခြင်းတည်းဟူသောလူ တို့မှ ဆက်ခံသော နည်းဥပဒေသကို ခံယူ လျက်၊ ထိုသို့သောအခြားအကျင့်အလေ့များတို့ကို ကျင့်လေ့ ရှိကြ၏။” ၉ သင်တို့သည် အဆက်ဆက်ခံသော နည်း ဥပဒေသကိုကျင့် ရသော အခွင့်ရှိစေခြင်းငှာ ၊ ဘုရားသခင် ၏ ပညတ် တော်ကို လျောက်ပတ် စွာ ပယ် ကြသည်တကား။” ၁၀ မောရှေ ၏ ပညတ်ကား၊ မိဘ ကို ရိုသေ စွာပြုလော့။ အကြင်သူ သည် မိဘ ကို နှုတ် ဖြင့်ပြစ်မှား၏၊ ထိုသူ သည် အသေ သတ် ခြင်းကို ခံစေဟု လာသတည်း။” ၁၁ သင် တို့မူကား ၊ အကြင်သူ သည် ကိုယ် မိဘ ကို သင်တို့အသုံးရ နိုင်သမျှ သော ငါ ၏ဥစ္စာသည်အလှူ ဝတ္ထု တည်းဟူသောကော်ဘန် ဖြစ်စေဟုဆို ၏။” ၁၂ ထိုသူသည် မိဘ ဝတ်ကို အလျှင်း မ ပြု ရဟု မြစ်တား ၍၊” ၁၃ “မိမိ တို့အဆက်ဆက်ခံ သော နည်း ဥပဒေသအားဖြင့် ဘုရားသခင် ၏ နှုတ်ကပတ် တော်ကိုပယ် ကြ၏။ ထိုသို့သော အကျင့်အလေ့ များ တို့ကို သင်တို့သည် ကျင့် လေ့ရှိကြသည် ဟု မိန့် တော်မူ၏။ ၁၄ ထိုအခါ လူ အစုအဝေးအပေါင်းကို အထံတော်သို့ခေါ် ၍၊ သင်တို့ရှိသမျှ သည်နားထောင် နားလည် ကြလော့။” ၁၅ လူ ပြင် မှ လာ၍ လူ အတွင်း သို့ဝင် လျက်၊ လူ ကိုညစ်ညူး စေနိုင် သော အရာ တစုံတခု မျှမရှိ ။ လူ အတွင်းမှ ထွက် သောအရာ သည် လူ ကို ညစ်ညူး စေသောအရာ ဖြစ် ၏။” ၁၆ ကြားစရာနားရှိသောသူမည်သည်ကားကြားပါစေ” ဟုမိန့်တော်မူ၏။ ၁၇ လူ အစုအဝေးရှိရာမှ ကြွ၍ အိမ် သို့ ဝင် တော်မူပြီးလျှင် ၊ တပည့် တော်တို့သည် ထို ဥပမာ ကို မေးမြန်း ကြ ၏။ ၁၈ ကိုယ်တော်ကလည်း၊ သင် တို့သည် ဤမျှလောက် ပညာ မဲ့လျက် နေ သလော။ လူပြင် မှလာ၍ လူ အတွင်း သို့ဝင် သမျှ သည် နှလုံး ထဲသို့မ ဝင်။” ၁၉ ဝမ်း ထဲသို့ ဝင် ၍ အစာ ရှိသမျှ ကို သန့်ရှင်း စေသဖြင့် ရေအိမ် တွင် ဆင်းသွား သောကြောင့် ၊ လူ ကို မ ညစ်ညူး စေနိုင် သည်ကို နားမလည်ကြသလော။” ၂၀ လူ အတွင်းမှ ထွက် သော အရာ မူကား ၊ လူ ကို ညစ်ညူး စေသောအရာဖြစ်၏။” ၂၁ လူ အတွင်း နှလုံး ထဲက မကောင်း သော ကြံစည် ခြင်း၊ သူ့ မယားကို ပြစ်မှားခြင်း၊ မိန်းမ လွတ်နှင့် မှားယွင်းခြင်း၊ လူ အသက်ကို သတ်ခြင်း၊” ၂၂ သူ့ဥစ္စာကို ခိုး ခြင်း၊ လောဘ လွန်ကျူးခြင်း၊ မနာလို ခြင်း၊ လှည့်စား ခြင်း၊ ညစ်ညူး ခြင်း၊ ငြူစူ ခြင်း၊ သူ့ အသရေကို ဖျက်ခြင်း၊ ထောင်လွှား

စော်ကားခြင်း၊ လျှပ်ပေါ် ခြင်း၊" ၂၄ ဤ ဆိုးညစ် သောအရာ များ တို့သည် အတွင်း မှထွက်လာ ၍ လူ ကို ညစ်ညူး စေကြသည် ဟု မိန့် တော်မူ၏။ ၂၄ ကိုယ်တော်သည် ထို အရပ်မှထ ၍ တုရု မြို့နှင့် ဒိဒုန်မြို့၏ ကျေးလက် သို့ ကြွ တော်မူပြီးလျှင် အိမ် သို့ ဝင် ၍ အဘယ်သူ မျှမသိ စေခြင်းငှာအလို တော်ရှိသော်လည်း ပုန်းရှောင် ၍ နေတော်မ မူနိုင် ။ ၂၅ အကြောင်းမူကား ၊ ညစ်ညူး သောနတ် စွဲ သော မိန်းမငယ် ၏ အမိ သည် သိတင်း တော်ကို ကြား သဖြင့်၊ ၂၆ မိမိ သမီး ထဲက နတ်ဆိုး ကို နှင်ထုတ် တော်မူမည်အကြောင်း တောင်းပန် လေ၏။ ထို မိန်းမ ကား ၊ ဟေလသ အမျိုး ၊ ရှုရိဖိနိတ် ပြည်သူဖြစ် သတည်း။ ၂၇ ယေရှုကလည်း၊ ရှေးဦးစွာ သား များကို ဝ စွာကျွေးပါရစေ။ သား ၏ အစာ ကို ယူ ၍ ခွေး အားမ ပေး မချ အပ် "ဟု မိန့် တော်မူ၏။ ၂၈ မိန်းမကလည်း မှန်ပါ၏သခင် ။ ခွေး မည်သည်ကား ၊ သား တို့၏ စားနပ် စားပေါက်ကို စားပွဲ အောက် ၌ စား မြဲထုံးစံရှိပါသည်ဟု ပြန် ၍ လျှောက်လျှင် ၊ ၂၉ ကိုယ်တော်က၊ ထို စကား ကြောင့် သင်သွား လော့။ နတ်ဆိုး သည် သင် ၏သမီး ထဲမှ ထွက်သွား ပြီ ဟု မိန့် တော်မူ၏။ ၃၀ ထိုမိန်းမသည်မိမိ အိမ် သို့ ပြန် ၍ နတ်ဆိုး ထွက်သွား သည်ကိုငင်း ၊ သမီး သည် အိပ်ရာ ၌ အိပ် လျက် ရှိသည်ကိုငင်း တွေ့ ၏။ ၃၁ တစ်ဖန် ကိုယ်တော်သည် တုရု မြို့နှင့် ဓိဒုန် မြို့၏ ကျေးလက် မှ ထွက် ၍ ဒေကပေါလိ ပြည်နယ် ကို ရှောက်သွားသဖြင့် ၊ ဂါလိလဲ အိုင် သို့ ရောက် တော်မူ၏။ ၃၂ ထိုအခါ နားပင်း ၍ စကား အသောသူ တစ်ယောက်ကို အထံတော်သို့ဆောင်ခဲ့ ၍၊ သူ့ အပေါ် မှာလက် တော်ကို တင် ပါမည်အကြောင်း တောင်းပန် ကြ၏။ ၃၃ ကိုယ်တော်သည် ထိုသူ ကို လူအစုအဝေး ထဲက ခေါ် ၍ ၊ ဆိတ်ကွယ် ရာအရပ်သို့ သွားပြီးလျှင်၊ လက်ညှိုး တော်ကို သူ၏ နား ပေါက်၌ သွင်း တော်မူ၏။ တံထွေးနှင့် ထွေး ၍ သူ၏ လျှာ ကိုလည်း တို့ တော်မူ၏။ ၃၄ ထိုနောက် ကောင်းကင် သို့ ကြည့်မျှော် ၍ ညီးတွားသံကိုပြု လျက် ၊ ဧဖသ ဟု မိန့် တော်မူ၏။ အနက်ကား၊ ပွင့် စေဟု ဆိုလို သတည်း။ ၃၅ ထိုခဏခြင်း တွင် သူ သည် နား ပွင့် ခြင်း၊ လျှာ ကြော လွတ် ခြင်းရှိသဖြင့် စကားပြီပြို ပြော နိုင်၏။ ၃၆ ထိုအကြောင်းကို အဘယ်သူ အားမျှမပြော စေခြင်းငှာ သူ တို့ကို ပညတ် တော်မူ၏။ ပညတ် တော်မူသော်လည်း သူ တို့သည် သာ၍ အလွန် သိတင်းကြားပြော ကြ၏။ ၃၇ အတိုင်း ထက်အလွန်မိန်းမော တွေဝေလျက်ရှိ၍၊ သူသည် အလုံးစုံ တို့ကို လျောက်ပတ် စွာ ပြု တော်မူပြီ။ နားပင်း သောသူ တို့ကို ကြား စေတော်မူပြီအ သောသူ တို့ကိုစကား ပြောစေတော်မူပြီဟုဆို ကြ၏။

၈ ထို အခါ စုဝေး သောသူအလွန် များ၍ စားစရာ မ ရှိ လျှင် ၊ ယေရှုသည် တပည့် တော်တို့ကို ခေါ် ၍၊ ၂ ဤ လူ များကို ငါသနား ၏။ သုံး ရက် ပတ်လုံး ငါ နှင့်အတူရှိ ကြပြီ။ စားစရာ အလျှင်း မ ရှိ ။" ၃ "အချို့တို့သည် အဝေး က လာ သည်ဖြစ်၍ ၊ အစာမစားမီ သူ တို့အိမ် သို့ ငါလွှတ် လျှင် လမ်း ခရီး၌ မော ကြ လိမ့်မည် ဟု မိန့် တော်မူ၏။ ၄ တပည့် တော်တို့ကလည်း ၊ ဤ တော အရပ်၌ ဤသူ တို့ကို အဘယ်သို့ ဝ စွာကျွေး နိုင် မည်နည်းဟု လျှောက် ကြသော်၊ ၅ ကိုယ်တော်က၊ သင်တို့တွင် မုန့် ဘယ်နှစ် လုံး ရှိ ပါသနည်း ဟု မေး တော်မူလျှင် ၊ မုန့်ခုနှစ် လုံးရှိပါသည်ဟု လျှောက် ကြ၏။ ၆ ထိုအခါ "လူ အစုအဝေးကို မြေ ပေါ် မှာ လျောင်း ကြစေ ဟု အမိန့် တော်ရှိ၏။ မုန့် ခုနစ် လုံးကိုလည်း ယူ ၍ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှမုန့်ကိုဖဲ့ ၍ လူများတို့ရှေ့၌ ထည့် စေခြင်းငှာ တပည့် တော်တို့အား ပေး တော်မူသည်

အတိုင်း သူတို့သည် ထည့် ကြ၏။ ၇ အနည်းငယ် မျှသော ငါး ကောင်ကလေးလည်း ရှိ သည်ဖြစ်၍ ၊ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ လူများရှေ့၌ ထည့် စေခြင်းငှာမိန့် တော်မူ၏။ ၈ ထိုသူတို့သည် စား ၍ ဝ ကြပြီးမှ ကြွင်းရစ် သောအကျိုးအပဲ့ ကို ကောက်သိမ်း ၍ ခုနစ် တောင်း အပြည့် ရကြ၏။ ၉ စားသောသူအရေအတွက်ကား၊ လူလေးထောင် မျှလောက် ရှိ သတည်း။ ထိုသူ တို့ကို လွှတ် တော်မူပြီးမှ ၊ ၁၀ တပည့် တော်တို့နှင့်တကွ လှေ ထဲသို့ ချက်ခြင်း ဝင် ၍ ၊ ဒါလမနုသ ကျေးလက် သို့ ရောက် တော်မူ၏။ ၁၁ ထိုအခါ ဖာရိရှဲ တို့သည် ထွက်လာ ၍ ကိုယ်တော် နှင့် ဆွေးနွေး ငြင်းခုံသည်တွင် စုံစမ်း နှောင့်ရှက်ခြင်းငှာ၊ မိုဃ်း ကောင်းကင်က ဖြစ်သော နိမိတ် လက္ခဏာကို တောင်း ကြ၏။ ၁၂ ကိုယ်တော် သည် စိတ် နှလုံးညည်းတွား သံကို ပြုတော်မူလျက် ဤ လူမျိုး သည်နိမိတ် လက္ခဏာကိုအဘယ်ကြောင့် တောင်း သနည်း။ငါအမှန် ဆို သည်ကား၌ လူမျိုး အား နိမိတ် လက္ခဏာကို မ ပြ ရ ဟု မိန့် တော်မူပြီးလျှင်၊ ၁၃ ထိုသူ တို့ရှိရာမှထွက် ၍ တစ်ဖန် လှေထဲသို့ ဝင် ပြီးလျှင်ကမ်းတစ်ဘက် သို့ ပြန် တော်မူ၏။ ၁၄ တပည့်တော်တို့သည် မုန့် ကိုယူ ခြင်းငှာမေ့လျော့ ကြသဖြင့် ၊ လှေ ပေါ်မှာ သူ တို့ ၌ မုန့် တစ်လုံးတည်း သာ ရှိ ၏။ ၁၅ ကိုယ်တော်ကလည်း ၊ ဖာရိရှဲ တို့၏တဆေး ကိုထင်း ၊ ဟေရုဒ် ၏တဆေး ကိုထင်း၊ သတိ နှင့်ကြဉ်ရှောင် ကြ ဟု ပညတ် တော်မူ၏။ ၁၆ တပည့်တော်တို့ကိုလည်း ၊ ငါတို့ ၌ မုန့် မ ပါ သောကြောင့် ဤစကားကို မိန့်တော်မူသည်ဟု အချင်းချင်း ဆွေးနွေး ပြောဆိုကြ၏။ ၁၇ ယေရှုသည် သိ တော်မူလျှင် ၊ သင်တို့ ၌ မုန့် မ ပါ သည်ကိုထောက် ၍ အဘယ်ကြောင့် အချင်းချင်းဆွေးနွေး ပြောဆိုကြသနည်း။ ယခုတိုင်အောင်နှလုံး မ သွင်း၊ နား မ လည်ကြသလော။ သင် တို့ စိတ် နှလုံးမိုက် သေး သလော။" ၁၈ မျက်စိ ရှိ လျက်ပင်မ မြင် ၊ နား ရှိ လျက်ပင် မ ကြား ၊ စိတ်မ အောက်မေ့ ဘဲနေကြသလော။" ၁၉ မုန့် ငါး လုံးကို လူငါးထောင် အား ငါဖဲ့ သောအခါ အကျိုးအပဲ့ ဘယ်နှစ် တောင်း ကောက်သိမ်း သနည်း ဟု မေး တော်မူလျှင်၊ တစ်ဆယ့်နှစ် တောင်းကောက်သိမ်းပါသည်ဟု လျှောက် ကြ၏။ ၂၀ "မုန့်ခုနစ် လုံးကို လူလေးထောင် အား ငါဖဲ့သောအခါ အကျိုးအပဲ့ ဘယ်နှစ် တောင်း ကောက်သိမ်း သနည်း ဟု မေးတော်မူလျှင်၊ ခုနစ် တောင်းကောက်သိမ်းပါသည်ဟု လျှောက် ကြ၏။ ၂၁ သို့ ဖြစ်လျှင် ၊ သင် တို့သည် နားမ လည်ဘဲ အဘယ်သို့နေကြသနည်း" ဟု မိန့် တော်မူ၏။ ၂၂ ဗက်ဇဒ မြို့သို့ ရောက် တော်မူလျှင် ၊ လူကန်း တစ်ယောက်ကို အထံ တော်သို့ဆောင်ခဲ့ ၍ ၊ ထိုသူ ကို တို့ တော်မူမည်အကြောင်း တောင်းပန် ကြ၏။ ၂၃ ကိုယ်တော်သည် လူကန်း ကိုလက် ဆွဲ ၍ မြို့ ပြင် သို့ ထွက် ပြီးမှ ၊ သူ၏ မျက်စိ ကို တံထွေးနှင့်ထွေး ၍ သူ့ အပေါ်မှာလက် တော်ကိုတင် လျက်၊ သင်သည် တစ်စုံတစ်ခု ကို မြင်သလော ဟု မေး တော်မူ၏။ ၂၄ ထိုသူသည် ကြည့်မျှော် လျှင် ၊ လူ တို့သည် သစ်ပင် ကဲ့သို့ ဖြစ်၍ လှမ်းသွား သည်ကို အကျွန်ုပ်မြင် ပါသည် ဟု လျှောက် ၏။ ၂၅ နောက်တစ်ဖန် သူ၏ မျက်စိ ပေါ်မှာ လက် တော်ကိုတင် ၍ ကြည့်မျှော် စေတော်မူလျှင် ၊ သူသည် ပကတိ အဖြစ်သို့ ရောက်၍ အလုံးစုံ တို့ကို ရှင်းလင်း စွာမြင် လေ၏။ ၂၆ ကိုယ်တော်ကလည်း၊ မြို့ ထဲသို့ မ ဝင် နှင့်။ မြို့၌ အဘယ်သူကိုမျှမပြောနှင့် ဟု မိန့် တော်မူ၍ သူ့ ကို မိမိ နေရာ သို့ လွှတ် လိုက်လေ၏။ ၂၇ ယေရှု သည် ဖိလိပ္ပု ကဲသရိ မြို့၏ ကျေးလက် သို့ တပည့် တော်တို့နှင့်တကွ ကြွ တော်မူစဉ် ၊ လမ်း ခရီး၌ လူ များတို့သည် ငါ့ ကို

အဘယ်သူ ဖြစ် သည်ဆို ကြသနည်း ဟု တပည့် တော်တို့ကို မေးမြန်း တော်မူလျှင်၊ ၂၈ လူအချို့က၊ ကိုယ်တော်သည် ဗတ္တိဓံ ဆရာယောဟန် ဖြစ်သည်ဟူ၍ဝင်း၊ အချို့က ဧလိယ ဖြစ်သည် ဟူ၍ဝင်း ၊ အချို့က ပရောဖက် တပါးပါး ဖြစ်သည်ဟူ၍ဝင်း ဆို ကြပါ၏ဟု လျှောက် ကြသော်၊ ၂၉ သင် တို့လည်း ငါ့ ကို အဘယ်သူ ဖြစ် သည် ဆို ကြသနည်း ဟု မေးမြန်း တော်မူလျှင် ၊ ပေတရု က၊ ကိုယ်တော် သည် ခရစ်တော် ဖြစ် တော်မူသည်ဟု လျှောက် လေ၏။ ၃၀ ကိုယ်တော် ၏အကြောင်း ကို အဘယ်သူ အားမျှမပြော စိမ့်သောဉာဘတပည့် တော်တို့ကို ပညတ် တော်မူ၏။ ၃၁ ထိုမှတစ်ပါး၊ လူ သား သည်များစွာ ခံရ မည်။ လူ အကြီးအကဲ၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့၏ ငြင်းပယ် ခြင်းကိုလည်း ၊ အသေ သတ်ခြင်းကိုလည်းခံရမည်။ သုံး ရက်မြောက် သောနေ့ ၌ ထမြောက် လိမ့်မည် ဟူသော အကြောင်းများကို တပည့် တော်တို့အား ပြ စ ပြုတော်မူ၏။ ၃၂ ထိုသို့အတည့်အလင်း ပြတော်မူသောကြောင့် ပေတရု သည် ကိုယ်တော် ကို မိမိ နှင့်အတူခေါ် ၍ အပြစ်တင် သောစကား ကို လျှောက် သော် ၊ ၃၃ ကိုယ်တော်သည် မျက်နှာတော်ကိုလှည့် ၍ တပည့် တော်တို့ကိုကြည့်ရှု လျက်၊ အချင်းရန်သူ ၊ ငါ့ နောက် သို့ ဆုတ် လော့။ သင်သည် ဘုရားသခင် ၏အရာ ကို စိတ်မ စွဲလမ်း ၊ လူ တို့၏အရာ ကိုသာ စွဲလမ်းသည် ဟူ၍ပေတရု ကို ဆုံးမ တော်မူ၏။ ၃၄ ထိုအခါ တပည့် တော်တို့နှင့် ပရိသတ် များကို ခေါ် တော်မူပြီးလျှင်၊ အကြင်သူ သည် ငါ ၌ဆည်းကပ် ခြင်းဉာအလိုရှိ ၏။ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ် ရမည်။ ကိုယ် လက်ဝါးကပ်တိုင် ကို ထမ်း ၍ ငါ့ နောက်သို့ လိုက် ရမည်။” ၃၅ အကြင်သူ သည် မိမိ အသက် ကို ကယ်ဆယ် ခြင်းဉာအလိုရှိ ၏။ ထိုသူသည် အသက် ရှုံး လိမ့်မည်။ အကြင်သူ သည် ငါ့ ကြောင့် ၎င်း ၊ ဧဝံဂေလိ တရားကြောင့်၎င်း အသက် ရှုံး ၏။ ထိုသူသည် မိမိ အသက် ကို ကယ်ဆယ် လိမ့်မည်။” ၃၆ လူ သည်ဤ စကြဝဠာ ကို အကြွင်းမဲ့ အစိုးရ ၍ မိမိ အသက် ဝိညာဉ်ရှုံး လျှင် အဘယ် ကျေးဇူး ရှိသနည်း။” ၃၇ မိမိ အသက် ဝိညာဉ်ကို အဘယ် ဥစ္စာနှင့် ရွေး နိုင်သနည်း။” ၃၈ “မျောက်မထား သော ဤ လူမျိုး ဆိုး တွင် အကြင်သူ သည် ငါ့ ကိုလည်း ၊ ငါ့ စကား ကိုလည်းရှက် ၏။ လူ သား သည် မိမိ အဘခမည်းတော် ၏ ဘုန်း အာနုဘော်ကို ဆောင် လျက်၊ သန့်ရှင်း သော ကောင်းကင် တမန် အခြံအရံတို့နှင့် ကြွလာ သောအခါ ထိုသူ ကို ရှက် တော်မူလတံ့။

၉ ငါအမှန် ဆို သည်ကား၊ ဘုရားသခင် ၏ နိုင်ငံ တော်သည် တန်ခိုး နှင့်တကွတည် ကြောင်းကို ဤ အရပ်၌ ရှိ သောသူ အချို့တို့သည် မ မြင် မီသေ ခြင်းသို့ မ ရောက် ရကြ ဟုမိန့် တော်မူ၏။ ၂ ခြောက် ရက် လွန် သောအခါ ယေရှု သည် ပေတရု ၊ ယာကုပ် ၊ ယောဟန် တို့ကိုခေါ် ၍ ၊ အခြား သူမပါဘဲမြင့် လှစွာသော တောင် ပေါ် တွင်ဆိတ်ကွယ် ရာအရပ်သို့ ဆောင်ကြွ တော်မူ၏။ သူ တို့ရှေ့ ၌ထူးခြားသော အဆင်း အရောင်နှင့် ပြည့်စုံသည်ဖြစ်၍ ၊ ၃ အဝတ် တော်လည်း ပြောင်လက် လျက်၊ ဤမြေ ၌ အဘယ်ခဝါသည် မျှ မ တတ်နိုင် အောင် မိုးယံပွင့်ကဲ့သို့ အလွန် ဖြူ လျက်ရှိ၏။ ၄ မောရှေ နှင့် ဧလိယ သည် ထင်ရှား ၍ ယေရှု နှင့်အတူ စကားပြောလျက် ရှိ ၏။ ၅ ထိုအခါ ပေတရု က အရှင် ဘုရား၊ ဤ အရပ်၌ နေ ဘွယ်ကောင်း ပါ၏။ ကိုယ်တော် ဘို့ တဲတစ် ဆောင်၊ မောရှေ ဘို့တစ် ဆောင်၊ ဧလိယ ဘို့တစ် ဆောင်၊ တဲ သုံး ဆောင်ကို အကျွန်ုပ်တို့ ဆောက်လုပ် ပါရစေဟု လျှောက် လေ ၏။ ၆ တပည့် တော်တို့သည် အလွန်ကြောက်

သောကြောင့် ပေတရုသည် ယောင်ယမ်း ၍ ထိုသို့လျှောက် သတည်း။ ၇ ထိုအခါ မိုဃ်းတိမ် သည် သူ တို့ကိုလွှမ်းမိုး ၍ ၊ ဤသူ သည်ငါ ၏ချစ် သား ပေတည်း ။ သူ ၏စကားကို နားထောင် ကြလော့ဟု မိုဃ်းတိမ် က အသံ တော်ဖြစ် လေ၏။ ၈ ထိုခဏခြင်း တွင် တပည့်တော်တို့သည် ပတ်လည်သို့ကြည့်ရှု လျှင်၊ မိမိ တို့နှင့်အတူ ယေရှု တယောက်တည်း မှတပါး အဘယ်သူ ကိုမျှ မ မြင် ကြ။ ၉ တောင် ပေါ် မှဆင်းကြွ သောအခါ ကိုယ်တော်က၊ လူ သား သည် သေ ခြင်းမှ မ ထမြောက် မှီတိုင်အောင်သင်တို့ ယခုမြင် သောအရာ ကို အဘယ်သူ အားမျှ မကြား မပြောကြနှင့်" ဟု တပည့် တော်တို့ကို ပညတ် တော်မူ၏။ ၁၀ တပည့်တော်တို့သည် ထိုစကား ကို မှတ်မိ ၍ သေ ခြင်းမှ ထမြောက် ခြင်းသည် အဘယ်သို့ ဆိုလို သနည်း ဟု အချင်းချင်း ဆွေးနွေးမေးမြန်းကြ ၏။ ၁၁ ထိုအခါ တပည့်တော်တို့က၊ ဧလိယ သည် အရင် လာ မည်ဟု ကျမ်းပြု ဆရာတို့သည် အဘယ်ကြောင့် ဆို ပါသနည်းဟု မေးလျှောက် ကြလျှင် ၊ ၁၂ ကိုယ်တော်က၊ ဧလိယ သည် အရင် လာ ၍ အလုံးစုံ တို့ကို ပြုပြင် ရသည် မှန် ပေ၏။ လူ သား သည်လည်း အလွန် ဆင်းရဲ ၍ ကဲ့ရဲ့ ပယ်ထားခြင်းကို ခံရမည်ဟု ကျမ်းစာ လာ၏။" ၁၃ ငါဆို သည်ကား၊ ဧလိယ သည် ရောက် လေပြီ။ သူ ၏အကြောင်း ကို ကျမ်းစာရေး ထားသည်အတိုင်း လူ များသည် သူ့ အားပြုချင် သမျှ ကို ပြု ကြပြီ" ဟုမိန့် တော်မူ၏။ ၁၄ တပည့် တော်တို့ရှိရာ သို့ ရောက် တော်မူသောအခါ များစွာ သောလူ အစုအဝေးသည် သူ တို့ကို ဝိုင်း လျက် ၊ ကျမ်းပြု ဆရာတို့သည် သူ တို့နှင့် ဆွေးနွေး မေးမြန်းကြသည်ကို မြင် တော်မူ၏။ ၁၅ စုဝေး လျက်ရှိသော လူအပေါင်း တို့သည် ကိုယ်တော် ကိုမြင် လျှင် ချက်ခြင်း အံ့ဩြ မိန်းမောခြင်းရှိလျက် အထံ တော်သို့ ပြေး ၍ နှုတ်ဆက် ကြ၏။ ၁၆ ကိုယ်တော်ကလည်း ၊ သင်တို့သည် သူ တို့နှင့် အဘယ်သို့ ဆွေးနွေး မေးမြန်းကြသနည်း ဟု ကျမ်းပြု ဆရာ တို့ကို မေး တော်မူလျှင်၊ ၁၇ လူ အစုအဝေး၌ ပါသော သူ တယောက် က၊ အရှင် ဘုရား၊ အ သောနတ် အစွဲခံရ သော အကျွန်ုပ် ၏သား ကို အထံ တော်သို့ ဆောင်ခဲ့ ပါပြီ။ ၁၈ နတ်သည် ဘမ်းစား လေ ရာရာ၌ သူ့ ကိုမြေပေါ် မှာလဲ့ ၍ ၊ သူ သည်လည်း ခံတွင်း မှ အမြှုတ်ထွက်လျက် ၊ အံသွား ခဲကြိတ် လျက် ၊ ပိန်ခြောက် လျက်နေရပါ၏။ ထိုနတ် ကို နှင်ထုတ် ပါမည်အကြောင်း တပည့် တော်တို့အား အကျွန်ုပ်လျှောက် ၍ သူတို့သည် မ တတ်နိုင် ကြပါဟု လျှောက် သော်၊ ၁၉ ကိုယ်တော်က၊ ယုံကြည် ခြင်းမရှိသောအမျိုး ၊ ငါသည် သင် တို့နှင့်တကွ အဘယ်မျှ ကာလ ပတ်လုံးနေ ရ မည်နည်း။ သင် တို့ကို အဘယ်မျှ ကာလ ပတ်လုံးသည်းခံ ရမည်နည်း။ သူငယ် ကို ငါ့ ထံသို့ ယူခဲ့ ကြ" ဟု မိန့် တော်မူသည်အတိုင်း ၊ယူခဲ့ ကြ၏။ ၂၀ ထိုနတ် သည် ကိုယ်တော် ကိုမြင် လျှင် ချက်ခြင်း သူငယ် ကို တောင့်မာ စေသဖြင့် သူငယ်သည် မြေ ပေါ် မှာ လဲ ၍ အမြှုတ် ထွက်လျက် ကိုယ်ကို လိမ့် လျက်နေ၏။ ၂၁ ကိုယ်တော်ကလည်း၊ ဤသို့ ဖြစ် သည်ကား၊ အဘယ်မျှလောက် ကြာ ပြီနည်း" ဟု သူငယ် ၏အဘ အား မေး တော်မူလျှင် ၊ အဘက၊ ငယ် သောအရွယ်ကပင် ဖြစ်ပါ၏။ ၂၂ သူငယ် ကို သေ စေခြင်းငှာ မီး ၌ ၎င်း ၊ ရေ ၌ ၎င်း အကြိမ်ကြိမ် လဲ စေတတ်၏။ သို့သော်လည်း ကိုယ်တော်သည် တတ်နိုင် တော်မူလျှင် အကျွန်ုပ် တို့ကို သနား ၍ကယ် တော်မူပါဟု လျှောက် လေ၏။ ၂၃ ယေရှု ကလည်း ၊ သင်သည် ယုံကြည်နိုင်သလော။ ယုံကြည် သောသူ ဖြစ် လျှင် ခပ်သိမ်း သောအမှုတို့ကို တတ်နိုင်

သည်" ဟု မိန့် တော်မူ၏။ ၂၄ သူငယ် ၏အဘ သည် ချက်ခြင်း ဟစ်ကြော် ၍ အကျွန်ုပ်ယုံကြည် ပါ၏သခင်။ မယုံကြည် သည်ကို မစ တော်မူပါဟု မျက်ရည်နှင့် လျှောက် ပြန်လေ၏။ ၂၅ ထိုအခါ လူ များတို့သည် စုဝေး လျက် ပြေးလာကြသည်ကို ယေရှု သည်မြင် လျှင်၊ နားပင်း ၍ စကား အ သောနတ် ၊ သူငယ် မှ ထွက် လော့၊ နောက်တစ်ဖန် မဝင် နှင့် ငါ အမိန့် ရှိ၏ ဟု ထိုညစ်ညူး သောနတ် ကို ဆုံးမ ၍ မိန့် တော်မူသဖြင့် ၊ ၂၆ နတ်သည် အော်ဟစ် ၍ အလွန် တောင့်မာ စေပြီးမှ ထွက်သွား ၏။ သူငယ်သည် သေ သကဲ့သို့ ဖြစ် ၏။ သေ ပြီဟု လူများ ဆို ကြ၏။ ၂၇ ယေရှု သည် သူ၏ လက် ကိုကိုင် ၍ ချီကြွ တော်မူသဖြင့် သူသည်ထ လေ၏။ ၂၈ အိမ် သို့ ဝင် တော်မူပြီးမှ တပည့် တော်တို့က၊ အကျွန်ုပ် တို့သည် ထိုနတ် ကို အဘယ်ကြောင့် မ နှင်ထုတ် နိုင် ပါသနည်းဟု တိတ်ဆိတ် စွာမေးလျှောက် ကြသော်၊ ၂၉ ကိုယ်တော်က၊ ဆုတောင်း ခြင်း၊ အစာရှောင်ခြင်းမှတစ်ပါး အဘယ်သို့ သောအားဖြင့် ထို နတ်မျိုး သည် မ ထွက် နိုင် ဟု မိန့် တော်မူ၏။ ၃၀ ထို အရပ်မှထွက် ၍ ဂါလိလဲ ပြည်အလယ်၌ ရှောက်သွား ကြစဉ်တွင်အဘယ်သူ မျှသိ စေခြင်းငှာ အလို တော်မ ရှိ။ ၃၁ အကြောင်းမူကား ၊ လူ သား သည် လူ တို့လက် သို့ အပ်နှံ ခြင်းကိုငင်း ၊ အသေ သတ်ခြင်းကိုငင်းခံရမည်။ ၃၂ ခံပြီးမှ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည်ဟူသော အကြောင်းများကို တပည့် တော်တို့အား ပြ တော်မူ၏။ ထိုအကြောင်း များကို သူ တို့သည် နားမလည် သော်လည်း ၊ ကိုယ်တော် ကို မမေး မ လျှောက်ဝံကြ။ ၃၃ ကပေရနောင် မြို့သို့ ရောက် ၍ အိမ် ၌ ရှိ တော်မူလျှင် ၊ သင်တို့သည် လမ်း ၌ အဘယ် အမှုကို အချင်းချင်း ငြင်းခုံ ကြသနည်းဟု မေး တော်မူသည်ကို၊ ၃၄ သူ တို့သည် တိတ်ဆိတ် စွာနေကြ၏။ အကြောင်းမူကား ၊ အဘယ်သူ သည်သာ၍ ကြီးမြတ်အံ့နည်းဟု လမ်း ၌ အချင်းချင်း ငြင်းခုံ ကြ၏။ ၃၅ ထိုအခါ ကိုယ်တော်သည် ထိုင် လျက် တစ်ကျိပ် နှစ်ပါးတို့ကိုခေါ် တော်မူ၍ ၊ အရင် အဦးဖြစ်လို သောသူ မည်သည်ကား နောက်ဆုံး ဖြစ် ရမည်။ အလုံးစုံ တို့၏ အစေခံ လည်း ဖြစ် ရမည်" ဟု မိန့် တော်မူ၏။ ၃၆ သူငယ် တစ်ယောက်ကိုလည်း ယူ ၍ သူ တို့အလယ် ၌ ထား ပြီးမှ လက်တော်နှင့်ချီပိုက် လျက်၊ ၃၇ အကြင်သူ သည် ငါ့ မျက်နှာ ကိုထောက်၍ဤကဲ့သို့ သော သူငယ် တစ်စုံတစ်ယောက် ကိုလက်ခံ ၏။ ထိုသူ သည် ငါ့ ကိုပင်လက်ခံ ၏။ ငါ့ ကိုလက်ခံ သောသူ သည်လည်း ငါ့ ကိုသာ လက်ခံ သည်မ ဟုတ်။ ငါ့ ကိုစေလွှတ် တော်မူသောသူ ကိုပင် လက်ခံသည်" ဟု မိန့် တော်မူ၏။ ၃၈ ယောဟန် ကလည်း၊ အရှင် ဘုရား၊ အကျွန်ုပ်တို့နှင့်အတူမလိုက်ဘဲလျက် ကိုယ်တော် ၏နာမ ကို အမှီပြု နတ်ဆိုး တို့ကိုနှင်ထုတ် သောသူတစ် ယောက်ကို အကျွန်ုပ်တို့ တွေ့ပါ၏။ သူသည်အကျွန်ုပ် တို့နှင့်အတူမ လိုက် သောကြောင့် အကျွန်ုပ်တို့သည် မြစ်တား ကြပါသည်ဟု လျှောက် လေသော်၊ ၃၉ ယေရှု က၊ ထိုသူ ကိုမ မြစ်တား ကြနှင့်။ ငါ့ နာမ ကို အမှီပြု လျက် တန်ခိုး ကိုပြ ၍ ငါ့ ကိုအလွယ်တကူ ကဲ့ရဲ့ နိုင် သောသူ တစ်ယောက်မျှ မရှိ ။" ၄၀ သင်တို့၏ရန်သူ ဘက်၌မ ရှိ သောသူ သည် သင်တို့ ဘက် ၌ရှိ ၏။" ၄၁ သင်တို့သည်ခရစ်တော် နှင့် ဆိုင် သည်ဟု ငါ့မျက်နှာကိုထောက်၍အကြင်သူ သည် သင် တို့အား ရေ တခွက် ကိုမျှပေး ၏။ ထိုသူသည် အကျိုး ကို မ ရဘဲမ နေရာ၊ ငါအမှန် ဆို ၏။" ၄၂ ငါ့ ကို ယုံကြည် သော ဤ သူငယ် တစ်စုံတစ်ယောက် ကို အကြင်သူ သည် မှားယွင်း စေ၏။ ထိုသူသည်လည်ပင်း ၌ ကြိတ်ဆုံ ကျောက်ကိုဆွဲ ၍ ပင်လယ်

၌ ချ ခြင်းကိုခံရလျှင် အနေသာ၍ ကောင်း ၏။" ၄၃ သင် ၏လက် သည်သင့် ကိုမှားယွင်း စေလျှင် လက် ကိုဖြတ်လော့။" ၄၄ ပိုးမသေ၊ မီးမငြိမ်းရာ၊ ငရဲ အတွင်း မငြိမ်းနိုင် သော မီး ထဲသို့ လက် နှစ် ဘက်စုံနှင့် ဝင် ရသည်ထက် ၊ လက် ချို့တဲ့ ၍ အသက် ရှင်ခြင်းသို့ ဝင်စား သော် သာ၍ ကောင်း၏။" (Geenna g1067) ၄၅ သင် ၏ခြေ သည် သင့် ကိုမှားယွင်း စေလျှင် ခြေ ကိုဖြတ် လော့။" ၄၆ ပိုးမသေ၊ မီးမငြိမ်းရာ၊ ငရဲ အတွင်း မငြိမ်းနိုင်သောမီးထဲသို့ ခြေ နှစ် ဘက်စုံနှင့်ချ ခြင်းကို ခံရသည်ထက် ၊ ခြေ ချို့တဲ့၍ အသက် ရှင်ခြင်းသို့ ဝင်စား သော် သာ၍ ကောင်း၏။" (Geenna g1067) ၄၇ သင် ၏မျက်စိ သည်လည်း သင့် ကိုမှားယွင်း စေလျှင် မျက်စိ ကိုထုတ် လော့။" ၄၈ ပိုး မ သေ ၊ မီး မ ငြိမ်း ရာ ၊ ငရဲ မီးထဲသို့ မျက်စိ နှစ် ဘက်စုံနှင့်ချ ခြင်းကို ခံရသည်ထက် ၊ မျက်စိ တစ်ဘက်နှင့် ဘုရားသခင် ၏နိုင်ငံ တော်သို့ ဝင်စား သော် သာ၍ ကောင်း၏။" (Geenna g1067) ၄၉ ယဇ်ကောင်ရှိသမျှတို့ ၌ ဆားခတ်ရသကဲ့သို့ခပ်သိမ်း သောသူတို့သည် မီး ဆားခတ်ခြင်းကို ခံရကြမည်။" ၅၀ ဆား သည်ကောင်း ၏သို့သော်လည်း အငန် ကင်းပျောက်လျှင် ၊ ငန်သောအရသာ ကို အဘယ်သို့ ရပြန်မည်နည်း။ သင် တို့ ၌ ဆား ရှိ စေကြလော့။ အချင်းချင်း အသင့်အတင့် နေကြလော့ ဟု မိန့်တော်မူ၏။

၁၀ ထို အရပ်မှ ကိုယ်တော်သည်ထ ၍ ယော်ဒန် မြစ်တစ်ဘက် ကို ရှောက်သွားသဖြင့် ယုဒ ပြည် စွန်းသို့ ရောက် တော်မူ၏။ လူ များတို့သည် အထံ တော်၌ စုဝေး ပြန် ၍၊ ထုံးစံ ရှိတော်မူသည်အတိုင်း တစ်ဖန် ဆုံးမ သြဝါဒပေးတော်မူ၏။ ၂ ဖာရိရှဲ တို့သည် အထံတော်သို့လာ ၍ ၊ လူ သည် မိမိမယား နှင့်ကွာ အပ် သလောဟု စုံစမ်း နှောင့်ရှက်ခြင်းငှာမေးလျှောက် ကြသော်၊ ၃ ယေရှုက၊ မောရှေ သည်သင် တို့အား အဘယ်သို့ စီရင် သနည်း ဟုလှန် ၍ မေး တော်မူလျှင်၊ ၄ သူ တို့က၊ ဖြတ်စာ ကို ပေး ၍ မယားနှင့် ကွာ စေခြင်းငှာမောရှေ စီရင် ပါသည်ဟု လျှောက် ကြ၏။ ၅ ယေရှု ကလည်း ၊ သင် တို့စိတ် နှလုံး ခိုင်မာသောကြောင့် မောရှေသည် ထို ပညတ် ကို ရေး ထားသတည်း။" ၆ ဘုရားသခင်ဖန်ဆင်း တော်မူစက ယောကျ်ား နှင့် မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်း တော်မူ၏။" ၇ ထို အကြောင်း ကြောင့်ယောကျ်ား သည် ကိုယ် မိဘ ကိုစွန့် ၍ ကိုယ် ခင်ပွန်း ၌ မှီဝဲ သဖြင့် ၊" ၈ ထိုသူနှစ် ယောက်တို့သည် တသား တကိုယ်တည်းဖြစ် ရလိမ့်မည်။ ထိုကြောင့် လင်မယားတို့သည် နှစ် ဦးမ ဟုတ် တစ်ဦးတည်း ဖြစ်၏။" ၉ ဘုရားသခင် တွဲဘက် ၍ ထမ်းဘိုးတင်တော်မူသောအရာ ကို လူ မ ခွဲ မခွာစေနှင့်" ဟု မိန့် တော်မူ၏။ ၁၀ နောက်တစ်ဖန် တပည့်တော်တို့သည် အိမ် ၌ ရှိစဉ်၊ ထို အကြောင်း ကို မေးလျှောက် ပြန်ကြ၏။ ၁၁ ကိုယ်တော်ကလည်း၊ အကြင်သူ သည် မယား နှင့်ကွာ ၍ အခြား သောမိန်းမနှင့် စုံဘက် ခြင်းကိုပြု၏။ ထို သူသည် မိမိမယားကို ပြစ်မှား ၏။" ၁၂ မိန်းမ သည်လည်း မိမိ လင် နှင့်ကွာ ၍ အခြား သောယောကျ်ားနှင့်စုံဘက် ခြင်းကိုပြုလျှင် မှားယွင်း ခြင်းသို့ ရောက်သည်" ဟု မိန့် တော်မူ၏။ ၁၃ ထိုအခါ သူငယ် တို့ကို လက်တော်နှင့် တို့ စေခြင်းငှာ အထံ တော်သို့ ဆောင်ခဲ့ သည်ဖြစ်၍၊ တပည့်တော်တို့သည် ဆောင်ခဲ့သောသူ တို့ကို အပြစ်တင် ကြ၏။ ၁၄ ယေရှု သည်မြင် တော်မူလျှင် အမျက် တော်ထွက်၍ ၊ ထို သူငယ် တို့ကို ငါ့ ထံသို့ လာ ပါစေလေ။ မ ဆီးတား ကြနှင့်။ ဘုရားသခင် ၏နိုင်ငံ တော်သည် ထိုသို့သော သူတို့၏ နိုင်ငံဖြစ် ၏။" ၁၅ ငါအမှန် ဆို သည်ကား၊ အကြင်သူ သည် ဘုရားသခင် ၏နိုင်ငံ တော်ကို သူငယ် ကဲ့သို့

မ ခံယူ ၊ ထိုသူသည် နိုင်ငံ တော်သို့ မ ဝင် ရ ဟု မိန့် တော်မူပြီးမှ၊ ၁၆ သူငယ် တို့ကို ချီပိုက် ၍ သူ တို့အပေါ်မှာ လက် တော်ကိုတင် လျက် ကောင်းကြီး ပေးတော်မူ၏။ ၁၇ လမ်း မှာ ကြွ တော်မူစဉ်တွင်လူတယောက် သည် အထံ တော်သို့ပြေး ၍ ဒူးထောက် လျက် ၊ ကောင်းမြတ် သောဆရာ ၊ ထာဝရ အသက် ကို အမွေ ခံရအံ့သောငှာ အကျွန်ုပ်သည် အဘယ် အမှုကိုပြု ရပါမည်နည်းဟု မေးလျှောက် သော်၊. (aiōnios g166) ၁၈ ယေရှု က၊ ငါ့ ကိုကောင်းမြတ် သည်ဟု အဘယ်ကြောင့် ခေါ် သနည်း။ ဘုရားသခင် တစ်ပါးတည်း သာ ကောင်းမြတ် တော်မူ၏။" ၁၉ "သင်သည် ပညတ် တော်တို့ကို သိ သည်မဟုတ်လော။ သူ့ မယားကိုမ ပြစ်မှားနှင့်။ လူအသက်ကို မ သတ် နှင့်။ သူဥစ္စာကိုမ ခိုး နှင့်။ မမှန် သောသက်သေကိုမ ခံနှင့်။ သူ့ ဥစ္စာကို မတရား သဖြင့်မ သိမ်းနှင့်။ မိဘ ကို ရိုသေ စွာ ပြုလော့" ဟု မိန့် တော်မူလျှင် ၊ ၂၀ အရှင် ဘုရား၊ ထို ပညတ်ရှိသမျှ တို့ကို အကျွန်ုပ်သည် ငယ် သောအရွယ်မှစ၍ စောင့်ရှောက် ပါပြီဟု လျှောက် ပြန်လျှင် ၊ ၂၁ ယေရှု သည်၊ ထိုသူ ကိုကြည့်ရှု လျက် ချစ် သောစိတ်ရှိ၍ ၊ သင် သည်တခု လို သေး၏။ သွား လော့။ ကိုယ် ဥစ္စာ ရှိသမျှ ကိုရောင်း ၍ ဆင်းရဲ သောသူ တို့အား ပေး လော့။ ထိုသို့ပြုလျှင်၊ ကောင်းကင် ဘုံ၌ ဘဏ္ဍာ ကို ရ လိမ့်မည်။ သို့ပြီးမှလာ ၍ လက်ဝါးကပ်တိုင်ကိုထမ်းလျက် ငါ့ နောက် သို့လိုက်လော့ ဟု မိန့် တော်မူ၏။ ၂၂ ထိုသူ သည် များစွာ သောဥစ္စာ ကိုရ တတ်သောသူဖြစ် ၍၊ ထို စကား ကိုကြားလျှင် မျက်နှာပျက် ၍ စိတ်မသာ သည်နှင့်သွား လေ၏။ ၂၃ ယေရှု ကလည်း ၊ ဥစ္စာ ရ တတ်သောသူ သည်ဘုရားသခင် ၏နိုင်ငံ တော်သို့ အလွန်ဝင် ခဲ လှ၏" ဟု ပတ်လည်သို့ကြည့်ရှု ၍ တပည့် တော်တို့အား မိန့် တော်မူ၏။ ၂၄ တပည့် တော်တို့သည် ထို စကား ကိုကြားလျှင် ၊ မိန်းမော တွေဝေခြင်းရှိကြ၏။ တစ်ဖန် ယေရှု က၊ ငါသား တို့၊ မိမိဥစ္စာကိုမှီခိုသောသူသည် ဘုရားသခင် ၏ နိုင်ငံ တော်သို့ အလွန်ဝင် ခဲ လှ၏။" ၂၅ ကုလားအုပ် သည် အပ် နဖား ကိုလျှို လွယ် ၏။ ငွေရတတ် သောသူသည် ဘုရားသခင် ၏နိုင်ငံ တော်သို့ ဝင် ခဲသည်" ဟု မိန့် တော်မူ၏။ ၂၆ ထိုသူ တို့သည် သာ၍ မိန်းမော တွေဝေခြင်းရှိ၍ ၊ သို့ ဖြစ်လျှင် အဘယ်သူ သည် ကယ်တင် တော်မူခြင်းသို့ ရောက်နိုင် မည်နည်းဟု အချင်းချင်း ပြောဆို ကြ၏။ ၂၇ ယေရှု ကလည်း၊ သူ တို့ကိုကြည့်ရှု ၍၊ ဤအမှုကို လူ မ တတ်နိုင်သော်လည်း ၊ ဘုရားသခင် မတတ်နိုင်သည်မ ဟုတ်။ ဘုရားသခင် သည် ခပ်သိမ်း သောအမှုတို့ကို တတ်နိုင် တော်မူသည် ဟု မိန့် တော်မူ၏။ ၂၈ ထိုအခါ၊ ပေတရု က၊ အကျွန်ုပ် တို့သည် ရှိသမျှ ကိုစွန့်ပစ် ၍ ကိုယ်တော် နောက် သို့ လိုက်ကြပါပြီဟုလျှောက် လေသော်၊ ၂၉ ယေရှု က၊ ငါအမှန် ဆို သည်ကား၊ အကြင်သူ သည် ငါ့ ကြောင့် ၎င်း ၊ ဧဝံဂေလိ တရားကြောင့် ၎င်း၊ အိမ် ၊ လယ် ၊ ညီအစ်ကို ၊ နှမ ၊ မိဘ ၊ သား မယားတည်းဟူသောတပါးပါးကိုစွန့် ၏။" ၃၀ ထိုသူသည် အဆတရာ သော အကျိုးတည်းဟူသောယခု ကာလ ၌ ညှဉ်းဆဲ ခြင်းနှင့်တကွ အိမ် ၊ လယ် ၊ ညီအစ်ကို ၊ နှမ ၊ အမိ ၊ သားသမီး တို့ကိုငှင်း၊ နောင် ဘဝ ၌ ထာဝရ အသက် ကိုငှင်း ခံရ လတံ့။" (aiōn g165, aiōnios g166) ၃၁ နောက်ကျ သောသူအများ တို့သည် အရင် ကျ ကြလိမ့်မည်။ အရင် ကျကြသောသူ အများတို့သည် နောက်ကျ ကြလိမ့်မည်" ဟု မိန့် တော်မူ၏။ ၃၂ ယေရုရှလင် မြို့သို့ တက်သွား ကြရာ၊ လမ်း မှာ ယေရှု သည်တပည့် တော်တို့ရှေ့ ၌ ကြွတော်မူစဉ် ၊ သူတို့ သည် မိန်းမော တွေဝေ၍ ကြောက်ရွံ့ သောစိတ်နှင့်

လိုက် ကြ၏။ ထိုအခါ ကိုယ်တော်သည် တစ်ကျိပ် နှစ်ပါးတို့ကို တစ်ဖန် ခေါ် ၍၊ ငါတို့သည်ယေရုရှလင် မြို့သို့ ယခုသွား ကြ၏။" ၃၃ လူ သား သည် ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့လက်သို့ ရောက် လိမ့်မည်။ ထိုသူတို့သည် သေ ပြစ်ကို စီရင် ၍ တပါး အမျိုးသားတို့လက်သို့ အပ်နှံ ကြလိမ့်မည်။" ၃၄ သူ တို့သည်လည်း လူသားအား ပြက်ရယ်ပြု ခြင်း၊ ရိုက်ပုတ် ခြင်း၊ တံတွေး နှင့်ထွေးခြင်း၊ အသေ သတ်ခြင်းကို ပြုကြလိမ့်မည်။ သုံး ရက်မြောက် သောနေ့ ၌ ထမြောက် လိမ့်မည်" ဟူ၍မိမိ ကိုယ်၌ရောက် လတံ့သော အမှုအရာ တို့ကို တပည့် တော်တို့အား မိန့် တော်မူ၏။ ၃၅ ထိုအခါ ဇေဗေဒဲ ၏သား ယာကုပ် နှင့် ယောဟန် သည် အထံ တော်သို့ ချဉ်းကပ် ၍၊ အရှင် ဘုရား၊ အကျွန်ုပ် တို့တောင်းသော ဆု ကျေးဇူးကို ပြု တော်မူစေချင် ပါသည်ဟု လျှောက် လေ၏။ ၃၆ ကိုယ်တော်က၊ ငါသည်သင် တို့ကို အဘယ်သို့ ပြု စေချင် သနည်း" ဟု မေး တော်မူသော် ၊ ၃၇ ကိုယ်တော် သည် ဘုန်းပွင့် တော်မူသောအခါ အကျွန်ုပ်တို့သည် လက်ျာ ဘက်၌ တစ် ယောက်၊ လက်ဝဲ တော်ဘက်၌ တစ် ယောက်ထိုင် ရသောအခွင့်ကို ပေး တော်မူပါဟု လျှောက် ကြ၏။ ၃၈ ယေရှု ကလည်း၊ သင်တို့သည် အဘယ်သို့ တောင်းပန် သည်ကို သင်တို့မ သိ ကြ။ ငါ သောက် သောခွက် ကို သောက် ခြင်းငှာထင်း၊ ငါ ခံ သောဗတ္တိဇံ ကိုခံ ခြင်းငှာထင်း၊ သင်တို့သည် တတ်စွမ်း နိုင်သလော ဟု မေး တော်မူလျှင်၊ ၃၉ အကျွန်ုပ်တို့သည် တတ်စွမ်း နိုင်ပါ၏ဟု လျှောက် ကြသော် ၊ ယေရှု က၊ ငါ သောက် သောခွက် ကို သင်တို့ သည် သောက် ရကြလိမ့်မည်။ ငါ ခံ သောဗတ္တိဇံ ကိုလည်း သင်တို့သည်ခံရ ကြလိမ့်မည်။" ၄၀ သို့သော်လည်း ငါ လက်ျာ ဘက်လက်ဝဲ ဘက်မှာ ထိုင် ရသောအခွင့်ကိုကားအကြင်သူ တို့အဘို့အလိုငှာ ပြင်ဆင် ၏၊ ထိုသူတို့အားသာ ငါ ပေး ပိုင်သည်" ဟု မိန့် တော်မူ၏။ ၄၁ အခြားသော တပည့်တော်တစ်ကျိပ် တို့သည်ကြားသိ လျှင် ၊ ယာကုပ် နှင့် ယောဟန် တို့ကို အမျက်ထွက် ကြ ၏။ ၄၂ ယေရှု သည် ထိုသူ တို့ကိုခေါ် တော်မူ၍ ၊ သင်တို့သိ သည်အတိုင်း လောကီ မင်း တို့သည် အစိုးတရ ပြုတတ် ကြ၏။ အကဲအမှူး တို့သည် အာဏာ ထားတတ်ကြ၏။" ၄၃ သင် တို့မူကား ၊ ထိုသို့ မ ပြု ကြနှင့်။ သင် တို့တွင် အကဲအမှူး ပြု လို သောသူ သည် သင် တို့အစေခံ ဖြစ် ရမည်။" ၄၄ သင် တို့တွင် အထွဋ်အမြတ် လုပ် ချင် သောသူ သည်လည်း အလုံးစုံ တို့၏စေခိုင်းရာ ကျွန် ဖြစ် ရမည်။" ၄၅ အကြောင်းမူကား ၊ လူ သား သည် သူတစ်ပါးကို စေစား ခြင်းငှာမ လာ ၊ သူတစ်ပါးအစေ ကို ခံခြင်းငှာထင်း၊ မိမိ အသက် ကိုစွန့် ၍ လူများ ကိုရွေး ခြင်းငှာ ထင်း၊ ကြွလာသတည်း" ဟု မိန့် တော်မူ၏။ ၄၆ ယေရိခို မြို့သို့ ရောက် ကြလျှင် ၊ တပည့် တော်တို့မှစ၍ များစွာ သောလူ အပေါင်းတို့နှင့်တကွ ထိုမြို့ မှ ထွက်ကြွ တော်မူစဉ်တွင်၊ တိမဲ ၏သား ဗာတိမဲ အမည်ရှိသော လူကန်း သည် လမ်း နား မှာထိုင် ၍ တောင်းစား လေ ၏။ ၄၇ နာဇရက် မြို့သားယေရှု ရှိ ကြောင်း ကို ကြား ရလျှင် ၊ ဒါဝိဒ် ၏သား တော်ယေရှု ၊ အကျွန်ုပ် ကို ကယ်မ သနားတော်မူပါဟုဟစ်ကြော် လေ၏။ ၄၈ ထိုသူ ကို တိတ်ဆိတ် စွာနေစေခြင်းငှာ လူအများ တို့သည် ငေါက် ၍ ဆိုကြသော်လည်း ၊ ဒါဝိဒ် ၏ သား တော်၊ အကျွန်ုပ် ကိုကယ်မ သနားတော်မူပါဟု သာ၍ ဟစ်ကြော် လေသော်၊ ၄၉ ယေရှု သည် ရပ် တော်မူလျက် ၊ ထိုသူ ကိုခေါ် ခဲ့ ဟု အမိန့် တော်ရှိ၏။ သူတစ်ပါးတို့သည် လူကန်း ကိုခေါ် ၍ မ စိုးရိမ်နှင့်၊ ထ လော့။ သင့် ကို ခေါ် တော်မူသည်ဟုဆို ကြ၏။ ၅၀ ထိုသူသည် မိမိ အဝတ် ကို ခွါ ပြီးလျှင် ၊

ထ ၍ ယေရှု ထံတော်သို့ သွား ၏။ ၅၁ ယေရှု ကလည်း ၊ သင် ၌ အဘယ်သို့ ပြု စေလို သနည်း ဟု မေး တော်မူလျှင်၊ ၅၂ အရှင် ဘုရား အကျွန်ုပ်မျက်စိကိုမြင် စေခြင်းငှာ ပြုတော်မူပါဟု လူကန်း လျှောက် လေသော် ၊ ယေရှု က၊ သွား လော့။ သင် ၏ယုံကြည် ခြင်းသည် သင့် ကိုကယ်မ ပြီ ဟုမိန့် တော်မူ၏။ ထိုခဏခြင်း တွင် ထိုသူသည် မျက်စိမြင် ၍ လမ်း ၌ နောက် တော်သို့လိုက်လေ၏။

၁၁ ယေရုရှလင် မြို့နှင့် အနီးသံလွင် တောင် ခြေရင်း၌ ဗက်ဖာဂေ ရွာနှင့် ဗေသနိ ရွာသို့ရောက် ကြသောအခါ တပည့် တော်နှစ် ယောက်တို့ကို စေလွှတ် တော်မူ၍ ၊ ၂ သင် တို့ရှေ့ ၌ ရှိသောရွာ သို့ သွား ကြ။ ထိုရွာ သို့ ရောက် လျှင် အဘယ်သူ မျှမ စီး ဘူးသော မြည်းကလေး ချည်နှောင် လျက်ရှိသည်ကို သင်တို့သည် ချက်ခြင်း တွေ့ လိမ့်မည်။ မြည်းကြိုး ကို ဖြည် ၍ ဆောင်ခဲ့ ကြ။" ၃ "သူတစ်ပါး က၊ အဘယ်ကြောင့် ဤသို့ ပြု သနည်းဟု သင် တို့အား ဆို လျှင် ၊ သခင် အလို ရှိ သည်ဟု ပြန်ပြော ကြလော့။ ထိုသို့ပြောလျှင် ထိုသူ သည် ချက်ခြင်း ပေး လိုက်မည်" ဟု မှာထား တော်မူ၏။ ၄ တပည့်တော်တို့သည်သွား ၍ လမ်း ၌ တံခါး ပြင် မှာ ချည် ထားသောမြည်းကလေး ကို တွေ့ ပြီးလျှင် မြည်းကြိုး ကို ဖြည် ကြ၏။ ၅ ထို အရပ်၌ ရပ် နေသောလူ အချို့တို့က၊ အဘယ်ကြောင့် မြည်း ကြိုးကိုဖြည် သနည်းဟုဆို လျှင် ၊ ၆ ယေရှု မှာထား တော်မူသည်အတိုင်း တပည့်တော်တို့သည် ပြန်ပြော ပြီးမှ ထိုသူတို့သည် အခွင့် ပေးကြ၏။ ၇ ယေရှု ထံတော်သို့ မြည်းကလေး ကိုဆောင်ခဲ့ ၍ မိမိ တို့အဝတ် ကို မြည်း ကျောပေါ် မှာတင် ကြပြီးလျှင် ကိုယ်တော်သည် စီး တော်မူ၏။ ၈ လူအများ တို့သည် မိမိ တို့အဝတ် ကိုလမ်း ၌ ခင်း ကြ၏။ အချို့တို့သည် သစ်ကိုင်း သစ်ခက်များကို ခုတ် ၍ လမ်း၌ ခင်းကြ၏။ ၉ ရှေ့ နောက် လိုက်သွားသောသူ တို့က၊ ဟောရှဏ္ဏ ဖြစ်စေသတည်း။ ထာဝရ ဘုရား၏အခွင့် နှင့် ကြွ တော်မူသောသူ သည်မင်္ဂလာ ရှိစေသတည်း။ ၁၀ ထာဝရဘုရား၏အခွင့်နှင့် ယခုတည်လု သော ငါ တို့အဘ ဒါဝိဒ် ၏နိုင်ငံ တော်သည် မင်္ဂလာ ရှိစေသတည်း။ ကောင်းကင် ဘဝဂ်ဝယ် ဟောရှဏ္ဏ ဖြစ်စေသတည်းဟု ကြွေးကြော် ကြ၏။ ၁၁ ယေရှုသည် ယေရုရှလင် မြို့သို့ ၎င်း၊ ဗိမာန် တော်သို့ ၎င်း ဝင် ၍ အရာရာ တို့ကို ကြည့်ရှု တော်မူပြီးလျှင်မိုဃ်းချုပ် သောကြောင့် တစ်ကျိပ် နှစ်ပါးသောသူ တို့နှင့်တကွ ဗေသနိ ရွာသို့ ထွက်ကြွ တော်မူ၏။ ၁၂ နက်ဖြန် နေ့၌ ဗေသနိ ရွာမှ ပြန် ကြစဉ်တွင်ဆာမွတ် တော်မူ၏။ ၁၃ အရွက် နှင့်ပြည့်စုံ သော သင်္ဘောသဖန်း ပင်ကိုအဝေး က မြင် လျှင် ။ သင်္ဘောသဖန်း သီးဆွတ်ချိန် ကာလမ ရောက် သေးသောကြောင့် ၊ ထိုအပင် ၌ အသီးကိုတွေ့ ကောင်းတွေ့လိမ့်မည်ဟု ကြံသွား ၍ရောက် သောအခါ ၊ အရွက် ကိုသာ တွေ့ တော်မူသည်ရှိသော်၊ ၁၄ ယခုမှစ၍ အစဉ်မပြတ် သင် ၏အသီး ကို အဘယ်သူ မျှမစား စေနှင့် ဟုမိန့် တော်မူ၏။ တပည့် တော်တို့သည် လည်း ကြား ကြ၏။ **(aiōn g165)** ၁၅ ယေရုရှလင် မြို့သို့ ရောက် သောအခါ ယေရှုသည် ဗိမာန် တော်သို့ ဝင် တော်မူပြီးလျှင် ၊ ဗိမာန် တော်၌ ရောင်း ဝယ် သောသူ တို့ကို နှင်ထုတ် ၍ ပွဲစား ခုံ တို့ကို၎င်း၊ ချိုးငှက် ရောင်း သောသူ တို့၏ ထိုင်ရာ ကို၎င်း တွန်းလှဲ တော်မူ၍၊ ၁၆ ဗိမာန် တော်ထဲ၌ အဆောက်အဦး ကို အဘယ်သူ မျှ မ ဆောင် မရွက်ရမည်အကြောင်း မြစ်တား တော်မူလျက် ၊ ၁၇ ငါ့ အိမ် ကို လူ အမျိုးမျိုး ဆုတောင်း ရာအိမ် ဟူ၍ခေါ် ဝေါ် ကြလတံ့ဟု ကျမ်းစာ၌လာ သည်မ ဟုတ်လော။ သို့သော်လည်း သင်

တို့သည် ထိုအိမ် ကို ဓားပြ တွင်း ဖြစ် စေကြပြီတကား" ဟူ၍ ဆုံးမ သြဝါဒပေးတော်မူ၏။ ၁၈ ကျမ်းပြု ဆရာနှင့် ယဇ်ပုရောဟိတ် အကြီးတို့သည်ကြား လျှင် ၊ ကိုယ်တော် ကို သတ် ရသောအခွင့် ကို ရှာကြံ ကြ၏။ လူ အပေါင်း တို့သည် ဆုံးမ သြဝါဒပေးတော်မူခြင်းကို အံ့သြ မိန်းမောသောကြောင့် ၊ ထိုသူတို့သည် ကိုယ်တော် ကို ကြောက်ရွံကြ ၏။ ၁၉ ည အချိန်ရောက် သောအခါ မြို့ ပြင် သို့ထွက် တော်မူ၏။ ၂၀ နံနက် အချိန်တွင် လမ်း၌သွား ကြစဉ်၊ သင်္ဘောသဖန်း ပင်သည် အမြစ် မှစ၍ သွေ့ခြောက် လျက်ရှိသည်ကို မြင် ကြ၏။ ၂၁ ပေတရု သည် သတိရ လျှင် ၊ အရှင် ဘုရားကြည့် တော်မူပါ။ ကျိန် တော်မူသော သင်္ဘောသဖန်း ပင်သည် သွေ့ခြောက် ပါပြီတကားဟု လျှောက် လေ၏။ ၂၂ ယေရှု ကလည်း ၊ သင်တို့သည်ဘုရားသခင် ကို ယုံကြည် ခြင်းရှိ ကြလော့။" ၂၃ ငါအမှန် ဆို သည်ကား၊ အကြင်သူ သည် ယုံမှား သောစိတ် နှင့် ကင်း ၍ မိမိဆို သည်အတိုင်း ဖြစ် မည်ဟု ယုံကြည် လျက်။ ထို တောင် ကို နေရာမှ ရွှေ့ လော့၊ ပင်လယ် ၌ ကျ လော့ဟုဆို လျှင် ၊ ထိုသူ ဆိုသည်အတိုင်း၊ ဖြစ် လိမ့်မည်။" ၂၄ ထို့ကြောင့် ငါဆို သည်ကား၊ သင် တို့သည် ကျေးဇူးကိုရ မည်ဟု ယုံကြည် သောစိတ်နှင့် ဆုတောင်း သမျှ တို့ကို ရ ကြလိမ့်မည်။" ၂၅ သင်တို့သည် ဆုတောင်း သောအခါ သူတစ်ပါး ၌ အပြစ်တင်ခွင့်ရှိ လျှင် ၊ သူ့အပြစ်ကိုလွှတ် ကြလော့။ လွှတ်လျှင်ကောင်းကင် ဘုံ၌ ရှိတော်မူသော သင် တို့အဘ သည် သင် တို့၏အပြစ် ကို လွှတ် တော်မူမည်။" ၂၆ သင်တို့သည် သူ့အပြစ်ကို မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့အဘသည် သင်တို့၏ အပြစ်ကို လွှတ်တော်မမူ" ဟုမိန့်တော်မူ၏။ ၂၇ ယေရုရှလင် မြို့သို့ တစ်ဖန် ရောက် ကြပြီးမှ ဗိမာန် တော်တွင် စကြံသွား တော်မူစဉ် ၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာ၊ လူအကြီးအကဲ တို့သည် အထံ တော်သို့ ချဉ်းကပ် ၍၊ ၂၈ ကိုယ်တော်သည် ဤ အမှုများကို အဘယ် အခွင့် နှင့် ပြု သနည်း။ ဤသို့ ပြု သောအခွင့် ကို အဘယ်သူ ပေး သနည်းဟု မေးလျှောက် ကြသော် ၊ ၂၉ ယေရှု က၊ ငါသည်တစ်စုံတစ်ခု ကိုမေး ဦးမည်။ သင်တို့ဖြေ ကြလော့။ ဖြေလျှင် ဤ အမှုများကို အဘယ် အခွင့် နှင့် ငါပြု သည်ကို ငါပြော မည်။" ၃၀ ယောဟန် ၏ ဗတ္တိဇံ တရားသည် ဘုရား က ဖြစ် သလော။ လူ က ဖြစ်သလော။ ဤအမေးကို ဖြေ ကြလော့" ဟု မိန့် တော်မူ၏။ ၃၁ ထိုသူတို့သည် အချင်းချင်း ဆင်ခြင် ကြ၍ ၊ ဘုရား က ဖြစ်သည်ဟု ငါတို့ဖြေ လျှင် ၊ သင်တို့သည်ယောဟန် ကို အဘယ်ကြောင့် မ ယုံ သနည်းဟု သူမေး လေဦးမည်။ ၃၂ လူ က ဖြစ်သည်ဟု ငါတို့ဖြေ လျှင် ၊ လူ များကိုကြောက် ရ၏။ ယောဟန် သည် ပရောဖက် အမှန် ဖြစ် သည် ကို လူအပေါင်း တို့သည် အယူ ရှိကြ၏ဟု အချင်းချင်းဆင်ခြင်ပြီးမှ၊ ၃၃ အကျွန်ုပ်တို့မ သိ ပါဟု ယေရှု အားပြန်ပြော ကြ၏။ ယေရှု ကလည်း ၊ ထိုအတူဤ အမှုများကို အဘယ် အခွင့် နှင့် ငါပြု သည်ကို ငါ မ ပြော "ဟု မိန့် တော်မူ၏။

၁၂ ထိုအခါ ဥပမာ အားဖြင့် မိန့် တော်မူသည်ကား၊ လူ တစ်ဦးသည် စပျစ် ဥယျာဉ်ကိုစိုက်ပျိုး ၍ ၊ စောင်ရန်း ကို လုပ်ပြီးမှ စပျစ်သီး နယ်ရာကျင်းကိုတူး လေ၏။ မှီခိုရာလင့်စင် ကိုလည်း ဆောက် လေ၏။ လုပ်ဆောင် သောသူတို့ အား ဥယျာဉ် ကိုငှား ၍ ၊ အခြားသောပြည်သို့သွား လေ၏။" ၂ ကာလ အချိန်တန်လျှင် ၊ လုပ်ဆောင် သောသူတို့ လက်မှ စပျစ် သီး ကိုခံ စေခြင်းငှာ သူ တို့ရှိရာ သို့ ငယ်သား ကို စေလွှတ် လေ၏။" ၃ ထိုသူတို့သည် ငယ်သား ကိုဘမ်းဆီး ၍

ရိုက် ပြီးမှ လက်ချည်း လွှတ် လိုက်ကြ၏။" ၄ နောက်တစ်ဖန် အခြား သော ငယ်သား ကိုသူ တို့ရှိရာသို့ စေလွှတ် ပြန်လျှင် ၊ ဥယျာဉ်စောင့်တို့သည် ခဲနှင့်ပစ် သဖြင့်၊ သူ ၏ခေါင်း ကိုမှန်၍ အရှက်ခွဲ ပြီးမှလွှတ်လိုက်ကြ၏။" ၅ အခြား သောသူငယ်သားကို စေလွှတ် ပြန်လျှင် ၊ သူ ကိုသတ် ကြ၏။ အခြား သောငယ်သားများ တို့တွင် အချို့ကိုရိုက် ကြ၏။ အချို့တို့ကိုသတ် ကြ၏။" ၆ ထိုကြောင့်ဥယျာဉ်ရှင်သည် မိမိ၌ချစ် သား တစ်ယောက်တည်း ရှိ သေး သည်ဖြစ်၍၊ ထိုသူတို့သည် ငါ့ သား ကို အားနာ ကြလိမ့်မည်ဟုဆို ၍ မိမိသား ကို နောက်ဆုံး ၌ စေလွှတ် လေ၏။" ၇ ဥယျာဉ်စောင့် တို့ကလည်း ၊ ဤသူ သည်အမွေခံ ဖြစ် ၏။ လာ ကြ၊ သူ့ ကို သတ် ကြကုန်အံ့။ ထိုသို့ သူ ၏ အမွေ ဥစ္စာကို ငါ တို့ရ ကြလိမ့်မည်ဟု အချင်းချင်း တိုင်ပင် ၍၊" ၈ ဥယျာဉ်ရှင်၏သားကို ဘမ်းယူ ပြီးမှ သတ် ၍ ဥယျာဉ် ပြင် သို့ ထုတ်ပစ် ကြ၏။" ၉ သို့ ဖြစ်လျှင် ၊ ဥယျာဉ် ရှင် သည် အဘယ်သို့ ပြု မည်နည်း၊ သူသည်လာ ၍ ဥယျာဉ်စောင့် တို့ကို သုတ်သင် ပယ်ရှင်းပြီးမှ ထိုဥယျာဉ် ကို အခြား သောသူတို့အား ပေး လိမ့်မည်။" ၁၀ တိုက်ကိုတည်လုပ် သောသူ များပယ် ထားသောကျောက် သည် နောက်တစ်ဖန်တိုက် ထောင့် အထွဋ်ဋ အဖျား သို့ ရောက် ပြန်၏။ ထို အမှုသည် ထာဝရ ဘုရားပြုတော်မူသောအမှုဖြစ် ၏။" ၁၁ ငါ တို့မျက်မှောက် ၌ လည်း ၊ အံ့သြဘွယ် ဖြစ် ၏ဟူသောစကားကိုကျမ်းစာ ၌ သင်တို့သည် မ ဘတ် ဘူး သလော ဟု မိန့်တော်မူ၏။ ၁၂ ထိုသူတို့သည် မိမိ တို့ကိုရည်ဆောင် ၍ ထို ဥပမာ စကားကို ဟောပြော တော်မူသည်ကို သိ သောကြောင့် ၊ ကိုယ်တော် ကို ဘမ်းဆီး ခြင်းဇာရှာကြံ ကြ၏။ သို့သော်လည်း စုဝေး သောသူ တို့ကို ကြောက် သောကြောင့် အထံ တော်မှ ထွက်သွား ကြ၏။ ၁၃ တစ်ဖန် စကား ကို ချောင်းမြောင်း ၍ အပြစ်ပြုခွင့်ကိုရခြင်းဇာ ဖာရိရှဲ တို့နှင့် ဟေရုဒ် တပည့်အချို့တို့ကို အထံ တော်သို့ စေလွှတ် ကြ၏။ ၁၄ ထိုသူတို့သည် ချဉ်းကပ် ၍ ၊ အရှင် ဘုရား၊ ကိုယ်တော်သည်သစ္စာ ရှိ ပါ၏။ အဘယ်သူ ကိုမျှမ ကြောက် ၊ လူ မျက်နှာ ကို မ ထောက် ဘဲ ဘုရားသခင် ၏တရား လမ်း ကို ဟုတ်မှန်စွာပြ တော်မူသည်ကို အကျွန်ုပ်တို့သိ ကြပါ၏။ ကဲသာ ဘုရင်အား အခွန် ဆက် အပ် သလော၊ မ ဆက်အပ်သလော။ ၁၅ အကျွန်ုပ်တို့သည် ဆက် ရမည်လော၊ မ ဆက် ရမည်လောဟု မေးလျှောက် ကြ၏။ ကိုယ်တော် သည် ထို သူ တို့၏လျှို့ဝှက် ခြင်းကို သိ တော်မူလျှင် ၊ သင်တို့သည် ငါ့ ကိုအဘယ်ကြောင့် စုံစမ်း နှောင့်ယှက်ကြသနည်း။ ဒေနာရိ တစ်ပြားကို ငါကြည့့် ဘို့ ယူခဲ့ ကြ" ဟု မိန့် တော်မူ၍၊ ၁၆ သူတို့သည်ယူခဲ့ ကြ၏။ ဤ ပုံ ၊ ဤ လိပ်စာ ကားအဘယ်သူ ၏ပုံ၊ အဘယ်သူ၏လိပ်စာဖြစ်သနည်းဟု မေး တော်မူလျှင် ၊ ကဲသာ ဘုရင်၏ပုံ၊ လိပ်စာဖြစ်ပါသည်ဟု လျှောက် ကြသော် ၊ ၁၇ ယေရှု ကလည်း ၊ ကဲသာ ဘုရင်၏ဥစ္စာ ကို ကဲသာ ဘုရင်အား ဆက်ပေး ကြလော့။ ဘုရားသခင် ၏ဥစ္စာ ကို ကား ၊ ဘုရားသခင် အားဆက်ပေးကြလော့ ဟု မိန့် တော်မူသည်ကို သူတို့သည် အံ့သြ ခြင်းရှိကြ၏။ ၁၈ ထမြောက် ရှင်ပြန်ခြင်းမ ရှိ ဟူ၍အယူ ရှိသောဒဿုကဲ တို့သည်လည်းအထံ တော်သို့ ချဉ်းကပ် ၍ ၊ ၁၉ အရှင် ဘုရား၊ လူမည်သည်ကား သား မ ရှိ ဘဲ သေ သွား၍ မယား ကျန်ရစ် လျှင် ၊ သူ့ ညီ သည် ထို မိန်းမ ကိုသိမ်းယူ ၍ အစ်ကို အမျိုး မပြတ်ဆက်နွယ် စေဟု အကျွန်ုပ် တို့အား မောရှေ စီရင်ရေး ထားပါပြီ။ ၂၀ ညီအစ်ကို ခုနှစ် ယောက်ရှိ ပါ၏။ အစ်ကိုအကြီး သည် မိန်းမ နှင့်စုံဘက် ၍ သား မ ရှိ ဘဲသေ လျှင်

၊ ၂၁ သူ ၏မယား ကိုသူ့ညီ အကြီးသိမ်းယူ ၍ သား မ ရှိဘဲသေ ပြန်လေ၏။ ၂၂ ထို့အတူ တတိယ သူ မှစ၍ တစ်ယောက်နောက်တစ်ယောက် ခုနစ် ယောက်သောညီအစ်ကိုတို့သည် ထိုမိန်းမ ကိုသိမ်းယူ၍ သား ကိုမ ကျန်ရစ်စေကြ။ နောက်ဆုံး ၌ မိန်းမ သည်လည်း သေ လေ၏။ ၂၃ သို့ ဖြစ်၍ထမြောက် ရာကာလ၌ သူတို့သည်ထမြောက်ကြသောအခါ ထိုမိန်းမသည်အဘယ်သူ ၏မယား ဖြစ် ပါမည်နည်း။ ထို ခုနစ် ယောက်တို့သည် ထိုမိန်းမ နှင့်စုံဘက်ခြင်းကို ပြုကြပြီဟု မေးလျှောက် ကြ၏။ ၂၄ ယေရှု ကလည်း၊ သင်တို့သည်ကျမ်းစာ ကို နား မ လည်၊ ဘုရားသခင်၏တန်ခိုး တော်ကို မ သိသောကြောင့် မှား သောအယူကိုယူကြ၏။" ၂၅ သေ ခြင်းမှ ထမြောက် သောအခါ စုံဘက်ခြင်းကိုမ ပြု၊ ထိမ်းမြား ပေးစားခြင်းကိုမ ပြု၊ ကောင်းကင် တမန် ကဲ့သို့ ဖြစ် ကြ၏။" ၂၆ ထိုမှတစ်ပါးသေ လွန်သောသူတို့သည် ထမြောက် ခြင်းအရာမှာ၊ ဘုရားသခင် ကငါ သည် အာဗြဟံ ၏ ဘုရား ၊ ဣဇာက် ၏ဘုရား ၊ ယာကုပ် ၏ဘုရား ဖြစ်သည်ဟု မောရှေ အား မိန့် တော်မူကြောင်းကို မောရှေ ၏ကျမ်း ၊ ချုံ ခဏ်း၌ သင်တို့သည်မ ဘတ် ဘူးသလော။" ၂၇ ဘုရားသခင်သည် သေ နေသောသူတို့၏ဘုရား မ ဟုတ် ၊ အသက် ရှင်သောသူတို့၏ ဘုရားဖြစ်တော်မူ၏။ ထိုကြောင့် သင်တို့သည် အလွန် မှား ကြသည်" ဟု မိန့် တော်မူ၏။ ၂၈ ထိုသို့ ဆွေးနွေး ငြင်းခုံကြသည်ကို ကျမ်းပြု ဆရာတစ်ယောက်သည်ကြား ၍၊ ကိုယ်တော်သည် လျောက်ပတ် စွာ ပြန်ပြော တော်မူသည်ကို သိမြင် လျှင် အထံတော်သို့ချဉ်းကပ်၍ ၊ ပညတ်တကာ တို့တွင် အဘယ် မည် သော ပညတ် သည်သာ၍ မြတ်သနည်းဟု မေးလျှောက် သော်၊ ၂၉ ယေရှု က၊ ပညတ်တကာတို့တွင် အမြတ်ဆုံး သောပညတ်ဟူမူကား၊ အိုဣသရေလ အမျိုး၊ နားထောင် လော့။ ငါတို့၏ဘုရားသခင် ထာဝရ ဘုရားသည် တစ်ဆူတည်း သောထာဝရ ဘုရားဖြစ် တော်မူ၏။ ထာဝရဘုရား သည် တစ်ပါးတည်းဖြစ်တော်မူ၏။" ၃၀ သင် ၏ဘုရားသခင် ထာဝရ ဘုရားကို စိတ် နှလုံး အကြွင်းမဲ့ ၊ ဉာဏ် ရှိသမျှ ၊ အစွမ်း သတ္တိရှိသမျှ နှင့် ချစ် လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။" ၃၁ ထိုမှတပါးကိုယ် နှင့်စပ်ဆိုင် သောသူကို ကိုယ် နှင့်အမျှ ချစ် လော့ဟူသော ဒုတိယ ပညတ်သည် ပဌမ ပညတ် နှင့်သဘောတူ၏။ ဤ ပညတ်တို့ထက် သာ၍ကြီးမြတ်သော ပညတ် မ ရှိ "ဟုပြန်၍ မိန့် တော်မူ၏။ ၃၂ ကျမ်းပြု ဆရာကလည်း ၊ အရှင် ဘုရား၊ အကယ်စင်စစ် ကိုယ်တော်သည် လျောက်ပတ် စွာမိန့် တော်မူပြီ။ ဘုရားသခင်တဆူတည်း ရှိ တော်မူ၏။ ၃၃ ထို ဘုရားသခင် မှတပါး အခြား သောဘုရားသခင်မ ရှိ ။ ထို ဘုရားသခင် ကို စိတ် နှလုံးအကြွင်းမဲ့ ၊ ဉာဏ် ရှိသမျှ ၊ အစွမ်း သတ္တိရှိသမျှ နှင့် ချစ် ခြင်း၊ ကိုယ် နှင့်စပ်ဆိုင်သောသူကိုလည်း ၊ ကိုယ် နှင့်အမျှ ချစ် ခြင်းအကျင့်သည် မီးရှို့သောယဇ်ကောင်မှစ၍ ယဇ်အမျိုးမျိုး တို့ကို ပူဇော် ခြင်းအကျင့်ထက် သာ၍မြတ်ပါသည်ဟု လျှောက် လေ၏။ ၃၄ ထိုသို့ ပညာသတိနှင့် ပြန်လျှောက် သည်ကို ယေရှု သည်သိမြင် လျှင် ၊ သင်သည်ဘုရားသခင် ၏ နိုင်ငံ တော်နှင့် မ ဝေး "ဟု မိန့် တော်မူ၏။ နောက်တစ်ဖန် အဘယ်သူ မျှ မ မေး မလျှောက်ဝံ့ ကြ။ ၃၅ ထိုအခါ ယေရှု သည် ဗိမာန် တော်၌ ဆုံးမ သြဝါဒပေးတော်မူစဉ်တွင်၊ "ခရစ်တော် သည် ဒါဝိဒ် ၏သား ဖြစ် သည်ဟု ကျမ်းပြု ဆရာတို့သည် အဘယ်ကြောင့် ဆို ကြသနည်း။" ၃၆ ဒါဝိဒ်၏စကားမှာ၊ ထာဝရ ဘုရားက၊ သင် ၏ ရန်သူ တို့ကို သင် ၏ခြေ တင် ရာငါမချ မ

ထားမှီတိုင်အောင်ငါ့ လက်ျာ ဘက်၌ ထိုင် နေလော့ဟု ငါ ၏သခင် အား မိန့် တော်မူသည်ဟု သန့်ရှင်း သောဝိညာဉ် တော်အားဖြင့် ဒါဝိဒ် ဆို သတည်း။" ၃၇ ထိုသို့ ဒါဝိဒ် သည် ခရစ်တော် ကိုသခင် ဟူ၍ခေါ် လျှင် အဘယ်သို့ သူ ၏သား ဖြစ် သနည်းဟု မေးတော်မူ၏။ လူ များ အပေါင်းတို့သည် အားရဝမ်းမြောက် သောစိတ်နှင့် စကား တော်ကို နားထောင် ကြ၏။" ၃၈ ထိုသို့ဆုံးမသြဝါဒ ပေးစဉ်တွင်တစ်ဖန် မိန့် တော်မူသည်ကား၊ ကျမ်းပြု ဆရာတို့ကို ရှောင် ကြလော့။ သူ တို့သည်ရှည်သောအင်္ကျီ ကိုဝတ်လျက် လည် ခြင်းဌာအလိုရှိ ကြ၏။ ဈေး ၌ ရိုသေစွာနှုတ်ဆက် ခြင်းကိုငင်း ၊" ၃၉ ပွဲ သဘင်။ တရားစရပ် တို့ ၌ မြင့်မြတ် သောနေရာထိုင်ရာကိုငင်း နှစ်သက်ကြ၏။" ၄၀ သူ တို့သည် မုတ်ဆိုးမ အိမ် ကို လုယူ သိမ်းစား၍ အပြစ်မပေါ် စေခြင်းဌာရှည် စွာသော ပဌနာ စကားကို ရွတ်တတ်ကြ၏။ သူ တို့သည် သာ၍ကြီးစွာ သောဒဏ် ကို ခံရ ကြမည် ဟု မိန့်တော်မူ၏။ ၄၁ ထိုနောက် ယေရှုသည် ဘဏ္ဍာတိုက် ရှေ့ မှာ ထိုင် တော်မူစဉ်တွင်၊ လူ များတို့သည် ကြေး ငွေကိုဘဏ္ဍာတိုက် ထဲသို့ သွင်းချ သည်ကို ကြည့်ရှု တော်မူ၏။ ငွေရတတ် သောသူအများ တို့သည် များစွာ သွင်းချ ကြ၏။ ၄၂ ဆင်းရဲ သောမုဆိုးမ တစ် ယောက်သည်လာ ၍ တစ်ပဲ လောက်တန် သောကြေးနီ ဒင်္ဂါးနှစ် ပြားကို သွင်းချ ၏။ ၄၃ ကိုယ်တော်သည် တပည့် တော်တို့ကိုခေါ် ၍ ငါအမှန် ဆို သည်ကား၊ ဘဏ္ဍာတိုက် ထဲသို့ သွင်းချ သောသူ အပေါင်း တို့ထက် ထို ဆင်းရဲသား မုဆိုးမ သည်သာ၍ သွင်းချ ခဲ့ပြီ။" ၄၄ အကြောင်းမူကား ၊ ထိုသူအပေါင်း တို့သည် မိမိ တို့ကြွယ်ဝ သော စည်းစိမ်ထဲက နှုတ်၍သွင်းချ ကြ၏။ ထို မိန်းမ မူကား အလွန်ဆင်းရဲ လျက်ပင်၊ မိမိ အသက် မွေးစရာဥစ္စာရှိသမျှ ကို သွင်းချ လေပြီ ဟုမိန့် တော်မူ၏။

၁၃ ကိုယ်တော် သည် ဗိမာန် တော်မှ ထွက်ကြွ တော်မူသော်၊ တပည့် တော်တယောက် က၊ အရှင် ဘုရားကြည့်ရှု တော်မူပါ။ ဇရာ ကျောက် ကြီးတကား၊ ဇရာ တိုက်ဆောင် ကြီးတကားဟု လျှောက် လျှင် ၊ ၂ ယေရှု က၊ ဤ ကြီးစွာ သောတိုက်ဆောင် တို့ကို သင်သည်ယခုမြင် ရ၏။ မ ဖြို မ ချဘဲ ကျောက် တစ်ခုအပေါ်မှာ တစ်ခုမျှမ တည် မနေရ ဟုမိန့် တော်မူ၏။ ၃ ထိုနောက် သံလွင် တောင် ပေါ်မှာ ဗိမာန် တော်ရှေ့ရှု ထိုင် တော်မူစဉ်၊ ပေတရု ၊ ယာကုပ် ၊ ယောဟန် ၊ အန္ဒြေ တို့က၊ ၄ ထို အမှုအရာတို့သည် အဘယ် ကာလမှ ဖြစ် မည်ကိုငင်း၊ ထိုအမှုအရာ ရှိသမျှ တို့သည် ပြည့်စုံ ချိန်နီး သောအခါ အဘယ် ပုပ္ပ နိမိတ်ပေါ် ထွန်းမည်ကိုငင်း အမိန့် ရှိတော်မူပါဟု အခြားသူမပါဘဲ လျှောက် ကြ၏။ ၅ ယေရှု ကလည်း ၊ သင် တို့ကိုအဘယ်သူ မျှ မ လှည့်ဖြား စေခြင်းဌာသတိပြု ကြလော့။" ၆ အများ သောသူတို့က၊ ငါ သည် ဤမည်သောသူဖြစ် ၏ဟုဆို လျက်၊ ငါ ၏အယောင် ကို ဆောင်၍ ပေါ် လာ သဖြင့်၊ လူများ တို့ကို လှည့်ဖြား ကြလိမ့်မည်။" ၇ သင်တို့သည် စစ်တိုက် ကြောင်းကိုငင်း ၊ စစ်တိုက် ခံသောသိတင်း စကားကိုငင်း ကြား ရသောအခါ စိုးရိမ် တုန်လှုပ်ခြင်းမ ရှိကြနှင့်၊ ထိုသို့ ဖြစ် ရမည်။ သို့သော်လည်း အဆုံး သည်မ ဖြစ်သေး။" ၈ လူ တမျိုးနှင့်တမျိုး ၊ တနိုင်ငံ နှင့် တနိုင်ငံ ရန်ဘက် ပြုကြလိမ့်မည်။ အရပ်ရပ် တို့ ၌ မြေကြီး လှုပ်ခြင်း ဖြစ် လိမ့်မည်။ အစာ ခေါင်းပါးခြင်းနှင့် မငြိမ်မသက်ခြင်းတို့သည်လည်း ဖြစ် ကြလိမ့်မည်။ ထို အမှုအရာတို့သည် ဒုက္ခ ဆင်းရဲခြင်း၏ အစအဦး ဖြစ်သတည်း။" ၉ သင် တို့သည် ကိုယ်ကိုကိုယ် သတိပြု ကြလော့။ အကြောင်းမူကား၊ သင် တို့ကို လွှတ်ရုံး သို့ အပ်နှံ ကြလိမ့်မည်။

တရားစရပ် တို့ ၌ ရိုက် ကြလိမ့်မည်။ ထိုသူ တို့အား သက်သေ ဖြစ်မည်အကြောင်း၊ သင်တို့သည်ဝန်မင်း ၊ ရှင်ဘုရင် ထံသို့ ငါ့ ကြောင့် ရောက် ကြလိမ့်မည်။" ၁၀ ဧဝံဂေလိ တရားကို ရွေးဦးစွာ လူမျိုး အပေါင်း တို့အား ဟော ရလိမ့်မည်။ သင် တို့ကို အပ်နှံ ခြင်းဌာပို့ဆောင် ကြသောအခါ အဘယ်သို့ ပြောဆို ရမည်ကို မစိုးရိမ်ကြနှင့်။" ၁၁ ရှေ့မဆွ ကမ ဆင်ခြင်ကြနှင့်။ ထို ခဏခြင်း တွင် သင် တို့ရ သောစကားကို သင် တို့အလိုအလျောက်ပြော ကြသည်မ ဟုတ်၊ သန့်ရှင်း သောဝိညာဉ် တော်သည် ပြော တော်မူ၏။" ၁၂ ထိုကာလ၌ ညီအစ်ကို ချင်း တစ်ယောက် ကို တစ်ယောက်သေ စေခြင်းဌာ အပ် လိမ့်မည်။ အဘ သည်လည်း သား ကို အပ်လိမ့်မည်။ သားသမီး တို့ သည် လည်း မိဘ ကို ရန်ဘက် ပြု၍ သေ စ ေကြလိမ့်မည်။" ၁၃ လူအပေါင်း တို့သည်လည်း ငါ ၏နာမ ကြောင့် သင်တို့ကိုမုန်း ကြလိမ့်မည် ။ အကြင်သူ သည် အဆုံး တိုင်အောင် တည်ကြည် ၏။ ထိုသူ သည် ကယ်တင် ခြင်းသို့ရောက်လိမ့်မည်။" ၁၄ ပရောဖက် ဒံယေလ ဟော သည် အတိုင်း၊ ဖျက်ဆီး တတ်သော ရွံရှာဘွယ် အရာသည် မ နေသင့် သောအရပ် ၌ စိုက်နေ သည်ကို သင်တို့ မြင် ရလျှင် ၊ ကျမ်းစာကိုကြည့် သောသူ သည် နားလည် ပါစေ။ ထိုသို့ မြင်ရလျှင် ယုဒ ပြည် ၌ ရှိသော သူ တို့သည်တောင် ပေါ် သို့ ပြေး ကြစေ။" ၁၅ အိမ်မိုး ပေါ် မှာ ရှိသောသူ သည် အိမ်ထဲသို့ မ ဆင်း စေနှင့်။ အိမ် ထဲက တစ်စုံတစ်ခု ကို ယူ ခြင်းဌာမ ဝင် စေနှင့်။" ၁၆ လယ် ၌ ရှိသောသူ လည်း မိမိ အဝတ် ကိုယူ ခြင်းဌာနောက် သို့ မ ပြန် စေနှင့်။" ၁၇ ထို နေ့ရက် ၌ ကိုယ်ဝန်ဆောင် သောမိန်းမ နှင့် နို့စို့ သူငယ်ရှိ သောမိန်းမ တို့သည် အလွန်ခက် ကြလိမ့်မည်။" ၁၈ သင်တို့ ပြေးရသောအချိန်သည် ဆောင်း ကာလ၌ မ ကျ ရမည်အကြောင်း ဆုတောင်း ကြလော့။" ၁၉ အကြောင်းမူကား ၊ ဘုရားသခင် ဖန်ဆင်း တော်မူ သော ကမ္ဘာ ဦး မှစ၍ ယခု တိုင်အောင် မ ဖြစ် စဖူး ၊ နောက်၌လည်း မ ဖြစ် လတံ့သောဒုက္ခ သည် ထို နေ့ရက် ကာလ၌ ဖြစ် လိမ့်မည်။" ၂၀ ထိုကာလ ကို ဘုရားသခင် သည် တာရှည် စေလျှင် ၊ အဘယ်သူ မျှမ လွတ် နိုင်ရာ။ ရွေးချယ် တော်မူသော သူ တို့အဘို့ အလိုဌာ ထိုကာလ ကို တို စေတော်မူမည်။" ၂၁ ထိုအခါ သူတစ်ပါး က၊ ဤ အရပ်၌ ခရစ်တော် ရှိသည်၊ ထို အရပ်၌ရှိသည်ဟုဆို သော်လည်း မ ယုံ ကြနှင့်။" ၂၂ အကြောင်းမူကား ၊ ခရစ်တော် ၏ အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာ ပရောဖက်တို့သည် ပေါ် လာ ၍၊ ရွေးချယ် သောသူ တို့ကိုပင်လှည့်ဖြား နိုင် လျှင် လှည့်ဖြားနိုင်လောက်အောင်နိမိတ် လက္ခဏာအံ့ဘွယ် သောအမှုတို့ကိုပြ ကြလိမ့်မည်။" ၂၃ သင် တို့သည် သတိပြု ကြလော့။ ထိုအကြောင်းအရာရှိသမျှ ကို ငါပြော နှင့်ပြီ။" ၂၄ ထို ကာလ ၏ ဒုက္ခ ဆင်းရဲခြင်းနောက်မှ နေ သည် မိုက် လိမ့်မည်။ လ သည်အရောင် မ ပေး ။" ၂၅ ကောင်းကင် ကြယ် တို့သည် ကျ ကြလိမ့်မည်။ ကောင်းကင် တန်ခိုး တို့သည် တုန်လှုပ် ကြလိမ့်မည်။" ၂၆ ထိုအခါ လူ သား သည်ကြီးစွာ သောဘုန်း တန်ခိုးအာနုဘော် ကိုဆောင်လျက်၊ မိုဃ်းတိမ် ကိုစီး ၍ ကြွလာ တော်မူသည်ကို မြင် ရကြလိမ့်မည်။" ၂၇ ထိုအခါ လူသားသည် မိမိတမန် တို့ကို စေလွှတ်သဖြင့် မိမိ ရွေးချယ် သောသူ တို့ကို အရပ် လေးမျက်နှာကောင်းကင် အောက် ထက် ဝန်းကျင်တို့မှ ခေါ် ၍ စုရုံး စေတော်မူလတံ့။" ၂၈ သင်္ဘောသဖန်း ပင်ကို အစွဲပြု၍ ပုံ သက်သေတစ်ခုကိုမှတ် ကြလော့။ သင်္ဘောသဖန်း ပင်သည် အခက်အလက် နု ၍ အရွက် ပေါက် သောအခါ ၊ နွေ ကာလနီး သည်ကို သင်တို့သိ ကြ၏။" ၂၉ ထိုနည်းတူ ထိုအကြောင်းအရာများဖြစ်

သည်ကို မြင် ရလျှင် ၊ လူသားသည်တံခါးဝ တိုင်အောင် အနီး သို့ ရောက် တော်မူသည်ကိုသိမှတ် ကြလော့။" ၃၀ ငါအမှန် ဆို သည်ကား၊ ယခု ဖြစ်သော လူ များမ ကုန် မီ ထိုအကြောင်းအရာအလုံးစုံ တို့သည် ဖြစ် ကြ လိမ့်မည်။" ၃၁ ကောင်းကင် နှင့် မြေကြီး မ တည်သော်လည်း ငါ့ စကား တည် လိမ့်မည်။" ၃၂ ထို အချိန် နာရီ ကိုကား ၊ ခမည်းတော် မှတစ်ပါး အဘယ်သူ မျှမသိ ။ ကောင်းကင် တမန် များမ သိ။ သား တော် လည်းမ သိ။" ၃၃ ထို အချိန် ကာလသည် အဘယ် အခါ၌ ရောက် မည်ကို သင်တို့မ သိ သောကြောင့် သတိပြု ၍ဆုတောင်း လျက် စောင့် နေကြလော့။" ၃၄ ဥပမာ ကား၊ လူ တစ်ဦးသည် အခြားသောပြည်သို့ သွား မည်အကြံရှိသည်နှင့် မိမိ အိမ် ကို ငယ်သား တို့ လက်သို့အပ် ၍၊ သူ တို့ဆောင်ရွက် စရာအမှုကို အသီးအသီး ခွဲခန့် စီမံ၍ ၊ တံခါးမှူး ကိုစောင့် နေစေဟု မှာထား ပြီးမှသွား သည်ဖြစ်၍၊" ၃၅ အိမ် ရှင် သည် ညဦး အချိန်၊ သန်းခေါင် အချိန်၊ ကြက်ဦးတွန် ချိန်၊ နံနက် အချိန်တို့တွင် အဘယ် အချိန်၌ လာ မည်ကို သင်တို့မ သိ သောကြောင့် စောင့် နေကြလော့။" ၃၆ "သို့မဟုတ် အမှတ်တမဲ့ လာ ၍ သင် တို့အိပ်ပျော် သည်ကိုတွေ့ လိမ့်မည်။" ၃၇ စောင့် နေကြလော့ဟု သင် တို့အား ငါ ဆိုသည်အတိုင်း ၊ ခပ်သိမ်း သောသူတို့အား ငါ ဆိုသည် ဟု မိန့် တော်မူ၏။

၁၄ ထိုနောက် နှစ် ရက် လွန် လျှင် ပသခါ အဓိုမ ပွဲရှိ ၏။ ယဇ်ပုရောဟိတ် အကြီးတို့နှင့် ကျမ်းပြု ဆရာတို့သည် ကိုယ်တော် ကို အဘယ်သို့ ပရိယာယ် အားဖြင့် ဘမ်းဆီး ၍ သတ် ရအံ့နည်းဟု ရှာကြံ ကြ၏။ ၂ သို့သော်လည်း လူ များတို့သည် ရုန်းရင်းခတ် ဖြစ် မည်ကို စိုးရိမ် ၍ ပွဲ နေ့တွင် မ ပြုနှင့်ဦးဟုပြောဆို ကြ၏။ ၃ ဗေသနိ ရွာတွင် ရှိမုန် အမည်ရှိသော လူနူ ၏အိမ် ၌ ကိုယ်တော် ရှိ တော်မူသည်ဖြစ်၍ ၊ မိန်းမ တစ်ယောက်သည် အဘိုး များစွာထိုက်သောနာဒ ဆီမွှေး စစ် နှင့်ပြည့်သော ကျောက်ဖြူ ခွက်တစ်လုံးကို ယူခဲ့ ၍ကိုယ်တော် သည် စားပွဲနားမှာ လျောင်း တော်မူစဉ်၊ ကျောက်ဖြူ ခွက်ကိုခွဲ ပြီးမှခေါင်း တော်ပေါ်၌သွန်းလောင်း လေ၏။ ၄ အချို့ တို့သည် ဒေါသ စိတ်ရှိ သည်ဖြစ်၍၊ ထို ဆီမွှေး ကို အဘယ်ကြောင့် အကျိုးမဲ့ ဆုံး စေသနည်း။ ၅ ဒေနာရိ အပြားသုံးရာ မက သောအဘိုးနှင့်ရောင်း ၍ ဆင်းရဲ သောသူ တို့အား ပေး စရာကောင်းသည်ဟု ဆို၍ထိုမိန်းမ ကိုအပြစ်တင် ကြ၏။ ၆ ယေရှု ကလည်း ထိုမိန်းမ ကိုရှိ စေတော့။ အဘယ်ကြောင့် နှောင့်ရှက် ကြသနည်း။ သူသည် ငါ ၌ ကောင်း သောအမှု ကို ပြု ပြီ။" ၇ ဆင်းရဲ သောသူ တို့သည် သင်တို့ ၌ အစဉ် ရှိ ကြ၏ သင်တို့ အလိုရှိသည်အတိုင်း သူ တို့အားကျေးဇူး ပြု နိုင် ၏။ ငါ မူကား သင်တို့ ၌အစဉ် ရှိ သည်မ ဟုတ်။" ၈ ဤမိန်းမသည်တတ်နိုင် သမျှ ပြု ပြီ။ ငါ့အလောင်းကို သင်္ဂြိဟ် မည်ဟု ပြင်ဆင် ခြင်းငှာ ၊ ငါ့ ကိုယ် ကို ဆီမွှေးနှင့် လူး နှင့်သတည်း။" ၉ "ငါအမှန် ဆို သည်ကား၊ ဧဝံဂေလိ တရားကို မြေ တပြင်လုံး တွင် ဟော သောအရပ်ရပ် တို့ ၌ ဤ မိန်းမကို အောက်မေ့ စရာဘို့ သူပြု သောဤအမှု ကို ကြားပြော ရကြလတံ့" ဟုမိန့်တော်မူ၏။ ၁၀ ထိုအခါ တပည့်တော်တစ်ဂျိပ် နှစ်ပါးအဝင် ဖြစ်သော ယုဒ ရှကာရုတ် သည် ကိုယ်တော် ကိုအပ် ခြင်းငှာ ယဇ်ပုရောဟိတ် အကြီးတို့ထံသို့ သွား လေ၏။ ၁၁ ထိုသူ တို့သည် ကြား လျင်ဝမ်းမြောက်သောစိတ် ရှိ၍ ငွေ ပေး မည်ဟု ဝန်ခံ ကြ၏။ ထိုနောက် အဆင်သင့် သောအချိန်ကာလ၌ ကိုယ်တော် ကို အဘယ်သို့ အပ် ရမည်နည်းဟု

ရှာကြံ့ လျက်နေ၏။ ၁၂ ပသခါ သိုးငယ်ကို သတ် သောနေ့တည်းဟူသောအဓိုမ ပွဲပဌမ နေ့ ၌ တပည့် တော်တို့သည် အထံ တော် သို့ ချဉ်းကပ်၍၊ ကိုယ်တော်သည် ပသခါ ပွဲကို စား တော်မူဘို့ရာအဘယ် အရပ်၌ အကျွန်ုပ်တို့သည် သွား၍ ပြင်ဆင် စေခြင်းငှာအလိုရှိ တော်မူသနည်းဟု မေးလျှောက် ကြသော်၊ ၁၃ ကိုယ်တော် သည် တပည့် တော်နှစ်ယောက်တို့ကိုစေလွှတ် ၍ ၊ သင် တို့သည် မြို့ ထဲသို့ သွား ကြ။ ရေ အိုး ဆောင် သောသူ ကို တွေ့ လိမ့်မည်။ ထိုသူ နောက် သို့ လိုက်၍ ၊" ၁၄ သူဝင် သော အိမ်သို့ဝင်ပြီးမှ ၊ ငါသည် ငါ့ တပည့် တို့နှင့်တကွ ပသခါ ပွဲကို စား ရသောဧည့်သည်အခန်း ကား၊ အဘယ်မှာ ရှိ သနည်း။ ဆရာ က မေး သည်ဟု အိမ်ရှင် ကို ပြော ကြလော့။" ၁၅ ထိုသူ သည် အသင့် ပြင်ဆင် လျက်ရှိသောအထက်အခန်း ကြီး ကိုပြ လိမ့်မည်။ ထို အခန်း၌ ငါ တို့ဘို့ ပြင်ဆင် ကြလော့ ဟု မိန့် တော်မူ၏။ ၁၆ တပည့် တော်တို့သည်သွား ၍ မြို့ ထဲသို့ ဝင် လျှင် ၊ စကား တော်အတိုင်း တွေ့ ၍ ပသခါ ပွဲကို ပြင်ဆင် ကြ၏။ ၁၇ ညဦးယံ အချိန်ရောက် မှ တပည့်တော်တစ်ကျိပ် နှစ်ပါးတို့နှင့်အတူ ကြွလာ တော်မူ၏။ ၁၈ စားပွဲ၌လျောင်း ၍ စား နေကြစဉ်တွင်၊ ယေရှု က၊ ငါအမှန် ဆို သည်ကား၊ သင် တို့အဝင် ဖြစ်၍ ငါ နှင့်အတူ စား သောသူ တစ်စုံတစ်ယောက် သည် ငါ့ ကို အပ်နှံ လိမ့်မည်" ဟု မိန့် တော်မူလျှင်၊ ၁၉ တပည့်တော်တို့သည် ဝမ်းနည်း ၍ ၊ အကျွန်ုပ်လော၊ အကျွန်ုပ် လောဟု တစ် ယောက်နောက် တစ် ယောက် အသီးအသီးမေးလျှောက် ကြ၏။ ၂၀ ကိုယ်တော်ကလည်း ၊ တစ်ကျိပ် နှစ်ပါးအဝင်ဖြစ်၍ငါ နှင့်အတူ ပုဂန် တွင် နှိုက် သောသူ သည် ငါ့ကို အပ်နှံလိမ့်မည်။" ၂၁ ကျမ်းစာ လာသည်အတိုင်း လူ သား သည် သွား ရမည်။ သို့သော်လည်း လူ သား ကို အပ်နှံ သောသူ သည် အမင်္ဂလာ ရှိ၏။ ထို သူ သည် ဘွားမြင် ခြင်းကို မ ခံရလျှင် အနေသာ၍ကောင်း သည် ဟု မိန့် တော်မူ၏။ ၂၂ ထိုအခါ စား လျက်နေကြစဉ်တွင်ယေရှုသည်မုန့် ကိုယူ ၍၊ ကျေးဇူး တော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့ ၍ ၊ ဤ မုန့် ကားငါ ၏ကိုယ် ဖြစ် ၏။ ယူ ၍စားကြလော့" ဟု မိန့် တော်မူလျက် တပည့် တော်တို့အား ပေး တော်မူ၏။ ၂၃ ခွက် ကိုလည်း ယူ ၍ ကျေးဇူး တော်ကိုချီးမွမ်းပြီးမှသူ တို့အား ပေး တော်မူလျှင် ၊ ထိုသူရှိသမျှ တို့သည် သောက် ကြ၏။ ၂၄ ကိုယ်တော်ကလည်း ၊ ဤ ခွက်ကား၊ ပဋိညာဉ် တရားသစ်နှင့်ဆိုင်၍၊ လူများ အဘို့ အလိုငှာ သွန်း သော ငါ ၏ အသွေး ဖြစ် ၏။" ၂၅ ငါအမှန် ဆို သည်ကား၊ ဤ စပျစ်ရည် မျိုးအသစ် ကို ဘုရားသခင် ၏နိုင်ငံ တော်၌ ငါမ သောက် မှီ နေ့ တိုင်အောင် ယခုမှစ၍တစ်ဖန်ငါမ သောက်ရ "ဟု မိန့် တော်မူ၏။ ၂၆ ထိုနောက် သီချင်းဆို ပြီးမှသံလွင် တောင် သို့ ထွက်သွား ကြ၏။ ၂၇ ထိုအခါ ယေရှု ကလည်း၊ ကျမ်းစာလာသည်ကား၊ သိုးထိန်း ကို ငါရိုက်သတ် ၍ သိုး တို့သည် ကွဲလွင့် ရကြ လိမ့်မည်ဟု ရေး ထားသည်နှင့်အညီ ၊ ယနေ့ညဉ့်တွင် သင်တို့ရှိသမျှ သည် ငါ့ကြောင့် စိတ်ပျက် ကြလိမ့်မည်။" ၂၈ သို့သော်လည်း ငါ သည်ထမြောက် ပြီးမှ သင် တို့ရှေ့ ၊ ဂါလိလဲ ပြည်သို့ သွားမည် ဟု မိန့် တော်မူသော်၊2" ၂၉ ပေတရု က၊ ဤသူရှိသမျှ တို့သည် စိတ်ပျက် ကြသော်လည်း အကျွန်ုပ် သည် စိတ်မ ပျက်ပါဟု လျှောက် လေ၏။ ၃၀ ယေရှု ကလည်း ၊ ငါအမှန် ဆို သည်ကား၊ ယနေ့ ညဉ့် တွင်ပင် ကြက် သည်နှစ်ကြိမ် မ တွန် မှီ သင်သည် သုံး ကြိမ်မြောက်အောင် ငါ့ ကိုငြင်းပယ် လိမ့်မည်" ဟု မိန့် တော်မူလျှင်၊ ၃၁ ပေတရုက၊ ကိုယ်တော် နှင့်တကွသေ ရ သော်လည်း အကျွန်ုပ်သည် ကိုယ်တော် ကိုမ ငြင်း

မပယ်ပါဟု သာ၍ခိုင်ခံ့ သောစကားနှင့် လျှောက် ပြန်၏။ ထိုသူအပေါင်း တို့သည်လည်း ထိုနည်းတူ လျှောက် ကြ၏။ ၃၂ ထိုအခါ ဂေသရှေမန် အရပ် သို့ ရောက် ကြလျှင် ကိုယ်တော်က၊ ငါဆုတောင်း စဉ် တွင်သင်တို့သည်ဤ အရပ်၌ ထိုင် နေကြလော့" ဟု တပည့် တော်တို့အား မိန့်တော်မူ ပြီးမှ ၊ ၃၃ ပေတရု ၊ ယာကုပ် ၊ ယောဟန် တို့ကိုခေါ်သွား ၍ မိန်းမော တွေဝေခြင်း၊ စိတ်ပူပန် ခြင်းသို့ ရောက်တော်မူ၏။ ၃၄ ထိုအခါ ငါ သည်သေ လောက် အောင်စိတ် နှလုံးအလွန်ညှိုးငယ် ခြင်းရှိ ၏။ ဤ အရပ်၌ စောင့် နေ ကြလော့ ဟု တပည့် တော်သုံးယောက်တို့အား မိန့် တော်မူ၍၊ ၃၅ ထိုမှအနည်းငယ် လွန် ပြန်လျှင် ၊ မြေ ပေါ်မှာ ပြပ်ဝပ် ၍ အိုအဘ ခမည်းတော် ၊" ၃၆ ကိုယ်တော် သည် အလုံးစုံ တို့ကိုတတ်နိုင် တော်မူ၏။ ဤ ခွက် ကို အကျွန်ုပ် မှ လွဲ တော်မူပါ။ သို့သော်လည်း အကျွန်ုပ် အလိုရှိ သည်အတိုင်းမ ဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်းဖြစ်ပါစေသော ဟူ၍ထို အချိန် နာရီ သည် မိမိ နှင့် လွန်သွားနိုင် လျှင် လွန်သွား ပါမည်အကြောင်း ဆုတောင်း တော်မူပြီးမှ ၊ ၃၇ ပြန်လာ ၍ တပည့် တော်တို့သည် အိပ်ပျော် လျက် နေကြသည်ကိုတွေ့ တော်မူလျှင် ၊ ရှိမုန် ၊ သင်သည် အိပ်ပျော် သလော။ တစ် နာရီ ခန့်မျှစောင့် နေခြင်းငှာမ စွမ်းနိုင် သလော။" ၃၈ စုံစမ်း နှောင့်ရှက်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ဆုတောင်း လျက် စောင့် နေကြလော့။ စိတ် ဝိညာဉ် ကား စေတနာ ရှိငြားသော်လည်း၊ ကိုယ် မူကား အားနည်း သည် ဟု ပေတရု အားမိန့် တော်မူပြီးမှ ၊ ၃၉ တစ်ဖန် သွား ၍ ရှေမြွက်ဆို သည်နည်းတူ ဆုတောင်း တော်မူ၏။ ၄၀ ထိုနောက် တပည့်တော်တို့ရှိရာသို့ ပြန် ၍၊ သူ တို့သည်မျက်စိ လေးလံ သဖြင့် တစ်ဖန် အိပ်ပျော် လျက်နေကြ သည်ကို တွေ့ တော်မူ၏။ သူတို့သည် အဘယ်သို့ လျှောက် ရမည်ကို မ သိ ကြ။ ၄၁ သုံး ကြိမ်မြောက်အောင် သူ တို့ရှိရာသို့ ပြန်လာ လျှင် ၊ ယခု အိပ်ပျော် ၍ ငြိမ်ဝပ် စွာနေကြလော့။ အမှုလွန် ပြီ။ လူ သား ကို ဆိုး သောသူ တို့လက် သို့ အပ်နှံ ရသောအချိန် ရောက်လာ ပြီ။" ၄၂ ထ ကြ။ ငါတို့သည်သွား ကြကုန်အံ့။ ငါ့ ကို အပ်နှံ သောသူ သည် ရောက်လာ ပြီ ဟု မိန့် တော်မူ၏။ ၄၃ ထိုသို့ မိန့် တော်မူစဉ် တွင်ပင်တပည့်တော် တစ်ကျိပ် နှစ်ပါးအဝင် ဖြစ်သော ယုဒ ရှကာရုတ်နှင့်အတူ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာလူ အကြီးအကဲများစေလွှတ်သောလူ အစုအဝေးအပေါင်းတို့သည် ဓား နှင့် ဒုတ် များကိုကိုင်လျက် ချက်ခြင်း လာ ကြ၏။ ၄၄ ကိုယ်တော် ကိုအပ်နှံ သောသူ က၊ ငါနမ်း သောသူ သည်ယေရှု ပင်ဖြစ် ၏။ သူ့ ကိုဘမ်း ၍ လုံခြုံ စွာ ဆောင်သွား ကြဟု ထိုသူ တို့အား အမှတ် ပေး ခဲ့သည်အတိုင်း ၊ ၄၅ သူသည် ရောက် လျှင် ကိုယ်တော်ရင်းသို့ချက်ခြင်း ချဉ်းကပ် ၍ အရှင် ဘုရား၊ အရှင်ဘုရားဟုဆို လျက် နမ်း လေ၏။ ၄၆ ထိုသူတို့သည် လာ၍ ကိုယ်တော် ကိုဆွဲကိုင် ဘမ်းဆီး ကြ၏။ ၄၇ အနား၌ ရပ် နေသောသူ တစ် ယောက်သည် ဓား ကို ဆွဲထုတ် ပြီးလျှင်၊ ယဇ်ပုရောဟိတ် မင်း၏ ကျွန် တစ်ယောက်ကို ခုတ် သဖြင့် နားရွက် ပြတ် လေ၏။ ၄၈ ယေရှု ကလည်း သင်တို့သည် ဓားပြ ကို ဘမ်းသကဲ့သို့ ငါ့ ကိုဘမ်း အံ့သောငှာဓား နှင့် ဒုတ် များကို လက်စွဲလျက်လာ ကြသည်တကား၊" ၄၉ ငါသည် ဗိမာန် တော်၌ နေ့ တိုင်း ဆုံးမ သြဝါဒပေးလျက် ၊ သင် တို့အလယ်၌ ရှိ နေစဉ်အခါသင်တို့သည် ငါ့ ကို မ ဖမ်း မဆီးကြ။ ဤအကြောင်းအရာကား၊" ၅၀ ကျမ်းစာ ပြည့်စုံ မည်အကြောင်း တည်း ဟု ထိုလူ များကို မိန့် တော်မူ၏။ ၅၁ ထိုအခါ တပည့်တော်အပေါင်း တို့သည် ကိုယ်တော် ကိုစွန့်ပစ် ၍ ပြေး ကြ၏။

လုလင် တစ် ယောက်သည် စောင် တစ်ထည်ကိုသာဝတ် လျက် နောက်တော်သို့လိုက် သည်ဖြစ်၍ ၊ မင်းလုလင်တို့သည် ထိုလုလင် ကို ဘမ်းဆီး ကြ၏။ ၅၂ သူ သည်လည်း စောင် ကိုစွန့်ပစ် ၍ အဝတ် မရှိဘဲ လုလင်တို့လက်မှ ထွက်ပြေး လေ၏။ ၅၃ ထိုသူတို့သည် ယေရှု ကို ယဇ်ပုရောဟိတ် မင်းထံသို့ ဆောင်သွား ကြ၏။ ထိုမင်းထံ၌ယဇ်ပုရောဟိတ် အကြီး၊ လူ အကြီးအက၊ ကျမ်းပြု ဆရာအပေါင်း တို့သည် စည်းဝေး ကြ၏။ ၅၄ ပေတရု သည်လည်း ယဇ်ပုရောဟိတ် မင်း၏ အိမ်ဦး အတွင်း သို့ တိုင်အောင် ကိုယ်တော် နှင့် ဝေး စွာ လိုက် ပြီးလျှင် ၊ မင်း လုလင်တို့နှင့်အတူ ထိုင် ၍ မီး လှုံ လေ၏။ ၅၅ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လွှတ် အရာရှိအပေါင်း တို့သည် ယေရှု ကို သတ် ရမည်အကြောင်း သက်သေ ကို ရှာ သော်လည်း မ တွေ့ ကြ။ ၅၆ လူများ တို့သည် မမှန် သောသက်သေကို ခံကြသော်လည်း သူတို့၏ သက်သေခံ ချက်သည်မ ညီ ။ ၅၇ အချို့တို့သည်ထ ၍ ဤသူက၊ လူတို့လက် ဖြင့် လုပ်သော၊ ၅၈ ဤ ဗိမာန် တော်ကို ငါ ဖြိုဖျက် ၍ လူတို့ လက်ဖြင့် မလုပ်သောဗိမာန်တော်တဆူကို တည်ဆောက် မည်ဟု ပြောဆို သည်ကို အကျွန်ုပ် တို့ကြား ရပါပြီဟု သက်သေခံ ကြ၏။ ၅၉ သို့သော်လည်း သူ တို့၏ သက်သေခံ ချက်သည် မ ညီ ။ ၆၀ ယဇ်ပုရောဟိတ် မင်းသည် အလယ် ၌ မတ်တပ်ထ ၍၊ သင်သည် တခွန်းမျှ ပြန် ၍မ ပြောသလော။ ဤ သူတို့သည် အဘယ်သို့ သက်သေခံ သနည်းဟု ယေရှု ကိုမေး လျှင်၊ ၆၁ ကိုယ်တော်သည် တခွန်းမျှ ပြန်ပြော တော်မ မူဘဲတိတ်ဆိတ်စွာ နေ၏။ တစ်ဖန် ယဇ်ပုရောဟိတ် မင်းက၊ သင် သည် ခရစ်တော် တည်းဟူသောမင်္ဂလာ ရှိသောဘုရားသခင်၏သား တော် မှန် သလောဟု မေး ပြန်လျှင် ၊ ၆၂ ယေရှု က၊ မှန် ၏။ နောင်ကာလ၌ လူ သား သည် တန်ခိုး တော်၏လက်ျာ ဘက်၌ ထိုင် လျက်၊ မိုးယံ တိမ် ကို စီး၍ ကြွလာ သည်ကို သင်တို့ မြင် ရကြလတံ့ ဟု မိန့် တော်မူ၏။ ၆၃ ထိုအခါ ယဇ်ပုရောဟိတ် မင်းသည် မိမိ အဝတ် ကို ဆုတ် လျက်အဘယ် သက်သေ ကို လို သေး သနည်း။ ၆၄ ဘုရားကို လွန်ကျူး၍ပြောသောစကားကို သင်တို့ကြား ရပြီ။ အဘယ်သို့ ထင်မှတ် ကြသနည်းဟု မေးမြန်း လျှင် ၊ ကိုယ်တော် သည် အသေခံ ထိုက် ကြောင်းကို ထိုသူ အပေါင်း တို့သည် စီရင် ကြ၏။ ၆၅ ထိုအခါ အချို့တို့သည် ကိုယ်တော် ကို တံတွေး နှင့်ထွေးကြ၏။ မျက်နှာ တော်ကိုဖုံး ပြီးလျှင် လက်သီးနှင့် ထိုး လျက် ၊ ပရောဖက် ပြု၍ ဟောတော်မူပါဟုဆို ကြ၏။ မင်း လုလင်တို့သည်လည်း ပါး တော်ကို လက်နှင့်ပုတ် ကြ ၏။ ၆၆ ပေတရု သည်အောက် မှာ အိမ်ဦး ၌ ရှိ စဉ်၊ ယဇ်ပုရောဟိတ် မင်း၏ အစေအပါး မိန်းမတစ် ယောက်သည် လာ ၍ ၊ ၆၇ ပေတရု သည် မီးလှုံ လျက်နေသည်ကို မြင် သောအခါသူ့ ကိုစေ့စေ့ကြည့် ၍၊ သင် သည်လည်း နာဇရက် မြို့သားယေရှု နှင့် ပေါင်းဖော် သောသူဖြစ် သည်ဟု ဆို လျှင် ၊ ၆၈ ပေတရုက၊ သင် ပြော သောအရာ ကိုငါမ သိ ၊ နား မ လည်ဟု ငြင်းခုံ ပြီးမှ အိမ်ဦး ရှေ့သို့ ထွက် သော် ကြက် တွန် လေ၏။ ၆၉ နောက်တစ်ဖန် အစေအပါး မိန်းမသည် ပေတရု ကိုမြင် လျှင် ၊ အနား၌ ရပ် နေသောသူ တို့အား၊ ဤသူ သည် ထိုသူ တို့ အဝင် ဖြစ် သည်ဟုဆို သော်။ ၇၀ ပေတရု သည် တစ်ဖန် ငြင်းခုံ ပြန်၏၊ ထိုနောက်များမကြာ အနား၌ ရပ် နေသောသူ တို့က၊ အကယ်စင်စစ် သင်သည် ထိုသူ တို့အဝင် ဖြစ် ၏။ သင်သည် ဂါလိလဲ လူဖြစ် ၏။ သင်စကားလည်းတူ၏ဟု ပေတရုကိုဆို ကြလျှင် ၊ ၇၁ ပေတရုက၊ သင်တို့ပြော သောသူ ကို ငါမ သိ ဟု ဓိဋ္ဌာန် ပြု၍ ကျိန်ဆို သည်နောက် ၊ ၇၂

တစ်ဖန် ကြက် တွန် လေ၏။ ယေရှု က၊ ကြက် သည် နှစ်ကြိမ် မ တွန် မှီ သင်သည်သုံး ကြိမ်မြောက်အောင် ငါ့ ကို ငြင်းပယ် လိမ့်မည် ဟု မိန့် တော်မူသောစကား ကို၊ ပေတရု သည် သတိရ သဖြင့် ခေါင်း ကိုခြုံ၍ငိုကြွေး လေ၏။

၁၅ နံနက် အချိန်တွင် ယဇ်ပုရောဟိတ် အကြီးတို့သည် မ ဆိုင်းမလင့်ဘဲ လူ အကြီးအကဲ၊ ကျမ်းပြု ဆရာ၊ လွှတ် အရာရှိအပေါင်း တို့နှင့် တိုင်ပင် ခြင်းကိုပြု၍၊ ယေရှု ကိုချည်နှောင် ပြီးလျှင် ၊ ပိလတ် မင်းထံသို့ဆောင်သွား ၍ အပ် လိုက်ကြ၏။ ၂ ပိလတ် မင်းက၊ သင် သည် ယုဒ ရှင်ဘုရင် မှန် သလောဟု ကိုယ်တော် ကိုမေး လျှင် ၊ မင်းကြီး မေး သည်အတိုင်းမှန်သည်” ဟု မိန့် တော်မူ၏။ ၃ ယဇ်ပုရောဟိတ် အကြီးတို့သည် များစွာ သောအပြစ် ကိုတင်ကြ၏။ ၄ တစ်ဖန် ပိလတ် မင်းက၊ သင်သည် တစ်ခွန်း ကိုမျှပြန် ၍ မ ပြောသလော။ သင့် တစ်ဘက်၌ အဘယ်မျှလောက် သက်သေခံ ကြသည်ကို ကြည့် ပါဟု မေးမြန်း ပြောဆို သော်လည်း ၊ ၅ စကားတစ်ခွန်း ကိုမျှပြန် တော်မ မူသည်ကို ပိလတ် မင်းသည် အံ့သြ လေ၏။ ၆ ထိုပွဲ ၌ မြို့ဝန်မင်းသည် အကျဉ်း ထားသောသူတို့တွင်၊ လူများတောင်း သောသူ တစ် ယောက်ယောက်ကို လွှတ် တတ်၏။ ၇ ထိုအခါ ပုန်ကန် ၍ လူအသက်ကိုသတ် သော အပြစ်သင့် သော ဗာရဗ္ဗ အမည် ရှိသောသူ တစ်ယောက် သည်၊ ပုန်ကန် သောအပေါင်းအဘော်တို့နှင့်တကွ အကျဉ်းခံ လျက်ရှိ၏။ ၈ လူ အပေါင်းတို့သည် မိမိ တို့အား ပြုမြဲပြု ပါမည်အကြောင်း အော်ဟစ်၍ တောင်းပန် သောအခါ ၊ ၉ ပိလတ် မင်းက၊ သင်တို့သည် ယုဒ ရှင်ဘုရင် ကို လွှတ် စေချင် သလောဟု ပြန် ၍မေး ၏။ ၁၀ အဘယ်ကြောင့် ဤသို့မေးသနည်းဟူမူကား၊ ယဇ်ပုရောဟိတ် အကြီးတို့သည် မနာလို သောစိတ်နှင့် ယေရှု ကိုအပ်နှံ ကြောင်း ကိုသိ ၏။ ၁၁ ပိလတ်မင်းသည် ယေရှုကိုမလွှတ်၊ ဗာရဗ္ဗ ကို လွှတ် စေခြင်းငှာ ယဇ်ပုရောဟိတ် အကြီးတို့သည် လူအစုအဝေး ကို နှိုးဆော် ကြ၏။ ၁၂ တစ်ဖန် ပိလတ် မင်းက၊ ယုဒ ရှင်ဘုရင် ဟု သင်တို့ခေါ်ဝေါ် သောသူ ကိုအဘယ်သို့ ပြု ရမည်နည်းဟု မေးမြန်း သော်၊ ၁၃ ထိုသူအပေါင်းတို့က၊ သူ့ ကိုလက်ဝါးကပ်တိုင် မှာ ရိုက်ထားပါဟု ဟစ် ကြ၏။ ၁၄ ပိလတ် မင်းကလည်း၊ အဘယ်ကြောင့်နည်း၊ အဘယ် အပြစ် ကို ပြု ဘိသနည်းဟု မေး လျှင်၊ ထိုသူ ကိုလက်ဝါးကပ်တိုင် မှာ ရိုက်ထားပါဟု လူ များတို့သည်သာ၍ ဟစ် ကြ၏။ ၁၅ ပိလတ် မင်းသည်လည်း လူ များတို့၏စိတ်ကို ပြေစေခြင်းငှာအလိုရှိ ၍၊ ဗာရဗ္ဗ ကို သူ တို့အား လွှတ် လေ ၏။ ယေရှု ကိုကား၊ ရိုက် ပြီးလျှင် လက်ဝါးကပ်တိုင် မှာ သတ်စေခြင်းငှာ အပ် လိုက်လေ၏။ ၁၆ ထိုအခါ စစ်သူရဲ တို့သည် ကိုယ်တော် ကို ပြဲတောရိရုံး တည်းဟူသောအိမ်တော်ဦး အတွင်း သို့ဆောင်သွား ၍၊ စစ်သူရဲ တတပ်လုံးကို စုရုံး စေပြီးမှ ၊ ကိုယ်တော် အား နီမောင်း သောအဝတ်ကိုဝတ် စေ၍ ၊ ၁၇ ဆူး ပင်နှင့်ရက် သော ဦးရစ် ကိုတင် ပြီးလျှင် ၊ ၁၈ ယုဒ ရှင်ဘုရင် ၊ ကိုယ်တော် သည် မင်္ဂလာ ရှိစေသတည်းဟု ကောင်းကြီး စကားကို ပြောကြ၏။ ၁၉ ခေါင်း တော်ကို ကျူလုံး နှင့် ရိုက် ခြင်း၊ တံထွေး နှင့်ထွေးခြင်း၊ ဒူးထောက် ၍ ပြပ်ဝပ် ခြင်း ကိုလည်း ပြုကြ၏။ ၂၀ ထိုသို့ ကိုယ်တော် ကို ပြက်ယယ်ပြု သည်နောက် ၊ နီမောင်း သောအဝတ်ကိုချွတ် ၍ အဝတ် တော်ကို ဝတ် ပြန်စေပြီးလျှင် ၊ လက်ဝါးကပ်တိုင် မှာ ရိုက်ထားခြင်းငှာ ထုတ်သွား ကြ၏။ ၂၁ အာလေဇန္ဒြ နှင့် ရုဖု ၏ အဘ ရှိမုန် အမည်ရှိသော ကုရေနေ ပြည်သားတစ်ယောက်သည်၊ တောရွာ မှ လာ ၍ လမ်း၌သွား သည်ကို သူတို့သည်တွေ့လျှင်၊ အနိုင်ပြု ၍

လက်ဝါးကပ်တိုင် တော်ကို ထမ်း စေကြ၏။ ၂၂ ဦးခေါင်းခွံ အရပ် ဟု ဆိုလို သောဂေါလဂေါသ အရပ် သို့ ကိုယ်တော် ကို ဆောင်သွား ပြီးမှ ၊ ၂၃ မုရန် နှင့်ရောသော စပျစ်ရည် ကို၊ ကိုယ်တော် အား သောက်စိမ့်သောဇာပေး လျှင် မ ခံ ဘဲ နေတော်မူ၏။ ၂၄ လက်ဝါးကပ်တိုင် မှာ ရိုက်ထားပြီးလျှင် ၊ အဝတ် တော်ကို စားရေးတံ ချ ၍ အသီးအသီးတို့အား ဝေဖန် ကြ၏။ ၂၅ ကိုယ်တော် ကို လက်ဝါးကပ်တိုင် မှာ ရိုက်ကြသောအချိန်ကား၊ နံနက် တချက်တီးအချိန် ဖြစ် သတည်း။ ၂၆ အပြစ် ဖော်ပြ သော ကမ္မည်းလိပ် စာချက်ဟူမူကား၊ ယုဒ ရှင်ဘုရင် ဟု ရေး ထားသတည်း။ ၂၇ ကိုယ်တော် နှင့်တကွ ဓားပြ နှစ် ယောက်တို့ကို လက်ျာ တော်ဘက်၌ တစ် ယောက်၊ လက်ဝဲ တော်ဘက်၌ တစ် ယောက်၊ လက်ဝါးကပ်တိုင် မှာ ရိုက်ထားကြ၏။ ၂၈ ထိုသို့ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်း သို့ရောက်သည်ဟုဆိုသော ကျမ်းစာချက်သည် ပြည့်စုံခြင်းသို့ ရောက်သတည်း။ ၂၉ လမ်းမှာသွား သောသူ တို့ကလည်း ၊ ဟဲ့ ၊ ဗိမာန် တော်ကို ဖြိုဖျက် ၍ သုံး ရက် အတွင်း တွင် တည်ဆောက် ပြန်သောသူ ၊ ၃၀ ကိုယ်ကိုကိုယ် ကယ်တင် လော့။ လက်ဝါးကပ်တိုင် မှ ဆင်း လော့ဟု မိမိ တို့ခေါင်း ကိုညိတ် ၍ ကဲ့ရဲ့ သော စကားနှင့် ပြောဆို ကြ၏။ ၃၁ ထိုနည်းတူ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့က၊ ဤသူသည် သူတစ်ပါး တို့ကို ကယ်တင် တတ် ၏။ ကိုယ် ကိုမ ကယ်တင် နိုင် ပါတကား။ ၃၂ ငါတို့ မြင်၍ ယုံကြည် စေခြင်းဘ ၊ ဣသရေလ ရှင်ဘုရင် တည်းဟူသောခရစ်တော် သည် လက်ဝါးကပ်တိုင် မှ ယခု ဆင်း ပါလော့ဟု အချင်းချင်း ပြက်ယယ်ပြု ၍ ပြောဆို ကြ၏။ ကိုယ်တော် နှင့်တကွ လက်ဝါးကပ်တိုင် မှာ ရိုက်ထားသောသူ တို့သည်လည်း ကဲ့ရဲ့ ပြစ်တင်ကြ၏။ ၃၃ မွန်းတည့် အချိန် မှစ၍ သုံးချက်တီး အချိန် တိုင်အောင် မြေ တပြင်လုံး ၌ မှောင်မိုက် အတိဖြစ် လေ၏။ ၃၄ သုံးချက်တီး အချိန် ၌ ယေရှု က၊ ဧလိ ၊ ဧလိ ၊ လာမ ရှာဗဒသာနိ ဟု ကြီး သောအသံ နှင့် ကြွေးကြော် တော်မူ၏။ အနက် ကား၊ အကျွန်ုပ် ဘုရား ၊ အကျွန်ုပ် ဘုရား ၊ အဘယ်ကြောင့် အကျွန်ုပ် ကိုစွန့်ပစ် တော်မူသနည်းဟု ဆိုလို သတည်း။ ၃၅ အနားခံရပ် နေသော သူ အချို့တို့သည်ကြား လျှင်၊ သူသည်ဧလိယ ကို ခေါ် သည်ဟုဆို ကြ၏။ ၃၆ လူတစ် ယောက်သည် ပြေး ၍ ရေမှိ တထွေးကို ပုံးရည် နှင့် ပြည့် စေပြီးလျှင် ၊ ကျူလုံး ဖျားခံတပ် ၍ ကိုယ်တော် အား သောက် စိမ့်သောဇာပေးလျက်၊ ရှိ စေတော့။ ဧလိယ သည် သူ့ ကိုချယူ ခြင်းဘ်လာ မည်မလာမည်ကို ကြည့် ကြကုန်အံ့ဟုဆို ၏။ ၃၇ ယေရှု သည်ကြီး သောအသံ နှင့် ကြွေးကြော် ၍ အသက် ချုပ်တော်မူ၏။ ၃၈ ထိုအခါ ဗိမာန် တော်၏ ကုလားကာ သည် အထက် စွန်းမှ အောက် စွန်းတိုင်အောင် စုတ်ကွဲ လေ၏။ ၃၉ ထိုသို့ ကြွေးကြော်၍ အသက် ချုပ်တော်မူကြောင်း ကိုရှေ့ တော်၌ရပ် နေသော တပ်မှူး သည်မြင် လျှင်၊ စင်စစ် ဤ သူ သည် ဘုရားသခင် ၏သား တော်မှန် ပေ၏ဟုဆို ၏။ ၄၀ မိန်းမ အချို့တို့သည်လည်း ထိုအရပ်၌ အဝေး က ကြည့်ရှု ၍ နေ ကြ၏။ ၄၁ ထို မိန်းမတို့တွင် ကိုယ်တော်သည် ဂါလိလဲ ပြည်မှာ ရှိတော်မူ စဉ် ၊ နောက် တော်သို့ အလုပ်အကျွေး လိုက် သော မာဂဒလ မာရိ ၊ ယာကုပ် ငယ် နှင့် ယောသေ ၏ အမိ ဖြစ်သောမာရိ နှင့် ရှာလုံ တို့မှစ၍ နောက်တော်၌ ယေရုရှလင် မြို့သို့ လိုက် လာသောအခြား မိန်းမများ လည်း ပါကြသတည်း။ ၄၂ ထိုနေ့ကား အဘိတ်နေ့ တည်းဟူသော ပရက္ကု နေ့ဖြစ် သောကြောင့် ည အချိန်ရောက် မှ၊ ၄၃ အသရေ ရှိသော လွှတ် အရာရှိ၊ အရိမသဲ မြို့သားယောသပ် သည်၊

ဘုရားသခင် ၏နိုင်ငံ တော်ကို မြော်လင့် သောသူ ဖြစ် သည်နှင့် ၊ ပိလတ် မင်းထံသို့ ရဲရင့် စွာဝင် ၍ ယေရှု ၏အလောင်း တော်ကို တောင်း လေ၏။ ၄၄ ယေရှုသည်ယခုပင် သေ သည်ကို ပိလတ် မင်းသည် အံ့ဩ ခြင်းရှိသဖြင့် တပ်မှူး ကိုခေါ် ၍၊ သေ သည်ကား ကြာ ပြီလောဟုမေး ၏။ ၄၅ သေကြောင်းကို တပ်မှူး စကားဖြင့် သိ လျှင် ၊ အလောင်း တော်ကို ယောသပ် အားအပ်ပေး ၏။ ၄၆ ယောသပ်သည် ကိုယ်တော် ကိုချ ၍၊ မိမိဝယ် ခဲ့သော ပိတ်ချော နှင့်ပတ်ရစ် ပြီးလျှင် ၊ ကျောက် ၌ ထွင်း သော သချိုင်း တွင်းထဲမှာ ထား ၍ တွင်း ၌ ကျောက် ကိုလိမ့် ထားလေ၏။ ၄၇ မာဂဒလ မာရိ ၊ ယောသေ ၏ အမိ ဖြစ်သော မာရိ တို့သည် အလောင်း တော် ထား ရာ အရပ် သို့ ကြည့်ရှု ကြ၏။

၁၆ ဥပုသ်နေ့ လွန် မှမာဂဒလ မာရိ ၊ ယာကုပ် ၏အမိဖြစ်သော မာရိ နှင့် ရှာလုံ တို့သည်သွား ၍၊ အလောင်း တော်ကို လိမ်း ခြင်းငှာ နံ့သာမျိုး ကိုဝယ် ပြီးလျှင် ၊ ၂ ခုနစ် ရက်တွင် ပဌမ နေ့ရက်နံနက် စောစော ၊ နေ ထွက် သောအချိန်၌ သချိုင်း တော်သို့ သွား ကြ၏။ ၃ ထိုမိန်းမတို့က၊ တွင်း ဝ ၌ ပိတ်သောကျောက် ကို အဘယ်သူ လိမ့်လှန် ၍ ပေးမည်နည်းဟု အချင်းချင်း ပြောဆို ပြီးမှ ကြည့်ရှု လျှင် ၊ ထို ကျောက် သည် လိမ့်လှန်လျက်ရှိ သည်ကို မြင် ကြ၏။ ၄ ထိုကျောက်ကားအလွန် ကြီး သောကျောက် ဖြစ် သတည်း။ ၅ မိန်းမတို့သည် တွင်း ထဲသို့ ဝင် ကြပြီးလျှင် ၊ လုလင် တစ်ယောက်သည် ဖြူစင် ရှည်လျားသောအင်္ကျီ ကိုဝတ် လျက်လက်ျာ ဘက်၌ ထိုင် သည်ကိုမြင် ၍ ထိတ်လန့် မိန်းမောခြင်းသို့ ရောက်ကြ၏။ ၆ ထိုသူ ကလည်း ၊ ထိတ်လန့် မိန်းမောခြင်းမ ရှိကြနှင့်။ လက်ဝါးကပ်တိုင် မှာ သတ်သောနာဇရက် မြို့သားယေရှု ကို သင်တို့ရှာ ကြ၏။ ထိုသူသည် ထမြောက် တော်မူပြီ။ ဤ အရပ်၌မ ရှိ ။ အလောင်း တော် ထား ရာ အရပ် ကိုကြည့် ကြလော့။ ၇ သင် တို့ရှေ့ ဂါလိလဲ ပြည်သို့ ကြွတော်မူကြောင်း ကို၊ ပေတရု မှစ၍ တပည့် တော်တို့အား သွား ၍ပြော ကြ လော့။ အထက်ကမိန့် တော်မူသည်အတိုင်း ၊ ထို ပြည်၌ သင်တို့သည် ကိုယ်တော် ကိုတွေ့မြင် ရကြလိမ့်မည်ဟု ပြောဆို ၏။ ၈ ထိုမိန်းမတို့သည်လည်း၊ သချိုင်း တော်မှ ထွက် ၍ တုန်လှုပ် လျက် ၊ မိန်းမော တွေဝေလျက်ပြေး ကြ၏၊ ကြောက်လန့် သောကြောင့် အဘယ်သူ ကိုမျှ မ ပြော မဆိုကြ။ ၉ **(note: The most reliable and earliest manuscripts do not include Mark 16:9-20.)** ကိုယ်တော်သည် ခုနစ် ရက်တွင် ပဌမ နေ့ရက်စောစော အချိန်၌ထမြောက် ပြီးမှ ၊ အထက် က နတ်ဆိုး ခုနစ် ယောက်ကို နှင်ထုတ် တော်မူသော မာဂဒလ မာရိ အား ရှေးဦးစွာ ကိုယ်ကိုပြ တော်မူ၏။ ၁၀ မာရိလည်းသွား ၍ကိုယ်တော် နှင့် ပေါင်းဖော်သောသူတို့သည် ညည်းတွား ငိုကြွေး လျက် နေ ကြစဉ်တွင်၊ သူ တို့အားထို သိတင်းကို ကြားပြော လေ၏။ ၁၁ ကိုယ်တော်သည် အသက်ရှင် တော်မူသည်ကို၎င်း ၊ မာရိ သည် ကိုယ်တော်ကိုမြင် ရသည်ကို၎င်း ၊ သူ တို့ သည်ကြား လျှင် မ ယုံကြ။ ၁၂ ထိုနောက် တပည့် တော်နှစ် ယောက်တို့သည် တောရွာ သို့ သွား စဉ်တွင်ကိုယ်တော်သည်ခြားနား သော အရောင် ကိုဆောင် လျက် ကိုယ်ကိုပြ တော်မူ၏။ ၁၃ သူ တို့သည်ပြန်လာ ၍ အခြား သော တပည့်တော် တို့အား ထို သိတင်းကို ကြားပြော သော်လည်း မ ယုံ ဘဲ နေကြ၏။ ၁၄ ထိုနောက် တစ်ကျိပ် တစ်ပါးသောသူ တို့သည် စားပွဲ၌ လျောင်း ကြစဉ်တွင် ကိုယ်တော်ကိုပြ တော်မူ၍၊ ထမြောက် လျက်ရှိသော ကိုယ်တော် ကိုမြင် သောသူတို့၏ စကားကိုမ ယုံ သောကြောင့် သူ တို့မယုံတတ်သော စိတ်၊

ခိုင်မာ သောစိတ်ကို ဆုံးမ၍ အပြစ်တင် တော်မူပြီးမှ ၊ ၁၅ "သင်တို့သည် လောကီ နိုင်ငံအရပ်ရပ်ရှိသမျှ သို့ သွား၍၊ ဝေနေယျ သတ္တဝါအပေါင်း တို့အား ဧဝံဂေလိ တရားကို ဟော ကြလော့။" ၁၆ "ယုံကြည် ၍ ဗတ္တိဇံ ကိုခံသောသူ သည် ကယ်တင် တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည် သောသူ မူကား အပြစ် စီရင်ခြင်းကို ခံရလတံ့။" ၁၇ ယုံကြည် သောသူ တို့ ၌ ဖြစ် အံ့သောနိမိတ် လက္ခဏာဟူမူကား ၊ ငါ ၏နာမ ကို အမှီပြု ၍နတ်ဆိုး တို့ကို နှင်ထုတ် ကြလတံ့။ ထူးခြား သောဘာသာ စကားမျိုးတို့ကို ပြော ကြလတံ့။" ၁၈ မြွေ တို့ကို ဘမ်းကိုင် ကြလတံ့။ သေ စေတတ် သော အဆိပ်အတောက် ကို သောက် စားလျှင် ဘေးဥပဒ် နှင့် ကင်းလွတ် ကြလတံ့။ မကျန်းမမာ သောသူတို့အပေါ် မှာ လက် ကိုတင် ၍ ချမ်းသာ ပေးကြလတံ့ ဟု မိန့်တော်မူ၏။ ၁၉ ထိုသို့ သခင် ဘုရားသည် တပည့် တော်တို့အား မိန့် တော်မူပြီးမှ ၊ ကောင်းကင် ဘုံသို့ ဆောင်ယူ ခြင်းကို ခံတော်မူ၍ ၊ ဘုရားသခင် ၏ လက်ျာ တော်ဘက်၌ ထိုင် နေတော်မူ၏။ ၂၀ တပည့် တော်တို့သည်လည်း ထွက်သွား ၍၊ သခင် ဘုရားသည် မစ တော်မူသည်နှင့်ငင်း ၊ သူတို့ ၌ဖြစ် သောနိမိတ် လက္ခဏာအားဖြင့် နူတ်ကပတ် တရားတော်ကိုတည် စေတော်မူသည်နှင့်ငင်း၊ ခပ်သိမ်း သောအရပ်တို့ ၌ တရား ဟောကြ၏။

၁ ရှေ့ဦးစွာ မှစ၍ ကိုယ်တိုင်မြင်သောသက်သေ ဖြစ်လျက်၊ နှုတ်ကပတ် တော်မှုကိုဆောင်ရွက် သောသူ တို့သည်၊ ၂ ငါ
တို့သည် ထင်ရှားစွာဖြစ်လေပြီး သော အတ္ထုပ္ပတ္တိ များကို ငါ တို့အားကြားပြော သည် အစဉ် အတိုင်းမှတ်သားသောစာ
ကို စီရင် ရေးထားသောသူ အများ ရှိကြသည်ဖြစ်၍၊ ၃ ငါ သည်လည်း ထိုအတ္ထုပ္ပတ္တိအလုံးစုံ တို့ကို ရှေ့ဦးစွာ မှစ၍၊
၄ စေ့စေ့ ဖွေရှာလိုက်စစ် ပြီးလျှင်၊ ကိုယ်တော်သင် ပြီးသောအကြောင်းအရာတို့သည်ဧကန်အမှန် ဖြစ် ကြောင်းကို
ကိုယ်တော်သိ စေခြင်းငှာ အစဉ် အတိုင်းရေးထား ၍ ကြားလိုက်မည်အကြံရှိ ပါ၏။ အလွန်မြတ် သော သော်ဖိလု ။ ၅
ယုဒ ပြည်ကို အစိုးရသော ဟေရုဒ် မင်းကြီး လက်ထက် ၊ အဘိယ အသင်း အဝင်ဖြစ် ၍၊ ဇာခရိ အမည် ရှိ သော ယဇ်
ပုရောဟိတ်တစ်ပါး ရှိ၏။ သူ ၏ခင်ပွန်း သည် အာရုန် အမျိုးအနွယ်ဖြစ်၏။ သူ့ အမည် ကား ဧလိရှဗက် တည်း။ ၆
ထိုသူနှစ် ယောက်တို့သည် ထာဝရ ဘုရား၏ ပညတ်တရား တော်အမျိုးမျိုး တို့ကို ကျင့်ဆောင် ၍ အပြစ်တင်ခွင့်နှင့်လွတ်
သဖြင့်၊ ဘုရားသခင် ရှေ့ တော်၌ ဖြောင့်မတ် ခြင်း ပါရမီရှိ ကြ၏။ ၇ ဧလိရှဗက် သည် မြို သောကြောင့် သူတို့သည်သား
မ ရှိ ။ ထိုသူ နှစ် ယောက်တို့သည် အသက် အရွယ်ကြီးရင့် ကြ၏။ ၈ ဇာခရိသည် မိမိ အသင်း နှင့်တကွအလှည့် သင့်၍ ၊
ဘုရားသခင့် ရှေ့ တော်၌ ယဇ် ပုရောဟိတ်အမှုကို ဆောင်ရွက်သည်တွင် ၊ ၉ ယဇ် ပုရောဟိတ်ထုံးစံ အတိုင်း စာရေးတံ
ချသဖြင့်၊ သူ သည်ထာဝရ ဘုရား၏ ဗိမာန် တော်အတွင်း သို့ ဝင် ၍နံ့သာပေါင်း ကိုမီးရှို့၏။ ၁၀ ထိုသို့နံ့သာပေါင်း
ကို မီးရှို့သည့်အချိန် တွင်၊ လူ အများ အပေါင်း တို့သည် ပြင် ၌ဆုတောင်း လျက် နေ ကြ ၏။ ၁၁ ထိုအခါ ထာဝရ
ဘုရား၏ ကောင်းကင်တမန် သည်ထင်ရှား ၍၊ နံ့သာပေါင်း ကိုရှို့သော ယဇ်ပလ္လင် လက်ျာဘက် ၌ ရပ် နေသည်ကို၊
၁၂ ဇာခရိ သည်မြင် လျှင် ၊ စိတ်နှလုံးမငြိမ်မဝပ် ထိတ်လန့် ခြင်းသို့ရောက် ၏။ ၁၃ ကောင်းကင် တမန်ကလည်း ၊
ဇာခရိ ၊ ကြောက်ရွံ့ ခြင်းမ ရှိနှင့်။ သင် ပြုသော ပဌနာ ကိုနာခံ တော်မူပြီ။ သင် ၏ခင်ပွန်း ဧလိရှဗက် သည် သား
ယောကျ်ားကိုဘွားမြင် လိမ့်မည်။ ထိုသား ကို ယောဟန် အမည် ဖြင့် မှည့် ရ မည်။ ၁၄ သင် သည်ဝမ်းသာ ရွင်မြူး ခြင်း
ရှိ လိမ့်မည်။ ထိုသား ကိုဘွားမြင် သောကြောင့် လူအများ တို့သည်လည်း ဝမ်းမြောက် ခြင်းသို့ရောက်ကြလိမ့်မည်။ ၁၅
အကြောင်းမူကား ၊ ထိုသားသည် ထာဝရ ဘုရားရှေ့ တော်၌ ကြီးမြတ် သောသူဖြစ် လိမ့်မည်။ စပျစ်ရည်နှင့် ယစ်မျိုး
ကို မ သောက် ဘဲနေ၍ ၊ အမိ ဝမ်း ထဲ ကပင် သန့်ရှင်း သောဝိညာဉ် တော်နှင့် ပြည့်ဝ လိမ့်မည်။ ၁၆ ဣသရေလ
အမျိုးသား အများ တို့ကို သူ တို့ဘုရားသခင် ထာဝရ ဘုရားထံတော်သို့ ပြောင်းလဲ စေလိမ့်မည်။ ၁၇ အဘ တို့နှင့်
သား တို့ကို အသင့်အတင့်ဖြစ်စေခြင်းငှာဎ၊ ငြင်းဆန် သောသူတို့ကို သူတော်ကောင်း တို့၏ သတိပညာ လမ်းသို့
ပြောင်းလဲ စေသောအားဖြင့်၊ ထာဝရ ဘုရားအဘို့အလိုငှာ ပြင်ဆင် သောလူမျိုး ဖြစ် စေခြင်းငှာဎ၊ သူ သည်ဧလိယ
၏ စိတ်ဝိညာဉ် တန်ခိုး နှင့် ပြည့်စုံလျက်၊ ဘုရားသခင် ရှေ့ တော်သို့ သွား လိမ့်မည်ဟု ကောင်းကင်တမန်ပြောဆို
၏။ ၁၈ ဇာခရိ ကလည်း ၊ ထိုသို့ ဖြစ်လိမ့်မည်ကို အကျွန်ုပ်သည် အဘယ်သို့ သိ ရပါမည်နည်း။ အကျွန်ုပ် သည်
လူအို ဖြစ် ပါ၏။ အကျွန်ုပ် မယား သည်လည်း အသက် အရွယ်ကြီးရင့် ပါပြီဟုကောင်းကင်တမန် အား ပြောဆို

လျှင်၊ ၁၉ ကောင်းကင် တမန်က၊ ငါ သည် ဘုရားသခင့် အထံ တော်၌ ခစား သောဂါဗြေလ ဖြစ် ၏။ သင့် ကို နှုတ်ဆက် ၍ ဤ ဝမ်းမြောက်စရာသိတင်းကို ကြားပြော စေခြင်းဟာငါ့ကိုစေလွှတ် တော်မူ၏။ ၂၀ သင် သည် ငါ့ စကား ကိုမ ယုံသောကြောင့် ဤအကြောင်းအရာမ ဖြစ် မှီနေ့ တိုင်အောင်စကား မ ပြောနိုင် ဘဲ၊ အ လျက် နေ လိမ့်မည်။ ငါ့စကားသည်ကား၊ အချိန်တန် လျှင် ပြည့်စုံ လိမ့်မည်ဟု ပြောဆို ၏။ ၂၁ လူ များတို့သည် ဇာခရိ ကို ငံ့လင့် ၍ ၊ ဗိမာန် တော်အတွင်း ၌ ကြာမြင့် စွာနေသည်ကိုအံ့ဩ ခြင်းရှိကြ၏။ ၂၂ သူသည်ထွက်လာ သောအခါ စကားမ ပြော နိုင် သည်ဖြစ်၍ ၊ ဗိမာန် တော်၌ ဗျာဒိတ် ရူပါရုံကို မြင် ပြီဟု ရိပ်မိ ကြ၏။ ဇာခရိ သည်သူ တို့အား အရိပ် အမှတ်ကိုသာပေး၍ စကားအ လျက် နေ ၏။ ၂၃ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက် ရသောအချိန် ကာလကုန် သောအခါ၊ ဇာခရိသည် မိမိ အိမ် သို့ သွား လေ၏။ ၂၄ ထိုနောက် သူ ၏ခင်ပွန်း ဧလိရှဗက် သည် ပဋိသန္ဓေ စွဲ၍ ၊ ၂၅ ငါသည်လူတို့ တွင် ခံရသော ကဲ့ရဲ့ခြင်း အကြောင်းကို ထာဝရ ဘုရားသည် ပယ်ရှင်း ခြင်းဟာငါ့ ကို ကြည့်ရှု တော်မူစဉ် တွင်၊ ဤ ကျေးဇူးတော်ကို ပြု တော်မူပြီဟုဆို လျက် ၊ ငါး လ ပတ်လုံးအိမ်တွင်း၌အောင်း၍ နေလေ ၏။ ၂၆ ငါးလ လွန် သောအခါ ၊ ဂါလိလဲ ပြည် နာဇရက် မြို့၌ ဒါဝိဒ် အမျိုးသား ၊ ယောသပ် အမည် ရှိသောလူ နှင့် ထိမ်းမြားဆောင်နှင်း ၍၊ ၂၇ မရှက်တင်သေးသော သတို့သမီး ကညာဆီသို့ ဘုရားသခင် သည် ကောင်းကင်တမန် ဂါဗြေလ ကို စေလွှတ် တော်မူ၏။ သတို့သမီး ကညာကား ၊ မာရိ အမည် ရှိ၏။ ၂၈ ကောင်းကင်တမန်သည် ရောက်လာ လျှင် ၊ ကျေးဇူး တော်ကိုခံရသောမိန်းမ၊ သင့်အားမင်္ဂလာ ဖြစ်စေ သတည်း။ ထာဝရ ဘုရားသည် သင် နှင့်အတူ ရှိတော်မူ၏။ သင်သည် မိန်းမတကာတို့ ထက်မြတ်စွာသော မင်္ဂလာရှိသည်ဟု ပြောဆို ၏။ ၂၉ မာရိ သည် ထို စကားကိုကြားလျှင် စိတ် နှလုံးမငြိမ်မဝပ်ရှိ၍ ၊ ဤ နှုတ်ဆက် ခြင်းကား အဘယ်သို့ သော နှုတ်ဆက်ခြင်းဖြစ်လိမ့်မည်နည်းဟု တွေးတောဆင်ခြင် ၍နေ ၏။ ၃၀ ကောင်းကင် တမန်ကလည်း ၊ မာရိ ၊ ကြောက်ရွံ့ခြင်းမ ရှိနှင့်။ သင်သည် ဘုရားသခင် ရှေ့တော်၌ မျက်နှာ ရ ပြီ။ ၃၁ သင်သည် ပဋိသန္ဓေ စွဲယူ၍ သား ယောက်ျားကိုဘွားမြင် လိမ့်မည်။ ထိုသား ကို ယေရှု အမည် ဖြင့် မှည့် ရ မည်။ ၃၂ ထိုသား သည်ကား၊ ကြီးမြတ် သောသူ ဖြစ် လိမ့်မည်။ အမြင့်ဆုံး သော ဘုရား၏သားတော်ဟု ခေါ် ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့ အဘ ဒါဝိဒ် ၏ ရာဇပလ္လင် ကို ထာဝရ အရှင်သခင် သည် သူ့ အားပေး တော်မူမည်။ ၃၃ ထိုသူသည်လည်း ယာကုပ် အမျိုးအနွယ် ကို အစဉ်မပြတ် အုပ်စိုး လိမ့်မည်။ သူ ၏နိုင်ငံ သည်လည်း ဆုံး ခြင်းမ ရှိ ရဟုပြောဆို ၏။ **(aiōn g165)** ၃၄ မာရိ ကလည်း ၊ ဤအမှုအရာ သည် အဘယ်သို့ ဖြစ် လိမ့်မည်နည်း။ အကျွန်ုပ်ယောကျ်ား နှင့် မ ဆက်ဆံ ပါဟု ကောင်းကင်တမန် အား ပြန်ပြော ၏။ ၃၅ ကောင်းကင် တမန်ကလည်း ၊ သန့်ရှင်း သောဝိညာဉ် တော်သည် သင် ၏အပေါ်မှာ သက်ရောက် တော်မူ၍ ၊ အမြင့်ဆုံး သောဘုရား၏တန်ခိုးအာနုဘော် တော်သည် သင့် ကိုလွှမ်းမိုး လိမ့်မည်။ ထို အကြောင်းကြောင့် ထိုသန့်ရှင်း သောသားသည် လည်း ဘုရားသခင် ၏သား တော်ဟု ခေါ် ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်။ ၃၆ ထိုမှတပါး ၊ အမြိုမ ဟူ၍ခေါ် ဝေါ် သောသင် ၏ အဆွေအမျိုး ဧလိရှဗက် သည် ပဋိသန္ဓေ စွဲယူ၍ ယခု ခြောက် လ အဝင်ရှိ ပြီ။ ၃၇ ဘုရားသခင် တတ်နိုင် တော်မမူသောအမှုမ ရှိဟုပြောဆို လျှင် ၊ ၃၈

မာရိ က၊ အကျွန်ုပ်သည် ထာဝရ ဘုရား၏ကျွန် မဖြစ်ပါ၏၊ ကိုယ်တော် ၏စကား အတိုင်း အကျွန်ုပ် ၌ ဖြစ် ပါစေသောဟု ဝန်ခံပြီးမှ ၊ ကောင်းကင်တမန် သည် မာရိ ထံမှ သွား လေ၏။ **၃၉** ထို အခါ မာရိ သည်ထ ၍ ၊ တောင် ကြားအရပ်၌ ရှိ သောယုဒ မြို့တစ်မြို့ သို့ အလျင်အမြန် သွား ပြီးလျှင်၊ **၄၀** ဇာခရိ အိမ် သို့ ဝင် ၍ ဧလိရှဗက် ကို နှုတ်ဆက် လေ၏။ **၄၁** ထို နှုတ်ဆက် ခြင်းစကားကို ဧလိရှဗက် သည် ကြား စဉ် တွင် မိမိ ဝမ်း၌ ရှိသောသူငယ် သည်ခုန် ၍ ၊ မိမိသည် သန့်ရှင်း သောဝိညာဉ် တော်နှင့် ပြည့်ဝ လျက်၊ **၄၂** သင် သည် မိန်းမ တကာတို့ ထက်မြတ်စွာသောမင်္ဂလာ ရှိ၏။ သင် ၏ဝမ်း၌ရှိသောသူငယ် သည်လည်း မြတ်စွာသော မင်္ဂလာ ရှိ၏။ **၄၃** အကျွန်ုပ် သခင် ၏ မယ်တော် သည် အကျွန်ုပ် ဆီသို့ ကြွလာ သောကျေးဇူးကို အဘယ် အကြောင်းကြောင့် အကျွန်ုပ် ခံရပါသနည်း။ **၄၄** သင် ၏နှုတ်ဆက် ခြင်းစကား သံကို အကျွန်ုပ် ကြား စဉ် တွင်၊ အကျွန်ုပ် ဝမ်း ထဲ၌ သူငယ် သည်ရွှင်မြူး သော စိတ်နှင့် ခုန် ၏။ **၄၅** ယုံကြည် သောမိန်းမ သည်မင်္ဂလာ ရှိ၏။ အကြောင်းမူကား ၊ ထိုမိန်းမ အား ထာဝရ ဘုရားမိန့် တော်မူသောစကား သည် ပြည့်စုံ လိမ့်မည်ဟု ကြီး သောအသံ နှင့် မြွက်ဆို ၏။ **၄၆** မာရိ ကလည်း ၊ ငါ့ စိတ် နှလုံးသည် ထာဝရဘုရား ကို ချီးမွမ်း ၏။ **၄၇** ငါ့ ကိုကယ်တင် တော်မူသောအရှင်ဘုရားသခင် ကို အမှီပြု ၍ ငါ့ ဝိညာဉ် သည် ရွှင်လန်း ခြင်းရှိ၏။ **၄၈** အကြောင်းမူကား ၊ မိမိ ကျွန် မ၏နိမ့်ချသောအဖြစ် ကိုကြည့်ရှု တော်မူပြီ။ နောင် ကာလ၌ ခပ်သိမ်း သောလူ အစဉ်အဆက်တို့သည် ငါ့ ကိုမင်္ဂလာ ရှိသောသူဟူ၍ ခေါ်ကြလိမ့်မည်။ **၄၉** တန်ခိုး နှင့်ပြည့်စုံတော်မူသောဘုရား သည် အံ့ဘွယ် သောကျေးဇူးတော်ကို ငါ့ အားပြု တော်မူပြီ၊ ထိုဘုရား နာမ တော်သည် ရှိသေ ဘွယ်ဖြစ်တော်မူ၏။ **၅၀** ထာဝရ ဘုရားကို ကြောက်ရွံ့ သောသူ တို့သည် သနား တော်မူခြင်း ကျေးဇူးကိုအစဉ်မပြတ် ခံစားကြ၏။ **၅၁** လက်ရုံး တော်အားဖြင့် တန်ခိုး ကိုပြ တော်မူပြီ။ မာနထောင်လွှား သောသူတို့ကို ကွဲလွင့် စေတော်မူပြီ။ **၅၂** ဘုရင် တို့ကို ရာဇပလ္လင် ပေါ် မှ ချ ၍ နှိမ့်ချ သောသူတို့ကို ချီးမြှောက် တော်မူပြီ။ **၅၃** ငတ်မွတ် သောသူတို့ကို ကောင်းမွန် စွာကျွေး ၍ ရ တတ်သောသူတို့ကို လက်ချည်း လွှတ် လိုက်တော်မူပြီ။ **၅၄** ငါ တို့ဘိုးဘေး များတို့အား ဗျာဒိတ် ထားတော်မူသည်နှင့်အညီ ၊ **၅၅** အာဗြဟံ မှစသောသူ ၏အမျိုးအနွယ် အား သနား ခြင်းကျေးဇူးတော်ကို အစဉ်အမြဲ ပြုခြင်းငှာသတိ ထား၍မိမိ ကျွန် ဣသရေလ ကို မစ တော်မူပြီဟုဆို ၏။ **(aiōn g165)** **၅၆** မာရိ သည်လည်း ဧလိရှဗက် ထံမှာ သုံး လ ခန့် နေ ပြီးမှ မိမိ အိမ် သို့ ပြန် လေ၏။ **၅၇** ဧလိရှဗက် သည် ဘွား အံ့သောနေ့ လစေ့ သောအခါ သား ယောကျ်ားကိုဘွားမြင် ၏။ **၅၈** ထာဝရ ဘုရားသည် ထူးမြတ် သောသနား ခြင်းကျေးဇူးတော်ကို ဧလိရှဗက် အား ပြုတော်မူသည်ကို ၊ အိမ်နီးချင်း အဆွေအမျိုး တို့သည် ကြား လတ်သော်၊ သူ နှင့်အတူဝမ်းမြောက်ဝမ်းသာ ကြ၏။ **၅၉** ရှစ် ရက်မြောက်သောနေ့ ၌ အရေဖျားလှီး ခြင်းကို သူငယ် အားပေးအံ့သောဌာလာ ကြ၍၊ အဘ ၏အမည် ဖြစ်သော ဇာခရိ အမည်ဖြင့် မှည့် သောအခါ အမိ က၊ ထိုသို့မ မှည့်ရ။ **၆၀** ယောဟန် အမည်ဖြင့် မှည့် ရမည်ဟုဆို လျှင် ၊ သူတို့က၊ **၆၁** ယောဟန် အမည် ဖြင့် သင် ၏အဆွေအမျိုး တွင် တစ်ယောက် ကိုမျှမမှည့် ဟုဆို ၍ ၊ **၆၂** အဘ သည်အဘယ်သို့ မှည့် စေ လိုသနည်းဟု အမှတ် အားဖြင့်မေး ကြ၏။ **၆၃** အဘသည်လည်း သင်ပုံး ကိုတောင်း ၍ ၊ သူ ၏အမည် ကားယောဟန်

ဖြစ် ၏ဟု ရေး လေသော်၊ ထိုသူ အပေါင်း တို့သည် အံ့သြ ခြင်းရှိကြ၏။ ၆၄ ထိုခဏခြင်း တွင် ဇာခရိ သည်နှုတ် ဖွင့် ခြင်း၊ လျှာ လွတ်ခြင်းရှိသည်ဖြစ်၍၊ စကား အားဖြင့်ဘုရားသခင် ၏ကျေးဇူး တော်ကို ချီးမွမ်းလေ၏။ ၆၅ အိမ်နီးချင်း ရှိသမျှ တို့သည် ကြောက်ရွံ့ ခြင်းရှိ ကြ၍ ထို အမှုအရာ များသည် ယုဒ ပြည်တောင် ကြားအရပ် တို့ ၌ အနှံ့အပြား ကျော်စော လေ၏။ ၆၆ ကြား သောသူ အပေါင်း တို့သည် နှလုံး ထဲ၌ မှတ်သား ၍ ၊ ဤ သူငယ် သည် အဘယ်သို့ သောသူဖြစ် လိမ့်မည်နည်းဟုဆို ကြ၏။ ထာဝရ ဘုရား၏ လက် တော်သည်လည်း သူငယ် နှင့်အတူ ရှိ တော်မူ၏။ ၆၇ သူ ၏အဘ ဇာခရိ သည် သန့်ရှင်း သောဝိညာဉ် တော်နှင့်ပြည့်ဝ လျက် ၊ ၆၈ ဣသရေလ အမျိုး၏ ဘုရားသခင် ထာဝရ ဘုရားသည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၆၉ အကြောင်းမူကား ၊ ကမ္ဘာ ဦးမှစ၍ ပေါ် ထွန်းသောမိမိ သန့်ရှင်း သောပရောဖက် တို့နှုတ် ဖြင့် ဗျာဒိတ် ထားတော်မူသည်နှင့်အညီ ၊ ၇၀ ငါ တို့ သည် ရန်သူ ဘေး နှင့် ကင်းလွတ် ၍ ဘုရားသခင့် ရှေ့ တော်၌ တသက်လုံး သန့်ရှင်း ဖြောင့်မတ် ခြင်းပါရမီအားဖြင့် ဘုရား ဝတ်ကိုရဲရင့် စွာပြုရ သောအခွင့်ကိုပေး မည်ဟု (aiōn g165) ၇၁ ငါ တို့အဘ အာဗြဟံ အား ကျိန်ဆို ခြင်းဂတိ တော်တည်းဟူသော သန့်ရှင်း သောပဋိညာဉ် တရားကို အောက်မေ့ တော်မူသဖြင့် ၎င်း၊ ၇၂ ငါ တို့ ဘိုးဘေး များနှင့် ဝန်ခံတော်မူသော သနား ခြင်းကျေးဇူးကို ပြု တော်မူသဖြင့်၎င်း၊ ၇၃ မိမိ လူမျိုး ကို အကြည့်အရှု ကြွလာလျက် ရွေးနှုတ် ခြင်းကျေးဇူးကိုပြု တော်မူ၍ ၊ ၇၄ ငါ တို့ကိုရန်သူ လက် မှ ၎င်း ၊ မုန်း သောသူ ရှိသမျှ တို့လက်မှ ၎င်း ကယ်လွှတ် မည်အကြောင်း၊ ၇၅ ကယ်လွှတ် ခြင်းဦးချို့ ကို မိမိ ကျွန် ဒါဝိဒ် အမျိုး ထဲ၌ ငါ တို့အားပေါ် ထွန်း စေတော်မူပြီ။ ၇၆ အချင်းသူငယ် ၊ သင် သည်လည်း အမြင့်ဆုံး သောဘုရား၏ ပရောဖက် ဟုခေါ် ဝေါ် ခြင်းကို ခံရလိမ့်မည်။ ၇၇ အကြောင်းမူကား ၊ ငါ တို့ဘုရားသခင် ၏ သနား တော်မူခြင်း ကျေးဇူးတော်အားဖြင့် အပြစ် ဖြေ ၍ ကယ်တင် ခြင်းသို့ ရောက်နိုင်ကြောင်းကို ဘုရားသခင် ၏လူမျိုး အား ဖော်ပြ သဖြင့်၊ ထာဝရ ဘုရား၏ လမ်းခရီး တော် ကို ပြင်ဆင် ခြင်းဟာသင်သည် ရှေ့တော်၌သွား ရလိမ့်မည်။ ၇၈ ထိုသနားတော်မူခြင်းကျေးဇူးတော်အားဖြင့်၊ ကောင်းကင် မှ နေအာရုဏ် သည် ငါ တို့အပေါ် သို့တက် သဖြင့်၊ ၇၉ မှောင်မိုက် နှင့် သေမင်း ၏ အရိပ် ထဲ တွင်ရှိ နေသောသူ တို့ ၌ အလင်းပေါ် ထွန်း ၍၊ ငါ တို့အား ငြိမ်သက် ခြင်းလမ်း ကို ပြ လျက်ရှိသည်ဟု ပရောဖက် ဉာဏ်နှင့် ဟောလေ၏။ ၈၀ ထိုသူငယ် သည်ကား ၊ ကြီးပွား ၍ ဉာဏ် သတ္တိ နှင့်ပြည့်စုံ၏။ ဣသရေလ လူ တို့အား မ ထင်ရှား မှီ တိုင်အောင်တော အရပ်၌ နေ လေ၏။

J ထို အခါ တစ်နိုင်ငံ လုံးကို စာရင်း ယူစေခြင်းဟာကဲသာ ဘုရင်ဩဂုတ္တ၊ သည် အမိန့် တော်ရှိ ၏။ ၂ ကုရေနိ သည် ရှုရိ ပြည်၌မြို့ဝန် ဖြစ် စဉ်တွင်၊ ဤ ပဌမ စာရင်း ယူခြင်း ဖြစ်သတည်း။ ၃ လူအပေါင်း တို့သည် စာရင်းဝင် ခြင်းဟာအသီးအသီး မိမိ တို့မြို့ ရွာသို့ သွား ကြ၏။ ၄ ယောသပ် သည်လည်း ဒါဝိဒ် အမျိုးအနွယ် ဖြစ် ၍၊ ထိမ်းမြား ဆောင်နှင်းသောမယား မာရိ နှင့်အတူ စာရင်းဝင် ခြင်းဟာ၊ ၅ ဂါလိလဲ ပြည်နာဇရက် မြို့ မှ ယုဒ ပြည် တွင် ဗက်လင် အမည် ရှိသောဒါဝိဒ် ၏မြို့ သို့ သွား ၏။ ထိုအခါမာရိသည် ပဋိသန္ဓေ အရင့်အမာရှိ ၏။ ၆ ဗက်လင်မြို့၌ရှိ နေ စဉ်၊ ဘွား အံ့သော နေ့ လစေ့ လျှင်၊ ၇ သားဦး ကိုဘွားမြင် ၍ အဝတ် နှင့်ပတ်ရစ်ပြီးမှ ၊ ဧည့်သည် တည်းရာစရပ်၌ သူ တို့နေစရာ

မ ရှိ သောကြောင့် ၊ သူငယ် ကို နွားစားခွက် ၌ သိပ်ထား လေ၏။ ၈ ထိုပြည် မှာ သိုးထိန်း တို့သည် ညဉ့် အခါ တော
အရပ်၌ တည်းခို လျက်၊ မိမိ သိုးစု ကိုစောင့် နေကြသည် ဖြစ် ၍၊ ၉ ထာဝရ ဘုရား၏ ကောင်းကင်တမန် သည် သူ
တို့အနားမှာပေါ် လာ ၍ ၊ ပတ်ဝန်းကျင် ၌ ထာဝရ ဘုရား၏ ဘုန်း တော်ထွန်းတောက်သဖြင့် ၊ သူတို့သည် အလွန်
ကြောက်ရွံ့ ခြင်းသို့ရောက်ကြ၏။ ၁၀ ကောင်းကင် တမန်ကလည်း ၊ ကြောက်ရွံ့ ခြင်းမ ရှိကြနှင့်။ လူ အပေါင်း တို့သည်
အလွန် ဝမ်းမြောက် ဝမ်းသာစရာသတင်း ကို ငါသည်သင် တို့အား ကြားပြောရ၏။ ၁၁ ယနေ့ တွင် ဒါဝိဒ် မြို့ ၌ သခင်
ခရစ်တော် တည်းဟူသောကယ်တင် သောအရှင်သည် သင် တို့အဘို့ အလိုဌာဘွားမြင် ခြင်းကိုခံတော်မူပြီ။ ၁၂ သင်
တို့သည် အဘယ်နိမိတ် ဖြင့် သိရမည်နည်းဟူမူကား ၊ သူငယ် သည်အဝတ် နှင့် ပတ်ရစ်၍ နွားစားခွက် ၌ သိပ်ထား
လျက်ရှိသည်ကို တွေ့ ကြလိမ့်မည်ဟု ဆို ပြီးလျှင် ၊ ၁၃ ထို ကောင်းကင်တမန် နှင့်အတူ ကောင်းကင် ဗိုလ်ခြေ အများ
တို့သည် ချက်ခြင်း ထင်ရှား ၍ ၊ ၁၄ ကောင်းကင် ဘဝဂ်ဝယ် ဘုရားသခင် သည် ဘုန်းကြီး တော်မူစေသတည်း။
မြေကြီး ပေါ် ၌ ငြိမ်သက် ခြင်းရှိစေသတည်း။ လူ တို့အား မေတ္တာ ကရုဏာရှိစေသတည်းဟုဘုရားသခင် ကို ချီးမွမ်း
၍မြွက်ဆို ကြ၏။ ၁၅ ကောင်းကင်တမန် တို့သည် ကောင်းကင် ဘုံသို့ ပြန် ကြပြီးမှ သိုးထိန်း တို့က၊ ငါတို့သည်
ဗက်လင် မြို့သို့ သွား ကြကုန်အံ့။ ထာဝရ ဘုရားသည် ဖော်ပြ တော်မူသော ဤ အမှုအရာ ကို ကြည့် ကြကုန်အံ့ဟု
အချင်းချင်း ပြောဆို ပြီးလျှင် ၊ ၁၆ အလျင်အမြန် သွား ၍ မာရိ နှင့် ယောသပ် ကိုဎင်း ၊ နွားစားခွက် ၌ သိပ်ထား
လျက်ရှိသောသူငယ် ကိုဎင်း တွေ့ ကြ၏။ ၁၇ တွေ့မြင် ပြီးမှ မိမိ တို့ကြား သောထို သူငယ် ၏ အကြောင်း စကား ကို
အနှံ့အပြား ပြောကြ၏။ ၁၈ သိုးထိန်း တို့ပြော သောစကား ကိုကြား သော သူ ရှိသမျှ တို့သည် အံ့သြ ခြင်းရှိကြ၏။ ၁၉
မာရိ သည်ထို အကြောင်းအရာအလုံးစုံ တို့ကို မှတ်ကျုံး ၍ စဉ်းစား ဆင်ခြင်လျက်နေ၏။ ၂၀ သိုးထိန်း တို့သည်လည်း မိမိ
တို့အား ပြော နှင့်သည်အတိုင်း ကြား မြင် သမျှ သော အကြောင်းအရာကိုထောက်၍၊ ဘုရားသခင် ကို အံ့သြ ချီးမွမ်း
လျက် ပြန်သွား ကြ၏။ ၂၁ ထိုသူငယ် အား အရေဖျားလှီး ခြင်းကို ပေးရသောနေ့တည်းဟူသောရှစ် ရက်မြောက်သောနေ့
ရောက် လျှင် ၊ ပဋိသန္ဓေ စွဲတော်မ မူမှီကောင်းကင်တမန် မှည့် သော ယေရှု အမည် ဖြင့် မှည့် ကြ၏။ ၂၂ ထိုနောက်
မောရှေ ၏ ပညတ် တရားအတိုင်း စင်ကြယ် ခြင်းကိုပြုရသော နေ့ရက် စေ့ သောအခါ ၊ မိဘတို့ သည် သူငယ် ကို
ယေရုရှလင် မြို့သို့ ဆောင်သွား ၍၊ ၂၃ သားဦး ယောကျ်ား အပေါင်း တို့သည် ဘုရား အဘို့ သန့်ရှင်း ရကြ၏ဟု ထာဝရ
ဘုရား၏ ပညတ္တိ ကျမ်းလာ သည်နှင့်အညီ ၊ ထာဝရ ဘုရားအား ဆက်ကပ် ပြီးမှ ၊ ၂၄ ခို နှစ် ကောင်ဖြစ်စေ ၊ ချိုး ကလေး
နှစ် ကောင်ဖြစ်စေ၊ တစ်ခုခုကိုပူဇော် ရမည်ဟု ထာဝရ ဘုရား၏ ပညတ္တိ ကျမ်းလာ ပြန်သည်နှင့်အညီ ယဇ် ပူဇော်ကြ၏။
၂၅ ထိုအခါ ရှုမောင် အမည် ရှိသောသူ တစ်ယောက်သည် ယေရုရှလင် မြို့၌ ရှိ ၏။ ထို သူ သည် ဖြောင့်မတ် သောသူ ၊
တရား ကိုရှိသေသောသူ၊ ဣသရေလ အမျိုး၏ သက်သာ ခြင်းအကြောင်းကို မြော်လင့် သောသူ ဖြစ်၏။ သန့်ရှင်း
သောဝိညာဉ် တော်သည် သူ့ အပေါ် ၌တည် သည်ဖြစ်၍ ၊ ၂၆ သူ သည်ထာဝရ ဘုရား၏ခရစ်တော် ကိုမ မြင် မှီ မ သေ
ရဟု ဗျာဒိတ် တော်ကိုရ၏။ ၂၇ ထိုအခါ သူ သည် ဝိညာဉ် တော်အားဖြင့် ဗိမာန် တော်သို့ သွား ၍ ၊ မိဘ တို့သည်

သူငယ် ယေရှု ကို ပညတ် တရားထုံးတမ်း အတိုင်း ပြု ခြင်းငှာဆောင်သွား စဉ် တွင်၊ ၂၈ ရှုမောင် သည်ယေရှု ကို လက်နှင့် ချိုပိုက် ၍ ၊ ၂၉ ဘုရားသခင် ၏ကျေးဇူး တော်ကို ချီးမွမ်းလျက်၊ အစိုးရတော်မူသောအရှင် ၊ ဗျာဒိတ် တော်အတိုင်း ကိုယ်တော် ၏ကျွန် သည် ငြိမ်ဝပ် စွာ စုတေ့ ရသောအခွင့်ကို ကိုယ်တော်သည် ယခု တွင်ပေးတော်မူ၏။ ၃၀ ကိုယ်တော် ၏လူ ကျသရေလ အမျိုးကို ချီးမြှောက် စေခြင်းငှာ ၎င်း ၊ ၃၁ တစ်ပါး အမျိုးသားတို့ကို လင်း စေခြင်းငှာ၎င်း၊ ၃၂ လူ အမျိုးမျိုး တို့ရှေ့မှောက် ၌ ပြင်ဆင် တော်မူသောအလင်း တည်းဟူသော ကယ်တင် သောသခင်ကို အကျွန်ုပ်သည် ကိုယ် မျက်စိ နှင့်မြင် ရပါ၏ဟု မြွက်ဆို ၏။ ၃၃ ထိုစကား များကို ယောသပ် နှင့် မယ်တော် သည် ကြားလျှင် အံ့သြ ခြင်းရှိ ကြ၏။ ၃၄ ရှုမောင် သည်လည်း သူ တို့ကိုကောင်းကြီး ပေး၍ မယ်တော် မာရိ အား ၊ ဤ သူငယ်ကား ကျသရေလ လူ အများ လဲ မည်အကြောင်း ၊ အများထ မည်အကြောင်း၊ လူအများ တို့၏အကြံအစည် ကို ထင်ရှား စေခြင်းဘဝငြင်းခုံ စရာဖြစ်မည်အကြောင်း ခန့်ထား သောသူဖြစ်၏။ ၃၅ ထိုမှတစ်ပါး သန်လျက် သည် သင် ၏စိတ် နှလုံးကို ခွင်း လိမ့်မည်ဟု မြွက်ဆို ၏။ ၃၆ အာရှာ အမျိုး ဖြစ်သော ဖနွေလ ၏သမီး ၊ အန္နေ အမည်ရှိသော ပရောဖက်မ တစ်ယောက်ရှိ ၏။ သူ သည် ပျို သောအရွယ်မှစ၍ ခုနစ် နှစ် သောလင် နှင့် နေ ပြီးလျှင်၊ ၃၇ အသက် ကြီးရင့် ၍ အနှစ် ရှစ်ဆယ်လေး နှစ်ခန့်မျှ တိုင်တိုင် မုတ်ဆိုးမ ဖြစ် လျက်၊ ဆုတောင်း ခြင်းနှင့် အစာရှောင် ခြင်းအားဖြင့်နေ့ ညဉ့် မပြတ်ဘုရား ဝတ်ကိုပြု၍ ဗိမာန် တော်နှင့် မ ခွာ ဘဲနေ၏။ ၃၈ သူ သည်လည်း ထို ခဏခြင်း တွင်ဝင် ၍ ထာဝရ ဘုရား၏ကျေးဇူးတော်ကို ချီးမွမ်း လေ၏။ ယေရုရှလင် မြို့ ၌ ရွေးနှုတ် ခြင်းအရာကို မြော်လင့် သောသူ အပေါင်း တို့အား ထိုသူငယ် ၏ အကြောင်း ကို ပြော လေ၏။ ၃၉ မိဘ တို့သည် ထာဝရ ဘုရား၏ ပညတ် တရားအတိုင်း ပြုရသမျှတို့ကို အကုန်အစင် ပြုပြီးမှ၊ ဂါလိလဲ ပြည်၊ နာဇရက် အမည်ရှိသောမိမိ တို့ မြို့ သို့ ပြန် ကြ၏။ ၄၀ သူငယ် သည်လည်း ကြီးပွား ၍ ပညာ ဉာဏ်သတ္တိ နှင့် ပြည့်စုံ ၏။ ဘုရားသခင် ၏ကျေးဇူး တော်သည်လည်း သူ့ အပေါ် ၌တည် ၏။ ၄၁ မိဘ တို့သည် နှစ် တိုင်း အစဉ်ပသခါ ပွဲ ခံချိန်ရောက်လျှင် ၊ ယေရုရှလင် မြို့သို့ သွား ကြ၏။ ၄၂ ယေရှုသည် တစ်ဆယ့်နှစ် နှစ် ရှိသောအခါ ပသခါ ပွဲ ထုံးစံ အတိုင်း ယေရုရှလင်မြို့သို့တက် ကြ၍၊ ၄၃ ပွဲနေ့ရက် လွန်ပြီးမှ မိဘ တို့သည်ပြန် ကြလျှင် ၊ သူငယ် ယေရှု သည် ယေရုရှလင် မြို့၌ နေရစ် လေ၏။ ယောသပ် နှင့်မယ်တော်သည် ထိုအကြောင်းကို မ သိ ၍ ၊ ၄၄ အပေါင်းအဘော် စုထဲမှာ သူငယ် ပါ သည်ဟု စိတ်ထင် နှင့် တစ်နေ့ ခရီး သွား မိလျှင် ၊ အဆွေအမျိုး အသိအကျွမ်း တို့တွင် ရှာ ၍၊ ၄၅ မ တွေ့ သောအခါ ယေရုရှလင် မြို့သို့ ပြန် ၍ရှာ ကြ၏။ ၄၆ သူငယ်မူကား ၊ ဗိမာန် တော်၌ ဆရာ များအလယ် မှာ ထိုင် ၍ ထိုသူ တို့နှင့် ဆွေးနွေး မေးမြန်းလျက်ရှိသည်ကို မိဘတို့သည် သုံးရက် ကြာ မှတွေ့ ကြ၏။ ၄၇ သူ၏ စကားကိုကြား သောသူ အပေါင်း တို့သည် သူ၏ ပညာ ကိုဂုဏ်း၊ စကားအဖြေ ကိုဂုဏ် အံ့သြ ကြ၏။ ၄၈ မိဘတို့သည် သား ကိုမြင် လျှင် မိန်းမော တွေဝေ၍ မယ်တော် က၊ ငါ့သား ၊ အဘယ်ကြောင့် ငါ တို့အား ဤသို့ ပြု သနည်း။ ညှိုးငယ် ကြောင့်ကြသော စိတ်နှင့်မိဘတို့သည် မောင်ကိုရှာ ကြပြီဟုဆို သော်၊ ၄၉ ယေရှုက၊ မိဘသည် အဘယ်ကြောင့် အကျွန်ုပ် ကိုရှာ ရပါသနည်း။ အကျွန်ုပ် သည်အဘ ၏ အိမ်၌ နေ ရ သည်ကို မ

သိ ပါသလောဟု ပြောဆို လျှင် ၊ ၅၀ သူ တို့သည် ထို စကား ကိုနား မ လည်ကြ။ ၅၁ ထိုနောက် ယေရှုသည် မိဘ တို့နှင့်အတူ သွား သဖြင့် နာဇရက် မြို့သို့ ရောက် ၍ သူ တို့စကားကို နားထောင် လျက်နေ လေ၏။ ထို အကြောင်း အရာအလုံးစုံ တို့ကို မယ်တော် သည် နှလုံး ထဲ၌ မှတ်ကျုံး လေ၏။ ၅၂ ယေရှု သည်လည်း အစဉ်အတိုင်းကြီး၍ ပညာ တိုးပွား လျက်၊ ဘုရားသခင် ရှေ့ လူတို့ ရှေ့ မှာမျက်နှာ ရတော်မူ၏။

၃ ကဲသာ ဘုရင် တိဗေရိ နန်းစံ တစ်ဆယ်ငါး နှစ် တွင် ၊ ယုဒ ပြည်၌ ပုန္တိ ပိလတ် သည်မြို့ဝန် အရာ၊ ဂါလိလဲ ပြည်၌ ဟေရုဒ် သည် စော်ဘွား အရာ၊ ဣတုရဲ ပြည်နှင့် တရာခေါနိတ် ပြည် ၌ ဟေရုဒ် ညီ ဖိလိပ္ပု သည် စော်ဘွား အရာ၊ အဘိလင် ပြည်၌ လုသာနိ သည် စော်ဘွား အရာ၊ ၂ အန္နု နှင့် ကယာဖ တို့သည် ယဇ်ပုရောဟိတ် မင်းအရာ၊ အသီးအသီးရှိကြသောအခါ ၊ တော ၌ ရှိသော ဇာခရိ ၏သား ယောဟန် သည် ဘုရားသခင် ၏ ဗျာဒိတ် တော်ကို ခံရ၏ ။ ၃ ပရောဖက် ဟေရှာယ ၏ ကျမ်းစာ ၌ လာ သည်ကား၊ တော ၌ ဟစ်ကြော် သောသူ၏အသံ မှာ၊ ထာဝရ ဘုရားကြွတော်မူရာလမ်း ကို ပြင် ကြလော့။ ၄ လမ်း ခရီးတော်ကို ဖြောင့် စေကြလော့။ ချိုင့်ဝှမ်း ရာရှိသမျှ တို့ကို ဖို့ ရမည်။ တောင်ကြီး တောင်ငယ် ရှိသမျှ တို့ကို ဖြို ရမည်။ ကောက် သောလမ်းများကို ဖြောင့် စေရ မည်။ ၅ ကြမ်းတမ်း သောလမ်းများကိုလည်း သုတ်သင်ပြင်ဆင် ရမည်။ ၆ လူ အပေါင်း တို့သည် ဘုရားသခင် ၏ ကယ်တင် တော်မူခြင်းအကြောင်း ကို မြင် ရကြလတံ့ဟု လာသည်နှင့်အညီ၊ ယောဟန်သည် ယော်ဒန် မြစ်နား ၌ အနှံ့အပြား လှည့်လည် ၍ အပြစ် လွှတ် ခြင်းအတို့ အလိုဌာ နောင်တ နှင့် စပ်ဆိုင်သော ဗတ္တိဇံ တရားကို ဟော လေ၏။ ၇ ထိုအခါ ၊ ဗတ္တိဇံ ကို ခံအံ့သောဌာလာ ကြသော လူ အစုအဝေးတို့အား ယောဟန် ဟောပြော သည်ကား၊ အချင်းမွေ့ဆိုး အမျိုး တို့၊ ရောက် လုသောဘေးဒဏ် မှ ပြေးသွား စိမ့်သောဌာအဘယ်သူ သည် သင် တို့ကို သတိပေး ဘိသနည်း။ ၈ နောင်တရ ခြင်းနှင့် ထိုက်တန် သောအကျင့် ကို ကျင့် ကြလော့။ အာဗြဟံ သည် ငါတို့အဘ ဖြစ် သည်ဟူ၍စိတ်ထဲ၌ မ အောက်မေ့ ကြနှင့်။ ဘုရားသခင် သည် ကျောက်ခဲ တို့မှ အာဗြဟံ သား တို့ကိုထုတ်ဘော် ဖန်ဆင်းနိုင် တော်မူသည်ဟု ငါအမှန် ဆို ၏။ ၉ သစ်ပင် အမြစ် နား မှာ ပုဆိန် ထား လျက်ရှိသည် ဖြစ်၍၊ ကောင်း သောအသီး မ သီး သောအပင် ရှိသမျှ တို့ကို ခုတ်လှဲ ၍ မီး ထဲသို့ ချ လိုက်ရသည်ဟု ဟောပြောလေ၏။ ၁၀ လူ အစုအဝေးကလည်း ၊ သို့ ဖြစ်လျှင် အကျွန်ုပ်တို့သည် အဘယ်သို့ ပြု ရပါမည်နည်းဟု မေးလျှောက် ကြ သော်၊ ၁၁ ယောဟန်က၊ အင်္ကျီ နှစ် ထည်ရှိ သောသူ သည် အင်္ကျီမ ရှိ သောသူ အား မျှ စေ။ စားစရာ ရှိ သောသူ သည် လည်း ထိုနည်းတူ ပြု စေဟု ပြန်ပြော ၏။ ၁၂ အခွန်ခံ သူတို့သည် ဗတ္တိဇံ ကို ခံခြင်းဌာလာ ၍ ၊ အရှင် ဘုရား၊ အကျွန်ုပ်တို့သည် အဘယ်သို့ ပြု ရပါမည်နည်းဟု မေးလျှောက် ကြလျှင် ၊ ၁၃ သင် တို့သခင်သည် ခွဲဝေ စီမံသည်ထက် သာ၍ မ ခွဲ မခံကြနှင့်ဟု ပြန်ပြော ၏။ ၁၄ စစ်သူရဲ တို့ကလည်း အကျွန်ုပ် တို့သည် အဘယ်သို့ ပြု ရပါမည်နည်းဟု မေးလျှောက် ကြလျှင် ၊ သင်တို့သည် အဘယ်သူ ကိုမျှ အနိုင် အထက်မပြုကြနှင့်။ အဘယ်သူကိုမျှ မ လျှပ် ကြနှင့်။ ကိုယ် ရသောအခ နှင့် ရောင့်ရဲ ကြလော့ဟု ပြန်ပြော ၏။ ၁၅ လူ အများ တို့သည် မြော်လင့် ၍ ၊ ယောဟန် သည် ခရစ်တော် မှန် သည်မမှန်သည်ကို နှလုံး ထဲမှာ တွေးတော ဆင်ခြင်ကြစဉ်၊ ၁၆ ယောဟန်

သည် လူအပေါင်း တို့အား ပြန်ပြော သည်ကား၊ ငါ သည်သင် တို့အား ရေ၌ ဗတ္တိဇံ ကိုပေး၏။ ငါ့ ထက်တတ်စွမ်း နိုင်သောသူ သည် ကြွလာ သေး၏။ ထိုသူ ၏ခြေ တော်ကြိုး ကိုမျှ ဖြည် ခြင်းငှာငါမ ထိုက် ။ ထိုသူ သည် သန့်ရှင်း သောဝိညာဉ် တော်၌ ၎င်း ၊ မီး ၌၎င်း သင် တို့ကိုဗတ္တိဇံ ကိုပေးမည်။ ၁၇ လက် တော်တွင် စံကော ပါလျက် မိမိ ကောက်နယ် တလင်းကို ရှင်းလင်း စေသဖြင့်၊ ဂျုံ စပါးကိုကား ကျီ ၌ စုသိမ်း သွင်းထား၍ ၊ အဖျင်း ကိုကား မငြိမ်းနိုင် သောမီး နှင့် ရှို့ တော်မူလတံ့ဟု ပြောဆို ၏။ ၁၈ အခြား သောစကားများ နှင့် ဆုံးမ သွေးဆောင်၍ ဧဝံဂေလိတရား ကို လူ အများတို့အားဟောပြော လေ၏။ ၁၉ ထိုနောက် စော်ဘွား ဟေရုဒ် သည် မိမိ ညီ ၏ ခင်ပွန်း ဟေရောဒိ အကြောင်း မှစ၍ ၊ မိမိပြု သောဒုစရိုက် အပြစ်ရှိသမျှ တို့ကို ယောဟန် သည် ဖော်ပြ ဆုံးမသောကြောင့်၊ ၂၀ ဟေရုဒ် သည် အရင်အပြစ်ရှိသမျှ တို့အပေါ်မှာ အပြစ်သစ်ကိုထပ်လောင်း ၍ ယောဟန် ကို ထောင် ထဲမှာ လှောင် ထား၏။ ၂၁ လူ အပေါင်း တို့သည် ဗတ္တိဇံ ကိုခံကြသောအခါ ၊ ယေရှု သည်လည်း ဗတ္တိဇံ ကိုခံတော်မူ၍ ဆုတောင်း စဉ် တွင်၊ ကောင်းကင် ဖွင့်လှစ် သဖြင့်၊ ၂၂ သန့်ရှင်း သောဝိညာဉ် တော်သည် ချိုးငှက် ကဲ့သို့ ကိုယ် ထင်ရှား လျက် ကိုယ်တော် ပေါ်၌ ဆင်းသက် တော်မူ၍ ၊ သင် ကား၊ ငါနှစ်သက် မြတ်နိုးရာ၊ ငါ ၏ချစ် သား ပေတည်း ဟု ကောင်းကင် က အသံ တော်ဖြစ် လေ၏။ ၂၃ ထိုအခါ ယေရှု သည် အနှစ် သုံးဆယ် ခန့် မျှရှိ တော်မူ၏။ လူများအထင် အမှတ်အားဖြင့် ကိုယ်တော်၏ အဘကား ယောသပ် တည်း။ ယောသပ်အဘဧလိ ၊ ၂၄ ဧလိအဘ မဿတ် ၊ မဿတ်အဘလေဝိ ။ လေဝိအဘ မေလခိ ၊ မေလခိအဘ ယန္နဲ ၊ ယန္နဲအဘ ယောသပ် ၊ ၂၅ ယောသပ်အဘမတ္တသိ ၊ မတ္တသိအဘ အာမုတ် ၊ အာမုတ်အဘနာဟုံ ၊ နာဟုံအဘဧသလိ ၊ ၂၆ ဧသလိအဘနဂ္ဂဲ ၊ နဂ္ဂဲအဘ မာအတ် ၊ မာအတ်အဘမတ္တသိ ၊ မတ္တသိအဘ ရှေမိ ၊ ရှေမိအဘ ယောသပ် ၊ ယောသပ်အဘယုဒ ၊ ယုဒအဘယောဟန္နဲ ၊ ၂၇ ယောဟန္နဲအဘ ရေသ ၊ ရေသအဘ ဇေရုဗဗေလ ၊ ဇေရုဗဗေလအဘ ရှာလသေလ ၊ ရှာလသေလအဘနေရိ ၊ နေရိအဘ မေလခိ ၊ မေလခိအဘ အဒ္ဒိ ၊ ၂၈ အဒ္ဒိအဘကောသံ ၊ ကောသံအဘဧလေမောဒံ ၊ ဧလမောဒံအဘဧရ ၊ ၂၉ ဧရအဘ ယောသေ ၊ ယောသေအဘဧလျေဇာ ၊ ဧလျေဇာအဘ ယောရိမ် ၊ ယောရိမ်အဘမဿတ် ၊ မဿတ်အဘလေဝိ ၊ ၃၀ လေဝိအဘရှိမောင် ၊ ရှိမောင်အဘယုဒ ၊ ယုဒအဘယောသပ် ၊ ယောသပ်အဘယောနန် ၊ ယောနန်အဘလျောကိမ် ၊ ဧလျောကိမ်အဘမေလေ ၊ ၃၁ မေလေအဘမဲနန် ၊ မဲနန်အဘမတ္တသ ၊ မတ္တသအဘနာသန် ၊ နာသန်အဘဒါဝိဒ် ၊ ၃၂ ဒါဝိဒ်အဘယေရှဲ ၊ ယေရှဲအဘဩဗဗ် ၊ ဩဗဗ်အဘဗောဇ ၊ ဗောဇအဘစာလမုန် ၊ စာလမုန်အဘနာရှုန် ၊ ၃၃ နာရှုန်အဘအမိနဒပ် ၊ အမိနဒပ်အဘအာရံ ၊ အာရံအဘဟေဇရုံ ၊ ဟေဇရုံအဘဖာရက် ၊ ဖာရက်အဘယုဒ ၊ ၃၄ ယုဒအဘ ယာကုပ် ၊ ယာကုပ်အဘဣဇာက် ၊ ဣဇာက်အဘအာဗြဟံ ၊ အာဗြဟံအဘတေရ ၊ တေရအဘ နာခေါ် ၊ ၃၅ နာခေါ်အဘဧရောက် ၊ ဧရောက်အဘရာဂေါ ၊ ရာဂေါအဘဖာလက် ၊ ဖာလက်အဘဟေဗာ ၊ ဟေဗာအဘ ရှာလ ၊ ၃၆ ရှာလအဘ ကာဣနန် ၊ ကာဣနန်အဘအာဖာဇဒ် ၊ အာဖာဇဒ်အဘရှေမ ၊ ရှေမအဘနောဧ ၊ နောဧအဘလာမက် ၊ ၃၇ လာမက်အဘမသုရှလ ၊ မသုရှလအဘ ဧနောက် ၊ ဧနောက်အဘယာရက် ၊

ယာရက်အဘမဟာလေလေလ ၊ မဟာလေလေလအဘ ကာဏ္ဍနန် ၊ ၃၈ ကာဏ္ဍနန်အဘဧနုတ် ၊ ဧနုတ်အဘရှေသ ၊ ရှေသအဘ အာဒံ ၊ အာဒံအဘဘုရားသခင် ပေတည်း။

၄ ယေရှု သည် သန့်ရှင်း သောဝိညာဉ် တော်နှင့် ပြည့်စုံ လျက်၊ ယော်ဒန် မြစ်နားမှ ပြန် စဉ်တွင် ဝိညာဉ် တော်သည် တော သို့ ပို့ဆောင် တော်မူ၏။ ၂ အရက် လေးဆယ် ပတ်လုံးမာရ်နတ် ၏ စုံစမ်း သွေးဆောင်ခြင်းကို ခံတော်မူ၏။ ထို ကာလ ပတ်လုံးအစာအာဟာရကို သုံးဆောင် တော်မ မူ။ ထိုကာလလွန် ပြီးမှ မွတ်သိပ် တော်မူ၏။ ၃ မာရ်နတ် ကလည်း ၊ ကိုယ်တော် သည် ဘုရားသခင် ၏သား တော်မှန် လျှင် ဤ ကျောက်ခဲ ကိုမုန့် ဖြစ် စေခြင်းငှာ အမိန့် ရှိတော်မူပါဟု လျှောက် လေ၏။ ၄ ယေရှု ကလည်း ၊ လူ သည်မုန့် အားဖြင့် သာ အသက် ကိုမွေးရမည်မ ဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှ အားဖြင့်အသက်ကိုမွေးရမည်ကျမ်းစာ၌လာ သည် ဟု ပြန်ပြောတော်မူ ၏။ ၅ တစ်ဖန် မာရ်နတ် သည် ယေရှု ကိုမြင့်လှသော တောင်ပေါ် သို့ဆောင်သွား ၍၊ ဤလောက ၌ရှိသမျှ သော တိုင်း နိုင်ငံတို့ကို တစ်ခဏခြင်း တွင် ပြည့်စုံ ၍ ၊ ၆ ဤ ဘုန်း တန်ခိုး အာနုဘော်ရှိသမျှ ကို ငါ ၌အပ် ခဲ့ပြီ။ ငါသည် ပေးလို သောသူ အားပေး ရသည်ဖြစ်၍ ကိုယ်တော် အား ပေး ပါမည်။ ၇ ငါ့ ကိုကိုးကွယ် လျှင် ဤအလုံးစုံ တို့သည် ကိုယ်တော် ၏ ဥစ္စာဖြစ် လိမ့်မည်ဟု လျှောက် လေ၏။ ၈ ယေရှု ကလည်း ၊ အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင် ၏ဘုရားသခင် ထာဝရ ဘုရားကို ကိုးကွယ် ရမည်။ ထိုဘုရားသခင် ကိုသာ ဝတ်ပြု ရမည်ကျမ်းစာ လာသည် ဟု ပြန်ပြော တော်မူ၏။ ၉ တစ်ဖန် မာရ်နတ်သည် ယေရှု ကို ယေရုရှလင် မြို့သို့ ဆောင်သွား ၍ ၊ ဗိမာန် တော်၏ အထွဋ်ဦ ၌ တင် ထားပြီးလျှင်၊ ၁၀ ကျမ်းစာလာ သည်ကား၊ သင့် ကို စောင့်ရှောက် စေခြင်းငှာကောင်းကင်တမန် တို့အား သင့် အတွက် မှာထား တော်မူသည်ဖြစ်၍ ၊ ၁၁ သင် ၏ခြေ ကိုကျောက် နှင့် မ ထိ မခိုက်စေခြင်းငှာ၊ သူတို့သည် သင့် ကိုလက် နှင့်မစ ချီပင့်ကြလိမ့်မည်ဟု လာ၏။ ထိုကြောင့် ကိုယ်တော်သည် ဘုရားသခင် ၏ သား တော်မှန် လျှင် ဤ အထွဋ်မှ ကိုယ် ကိုအောက် သို့ ချ လိုက်တော်မူပါဟု လျှောက် လေ၏။ ၁၂ ယေရှု ကလည်း ၊ သင် ၏ဘုရားသခင် ထာဝရ ဘုရားကို သင်သည် အစုံအစမ်း မ ပြုရဟု ကျမ်းစကား ရှိ သည် ဟု ပြန်ပြောတော်မူ ၏။ ၁၃ ထိုသို့ မာရ်နတ် သည် စုံစမ်း သွေးဆောင်ခြင်း အမှုအလုံးစုံ ကို အကုန်အစင်ပြု ပြီးလျှင်၊ အထံ တော်မှ ထွက်သွား ၍ ကာလ အတန်အရာနေလေ၏။ ၁၄ ယေရှု သည် ဝိညာဉ် တော်တန်ခိုး နှင့် ဂါလိလဲ ပြည်သို့ ပြန် ၍ ၊ သိတင်း တော်သည် ပတ်ဝန်းကျင် အရပ်တို့ ၌ အနှံ့အပြား ကျော်စော လေ၏။ တရားစရပ် တို့၌ ဆုံးမ ဩဝါဒပေးတော်မူ၍ ၊ ၁၅ လူအပေါင်း တို့သည် ကိုယ်တော်ကိုချီးမွမ်း ကြ၏။ ၁၆ ကြီးပွား တော်မူရာ နာဇရက် မြို့သို့ ရောက် ပြန်လျှင် ၊ ထုံးစံ တော်ရှိသည်အတိုင်း ဥပုသ်နေ့ ၌ တရားစရပ် သို့ ဝင် ၍ ကျမ်းစာကို ဘတ်ရွတ် ခြင်းငှာထ တော်မူ၏။ ၁၇ စရပ်စောင့်သည် ပရောဖက် ဟေရှာယ ၏ ကျမ်းစာ ကိုပေး သည်ဖြစ်၍ ၊ ကျမ်းစာ ကိုဖွင့် တော်မူလျှင် တွေ့ သောအချက် စကားဟူမူကား၊ ၁၈ ထာဝရ ဘုရား၏ ဝိညာဉ် တော်သည် ငါ့ အပေါ် ၌တည်တော်မူ၏။ ၁၉ အကြောင်းမူကား ၊ ဆင်းရဲသား တို့အား ဝမ်းမြောက် စရာသိတင်းကိုကြားပြောစေခြင်းငှာငါ့ ကို ဘိသိတ် ပေး တော်မူပြီ။ ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်းငှာဎင်း၊ ဘမ်း သွားချုပ်ထားလျက်ရှိသော

သူတို့အား လွှတ် ခြင်းအကြောင်းနှင့် မျက်စိ ကန်းသောသူတို့အား မျက်စိမြင်ပြန် ခြင်းအကြောင်းကို ပြစေခြင်းငှာငင်း၊ ညှဉ်းဆဲ ခံရသောသူတို့ကို ကယ်မ စေခြင်းငှာငင်း၊ ထာဝရ ဘုရား၏ မင်္ဂလာ နှစ် ကာလကို ကြားပြော စေခြင်းငှာငင်း၊ ငါ့ ကို စေလွှတ် တော်မူပြီဟုလာသတည်း။ ၂၀ ကျမ်းစာ ကိုလိပ် ၍ စရပ်စောင့် အားပေး ပြီးမှ ထိုင် တော်မူ၏။ စရပ် ၌ ရှိသောသူ အပေါင်း တို့သည် ကိုယ်တော် ကိုစေ့စေ့ ကြည့်လျက်နေ ကြ၏။ ၂၁ ယေရှုကလည်း၊ ယနေ့ ပင် ဤ ကျမ်းစာ ချက်သည် သင် တို့ကြား သည့်အတိုင်း ပြည့်စုံ လေပြီ ဟု မိန့် တော်မူ၏။ ၂၂ ထိုသူအပေါင်း တို့သည် ကိုယ်တော် ကိုဝန်ခံ ၍ ၊ တင့်တယ်လျောက်ပတ် သော နှုတ် ထွက် စကား ကို အံ့သြ ချီးမွမ်းလျက် ၊ ဤသူ သည် ယောသပ် ၏ သား မ ဟုတ် တုံလောဟု ဆို ကြ၏။ ၂၃ ယေရှုကလည်း၊ အကယ်၍သင်တို့သည် ပုံပမာ ဆောင်လျက်၊ အချင်းဆေးသမား ၊ ကိုယ် အနာကို ငြိမ်း စေလော့။ ငါတို့သည် သိတင်းကြား သည်အတိုင်း၊ သင်သည် ကပေရနောင် မြို့၌ ပြု သမျှ သော အမှုအရာတို့ကို ကိုယ် နေရင်း မြို့၌ လည်း ၊ ပြုပါဟူ၍ငါ့ အား ပြောဆို ကြလိမ့်မည်။ သို့သော်လည်း ၊ ငါအမှန် ဆို သည်ကား၊ ၂၄ အဘယ် ပရောဖက် မျှ မိမိ နေရင်း မြို့၌ မျက်နှာ မရတတ်။ ၂၅ ငါအမှန် ဆို ပြန်သည်ကား ၊ ပရောဖက် ဧလိယ လက်ထက် ၌ သုံး နှစ် နှင့် ခြောက် လ ပတ်လုံး မိုးယံခေါင် ၍၊ ပြည် နိုင်ငံတစ်လျှောက်လုံး အစာ အာဟာရအလွန် ခေါင်းပါးခြင်းရှိ သောအခါ ၊ ဣသရေလ အမျိုးဖြစ်သော မုဆိုးမ အများ ရှိ ကြ၏။ ၂၆ သို့သော်လည်း ၊ ထိုမုဆိုးမတစ်ယောက်ရှိရာ သို့မျှ ဧလိယ ကိုစေလွှတ် တော်မမူ။ ဇိဒုန် ပြည် ဇရပ္ပတ္ထ မြို့သူ ဖြစ်သော မုဆိုးမ တစ်ယောက်ရှိရာ သို့ စေလွှတ်တော်မူ၏။ ၂၇ ပရောဖက် ဧလိရှဲ လက်ထက် တွင်လည်း ၊ ဣသရေလ အမျိုး၌ နူနာစွဲ သောသူအများ ရှိ ကြ၏။ သို့သော်လည်း ၊ နေမန် အမည်ရှိသောရှုရိ လူမှတစ်ပါး အဘယ်သူ မျှသန့်ရှင်း ခြင်းသို့ မရောက် ဟုမိန့်တော်မူ၏။ ၂၈ တရားစရပ် ၌ ရှိသော လူအပေါင်း တို့သည် ထို စကားတော်ကို ကြား သောအခါ ပြင်းစွာအမျက်ထွက် သည်နှင့်၊ ၂၉ ထ ၍ ကိုယ်တော် ကိုမြို့ ပြင် သို့ နှင်ထုတ် ပြီးလျှင် ၊ ထို မြို့ တည် ရာတောင် ထိပ် စွန်းအငူမှ စောက်ထိုး တွန်းချခြင်းငှာ ဆောင်သွား ကြ၏။ ၃၀ ကိုယ်တော် သည် သူ တို့အလယ် ၌ လျှောက် ၍ ကြွသွား တော်မူ၏။ ၃၁ ဂါလိလဲ ပြည် ကပေရနောင် မြို့ သို့ ရောက် လျှင် ၊ ဥပုသ်နေ့ ၌ ဆုံးမ သြဝါဒပေးတော်မူ၏။ ၃၂ အာဏာ နှင့် ဟောတော်မူသောကြောင့် ပရိသတ်တို့သည် ဒေသနာ တော်ကိုအလွန်အံ့သြ ကြ၏။ ၃၃ ထိုတရားစရပ် ၌ ညစ်ညူး သော နတ်ဆိုး စွဲ သောသူ တစ်ယောက်ရှိ ၍ ၊ ၃၄ သြော် နာဇရက် မြို့သားယေရှု ကိုယ်တော် သည် အကျွန်ုပ် တို့နှင့် အဘယ်သို့ ဆိုင်သနည်း။ အကျွန်ုပ် တို့ကို ဖျက်ဆီး ခြင်းငှာလာ သလော။ ကိုယ်တော် သည် အဘယ်သူ ဖြစ် သည်ကို အကျွန်ုပ်သိ ပါ၏။ ဘုရားသခင် ၏ သန့်ရှင်း တော်မူသောသူ ဖြစ်ပါသည်ဟု ကြီး သောအသံ နှင့် ဟစ်ကြော် လေ၏။ ၃၅ ယေရှု ကလည်း ၊ တိတ်ဆိတ် စွာနေလော့။ ထိုသူ ၏အထဲ ကထွက်သွား လော့ ဟု ဆုံးမ တော်မူလျှင် ၊ နတ်ဆိုး သည်ထိုသူ ကို လူအများအလယ် ၌ လှဲချ ၍ ဘေးဥပဒ် မ ပြုဘဲ ထွက်သွား ၏။ ၃၆ လူအပေါင်း တို့သည် မိန်းမော တွေဝေ၍ ၊ ဤ စကား သည် အဘယ်သို့ သော စကားနည်း၊ ညစ်ညူး သောနတ် တို့ကို အာဏာ တန်ခိုး နှင့် မှာထား ၍ သူတို့သည် ထွက်သွား ကြသည်တကားဟု အချင်းချင်း ဆွေးနွေး ပြောဆို ကြ၏။ ၃၇ သိတင်း

တော်သည်လည်း ၊ ပတ်ဝန်းကျင် အရပ် တို့ ၌ နှံ့ ပြား ကျော်စောလေ၏။ ၃၈ တရားစရပ် မှ ထွက် ပြီးလျှင် ရှိမုန် အိမ် သို့ ကြွ တော်မူ၏ ။ ရှိမုန် ၏ယောက္ခမ သည် ပြင်းစွာ သော ဖျားနာ စွဲ သည်ဖြစ်၍ သူ့ အတွက် ကိုယ်တော် ကိုတောင်းလျှောက် ကြ၏။ ၃၉ ကိုယ်တော်သည် ထိုမိန်းမ ၏အနား မှာရပ် ၍ ဖျားနာ ကိုဆုံးမ တော်မူလျှင် ၊ သူ သည် အဖျားပျောက် သဖြင့် ချက်ခြင်း ထ ၍ ဧည့်သည် ဝတ်ကိုပြုလေ၏။ ၄၀ နေ ဝင် သောအခါ အမျိုးမျိုး သော အနာ ရောဂါစွဲ သောသူ တို့၏ အဆွေခင်ပွန်းအပေါင်း တို့သည် ထို လူနာ တို့ကို အထံ တော်သို့ ဆောင်ခဲ့ ၍၊ ကိုယ်တော် သည် ထိုလူနာ အသီးသီး တို့ အပေါ် ၌လက် တော်ကို တင် သဖြင့် အနာရောဂါကို ငြိမ်း စေတော်မူ၏။ ၄၁ နတ်ဆိုး တို့လည်း ၊ ကိုယ်တော် သည် ခရစ်တော်တည်းဟူသောဘုရားသခင် ၏သား တော်ဖြစ် တော်မူ၏ဟု ဟစ်ကြော် လျက် လူများ မှ ထွက်သွား ကြ၏။ ကိုယ်တော် သည် ခရစ်တော် ဖြစ် ကြောင်းကို သူတို့သိ ကြသောကြောင့် စကားတစ်ခွန်းကိုမျှ မပြော စေခြင်းဌာမြစ်တား တော်မူ၏။ ၄၂ မိုယ်းလင်း သောအခါ တော အရပ် သို့ ထွက် ကြွ တော်မူ၍ ၊ လူ အများတို့သည် ကိုယ်တော် ကိုရှာ ကြ၏၊ အထံ တော်သို့ ရောက် လျှင် ၊ မိမိ တို့နေရာမှ ထွက်ကြွ တော် မ မူမည်အကြောင်း ဆီးတား ကြ၏။ ၄၃ ကိုယ်တော်ကလည်း၊ ဘုရားသခင် ၏နိုင်ငံ တော်နှင့်ယှဉ်သော ဧဝံဂေလိ တရားကို အခြား သောမြို့ ရွာတို့ ၌ ငါ ဟောပြောရ မည်။ ၄၄ ထိုသို့ အလို့ဌာ ငါ့ကိုစေလွှတ် လျက်ရှိသည် ဟု မိန့် တော်မူ၍ ၊ ဂါလိလဲပြည်မှာ တရားစရပ် တို့ ၌ တရား ဟောပြော လျက်နေ တော်မူ၏။

၅ တရံရောအခါ ဂနေ်သရက် အိုင် နား မှာ ရပ် တော်မူ၍ ၊ လူ များတို့သည် ဘုရားသခင် ၏ နှုတ်ကပတ် တရားကို နားထောင် ခြင်းဌာကိုယ်တော် အနီးသို့ တိုးဝင် ကြစဉ် တွင်၊ ကမ်း နား မှာဆိုက် သော လှေ နှစ် စင်းကိုမြင် တော်မူ၏။ ၂ တံငါ တို့သည် လှေ ထဲက ထွက် ၍ပိုက်ကွန် တို့ကို ဆေးလျှော် လျက်နေကြ၏။ ၃ ထို လှေ တို့တွင် ရှိမုန် ၏ လှေထဲသို့ ဝင် တော်မူပြီးလျှင် ၊ လှေကိုကမ်း နားမှာ အနည်းငယ် ခွာ ဖွင့်စေခြင်းဌာရှိမုန် ကို အခွင့်တောင်း တော်မူ၏။ ထို လှေ ပေါ် မှာထိုင် လျက် လူ များတို့ကို ဆုံးမ သြဝါဒပေးတော်မူ၏။ ၄ စကား တော်ပြတ် သောအခါ ၊ ရေနက် ရာအရပ်သို့ ရွှေ့ ဦးလော့။ ပိုက်ကွန် ကိုချ ၍ ငါးကိုအုပ် စမ်းလော့ ဟု ရှိမုန် အား မိန့် တော်မူ၏။ ၅ ရှိမုန် ကလည်း ၊ သခင် ၊ အကျွန်ုပ်တို့သည် တစ်ညဉ့်လုံး ကြိုးစား သော်လည်း တစ် ကောင်ကိုမျှမရ ပါ။ သို့ရာတွင် အမိန့် တော်ရှိလျှင် ပိုက်ကွန် ကို ချ ပါမည်ဟု လျှောက် လေ၏။ ၆ ထိုသို့ ချ ကြပြီးလျှင် ၊ အလွန် များစွာ သောငါး တို့ကို အုပ်မိ သဖြင့် ပိုက်ကွန် သည် စုတ်ပျက် စရှိ၏။ ၇ အခြား သော လှေ တစ်စင်း၌ ရှိသော အပေါင်းအဖော် တို့သည်လာ ၍ကူညီ စေခြင်းဌာသူ တို့ကို အမှတ်ပေး သဖြင့် ၊ သူတို့သည်လာ ၍ လှေ နှစ် စင်းနစ် လုမတတ် ငါးနှင့်ပြည့် စေကြ၏။ ၈ ရှိမုန် ပေတရု သည်မြင် လျှင်၊ ယေရှု ၏ ပုဆစ် တော်ကိုဦးတိုက် ၍ ၊ သခင် ၊ အကျွန်ုပ်သည် အပြစ် များသော သူ ဖြစ် ပါ၏။ အကျွန်ုပ် ဆီမှ ကြွသွား တော်မူပါဟု လျှောက် လေ၏။ ၉ အဘယ်ကြောင့် ဤသို့လျှောက်သနည်း ဟူမူကား၊ အုပ်မိ သောငါး များကိုထောက် သဖြင့်၊ ရှိမုန် နှင့် သူ၏အပေါင်းအဘော် ဇေဗေဒဲ ၏သား ယာကုပ် နှင့် ယောဟန် မှစ၍ ရှိမုန် နှင့်ပါသမျှ သောသူ တို့သည် မိန်းမော တွေဝေခြင်းရှိကြ၏။ ၁၀ ယေရှု ကလည်း ၊ ကြောက်ရွံ့ ခြင်းမ ရှိနှင့်။ သင်သည်ယခု မှစ၍ လူ

တို့ကိုဘမ်းမိ သောသူ ဖြစ် လိမ့်မည် ဟု မိန့် တော်မူ၏။ ၁၁ ကမ်း နားမှာ လှေ ကိုဆိုက် ပြီးလျှင် ၊ ထိုသူတို့သည် ရှိသမျှ တို့ကို စွန့်ပစ် ၍ နောက် တော်သို့လိုက်ကြ၏။ ၁၂ ကိုယ်တော် သည် မြို့ တစ် မြို့၌ ရှိ တော်မူစဉ် ၊ တစ်ကိုယ်လုံး နူနာစွဲ သော သူ တစ်ယောက်သည် ကိုယ်တော် ကို မြင် လျှင် ပြပ်ဝပ် ၍ ၊ သခင် ၊ အလို တော်ရှိလျှင် ကျွန်တော် ကို သန့်ရှင်း စေနိုင် တော်မူသည်ဟု တောင်းပန် လေ၏။ ၁၃ ယေရှုကလည်း ၊ ငါအလိုရှိ ၏။ သန့်ရှင်း ခြင်းသို့ ရောက်စေ ဟုမိန့် တော်မူလျက် ၊ လက် တော်ကိုဆန့် ၍ ထိုသူ ကိုတို့ တော်မူ၏။ ထိုခဏခြင်း တွင်နူနာ ပျောက် လေ ၏။ ၁၄ ယေရှု ကလည်း ၊ ဤ အကြောင်းကို အဘယ်သူ အားမျှမပြော နှင့် ယဇ် ပုရောဟိတ်ထံသို့သွား ၍ ကိုယ် ကိုပြ လော့။ သူတစ်ပါး ၌ သက်သေ ဖြစ်စေခြင်းငှာသန့်ရှင်း ခြင်းသို့ ရောက်သည့်အတွက် မောရှေ စီရင် မှာထားသော ပူဇော် သက္ကာကို ဆက်လော့ ဟုမိန့် တော်မူ၏။ ၁၅ သို့သော်လည်း သိတင်း တော်သည်သာ၍ ကျော်စော သဖြင့် ၊ များစွာ သောလူ အပေါင်းတို့သည် တရား နာလိုသောငှာဌင်း ၊ အနာ ငြိမ်း စေခြင်းကျေးဇူးတော်ကို ခံလိုသောငှာဌင်း၊ စုဝေး လျက်ရှိကြ၏။ ၁၆ ကိုယ်တော် သည် တော အရပ်သို့ ကြွ ၍ ဆုတောင်း လေ့ရှိတော်မူ၏။ ၁၇ တစ်နေ့သ၌ ကိုယ်တော် သည် ဆုံးမ သြဝါဒပေးတော်မူစဉ် ယေရှုရှလင် မြို့မှစသော ယုဒ ပြည်၊ ဂါလိလဲ ပြည်မြို့ရွာ များ တို့က ရောက်လာ သော ဖာရိရှဲ တို့နှင့် နိသရည်း ဆရာတို့သည် ထိုင် လျက်ရှိ ကြ၏၊ အနာ ရောဂါ ငြိမ်းစေခြင်းငှာသခင်ဘုရား ၏ တန်ခိုး တော်သည် ထင်ရှား ၏။ ၁၈ ထိုအခါ လက်ခြေသေ သောသူ တစ်ယောက်ကို အိပ်ရာ နှင့်တကွအထံသို့ဆောင်ခဲ့ ၍၊ ရှေ့ တော်၌ သွင်း ထား ခြင်းငှာရှာကြံ ကြ၏။ ၁၉ လူစုဝေး လျက်ရှိသောကြောင့် ဝင်စရာ လမ်းကိုမ တွေ့ သဖြင့် ၊ အိမ်မိုး ပေါ်သို့ တက် ၍ အုတ်မိုး ကို ဖောက်ပြီးမှလူနာ ကို အိပ်ရာ နှင့်တကွ လူများ အလယ် ယေရှု ၏ ရှေ့ တော်သို့ လျှောချ ကြ၏။ ၂၀ ကိုယ်တော်သည် ထိုသူ တို့၏ ယုံကြည် ခြင်းကိုမြင် လျှင် ၊ လူနာအား၊ အချင်းလူ ၊ သင် ၏အပြစ် ကို လွတ် စေပြီ ဟု မိန့် တော်မူ၏။ ၂၁ ကျမ်းပြု ဆရာနှင့် ဖာရိရှဲ တို့က၊ ဘုရားကိုလွန်ကျူး ၍ ပြော သောဤ သူ ကား အဘယ်သူ နည်း။ ဘုရားသခင် မှတစ်ပါး အဘယ်သူ သည် အပြစ် ကို လွှတ် နိုင် သနည်းဟု ထင်မှတ် ကြ၏။ ၂၂ ယေရှု သည် ထိုသူ တို့၏ ထင်မှတ် ခြင်းကိုသိ တော်မူလျှင် ၊ သင် တို့စိတ် ထဲမှာ အဘယ်ကြောင့် ထင်မှတ် ကြသနည်း။ ၂၃ အဘယ် စကားကိုသာ၍ ပြော လွယ်သနည်း။ သင် ၏အပြစ် ကိုလွတ် စေပြီဟု ပြော လွယ်သလော ။ သင် ထ ၍ လှမ်းသွား လော့ ဟုပြောလွယ်သလော။ ၂၄ လူ သား သည်မြေကြီး ပေါ်မှာ အပြစ် လွှတ် ပိုင် သည်ကို သင်တို့သိ စေခြင်းငှာ ထ လော့။ ကိုယ် အိပ်ယာ ကို ဆောင် ၍ ကိုယ် အိမ် သို့ သွား လော့။ သင့် အား ငါ ဆိုသည် ဟု လက်ခြေသေ သောသူ အား မိန့် တော်မူ၏။ ၂၅ ထိုသူသည်လည်း လူ အများရှေ့ မှာ ချက်ခြင်း ထ ၍ အိပ်ရာကိုဆောင် လျက်၊ ဘုရားသခင် ၏ ဂုဏ် တော်ကို ချီးမွမ်းလျက် မိမိ အိမ် သို့ သွား လေ၏။ ၂၆ ထိုသူအပေါင်း တို့သည် မိန်းမော တွေဝေ၍ ကြောက်ရွံ့ အားကြီးသည်နှင့်၊ ငါတို့သည် အံ့ဘွယ် သော အမှုအရာကို ယနေ့ မြင် ခဲ့ပြီဟုပြောဆို ၍ ဘုရားသခင် ၏ ဂုဏ် တော်ကိုချီးမွမ်းကြ၏။ ၂၇ ထိုနောက် ကိုယ်တော်သည် ထကြွ ၍ လေဝိ အမည် ရှိသော အခွန်ခံ သူသည် အခွန်ခံ ရာတဲ၌ ထိုင် နေသည်ကိုမြင် သော် ငါ နောက် သို့လိုက်လော့ ဟု မိန့်

တော်မူ၏။ ၂၈ ထိုသူသည်လည်း ရှိသမျှ တို့ကို စွန့်ပစ် လျက် ထ ၍နောက် တော်သို့လိုက်လေ၏။ ၂၉ ထိုနောက်မှ လေဝိ သည် ကိုယ်တော် အဘို့အလို့ငှာမိမိ အိမ် ၌ ကြီးစွာ သောပွဲ ကိုခံ ၍၊ အခွန်ခံ သောသူများ နှင့် အခြား သောသူ အပေါင်းတို့သည် ကိုယ်တော်မှစသောတပည့် တော်တို့နှင့်တကွ စားပွဲ၌ လျောင်း ကြ၏။ ၃၀ ကျမ်းပြု ဆရာနှင့် ဖာရိရှဲ တို့က သင်တို့သည် အခွန်ခံ သောသူ ဆိုး သောသူတို့နှင့်အတူ အဘယ်ကြောင့် စား သောက် ကြသနည်းဟု တပည့် တော်တို့ကိုကဲ့ရဲ့အပြစ်တင် ကြ၏။ ၃၁ ယေရှု ကလည်း ၊ ကျန်းမာ သောသူ တို့သည် ဆေးသမား ကိုအလို မ ရှိ ကြ။ နာ သောသူ တို့သာလျှင် အလိုရှိ ကြ၏။ ၃၂ ဖြောင့်မတ် သောသူတို့သည် နောင်တ သို့ ခေါ် ခြင်းငှာလာ သည်မ ဟုတ် ဆိုး သော သူတို့ကို ခေါ်ခြင်းငှာ ငါ လာ သတည်း ဟု မိန့် တော်မူ၏။ ၃၃ လူအချို့တို့က၊ ယောဟန် ၏ တပည့် တို့နှင့် ဖာရိရှဲ တို့သည် အစာရှောင် ခြင်းနှင့် ဆုတောင်း ခြင်းတို့ကို အဖန်တလဲလဲ ပြု ကြသည်ဖြစ်၍၊ အဘယ်ကြောင့် ကိုယ်တော် ၏တပည့် တို့သည် စား သောက် လျက် နေကြ ပါသနည်းဟု လျှောက် ကြ၏။ ၃၄ ကိုယ်တော် ကလည်း ၊ မင်္ဂလာဆောင် လုလင်သည် မိမိအပေါင်းအဘော် တို့နှင့်အတူ ရှိစဉ်အခါ သူတို့ကို အစာရှောင် စေနိုင် သလော။ ၃၅ မင်္ဂလာဆောင် လုလင်ကို သူ၏အပေါင်းအဘော် တို့နှင့်ခွာ ၍ ယူသွား သောအချိန် ကာလရောက် လိမ့်မည်။ ထို ကာလ အခါသူတို့သည် အစာရှောင် ကြလိမ့်မည်။ ၃၆ ဥပမာ ကား ၊ အဝတ် ဟောင်း ကို အထည် သစ် နှင့် ဖာ လေ့မ ရှိ။ ထိုသို့ဖာလျှင် အထည်သစ် သည် ဆွဲဆုတ် တတ်၏။ ဖာ သောအထည်သစ် သည် အဝတ်ဟောင်း နှင့် မ သင့်မတင့်တတ်။ ၃၇ ၎င်းနည်း၊ ဟောင်း သောသားရေဘူး၌ အသစ် သောစပျစ်ရည် ကို ထည့် လေ့မ ရှိ။ ထိုသို့ ထည့်လျှင် အသစ် သောစပျစ်ရည် သည် သားရေဘူး ကို ဆုတ် ခွဲသဖြင့် ၊ စပျစ်ရည် သည်ယို ၍ သားရေဘူး လည်း ပျက်စီး တတ်၏။ ၃၈ အသစ် သောစပျစ်ရည် ကို အသစ် သောသားရေဘူး၌ ထည့် ရသည်၊ ထိုသို့ထည့်လျှင် နှစ်ပါးစလုံး မပျက်စီး။ ၃၉ ဟောင်း သောစပျစ်ရည်ကိုသောက် ပြီးသော သူသည်လည်း အသစ် သောစပျစ်ရည်ကို ချက်ခြင်းအလို မ ရှိတတ်။ ဟောင်း သော စပျစ်ရည်သာ၍ကောင်း သည်ကိုသိ၏ ဟုမိန့် တော်မူ၏။

၆ ဒုတိယဓကဒက်ဥပုသ်နေ့ ၌ ကိုယ်တော် သည် ဂျုံစပါးလယ်ကွက် တို့ကို ရှောက်ကြွ တော်မူလျှင် ၊ တပည့် တော်တို့သည် စပါး အသီးအနှံကိုဆွတ် ၍ လက် နှင့် ပွတ်နယ် စား ကြ၏။ ၂ ဖာရိရှဲ အချို့တို့က၊ ဥပုသ်နေ့ ၌ မ ပြုအပ် သောအမှု ကိုသင်တို့သည် အဘယ်ကြောင့် ပြု ကြသနည်းဟု ဆို ကြသော်၊ ၃ ယေရှု က၊ ဒါဝိဒ် သည် မိမိ အဘော် တို့နှင့်တကွ မွတ်သိပ် သောအခါ ၊ ၄ ဘုရားသခင် ၏ အိမ် တော်သို့ ဝင် ၍ ယဇ်ပုရောဟိတ် တို့မှတစ်ပါး အဘယ်သူ မျှမ စား အပ် သော ရှေ့ တော် မုန့် ကို ယူ စား ၍ ၊ မိမိ အဘော် တို့အားပေး သည်အကြောင်းကိုမျှ သင်တို့သည်မ ဘတ် ဘူးသလော။ ၅ ထိုမှတပါး ၊ လူ သား သည် ဥပုသ်နေ့ ကိုပင် အစိုးရ သည် ဟု မိန့် တော်မူ၏။ ၆ အခြား သောဥပုသ်နေ့ ၌ ကိုယ်တော် သည်တရားစရပ် သို့ ဝင် ၍ ဆုံးမ ဩဝါဒပေးတော်မူသည်တွင်၊ ထို စရပ်၌ လက်ျာ လက် သေ သောသူ တစ်ယောက်ရှိ ၏။ ၇ ဥပုသ်နေ့ ၌ သူ၏ရောဂါကို ငြိမ်း စေမည် မငြိမ်းစေမည်ကို ကျမ်းပြု ဆရာနှင့် ဖာရိရှဲ တို့သည် ကိုယ်တော် ၌ အပြစ်တင် ခွင့်ကို ရှာ ၍ ချောင်းကြည့် ကြ၏။ ၈ ကိုယ်တော် သည် ထိုသူ တို့အကြံအစည် ကိုသိ လျှင်၊

လက် သေ သောသူ အား၊ ထ လော့။ အလယ် ၌ မတ်တတ် နေလော့ ဟု မိန့် တော်မူသည်အတိုင်း ထိုသူသည်ထ ၍ မတ်တတ် နေ၏။ ၉ ယေရှု ကလည်း၊ သင် တို့ကိုငါမေး မည်။ ဥပုသ်နေ့ ၌ အဘယ်သို့ပြုအပ် သနည်း။ ကျေးဇူးပြု အပ်သလော ။ သူ့အကျိုးကို ဖျက်ဆီး အပ်သလော။ အသက် ကို ကယ် အပ်သလော ၊ သတ် အပ်သလော ဟု ပရိသတ် တို့အား မေး တော်မူပြီးလျှင် ၊ ၁၀ ထိုသူ အပေါင်း တို့ကို ပတ်လည် ကြည့်ရှုလျက်၊ သင် ၏လက် ကို ဆန့် လော့ ဟု ထိုသူ အားမိန့် တော်မူ၍ သူသည်မိမိလက်ကိုဆန့် လျှင် ၊ ထိုလက် သည် လက်တစ်ဘက်ကဲ့သို့ပကတိ ဖြစ်လေ၏။ ၁၁ ထိုသူ များတို့သည် ဒေါသ စိတ်နှင့် ယစ်မူး ၍ ယေရှု အား အဘယ်သို့ ပြု အံ့နည်းဟု အချင်းချင်း ဆွေးနွေး ကြ၏။ ၁၂ ထို နေ့ရက် ကာလ၌ ကိုယ်တော် သည် ဆုတောင်း ပဌနာပြုခြင်းဌာတောင် ပေါ် သို့ ကြွ ၍ ဘုရားသခင် အား ဆုတောင်း ပဌနာပြုလျက် တစ် ညဉ့်နေ တော်မူ၏။ ၁၃ မိုဃ်းလင်း သောအခါ တပည့် တော်တို့ကို ခေါ် တော်မူ၍ ၊ ၁၄ ပေတရု အမည်သစ်ကိုရသော ရှိမုန် နှင့် သူ့ ညီ အန္ဒြေ၊ ယာကုပ် နှင့် ယောဟန် ၊ ဖိလိပ္ပု နှင့် ဗာသောလမဲ ၊ ၁၅ မဿဲ နှင့် သောမ ၊ အာလဖဲ ၏သားယာကုပ် နှင့် ဇေလုပ် ဟုခေါ် ဝေါ် သော ရှိမုန် ၊ ၁၆ ယာကုပ် ၏ ညီယုဒ နှင့် ကိုယ်တော်ကိုအပ်နှံ သော ယုဒ ရှကာရျုတ် တည်းဟူသောတကျိပ် နှစ်ပါးတို့ကို ရွေးကောက် ၍ တမန်တော် အမည် ဖြင့် သမုတ်တော်မူ၏။ ၁၇ ထိုသူ တို့နှင့်တကွ ကိုယ်တော်သည် တောင်ပေါ် ကဆင်းကြွ ၍ မြေညီ ရာအရပ် ၌ ရပ် တော်မူ၏။ တရား နာခြင်းဌာငှ်း ၊ အနာ ရောဂါတို့ကိုငြိမ်း စေခြင်းဌာငှ်း၊ယေရုရှလင် မြို့မှစ၍ ယုဒ ပြည်။ ပင်လယ် ကမ်းနား၊ တုရု မြို့၊ ဇိဒုန် မြို့ အရပ်ရပ် တို့က လာ ကြ သော လူ အစုအဝေး အပေါင်း တို့နှင့် တပည့် တော်အပေါင်း တို့သည် ရှိကြ၏။ ၁၈ ညစ်ညူး သောနတ် ဥှင်းဆဲ သောသူ တို့သည်လည်း လာ၍ချမ်းသာ ရကြ၏။ ၁၉ ကိုယ်တော် အထဲ ကတန်ခိုး ထွက် ၍ လူအပေါင်း တို့ကို သက်သာ စေတော်မူသည်ဖြစ်၍၊ ပရိသတ် အပေါင်း တို့သည် ကိုယ်တော် ကိုတို့ ခြင်းဌာရှာကြဲ ကြ၏။ ၂၀ ထိုအခါ ကိုယ်တော် သည်မြော် ၍ တပည့် တော်တို့ကို ကြည့်ရှုတော်မူလျှင်၊ ဆင်းရဲ သောသင်တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ဘုရားသခင် ၏ နိုင်ငံ တော်သည် သင် တို့၏နိုင်ငံဖြစ် ၏။ ၂၁ ယခု တွင် ငတ်မွတ် သောသင်တို့သည် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ သင်တို့သည် ဝမ်ြော ခြင်းသို့ ရောက်ကြလတံ့။ ယခု တွင် ငိုကြွေး သော သင်တို့သည်မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ သင်တို့သည် ရယ် ကြ လတံ့။ သူတစ်ပါး တို့သည် လူ သား ကြောင့် သင် တို့ကိုမုန်း သောအခါ ၊ ၂၂ ပယ်ရှား နှင်ထုတ်၍ ကဲ့ရဲ့ ခြင်း၊ အသရေ ရှုတ်ချ ခြင်းကို ပြုသောအခါ သင်တို့သည် မင်္ဂလာ ရှိ ကြ၏။ ၂၃ ထို ကာလ ၌ ဝမ်းမြောက် ခြင်းရှိကြလော့။ ရွှင်မြူးသောစိတ်နှင့် ခုန် ကြလော့။ အကြောင်းမူကား ၊ ကောင်းကင် ဘုံ၌ သင် တို့၏အကျိုး သည် ကြီးလှ ပေ၏။ သူ တို့၏ဘိုးဘေး များသည် ပရောဖက် တို့ကို ထိုသို့ ပင်ပြု ကြပြီ။ ၂၄ တစ်နည်းကား၊ ငွေရတတ် သောသင် တို့ သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ သင်တို့သည် မိမိ သက်သာ ခြင်းကို ယခုခံရ ကြ၏။ ၂၅ ဝ စွာစားရသော သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ သင်တို့သည် ငတ်မွတ် ခြင်းသို့ ရောက်ရကြလတံ့။ ယခု ရယ် တတ်သောသင်တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ သင်တို့သည် ညည်းတွား ငိုကြွေး ရကြလတံ့။ ၂၆ လူ တို့သည် သင် တို့ကို ချီးမွမ်း

သောအခါ ၊ သင်တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ သူ တို့၏ ဘိုးဘေး များသည် မိစ္ဆာ ပရောဖက်တို့ကို ထိုသို့ ပင် ပြု ကြပြီ။ ၂၇ ငါ့စကားကိုကြား ရသော သင် တို့အား ငါဆို သည်ကား၊ သင် တို့၏ ရန်သူ တို့ကို ချစ် ကြလော့။ သင် တို့ကို မုန်း သောသူ တို့အား ကျေးဇူး ပြု ကြလော့။ ၂၈ သင် တို့ကို ကျိန်ဆဲ သောသူ တို့အား မေတ္တာပို့ ကြလော့။ သင် တို့ကို နှောင့်ရှက် သောသူ တို့အဘို့ ဘုရားသခင်ကို ဆုတောင်း ကြလော့။ ၂၉ သင် ၏ ပါး တဘက်ကို ပုတ် သောသူ အား ပါးတဘက် ကိုပေး ဦးလော့။ သင့် ဝတ်လုံ ကို သိမ်းယူ သော သူ အား သင့်အင်္ကျီ ကိုလည်း ယူစေခြင်းငှာအခွင့် ပေးဦးလော့။ ၃၀ အကြင်သူ သည် သင့် ကိုတောင်း ၏။ ထိုသူအားပေး လော့။ သင့် ဥစ္စာ ကို သိမ်းယူ သောသူ အားပြန် ၍ မ တောင်းနှင့်။ ၃၁ သင်တို့သည် ကိုယ် ၌သူတစ်ပါး ပြု စေလို သည်အတိုင်း သူတစ်ပါး ၌ ပြု ကြလော့။ ၃၂ သင် တို့ကို ချစ် သောသူ တို့အားသာချစ်တုံ့ပြု လျှင် အဘယ် ကျေးဇူး တင် သနည်း။ ဆိုး သောသူ တို့သည် ကိုယ် ကိုချစ် သောသူ တို့အား ချစ်တုံ့ပြု ကြသည် မဟုတ်လော။ ၃၃ သင် တို့ကို ကျေးဇူးပြု သောသူ တို့အားသာ ကျေးဇူး ပြုလျှင် အဘယ် ကျေးဇူး တင် သနည်း။ ဆိုး သော သူ တို့သည် ဤမျှလောက် ပြု ကြသည်မဟုတ်လော့။ ၃၄ သူတစ်ပါးအား ဥစ္စာချေးငှား သောအခါ ဆပ်ပေး လိမ့်မည်ဟု မြော်လင့် လျက် ချေးငှားလျှင် အဘယ် ကျေးဇူး တင် သနည်း။ ဆိုး သောသူတို့သည် ကျေးဇူးဆပ်ခြင်းကိုခံ လိုရ၍ ဆိုး သောသူချင်းတို့အား ချေးငှား တတ် သည် မဟုတ်လော။ ၃၅ သင် တို့မူကား ရန်သူ တို့ကိုချစ် ကြသလော။ ကျေးဇူး ပြုကြလော့။ တစ်စုံတစ်ခုကိုရမည်ဟု မြော်လင့် ခြင်း မ ရှိဘဲချေးငှား ကြလော့။ ထိုသို့ပြုလျှင်သင် တို့အကျိုး ကြီး လိမ့်မည်။ အမြင့်ဆုံး သောဘုရား၏ သား ဖြစ် ကြလိမ့်မည်။ ၃၆ ထိုဘုရား သည် ကျေးဇူး မသိသောသူ ၊ ဆိုးညစ် သောသဘောရှိသော သူတို့အား ကျေးဇူး ပြု တော်မူ၏။ ထို့ကြောင့် သင် တို့အဘ သည် သနား ခြင်းစိတ်ရှိ တော်မူသည်နည်းတူ သင်တို့သည်လည်း သနား ခြင်းစိတ်ရှိ ကြ လော့။ ၃၇ သူတစ်ပါး၏အမှု၌ စစ်ကြော ဆုံးဖြတ်ခြင်းကို မ ပြုကြနှင့်။ မ ပြုလျှင်သင်တို့သည် စစ်ကြော ဆုံးဖြတ်ခြင်း နှင့် ကင်းလွတ် ကြလိမ့်မည်။ သူတစ်ပါးကို အပြစ် မ စီရင်ကြနှင့် ။ မ စီရင်လျှင် သင်တို့သည် အပြစ် စီရင်ခြင်းနှင့် ကင်းလွတ် ကြလိမ့်မည်။ သူ့အပြစ်ကို လွှတ် ကြလော့။ လွှတ်လျှင် ကိုယ်အပြစ်လွှတ် လိမ့်မည်။ ၃၈ သူတစ်ပါးအားပေး ကြလော့။ ပေးလျှင် သူတစ်ပါးသည် သင် တို့အားပေး ကြလိမ့်မည်။ အမှန် ခြင် ရုံမျှမက၊ သိပ်နှက် လျက်၊ လှုပ် လျက်၊ လျှံ လျက်ရှိခြင်းနှင့် သင် တို့ရင်ခွင် ၌ ပေး ကြလိမ့်မည်။ အကြောင်းမူကား ၊ အကြင် ချိန်၊ တင်းပမာဏ နှင့် သင် တို့သည် သူတစ်ပါးအားပေး ၏၊ ထိုပမာဏ အတိုင်း ကိုယ်ခံရကြမည်။ ၃၉ ဥပမာ ကား ၊ လူကန်း သည် လူကန်း ကို လမ်းပြနိုင် သလော။ နှစ် ဦးတို့သည် တွင်း ထဲသို့ ကျ လိမ့်မည်မ ဟုတ်လော။ ၄၀ တပည့် သည် ဆရာ ထက် မ သာ။ အပြီး သင်ပြီးသော တပည့်တိုင်း မိမိ ဆရာ ကဲ့သို့ ဖြစ် လိမ့်မည်။ ၄၁ ကိုယ် မျက်စိ ၌ ရှိသောတံကျင် ကို မ အောက် မမေ့ဘဲ၊ ညီအစ်ကို မျက်စိ ၌ ရှိသော ငြောင့်ငယ် ကို အဘယ်ကြောင့် ကြည့်ရှု သနည်း။ ၄၂ ကိုယ် မျက်စိ ၌ ရှိသော တံကျင် ကို မ မြင်မှတ် ဘဲလျက်၊ ညီအစ်ကို ၊ သင် ၏မျက်စိ ၌ ရှိသော ငြောင့်ငယ် ကို ထုတ် ပါရစေဟု အဘယ်သို့ ညီအစ်ကို အားဆို ရသနည်း။ လျှို့ဝှက် သောသူ၊ ကိုယ် မျက်စိ ၌ ရှိသောတံကျင် ကို ရှေးဦးစွာ ထုတ် လော့။ နောက်မှ ညီအစ်ကို မျက်စိ ၌

ရှိသော ငြောင့်ငယ် ကိုထုတ် ခြင်းငှာရှင်းလင်း စွာမြင်လိမ့်မည်။ ၄၃ မကောင်း သောအသီး ကိုသီး သော အပင်ကား၊ ကောင်း သောအပင် မ ဟုတ် ။ ကောင်း သောအသီး ကို သီး သော အပင်ကား၊ မကောင်း သောအပင် မ ဟုတ်။ ၄၄ အသီး ကိုထောက်၍အပင် သဘော ကိုသိ ရ၏။ ဆူးပင် ၌ သင်္ဘော်သဖန်း သီးကို မ ဆွတ် တတ်။ တောချဲ့ ၌ စပျစ်သီး ကိုမ ဆွတ် တတ်။ ၄၅ ကောင်း သောသူ သည် ကောင်း သော မိမိစိတ် နှလုံး ဘဏ္ဍာတိုက် ထဲက ကောင်း သောအရာ ကို ထုတ်ဘော် တတ်၏။ မကောင်း သောသူ သည် မကောင်း သောအရာ ကိုထုတ်ဘော် တတ်၏။ အကြောင်းမူကား ၊ စိတ် နှလုံးအပြည့် ရှိသည်အတိုင်း နှုတ် မြွတ် တတ်၏။ ၄၆ ငါ့စကား ကို နား မ ထောင်ဘဲလျက်၊ ငါ့ ကိုသခင် ၊ သခင် ဟု အဘယ်ကြောင့် ခေါ် ကြသနည်း။ ၄၇ ငါ့ ထံသို့ လာ ၍ ငါ့ စကား ကိုကြား သည်အတိုင်း နားထောင် သောသူ သည် အဘယ်သူ နှင့် တူ သနည်း ဟူမူကား၊ ၄၈ တိုက် ကိုတည် သောအခါ နက် စွာတူး ၍ ကျောက် ပေါ် မှာ တိုက်မြစ် ချ သောသူ နှင့်တူ၏။ မြစ် ရေထ သဖြင့် ရေစီး ၍ ထို တိုက် ကိုရိုက်ခတ် သောအခါ ကျောက်ပေါ် မှာတည် လျက်ရှိသောကြောင့် မ လှုပ် နိုင် ရာ။ ၄၉ ငါ့စကားကိုကြား ၍ နားထောင် သောသူ မူကား ၊ အခုအခံ မ ရှိဘဲ မြေ ပေါ် မှာ တိုက် ကိုတည် သောသူ နှင့်တူ၏။ ရေစီး ၍ ထို တိုက် ကိုရိုက်ခတ် သောအခါ၊ ချက်ခြင်း လဲ ၍ အကုန်အစင် ပြိုပျက် လေသည် ဟု ဟော တော်မူ၏။

၇ ထိုဒေသနာ တော်ကို ယေရှုသည် ပရိသတ် တို့အား အကုန်အစင် ဟောတော်မူပြီးမှကပေရနောင် မြို့ သို့ ကြွဝင် တော်မူ၏။ ၂ ထိုမြို့၌ တပ်မှူး ၏ကျွန် တစ် ယောက်သည်နာ ၍ သေခါနီး ရှိ ၏။ သူ၏သခင် သည် သူ့ကိုချစ် ၍၊ ၃ ယေရှု ၏ သိတင်း တော်ကိုကြား လျှင် ၊ ယုဒ အမျိုး အကြီးအကဲ တို့ကိုအထံ တော်သို့ စေလွှတ် သဖြင့်၊ ကိုယ်တော်သည်ကြွ ၍ထိုကျွန် ကိုချမ်းသာ ပေးတော်မူမည်အကြောင်း တောင်းပန် လေ၏ ။ ၄ ထိုသူ တို့သည် ယေရှု ထံတော်သို့ ရောက် လျှင် ၊ ကျေးဇူးတော်ကို ခံ မည့်သူ သည်ခံထိုက် သောသူဖြစ် ပါ၏။ ၅ သူ သည် အကျွန်ုပ် တို့အမျိုး ကို နှစ်သက် ၍ အကျွန်ုပ် တို့အဘို့ တရားစရပ် ကို ဆောက် ပါပြီဟု၍ ကျပ်ကျပ် တောင်းပန် ကြ၏။ ၆ ယေရှု သည် သူ တို့နှင့်အတူ ကြွ တော်မူ၏။ တပ်မှူး အိမ် နှင့်မ နီးမဝေး ရောက် တော်မူသောအခါ ၊ တပ်မှူးသည် မိမိ အဆွေ တို့ကို စေလွှတ် ၍၊ သခင် ၊ ကိုယ်ကို ပင်ပန်း စေတော်မ မူပါနှင့်။ အကျွန်ုပ် ၏ အိမ်မိုး အောက် သို့ ကြွဝင် တော်မူခြင်း ကျေးဇူးတော်ကို အကျွန်ုပ်မ ခံထိုက် ပါ။ ၇ ထိုအတူ အကျွန်ုပ် သည် ကိုယ်တော် ထံသို့ ရောက် ထိုက် သောသူမ ဟုတ်သည်ကို အကျွန်ုပ်ထင်ပါပြီ။ အမိန့် တော်တစ်ခွန်းရှိ လျှင် အကျွန်ုပ် ၏ငယ်သား သည် ချမ်းသာ ရပါလိမ့်မည်။ ၈ ဥပမာကား၊ အကျွန်ုပ် သည် မင်းအောက် ၌ ကျွန်ခံသောသူဖြစ် သော်လည်းစစ်သူရဲ များကိုအုပ်စိုး ၍ တစ်ဦး ကိုသွား ချေဟု ဆို လျှင် သွား ပါ၏။ တစ်ဦး ကိုလာ ခဲ့ဟုခေါ် လျှင် လာ ပါ၏။ ကျွန် ကိုလည်း ဤအမှု ကို လုပ် တော့ ဟုဆိုလျှင် လုပ် ပါ၏ဟု တပ်မှူးလျှောက် စေ၏။ ၉ ထို စကားကို ယေရှု သည်ကြား တော်မူလျှင် အံ့ဩ ခြင်းရှိ၍ နောက် တော်သို့လိုက်သောသူ များကို လှည့်ကြည့် လျက်၊ ငါဆို သည်ကား၊ ဤမျှလောက် သော ယုံကြည် ခြင်းကို ဣသရေလ အမျိုး၌ ပင် ငါမ တွေ့ ဘူးသေး ဟု မိန့် တော်မူ၏။ ၁၀ တပ်မှူးစေလွှတ် သော သူ တို့သည် အိမ် သို့ ပြန်ရောက်

လျှင် ၊ အနာရောဂါစွဲသော ကျွန် သည် ကျန်းမာ လျက်ရှိသည်ကို တွေ့ ကြ၏။ ၁၁ နက်ဖြန် နေ့၌ နာဂနာ မြို့ သို့ ကြွ တော်မူ၍ ၊ တပည့် တော်များနှင့် လူ အစုအဝေးအပေါင်း တို့သည် နောက်တော်သို့လိုက် ကြ၏။ ၁၂ မြို့ တံခါး အနီး သို့ရောက်သောအခါ ၊ မုဆိုးမ ၌ တစ်ယောက်တည်း သောသား အသေ လောင်းကို သင်္ဂြိုဟ်ခြင်းငှာ ထုတ်သွား ၍၊ မြို့သူ မြို့သားများတို့သည် လိုက် ကြ၏။ ၁၃ သခင် ဘုရားသည် ထိုမိန်းမ ကိုမြင် လျှင် သနား ခြင်းစိတ်တော်ရှိ၍၊ မ ငို နှင့် ဟု မိန့် တော်မူလျက် အနီး သို့ ကြွ၍ တလား ကို လက်နှင့်တို့ တော်မူသဖြင့် ၊ ထမ်း သောသူ တို့သည် ရပ် ၍နေကြ၏၊ ၁၄ ကိုယ်တော်ကလည်း ၊ အချင်းလုလင် ၊ ထ လော့၊ သင့် အားငါအမိန့် ရှိသည် ဟု မိန့် တော်မူလျှင် ၊ ၁၅ သေ သောသူ သည် ထိုင် ၍ စကား ပြော၏။ ကိုယ်တော်သည်လည်း ထိုသူ ကိုမိခင် အား အပ်ပေး တော်မူ၏။ ၁၆ လူအပေါင်း တို့သည် ကြောက်ရွံ့ ခြင်း သို့ရောက်၍ ၊ ကြီးစွာ သောပရောဖက် သည် ငါ တို့တွင် ပေါ်ထွန်း ပြီ။ ဘုရားသခင် သည် မိမိ လူမျိုး ကို အကြည့်အရှု ကြွတော်မူပြီ ဟူ၍ဘုရားသခင် ၏ဂုဏ် တော်ကို ချီးမွမ်းကြ၏။ ၁၇ ထို သိတင်း တော်သည် ယုဒ ပြည်မှစ၍ ပတ်ဝန်းကျင် အရပ်တို့ ၌ အနှံ့အပြား ကျော်စော လေ၏။ ၁၈ ယောဟန် ၏ တပည့် တို့သည် ထို အကြောင်း အရာအလုံးစုံ တို့ကို မိမိ ဆရာအားကြားပြော ကြ၏။ ၁၉ ထိုအခါ ယောဟန် သည် မိမိ တပည့် နှစ် ယောက်ကို ခေါ် ပြီးလျှင် ယေရှု ထံတော်သို့ စေလွှတ် ၍၊ ကိုယ်တော် သည် ကြွလာ သောသူ မှန် သလော။ သို့မဟုတ် အခြား သောသူကို မြော်လင့် ရပါမည်လောဟု မေးလျှောက် စေ၏။ ၂၀ ထိုသူတို့သည် အထံ တော်သို့ ရောက် လျှင်၊ ကိုယ်တော် သည်ကြွလာ သောသူ မှန် သလော။ သို့မဟုတ် အခြား သောသူကို မြော်လင့် ရပါမည်လောဟု မေးလျှောက် စေခြင်းငှာ၊ ဗတ္တိဇံ ဆရာယောဟန် သည် အကျွန်ုပ် တို့ကို ကိုယ်တော် ထံသို့ စေလွှတ် ပါပြီဟု လျှောက် ကြ၏။ ၂၁ ထို အချိန် နာရီ၌ ယေရှုသည် လူများ တို့ကို အနာ ရောဂါဝေဒနာ ဘေး၊ နတ် ဆိုး ဘေးနှင့် ကင်းလွတ် စေ တော်မူ၏။ မျက်စိ ကန်းသောသူများ တို့ကိုလည်း မျက်စိ မြင်စေခြင်းငှာကျေးဇူး ပြုတော်မူ၏။ ၂၂ ထိုအခါ ယေရှုက၊ သင်တို့သည်ကြား ရသမျှ၊ မြင် ရသမျှ တို့ကိုသွား ၍ ယောဟန် အား ကြားလျှောက် ကြ လော့။ မျက်စိ ကန်းသောသူတို့သည်မျက်စိမြင် ရကြ၏ ။ ခြေမစွမ်း သောသူတို့သည် လှမ်းသွား ရကြ၏။ နူနာစွဲ သော သူတို့သည် သန့်ရှင်း ခြင်းသို့ရောက်ရကြ၏။ နားပင်း သောသူတို့သည် နားကြား ရကြ၏။ သေ သောသူတို့သည် ထမြောက် ခြင်းသို့ ရောက်ရကြ၏။ ၂၃ ဆင်းရဲသား တို့သည်လည်း ဝမ်းမြောက် စရာသိတင်းကိုကြားရကြ၏။ ငါ့ ကြောင့် စိတ် မ ပျက်သောသူ သည် မင်္ဂလာ ရှိ ၏ ဟု ပြန်ပြောတော်မူ ၏။ ၂၄ ယောဟန် စေလွှတ် သောသူ တို့သည် သွား ကြသည်နောက် ၊ ယေရှုသည် ယောဟန် ကို အကြောင်း ပြု၍ ပရိသတ် တို့အား၊ သင်တို့သည် အဘယ် မည်သောအရာကို ကြည့်ရှု ခြင်းငှာတော သို့ ထွက်သွား ကြသနည်း။ လေ လှုပ် သောကျူပင် ကို ကြည့်ရှုခြင်းငှာ သွား သလော။ ၂၅ သို့မဟုတ် နူးညံ့ သောအဝတ် ကို ဝတ်ဆင် သောသူ ကို ကြည့်ရှုခြင်းငှာသွားသလော။ တင့်တယ် သော အဝတ် ကိုဝတ်ဆင်၍ ကောင်းမွန် စွာစားသောက်သောသူ တို့သည် မင်းအိမ် ၌ နေ တတ်ကြ၏။ ၂၆ ပရောဖက် ကို ကြည့်ရှုခြင်းငှာ သွား သလော။ မှန် ပေ၏။ ပရောဖက် ထက် ကြီးမြတ်သောသူလည်း ဖြစ်သည်ဟု ငါဆို ၏။ ၂၇

ကျမ်းစာ၌လာ သည်ကား၊ ကြည့်ရှု လော့။ သင် သွားရာလမ်း ကိုပြင် ရသော ငါ ၏တမန် ကိုသင့် ရှေ့၌ငါစေလွှတ် ၏ဟုဆိုရာ၌ ထိုသူ ကိုဆိုလို သတည်း။ ၂၈ ငါဆို သည်ကား၊ မိန်းမ မွေး သောသူတို့တွင် ဗတ္တိဇံဆရာယောဟန် ထက် ကြီးမြတ် သော ပရောဖက် တစ်ယောက် မျှမရှိ ။ သို့သော်လည်း ဘုရားသခင် ၏နိုင်ငံ တော်တွင် အငယ်ဆုံး သောသူ သည် ထိုသူ ထက် သာ၍ကြီးမြတ်၏။ ၂၉ အခွန်ခံ သူမှစ၍ လူ အပေါင်း တို့သည် ယောဟန်၏စကားကို ကြားနာ ရလျှင် ၊ ဘုရားသခင် ကို ချီးမွမ်း ၍ ယောဟန် ပေးသော ဗတ္တိဇံ ကို ခံ ကြ၏။ ၃၀ ဖာရိရှဲ နှင့် ကျမ်းတတ် တို့မူကား ၊ သူ တို့အကျိုး အလိုငှာ ဘုရားသခင် ကြံစည် တော်မူသော ကျေးဇူးတော်ကို ပယ် ၍ ယောဟန် ၏ ဗတ္တိဇံ ကို မ ခံဘဲနေကြ၏။ ၃၁ ထိုကြောင့် ဤ လူမျိုး ကို အဘယ် ဥပမာနှင့် ပုံပြ ရအံ့နည်း။ အဘယ်သူ နှင့်တူ သနည်း။ ၃၂ ပွဲ သဘင်၌ ထိုင်နေ သောသူငယ်ချင်းတို့သည် တစ် ယောက်ကိုတစ်ယောက် အသံလွှင့် ကြ၍ ၊ ငါတို့သည် သာယာစွာတီးမှုတ် သော်လည်း သင်တို့သည်မ က ကြ။ ညည်းတွား စွာမြည်တမ်းသော်လည်း မ ငိုကြွေး ကြဟု ပြောဆို သောသူငယ် တို့နှင့် ဤလူမျိုးသည် တူ လှ၏။ ၃၃ အကြောင်းမူကား ၊ ဗတ္တိဇံ ဆရာယောဟန် သည် မုန့် ကိုမ စား ၊ စပျစ်ရည် ကိုမ သောက် ဘဲ လာ သည်ရှိသော်သင်တို့က၊ ဤသူသည် နတ်ဆိုး စွဲ သောသူပါတကားဟု ဆို ကြ၏။ ၃၄ လူ သား သည် စား သောက် လျက် လာ သည်ရှိသော်၊ ဤသူ သည် စားကြူး သောသူ၊ စပျစ်ရည်သောက်ကြူး သောသူပါတကား။ အခွန်ခံ သောသူနှင့် ဆိုး သောသူတို့ကို မိတ်ဆွေ ဖွဲ့သောသူပါတကားဟု ဆို ပြန်ကြ၏။ ၃၅ သို့သော်လည်း ပညာ တရားသည် မိမိ သား ရှိသမျှ တို့တွင် ကဲ့ရဲ့ ပြစ်တင်ခြင်းနှင့်လွတ်၏ ဟု မိန့်တော်မူ၏။ ၃၆ ဖာရိရှဲ တစ် ယောက်သည် အစာကို သုံးဆောင် တော်မူစေခြင်းငှာ ကိုယ်တော် ကို ခေါ်ပင့် လျှင်၊ ထိုဖာရိရှဲ ၏ အိမ် သို့ ကြွ ၍ စားပွဲ၌လျောင်း တော်မူသည်။ ၃၇ ထိုသို့စားပွဲ၌လျောင်း တော်မူသည်ကိုထို မြို့ ၌ ဆိုး သောမိန်းမ တစ်ယောက်သည် သိ လျှင် ၊ ဆီမွှေး ကျောက်ဖြူ ခွက်တစ်လုံးကို ယူခဲ့ ၍ ၊ ၃၈ နောက် တော်၌ ခြေ တော်အနီးမှာရပ် လျက် ငိုကြွေး ၍ ခြေ တော်ပေါ် သို့မျက်ရည် ကျ လျှင် မိမိ ဆံပင် နှင့်သုတ် လေ၏။ ခြေ တော်ကိုလည်း နမ်း ၍ ဆီမွှေး နှင့် လိမ်း လျက်နေလေ၏။ ၃၉ ကိုယ်တော် ကို ခေါ်ပင့် သော ဖာရိရှဲ သည်မြင် လေသော်၊ ဤသူ သည်ပရောဖက် မှန် လျှင် ခြေ တော်ကို ကိုင် သော ဤ မိန်းမ သည်အဘယ်သို့ သောသူဖြစ်သည်ကို သိ လိမ့်မည်။ ဤမိန်းမသည်ဆိုး သောသူဖြစ် ၏ဟု ထင်မှတ်၏။ ၄၀ ယေရှု ကလည်း ၊ အချင်းရှိမုန် ၊ သင့် အား ငါပြော စရာတစ်ခု ရှိ သည် ဟု မိန့် တော်မူလျှင် ၊ အရှင် ဘုရား အမိန့် ရှိတော်မူပါဟု လျှောက် သော်၊ ၄၁ ယေရှုက၊ ဥစ္စာရှင် တစ်ဦး ၌ ကြွေးစား နှစ် ဦးရှိ ၏။ တစ် ယောက်၌ကား ဒေနာရိ အပြားငါးရာ ၊ တစ် ယောက်၌ ကား ငါးဆယ် ကြွေး ရှိ၏။ ၄၂ သူ တို့သည် ကြွေးဆပ် ရန်မ ရှိ သောကြောင့်၊ ကြွေးရှင်သည် ထိုသူနှစ် ယောက်တို့ကို အချည်းနှီး လွှတ်၏။ သို့ ဖြစ်လျှင် ထိုသူ နှစ်ယောက်တွင် အဘယ်သူ သည်ကြွေးရှင် ကိုသာ၍ ချစ် လိမ့်မည်နည်း ဟု မေးတော်မူ၏။ ၄၃ ရှိမုန် ကလည်း၊ သာ၍ ကျေးဇူးကိုခံရ သောသူ သည် သာ၍ချစ်လိမ့်မည် အကျွန်ုပ်ထင် ပါ၏ဟု လျှောက် လျှင်၊ ယေရှုက၊ သင်ထင် သည်အတိုင်း မှန် ပေ၏ဟု မိန့် တော်မူပြီးမှ ၊ ၄၄ ထို မိန်းမ ကို လှည့် ၍ ရှိမုန် အားလည်း၊ သင်သည် ဤ မိန်းမ ကိုမြင်သလော ။ သင်

၏အိမ် သို့ ငါဝင် သော် သင်သည် ခြေ ဆေးရေ ကိုမ ပေး ။ ဤ မိန်းမမူကား ၊ ငါ့ ခြေ ပေါ် သို့မျက်ရည် ကျ ၍ မိမိ ဆံပင် နှင့်သုတ် လေပြီ။ ၄၅ သင်သည် ငါ့ ကိုမ နမ်း ၊ သူ မူကား ၊ အိမ်သို့ဝင် သောအချိန်မှစ၍ ငါ့ ခြေ ကိုနမ်း လျက်မ စဲ ဘဲနေ၏။ ၄၆ သင်သည်ငါ့ ခေါင်း ကို ဆီ နှင့်မ လိမ်း ။ သူ မူကား ၊ ငါ့ ခြေ ကို ဆီမွှေး နှင့်လိမ်း လေပြီ။ ၄၇ ထိုကြောင့် ငါဆို သည်ကား၊ သူသည် များစွာ သောအပြစ် တို့နှင့်လွတ် သည်ဖြစ်၍ အလွန် ချစ် တတ်၏။ အနည်းငယ်သော အပြစ်လွတ် သောသူ သည် အနည်းငယ် မျှသာ ချစ် တတ်သည် ဟု မိန့် တော်မူ၏။ ၄၈ ထိုမိန်းမ အားလည်း ၊ သင် သည် အပြစ် တို့နှင့် လွတ် လေပြီ ဟု မိန့် တော်မူ၏။ ၄၉ စားပွဲ၌လျောင်း သောသူ တို့က၊ အပြစ် ကိုလွှတ် သော ဤ သူကား အဘယ်သူ နည်းဟု အော်က်မေ့ ကြ၏။ ၅၀ ယေရှုသည် ထို မိန်းမ အား သင် ၏ ယုံကြည် ခြင်းသည် သင့် ကို ကယ်တင် ပြီ။ ငြိမ်ဝပ် စွာသွား လော့ ဟု မိန့် တော်မူ၏။

၈ ထိုနောက်မှ ကိုယ်တော် သည် မြို့ ရွာ အစဉ် အတိုင်းဒေသစာရီ လှည့်လည်၍ ဘုရားသခင် ၏ နိုင်ငံ တော် နှင့်ယှဉ်သော ဧဝံဂေလိ တရားကို ဟော တော်မူ၏။ ၂ တစ်ကျိပ် နှစ်ပါးသော တပည့်တော်တို့သည် နောက်တော်သို့လိုက်ကြ၏။ နတ် ဆိုး ဘေး၊ အနာ ရောဂါ ဘေးနှင့် ကင်းလွတ် စေတော်မူသောမိန်းမ အချို့သည်လည်း လိုက်ကြ၏။ ထိုမိန်းမ တို့တွင် နတ်ဆိုး ခုနစ် ယောက် ထွက် သော မာဂဒလ ဟုခေါ် ဝေါ် သောမာရိ ၊ ၃ ဟေရုဒ် မင်း၏ စားတော်ကဲ ခုဇ ၏မယား ယောဟန္နန် နှင့် ရှုရှန္နန် မှစ၍မိမိဥစ္စာ ကိုလှူ၍ ကိုယ်တော် ကို လုပ်ကျွေး သော အခြား မိန်းမအများ ပါကြ၏။ ၄ များစွာ သောလူ အပေါင်းတို့သည် မြို့ ရွာအရပ်ရပ် တို့မှ အထံ တော်သို့ လာ ၍ စုဝေး လျက်ရှိကြသောအခါ၊ ဥပမာ စကားအားဖြင့် မြွက်ဆို တော်မူသည်မှာ၊ ၅ မျိုးစေ့ ကြဲသောသူ သည် မျိုးစေ့ ကိုကြဲ ခြင်းငှာထွက်သွား ၏။ အစေ့ကို ကြဲ သည်တွင် အချို့သော အစေ့ တို့သည် လမ်း ၌ ကျ သဖြင့် ကျော်နင်း ခြင်းကို ခံရ၍ မိုဃ်း ကောင်းကင်ငှက် တို့သည် ကောက်စား ကြ၏။ ၆ အချို့သောအစေ့တို့သည် ကျောက် ပေါ် ၌ ကျ သဖြင့် အပင် ပေါက်သောအခါ မြေဩဇာ မ ရှိ သောကြောင့် ညှိုးနွမ်း ပျက်စီးခြင်းသို့ ရောက်ကြ၏။ ၇ အချို့သောအစေ့တို့သည် ဆူးပင် တို့တွင် ကျ သဖြင့် ဆူးပင် တို့သည် အတူ ပေါက်၍ ညှင်းဆဲ ကြ၏။ ၈ အချို့သောအစေ့တို့သည် ကောင်း သောမြေ ၌ ကျ သဖြင့် အပင် ပေါက်၍အဆ တရာပွားများ၍ အသီး သီး ကြ ၏ ဟု မိန့် တော်မူပြီးမှ၊ ကြား စရာနား ရှိ သော သူ မည်သည်ကားကြား ပါစေဟု ကြွေးကြော် တော်မူ၏။ ၉ တပည့် တော်တို့ကလည်း၊ ထို ဥပမာ ၏ အနက်အဓိပ္ပါယ် ကား အဘယ် နည်းဟု မေးလျှောက် ကြလျှင် ၊ ၁၀ ကိုယ်တော်က၊ သင် တို့သည် ဘုရားသခင့် နိုင်ငံ တော်၏ နက်နဲ သောအရာတို့ကို သိ ရသောအခွင့် ရှိကြ၏။ ကြွင်း သောသူ တို့မူကား ၊ မြင် လျက်ပင် အာရုံမ ပြုဘဲမြင် ၍ ၊ ကြား လျက်ပင်အနက်ကို နား မ လည်ဘဲ ကြားရ သည်တိုင်အောင် သူတို့အား ဥပမာ အားဖြင့် ဟောရ၏။ ၁၁ ထို ဥပမာ အနက်အဓိပ္ပါယ် ကား မျိုးစေ့ သည် ဘုရားသခင် ၏တရားစကား ဖြစ် ၏။ ၁၂ လမ်း ၌ ရှိသောသူ ကား ၊ တရားစကားကို ကြား သည်ရှိသော်၊ ယုံကြည် ခြင်း၊ ကယ်တင် ခြင်းသို့ မ ရောက် စေခြင်းငှာ ၊ မာရ်နတ် သည် လာ ၍ တရားစကား ကို နှလုံး ထဲမှ နှုတ်ယူ သောသူ ကိုဆိုလိုသတည်း။ ၁၃ ကျောက် ပေါ် ၌ ရှိသောသူ ကား ၊

တရားစကား ကိုကြား ၍ ဝမ်းမြောက် သောစိတ်နှင့် ခံယူ သော်လည်းစိတ်နလုံး၌ အမြစ် မ စွဲ ၊ ခဏ သာယုံကြည် သဖြင့် စုံစမ်း နှောင့်ရှက်ခြင်းကို ခံရသောအခါဖေါက်ပြန် သောသူကို ဆိုလိုသတည်း။ ၁၄ ဆူးပင် တို့တွင် ရှိသောသူ ကား ၊ တရားစကားကိုကြား သည်ရှိ သော်၊ လောကီစိုးရိမ် ခြင်း၊ စည်းစိမ် ကြွယ်ဝခြင်း၊ ကာမဂုဏ် ခံစားခြင်းတို့သည် နှိပ်စက် ၍ အသီး မ သီးသောသူ ကိုဆိုလိုသတည်း။ ၁၅ ကောင်း သောမြေ ၌ ရှိသောသူ ကား ၊ ဖြောင့်မတ် စင်ကြယ် သော စိတ် နှလုံးနှင့် တရား စကားကိုကြား လျှင် ၊ စွဲလမ်း သောအားဖြင့် မြဲမြံ စွာအသီးသီး သော သူ ကိုဆိုလို သတည်း။ ၁၆ ဆီမီး ထွန်း ပြီးလျှင် အိုး မှောက်၍ ဖုံးထား လေ့မ ရှိ။ ခုတင် အောက် ၌လည်း ထား လေ့မရှိ။ ဝင် သောသူ သည် အလင်း ကိုမြင် စေခြင်းငှာဆီမီးခုံ အပေါ်မှာ တင်ထားလေ့ရှိ၏။ ၁၇ ဆိတ်ကွယ် ရာ၌ရှိ သမျှတို့သည် ထင်ရှား လိမ့်မည်။ ဝှက်ထား လျက်ရှိသမျှတို့သည်လည်းထင်ရှား စွာ ပွင့်လင်း လိမ့်မည်။ ၁၈ ထိုကြောင့် သင်တို့သည် အဘယ်သို့ ကြားနာ ရသည်ကို သတိပြု ကြလော့။ အကြောင်းမူကား ၊ အကြင်သူ သည် ရ တတ်၏၊ ထိုသူ့ အားပေး ဦးမည်။ အကြင်သူ သည် ဆင်းရဲ ၏။ ထိုသူ ၌ ဥစ္စာရှိ ဟန်ဆောင် သမျှ ကိုပင် နှုတ် လိမ့်မည် ဟု မိန့်တော်မူ၏။ ၁၉ ထိုအခါ မယ်တော် နှင့် ညီ တော်တို့သည် လာ ၍ စည်းဝေး သောသူ များသောကြောင့် ၊ ကိုယ်တော် ရင်းသို့ မ ချဉ်းကပ် နိုင် ဘဲနေကြ၏။ ၂၀ လူအချို့ကလည်း၊ မယ်တော် နှင့် ညီ တော်တို့သည် ကိုယ်တော် ကိုတွေ့ လို ၍ ပြင် မှာရပ် နေကြပါ၏ဟု လျှောက် လျှင် ၊ ၂၁ ကိုယ်တော်က၊ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကိုကြား ၍ နားထောင် သောသူ တို့သည် ငါ့ အမိ ၊ ငါ့ ညီ ဖြစ် သတည်း ဟု မိန့် တော်မူ၏။ ၂၂ တစ်နေ့သ၌ ယေရှု သည် တပည့် တော်တို့နှင့်အတူ လှေ ထဲသို့ ဝင် ၍၊ အိုင် တစ်ဘက် သို့ ကူး ကြကုန်အံ့ဟု မိန့် တော်မူပြီးလျှင် လွှင့်သွား ကြ၏။ ၂၃ အိုင်ကိုကူး သောအခါ ယေရှုသည် ကျိန်းစက် တော်မူ၏။ အိုင် ၌ မိုယ်းသက်မုန်တိုင်း ဖြစ် ၍ ၊ လှေသည် ရေနှင့် ပြည့်သောကြောင့် ဘေးရောက် လု၏။ ၂၄ တပည့်တော်တို့သည် ချဉ်းကပ် ၍ ကိုယ်တော် ကိုနှိုး ပြီးလျှင်၊ သခင် ၊ သခင် ၊ အကျွန်ုပ်တို့သည် ပျက်စီး ခြင်းသို့ ရောက်ပါ၏ဟုလျှောက် ကြသော်၊ ကိုယ်တော်သည် ထ ၍ လေ နှင့် လှိုင်း တံပိုးကို ဆုံးမ တော်မူသဖြင့် ၊ လေနှင့် လှိုင်းတံပိုးသည် ငြိမ်း ၍ သာယာ လေ၏။ ၂၅ ကိုယ်တော်ကလည်း၊ သင် တို့ယုံကြည် ခြင်းစိတ်သည် အဘယ်မှာ ရှိသနည်း ဟု မေး တော်မူလျှင်၊ သူတို့ သည် ကြောက်ရွံ့ အံ့သြ ၍ ၊ ဤ သူကား အဘယ်သို့ သောသူနည်း။ လေ နှင့် ရေ ကိုပင် မှာထား တော်မူ၍ ၊ သူတို့ သည် နားထောင် ပါသည်တကားဟု အချင်းချင်း ပြောဆို ကြ၏။ ၂၆ ဂါလိလဲ ပြည်နှင့် အိုင်တစ်ဘက် ဖြစ် သော ဂါဒရ ပြည် သို့ ရောက် ကြ၍ ၊ ၂၇ ယေရှုသည် ကုန်း ပေါ် သို့ တက် တော်မူလျှင် ၊ ကာလ တာရှည် စွာ နတ်ဆိုး စွဲ သဖြင့် အဝတ် ကိုမ ဝတ် ၊ အိမ် ၌ မ နေ ၊ သင်္ချိုင်း တစပြင်၌ နေတတ်သော ဂါဒရပြည်သားတစ် ယောက်သည် ကိုယ်တော် ကို ခရီးဦးကြိုပြု လေ၏။ ၂၈ ကိုယ်တော် ကိုမြင် လျှင် ပြပ်ဝပ် ၍ ၊ အမြင့်ဆုံး သောဘုရားသခင် ၏ သား တော်ယေရှု ၊ ကိုယ်တော် သည် အကျွန်ုပ် နှင့် အဘယ်သို့ ဆိုင်သနည်း။ အကျွန်ုပ် ကို ညှဉ်းဆဲ တော်မ မူမည်အကြောင်း အကျွန်ုပ်တောင်းပန် ပါ သည်ဟု ကြီး သောအသံ နှင့်အော်ဟစ် ၍ လျှောက် လေ၏။ ၂၉ လျှောက်သည်အကြောင်း ကား၊ နတ်ဆိုးသည် ထိုလူ ကိုအဖန် များစွာ ဘမ်းဆီး လှုပ်ပြီ။

ခြေချင်း သံကြိုး နှင့် အကျဉ်း ထား သော်လည်း ခြေချင်းသံကြိုး ကို ဆွဲဖြတ် ၍ နတ်ဆိုး သည်တော အရပ်သို့ နှင် မြဲရှိကြောင်းကို ကိုယ်တော်သည်ထောက်၍၊ ညစ်ညူး သောနတ် ၊ ထိုလူ မှ ထွက်သွား လော့ဟု မိန့် တော်မူခဲ့ပြီ။ ၃၀ ယေရှု ကလည်း ၊ သင် သည် အဘယ် အမည် ရှိ သနည်း ဟုမေး တော်မူလျှင်၊ ထိုလူကို နတ်ဆိုး အများ စွဲ သောကြောင့် အကျွန်ုပ်အမည်ကား လေဂေါင် ဖြစ်ပါသည်ဟု လျှောက် ပြီးမှ ၊ ၃၁ အနက်ဆုံး သော အရပ်သို့ သွား စေခြင်းငှာမ နှင်ပါမည်အကြောင်း တောင်းပန် လေ၏။ (Abyssos g12) ၃၂ ထို အရပ်၌ တောင် ပေါ်မှာ များစွာ သောဝက် အစု သည် ကျက်စား လျက်ရှိ၏။ ထို ဝက်ထဲသို့ ဝင် ရပါမည် အကြောင်း အခွင့် ပေးတော်မူပါဟုနတ်ဆိုးတို့သည် တောင်းပန် ပြန်လျှင် အခွင့် ပေးတော်မူ၏။ ၃၃ နတ်ဆိုး တို့သည် လူ မှ ထွက် ၍ ဝက် ထဲသို့ ဝင် သဖြင့်၊ ဝက်အစု သည် အိုင် ကမ်းစောက် ကို တဟုန်တည်း ပြေးဆင်း ၍ အသက် ဆုံးကြ၏။ ၃၄ ဝက်ကျောင်း သောသူ တို့သည်ထိုအခြင်းအရာ ကို မြင် လျှင် ပြေး ၍ မြို့ ရွာ တို့ ၌ သိတင်းကြားပြော ကြသော်၊ ၃၅ လူများတို့သည် ထို အမှု အရာ ကို ကြည့်ရှု အံ့သောဇာထွက်လာ ကြ၏။ အထံ တော်သို့ ရောက် သောအခါ နတ်ဆိုး ထွက်သွား သောသူ သည်အဝတ်ကိုဝတ် ၍ ပကတိ စိတ်နှင့် ယေရှု ၏ခြေ တော်ရင်း၌ ထိုင် နေသည်ကို မြင် လျှင်၊ ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။ ၃၆ နတ်ဆိုးစွဲ သောသူ သည်အဘယ်သို့ သောအားဖြင့်ကျန်းမာ ပကတိရှိသည်ကို သိမြင် သောသူ တို့သည်နောက်လာသောသူ တို့အား ပြန်ကြား ပြီးမှ ၊ ၃၇ ဂါဒရ ပြည်သူပြည်သားအပေါင်း တို့သည် အလွန် ကြောက်လန့် သောစိတ်စွဲ ၍ ၊ မိမိ တို့ ပြည်က ထွက်သွား တော်မူမည်အကြောင်း တောင်းပန် ကြလျှင် ၊ ကိုယ်တော် သည် လှေ ထဲသို့ ဝင် ၍ ပြန် တော်မူ၏။ ၃၈ နတ်ဆိုး ထွက်သွား သောသူ သည် ကိုယ်တော် နှင့်အတူ ရှိ ပါမည်အကြောင်း တောင်းပန် လျှင် ၊ ၃၉ ယေရှုက၊ သင်သည်ကိုယ် အိမ် သို့ ပြန်သွား လော့။ ဘုရားသခင် သည် သင် ၌အဘယ်မျှလောက် ကျေးဇူးပြု တော်မူသည်ကို ကြားပြော လော့ ဟူ၍လွှတ် လိုက်တော်မူလျှင် ၊ ထိုသူသည်သွား ၍ ယေရှု သည် အဘယ်မျှလောက် ကျေးဇူးပြု တော်မူသည်ကို တစ်မြို့လုံး တွင် အနှံ့အပြား သိတင်းကြားပြော လေ၏။ ၄၀ ယေရှု သည် ပြန် တော်မူလျှင် ၊ လူ အစုအဝေးအပေါင်း တို့သည် ကိုယ်တော် ကိုမြော်လင့် လျက် နေကြ သောကြောင့် ဝမ်းမြောက်စွာ လက်ခံကြ၏။ ၄၁ ထိုအခါ ယာကုရ အမည် ရှိသောတရားစရပ် မှူး သည် လာ ၍ ယေရှု ၏ခြေ တော်ရင်း၌ ပြပ်ဝပ် လျက် ၊ ၄၂ တစ်ဆယ်နှစ် နှစ် အရွယ်ရှိသော မိမိ ၌တစ်ယောက်တည်း သောသမီး သည် သေ ဆဲရှိသောကြောင့် ၊ မိမိ အိမ် သို့ ကြွ တော်မူမည်အကြောင်း ကိုယ်တော် ကိုတောင်းပန် ၍ ကြွ တော်မူစဉ် တွင်လူ အစုအဝေးတို့သည် ကိုယ်တော် ကို ထိခိုက်တိုက်မိ ကြ၏။ ၄၃ ထိုအခါ တစ်ဆယ့်နှစ် နှစ် ပတ်လုံးသွေး သွန် အနာစွဲ သောကြောင့် ၊ ဥစ္စာ ရှိသမျှ ကို ဆေးသမား တို့အား ပေး ၍ ကုန်သော်လည်း၊ အဘယ် ဆေးသမားလက်၌ မျှ ချမ်းသာ မ ရနိုင် သော မိန်းမ တစ်ယောက်သည်၊ ၄၄ နောက် တော်သို့ ချဉ်းကပ် ၍ အဝတ် တော်၏ ပန်းပွား ကိုတို့ သဖြင့်၊ ထိုခဏခြင်း တွင် သွေး သွန် အနာ ပျောက် လေ၏။ ၄၅ ယေရှု ကလည်း ၊ ငါ့ ကို အဘယ်သူ တို့ သနည်း ဟု မေး တော်မူလျှင်၊ လူအပေါင်း တို့သည် ငြင်း လတ်သော်၊ ပေတရု မှစ၍ သူ၏အပေါင်းအဘော်တို့က၊ သခင် ၊ လူ အစုအဝေးတို့သည် ကိုယ်တော် အား

ထိခိုက်တိုက်မိ ကြသည်ဖြစ်၍ ငါ့ကိုအဘယ်သူတို့သနည်းဟု မေးတော်မူပါသည်တကားဟု လျှောက် လေ၏။ ၄၆ ယေရှု ကလည်း၊ တစ်စုံတစ်ယောက် သောသူသည် ငါ့ ကိုတို့ လေပြီ။ ငါ့ ကိုယ်မှ တန်ခိုး ထွက် သည်ကို ငါ သိ ၏ ဟု မိန့် တော်မူ၏။ ၄၇ ထို မိန်းမ သည်မိမိပုန်းရှောင် ၍ မ နေနိုင်သည်ကိုသိ လျှင် တုန်လှုပ် လျက်လာ ၍၊ အဘယ် အကြောင်း ကြောင့် တို့ သည်ကိုဂင်း၊ ချက်ခြင်း ချမ်းသာ ရသည်ကိုဂင်း၊ လူ အပေါင်း တို့ရှေ့ မှာ ပြပ်ဝပ် လျက် ကြားလျှောက် လေ၏။ ၄၈ ကိုယ်တော်ကလည်း၊ ငါ့သမီး၊ မစိုးရိမ်နှင့်။ သင် ၏ယုံကြည် ခြင်းသည် သင့် အနာကို ငြိမ်း စေပြီ။ ငြိမ်ဝပ် စွာ သွား လော့ ဟု မိန့် တော်မူ၏။ ၄၉ ထိုသို့ မိန့် တော်မူစဉ် တွင်တရားစရပ်မှူး အိမ်မှ လူ လာ ၍၊ ကိုယ်တော် ၏ သမီး သေ ပါပြီ။ ဆရာ ကို မ နှောင့်ရှက် ပါနှင့်ဟုဆို ၏။ ၅၀ ယေရှု သည်ကြား လျှင်၊ မ ကြောက် ကြနှင့်။ ယုံကြည် ခြင်းစိတ်တခုသာ ရှိစေလော့။ ထိုသို့ရှိလျှင်သူသည် ဘေးနှင့်လွတ် လိမ့်မည် ဟု တရားစရပ်မှူး အား မိန့် တော်မူ၏။ ၅၁ အိမ် သို့ ရောက် လျှင်၊ ပေတရု၊ ယောဟန်၊ ယာကုပ် နှင့် မိန်းမငယ် ၏မိ ဘ မှတစ်ပါး အဘယ်သူ ကိုမျှ အထဲ သို့မဝင် စေခြင်းဟ်ာဆီးတား တော်မူ၏။ ၅၂ လူအပေါင်း တို့သည် ငိုကြွေး မြည်တမ်း ကြသည်ကို ကိုယ်တော်က၊ မ ငို ကြနှင့်။ သူငယ်သေ သည် မ ဟုတ်၊ အိပ်ပျော် သည် ဟု မိန့် တော်မူလျှင်၊ ၅၃ သူငယ်သေ ကြောင်း ကို ထိုသူတို့သည်သိ သဖြင့် ကိုယ်တော် ကို ပြက်ယယ်ပြူ ကြ၏။ ၅၄ ထိုသူရှိသမျှတို့ကို ပြင်သို့ထွက်စေပြီးမှသူငယ် ၏လက် ကို ကိုင် တော်မူလျက်၊ သူငယ် ထ လော့ ဟု ခေါ် တော်မူသည်တွင်၊ ၅၅ စိတ် ဝိညာဉ်ပြန်လာ ၍ မိန်းမငယ်သည် ချက်ခြင်း ထ လေ၏။ ၅၆ သူ့ အားစားစရာ ပေး လော့ ဟု မိန့် တော်မူ၏။ မိဘ တို့သည် မိန်းမော တွေဝေခြင်းသို့ရောက်ကြ၏။ ထိုအမှုအရာကို အဘယ်သူ အားမျှမပြော ရမည်အကြောင်း ပညတ် တော်မူ၏။

၉ တစ်ကျိပ် နှစ်ပါးသော တပည့် တော်တို့ကို စုဝေး စေတော်မူပြီးမှ၊ နတ်ဆိုး အပေါင်း တို့ကို နိုင်သောတန်ခိုး နှင့် အနာ ရောဂါတို့ကို ငြိမ်း စေခြင်းဟ်ာအခွင့် တန်ခိုးကို ပေး တော်မူ၏။ ၂ ဘုရားသခင် ၏ နိုင်ငံ တော်အကြောင်းကို ဟောပြော စေခြင်းဟ်ာဂင်း၊ လူနာ တို့ကို ချမ်းသာ စေခြင်းဟ်ာဂင်းစေလွှတ် တော်မူ၍၊ ၃ သင်တို့သည် လမ်း ခရီးဘို့ အဘယ် အရာကိုမျှမယူ ကြနှင့်။ တောင်ဝေး၊ လွယ်အိတ်၊ မုန့်၊ ငွေ ကိုမ ယူကြ နှင့်။ အင်္ကျီ နှစ် ထည်ကိုလည်း မ ပါ စေကြနှင့်။ ၄ မည်သည့် အိမ် သို့ ဝင် လျှင် ထို အိမ်တွင် ထို အရပ်မှမထွက် မသွားမီတိုင်အောင်နေ ကြလော့။ အကြင်သူ တို့သည် သင် တို့အားဧည့်သည် ဝတ်ကို မ ပြုဘဲနေ၏။ ၅ ထို သူတို့နေရာမြို့ မှ ထွက်သွား စဉ်၊ သူ တို့တစ်ဘက် ၌ သက်သေ ဖြစ်စေခြင်းဟ်ာ သင် တို့၏ခြေဘဝါး မှ မြေမှုန့် ကို ခါ လိုက်ကြလော့ ဟု မိန့် တော်မူ၏။ ၆ တပည့်တော်တို့သည် ထွက်သွား ၍ ဧဝံဂေလိ တရားကို ဟောလျက်၊ ခပ်သိမ်းသောအရပ် တို့ ၌ အနာ ရောဂါကိုငြိမ်းစေလျက်၊ မြို့ရွာ တို့တွင် ဒေသစာရီ လှည့်လည် ကြ၏။7 ၇ ယေရှုပြု တော်မူသမျှ တို့ကို စော်ဘွား ဟေရုဒ် သည်ကြား လျှင် တွေးတော သောစိတ်ရှိ၏။ အကြောင်းမူကား၊ လူအချို့က၊ ယောဟန် သည် သေ ခြင်းမှ ထမြောက် လေပြီဟု ဆို ကြ၏။ ၈ အချို့ က ဧလိယ ပေါ် ထွန်း ပြီဟု ဆိုကြ၏။ အချို့ကရှေး ပရောဖက် တပါးပါး ထ ပြန်ပြီဟုဆိုကြ၏။ ၉ ဟေရုဒ် မင်းကလည်း၊ ယောဟန် ၏လည်ပင်း ကို ငါ ဖြတ်လေပြီ။ ဤမျှလောက် သောသိတင်း ကို ငါကြား ရသော ဤ သူကား အဘယ်သူ

နည်းဟုဆိုလျက်ယေရှု ကို မြင် ခြင်းငှာအလိုရှိ ၏။ ၁၀ တမန်တော် တို့သည် အထံ တော်သို့ ပြန်လာ ၍ မိမိတို့ပြု
သမျှ တို့ကို ကြားလျှောက် ကြ၏။ ကိုယ်တော်သည် သူ တို့ကိုခေါ် ၍ ၊ ဗက်ဇဒ မြို့နယ် အတွင်း တောခွဆိတ်ကွယ်
ရာအရပ်သို့ ကြွ တော်မူ၏။ လူ အစုအဝေးတို့ သည် သိ လျှင် နောက်တော်သို့ လိုက် ကြ၏။ ၁၁ ထိုလူ များကို လက်ခံ
တော်မူလျက် ၊ ဘုရားသခင့် နိုင်ငံ တော်၏အကြောင်း ကို ဟောပြော ၍၊ နာ သော သူ တို့ကို ချမ်းသာ ပေးတော်မူ၏။ ၁၂
မိုးယံ း ချုပ် သောအခါ တကျိပ် နှစ်ပါးသောသူ တို့သည် ချဉ်းကပ် လျက်၊ လူ များတို့သည် ပတ်ဝန်းကျင် ရွာ ဇနပုဒ် သို့
သွား ၍ ၊ အိပ်ရာ ၊ စားစရာ ကို ရှာ စေခြင်းငှာ အခွင့် ပေးတော်မူပါ။ ဤ အရပ်သည် တော အရပ် ဖြစ် ပါ၏ ဟု လျှောက်
ကြလျှင် ၊ ၁၃ ကိုယ်တော်က၊ သူ တို့စားစရာ ဘို့ သင် တို့ပေး ကြလော့ ဟု မိန့် တော်မူ၏။ တပည့်တော်တို့ကလည်း ၊
အကျွန်ုပ် တို့သည်သွား ၍ ဤ လူ အပေါင်း တို့စားစရာ ဘို့ မ ဝယ် လျှင် ၊ မုန့် ငါး လုံးနှင့် ငါး နှစ် ကောင်မှတပါး အဘယ်
စားစရာမျှ အကျွန်ုပ် တို့ ၌ မရှိ ပါဟုလျှောက် ကြ၏။ ၁၄ ထိုသို့လျှောက်သည်အကြောင်း ကား၊ လူ ငါးထောင် ခန့် မျှရှိ
သတည်း။ ထိုအခါ လူ များတို့ကို တစ်စုလျှင် ငါးဆယ် စီ အစုစု လျောင်း ကြစေ ဟု အမိန့် တော်ရှိ၏။ ၁၅ တပည့်
တော်တို့သည် အမိန့်တော်အတိုင်း ပြု ၍ ၊ လူအပေါင်း တို့ကို လျောင်း စေပြီးလျှင် ၊ ၁၆ ယေရှုသည် မုန့် ငါး လုံးနှင့် ငါး
နှစ် ကောင်ကိုယူ ၍ ကောင်းကင် သို့ ကြည့်မျှော် လျက်၊ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့ ၍ လူ များရှေ့၌ ထည့်
စေခြင်းငှာတပည့် တော်တို့အားပေး တော်မူ၏။ ၁၇ လူအပေါင်း တို့သည် စား ၍ ဝ ကြပြီးမှ ကြွင်းရစ် သောအကျိုးအပဲ့
ကိုကောက်သိမ်း ၍ တစ်ဆယ့်နှစ် တောင်း အပြည့်ရကြ၏။ ၁၈ တရံရောအခါ ၊ ယေရှု သည် တပည့် တော်တို့နှင့်တကွ
ဆိတ်ကွယ် ရာအရပ်၌ ဆုတောင်း တော်မူစဉ်၊ လူ များတို့သည် ငါ့ ကိုအဘယ်သူ ဖြစ် သည်ကို ဆို ကြသနည်း ဟု
မေးမြန်း တော်မူလျှင် ၊ ၁၉ လူအချို့က၊ ကိုယ်တော်သည် ဗတ္တိဇံ ဆရာ ယောဟန် ဖြစ်သည်ဟူ၍ငင်း၊ အချို့က၊ ဧလိယ
ဖြစ်သည် ဟူ၍ငင်း၊ အချို့က၊ ရှေး ပရောဖက် တပါးပါးထ ပြန်သည်ဟူ၍ငင်း ဆို ကြပါ၏ဟု လျှောက် ကြသော်၊ ၂၀
သင် တို့လည်း ငါ့ ကို အဘယ်သူ ဖြစ် သည်ဆို ကြသနည်း ဟု မေးမြန်း တော်မူလျှင် ၊ ပေတရု က၊ ကိုယ်တော်သည်
ဘုရားသခင် ၏ ခရစ်တော် ဖြစ်တော်မူသည်ဟု လျှောက် လေ၏။ ၂၁ ထို အကြောင်းကို အဘယ်သူ အား မျှ မပြော
စိမ့်သောငှာတပည့် တော်တို့ကို ကြပ်တည်း စွာ ပညတ် တော်မူ၏။ ၂၂ ထိုမှတပါး၊ လူ သား သည် များစွာ ခံရ မည်။ လူ
အကြီးအက၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့၏ ငြင်းပယ် ခြင်းကိုငင်း ၊ အသေ သတ်ခြင်းကိုငင်းခံရမည်။
သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည် ဟူသော အကြောင်း များတို့ကို မိန့် တော်မူ၏။ ၂၃ ထိုမှတစ်ပါး ၊
လူအပေါင်း တို့အား မိန့် တော်မူသည်ကား၊ ငါ ၌ဆည်းကပ် လို သောသူ ဖြစ် လျှင်ကိုယ်ကိုကိုယ် ငြင်းပယ် ရမည်။ ကိုယ်
လက်ဝါးကပ်တိုင် ကို နေ့တိုင်း ထမ်း ၍ ငါ့ နောက်သို့လိုက် ရမည်။ ၂၄ အကြင်သူ သည် မိမိ အသက် ကို ကယ်ဆယ်
ခြင်းငှာအလိုရှိ ၏။ ထိုသူသည် အသက် ရှုံး လိမ့်မည်။ အကြင်သူ သည် ငါ့ ကြောင့် အသက် ရှုံး ၏၊ ထိုသူ သည်
မိမိအသက် ကို ကယ်ဆယ် လိမ့်မည်။ ၂၅ ဤ စကြဝဠာ ကို အကြွင်းမဲ့ အစိုးရ ၍ ကိုယ်ကိုကိုယ် ဆုံးရှုံး သောသူ သည်
အဘယ် ကျေးဇူး ရှိသနည်း။ ၂၆ အကြင်သူ သည် ငါ့ ကိုငင်း ၊ ငါ့ စကား ကိုငင်းရှက် ၏၊ လူ သား သည် မိမိ ဘုန်း၊

မိမိအဘ ခမည်းတော်၏ ဘုန်း၊ သန့်ရှင်း သောကောင်းကင် တမန်တို့၏ဘုန်း ကို ဆောင် လျက်ကြွလာ သောအခါ ၊ ထို သူကို ရှက် တော်မူလတံ့။ ၂၇ ငါအမှန် ဆို သည်ကား၊ ဤ အရပ်၌ရှိ သော သူ အချို့တို့သည် ဘုရားသခင် ၏ နိုင်ငံ တော်ကို မ မြင် မှီ သေ ခြင်းသို့ မ ရောက် ရကြ ဟု မိန့်တော်မူ၏။ ၂၈ ထိုသို့ မိန့် တော်မူသည်နောက် ၊ ရှစ် ရက် လောက် လွန်သောအခါ ၊ ယေရှုသည်ပေတရု ၊ ယောဟန် ၊ ယာကုပ် တို့ကိုခေါ် ၍ ဆုတောင်း ခြင်းငှာတောင် ပေါ်သို့ တက်ကြွ တော်မူ၏။ ၂၉ ဆုတောင်း တော်မူစဉ် တွင်မျက်နှာ တော်သည် ထူးခြား သောအဆင်း အရောင်ရှိ၍ ၊ အဝတ် တော်လည်း ပြောင်ပြောင် လက်လက်ဖြူ ၏။ ၃၀ မောရှေ နှင့် ဧလိယ တည်းဟူသောလူ နှစ် ယောက်တို့သည် ဘုန်း အသရေနှင့် ထင်ရှား ၍၊ ၃၁ ကိုယ်တော် နှင့်အတူဆွေးနွေး လျက် ယေရုရှလင် မြို့၌ စုတေ့ တော်မူမည်အကြောင်းအရာကို ပြော ကြ၏။ ၃၂ ပေတရု နှင့် သူ ၏အဘော် တို့သည် မျက်စိလေးလံ သဖြင့် တငိုက်ငိုက် ရှိ ကြ၏၊ နိုး သောအခါ ဘုန်း အသရေတော်ကိုငင်း ၊ ကိုယ်တော် နှင့် ရပ် နေသောလူ နှစ် ယောက်ကိုငင်း မြင် ကြ၏။ ၃၃ ထိုသူ တို့သည် အထံ တော်မှ သွား ကြစဉ် ၊ ပေတရု က၊ သခင် ၊ ဤ အရပ်၌နေ ဘွယ်ကောင်း ပါ၏။ ကိုယ်တော် ဘို့တဲတစ် ဆောင်၊ မောရှေ ဘို့တစ် ဆောင်။ ဧလိယ ဘို့တစ် ဆောင်၊ တဲ သုံး ဆောင်ကို အကျွန်ုပ်တို့ ဆောက်လုပ် ပါရစေဟု ယောင်ယမ်း ၍ လျှောက် လေ၏။ ၃၄ ထိုသို့ လျှောက် ပြီးမှ မိုဃ်းတိမ် သည် သူ တို့ကိုလွှမ်းမိုး ၍ ၊ မောရှေ နှင့် ဧလိယသည်တိမ် ထဲသို့ ဝင် သည်ကို တပည့်တော်တို့သည် ကြောက် ခြင်းရှိကြသည်ဖြစ်၍ ၊ ၃၅ ဤ သူကားငါ ၏ချစ်သား ပေတည်း ။ သူ ၏ စကားကိုနားထောင် ကြလော့ဟု မိုဃ်းတိမ် က အသံ တော် ဖြစ် လေ၏။ ၃၆ ထို အသံ တော်ဖြစ် သည် ခဏခြင်းတွင်၊ ယေရှု သည် တစ်ယောက်တည်း ရှိ တော်မူ၏။ တပည့် တော်တို့သည်မိမိတို့ မြင် သောအရာ ကိုဝှက်ထား ၍ ၊ ထို ကာလ ၌ အဘယ်သူ အားမျှမကြား မပြောဘဲနေကြ၏။ ၃၇ နက်ဖြန် နေ့၌ တောင် ပေါ် ကဆင်း ကြပြီးလျှင်၊ များစွာ သောလူ အစုအဝေးသည် ကိုယ်တော် ကို ခရီးဦးကြိုပြု ၏။ ၃၈ လူအစုအဝေး ၌ ပါသောသူ တစ်ယောက်က၊ အရှင် ဘုရား၊ အကျွန်ုပ် ၏သား ကို ကြည့်ရှု တော်မူမည် အကြောင်း အကျွန်ုပ်တောင်းပန် ပါ၏။ အကျွန်ုပ် ၌ သား တစ်ယောက်တည်းရှိ ပါ၏။ ၃၉ နတ် ဘမ်းစား သဖြင့် သူသည်ရုတ်ခနဲ အော်ဟစ် ၍ ၊ အမြွှာတ် ထွက်လျက် တောင့်မာ ခြင်းသို့ ရောက်တတ် ပါ၏။ ထိုသို့နာကျင် စွာနှိပ်စက်ပြီးမှနတ်သည်အလွန် သွား ခဲ ၏။ ၄၀ ထိုနတ် ကို နှင်ထုတ် ပါမည်အကြောင်း တပည့် တော်တို့အား အကျွန်ုပ်တောင်းပန် သော်လည်း သူတို့သည်မ တတ်နိုင် ကြပါဟု အော်ဟစ် လျက် လျှောက် လေ၏။ ၄၁ ယေရှု ကလည်း ၊ ယုံကြည် ခြင်းမရှိ၊ ဖောက်ပြန် သောအမျိုး ၊ ငါသည်သင် တို့နှင့်အတူ အဘယ်မျှ ကာလ ပတ်လုံးနေ ရမည်နည်း။ သင် တို့ကို အဘယ်မျှကာလပတ်လုံးသည်းခံ ရမည်နည်း။ သင် ၏သား ကို ငါ့ထံသို့ယူခဲ့ ဟု မိန့် တော်မူ၏။ ၄၂ သူငယ်လာ စဉ် ပင်နတ်ဆိုး သည် မြေပေါ် မှာလဲ ၍ တောင့်မာ စေ၏။ ယေရှု သည် ညစ်ညူး သောနတ် ကို ဆုံးမ ၍ ထို သူငယ် ကို ချမ်းသာ စေပြီးမှ အဘ အား အပ်ပေး တော်မူ၏။ ၄၃ လူအပေါင်း တို့သည် ဘုရားသခင် ၏ မဟာ တန်ခိုးတော်ကို မြင်၍ မိန်းမောတွေဝေခြင်း ရှိကြ၏။ ၄၄ ထိုသို့ယေရှုပြု တော်မူသမျှ ကို လူအပေါင်း တို့သည် အံ့သြ ချီးမွမ်းကြစဉ် တပည့် တော်တို့အား ၊ သင် တို့ သည် ငါ့စကား ကို နားထောင် မှတ်မိ

ကြလော့။ လူ သား ကို လူ တို့လက် သို့ အပ်နှံ ရသောအချိန်နှီး ပြီဟု မိန့် တော်မူ၏။ ၄၅ ထို စကား တော်၏အနက် မထင်ရှားသဖြင့် တပည့်တော်တို့သည် နားမလည် မရိပ်မိဘဲနေကြ၏။ အနက် ကိုလည်း မ မေး မလျှောက်ဝံကြ။ ၄၆ ထိုအခါ အဘယ်သူ သည် သာ၍ ကြီးမြတ်အံ့နည်း ဟု တပည့်တော်တို့သည်အချင်းချင်း ငြင်းခုံ ကြ၏။ ၄၇ ယေရှု သည် သူ တို့အကြံအစည် ကို သိမြင် လျှင် ၊ သူငယ် တစ်ယောက်ကိုယူ ၍ မိမိ အနား၌ထား ပြီးမှ ၊ ၄၈ အကြင်သူ သည် ငါ့ မျက်နှာ ကိုထောက်၍ဤ သူငယ် ကိုလက်ခံ ၏၊ ထိုသူသည် ငါ့ ကိုပင်လက်ခံ ၏။ ငါ့ ကို လက်ခံ သောသူ သည်လည်း ငါ့ ကိုစေလွှတ် တော်မူသောသူ ကိုပင်လက်ခံ ၏။ သင် တို့တွင် အငယ်ဆုံး သောသူသည် သာ၍ကြီးမြတ် သော သူ ဖြစ်လိမ့်မည် ဟု မိန့် တော်မူ၏။ ၄၉ ယောဟန် ကလည်း ၊ သခင် ၊ ကိုယ်တော် ၏ နာမ ကို အမှီပြု ၍ နတ်ဆိုး တို့ကို နှင်ထုတ် သောသူ တစ် ယောက်ကို အကျွန်ုပ်တို့ တွေ့ပါ၏။ သူ သည် အကျွန်ုပ် တို့နှင့်အတူ မ လိုက် သောကြောင့် အကျွန်ုပ်တို့တားမြစ် ကြပါ၏ဟု လျှောက် သော၊ ၅၀ ယေရှု က၊ ထိုသူ ကို မ မြစ်တား ကြနှင့်။ သင် တို့ ရန်သူ ဘက်၌မ ရှိ သောသူ သည် သင် တို့ဘက် ၌ရှိ သည် ဟု မိန့် တော်မူ၏။ ၅၁ ကောင်းကင် သို့ဆောင်ယူခြင်းကို ခံတော်မူသောအချိန် ရောက် သောအခါ ၊ ယေရုရှလင် မြို့သို့ တူရူ ကြွ အံ့သောဇာသဘောထား တော်မူ၏။ ၅၂ ရှေ့ တော်သို့ တမန်တော် တို့ကို စေလွှတ် တော်မူသဖြင့် ၊ သူတို့သည် ကိုယ်တော် ၏အဘို့ကို ပြင်ဆင် ခြင်းဘ သွား ၍ ရှမာရိ ရွာ တရွာသို့ ဝင်ကြ ၏။ ၅၃ ကိုယ်တော်သည် ယေရုရှလင် မြို့သို့ သွား အံ့သောအခြင်းအရာကို ထိုရွာသားတို့သည် ထောက်၍လက် မ ခံကြ။ ၅၄ ထိုအကြောင်းကို တပည့့် တော်ယာကုပ် ၊ ယောဟန် တို့သည်မြင် လျှင် ၊ သခင် ၊ ဧလိယပြုသကဲ့သို့အကျွန်ုပ်တို့သည် ကောင်းကင် မှ မီး ကျ စေ၍ ထိုသူ တို့ကို လောင် စေခြင်းဘုအလိုရှိ တော်မူသလောဟု လျှောက် ကြသော်၊ ၅၅ ယေရှုသည် လှည့်ကြည့် ၍ ၊ သင်တို့သည် ကိုယ်စိတ် သဘော ကို ကိုယ်မသိကြ၊ လူသား သည် လူတို့ ၏ အသက်ကို သတ်အံ့ သောဘ ကြွလာသည် မဟုတ်။ ကယ်တင် အံ့သောဘ ကြွလာ သည် ဟု ဆုံးမ တော်မူပြီးမှ ၊ ၅၆ အခြား သောရွာ သို့ ကြွ တော်မူ၏။ ၅၇ လမ်း၌ သွား ကြစဉ် လူတစ်ဦး က၊ သခင် ကိုယ်တော်ကြွ တော်မူရာအရပ်ရပ် သို့ အကျွန်ုပ်လိုက် ပါမည်ဟု လျှောက် လေ၏။ ၅၈ ယေရှု ကလည်း ၊ မြေခွေး သည်မြေတွင်း ရှိ ၏၊ မိုဃ်း ကောင်းကင်၌ ကျင်လည်သော ငှက် သည် နားနေရာ အရပ်ရှိ၏။ လူ သား မူကား ခေါင်း ချ ရာမျှမ ရှိ ဟုမိန့် တော်မူ၏။ ၅၉ အခြား သောသူကို၊ ငါ့ နောက် သို့လိုက်လော့ ဟု မိန့် တော်မူလျှင် ၊ ထိုသူက၊ သခင် ၊ အကျွန်ုပ် အဘ ကို ရှေးဦးစွာ သွား ၍ သင်္ဂြိဟ် ရသောအခွင့် ကို ပေးတော်မူပါဟုလျှောက် လေသော်၊ ၆၀ ယေရှုက၊ လူသေ တို့သည် မိမိ လူသေ တို့ကို သင်္ဂြိဟ် ပါလေစေ။ သင် မူကား သွား ၍ ဘုရားသခင့် နိုင်ငံ တော်၏အကြောင်းကို ဟောပြော လော့ ဟု မိန့် တော်မူ၏။ ၆၁ အခြား သောသူကလည်း ၊ သခင် ၊ ကိုယ်တော် နောက် သို့ အကျွန်ုပ်လိုက်ပါမည်။ သို့သော်လည်း အကျွန်ုပ် အိမ် ၌ ရှိရစ်သောသူ တို့ကို အရင် သွား၍ အခွင့်ပန် ပါရစေဟု လျှောက် လျှင် ၊ ၆၂ ယေရှု က၊ ထွန်ကိုင်း ကို ကိုင် လျက်နောက် သို့လှည့် ၍ ကြည့်သောသူမည်သည်ကား၊ ဘုရားသခင် ၏ နိုင်ငံ တော်နှင့် မ ထိုက် မတန် ဟု မိန့် တော်မူ၏။

၁၀ ထိုနောက်မှ သခင် ဘုရားသည် အခြား သောတပည့်တော်ခုနစ်ကျိပ် တို့ကို ခန့်ထား တော်မူ၍ ၊ ကိုယ်တိုင်ကြွ လေအံ့သောမြို့ ရွာအရပ်ရပ် တို့သို့ ရှေ့တော်၌ နှစ် ယောက်စီ နှစ် ယောက်စီ စေလွှတ် တော်မူ၏။ ၂ သူ တို့အား မိန့် တော်မူသည်ကား၊ စပါး ရိတ်စရာများစွာ ရှိ၏။ ရိတ် သောသူ တို့သည်နည်း ကြ၏။ ထိုကြောင့် လုပ်ဆောင် သောသူတို့ကို စပါး ရိတ်စေခြင်းငှာစပါးရှင် စေလွှတ် တော်မူမည်အကြောင်း ဆုတောင်း ကြလော့။ ၃ သင်တို့သွား လေသည်အရာမှာ၊ တောခွေး စုထဲ သို့ သိုးသငယ် တို့ကို စေလွှတ်သကဲ့သို့ သင် တို့ကို ငါစေလွှတ် ၏။ ၄ ငွေအိတ် ၊ လွယ်အိတ် ၊ ခြေနင်း တို့ကို မ ဆောင် ကြနှင့်။ လမ်း၌ သွား စဉ် တွင ်အဘယ် သူ ကိုမျှ နှုတ် မ ဆက်ကြနှင့်။ ၅ မည်သည့် အိမ် သို့ ဝင် သောအခါ ၊ ဤ အိမ် ၌ မင်္ဂလာ ဖြစ်ပါစေသောဟု ရှေးဦးစွာ ပြော ကြလော့။ ၆ ထို အိမ်၌မင်္ဂလာ သား ရှိ လျှင် ၊ သင် တို့မြွက်သော မင်္ဂလာ သည်တည် လိမ့်မည်။ ၇ သို့မဟုတ် သင် တို့ထံသို့ ပြန်လာ လိမ့်မည်။ ထိုအိမ် နေ ၍ အစား အသောက် စီရင် ရာ ကို စား သောက် ကြ လော့။ အကြောင်းမူကား ၊ လုပ်ဆောင် သောသူသည်အခ ကိုခံထိုက် ပေ၏။ တအိမ် မှ တအိမ် သို့ လှည့်လည် ၍ မ သွားကြနှင့်။ ၈ အကြင် မြို့ သို့ သင်တို့ဝင် ၍ မြို့သားတို့သည်လက်ခံ ၏။ ထိုမြို့၌သင် တို့ရှေ့ မှာထည့်သမျှကို စား ကြလော့။ ၉ လူနာ များကို ချမ်းသာ ပေးကြလော့။ ဘုရားသခင် ၏နိုင်ငံ တော်သည် သင် တို့ ၌ တည်ထောင် သော အချိန်နီး ပြီဟု သူ တို့အား ဟောပြော ကြလော့။ ၁၀ အကြင်မြို့ သို့ ဝင် ၍ မြို့သားတို့သည်လက် မ ခံအံ့၊ ထိုမြို့ ၏လမ်း သို့ ထွက် ပြီးလျှင်၊ ငါ တို့ ၌ကပ် သော သင် တို့မြို့ ၏ မြေမှုန့် ကို ငါတို့ခါ လိုက်၏။ ၁၁ သို့သော်လည်း ဘုရားသခင် ၏နိုင်ငံ တော်သည် သင်တို့၏အနီး သို့ရောက်ကြောင်း ကို သိမှတ် ကြဟု သူတို့အား ပြော ကြလော့။ ၁၂ ငါဆို သည်ကား၊ နောက်ဆုံးသော နေ့၌ ထို မြို့ သည် သောဒုံ မြို့ထက် သာ၍ ခံရလတံ့။ ၁၃ အိုခေါရာဇိန် မြို့၊ သင် သည်အမင်္ဂလာ ရှိ၏။ အိုဗက်ဇဒ မြို့၊ သင် သည်အမင်္ဂလာ ရှိ၏။ အကြောင်းမူကား ၊ သင် တို့တွင် ပြ သောတန်ခိုး ကို တုရု မြို့နှင့် ဇိဒုန် မြို့တို့တွင် ပြ ဘူးလျှင် ၊ ထိုမြို့တို့သည် ရှေး ကာလ၌ လျှော်တေ အဝတ်ကိုဝတ်၍ ၊ ပြာ ထဲမှာထိုင် လျက် နောင်တရ ကြလိမ့်မည်။ ၁၄ တရားဆုံးဖြတ် တော်မူသောအခါ သင် တို့သည်တုရု မြို့နှင့် ဇိဒုန် မြို့ထက် သာ၍ ခံရကြလတံ့။ ၁၅ အိုကပေရနောင် မြို့၊ သင် သည် မိုဃ်း ကောင်းကင်တိုင်အောင် မြှောက်စား ခြင်းကို ခံရသော်လည်း၊ မရဏာ နိုင်ငံတိုင်အောင် နှိမ့်ချ ခြင်းကို ခံရလတံ့။ **(Hadēs g86)** ၁၆ သင် တို့၏စကားကို နားထောင် သောသူ သည် ငါ့ စကားကို နားထောင် ၏။ သင် တို့ကို ပယ် သောသူ သည် ငါ့ ကိုပယ် ၏။ ငါ့ ကိုပယ် သောသူ သည် ငါ့ ကို စေလွှတ် တော်မူသောသူ ကို ပယ် သည် ဟု မိန့်တော်မူ၏။ ၁၇ ထိုခုနစ်ကျိပ် သော တပည့်တော်တို့သည် ဝမ်းမြောက် သောစိတ်နှင့် ပြန်လာ ၍ ၊ သခင် ၊ ကိုယ်တော် ၏ နာမ အားဖြင့် အကျွန်ုပ် တို့သည် နတ်ဆိုး ကိုပင် နိုင် ပါသည်ဟု လျှောက် ကြ၏။ ၁၈ ယေရှုကလည်း ၊ စာတန် သည် လျှပ်စစ် ကဲ့သို့ ကောင်းကင် မှ ကျ သည်ကို ငါမြင် ပြီ။ ၁၉ သင် တို့သည် မြွေ ၊ ကင်းမြီးကောက် တို့ကို နှိင် ရသောအခွင့် နှင့် ရန်သူ များ ကို နှိင်ရ သော အခွင့် တန်ခိုးကို ငါပေး ၏။ သင် တို့ကို အဘယ် ဘေးမျှ မ ညှဉ်းဆဲ ရ။ ၂၀ သို့သော်လည်း နတ်ဆိုး ကို နှိင် ရသောကြောင့် သာ ဝမ်းမြောက် ခြင်းမ ရှိကြနှင့်၊ သင် တို့၏ နာမည် များ သည် ကောင်းကင် စာရင်း ၌ ဝင်သည်ကို ဝမ်းမြောက်

ခြင်းရှိကြလော့ ဟု မိန့် တော်မူ၏။ ၂၁ ထို အခါ ယေရှုသည် ဝမ်းမြောက် တော်မူခြင်း စိတ် ရှိသဖြင့်၊ ကောင်းကင် နှင့် မြေကြီး ကို အစိုးရ တော်မူ သော အဘ ၊ ကိုယ်တော် သည် ပညာ အလိမ္မာ နှင့် ပြည့်စုံသောသူတို့အား ဤအရာ များကို ထိမ်ဝှက် ကွယ်ထားလျက် သူငယ် တို့အားဖော်ပြ တော်မူသည်ဖြစ်၍ ၊ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်း ပါ၏။ ထိုသို့ အလို တော် ရှိ သောကြောင့် မှန် ပါ၏။ အဘ ။ ၂၂ ငါ့ ခမည်းတော် သည် ခပ်သိမ်း သောအရာတို့ကို ငါ ၌အပ် တော်မူပြီ။ သား တော်ကား အဘယ်သူ ဖြစ် သည်ကို ခမည်းတော် မှတစ်ပါး အဘယ်သူ မျှမသိ ။ ခမည်းတော် ကားအဘယ်သူ ဖြစ် တော်မူသည်ကို၊ သား တော်နှင့် သား တော်သည် လင်း စေလို သောသူ မှတစ်ပါး အဘယ်သူ မျှမသိ ဟု မိန့် တော်မူ၏။ ၂၃ ထိုအခါ တပည့် တော်တို့ကိုလှည့်ကြည့် ၍၊ ယခုမြင် သမျှသောအရာ တို့ကို သင်တို့ မြင် သောကြောင့် သင် တို့မျက်စိ သည်မင်္ဂလာ ရှိ၏။ ၂၄ ငါဆို သည်ကား၊ သင် တို့ မြင် ရသောအရာ တို့ကို ပရောဖက် များ နှင့် ရှင်ဘုရင် များတို့သည် မြင် ခြင်းငှာအလိုရှိ သော်လည်း မ မြင် ရကြ။ သင်တို့ ကြား ရသောအရာ တို့ကို ကြား ခြင်းငှာအလိုရှိသော်လည်း မ ကြား ရကြ ဟု တပည့်တော်တို့အားသာ မိန့် တော်မူ၏။ ၂၅ တရံရောအခါကျမ်းတတ် တစ် ယောက်သည်ထ ၍ ၊ အရှင် ဘုရား၊ ထာဝရ အသက် ကို အမွေ ခံရအံ့သောငှာအကျွန်ုပ်သည် အဘယ် အမှုကို ပြု ရပါမည်နည်းဟု ကိုယ်တော် ကို စုံစမ်းနှောင့်ရှက် ခြင်းငှာမေးလျှောက် သော်၊ **(aiōnios g166)** ၂၆ ကိုယ်တော်က၊ ပညတ္တိ ကျမ်း၌ အဘယ်သို့ လာ သနည်း။ သင်သည်အဘယ်သို့ ဘတ် သနည်း ဟု မေး တော်မူလျှင် ၊ ၂၇ ထိုသူက၊ သင် ၏ဘုရားသခင် ထာဝရ ဘုရားကို စိတ် နှလုံး အကြွင်းမဲ့ ၊ အစွမ်း သတ္တိရှိသမျှ ၊ ဉာဏ် ရှိသမျှ နှင့် ချစ် လော့။ ကိုယ် နှင့် စပ်ဆိုင် သောသူ ကို ကိုယ် နှင့်အမျှ ချစ်လော့ဟု ပြန်လျှောက် လေ၏။ ၂၈ ကိုယ်တော်ကလည်း ၊ သင်၏စကား သည် မှန် ပေ၏။ ထိုသို့ ပြု လျှင် အသက် ကိုရမည် ဟု မိန့် တော်မူ၏။ ၂၉ ထိုသူကလည်း ၊ အဘယ်သူ သည် အကျွန်ုပ် နှင့် စပ်ဆိုင် သောသူဖြစ် ပါသနည်းဟု မိမိ အပြစ် မရှိဟန်ပြုလို သောစိတ်နှင့် ယေရှု ကို လျှောက် ပြန်သော်။ ၃၀ ယေရှု က၊ လူ တစ် ယောက်သည် ယေရုရှလင် မြို့မှ ယေရိခေါ မြို့သို့ သွား ရာတွင် ဓားပြ နှင့် တွေ့ကြုံ လေ ၏။ ဓားပြ တို့သည် ထိုသူ ၏အဝတ်ကိုချွတ် ၍ နာကျင် စွာရိုက်နှက် ပြီးမှသေလုမတတ် ရှိသောအခါ ပစ်ထား ၍ သွား ကြ၏။ ၃၁ ထို လမ်း သို့ ယဇ် ပုရောဟိတ်တစ် ယောက်သည် အမှတ်တမဲ့ သွား ၍ ထိုလူနာ ကိုမြင် လျှင် လွှဲရှောင် ၍ သွား လေ၏။ ၃၂ ထိုနည်းတူ လေဝိ လူတစ်ယောက်သည် ထိုအရပ် သို့ ရောက် သောအခါ ၊ လာ ၍ ကြည့် မြင်လျှင် လွှဲရှောင် ၍ သွားလေ၏။ ၃၃ ရှမာရိ လူတစ် ယောက်သည် ခရီးသွား ရာတွင် ထိုလူနာ ရှိရာသို့ ရောက် ၍ မြင် သောအခါ၊ ကရုဏာ စိတ် ရှိသည်နှင့်၊ ၃၄ ချဉ်းကပ် ၍ သူ ၏အနာ များကို ဆီ နှင့် စပျစ်ရည် ထည့် လျက် အဝတ်နှင့်စည်း ပြီးလျှင်၊ မိမိ တိရစ္ဆာန် ပေါ်မှာ တင် ၍ စရပ် တစ်ခုသို့ ဆောင်သွား ပြုစု လေ၏။ ၃၅ နက်ဖြန် နေ့၌ ထွက်သွား သောအခါ ၊ ဒေနာရိ နှစ် ပြားကိုထုတ်၍ စရပ်ရှင် အား ပေးလျက် ၊ ဤသူ ကို ကြည့်ရှုပြုစု ပါ။ ကုန် သမျှ ကိုငါ ပြန်လာ သောအခါ ဆပ်ပေး မည်ဟုဆို ၏။ သင် သည်အဘယ်သို့ထင် သနည်း။ ၃၆ ထို သူသုံး ယောက်တို့တွင် အဘယ်သူ သည် ဓားပြ လက်သို့ရောက် သောသူ နှင့် စပ်ဆိုင် သောသူ ဖြစ် သနည်း ဟု ပြန်၍မေး တော်မူလျှင်၊ ၃၇ ကျမ်းတတ်ကလည်း ၊ လူနာ

ကိုသနား သောသူ သည် စပ်ဆိုင်သောသူဖြစ်ပါ၏ဟုလျှောက် သော် ယေရှု က သင် သည်သွား ၍ ထိုနည်းတူ ပြု လော့ ဟု မိန့် တော်မူ၏။ ၃၈ ယေရှု သည် တပည့် တော်တို့နှင့် ခရီးသွား ကြစဉ် ရွာ တ ရွာသို့ ဝင် သော်၊ မာသ အမည် ရှိသော မိန်းမ တစ်ဦး သည် မိမိအိမ်၌ ကိုယ်တော် ကိုဧည့်ခံ လေ၏။ ၃၉ ထိုမိန်းမ ၌ မာရိ အမည် ရှိသော ညီမ တစ်ယောက်ရှိ ၏။ ထို မာရိသည် ယေရှု ၏ခြေ တော်ရင်း၌ ထိုင် ၍ စကား တော်ကို နားထောင် လျက်နေ၏။ ၄၀ မာသ မူကား ၊ လုပ်ကျွေး ခြင်းအမှုများ ၌ စိတ်ပူပန် ခြင်းရှိသဖြင့် အထံတော်သို့ချဉ်းကပ် ၍ ၊ သခင် ၊ ကျွန်မ ၏ညီမ သည်၊ ကျွန်မ တစ်ယောက်တည်း လုပ်ကျွေး စေခြင်းဌာကျွန်မပစ်ထား သည်အရာကို လျစ်လျူ သော စိတ်ရှိတော်မူသလော။ သူ သည် ကျွန်မ ကို ကူညီ မည့်အကြောင်း အမိန့် ရှိတော်မူပါဟု လျှောက် သော်၊ ၄၁ ယေရှု က၊ မာသ ၊ မာသ ၊ သင်သည် များစွာ သော အမှုတို့ ၌ စိုးရိမ် ၍ နှောင့်ရှက် ခြင်းကို ခံရ၏။ လို သော အရာတစ်ခု တည်းရှိ ၏။ ၄၂ မာရိ မူကား ၊ ကောင်း သောအဘို့ ကို ရွေးယူ ပြီ။ ထို အဘို့ကို အဘယ်သူမျှ မ နှုတ် မယူရာ ဟု မိန့် တော်မူ၏။

၁၁ တရံရောအခါ ကိုယ်တော် သည် တစ်စုံတစ်ခု သောအရပ် တွင် ဆုတောင်း တော်မူပြီးလျှင် ၊ တပည့် တော်တစ် ယောက်က၊ သခင် ၊ ဆုတောင်း စေခြင်းဌာယောဟန် သည်မိမိ တပည့် တို့အား နည်းပေး သကဲ့သို့ အကျွန်ုပ် တို့အား နည်းပေး တော်မူပါဟု လျှောက် သော်၊ ၂ ကိုယ်တော်က၊ သင်တို့သည်ဆုတောင်း လျှင် မြွက်ဆို ရမည်မှာ၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ ၊ ကိုယ်တော် ၏ နာမ တော်အား ရှိသေ လေးမြတ်ခြင်းရှိပါစေသော။ နိုင်ငံ တော် တည်ထောင် ပါစေသော။ ၃ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့မြေကြီးပေါ် မှာပြည့်စုံပါစေသော။ အသက် မွေးလောက်သောအစာ ကို အကျွန်ုပ် တို့အား နေ့ရက် အစဉ် အတိုင်း ပေး သနားတော်မူပါ။ ၄ အကျွန်ုပ် တို့ကို ပြစ်မှား သောသူရှိသမျှ တို့၏ အပြစ်ကို အကျွန်ုပ် သည်လွှတ် သောကြောင့် ၊ အကျွန်ုပ် တို့၏အပြစ် များကို လွှတ် တော်မူပါ။ အပြစ် သွေးဆောင် ရာသို့ မ လိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါဟု ဆုတောင်းကြလော့ ဟု မိန့်တော်မူ၏။ ၅ တစ်ဖန် မိန့် တော်မူသည်ကား၊ သင် တို့တွင် တစ်စုံတစ်ယောက် သောသူ၌ အဆွေ ခင်ပွန်းရှိ သည်ဖြစ်၍ ၊ သန်းခေါင် အချိန်တွင် ထိုအဆွေခင်ပွန်း၏ အိမ်သို့ သွား ပြီးလျှင် ၊ အဆွေ ၊ ၆ အကျွန်ုပ် အဆွေ ခင်ပွန်းတစ်ယောက်သည် ခရီး မှ လာ၍ အကျွန်ုပ် ထံသို့ ရောက် ပါပြီ။ သူ့ ကို ကျွေး စရာ မ ရှိ သောကြောင့် မုန့် သုံး လုံးချေး နှင့် ပါဟုဆို သော်၊ ၇ အိမ်ရှင် ကလည်း၊ ငါ့ ကိုမ နှောင့်ရှက် နှင့်။ တံခါး ပိတ် လျက်ရှိ၏။ ငါ့ သားသမီး တို့သည် ငါ နှင့် အိပ် လျက်ရှိ ကြ၏။ ငါထ ၍ သင့် အားမ ပေး နိုင် ဟု အိမ်ထဲက ပြန်ပြော သည်အရာမှာ၊ ၈ ငါဆို သည်ကား၊ အဆွေ ခင်ပွန်းဖြစ် သည်ကိုထောက်၍မ ထ ၊ မပေး သော်လည်း ၊ အားမလျော့ဘဲ တောင်း၍နေသောကြောင့် ထ ၍လိုချင် သမျှ ကို ပေး လိမ့်မည်။ ၉ တစ်ဖန်ငါ ဆို သည်ကား၊ တောင်း ကြလော့။ တောင်းလျှင် ရ မည်။ ရှာ ကြလော့။ ရှာလျှင် တွေ့ မည်။ တံခါးကိုခေါက် ကြလော့၊ ခေါက်လျှင် ဖွင့် မည်။ ၁၀ တောင်း သောသူ မည်သည်ကားရ ၏။ ရှာ သောသူ လည်း တွေ့ ၏။ ခေါက် သောသူ အားလည်း တံခါးကို ဖွင့် ၏။ ၁၁ သင် တို့တွင် အဘ ဖြစ်သောသူ ၌ သား သည် မုန့်ကိုတောင်းလျှင် အဘသည်ကျောက်ကိုပေးမည်လော့။ ငါး ကိုတောင်း လျှင် ငါး အစား ၌ မြွေ ကိုပေး

မည်လော။ ၁၂ ဥ ကိုတောင်း လျှင် ကင်းမြီးကောက် ကို ပေး မည်လော။ ၁၃ သင် တို့သည် အဆိုး ဖြစ် လျက်ပင် ကိုယ်သား တို့အား ကောင်း သောအရာ ကို ပေး တတ်လျှင်၊ ထိုမျှမက ကောင်းကင် ဘုံ၌ ရှိတော်မူသော သင်တို့အဘ သည် ဆုတောင်း သောသူ တို့အား သန့်ရှင်း သောဝိညာဉ် တော်ကို သာ၍ပေး တော်မူမည် မဟုတ်လော ဟု မိန့်တော်မူ၏။ ၁၄ တရံရောအခါ စကားအ သောနတ်ဆိုး ကို နှင်ထုတ် တော်မူ၍ ၊ နတ်ဆိုး ထွက် သည်နောက် အ သောသူ သည် စကား ပြော၏။ အစုအဝေး တို့သည်လည်း အံ့သြ ကြ၏။ ၁၅ အချို့တို့က ဤသူသည် နတ်ဆိုး မင်း ဗေလဇေဗုလ ကို အမှီပြု ၍ နတ်ဆိုး တို့ကို နှင်ထုတ် သည်ဟု ဆို ကြ၏။ ၁၆ အချို့တို့သည်လည်း ၊စုံစမ်း နှောက်ယှက်ခြင်းဌာမိုဃ်း ကောင်းကင်က ဖြစ်သော နိမိတ် လက္ခဏာကို တောင်း ကြ၏။ ၁၇ ထို သူ တို့၏စိတ် ကို သိ တော်မူသည်ဖြစ်၍ ၊ တိုင်း နိုင်ငံမည်သည်ကား၊ မိမိ နှင့်မသင့်မတင့် ကွဲပြား လျှင် ပျက်စီး ခြင်းသို့ရောက်လိမ့်မည်၊ အိမ် မည်သည်ကား ၊ မိမိနှင့်မသင့်မတင့် ကွဲပြားလျှင်လဲ လိမ့်မည်။ ၁၈ ငါ သည် ဗေလဇေဗုလ ကို အမှီပြု ၍ နတ်ဆိုး တို့ကိုနှင်ထုတ် သည်ဟု သင်တို့ဆို သည်အတိုင်း ၊ စာတန် သည် မိမိ နှင့် မသင်မတင့် ကွဲပြား လျှင် သူ ၏နိုင်ငံ သည် အဘယ်သို့ တည် နိုင်မည်နည်း။ ၁၉ ငါ သည် ဗေလဇေဗုလ ကို အမှီပြု ၍ နတ်ဆိုး တို့ကို နှင်ထုတ် သည်မှန်လျှင် ၊ သင် တို့၏သား တို့သည် အဘယ်သူ ကိုအမှီပြု ၍ နှင်ထုတ် ကြသနည်း။ထိုကြောင့် သူ တို့သည်သင် တို့အားတရား စီရင်သောသူဖြစ် ကြ လိမ့်မည်။ ၂၀ ငါ သည် ဘုရားသခင် ၏ လက်ညှိုး တော်အားဖြင့် နတ်ဆိုး တို့ကို နှင်ထုတ် သည်မှန်လျှင် ၊ အကယ်စင်စစ် သင် တို့ ၌ ဘုရားသခင် ၏နိုင်ငံ တော်တည်ချိန်ရောက် လေပြီ။ ၂၁ သူရဲ သည် လက်နက်စုံ နှင့် မိမိ အိမ်ဦး ၌ စောင့် နေစဉ်အခါ သူ ၏ဥစ္စာ သည် လုံခြုံ စွာရှိ ၏။ ၂၂ သူ့ ထက် တတ်စွမ်း နိုင်သောသူသည်လာ ၍ သူ့ ကိုအောင် ပြီးမှ၊ သူကိုးစား သော လက်နက်စုံ ကို သိမ်းယူ ၍ ဥစ္စာပရိက်ံ များကို ခွဲဝေ လိမ့်မည်။ ၂၃ ငါ့ ဘက်၌ မ နေ သောသူ သည် ငါ့ ရန်ဘက် ဖြစ် ၏။ ငါ နှင့်အတူ မ စု မသိမ်းသောသူ သည် ကြဲဖြန့် သောသူ ဖြစ်၏။ ၂၄ ညစ်ညူး သောနတ် သည် လူ ထဲက ထွက် လျှင် ၊ ခြောက်ကပ် သောအရပ် တို့ ၌ လည် ၍ ငြိမ်သက် ခြင်းကို ရှာ တတ်၏။ မ တွေ့ လျှင် ၊ ငါသည်ထွက်ခဲ့ သော နေမြဲအိမ် သို့ ပြန် ရဦးမည်ဟုဆို ၍ ၊ ၂၅ ရောက် သောအခါ ၊ ထိုအိမ်သည် သုတ်သင် ပြင်ဆင် လျက်ရှိသည်ကို တွေ့ သော်၊ ၂၆ မိမိ ထက်သာ၍ညစ်ညူး သောနတ်ဆိုး ခုနစ် ယောက်ကို ခေါ် ပြီးလျှင် ထို လူထဲသို့ဝင် ၍ နေ ကြ၏၊ ထို လူ ၏နောက် ဖြစ် ဟန်သည် ရှေ့ဖြစ်ဟန်ထက်သာ၍ဆိုး သည် ဟု မိန့်တော်မူ၏။ ၂၇ ထိုသို့ မိန့် တော်မူစဉ် တွင်မိန်းမ တစ် ယောက်သည် လူအစုအဝေး ထဲက ခေါ် ၍ ကိုယ်တော် ကို လွယ် သော ဝမ်း နှင့် စို့ တော်မူသောသားမြတ် သည်မင်္ဂလာ ရှိပါ၏ဟု လျှောက် လျှင်၊ ၂၈ ကိုယ်တော် က၊ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို နာ ၍ ကျင့်စောင့် သောသူ သည်မြတ်စွာ သော မင်္ဂလာ ရှိသည် ဟု မိန့် တော်မူ၏။ ၂၉ လူ အစုအဝေးတို့သည် ထူထပ် လျက်ရှိကြသောအခါ ကိုယ်တော်က၊ ဤ လူမျိုး သည် ဆိုးညစ် သောအမျိုး ဖြစ် ၏။ နိမိတ် လက္ခဏာကို တောင်း သည်မှာ ပရောဖက်ယောန ၏ နိမိတ် လက္ခဏာမှတစ်ပါး အဘယ် လက္ခဏာ ကိုမျှ သူ တို့အားမပြ ရာ။ ၃၀ ယောန သည် နိနေဝေ မြို့သားတို့အား နိမိတ် လက္ခဏာဖြစ် သကဲ့သို့ လူ သား သည် ဤ လူမျိုး အား ဖြစ်

လိမ့်မည်။ ၃၁ တရားဆုံးဖြတ် တော်မူသောအခါ တောင် ပြည်ကို အစိုးရသောမိဖုရား သည် ဤ လူမျိုး တစ်ဘက်၌ထ ၍ အရှုံးခံ စေလတံ့။ အကြောင်းမူကား ။ ထိုမိဖုရားသည် ရှောလမုန် မင်းကြီး၏ ပညာ စကားကို နားထောင် ခြင်းငှာမြေကြီး စွန်း မှ လာ ၏။။ဤ အရပ်၌ ကား၊ ရှောလမုန် ထက် သာ၍ကြီးမြတ်သောသူရှိ၏။ ၃၂ တရားဆုံးဖြတ် တော်မူသောအခါ နိနေဝေ မြို့သားတို့သည် ဤ လူမျိုး တစ်ဘက်၌ထ ၍ အရှုံးခံ စေလတံ့။ အကြောင်းမူကား ၊ ထိုသူတို့သည် ယောန ဟောပြော သော စကားကြောင့် နောင်တရ ကြ၏။ ၃၃ ဤ အရပ်၌ကား ယောန ထက် သာ၍ကြီးမြတ်သောသူရှိ၏။ ဆီမီး ထွန်း ၍ ကွယ်ရာ ၌ ဖုံးထား လေ့မ ရှိ။ တောင်း ဧလားအောက် ၌လည်း ထားလေ့မ ရှိ။ ဝင်လာ သောသူ သည် အလင်း ကိုရ စေခြင်းငှာ ဆီမီးခုံ အပေါ်မှာ တင်ထားလေ့ရှိ၏။ ၃၄ ကိုယ် ၏ဆီမီး ကား၊ မျက်စိ တည်း။ ထိုကြောင့် မျက်စိ ကြည်လင် သောအခါ တကိုယ်လုံး လင်း လိမ့်မည်။ မျက်စိမြွေးရှက် သောအခါ တကိုယ်လုံး မိုက် လိမ့်မည်။ ၃၅ ကိုယ် ၌ ရှိသောအလင်း ကို မှောင်မိုက် မ ဖြစ် စေခြင်းငှာသတိပြု လော့။ ၃၆ အင်္ဂါတစ်ခု မျှမ မိုက် ဘဲ တစ်ကိုယ်လုံး လင်း လျှင် ၊ ဆီမီး ၏အရောင် နှင့် လင်း စေသကဲ့သို့ လုံးလုံး လင်း လျက် ရှိ လိမ့်မည် ဟု မိန့် တော်မူ၏။ ၃၇ ထိုသို့ မိန့် တော်မူစဉ် တွင်ဖာရိရှဲ့ တစ်ယောက်သည် အစာ ကိုသုံးဆောင်တော်မူစေခြင်းငှာ ကိုယ်တော် ကို ခေါ်ပင့် လျှင်၊ သူ၏အိမ် သို့ကြွ၍ စားပွဲ ၌ လျောင်းတော်မူ၏။ ၃၈ အစာ ကိုမ စားမီ ဆေး ခြင်းကို ပြုတော်မ မူသည်ကို ဖာရိရှဲ့ သည်မြင် လျှင် အံ့ဩ လေ၏။ ၃၉ သခင် ဘုရားကလည်း ၊ ဖာရိရှဲ့ ဖြစ်သော သင် တို့သည် ဖလား ၊ လင်ပန်း ကိုအပြင် ၌ ဆေးကြော ကြ၏။ အတွင်း ၌ကား လုယူ ခြင်း၊ ဆိုးညစ် ခြင်းနှင့် ပြည့် လျက်ရှိ၏။ ၄၀ လူမိုက် တို့၊ အပြင် ကို ဖန်ဆင်း သောသူ သည် အတွင်း ကိုလည်း ဖန်ဆင်း တော်မူသည်မဟုတ် လော။ ၄၁ သာ၍ကောင်းသောနည်းမူကား၊ တတ်နိုင် သမျှအတိုင်း ဆင်းရဲသားတို့အား စွန့်ကြဲ ကြလော့။ သို့ပြုလျှင် ခပ်သိမ်း သောအရာတို့သည် သင် တို့အားသန့်ရှင်း ကြလိမ့်မည်။ ၄၂ ဖာရိရှဲ့ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ပင်စိမ်း ရွက်၊ လျူ ရွက်မျိုးမှစ၍ မြက်ပင် အမျိုးမျိုး ကို ဆယ်ဘို့တဘို့ လှူကြသည်တွင်၊ တရား သဖြင့်စီရင်ခြင်း၊ ဘုရားသခင် ကိုချစ် ခြင်းအမှုကိုကား လှပ် ၍ ထားကြ၏။ အရင်ဆိုသောအရာတို့ကိုမ လှပ် မထား၊ နောက်ဆိုသောအရာတို့ကိုကျင့် ရ မည်။ ၄၃ ဖာရိရှဲ့ တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ တရားစရပ် ၌ မြင့်မြတ် သောနေရာ ထိုင်ရာကိုငင်း ၊ ဈေး ၌ ရိုသေစွာနှုတ်ဆက် ခြင်းကိုငင်း နှစ်သက် ကြ၏။ ၄၄ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ မ ထင်ရှားသော သချိုင်း တွင်းနှင့်တူကြ၏။ ထိုတွင်းအပေါ်မှာသွားလာ သောသူ တို့သည် သချိုင်းတွင်းရှိမှန်းကိုမျှ မ သိ ကြ ဟု မိန့် တော်မူ၏။ ၄၅ ကျမ်းတတ် တစ် ယောက်ကလည်း ၊ အရှင် ဘုရား ထိုသို့ ဆို လျှင် အကျွန်ုပ် တို့ကိုပင် ကဲ့ရဲ့ အပြစ်တင်တော်မူ၏ဟု လျှောက် သော်၊ ၄၆ ကျမ်းတတ် တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ထမ်း ခဲသောဝန် ကိုသူတစ်ပါးအပေါ်မှာတင် တတ်၏။ ၄၇ ကိုယ် လက်ဖျား နှင့်မျှမ တို့ ကြ။ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ပရောဖက် တို့၏ သချိုင်း များကိုတည်လုပ် ၍၊ သင် တို့၏ ဘိုးဘေး များသည် သူ တို့ကိုသတ် ကြ၏။ ၄၈ အကယ်စင်စစ် သင် တို့သည် ဘိုးဘေး တို့၏ အပြုအမူ ကိုလက်ခံ ကြ၏။ ဘိုးဘေး တို့သည်

ပရောဖက် များကို သတ် ကြပြီ။ သင် တို့မူကား ၊ သခ်ျိုင်းတို့ကို တည်လုပ်ကြ၏။ ၄၉ ထိုကြောင့် ၊ ဘုရားသခင် ၏ ဉာဏ် စီရင်တော်မူသည်ကား၊ ပရောဖက် ၊ တမန်တော် တို့ကို သူ တို့ရှိရာ သို့ ငါစေလွှတ် မည်။ သူတို့သည် ထိုပရောဖက်၊ တမန်တော်အချို့တို့ကို ညှဉ်းဆဲ ကြလိမ့်မည်။ အချို့တို့ကို သတ် ကြ လိမ့်မည်။ ၅၀ ထိုကြောင့်၊ အာဗေလ ၏ အသွေး မှစ၍ ၊ ယဇ်ပလ္လင် နှင့် အိမ် တော်၏အကြား ၌ သတ်ခဲ့ပြီးသော ဇာခရိ ၏အသွေး တိုင်အောင် ကမ္ဘာ ဦး မှစ၍ သွန်း ပြီးသော ပရောဖက် အပေါင်း တို့၏အသွေး ကြောင့် ယခု ဖြစ်သောလူ တို့သည် စစ်ကြော ခြင်းကို ခံရကြမည်။ ၅၁ ငါအမှန် ဆို သည်ကား၊ ယခု ဖြစ်သောလူ တို့သည် ထိုစစ်ကြော ခြင်းကိုခံရကြမည်။ ၅၂ ကျမ်းတတ် တို့၊ သင် တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ပညာ ဖွင့်သော သော့ ကို သိမ်းထား ကြပြီ။ မိမိ တို့လည်းမ ဝင် ၊ ဝင် လိုသောသူ တို့ကိုလည်း ဆီးတား ကြသည် ဟု မိန့် တော်မူ၏။ ၅၃ ထိုသို့ ပရိသတ် တို့အား မိန့်တော်မူစဉ်တွင် ကျမ်းပြု ဆရာနှင့် ဖာရိရှဲ တို့သည် ကိုယ်တော် ၌အပြစ်တင် ခွင့်ကို ရမည်အကြောင်း၊ ၅၄ ချောင်းမြောင်း လျက် စကား တော်ကိုဘမ်း ခြင်းငှာရှာကြံလျက်၊ ကျပ်ကျပ်တိုက်တွန်း၍ အရာရာ တို့ ၌ မေးစစ် ကြ၏။

၁၂ ထိုအခါ အတိုင်းမသိ များစွာသော လူ တို့သည်စုဝေး ၍ အချင်းချင်း နင်းမိ မတတ် နေကြသည်ရှိသော်၊ ယေရှုသည် တပည့် တော်တို့အား မိန့် တော်မူသည်ကား၊ လျှို့ဝှက် ခြင်းတည်းဟူသောဖာရိရှဲ တို့၏ တဆေး ကို ရှေးဦးစွာ ကြဉ်ရှောင် ကြလော့။ ၂ ဖုံးထား လျက်ရှိ သမျှ တို့သည် ပွင့် လိမ့်မည်။ ဆိတ်ကွယ် ရာ၌ ရှိသမျှတို့သည်လည်း ထင်ရှား လိမ့်မည်။ ၃ မှောင်မိုက် ၌ သင်တို့ပြော သမျှသောအရာ များကို သူတစ်ပါး တို့သည်အလင်း ၌ နားကြား ကြလိမ့်မည်။ သင်တို့သည် အခန်း ထဲမှာ နား အပါး၌ ပြော သောအရာ များကို အိမ်မိုး ပေါ်မှာ ဟစ်ကြော် ကြလိမ့်မည်။ ၄ ငါ့ အဆွေ တို့၊ သင် တို့အား ငါဆို သည်ကား၊ ကိုယ်ခန္ဓာ ကိုသတ် ၍ နောက်တစ်ဖန်အလျှင်း မ ပြု နိုင်သော သူတို့ ကို မ ကြောက် ကြနှင့်။ ၅ အဘယ်သူ ကို ကြောက် ရမည်နည်းဟူမူကား ၊ ကိုယ်ခန္ဓါကိုသတ် ပြီးမှ ငရဲ ထဲသို့ ချ နိုင် သောသူ ကို ကြောက် ကြလော့။ ငါအမှန် ဆို သည်ကား၊ ထို သူကို ကြောက် ကြလော့။ **(Geenna g1067)** ၆ စာငှက် ငါး ကောင်ကို အဿရိ နှစ် ပြားအဘိုးနှင့် ဝယ် ရသည်မ ဟုတ်လော။ ထိုစာငှက် တစ် ကောင်ကိုမျှ ဘုရားသခင် မေ့လျော့ တော်မ မူ။ ၇ သင် တို့ ဆံပင် သည်လည်း အကုန်အစင် ရေတွက် လျက်ရှိ၏။ ထိုကြောင့် မ ကြောက် ကြနှင့်။ သင်တို့သည်စာငှက် အများ တို့ထက် သာ၍မြတ်ကြ၏။ ၈ ငါဆို သည်ကား၊ အကြင်သူ သည် လူတို့ ရှေ့မှာ ငါ့ ကိုဝန်ခံ အံ့။ ဘုရားသခင် ၏ ကောင်းကင် တမန်တို့ရှေ့မှာ လူ သား သည် ထိုသူ ကိုဝန်ခံ မည်။ ၉ အကြင်သူ သည် လူတို့ ရှေ့မှာငါ့ ကိုငြင်းပယ် အံ့။ ဘုရားသခင် ၏ ကောင်းကင် တမန်တို့ ရှေ့မှာထိုသူ ကို ငါငြင်းပယ် မည်။ ၁၀ လူ သား ကို နှုတ် ဖြင့်ပြစ်မှား သောသူ မည်သည်ကား ၊ အပြစ်နှင့်လွတ် စေခြင်းအခွင့်ကို ရနိုင်၏။ သန့်ရှင်း သော ဝိညာဉ် တော်ကို ကဲ့ရဲ့ သောသူ မည်သည်ကား အပြစ်နှင့်လွတ် စေခြင်းအခွင့်ကို မ ရနိုင်ရာ။ ၁၁ သင် တို့ကို တရားစရပ် သို့ဝင်း ၊ အာဏာမှူး ၊ မင်း များရှေ့ သို့ဝင်း၊ ပို့ဆောင် ကြသောအခါ အဘယ်သို့ ပြန်ပြော ရမည်ကို မ စိုးရိမ် ကြနှင့်။ ၁၂ အကြောင်းမူကား ၊ ထို ခဏခြင်း တွင် အဘယ်သို့ ပြော ရ မည်ကို သန့်ရှင်း သောဝိညာဉ် တော်သည် အကြံပေးမည်

ဟု မိန့်တော်မူ၏။ ၁၃ လူအစုအဝေး ၌ ပါ သော သူတစ်ယောက်က၊ အရှင် ဘုရား၊ အကျွန်ုပ် အစ်ကို သည် အမွေ ဥစ္စာကို အကျွန်ုပ် အား ဝေပေး ပါမည်အကြောင်း အမိန့် ရှိတော်မူပါဟု လျှောက် လျှင်၊ ၁၄ ကိုယ်တော်က အချင်းလူ၊ အဘယ်သူ သည် သင် တို့အမှုကိုစီရင် ခွဲဝေ ပိုင်သောအခွင့်ကို ငါ့ အား အပ်ပေး သနည်း ဟု မေး တော်မူ၏။ ၁၅ ထိုမှတစ်ပါးလောဘ လွန်ကျူးခြင်းကို သတိ နှင့် ကြဉ်ရှောင် ကြလော့။ အကြောင်းမူကား ၊ စည်းစိမ် ရှိသော်လည်း စည်းစိမ် ၌ အသက် မ တည် ဟု မိန့် တော်မူ၏။ ၁၆ တစ်ဖန် ဥပမာ စကားကို မိန့် တော်မူသည်ကား၊ သူဌေး တစ်ဦး ၌ မြေ ကောင်း၍ အသီးအနှံ များလှ၏။ ၁၇ ထိုသူဌေးက၊ ငါသည် အဘယ်သို့ ပြု ရမည်နည်း။ အသီးအနှံ များကို သိုထား စရာအရပ် မ ရှိ ။ ၁၈ ပြု မည်အကြံမူကား၊ ငါ့ တိုက် များကိုဖျက် ၍ ကျယ် သောတိုက်တို့ကို တည် ပြီးမှ ၊ ငါ ၏ အသီးအနှံ ဥစ္စာ ရှိသမျှ တို့ကို သိုထား မည်။ ၁၉ ငါ့ ဝိညာဉ် အားလည်း ၊ အချင်းဝိညာဉ် ၊ သင်သည် နှစ် ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာ များ ကိုသိုထား လျက်ရှိ ပြီ။ ငြိမ်ဝပ် စွာနေလော့။ စား သောက် ခြင်း၊ ပျော်မွေ့ ခြင်းကို ပြုလော့။ ငါပြော မည်ဟု သူဌေးအကြံရှိ ၏။ ၂၀ ထိုသို့ အကြံရှိစဉ်တွင်ဘုရားသခင် က၊ အချင်းလူမိုက် ၊ ယနေ့ညဉ့် ပင် သင် ၏ဝိညာဉ် ကို ရုပ်သိမ်း ရာအချိန်ရောက်လိမ့်မည်။ သို့ ဖြစ်၍ သင်သည် ပြင်ဆင် သိုထားသော ဥစ္စာ ကို အဘယ်သူ ပိုင် မည်နည်းဟု သူဌေး အား မိန့် တော်မူ၏။ ၂၁ ထိုအတူ ကိုယ် အတို့ ဘဏ္ဍာများကိုဆည်းဖူး ၍ ၊ ဘုရားသခင် ရှေ့ တော်၌ ဆင်းရဲ သောသူ မည်သည်ကား၊ ထိုသူဌေးနှင့်တူသည် ဟု မိန့်တော်မူ၏။ ၂၂ တစ်ဖန် တပည့် တော်တို့အား မိန့် တော်မူသည်ကား၊ ထိုကြောင့် သင်တို့သည် အဘယ်သို့ စား ရမည်ဟူ၍အသက် အတို့ မ စိုးရိမ် ကြနှင့်။ အဘယ်သို့ ဝတ် ရမည်ဟူ၍ကိုယ် အတို့ မ စိုးရိမ်ကြနှင့်ဟု ငါဆို ၏။ ၂၃ အစာ ထက် အသက် မြတ်သည်မဟုတ်လော။ အဝတ် ထက် ကိုယ် မြတ်သည်မဟုတ်လော။ ၂၄ ကျီးကန်း များကို ကြည့်ရှု ဆင်ခြင်ကြလော့။ ထိုငှက်တို့သည်မျိုးစေ့ကိုမ စိုက် မကြဲ၊ စပါး ကိုမ ရိတ်၊ စပါးကျီ မ ရှိ ၊ ဘဏ္ဍာတိုက် မ ရှိ။ သို့သော်လည်း ဘုရားသခင် သည် သူ တို့ကို ကျွေးမွေး တော်မူ၏။ ထိုငှက် တို့ထက် သင် တို့သည် အလွန် မြတ် သည်မဟုတ်လော။ ၂၅ အဘယ်သူ သည် စိုးရိမ် ခြင်းအားဖြင့် မိမိ အသက်တာ ကို တထောင် ခန့်မျှတိုးပွား စေနိုင် သနည်း။ ၂၆ ထိုသို့ အငယ်ဆုံး သောအမှုကိုမျှ မတတ်နိုင် လျှင် ကြွင်း သောအမှု ကို အဘယ်ကြောင့် စိုးရိမ် ကြသနည်း။ ၂၇ နှင်းပင် တို့သည် အဘယ်သို့ သောအားဖြင့်ကြီးပွား သည်ကို ကြည့်ရှု ဆင်ခြင်ကြလော့။ ထိုအပင်တို့ သည် အလုပ် လည်းမ လုပ်၊ ချည် ဖြစ်စေခြင်းငှာမ ငင်မဝင့်။ သို့သော်လည်း ဘုန်းကြီး သော ရှောလမုန် မင်းကြီးအဝတ်သည် ထို အပင်တ ပင်မျှ ၏အဝတ်ကို မ မှီဟု ငါဆို ၏။ ၂၈ ယုံကြည် အားနည်းသောသူတို့၊ ယနေ့ အသက် ရှင်လျက်၊ နက်ဖြန် မီးဖို ထဲသို့ ရောက် သော တော မြက်ပင် ကို ဘုရားသခင် သည် ထိုသို့သော အဝတ် နှင့် ဖုံးလွှမ်းတော်မူလျှင် ၊ ထိုမျှမက သင် တို့ကို အဝတ်နှင့် ဖုံးလွှမ်းတော်မူမည်မဟုတ်လော။ ၂၉ ထိုကြောင့် အဘယ်သို့ စား ရအံ့နည်း။ အဘယ်သို့ သောက် ရအံ့နည်းဟူ၍မ ရှာဖွေ ကြနှင့်။ သောက မ္ဗေနှောက်ခြင်းလည်း မ ရှိကြနှင့်။ ၃၀ ထို အရာများကို လောကီသား အမျိုးမျိုး တို့သည် ရှာဖွေ တတ်ကြ၏။ ထို အရာများကို သင်တို့သည် အသုံးလို ကြောင်း ကို သင် တို့အဘ သိ တော်မူ၏။ ၃၁

သင်တို့မူကား ဘုရားသခင် ၏ နိုင်ငံ တော်ကို ရှာ ကြလော့။ နောက်မှ ထို အရာများကို ထပ် ၍ပေးတော်မူလတံ့။ ၃၂ သိုးစု ငယ် ၊ သင်တို့သည် မ ကြောက် ကြနှင့်။ သင် တို့အဘ သည် သင် တို့အား နိုင်ငံ ကိုပေး ခြင်းငှာအလိုရှိ တော်မူ၏။ ၃၃ သင် တို့ ဥစ္စာ များကို ရောင်း ၍ ဆင်းရဲသားတို့အား စွန့်ကြဲ ကြလော့။ မ ဆွေးမဟောင်းတတ် သော အိတ် တို့ကို ကိုယ် သုံးဘို့ လုပ် ကြလော့။ သူခိုး မ ရောက် ၊ ပိုး များမ ဖျက်ဆီး ရာအရပ် ၊ ကောင်းကင် ဘုံ၌ မကုန်မဆုံး နိုင် သော ဘဏ္ဍာ ကို ဆည်းဖူးကြလော့။ ၃၄ အကြောင်းမူကား ၊ အကြင်အရပ် ၌ သင် တို့၏ဘဏ္ဍာ ရှိ ၏။ ထို အရပ်သို့ သင် တို့စိတ် နှလုံးရောက် တတ်၏။ ၃၅ သင် တို့သည် ခါးပန်း စည်း လျက်၊ ဆီမီး ထွန်း လျက်နေသဖြင့် ၊ ၃၆ သခင် သည် မင်္ဂလာဆောင်ပွဲ မှ ပြန်လာ ၍ တံခါးကိုခေါက် သောအခါ ချက်ခြင်း ဖွင့် ခြင်းငှာ သခင် လာ မည်ကို မြော်လင့် ၍နေသောကျွန် ကဲ့သို့ ရှိနေကြလော့။ ၃၇ အကြင် ကျွန် တို့သည် စောင့် လျက်နေသည်ကို သခင် သည်ပြန်လာ ၍တွေ့ ၏။ ထို ကျွန်တို့သည် မင်္ဂလာ ရှိကြ၏။ ငါအမှန် ဆို သည်ကား၊ သခင်သည် ခါးပန်းစည်း လျက် ကျွန် တို့ကို စားပွဲ ၌ လျောင်းစေပြီးမှ၊ ကိုယ်တိုင်လာ ၍သူ တို့အားလုပ်ကျွေး လိမ့်မည်။ ၃၈ နှစ်ချက်တီး အချိန်ဖြစ်စေ ၊ သုံးချက်တီး အချိန်ဖြစ်စေ ၊ သခင် သည်လာ၍ ထိသို့ တွေ့ လျှင်၊ ထို ကျွန်တို့ သည် မင်္ဂလာ ရှိ ကြ၏။ ၃၉ အိမ်ရှင် သည် သူခိုး လာ မည်အချိန်နာရီ ကို သိ ရလျှင် ၊ မိမိ အိမ် ကို မ ထွင်း မဖောက်စေခြင်းငှာစောင့်နေလိမ့်မည်ကို သင်တို့သိ ကြ၏။ ၄၀ ထိုကြောင့် သင် တို့သည် ပြင်ဆင် လျက်နေ ကြလော့။ အကြောင်းမူကား ၊ သင်တို့မ ထင်မှတ် သောအချိန် ၌ လူ သား သည် ကြွလာ လိမ့်မည် ဟု မိန့်တော်မူ၏။ ၄၁ ပေတရု ကလည်း ၊ သခင် ၊ ဤ ဥပမာ ကို အကျွန်ုပ် တို့အား သာ မိန့် တော်မူသလော။ လူအပေါင်း တို့အား မိန့်တော်မူသလောဟု မေးလျှောက် လျှင်၊ ၄၂ သခင် ဘုရားက၊ အိမ်ရှင်သည် မိမိအိမ်သားတို့အား အချိန်တန် လျှင် အစားအသောက် တို့ကို ဝေဖန် စေခြင်းငှာအအုပ်အချုပ် ခန့်ထား ၍ သစ္စာ နှင့်ၾကင်း၊ သတိပညာ နှင့်ၾကင်းပြည့်စုံသောကျွန် ကား အဘယ်သူ နည်း။ ၄၃ အကြင်ကျွန်သည် ဤသို့ ပြု လျက်နေသည်ကို အရှင် သည် ပြန်လာ ၍တွေ့ ၏။ ထို ကျွန် သည် မင်္ဂလာ ရှိ၏။ ၄၄ ငါအမှန် ဆို သည်ကား၊ အရှင်သည် မိမိ ဥစ္စာ ရှိသမျှ တို့ကို ထိုကျွန် ၌ အပ် လိမ့်မည်။ ၄၅ သို့မဟုတ် မူကား ၊ အကြင် ကျွန် က၊ ငါ့ အရှင် လာ ခဲ လိမ့်မည်ဟု စိတ် ထဲ၌ အောက်မေ့သည် နှင့်ကျွန်ချင်း ယောကျ်ားမိန်းမ တို့ကို ရိုက်ပုတ် လျက်၊ စား သောက် ယစ်မူး လျက် နေ၏။ ၄၆ ထို ကျွန် မ ကြည့် မမျှော်သောနေ့ရက် ၊ မ ကြား မသိသောအချိန် နာရီ၌ သခင် သည် ရောက်လာ လျှင်၊ ထိုကျွန် ကို ပြင်းစွာဆုံးမကွပ်မျက် ၍ သစ္စာ မရှိသောသူ တို့နှင့်တကွ နေရာချ လတံ့။ ၄၇ အကြင် ကျွန် သည် မိမိ သခင် ၏ အလို ကိုသိ လျက်နှင့် အသင့် မ နေ၊ သခင် ၏အလို ကိုမဆောင် ၊ ထိုကျွန် သည် များစွာ သောဒဏ် ကိုခံရ၏။ ၄၈ သခင်၏အလိုကို မ သိ ဘဲလျက်၊ ဒဏ် ခံထိုက် သောအမှုကို ပြု မိသောသူ မူကား ၊ အနည်းငယ်သော ဒဏ် ကိုသာ ခံရ၏။ အကြင်သူ သည် များစွာ သောကျေးဇူး ကိုခံ၏။ ထိုသူသည်အများ ကိုဆပ် ရ၏။ အကြင်သူ ၌ များစွာ သောဥစ္စာကို အပ်နှင်း ၏။ ထိုသူ ကို များစွာ တောင်း လိမ့်မည်။ ၄၉ မြေ ပေါ် ၌ မီး လောင် စေခြင်းငှာငါလာ သတည်း။ ထိုမီး မည္ပိုမ့်တိုင်အောင်ငါ၏အလို မပြည့်စုံ။ ဗတ္တိဇံ တစ်ခုကိုလည်း ငါခံ စရာရှိ၏ ။ ၅၀ ထို ဗတ္တိဇံကို မ ခံ

မှီတိုင်အောင်ငါသည် အလွန်ငြီးငွေ့သော စိတ်ရှိ၏။ ၅၁ မြေ ပေါ်၌ ငြိမ်သက် ခြင်းကို ပေး အံ့သောဉာဂါလာ သည်ဟု ထင် ကြသလော။ ထိုသို့သောအလိုဉာ ဂါလာ သည်မ ဟုတ်။ အချင်းချင်းကွဲပြား စေခြင်းဉာဂါလာသည်ဟု ဂါဆို ၏။ ၅၂ အဘယ်သို့ နည်းဟူမူကား၊ ယခု မှစ၍ အိမ် တ အိမ်၌ နေသော လူငါး ယောက်တို့သည် နှစ် ယောက်တစ်စုသုံး ယောက်တစ်စုအချင်းချင်းကွဲပြား လိမ့်မည်။ ၅၃ အဘ နှင့် သား ၊ အမိ နှင့် သမီး ၊ ယောကျ်မ နှင့် ချွေးမ အချင်းချင်းကွဲပြား လိမ့်မည် ဟု မိန့် တော်မူ၏။ ၅၄ တစ်ဖန် လူ အစုအဝေးတို့အား မိန့် တော်မူသည်ကား၊ သင်တို့သည် အနောက် မျက်နှာ၌ မိုယ်းရိပ် တက် သည်ကို မြင် သောအခါ မိုယ်း ရွာ မည်ဟု ချက်ခြင်း ဆို တတ်၏။ ဆိုသည်အတိုင်း လည်း ဖြစ် တတ်၏။ ၅၅ တောင် လေလာ သည်ကို မြင်သောအခါ နေပူ မည်ဟု ဆို တတ်၏။ ဆိုသည်အတိုင်းလည်း ဖြစ် တတ်၏။ ၅၆ လျှိုဓ့က် သောသူတို့၊ သင်တို့သည် မြေကြီး ၏မျက်နှာနှင့် မိုယ်းကောင်းကင် ၏မျက်နှာကို ပိုင်းခြား ၍ သိ နိုင်ကြ၏။ ယခု ကပ်ကာလ ကို အဘယ်ကြောင့် ပိုင်းခြား ၍ မ သိ နိုင်ကြသနည်း။ ၅၇ ထိုမှတစ်ပါး ဖြောင့်မတ် ခြင်းတရားကို အဘယ်ကြောင့် အလိုအလျောက် ပိုင်းခြား ၍ မ သိကြသနည်း။ ၅၈ သင်သည်တရားတွေ့ဘက် နှင့်အတူ မင်း ထံသို့ သွား သောအခါ အမှုပြေ စေခြင်းဉာလမ်း ၌ ကြိုးစား လော့။ သို့မဟုတ် တရားတွေ့ဘက်သည်တရားသူကြီး ရှေ့ သို့ဆွဲ မည်။ တရားသူကြီး သည် လုလင် ခေါင်း၌အပ် ၍၊ လုလင် ခေါင်းသည် ထောင် ထဲ၌ လှောင် ထားမည်။ ၅၉ လျော်ပြစ်ငွေ ရှိသမျှ ကို မ လျော်မှီတိုင်အောင်ထောင် ထဲကမ ထွက် ရ၊ ဂါ ဆိုသည် ဟု မိန့်တော်မူ၏။

၁၃ ထို အခါ လူအချို့တို့သည်လာ ၍ ၊ ပိလတ် မင်းသည် ဂါလိလဲ လူအချို့တို့၏အသွေး ကို မိမိ တို့ ပူဇော် သော ယဇ်ကောင် တို့နှင့် ရောနှော ကြောင်း ကို လျှောက် ကြလျှင်၊ ၂ ယေရှုက၊ ထို ဂါလိလဲ လူတို့သည် ထိုသို့ ခံရ သောကြောင့် ၊ အခြားသော ဂါလိလဲ လူအပေါင်း တို့ထက် သာ၍အပြစ် ရှိသည်ဟု ထင် ကြသလော။ ၃ သာ၍အပြစ်ရှိသည်မ ဟုတ်။ သင်တို့ရှိသမျှ သည်လည်း နောင်တ မ ရလျှင် ပျက်စီး ခြင်းသို့ရောက်ကြ လိမ့်မည်ဟု ဂါဆို ၏။ ၄ ထိုမှတပါး ၊ ရှိလောင် ပြအိုး လဲ ၍ ပိသောသူ တကျိပ်ရှစ်ယောက်တို့သည် ယေရုရှလင် မြို့သားအပေါင်း တို့ထက် သာ၍အပြစ် ရှိ သည်ဟု ထင် ကြသလော။ ၅ သာ၍အပြစ်ရှိသည်မ ဟုတ်။ သင်တို့ ရှိသမျှ သည်လည်း နောင်တ မ ရလျှင် ပျက်စီး ခြင်းသို့ရောက်ကြ လိမ့်မည်။ ဂါ ဆိုသည် ဟုမိန့်တော်မူ၏။ ၆ တစ်ဖန် ဥပမာ ကို မိန့် တော်မူသည်ကား၊ လူတစ် ယောက်သည် ဥယျာဉ် ၌ စိုက် သော သင်္ဘောသဖန်း ပင် တစ်ပင်ရှိ ၏။ ထိုအပင် သို့ လာ ၍ အသီး ကိုရှာ သော်လည်းမ တွေ့ ။ ၇ ထိုအခါ ဥယျာဉ်စောင့် အား လည်း၊ သုံး နှစ် ပတ်လုံး ဤ သင်္ဘောသဖန်း ပင်သို့ ဂါလာ ၍ အသီး ကို ရှာ သော်လည်း မ တွေ့ မရ။ ခုတ်ပစ် လော့။ အဘယ်ကြောင့် မြေ ကိုနှောင့်ရှက် ရသနည်းဟု အမိန့် ရှိသော်၊ ဥယျာဉ်စောင့်က၊ သခင် ၊ ယခု နှစ် ရှိ ပါစေဦး။ ၈ အကျွန်ုပ်သည် အပင် နားပတ်လည် ကို တူးဆွ ၍ နောက်ချေး ကို ဖို့ ပါမည်။ ၉ အသီး သီးကောင်းသီး ပါလိမ့်မည်။ သို့မဟုတ် နောက်မှ ခုတ်ပစ် တော်မူပါဟုလျှောက် လေသည် ဟု မိန့်တော်မူ၏။ ၁၀ တစ် နေ့သောဥပုသ်နေ့ ၌ ယေရှုသည် တရားစရပ် တွင် ဆုံးမ သြဝါဒပေးတော်မူသောအခါ ၊ ၁၁ တစ်ဆယ်ရှစ်နှစ် ပတ်လုံးနတ် စွဲ၍ ရောဂါ နှိပ်စက်ခြင်းကို ခံရသောမိန်းမ တစ်ယောက်ရှိ ၏။ ထိုမိန်းမသည်ကျော

ကုန်း၍ ကိုယ် ကို အလျှင်း မ ဆန့် နိုင် ။ ၁၂ ယေရှု သည် ထိုမိန်းမ ကိုမြင် တော်မူလျှင် အထံ တော်သို့ခေါ် ၍ ၊ အချင်းမိန်းမ ၊ သင် သည် အနာ ရောဂါ နှင့် လွတ် ၏ ဟု မိန့် တော်မူလျက်၊ ၁၃ သူ ပေါ်မှာလက် တော်ကို တင် တော်မူသဖြင့် ၊ သူသည် ချက်ခြင်း တည့်မတ် ခြင်းသို့ရောက်၍ ဘုရားသခင် ၏ ဂုဏ် တော်ကို ချီးမွမ်းလေ၏။ ၁၄ ထိုသို့ ဥပုသ်နေ့ ၌ ယေရှု သည် အနာ ရောဂါကိုငြိမ်းစေတော်မူသောကြောင့် တရားစရပ်မူး သည် အမျက်ထွက် ၍ ၊ အလုပ်လုပ် ရ သော နေ့ရက် ခြောက် ရက်ရှိ ၏။ ထိုနေ့ရက်တွင် လာ ၍အနာ ရောဂါငြိမ်းစေခြင်းကျေးဇူးကို ခံကြလော့။ ဥပုသ်နေ့ ၌ မ လာမခံကြနှင့်ဟု ပရိသတ် တို့အားဆို ၏။ ၁၅ သခင် ဘုရားကလည်း ၊ လျှို့ဝှက် သောသူ၊ သင် တို့ရှိသမျှ သည် ဥပုသ်နေ့ ၌ မြင်း ၊ နွား ကို တင်းကုပ် မှ လွှတ် ၍ ရေတိုက် ခြင်းငှာဆောင်သွား တတ်သည် မဟုတ်လော။ ၁၆ တစ်ဆယ် ရှစ် နှစ် ပတ်လုံးစာတန် ချည်နှောင် သော အာဗြဟံ ၏သမီး ဖြစ် သော ဤ မိန်းမကိုဤ ချည်နှောင် ခြင်းမှ ဥပုသ်နေ့ ၌ မ လွှတ် ရ သလော ဟု မိန့် တော်မူ၏။ ၁၇ ထိုသို့ မိန့် တော်မူပြီးမှရန်ဘက် နေသော သူ အပေါင်း တို့သည် ရှက်ကြောက် ခြင်းရှိ၍ ၊ ပြု တော်မူသောအံ့သြဘွယ် အမှုများတို့ကို လူ အပေါင်း တို့သည်နှစ်သက် ဝမ်းမြောက်ကြ၏။ ၁၈ တစ်ဖန် မိန့် တော်မူသည်ကား၊ ဘုရားသခင် ၏ နိုင်ငံ တော်သည် အဘယ် အရာနှင့် တူ သနည်း။ အဘယ်သို့ ပုံပြ ရအံ့နည်း။ ၁၉ လူ သည် ယူ ၍ ဥယျာဉ် ၌ စိုက် သော မုန်ညင်း စေ့ နှင့်တူ ၏။ ထို အစေ့သည် ကြီးပွား ၍ အပင် ကြီးဖြစ် ၏။ မိုဃ်း ကောင်းကင်ငှက် တို့သည်လည်း အကိုင်းအခက် တို့ ၌ နားနေ မှီခိုကြသည် ဟုမိန့်တော်မူ၏။ ၂၀ တစ်ဖန် မိန့် တော်မူသည်ကား၊ ဘုရားသခင် ၏ နိုင်ငံ တော်ကို အဘယ်သို့ ပုံပြ ရအံ့နည်း။ ၂၁ မိန်းမ သည် တဆေး ကိုယူ ၍ မုန့်ညက် သုံး တင်း ၌ ထည့် သဖြင့်၊ မုန့်ညက်ရှိသမျှ ကို ဖောင်းကြွ စေတတ် သော တဆေးနှင့်တူ သည် ဟုမိန့်တော်မူ၏။ ၂၂ ထိုအခါ ယေရှုသည် မြို့ ရွာ တို့ကို ဒေသစာရီ လှည့်လည်လျက်၊ ဆုံးမ ဩဝါဒပေးလျက်၊ ယေရုရှလင် မြို့ သို့ ခရီး သွား တော်မူ၏။ ၂၃ လူတစ်ဦး ကလည်း ၊ သခင် ၊ ကယ်တင် ခြင်းသို့ ရောက်သောသူ တို့သည်များသလော ၊ နည်း သလောဟု မေးလျှောက် လျှင် ၊ ၂၄ ကျဉ်းမြောင်း သောတံခါးဝ ကို ဝင် ခြင်းငှာကြိုးစားအားထုတ် ကြလော့။ အကြောင်းမူကား ၊ အများ သော သူတို့သည် ဝင် ခြင်းငှာအလိုရှိ သော်လည်း မ စွမ်းနိုင် ကြဟု ငါဆို ၏။ ၂၅ အိမ်ရှင် သည် တစ်ခါထ၍ တံခါး ကို ပိတ် ပြီးမှ ၊ သင်တို့သည် ပြင် ၌ရပ် ၍ တံခါး ကိုခေါက် လျက်၊ သခင် ၊ သခင်၊ အကျွန်ုပ် တို့အားဖွင့် ပါဟု တောင်းလျှောက် သော်လည်း ၊ သခင်က၊ သင် တို့သည် အဘယ် ကလာသည်ကို ငါမ သိ ဟု ပြန်ပြော လိမ့်မည်။ ၂၆ ထိုအခါ သင်တို့ကလည်း၊ အကျွန်ုပ်တို့သည် အထံ တော်၌ စား သောက် ပါပြီ။ အကျွန်ုပ် တို့နေသော မြို့ ရွာ၌ ကိုယ်တော်သည် ဆုံးမ ဩဝါဒပေးတော်မူပြီဟုလျှောက် ပြန်သော်လည်း ၊ ၂၇ သခင်က၊ သင် တို့သည် အဘယ် ကလာ သည်ကို ငါမ သိ ဟု ငါဆို ပြီ။ မတရား သောအမှုကိုပြု သောသူ အပေါင်း တို့၊ ငါ့ ထံမှ ဖယ်သွား ကြဟု ပြော လိမ့်မည်၊ ၂၈ ထိုအခါ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် မှစသော ပရောဖက် အပေါင်း တို့သည် ဘုရားသခင် ၏ နိုင်ငံ တော် ထဲသို့ ဝင်၍၊ သင် တို့သည် ပြင် သို့ နှင်ထုတ် ခြင်းကို ခံရသောအခါ ငိုကြွေး ခြင်း၊ အံသွား ခဲကြိတ် ခြင်းရှိ လတံ့။ ၂၉ ထိုအခါ အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာကလာ ၍ ဘုရားသခင် ၏ နိုင်ငံ တော်ထဲတွင် လျောင်း ရကြလတံ့။

၃၀ နောက်ကျ သောသူ အချို့တို့သည် အရင် ကျ ကြလိမ့်မည်။ အရင် ကျ သောသူ အချို့တို့သည် နောက်ကျ ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၃၁ ထိုအခါ ဖာရိရှဲ အချို့တို့သည် အထံ တော်သို့လာ ၍၊ ဤ အရပ်မှ ထွက်သွား ပါ။ ဟေရုဒ် မင်းသည် ကိုယ်တော် ကိုသတ် မည် အကြံရှိပါသည်ဟု လျှောက် ကြလျှင်၊ ကိုယ်တော်က၊ သင်တို့သွား ကြလော့။ ၃၂ ယခု နေ့နှင့် နက်ဖြန် နေ့၌ နတ်ဆိုး တို့ကိုနှင်ထုတ် ၍ အနာ ရောဂါကိုငြိမ်းစေ၏။ သုံး ရက်မြောက်သော နေ့၌ စုံလင် ခြင်းသို့ ရောက်မည်အရာကို ထို မြေခွေး အား ပြော ကြလော့။ ၃၃ သို့သော်လည်း ယခု နေ့၊ နက်ဖြန် နေ့၊ သန်ဘက် နေ့၌ ငါ သွား ရ သေး၏။ အကြောင်းမူကား ၊ ယေရုရှလင် မြို့မှတပါး အခြားသော အရပ်၌ အဘယ် ပရောဖက် မျှ မဆုံး ရာ ။ ၃၄ အိုယေရုရှလင် မြို့၊ ယေရုရှလင် မြို့၊ သင်သည် ပရောဖက် တို့ကိုသတ် မြဲရှိ၏။ သင် ရှိရာ သို့ စေလွှတ် သောသူ တို့ကိုလည်းကျောက်ခဲ နှင့်ပစ်မြဲရှိ၏။ ကြက်မ သည် မိမိ သားငယ် တို့ကို အတောင် အောက် ၌ စုရုံးသကဲ့သို့ သင် ၏သား တို့ကို စုရုံး စေခြင်းငှာကြိမ်ဖန် များစွာငါအလိုရှိ ၏။ သင်မူကား အလို မ ရှိ။ ၃၅ သင် တို့နေသောအိမ် သည် သင် တို့ ၌ လူဆိတ်ညံလျက်ကျန်ရစ် ရ၏။ ငါဆို သည်ကား၊ ထာဝရ ဘုရား၏ အခွင့် နှင့် ကြွလာ သောသူ သည် မင်္ဂလာ ရှိစေသောဟုသင် တို့မ ပြောမှီတိုင်အောင်ယခုမှစ၍သင် တို့သည် ငါ့ မျက်နှာကိုမ မြင် ရကြ ဟု မိန့် တော်မူ၏။

၁၄ တစ်နေ့သောဥပုသ်နေ့ ၌ ကိုယ်တော် သည် အစာ ကိုသုံးဆောင် ခြင်းငှာအရာရှိ ဖြစ်သော ဖာရိရှဲ တစ် ယောက်၏အိမ် သို့ ဝင် တော်မူလျှင်၊ ထိုသူ တို့သည်ကိုယ်တော် ကို ချောင်းကြည့် ကြ၏။ ၂ ရေဖျဉ်းနာ စွဲသောသူ တစ် ယောက်သည် ရှေ့ တော်၌ရှိ ၏။ ၃ ဥပုသ်နေ့ ၌ အနာ ရောဂါကို ငြိမ်းစေအပ် သလော ဟု ဖာရိရှဲ နှင့် ကျမ်းတတ် တို့ကို မေး တော်မူလျှင် ၊ ၄ သူတို့သည်တိတ်ဆိတ် စွာနေကြ၏။ ယေရှုသည် ထိုသူ ကိုယူ ၍ အနာ ရောဂါနှင့် ကင်းလွတ်စေပြီးမှ ၊ လွှတ်လိုက် တော်မူ၏။ ၅ ပရိသတ် တို့ကိုလည်း ၊ မိမိမြည်း၊ နွား သည် ဥပုသ်နေ့ ၌ တွင်း ထဲသို့ ကျ လျှင် ချက်ခြင်း မ ဆွဲ မတင်ဘဲ နေ မည့်သူတစ်စုံတစ်ယောက် သည် သင် တို့တွင်ရှိသလော ဟု မေး တော်မူလျှင်၊ ၆ ထို သူတို့သည် စကားတစ်ခွန်းကိုမျှ မပြန် နိုင် ကြ။ ၇ ထိုအခါ ခေါ်ဘိတ် သောသူ တို့သည် မြင့်မြတ် သောနေရာထိုင်ရာကို ရွေး ကြသည်ကို မြင် တော်မူလျှင်၊ သူ တို့အား ဥပမာ ကို မိန့် တော်မူသည်ကား၊ ၈ သူတစ်ပါး သည် မင်္ဂလာဆောင်ပွဲ သို့ သင့်ကိုခေါ်ဘိတ် သောအခါ ၊ မြင့်မြတ် သောနေရာ၌ မ လျောင်း နှင့်။ ထိုသို့ လျောင်းလျှင် သင့် ထက် သာ၍မြတ်သောသူသည် ပွဲသို့လာ သည်ရှိ သော်၊ ၉ သင်တို့နှစ်ယောက်ကို ခေါ်ဖိတ် သောသူ က၊ ဤ သူအား နေရာ ကိုပေး လော့ဟုလာ ၍ ပြော လိမ့်မည်။ ထိုအခါ သင်သည် ရှက်ကြောက် ခြင်းနှင့် နိမ့် သောနေရာ သို့ ဆင်း ရလိမ့်မည်။ ၁၀ သူတစ်ပါးတို့သည် သင့်ကို ခေါ်ဘိတ် သောအခါ ၊ သွား ၍ နိမ့် သောနေရာ ၌ လျောင်း လော့။ ထိုသို့ လျောင်း လျှင် သင့် ကိုခေါ်ဘိတ် သောသူ လာ သည်ရှိသော် ၊ အဆွေ ၊ တက် ပါဟုသင့် ကိုဆို လိမ့်မည်။ ထိုအခါ သင် နှင့်အတူလျောင်း သောသူ တို့ရှေ့မှာ သင် ၏အသရေ ထင်ရှား လိမ့်မည်။ ၁၁ ကိုယ်ကိုကိုယ် ချီးမြှောက် သောသူ မည်သည်ကားနှိမ့်ချ ခြင်းသို့ရောက်လတ့ံ။ ကိုယ်ကိုကိုယ် နှိမ့်ချ သော သူ မည်သည်ကားချီးမြှောက် ခြင်းသို့ ရောက်လတ့ံ ဟု မိန့် တော်မူ၏။ ၁၂ ကိုယ်တော် ကို ခေါ်ပင့် သောသူ အား တစ်ဖန်မိန့် တော်မူသည်ကား၊ သင်သည်

နံနက်စာ ၊ ညစာ လုပ်ကျွေး သောအခါ ၊ အဆွေ ခင်ပွန်း၊ ညီအစ်ကို အမျိုးသား ချင်း၊ ငွေရတတ် သော အိမ်နီးချင်း များကို မ ခေါ် မဖိတ် နှင့်။ ထိုသို့ဖိတ်ခေါ် လျှင်၊ သူ တို့သည် နောက်တစ်ဖန် သင့် ကိုဖိတ်ခေါ် ၍ ကျေးဇူးဆပ် ကြလိမ့်မည်။ ၁၃ သင်သည် ပွဲ ခံ သောအခါ ဆင်းရဲ သောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်း သောသူ၊ မျက်စိ ကန်းသော သူများကို ခေါ် ဘိတ် လော့။ ၁၄ ထိုသို့ခေါ် ဘိတ်လျှင် မင်္ဂလာ ရှိ လိမ့်မည်။ အကြောင်းမူကား ၊ ထိုသူတို့သည် ကျေးဇူးမ ဆပ် နိုင် သည် ဖြစ်၍ ၊ ဖြောင့်မတ် သောသူ တို့သည် ထမြောက် သည် ကာလ၌ သင် သည် ကျေးဇူးဆပ် ခြင်းအကျိုးကိုခံရလတံ့ ဟု မိန့်တော်မူ၏။ ၁၅ စားပွဲ၌ လျောင်း သော သူ တစ် ယောက်သည် ထို စကားတော်ကို ကြား လျှင် ၊ ဘုရားသခင် ၏နိုင်ငံ တော်၌ ပွဲဝင် သောသူ သည် မင်္ဂလာ ရှိ၏ဟု လျှောက် သော်၊ ၁၆ ကိုယ်တော်က၊ လူ တစ်ဦး သည် ကြီးစွာ သောပွဲ ကို စီရင် ၍ ၊ လူများ တို့ကို ခေါ် ဘိတ် လေ၏။ ၁၇ ပွဲ ခံချိန် ရောက်သောအခါ ၊ ခေါ် ဘိတ် သောသူ တို့ကို၊ လာ ကြပါ။ အလုံးစုံတို့သည် အသင့် ရှိ ပြီဟု မှာ ၍ အစေအပါး ကို စေလွှတ် ၏။ ၁၈ ခေါ် အပ်သော သူအပေါင်း တို့သည် တစ်ညီတစ်ညွတ် တည်းပရိယာယ်ပြု ကြ၏။ တစ် ယောက်က၊ အကျွန်ုပ်သည် မြေရာ ကို ဝယ် ပါပြီ။ သွား ၍ ကြည့် ရ ပါမည်။ အကျွန်ုပ် ကို လွှတ် ပါဦးလော့ဟု တောင်းပန် လေ၏။ ၁၉ တစ် ယောက်က အကျွန်ုပ်သည် နွား ငါး ယဉ် ကို ဝယ် ပါပြီ။ သွား ၍ စမ်း ရပါမည်။ အကျွန်ုပ် ကို လွှတ် ပါဦး လော့ဟု တောင်းပန် လေ၏။ ၂၀ တစ် ယောက်က၊ အကျွန်ုပ်သည် မယား နှင့် လက်ထပ် ပါပြီ။ ထိုကြောင့် အကျွန်ုပ်မ လာ နိုင် ပါဟုဆို ၏။ ၂၁ အစေအပါး သည် သခင့် ထံသို့ ပြန်လာ ၍ ထို အကြောင်းများကိုလျှောက် လေ၏။ ထိုအခါ အိမ်ရှင် သည် အမျက်ထွက် ၍၊ မြို့ လမ်းမ လမ်းကြား သို့ အသွေ့ သွား ချေ။ ဆင်းရဲ သောသူ ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်း သောသူ၊ မျက်စိ ကန်းသောသူများကို ခေါ် သွင်း ချေဟု အစေအပါး ကို ဆို ၏။ ၂၂ အစေအပါး ကလည်း ၊ သခင် စီရင် တော်မူသည်အတိုင်း ပြု ပါပြီ။ သို့သော်လည်း လပ်သောနေရာထိုင်ရာ ရှိ ပါသေး သည်ဟု လျှောက် လေသော်၊ ၂၃ သခင် က၊ မြို့ပြင်၊ လမ်းမ ၊ ခြံနား သို့ သွား ဦးလော့။ ငါ့ အိမ် ကို ပြည့် စေခြင်းငှာ အနိုင် အထက်ခေါ် သွင်း လော့။ ၂၄ အထက်က ခေါ် ဘိတ် သောသူ တစ်ယောက်မျှ ငါ့ ပွဲ သို့ မဝင် ရ၊ ငါအမိန့်ရှိ ပြီဟု အစေအပါး ကို ဆို သည် ဟု မိန့်တော်မူ၏။ ၂၅ လူ အစုအဝေးအပေါင်း တို့သည် နောက်တော်သို့လိုက် ကြသည်ကို ယေရှုသည်လှည့် ၍ကြည့်တော်မူပြီးလျှင် ၊ ၂၆ အကြင်သူ သည် ငါ့ ထံသို့ လာ ၍ မိဘ ၊ သား မယား ၊ ညီအစ်ကို ၊ နှမ တို့ကိုငင်း ၊ ထိုမျှမက မိမိ အသက် ကိုမ မုန်း ၊ ထိုသူသည် ငါ့ တပည့် မ ဖြစ် နိုင် ရာ။ ၂၇ အကြင်သူ သည် မိမိ လက်ဝါးကပ်တိုင် ကိုထမ်း ၍ ငါ့ နောက် သို့မ လိုက် ၊ ထိုသူသည် ငါ့ တပည့် မ ဖြစ် နိုင် ရာ။ ၂၈ သင် တို့တွင် တစ်ယောက်သောသူသည် တိုက် ကို တည် မည်ဟု အကြံရှိလျှင် ၊ ထိုတိုက်ပြီး အောင်ငွေ လောက် မည်မလောက်မည်ကို သိခြင်းငှာ၊ ရှေးဦးစွာ ထိုင် ၍ ကုန် စရိတ်ကို မ ချင့်တွက် ဘဲနေမည်လော။ ၂၉ သို့မဟုတ် တိုက်မြစ် ကိုတည် ၍ တိုက်ကို မ ပြီး နိုင် လျှင်၊ သိမြင် သောသူ အပေါင်း တို့က၊ ၃၀ ဤ သူ သည် တည် စ ပြု၍ အစ မ သတ်နိုင် ဟု ကဲ့ရဲ့ ကြလိမ့်မည်။ ၃၁ တစ်နည်းကား ၊ တစ်စုံတစ်ယောက်သော ရှင်ဘုရင် သည် အခြား သောရှင်ဘုရင် နှင့် စစ် ပြိုင် မည်ဟု အကြံရှိလျှင် ၊ လူနှစ်သောင်း နှင့် ချီလာ သော ရှင်ဘုရင်ကို လူတစ်သောင်း နှင့် ခံ

နိုင်မည်မခံနိုင်မည်ကို ရှေးဦးစွာ ထိုင် ၍ မ ဆင်ခြင် ဘဲ နေမည်လော။ ၃၂ မ ခံနိုင်သည် မှန်လျှင် ၊ အခြားသောရှင်ဘုရင်
ဝေး သေးသောအခါ သံတမန် ကို စေလွှတ် ၍ စစ်ငြိမ်း မည် အကြောင်း တောင်းပန် တတ်သည်မဟုတ်လော။ ၃၃
ထိုနည်းတူ ၊ သင် တို့တွင် အကြင်သူ သည် မိမိ ၌ရှိသမျှ ကို မ စွန့် ဘဲနေ၏။ ထိုသူသည် ငါ့ တပည့် မ ဖြစ် နိုင် ရာ။ ၃၄
ဆား မူကား ကောင်း ၏။ သို့သော်လည်း အငန် ကင်းပျောက်လျှင် ငန်သောအရသာ ကို အဘယ်သို့ ရ ပြန်မည်နည်း။ ၃၅
မြေ ဘို့ မ ကောင်း ၊ အမှိုက်ပုံ ဘို့ မ ကောင်း၊ ထိုဆား ကို ပြင် သို့ပစ် လိုက်တတ်၏။ ကြား စရာနား ရှိ သော သူ
မည်သည်ကားကြား ပါစေ ဟု မိန့် တော်မူ၏။

၁၅ အခွန်ခံ သော သူတို့နှင့် ဆိုး သောသူ အပေါင်း တို့သည် နားထောင် ခြင်းငှာအထံ တော်သို့ ချဉ်းကပ် သည် ဖြစ်
၍ ၊ ၂ ဖာရိရှဲ နှင့် ကျမ်းပြု ဆရာတို့က၊ ဤသူ သည် ဆိုး သောသူတို့ကိုလက်ခံ ၍ သူ တို့နှင့်အတူ စားပါသည် တကားဟု
ကဲ့ရဲ့အပြစ်တင် ကြ၏။ ၃ ထိုအခါ ဥပမာ စကားကို မိန့် တော်မူသည်ကား၊ သင် တို့တွင် တစ်စုံတစ်ယောက် သောသူ၌
သိုး တစ်ရာ ရှိ ၍၊ ၄ သိုးတစ် ကောင်ပျောက် လျှင်၊ ကိုးဆယ် ကိုးကောင်သော သိုးတို့ကို တော တွင် ထား ခဲ့ပြီးမှ၊
ပျောက် သောသိုး တစ် ကောင်ကို မ တွေ့ မှီတိုင်အောင်သွား ၍ မရှာဘဲနေမည်လော။ ၅ တွေ့ ပြီးလျှင် ဝမ်းမြောက် သော
စိတ်နှင့် ပခုံး ပေါ်မှာ တင် ထမ်း၍၊ ၆ မိမိအိမ် သို့ ရောက် သောအခါ အဆွေ ခင်ပွန်းအိမ်နီးချင်း များကိုခေါ် ၍ ၊
ပျောက် သောသိုး ကို ငါတွေ့ ပြီ။ ငါ နှင့်အတူဝမ်းမြောက် ကြလော့ဟု ဆို တတ်သည် မဟုတ်လော။ ၇ ထိုနည်းတူ
ဖြောင့်မတ် ၍ နောင်တရ စရာအကြောင်းမ ရှိ သောသူ ကိုးဆယ် ကိုးယောက်တို့ ၌ ကောင်းကင် သားတို့သည်
ဝမ်းမြောက် ခြင်းရှိသည်ထက်၊ နောင်တရ သောလူဆိုး တစ် ယောက်၌ သာ၍ ဝမ်းမြောက်ခြင်းရှိ ကြသည်ဟု ငါဆို ၏။
၈ တစ်နည်းကား ၊ တစ်စုံတစ်ယောက် သောမိန်းမ ၌ ငွေ ဆယ် ပြားရှိ ၍ တစ်ပြား ပျောက် လျှင် ၊ ဆီမီး ကိုထွန်း ၍ မ
တွေ့ မှီတိုင်အောင်တစ်အိမ် လုံးကိုလှည်း ၍ စေ့စေ့ မ ရှာ ဘဲ နေမည်လော။ ၉ တွေ့ ပြီးလျှင် အဆွေ ခင်ပွန်းအိမ်နီးချင်း
များကိုခေါ် ၍ ၊ ပျောက် သော ငွေ ကို ငါတွေ့ ပြီ။ ငါ နှင့်အတူဝမ်းမြောက် ကြလော့ဟု ဆို တတ်သည်မဟုတ်လော။ ၁၀
ထိုနည်းတူ ငါဆို သည်ကား၊ ဘုရားသခင် ၏ ကောင်းကင်တမန် တို့သည် နောင်တရ သောလူဆိုး တစ် ယောက်၌
ဝမ်းမြောက် ခြင်းရှိ ကြသည် ဟု မိန့် တော်မူ၏။ ၁၁ တစ်ဖန် မိန့် တော်မူသည်ကား၊ တစ်စုံတစ်ယောက် သောသူ ၌ သား
နှစ် ယောက်ရှိ ၏။ ၁၂ သားအငယ် သည် အဘ ထံသို့သွား၍ ၊ အဘ ၊ အကျွန်ုပ် ရထိုက် သော အမွေ ဥစ္စာကိုဝေ ၍ ပေး
ပါဟု တောင်းပန် လျှင်၊ အဘသည် ဥစ္စာ များကိုဝေ ၍ သား တို့အား ပေးလေ၏။ ၁၃ ထိုနောက် များမကြာ ၊ သား
အငယ် သည် မိမိ ဥစ္စာ များကို သိမ်းယူ ၍ ဝေး စွာသောပြည် သို့ သွား ပြီးလျှင်၊ ထို ပြည်မှာ ကာမဂုဏ်၌ လွန်ကျူး
သောအားဖြင့်ဥစ္စာ ပြုန်းတီး ၍ ၊ ၁၄ ရှိသမျှ ကုန် သောအခါ ၊ ထို ပြည် ၌ ကြီးစွာ သောအစာ ခေါင်းပါးခြင်းဖြစ် ၍ ၊
သူ သည် အလွန်ဆင်းရဲ ခြင်းသို့ ရောက်၏။ ၁၅ ထိုအခါ ပြည်သား တစ် ယောက်ထံသို့သွား ၍ အစေခံလျှင် ၊ ဝက်
တို့ကို ကျောင်း စေခြင်းငှာသူ့ သခင်သည် တော သို့ စေလွှတ် သဖြင့်၊ ၁၆ သူသည် ဝက် စား တတ်သော ပဲတောင့်
ကိုပင် စား ချင် မတတ်ငတ်မွတ်လျက်နေရ၏။ အဘယ်သူ မျှ အစာကို မကျွေး ။ ၁၇ ထိုအခါ သတိရ လျှင်၊ ငါ့ အဘ

၏အိမ်၌ အခ စားသောသူများ တို့သည် ဝစ္စာစားရကြ၏။ ငါ မူကား ပြည် ၌သေအောင် အငတ် ခံရ၏။ ၁၈ ငါ ထ
၍ အဘ ထံသို့ သွားမည်။ အဘ ၊ အကျွန်ုပ်သည် ဘုရားသခင် ကို ၎င်း ၊ ကိုယ်တော် ကို၎င်း ပြစ်မှား ပါပြီ။ ၁၉
ယခုမှစ၍ကိုယ်တော် ၏သား ဟူ၍ခေါ် ခြင်းကိုမ ခံထိုက် ပါ။ သူငှား အရာ၌ အကျွန်ုပ် ကို ထား တော်မူပါဟု ငါပြော
မည်ဟူ၍အကြံရှိသည်နှင့်၊ ၂၀ ထ ၍ အဘ ထံသို့ သွား လေ၏။ သွား၍ ဝေး သေး သောအခါ အဘ သည် သူ့ ကိုမြင်
လျှင် ၊ သနား သော စိတ်ရှိသည်နှင့် ပြေးသွား ၍ သား ၏လည်ပင်း ကို ပိုက် ဖက်လျက် နမ်းရှုပ် လေ၏။ ၂၁ သား
ကလည်း ၊ အဘ ၊ အကျွန်ုပ်သည် ဘုရားသခင် ကို ၎င်း ၊ ကိုယ်တော် ကို၎င်း ပြစ်မှား ပါပြီ။ ယခုမှစ၍ကိုယ်တော် ၏သား
ဟူ၍ခေါ် ခြင်းကို မ ခံထိုက် ပါဟုဆို လျှင်၊ ၂၂ အဘ က၊ မြတ် သောဝတ်လုံ ကို ယူခဲ့ ၍ သူ့ ကို ခြုံ ကြ၊ သူ ၏လက်
၌ လက်စွပ် တန်ဆာကို ဆင် ကြ။ ၂၃ ခြေနင်း ကိုလည်း စီးစေကြ။ ဆူ အောင်ကျွေးသော နွားကလေး ကို ယူ ၍
သတ် ကြ။ သို့ပြီးမှ ငါတို့သည် စား ကြကုန်အံ့။ ပျော်မွေ့ ခြင်းကို ပြုကြကုန်အံ့။ ၂၄ ငါ့ သား သည်အထက်ကသေ ၏။
ယခု ရှင်ပြန် ၏။ အထက်ကပျောက် ၏။ယခုတွေ့ပြန် ၏ဟုအစေအပါး တို့ကို ဆို ပြီးမှ ၊ ထိုသူအပေါင်းတို့သည်
ပျော်မွေ့ ခြင်းကို ပြု ကြ၏။ ၂၅ သား အကြီး သည် တောင်ယာ က လာ ၍ အိမ် အနီး သို့ရောက်သောအခါ ၊ က ခြင်း၊
တီးမှုတ် ခြင်းအသံကို ကြား လျှင် ၊ ၂၆ ငယ်သား တစ် ယောက်ကိုခေါ် ၍ အဘယ်သို့ သောအခြင်းအရာ နည်းဟု
မေး ၏။ ၂၇ ငယ်သားက၊ သခင် ၏ညီ သည် ရောက်လာ ပါပြီ။ ဘေးနှင့်ကင်းလွတ် လျက်ရှိ သည်ကို အဘ တွေ့
သောကြောင့် ၊ ဆူ အောင်ကျွေးသော နွားကလေး ကိုသတ် ပါပြီဟုပြောဆို ၏။ သားအကြီးသည် အမျက်ထွက် ၍ အိမ်
သို့ မ ဝင်ဘဲနေ ၏။ ၂၈ အဘ သည် သူ့ ဆီသို့သွား ၍ ချော့မော့ ရ၏။ ၂၉ သားအကြီးကလည်း၊ အကျွန်ုပ်သည် ကာလ
တာရှည် စွာ အဘ ၏ အစေ ကိုခံပါပြီ။ အဘ ၏အလို ကို တစ်ခါမျှ မလွန်ကျူး ပါ။ သို့သော်လည်း အကျွန်ုပ် သည်
အဆွေ တို့နှင့်အတူ ပျော်မွေ့ ခြင်းကို ပြုစေခြင်းငှာ ၊ အဘသည် ဆိတ်ကလေး တစ်ကောင်ကို တစ်ခါမျှ မပေး ။ ၃၀
ပြည်တန်ဆာ မိန်းမတို့နှင့် ပေါင်းဖော် ၍ မိမိ ဥစ္စာ ကိုဖြုန်း သော ဤ သား ငယ်ရောက်လာ သောအခါ မူကား ၊ အဘ
သည် ဆူ အောင်ကျွေးသော နွားကလေး ကို သတ် လေပြီတကားဟု ဆို ၏။ ၃၁ အဘကလည်း ၊ ငါ့သား ၊ သင် သည် ငါ့
ထံမှာ အစဉ် နေ ၏။ ငါ ၏ဥစ္စာရှိသမျှ သည် သင် ၏ဥစ္စာဖြစ် ၏။ ၃၂ သင် ၏ညီ မူကား အထက်ကသေ ၏။ ယခု
ရှင်ပြန် ၏။ အထက်ကပျောက် ၏။ ယခု တွေ့ပြန် ၏။ ထိုကြောင့် ပျော်မွေ့ ဝမ်းမြောက် စရာအကြောင်းရှိ ၏။ အဘဆို
သည် ဟု မိန့်တော်မူ၏။

၁၆ တပည့်တော်တို့အားတစ်ဖန် မိန့် တော်မူသည်ကား၊ ငွေရတတ် သောသူ တစ် ယောက်၌ ဘဏ္ဍာစိုး ရှိ ၏။
ထို ဘဏ္ဍာစိုးသည် သခင် ၏ဥစ္စာ များကို ဖျက်ဆီး သည်အကြောင်း ကို သူတစ်ပါးတို့သည် သခင်ရှေ့၌အပြစ်တင်
ကြသော်၊ ၂ သခင်သည် ဘဏ္ဍာစိုး ကို ခေါ် ၍ ၊ သင် ၏အမူအရာ၌ ငါကြား ရသောစကားကား အဘယ်သို့ နည်း။
ဘဏ္ဍာစိုး အရာ၌ မှတ်သားသော စာရင်း ကို ပေး လော့။ ယခု မှစ၍ဘဏ္ဍာစိုး မ လုပ်ရ ဟု ဆို ၏။ ၃ ထိုအခါ ဘဏ္ဍာစိုး
က၊ ငါသည် အဘယ်သို့ ပြု ရမည်နည်း။ ငါ ၏သခင် သည် ဘဏ္ဍာစိုး အရာကို နှုတ် လေပြီ။ လယ် လုပ်ခြင်းငှာမ စွမ်းနိုင် ။

သူတောင်းစား လုပ်ခြင်းဌာနရှက်ကြောက် ၏။ ၄ ဘဏ္ဍာစိုး အရာမှ ကျ သည်နောက် သူတစ်ပါးတို့သည် မိမိ တို့အိမ် ၌ ငါ့ကိုလက်ခံ စေခြင်းဌာအဘယ်သို့ ငါ ပြုရမည်ကို ငါသိ ၏ဟူ၍စိတ်ထဲ၌ ကြံစည်ပြီးမှ၊ ၅ သခင် ၏ငွေ ရှိသောသူအပေါင်း တို့ကို ခေါ် ၍ ၊ ငါ ၏သခင် ကို ဆပ်ပေး ရန် သင်၌အဘယ်မျှလောက် ရှိ သနည်းဟု တစ်ယောက်ကိုမေး လျှင်၊ ၆ ထိုသူက၊ ဆီ အခွက် တထောင် ပေးရန် ရှိပါသည်ဟုဆို ၏။ ဘဏ္ဍာစိုးကလည်း ၊ သင် ၏ စာရင်း ကိုယူ ၍ အသော့ ထိုင်ပြီးလျှင် ၊ အခွက်ငါးရာ ကို ရေးမှတ် လော့ဟုဆို ၏။ ၇ ထိုနောက် အခြား သောသူကိုခေါ် ၍၊ ငါ၏ သခင်ကိုဆပ်ပေးရန်သင် ၌ အဘယ်မျှလောက် ရှိသနည်းဟု မေး လျှင် ၊ ထို သူက၊ ဂျုံ စပါးအတင်း တစ်ထောင် ပေးရန်ရှိပါသည်ဟု ဆို ၏။ ဘဏ္ဍာစိုးကလည်း၊ သင် ၏ စာရင်း ကိုယူ ၍ အတင်းရှစ်ရာ ကို ရေးမှတ် လော့ဟု ဆို ၏။ ၈ မတရား သော ထို ဘဏ္ဍာစိုး သည် လိမ္မာ စွာပြု သည်ကို သခင် သည် ချီးမွမ်း လေ၏။ အကြောင်းမူကား ၊ လောကီ သား တို့သည် မိမိ တို့အမှုကို ဆောင်ရွက်ရာတွင် ၊ အလင်း သို့ရောက်သောသူ တို့ထက် သာ၍လိမ္မာ ကြ၏။ **(aiōn g165)** ၉ တဖန် ငါ ဆို သည်ကား၊ သင်တို့သည် စုတေ့ သောအခါ ၊ အစဉ်အမြဲ တည်သော ဗိမာန် ၌ သင် တို့ကို လက်ခံ လတံ့သော အဆွေရှိစေခြင်းဌာ မ မြဲသော လောကီစည်းစိမ် ကိုသုံးဆောင် ကြလော့။ **(aiōnios g166)** ၁၀ အနည်းငယ် သော အမှု၌ သစ္စာရှိသောသူ သည် ကြီး သောအမှု၌ လည်း သစ္စာ ရှိ လိမ့်မည်။ အနည်းငယ် သောအမှု၌ သစ္စာ မရှိသောသူ သည် ကြီး သောအမှု၌ သစ္စာ မရှိ။ ၁၁ သို့ ဖြစ်၍ မ မြဲသော လောကီ စည်းစိမ်ကို သုံးရာတွင် သင်တို့သည် သစ္စာ မ ရှိ လျှင် ၊ မှန် သောစည်းစိမ်ကို သင် တို့ ၌ အဘယ်သူ အပ် မည်နည်း။ ၁၂ သူတစ်ပါး အမှု ၌ သင်တို့သည် သစ္စာ မ ရှိလျှင် ၊ အဘယ်သူ သည် အပိုင် ပေး မည်နည်း။ ၁၃ အဘယ် အစေခံ မျှ သခင် နှစ် ဦးအစေ ကို မခံနိုင် ။ သခင်တစ်ဦးကိုမုန်း ၍ တစ်ဦး ကိုချစ် မည်။ သခင်တစ်ဦး မှီခို ၍ တစ်ဦး ကို မခန့်မညား ပြုမည်။ သင်တို့သည် ဘုရားသခင် ၏အစေ ကိုငင်း ၊ လောကီစည်းစိမ် ၏အစေကိုငင်း မ ခံနိုင် ကြ ဟု မိန့်တော်မူ၏။ ၁၄ ငွေ ကို တပ်မက်သော ဖာရိရှဲတို့သည် ထို စကားများ ကို ကြား လျှင် ၊ ကိုယ်တော် ကို ပြက်ယယ်ပြု ကြ၏။ ၁၅ ယေရှုကလည်း၊ သင် တို့သည် လူများရှေ့ မှာ ဖြောင့်မတ် ဟန်ဆောင်သော်လည်း ၊ ဘုရားသခင် သည် သင် တို့၏စိတ်နှလုံး ကို သိမြင် တော်မူ၏။ လူသဘော အားဖြင့် အမြတ် ထားသောအရာသည် ဘုရားသခင့် ရှေ့ တော်၌ စက်ဆုပ် ခံရှာဘွယ်ဖြစ်၏။ ၁၆ ယောဟန် မရောက်မီတိုင်အောင် ပညတ္တိ ကျမ်းနှင့် အနာဂတ္တိ ကျမ်းရှိ၏။ ယောဟန်လက်ထက်မှစ၍ ဘုရားသခင် ၏နိုင်ငံတော်နှင့် ယှဉ်သောဧဝံဂေလိ တရားကို ဟောလျက်ရှိ၏။ လူများတို့သည်လည်း နိုင်ငံတော် ကို အနိုင်အထက်ဝင် ကြ၏။ ၁၇ ပညတ္တိ ကျမ်း၌ အငယ်ဆုံးသော ဗိန္ဓု တစ် လုံးပျက်စီး လွယ် ထက် ၊ ကောင်းကင် နှင့် မြေကြီး ပျက်စီး လွယ်၏။ ၁၈ အကြင်သူသည် မိမိ မယား နှင့်ကွာ ၍ အခြားသောမိန်းမ နှင့်စုံဘက် ခြင်းကိုပြု၏။ ထိုသူသည်မိမိမယား ကို ပြစ်မှား ၏။ လင် ကွာ သောမိန်းမနှင့်စုံဘက် ခြင်းကို ပြုသောသူ သည်လည်း သူ့ မယားကိုပြစ်မှားသည် ဟု မိန့်တော်မူ၏။ ၁၉ တစ်ဖန်တုံ ၊ သူဌေး တစ် ယောက်သည် နီမောင်း သော ကမ္မလာနှင့် ပိတ်ချော ကိုဝတ်ဆင် ၍ ၊ ကာမဂုဏ် စည်းစိမ် ၌နေ့တိုင်း ပျော်မွေ့ လျက်နေ၏။ ၂၀ လာဇရု အမည် ရှိသော သူဆင်းရဲ တစ် ယောက်သည် တကိုယ်လုံး၌ အနာစိမ်း

ပေါက်၍ ၊ ၂၁ သူဌေး ၏စားပွဲ မှ ကျ သောစားနုပ်စားပေါက် ကို စား ပါရစေဟု တောင့်တ သောစိတ်နှင့် သူဌေး အိမ် တံခါး နား မှာ တုံးလုံး နေ၏။ ခွေး တို့သည် လာ ၍ အနာစိမ်း များကို လျက် ကြ၏။ ၂၂ တနေ့သ၌ ထိုဆင်းရဲသား သည် သေ လွန်၍ ၊ ကောင်းကင်တမန် တို့သည် အာဗြဟံ ၏ရင်ခွင် သို့ ပို့ဆောင် ကြ၏။ သူဌေး သည်လည်း သေ လွန်၍ သင်္ဂြိဟ် ခြင်းကို ခံရလေ၏။ ၂၃ မရဏာ နိုင်ငံ၌ ပြင်းပြ စွာသောဝေဒနာကို ခံရ လျက် မျှော်ကြည့် ၍ ၊ အာဗြဟံ ကိုဂင်း ၊ အာဗြဟံ ၏ ရင်ခွင် ၌ လာဇရ ကိုဂင်းအဝေး က မြင် လျှင်၊ **(Hadēs g86)** ၂၄ အိုအဘ အာဗြဟံ ၊ အကျွန်ုပ် ကို ကယ်မ သနားတော်မူပါ။ အကျွန်ုပ်သည် ဤ မီးလျှံ ၌ ပြင်းစွာ ခံရသောကြောင့် ၊ လာဇရ သည် မိမိ လက် ဖျား ကို ရေ ၌နှစ် ၍ အကျွန်ုပ် လျှာ ကို အေး စေခြင်းငှာ သူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ် တော်မူပါဟု ဟစ်ကြော် လေ၏။ ၂၅ အာဗြဟံ ကလည်း ၊ ငါ့သား ၊ သင် သည် အသက် ရှင်စဉ်အခါ ချမ်းသာ ရ သည်ကိုဂင်း၊ လာဇရ သည် ဆင်းရဲ စွာနေရသည်ကိုဂင်း အောက်မေ့ လော့။ ယခု မူကား ၊ သူသည်သက်သာ ခြင်းရှိ၏။ သင် သည် ဒုက္ခ ဝေဒနာ ကို ခံရ၏။ ၂၆ ထိုမှတပါး ၊ ငါ တို့နှင့် သင် တို့ စပ်ကြား ၌ အလွန် နက်လှသော ချောက် ကြီးတည် လျက်ရှိ၏။ ထိုကြောင့် ဤအရပ်မှ သင် တို့ရှိရာသို့ ကူးချင် သောသူ မ ကူး နိုင် ။ ထို အရပ်မှ ငါ တို့ရှိရာသို့ ကူး ချင်သောသူလည်း မ ကူးနိုင် ဟု ဆို ၏။ ၂၇ သူဌေး ကလည်း၊ အိုအဘ ၊ ထိုသို့ မှန်လျှင်၊ ၂၈ အကျွန်ုပ်၌ ညီ ငါး ယောက်ရှိ ပါသည်ဖြစ်၍ ၊ သူ တို့သည်ဤ ပြင်းပြ စွာခံရာအရပ် သို့ မ ရောက် မည် အကြောင်း ၊ သူ တို့အား သက်သေခံ စေခြင်းငှာ ၊ လာဇရ ကို အကျွန်ုပ် အဘ ၏အိမ် သို့ စေလွှတ် တော်မူပါ။ အကျွန်ုပ်တောင်းပန် ပါ၏ဟု ပြောဆို လျှင်၊ ၂၉ အာဗြဟံ က၊ သင်၏ညီတို့ ၌ မောရှေ မှစ၍ ပရောဖက် များရှိ ကြ၏။ ပရောဖက် တို့၏ စကားကို နားထောင် ကြစေဟုဆို ၏။ ၃၀ သူဌေးကလည်း၊ မ ဟုတ်ပါ အဘ အာဗြဟံ ။ သေ သောလူစုထဲက တစ်ယောက်သောသူသည် ထမြောက်၍ သူ တို့ရှိရာသို့ သွား လျှင် ၊ သူတို့သည် နောင်တရ ကြပါလိမ့်မည်ဟုဆို သော်၊ ၃၁ အာဗြဟံက၊ သူတို့သည် မောရှေ ၏စကား၊ ပရောဖက် တို့၏စကားကို နား မ ထောင်လျှင် ၊ တစ်ယောက် သောသူသည် သေ ခြင်းမှ ထမြောက် သော်လည်း မ ယုံကြည် နိုင်ကြဟု အာဗြဟံဆိုသည် ဟု မိန့် တော်မူ၏။။

၁၇ တပည့် တော်တို့အား တဖန်မိန့် တော်မူသည်ကား ၊ မှားယွင်း စရာအကြောင်းရှိ ရမည်။ သို့သော်လည်း မှားယွင်းစရာအကြောင်းကိုဖြစ်စေ သောသူ သည် အမင်္ဂလာ ရှိ၏။ ၂ ဤ သူငယ် တစ်စုံတစ်ယောက် ကို မှားယွင်း စေသည်ထက် ၊ လည်ပင်း ၌ ကြိတ်ဆုံ ကျောက် ကို ဆွဲ ၍ ပင်လယ် ၌ ချ ခြင်းကို ခံရလျှင် အနေသာ၍ ကောင်း၏။ ၃ သင်တို့သည် ကိုယ်ကိုကိုယ် သတိပြု ကြလော့။ သင် ၏ ညီအစ်ကို သည် သင့်ကိုပြစ်မှား လျှင် သူ့ ကို ဆုံးမ လော့။ သူသည် နောင်တရ လျှင် သူ ၏အပြစ် ကိုလွှတ်လော့။ ၄ တစ်နေ့ ခြင်းတွင် ခုနစ် ကြိမ်မြောက်အောင် သင့် ကိုပြစ်မှား ၍ ၊ ခုနစ် ကြိမ်မြောက်အောင် သင့် ထံသို့ လှည့် ၍ နောင်တရ ပါ၏ဟုဆို လျှင် ၊ သူ ၏အပြစ် ကို လွှတ်လော့ ဟု မိန့် တော်မူ၏။ ၅ တမန်တော် တို့က၊ အကျွန်ုပ် တို့ ယုံကြည် ခြင်းစိတ်ကို တိုးပွား စေတော်မူပါဟုသခင် ဘုရားကို တောင်းပန် ကြလျှင် ၊ ၆ သခင် ဘုရားက ၊ သင် တို့သည် မုန်ညင်း စေ့ ခန့်မျှလောက် သော ယုံကြည် ခြင်းရှိလျှင် ထို

သဖန်းပင် ကို၊ အချင်းအပင်၊ သင်သည် အမြစ်နှင့်တကွနူတ် ၍ ပင်လယ် ၌ စိုက် လျက်နေလော့ဟု ဆို ကြသော်
သင် တို့ စကားကို နားထောင် လိမ့်မည်။ ၇ အစေအပါး သည် လယ်ထွန် သော်၎င်း ၊ သိုး ၊ နွားကျောင်းသော်၎င်း၊
လယ်ပြင် မှ လာ ၍ အိမ်သို့ဝင်သောအခါ၊ ထိုအစေအပါး ကို၊ အသော့ လာ ၍ စားပွဲ၌ လျောင်း လော့ဟု သင် တို့တွင်
အဘယ်သူ ပြော မည်နည်း။ ၈ ထိုအစေအပါး ကို၊ ငါစားစရာ ဘို့ ပြင် လော့။ ငါစား သောက် စဉ် တွင်ခါးကိုစည်း ၍ ငါ့
ကို လုပ်ကျွေး လော့။ ထိုနောက်မှ သင် သည် စား သောက် ရမည်ဟု ပြော မည်မ ဟုတ်လော။ ၉ ထိုအစေအပါး
သည် သခင်စီရင် သည်အတိုင်း ပြု သောကြောင့် ၊ သခင်၌ ကျေးဇူးတင် သလော။ ကျေးဇူး မ တင်။ ၁၀ ထိုနည်းတူ
မှာထား တော်မူသမျှ တို့ကို သင် တို့သည် ကျင့် ပြီးမှ ၊ ငါတို့သည် သခင်၌ ကျေးဇူးပြုသော အစေအပါး ဖြစ် သည်မ
ဟုတ်။ ဝတ်ပြေရုံမျှသာရှိသည်ဟု ဝန်ခံကြလော့ ဟုမိန့် တော်မူ၏။ ၁၁ ယေရုရှလင် မြို့သို့ ကြွ တော်မူစဉ် ၊ ရှမာရိ
ပြည် နှင့် ဂါလိလဲ ပြည်စပ်ကြား ၌ ရှောက်သွား တော်မူ၏။ ၁၂ ရွာ တ ရွာသို့ ဝင် တော်မူသည်တွင် ၊ နူနာစွဲ သော သူ
တစ်ကျိပ် တို့သည် ခရီးဦးကြိုပြု ၍ အဝေး ကရပ် လျက်၊ ၁၃ သခင် ယေရှု ၊ အကျွန်ုပ် တို့ကို ကယ်မ သနားတော်မူပါဟု
ဟစ်ကြော် ကြ၏။ ၁၄ ယေရှု သည် မြင် တော်မူလျှင် ၊ သင်တို့သည် ယဇ် ပုရောဟိတ်ထံသို့သွား ၍ ကိုယ် ကိုပြ
ကြလော့ ဟု မိန့် တော်မူသည်အတိုင်း၊ သူ တို့သည် သွား စဉ် တွင်သန့်ရှင်း ခြင်းသို့ ရောက် ကြ၏။ ၁၅ ထိုသူ တို့တွင်
တစ် ယောက်သောသူသည် အနာ ရောဂါကင်းလွတ်သည်ကို သိမြင် လျှင်၊ ပြန်လာ ၍ ကြီး သောအသံ နှင့် ဘုရားသခင်
၏ ဂုဏ် တော်ကို ချီးမွမ်းလေ၏။ ၁၆ ခြေ တော်ရင်း၌ ပြပ်ဝပ် ၍ ကျေးဇူ တော်ကြီးလှပါသည်ဟု ဝန်ခံလေ၏။ ထိုသူ
သည် ရှမာရိ လူဖြစ် သတည်း။ ၁၇ ယေရှု ကလည်း ၊ တစ်ကျိပ် သောသူ တို့သည်သန့်ရှင်းခြင်းသို့ ရောက် ကြသည်မ
ဟုတ်လော။ ကိုး ယောက် သောသူ တို့သည်အဘယ်မှာ ရှိကြသနည်း။ ၁၈ ဤ တစ်ပါး အမျိုးသားကိုထား ၍ ဘုရားသခင်
၏ဂုဏ် တော်ကို ချီးမွမ်း ခြင်းငှာပြန်လာ သောသူ တစ်ယောက် မျှ မ ရှိ သလော ဟု မေး တော်မူပြီးမှ ၊ ၁၉ သင်ထ ၍
သွား လော့။ သင် ၏ယုံကြည် ခြင်းသည် သင် ၏အနာကိုငြိမ်း စေပြီ ဟု ထိုသူ အား မိန့် တော်မူ၏။ ၂၀ ဖာရိရှဲ တို့သည်
လာ၍၊ ဘုရားသခင် ၏ နိုင်ငံ တော်သည် အဘယ်ကာလ မှ တည် ပါမည်နည်းဟု မေးလျှောက် ကြလျှင် ၊ ယေရှု က၊
ကောင်းကင် နိုင်ငံ တော်သည် မျက်မြင် သောအရာ၌ မ တည် ။ ၂၁ ဤအရပ် ၌ကြည့် ပါ။ ထို အရပ်၌ ကြည့်ပါဟု ပြော
စရာအခွင့်မ ရှိ။ အကြောင်းမူကား ၊ ဘုရားသခင် ၏ နိုင်ငံ တော်သည် သင် တို့၏အထဲ ၌ရှိ သည် ဟု မိန့် တော်မူ၏။ ၂၂
တဖန် တပည့် တော်တို့အား မိန့် တော်မူသည်ကား ၊ သင်တို့သည် လူ သား ၏နေ့ရက် တစ် ရက်ကိုမျှ တွေ့မြင်
လို ၍ ၊ မ တွေ့ မမြင်ရသောအချိန် ကာလ ရောက် လိမ့်မည်။ ၂၃ ဤ အရပ်၌ကြည့် ပါ။ ထို အရပ်၌ကြည့် ပါဟု
သင် တို့အားပြောဆို သော်လည်း မ လိုက် မ သွား ကြနှင့်။ ၂၄ ကောင်းကင် တစ်ဘက်မှ ပြက် သောလျှပ်စစ် သည်
ကောင်းကင် အနှံ့အပြား ထွန်းလင်း သကဲ့သို့ ၊ လူ သား သည် မိမိ နေ့ရက် ၌ ဖြစ် တော်မူလတံ့။ ၂၅ ထိုသို့ မ ဖြစ် မီသူ
သည် များစွာ သောဆင်းရဲ ဒုက္ခကိုရင်း ၊ ယခု လူမျိုး ၏ ငြင်းပယ် ခြင်းကိုရင်း ခံရမည်။ ၂၆ နောဧ လက်ထက် ၌ ဖြစ်
သကဲ့သို့ လူ သား လက်ထက် ၌ ဖြစ် လိမ့်မည်။ ၂၇ နောဧ သည် သင်္ဘော ထဲသို့ ဝင် ၍၊ ရေ လွှမ်းမိုးခြင်းဖြစ် သဖြင့်

လူခပ်သိမ်း တို့ကို သုတ်သင်ပယ်ရှင်း သည် နေ့ တိုင်အောင် လူများတို့သည် စား သောက် လျက်၊ ထိမ်းမြား စုံဘက် လျက်နေကြ၏။ ၂၈ ထိုနည်းတူ ၊ လောတ လက်ထက် ၌ လူများတို့သည်စား သောက် ရောင်း ဝယ် လျက်၊ စိုက်ပျိုး လျက်၊ အိမ် ဆောက် လျက်နေသကဲ့သို့ ၎င်း၊ ၂၉ လောတ သည် သောဒုံ မြို့မှ ထွက် သောနေ့ ၌ ကောင်းကင် မှ ကန့် နှင့် ရောသောမီး မိုးယံးရွာ ၍ ထိုလူ အပေါင်း တို့ကို သုတ်သင် ပယ်ရှင်းသကဲ့သို့ ၎င်း ၊ ၃၀ လူ သား ပေါ် ထွန်း သောနေ့ ၌ ဖြစ် လိမ့်မည်။ ၃၁ ထို နေ့ရက် ၌ အိမ်မိုး ပေါ်မှာ ရှိ သောသူ သည် မိမိ အိမ် ထဲမှာ ရှိသောဥစ္စာ ကို ယူ ခြင်းငှာမ ဆင်း စေနှင့်။ ထိုအတူ ၊ လယ် ၌ ရှိသောသူ သည် နောက် သို့ လှည့် ၍ မ ပြန်လာစေနှင့်။ ၃၂ လောတ ၏မယား ကို အောက်မေ့ ကြလော့။ ၃၃ အကြင်သူ သည် မိမိ အသက် ကို ကယ်ဆယ် ခြင်းငှာရှာကြံ ၏။ ထိုသူသည် အသက် ရှုံး လိမ့်မည်။ အကြင်သူ သည် အသက်ရှုံး ၏။ ထိုသူသည်မိမိအသက် ကို ကယ်ဆယ် လိမ့်မည်။ ၃၄ ငါ ဆိုသည်ကား၊ ထို နေ့ညဉ့် တွင် အိပ်ရာ တစ်ခု ၌ ရှိ သောသူ နှစ် ယောက်တို့တွင်တစ် ယောက်ကို သိမ်းယူ ၍ တစ် ယောက်မူကား နေရစ် ရလတံ့။ ၃၅ ကြိတ်ဆုံကြိတ် သောသူနှစ် ယောက်တို့တွင် တစ် ယောက်ကိုသိမ်းယူ ၍ တစ် ယောက်မူကား နေရစ် ရလတံ့။ ၃၆ လယ်၌ရှိသော သူနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍ တစ်ယောက်မူကား နေရစ်ရလတံ့ ဟု မိန့်တော်မူလျှင်၊ ၃၇ သခင် ၊ အဘယ် အရပ်၌ ထိုသို့ ဖြစ်မည်နည်းဟု မေးလျှောက် ကြသော်၊ အသေ ကောင်ရှိရာအရပ် ၌ ရွေ လင်းတ တို့သည် စုဝေး ကြလတံ့ ဟု မိန့် တော်မူ၏။

၁၈ လူ တို့သည် အား မ လျော့ဘဲကြိုးစား ၍ ဆုတောင်း ရ မည်အကြောင်း ကို ဥပမာ စကားအားဖြင့်မိန့် တော်မူသည်ကား၊ ၂ မြို့ တစ် မြို့၌ ဘုရားသခင် ကို မ ကြောက်ရွံ့ ၊ လူ ကို အား မ နာတတ်သော တရားသူကြီး တစ် ယောက်ရှိ ၏။ ၃ ထို မြို့ ၌ နေ သော မုတ်ဆိုးမ တစ်ယောက်သည် တရားသူကြီး ထံသို့ သွား ၍ ၊ ကျွန်မ ရန်ဘက် ကို လက်စားချေ လောက်အောင်အပြစ်အလျောက် ဒဏ် စီရင်ပါဟု တောင်းပန် သော်လည်း၊ ၄ တရား မ စီရင်ဘဲ ကြာမြင့် စွာနေ၏။ ထိုနောက် တရားသူကြီး က၊ ငါသည် ဘုရားသခင် ကို မ ကြောက်ရွံ့ ၊ လူ ကို အား မ နာတတ်သောသူ ဖြစ် သော်လည်း ၊ ၅ ဤ မုတ်ဆိုးမ သည် ငါ့ ကိုနှောင့်ရှက် သောကြောင့် သူ ဘက်၌ တရားစီရင် မည်။ သို့မဟုတ် အစဉ် လာ ၍ ငါ့ ကို ပင်ပန်း စေလိမ့်မည်ဟု စိတ်ထဲ၌ အကြံရှိ၏။ ၆ မတရား သော ထိုတရားသူကြီး ၏ အကြံကိုမှတ် ကြလော့။ ၇ ဘုရားသခင် ရွေးကောက် တော်မူသောသူ တို့သည်ညဉ့် နေ့ မပြတ်အော်ဟစ် ၍ တောင်းလျှောက် လျှင်၊ ဘုရားသခင်သည် သူ တို့ဘက်၌ တရား မ စီရင်ဘဲ နေ တော်မူမည်လော။ ကြာမြင့်စွာသည်းခံ တော်မူမည်လော။ ၈ ငါ ဆိုသည်ကား ၊ သူ တို့ဘက်၌ အလျင်အမြန် တရား စီရင်တော်မူမည်။ သို့သော်လည်း လူ သား သည် ကြွလာ သောအခါ ယုံကြည် ခြင်းကို မြေကြီး ပေါ်မှာ တွေ့ မည်လော ဟု သခင်ဘုရားသည် မိန့် တော်မူ၏။ ၉ ကိုယ် ကုသိုလ် ကို အမှီပြု ၍ သူတစ်ပါး ကို မထီမဲ့မြင် ပြု တတ်သောသူ အချို့တို့အား မိန့် တော်မူသော ဥပမာ ကား ၊ ၁၀ လူ နှစ် ယောက်တို့သည် ဆုတောင်း ပဌနာပြုခြင်းငှာဗိမာန် တော်ပေါ် သို့ တက် ကြ၏။ တစ် ယောက်ကား ဖာရိရှဲ ဖြစ်၏။ တစ် ယောက်ကား အခွန်ခံ ဖြစ်၏။ ၁၁ ဖာရိရှဲ သည် တစ်ယောက်တည်းရပ် လျက်၊ အိုဘုရားသခင် ၊ သူ

တစ်ပါး တို့သည် အနိုင် အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့် ခြင်း၊ သူ့ မယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ် ၌မ ရှိသည်သာမက ၊ ဤ အခွန်ခံ ကဲ့သို့ ပင် မ ဟုတ်သောကြောင့် ကျေးဇူး တော်ကြီးလှပေ၏။ ၁၂ အကျွန်ုပ် သည် ခုနှစ်ရက်တွင် နှစ် ရက်အစာရှောင် ပါ၏။ ဥစ္စာရှိသမျှ တို့ကို ဆယ်ဘို့တဘို့ လှူပါ၏ဟူ ဆုတောင်း ပဌနာပြု၏။ ၁၃ အခွန်ခံ မူကား ၊ အဝေး ကရပ် ၍ ကောင်းကင် သို့ မ မျှော် မကြည့်ဝံ့ ဘဲ ရင်ပတ် ကိုခက် လျက် ၊ အို ဘုရားသခင် ၊ အပြစ် များသော အကျွန်ုပ် ကို သနား ခြင်းကရုဏာစိတ် ရှိတော်မူပါဟုဆုတောင်း လေ၏။ ၁၄ ငါဆို သည်ကား၊ ထိုသူ သည် အပြစ် ပြေလျက် မိမိ အိမ် သို့ ပြန်သွား ၏။ ဖာရိရှဲ မူကား အပြစ်မပြေ။ အကြောင်းမူကား ၊ ကိုယ်ကိုကိုယ် ချီးမွှောက် သောသူ မည်သည်ကား ၊ နှိမ့်ချ ခြင်းသို့ရောက်လတံ့။ ကိုယ်ကိုကိုယ် နှိမ့်ချ သောသူ မည်သည်ကား၊ ချီးမွှောက် ခြင်းသို့ရောက်လတံ့ ဟု မိန့် တော်မူ၏။ ၁၅ ထိုအခါ သူငယ် တို့ကို လက်တော်နှင့်တို့ စေခြင်းငှာ အထံ တော်သို့ ဆောင်ခဲ့ သည်ကို တပည့် တော်တို့သည် မြင် လျှင် အပြစ်တင် ကြ၏။ ၁၆ ယေရှု သည် ထိုသူငယ် တို့ကို ခေါ် တော်မူ၍ ငါ့ ထံသို့ လာ ပါလေစေ။ မ ဆီးတား ကြနှင့်။ ဘုရားသခင် ၏ နိုင်ငံ တော်သည် ထိုသို့သော သူတို့၏နိုင်ငံဖြစ် ၏။ ၁၇ ငါ အမှန် ဆိုသည်ကား၊ အကြင်သူ သည် ဘုရားသခင် ၏နိုင်ငံ တော်ကို သူငယ် ကဲ့သို့ မ ခံ မယူ၊ ထိုသူသည် နိုင်ငံ တော်သို့ မ ဝင် ရ ဟု မိန့် တော်မူ၏။ ၁၈ အရာရှိ တစ် ယောက်က၊ ကောင်းမြတ် သောဆရာ ၊ ထာဝရ အသက် ကို အမွေခံ ရအံ့သောဘာအကျွန်ုပ်သည် အဘယ် အမှုကို ပြု ရပါမည်နည်းဟု မေး လျှောက် သော၊ (aiōnios g166) ၁၉ ယေရှု က၊ ငါ့ ကို ကောင်းမြတ် သည်ဟု အဘယ်ကြောင့် ခေါ် သနည်း။ ဘုရားသခင် တစ်ပါးတည်း သာ ကောင်းမြတ် တော်မူ၏။ ၂၀ သင်သည် ပညတ် တော်တို့ကို သိ သည်မဟုတ်လော။ သူ့ မယားကို မ ပြစ်မှားနှင့်။ လူအသက်ကိုမသတ် နှင့်။ သူ့ ဥစ္စာကိုမ ခိုး နှင့်။ မမှန် သော သက်သေကို မ ခံနှင့်။ မိဘ ကို ရိုသေ စွာပြုလော့ ဟု မိန့် တော်မူလျှင် ၊ ၂၁ အရှင်ဘုရား၊ ထို ပညတ်ရှိသမျှ တို့ကို ငယ် သောအရွယ်မှစ၍ အကျွန်ုပ်စောင့်ရှောက် ပါပြီဟု လျှောက် ပြန်သည်ကို ယေရှု သည်ကြား လျှင် သင် သည် တစ်ခု လို သေး ၏။ ၂၂ ကိုယ် ဥစ္စာ ရှိသမျှ ကို ရောင်း ၍ ဆင်းရဲ သောသူတို့အား ပေးဝေ လော့။ ထိုသို့ပြုလျှင်ကောင်းကင် ဘုံ၌ ဘဏ္ဍာ ကို ရ လိမ့်မည်။ သို့ပြီးမှလာ ၍ငါ့ နောက် သို့လိုက်လော့ ဟု မိန့် တော်မူ၏။ ၂၃ ထိုသူသည် များစွာ သောဥစ္စာ ကို ရတတ်သောသူဖြစ် ၍ ၊ ထို စကားကိုကြား လျှင် အလွန်စိတ်မသာ သည် နှင့် သွား လေ၏။ ၂၄ ထိုသို့ စိတ်မသာ သည်ကို ယေရှု သည် မြင် တော်မူလျှင် ၊ ဥစ္စာ ရ တတ်သောသူ သည် ဘုရားသခင် ၏ နိုင်ငံ တော်သို့ အလွန်ဝင် ခဲ လှ၏။ ၂၅ ကုလားအုပ် သည် အပ် နဖား ကို လျှို လွယ် ၏။ ငွေရတတ် သောသူသည် ဘုရားသခင် ၏ နိုင်ငံ တော်သို့ ဝင် ခဲသည် ဟု မိန့် တော်မူ၏။ ၂၆ ကြား သောသူ တို့ကလည်း၊ သို့ ဖြစ်လျှင် အဘယ်သူ သည် ကယ်တင် တော်မူခြင်းသို့ ရောက်နိုင် မည်နည်းဟု ပြောဆို ကြ၏။ ၂၇ ကိုယ်တော်ကလည်း ၊ လူ မ တတ်နိုင်သောအမှု ကို ဘုရားသခင် တတ်နိုင်တော်မူ သည် ဟု မိန့် တော်မူ၏။ ၂၈ ထိုအခါ ပေတရု က၊ အကျွန်ုပ် တို့သည် ရှိသမျှကို စွန့်ပစ် ၍ ကိုယ်တော် နောက် သို့လိုက်ကြပါပြီဟု လျှောက် လေသော်၊ ၂၉ ကိုယ်တော် က၊ ငါ အမှန် ဆိုသည်ကား ၊ အကြင်သူ သည် ဘုရားသခင်

၏ နိုင်ငံ တော်ကြောင့် ၊ အိမ်ရာ ၊ မိဘ ၊ ညီအစ်ကို ၊ သား မယား တည်းဟူသောတစ်ပါးပါးကို စွန့် ၏။ ၃၀ ထိုသူ သည် ယခု ကာလ ၌ အဆများစွာ သောအကျိုးကိုငင်း ၊ နောင် ဘဝ ၌ ထာဝရ အသက် ကိုငင်း ခံရ လတ့ံ ဟု မိန့် တော်မူ၏။ **(aiōn g165, aiōnios g166)** ၃၁ ထိုအခါ ကိုယ်တော်သည် တစ်ကျိပ် နှစ်ပါးသောတပည့် တော်တို့ကို ခေါ် ၍၊ ငါတို့သည် ယေရုရှလင် မြို့သို့ ယခု သွား ကြ၏။ ပရောဖက် များ ရေးမှတ် သမျှ သည် လူ သား ၌ ပြည့်စုံ ရလိမ့်မည်။ ၃၂ တစ်ပါး အမျိုးသားတို့လက်သို့အပ်နှံ ခြင်း၊ ပြက်ယယ်ပြု ခြင်း၊ ညှဉ်းဆဲ ခြင်း၊ တံတွေး နှင့် ထွေးခြင်းကို ခံရလိမ့်မည်။ ၃၃ သူတို့သည် လူသား ကို ရိုက်ပုတ် ၍ သတ် ကြလိမ့်မည်။ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည် ဟု မိန့် တော်မူ၏။ ၃၄ ထို စကားတော်တစ်ခွန်း ကိုမျှ တပည့် တော်တို့သည်နား မလည်ကြ။ ထို အကြောင်း အရာသည် ဝှက်ထား လျက် ရှိ သည်ဖြစ်၍ မိန့် တော်မူချက်အနက် ကို မ ရိပ်မိ ကြ။ ၃၅ ယေရိခေါ မြို့အနီး ၌ ရှိတော်မူစဉ် တွင်၊ လူကန်း တစ် ယောက်သည် လမ်း နား မှာထိုင် ၍ တောင်းစား လေ၏။ ၃၆ ထို လူကန်းသည် လမ်း၌ လူ များသွား သံကို ကြား လျှင် အဘယ်သို့ ဖြစ် သနည်းဟုမေး ၏။ ၃၇ နာဇရက် မြို့သားယေရှု ကြွသွား ကြောင်း ကို သူတစ်ပါးပြော လျှင် ၊ ၃၈ ဒါဝိဒ် ၏သား တော်ယေရှု ၊ အကျွန်ုပ် ကို ကယ်မ သနားတော်မူပါဟုဟစ်ကြော် လေ၏။ ၃၉ ထိုသူ ကို တိတ်ဆိတ် စွာနေစေခြင်းငှာ ရှေ့တော်၌ သွားသောသူ တို့သည်ငေါက် ၍ ဆိုကြသော်လည်း၊ ဒါဝိဒ် ၏ သား တော်၊ အကျွန်ုပ် ကို ကယ်မ သနားတော်မူပါဟု သာ၍ ဟစ်ကြော် ကြလေ၏။ ၄၀ ယေရှု သည်လည်းရပ် တော်မူလျက်၊ ထိုသူ ကို ခေါ် ခဲ့ဟု အမိန့် တော်ရှိ၏။ လူကန်း သည် အထံ တော်သို့ ချဉ်းကပ် ပြီးမှ ၊ သင် ၌အဘယ်သို့ ပြု စေလို သနည်း ဟု မေး တော်မူလျှင်၊ ၄၁ သခင် ၊ အကျွန်ုပ် မျက်စိမြင်စေခြင်းငှာ ပြုတော်မူပါဟု လျှောက် လေသော်၊ ၄၂ ယေရှု က၊ မျက်စိမြင် စေ။ သင် ၏ ယုံကြည် ခြင်းသည် သင့် ကို ကယ်မ ပြီ ဟုမိန့် တော်မူ၏။ ၄၃ ထိုခဏခြင်း တွင် ထိုသူ သည် မျက်စိ မြင်၍ ဘုရားသခင် ၏ဂုဏ် တော်ကို ချီးမွမ်းလျက် နောက် တော်သို့ လိုက်လေ၏။ လူ အပေါင်း တို့သည် မြင် လျှင် ဘုရားသခင် ကို အံ့ဩချီးမွမ်း ကြ၏။

၁၉ ယေရှုသည် ယေရိခေါ မြို့သို့ ဝင် ၍ ရှောက်သွား တော်မူ၏။ ၂ ထိုအခါ ဇက္ခဲ အမည် ရှိ သော အခွန် ခေါင်းတစ်ယောက်ရှိ ၏။ ထိုသူ သည် ငွေရတတ် သောသူ ဖြစ် ၏။ ၃ ယေရှု သည် အဘယ်သို့ သောသူဖြစ် သည်ကို ထိုသူ သည် ကြည့် လို၍ ၊ လူအစုအဝေးများ သောကြောင့် ၊ မိမိ အရပ် လည်း နိမ့် သည်ဖြစ် ၍ မ မြင် နိုင် ။ ၄ ထို့ကြောင့် ကြွ တော်မူမည့်လမ်းတွင် ရှေ့သို့ ပြေး ၍ ကိုယ်တော် ကို မြင် အံ့သောငှာ သဖန်းပင် တပင်ကို တက် လေ၏။ ၅ ထိုအရပ် သို့ ယေရှု သည် ရောက် တော်မူသောအခါ မျှော်ကြည့် ၍ ထိုသူ ကို မြင်တော်မူလျှင်၊ ၆ ဇက္ခဲ ၊ မြန်မြန် ဆင်း လော့။ သင် ၏အိမ် ၌ ယနေ့ ငါ တည်း နေမည် ဟု မိန့် တော်မူ၏။ ဇက္ခဲသည် အလျင်အမြန် ဆင်း ၍ ဝမ်းမြောက် သောစိတ်နှင့် ကိုယ်တော် ကို မိမိအိမ်၌ ဧည့်ခံ လေ၏။ ၇ ထိုအကြောင်း ကိုလူအပေါင်း တို့သည်မြင် လျှင် ၊ ဆိုး သောလူ ၏ အိမ်သို့ဝင် ၍ လုပ်ကျွေးခြင်းကို ခံ တော်မူပါသည်တကားဟု ကဲ့ရဲ့အပြစ်တင် ကြ၏။ ၈ ဇက္ခဲ သည်လည်းရပ် နေ၍ ၊ သခင် ၊ အကျွန်ုပ် ၏ ဥစ္စာ တစ်ဝက် ကို ဆင်းရဲ သောသူ တို့အား ပေး ပါ၏။ တစ်စုံတစ်ယောက်

သောသူ၏ဥစ္စာအနည်းငယ် ကို အကျွန်ုပ်ယူ မိလျှင် ၊ လေး ဆပြန် ၍ ပေးပါ၏ဟု သခင် ဘုရားကို လျှောက်ဆို ၏။ ၉ ယေရှု ကလည်း ၊ ဤသူ သည် အာဗြဟံ ၏သား ဖြစ် သည်နှင့် အလျောက်၊ ယနေ့ ပင် ကယ်တင် တော်မူခြင်း ကျေးဇူးသည် ဤ အိမ် အပေါ် မှာသက်ရောက် လေ၏။ ၁၀ လူ သား သည် ပျောက် သောသူ တို့ကိုရှာ ၍ ကယ်တင် အံ့သောဉာဏ်ကြွလာ သတည်း ဟု ဇက္ခဲ ကို မိန့် တော်မူ၏။ ၁၁ ထိုအခါယေရှုရှလင် မြို့အနီး သို့ ရောက် တော်မူ၍၊ ဘုရားသခင် ၏နိုင်ငံ တော်သည် ချက်ခြင်း ပေါ် ထွန်း မည်ဟု လူများထင်မှတ် သောကြောင့် ၊ ပရိသတ် အလယ် ၌ မိန့် တော်မူသော ဥပမာ ကား ၊ ၁၂ အမတ် တစ် ယောက်သည် မင်းကြီး အရာကို ခံ လိုရ၍ မိမိ ပြည် သို့ ပြန်လာ မည်ဟု အကြံရှိလျက် ဝေး သော ပြည် သို့ သွား ၏။ ၁၃ မသွားမီ မိမိ ငယ်သား တစ်ကျိပ် ကိုခေါ် ၍၊ ငွေတစ် ပိဿာ စီအပ်ပေး လျက် ငါပြန် ၍ မ လာမီတိုင်အောင်ကုန်သွယ်ခြင်းအမှုကိုပြုကြလော့ဟု မှာထား လေ၏။ ၁၄ ပြည်သား အချို့သည် ထိုအမတ် ကို မနာလို ၍ ၊ ထိုသူ ၏ အအုပ်အချုပ် ကို ငါ တို့မ ခံလို ပါဟု တမန် ကို သူ့ နောက် သို့ စေလွှတ် ကြ၏။ ၁၅ ထိုအမတ် သည် မင်းကြီး အရာ ကိုခံ ၍ ပြန်လာ တော်မူသောအခါ၊ ငွေ ခံ သော ငယ်သား တို့သည် အသီးအသီးအဘယ်မျှလောက်အမြတ်ရ သည်ကို သိ ခြင်းငှာ သူ တို့ကိုခေါ် ချေဟု အမိန့် တော်ရှိ၏။ ၁၆ ပဌမ သူ သည် လာ ၍ ၊ သခင် ၊ ကိုယ်တော် ပေးသော ငွေတပိဿာ အားဖြင့်အခွက် တဆယ် အမြတ်ရ ပါ ပြီဟု လျှောက် လျှင်၊ ၁၇ သခင်က၊ သာဓု ၊ ငယ်သား ကောင်း ၊ သင်သည် အမှုငယ် ၌ သစ္စာစောင့် လေပြီ။ မြို့ ဆယ် မြို့ကို အုပ်စိုး လော့ဟု မိန့် တော်မူ၏။ ၁၈ ဒုတိယ သူ သည် လာ ၍ ၊ သခင် ၊ ကိုယ်တော် ပေးသော ငွေတပိဿာ အားဖြင့် ငါး ပိဿာ အမြတ်ရပါပြီဟု လျှောက် လျှင်၊ ၁၉ သခင်က၊ သင် သည် မြို့ ငါး မြို့ကို အုပ်စိုး လော့ဟု မိန့် တော်မူ၏။ ၂၀ အခြား သောသူ သည်လာ ၍ ၊ သခင် ၊ အကျွန်ုပ်သည် ပဝါ ၌ ထုပ် ထားသော ကိုယ်တော် ၏ ငွေတပိဿာ ရှိ ပါ၏။ ကိုယ်တော် သည် ခဲယဉ်း သောသူ ဖြစ် သည်နှင့်၊ ၂၁ ကိုယ်မ သို မထားသော ဥစ္စာကိုသိမ်းယူ ၍ ၊ ကိုယ်မ စိုက် မပျိုးသော လယ်၌ရိတ် တတ်သည်ကို အကျွန်ုပ်ထောက် ၍ ကိုယ်တော်ကို ကြောက် ပါသည်ဟု လျှောက် လျှင်၊ ၂၂ သခင်က၊ ဆိုးညစ် သောငယ်သား ၊ သင် ၏ စကား ကိုသာလိုက်၍ သင် ၏အမှုကို ငါစီရင် မည်။ ငါ သည် ခဲယဉ်း သောသူ ဖြစ် လျက် ကိုယ်မ သိုမထားသော ဥစ္စာကို သိမ်းယူ ၍၊ ကိုယ်မ စိုက်ပျိုး သော လယ်၌ရိတ် သည်ကို သင် သိ သည်မှန်လျှင်၊ ၂၃ ငါ့ ငွေ ကိုပွဲစား လက်သို့ အဘယ်ကြောင့် မ အပ် သနည်း။ ထိုသို့အပ်လျှင် ငါ ပြန်လာ သောအခါ ငွေရင်း နှင့် အဘိုးကို ရ နိုင်သည်ဟု မိန့် တော်မူပြီး သော်၊ ၂၄ အခြွေအရံတို့အား၊ ငွေတပိဿာ ကို သူ့ လက်မှ နှုတ် ကြ။ အခွက် တဆယ် ရှိ သောသူ အားပေး ကြဟု မိန့် တော်မူ၏။ ၂၅ အခြွေအရံတို့ကလည်း၊ သခင် ၊ ထိုသူ ၌ အခွက် တဆယ် ရှိ ပါ၏ဟု လျှောက် ကြလျှင် ၊ ၂၆ ငါ ဆိုသည်ကား ၊ အကြင်သူသည်ရတတ်၏။ ထိုသူအား ပေး ဦးမည်။ အကြင်သူသည် ဆင်းရဲ ၏။ ထိုသူ၌ ရှိ သမျှကိုပင် နှုတ် လိမ့်မည်။ ၂၇ ထိုမှတပါး ငါ ၏အအုပ်အချုပ် ကို မ ခံလို သော ငါ့ ရန်သူ တို့ကို ခေါ် ခဲ့ကြ။ ငါ့ ရှေ့မှာ သတ် ကြဟု စီရင် တော်မူသည် ဟု မိန့်တော်မူ၏။ ၂၈ ထိုသို့ မိန့် တော်မူပြီးမှ ၊ တပည့်တော်တို့ ရှေ့၌ ကြွ ၍ ယေရုရှလင် မြို့သို့ ခရီးသွား တော်မူ၏။ ၂၉ သံလွင် အမည် ရှိသော တောင် ခြေရင်း၌

ဗက်ဖာဂေ ရွာနှင့် ဗေသနိ ရွာအနီးသို့ ရောက်တော်မူ သောအခါ ၊ တပည့် တော်နှစ် ယောက်တို့ကို စေလွှတ် ၍၊ ၃၀ သင်တို့ရှေ့၌ရှိသောရွာ သို့ သွား ကြ။ ထို ရွာသို့ ရောက် လျှင် အဘယ်သူ မျှ မစီး ဘူးသောမြည်းကလေး ချည်နှောင် လျက်ရှိသည်ကို သင်တို့သည် တွေ့ လိမ့်မည်။ မြည်းကြိုး ကိုဖြည် ၍ ဆောင်ခဲ့ ကြ။ ၃၁ သူတစ်ပါး က အဘယ်ကြောင့် မြည်းကြိုးကို ဖြည် သနည်းဟု သင် တို့ကိုဆို လျှင် ၊ သခင် အလို ရှိ သည်ဟု ပြန်ပြော ကြလော့ ဟု မှာထား တော်မူ၏။ ၃၂ ထိုသို့ စေလွှတ် သောသူ တို့သည်သွား ၍ စကား တော်အတိုင်း တွေ့ ကြ၏။ ၃၃ မြည်းကြိုးကို ဖြည် စဉ်တွင်မြည်း ရှင် တို့က ၊ အဘယ်ကြောင့် မြည်း ကြိုးကို ဖြည် သနည်းဟုဆို လျှင်၊ ၃၄ သခင် အလို ရှိ သည်ဟု ပြန်ပြော ကြ၏။ ယေရှု ထံတော်သို့ မြည်းကလေး ကို ဆောင်ခဲ့ ၍ ၊ ၃၅ မြည်း ကျောပေါ်မှာ မိမိ တို့ အဝတ် ကို တင် ပြီးလျှင် ကိုယ်တော် ကို စီး စေကြ၏။ ၃၆ ခရီးသွား တော်မူစဉ် တွင် လူများတို့သည် မိမိ တို့ အဝတ် ကို လမ်း ၌ ခင်း ကြ၏။ ၃၇ သံလွင်တောင် ပေါ်က ဆင်း ရာအရပ်သို့ ရောက် တော်မူသောအခါ ၊ တပည့် တော်များ အပေါင်း တို့သည် မိမိတို့ မြင်ခဲ့ပြီးသောတန်ခိုး တော်များ ကိုထောက် ၍ ဝမ်းမြောက် သောစိတ်နှင့် ဘုရားသခင် ကို ထောမနာ ပြု၍၊ ၃၈ ထာဝရဘုရား၏ အခွင့် နှင့် ကြွလာ တော်မူသော ရှင်ဘုရင် သည် မင်္ဂလာ ရှိစေသတည်း။ ကောင်းကင် ဘဝဂ် ဝယ် ဘုန်းကြီးပါစေသတည်းဟု ကြွေးကြော် ကြ၏။ ၃၉ လူအစုအဝေး ၌ ပါသော ဖာရိရှဲ အချို့တို့က၊ အရှင် ဘုရား၊ ကိုယ်တော်၏တပည့် တို့ကို ဆုံးမ ပါဟု လျှောက် ကြသော်၊ ၄၀ ယေရှုကလည်း၊ ငါဆို သည်ကား၊ ဤ သူတို့သည် တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲ တို့သည် ချက်ခြင်းကြွေးကြော် ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၄၁ ယေရုရှလင်မြို့ အနီး သို့ ရောက်၍ ကြည့် မြင်လျက် ငိုကြွေး တော်မူ၍ ၊ ၄၂ အချင်းမြို့၊ သင် ၏ငြိမ်သက် ခြင်းနှင့် စပ်ဆိုင်သောအရာ တို့ကို သင်၏လက်ထက် ယခု ကာလ၌ပင် သင်သည် သိ ရလျှင် မင်္ဂလာရှိ၏။ ယခုမူကား၊ ထိုအရာတို့ကို သင် ၏မျက်စိ ရှေ့မှာ မထင်ရှားစေခြင်းဘုဝ်က်ထား လျက် ရှိ၏။ ၄၃ အကြောင်းမူကား ၊ သင့် ကို ကြည့်ရှုပြုစုတော်မူသော ကျေးဇူးကို သင်သည် မသိမမှတ်သောကြောင့်၊ သင် ၏ ရန်သူ တို့သည် သင့် ပတ်လည် တွင် တပ် တည်၍ လေး မျက်နှာ၌ ဝိုင်းရံလျက် ချုပ်ထားပြီးလျှင်၊ ၄၄ သင်၏ကိုယ် မှစ၍ သင် ၏ သားသမီး တို့ကို မြေ နှင့်တညီတည်းညှိသဖြင့် ၊ သင် ၏ကျောက် တစ်ခုပေါ်မှာ တစ်ခု မျှထပ်ဆင့်၍ မ ကျန်ရစ် စေခြင်းဘုပြုကြသောအချိန် ကာလသည် ရောက် လိမ့်မည်ဟု မိန့် တော်မူ၏။ ၄၅ ဗိမာန် တော်သို့ ဝင် တော်မူပြီးလျှင် ၊ ဗိမာန်တော်၌ ရောင်း ဝယ်သောသူတို့ ကို နှင်ထုတ် လျက်၊ ၄၆ ငါ့ အိမ် သည် ဆုတောင်း ရာအိမ် ဖြစ် ၏ဟု ကျမ်းစာ ၌ လာသော်လည်း၊ သင် တို့သည် ထိုအိမ် ကို ဓားပြ တွင်းဖြစ် စေကြပြီတကား ဟု မိန့် တော်မူ၏။ ၄၇ ကိုယ်တော်သည် နေ့တိုင်း ဗိမာန် တော်၌ ဆုံးမ သြဝါဒပေး တော်မူ၏။ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာ၊ လူ တို့တွင်အကြီးအကဲ ဖြစ်သောသူ တို့သည်ကိုယ်တော် ကို သတ် ခြင်းဉာဏ် ကြသော်လည်း ၊ ၄၈ လူ အပေါင်း တို့သည် ဒေသနာတော်ကို စေ့စေ့ နားထောင် သောကြောင့် သတ်နိုင်သောအခွင့် ကို မတွေ့ မရကြ။

J၀ တစ်နေ့သ၌ ကိုယ်တော် သည် ဗိမာန် တော်တွင် လူ များကို ဆုံးမ သြဝါဒပေး၍ ဧဝံဂေလိ တရားကို ဟောတော်မူစဉ် ၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာ၊ လူအကြီးအကဲ တို့သည် လာ ၍၊ ၂ ကိုယ်တော် သည် ဤ အမှုများကို အဘယ် အခွင့် နှင့် ပြု သည်ကိုငင်း ၊ ထို အခွင့် ကို အဘယ်သူ ပေး သည်ကိုငင်း၊ အကျွန်ုပ် တို့အား ပြော ပါဟု ဆို ကြသော် ၊ ၃ ကိုယ်တော်က၊ ငါ သည် တစ်စုံတစ်ခုကိုမေး ဦးမည်။ သင် တို့ ဖြေ ကြလော့။ ၄ ယောဟန် ၏ ဗတ္တိဇံ တရားသည် ဘုရား က ဖြစ် သလော။ လူ က ဖြစ်သလော ဟု မေး တော်မူ၏။ ၅ ထိုသူတို့သည် အချင်းချင်း ဆင်ခြင် ၍ ၊ ဘုရားက ဖြစ်သည်ဟု ငါတို့ဖြေ လျှင် ၊ သင်တို့သည် ယောဟန် ကို အဘယ်ကြောင့် မ ယုံ သနည်းဟု သူမေး လေဦးမည်။ လူ က ဖြစ်သည်ဟု ငါတို့ဖြေ လျှင် ၊ ၆ ယောဟန် သည် ပရောဖက် ဖြစ် သည်ကို လူ အပေါင်း တို့သည် ယုံ သဖြင့် ငါ တို့ကို ကျောက်ခဲ နှင့် ပစ် ကြလိမ့်မည်ဟု အချင်းချင်းဆင်ခြင်ပြီးမှ၊ ၇ အဘယ် ကဖြစ် သည်ကို အကျွန်ုပ်တို့မ သိ ပါဟု ပြန်ပြော ကြ၏။ ၈ ယေရှု ကလည်း ၊ ထိုအတူဤ အမှုများကိုအဘယ် အခွင့် နှင့် ငါပြု သည်ကို ငါ မ ပြော ဟု မိန့် တော်မူ၏။ ၉ ထိုအခါ ပရိသတ် တို့အား မိန့် တော်မူသောဥပမာ ကား၊ လူ တစ်ဦး သည် စပျစ် ဥယျာဉ်ကို စိုက်ပျိုး ပြီးမှလုပ်ဆောင် သောသူတို့အား ဥယျာဉ် ကိုငှား ၍ အခြားသောပြည်သို့ ကြာမြင့် စွာ သွား နေ၏။ ၁၀ ကာလ အချိန်တန်လျှင် ၊ လုပ်ဆောင် သောသူတို့သည် စပျစ် သီး အချို့ကို ပေး စေခြင်းငှာ ဥယျာဉ်ရှင်သည် သား ငယ်ကို စေလွှတ် လေ၏။ ဥယျာဉ်စောင့် တို့သည် ငယ်သား ကိုရိုက် ၍ လက်ချည်း လွှတ် လိုက်ကြ၏။ ၁၁ နောက်တစ်ဖန် အခြား သော ငယ်သား ကို စေလွှတ် ပြန်လျှင် ၊ ဥယျာဉ်စောင့်တို့သည် သူ့ ကိုရိုက် ၍ အရှက်ခွဲ ပြီးမှလက်ချည်း လွှတ် လိုက်ကြ၏။ ၁၂ နောက်တစ်ဖန် အခြား သောငယ်သားကို စေလွှတ် ပြန် လျှင် ၊ သူ့ ကိုဒဏ်ရာ ပေါ် အောင် နာကျင်စွာရိုက် နှင်ထုတ် ကြ၏။ ၁၃ ထိုအခါ ဥယျာဉ် ရှင် က၊ ငါသည် အဘယ်သို့ ပြု ရမည်နည်း။ ငါ ၏ချစ် သား ကို ငါစေလွှတ် မည်။ ထိုသူတို့ သည် ငါ့သား ကိုမြင်လျှင် အားနာ ကောင်းအားနာကြလိမ့်မည်ဟု ဆို ၏။ ၁၄ ဥယျာဉ်စောင့် တို့သည် သား ကိုမြင် လျှင် ၊ ဤသူ သည် အမွေခံ ဖြစ် ၏။ လာကြ။ သူ့ ကို သတ် ကြကုန်အံ့။ ထိုသို့ သူ၏ အမွေ ဥစ္စာကို ငါ တို့ ရ ကြလိမ့်မည်ဟု အချင်းချင်း တိုင်ပင် ပြီးမှ၊ ၁၅ ဥယျာဉ်ရှင်၏သား ကို ဥယျာဉ် ပြင် သို့ ထုတ် ၍ သတ်ပစ် ကြ၏။ သို့ ဖြစ်လျှင် ဥယျာဉ် ရှင် သည် ဥယျာဉ်စောင့် တို့ကို အဘယ်သို့ ပြု မည်နည်း။ ၁၆ ဥယျာဉ်ရှင်သည် လာ၍ ထို သူ တို့ကို သုတ်သင် ပယ်ရှင်းပြီးမှထိုဥယျာဉ် ကို အခြား သောသူတို့အား ပေး လိမ့်မည် ဟု မိန့် တော်မူ၏။ ပရိသတ်တို့သည် ကြား လျှင် ထိုသို့မ ဖြစ် ပါစေနှင့်ဟု လျှောက် ကြသော် ၊ ၁၇ ကိုယ်တော်သည် ထိုသူ တို့ကို ကြည့်ရှု ၍ ၊ တိုက်ကိုတည်လုပ် သောသူ များ ပယ် ထားသော ကျောက် သည် နောက်တစ်ဖန် တိုက်ထောင့် အထွဋ်ဖျား သို့ ရောက် ပြန်၏ဟူသော ကျမ်းစာ ချက်သည် အဘယ်သို့ ဆိုလို သနည်း။ ၁၈ အကြင်သူ သည် ထို ကျောက် အပေါ် သို့ ကျ ၏။ ထိုသူ သည် ကျိုး လတံ့။ အကြင်သူ ၏အပေါ် သို့ ထို ကျောက် သည် ကျ ၏။ ထိုသူသည် ညက်ညက် ကြေလတံ့ ဟု မိန့် တော်မူ၏။ ၁၉ ထိုအခါ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြု ဆရာတို့သည် မိမိ တို့ကို ရည်ဆောင် ၍ ထို ဥပမာ စကားကို ဟောပြော တော်မူသည်ကိုသိ သောကြောင့် ကိုယ်တော်ကို ဖမ်းဆီး ခြင်းငှာ ရှာကြံ့ ကြ၏။ သို့သော်လည်း လူ

များ ကိုကြောက် ၍ နေရကြ၏။ ၂၀ ထိုအခါ ဖာရိရှဲတို့သည် ကိုယ်တော် ကိုချောင်းမြောင်း လျက်၊ စကား တော်၌ အပြစ်ကိုရှာ ၍ မြို့ဝန်မင်း လက်သို့ အပ်နှံ သောခွင့် ကိုရခြင်းဟု သူတော်ကောင်း ဖြစ် ယောင်ဆောင် သောသူလျှို တို့ကို အထံ တော်သို့ စေလွှတ် ကြ၏။ ၂၁ ထိုသူလျှိုတို့က၊ အရှင် ဘုရား၊ ကိုယ်တော် သည် လူမျက်နှာ ကို မ ထောက် ဘဲ ဖြောင့်မတ် စွာဆုံးမ သြဝါဒပေး ၍ ၊ ဘုရားသခင် ၏ တရားလမ်း ကို ဟုတ်မှန် စွာ ပြ တော်မူသည်ကို အကျွန်ုပ်တို့သိ ကြပါ၏။ ၂၂ အကျွန်ုပ် တို့သည် ကဲသာ ဘုရင်အား အခွန် ကိုဆက် အပ် သလော၊ မ ဆက်အပ်သလောဟု မေး လျှောက် ကြ၏။ ၂၃ ကိုယ်တော်သည် ထိုသူ တို့၏ ပရိယာယ် ကို သိမှတ် တော်မူလျှင် ၊ သင်တို့ သည် ငါ့ ကို အဘယ်ကြောင့်စုံစမ်းနှောင့်ရှက်ကြသနည်း။ ၂၄ ဒေနာရိ တစ်ပြားကိုပြ ပါ။ အဘယ်သူ ၏ပုံ ၊ အဘယ်သူ၏လိပ်စာ ပါ ပါသနည်း ဟု မေး တော်မူလျှင် ၊ ကဲသာ ဘုရင်၏ပုံ၊ လိပ်စာပါပါသည်ဟု လျှောက် ကြသော် ၊ ၂၅ ကိုယ်တော်က၊ ကဲသာ ဘုရင်၏ဥစ္စာ ကို ကဲသာ ဘုရင်အား ဆက်ပေး ကြလော့။ ဘုရားသခင် ၏ဥစ္စာ ကို ကား ဘုရားသခင် အား ဆက်ပေးကြလော့ ဟု မိန့် တော်မူ၏။ ၂၆ ထိုသူတို့သည် လူ များရှေ့ တွင် စကား တော်၌ အပြစ် မ တွေ့နိုင် သဖြင့် ပြန်ပြော တော်မူသောစကားကို အံ့သြ ၍ တိတ်ဆိတ် စွာနေကြ၏။ ၂၇ ထမြောက် ရှင်ပြန်ခြင်းမ ရှိ ဟုငြင်းခုံ တတ်သော ဒဿုကဲ အချို့သည်လည်း အထံ တော်သို့ ချဉ်းကပ် ၍၊ ၂၈ အရှင် ဘုရား၊ မယား ရှိ သောသူ သည်သား မရှိဘဲသေ လျှင် ၊ သူ၏မယား ကို သူ့ ညီ သိမ်းယူ ၍ အစ်ကို အမျိုး မပြတ်ဆက်နွယ် စေဟု အကျွန်ုပ် တို့အား မောရှေ စီရင် ပါပြီ။ ၂၉ ညီအစ်ကို ခုနစ် ယောက်ရှိ ပါ၏။ အစ်ကိုအကြီး သည် မိန်းမ နှင့်စုံဘက် ၍ သား မရှိဘဲသေ လျှင်၊ ၃၀ သူ၏မယားကို သူ့ ညီအကြီးသိမ်းယူ၍ သားမရှိဘဲသေပြန်လေ၏။ ၃၁ ထိုအတူ တတိယ သူ မှစ၍ တစ်ယောက်နောက်တစ်ယောက်ခုနစ် ယောက်သော ညီအစ်ကိုတို့သည် ထို မိန်းမ ကိုသိမ်းယူ ၍ သား ကို မ ကျန်ရစ် စေဘဲ သေ ကြ၏။ ၃၂ နောက်ဆုံး ၌ မိန်းမ သည်လည်း သေ လေ၏။ ၃၃ သို့ ဖြစ်၍ ထမြောက် ရာကာလ၌ ထိုမိန်းမ သည်အဘယ်သူ ၏မယား ဖြစ် ရပါမည်နည်း။ ထိုသူ ခုနစ် ယောက်တို့သည် ထိုမိန်းမ နှင့်စုံဘက် ကြပြီဟုလျှောက် ကြ၏။ ၃၄ ယေရှု ကလည်း ၊ ယခု ဘဝ သား တို့သည် စုံဘက် ခြင်း၊ ထိမ်းမြား ပေးစားခြင်းကို ပြုတတ်ကြ၏။ (aiōn g165) ၃၅ နောင် ဘဝကိုငှင်း ၊ သေ ခြင်းမှ ထမြောက် ခြင်းကိုငှင်းရထိုက် သည်ဟု မှတ်တော်မူခြင်းကို ခံရသောသူ တို့သည် စုံဘက် ခြင်း၊ ထိမ်းမြား ပေးစားခြင်းကို မ ပြုတတ်ကြ။ (aiōn g165) ၃၆ သေ ခြင်းနှင့်အစဉ် ကင်းလွတ် ၍ ကောင်းကင် တမန်ကဲ့သို့ ဖြစ် သည်သာမက ၊ ထမြောက် ခြင်း၏သား ဖြစ် သောကြောင့် ဘုရားသခင် ၏သား ဖြစ် ကြ၏။ ၃၇ ထိုမှတပါး၊ မောရှေ သည် ထာဝရ ဘုရားကို အာဗြဟံ ၏ဘုရား ၊ ဣဇာက် ၏ဘုရား ၊ ယာကုပ် ၏ဘုရား ဟု ချုံ ခဏ်း၌ ခေါ် ဝေါ် သောအခါ သေ လွန်သောသူ တို့သည် ထမြောက် ကြောင်း ကို ဖော်ပြ ခဲ့ပြီ။ ၃၈ ဘုရားသခင် သည် သေ နေသောသူတို့၏ဘုရားမ ဟုတ် ။ အသက် ရှင်သောသူတို့၏ဘုရား ဖြစ်တော်မူ၏။ ထိုသူအပေါင်း တို့သည် ဘုရားသခင် ၌ အသက် ရှင်ကြသည် ဟု မိန့် တော်မူ၏။ ၃၉ ကျမ်းပြု ဆရာအချို့တို့က၊ အရှင် ဘုရား၊ ကိုယ်တော်၏စကား သည် လျောက်ပတ် ပါ၏ဟု လျှောက် ကြ၏။ ၄၀ နောက်တစ်ဖန် အလျှင်း မ မေး မလျှောက်ဝံ့ ကြ၊ ၄၁ ယေရှု ကလည်း ၊ ခရစ်တော် သည် ဒါဝိဒ် ၏သား ဖြစ် သည်ဟု

အဘယ်ကြောင့် ဆို ကြသနည်း။ ၄၂ ဒါဝိဒ် ၏စကား မှာ၊ ထာဝရ ဘုရားက၊ သင် ၏ရန်သူ တို့ကို သင် ၏ခြေ တင်
ရာငါမ ချ မထားမီတိုင်အောင်ငါ့ လက်ျာ ဘက်၌ ထိုင် နေလော့ဟု၊ ၄၃ ငါ့ သခင် အား မိန့် တော်မူသည်ဟု ဆာလံ
ကျမ်းစာ ၌ ဒါဝိဒ်ဆိုသတည်း။ ၄၄ ထိုသို့ ဒါဝိဒ် သည် ခရစ်တော် ကို သခင် ဟူ၍ခေါ် လျှင် အဘယ်သို့ သူ ၏သား ဖြစ်
သနည်း ဟု မေး တော်မူ၏။ ၄၅ ပရိသတ် များ နားထောင် စဉ်တွင်တပည့် တော်တို့အား တဖန်မိန့် တော်မူသည်ကား၊
၄၆ ကျမ်းပြု ဆရာတို့ကို ရှောင် ကြလော့။ သူ တို့သည်ရှည်သောအင်္ကျီ ကိုဝတ်လျက် လည် ခြင်းဌာ အလိုရှိ ကြ၏။
ဈေး ၌ ရှိသေစွာနှုတ်ဆက် ခြင်းကိုငင်း ၊ ပွဲ သဘင်၊ တရားစရပ် တို့ ၌ မြင့်မြတ် သောနေရာထိုင်ရာ ကိုငင်းနှစ်သက်
ကြ၏။ ၄၇ သူတို့သည် မုတ်ဆိုးမ အိမ် ကို လုယူ သိမ်းစား၍ အပြစ် မပေါ် စေခြင်းငှာရှည် စွာသောပဌနာ စကားကို
ရွတ်တတ်ကြ၏။ ထိုသူ တို့သည် သာ၍ကြီးစွာ သောဒဏ် ကိုခံရ ကြလတံ့ ဟု မိန့် တော်မူ၏။

၂၁ ထိုနောက် ကိုယ်တော်သည် မျှော်ကြည့် ၍ ၊ ငွေရတတ် သောသူ တို့သည်အလှူဒါန ကို ဘဏ္ဍာတိုက် ထဲသို့
သွင်းချ သည်ကို မြင် တော်မူ၏။ ၂ ဆင်းရဲ သော မုတ်ဆိုးမ တစ် ယောက်သည်လည်း ကြေးနီ ဒင်္ဂါးနှစ် ပြား သွင်းချ
သည်ကို မြင် တော်မူလျှင်၊ ၃ ငါ အမှန် ဆိုသည်ကား ၊ ထို ဆင်းရဲ သော မုတ်ဆိုးမ သည် အခြားသောသူအပေါင်း
တို့ထက် သာ၍သွင်းချ ပြီ။ ၄ အကြောင်းမူကား ၊ ထိုသူ အပေါင်း တို့သည် မိမိ တို့ကြွယ်ဝ သော စည်းစိမ် ထဲက နူတ်၍
ဘုရားသခင်၏ အလှူ တော်စုထဲသို့ သွင်းချ ကြ၏။ ထိုမိန်းမ မူကား ၊ အလွန်ဆင်းရဲလျက်ပင်မိမိ အသက်မွေးစရာ
ဥစ္စာရှိသမျှ ကို သွင်းချလေပြီ ဟု မိန့် တော်မူ၏။ ၅ လူ အချို့တို့သည် လာ၍ ဗိမာန် တော်သည် တင့်တယ် သောကျောက်
ပြားနှင့်၎င်း ၊ ပူဇော် သက္ကာများ နှင့်၎င်း ဆင်ပြင် လျက် ရှိပါ၏ဟုလျှောက် ကြလျှင် ၊ ၆ ကိုယ်တော်က၊ ဤအရာ များကို
သင်တို့သည် ယခုမြင် ရကြ၏။ မ ဖြို မချဘဲ ကျောက် တစ်ခုပေါ်မှာ တစ်ခု မျှ မတည် မနေရသော အချိန် ကာလရောက်
လိမ့်မည် ဟု မိန့် တော်မူ၏။ ၇ သူ တို့ကလည်း ၊ အရှင် ဘုရား၊ ထို အမူအရာတို့သည် အဘယ် ကာလမှဖြစ် ပါမည်နည်း။
ထို အမူအရာ တို့သည် ဖြစ် ချိန်နီးသောအခါ အဘယ် ပုပ္ပ နိမိတ်ပေါ် ထွန်း ပါမည်နည်းဟု မေး လျှောက် ကြလျှင်၊ ၈
ကိုယ်တော်က၊ သင်တို့သည် လှည့်ဖြား ခြင်းသို့ မ လိုက်မပါမည်အကြောင်း သတိပြု ကြလော့။ အများ သောသူတို့က၊
ငါ သည် ဤမည်သောသူဖြစ် ၏။ အချိန် ကာလလည်း ရောက်လာ ပြီဟုဆို လျက် ငါ ၏အယောင် ကို ဆောင်၍
ပေါ် လာ ကြလိမ့်မည်။ ထိုသူ တို့နောက် သို့ မ လိုက် ကြနှင့်။ ၉ သင်တို့သည် စစ်တိုက် ခြင်းအကြောင်း၊ ပုန်ကန်
ခြင်းအကြောင်းကို သိတင်းကြား ရသောအခါ စိုးရိမ် တုန်လှုပ်ခြင်းမ ရှိကြနှင့်။ ထိုအမှုအရာ များသည် အရင် ဖြစ် ရ
မည်။ သို့သော်လည်း အဆုံး သည် အလျင်အမြန် မ ဖြစ် သေး။ ၁၀ ထိုမှတစ်ပါး ၊ လူ တမျိုးနှင့် တမျိုး ၊ တစ်နိုင်ငံ နှင့်
တစ်နိုင်ငံ ရန်ဘက် ပြု ကြလိမ့်မည်။ ၁၁ အရပ် ရပ် တို့ ၌ ကြီးစွာ သော မြေလှုပ် ခြင်း၊ အစာ ခေါင်းပါးခြင်း၊ ကာလနာ
များပြားခြင်းတို့သည် ဖြစ် ကြ လိမ့်မည်။ မိုးကောင်းကင် ၌ လည်း ကြောက်မက်ဖွယ် သောအရာနှင့် ကြီးစွာ သောပုပ္ပ
နိမိတ်တို့သည် ပေါ် ထွန်း ကြလိမ့်မည်။ ၁၂ ထို အမှုအရာများမ ဖြစ်မီလူများတို့သည် ငါ ၏နာမ ကြောင့် သင် တို့ကို
ဘမ်းဆီး ညှဉ်းဆဲ ၍ တရားစရပ် ၌ ထင်း ၊ ထောင် ထဲ၌ထင်းအပ်နှံ ကြလိမ့်မည်။ ၁၃ ထိုသို့သောအားဖြင့်သင် တို့သည်

သက်သေ ခံရသောအခွင့်ရှိ ကြလိမ့်မည်။ ၁၄ ထိုကြောင့် သင် တို့သည် အဘယ်သို့ ပြန်ပြော ရမည်ကို ရှေ့မဆွက မ ဆင်ခြင်ခြင်းငှာ သတိ ထား ကြလော့။ ၁၅ အကြောင်းမူကား ၊ ရန်သူ အပေါင်း တို့သည် မ ငြင်းခုံ မဟန့်တား နိုင် သော နှုတ် သတ္တိ၊ ဉာဏ် သတ္တိကို ငါ ပေး မည်။ ၁၆ သင်တို့မိဘ ၊ ညီအစ်ကို ၊ ပေါက်ဘော် ၊ အဆွေခင်ပွန်း တို့သည် သင် တို့ကို အပ်နှံ ကြလိမ့်မည်။ အချို့တို့ ကိုလည်း သတ် ကြလိမ့်မည်။ ၁၇ လူအပေါင်း တို့သည်လည်း ငါ ၏နာမ ကြောင့် သင်တို့ကိုမုန်း ကြလိမ့်မည်။ ၁၈ သို့သော်လည်း သင် တို့ ဆံခြည် တစ်ပင်မျှ မပျက်စီး ရ။ ၁၉ သင် တို့သည်တည်ကြည် သောအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြလော့။ ၂၀ ယေရှုရှင်လင် မြို့ကို ဗိုလ်ခြေ များဝန်းရံ လျက်ရှိသည်ကို သင်တို့ မြင် သောအခါ ၊ ထိုမြို့ သည် ပျက်စီး ခြင်းသို့ ရောက် လုသည်ကို သိမှတ် ကြလော့။ ၂၁ ထိုအခါ ယုဒ ပြည်၌ ရှိသောသူ တို့သည် တောင် ပေါ်သို့ ပြေး ကြစေ။ မြို့ ထဲ ၌ ရှိသောသူ တို့သည် မြို့ပြင်သို့ ထွက် ကြစေ။ တောရွာ မှာ ရှိသောသူ တို့သည် မြို့ ထဲသို့ မ ဝင် ကြစေနှင့်။ ၂၂ အကြောင်းမူကား ၊ ထို နေ့ရက် ကာလသည် ကျမ်းစာ ချက်များ ပြည့်စုံ ရသော ဒဏ်စီရင် ခြင်းနေ့ရက်ကာလဖြစ် သတည်း။ ၂၃ ထို နေ့ရက် ၌ ကိုယ်ဝန်ဆောင် သောမိန်းမ နှင့် နို့စို့ သူငယ်ရှိသောမိန်းမ တို့သည် အလွန်ခက် ကြလိမ့်မည်။ အကြောင်းမူကား ၊ ယုဒပြည် ၌ ကြီးစွာ သော ဆင်းရဲ ဒုက္ခဖြစ်၍ယုဒ အမျိုး အပေါ် ၌ အမျက် ဒေါသသင့်ရောက် လိမ့်မည်။ ၂၄ သူတို့သည် ဓား ဘေးဖြင့် ပျက်စီးခြင်းသို့ ရောက် ကြလိမ့်မည်။ အခြား သောပြည်အရပ်ရပ် သို့ ဖမ်း သွားကြလိမ့်မည်။ တစ်ပါး အမျိုးသားတို့သည် မိမိ တို့ အချိန် ကာလမ ပြည့်စုံ မှီတိုင်အောင်ယေရုရှလင် မြို့ကို ခြေနှင့် နင်း ကြလိမ့်မည် ။ ၂၅ ထိုအခါ ၊ နေ ၊ လ ၊ ကြယ် နက္ခတ်တို့ ၌ ပုပ္ပ နိမိတ်ထင်ရှား လိမ့်မည်။ မြေကြီး ပေါ် မှာ လည်း လူအမျိုးမျိုး မ ငြိမ်မသက်စိုးရိမ်ကြောင့်ကြ ခြင်း၊ သမုဒ္ဒရာ လှိုင်း တံပိုးကြီးခြင်း၊ ၂၆ မြေကြီး ပေါ် မှာဖြစ် လတံ့သော ဘေး များကိုမြော် ၍ ကြောက်လန့် သဖြင့် ၊ လူ များတို့၏ အသက် ဆုံး ခြင်းအမှုအရာတို့သည် ဖြစ်ကြလိမ့်မည်။ အကြောင်းမူကား ၊ ကောင်းကင် တန်ခိုး တို့သည် တုန်လှုပ် ကြလိမ့်မည်။ ၂၇ ထိုအခါ လူ သား သည် ကြီးစွာ သောဘုန်း တန်ခိုးအာနုဘော် ကို ဆောင်လျက် ၊ မိုးယံတိမ် ကို စီး လျက် ကြွလာ သည်ကို မြင် ရကြလိမ့်မည်။ ၂၈ ထို အမှုအရာတို့သည် ဖြစ် စရှိ သောအခါ၊ သင် တို့ကို ရွေးနှုတ် သောအချိန်ကာလရောက် လုနီးသည်ကို ထောက်သဖြင့် ၊ မြော်ကြည့် ၍ ခေါင်း ကိုကြွ ကြလော့ ဟု မိန့်တော်မူ၏။ ၂၉ တဖန် ထပ်၍မိန့် တော်မူသောဥပမာ ကား၊ သဘော်သဖန်း ပင်မှစ၍ သစ်ပင် များ ကို မှတ် ကြလော့။ ၃၀ အရွက် ပေါက်သောအခါ နွေ ကာလနီး သည်ကို သင် တို့သည် အလိုအလျောက် သိ မြင် ကြ၏။ ၃၁ ထိုနည်းတူ ထိုအကြောင်း အရာများဖြစ် သည်ကို မြင် ရလျှင် ၊ ဘုရားသခင် ၏နိုင်ငံ တော် တည်လုနီး သည် ကို သိမှတ် ကြလော့။ ၃၂ ငါ အမှန် ဆိုသည်ကား ၊ ယခု ဖြစ်သောလူ များ မ ကုန် မှီ ထိုအကြောင်းအရာအလုံးစုံ တို့သည် ဖြစ် ကြလိမ့်မည်။ ၃၃ ကောင်းကင် နှင့် မြေကြီး မ တည် သော်လည်း ငါ့ စကား တည် လိမ့်မည်။ ၃၄ သင်တို့သည် ကိုယ်ကိုကိုယ် သတိပြု ကြလော့။ သို့မဟုတ် အစား အသောက်လွန်ကြူးခြင်း၊ လောကီ စိုးရိမ် ခြင်းအားဖြင့်စိတ် နှလုံးပင်ပန်း လျက်နေစဉ်၊ ထို နေ့ရက် သည် အမှတ်တမဲ့ သင် တို့နှင့် တွေ့ကြုံလိမ့်မည်။ ၃၅ ထိုနေ့ရက်သည် ပိုက်ကွန် ကဲ့သို့ မြေ တပြင်လုံး ၌ နေ

သော လူအပေါင်း တို့ကို အုပ်မိ လိမ့်မည်။ ၃၆ ထို့ကြောင့်သင်တို့သည် ဖြစ် လတံ့သော အမှုအရာ တို့နှင့် ကင်းလွတ်
၍ လူ သား ထံသို့ ရောက် ခြင်းကို ခံထိုက် သောသူ ဖြစ်သည်ဟု မှတ် တော်မူမည်အကြောင်း၊ အစဉ် ဆုတောင်း
လျက်စောင့်နေကြလော့ ဟု မိန့်တော်မူ၏။ ၃၇ ထိုသို့ ကိုယ်တော်သည် နေ့ရက် အစဉ်အတိုင်းဗိမာန် တော်၌ ဆုံးမ
သြဝါဒပေး တော်မူ၏။ ည အချိန် ရောက်လျှင် သံလွင် အမည် ရှိသော တောင် သို့ သွား ၍ ညဉ့်ကို လွန် စေတော်မူ၏။
၃၈ နံနက် စောစော လူ များအပေါင်း တို့သည် ဗိမာန် တော်သို့ သွား၍ အထံ တော်၌ ဒေသနာတော်ကို နားထောင် ကြ၏။

JJ ပသခါ အမည်ရှိ သော အဓုမ ပွဲ ခံခါနီး တွင် ၊ ၂ ယဇ်ပုရောဟိတ် အကြီးတို့နှင့် ကျမ်းပြု ဆရာတို့သည်
ကိုယ်တော် ကို အဘယ်သို့ သတ် ရအံ့နည်းဟု ရှာကြံ ရကြသနည်းဟူမူကား၊ လူ များတို့ကို ကြောက် ကြ၏။ ၃
ထိုအခါ စာတန် သည် တပည့် တော်တစ်ကျိပ် နှစ်ပါးအဝင်ဖြစ် သော ယုဒ ရှကာရုတ် အထဲ သို့ဝင် သည် ဖြစ်၍၊ ၄
ထိုသူသည် ယဇ်ပုရောဟိတ် အကြီးများ၊ ဗိမာန်တော်မှူး များတို့ထံသို့သွား ပြီးလျှင် ၊ ယေရှု ကို အဘယ်သို့ အပ်
ရမည်နည်းဟူ၍ တိုင်ပင် လေ၏။ ၅ ထိုသူ တို့သည်ဝမ်းမြောက်သောစိတ် ရှိ၍ ငွေ ပေး မည်ဟု ဝန်ခံ ကြ၏။ ၆ ယုဒ
ရှကာရုတ်သည်လည်းဝန်ခံ ပြီးမှ လူ များမ ရှိစဉ်တွင်ကိုယ်တော် ကို အပ် ခြင်းငှာအဆင်သင့် သော အချိန်ကာလကို
ကြံ လျက် နေ၏။ ၇ ပသခါ သိုးသငယ်ကို သတ် ရသောနေ့တည်းဟူသောအဓုမ ပွဲနေ့ ရောက် သောအခါ၊ ၈
ကိုယ်တော်က၊ ငါ တို့ စား ဘို့ရာ သင်တို့သည်သွား ၍ ပသခါ ပွဲကို ပြင်ဆင် ကြလော့ ဟု ပေတရု နှင့် ယောဟန် ကို
စေလွှတ် တော်မူ၏။ ၉ သူတို့ကလည်း ၊ အဘယ် အရပ်၌ ပြင်ဆင် စေခြင်းငှာအလိုရှိ တော်မူသနည်းဟု မေးလျှောက်
ကြသော်၊ ၁၀ ကိုယ်တော်က၊ သင် တို့သည် မြို့ ထဲသို့ ဝင် သောအခါ ရေ အိုး ဆောင် သောသူ ကိုတွေ့ လိမ့်မည်။
ထိုသူ နောက် သို့ လိုက်၍ သူဝင် သောအိမ် သို့ ဝင်ပြီးမှ၊ ၁၁ ငါသည် ငါ့ တပည့် တို့နှင့်တကွ ပသခါ ပွဲကိုစား ရသော
နေ့သည်အခန်း ကား အဘယ်မှာ ရှိ သနည်း။ ဆရာ က မေး သည်ဟု အိမ် ရှင် ကို ပြော ကြလော့။ ၁၂ ထိုသူ သည်
ပြင်ဆင် လျက်ရှိသောအထက်အခန်း ကြီး ကို ပြ လိမ့်မည်။ ထို အခန်း၌ ပြင်ဆင် ကြလော့ ဟု မိန့် တော်မူ၏။ ၁၃
တပည့် တော်တို့သည် သွား ၍ စကား တော်အတိုင်း တွေ့ လျှင် ၊ ပသခါ ပွဲကို ပြင်ဆင် ကြ၏။ ၁၄ အချိန် ရောက် မှ
တမန်တော် တစ်ကျိပ်နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်း တော်မူ၍ ၊ ၁၅ ငါ သည် အသေမ ခံ မှီ ဤ ပသခါ ပွဲကို သင်
တို့နှင့်အတူ စား ခြင်းငှာအလွန် အလိုရှိ လေပြီ။ ၁၆ ငါ ဆိုသည်ကား ၊ ဘုရားသခင် ၏ နိုင်ငံ တော်၌ ပသခါပွဲမ ပြည့်စုံ
မှီတိုင်အောင် ယခုမှစ၍ဤ ပွဲကို တဖန် ငါမ စား ရ ဟု မိန့် တော်မူလျက်၊ ၁၇ ခွက်ဖလား ကို ယူ ၍ ကျေးဇူး တော်ကို
ချီးမွမ်းပြီးမှ၊ ဤ ခွက်ကို ယူ ၍ အချင်းချင်း ဝေ ကြလော့။ ၁၈ ငါ ဆိုသည်ကား ၊ ဘုရားသခင် ၏ နိုင်ငံ တော် မ တည်
မှီတိုင်အောင် ယခု မှစ၍ စပျစ်ရည် ကိုတဖန် ငါ မ သောက်ရ ဟု မိန့် တော်မူ၏။ ၁၉ ထိုအခါ မုန့် ကိုယူ ၍ ကျေးဇူး
တော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့ ၍ ၊ ဤ မုန့်ကား သင် တို့အဘို့ အလိုငှာ စွန့် သော ငါ ၏ကိုယ် ဖြစ် ၏။ ငါ့ ကို အောက်မေ့
ဘို့ရာ ဤသို့ ပြု ကြလော့ ဟု မိန့် တော်မူ၏။ ၂၀ ထိုနည်းတူ ညစာစား ပြီးမှ ခွက် ကိုလည်း ယူ၍၊ ဤ ခွက် ကား သင်
တို့အဘို့ အလိုငှာ သွန်း သော ငါ ၏ အသွေး၌ တည်သော ပဋိညာဉ်တရား သစ် ဖြစ်၏။ ၂၁ သို့သော်လည်း ငါ့ ကို

အပ်နှံ သောသူ ၏လက် သည် ဤစားပွဲ ပေါ်မှာ ငါ့ လက်နှင့်အတူ ရှိ ၏။ ၂၂ ခွဲခန့် မှတ်သားတော်မူသည်အတိုင်း လူ သား သည် သွား ရမည်။ သို့သော်လည်း လူ သားကို အပ်နှံ သော သူ သည် အမင်္ဂလာ ရှိ၏ ဟု မိန့် တော်မူ၏။ ၂၃ တပည့် တော်တို့သည်လည်း ထိုအမှု ကို အဘယ်သူ ပြု အံ့နည်းဟု အချင်းချင်း မေးမြန်း ကြ၏။ ၂၄ ထိုမှတစ်ပါး တပည့်တော်တို့သည် မိမိ တို့တွင် အဘယ်သူ သည် သာ၍ ကြီးမြတ်သနည်းဟု အချင်းချင်း ငြင်းခုံ ခြင်းရှိ သည်ဖြစ်၍၊ ၂၅ ကိုယ်တော် က၊ လောကီ မင်း တို့သည် အစိုးတရ ပြုတတ်ကြ၏။ အာဏာ ထားသောသူ တို့ကိုလည်း ကျေးဇူး ရှင်ဟူ၍ခေါ်ဝေါ် ကြ၏။ ၂၆ သင် တို့မူကား ထိုသို့ မ ပြုကြနှင့်၊ သင် တို့တွင် အကဲအမှူး ပြုသောသူ ကို ငယ်သား ကဲ့သို့ ဖြစ်စေ ။ အုပ်စိုး သောသူ ကိုလည်း အစေခံ ကဲ့သို့ ဖြစ်စေ။ ၂၇ အဘယ်သူ သည် သာ၍ ကြီးမြတ်သနည်း။ စားပွဲ ၌ လျောင်းသောသူ သည်ကြီးမြတ်သလော ။ လုပ်ကျွေး သောသူ သည် ကြီးမြတ်သလော။ စားပွဲ ၌ လျောင်းသောသူ သည်ကြီးမြတ်သည်မ ဟုတ်လော။ သို့သော်လည်း ငါ သည် သင် တို့တွင် လုပ်ကျွေး သောသူ ကဲ့သို့ ဖြစ် ၏။ ၂၈ ငါ သည် စုံစမ်း နှောင့်ရှက်ခြင်းကို ခံစဉ် တွင်သင် တို့သည် ငါ ၌မှီဝဲ သောသူ ဖြစ် ရာ၏။ ၂၉ ငါ့ ခမည်းတော် သည် ငါ့ အား နိုင်ငံ ကို ပေး တော်မူသည်နှင့်အညီ ၊ ၃၀ သင်တို့သည် ငါ ၏နိုင်ငံ တွင် ငါ့ စားပွဲ ၌ စား သောက် သောအခွင့်ကိုငင်း၊ တရား ပလ္လင်ပေါ်မှာ ထိုင် ၍ ဣသရေလ လူတစ်ဆယ်နှစ် မျိုး ကို အုပ်စိုး ရသောအခွင့်ကိုငင်း၊ ငါ သည် သင် တို့အား ပေး မည် ဟု မိန့် တော်မူ၏။ ၃၁ တဖန် သခင်ဘုရားက ၊ ရှိမုန် ၊ ရှိမုန် ၊ ဂျုံဆန် ကို ဆန်ခါ နှင့်ချသကဲ့သို့ စာတန် သည် သင် တို့ကို ချရမည်အကြောင်း အခွင့်တောင်းသည်ဖြစ်၍၊ ၃၂ သင် ၏ယုံကြည် သောစိတ် မ ပျက်စေခြင်းငှာ ငါ သည် သင့် အဘို့ ဆုတောင်း လေပြီ။ သင် သည် သတိရ ပြန်သောအခါ သင် ၏ညီအစ်ကို တို့ကို တည်ကြည် စေလော့ ဟု မိန့်တော်မူလျှင်၊ ၃၃ ပေတရုက၊ သခင် ၊ အကျွန်ုပ်သည် ကိုယ်တော် နှင့်အတူ ထောင် ထဲသို့ ၎င်း ၊ အသေ သတ်ခြင်းသို့ ၎င်း လိုက် ခြင်းငှာအသင့် ရှိ ပါ၏ဟု လျှောက် လေသော်၊ ၃၄ သခင်ဘုရားက၊ ပေတရု ၊ ငါဆို သည်ကား၊ ယနေ့ တွင် ကြက် မ တွန် မီ သင် သည် ငါ့ ကို မသိ ဟုသုံး ကြိမ်မြောက်အောင် ငြင်းပယ် လိမ့်မည် ဟု မိန့် တော်မူ၏။ ၃၅ တဖန် မိန့် တော်မူသည်ကား၊ အထက်က ငွေအိတ် ၊ လွယ်အိတ် ၊ ခြေနင်း မ ပါဘဲ သွားကြလော့ဟု သင် တို့ကို ငါစေလွှတ် သောအခါ တစ်စုံတစ်ခု လိုသလောဟု မေးလျှင်၊ တစ်စုံတစ်ခုမျှ မ လိုပါဟု လျှောက် ကြသော် ၊ ၃၆ ယခု မူကား ငွေအိတ် ရှိ သောသူ သည် ယူ စေ။ လွယ်အိတ် ရှိသောသူသည် ယူစေ။ ဓား မ ရှိ သော သူ သည် အဝတ် ကိုရောင်း ၍ ထားကိုဝယ် စေ။ ၃၇ အကြောင်းမူကား ၊ ထိုသူသည်မတရား သောသူတို့နှင့် ရေတွက် ဝင်ခြင်းသို့ ရောက်၏ဟူသော ကျမ်းစာ ချက်သည် ငါ ၌ ယခုပင် ပြည့်စုံ ရ မည်။ ငါ့ အမှုအရာတို့သည် ပြီးစီး ခြင်းသို့ ရောက် ကြပြီ ဟု မိန့် တော်မူ၏။ ၃၈ ထိုသူ တို့ကလည်း ၊ သခင် ၊ ဓား နှစ် စင်းရှိပါ၏ဟု လျှောက် လျှင်၊ တန် ပြီ ဟု မိန့် တော်မူ၏။ ၃၉ ထိုနောက် အလေ့ တော်ရှိသည်အတိုင်း သံလွင် တောင် သို့ ထွက် ကြွ တော်မူ၍၊ တပည့် တော်တို့သည် နောက်တော်သို့ လိုက် ကြ၏။ ၄၀ ထိုအရပ် သို့ ရောက် တော်မူလျှင် ၊ သင်တို့သည် စုံစမ်း နှောင့်ရှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်း ကြလော့ ဟု မိန့် တော်မူပြီးမှ၊ ၄၁ တပည့်တော်တို့နှင့် ကျောက်ခဲ တပစ် လောက် ခွာသွား ၍ ဒူး ထောက်

လျက်၊ ၄၂ အိုအဘ ၊ အလိုတော်ရှိ လျှင် ဤ ခွက် ကို အကျွန်ုပ် မှ လွဲ တော်မူပါ။ သို့သော်လည်း အကျွန်ုပ် အလိုရှိ သည်အတိုင်း မ ဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည်အတိုင်း ဖြစ် ပါစေသော ဟု ဆုတောင်း တော်မူ၏။ ၄၃ ထိုအခါ ကောင်းကင်တမန် သည် ထင်ရှား လာ၍ ကိုယ်တော် ကို အားပေး ရ၏။ ၄၄ ပြင်းစွာ သောဝေဒနာကိုခံ လျက် အထူးသဖြင့် ကြိုးစား၍ ဆုတောင်း တော်မူ၏။ ချွေး ထွက် တော်မူသည် ကား ၊ မြေ ပေါ် ၌ ကျ သော သွေး စက် ခဲကဲ့သို့ ဖြစ်သတည်း။ ၄၅ ထိုသို့ဆုတောင်း ပြီးမှ ၊ ယေရှုသည်ထ ၍ တပည့် တော်တို့ရှိရာသို့ ပြန် သောအခါ၊ သူ တို့သည် ဝမ်းနည်းသောစိတ် ရှိသည်နှင့် အိပ်ပျော် လျက် နေကြသည်ကို တွေ့ တော်မူလျှင်၊ ၄၆ သင်တို့သည် အဘယ်ကြောင့် အိပ်ပျော် ကြသနည်း။ ထ ကြ။ စုံစမ်း နှောင့်ရှက်ခြင်းနှင့် ကင်းလွတ် မည် အကြောင်း ဆုတောင်း ကြလော့ ဟု မိန့် တော်မူ၏။ ၄၇ ထိုသို့ မိန့် တော်မူစဉ် တွင် ပင် တပည့်တော်တစ်ကျိပ် နှစ်ပါးအဝင်ဖြစ် သော ယုဒ ရှကာရျုတ်သည် လူ အပေါင်းတို့ကို လမ်းပြလျက်လာ ၍ ၊ ယေရှု ကို နမ်း ခြင်းငှာချဉ်းကပ် လေ၏။ ၄၈ ယေရှု ကလည်း ၊ ယုဒါ သင်သည် နမ်း ခြင်းကို ပြုလျက် လူ သား ကိုအပ် သလော ဟု မေး တော်မူ၏။ ၄၉ ယေရှု နှင့်အတူ ပါသောသူတို့သည် ဖြစ် အံ့သောအမှု ကို မြင် လျှင် ၊ သခင် ၊ အကျွန်ုပ်တို့သည် ဓား နှင့် ခုတ် ရပါမည်လောဟု မေးလျှောက် ပြီးမှ၊ ၅၀ တစ် ယောက်သည် ယဇ်ပုရောဟိတ် မင်း၏ ကျွန် တစ် ယောက်ကို ခုတ် သဖြင့် လက်ျာ နားရွက် ပြတ် လေ၏။ ၅၁ ယေရှု ကလည်း ၊ တန် စေ ဟု မိန့် တော်မူ၍ နားရွက် ကို လက်တော်နှင့်တို့ သဖြင့် အနာကို ပျောက် စေတော်မူ၏။ ၅၂ ထိုအခါ အထံ တော်သို့ ရောက်လာ သော ယဇ်ပုရောဟိတ် အကြီး၊ ဗိမာန် တော်မှူး ၊ လူ အကြီးအကဲတို့ အား ယေရှု က၊ သင်တို့သည် ဓားပြ ကို ဖမ်း သကဲ့သို့ ငါ့ကို ဘမ်း အံ့သောငှာဓား နှင့် ဒုတ် များကို လက်စွဲလျက်လာ ကြသည်တကား။ ၅၃ ငါ သည် ဗိမာန် တော်၌ သင် တို့နှင့်အတူ ရှိ နေစဉ်အခါသင်တို့သည် ငါ့ ကို မ ဘမ်း မဆီးကြ။ သို့သော်လည်း ယခု အချိန်ကား သင် တို့အချိန် ဖြစ် ၏။ မှောင်မိုက် တန်ခိုး လည်းဖြစ်၏ ဟု မိန့် တော်မူ၏။ ၅၄ ထိုသူတို့သည် ကိုယ်တော် ကို ဘမ်းဆီး ၍ ယဇ်ပုရောဟိတ် မင်း၏အိမ် သို့ ဆောင်သွား ကြ၏။ ပေတရု သည်လည်း သူတို့နှင့် ဝေး စွာလိုက် လေ၏။ ၅၅ အိမ်ဦး အလယ် ၌ မီး မွေး ပြီးမှ၊ လူများတို့ သည် စုဝေး၍ ထိုင် ကြလျှင်၊ ပေတရု သည်လည်း သူ တို့အထဲ ၌ ထိုင်နေ၏။ ၅၆ ထိုသို့ ပေတရု သည် မီး အနား မှာ ထိုင် နေသည်ကို အစေအပါး မိန်းမတစ် ယောက်သည်မြင် လျှင် ၊ သူ့ ကို စေ့စေ့ ကြည့်၍ ၊ ဤသူ သည် ယေရှု နှင့် ပေါင်းဘော်သောသူဖြစ် သည်ဟု ဆို သော် ၊ ၅၇ ပေတရုက၊ အချင်းမိန်းမ ၊ ထိုသူ ကို ငါမ သိ ဟု ငြင်း လေ၏။ ၅၈ ထိုနောက် များမကြာ အခြားသော သူသည် ပေတရု ကိုမြင် လျှင် ၊ သင် သည်လည်း ထိုသူ တို့အဝင် ဖြစ် သည်ဟုဆို သော်၊ ပေတရု က ၊ အချင်းလူ ၊ ငါသည် သူတို့ အဝင်မ ဟုတ် ဟု ဆို ၏။ ၅၉ တဖန် တ နာရီလောက် ကြာ ပြီးမှအခြား သောသူ က၊ အကယ်စင်စစ် ဤသူ သည် ယေရှု နှင့် ပေါင်းဖော်သောသူဖြစ် ၏။ ဂါလိလဲ လူလည်း ဖြစ် ၏ဟု ခိုင်မာ စွာဆို လျှင် ၊ ၆၀ ပေတရု က ၊ အချင်းလူ ၊ သင်ပြော သောအရာ ကို ငါမ သိ ဟုဆို ၏။ ထိုစကားကိုပြော သော ခဏခြင်း တွင် ကြက် တွန် လေ၏။ ၆၁ ထိုအခါ သခင် ဘုရားသည်လှည့် ၍ ပေတရု ကို ကြည့် တော်မူ၏။ ကြက် မ တွန် မှီ သင်သည် သုံး ကြိမ်မြောက်အောင် ငါ့ ကို ငြင်းပယ် လိမ့်မည်

ဟု မိန့် တော်မူသောစကား ကို ပေတရု သည် သတိရ သဖြင့် ၊ ၆၂ ပြင် သို့ထွက် ၍ ပြင်းစွာ ငိုကြွေး လေ၏။ ၆၃ ယေရှု ကို ကိုင်ဆွဲ သောသူ တို့သည်ကိုယ်တော် ကို ပြက်ယယ်ပြူ ၍ ရိုက်ပုတ် ကြ၏။ ၆၄ မျက်နှာ တော်ကိုဖုံး ပြီးလျှင် လက်နှင့်ပုတ်လျက်၊ ကိုယ်တော် ကို အဘယ်သူ ပုတ် သည်ကို ပရောဖက် ပြု၍ ဟောတော်မူပါဟုဆို ကြ၏။ ၆၅ အခြား သောစကားများ ဖြင့်လည်း ကိုယ်တော် ကို ကဲ့ရဲ့ ၍ ပြောဆို ကြသေး၏။ ၆၆ မိုယ်းလင်းသောအခါ လူ တို့တွင် အကြီးအကဲ ဖြစ်သောသူ ၊ ယဇ်ပုရောဟိတ် အကြီး၊ ကျမ်းပြူ ဆရာတို့ သည် စည်းဝေး ၍ ကိုယ်တော် ကို လွှတ်တော် သို့ ဆောင်သွား ပြီးလျှင် ၊ ၆၇ သင် သည် ခရစ်တော် မှန် လျှင် ငါ တို့အား ပြော လော့ဟုဆို ကြ၏။ ယေရှုကလည်း ၊ ငါပြော လျှင် သင် တို့ သည် မ ယုံ ။ ၆၈ ငါမေး လျှင် လည်း သင်တို့သည် မ ဖြေ ဘဲ၊ ငါ့ကို မ လွှတ်ဘဲနေကြလိမ့်မည်။ ၆၉ နောက်၌ လူ သား သည် ဘုရားသခင် ၏ တန်ခိုး တော်လက်ျာ ဘက်၌ ထိုင် တော်မူလတံ့ ဟု မိန့် တော်မူသော်၊ ၇၀ ထိုသူအပေါင်း တို့က ၊ သို့ ဖြစ်၍ သင် သည် ဘုရားသခင် ၏ သား တော်မှန် သည်တကားဟု ဆို ကြလျှင် ၊ သင် တို့ဆို သည်အတိုင်း မှန် သည် ဟု မိန့် တော်မူ၏။ ၇၁ ထိုသူတို့ကလည်း ၊ အဘယ် သက်သေ လို သေး သနည်း။ သူ ၏စကား ကို ငါ တို့ကိုယ်တိုင်ကြား ရပြီဟု ဆို ကြ၏။

JR ထိုအခါ မင်း အရာရှိအပေါင်း တို့သည်ထ ၍ ကိုယ်တော် ကို ပိလတ် မင်းထံသို့ ဆောင်သွား ကြပြီးလျှင်၊ ၂ ဤ သူသည် ပြည်သူ ပြည်သားများကို လှည့်ဖြား ၍ ၊ မိမိ သည် ခရစ်တော် တည်းဟူသောရှင်ဘုရင် ဖြစ် ကြောင်းကိုဆို လျက် ၊ ကဲသာ ဘုရင်ကို အခွန် မဆက် နှင့်ဟု မြစ်တား သည်ကို အကျွန်ုပ် တို့တွေ့ ပါပြီဟု အပြစ်တင် ကြ၏။ ၃ ပိလတ် မင်းက၊ သင် သည် ယုဒ ရှင်ဘုရင် မှန် သလောဟု ယေရှု ကိုမေး လျှင်၊ မင်းကြီး မေးသည်အတိုင်း မှန် သည် ဟု မိန့် တော်မူ၏။ ၄ ပိလတ် မင်းက ၊ ဤ သူ ၌ အဘယ် အပြစ် ကိုမျှငါမတွေ့ ဟု ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ အပေါင်းတို့အား ပြောဆို လျှင်၊ ၅ ထိုသူ တို့သည် သာ၍ပြင်းစွာသောအသံနှင့် ဟစ်ကြော်လျက် ၊ ဤသူ သည် ဂါလိလဲ ပြည်မှစ၍ ဤအရပ် တိုင်အောင် ယုဒ ပြည်၌ အနှံ့အပြား ဆုံးမသြဝါဒ ပေး၍ လူ များကိုနှိုးဆော် သောသူ ဖြစ်ပါသည်ဟု လျှောက်ဆို ကြ၏။ ၆ ပိလတ် မင်းသည် ဂါလိလဲဟူသောစကားကိုကြား လျှင် ၊ ထိုသူ သည်ဂါလိလဲ လူဖြစ် သလောဟု မေးမြန်း ၍ ၊ ၇ ဟေရုဒ် မင်းပိုင် သော သူဖြစ်သည် ကို သိ သောအခါ ထိုမင်း ထံသို့ ပို့ စေ၏။ ထို အခါ ဟေရုဒ် မင်းသည် ယေရုရှလင် မြို့၌ ရှိ သတည်း။ ၈ ထိုမင်း သည် ယေရှု ကိုမြင် လျှင် အလွန် ဝမ်းမြောက် ခြင်းရှိ၏။ အကြောင်းမူကား ၊ အထက်က သိတင်း တော်များကိုကြား ၍၊ ကိုယ်တော် ကိုမြင် ခြင်းငှာကြာမြင့် စွာ အလိုရှိ သည်ဖြစ် ၍၊ ပြ တော်မူသော နိမိတ် လက္ခဏာ တစ်စုံတစ်ခု ကို မြင် ရမည်ဟု မြော်လင့် လျက် နေ၏။ ၉ ထိုအခါ ဟေရုဒ်မင်းသည် ကိုယ်တော် ကို များစွာ မေးမြန်း သော်လည်း အဘယ် စကား ကိုမျှ ပြန် တော် မမူ။ ၁၀ ယဇ်ပုရောဟိတ် အကြီးနှင့် ကျမ်းပြူ ဆရာတို့သည် ထ ၍ ပြင်းထန် စွာ အပြစ်တင် ကြ၏။ ၁၁ ဟေရုဒ် မင်းသည် စစ်သူရဲ တို့နှင့်တကွ ကိုယ်တော် ကို မခန့်မညား ဘဲ ပြက်ယယ်ပြူ ၍ တင့်တယ် သော အဝတ် ကို ဝတ် စေပြီးမှပိလတ် မင်းထံသို့ပို့ ပြန်စေ၏။ ၁၂ ထိုနေ့ ၌ ပိလတ် မင်းနှင့် ဟေရုဒ် မင်းတို့သည် အချင်းချင်း အဆွေ ဖွဲ့ ကြ၏။ အထက် က ရန်ဘက် ဖြစ် ကြ သတည်း။ ၁၃

တဖန် ပိလတ် မင်းသည် ယဇ်ပုရောဟိတ် အကြီး၊ ၁၄ ပြည်သူပြည်သား များကို ပုန်ကန် စေသောသူကဲ့သို့ ဤ လူ ကို သင်တို့သည် ငါ့ ထံသို့ပို့ဆောင် ကြသည် ဖြစ် ၍ ၊ သင် တို့ရှေ့ မှာ ငါ စစ်ကြော သော်လည်း၊ သင်တို့ တင် သောအပြစ် တစ်စုံတစ်ခုကိုမျှ သူ ၌ ငါမတွေ့ ။ ၁၅ ဟေရုဒ် မင်းသည်လည်း မ တွေ့။ ထိုမင်း ထံသို့ ငါ ပို့ စေပြီ။ ဤသူ သည် အသေ သတ်ခြင်းကို ခံထိုက် သော အမှုတစ်စုံတစ်ခုကိုမျှ မ ပြု ။ ၁၆ ထိုကြောင့် သူ့ ကို ငါဆုံးမ ၍ လွှတ် မည်ဟု ဆို လေ၏။ ၁၇ ထိုပွဲ၌ လူများတို့အား တစ်စုံတစ်ယောက်သောသူကို မလွှတ်ဘဲမနေရသတည်း။ ၁၈ လူအပေါင်းတို့က၊ ထို သူကို ထုတ် ပါလော့။ အကျွန်ုပ် တို့အား ဗာရဗ္ဗ ကို လွှတ် ပါလော့ဟု တစ်ညီတစ်ညွတ် တည်း ဟစ်ကြော် ကြ၏။ ၁၉ ထို ဗာရဗ္ဗကား၊ မြို့ ၌ ပုန်ကန် ခြင်းအပြစ်၊ လူ အသက်ကို သတ်ခြင်းအပြစ်ကြောင့် ထောင် ထဲ၌ လှောင် ထားသောသူဖြစ် သတည်း။ ၂၀ ပိလတ် မင်းသည် ယေရှု ကို လွှတ် ချင် သောကြောင့် သူ တို့အားတစ်ဖန် ပြောဆို လေ၏။ ၂၁ သူတို့ကလည်း၊ ထိုသူ ကို လက်ဝါးကပ်တိုင် မှာ ရိုက်ထားပါ။ ရိုက် ထားပါဟု ဟစ်ကြော် ကြ၏။ ၂၂ ပိလတ်မင်းက၊ ထိုသူ သည် အဘယ် အပြစ် ကို ပြု ဘိသနည်း။ သေ ထိုက်သောအပြစ် တစ်စုံတစ်ခု မျှသူ ၌ ငါမတွေ့ ။ ထိုကြောင့် သူ့ ကို ငါဆုံးမ ၍ လွှတ် မည်ဟု သုံး ကြိမ်မြောက်အောင်ဆို လျှင်၊ ၂၃ လူများတို့သည် ထိုသူ ကို လက်ဝါးကပ်တိုင် မှာ ရိုက်ထားစေခြင်းငှာကြီးစွာ သောအသံ နှင့် ကျပ်ကျပ် တောင်း သဖြင့်၊ သူ တို့၏အသံ နှင့် ယဇ်ပုရောဟိတ်အကြီးတို့၏အသံသည် နိုင် လေ၏။ ၂၄ ပိလတ် မင်းသည်လည်း သူ တို့တောင်း သည့်အတိုင်း ဖြစ် စေခြင်းငှာစီရင် ၍၊ ၂၅ ပုန်ကန် ခြင်းအပြစ်၊ လူ အသက်ကိုသတ်ခြင်းအပြစ်ကြောင့် ထောင် ထဲမှာ လှောင် ထားသောသူ ကို လူ များတောင်း သည်အတိုင်း လွှတ် ပြီးမှ ၊ ယေရှု ကို သူ တို့ အလို သို့အပ် လိုက်လေ၏။ ၂၆ ကိုယ်တော် ကို ထုတ်သွား ကြစဉ်၊ ရှိမုန် အမည်ရှိသော ကုရေနေ ပြည်သားတစ် ယောက်သည် တောရွာ မှ လာ သည်ကို သူတို့သည်တွေ့လျှင်၊ ဘမ်းဆီး၍ ယေရှု နောက် တော်၌ လက်ဝါးကပ်တိုင် တော်ကို ထမ်း စေကြ၏။ ၂၇ နောက် တော်၌ လိုက်သောလူ များ အပေါင်း တို့တွင်၊ ကိုယ်တော် ကြောင့် ဝိုကြွေး မြည်တမ်း သော မိန်းမ အချို့ပါ၏။ ၂၈ ထိုသူ တို့ကို ယေရှု သည် လှည့်ကြည့် ၍ ၊ ယေရုရှလင် မြို့သမီး တို့၊ ငါ့ ကြောင့် မ ဝိုကြွေး ကြနှင့်။ မိမိ တို့နှင့် မိမိ တို့သား များကြောင့် ဝိုကြွေး ကြလော့။ ၂၉ အကြောင်းမူကား ၊ မြို့ သောမိန်းမသည် မင်္ဂလာ ရှိ၏။ ပဋိသန္ဓေ မ ယူဘူးသောဝမ်း နှင့် သူငယ်မ စို့ဘူး သောသားမြတ် သည် မင်္ဂလာရှိ၏ဟု ပြော ရသောနေ့ရက် ကာလရောက် လိမ့်မည်။ ၃၀ ထိုအခါ သူတို့က၊ အိုတောင် များတို့၊ ငါ တို့အပေါ် သို့ ကျ ကြပါ။ အိုကုန်း များတို့၊ ငါ တို့ကို ဖုံးအုပ် ကြ ပါဟု ခေါ် ကြလိမ့်မည်။ ၃၁ အကြောင်းမူကား ၊ စိမ်း သောအပင် ကို ဤသို့ ပြု ကြလျှင် ၊ ခြောက် သောအပင် ၌ အဘယ်သို့ ဖြစ် လိမ့်မည်နည်း ဟု မိန့် တော်မူ၏။ ၃၂ ထိုအခါ ကိုယ်တော် နှင့်အတူ လူဆိုး နှစ် ယောက် တို့ကိုလည်း သတ် အံ့သောငှာထုတ်သွား ကြ၏။ ၃၃ ကရာနိ အမည် ရှိသောအရပ် သို့ ရောက် ကြသော် ၊ ကိုယ်တော် နှင့်တကွ ထိုလူဆိုး တို့ကို လက်ျာ တော်ဘက်၌ တစ် ယောက်၊ လက်ဝဲ တော်ဘက်၌ တစ် ယောက်၊ လက်ဝါးကပ်တိုင် မှာ ရိုက်ထားကြ၏။ ၃၄ ယေရှု ကလည်း၊ အိုအဘ ၊ သူ တို့၏ အပြစ်ကိုလွှတ် တော်မူပါ။ သူတို့သည် ကိုယ်ပြု သောအမှုကို မ သိ ကြ ဟု မြွက်ဆို တော်မူ၏။ အဝတ် တော်ကိုလည်း စာရေးတံ

ချ ၍ ဝေဖန် ကြ၏။ ၃၅ လူ များတို့သည်လည်း ကြည့်ရှု လျက် ရပ် နေကြ၏။ ထိုသူတို့နှင့်အတူမင်းအရာရှိ တို့က၊ ဤသူသည် သူတစ်ပါး တို့ကိုကယ်တင် တတ်၏။ ခရစ်တော် တည်းဟူသောဘုရားသခင် ရွေးချယ် တော်မူသောသူ မှန်လျှင် ကိုယ် ကိုကယ်တင် ပါလေစေဟူ၍ပြက်ယယ်ပြု ကြ၏။ ၃၆ စစ်သူရဲ တို့သည်လည်း လာ ၍ ပုံးရည် ကို ကပ် ပေးလျက်၊ ၃၇ သင် သည် ယုဒ ရှင်ဘုရင် မှန် လျှင် ကိုယ် ကို ကယ်တင် လော့ဟူ၍ ပြက်ယယ်ပြု လျက် ဆို ကြ၏။ ၃၈ ခေါင်း တော်ပေါ်မှာ တပ်၍ အပြစ်ဖေါ်ပြ သော ကမ္မည်းလိပ် စာချက်ဟူမူကား၊ ဤသူ သည် ယုဒ ရှင်ဘုရင် ပေတည်းဟု ဟေဗြဲဘာသာ၊ ဟေလသဘာသာ၊ ရောမဘာသာအားဖြင့်ရေးရ၍ ခေါင်းတော်ပေါ်မှာတပ် သတည်း။ ၃၉ ဆွဲ ထားသော လူဆိုး နှစ်ယောက်တွင် တစ် ယောက်က၊ သင် သည် ခရစ်တော် မှန် လျှင် ကိုယ် ကိုၚင်း ၊ ငါ တို့ ကိုၚင်း၊ ကယ်တင် လော့ဟု ကိုယ်တော် ကို ကဲ့ရဲ့ ၍ ဆို လေ၏။ ၄၀ တစ် ယောက်မူကား ၊ မိမိ အဘော်ကိုဆုံးမ ၍၊ သင် သည် ဤသူနည်းတူ အပြစ် ဒဏ်ခံလျက်ပင် ဘုရားသခင် ကို မ ကြောက် သလော။ ၄၁ ငါ တို့သည် ကိုယ်ပြု မိ သောအပြစ်နှင့်အလျောက် ခံရ သည်ဖြစ်၍တရားသဖြင့် ခံရ ကြ၏။ ဤ သူမူကား အဘယ် အပြစ် ကိုမျှမပြု ဟုဆို ပြီးလျှင်၊ ၄၂ သခင်၊ ကိုယ်တော် သည် နိုင်ငံ တော်တည် လျက်ကြွလာ တော်မူသောအခါ အကျွန်ုပ် ကို အောက်မေ့ တော်မူပါဟု ယေရှု ကို လျှောက်ဆို ၏။ ၄၃ ယေရှုကလည်း ၊ ငါ အမှန် ဆိုသည်ကား၊ ယနေ့ တွင် သင်သည် ငါ နှင့်အတူ ပရဒိသု ဘုံ၌ ရှိ လိမ့်မည် ဟု မိန့် တော်မူ၏။ ၄၄ ထိုအချိန်သည် မွန်းတည့် အချိန် လောက် ဖြစ် ၍ သုံးချက်တီး အချိန် တိုင်အောင် မြေ တပြင်လုံး ၌ မှောင်မိုက် အတိ ဖြစ် လေ၏။ ၄၅ နေ အရောင်ကွယ်ပျောက် လေ၏။ ဗိမာန် တော်၏ ကုလားကာ သည် နှစ် ဖြာကွဲ လေ၏။ ၄၆ ယေရှု သည်လည်း ကြီး သောအသံ နှင့် ကြွေးကြော် တော်မူပြီးလျှင်၊ အိုအဘ ၊ အကျွန်ုပ် စိတ် ဝိညာဉ်ကို ကိုယ်တော် လက် ၌ အကျွန်ုပ်အပ် ပါ၏ ဟု မိန့် တော်မူလျက် အသက် ချုပ်တော်မူ၏။ ၄၇ ထို အခြင်းအရာ တို့ကို တပ်မှူး သည်မြင် လျှင် ၊ စင်စစ် ဤသူ သည် ဖြောင့်မတ် သောသူမှန်ပေ ၏ဟုဆို ၍ ဘုရားသခင် ကို ချီးမွမ်း လေ၏။ ၄၈ ထို အမှု ကို အကြည့်အရှု လာ သောသူအပေါင်း တို့သည် ထို အခြင်းအရာများ ကိုမြင် လျှင် ၊ ရင်ပတ် ကို ခတ် ၍ ပြန်သွား ကြ၏။ ၄၉ ဂါလိလဲ ပြည်မှ နောက် တော်သို့လိုက်လာသော မိန်းမ တို့နှင့် ကိုယ်တော် ကို သိကျွမ်း သောသူအပေါင်း တို့သည်လည်း အဝေး က ကြည့်ရှု ၍ ရပ် နေကြ၏။ ၅၀ ထိုအခါ ယုဒ ပြည်အရိမသဲ မြို့သား ယောသပ် အမည် ရှိ သော လွှတ်တော် အရာရှိတစ်ယောက်သည်၊ အခြားသောလွှတ်အရာရှိတို့၏ တိုင်ပင် စီရင်ခြင်းကို ဝန်ခံ သောသူ မ ဟုတ် ၊ ၅၁ ဘုရားသခင် ၏နိုင်ငံ တော်ကို မြော်လင့် သော သူတော်ကောင်း သူတော်မြတ် ဖြစ် သည်နှင့် ပိလတ် မင်းထံသို့ဝင် ၍၊ ၅၂ ယေရှု ၏အလောင်း တော်ကို တောင်း လေ၏။ ၅၃ အလောင်း တော်ကို ချ ၍ ပိတ်ချော နှင့် ပတ်ရစ် ပြီးလျှင် ၊ တစ်ယောက် ကိုမျှ မ သင်္ဂြိဟ် ဘူး သော ကျောက် သင်္ချိုင်း တွင်း၌ ထား လေ၏။ ၅၄ ထိုနေ့ ကား အဘိတ်နေ့ ဖြစ် ၍ ဥပုသ်နေ့ အချိန် နီး သတည်း။ ၅၅ ဂါလိလဲ ပြည်က ကိုယ်တော် နှင့်အတူလာ သောမိန်းမ များသည် သင်္ချိုင်း တော်ကိုၚင်း ၊ အလောင်း တော်ကို အဘယ်သို့ ထား သည်ကိုၚင်း အကြည့်အရှု လိုက်လာ ကြ၏။ ၅၆

ထိုနောက်မှပြန်သွား ပြီးလျှင်ဆီမွေး နှင့် နံ့သာမျိုး ကို ပြင်ဆင် ၍ ပညတ် တော်အတိုင်း ဥပုသ်နေ့ ၌ အလုပ်မလုပ်ဘဲ နေကြ၏။

၂၄ ခုနစ်ရက် တွင် ပဌမ နေ့ရက်အာရဏ်တက် သောအချိန်၌ ၊ ထိုမိန်းမတို့သည် အခြားသော မိန်းမတို့နှင့်တကွမိမိတို့ပြင်ဆင် သောနံ့သာမျိုး ကို ဆောင် လျက် သချိုင်း တော်သို့ သွား ကြ၏။ ၂ ရောက်သောအခါတွင်းဝ ၌ ပိတ်သောကျောက်သည် လိမ့် လန်လျက်ရှိသည်ကို တွေ့မြင် ၍ အတွင်း သို့ ဝင် သော် ၊ ၃ သခင် ယေရှု ၏အလောင်း တော်ကို မ တွေ့ကြ။ ၄ ထို အကြောင်း ကြောင့် သူ တို့သည် တွေးတော သောစိတ်ရှိ စဉ်တွင် ၊ လူ နှစ် ယောက်တို့သည် ပြိုးပြိုးပြက်ပြက်သော အဝတ်ကို ဝတ်ဆင် လျက် ပေါ် လာ၏။ ၅ ထိုမိန်းမ တို့သည် ကြောက်လန့် သောစိတ်နှင့် ငုံ့ ၍ နေ စဉ်တွင်၊ ထိုသူတို့က၊ သင်တို့သည် အသေ ကောင်ရှိရာ အရပ်၌ အသက် ရှင်သောသူ ကို အဘယ်ကြောင့် ရှာ ကြသနည်း။ ၆ ဤ အရပ်၌မ ရှိ ၊ ထမြောက် တော်မူပြီ။ ၇ လူ သား သည် ဆိုး သောသူ တို့လက် သို့ အပ်နှံ ခြင်း၊ လက်ဝါးကပ်တိုင် မှာ အသေသတ်ခြင်းကိုခံရမည်။ သုံး ရက်မြောက်သောနေ့ ၌ ထမြောက် လိမ့်မည်ဟု ဂါလိလဲ ပြည်၌ ရှိ တော်မူစဉ် သင်တို့အား မိန့် တော်မူသောစကားကို အောက်မေ့ ကြဦးဟု ဆို ကြသည်ရှိသော် ၊ ၈ ထိုမိန်းမတို့သည် စကား တော်ကို သတိရ ၍ ၊ ၉ သချိုင်း တော်က ပြန် လျှင် ထို အကြောင်းအရာအလုံးစုံ တို့ကို တစ်ကျိပ် တစ်ပါးသောသူ မှစ၍ ကြွင်း သော တပည့်တော်ခါးအပေါင်း တို့အား ပြန်ကြား ကြ၏။ ၁၀ ထိုအကြောင်းအရာကို တမန်တော် တို့အား ပြော သောသူကား၊ မာဂဒလ မာရိ ၊ ယောဟန္နု ၊ ယာကုပ် ၏ အမိဖြစ်သောမာရိ မှစ၍ အခြား သောမိန်းမများဖြစ် သတည်း။ ၁၁ သူ တို့၏စကား ကို ဒဏ္ဍာရီ စကားကဲ့သို့ ထင်မှတ် ၍ တမန်တော် တို့သည် မ ယုံကြ။ ၁၂ သို့သော်လည်း ပေတရုသည်ထ ၍ သချိုင်း တော်သို့ ပြေး လေ၏။ ရောက်သောအခါ ငုံ့ ကြည့်၍ ပိတ် ပုဆိုးသာ ရှိရစ်သည်ကို မြင် လျှင်၊ ထို အကြောင်းအရာကို အံ့သြ ၍ မိမိ အိမ်သို့ ပြန်သွား ၏။ ၁၃ ထိုမှတစ်ပါး ၊ တပည့် တော်နှစ် ယောက်တို့သည် ယေရုရှလင် မြို့နှင့် ခရီး လေးတိုင် ကွာ သောဧမောက် အမည် ရှိသောရွာ သို့ ထို နေ့ ၌ သွားကြစဉ်တွင်၊ ၁၄ ဖြစ်ခဲ့ ပြီးသော အကြောင်း အရာအလုံးစုံ တို့ကို အချင်းချင်း ဆွေးနွေး ပြောဆို ကြ၏။ ၁၅ ထိုသို့ ဆွေးနွေး ပြောဆို ကြစဉ် တွင်၊ ယေရှု သည် ချဉ်းကပ် ၍ သူ တို့နှင့်အတူကြွ တော်မူ၏။ ၁၆ ထိုသူ တို့သည် မျက်စိ ချုပ် လျက်ရှိ၍၊ ကိုယ်တော် ဖြစ်သည်ကို မ သိ ကြ။ ၁၇ ကိုယ်တော်ကလည်း၊ သင်တို့သည် ခရီးသွား လျက် အချင်းချင်း ဆွေးနွေး သောစကား ကား၊ အဘယ်သို့သော စကားနည်း။ အဘယ်ကြောင့်မျက်နှာ ညှိုးငယ်ကြသနည်း ဟု မေး တော်မူလျှင် ၊ ၁၈ သူ တို့တွင် ကလောဖအမည် ရှိသောသူက၊ သင် သည် ယေရုရှလင် မြို့၌ ဧည့်သည် ဖြစ်လျက်သာ ယခု အခါ ထိုမြို့ ၌ ဖြစ်ခဲ့ ပြီးသော အကြောင်း အရာတို့ကို မ သိ သလောဟု ပြောဆို ၏။ ၁၉ ကိုယ်တော် ကလည်း ၊ အဘယ် အကြောင်း အရာနည်း ဟု မေး တော်မူလျှင် ၊ ထိုသူတို့က၊ နာဇရက် မြို့သားယေရှု ၏ အကြောင်း အရာ ပေတည်း။ ထိုသူ သည် ဘုရားသခင် ရှေ့၊ လူ အပေါင်း တို့ရှေ့မှာ၊ နှုတ် သတ္တိ၊ လက် သတ္တိ နှင့် ပြည့်စုံ သော ပရောဖက် ဖြစ် ၏။ ၂၀ ထိုသူ ကို ယဇ်ပုရောဟိတ်အကြီးနှင့် ငါ တို့မင်း များသည် အသေ သတ်ခြင်းကို ခံစေခြင်းငှာ အပ်နှံ ၍ လက်ဝါးကပ်တိုင် မှာ ကွပ်မျက် ကြပြီ။

၂၁ ထိုသူ သည် ဣသရေလ အမျိုးကို ရွေးနှုတ် အံ့သောသူ ဖြစ် သည်ဟု ငါ တို့သည် အထင်ကမ်္ဘော်လင့် ကြ ပြီ။ ထိုမျှမက ဤ အကြောင်း အရာ ဖြစ်၍ယခု သုံး ရက် ရှိ ပြီ။ ၂၂ ငါ တို့၏ အပေါင်း အဘော် မိန်းမ အချို့တို့ သည်လည်း သခိုးကြီး တော်သို့ စောစော သွား ၍ ၊ ၂၃ အလောင်း တော်ကို မ တွေ့ လျှင် ၊ သခင် ယေရှုသည် အသက် ရှင်တော်မူ သည်ဟု ပြော သော ကောင်း ကင်တမန် ထင်ရှားရာ ရူပါရုံ ကို မိမိတို့ မြင် ကြောင်းကို ပြန်လာ ၍ ပြောဆို သဖြင့် ၊ ငါ တို့သည် မိန်းမော တွေဝေခြင်း ရှိကြ၏။ ၂၄ ထိုအခါ ငါ တို့တွင် အချို့သောသူ တို့သည် သခိုးကြီး တော်သို့ သွား ၍ မိန်းမ တို့ပြောဆို သည်အတိုင်း တွေ့ သော်လည်း၊ ကိုယ်တော် ကို မ မြင် ရဟု ပြောဆိုကြ၏။ ၂၅ ကိုယ်တော် ကလည်း ၊ ပရောဖက် ဟောပြော သောစကားများ ကို ယုံ နိုင်အောင် ဉာဏ် မရှိ၊ စိတ် ခိုင်မာသောသူတို့၊ ၂၆ ခရစ်တော် သည် ဤသို့ပင်အသေခံ ၍ မိမိ ဘုန်း စည်းစိမ်တော် ကို ဝင်စား ရမည်မ ဟုတ်လော ဟု မိန့် တော်မူ၏။ ၂၇ ထိုအခါ မောရှေ ၏ကျမ်းစာမှ စ ၍ပရောဖက် တို့၏ ကျမ်းစာများ ၌ ကိုယ်တော် ကိုရည်မှတ် ၍ ရေးထားသမျှ သော ကျမ်းစာ ချက်အနက်ကို ရှင်းလင်းစွာဖော်ပြ တော်မူ၏။ ၂၈ ထို တပည့်တော် တို့သည် သွား သောရွာ အနီး သို့ ရောက်သောအခါ ၊ ကိုယ်တော် သည် ထိုရွာ ကိုလွန်၍ သွား အံ့သော အခြင်းအရာကို ပြ တော်မူလျှင် ၊ ၂၉ ထိုသူတို့က အကျွန်ုပ် တို့နှင့်အတူ ဝင်၍ နေ ပါ။ ညဦးယံ အချိန်ရှိ ပြီ။ မိုး လည်းချုပ် ပါသည်ဟူ၍ ကိုယ်တော် ကို ကျပ်ကျပ်သွေးဆောင် ကြ၏။ ထိုကြောင့် သူ တို့နှင့်အတူ နေ ခြင်းငှာဝင် တော်မူ၏။ ၃၀ စားပွဲ၌ သူ တို့နှင့်အတူ လျောင်း တော်မူစဉ် ၊ မုန့် ကိုယူ ၍ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့ ၍ သူ တို့ အား ပေး တော်မူသည်တွင်၊ ၃၁ သူ တို့သည် မျက်စိ ပွင့်လင်း ၍ ကိုယ်တော် ဖြစ်သည်ကို သိ ကြ၏။ ထိုအခါ ကိုယ်တော် သည် ကွယ် တော်မူ၏။ ၃၂ တပည့်တော်တို့ကလည်း ၊ လမ်း ခရီး၌ ငါ တို့နှင့်ဟောပြော ၍ ကျမ်းစာ အနက်ကို ဖွင့်ပြ တော်မူသောအခါ ၊ ငါ တို့ စိတ် နှလုံးသည် ယိုဖိတ် မ တတ်ဖြစ် သည်မဟုတ်လော ဟု အချင်းချင်း ပြောဆို ကြ၏။ ၃၃ ထို တပည့်တော်နှစ်ယောက်တို့သည် ချက်ခြင်း ထ ၍ ယေရုရှလင် မြို့သို့ ပြန် ပြီးမှ၊ တစ်ကျိပ် တစ်ပါးသော သူတို့သည် အပေါင်းအဘော် တို့နှင့်အတူ စုဝေး လျက်ရှိသည်ကို တွေ့ ကြ၏။ ၃၄ စုဝေးသောသူတို့ကလည်း၊ သခင် ဘုရားသည် အမှန် ထမြောက် တော်မူပြီ။ ရှိမုန် အား ကိုယ်ကိုပြ တော်မူပြီဟုပြောဆို လျှင် ၊ ၃၅ ထိုတပည့် တော်နှစ်ယောက်တို့သည် လမ်း ၌ ဖြစ်သောအကြောင်းအရာကိုဝင်း၊ မုန့် ကိုဖဲ့ စဉ် တွင်ထင်ရှား တော်မူကြောင်းကိုဝင်း၊ ပြန်ကြား ကြ၏။ ၃၆ ထိုသို့ အချင်းချင်း ပြောဆို သောအခါ ၊ ယေရှု သည်သူ တို့အလယ် ၌ ရပ် တော်မူလျက်၊ သင် တို့အား ငြိမ်သက် ခြင်းဖြစ်စေသတည်း ဟု မိန့် တော်မူ၏။ ၃၇ တပည့်တော်တို့သည် တစ္ဆေ ကိုမြင် သည်ဟု စိတ်ထင် နှင့် ထိတ်လန့် ကြောက်ရွံ့ ခြင်းသို့ ရောက် ကြ၏။ ၃၈ ကိုယ်တော်ကလည်း၊ အဘယ်ကြောင့် အထူးထူး အထွေထွ ေသော စိတ် ရှိ ကြသနည်း။ ၃၉ ငါ့ လက် ကို ကြည့် ကြလော့။ ငါ့ ခြေ ကိုလည်း ကြည့်ကြလော့။ ငါ့ ကိုယ် ပင်ဖြစ် ၏။ ငါ့ ကို ကြည့်ရှု စမ်းသပ် ကြလော့။ ငါ သည် သင်တို့ မြင် သည်အတိုင်း အရိုး အသား နှင့် ပြည့်စုံ ၏။ တစ္ဆေ မည်သည်ကား ဤကဲ့သို့မ ပြည့်စုံ ဟု မိန့် တော်မူလျက်၊ ၄၀ လက် တော်ခြေ တော်တို့ကို တပည့် တော်တို့အား ပြ တော်မူ၏။ ၄၁ ထိုသူ တို့သည် အံ့သြ ၍ ဝမ်းမြောက်

သောအားဖြင့် မ ယုံနိုင်ဘဲ နေသေး သောအခါ ၊ သင်တို့ ၌ စားစရာ တစ်စုံတစ်ခု ရှိ သလော ဟု မေး တော်မူလျှင်၊ ၄၂ ငါး ကင် တ ပိုင်းနှင့် ပျားလပို့ကို ကပ်ပေး ကြ၏။ ၄၃ ကိုယ်တော်သည် ယူ ၍ သူ တို့ရှေ့ မှာစား တော်မူ၏။ ၄၄ တဖန် မိန့် တော်မူသည်ကား ၊ မောရှေ ၏ပညတ္တိ ကျမ်းစာ၌ ၎င်း ၊ ပရောဖက် တို့၏ ကျမ်းစာ ၌၎င်း၊ ဆာလံ ကျမ်းစာ ၌၎င်း၊ ငါ့ ကို ရည်မှတ် ၍ ရေးထားသမျှ သောအချက် တို့သည် ပြည့်စုံ ရ မည်ဟု ငါ သည် သင် တို့နှင့်အတူ ရှိ စဉ်အခါ သင် တို့အား ဟောပြော သောအကြောင်းအရာတို့ကား ဤ အကြောင်းအရာပေတည်း ဟု မိန့် တော်မူ၏။ ၄၅ ထိုအခါ ကျမ်းစာ ကို နားလည် စေခြင်းငှာတပည့် တော်တို့၏ ဉာဏ် ကို ဖွင့် တော်မူလျှင်၊ ၄၆ ဤသို့ ကျမ်းစာ လာ၏။ ဤသို့ ခရစ်တော် သည် အသေခံ ၍ သုံး ရက်မြောက်သောနေ့ ၌ သေ ခြင်းမှ ထမြောက် ရမည်။ ၄၇ ခရစ်တော် ၏ အခွင့် အားဖြင့် နောင်တ တရားနှင့် အပြစ် လွှတ် ခြင်းတရားကို ယေရုရှလင် မြို့မှ စ သောလူမျိုး တကာ တို့အား ဟောပြော ရမည်။ ၄၈ သင် တို့သည်လည်း ဤ အကြောင်းအရာတို့၏ သက်သေ ဖြစ်ကြ၏။ ၄၉ ငါ့ ခမည်းတော် ၏ ဂတိ ရှိသည်အတိုင်း သင် တို့ ၌ ငါ ပြု ဦးမည်။ သို့ ဖြစ်၍ သင် တို့သည် ကောင်းကင် က တန်ခိုး ကို မ ခံ မှီတိုင်အောင်ယေရုရှလင်မြို့ ၌ နေ ကြဦးလော့ ဟု မိန့် တော်မူ၏။ ၅၀ ထိုနောက် တပည့် တော်တို့ကို ယေရုရှလင်မြို့ပြင် ၊ ဗေသနိ ရွာတိုင်အောင် ဆောင်သွား တော်မူပြီးမှ၊ လက် တော်ကို ချီ ၍ ကောင်းကြီး ပေးတော်မူ၏။ ၅၁ ထိုသို့ ကောင်းကြီး ပေးတော်မူစဉ် တွင်၊ တပည့် တော်တို့နှင့် ခွာ ၍ ကောင်းကင် ဘုံသို့ ဆောင်ယူ ခြင်းကို ခံ တော်မူ၏။ ၅၂ တပည့် တော်တို့သည် ကိုယ်တော် ကို ပြပ်ဝပ် ကိုးကွယ်ပြီးမှ အလွန် ဝမ်းမြောက် ဝမ်းသာခြင်းနှင့် ယေရုရှလင် မြို့သို့ ပြန်သွား ကြ၏။ ၅၃ ဘုရားသခင် ကို အံ့သြချီးမွမ်း လျက် ဗိမာန် တော်သို့ ရောက်မြဲ ရောက်ကြ ၏။

၁ အစအဦး ၌ နှုတ်ကပတ် တော်ရှိ ၏။ နှုတ်ကပတ် တော်သည် ဘုရားသခင် နှင့်အတူ ရှိ ၏။ နှုတ်ကပတ် တော်
သည်လည်း ဘုရားသခင် ဖြစ် တော်မူ၏။ ၂ ထိုနှုတ်ကပတ် တော်သည် အစအဦး ၌ ဘုရားသခင် နှင့်အတူ ရှိ ၏။ ၃
နှုတ်ကပတ်တော်သည် ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်း တော်မူ၏။ ဖန်ဆင်း တော်မူခြင်းနှင့် ကင်းလွတ် လျက်ဖြစ်
သော အရာတစ်စုံတစ်ခု မျှ မရှိ။ ၄ ထိုနှုတ်ကပတ် တော်၌ အသက် ရှိ ၏။ ထိုအသက် သည်လည်း လူ တို့၏အလင်း
ဖြစ် ၏။ ၅ ထိုအလင်း သည် မှောင်မိုက် ၌ လင်း ၍ မှောင်မိုက် သည် မ ခံ မယူ။ ၆ ယောဟန် အမည် ရှိသော သူ
တစ်ယောက်ကို ဘုရားသခင် စေလွှတ် တော်မူ၏။ ၇ ထိုသူ ကိုလူအပေါင်း တို့သည် အမှီပြု ၍ယုံကြည် ခြင်းသို့
ရောက်မည်အကြောင်း ထိုသူ သည် သက်သေခံ ဖြစ်၍၊ အလင်း တော်၏အကြောင်း ကိုသက်သေခံ ခြင်းငှာ လာ ၏။ ၈
ထိုသူ သည် အလင်း တော်မ ဟုတ် ။ အလင်း တော်၏အကြောင်း ကို သက်သေခံ ခြင်းငှာ သာ လာ၏။ ၉ ဟုတ်မှန်
သောအလင်း မူကား၊ ဤလောက သို့ ကြွလာ လျက် ခပ်သိမ်း သောလူ အပေါင်းတို့အား အလင်း ကို ပေးသော သူဖြစ်
သတည်း။ ၁၀ ထိုသူသည်ဤလောက ၌ ရှိ တော်မူပြီ။ ဤလောက ကိုလည်း ဖန်ဆင်း တော်မူပြီ။ သို့သော်လည်း
ဤလောက သည် ထိုသူ ကိုမ သိ ။ ၁၁ သူသည်မိမိ ဒေသအရပ်သို့ ကြွလာ သော်လည်း၊ မိမိ လူမျိုးတို့သည် သူ
ကိုလက် မ ခံဘဲနေကြ၏။ ၁၂ ထိုသူ ကိုလက်ခံ သမျှ သောသူတည်းဟူသောကိုယ်တော် ကို ယုံကြည် သောသူ
တို့အား၊ ဘုရားသခင် ၏ သား ဖြစ် ရသောအခွင့် ကို ပေး တော်မူ၏။ ၁၃ ထိုသား တို့မူကား၊ လူမျိုး နှင့်စပ်ဆိုင် ၍
ဘွားသောသားမ ဟုတ်။ မေထုန် သံဝါသအားဖြင့် ဘွားသော သားမ ဟုတ်။ လူ့ အလိုအလျောက်ဘွားသောသားမဟုတ်။
ဘုရားသခင် ဘွား တော်မူသောသားဖြစ်သတည်း။ ၁၄ နှုတ်ကပတ် တော်သည်လည်း လူ့ ဇာတိအဖြစ် ကို ခံယူ၍၊
ကျေးဇူး တော်နှင့် ၎င်း၊ သစ္စာ တော်နှင့်၎င်း ပြည့်စုံ လျက် ငါ တို့တွင် တည်နေ တော်မူသည်ဖြစ်၍၊ ခမည်းတော် ၌
တစ်ပါးတည်း သောသားတော်၏ ဘုန်း ကဲ့သို့ သူ ၏ဘုန်း တော်ကို ငါတို့သည် မြင် ရကြပြီ။ ၁၅ ယောဟန် သည်
ထိုသခင် ၏အကြောင်း ကို သက်သေခံ ၍ ကြွေးကြော် သည်ကား၊ ငါ့ နောက် ကြွလာ သောသူ သည် ငါ မ ရှိမှီရှိ
နှင့်သည်ဖြစ် ၍၊ ငါ့ ထက်သာ၍ ကြီးမြတ်သည်ဟု ငါဆိုရာ၌၊ ထိုသူ ကိုဆိုလို သည်ဟု သက်သေခံလေ၏။ ၁၆
ထိုသူ ၏ပြည့်စုံ ခြင်းမှ လည်းကျေးဇူး တစ်ပါး၌ ထပ်ဆင့် ၍ ကျေးဇူး တစ်ပါးကိုငါ တို့ရှိသမျှ သည်ခံရ ကြပြီ။ ၁၇
အကြောင်းမူကား ၊ ပညတ် တရားတော်ကို မောရှေ လက်တွင်ပေး တော်မူ၏။ ကျေးဇူး တရားနှင့် သစ္စာ တရားမူကား
ယေရှု ခရစ် အားဖြင့် ဖြစ် သတည်း။ ၁၈ ဘုရားသခင် ကို အဘယ်သူ မျှ မမြင် စဖူး သော်လည်း၊ ခမည်းတော် ၏ရင်ခွင်
၌ ရှိ သော တစ်ပါးတည်း သောသားတော်သည် ဘုရားသခင် ကို ထင်ရှား စေတော်မူပြီ။ ၁၉ ယုဒ လူတို့က၊ သင်
သည်အဘယ်သူ နည်းဟု ယောဟန် ကိုမေးမြန်း စေခြင်းငှာ ယဇ် ပုရောဟိတ်နှင့် လေဝိ လူတို့ကို ယေရုရှလင် မြို့မှ
စေလွှတ် သောအခါ ၊ ယောဟန် သည် သက်သေခံ လေသည်မှာ၊ ၂၀ ငါ သည် ခရစ်တော် မ ဟုတ် ဟု ထိမ်ဝှက်
ခြင်းမ ရှိ။ အတည့်အလင်းပြောဆို ၏။ ၂၁ ထိုသူ တို့ကလည်း ၊ သို့ ဖြစ်လျှင် သင် သည်အဘယ်သူ နည်း။ ဧလိယ

ဖြစ် သလောဟု မေးမြန်း ပြန်၏။ ယောဟန်က၊ ငါ သည် ဧလိယမ ဟုတ်ဟုဆို ၏။ ဤမည်သောပရောဖက် ဖြစ် သလောဟု မေးပြန်လျှင်၊ မ ဟုတ်ဟု ဆို ပြန်၏။ ၂၂ ထိုသူတို့ကလည်း ၊ သင်သည်အဘယ်သူ နည်း။ ငါ တို့ကိုစေလွှတ် သောသူ တို့အား ပြန်လျှောက် စရာ ရှိ စေခြင်းငှာ ၊ သင်သည်ကိုယ် ကို အဘယ်သို့ ဆို သနည်းဟု မေး ပြန်ကြ၏။ ၂၃ ယောဟန်ကလည်း၊ ငါ သည်ပရောဖက် ဟေရှာယ ဟောပြော သည်နှင့်အညီ ၊ ထာဝရ ဘုရား၏ လမ်းခရီး တော်ကို ဖြောင့် စေကြလော့ဟု တော ၌ ဟစ်ကြော် သောသူ၏အသံ ဖြစ်သည်ဟု ဆို ၏။ ၂၄ အစေခံ သောသူတို့ကား၊ ဖာရိရှဲ ဖြစ် ကြသတည်း။ ၂၅ ထိုသူတို့ကလည်း ၊ သင် သည် ခရစ်တော် မ ဟုတ် ၊ ဧလိယ မ ဟုတ်၊ ဤမည်သောပရောဖက် မ ဟုတ်သည် မှန်လျှင် အဘယ်ကြောင့် ဗတ္တိဇံ ကိုပေးသနည်းဟု မေး ပြန်ကြ၏။ ၂၆ ယောဟန် ကလည်း၊ ငါ သည်ရေ ၌ ဗတ္တိဇံ ကိုပေး၏။ သင် တို့အလယ် ၌သင် တို့မ သိ သော သူတစ်ယောက် ရှိ၏။ ၂၇ ထိုသူ သည်ငါ့ နောက် ကြွလာ သော်လည်းငါ့ထက်သာ၍ကြီးမြတ်၏။ ထိုသူ ၏ခြေနင်း တော်ကြိုး ကိုမျှ ဖြည် ခြင်းငှာ ငါ မ ထိုက် ဟုပြန်ပြော ၏။ ၂၈ ယောဟန် သည်ဗတ္တိဇံ ကိုပေးရာ အရပ် ၊ ယော်ဒန် မြစ်တစ်ဘက် ဗေသနိ ရွာ၌ ဤအမှုအရာဖြစ် သတည်း။ ၂၉ နက်ဖြန် နေ့၌ယေရှု ကြွလာ တော်မူသည်ကို ယောဟန်သည်မြင် လျှင်၊ ဤလောက ၏အပြစ် ကို ဆောင်သွား သော ဘုရားသခင် ၏ သိုးသငယ် ကိုကြည့် လော့။ ၃၀ ငါ မ ရှိမှီရှိ နှင့်သည်ဖြစ်၍ ၊ ငါ့ ထက်သာ၍ကြီးမြတ်သောသူ သည်ငါ့ နောက် ကြွလာ သည်ဟု ငါ ဆို ရာ၌၊ ထိုသူ ကိုဆိုလို ၏။ ၃၁ အစကထိုသူ ကိုငါ မ သိ ။ သို့သော်လည်း ထိုသူကို ဣသရေလ လူတို့အား ထင်ရှား စေခြင်းငှာ ငါ သည် ရေ ၌ ဗတ္တိဇံ ကိုပေးလျက်လာ ၏။ ၃၂ ထိုမှတစ်ပါး ဝိညာဉ် တော်သည်ကောင်းကင် မှ ချိုးငှက် ကဲ့သို့ ဆင်းသက် ၍ ထိုသူ ၏အပေါ် ၌နား တော်မူသည်ကို ငါမြင် ရပြီ။ ၃၃ အစကထို သူကိုငါ မ သိ ။ ရေ ၌ ဗတ္တိဇံ ကိုပေးစေခြင်းငှာငါ့ ကိုစေလွှတ် တော်မူသောသူ က၊ အကြင်သူ ၏ အပေါ် ၌ဝိညာဉ် တော်ဆင်းသက် ၍ နား တော်မူသည်ကို သင်သည်မြင် လျှင်၊ ထို သူကားသန့်ရှင်း သော ဝိညာဉ် တော်၌ ဗတ္တိဇံ ကိုပေးသောသူ ပေတည်းဟု မိန့် တော်မူသည်နှင့်အညီ။ ၃၄ ငါ သည်မြင် ၍ ဤသူ သည် ဘုရားသခင် ၏ သား တော်ဖြစ် တော်မူကြောင်း ကို သက်သေခံ သည်ဟု ယောဟန် ဆို လေ၏။ ၃၅ တစ်ဖန် ယောဟန် သည် နက်ဖြန် နေ့၌ တပည့် နှစ် ယောက်တို့နှင့်အတူရပ် နေ၍၊ ၃၆ ယေရှု ကြွ တော်မူသည်ကိုမြင် လျှင် ၊ ဘုရားသခင် ၏ သိုးသငယ် ကို ကြည့် လော့ဟုဆို ၏။ ၃၇ တပည့် နှစ် ယောက်တို့သည် ထိုစကား ကိုကြား လျှင် ၊ ယေရှု နောက်တော်သို့ လိုက် ကြ၏။ ၃၈ ယေရှု သည်လှည့် ၍ ထိုသူ တို့ လိုက် ကြသည်ကိုမြင် တော်မူလျှင်၊ အဘယ် အလိုရှိ သနည်း ဟု မေး တော်မူ၏။ ထိုသူ တို့က၊ ရဗ္ဗိ ၊ ကိုယ်တော် သည် အဘယ်မှာ နေ တော်မူသနည်းဟု မေးလျှောက် ကြ၏။ ရဗ္ဗိ၊ အနက် ကား၊ အရှင် ဘုရားဟု ဆိုလို သတည်း။ ၃၉ ယေရှုကလည်း လာ ၍ ကြည့် ကြလော့ ဟု မိန့် တော်မူ၏။ ထို သူတို့သည်သွား၍ နေ တော်မူရာအရပ် ကို ကြည့် ကြ၏။ ထိုအချိန် သည် ဆယ် နာရီအချိန်ဖြစ် ၍ မိုဃ်းချုပ် သည်တိုင်အောင်အထံ တော်၌နေ ကြ၏။ ၄၀ ယောဟန် ၏စကား ကိုကြား၍ နောက် တော်သို့ လိုက်သောသူနှစ် ယောက်တို့တွင် တစ်ယောက်ကား ရှိမုန် ပေတရု ညီ အန္ဒြေ ပေတည်း။ ၄၁ ထိုသူ သည် မိမိ အစ်ကို ရှိမုန် ကို ရှေးဦးစွာ တွေ့ လျှင် ၊ ငါတို့သည် မေရှိ ကိုတွေ့

ကြပြီဟု ပြောဆို လျက်၊ ၄၂ သူ့ ကိုယေရှု ထံသို့ ပို့ဆောင် လေ၏။ မေရှိအနက် ကား ခရစ်တော် ဟုဆိုလို သတည်း။ ယေရှု သည် ထို သူ ကိုကြည့်ရှု၍၊ သင် သည်ယောန ၏သား ရှိမုန် ဖြစ် ၏ ကေဖ အမည် သစ်ကို ရလတံ့ ဟုမိန့် တော်မူ၏၊ ကေဖ အနက် ကား ပေတရု ဟုဆိုလိုသတည်း။ ၄၃ နက်ဖြန် နေ့၌ ဂါလိလဲ ပြည်သို့ ကြွ ခြင်းငှာအလို တော်ရှိလျှင် ဖိလိပ္ပု ကိုတွေ့ ၍ ၊ ငါ့ နောက် သို့ လိုက်လော့ ဟု မိန့် တော်မူ၏။ ၄၄ ဖိလိပ္ပု ကား၊ အန္ဒြေ နှင့် ပေတရု မွေးဘွားရာ ဗက်ဇဒ မြို့မှ လာသောသူဖြစ် သတည်း။ ၄၅ ဖိလိပ္ပု သည်နာသနေလ ကိုတွေ့ လျှင် ၊ မောရှေ သည် ပညတ္တိ ကျမ်း၌ ၎င်း၊ ပရောဖက် တို့သည် သူတို့ ကျမ်း ၌ဌင်း အကြောင်းပြု ၍ ရေး ထားသောသူ ၊ နာဇရက် မြို့သား ဖြစ်သော ယောသပ် ၏သား ယေရှု ကို ငါတို့သည် တွေ့ ကြပြီဟုဆို ၏။ ၄၆ နာသနေလ ကလည်း ၊ နာဇရက် မြို့ထဲက ကောင်း သောအရာတစ်စုံတစ်ခု မျှ ထွက် နိုင် သလောဟုမေး လျှင်၊ ဖိလိပ္ပု က၊ လာ ၍ ကြည့် ပါဟုဆို ၏။ ၄၇ နာသနေလ လာသည်ကို ယေရှု သည် မြင် တော်မူလျှင်၊ လှည့်စား ခြင်းအပြစ်နှင့်ကင်းလွတ် သော ဣသရေလ လူစစ် ကိုကြည့် လော့ ဟု ထိုသူ ကိုအမှတ် ပြု၍ မိန့် တော်မူ၏။ ၄၈ နာသနေလ ကလည်း၊ ကိုယ်တော်သည် အဘယ်သို့ သောအားဖြင့်အကျွန်ုပ် ကို သိ တော်မူသနည်းဟု မေးလျှောက် သော်၊ ယေရှု က၊ ဖိလိပ္ပု သည် သင့် ကိုမ ခေါ် မီ၊ သင် သည် သင်္ဘော်သဖန်း ပင်အောက် ၌ရှိ သည်ကို ငါ မြင်သည် ဟု ပြန် ၍မိန့်တော်မူလျှင်၊ ၄၉ အရှင် ဘုရား၊ ကိုယ်တော် သည် ဘုရားသခင် ၏သား တော်ဖြစ် တော်မူ၏၊ ဣသရေလ လူတို့၏ ရှင်ဘုရင် လည်းဖြစ် တော်မူ၏ဟု နာသနေလ လျှောက် လေ၏။ ၅၀ တစ်ဖန် ယေရှု က၊ သင်္ဘော်သဖန်း ပင်အောက် ၌ သင့် ကိုငါ မြင်သည် ဟုဆို သောကြောင့် ယုံ သလော။ ထိုမျှမက သင်သည် သာ၍ ကြီးစွာ သောအကြောင်း အရာကို မြင် လတံ့။ ၅၁ သင် တို့အား ငါအမှန်အကန် ဆို သည်ကား၊ နောင်ကာလ၌ ကောင်းကင် ဖွင့်လှစ် သည်ကို၎င်း ၊ ဘုရားသခင် ၏ ကောင်းကင် တမန်တို့သည် လူ သား ၏အပေါ် ၌ဆင်း လျက်တက် လျက်ရှိနေသည်ကို၎င်း ၊ သင်တို့ သည် မြင် ရကြလတံ့ ဟု မိန့် တော်မူ၏။

၂ သုံး ရက်မြောက်သောနေ့ ၌ ဂါလိလဲ ပြည်ကာန မြို့တွင် မင်္ဂလာဆောင် ပွဲကိုခံ ကြစဉ်၊ ထို ပွဲ၌ယေရှု ၏ မယ်တော် ရှိ ၏။ ၂ ယေရှု နှင့် တပည့် တော်တို့ကိုလည်း ထိုပွဲ သို့ ခေါ် ပင့် ကြ၏။ ၃ စပျစ်ရည် ကုန် သောအခါ ၊ ယေရှု ၏မယ်တော် က၊ စပျစ်ရည် မ ရှိ ဟုကြားပြော ၏။ ၄ ယေရှု ကလည်း ၊ အချင်းမိန်းမ ၊ သင် သည် ငါ နှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့ အချိန် မ ရောက် သေး ဟု မိန့် တော်မူ၏။ ၅ မယ်တော် ကလည်း၊ သူ စေခိုင်း သမျှတို့ကိုပြု ကြလော့ဟု အစေခံ တို့အားဆို လေ၏။ ၆ ယုဒ ဘာသာအလျောက် စင်ကြယ် ခြင်းအဘို့ အလိုငှာ၊ ထို အရပ်၌ နှစ် တင်းသုံး တင်းခန့် ဝင်သော ကျောက် အိုး စရည်းခြောက် လုံး ထား လျက်ရှိ၏။ ၇ ယေရှု ကလည်း၊ ဤရေ အိုးတို့ကိုရေ ဖြည့် ကြ ဟု အစေခံ တို့အားမိန့် တော်မူလျှင်၊ ထိုသူ တို့သည် လျှံ မတတ်ဖြည့် ကြ၏။ ၈ ယခု ခပ် ၍ ပွဲအုပ် ထံသို့သွင်း ကြလော့ဟု မိန့် တော်မူသည်အတိုင်း သွင်း ကြ၏။ ၉ ပွဲအုပ် သည် စပျစ်ရည် ဖြစ် စေသောရေ ကို မြည်းစမ်း ၍ ၊ ထို ရေ ကို ခပ် သောအစေခံ တို့သည် စပျစ်ရည်ကို အဘယ်မှာ ရသည်ကိုသိ သော်လည်း ၊ ပွဲအုပ် သည် မ သိ သောကြောင့်၊ မင်္ဂလာဆောင် လုလင်အား အသံကို လွှင့် ၍၊ ၁၀ အခြားသောသူ မည်သည်ကား ၊ ရှေးဦးစွာ ကောင်း သောစပျစ်ရည် ကို

ထည့် ၍ ဝစွာသောက် ကြပြီးမှ ညံ့ သောစပျစ်ရည်ကိုထည့်လေ့ရှိ၏။ သင်မူကား၊ ကောင်း သောစပျစ်ရည် ကို ယခု တိုင်အောင် သိုထား ပြီဟုဆို ၏။ ၁၁ ထိုသို့ ယေရှု သည် ရှေးဦးစွာ သော ဤ နိမိတ်လက္ခဏာကိုဂါလိလဲ ပြည်၊ ကာန မြို့၌ ပြ ၍ မိမိ ဘုန်း တော် ကိုထင်ရှား စေတော်မူ၏။ တပည့် တော်တို့သည်လည်း ယုံကြည် ကြ၏။ ၁၂ ထိုနောက် မယ်တော် မှစ၍ ညီ တော်၊ တပည့် တော်တို့နှင့်တကွ ၊ ကပေရနောင် မြို့သို့ ကြွ တော်မူ၏။ ထို မြို့မှာ ကြာမြင့် စွာမ နေ ဘဲ၊ ၁၃ ယုဒ ပသခါ ပွဲခံချိန် နီး သည်ရှိ သော်၊ ယေရုရှလင် မြို့သို့ ကြွ တော်မူ၏။ ၁၄ ဗိမာန် တော်၌ သိုး ၊ နွား ၊ ချိုးငှက် ရောင်း သောသူ တို့ကို ၎င်း၊ ပွဲစား များထိုင် လျက်ရှိသည်ကို ၎င်း တွေ့ တော်မူလျှင်၊ ၁၅ ရိုက် စရာတို့ ကြိုး သေးများကို ပြုပြင် ပြီးမှ၊ ထိုသူအပေါင်း တို့ကိုလည်း၊ သိုး ၊ နွား များကိုလည်း၊ ဗိမာန် တော်မှ နှင်ထုတ် တော်မူ၍ ၊ ပွဲစား တို့၏ ငွေ တင်ခုံ များကို တွန်းပစ် မှောက် ထားတော်မူ၏။ ၁၆ ချိုးငှက် ရောင်း သောသူ တို့အားလည်း ၊ ဤ ဥစ္စာ ကို ယူသွား ကြ။ ငါ့ အဘ ၏ အိမ် တော်ကို ပွဲ တဲမ လုပ် ကြ နှင့် ဟု မိန့် တော်မူ၏။ ၁၇ ကိုယ်တော် ၏အိမ် တော်၌ စွဲလမ်း ပူပန်ခြင်းစိတ်သည် အကျွန်ုပ် ကိုးစား ပါ၏ဟူ၍ကျမ်းစာလာ သည်ကို၊ ထိုအခါတပည့် တော်တို့သည် မှတ်မိ ကြ၏။ ၁၈ ယုဒ လူတို့ကလည်း ၊ သင်သည် ဤသို့ ပြု လျှင် အဘယ် နိမိတ် လက္ခဏာကို ငါ တို့အား ပြ မည်နည်းဟု ဆို ကြ၏။ ၁၉ ယေရှု ကလည်း ၊ ဤ ဗိမာန် တော်ကို ဖြိုဖျက် ကြလော့။ သုံး ရက် အတွင်း တွင် ငါတည်ဆောက် မည် ဟု မိန့် တော်မူ၏။ ၂၀ ယုဒ လူတို့က၊ အနှစ် လေးဆယ် ခြောက် နှစ်ပတ်လုံးဤ ဗိမာန် တော်ကို တည်ဆောက် ကြ၏။ သင် မူကား ၊ သုံး ရက် တည်း နှင့် တည်ဆောက် မည်လောဟု ဆို ကြ၏။ ၂၁ ထိုသို့ မိန့် တော်မူရာ၌ မိမိ ကိုယ် တည်းဟူသောဗိမာန် ကိုအမှတ် ပြု၍မိန့်တော်မူ၏။ ၂၂ ထိုကြောင့် သေ ခြင်းမှ ထမြောက် တော်မူသည် နောက်။ ထို စကား တော်ကို တပည့် တော်တို့သည် မှတ်မိ ကြသဖြင့်၊ ကျမ်းစာ ကို၎င်း ၊ ယေရှု ၏ နှုတ်ကပတ် တော်ကို၎င်း ယုံ ကြ၏။ ၂၃ ပသခါ ပွဲ အတွင်း တွင် ယေရှုသည် ယေရုရှလင် မြို့၌ ရှိ ၍ ၊ ပြ တော်မူသော နိမိတ် လက္ခဏာတို့ကို များစွာ သောသူတို့သည် မြင် ရသဖြင့် ကိုယ်တော် ကို ယုံကြည် ခြင်းသို့ ရောက်ကြ၏။ ၂၄ သို့သော်လည်း ယေရှု သည် ထိုသူ တို့ ၌ ကိုယ် ကိုအပ် တော်မ မူ။ အကြောင်းမူကား ၊ ခပ်သိမ်း သောသူတို့ကို သိ တော်မူ၏။ ၂၅ လူ ၏အထဲ ၌ရှိ သမျှ ကို သိ တော်မူသောကြောင့် ၊ လူ ၏အကြောင်း ကို သက်သေခံ စေခြင်းငှာ အဘယ်သူ ကိုမျှအလို တော်မ ရှိ။

၃ ယုဒ လူတို့တွင် အရာရှိ ဖြစ်သော နိကောဒင် အမည် ရှိသောဖာရိရှဲ့ တစ်ယောက်သည်၊ ၂ ညဉ့် အခါ ယေရှု ထံ တော်သို့ လာ ၍ ၊ အရှင် ဘုရား၊ ကိုယ်တော် သည်ပြ တော်မူသော ဤ နိမိတ် လက္ခဏာတို့ကို ဘုရားသခင် ၏အခွင့်မ ရှိ လျှင် အဘယ်သူ မျှမပြနိုင် သည်ကို အကျွန်ုပ်တို့သည်ထောက်၍၊ ကိုယ်တော် သည် ဘုရားသခင် အထံတော်မှ ကြွလာ တော်မူသောဆရာ ဖြစ် ကြောင်းကို သိ ကြပါ၏ဟုလျှောက် သော်၊ ၃ ယေရှု က၊ ဒုတိယ မွေး ခြင်းကို မ ခံသောသူ မည်သည်ကား၊ ဘုရားသခင် ၏နိုင်ငံ တော်ကို မ မြင် ရ ဟု ငါ အမှန်အကန် ဆိုသည် ဟု ပြန် ၍မိန့် တော်မူ၏။ ၄ နိကောဒင် ကလည်း၊ အသက်ကြီး သောသူ သည်မွေး ခြင်းကိုအဘယ်သို့ ခံနိုင် ပါမည်နည်း။ အမိ ဝမ်း ထဲသို့ တဖန် ဝင် ၍ မွေးခြင်းကို ခံနိုင် ပါမည်လောဟု လျှောက် ၏။ ၅ ယေရှု ကလည်း၊ ရေ နှင့် ဝိညာဉ် တော် မ မွေး သောသူ

မည်သည်ကား၊ ဘုရားသခင် ၏နိုင်ငံ တော်သို့ မ ဝင် ရဟု ငါ အမှန်အကန် ဆို၏။ ၆ ဇာတိ ပကတိမွေး သောအရာ သည် ဇာတိ ပကတိဖြစ် ၏ဝိညာဉ် တော်မွေး သောအရာ သည် ဝိညာဉ် ဖြစ် ၏။ ၇ ဒုတိယ မွေး ခြင်းကို ခံရမည်ဟု ငါဟောပြော သည်ကို အံ့သြ ခြင်းမ ရှိနှင့်။ ၈ လေ သည် အလိုရှိ တိုင်းသွားလာ ၏။ လေ ၏အသံ ကို သင်သည်ကြား ရသော်လည်း အဘယ် အရပ်က ဖြစ် သည်၊ အဘယ် အရပ်သို့သွား သည်ကိုမ သိ နိုင်။ ထိုနည်းတူ ဝိညာဉ် တော်မွေး သောသူ ဖြစ် သည် ဟု မိန့် တော်မူ၏။ ၉ နိကောဒင် ကလည်း၊ ဤ အမှုအရာသည် အဘယ်သို့ ဖြစ် နိုင် ပါမည်နည်းဟု လျှောက် ပြန်လျှင်၊ ၁၀ တဖန် ယေရှု က၊ သင် သည် ဣသရေလ လူတို့တွင် ဓမ္မဆရာ ဖြစ် လျက်ပင်၍ အမှုအရာကို မ သိ သလော။ ၁၁ ငါအမှန်အကန် ဆို သည်ကား၊ ငါတို့သည် ကိုယ်သိ သောအရာ ကိုပြော ၏၊ ကိုယ်မြင် သောအရာ ကို သက်သေခံ ၏။ သို့သော်လည်း ငါ တို့၏ သက်သေခံ ချက်ကို သင်တို့သည် မ ခံ မယူကြ။ ၁၂ မြေကြီး အရာကို ငါပြော ၍ သင် တို့သည် မ ယုံ လျှင် ၊ ကောင်းကင် အရာကို ငါပြော သောအခါ အဘယ်သို့ ယုံ ကြလိမ့်မည်နည်း။ ၁၃ ကောင်းကင် ဘုံက ဆင်းသက် ၍ ကောင်းကင်ဘုံ၌ရှိနေသော လူ သား မှတစ်ပါး အဘယ်သူ မျှကောင်းကင် ဘုံသို့ မ တက် ပြီ။ ၁၄ မောရှေ သည်တော ၌ မြွေ ကို မြှောက် ထားသကဲ့သို့ လူ သား သည် မြှောက် ထားခြင်းကို ခံရမည်။ ၁၅ အကြောင်းမူကား ၊ ထိုသား တော်ကို ယုံကြည် သောသူအပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက် ကိုရ မည်အကြောင်းတည်း။ **(aiōnios g166)** ၁၆ ဘုရားသခင် ၏သား တော်ကို ယုံကြည် သောသူ အပေါင်း တို့သည်၊ ပျက်စီး ခြင်းသို့မ ရောက်၊ ထာဝရ အသက် ကို ရ စေခြင်းငှာ ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်း သော သား တော်ကို စွန့် တော်မူသည်တိုင်အောင် လောကီသား ကို ချစ် တော်မူ၏။ **(aiōnios g166)** ၁၇ လောကီသား တို့အားအပြစ် စီရင်ခြင်းငှာ ၊ ဘုရားသခင် သည်သား တော်ကို ကျွ် လောက သို့ စေလွှတ် တော်မူသည်မ ဟုတ်။ လောကီသား တို့သည် ကိုယ်တော် အားဖြင့် ကယ်တင် ခြင်းသို့ရောက်မည်အကြောင်း စေလွှတ် တော်မူ၏။ ၁၈ သား တော်ကိုယုံကြည် သောသူ သည် အပြစ် စီရင်ခြင်းကို မ ခံရ။ မ ယုံကြည် သောသူ မူကား ၊ ဘုရားသခင် ၌ တစ်ပါးတည်း သောသား တော်ကို မ ယုံကြည် သောကြောင့် ယခုပင် အပြစ် စီရင်ခြင်းကိုခံရ၏။ ၁၉ အပြစ် စီရင်ခြင်းကို ခံရကြောင်း ကား၊ အလင်း သည် ဤလောက သို့ ဝင် ၍၊ လူ တို့သည် မကောင်း သောအကျင့် ကို ကျင့် သောကြောင့် ၊ အလင်း ထက် မှောင်မိုက် ကိုသာ၍ နှစ်သက် ကြ၏။ ၂၀ ဆိုးယုတ် သောအကျင့်ကို ကျင့် သောသူ အပေါင်း တို့သည် အလင်း ကိုမြင်ပျင်း ၍ မိမိ တို့ အကျင့် ၌ အပြစ်ပါမည်ကိုမ ထင်ရှား စေခြင်းငှာ အလင်း သို့ မ ချဉ်းကပ် ကြ။ ၂၁ သမ္မာတရား ကို ကျင့် သောသူ မူကား ၊ မိမိ အကျင့် တို့သည် ဘုရားသခင် ၏အလိုတော်နှင့်ညီသည်ကို ထင်ရှား စေခြင်းငှာ အလင်း သို့ ချဉ်းကပ် သည် ဟု ဟော တော်မူ၏။ ၂၂ ထို နောက်မှ ယေရှု သည် တပည့် တော်တို့နှင့်အတူ ယုဒ ပြည်၏ကျေးလက် သို့ ကြွ တော်မူလျှင်၊ ထို အရပ်၌ တပည့် တော်တို့နှင့်တကွ နေ တော်မူ၍ ဗတ္တိဇံ ကို ပေးလေ၏။ ၂၃ ယောဟန် သည်လည်း ၊ ရှာလိမ် မြို့နှင့်အနီး အဲနုန် အရပ်၌ ရေ များ သောကြောင့် ၊ ဗတ္တိဇံ ကိုပေး၍ နေသဖြင့်၊ လူများတို့သည်လာ ၍ ဗတ္တိဇံ ကို ခံကြ၏။ ၂၄ ယောဟန် သည်ထောင် ထဲသို့ မ ရောက် သေး။ ၂၅ ထိုအခါယောဟန်

၏တပည့် တို့သည် စင်ကြယ် ခြင်းကို အကြောင်း ပြု၍ ယုဒ လူနှင့် ဆွေးနွေး ငြင်းခုံခြင်း ရှိ ကြသဖြင့်၊ ၂၆ ယောဟန် ထံသို့ လာ ၍ ၊ အရှင် ဘုရား၊ ယော်ဒန် မြစ်တစ်ဘက် ၌ ကိုယ်တော် နှင့်တကွ ရှိ ၍၊ ကိုယ်တော် သက်သေ ပေးသောသူ သည် ဗတ္တိဇံ ကိုပေးလျက်နေ၏။ ထိုသူ ထံသို့ လူအပေါင်း တို့သည် ရောက် ကြပါ၏ဟု လျှောက် လျှင်၊ ၂၇ ယောဟန် က၊ ကောင်းကင် ဘုံမှ ပေး တော်မ မူလျှင် လူ သည် အဘယ် အရာကိုမျှ မ ခံ နိုင် ရာ။ ငါ သည် ခရစ်တော် မ ဟုတ် ။ ၂၈ ခရစ်တော် ရှေ့၌စေလွှတ် သောသူဖြစ် သည်ဟု ငါ ဆိုသည်ကို သင် တို့သည် ငါ ၏သက်သေ ဖြစ်ကြ၏။ ၂၉ မင်္ဂလာဆောင်သတို့သမီး ကိုရ သောသူ သည်မင်္ဂလာဆောင် လုလင်ဖြစ် ၏။ မင်္ဂလာဆောင်လုလင် ၏ အနားမှာ နေ၍ သူ ၏စကားကိုကြား ရသော အဆွေ ခင်ပွန်းသည်ထိုစကား သံကိုကြားသောအားဖြင့် ဝမ်းမြောက် ခြင်းရှိ၏။ ထိုနည်းတူ ငါ ၏ဝမ်းမြောက် ခြင်းပြည့်စုံ ၏။ ၃၀ ထိုသခင် သည် တိုးပွား ခြင်းရှိရ မည်။ ငါ မူကား ဆုတ်ယုတ် ခြင်းရှိရမည်။ ၃၁ အထက် မှလာ သောသူ သည် အလုံးစုံ တို့၏ အထွဋ်ဖြစ် ၏။ မြေကြီး မှ ဖြစ် သောသူ သည် မြေကြီး နှင့် စပ်ဆိုင် ၍ မြေကြီး အရာ ကိုပြော တတ်၏။ ကောင်းကင် ဘုံမှ ကြွလာ သောသူ သည် အလုံးစုံ တို့၏အထွဋ်ဖြစ် တော်မူ၏။ ၃၂ မြင် သမျှ ကြား သမျှတို့ကိုလည်း သက်သေခံ တော်မူ၏။ ထို သက်သေခံ ချက်ကို အဘယ်သူ မျှမခံ မယူ၊ ၃၃ သက်သေခံ တော်မူချက်ကို ခံယူ သောသူ သည်ကား ၊ ဘုရားသခင် သည် သစ္စာစောင့် တော်မူသည်ဟု တံဆိပ် ခတ်၏။ ၃၄ ဘုရားသခင် စေလွှတ် တော်မူသောသူ သည် ဘုရားသခင် ၏စကား တော်ကို ပြောဆို တတ်၏။ ထိုသူ အား ဘုရားသခင်သည် ဝိညာဉ် တော်ကို အတိုင်း အရှည် မ ရှိဘဲ ပေး တော်မူ၏။ ၃၅ ခမည်းတော် သည်သား တော်ကိုချစ် တော်မူ၍၊ ခပ်သိမ်း သောအရာတို့ကို သား တော်လက် သို့ အပ်ပေး တော်မူပြီ။ ၃၆ သား တော်ကို ယုံကြည် သောသူ သည် ထာဝရ အသက် ကိုရ ၏။ သား တော်ကို ပယ် သောသူ မူကား အသက် ကို မ တွေ့ ရ။ ထိုသူ ၏အပေါ် ၌ဘုရားသခင် ၏ အမျက် တော်တည်နေ သည်ဟု ယောဟန်ဟော လေ၏။ **(aiōnios g166)**

၄ ယေရှု သည် ကိုယ်တိုင် ဗတ္တိဇံ ကို ပေးတော်မ မူ။ ၂ တပည့် တော်တို့သာလျှင် ပေးကြသော်လည်း ၊ ယေရှု သည် ယောဟန် ထက် သာ၍ များသော သူတို့ကို တပည့် တော်ဖြစ်စေ ၍ ၊ ဗတ္တိဇံ ကိုပေးကြောင်း ကို ဖာရိရှဲ တို့သည် ကြား ပြီဟု သခင် ဘုရားသိ တော်မူသောအခါ ၊ ၃ ယုဒ ပြည်မှ ထွက်သွား ၍ ဂါလိလဲ ပြည်သို့ တစ်ဖန် ကြွ တော်မူစဉ်တွင်၊ ၄ ရှမာရိ ပြည်အလယ်၌ ရှောက်သွား ရ၏။ ၅ ယာကုပ် သည် မိမိ သား ယောသပ် အား ပေး သောမြေ အကွက်နှင့်အနီး ၊ ရှမာရိ နယ်၊ ရှုခါ အမည် ရှိသောမြို့ သို့ ရောက် တော်မူ၏။ ၆ ထို အရပ်၌ယာကုပ် ၏ ရေတွင်း ရှိ ၏။ ယေရှု သည် ခရီးသွား ၍ ပင်ပန်း သောကြောင့် ရေတွင်း နား မှာ ထိုင် တော်မူ၏။ ထိုအချိန် သည် ခြောက် နာရီအချိန်ဖြစ် ၏။ ၇ ရှမာရိ မိန်းမ တစ်ယောက်သည် ရေ ခပ် ခြင်းငှာလာ ၍၊ ယေရှု က၊ ငါ သောက် ဘို့ရေပေး ပါဟု ထိုမိန်းမ အားမိန့် တော်မူ၏။ ၈ အကြောင်းမူကား ၊ တပည့် တော်တို့သည် စားစရာ ကိုဝယ် ခြင်းငှာ မြို့ ထဲသို့ သွား ကြသည် အခိုက် ဖြစ်သတည်း။ ၉ ထို မိန်းမ ကလည်း၊ သင် သည်ယုဒ လူဖြစ် လျက်ပင်၊ ရှမာရိ မိန်းမ ဖြစ် သောအကျွန်ုပ် ကိုအဘယ်ကြောင့် သောက် ဘို့တောင်း သနည်းဟုဆို ၏။ ဆိုသည်အကြောင်း ကား၊ ယုဒ လူတို့သည်

ရှမာရိ လူတို့နှင့်ပေါင်းဖော် ခြင်း မ ရှိ။ ၁၀ ယေရှု ကလည်း၊ ဘုရားသခင် ကျေးဇူး တော်ကိုငင်း ၊ ငါ သောက် ဘို့ရေပေး ပါဟုဆို သောသူ ကား အဘယ်သူ ဖြစ် သည်ကိုငင်း သင်သည်သိ လျှင် ထို သူကိုတောင်း လိမ့်မည်။ ထိုသူသည်လည်း အသက် ရေ ကို ပေး လိမ့်မည် ဟုပြန် ၍ မိန့် တော်မူသော်၊ ၁၁ မိန်းမ က၊ သခင် ၌ရေ ခပ်စရာမ ရှိ ရေတွင်း လည်း နက် သည် ဖြစ်၍၊ အသက် ရေ ကို အဘယ်သို့ ရ ပါ မည်နည်း။ ၁၂ ဤရေတွင်း ကို ငါ တို့အဘ ယာကုပ် သည် ငါ တို့အား ပေး ၏။ သူ့ ကိုယ်တိုင်မှစ၍ ၊ သားသမီး ၊ တိရိစ္ဆာန် များတို့သည် ဤ တွင်းရေကိုသောက် ကြပြီ။ သခင်သည် ထိုသူထက်ကြီးမြတ် သလောဟုဆို ၏။ ၁၃ ယေရှု ကလည်း ၊ ဤ ရေ ကိုသောက် သောသူ သည် နောက် တဖန်ရေငတ် ဦးမည်။ ၁၄ ငါ ပေး သောရေ ကိုသောက် သောသူ မူကား ၊ ရေငတ် ခြင်းနှင့်အစဉ်မပြတ် ကင်းလွတ် လိမ့်မည်။ ငါပေး သော ရေ သည် ထိုသူ ၌ထာဝရ အသက် ရှင်ခြင်းအလိုဌာ ထွက် သော စမ်း ရေ ဖြစ် လိမ့်မည် ဟု မိန့် တော်မူ၏။ **(aiōn g165, aiōnios g166)** ၁၅ မိန်းမ ကလည်း၊ သခင် ၊ ကျွန်ုပ် သည်ရေငတ် ခြင်းနှင့်ငင်း ၊ သည် ကိုလာ ၍ရေ ခပ်ခြင်းနှင့်ငင်း ကင်းလွတ် မည်အကြောင်း ထို ရေ ကိုပေး ပါဟု တောင်း လျှင်၊ ၁၆ ယေရှုက၊ သွား လော့။ သင် ၏လင် ကိုခေါ် ၍ သည် ကိုလာ ဦးလော့ ဟု မိန့် တော်မူ၏။ ၁၇ မိန်းမ ကလည်း။ အကျွန်ုပ်၌လင် မ ရှိ ဟုဆို လျှင်၊ ယေရှု က၊ လင် မ ရှိ ဟူသော စကား သည်မှန် ၏။ ၁၈ အကြောင်းမူကား ၊ သင်၌လင် ငါး ယောက်ရှိ ဘူးပြီ။ ယခု သင်နှင့်နေ သောသူ သည်သင် ၏လင် မ ဟုတ် ။ ဤ အရာ၌ သင်သည်မှန် သောစကားကိုပြော ပြီ ဟု မိန့် တော်မူ၏။ ၁၉ ထိုမိန်းမ ကလည်း၊ သခင် ၊ ကိုယ်တော် သည် ပရောဖက် ဖြစ် သည်ကို အကျွန်ုပ်ရိပ်မိ ပါ၏။ ၂၀ အကျွန်ုပ် တို့ဘိုးဘေး များသည် ဤ တောင် ပေါ် ၌ ကိုးကွယ် လေ့ရှိကြ၏။ ယေရှုရှလင် မြို့၌ သာ ကိုးကွယ် ရ မည်ဟု သင် တို့သည်ဆို တတ်ကြ၏ဟု လျှောက် လျှင်၊ ၂၁ ယေရှု က၊ အချင်းမိန်းမ ၊ ငါ့ စကားကိုယုံ လော့။ ဤ တောင် သို့ မ လာ၊ ယေရှုရှလင် မြို့သို့ မ သွားဘဲ ခမည်းတော် ကိုကိုးကွယ် ရမည် အချိန် ကာလရောက် ဆဲရှိ၏။ ၂၂ သင် တို့သည်ကိုယ်မ သိ သောအရာ ကို ကိုးကွယ် ကြ၏။ ငါ တို့သည်ကိုယ်သိ သောအရာ ကို ကိုးကွယ် ကြ ၏။ အကြောင်းမူကား ၊ ယုဒ လူတို့ ၌ ကယ်တင် ခြင်းအကြောင်းရှိ ၏။ ၂၃ ကိုးကွယ် သောသူမှန် သမျှတို့သည် ခမည်းတော် ကို နံ ဝိညာဉ်နှင့် ၎င်း၊ သစ္စာ တရားနှင့် ၎င်း၊ ကိုးကွယ် ရမည့်အချိန် ကာလသည်လာ ၍ ယခုပင် ရောက်လျက်ရှိ ၏။ အကြောင်းမူကား ၊ ထိုသို့ ကိုးကွယ် သောသူ တို့ကို ခမည်းတော် သည် အလိုရှိ တော်မူ၏။ ၂၄ ဘုရားသခင် သည် နံဝိညာဉ် ဖြစ်တော်မူ၏။ ဘုရားသခင် ကို ကိုးကွယ် သောသူ တို့သည်၊ နံဝိညာဉ် နှင့် ၎င်း ၊ သစ္စာ နှင့်၎င်း ကိုးကွယ် ရမည် ဟု မိန့် တော်မူ၏။ ၂၅ မိန်းမ ကလည်း၊ မေရှိ ကြွလာ တော်မူသည်ဟု အကျွန်ုပ်သိ ပါ၏။ ရောက် တော်မူသောအခါ အကျွန်ုပ် တို့ အား အလုံးစုံ တို့ကိုဖော်ပြ တော်မူမည်ဟု လျှောက် ပြန်၏။ မေရှိအနက် ကား၊ ခရစ်တော် ဟု ဆိုလိုသတည်း။ ၂၆ ယေရှု ကလည်း၊ သင် နှင့်စကားပြော သော ငါ သည် မေရှိပင်ဖြစ် သည် ဟု မိန့် တော်မူ၏။ ၂၇ ထိုအခါ တပည့် တော်တို့သည် ရောက်လာ ၍ ၊ ထို မိန်းမ နှင့် စကား ပြောတော်မူသည်ကို အံ့ဩ ခြင်းရှိကြ၏၊ သို့သော်လည်း ၊ အဘယ် အလို တော်ရှိသနည်း၊ ထိုမိန်းမ နှင့် အဘယ်ကြောင့် စကား ပြောတော်မူသနည်းဟု အဘယ်သူ မျှမလျှောက် ကြ။ ၂၈ ထို မိန်းမ သည်လည်းရေ

အိုးကိုထား ခဲ့၍ မြို့ ထဲသို့ သွား ပြီးလျှင်၊ ၂၉ အကျွန်ုပ်ပြု ဘုးသမျှ သော အမှုအရာတို့ကို ထုတ်ဘော်သောသူ ကိုလာ
၍ကြည့် ကြပါ။ ထိုသူ သည် ခရစ်တော် မှန် လိမ့်မည်လောဟု လူ များတို့အား ပြောဆို သော်၊ ၃၀ သူတို့သည် မြို့ ထဲမှ
ထွက် ၍ အထံ တော်သို့ သွား ကြ၏။ ၃၁ မရောက်မီတွင်တပည့် တော်တို့က၊ အရှင် ဘုရား၊ အစာကိုသုံးဆောင်
တော်မူပါဟုတောင်းပန် ကြလျှင်၊ ၃၂ သင် တို့မ သိ သောစားစရာ သည်ငါ့ ၌ရှိ သည် ဟု မိန့် တော်မူ၏။ ၃၃ ထိုကြောင့်
တပည့် တော်တို့က၊ တစ်စုံတစ်ယောက်သောသူသည် စားစရာကို ပို ပြီလော ဟု အချင်းချင်း မေးမြန်း ကြလျှင်၊ ၃၄
ယေရှု က၊ ငါ့ ကိုစေလွှတ် တော်မူသောသူ ၏ အလို တော်ကိုဆောင် ခြင်း၊ သူ ၏အမှု တော်ကို ပြီးစီး ခြင်းအမှုသည် ငါ့
စားစရာ ဖြစ် ၏။ ၃၅ ယခု မှစ၍လေး လလွန်လျှင်၊ စပါး ရိတ်ရာကာလဖြစ် လိမ့်မည်ဟု သင် တို့ဆို တတ်သည်မ
ဟုတ်လော။ ငါဆို သည်ကား၊ စပါး ရိတ်ခြင်း အလိုငှာ လယ်ပြင် တို့သည် ယခုပင် ဝင်းဝင်း ရှိ သည်ကို မျှော် ၍ ကြည့်
ကြလော့။ ၃၆ စပါးရိတ် သောသူ သည် အခ ကိုခံရ ၍ ထာဝရ အသက် ရှင်ခြင်းအလိုငှာ အသီးအနှံ ကိုစုသိမ်း ၏။
သို့ ဖြစ်လျှင် ပျိုးကြဲ သောသူ နှင့် စပါးရိတ် သောသူ တို့သည် အတူ ဝမ်းမြောက် ကြလိမ့်မည်။ (aiōnios g166) ၃၇ တစ်ဦး
ကား ပျိုးကြဲ ၏။ တစ်ဦး ကားစပါးရိတ် ၏ဟူသော စကား သည် ဤ အရာ၌ အမှန် ကျသတည်း။ ၃၈ သင် တို့သည်
လယ်မ လုပ် သောအရပ်၌ စပါးရိတ် စေခြင်းငှာသင် တို့ကိုငါ စေလွှတ် ၏။ အခြား သော သူတို့သည် လယ်လုပ် ကြ၍ ၊
သင် တို့သည် ထိုသူ တို့၏ အလုပ် ထဲသို့ ဝင် ရကြ၏ ဟု မိန့် တော်မူ၏။ ၃၉ ရှမာရိမိန်းမ က၊ အကျွန်ုပ်ပြု ဘုးသမျှ သော
အမှုအရာတို့ကို သူသည်ထုတ်ဖော် ပြီဟု သက်သေခံ သော စကား ကြောင့် ၊ ထို မြို့ ၌နေသော ရှမာရိ လူအများ
တို့သည် ယေရှု ကိုယုံကြည် ကြ၏။ ၄၀ ထိုကြောင့် ၊ ရှမာရိ လူတို့သည် အထံ တော်သို့ရောက် လျှင် ၊ မိမိ တို့အရပ်၌
နေ တော်မူမည်ကြောင်း တောင်းပန် ၏။ ထို အရပ်၌ နှစ် ရက် နေ တော်မူ၏။ ၄၁ အခြားသောသူအများ တို့သည်
နှုတ်ကပတ် စကားတော်ကြောင့် ယုံကြည် ၍၊ ၄၂ ထို မိန်းမ အား၊ ယခုဖြစ်လျှင် ငါတို့သည် သင် ၏စကား ကြောင့်
သာ ယုံကြည် သည်မ ဟုတ်။ စကားတော် ကို ကိုယ်တိုင် ကြားနာ ရ၍၊ ဤသူ သည်လောကီသား တို့ကို ကယ်တင်
တော်မူသောသခင်တည်းဟူသောခရစ်တော်အမှန်စင်စစ် ဖြစ် တော်မူကြောင်း ကို သိ သည်ဟု ဆို ကြ၏။ ၄၃ နှစ် ရက်
လွန် ပြီးလျှင် ၊ ထို အရပ်မှထွက် ၍ နာဇရက်မြို့ကို ရှောင်လျက်၊ ဂါလိလဲ ပြည်သို့ ကြွတော်မူ၏။ ၄၄ အကြောင်းမူကား ၊
ပရောဖက် သည် မိမိ နေရင်းပြည် ၌ အသရေ မ ရှိ ဟု ယေရှု သည် ကိုယ်တိုင် သက်သေခံ တော်မူ၏။ ၄၅ ဂါလိလဲ
ပြည်သို့ ရောက် တော်မူသောအခါ ၊ ဂါလိလဲ လူတို့သည် ကိုယ်တော် ကိုလက်ခံ ကြ၏။ အကြောင်းမူကား ၊ ထိုသူ
တို့သည် ယေရုရှလင် မြို့၌ ခံသောပွဲ သို့ သွား တတ်သဖြင့် ၊ ထိုပွဲ အတွင်း တွင် ပြု တော်မူသမျှ တို့ကို မြင် ခဲ့ကြ၏။
၄၆ ရေ ကိုစပျစ်ရည် ဖြစ် စေသောအရပ် ၊ ဂါလိလဲ ပြည်ကာန မြို့သို့ တစ်ဖန် ကြွ တော်မူ၏။ ကပေရနောင် မြို့၌
အမတ် တစ် ယောက်၏သား သည် အနာ ရောဂါစွဲလျက်ရှိ ၏။ ၄၇ ယေရှု သည်ယုဒ ပြည်မှ ဂါလိလဲ ပြည်သို့ ရောက်
တော်မူသည်ကို ထို အမတ်သည်ကြား လျှင်၊ အထံ တော်သို့ သွား ၍ သေ ခါနီး ဖြစ်သော မိမိ သား ဆီသို့ကြွ ၍ အနာ
ရောဂါကို ငြိမ်းစေတော်မူမည်အကြောင်း တောင်းပန် လေ၏။ ၄၈ ယေရှု ကလည်း၊ သင်တို့သည်နိမိတ် လက္ခဏာနှင့်

အံ့ဖွယ် သောအမှုတို့ကို မ မြင် ရလျှင် ယုံ ခြင်းမ ရှိကြဟု မိန့် တော်မူသော်၊ ၄၉ သခင် ၊ အကျွန်ုပ် သား မ သေ မှီကြွ တော်မူပါဟုအမတ် လျှောက်ပြန်၏။ ၅၀ ယေရှု ကလည်း၊ သွား လော့။ သင် ၏သား သည် အသက် ချမ်းသာရပြီ ဟု မိန့် တော်မူ၏။ ထို အမတ် သည် ယေရှု မိန့် တော်မူသော စကား ကို ယုံ ၍သွား လေ၏။ ၅၁ လမ်း၌သွား စဉ်တွင် မိမိ ငယ်သား တို့သည် ခရီးဦးကြို လာ၍၊ ကိုယ်တော် ၏သား တော်သည် အသက် ချမ်းသာရပါပြီဟုကြားလျှောက် ကြ၏။ ၅၂ အဘယ် အချိန် ၌ သက်သာ ခြင်းသို့ ရောက် သနည်းဟုမေး လျှင်၊ မနေ့ ခုနစ် နာရီ အချိန်၌ ဖျားနာ ပျောက် ပါသည်ဟု လျှောက် ကြ၏။ ၅၃ ထိုအချိန်ကား၊ သင် ၏သား သည် အသက် ချမ်းသာရပြီ ဟု ယေရှု မိန့် တော်မူသောအချိန် ဖြစ် သည်ကို အဘ သိ ၍၊ ကိုယ်တိုင် မှစသော မိမိ ၏အိမ်သူ အိမ်သားအပေါင်း တို့သည် ယုံကြည် ခြင်းသို့ ရောက်ကြ၏။ ၅၄ ဤ နိမိတ်လက္ခဏာတော်ကား၊ ယေရှု သည် ယုဒ ပြည်မှဂါလိလဲ ပြည်သို့ကြွ သည်နောက် ၊ ပြ တော်မူသော ဒုတိယ နိမိတ် လက္ခဏာဖြစ်သတည်း။

၅ ထို နောက်မှ ယုဒ ပွဲ ခံစဉ်တွင်၊ ယေရှု သည် ယေရုရှလင် မြို့သို့ ကြွ တော်မူ၏။ ၂ ယေရုရှလင် မြို့၌ သိုး တံခါးနားမှာ ဟေဗြဲ ဘာသာစကားအားဖြင့်ဗေသေသဒ အမည် ရှိသော ရေကန် ရှိ၏။ ထိုရေကန်သည် ကနားပြင် ငါး ဆောင်နှင့် ပြည့်စုံ ၏။ ၃ ထိုကနားပြင်တို့ ၌ မျက်စိ ကန်း၊ ခြေမစွမ်း ၊ ကိုယ်ပိန်ခြောက် သောသူတို့မှစ၍အနာ ရောဂါစွဲသောသူ များအပေါင်း တို့သည် ရေလှုပ်ရှားခြင်းကို မြော်လင့်၍ နေကြ၏။ ၄ အကြောင်းမူကား၊ အချိန်တန်လျှင်ကောင်းကင်တမန်သည် ရေကန်သို့ဆင်းသက်၍ ရေကို လှုပ်ရှားတတ်၏။ ထိုသို့ရေလှုပ်ရှားသည်နောက်၊ ရှေးဦးစွာဝင်သောသူသည် မိမိ၌စွဲသမျှသောအနာရောဂါနှင့် ကင်းလွတ်ခြင်းသို့ ရောက်တတ်၏။ ၅ ထိုအခါ သုံးဆယ် ရှစ် နှစ် ပတ်လုံးရောဂါ စွဲသောသူ တစ် ယောက်သည် ရေကန်နားမှာရှိ၏။ ၆ ထိုသူ သည် တုံးလုံး နေသည်ကို ယေရှု မြင် တော်မူ၍ ကြာ လှပြီ ဟုသိ တော်မူလျှင်၊ သင်သည် ကျမ်းမာ ခြင်းသို့ ရောက်လို သလော ဟု မေး တော်မူ၏။ ၇ နာ သောသူ ကလည်း၊ သခင် ၊ ရေ လှုပ်ရှား သောအခါ ရေကန် ထဲသို့ အကျွန်ုပ် ကို သွင်း ထားမည့်သူမ ရှိ ပါ။ အကျွန်ုပ် သွား စဉ် တွင် အခြား သောသူ သည် အကျွန်ုပ် ရှေ့ မှာ ဝင် တတ်ပါသည်ဟု လျှောက် ၏။ ၈ ယေရှု ကလည်း ထ လော့။ ကိုယ် အိပ်ရာ ကိုဆောင် ၍ လှမ်းသွားလော့ ဟု မိန့်တော်မူသည်၊ ၉ ခဏခြင်း တွင်ထိုသူ သည် ပကတိ အဖြစ်သို့ရောက် ၍ ၊ မိမိ အိပ်ရာ ကိုဆောင် လျက် လှမ်းသွား ၏။ ၁၀ ထို နေ့ သည် ဥပုသ်နေ့ ဖြစ် ၏။ ထိုကြောင့် ယုဒ လူတို့က၊ ဥပုသ်နေ့ ဖြစ် ၏။ အိပ်ရာ ကို မ ဆောင် အပ်ဟု ရောဂါ ကင်းသော သူ အားဆို ကြ၏။ ၁၁ သူ ကလည်း၊ အကျွန်ုပ် ကို ကျန်းမာ စေ သောသူ က၊ ကိုယ် အိပ်ရာ ကိုဆောင် ၍ လှမ်းသွားလော့ ဆို သည် ဟု ပြန်ပြော ၏။ ၁၂ ယုဒလူတို့ကလည်း၊ ကိုယ်အိပ်ရာကိုဆောင် ၍ လှမ်းသွား လော့ဟု သင့် အားဆို သောသူ ကားအဘယ်သူ နည်းဟု မေးမြန်း ကြ၏။ ၁၃ ထိုသူကား၊ အဘယ်သူ ဖြစ် သည်ကို ရောဂါ ကင်းသောသူ သည်မ သိ ။ အကြောင်းမူကား ၊ ထိုအရပ် ၌ လူစုဝေး လျက်ရှိ သည်ဖြစ်၍၊ ယေရှု သည် မထင်မရှား ထွက်ကြွတော်မူ၏။ ၁၄ ထိုနောက်မှ ယေရှု သည်ဗိမာန် တော်၌ ထိုသူ ကို တွေ့ တော်မူလျှင် သင်သည် ကျန်းမာ ခြင်းရှိ၏။ သာ၍ဆိုး သောဘေးနှင့် ကင်းလွတ်မည်အကြောင်း နောက်တစ်ဖန်ဒုစရိုက်

ကို မ ပြုနှင့် ဟု မိန့် တော်မူ၏။ ၁၅ ထိုသူ သည်သွား ၍ မိမိ ကိုကျန်းမာ စေသောသူ သည် ယေရှု ဖြစ် သည်ကို ယုဒ လူတို့အား ကြားပြော လေ၏။ ၁၆ ထိုအမှု ကိုဥပုသ်နေ့ ၌ ပြု တော်မူသောကြောင့် ၊ ယုဒ လူတို့သည် ယေရှု ကိုညှဉ်းဆဲ ကြ၏။ ၁၇ ယေရှု ကလည်း ၊ ငါ့ ခမည်းတော် သည် ယခု တိုင်အောင် အလုပ်လုပ် တော်မူသည်ဖြစ်၍၊ ငါ သည်လည်း လုပ် ၏ ဟု ပြန်ပြောတော်မူ ၏။ ၁၈ သို့ ဖြစ်၍ ဥပုသ်နေ့ ကို ဖျက် သည်သာမက ၊ ဘုရားသခင် ကို မိမိ အဘ ဟုခေါ် ၍ မိမိကိုဘုရားသခင် နှင့် ပြိုင် နှိုင်းတော်မူသောကြောင့် ၊ ယုဒ လူတို့သည် ကိုယ်တော် ကို သတ် ခြင်းငှာသာ၍ ရှာကြံ ကြ၏။ ၁၉ ယေရှု ကလည်း ၊ သင် တို့အား ငါအမှန်အကန် ဆို သည်ကား၊ ခမည်းတော် ပြု တော်မူသောအမှုကို သား တော်သည် မြင်၍သာပြု ၏။ မိမိ အလိုအလျောက်အဘယ် အမှုကိုမျှမပြုနိုင် ၊ ခမည်းတော် ပြု တော်မူသမျှ အတိုင်း သား တော်လည်းပြု ၏။ ၂၀ ခမည်းတော် သည်သား တော်ကိုချစ် တော်မူ၍ ပြု တော်မူသမျှ တို့ကို သား တော်အားပြ တော်မူ၏။ သင် တို့သည် အံ့သြဖွယ် ရှိစေခြင်းငှာ ဤမျှမကသာ၍ကြီးစွာ သောအမှုအရာ တို့ကို သား တော်အားပြ တော်မူလိမ့်မည်။ ၂၁ မည်းတော် သည် သေ လွန်သောသူ တို့ကို ထမြောက် ရှင်ပြန် စေတော်မူသကဲ့သို့ ၊ ထိုနည်းတူ သား တော်သည်လည်း အလို ရှိသမျှသောသူ တို့ကို ရှင် စေ၏။ ၂၂ လူအပေါင်း တို့သည် ခမည်းတော် ကို ရိုသေ သည်နည်းတူ ၊ ၂၃ သား တော်ကို ရိုသေ စေမည်အကြောင်း ၊ ခမည်းတော် သည် အဘယ်သူ ကိုမျှ မတရားစီရင် တော်မမူ။ တရား စီရင်ခြင်းအခွင့်ရှိသမျှ ကို သား တော်အား အပ်ပေး တော်မူ၏။ သား တော်ကို မ ရိုသေ သောသူ သည်ကား၊ သား တော်ကိုစေလွှတ် တော်မူသောခမည်းတော် ကို မ ရိုသေ သောသူဖြစ်၏။ ၂၄ ငါအမှန်အကန် ဆို သည်ကား၊ ငါ့ စကား ကို နားထောင် ၍ ငါ့ ကိုစေလွှတ် တော်မူသောသူ ကိုယုံကြည် သောသူ သည် ထာဝရ အသက် ကို ရ သည်ဖြစ်၍ အပြစ် စီရင်ခြင်းကိုမ ခံရ ။ သေ ခြင်းမှ အသက် ရှင်ခြင်းသို့ ကူးမြောက် သောသူဖြစ်၏။ **(aiōnios g166)** ၂၅ ငါ အမှန်အကန် ဆိုသည်ကား ၊ သေ လွန်သောသူ တို့သည် ဘုရားသခင် သား တော်၏ စကား သံကိုကြား ၍ ၊ ကြား သောအားဖြင့်အသက် ရှင်ရမည့်အချိန် ကာလသည် လာ၍ယခုပင် ရောက် လျက်ရှိ၏။ ၂၆ အကြောင်းမူကား ၊ ခမည်းတော် သည် ကိုယ် ၌ အသက် ရှိ တော်မူသည်နည်းတူ ၊ သား တော်သည်မိမိ ၌ အသက် ရှိ ရသောအခွင့်ကို ပေး တော်မူ၏။ ၂၇ သားတော်သည် လူ သား ဖြစ် သောကြောင့် တရားစီရင်ခြင်း အခွင့် ကိုလည်း အပ်ပေး တော်မူ၏။ ၂၈ ဤ အမှုအရာကို အံ့သြ ခြင်းမ ရှိကြနှင့်။ သချိုင်း များမှာရှိသောသူ အပေါင်း တို့သည် သား တော်၏ စကား သံကိုကြား ၍ ၊ ၂၉ ထွက်ရမည့်အချိန် ကာလရောက် လတံ့။ ကောင်း သောအကျင့်ကို ကျင့် သောသူ တို့သည် အသက် ရှင်ရာ ထမြောက် ခြင်းသို့ ၎င်း ၊ ဆိုးယုတ် သောအကျင့်ကို ကျင့် သောသူ တို့သည် အပြစ် စီရင်ရာထမြောက် ခြင်းသို့ ၎င်း ထွက် ရကြလတံ့။ ၃၀ ငါ သည်ကိုယ် အလိုအလျောက် အဘယ် အမှုကိုမျှမ ပြု နိုင် ။ ငါသည် ကြား သည်အတိုင်း တရား စီရင်၏၊ ငါ စီရင် ခြင်းသည်လည်း တရားတော် နှင့်ညီညွတ်၏။ အကြောင်းမူကား ၊ ငါ သည် ကိုယ်အလို သို့မ လိုက် ၊ ငါ့ ကို စေလွှတ် တော်မူသောခမည်းတော် ၏အလို သို့လိုက်၏။ ၃၁ ငါ သည် ကိုယ် အကြောင်း ကို သက်သေခံ လျှင် ငါ့ သက်သေ မ တည် ။ ၃၂ ငါ ၏အကြောင်း ကိုသက်သေခံ သော သူတစ်ပါး ရှိ သေး၏။ ထို သူ၏သက်သေ

တည် ကြောင်းကို ငါသိ ၏။ ၃၃ သင် တို့သည် ယောဟန် ထံသို့ စေလွှတ် ကြ၏။ သူသည် သမ္မာတရား ဘက်၌ သက်သေခံ ၏။ ၃၄ သို့သော်လည်း လူ ပေးသောသက်သေ ကိုငါ သည်ပမာဏ မ ပြု။ သင် တို့သည် ကယ်တင် ခြင်းသို့ ရောက်မည်အကြောင်း ဤ စကားကို ငါပြော ၏။ ၃၅ ယောဟန်သည်ဉာဏ် ထွန်း၍ လင်း သောဆီမီး ဖြစ် ၏။ သင် တို့သည် သူ၏ အလင်း ၌ ခဏ သာမွေ့လျော် ခြင်းဉာအလိုရှိ ကြ၏။ ၃၆ ယောဟန် ၏သက်သေထက်သာ၍ ကြီးသောသက်သေ သည် ငါ ၌ရှိ ၏။ အကြင်အမှု တို့ကို ငါပြီးစီး စေခြင်းဉာ ခမည်းတော် သည် ငါ့ လက်သို့ အပ်ပေး တော်မူ၍၊ ငါပြု သော ထို အမှု တို့သည်လည်း ငါ့ဘက်၌နေ၍၊ ခမည်းတော် သည် ငါ့ ကိုစေလွှတ် တော်မူသည်အကြောင်း ကို သက်သေခံ ကြ၏။ ၃၇ ခမည်းတော် သည်လည်း ငါ့ ဘက်၌ သက်သေခံ တော်မူ၏။ ခမည်းတော် ၏စကား သံတော်ကို သင်တို့သည် မ ကြား ၊ သဏ္ဌာန် တော်ကိုမ မြင် ၊ ၃၈ နှုတ်ကပတ် တော်သည်လည်း သင် တို့ ၌ မ တည် ။ အကြောင်းမူကား ၊ စေလွှတ် တော်မူသောသူ ကိုသင် တို့ သည် မ ယုံကြည် ဘဲနေကြ၏။ ၃၉ ကျမ်းစာအားဖြင့် ထာဝရ အသက် ကိုရ မည်ဟု စိတ်ထင် နှင့် သင်တို့သည် ကျမ်းစာ ကိုစေ့စေ့ ကြည့်ရှုကြ၏။ ထို ကျမ်းစာပင်ငါ ၏သက်သေ ဖြစ် ၏။ **(aiōnios g166)** ၄၀ သင်တို့သည် အသက် ကိုရ အောင် ငါ့ ထံသို့ လာ ခြင်းဉာအလို မ ရှိကြ၊ ၄၁ လူ ပေးသောဘုန်း အသရေကို ငါမခံ ။ ၄၂ သို့သော်လည်း ဘုရားသခင် ကို ချစ် ခြင်းမေတ္တာသည် သင်တို့ ၌ မ ရှိ သည်ကို ငါသိ ၏။ ၄၃ ငါ သည်ခမည်းတော် ၏အခွင့် နှင့် ရောက်လာ သော်လည်းသင်တို့သည်ငါ့ ကို လက် မ ခံကြ။ အခြား သောသူသည် မိမိ အခွင့် နှင့် ရောက်လာ လျှင် ထိုသူ ကို လက်ခံ ကြလိမ့်မည်။ ၄၄ အချင်းချင်း ပေးသော ဘုန်း အသရေကိုသာခံ ၍ ၊ ဘုရားသခင် သာလျှင် ပေးတော်မူတတ်သော ဘုန်း အသရေကို အလို မရှိသောသင် တို့သည် အဘယ်သို့ ယုံကြည် နိုင် မည်နည်း။ ၄၅ ခမည်းတော် ရှေ့၌ ငါ သည် သင် တို့ကိုအပြစ်တင် မည်ဟု မ ထင် ကြနှင့်။ သင် တို့ကို အပြစ်တင် သောသူတစ်ပါးရှိ သေး၏။ ထိုသူ ကား သင် တို့ကိုးစား သော မောရှေ ပေတည်း။ ၄၆ သင်တို့သည် မောရှေ ၏စကားကို ယုံ လျှင် ငါ့ စကားကို မယုံ ဘဲမနေနိုင်ကြ။ အကြောင်းမူကား ၊ မောရှေ သည် ငါ့ အကြောင်းကို ရေး ထား၏။ ၄၇ သူ ရေးထားသောစာ ကို သင် တို့သည်မ ယုံလျှင် ၊ ငါ စကား ကို အဘယ်သို့ ယုံ နိုင်မည်နည်း ဟု ယုဒလူတို့ အား မိန့်တော်မူ၏။

၆ ထို နောက်မှ ယေရှု သည် တိဗေရိ အိုင် တည်းဟူသောဂါလိလဲ အိုင်ကို ကူး တော်မူ၏။ ၂ အနာ ရောဂါစွဲသောသူ တို့ ၌ ပြ တော်မူသောနိမိတ် လက္ခဏာတို့ကို လူ အစုအဝေးအပေါင်း တို့သည် မြင် ကြသဖြင့် နောက်တော်သို့ လိုက် ကြ၏။ ၃ ယေရှု သည်တောင် ပေါ် သို့ တက်ကြွ ၍ တပည့် တော်တို့နှင့်အတူ ထိုင် တော်မူ၏။ ၄ ထိုအခါ ယုဒ လူတို့၏ပသခါ ပွဲ ခံချိန် ရောက်လုနီး သတည်း ။ ၅ ယေရှု သည် မျှော်ကြည့် ၍ လူ အစုအဝေးအပေါင်း တို့သည် အထံ တော်သို့ လာ ကြသည်ကို မြင် တော်မူလျှင် ဖိလိပ္ပု အား ၊ ဤသူ တို့စားစရာ မုန့် ကို အဘယ်မှာ ဝယ် မည်နည်း ဟုမေး တော်မူ၏။ ၆ ထိုသို့ မေးတော်မူသော်၊ မိမိ အဘယ်သို့ ပြု မည်ကိုသိ တော်မူလျက်ပင်ဖိလိပ္ပု ကိုစုံစမ်း ခြင်းဉာသာ မေး တော်မူ၏။ ၇ ဖိလိပ္ပု ကလည်း၊ ဤသူတို့သည် မုန့်တ ဖဲ့စီစေ့ အောင် ဒေနာရိ အပြားနှစ်ရာ အဘိုးထိုက်သောမုန့် မ လောက် ပါဟုလျှောက် ၏။ ၈ ရှိမုန် ပေတရု ၏ညီ အန္ဒြေ အမည်ရှိသော တပည့် တော်က၊ ၉

မုယော မုန့် ငါး လုံးနှင့် ငါး ကလေးနှစ် ကောင်ပါ သော သူငယ် တစ်ယောက်ရှိ ပါ၏။ သို့သော်လည်း ဤမျှလောက် များစွာသောသူတို့သည်ရှိကြသည်ဖြစ်၍၊ ထိုမုန့်နှင့် ငါးနှစ်ကောင်တို့ကို အဘယ် ပြောစရာ ရှိ ပါသနည်း ဟုလျှောက်၏။ ၁၀ ယေရှု ကလည်း၊ လူ များတို့ကိုလျောင်း ကြစေ ဟု မိန့် တော်မူ၏။ ထိုအရပ် ၌ မြက်ပင် ထူပြော လျက်ရှိ သည် ဖြစ်၍၊ အရေအတွက် အားဖြင့်ငါးထောင် မျှလောက် သော လူ တို့သည် လျောင်း ကြ၏။ ၁၁ ယေရှု သည်မုန့် ကိုယူ ၍ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှ တပည့်တော်တို့အား ဝေ့ တော်မူ၍၊ တပည့် တော်တို့သည် လျောင်း သောသူ တို့အားဝေ့ပြန်၏။ ထိုနည်းတူ ငါး နှစ်ကောင်ကိုလူများလိုချင် သမျှ ဝေ့ကြ၏။ ၁၂ ထိုသူ တို့သည်ဝ ကြပြီးမှကိုယ်တော်က၊ ဘာ မျှ မ ပျောက် စေခြင်းဘ့ကြွင်းကျန် သောအကျိုးအပဲ့ တို့ကို ကောက်သိမ်း ကြလော့ ဟု တပည့် တော်တို့အား မိန့် တော်မူသည်ဖြစ်၍၊ ၁၃ စား သောသူ တို့ ၌ ကျန်ကြွင်း သော မုယော မုန့် ငါး လုံး၏ အကျိုးအပဲ့ တို့ကို ကောက်သိမ်း ၍ တစ်ဆယ့်နှစ် တောင်း အပြည့် ရကြ၏။ ၁၄ ထိုသို့ယေရှုပြ တော်မူသောနိမိတ် လက္ခဏာကို ထိုလူများတို့သည်မြင် လျှင်၊ ဤသူ ကား ဤလောက သို့ ကြွလာ ရသော ပရောဖက် အမှန် ဖြစ် သည်ဟု ဆို ကြ၏။ ၁၅ ထိုသူတို့သည် ကိုယ်တော် ကို ရှင်ဘုရင် အရာ၌ ချီးမွှောက် ခြင်းဘ့ လာ ၍ အနိုင် အထက်ပြုကြမည် အကြောင်း ကို ယေရှု သည်သိ တော်မူလျှင်၊ တောင် ပေါ် သို့ တစ်ယောက်တည်း ကြွ တော်မူပြန် ၏။ ၁၆ ည အချိန်ရောက် သောအခါ တပည့် တော်တို့သည် အိုင် သို့ သွား ၍ လှေ ထဲသို့ ဝင်ရောက် ပြီးလျှင် ၊ ကပေရနောင် မြို့သို့ ရောက်အံ့သောဘ့အိုင် ကိုကူး ကြ၏။ ၁၇ ထိုအခါ မှောင်မိုက် ဖြစ်၍ယေရှု သည် သူ တို့ ရှိရာသို့မ ရောက် သေး။ ၁၈ လေ ပြင်း မုန်တိုင်းလာ ၍ လှိုင်းတံပိုးထ လေ၏။ ၁၉ ခရီးတစ်တိုင် ခွဲနှစ်တိုင်လောက် တက်ခတ် ၍ရောက်သောအခါ၊ ယေရှု အိုင် ပေါ်မှာ စက်တော်ဖြန့် ၍ လှေ အနီး သို့ချဉ်း တော်မူသည်ကို သူတို့သည်မြင် ၍ ကြောက်လန့် ခြင်းရှိကြ၏။ ၂၀ ကိုယ်တော် ကလည်း ၊ ငါ ပင်ဖြစ် သည်၊ မ ကြောက်လန့် ကြနှင့် ဟု မိန့် တော်မူလျှင်၊ လှေ ထဲသို့ ကိုယ်တော် တိုင် ဝမ်းမြောက် စွာခံယူ ကြ၏။ ၂၁ လှေ သည်လည်းရောက် လိုသောရပ် သို့ တခဏခြင်း တွင် ဆိုက် လေ၏။ ၂၂ အိုင် တစ်ဘက် ၌နေ သော လူ အစုအဝေးတို့သည်ကား၊ ၂၃ အထက်ကသခင် ဘုရားသည် ကျေးဇူး တော်ကိုချီးမွမ်းပြီးမှလူများသည်မုန့် ကိုစား ကြရာ အရပ် နှင့်အနီး တိဗေရိ မြို့မှ အခြား သောလှေ ငယ်များလာ သော်လည်း ၊ မနေ့၌တပည့်တော်တို့ဝင်သောလှေ မှတစ်ပါး အဘယ်လှေမျှ မရှိ သည် ကိုငင်း ၊ ယေရှု သည်ထို လှေ ထဲသို့ တပည့် တော်တို့နှင့်အတူ ဝင်တော်မ မူဘဲလျက်၊ တပည့် တော်တို့သာ သွား သည် ကိုငင်း၊ မြင် ကြ၍ ၂၄ ထို အရပ်၌ ယေရှု မှစသောတပည့် တော်တို့မ ရှိသည်ကိုသိ ကြသဖြင့်၊ နက်ဖြန် နေ့၌ လှေ စီး ၍ ယေရှု ကို ရှာ ခြင်းဘ့ကပေရနောင် မြို့သို့ သွား ကြ၏။ ၂၅ အိုင် တစ်ဘက် ၌တွေ့ လျှင်၊ အရှင် ဘုရား၊ အဘယ် သောအခါကျ်အရပ် သို့ ကြွလာ တော်မူသနည်းဟု မေးလျှောက် ကြ၏။ ၂၆ ယေရှု ကလည်း ၊ ငါအမှန်အကန် ဆို သည်ကား၊ သင်တို့သည်နိမိတ် လက္ခဏာတို့ကို မြင် သောကြောင့် ငါ့ ကိုရှာ သည်မ ဟုတ်။ ၂၇ မုန့် ကို စား ၍ ဝ သောကြောင့် သာ ရှာကြ၏။ ပျက်စီး တတ်သောအစာ ကိုရခြင်းဘ့မ ကြိုးစား ကြနှင့်။ လူသားသည် သင်တို့အား ပေး၍ ထာဝရ အသက် နှင့်အမျှတည် တတ်သောအစာ ကိုရခြင်းဘ့ကြိုးစားကြလော့။

ထိုသား သည် ခမည်းတော် ဘုရား ၏တံဆိပ် ခတ်ခြင်းကို ခံ သောသူ ဖြစ်သည် ဟု မိန့် တော်မူ၏။ (aiōnios g166) ၂၈ ထိုသူ တို့ကလည်း ဘုရားသခင် ၏ အလိုတော်နှင့်ညီသော အကျင့် ကိုကျင့် ခြင်းငှာ အဘယ်သို့ ပြု ရ ပါမည်နည်းဟု မေးလျှောက် ကြ၏။ ၂၉ ယေရှု ကလည်း ၊ ဘုရားသခင် စေလွှတ် တော်မူသောသူ ကို ယုံကြည် ခြင်းအကျင့် ကား၊ အလိုတော်နှင့် ညီသော အကျင့်တည်း ဟု မိန့် တော်မူ၏။ ၃၀ ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် ကိုယ်မျက်စိနှင့်မြင် ၍ ကိုယ်တော် ကိုယုံကြည် မည်အကြောင်း အဘယ် နိမိတ် လက္ခဏာကို ပြ တော်မူသနည်း။ အဘယ် အမှုကို ပြု တော်မူသနည်း။ ၃၁ ကျမ်းစာ၌လာ သည်ကား၊ ထိုသူ တို့ စားစရာ ဘို့ကောင်းကင် မှ မုန့် ကို ပေး တော်မူသည်ဟု လာသည်နှင့်အညီ၊ ငါ တို့ဘိုးဘေး များသည်တော ၌ မန္နာ ကိုစား ကြသည်ဟု လျှောက် ကြ၏။ ၃၂ ယေရှု ကလည်း၊ ငါအမှန်အကန် ဆို သည်ကား၊ မောရှ သည် ကောင်းကင် မုန့် ကို သင် တို့အား မ ပေး ၊ ခမည်းတော် သည် မှန်သောကောင်းကင် မုန့် ကို သင် တို့အား ပေး တော်မူ၏။ ၃၃ ဘုရားသခင် ၏မုန့် မူကား ၊ ကောင်းကင် မှ ဆင်းသက် ၍ လောကီသား တို့အားအသက် ကို ပေး သောမုန့် ပေတည်း ဟုမိန့်တော်မူလျှင်၊ ၃၄ သခင် ၊ ထို မုန့် ကိုအကျွန်ုပ် တို့အား အစဉ်မပြတ် ပေး တော်မူပါဟု လျှောက် ကြ၏။ ၃၅ ယေရှု ကလည်း၊ ငါ သည်အသက် မုန့် ဖြစ် ၏။ ငါ့ ထံသို့ လာသောသူ သည်နောက်တဖန်အဆာအမွတ် မ ခံရ။ ငါ့ ကို ယုံကြည် သောသူ သည် နောက်တစ်ဖန် ရေငတ် မ ခံရ။ ၃၆ သို့သော်လည်း သင် တို့သည် ငါ့ ကိုမြင် လျက် ပင် မ ယုံကြည် ကြဟု ငါဆို ခဲ့ပြီ။ ၃၇ ခမည်းတော် သည် ငါ့ အား ပေး တော်မူသမျှ သောသူ တို့သည် ငါ ထံသို့ လာ ကြလိမ့်မည်။ ငါ့ ထံသို့ လာ သောသူ ကိုငါသည်အလျင်း မ ပယ် ။ ၃၈ အကြောင်းမူကား ၊ ငါသည် ကိုယ် အလို သို့လိုက် ခြင်းငှာ ကောင်းကင် မှ ဆင်းသက် သည်မ ဟုတ်။ ငါ့ ကို စေလွှတ် တော်မူသောသူ ၏ အလို တော်သို့လိုက်ခြင်းငှာဆင်းသက်၏။ ၃၉ ငါ့ ကိုစေလွှတ် တော်မူသောခမည်းတော် ၏ အလို တော်ကား ၊ ငါ့ အားပေး သောသူ တို့တွင် တစ်စုံတစ်ယောက်ကိုမျှ ငါမ ပျောက် စေရဘဲ၊ နောက်ဆုံး သောနေ့ ၌ ထိုသူ အပေါင်း တို့ကို ထမြောက် စေခြင်းငှာ ၎င်း၊ ၄၀ သား တော်ကို ကြည့် မြင်၍ ယုံကြည် သောသူရှိသမျှ တို့သည် ထာဝရ အသက် ကိုရ စေခြင်းငှာ ၎င်း အလို တော်ရှိ၏။ ငါ သည်လည်း နောက်ဆုံး သောနေ့ ၌ ထိုသူ တို့ကို ထမြောက် စေမည် ဟု မိန့် တော်မူ၏။ (aiōnios g166) ၄၁ ငါ သည်ကောင်းကင် မှ ဆင်းသက် သောမုန့် ဖြစ် ၏ဟု မိန့် တော်မူသည် ကို ယုဒလူတို့က၊ ၄၂ ဤသူ သည် ယောသပ် ၏သား ယေရှု ဖြစ် သည်မ ဟုတ်လော။ သူ ၏မိဘ ကိုငါ တို့သိ သည်မဟုတ်လော။ ငါသည် ကောင်းကင် မှ ဆင်းသက် ၏ဟု သူသည်အဘယ်သို့ ဆို ရသနည်းဟု ကဲ့ရဲ့ ပြစ်တင်လျက် ဆို ကြ၏။ ၄၃ ယေရှု ကလည်း ၊ ငါ့ကိုအချင်းချင်း ကဲ့ရဲ့ ၍ အပြစ်မ တင်ကြနှင့်။ ၄၄ ငါ့ ကို စေလွှတ် တော်မူသောခမည်းတော် သည် သွေးဆောင် တော်မ မူလျှင် ၊ အဘယ်သူ မျှ ငါ့ ထံသို့ မလာ နိုင် ။ လာသောသူ ကိုနောက်ဆုံး သောနေ့ ၌ ငါ ထမြောက် စေမည်။ ၄၅ အနာဂတ္တိ ကျမ်းစာ ၌ လာ သည်ကား၊ ထိုသူအပေါင်း တို့သည် ဘုရားသခင် ဆုံးမ သွန်သင်တော်မူသောသူဖြစ် ကြလိမ့်မည်ဟုလာသည်နှင့်အညီ။ ခမည်းတော် ထံ၌ နားထောင် ၍ နည်းခံ သောသူ မှန်သမျှ တို့သည် ငါ့ ထံသို့ လာ ကြ၏။ ၄၆ ထိုသို့ငါဆိုသော၊ ဘုရားသခင့် အထံ တော်က ကြွလာသောသူ မှတစ်ပါး

တစုံတစ်ယောက် သော သူ သည် ခမည်းတော် ကိုမြင် ခဲ့ပြီဟု မ ဆိုလို။ ကြွလာသောသူဟူမူကား၊ ခမည်းတော် ကို မြင်
ခဲ့ပြီ။ ၄၇ ငါအမှန်အကန် ဆို သည်ကား၊ ငါ့ကို ယုံကြည် သောသူ သည်ထာဝရ အသက် ကိုရ ၏။ (aiōnios g166) ၄၈ ငါ
သည်အသက် မုန့် ဖြစ် ၏။ ၄၉ သင်တို့ဘိုးဘေး များသည် တော ၌ မန္နာ ကိုစား လျက် သေ ရကြ၏။ ၅၀ ကောင်းကင် မှ
ဆင်းသက် သောမုန့် ကို စား သောသူ သည်သေ ခြင်းနှင့်ကင်းလွတ် ၏။ ၅၁ ငါ သည်ကောင်းကင် မှ ဆင်းသက်
သောအသက် မုန့် ဖြစ်၏။ ဤ မုန့် ကို စား သောသူ မည်သည်ကား၊ အစဉ်မပြတ် အသက် ရှင်လိမ့်မည်။ ငါ ပေးသောမုန့်
ကား၊ လောကီသား တို့၏ အသက် အဘို့ အလိုငှာ စွန့် သောငါ ၏ အသား ပေတည်း ဟုမိန့် တော်မူ၏။ (aiōn g165) ၅၂
ထိုအခါ ယုဒ လူတို့က၊ ဤသူ သည်မိမိ အသား ကို ငါ တို့စားစရာ ဘို့အဘယ်သို့ ပေး နိုင် သနည်းဟု အချင်းချင်း ငြင်းခုံ
ကြ၏။ ၅၃ ယေရှု ကလည်း၊ ငါအမှန်အကန် ဆို သည်ကား၊ လူသား ၏အသား ကိုမ စား ၊ အသွေး ကိုမသောက် လျှင်
သင် တို့ ၌ အသက် မ ရှိ ။ ၅၄ ငါ ၏အသား ကိုစား၍ ငါ ၏အသွေး ကိုလည်း သောက် သောသူ သည်ထာဝရ အသက်
ကိုရ ၏။ ထိုသူ ကို နောက်ဆုံး သောနေ့ ၌ ငါ ထမြောက် စေမည်။ (aiōnios g166) ၅၅ ငါ ၏အသား သည် စားစရာ ကောင်း
၏။ ငါ ၏ အသွေး လည်းသောက် စရာကောင်း ၏။ ၅၆ ငါ ၏အသား အသွေး ကို သောက် စား သောသူ သည်ငါ ၌
တည် ၏။ ထိုသူ ၌ လည်း ငါ တည်၏။ ၅၇ အသက်ရှင်တော်မူသောခမည်းတော် သည် ငါ့ ကိုစေလွှတ် တော်မူ၍၊ ငါ
သည်ခမည်းတော် အားဖြင့် အသက် ရှင်သည်နည်းတူ ၊ ငါ့ ကိုစား သောသူ သည်ငါ့ အားဖြင့် အသက် ရှင်လိမ့်မည်။ ၅၈
ဤမုန့် ကား၊ ကောင်းကင် မှ ဆင်းသက် သောမုန့် ဖြစ် ၏။ သင်တို့ ဘိုးဘေး များသည် မန္နာကိုစား လျက် သေ ရသကဲ့သို့
မ ဟုတ်။ ဤ မုန့် ကိုစား သောသူ သည် အစဉ်မပြတ် အသက် ရှင်လိမ့်မည် ဟု၊ (aiōn g165) ၅၉ ကပေရနောင် မြို့မှာ
တရားစရပ် ၌ ဩဝါဒ ပေးစဉ်တွင် မိန့် တော်မူ၏။ ၆၀ တပည့် တော်အများ တို့သည် ကြား လျှင်၊ ထို စကား သည်
အလွန် ခက်လှ၏။ အဘယ်သူ နာခံ နိုင် မည်နည်းဟု ဆို ကြ၏။ ၆၁ ထိုသို့တပည့် တော်တို့ ကဲ့ရဲ့ ပြစ်တင်သည်ကို
ယေရှု သည်အလိုအလျောက် သိ တော်မူလျှင် ၊ ဤ တရား စကားကြောင့် သင် တို့သည် စိတ်ပျက် ကြသလော။ ၆၂
လူ သား သည်အရင် နေရာ အရပ်သို့တဖန် ကြွတက် သည်ကိုမြင် ရလျှင် အဘယ်သို့ထင်မှတ်ကြမည်နည်း။ ၆၃
ဝိညာဉ် သာလျှင်အသက် ရှင်စေ၏။ ကိုယ် ကာယသည်အလျှင်း မ တတ်နိုင် ။ ငါ ပြော သောစကား သည် ဝိညာဉ်
ဖြစ်၏။ အသက် လည်း ဖြစ်၏။ ၆၄ သို့သော်လည်း သင် တို့တွင် မ ယုံကြည် သောသူ တချို့ ရှိ ၏။ ၆၅ ထိုကြောင့်
ငါ၏ခမည်းတော် သည် အခွင့်ပေး တော်မ မူလျှင် ၊ အဘယ်သူ မျှငါ ထံသို့ မလာ နိုင် ဟု အထက် ငါဆို ခဲ့ပြီ ဟု မိန့်
တော်မူ၏။ ထိုသို့မိန့်တော်မူသည် အကြောင်းဟူမူကား၊ အဘယ်သူ မ ယုံကြည် သည်ကိုငင်း ၊ အဘယ်သူ သည်
ကိုယ်တော် ကို အပ်နှံ မည်ကိုငင်း ၊ ယေရှု သည်အစအဦး ၌ သိ တော်မူ၏။ ၆၆ ထိုအခါမှစ၍ တပည့် တော်များ
တို့သည် ကိုယ်တော် နှင့် မ ပေါင်းဖော် ဘဲ ဆုတ် သွား ကြ၏။ ၆၇ ထိုကြောင့် ယေရှု သည် တကျိပ် နှစ်ပါးသောသူ
တို့အား၊ သင် တို့သည်လည်း ထွက်သွား ခြင်းငှာအလိုရှိ ကြသလော ဟုမေး တော်မူလျှင်၊ ၆၈ ရှိမုန် ပေတရု က၊ သခင် ၊
အကျွန်ုပ်တို့သည် အဘယ်သူ ထံသို့ သွား ရမည်နည်း။ ထာဝရ အသက် နှင့် ယှဉ်သော စကား သည်ကိုယ်တော်၌ တည်

ပါ၏။ **(aiōnios g166)** ၆၉ ကိုယ်တော် သည် ခရစ်တော်တည်းဟူသောအသက်ရှင်တော်မူသော ဘုရားသခင် ၏သား တော်ဖြစ် တော်မူသည်ကို အကျွန်ုပ် တို့ယုံကြည် သိမှတ် ကြပါသည်ဟုလျှောက် လေ၏။ ၇၀ ယေရှု ကလည်း၊ တစ်ကျိပ် နှစ်ပါးသောသင် တို့ကို ငါ ရွေးကောက် သည်မ ဟုတ်လော။ သို့သော်လည်း သင် တို့တွင် ရန်သူ တစ် ယောက်ပါ မည်ဟု မိန့် တော်မူ၏။ ၇၁ ထိုသို့ မိန့် တော်မူသော်၊ တကျိပ် နှစ်ပါးအဝင် ဖြစ်၍ကိုယ်တော် ကိုအပ်နှံ မည်သူ ၊ ရှိမုန် ၏သား ယုဒ ရှကာရုတ် ကိုဆိုလို သတည်း။

၇ ထိုနောက်မှ ယေရှု သည်ဂါလိလဲ ပြည်၌ လှည့်လည် တော်မူ၏။ ယုဒ လူတို့သည် ကိုယ်တော် ကို သတ်အံ့သောဉာဏ်ကြံ သောကြောင့် ၊ ယုဒ ပြည်၌ လှည့်လည် ခြင်းဉာဏ်အလို တော်မ ရှိ။ ၂ ယုဒ လူတို့၏ သကေနေ ပွဲ ခံခါနီး တွင်၊ ၃ ညီ တော်တို့က၊ သင် ပြု သောအမှု တို့ကို တပည့် များတို့သည်မြင် စေခြင်းဉာဏ်ဤအရပ် မှထွက် ၍ ယုဒပြည် သို့ကြွ ပါ။ ၄ ကျော်စော ကိတ္တိကို အလိုရှိ သောသူမည်သည်ကားမ ထင်ရှားသောအားဖြင့် အဘယ်အမှုကိုမျှမပြု တတ်။ ဤအမှုတို့ကို သင်သည်ပြု လျှင် ။ ဤလောက ၌ ကိုယ် ကိုထင်ရှား စွာ ပြပါဟု၊ ၅ မ ယုံကြည် သောကြောင့် ယေရှု အားဆို ကြ၏။ ၆ ယေရှု ကလည်း၊ ငါ့ အချိန် မ ရောက် သေး။ သင် တို့ဘို့ ခပ်သိမ်း သောအချိန် သင့် လျက်ရှိ ၏။ ၇ လောကီသား တို့သည် သင် တို့ကိုမ မုန်း နိုင် ။ ငါ့ ကိုမုန်း ကြ၏။ အကြောင်းမူကား ၊ ငါ သည်သူ တို့၏အကျင့် ဆိုးညစ် ကြောင်း ကို သက်သေခံ ၏။ ၈ ထိုပွဲ သို့ သင် တို့သွား ကြလော့။ ၉ ငါ မ သွား သေး။ ငါ့ အချိန် မ ပြည့်စုံသေး ဟု မိန့် တော်မူပြီးလျှင် ၊ ဂါလိလဲ ပြည်မှာ နေ တော်မူ၏။ ၁၀ ညီ တော်တို့သွား ပြီးမှကိုယ်တော် သည် ထိုပွဲသို့ မ ထင် မရှားကြွ တော်မူ၏။ ၁၁ ထို ပွဲ ၌ ယုဒ လူတို့က၊ ယေရှု သည်အဘယ်မှာ ရှိ သနည်းဟု မေးမြန်း ရှာဖွေကြ၏။ ၁၂ လူ အစုအဝေးတို့သည် ကိုယ်တော် ကိုအကြောင်း ပြု၍ အုတ်အုတ်သဲသဲ ဖြစ် ကြ၏။ အချို့တို့က၊ သူသည်သူတော်ကောင်း ဖြစ် သည်ဟူ၍ဂင်း၊ အချို့တို့က၊ သူတော်ကောင်းမ ဟုတ်၊ လူ များကိုလှည့်ဖြား သည်ဟူ၍ဂင်း ဆို ကြ၏။ ၁၃ သို့သော်လည်း ယုဒ လူတို့ကို ကြောက် သောကြောင့် အဘယ်သူ မျှအတည့်အလင်း မပြော ဝံ့ကြ။ ၁၄ ထိုပွဲ ကို ခံစဉ် တွင်၊ ယေရှု သည် ဗိမာန် တော်သို့ တက် ၍ ဆုံးမ သြဝါဒပေးတော်မူ၏။ ၁၅ ယုဒ လူတို့သည် အံ့သြ ၍ ၊ ဤသူ သည် စာ မ သင် ဘဲလျက် အဘယ်သို့ တတ်ဘိသနည်းဟုဆို ကြ၏။ ၁၆ ယေရှု ကလည်း၊ ငါ ဟောသောဒေသနာ သည် ငါ ၏ဒေသနာမ ဟုတ်။ ငါ့ ကိုစေလွှတ် တော်မူသောသူ ၏ ဒေသနာဖြစ်၏။ ၁၇ ထိုသူ ၏အလို တော်သို့ လိုက် ချင်သောသူ မည်သည်ကား၊ ဤဒေသနာ သည်ဘုရားသခင် ၏ ဒေသနာ တော်ဖြစ် သလော၊ ငါ သည် ကိုယ် အလိုအလျောက် ဟောပြော သလောဟု ပိုင်းခြား၍သိ လိမ့်မည်။ ၁၈ ကိုယ်အလိုအလျောက် ဟောပြော သောသူ သည်မိမိ ဘုန်း အသရေကိုရှာ တတ်၏။ မိမိ ကို စေလွှတ် တော်မူသောသူ ၏ ဘုန်း အသရေကိုရှာ သော သူ မူကား ၊ ယုံလောက်သောသူ ဖြစ် ၏။ ထိုသူ ၌ မုသား မ ရှိ ။ ၁၉ မောရှ သည်ပညတ် တရားကို သင်တို့အား ပေး သည်မ ဟုတ်လော။ ထိုတရား ကို သင် တို့တွင် တစ်စုံတစ်ယောက် မျှမကျင့် ။ ငါ့ ကိုသတ် အံ့သောဉာအဘယ်ကြောင့် ရှာကြံ ကြသနည်း ဟု မိန့် တော်မူ၏။ ၂၀ လူ အစုအဝေးကလည်း၊ သင်သည် နတ်ဆိုးစွဲ သောသူဖြစ် ၏။ သင့် ကို သတ် အံ့သောဉာအဘယ်သူ

ရှာကြံ့ သနည်းဟု ဆိုကြ၏။ ၂၁ ယေရှု ကလည်း ၊ ငါပြု သောအမှု တစ်ခု ကို သင်တို့ရှိသမျှ သည် အံ့ဩ ခြင်းရှိကြ၏။ ၂၂ မောရှ သည် အရေဖျားလှီး ခြင်းတရားကို သင် တို့အား ပေး ၏။ ထိုသို့ဆိုသော်မောရှေ မှ အစစ်မာခံရ သည်ဟု မဆိုလို။ ဘိုးဘေး များမှ ဆက်ခံရသတည်း၊ ထိုကြောင့် ဥပုသ်နေ့ ၌ သင်တို့သည်အရေဖျားလှီး ခြင်းကို ပေးကြ၏။ ၂၃ မောရှေ ၏တရား မ ပျက် စေခြင်းငှာ လူ သည်ဥပုသ်နေ့ ၌ အရေဖျားလှီး ခြင်းကိုခံရ လျှင် ၊ ငါသည် ဥပုသ်နေ့ ၌ လူ တစ်ကိုယ်လုံး ကိုကျန်းမာ စေ သောကြောင့် ၊ သင် တို့သည် ငါ့ ကိုအမျက်ထွက်ရာသလော။ ၂၄ မျက်နှာ ကို သာကြည့် ၍မ စီရင် ကြနှင့်။ တရား သဖြင့် စီရင် ကြလော့ ဟု မိန့် တော်မူ၏။ ၂၅ ထိုအခါ ယေရုရှလင် မြို့သားအချို့ကလည်း၊ ဤ သူ ကိုသတ် အံ့သောငှာရှာ ကြသည်မ ဟုတ် လော။ ၂၆ ကြည့် ပါ။ သူ သည်ထင်ရှား စွာဟောပြော ၍ အဘယ် မြစ်တားခြင်းကိုမျှ မပြုကြပါတကား၊ ဤသူ သည် ခရစ်တော် ဖြစ် ကြောင်း ကို မင်း များတို့သည် အမှန် သိ ကြသလော။ ၂၇ သို့သော်လည်း ဤ သူသည် အဘယ် ကဖြစ် သည်ကိုငါတို့သိ ကြ၏။ ခရစ်တော် သည် ကြွလာ တော်မူသောအခါ အဘယ် ကဖြစ် တော်မူသည်ကို အဘယ်သူ မျှမသိ ရဟု ဆို ကြ၏။ ၂၈ ယေရှု ကလည်း၊ သင်တို့သည်ငါ့ ကိုသိ ကြ၏။ ငါအဘယ် ကဖြစ် သည်ကိုလည်း သိ ကြ၏။ သို့သော်လည်း ငါသည် ကိုယ် အလိုအလျောက်လာ သည်မ ဟုတ်။ ငါ့ ကို စေလွှတ် တော်မူသောသူ သည်သစ္စာ နှင့်ပြည့်စုံ တော်မူ၏။ ထိုသူ ကို သင် တို့မ သိ ကြ။ ၂၉ ငါ မူကားသိ ၏။ အကြောင်းမူကား ၊ ထိုသူ ၏ အထံ တော်မှ ငါ လာ၏။ သူ သည်လည်း ငါ့ ကိုစေလွှတ် တော်မူ၏၊ ဟု ဗိမာန် တော်၌ ဆုံးမ သြဝါဒပေးတော်မူစဉ်တွင် ကြွေးကြော် ၍ မိန့် တော်မူလျှင် ၊ ၃၀ ကိုယ်တော် ကို ဘမ်းဆီး ခြင်းအခွင့်ကိုရှာ ကြ၏။ သို့သော်လည်း ကိုယ်တော် ၏အချိန် မ စေ့ မရောက်သေး သောကြောင့် အဘယ်သူ မျှမဘမ်းဆီး ကြ။ ၃၁ လူ အစုအဝေးထဲ၌ ပါသောလူ များတို့သည် ယုံကြည် သည်ဖြစ်၍ ၊ ခရစ်တော် သည် ကြွလာ တော်မူသောအခါ ၊ ဤ သူပြု သော နိမိတ် လက္ခဏာထက်သာ၍ များသောနိမိတ်လက္ခဏာ တို့ကို ပြ တော်မူမည်လောဟု ဆို ကြ၏။ ၃၂ ထိုသို့လူ များ အုတ်အုတ်သဲသဲ ဖြစ်ကြသည်ကို ဖာရိရှဲ တို့သည်ကြား လျှင်၊ ယဇ်ပုရောဟိတ် အကြီးတို့ နှင့် တိုင်ပင်ပြီးမှကိုယ်တော် ကို ဘမ်းဆီး စေခြင်းငှာ မင်း လုလင်တို့ကို စေလွှတ် ကြ၏။ ၃၃ ယေရှု ကလည်း၊ ငါသည် သင် တို့နှင့်အတူ ခဏ သာနေ ပြီးလျှင် ၊ ငါ့ ကိုစေလွှတ် တော်မူသော သူ ထံသို့ သွား ရမည်။ သင်တို့သည် ငါ့ ကိုရှာ ကြလိမ့်မည်။ ၃၄ ရှာသော်လည်း မ တွေ့ ရကြ။ ငါ ရှိ ရာအရပ် သို့ သင် တို့မ ရောက် နိုင် ကြ ဟု မိန့် တော်မူလျှင် ၊ ၃၅ ယုဒ လူတို့က၊ ငါ တို့ကိုမ တွေ့ စေခြင်းငှာ သူ သည် အဘယ် အရပ်သို့သွား လိမ့်မည်နည်း။ ဟေလသ လူ တို့တွင်အရပ်ရပ်သို့ ကွဲပြား လျက်နေသော သူတို့ရှိရာသို့ သွား ၍ ဟေလသ လူတို့အား တရား ဟောလိမ့်မည်လော။ ၃၆ သင်တို့သည် ငါ့ ကို ရှာ ကြလိမ့်မည်။ ရှာသော်လည်း မ တွေ့ ရကြ။ ငါ ရှိ ရာအရပ် သို့ သင် တို့မ ရောက် နိုင် ကြဟူသောစကား သည် အဘယ်သို့ ဆိုလို သနည်းဟု အချင်းချင်း ဆိုကြ၏။ ၃၇ ထို ပွဲ ကိုခံ၍ နောက်ဆုံး ဖြစ်သောနေ့ မြတ် ၌ ယေရှု သည်ရပ် ၍ ကြွေးကြော် တော်မူသည်ကား၊ ရေတ် သောသူ ရှိလျှင် ငါ့ ထံသို့ လာ ၍ သောက် လော့။ ၃၈ ငါ့ ကိုယုံကြည် သောသူ သည် ကျမ်းစာ လာ သည်အတိုင်း အသက် ရေ ထွက် ရာစမ်း ရေတွင်း ဖြစ်လိမ့်မည် ဟု မိန့် တော်မူ၏။ ၃၉ ထိုသို့ မိန့်တော်မူသော်၊

ယုံကြည် သောသူ တို့သည် ခံရ လတံ့သောဝိညာဉ် တော်ကို ရည်မှတ် ၍ မိန့် တော်မူ၏။ ယေရှု သည် ဘုန်းပွင့် တော်မ မူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ် တော်ကို ပေးတော်မ မူသေး။ ၄၀ စကား တော်ကို ကြား သောလူ အများတို့က၊ ဤ သူသည်လာလတံ့သော ပရောဖက် အမှန် ဖြစ် သည်ဟု ဆို ကြ၏။ ၄၁ အချို့ကလည်း၊ ဤသူ သည်ခရစ်တော် ဖြစ် သည်ဟု ဆို ကြ၏။ အချို့ကလည်း၊ ခရစ်တော် သည် ဂါလိလဲ ပြည်သားဖြစ် ရသလော။ ၄၂ ခရစ်တော်သည် ဒါဝိဒ် အမျိုး၊ဒါဝိဒ် နေရာ ဌာန၊ ဗက်လင် ရွာသားဖြစ် ရမည်ဟု ကျမ်းစာ လာ သည် မ ဟုတ် လောဟု ဆို ကြ၏။ ၄၃ ထိုသို့ လူ များတို့သည် ကွဲပြား ကြသည်ဖြစ်၍ ၊ အချို့တို့သည် ကိုယ်တော် ကိုဘမ်းဆီး ခြင်းဌာအလိုရှိ ကြ၏။ ၄၄ သို့သော်လည်း အဘယ်သူ မျှမဘမ်း မဆီးကြ။ ၄၅ ထိုအခါ မင်း လုလင်တို့သည် ယဇ်ပုရောဟိတ် အကြီး၊ ဖာရိရှဲ ထံသို့ ပြန် ၍၊ ထို မင်းတို့က၊ အဘယ်ကြောင့် သူ့ ကိုမ ဆောင်ခဲ့ ကြသနည်းဟု မေးမြန်း လျှင်၊ ၄၆ မင်း လုလင်တို့က၊ ထို သူဟောပြောသကဲ့သို့ အဘယ်သူမျှမ ဟော စဖူးပါဟု လျှောက် ကြ၏။ ၄၇ ဖာရိရှဲ တို့ကလည်း၊ သင် တို့ကိုပင် လှည့်ဖြား ပြီလော။ ၄၈ မင်း များ၊ ဖာရိရှဲ များတို့တွင် သူ့ ကိုယုံကြည် သောသူတစ်စုံတစ်ယောက် မျှရှိသလော။ ၄၉ တရား ကိုမ သိ သော ဤ လူ များတို့သည် ကျိန် ခြင်းကို ခံရသောသူဖြစ် သည်ဟုဆို ကြ၏။ ၅၀ အထက် ကညဉ်အခါ၌ အထံ တော်သို့ လာ သော သူ တည်းဟူသောထိုမင်း များအဝင် ဖြစ် သော နိကောဒင် ကလည်း၊ ၅၁ ငါ တို့တရား သည် လူ ကိုမ စစ် ၊ သူ့ အမှု ကို မ သိ မှီကပင်ရှေ့မဆွ ကဆုံးဖြတ် တတ်သလောဟုဆို လျှင်၊ ၅၂ သူတို့က၊ သင် သည်လည်း ဂါလိလဲ ပြည်သားဖြစ် သလော။ စစ် ဦးလော့၊ ဂါလိလဲ ပြည်၌ အဘယ် ပရောဖက် မျှမ ပေါ် ထွန်း သည်ကိုမှတ် လော့ဟု ဆို ကြပြီးမှ၊ ၅၃ ထိုသူအပေါင်းတို့သည် မိမိ တို့အိမ် သို့ သွား ကြ၏။

၈ ယေရှု သည်လည်း သံလွင် တောင် သို့ ကြွ တော်မူ၏။ ၂ နံနက် စောစောဗိမာန် တော်သို့ တစ်ဖန် ကြွ တော်မူ၍ လူ အပေါင်း တို့သည် အထံ တော်သို့ လာ ကြ၏။ ထိုအခါ ထိုင် တော်မူ၍ ဆုံးမ သြဝါဒပေးစဉ်တွင်၊ ၃ မှားယွင်း ခြင်းအမှုကို ပြုလျက်နေသောမိန်းမ တစ်ယောက်ကိုတွေ့ လျှင်၊ ကျမ်းပြု ဆရာတို့နှင့် ဖာရိရှဲ တို့ သည်ခေါ် ခဲ့၍ အလယ် ၌ ထား ပြီးမှ၊ ၄ အရှင် ဘုရား၊ ဤ မိန်းမ သည်မှားယွင်း ခြင်းအမှုကို ပြု စဉ်တွင်ပင် တွေ့မိ ပါသည်။ ၅ ထိုသို့သော မိန်းမကို ကျောက်ခဲ နှင့်ပစ်ရမည်ဟု မောရှေ သည်အကျွန်ုပ် တို့အား ပညတ် တရား၌ စီရင် ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော် သည် အဘယ်သို့ မိန့် တော်မူမည်နည်းဟု လျှောက် ကြ၏။ ၆ ထိုသို့ လျှောက်ကြသော်၊ ကိုယ်တော် ၌ အပြစ်တင် ခွင့်ရ စေခြင်းငှာ ၊ စုံစမ်း နှောင့်ရှက်သောအားဖြင့်လျှောက် ကြ၏။ ယေရှု သည် အောက် သို့ငုံ့ လျက် လက်ညှိုး တော်နှင့် မြေ ၌ ရေးသား ၍နေတော်မူ၏။ ၇ ထိုသူတို့သည် အထပ်ထပ်မေးလျှောက် ကြသောအခါ ကိုယ်ကိုလှန် တော်မူ၍ ၊ သင် တို့တွင် အပြစ် ကင်းသောသူ သည် ရှေးဦးစွာ ကျောက်ခဲ နှင့်ပစ် စေ ဟု မိန့် တော်မူပြီးမှ၊ ၈ တစ်ဖန် အောက်သို့ငုံ့ ၍ မြေ ၌ ရေးသား တော်မူပြန်၏၊ ၉ ထိုသူ တို့သည်ကြား ရလျှင် မိမိတို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊ အသက်ကြီး သောသူ မှစ၍ အငယ်ဆုံးသောသူတိုင်အောင်တစ် ယောက်နောက် တစ် ယောက်ထွက်သွား ကြ၏။ ယေရှုသည် တစ်ယောက်တည်း ကျန်ရစ် တော်မူ၍ ၊ မိန်းမ သည်အလယ် ၌ ရပ်နေ ၏။ ၁၀

ထိုအခါယေရှု သည် ကိုယ်ကိုလှန် တော်မူပြန်၍ ၊ ထိုမိန်းမမှတစ်ပါးအဘယ်သူကိုမျှ မမြင်လျှင်၊ အချင်း မိန်းမ ၊ သင့် ကို အပြစ်တင်သောသူတို့သည် အဘယ်မှာ ရှိ ကြသနည်း။ သင်၏အမှုကိုအဘယ်သူ မျှမစီရင် လော ဟုမေး တော်မူ၏။ ၁၁ ထိုမိန်းမ ကလည်း အဘယ်သူ မျှမစီရင်ပါသခင် ဟု လျှောက် ၏။ ငါ သည်လည်းသင် ၏အမှုကို မ စီရင် ။ သွား လော့။ နောက်တစ်ဖန်ဒုစရိုက် ကို မ ပြုနှင့် ဟု မိန့် တော်မူ၏။ ၁၂ တဖန်တုံ ယေရှု က၊ ငါ သည် ဤလောက ၏အလင်း ဖြစ် ၏။ ငါ့ နောက်သို့ လိုက် သောသူ သည်မှောင်မိုက် ၌ မ သွား မလာ။ အသက် ၏အလင်း ကိုရ လိမ့်မည် ဟု မိန့် တော်မူ၏။ ၁၃ ဖာရိရှဲ တို့ကလည်း၊ သင် သည် ကိုယ် အကြောင်း ကို သက်သေခံ ၏၊ သင် ၏သက်သေ မ တည် ဟု ဆို ကြ၏။ ၁၄ ယေရှု ကလည်း ၊ ငါ သည် ကိုယ် အကြောင်း ကို သက်သေခံ သော်လည်း ၊ ငါ့ သက်သေ တည် ၏။ အကြောင်းမူကား ၊ ငါသည်အဘယ် အရပ်က လာ သည်ကိုငင်း ၊ အဘယ် အရပ်သို့သွား သည်ကိုငင်း ငါသိ ၏။ သင် တို့မူကား မ သိ ကြ။ ၁၅ သင် တို့သည် ဇာတိ ပကတိအတိုင်း စီရင် တတ်ကြ၏။ ငါ့ မူကား အဘယ်သူ ကိုမျှမ စီရင် ။ ၁၆ ငါ သည်စီရင် သော်လည်း ငါ ၏စီရင် ခြင်းသည် တည် ၏။ အကြောင်းမူကား ငါသည် တစ်ယောက်တည်း နေ သည်မ ဟုတ်။ ငါ့ ကိုစေလွှတ် တော်မူသောခမည်းတော် သည် ငါ့ ဘက်၌နေတော်မူ၏။ ၁၇ သက်သေခံ နှစ် ဦးတို့၏စကားသည် တည် ရ၏ဟု သင် တို့ပညတ္တိ ကျမ်းစာ၌ လာ ၏။ ၁၈ ငါ သည် ကိုယ် အကြောင်း ကို သက်သေခံ သောသူ ဖြစ် ၏။ ငါ့ ကို စေလွှတ် တော်မူသောခမည်းတော် သည်လည်း ငါ့ အကြောင်း ကို သက်သေခံ တော်မူသည် ဟု မိန့် တော်မူ၏။ ၁၉ ထိုသူတို့ကလည်း၊ သင် ၏ခမည်းတော် သည် အဘယ်မှာ ရှိ သနည်းဟု မေး ကြ၏။ ယေရှု ကလည်း၊ သင်တို့သည် ငါ့ ကိုမ သိကြ ။ ငါ့ ခမည်းတော် ကိုလည်း မ သိကြ။ ငါ့ ကိုသိ လျှင် ငါ့ ခမည်းတော် ကိုလည်း သိ ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၂၀ ဗိမာန် တော်၌ ဆုံးမ သြဝါဒပေးတော်မူစဉ် ဤ စကား တော်ကို ဘဏ္ဍာတိုက် မှာ မိန့်မြွတ် တော်မူ၏။ ကိုယ်တော် ၏အချိန် မ စေ့ မရောက်သေးသောကြောင့် အဘယ်သူ ကိုမျှကိုယ်တော် ကိုမဖမ်းဆီး ကြ။ ၂၁ တစ်ဖန် ယေရှုက၊ ငါ သည်သွား ရမည်။ သင်တို့သည်ငါ့ ကိုရှာ ကြလိမ့်မည်။ ကိုယ် အပြစ် ၌ လည်း သေ ကြ လိမ့်မည်။ ငါ သွား ရာအရပ် သို့ သင် တို့မ ရောက် နိုင် ကြ ဟု မိန့် တော်မူ၏။ ၂၂ ယုဒ လူတို့ကလည်း ၊ ငါ သွား ရာအရပ် သို့သင် တို့ မ ရောက် နိုင် ကြဟုသူသည်ဆို သော်၊ ကိုယ် အသက်ကို သတ် မည်လောဟု ဆို ကြ၏။ ၂၃ ယေရှုကလည်း၊ သင် တို့သည် အောက် သားဖြစ် ကြ၏။ ငါ မူကား အထက် သားဖြစ် ကြ၏။ သင် တို့သည် လောကီသား ဖြစ် ကြ၏။ ငါ မူကား လောကီသား မ ဟုတ် ။ ၂၄ ထိုကြောင့် သင် တို့သည် ကိုယ် အပြစ် ၌ သေ ကြလိမ့်မည်ဟုငါဆို ၏။ ငါ သည်ဤမည်သောသူဖြစ် သည်ကို သင် တို့သည်မ ယုံလျှင် ၊ ကိုယ် အပြစ် ၌ သေ ကြလိမ့်မည် ဟု မိန့် တော်မူ၏။ ၂၅ ထိုသူတို့ကလည်း။ သင် သည်အဘယ်သူ နည်းဟုမေး လျှင် ၊ ယေရှု က၊ ငါသည်သင် တို့အား အစဉ်ပြောဆို သည်အတိုင်း ငါဖြစ်၏။ ၂၆ သင် တို့အမှု ၌ ငါပြောဆို စီရင် စရာများစွာ ရှိ၏ ။ သို့သော်လည်း ငါ့ ကိုစေလွှတ် သောသူ သည်သစ္စာ နှင့် ပြည့်စုံ တော်မူ၏။ သူ ၏အထံ တော်၌ ငါ ကြား သမျှကိုသာ ဤလောက ၌ ငါဟောပြော သည် ဟု မိန့် တော်မူ၏။ ၂၇ ခမည်းတော် ကိုရည်မှတ်၍ မိန့်တော်မူသည်ကို ထိုသူတို့သည် မ ရိပ်မိ ကြ။ ၂၈ ထိုကြောင့် ယေရှု

က၊ သင်တို့သည် လူ သား ကိုမြွောက် ထားသောအခါ ၊ ငါ သည်ဤမည်သောသူဖြစ် သည် ကိုငင်း ၊ ငါသည် ကိုယ် အလိုအလျောက် အဘယ် အမှုကိုမျှမပြု ဘဲ၊ ငါ့ခမည်းတော် သည် ငါ အား နည်းပေး တော်မူသည်အတိုင်း ငါဟောပြော သည်ကိုငင်း သင်တို့သည် သိ ကြလိမ့်မည်။ ၂၉ ငါ့ ကိုစေလွှတ် တော်မူသောသူ သည် ငါ နှင့်အတူ ရှိ တော်မူ၏။ ငါ့ ကို တစ်ကိုယ် တည်းနေစေခြင်းဘုခမည်းတော်သည် စွန့်ပစ်တော် မ မူ။ အကြောင်းမူကား ၊ နှစ်သက် တော်မူသောအမှု ကို အစဉ်မပြတ် ငါ ပြု သည် ဟု မိန့် တော်မူ၏။ ၃၀ ထို စကားတော်ကို မိန့် တော်မူစဉ်၊ လူ များတို့သည် ယုံကြည် ခြင်းသို့ ရောက်ကြ၏။ ၃၁ ထိုအခါ ယေရှု က၊ သင်တို့သည် ငါ ၏ဒေသနာ ၌ တည် လျှင် ငါ့ တပည့် အမှန် ဖြစ် ကြ၏။ ၃၂ သမ္မာတရား ကိုလည်း သိ ကြသဖြင့် ၊ ထိုတရား သည် သင် တို့ကို လွှတ် လိမ့်မည် ဟု၊ ယုံကြည် သော ယုဒ လူတို့အား မိန့် တော်မူ၏။ ၃၃ ယုဒလူတို့ကလည်း၊ ငါတို့သည် အာဗြဟံ အမျိုး ဖြစ် ကြ၏။ အဘယ်သူ ထံ၌်တရံတခါမျှ ကျွန် မ ခံကြ။ လွှတ် လိမ့်မည် ဟု၍ သင် သည်အဘယ်သို့ ပြောဆို သနည်းဟု မေးမြန်း ကြ၏။ ယေရှု ကလည်း၊ ငါအမှန်အကန် ဆို သည်ကား၊ ၃၄ ဒုစရိုက် ကို ပြု သမျှ သောသူတို့သည် ဒုစရိုက် ကျွန် ဖြစ် ၏။ ၃၅ ကျွန် သည်ကား အိမ် ၌ အစဉ်အမြဲ နေ သည်မ ဟုတ်။ သား မူကား အစဉ်အမြဲ နေ ၏။ (aiōn g165) ၃၆ ထိုကြောင့် သား သည် သင် တို့ကိုလွှတ် လျှင် ၊ သင်တို့သည် ဧကန်အမှန် လွတ် ကြလိမ့်မည် ။ ၃၇ သင် တို့သည် အာဗြဟံ အမျိုး ဖြစ်ကြသည်ကို ငါသိ ၏။ သို့သော်လည်း ငါ ၏ဒေသနာ သည် သင်တို့ ၌ တည် နေရာကိုမ ရသောကြောင့် သင်တို့သည် ငါ့ ကို သတ် အံ့သောဉာဏ်ကြံ ကြ၏။ ၃၈ ငါသည်ငါ့ ခမည်းတော် ထံ၌ မြင် ခဲ့ပြီးသည့်အတိုင်း ဟောပြော ၏။ သင်တို့သည် သင် တို့၏အဘ ထံ၌ မြင် ခဲ့ပြီးသည်အတိုင်း ပြု ကြ၏ ဟု မိန့် တော်မူ၏။ ၃၉ ထိုသူ တို့ကလည်း ၊ အာဗြဟံ သည် ငါ တို့အဘ ဖြစ် ၏ ဟု ဆို ကြ ၏။ ယေရှု ကလည်း၊ သင်တို့သည် အာဗြဟံ ၏သား မှန် လျှင် အာဗြဟံ ၏အကျင့် ကို ကျင့် ကြလိမ့်မည်။ ၄၀ ဘုရားသခင် အထံ တော်၌ ကြား ရသောသစ္စာ တရားကို သင် တို့အား ဟောပြော သောသူ တည်းဟူသောငါ့ ကိုသတ် အံ့သောဉာသင်တို့သည် ယခု ရှာကြံ ကြ၏။ အာဗြဟံ သည် ထိုနည်းတူကျင့် သည်မ ဟုတ်။ ၄၁ သင်တို့သည် သင် တို့အဘ ၏အကျင့် ကို ကျင့် ကြ၏ ဟု မိန့် တော်မူ၏။ ထိုသူတို့ကလည်း၊ ငါ တို့သည် မျောက်မထား သောအမျိုး မ ဟုတ်။ ဘုရားသခင် တည်းဟူသောငါတို့အဘာ တစ်ပါးတည်း ရှိ တော်မူသည်ဟု ဆို ကြ၏။ ၄၂ ယေရှု ကလည်း၊ ဘုရားသခင် သည် သင် တို့အဘာ မှန် လျှင် ။ သင်တို့သည် ငါ့ ကိုချစ် ကြလိမ့်မည်။ အကြောင်းမူကား ၊ ငါ သည် ဘုရားသခင့် အထံ တော်မှ ထွက်ကြွ ရောက်လာ ၏။ ကိုယ် အလိုအလျောက်လာ သည် မ ဟုတ်။ ဘုရားသခင် သည်ငါ့ ကိုစေလွှတ် တော်မူ၏။ ၄၃ အဘယ်ကြောင့် ငါ့ စကား ကို နား မ လည်ကြသနည်း။ ငါ ၏ ဒေသနာ ကိုနာ မ ခံမယူနိုင် သောကြောင့် သာ သင်တို့သည် ငါ့စကားကို နားမလည်ကြ။ ၄၄ သင်တို့သည် သင် တို့အဘာ တည်းဟူသောမာရ်နတ် မှ ဆင်းသက်ကြ၏။ သင် တို့အဘာ ၏ အလို သို့လည်း လိုက် တတ်ကြ၏။ မာရ်နတ် သည် ရှေးဦးစွာ မှ ၍ လူ အသက်ကိုသတ်သောသူဖြစ် ၏။ သူ၌ သစ္စာ တရား မ ရှိ သောကြောင့် သစ္စာ တရား၌ မ တည် မနေ။ သူသည် မုသား စကားကိုပြော သောအခါ မိမိ ပကတိအတိုင်းပြော ၏။ မုသား စကား၌ ကျင်လည်သောသူဖြစ်၏။

မုသား ၏အဘ လည်း ဖြစ် ၏။ ၄၅ ငါ သည်သစ္စာ စကားကို ပြော သောကြောင့် သင်တို့မ ယုံ ကြ။ ၄၆ ငါ ၌ အပြစ် ရှိကြောင်း ကို သင် တို့တွင် အဘယ်သူ ဖော်ပြ သနည်း။ သစ္စာ စကားကိုငါပြော သည်မှန်လျှင် အဘယ်ကြောင့် သင် တို့ မ ယုံ ကြသနည်း။ ၄၇ ဘုရားသခင် နှင့်စပ်ဆိုင် သောသူ သည်ဘုရားသခင် ၏စကား တော်ကို နားထောင် တတ်၏။ သင် တို့ သည် ဘုရားသခင် နှင့်မ စပ်ဆိုင်သောကြောင့် နား မ ထောင်ကြ ဟု မိန့် တော်မူ၏။ ၄၈ ယုဒ လူတို့ကလည်း ၊ သင် သည်ရှမာရိ လူဖြစ် ၏။ နတ်ဆိုး စွဲ သောသူလည်းဖြစ်၏ဟု ငါ တို့ပြော သော စကားသည် လျောက်ပတ် သည်မ ဟုတ်လောဟု ဆို ကြ၏။ ၄၉ ယေရှု ကလည်း၊ ငါ သည်နတ်ဆိုး စွဲ သောသူမ ဟုတ်။ ငါ့ ခမည်းတော် ကိုချီးမြှောက် ၏။ သင် တို့သည် ငါ့ ကို ရှုတ်ချ ကြ၏။ ၅၀ ငါ သည် ကိုယ် ဘုန်း အသရေကိုမ ရှာ ။ ငါ၏ ဘုန်း အသရေကိုရှာ၍ စီရင် တော်မူသောသူ ရှိ သေး၏။ ၅၁ ငါအမှန်အကန် ဆို သည်ကား၊ ငါ့ စကား ကို နားထောင် သောသူ သည်သေ ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ် လိမ့်မည် ဟု မိန့် တော်မူ၏။ (aiōn g165) ၅၂ ယုဒ လူတို့ကလည်း၊ သင်၌နတ်ဆိုး စွဲ သည်ကို ယခု ငါတို့သိ ကြ၏။ အာဗြဟံ မှစ၍ ပရောဖက် တို့သည် သေ လွန်ကြပြီ။ သင် မူကား ၊ ငါ့ စကား ကို နားထောင် သောသူ သည်သေ ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ် လိမ့်မည်ဟု ဆို ပါသည်တကား။ (aiōn g165) ၅၃ ငါ တို့အဘ အာဗြဟံ ထက် သင် သည် သာ၍ကြီးမြတ် သလော။ သူ သည်သေ ပြီ။ ပရောဖက် တို့လည်း သေ ကြပြီ။ သင် သည်အဘယ်သို့ သောသူ၏ အရောင်ကိုဆောင် သနည်းဟုဆို ကြ၏။ ၅၄ ယေရှု ကလည်း၊ ငါ သည်ကိုယ် ဂုဏ် ကိုပြလျှင် ၊ ငါ့ ဂုဏ် သည် အချည်းနှီး ဖြစ် ၏။ ငါ့ ခမည်းတော် သည် ငါ့ ဂုဏ် ကို ထင်ရှားစေတော်မူ၏။ ထို ဘုရားသခင် သည် ငါ တို့၏ဘုရားဟူ၍သင် တို့ခေါ် တော်မူတတ်ကြ၏။ ၅၅ သို့သော်လည်း ထိုဘုရားသခင် ကို သင်တို့မ သိ ကြ။ ငါ မူကား သိ ၏။ ငါမ သိ ဟုငါဆို လျှင် သင် တို့ကဲ့သို့ မုသာ သုံးသောသူဖြစ် လိမ့်မည်။ ထိုဘုရားသခင် ကို ငါသိ ၏။ ဘုရားသခင် ၏ စကား တော်ကိုလည်း နားထောင် ၏။ ၅၆ သင် တို့အဘ အာဗြဟံ သည် ငါ ကြွလာမည့်အချိန် ကာလကို မြော်မြင် ခြင်းငှာ အလွန်အလိုရှိ ၏။ မြင် ရသောအခါ ဝမ်းမြောက် ခြင်းသို့ရောက်သည် ဟု မိန့် တော်မူ၏။ ၅၇ ယုဒ လူတို့ကလည်း၊ သင်၏အသက်သည် အနှစ် ငါးဆယ် မျှမ ရှိ ဘဲလျက် သင်သည် အာဗြဟံ ကို မြင် လေပြီတကားဟု ဆို ကြ၏။ ၅၈ ယေရှု ကလည်း၊ ငါအမှန်အကန် ဆို သည်ကား၊ အာဗြဟံ မ ဖြစ် မီငါ ဖြစ် ၏ ဟု မိန့် တော်မူ၏။ ၅၉ ထိုအခါ ကိုယ်တော် ကို ခဲနှင့်ပစ် ခြင်းငှာ ကျောက်ခဲ တို့ကို ကောက်ယူ ကြ၏။ ယေရှု သည် တိမ်းရှောင် ၍ ထိုသူတို့အလယ်၌ရှောက်သွားပြီးလျှင်ဗိမာန် တော်မှ ထွက်ကြွ တော်မူ၏။

၉ လမ်း၌သွား တော်မူစဉ်၊ အမိ ဝမ်းတွင်းကပင် မျက်စိ ကန်းသောသူ တစ်ယောက်ကို တွေ့မြင် တော်မူ၏။ ၂ တပည့် တော်တို့က၊ အရှင် ဘုရား၊ ဤသူ သည် အဘယ်သူ ၏အပြစ် ကြောင့် ကန်းသနည်း။ ကိုယ်အပြစ် ကြောင့် ကန်းသလော။ မိဘ အပြစ်ကြောင့် ကန်း သလောဟု မေးလျှောက် ကြ၏။ ၃ ယေရှု ကလည်း၊ ကိုယ် အပြစ် ကြောင့်မ ဟုတ်။ မိဘ အပြစ်ကြောင့်လည်းမဟုတ်။ ဘုရားသခင် ၏ အမှု တော်ကို သူ ၌ ထင်ရှား စေမည်အကြောင်း တည်း။ ၄ ငါ့ ကို စေလွှတ် တော်မူသော သူ ၏အမှု ကို နေ့ အချိန်၌ရှိ စဉ် တွင် ငါ ပြု ရ မည်။ အဘယ်သူ မျှအမှု မပြုနိုင် သော အချိန်

တည်းဟူသောညဉ့် အချိန်လာ သေး၏။ ၅ ငါ သည် ဤလောက ၌ ရှိ စဉ် တွင် ဤလောက ၏အလင်း ဖြစ်၏ ဟု မိန့် တော်မူပြီးလျှင်၊ ၆ မြေ ပေါ် မှာထွေး ၍ တံထွေး နှင့်ရွံ့ လုပ် ပြီးမှ၊ ကန်းသောသူ၏ မျက်စိ ကိုရွံ့ နှင့်လူး ၍ ၊ ၇ သင်သွား လော့။ ရှိလောင် ရေကန် ၌ မျက်စိကိုဆေး လော့ ဟု မိန့် တော်မူ၏။ ရှိလောင်အနက် ကား စေလွှတ် သည်ဟု ဆိုလိုသတည်း။ ထိုသူသည် သွား ၍ ဆေး ပြီးမှ၊ မျက်စိမြင် လျက် ပြန် လေ၏။ ၈ သူ သည် သူတောင်းစား ဖြစ် သည်ကို အိမ်နီးချင်း မှစ၍ မြင် ဘူး သောသူ တို့က၊ ဤသူ သည် ထိုင် ၍ တောင်း သောသူ မ ဟုတ် လောဟု ဆို ကြ၏။ ၉ လူအချို့က၊ ဟုတ်ကဲ့ ဟုဆို ကြ၏။ အချို့ကလည်း၊ ထိုသူ နှင့်တူ သည်ဟု ဆို ကြ၏။ ထိုသူ ကလည်း၊ အကျွန်ုပ် သည် ထိုသူပင်ဖြစ် သည်ဟုဆို ၏။ ၁၀ သူ တို့ကလည်း၊ အဘယ်သို့ သင် ၏မျက်စိ ပွင့် သနည်းဟု မေးမြန်း ကြလျှင်၊ ၁၁ ထိုသူ က၊ ယေရှု အမည် ရှိသောသူ တစ်ယောက်သည် ရွံ့ လုပ် ၍ ကျွန်ုပ် မျက်စိ ကိုလူး ပြီးမှ၊ ရှိလောင် ရေကန်သို့ သွား ၍ မျက်စိကိုဆေး လောဟုဆို သည်အတိုင်း အကျွန်ုပ်သွား ၍ ဆေး လျှင် မျက်စိမြင် သည်ဟုဆို ၏။ ၁၂ လူများကလည်း၊ ထိုသူ သည် အဘယ်မှာ ရှိ သနည်းဟု မေးမြန်း ကြလျှင်၊ အကျွန်ုပ်မ သိ ဟုဆို ၏။ ၁၃ လူများသည် မျက်စိ ကန်းဘူးသော ထိုသူ ကို ဖာရိရှဲ တို့ထံသို့ ပို့ ကြ၏။ ၁၄ ယေရှု သည် ရွံ့ လုပ် ၍ သူ ၏မျက်စိ ကို ပွင့် တော်မူသောနေ့ သည် ဥပုသ်နေ့ ဖြစ် သတည်း။ ၁၅ တစ်ဖန် ဖာရိရှဲ တို့ကအဘယ်သို့ ၊သင်၏မျက်စိမြင် သနည်းဟုမေးမြန်း ပြန်လျှင်၊ အကျွန်ုပ် မျက်စိ ၌ သူ သည် ရွံ့ ကိုထည့် ၍ အကျွန်ုပ်ဆေး လျှင် မျက်စိမြင် သည်ဟုဆို ၏။ ၁၆ ဖာရိရှဲ အချို့ တို့က၊ ထိုသူသည် ဥပုသ် မ စောင့် ။ ဘုရားသခင် စေလွှတ်တော်မူသောသူ မ ဟုတ် ဟု ဆို ကြ ၏။ အချို့တို့က၊ ဆိုး သောသူသည် ဤသို့သော နိမိတ် လက္ခဏာတို့ကို အဘယ်သို့ ပြ နိုင် မည်နည်းဟု ဆို ကြ၏။ ထိုသို့အချင်းချင်း မသင့် ကွဲပြားခြင်းသို့ရောက်၏။ ၁၇ တစ်ဖန် မျက်စိ ကန်းဘူးသောသူ အား၊ သင် ၏မျက်စိ ကိုဖွင့် သောသူ သည် အဘယ်သို့သောသူဖြစ်သနည်း ဟု မေး ကြလျှင် ၊ ပရောဖက် ဖြစ် သည်ဟုဆို ၏။ ၁၈ ထိုသူသည် အထက်မျက်စိ မမြင်၊ နောက်မှ မျက်စိမြင် သည်ကို ယုဒ လူတို့သည် မ ယုံ ကြသဖြင့် သူ၏ မိဘ ကိုခေါ် ၍ ၊ ၁၉ ဤသူ သည် သင် တို့ဆို သည်အတိုင်း အမိဝမ်းတွင်းကပင် မျက်စိ ကန်းသော သင် တို့၏ သား မှန် လော။ သို့မှန်လျှင် အဘယ်သို့ ယခု မျက်စိမြင် သနည်းဟု မေး ကြ၏။ ၂၀ မိဘ တို့ကလည်း၊ ဤသူ သည် အကျွန်ုပ် တို့၏ သား မှန် သည်ကိုငင်း၊ အမိဝမ်းတွင်းကပင် မျက်စိကန်း သည်ကိုငင်း ၊ အကျွန်ုပ်တို့ သိ ကြပါ၏။ ၂၁ အဘယ်ကြောင့် မျက်စိမြင် သည်ကိုငင်း ၊ အဘယ်သူ သည်သူ၏ မျက်စိ ကိုဖွင့် သည်ကိုငင်း၊ အကျွန်ုပ် တို့ မ သိ ကြပါ။ သူ သည် အသက် အရွယ်နှင့်ပြည့်စုံပါ၏။ သူ့ ကိုမေး ကြပါလော့။ သူ သည်ကိုယ် အကြောင်း ကို ကိုယ်တိုင်ပြော ပါလိမ့်မည်ဟု ပြန်ပြော ကြ၏။ ၂၂ ဤသို့ ပြော သည်အကြောင်း ကား၊ ယေရှုသည် ခရစ်တော် ဖြစ်သည်ဟု ဝန်ခံ သောသူ မည်သည်ကို တရားစရပ် မှန့်ထုတ်ရ မည်ဟု ယုဒ လူတို့သည် တိုင်ပင် စီရင်ကြနှင့် ပြီ။ ၂၃ ထိုကြောင့် မိဘ တို့က၊ သူ သည် အသက် အရွယ်နှင့် ပြည့်စုံပါ၏။ သူ့ ကိုမေး ကြလော့ဟု ယုဒ လူတို့ကို ကြောက် ၍ ပြော ကြ၏။ ၂၄ ထိုကြောင့် ၊ မျက်စိ ကန်းဘူးသောသူ ကို ဒုတိယ အကြိမ်ခေါ် ၍ ဘုရားသခင် ကို ချီးမွမ်း လော့။ ထို သူ သည် လူဆိုး ဖြစ် ကြောင်း ကို ငါ

တို့သိ ၏ဟုဆို ကြလျှင်၊ ၂၅ လူဆိုး ဖြစ် သည်မ ဖြစ်သည်ကို အကျွန်ုပ်မသိ ။ အကျွန်ုပ်သည် အထက်ကမျက်စိ ကန်း၍ ယခု မျက်စိမြင် သည်အကြောင်းတစ်ခု ကို အကျွန်ုပ်သိ သည်ဟုဆို ၏။ ၂၆ တဖန်သူတို့က၊ သူသည်သင် တို့ ၌ အဘယ်သို့ ပြု သနည်း။ သင် ၏ မျက်စိ ကိုအဘယ်သို့ ဖွင့် သနည်းဟု မေး ကြလျှင်၊ အကျွန်ုပ်တစ်ခါပြော ပြီ၊ သင် တို့နားမ ကြား ကြ။ ၂၇ အဘယ်ကြောင့် တစ်ဖန် ကြား ချင် သနည်း။ သူ့ တပည့် ဖြစ် ချင်သလောဟု ဆို ကြ၏။ ၂၈ ထိုသူတို့ကလည်း၊ သင် သည်သူ့ တပည့် ဖြစ် ၏။ ငါ တို့မူကား မောရှ ၏တပည့် ဖြစ် ကြ၏။ ၂၉ ဘုရားသခင် သည်မောရှ ၌ ဗျာဒိတ် ထားတော်မူကြောင်း ကို ငါ တို့ သိ ကြ၏။ ထိုသူ သည် အဘယ် ကဖြစ် သည်ကို မ သိ ဟုကဲ့ရဲ့ ၍ ပြောဆို ကြလျှင်၊ ၃၀ သူသည် အကျွန်ုပ် မျက်စိ ကိုဖွင့် သော်လည်း အဘယ် ကဖြစ် သည်ဟု သင် တို့မ သိ ကြသည်ကို အံ့သြဘွယ် ရှိ ၏။ ၃၁ ဘုရားသခင် သည် လူဆိုး တို့ စကားကိုနားထောင် တော်မ မူသည်ကို ငါတို့သိ ကြ၏။ ဘုရားသခင် ကို ရိုသေလေးမြတ်၍ အလို တော်ကို လိုက် သောသူဖြစ် လျှင် ထိုသူ ၏စကားကို နားထောင် တော်မူ၏။ ၃၂ အမိဝမ်းတွင်းကပင် မျက်စိ ကန်းသောသူ ကိုမျက်စိ မြင် စေခြင်းဟု တတ်နိုင်သည်ကို ကမ္ဘာ ဦးမှစ၍ မ ကြား စဖူး။ **(aiōn g165)** ၃၃ ထိုသူ သည်ဘုရားသခင် စေလွှတ် တော်မူသောသူမ ဟုတ် လျှင် အဘယ် အမှုကိုမျှမ တတ် နိုင် ဟုပြောဆို ၏။ ၃၄ ထိုသူ တို့ကလည်း ၊ သင် သည် မွေး စကပင်တစ်ကိုယ်လုံး ၌ ဒုစရိုက် အပြစ်စွဲသောသူဖြစ်လျက် နှင့် ငါ တို့ကို ဆုံးမ ပါသည်တကားဟု ပြောဆို ကြပြီးလျှင် ၊ ထိုသူ ကို တရားစရပ်မှနှင်ထုတ် ကြ၏။ ၃၅ နှင်ထုတ် သည်အကြောင်း ကို ယေရှု သည်ကြား ပြီးမှထိုသူ ကိုတွေ့ တော်မူလျှင်၊ သင် သည် ဘုရားသခင် သား တော်ကို ယုံကြည် သလော ဟု မေး တော်မူ၏။ ၃၆ သခင် ၊ အကျွန်ုပ်ယုံကြည် ရမည်အကြောင်း ဘုရားသခင်၏သား တော်ကား အဘယ်သူ နည်းဟု မေးလျှောက် သော်၊ ၃၇ ယေရှု က၊ သင်သည် ထိုသူ ကိုမြင် ခဲ့ပြီးသာမက ၊ သင် နှင့် ယခု စကားပြော သောသူ သည် ဘုရားသခင်၏ သားတော်ဖြစ် သည် ဟု မိန့် တော်မူလျှင်၊ ၃၈ သခင် ၊ အကျွန်ုပ်ယုံကြည် ပါ၏ဟု လျှောက် ၍ ညွတ်ပြပ် ကိုးကွယ်လေ၏။ ၃၉ ထိုအခါ ယေရှု ကလည်း ၊ မျက်စိမ မြင် သောသူ သည် မြင် စေခြင်းဟု ငင်း ၊ မြင် သောသူကို မျက်စိ ကန်းစေခြင်းဟုငင်း၊ ငါ သည် တရားစီရင် ၍ ဤ လောက သို့ ရောက်လာ ပြီ ဟု မိန့် တော်မူ၏။ ၄၀ အထံ တော်၌ ရှိ သောဖာရိရှဲ့ အချို့တို့သည် ထို စကားကိုကြား လျှင်၊ ငါ တို့သည် မျက်စိ ကန်းသလောဟု မေး ကြ၏။ ၄၁ ယေရှု က လည်း၊ သင်တို့ သည် မျက်စိကန်း သည်မှန်လျှင် အပြစ် မ ရှိ ၊ ငါတို့မျက်စိမြင် သည် ဟု ယခု ဆို ကြ၏။ ထိုကြောင့် သင် တို့ ၌အပြစ် တည် သည် ဟု မိန့် တော်မူ၏။

၁၀ ငါအမှန်အကန် ဆို သည်ကား၊ သိုး ခြံ ထဲသို့ တံခါးဝ ဖြင့် မ ဝင် အခြား လမ်းဖြင့်ကျော်ဝင် သောသူ သည် သူခိုး ဓားပြ ဖြစ် ၏။ ၂ သိုးထိန်း မူကား၊ တံခါးဝ ဖြင့် ဝင် တတ်၏။ ၃ ထိုသူ အားတံခါးစောင့် လည်းဖွင့် တတ်၏။ သူ၏ စကား သံကိုသိုး တို့သည် နားထောင် တတ်ကြ၏။ သူ သည် မိမိ သိုး တို့ကို နာမည် ဖြင့် ခေါ် ၍ ပြင် သို့ ထုတ်ဆောင်တတ်၏။ ၄ သိုးများကိုထုတ် သောအခါ သိုးတို့ရှေ့ မှာသွား ၍ သိုး များသည် သူ၏ စကား သံကို ကျွမ်း သောကြောင့် လိုက် တတ်ကြ၏။ ၅ မဆိုင်သောသူတို့၏စကား သံကို မ ကျွမ်း သောကြောင့် ၊ မဆိုင်သောသူနောက်

သို့မ လိုက်ဘဲ ပြေး တတ် ကြသည် ဟု မိန့်တော်မူ၏။ ၆ ထို ဥပမာ ပုံကို ယေရှု ဟော တော်မူသည်တွင်၊ ပရိသတ်
တို့သည် မိန့်တော်မူသောစကား တော်၏ အနက် အဓိပ္ပါယ်ကိုနား မ လည်ကြ။ ၇ ထိုကြောင့် တစ်ဖန် ယေရှု က၊
ငါအမှန်အကန် ဆို သည်ကား၊ ငါ သည် သိုး ဝင်သောတံခါးဝ ဖြစ် ၏။ ၈ ငါ ရှေ့၌ပေါ်လာ သောသူ ရှိသမျှ တို့သည်
သူခိုး ဓားပြ ဖြစ် ကြ၏။ ထိုသူ တို့၏စကားသံကို သိုး တို့သည် နား မ ထောင်ကြ။ ၉ ငါ သည်တံခါးဝ ဖြစ် ၏။ ငါ ဖြင့် ဝင်
သောသူ သည် ဘေး နှင့်ကင်းလွတ်လျက် ထွက် ဝင် ၍ ကျက်စား ရာကို တွေ့ ရလိမ့်မည်။ ၁၀ သူခိုး သည်ခိုး ခြင်း၊ သတ်
ခြင်း၊ ဖျက်ဆီး ခြင်းငှာ သာ လာ တတ်၏။ ငါ မူကား၊ သိုး တို့သည် အသက် လွတ်ရုံ မျှမက အထူးသဖြင့်အသက်နှင့်
ပြည့်စုံ စေခြင်းငှာ လာ သတည်း။ ၁၁ ငါ သည် ကောင်း သောသိုးထိန်း လည်းဖြစ် ၏။ ကောင်း သောသိုးထိန်း သည် သိုး
တို့အဘို့ အလိုငှာ မိမိ အသက် ကို စွန့် တတ်၏။ ၁၂ သိုး များကိုပိုင် သောသိုးထိန်း မ ဟုတ် ၊ သူငှား ဖြစ်သောသူ မူကား၊
တောခွေး လာ သည်ကိုမြင် လျှင်၊ သိုး တို့ကို ပစ် ထား၍ ထွက်ပြေး တတ်၏။ တောခွေး သည်လည်း၊ သိုး တို့ကို လုယက်
၍ ကွဲလွင့် စေ၏။ ၁၃ သူငှား သည် သူငှားဖြစ်၍သိုး တို့၏အကျိုး ကို မ မှတ် သောကြောင့် ထွက်ပြေးတတ်၏။ ၁၄ ငါ
သည် ကောင်း သောသိုးထိန်း ဖြစ် ၏။ ခမည်းတော် သည် ငါ့ ကိုသိ တော်မူ၍၊ ငါ သည်လည်း ခမည်းတော် ကို သိ
သကဲ့သို့ ငါ ၏သိုးကိုလည်း ငါသိ ၏။ ငါ့ သိုးတို့သည်လည်း ငါ့ ကိုသိ ကြ၏။ ၁၅ ငါသည် ကိုယ် အသက် ကို သိုး
တို့အဘို့ အလိုငှာ စွန့်၏ ။ ၁၆ ဤ သိုးခြံ သို့ မ ဝင်သောအခြား သိုး တို့ကိုလည်း ငါပိုင် သေး၏။ ထို သိုးတို့ကို ငါ ဆောင်ခဲ့
ရ မည်။ သူတို့ သည်လည်း ငါ့ စကား သံကို နားထောင် သဖြင့်၊ သိုး ခြံတစ်ခု သိုးထိန်း တစ်ပါးတည်း ရှိ ရလိမ့်မည်။ ၁၇
ငါ သည် ကိုယ် အသက် ကိုစွန့် ၍ နောက် တဖန်ယူ ဦးမည်ဖြစ်သောကြောင့် ၊ ငါ့ ခမည်းတော် သည် ငါ့ကို ချစ်
တော်မူ၏။ ၁၈ ငါ့ အသက် ကို အဘယ်သူ မျှမလု မယူ။ ကိုယ် အလိုအလျောက်ငါ စွန့် ၏။ ကိုယ်အသက် ကို စွန့်
ရသော အခွင့် နှင့် နောက် တဖန်ကိုယ်အသက် ကို ယူ ပြန်ရသောအခွင့် သည် ငါ၌ရှိ ၏။ ထို အခွင့် ကိုခမည်းတော်
သည် ပေး တော်မူပြီ ဟု မိန့် တော်မူ၏။ ၁၉ ထို စကား တော်ကြောင့် ယုဒ လူတို့သည် တစ်ဖန် ကွဲပြား ခြင်းရှိ ကြ၏။
၂၀ လူ များ တို့က၊ သူသည်နတ်ဆိုး စွဲ ၍ အရူး ဖြစ်၏။ သူ့ စကားကို အဘယ်ကြောင့် နားထောင် သနည်းဟု ဆို
ကြ၏။ ၂၁ အချို့တို့က၊ သူ့ စကား သည် နတ်ဆိုးစွဲ သောသူ၏စကားမ ဟုတ် ။ နတ်ဆိုး သည် မျက်စိ ကန်း သောသူ
တို့ကို မြင်စေခြင်းငှာတတ်နိုင် သလောဟုဆို ကြ၏။ ၂၂ ဆောင်း ကာလဖြစ် ၍ အက်ိန် ပွဲကိုယေရုရှလင် မြို့၌ခံ
ကြသောအခါ၊ ၂၃ ယေရှု သည် ဗိမာန် တော်နားမှာ ရှောလမုန် ကနားပြင် ၌ စင်္ကြံသွား တော်မူစဉ်တွင်၊ ၂၄ ယုဒ
လူတို့သည် ကိုယ်တော် ကိုဝန်းရံ ၍ ၊ သင် သည် အဘယ်မျှ ကာလပတ်လုံးငါ တို့ကို ယုံမှား စေမည်နည်း။ ခရစ်တော်
မှန် လျှင် အတည့်အလင်း ပြော ပါဟုဆို ကြ၏။ ၂၅ ယေရှု ကလည်း၊ ငါပြော ပြီ။ သင် တို့သည် မ ယုံ ကြ။ ငါ့
ခမည်းတော် ၏အခွင့်နှင့် ငါ ပြု သောအမှု တို့သည် ငါ ၏သက်သေ ဖြစ်ကြ၏။ ၂၆ သို့သော်လည်း သင် တို့သည် မ ယုံ
ကြ။ အဘယ်ကြောင့်မယုံသနည်းဟူမူကား ၊ သင်တို့သည် ငါ့ သိုး တို့ အဝင် မ ဟုတ် ။ အထက်က ငါပြောသည်အတိုင်း၊
၂၇ ငါ့ သိုး တို့သည် ငါ့ စကား သံကိုနားထောင် ၍ ငါ့ နောက် သို့လိုက်ကြ၏။ ထိုသိုး တို့ကို ငါ သိ ၏။ ၂၈ ထာဝရ

အသက် ကိုလည်း ငါ ပေး ၏။ သိုးတို့သည် ပျက်စီး ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ် ကြလိမ့်မည်။ အဘယ်သူ မျှထိုသိုး တို့ကို ငါ့ လက် မှ မ နှုတ် မယူရာ။ **(aiōn g165, aiōnios g166)** ၂၉ ထိုသိုးတို့ကို ငါ့ ၌အပ်ပေး တော်မူသောငါ့ ခမည်းတော် သည် ခပ်သိမ်း သောသူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ် ၍၊ အဘယ်သူ မျှထိုသိုးတို့ကို ငါ့ခမည်းတော် ၏ လက် မှ မနှုတ် မယူနိုင် ရာ။ ၃၀ ငါ သည် ငါ့ခမည်းတော် နှင့် တလုံးတဝတည်း ဖြစ် သည် ဟု မိန့် တော်မူ၏။ ၃၁ ထိုအခါ ယုဒ လူတို့သည် ကိုယ်တော် ကို ခဲနှင့်ပစ် ခြင်းငှာ တစ်ဖန် ကျောက်ခဲ တို့ကို ကောက်ယူ ကြ၏။ ၃၂ ယေရှု ကလည်း၊ ငါသည် ငါ့ခမည်းတော် ၏အခွင့် နှင့် ကောင်း သောအမှု အများ တို့ကို သင် တို့အားပြ ပြီ။ ထိုအမှု တို့တွင် အဘယ် မည်သောအမှု ကြောင့် ငါ့ ကို ခဲ နှင့်ပစ်ကြမည်နည်း ဟု မေး တော်မူလျှင်၊ ၃၃ ယုဒ လူတို့က၊ ကောင်း သောအမှု ကြောင့် ခဲနှင့်ပစ် မည်မ ဟုတ်။ သင် သည် လူ ဖြစ် လျက်ပင် ဘုရားသခင် ဖြစ်ယောင်ဆောင်၍ ဘုရားသခင်ကို လွန်ကျူး သောစကားကြောင့် ခဲနှင့်ပစ်မည်ဟု ဆို ကြ၏။ ၃၄ ယေရှု ကလည်း၊ သင်တို့သည် ဘုရား ဖြစ် ကြ၏၊ ငါ ဆို သည်ဟု သင် တို့၏ ပညတ္တိ ကျမ်းစာ၌ လာ သည် မ ဟုတ် လော။ ၃၅ ဘုရားသခင် ၏ဗျာဒိတ် တော်ကို ခံရသောသူ တို့ကို ဘုရား ဟူ၍ခေါ် ရလျှင် ၎င်း ၊ ကျမ်း စကားကို မ ပယ် ရ လျှင်၎င်း၊ ၃၆ ခမည်းတော် သည်သန့်ရှင်း စေ၍ ၊ ဤလောက သို့ စေလွှတ် တော်မူသောသူ က၊ ငါသည်ဘုရားသခင် ၏ သား တော်ဖြစ် သည်ဟုဆို သောကြောင့် ၊ သင် သည် ဘုရားသခင်ကို လွန်ကျူး ၍ပြောသည်ဟု ထိုသူအား ဆို ရာ သလော။ ၃၇ ငါသည် ငါ့ ခမည်းတော် ၏အမှု တို့ကို မ ပြု လျှင် ငါ့ ကိုမ ယုံ ကြနှင့်။ ၃၈ ပြု လျှင်ငါ့ ကိုမ ယုံသော်လည်း ထိုအမှု တို့ကို ယုံ ကြလော့။ ထိုသို့ ယုံလျှင် ခမည်းတော် သည် ငါ ၌ ရှိတော်မူသည်ကိုငင်း၊ ငါ သည်ခမည်းတော် ၌ ရှိသည်ကိုငင်း ယုံ၍ သိမှတ် ကြလိမ့်မည် ဟု မိန့်တော်မူ၏။ ၃၉ ထိုအခါ ကိုယ်တော် ကိုဘမ်းဆီး ခြင်းငှာတစ်ဖန် ရှာ ကြပြန်လျှင်၊ ထိုသူ တို့၏လက် မှ ထွက်ကြွ တော်မူ၏။ ၄၀ ယောဟန် သည် ဗတ္တိဇံ ကို ရှေးဦးစွာ ပေးရာအရပ် ၊ ယော်ဒန် မြစ်တစ်ဘက် သို့ တစ်ဖန် ကြွ ၍ ထို အရပ်၌ နေ တော်မူ၏။ ၄၁ လူအများ တို့သည် အထံ တော်သို့ ရောက်လာ လျှင် ၊ ယောဟန် သည် နိမိတ် လက္ခဏာကိုမ ပြ ။ သို့သော်လည်း ဤသူ ၏အကြောင်း ကို ယောဟန် ပြော သမျှ မှန် ပေ၏ဟု ဆို ကြသဖြင့်၊ ၄၂ ထို အရပ်၌ လူများ တို့သည် ကိုယ်တော် ကိုယုံကြည် ကြ၏။

၁၁ ညီအစ်မ မာရိ နှင့် မာသ တို့နေသော ဗေသနိ ရွာသား ၊ လာဇရ အမည်ရှိသော သူတစ် ယောက်သည် နာ လျက်နေလေ၏။ ၂ နာ လျက်နေသောလာဇရ ၏နှမမာရိ ကား၊ သခင် ဘုရားကို ဆီမွှေး နှင့်လိမ်း ၍ ခြေ တော်ကို မိမိ ဆံပင် နှင့် သုတ် သောမာရိဖြစ် သတည်း။ ၃ ညီအစ်မ တို့သည် အထံ တော်သို့ စေလွှတ် ၍ ၊ သခင် ၊ ကိုယ်တော်ချစ် တော်မူသောသူ သည် နာ လျက် နေပါသည်ဟုလျှောက် ကြ၏။ ၄ ထိုစကားကို ယေရှု သည် ကြား တော်မူလျှင် ၊ ထို အနာ သည် သေ နာမ ဟုတ်။ ဘုရားသခင် ၏ ဘုန်း တော်ကို ထင်ရှားစေသောအနာဖြစ် ၏။ ထို အနာကြောင့် ဘုရားသခင် ၏သား တော်သည် ဘုန်း ထင်ရှားခြင်း ရှိလိမ့်မည် ဟု မိန့် တော်မူ၏။ ၅ ယေရှု သည် မာသ ကိုငင်း ။ သူ ၏ညီမ နှင့် လာဇရ ကိုငင်း ချစ် တော်မူ၏။ ၆ လာဇရ နာ သည်ကိုကြား တော်မူလျှင် ၊ ကြွတော်မမူဘဲ ထိုအရပ် ၌ နှစ်

ရက် နေ တော်မူ၏။ ၇ ထိုနောက် တပည့် တော်တို့အား၊ ယုဒ ပြည်သို့ တစ်ဖန် သွား ကြကုန်အံ့ ဟု မိန့် တော်မူလျှင်၊ ၈ တပည့် တော်တို့က၊ အရှင် ဘုရား၊ ယုဒ လူတို့သည်ယခုပင် ကိုယ်တော် ကိုခဲ နှင့်ပစ်ခြင်းငှာကြံ လျက်ပင်ထို အရပ်သို့တစ်ဖန် ကြွ တော်မူဦးမည်လောဟု လျှောက် ကြ၏။ ၉ ယေရှု ကလည်း၊ တစ်နေ့ တွင်တဆယ့်နှစ် နာရီ ရှိ သည်မ ဟုတ်လော။ လူ သည်နေ့ အချိန်၌ သာ သွားလာ လျှင် ၊ နေရောင်အလင်း ကို မြင် ရသောကြောင့် ထိမိ ၍ မ လဲတတ်။ ၁၀ ညဉ့် အချိန်၌ သွားလာလျှင် မူကား ၊ အလင်း မ ရှိ သောကြောင့် ထိမိ ၍လဲတတ်၏ ဟု မိန့် တော်မူပြီးမှ၊ ၁၁ ငါ တို့အဆွေ လာဇရု သည် အိပ်ပျော် ၏။ သူ့ ကို နိုး ခြင်းအလိုငှာ ငါ သွားမည် ဟု မိန့် တော်မူ၏။ ၁၂ တပည့် တော်တို့ကလည်း ၊ သခင် ၊ သူသည် အိပ်ပျော် လျှင် သက်သာ ရလိမ့်မည်ဟု လျှောက် ကြ၏။ ၁၃ ယေရှု သည် လာဇရု သေ ကြောင်း ကိုမှတ်၍ မိန့် တော်မူသော်လည်း ၊ ပကတိ အိပ်ပျော် ကြောင်းကို မိန့် တော်မူသည်ဟု တပည့် တော်တို့သည် ထင်မှတ် ကြ၏။ ၁၄ ထိုကြောင့် ယေရှု က၊ လာဇရု သေ ပြီ။ သင်တို့သည် ယုံကြည် မည်အကြောင်း ၊ ၁၅ ထို အရပ်၌ ငါမ ရှိ သည်ကိုထောက်၍ သင် တို့အတွက် ငါဝမ်းမြောက် ခြင်းရှိ၏။ သူ့ ဆီသို့ ငါတို့သွား ကြ ကုန်အံ့ ဟု အတည့်အလင်း မိန့် တော်မူ၏။ ၁၆ ဒိဒုမု အမည် ရှိသောသောမ က၊ အကျွန်ုပ် တို့လည်း လိုက် ၍ သခင် နှင့်အတူ အသေခံ ကြကုန်အံ့ဟု တပည့် တော်ချင်းတို့အား ပြောဆို ၏။ ၁၇ ယေရှု သည် ရောက် တော်မူသောအခါ ၊ လာဇရု ကို သင်္ဂြိဟ်၍ သင်္ချိုင်း တွင်း၌ လေး ရက် လွန် လေပြီ။ ၁၈ ဗေသနိ ရွာသည် ယေရုရှလင် မြို့နှင့် တစ် တိုင်လောက် သာကွာဝေး သည်ဖြစ် ၍၊ ၁၉ မာသ နှင့် မာရိ တို့ ၏မောင် သေသောကြောင့် ၊ သူ တို့ကို နှစ်သိမ့် စေလိုသောငှာ ယုဒ လူများ တို့သည် လာ ကြ၏။ ၂၀ ယေရှု ကြွလာ တော်မူကြောင်း ကို မာသ သည်ကြား လျှင် ၊ ကိုယ်တော် ကို ခရီးဦးကြိုပြု ခြင်းငှာသွား၏။ ၂၁ မာရိ မူကား အိမ် ၌ ထိုင် လျက်နေရစ်၏။ မာသ က၊ သခင် ၊ ကိုယ်တော်ရှိ တော်မူလျှင် ကျွန်မ ၏မောင် မ သေ ပါ။ ၂၂ ယခု သေလျက်ရှိသော်လည်း ကိုယ်တော် သည် ဘုရားသခင် ကို ဆုတောင်း တော်မူသမျှ အတိုင်း ဘုရားသခင် ပေး တော်မူမည်ကို ကျွန်မသိ ပါသည်ဟုလျှောက် ၏။ ၂၃ ယေရှု ကလည်း၊ သင် ၏မောင် သည် ထမြောက် လိမ့်မည် ဟု မိန့် တော်မူ၏။ ၂၄ မာသ ကလည်း၊ နောက်ဆုံး သောနေ့ တည်းဟူသောထမြောက် ရာကာလ၌ သူသည် ထမြောက် လိမ့်မည်ကို ကျွန်မသိ ပါသည်ဟု လျှောက် ၏။ ၂၅ ယေရှု ကလည်း၊ ငါ သည် ထမြောက် ခြင်းအကြောင်း၊ အသက် ရှင်ခြင်းအကြောင်းဖြစ် ၏။ ငါ့ ကို ယုံကြည် သောသူ သည်သေ လွန်သော်လည်း ရှင် လိမ့်မည်။ ၂၆ ငါ့ ကိုယုံကြည် ၍ အသက် ရှင်သောသူရှိသမျှ တို့သည်လည်း သေ ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ် လိမ့်မည်။ ငါ့စကားကိုယုံ သလော ဟု မေး တော်မူလျှင်၊ မာသက၊ ဟုတ် ပါ၏သခင် ။ **(aiōn g165)** ၂၇ ကိုယ်တော် သည် ခရစ်တော် တည်းဟူသောဘုရားသခင် သို့ ကြွ တော်မူသော ဘုရားသခင် ၏သား တော် ဖြစ် တော်မူသည်ကို ကျွန်မ ယုံ ပါသည်ဟု လျှောက် ၏။ ၂၈ ထိုသို့ လျှောက် ပြီးမှ မာသသည်သွား ၍ မိမိ ညီမ မာရိ အား၊ အရှင် ဘုရားရောက်လာ တော်မူပြီ။ သင့် ကို ခေါ် တော်မူသည်ဟု တိတ်ဆိတ် စွာခေါ် လေ၏။ ၂၉ မာရိ သည် ထိုစကားကိုကြား လျှင် အလျှင်တဆော ထ ၍ အထံ တော်သို့ သွား လေ၏။ ၃၀ ထိုအခါ ယေရှု သည် ရွာ ထဲသို့ မ ဝင် သေး။ မာသ ခရီးဦးကြိုပြု သောအရပ် ၌ ရှိ

တော်မူသတည်း။ ၃၁ ထိုကြောင့် နှစ်သိမ့် သောစကားကိုပြောလျက် မာရိနှင့်အတူ အိမ် ၌ ရှိ သော ယုဒ လူတို့သည် မာရိ အလျင်တဆော ထ ၍ ထွက်သွား သည်ကိုမြင် ကြလျှင်၊ ငိုကြွေး ခြင်းငှာ သချိုင်း သို့ သွား ပြီဟုဆို၍ သူ နောက် သို့လိုက်ကြ၏။ ၃၂ မာရိ သည် ယေရှု ရှိ တော်မူရာအရပ် သို့ရောက် ၍ ကိုယ်တော် ကိုမြင် လျှင် ခြေ တော်ရင်း၌ ပြုပ်ဝပ် လျက်၊ သခင် ၊ ကိယ်တော်ရှိ တော်မူလျှင် ကျွန်မ ၏ မောင် မ သေ ပါဟုလျှောက် ၏။ ၃၃ မာရိ မှစ၍လိုက် လာသောယုဒ လူတို့သည် ငိုကြွေး သည်ကို ယေရှု သည်မြင် တော်မူသောအခါ ၊ အလွန် ညှိုးငယ် ခြင်း၊ စိတ် ပူပန် ခြင်းရှိ၍ ၊ ၃၄ အလောင်း ကို အဘယ်မှာ ထား ကြသနည်း ဟုမေး တော်မူလျှင်၊ သခင် ကြွ ၍ ကြည့် တော်မူပါဟု လျှောက် ကြ၏။ ၃၅ ယေရှု သည်မျက်ရည် ကျတော်မူ၏။ ၃၆ ယုဒ လူတို့က၊ ကြည့် ပါ၊ လာဇရ ကို အလွန်ချစ် တော်မူပါသည်တကားဟု ဆို ကြ၏။ ၃၇ အချို့တို့က၊ မျက်စိ ကန်းသောသူ ကို မြင် စေတော်မူသော ဤ သခင်သည်၊ လာဇရ ကို မ သေ စေခြင်းငှာ မ တတ်နိုင် လောဟုဆို ကြ၏။ ၃၈ တစ်ဖန် ယေရှု သည် အလွန်ညှိုးငယ် သောစိတ်နှင့် သချိုင်း တွင်းသို့ ရောက် တော်မူ၏။ ထို တွင်းသည် မြေတွင်း ဖြစ်၏။ ကျောက် နှင့်ပိတ် ထား၏။ ၃၉ ကျောက် ကိုရွှေ့ ကြလော့ ဟု ယေရှု သည်မိန့် တော်မူလျှင်၊ သေ လွန်သောသူ နှမ မာသ က၊ သခင် ၊ ယခု ဖြစ်လျှင်နံ လိမ့်မည်။ လေး ရက်ရှိပါပြီဟုလျှောက် ၏။ ၄၀ ယေရှု ကလည်း၊ သင် သည်ယုံ လျှင် ဘုရားသခင် ၏ဘုန်း အာနုဘော်တော်ကို မြင် ရလိမ့်မည်၊ ငါပြော ပြီ မ ဟုတ်လော ဟု မိန့် တော်မူ၏။ ၄၁ ထိုအခါ သေလွန်သောသူ၏သချိုင်းမှကျောက် ကိုရွှေ့ ကြ၏။ ယေရှု သည်လည်း အထက် သို့မျှော်ကြည့်လျက်၊ အဘ ၊ ကိုယ်တော် သည် အကျွန်ုပ် စကားကို နားထောင် တော်မူသောကြောင့် ကျေးဇူး တော်ကြီးလှပါ၏။ ၄၂ ကိုယ်တော်သည် အကျွန်ုပ် စကားကိုအစဉ်မပြတ် နားထောင် တော်မူသည်ကို အကျွန်ုပ် သိ ပါ၏။ သို့သော်လည်း ကိုယ်တော် သည် အကျွန်ုပ် ကို စေလွှတ် တော်မူသည်ကို ဝန်းရံ လျက်ရှိသောဤလူ အပေါင်းတို့သည် ယုံကြည် စေခြင်းငှာ သူတို့၏အကျိုးကိုထောက်၍ ဤသို့အကျွန်ုပ်လျှောက် ပါ၏ ဟု မိန့်မြွတ် တော်မူပြီးမှ၊ ၄၃ လာဇရ ထွက် ၍လာ လော့ ဟု ကြီးစွာ သောအသံ နှင့် ဟစ်ခေါ် တော်မူ၏။ ၄၄ ထိုအခါသေ လွန်သောသူ သည် မိမိ ခြေ လက် ၌ပုဆိုး နံငယ်နှင့် ရစ်ပတ် လျက်၊ မျက်နှာ ကိုလည်း ပုဝါ နှင့် စည်း လျက်ထွက်လာ ၏။ ယေရှု ကလည်း၊ သူ့ ကိုဖြည် ၍ လွှတ် ကြလော့ ဟု မိန့် တော်မူ၏။ ၄၅ ထိုအခါ မာရိ ဆီသို့ လာ သော ယုဒ လူအများ တို့သည် ယေရှုပြု တော်မူသောအမှု ကိုမြင် လျှင် ၊ ကိုယ်တော် ကို ယုံကြည် ကြ၏။ ၄၆ အချို့မူကား ၊ ဖာရိရှဲ တို့ထံသို့ သွား ၍ ယေရှု ပြု တော်မူသောအမှု ကို ကြားပြော ကြ၏။ ၄၇ ထိုအခါ ယဇ်ပုရောဟိတ် အကြီးတို့နှင့် ဖာရိရှဲ များသည်လွှတ် အရာရှိတို့ကို စည်းဝေး စေပြီးလျှင်၊ ငါတို့ သည် အဘယ်သို့ ပြု လျက်နေကြသနည်း။ ထို သူ သည်များစွာ သော နိမိတ် လက္ခဏာကိုပြ ၏။ ၄၈ သူ့ ကိုဤသို့ စေလွှတ် ထားလျှင် လူခပ်သိမ်း တို့သည် ယုံကြည် ကြလိမ့်မည်။ ရောမ လူတို့သည်လည်း လာ ၍ ငါ တို့အရပ် ဌာနကိုဂင်း ၊ ငါတို့အမျိုး ကိုဂင်း သုတ်သင် ပယ်ရှင်းကြလိမ့်မည်ဟု ပြောဆို ကြ၏။ ၄၉ ထိုသူ တို့အဝင် ။ ထို နှစ် တွင် ယဇ်ပုရောဟိတ် မင်းဖြစ် သော ကယာဖ အမည်ရှိသောသူ က၊ သင် တို့အလျှင်း မ သိ ကြ။ ၅၀ ယုဒလူမျိုး အကုန်အစင် ပျက်စီး သည်ထက်၊ လူ တစ် ယောက်သည် လူ များတို့အတွက် သေ သော်သာ၍ကောင်း သည်ကို သင်

တို့သည် မ ဆင်ခြင် ပါတကားဟုပြောဆို ၏။ ၅၁ ထို စကားကို ကိုယ်အလိုအလျောက် ပြောဆို သည်မ ဟုတ်။ ထို နှစ်တွင် ယဇ်ပုရောဟိတ် မင်းဖြစ် လျက်၊ ယေရှု သည် ထိုအမျိုး အတွက် သေ ရမည်ဟူ၍ငင်း ၊ ၅၂ ထိုအမျိုး အတွက် သာမက အရပ်ရပ်တို့ ၌ ကွဲပြား လျက်ရှိသော ဘုရားသခင် ၏သား များကို အတူစုဝေး စေခြင်းငှာ သေရမည်ဟူ၍ငင်း၊ ပရောဖက်ဉာဏ်နှင့်ဟောပြော ၏။ ၅၃ ထို နေ့ မှစ၍ ကိုယ်တော် ၏အသက်ကိုသတ် ခြင်းငှာ တိုင်ပင် ကြံစည်ကြ၏။ ၅၄ ထိုကြောင့် ၊ ယေရှု သည် နောက်တဖန်ယုဒ လူတို့တွင် ထင်ရှား စွာ မ လှည့်လည် ဘဲ၊ ထိုအရပ် မှထွက် ၍ တော နှင့်အနီး ဧဖရိမ် အမည် ရှိသောမြို့ သို့ ကြွ၍ တပည့် တော်တို့နှင့်အတူ နေ တော်မူ၏။ ၅၅ ယုဒ ပသခါ ပွဲခံခါနီး တွင် လူများတို့သည်မိမိ တို့ကိုသန့်ရှင်း စေခြင်းငှာ ပွဲ မ ခံမီအရပ်ရပ် တို့မှ ယေရုရှလင် မြို့သို့ လာ ကြ၏။ ၅၆ ထိုသူတို့သည် ယေရှု ကိုရှာဖွေ ၍ ၊ အချင်း တို့အဘယ်သို့ ထင် ကြသနည်း။ သူသည်ပွဲ သို့ မ လာ သလောဟု ဗိမာန် တော်၌ ရပ် လျက် အချင်းချင်း မေးမြန်း ကြ၏။ ၅၇ ထိုအခါ အဘယ်သူ သည် ယေရှုရှိ ရာအရပ် သို့ သူ့ ကိုဘမ်းဆီး စေခြင်းငှာ ပြည်သွန် ရမည်ဟု ယဇ်ပုရောဟိတ် အကြီးတို့နှင့် ဖာရိရှဲ တို့သည်မှာခဲ့ ကြပြီ။

၁၂ ပသခါ ပွဲခံချိန်ခြောက် ရက် လိုသောအခါ ၊ အထက်ကသေလွန်၍ သေ ခြင်းမှ ထမြောက် စေတော်မူသော လာဇရု နေရာအရပ် ၊ ဗေသနိ ရွာသို့ ယေရှု သည်ရောက် တော်မူ၏။ ၂ ထိုကြောင့် ထိုသူတို့သည်ပွဲ လုပ် ကြသဖြင့် မာသ သည်လုပ်ကျွေးမူ ကိုဆောင်၍၊ လာဇရု သည် ကိုယ်တော် နှင့်အတူ လျောင်း သောသူ တို့ အဝင် ဖြစ် ၏။ ၃ ထိုအခါ မာရိ သည် အဘိုး များစွာထိုက်သောနာဒ ဆီမွှေး စစ် အကျပ် သုံးဆယ်ကိုယူ ၍၊ ယေရှု ၏ခြေ တော် ကို လိမ်း ပြီးလျှင်မိမိ ဆံပင် နှင့်သုတ် သဖြင့် ၊ ထိုဆီ ၏ အမွှေး သည် တစ်အိမ် လုံးကိုနှံ့ ပြား ၏။ ၄ တပည့် တော်တို့ အဝင် ဖြစ်၍ကိုယ်တော် ကိုအပ်နှံ မည့်သူ ၊ ရှိမုန်၏သား ယုဒ ရှကာရုတ် က၊ ၅ ထို ဆီမွှေး ကို ဒေနာရိ အပြားသုံးရာ အဘိုးနှင့်ရောင်း ၍ ဆင်းရဲ သောသူတို့အားအဘယ်ကြောင့် မ ပေး သနည်းဟုဆို ၏။ ၆ ထိုသို့ဆိုသော်၊ ဆင်းရဲ သောသူတို့အကျိုး ကို ထောက် ၍ဆိုသည်မ ဟုတ်။ မိမိ သည် သူခိုး ဖြစ် လျက်၊ တပည့်တော်များသုံးရန်ငွေအိတ် ကိုဆောင် ၍ နှိုက် ယူ တတ်သောကြောင့် သာ ဆို သတည်း။ ၇ ယေရှု သည်လည်း၊ ထိုမိန်းမကိုရှိ စေတော့။ ငါ ၏အလောင်းကိုသင်္ဂြိုဟ် ခြင်းငှာ ပြင်ဆင်သောနေ့ တိုင်အောင် သူ သည်ဤ ဆီမွှေးကို သိုထား ပြီး။ ၈ ဆင်းရဲ သောသူတို့ကား သင် တို့ ၌ အစဉ် ရှိ ကြ၏။ ငါ မူကား ၊ အစဉ် ရှိ သည်မ ဟုတ် ဟု မိန့် တော်မူ၏။ ၉ ထို အရပ်၌ ယေရှုရှိ တော်မူသည်ကို ယုဒ လူ များအပေါင်း တို့သည်သိ လျှင် ၊ ကိုယ်တော် ကြောင့် သာ လာ သည်မ ဟုတ်။ သေ ခြင်းမှ ထမြောက် စေတော်မူသော လာဇရု ကိုမြင် ခြင်းငှာ လာကြ၏။ ၁၀ ထိုသို့ ယုဒ လူများ တို့သည် လာဇရု ကိုအကြောင်း ပြုသဖြင့် ထွက်သွား ၍၊ ၁၁ ယေရှု ကို ယုံကြည် သောကြောင့် ၊ ယဇ်ပုရောဟိတ် အကြီးတို့သည် လာဇရု ကိုလည်း သတ် ခြင်းငှာ တိုင်ပင် စီရင်ကြ၏။ ၁၂ နက်ဖြန် နေ့၌ ယေရှု သည် ယေရုရှလင် မြို့သို့ ကြွလာတော်မူသည်ကို၊ ထိုပွဲ သို့ လာ သော လူအစုအဝေး အပေါင်း တို့သည် ကြား ရလျှင်၊ ၁၃ စွန်ပလွံ ခက် များကိုကိုင် လျက်၊ ကိုယ်တော် ကို ခရီးဦးကြိုပြု အံ့သောငှာ ထွက်သွား ကြ၍ ၊ ဟောရှဏ္ဏ ဖြစ်စေသတည်း။ ထာဝရ ဘုရား၏အခွင့် နှင့် ကြွလာ တော်မူသော ဣသရေလ

ရှင်ဘုရင် သည် မင်္ဂလာ ရှိစေသတည်းဟု ကြွေးကြော် ကြ၏။ ၁၄ ကျမ်းစာ၌လာသည်ကား၊ ၁၅ အိုဇိအုန် သတို့သမီး ၊ မ စိုးရိမ် နှင့်။ သင် ၏အရှင် မင်းကြီးသည် မြည်းကလေး ကိုစီး၍ သင်ရှိရာသို့ ကြွ တော်မူသည်ကို ကြည့်ရှု လော့ဟု ရေး ထားသည်နှင့်အညီ၊ ယေရှု သည်မြည်းကလေး ကိုတွေ့၍ စီး တော်မူ၏။ ၁၆ ထိုအကြောင်းအရာကိုတပည့် တော်တို့သည် အစဦး ၌နား မ လည်သော်လည်း၊ ကိုယ်တော် ကိုရည်မှတ် ၍ ထိုသို့ ရေး ထားသည်ကိုငင်း ၊ ကိုယ်တော် အား ထိုသို့ ပြု ကြသည်ကိုငင်း၊ ဘုန်းပွင့် တော်မူသည်နောက် သတိရ ၍ မှတ်မိကြ၏။ ၁၇ နောက်တော်သို့လိုက်သော လူ အစုအဝေးတို့သည်ကား၊ လာဇရု ကိုသင်္ချိုင်း တွင်းမှ ခေါ် ၍ သေ ခြင်းမှ ထမြောက် စေတော်မူသည်အကြောင်းကို သက်သေခံ ကြ၏။ ၁၈ ထို နိမိတ် လက္ခဏာကိုပြ တော်မူသည်ဟု လူ များတို့သည်သိတင်းကြား သောကြောင့် ၊ ခရီးဦးကြိုပြု အံ့သောဌာထွက်သွားကြ၏။ ၁၉ ဖာရိရှဲ အချင်းချင်း တို့လည်း၊ သင်တို့သည်အလျင်း မ တတ်နိုင် ။ ဤလောက သည် ထိုသူ နောက် သို့ လိုက် သွား ပါပြီတကားဟု ပြောဆို ကြ၏။ ၂၀ ကိုးကွယ် ခြင်းအမှုနှင့် ထို ပွဲ သို့ ရောက်လာ သောသူ တို့တွင် ဟေလသ လူအချို့ပါ ၏။ ၂၁ ထိုသူ တို့သည် ဂါလိလဲ ပြည်ဗက်ဇဒ မြို့သားဖြစ်သော ဖိလိပ္ပု ထံသို့သွား ၍ အကျွန်ုပ် တို့သည် ယေရှု ကို မြင် ချင်ပါသည်၊ ခင်ဗျား ဟု တောင်းပန် ကြ၏။ ၂၂ ဖိလိပ္ပု သည်သွား ၍ အန္ဒြေ ကို ကြားပြော ပြီးမှ၊ ထို သူနှစ်ယောက်တို့သည် ယေရှု ကိုလျှောက် ၏။ ၂၃ ယေရှု ကလည်း၊ လူ သား သည် ဘုန်းပွင့် ရသောအချိန် ရောက် ပြီ။ ၂၄ ငါအမှန်အကန် ဆို သည်ကား၊ မြေ ၌ ကျ သောစပါး စေ့ သည် မ ပျက် လျှင် တစ်ခု တည်းနေ ၏။ ပျက် လျှင် မူကား များစွာ သောအသီး ကို သီး တတ်၏။ ၂၅ မိမိ အသက် ကို နှမြော သောသူ သည် အသက် ဆုံး လိမ့်မည်။ ဤ လောက ၌ မိမိ အသက် ကိုမုန်း သော သူ မူကား၊ ထာဝရ အသက် ကို စောင့်ရှောက် လျက်နေ၏။ **(aiōnios g166)** ၂၆ ငါ ၏အမှု ကို ဆောင်ရွက်သောသူ ဖြစ်လျှင်ငါ့ နောက်သို့လိုက် ရမည်။ ငါ ၏အမှုဆောင် သည်လည်း ငါ ရှိ ရာအရပ် ၌ ရှိ ရလိမ့်မည်။ ငါ ၏အမှုကိုဆောင်ရွက် သောသူ ဖြစ်လျှင် ထိုသူ ကိုခမည်းတော် သည် ချီးမြှောက် တော်မူလတံ့။ ၂၇ ငါ သည် ယခု စိတ် နှလုံးပူပန် ခြင်းရှိ၏။ အဘယ်သို့ ငါလျှောက် ရမည်နည်း။ ထို အချိန် မှစ၍ အကျွန်ုပ် ကို ကယ်တင် တော်မူပါ၊ အဘ ဟုလျှောက်ရမည်လော။ အကြောင်းရှိ၍သာ ထို အချိန် သို့ ရောက်လာ ပြီ။ ၂၈ အိုအဘ ၊ ကိုယ်တော် ၏နာမ တော်ကို ချီးမြှောက် တော်မူပါ ဟု မိန့်မြွတ် တော်မူ၏။ ထိုအခါကောင်းကင် မှ စကား သံကား၊ ငါချီးမြှောက် ခဲ့ပြီ၊ တဖန် ချီးမြှောက် ဦး မည်ဟုလာ ၏။ ၂၉ ဝန်းရံ လျက်ရှိသောလူ အစုအဝေးတို့သည်ကြား လျှင် မိုးယံချုန်း သည်ဟုဆို ကြ၏။ အချို့ကလည်းကိုယ်တော် အား ကောင်းကင်တမန် မြွက် သည်ဟု ဆို ကြ၏။ ၃၀ ယေရှု က၊ ထို စကား သံသည် ငါ အဘို့ အလိုငှာလာသည်မ ဟုတ်၊ သင် တို့အဘို့ အလို့ငှာလာ ၏။ ၃၁ ယခု တွင်ဤ လောက သည်တရား စီရင်ခြင်းကိုခံရ ၏။ ယခု တွင် ဤ လောက ကို အစိုးရ သောမင်းသည် ပြင် သို့ နှင်ထုတ် ခြင်းကိုခံရလိမ့်မည်။ ၃၂ ငါ သည်လည်းမြေကြီး နှင့်ခွာ၍ မြှောက် ထားခြင်းကို ခံရလျှင် ။ လူအပေါင်း တို့ကို ငါ့ ထံသို့ ငါဆွဲ မည် ဟု မိန့် တော်မူ၏။ ၃၃ ထိုသို့ မိန့် တော်မူသော်၊ မိမိ သည်အဘယ်သို့ သေ ရမည်အရိပ် ကို ပေးတော်မူ၏။ ၃၄ လူ များတို့ကလည်း၊ ခရစ်တော် သည် အစဉ်အမြဲ တည် သည်ဟု ပညတ္တိ ကျမ်း၌ လာကြောင်း ကို

အကျွန်ုပ် တို့ ကြားသိ ရပြီ။ သို့ ဖြစ်လျှင် လူ သား သည်မြောက် ထားခြင်းကိုခံရမည်ဟု သင် သည် အဘယ်သို့ ဆို သနည်း။ ထို လူ သား သည် အဘယ်သို့ သောသူနည်းဟု ဆို ကြ၏။ **(aiōn g165)** ၃၅ ယေရှု ကလည်း၊ အလင်း သည် သင် တို့တွင်ခဏ သာရှိ ၏။ အလင်း ရှိ စဉ်အခါ သွားလာ ကြလော့။ သို့မဟုတ် လျှင် မှောင်မိုက် သည် သင် တို့မှီ လိမ့်မည်။ မှောင်မိုက် ၌ သွား သောသူ သည် အဘယ် ဆီသို့မိမိသွား သည်ကိုမိမိမ သိ ။ ၃၆ အလင်း ရှိ စဉ်အခါအလင်း ၏ သား ဖြစ် အံ့သောဟု အလင်း ကိုယုံကြည် ကြလော့ ဟု မိန့် တော်မူ၏။ ထိုသို့ မိန့် တော်မူပြီးမှယေရှု သည်ထွက်ကွ ၍ ထိုသူ တို့ကို တိမ်းရှောင် လျက်နေတော်မူ၏။37 ၃၇ ထိုမျှလောက်ကြီးစွာ သော နိမိတ် လက္ခဏာတို့ကို သူ တို့မျက်မှောက် ၌ ပြ တော်မူသော်လည်း သူတို့သည် ယုံကြည် ခြင်းသို့ မ ရောက်ကြ။ ၃၈ ပရောဖက် ဟေရှာယ ဟော ဘူးသည်ကား၊ အိုထာဝရ ဘုရား၊ အကျွန်ုပ် တို့ဟောပြောသော သိတင်း စကားကို အဘယ်သူ ယုံ ပါသနည်း။ ထာဝရ ဘုရား၏ လက် တော်သည်အဘယ်သူ အား ထင်ရှား တော်မူသနည်း ဟူသောစကား သည် ပြည့်စုံ ခြင်းသို့ရောက်သတည်း။ ၃၉ တစ်ဖန် ပရောဖက်ဟေရှာယ ဟော ပြန်သည်ကား၊ ၄၀ သူတို့မျက်စိ မ မြင် ၊ စိတ် နှလုံးနား မလည်၊ အကျင့်မပြောင်းလဲ ၊ သူ တို့အနာ ရောဂါကို ငါမငြိမ်းစေသည် တိုင်အောင်သူ တို့မျက်စိ ကိုကွယ် စေတော်မူ၏။ သူ တို့ စိတ်နှလုံး ကိုမိုက် စေတော်မူ၏ဟူသောစကားကြောင့် ထိုသူတို့သည်ယုံကြည် ခြင်းသို့ မ ရောက်နိုင် ကြ။ ၄၁ ဟေရှာယ သည် ဘုန်း အာနုဘော်တော်ကိုမြင် ၍ ဗျာဒိတ်တော်ကိုပြန် စဉ်တွင် ထိုစကား ကို ဟောပြော သတည်း။ ၄၂ သို့သော်လည်း အရာရှိ အများ တို့သည် ကိုယ်တော် ကိုယုံကြည် ကြ၏။ တရားစရပ် မှဖာရိရှဲ တို့သည် နှင်ထုတ်မည်ကို စိုးရိမ်သောကြောင့် ထင်ရှား စွာဝန် မ ခံကြ။ ၄၃ အကြောင်းမူကား ၊ ဘုရားသခင် ပေးတော်မူသော ဘုန်း အသရေထက် လူ တို့ပေးသော ဘုန်း အသရေကို သာ၍ နှစ်သက် ကြ၏။ ၄၄ ယေရှု ကလည်း၊ ငါ့ ကိုယုံကြည် သောသူ သည် ငါ့ ကိုသာယုံကြည် သည်မ ဟုတ်၊ ငါ့ ကိုစေလွှတ် တော်မူသော သူ ကိုယုံကြည်၏။ ၄၅ ငါ့ ကို ကြည့် မြင်သောသူ သည် ငါ့ ကို စေလွှတ် တော်မူသောသူ ကိုကြည့် မြင်၏။ ၄၆ ငါ့ ကို ယုံကြည် သမျှသောသူတို့သည် မှောင်မိုက် ၌ မ နေ စေခြင်းငှာ ငါ သည်အလင်း ဖြစ်လျက် ဤလောက သို့ ကြွလာ ပြီ။ ၄၇ ငါ့ စကား ကိုကြား သောသူ သည် မ ယုံကြည် ဘဲနေလျှင် ထိုသူ ကို ငါ သည်အပြစ် မ စီရင်။ လောကီသား တို့ကို အပြစ် စီရင်အံ့သောဟု ငါလာ သည်မ ဟုတ်၊ လောကီသား တို့ကို ကယ်တင် အံ့သောဟု ငါလာ၏။ ၄၈ ငါ့ ကိုပယ် ၍ ငါ့ စကား ကို နာ မ ခံသောသူ အားအပြစ် စီရင်သောသူ ရှိ သေး၏။ ငါဟောပြော သော စကား ပင် နောက်ဆုံး သောနေ့ ၌ ထိုသူ အားအပြစ် စီရင်လိမ့်မည်။ ၄၉ အကြောင်းမူကား ၊ ငါ သည် ကိုယ် အလိုအလျောက်ဟောပြော သည်မ ဟုတ်၊ ငါ့ ကို စေလွှတ် သော ခမည်းတော် သည် အဘယ်သို့ ငါ ဆုံးမဟောပြော ရမည်ကို ပညတ် ပေး တော်မူပြီ။ ခမည်းတော် ၏ပညတ် တော် သည် ထာဝရ အသက် ဖြစ် သည်ကို ငါသိ ၏။ ၅၀ ထိုကြောင့် ဟောပြောသမျှ တို့ကို ခမည်းတော် မှာထား တော်မူသည် အတိုင်းငါ ဟောပြောသည် ဟု ကြွေးကြော် ၍ မိန့် တော်မူ၏။ **(aiōnios g166)**

၁၃ ပသခါ ပွဲ မခံမီ ၌ ယေရှု သည် ဤ လောက မှ ခမည်းတော် ထံသို့ ပြောင်း ရသောအချိန် ရောက် သည်ကို သိ တော်မူသည်ဖြစ်၍၊ ဤလောက ၌ ရှိသောမိမိ လူ တို့ကိုချစ် တော်မူသောကြောင့်အဆုံး တိုင်အောင် ချစ် တော်မူ၏။ ၂ ကိုယ်တော် ကို အပ်နှံ မည်အကြောင်း မာရ်နတ် သည် ရှိမုန် ၏သားယုဒ ရှကာရုတ် ၏ စိတ် နှလုံး၌ အကြံ ပေးသွင်း နှင့် သတည်း။ ထိုအခါ ညစာ ကိုစား ကြစဉ်၊ ၃ ခမည်းတော် သည် အလုံးစုံ တို့ကို သူ ၏လက် သို့ အပ်ပေး တော်မူသည်ကိုလည်း ၊ သူ သည်ဘုရားသခင့် ထံ တော်မှ ထွက်လာ သည်ကိုလည်း ၊ ဘုရားသခင့် ထံတော်သို့ ကြွသွား မည်ကိုလည်း ယေရှုသည်သိ တော်မူသည်နှင့်၊ ၄ စားပွဲ မှ ထ ၍ ဝတ်လုံ တော်ကိုချွတ် ပြီးလျှင်၊ ပဝါ ကိုယူ ၍ ခါးကိုစည်း တော်မူ၏။ ၅ ထိုနောက်မှ ရေ ကိုအင်တုံ ၌ လောင်း ၍ တပည့် တော်တို့၏ခြေ ကိုဆေး ပြီးမှခါး၌စည်း ထားသောပုဝါ နှင့် သုတ် တော်မူ၏။ ၆ ရှိမုန် ပေတရု ဆီသို့ ရောက် တော်မူသောအခါ ထိုတပည့်တော်က၊ သခင် ၊ ကိုယ်တော် သည် အကျွန်ုပ် ၏ ခြေ ကိုဆေး တော်မူမည်လောဟု မေးလျှောက် ၏။ ၇ ယေရှု ကလည်း၊ သင် သည် ငါ ပြု သောအမှုကို ယခု နား မ လည်သေး။ နောက်မှ သိ လိမ့်မည် ဟု မိန့် တော်မူ၏။ ၈ ပေတရု ကလည်း၊ ကိုယ်တော် သည်အကျွန်ုပ် ၏ခြေ ကိုအလျှင်း ဆေး တော်မ မူရဟု လျှောက် ၏။ ယေရှု ကလည်း၊ သင့် ကို ငါမ ဆေး ရလျှင် အသင်သည် ငါ နှင့် မ ဆက်ဆံ ရ ဟု မိန့် တော်မူ၏။ (aiōn g165) ၉ ရှိမုန် ပေတရု ကလည်း၊ အကျွန်ုပ် ၏ခြေ ကိုသာ မ ဆေးပါနှင့်။ လက် ကို၎င်း ၊ ဦးခေါင်း ကို၎င်း ဆေးတော်မူပါဟု လျှောက် ပြန်၏။ ၁၀ ယေရှု ကလည်း၊ ရေချိုး ပြီးသောသူ မည်သည်ကား၊ ခြေ ဆေး ခြင်းမှတစ်ပါး ဆေးရသောအကြောင်း မ ရှိ ၊ တစ်ကိုယ်လုံး စင်ကြယ် ၏။ သင် တို့သည် စင်ကြယ် သော်လည်း အချို့မ စင်ကြယ် ဟု မိန့် တော်မူ၏။ ၁၁ ကိုယ်တော် ကို အပ်နှံ မည့်သူ ကို သိ တော်မူသောကြောင့် ၊ သင်တို့တွင် အချို့မ စင်ကြယ် ဟု မိန့် တော်မူသတည်း။ ၁၂ ထိုသို့ သူ တို့၏ ခြေ ကိုဆေး တော်မူပြီးမှတစ်ဖန် ဝတ်လုံ ကိုဝတ် ၍ လျောင်း တော်မူလျက် ၊ သင် တို့ ၌ ငါပြု ခဲ့သောအမှုကို နားလည် ကြသလော။ ၁၃ သင် တို့သည် ငါ့ ကိုအရှင် ဘုရားဟူ၍ဝင်း ၊ သခင် ဟူ၍ဝင်းခေါ် တတ်ကြ၏။ ထိုစကားသည်လည်း ဟုတ်မှန်သောစကား ဖြစ်၏။ အကြောင်းမူကား ၊ သင်တို့ကိုခေါ်ကြသည့်အတိုင်း ငါ မှန်၏။ ၁၄ ငါ သည် သခင် ဖြစ်လျက်၊ အရှင် ဘုရားလည်း ဖြစ်လျက်နှင့် သင် တို့၏ခြေ ကိုဆေး လျှင် သင် တို့သည် အချင်းချင်း တို့၏ခြေ ကို ဆေး ရ ကြမည်။ ၁၅ ငါ သည်သင် တို့ ၌ပြု သကဲ့သို့ သင် တို့သည်ပြုစု စေခြင်းငှာ ပုံ သက်သေကို ပြ ခဲ့ပြီ။ ၁၆ ငါအမှန်အကန် ဆို သည်ကား၊ ကျွန် သည် သခင် ထက်သာ၍ ကြီးမြတ်သည်မ ဟုတ် တမန် သည်လည်း စေလွှတ် သောသူ ထက်သာ၍ ကြီးမြတ်သည်မ ဟုတ်။ ၁၇ ဤအရာ များကို သင် တို့သိ ၍ သိသည်အတိုင်းကျင့် လျှင် မင်္ဂလာ ရှိကြ၏။ ၁၈ သင် တို့ရှိသမျှ ကို ငါရည်မှတ် ၍ပြော သည်မ ဟုတ်။ ငါ ရွေးကောက် သောသူ တို့ကို ငါသိ ၏။ ကျမ်းစာ ချက် ပြည့်စုံ စေမည်အကြောင်း ငါ နှင့်အတူစား သောသူ သည် ငါ့ ကိုခြေ နှင့်ကျောက် သတည်း။ ၁၉ ထိုအမှုအရာ ရောက်သောအခါ ငါ သည် ဤမည်သောသူဖြစ် သည်ကို သင်တို့သည် ယုံကြည် စေခြင်းငှာ ၊ မ ရောက် မှီ ယခုပင် သင် တို့အားငါပြော နှင့်ပြီ။ ၂၀ ငါအမှန်အကန် ဆို သည်ကား၊ ငါစေလွှတ် သောသူ ကိုလက်ခံ သောသူ သည် ငါ့ ကိုလက်ခံ ၏။ ငါ့ ကို လက်ခံ သောသူ သည်ငါ့ ကိုစေလွှတ်

တော်မူသောသူ ကိုလက်ခံ သည် ဟု မိန့် တော်မူ၏။ ၂၁ ထိုသို့ ယေရှု သည်မိန့် တော်မူပြီးမှ စိတ် နှလုံးတော်ပူပန် ခြင်းရှိ၏။ ငါအမှန်အကန် ဆို သည်ကား၊ သင် တို့ တွင် တစ်စုံတစ်ယောက် သောသူသည် ငါ့ ကိုအပ်နှံ လိမ့်မည် ဟု သက်သေခံ လျက် မိန့် တော်မူ၏။ ၂၂ အဘယ်သူ ကိုရည်ဆောင်၍ မိန့် တော်မူသည်ကိုတပည့် တော်တို့သည် တွေးတော ခြင်းရှိသဖြင့်၊ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်ရှု ကြ၏။ ၂၃ ယေရှု ချစ် တော်မူသောတပည့် တော်သည် ရင်ခွင် တော်နားမှာ လျောင်း သဖြင့်၊ ၂၄ အဘယ်သူ ကိုရည်ဆောင်၍ မိန့် တော်မူသနည်းဟု မေး စေခြင်းဌာ၊ ရှိမုန် ပေတရု သည် ထိုတပည့် တော် ကို အမှတ်ပေး ၏။ ၂၅ ထိုတပည့်တော်သည် ယေရှု ၏ရင် တော်ကိုမှီ ၍ လျောင်းနေလျက် သခင် ၊ အဘယ်သူ နည်းဟု လျှောက် ၏။ ၂၆ ယေရှု ကလည်း၊ ဤမုန့်တလုပ် စာကို ငါ နှစ် ၍ ပေး သော သူဖြစ် ၏ ဟု မိန့် တော်မူပြီးလျှင်၊ မုန့်တ လုပ်စာကို နှစ် ပြီးမှရှိမုန် ၏သားယုဒ ရှကာရုတ် အား ပေး တော်မူ၏။ ၂၇ ထိုသူ သည် မုန့်တ လုပ်စာကိုခံပြီးမှ ၊ စာတန် သည် သူ့အထဲ သို့ဝင် လေ၏။ ယေရှု ကလည်း၊ သင်ပြု ရသောအမှု ကို အလျင်အမြန် ပြု လော့ဟု ထိုသူ အားမိန့် တော်မူ၏။ ၂၈ အဘယ်ကြောင့် ထိုသို့မိန့် တော်မူသည်ကို စားပွဲ ၌လျောင်းသောသူ တို့တွင် အဘယ်သူ မျှမသိ ။ ၂၉ အချို့တို့က၊ ယုဒ ရှကာရုတ်သည် ငွေအိတ် ကိုဆောင် ကြသောကြောင့် ၊ ဤပွဲ ၌ ငါ တို့သုံး စရာအဘို့ကို ဝယ် လော့ဟူ၍ငင်း၊ သို့မဟုတ် ဆင်းရဲ သောသူ တို့အား တစုံတစ်ခု ကိုပေး လော့ဟူ၍ငင်း။ ယေရှု မိန့် တော်မူသည်ဟု ထင်မှတ် ကြ၏။ ၃၀ ယုဒ ရှကာရုတ်သည် မုန့်တ လုပ်စာကိုခံ ပြီးမှချက်ခြင်း ထွက်သွား ၏။ ထို အချိန်ကားည အချိန်ဖြစ်၏။ ၃၁ ထိုသူသွား သည်နောက်၊ ယေရှု က၊ ယခု တွင်လူ သား သည် ဘုန်း ထင်ရှားခြင်းရှိသည်ဖြစ်၍ ၊ ဘုရားသခင် သည်လည်း လူသားအားဖြင့် ဘုန်း တော်ထင်ရှားခြင်းရှိ၏။ ၃၂ ဘုရားသခင် သည် လူသားအားဖြင့် ဘုန်း တော်ထင်ရှားခြင်းရှိလျှင် ၊ ဘုရားသခင် သည် ကိုယ်တော် တိုင်အားဖြင့် သူ ၏ဘုန်း ကို ထင်ရှားစေတော်မူလိမ့်မည်။ ၃၃ ချစ်သား တို့ ငါ သည်သင် တို့နှင့်အတူ ခဏ သာနေရ၏။ သင်တို့သည် ငါ့ ကိုရှာ ကြလိမ့်မည်။ ငါ သွား ရာ အရပ် သို့ သင် တို့မ ရောက် နိုင် ကြဟု ယုဒ တို့အား ငါပြော သကဲ့သို့ ယခု သင် တို့အား ငါပြော ၏။ ၃၄ သင် တို့သည် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ချစ် ကြလော့။ ငါသည်သင် တို့ကို ချစ် သည်နည်းတူ အချင်းချင်း ချစ် ကြလော့ဟု ပညတ် သစ် ကို ငါပေး ၏။ ၃၅ သင် တို့သည် အချင်းချင်း ချစ် ကြလျှင် ၊ လူအပေါင်း တို့သည် ထို မေတ္တာကိုထောက်၍ သင်တို့သည် ငါ ၏ တပည့် ဖြစ် သည်ကို သိ ကြလိမ့်မည် ဟု မိန့်တော်မူ၏။ ၃၆ ရှိမုန် ပေတရု က၊ သခင် ၊ ကိုယ်တော်သည် အဘယ် အရပ်သို့ ကြွ တော်မူမည်နည်းဟု မေးလျှောက် လျှင်၊ ယေရှု က၊ ငါသွား ရာအရပ် သို့ သင်သည်ယခု မ လိုက် နိုင် ။ နောက်မှ လိုက် ရလိမ့်မည် ဟု မိန့် တော်မူ၏။ ၃၇ ပေတရု ကလည်း၊ သခင် ၊ အကျွန်ုပ်သည် ကိုယ်တော် နှင့်အတူအဘယ်ကြောင့် ယခု မ လိုက် နိုင် သနည်း။ ကိုယ်တော် အဘို့ အကျွန်ုပ် ၏အသက် ကို စွန့် ပါမည်ဟုလျှောက် လျှင်၊ ၃၈ ယေရှု က၊ ငါ့ အဘို့ သင့် အသက် ကိုစွန့် မည်လော။ ငါအမှန်အကန် ဆို သည်ကား၊ ကြက် မ တွန် မှီ သင်သည် သုံး ကြိမ်မြောက်အောင် ငါ့ ကိုငြင်းပယ် လိမ့်မည် ဟု မိန့် တော်မူ၏။

၁၄ တဖန်တုံယေရှုက၊ သင် တို့ စိတ် နှလုံးပူပန် ခြင်းမ ရှိစေနှင့်။ ဘုရားသခင် ကို ယုံကြည် ကြလော့။ ငါ့ ကိုလည်း ယုံကြည် ကြလော့။ ၂ ငါ့ အဘ ၏အိမ် တော်၌ နေစရာအခန်း များ ရှိ ၏။ သို့ မ ဟုတ်လျှင် မဟုတ်ကြောင်းကိုသင် တို့အား ငါ မပြော ဘဲမနေ။ သင် တို့နေစရာအရပ် ကို ပြင်ဆင် ခြင်းငှာငါသွား ရ၏။ ၃ ငါသည်သွား ၍ သင် တို့နေစရာ အရပ်ကိုပြင်ဆင် ပြီးမှတစ်ဖန် လာ ပြန်၍ ၊ ငါ ရှိ ရာအရပ် ၌ သင် တို့ရှိ စေခြင်းငှာ သင် တို့ကို ငါ့ ထံသို့ သိမ်းဆည်း မည်။ ၄ ငါ သည် အဘယ် အရပ်သို့သွား သည်ကိုငင်း ၊ လမ်း ခရီးကိုငင်း၊ သင်တို့သိ ကြ၏၊ ဟုမိန့်တော်မူ၏။ ၅ သောမ ကလည်း၊ သခင် ၊ ကိုယ်တော်သည် အဘယ် အရပ်သို့ သွား တော်မူသည်ကို အကျွန်ုပ်တို့ မ သိ သည်ဖြစ်၍၊ လမ်းခရီး ကိုအဘယ်သို့ သိ နိုင် ပါမည်နည်းဟု လျှောက် လျှင်၊ ၆ ယေရှု က၊ ငါ သည်လမ်း ခရီးဖြစ် ၏။ သမ္မာတရား လည်း ဖြစ်၏။ အသက် လည်း ဖြစ်၏။ ငါ့ ကို အမှီ မ ပြုလျှင် အဘယ်သူ မျှခမည်းတော် ထံသို့ မရောက် ရ။ ၇ သင်တို့သည် ငါ့ ကိုသိ လျှင် ငါ့ ခမည်းတော် ကို မသိ ဘဲမနေကြ။ ယခု မှစ၍ ခမည်းတော် ကိုသိ မြင် ကြ၏ ဟု မိန့် တော်မူ၏။ ၈ ဖိလိပ္ပု ကလည်း၊ သခင် ၊ ခမည်းတော် ကို အကျွန်ုပ် တို့အားပြ တော်မူပါ။ ထိုသို့ ပြတော်မူလျှင် အကျွန်ုပ် တို့ အလိုပြည့်စုံ ပါမည်ဟုလျှောက် လျှင်၊ ၉ ယေရှု က၊ ဖိလိပ္ပု ၊ ဤမျှကာလ ပတ်လုံး ငါသည်သင် တို့နှင့်အတူ ရှိ ပြီးမှ သင်သည် ငါ့ ကို မ သိ သေး သလော။ ငါ့ ကိုမြင် သောသူ သည်ခမည်းတော် ကိုမြင် ၏။ သို့ ဖြစ်လျှင်၊ ခမည်းတော် ကို အကျွန်ုပ် တို့အား ပြ တော်မူပါဟု သင် သည်အဘယ်သို့ ဆို သနည်း။ ၁၀ ငါ သည် ခမည်းတော် ၌ ရှိသည်ကိုငင်း ၊ ခမည်းတော် သည် ငါ ၌ရှိ တော်မူသည်ကိုငင်း မ ယုံ သလော။ ငါ ဟောပြော သောစကား ကို ကိုယ် အလိုအလျောက် ငါဟောပြော သည်မ ဟုတ်။ ငါပြုသောအမှုတို့ကား၊ ငါ ၌ တည်နေ တော်မူသော ခမည်းတော် သည် ပြု တော်မူ၏။ ၁၁ ငါ သည် ခမည်းတော် ၌ ရှိသည်ကိုငင်း ၊ ခမည်းတော် သည် ငါ ၌ ရှိတော်မူသည်ကိုငင်း ယုံ ကြလော။ ငါ့ စကားကို မ ယုံလျှင် ၊ ငါ့အမှု တို့ကိုထောက် ၍ယုံ ကြလော့။ ၁၂ ငါအမှန်အကန် ဆို သည်ကား၊ ငါ့ ကိုယုံကြည် သောသူ သည်ငါ ပြု သောအမှု တို့ကို ပြု လိမ့်မည်။ ထို အမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြု လိမ့်မည်။ အကြောင်းမူကား ၊ ငါ သည် ခမည်းတော် ထံသို့ သွား ၍ ၊ ၁၃ သင်တို့သည် ငါ ၏နာမ ကိုအမှီပြု လျက် ဆုတောင်း သမျှ အတိုင်း ငါပြု မည်။ အကြောင်းမူကား၊ ခမည်းတော် သည် သား တော်အားဖြင့် ဘုန်း ထင်ရှားတော်မူခြင်းရှိမည်အကြောင်း တည်း။ ၁၄ သင်တို့သည် ငါ ၏နာမ ကိုအမှီပြု ၍ တစ်စုံတစ်ခု သောဆုကိုတောင်း လျှင် ၊ တောင်းသည်အတိုင်းငါ ပြု မည်။ ၁၅ ငါ့ ကိုချစ် လျှင် ငါ့ ပညတ် တို့ကို စောင့်ရှောက် ကြလော့။ ငါ သည် ခမည်းတော် ကိုတောင်း ၍ ၊ ၁၆ ခမည်းတော်သည် သမ္မာတရား ကိုပြသော ဝိညာဉ် တော်တည်းဟူသောတစ်ပါး သောဥပဇ္ဈာယ် ဆရာကို သင် တို့နှင့်အတူ အစဉ်မပြတ် တည်နေ စေခြင်းငှာ သင် တို့အားပေး တော်မူမည်။ (aiōn g165) ၁၇ ထို ဝိညာဉ်တော်ကို လောကီသား တို့သည် မ သိ မ မြင် သောကြောင့် မ ခံ မယူနိုင် ကြ။ ထိုဝိညာဉ် တော် သည် သင် တို့နှင့်အတူ တည်နေ ၍ ၊ သင် တို့ ၌ ရှိ တော်မူသောကြောင့် သင် တို့သိ ရကြ၏။ ၁၈ ငါသည် သင် တို့ကို မိဘမဲ့ ဖြစ်စေခြင်းငှာစွန့်ပစ် မည်မ ဟုတ်။ သင် တို့ဆီသို့ လာ ဦးမည်။ ၁၉ ခဏ ကြာပြီးမှ လောကီသား တို့သည် ငါ့ ကိုမ မြင် ရကြ။ သင် တို့မူကား မြင် ရကြလိမ့်မည်။ ငါ သည် အသက်ရှင်

သောကြောင့် သင် တို့သည်လည်း အသက်ရှင် ရကြလိမ့်မည်။ ၂၀ ငါ သည် ခမည်းတော် ၌ ရှိသည်ကိုငင်း ၊ သင် တို့သည်ငါ ၌ ရှိသည်ကိုငင်း။ ငါ သည် သင် တို့ ၌ ရှိသည်ကို ငင်း၊ ထို နေ့ ၌ သင် တို့သည် သိ ရကြလိမ့်မည်။ ၂၁ ငါ့ ပညတ် တို့ကိုရ ၍ စောင့်ရှောက် သောသူ သည် ငါ့ ကိုချစ် သောသူ ဖြစ် ၏။ ငါ့ ကိုချစ် သောသူ ကို ငါ့ ခမည်းတော် သည်ချစ် တော်မူမည်။ ငါ သည်လည်း ထိုသူ ကိုချစ် ၍ သူ့ အားကိုယ်တိုင် ထင်ရှား မည် ဟု မိန့် တော်မူ၏။ ၂၂ ယုဒရှကာရုတ် မ ဟုတ်၊ အခြားသောယုဒ က၊ သခင် ၊ ကိုယ်တော်သည် လောကီသား တို့အား မ ထင်ရှား ဘဲ အကျွန်ုပ် တို့အား အဘယ်သို့ ထင်ရှား တော်မူမည်နည်းဟု မေးလျှောက် ၏။ ၂၃ ယေရှု ကလည်း ၊ ငါ့ ကိုချစ် သောသူ သည် ငါ့ စကား ကို နားထောင် လိမ့်မည်။ ငါ့ ခမည်းတော် သည် ထိုသူ ကို ချစ် တော်မူသည်။ ငါတို့သည်လည်း၊ သူ ဆီသို့ ကြွ ၍ နေရာ ချမည်။ ၂၄ ငါ့ ကိုမ ချစ် သောသူ သည် ငါ့ စကား ကို နားမ ထောင်။ သင်တို့ကြား သောစကား သည် ငါ့ စကားမ ဟုတ် ။ ငါ့ ကို စေလွှတ် တော်မူသော ခမည်းတော် ၏စကားတော်ဖြစ်၏။ ၂၅ ငါသည် သင်တို့နှင့်အတူ ရှိ စဉ်တွင် ဤ စကားကိုပြော ခဲ့ပြီ။ ၂၆ ခမည်းတော် သည် ငါ့ အတွက်ကြောင့် စေလွှတ် တော်မူသောဥပဓျာယ် ဆရာတည်းဟူသောသန့်ရှင်း သော ဝိညာဉ် တော်သည် သင် တို့အား ခပ်သိမ်း သောအရာတို့ကို ပြသ သွန်သင်တော်မူ၍ ၊ ငါ ပြော ခဲ့သမျှ သော စကားတို့ကို မှတ်မိ သောဉာဏ်ကို သင် တို့အား ပေးတော်မူ၏။ ၂၇ ငြိမ်သက် ခြင်းကို သင် တို့ ၌ငါထား ခဲ့၏။ ငါ ၏ငြိမ်သက် ခြင်းကို သင် တို့အား ငါပေး ၏။ လောကီသား တို့ ပေး သကဲ့သို့ ငါ ပေး သည်မ ဟုတ်။ သင် တို့ စိတ် နှလုံးပူပန် ခြင်း၊ စိုးရိမ် တုန်လှုပ်ခြင်းမ ရှိစေနှင့်။ ၂၈ ငါသည် ယခုသွား သော်လည်း သင် တို့ဆီသို့ လာ ဦးမည်ဟု ငါ ပြော သောစကားကို သင် တို့ကြား ရကြပြီ။ သင်တို့သည် ငါ့ ကိုချစ် လျှင် ခမည်းတော် ထံသို့ ငါသွား မည်ကို ဝမ်းမြောက် ကြလိမ့်မည်။ အကြောင်းမူကား ၊ ငါ့ ခမည်းတော် သည် ငါ့ ထက် သာ၍ကြီးမြတ်တော်မူ၏။ ၂၉ ထိုအမှုအရာရောက် သောအခါ သင်တို့သည်ယုံကြည် စေခြင်းငှာ၊ မ ရောက် မီယခုပင် သင် တို့အား ငါ ပြော နှင့်ပြီ။ ၃၀ ယခုမှစ၍ ငါသည်သင် တို့နှင့် များစွာ မ ပြော ရ။ အကြောင်းမူကား ၊ ဤလောက ကို အစိုးရ သောမင်းသည် လာ ဆဲဖြစ်၏။ လာသော်လည်းငါ ၌ အဘယ်အခွင့်အရာကိုမျှ မ တွေ့ ရ။ ၃၁ ငါသည် ခမည်းတော် ကိုချစ် သည်ကို ၎င်း ၊ ခမည်းတော် မှာ တော်မူသည်အတိုင်း ငါပြု သည်ကို ၎င်း၊ လောကီသား တို့သိ မည်အကြောင်း တည်း။ ဤ အရပ်မှ ထ ၍သွား ကြကုန်အံ့။

၁၅ ငါ သည် မှန် သောစပျစ် နွယ်ပင်ဖြစ် ၏။ ငါ့ ခမည်းတော် သည်လည်း ဥယျာဉ်စောင့် ဖြစ် တော်မူ၏။ ၂ ငါ ၌ အသီး မ သီး သောအခက် ရှိသမျှ တို့ကို ခုတ်ပစ် တော်မူ၏။ အသီး သီး သောအခက်ရှိသမျှ တို့ကို သာ၍ သီး စေခြင်းငှာ သုတ်သင် ရှင်းလင်းတော်မူ၏။ ၃ သင် တို့သည် ငါဟောပြော သောစကား အားဖြင့် ယခုပင် ရှင်းလင်း လျက်ရှိ ကြ၏။ ၄ ငါ ၌ တည်နေ ကြလော့။ ငါ သည်လည်း သင် တို့ ၌ တည်နေမည်။ စပျစ်ခက် သည် အပင် ၌ မ တည် လျှင် ၊ ကိုယ်အလိုအလျောက် အသီး မ သီး နိုင် သကဲ့သို့ ၊ သင် တို့သည် ငါ ၌ မ တည် လျှင် အသီးမ သီးနိုင်ကြ။ ၅ ငါ သည် စပျစ် နွယ်ပင်ဖြစ် ၏။ သင် တို့သည်အခက် များဖြစ်ကြ၏။ အကြင်သူ သည် ငါ ၌ တည် ၍

ငါ သည် လည်းသူ့ ၌ တည်၏၊ ထိုသူ သည် များစွာ သောအသီး ကိုသီး တတ်၏။ ငါ နှင့်ကွာ လျှင် သင်တို့သည် အဘယ် အမှု ကိုမျှ မ တတ်နိုင်ကြ။ ၆ ငါ ၌ မ တည် သောသူ သည် သွေ့ခြောက် သောအခက် ကဲ့သို့ ပြင် သို့ပစ် လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကို လူတို့သည်စုသိမ်း ၍ မီး ထဲသို့ ချ လိုက်ကြသဖြင့် မီးလောင် ခြင်းသို့ ရောက်ကြ၏။ ၇ သင်တို့သည် ငါ ၌ တည် ၍ ငါ့ စကား သည်သင် တို့ ၌ တည် လျှင် ၊ သင် တို့သည်တောင်း ချင် သမျှ ကို တောင်း ၍ရ ကြလိမ့်မည်။ ၈ သင်တို့သည် များစွာ သောအသီး ကိုသီး သောအားဖြင့် ၊ ငါ့ ခမည်းတော် သည် ဘုန်း ထင်ရှားတော်မူ၍၊ သင်တို့သည်လည်း ငါ ၏တပည့် မှန် ကြလိမ့်မည်။ ၉ ခမည်းတော် သည် ငါ့ ကိုချစ် တော်မူသကဲ့သို့ ငါ သည်သင် တို့ကိုချစ် ၏။ ငါ ၏ချစ် ခြင်းမေတ္တာ၌ တည်နေ ကြလော့။ ၁၀ ငါ သည် ငါ့ ခမည်းတော် ၏ပညတ် တို့ကို စောင့်ရှောက် ၍ ခမည်းတော် ၏မေတ္တာ ၌ တည်နေ သကဲ့သို့ ၊ သင်တို့သည် ငါ့ ပညတ် တို့ကို စောင့်ရှောက် လျှင် ၊ ငါ့ မေတ္တာ ၌ တည်နေ ကြလိမ့်မည်။ ၁၁ သင် တို့ ၌ ငါ ဝမ်းမြောက် စရာအကြောင်း တည် စေခြင်းငှာ ၎င်း ၊ သင် တို့ ဝမ်းမြောက် စရာအကြောင်း စုံလင် စေခြင်းငှာဟု၊ ဤ စကားကို သင် တို့အားငါဟောပြော ၏။ ၁၂ ငါ့ ပညတ် ဟူမူကား၊ ငါသည် သင် တို့ကိုချစ် သည်နည်းတူ ၊ သင်တို့သည် အချင်းချင်း ချစ် ကြလော့။ ၁၃ ကိုယ် အဆွေ တို့အတို့ အလိုငှာ ကိုယ် အသက် ကိုစွန့် ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာ သည် အဘယ်သူ ၌မျှမရှိ ။ ၁၄ သင် တို့သည် ငါ ပညတ် သမျှတို့ကို ကျင့်ဆောင် လျှင် ငါ ၏အဆွေ ဖြစ် ကြ၏။ ၁၅ ယခုမှစ၍ငါသည်သင် တို့ကို ကျွန် ဟူ၍မ ခေါ် ။ ကျွန် မူကား ၊ ကိုယ် သခင် ပြု သောအမှုကိုမ သိ ။ သင် တို့ကို အဆွေ ဟူ၍ငါခေါ် ၏။ အကြောင်းမူကား ၊ ငါ သည် ခမည်းတော် ထံ၌ ကြား သမျှသောအရာ တို့ကို သင် တို့ အား ငါပြသ ၏။ ၁၆ သင် တို့သည် ငါ့ ကိုရွေးကောက် ကြသည်မ ဟုတ်။ ငါ သည် သင် တို့ကို ရွေးကောက် သဖြင့်၊ သင် တို့သည် သွား ၍ တည်ကြည် သောအသီး ကိုသီး မည်အကြောင်း နှင့် ငါ့ နာမ ကိုအမှီပြု ၍ ခမည်းတော် မှာတောင်း သမျှ တို့ကို ရ မည်အကြောင်း သင် တို့ကို ငါခန့်ထား ၏။ ၁၇ သင် တို့သည် အချင်းချင်း ချစ် စေခြင်းငှာ ဤ ပညတ်တို့ကို ငါပေး ၏။ ၁၈ လောကီသား တို့သည် သင် တို့ကိုမုန်း လျှင် ၊ သင် တို့ကို မ မုန်း မှီ ငါ့ ကိုမုန်းကြသည်ကို သိမှတ် ကြလော့။ ၁၉ သင်တို့သည် လောကီ နှင့်ဆက်ဆံ လျှင် ၊ လောကီသား တို့သည် မိမိ တို့နှင့်ဆက်ဆံသော သင်တို့ကို ချစ် ကြလိမ့်မည် ။ သင်တို့သည် လောကီ နှင့်မ ဆက်ဆံ ၊ လောကီ ထဲက ငါ ရွေးကောက် သောသူဖြစ်သောကြောင့် ၊ လောကီသား တို့သည် သင် တို့ကိုမုန်း ကြ၏။ ၂၀ ကျွန် သည် မိမိ သခင် ထက်သာ၍ ကြီးမြတ်သည်မ ဟုတ် ဟု ငါ ပြော ခဲ့ပြီးသောစကား ကို အောက်မေ့ ကြ လော့။ သူတို့သည်ငါ့ ကိုညှဉ်းဆဲ လျှင် သင် တို့ကို ညှဉ်းဆဲ ကြလိမ့်မည်။ ငါ့ စကား ကိုနားထောင် လျှင် သင် တို့၏ စကားကို နားထောင် ကြလိမ့်မည်။ ၂၁ ထိုသူတို့သည် ငါ့ ကိုစေလွှတ် တော်မူသောသူ ကို မ သိ သည်ဖြစ်၍ ၊ ငါ ၏နာမ ကြောင့် သင် တို့အား ထို အမှု ရှိသမျှတို့ကို ပြု ကြလိမ့်မည်။ ၂၂ ငါ သည် လာ၍ ထိုသူ တို့အား မ ဟော မပြောလျှင် သူတို့ ၌အပြစ် မ ရှိ ။ ယခု မူကား ၊ မိမိ တို့အပြစ် ကို ဝှက် မ ထား နိုင်ကြ။ ၂၃ ငါ့ ကို မုန်း သောသူ သည် ငါ့ ခမည်းတော် ကိုမုန်း ၏။ ၂၄ ငါသည် အခြား သူမ ပြု ဘူးသောအမှု ကို ထိုသူ တို့ရှေ့မှာမ ပြု လျှင် သူတို့ ၌အပြစ် မ ရှိ ။

ယခု မူကား ၊ သူတို့သည် ထိုအမှုကိုမြင် ရ၍ ငါ နှင့် ငါ့ ခမည်းတော် ကိုမုန်း ကြ၏။ ၂၅ သို့ ဖြစ်လျှင် ၊ အကြောင်း
မရှိဘဲငါ့ ကိုမုန်း ကြ၏ဟု သူ တို့၏ပညတ္တိ ကျမ်းစာ၌ ရေး ထားသောစကား သည် ပြည့်စုံ ခြင်းသို့ ရောက်သတည်း။ ၂၆
ခမည်းတော် ထံမှ ထွက်လာ ၍ သမ္မာတရား နှင့်ပြည့်စုံသောဝိညာဉ် တော်တည်းဟူသောခမည်းတော် ထံမှ သင်
တို့ဆီသို့ငါ စေလွှတ် လတ္တံ့သော ဥပဇ္ဈာယ် ဆရာသည်ရောက်လာ သောအခါ ၊ ငါ ၏အကြောင်း ကို သက်သေခံ
လိမ့်မည်။ ၂၇ သင် တို့သည်လည်း ရှေးဦးစွာ မှစ၍ ငါ နှင့်အတူ ရှိ နေသောကြောင့် သက်သေခံ ရကြလိမ့်မည်။

၁၆ သင် တို့သည် စိတ် မ ပျက်စေခြင်းငှာ ဤ စကားကို ငါဟောပြော ၏။ ၂ လောကီသားတို့သည် သင်
တို့ကိုတရားစရပ် မှ နှင်ထုတ်လိမ့်မည်။ သင် တို့ကိုသတ် သောသူ မည်သည်ကား ၊ ဘုရား ဝတ် ကို ငါပြု ပြီဟု
မိမိထင်မှတ်သောအချိန် ကာလရောက် လိမ့်မည်။ ၃ ခမည်းတော် ကိုမ သိ ၊ ငါ့ ကိုလည်း မ သိသောကြောင့် ထိုသို့ ပြု
ကြလိမ့်မည်။ ၄ ထိုအချိန် ကာလရောက် သောအခါ ၊ ငါသည်အထက်က ဤသို့ ပြော ပြီးသည်ကို သင်တို့အောက်မေ့
စေခြင်းငှာ ယခုပင်ငါ ဟောပြော ၏။အစဦး ၌ သင် တို့နှင့်အတူ ငါရှိ သောကြောင့် ဤသို့ မ ပြော ဘူးသေး။ ၅
ငါ့ ကို စေလွှတ် တော်မူသောသူ ထံသို့ ယခု ငါသွား ရမည်ဖြစ်၍၊ အဘယ် အရပ်သို့ သွား မည်နည်းဟု သင် တို့မ
မေး ကြ။ ၆ ဤ အကြောင်းအရာတို့ကို ငါဟောပြော သောကြောင့် သင် တို့သည်အလွန်ဝမ်းနည်း ခြင်းသို့ ရောက်
ကြ၏။ ၇ ငါ အမှန်အကန် ဆို သည်ကား၊ ငါ သွား လျှင် သင် တို့အကျိုး ရှိလိမ့်မည်။ အကြောင်းမူကား ၊ ငါမ သွား
လျှင် ဥပဇ္ဈာယ် ဆရာသည် သင် တို့ဆီသို့ မ လာ ။ ငါသွား လျှင် ထိုသူ ကို သင် တို့ဆီသို့ ငါစေလွှတ် မည်။ ၈
ဥပဇ္ဈာယ် ဆရာသည် ရောက်လာ လျှင်၊ ဒုစရိုက် အပြစ်ကိုၔင်း ၊ အပြစ် ကင်းခြင်းကိုၔင်း ၊ အပြစ် စီရင်ခြင်းကိုၔင်း၊
လောကီသား တို့အား ထင်ရှားစွာဘော်ပြ မည်။ ၉ ငါ့ ကို မ ယုံကြည် ကြသောကြောင့် ဒုစရိုက် အပြစ်ကို ဘော်ပြ မည်။
၁၀ ငါသည် ခမည်းတော် ထံသို့ သွား မည်ဖြစ်၍ ၊ သင်တို့သည် နောက်တဖန်ငါ့ ကိုမ တွေ့ မမြင်ရသောကြောင့် ၊ အပြစ်
ကင်းခြင်းကို ဖော်ပြမည်။ ၁၁ ဤ လောက ကို အစိုးရ သောမင်းသည် အပြစ်စီရင် ခြင်းကိုခံရသောကြောင့် အပြစ်
စီရင်ခြင်းကို ဖော်ပြ မည်။ ၁၂ သင် တို့အား ငါ ပြော စရာစကားအများ ရှိသော်လည်း ၊ သင်တို့သည် ယခု မ ခံ နိုင်
ကြ။ ၁၃ သမ္မာတရား နှင့်ပြည့်စုံသော ထို ဝိညာဉ် တော်သည် ရောက်လာ သောအခါ ၊ သမ္မာတရား ကို သင် တို့အား
အကြွင်းမဲ့ သွန်သင် ပြလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြော မည်မ ဟုတ်။ ကြား သမျှ
တို့ကို ဟောပြော လိမ့်မည်။ နောင်လာ လတ္တံ့သောအရာ တို့ကိုလည်း သင်တို့အား ဖော်ပြ လိမ့်မည်။ ၁၄ ထိုသူ သည် ငါ့
ဘုန်း ကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ၊ ငါ နှင့်စပ်ဆိုင် သောအရာကိုယူ ၍ သင် တို့အား ဖော်ပြ လိမ့်မည်။ ၁၅
ခမည်းတော် နှင့်စပ်ဆိုင် သမျှ သည် ငါ နှင့်စပ်ဆိုင်၏။ ထိုကြောင့် ငါ နှင့်စပ်ဆိုင် သောအရာကိုယူ ၍ သင်တို့အားဖော်ပြ
လိမ့်မည်ဟု ငါပြော ၏။ ၁၆ ခဏ ကြာပြီးမှသင်တို့သည်ငါ့ ကိုမ မြင် ရကြ။ တစ်ဖန် ခဏ ကြာပြီးမှ ငါ့ ကိုမြင်
ပြန်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါသည်ခမည်းတော်ထံသို့သွားမည် ဟု မိန့်တော်မူ၏။ ၁၇ တပည့် တော်အချို့
ကလည်း ၊ ခဏ ကြာပြီးမှ သင်တို့သည်ငါ့ ကို မ မြင် ရကြ။ တစ်ဖန် ခဏ ကြာပြီးမှ ငါ့ ကို မြင် ပြန်ကြလိမ့်မည်ဟူ၍ၔင်း ၊

အကြောင်းမူကား ၊ ငါသည် ခမည်းတော် ထံသို့ သွား မည် ဟူ၍ငင်း၊ မိန့်တော်မူသောစကား သည် အဘယ်သို့ နည်း။ ၁၈ ခဏ ဟူ၍မိန့်တော်မူသော် အဘယ်သို့ ဆိုလိုသနည်း မိန့် တော်မူသောစကားကို အကျွန်ုပ်တို့သည် နား မ လည်ဟု အချင်းချင်းပြောဆို ကြ၏။ ၁၉ တပည့်တော်တို့သည်မေးလျှောက် လို သည်ကို ယေရှု သိမြင် တော်မူလျှင်၊ ခဏ ကြာပြီးမှ သင်တို့သည် ငါ့ ကိုမ မြင် ရကြ။ တစ်ဖန် ခဏ ကြာပြီးမှ ငါ့ ကိုမြင် ပြန်ကြလိမ့်မည်ဟု ငါပြော သောစကားကို သင်တို့သည် အချင်းချင်း ဆင်ခြင် ကြသလော။ ၂၀ ငါအမှန်အကန် ဆို သည်ကား၊ သင် တို့သည် ငိုကြွေး မြည်တမ်း ခြင်းရှိကြလိမ့်မည်။ လောကီသား တို့သည် ဝမ်းမြောက် ခြင်းရှိကြလိမ့်မည်။ သင် တို့မူကား ဝမ်းနည်း ခြင်းရှိသော်လည်း ထိုဝမ်းနည်း ခြင်းသည် တဖန် ဝမ်းမြောက် ခြင်းဖြစ် လိမ့်မည်။ ၂၁ မိန်းမ သည်သားကို ဘွား စဉ်အခါ ဘွားရသောအချိန် စေ့ သောကြောင့် ဝမ်းနည်း ခြင်းရှိ ၏။ ဘွားမြင် ပြီးမှဤလောက ၌ လူ တစ်ယောက်ကိုဘွားမြင် သောကြောင့် ဝမ်းမြောက် ခြင်းရှိ၍၊ အထက်ခံရသောဝေဒနာ ကို မေ့လျော့ တတ်၏။ ၂၂ ထိုနည်းတူ၊ ယခု တွင် သင် တို့သည် ဝမ်းနည်း ခြင်းရှိ ကြသော်လည်း ၊ နောက် တဖန်သင် တို့ကို ငါတွေ့မြင် သဖြင့် သင် တို့သည်စိတ် နှလုံးဝမ်းမြောက် ခြင်း ရှိကြလိမ့်မည်။ ထိုဝမ်းမြောက် ခြင်းကို အဘယ်သူ မျှလုယူဖျက်ဆီးခြင်းငှာမတတ်နိုင်။ ၂၃ ထို နေ့ ၌ သင်တို့သည် ငါ့ ကိုအလျှင်း မ မေးမြန်း ရကြ။ ငါအမှန်အကန် ဆို သည်ကား၊ သင် တို့သည်ငါ ၏ နာမ ကိုအမှီပြု ၍ ခမည်းတော် မှာ ဆုတောင်း သမျှ တို့ကို ခမည်းတော်သည် ပေး တော်မူမည်။ ၂၄ ယခု တိုင်အောင် ငါ ၏နာမ ကိုအမှီပြု ၍ သင်တို့သည် အဘယ် ဆုကိုမျှမ တောင်း ကြသေး။ သင် တို့သည် ဝမ်းမြောက် စရာအကြောင်း စုံလင် စေခြင်းငှာတောင်း ကြလော့။ ထိုသို့တောင်းလျှင် ရ ကြလိမ့်မည်။ ၂၅ ဤ အရာတို့ကို ပုံ ဥပမာအားဖြင့် ငါပောပြော ၏။ ပုံ ဥပမာအားဖြင့် မ ဟော မပြောဘဲ၊ ခမည်းတော် နှင့် စပ်ဆိုင် သောအရာတို့ကို သင်တို့အားအတည့်အလင်း ဖော်ပြ သောအချိန် ကာလ ရောက် လိမ့်မည်။ ၂၆ ထို ကာလ ၌ သင်တို့သည် ငါ ၏နာမ ကိုအမှီပြု ၍ ဆုတောင်း ကြလိမ့်မည်။ သင် တို့အဘို့ အလိုငှာ ငါ သည် ခမည်းတော် ကို တောင်း မည်ဟုမ ဆို ။ ၂၇ အကြောင်းမူကား ၊ သင် တို့သည်ငါ့ ကိုချစ် ကြ၍ ၊ ငါ သည်ဘုရားသခင် အထံ တော်မှ ကြွလာ သည်ကို ယုံကြည် သောကြောင့် ခမည်းတော် သည် ကိုယ်တော် တိုင် သင် တို့ကိုချစ် တော်မူ၏။ ၂၈ ငါသည် ခမည်းတော် ထံမှ ထွက် ၍ ဤလောက သို့ ကြွလာ ပြီ။ တစ်ဖန် ဤလောက မှထွက် ၍ ခမည်းတော် ထံသို့ သွား ဦးမည် ဟု မိန့် တော်မူ၏။ ၂၉ တပည့် တော်တို့ကလည်း၊ ကိုယ်တော်သည် ယခု တွင်ပုံ ဥပမာကိုမ ဆောင်ဘဲ အတည့်အလင်း ဟောပြော တော်မူ၏။ ၃၀ အလုံးစုံ တို့ကို သိ တော်မူသည်ကို၎င်း ၊ အဘယ်သူ မျှကိုယ်တော် ကို မေးမြန်း စေခြင်းငှာ အလို တော်မ ရှိ သည်ကို၎င်း၊ ယခု တွင် အကျွန်ုပ်တို့သိ ကြပါ၏။ အကျွန်ုပ်တို့သည် ဤ အကြောင်းကိုထောက်၍ ကိုယ်တော်သည် ဘုရားသခင် အထံတော်မှ ကြွ တော်မူသည်ကို ယုံ ပါသည်ဟု လျှောက် ကြ၏။ ၃၁ ယေရှု ကလည်း၊ ယခု တွင်ယုံ ကြပြီလော။ ၃၂ သင်တို့သည် ကွဲပြား ၍ ငါ့ ကိုတကိုယ်တည်း နေစေခြင်းငှာ စွန့်ပစ် လျက်၊ အသီးသီး မိမိ တို့နေရာ သို့ ပြေးသွားမည့်အချိန် ကာလသည် လာ ၍ ယခုပင်ရောက် ပေ၏။ သို့သော်လည်း ငါသည်တကိုယ်တည်း နေ သည် မ ဟုတ်။ ခမည်းတော် သည်ငါ နှင့်အတူ ရှိ

တော်မူ၏။ ၃၃ သင် တို့သည် ငါ့ ကိုအမှီပြု၍ ငြိမ်သက် ခြင်းရှိ စေခြင်းငှာ ဤ စကားကိုငါဟောပြော ပြီ။ သင်တို့သည် လောက ၌ ဆင်းရဲ ဒုက္ခကိုခံ ကြရလိမ့်မည်။ သို့သော်လည်း မ စိုးရိမ်ကြနှင့်။ ငါ သည်လောက ကိုအောင် ပြီ ဟု မိန့် တော်မူ၏။

၁၇ ထိုသို့မိန့်တော်မူပြီးမှယေရှု သည်ကောင်းကင် သို့ ကြည့်မျှော် ၍၊ အိုအဘ ၊ အကျွန်ုပ်အချိန် ရောက် ပါပြီ။ ၂ ကိုယ်တော်သည် သားတော်လက်သို့ အပ်ပေး တော်မူသမျှ သောသူ တို့အား ထာဝရ အသက် ကို ပေး စေခြင်းငှာ ၊ လူမျိုး အပေါင်း တို့ကို အစိုးရသောအခွင့် တန်ခိုးကိုသား တော်အား ပေး တော်မူသည်နှင့်အညီ ၊ သား တော် သည် ကိုယ်တော် ၏ဘုန်း ကို ထင်ရှားစေပါမည်အကြောင်း သား တော်၏ဘုန်း ထင်ရှားစေတော်မူပါ။ **(aiōnios g166)** ၃ ထာဝရ အသက် ဟူမူကား၊ မှန် သောဘုရားသခင် တစ်ဆူတည်း ဖြစ်တော်မူသော ကိုယ်တော် ကိုငင်း ၊ စေလွှတ် တော်မူသော ယေရှု ခရစ် ကိုငင်းသိကျွမ်း ခြင်းတည်း။ **(aiōnios g166)** ၄ အကျွန်ုပ် သည် မြေကြီး ပေါ်မှာ ကိုယ်တော် ကို ဘုန်း ထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက် စရာဘို့ အကျွန်ုပ် အပ်ပေး တော်မူသောအမှု ကို အကျွန်ုပ်ဆောင်ရွက်၍ ပြီး ပါပြီ။ ၅ အိုအဘ ၊ ဤကမ္ဘာ မတည် မရှိမီ အထံတော်၌ အကျွန်ုပ်ခံစားရသောဘုန်း အသရေနှင့် ယခု တွင်လည်း အကျွန်ုပ် ကိုအထံ တော်၌ ချီးမြှောက် တော်မူပါ၏။ ၆ ဤလောက ထဲမှ ယူ၍ အကျွန်ုပ် ၌ အပ်ပေး တော်မူသောသူ တို့အား အကျွန်ုပ်သည် ကိုယ်တော် ၏ နာမ ကိုပြပါ ပြီ။ ထိုသူတို့ကို ကိုယ်တော် သည်ပိုင်တော်မူသဖြင့် အကျွန်ုပ် အား ပေး တော်မူ၏။ ကိုယ်တော် ၏ နှုတ်ကပတ် တရားကို သူတို့သည်စောင့် ကြ၏။ ၇ အကျွန်ုပ် အား ပေး တော်မူသမျှ တို့သည် ကိုယ်တော် မှ ဖြစ် ကြောင်း ကို သူတို့သည်ယခု သိ ကြပါ၏။ ၈ အကြောင်းမူကား ၊ အကျွန်ုပ် အား ပေး တော်မူသမျှ သောအရာ တို့ကို သူ တို့အားအကျွန်ုပ်ပေး ၍ သူ တို့သည် ခံယူ သဖြင့်၊ အကျွန်ုပ်သည် အထံ တော်မှကြွလာ သည်ကို အတပ် သိ ကြသည်နှင့် ကိုယ်တော် သည် အကျွန်ုပ် ကို စေလွှတ် တော်မူသည်ကို ယုံ ကြပါ၏။ ၉ သူ တို့အဘို့ အလို့ငှာအကျွန်ုပ် ဆုတောင်း ပါ၏။ လောကီသား တို့အဘို့ အလို့ငှာဆုတောင်း သည်မ ဟုတ်ပါ၊ အကျွန်ုပ် အား ပေး တော်မူသောသူတို့သည် ကိုယ်တော် ၏လူဖြစ် သောကြောင့် ၊ ထိုသူ တို့အဘို့ အလို့ငှာဆုတောင်း ပါ၏။ ၁၀ အကျွန်ုပ် နှင့်စပ်ဆိုင်သောအရာ ရှိသမျှ တို့သည် ကိုယ်တော် နှင့် စပ်ဆိုင် ကြပါ၏။ ကိုယ်တော် နှင့်စပ်ဆိုင်သောအရာ ရှိသမျှတို့သည်လည်း ၊ အကျွန်ုပ် နှင့်စပ်ဆိုင်၍ ထိုအရာ တို့အားဖြင့် အကျွန်ုပ်သည် ဘုန်း ထင်ရှားပါ၏။ ၁၁ ယခုမှစ၍ အကျွန်ုပ်သည် ဤလောက ၌ မ ရှိ ပါ၊ ဤသူ တို့မူကား ၊ ဤလောက ၌ ရှိ ရစ်ကြပါမည်။ အကျွန်ုပ် သည် ကိုယ်တော် ထံသို့ သွား ရပါမည်။ သန့်ရှင်း တော်မူသောအဘ ၊ ကိုယ်တော် နှင့်အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ အကျွန်ုပ် အား ပေး တော်မူသော ဤသူတို့သည် ဖြစ် ရပါမည်အကြောင်း ၊ သူ တို့ကို ကိုယ်တော် ၏ နာမ ၌ တည် စေတော်မူပါ။ ၁၂ အကျွန်ုပ် သည် ဤလောက၌ ဤသူ တို့နှင့်တကွ ရှိ စဉ် ကာလ၊ သူ တို့ကိုကိုယ်တော် ၏နာမ ၌ တည် စေပါ ပြီ။ အကျွန်ုပ် အား ပေး တော်မူသောသူတို့ကို အကျွန်ုပ်စောင်မ ပါပြီ။ ထိုသူ တို့တွင် ပျက်စီး ခြင်း၏သား တစ် ယောက်မှတစ်ပါး အဘယ်သူ မျှပျက်စီး ခြင်းသို့မ ရောက်ပါ၊ ထိုသူသည် ပျက်စီးခြင်းသို့ ရောက်သည်အကြောင်း ကား၊

ကျမ်းစာ ပြည့်စုံ မည်အကြောင်း တည်း။ ၁၃ ယခု တွင် အကျွန်ုပ်သည် ကိုယ်တော် ထံသို့ သွားရ မည်ဖြစ်၍ ၊ ဤသူသည် အကျွန်ုပ်ကို အမှီပြုသဖြင့် ဝမ်းမြောက် ခြင်းနှင့် ပြည့်စုံ မည်အကြောင်း ၊ ဤ စကားကို ဤလောက ၌ အကျွန်ုပ်ပြော ပါ၏။ ၁၄ ကိုယ်တော် ၏နှုတ်ကပတ် တရားကို ဤသူ တို့အား အကျွန်ုပ် ပေး ပါပြီ။ အကျွန်ုပ် သည် ဤလောက နှင့် မ ဆက်ဆံသကဲ့သို့ ဤသူတို့သည် မ ဆက်ဆံသောကြောင့် ၊ လောကီသား တို့သည် ဤသူ တို့ကို မုန်း ကြပါ၏။ ၁၅ ဤသူ တို့ကို ဤလောက မှ နှုတ်ယူ တော်မူမည်အကြောင်း အကျွန်ုပ်တောင်း သည်မ ဟုတ်ပါ။ မကောင်း သော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှာစောင့်မ တော်မူမည်အကြောင်း ကိုသာ တောင်းပါ၏။ ၁၆ အကျွန်ုပ် သည် ဤလောက နှင့်မ ဆက်ဆံ သကဲ့သို့ ဤသူ တို့သည် မ ဆက်ဆံကြပါ။ ၁၇ ကိုယ်တော်၏သမ္မာတရား အားဖြင့် သူ တို့ကိုသန့်ရှင်း စေတော်မူပါ။ ကိုယ်တော် ၏နှုတ်ကပတ် သည် သမ္မာတရား ဖြစ် ပါ၏။ ၁၈ ကိုယ်တော်သည်အကျွန်ုပ် ကို ဤလောက သို့ စေလွှတ်တော်မူ သည်နည်းတူ ၊ အကျွန်ုပ် သည် ဤသူ တို့ကို စေလွှတ် ပါ၏။ ၁၉ သမ္မာတရား အားဖြင့် သူ တို့ကို သန့်ရှင်း စေမည်အကြောင်း ၊ အကျွန်ုပ် သည် သူ တို့အဘို့ အလိုငှာ ကိုယ် ကိုသန့်ရှင်း စေပါ၏။ ၂၀ ထို သူတို့အဘို့ ကိုသာ အကျွန်ုပ်ဆုတောင်း သည် မ ဟုတ်ပါ၊ သူ တို့ ဟောပြော ခြင်းအားဖြင့် အကျွန်ုပ် ကို ယုံကြည် သောသူ တို့အဘို့ ကိုလည်း ဆုတောင်းပါ၏။ ၂၁ ကိုယ်တော် သည် အကျွန်ုပ် ကိုစေလွှတ် တော်မူသည်ကို လောကီသား တို့သည် ယုံ ကြမည်အကြောင်း ထို သူအပေါင်း တို့သည် တလုံးတဝတည်း ဖြစ် လျက်၊ အဘ ၊ ကိုယ်တော် သည် အကျွန်ုပ် ၌ ရှိတော်မူ၍ အကျွန်ုပ် သည် လည်း ကိုယ်တော် ၌ ရှိသကဲ့သို့ ၊ ထိုသူ အပေါင်းတို့သည် ငါ တို့ ၌ တလုံးတဝတည်းဖြစ် စေခြင်းငှာ ဆုတောင်းပါ၏။ ၂၂ ငါ တို့သည် တလုံးတဝတည်း ဖြစ် သကဲ့သို့ ၊ အကျွန်ုပ် သည်သူ တို့ ၌ ရှိ၍ ၊ ၂၃ ကိုယ်တော် သည်လည်း၊ အကျွန်ုပ် ၌ ရှိတော်မူသောအားဖြင့်သူတို့သည်တလုံးတဝတည်း ဖြစ်၍၊ တလုံးတဝတည်း ၌ စုံလင် စေခြင်းငှာ ၎င်း၊ ကိုယ်တော် သည် အကျွန်ုပ် ကိုစေလွှတ် တော်မူကြောင်း နှင့် အကျွန်ုပ် ကို ချစ် တော်မူသကဲ့သို့ သူ တို့ကိုလည်းချစ် တော်မူကြောင်း ကို လောကီသား တို့သည် သိ စေခြင်းငှာဎ၊ ကိုယ်တော်သည် အကျွန်ုပ် အားပေး တော်မူသောဘုန်း အသရေကို အကျွန်ုပ်သည်သူ တို့အား ပေးပါ ပြီ။ ၂၄ အိုအဘ ၊ ကိုယ်တော်သည် ဤကမ္ဘာ မ တည် မရှိမီအကျွန်ုပ် ကိုချစ် ၍ အကျွန်ုပ် အား ပေး တော်မူသော ဘုန်း တော်ကို အကျွန်ုပ် အား ပေး တော်မူသောသူ တို့သည် ရှုမြင် ရမည်အကြောင်း ၊ အကျွန်ုပ် ရှိ ရာ အရပ် ၌ အကျွန်ုပ် နှင့်အတူ ရှိ နေစေခြင်းငှာ အကျွန်ုပ်အလိုရှိ ပါ၏။ ၂၅ တရား တော်မူသောအဘ ၊ လောကီသား တို့သည် ကိုယ်တော် ကိုမ သိ သော်လည်း အကျွန်ုပ် သိ ပါ၏။ ကိုယ်တော် သည် အကျွန်ုပ် ကို စေလွှတ် တော်မူကြောင်း ကို ထိုသူ တို့သည်သိ ကြပါ၏။ ၂၆ ကိုယ်တော်သည်အကျွန်ုပ် ကိုချစ် တော်မူသောမေတ္တာ သည် သူ တို့ ၌ ရှိစေခြင်းငှာ ၎င်း၊ အကျွန်ုပ် သည် သူ တို့ ၌ ရှိ စေခြင်းငှာဎ၊ ကိုယ်တော် ၏နာမ ကို အကျွန်ုပ်သည် သူ တို့အားပြဿန် ပါပြီဖြစ်၍အစဉ်ပြဿန်ပါမည် ဟု မိန့်မြွက် တော်မူ၏။

၁၈ ထိုသို့မိန့်မြွက် တော်မူပြီးမှယေရှု သည် တပည့် တော်တို့နှင့်အတူ ကေဒြုန် ချောင်း တစ်ဘက် သို့ကြွ ၍၊ ထိုအရပ် ၌ရှိ သော ဥယျာဉ် သို့ ဝင် တော်မူ၏။ ၂ ထို အရပ်သို့ယေရှု သည် တပည့် တော်တို့နှင့်အတူ သွား

မြဲ ရှိသောကြောင့် ၊ ကိုယ်တော် ကို အပ်နှံ သော ယုဒ ရှကာရျတ်သည် ထိုအရပ် ကိုသိ သည်ဖြစ်၍၊ ၃ စစ်သူရဲ
တစ်တပ်ကိုငင်း ၊ ယဇ်ပုရောဟိတ် အကြီးတို့နှင့် ဖာရိရှဲ တို့စေလွှတ်သောမင်း လုလင်တို့ကိုငင်း ခေါ် ခဲ့ ၍၊ မီးအိမ် ၊ မီးရှူး
၊ လက်နက် တို့ကို လက်စွဲလျက်လာ ကြ၏။ ၄ ယေရှု သည် ကိုယ်တော် ၌ ဖြစ်လတံ့ သမျှ သော အမှုအရာ တို့ကိုသိ
တော်မူလျက်၊ လာသောသူ တို့ဆီသို့သွား ၍ အဘယ်သူ ကိုရှာ ကြသနည်း ဟု မေး တော်မူ၏။ ၅ နာဇရက် မြို့သားယေရှု
ကိုရှာကြသည်ဟုဆို လျှင်၊ ယေရှုက၊ ငါ သည်ထိုသူဖြစ် ၏ ဟု မိန့် တော်မူ၏။ ကိုယ်တော် ကိုအပ်နှံ သော ယုဒ
ရှကာရျတ်သည်လည်း ထိုသူ တို့နှင့်အတူ ရပ် နေ၏။ ၆ ငါ သည် ထို သူဖြစ်၏ဟု မိန့်တော်မူလျှင်၊ ထိုသူ တို့သည် နောက်
သို့ လှန် ၍ မြေ ပေါ် ၌လဲ ကြ၏။ ၇ အဘယ်သူ ကိုရှာ သနည်းဟု တစ်ဖန် မေး တော်မူလျှင် ၊ နာဇရက် မြို့သားယေရှု ကို
ရှာကြသည်ဟု ထိုသူတို့ သည် ဆို ကြ၏။ ၈ ယေရှု ကလည်း၊ ငါ သည်ထို သူဖြစ် ၏ဟုငါပြော ပြီ။ သို့ ဖြစ်၍ ငါ့ ကိုရှာ
လျှင် ဤသူ တို့သည် သွား ပါလေစေ ဟု မိန့် တော်မူ၏။ ၉ ကိုယ်တော်သည် အကျွန်ုပ် အား ပေး တော်မူသောသူ
တို့တွင် အဘယ်သူ မျှပျက်စီး ခြင်းသို့ မ ရောက်ပါ ဟူသော အထက် က စကား တော်ကို ပြည့်စုံ စေခြင်းငှာ ဤသို့မိန့်
တော်မူ၏။ ၁၀ ထိုအခါ ရှိမုန် ပေတရု သည် မိမိ၌ပါ သောဓား ကိုဆွဲထုတ် ပြီးလျှင် ယဇ်ပုရောဟိတ် မင်း၏ ကျွန်
တစ်ယောက်ကို ခုတ် သဖြင့် လက်ျာ နားရွက် ပြတ် လေ၏။ ထိုကျွန် ၏ အမည် ကားမာလခု ဖြစ်သတည်း။ ၁၁ ယေရှု
ကလည်း ဓား ကိုအိမ် ၌ သွင်း ထားလော့။ ခမည်းတော် သည် ငါ့ အား ပေး တော်မူသောခွက် ကို ငါ မ သောက်
ရာသလော ဟု ပေတရု အားမိန့် တော်မူ၏။ ၁၂ ထိုအခါ တပ်မှူး မှစ၍ စစ်သူရဲ တို့နှင့် ယုဒ မင်း လုလင်တို့သည် ယေရှု
ကိုဘမ်းဆီး၍ ချည်နှောင် ပြီးလျှင် အန္နတ် မင်းထံသို့ ရှေးဦးစွာ ယူသွား ကြ၏။ ၁၃ အန္နတ် မင်းကား၊ ထို နှစ် တွင်
ယဇ်ပုရောဟိတ် မင်းဖြစ် သော ကယာဖ ၏ယောက္ခမ ဖြစ် သတည်း။ ၁၄ ထို ကယာဖ ကား၊ လူ တစ် ယောက်သည် လူ
များတို့အတွက် ပျက်စီး သော် သာ၍ကောင်း သည်ဟု ယုဒ လူ တို့နှင့် တိုင်ပင် ပြောဆိုသောသူ ပေတည်း။ ၁၅ ရှိမုန်
ပေတရု နှင့် အခြား သောတပည့် တော်တစ်ယောက်သည် ယေရှု နောက်တော်သို့ လိုက် ကြ၏။ ထို တပည့် တော်သည်
ယဇ်ပုရောဟိတ် မင်း၏ အသိအကျွမ်း ဖြစ် ၍ ၊ ယေရှု နှင့်တကွယဇ်ပုရောဟိတ် မင်း၏ အိမ်ဦး ထဲသို့ ဝင် လေ၏။
၁၆ ပေတရု မူကား ပြင် ၌ တံခါး နားမှာရပ် နေ၏။ ထိုကြောင့် ယဇ်ပုရောဟိတ် မင်းနှင့်အကျွမ်းဝင် သော တပည့်
တော်သည်ထွက် ၍ တံခါးစောင့် မိန်းမအားပြော ပြီးမှ ပေတရု ကိုသွင်း လေ၏။ ၁၇ တံခါးစောင့် မိန်းမ ကပေတရု အား၊
သင် သည် ထို သူ ၏တပည့် တို့အဝင် ဖြစ် သည် မ ဟုတ်လောဟုဆို လျှင် ၊ မ ဟုတ် ဘူးဟု ပေတရု ငြင်း လေ၏။ ၁၈
ထို ကာလ၌ ချမ်း သောကြောင့် ကျွန် များနှင့် မင်း လုလင်များတို့သည် မီးခဲ ပုံကိုထည့်၍ မီးလှုံ လျက် နေ ကြ၏။
ပေတရု သည်လည်း သူ တို့နှင့်တကွ ရပ် ၍ မီးလှုံ လျက်နေ ၏။ ၁၉ ထိုအခါ ယဇ်ပုရောဟိတ် မင်းသည် တပည့်
တော်တို့ကိုငင်း ၊ ဒေသနာ တော်ကိုငင်း အကြောင်း ပြု၍ ယေရှု ကို မေးမြန်း စစ်ကြော၏။ ၂၀ ယေရှု ကလည်း၊ ငါ
သည်လောက ၌ ထင်ရှား စွာဟောပြော ပြီ။ ယုဒ လူအပေါင်း တို့ စည်းဝေး ရာ တရားစရပ် ၌ ၎င်း ၊ ဗိမာန် တော်၌ ၎င်း၊
အစဉ်မပြတ် ဆုံးမ သြဝါဒပေးပြီ။ မ ထင်ရှားဘဲ အလျှင်း မဟော မပြော။ ၂၁ အဘယ်ကြောင့် ငါ့ ကို မေးမြှိန်း သနည်း၊

ငါသည် အဘယ်သို့ ဟောပြောသည် ကို ကြားနာ သောသူ တို့ကို မေးမြန်း လော့။ ငါ ပြော သောစကားကို ထိုသူ
တို့သည်သိ ကြ၏ ဟုမိန့် တော်မူ၏။ ၂၂ ထိုသို့ မိန့် တော်မူလျှင်၊ အနီးအပါးဌ်ရပ် နေသော မင်းလုလင် တစ်ယောက်က၊
သင်သည် ယဇ်ပုရောဟိတ် မင်းကို ဤသို့ ပြန်ပြော ရသလောဟုဆို လျက် ယေရှု ကိုရိုက် လေ၏။ ၂၃ ယေရှု ကလည်း၊
ငါ့စကား မမှန် လျှင် မမှန် ကြောင်း ကိုပြ ပါ မှန် လျှင် ငါ့ ကိုအဘယ်ကြောင့် ရိုက် သနည်း ဟု မိန့် တော်မူ၏။ ၂၄
အန္နတ် မင်းသည် ကိုယ်တော် ကိုချည်နှောင် လျက် ရှိသည်အတိုင်း၊ ယဇ်ပုရောဟိတ် မင်း ကယာဖ ထံသို့ ပို့ စေခဲ့ပြီ။
၂၅ ရှိမုန် ပေတရု သည် ရပ် ၍ မီးလုံ့ လျက်နေသည်တွင် အချို့သောသူတို့က၊ သင် သည် သူ ၏တပည့် တို့ အဝင် ဖြစ်
သည်မဟုတ် လောဟု မေး လျှင် ၊ မ ဟုတ် ဘူးဟု ပေတရု ငြင်း လေ၏။ ၂၆ ပေတရု ခုတ်၍ နားရွက် ပြတ် သောသူ
နှင့်ပေါက်ဘော် တော် သော ယဇ်ပုရောဟိတ် မင်း၏ ကျွန် တစ် ယောက်က၊ သင် သည် ဥယျာဉ် ၌ ယေရှု နှင့်အတူ
ရှိသည်ကို ငါ မြင် ခဲ့ပြီမ ဟုတ်လောဟုဆို လျှင်၊ ၂၇ ပေတရု သည် တစ်ဖန် ငြင်း ပြန်လေ၏၊ ထိုခဏခြင်း တွင်ကြက်
တွန် ၏။ ၂၈ နံနက် အချိန်ရောက် လျှင်၊ ယေရှု ကိုကယာဖ ထံမှ အိမ်တော်ဦး သို့ ဆောင်သွား ကြ၏။ ထိုသူတို့သည်
အာပတ် နှင့်ကင်းလွတ် ၍ ပသခါ ပွဲကို ခံရမည်အကြောင်း ။ အိမ်တော်ဦး ထဲသို့ ကိုယ်တိုင်မ ဝင် ကြ။ ၂၉ ထိုကြောင့်
ပိလတ် မင်းသည် သူ တို့ရှိရာသို့ ထွက် ၍ ဤ သူ ၌အဘယ် အပြစ် ကို တင် ကြသနည်းဟု မေး သော်၊ ၃၀ ဤသူ
သည်လူဆိုး မ ဟုတ် လျှင် အကျွန်ုပ်တို့သည် ကိုယ်တော် ၌မ အပ် ပါဟုလျှောက် ကြ၏။ ၃၁ ပိလတ် မင်းကလည်း၊ သူ
ကိုယူ ၍ သင် တို့ ဓမ္မသတ် အတိုင်း စီရင် ကြဟုဆို ၏။ ယုဒ လူတို့ကလည်း၊ အကျွန်ုပ် သည် အဘယ်သူ ကိုမျှ မ
သတ် ပိုင်ပါဟုလျှောက် ကြ၏။ ၃၂ ထိုသို့လျှောက်သော်၊ ယေရှု သည်အဘယ်သို့ မိမိ သေ ရမည်အရိပ် ကိုပေး၍၊ မိန့်
တော်မူသောစကား တော် ပြည့်စုံ မည်အကြောင်း တည်း။ ၃၃ ပိလတ် မင်းသည် အိမ်တော်ဦး ထဲသို့ တစ်ဖန် ဝင်
၍ယေရှု ကိုခေါ် ပြီးလျှင် ၊ သင် သည် ယုဒ ရှင်ဘုရင် မှန် သလောဟုမေး ၏။ ၃၄ ယေရှု ကလည်း၊ မင်းကြီး သည် ကိုယ်
အလိုအလျောက် ဤသို့ မေး သလော၊ သို့မဟုတ် သူတစ်ပါး တို့သည် ငါ ၏အကြောင်း ကို လျှောက် ကြပြီလော ဟု မေး
တော်မူ၏။ ၃၅ ပိလတ် မင်းက၊ ငါ သည်ယုဒ လူဖြစ် သလော။ သင် ၏လူမျိုး နှင့်တကွ ယဇ်ပုရောဟိတ် အကြီးတို့သည်
သင့် ကိုငါ ဌ်အပ် ကြပြီ။ သင်သည် အဘယ်သို့ ပြု မိသနည်းဟုမေး လျှင်၊ ၃၆ ယေရှု က၊ ငါ ၏နိုင်ငံ သည် ဤ လောက
နှင့်မ စပ်ဆိုင် ။ ငါ ၏နိုင်ငံ သည် ဤ လောက နှင့် စပ်ဆိုင် လျှင် ၊ ငါသည် ယုဒ လူတို့လက်သို့မ ရောက် စေခြင်းငှာ ၊ ငါ
၏လူ တို့သည် တိုက်လှုန် ကြလိမ့်မည် ။ ယခု မူကား ငါ ၏နိုင်ငံ သည် ဤ ဒေသအရပ်နှင့်မ စပ်ဆိုင် ဟု မိန့် တော်မူ၏။
၃၇ ပိလတ် မင်းကလည်း၊ သို့ ဖြစ်လျှင် သင် သည်ရှင်ဘုရင် မှန် သလောဟုမေး သော် ၊ ယေရှု က၊ မင်းကြီး မေး
သည်အတိုင်း ငါသည်ရှင်ဘုရင် မှန် ၏။ သမ္မာတရား ဘက်၌ သက်သေခံ ခြင်းငှာ ငါ သည်မွေးဘွား ခြင်းကိုခံ၍ ဤ
လောက သို့ ကြွလာ ပြီ။ သမ္မာတရား နှင့်စပ်ဆိုင် သမျှ သောသူ တို့သည် ငါ့ စကား ကိုနားထောင် ကြသည် ဟု မိန့်
တော်မူ၏။ ၃၈ ပိလတ် မင်းကလည်း၊ သမ္မာတရား ကား အဘယ်သို့ နည်းဟုမေး ပြီးမှ တဖန် ယုဒ လူတို့ရှိရာသို့ ထွက်
၍၊ ဤသူ ၌ အဘယ် အပြစ် ကိုမျှ ငါ မတွေ့ ။ ၃၉ ပသခါ ပွဲ၌ လူတစ် ယောက်ကို သင် တို့အားငါလွှတ် မြဲထုံးစံ ရှိ

သည်ဖြစ်၍၊ ယုဒ ရှင်ဘုရင် ကို လွှတ် စေ ချင် သလောဟု မေး လျှင်၊ ၄၀ တစ်ဖန် လူအပေါင်းတို့က၊ ဤသူ ကို မ လွှတ်စေချင်ပါ၊ ဗာရဗ္ဗ ကို လွှတ်စေချင်ပါသည်ဟု အော်ဟစ် ၍လျှောက်ဆို ကြ၏။ ထို ဗာရဗ္ဗ ကား ဓားပြ ဖြစ် သတည်း။

၁၉ ထိုအခါ ပိလတ် မင်းသည် ယေရှု ကိုယူ ၍ ရိုက် ပြီးမှ၊ ၂ စစ်သူရဲ တို့သည် ဆူးပင် နှင့် ရက် သော ဦးရစ် ကိုခေါင်း တော်၌တင် ၍၊ နီမောင်း သောဝတ်လုံ နှင့် ခြုံ စေ ပြီးလျှင် ၊ ၃ ယုဒ ရှင်ဘုရင် ၊ ကိုယ်တော်သည် မင်္ဂလာ ရှိစေသတည်းဟုဆို ၍ ရိုက်ပုတ် ကြ၏။ ၄ ပိလတ် မင်းကလည်း ၊ ဤသူ ၌ အဘယ် အပြစ် ကိုမျှ ငါမတွေ့ ကြောင်း ကို သင်တို့သိ စေခြင်းငှာ ၊ သူ့ ကို သင် တို့ရှိရာသို့ ငါထုတ်ပြ သည်ဟုဆို ၏။ ၅ ထိုအခါ ယေရှု သည် ဆူး ပင်ဦးရစ် နှင့် နီမောင်း သောဝတ်လုံ တို့ကိုဝတ် လျက် အပြင် သို့ထွက်ကြွ တော်မူ၏။ ပိလတ်မင်းကလည်း သူ့ ကိုကြည့် ကြလော့ဟုဆို ၏။ ၆ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လုလင် များတို့က၊ ထိုသူကိုလက်ဝါးကပ်တိုင် မှာ ရိုက်ထားပါ၊ ရိုက် ထားပါ ဟု ဟစ်ကြော် ကြ၏။ ပိလတ် မင်းကလည်း၊ သင် တို့သည် သူ့ ကိုယူ ၍ လက်ဝါးကပ်တိုင် မှာရိုက်ထားကြ။ ငါ သည် သူ ၌ အပြစ် ကို မ တွေ့ ဟုဆို လျှင်၊ ၇ ယုဒ လူတို့က၊ ဤသူသည်ဘုရားသခင် ၏သား တော်ဖြစ်ယောင်ဆောင်သောကြောင့် အကျွန်ုပ် တို့ ၌ ရှိ သောဓမ္မသတ် အတိုင်း သေ ထိုက် ပါသည်ဟုလျှောက် ကြ၏။ ၈ ထို စကား ကိုကြား လျှင် ပိလတ် မင်းသည်သာ၍ ကြောက် သဖြင့် ၊ အိမ်တော်ဦး ထဲသို့ ဝင် ပြန် ၍ ၊ ၉ ယေရှု အား၊ သင် သည် အဘယ် ကဖြစ် သနည်းဟုမေး လျှင်၊ တစ်ခွန်းကိုမျှပြန် တော်မ မူ၊ ၁၀ ပိလတ် မင်းကလည်း၊ ငါ နှင့်စကား မ ပြောသလော။ ငါ သည် သင့် ကိုလက်ဝါးကပ်တိုင် မှာ ရိုက်ထားပိုင် သည်ကိုငင်း ၊ လွှတ် ပိုင်သည်ကိုငင်း၊ သင်မ သိ လောဟုဆို သော်၊ ၁၁ အထက် အရပ်မှအခွင့် ကို မ ရ လျှင် မင်းကြီး သည် ငါ့ ကို အဘယ်သို့မျှ မပြုပိုင်။ ထိုကြောင့် ငါ့ ကို မင်းကြီး လက်သို့ အပ်နှံ သောသူ သည်သာ၍ကြီး သောအပြစ် ရှိ သည် ဟု မိန့် တော်မူ ၏။ ၁၂ ထိုအခါ မှစ၍ ပိလတ် မင်းသည် ကိုယ်တော် ကိုလွှတ် ခြင်းငှာရှာကြံ လေ၏။ ယုဒ လူတို့ကလည်း ၊ ထို သူကို လွှတ် လျှင် ကိုယ်တော်သည် ကဲသာ ဘုရင်၏အဆွေ မ ဟုတ် ပါ။ ရှင်ဘုရင် လုပ် သောသူ မည်သည်ကား ၊ ကဲသာ ဘုရင်၏ရန်သူ ဖြစ်ပါသည်ဟု လျှောက် ကြ၏။ ၁၃ ထို စကား ကိုကြား လျှင် ပိလတ် မင်းသည် ယေရှု ကိုပြင် သို့ထုတ် ပြီးမှ၊ ဟေဗြဲ စကားအားဖြင့်ဂဗ္ဗသ အမည်ရှိ၍ ကျောက် ခင်းဟုခေါ် ဝေါ် သောအရပ် ၌ တရားပလ္လင် ပေါ်မှာ ထိုင် လေ၏။ ၁၄ ထိုနေ့အချိန်ကား၊ ပသခါ အဘိတ်နေ့ တစ် ချက်တီးအချိန် လောက် ရှိ ၏။ ပိလတ်မင်းကလည်းသင် တို့၏ ရှင်ဘုရင် ကို ကြည့် ကြလော့ဟု ယုဒ လူတို့အား ပြောဆို လျှင် ၊ ၁၅ ထို သူ ကိုထုတ် ပါ။ ထုတ် ပါ။ လက်ဝါးကပ်တိုင် မှာ ရိုက်ထားပါဟု လူအများဟစ်ကြော် ကြ၏။ ပိလတ် မင်းကလည်း၊ သင် တို့၏ရှင်ဘုရင် ကို လက်ဝါးကပ်တိုင် မှာရိုက်ထားရမည်လောဟု မေး ပြန်လျှင်၊ ယဇ်ပုရောဟိတ် အကြီးတို့က၊ အကျွန်ုပ်တို့ ၌ ကဲသာ ဘုရင်မှတစ်ပါး အဘယ် ရှင်ဘုရင် မျှမရှိ ဟု ပြန်ပြော ကြ၏။ ၁၆ ထိုအခါ ပိလတ်မင်းသည် ယေရှု ကိုလက်ဝါးကပ်တိုင် မှာ ရိုက်ထားစေခြင်းငှာ ထိုသူ တို့လက်သို့ အပ် သဖြင့်၊ သူတို့သည် ကိုယ်တော် ကိုယူ၍ထုတ်သွား ကြ၏။ ၁၇ ကိုယ်တော်သည် မိမိ လက်ဝါးကပ်တိုင် ကိုထမ်း လျက် ဦးခေါင်းခွံ အရပ်ဟူ၍တွင် သောအရပ် သို့ ထွက် တော်မူ၏။ ထို အရပ် ကား၊ ဟေဗြဲ စကားအားဖြင့်ဂေါလဂေါသ အမည်

ရှိ၏။ ၁၈ ထိုအရပ် ၌ ကိုယ်တော် ကို အခြား သောသူနှစ် ယောက်နှင့်တကွ လက်ဝါးကပ်တိုင် မှာ ရိုက်ထားကြ၏။ ထိုသူနှစ်ယောက်အလယ် မှာ ယေရှု သည် နေရာကျသတည်း။ ၁၉ ပိလတ် မင်းသည်လည်း ကမ္မည်း လိပ်စာကိုရေး ၍ လက်ဝါးကပ်တိုင် တော်၌ တပ် လေ၏။ လိပ်စာချက်ဟူမူကား၊ ယုဒ ရှင်ဘုရင် ၊ နာဇရက် မြို့သားယေရှု ဟု ရေးထားသတည်း။ ၂၀ ယေရှု ကိုလက်ဝါးကပ်တိုင် မှာ ရိုက်ထားသောအရပ် သည် မြို့ နှင့်နီး သည်ဖြစ်၍ ၊ ထိုလိပ်စာကို ဟေဗြဲ ဘာသာ၊ ဟေလသ ဘာသာ၊ ရောမ ဘာသာအားဖြင့်ရေး ထားသောကြောင့် ယုဒ လူများ တို့သည် ဖတ် ကြ၏။ ၂၁ ထိုကြောင့် ယုဒ ယဇ်ပုရောဟိတ် အကြီးတို့သည် ပိလတ် မင်းထံသို့ဝင်၍၊ ယုဒ ရှင်ဘုရင် ဟု မ ရေး ပါနှင့်။ ငါသည်ယုဒ ရှင်ဘုရင် ဖြစ် သည်ဟု သူ ဆို ကြောင်း ကို ရေးတော်မူပါဟုလျှောက် ကြလျှင်၊ ၂၂ ပိလတ် မင်းက၊ ငါရေး ပြီးသောအရာ ကို ငါရေး ပြီဟုပြန်ဆို ၏။ ၂၃ စစ်သူရဲ တို့သည် ယေရှု ကိုလက်ဝါးကပ်တိုင် ၌ ရိုက်ထားပြီးမှ၊ အဝတ် တော်တို့ကို လေး ပိုင်း ပိုင်း၍ တစ်ယောက်တစ်ပိုင်း စီ ယူကြလေ၏။ အတွင်းအင်္ကျီ တော်ကား၊ မ ချုပ်ဘဲလျက် အထက် စွန်းမှသည်အောက်စွန်းတိုင်အောင် ရက် သောအင်္ကျီ ဖြစ်သောကြောင့် ၊ ၂၄ ထိုသူတို့က၊ အင်္ကျီ ကိုမ ဆုတ် ကြနှင့်။ အဘယ်သူ ယူ ရမည်ကို စာရေးတံ ချကြကုန်အံ့ဟု အချင်းချင်း ဆို ကြ၏။ ကျမ်းစာ လာသည်ကား ၊ သူတို့သည် အင်္ကျနှံပ် အဝတ် ကို အချင်းချင်း ဝေဖန် ၍ အင်္ကျနှံပ် အင်္ကျီ ကိုစာရေးတံ ချကြပါ၏ဟူသော အချက်စကား ကိုပြည့်စုံစေ၍၊ စစ်သူရဲ တို့သည် ထိုသို့ ပြု ကြ၏။ ၂၅ ယေရှု ၏ လက်ဝါးကပ်တိုင် တော်နား မှာ မယ်တော် နှင့် မယ်တော်၏ညီမ ဖြစ်သော ကလောဖ ၏မယား မာရိ နှင့် မာဂဒလ မာရိ တို့သည် ရပ် နေကြ၏။ ၂၆ ထိုအခါမယ်တော် နှင့် ချစ် တော်မူသောတပည့် တော်သည် အနားမှာရပ် နေသည်ကို ယေရှု သည် မြင် တော်မူလျှင်၊ မယ်တော် အား၊ အချင်းမိန်းမ ၊ သင် ၏သား ကို ကြည့် ပါ ဟူ၍ဆင်း ၊ ၂၇ တပည့် တော်အားလည်း၊ သင် ၏အမိ ကိုကြည့် ပါ ဟူ၍ဆင်း မိန့် တော်မူ၏။ ထို အခါ မှစ၍ ထိုတပည့် တော်သည် မယ်တော် ကိုမိမိ အိမ်၌ သိမ်းထား ၏။ ၂၈ ထိုနောက်မှ ကျမ်းစာ ပြည့်စုံ စေခြင်းငှာ အမှုရှိသမျှ ကုန်စင် ပြီး သည်ကို သိ တော်မူလျှင်၊ ရေငတ် သည်ဟု မိန့် တော်မူ၏။ ၂၉ ထိုအရပ်၌ပုံးရည် နှင့်ပြည့် သော အိုး တစ်လုံးရှိ သည်ဖြစ်၍၊ ထိုသူတို့သည် ရေမှိ တထွေးကိုပုံးရည် နှင့် ပြည့် စေပြီးလျှင်၊ ဟုဿုပ် ပင် အကိုင်းဖျား၌တပ် ၍ ခံတွင်း တော်သို့ကပ် ထားကြ၏။ ၃၀ ယေရှု သည် ပုံးရည် ကိုခံ ပြီးမှ၊ အမှုပြီး ပြီဟုမိန့် တော်မူလျက်၊ ခေါင်း တော်ကို ငိုက် ဆိုက်ညွှတ်၍ အသက် တော်ကို စွန့် တော်မူ၏။ ၃၁ ထို နေ့သည် အဘိတ်နေ့ ဖြစ် ၍၊ နက်ဖြန်နေ့လည်း ကြီးမြတ် သောဥပုသ်နေ့ ဖြစ် သည်ကို ယုဒ လူတို့သည် ထောက်၍၊ အလောင်း ကောင်တို့ကို ဥပုသ်နေ့ ၌ လက်ဝါးကပ်တိုင် ပေါ်မှာ မ ရှိစေခြင်းငှာ ပိလတ် မင်းထံသို့ဝင် ပြီးလျှင်၊ ခြေ ကိုချိုး ၍ ထိုအလောင်းကောင်တို့ကို ယူသွား ရမည်အကြောင်း အခွင့်တောင်း ကြ၏။ ၃၂ ထိုအခါ စစ်သူရဲ တို့သည် သွား ၍ကိုယ်တော် နှင့်အတူလက်ဝါးကပ်တိုင် မှာ ရိုက်ထားသောသူနှစ် ယောက်တို့၏ ခြေ ကိုချိုး လေ၏။ ၃၃ ယေရှု ထံသို့ ရောက် ၍ အသက် မရှိကြောင်းကို မြင် လျှင်ခြေ ကို မ ချိုး ဘဲ၊ ၃၄ စစ်သူရဲ တစ် ယောက်သည် နံဖေး တော်ကို လှံ နှင့်ထိုးဖောက် ၍ သွေး နှင့် ရေ သည်ချက်ခြင်း ထွက်လာ ၏။ ၃၅ ထိုအကြောင်းအရာကိုမြင် သောသူ သည် သက်သေခံ

၏။ သူ ၏သက်သေခံ ချက်သည်လည်း မှန် ပေ၏။ သင် တို့သည်ယုံကြည် မည်အကြောင်း ၊ သူပြော သောစကားမှန် သည် ကို သူ သိ ၏။ ၃၆ ထို အကြောင်းအရာကား၊ သူ ၏အရိုး ကို မ ချိုး ရဟု ကျမ်းစာ လာချက်ပြည့်စုံ မည်အကြောင်း တည်း။ ၃၇ တစ်ဖန် ကျမ်းစာ လာသည်ကား၊ ထိုသူတို့သည် မိမိတို့ ထိုးဖောက် သောသူ ကို ရှုမြင် ရကြလိမ့်မည်ဟု လာ၏။ ၃၈ ထိုနောက်မှ အရိမသဲ မြို့သားယောသပ် သည် ယုဒ လူတို့ကိုကြောက် ၍ မထင်မရှား တပည့် တော်ဖြစ် သည်နှင့်၊ ပိလတ် မင်းထံသို့ဝင်၍ ယေရှု ၏အလောင်း တော်ကို ယူသွား မည်အကြောင်း အခွင့်တောင်း ၏။ ပိလတ် မင်းအခွင့် ပေးလျှင်၊ ထိုသူသည်သွား ၍ ယေရှု ၏အလောင်း တော်ကို ယူ လေ၏။ ၃၉ အထက် ကညဉ့် အခါယေရှု ထံသို့ လာ သော နိကောဒင် သည်လည်း ၊ အခွက်သုံးဆယ်မျှလောက် အချိန် ရှိသောမုရန် နှင့် အကျော် ကို ရောနှော သော နံ့သာပျောင်းကို ဆောင် လျက်လာ ၏။ ၄၀ ထိုသူတို့သည် ယေရှု ၏အလောင်း တော်ကိုယူ ၍ ၊ ယုဒ လူတို့၏ သင်္ဂြိဟ် ခြင်းနှင့်ဆိုင်သောပြင်ဆင်ခြင်း ထုံးစံ ရှိ သည်အတိုင်း နံ့သာမျိုး နှင့်တကွ ပိတ် ပုဆိုးဖြင့် အလောင်း တော်ကို ပတ်ရစ် ကြ၏။ ၄၁ လက်ဝါးကပ်တိုင် မှာ ရိုက်ထားသောအရပ် တွင်ဥယျာဉ် ရှိ ၏။ ထိုဥယျာဉ် တွင် တစ်ယောက် ကိုမျှမ သင်္ဂြိဟ်ဘူးသော သင်္ချိုင်း တွင်းသစ် ရှိ၏။ ၄၂ ယုဒ လူတို့၏ အဘိတ်နေ့ ဖြစ်သောကြောင့် ၊ အနီးအပါး တွင်ရှိ သော ထိုသင်္ချိုင်း အတွင်း၌ အလောင်း တော်ကိုထား ကြ၏။

၂၀ ခုနစ် ရက်တွင် ပဌမ နေ့ရက်၊ မိုဃ်း မလင်းမှီ စောစော အချိန်၌ မာဂဒလ မာရိ သည် သင်္ချိုင်း တော်သို့ သွား ၍ တွင်း ဝ၌ပိတ်သော ကျောက် သည် ရွှေ့ လျက်ရှိသည်ကိုမြင် လျှင်၊ ၂ ရှိမုန် ပေတရု နှင့် ယေရှု ချစ် တော်မူသော အခြား တပည့် တော်ဆီသို့ ပြေးသွား ၍ ၊ သင်္ချိုင်း တော်မှ သခင် ကိုယူသွား ကြပြီ။ အဘယ်မှာ ထား ကြသည်ကို မ သိ ဟုပြောဆို ၏။ ၃ ထိုအခါပေတရု နှင့် အခြား သောတပည့် တော်သည်ထွက် ၍ သင်္ချိုင်း တော်သို့ သွား ကြ၏။ ၄ ထိုသူနှစ် ယောက်တို့သည် အတူ ပြေး သည်တွင် အခြား သောတပည့် တော်သည် ပေတရု ကိုလွန် ၍ သင်္ချိုင်း တော်သို့ အရင် ရောက် သည်ရှိသော်၊ ငုံ့ ၍ကြည့်သဖြင့်၊ ၅ ပိတ် ပုဆိုးရှိ ရစ်သည်ကိုမြင် လျှင်၊ မ ဝင် ဘဲ နေ၏။ ၆ ရှိမုန် ပေတရု သည်နောက် သို့လိုက်၍ ရောက် သောအခါ တွင်း ထဲသို့ ဝင် လျှင်၊ ပိတ် ပုဆိုးရှိ ရစ်သည်ကိုငင်း ၊ ၇ ခေါင်း တော်၌ ရှိ သောပုဝါ သည် ပိတ် ပုဆိုးနှင့်အတူ မ ရှိဘဲ တခြားစီ လိပ် လျက်ရှိ သည်ကိုငင်း မြင် လေ၏။ ၈ ထိုအခါ သင်္ချိုင်း တော်သို့ အရင် ရောက် သောအခြား တပည့် တော်သည် ဝင် ၍ မြင် သဖြင့် ယုံ လေ၏။ ၉ ကိုယ်တော် သည် သေ ခြင်းမှ ထမြောက် ရမည်ဟူသောကျမ်း စကားကို တပည့်တော်တို့သည် နား မ လည် ကြသေး။ ၁၀ နောက်မှထိုသူနှစ်ယောက်တို့သည် မိမိ တို့အပေါင်းအသင်းရှိရာသို့ ပြန်သွား ကြ၏။ ၁၁ မာရိ သည် သင်္ချိုင်း တော်အနားမှာ ငိုကြွေး လျက်ရပ် နေ၏။ ငိုကြွေး စဉ် ငုံ့ ၍တွင်း ထဲသို့ ကြည့်လျှင် ၊ ၁၂ ကောင်းကင်တမန် နှစ် ပါးတို့သည် ဖြူ သောအဝတ်ကိုဝတ်ဆင်လျက်၊ ယေရှု ၏အလောင်း တော် လျောင်း ရာအရပ် ၊ ခေါင်း ရင်း၌ တစ်ပါး ၊ ခြေ ရင်း၌ တစ်ပါး ထိုင် ကြသည်ကိုမြင် လေ၏။ ၁၃ ထိုသူ တို့က၊ အချင်းမိန်းမ ၊ အဘယ်ကြောင့် ငိုကြွေး သနည်းဟုမေး လျှင်၊ ကျွန်မ ၏သခင် ကို ယူသွား ကြပြီ။ အဘယ်မှာ ထား ကြသည်ကို မ သိ ပါဟုပြောဆို ၏။ ၁၄ ထိုသို့ ဆို ပြီးမှနောက်

သို့လှည့် လျှင်၊ ယေရှု ရပ် လျက်နေတော်မူသည်ကို မြင် သော်လည်း ယေရှု ဖြစ် တော်မူသည်ကို မ သိ ။ ၁၅ ယေရှု
ကလည်း၊ အချင်းမိန်းမ ၊ အဘယ်ကြောင့် ငိုကြွေး သနည်း။ အဘယ်သူ ကို ရှာ သနည်းဟု မေး တော်မူ၏။ မာရိ
က၊ သင် သည်သူ့ ကို ဆောင်သွား သည်မှန်လျှင် အဘယ်မှာ ထား သည်ကို ကျွန်မ အားပြော ပါ။ ကျွန်မ ယူသွား
ပါမည်အရှင် ဟု၊ ထိုသူ ကို ဥယျာဉ်စောင့် ဖြစ် သည်ဟု ထင်မှတ် လျက်ဆို ၏။ ၁၆ ယေရှု ကလည်း၊ မာရိ ဟုခေါ်
တော်မူလျှင်၊ မာရိ သည်လှည့် ၍ ရဗ္ဗုနိ ဟု ထူး လေ၏။ ရဗ္ဗုနိအနက် ကား၊ အရှင် ဘုရားဟု ဆိုလိုသတည်း။ ၁၇ ယေရှု
ကလည်း၊ ငါ့ ကိုမ ဘက် နှင့်ဦး။ ငါသည် ငါ့ခမည်းတော် ထံသို့ မ တက် ရသေး။ ငါ့ ညီ တို့ရှိရာသို့ သွား လော့။ ငါ
၏ခမည်းတော် တည်းဟူသောသင် တို့၏ခမည်းတော် ၊ ငါ ၏ဘုရားသခင် တည်းဟူသောသင် တို့၏ ဘုရားသခင်
ထံတော်သို့ ငါတက် ရမည်အကြောင်းအရာကို ကြားပြော လော့ ဟု မိန့် တော်မူသည်နှင့်အညီ၊ ၁၈ မာဂဒလ မာရိ သည်
သွား ၍မိမိသည်သခင် ကိုတွေ့မြင် သည်ကိုငင်း ၊ ထိုသို့မိန့် တော်မူသည်ကိုငင်း၊ တပည့် တော်တို့အားကြားပြော
လေ၏။ ၁၉ ခုနစ် ရက်တွင် ပဌမ နေ့ရက် ဖြစ်သော ထို နေ့၌ ည အချိန်ရောက် သောအခါ၊ ယုဒ လူတို့ကိုကြောက် ၍
တံခါး များကိုပိတ် ထားလျက်၊ တပည့် တော်တို့သည် စည်းဝေးကြသောအရပ် သို့ ယေရှု သည်ကြွလာ ၍ အလယ် မှာ
ရပ် တော်မူလျက်၊ သင် တို့ ၌ ငြိမ်သက် ခြင်းရှိစေသတည်း ဟု မိန့် တော်မူ၏။ ၂၀ ထိုသို့ မိန့် တော်မူပြီးမှ လက်
တော်နှင့် နံဖေး တော်ကိုပြ တော်မူ၏။ တပည့် တော်တို့သည် သခင် ကိုမြင် လျှင် ဝမ်းမြောက် ခြင်းရှိကြ၏။ ၂၁ တစ်ဖန်
ယေရှု က၊ သင် တို့ ၌ ငြိမ်သက် ခြင်းရှိစေသတည်း။ ခမည်းတော် သည် ငါ့ ကို စေလွှတ် တော်မူသည် နည်းတူ ၊
သင် တို့ကို ငါ စေလွှတ် သည် ဟု မိန့် တော်မူပြီးလျှင်၊ ၂၂ ထိုသူ တို့အပေါ် ၌ မှုတ် လျက် ၊ သင်တို့သည် သန့်ရှင်း
သောဝိညာဉ် တော်ကို ခံ ကြလော့။ ၂၃ အကြင်သူ ၏အပြစ် ကို သင်တို့လွှတ် လျှင်၊ ထိုသူ သည်အပြစ်လွှတ် လျက်ရှိ၏။
အကြင်သူ၏အပြစ်ကို သင်တို့တည် စေလျှင်၊ ထိုသူသည် အပြစ်တည် လျက်ရှိ၏ ဟု မိန့် တော်မူ၏။ ၂၄ ထိုသို့ ယေရှု
သည်ကြွလာ တော်မူသောအခါ တမန်တော်တကျိပ် နှစ်ပါးအဝင် ၊ ဒိဒုမု ဟုအမည် ရှိသော သောမ သည်ထိုတပည့်
တော်တို့နှင့်အတူ မ ရှိ ။ ၂၅ ထိုသူ တို့ကလည်း၊ အကျွန်ုပ်တို့သည်သခင် ကို မြင်ရ ကြပြီဟုသောမ အားပြောဆို ကြလျှင်၊
သောမ က၊ လက် တော်၌ သံ ရိုက်ရာချက် ကိုမ မြင် ၊ သံ ရိုက်ရာချက် ကို လက်ညှိုး နှင့်မတို့ မစမ်း၊ နံဖေး တော်ကိုလည်း
လက် နှင့် မစမ်း မသပ်ရလျှင် အကျွန်ုပ်မ ယုံ ဟုဆို ၏။ ၂၆ ထိုနောက်ရှစ် ရက်မြောက်သောနေ့ ၌ တပည့် တော်တို့သည်
တစ်ဖန် အထဲ မှာရှိ ကြ၍ သောမ လည်းပါ ၏။ တံခါး များကို ပိတ် ထားစဉ်အခါ၊ ယေရှု သည်ကြွလာ ၍ အလယ်
မှာ ရပ် တော်မူလျက်၊ သင် တို့ ၌ငြိမ်သက် ခြင်းရှိစေ သတည်း ဟု မိန့် တော်မူ၏။ ၂၇ ထိုအခါ သောမ အား၊ သင်
၏လက်ညှိုး ကိုဆန့် ၍ ငါ့ လက် ကိုကြည့် လော့။ သင် ၏လက် ကိုဆန့် ၍ ငါ့ နံဖေး ကို စမ်းသပ် လော့။ ယုံမှား
ခြင်းမ ရှိ နှင့်။ ယုံ လော့ ဟု မိန့် တော်မူ၏။ ၂၈ သောမ ကလည်း ၊ အကျွန်ုပ် ၏အရှင် ၊ အကျွန်ုပ် ၏ ဘုရားသခင်
ပါတကားဟု ပြန်၍လျှောက် ၏။ ၂၉ ယေရှု ကလည်း၊ သင်သည်ငါ့ ကိုမြင် သောကြောင့် ယုံ ခြင်းရှိ၏။ ငါ့ကိုမ မြင်
ဘဲယုံ သောသူတို့သည် မင်္ဂလာ ရှိကြ၏ ဟု မိန့် တော်မူ၏။ ၃၀ ဤ ကျမ်းစာ ၌ ရေး ၍မ ထား သောအခြား နိမိတ်

လက္ခဏာအမ်ား တို့ကိုလည်း ယေရှု သည်တပည့် တော်တို့ မျက်မှောက် ၌ပြ တော်မူ၏။ ၃၁ ယေရှု သည် ခရစ်တော်တည်း ဟူသော ဘုရားသခင် ၏သား တော်ဖြစ် တော်မူသည်ကို သင်တို့သည် ယုံ မည်အကြောင်း ၊ ထိုသို့ ယုံ ၍နာမတော်အားဖြင့် အသက် ကိုရ မည်အကြောင်း ၊ ဤမျှလောက်ရေး ထားလျက် ရှိသတည်း။

၂၁ တဖန်ယေရှု သည် တိဗေရိ အိုင် နားမှာ တပည့် တော်တို့အား ကိုယ်ကိုပြ တော်မူ၏။ ပြ တော်မူသည် အကြောင်းအရာဟူမူကား၊ ၂ ရှိမုန် ပေတရု နှင့် ဒိဒုမု ဟုအမည် ရှိသော သောမ ၊ ဂါလိလဲ ပြည် ကာန မြို့သားနာသနေလ ၊ ဇေဗေဒဲ ၏ သား နှစ်ယောက်၊ အခြား သောတပည့် တော်နှစ် ယောက်တို့သည် အတူ ရှိ ကြ၏။ ၃ ရှိမုန် ပေတရု က၊ ကျွန်ုပ်သည် ငါး ဘမ်းသွားမည် ဟုဆို လျှင်၊ ထိုသူတို့က၊ အကျွန်ုပ် တို့လည်း လိုက် မည်ဟု ပြောဆို သည်နှင့်ထွက်သွား ကြ၏။ ချက်ခြင်းလေ့ ထဲသို့ ဝင် ၍ ထို ညဉ့် တွင် တစ် ကောင်ကိုမျှမရ ကြ။ ၄ နံနက် ရောက် သောအခါ ယေရှု သည်ကမ်း နားမှာ ရပ် တော်မူ၏။ သို့ရာတွင် ယေရှု ဖြစ် တော်မူသည်ကို တပည့် တော်တို့သည် မ သိ ကြ။ ၅ ယေရှု ကလည်း၊ ချစ်သား တို့၊ စားစရာတစုံတစ်ခု ရှိ သလော ဟု မေး တော်မူလျှင်၊ မ ရှိပါဟုပြန်ပြော ကြ၏။ ၆ တဖန် ယေရှုက၊ လေ့ လက်ျာ ဘက် ၌ ပိုက်ကွန် ကိုပစ်ချ လော့။ ထိုသို့ပြုလျှင်ရ လိမ့်မည် ဟု မိန့် တော်မူသည်အတိုင်း၊ ထိုသူတို့သည် ပစ်ချ ၍ များစွာ သောငါး တို့ကို အုပ်မိသောကြောင့်၊ ပိုက်ကွန်ကိုဆွဲ ၍မ ရ နိုင်။ ၇ ထိုအခါ ယေရှု ချစ် တော်မူသောတပည့် တော်က၊ ငါတို့သခင် ပေတည်းဟု ပေတရု အားပြောဆို ၏။ သခင် ဖြစ် ကြောင်း ကို ရှိမုန် ပေတရု သည် ကြား လျှင်၊ အဝတ်ကို မ ခြုံဘဲ ရှိ လျက်အပေါ် အင်္ကျီ ကိုသာဝတ် စည်း၍ အိုင် ထဲသို့ ဆင်း လေ၏။ ၈ အခြား သော တပည့် တော်တို့သည် ကမ်း နှင့်မနီးမဝေး အလံ ငါးဆယ် လောက် ကွာသည်ဖြစ်၍၊ ငါး များ နှင့်ပိုက်ကွန် ကို ဆွဲငင် လျက်လေ့စီး ၍ လာကြ၏။ ၉ ကုန်း ပေါ် သို့ ရောက်သောအခါ မီးခဲ ပုံကိုငင်း ၊ ကင်ထားသောငါး ကိုငင်း ၊ မုန့် ကိုငင်းတွေ့မြင် ကြ၏။ ၁၀ ယေရှု ကလည်း၊ ယခု ရ သောငါး အချို့ကို ယူခဲ့ ကြ ဟုမိန့် တော်မူ၏။ ၁၁ ရှိမုန် ပေတရု သည် လေ့ပေါ် သို့တက် ၍၊ ငါး ကြီး တစ်ရာ ငါးဆယ် သုံး ကောင်နှင့် ပြည့် လျက်ရှိသော ပိုက်ကွန် ကို ကုန်း ပေါ် သို့ ဆွဲတင် လေ၏။ ထိုမျှလောက်များ သော်လည်း ပိုက်ကွန် သည် မ စုတ် မပြတ်ရှိ ၏။ ၁၂ ယေရှု ကလည်း၊ လာ ၍နံနက်စာ ကိုစားကြလော့ ဟု မိန့် တော်မူ၏။ သခင် ဖြစ် တော်မူကြောင်း ကို တပည့် တော်တို့သည် သိ ကြသောကြောင့် ကိုယ်တော် သည် အဘယ်သူ နည်းဟူ၍တစ်စုံတစ်ယောက် မျှမမေး မလျှောက်ဝံ့ ကြ။ ၁၃ ယေရှု သည် လာ ၍မုန့် နှင့် ငါး ကိုယူ ပြီးလျှင် သူ တို့အား ပေး တော်မူ၏။ ၁၄ ထို ပြတော်မူခြင်းကား၊ ယေရှု သည်သေ ခြင်းမှ ထမြောက် တော်မူသည်နောက်၊ တပည့် တော်တို့အား ကိုယ်ကို သုံး ကြိမ်မြောက်သော ပြ တော်မူခြင်းဖြစ်သတည်း။ ၁၅ နံနက်စာကို စား ကြသည်နောက် ၊ ယေရှု က၊ ယောန ၏သား ရှိမုန် ၊ ဤ သူတို့သည် ငါ့ ကို ချစ်သည်ထက် သင်သည်သာ၍ချစ် သလော ဟု ရှိမုန် ပေတရု အားမေး တော်မူလျှင်၊ ဟုတ် ပါ၏သခင် ။ ကိုယ်တော် ကို အကျွန်ုပ်ချစ် သည်ကို ကိုယ်တော် သိ တော်မူ၏ဟု လျှောက် သော်၊ ငါ ၏သိုးသူငယ် တို့ကို ကျွေးမွေး လော့ ဟု မိန့် တော်မူ၏။ ၁၆ တစ်ဖန် ယေရှုက၊ ယောန ၏သားရှိမုန် ၊ သင်သည် ငါ့ ကိုချစ် သလော ဟု ဒုတိယ အကြိမ်မေး တော်မူလျှင်၊ ဟုတ် ပါ၏သခင် ။ ကိုယ်တော်

ကို အကျွန်ုပ်ချစ် သည်ကို ကိုယ်တော် သိ တော်မူ၏ဟုလျှောက် သော်၊ ငါ ၏ သိုး တို့ကို ထိန်း လော့ ဟုမိန့် တော်မူ၏။ ၁၇ ယေရှုကလည်း၊ ယောန ၏သားရှိမုန် ၊ သင်သည် ငါ့ ကိုချစ် သလော ဟု တတိယ အကြိမ်မေး တော်မူလျှင်၊ သင်သည်ငါ့ ကိုချစ် သလောဟု သုံး ကြိမ်မြောက်အောင် မေး တော်မူသောကြောင့် ပေတရု သည်စိတ်နာ သဖြင့်၊ သခင် ၊ ကိုယ်တော် သည်ခပ်သိမ်း သောအရာတို့ကိုသိ တော်မူ၏။ ကိုယ်တော် ကို အကျွန်ုပ်ချစ် သည်ကို ကိုယ်တော် သိ တော်မူ၏ဟု လျှောက် သော်၊ ယေရှု က၊ ငါ ၏သိုး တို့ကို ကျွေးမွေး လော့။ ၁၈ ငါအမှန်အကန် ဆို သည်ကား၊ သင်သည်ပျို သော အသက်ရှိ စဉ်ကိုယ်ကိုကိုယ် ပတ်စည်း ၍ အလိုရှိ ရာအရပ် သို့ သွားလာ တတ်၏။ သင်သည် အို သောအခါ လက် နှစ်ဘက်ကိုဆန့် ပြီးလျှင်၊ သူတစ်ပါး သည် သင့် ကို ပတ်စည်း ၍ သင်အလို မ ရှိရာအရပ် သို့ ယူသွား လိမ့်မည် ဟု မိန့် တော်မူ၏။ ၁၉ ထိုသို့ မိန့် တော်မူသော်၊ အဘယ်သို့ သောသေ ခြင်းအားဖြင့်ပေတရုသည် ဘုရားသခင် ၏ဘုန်း တော်ကို ထင်ရှားစေမည်အရိပ် ကို ပေးတော်မူ၏။ ထိုသို့ မိန့် တော်မူပြီးမှ ၊ ငါ့ နောက် သို့လိုက်လော့ ဟု ပေတရု အား မိန့် တော်မူပြန်၏။ ၂၀ ယေရှု ချစ် တော်မူ၍ အထက်က ညစာ စားသောအခါ၌ ရင် တော်ကိုမှီ ၍လျောင်း လျက်၊ သခင် ၊ ကိုယ်တော် ကို အပ်နှံ သောသူ ကား အဘယ်သူ နည်းဟု မေး သောတပည့် တော်သည်လည်း နောက် တော်သို့ လိုက် သည်ကို ပေတရု သည်လှည့် ၍မြင် လျှင်၊ ၂၁ သခင် ၊ ဤ သူ၌ အဘယ်သို့ ဖြစ်ပါလိမ့်မည်နည်းဟု မေးလျှောက် သော်၊ ၂၂ ယေရှု က၊ ငါကြွလာ သည်ကာလတိုင်အောင် ထိုသူ ကိုနေ စေခြင်းငှာငါအလိုရှိ လျှင် သင် သည် အဘယ်သို့ ဆိုင်သနည်း။ သင် မူကားငါ့ နောက် သို့လိုက်လော့ ဟု မိန့် တော်မူ၏။ ၂၃ ထို စကားတော်ကိုထောက် လျှင်၊ ညီအစ်ကို တို့က၊ ထို တပည့် တော်သည် မ သေ ရဟုအနှံ့အပြားပြောဆို ကြ၏။ သို့သော်လည်း ထိုသူ သည်မ သေ ရဟု ယေရှု မိန့် တော်မူသည်မ ဟုတ်။ ငါကြွလာ သည် ကာလတိုင်အောင် ထိုသူ ကိုနေ စေခြင်းငှာငါအလိုရှိ လျှင် သင် သည် အဘယ်သို့ ဆိုင်သနည်းဟု မိန့်တော်မူသတည်း။ ၂၄ ထို တပည့် တော်ကား၊ ဤ အကြောင်း အရာတို့ကို သက်သေခံ ၍ ရေး ထားသောသူ ဖြစ် ၏။ ၂၅ သူ ၏သက်သေခံ ချက်မှန် သည်ကို ငါတို့သိ ကြ၏။ ယေရှု ပြု တော်မူသော အခြား အမှုအရာအများ ရှိ သေး၏။ ထိုအမှုအရာရှိသမျှတို့ကို အသီးအခြားရေး ထားလျှင် ၊ မြေကြီး မ ဆံ့ နိုင်အောင် ကျမ်းစာ များပြားလိမ့်မည်ဟု ထင်မှတ် ခြင်းရှိ၏။

၁ အို သော်ဖိလု ၊ ယေရှု သည် ရွေးကောက် တော်မူသော တမန်တော် တို့ကို ဝိညာဉ် တော်အားဖြင့် မှာထား ပြီးမှ၊ ၂ အထက် သို့ဆောင်ယူခြင်းကို ခံတော်မူသောနေ့ မ ရောက်မီကာလတွင်၊ ပြူမူ သွန်သင် တော်မူသမျှ တို့ကိုထုတ်ဟော၍၊ အထက် ကျမ်းစာ ကို ငါ စီရင်ရေးထားပါပြီ။ ၃ အသေခံ တော်မူပြီးလျှင် ၊ တမန်တော် တို့အား အရက် လေးဆယ် ပတ်လုံး ကိုယ်ကိုပြ ၍ ဘုရားသခင် ၏ နိုင်ငံ တော်နှင့်စပ်ဆိုင် သောအရာ တို့ကို မိန့်မြွက် တော်မူလျက် ၊ မိမိ အသက်ရှင် သည်အကြောင်းကို ခိုင်ခံ့ သော သက်သေအများ အားဖြင့် ပြ တော်မူ၏။ ၄ ထိုတမန်တော် တို့ကို စုဝေး စေတော်မူပြီးလျှင် ၊ ယေရုရှလင် မြို့မှ မ ထွက် မသွားဘဲ ခမည်းတော် ၏ ဂတိ ကိုငံ့ နေမည်အကြောင်း မှာ တော်မူ၍၊ ထိုဂတိတော်ကို ငါ ဟောပြောသဖြင့် သင်တို့သည်ကြားသိ ရကြပြီ။ ၅ ဂတိတော်အချက်ဟူမူကား၊ ယောဟန် သည်ရေ ၌ဗတ္တိဇံ ကိုပေး၏။ သင် တို့သည် မ ကြာမမြင့်မီ သန့်ရှင်း သောဝိညာဉ် တော်၌ ဗတ္တိဇံ ကိုခံရကြလိမ့်မည် ဟုမိန့်တော်မူ၏။ ၆ ထိုတမန်တော် တို့သည်လည်းစုဝေး ၍ ၊ သခင် ဘုရား၊ ယခု အခါ ကိုယ်တော်သည် ဣသရေလ အမျိုးသားတို့အား နိုင်ငံ ကိုပြန်ပေး တော်မူမည်လောဟု မေး လျှောက် ကြလျှင်၊ ၇ သခင်ဘုရားက၊ ခမည်းတော် ၏ တန်ခိုးအားဖြင့် စီရင် တော်မူသောအချိန် ကာလ ကို သိ ရသောအခွင့် သည် သင် တို့ ၌မ ရှိ ။ ၈ ထိုသို့မရှိသော်လည်း ၊ သင် တို့အပေါ် သို့ သန့်ရှင်း သောဝိညာဉ် တော်ဆင်းသက် သောအခါသင်တို့သည် တန်ခိုး ကိုခံရ ၍ ယေရုရှလင် မြို့မှစသော ယုဒ ပြည်၊ ရှမာရိ ပြည်၊ မြေကြီး စွန်း တိုင်အောင် ငါ ၏သက်သေ ဖြစ် ကြ လိမ့်မည် ဟု မိန့် တော်မူ၏။ ၉ တမန်တော် တို့သည် ကြည့်ရှု လျက်နေကြစဉ်၊ သခင်ဘုရားသည် အထက် သို့ဆောင်ယူခြင်းကို ခံတော်မူ၍၊ မိုးယံတိမ် သည် ကိုယ်တော် ကိုမျက်ကွယ်အောင် ခံယူ လေ၏။ ၁၀ ထိုသို့ ကြွ တော်မူသည်ကို တမန်တော်တို့သည် ကောင်းကင် သို့ စေ့စေ့ ကြည့်မျှော်လျက် နေ ကြစဉ် တွင်၊ လူ နှစ် ယောက်တို့သည် ဖြူစင် သောအဝတ်ကို ဝတ်ဆင် လျက် တမန်တော် တို့အနားမှာပေါ်လာ ၍ ၊ ၁၁ အိုဂါလိလဲ လူ တို့၊ အဘယ်ကြောင့် ကောင်းကင် သို့ ကြည့်မျှော် လျက်နေ ကြသနည်း။ သင် တို့နှင့်ခွာ၍ ကောင်းကင် သို့ ဆောင်ယူ ခြင်းကို ခံတော်မူသောထို ယေရှု သည် သင်တို့မျက်မှောက် ၌ ကောင်းကင် သို့ ကြွသွား တော်မူသည်နည်းတူ တဖန်ကြွလာ တော်မူလတံ့ ဟုပြောဆို ၏။ ၁၂ ထိုအခါ ယေရုရှလင် မြို့နှင့်ဥပုသ်နေ့ တစ်နေ့ခရီး သာကွာ ၍ သံလွင် အမည်ရှိသောတောင် မှ ယေရုရှလင် မြို့သို့ တမန်တော်တို့သည် ပြန် ကြ၏။ ၁၃ ရောက် ကြလျှင် ၊ ပေတရု ၊ ယာကုပ် ၊ ယောဟန် ၊ အန္ဒြေ ၊ ဖိလိပ္ပု ၊ သောမ ၊ ဗာသောလမဲ ၊ မဿဲ ၊ အာလဖဲ ၏သားယာကုပ် ၊ ရှိမုန် ဇေလုတ် ၊ ယာကုပ် ညီ ယုဒ တို့သည် တည်း နေရာ အိမ်အထက် ခန်းသို့ တက် ကြ၏။ ၁၄ ထိုသူ အပေါင်း တို့သည် ယေရှု ၏မယ်တော် မာရိ မှစ၍ မိန်းမ တို့နှင့်ငင်း ၊ ညီ တော်တို့နှင့်ငင်း၊ တစ် ညီတစ်ညွတ်တည်းကြိုးစား ၍ ဆုတောင်း ပဌနာပြုလျက် နေ ကြ၏။ ၁၅ ထို အခါ အရေအတွက်အားဖြင့်တရာ နှစ်ဆယ် သောတပည့် တော်တို့၏အလယ် ၌ ပေတရု သည်ထ ၍၊ ၁၆ ညီအစ်ကို တို့၊ ယေရှု ကိုဘမ်းဆီး သောသူ တို့အား လမ်းပြ သောယုဒ ရှကာရုတ်ကို ရည်မှတ် ၍ သန့်ရှင်း သောဝိညာဉ် တော်သည်ဒါဝိဒ်

မင်း၏နှုတ် ဖြင့် ဗျာဒိတ် ထားတော်မူနှင့် သောကျမ်းစာ ချက်အတိုင်း မပြည့်စုံ ဘဲ မနေရ။ ၁၇ ထိုသူ သည် ငါ တို့နှင့် ရေတွက် ဝင်ခြင်းသို့ရောက်၍ ဓမ္မဆရာ ၏အရာ ကိုခံရ ပြီ။ ၁၈ ထိုသူ သည် မတရား သောအမှုအတွက်ဖြင့်ရ သောအခ နှင့် မြေ တစ်ကွက်ကိုဝယ် ပြီးမှ၊ မှောက် လျက်ကျလဲ၍ ဝမ်း ကွဲ သဖြင့် အ အူများပေါက် လေပြီ။ ၁၉ ထိုအကြောင်းအရာကို ယေရုရှလင် မြို့၌နေ သော သူ အပေါင်း တို့သည်သိ ၍ မိမိ တို့ဘာသာ အားဖြင့်ထို မြေ ကို အကေလဒ ဟုခေါ် တွင် ကြ၏။ အနက်ကားသွေး မြေ ဟု ဆိုလို သတည်း။ ၂၀ ဆာလံ ကျမ်းစာ ၌ လာ သည်ကား၊ သူ ၏နေရာ အရပ်သည် လူဆိတ်ညံ ရာအရပ်ဖြစ် ပါစေ။ နေ သောသူ မ ရှိ ပါစေနှင့်။ သူ ၏အရာ ကိုလည်းအခြား သူရ ပါစေဟု ရေးမှတ်သတည်း။ ၂၁ ထိုကြောင့် ယောဟန် သည် ဗတ္တိဇံ ကို ပေးသည်ကာလ မှစ၍ ၊ ၂၂ သခင် ယေရှု သည် ငါ တို့နှင့်ခွာ၍အထက် သို့ဆောင်ယူခြင်းကို ခံတော်မူသည့်နေ့ရက် တိုင်အောင် ၊ တပည့် တော်တို့နှင့်အတူထွက် ဝင် သွားလာတော်မူသောကာလ ပတ်လုံး ငါ တို့နှင့်ပေါင်းဖော် ၍နေသောသူ တစ်စုံတစ်ယောက် သည်၊ ထိုသခင် ထမြောက် တော်မူသည် အကြောင်းကိုဟောပြော၍ ငါ တို့နှင့်အတူ သက်သေခံ ဖြစ် ရမည် ဟု ပေတရုပြောဆို၏။ ၂၃ ဗာရှဗ ဟု ခေါ် ဝေါ် ၍ ယုတ္တု အမည် သစ်ကိုရသော ယောသပ် နှင့် မသိ ကိုခန့်ထား၍ ၊ ၂၄ ဤသို့ဆုတောင်း ကြ၏။ ၂၅ လူအပေါင်း တို့၏ စိတ် နှလုံးကိုသိတော်မူသောသခင် ဘုရား၊ ယုဒ ရှကာရုတ်သည် မိမိ နေရာ အရပ်သို့ သွား အံ့သောဌာနမ္မဆရာ ၏အရာ၊ တမန်တော် ၏အရာမှ ရွေ့လျော့ ဖောက်ပြန်သည်ဖြစ်၍၊ ထိုအရာကိုခံ စေခြင်းဌာဤ သူနှစ် ယောက်တို့တွင် ရွေးကောက် တော်မူသောသူ ကို ပြည်ွန် တော်မူပါဟု ဆုတောင်းပြီးမှ၊ ၂၆ စာရေးတံ ခု ကြသဖြင့် မသိ သည်စာရေးတံ ကိုရ ၍ ၊ တစ်ကျိပ် တစ်ပါးသောတမန်တော် တို့နှင့် ရေတွက် ဝင် ခြင်းသို့ရောက်လေ၏။

J ပင်တေကုတ္တေ ပွဲနေ့ ရောက် သောအခါ ထိုသူအပေါင်း တို့သည် တစ်ညီတစ်ညွတ် တည်းစည်းဝေး ၍နေ ကြ၏။ ၂ ထိုအခါ လေ ပြင်း မုန်တိုင်းကဲ့သို့သော အသံ သည်တခဏခြင်း တွင် ကောင်းကင် မှ လာ၍၊ ထိုသူ တို့ နေ ထိုင်သောအိမ် ကိုဖြည့် လေ၏။ ၃ ထိုခဏခြင်းတွင်ကွဲပြား သော လျှာ တို့သည်မီး လျှာကဲ့သို့ ထင်ရှား ၍ ၊ ထိုသူ အသီးသီး တို့အပေါ် ၌တည်နေကြ၏။ ၄ ထိုသူအပေါင်း တို့သည်လည်း သန့်ရှင်း သောဝိညာဉ် တော်နှင့်ပြည့် ၍၊ ဝိညာဉ် တော်သည်ဟောပြော သော အခွင့်ကို ပေး တော်မူသည်အတိုင်း အမျိုးမျိုး သောဘာသာ စကားအားဖြင့်ဟောပြော ကြ၏။ ၅ ထို ကာလအခါ၊ ကောင်းကင် အောက် တွင်ရှိ လေသမျှသောလူမျိုး ထဲက ဘုရားကိုရိုသေ သော ယုဒ လူတို့ သည် ယေရုရှလင် မြို့၌ တည်း နေကြသတည်း။ ၆ ထို အသံ ကိုကြားရသောအခါ၊ လူများ တို့သည်စုဝေး လာကြလျှင်၊ အသီးသီး အခြားခြားသော မိမိ တို့ ဘာသာ စကားဖြင့် တမန်တော် တို့ဟောပြော သည်ကိုကြား ရ၍ မှိုင်တွေ လျက်ရှိနေကြ၏။ ၇ ထိုလူအပေါင်းတို့သည် အံ့ဩ မိန်းမော တွေဝေလျက်ရှိ၍၊ ယခု ဟောပြော သောသူအပေါင်း တို့သည် ဂါလိလဲ လူဖြစ် ကြသည် မ ဟုတ်လော။ ၈ သို့ဟုတ်လျှင်ငါ တို့သည် အသီးသီး မွေးဘွား ရာဌာန၏ ဘာသာ စကားများကို ကြား ရသည်ကား အဘယ်သို့ နည်း။ ၉ ပါသိ ပြည်မှစ၍ မေဒိ ပြည်၊ ဧလံ ပြည်၊ မေသောပေါဘာမိ ပြည်၊ ယုဒ ပြည်၊ ကပ္ပဒေါကိ ပြည်၊ ပုန္တု ပြည်၊ အာရှိ ပြည်၊ ၁၀ ဖြူဂိ ပြည်၊ ပမ်ဖုလိ ပြည်၊ အဲဂုတ္တု

ပြည်၌နေသောသူ၊ ကုရေနေ မြို့နှင့်စပ်သော လိဗု ကျေးလက် ၌ နေသော သူ၊ ရောမ မြို့မှလာသောဧည့်သည် များ၊ ယုဒ လူဖြစ်စေ ၊ ဘာသာဝင် ဖြစ်စေ၊ ၁၁ ကရေတေ ပြည်သား၊ အာရပ် ပြည်သား၊ အသီးအသီးဖြစ်ကြသောငါတို့အားဤသူ များသည် ဘုရားသခင် ၏ အံ့ဘွယ် သောအမှုတို့ကို ငါ တို့အမျိုးဘာသာ စကားဖြင့် ဟောပြော ကြသည်ကိုကြား ရပါသည်တကားဟု အချင်းချင်းပြောဆို ကြ၏။ ၁၂ ထိုလူအပေါင်း တို့သည် မိန်းမော တွေးတော သောစိတ်ရှိသည်နှင့် ၊ ဤအမှုအရာသည်အဘယ်သို့ သော အမှုအရာဖြစ် သနည်းဟု တစ် ယောက်ကိုတစ်ယောက်ပြောဆို ကြ၏။ ၁၃ လူအချို့ တို့က၊ ဤသူတို့ သည်ချိုသောစပျစ်ရည် နှင့် ပြည့်ဝ သည်ဟု ကဲ့ရဲ့ ပြောဆို ကြ၏။ ၁၄ ထိုအခါတကျိပ် တပါးသော တမန်တော်တို့နှင့်တကွ ပေတရု သည်ထ လျက် ၊ ထိုသူ တို့ကို ကျယ်သော အသံ နှင့်ဟောပြော သည်ကား၊ ယေရုရှလင် မြို့သား တို့နှင့် ယုဒ လူ အပေါင်း တို့၊ သင် တို့သည် ဤ အရာကို သိမှတ် ၍ ငါ့ စကား ကိုစေ့စေ့နာခံ ကြလော့။ ၁၅ ယခုအချိန်ကားနံနက် တချက်တီး အချိန် သာရှိသည် ဖြစ်၍ ၊ သင် တို့ထင် သည်အတိုင်း ဤသူ တို့သည် ယစ်မူး ကြသည်မ ဟုတ်။ ၁၆ ဤ အရာကားပရောဖက် ယောလ ဟော ဘူးသောအရာ ဖြစ် သတည်း။ ၁၇ ဟောဘူးအချက်ကား၊ နောင် ကာလ ၌ လူမျိုး တကာ တို့အပေါ် သို့ ငါ ၏ဝိညာဉ် တော်ကိုငါသွန်းလောင်း မည်။ သင် တို့၏သား သမီး တို့သည် ပရောဖက် ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အသက် ငယ်သောသူ တို့သည် ဗျာဒိတ် ရူပါရုံတို့ကို မြင် ရကြလိမ့်မည်။ အသက်ကြီး သောသူ တို့သည်လည်း နိမိတ်အိပ်မက် တို့ကိုမြင်မက် ရ ကြလိမ့်မည်။ ၁၈ ထိုကာလ ၌ လည်း ငါ ၏အမှုကိုဆောင်ရွက်သောယောကျ်ားမိန်းမ တို့အပေါ် သို့ ငါ ၏ဝိညာဉ် တော်ကို ငါ သွန်းလောင်း ၍၊ သူတို့သည် ပရောဖက် ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ ၁၉ အထက် မိုးကောင်းကင် ၌ အံ့ဘွယ် သောအရာတို့ကိုငင်း ၊ အောက် အရပ်မြေကြီး ပေါ် ၌ သွေး ၊ မီးလျှံ ၊ မီးခိုး တည်းဟူသောပုပ္ပ နိမိတ်တို့ကိုငင်း ငါပြ မည်။ ၂၀ ထာဝရ ဘုရား၏ ထူးမြတ် သောနေ့ ကြီး မတိုင်မီ ၊ နေ သည်မှောင်မိုက် အတိဖြစ်လိမ့်မည်။ လ သည်လည်း သွေး ဖြစ်လိမ့်မည်။ ၂၁ ထိုအခါထာဝရ ဘုရားကို ပဌနာ ပြုသောသူ ရှိသမျှ တို့သည် ကယ်တင် တော်မူခြင်းသို့ရောက်ရကြ လတံ့ဟု ဘုရား ဗျာဒိတ် တော်ရှိ၏။ ၂၂ ဣသရေလ လူ တို့၊ ငါ့စကား ကိုနားထောင် ကြလော့။ သင်တို့သိ ကြသည့်အတိုင်း နာဇရက် မြို့သားယေရှု သည် ထူးဆန်းသောတန်ခိုး ၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို သင် တို့တွင် ပြု ရသော အခွင့်နှင့် ဘုရားသခင် ပေးတော်မူသောသက်သေ ကို ရသောသူ ဖြစ်၍၊ ၂၃ ဘုရားသခင် ပြဋ္ဌာန်း တော်မူသော အလို တော်အားဖြင့်ငင်း ၊ အနာဂတံသဉာဏ် တော်အားဖြင့် ၎င်း၊ အပ်နှံ ခြင်းကိုခံသော ထို ယေရှုကို သင်တို့သည် ဘမ်းဆီး၍ မတရား သော သူတို့လက် ဖြင့် လက်ဝါးကပ်တိုင်၌ ရိုက် ၍ ကွပ်မျက် ကြပြီ။ ၂၄ ထိုသူ ကို သေ ခြင်းဝေဒနာသည် အစဉ်ချည်နှောင် ချုပ်ကိုင်၍မ ဖြစ် နိုင်သည်နှင့်၊ ထိုဝေဒနာ ကို ဘုရားသခင် သည် ချွတ်ပယ် ၍ထမြောက် စေတော်မူပြီ။ ၂၅ ထိုသူ ကိုအကြောင်းပြုလျက် ဒါဝိဒ် မင်းက၊ ငါ သည်ထာဝရဘုရား ကို အစဉ်မပြတ် မျက်မှောက် ပြု၏။ အကြောင်းမူကား ငါ့ လက်ျာ ဘက်၌ တည်ရှိ တော်မူသည်ဖြစ်၍ငါသည်လှုပ်ရှား ခြင်းမ ရှိရ။ ၂၆ ထိုကြောင့် ငါ့ စိတ် နှလုံးသည် သာယာ ခြင်း၊ ငါ့ ဝိညာဉ် သည်လည်း ရွှင်လန်း ခြင်းရှိ၏။ ထိုမှတပါး ငါ့ အသား သည် မြော်လင့် လျက် ကျိန်းဝပ်

လိမ့်မည်။ ၂၇ အကြောင်းမူကား ၊ ကိုယ်တော်သည်အကျွန်ုပ် ၏ဝိညာဉ် ကို မရဏာ နိုင်ငံ၌ ပစ် ထားတော်မ မူ။ ကိုယ်တော် ၏သန့်ရှင်း သောသူ အားလည်း ပုပ်စပ် ခြင်းကိုရှိ စေတော်မ မူဘဲလျက်၊ အသက် ရှင်ခြင်းလမ်း ကို ပြည်ဆွန် တော်မူလိမ့်မည်။ **(Hadēs g86)** ၂၈ မျက်နှာ တော်ကို ဖူးမြင်ရသောအားဖြင့်ဝမ်းမြောက် သောစိတ်နှင့် အကျွန်ုပ် ကိုပြည့်စုံ စေတော်မူလိမ့်မည်ဟုဒါဝိဒ်ဆို သတည်း။ ၂၉ ညီအစ်ကို တို့၊ အမျိုး၏အဘ ဖြစ်သော ဒါဝိဒ် ၏အကြောင်း ကို ငါသည် သင် တို့အား အတည့်အလင်း ပြော ပါရစေ ။ ထို ဒါဝိဒ်သည် သေ ၍ သင်္ဂြိဟ် သောတွင်း သည် ယခု တိုင်အောင် ငါ တို့ ၌ ရှိ ၏။ ၃၀ ထို သူသည် မိမိ အမျိုးအနွယ်ထဲက လူဇာတိ အားဖြင့် ခရစ်တော် ကို ဘုရားသခင် ထမြောက်စေ၍ မိမိ ပလ္လင် ပေါ်မှာ တင် တော်မူမည်အကြောင်း ဓိဋ္ဌာန် ကျိန်ဆို တော်မူသည်ကို ပရောဖက် ဉာဏ်အားဖြင့်သိ ၍၊ ၃၁ ခရစ်တော် ၏ထမြောက် ခြင်းအကြောင်း ကိုရည်မှတ် လျက်၊ ထိုခရစ်တော်၏စိတ်ဝိညာဉ်ကို မရဏာ နိုင်ငံ၌ ပစ် ထားတော်မ မူ။ အသား သည်လည်း ပုပ်စပ် ခြင်းသို့မ ရောက် ဟု အနာဂတံသဉာဏ်နှင့် ဟော လေ၏။ **(Hadēs g86)** ၃၂ ထို ယေရှု ကို ဘုရားသခင် ထမြောက် စေတော်မူသည်ကို ငါ တို့ရှိသမျှ သည် သက်သေခံ ဖြစ် ကြ၏။ ၃၃ ထိုသို့ ဘုရားသခင် သည် လက်ျာ လက်တော်နှင့် ချီးမြှောက် တော်မူသဖြင့်၊ ထိုသခင်သည် ဂတိ တော်နှင့် ယှဉ်သောသန့်ရှင်း သောဝိညာဉ် တော်ကို ခမည်းတော် ထံ၌ ခံ ပြီဖြစ်၍သင် တို့သိမြင် ကြား ရသောအရာကို သွန်းလောင်း တော်မူ၏။ ၃၄ ဒါဝိဒ် သည် ကောင်းကင် သို့ မ တက် သေး၊ ၃၅ သို့ရာတွင် ထာဝရ ဘုရားက၊ သင် ၏ရန်သူ တို့ကို သင် ၏ ခြေ တင်ရာငါမ ချ မထားမီတိုင်အောင်ငါ့ လက်ျာ ဘက်၌ ထိုင် နေလော့ဟု ငါ့ သခင် အားမိန့် တော်မူသည်ဟု ဒါဝိဒ် စကားရှိ၏။ ၃၆ ထို့ကြောင့် သင် တို့သည်လက်ဝါးကပ်တိုင် မှာ ကွပ်မျက်သောယေရှု ကိုဘုရားသခင် သည် ခရစ်တော် ၌ ၎င်း ၊ အစိုးရသောအရှင် အရာ၌၎င်း ခန့်ထား တော်မူသည်အကြောင်း ကို ကြွသရေလ အမျိုးသား အပေါင်း တို့ အတပ် အမှန် သိမှတ် ကြလော့ဟု ပေတရုဟောလေ၏။ ၃၇ ထိုသူတို့သည်ကြား ရလျှင် စိတ် နှလုံးပူပန် ခြင်းရှိ၍၊ ညီအစ်ကို တို့၊ အဘယ်သို့ ပြု ရပါမည်နည်းဟု ပေတရု မှစ၍ အခြား သောတမန်တော် တို့အား မေးမြန်း ကြ၏။ ၃၈ ပေတရု ကလည်း ၊ သင် တို့၏အပြစ် ကိုလွတ် စေခြင်းငှာ နောင်တရ ၍ တစ်ယောက်မျှမကြွင်း၊ ယေရှု ခရစ် ၏ နာမ ၌ ဗတ္တိဇံ ကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်း သောဝိညာဉ် တော်တည်းဟူသောဆုကျေးဇူး တော်ကို ခံရ ကြလိမ့်မည်။ ၃၉ အကြောင်းမူကား ၊ ဂတိ တော်သည် သင် တို့နှင့်၎င်း ၊ သင် တို့၏သားသမီး တို့နှင့် ၎င်း၊ ဝေး သော သူ တို့တွင် ငါ တို့၏ဘုရားသခင် ထာဝရ ဘုရား ခေါ် တော်မူသမျှ သောသူတို့နှင့်၎င်း ဆိုင်သည်ဟု ဟော ၏။ ၄၀ ထိုမှတစ်ပါးသဘော မဖြောင့်သော ဤ အမျိုး မှ ကယ်တင် ခြင်းသို့ ရောက်ကြလော့ဟူ၍အထူးထူး အပြားပြားသောစကား နှင့် သက်သေခံ ၍ တိုက်တွန်း သွေးဆောင် လေ၏။ ၄၁ ထိုစကား ကို အသင့်နှလုံး သွင်းမိသော သူ တို့သည် ဗတ္တိဇံ ကိုခံ၍ ၊ ထို နေ့ ၌ အရေအတွက်အားဖြင့်သုံးထောင် မျှလောက် သော သူ တို့သည်ဝင် ကြ၏။ ၄၂ ထိုသူများသည် တမန်တော် တို့၏ ဆုံးမ သြဝါဒကိုခံခြင်း၊ အပေါင်း အသင်းဖွဲ့ခြင်း၊ မုန့် ကိုဖဲ့ ခြင်း၊ ပဌာနာ ပြုခြင်းတို့ကို အမြဲဆောင်ရွက် ၍နေကြ၏။ ၄၃ လူ အပေါင်း တို့သည်ကြောက်လန့် ခြင်းရှိသည်ဖြစ် ၍ တမန်တော် တို့သည် များစွာ

သောနိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို ပြု ကြ၏။ ၄၄ ယုံကြည် သော သူ အပေါင်း တို့သည် တစုတဝေး တည်းနေ ကြသဖြင့်၊ မိမိတို့ ၌ရှိသမျှ ကိုဆက်ဆံ ၍ သုံးဆောင်ကြ၏။ ၄၅ မိမိတို့ ဥစ္စာ ပစ္စည်း များကိုရောင်း ပြီးလျှင်၊ လူများ ဆင်းရဲ သည်အတိုင်း အသီးအသီး တို့အား ဝေ၄ ခြင်းကို ပြု ကြ၏။ ၄၆ ထိုသူတို့သည်လည်း ဗိမာန် တော်၌ နေ့တိုင်း အစဉ်တစ် ညီတစ်ညွတ်တည်းနေ ၍ ၊ ကိုယ်အိမ် ၌ မုန့် ကိုဖဲ့ လျက် ကြည်ဖြူ ရွှင်လန်း ဝမ်းမြောက်သောစိတ် နှင့် အစာ အာဟာရကိုသုံးဆောင် ကြ၏။ ၄၇ ဘုရားသခင် ကိုလည်း ချီးမွမ်း ၍ လူ အပေါင်း တို့ရှေ့ မှာ မျက်နှာ ပွင့်လန်းခြင်း အခွင့်ကိုရ ကြ၏။ ကယ်တင် ခြင်းသို့ ရောက်သောသူ တို့ကိုလည်း နေ့စဉ်မပြတ်သခင် ဘုရားသည် သင်းဝင်စေတော်မူ၏။

၂ ထိုအခါ ပဌနာ ပြုရသော သုံးချက်တီး အချိန် ၌ ပေတရု နှင့် ယောဟန် တို့သည် ဗိမာန် တော်သို့ တက် ကြ သည်ရှိသော်၊ ၂ အမိ ဝမ်း တွင်းကပင် ခြေမစွမ်း သော သူ တစ် ယောက်ကို သူတစ်ပါးတို့သည်ထမ်း လျက်လာကြ၏။ ဗိမာန် တော်သို့ ဝင် သောသူတို့မှာ စွန့်ကြဲ ခြင်းကိုခံ စေခြင်းငှာ ၊ တင့်တယ် အမည် ရှိသော တံခါး နား မှာ ထိုသူ ကိုထား လေ့ရှိ၏။ ၃ ပေတရု နှင့် ယောဟန် တို့သည် ဗိမာန် တော်သို့ဝင် မည် လာကြသည်ကို ထိုသူ သည်မြင် လျှင် စွန့်ကြဲ ပါဟု တောင်း လေ၏။ ၄ ထိုအခါ ပေတရု နှင့် ယောဟန် တို့သည် ထိုသူ ကိုစေ့စေ့ ကြည့်ရှု၍ ငါ တို့အား မျှော်ကြည့် လော့ဟုဆို လျှင်၊ ၅ ထိုသူ သည်တစ်စုံတစ်ခု ကို ရ မည်ဟုစိတ်ထင် နှင့် တမန်တော်တို့ကိုမျှော်ကြည့် လျက်နေ၏။ ၆ ပေတရု ကလည်း၊ ငါ ၌ရွှေ ငွေ မ ရှိ ။ ရှိ သည်အရာ ကိုသင့် အားငါ ပေးမည်။ နာဇရက် မြို့သားယေရှု ခရစ် ၏ နာမ တော်အားဖြင့် ထ ၍ လှမ်းသွား လော့ဟုဆို လျက်၊ ၇ သူ ၏လက်ျာ လက် ကို ကိုင်ဆွဲ ချီကြွ လေသောခဏခြင်း တွင်၊ ခြေ နှစ်ဘက်ဖမျက်စိ တို့သည် စွမ်းအား ကို ရသဖြင့်၊ ၈ ရုတ်တရက်ထ ၍ မတ်တပ် ရပ်ပြီးလျှင် လှမ်းသွား လေ၏။ သွား လျက်၊ ခုန် လျက်၊ ဘုရားသခင် ကို ချီးမွမ်း လျက်၊ တမန်တော် တို့နှင့်အတူ ဗိမာန် တော်သို့ ဝင် လေ၏။ ၉ ထိုသို့လှမ်းသွား ၍ ဘုရားသခင် အား ချီးမွမ်း သည်ကို လူ အပေါင်း တို့သည် မြင် သောအခါ၊ ၁၀ ထိုသူ သည် ဗိမာန် တော်၏တင့်တယ် တံခါး နားမှာ စွန့်ကြဲ ခြင်းကိုခံ၍ ထိုင် နေသောသူ ဖြစ် သည်ကို သိ ကြသောကြောင့်၊ သူ ၌ဖြစ် သည် အမှု ကိုအံ့ဩ မိန်းမော တွေဝေခြင်းရှိ ၍၊ ၁၁ ထိုသူ သည် ပေတရု နှင့် ယောဟန် ကို အမှီပြု လျက်ရှိရာအရပ်၊ ရှောလမုန် ကနားပြင် အမည်ရှိသော ကနားပြင်သို့ပြေးဝင်၍ စုဝေး ကြ၏။ ၁၂ ပေတရု သည် မြင် လျှင်၊ ကြသရေလ လူ တို့ အဘယ်ကြောင့် ဤ အမှုကို အံ့ဩ ကြသနည်း။ ဤသူ သည် လှမ်းသွား နိုင်သောအခွင့်ကို ငါတို့သည်ကိုယ် တန်ခိုး ၊ ကိုယ်သီလ အားဖြင့်ပေး ဘိသကဲ့သို့ အဘယ်ကြောင့် ငါ တို့ကို စေ့စေ့ ကြည့်ရှုကြသနည်း။ ၁၃ အာဗြဟံ ၊ ဣဇာက် ၊ ယာကုပ် တို့၏ဘုရားသခင် ၊ ငါ တို့ဘိုးဘေး များ၏ ဘုရားသခင် သည် မိမိ သား တော်၏ ဘုန်း ကိုထင်ရှားစေတော်မူပြီ။ ထိုသခင် ကို သင် တို့သည် ပိလတ် မင်းလက်သို့အပ်နှံ ၍ ၊ ထိုမင်း သည် လွှတ် မည်အကြိုရှိ သော်လည်းသင်တို့သည် ထိုသခင်ကိုငြင်းပယ် ကြ၏။ ၁၄ သန့်ရှင်း ဖြောင့်မတ် တော်မူသော သခင်ကိုငြင်းပယ် ၍ ၊ လူ အသက်ကို သတ်ခြင်း၊ အပြစ်ရှိသောသူ တစ်ယောက်ကို ရ မည်အကြောင်း တောင်းပန် သဖြင့်၊ ၁၅ အသက် ရှင်ခြင်းသို့

ပို့ဆောင်တော်မူသောအရှင် ကို ကွပ်မျက် ကြပြီတကား၊ ထိုအရှင် ကို ဘုရားသခင် သည် သေ ခြင်းမှ ထမြောက် စေတော်မူသည်ကို ငါ တို့သည် သက်သေခံ ဖြစ် ကြ၏။ ၁၆ ထိုသခင်ကို ယုံကြည် ခြင်းအားဖြင့် ထိုသခင် ၏နာမ တော်သည် သင်တို့သိ မြင် သော ဤသူ အား အစွမ်း ကို ပေးတော်မူပြီ။ ထိုသခင် ကြောင့် ရသော ယုံကြည် ခြင်းသည် သင် တို့မျက်မှောက် တွင် ဤသူ ၌စေ စုံခြင်း အခွင့်ကိုပေး ၍ရှိလေပြီ။ ၁၇ ယခု လည်း ညီအစ်ကို တို့၊ သင်တို့မှစ၍အစိုးရ သောသူတို့သည် မ သိဘဲလျက်ထိုသို့ ပြု ကြသည်ကို ငါသိ ၏။ ၁၈ ခရစ်တော် သည် အသေ ခံရမည်ဟု ပရောဖက် အပေါင်း တို့သည် ဟောပြော ၍၊ ဘုရားသခင် ဘော်ပြတော်မူနှင့်သောအမှု ကို ထိုသို့အားဖြင့်ပြီးစီး တော်မူပြီ။ ၁၉ ထိုကြောင့် ထာဝရဘုရားထံ တော်မှ ချမ်းဧ သောအချိန် ကာလသည် ရောက်လာ ၍၊ ၂၀ သင် တို့အဘို့အလိုဌာ ခန့်ထား တော်မူနှင့်သော ယေရှု ခရစ် ကို စေလွှတ် တော်မူမည်အကြောင်း၊ သင် တို့ အပြစ် များကို ပြေ စေခြင်းဌာ နောင်တရ ၍ စိတ်ပြောင်းလဲ ခြင်းသို့ ရောက်ကြလော့။ ၂၁ ကမ္ဘာ ဦးမှစ၍ သန့်ရှင်း သောပရောဖက် ဆရာတော်တို့နှုတ် ဖြင့် ဘုရားသခင် ဗျာဒိတ် ထားတော်မူသော ထိုကပ်ကာလ၊ အလုံးစုံ သောအရာတို့ကို အသစ်ပြုပြင် တော်မူသော ကပ်ကာလ မ ရောက်မီတိုင်အောင်ကောင်းကင် ဘုံသည် ထိုခရစ်တော် ကို ခံယူ သိမ်းဆည်းရ မည်။ **(aiōn g165)** ၂၂ ငါတို့ဘိုးဘေးများတို့အားလည်း မောရှေ က၊ သင် တို့၏ဘုရားသခင် ထာဝရ ဘုရားသည်၊ သင် တို့ အမျိုးသား ချင်းတို့အထဲ ၌ ငါ နှင့်တူ သော ပရောဖက် တစ်ပါးကို သင်တို့ အဘို့ပေါ် ထွန်း တော်မူမည်။ ထိုပရောဖက် ဟောပြော သောအရာ တို့ကို သင် တို့သည် နားထောင် ရကြမည်။ ၂၃ အကြင်သူသည် ထိုပရောဖက် ၏စကားကိုနား မ ထောင်ဘဲနေအံ့ ၊ ထိုသူသည် မိမိအမျိုး ထဲက ပယ်ရှင်း ခြင်းကို ခံရမည်ဟုဟော၏။ ၂၄ ပရောဖက်ရှမွေလ မှစ၍ နောက် ဟော သော ပရောဖက် ရှိသမျှ တို့သည် ဤ သည်နေ့ရက် ကာလကို ဟောပြော ပြည့်စုံကြပြီ။ ၂၅ သင် တို့သည် ပရောဖက် အမျိုးအနွယ် ဖြစ် ကြ၏။ ဘုရားသခင် သည် အာဗြဟံ ကို၊ သင် ၏ အမျိုးအနွယ်အားဖြင့် လူမျိုး အပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကိုခံရကြလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူ၍၊ ငါ တို့ ဘိုးဘေး များတို့အား ပေး တော်မူသော ပဋိညာဉ် တရားတော်နှင့် သင်တို့သည်ဆိုင်ကြ၏။ ၂၆ သင် တို့တွင် မိမိဒုစရိုက် တို့ကို ကြဉ်ရှောင် ပယ်ရှားသောသူ ရှိသမျှ တို့အား ကောင်းကြီး မင်္ဂလာကိုပေးစေခြင်းဌာဘုရားသခင် သည်မိမိ သားတော် ယေရှုကို ထမြောက် စေတော်မူပြီးလျှင်၊ သင် တို့ရှိရာသို့ ရှေးဦးစွာ စေလွှတ် တော်မူသည်ဟု လူများတို့အား ပေတရုဟောပြော ၏။

၄ ထိုသို့ တမန်တော် တို့သည် လူ များတို့အား ဟောပြော စဉ်တွင်၊ ဗိမာန် တော်မှူး မှစသောယဇ်ပုရောဟိတ် တို့နှင့် ဇဒ္ဒုကဲ များတို့သည်လာ ကြသဖြင့်၊ ၂ တမန်တော် တို့သည် လူ များတို့အားဆုံးမ သြဝါဒပေး၍ ယေရှု ကိုအကြောင်းပြုလျက် သေ ခြင်းမှ ထမြောက် ခြင်းတရားကို ဟော သောကြောင့် ၊ ထိုမင်းများတို့သည် စိတ်ပူပန် ခြင်းရှိသည်နှင့်၊ ၃ တမန်တော် တို့ကိုဘမ်းဆီး ပြီးမှ ၊ ည အချိန်ဖြစ် သောကြောင့် နက်ဖြန် နေ့တိုင်အောင် နှောင် အိမ်၌ ချုပ် ထားကြ၏။ ၄ တရား နာ သောသူအများ တို့သည် ယုံကြည် ခြင်းသို့ရောက်၍ အရေအတွက် အားဖြင့်လူ ငါး

ထောင် မျလောက် ရှိကြ၏။ ၅ နက်ဖြန် နေ့ရောက် သော် မင်း အရာရှိ၊ လူ အကြီးအကဲ၊ ကျမ်းပြု ဆရာတို့နှင့် ၊ ၆ ယဇ်ပုရောဟိတ် မင်းအန္ရတ် ၊ ကယာဖ ၊ ယောဟန် ၊ အာလေဇန္ဒြ မှစ၍ ယဇ် ပုရောဟိတ်မင်းမျိုး ရှိသမျှ တို့သည် ယေရုရှလင် မြို့၌ စုဝေးကြပြီးလျှင်၊ ၇ တမန်တော် တို့ကို အလယ် ၌ ထား ၍၊ သင် တို့သည် အဘယ်သို့ သောတန်ခိုး ၊ အဘယ်သူ၏နာမ အားဖြင့် ဤအမှု ကိုပြု သနည်းဟု မေးမြန်း ကြ၏။ ၈ ထိုအခါပေတရု သည် သန့်ရှင်း သော ဝိညာဉ် တော်နှင့် ပြည့်စုံ လျက်၊ လူ များကို အစိုးရ သောမင်းတို့နှင့် ဣသရေလအမျိုးအကြီးအကဲ တို့၊ ၉ အင်္ဂါ ချို့တဲ့ သောသူ ကို ကျေးဇူး ပြု၍၊ သူ သည် အနာရောဂါနှင့် အဘယ်သို့ ကင်းလွတ် သနည်းဟု ငါ တို့သည်ယနေ့ အစစ် ခံရလျှင် ၊ ၁၀ သင် တို့သည် လက်ဝါးကပ်တိုင် မှာကွပ်မျက်၍၊ ဘုရားသခင် သည် သေ ခြင်းမှ ထမြောက် စေတော်မူသော နာဇရက် မြို့သားယေရှု ခရစ် ၏ နာမ တော်အားဖြင့် ဤ သူ သည် သင် တို့မျက်မှောက် ၌ကျန်းမာ လျက် ရှိသည်ကို သင် တို့မှစ၍ ဣသရေလ လူ အပေါင်း တို့ သိမှတ် ကြလော့။ ၁၁ ထို သခင်ကား၊ သင် တို့သည်တိုက်ကို တည်လုပ် သောအခါ ပယ် ထား၍၊ နောက်တဖန်တိုက်ထောင့် အထွဋ် ဖျားသို့ ရောက် ပြန်သော ကျောက် ဖြစ် တော်မူ၏။ ထို သခင်မှတပါး အဘယ်သူ မျှကယ်တင် ခြင်းအမှုကိုမ တတ်နိုင်။ ၁၂ ထိုသခင်၏ နာမ တော်မှတပါး ငါတို့ကို ကယ်တင် နိုင်သော နာမတစ်စုံတစ်ခု မျှကောင်းကင် အောက် လူ တို့တွင် မပေါ် မရှိဟုပေတရုသည် ထိုသူတို့အား မြွက်ဆို၏။ ၁၃ ထိုသူတို့သည် ပေတရု နှင့် ယောဟန် တို့၏ ရဲရင့် ခြင်းသတ္တိကို မြင် ၍ ၊ လူ တတ်မဟုတ်၊ လူသာမည သာ ဖြစ် သည်ကို သိမှတ် သဖြင့် အံ့သြ ၍နေကြ၏။ ထိုသူ နှစ် ယောက်တို့သည် အထက်ကယေရှု နှင့်အတူရှိ သည်ကို သတိရ၍ငင်း၊ ၁၄ အနာကင်းလွတ် သော သူ သည် ထိုသူ တို့နှင့်အတူ ရှိ နေသည်ကို မြင် ၍ငင်း၊ ငြင်းခုံ ဆိုဘွယ်ရာမ ရှိ မတွေ့ကြ။ ၁၅ တမန်တော် တို့ကိုလွှတ်တော် မှ ထွက်သွား စေပြီးလျှင်၊ ဤ သူ တို့ ကို အဘယ်သို့ ပြု ရမည်နည်း။ ၁၆ သူ တို့သည် ထင်ရှား စွာသောနိမိတ် လက္ခဏာကို ပြ ပြီးသည်ကို၊ ယေရုရှလင် မြို့၌နေ သော သူ အပေါင်း တို့သည် သိမြင် ကြ၏။ ငါတို့သည်လည်း ငြင်းခုံ ခြင်းငှာမ တတ်နိုင် ပြီ။ ၁၇ သို့သော်လည်း လူ များအထဲ ၌သာ၍ မ နှံ့ မပြား စေခြင်းငှာ ၊ နောက်တဖန်ထိုနာမ ကို အမှီပြု လျက် အဘယ် သူ ကိုမျှ မ ဟော မပြောနှင့် ဟူ၍သူ တို့ကို ကျပ်တည်းစွာ ခြိမ်းချောက် ကြကုန်အံ့ဟု အချင်းချင်း တိုင်ပင်ပြီးမှ၊ ၁၈ တမန်တော် တို့ကိုခေါ် ၍၊ ယေရှု ၏ နာမ ကို အမှီပြု လျက်ဟောပြော သွန်သင် ခြင်းကို အလျှင်း မ ပြုနှင့် ဟု အမိန့် ရှိကြ၏။ ၁၉ ပေတရု နှင့် ယောဟန် တို့ကလည်း၊ ဘုရားသခင် ၏ စကားတော် ကိုနားထောင်သည်ထက် သင် တို့၏ စကားကိုသာ၍ နားထောင် သော်၊ ဘုရားသခင့် ရှေ့မှာ ကောင်း မည်မကောင်းမည်ကို ဆင်ခြင်၍ စီရင် ကြ လော့။ ၂၀ ငါ တို့သည်ကြား လျက်၊ မြင် လျက်ရှိသောအရာ တို့ကိုမ ဟော မပြောဘဲမ နေနိုင် ဟု ထိုသူ တို့အား ဆို ကြ၏။ ၂၁ ထိုအခါ တမန်တော် တို့ ၌ အပြစ် ဒဏ်ပေးသင့် သော အကြောင်းကို မ တွေ့ သဖြင့် တဖန် ခြိမ်းခြောက်ပြီးလျှင်လွှတ် ကြ၏။ ၂၂ အကြောင်းမူကား ၊ အနာ ကင်းခြင်း နိမိတ် လက္ခဏာကို ခံရ သော သူ သည် အသက် လေးဆယ် ကျော် ရှိ သည်ဖြစ်၍လူ အပေါင်း တို့သည် ထို အမှုကို ထောက်လျက် ဘုရားသခင် ၏ ဂုဏ် တော်ကိုချီးမွမ်းကြ၏။ ၂၃ တမန်တော်တို့သည် လွတ် သောအခါ

၊ မိမိ တို့အပေါင်းအသင်း ရှိရာသို့ သွား ၍၊ မိမိ တို့အား ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ အကြီးအကဲတို့ပြောဆို သမျှ ကို ပြန်ကြား ကြ၏။ ၂၄ ထိုသူများတို့သည်ကြား ရလျှင်၊ တစ် ညီတစ်ညွတ် တည်း ဘုရားသခင့် ထံသို့ အသံ ကိုလွှင့် လျက် ၊ အစိုးရတော်မူသောအရှင် ၊ ကိုယ်တော် သည် ကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ မှစ၍ ထိုအရပ်တို့ ၌ ရှိသမျှ တို့ကို ဖန်ဆင်း တော်မူသော ဘုရားသခင်ဖြစ်တော်မူ၏။ ၂၅ ကိုယ်တော်ကလည်း၊ လူမျိုး တို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစု တို့သည် အဘယ်ကြောင့်အချည်းနှီး ကြံစည် ကြသနည်း။ ၂၆ လောကီ ရှင်ဘုရင် တို့သည် ထ ကြ၍၊ မှူးမတ် အရာရှိတို့လည်း ထာဝရ ဘုရားနှင့် ခရစ်တော် ကို ရန်ဘက်ပြုလျက် စည်းဝေး ကြ၏ဟု ကိုယ်တော် ကျွန် ဒါဝိဒ် ၏ နှုတ် ဖြင့်ဗျာဒိတ် ထားတော်မူသည်နှင့်အညီ၊ ၂၇ ဟေရုဒ် မင်း၊ ပုန္တိ ပိလတ် မင်းမှစ၍ကွသရေလ အမျိုးသား ၊ တစ်ပါး အမျိုးသားတို့သည်၊ ၂၈ ကိုယ်တော် ၏ အလိုရှိ သည်အတိုင်း၊ ရှေးမဆွကလက် တော်ဖြင့် ခွဲခန့် မှတ်သားတော်မူနှင့်သမျှတို့ကို ပြုခြင်းဉာဘိသိတ် ပေးတော်မူသော သား တော်မြတ် ယေရှု ကို ဤ မြို့ ၌ ရန်ဘက် ပြု၍ စည်းဝေး ကြပြီ၊ အမှန် ဖြစ်ပါ၏။ ၂၉ အိုထာဝရ ဘုရား၊ ယခု အခါထိုသူ တို့၏ ခြိမ်းချောက် ခြင်းကို မှတ် တော်မူပါ။ ၃၀ အနာ ရောဂါငြိမ်းစေခြင်းဉာ လက် တော်ကို ဆန့် တော်မူ၍၊ သန့်ရှင်း သော သား တော်ယေရှု ၏ နာမ တော်အားဖြင့် နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို ဖြစ် စေတော်မူစဉ်တွင်၊ ကိုယ်တော် ၏ ကျွန် တို့ သည် နှုတ်ကပတ် တရားတော်ကို ရဲရင့် စွာ ဟောပြော ပါမည် အကြောင်း ကယ်မ သနားတော်မူပါဟု ဆုတောင်း ကြ၏။ ၃၁ ထိုသို့ ဆုတောင်း ပဌနာပြုပြီးမှ၊ စုဝေး သော အရပ် သည် တုန်လှုပ် ၍၊ ထိုသူအပေါင်း တို့သည် သန့်ရှင်း သော ဝိညာဉ် တော်နှင့် ပြည့် သဖြင့် ၊ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို ရဲရင့် စွာဟောပြော ကြ၏။ ၃၂ ယုံကြည် သောသူ အပေါင်း တို့သည် စိတ် နှလုံး တစ်ညီတစ်ညွတ် တည်းရှိ ကြ၍ ၊ အဘယ်သူမျှ မိမိ ဥစ္စာ တစ်စုံတစ်ခု ကို ငါ့ ဥစ္စာဟူ၍မ ဆို ဘဲ လျက်၊ ရှိသမျှ သောဥစ္စာတို့ကို ဆက်ဆံ သဖြင့် သုံးဆောင်ကြ၏။ ၃၃ သခင် ယေရှု ထမြောက် တော်မူခြင်း အကြောင်း ကို တမန်တော် တို့သည် ကြီး သော တန်ခိုး နှင့် သက်သေခံ ၍၊ ထိုသူ အပေါင်း တို့သည် ကြီး သော ကျေးဇူး တော်နှင့် ပြည့်စုံ ကြ၏။ ၃၄ ထိုသူ တို့တွင် ဆင်းရဲ သောသူတစ်ယောက်မျှမ ရှိ ။ အကြောင်းမူကား ၊ အိမ် ၊ မြေ ကွက်ကို ပိုင် သော သူရှိသမျှ တို့သည် ရောင်း ပြီးလျှင်၊ ရ သောအဘိုးကိုယူဆောင် ခဲ့၍၊ ၃၅ တမန်တော် တို့၏ခြေ ရင်း၌ ထား ကြသဖြင့်၊ လူများဆင်းရဲ သည်အတိုင်း အသီးအသီး တို့အား ဝေ့ ပေးကမ်းကြ၏။ ၃၆ ယောသေ အမည်ရှိ၍ သက်သာ စေခြင်း၏ သား ဟုဆိုလို သော ဗာနဗ အမည် သစ်ကို တမန်တော် တို့ သမုတ် ခြင်းအားဖြင့် ရသော ကုပရု ပြည်သား လေဝိ လူတစ် ယောက်သည်၊ ၃၇ မိမိ ပိုင် သော မြေ ကိုရောင်း ပြီးလျှင်၊ ရသော ငွေ ကိုယူဆောင် ခဲ့၍ တမန်တော် တို့၏ ခြေ ရင်း၌ ထား လေ၏။

၅ သို့ရာတွင်အာနနိ နှင့် ရှဖိရေ အမည် ရှိသော လင်မယားနှစ်ယောက်တို့မူကား၊ ဥစ္စာ တစ်စုံတစ်ခုကို ရောင်း ပြီးလျှင်၊ ၂ ထိုသူသည် မိမိခင်ပွန်း နှင့်သဘောတူ လျက်၊ အဘိုး တဘို့ကို ထိမ်ဝှက် သဖြင့်၊ တ ဘို့ကိုသာယူဆောင်ခဲ့၍ တမန်တော် တို့၏ ခြေ ရင်း၌ ထား လေ၏။ ၃ ပေတရု ကလည်း၊ အာနနိ ၊ သင် သည်သန့်ရှင်း သော ဝိညာဉ် တော်ကို လှည့်စား ၍၊

မြေ ကိုရောင်းသော အဘိုး ၏တဘို့ကိုထိမ်ဝှက် မည် အကြောင်း၊ စာတန် သည် သင် ၏စိတ် နှလုံးကို အဘယ်ကြောင့် ပြည့် စေ ရသနည်း။ ၄ ထို မြေရှိ စဉ်တွင် ကိုယ် ပိုင် သည် မဟုတ်လော။ ရောင်း ၍ရသော အဘိုးသည် ကိုယ် ဥစ္စာဖြစ် သည် မဟုတ်လော။ အဘယ်ကြောင့် ဤသို့ ကြံစည်သနည်း။ လူ ကိုသာ မုသာ ပြောပြီမ ဟုတ်၊ ဘုရားသခင် ကိုလည်း မုသာပြောပြီဟု ပေတရုဆို ၏။ ၅ ထိုစကား ကိုကြား လျှင် ၊ အာနနိ သည်လဲ ၍ သေ ၏။ ထိုအကြောင်းအရာကို ကြား သောသူ အပေါင်း တို့သည် အလွန် ကြောက်လန့် ခြင်း သို့ရောက် ကြ၏။ ၆ လုလင် တို့သည်လည်းထ ၍ အလောင်း ကောင်ကို အဝတ်နှင့် ပတ်ရစ် ပြီးလျှင် ဆောင်သွား ၍ သင်္ဂြိဟ် ကြ၏။ ၇ ထိုနောက် သုံး နာရီ ခန့် လောက်ကြာ လျှင်၊ သူ ၏ ခင်ပွန်း သည် ဖြစ် ခဲ့ပြီးသော အမှုအရာကို မ သိ ဘဲလျက် ဝင်လာ ၏။ ၈ ပေတရု ကလည်း၊ ဤမျှလောက် နှင့်မြေ ကိုရောင်း သလော၊ ငါ့ အားပြော လောဟုမေး လျှင်၊ ထိုမိန်းမက၊ ဟုတ် ပါ၏။ ဤမျှလောက် နှင့်ပင် ရောင်းပါသည်ဟုဆို ၏။ ၉ ပေတရု ကလည်း ၊ ထာဝရ ဘုရား၏ ဝိညာဉ် တော်ကို စုံစမ်း မည်ဟု သဘောတူ နှင့် အဘယ်ကြောင့် ကြံစည်ကြသနည်း။ ကြည့်ရှု လော့။ သင် ၏ ခင်ပွန်း ကို သင်္ဂြိဟ် သော သူ တို့၏ခြေ သည်တံခါး နားမှာ ရှိသည်ဖြစ်၍ ၊ သင့် ကိုလည်းဆောင်သွား လေဦးမည်ဟု ဆိုသော ခဏခြင်း တွင်၊ ၁၀ ထိုမိန်းမသည်ပေတရု ၏ ခြေ ရင်း၌ လဲ ၍ သေ လေ၏။ လုလင် တို့ သည်လည်းဝင် ၍ ထိုမိန်းမ သေ သည်ကိုတွေ့ လျှင် ၊ ဆောင်သွား ၍သူ ၏ ခင်ပွန်း အနားမှာ သင်္ဂြိဟ် ကြ၏။ ၁၁ သင်းဝင်သူ အပေါင်း မှစ၍ထိုအကြောင်း အရာ ကို ကြား ရသော သူ အပေါင်း တို့သည် အလွန် ကြောက်လန့် ခြင်းသို့ ရောက် ကြ၏။ ၁၂ တမန်တော် တို့သည်လည်း လူ များရှေ့မှာ နိမိတ် လက္ခဏာ၊ အံ့ဘွယ် သော အမှုအရာများ ကိုပြု ကြ၏။ ထိုသူအပေါင်း တို့သည် ရှောလမုန် ကနားပြင် ၌ တစ် ညီတစ်ညွတ်တည်း နေ ကြသဖြင့်၊ ၁၃ ကြွင်း သော သူတစ်စုံတစ်ယောက် မျှ မပေါင်းဖော် ဝံ့ သော်လည်း ၊ လူ များတို့သည် ကောင်းကြီး ပေးကြ၏။ ၁၄ သခင် ဘုရား၌ ယုံကြည် သော ယောကျ်ား ၊ မိန်းမ ၊ အပေါင်း တို့သည် သင်းဝင်ကြ၏။ ၁၅ ပေတရု သည် လမ်း၌ ရှောက်သွား စဉ်၊ အနာစွဲသောသူတို့တွင် တစ်ယောက်ယောက်ကို သူ ၏အရိပ် လွှမ်းမိုး စေခြင်းငှာ ၊ လူနာ တို့ကိုလမ်း နား သို့ထုတ် ၍ ခုတင် မွေ့ရာ ပေါ်မှာ ထား ကြ၏။ ၁၆ ပတ်လည် ဝန်းကျင်၌ရှိသော မြို့သူ ရွာသားအပေါင်း တို့သည် အနာ စွဲသောသူ၊ နတ် ဆိုး ညှဉ်းဆဲ သော သူတို့ကို ဆောင်ခဲ့ လျက်၊ ယေရုရှလင် မြို့သို့ စုဝေး လာကြ၍ ၊ ထိုလူနာ အပေါင်း တို့သည် အနာကင်းလွတ် ခြင်းသို့ရောက်ကြ၏။ ၁၇ ထိုအခါယဇ်ပုရောဟိတ် မင်းနှင့် ဇဒ္ဒုကဲ ဖြစ် သော ထိုမင်း ၏ အပေါင်းအဖော် ရှိသမျှ တို့သည် ထ ၍ ဒေါသ အမျက်နှင့် ပြည့် ကြသဖြင့်၊ ၁၈ တမန်တော် တို့ကိုဘမ်းဆီး ၍ ထောင် ထဲ၌ လှောင်ထား ကြ၏။ ၁၉ ညဉ့် အခါ ထာဝရ ဘုရား၏ ကောင်းကင်တမန် သည် ထောင် တံခါး ကိုဖွင့် ပြီးလျှင်၊ ထိုသူ တို့ကိုနှုတ်ဆက်၍၊ သင်တို့သွား ကြလော့။ ၂၀ ဗိမာန် တော်၌ ရပ် ၍ အသက် ရှင်ခြင်း တရား စကားအလုံးစုံ ကို လူ များတို့အား ဟောပြော ကြလော့ဟု မှာထား ၏။ ထို စကားကိုကြား လျှင်၊ နံနက် စောစော ဗိမာန် တော်သို့ ဝင် ၍ ဆုံးမ သြဝါဒပေးကြ၏။ ၂၁ ယဇ်ပုရောဟိတ် မင်းနှင့် သူ ၏ အပေါင်းအဖော်တို့သည် လာ ကြသဖြင့် ၊ လွှတ် အရာရှိမှစ၍ ဣသရေလ လူ တို့တွင် အသက်ကြီး သော သူ အပေါင်း တို့ကို စုဝေး စေပြီးမှ၊ တမန်တော်

တို့ကိုခေါ် စေခြင်းငှာလုလင် တို့ကို ထောင် သို့ စေလွှတ် ကြ၏။ ၂၂ မင်းလုလင် တို့သည် ထောင်သို့ရောက် လျှင်၊ တမန်တော် တို့ကို ထောင် ထဲမှာ မ တွေ့ သည်ရှိသော် ပြန် ကြ၍၊ ၂၃ ထောင် တံခါးလည်းအထူးသဖြင့်လုံခြုံ စွာ ပိတ် လျက် ၊ ထောင်ကို စောင့် သော သူ တို့လည်း တံခါး ပြင်မှာ ရပ် လျက်ရှိကြသည်ကို အကျွန်ုပ်တို့ သည်တွေ့ ပါ၏။ ဖွင့် ပြီးမှ အထဲ၌အဘယ်သူ ကိုမျှမတွေ့ ပါဟု ကြားလျှောက် ကြ၏။ ၂၄ ယဇ်ပုရောဟိတ်မင်းနှင့် ဗိမာန် တော်မှူး အစ ရှိသော ယဇ်ပုရောဟိတ် အကြီးတို့သည် ထို စကား ကို ကြား လျှင်၊ ထိုအမှု သည် အဘယ်သို့ သောအမှု ဖြစ် လိမ့်မည်နည်းဟူ၍တွေးတော ခြင်းရှိကြ၏။ ၂၅ ထိုအခါလူတစ် ယောက်သည်လာ ၍ ထောင် ထဲမှာ လှောင် ထား သောသူ တို့သည် ဗိမာန် တော်၌ ရပ် လျက် ၊ လူ များတို့အား ဆုံးမ ဩဝါဒပေးကြပါသည်ဟု လျှောက် လေ၏။ ၂၆ ထိုအခါ ဗိမာန်တော်မှူး သည် မင်း လုလင်တို့နှင့်အတူသွား ပြန်လျှင်၊ မိမိတို့ကို လူ များတို့သည် ကျောက်ခဲနှင့်ပစ် မည်ကိုစိုးရိမ် သောကြောင့် ၊ တမန်တော် တို့ကို အနိုင် အထက်မ ပြုဘဲ ခေါ်ဆောင် လေ၏။ ၂၇ ထိုသို့ ခေါ်ဆောင် ပြီးလျှင်၊ လွှတ် အရာရှိတို့ ရှေ့မှာထား ၍ ယဇ်ပုရောဟိတ် မင်းက၊ ၂၈ ထို နာမ ကို အမှိုပ်ပြု ၍မ ဆုံးမ မသွန်သင်မည် အကြောင်း ငါတို့သည်သင် တို့အား၊ ကျပ်တည်း စွာ စီရင် မှာထားသည်မ ဟုတ်လော။ ယခု ကြည့် ကြ။ ယေရုရှလင် မြို့ကို သင် တို့အယူဝါဒ နှင့် ပြည့် စေသည်ဖြစ်၍ ၊ ငါ တို့အပေါ် သို့ ထို သူ ၏အသွေး ကိုရောက် စေခြင်းငှာသင်တို့ ကြံစည် ပါသည် တကားဟုမေးမြန်း ပြောဆို ကြ၏။ ၂၉ ပေတရု နှင့် အခြားသော တမန်တော် တို့ကလည်း၊ လူ ၏စကားထက် ဘုရားသခင် ၏ စကားကို နားထောင် သင့် ပါ၏။ ၃၀ သင် တို့သည် သစ် တိုင်၌ ဆွဲ ၍ ကွပ်မျက် သော ယေရှု ကို ငါ တို့ ဘိုးဘေး များ၏ ဘုရားသခင် သည် ထမြောက် စေတော်မူပြီ။ ၃၁ ဣသရေလ လူတို့အား နောင်တ တရားနှင့် အပြစ် လွှတ် ခြင်း အခွင့်ကိုပေး စေခြင်းငှာ၊ ထို သူကို အစိုးရသောအရှင် အရာ၌ဌင်း ၊ ကယ်တင် သော သခင် အရာ၌ဌင်း၊ ဘုရားသခင် ခန့်ထား၍ မိမိ လက်ျာ လက်တော်နှင့် ချီးမြှင့် တော်မူပြီ။ ၃၂ ထို အကြောင်း အရာတို့သည် အမှန်ဖြစ်ကြောင်း ကို ငါ တို့သည် သက်သေခံ ဖြစ် ကြ၏။ ဘုရားသခင် ၏ စကားတော်ကို နားထောင် သော သူ တို့အား ပေး သနား တော်မူသော သန့်ရှင်း သော ဝိညာဉ် တော်သည်လည်း သက်သေခံဖြစ်တော်မူသည်ဟု ပြောဆို ကြ၏။ ၃၃ ထိုစကားကိုကြား လျှင်၊ ထိုသူ တို့နှလုံးသည် ကွဲပြတ် မတတ်ဖြစ်၍ ၊ တမန်တော် တို့ကို ကွပ်မျက် ခြင်းငှာအချင်းချင်း တိုင်ပင်ပြောဆိုကြ၏။ ၃၄ ထိုအခါ လူ အပေါင်း တို့ရှိသေ သောသူ၊ ဂါမလျေလ အမည် ရှိသောနိသရည်း ဆရာ၊ ဖာရိရှဲ တစ် ယောက်သည် လွှတ်တော် ပေါ်၌ ထ ၍၊ တမန်တော် တို့ကို ပြင် သို့ခဏ ထွက်စေပြီးလျှင်၊ ၃၅ ဣသရေလ လူ တို့၊ ဤ သူ တို့အား အဘယ်သို့ ပြု မည်အရာ ကို သတိ နှင့်ဆင်ခြင်ကြလော့။ ၃၆ အကြောင်းမူကား ၊ အထက် က သုဒ အမည်ရှိသောသူတစ်ယောက်သည်ထ သဖြင့်၊ ငါ သည်လူ သာမည မဟုတ်ဟု ဆို သည်ဖြစ်၍၊ သူ ၌ လူ လေးရာ မျှလောက် ဆည်းကပ် ကြ၏။ ထိုသူ သည် ပျက်စီး ခြင်းသို့ ရောက် ၍ သူ့ ကိုယုံကြည် သမျှ သော သူတို့သည် ကွဲပြား ပျောက်ပျက်ကြ၏။ ၃၇ ထိုသူနောက်ငွေတော်ခွဲစဉ် ကာလ ၊ ယုဒ အမည် ရှိသောဂါလိလဲ လူတစ်ယောက်သည်လည်းထ ၍၊ မိမိ နောက် သို့လူ များကိုသွေးဆောင် လေ၏။ ထိုသူ သည်လည်း ပျက်စီး ခြင်းသို့ရောက်၍ ၊ သူ့ ကိုယုံကြည် သမျှ

သောသူတို့သည် ပျောက်လွင့် ကြ၏။ ၃၈ ယခု လည်းဤသူ တို့ကို ရှောင်ရှား ၍ အလိုအလျောက် ရှိကြ ပါစေဟု ငါဆို၏ ။ ဤ အကြံဤအမှုသည် လူ ၏ အကြံ လူ၏အမှု ဖြစ်လျှင် ပျက်စီး ခြင်းသို့ ရောက်လိမ့်မည်။ ၃၉ ဘုရားသခင် ၏အကြံအမှုဖြစ် လျှင် သင် တို့သည် မ ဖျက်ဆီး နိုင်ကြ။ သင်တို့သည် ဘုရားသခင် ၏ အာဏာတော်ကို ဆန်သောသူမ ဖြစ် မည်အကြောင်း သတိပြုကြ လော့ဟု ပြောဆို၏။ ၄၀ ထို စကားကို နားထောင် ကြသဖြင့်၊ တမန်တော် တို့ကိုခေါ် ၍ ရိုက်နှက် ပြီးမှ၊ ယေရှု ၏နာမ ကို အမှီပြု လျက် မ ဟော မပြောမည်အကြောင်း တားမြစ် ထား၍ လွှတ် ကြ ၏။ ၄၁ တမန်တော်တို့သည်လည်း၊ သခင်ယေရှု၏ နာမ တော်ကြောင့် မိမိတို့သည် အရှက်ကွဲ ခြင်းကို ခံထိုက် ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက် သော စိတ်ရှိ၍ လွှတ်တော် မှ ထွက်သွား ကြ၏။ ၄၂ ဗိမာန် တော်၌ ၎င်း ၊ အိမ် ၌၎င်း နေ့တိုင်း အစဉ် ဆုံးမ သွန်သင်လျက် ၊ ယေရှု သည်ခရစ်တော် ဖြစ်၏ဟူ၍ဧဝံဂေလိတရားကို မ ပြတ် ဟောပြော လျက်နေကြ၏။

၆ ထို ကာလ ၌ တပည့် တော်တို့သည် များပြား သည် ရှိသော်၊ နေ့ရက် အစဉ်အတိုင်းလုပ်ကျွေး သောအခါ ၊ ဟေလေနစ် အမျိုး မုတ်ဆိုးမ တို့ကို မ လုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း ၍ ဟေဗြဲ လူတို့ကို အပြစ်တင် ကြ၏။ ၂ ထိုအခါ တကျိပ် နှစ်ပါးသော တမန်တော်တို့သည် တပည့် တော်အပေါင်း တို့ကို ခေါ် ပြီးလျှင်၊ ငါ တို့သည် ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကိုထား ၍ စားပွဲ ၌လုပ်ကျွေးမှု ကိုမ ဆောင် သင့်။ ၃ ထိုကြောင့် ညီအစ်ကို တို့၊ ဝိညာဉ် တော်နှင့် ၎င်း၊ ပညာ နှင့်ပင်ပြည့်စုံ လျက်၊ အသရေ ရှိသော လူ ခုနစ် ယောက်တို့ကို သင် တို့တွင် ရှာ ကြလော့။ ဤ အမှု ကို ဆောင်ရွက်စေခြင်းငှာထိုသူ တို့ကို ငါတို့သည် ခန့်ထား ကြမည်။ ၄ ငါ တို့မူကား ၊ ဆုတောင်း ပဌနာပြုခြင်း၊ နှုတ်ကပတ် တရားတော် ကို ဟောပြော ခြင်းအမှုတို့ကို အမြဲပြု ၍ နေမည်ဟုဆို ကြ၏။ ၅ ထို စကားကိုလူအစုအဝေး အပေါင်း တို့သည် နှစ်သက် ကြသဖြင့်၊ ယုံကြည်ခြင်းနှင့် ၎င်း၊ သန့်ရှင်း သော ဝိညာဉ် တော်နှင့်၎င်း ပြည့်စုံ သော သတေဖန် မှစ၍ ဖိလိပ္ပု ၊ ပြောခေါ် ၊ နိကနော် ၊ တိမုန် ၊ ပါမေန ၊ ယုဒဘာသာဝင် သော အန္တိအုတ် မြို့သားနိကောလ တို့ကို ရွေးကောက် ၍ ၊ ၆ တမန်တော် တို့ရှေ့၌ ထား ကြ၏။ တမန်တော်တို့ သည်လည်း ဆုတောင်း ပြီးလျှင်ထိုသူ တို့၏ ခေါင်းပေါ်၌လက် ကို တင် ကြ၏။ ၇ ဘုရားသခင် ၏ သာသနာ တော်သည် တိုးပွား သဖြင့်ယေရုရှလင် မြို့၌ တပည့် တော်တို့သည် အလွန် ပွားများ ၍၊ ယဇ် ပုရောဟိတ်အပေါင်း တို့သည် ယုံကြည် ခြင်း တရားကို နားထောင် ကြ၏။ ၈ သတေဖန် သည် ကျေးဇူး တော်နှင့် ၎င်း၊ တန်ခိုး တော်နှင့် ၎င်း ပြည့်စုံ သဖြင့်၊ ကြီးစွာ သောနိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို လူ များရှေ့ မှာပြု လေ၏။ ၉ ထိုအခါလိဗေရတိန် အပေါင်းအသင်းဝင်သော သူမှစ၍ ၊ ကုရေနေ ပြည်သား၊ အာလေဇန်ဒြိ ပြည်သား၊ ကိလိကိ ပြည်သား၊ အာရှိ ပြည်သားအချို့တို့သည် ထ ၍ သတေဖန် နှင့်ငြင်းခုံ ခြင်းကို ပြုစဉ်တွင်၊ ၁၀ သူဟောပြော ၍သုံးစွဲသောပညာ နှင့် ဝိညာဉ် တော် ကို မ ခံ မဆီးနိုင် ကြ။ ၁၁ ထိုအခါ ဤသူ သည် မောရှေ ကိုဂင်း ၊ ဘုရားသခင် ကိုဂင်း လွန်ကျူး ၍ ပြော သည်ကို ငါတို့ကြား ရပါပြီဟု သက်သေခံ မည့်သူ တို့ကို တိတ်ဆိတ် စွာခေါ် ၍ ထားကြပြီးလျှင်၊ ၁၂ လူ များကိုဂင်း၊ အကြီးအကဲ ၊ ကျမ်းပြု ဆရာတို့ကိုဂင်း နှိုးဆော် ၍ ၊

သတေဖန်ထံသို့လာ သဖြင့် ဘမ်းဆီး ၍ လွှတ်တော် သို့ ပို့ ကြ၏။ ၁၃ မမှန် သော သက်သေခံ တို့ကိုခေါ် ၍၊ ဤ သူ သည် သန့်ရှင်း သော အရပ် ဌာနတော်နှင့် ပညတ် တရားတော်ကို လွန်ကျူး၍ အစဉ်မပြတ် ပြောဆို လျက်နေပါ၏။ ၁၄ ထိုနာဇရက် မြို့သားယေရှု သည် ဤ အရပ် ဌာန တော်ကို ဖျက်ဆီး ၍၊ ငါ တို့အား မောရှေအပ်ပေး သော ထုံးနည်း ဥပဒေကို ပြောင်းလဲ စေမည်ဟု ဤသူ ဆို သည်ကို အကျွန်ုပ်တို့သည် ကြား ရပါပြီဟုသက်သေခံ ကြ၏။ ၁၅ လွှတ်တော် ၌ ထိုင် လျက်ရှိသောသူ အပေါင်း တို့သည် သတေဖန် ကိုစေ့စေ့ ကြည့်ရှုလျှင် ၊ သူ ၏မျက်နှာ သည် ကောင်းကင် တမန်၏မျက်နှာ ကဲ့သို့ ဖြစ်သည်ဟု ထင်မှတ် ကြ၏။

၇ ထိုအခါ ယဇ်ပုရောဟိတ် မင်းက၊ ဤ စကားမှန် သလောဟု မေး သည်ရှိသော်၊ ၂ သတေဖန်က၊ ညီအစ်ကို အဘ တို့ နားထောင် ကြပါလော့။ ငါ တို့ အဘ အာဗြဟံ သည်၊ ခါရန် မြို့၌ မ နေ မီ ၊ မေသောပေါဘာမိ အရပ်၌ ရှိ စဉ်အခါ၊ ဘုန်းကြီး တော်မူသော ဘုရားသခင် သည် ထင်ရှား တော်မူ၍၊ ၃ သင် နေသော ပြည် နှင့်တကွ အမျိုးသား ချင်း များထဲက ထွက် ပြီးလျှင် ၊ ငါပြ လတံ့သော ပြည် သို့ သွား လော့ဟု အာဗြဟံ အား မိန့် တော်မူ၏။ ၄ ထိုအခါ အာဗြဟံ သည် ခါလဒဲ ပြည် မှ ထွက် ၍ ခါရန် မြို့၌ နေ ၏။ သူ ၏ အဘ သေ လွန်သည်ရှိသော်၊ ယခု သင်တို့နေ သော ဤ ပြည် သို့ ထိုမြို့ မှ ပြောင်း စေတော်မူ၏။ ၅ ဤ ပြည်၌ ခြေနင်း ရာကိုမျှ အမွေ ပေး တော် မမူ သော်လည်း ၊ သူမှစ၍ သူ ၏သား မြေးတို့အား ဤ ပြည်ကိုအပိုင် ပေးတော်မူမည်ဟု သား တစ်ယောက် မျှ မရှိ မီဂတိ ထား တော်မူ၏။ ၆ သင်၏အမျိုးအနွယ် သည် သူတစ်ပါး ပိုင်သော ပြည် ၌ ဧည့်သည် ဖြစ် ကြသဖြင့် ၊ သူတစ်ပါးတို့ ၌ ကျွန် ခံခြင်း၊ နှိပ်စက် ညှဉ်းဆဲခြင်းကို အနှစ် လေးရာ ပတ်လုံးခံရကြလိမ့်မည်။ ၇ သူ တို့ကို စေခိုင်း သောလူမျိုး ကိုလည်း ငါ စီရင် မည်။ ထိုနောက်မှ သူတို့သည်ထွက် ၍ ဤ အရပ် ၌ ငါ့ အား ဝတ်ပြု ကြလိမ့်မည်ဟု ဗျာဒိတ် ထားတော်မူ၏။ ၈ ဘုရားသခင်သည်လည်း အရေဖျားလှီး ခြင်းနှင့် ဆိုင်သော ပဋိညာဉ် တရားကို အာဗြဟံ အား ပေး တော်မူ၏။ ထိုသို့ ဣဇာက် ကို ဘွားမြင် ၍ ရှစ် ရက်မြောက်သော နေ့ ၌ အရေဖျားလှီး ခြင်းကိုပေးလေ၏။ ဣဇာက် သား ယာကုပ် ၊ ယာကုပ် သားများကား၊ အမျိုး၏အဘ တကျိတ် နှစ်ပါးတည်း။ ၉ အမျိုး၏ အဘ တို့သည် လည်း ငြူစူ သောစိတ်ရှိ၍ ၊ ယောသပ် ကို အဲဂုတ္တု ပြည်သို့ ရောင်း လိုက်ကြ၏။ ဘုရားသခင် သည် သူ့ ကိုစောင့်မ တော်မူလျက်၊ ၁၀ အလုံးစုံ သော ဒုက္ခ ဆင်းရဲထဲမှ ကယ်နှုတ် ၍ ၊ အဲဂုတ္တု ပြည်ကို အစိုးရ သော ဖာရော ဘုရင်ထံ၌ မျက်နှာ ပွင့်လန်းခြင်းနှင့် ပညာ အတတ် ကိုပေး တော်မူသဖြင့် ၊ ထိုမင်းကြီးသည် အဲဂုတ္တု နိုင်ငံအုပ် အရာ၊ နန်းတော် အုပ်အရာ၌ ယောသပ် ကိုခန့်ထား လေ၏။ ၁၁ ခါနာန် ပြည်နှင့် အဲဂုတ္တု ပြည် တရှောက် လုံး၌ အစာ ခေါင်းပါးခြင်း၊ ကြီးစွာ သောဆင်းရဲ ခြင်းရှိ၍ ငါ တို့ အဘ များ၌ စားစရာ ကုန် သောအခါ ၊ အဲဂုတ္တု ပြည်မှာ ဆန် စပါးရှိ သည်ဟု ယာကုပ် သည်ကြား လျှင် ၊ ၁၂ ငါ တို့အဘ များကို ပဌမ အကြိမ်တွင် စေလွှတ် လေ၏။ ၁၃ ဒုတိယ အကြိမ်တွင် ယောသပ် သည် မိမိ ညီအစ်ကို တို့အား မိမိအကြောင်းကို ဘော်ပြ ၍ ၊ ဖာရော ဘုရင်သည် ယောသပ် ၏ အမျိုး ကို သိ တော်မူ၏။ ၁၄ ထိုအခါ ယောသပ် သည်စေလွှတ် ၍ မိမိ အဘ ယာကုပ် နှင့်တကွအရေအတွက်အားဖြင့်ခုနစ်ကျိပ် ငါး ယောက်သော မိမိအမျိုးသား

ချင်းအပေါင်း တို့ကို ခေါ် ပင့် လေ၏။ ၁၅ ယာကုပ် သည်လည်း အဲဂုတ္တု ပြည်သို့ သွား၍ ကိုယ်တိုင်မှစသောငါ တို့အဘ
များသည် သေ လွန်ကြ၏။ ၁၆ ထိုသူတို့ကိုလည်း ရှေခင် မြို့သို့ ပို့ဆောင် သဖြင့်၊ ရှေခင် ၏အဘ ဖြစ်သောဟာမော် ၏
သား တို့အား အဘိုး ငွေ ကိုပေး၍ဝယ် ပြီဖြစ်သော သခိုင်း တွင်း၌ ထား ကြ၏။ ၁၇ အာဗြဟံ အား ဘုရားသခင် မိန့်ဘန်
တော်မူသော ဂတိ တော်၏ အချိန် ရောက် လုသောအခါ ၊ ၁၈ ထိုလူမျိုး သည် အဲဂုတ္တု ပြည်၌ တိုးပွား ၍ ၊ ယောသပ်
ကိုမ သိ မကျွမ်းသော မင်းကြီး တစ်ပါး ပေါ် လာ သည်တိုင်အောင် များပြား ကြလေ၏။ ၁၉ ထိုမင်းကြီး သည် ငါ
တို့အဆွေအမျိုး ကို ပရိယာယ် ပြုသဖြင့်၊ သူငယ် များကိုအသက် မ ရှင်စေခြင်းငှာ ပစ် ထားရမည်အကြောင်း ငါ တို့
အဘ များကို ညှဉ်းဆဲ နှိပ်စက်လေ၏။ ၂၀ ထို အခါ အလွန်အဆင်းလှ သော မောရှေ ကို ဘွားမြင် လျှင်၊ သုံး လ
ပတ်လုံးအဘ ၏ အိမ် တွင် ကျွေးမွေး ကြ၏။ ၂၁ နောက်မှပစ် ထားသည်ရှိသော်၊ ဖာရော ဘုရင် သမီး တော်သည်
ကောက်ယူ ၍ မိမိ သား အရာ၌ မွေးစား လေ၏။ ၂၂ မောရှေ သည်လည်းအဲဂုတ္တု အတတ် ၊ ပညာ အလုံးစုံ တို့ကို သင်
၍၊ နှုတ် သတ္တိ ၊ လက် သတ္တိရှိ ၏။ ၂၃ အသက် လေးဆယ်စေ့ သောအခါ ဣသရေလ အမျိုးသား ဖြစ်သော မိမိ
ညီအစ်ကို တို့ကို အကြည့်အရှု သွားမည်ဟု အကြံရှိ၏။ ၂၄ အမျိုးသားချင်းတစ် ယောက်သည် ညှဉ်းဆဲ ခံရသည်ကို
မြင် လျှင် သူ့ဘက်ကနေ၍အဲဂုတ္တု လူကို ကွပ်မျက် သဖြင့်၊ ထိုညှဉ်းဆဲ ခံရသောသူ အား အနိုင် ပေး လေ ၏။ ၂၅
ဘုရားသခင် သည် ဤသူ လက် ဖြင့် ငါ တို့ကို ကယ်နှုတ် တော်မူမည်အရာကို ညီအစ်ကို တို့သည် နားလည် လိမ့်မည်ဟု
ထင်မှတ် သော်လည်း ၊ ထိုသူတို့သည် နား မ လည်ဘဲနေကြ၏။ ၂၆ နက်ဖြန် နေ့ ၌ အချင်းချင်းခိုက်ရန် ပြုကြသော သူ
တို့ရှိရာသို့ သွား ၍ ၊ အချင်းလူ တို့၊ ညီအစ်ကို ချင်းဖြစ် လျက်နှင့် အဘယ်ကြောင့် တစ် ယောက်ကိုတစ်ယောက်ညှဉ်းဆဲ
ကြသနည်းဟု ဆို ၍ ရန်ငြိမ်း ရာသို့ သွေးဆောင် သည်ရှိသော်၊ ၂၇ အိမ်နီးချင်း ကို ညှဉ်းဆဲ သောသူ က၊ အဘယ်သူ
သည် သင့် ကို ငါ တို့အပေါ် မှာ အကဲအမှူး တရားသူကြီး အရာ၌ ခန့်ထား သနည်း။ ၂၈ မနေ့ ကအဲဂုတ္တု လူကို သတ်
သကဲ့သို့ ငါ့ ကိုသတ် လို သလောဟု ဆို လျက် မောရှေ ကိုပယ် ၏။ ၂၉ ထို စကား ကိုကြားလျှင် ၊ မောရှေ သည် ပြေး ၍
မိဒျန် ပြည် ၌ ဧည့်သည် ဖြစ် လျက်နေသည်တွင် သား နှစ် ယောက်ကိုမြင် လေ၏။ ၃၀ အနှစ် လေးဆယ် လွန်သောအခါ
၊ သိနာ တောင် ခြေရင်း တော တွင် ၊ မီး လောင် သောချုံ ၌ ထာဝရဘုရား၏ ကောင်းကင်တမန် ထင်ရှား ၏။ ၃၁
ထိုရူပါရုံ ကို မြင် သောအခါ မောရှေ သည် အံ့သြ ၍စေ့စေ့ကြည့်ရှု ခြင်းငှာအနားသို့ချဉ်းကပ် လျှင်၊ ၃၂ ငါ ကား သင့်
ဘိုးဘေး တို့၏ဘုရား ၊ အာဗြဟံ ၏ ဘုရား ၊ ဣဇာက် ၏ဘုရား၊ ယာကုပ် ၏ဘုရားဖြစ်၏ ဟုထာဝရ ဘုရား၏ ဗျာဒိတ်
တော်အသံ ထွက် တော်မူ၏။ ထိုအခါ မောရှေ သည် တုန်လှုပ် လျက် စေ့စေ့မ ကြည့် ဝံ့ ။ ၃၃ ထာဝရ ဘုရားကလည်း၊
သင် ၏ခြေနင်း ကို ချွတ် လော့။ သင်နင်း သောအရပ် ကား သန့်ရှင်း သောမြေ ဖြစ် ၏။ ၃၄ အဲဂုတ္တု ပြည်၌ ရှိသော ငါ
၏လူ တို့သည် ခံရသော ညှဉ်းဆဲ ခြင်းကို ငါစေ့စေ့မြင် ခဲ့ပြီ။ သူ တို့ ညည်းတွား မြည်တမ်းသောအသံကိုလည်း ငါကြား
ခဲ့ပြီ။ သူ တို့ကို ကယ်နှုတ် ခြင်းငှာငါဆင်းလာ ပြီ။ ယခု သွား လော့။ သင့် ကို အဲဂုတ္တု ပြည်သို့ ငါစေလွှတ် မည်ဟု
ဗျာဒိတ် တော်ရှိ၏။ ၃၅ အဘယ်သူ သည် သင့် ကို အကဲအမှူး တရားသူကြီး အရာ၌ ခန့်ထား သနည်းဟူ၍အငြင်းအပယ်

ခံရသော ထို မောရှေ ကို အကဲအမှူး ၊ ကယ်လွတ် သောသူ ဖြစ်စေခြင်းငှာ၊ ဘုရားသခင် သည်ချုံ၌ ထင်ရှား သော ကောင်းကင်တမန် အားဖြင့် စေခန့် တော်မူ၏။ ၃၆ ထိုသူ သည် ဣသရေလ အမျိုးသားတို့ကို နှုတ်ဆောင် ၍ အနှစ် လေးဆယ် ပတ်လုံးအဲဂုတ္တု ပြည် ၌ ၎င်း၊ ဇဒုံ ပင်လယ် ၌ ၎င်း၊ တော ၌ ၎င်း၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကိုပြု လေ၏။ ၃၇ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည်၊ သင်တို့အမျိုးသား ချင်းတို့အထဲ ၌ ငါ နှင့်တူ သော ပရောဖက် တစ်ပါးကို သင်တို့ အဘို့ ပေါ်ထွန်း စေတော်မူမည်။ ထိုပရောဖက်၏ စကားကိုနားထောင်ရကြမည်ဟု ဣသရေလ အမျိုးသား တို့အားပြောဆို သောသူ ကား အခြားသူမဟုတ်၊ ထို မောရှေ ပင်ဖြစ် သတည်း။ ၃၈ ထို သူ သည် တော တွင် ရှိ သော အစည်းအဝေး ၌ ၎င်း၊ သိနာ တောင် ပေါ်မှာ သူ့ ကိုနှုတ်ဆက် သော ကောင်းကင်တမန် နှင့် ၎င်း၊ ငါ တို့ အဘ များနှင့် ၎င်းရှိ ၏။ ထိုသူ သည် ငါ တို့အား အပ်ပေး ခြင်းငှာအသက် ရှင်စေသော ဗျာဒိတ် တော်ကိုခံ လေ၏။ ၃၉ ထိုသူ ၏စကားကိုငါ တို့အဘ များသည် နား မ ထောင်လို ဘဲလျက် ပယ် ၍၊ ၄၀ ငါ တို့ရှေ့မှာ သွားရသော ဘုရား တို့ကို ငါ တို့အဘို့လုပ် ပါ။ ငါ တို့ကို အဲဂုတ္တု ပြည် မှ နှုတ်ဆောင် ခဲ့သောထို မောရှေ၌ အဘယ်သို့ ဖြစ် သည်ကို ငါတို့မ သိ ဟု အဲဂုတ္တု ပြည်သို့ ပြန် ချင်သောစိတ် နှင့် အာရုန် ကို ပြောဆို ကြ၏။ ၄၁ ထို နေ့ရက် ကာလ၌ နွားသငယ် ကို လုပ်၍ ထိုရုပ်တု အား ယဇ်ပူဇော် သဖြင့် မိမိ တို့လက် နှင့် လုပ် သော အရာ၌ ပင် ပျော်မွေ့ ကြ၏။ အနာဂတ္တိ ကျမ်း၌ လာ သည် ကား ၊ ၄၂ အိုဣသရေလ အမျိုး ၊ သင်တို့သည် စီရင်သော တိရစ္ဆာန် နှင့် ယဇ် များကိုတော ၌ အနှစ် လေးဆယ်ပတ်လုံးငါ့ အား ပူဇော် ကြသလော။ ၄၃ သင်တို့သည် မောလုပ် ၏တဲ နှင့် သင် တို့ဘုရား ရုင်ဖန် ၏ ကြယ် တည်းဟူသောကိုးကွယ် ဘို့ရာမိမိ တို့လုပ် သော ပုံ တို့ကို ဆောင်ရွက် ကြပြီ တကား။ ထိုကြောင့် ငါသည် သင် တို့ကို ဗာဗုလုန် မြို့ တစ်ဘက် သို့ ဆောင်သွား မည်ဟု ကျမ်းလာရှိသည်နှင့်အညီ၊ ဘုရားသခင် သည် မျက်နှာတော်ကိုလွှဲ ၍ ၊ ကောင်းကင် တန်ဆာ များတို့အား ဝတ်ပြု စေခြင်းငှာထိုသူ တို့ကို စွန့်ပစ် ထားတော်မူ၏။ ၄၄ မောရှေမြင် ရသောပုံ နှင့်အညီ ၊ သက်သေခံ တော်မူချက် ဌာပနာ ရာတဲတော်ကို လုပ် ရမည်အကြောင်း အမိန့် တော်ရှိသောသူ မှာထား တော်မူသည်အတိုင်း ၊ ထိုတဲ တော်သည် တော တွင် ငါ တို့အဘ များ၌ ရှိ ၏။ ၄၅ နောက်ကျ သော ငါ တို့အဘ များသည် ထိုတဲ တော်ကို တစ်ပါး အမျိုးသားတို့ ပိုင် သော မြေထဲသို့ ယောရှု နှင့်အတူ ဆောင်သွင်း ကြ၏။ ထို တစ်ပါး အမျိုးသားတို့ကို ဘုရားသခင် သည် ဒါဝိဒ် မင်းလက်ထက် တိုင်အောင် ငါ တို့အဘ များထံမှ နှင်ထုတ် တော်မူ၏။ ၄၆ ထို ဒါဝိဒ်သည် ဘုရားသခင် ၏ ကျေးဇူး တော်ကို ခံရ ၍၊ ယာကုပ် ၏ ဘုရားသခင်ကျိန်းဝပ် တော်မူဘို့ရာအရပ် ကို တွေ့ ခြင်းငှာတောင့်တ ၏။ ၄၇ ရှောလမုန် သည်လည်း ဗိမာန် တော်ကို တည်ဆောက် ရ၏။ ၄၈ သို့သော်လည်း ကောင်းကင် ဘုံသည် ငါ့ ပလ္လင် ဖြစ်၏။ ၄၉ မြေကြီး သည် ငါ့ ခြေ တင်ရာခုံ ဖြစ်၏။ အဘယ်သို့ သော ဗိမာန် ကိုငါ့ အဘို့ တည်ဆောက် ကြမည်နည်း။ အဘယ် အရပ်သည် ငါ့ ကျိန်းဝပ် ရာအရပ် ဖြစ်မည်နည်း။ ၅၀ ငါ့ လက် သည် ဤ အရာအလုံးစုံ တို့ကို ဖန်ဆင်း သည် မ ဟုတ်လောဟု ထာဝရ ဘုရား၏ ဗျာဒိတ် တော်အချက်ကို ပရောဖက် ပြန်ကြား သည်နှင့်အညီ ၊ အမြင့်ဆုံး သော ဘုရားသည် လူတို့ လက်ဖြင့် လုပ်သောဗိမာန် ၌ ကျိန်းဝပ် တော်မူသည်မ ဟုတ်။ ၅၁

လည်ပင်း ခိုင်မာ၍ နှလုံး ဖြင့်၎င်း ၊ နား ဖြင့်၎င်း အရေဖျားလှီး ခြင်းကို မခံသောလူတို့၊ သင် တို့သည် သန့်ရှင်း သော ဝိညာဉ် တော်ကို အစဉ်မပြတ် ဆန့်ကျင်ဘက် ပြုလေ့ရှိကြ၏။ သင် တို့ဘိုးဘေး များ၏ အလေ့နှင့် သင် တို့အလေ့တူ ၏။ ၅၂ သင် တို့ဘိုးဘေး များသည် အဘယ် ပရောဖက် ကို မျှ မ ညှဉ်းဆဲ ဘဲ နေသနည်း။ ဖြောင့်မတ် သောသူ ကြွလာ တော်မူမည်အကြောင်း အရာကို ဟောပြော ပြည္ဆန်သော သူ တို့ကို ကွပ်မျက် ကြ၏။ ထို ဖြောင့်မတ်သောသူကိုပင် ယခု လည်း သင်တို့သည် အပ်နှံ ၍ အသေသတ် ကြပြီ။ ၅၃ သင်တို့သည် ကောင်းကင် တမန်များ ခင်းကျင်း သော အားဖြင့် ပညတ် တရားတော်ကို ခံရ သော်လည်းမ စောင့် မရှောက်ကြဟု သတေဖန် မြွက်ဆို ၏။ ၅၄ ထို စကားကိုကြား လျှင် နှလုံး ကွဲပြတ် မတတ်ဖြစ်၍၊ သတေဖန် ၌ အံသွား ခဲကြိတ် ခြင်းကို ပြုကြလေ၏။ ၅၅ သူသည်လည်း သန့်ရှင်း သော ဝိညာဉ် တော်နှင့် ပြည့် သဖြင့်၊ ကောင်းကင် သို့ စေ့စေ့ ကြည့်မျှော်၍ ဘုရားသခင် ၏ ဘုန်း တော်ကို ၎င်း၊ ဘုရားသခင် ၏ လက်ျာ တော်ဘက်၌ ယေရှု ရပ် နေသည်ကို၎င်း မြင် လျှင်၊ ၅၆ ကြည့် ပါ။ ကောင်းကင် ဖွင့်လှစ် သည်ကို ၎င်း၊ လူ သား သည် ဘုရားသခင် ၏လက်ျာ တော်ဘက်၌ ရပ် နေသည်ကို၎င်း၊ ငါမြင် သည်ဟုဆို ၏။ ၅၇ ထိုသူ တို့သည် ပြင်းစွာ သော အသံ နှင့် ဟစ်ကြော် ၍ နား ကိုပိတ်ဆို့ လျက် သူ့ ဆီသို့ ညီညွတ် စွာ တဟုန်တည်း ပြေး၍ ၊ ၅၈ မြို့ ပြင် သို့နှင်ထုတ် ပြီးမှ ကျောက်ခဲ နှင့်ပစ်ကြ၏။ သက်သေခံ တို့သည်လည်း မိမိ တို့အဝတ် ကို ရှောလု အမည် ရှိသော လုလင် ၏ခြေ ရင်း၌ ထား ကြ၏။ ၅၉ ကျောက်ခဲ နှင့်ပစ်ကြစဉ် သတေဖန် သည် ပဌနာပြုလျက်၊ သခင် ယေရှု ၊ အကျွန်ုပ် ၏ဝိညာဉ် ကို သိမ်းယူ တော်မူပါဟု လျှောက်ဆို ၏။ ၆၀ ဒူး ထောက် လျက်၊ သခင် ၊ ဤ သူ တို့ပြုသော ဒုစရိုက် အပြစ်ကို မှတ်တော်မ မူပါနှင့်ဟု ကြီး သော အသံ နှင့် ကြွေးကြော် ပြီးမှ ကျိန်းစက် လေ၏။

၈ သူ့ ကိုကွပ်မျက် သောအမှုကိုရှောလု သည်လည်း ဝန်ခံ လျက်ရှိ ၏။ထိုအခါ ယေရုရှလင် မြို့၌ ရှိသော အသင်းတော် သည် ပြင်းစွာ သောညှဉ်းဆဲ ခြင်းကိုခံရသဖြင့် တမန်တော် တို့မှတပါး၊ သင်းဝင်သူအပေါင်း တို့သည် ယုဒ ပြည်၊ ရှမာရိ ပြည်အရပ်ရပ် တို့ ၌ အနှံ့အပြားကွဲပြား ကြ၏။ ၂ တရားကိုရိုသေ သောသူ တို့သည် သတေဖန် ကို သင်္ဂြိဟ် ၍ ပြင်းစွာ သောငိုကြွေး မြည်တမ်းခြင်းကို ပြု ကြ၏။ ၃ ရှောလု သည် အသင်းတော် ကိုဖျက်ဆီး လေ၏။ အိမ် များသို့ ဝင် ပြီးလျှင်ယောကျ်ား မိန်းမ တို့ကို ဆွဲငင် ၍ ထောင် ထဲ၌ လှောင် ထားတတ်၏။ ၄ ထိုကြောင့် အရပ်ရပ်သို့ကွဲပြား သော သူ တို့သည် လှည့်လည် ၍ နှုတ်ကပတ် တော်တည်းဟူသောဧဝံဂေလိတရားကို ဟောပြော ကြ၏။ ၅ ဖိလိပ္ပု သည်လည်း၊ ရှမာရိ မြို့ သို့ သွား ၍ ခရစ်တော် ၏ အကြောင်းကိုဟော လေ၏။ ၆ လူ အစုအဝေးတို့သည်ကြား ၍ ဖိလိပ္ပု ပြု သော နိမိတ် လက္ခဏာတို့ကို မြင် သောအခါ၊ သူ၏စကား ကို တစ် ညီတစ်ညွတ်တည်း နားထောင် ကြ ၏။ ၇ အကြောင်းမူကား ၊ နတ် ဆိုး စွဲ သော သူ များတို့၏ အထဲမှ နတ်ဆိုးတို့သည် ပြင်းစွာ သော အသံ နှင့် အော်ဟစ် လျက်ထွက်သွား ကြ၏။ ကိုယ် မလှုပ်နိုင်သောသူ၊ ခြေမစွမ်း သောသူအများ တို့သည်လည်း ပကတိ အဖြစ် သို့ရောက်ကြ၏။ ၈ ထို မြို့သူ မြို့သားတို့သည် အလွန် ဝမ်းမြောက် ခြင်းရှိ ကြ၏။ ၉ ရှိမုန် အမည် ရှိသော သူ တစ် ယောက်သည်၊ ထိုမြို့ ၌ နတ် ဝိဇ္ဇာအတတ်နှင့် ပြုပြင်၍၊ ငါ သည်ထူးဆန်း သော သူ ဖြစ် သည်ဟုဆို လျက်၊ ရှမာရိ

အမျိုးသား တို့ကို မိန်းမော တွေဝေစေခြင်းငှာပြု၏။ ၁၀ လူကြီး လူငယ် ရှိသမျှတို့က လည်း၊ ဤသူ သည် ဘုရားသခင် ၏ မဟာ တန်ခိုး တော်ဖြစ် သည်ဟု ဆို လျက် ထိုသူ ၌ဆည်းကပ် ကြ၏။ ၁၁ ဆည်းကပ် သည်အကြောင်း ကား၊ သူ တို့ကို မိန်းမော တွေဝေစေခြင်းငှာထိုသူသည် နတ် ဝိဇ္ဇာအတတ်အားဖြင့် ကြာမြင့် စွာပြုလျက်နေ၏။ ၁၂ ဖိလိပ္ပု သည် ဘုရားသခင် ၏နိုင်ငံ တော်၌ဝင်း၊ ယေရှု ခရစ် ၏ နာမ တော်နှင့် ၎င်း စပ်ဆိုင် သော ဧဝံဂေလိ တရားကို ဟောပြော၍ ထိုသူ တို့သည် ယုံကြည် သောအခါ၊ ယောကျ်ား မိန်းမ တို့သည် ဗတ္တိဇံ ကို ခံကြ၏။ ၁၃ ရှိမုန် သည်လည်း ကိုယ်တိုင် ယုံကြည် သည်ဖြစ်၍ ဗတ္တိဇံ ကို ခံပြီးမှ ဖိလိပ္ပု ထံ၌မှီဝဲ ဆည်းကပ်သဖြင့်၊ ထူးဆန်းသော တန်ခိုး ကြီး သော နိမိတ် လက္ခဏာများကို မြင် ၍ မိန်းမော တွေဝေလျက်ရှိ လေ၏။ ၁၄ ရှမာရိ မြို့သားတို့သည် ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို ခံယူ ကြပြီဟု ယေရုရှလင် မြို့၌ ရှိသော တမန်တော် တို့သည် သိတင်း ကြား လျှင် ၊ ပေတရု နှင့် ယောဟန် တို့ကို စေလွှတ် ကြ၏။ ၁၅ ထိုမြို့သူမြို့သားတို့သည် သခင် ယေရှု ၏နာမ ၌ ဗတ္တိဇံ ကို ခံရုံ မျှသာ ရှိ သဖြင့် ၊ ၁၆ တစ်စုံတစ်ယောက် သောသူ အပေါ် ၌သန့်ရှင်း သော ဝိညာဉ်တော်သည် သက်ရောက် တော် မ မူသေးသည် ဖြစ်၍၊ တမန်တော်တို့သည် ရောက်ကြလျှင်၊ ဝိညာဉ် တော် ကိုခံရ မည်အကြောင်း ထိုမြို့သူမြို့သားတို့ အဘို့ ဆုတောင်း ၍၊ ၁၇ ထိုသူ တို့အပေါ် ၌လက် ကိုတင် သောအားဖြင့်သူတို့သည် သန့်ရှင်း သောဝိညာဉ် တော်ကိုခံရ ကြ၏။ ၁၈ တမန်တော် တို့လက် ကိုတင် သောအားဖြင့် သန့်ရှင်းသော ဝိညာဉ် တော်သက်ရောက် သည်ကို ရှိမုန် မြင် လျှင်၊ ငွေ ကိုယူဆောင် ခဲ့၍၊ ၁၉ အကျွန်ုပ် ၏ လက် တင် ခြင်းကိုခံရသောသူ သည် သန့်ရှင်း သော ဝိညာဉ် တော်ကိုခံ စေမည်အကြောင်း အကျွန်ုပ် အား အခွင့် ပေး ပါဟု တောင်း သော်၊ ၂၀ ပေတရု က၊ ဘုရားသခင် ၏ကျေးဇူး တော်ကို ငွေ နှင့်ဝယ်ယူ မည် ဟု အကြံရှိ သောကြောင့် ၊ သင် နှင့်တကွ သင် ၏ ငွေ သည်ပျက်စီး ခြင်းသို့ ရောက် ပါစေ။ ၂၁ သင် သည်ဤ အမှုအရာ နှင့် မ ဆက်ဆံ သော သူဖြစ် ၏။ အကြောင်းမူကား ၊ သင် ၏စိတ် နှလုံးသည် ဘုရားသခင့် ရှေ့ တော်၌ ဖြောင့်မတ် ခြင်းမ ရှိ ။ ၂၂ ထိုကြောင့် သင် ၌ ယခု ဆိုးညစ် သောအမှု ကို နောင်တရ လော့။ သင် ၏စိတ် နှလုံး၌ကြံစည် ခြင်းအပြစ်ကို လွှတ်ကောင်း လွှတ် လိမ့်မည်ဖြစ်၍၊ ဘုရားသခင် ကို တောင်းပန် လော့။ ၂၃ သင် သည်ခါး စွာသောသည်းခြေ စွဲသည်ဖြစ်၍ ၊ ဒုစရိုက် အနှောင်အဖွဲ့ နှင့်မလွတ်ကြောင်းကို ငါသိမြင် သည်ဟုဆို ၏။ ၂၄ ရှိမုန် ကလည်း၊ မိန့် တော်မူသောအရာ တစ်စုံတစ်ခု မျှ အကျွန်ုပ် အပေါ် သို့ မရောက် ပါမည် အကြောင်း ၊ ထာဝရ ဘုရားကို ကျွန်ုပ် အဘို့ အလိုငှာ ဆုတောင်း တော်မူကြပါဟု ပြန်ပြော ၏။ ၂၅ တမန်တော် တို့သည် သက်သေခံ ၍ သခင်ဘုရား ၏နှုတ်ကပတ် တရားတော်ကိုဟော ပြီးမှ၊ ယေရုရှလင် မြို့ သို့ ပြန်သွား ရာ၊ ရှမာရိ ရွာ များ တို့ ၌လည်း ဧဝံဂေလိတရားကို ဟောပြော ကြ၏။ ၂၆ တဖန် ထာဝရ ဘုရား၏ ကောင်းကင်တမန် သည် ဖိလိပ္ပု အား ၊ သင်ထ ၍ ယေရုရှလင် မြို့မှ ဂါဇ မြို့ သို့ သွား ရာ တော လမ်း တွင် တောင် မျက်နှာသို့ သွား လော့ ဟု ဆို သည်အတိုင်း ၊ ဖိလိပ္ပုသည်ထ ၍ သွား လေ၏။ ၂၇ ထိုအခါ အဲသယောပိ ပြည်ကိုအစိုးရ သော မိဖုရား ကန္ဒက် ထံ၌ဘုန်းကြီးသောအမတ်ဖြစ်၍၊ ဘဏ္ဍာ တော်ရှိသမျှ ကို အုပ်စိုး ရသော အဲသယောပိ ပြည်သားတစ်ယောက်သည် ကိုးကွယ် ခြင်းငှာယေရုရှလင် မြို့ သို့ သွား ၍၊ ၂၈ ပြန် စဉ်တွင်

မိမိ ရထား ပေါ် ၌ ထိုင် လျက် ပရောဖက် ဟေရှာယ ၏ ကျမ်းစာကိုဖတ် လေ၏။ ၂၉ ဝိညာဉ် တော်ကလည်း၊ ထို ရထား သို့ ချဉ်းကပ် ၍ မှီဝဲ လော့ဟု ဖိလိပ္ပု အား ဗျာဒိတ် ပေးတော်မူသဖြင့်၊ ၃၀ ဖိလိပ္ပု သည် ရထားသို့ပြေး ၍ ပရောဖက် ဟေရှာယ ၏ ကျမ်းစာ၌ ဘတ် သည်ကိုကြား လျှင်၊ ဘတ် သောအရာ ကို နားလည် ပါ၏၊ လောဟု မေးမြန်း ၏။ ၃၁ ထိုအမတ်ကလည်း၊ သွန်သင် ပဲ့ပြင်သော သူ မ ရှိလျှင် အဘယ်သို့ နားလည်နိုင် မည်နည်းဟု ဆို ပြီးမှ မိမိ နှင့်အတူ ဖိလိပ္ပု တက် ၍ထိုင် နေ ပါမည်အကြောင်း တောင်းပန် ၏။ ၃၂ ကျမ်းစာ ၌ ဘတ် သောအချက် ဟူမူကား၊ အသေ သတ် ခြင်းငှာ ဆောင်သွားသော သိုး ကဲ့သို့ သူ့ကို ဆောင်သွား ၍ ၊ သိုးသငယ် သည် အမွေးညှပ် သောသူ ရှေ့မှာ မ မြည်ဘဲ နေသကဲ့သို့ သူ သည်နှုတ် ကိုမ ဖွင့် ဘဲနေ၏။ ၃၃ နှိမ့်ချ ခြင်းကိုခံစဉ်တွင်သူတစ်ပါးတို့သည် ထိုသူ ကို မတရား သဖြင့်စီရင် ကြ၏။ ထိုသူ ၏အသက် ကို မြေကြီး ကသိမ်းရုပ် သည်ဖြစ်၍ ၊ သူ ၏အမျိုးအနွယ် ကို အဘယ်သူ ပြည့်ဆွန် မည်နည်းဟု ကျမ်းစာလာသတည်း။ ၃၄ ထိုအမတ်ကလည်း၊ ပရောဖက် သည် အဘယ်သူ ကို ရည်မှတ် ၍ ဤသို့ ဆို ပါသနည်း။ ကိုယ် ကိုတည်း ဆိုလို သလော။ သူတစ်ပါး ကိုတည်း ဆိုလို သလောဟု တောင်းပန် လျက်၊ ၃၅ ဖိလိပ္ပု အား မေးမြန်း လျှင်၊ ဖိလိပ္ပု သည် မိမိ နှုတ် ကိုဖွင့် ၍ ထို ကျမ်းစာချက်ကို အစွဲပြုလျက်၊ ယေရှု ၏အကြောင်းတည်းဟူသောဧဝံဂေလိ တရားကို ဟောလေ၏။ ၃၆ ထိုသို့ လမ်း ၌သွား ကြစဉ် ရေ ရှိရာသို့ ရောက် ၍၊ အမတ် ကလည်း ဤအရပ်တွင်ရေ ရှိပါ၏။ အကျွန်ုပ် ကို ဗတ္တိဇံ မခံစေခြင်းငှာမည်သည့် အကြောင်းဆီးတား ပါသနည်းဟု ပြောဆို လျှင် ၊ ၃၇ ဖိလိပ္ပုက၊ သင်သည် စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ခံရသည် ဟုဆိုလေ၏။ အမတ်ကလည်း၊ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍၊ ၃၈ ရထား ကိုရပ် စေခြင်းငှာစီရင် ပြီးမှ ၊ ဖိလိပ္ပု သည် ထိုအမတ် နှင့်တကွ ရေ ထဲသို့ ဆင်း ၍ ဗတ္တိဇံ ကိုပေး၏။ ၃၉ ရေ ထဲက တက် ကြလျှင် ၊ထာဝရ ဘုရား၏ ဝိညာဉ် တော်သည် ဖိလိပ္ပု ကိုဆောင်ယူ တော်မူ၍ ၊ အမတ် သည် ဖိလိပ္ပု ကို နောက်တဖန်မ တွေ့ မမြင်ရ။ ဝမ်းမြောက် ဝမ်းသာခြင်းနှင့် မိမိ သွားရသောလမ်း ကို သွား လေ၏။ ၄၀ ဖိလိပ္ပု သည်လည်း အာဇုတ် မြို့၌ ပေါ် လာ၍၊ ထိုမြို့မှကဲသရိ မြို့တိုင်အောင်မြို့ ရွာအစဉ်အတိုင်း ရှောက်သွား ၍ ဧဝံဂေလိ တရားကို ဟောလေ၏။

၉ ရှောလု သည်ကား၊ သခင်ဘုရား ၏ တပည့် တော်တို့တစ်ဘက်၌ ခြိမ်းချောက် ၍၊ အသေ သတ်ခြင်းငှာ ပြင်းစွာအသက်ရှူ သဖြင့်၊ ၂ ထိုဘာသာဝင်သော ယောကျ်ား မိန်းမ တို့ကို တွေ့ လျှင်၊ ချည်နှောင် ၍ ယေရုရှလင် မြို့သို့ ပို့ဆောင် ရမည်အကြောင်း၊ ဒမာသက် မြို့၌ ရှိသော တရားစရပ်မှူး တို့ထံသို့ မှာစာ ကိုပေးပါဟု ယဇ်ပုရောဟိတ် မင်းထံ၌ဝင် ၍ တောင်း ပြီးမှ၊ ၃ သွား ၍ ဒမာသက် မြို့အနီး သို့ရောက် သောအခါ၊ ကောင်းကင် ထဲက အလင်း သည် သူ့ ပတ်လည်၍ ရုတ်ခနဲ ထွန်းတောက် လေ၏။ ၄ ရှောလုသည် မြေ ပေါ် မှာ လဲ ၍ နေစဉ်၊ ရှောလု ၊ ရှောလု ၊ အဘယ်ကြောင့် ငါ့ ကိုညှဉ်းဆဲ သနည်းဟု မိမိ အား ပြော သောစကား သံကို ကြား လျှင်၊ ၅ သခင် ၊ ကိုယ်တော်သည် အဘယ်သူ နည်းဟု မေးလျှောက် ၏။ သခင်ဘုရားကလည်း၊ ငါ ကား သင် ညှဉ်းဆဲ သော ယေရှု ဖြစ် သတည်း။ ၆

သို့သော်လည်း ထ ၍ မြို့ သို့ ဝင် လော့။ သင် ပြု ရမည်အမှုကို ပြော လိမ့်မည်ဟုမိန့် တော်မူ၏။ ၇ ရှောလု နှင့်အတူသွား သောသူ တို့သည် အသံ ကိုကြား ရုံမျှသာရှိ၍၊ အဘယ်သူ ကိုမျှမမြင် ဘဲ မိန်းမော တွေဝေလျက်ရပ် နေကြ၏။ ၈ ရှောလု သည်လည်းမြေ မှ ထ ၍ မျက်စိ ကိုဖွင့် သော်လည်းအဘယ်သူ ကိုမျှမမြင် နိုင်သည်ဖြစ်၍၊ သူ ၏လက်ကို ဆွဲလျက် ဒမာသက် မြို့သို့ ပို့ဆောင် ကြ၏။ ၉ သုံး ရက် ပတ်လုံးမျက်စိမ မြင် ၊ မ စား မ သောက် ဘဲနေ လေ၏။ ၁၀ ထိုအခါ အာနနိ အမည် ရှိသော တပည့် တော်တစ်ယောက်သည် ဒမာသက် မြို့၌ ရှိ ၏။ ထိုသူ ကို သခင် ဘုရားသည် ဗျာဒိတ် တော်အားဖြင့် ၊ အာနနိ ဟူ၍ခေါ် တော်မူလျှင်၊ အာနနိက၊ သခင် ဘုရား အကျွန်ုပ် ရှိ ပါသည်ဟုလျှောက် ၏။ ၁၁ သခင် ဘုရားကလည်း ၊ သင်သည်ထ ၍ လမ်း ဖြောင့် အမည် ရှိသော လမ်း သို့ သွား လော့။ ရှောလု အမည် ရှိသောတာရှု မြို့သားကို ယုဒ ၏ အိမ် ၌ ရှာဖွေ လော့။ အကြောင်းမူကား ၊ ထိုသူသည် ဆုတောင်း လျက်နေ၏။ ၁၂ မိမိမျက်စိကို မြင်ပြန်စေခြင်းငှာအာနနိ အမည် ရှိ သော သူ သည် ဝင် ၍ ၊ မိမိ အပေါ် ၌ လက် တင် သည်ကို ဗျာဒိတ် တော်အားဖြင့် မြင် လေပြီ ဟုမိန့်တော်မူ၏။ ၁၃ အာနနိ ကလည်း ၊ သခင် ဘုရား၊ ထို သူ သည် ယေရုရှလင် မြို့၌ ကိုယ်တော် ၏ သန့်ရှင်း သူ တို့ကို အဘယ်မျှလောက် ပင် ညှဉ်းဆဲ သည်ကို လူများ ပြော၍ အကျွန်ုပ်ကြား ရပါပြီ။ ၁၄ ဤအရပ် ၌လည်းကိုယ်တော် ကို ပဌနာ ပြုသော သူ ရှိသမျှ တို့ကို ချည်နှောင် ရမည်အခွင့် ကို ယဇ်ပုရောဟိတ် အကြီးတို့ထံ၌ ရ ပါသည်ဟု ပြန်လျှောက် ၏။ ၁၅ သခင် ဘုရားကလည်း ၊ ထို သူကားတစ်ပါး အမျိုးသားတို့နှင့် ရှင်ဘုရင် တို့ထံသို့ဝင်း၊ ဣသရေလ အမျိုးသား တို့ရှိရာ သို့ဝင်း၊ ငါ ၏နာမ ကို ပို့ဆောင် စေခြင်းငှာငါ ရွေးကောက် သော တန်ဆာ ဖြစ် ၏။ ၁၆ အကြောင်းမူကား ၊ ထိုသူ သည်ငါ ၏နာမ ကြောင့် အဘယ်မျှလောက် ပင် ဆင်းရဲ ခံရမည်ကို ငါ သည် သူ့ အားပြ မည်။ ထိုကြောင့်သင်သွား လော့ဟု အာနနိ အား မိန့် တော်မူ၏။ ၁၇ အာနနိ သည်လည်း သွား ၍ အိမ် သို့ ရောက် လျှင်၊ ရှောလု အပေါ် ၌မိမိလက် ကိုတင် ၍၊ ညီ ရှောလု ၊ သင်လာ သောလမ်း ၌ သင့် အား ထင်ရှား တော်မူသော သခင်ယေရှု သည် သင်၏မျက်စိမြင် ပြန်စေခြင်းငှာ ၎င်း ၊ သင့်ကိုသန့်ရှင်း သော ဝိညာဉ် တော်နှင့် ပြည့် စေခြင်းငှာငါး ငါ ကို စေခန့် တော်မူသည်ဟုပြောဆို ၏။ ၁၈ ထိုခဏ ၌ ရှောလု ၏ မျက်စိ မှ ငါး ကြေးကွာ ကျ သကဲ့သို့ ဖြစ်၍ ၊ မျက်စိမြင် ပြန်သဖြင့်ထ ၍ ဗတ္တိဇံ ကိုခံပြီးလျှင် ၊ အစာ အာဟာရကို သုံးဆောင် ၍ အားဖြည့် လေ၏။ ၁၉ ထိုနောက်ရှောလုသည် ဒမာသက် မြို့၌ရှိသော တပည့် တော်တို့ နှင့်အတူ ကာလ အတန် အရာနေ ၍၊ ၂၀ ယေရှု သည် ဘုရားသခင် ၏ သား တော်ဖြစ် ကြောင်း ကို တရားစရပ် တို့ ၌ မဆိုင်းမလင့် ဟော လေ၏။ ၂၁ ကြား သောသူအပေါင်း တို့သည် အံ့ဩ ၍ ၊ သူ ကား၊ ထို သခင် ကို ပဌနာ ပြုသောသူ တို့ကို ယေရုရှလင် မြို့၌ ဖျက်ဆီး သည် သာမက၊ ထိုသူ များကိုချည်နှောင် ၍ ယဇ်ပုရောဟိတ် အကြီးတို့ထံသို့ ပို့ဆောင် ခြင်းငှာ ဤအရပ် သို့ လာ သောသူဖြစ်သည် မ ဟုတ် လောဟု ဆို ကြ၏။ ၂၂ ရှောလု သည်လည်း အားတိုးပွား သဖြင့် ဒမာသက် မြို့၌ နေ သော ယုဒ လူတို့သည် ပြောသမျှသော စကားကိုချေ၍၊ ယေရှု သည် ခရစ်တော် ဖြစ် ကြောင်း ကို ထင်ရှား စွာပြ၏။ ၂၃ ကာလ ကြာမြင့် ပြီးမှ၊ ရှောလု ကိုသတ် အံ့သောငှာ၊ ယုဒ လူတို့ သည်အချင်းချင်းတိုင်ပင် ကြ၏။ ၂၄ ထို အကြံအစည်ကို ရှောလု သည်သိ ၏။

သူ့ ကို သတ် အံ့သောငှာ မြို့တံခါး တို့ကို နေ့ ညဉ့် မပြတ်စောင့် ကြ သောကြောင့်၊ ၂၅ တပည့် တော်တို့သည် ညဉ့် အခါသူ့ ကိုယူ၍ တောင်း၌ ထည့်ပြီးလျှင်မြို့ ရိုး ပေါ် က လျှောချ ကြ၏။ ၂၆ ယေရှုရှလင် မြို့သို့ ရောက် သောအခါ ၊ တပည့် တော်တို့နှင့် ပေါင်းဘော် မည်ပြူ သော်၊ သူ သည် တပည့် တော်ဖြစ် ကြောင်းကိုတပည့်တော် အပေါင်းတို့ သည် မ ယုံ သဖြင့် သူ့ ကိုကြောက်ရွံ့ ကြ၏။ ၂၇ ထိုအခါ ဗာနဗ သည် သူ့ ကိုခေါ် ၍ တမန်တော် များထံသို့ ပို့ဆောင် ပြီးလျှင်၊ အထက်ကရှောလုသည် လမ်း ခရီး၌ သခင် ဘုရားကို မြင် သည်ဟူ၍ငင်း၊ သူ့ အားမိန့် တော်မူသည်ဟူ၍ငင်း၊ ဒမာသက် မြို့၌ ယေရှု ၏နာမ တော်ကိုအမှီပြု လျက်၊ ရဲရင့် စွာဟောသည်ဟူ၍ငင်းပြော လေ၏။ ၂၈ ထိုနောက်မှ ရှောလုသည် ယေရုရှလင် မြို့၌ တမန်တော် တို့နှင့် ပေါင်းဖော်၍၊ သခင် ယေရှု၏ နာမ တော်ကိုအမှီပြု ၍ရဲရင့် စွာ ဟောလျက် နေ၏။ ၂၉ ဟေလေနစ် လူတို့နှင့် နှီးနော ပြောဆို သဖြင့်၊ ထိုသူတို့သည် ရှောလု ကိုသတ် မည်ဟု အားထုတ် ကြ၏။ ၃၀ ထိုအကြောင်းကို ညီအစ်ကို တို့သည် ကြားသိ လျှင် ၊ ရှောလု ကို ကဲသရိ မြို့သို့ ပို့ ၍ တာရှု မြို့တိုင်အောင် စေလွှတ် ကြ၏။ ၃၁ ထိုအခါ ယုဒ ပြည်၊ ဂါလိလဲ ပြည်၊ ရှမာရိ ပြည် အရပ်ရပ် တို့တွင် အသင်းတော် တို့သည် ငြိမ်သက် ၍ တည်ဆောက် ခြင်းရှိကြ၏။ သခင် ဘုရားကို ကြောက်ရွံ့ ခြင်း၌ငင်း ၊ သန့်ရှင်း သောဝိညာဉ် တော်၏ အဆုံးအမ ၌ ၎င်း၊ မွေ့လျော် သောအားဖြင့်ပွားများ ကြ၏။ ၃၂ ပေတရု သည် အရပ်ရပ် တို့ကို လှည့်လည် သည် တွင် သန့်ရှင်း သူ တို့ရှိ ရာလုဒ္ဒ မြို့သို့ ရောက် လေ၏။ ၃၃ ထို အရပ်၌ အဲနေ အမည် ရှိသောတုံးလုံး နေ သော သူ တစ် ယောက်ကိုတွေ့ လျှင် ၊ အဲနေ ၊ ယေရှု ခရစ် သည် သင့် အားချမ်းသာ ပေးတော်မူ၏။ ၃၄ ထ ၍ အိပ်ရာကိုပြင် လော့ဟု ပေတရု ဆို သော်၊ ထိုသူသည် ချက်ခြင်း ထ ၏။ ၃၅ လုဒ္ဒ မြို့နှင့် ရှာရုန် မြို့၌ နေ သောသူ အပေါင်း တို့သည် ထိုသူ ကို မြင် ၍ သခင် ဘုရားထံတော်သို့ ပြောင်းလဲ ကြ၏။ ၃၆ ယုပ္ပေ မြို့၌ ဒေါ် ကာ ဟုဆိုလို သော တဗိသ အမည် ရှိသော တပည့် တော်မ တစ် ယောက်ရှိ ၏။ ထို မိန်းမသည် ကောင်း သောအကျင့် ၊ စွန့်ကြဲ ခြင်းအကျင့်နှင့် ပြည့်စုံ လျက်၊ ၃၇ ထို အခါ ၌ နာ ၍သေ လေ၏။ အလောင်းကို ရေချိုးပြီးလျှင်အထက် ခန်း၌ တင် ထားကြ၏။ ၃၈ လုဒ္ဒ မြို့သည် ယုပ္ပေ မြို့နှင့် နီး သည်ဖြစ် ၍ ထိုမြို့ ၌ ပေတရု ရှိ ကြောင်း ကို တပည့် တော်တို့သည်ကြား လျှင်၊ ပေတရုသည် အလျင်အမြန် ကြွလာ ပါမည် အကြောင်း လူ နှစ် ယောက်ကို စေလွှတ် ၍ တောင်းပန် ကြ၏။ ၃၉ ပေတရု သည် ထ ၍ ထိုသူ တို့နှင့်အတူလိုက် လေ ၏။ ရောက် လျှင် အထက် ခန်းသို့ ခေါ် ပင့် ၍ မုတ်ဆိုးမ များ တို့သည် ငိုကြွေး လျက် ၊ သူ တို့နှင့်အတူ ဒေါ် ကာ ရှိ စဉ်အခါလုပ် ခဲ့သော အင်္ကျီ နှင့် အဝတ် များကို ပြ လျက် ရှိကြ၏။ ၄၀ ပေတရု သည် ထိုသူအပေါင်း တို့ကို ပြင် သို့ထွက် စေသည်နောက် ၊ ကိုယ်တိုင်ဒူး ထောက် ၍ ဆုတောင်း ပဌနာပြုပြီးလျှင် ၊ ထိုအလောင်း သို့ မျက်နှာလှည့် ၍၊ တဗိသ ၊ ထ လော့ဟုဆို လေ၏။ ထိုမိန်းမ သည် မျက်စိ ကိုဖွင့် ၍ ပေတရု ကိုမြင် လျှင် ထ၍ထိုင် ၏။ ၄၁ ပေတရုသည် မိမိလက် ကို သူ့ အားပေး ၍ ချီကြွ ပြီးမှ ၊ သန့်ရှင်း သူ တို့နှင့် မုတ်ဆိုးမ တို့ကိုခေါ် ၍ အသက် ရှင်လျက်ရှိသော ထိုမိန်းမ ကိုပြ လေ၏။ ၄၂ ထိုအကြောင်းကို ယုပ္ပေ မြို့၌ အနှံ့အပြားသိ ကြ ၍၊ လူများ တို့သည် သခင် ဘုရားကိုယုံကြည် ခြင်းသို့ ရောက်ကြ၏။ ၄၃ ပေတရုသည် ယုပ္ပေ မြို့၌ ရှိမုန် အမည်ရှိသော သားရေ လုပ်သမားနှင့်အတူ ကြာမြင့် စွာနေ ၏။

၁၀ ကဲသရိ မြို့၌ ကြတလိ တပ်ဟု ခေါ်ဝေါ် သော တပ် တွင် လူတရာ ကိုအုပ်ချုပ်သော တပ်မှူး ကော်နေလိ အမည် တွင်သော သူ တစ် ယောက်ရှိ ၏။ ၂ ထိုသူသည် မိမိ အိမ် တွင်ရှိသမျှ သော သူတို့နှင့်တကွ ဘုရားဝတ်၌ မွေ့လျော် ၍ ဘုရားသခင် ကို ကြောက်ရွံ့ခြင်းရှိသဖြင့် လူ တို့အားများစွာ သော စွန့်ကြဲ ခြင်းကိုပြု ၍ ဘုရားသခင် ကို အစဉ် ဆုတောင်း လေ့ရှိ၏။ ၃ တစ်နေ့သ၌ နေသုံးချက်တီး အချိန် တွင် ဘုရားသခင် ၏ ကောင်းကင်တမန် သည်၊ ကော်နေလိ ဟု ခေါ် လျက် ရောက်လာ သည်ကို ထိုသူ သည် ထင်ရှား သော ဗျာဒိတ် ရူပါရုံအားဖြင့် မြင် ရ၏။ ၄ ကောင်းကင် တမန်ကို စေ့စေ့ ကြည့်လျှင် ထိတ်လန့် ခြင်းရှိသည် ဖြစ်၍ ၊ သခင် ၊ အဘယ် အခင်းရှိ ပါ သနည်းဟု မေး သော် ၊ ကောင်းကင်တမန်က၊ သင် ပြု သောဆုတောင်း ပဌနာနှင့် စွန့်ကြဲ ပေးကမ်းခြင်းတို့သည် ဘုရားသခင့် ရှေ့တော်၌ အောက်မေ့ စရာဘို့ တက် ကြပြီ။ ၅ ထိုကြောင့် ယခုပင် ယုပ္ပေ မြို့သို့ လူ တို့ကိုစေလွှတ် ၍ ၊ ပေတရု အမည် သစ်ကိုရသော ရှိမုန် ကိုခေါ်ပင့် လော့။ ၆ ထိုသူ သည်သားရေ လုပ်သမားရှိမုန် ၏ အိမ်၌ တည်း နေ၏။ ထို အိမ် သည် ပင်လယ် နား မှာ ရှိ သည်ဟု ပြောဆို၏။ ၇ ထိုသို့ ပြောဆို သော ကောင်းကင်တမန် သွား ပြီးမှ ၊ ကော်နေလိသည် မိမိငယ်သား နှစ် ယောက်နှင့်တကွ မိမိ ထံ၌မပြတ်ခစား သောလူစုအဝင်၊ ဘုရားဝတ်၌ မွေ့လျော် သော စစ်သူရဲ တစ်ယောက်ကိုခေါ် ၍ ၊ ၈ ထိုအကြောင်းအရာအလုံးစုံ တို့ကို ကြားပြော ပြီးမှယုပ္ပေ မြို့သို့ စေလွှတ် ၏။ ၉ နက်ဖြန် နေ့၌ ထိုသူ တို့သည် သွား ၍ ယုပ္ပေမြို့ အနီး သို့ ရောက်ကြသောအခါ ၊ နှစ်ချက်တီးအချိန် တွင် ပေတရု သည် ဆုတောင်း ခြင်းဌာအိမ်မိုး ပေါ် သို့ တက် လေ ၏။ ၁၀ ဆာမွတ် ၍ အစာ အာဟာရကို အလိုရှိ လျှင် သူတစ်ပါးတို့သည် အစာအာဟာရကို ပြင်ဆင် ကြစဉ်အခါပေတရုသည် ဘဝင် ဖြစ်၍နေသဖြင့်၊ ၁၁ ကောင်းကင် ဖွင့်လှစ် သည်ကိုငင်း ၊ ခြုံထည် ကဲ့သို့ လေး ထောင့် ချုပ်၍ မြေ သို့ ချ လွှတ်သော တန်ဆာ သည် မိမိဆီသို့ဆင်းသက် လာသည် ကိုငင်းမြင် လေ၏။ ၁၂ ထို တန်ဆာထဲ၌ သားရဲ မှစ၍ မြေ ၌ကျင်လည်သောသားမျိုး၊ တွား တတ်သော တိရစ္ဆာန်မျိုး၊ မိုယိုး ကောင်းကင်၌ ကျင်လည်သော ငှက် မျိုး တို့သည်ရှိ ကြ၏။ ၁၃ စကား အသံသည်လည်း ၊ ပေတရု ထ ၍ သတ် စား လော့ဟု လာ ၏။ ၁၄ ပေတရု ကလည်း ၊ မ ဖြစ်နိုင်ပါသခင် ။ ညစ်ညူး သောအရာ နှင့် မ စင်ကြယ်သောအရာကို အကျွန်ုပ်သည် တရံတစ်ခါ မျှမစား ဘူးပါဟု ပြောဆို ၏။ ၁၅ နောက်တစ်ဖန် စကား သံကား၊ ဘုရားသခင် စင်ကြယ် စေတော်မူသောအရာ ကို ညစ်ညူး သည်မ ထင် နှင့်ဟု လာပြန်၏။ ၁၆ ထိုသို့ သုံး ကြိမ်မြောက်အောင်လာ ပြီးလျှင်၊ ထိုတန်ဆာ ကို ကောင်းကင် ထဲသို့ သိမ်းရုပ် ပြန်လေ၏။ ၁၇ ပေတရု သည် မိမိမြင် ရသော ဗျာဒိတ် ရူပါရုံ ကား၊ အဘယ်သို့ ဆိုလို သနည်းဟု တွေးတော ဆင်ခြင်၍ နေစဉ်တွင်၊ ကော်နေလိ စေလွှတ် သောသူ တို့သည် ရှိမုန် အိမ် ကို မေးမြန်း ရှာဖွေ၍ တံခါး ရှေ့မှာ ရပ် လျက်၊ ၁၈ ပေတရု အမည် သစ်ကိုရသော ရှိမုန် သည် ဤမှာတည်း နေပါ သလောဟု မေးမြန်း ဟစ်ခေါ် ကြ၏။ ၁၉ ပေတရုသည်ထိုဗျာဒိတ် ရူပါရုံကို ဆင်ခြင် ၍နေစဉ်တွင် ဝိညာဉ် တော်က၊ လူ သုံး ယောက်တို့သည် သင့် ကိုရှာ ကြ၏။ ၂၀ ထ ၍ဆင်း လော့။ တွေးတော ခြင်းမ ရှိဘဲ ထိုသူ တို့နှင့်အတူ လိုက် သွားလော့။ အကြောင်းမူကား ၊ ထိုသူ တို့သည် ငါ စေလွှတ် သော သူဖြစ်ကြသည်ဟု

မိန့်တော်မူလျှင်၊ ၂၁ ပေတရု သည်ဆင်း၍ ၊ ငါ ကား၊ သင်တို့ရှာ သော သူ ဖြစ် ၏။ အဘယ် အကြောင်း ရှိ၍ လာ ကြသနည်းဟု ထိုသူ တို့အား မေး ၏။ ၂၂ ထိုသူတို့ကလည်း ဘုရားသခင် ကိုကြောက်ရွံ့၍ ၊ ယုဒ လူ အပေါင်း တို့တွင် အသရေ ရှိသော သူတော်ကောင်း တည်းဟူသောတပ်မှူး ကော်နေလိ သည်၊ ကိုယ်တော် ကို မိမိ အိမ် သို့ ခေါ်ပင့်၍ ကိုယ်တော် ၏ စကား ကို နားထောင် ရမည်အကြောင်း၊ သန့်ရှင်း သော ကောင်းကင်တမန် အားဖြင့် ဗျာဒိတ် တော်ကို ခံရပါသည်ဟု ပြန်ပြော ကြ၏။ ၂၃ ပေတရုသည်လည်းထိုသူ တို့ကို အိမ်ထဲသို့ခေါ်၍ ဧည့်သည် ဝတ်ကိုပြုလေ၏။ နက်ဖြန် နေ့၌ ထ၍ ထိုသူ တို့ နှင့်အတူ သွား သဖြင့်၊ ယုပ္ပေ မြို့သားဖြစ်သော ညီအစ်ကို အချို့ တို့သည် လိုက် ကြ၏။ ၂၄ ထိုနောက် တနေ့ ၌ ကဲသရိ မြို့သို့ ဝင် ကြွ၍၊ ကော်နေလိ သည် မိမိ အဆေအမျိုး မိတ် ခင်ပွန်းများတို့ကို စုဝေး စေပြီးလျှင်၊ ထိုသူ တို့ကို မြော်လင့် လျက်နေ ကြ၏။ ၂၅ ပေတရု ရောက်လာ သောအခါ ကော်နေလိ သည် ခရီးဦးကြိုပြု၍၊ ပေတရု၏ခြေ ရင်း၌ ပြပ်ဝပ် လျက် ကိုးကွယ် လေ၏။ ၂၆ ပေတရု သည် သူ့ ကိုချီပင့် လျက်၊ ထ လော့။ ငါ ကိုယ်တိုင်လူ ဖြစ် သည်ဟုဆို ၏။ ၂၇ ထိုသို့နှုတ်ဆက် ၍ ဝင် လေသော် စုဝေး လျက်ရှိ ကြသော လူများ ကိုတွေ့ လျှင်၊ ၂၈ ပေတရုက၊ ယုဒ လူ ဖြစ် သောသူတို့သည် တစ်ပါး အမျိုးသားတို့နှင့် မပေါင်းဘော် မချည်းကပ် အပ်သည်ကို သင် တို့သိ ကြ၏။ သို့သော်လည်းညစ်ညူး သည် မ စင်ကြယ်ဟု အဘယ်သူ ကိုမျှ မခေါ် ရမည်အကြောင်း၊ ဘုရားသခင် သည်၊ ငါ့ အားဆုံးမပြသ တော်မူပြီ။ ၂၉ ထိုကြောင့် ငါ့ကိုခေါ် ကြသောအခါငါသည် မ ငြင်းမခုံဘဲလျက် လာ ၏။ သို့ ဖြစ်၍ အဘယ် အကြောင်း ကြောင့် ငါ့ ကိုခေါ် ကြသနည်း၊ ငါမေး လိုသည်ဟု ထိုသူ တို့ အား ပြောဆို ၏။ ၃၀ ကော်နေလိကလည်း၊ အကျွန်ုပ်သည် ယခု အချိန် နာရီတိုင်အောင် အစာရှောင်၍ သုံးချက်တီး အချိန်တွင် အိမ် ၌ ဆုတောင်း လျက် နေ သည်၊ ယခု လေး ရက် ရှိပါပြီ။ ထိုအချိန်၌ လူ တစ်ယောက်သည် ထွန်းတောက် သောအဝတ်ကို ဝတ် လျက် အကျွန်ုပ် ရှေ့မှောက် ၌ရပ် ၍ ၊ ၃၁ ကော်နေလိ ၊ သင် ပြုသောပဌနာ ကို ဘုရားသခင် သည် ကြား ၍၊ သင် စွန့်ကြဲ ခြင်းကိုလည်း မှတ် တော်မူပြီ။ ၃၂ ထိုကြောင့် ယုပ္ပေ မြို့သို့ စေလွှတ် ၍ ပေတရု အမည် သစ်ကို ရသော ရှိမုန် ကို ခေါ်ပင့် လော့။ ထိုသူ သည် ပင်လယ် နား မှာ သားရေ လုပ်သမားရှိမုန် ၏ အိမ် ၌ တည်း နေ၏။ ထိုသူသည်ရောက်လာလျှင် သင့်အား ဟောပြောလိမ့်မည်ဟုပြောဆို ပါ၏။ ၃၃ ထိုကြောင့် အကျွန်ုပ်သည် ကိုယ်တော် ထံသို့ အလျင်အမြန် စေလွှတ် ၍၊ ကိုယ်တော် သည် ကြွလာ သော အားဖြင့်ကောင်းမွန် စွာပြု ပါ ပြီ။ သို့ ဖြစ်၍ ဘုရားသခင် သည် ကိုယ်တော် ၌မှာထား တော်မူသမျှ ကို နားထောင် ခြင်းငှာ၊ ယခု အကျွန်ုပ် တို့ရှိသမျှ သည် ဘုရားသခင် ရှေ့ တော်၌ အသင့် နေကြပါသည်ဟု ကော်နေလိ ပြောဆို ၏။ ၃၄ ထိုအခါပေတရု သည် နှုတ် ကိုဖွင့်၍ ၊ အကယ်စင်စစ် ဘုရားသခင် သည် လူ မျက်နှာကို မှတ်တော်မ မူ။ ၃၅ လူ အမျိုးမျိုး တို့တွင် ဘုရားသခင် ကို ကြောက်ရွံ့၍ တရား သဖြင့် ကျင့်ဆောင် သောသူ သည် အထံ တော်၌ မျက်နှာ ရသည်ကို ငါသိမြင် ၏။ ၃၆ အလုံးစုံ တို့ကို အစိုးရ တော်မူသော သခင်ယေရှု ခရစ် အားဖြင့် ရန်ငြိမ်း ခြင်းတရားတည်းဟူသောဧဝံဂေလိတရားကို ဟော တော်မူလျက်၊ ဣသရေလ အမျိုးသား တို့အား ပေး လိုက်တော်မူသော တရား တော်နှင့်အညီ၊ ၃၇ ယောဟန် သည် ဗတ္တိဇံ တရားကို

ဟော သည် နောက် ဂါလိလဲ ပြည်မှစ၍ ယုဒ ပြည်အရပ်ရပ် တို့ ၌ နှံ ပြား သော အကြောင်း အရာကို သင် တို့သည် သိ ကြ၏။ ၃၈ ထိုအကြောင်းအရာဟူမူကား၊ ဘုရားသခင် သည် သန့်ရှင်း သော ဝိညာဉ် တော်နှင့် ၎င်း၊ တန်ခိုး တော်နှင့်၎င်း၊ နာဇရက် မြို့သားယေရှု ကို ဘိသိက် ပေးတော်မူသဖြင့်၊ ထိုသူ သည် ဘုရားသခင် ၏ အခွင့်တော်နှင့် ကျေးဇူး ပြုလျက်၊ မာရ်နတ် ညှဉ်းဆဲ သော သူ အပေါင်း တို့အား ချမ်းသာ ကို ပေးလျက် လှည့်လည် တော်မူ၏။ ၃၉ ငါ တို့သည်လည်း ၊ ယေရုရှလင် မြို့မှစ၍ ယုဒ ပြည် တွင် ပြု တော်မူသောအမှု များတို့၏ သက်သေခံ ဖြစ်ကြ၏။ ထိုသူ ကိုသစ် တိုင်၌ ဆွဲ ၍ ကွပ်မျက် ကြလေ၏။ ၄၀ သုံး ရက်မြောက်သောနေ့ ၌ ဘုရားသခင် သည် ထမြောက် စေတော်မူ၍၊ ၄၁ လူ အပေါင်း တို့အား ထင်ရှား စွာပြတော်မ မူ၊ ဘုရားသခင် ခန့်ထား တော်မူနှင့်သော သက်သေခံ တည်းဟူသောငါ တို့အား ထင်ရှားစွာ ပြတော်မူ၏။ သေ ခြင်းမှ ထမြောက် တော်မူသည်နောက် ၊ ထိုသခင် နှင့်အတူငါတို့သည်စား သောက် ရကြ၏။ ၄၂ ထို သခင်သည်လည်း အသက်ရှင် သောသူတို့နှင့် သေ သော သူ တို့ကို တရား စီရင်သောသခင်ဖြစ် စေခြင်းငှာ ၊ ဘုရားသခင် ခန့်ထား တော်မူကြောင်းကို လူ အပေါင်းတို့အား ဟောပြော ကြလော့။ သက်သေခံ ကြ လော့ဟု ငါ တို့အားပညတ် ထားတော်မူ၏။ ၄၃ ထိုသခင် ကို ယုံကြည် သောသူရှိသမျှ တို့သည် နာမ တော် အားဖြင့် အပြစ် လွှတ် တော်မူခြင်း ကျေးဇူးကို ခံရကြလတံ့ဟူ၍ပရောဖက် အပေါင်း တို့သည် ထို သခင်၏ သက်သေခံ ဖြစ်ကြသည်ဟု ပေတရုမြွက်ဆို ၏။ ၄၄ ထို စကား ကို မြွက်ဆို စဉ် ၊ နှုတ်ကပတ် တရား တော်ကို ကြားနာ ရသော သူ အပေါင်း တို့အပေါ် သို့ သန့်ရှင်း သောဝိညာဉ် တော်သည် သက်ရောက် တော်မူ၏။ ၄၅ တစ်ပါး အမျိုးသားတို့ အပေါ် သို့ သန့်ရှင်း သော ဝိညာဉ် တော်၏ ကျေးဇူး ကိုသွန်းလောင်း သောကြောင့်၊ အရေဖျားလှီး ခြင်းကို ခံသောသူ တည်းဟူသောပေတရု နှင့် ပါ သမျှ သော တပည့် တော်တို့သည် မိန်းမော တွေဝေခြင်းရှိကြ၏။ ၄၆ အကြောင်းမူကား ၊ ထိုသူ တို့သည် အမျိုးမျိုး သော ဘာသာစကား အားဖြင့်ပြော ၍ ၊ ဘုရားသခင် ကို ချီးမွမ်း သည်ကိုကြား ကြလေ၏။ ၄၇ ထိုအခါ ပေတရု က၊ ငါ တို့ကဲ့သို့ သန့်ရှင်း သော ဝိညာဉ် တော် ကိုခံရ သော ဤ သူ တို့ကို ဗတ္တိဇံ မ ပေးစေခြင်းငှာအဘယ်သူ သည် ရေ ကို မြစ်တား နိုင် သနည်း ဟုဆို လျက်၊ ၄၈ သခင်ဘုရား၏နာမ ၌ ဗတ္တိဇံ ကို ခံစေမည်အကြောင်းစီရင် လေ၏။ ထိုနောက်မှ ပေတရု သည် ကာလ အတန် အရာနေ ပါမည် အကြောင်းကို ထိုသူတို့ သည် တောင်းပန် ကြ၏။

၁၁ တစ်ပါး အမျိုးသားတို့သည် ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို ခံယူ ကြသည်ဟု ယုဒ ပြည်၌ ရှိ သောတမန်တော် တို့နှင့် ညီအစ်ကို များတို့သည် ကြားသိ ကြ၏။ ၂ ပေတရု သည် ယေရုရှလင် မြို့သို့ တက်ရောက် လာသောအခါ အရေဖျားလှီး ခြင်းကို ခံသောသူ တို့က၊ ၃ သင်သည် အရေဖျားလှီး ခြင်းကို မခံသော လူ တို့နှင့် ပေါင်းဘော်စား သောက်ပါသည်တကားဟု ဆန့်ကျင်ဘက်ပြု၍ဆို ကြ၏။ ၄ ပေတရု သည်လည်း ၊ ထိုအကြောင်းအရာကို အစ မှအဆုံးတိုင်အောင်ဘော်ပြ သည်ကား၊ ၅ ငါ သည်ယုပ္ပေ မြို့ ၌ ဆုတောင်း စဉ် ဘဝင် ဖြစ် ၍၊ ကောင်းကင် မှ လေး ထောင့် ဖြင့် ချ လွှတ်သော ခြိုထည် ကဲ့သို့သော တန်ဆာ သည် ဆင်းသက် ၍၊ ငါ့ ထံသို့ ရောက်လာ သည်ကို ဗျာဒိတ် ရူပါရုံအားဖြင့် မြင် ၏။ ၆ ထို တန်ဆာကို စေ့စေ့ ကြည့်ရှုဆင်ခြင် လျှင်၊ သားရဲ မှစ၍ မြေ ၌ ကျင်လည်သောသားမျိုး ၊

တွား တတ် သော တိရစ္ဆာန်မျိုး၊ မိုယ်း ကောင်းကင်၌ ကျင်လည်သော ငှက် မျိုးတို့ကိုမြင် ၏။ ၇ ထိုအခါ ၊ ပေတရု ၊ ထ ၍ သတ် စား လော့ဟု ငါ့ အားပြော သော စကား သံကိုလည်း ငါကြား ၏။ ၈ ငါကလည်း မ ဖြစ်နိုင်ပါသခင် ။ ညစ်ညူး သော အရာနှင့် မ စင်ကြယ်သောအရာသည် အကျွန်ုပ် ခံတွင်း ထဲသို့ တရံတစ်ခါ မျှမဝင် ဘူးပါ ဟုပြောဆို ၏။ ၉ နောက်တဖန်စကား သံကား၊ ဘုရားသခင် စင်ကြယ် စေတော်မူသောအရာ ကို ညစ်ညူး သည်မ ထင်နှင့်ဟု ကောင်းကင် ထဲက လာ ပြန်၏။ ၁၀ ထိုသို့ သုံး ကြိမ်မြောက်အောင် ဖြစ် ပြီးလျှင် ၊ ထိုအရာရှိသမျှ တို့ကို ကောင်းကင် ထဲသို့ ဆွဲယူ ပြန် လေ၏။ ၁၁ ထိုခဏခြင်း တွင် ကဲသရိ မြို့မှ ငါ့ ထံသို့ စေလွှတ် သော လူ သုံး ယောက်တို့သည် ငါ ရှိသောအိမ် အနားမှာ ရပ် နေကြ၏။ ၁၂ ငါ သည်တွေးတော ခြင်းမ ရှိဘဲ ထိုသူ တို့နှင့်အတူသွား ရမည်အကြောင်းဝိညာဉ် တော်သည် မိန့် တော်မူ၏။ ဤ ညီအစ်ကို ခြောက် ယောက်တို့သည်လည်း ငါ နှင့်အတူ သွား ၍ ထိုသူ ၏အိမ် သို့ ဝင် ကြ၏။ ၁၃ ကောင်းကင်တမန် သည် သူ ၏အိမ် ၌ ထင်ရှားစွာရပ် လျက်၊ သင်သည်ယုပ္ပေ မြို့သို့ လူတို့ကိုစေလွှတ် ၍ ပေတရု အမည် သစ်ကိုရသော ရှိမုန် ကို ခေါ် ပင့် လော့။ ၁၄ ထို ပေတရုသည် သင် မှစ၍ သင် ၏ အိမ် ၌ ရှိသမျှ သော သူ တို့ကို ကယ်တင် တော်မူခြင်း တရား စကား ကို သင့် အားဟောပြော လိမ့်မည်ဟု မြွက်ဆို ခဲ့သော အကြောင်းအရာကို ထိုသူသည် ငါ တို့အားပြန်ကြား လေ၏။ ၁၅ ငါ သည်ဟောပြော စ ပြုစဉ်၊ သန့်ရှင်း သော ဝိညာဉ် တော်သည် ရှေ့ဦးစွာ ငါ တို့အပေါ် သို့ သက်ရောက်တော်မူသည်နည်းတူ ၊ ထိုသူ တို့ အပေါ် သို့ လည်း သက်ရောက် တော်မူ၏။ ၁၆ ယောဟန် သည် ရေ ၌ဗတ္တိဇံ ကိုပေး၏။ သင် တို့ သည် သန့်ရှင်း သော ဝိညာဉ် တော်၌ ဗတ္တိဇံ ကို ခံရကြလိမ့်မည်ဟု သခင် ဘုရား မိန့် တော်မူသော စကား ကို ထိုအခါ ငါအောက်မေ့ ၏။ ၁၇ သခင် ယေရှု ခရစ် ကို ယုံကြည် သောငါ တို့အား ဘုရားသခင် သည် ဆုကျေးဇူး ကို ပေး တော်မူသည် နည်းတူ ၊ ထိုသူ တို့အားလည်း ပေးတော်မူသည်ဖြစ်သောကြောင့်၊ ငါ သည်အဘယ်သို့ သောသူဖြစ် ၍ ဘုရားသခင် ကို ဆီးတား နိုင် သနည်းဟု ပေတရုဆို၏။ ၁၈ ဤ အကြောင်းအရာတို့ကို ထိုသူတို့သည် ကြား ရလျှင် မငြင်းဘဲ နေ၍၊ အကယ်စင်စစ်ဘရားသခင် သည် အသက် ရှင်စေခြင်းအလိုဌာ ၊ နောင်တ တရားကို တပါး အမျိုးသားတို့အားလည်း ပေး တော်မူပြီဟု ဘုရားသခင် ၏ ဂုဏ် တော်ကိုချီးမွမ်းကြ၏။ ၁၉ ထိုမှတပါး၊ သတေဖန် ၏အမှုကြောင့် ညှဉ်းဆဲ ခြင်းကိုခံရ၍ အရပ်ရပ်သို့ ကွဲပြား သောသူ တို့သည် ဖိနိတ် ၊ ကုပရု ၊ အန္တိအုတ် မြို့များသို့ တိုင်အောင်သွား၍၊ ယုဒ လူတို့အားသာ နှုတ်ကပတ် တရားတော်ကို ဟောပြော ကြ၏။ ၂၀ နောက်မှထိုသူအချို့ တို့သည် ကုပရု ပြည်သား ၊ ကုရေနေ ပြည်သားဖြစ် ၍ အန္တိအုတ် သို့ သွား ပြီးလျှင်၊ သခင် ယေရှု ၏ အကြောင်းတည်းဟူသောဧဝံဂေလိ တရားကို ဟေလေနစ် လူတို့အား ဟောပြော ကြ၏။ ၂၁ သခင် ဘုရား၏လက် ထောက်တော်သည် လူ တို့နှင့်တကွ ရှိ တော်မူသဖြင့် ၊ လူအပေါင်းတို့သည် ယုံကြည် ၍ သခင် ဘုရားထံသို့ ပြောင်းလဲ ကြ၏။ ၂၂ ထို အကြောင်း အရာကို ယေရုရှလင် မြို့၌ ရှိ သော အသင်းတော် သည်ကြား လျှင်၊ အန္တိအုတ် မြို့တိုင်အောင် သွား စေမည်အကြောင်း ဗာနဗ ကိုစေလွှတ် လေ၏။ ၂၃ ထိုသူ သည် ရောက် ၍ ဘုရားသခင် ၏ ကျေးဇူး တော်ကို မြင် လျှင် ဝမ်းမြောက် ဝမ်းသာခြင်းရှိ၍ ထိုသူအပေါင်းတို့သည် ယုံကြည် သောစိတ် နှင့် သခင် ဘုရားကို မှီဝဲ

ဆည်းကပ်မည်အကြောင်း တိုက်တွန်းနှိုးဆော် လေ၏။ ၂၄ ထိုသူ သည် သူတော်ကောင်း ဖြစ် ၍၊ သန့်ရှင်း သော ဝိညာဉ် တော်နှင့်ငင်း၊ ယုံကြည် ခြင်းနှင့် ငင်း၊ ပြည့်စုံ သောအားဖြင့်၊ လူ များ အပေါင်းတို့သည် သခင် ဘုရားထံသို့ဝင်စား ကြ၏။ ၂၅ ဗာနဗ သည်လည်း ရှောလု ကို ရှာ လျက် တာရှု မြို့သို့သွား၏။ တွေ့ လျှင်အန္တိအုတ် မြို့သို့ ခေါ် ခဲ့၏။ ၂၆ ထိုသူ တို့သည် တနှစ် ပတ်လုံး ထိုအသင်းတော် နှင့်အတူ စည်းဝေး ၍၊ လူ များ အပေါင်းတို့အား ဆုံးမ သြဝါဒပေးကြ၏။ တပည့် တော်တို့သည်လည်း ခရစ်ယာန် ဟူသောခေါ် ဝေါ် သမုတ်ခြင်းကို အန္တိအုတ် မြို့၌ အဦး ခံရကြ၏။ ၂၇ ထို အခါ ၌ ပရောဖက် တို့သည် ယေရုရှလင် မြို့မှ အန္တိအုတ် မြို့ သို့ လာ ကြ၏။ ၂၈ ထိုသူ တို့အဝင် ၊ အာဂပု အမည် ရှိသော သူ တစ် ယောက်သည်ထ ၍ ၊ မြေ တပြင်လုံး ၌ အစာ အာဟာရ အလွန် ခေါင်းပါးခြင်းဖြစ် လတံ့ဟု ဝိညာဉ် တော်အားဖြင့် ဖော်ပြ ၏။ ထို ခေါင်းပါးခြင်းသည် ကဲသာဘုရင် ကလောဒိ လက်ထက် ၌ဖြစ် သတည်း။ ၂၉ ထိုအခါ တပည့် တော်တို့သည် အသီးအသီး တတ်နိုင် ကြသည်အတိုင်း ၊ ယုဒ ပြည်၌ နေ သော ညီအစ်ကို တို့အား အကူအမ ပေးလိုက် မည်ဟု၊ ၃၀ စီရင် ကြသည်နှင့်အညီဗာနဗ နှင့်ရှောလု တို့တွင် သင်းအုပ် တို့ ထံသို့ ပေး လိုက်ကြ၏။

၁၂ ထို အခါ ဟေရုဒ် မင်းကြီး သည် သင်းဝင် သူ အချို့တို့ကို ညှဉ်းဆဲ ခြင်းငှာစီရင် ၍၊ ၂ ယောဟန် ၏အစ်ကို ဖြစ်သော ယာကုပ် ကို ဓား နှင့်ကွပ်မျက် လေ၏။ ၃ ယုဒ လူတို့သည် အားရ ဝမ်းမြောက်ခြင်း ရှိ သည် ကို မြင် လျှင်၊ အဇုမ ပွဲနေ့ရက် တို့ ၌ တဖန်ထပ် ၍၊ ၄ ပေတရု ကိုလည်း ဘမ်းဆီး ပြီးမှ၊ ပသခါ ပွဲလွန် လျှင် လူ များတို့အား ထုတ်ပေး မည်အကြံ နှင့် အစောင့်အရှောက် စစ်သူရဲ တစ်ကျိပ်ခြောက်ယောက်တို့ ၌အပ် ၍ ထောင် တွင် လှောင် ထားလေ၏။ ၅ ပေတရု သည်ထောင် ၌ အကျဉ်း နေရစဉ်၊ သင်းဝင် သူ တို့သည် သူ ဘို့ ကြိုးစား ၍ ဘုရားသခင် ကို ဆုတောင်း ဝတ်ပြုကြ၏။ ၆ ပေတရု သည် ဟေရုဒ် မင်းထုတ် ခါနီး ၊ ညဉ့်အချိန် တွင် သံကြိုး နှစ် စင်းနှင့် ချည်နှောင် ခြင်းကိုခံရလျက်၊ စစ်သူရဲ နှစ် ယောက်တို့အလယ် ၌ အိပ်ပျော် ၍၊ အစောင့် များ တို့သည် ထောင် တံခါး ရှေ့မှာ စောင့် နေကြ၏။ ၇ ထိုအခါထာဝရ ဘုရား၏ ကောင်းကင် တမန် သည် ပေါ်လာ လျှင် ထောင်အိမ် ၌ အလင်း ထွန်းတောက် လေ၏။ ကောင်းကင်တမန်သည် ပေတရု ၏ နံဖေး ကို ပုတ်ခတ် ၍ ၊ အလျင်အမြန် ထ လော့ဟု ဆို လျက်ထ စေ ၏။ သံကြိုး သည်လည်းပေတရုလက် မှ ကျွတ် လေ၏။ ၈ ကောင်းကင် တမန်ကလည်း၊ သင် ၏ ခါးပန်းကို စည်း လော့။ ခြေနင်း ကိုလည်းစည်းလော့ဟုဆို လျှင် ၊ ဆိုသည်အတိုင်း ပေတရုပြု ၏။ ဝတ်လုံ ကိုခြုံ ၍ ငါ့ နောက် သို့လိုက်လော့ဟုဆိုပြန်၏။ ၉ ပေတရုသည် ထွက် ၍လိုက် သော်လည်း ၊ ကောင်းကင်တမန် ပြု သမျှတို့သည် မှန် သောအမှုအရာဖြစ် သည်ဟု မ သိ မမှတ်ဘဲ၊ မိမိသည် ဗျာဒိတ် ရူပါရုံကို မြင် သည်ဟုထင် လေ၏။ ၁၀ လူစောင့် နှစ် တန်ကို လွန်သွား ၍ မြို့ ထဲသို့ ဝင် သော သံ တံခါး သို့ ရောက် လျှင်၊ ထို တံခါးသည် အလိုလို ပွင့် သဖြင့် သူ တို့သည်ထွက် ၍ လမ်း တစ် ကြောင်း၌ ရှောက်သွား ပြီးမှ ၊ ကောင်းကင်တမန် သည် ချက်ခြင်း ပေတရု မှ ခွာ ၍ သွားလေ၏။ ၁၁ ပေတရု သည် သတိရလျှင်၊ ယခုပင် သခင် ဘုရားသည် မိမိ ကောင်းကင် တမန်ကို စေလွှတ် ၍ ဟေရုဒ် မင်း လက် မှ ၎င်း ၊ ယုဒ လူ တို့၏ မြော်လင့် ခြင်းမှ ၎င်း၊ ငါ့ ကိုကယ်နှုတ် တော်မူသည် ငါအမှန် သိ ၏ဟု

အောက်မေ့ စဉ်၊ ၁၂ လူများ စုဝေး၍ ဆုတောင်း ရာ၊ မာကု အမည် သစ်ကိုရသော ယောဟန် ၏အမိ ဖြစ်သော မာရိ ၏ အိမ် သို့ရောက် ၍၊ ၁၃ အိမ်ဦးတံခါး ကိုခေါက် လေသော်၊ ရောဒေ အမည် ရှိသော မိန်းမငယ်တစ်ယောက်သည် နားထောင် ခြင်းငှာလာ ၍၊ ၁၄ ပေတရု ၏စကား အသံကိုသိ လျှင် ၊ ဝမ်းမြောက် သော အားဖြင့်တံခါး ကို မ ဖွင့် ဘဲ အထဲ သို့ပြေးဝင်၍၊ ပေတရု သည် တံခါး ရှေ့မှာ ရပ် နေသည်ဟု ကြားပြော ၏။ ၁၅ ထိုသူ တို့က၊ သင်သည်အရူး ဖြစ်၏ဟု ထို မိန်းမငယ် အား ဆို ကြသော်လည်း ၊ ပေတရုအမှန် ရှိ သည်ဟု သူသည်ခိုင်မာ စွာဆိုလျှင်၊ ပေတရု ၏ ကောင်းကင်တမန် ဖြစ် လိမ့်မည်ဟုဆို ကြ၏။ ၁၆ ပေတရု သည် ခေါက် ၍နေ သော်၊ တံခါးကို ဖွင့် ကြ၍ သူ့ ကိုမြင် သဖြင့် အလွန်တရာအံ့သြ ကြ၏။ ၁၇ ပေတရုသည်လည်း ထိုသူ တို့ကိုတိတ်ဆိတ် စွာ နေစေခြင်းငှာမိမိလက် နှင့် အမှတ်ပေး ၍ မိမိ ကို ထောင် ထဲက သခင် ဘုရားနှုတ် တော်မူသော အကြောင်းအရာကို ဘော်ပြ ပြီးမှ ၊ သင်တို့သွား၍ ယာကုပ် နှင့် ညီအစ်ကို တို့အား ဤ အကြောင်းများကို ပြန်ကြား ကြလော့ဟု ဆို ပြီးလျှင်၊ ထွက် ၍အခြား တစ်ပါးသို့ သွား လေ၏။ ၁၈ မိုဃ်းလင်း သောအခါ စစ်သူရဲတို့သည် ပေတရု ၌ အဘယ်သို့ ဖြစ် သနည်းဟု ရုန်းရင်းခတ် မျှ ဖြစ် ကြ၏။ ၁၉ ဟေရုဒ် မင်းသည် ပေတရု ကိုရှာ ၍ မ တွေ့ သည် ရှိသော်၊ စောင့်ရှောက် သောသူတို့ကို စစ်ကြော ပြီးမှသတ် မည်အကြောင်းကို စီရင် လေ၏။ ၂၀ ထိုနောက် ၊ ဟေရုဒ်မင်းသည် ယုဒ ပြည်မှ ကဲသရိ မြို့သို့ သွား ၍ နေ သည်ရှိသော်၊ တုရု မြို့သားနှင့် ဇိဒုန် မြို့သားတို့ကို အမျက်ထွက် လေ၏။ ထိုသူတို့သည် တစ်ညီတစ်ညွတ် တည်းလာ ကြ၍ ၊ ဗလတ္တာ အမည်ရှိသော အတွင်းဝန် ကို ဖျောင်းဖျ ပြီးမှ ၊ အမျက် တော်ပြေမည်အကြောင်း တောင်းပန် ကြ၏။ အကြောင်းမူကား ၊ သူ တို့ ပြည် သည်ပြည် တော်ကိုမှီ၍ ကျွေးမွေး ခြင်းကိုခံရ၏။ ၂၁ ဟေရုဒ် မင်းသည်လည်းချိန်းချက် သောနေ့ ၌ မင်း မြောက် တန်ဆာ ကိုဝတ်ဆင် ၍ ပလ္လင် တော်ပေါ်မှာ ထိုင် လျက် ထိုသူ တို့အား မိန့် တော်မူ၏။ ၂၂ လူ များတို့က၊ ဤအသံသည်လူ ၏အသံ မ ဟုတ်။ ဘုရားသခင် ၏ အသံဖြစ်၏ဟု ကြွေးကြော် ကြသည် ရှိသော်၊ ၂၃ ထို မင်းကြီးသည် ဘုရားသခင် ၏ ဂုဏ် အသရေတော်ကို မ ထောက်ထား သောကြောင့် ၊ ထိုခဏခြင်း တွင် ထာဝရ ဘုရား၏ ကောင်းကင်တမန် သည် ဒဏ်ခတ် ၍၊ ကိုယ်တွင်း၌ ပိုး များကိုက်သဖြင့် အနိစ္စ ရောက်လေ၏။ ၂၄ ဘုရားသခင် ၏ သာသနာ တော်သည် တိုးပွား များပြား လာ၏။ ၂၅ ဗာနဗ နှင့် ရှောလု တို့သည် လုပ်ကျွေး ခြင်းအမှုကို ဆောင်ရွက်ပြီး လျှင်၊ မာကု အမည် သစ်ကိုရသော ယောဟန် ကိုလည်း ခေါ် ခဲ့၍ ယေရုရှလင် မြို့မှပြန် ကြ၏။

၁၃ အန္တိအုတ် မြို့တွင် ရှိ သော အသင်းတော် ၌ ဗာနဗ မှစ၍ နိဂါ ဟု ခေါ်ဝေါ် သော ရှုမောင် ၊ ကုရေနေ ပြည်သားလုကိ ၊ စော်ဘွား ဟေရုဒ် ၏ သူငယ်ချင်း အရင်း ဖြစ်သော မာနင် နှင့် ရှောလု တည်းဟူသောပရောဖက် ပြုသူ၊ ဆရာ ပြုသူရှိ ကြ၏။ ၂ ထိုသူ တို့သည်သခင် ဘုရား ဝတ် ကိုပြု၍ အစာ ကို ရှောင်ကြစဉ်၊ သန့်ရှင်း သောဝိညာဉ် တော်က၊ ငါခန့်ထား သောအမှု ကို ဆောင်ရွက်စေခြင်းငှာ ဗာနဗ နှင့် ရှောလု တို့ကို ရွေးချယ် ခွဲထားကြလော့ဟု မိန့် တော်မူသည် အတိုင်း၊ ၃ အစာရှောင် ၍ ပဌနာ ပြုလျက် ၊ ထိုသူ တို့ခေါင်း ပေါ်မှာလက် ကို တင် ၍လွှတ် လိုက်ကြ၏။ ၄ ထိုသို့ သန့်ရှင်း သော ဝိညာဉ် တော် စေလွှတ် တော်မူသောအားဖြင့် ၊ ထိုသူ တို့သည် သေလုကိ မြို့သို့ သွား ၍ ထို မြို့မှ

သဘော်နှင့်လွှင့် သဖြင့်၊ ကုပရ ကျွန်းသို့ ရောက်ကြ၏။ ၅ ရှာလမိ မြို့၌ ရှိ နေစဉ်၊ ယုဒ တရားစရပ် များတွင် ဘုရားသခင်
၏ နှုတ်ကပတ် တရားတော်ကို ဟောပြော ကြ၏။ ယောဟန် သည်လည်း ထိုသူတို့၏ လက်ထောက် ဖြစ်သတည်း။ ၆
တစ်ကျွန်း လုံး ကို ရှောက် ၍ ပါဖု မြို့သို့ရောက်လျှင်၊ ၇ ဗာယေရှု အမည် ရှိသော ယုဒ အမျိုးသားမိစ္ဆာ ပရောဖက်
ဖြစ်သော နတ် ဝိဇ္ဇာအတတ်သမားကို မြို့ဝန်မင်း သေရဂိ ပေါလု ထံ၌တွေ့ ကြ၏။ ထိုမြို့ဝန် သည် ပညာ သတိရှိသဖြင့်၊
ဗာနဗ နှင့် ရှောလု တို့ကို ခေါ်ပင့် ၍ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော် ကိုနာ လိုသောစိတ် ရှိသော်၊ ၈ အနက်
အားဖြင့်နတ် ဝိဇ္ဇာအတတ်သမားဟု ဆိုလို သော ဧလုမ အမည်ရှိသောထိုသူ သည် မြို့ဝန် ကို ယုံကြည် ခြင်းမှ လွှဲ
အံ့သောဌာတမန်တော် တို့ကို ဟန့်တား လေ၏။ ၉ ထိုအခါပေါလု ဟု အမည်တွင်သော ရှောလု သည် သန့်ရှင်း သော
ဝိညာဉ် တော်နှင့်ပြည့် သဖြင့်၊ ထို နတ်ဝိဇ္ဇာအတတ်သမားကို စေ့စေ့ ကြည့်ရှုလျက်၊ ၁၀ လှည့်ဖြား ခြင်း၊ အကျိုး
ကိုဖျက်ခြင်း အမျိုးမျိုး နှင့်ပြည့်စုံ သော မာရ်နတ် ၏သား၊ ဖြောင့်မတ် ခြင်း တရား၏ ရန်သူ၊ သင်သည်ထာဝရ ဘုရား၏
ဖြောင့်မတ် သော လမ်း ခရီးတို့ကို မ ဖျက်ဆီးဘဲမနေနိုင်သလော။ ၁၁ ယခုပင် ထာဝရ ဘုရား၏ လက် တော်သည် သင့်
အပေါ် သို့ ရောက်၍၊ နေ ကိုမျှမ မြင် နိုင်အောင် အင်တန်ကာလပတ်လုံးသင်၏ မျက်စိ ကွယ်လိမ့်မည် ဟု ပေါလုဆိုသော
ခဏခြင်း တွင်မျက်စိမြေးရှက် ၍ မှောင်မိုက် အတိဖြစ်သဖြင့်၊ လက်ဆွဲပေးသော သူ တို့ကို ရှာ လျက် တလည်လည်
ရှိ၍နေ၏။ ၁၂ ထို အကြောင်းအရာကိုမြင် လျှင်၊ မြို့ဝန် သည် ယုံကြည် ခြင်းသို့ ရောက် ၍၊ သခင် ဘုရား၏ ဒေသနာ
တော်ကို အလွန်အံ့သြ မိန်းမော၍ နေ၏။ ၁၃ ပေါလု နှင့်ပါ သောသူ တို့သည် ပါဖု မြို့မှ လွှင့် ၍ ပံဖုလိ ပြည်၊ ပေရဂေ
မြို့သို့ ရောက် ကြလျှင်၊ ယောဟန် သည် သူ တို့ထံမှ ထွက် ၍ ယေရုရှလင် မြို့သို့ ပြန် လေ၏။ ၁၄ ပေရဂေ မြို့မှ
ထွက်သွား ပြန်၍ ပိသိဒိ ပြည်၊ အန္တိအုတ် မြို့သို့ ရောက် လျှင်၊ ဥပုသ်နေ့ ၌ တရားစရပ် သို့ ဝင် ၍ထိုင် ကြ၏။ ၁၅ ပညတ္တိ
ကျမ်း၊ အနာဂတ္တိ ကျမ်းကိုဘတ်ရွတ် ပြီးမှ၊ တရားစရပ်မှူး တို့သည်၊ ညီအစ်ကို တို့၊ လူ များအား ဆုံးမ စရာ စကား ရှိ
လျှင် ဟောပြော ကြပါဟု လူကိုစေလွှတ် ၍ ကြားပြော စေ၏။ ၁၆ ထိုအခါ ပေါလု သည်ထ ၍ မိမိ လက် နှင့် အမှတ်ပေး
လျက်၊ ဣသရေလ လူ မှစ၍ ဘုရားသခင် ကို ကြောက်ရွံ့သောသူ တို့၊ နားထောင် ကြလော့။ ၁၇ ဣသရေလ အမျိုး ၏
ဘုရားသခင် သည် ငါ တို့ ဘိုးဘေး များကို ရွေးကောက် တော်မူ၍၊ အဲဂုတ္တု ပြည် ၌ ဧည့်သည် ဖြစ်သော ထိုလူမျိုး ကို
ခိုးမြောက် သဖြင့်၊ ထင်ရှားသော လက် တော်နှင့် ထိုပြည် မှ နှုတ်ဆောင် တော်မူ၏။ ၁၈ အနှစ် လေးဆယ်မျှလောက်
သော ကာလ ပတ်လုံးတော ၌ ကျွေးမွေးတော်မူ၏။ ၁၉ ခါနာန် ပြည် ၌ လူ ခုနစ် မျိုးတို့ကို ပယ်ရှား ပြီးလျှင်၊ ထိုပြည် ကို
ဣသရေလ အမျိုးအမွေ ပေးကမ်း ဝေငှတော်မူ၏။ ၂၀ ထိုနောက်မှ ပရောဖက် ရှမွေလ မ ပေါ် မရှိမီ အနှစ် လေးရာ
ငါးဆယ် မျှလောက် သော ကာလပတ်လုံး၊ တရားသူကြီး တို့ကိုပေး တော်မူ၏။ ၂၁ နောက် တဖန်ရှင်ဘုရင် ကို တောင်း
ကြသောအခါရှောလု အမည်ရှိသော ကိရှ ၏သား၊ ဗင်္ယာမိန် အမျိုး ဖြစ်သောသူ ကို အနှစ် လေးဆယ် ပတ်လုံးပေး
တော်မူ၏။ ၂၂ နောက်မှ ထိုသူ ကိုပယ် ၍၊ ဣသရေလ ရှင်ဘုရင် အရာ၌ ဒါဝိဒ် ကို ချီးမြောက် တော်မူ၏။ ထိုသူ
အားသက်သေခံ တော်မူလျက်၊စိတ် နှလုံး၌ ညီညွတ်သည် ဖြစ်၍ငါ့ အလို ကိုပြည့်စုံစေမည့်သူ၊ ယေရှဲ ၏သား ဒါဝိဒ် ကို

ငါတွေ့ ရပြီဟု မိန့် တော်မူ၏။ ၂၃ ထိုသူ ၏အမျိုးအနွယ် ထဲ၌ ဘုရားသခင် သည် ဂတိ တော်အတိုင်း ကယ်တင် သောသခင်ယေရှု ကို ကြသရေလ လူတို့အား ပေါ် ထွန်း စေတော်မူပြီ။ ၂၄ ထိုသခင် ကြွလာ တော်မ မူမီ ယောဟန် သည် ကြသရေလ လူ အပေါင်း တို့အား နောင်တ နှင့် စပ်ဆိုင်သော ဗတ္တိဇံ တရားကို ဟောပြော နှင့်လေ၏။ ၂၅ ယောဟန် သည်မိမိဆောင်ရွက်ရသော အမှု ကိုပြု၍ နေစဉ်တွင်၊ ငါ သည် အဘယ်သူ ဖြစ် သည်ကို သင်တို့ ထင်မှတ် ကြသနည်း။ ငါ သည် ထိုသူဖြစ် သည်မ ဟုတ်။ ငါ့ နောက် ကြွလာ သောသူတစ်ပါးရှိသေး၏။ ထိုသူ ၏ ခြေနင်း တော်ကို ငါမ ချွတ် ထိုက် ဟုဆို ၏။ ၂၆ အာဗြဟံ အမျိုး ဖြစ်သော ညီအစ်ကို မှစ၍သင် တို့တွင်ဘုရားသခင် ကို ကြောက်ရွံ့ သောသူ တို့၊ ကယ်တင် တော်မူခြင်းတရား စကားကို သင်တို့အား ကြား လိုက်တော်မူ၏။ ၂၇ ယေရုရှလင် မြို့၌ နေ သောသူ တို့နှင့်တကွ မင်း များတို့သည် ထို သခင်ကိုငင်း၊ ဥပုသ်နေ့ တိုင်း အစဉ် ဘတ်ရွက် သော ပရောဖက် တို့၏ စကား ကိုငင်း ၊ မ သိနားမလည်သောကြောင့်၊ ထိုသခင်ကိုစီရင် သော အားဖြင့် ၊ ထိုပရောဖက်တို့၏ စကားကိုပြည့်စုံ စေကြပြီ။ ၂၈ ကိုယ်တော် ၌သေ ထိုက်သောအပြစ် တစ်စုံတစ်ခုကို မျှ မ တွေ့ သော်လည်း၊ ကွပ်မျက် စေမည်အကြောင်း ပိလတ် မင်းထံ၌တောင်းလျှောက် ကြ၏။ ၂၉ ထိုသခင် ကိုရည်မှတ် ၍ ကျမ်းစာ၌ ရေး ထား သမျှ တို့ကို ပြည့်စုံ စေပြီးလျှင် ၊ အလောင်းတော်ကို သစ် တိုင်မှ ချ ၍သင်္ချိုင်း တွင်း၌ ထား ကြ၏။ ၃၀ ဘုရားသခင် သည် သေ ခြင်းမှထမြောက် စေတော်မူသည်ဖြစ်၍၊ ၃၁ ဂါလိလဲ ပြည်မှ ယေရုရှလင် မြို့သို့ နောက်တော်၌ လိုက်သော သူ တို့အားနေ့ရက် များစွာ ကိုယ် ကို ထင်ရှား ပြ တော်မူ၏။ ၃၂ ထိုသူ တို့သည် လူ များတို့အား သက်သေခံ ဖြစ် ကြ၏။ ၃၃ ဆာလံ ကျမ်းဒုတိယ ခဏ်း၌ လာ သည်ကား၊ သင် သည်ငါ့ သား ဖြစ် ၏။ ၃၄ ယနေ့ ပင်သင့် ကိုငါ ဖြစ်ဘွား စေပြီဟု လာသည် နှင့်အညီ၊ ဘုရားသခင် သည် ယေရှု ကို ထမြောက် စေ တော်မူသဖြင့်၊ ငါတို့ဘိုးဘေး များ၌ ရှိ သော ဂတိ တော်ကို ထိုသူ တို့၏ သား ဖြစ်သောငါ တို့အား ပြည့်စုံ တော်မူသည်ဟူ၍ငင်း၊ ဒါဝိဒ် ၌မြဲမြံ သော ကျေးဇူးတော်ကို သင် တို့အား ငါပေး မည်ဟူသောဗျာဒိတ် တော်နှင့်အညီ ၊ ထိုသခင် ကို သေ ခြင်းမှ ထမြောက် စေ၍ ၊ နောက်တစ်ဖန် ပပ်စပ် ခြင်းသို့ မပြန် ဘဲ အစဉ်ကင်းလွတ်ရမည်အခွင့်ကို ပေးတော်မူသည်ဟူ၍ငင်း၊ ဝမ်းမြောက်စရာသိတင်း ဧဝံဂေလိတရားကို ငါ တို့သည် သင် တို့အား ကြားပြော ကြ၏။ ၃၅ ထိုကြောင့် ဆာလံကျမ်းတခဏ်း၌ လာသည်ကား၊ ကိုယ်တော် ၏ သန့်ရှင်း သောသူ အား ပုပ်စပ် ခြင်းကို ရှိ စေတော်မ မူဟုလာ၏။ ၃၆ ဒါဝိဒ် သည်မိမိ ကာလ ၌ ဘုရားသခင် ၏ အလို တော်ကို ဆောင်ရွက် ပြီးလျှင်၊ ကျိန်းစက် ၍ မိမိ ဘိုးဘေး စုထဲသို့ ဝင် သဖြင့် ပုပ်စပ် ခြင်း သို့ ရောက် လေ၏။ ၃၇ ဘုရားသခင် ထမြောက် စေတော်မူသော သူ မူကား ၊ ပုပ်စပ် ခြင်းသို့ မ ရောက် ။ ၃၈ ထိုကြောင့် ညီအစ်ကို တို့၊ ထိုသခင် ၏ ကျေးဇူးတော်ကြောင့် အပြစ် လွှတ် ခြင်းတရားကို သင် တို့အား ဟောကြား သည်ကိုငင်း၊ ၃၉ ထိုသခင် ကိုယုံကြည် သောသူ ရှိသမျှ တို့သည် မောရှေ ၏ တရား အတိုင်း မ လွတ် နိုင် သော အပြစ်ရှိသမျှ တို့နှင့် လွတ် ရကြသည်ကိုငင်း သိမှတ် ကြလော့။ ၄၀ အနာဂတ္တိ ကျမ်း၌ လာ သည်ကား၊ မထီမဲ့မြင် ပြုတတ်သောသူတို့၊ ကြည့်ရှု အံ့သြ ၍ ပြယ်ပျောက် ခြင်းသို့ ရောက်ကြလော့။ ၄၁ အကြောင်းမူကား ၊ သင်တို့အားသူတစ်ပါး ပြည်ထန် သော်လည်း ၊

သင် တို့မ ယုံသော အမှု ကိုသင် တို့ လက်ထက်ကာလ ၌ ငါ ပြု သည်ကျမ်းစာ၌ ပါသောအရာ ကို သင်တို့ အပေါ် သို့မ ရောက်စေမည်အကြောင်း ၊ သတိပြု ကြလော့ဟု ပေါလုဟောပြောလေ၏။ ၄၂ လူများတို့သည် တရားစရပ်မှ ထွက်သွား ကြစဉ်၊ ထို အကြောင်း အရာတို့ကို မိမိ တို့အား နောက် ဥပုသ်နေ့ ၌ ဟောပြော ပါမည်အကြောင်း တောင်းပန် ကြ၏။ ၄၃ အစည်းအဝေး ပျက် ၍ ပြန်ကြသောအခါယုဒ လူမှစ၍ ဘုရား ကို ကိုးကွယ်သော ဘာသာဝင် သူများ တို့သည် ပေါလု နှင့် ဗာနဗ နောက် သို့ လိုက်ကြသည်ဖြစ်၍ထိုသူ တို့သည် ဘုရားသခင် ၏ ကျေးဇူး တော်၌ တည်ကြည် မည်အကြောင်း၊ တမန်တော် တို့သည် ဖြားယောင်း ၍ ဆုံးမ သြဝါဒပေးလေ၏။ ၄၄ နောက်ဥပုသ်နေ့ ၌ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို နားထောင် အံ့သောဌာတစ်မြို့လုံး ကုန်မတတ် စည်းဝေး ကြ၏။ ၄၅ ယုဒ လူတို့သည် အစည်းအဝေး တို့ကို မြင် လျှင် ငြူစူ သောစိတ် နှင့်ပြည့်စုံ သဖြင့်၊ ပေါလု ၏စကား ကို ငြင်းခုံ သည်သာမက ဆဲရေး ကြ၏။ ၄၆ ထိုအခါပေါလု နှင့် ဗာနဗ တို့က၊ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကိုသင် တို့အား ရှေးဦးစွာ ဟောပြော ရ ၏။ သို့သော်လည်းသင်တို့သည်ပယ် ၍ ထာဝရ အသက် ကိုမိမိတို့မ ခံထိုက် သည်ဟု မိမိ တို့စီရင် ကြ သောကြောင့်၊ ထာဝရ ဘုရားသည် မှာ တော်မူသည်အတိုင်း ငါတို့သည်မျက်နှာကိုလွှဲ၍ တစ်ပါး အမျိုးသားတို့ ဆီသို့ လှည့် ကြ၏။ (aiōnios g166) ၄၇ မှာတော်မူသော ဗျာဒိတ်တော်အချက်ကား၊ သင် သည် မြေကြီး စွန်း တိုင်အောင် ကယ်တင် ခြင်းကို ပြု စိမ့်သောဌာ၊ သင် ကိုတစ်ပါး အမျိုးသားလင်း စရာဘို့ ငါခန့်ထား ၏ဟု ဗျာဒိတ်တော်ရှိသည်ဟု ရဲရင့် စွာ ပြောဆိုကြ၏။ ၄၈ ထိုစကားကို တစ်ပါး အမျိုးသားတို့သည်ကြား လျှင် ဝမ်းမြောက် ၍ ထာဝရ ဘုရား၏ နှုတ်ကပတ် တရားတော် ကိုချီးမွမ်း ကြ၏။ ထာဝရ အသက် ကို ရစေခြင်းဌာ ခန့်ထား တော်မူသော သူရှိသမျှ တို့သည် ယုံကြည် ခြင်းသို့ ရောက် ကြသဖြင့် ၊ (aiōnios g166) ၄၉ ထာဝရ ဘုရား၏ သာသနာ တော်သည် တစ်ပြည်လုံး ၌ နှံ့ ပြား လေ၏။ ၅၀ ထိုအခါ ဘုရားကိုကိုးကွယ် ၍ အသရေ ရှိသော မိန်းမ တို့နှင့် ထိုမြို့ ၌အကြီးအကဲ ဖြစ်သော သူများကို ယုဒ လူတို့သည် နှိုးဆော် ၍၊ ပေါလု နှင့် ဗာနဗ တို့ကို ညှဉ်းဆဲ စေသဖြင့်ထိုပြည် ၏နယ် မှ နှင်ထုတ် ကြ ၏။ ၅၁ တမန်တော်တို့သည် မိမိ တို့ခြေဖဝါး ၌ကပ်သော မြေမှုန့် ကို ထိုသူတို့အားခါ လိုက်ပြီးမှ ၊ ကွကောနိ မြို့သို့ သွား ကြ၏။ ၅၂ တပည့် တော်များတို့သည် ဝမ်းမြောက် ခြင်းနှင့် ၎င်း ၊ သန့်ရှင်း သော ဝိညာဉ် တော်နှင့်၎င်းပြည့်စုံ ကြ၏။

၁၄ ကွကောနိ မြို့သို့ ရောက် လျှင် ထိုသူ နှစ်ယောက် တို့သည် ယုဒ တရားစရပ် သို့ ဝင် ၍ ဟောပြော သဖြင့် ၊ ယုဒ လူ၊ ဟေလသ လူများ အပေါင်း တို့သည် ယုံကြည် ခြင်းသို့ ရောက်ကြ၏။ ၂ မယုံကြည် သော ယုဒ လူတို့သည် တစ်ပါး အမျိုးသားတို့ကို နှိုးဆော် ၍ ၊ ညီအစ်ကို တို့အား မနာလို သော စိတ် ရှိစေခြင်းဌာချောစားကြ၏။ ၃ ထိုကြောင့် ကြာမြင့် စွာနေ ၍ သခင် ဘုရား၏ တရားတော်ကို မဆုတ်မဆိုင်း ဟောပြောလေ၏။ သခင် ဘုရားသည်လည်း ကျေးဇူး တရား တော်ဘက်၌ သက်သေခံ တော်မူလျက်၊ တမန်တော် တို့သည် နိမိတ် လက္ခဏာ၊ အံ့ဘွယ် သော အမှုတို့ကိုပြု နိုင်မည်အကြောင်း အခွင့် ပေးတော်မူ၏။ ၄ ထိုမြို့သူ မြို့သားအပေါင်း တို့သည် ကွဲပြား ခြင်းရှိ ၍၊ အချို့ တို့သည် ယုဒ လူတို့ဘက် ၌ဝင်း၊ အချို့တို့သည် တမန်တော် တို့ဘက် ၌ဝင်း နေ ကြ၏။ ၅ မင်း အရာရှိတို့နှင့် ယုဒ

အမျိုးသား၊ တစ်ပါး အမျိုးသားတို့သည် တမန်တော် တို့ကို ညှဉ်းဆဲ ၍ ကျောက်ခဲ နှင့် ပစ်မည်ဟုတဟုန်တည်း ပြေးလာကြသည်အကြောင်းကို၊ ၆ တမန်တော်တို့သည်သိ လျှင်၊ လုကောနိ ပြည်၌ လုတ္တရ မြို့၊ ဒေရဗေ မြို့မှစ၍ ကျေးလက်များသို့ ထွက်ပြေး ၍၊ ၇ ထို အရပ်တို့ ၌ ဧဝံဂေလိတရားကို ဟောပြော ကြ၏။ ၈ အမိ ဝမ်း တွင်းကပင် ခြေမစွမ်းသဖြင့်၊ တစ်ခါမျှ မသွား ဘူးသော လူတစ်ယောက်သည် လုတ္တရ မြို့၌ ထိုင် လျက်၊ ၉ ပေါလု ဟောပြော သည်ကို ကြား လေ၏။ ပေါလု သည်လည်း ထိုသူ ကိုစေ့စေ့ ကြည့်ရှု၍ ရောဂါကင်း မည်အကြောင်း သူ၌ယုံကြည် ခြင်းရှိသည်ကိုသိမြင် လျှင်၊ ၁၀ ထ ၍မတ်တတ် ရပ်လော့ဟု ကြီး သောအသံ နှင့် ဆို သဖြင့်၊ ထိုသူ သည်ရုတ်တရက်ထ ၍ လှမ်းသွား လေ၏။ ၁၁ ပေါလု ပြု သောအမှု ကိုမြင် သော လူ အစုအဝေး တို့က၊ နတ်ဘုရား တို့သည် လူ အယောင်ကိုဆောင်၍ ငါ တို့ရှိရာသို့ ဆင်းသက် ပါသည် တကားဟု လုကောနိ ဘာသာစကားအားဖြင့်အသံ ကိုလွှင့် ၍ ဆို ကြ၏။ ၁၂ ပေါလု သည်သာ၍ဟောပြော သောကြောင့် သူ့ ကို ဟေရမေ ဟူ၍ၚ၊ ဗာနဗ ကိုဇုသ ဟူ၍ၚ ခေါ်ဝေါ်ကြ၏။ ၁၃ ထိုမြို့ ရှေ့၌ရှိ သော ဇုသ ၏ယဇ် ပုရောဟိတ်သည် နွား နှင့် ပန်းကုံး ကို မြို့တံခါး နားသို့ ယူခဲ့ ၍၊ လူအစုအဝေးတို့နှင့်တကွ ယဇ် ပူဇော်မည်ပြု သည်ကို၊ ၁၄ တမန်တော် ဗာနဗ နှင့် ပေါလု တို့သည် သိတင်းကြား လျှင်၊ မိမိတို့အဝတ် ကို ဆုတ် ၍ လူစု ထဲသို့ ပြေး ဝင်လျက်၊ ၁၅ အချင်းလူ တို့၊ အဘယ်ကြောင့် ဤသို့ ပြု ကြသနည်း။ ငါတို့သည် သင် တို့ကဲ့သို့လောကဓံ တရား၌ ကျင်လည်သောသူ ဖြစ် ပါ၏။ သင် တို့သည် ဤ အချည်းနှီး သောအရာတို့ကို ပယ်ကြ၍၊ ကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ မှစ၍ ၊ အသက် ရှင်တော်မူသော ဘုရားသခင့် ထံတော်သို့ ပြောင်းလဲရကြမည်အကြောင်း၊ ငါတို့သည် ဧဝံဂေလိတရားကိုဟောပြော ကြ၏။ ၁၆ ရှေးလွန်လေပြီးသောကာလတို့ ၌ ၊ လူအမျိုးမျိုး တို့သည် မိမိ တို့အလိုအလျောက် ကျင့်ကြမည် အကြောင်း ဘုရားသခင်သည် အလွတ် ထားတော်မူ၏။ ၁၇ သို့သော်လည်း ၊ သင် တို့အား ကျေးဇူး ပြုလျက်၊ အစာ အာဟာရနှင့် ဝပြော ၍ဝမ်းမြောက် စေခြင်းငှာ၊ မိုးယံကောင်းကင်မှ မိုးယံရွာ စေတော်မူ၍၊ အသီးအနှံတို့ကို သီး စေတတ်သော ဥတု ကိုပေး တော်မူသော အားဖြင့်၊ ကိုယ်တော်ရှိတော်မူသည်ကို သက်သေ မခံဘဲနေတော်မမူဟု ပေါလုနှင့် ဗာနဗသည်ကြွေးကြော် လေ၏။ ၁၈ ထိုသို့ကြွေးကြော်သဖြင့် လူ အစုအဝေးတို့သည် ယဇ် ပူဇော်ခြင်းကို မ ပြုရမည်အကြောင်း မြစ်တားခဲ့ သော အမှုကိုမြစ်တား လေ၏။ ၁၉ ထိုအခါ ယုဒ လူတို့သည် အန္တိအုတ် မြို့၊ ဣကောနိ မြို့မှ လာ ကြ၍ လူ အစုအဝေးတို့ကို ညှိညွတ် တိုင်ပင်ပြီးလျှင်၊ ပေါလု ကို ကျောက်ခဲနှင့်ပစ် ၍ သေ ပြီဟု စိတ်ထင် နှင့် မြို့ ပြင် သို့ ဆွဲငင် ကြ၏။ ၂၀ တပည့် တော်တို့သည် ဝန်းရံ၍နေကြစဉ်၊ ပေါလုသည် ထ ၍မြို့ ထဲသို့ ဝင် ပြန်၏။ နက်ဖြန် နေ့၌ ဗာနဗ နှင့်တကွ ဒေရဗေ မြို့သို့ ထွက်သွား လေ၏။ ၂၁ ထို မြို့ ၌ ဧဝံဂေလိ တရားကို ဟောပြော၍ လူများ တို့ကို တပည့် တော်ဖြစ်စေပြီးမှ ၊ လုတ္တရ မြို့၊ ဣကောနိ မြို့၊ အန္တိအုတ် မြို့တို့ကို အစဉ်အတိုင်း လှည့်လည်၍ပြန် ကြ၏။ ၂၂ ထိုသို့ ပြန်ကြစဉ်၊ တပည့် တော်များ၏ စိတ် နှလုံးကို မြဲမြံခိုင်ခံ့စေသဖြင့်၊ ယုံကြည် ခြင်း၌ တည်ကြည် မည်အကြောင်း နှိုးဆော် ချီပင့်၍ ၊ ငါ တို့သည် များပြား သောဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင် ၏ နိုင်ငံ တော်သို့ ဝင် ရကြမည်ဟု ဟောပြောပြည့်စုံကြ၏။ ၂၃ အသင်းတော် များ တို့ ၌

သင်းအုပ် တို့ကို ခန့်ထား ၍၊ အစာရှောင် လျက် ဆုတောင်း ပဌနာ ပြုပြီးလျှင်၊ သင်းဝင်သူတို့ယုံကြည် သော သခင် ဘုရား၏ လက်တော်သို့ ထိုအသင်းတော်တို့ကို အပ်နှံ ကြ၏။ ၂၄ ပိသိဒိ ပြည်တစ်ပြည်လုံးကို ရှောက်သွား ၍ ပံဖုလိ ပြည်သို့ ရောက် လျှင်၊ ၂၅ ပေရဂေ မြို့၌ နှုတ်ကပတ် တရားတော်ကို ဟောပြော ၍ အတ္တလိ မြို့သို့ သွား ကြပြန်၏။ ၂၆ ထိုမြို့ မှ သင်္ဘော်စီး၍လွှင့် သဖြင့်၊ မိမိတို့ဆောင်ရွက် ခဲ့ပြီးသော အမှု အလိုဌာ ဘုရားသခင် ၏ ကျေးဇူး တော်သို့ အပ်နှံ ၍ စေလွှတ်သော အန္တိအုတ် မြို့သို့ ရောက်လာကြ၏။ ၂၇ ထိုမြို့သို့ရောက် ပြီးလျှင် သင်းဝင် သူ တို့ကို စုဝေး စေ၍၊ မိမိ တို့အားဖြင့် ဘုရားသခင် သည် ပြု တော်မူသမျှ တို့ကိုဎင်း ၊ ယုံကြည် ခြင်း တံခါး ကို တစ်ပါး အမျိုးသားတို့အား ဖွင့် တော်မူကြောင်း ကိုဎင်း ပြန်ကြား ကြ၏။ ၂၈ ထိုမြို့၌လည်း၊ တပည့် တော်တို့နှင့်အတူ ကြာမြင့်စွာ နေ ကြ၏။

၁၅ ယုဒ ပြည်မှ အန္တိအုတ်မြို့သို့ ရောက်လာ သော သူအချို့ တို့က၊ သင်တို့သည် မောရှေ ၏တရား အတိုင်း အရေဖျားလှီး ခြင်းကို မ ခံလျှင် ၊ ကယ်တင် တော်မူခြင်းသို့ မ ရောက် နိုင်ဟု ညီအစ်ကို တို့အား ဆုံးမ သြဝါဒပေးကြ၏။ ၂ ထိုသူ တို့နှင့် ပေါလု ၊ ဗာနဗ တို့သည် ဆွေးနွေးငြင်းခုံ ခြင်းများသောအခါ၊ ပေါလု နှင့် ဗာနဗ တို့သည် အခြား သောတပည့်တော်အချို့ တို့နှင့်တကွ ၊ ထို ပြဿနာ ၏ အကြောင်း ကြောင့်ယေရုရှလင် မြို့၌ ရှိသော တမန်တော် တို့နှင့် သင်းအုပ် တို့ထံသို့ သွား ရမည်အကြောင်းကိုစီရင် ကြ၏။ ၃ အသင်းတော် သည်လမ်း၌ပို့ သဖြင့်၊ ပေါလုနှင့် ဗာနဗတို့သည် ဖိနိတ် ပြည်နှင့် ရှမာရိ ပြည်ကို ရှောက်သွား ၍ တစ်ပါး အမျိုးသားတို့ ပြောင်းလဲ ခြင်းအကြောင်းအရာကို ကြားပြော သဖြင့်၊ ညီအစ်ကို အပေါင်း တို့ကို အလွန် ဝမ်းမြောက် စေကြ၏။ ၄ ယေရုရှလင် မြို့သို့ ရောက် လျှင်၊ တမန်တော် တို့နှင့် သင်းအုပ် တို့မှစ၍ သင်းဝင် သူ များတို့တွင် လက်ခံ ခြင်း ကျေးဇူးကိုခံ၍၊ မိမိ တို့အားဖြင့် ဘုရားသခင် ပြု တော်မူသမျှ တို့ကို ပြန်ကြား ကြ၏။ ၅ ဖာရိရှဲ စု ထဲကယုံကြည် သောသူ အချို့တို့သည် ထ လျက် ၊ တစ်ပါး အမျိုးသားတို့အား အရေဖျားလှီး ခြင်းကို ပေး ရမည်။ မောရှေ ၏ တရား ကို ကျင့် စေခြင်းငှာဆုံးမ ရမည်ဟု ဆိုကြ၏။ ၆ ထိုအခါ တမန်တော် တို့နှင့် သင်းအုပ် တို့သည် ထို အမှု ကိုကြည့်ရှု ဆင်ခြင်ခြင်းငှာစည်းဝေး ကြ၏။ ၇ များစွာ သောဆွေးနွေး ငြင်းခုံခြင်းရှိ သောအခါ ပေတရုသည် ထ လျက်၊ ညီအစ်ကို တို့၊ ဘုရားသခင် သည် ရှေ့ဦးစွာ ငါတို့တွင် ရွေးကောက် တော်မူ၍၊ ငါ ဟောပြော သောအားဖြင့် တစ်ပါး အမျိုးသားတို့သည် ဧဝံဂေလိ တရား ကိုကြားနာ ၍ ယုံကြည် ရမည်အကြောင်း စီရင် တော်မူသည်ကို သင် တို့သိ ကြ၏။ ၈ စိတ် နှလုံးကို သိတော်မူသော ဘုရားသခင် သည် သန့်ရှင်း သော ဝိညာဉ် တော်ကို ငါ တို့အားပေး သည်နည်းတူ သူ တို့အားပေးသဖြင့်၊ သူတို့ဘက်၌ သက်သေခံ တော်မူ၏။ ၉ ယုံကြည် ခြင်းအားဖြင့်လည်း သူ တို့၏ စိတ်နှလုံး ကိုစင်ကြယ် စေ၍ ငါ တို့ကို ခြားနား စေတော်မ မူ။ ၁၀ သို့ ဖြစ်လျှင် ၊ ငါ တို့နှင့်ငါ တို့ဘိုးဘေး များ မ ထမ်း နိုင် သော ထမ်းပိုး ကို တပည့် တော်တို့၏ လည်ပင်း ပေါ်၌ တင် စေခြင်းငှာအဘယ်ကြောင့် ဘုရားသခင် ကို စုံစမ်း ကြသနည်း။ ၁၁ သခင် ယေရှု ၏ ကျေးဇူး တော်အားဖြင့် သာ ထိုသူ တို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်သည် နည်းတူ ၊ ငါတို့သည်လည်း ရောက်ရမည်ကို ငါတို့သည် ယုံကြည် ၏ဟု ပေတရု ပြောဆို ၏။ ၁၂ ထိုအခါ ဗာနဗ နှင့် ပေါလု တို့သည် မိမိ တို့အားဖြင့် တစ်ပါး အမျိုးသားတို့တွင် ဘုရားသခင်

ပြု တော်မူသမျှ သော နိမိတ် လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို ကြားပြော သည်ကို စုဝေး သောသူအပေါင်း တို့သည် တိတ်ဆိတ် စွာ နေ၍ နားထောင် ကြ၏။ ၁၃ ထိုသူ တို့သည် အကုန်အစင်ပြောဆို ပြီးမှ ၊ ယာကုပ် က၊ ညီအစ်ကို တို့၊ ငါ့ စကားကို နားထောင် ကြ လော့။ ၁၄ ဘုရားသခင် သည် မိမိ နာမ အဘို့ ၊ တစ်ပါး အမျိုးသားတို့ အထဲ ကအချို့သောသူတို့ကိုနှုတ်ယူ ခြင်းဌာ၊ ရှေးဦးစွာ တစ်ပါးအမျိုးသားတို့ကို အကြည့်အရှု ကြွလာ တော်မူသည် အကြောင်းအရာကို ရှိမုန် သည် ဟောပြော ခဲ့ပြီ။ ၁၅ ထိုအကြောင်း အရာသည်လည်း ပရောဖက် တို့၏ စကား နှင့် ညီ၏။ ၁၆ ကျမ်းစာလာ သည်ကား၊ ငါ ၏နာမ ဖြင့် သမုတ် သော တစ်ပါး အမျိုးသားအပေါင်း တည်းဟူသောကျန်ကြွင်း ရစ်သော သူ တို့သည် ထာဝရ ဘုရားကိုရှာ စေခြင်းဌာ နောက်မှ ငါပြန်လာ မည်။ ၁၇ လဲ လျက်ရှိသော ဒါဝိဒ် ၏တဲ ကို ဆောက်တည် ပြန်မည်။ ပြိုပျက် ရာများကိုလည်း ပြုပြင် ပြီးလျှင် ၊ ထိုတဲ ကို မတ် စေပြန်မည်ဟု။ ၁၈ ဤအမှုအရာတို့ကို စီရင်တော်မူသော ထာဝရ ဘုရားသခင်၏ ဗျာဒိတ်တော်ရှိ၏ ဟုလာသတည်း။ ဘုရားသခင် သည် ကမ္ဘာ ဦးမှစ၍ မိမိစီရင် တော်မူသမျှသော အမှုအရာတို့ကိုသိ တော်မူသည်။ (aiōn g165) ၁၉ ထိုကြောင့် ၊ တစ်ပါး အမျိုးသားတို့အထဲ မှ ဘုရားသခင့် ထံတော် သို့ ပြောင်းလဲ သော သူ တို့ကို မ နှောင့်ရှက် ဘဲလျက်၊ ၂၀ ရုပ်တု တို့၏ ညစ်ညူး ရာကိုၚင်း ၊ မတရား သော မေထုန်ကိုၚင်း ၊ လည်ပင်း ကိုညှစ်၍ သတ်သောအရာကို ၚင်း၊ အသွေး ကိုၚင်း ကြဉ်ရှောင် စေခြင်းဌာသူ တို့ကို မှာ လိုက်သင့်သည်ဟု ငါသဘောရှိ၏။ ၂၁ အကြောင်းမူကား ၊ မောရှေ၏ပညတ္တိကျမ်းကို တရားစရပ် ၌ ဥပုသ်နေ့ တိုင်း ဘတ်ရွတ် သဖြင့်၊ မောရှေ ၏ တရားကို ရှေး ကာလမှစ၍ ခပ်သိမ်း သောမြို့ တို့ ၌ ဟောပြော လေ့ရှိသည်ဟု ယာကုပ်ပြောဆို၏။ ၂၂ ထိုအခါ တမန်တော် တို့နှင့် သင်းအုပ် တို့မှစ၍ သင်းဝင်သူ အပေါင်း တို့သည်၊ မိမိ တို့အထဲ ၌ ရွေးကောက် ၍ညီအစ်ကို တို့တွင် ထင်ရှား သောသူ တည်းဟူသောဗာရှဗ အမည် သစ်ကို ရသောယုဒ နှင့် သိလ တို့ကို၊ အန္တိအုတ် မြို့သို့ ပေါလု ၊ ဗာနဗ တို့နှင့်တကွ စေလွှတ် မည် အကြောင်းသဘော ညီညွတ်ကြ၏။ ၂၃ သူ တို့လက် ဖြင့် ပေး လိုက်သော စာဟူမူကား၊ တမန်တော် ၊ သင်းအုပ် ၊ ညီအစ်ကို များတို့သည်၊ အန္တိအုတ် မြို့မှစ၍ ရှုရိ ပြည်၊ ကိလိကိ ပြည်တို့ ၌ရှိနေ၍ တစ်ပါး အမျိုးသားဖြစ်သော ညီအစ်ကို တို့ကို မေတ္တာနှင့်ကြား လိုက်ပါ၏။ ၂၄ လူအချို့တို့သည် ငါတို့အခွင့် မ ရှိဘဲ ငါ တို့ထံမှ ထွက်သွား ၍၊ သင် တို့သည် အရေဖျားလှီးခြင်းကိုခံရမည်၊ ပညတ်တရားကိုကျင့်ရမည် ဟူသောစကား ဖြင့်၊ သင် တို့၏ စိတ် နှလုံးကို နှောင့်ရှက် ဖျက်ဆီးသည်ကို ငါတို့ကြား ရ သည်ဖြစ်၍ ၊ ၂၅ ငါ တို့သခင် ယေရှု ခရစ် ၏ နာမ တော်ကြောင့် မိမိ အသက် ကို စွန့်စား သော သူ တည်းဟူသော၊ ၂၆ ငါတို့ချစ် သောဗာနဗ ၊ ပေါလု တို့နှင့်တကွ ရွေးကောက် သော သူ တို့ကို သင် တို့ဆီသို့ စေလွှတ် ခြင်းဌာတစ် ညီတစ်ညွတ်တည်း စီရင် သည်နှင့်အညီ၊ ၂၇ ဤအကြောင်း အရာကို သင် တို့အား နှုတ် ဖြင့် ကြား စေခြင်းဌာယုဒ နှင့် သိလ တို့ကို စေလွှတ် ကြ၏။ ၂၈ ရုပ်တု ရှေ့မှာ ပူဇော်သောယဇ်ကောင်ကိုၚင်း ၊ အသွေး ကိုၚင်း ၊ ၂၉ လည်ပင်း ကိုညှစ်၍ သတ်သောအရာကိုၚင်း ၊ မတရား သော မေထုန်ကိုၚင်း ကြဉ်ရှောင် ရမည်ဟူသော ပညတ်မှတပါး အခြားသော ဝန် သင် တို့၏ အပေါ်၌ တင် ခြင်းဌာသန့်ရှင်း သော ဝိညာဉ် တော်နှင့် ငါ တို့သည် အလိုမ ရှိ။ ထို အရာများကို ကြဉ်ရှောင်အပ်၏။ ကျန်းမာ ကြပါစေသောဟုရေး၍

ပေးလိုက်သတည်း။ ၃၀ ထိုသူတို့သည် သွား ရသော အခွင့်ရှိသဖြင့် ၊ အန္တိအုတ် မြို့သို့ သွား ၍၊ လူ အပေါင်းတို့ကို စုဝေး စေပြီးလျှင် မှာစာ ကိုအပ်ပေး ကြ၏။ ၃၁ မှာစာကိုဘတ်ရွတ် သောအခါ ထိုသက်သာ ခြင်း၏ အကြောင်းကြောင့် ဝမ်းမြောက် ခြင်းသို့ရောက်ကြ၏။ ၃၂ ယုဒ နှင့် သိလ တို့သည် ပရောဖက် ဖြစ် သောကြောင့် များစွာ သောစကား နှင့် ညီအစ်ကို တို့ကို ဆုံးမ ၍ မြဲမြံ ခိုင်ခံ့စေကြ၏။ ၃၃ ထိုသူ တို့သည် အတန်အရာနေ ပြီးမှ ၊ တမန်တော်တို့ထံသို့ငြိမ်သက် စွာပြန်စေခြင်းဟုညီအစ်ကို တို့သည် အခွင့် ပေးကြ၏။ ၃၄ သို့သော်လည်း၊ သိလသည် အလိုအလျောက် နေရစ်၏။ ၃၅ ပေါလု နှင့် ဗာနဗ တို့သည်လည်း အန္တိအုတ် မြို့၌ နေ လျက်၊ အခြား သောသူများ တို့နှင့်တကွ ဆုံးမသြဝါဒ ပေး၍၊ သခင် ဘုရား၏ နှုတ်ကပတ် တရားတည်းဟူသောဧဝံဂေလိတရားကိုဟောပြော ကြ၏။ ၃၆ အင်တန် ကာလ ကြာသောအခါ ၊ ပေါလု က၊ ငါတို့သည် သခင် ဘုရား၏ နှုတ်ကပတ် တရားကို ဟောပြော ဘူးသော မြို့ များ တို့ ၌ ရှိသော ညီအစ်ကို တို့ သည် အဘယ်သို့ ရှိ နေသည်ကိုကြည့်ရှု ၍ ပြန်သွား ကြကုန်အံ့ဟု ဗာနဗ အား ဆို ၏။ ၃၇ ဗာနဗ သည် မာကု အမည် ရှိသော ယောဟန် ကို ခေါ် မည်ဟု အကြံရှိ ၏။ ၃၈ ပေါလု က၊ ပံဖုလိ ပြည်၌ သူ တို့နှင့် ခွာ ၍ အမှုထမ်း ရာသို့ မ လိုက် မသွားသောထိုသူ ကိုမ ခေါ် သင့်ဟု သဘော ရှိ၏။ ၃၉ ထို အကြောင်းနှင့် အချင်းချင်း မ သင့်သဖြင့် တခြားစီ သွား၍၊ ဗာနဗ သည်မာကု ကို ခေါ် ပြီးလျှင် ကုပရု ကျွန်းသို့ လွှင့် လေ၏။ ၄၀ ညီအစ်ကို တို့သည် ပေါလု ကိုဘုရားသခင် ၏ ကျေးဇူး တော်သို့ အပ်နှံ ကြသဖြင့်၊ သူသည်သိလ ကို ရွေးချယ် ပြီးလျှင်ထွက် ၍၊ ၄၁ အသင်းတော် များကို မြဲမြံ ခိုင်ခံ့စေလျက်၊ ရှုရိ ပြည်၊ ကိလိကိ ပြည်တို့ကို ရှောက်သွား လေ၏။

၁၆ ထိုနောက်မှပေါလုသည် ဒေရဗေ မြို့နှင့် လုတ္တရ မြို့သို့ ရောက် လေ၏။ လုတ္တရ မြို့၌ တိမောသေ အမည် ရှိသော တပည့် တော်တစ် ယောက်ရှိ ၏။ သူ၏ အမိကား၊ ယုံကြည် သောယုဒ မိန်းမဖြစ်၏။ အဘ ကား၊ ဟေလသ လူဖြစ်၏။ ၂ ထိုသူသည်လုတ္တရ မြို့၊ ဣကောနိ မြို့၌ရှိသော ညီအစ်ကို တို့ တွင်အသရေ ရှိသောသူ ဖြစ်၏။ ၃ ပေါလု သည် ထိုသူ ကိုခေါ်ခြင်းဟုအလိုရှိ ၍၊ သူ ၏အဘ သည် ဟေလသ လူဖြစ် သည်ကိုထို အရပ် တို့ ၌ ရှိ သောယုဒ လူအပေါင်း တို့သည် သိ သောကြောင့် ၊ အရေဖျားလှီး ခြင်းကို သူ့အားပေး လေ၏။ ၄ သူတို့သည် မြို့ များကို ရှောက်သွား စဉ် တွင်၊ ယေရုရှလင် မြို့၌ နေသောတမန်တော် တို့နှင့် သင်းအုပ် တို့သည် စီရင် သောပညတ် တို့ကို အသင်း များ ကျင့်စောင့် ဘို့ရာအပ်ပေး ကြ၏။ ၅ ထိုသို့ အသင်းတော် တို့သည် ယုံကြည် ခြင်း၌ တည်ကြည် မြဲမြံသည်ဖြစ်၍၊ အရေအတွက် အားဖြင့် တစ်နေ့ထက်တစ်နေ့တိုးပွား များပြားကြ၏။ ၆ ဖြူဂိ ပြည်၊ ဂလာတိ ပြည် ကို ရှောက်သွား ပြီးမှ အာရှိ ပြည်၌ နှုတ်ကပတ် တရားတော်ကို မဟော စေခြင်းဟုသန့်ရှင်း သော ဝိညာဉ် တော်သည်မြစ်တား တော်မူသဖြင့်၊ ၇ မုသိ ပြည်သို့ ရောက် ၍ ၊ ဗိသုနှ် ပြည်သို့ သွား မည်ပြု ကြစဉ်၊ ဝိညာဉ် တော်သည် အခွင့် ပေးတော်မ မူသောကြောင့် ၊ ၈ မုသိ ပြည်အနားမှာ ရှောက် ၍ တရော မြို့သို့ ရောက် ကြ၏။ ၉ ည၌ အခါ ပေါလု သည် ဗျာဒိတ် ရူပါရုံကိုမြင် ရ၍၊ မာကေဒေါနိ လူ တစ် ယောက်က၊ မာကေဒေါနိ ပြည်သို့ ကူး ပါ။ ငါ တို့ကိုမစ ပါဟုရပ် လျက် တောင်းပန် ၏။ ၁၀ ထို ဗျာဒိတ်ရူပါရုံကို မြင် ရလျှင် ၊ မာကေဒေါနိ ပြည်၌ ဧဝံဂေလိ တရားကို ဟောစေခြင်းဟုသခင်

ဘုရားသည် ငါ တို့ကိုခေါ် တော်မူသည်ဟု ငါတို့သဘောကျသဖြင့်၊ ထိုပြည်သို့သွား ခြင်းငှာချက်ခြင်း ရှာကြံ ကြ၏။ ၁၁ ထိုကြောင့်၊ တရော မြို့မှ သဘော်လွှင့် ၍ သာမောသရက် ကျွန်းသို့ တည့်တည့် သွားသဖြင့်၊ နက်ဖြန် နေ့၌ နာပေါလိ မြို့သို့ ရောက်ကြ၏။ ၁၂ ထိုမြို့ မှထွက်ပြန်လျှင် မင်းမှူလွတ်သော မြို့ တည်းဟူသောမာကေဒေါနိ ပြည်တ ပိုင်းကို အစိုးရ သော ဖိလိပ္ပိ မြို့သို့ ရောက်၍ ကာလ အတန် အရာနေ ကြ၏။ ၁၃ ဥပုသ်နေ့ ၌ ငါတို့သည် မြို့ပြင် သို့ထွက် လျှင်၊ ပဌနာ စရပ် ရှိ တတ်ရာမြစ် နား သို့သွား၍ ထိုင် ပြီးမှ၊ ထိုအရပ်၌စည်းဝေး သော မိန်းမ တို့အားဟောပြော ကြ၏။ ၁၄ ထိုအခါ နီမောင်းသောအထည်အလိပ် ကို ရောင်းသော သွာတိရဲ မြို့သူ လုဒိ အမည် ရှိသော မိန်းမ တစ် ယောက်သည် ဘုရားသခင် ကို ကိုးကွယ် သောသူဖြစ်၍၊ တရားနာ စဉ်တွင် ပေါလု ဟောပြော သော အရာ ကို မှီဝဲဆည်းကပ်စေခြင်းငှာသူ ၏စိတ်နှလုံး ကို သခင် ဘုရားဖွင့် တော်မူ၏။ ၁၅ ထိုမိန်းမသည်အိမ်သူ အိမ်သားတို့နှင့်တကွ ဗတ္တိဇံ ကို ခံပြီးမှ၊ ကျွန်မ သည် သခင် ဘုရား၌ အမှန် ယုံကြည် သည်ကို သင်တို့သည် ထင်မှတ် လျှင် ၊ ကျွန်မ အိမ် သို့ ဝင် ၍ နေ ကြပါဟုတောင်းပန် လျက် ငါ တို့ကို အနိုင် သွေးဆောင် လေ၏။ ၁၆ ထိုနောက်မှငါ တို့သည် ပဌနာ စရပ်သို့ သွား စဉ်တွင် နတ်ဝင် ဖြစ် ၍ အနာဂတ်ကိုဟော သဖြင့်၊ မိမိ သခင် တို့အား စီးပွား များ ကို ပြု တတ်သော မိန်းမငယ်တစ် ယောက်သည် ငါ တို့ကိုဆီးကြို လေ၏။ ၁၇ ထိုမိန်းမငယ်သည် ပေါလု နှင့် ငါ တို့နောက် သို့ လိုက်၍၊ ဤသူ တို့ကား အကျွတ် တရားလမ်း ကို ငါတို့အား ဟောပြော ပြသသော အမြင့်ဆုံး သော ဘုရားသခင် ၏ ကျွန် ဖြစ် ကြ၏ဟု ဟစ်ကြော် လေ၏။ ၁၈ ထိုသို့ အဖန်များစွာ ပြု သောကြောင့် ပေါလု သည် စိတ်မသာ လျက်လှည့်ကြည့် ၍ ၊ သင် သည်သူ ၏ အထဲ မှထွက်သွား လော့။ ယေရှု ခရစ် ၏နာမ တော်ကို အမှီပြု ၍ ငါအမိန့် ရှိ၏ဟု ထိုနတ် ကိုဆို သောခဏခြင်းတွင် နတ်သည်ထွက်သွား ၏။ ၁၉ သူ ၏သခင် တို့သည် နောက်တဖန် စီးပွား ဖြစ်လိမ့်မည်ဟု မြော်လင့် စရာအကြောင်း မရှိသည်ကို သိမြင် လျှင်၊ ပေါလု နှင့် သိလ တို့ကို ဘမ်းဆီး ဆွဲငင် ၍ ရုံးတော်သို့ ပို့ကြ၏။ ၂၀ စစ်ကဲ မင်းထံသို့ရောက် သောအခါ ဤ သူ တို့သည် ယုဒ လူဖြစ် လျက် ငါ တို့မြို့ ကို နှောင့်ရှက် တတ်ပါ၏။ ၂၁ ရောမ လူဖြစ် သောငါ တို့သည် မ ခံ မယူ မကျင့် အပ်သော ဘာသာ ထုံးတမ်းများကို ဟောပြော သွန်သင်တတ်ပါ၏ ဟုလျှောက်ဆို ကြလျှင်၊ ၂၂ စုဝေး သောလူတို့သည် သူ တို့တစ်ဘက် ၌ တပြိုင်နက် ထကြ၏။ စစ်ကဲ မင်းတို့လည်း သူ တို့၏ အဝတ် ကိုချွတ် ၍ကြိမ်လုံးနှင့်ရိုက် စေခြင်းငှာစီရင် ကြ၏။ ၂၃ ရိုက် ၍ဒဏ်ချက်များရှိပြီးမှ၊ လုံခြုံ စွာ စောင့် စေ ဟု ထောင်မှူး ကို မှာ လိုက်၍ ထောင် ထဲမှာ လှောင် ထား ကြ၏။ ၂၄ ထိုသို့ မှာ လိုက်သည်အတိုင်း ထောင်မှူးသည် အတွင်း ထောင် ထဲမှာ လှောင် ၍ ထိတ်ခတ် လျက်ထား၏။ ၂၅ သန်းခေါင် အချိန်၌ ပေါလု နှင့် သိလ တို့သည် ပဌနာ ပြု၍ ဘုရားသခင် ကို ချီးမွမ်း လျက်သီချင်း ဆိုလေ၏။ ထောင် ထဲမှာနှောင်ဖွဲ့ခြင်း ကိုခံရသော သူ တို့သည် နားထောင် ကြ၏။ ၂၆ ထို ခဏခြင်း တွင် မြေကြီး သည်ပြင်းစွာ လှုပ်သောကြောင့် ထောင် ခြေ ရင်းလည်းလှုပ်ရှား ၏။ တံခါး ရှိသမျှ တို့သည် ချက်ခြင်း ပွင့် ၍ လူအပေါင်း တို့သည် နှောင်ဖွဲ့ ခြင်းနှင့်လွတ် ကြ၏။ ၂၇ ထောင်မှူး သည်နိုး ၍ ထောင် တံခါး များ ပွင့် လျက်ရှိ သည်ကို မြင် လျှင်၊ နှောင်ဖွဲ့ ခြင်းကို ခံရသောသူ တို့သည် ထွက်ပြေး ကြပြီဟုထင်မှတ် သည်နှင့်၊ ဓား ကို အိမ်မှဆွဲထုတ်

၍ ကိုယ် အသက်ကိုသတ် မည် ပြု လေ၏။ ၂၈ ပေါလု ကလည်း၊ ကိုယ် ကိုအပြစ် မ ပြု နှင့်။ ငါတို့ အပေါင်း သည် ရှိ ကြ၏ဟုကြီး သောအသံ နှင့် ဟစ် ၍ ပြောဆို ၏။ ၂၉ ထောင်မှူးသည် ညှိထွန်းသောမီး ကို တောင်း ပြီးမှ ပြေး ဝင်၍၊ ပေါလု နှင့် သိလ တို့၏ခြေရင်း၌ တုန်လှုပ် လျက် ပြပ်ဝပ် လေ၏။ ၃၀ သူ တို့ကို ပြင် သို့ထုတ် ပြီးလျှင်လည်း၊ သခင် တို့၊ အကျွန်ုပ် သည် ကယ်တင် ခြင်းသို့ရောက်အံ့သောဟု အဘယ်သို့ ပြု ရ ပါမည်နည်းဟု မေးလျှောက် လေ၏။ ၃၁ ထိုသူတို့ကလည်း၊ သခင် ယေရှု ခရစ်ကို ယုံကြည် လော့။ ယုံကြည်လျှင်သင် နှင့် သင် ၏အိမ်သူ အိမ်သားတို့သည် ကယ်တင် ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောဆို လျက်၊ ၃၂ ထိုသူ မှစ၍ သူ ၏အိမ် ၌ ရှိသမျှ သော သူ တို့အား သခင် ဘုရား၏ နှုတ်ကပတ် တရားတော်ကို ဟော ကြ၏။ ၃၃ ထို ညဉ့် ၊ ထိုအချိန် နာရီ၌ ပင်၊ ထောင်မှူးသည် ပေါလု နှင့်သိလ တို့ကိုယူ ၍ဒဏ်ချက်ရာ များကို ဆေးကြော ပြီးလျှင်၊ မိမိ လူအပေါင်း တို့နှင့်တကွဗတ္တိဇ် ကို ချက်ခြင်း ခံလေ၏။ ၃၄ တဖန် ပေါလု နှင့် သိလတို့ကို မိမိအိမ် သို့ ခေါ် ပင့် ပြီးမှသူတို့ကို လုပ်ကျွေး ၍ ၊ ဘုရားသခင် ကို ယုံကြည် လျက် အိမ်သူ အိမ်သားအပေါင်းတို့နှင့်တကွဝမ်းမြောက် ခြင်းသို့ရောက်လေ၏။ ၃၅ နံနက် ရောက် သောအခါ စစ်ကဲ တို့သည် ရုံး လုလင်တို့ကို စေလွှတ် ၍၊ ထို လူ တို့ကို လွှတ် စေ ဟုမှာ လိုက်ကြ၏။ ၃၆ ထို စကားကိုထောင်မှူး သည် ပေါလု အား ကြားပြော ၍၊ ကိုယ်တော်တို့ကို လွှတ် စေခြင်းဌာ စစ်ကဲ တို့သည် စေလွှတ် ကြပါပြီ။ ထိုကြောင့် ယခု ထွက် ၍ ငြိမ်ဝပ် စွာ ကြွသွား တော်မူကြပါဟု လျှောက်လျှင်၊ ၃၇ ပေါလု က၊ ရောမ လူ ဖြစ် သော ငါ တို့ကို ဓမ္မသတ်အတိုင်း မစီရင်ဘဲလျက်၊ စစ်ကဲတို့သည် ထင်ရှား စွာ ရိုက် ၍ ထောင် ထဲမှာ လှောင် ထားပြီးမှ၊ တိတ်ဆိတ် စွာနှင်ထုတ် ကြမည်လော။ ထိုသို့မ ပြု သင့်။ ကိုယ်တိုင် လာ ၍ ငါ တို့ကို နှုတ်ယူ ကြစေဟု ရုံးလုလင် တို့ အားပြောဆို ၏။ ၃၈ ထို စကား ကိုရုံး လုလင်တို့သည် စစ်ကဲ တို့အား ကြားလျှောက် ၍ ၊ ပေါလုနှင့်သိလတို့သည် ရောမ လူ ဖြစ် ကြောင်းကို စစ်ကဲတို့သည် ကြားသိ သောအခါကြောက် ခြင်းသို့ရောက်၍၊ ၃၉ ကိုယ်တိုင် လာ ပြီးလျှင် ချော့မော့ သောစကားနှင့် သူတို့ကို နှုတ်ယူ ၍၊ ထိုမြို့ မှ ထွက်သွား ပါမည် အကြောင်း တောင်းပန် ကြ၏။ ၄၀ ထိုအခါပေါလုနှင့် သိလတို့သည် ထောင် မှ ထွက် ၍ လုဒိ အိမ်သို့ ဝင် သဖြင့်၊ ညီအစ်ကို များကို တွေ့မြင် ၍ သက်သာ စေပြီးမှ ထွက်သွား ကြ၏။

၁၇ ထိုနောက်၊ အံဖိပေါလိ မြို့၊ အာပေါလောနိ မြို့ကို ရှောက်သွား ၍ သက်သာလောနိတ် မြို့သို့ ရောက် ကြ၏။ ထို မြို့မှာယုဒ တရားစရပ် ရှိ ၏။ ၂ ပေါလု သည် မိမိထုံးစံ ရှိသည်အတိုင်း ထိုစရပ် သို့ ဝင် ၍ ၊ ဥပုသ်နေ့ သုံး ရက်တွင် ကျမ်းစာ ကိုအမှီပြု ၍ ထိုသူ တို့နှင့် ဆွေးနွေး နှီးနှောသဖြင့်၊ ၃ ခရစ်တော် သည် အသေခံ ရ မည်။ သေ ခြင်းမှ ထမြောက် ရမည်။ ငါ ဟောပြော သောယေရှု သည် ခရစ်တော် ဖြစ် သည်ဟူသောအကြောင်း အရာတို့ကို ရှင်းလင်းစွာဖွင့်ပြ လေ၏။ ၄ ထိုသူ အချို့တို့သည် ယုံကြည် ခြင်းသို့ရောက်၍ ၊ ပေါလု ၊ သိလ တို့နှင့် ပေါင်းဘော် ကြ၏။ ဘုရား ကို ကိုးကွယ်သော ဟေလသ လူ အပေါင်း တို့နှင့် ထင်ရှား သော မိန်းမ များ တို့လည်း ယုံကြည်ကြ၏။ ၅ ယုဒ လူတို့သည် ဆိုးယုတ် လျှပ်ပေါ် သော သူ အချို့တို့ကို ခေါ် ၍ လူများကို စုဝေး စေပြီးလျှင် ၊ မြို့ ၌ အုတ်အုတ်သဲသဲ ပြုကြ၏။ ယာသုန် ၏ အိမ် ကိုဝိုင်း ၍ သူ တို့ကို လူ များရှေ့ သို့ ဆွဲထုတ်ခြင်းဌာန ကြ၏။ ၆ မ တွေ့ လျှင်၊ ယာသုန် နှင့်

ညီအစ်ကို အချို့တို့ကို မင်း အရာရှိ တို့ထံသို့ ဆွဲငင် ၍၊ လောကီ နိုင်ငံကို မှောက်လှန် သော ဤသူ တို့သည် ဤ အရပ်တိုင်အောင်ရောက် ကြပါပြီ။ ၇ ယာသုန် သည်လည်း သူ တို့ကို လက်ခံ ပါပြီ။ ထိုသူ အပေါင်း တို့သည် ကဲသာ ဘုရင်၏ အမိန့် တော်ကို ဆန့်ကျင်ဘက် ပြု ၍၊ ယေရှု အမည် ရှိသော ရှင်ဘုရင် တစ်ပါး ရှိ သည်ဆို တတ်ပါ၏ဟု ဟစ်ကြော် လျက် ၊ ၈ မင်း အရာရှိမှစ၍ စုဝေး သောသူတို့၏ စိတ်ကို ထိုသို့သောစကားအားဖြင့်နှောင့်ရှက် ကြ၏။ ၉ ထိုအခါယာသုန် မှစ၍ ကြွင်း သောသူ တို့ကို အာမခံပေးစေပြီးမှလွှတ် လိုက်ကြ၏။ ၁၀ ညဉ့် အခါ ညီအစ်ကို တို့သည် ပေါလု နှင့် သိလ ကို ဗေရိ မြို့သို့ ချက်ခြင်း လွှတ် လိုက်ကြ၏။ ထိုမြို့သို့ ရောက် လျှင် ယုဒ တရားစရပ် သို့ ဝင် ကြ၏။ ၁၁ ဗေရိမြို့သားတို့သည် သက်သာလောနိတ် မြို့သားတို့ထက် ထူးမြတ်သဖြင့် ၊ အလွန်ကြည်ညိုသော စေတနာ စိတ်နှင့် နှုတ်ကပတ် တရားတော်ကိုခံယူ ၍ မှန် သည်မမှန်သည်ကိုသိခြင်းငှာ၊ ကျမ်းစာ ကိုနေ့တိုင်း အစဉ်စေ့စေ့ကြည့်ရှု ကြ၏။ ၁၂ ထိုကြောင့် ၊ ယုဒ လူအများ တို့သည် ယုံကြည် ခြင်းသို့ရောက်ကြ၏။ အသရေ ထင်ရှားသော ဟေလသ မိန်းမ တို့နှင့် ယောကျ်ား အများတို့သည် လည်း ယုံကြည်ကြ၏။ ၁၃ ပေါလု သည် ဗေရိ မြို့၌ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကိုဟောပြော သည်ကို၊ သက်သာလောနိတ် မြို့သားဖြစ်သော ယုဒ လူ တို့သည် ကြားသိ ရလျှင် ၊ ဗေရိ မြို့သို့လာ ပြန်၍ လူ များတို့ကို တိုက်တွန်း နှိုးဆော် ကြ၏။ ၁၄ ထိုအခါ ညီအစ်ကို တို့သည် ပေါလု ကို ပင်လယ် လမ်းဖြင့် သွား စေခြင်းငှာချက်ခြင်း လွှတ် လိုက်ကြ၏။ သိလ နှင့် တိမောသေ တို့သည် နေရစ် ကြ၏။ ၁၅ ပေါလု ကိုပို့ သောသူ တို့သည် အာသင် မြို့ တိုင်အောင် ပို့ဆောင် ပြီးမှ၊ သိလ နှင့် တိမောသေ တို့ကို အလျင်အမြန် လာ စေခြင်းငှာမှာစာ ကိုခံ ၍ပြန် ကြ၏။ ၁၆ ပေါလု သည်အာသင် မြို့၌ သိလ နှင့် တိမောသေ တို့ကို ငံ့လင့် ၍ နေစဉ်တွင်၊ ထိုမြို့ သည် ရုပ်တု တို့နှင့် အပြည့်ရှိ သည်ကိုမြင် လျှင် စိတ် ပူပန် ခြင်းသို့ရောက်၏။ ၁၇ ထိုကြောင့် တရားစရပ် ၌ ယုဒ လူမှစ၍ ဘုရား ကို ကိုးကွယ် သော သူ တို့နှင့်ငင်း ၊ လူများစုဝေးရာအရပ်၌ နေ့တိုင်း တွေ့ကြုံ သော သူ တို့နှင့်ငင်း ဆွေးနွေး နှီးနှောခြင်းကိုပြု၏။ ၁၈ ထိုအခါ ဧပိကုရ တပည့်တို့နှင့် သတောအိတ် ပညာရှိ အချို့တို့ သည် ပေါလု နှင့်ဆိုင်ပြိုင် ၍၊ အချို့က၊ ဤ မရေရ သောလူသည် အဘယ်သို့ ပြော ချင် သနည်းဟု ဆို ၏။ အချို့ကလည်း၊ ဤသူသည် တစ်ကျွန်း တစ်နိုင်ငံနတ် ဘုရားတို့၏ အကြောင်းကို ဟောပြော သောသူ ဖြစ် ဟန် ရှိသည်ဟုဆို၏။ ဆိုသည်အကြောင်း ကား၊ ပေါလုသည် ယေရှု ၏ တရားနှင့် ထမြောက် ခြင်း တရားတည်းဟူသောဧဝံဂေလိတရားကို ဟော သတည်း။ ၁၉ ထိုအခါ ၊ ထိုသူတို့သည် ပေါလု ကိုခေါ် ၍ အာရေ တောင်သို့ ဆောင်သွား ပြီးလျှင်၊ သင် သည် ဟောပြော သော ဤ အယူဝါဒသစ် ကို ငါတို့ သိ အပ် သလော။ ၂၀ ငါ တို့မသိမကျွမ်းဘူးသောအရာတို့ကို သင်သည် ကြားပြော ၏။ ထို အရာများကား အဘယ်သို့ ဆိုလို သည် ကို ငါတို့သိ ချင် ပါသည်ဟု ဆို ကြ၏။ ၂၁ အာသင် မြို့သူမြို့သားအပေါင်း တို့နှင့် ဧည့်သည် များ တို့သည် သိတင်း စကားကိုကြားပြော ခြင်း၊ နားထောင် ခြင်း အမှုမှတစ်ပါးအခြားသော အမှုဖြင့်ကာလကို မ လွန် စေတတ်ကြ။ ၂၂ ထိုအခါ ပေါလု သည် အာရေ တောင်ပေါ် ၌ ရပ် လျက်၊ အချင်း အာသင် လူတို့ ၊ သင် တို့သည် ခပ်သိမ်း သော အရာတို့ ၌ နတ်ဘုရားတို့ကို အလွန်ရိုသေ တတ်ကြ သည်ကို ငါမြင် ပါ၏။ ၂၃ လမ်း ၌သွား၍ သင် တို့၏ ဘုရား

များကို ကြည့်ရှု သည်တွင်၊ ငါတို့ မ သိသော ဘုရားသခင် အဘို့ဟူ၍အကၡရာတင် သောယဇ်ပလ္လင် တစ်ခုကို တွေ့ ပါ၏။ သင်တို့ သည် မ သိဘဲလျက် ကိုးကွယ် သော ဘုရားသခင်၏ အကြောင်း ကို ငါ ဟောပြော ၏။ ၂၄ လောကဓာတ် မှစ၍ လောကဓာတ် ၌ ရှိ လေသမျှသောအရာ တို့ကို ဖန်ဆင်း တော်မူသော ဘုရားသခင် သည်၊ ကောင်းကင် နှင့် မြေကြီး ကို အစိုးရတော်မူသော အရှင် ဖြစ် ၍၊ လူတို့လက် ဖြင့် လုပ်သော ဗိမာန် ၌ ကျိန်းဝပ် တော်မူသည်မ ဟုတ်။ ၂၅ ဘုရားသခင် သည် ခပ်သိမ်း သောသူတို့အား ဧဝ အသက်နှင့်တကွ ထွက်သက်ဝင်သက် မှစ၍ ခပ်သိမ်း သောအရာ တို့ကို ပေး တော်မူသောအရှင်ဖြစ်၍၊ တစ်စုံတစ်ခု ကို အလို တော်ရှိသကဲ့သို့လူ တို့လက် ဖြင့် ကျွေးမွေး ခြင်းကို ခံတော်မူသည်မ ဟုတ်။ ၂၆ ဘုရားသခင်သည် မြေ တပြင်လုံး ၌ နေ ရသော လူ အမျိုးမျိုး တို့ ကိုတစ် သွေးတည်းနှင့် ဖန်ဆင်း တော်မူ၍၊ သူတို့အားခွဲဝေ စီမံ သောအချိန် ကာလကို ၎င်း ၊ သူ တို့၏ နေရာ အပိုင်းအခြားကိုဥင်း မှတ်သား တော်မူ၏။ ၂၇ အကြောင်းမူကား၊ လူတို့သည် ဘုရားသခင် ကို ရှာ စမ်း သဖြင့် တွေ့ ကောင်းတွေ့ကြလိမ့်မည်အကြောင်း တည်း။ သို့ဆိုသော်လည်း၊ ဘုရားသခင်သည် ငါ တို့တွင် အဘယ်သူနှင့်မျှဝေး တော်မူသည်မ ဟုတ်။ ၂၈ ငါတို့သည် ဘုရားသခင် အားဖြင့် အသက် ရှင်လျက် ၊ လှုပ်ရှား လျက် ၊ ဖြစ် လျက်ရှိကြ၏။ ထိုသို့နှင့်အညီ၊ သင် တို့တွင် လင်္ကာ ဆရာအချို့ တို့က၊ ငါတို့သည်ကား၊ နွယ်တော်သားပင်၊ ဘုရားမျိုး ပေ ၊ ဖြစ် ကြလေဟု စပ်ဆို သတည်း။ ၂၉ ထိုသို့ ငါတို့သည် ဘုရားသခင် ၏ အမျိုးအနွယ် ဖြစ် လျက်နှင့် လူတို့ အတတ် အကြံအစည် အားဖြင့်ထုလုပ် သောရွှေ ရုပ်တု ၊ ငွေ ရုပ်တု၊ ကျောက် ရုပ်တုနှင့် ဘုရားသခင် တူ တော်မူသည်ဟု မ ထင် မမှတ်အပ်။ ၃၀ ဘုရားသခင် သည် မိုက်မဲ သော အချိန် ကာလတို့ကို အမှု မထားဘူးသော်လည်း ၊ ယခု မှာ ကိုယ်အပြစ်ကို မြင်၍ နောင်တရ ကြလော့ဟု ခပ်သိမ်း သော အရပ်တို့ ၌ ရှိသော လူ အပေါင်း တို့အား ပညတ် တော်မူ၏။ ၃၁ အကြောင်းမူကား ၊ ခန့်ထား တော်မူသော သူ အားဖြင့် လောကီသား တို့ကို ဖြောင့်မတ် ခြင်းတရားနှင့် ညီလျော်စွာစစ်ကြော စီရင် မည့်နေ့ရက် ကို ချိန်းချက် တော်မူပြီ။ ထိုသူ ကို သေ ခြင်းမှ ထမြောက် စေတော်မူသော အားဖြင့်ခပ်သိမ်း သောလူတို့အား ယုံ လောက်သော သက်သေကိုပြတော်မူပြီဟုပေါလုဟောပြော၏။ ၃၂ သေ သောသူတို့၏ ထမြောက် ခြင်းအကြောင်းကို ကြား ရလျှင် ၊ အချို့တို့သည် ကဲ့ရဲ့ ကြ၏။ အချို့တို့က၊ ဤ အမှု မှာ သင် ၏စကားကို ငါတို့သည် နောက် တဖန် နားထောင် ဦးမည်ဟု ဆို ကြ၏။ ၃၃ ထိုသို့ ဆိုကြသောအခါပေါလု သည် ထိုသူ တို့ အထဲ မှ ထွက်သွား လေ၏။ ၃၄ လူ အချို့တို့သည် ပေါလု ၌ မှီဝဲ ဆည်းကပ်၍ ယုံကြည် ခြင်းသို့ ရောက်ကြ၏။ ထိုသူ တို့အဝင် ဒယောနုသိ အမည်ရှိသော အာရေ တောင်မင်းတစ်ယောက်၊ ဒမာရိ အမည် ရှိသောမိန်းမ တစ်ယောက်မှစ၍ အခြား သောသူရှိ ကြ၏။

၁၈ ထိုနောက် ပေါလုသည် အာသင် မြို့မှ ထွက်သွား ကောရိန္သု မြို့သို့ ရောက် လေ၏။ ၂ ထိုအခါ ယုဒ လူအပေါင်း တို့သည် ရောမ မြို့မှ ထွက်သွား ရမည်အကြောင်း၊ ကလောဒိ မင်း အမိန့် တော်ရှိ သည်ဖြစ်၍၊ ပုန္တု ပြည်သားအာကုလ အမည် ရှိသော ယုဒ လူတစ် ယောက်သည် ဤတလိ ပြည်မှ လာ၍၊ မိမိ မယား ပြစ်ကိလ နှင့်တကွ မကြာမမြင့်မှီ ရောက်လာ သည်ကို ပေါလုတွေ့ လျှင်သူ တို့ဆီသို့ဝင် ၍၊ ၃ အလုပ် ချင်းတူသောကြောင့် ၊ သူ တို့နှင့် နေ ၍

အလုပ်လုပ် လေ၏။ ထိုသူတို့သည် တဲရှင် ကိုချုပ်တတ် သော အချုပ်သမား ဖြစ် ကြ၏။ ၄ ပေါလုသည်လည်း ဥပုသ်နေ့ မပြတ် တရားစရပ် ၌ ဆွေးနွေး ဟောပြော၍၊ ယုဒ လူနှင့် ဟေလသ လူတို့ကို ဖြားယောင်း သွေးဆောင်လေ၏။ ၅ သိလ နှင့် တိမောသေ တို့သည် မာကေဒေါနိ ပြည်မှ ရောက်လာ သောအခါ ၊ ပေါလု သည် သူတို့နှင့်တကွတရား ဟောခြင်းအမှုကိုသာ ဆောင်ရွက် ၍၊ ယေရှု ခရစ် ၏ အကြောင်းကို ယုဒ လူတို့အား ကြိုးစား၍ သက်သေခံ လေ၏။ ၆ ယုဒလူတို့သည် ငြင်းခုံ ဆဲရေးခြင်းကို ပြုသည် ရှိသော်၊ ပေါလု သည် မိမိအဝတ် ကိုခါ လိုက်လျက်၊ သင် တို့၏ အသွေး သည် သင် တို့၏ ခေါင်း ပေါ်၌ တည်စေ။ ငါ မူကား ကင်းလွတ် ၏။ ယခု မှစ၍ တစ်ပါး အမျိုးသားတို့ဆီသို့ သွား မည်ဟု ဆိုပြီးလျှင်၊ ၇ ထို အရပ်မှထွက် ၍ ဘုရားသခင် ကို ကိုးကွယ် သော ယုတ္တု အမည် ရှိသောသူ ၏ အိမ် သို့ သွား ၏။ ထိုအိမ် သည် တရားစရပ် နှင့် စပ် လျက်ရှိ သတည်း။ ၈ ကရိပ္ပု အမည်ရှိသောတရားစရပ်မှူး သည် မိမိအိမ်သူ အိမ်သားအပေါင်း တို့နှင့်တကွ သခင် ဘုရားကို ယုံကြည် လေ၏။ ကောရိန္တ၊ ပြည်သားအများ တို့သည် လည်း ယုံကြည် ၍ ဗတ္တိဇံ ကိုခံကြ၏။ ၉ ညဉ့် အခါ သခင် ဘုရားသည် ပေါလု အား ဗျာဒိတ် ရူပါရုံကိုပြ၍၊ သင်သည်မ ကြောက် နှင့်။ တိတ်ဆိတ် စွာမ နေနှင့်။ ဟောပြော လော့။ ၁၀ ငါ သည်သင် နှင့်အတူ ရှိ ၏။ သင့် ကိုညှဉ်းဆဲ ခြင်းငှာအဘယ်သူ မျှအနိုင် အထက်မပြုရ။ ဤ မြို့ ၌ ငါ ၏ လူ အများ ရှိ ကြသည်ဟု မိန့် တော်မူ၏။ ၁၁ ပေါလုသည် ထိုမြို့သူ မြို့သားတို့အား ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို ဟောပြော သွန်သင်၍တနှစ် နှင့် ခြောက် လ ပတ်လုံးနေ လေ၏။ ၁၂ အခါယ ပြည်ကို ဂါလျိန် မင်းသည် ဝန် အရာနှင့် အုပ်စိုးသောအခါယုဒ လူများသည် တစ် ညီတစ်ညွတ်တည်း ပေါလု ကို အနိုင်အထက် ပြု၍ တရားပလ္လင် ရှေ့ သို့ ယူသွား ပြီးလျှင်၊ ၁၃ လူ တို့သည် ဘုရား ကိုမတရား သဖြင့်ကိုးကွယ် စေခြင်းဌာ၊ ဤသူသည် ဖြားယောင်း တတ်ပါသည် ဟုဆို ကြ၏။ ၁၄ ပေါလု သည် နှုတ် ကိုဖွင့် မည်ပြုသော်၊ ဂါလျိန် မင်းက၊ အချင်း ယုဒ လူတို့၊ မတရားသောအမှု ၊ ဆိုးယုတ် ညစ်ညူး သောအမှုဖြစ် လျှင် ၊ ငါသည်သင် တို့ကို အကြောင်း ရှိ သည်အတိုင်း သည်းခံ ရမည်။ ၁၅ သို့မဟုတ်စကား သော်၎င်း၊ ခေါ်ဝေါ် သမုတ်ခြင်းသော်၎င်း၊ သင် တို့၏ဘာသာတရား သော်၎င်း၊ သင်တို့သည်အစီရင်ခံ လျှင် ကိုယ်အမှုကို စောင့်ကြလော့။ ထိုသို့သော အမှုကိုစီရင်ခြင်းဌာ၀ါ အလို မ ရှိ ဟုဆိုလျက်၊ ၁၆ ယုဒ လူတို့ကို တရားပလ္လင် မှ ပယ်ရှား စေ၏။ ၁၇ ထိုအခါဟေလသလူအပေါင်း တို့သည် တရားစရပ်မှူး သုဿင် ကိုယူ ၍ တရားပလ္လင် ရှေ့ မှာ ရိုက် ကြ၏။ ထိုအမှု ကိုလည်း ဂါလျိန် မင်းသည် အမှု မ ထား ဘဲနေ၏။ ၁၈ ထိုနောက်မှပေါလု သည် တာရှည် စွာနေ ပြီးမှညီအစ်ကို တို့ကို အခွင့် တောင်း၍ ထိုမြို့မှထွက်သွား ၏။ အထက်ကသစ္စာ ဂတိပြု သည်နှင့်အညီကင်ခြေ မြို့၌ ခေါင်း ရိတ် ခြင်းကိုခံပြီးလျှင်၊ ပြစ်ကိလ နှင့် အာကုလ ကို ခေါ်၍ ရှုရိပြည်သို့သင်္ဘောနှင့်လွှင့်လေ၏။ ၁၉ ဧဖက် မြို့သို့ ရောက် လျှင် ၊ တရားစရပ် သို့ ဝင် ၍ ယုဒ လူတို့နှင့် ဆွေးနွေး နှီးနှော်လေ၏။ ၂၀ ထိုသူ တို့သည် မိမိတို့နှင့်အတူပေါလု နေ ပါဦးမည်အကြောင်း တောင်းပန် သောအခါ ၊ ပေါလသည် ဝန် မ ခံဘဲလျက်၊ ၂၁ ယခုရောက်လုနီးသောပွဲကိုယေရုရှလင်မြို့၌ ငါအမှန်ခံရမည်။ ဘုရားသခင် အလို တော်ရှိလျှင်၊ နောက်တစ်ဖန် သင် တို့ရှိရာ သို့ ငါပြန် ဦးမည်ဟူ၍အခွင့် တောင်းပြီးမှ ၊ ပြစ်ကိလနှင့်အာကုလကို ဧဖက် မြို့၌ ထား၍

သဘော်နှင့်လွှင့် ပြန်လေ၏။ ၂၂ ကဲသရိ မြို့သို့ ရောက် လျှင် ယေရှုရှလင်မြို့သို့ တက် ၍ အသင်းတော် နှင့် နှုတ်ဆက် ပြီးမှအန္တိအုတ် မြို့ သို့ သွား ပြန်၏။ ၂၃ ထိုမြို့၌ အတန် အရာနေ ပြီးလျှင် ၊ ထွက် ပြန်၍ ဂလာတိ ပြည် ၊ ဖြူဂိ ပြည်ကို အစဉ် အတိုင်း ရှောက်သွား သဖြင့်၊ တပည့် တော်အပေါင်း တို့ကို မြဲမြံ ခိုင်ခံ့စေ၏။ ၂၄ အာပေါလု အမည် ရှိသော အာလေဇြို မြို့သား ၊ ယုဒ လူ တစ် ယောက်သည် ဧဖက် မြို့သို့ ရောက်လာ ၏။ ထိုသူ သည် နှုတ် သတ္တိနှင့် ပြည့်စုံ၍ ကျမ်းစာ ၌ အားကြီး သောသူဖြစ် ၏။ ၂၅ သခင် ဘုရား၏ဘာသာ ၌လေ့ကျက် ၍ စိတ် အားကြီး သဖြင့် ၊ သခင် ဘုရား၏ အကြောင်း များကို စေ့စေ့ ဟောပြော ၍ ဆုံးမ သြဝါဒပေး၏။ သို့သော်လည်း၊ ယောဟန် ၏ ဗတ္တိဇံ ကိုသာ သိ ၏။ ၂၆ ထိုသူ သည် တရားစရပ် ၌ ရဲရင့်စွာဟောပြော စ ပြုသဖြင့်၊ အာကုလ နှင့် ပြစ်ကိလ တို့သည် သူ ၏စကား ကို ကြားသောအခါ ၊ သူ့ ကိုယူ ၍ဘုရားသခင် ၏ ဘာသာ တရားကိုသာ၍ သေချာစွာသင်ကြား ကြ၏။ ၂၇ ထိုသူ သည် အခါယ ပြည်သို့ သွား ခြင်းငှာအလိုရှိ သည်ဖြစ်၍ ၊ တပည့် တော်ချင်းတို့သည် သူ့ ကိုလက်ခံ မည်အကြောင်း ညီအစ်ကို တို့သည်မှာစာ ကိုပေးလိုက်ကြ၏။ သူ သည်ရောက်လာ လျှင်၊ ကျေးဇူး တော်အားဖြင့် ယုံကြည် သော သူ တို့ကို အလွန် ထောက်မ လေ၏။ ၂၈ ယေရှု သည်ခရစ်တော် ဖြစ် တော်မူကြောင်းကို ကျမ်းစာ အားဖြင့် ထင်ရှားစွာပြ ၍၊ လူ အပေါင်းတို့ရှေ့မှာ ယုဒ လူတို့၏စကားကို အားကြီး စွာ ပယ်ဖျက် လေ၏။

၁၉ အာပေါလု သည် ကောရိန္သ မြို့၌ နေ စဉ် ၊ ပေါလု သည်အထက် အရပ် များကို ရှောက်သွား ပြီးမှဧဖက် မြို့သို့ ရောက် ၍၊ တပည့် တော်အချို့တို့ကိုတွေ့ လျှင်၊ ၂ သင်တို့သည် ယုံကြည် သည်နောက်၊ သန့်ရှင်း သော ဝိညာဉ် တော် ကိုခံ ကြပြီလောဟု မေး သည်ရှိသော်၊ သန့်ရှင်း သော ဝိညာဉ် တော်သက်ရောက်သည်ကို အကျွန်ုပ်တို့မ သိ ပါဟု ပြောဆိုကြ၏။ ၃ ပေါလုကလည်း၊ သို့ ဖြစ်လျှင် ၊ သင်တို့သည် အဘယ် မည်သောဗတ္တိဇံ ကို ခံကြသနည်းဟု မေး လျှင် ၊ ယောဟန် ၏ဗတ္တိဇံ ကိုခံပါသည်ဟု ပြောဆို ကြ၏။ ၄ ပေါလု ကလည်း ၊ ယောဟန် က၊ ငါ့ နောက် ကွယ်လာ သောသူ ကို ယုံကြည် ရမည်ဟု လူ များတို့အား ပြောဆို လျက်၊ နောင်တ နှင့် စပ်ဆိုင်သော ဗတ္တိဇံ ကိုပေး၏။ ထိုသို့ဆိုရာ ၌ ယေရှု ခရစ်ကို ဆိုလို သည်။ ၅ ဟူသောစကားကို ကြား လျှင် ၊ ထိုသူတို့သည် သခင် ယေရှု ၏ နာမ ၌ ဗတ္တိဇံ ကို ခံကြ၏။ ၆ ပေါလု သည်လည်း၊ သူ တို့အပေါ် ၌လက် ကိုတင် လျှင်၊ သန့်ရှင်း သော ဝိညာဉ် တော်သည် ဆင်းသက် တော်မူသဖြင့်၊ ထိုသူတို့သည် အမျိုးမျိုး သော ဘာသာစကားကို ပြော ၍ ပရောဖက် ပြုကြ၏။ ၇ ထိုသူ တို့သည် အရေအတွက်အားဖြင့်တကျိပ် နှစ်ယောက်မျှလောက် ရှိ သတည်း။ ၈ ထိုနောက်မှပေါလုသည် တရားစရပ် သို့ ဝင် ၍ သုံး လ ပတ်လုံး ဘုရားသခင် ၏ နိုင်ငံ တော်အကြောင်း များကို ဆွေးနွေး နှီးနှော၍ ဖြားယောင်း သွေးဆောင်သဖြင့် ရဲရင့်စွာ ဟောပြောလေ၏။ ၉ အချို့ သောသူတို့သည် ခိုင်မာ သောစိတ်ရှိ၍ မယုံကြည် ဘဲ နေလျက်၊ လူများ ရှေ့ မှာ ထိုဘာသာ ကို ကဲ့ရဲ့ သောအခါ ၊ ပေါလုသည် သူ တို့အထဲ မှထွက်သွား ၍ တပည့် တော်တို့ကို အသီးအခြားခွဲ ထားပြီးမှ၊ ၁၀ တုရန္နု အမည်ရှိသောသူ၏ စာသင် စရပ်၌ နှစ် နှစ် ပတ်လုံး နေ့တိုင်း ဟောပြော သောအားဖြင့် ၊ အာရှိ ပြည်သားဖြစ်သော ယုဒ လူ၊ ဟေလသ လူ အပေါင်းတို့သည် သခင် ယေရှု၏ နှုတ်ကပတ်

တရားတော်ကို ကြား ရကြ၏။ ၁၁ ဘုရားသခင် သည် ပေါလု လက် ဖြင့် အလွန် တရာ ထူးဆန်းသော တန်ခိုး များကိုပြ
တော်မူသည်ဖြစ်၍၊ ၁၂ ပေါလုသုံးသောပုဝါ၊ ခါးပန်း တခုခုကို အနာ ရောဂါရှိသောသူ တို့ဆီသို့၊ ပေးလိုက်၍၊ သူ
တို့သည် အနာ ရောဂါနှင့်ကင်းလွတ် ကြ၏။ နတ် ဆိုး တို့လည်း ထွက်သွား ကြ၏။ ၁၃ ထိုအခါအရပ်ရပ်သို့လှည့်လည်
၍ ခိဌာန်သစ္စာ ပေးတတ်သော ယုဒ လူအချို့တို့က၊ ပေါလု ဟောပြော သော ယေရှု ကို ငါတိုင်တည်၍ သင် တို့ကို
ခိဌာန်သစ္စာ ပေး ၏ဟုဆိုလျက်၊ နတ် ဆိုး စွဲ သော သူ တို့၏အပေါ် ၌သခင် ယေရှု ၏နာမ တော်ကို မြွက် စမ်းကြ၏။
၁၄ သကေဝ အမည်ရှိသော ယဇ်ပုရောဟိတ် မင်း၏ သား ခုနစ် ယောက်တို့သည် ထိုသို့ ပြု ကြ၏။ ၁၅ နတ် ဆိုး
ကလည်း၊ ယေရှု ကိုငါသိ ၏။ ပေါလု ကို လည်း ငါသိ ၏။ သင် တို့ကား၊ အဘယ်သူ နည်းဟု ပြောဆို ပြီးလျှင်၊ ၁၆
နတ် ဆိုး စွဲ သောသူ သည် ထိုသူ တို့အပေါ် သို့ ခုန်တက် ၍နိုင် သဖြင့် လုယက် နှိပ်စက် သောကြောင့်၊ ထို အိမ် မှ
အဝတ် မပါဘဲအနာ များနှင့် ထွက်ပြေး စေ၏။ ၁၇ ထို အကြောင်းအရာကို ဧဖက် မြို့၌နေ သော ယုဒ လူနှင့် ဟေလသ
လူအပေါင်း တို့သည် ကြားသိ လျှင်၊ ကြောက်ရွံ့ခြင်းသို့ရောက် ၍ သခင် ယေရှု ၏ နာမ တော် ကိုချီးမွမ်း ကြ၏။ ၁၈
ယုံကြည် သောသူ အများ တို့သည်လည်း လာ ၍ မိမိ တို့အကျင့် ကို ဖော်ပြ လျက် တောင်းပန် ကြ၏။ ၁၉ နတ်
ဝိဇ္ဇာအတတ်ကိုသုံးဆောင်သော သူ အများ တို့သည်လည်း မိမိတို့စာစောင် ကိုယူခဲ့ ၍ လူအပေါင်း တို့ရှေ့မှာမီးရှို့
ကြ၏။ စာစောင် အဘိုး ကိုချင့်တွက် သော်၊ ငွေ အသပြာငါးသောင်း ထိုက်သည်ကို သိ ကြ၏။ ၂၀ ထိုသို့ သခင်
ဘုရား၏သာသနာ တော်သည် တန်ခိုး နှင့် တိုးပွား ၍ အောင်မြင် လေ၏။ ၂၁ ထိုနောက်မှပေါလု က၊ ငါသည်မာကေဒေါနိ
ပြည်နှင့် အခါယ ပြည် ကိုရှောက်သွား ပြီးလျှင်၊ ယေရုရှလင် မြို့ သို့ သွား မည်။ ထို မြို့သို့ ရောက် ပြီးသည်နောက်၊
ရောမ မြို့ကိုမြင် ရမည်ဟုစိတ် ထဲ၌ အကြံရှိသည်ဖြစ်၍၊ ၂၂ မိမိ အားလုပ်ကျွေး သော သူ နှစ် ယောက်၊ တိမောသေ နှင့်
ဧရတ္တာ တို့ကို မာကေဒေါနိ ပြည်သို့ စေလွှတ် ပြီးမှ မိမိ သည် အာရှိ ပြည်၌ ခဏ နေ သေး၏။ ၂၃ ထို အခါ ဘာသာ
တရားကြောင့် ရောက်သော အမှု ကြီး ဟူမူကား၊ ၂၄ ဒေမေတရိ အမည် ရှိသော ပန်းထိမ်သမားတစ် ယောက်သည်
အာတေမိ နတ်သမီး၏ ငွေ ဗိမာန် ငယ် တို့ကို လုပ် သဖြင့်၊ ပန်းထိမ် သမား တို့အားစီးပွား များ ကိုပြု တတ်၏။ ၂၅ ထိုသူ
သည်ပန်းထိမ်သမားတို့နှင့် ထိုသို့သော အတတ် သမားများကိုစုရုံး စေပြီးလျှင်၊ အချင်းလူတို့၊ ဤ အတတ်ကိုအမှီပြု
၍ငါ တို့ ၌အကျိုး စီးပွား ဖြစ် သည်ကို သင်တို့သိ ကြ၏။ ၂၆ ယခုတွင် ထို ပေါလု က၊ လူလက် ဖြင့် လုပ် သမျှ
တို့သည် ဘုရား မ ဟုတ် ဟု ဆို သဖြင့်၊ ဧဖက် မြို့မှစ၍အာရှိ ပြည် တရှောက် လုံးကုန်မတတ်၊ လူ အပေါင်း တို့ကို
ဖြားယောင်း သွေးဆောင်သည်ကို သင်တို့သည် မြင် လျက်၊ ကြား လျက်ရှိကြ၏။ ၂၇ ထိုသို့ လူများတို့သည် ငါ
တို့၏အတတ်ကို ကဲ့ရဲ့ သည်သာမက၊ ကြီးမြတ် သောနတ်သမီး အာတေမိ ၏ ဗိမာန် တော်ကို ပမာဏ မ ပြုသဖြင့်၊
အာရှိ ပြည် တရှောက် လုံးမှစ၍ လောကီ နိုင်ငံသားတို့ ကိုးကွယ် သောဘုန်း အသရေတော်သည် ပျက်စီး ခြင်းသို့ရောက်
မည်ကို စိုးရိမ်စရာအကြောင်း ရှိပါသည်ဟု ပြောဆို ၏။ ၂၈ ထိုစကားကိုကြား လျှင်၊ ထိုသူတို့သည် ဒေါသ အမျက်နှင့်
ပြည့် သဖြင့်၊ ဧဖက် လူတို့၏ အာတေမိ သည် ကြီးမြတ်တော်မူ၏ဟု အော်ဟစ် ကြ၏။ ၂၉ တစ်မြို့လုံး ရုန်းရင်းခတ်

မျှဖြစ်၍ ၊ ပေါလု နှင့်အတူဒေသစာရီ လှည့်လည်သော မာကေဒေါနိ လူ ဂါယု နှင့် အာရိတ္တာခု တို့ကို ဆွဲယူ ပြီးလျှင်၊ ပွဲ ခံရာစရပ်ထဲသို့ ညီညွတ် စွာ တဟုန်တည်း ပြေးဝင်ကြ၏။ ၃၀ ပေါလု သည် လူစု ထဲသို့ ဝင် ခြင်းငှာအလိုရှိ လျှင် တပည့် တော်တို့သည် မြစ်တား ကြ၏။ ၃၁ ပေါလု ၏အဆွေ ဖြစ် သော အာရှိ ပွဲမင်းအချို့ ကလည်း ၊ ပွဲ ခံရာစရပ်ထဲသို့ ကိုယ် ကိုမ အပ် ပါနှင့်ဟု သူ့ ထံသို့ စေလွှတ် ၍ တောင်းပန် လေ၏။ ၃၂ စုဝေး သောလူတို့သည် ရှုန်းရင်းခတ် မျှဖြစ် ၍ ၊ တစ် ယောက်တခြားစီ အော်ဟစ် သဖြင့်၊ လူအများ တို့သည် မိမိတို့စုဝေး ရသည် အကြောင်း ကိုပင်မိမိတို့မ သိ ကြ။ ၃၃ ယုဒ လူတို့သည် အာလေဇန္ဒြ ကို အခွင့် ပေး၍ သူတစ်ပါးတို့သည် လူစု ရှေ့ သို့သွားစေသဖြင့်၊ သူ သည် လက် နှင့်အမှတ်ပေး ၍ အပြစ် ဖြေရာ စကားကို လူ များတို့ အား ပြောခြင်းငှာအလိုရှိ ၏။ ၃၄ သူသည်ယုဒ လူဖြစ် သည်ကို သိ ကြလျှင် ၊ ဧဖက် လူတို့၏ အာတေမိ သည် ကြီးမြတ် တော်မူ၏ဟု နှစ် နာရီ ခန့် မျှလောက်လူအပေါင်း တို့သည် တစ် သံ တည်းနှင့် ဟစ် ကြ၏။ ၃၅ မြို့စာရေး သည် လူ များကိုတိတ် စေပြီးလျှင်၊ ဧဖက် လူ တို့၊ ဧဖက် မြို့ သည် ဇုသဘုရားထံမှကျသော ရုပ်တုတော်တည်းဟူသောကြီးမြတ် တော်မူသော အာတေမိ ကို လုပ်ကျွေးသောဘုရား ကျွန်ဖြစ် သည် ကို မ သိ သော သူ တစ်စုံတစ်ယောက်ရှိ သလော။ ၃၆ ဤ အရာများတို့သည် ငြင်းခုံ ဘွယ်မရှိသည်ဖြစ် ၍ ၊ သင် တို့သည် တိတ်ဆိတ် စွာနေ သင့်ကြ၏။ ၃၇ သတိနှင့်မဆင်ခြင် ဘဲ အဘယ် အမှုကိုမျှ မပြု သင့်ကြ၊ ဗိမာန် တော်ကိုလုယူဖျက်ဆီးခြင်းမ ရှိ၊ သင်တို့ ဘုရား ကိုမ ကဲ့ရဲ့ သော ဤ လူ တို့ကို သင်တို့သည် ဆောင်ယူ ခဲ့ကြပြီတကား။ ၃၈ ဒေမေတရိ မှစ၍ သူ နှင့်အတူ ရှိသော ပန်းထိမ် သမားတို့သည် တစ်စုံတစ်ယောက် သောသူ၌ အမှုရှိ လျှင် ရုံး တော်ရှိ၏။ မြို့ဝန်မင်း လည်း ရှိ ၏။ အမှုသည် ချင်း တရား တွေ့ကြစေ။ ၃၉ သို့မဟုတ် သင်တို့သည် အခြား အမှုကို အစီရင်ခံ လိုလျှင် ၊ တရား သောအစည်းအဝေး ၌ စီရင် ရလိမ့်မည်။ ၄၀ ယနေ့ ရုန်းရင်းခတ် ခြင်းကို ပြု သောကြောင့် အမှု ရောက်မည်ဟု စိုးရိမ် စရာရှိ၏။ အကြောင်းမူကား၊ ဤ မတရားသောစည်းဝေး ခြင်း အကြောင်း ကို ပြော စရာတစ်စုံတခု မျှ မရှိဟု၊ ၄၁ ဆို ပြီးလျှင် အစည်းအဝေး ကိုဖျက် လေ၏။

JO ထိုရုန်ရင်းခတ် သော အမှုငြိမ်း သောအခါ ပေါလု သည်၊ တပည့် တော်တို့ကိုခေါ် ၍ နှုတ်ဆက် ပြီးမှမာကေဒေါနိ ပြည်သို့ သွား လေ၏။ ၂ ထို အရပ် များကိုရှောင်သွား ၍ တပည့် တော်တို့ကို စကား များနှင့် ဆုံးမ ပြီးမှ ဟေလသပြည်သို့ ရောက်လာ ၏။ ၃ သုံး လ နေ ပြီးလျှင် ပင်လယ်ကိုကူး ၍ ရှရိ ပြည်သို့ သွားမည်ပြုသော်၊ ယုဒ လူတို့သည် မကောင်း သောအကြံ ကို ကြံ သောကြောင့်၊ မာကေဒေါနိ ပြည်လမ်းဖြင့် ပြန် မည်ဟု အကြံ ရှိ ပြန်၏။ ၄ ပေါလု နှင့်အတူ အာရှိပြည်သို့ လိုက် သောသူ ဟူမူကား၊ ဗေရိ မြို့သားဖြစ်သော ပုရ ၏သား သောပတရ ၊ သက်သာလောနိတ် မြို့သားအာရိတ္တာခု နှင့် သေကုန္ဒ ၊ ဒေရဗေ မြို့သားဂါယု ၊ လုတ္တရမြို့သားတိမောသေ ၊ အာရှိ ပြည်သား၊ တုခိတ် နှင့် တရောဖိမ် တည်း။ ၅ ဤသူ တို့သည် ငါ တို့အရင် သွား၍ တရော မြို့၌ ငုံလင့် လျက် နေကြ၏။ ၆ အဧမ ပွဲနေ့ရက် လွန် ပြီးမှငါ တို့သည် ဖိလိပ္ပိ မြို့မှ သင်္ဘောနှင့်လွှင့် ၍ ငါး ရက် အတွင်း တွင် သူ တို့ရှိရာ တရော မြို့သို့ ရောက် ၍ခုနစ် ရက် နေ ကြ၏။ ၇ ခုနစ်ရက်တွင် ပဌမ နေ့ရက်၌ မုန့် ကိုဖဲ့ ခြင်းငှာစည်းဝေး ကြသောအခါ၊ ပေါလု သည် နက်ဖြန် နေ့၌ ထွက်သွား

မည်ဖြစ် ၍၊ သန်းခေါင် တိုင်အောင် ဟောပြော လျက် နေလေ၏။ ၈ စည်းဝေး ရာအထက် ခန်း၌ မီးခွက် များရှိ ၏။ ၉ ဥတုခု အမည် ရှိသော လုလင် တစ် ယောက်သည် ပြတင်းပေါက် နားမှာ ထိုင် ၍ အိပ်ပျော် ကျူးလွန် လျက် နေ၏။ ပေါလု သည် ကြာမြင့် စွာ ဟောပြော သည်တွင်၊ ထိုသူသည် အိပ်ပျော် လျက် အိမ် သုံးဆင့်အထက်မှ အောက် သို့လျော့ ကျ၍ သေ သည်ကို သူတို့သည်ချီကြွ ကြ၏။ ၁၀ ပေါလု သည်လည်း အောက် သို့ ဆင်း၍သူ ၏ အပေါ် သို့ကိုယ်ကိုလှဲလျက် ဖက်ယမ်း ပြီးမှ ၊ အုတ်အုတ်သဲသဲ မ ပြုကြနှင့်။ သူ သည် အသက် ရှိ ၏၊ ဟုဆို ၍ တက် ပြန် လေ၏။ ၁၁ မုန့်ကိုဖဲ့ ၍စား ကြသည်နှင့် မိုဃ်းလင်း သည် တိုင်အောင် ကြာမြင့် စွာ စကား ပြောပြီးမှ ထွက်သွား ၏။ ၁၂ အသက် ရှင်လျက်ရှိသောထိုလုလင် ကို ဆောင်ယူ ခဲ့၍ ၊ အလွန် သက်သာ ခြင်းရှိကြ၏။ ၁၃ ငါ တို့သည် ပေါလုအရင် သင်္ဘော သို့ သွား၍၊ အသု မြို့၌ သူ့ကို ခံယူ မည်အကြံ နှင့် ထိုမြို့သို့ လွှင့် ကြ၏။ ပေါလု သည်ထိုမြို့သို့ ကုန်းကြောင်း သွားမည်အကြံ ရှိ ၍ ထိုသို့စီရင် လေ၏။ ၁၄ အသု မြို့၌ သူသည်ငါ တို့နှင့်တွေ့မိ လျှင်၊ သူ့ ကိုခံယူ ၍ မိတုလင် မြို့သို့ သွား ကြ၏။ ၁၅ ထိုမြို့ မှလွှင့် ပြန်လျှင် နက်ဖြန် နေ့၌ ခိအု ကျွန်းနား မှာရှောက်သွား၍ နောက်တစ်နေ့၌ သာမု ကျွန်းသို့ ရောက် သဖြင့်၊ တရောဂုလိအင္ဂစွန်း၌နေကြ၏။ နောက်တစ်နေ့၌လည်း မိလက် မြို့သို့ ရောက် ကြ၏။ ၁၆ ပေါလု သည် ပင်တေကုတ္တေ ပွဲနေ့ မလွန်မီ ယေရုရှလင် မြို့သို့ ရောက် နိုင် လျှင် ရောက်ခြင်းငှာကြိုးစား သည်ဖြစ်၍ အာရှိ ပြည်၌ တာရှည် စွာ မ နေလိုသဖြင့် ဇဖက် မြို့မှာ မဆိုက်ဘဲ လွှင့် သွားမည်ဟု စိတ် ပြဋ္ဌာန်းလျက်ရှိနှင့်သတည်း။ ၁၇ မိလက် မြို့သို့ရောက်မှ ပေါလုသည် ဧဖက် မြို့သို့ စေလွှတ် ၍ သင်းအုပ် များကို ခေါ် လေ၏။ ၁၈ သူတို့သည် ရောက် ကြသောအခါ ၊ ပေါလုက၊ ငါသည်အာရှိ ပြည်သို့ ရောက် သော နေ့ မှစ၍ ယခုတိုင်အောင်သင်တို့ရှေ့မှာ အဘယ်သို့ ကျင့် နေသည်ကို သင် တို့သိ ကြ၏။ ၁၉ အလွန် နှိမ့်ချ သောစိတ်ရှိလျက်၊ မျက်ရည် ကျလျက် ၊ ယုဒ လူတို့၏ မကောင်း သောအကြံအားဖြင့် စုံစမ်း နှောင့်ရှက်ခြင်းကိုခံ လျက်၊ သခင် ဘုရား၏ အမှု တော်ကို ငါဆောင်ရွက်သည် အကြောင်းအရာကို သင်တို့သိကြ၏။ ၂၀ သင်တို့အကျိုး တစ်စုံတစ်ခုကိုမျှ ငါမ ထိမ် မဝှက်။ လူ စုဝေးရာ၌ငင်း ၊ အိမ် များ၌ငင်း၊ သင် တို့အားဟောပြော ဆုံးမ သြဝါဒပေးသဖြင့် ၊ ၂၁ ဘုရားသခင့် ရှေ့ တော်၌ နောင်တရ ခြင်းတရားကိုငင်း၊ ငါ တို့သခင် ယေရှု ခရစ်ကို ယုံကြည် ခြင်းတရားကိုငင်း ၊ယုဒ လူ၊ ဟေလသ လူတို့အား သက်သေခံ သည် အကြောင်းအရာကို သင်တို့ သိကြ၏။ ၂၂ ယခု မှာငါ သည် ဝိညာဉ် တော်အားဖြင့်ချည်နှောင် ခြင်းကိုခံ၍၊ ယေရုရှလင် မြို့သို့ သွား ရ၏။ ထိုမြို့ ၌ အဘယ်အမှု ရောက် မည်ကိုမ သိ ။ ၂၃ သို့သော်လည်း ချည်နှောင် ခြင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်းအမှုတို့သည် ငါ့ ကိုဆိုင်းလင့် သည်ဟု သန့်ရှင်း သော ဝိညာဉ် တော်သည် ခပ်သိမ်းသောမြို့ တို့ ၌ ငါ့ အား သက်သေခံ တော်မူ၏။ ၂၄ သို့ရာတွင် ဘုရားသခင် ၏ ကျေးဇူး တော်နှင့်ယှဉ်သော ဧဝံဂေလိ တရားကို သက်သေခံ စေခြင်းငှာ၊ သခင် ယေရှု ၏လက်မှ ငါခံ ခဲ့ပြီးသောမမှဆရာ အမှုတည်းဟူသောငါ ဆောင်ရွက် ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီး စေမည်အကြောင်း ၊ ထိုညှဉ်းဆဲခြင်းအမှု တစ်စုံတစ်ခုကိုမျှ ငါသည်ပမာဏမ ပြု ၊ ကိုယ် အသက် ကိုလည်း နှမြော ခြင်းမရှိ၊ ၂၅ ယခု မူကား၊ ငါလှည့်လည် ၍ ဘုရားသခင်၏ နိုင်ငံ တော်အကြောင်းကို ဟောပြော ရာ၊ သင်တို့ရှိသမျှ သည် နောက်တဖန်ငါ့ မျက်နှာ ကို မ

မြင်ရကြ ဟုငါ သိ ၏။ ၂၆ ထိုကြောင့် ၊ လူအပေါင်း တို့၏အသွေး နှင့် ငါ ကင်းလွတ် သည်ဟု ယနေ့ ၌ သင်တို့အား ငါသက်သေခံ ၏။ ၂၇ ဘုရားသခင် ၏အလို တော်ကိုသင် တို့အား အကုန်အစင် ဟောပြော ပြသခြင်းအမှုကို ငါသည်မ လွဲ မရှောင်ဘဲပြုခဲ့ပြီ။ ၂၈ ထိုကြောင့် သင်တို့သည် ကိုယ် ကို သတိ နှင့် ကြည့်ရှုကြလော့။ ဘုရားသခင် သည် မိမိ အသွေး နှင့် ဝယ် တော်မူသောအသင်းတော် ကို လုပ်ကျွေး စေခြင်းငှာ၊ သန့်ရှင်း သောဝိညာဉ် တော်သည် သင် တို့ကို အအုပ်အချုပ် ခန့်ထား တော်မူသော သိုးစု တစ်စုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ ၂၉ အကြောင်းမူကား ၊ ငါ မ ရှိသည်နောက် ၊ ကြမ်းတမ်း သော တောခွေး တို့သည် သိုး များကို မ သနား ဘဲ သင် တို့အထဲ သို့ဝင် မည်ကိုငင်း၊ ၃၀ တပည့် တော်များကိုသွေးဆောင် ခြင်းငှာ၊ မှား သောစကားကို ပြော တတ်သောလူ တို့သည် သင် တို့အထဲ ၌လည်း ပေါ်လာ မည်ကိုငင်း ငါ သိ ၏။ ၃၁ ထိုကြောင့် စောင့်ရှောက် ၍နေကြလော့။ ငါသည်သုံး နှစ်ပတ်လုံးနေ့ ည မ ပြတ် လူအပေါင်းတို့ကို မျက်ရည် နှင့်တကွ ဆုံးမ ၍ နေကြောင်းကို အောက်မေ့ ကြ လော့။ ၃၂ ညီအစ်ကိုတို့၊ ယခု ငါသည်သင် တို့ကို ဘုရားသခင် ၌ အပ်နှံ ၏။ သင်တို့ကို တည်ဆောက် ခြင်းငှာငင်း ၊ သန့်ရှင်း သောသူ အပေါင်း တို့နှင့်အတူ သင်တို့အား အမွေ ပေး ခြင်းငှာငင်း၊ တတ်နိုင် သောဘုရားသခင် ၏ ကျေးဇူး တော်တရား ၌လည်း သင်တို့ကိုငါအပ်နှံ၏။ ၃၃ သူ့ရွှေ ငွေ အဝတ် တန်ဆာတို့ကို ငါသည်တပ်မက် ခြင်းမ ရှိပြီ။ ၃၄ ဤ လက် တို့သည် ငါ့ ကိုငင်း ၊ ငါ့ အပေါင်းအဘော် တို့ကိုငင်း၊ လုပ်ကျွေး ပြီဟု သင်တို့သည် ကိုယ်တိုင် သိ ကြ၏။ ၃၅ ထိုသို့ သင် တို့သည်လည်း အလုပ်လုပ် ၍ အားနည်း သော သူ တို့ကို မစ ရ မည်ကိုငင်း၊ အစွန့်အကြဲ ခံခြင်း အရာထက် စွန့်ကြဲ ခြင်း အရာသည်သာ၍ မင်္ဂလာ ရှိ သည်ဟု သခင် ယေရှု မိန့် တော်မူသော စကား တော်ကို အောက်မေ့ ရမည်ကိုငင်း၊ အရာရာ ၌ သင်တို့အား ငါပြသ ပြီဟု၊ ၃၆ ပေါလု ဆို ပြီးလျှင် ၊ ဒူး ထောက် ၍ ထိုသူ အပေါင်း တို့နှင့်တကွ ဆုတောင်း လေ၏။ ၃၇ ထိုသူအပေါင်း တို့သည် အလွန် ငိုကြွေး ၍ ၊ ပေါလု ၏ လည်ပင်း ကို ဘက်ယမ်း လျက် သူ့ ကိုနမ်း ကြ၏။ ၃၈ နောက်တဖန် သူ ၏မျက်နှာ ကိုမ မြင် ရဟူသောစကား ကြောင့် သာ၍ကြေကွဲသောစိတ် နှင့် ပေါလု ကို သင်္ဘော သို့ ပို့ လိုက်ကြ၏။

၂၁ ထိုသူ များနှင့် ငါ တို့သည် ခွာသွား ၍ သင်္ဘောလွှင့် မှ ကောသ ကျွန်းသို့ တည့်တည့် သွား သဖြင့်၊ နက်ဖြန် နေ့၌ ရောဒ္ဓ ကျွန်းသို့ ၎င်း၊ ထို ကျွန်းမှ ပါတရ မြို့သို့ ၎င်း ရောက် ကြ၏။ ၂ ဖိနိတ် ပြည်သို့ ကူး သော သင်္ဘော ကိုတွေ့ လျှင်၊ ထိုသင်္ဘောကိုစီး ၍ လွှင့် ပြန်၏။ ၃ ကုပရ ကျွန်းကိုမြင် လျှင် လက်ျာ ဘက်၌ ရှောက်သွားသဖြင့်၊ ရှုရိ ပြည်သို့ ကူး ၍ တုရ မြို့၌ ဆိုက် လေ၏။ ထို မြို့မှာ သင်္ဘော ၌ပါသော ဝန် ကိုချ ရ၏။ ၄ တပည့် တော်တို့ကိုတွေ့ ၍ ငါတို့သည် ခုနစ် ရက် နေ ကြ၏။ ပေါလု သည် ယေရုရှလင် မြို့သို့ မ တက် ရမည် အကြောင်း၊ ထို တပည့်တော် တို့သည် ဝိညာဉ် တော်အားဖြင့် ပြော ကြ၏။ ၅ ခုနစ်ရက် စေ့ သောအခါ တပည့်တော်အပေါင်းတို့သည် သား မယား နှင့်တကွ မြို့ ပြင် သို့ ငါ တို့ကို ပို့ လိုက် ကြ၍ ငါတို့သည်ထွက် သွား ပြီးလျှင်၊ ပင်လယ်ကမ်း ပေါ် ၌ ဒူး ထောက် လျက် ဆုတောင်း ကြ၏။ ၆ အချင်းချင်း နှုတ်ဆက် ပြီးမှငါတို့သည် သင်္ဘော ပေါ် သို့ တက် ၍ သူ တို့သည် မိမိ အိမ်သို့ ပြန် ကြ၏။ ၇

တုရု မြို့မှ ပတောလင် မြို့သို့ ရောက် လျှင်၊ ပင်လယ်ကူး ခြင်းနှင့် လွတ်ကြ၏။ ပတောလင်မြို့၌ ညီအစ်ကို တို့နှင့် နှုတ်ဆက် ၍ တစ် ရက် နေ ပြီးမှ၊ ၈ နက်ဖြန် နေ့၌ ထွက်သွား ပြန်၍ ကဲသရိ မြို့သို့ ရောက် လျှင်၊ ဆရာခုနစ် ပါးအဝင် သာသနာပြု ဆရာ ဖိလိပ္ပု ၏ အိမ် သို့ ဝင် ၍နေ ကြ၏။ ၉ ထိုသူ ၌ ပရောဖက် ပြုသော သမီး ကညာ လေး ယောက်ရှိ ၏။ ၁၀ ထိုအိမ်၌တာရှည် စွာနေ ကြပြီးမှ အာဂဗု အမည် ရှိသော ပရောဖက် တစ် ယောက်သည် ယုဒ ပြည်မှ လာ ၍၊ ၁၁ ငါ တို့ရှိရာ သို့ဝင် သဖြင့်၊ ပေါလု ၏ ခါးပန်း ကိုယူ ၍ မိမိ ခြေ လက် ကိုချည်နှောင် ပြီးလျှင်၊ ဤ ခါးပန်း ရှင် ကို ယုဒ လူတို့သည် ယေရုရှလင် မြို့၌ ချည်နှောင် ၍၊ တစ်ပါး အမျိုးသားတို့လက် သို့ အပ်နှံ ကြလိမ့်မည်ဟု သန့်ရှင်း သော ဝိညာဉ် တော်မိန့် တော်မူသည်ဟုဆို ၏။ ၁၂ ထို စကားကိုကြား လျှင်၊ ငါ တို့နှင့် ထို အရပ်၌ ရှိသော သူ တို့က၊ ယေရုရှလင် မြို့သို့ မ သွား ပါနှင့်ဟု ပေါလု ကိုတောင်းပန် ကြ၏။ ၁၃ ပေါလု ကလည်း၊ အဘယ်ကြောင့် ငိုကြွေး လျက် ငါ့ စိတ်နှလုံး ကို ကြေကွဲ စေလျက် ပြုကြသနည်း။ သခင် ယေရှု ၏ နာမ တော်ကြောင့် ယေရုရှလင် မြို့၌ ချည်နှောင် ခြင်းမက ၊ အသေ သတ်ခြင်းကိုပင် ခံခြင်းငှာငါ အသင့် ရှိ သည်ဟုဆို ၏။ ၁၄ ထိုသို့သွေးဆောင် ခြင်းသို့မလိုက်သောအခါ ငါတို့သည် မသွေးဆောင်ဘဲနေ၍၊ သခင် ဘုရား အလို တော်ရှိသည်အတိုင်း ဖြစ် ပါစေဟု ဆို ကြ၏။ ၁၅ ထိုနောက်မှ ငါတို့သည် အသုံးအဆောင်များကို ပြင်ဆင် ၍ ယေရုရှလင် မြို့သို့သွား ကြ၏။ ၁၆ ကဲသရိ မြို့သားတပည့် တော်အချို့တို့သည် ငါ တို့နှင့်အတူ လိုက် ကြ၍၊ ငါတို့ကိုဧည့်ခံ မည့်သူ မနာသုန် အမည်ရှိသော ကုပရု ကျွန်း သား အသက်ကြီး သော တပည့် တော်ဆီသို့ပို့ဆောင် ကြ၏။ ၁၇ ယေရုရှလင် မြို့သို့ ရောက် သောအခါ၊ ညီအစ်ကို တို့သည် ကြည်ညို သောစိတ်နှင့် ငါ တို့ကို လက်ခံ ကြ၏။ ၁၈ နက်ဖြန် နေ့၌ပေါလု သည် ငါ တို့နှင့်တကွ ယာကုပ် ထံသို့ ဝင် လျှင် သင်းအုပ် အပေါင်း တို့သည် စည်းဝေး ကြ၏။ ၁၉ ပေါလုသည်ထိုသူ များကို နှုတ်ဆက် ပြီးလျှင် ၊ မိမိ သည် ဓမ္မဆရာ အမှုကိုဆောင်ခြင်းအားဖြင့် ဘုရားသခင် သည် တစ်ပါး အမျိုးသားတို့တွင် ပြု တော်မူသမျှတို့ကို သေချာစွာထုတ်ဖော် ပြသလေ၏။ ၂၀ ထိုသူ တို့သည်ကြား လျှင်၊ ဘုရားသခင် ၏ ဂုဏ် တော်ကိုချီးမွမ်းကြ၏။ ပေါလု အား လည်း ၊ ငါတို့ ညီ ၊ ယုံကြည် သော ယုဒ လူဘယ်နှစ် သောင်း ရှိ သည်ကို သင်သည် သိမြင် ၏။ ထိုသူအပေါင်း တို့သည် ပညတ် တရား ဘက်၌ စိတ်အားကြီး သောသူဖြစ် ကြ၏။ ၂၁ တစ်ပါး အမျိုးသားတို့တွင် နေသော ယုဒ လူ အပေါင်း တို့သည် သူငယ် တို့အားအရေဖျားလှီး ခြင်းကို မ ပေးရကြ။ ရှေးထုံးတမ်း အတိုင်း မ ကျင့် ရကြဟု သင် သည် ဆို လျက်၊ သူတို့သည်မောရှေ တရားကိုစွန့် စေခြင်းငှာ ဆုံးမ သြဝါဒပေးတတ်သည်ကို ဤ လူတို့သည် သိတင်းကြား ကြ ပြီ။ ၂၂ သို့ ဖြစ်၍ အဘယ်သို့ ပြု ရမည်နည်း။ လူအပေါင်း တို့သည် မစုဝေးဘဲမနေနိုင်ရာ။ သင်ရောက် ကြောင်း ကို ကြားသိ လိမ့်မည်။ ၂၃ ထိုကြောင့် အကျွန်ုပ် တို့ဆို သည်အတိုင်း ပြု ပါလော့။ သစ္စာ ဂတိ ပြု ပြီးသော လူ လေး ယောက်သည် အကျွန်ုပ် တို့တွင်ရှိ ၏။ ၂၄ ထိုသူ တို့ကို ယူ ၍ သူ တို့နှင့်တကွ စင်ကြယ် ခြင်းကိုပြုလျက်၊ သူ တို့ခေါင်း ရိတ် ခြင်းစရိတ် ကို ပေးပါလော့။ ထိုသို့ပြုလျှင်လူအပေါင်းတို့သည် မိမိတို့ကြား သော သိတင်းစကား မမှန်သည်ကိုငင်း၊ သင် သည် ကိုယ်တိုင် ပညတ် တရားကိုစောင့်ရှောက် ၍ ကျင့် နေသည်ကိုငင်း သိ ရကြ လိမ့်မည်။

၂၅ ယုံကြည် ခြင်းသို့ ရောက်သောတစ်ပါး အမျိုးသားတို့မူကား ၊ ထိုသို့သောတရားကိုမကျင့်မစောင့်ဘဲလျက်၊ ရုပ်တု ရှေ့မှာပူဇော်သော ယဇ်ကောင်ကိုငင်း ၊ အသွေး ကို ငင်း ၊ လည်ပင်း ကိုညှစ်၍ သတ်သောအရာ ကိုငင်း၊ မတရား သော မေထုန်ကိုငင်း၊ ရှောင် စေခြင်းဌာသာ ငါ တို့သည် စီရင် ၍ ကြား လိုက်ခဲ့ပြီဟုဆို ကြ၏။ ၂၆ ထိုအခါပေါလု သည် ထိုသူ တို့ကိုခေါ် ၍ နက်ဖြန် နေ့၌ သူ တို့နှင့်တကွ စင်ကြယ် ခြင်းကိုပြုပြီးမှ၊ ဗိမာန် တော်သို့ ဝင် ၍ သူ တို့အတွက် အသီးအခြား ပူဇော် သက္ကာပြု ရသောအချိန်တည်းဟူသောစင်ကြယ် ခြင်း ကိုပြုရ သော နေ့ရက် စေ့ မည့်အချိန်ကို ကြားပြော လေ၏။ ၂၇ ထို ခုနစ် ရက် စေ့လု သောအခါ ၊ အာရှိ ပြည်မှ လာသောယုဒ လူတို့သည် ဗိမာန် တော်၌ ပေါလု ကိုမြင် လျှင် စုဝေး သောလူအပေါင်း တို့ကိုတိုက်တွန်း နှိုးဆော်၍ ၊ ဣသရေလ လူ တို့၊ ကူမ ကြပါ။ ၂၈ ဤ သူကား၊ ငါတို့အမျိုး နှင့် ပညတ် တရားကိုငင်း ဤ အရပ် ဌာနကိုငင်း၊ ခပ်သိမ်း သောအရပ်တို့ ၌ ဆန့်ကျင်ဘက် ပြု၍၊ လူအပေါင်း တို့အား ဆုံးမ သြဝါဒပေးသောသူဖြစ် ပါ၏။ ထိုမျှမက ၊ ဟေလသ လူတို့ကို ဗိမာန် တော်ထဲသို့ သွင်း ၍၊ ဤ သန့်ရှင်း ရာဌာန တော်ကို ညစ်ညူး စေပြီတကားဟု ဟစ်ကြော် ၍၊ ပေါလု ကို ဘမ်းဆီး ကြ၏။ ၂၉ အထက်ကမြို့ ထဲ၌ ပေါလု နှင့်အတူ တရောဖိမ် အမည်ရှိသော ဧဖက် မြို့သားတစ်ယောက်ကို မြင် ကြ သည်ဖြစ်၍ ၊ ထိုသူကိုပေါလု သည်ဗိမာန် တော်ထဲသို့ သွင်း သည်ဟု ထင်မှတ် ကြ၏။ ၃၀ တစ်မြို့လုံး ရုန်းရင်းခတ် မျှ ဖြစ်လျှင်၊ လူ များတို့သည် ပြေးလာ၍ စုဝေးကြလျက်၊ ပေါလု ကိုကိုင်ယူ ၍ ဗိမာန် တော်ပြင် သို့ ဆွဲငင် ပြီးမှတခဏခြင်း တံခါး များတို့ကို ပိတ် ထားကြ၏။ ၃၁ ပေါလု ကိုသတ် မည်ဟု အားထုတ် ကြသောအခါ၊ ယေရုရှလင် မြို့ တစ်မြို့လုံးမငြိမ်မသက်ရုန်းရင်းခတ်မျှ ဖြစ်သည်ဟု လူတစ်ထောင်ကို အုပ်ချုပ် သော စစ်သူကြီး သည် သိတင်း ကြား လျှင်၊ ၃၂ စစ်သူရဲ များနှင့် တပ်မှူး တို့ကို အလျင်အမြန် ခေါ် ၍ ထိုသူ တို့ရှိရာသို့ ဆင်းပြေး၏ ။ ထိုသူတို့သည် စစ်သူကြီး နှင့် စစ်သူရဲ တို့ကိုမြင် လျှင်၊ ပေါလု ကိုမ ရိုက် ဘဲနေကြ၏။ ၃၃ ထိုအခါ စစ်သူကြီး သည်အနီး သို့ရောက်၍ ပေါလု ကိုကိုင်ယူ ပြီးလျှင် ၊ သံကြိုး နှစ် စင်းနှင့် ချည် ချေ ဟုစီရင် ၍၊ ဤသူသည်အဘယ်သူ နည်း။ အဘယ် အမှုကို ပြု မိသနည်းဟုမေးစစ် လေ၏။ ၃၄ လူ အစုအဝေးထဲ၌ အသီးသီး အခြားခြားဟစ်ကြော် ၍ အသံ များ သောကြောင့် ၊ စစ်သူကြီး သည် အမှန် ကိုမ သိ နိုင် သဖြင့် ၊ ပေါလု ကိုရဲတိုက် ထဲသို့ ဆောင်သွား စေခြင်းဌာစီရင် ပြန်လေ၏။ ၃၅ လူ များတို့သည် ပြင်းထန် သောကြောင့် ၊ လှေကား ပေါ် သို့ ရောက် သောအခါ ၊ စစ်သူရဲ တို့သည် ပေါလု ကို ချီပွေ့ ၍ ဆောင်ရကြ၏။ ၃၆ သူ့ ကိုထုတ် လော့ဟု လူ များအပေါင်း တို့သည် ဟစ်ကြော် လျက် လိုက် ကြ၏။ ၃၇ ပေါလု သည်ရဲတိုက် ထဲသို့ ဝင် လု သောအခါ၊ အကျွန်ုပ် သည် ကိုယ်တော် နှင့် စကား ပြောရပါမည် လောဟု စစ်သူကြီး အားမေး လျှင် စစ်သူကြီးကသင်သည် ဟေလသ စကားကိုပြော တတ်သလော။ ၃၈ သင် သည်အထက် ကပုန်ကန် ၍ ဓားပြ လေးထောင် တို့ကို တော သို့ ခေါ် သွား သော အဲဂုတ္တု လူဖြစ်သည် မ ဟုတ် လောဟု မေး ၏။ ၃၉ ပေါလု ကလည်း၊ အကျွန်ုပ် သည် ကိလိကိ ပြည်တာရှု မြို့၌ မွေးဘွားသော ယုဒ လူ ဖြစ် ပါ၏။ အကျွန်ုပ်နေသော မြို့ကား၊ သာမည မြို့ မ ဟုတ်။ ဤသူ တို့အား အကျွန်ုပ် ပြော ရသော အခွင့် ကိုပေးပါ။ အကျွန်ုပ်ပန်ကြား ပါသည်ဟုဆို ၏။ ၄၀ စစ်သူကြီး သည်အခွင့် ပေးသဖြင့် ၊ ပေါလု သည်

လှေကား ပေါ်မှာ ရပ် ၍ထိုလူ တို့အား မိမိလက် နှင့် အမှတ်ပေး လေ၏။ သူတို့သည်အလွန် တိတ်ဆိတ် စွာ နေ ကြသောအခါ ၊ ဟေဗြဲ ဘာသာ အားဖြင့်မြွက်ဆို လျက်၊

JJ ညီအစ်ကို ၊ အဘ တို့၊ အကျွန်ုပ် သည် ကိုယ်အပြစ် ဖြေရာစကားကို သင် တို့ရှေ့မှာ ယခု ပြောစဉ်တွင် နားထောင် ကြပါဟု ဆို လေသော်၊ ၂ ဟေဗြဲ ဘာသာ အားဖြင့်ပြော သည်ကို ထိုသူတို့သည် ကြား လျှင် သာ၍ အလွန်တိတ်ဆိတ် စွာနေကြ၏။ ၃ ပေါလုကလည်း၊ အကျွန်ုပ် သည် ကိလိကိ ပြည်တာရှု မြို့၌ မွေးဘွား သော ယုဒ လူ ဖြစ် ပါ၏။ ဤ မြို့ မှာ လည်း၊ ဂေါမလျေလ အမည် ရှိသော ဆရာ၏ ခြေ ရင်း၌ ကျွေးမွေးခြင်းကိုခံ၍ မိစဉ်တဆက် ကျင့်သော တရား ကို သေချာ စွာသိနားလည်ခြင်းငှာ နည်း ဥပဒေသကိုခံပါပြီ။ သင် တို့ ရှိ သမျှ သည်ယနေ့ တိုင်အောင်ဘုရားသခင် ဘက် ၌ စိတ်အားကြီးသည် နည်းတူ ၊ အကျွန်ုပ်လည်း စိတ်အားကြီး သဖြင့်၊ ၄ ယောက်ျား မိန်းမ တို့ကို ချည်နှောင် ၍ ထောင် ထဲမှာ လှောင် ထားလျက် အသေ သတ်ခြင်းသို့ တိုင်အောင်၊ ထို ဘာသာ ကိုညှဉ်းဆဲ ပါပြီ။ ၅ ထိုကဲ့သို့ ပင်ယဇ်ပုရောဟိတ် မင်းမှစ၍ လူအကြီးအကဲ အပေါင်း တို့သည်အကျွန်ုပ် ဘက်၌သက်သေ ဖြစ်ကြပါ၏။သူ တို့ထံမှ လည်း အကျွန်ုပ်သည် ညီအစ်ကို တို့ထံသို့ မှာစာ ကို ခံ ပြီးမှ၊ ဒမာသက် မြို့၌ ရှိ သော ထိုဘာသာဝင်သူတို့ ကို ဒဏ် ခံစေခြင်းငှာ ချည်နှောင် ၍ ယေရုရှလင် မြို့သို့ ပို့ မည်ဟု ဒမာသက်မြို့သို့အကျွန်ုပ်သွား ပါ၏။ ၆ လမ်း ၌သွား၍ ဒမာသက် မြို့အနီး သို့ ရောက်သောအခါ၊ မွန်းတည့် အချိန်တွင် ကောင်းကင် ထဲက ကြီး သောအလင်း သည် အကျွန်ုပ် ပတ်လည် ၌ ရုတ်ခနဲ ထွန်းတောက် ပါ၏။ ၇ အကျွန်ုပ်သည် မြေ ပေါ်မှာ လဲ၍ နေ စဉ်၊ ရှောလု ၊ ရှောလု ၊ အဘယ်ကြောင့် ငါ့ ကို ညှဉ်းဆဲ သနည်းဟု အကျွန်ုပ် အား ပြော သောစကား သံကိုကြား လျှင်၊ ၈ သခင် ၊ ကိုယ်တော်သည်အဘယ်သူ နည်းဟု အကျွန်ုပ် ပြန်၍ မေးလျှောက် သော်၊ ငါ ကား၊ သင် ညှင်းဆဲ သော နာဇရက် မြို့သားယေရှု ဖြစ် သတည်းဟု မိန့် တော်မူ၏။ ၉ အကျွန်ုပ် နှင့် ပါ သောသူတို့သည် ထိုအလင်း ကို မြင် ၍ကြောက်ရွံ့ခြင်းသို့ရောက်သော်လည်း ၊ အကျွန်ုပ် အားပြော သောသူ၏ စကား သံကို မ ကြား မသိရကြ။ ၁၀ ထိုအခါအကျွန်ုပ် ကလည်း ၊ သခင် ၊ အကျွန်ုပ်သည် အဘယ်သို့ ပြု ရပါမည်နည်းဟု လျှောက် လျှင် ၊ သခင် ဘုရားက၊ ထ လော့။ ဒမာသက် မြို့ သို့ သွား လော့။ သင် ဆောင်ရွက် စရာတို့ ခွဲခန့် စီမံသမျှ တို့ကို ထိုမြို့ ၌ ပြော လိမ့်မည်ဟုမိန့် တော်မူ၏။ ၁၁ ထို အလင်း ၏ရောင်ခြည် အရှိန်အားဖြင့် အကျွန်ုပ်သည် မျက်စိ ကန်းသောကြောင့် ၊ အကျွန်ုပ် နှင့် ပါ သော သူ တို့၏ လက် ဆွဲခြင်းခံရ၍ ဒမာသက် မြို့သို့ ရောက် ပါ၏။ ၁၂ ထိုအခါ ပညတ် တရားနှင့်အညီ ဘုရား ဝတ်၌မွေ့လျော်သောသူ ဖြစ်၍၊ ထိုမြို့မှ နေ သောယုဒ လူ အပေါင်း တို့တွင် အသရေ ရှိသောသူ အာနနိ သည်၊ ၁၃ အကျွန်ုပ် ဆီသို့ လာ ၍ အနား ၌ရပ် လျက်၊ ညီ ရှောလု ၊ တဖန်မျက်စိမြင် ခြင်းသို့ ရောက်လော့ဟုဆို ၏။ ထို ခဏ ၌ အကျွန်ုပ် သည် သူ့ ကိုကြည့်ရှု၍မြင် ရ၏။ ၁၄ သူကလည်း၊ သင်သည်မြင် လေသမျှ ၊ ကြား လေသမျှ တို့ကို လူအပေါင်း တို့ အား ပြော၍ သခင် ဘုရား၏ သက်သေခံ ဖြစ် ရမည် အကြောင်း ၊ ၁၅ သင်သည်ဘုရားသခင် ၏ အလို တော်ကို သိ စေခြင်းငှာငင်း ၊ ဖြောင့်မတ် တော်မူသောသူ ကိုမြင် ၍ နှုတ် တော်ထွက် ကို ကြား စေခြင်းငှာငင်း၊ ငါ တို့ဘိုးဘေး များ၏ ဘုရားသခင် သည် သင့် ကို ခန့်ထား

တော်မူ၏။ ၁၆ ယခု လည်း သင်သည်အဘယ်ကြောင့် ဆိုင်းလင့် ၍ နေသနည်း။ ထ လော့။ သခင် ဘုရားကို ပဌနာ ပြုလျက် ဗတ္တိဇံ ကိုခံ၍ ၊ သင် ၏အပြစ် များကို ဆေးကြော လော့ဟု ဆို ပါ၏။ ၁၇ ထိုနောက်မှအကျွန်ုပ် သည် ယေရုရှလင် မြို့သို့ ပြန် ၍၊ ဗိမာန် တော်၌ ဆုတောင်း စဉ်ဘဝင်ကျ ၍၊ ၁၈ သခင်ဘုရားက၊ သင်သည်ကြိုးစား ၍ ယေရုရှလင် မြို့မှ အလျင်အမြန် ထွက်သွား လော့။ ငါ ၏ အကြောင်း ကို သင် သည်ပြော၍ သက်သေခံ သော စကား ကို ဤလူ တို့သည် မခံ ဘဲနေကြလိမ့်မည်ဟု မိန့် တော်မူလျက်ရှိသည်ကို အကျွန်ုပ် မြင် လေ၏။ ၁၉ အကျွန်ုပ် ကလည်း၊ သခင် ၊ ကိုယ်တော် ကို ယုံကြည် သော သူ တို့ကို အကျွန်ုပ် ထောင် ထဲ၌လှောင် ထား၍၊ တရားစရပ် များ၌ ရိုက် သည်အကြောင်း ကို သူ တို့သိ ကြပါ၏။ ၂၀ ကိုယ်တော် ၏ သက်သေခံ ဖြစ်သော သတေဖန် ၏ အသွေး ကို သွန်း သောအခါ အကျွန်ုပ် သည် အနား၌ နေ လျက်၊ ကွပ်မျက်ခြင်း အမှုကို ဝန်ခံ ၍၊ ကွပ်မျက် သော သူ တို့၏ အဝတ် ကိုစောင့် နေပါ၏ဟု၊ ၂၁ လျှောက်ဆို လျှင်၊ သခင်ဘုရားက၊ သွား လော့။ ငါ သည်တစ်ပါး အမျိုးသားတို့ရှိရာသို့ သင့် ကိုဝေး လှစွာ လွှတ် မည်ဟုအကျွန်ုပ် အား မိန့် တော်မူသည်ဟု ပေါလု မြွက်ဆို ၏။ ၂၂ ထို မျှတိုင်အောင် ပေါလု ၏ စကား ကို နားထောင် ပြီးလျှင် ၊ ထိုသူ တို့သည်အော်ဟစ် ၍ ၊ ထိုသို့သော သူကို မြေကြီး ပြင်မှ သုတ်သင် ပယ်ရှင်းလော့။ သူ သည် အသက် မ ရှင်သင့် ဟု ဆို ကြ၏။ ၂၃ ထိုသို့အော်ဟစ် ခြင်း၊ ကိုယ်အဝတ် ကိုခွာတ် ခြင်း၊ မြေမှုန့် ကို မိုးယံ ကောင်းကင်သို့ ပစ် လိုက်ခြင်းကို ပြုကြ စဉ်တွင်၊ ၂၄ ပေါလု ကိုအဘယ်ကြောင့်ထိုသို့ အော်ဟစ် ကြ သည်ကိုစစ်သူကြီး သည် သိ လို၍ ၊ ပေါလု ကို ရဲတိုက် ထဲသို့ သွင်း စေ။ ရိုက် ၍ စစ်ကြော စေဟုစီရင် လေ၏။ ၂၅ သားရေ ကြိုးနှင့် ဆွဲတင် ကြသောအခါ ၊ ပေါလု က၊ ရောမ လူ ဖြစ်သောသူကို ဓမ္မသတ်အတိုင်း မ စီရင် ဘဲလျက်၊ သင် တို့သည် ရိုက် ရသလောဟု အနား၌ရပ် နေသော တပ်မှူး အား ဆို ၏။ ၂၆ တပ်မှူး သည်ကြား လျှင် စစ်သူကြီး ထံသို့သွား ၍၊ အဘယ်သို့ ပြု မည်ကို သတိ ထားပါလော့။ ဤ သူ သည် ရောမ လူဖြစ် ပါသည်ဟု ကြားလျှောက် ၏။ ၂၇ စစ်သူကြီး သည်လည်း ၊ ပေါလု ထံသို့လာ ၍၊ သင် သည်ရောမ လူမှန် သလော၊ ငါ့ အား ပြော လော့ဟုဆို လျှင် မှန် ပါသည်ဟု ပေါလုဆို ၏။ ၂၈ စစ်သူကြီး ကလည်း၊ အကျွန်ုပ် သည်ငွေ အများ ကို ပေး၍ ရောမလူ၏ အရိပ် အရာကိုရ သည်ဟုဆို လျှင်၊ ပေါလု က၊ အကျွန်ုပ် သည် ဇာတိ အားဖြင့် ရပါသည်ဟု ဆို ၏။ ၂၉ ထိုအခါ စစ်ကြော မည်ပြုသောသူတို့သည် ပေါလု ထံမှ ချက်ခြင်း သွား ၍၊ သူသည်ရောမ လူ ဖြစ် သည်ကိုငင်း ၊ ရောမလူကိုချည်နှောင် မိသည်ကိုငင်း၊ စစ်သူကြီး သိ လျှင် ကြောက် ခြင်းသို့ရောက်လေ၏။ ၃၀ နက်ဖြန် နေ့တွင် အဘယ် အပြစ် ကို ယုဒ လူတို့သည် ပေါလု၌ တင်ကြသည်ကို စစ်သူကြီးသည် အမှန် သိ လို သောကြောင့်၊ ပေါလု ၌ ချည်နှောင်သောသံကြိုးကို ချွတ် ၍၊ ယဇ်ပုရောဟိတ် အကြီးတို့နှင့် လွှတ် အရာရှိ အပေါင်း တို့ကို စည်းဝေး စေခြင်းငှာစီရင် ပြီးလျှင် ၊ ပေါလု ကိုခေါ် ၍ သူ တို့ရှေ့ ၌ထား လေ၏။

၂၃ ပေါလု သည် လွှတ် အရာရှိတို့ကို စေ့စေ့ ကြည့်ရှု၍၊ ညီအစ်ကို တို့၊ အကျွန်ုပ် သည် ယနေ့ တိုင်အောင် ဘုရား ဝတ်ကို ပြုခြင်းအမှုမှာ၊ ကိုယ်စိတ်နှလုံးသည် ကိုယ်၌ အပြစ်တင်ခွင့်နှင့်ကင်းလွတ် လျက် ပြု ပါသည်ဟု ပြောဆို သော်၊ ၂ ယဇ်ပုရောဟိတ် မင်းအာနနိ က၊ သူ ၏နှုတ် ကို ရိုက် လော့ဟု အနား၌ ရပ် နေသောသူ တို့အား အမိန့် ရှိ၏။ ၃

ထိုအခါ ပေါလု က၊ အဖြူ သုတ်သောအုတ် ရိုး၊ ဘုရားသခင် သည် သင့် ကိုရိုက် တော်မူမည်။ သင် သည် အကျွန်ုပ် ကို တရား နှင့်အညီ စီရင် ခြင်းငှာထိုင် နေလျက်ပင်၊ သူ့ ကိုရိုက် လော့ဟု မတရား သဖြင့် စီရင် ရမည်လော ဟုဆို ၏။ ၄ အနားဦးရပ် နေသောသူ တို့ကလည်း၊ သင်သည် ဘုရားသခင် ၏ ယဇ်ပုရောဟိတ် မင်းကိုဆဲသလော ဟု မေး လျှင်၊ ၅ ပေါလု က၊ ညီအစ်ကို တို့၊ သူသည် ယဇ်ပုရောဟိတ် မင်းဖြစ် သည်ကိုအကျွန်ုပ်မ သိ ။ သင် ၏အမျိုး ကို အုပ်စိုးသော မင်း ကိုသင်သည် မ ကဲ့ရဲ့ ရဟု ကျမ်းစာ၌ လာ သည်ဟုဆို ၏။ ၆ ထိုအရာရှိတို့တွင် အချို့တို့သည် ဇဒ္ဒုကဲ ဖြစ်ကြသည်၊ အချို့တို့သည် ဖာရိရှဲ ဖြစ်ကြ သည်ကို ပေါလု သိမြင် လျှင်၊ ညီအစ်ကို တို့၊ အကျွန်ုပ် သည် ဖာရိရှဲ ဖြစ် ၏။ ဖာရိရှဲ ၏သား လည်းဖြစ်၏။ သေ သောသူတို့သည် ထမြောက် မည်ဟု မြော်လင့် ခြင်းအကြောင်း ကြောင့်၊ အကျွန်ုပ် သည် စစ်ကြော စီရင်ခြင်းကို ခံရ၏ဟု လွှတ်တော် ပေါ်မှာ ကြွေးကြော် လေ၏။ ၇ ထို အခါ ဖာရိရှဲ တို့နှင့် ဇဒ္ဒုကဲ တို့သည် အချင်းချင်းငြင်းခုံ ၍ အစုအဝေး သည် ကွဲပြား ခြင်းသို့ ရောက် လေ၏။ ၈ ကွဲပြားသည်အကြောင်း ကား၊ ဇဒ္ဒုကဲ တို့က၊ ထမြောက် ခြင်းမ ရှိ ၊ ကောင်းကင်တမန် မ ရှိ၊ နာမ် ဝိညာဉ်မ ရှိဟုယူ ကြ၏။ ဖာရိရှဲ တို့က၊ နှစ် ပါးစလုံးရှိသည်ဟု ဝန်ခံ ကြ၏။ ၉ အော်ဟစ် သံများ ၍၊ ဖာရိရှဲ တို့ဘက် ၌ နေသော ကျမ်း ဆရာတို့သည် ထ လျက်ပြင်းစွာ ငြင်းခုံ၍၊ ဤ သူ ၌ အဘယ် အပြစ် ကိုမျှ ငါတို့မတွေ့ ။ နာမ် ဝိညာဉ်သော်၎င်း ၊ ကောင်းကင်တမန် သော်၎င်းသူ့ ကိုပြော လျှင် ၊ ဘုရားသခင်၏ အာဏာတော်ကို မဆန်ကြန့်ဟု ဆို ကြ၏။ ၁၀ အချင်းချင်းငြင်းခုံ ခြင်းများ သောအခါ ၊ထိုသူ တို့သည်ပေါလု ကိုဆွဲငင်၍အပိုင်းပိုင်း ဆုတ်ဖြတ်မည်ကိုစစ်သူကြီး စိုးရိမ် သဖြင့်၊ စစ်သူရဲ များ၊ဆင်း ကြ၊ပေါလု ကိုအရာရှိ မင်းတို့အထဲ မှ အနိုင် အထက်ယူ၍ရဲတိုက် ထဲသို့ ပို့ဆောင် ကြဟုအမိန့် ရှိ၏။ ၁၁ နက်ဖြန် နေ့ည၌ တွင် သခင် ဘုရားသည် ပေါလု အနား၌ ပေါ်လာတော်မူလျက်၊ ပေါလု မ စိုးရိမ်နှင့်။ ငါ ၏ အကြောင်း အရာကို သင် သည် ယေရုရှလင် မြို့၌ သက်သေခံ ပြီးသည်နည်းတူ ၊ ရောမ မြို့၌ လည်း ခံရ လေ ဦးမည်ဟု မိန့် တော်မူ၏။ ၁၂ မိုဃ်းလင်း သောအခါ ယုဒ လူတို့သည် သင်း ဖွဲ့ ၍၊ ငါတို့သည် ပေါလု ကိုမ သတ် မှီတိုင်အောင်အလျှင်းမ စား မသောက် ရဟု ကိုယ် ကိုကျိန်ဆို ၍ ဓိဋ္ဌာန်ပြု ကြ၏။ ၁၃ ထိုသို့ သင်း ဖွဲ့ သော သူတို့သည် လေး ကျိပ်မက ရှိ ကြ၏။ ၁၄ ထိုသူ တို့သည် ယဇ်ပုရောဟိတ် အကြီးတို့နှင့် လူ အကြီးအကဲတို့ ထံသို့သွား ၍၊ အကျွန်ုပ် တို့သည် ပေါလု ကိုမ သတ်မှီတိုင်အောင်အလျှင်းမ စား မသောက်ရဟု ကိုယ် ကိုကျိန်ဆို ၍ ဓိဋ္ဌာန်ပြုကြပါပြီ။ ၁၅ ထိုကြောင့် ၊ နက်ဖြန် နေ့၌ စစ်သူကြီးသည် ပေါလု ကို ကိုယ်တော် တို့ထံသို့ ပို့ဆောင် စေခြင်းငှာ ၊ သူ့ကို သာ၍ စေ့စေ့စစ်ကြော မည်အဟန် ပြု ၍၊ လွှတ် အရာရှိများနှင့်အတူ ကိုယ်တော် တို့သည် စစ်သူကြီး ကို လျှောက် ကြပါလော့။ ပေါလု သည် ကိုယ်တော်တို့ထံသို့မ ရောက် မှီအကြားတွင် အကျွန်ုပ် တို့သည် သူ့ ကိုသတ် ခြင်းငှာအသင့် ရှိ နှင့်ပါပြီဟု လျှောက် ကြ၏။ ၁၆ ထိုသို့ လမ်းနား၌ ချောင်း ၍နေ ကြသည့်အမှုကို ပေါလု ၏ တူ သည်ကြား လျှင်၊ ရဲတိုက် ထဲသို့ ဝင် ၍ ပေါလု အားကြားပြော လေ၏။ ၁၇ ပေါလု သည်တပ်မှူး တစ် ယောက်ကို ခေါ် ၍၊ ဤ လုလင် ကို စစ်သူကြီး ထံသို့ ပို့ ပါ။ လျှောက် စရာတစ်စုံတစ်ခုရှိ သည်ဟုဆို သော်၊ ၁၈ တပ်မှူးသည် လုလင် ကို စစ်သူကြီး ထံသို့ ပို့ ပြီးလျှင်၊

အကျဉ်း ခံရသော ပေါလု သည် အကျွန်ုပ် ကို ခေါ် ၍၊ ကိုယ်တော် အားလျှောက် စရာ တစ်စုံတစ်ခု ရှိ သော ဤ လုလင် ကိုကိုယ်တော် ထံသို့ ပို့ စေခြင်းဎာတောင်းပန် ပါသည်ဟုလျှောက် ၏။ ၁၉ စစ်သူကြီး သည် လုလင် ကိုလက် ဆွဲ ၍ ဆိတ်ကွယ် ရာအရပ်သို့သွား ပြီးလျှင် ၊ သင်သည်အဘယ် အကြောင်း ကို ငါ့ အားလျှောက် ချင်သနည်းဟု မေးမြန်း လေ၏။ ၂၀ လုလင်ကလည်း၊ ကိုယ်တော်သည် နက်ဖြန် နေ့၌ ပေါလု ကို လွှတ်တော် သို့ ပို့ဆောင် စေခြင်းဎာ၊ ယုဒ လူတို့ သည် သူ့ ကိုသာ၍ စေ့စေ့မေးမြန်း မည်အဟန် ပြု ၍၊ ကိုယ်တော် ကို တောင်းလျှောက် မည်ဟု တိုင်ပင် ညီညွတ် ကြပါပြီ။ ၂၁ သို့ရာတွင် သူ တို့၏ အလို သို့မ လိုက်ပါနှင့်။ ပေါလု ကိုမ သတ် မှီတိုင်အောင်အလျှင်းမ စား မသောက် ရဟု ကိုယ် ကိုကျိန်ဆို ၍ ဓိဋ္ဌာန်ပြုသော ယုဒလူ လေး ကျိပ်မက ၊ လမ်းနား၌ ပေါလု ကိုချောင်း ၍ နေကြပါ၏။ ယခုပင် ကိုယ်တော် ဝန်ခံ မည့်စကားကို ထိုသူတို့သည် ဆိုင်းလင့် ၍ အသင့် ရှိ နှင့်ပါပြီဟုလျှောက် လေ၏။ ၂၂ စစ်သူကြီး ကလည်း ၊ သင်သည်ငါ့ အား ဤသို့ ကြားလျှောက် သည် ကို အဘယ်သူ အားမျှမပြော နှင့်ဟု ထိုလုလင် ကိုမှာထား ၍ လွှတ် လိုက်ပြီးလျှင်၊ ၂၃ တပ်မှူး နှစ် ယောက်တို့ကိုခေါ် ၍၊ ယနေ့ည၌ သုံးချက်တီးအချိန် ၌ ကဲသရိ မြို့သို့ သွား စေခြင်းဎာ စစ်သူရဲ နှစ်ရာ ၊ မြင်း စီးသူရဲခုနစ်ကျိပ် ၊ လှံ ကိုင်သူရဲနှစ်ရာ တို့ကို ပြင်ဆင် ကြ။ ၂၄ ပေါလု စီး စရာဘို့ တိရစ္ဆာန် တို့ကိုပြင် ၍ပေးကြ။ သူ့ကို ဖေလိဇ မင်း ထံသို့ ကြပ်မ ၍ ပို့ကြဟုအမိန့် ရှိ၏။ ၂၅ စစ်သူကြီးသည် ရေး ၍ပေး လိုက်သော စာ ဟူမူကား၊ ၂၆ ကလောဒိ လုသိက ၊ မြတ် တော်မူသော မြို့ဝန်မင်း ဖေလိဇ ကို မေတ္တာ နှင့်ကြားလျှောက်ပါသည်။ ၂၇ ယုဒ လူတို့သည် ဤ သူ ကိုဘမ်းဆီး ၍ သတ် မည်ပြုကြစဉ်၊ သူသည်ရောမ လူဖြစ် ကြောင်းကို အကျွန်ုပ်သည် ကြားသိ သဖြင့်၊ စစ်သူရဲ တို့နှင့်တကွ သွား ၍သူ့ကို နှုတ် ပါ သည်။ ၂၈ ယုဒလူတို့သည် အဘယ် အပြစ် ကြောင့် သူ နှင့် အမှု လုပ်ကြသည်ကို အကျွန်ုပ်သိ လို သောကြောင့်၊ သူ့ ကို ယူ၍လွှတ်တော် သို့ ဆောင်သွား ပြီးလျှင်၊ ၂၉ အသေ သတ်ခြင်း၊ အကျဉ်း ထားခြင်းကို ခံထိုက် သော အပြစ် ကြောင့် အမှုလုပ် ကြသည်မ ဟုတ်ဘဲ၊ သူ တို့တရား နှင့် စပ်ဆိုင်သော ပုစ္ဆာ အမေးကို အကြောင်း ပြု၍သာ အမှု လုပ်ကြသည်ကို အကျွန်ုပ်သိမြင် ပါ၏။ ၃၀ ယုဒလူတို့သည် မကောင်း သောအကြံနှင့် သူ့ ကိုလုပ်ကြံမည်ဟု အကျွန်ုပ် ရိပ်မိ လျှင်၊ သူ့ကို ကိုယ်တော် ထံသို့ ချက်ခြင်း စေလွှတ်၍ အမှု လုပ်သောသူတို့ကို ရှေ့တော်၌ လျှောက် ထားစေခြင်းဎာစီရင် ပါ၏။ ကိုယ်တော်ကျန်းမာပါစေသောဟု ရေး၍ပေးလိုက်သတည်း။ ၃၁ စစ်သူကြီးမှာထား သည်အတိုင်း စစ်သူရဲ တို့သည် ပေါလု ကို ယူ ၍၊ ညဉ့် အခါ အန္တိပတရိ မြို့သို့ ပို့ လိုက်ပြီးမှ၊ ၃၂ နက်ဖြန် နေ့၌မြင်း စီးသူရဲတို့ကို ပေါလု နှင့်တကွ သွား စေခြင်းဎာလွှတ် လိုက်၍ မိမိတို့သည် ရဲတိုက် သို့ ပြန် ကြ၏။ ၃၃ မြင်း စီးသူရဲတို့သည် ကဲသရိ မြို့သို့ ရောက် လျှင်၊ စစ်သူကြီး၏ စာ ကိုမြို့ဝန်မင်း လက်သို့အပ်ပေး ၍၊ ပေါလု ကိုလည်း ရှေ့တော်၌ သွင်း ထားကြ၏။ ၃၄ မြို့ဝန်မင်းသည် စာကိုဖတ် ပြီးမှ၊ အဘယ် မြို့ နှင့် ဆိုင်သနည်းဟု မေး ၍၊ ကိလိကိ ပြည်သားဖြစ် သည်ကို ကြားသိ လျှင်၊ ၃၅ သင့် ကိုအမှု လုပ်သောသူ တို့သည် ရောက်လာ သောအခါ ငါနားထောင် မည်ဟု ဆို ၍၊ ပေါလု သည် ဟေရုဒ် မင်း၏အိမ် တော်၌ အချုပ် ခံလျက်နေစေဟု စီရင် လေ၏။

J၆ ထိုနောက် ငါး ရက် လွန် သောအခါ၊ ယဇ်ပုရောဟိတ် မင်း အာနန် သည် တေရတုလု အမည်ရှိသောရှေ့နေ မှစ၍ ၊ လူ အကြီးအကဲတို့နှင့်တကွ ကဲသရိမြို့သို့ သွားကြသဖြင့်၊ ပေါလု ၏အကြောင်းကို မြို့ဝန်မင်း ထံ၌လျှောက် ထားကြ၏။ ၂ ပေါလု ကိုခေါ် ပြီးမှ ၊ တေရတုလု သည် အပြစ်တင် သော စကားကိုလျှောက်ဆို သည်မှာ၊ မြတ် တော်မူသောဖေလဇ် မင်းအကျွန်ုပ်တို့သည် ဘုန်းတော်ကို ခိုလှုံ၍ အလွန် ငြိမ်သက် စွာ နေ ရသဖြင့်၊ ကိုယ်တော် ကြည့်ရှု ပြုစု တော်မူခြင်း ကျေးဇူးတော်ကို ဤ လူမျိုး သည် ခံရ ပါ သည်ဖြစ်၍ ၊ ၃ အရပ်ရပ် တို့ ၌ အကျွန်ုပ်တို့သည် အစဉ်မပြတ် ကျေးဇူး တော်ကို အလွန်သိ တတ်သော စိတ်နှင့်ခံရပါ၏။ ၄ အကျွန်ုပ်သည် ကိုယ်တော် ကိုကြာမြင့် စွာ နှောင့်ရှက် ခြင်း အပြစ်နှင့်လွတ် ခြင်းငှာ ၊ အကျဉ်း အားဖြင့်လျှောက်သောစကားကို ဖြည်းညှင်း သောစိတ်တော်နှင့် နားထောင် တော်မူမည်အကြောင်း အသနား တော်ခံပါ၏။ ၅ နာဇရက် ဘာသာဝင် သူတို့တွင် အကြီး လုပ်၍ အရပ်ရပ် တို့ ၌ ယုဒ လူအပေါင်း တို့ကို ထ စေခြင်းငှာနှိုးဆော် သော ဤ လူ ဆိုး ကို အကျွန်ုပ်တို့သည် တွေ့ ကြပါပြီ။ ၆ သူ သည် ဗိမာန် တော်ကို ရှုတ်ချ ခြင်းငှာပြု ပါပြီ။ အကျွန်ုပ်တို့သည် သူ့ ကိုဘမ်းဆီး ၍ ၊ အကျွန်ုပ်တို့ တရား အတိုင်းစီရင်ခြင်းငှာအလိုရှိကြသည်တွင်၊ ၇ စစ်သူကြီးလုသိသည် စစ်သူရဲများနှင့်လာ၍ အကျွန်ုပ်တို့ လက်မှနှုတ်ပြီးလျှင်၊ ၈ အမှုလုပ်သောသူတို့ကို ကိုယ်တော်ထံသို့သွားစေမည်အကြောင်း စီရင်ပါ၏။ ဤသူ ကို ကိုယ်တော် တိုင် စစ် တော်မူလျှင်၊ အကျွန်ုပ် တို့အပြစ်တင် သောအကြောင်း အရာများ ကို သေချာစွာ သိ နိုင် တော်မူမည်ဟု လျှောက်ထား၏။ ၉ ယုဒ လူတို့ကလည်း ၊ ဤ စကားမှန် ပါသည်ဟု ဝန်ခံ ကြ၏။ ၁၀ မြို့ဝန်မင်း သည် အမှတ်ပေး ၍၊ ပေါလု သည် လျှောက် ရသော အခွင့်ကိုရလျှင်၊ ကိုယ်တော် သည် ဤ လူမျိုး ကို တာရှည် စွာအုပ်စိုး တော်မူသည်ကို အကျွန်ုပ်သိ ၍၊ သာယာ သောစိတ်နှင့်ကိုယ် အပြစ် ဖြေရာစကား ကို လျှောက်ဝံ့ပါ၏။ ၁၁ အကျွန်ုပ် သည် ကိုးကွယ် ခြင်းငှာ ယေရုရှလင် မြို့ သို့ တက်သွား ၍၊ ယခု တစ်ဆယ့်နှစ် ရက် သာရှိ သည်ကို ကိုယ်တော် သိ နိုင် တော်မူ၏။ ၁၂ ဗိမာန် တော်၌ တစ်စုံတစ်ယောက် သောသူနှင့် အကျွန်ုပ် ဆွေးနွေး ငြင်းခုံသည်ကို သူတို့မ တွေ့ ကြပါ။ တရားစရပ် တို့ ၌ ၎င်း၊ မြို့ ထဲ၌၎င်း၊ လူ များကို မ ငြိမ်မသက်စေခြင်းငှာအကျွန်ုပ်နှိုးဆော် သည်ကို သူတို့မတွေ့ကြပါ။ ၁၃ ယခု တွင်အကျွန်ုပ် ကို အပြစ်တင် သောအမှု ၌ သက်သေမ ပြနိုင် ကြ ပါ။ ၁၄ သို့သော်လည်းဒဿအယူ ဟူ၍သူတို့ခေါ် တတ် သော ဘာသာ အတိုင်း အကျွန်ုပ်သည် မိ စဉ်ဘဆက်ကိုးကွယ် သော ဘုရားသခင် ကို ကိုးကွယ်သည်ဟု ရှေ့တော်၌ အကျွန်ုပ်ဝန်ခံ ပါ၏။ ပညတ္တိ ကျမ်း၊ အနာဂတ္တိ ကျမ်းတို့ ၌ စီရင်ရေး ထားသမျှ တို့ကို အကျွန်ုပ်ယုံ ပါ၏။ ၁၅ ဖြောင့်မတ် သောသူ၊ မ ဖြောင့်မတ်သော သူရှိသမျှတို့သည် သေခြင်းမှ ထမြောက် ကြလိမ့်မည်ဟူ၍၊ သူ တို့မြော်လင့် သည်နည်းတူ ၊ အကျွန်ုပ်လည်း ဘုရားသခင် ကို အမှီပြု ၍ မြော်လင့် ပါ၏။ ၁၆ ထိုကြောင့် ၊ ဘုရားသခင် ကိုပြစ်မှားပြီ၊ လူ တို့ကို ပြစ်မှားပြီဟု ကိုယ်စိတ်နှလုံးသည်ကိုယ်၌ အပြစ်တင် ခွင့်နှင့် အစဉ်ကင်းလွတ်မည်အကြောင်း အကျွန်ုပ် သည် ကြိုးစား အားထုတ်ပါ၏။ ၁၇ နှစ် ပေါင်းများစွာ လွန်သောအခါ၊ အမျိုးသား ချင်းတို့အား စွန့်ကြဲ ပေးကမ်းခြင်းအမှု၊ ဘုရားသခင်အား ပူဇော် သက္ကာပြုခြင်းအမှုနှင့် အကျွန်ုပ်ရောက်လာ သည် တွင် ၊ ၁၈ ဗိမာန် တော်၌ လူ အစုအဝေးမ ရှိ၊

ရုန်းရင်းခတ် မျှမ ပြုဘဲ၊ စင်ကြယ် ခြင်းကိုပြုလျက်ရှိသည်ကို၊ အာရှိ ပြည်က လာသောယုဒ လူ အချို့တို့သည် တွေ့ကြပါ၏။ ၁၉ ထိုသူ တို့သည် အကျွန်ုပ် အပြစ်တင် စရာရှိ လျှင် ၊ အထံ တော် သို့ကိုယ်တိုင်လာ ၍အပြစ်တင် အပ်ပါ၏။ ၂၀ သို့မဟုတ် အကျွန်ုပ် သည် လွတ် အရာရှိတို့ ရှေ့မှာ ရှိ သောအခါ၊ သေ သောသူတို့သည် ထမြောက် ခြင်း အကြောင်းနှင့်၊ ၂၁ အကျွန်ုပ် သည် သင် တို့ရှေ့၌ ယနေ့ စစ်ကြော စီရင်ခြင်းကို ခံရ၏ဟုကြွေးကြော် သော စကား သံ တစ် ခွန်းကိုထားလျှင်၊ အကျွန်ုပ်၌ အဘယ် အပြစ် ကို တွေ့ ကြသည် ကို ယခုရှိသောဘု သူတို့သည် ပြော ကြပါစေဟု ပေါလု လျှောက်၏။ ၂၂ ဖေလဇ် မင်းကလည်း၊ စစ်သူကြီး လုသိ ရောက်လာ သောအခါ ၊ သင် တို့အမှုကို ငါစစ် ဦးမည်ဟု ထိုဘာသာ ကိုသာ၍ နားလည် သောသူဖြစ်လျက်၊ မစီရင် ဘဲ သူ တို့ကို လွှတ် လိုက်၏။ ၂၃ ပေါလု ကို အကျဉ်း မထားဘဲစောင့် ၍နေစေ။ သူ ၏အဆွေအမျိုးတို့သည် သူ့ ထံသို့လာ၍ လုပ်ကျွေး ကြစေဟု တပ်မှူး ကိုမှာထား ၏။ ၂၄ ထိုနောက် များမကြာ၊ ဖေလဇ် မင်းသည် ယုဒ အမျိုးဖြစ် သော မိမိ ခင်ပွန်း ဒြုသိလေ နှင့်တကွ လာ ပြီးလျှင်၊ ပေါလု ကိုခေါ် ၍ ခရစ်တော် ကို ယုံကြည် ခြင်းနှင့်ယှဉ် သောစကားကို နားထောင် လေ၏။ ၂၅ ပေါလု သည် ဖြောင့်မတ် ခြင်းတရားနှင့် ကာမဂုဏ် ချုပ်တည်းခြင်းတရားကိုဂင်း ၊ နောက်ဖြစ် လတံ့သော စစ်ကြော စီရင်ခြင်းကိုဂင်း ဟောပြော လျှင်၊ ဖေလဇ် မင်းသည် ကြောက်လန့် ခြင်းသို့ရောက်၍၊ ယခု သွား ဦးလော့။ နောက်မှအဆင်သင့်သောအခါငါခေါ် ဦးမည်ဟု ဆို ၏။ ၂၆ ပေါလု သည် မိမိ လွတ်ရအောင် ငွေ ပေး မည်ဟု ထို မင်းသည်ထင်မှတ် လျက် ၊ မကြာမကြာ ပေါလု ကို ခေါ် ၍ သူ နှင့်စကား ပြောလေ၏။ ၂၇ နှစ် နှစ်စေ့ သောအခါ ပေါကိ ဖေတ္တု သည် ဖေလဇ် မင်း၏အရာ ကို ရသဖြင့်၊ ဖေလဇ် မင်းသည် ယုဒ လူတို့အား ကျေးဇူး ပြု လို သောစိတ်နှင့် ပေါလု ကို အကျဉ်း ထားရစ် စေ၏။

၂၅ ဖေတ္တု မင်းသည် ထိုပြည် သို့ရောက် ၍ သုံး ရက် ရှိ သောအခါ ၊ ကဲသရိ မြို့မှ ယေရုရှလင် မြို့သို့ တက်သွား ၏။ ၂ ထိုအခါ ယဇ်ပုရောဟိတ် မင်းမှစ၍ ယုဒ လူ အကြီးအကဲ တို့သည်၊ ၃ ပေါလု ကို သတ် ခြင်းငှာလမ်း နား၌ ချောင်း ၍ နေမည်ဟုအကြံရှိသည်နှင့်၊ ပေါလု ၏အကြောင်းကို ကြားလျှောက် တောင်းပန်၍၊ သူ့ ကို ယေရုရှလင် မြို့သို့ စေလွှတ် တော်မူမည်အကြောင်း အသနား တော်ခံ ကြ၏။ ၄ ဖေတ္တု မင်းကလည်း၊ ပေါလု သည် ကဲသရိ မြို့၌ အချုပ် ခံလျက်နေရ၏။ ထိုမြို့သို့များမကြာ ငါ့ကိုယ်တိုင် သွား မည်။ ၅ သင် တို့သည် တတ်နိုင် သောသူတို့သည် ငါနှင့်အတူ လိုက်၍၊ ထိုသူ ၌အပြစ် ရှိ လျှင် အပြစ်တင် ကြစေဟု ပြောဆို ၏။ ၆ ထိုနောက် ဆယ် ရက် လောက်နေ ပြီးမှ ကဲသရိ မြို့သို့ သွား ၍၊ နက်ဖြန် နေ့၌တရားပလ္လင် ပေါ်မှာ ထိုင် လျက်၊ ပေါလု ကိုခေါ် ချေဟု အမိန့် ရှိ၏။ ၇ ပေါလု ရောက် သောအခါ ၊ ယေရုရှလင် မြို့မှ လာ သော ယုဒ လူတို့သည်ဝန်းရံ လျက်၊ သက်သေ မ ပြနိုင် ဘဲလေး စွာသောအပြစ် များ တို့ကို ပေါလုအပေါ်၌တင် ကြ၏။ ၈ ပေါလု ကလည်း၊ အကျွန်ုပ်သည်ယုဒ တရား ကို မ ပြစ်မှား ပါ။ ဗိမာန် တော်ကိုမ ပြစ်မှား ပါ။ ကဲသာ ဘုရင်ကို မ ပြစ်မှား ပါဟူ၍အပြစ် ဖြေရာစကားကိုပြောလေ၏။ ၉ သို့သော်လည်း၊ ဖေတ္တု မင်းက၊ သင်သည် ယေရုရှလင် မြို့သို့ သွား ၍၊ ငါ့ ရှေ့မှာဤအမှု စီရင် ခြင်းကို ခံ မည်လောဟု ယုဒ လူတို့ကို ကျေးဇူး ပြု လို သော စိတ်ရှိလျက် ပေါလု အားမေး ၏။ ၁၀ ပေါလု ကလည်း ၊ ကဲသာ ဘုရင်၏

တရားပလ္လင် ရှေ့မှာ အကျွန်ုပ် ရပ် ပါ၏။ ထိုပလ္လင်ရှေ့မှာ အကျွန်ုပ် အမှုကိုစီရင် အပ်ပါ၏။ ကိုယ်တော် သည် အမှန်သိ တော်မူသည်အတိုင်း ၊ အကျွန်ုပ်သည်ယုဒ လူတို့ကိုအလျှင်းမ ပြစ်မှား ပါ။ ၁၁ အကျွန်ုပ်ပြစ်မှား ၍ သေ ထိုက်သော အပြစ် ကို ပြု မိသည်မှန်လျှင် ၊ သေ ဘေးကိုအကျွန်ုပ်မ ရှောင် ပါ။ ထိုသူ တို့တင် သောအပြစ် တစ်စုံတစ်ခု မျှ မမှန်လျှင် ၊ သူ တို့ လက်သို့ အကျွန်ုပ် ကိုအဘယ်သူ မျှမစွန့် မအပ်ရ ပါ။ ကဲသာ ဘုရင်၏အယူ တော်ကိုခံပါမည်ဟု လျှောက်ဆို ၏။ ၁၂ ထိုအခါ ဖေတ္တု မင်းသည် တိုင်ပင် ဘက်တို့နှင့် တိုင်ပင် ပြီးလျှင်၊ သင်သည်ကဲသာ ဘုရင်၏အယူ တော်ကို ခံပါမည်ဟုဆိုသလော။ ကဲသာ ဘုရင်ထံတော်သို့ သွား ရမည်ဟုဆို ၏။ ၁၃ ထိုနောက် များမကြာ ၊ အဂြိပ္ပ မင်းကြီး သည် မိမိ ခင်ပွန်းဗေရနိတ် နှင့်တကွ ဖေတ္တု မင်းကိုနှုတ်ဆက် ခြင်းငှာကဲသရိ မြို့သို့ ရောက်လာ၏။ ၁၄ အင်တန် ကာလ နေ ပြီးမှဖေတ္တု မင်းသည် ပေါလု ၏အကြောင်းကို မင်းကြီး အားကြားပြော သည်မှာ၊ ဖေလဇ် မင်းသည်အကျဉ်း ထားရစ် စေသော လူ တစ် ယောက်ရှိ ၏။ ၁၅ ယေရုရှလင် မြို့၌ အကျွန်ုပ် ရှိ သောအခါ၊ ယဇ်ပုရောဟိတ် အကြီးတို့နှင့် ယုဒ အမျိုးအကြီးအကဲ တို့သည်၊ ထိုသူ ၏အကြောင်း ကို ကြားလျှောက် ၍ အပြစ်အလျောက် စီရင်ပါဟု တောင်းပန် ကြလျှင်၊ ၁၆ ကျွန်ုပ်ကလည်း၊ အပြစ်တင် ခြင်းကို ခံသောသူ သည် အပြစ်တင် သော သူတို့နှင့်မျက်မှောက် တွေ့ ၍၊ မိမိ၌တင်သောအပြစ် ကိုဖြေ ရသော အခွင့် မ ရှိမှီ၊ အဘယ်သူကိုမျှ အသေခံစေခြင်းငှာ မစွန့် မအပ်ရဟု ရောမ ထုံးစံ ရှိ ကြောင်းကို ပြောဆို ၏။ ၁၇ ထိုသူ တို့သည်ဤ မြို့သို့ ရောက်လာ သောအခါ ၊ ကျွန်ုပ်သည် မ ဆိုင် မလင့်ဘဲနက်ဖြန် နေ့၌ တရားပလ္လင် ပေါ်မှာ ထိုင် ၍ ထိုသူ ကိုခေါ် စေ ၏။ ၁၈ သူ့ ကို အမှု လုပ်သောသူ တို့သည် လာ ကြလျှင်၊ ကျွန်ုပ် အထင်က ထင်မှတ် သော အပြစ် တစ်စုံတစ်ခုကိုမျှမ တင် ဘဲလျက်၊ မိမိ ဘာသာ နှင့်ငင်း၊ ယေရှု အမည်ရှိသော၊ ၁၉ သေ ပြီးသော သူတစ် ယောက်နှင့်ငင်း ယှဉ် သော ပုစ္ဆာ အမေးကို အကြောင်း ပြု၍ အပြစ်တင် ကြ၏။ ထိုယေရှု သည် အသက် ရှင်လျက်ရှိသည်ဟု ပေါလု ဆို တတ်၏။ ၂၀ ထို ပုစ္ဆာအမေးကို ကျွန်ုပ် သည် မ ကျွမ်းသောကြောင့်၊ ပေါလုအားလည်း၊ သင်သည်ယေရုရှလင် မြို့သို့ သွား ၍ ဤအမှု စီရင် ခြင်းကို ခံ မည်လောဟုမေးလျှင်၊ ၂၁ ပေါလု သည်ဘုန်းကြီးတော်မူသော ဘုရင် ၏ အယူ တော်ကို ခံလို၍ မိမိ ကိုချုပ် ထားစေခြင်းငှာတောင်းပန်သောကြောင့်၊ သူ့ ကိုကဲသာ ဘုရင်ထံ တော် သို့မ စေလွှတ် မှီတိုင်အောင်ချုပ် ထားစေခြင်းငှာကျွန်ုပ်စီရင် သည်ဟု ဖေတ္တုမင်းသည် ပြောဆို၏။ ၂၂ အဂြိပ္ပ မင်းကလည်း ၊ ထိုသူ ၏စကား ကို ကျွန်ုပ်သည် ကိုယ်တိုင် နားထောင်ချင်ဘွယ်ဖြစ်သည်ဟု ဆိုလျှင်၊ ဖေတ္တုမင်းက၊ နက်ဖြန် နေ့၌ သူ ၏စကားကိုနားထောင် ပါလော့ဟု ဆို၏ ။ ၂၃ နက်ဖြန် နေ့၌ အဂြိပ္ပ မင်းနှင့် ဗေရနိတ် တို့သည် များစွာ သော ဂုဏ် အသရေကို ဆောင်လျက်၊ စစ်သူကြီး တို့မှစ၍ ထိုမြို့၌ထင်ရှား သော သူ များတို့နှင့်တကွ အိမ်တော်ဦး သို့ ဝင် ကြလျှင်၊ ဖေတ္တု မင်းသည်ပေါလု ကိုဆောင်ခဲ့ စေ ၏။ ၂၄ ဖေတ္တု မင်းကလည်း ၊ အဂြိပ္ပ မင်းကြီး မှစ၍ ယခုရှိ သောသူ အပေါင်း တို့၊ ဤသူ ကိုကြည့် ကြပါလော့။ ယေရုရှလင် မြို့၌ ၎င်း ၊ ဤ မြို့၌၎င်း ယုဒ လူများ အပေါင်း တို့သည် ဤသူ ၏အကြောင်း ကို ကျွန်ုပ် အား လျှောက် ၍၊ သူသည်ခဏ မျှအသက် မရှင်ထိုက်ပါဟု ဟစ် ကြ၏။ ၂၅ သူ သည်သေ ထိုက် သော အပြစ်မ ပြုကြောင်း ကို ကျွန်ုပ်

သိမြင် ၍ငင်း၊ သူ သည်ဘုန်းကြီးတော်မူသော ဘုရင် ၏ အယူ တော်ကိုခံပါမည်ဟုဆို၍ငင်း၊ သူ့ ကိုအထံတော်သို့ စေလွှတ် စေခြင်းဌာကျွန်ုပ်စီရင် ၏။ ၂၆ သူ ၏အကြောင်း ကို ရေး ထား၍၊ ရှင်ဘုရင်ထံတော်သို့ ပေးလိုက်စရာဘို့၊ သေချာ သောအကြောင်း တစ်စုံတစ်ခု မျှ ကျွန်ုပ်၌မရှိ ။ ထိုကြောင့် သင်တို့သည် သူ့ကို စစ်ကြော ပြီးမှ၊ ကျွန်ုပ်ရေး ၍ပေးလိုက်စရာ အကြောင်း ရှိ စေခြင်းဌာသင် တို့ရှေ့၌၄ငင်း ၊ အဂြိပ္ပ မင်းကြီး ၊ အထူးသဖြင့် ကိုယ်တော် ရှေ့၌၄ငင်း၊ သူ့ ကိုကျွန်ုပ်ထုတ် ၍ပြ၏။ ၂၇ အကြောင်းမူကား ၊ အကျဉ်းခံ သောသူကို အပြစ် မ ပြ ဘဲစေလွှတ် သော် မလျော်မသင့် ဖြစ်မည် ထင် ပါသည် ဟုဆို ၏။

၂၆ ထိုအခါ အဂြိပ္ပ မင်းက၊ သင် သည်ကိုယ် အဘို့ အလိုဌာပြော ရသော အခွင့် ရှိသည်ဟု ပေါလု အား ဆို လျှင်၊

ပေါလု သည် လက် ကိုဆန့် ၍ အပြစ် ဖြေရာစကားကို ဤသို့ပြော၏။ ၂ အဂြိပ္ပ မင်းကြီး ၊ ၃ ယုဒ လူတို့သည် အကျွန်ုပ်ကိုအမှု လုပ်သမျှ သောအရာမှာ၊ ရှေ့ တော်၌အပြစ် ဖြေစရာစကားကို ယနေ့ ပြောရမည် အကြောင်းကိုငင်း၊ ထိုမျှမက ကိုယ်တော် သည် ယုဒ ထုံးတမ်း ၊ ပုစ္ဆာ အမေးများကိုလေ့ကျက် တော်မူကြောင်းကိုငင်း အကျွန်ုပ်ထောက် ၍ ကိုယ် ၌မင်္ဂလာ ရှိသည်ဟု ကိုယ်ကိုထင်မှတ် ပါ၏။ ထိုကြောင့် သည်းခံ သော စိတ်တော်နှင့် အကျွန်ုပ် စကားကို နားထောင် တော်မူမည်အကြောင်း အသနား တော်ခံပါ၏။ ၄ ယေရုရှလင် မြို့တွင် ကိုယ် အမျိုးသား ချင်းတို့၏ အထဲ ၌ အကျွန်ုပ်နေ သဖြင့်၊ ငယ် သောအသက်အရွယ်မှစ၍ ၊ အကျွန်ုပ် ၏အနေအထိုင် အပြုအမူများကို ယုဒ လူ အပေါင်း တို့သည်သိ ကြပါ၏။ ၅ အကျွန်ုပ်သည် ယုဒ ဘာသာ ၌ အလွန်ကျပ်တည်း စွာသော နည်းဥပဒေသကိုခံ၍၊ ဖာရိရှဲ ဖြစ် သည်ကို ထိုသူတို့သည် သက်သေခံ ခြင်းဌာအလိုရှိ လျှင် ရှေးဦးစွာ ကပင်သိ ကြပါ၏။ ၆ ဘုရားသခင် သည် ဘိုးဘေး များတို့အား ပေး တော်မူသော ဂတိ တော်ကိုထောက်၍ မြော်လင့် ခြင်း တရားအကြောင်းကြောင့်၊ အကျွန်ုပ်သည် ယခု တွင် စစ်ကြော စီရင်ခြင်းကို ခံရ ပါ၏။ ၇ ယုဒလူတစ်ဆယ်နှစ် မျိုးတို့သည် နေ့ ညဉ့် မပြတ်ကြိုးစား ၍ ဘုရားဝတ်ပြု သဖြင့်၊ ထိုဂတိတော်အတိုင်းခံရ မည်ဟု မြော်လင့် ခြင်းရှိကြ၏။ အို အဂြိပ္ပမင်းကြီး၊ ထို မြော်လင့် ခြင်းတရားကို အကြောင်း ပြု၍ ယုဒ လူတို့ သည် အကျွန်ုပ်ကို အမှု လုပ်ကြပါ၏။ ၈ သေ လွန်သောသူတို့ကို ဘုရားသခင် ထမြောက် စေတော်မူမည်ဟူသောအယူ ကိုမယုအပ်ဟု သင် တို့သည် အဘယ်ကြောင့် ထင် ကြပါသနည်း။ ၉ နာဇရက် မြို့သားယေရှု ၏ နာမ တော်နှင့် ဆန့်ကျင် သော အမှုများ ကို ပြု ကောင်း၏ဟု အကျွန်ုပ် သည် စိတ်ထင် လျက် ၊ ၁၀ ယေရုရှလင် မြို့၌ ထို အမှုကို ပြု မိပါ၏။ ယဇ်ပုရောဟိတ် အကြီးတို့ထံ၌ အခွင့် ရ ပြီးလျှင်၊ သန့်ရှင်း သူ အများ တို့ကို ထောင် ထဲမှာ လှောင် ထားပါ၏။ သူ တို့သည် အသေ သတ်ခြင်းကို ခံရသောအခါအကျွန်ုပ် သည် ဝန်ခံ ပါ၏။ ၁၁ ထိုသူ တို့သည် ဘုရားသခင်ကို နှုတ်ဖြင့် ပြစ်မှား စေခြင်းဌာ၊ အကျွန်ုပ်သည် အနိုင် အထက်ပြု၍၊ ခပ်သိမ်း သောတရားစရပ် တို့ ၌ ကြိမ်ဖန် များစွာဒဏ် ပေးပါ၏။ ပြင်းစွာ သော အမျက် ဒေါသနှင့် ယစ်မူးသဖြင့်၊ တစ်ကျွန်း တစ်နိုင်ငံတိုင်အောင် သူ တို့ကို ညှဉ်းဆဲ နှိပ်စက်ပါ၏။ ၁၂ ထိုသို့ပြု၍ ယဇ်ပုရောဟိတ် အကြီးတို့ပေး သော အခွင့် အရာနှင့် အကျွန်ုပ်သည် ဒမာသက် မြို့သို့ သွား စဉ် တွင် ၊ ၁၃ နေ ၏အရောင် ထက်မကသော အလင်း သည် အကျွန်ုပ်မှစ၍အကျွန်ုပ်

နှင့်အတူ သွား သောသူ များ ပတ်လည် ၌ ကောင်းကင် ထဲက ထွန်းတောက်သည်ကို၊ မွန်းတည့် ချိန် တွင် လမ်း ထဲမှာ အကျွန်ုပ်မြင် ရပါသည်။ အရှင် မင်းကြီး။ ၁၄ အကျွန်ုပ် နှင့် ထိုသူအပေါင်း တို့သည် မြေ ပေါ်မှာ လဲ ၍ နေကြစဉ်၊ ရှောလု ၊ ရှောလု ၊ ငါ့ ကိုအဘယ်ကြောင့် ညှဉ်းဆဲ သနည်း။ ဒုတ် ချွန်ကို ခြေနှင့်ကျော် လျှင် ခက် လှသည်ဟု ဟေဗြဲ ဘာသာ အားဖြင့်ပြော သော စကား သံကို အကျွန်ုပ်ကြား လျှင် ၁၅ ၊သခင် ကိုယ်တော်သည် အဘယ်သူ နည်းဟု အကျွန်ုပ် မေးလျှောက် သော်၊ ငါ ကား၊ သင် ညှဉ်းဆဲ သော နာဇရက်မြို့သားယေရှု ဖြစ် သတည်း။ ၁၆ သို့သော်လည်း ၊ ထ ၍ မတ်တတ် နေလော့။ ၁၇ ငါသည်ယုဒအမျိုးသား ၊ တစ်ပါး အမျိုးသားတို့ လက်မှ သင့် ကိုကယ်လွှတ် ၍၊ ၁၈ သင်သည် ယခုမြင် ရသောအကြောင်း အရာတို့နှင့် ၊ နောက်မှငါသည်သင့် အား ထင်ရှားလတံ့ သော အကြောင်း အရာတို့မှာ၊ အမှု ဆောင်ရွက်သောသူ၊ သက်သေခံ သောသူအရာ၌ သင့် ကိုခန့်ထား စေခြင်းငှာငါသည်သင့် အား ထင်ရှား၏ ။ တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှ အလင်း သို့ ကူးမြောက် ၍၊ စာတန် ၏အာဏာ ထဲမှဘုရားသခင့် အထံ တော်သို့ ပြောင်းလဲသောအားဖြင့်အပြစ် လွှတ် ခြင်းကျေးဇူးကို ခံရ မည်အကြောင်းနှင့်၊ ငါ့ ကို ယုံကြည်သော အားဖြင့်သန့်ရှင်း ခြင်းသို့ ရောက်သောသူ တို့နှင့် ဆက်ဆံ အမွေခံရမည်အကြောင်း၊ သူ တို့၏မျက်စိ ကိုဖွင့် စေခြင်းငှာသူ တို့ဆီသို့ သင့် ကို ငါ စေလွှတ် မည်ဟု မိန့် တော်မူ၏။ ၁၉ အိုအဂြိပ္ပ မင်းကြီး ၊ ကောင်းကင် ကဖြစ်သော ထိုဗျာဒိတ် တော်ကို အကျွန်ုပ်သည် နားမထောင် ဘဲ မ နေ ရပါ။ ၂၀ လူတို့သည် နောင်တရ ရမည်။ နောင်တရ ခြင်း နှင့်ထိုက်တန် သော အကျင့် ကို ကျင့် ရမည်။ ဘုရားသခင် အထံ တော်သို့ ပြောင်းလဲ ရမည်ဟူ၍ဒမာသက် မြို့၌ ရှေ့ဦးစွာ ဟောပြောပြီးလျှင်၊ ယေရုရှလင် မြို့မှစ၍ ယုဒ ပြည်အရပ်ရပ် ၌နေသောသူတို့အားဌင်း ၊ တစ်ပါး အမျိုးသားတို့အားဌင်း၊ ဟောပြော ပါ၏။ ၂၁ ထို အကြောင်းများကြောင့် ၊ ယုဒ လူတို့သည် ဗိမာန် တော်၌ အကျွန်ုပ် ကိုဖမ်းဆီး ၍ ကွပ်မျက် ခြင်းဌာအားထုတ် ကြပါ၏။ ၂၂ သို့ရာတွင် ဘုရားသခင် မစ တော်မူသော ကျေးဇူးတော်ကို အကျွန်ုပ်ခံရ ၍၊ ၂၃ ယခု တိုင်အောင် ရှိနေရပါ၏။ ခရစ်တော် သည် အသေ သတ်ခြင်းကိုခံရမည်ဟူ၍ဌင်း၊ သေ ခြင်းမှ အဦးဆုံး ထမြောက် ၍ ယုဒအမျိုးသား ၊ တစ်ပါး အမျိုးသားတို့အား အလင်း ကိုပေး မည်ဟူ၍ဌင်း၊ မောရှေ မှစသောပရောဖက် များတို့ ဟောပြော သောစကားထက် အကျွန်ုပ်သည် မ လွန် ဘဲ၊ လူအကြီး အငယ် တို့အား သက်သေခံ ၍ နေ ပါသည်ဟု လျှောက်လေ၏။ ၂၄ ထိုသို့ ပေါလု သည် အပြစ် ဖြေရာစကားကို လျှောက်သောအခါ၊ ဖေတ္တု မင်းက၊ ပေါလု ၊ သင်သည် သူရူး ဖြစ်၏။ သိပ္ပံအတတ်များကိုသင် ၍ သူရူး အဖြစ်သို့ ရောက် ခဲ့ပြီဟုကြီး သော အသံ နှင့်ဆို ၏။ ၂၅ ပေါလု ကလည်း၊ မြတ် တော်မူသောဖေတ္တု မင်း၊ အကျွန်ုပ်သည် သူရူး မဟုတ် ပါ။ သမ္မာတရား နှင့်ဌင်း ၊ ကောင်း သောစိတ်နှင့်ဌင်း၊ ယှဉ်သော စကား ကို ပြော ပါ၏။ ၂၆ ဤ အရာများကိုအဂြိပ္ပမင်းကြီး သိ တော်မူ၏။ ထို မင်းရှေ့တော်၌ အကျွန်ုပ်အတည့်အလင်း လျှောက်ဝံ့ ပါ၏။ ဤ အမှုအရာ တစ်စုံတစ်ခု ကိုမျှ မင်းကြီး မသိဘဲ နေတော်မမူဟုအကျွန်ုပ်ထင် ပါ၏။ အကြောင်းမူကား ၊ ဤ အမှုသည် ဆိတ်ကွယ် ရာအရပ်၌ ပြု သောအမှု မ ဟုတ်ပါ။ ၂၇ အိုအဂြိပ္ပ မင်းကြီး ၊ ကိုယ်တော်သည် အနာဂတ္တိ ကျမ်းစာကို ယုံ တော်မူသလော။ ယုံတော်မူသည် ကို

အကျွန်ုပ်သိ ပါသည်ဟု လျှောက် ၏။ ၂၈ အငြိပ္ပ မင်းကလည်း ၊ သင်သည်ဖြားယောင်း သွေးဆောင်သောအားဖြင့် ၊ ငါ သည်ခရစ်ယာန် ဖြစ် လု ပြီဟု ပေါလု အား ပြောဆိုလျှင်၊ ၂၉ ပေါလု က၊ ကိုယ်တော် မှစ၍ယနေ့ တွင် အကျွန်ုပ် ၏စကားကို ကြား သောသူ အပေါင်း တို့သည်၊ ဤ သံကြိုး ကိုထား ၍ အကျွန်ုပ် ကဲ့သို့သောသူဖြစ်လု သည် သာမက လုံးလုံးဖြစ်စေခြင်းငှာဘုရားသခင် ကို အကျွန်ုပ်ဆုတောင်း ပါသည်ဟု လျှောက်လေ၏။ ၃၀ ထိုအခါမင်းကြီး နှင့် ဗေရနိတ် သည် ထ ၍ မြို့ဝန်မင်း မှစသော အပေါင်းအဘော်များတို့နှင့်တကွ၊ ၃၁ အခြားသို့သွား ပြီးလျှင် ၊ ဤ သူ သည် အသေ သတ်ခြင်း၊ အကျဉ်း ထားခြင်းခံထိုက် သောအမှု ကို မ ပြု ဟု အချင်းချင်း ပြော ဆို ကြ၏။ ၃၂ အငြိပ္ပ မင်းကလည်း၊ ဤ သူ သည်ကဲသာ ဘုရင် အယူ တော်ကို ခံပါမည်ဟု မ ဆိုမိလျှင် လွှတ် သင့် သည်ဟု ဖေတ္တု မင်းအားဆို ၏။

J2 ထိုအခါ ငါ တို့သည် ဣတလို ပြည်သို့ သင်္ဘော်နှင့်ကူး ရမည့်အကြောင်းကို စီရင် ပြီးမှ ၊ ယုလိ အမည် ရှိသော သြဂုတ္တု တပ် နှင့်ဆိုင်သော တပ်မှူး ၌ ပေါလု မှစ၍ အကျဉ်းခံ သောအခြား သူ တို့ကို အပ် ကြ၏။ ၂ အာဒြမုတ္တိ သင်္ဘော် ကိုစီး ၍ အာရှိ ပြည်နား သို့ ရှောက်သွားမည်အကြံ နှင့် လွှင့် ကြ၏။ အာရိတ္တာခု အမည်ရှိသောမာကေဒေါနိ ပြည်သက်သာလောနိတ် မြို့သားသည် ငါ တို့နှင့် ပါ ၏။ ၃ နက်ဖြန် နေ့တွင် ဇီဒုန် မြို့၌ ဆိုက် ကြပြီးလျှင်၊ ပေါလု သည် မိမိအဆွေ ခင်ပွန်းတို့ထံသို့ သွား ၍ သူတို့၏ လုပ်ကျွေး ပြုစုခြင်းကို ခံရ မည်အကြောင်း၊ ယုလိ သည် ကျေးဇူး ပြု၍ အခွင့် ပေးလေ၏။ ၄ ထိုမြို့ မှထွက် ၍ လေ မ သင့်သောကြောင့် ၊ ကုပရု ကျွန်းမြောက်ဘက်နားသို့ရှောက်သွားသဖြင့် ကိလိကိ ပြည်၊ ၅ ပံဖုလိ ပြည်နှင့် စပ် သောပင်လယ် ကိုကူး ၍၊ လုကိ ပြည်၊ မုရ မြို့သို့ ရောက် ကြ၏။ ၆ ထိုမြို့ ၌ ဣတလို ပြည်သို့ ကူး သော အာလေဇန္ဒြိ သင်္ဘော် ကိုတပ်မှူး သည်တွေ့ ၍၊ ထိုသင်္ဘော် ထဲသို့ ငါ တို့ကို သွင်း ထားလေ၏။ ၇ နေးနေး သာသွား၍ နေ့ရက် ကာလကြာ သောအခါ ၊ ပင်ပန်းစွာ ကြိုးစား ၍ ကနိဒ် မြို့နှင့်တည့်တည့် ရောက် ပြီးမှ၊ လေ မ သင့် သောကြောင့် ကရေတေ ကျွန်း အရှေ့ဘက်၊ သာလမုန် မြို့ အနား သို့ ပင်ပန်း စွာ ရှောက်သွား ၍၊ ၈ လာသဲ မြို့ နှင့်အနီး ၊ ကာလုလိမင်းအမည် ရှိသော အရပ် သို့ ရောက် ကြ၏။ ၉ ကာလ ကြာသည်ရှိ သော်၊ ကြီးစွာသောဥပုသ်နေ့လွန် ၍ ပင်လယ် မ ကူးသင့်သောလ ဥတုအချိန်ဖြစ် သည် ကို ပေါလု သည် ထောက် ၍၊ ၁၀ အချင်းလူတို့ ၊ ယခုမှာပင်လယ် ကူးလျှင် သင်္ဘော် နှင့် ကုန် များတို့သည် ဆုံးရှုံး သည်သာမက ၊ ငါ တို့ အသက် ပျက်စီးရာသော ဘေး အန္တရာယ်ရောက်မည်ကို ငါထင် မြင်သည်ဟု သတိပေး ၏။ ၁၁ သို့သော်လည်း ၊ တပ်မှူး သည်ပေါလု စကား ကို နားမထောင်ဘဲ၊ တက်မ ကိုင်စကားနှင့်သင်္ဘော်သူကြီး စကားကိုနားထောင် ၏။ ၁၂ ထိုမြို့ဆိပ် ၌ ဆောင်း ကာလပတ်လုံးမ နေ သင့် သောကြောင့် တဖန်လွှတ် ပြန်၍ ဖိနိတ် မြို့ဆိပ်သို့ မှီ နိုင် လျှင် ၊ ထိုဆိပ်၌ ဆောင်း ကာလကို လွန်စေသော်သာ၍ကောင်းမည်ဟု လူ အများတို့သည် ဆို ကြ၏။ ဖိနိတ် ဆိပ် ကားကရေတေ ကျွန်း၌ ရှိ၏။ အနောက် မြောက်သို့ ၎င်း ၊ အနောက် တောင်သို့၎င်း မျက်နှာ ပြု၏။ ၁၃ တောင် လေသည်ဖြည်းဖျင်း စွာလာသောအခါ ၊ ယခုမှီ နိုင်သည်ဟု စိတ်ထင် နှင့်လွှင့်၍၊ ကရေတေ ကျွန်းနား သို့ ရှောက်သွား ကြ၏။ ၁၄ ကာလမ ကြာ မမြင့်မှီ

ဥရုကလုဒုန် အမည် ရှိသော လေ ပြင်း မုန်တိုင်း သည်သင်္ဘော် ကိုတိုက် ၍၊ ၁၅ တဟုန်တည်းဆောင်သွား သဖြင့်၊ သင်္ဘော် သည် ထိုလေ ကိုမ ခံ နိုင် သောကြောင့်၊ ငါတို့သည် အားလျော့ ၍ လေတိုက်ရာသို့ ပါလွှင့် ကြ၏။ ၁၆ ကလောဒေ ကျွန်း နား မှာ ပြေးစဉ်တွင်၊ သမ္မန် ကို မပျက်စေခြင်းငှာပင်ပန်းစွာကြိုးစား ၍၊ ၁၇ သင်္ဘော်ပေါ် သို့တင် ပြီးလျှင်၊ သင်္ဘော် ကိုခိုင်ခံ့စေခြင်းငှာကြိုးနှင့်ပတ်စည်း ကြ၏။ သောင် ပေါ် မှာ တင် မည်ကိုလည်းစိုးရိမ် သောကြောင့် ရွက် ကိုသိမ်း သဖြင့် လေတိုက်ရာသို့ပါလွှင့် ကြ၏။ ၁၈ လှိုင်းထအားကြီးသောကြောင့် အလွန်တုန်လှုပ်၍၊ နက်ဖြန် နေ့၌ ဝန် ကိုထုတ်ပစ်ကြ၏။ ၁၉ သုံး ရက်မြောက်သောနေ့၌ သင်္ဘော် တန်ဆာ များကို ကိုယ်လက်နှင့်ကိုယ်ယူ ၍ ပစ် လိုက်ကြ၏။ ၂၀ နေ ၊ လ၊ ကြယ် နက္ခတ်တို့ကို တာရှည် စွာ မ မြင် ရ၍ မိုးယံသက်မုန်တိုင်း အားကြီး သေးသဖြင့်၊ ကယ်တင် ခြင်းသို့ ရောက်မည်ဟု မြော် စရာ အခွင့်အလျှင်း မ ရှိ။ ၂၁ အစာ ကိုမစားဘဲကြာမြင့်စွာ နေကြပြီးမှ၊ ပေါလု သည် ထိုသူ တို့၏ အလယ် ၌ ထ ၍၊ အချင်း လူ တို့၊ ငါ စကားကို နားထောင် ၍ ကရေတေ ကျွန်းမှ မ လွှင့် ဘဲနေလျှင် ဤပျက်စီး ဆုံးရှုံး ခြင်းနှင့် ကင်းလွတ် ရကြ၏။ ၂၂ ယခု တွင် စိတ်သက်သာ ခြင်းရှိကြလော့။ အကြောင်းမူကား ၊ သင်္ဘော် ဆုံးခြင်းမှတစ်ပါး သင် တို့တွင် အဘယ်သူ မျှအသက် မဆုံး ရ ၊ ၂၃ အဘယ်ကြောင့် နည်းဟူမူကား၊ ငါ့ ကိုပိုင်တော်မူ၍၊ ငါကိုးကွယ် သော ဘုရားသခင် ၏ ကောင်းကင်တမန် သည် ယနေ့ ညဉ့် တွင် ငါ့ အနားမှာ ပေါ် လာ လျက်၊ ၂၄ ပေါလု ၊ သင်သည် မ စိုးရိမ် နှင့်။ ကဲသာ ဘုရင် ရှေ့သို့ ရောက် ရမည်။ သင် နှင့်အတူ ပင်လယ်ကူး သော သူ အပေါင်း တို့ကို ဘုရားသခင် သည် သင့် အားပေး တော်မူပြီဟု ဆို ၏။ ၂၅ ထိုကြောင့် အချင်းလူတို့ သက်သာ ခြင်း ရှိကြလော့။ ငါ့ အား မိန့် တော်မူသည်အတိုင်းဖြစ် လိမ့်မည်ဟု ငါသည်ဘုရားသခင် ကို အမှီပြု၍ ယုံ ခြင်းရှိ၏။ ၂၆ သို့သော်လည်း တစ်စုံတစ်ခု သောကျွန်း ပေါ် မှာ သင်္ဘော်တင် ၍ ပျက်ရ မည်ဟုပေါလုဆို၏။ ၂၇ တစ်ဆယ်လေး ရက်မြောက်သောနေ့ ညဉ့် ရောက် သောအခါ ၊ ငါ တို့သည် အာဒြိ ပင်လယ်တွင် အရပ် လေးမျက်နှာသို့ လူးလာသွားကြစဉ်၊ သန်းခေါင် အချိန်၌ တစ်စုံတစ်ခု သော ကမ်း အနီးသို့ ရောက် လုသည်ဟု သင်္ဘော်သား တို့သည် ထင်မှတ် သဖြင့်၊ ၂၈ ရေကိုစမ်း လျှင် အလံ နှစ်ဆယ် ရှိသည်ကို တွေ့ ကြ၏။ ထိုမှစိုးစည်း လွန် ပြန်လျှင်၊ တဖန် ရေကိုစမ်း ၍ တဆယ်ငါး လံ ရှိသည်ကို တွေ့ ကြ၏။ ၂၉ ကျောက် ကို တိုက်မိ မည်စိုးရိမ် သောကြောင့် သင်္ဘော်ပဲ့ မှ ကျောက်ဆူး လေး လက်ကို ချ ၍မိုးလင်း ပါစေ ဟုဆုတောင်း ကြ၏။ ၃၀ သင်္ဘော်သား တို့သည် သင်္ဘော် ကိုစွန့်သွား မည် ဟု အကြံရှိသည်နှင့်သင်္ဘော် ဦးသို့သွား၍ ကျောက်ဆူး ချ ဟန် ပြုလျက် သမ္မန် ကိုလျှော့ စဉ်တွင်၊ ၃၁ ပေါလု က၊ ဤသူတို့သည် သင်္ဘော် ပေါ် ၌ မ နေ လျှင် သင် တို့သည် ချမ်းသာ မ ရနိုင် ကြဟု တပ်မှူး မှစ၍ စစ်သူရဲ တို့အား ဆို ၏။ ၃၂ ထိုအခါ စစ်သူရဲ တို့သည် သမ္မန် ကြိုး ကို ခုတ် ဖြတ်ချ လိုက်ကြ၏။ ၃၃ မိုးယံလင်း လုသောအခါ အစာ ကိုစား စေခြင်းငှာပေါလု သည် လူအပေါင်း တို့ကိုတိုက်တွန်း လျက်၊ သင်တို့ သည် တဆယ်လေး ရက် ပတ်လုံးမြော်လင့် ၍ ယနေ့ တိုင်အောင်အစာ မစားဘဲ တော်မွတ်လျက်နေ ကြ၏။ ၃၄ ထိုကြောင့် အစာ စား ကြလော့။ စား လျှင်ချမ်းသာ ရခြင်းအကြောင်း ဖြစ် လိမ့်မည်။ ၃၅ သင် တို့ဆံခြည် တစ်ပင်မျှ မ ပျက်စီး ရဟုဆို ပြီးလျှင်၊ ပေါလုသည် မုန့် ကိုယူ ၍ ထိုသူများရှေ့၌ ဘုရားသခင် ၏

ကျေးဇူး တော်ကို ချီးမွမ်းပြီးမှမုန့်ကိုဖဲ့ ၍ စား လေ၏။ ၃၆ ထိုသူ အပေါင်း တို့သည်လည်း စိတ်သက်သာ ခြင်းရှိ၍ အစာ ကို စား ကြ၏။ ၃၇ ထိုသင်္ဘော ၌ ပါသော သူ များ တို့သည် အရေအတွက်အားဖြင့်နှစ်ရာ ခုနစ်ကျိပ် ခြောက် ယောက် ရှိ သတည်း။ ၃၈ ဝ စွာစားပြီးမှ ဆန် စပါးကိုပင်လယ် ထဲသို့ ပစ်ချ ၍ သင်္ဘော ကိုပေါ့ စေကြ၏။ ၃၉ မိုဃ်းလင်း သောအခါ ထိုအရပ် ကို မ သိ သော်လည်း၊ ထောင့် ကွေ့တစ်ခု ၌သင်္ဘောဆိပ် ရှိ သည်ကို မြင် သောကြောင့်၊ သင်္ဘော ကိုအထဲ သို့သွင်းနိုင် လျှင် သွင်း မည်ဟု အကြံရှိကြ၏။ ၄၀ ကျောက်ဆူး တို့ကို လွှတ် ၍ ပင်လယ် ထဲသို့ ချ လိုက်ပြီးမှ တက်မ တို့ကို ဆိုင်းသောကြိုး များကို ဖြည် ၍၊ ရွက် ကိုလေ၌ဖြန့် ဖွင့်လျက် ကမ်း နားသို့ တိုက် သွားကြ၏။ ၄၁ ရေ ဆိုင်ရာသို့ ရောက် လျှင်၊ သင်္ဘော ကိုသောင် ပေါ်မှာတင်စေ၍ ဦး မ လှုပ်ဘဲနေ သဖြင့် ပဲ့ ကိုလှိုင်း တံပိုးရိုက် သောကြောင့် ကျိုး ၏။ ၄၂ ထိုအခါ အကျဉ်းခံ သောသူ တို့သည် ကုန်းသို့ ကူး ၍ ပြေး မည်ကို စိုးရိမ်သောကြောင့် စစ်သူရဲ တို့သည် သတ် မည်ဟုအကြံ ရှိ ကြ၏။ ၄၃ တပ်မှူး သည်ပေါလု ကို ချမ်းသာ စေခြင်းဌာအလိုရှိ သဖြင့်၊ စစ်သူရဲ တို့၏အကြံ ကိုမြစ်တား ၍၊ ကူး နိုင် သော သူ တို့သည် အရင် ဆင်း ၍ ကုန်း သို့ သွား စေခြင်းဌာငင်း ၊ ၄၄ ကြွင်း သောသူ တို့သည် ပျဉ်ပြား မှစ၍သင်္ဘော တန်ဆာ များကို စီးစေခြင်းဌာငင်း၊ စီရင် လေ၏။ ထိုသို့ လူအပေါင်း တို့သည် ဘေး နှင့်လွတ်၍ ကုန်း ပေါ် သို့ ရောက် ကြ၏။

၂၈ ကုန်းပေါ် သို့ရောက်သောအခါ၊ ထိုကျွန်း ကား မေလိတေ ကျွန်းဖြစ် သည်ကို သိ ကြ၏။ ၂ မိုဃ်းရွာ ၍ ချမ်း သောကြောင့် လူရိုင်း တို့သည် မီး မွေးပြီးလျှင်၊ ငါ တို့အပေါင်း ကို လက်ခံ ၍ အထူးသဖြင့်ကျေးဇူး ပြုကြ၏။ ၃ ပေါလု သည် ထင်း ကိုစုသိမ်း ၍ မီး ပေါ်မှာ ထည့် စဉ်တွင်၊ မြွေဆိုး သည်မီး ငွေ့ထဲက ထွက် ၍ ပေါလု ၏ လက် ကို တွယ် လျက်နေ၏။ ၄ ထိုလူရိုင်း တို့သည်မြင် လျှင်၊ ဤ လူ ကား၊ လူ အသက်ကို သတ်သောသူ အမှန် ဖြစ် ၏။ ပင်လယ် ဘေးမှ လွတ် သော်လည်း၊ အသက် ရှင်စေခြင်းဌာတရား သည် အခွင့် မ ပေးဟု အချင်းချင်း ဆို ကြ၏။ ၅ ပေါလုသည်မြွေ ကိုမီး ထဲသို့ ခါချ ၍ အဘယ် ဘေး မျှမသင့် ။ ၆ သူသည်တစ်ကိုယ်လုံးရောင် မည်၊ တခဏခြင်း တွင်လဲ ၍သေ မည်ဟု ထိုသူ တို့သည်ကြာမြင့် စွာ ငံ့လင့် သော်လည်း၊ သူ ၌မကောင်းသော အပြစ် တစ်စုံတစ်ခုကိုမျှ မ မြင် လျှင် သဘော ပြောင်းလဲ၍ ဤသူ ကားနတ် ဘုရား ဖြစ် သည်ဟု ဆို ကြ၏။ ၇ ထို အရပ် နှင့်မ နီးမဝေးပုဗလိ အမည် ရှိသောကျွန်း သူကြီး ၏ နေရာ ရှိ ၏။ ထို သူကြီးသည် ငါ တို့ကိုလက်ခံ ၍၊ သုံး ရက် ပတ်လုံးကောင်းမွန်စွာ လုပ်ကျွေး ပြုစုလေ၏။ ၈ ပုဗလိ မင်း၏အဘ သည်ဖျားနာ နှင့် ဝမ်းကျဩးသွန်နာ စွဲ ၍၊ တုံးလုံး နေသည်ကို ပေါလု ဝင် ၍ ဆုတောင်း ပြီးမှ၊ သူ့ အပေါ် ၌ လက် တင် ၍ အနာ ကို ငြိမ်းစေ၏။ ၉ ဤသို့ ပြု သောကြောင့်၊ ထိုကျွန်း ၌ အနာ ရောဂါစွဲ သောအခြား သူရှိသမျှတို့သည် လာ ၍ ချမ်းသာ ခြင်းကို ရကြ၏။ ၁၀ ထိုသူ တို့သည် များစွာ သော လက်ဆောင် တို့ကို ပေး ၍ ၊ ငါ တို့သည် လွှင့်ပြန်သောအခါ ၊ ရိက္ခာ များကို လည်း သင်္ဘောပေါ် သို့တင် ကြ၏။ ၁၁ သုံး လ လွန် လျှင်၊ နတ်သား အမြွာတို့၏ ရုပ်တု ပါသော ထိုကျွန်း ၌ ဆောင်း ကာလပတ်လုံးနေခဲ့ဘူးသော အာလေဇန္ဒြိ သင်္ဘော ကိုငါတို့သည် စီး ပြန်၍၊ ၁၂ သုရကုတ် မြို့သို့ ဆိုက် လျှင် သုံး ရက် နေ ကြ၏။ ၁၃ ထိုမြို့မှ လွှင့်ပြန်၍ ဝိုက် သွားသဖြင့်၊ ရေဂျုန် မြို့ သို့

ရောက် ၍ တစ် ရက် နေပြီးမှ တောင် လေလာ သောကြောင့်၊ နှစ် ရက်တွင်ပေါတယောလိ မြို့သို့ ရောက် ကြ၏။ ၁၄ ထိုမြို့၌ ညီအစ်ကို အချို့တို့ကိုတွေ့ ၍ ခုနစ် ရက် နေ ကြပါဟု သူ တို့သည်တောင်းပန် သည် အတိုင်းနေပြီးမှ၊ ရောမ မြို့သို့ ခရီးသွား ကြ၏။ ၁၅ ရောမမြို့သားညီအစ်ကို တို့သည် ငါ တို့လာကြောင်း ကို ကြားသိ လျှင်၊ ခရီးဦးကြိုပြု အံ့သောဌာ အချို့တို့ သည် အပို စျေး တိုင်အောင် ၎င်း ၊ အချို့တို့သည် သုံး စရပ် တိုင်အောင်၎င်းလာ ကြ၏။ ပေါလု သည် ထိုသူ တို့ကို မြင် လျှင်၊ ဘုရားသခင် ၏ကျေးဇူး တော်ကို ချီးမွမ်း၍ စိတ်သက်သာ ခြင်းသို့ ရောက်လေ၏။ ၁၆ ရောမ မြို့သို့ ရောက် ကြသောအခါ တပ်မှူးသည် အကျဉ်းခံသောသူတို့ကို ကိုယ်ရံတော်မှူး၌ အပ်လေသော်၊ ပေါလု သည်မိမိ ကိုစောင့် သောစစ်သူရဲ တစ်ယောက်နှင့်အတူ မိမိ အလိုအလျောက်နေ ရသော အခွင့် ကိုရ၏။ ၁၇ သုံးရက် လွန် သောအခါ ၊ ပေါလု သည် ယုဒ လူ အကြီးအကဲ တို့ကို ခေါ် ၍စုဝေးစေပြီးလျှင်၊ ညီအစ်ကို တို့၊ အကျွန်ုပ် သည်ယုဒလူမျိုး ကို မ ပြစ်မှား ၊ မိ စဉ်ဘဆက်ကျင့်သောထုံးတမ်း ကို မပယ်သောသူဖြစ် လျက်ပင်၊ ယေရုရှလင် မြို့သားတို့သည် အကျွန်ုပ်ကို အကျဉ်း ထား၍ ရောမ လူတို့ လက် သို့ အပ်လိုက် ကြ၏။ ၁၈ ရောမလူ တို့သည် အကျွန်ုပ် ကိုစစ်ကြော ပြီးမှ၊ သေ ထိုက်သော အပြစ် တစ်စုံတစ်ခု ကိုမျှ မတွေ့ သဖြင့် လွှတ် ခြင်းငှာအလိုရှိ ကြ၏။ ၁၉ ထိုအလိုကိုယုဒ လူတို့သည် ဆီးတား သောအခါ ၊ ကဲသာ ဘုရင်၏ အယူ တော်ခံပါမည်ဟုအကျွန်ုပ်ဆို ရ၏။ ထိုသို့ဆိုသော်အမျိုးသား ချင်းတို့ကို အပြစ်တင် စရာ တစ်စုံတစ်ခုရှိ သောကြောင့်ဆိုသည်မ ဟုတ်။ ထိုကြောင့် သင် တို့ကိုမြင် ၍ နှုတ်ဆက် ခြင်းငှာအကျွန်ုပ်ခေါ် ပါပြီ။ ၂၀ ဣသရေလ အမျိုး၏မြော်လင့် ရာအတွက် ကြောင့်၊ အကျွန်ုပ်သည် ဤ သံကြိုး နှင့်ချည်နှောင် ခြင်းကို ခံရပါ၏ဟု ပြောဆို လျှင်၊ ၂၁ ထိုသူတို့က၊ သင် ၏အကြောင်း ကို ကြားလိုက်သောစာ ကို ယုဒ ပြည်မှ အကျွန်ုပ် တို့မ ရ ကြ။ ထိုပြည်မှ လာ သော ညီအစ်ကို တို့တွင် အဘယ်သူ မျှ သင် ၌ အပြစ် ရှိကြောင်း ကို မ ကြား မပြောပါ။ ၂၂ သို့သော်လည်းဤ ဘာသာ သည် အရပ်ရပ် တို့ ၌ ကဲ့ရဲ့ အပြစ်တင်ခြင်းကို ခံရသော ဘာသာဖြစ် သည်ကို အကျွန်ုပ် တို့သိ ကြသည်ဖြစ်၍သင်၏အယူဝါဒ ကို သင် သည် ကိုယ်တိုင် ဖေါ်ပြသောစကား ကို အကျွန်ုပ်တို့သည် နားထောင်သင့် သည်ထင်ပါ၏ဟု ဆိုကြလျှင်၊ ၂၃ နေ့ရက် ကိုချိန်းချက် ၍ လူများ တို့သည်ပေါလု တည်းခို ရာ အရပ်သို့ လာ ကြသည်ရှိသော်၊ ပေါလုသည် ဘုရားသခင် နိုင်ငံ တော် အကြောင်းကိုသက်သေခံ သဖြင့်၎င်း၊ ထိုသူ တို့သည် ယေရှု ၏အကြောင်း များကို ယုံကြည်စေခြင်းငှာ၊ မောရှေ ၏ပညတ္တိ ကျမ်းနှင့် အနာဂတ္တိ ကျမ်းတို့ကို အမှီပြု ၍ ဖြားယောင်း သွေးဆောင်သဖြင့်၎င်း၊ နံနက် အချိန်မှစ၍ ည အချိန်တိုင်အောင် ထုတ်ဖေါ် ဟောပြောလေ၏။ ၂၄ အချို့တို့သည် ပေါလု ၏စကားကို ယုံ ကြ၏။ အချို့တို့သည် မ ယုံဘဲနေကြ၏။ ၂၅ ထိုသို့ အချင်းချင်း သဘော ကွဲပြား၍ သွား ကြ၏။ သွားကြစဉ်တွင် ပေါလု သည် စကား တစ် ခွန်းကို ပြော လိုက် သည်မှာ၊ သန့်ရှင်း သော ဝိညာဉ် တော်သည် ပရောဖက် ဟေရှာယ အားဖြင့် မိန့် တော်မူချက်ဟူမူကား၊ ၂၆ သင်တို့သည် ကြား လျက်ပင်အနက်ကို နား မ လည်ဘဲ ကြား ကြလိမ့်မည်။ မြင် လျက်ပင် အာရုံ မ ပြုဘဲ မြင် ကြလိမ့်မည်ဟု ထို လူမျိုး ရှိရာသို့ သွား ၍ပြော လော့။ ၂၇ အကြောင်းမူကား ၊ သူတို့မျက်စိ မ မြင် ၊ နား မကြား ၊ စိတ် နှလုံးမသိ ၊ အကျင့် မပြောင်းလဲသူ တို့အနာ

ရောဂါကို ငါမငြိမ်းစေရသည်တိုင်အောင်သူတို့၏ စိတ် နှလုံးသည် မိုက် လျက်၊ နား သည်ထိုင်း လျက်၊ ကိုယ် မျက်စိ ကိုပိတ် လျက် ရှိကြ၏ဟုငါ တို့ဘိုးဘေး များအား လျောက်ပတ်စွာ မိန့် တော်မူ၏။ ၂၈ ထိုကြောင့် ဘုရားသခင် ၏ ကယ်တင် တော်မူခြင်း ကျေးဇူးတော်ကို တစ်ပါး အမျိုးသားတို့အား ပေး လိုက် သည်ဖြစ်၍ ၊ သူ တို့သည်နားထောင် မည်အရာကို သင် တို့ သိမှတ် ကြလော့ဟု၊ ၂၉ ပေါလုပြောဆိုပြီးမှ၊ ယုဒလူတို့သည် သွား၍ အချင်းချင်းများစွာသော ဆွေးနွေးနှီးနှောခြင်းရှိကြ၏။ ၃၀ ထိုနောက်မှပေါလုသည် နှစ် နှစ်ပတ်လုံး မိမိ ငှား သော အိမ်၌ နေ သဖြင့်၊ မိမိ ထံသို့ လာ သော သူ အပေါင်း တို့ကို ဧည့်ခံ ၍ ၊ ၃၁ အဘယ်သူမျှမ မြစ်တားဘဲ၊ ဘုရားသခင် ၏ နိုင်ငံ တော် အကြောင်းကိုအတည့်အလင်း ဟောပြော ၍၊ သခင် ယေရှု ခရစ် ၏ အကြောင်း များကို သွန်သင် ပြသလျက်နေ၏။

၁ လူဇာတိ အားဖြင့် ဒါဝိဒ် အမျိုး ဖြစ် တော်မူထသော၊ ၂ သေ ခြင်းမှထမြောက် တော်မူ၍၊ ၃ သန့်ရှင်း သောဝိညာဉ် အားဖြင့် ၊ ၄ တန်ခိုး နှင့်တကွ ဘုရားသခင် ၏သား တော် ထင်ရှားဖြစ်တော်မူသော ငါ တို့သခင် ယေရှု ခရစ် တည်းဟူသောမိမိ သား တော်ကို အကြောင်း ပြု၍ ဘုရားသခင် သည် ရှေးကမိမိ ပရောဖက် များအားဖြင့် ၊ သန့်ရှင်း သော ကျမ်းစာ ၌ ဂတိ ထားတော်မူသော ဧဝံဂေလိ တရားကို ဟောစေခြင်းငှာ၊ ရွေးချယ် ခွဲထား၍ တမန်တော် အရာ၌ ခန့်ထား သော ယေရှု ခရစ် ၏ ကျွန် ငါပေါလု သည်၊ ၅ ဘုရားသခင် ချစ် တော်မူ၍ ၊ ၆ သန့်ရှင်း သူအရာ၌ ခန့်ထား သော ရောမ မြို့သူမြို့သားအပေါင်း တို့ကို ကြားလိုက်ပါ၏။ ၇ သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင့် အထံတော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ သခင်ယေရှု ခရစ် ၏ နာမတော်ကို အမှီပြု ၍ လူမျိုး အပေါင်း တို့သည် ယုံကြည် နားထောင် စေခြင်းငှာ ။ ထိုသခင်ထံ၌ကျေးဇူး တော်နှင့် တမန်တော်အရာကို ငါတို့သည် ခံရ ကြပြီ။ ထိုသခင်ခေါ် ထားတော်မူသောသင် တို့သည်လည်း ထိုလူမျိုး တို့ ၌ အပါအဝင်ဖြစ် ကြ၏။ ၈ သင် တို့၏ယုံကြည် ခြင်းအရာသည် မြေ တပြင်လုံး၌ အနှံ့အပြား ကျော်စော သည်ဖြစ်၍၊ သင်တို့ အကြောင်း ကြောင့် ယေရှု ခရစ် အားဖြင့် ၊ ငါ ၏ဘုရားသခင် ကျေးဇူး တော်ကို ရှေးဦးစွာ ငါချီးမွမ်း၏။ ၉ ငါသည်သင် တို့ကို မခြားမလပ် အောက်မေ့ ၍ အစဉ်မပြတ် ဆုတောင်း ပဌနာပြု သည်ဟု သား တော်၏ ဧဝံဂေလိ တရားကို ဟောလျက်၊ အမှုတော်ကို စိတ် ဝိညာဉ် နှင့်တကွ ငါဆောင်ရွက် ၍ ငါကိုးကွယ် သော ဘုရားသခင် သည် ငါ ၏သက်သေခံ ဖြစ် တော်မူ၏။ ၁၀ မ ကြာမမြင့်မီဘုရားသခင် အလို တော်အားဖြင့် အဆင်သင့်၍၊ သင် တို့ရှိရာ သို့ ငါလာ ရသော အခွင့် တစ်စုံတစ်ခုရှိပါမည်အကြောင်း ဆုတောင်း ပဌနာပြု၏။ ၁၁ သင် တို့သည် မြဲမြံ ခိုင်ခံ့မည့်အကြောင်း ၊ ငါသည် သင် တို့ ၌ ဝိညာဉ် ဆု ကျေးဇူးတစ်စုံတစ်ခု ကို အပ်ပေး ခြင်းငှာ ၊ သင် တို့ကိုအလွန် တွေ့မြင် ချင်ပါ၏။ ၁၂ ထိုသို့ဆိုသော်၊ ငါ နှင့် သင် တို့သည် ယုံကြည် သော အားဖြင့် အချင်းချင်း အားရ သက်သာခြင်းသို့ ရောက် ကြ မည်အကြောင်း ကို ဆိုလိုသတည်း။ ၁၃ ညီအစ်ကို တို့၊ ငါသည်အခြား သောတစ်ပါး အမျိုးသားတို့တွင် အကျိုး ကိုရ သကဲ့သို့ သင် တို့တွင် လည်း အကျိုးတစ်စုံတစ်ခုကိုရခြင်းငှာ ၊ သင် တို့ရှိရာသို့ သွား မည်ဟု အဖန်ဖန် အကြံရှိ ကြောင်း ကို သင် တို့မ သိဘဲနေစေခြင်းငှာငါအလို မ ရှိ၊ ထိုသို့အကြံရှိသော်လည်း၊ ယခု တိုင်အောင် မြစ်တား သော အကြောင်းရှိ၏။ ၁၄ ဟေလသ လူဖြစ်စေ၊ လူရိုင်း ဖြစ်စေ၊ ပညာရှိ ဖြစ်စေ၊ ပညာ မဲ့ဖြစ်စေ၊ လူအမျိုးမျိုးတို့၏ကြွေး သည် ငါ၌တင် လျက်ရှိ၏။ ၁၅ သို့ ဖြစ်လျှင် ၊ ငါ တတ်နိုင်သမျှ အတိုင်း ရောမ မြို့သားဖြစ်သောသင် တို့အား ဧဝံဂေလိ တရားကို ဟောခြင်းငှာစေတနာ စိတ်ရှိ၏။ ၁၆ ငါသည်ခရစ်တော်၏ ဧဝံဂေလိ တရားကြောင့် ၊ ရှက်ကြောက် ခြင်းမ ရှိ။ အကြောင်းမူကား ၊ ထိုတရားသည် ရှေးဦးစွာ ၌ ယုဒ လူ၊ နောက်၌ ဟေလသ လူ၊ ယုံကြည် သမျှသောသူအပေါင်း တို့ကို ကယ်တင် စေသော ဘုရားသခင် ၏တန်ခိုး တော်ဖြစ် ၏။ ၁၇ အဘယ်သို့ ဖြစ်သနည်းဟူမူကား ၊ ဖြောင့်မတ် သောသူ သည် ယုံကြည် ခြင်းအားဖြင့် အသက် ရှင်လိမ့်မည်ဟု ကျမ်းစာလာ သည်နှင့်အညီ ၊ ယုံကြည် ခြင်း၌

တည်သောဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားသည်၊ ယုံကြည် ခြင်းအဘို့ အလိုငှာ ဧဝံဂေလိ တရားအားဖြင့် ထင်ရှား လျက်ရှိ၏။ ၁၈ သမ္မာတရား ကိုအဓမ္မ ဖြင့် ဆီးတား နှိပ်စက်သော သူ တို့ ပြုတတ်သော ဘုရားမဲ့ နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်း အမှုအမျိုးမျိုး တို့ တစ်ဘက် ၌ဘုရားသခင် ၏ အမျက် တော်သည်ကောင်းကင် မှ ထင်ရှား လျက်ရှိ၏။ ၁၉ အဘယ်ကြောင့် နည်းဟူမူကား၊ သိ အပ်သောဘုရားသခင် ၏ အကြောင်း အရာတို့သည် သူ တို့တွင် ထင်ရှား လျက်ရှိ ၏။ ဘုရားသခင် သည် သူ တို့အား ပြ တော်မူပြီ။ ၂၀ အဘယ်သို့ နည်းဟူမူကား၊ ဖန်ဆင်း တော်မူသော အရာများကို ထောက်ရှုသဖြင့် ၊ ထာဝရ တန်ခိုး တော်နှင့် ထာဝရ အဖြစ်တော်တည်းဟူသောမျက်မြင် မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာ တည် သည်ကာလမှစ၍ ထင်ရှား လျက်ရှိကြ၏။ ထိုကြောင့် သူ တို့သည် ကိုယ်အပြစ်ကို မ ဖုံးနိုင်ရာ။ **(aïdios g126)** ၂၁ အကြောင်းမူကား ၊ ထိုသူတို့သည် ဘုရားသခင် ကို သိ လျက်ပင်၊ ဘုရားသခင် ကိုချီးမွမ်း သင့်သည် အတိုင်း မ ချီးမွမ်းကျေးဇူးတော်ကိုလည်းမ သိမမှတ်၊ အချည်းနှီး တွေးဆ ခြင်း၊ သတိ မရှိသောစိတ် နှလုံးမိုက်မဲ ခြင်းသို့ ရောက်ကြ၏။ ၂၂ ပညာရှိ ယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌ တည် ကြသည် ဖြစ်၍၊ ၂၃ မ ဖောက်ပြန်မပျက်စီးနိုင်သော ဘုရားသခင် ၏ ဂုဏ် တော်ကိုပယ် လျက် ၊ ဖောက်ပြန် ပျက်စီးတတ်သောလူ ၏ ရုပ်တု ၊ သား ငှက် အစရှိသော တွား တတ်သောတိရစ္ဆာန်၏ရုပ်တု ကို ဘုရားသခင်အရာ၌ ချီးမြှောက်ကြ၏။ ၂၄ ထိုကြောင့် သူ တို့သည် မိမိ တို့ကိုယ် ကာယ၏ အသရေကို အချင်းချင်း ရှုတ်ချ မည်အကြောင်း၊ ဘုရားသခင် သည် သူ တို့ကိုသူ တို့၏ ကိလေသာ စိတ် ညစ်ညူး ခြင်းလက်သို့ အပ် လိုက်တော်မူ၏။ ၂၅ သူတို့သည် မှန် သောဘုရားသခင့် အရာ၌ အမှား ကိုထားလျက်၊ ဖန်ဆင်း တတ်သော သခင် ကိုပယ် ၍ ဖန်ဆင်း အပ်သောအရာကို ဝတ်ပြု ကိုးကွယ် သောသူ ဖြစ်ကြ၏။ ထိုသခင် သည် ထာဝရ မင်္ဂလာ ရှိ တော်မူ၏။ အာမင် **(aiōn g165)** ၂၆ ထိုသို့ ပြုကြသောကြောင့် ဘုရားသခင် သည် သူ တို့ကို ရှက်ကြောက် ဘွယ်သော ကိလေသာ လက်သို့ အပ် လိုက်တော်မူ၏။ အဘယ်သို့နည်းဟူမူကား ၊ မိန်းမ တို့သည် ပကတိ ထုံးစံကိုစွန့် ၍၊ ပကတိ နှင့် ဆန့်ကျင်ဘက် ထုံးစံကို လိုက် ကြ၏။ ၂၇ ထိုအတူ ၊ ယောကျ်ား တို့သည်လည်း မိန်းမ နှင့် ဆက်ဆံ ခြင်းပကတိ ထုံးစံကိုစွန့် ၍ အချင်းချင်း ကိလေသာ စိတ်ပူလောင် သဖြင့်၊ ရှက်ကြောက် ဘွယ်သောအမှုကို ယောကျ်ား ချင်း ပြု လျက် ၊ မိမိ တို့ မှားယွင်း ခြင်းနှင့် အလျောက် မိမိ တို့အပြစ် ဒဏ်ကို ခံရ ကြ၏။ ၂၈ ထိုသူတို့သည် ဘုရားသခင် ကို မ သိ မမှတ် လို သည်ဖြစ်၍ ၊ မ လျောက်ပတ် သော အမှု ကို ပြု စေမည် အကြောင်း၊ ဘုရားသခင် သည် သူ တို့ကို မောဟ လက် သို့ အပ် လိုက်တော်မူသည်နှင့်အညီ ၊ ၂၉ သူတို့သည်အလုံးစုံ သော အဓမ္မ ကျင့်ခြင်း၊ မတရား သော မေထုန်ကိုပြုခြင်း၊ ဆိုးညစ် ခြင်း၊ လောဘ လွန်ကျူးခြင်း၊ မနာလို ခြင်း၊ ငြူစူ ခြင်း၊ လူ အသက်ကို သတ်ခြင်း၊ ရန်တွေ့ ခြင်း၊ လှည့်ဖြား ခြင်း၊ သူတစ်ပါး ကို မြင်ပျင်းခြင်းတို့နှင့်ပြည့်စုံသောသူ၊ ချောစား သောသူ၊ ၃၀ ဆဲရေး သောသူ၊ ဘုရားသခင် ကိုမုန်းသောသူ၊ ကြမ်းတမ်း သောသူ၊ မာန ထောင်လွှားသောသူ၊ ဝါကြွား သောသူ၊ မတတ် ကောင်းသော အတတ်ကိုစီရင် သောသူ၊ မိဘ စကားကို နားမထောင် သောသူ၊ သတိမရှိသောသူ၊ သစ္စာ ပျက်သောသူ၊ ၃၁ မိဘသားမယားစသည်တို့ကို မ ချစ်သောသူ၊ ရန်ငြိုးထားသောသူ၊ သနား ခြင်းကရုဏာစိတ်မရှိသောသူဖြစ်ကြ၏။ ၃၂

ထိုသို့ ကျင့် သောသူ တို့သည် သေ ပြစ်ကိုခံထိုက် သည်ဟု ဘုရားသခင် စီရင် တော်မူကြောင်းကို ထိုသူ တို့ သည် သိ လျက်ပင်ကိုယ်တိုင် ကျင့် သည်သာမက ၊ ထိုသို့ ကျင့် သောသူ တို့ ၌ အားရ ဝမ်းမြောက်ကြ၏။

J သူတစ်ပါး ကို စစ်ကြော စီရင်တတ်သောသူ ၊ သင်သည်ကိုယ်အပြစ်ကို မ ဖုံးနိုင်ရာ။ အကြောင်းမူကား ၊ သင်သည်စစ်ကြောစီရင်သောအမှုကိုပင်ကိုယ်တိုင်ပြု သည်ဖြစ်၍ ၊ သူတစ်ပါး ကို စစ်ကြော စီရင်သည်တွင် ကိုယ် အပြစ်ရှိကြောင်းကို စီရင် ဆုံးဖြတ်ရာရောက်၏။ ၂ ဘုရားသခင် သည် ထိုသို့ ပြု သောသူ တို့ကို စီရင် တော်မူခြင်းအရာ သည် သမ္မာတရား နှင့် ညီသည် ကို ငါတို့သိ ကြ၏။ ၃ ထိုသို့သောအမှုကိုကိုယ်တိုင် ပြု လျက် ပင်၊ သူတစ်ပါးပြု သည်ကို စစ်ကြော စီရင်သောသူ ၊ သင် သည် ဘုရားသခင် စီရင် တော်မူခြင်းနှင့် လွတ် မည်ဟု ထင်မှတ် သလော။ ၄ ဘုရားသခင် ၏ ကျေးဇူးတော်သည် သင့် ကို နောင်တ လမ်းသို့ သွေးဆောင် သည်ကို မ သိမမှတ်ဘဲ၊ ကြွယ်ဝ စွာကျေးဇူး ပြုတော်မူခြင်း၊ သည်းခံ တော်မူခြင်း၊ စိတ်ရှည် တော်မူခြင်းတို့ကို မထီမဲ့မြင် ပြုသလော။ ၅ ထိုသို့ပြုလျှင်စိတ် ခိုင်မာ ၍ နောင်တ မရသည်နှင့်အညီ ဒေါသ နေ့ တည်းဟူသောဘုရားသခင် ၏ တရား တော်ထင်ရှား သောနေ့၌ ကိုယ် ခံစရာဘို့ အမျက် ဒေါသကို ဆည်းပူး သလော။ ၆ ဘုရားသခင် သည် လူအသီးသီး တို့အား မိမိ တို့အကျင့် နှင့် အလျောက်အကျိုးအပြစ်ကို ဆပ်ပေး တော်မူလတံ့၊ ၇ ကောင်း သောအကျင့် ကို အမြဲ ကျင့်၍ ၊ ဘုန်း အသရေ ကိုငင်း ၊ မ ဖောက်ပြန်သောဇာတိကိုငင်း ၊ ရှာ သောသူ တို့အား ထာဝရ အသက် ကို ပေးတော်မူလတံ့၊ (aiōnios g166) ၈ ငြင်းဆန် သောသဘောရှိ၍ ၊ သမ္မာတရား ကို နား မထောင်ဘဲ မတရား သဖြင့် ကျင့်သောသူ တို့ကိုကား ၊ ပြင်းစွာသော ဒေါသ အမျက်ထွက် တော်မူလတံ့၊ ၉ ရှေးဦးစွာ ၌ ယုဒ လူ၊ နောက် ၌ဟေလသ လူ၊ ဆိုးညစ် သောအမှုကို ပြု သောသူ ရှိသမျှ တို့သည် ကြီးစွာသော ဆင်းရဲ ဒုက္ခဝေဒနာ ကို ခံရကြလတံ့၊ ၁၀ ရှေးဦးစွာ ၌ယုဒ လူ၊ နောက် ၌ဟေလသ လူ၊ ကောင်း သော အကျင့်ကိုကျင့် သောသူရှိသမျှ တို့သည် ဘုန်း အသရေ ချမ်းသာ ကို ခံစားရကြလတံ့။ ၁၁ ဘုရားသခင် သည် အဘယ်သူ၏မျက်နှာ ကို မျှမှတ် တော်မ မူ။ ၁၂ ပညတ် တရားကို မသိဘဲပြစ်မှား သော သူ တို့သည် ပညတ် တရားမဲ့ပျက်စီး ခြင်းသို့ရောက်ကြလိမ့်မည်။ ပညတ် တရားကို သိလျက် ပင် ပြစ်မှား သော သူ တို့သည် ပညတ် တရား၏ စီရင် ခြင်းကို ခံရကြလိမ့်မည်။ ၁၃ အကြောင်းမူကား ၊ တရား နာ သောသူသည် ဘုရားသခင် ရှေ့ ၌ ဖြောင့်မတ် သည်မ ဟုတ်။ တရား ကို ကျင့် သောသူသာလျှင် ဖြောင့်မတ် ရာသို့ ရောက်လိမ့်မည်။ ၁၄ သာသနာပ လူတို့သည် ပညတ် တရားတော်ကို မ သိ ဘဲ၊ ကိုယ်အလိုအလျောက် တရား တော်ကို ကျင့် သောအခါ ၊ သူ တို့သည် ပညတ် တရားတော်ကို မ သိ ဘဲ၊ ကိုယ် ကျင့်တရားကို အမှီပြု သဖြင့်ငင်း၊ ၁၅ ကိုယ်ကိုကိုယ် သိသောစိတ်နှလုံးသည် သက်သေခံ သဖြင့် ၎င်း ၊ အချင်းချင်း ဆွေးနွေးဆင်ခြင် ၍ အပြစ်တင် လျက် ၊ လွှတ် လျက်နေသဖြင့်ငင်း၊ မိမိ တို့စိတ် နှလုံးထဲ၌ မှတ်သား သော တရား ၏အကျိုး ကို ထင်ရှား စွာ ပြကြ၏။ ၁၆ ငါ ဟောပြောသော ဧဝံဂေလိ တရားအတိုင်း ၊ ဘုရားသခင် သည် ယေရှု ခရစ် အားဖြင့် လူ တို့၏ မ ထင်ရှားသောအမှုအရာတို့ကို စစ်ကြော စီရင်တော်မူသောနေ့ ၌ ထိုသို့စီရင်တော်မူလတံ့။ ၁၇ သင် သည် ယုဒ လူဟု သမုတ် ခြင်းကို ခံသောသူ၊ ပညတ် တရားတော်ကို ကိုးစား သောသူ၊

ဘုရားသခင် ကို အမှီပြု၍ ဝါကြွား သောသူ၊ ၁၈ အလို တော်ကိုသိ သောသူ၊ ပညတ် တရားတော်ကို လေ့ကျက် သဖြင့် ခြားနား သောအရာ တို့ကို ပိုင်းခြား ထား တတ်သောသူဖြစ်သည်နှင့် ၊ ၁၉ လူကန်း တို့အား လမ်းပြ သောသူ၊ မှောင်မိုက် ၌ နေသောသူ တို့ကို လင်း စေသောသူ၊ ၂၀ လူမိုက် တို့ကို ဆုံးမ တတ်သောသူ၊ သူငယ် တို့ကို နည်းပေး သောသူ၊ ပညတ် တရားတော်အားဖြင့် ပညာ ကို ၎င်း ၊ သမ္မာတရား ကို၎င်းဖြစ်သည်ဟူ၍၊ ကိုယ်ကိုထင်မှတ် တတ်သည်မှန်လျှင်၊ ၂၁ သူတစ်ပါး ကိုဆုံးမ လျက်ပင်ကိုယ် ကို မ ဆုံးမ သလော။ သူ့ဥစ္စာကို မ ခိုး နှင့်ဟုတရား ဟောလျက်ပင် ကိုယ်တိုင်ခိုး သလော။ ၂၂ သူ့ မယားကို မ ပြစ်မှားနှင့်ဟုဆို လျက်ပင် ကိုယ်တိုင်ပြစ်မှား သလော။ ရုပ်တု ကိုစက်ဆုပ် ရွံရှာလျက် ပင် ဗိမာန် တော်ကို လုယူဖျက်ဆီးသလော။ ၂၃ ပညတ် တရားတော်ကိုအမှီပြု၍ဝါကြွား လျက်ပင် ထိုတရား ကို လွန်ကျူး၍ ဘုရားသခင် ၏ ဂုဏ် အသရေတော်ကို ရှုတ်ချ သလော။ ၂၄ အကြောင်းမူကား ၊ ကျမ်းစာ၌ လာ သည်နှင့်အညီ၊ တစ်ပါး အမျိုးသားတို့သည် သင် တို့အကျင့်ကို ထောက် ၍ဘုရားသခင် ၏နာမ တော်ကို ကဲ့ရဲ့ တတ်ကြ၏။ ၂၅ သင် သည်ပညတ် တရားကို ကျင့်လျှင် ၊ အရေဖျားလှီး ခြင်းအားဖြင့် အကျိုး ရှိ၏။ ပညတ် တရားကို လွန်ကျူး လျှင် ၊ သင် ၏အရေဖျားလှီး ခြင်းသည် အရေဖျား မလှီးဘဲဖြစ် ပြန်၏။ ၂၆ ထိုမှတစ်ပါး ၊ အရေဖျားလှီး ခြင်းကို မခံသောသူ သည်တရား ၌ ပါသောပညတ် တို့ကို စောင့်ရှောက် လျှင် ၊ ထိုသူ ၏အရေဖျား မလှီးဘဲ အဖြစ်ကို အရေဖျားလှီး ခြင်းအဖြစ်ကဲ့သို့မှတ် ရသည်မ ဟုတ်လော။ ၂၇ အရေဖျားလှီး ခြင်းကို မခံသောသူသည်လည်း ကိုယ်အလိုအလျောက်ပညတ် တရားကို ကျင့် လျှင် ၊ ကျမ်းစာ နှင့် အရေဖျားလှီး ခြင်းရှိလျက်ပင်ပညတ် တရားကို လွန်ကျူး သောသင် ကို တရား တွေ့၍ အရှုံးခံစေမည် မဟုတ်လော။ ၂၈ အကြောင်းမူကား ၊ အပြင် အားဖြင့်သာ ယုဒ လူဖြစ် သောသူ သည်ယုဒလူမှန်မ ဟုတ်။ အပြင် အားဖြင့်သာကိုယ်အသား အရေဖျားလှီး ခြင်းသည် အရေဖျားလှီးခြင်းအမှန် မ ဟုတ်။ ၂၉ အတွင်း အားဖြင့်ယုဒ လူဖြစ်သောသူသည် ယုဒလူမှန်၏။ အရေဖျားလှီး ခြင်းလည်း ကျမ်းဟောင်းတရား အားဖြင့်မ ဟုတ်ဘဲ၊ ဝိညာဉ် တော်တရားအားဖြင့် စိတ် နှလုံးနှင့် စပ်ဆိုင်၏။ ထိုသို့ အရေဖျားလှီးခြင်းကို ခံသောသူ၏အချီးအမွမ်း သည် လူ အလိုနှင့် မ ဆိုင်၊ ဘုရားသခင့် အလိုတော်နှင့်ဆိုင်သတည်း။

၃ ထိုသို့ ဖြစ်လျှင် ၊ ယုဒ လူသည်အဘယ်သို့ သာ သနည်း။ အရေဖျားလှီး ခြင်းအားဖြင့်အဘယ် အကျိုး ရှိသနည်း။ ၂ အထွေထွေ သော အကျိုး များစွာ ရှိ၏။ ထူးမြတ်သော အကျိုးဟူမူကား ၊ အရေဖျားလှီးခြင်းကို ခံသော ယုဒတို့သည် ဘုရားသခင် ၏ ဗျာဒိတ် တော်များကို ခံရကြ၏။ ၃ သူတို့တွင် အချို့မ ယုံသော်လည်း ၊ အဘယ် ဆိုဘွယ်ရှိသနည်း။ သူ တို့မ ယုံဘဲနေခြင်းအရာသည် ဘုရားသခင် ၏သစ္စာ တော်ကို ဖျက် နိုင်သလော။ ၄ မ ဖျက် နိုင်ရာ။ သို့ ဖြစ်၍ မိန့် တော်မူချက်သည် ဖြောင့် ပါ၏။ တရား စီရင်သောအခါ အောင်မြင် တော်မူ၏ ဟု ကျမ်းစာ၌လာ သည်နှင့်အညီ ၊ လူ ခပ်သိမ်း တို့သည် သစ္စာဖျက် သော်လည်း ၊ ဘုရားသခင် ၏ သစ္စာ တော်သည် တည် စေသတည်း။ ၅ ငါ တို့၏ မတရား သောအမှုသည် ဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားတော်ကို ထင်ရှား စေလျှင် ၊ အဘယ်သို့ ဆို ရသနည်း။ ဘုရားသခင် သည် ဒဏ် ပေးတော်မူလျှင်၊ မတရား သောအမှုကို ပြုတော်မူသလော။ ထိုသို့ဆိုသော်လူ

သဘောအတိုင်း ငါဆို သတည်း။ ၆ ထိုသို့မ ဟုတ် ရာ။ ဟုတ် လျှင်လောက သားတို့ကို အဘယ်သို့ စစ်ကြော စီရင်တော်မူမည်နည်း။ ၇ ထိုမှတစ်ပါးငါ သည် သစ္စာပျက် သောအားဖြင့် ဘုရားသခင် ၏ သစ္စာ တော်သည် ဂုဏ် အသရေတော်ကို တိုးပွား စေလျှင် ၊ ငါ့ ကို အပြစ် ရှိသောသူကဲ့သို့ အဘယ်ကြောင့် စီရင် သေး သနည်းဟူ၍မေးပြန်လျှင်၊ ၈ ကောင်း သောအကျိုးရှိစေခြင်းငှာ မ ကောင်းသောအကျင့်ကို ကျင့် ကြကုန်အံ့ဟု လူအချို့ တို့သည် ငါတို့ကို ကဲ့ရဲ့ လျက် ၊ ငါ တို့စကား ကိုပြန်ပြော သည်အတိုင်း ဆို ဦးမည်လော။ ထိုသို့ဆိုသောသူ တို့သည် ကိုယ် အပြစ် ဒဏ်ကို ခံထိုက် ကြ၏။ ၉ ထိုသို့ ဖြစ်လျှင် အဘယ်သို့ နည်း။ ငါတို့သည် မြတ် သလောဟု မေးပြန်သော်။ အလျှင်း မ မြတ်။ အကြောင်းမူကား ၊ ယုဒ လူ၊ ဟေလသ လူအပေါင်း တို့သည် အပြစ် ရှိ ကြောင်း ကို အထက်က ပြခဲ့ပြီ။ ၁၀ ကျမ်းစာလာ သည်ကား ၊ ဖြောင့်မတ် သောသူမ ရှိ ၊ တစ်ယောက် မျှ မရှိ။ ၁၁ နားလည် သောသူ မ ရှိ ၊ ဘုရားသခင် ကို ရှာ သောသူ မ ရှိ ၁၂ လူအပေါင်း တို့သည် လမ်းလွဲ ကြပြီ။ တစ်ညီတစ်ညွတ် တည်းအသုံး မရသောသူဖြစ်ကြပြီ။ ကောင်း သောအကျင့်ကို ကျင့် သောသူ မ ရှိ ၊ တစ် ယောက်မျှ မ ရှိ ၁၃ သူ တို့၏လည်ချောင်း သည် ဖွင့် ထားသော သင်္ချိုင်း တွင်းဖြစ်၏။ သူ တို့သည်လျှာ နှင့် လှည့်စား တတ် ကြ၏။ သူ တို့နှုတ်ခမ်း အထဲ မှာ မြွေဆိုး အဆိပ် အတောက်ရှိ၏။ ၁၄ သူ တို့နှုတ် သည် ကျိန်ဆဲ သောစကား၊ ကြမ်းတမ်း သောစကားနှင့် ပြည့်ဝ ၏။ ၁၅ သူ တို့ခြေ သည်လူ အသက်ကို သတ် ခြင်းငှာလျင်မြန် ၏။ ၁၆ သူ တို့သွားရာလမ်း၌ ပျက်စီး ခြင်း၊ ဒုက္ခ ဆင်းရဲခြင်းရှိ၏။ ၁၇ ချမ်းသာ လမ်း ကိုသူတို့ မသိ ကြ။ ၁၈ ဘုရားသခင် ကို ကြောက်ရွံ့ ရသော အကြောင်း သည် သူ တို့မျက်စိ ၌ မ ထင် ဟုကျမ်းစာလာသတည်း။ ၁၉ ပညတ် တရား၌ ပါ သမျှ သောစကား တို့သည် ပညတ် တရားကို ခံသောသူ တို့နှင့် စပ်ဆိုင် သည်ကို ငါတို့ သိ ကြ၏။ ထိုသို့ ဖြစ်၍ ၊ လောကီသား အပေါင်း တို့သည် စကား တစ်ခွန်းကိုမျှ မ ပြောနိုင်ဘဲ ဘုရားသခင့် ရှေ့တော်၌ အပြစ်သင့် သောသူဖြစ် ကြ၏။ ၂၀ ထိုသို့ပညတ် တရားသည် ဒုစရိုက် အပြစ်ကို ထင်ရှား စေသည်ဖြစ်သောကြောင့် ၊ ပညတ် တရား၏ အကျင့် အားဖြင့် ဘုရားသခင့် ရှေ့ တော်၌ အဘယ်သူမျှ ဖြောင့်မတ် ရာသို့ မ ရောက်ရာ။ ၂၁ ယခု မူကား ၊ ပညတ္တိ ကျမ်းနှင့် အနာဂတ္တိ ကျမ်း တို့သည် သက်သေခံ သည်နှင့်အညီ၊ ပညတ် တရားနှင့် မ စပ်ဆိုင်သော ဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားတည်းဟူသော၊ ၂၂ ယေရှု ခရစ် ကို ယုံကြည် ခြင်းအားဖြင့် ၊ ယုံကြည် သောသူ အပေါင်း တို့အဘို့ ဖြစ်၍၊ ထိုသူအပေါင်းတို့အပေါ် သို့ရောက်သော ဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားသည် ထင်ရှားခဲ့ပြီ။ ခြားနား ခြင်းအလျှင်းမ ရှိ ၂၃ အဘယ်ကြောင့် နည်းဟူမူကား၊ လူအပေါင်း တို့သည် ဒုစရိုက်ကို ပြု ၍ ဘုရားသခင် ရှေ့တော်၌ အသရေ ပျက် ကြပြီ။ ၂၄ ယေရှု ခရစ် ရွေးနှုတ် တော်မူသောအားဖြင့် အဘိုး ကို မပေးဘဲ ဘုရားသခင်၏ ကျေးဇူး တော်ကြောင့် ဖြောင့်မတ် ရာသို့ ရောက်ရကြ၏။ ၂၅ ဘုရားသခင် သည် သည်းခံ တော်မူ၍၊ ၂၆ လွန် ခဲ့ပြီးသောဒုစရိုက်အပြစ် များကို မှတ်တော် မမူရာတွင် ၊ ဖြောင့်မတ် ခြင်းတရားတော်ကို ထင်ရှား စေခြင်းငှာဎ၊ ယခု ကာလ ၌ ဖြောင့်မတ် ခြင်းတရားတော်ကို ထင်ရှား စေ၍၊ ယေရှု ကိုယုံကြည် သော သူ တို့၏အပြစ် ကို လွှတ်တော်မူသော်လည်း ၊ တရား သဖြင့် ပြု တော်မူခြင်းငှာ ၎င်း၊ ယေရှု ခရစ်၏အသွေး တော်ကို ယုံကြည်

ခြင်းအားဖြင့် ၊ ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာခန့်ထားတော်မူပြီ။ ၂၇ သို့ ဖြစ်လျှင် ဝါကြွား စရာ အကြောင်းကား အဘယ်သို့ နည်းဟု မေးသော်၊ ဝါကြွားစရာအကြောင်းကို ပယ် ပြီးအဘယ် တရား အားဖြင့် ပယ်သနည်း။ အကျင့် တရားအားဖြင့်ပယ်သလော။ အကျင့်တရားအားဖြင့်ပယ်သည်မ ဟုတ်၊ယုံကြည် ခြင်းတရား အားဖြင့် ပယ်ပြီ။ ၂၈ ထိုကြောင့်လူ မည်သည်ကား၊ ပညတ် တရား၏ အကျင့် မ ရှိဘဲ ယုံကြည် ခြင်းအားဖြင့်ဖြောင့်မတ် ရာသို့ ရောက်တတ်သည်ဟုယူဆ ရ၏။ ၂၉ ဘုရားသခင် သည် ယုဒ လူတို့၏ ဘုရားသာ ဖြစ်တော်မူသလော။ တစ်ပါး အမျိုးသားတို့၏ ဘုရားဖြစ် တော်မူသည်မ ဟုတ်လော။ ဟုတ် ပေ၏။ တစ်ပါး အမျိုးသားတို့၏ ဘုရားလည်း ဖြစ်တော်မူ၏။ ၃၀ အကြောင်းမူကား၊ အရေဖျားလ်မှ ခြင်းကို ခံသောသူနှင့် မ ခံသောသူနှစ်ဦးကိုယုံကြည် ခြင်းအားဖြင့် ဖြောင့်မတ် ရာ၌တည်စေတော်မူသော ဘုရားသခင် တဆူတည်း ရှိတော်မူ၏။ ၃၁ သို့ ဖြစ်လျှင် ၊ ယုံကြည် ခြင်းအားဖြင့် ငါတို့သည် ပညတ် တရားကို ပယ် ကြသလော။ အလျှင်း မ ပယ်၊ သာ၍တည် စေကြ၏။

၄ ထိုသို့ ဖြစ်လျှင် ၊ ငါ တို့အဘ အာဗြဟံ သည် ဇာတိ ပကတိအားဖြင့် အဘယ် အကျိုး ကိုရသနည်း။ ၂ အာဗြဟံ သည် အကျင့် အားဖြင့် ဖြောင့်မတ် ရာသို့ရောက်သည်မှန်လျှင် ဝါကြွား စရာအကြောင်းရှိ ၏။ ဘုရားသခင့် ရှေ့တော်၌ ထိုသို့မ ဟုတ်။ ၃ ကျမ်းစာ ၌ အဘယ်သို့ လာသနည်း။ အာဗြဟံ သည်ဘုရားသခင် ကို ယုံကြည် သည်ဖြစ်၍ ၊ သူ ၏ ယုံကြည်ခြင်းကို ဖြောင့်မတ် ခြင်းကဲ့သို့မှတ် တော်မူ၏။ ၄ အကျင့် ရှိသောသူ မည်သည်ကား ၊ ကျေးဇူး အားဖြင့် အကျိုး ကို ခံရ သည်မ ဟုတ်။ ခံထိုက် သောအားဖြင့် ခံရ၏။ ၅ အကျင့် မ ရှိသောသူ မည်သည်ကား ၊ မတရား သောသူ၏အပြစ်ကိုဖြေ သောသူ ကို ယုံကြည် လျှင် ၊ သူ ၏ယုံကြည် ခြင်းကို ဖြောင့်မတ် ခြင်းကဲ့သို့ မှတ် လျက်ရှိ၏။ ၆ ထိုအတူ၊ ဘုရားသခင် သည် အကျင့် ကို မ ထောက်ဘဲလျက်ပေးတော်မူသော ဖြောင့်မတ် ခြင်းကို ရသော သူ ၏မင်္ဂလာ ကိုဒါဝိဒ် သည် ရည်မှတ်၍ ဆို သည်ကား ၊ ၇ အပြစ် မှလွှတ်ခြင်း၊ ဒုစရိုက် အပြစ် ကို ဖုံးအုပ် ခြင်းသို့ရောက်သော သူ တို့သည် မင်္ဂလာ ရှိကြ၏။ ၈ ထာဝရ ဘုရားအပြစ် တင် တော်မူခြင်းနှင့် လွတ် သောသူ သည် မင်္ဂလာ ရှိ၏ဟု ပြောဆိုသတည်း။ ၉ အရေဖျားလ်မှ ခြင်းကိုခံသောသူ တို့သာလျှင်ထို မင်္ဂလာ ကိုရကြသလော။ သို့မဟုတ် အရေဖျားလ်မှ ခြင်းကိုမခံသောလူ တို့သည်လည်း ရကြသလော။ အဘယ်ကြောင့်မေး သနည်းဟူမူကား ၊ ယုံကြည် ခြင်းကို အာဗြဟံ ၌ ဖြောင့်မတ် ခြင်းကဲ့သို့ မှတ် သည်ဟု ဆိုကြ၏။ ၁၀ ထိုသို့ဆိုသော် အဘယ်သို့ မှတ် သနည်း။ အရေဖျားလ်မှ ခြင်းကို ခံပြီးမှမှတ် သလော။ မ ခံမှီမှတ်သလော။ ခံပြီးမှမှတ်သည်မ ဟုတ်။ မ ခံမှီမှတ်သတည်း။ ၁၁ အရေဖျားလ်မှ ခြင်းကို မခံဘဲယုံကြည် သော သူ တို့သည် ဖြောင့်မတ် ခြင်းရှိသည်ဟု မှတ် စရာ အကြောင်းရှိစေခြင်းငှာ ၊ ၁၂ ငါ တို့အဘ အာဗြဟံ သည် ထိုသူ အပေါင်း တို့၏ အဘ ဖြစ် အံ့သောငှာဎင်း၊ အရေဖျားလ်မှ ခြင်းကို ခံသည် သာမက၊ ငါတို့အဘအာဗြဟံသည် အရေဖျားလ်မှ ခြင်းကို မခံမှီရှိ သောယုံကြည် ခြင်းလမ်း သို့လိုက် သော သူ တို့၏ အဘဖြစ်အံ့သောငှာဎင်း၊ အာဗြဟံသည် အရေဖျားလ်မှ ခြင်းကိုမခံမှီရှိသောယုံကြည် ခြင်း၏ဖြောင့်မတ် ခြင်း တံဆိပ် တည်းဟူသောအရေဖျားလ်မှ ခြင်း၏ လက္ခဏာ ကို ခံရ သတည်း။ ၁၃ ထိုမှတစ်ပါး၊ ဤ လောက ကို အမွေ ခံ

စေမည်ဟု ဂတိ တော်ကို အာဗြဟံ မှစသောသူ ၏ အမျိုးအနွယ် တို့ သည် ပညတ် တရားအားဖြင့် ရကြသည်မ ဟုတ်။ ယုံကြည် ခြင်း၏ဖြောင့်မတ် ခြင်းအားဖြင့် ရကြ၏။ ၁၄ အကြောင်းမူကား ၊ ပညတ် တရားနှင့် ဆိုင်သော သူတို့သည် အမွေခံ ဖြစ်သည်မှန်လျှင် ၊ ယုံကြည် ခြင်းတရားကိုပယ် ပြီ။ ဂတိ တော်လည်း အချည်းနှီး ဖြစ်၏။ ၁၅ ပညတ် တရားသည်ကား အမျက် ဒေါသနှင့် စပ်ဆိုင် ၏။ ပညတ် တရားမ ရှိ လျှင် ၊ လွန်ကျူး ခြင်းအပြစ်မ ရှိ။ ၁၆ ထိုကြောင့် ၊ ဂတိ တော်သည် ပညတ် တရားနှင့်ဆိုင် သော အမျိုးအနွယ်တို့ ၌ ပြည့်စုံသည်သာမက ၊ အာဗြဟံ ၏ယုံကြည် ခြင်းတရားနှင့်ဆိုင် သော သူတို့ ၌ ပြည့်စုံလျက်၊ အာဗြဟံ၏အမျိုးအနွယ်အပေါင်း တို့ ၌ ပြည့်စုံမည်အကြောင်း၊ ကျေးဇူး တော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ ၊ ယုံကြည် ခြင်းတရားကိုသာ အမှီပြု ၍ ရောက်နိုင်၏။ ၁၇ ငါသည် သင့် ကို လူမျိုး အများ တို့၏အဘ ဖြစ် စေ၏ဟု ကျမ်းစာ၌ လာ သည်နှင့်အညီ ၊ ထိုအာဗြဟံ သည်ကား၊ သေ လွန်သောသူ တို့ကို ရှင် စေတော်မူထသော၊ မ ဖြစ် သေးသောအရာ တို့ကို ဖြစ် သောအရာကဲ့သို့ မှာထား တော်မူသော ဘုရားသခင် တည်းဟူသော၊ ကိုယ်တိုင်ယုံကြည် သော ဘုရား ရှေ့ တော်၌ ခပ်သိမ်း သောငါ တို့၏ အဘ ဖြစ် သတည်း။ ၁၈ သင် ၏အမျိုးအနွယ် သည် ထိုသို့ ဖြစ် လိမ့်မည်ဟူသော ဗျာဒိတ် တော်အတိုင်း ၊ မိမိ သည် လူမျိုး အများ တို့၏ အဘ ဖြစ် မည်ဟု မြော်လင့် စရာအကြောင်းမရှိဘဲလျက်ယုံကြည် ၍ မြော်လင့် လေ၏။ ၁၉ ယုံကြည် အားကြီး သည်ဖြစ်၍မိမိအသက်သည် အနှစ်တရာ လောက် ရှိ သဖြင့်၊ မိမိ ကိုယ် သည်အသေ ကဲ့သို့ရှိ ကြောင်းကိုငင်း၊ မိမိခင်ပွန်းစာရာ ၏ ဝမ်း သည် သေ ကြောင်းကိုငင်း မ အောက်မေ့ ၊ ၂၀ ယုံမှား သောစိတ်နှင့်ကင်း ၍ ဘုရားသခင် ၏ ဂတိ တော်ကို တွေးတော ခြင်းမရှိ၊ ယုံကြည် အားကြီး သဖြင့် ဘုရားသခင် ကို ချီးမွမ်း ၍၊ ၂၁ ဂတိထားတော်မူသောသူသည် ဂတိ တော်အတိုင်း တတ်နိုင် တော်မူသည်ကို စိတ်စွဲလမ်း လေ၏။ ၂၂ ထိုကြောင့် ၊ သူ ၏ယုံကြည်ခြင်းကို သူ၏ ဖြောင့်မတ် ခြင်းကဲ့သို့ မှတ် တော်မူ၏။ ၂၃ ထိုသို့မှတ် တော်မူသည်ဟု အာဗြဟံ အကျိုး အလိုငှာ သာ ကျမ်းစာ၌ ရေး ထားသည်မ ဟုတ်။ ၂၄ ငါတို့အကျိုးအလိုငှာရေးထားသတည်း။ ငါ တို့ သခင် ယေရှု ကို သေ ခြင်းမှ ထမြောက် စေတော်မူသော သူ ကိုငါတို့သည် ယုံကြည် လျှင်၊ ထိုယုံကြည်ခြင်းကို ငါတို့၏ဖြောင့်မတ်ခြင်းဟု မှတ် တော်မူလတံ့။ ၂၅ ထို သခင်ယေရှုသည် ငါ တို့အပြစ် ကြောင့် အပ်နှံခြင်းကို ခံတော်မူ၏။ ငါ တို့သည်ဖြောင့်မတ် ရာသို့ ရောက်မည်အကြောင်း ထမြောက် တော်မူ၏။

၅ ထိုကြောင့် ၊ ငါတို့သည် ယုံကြည် ခြင်းရှိ၍ ဖြောင့်မတ် ရာသို့ရောက်လျှင်၊ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ဘုရားသခင့် ရှေ့ တော်၌ ငြိမ်သက် ခြင်းကို ခံစား ကြ၏။ ၂ ထို ကျေးဇူး တော်ကို ခံစား ရသည်အကြောင်း မှာ ယုံကြည် ခြင်းရှိ၍၊ ထိုသခင် အားဖြင့် သာခံစားသော အခွင့် ကို ရ ကြ၏။ သို့ ဖြစ်၍ ဘုရားသခင် ၏ဘုန်း တော်ကို မြော်လင့် ၍ ဝါကြွား ဝမ်းမြောက်ခြင်းရှိကြ၏။ ၃ ထိုမျှမက ၊ ဒုက္ခဆင်းရဲ ခြင်းကိုခံ၍ ဝါကြွား ဝမ်းမြောက်ခြင်းရှိကြ၏။ အကြောင်းမူကား ၊ ဒုက္ခ ဆင်းရဲ ခြင်းသည် သည်းခံ ခြင်းကို ပြုစု တတ်၏။ ၄ သည်းခံ ခြင်းသည်လည်း သက်သေ ထင်ရှားခြင်းကို ပြုစုတတ်၏။ သက်သေ ထင်ရှားခြင်းသည်လည်း မြော်လင့် ခြင်းကို ပြုစုတတ်၏။ ၅ ထို မြော်လင့်

ခြင်းသည် ရှက်ကြောက် စရာ အကြောင်းနှင့် ကင်းလွတ် ၏။ အဘယ်ကြောင့် နည်းဟူမူကား၊ ငါ တို့အားပေး တော်မူသောသန့်ရှင်း သော ဝိညာဉ် တော်သည် ဘုရားသခင် ၏မေတ္တာ တော်ကို ငါ တို့ စိတ် နှလုံးထဲသို့ သွန်းလောင်း တော်မူ၏။ ၆ ငါ တို့သည် အကျိုးနည်း ရှိ စဉ် တွင်အချိန်တန် မှ ခရစ်တော် သည် မတရား သောသူတို့အတွက် ကြောင့် အသေခံ တော်မူ၏။ ၇ ဖြောင့်မတ် သောသူအတွက် ကြောင့် အသေခံ မည့်သူ ရှိခဲ ၏။ သူတော်ကောင်း အတွက် ကြောင့် အသေခံ ဝံ့ သောသူ ရှိ ကောင်းရှိလိမ့်မည်မှန်စေတော့။ ၈ ငါ တို့သည် အပြစ် ရှိ စဉ် ပင်၊ ခရစ်တော် သည် ငါ တို့အတွက် ကြောင့် အသေခံ တော်မူသည်ဖြစ်၍၊ ဘုရားသခင် သည် ငါတို့ကို အဘယ်မျှလောက်ချစ် တော်မူသည်ကို ငါ တို့အား ထင်ရှားစွာပြ တော်မူ၏။ ၉ သို့ ဖြစ်၍ ယခု တွင် အသွေး တော်အားဖြင့် ဖြောင့်မတ် ရာသို့ ရောက်ပြီးမှ၊ ထိုသခင် အားဖြင့် အပြစ် ဝရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက် မည်ဟုသာ၍ မြော်လင့်စရာရှိ၏။ ၁၀ အကြောင်းမူကား ၊ ရန်သူ ဖြစ် လျက်ပင်ဘုရားသခင် ၏ သား တော်အသေခံ တော်မူခြင်းအားဖြင့် ၊ ငါတို့သည် ဘုရားသခင်နှင့် မိသွဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကိုခံရသည်မှန်လျှင် ၊ မိသွဿဟာယဖွဲ့ ပြီးမှ၊ အသက် တော် အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက် မည်ဟုသာ၍ မြော်လင့်စရာရှိ၏။ ၁၁ ထိုမျှမက ၊ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် မိသဟာယ ဖွဲ့ရာကျေးဇူးကိုယခု ခံ ပြီးလျှင်၊ ထို သခင်အားဖြင့် ဘုရားသခင် ၌ ဝါကြွား ဝမ်းမြောက်ခြင်းရှိကြ၏။ ၁၂ ဤ အကြောင်း အရာဟူမူကား၊ အပြစ် တရားသည် တစ် ယောက်သောသူ အားဖြင့် ဤ လောက သို့ ဝင် ၍ ၊ အပြစ် တရားအားဖြင့် သေ ခြင်း တရားဝင်သည်နှင့်အညီ ၊ လူ အပေါင်း တို့သည် အပြစ် ရှိသောကြောင့် သေ ခြင်းသို့ ရောက် ရကြ၏။ ၁၃ ပညတ် တရားကို မထားမီတိုင်အောင် ဤလောက ၌ အပြစ် ရှိ ၏။ အဘယ်ပညတ် တရားကိုမျှ မ ရှိ လျှင် ၊ အပြစ် ရှိသည်ဟု မှတ် စရာမ ရှိ၊ ၁၄ သို့သော်လည်း အာဒံ လက်ထက်မှစ၍ မောရှေ လက်ထက်တိုင်အောင် သေ ခြင်းတရားသည် အစိုးရ ၏။ အာဒံ ပြစ်မှား သည်နည်းတူ မ ပြစ်မှား သောသူ တို့ကို ပင်အစိုးရ ၏။ ထို အာဒံသည် နောက်လာ လတ္တံသောသူ ၏ ပုံပမာ ဖြစ် သတည်း။ ၁၅ သို့သော်လည်း ၊ ပြစ်မှား ခြင်းသဘောနှင့် ကျေးဇူးတော် သဘောမ တူ ၊ အကြောင်းမူကား ၊ လူ တစ် ယောက်သည် ပြစ်မှား သောအားဖြင့်၊ လူ များတို့သည် သေ ခြင်းသို့ ရောက်ကြ၏။ တစ် ယောက်သောသူ တည်းဟူသောယေရှု ခရစ် အားဖြင့် ဘုရားသခင် ၏ ကျေးဇူး တော်နှင့် ကျေးဇူး တော်၏ အကျိုး သည်လူများ တို့ ၌ သာ၍ ကြွယ်ဝ ပြည့်စုံ၏။ ၁၆ ထိုမှတစ်ပါး၊ လူ တစ်ယောက်ပြစ်မှား သောအရာနှင့် ကျေးဇူးတော် အရာမ တူ ။ အကြောင်းမူကား ၊ တရား စီရင် သောအရာမှာ၊ အပြစ်တစ်ခု ကြောင့် ဒဏ်ခံစေဟု စီရင် ၏။ ကျေးဇူးတော်အရာမှာ၊ အပြစ် များ လျက်ပင် လွတ်စေဟုစီရင် ၏။ ၁၇ ထိုမှတစ်ပါး၊ လူတစ်ယောက် သည် ပြစ်မှား သောကြောင့် ၊ ထိုတစ်ယောက် သောသူ အားဖြင့် သေ ခြင်းတရား သည် အစိုးရ ၏။ ကျေးဇူး တော်၏ကြွယ်ဝ ခြင်းကိုငင်း၊ ဖြောင့်မတ် ရာသို့သွင်းပေး တော်မူခြင်းကိုငင်း ခံရသော သူတို့သည် တစ်ယောက် သောသူ တည်းဟူသောယေရှု ခရစ် အားဖြင့် အသက် ရှင်လျက် သာ၍ စိုးစံ ရကြလတ္တံ့။ ၁၈ ထိုကြောင့် ၊ တစ် ယောက်သောသူ၏ပြစ်မှား ခြင်းအားဖြင့် ၊ လူ အပေါင်း တို့သည် အပြစ်စီရင် ခြင်းနှင့် တွေ့ကြုံရကြသည်နည်းတူ ၊

တစ် ယောက်သောသူ၏ ဖြောင့်မတ် ခြင်းအားဖြင့် ၊ လူ အပေါင်း တို့သည် အသက် နှင့် ယှဉ်သော ဖြောင့်မတ် ရာသို့ ရောက်ခြင်းအခွင့်ကို ရကြ၏။ ၁၉ အကြောင်းမူကား ၊ တစ် ယောက်သောသူ သည် နား မထောင်သောအားဖြင့် ၊ လူ များတို့သည် အပြစ် ရောက် သည်နည်းတူ ၊ တစ်ယောက်သောသူသည် နားထောင် သောအားဖြင့် ၊ လူ များတို့သည် ဖြောင့်မတ် ရာသို့ ရောက် ရကြ၏။ ၂၀ ထိုမှတပါး ၊ ပညတ် တရားသည် တစ်ဖန်ဝင် သဖြင့် ပြစ်မှား သောအပြစ်ပွားများ ၏။ သို့သော်လည်း အပြစ် ပွားများ သည် အရာမှာ ကျေးဇူး တော်သာ၍ ကြွယ်ဝ၏။ ၂၁ ထိုသို့ ဖြစ်လျှင်၊ အပြစ် တရားသည်သေ ခြင်းအားဖြင့် အစိုးရ သည်နည်းတူ ၊ ငါ တို့သခင် ယေရှု ခရစ် ပြုစုတော်မူ၍ ကျေးဇူး တရားသည် ထာဝရ အသက် နှင့် ယှဉ်သော ဖြောင့်မတ် ရာသို့ သွင်းခြင်းအားဖြင့် အစိုးရ လေအံ့သတည်း။ **(aiōnios g166)**

၆ ထိုသို့ မှန်လျှင်၊ အဘယ်သို့ ပြော ရမည်နည်း။ ကျေးဇူး တော်ပွားများ စေခြင်းငှာ အပြစ် တရားကို ကျင့် ၍ နေရမည်လော။ ၂ ထိုသို့မ နေ ရ။ အပြစ် တရားမှ စုတေ့ သောသူ တို့ သည် ထိုတရား ၌ အဘယ်သို့ ရှင် ရဦး မည်နည်း။ ၃ ယေရှု ခရစ် ၌ ဗတ္တိဇံ ကိုခံသောသူရှိသမျှ တို့သည် အသေခံ တော်မူခြင်း၌ ဗတ္တိဇံ ကိုခံကြသည်ဟု သင်တို့ မ သိသလော။ ၄ ထိုကြောင့် ၊ အသေခံ တော်မူခြင်း၌ ဗတ္တိဇံ ကို ခံသောအားဖြင့် ၊ ထိုသခင် နှင့်အတူသင်္ဂြိုဟ် ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော် သည် ခမည်းတော် ၏ ဘုန်း တန်ခိုးအားဖြင့် သေခြင်းမှ ထမြောက် တော်မူသည်နည်းတူ ၊ ငါ တို့သည်လည်း အသစ် သောအသက် ၌ ကျင်လည် ရကြသတည်း။ ၅ တနည်းကား ၊ အသေခံ တော်မူခြင်း၏ ပုံ သဏ္ဌာန်ကိုဆောင် ၍၊ ထိုသခင်နှင့်အတူငါတို့သည် စိုက်ပျိုး လျက်ရှိသည် မှန်လျှင် ၊ ထမြောက် တော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ စိုက်ပျိုး လျက်ရှိကြလိမ့်မည်။ ၆ ထိုမှတပါး၊ ငါ တို့၏လူ ဟောင်း သည် ထို သခင်နှင့်အတူလက်ဝါးကပ်တိုင် မှာ အသေသတ်ခြင်းကို ခံပြီဟု ငါတို့သိ ကြ၏။ အကြောင်းမူကား၊ ငါ တို့သည် နောက်မှအပြစ် တရား၏အစေ ကို မ ခံစေခြင်းငှာ၊ အပြစ် တရား၏ ကိုယ် ကို ဖျက်ဆီး မည်အကြောင်း တည်း။ ၇ သေ သောသူ သည်အပြစ် တရား၏ လက်မှ လွတ် လျက်ရှိ၏။ ၈ ခရစ်တော် သည် သေ ခြင်းမှထမြောက်သောအခါ ၊ သေခြင်းနှင့် အစဉ်ကင်းလွတ်တော်မူ၏။ ၉ သေ ခြင်းတရားသည် နောက်တဖန်ကိုယ်တော် ကို မ အုပ်စိုး ရသည်ကို ထောက်သော်၊ ငါတို့သည် ခရစ်တော် နှင့်အတူသေ လျှင်၊ ထိုသခင်နှင့်အတူရှင်လိမ့်မည်ဟုသဘော ရှိကြ၏။ ၁၀ ခရစ်တော်သည် အသေခံ တော်မူရာမှာ၊ အပြစ် တရားကြောင့် တကြိမ် သာခံ တော်မူ၏။ အသက် ရှင်တော်မူရမှာ၊ ဘုရားသခင့် အဘို့ ရှင် တော်မူ၏။ ၁၁ ထိုနည်းတူ သင် တို့သည် အပြစ် တရားနှင့် ဆိုင်သောအရာ၌ကား၊ အသေ ဖြစ်သည်ဟူ၍ငင်း၊ ဘုရားသခင် နှင့်ဆိုင်သောအရာ၌ကား၊ ငါတို့သခင် ယေရှု ခရစ် အားဖြင့် အသက် ရှင်သည်ဟူ၍ငင်း၊ ကိုယ်ကိုကိုယ် ထင်မှတ် ကြလော့။ ၁၂ ထိုကြောင့် ၊ သင် တို့၏သေ တတ်သော ကိုယ်ခန္ဓာ ၏တပ်မက် ခြင်းအလိုသို့ လိုက် ရသည်တိုင်အောင်၊ အပြစ် တရားသည် ထိုကိုယ်ခန္ဓာ ၌ အစိုး မ ရစေနှင့်။ ၁၃ သင် တို့၏ကိုယ်အင်္ဂါများကို ဒုစရိုက် လက်နက် ဖြစ်စေ၍၊ အပြစ် တရားအား မ ဆက် ကြနှင့်။ သေ ခြင်းမှ ထမြောက်၍ အသက် ရှင်သောသူကဲ့သို့ ၊ ဘုရားသခင် အား ကိုယ်ကိုကိုယ် ဆက် ကြလော့။ ၁၄ ကိုယ်အင်္ဂါများကိုလည်း သုစရိုက် လက်နက် ဖြစ်စေ၍၊

ဘုရားသခင် အားဆက်ကြလော့။ သင်တို့သည် ပညတ် တရားလက် ၌မ ရှိ ၊ ကျေးဇူး တရားလက် ၌ရှိသောကြောင့် အပြစ် တရားသည် သင် တို့ကို မ အုပ်စိုး ရ။ ၁၅ ထိုသို့ ဖြစ်လျှင် အဘယ်သို့ နည်း၊ ငါတို့သည် ပညတ် တရားလက် ၌မရှိ ကျေးဇူး တရားလက် ၌ရှိသောကြောင့် ၊ ဒုစရိုက် ကို ပြုရမည် လော။ ထိုသို့မ ပြု ရ။ ၁၆ အကြင်သူ၏အထံ၌ အစေခံ ကျွန်ဖြစ်ခြင်းဟာ သင်တို့ဝင် ၍ အစေခံ၏၊ ထိုသူသည်သေ ခြင်းနှင့် ယှဉ်သော အပြစ် တရားဖြစ်စေ၊ ဖြောင့်မတ် ရာသို့ ရောက်ခြင်းနှင့် ယှဉ်သော နားထောင် ခြင်းတရားဖြစ်စေ၊ သင်တို့၏သခင်ဖြစ်သည်ကို မ သိ ကြသလော။ ၁၇ သင်တို့သည် အပြစ် တရား၏ ကျွန် ဖြစ် ဘူးသော်လည်း ၊ ယခုတွင်ခံ ခဲ့ပြီးသော သြဝါဒ နည်း ဥပဒေသစကားကို စေတနာစိတ် နှင့် နားထောင် ကြသည်ဖြစ်၍၊ ဘုရားသခင် ၏ကျေးဇူး တော်ကြီးလှပေ၏။ ၁၈ သင်တို့သည် အပြစ် တရား၏ လက်မှ လွတ် ကြပြီဖြစ်၍ ၊ ဖြောင့်မတ် ခြင်းတရား၏ ကျွန် ဖြစ်ကြ၏။ ၁၉ ထိုသို့ ငါဆိုသော်၊ သင် တို့ဇာတိ ပကတိအတိုင်း ဉာဏ်နည်း သောကြောင့် ၊ လောကီ ဝေါဟာရအားဖြင့်ဆို သတည်း။ သင်တို့သည် မိမိ တို့ ကိုယ်အင်္ဂါ များကို အဓမ္မ အလိုဌာ ညစ်ညူး ခြင်းတရား၊ အဓမ္မ တရား၌ သွင်း ၍ ကျွန် ခံစေဘူးသည်နည်းတူ ၊ ယခု မှာ ကိုယ်အင်္ဂါ များကိုသန့်ရှင်း ခြင်းအလိုဌာ ဖြောင့်မတ် ခြင်းတရား၌သွင်း ၍ကျွန် ခံစေကြလော့။ ၂၀ သင်တို့သည် အပြစ် တရား၏ ကျွန် ဖြစ် စဉ် ကာလ ၊ ဖြောင့်မတ် ခြင်းတရား၏လက်မှ လွတ် ကြ၏။ ၂၁ ယခု သင်တို့ရှက်ကြောက် သော ထိုအကျင့် တို့ကို ကျင့်စဉ်အခါ၊ အဘယ် အကျိုး ကိုရ ကြသနည်း။ ထိုသို့သောအကျင့်သည် သေ ခြင်း၌ လမ်းဆုံး သတည်း။ ၂၂ ယခု မူကား ၊ သင်တို့သည် အပြစ် တရား၏ လက်မှ လွတ် ၍၊ ဘုရားသခင် ၏ ကျွန် ဖြစ်ကြသည်နှင့်အညီ၊ သန့်ရှင်း ခြင်းအကျိုး ကိုရ ကြ၏။ အဆုံး ၌ လည်း ထာဝရ အသက် ကို ရကြလိမ့်မည်။ **(aiōnios g166)** ၂၃ အပြစ် တရား၏ အခ ကား သေ ခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆု ကျေးဇူးတော်ကား ၊ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ထာဝရ အသက် ပေတည်း။ **(aiōnios g166)**

၇ ပညတ် တရားကို သိ သောညီအစ်ကို တို့၊ ပညတ် တရားသည် လူ ကို အသက် ထက်ဆုံးမျှသာ ပိုင် သည်ကို မ သိကြသလော။ ၂ ဥပမာကား ၊ လင် ရှိသောမိန်းမ သည် လင် မ သေမှီတိုင်အောင် ၊ ပညတ် တရားအားဖြင့်လင်၌ချည်နှောင် လျက်ရှိ၏။ လင် သေ လျှင် မူကား လင် ဝတ် နှင့် လွတ် ၏။ ၃ ထိုကြောင့် ၊ မိမိလင် မသေမှီအခြား သော သူ ၏ မယားဖြစ် လျှင် ၊ မျောက်မထား သောမိန်းမဟု ခေါ် ထိုက် ၏။ လင် သေ လျှင် မူကား ၊ ထို တရား နှင့် လွတ် သည်ဖြစ် ၍၊ အခြား သောသူ၏ မယား ဖြစ် သော်လည်း၊ မျောက်မထား သောမိန်းမဟု ခေါ် စရာအကြောင်းမ ရှိ ၄ ထိုနည်းတူ၊ ငါ ညီအစ်ကို တို့၊ သင် တို့သည် အခြား သောသူတည်းဟူသော၊ သေ ခြင်းမှ ထမြောက် တော်မူသောသူ ၏မယားဖြစ် ၍၊ ဘုရားသခင် ၏ အလိုတော်နှင့်အညီတိုးပွား မည်အကြောင်း ၊ ခရစ်တော် ၏ ကိုယ်ခန္ဓါ အားဖြင့် သေ ၍ ပညတ် တရားနှင့်ကွာကြ၏။ ၅ ငါတို့သည် ဇာတိ ပကတိ၌ ကျင်လည် သောအခါ ၊ အပြစ် နှင့် စပ်ဆိုင်သောစိတ်တို့သည် ပညတ် တရား အားဖြင့် ပေါက်၍ သေ ခြင်းတရား၏အလို နှင့်အညီ တိုးပွား မည်အကြောင်း ၊ ငါ တို့၏ကိုယ်အင်္ဂါများ၌ ပြုပြင် ကြ၏။ ၆ ယခု မူကား ၊ ကျမ်းစာ၌ပါသော တရား ဟောင်း ကို

မ မှီဘဲ၊ ဝိညာဉ် တော်တရားသစ် ကို မှီ ၍ အမှု ဆောင်ရွက်ခြင်းအလိုငှာ ၊ ငါတို့သည် အသေ သဖြင့် အုပ်ချုပ်သောပညတ် တရား၏လက်မှ လွတ် ခြင်းသို့ ရောက်ကြပြီ။ ၇ သို့ ဖြစ်၍ အဘယ်သို့ ပြော ရမည်နည်း။ ပညတ် တရား၌ အပြစ် ရှိသလော။ အပြစ်မ ရှိ နိုင်ရာ။ သို့ရာတွင် ပညတ် တရားအားဖြင့် သာ အပြစ် သဘောကို ငါသိ ရ၏။ အဘယ်သို့နည်းဟူမူကား ၊ လောဘ စိတ်မ ရှိစေနှင့်ဟု ပညတ် တရားမ ဆို လျှင် ၊ လောဘ သဘောကိုငါမ သိ ။ အပြစ် တရားသည် ပညတ် တရားအားဖြင့် အခွင့် ရ ၍၊ ငါ ၌ အမျိုးမျိုး သော လောဘ တို့ကို ဖြစ် စေ၏။ ပညတ် တရားမ ရှိလျှင် ၊ အပြစ် တရားသေ ၏။ ၉ အထက် ကပညတ် တရားမ ရှိသဖြင့် ၊ ငါ သည် အသက် ရှင်၏။ ပညတ် တရားပေါ် သောအခါအပြစ် တရားသည် ရှင်ပြန် ၏။ ငါ လည်း သေ ၏။ ၁၀ အသက် ရှင်ခြင်းနှင့်ဆိုင်သော ပညတ် တရား သည် သေ ခြင်းနှင့် ဆိုင်သည်ကို ငါ တွေ့ ၏။ ၁၁ အပြစ် တရားသည်ပညတ် တရားအားဖြင့် အခွင့် ရ လျှင်၊ ငါ့ ကို လှည့်ဖြား၍ ထိုတရား အားဖြင့် ငါ့ကို သတ် လေ၏။ ၁၂ ထိုကြောင့် ၊ တရား တော်သည်သန့်ရှင်း ခြင်းရှိ၏။ ပညတ် တရားလည်း သန့်ရှင်း ခြင်း၊ ဖြောင့်မတ် ခြင်း၊ ကောင်းမြတ် ခြင်းရှိ၏။ ၁၃ သို့ ဖြစ်လျှင် ကောင်းမြတ် သောအရာသည် ငါ ၌သေခြင်းအကြောင်း ဖြစ် သလော။ မ ဖြစ် နိုင်ရာ။ အပြစ် တရားသည် မိမိသဘောကို ထင်ရှား စေခြင်းငှာ ကောင်းမြတ်သောအရာအားဖြင့် ငါ ၌သေ ခြင်းကို ပြု ၍ သေ ခြင်းအကြောင်းဖြစ်၏။ ထိုသို့ ဖြစ်သောကြောင့် အပြစ် တရားသည် ပညတ် တော်အားဖြင့် အလွန် အပြစ် နှင့်ပြည့်စုံခြင်းရှိ သတည်း။ ၁၄ ထိုမှတပါး၊ပညတ် တရားသည် ဝိညာဉ် ပကတိနှင့် စပ်ဆိုင် သည်ကို ငါတို့သိ ကြ၏။ ငါ မူကား ဇာတိ ပကတိရှိ ၏။ အပြစ် တရားလက် ၌ ကျေးကျွန်ဖြစ်၏။ ၁၅ အကြောင်းမူကား ၊ ငါသည်ကိုယ်ကျင့် သော အကျင့်ကို မ နှစ်သက် ။ ကျင့်ချင် သော အကျင့် ကိုမ ကျင့် ၊ ရွံရှာ သော အကျင့် ကို ကျင့် ၏။ ၁၆ ထိုသို့ ငါသည် မ ကျင့်ချင် သောအကျင့် ကို ကျင့် လျှင် ၊ ပညတ် တရားဖြောင့် သည်ဟု ငါဝန်ခံ ၏။ ၁၇ သို့ ဖြစ်လျှင် ၊ ထို မကောင်းသောအကျင့်ကို ငါ့ ကိုယ်တိုင်ကျင့် သည်မ ဟုတ်။ ငါ့ အထဲ ၌နေ သော အပြစ် တရားသည် ကျင့်၏။ ၁၈ ငါ့ အထဲ မှာ ငါ့ ဇာတိ ပကတိ၌ ကောင်း သော အရာတစ်စုံတစ်ခုမျှ မ တည် သည်ကို ငါသိ ၏။ အကြောင်းမူကား ၊ ငါ သည်ကျင့်ချင်သော စိတ် ရှိ သော်လည်း ၊ ကောင်း စွာကျင့် တတ်သောအခွင့်ကိုရှာ၍ မ တွေ့နိုင်။ ၁၉ ငါသည် ကျင့် ချင် သော အကျင့်ကောင်း ကို မ ကျင့်။ မ ကျင့်ချင် သော အကျင့်ဆိုး ကိုကျင့် ၏။ ၂၀ ထိုသို့ ငါ သည်မ ကျင့်ချင် သောအကျင့်ကို ကျင့် လျှင် ၊ ငါ ကိုယ်တိုင်ကျင့် သည်မ ဟုတ်။ ငါ့ အထဲ ၌နေ သော အပြစ် တရားသည်ကျင့်၏။ ၂၁ ထိုသို့ ကောင်း သော အကျင့်ကိုငါ ကျင့် ချင်သောအခါ၊ မကောင်း သောအကျင့်ကို ကျင့် စေတတ်သော တရား ကို ငါတွေ့ ၏။ ၂၂ ငါသည် အတွင်း လူ အားဖြင့် ဘုရားသခင် ၏ ပညတ် တရားတော်တို့ နှစ်သက်၏ ၂၃ သို့သော်လည်း ငါ့ ကိုယ်အင်္ဂါများ၌ ရှိသော တရား တစ်ပါးသည် စိတ် ဝိညာဉ်တရား ကို ပြိုင်ဆိုင် တိုက်လှန်သဖြင့် ၊ ငါ့ ကိုယ်အင်္ဂါများ၌ ရှိ သော အပြစ် တရား လက် သို့ ငါ့ ကိုဘမ်း သွားအပ်နှံသည်ကို ငါမြင် ၏။ ၂၄ ငါသည်ငိုငြင် သောသူ ဖြစ် ပါသည်တကား၊ ဤ အသေ ကောင် မှ ငါ့ ကို အဘယ်သူ ကယ်လွှတ် မည်နည်း။ ၂၅ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ကယ်လွှတ်တော်မူသောဘုရားသခင် ၏ကျေးဇူး တော်ကြီးလှပေ၏။ ထိုသို့စိတ်

ဝိညာဉ်အားဖြင့် ဘုရားသခင် ၏ တရား တော် အလိုသို့ဝင်း၊ ဇာတိ ပကတိအားဖြင့် အပြစ် တရား အလိုသို့ဝင်း၊ ငါ လိုက် တတ်၏။

၈ ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှု ခရစ် ၌ တည်၍၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ် ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင် ခြင်းနှင့် လွတ်ကြ၏။ ၂ ယေရှု ခရစ် ၌ တည်၍ အသက် ရှင်စေသော ဝိညာဉ် တော်၏တရား သည် အပြစ် တရား ၏ လက်မှ ၎င်း၊ သေ ခြင်းတရား၏လက်မှဎင်း၊ ငါ့ ကိုကယ်လွှတ် ပြီ။ ၃ ဇာတိ ပကတိကြောင့် ပညတ် တရားသည် အားနည်း ၍ မ တတ်နိုင်သောအမှုကို ဘုရားသခင် ပြု တော်မူခြင်းဌာ၊ အပြစ် နှင့်ပြည့်စုံသော ဇာတိ ပကတိ၏ သဏ္ဌာန် ကို ဆောင် သော မိမိ သား တော်ကို စေလွှတ် တော်မူ၍၊ အပြစ် ဖြေဘို့ရာ ဇာတိ ပကတိ၌ အပြစ် ကို ဒဏ် ပေးတော်မူ၏။ ၄ အကြောင်းမူကား ၊ ဇာတိ ပကတိအတိုင်း မ ကျင့် ၊ ဝိညာဉ် ပကတိအတိုင်း ကျင့်သောငါ တို့သည်၊ တရား၌ ပါသောပညတ် တို့ကို စောင့်ရှောက်မည်အကြောင်းတည်း။ ၅ ဇာတိ ပကတိရှိ သောသူ တို့သည် ဇာတိ ပကတိ နှင့် စပ်ဆိုင်သော အရာ တို့ကိုစွဲလမ်း သော စိတ်သဘော ရှိကြ၏။ ဝိညာဉ် ပကတိရှိသောသူ တို့မူကား ၊ ဝိညာဉ် ပကတိနှင့်စပ်ဆိုင်သောအရာ တို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ၆ ဇာတိ ပကတိစိတ် သဘောသည် သေ ခြင်းအကြောင်းဖြစ်၏။ ဝိညာဉ် ပကတိစိတ် သဘောသည် အသက် ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက် ခြင်းအကြောင်း ဖြစ်၏။ ၇ အဘယ်ကြောင့် နည်းဟူမူကား ၊ ဇာတိ ပကတိ စိတ် သဘောသည် ဘုရားသခင် နှင့်ဆန့်ကျင်ဘက် ဖြစ်၏။ ဘုရားသခင် ၏ တရား တော်အလို သို့ မ လိုက် တတ်။ ထိုမျှမကမ လိုက်နိုင် ၈ ထိုကြောင့် ဇာတိ ပကတိ၌ ကျင်လည် သော သူ တို့သည် ဘုရားသခင် ၏ စိတ်တော်နှင့်မ တွေ့ နိုင် ကြ။ ၉ သို့သော်လည်း ဘုရားသခင် ဝိညာဉ် တော်သည် သင် တို့အထဲ ၌ကျိန်းဝပ် တော်မူလျှင် ၊ သင်တို့သည် ဇာတိ ပကတိဘက် ၌ရှိ ကြသည်မ ဟုတ်။ ဝိညာဉ် ပကတိဘက် ၌ ရှိကြ၏။ ခရစ်တော် ၏ဝိညာဉ် ကိုမ ရ သော သူ မည်သည်ကား ခရစ်တော် နှင့် မ ဆိုင်။ ၁၀ ခရစ်တော် သည် သင် တို့အထဲ ၌ရှိတော်မူလျှင် ၊ ကိုယ် ကာယသည် အပြစ် ကြောင့် အသေ ဖြစ်သော်လည်း ဝိညာဉ် မူကား ဖြောင့်မတ် ခြင်းကြောင့် အသက် ရှင်လျက်ရှိ၏။ ၁၁ ထိုမျှမက ၊ ယေရှု ကိုသေ ခြင်းမှ ထမြောက် စေတော်မူသော ဘုရား ၏ဝိညာဉ် တော်သည် သင် တို့ အထဲ ၌ကျိန်းဝပ် တော်မူလျှင် ၊ ခရစ်တော် ကို သေ ခြင်းမှ ထမြောက် စေတော်မူသော ဘုရား သည် သင် တို့အထဲ ၌ကျိန်းဝပ် သောမိမိ ဝိညာဉ် တော်အားဖြင့် ၊ သေ တတ်သော သင် တို့၏ ကိုယ် ကာယကိုပင် ရှင် စေတော်မူမည်။ ၁၂ သို့ ဖြစ်၍ ညီအစ်ကို တို့၊ ငါတို့သည်ဇာတိ ပကတိအတိုင်း ကျင့် ရမည်အကြောင်း၊ ဇာတိ ပကတိ၏ ကျွန် ဖြစ် ကြသည်မ ဟုတ်။ ၁၃ သင် တို့သည် ဇာတိ ပကတိအတိုင်း အသက်ရှင်လျှင် သေ ရကြမည်။ ဝိညာဉ် တော်အားဖြင့်ကိုယ် ကာယ ၏အကျင့် တို့ကို သေ စေလျှင် အသက် ရှင်ကြလိမ့်မည်။ ၁၄ ဘုရားသခင် ၏ဝိညာဉ် တော် ဆုံးမ ပဲ့ပြင်တော်မူသမျှ သောသူတို့သည် ဘုရားသခင် ၏သား ဖြစ် ကြ၏။ ၁၅ အကြောင်းမူကား ၊ သင်တို့သည် တစ်ဖန် ကြောက်ရွံ့ တတ်သော ကျွန် ၏သဘော ကို ရ ကြသည်မ ဟုတ်။ အဗ္ဗ အဘ ဟုခေါ် ရသောအခွင့်နှင့် သား ဖြစ်ခြင်း၏ သဘော ကိုရ ကြပြီ။ ၁၆ ငါတို့သည်

ဘုရားသခင် ၏သား ဖြစ် ကြသည်ဟု ဝိညာဉ် တော်သည် ငါ တို့၏ဝိညာဉ် နှင့်အတူသက်သေခံ တော်မူ၏။ ၁၇ သား မှန်လျှင် အမွေခံ ၊ ဘုရားသခင် ၏ အမွေခံ ဖြစ်ကြ၏။ ခရစ်တော် နှင့်အတူဘုန်း ဝင်စားမည် အကြောင်း၊ ထိုသခင်နှင့်အတူဆင်းရဲ ဒုက္ခကိုခံရလျှင် ၊ ထိုသခင်နှင့်ဆက်ဆံသောအမွေခံ လည်း ဖြစ်ကြ၏။ ၁၈ ငါ တို့အား ပေါ် ထွန်း လတံ့ သော ဘုန်း ကိုထောက် သော်၊ ယခု မျက်မှောက်ကာလ ၌ ခံရသော ဆင်းရဲ ဒုက္ခကို ပမာဏမ ပြု ထိုက်ဟု ငါသဘော ရှိ၏။ ၁၉ ဤ လောက သည် ဘုရားသခင့် သား တို့၏ ပေါ် ထွန်း ခြင်းအရာကို အလွန် တောင့်တမြော်လင့်လျက် နေ၏။ ၂၀ ဤ လောက သည် အနိစ္စ နိုင်ငံသို့အလိုလို လိုက် သည်မ ဟုတ်။ ၂၁ ဘုရားသခင် သား ထူးမြတ် သော လွှတ် ခြင်းချမ်းသာတည်းဟူသောဖောက်ပြန် ပျက်စီးခြင်းအနှောင်အဖွဲ့ မှ ကယ်လွှတ် ခြင်းချမ်းသာကို ဝင်စားမည်ဟု မြော်လင့် ရသော အခွင့်ကိုပေး၍အနိစ္စနိုင်ငံသို့ လိုက်စေ တော်မူသောသူ၏ အလိုတော်ကြောင့်သာ လိုက်ရ၏။ ၂၂ ဤ လောက တစ်နိုင်ငံလုံးသည် ယခု တိုင်အောင် တစ် ညီတစ်ညွတ်တည်းညည်းတွား၍ ဆင်းရဲ ခြင်းဝေဒနာကို ခံရသည်ဟုငါတို့သိ ကြ၏။ ၂၃ ထိုမျှမက ဝိညာဉ် တော်၏ ကျေးဇူးတော်အစအဦးကို ခံ ပြီးသော ငါ တို့သည်လည်း ၊ သား အရာ၌ ချီးမြှောက်ခြင်းအကြောင်းတည်းဟူသောကိုယ်ခန္ဓါ ရွေးနှုတ် ခြင်းချမ်းသာကိုမြော်လင့် ၍၊ စိတ် နှလုံးအထဲ ၌ညည်းတွား လျက်နေကြ၏။ ၂၄ ငါတို့သည် မြော်လင့် ခြင်းအားဖြင့် ကယ်တင် တော်မူခြင်းသို့ ရောက်ကြ၏။ မြော်လင့် သောအရာကို တွေ့မြင် လျှင် မြော်လင့် စရာ အကြောင်းမ ရှိ ။ တွေ့မြင် သော အရာကိုအဘယ်ကြောင့် မြော်လင့် ရမည်နည်း။ ၂၅ ငါတို့သည် မ တွေ့ မမြင်သောအရာ ကို မြော်လင့် လျှင် မူကား ၊ ထိုအရာကိုသည်းခံ သောစိတ်နှင့် ငံ့လင့် ၍ နေကြ၏။ ၂၆ ထိုမှတပါး ၊ ငါ တို့မ တတ်နိုင်သောအရာမှာ ဝိညာဉ် တော်သည် မစ တော်မူ၏။ ငါတို့သည်ဆုတောင်း သင့် သည်အတိုင်း အဘယ် ဆုကို တောင်းရမည်ဟုမ သိ ကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ် မမြွက်နိုင်သော ညည်းတွား ခြင်းအားဖြင့်ဝိညာဉ် တော်သည် စောင်မ တော်မူ၏။ ၂၇ စိတ် နှလုံးကို စစ် တော်မူသောသူ သည်လည်း ဝိညာဉ် တော်၏ စိတ် သဘောကိုသိ တော်မူ၏။ အကြောင်းမူကား ဝိညာဉ်တော်သည် သန့်ရှင်း သူတို့၏ ဆုတောင်းခြင်းအမှုကို ဘုရားသခင် ၏အလိုတော်နှင့်အညီ စောင်မ တော်မူ၏။ ၂၈ ဘုရားသခင် ကို ချစ် သောသူ တည်းဟူသောကြံစည် တော်မူခြင်းအတိုင်း ခေါ် တော်မူသောသူ တို့၏ အကျိုး ကို ခပ်သိမ်း သောအရာတို့သည် တစ်ညီတစ်ညွတ် တည်း ပြုစုကြသည်ကို ငါတို့သိ ကြ၏။ ၂၉ ဘုရားသခင် ၏သား တော်သည် အများ သော ညီ တို့တွင် သားဦး ဖြစ် တော်မူမည်အကြောင်း ၊ ဘုရားသခင်သည် ရှေ့မဆွ ကသိတော်မူသော သူ တို့ကို သားတော်၏ပုံ သဏ္ဌာန်နှင့်တညီတည်း ဖြစ်စေခြင်းဟုရှေ့မဆွက ခွဲခန့် မှတ်သားတော်မူ၏။ ၃၀ ထိုသို့ ခွဲခန့် မှတ်သားနှင့်သောသူ တို့ကို ခေါ် တော်မူ၏။ ခေါ် တော်မူသော သူ တို့ကိုလည်း ဖြောင့်မတ် ရာ၌ တည်စေတော်မူ၏။ ထိုသို့ တည် စေတော်မူသောသူ တို့ကိုလည်း ချီးမြှောက် တော်မူ၏။ ၃၁ သို့ ဖြစ်၍ ဤ အရာများတို့ ၌ အဘယ်သို့ ပြော စရာရှိသနည်း။ ဘုရားသခင် သည် ငါ တို့ဘက် ၌ရှိတော်မူလျှင် ၊ အဘယ်သူ သည် ငါ တို့တစ်ဘက်၌ နေနိုင်မည်နည်း။ ၃၂ မိမိ သား တော်ရင်း ကို မ နှမြော ဘဲ၊ ငါ တို့ရှိသမျှ အဘို့ အလိုဌာ စွန့် တော်မူသောသူ သည်၊ သား တော်နှင့်တကွ ခပ်သိမ်း သောအရာတို့ကို ငါ တို့အားမ

ပေး ဘဲ အဘယ်သို့ နေတော်မူမည်နည်း။ ၃၃ ဘုရားသခင် ရွေးကောက် တော်မူသော သူတို့ကို အဘယ်သူ သည် အပြစ်တင် မည်နည်း။ ဖြောင့်မတ် ရာ ၌်တည်စေသောသူ ကား ဘုရားသခင် ပေတည်း။ ၃၄ အပြစ် စီရင်သောသူ ကား အဘယ်သူ နည်း။ အသေခံ ၍ခံသည်သာမက ၊ သေခြင်းမှထမြောက် ၍ ဘုရားသခင် ၏ လက်ျာ တော်ဘက်၌ နေ လျက်၊ ငါ တို့ အဘို့ ဆုတောင်း သောသူကား ခရစ်တော် ပေတည်း။ ၃၅ ခရစ်တော် ၏ချစ် ခြင်းမေတ္တာနှင့် ငါ တို့ကို အဘယ်သူ ကွာ စေမည်နည်း။ ၃၆ အကယ်စင်စစ်ကိုယ်တော် အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ် အသေ သတ်ခြင်းကို ခံရကြပါ၏။ သတ် ဘို့ရာထားသော သိုး ကဲ့သို့ အကျွန်ုပ်တို့ကို သူတစ်ပါး မှတ် တတ်ကြပါ၏ဟု ကျမ်းစာလာ သည်နှင့်အညီ ၊ ဆင်းရဲ ငြိုငြင်ခြင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်း၊ မွတ်သိပ် ခြင်း၊ အဝတ် အချည်းစည်းရှိခြင်း၊ ဘေး နှင့်တွေ့ကြုံခြင်း၊ ကွပ်မျက် ခြင်းခံရသော်လည်း၊ ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း။ ၃၇ မကွာစေသည်သာမက၊ ငါ တို့ကို ချစ် တော်မူသောသူ ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထို အမှု ခပ်သိမ်း တို့ကို ခံစဉ်တွင်ပင် အထူးသဖြင့်အောင်မြင် ကြ၏။ ၃၈ အကြောင်းမူကား ၊ သေ ခြင်းဖြစ်စေ ၊ အသက် ရှင်ခြင်းဖြစ်စေ ၊ ကောင်းကင်တမန် ဖြစ်စေ ၊ အထွဋ်အမြတ် ဖြစ်စေ ၊ အာဏာ တန်ခိုးဖြစ်စေ ၊ မျက်မှောက် အရာဖြစ်စေ ၊ နောင်လာ လတ္တံ့သောအရာဖြစ်စေ ၊ ၃၉ အမြင့် ဖြစ်စေ၊ အနိမ့် ဖြစ်စေ၊ ဤအရာမှစ၍အဘယ် နိမ္မိတ အရာမျှသည်၊ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ခံရသောဘုရားသခင် ၏ မေတ္တာ တော်နှင့် ငါ တို့ကို မ ကွာစေနိုင် ဟု ငါသည်သဘောကျလျက်ရှိ၏။

၉ ငါ့ ကိုယ်ကိုကိုယ်သိ သော စိတ်သည် သန့်ရှင်း သော ဝိညာဉ် တော်နှင့်တကွ ငါ့ ဘက်၌ သက်သေခံ လျက်၊ ငါသည်မုသာ မ ပါ၊ ခရစ်တော် ရှေ့၌ မှန်ကန် စွာ ပြော သည်ကား၊ ၂ ငါ သည် အလွန် ဝမ်းနည်း ခြင်းရှိ ၏။ စိတ် နှလုံး ထဲ၌ မခြားမလပ် ပူပန် ခြင်းဝေဒနာရှိ၏။ ၃ အကြောင်းမူကား ၊ ဇာတိ အားဖြင့် ငါ့ အမျိုးသား ချင်းဖြစ်သော ငါ့ ညီအစ်ကို တို့အတွက် ၊ ငါ သည်ကိုယ်တိုင် ခရစ်တော် နှင့် ခွာ ၍ ကျိန် ခြင်းကိုခံချင်လောက်အောင် စိတ် ရှိ၏။ ၄ ထိုသူ တို့သည် ဣသရေလ လူဖြစ် ၍၊ သား အရာ၌ ချီးမြှောက်ခြင်းနှင့်၎င်း ၊ ဘုန်း အာနုဘော်တော်နှင့်၎င်း ၊ ပဋိညာဉ် တရားတို့နှင့်၎င်း ၊ ပညတ် တရားထားခြင်းနှင့် ၎င်း ၊ ဝတ်ပြု ခြင်းနှင့်၎င်း ၊ ဂတိ တော်တို့နှင့်၎င်း၊ ဆိုင်ကြ၏။ ၅ ဘိုးဘေး များတို့နှင့်ဆက်နွယ်သောသူလည်း ဖြစ်ကြ၏။ ခရစ်တော် သည်လည်း ၊ ဇာတိ အမျိုးအားဖြင့် ထိုသူ တို့၏ အမျိုးဖြစ်တော်မူ၏။ ထိုခရစ်တော် သည်လည်း ခပ်သိမ်း သောအရာတို့ကို အစိုးရ တော်မူ၍ ထာဝရ မင်္ဂလာ ရှိ တော်မူသော ဘုရားသခင် ဖြစ်တော်မူ၏။ အာမင် (aiōn g165) ၆ ထိုသို့ဆိုသော်ဘုရားသခင် ၏ ဂတိ တော်မ တည် ဟု ငါမဆိုလို။ အကြောင်းမူကား ၊ ဣသရေလ နှင့် ဆက်နွယ်သော သူ အပေါင်း တို့သည် ဣသရေလ လူမှန်မ ဟုတ်။ ၇ ထိုနည်းတူအာဗြဟံ ၏ အမျိုးအနွယ် ဖြစ် သော သူအပေါင်း တို့သည် အာဗြဟံ၏သား မှန်မ ဟုတ်။ ဣဇာက် ၌ သာ သင် ၏အမျိုး တည်လိမ့်မည်ဟု ဗျာဒိတ် တော်ရှိ၏။ ၈ ထိုကြောင့်၊ ဇာတိ အမျိုးသားတို့သည် ဘုရားသခင် ၏သား မှန်မ ဟုတ်။ ဂတိ တော်နှင့်ဆိုင်သော သား တို့သည် အမျိုးအနွယ်မှန်သည်ဟု မှတ် တော်မူ၏။ ၉ ဂတိ တော်အချက် ဟူမူကား

၊ ယခု မှစ၍ကာလ အချိန်စေ့သောအခါ ၊ ငါလာ ၍ စာရာ သည် သား ကို ရ လိမ့်မည်ဟု လာသတည်း။ ၁၀ ထိုမျှမက ၊ ရေဗက္ကာ သည် ငါ တို့ အဘ ဣဇာက် နှင့် စုံဘက် ၍ ပဋိသန္ဓေစွဲယူ သောအခါ ၊ ၁၁ ဘုရားသခင် ရွေးကောက်တော်မူခြင်းနှင့် ယှဉ်သောအကြံ တော်သည် အကျင့်အားဖြင့် မ တည် ၊ ခေါ် တော်မူသော သူ ၏အလိုတော်အားဖြင့် တည်မည် အကြောင်း ၊ သားမ ဘွား မှီ ၊ ထိုသားတို့သည် ကောင်း သောအကျင့်၊ မ ကောင်းသောအကျင့်ကိုမကျင့် မှီ၊ ၁၂ သားအကြီး သည် သားအငယ် ၌ ကျွန် ခံရလိမ့်မည်ဟု ထိုမိန်းမ အားဗျာဒိတ် ပေးတော်မူ၏။ ၁၃ ထိုသို့နှင့်အညီ၊ ယာကုပ်ကိုငါချစ် ၏။ ဧသော ကို မုန်း ၏ဟု ကျမ်းစာ လာသတည်း။ ၁၄ သို့ ဖြစ်၍ ၊ အဘယ်သို့ ပြော ရမည်နည်း။ ဘုရားသခင် သည် မတရား သောအမှုကို ပြုတော်မူသလော။ ထိုသို့မ ပြောရ ၁၅ ဘုရားသခင်က၊ ငါသည်ကျေးဇူး ပြုလိုသောသူ ကိုကျေးဇူး ပြုမည်။ သနား လိုသောသူ ကိုလည်း သနား မည်ဟု မောရှေ ကို မိန့် တော်မူ၏။ ၁၆ ထိုကြောင့် ၊ လိုချင်သောသူ သည် တတ်နိုင်သည် မ ဟုတ်။ ပြေး သောသူ သည်လည်း တတ်နိုင်သည်မ ဟုတ်။ ကျေးဇူး ပြုတော်မူသော ဘုရားသခင် သာလျှင် တတ်နိုင်တော်မူ၏။ ၁၇ ကျမ်းစာ ၌ ဖာရော ဘုရင်ကိုဆိုသည်ကား၊ ငါ့ တန်ခိုး ကို သင် ၌ ငါပြ ခြင်းငှာ ၎င်း ၊ ငါ့ နာမ ကို မြေကြီး တပြင်လုံး တွင် ကျော်စော စေခြင်းငှာ ၎င်း၊ သင့် ကို ချီးမြှောက် ခဲ့ပြီဟု ဆို သတည်း။ ၁၈ ထိုသို့နှင့်အညီ၊ ကျေးဇူးပြုလို သောသူ ကို ကျေးဇူး ပြုတော်မူ၏။ ခိုင်မာစေလို သောသူ ကိုလည်း ခိုင်မာစေတော်မူ၏။ ၁၉ သို့ ဖြစ်လျှင် ၊ ဘုရားသခင်သည်အဘယ်ကြောင့် အပြစ်တင် တော်မူသေး သနည်း။ အဘယ်သူသည် အလို တော်ကို ဆီးတား ဘူးသနည်းဟု ဆို မည်လော။ ၂၀ ဘုရားသခင် ကို ငြင်းဆန် သော အချင်း လူ ၊ သင် သည်ကား အဘယ်သူ နည်း။ လုပ်အပ် သော အရာ သည် လုပ် တတ်သောသူ အား၊ အဘယ်ကြောင့် ငါ့ ကို ဤသို့ လုပ် သနည်းဟု ဆို ရမည်လော။ ၂၁ အိုးထိန်း သမားသည် အိုးမြေကို ပိုင် သည် မ ဟုတ်လော။ အိုး မြေတပုံတည်း နှင့် အိုး မြတ် ၊ အိုးယုတ် ကို လုပ် ပိုင်သည်မဟုတ်လော။ ၂၂ ဘုရားသခင် သည် မိမိ အမျက် တော်ကိုပြ ၍ ၊ တန်ခိုး တော်ကို ထင်ရှား စေခြင်းငှာအလို တော်ရှိလျက်၊ ပျက်စီး ခြင်းအဘို့ ပြင်ဆင် သော အမျက် ရာအိုး များတို့ကို အလွန် သည်းခံ ခြင်းခန္တီနှင့်သည်းခံ တော်မူသည် မှန်လျှင် အဘယ်ပြောဘွယ်ရှိအံ့နည်း။ ၂၃ ချီးမြှောက် ခြင်းအဘို့ ပြင်ဆင် တော်မူနှင့်သော ကရုဏာ ခံရာ အိုး များတည်းဟူသော၊ ၂၄ ယုဒ အမျိုးသားတို့အထဲ မှသာ မ ဟုတ်၊ တစ်ပါး အမျိုးသားတို့အထဲ မှ ပရောဖက်ဟောရှေဆိုသည်အတိုင်း ခေါ် တော်မူသောငါတို့ ၌ ဘုန်း အာနုဘော်တော် ကြွယ်ဝခြင်းကို ထင်ရှား စေခြင်းငှာ ပြုတော်မူသည် မှန်လျှင်၊ အဘယ်ပြောဘွယ်ရှိအံ့နည်း။ ၂၅ ဟောရှေ ၏ ကျမ်းစာ၌လာ သည်ကား၊ ငါ ၏ လူ မ ဟုတ်သော သူ ကိုငါ ၏လူ ဟူ၍ငါခေါ် မည်။ မ ချစ် သော သတို့သမီး ကိုလည်း အချစ် ဟူ၍ငါခေါ် မည်။ ၂၆ သင်တို့သည်ငါ ၏လူ မ ဟုတ် ဟုပြောဆို ရာ အရပ် ၌ နေ သောသူ တို့သည်၊ အသက်ရှင်တော်မူသော ဘုရားသခင် ၏သား ဟု ခေါ် ဝေါ် ခြင်းကို ခံရကြလိမ့်မည်ဟု လာသတည်း။ ၂၇ ပရောဖက်ဟေရှာယသည်လည်း ၊ ဣသရေလ အမျိုးကို ရည်မှတ် ၍ ကြွေးကြော် သည်ကား၊ ဣသရေလ အမျိုးသား တို့သည် သမုဒ္ဒရာသဲလုံး နှင့်အမျှ များ သော်လည်း ၊ ကြွင်း သောသူ တို့သာလျှင်ကယ်တင် တော်မူခြင်းသို့ ရောက်ကြလိမ့်မည်။ ၂၈ အမှု

တော်ကို တရားသဖြင့် ပြီးစီး စေခြင်းငှာဆုံးဖြတ်တော်မူမည်။ ထာဝရ ဘုရားသည်မြေ ပေါ်မှာ ဆုံးဖြတ်တော်မူသော အမှုကို ပြုတော်မူလိမ့်မည်ဟု ဆိုသတည်း။ ၂၉ ထိုသို့ နှင့်အညီ၊ ဟရှာယ သည် အထက် က ဆိုပြန်သည်ကား၊ ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရ ဘုရားသည်ငါ တို့ ၌ မျိုးစေ့ ကို ကြွင်း စေတော်မ မူလျှင် ၊ ငါတို့သည်သောဒုံ မြို့ကဲ့သို့ ဖြစ် ၍ ဂေါမောရ မြို့နှင့် တူ ကြပြီ။ ၃၀ ထိုကြောင့် ၊ အဘယ်သို့ ပြော ရမည်နည်းဟူမူကား ၊ ဖြောင့်မတ် ခြင်းကို မှီအောင် မ လိုက် သောတစ်ပါး အမျိုးသားတို့သည် ဖြောင့်မတ် ခြင်းကို မှီ ကြ၏။ ထိုသို့ဆိုသော်၊ ယုံကြည် ခြင်းအားဖြင့် မှီ သောဖြောင့်မတ် ခြင်းကို ဆိုလိုသတည်း။ ၃၁ ဖြောင့်မတ် ခြင်းတရား ကိုမှီအောင်လိုက် သော ဣသရေလ လူတို့မူကား၊ ဖြောင့်မတ်ခြင်းတရား ကို မ မှီ ကြ။ ၃၂ အဘယ်ကြောင့် မမှီကြသနည်း။ ယုံကြည် ခြင်း အားဖြင့် မ လိုက်၊ ပညတ်တရား၏ အကျင့် အားဖြင့် သာ လိုက်ကြ သတည်း။ ၃၃ ကျမ်းစာ၌လာ သည်ကား ၊ ထိမိ ၍ လဲစရာ ကျောက် ၊ မှားယွင်း စရာကျောက် ကို ဇိအုန် တောင်ပေါ်မှာ ငါချထား ၏။ ထိုကျောက် ကို အမှီပြု သောသူ မည်သည်ကား၊ ရှက်ကြောက် ခြင်းမ ရှိ နိုင်ရာဟုလာသည်နှင့်အညီ၊ ထိုကျောက်ကို ဣသရေလလူတို့သည် ထိမိ၍ လဲကြ၏။

၁၀ ညီအစ်ကို တို့၊ ဣသရေလ လူတို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်စေခြင်းငှာ ၊ ငါ ၏စေတနာ အလိုရှိ ၍ ဘုရားသခင် ကို ဆုတောင်း လေ့ရှိ၏။ ၂ ထိုသူတို့သည် မှန်သောပညာ မ ရှိ သော်လည်း ၊ ဘုရားသခင် ဘက်၌ စိတ် အားကြီးသည်ဟု သူ တို့အဘို့ ငါသက်သေခံ ၏။ ၃ ထိုသူတို့သည် ဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားကို မ သိဘဲ၊ ကိုယ် ဖြောင့်မတ် ခြင်းကို တည် စေခြင်းငှာရှာကြံ သောကြောင့် ၊ ဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားကို ဝန်မ ခံကြ ၄ ယုံကြည် သောသူ အပေါင်း တို့သည် ဖြောင့်မတ် ရာသို့ ရောက်မည်အကြောင်း ၊ ပညတ် တရားသည် ခရစ်တော် အားဖြင့် စုံလင် ခြင်းရှိ၏။ ၅ မောရှေ ကလည်း ၊ ထိုအကျင့်ကို ကျင့် သောသူ သည် ထိုအကျင့် အားဖြင့် အသက် ရှင်လိမ့်မည်ဟု ပညတ် ၊ တရားနှင့်စပ်ဆိုင်သော ဖြောင့်မတ် ခြင်းတရားကို ရည်မှတ်၍ ရေး ထားသတည်း။ ၆ ယုံကြည် ခြင်းနှင့် စပ်ဆိုင် သော ဖြောင့်မတ် ခြင်းတရားဆို သည်ကား၊ ၇ ကောင်းကင် သို့ အဘယ်သူ တက် လိမ့်မည်နည်း။ နက်နဲရာထဲသို့ အဘယ်သူဆင်းလိမ့်မည်နည်းဟု စိတ် ထဲမှာ မ အောက်မေ့နှင့်ဟု ဆို၏။ ထိုသို့ဆိုသော်၊ ခရစ်တော်ကို ဆောင်ခဲ့ခြင်းငှာကောင်းကင်သို့ အဘယ်သူတက်လိမ့်မည်နည်း။ ခရစ်တော် ကို သေ ခြင်းမှ ထမြောက်စေခြင်းငှာနက်နဲ ရာထဲသို့ အဘယ်သူ ဆင်း လိမ့်မည်နည်းဟု ဆိုလိုသတည်း။ **(Abyssos g12)** ၈ တဖန်ဆို သည်ကား၊ တရား တော်သည် သင် နှင့် နီး ၏။ သင် ၏ နှုတ် ၌ ၎င်း ၊ သင် ၏နှလုံး ၌ ၎င်း ရှိ သည်ဟု ဆို၏။ ထိုသို့ဆိုသော်၊ ငါတို့ ဟော သောယုံကြည် ခြင်းတရား ကို ဆိုလို သတည်း။ ၉ အဘယ်သို့နည်းဟူမူကား၊ သင် သည် သခင် ယေရှု ကိုနှုတ် ဖြင့် ဝန်ခံ ၍ ၊ ဘုရားသခင် သည် သူ့ ကို သေ ခြင်းမှ ထမြောက် စေတော်မူပြီဟု စိတ် နှလုံးထဲ၌ ယုံကြည် လျှင် ၊ ကယ်တင် ခြင်းသို့ရောက်လိမ့်မည်။ ၁၀ ဖြောင့်မတ်ရာသို့ ရောက် ခြင်းငှာ စိတ် နှလုံးဖြင့် ယုံကြည် ရ၏။ ၁၁ ကယ်တင် ခြင်းသို့ ရောက်ခြင်းငှာနှုတ် ဖြင့် ဝန်ခံ ရ၏။ ကျမ်းစာ လာ သည်ကား ၊ ထိုကျောက် ကို အမှီပြု သော သူ မည်သည်ကား ၊ ရှက်ကြောက် ခြင်းမ ရှိနိုင်ရာဟု လာသတည်း။ ၁၂ ယုဒ အမျိုး၊ ဟေလသ အမျိုးကိုမ ရွေး၊ လူ အပေါင်း တို့ကို အစိုးရသော အရှင် တစ်ပါးတည်းရှိ၍၊

ကိုယ်တော် ကိုပဌနာ ပြုသော သူ အပေါင်း တို့ ၌ ကျေးဇူးကြွယ်ဝ တော်မူ၏။ ၁၃ အကြောင်းမူကား ၊ ထာဝရ ဘုရားကို ပဌနာ ပြုသော သူရှိသမျှ တို့သည် ကယ်တင် တော်မူခြင်းသို့ ရောက်ရကြလတံ့။ ၁၄ သို့ရာတွင် ၊ မ ယုံကြည် လျှင် အဘယ်သို့ ပဌနာ ပြုနိုင်မည်နည်း။ သိတင်းမ ကြား လျှင် အဘယ်သို့ ယုံကြည် နိုင်မည်နည်း။ ဟောပြော သောသူမ ရှိလျှင် အဘယ်သို့ ကြား နိုင်မည်နည်း။ ၁၅ လူကို မ စေလွှတ် လျှင် အဘယ်သို့ ဟောပြော နိုင် မည်နည်း။ ထိုသို့နှင့်အညီကျမ်းစာလာ သည်ကား၊ ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာ သိတင်း၊ ကောင်းကျိုး ချမ်းသာ၏ ဝမ်းမြောက် စရာသိတင်းကို ကြားပြောသော သူ ၏ခြေ တို့သည် အလွန်တင့်တယ် စွတကားဟု လာသတည်း။ ၁၆ သို့သော်လည်း ၊ လူအပေါင်း တို့သည် ဝမ်းမြောက် စရာသိတင်းကို နားထောင် ကြသည်မ ဟုတ်။ ပရောဖက် ဟေရှာယ စကား ဟူမူကား ၊ အိုထာဝရ ဘုရား၊ အကျွန်ုပ် တို့ ဟောပြောသော သိတင်း စကားကို အဘယ်သူ ယုံ ပါ သနည်းဟုဆို၏။ ၁၇ သို့ ဖြစ်၍ ၊ ယုံကြည် ခြင်းသည် ကြားနာ ခြင်းအားဖြင့် ဖြစ်၏။ ကြားနာ ခြင်းသည်လည်း ၊ ဘုရားသခင် ၏ စကား တော်အားဖြင့် ဖြစ်၏။ ၁၈ သို့ရာတွင် လူအပေါင်းတို့သည် မ ကြား ရကြပြီလော။ အမှန် ကြားရကြပြီ။ သူ တို့၏အသံ သည်မြေ တပြင်လုံး ၌ နှံ့ပြား ၍၊ သူ တို့၏စကား သည် မြေကြီး စွန်း တိုင်အောင် ရောက်လေပြီဟုငါဆို ၏။ ၁၉ တဖန်ငါ ဆိုသည်ကား ၊ ဣသရေလ လူတို့သည် ဤအမှုကို မ သိ ကြသလော။ မောရှေ က၊ မ ရေရသောလူမျိုး အားဖြင့် သင် တို့သည် ငြူစူ သောစိတ်ရှိစေခြင်းငှာငင်း၊ ပညာ မရှိသောလူမျိုး အားဖြင့် စိတ်ဆိုး စေခြင်းငှာငင်း၊ ငါ ပြုမည်ဟု ရှေ့ဦးစွာ ဆို ၏။ ၂၀ ဟေရှာယ သည် သာ၍ရဲရင့် စွာဆို သည်ကား ၊ ငါ့ ကိုမ ရှာ သော သူ တို့သည် ငါ့ကိုတွေ့ ရကြ၏။ ငါ ၏ အကြောင်းကို မေးမြန်း သောသူ တို့ ၌ ငါထင်ရှား သည်ဟု ဆို၏။ ၂၁ ဣသရေလ လူတို့ကို ရည်မှတ်၍ တဖန်မိန့် တော်မူသည်ကား ၊ နားမထောင် ငြင်းဆန် တတ်သော လူမျိုး သို့ တနေ့လုံး ငါ သည် လက် ဝါးကို ဖြန့် ရပြီဟု ဆိုသတည်း။

၁၀ သို့ ဖြစ်လျှင် ၊ ဘုရားသခင် သည် မိမိ လူမျိုး ကို ပယ် တော်မူပြီလောဟုမေးသော်၊ ပယ် တော်မ မူဟုဆို ရ၏။ ငါ ပင် ဣသရေလ လူဖြစ် ၏။ အာဗြဟံ အမျိုး ၊ ဗင်္ယာမိန် အနွယ် ဖြစ်၏။ ၂ ဘုရားသခင် သည် အထက်က သိမှတ် တော်မူသော မိမိ လူ တို့ကို ပယ် တော်မ မူ။ ပရောဖက်ဧလိယ က ၊ အိုထာဝရဘုရား၊ ၃ သူတို့သည်ကိုယ်တော် ၏ ပရောဖက် များကို သတ် ကြပါပြီ။ ကိုယ်တော် ၏ယဇ်ပလ္လင် များကို ဖြိုဖျက် ကြပါပြီ။ အကျွန်ုပ် တစ်ယောက်တည်း ကျန်ရစ် ၍ ၊ အကျွန်ုပ် အသက် ကိုပင် ရှာ ကြပါ၏ဟု ဘုရားသခင် ရှေ့မှာ ဣသရေလ အမျိုးတစ်ဘက် ၌လျှောက်ထားသည်ဟု ကျမ်းစာ ၌ ပါသော အကြောင်းကိုသင်တို့သည် မ သိကြ သလော။ ၄ ထိုသို့လျှောက်သောအခါ၊ အဘယ်သို့ ဗျာဒိတ် ထားတော်မူသနည်းဟူမူကား၊ ဗာလ ရှေ့၌ ဒူး မ ထောက် သောလူ ခုနစ် ထောင်တို့ကို ငါ့ အဘို့ ငါကျန်ကြွင်း စေပြီ ဟုမိန့် တော်မူ၏။ ၅ ထိုနည်းတူ ၊ ယခု ကာလ တွင် ပင် ကျေးဇူး တော်အတိုင်း ရွေးကောက် တော်မူသော အကြွင်း အကျန်ရှိ သေး၏။ ၆ ကျေးဇူး တော်အားဖြင့်ရှိလျှင် ၊ ကိုယ်ကျင့်သောအကျင့် အားဖြင့် မ ရှိ၊ ရှိလျှင်ကျေးဇူး သည် ကျေးဇူး မ ဟုတ် ။ ကိုယ်ကျင့်သောအကျင့်အားဖြင့်ရှိလျှင်၊ ကျေးဇူးအားဖြင့်မရှိ၊ ရှိလျှင်ကိုယ်ကျင့်သောအကျင့်သည် အကျင့် မဟုတ်။ ၇

သို့ ဖြစ်လျှင် အဘယ်သို့ နည်း၊ ကြသရေလ လူတို့သည် ရှာ သောအရာ ကို မ တွေ့မရ ကြ။ ရွေးကောက် တော်မူသော သူ တို့သာ တွေ့ရ ကြ၏။ ကြွင်း သောသူ တို့ကို မှောင်မိုက် ဖုံးလွှမ်း၏။ ၈ ထိုသို့နှင့်အညီကျမ်းစာလာ သည်ကား၊ ဘုရားသခင် သည် အိပ် ချင်သောသဘော ကိုဂင်း၊ မ မြင် နိုင်သော မျက်စိ ကိုဂင်း၊ မ ကြား နိုင်သော နား ကိုဂင်း ၊ ထိုသူ တို့အား ပေး တော်မူပြီဟုလာ၏။ ထိုကျမ်းစာချက်သည် ယနေ့ တိုင်အောင် ပြည့်စုံသတည်း။ ၉ ဒါဝိဒ် ၏စကားဟူမူကား၊ သူ တို့စားပွဲ သည် သူ တို့ ၌ ကျော့ကွင်း သော်ငင်း၊ ကျမ်း သော်ငင်း၊ ထောင်ချောက် သော်ငင်း၊ ခံထိုက် သော အပြစ်သော်ငင်း ဖြစ်ပါစေ။ ၁၀ သူ တို့သည်မ မြင် နိုင်အောင်မျက်စိ ကွယ် ပါစေ။ သူ တို့ကျော သည်လည်း အစဉ် ကုန်း ပါစေဟု လာ သတည်း။ ၁၁ သို့ ဖြစ်လျှင်၊ ကြသရေလလူတို့သည်လဲ ၍ နေရသည်တိုင်အောင်ထိမိ ကြပြီလောဟုမေး သော်၊ လဲ၍မ နေ ရကြ။ သူ တို့၏စိတ်ကို နှိုးဆော်စရာအကြောင်း ရှိစေခြင်းငှာ ၊ သူ တို့၏လဲ ခြင်းအားဖြင့် ကယ်တင် တော်မူခြင်း ကျေးဇူးသည်တစ်ပါး အမျိုးသားတို့ ၌ သက်ရောက်လေ၏။ ၁၂ သူ တို့၏လဲ ခြင်းအရာသည် လောကီသား တို့၏ စီးပွား ကိုဂင်း ၊ သူ တို့၏ရှုံး ခြင်းအရာသည်တစ်ပါး အမျိုးသားတို့၏ စီးပွား ကိုဂင်း ပြုစုလျှင် ၊ သူ တို့၏ ပြည့်စုံ ခြင်းအရာသည်သာ၍ ပြုစုမည်မဟုတ်လော။ ၁၃ ထိုသို့ဆိုသော်၊ ၁၄ ငါ သည်တစ်ပါး အမျိုးသားတို့နှင့်ဆိုင်သော တမန်တော် ဖြစ် သည်နှင့်အညီ၊ ထို တမန်တော်အရာကို ချီးမွမ်း လျက်၊ ငါ့ အမျိုးသားချင်းတို့၏ စိတ်ကို တစ်ခုခု အားဖြင့်နှိုးဆော် ၍၊ အချို့ တို့ကို ကယ်တင် ခြင်းငှာ၊ တစ်ပါး အမျိုးသားဖြစ်သော သင် တို့အားဆို ရသတည်း။ ၁၅ ထိုသူ တို့ကို ပယ် တော်မူခြင်းအရာသည် လောကီသား တို့၏ မိသွဿာယဖွဲ့ ခြင်းအကြောင်း ဖြစ်လျှင် ၊ သူတို့ကို သိမ်းဆည်း တော်မူခြင်းအရာသည် သေ ခြင်းမှ ထမြောက်ရှင်ပြန် ခြင်းကဲ့သို့ ဖြစ်လိမ့်မည်မဟုတ် လော။ ၁၆ အဦး နယ်သော မုန့်စိမ်းသည်သန့်ရှင်း လျှင် ၊ တပုံ လုံးသန့်ရှင်းလိမ့်မည်။ အမြစ် သန့်ရှင်း လျှင် ၊ အခက်အလက် များလည်း သန့်ရှင်းကြလိမ့်မည်။ ၁၇ အချို့ သောအခက် တို့ကို ချိုးဖဲ့ ပြီးမှ ၊ ရိုင်း သော သံလွင်ပင်တည်းဟူသောသင်ကို အထက်ငုတ်၌ ဆက် ၍ စိုက်သဖြင့်၊ အခက်များနှင့်အတူသံလွင် ပင်အမြစ် ကိုဂင်း၊ အဆည်ဇာကိုဂင်း ဆက်ဆံလျှင်၊ ချိုးဖဲ့သော အခက် တို့ကို ကဲ့ရဲ့ဝါကြွား ခြင်းမ ရှိနှင့်။ ၁၈ ဝါကြွား လျှင် မူကား ၊ သင် သည်အမြစ် ကို မ ဆောင် ၊ အမြစ်သည် သင့် ကိုဆောင်၏။ ၁၉ ငါ့ ကိုဆက် ၍စိုက်ခြင်းငှာ ထိုအခက် တို့ကို ချိုးဖဲ့ ပြီဟု သင်ဆို ပြန်လျှင် ၊ မှန်စေတော့။ ၂၀ မယုံကြည် သောစိတ်ရှိသောကြောင့် သူတို့ ကိုချိုးဖဲ့ သည်ဖြစ်၍၊ သင် သည်ယုံကြည် ခြင်းအားဖြင့်သာ တည် ၏။ မာန စိတ် မ ရှိစေနှင့်။ ကြောက် ခြင်းစိတ်ရှိစေလော့။ ၂၁ အကြောင်းမူကား ၊ ဘုရားသခင် သည် ပကတိ အခက် များကို နှမြော တော်မ မူလျှင် ၊ သင် တို့ကို နှမြော တော်မူမည်လော။ ၂၂ သို့ ဖြစ်၍ ၊ လဲ သောသူ တို့ ၌ ပြင်းစွာ စီရင် တော်မူခြင်းကိုဂင်း၊ ကျေးဇူး တော်၌သင်သည် တည်နေ လျှင် ၊ သင် ၌ ပြု တော်မူသော ကျေးဇူးတော်ကိုဂင်း၊ ဤနှစ်ပါးကို အောက်မေ့ လော့။ ကျေးဇူး တော်၌ မတည်မနေလျှင်၊ သင် သည်လည်း ခုတ်ပစ် ခြင်းကိုခံရမည်။ ၂၃ သူတို့သည်မယုံကြည် သောစိတ်ပျောက်လျှင် ၊ အပင်၌တဖန် ဆက် ၍စိုက်သောအခွင့်ကို ရကြလိမ့်မည်။ သူတို့ကို တစ်ဖန် ဆက် ၍ စိုက်ခြင်းငှာ ဘုရားသခင် တတ်နိုင် တော်မူ၏။ ၂၄ အဘယ်သို့ နည်းဟူမူကား၊ ပကတိ ရိုင်း သော

သံလွင်ပင်မှ သင့် ကိုခုတ် ယူ၍ ၊ ကောင်းသော သံလွင်ပင်၌ ပကတိ ကို မလိုက်ဘဲ ဆက် ၍စိုက် သည် မှန်လျှင်၊ ပကတိ အခက်ဖြစ်သော ထိုသူ တို့သည် မိမိ တို့ သံလွင် ပင်၌ ဆက် ၍စိုက်သောအခွင့်ကို သာ၍ ရကြမည် မဟုတ်လော။ ၂၅ ညီအစ်ကို တို့၊ သင်တို့သည် ဝါကြွား သောစိတ်မ ရှိ စေမည်အကြောင်း ၊ တစ်ပါး အမျိုးသားအပေါင်းတို့သည် မ ဝင် မှီတိုင်အောင်၊ ဣသရေလ လူအချို့တို့ကို မှောင်မိုက် ဖုံးလွှမ်း ခြင်းအကြောင်း တည်းဟူသောနက်နဲ သောအရာ ကို မ သိဘဲနေစေခြင်းဟုငါအလို မ ရှိ။ ၂၆ ထိုသို့ ကျမ်းစာ နှင့်အညီ ၊ ဣသရေလ လူ အပေါင်း တို့သည် ကယ်တင် ခြင်းသို့ ရောက်ကြလိမ့်မည်။ ကျမ်းစာချက်ဟူမူကား၊ ကယ်လွှတ် သောသခင် သည် ဇိအုန် တောင်၌ ပေါ် ထွန်း ၍၊ မတရား သော အမှုကို ယာကုပ် အမျိုးသားတို့မှ လွဲ တော်မူလတံ့၊ ၂၇ သူ တို့အပြစ် များကို ငါပယ်ရှင်း သောအခါ ၊ သူ တို့ ၌ ငါ ပေးသော ပဋိညာဉ် တရားသည် ထိုသို့သော တရားဖြစ်၏ဟု လာသတည်း။ ၂၈ သူတို့သည် ဧဝံဂေလိ တရားအားဖြင့် မူကား သင် တို့အကြောင်း ကြောင့် ရန်သူ ဖြစ်ကြ၏။ ရွေးကောက် တော်မူခြင်းအားဖြင့် မူကား ၊ ဘိုးဘေး များအကြောင်း ကြောင့် ချစ်သူ ဖြစ်ကြ၏။ ၂၉ အဘယ်သို့ နည်းဟူမူကား၊ ဘုရားသခင် ပေးသနားတော်မူခြင်း၊ ခေါ် ထားတော်မူခြင်း ကျေးဇူး သည် ဖောက်ပြန် ခြင်းသဘောမရှိ၊ ၃၀ သင် တို့သည်အထက် က၊ ဘုရားသခင် ၏ စကားတော်ကို နားမထောင် ဘဲနေသော်လည်း ၊ ယခု တွင် သူ တို့ နားမထောင် ခြင်းအမှုအားဖြင့် ၊ သနား တော်မူခြင်း ကို ခံရသကဲ့သို့ ၊ ၃၁ ထိုနည်းတူ ၊ သင် တို့ခံရသော သနား တော်မူခြင်းအားဖြင့်သူ တို့လည်း သနား တော်မူခြင်းကို ခံရမည် အကြောင်း ၊ ယခု တွင်သူ တို့သည် နားမထောင် ဘဲ နေရကြ၏။ ၃၂ ဘုရားသခင် သည် လူအပေါင်း တို့ကို သနား တော်မူခြင်းအခွင့်ရှိစေခြင်းဟု လူအပေါင်း တို့ကို နားမထောင် ခြင်းအဖြစ် ချုပ် ထားတော်မူ၏။ **(eleēsē g1653)** ၃၃ ဘုရားသခင် ၏ပညာ နှင့် ဉာဏ် တော်သည် အလွန်ကျယ်ဝန်း နက်နဲ စွတကား။ စီရင် တော်မူချက်တို့ကို အဘယ်သူ မျှစစ် ၍ မကုန်နိုင်။ ကြွတော်မူရာလမ်း တို့ကို လိုက် ၍ရှာသော်လည်းမတွေ့မမှီနိုင်။ ၃၄ ထာဝရ ဘုရား၏စိတ် တော်ကို အဘယ်သူ သိသနည်း။ ထာဝရ ဘုရားနှင့်အဘယ်သူ သည် တိုင်ပင် ဘက်ပြု သနည်း။ ၃၅ ကျေးဇူးဆပ် တော်မူရမည်အကြောင်း ၊ ထာဝရ ဘုရား၌ အဘယ်သူ သည် ကျေးဇူး ပြုဘူးသနည်း။ ၃၆ ခပ်သိမ်း သောအရာတို့သည် ကိုယ်တော် အထဲ က၎င်း ၊ ကိုယ်တော် အားဖြင့် ၎င်း ၊ ကိုယ်တော် အဘို့ အလိုဟုၾဂင်း ဖြစ်ကြ၏။ ကမ္ဘာ အဆက်ဆက်ဘုန်းကြီး တော်မူစေသတည်း။ အာမင် **(aiōn g165)**

၁၂ ညီအစ်ကို တို့၊ အသက် ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်း ခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက် တော်မူဘွယ်သောလက္ခဏာနှင့် ပြည့်စုံသော ယဇ် ကို သင် တို့သည် ပူဇော် ၍၊ မိမိကိုယ်ခန္ဓာ ကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသောသင် တို့ပြုအပ်သော ဝတ် ကို ပြုမည်အကြောင်း၊ ဘုရားသခင် ၏ ကရုဏာ တော်ကို ထောက်ထား ၍၊ သင် တို့ကို ငါ တိုက်တွန်းနှိုးဆော်ပေ၏။ ၂ သင် တို့သည် လောကီ ပုံသဏ္ဌာန်ကို မ ဆောင် ကြနှင့်။ ကောင်းမြတ် သောအရာ၊ နှစ်သက် ဘွယ်သောအရာ၊ စုံလင် သောအရာတည်းဟူသောဘုရားသခင် အလို တော်ရှိသော အရာသည် အဘယ် အရာဖြစ်သည်ကို သင် နိုင်မည်အကြောင်း ၊ စိတ် နှလုံးကို အသစ် ပြင်ဆင်၍

ပုံ သဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။ **(aiōn g165)** ၃ သင် တို့သည် ကိုယ် ကိုထင် သင့် သည် အတိုင်း ထက်လွန် ၍မ ထင်ဘဲ၊ ဘုရားသခင် သည် လူ အသီးအသီးတို့အား ယုံကြည် ခြင်းကို ဝေပေး တော်မူသည်နှင့်အညီ ၊ ကိုယ်ကိုလျောက်ပတ် စွာထင် ရမည် အကြောင်း ငါ သည် ကိုယ်ခံရ သော ကျေးဇူး တော်ကိုအမှီပြု လျက်၊ သင်တို့တွင် ရှိသမျှ သောသူတို့ကိုမှာထား ၏။ ၄ ဥပမာကား ၊ ကိုယ် တစ်ခုၨ၌ အင်္ဂါအများ ရှိ သည်ဖြစ်၍၊ ထိုအင်္ဂါအများ သည် ဆောင်ရွက် စရာအမှုတစ်ခုတည်းမ ရှိ သကဲ့သို့ ၊ ၅ ထိုအတူ ၊ အများ ဖြစ်သောငါတို့သည် ခရစ်တော် ၌ တစ် ကိုယ် တည်းဖြစ် ၍ ၊ အသီးအသီးအင်္ဂါချင်း ဖြစ်ကြ၏။ ၆ ထိုသို့ ပေး တော်မူသော ကျေးဇူး တော်အတိုင်း ငါ တို့သည် အသီးသီး အပြားပြားသော ဆု များကိုခံရသည်ဖြစ် ၍ ၊ ပရောဖက် အရာရှိလျှင် ၊ ယုံကြည် ခြင်း၏ပမာဏ ကို ရသည်အတိုင်း ပရောဖက်ပြုကြကုန်အံ့။ ၇ ဓမ္မဆရာ အရာရှိလျှင် ၊ ဓမ္မဆရာ၏အမှုကို ဆောင်ရွက်ကြကုန်အံ့။ ဆုံးမ သြဝါဒပေးသောသူ သည် ထိုအမှုကိုဆောင်ရွက်စေ။ ၈ နှိုးဆော် သွေးဆောင်သောသူ သည် ထိုအမှုကို ဆောင်ရွက်စေ။ အစွန့်အကြဲဝေ့ သောသူ သည် လျစ်လျူသောစိတ်နှင့် ဝေ့စေ။ အုပ်ချုပ် သောသူ သည် လုံ့လ ဝိရိယနှင့် အုပ်ချုပ်စေ။ မစ သနားခြင်းအမှုကိုပြုသောသူ သည် စေတနာ စိတ်နှင့် ပြုစေ။ ၉ မေတ္တာ စိတ်သည် လျှို့ဝှက် ခြင်းနှင့် ကင်းစေလော့။ ဆိုးညစ် သောအမှုကို စက်ဆုပ် ရှံရှာကြလော့။ ကောင်းမွန် သောအမှုၨ၌ မှီဝဲ ဆည်းကပ်ကြလော့။ ၁၀ ညီအစ်ကို ချစ်ခြင်းအရာမှာ ၊ ပကတိပေါက်ဘော်ကဲ့သို့တစ်ယောက် ကိုတစ်ယောက်စုံမက် ကြလော့။ ချီးမွမ်း ခြင်းအရာမှာ ၊ သူတစ်ပါး ကို ကိုယ်ထက်ချီးမြှောက် ကြလော့။ ၁၁ အားထုတ် ခြင်းအရာမှာ ပျင်းရိ ခြင်းမ ရှိဘဲလျက်၊ စိတ် တန်း သဖြင့် သခင်ဘုရား ၏အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။ ၁၂ မြော်လင့် လျက် ဝမ်းမြောက် ကြလော့။ ဆင်းရဲ ဒုက္ခရောက်သောအခါ သည်းခံ ကြလော့။ ဆုတောင်း ပဌနာပြုခြင်းအမှုကို အမြဲ ပြုကြလော့။ ၁၃ သန့်ရှင်း သောသူတို့သည် ဆင်းရဲ သောအခါ ဝေ့ ပေးကမ်းကြလော့။ အာဂန္တု တို့အား ဧည့်သည်ဝတ် ကို ကြိုးစား၍ပြုကြလော့။ ၁၄ သင် တို့ကို ညှဉ်းဆဲ သောသူ တို့အဘို့ မေတ္တာပို့ ကြလော့။ ကျိန်ဆဲ ခြင်းကိုမ ပြု၊ မေတ္တာပို့ ခြင်းကိုသာ ပြုကြလော့။ ၁၅ ဝမ်းမြောက် သောသူတို့နှင့်အတူ ၊ ဝမ်းမြောက် ခြင်းကိုငင်း၊ ငိုကြွေး သောသူတို့နှင့်အတူ ငိုကြွေး ခြင်းကိုပြုကြလော့။ ၁၆ အချင်းချင်း စိတ် သဘော တစ်ညီတစ်ညွတ်တည်း ရှိကြလော့။ ဂုဏ်စည်းစိမ် ကိုငဲ့ကွက်ခြင်းမ ရှိကြနှင့်။ နှိမ့်ချ သောသူ တို့ကို အပေါင်းအဘော်လုပ်ကြလော့။ ငါသည် ပညာရှိ ၏ဟု ကိုယ် ကိုမ ထင် ကြနှင့်။ ၁၇ အဘယ်သူ ကိုမျှ ရန်တုံ့ မမူကြနှင့်။ လူ အပေါင်း တို့ရှေ့မှာ တင့်တယ် လျောက်ပတ်သော အကျင့်ကို ကြံစည် ကြလော့။ ၁၈ သင် တို့သည် တတ်နိုင် သမျှအတိုင်း လူ အပေါင်း တို့နှင့် အသင့်အတင့် နေကြလော့။ ၁၉ ချစ်သူ တို့၊ သူတစ်ပါးသည်သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မ တုံ့ ကြနှင့်။ အမျက် တော်ကို အခွင့် ပေး ကြလော့။ ကျမ်းစာ လာသည်ကား ၊ ငါ သည် အပြစ်တရားကို စီရင်ပိုင် ၏။ အပြစ်နှင့်အလျောက် ငါ ဆပ်ပေး မည်ဟု ထာဝရ ဘုရားမိန့် တော်မူ၏။ ၂၀ ထိုကြောင့်သင် ၏ရန်သူ သည် မွတ်သိပ် လျှင် လုပ်ကျွေး လော့။ ရေတ် လျှင် သောက် စရာဘို့ပေးလော့။ ထိုသို့ ပြု

လျှင် ။ သူ ၏ခေါင်း ပေါ် ၌ မီး ခဲ ကိုပုံ ထားလိမ့်မည်။ ၂၁ အဆိုး အားဖြင့် အရှုံး မ ခံနှင့် အကောင်း အားဖြင့် အဆိုး ကို နိုင် လော့။

၁၃ အစိုးရသော မင်းအာဏာစက် ၏ အုပ်စိုး ခြင်းကို လူ တိုင်း ဝန်ခံ စေ။ အကြောင်းမူကား ၊ ဘုရားသခင် ၏ အခွင့် မ ရှိ လျှင် ၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှ သည် ဘုရားသခင် ခန့်ထား တော်မူရာ ဖြစ် သတည်း။ ၂ ထိုကြောင့် ၊ မင်းအာဏာ ကို ဆန် သောသူ သည် ဘုရားသခင် စီရင် တော်မူရာကိုဆန် သောသူ ဖြစ်၏။ ထိုသို့ ဆန် သောသူ သည် ရာဇဝတ် ကို ခံရ မည်။ ၃ မင်း မူကား ကောင်း သောအကျင့် ကို ကျင့်သောသူကြောက် ဘို့ ဖြစ် သည်မ ဟုတ်။ မကောင်း သော အကျင့်ကို ကျင့်သောသူကြောက်ဘို့၏။ မင်းအာဏာ ကို မ ကြောက် ဘဲနေချင် သလော။ ကောင်း သော အကျင့်ကိုကျင့် လော့။ ကျင့်လျှင်မင်း အာဏာကြောင့် ချီးမွမ်း ခြင်းကို ခံရ လိမ့်မည်။ ၄ မင်းသည်ကား ၊ သင် ၏အကျိုး အလိုငှာ ဘုရားသခင် ၏ အစေခံ ဖြစ် ၏။ မကောင်း သောအကျင့်ကို ကျင့် လျှင် ၊ ကြောက် ခြင်းမရှိစေလော့။ အကြောင်းမူကား ၊ မင်းသည်အချည်းနှီး ဓား ကို ဆောင် သည်မ ဟုတ်။ မကောင်း သောအကျင့်ကို ကျင့် သောသူ တို့ကို အပြစ်တရားစီရင်၍ ရာဇဝတ်ပေးပိုင်သော သူတည်းဟူသောဘုရားသခင် ၏ အစေခံ ဖြစ် သတည်း။ ၅ ထိုကြောင့် ၊ ရာဇဝတ် ကိုကြောက်သောကြောင့် သာ မင်းအာဏာစက်၏အုပ်စိုးခြင်းကို ဝန်ခံ ရမည် မ ဟုတ်။ ကိုယ်ကိုကိုယ် သိသော စိတ်ကို ထောက် ၍ဝန်ခံရမည်။ ၆ ထို အကြောင်း ကြောင့် အခွန်အတုတ် ကို ပေး ကြလော့။ မင်းတို့သည် ဘုရားသခင် ၏ အမှု စောင့်ဖြစ် ၍၊ အမှုတော်ကို အမြဲ ထမ်းကြ၏။ ၇ ထိုကြောင့်၊ လူအသီးအသီး ခံထိုက် သည်အတိုင်း ပေး ကြလော့။ အခွန် ကိုခံထိုက်သောသူ အား အခွန် ကို ၎င်း၊ အကောက် ကို ခံထိုက်သော သူ အား အကောက် ကို၎င်း ပေးကြလော့။ ကြောက် ထိုက်သောသူ ကို ကြောက် ကြလော့။ ရိုသေ ထိုက်သောသူ ကို ရိုသေ ကြလော့။ ၈ အချင်းချင်း ချစ် ခြင်းမေတ္တာမှတစ်ပါး အဘယ် ကြွေး မျှ မ တင်စေနှင့်။ သူတစ်ပါး ကိုချစ် သောသူ သည် အကျင့် တရားနှင့်ပြည့်စုံ ပြီ။ ၉ အကြောင်းမူကား၊ သူမယားကိုမ ပြစ်မှား နှင့် ၊ လူအသက်ကို မ သတ် နှင့်၊ သူ့ဥစ္စာကိုမ ခိုး နှင့်၊ မမှန်သော သက်သေကိုမခံနှင့်၊ သူ့ဥစ္စာကို တပ်မက်လိုချင်သောစိတ်မ ရှိ စေနှင့်ဟူသော ပညတ်မှစ၍အခြား သော ပညတ် ရှိသမျှတို့သည်၊ ကိုယ် နှင့်စပ်ဆိုင် သောသူကို ကိုယ် နှင့်အမျှ ၊ ချစ် လော့ဟူသော ပညတ် တစ်ခု ၌ အပါအဝင် ဖြစ်ကြ၏။ ၁၀ ချစ် ခြင်းမေတ္တာရှိ သောသူသည် ကိုယ်နှင့် မ စပ်ဆိုင် သော သူ၏အကျိုးကို မဖျက်ဆီး တတ်။ ထိုကြောင့် ၊ ချစ် ခြင်းမေတ္တာသည် အကျင့် တရားပြည့်စုံ ရာ ဖြစ်သတည်း။ ၁၁ ထိုမှတစ်ပါး၊ ငါ တို့ကို ကယ်တင် သော ကျေးဇူးတော်သည် ငါတို့ယုံကြည် သော နေ့ရက်၌နီးသည်ထက် ယခု သာ၍နီး သောကြောင့် ၎င်း၊ ၁၂ ညည်း အချိန်ကုန် လုု၍ နေ့ အချိန်ရောက် လုသောကြောင့် ၎င်း၊ ယခု အခါ အိပ်ပျော် ရာမှ နိုး ရသော အချိန် ရောက် ခဲ့ပြီဟု ငါတို့သည် သိ ၍ ကာလ အချိန်ကို ထောက်လျက်၊ မှောင်မိုက် ၏အကျင့် ကို ပယ်ရှား၍ ၊ အလင်း ၏ လက်နက်စုံ ကို ဝတ်ဆင် ဆောင်ရွက်ကြကုန်အံ့။ ၁၃ ပွဲ လုပ်ခြင်း၊ ယစ်မျိုး သောက်ကြူးခြင်း၊ မတရား သော မေထုန်၌ မှီဝဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊ ရန်တွေ့ ခြင်း၊ ဂုဏ်ပြိုင် ခြင်းအမှုတို့ကို ကြဉ်ရှောင် ၍၊ နေ့ အချိန်၌ ကဲ့သို့

တင့်တယ် လျောက်ပတ်စွာ ကျင့်ဆောင်ပြူကြကုန်အံ့။ ၁၄ သခင် ယေရှု ခရစ် ကို ယူတင်ဝတ်ဆောင် ကြလော့။ ကိုယ်ကာယ၏တပ်မက် ခြင်းအလိုငှာ မ ကြံစည် ကြနှင့်။

၁၄ ယုံကြည် အားနည်း သောသူ တို့ကို လက်ခံ ကြလော့။ သို့ရာတွင်ယုံမှားဘွယ်သော ပြဿနာတို့ကို ထိုသူနှင့်မ ဆွေးနွေး ကြနှင့်။ အစာအမျိုးမျိုး ကို စား အပ်သည်ဟု လူ အချို့ ယုံ ၏။ ၂ အားနည်း သောသူ မူကား ၊ ဟင်းသီးဟင်းရွက်ကိုသာစား ၏။ ၃ အမျိုးမျိုးကို စား သောသူ သည် မ စား သောသူ ကို မထီမဲ့မြင် မ ပြုစေနှင့်။ မ စား သောသူ သည်လည်း ၊ စား သော သူ ကိုမ စစ်ကြော မစီရင်စေနှင့် အကြောင်းမူကား ၊ ဘုရားသခင် သည် သူ့ ကိုလက်ခံ တော်မူပြီ။ ၄ သူတစ်ပါး ပိုင်သော လူ ကိုစစ်ကြော စီရင်သော သင် သည် အဘယ်သူ နည်း။ သူ သည်မိမိ သခင် စီရင်သော အားဖြင့်သာအပြစ်လွတ်ခြင်း၊ အပြစ်ခံ ခြင်းသို့ ရောက်ရ၏။ သူသည်အပြစ် လွတ်ခြင်းသို့ရောက်လိမ့်မည်။ အကြောင်းမူကား ၊ ဘုရားသခင် သည် သူ ၏ အပြစ်ကို လွှတ် ခြင်းငှာတတ်နိုင် တော်မူ၏။ ၅ နေ့ရက်တ ရက်ထက် တ ရက် သာ၍မြတ်သည်ဟု လူ အချို့ ထင်တတ်၏။ လူအချို့မထင်။ လူ တိုင်းမိမိ စိတ် သဘောကျ ပါစေ။ ၆ နေ့ရက် ကိုစောင့် သောသူ သည် သခင် ဘုရားကို ထောက်၍ စောင့် ၏။ နေ့ရက်ကို မစောင့်သော သူသည်လည်း၊ သခင်ဘုရားကို ထောက်၍ မစောင့်ဘဲနေ၏။ စား သောသူ သည်သခင် ဘုရားကို ထောက်သောစိတ်နှင့် စား ၍ ကျေးဇူးတော်ရှိသည်ဟု ဝန်ခံ၏။ မ စား သော သူ သည်လည်း ၊ သခင် ဘုရားကို ထောက်သောစိတ်နှင့် မ စား ဘဲနေ၍ ၊ ကျေးဇူးတော်ရှိသည်ဟုဝန်ခံ၏။ ၇ ငါ တို့တွင် အဘယ်သူ မျှကိုယ် အဘို့ အလိုငှာအသက် မရှင်။ အဘယ်သူ မျှကိုယ် အဘို့အလို့ငှာမသေ ၈ အသက် ရှင်လျှင် ၊ သခင်ဘုရားအဘို့ အလိုငှာ ရှင် ၏။ သေ လျှင် လည်း၊ သခင်ဘုရား အဘို့ အလိုငှာ သေ ၏။ ထိုကြောင့် အသင်ရှင် သည်ဖြစ်စေ ၊ သေ သည် ဖြစ်စေ ၊ သခင်ဘုရားဆိုင် တော်မူ၏။ ၉ အကြောင်းမူကား ၊ ခရစ်တော် သည်၊ သေ သော သူတို့ကိုလည်း ၊ ရှင် သောသူတို့ကိုလည်း၊ အစိုးရသောအရှင် ဖြစ်လိုသောငှာ အသေခံ ၍ ၊ ခံပြီးမှအသက် ရှင်ပြန် တော်မူ၏။ ၁၀ သင် သည် ညီအစ်ကို ချင်းကို အဘယ်ကြောင့် စစ်ကြော စီရင်သနည်း။ ညီအစ်ကို ချင်းကို အဘယ်ကြောင့် မထီမဲ့မြင် ပြုသနည်း။ ငါတို့ရှိသမျှ သည် ခရစ်တော် ၏ တရားပလ္လင်တော်ရှေ့သို့ ရောက်ရကြမည်။ ၁၁ ကျမ်းစာ လာသည်ကား ၊ ငါ အသက် ရှင်တော်မူသည်ဖြစ်၍၊ ငါ့ ရှေ့၌ လူတိုင်းဒူး ထောက် ရမည်။ ဘုရားသခင် အားလူ တိုင်းမိမိနှုတ် နှင့် သစ္စာ ခံရမည်ဟု ထာဝရ ဘုရားမိန့် တော်မူ၏။ ၁၂ သို့ ဖြစ်၍ ၊ ငါ တို့ရှိသမျှ သည် ဘုရားသခင် စစ်ကြောတော်မူခြင်းကို ခံရကြမည်။ ၁၃ ထိုကြောင့် ၊ ငါတို့သည် ယခုမှစ၍အချင်းချင်း မ စစ်ကြော မစီရင်ဘဲ နေကြကုန်အံ့။ ညီအစ်ကို ချင်း ထိမိ၍ လဲ စရာအခွင့်၊ မှားယွင်း စရာအခွင့်မ ရှိ စေမည်အကြောင်း သာ၍ စီရင် ကြကုန်အံ့။ ၁၄ အဘယ် အစာမျှ ပကတိ အတိုင်း မညစ်ညူး ကြောင်းကို၊ ငါသည်သခင် ယေရှု ကို အမှီပြု လျက်သဘောကျ၍ အမှန်သိ ၏။ သို့သော်လည်း ၊ ညစ်ညူး သည် ဟု အကြင်သူ သည်ထင် ၏။ ထိုသူ၌ ညစ်ညူး ၏။ ၁၅ သင် ၏ညီအစ်ကို သည် သင်စားသော အစာ ကြောင့် စိတ်နာ ရလျှင် ၊ သင်သည်မေတ္တာ တရားကို မ ကျင့် ။ ခရစ်တော် သည် အသေခံ တော်မူသော ကျေးဇူးတော်ကို ခံသောသူ ကိုသင် ၏ အစာ အားဖြင့် အကျိုး မ နည်း

စေနှင့်။ ၁၆ သင်တို့သည် အခွင့် ရသည်အမှုမှာ ကဲ့ရဲ့ စရာ အကြောင်းမ ရှိစေနှင့်။ ၁၇ ဘုရားသခင် ၏ နိုင်ငံ တော်သည် အစား အသောက် ၌ မ တည် ။ ဖြောင့်မတ် ခြင်း၊ ငြိမ်သက် ခြင်း၊ သန့်ရှင်း သော ဝိညာဉ် တော်အားဖြင့် ခံရသော ဝမ်းမြောက် ခြင်း၌ တည်၏။ ၁၈ ထိုသို့ ကျင့်၍ ခရစ်တော် ၏အမှု ကို ဆောင်ရွက်သောသူ သည်ဘုရားသခင့် ရှေ့၌ နှစ်သက် ဘွယ်၊ လူ တို့ တွင် ချီးမွမ်း ဘွယ်ဖြစ်၏။ ၁၉ ထိုကြောင့် ၊ ငြိမ်သက် ခြင်းနှင့်ငင်း၊ အချင်းချင်း တည်ဆောက် ခြင်းနှင့်ငင်း ယှဉ်သောအရာ တို့ကို မှီအောင်လိုက် ကြကုန်အံ့။ ၂၀ ဘုရားသခင် ၏ အမှု တော်ကို သင်၏အစာ အလိုဌာ မ ဖျက်ဆီး နှင့်။ အစာအမျိုးမျိုး တို့သည် စင်ကြယ် ၏။ သို့သော်လည်း သူတစ်ပါးထိမိ လဲစရာအကြောင်းနှင့် စား သော သူ သည်အပြစ် ရှိ၏။ ၂၁ အမဲသား ကိုစား ခြင်း၊ စပျစ်ရည် ကိုသောက် ခြင်း ကိစ္စမှစ၍၊ ညီအစ်ကို ထိမိ ၍ လဲစရာအကြောင်း၊ မှားယွင်းစရာအကြောင်း၊ အားနည်းစရာအကြောင်းများကို ရှောင်အပ်၏။ ၂၂ သင် သည်ယုံ ခြင်းရှိ လျှင် ကိုယ် အလိုအလျောက်ဘုရားသခင့် ရှေ့ ၌ ရှိ စေလော့။ ကိုယ်လက်ခံ သောအမှုမှာ ကိုယ် ကိုမ စစ်ကြော မစီရင်သောသူ သည် မင်္ဂလာ ရှိ၏။ ၂၃ ယုံမှား သောသူ သည် စား လျှင် ၊ ယုံ သောစိတ် မ ရှိဘဲစားသောကြောင့် အပြစ် စီရင်ခြင်းကိုခံရ၏။ ယုံ သောစိတ်မ ရှိဘဲကျင့်သမျှ သော အကျင့်တို့သည် အပြစ် ရှိ ကြ၏။

၁၅ သို့ ဖြစ်၍ ၊ အားရှိ သောငါ တို့သည် ကိုယ် အလို သို့မ လိုက်၊ အားနည်း သောသူ တို့၏ အားနည်း ခြင်းကို သည်းခံ ရကြမည်။ ၂ ထိုသို့ ငါ ရှိသမျှသည်ကိုယ် နှင့်စပ်ဆိုင်သော သူ၏ အကျိုး ကို ထောက်၍ ၊ သူ့ကိုတည်ဆောက် စေခြင်းငှာ သူ၏ အလို သို့ လိုက်ကြကုန်အံ့။ ၃ အကြောင်းမူကား ၊ ခရစ်တော် သည်ကိုယ် အလို သို့မ လိုက်။ ကျမ်းစာ လာသည်အတိုင်း ကဲ့ရဲ့ ခြင်းကို ခံရတော်မူ၏။ ကိုယ်တော် ကို ကဲ့ရဲ့ သော သူ တို့၏စကားသည် အကျွန်ုပ် အပေါ် သို့ ရောက် ပါ၏ဟု ကျမ်းစာလာ သတည်း။ ၄ ငါ တို့သည် ကျမ်းစာ ၌ပါသောသည်းခံ ခြင်း၊ သက်သာ ခြင်းအကြောင်းများကိုအမှီပြု ၍ မြော်လင့် ရ သော အခွင့်ရှိစေခြင်းငှာ ၊ ကျမ်းစာ၌ အထက်ကရေး ထားသမျှ သည် ငါ တို့ကို ဆုံးမ သြဝါဒပေး၍ ရေး ထားသတည်း။ ၅ သင်တို့သည် ငါ တို့ သခင် ယေရှု ခရစ် ၏ ခမည်းတော် တည်းဟူသောဘုရားသခင် ကို တစ် ညီတစ်ညွတ်တည်း နှုတ် မြွက်၍ ချီးမွမ်း စေခြင်းငှာ ၊ ၆ ယေရှု ခရစ် ၏အလိုတော်အတိုင်း အချင်းချင်း စိတ်တစ်ညီတစ်ညွတ်တည်းရှိကြမည်အကြောင်း၊ သည်းခံ ခြင်း၊ သက်သာ ခြင်း၏အရှင်၊ ဘုရားသခင်သည် ကယ်မသနားတော်မူပါစေသော။ ၇ ခရစ်တော် သည် ဘုရားသခင် ၏ဘုန်း တော်ကို ထင်ရှားစေလျက်၊ သင် တို့ကိုလက်ခံ တော်မူသည်နည်းတူ ၊ သင်တို့သည် တစ်ယောက် ကိုတစ်ယောက်လက်ခံ ကြလော့။ ၈ တဖန်ငါ ဆိုသည်ကား ၊ ယေရှုခရစ် သည် ဘုရားသခင် ၏ သစ္စာ တော်ကို ထောက် ၍၊ ဘိုးဘေး များခံရသော ဂတိ တော်တို့ကိုတည် စေခြင်းငှာ ၊ ၉ အရေဖျားလှီးခြင်းကိုခံသော သူတို့၏အမှုကို ဆောင်ရွက်တော်မူ၏။ တစ်ပါး အမျိုးသားတို့သည်လည်း ၊ ဘုရားသခင် ၏ကရုဏာ တော်ကို အံ့ဩချီးမွမ်း ကြလိမ့်မည်။ ထိုသို့နှင့်အညီ ကျမ်းစာလာ သည်ကား၊ ထိုကြောင့် တစ်ပါး အမျိုးသားတို့တွင် ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်း ၍၊ နာမ တော်ကို ထောမနာ သီချင်း ဆိုပါမည်ဟု လာသတည်း။ ၁၀ တစ်ဖန် လာသည်ကား ၊ တစ်ပါး အမျိုးသားတို့၊ သင်တို့သည် ဘုရားသခင် ၏လူမျိုး

နှင့်အတူ ဝမ်းမြောက် ခြင်းရှိကြလော့ဟုလာ၏။ ၁၁ တစ်ဖန် ကား ၊ လူမျိုး အပေါင်း တို့၊ ထာဝရ ဘုရားကို ချီးမွမ်း ကြလော့။ လူ အနွယ်အပေါင်း တို့၊ အလွန်ချီးမွမ်း ကြလော့ဟုလာ၏။ ၁၂ တစ်ဖန် ဟေရှာယ ဆို သည်ကား ၊ ယေရှဲ ၏ အမြစ် ပေါက် ၍ တစ်ပါး အမျိုးသားတို့ကို အုပ်စိုး ခြင်းဌာပေါ် ထွန်း သောသူ ဖြစ်လိမ့်မည်။ ထိုသူ ကို တစ်ပါး အမျိုးသားတို့သည် ကိုးစား ကြလိမ့်မည်ဟုဆိုသတည်း။ ၁၃ သင် တို့သည်သန့်ရှင်း သောဝိညာဉ် တော်၏ တန်ခိုး အားဖြင့် မြော်လင့် ခြင်းပါရမီနှင့် ကြွယ်ဝ စေခြင်းဌာ၊ ယုံကြည် သောစိတ်ရှိ၍ ဝမ်းမြောက် သက်သာ ခြင်းအမျိုးမျိုး တို့နှင့် ပြည့်စုံ မည်အကြောင်း၊ မျှော်လင့် ခြင်း၏အရှင်၊ ဘုရားသခင် သည် ကယ်မသနားတော်မူပါစေသော။ ၁၄ ညီအစ်ကို တို့၊ သင်တို့သည် ကောင်း သောပကတိ သဘောနှင့် ပြည့်စုံ ၍ အရာရာ တို့ကို သိ နားလည်သဖြင့် ၊ အချင်းချင်း ဆုံးမ ခြင်းဌာ တတ်နိုင် သည်ကို ငါသဘောကျ လျက်ရှိ၏။ ၁၅ သို့သော်လည်း ၊ သန့်ရှင်း သောဝိညာဉ် တော်သည် သန့်ရှင်း စေတော်မူသော နှစ်သက် ဘွယ်ရာ ပူဇော်သက္ကာတည်းဟူသောတစ်ပါး အမျိုးသားတို့ကို ပူဇော် ခြင်းဌာ ငါသည် ဘုရားသခင် ၏ ဧဝံဂေလိ တရားကိုဟောပြောသောအမှုကို ဆောင်ရွက်၍၊ ၁၆ တစ်ပါး အမျိုးသားတို့တွင် ယေရှု ခရစ် ၏ အမှုဆောင် ဖြစ် မည်အကြောင်း ၊ ဘုရားသခင် သည် ငါ ၌အပ်ပေး တော်မူသော ကျေးဇူး တော်ကို ငါ အမှီပြု ၍၊ ညီအစ်ကိုတို့၊ သင် တို့ကို သတိပေး လျက်သာ၍ရဲရင့် စွာ ရေး လိုက်ပါ၏။ ၁၇ ထိုကြောင့် ၊ ဘုရားသခင် နှင့် စပ်ဆိုင် သောအရာ တို့ ၌ ငါသည် ယေရှု ခရစ် ကို အမှီပြု ၍ ဝါကြွား ဝမ်းမြောက်ခြင်းအကြောင်းရှိ ၏။ ၁၈ တစ်ပါး အမျိုးသားတို့သည် စကား အားဖြင့်ၵင်း၊ အကျင့် အားဖြင့်ၵင်း၊ နားထောင် စေခြင်းဌာ ၊ ခရစ်တော် သည် နိမိတ်လက္ခဏာ၊ အံ့ဘွယ် သောအမှုများ၌ ပါသောတန်ခိုး ၊ သန့်ရှင်းသော ဝိညာဉ် တော်၏ တန်ခိုး ကိုပြ၍၊ ငါ့ အားဖြင့် ပြု တော်မူသမျှ တို့ကိုသာ ငါပြော ဝံ့ ၏။ ၁၉ ထိုကျေးဇူးတော်ကိုအမှီပြုလျက်၊ ငါ သည် ယေရုရှလင် မြို့မှစ၍ ကွလုရိတ် ပြည်တိုင်အောင် ပတ်ဝန်းကျင် အရပ်တို့ ၌ ခရစ်တော် ၏ ဧဝံဂေလိ တရားကို အကုန်အစင် ဟောပြောခဲ့ပြီ။ ၂၀ ထိုသို့ အခြား သူတည်သော တိုက်မြစ် အပေါ်မှာ ငါ ထပ်၍ မ တည်မဆောက်။ ခရစ်တော် ၏နာမ ကို မ ကြားဘူးသော အရပ် ၌ ဧဝံဂေလိ တရားကိုဟောခြင်းဌာစေတနာစိတ်နှင့် ငါကြိုးစား အားထုတ်လေ့ရှိ၏။ ၂၁ ထိုသို့နှင့်အညီကျမ်းစာလာ သည်ကား၊ ထိုသူ ၏ အကြောင်း ကို အဘယ်သူ မျှ မပြ ဘူးသော်လည်း ၊ သူတို့ သည် မြင် ကြလိမ့်မည်။ မ ကြား ဘူးသောသူ တို့သည် နားလည် ကြလိမ့်မည်ဟု လာသတည်း။ ၂၂ ထိုကြောင့် သင် တို့ရှိရာသို့ ငါလာ ရသော အခွင့် မရှိ။ အဆီးအတား များ လှ ပြီ။ ၂၃ ယခု မူကား ၊ ဤ အရပ် တို့ ၌ အခွင့် မ ရ သည်ဖြစ်၍၊ သင် တို့ရှိရာသို့ သွား ခြင်းဌာတာရှည် စွာ ကာလ ပတ်လုံးအလို ရှိ သောကြောင့် ၊ ၂၄ စပါနိ ပြည်သို့ ငါသွား သောအခါ၊ လမ်းခရီး၌ သင် တို့ကို တွေ့မြင် ၍ သင်တို့နှင့်အတူပေါင်းဘော်လျက် အတန် အရာအလို ပြည့်စုံ ပြီးမှ၊ ထို ပြည်သို့သင်တို့ ပို့ဆောင် ခြင်းကျေးဇူးကို ခံမည်ဟု မြော်လင့် ၏။ ၂၅ ယခု အခါ သန့်ရှင်း သူ တို့ကိုလုပ်ကျွေး ၍၊ ယေရုရှလင် မြို့သို့ ငါသွား ရမည်။ ၂၆ အကြောင်းမူကား ၊ မာကေဒေါနိ ပြည်သားတို့နှင့် အခါယ ပြည်သားတို့သည်၊ ယေရုရှလင် မြို့၌ ဆင်းရဲ သော သန့်ရှင်း သူ တို့အား ဥစ္စာကို ဝေမျှ၍ စေတနာ စိတ်နှင့် လှူ ကြပြီ။ ၂၇ စေတနာ စိတ်ရှိသည်ဟုဆိုသော်၊ ထိုသူတို့သည်

ကျေးဇူးတင်သောသူဖြစ်ကြ၏။ အကြောင်းမူကား ၊ တစ်ပါး အမျိုးသားတို့သည် ဓမ္မဥစ္စာ ကို ယုဒအမျိုးသားတို့နှင့် ဆက်ဆံ ၍ခံရသည်မှန်လျှင် ၊ လောကီဥစ္စာ ကို လှူ၍ လုပ်ကျွေး အပ် ၏။ ၂၈ ထိုကြောင့် ၊ ဤ အမှုကို ငါဆောင်ရွက် ၍ ဤ အလှူ လက်ဆောင်ကို လုံခြုံ စေပြီးလျှင်၊ သင်တို့အနား မှာ ရှောက်၍ စပါနိ ပြည်သို့ သွား မည်။ ၂၉ သင် တို့ရှိရာသို့ ငါရောက် သောအခါ ၊ ခရစ်တော် ၏ ဧဝံဂေလိတရားဥ၌ ပါသောကောင်းကြီး မင်္ဂလာပြည့်စုံ ခြင်းနှင့် ရောက်လာ မည်ကို ငါသိ ၏။ ၃၀ ငါသည်ဘုရားသခင် ၏ အလို တော်အတိုင်း ဝမ်းမြောက် သော စိတ်နှင့် သင် တို့ရှိရာသို့ ရောက် ၍ သင် တို့နှင့်အတူသက်သာ ခြင်းကို ခံစားလိုသောငှာ ၊ ၃၁ ယုဒ ပြည်၌ ငြင်းဆန် သောသူ တို့လက်မှ ငါလွတ် မည်အကြောင်း ၊ ယေရုရှလင် မြို့အား ငါ လုပ်ကျွေး ခြင်း အမှုကို သန့်ရှင်း သူ တို့သည် နှစ်သက် မည်အကြောင်း ၊ ညီအစ်ကို တို့၊ သင်တို့သည် ငါ နှင့်အတူကြိုးစား အားထုတ်၍ ငါ့ အဘို့ အလိုငှာ ဘုရားသခင် ကို ဆုတောင်း ပဌနာပြုကြလော့ဟု ငါ တို့သခင် ယေရှု ခရစ် နှင့် ဝိညာဉ် တော်၏ မေတ္တာ ကရုဏာကို အကြောင်းပြု၍ သင် တို့ကို ငါတိုက်တွန်း နှိုးဆော်ပါ၏။ ၃၂ ငြိမ်သက် ခြင်း၏အရှင်၊ ဘုရားသခင် သည် ၃၃ သင် တို့ရှိသမျှ နှင့်အတူ တည်နေတော်မူပါစေသော။ အာမင်

၁၆ ကင်ခြေ မြို့အသင်းတော် ၌ သင်းထောက် မိန်းမဖြစ် သော ငါ တို့ နှမ ဖိဗေ ကို သင် တို့ထံသို့ငါသွင်းပေး၏။ ၂ သန့်ရှင်း သူ တို့သည် ပြုသင့် သည်အတိုင်း ၊ သခင် ဘုရားကို ထောက်၍ ထိုသူ ကိုလက်ခံ ကြလော့။ သူသည် အကူအမလို သမျှ သော အမှု တို့ ၌ သူ့ ကိုကူမ ကြလော့ ။ အကြောင်းမူကား ၊ သူ သည်များစွာ သော သူတို့ကိုငင်း၊ ငါ့ ကိုငင်း၊ မစ သောသူဖြစ် ၏။ ၃ ငါ နှင့်အတူ ယေရှု ခရစ် ၏ အမှုတော်ကို ဆောင်ရွက်သောသူ ၊ ပြစ်ကိလ နှင့် အာကုလ ကို နှုတ်ဆက် ကြ လော့။ ၄ ထိုသူတို့သည် ငါ့ အသက် အဘို့ မိမိ တို့လည်ပင်း ကို ချထား သော သူ ဖြစ်ကြ၏။ သူတို့ကျေးဇူး ရှိသည်ဟု ငါ တစ်ယောက်တည်း သာ ဝန်ခံသည်မ ဟုတ်။ တစ်ပါး အမျိုးသားအသင်းတော် အပေါင်း တို့သည် ဝန်ခံကြ၏။ ၅ သူ တို့အိမ် ၌ ရှိသောအသင်းတော် ကိုလည်း နှုတ်ဆက်ကြလော့။ အာရှ ပြည်တွင် ခရစ် အဘို့ အဦးသီးသော အသီး ဖြစ် သော ငါ့ ချစ် သားဧပဲနက် ကို နှုတ်ဆက် ကြလော့။ ၆ ငါတို့အမှုကိုကြိုးစား ၍ ဆောင်ရွက် သော မာရိ ကိုနှုတ်ဆက် ကြလော့။ ၇ ငါ နှင့်အတူအကျဉ်း ခံရသောသူ၊ ငါ အမျိုးသား ချင်းအန္ဒြောနိတ် နှင့် ယုနိ ကို နှုတ်ဆက် ကြလော့။ ထိုသူတို့သည် တမန်တော် များတွင် အသရေထင်ရှား သောသူ ဖြစ် ကြ၏။ ငါ့ အရင် တပည့်တော်အဖြစ်သို့ ရောက်သော သူလည်း ဖြစ် ကြ၏။ ၈ သခင် ဘုရား၌ ငါ့ ချစ် သားအမ္ပလိ ကိုနှုတ်ဆက် ကြလော့။ ၉ ငါ တို့နှင့်အတူ ခရစ်တော် ၏အမှုကို ဆောင်ရွက်သော ဥရဗန် နှင့် ငါ့ ချစ် သားသတာခု ကို နှုတ်ဆက် ကြ လော့။ ၁၀ တပည့်တော်စစ် ဖြစ်သော အပေလေ နှင့် အာရိတ္တောဗုလု ၏ အိမ်သူ အိမ်သားတို့ကို နှုတ်ဆက် ကြလော့။ ၁၁ ငါ ၏အဆွေအမျိုးဟေရောဒျိန် နှင့် တပည့်တော် ဖြစ် သောနာကိသု ၏အိမ်သူ အိမ်သားတို့ကို နှုတ်ဆက် ကြလော့။ ၁၂ သခင်ဘုရား ၏အမှုတော်ကို ကြိုးစား သော မိန်းမ ၊ တရုဖဲန နှင့် တရုဖောသ ကိုငင်း၊ သခင်ဘုရား ၏ အမှုတော်ကို အလွန် ကြိုးစား ၍ ချစ် အပ်သော မိန်းမပေရသိ ကိုငင်း နှုတ်ဆက် ကြလော့။ ၁၃ မြတ်သောတပည့်တော်ရုဖု နှင့်သူ ၏အမိ တည်းဟူသောငါ ၏ အမိကို နှုတ်ဆက် ကြလော့။ ၁၄ အသုံကြိတ် ၊ ဖလေဂုန် ၊ ဟေရမေ ၊ ပတ်ရောဘ ၊

ဟေရမေ မှစ၍ သူ တို့နှင့်အတူ နေသောညီအစ်ကို တို့ကို နှုတ်ဆက် ကြလော့။ ၁၅ ဖိလောလုပ် ၊ ယုလိ ၊ နေရ ၊ နေရ
နှမ နှင့် ဩလုမ္ပ မှစ၍ သူ တို့နှင့်အတူ နေသော သန်ရှင်း သူအပေါင်း တို့ကို နှုတ်ဆက် ကြလော့။ ၁၆ အချင်းချင်း
တစ်ယောက်ကို တစ်ယောက်သန့်ရှင်း သော နမ်းခြင်းနှင့် နှုတ်ဆက် ကြလော့။ ခရစ်တော် ၏ အသင်းတော် အပေါင်း
တို့သည် သင် တို့နှင့် နှုတ်ဆက် ကြ၏။ ၁၇ ညီအစ်ကို တို့၊ သင် တို့ခံရ ပြီးသော ဆုံးမ သြဝါဒနှင့်ဆန့်ကျင်ဘက်
ဖြစ်သောသင်းခွဲ ခြင်း၊ မှားယွင်း ခြင်းအကြောင်းကို ပြု တတ်သောသူတို့ကို မှတ် ၍ရှောင် ကြလော့ဟု ငါသတိပေး
၏။ ၁၈ အကြောင်းမူကား ထိုသို့သော သူတို့သည် ငါ တို့သခင် ခရစ်တော် ၏ အမှု ကိုမ ဆောင်ရွက်ဘဲလျက်၊
မိမိ တို့ဝမ်း ၏အမှုကိုသာ ဆောင်ရွက်၍၊ လောကဝတ်စကား နှင့် ချော့မော့သော စကားအားဖြင့် စိတ် ကောင်း
သောသူ တို့ကို လှည့်ဖြား တတ်ကြ၏။ ၁၉ သင် တို့ ယုံကြည်နားထောင် ခြင်းအကြောင်း အရာသည် လူအပေါင်း
တို့တွင် ကျော်စော သည်ဖြစ်၍ ၊ ငါဝမ်းမြောက် ခြင်းရှိ၏။ သို့သော်လည်း ၊ သင် တို့သည် ကောင်း သောအမှု၌ ကား၊
ပညာရှိ စေခြင်းဘုရင်း၊ ဆိုး သော အမှု၌ ကား ၊ အပြစ် ကင်းစေခြင်းဘုရင်း၊ ငါအလိုရှိ ၏။ ၂၀ ငြိမ်သက် ခြင်း၏
အရှင်ဘုရားသခင် သည် မ ကြာမမြင့်မီ စာတန် ကို သင် တို့ခြေ အောက် ၌ နှိပ်စက် တော်မူမည်။ ငါ တို့သခင် ယေရှု
ခရစ်၏ ကျေးဇူး တော်သည်သင် တို့ ၌ ရှိပါစေသော။ ၂၁ ငါ နှင့်အတူ အမှုတော်ကို ဆောင်ရွက်သော တိမောသေ
မှစ၍ငါ ၏အဆွေအမျိုးလုကိ ၊ ယာသုန် သောသိပတရု တို့သည် သင် တို့ကို နှုတ်ဆက် ကြ၏။ ၂၂ ဤ စာ ကိုရေး သော
ကျွန်ုပ် တေရတိ သည် သခင် ဘုရားကို ထောက်၍ သင် တို့ကို နှုတ်ဆက် ပါ၏။ ၂၃ ငါ့ ကိုငင်း ၊ သင်းဝင် သူ အပေါင်း
တို့ကိုငင်း၊ လက်ခံ၍ဧည့်သည် ဝတ်ပြုတတ်သော ဂါယု ၊ မြို့ စာရေး ဧရတ္တု ၊ သင်တို့ ညီ ကွာတု တို့သည် သင် တို့ကို
နှုတ်ဆက် ကြ၏။ ၂၄ ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့အပေါင်း၌ ရှိစေသတည်း။ အာမင်။ ၂၅ ရှေး
ကပ်ကာလ ပတ်လုံးဝှက်ထား ပြီးလျှင်ယခု မှာ ထင်ရှား သည်ဖြစ်၍၊ **(aiōnios g166)** ၂၆ လူမျိုး အပေါင်း တို့သည် ယုံကြည်
နားထောင် ကြမည် အကြောင်းပရောဖက် တို့၏ကျမ်းစာ များလာသည် နှင့်အညီ၊ ထာဝရ ဘုရားသခင် ၏ ပညတ်
တော်အတိုင်း ထိုသူတို့အားဖေါ်ပြ ရသော နက်နဲ ရာကို ဖွင့်ထားခြင်း ကျေးဇူးတော်နှင့်လျော်စွာ၊ ငါ ဟောသောဧဝံဂေလိ
တရားတည်းဟူသောယေရှု ခရစ် ၏ အကြောင်းကို ဟောပြော ခြင်းအားဖြင့် ၊ သင် တို့ကို မြဲမြံ ခိုင်ခံ့စေခြင်းဘုတော်နိုင်
တော်မူသောအရှင်၊ **(aiōnios g166)** ၂၇ တဆူတည်းသာလျှင် ပညာနှင့် ပြည့်စုံ တော်မူသော ဘုရားသခင် သည်၊ ယေရှု
ခရစ် အားဖြင့် ကမ္ဘာ အဆက်ဆက်ဘုန်းကြီး တော်မူစေသတည်း။ အာမင် **(aiōn g165)**

၁ ဘုရားသခင် ၏အလို တော်အားဖြင့် ယေရှု ခရစ် ၏ တမန်တော် အရာ၌ ခန့်ထား သော ငါ ပေါလုနှင့် ဒါ့ညီ သုသင်သည်၊ **၂** ယေရှု ခရစ် အားဖြင့် အပြစ် နှင့်ကင်းစင်၍ သန့်ရှင်း သူအရာ၌ ခန့်ထား သောသူတည်းဟူသော၊ ကောရိန္သု မြို့၌ ရှိ သော ဘုရားသခင် ၏ အသင်းတော် မှစ၍ခပ်သိမ်း သောအရပ် ၌ ငါ တို့သခင် ယေရှု ခရစ် ကို ပဌနာ ပြုသောသူ အပေါင်း တို့ကို ကြားလိုက်ပါ၏။ **၃** ထိုသခင်သည် ငါ တို့၏သခင်သာမဟုတ်၊ သင်တို့၏သခင်လည်း ဖြစ်တော်မူ၏။ သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင့် အထံတော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ **၄** အထက်ခရစ်တော် ၏ သက်သေ ကို သင် တို့တွင် တည် စေသည်ရှိသော်၊ **၅** သင်တို့သည် ထိုခရစ်တော် အားဖြင့် ၊ အရာရာ ၌ နှုတ် သတ္တိ၊ ဉာဏ် သတ္တိအပေါင်း နှင့် ကြွယ်ဝ ပြည့်စုံကြ သည်ဖြစ်၍ ၊ **၆** ယေရှု ခရစ် အားဖြင့် သင် တို့အားပေး တော်မူသော ဆုကျေးဇူး တော်ကို ငါထောက် ၍၊ သင် တို့ အကြောင်း ကြောင့် ဒါ့ဘုရားသခင် ၏ကျေးဇူး တော်ကို အစဉ်မပြတ် ချီးမွမ်း၏။ **၇** ထိုကြောင့် သင် တို့သည် ငါ တို့သခင် ယေရှု ခရစ် ၏ပေါ်ထွန်း တော်မူခြင်းကို မြော်လင့် ၍နေစဉ်၊ ဆု တော် တစ်စုံတစ်ခု မျှမ လျော့ ဘဲ စုံလင်လျက်ရှိကြ၏။ **၈** သင်တို့သည် ငါ တို့သခင် ယေရှု ခရစ် ၏ နေ့ရက် ၌ အပြစ်တင် စရာအခွင့်နှင့်ကင်းလွတ်မည်အကြောင်း၊ သင် တို့ကို အဆုံး တိုင်အောင် ခိုင်ခံ့ မြဲမြံစေတော်မူလိမ့်မည်။ **၉** ငါ တို့သခင် တည်းဟူသောသား တော်မြတ်သခင် ယေရှု ခရစ် နှင့် ဆက်ဆံ ခြင်းကျေးဇူးတော်ကို သင်တို့ အား ပေး တော်မူသော ဘုရားသခင် သည် သစ္စာ နှင့်ပြည့်စုံတော်မူ၏။ **၁၀** ညီအစ်ကို တို့၊ သင်တို့ရှိသမျှ သည် စကား တညီတညွတ် တည်းဖြစ်၍ အချင်းချင်း မ ကွဲပြား ဘဲ စိတ် သဘော တသံ တသမတ်တည်းရှိ သည်နှင့် စေ့စပ် စုံလင်ကြမည်အကြောင်း၊ ငါ တို့သခင် ယေရှု ခရစ် ၏ နာမ တော် ကို အမှီပြု ၍ သင် တို့ကို ငါ နှိုးဆော်တောင်းပန်ပါ၏။ **၁၁** အကြောင်းမူကား ၊ ဒါ့ ညီအစ်ကို တို့၊ သင် တို့သည် အချင်းချင်း မသင့်၊ ရန်တွေ့ခြင်းရှိ သည်ကို၊ ခလောကျ အိမ်သားအချို့တို့သည် ပြော ကြ၏။ **၁၂** သင် တို့က၊ ငါ သည်ပေါလု တပည့်ဖြစ် ၏။ ငါ သည် အာပေါလု တပည့်ဖြစ်၏။ ငါ သည်ကေဖ တပည့်ဖြစ်၏။ ငါ သည်ခရစ်တော် တပည့်ဖြစ်၏ဟု အသီးအသီး ပြော ကြသောကြောင့် ငါဆို ရ၏။ **၁၃** ခရစ်တော် သည် ကွဲပြား သလော။ ပေါလု သည် သင် တို့အတွက် လက်ဝါးကပ်တိုင် မှာ အသေခံပြီလော။ သို့မဟုတ် သင်တို့သည် ပေါလု ၏နာမ ၌ ဗတ္တိဇံ ကို ခံကြပြီလော။ **၁၄** ကရိပ္ပု နှင့် ဂါယု မှတစ်ပါး ၊ သင် တို့တွင် အဘယ်သူ အားမျှ ဗတ္တိဇံ ကို ငါမပေးသည်ဖြစ်၍ ဘုရားသခင် ၏ကျေးဇူး တော်ရှိပါ၏။ **၁၅** သို့ ဖြစ်၍ ပေါလုသည်မိမိ နာမ ၌ ဗတ္တိဇံ ကို ပေးသည်ဟု အဘယ်သူ မျှဆို စရာအကြောင်း မ ရှိ။ **၁၆** သတေဖန် ၏အိမ်သူ အိမ်သားတို့အားလည်း ဗတ္တိဇံကို ပေး ပြီ။ ထိုမှတစ်ပါးအခြား သောသူအား ဗတ္တိဇံ ပေးသည်ကိုငါမ မှတ်မိ ။ **၁၇** ဗတ္တိဇံ ကိုပေးစေခြင်းငှာခရစ်တော် သည် ငါ့ ကို စေလွှတ် တော်မူသည်မ ဟုတ်။ ဧဝံဂေလိတရားကို ဟောစေခြင်းငှာစေလွှတ်တော်မူ၏။ သို့သော်လည်း ၊ ခရစ်တော် ၏လက်ဝါးကပ်တိုင် ကို အချည်းနှီး မ ဖြစ်စေခြင်းငှာ ၊ နှုတ် ပညာ ကို အခွင့်မ ပေးဘဲနေတော်မူ၏။ **၁၈** အကြောင်းမူကား ၊ ဆုံးရှုံး ခြင်းသို့ရောက်သော သူ တို့ ၌

လက်ဝါးကပ်တိုင် တော်တရား သည် မိုက် သော တရားဖြစ် ၏။ ကယ်တင် ခြင်းသို့ ရောက်သောငါ တို့ ၌ ထိုတရားသည် ဘုရားသခင် ၏ တန်ခိုး တော် ဖြစ် ၏။ ၁၉ ကျမ်းစာ လာသည်ကား ၊ ပညာရှိ တို့၏ ပညာ ကို ငါဖျက်ဆီး မည်။ ဉာဏ် ကောင်းသောသူ တို့၏ ဉာဏ် ကို လည်း ငါပယ် မည်ဟု လာသတည်း။ ၂၀ ပညာရှိ ကားအဘယ်မှာ ရှိသနည်း။ ကျမ်းပြု ဆရာကား အဘယ်မှာ ရှိသနည်း။ ပြဿနာ ၌လေ့ကျက်သော ဆရာကား အဘယ်မှာ ရှိသနည်း။ လောကီ ပညာ ကို ဘုရားသခင် သည် မိုက် စေတော်မူသည် မ ဟုတ်လော။ **(aiōn g165)** ၂၁ အဘယ်သို့ နည်းဟူမူကား၊ ဘုရားသခင် ၏ ပညာ တော်စီရင်သည်နှင့်အညီ၊ လောကီသား တို့သည် မိမိ တို့ပညာ အားဖြင့် ဘုရားသခင် ကို မ သိ ဘဲနေကြသောအခါ၊ ဘုရားသခင် သည် ယုံကြည် သော သူတို့ ကို ဒေသနာ တော် မိုက်မဲ ခြင်းအားဖြင့် ကယ်တင် ခြင်းဟူစေတနာ ရှိတော်မူ၏။ ၂၂ ယုဒ လူတို့သည် နိမိတ် လက္ခဏာကို တောင်း တတ်ကြ၏။ ဟေလသ လူတို့သည် ပညာ ကို ရှာ တတ်ကြ၏။ ၂၃ ငါ တို့မူကား ၊ လက်ဝါးကပ်တိုင် မှာ အသေခံတော်မူသော ခရစ်တော် ၏ အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒ အမျိုးသားထိမိ ၍ လဲစရာအကြောင်းဖြစ်၏။ တစ်ပါး အမျိုးသား၌ကား၊ မိုက်မဲ ခြင်းဖြစ်၏။ ၂၄ သို့သော်လည်း ၊ ယုဒ လူဖြစ်စေ၊ ဟေလသ လူဖြစ်စေ၊ ခေါ် တော်မူသောသူ တို့ ၌ ဘုရားသခင် ၏ တန်ခိုး တော်နှင့် ဘုရားသခင် ၏ပညာ တော်တည်းဟူသောခရစ်တော် ၏ တရားဖြစ်၏။ ၂၅ ဘုရားသခင် ၏မိုက်မဲ ခြင်းအရာသည် လူ တို့၏ ပညာထက်သာ၍ပညာ ရှိ ၏။ ဘုရားသခင် ၏ အားနည်း ခြင်းအရာသည် လူ တို့၏ အစွမ်းထက်သာ၍အစွမ်း ရှိ၏။ ၂၆ ညီအစ်ကို တို့၊ သင် တို့ကို ခေါ် တော်မူခြင်း အကြောင်း အရာကို ဆင်ခြင် ကြလော့။ ခေါ် တော်မူသော သူတို့တွင် လောကီ ပညာရှိ အများ မ ပါ။ ထင်ရှားသော လူ ကြီးအများ မ ပါ။ မင်းအမျိုးအနွယ်ဖြစ်သော သူအများ မ ပါ။ ၂၇ ဘုရားသခင် သည် ပညာရှိ တို့ကို ရှက်ကြောက် စေခြင်းငှာ ၊ လောကီ အရာ၌ မိုက်မဲ သော သူ တို့ကို ရွေးကောက် တော်မူ၏။ အစွမ်း သတ္တိရှိသော သူ တို့ကို ရှက်ကြောက် စေခြင်းငှာ ၊ လောကီ အရာ၌ အားနည်း သော သူ တို့ကို ရွေးကောက် တော်မူ၏။ ၂၈ မြတ်သောသူတို့ကို ရှက်ကြောက် စေခြင်းငှာလောကီ အရာ ၌ ဆင်းရဲ သောသူ၊ မ ရေရာ သောသူ ၊ ယုတ် သောသူ တို့ကို ရွေးကောက် တော်မူ၏။ ၂၉ ထိုကြောင့် ၊ ဘုရားသခင် ရှေ့၌ အဘယ်သူမျှ ဝါကြွား စရာ အကြောင်းမ ရှိ။ ၃၀ ထိုဘုရားသခင် အားဖြင့် သင် တို့သည် ယေရှု ခရစ် ၌ တည်နေကြ၏။ ထိုသခင် မူကား ၊ ဘုရားသခင်စီရင် တော်မူသည်အတိုင်း၊ ငါ တို့ ၌ ပညာ မှစ၍ဖြောင့်မတ် ခြင်း၊ သန့်ရှင်း ခြင်း၊ ရွေးနှုတ် ခြင်းဖြစ်တော်မူ၏။ ၃၁ သို့ ဖြစ်၍ ၊ ကျမ်းစာ လာသည်နှင့်အညီ ၊ ဝါကြွား သောသူ မည်သည်ကား၊ ထာဝရ ဘုရား၌ သာဝါကြွား စေ။

၂ ညီအစ်ကို တို့၊ ငါ သည်သင် တို့ရှိရာ သို့ ရောက်လာ သောအခါ၊ ဘုရားသခင် ၏ သက်သေ ချက်ကို ထူးမြတ်သောစကား နှင့် ထူးမြတ် သော ပညာ အားဖြင့် သင် တို့အား ပြသ ၍ ရောက်လာ သည်မ ဟုတ်။ ၂ အကြောင်းမူကား ၊ ယေရှု ခရစ် တည်းဟူသောလက်ဝါးကပ်တိုင် မှာ အသေခံတော်မူသော သခင် မှတစ်ပါး ၊ အဘယ် အရာကိုမျှ သင် တို့တွင် ငါမ သိ မ မှတ်ဟု ငါစိတ် ပြဋ္ဌာန်း ခြင်းရှိ၏။ ၃ သင် တို့နှင့်အတူ ငါရှိနေသောအခါ၊ အားနည်း

ခြင်း၊ အလွန် ကြောက်ရွံ့ တုန်လှုပ် ခြင်းနှင့်တကွ ငါ ရှိ နေ၏။ ၄ သင် တို့၏ယုံကြည် ခြင်းသည် လူ ပညာ အားဖြင့် မ တည် ၊ ၅ ဘုရားသခင် ၏ တန်ခိုး တော်အားဖြင့် တည်စေခြင်းငှာ ၊ ငါ့ စကား ၊ ငါ့ ဒေသနာ သည် လူပညာ နှင့် ယှဉ်သောဖြားယောင်း သောစကား နှင့်တကွ ရှိသည် မ ဟုတ်။ ဝိညာဉ် တော်၏နိမိတ် လက္ခဏာ တန်ခိုး တော်နှင့်တကွ ရှိ၏။ ၆ သို့သော်လည်း ၊ စုံလင် သော သူတို့အား ငါတို့သည် ပညာ စကားကို ဟောပြော ၏။ ထိုသို့ဆိုသော်၊ လောကီ ပညာကို မ ဆိုလို။ ပြုယ်ပျောက် တတ်သော လောကီ မင်း တို့၏ ပညာ ကိုမ ဆိုလို။ **(aiōn g165)** ၇ ဤ ကမ္ဘာ မ တည်မရှိမှီ၊ ငါ တို့၏ ဘုန်း အသရေ ဖြစ်စေခြင်းငှာ ၊ ဘုရားသခင် စီရင် တော်မူသော ပညာ၊ နက်နဲ သောအရာ၌ ဝှက်ထား သော ဘုရားသခင် ၏ ပညာ ကို ငါတို့သည်ပြသ ကြ၏။ **(aiōn g165)** ၈ ထို ပညာကို လောကီ မင်း တစ်စုံတစ်ယောက် မျှမသိ ။ သိ လျှင် ၊ ဘုန်းကြီး တော်မူသောသခင် ကို လက်ဝါးကပ်တိုင် မှာကွပ်မျက်ကြပြီ။ **(aiōn g165)** ၉ ကျမ်းစာ လာသည်နှင့်အညီ ၊ ဘုရားသခင် ကို ချစ် သော သူ တို့အဘို့အလိုငှာ၊ ဘုရားသခင်ပြင်ဆင် တော်မူသော အရာ တို့ကို လူ မျက်စိ ဖြင့်မ မြင် ၊ နား ဖြင့်မ ကြား ၊ စိတ် နှလုံးဖြင့် မ ကြံစည် သေး။ ၁၀ ထိုအရာတို့ကို ဘုရားသခင် သည် မိမိ ဝိညာဉ် တော်အားဖြင့် ငါ တို့အားဖော်ပြ တော်မူ၏။ ဝိညာဉ် တော် သည် ဘုရားသခင် ၏ နက်နဲ သော အရာတိုင်အောင်ခပ်သိမ်း သောအရာတို့ကိုစစ် တော်မူ၏။ ၁၁ လူ ၏နက်နဲသော အရာကို လူ ၌ ရှိသောမိမိ စိတ် ဝိညာဉ်မှတစ်ပါး အဘယ်သူ သိ သနည်း။ ထိုနည်းတူ ဘုရားသခင် ၏ နက်နဲသောအရာကို ဘုရားသခင် ၏ ဝိညာဉ် တော်မှတစ်ပါး အဘယ်သူ မျှမ သိ ။ ၁၂ ငါ တို့သည် လောကီ ဝိညာဉ် ကို မ ခံရ ကြ။ ဘုရားသခင် ပေး တော်မူသောအရာ တို့ကို သိ ခြင်းအလိုငှာ ဘုရားသခင် ထံမှ ကြွလာသော ဝိညာဉ် ကိုခံရကြပြီ။ ၁၃ ဘုရားသခင်ပေးတော်မူသော အရာတို့ကို ငါ တို့သည် လူ ပညာ ကိုအမှီပြု ၍ နားလည်သောစကား နှင့် မ ဟော ။ သန့်ရှင်းသော ဝိညာဉ် တော်သည် ဝိညာဉ် နှင့် စပ်ဆိုင်သော အရာကို ဝိညာဉ် စကားအားဖြင့်ဖွင့်ပြ ၍ ပဲ့ပြင် တော်မူသော စကားနှင့် ငါတို့သည် ဟော ကြ၏။ ၁၄ ဇာတိ ပကတိလူ သည် ဘုရားသခင် ၏ ဝိညာဉ် တော်အရာ တို့ကို မ ခံ မယူ။ ထိုအရာတို့သည် မိုက်မဲ သော အရာဖြစ် သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ် အားဖြင့်သာ ပိုင်းခြား ၍နားလည်နိုင်သောကြောင့် ၊ ဇာတိပကတိလူသည် နား မ လည်နိုင် ။ ၁၅ ဝိညာဉ် လူမူကား ၊ ထိုအရာအလုံးစုံ တို့ကို ပိုင်းခြား ၍ နားလည်တတ်၏။ သို့သော်လည်း ထိုလူ ကို အဘယ်သူ မျှပိုင်းခြား ၍ မသိနိုင်။ ၁၆ ထိုလူ ကို သွန်သင် နိုင်မည်အကြောင်း အဘယ်သူ သည် ထာဝရ ဘုရား၏ စိတ် တော်ကို သိ သနည်း။ ငါ တို့မူကား ခရစ်တော် ၏စိတ် ကို ခံရ ကြ၏။

၃ ညီအစ်ကို တို့၊ အထက်က ငါ သည် ဝိညာဉ် လူတို့အား ဟောပြောသကဲ့သို့ သင် တို့အား ဟောပြော ရသော အခွင့်မ ရှိ ဘဲ၊ ဇာတိ ပကတိလူတို့အားငင်း၊ ခရစ်တော် ၌ သူငယ် ကလေးတို့အားငင်း၊ ဟောပြောသကဲ့သို့ ဟောပြောရ၏။ ၂ ယခုတိုင်အောင်သင် တို့သည် ခဲဘွယ် စားဘွယ်ကို မ ကြေနိုင် သောကြောင့် ငါမ ကျွေးရ၊ နို့ ကိုသာ တိုက် ရ ၏။ ယခုပင် လည်း ၊ သင်တို့သည် မ ကြေနိုင် ကြသေး ။ ၃ ယခုပင်လည်း၊ ဇာတိ ပကတိလူဖြစ် ကြသေး ၏။ ဂုဏ်ပြိုင် ခြင်း၊ ရန်တွေ့ ခြင်း၊ အချင်းချင်း ကွဲပြားခြင်း ရှိသည်ဖြစ်၍ ၊ သင် တို့သည်ဇာတိ ပကတိ လူဖြစ် ကြသည်

မ ဟုတ်လော။ လောကီ ထုံးစံအတိုင်း ကျင့်ဆောင် ကြသည် မဟုတ်လော။ ၄ တစ်ယောက် က၊ ငါ သည်ပေါလု တပည့်ဖြစ် ၏ ဟူ၍ငင်း၊ တစ်ယောက် က၊ ငါ သည်အာပေါလု တပည့်ဖြစ်၏ ဟူ၍ငင်း၊ အသီးသီးပြော ကြလျှင် ၊ ဇာတိပကတိလူ ဖြစ် ကြသည်မ ဟုတ်လော။ ၅ ပေါလု ကား အဘယ်သူ နည်း။ အာပေါလု ကား အဘယ်သူ နည်း။ အခြားသောသူမဟုတ်၊ ထာဝရ ဘုရား သည် အသီးသီး တို့အား အခွင့်ပေး သနားတော်မူသည်နှင့်အညီ ၊ သင်တို့ကို ယုံကြည် ခြင်းသို့ ရောက်စေသော ဓမ္မဆရာ ပေတည်း။ ၆ ငါ သည်စိုက်ပျိုး သောသူဖြစ်၏။ အာပေါလု သည် ရေလောင်း သော သူဖြစ်၏။ အပင်ကိုကြီးပွား စေသော သူ ကား ၊ ဘုရားသခင် ပေတည်း။ ၇ စိုက်ပျိုး သောသူ မ တတ်နိုင်။ ရေလောင်း သော သူ လည်း မ တတ်နိုင်။ ကြီးပွား စေတော်မူသော ဘုရားသခင် သာလျှင် တတ်နိုင်တော်မူ၏။ ၈ သို့သော်လည်း ၊ စိုက်ပျိုး သောသူ နှင့် ရေလောင်း သောသူ သည် တစ်လုံးတစ်ဝတည်း ဖြစ် ၍ ၊ အသီးအသီး မိမိ လပ် သည်အတိုင်း မိမိ အကျိုး ကို ခံရ လိမ့်မည်။ ၉ ငါတို့သည် ဘုရားသခင့် ထံ၌အလုပ် လုပ်သော သူချင်းဖြစ် ကြ၏။ သင်တို့သည် ဘုရားသခင် ၏ ဥယျာဉ် တော်ဖြစ်ကြ၏။ ဘုရားသခင် ၏ ကျောင်း တော်တိုက်လည်း ဖြစ် ကြ၏။ ၁၀ ဘုရားသခင် ၏ကျေးဇူး တော်ကို ငါ ခံရ သည်နှင့်အညီ ၊ လိမ္မာ သော ဗိသုကာ ကဲ့သို့ တိုက်မြစ် ကိုချ ပြီ။ အခြား သောသူသည် ထပ်ဆင့်၍ တည်ဆောက်လေ ၏။ သို့ရာတွင် ၊ အဘယ်သို့ ထပ်ဆင့်၍ တည်ဆောက် သည်ကို လူတိုင်းသတိပြု ပါစေ။ ၁၁ အကြောင်းမူကား ၊ ယေရှု ခရစ် တည်းဟူသော ၊ ချ လျက်ရှိသော တိုက်မြစ် မှတပါး အခြား သော တိုက်မြစ်ကို အဘယ်သူ မျှမချ နိုင် ။ ၁၂ ထို တိုက်မြစ် အပေါ် ၌ရွှေ ၊ ငွေ ၊ ကျောက် ကောင်း ၊ သစ်သား ၊ မြက်ပင် ၊ ကောက်ရိုး များကို ထပ်ဆင့်၍ တည်ဆောက် သောသူရှိသမျှ ၊ ၁၃ အသီးသီး လုပ်သော အလုပ် သည် ထင်ရှား လိမ့်မည် ။ အဘယ်သို့ နည်းဟူမူကား ၊ ဖော်ပြ ချိန် နေ့ရက် သည် မီး အားဖြင့် ထင်ရှား စေလိမ့်မည်။ လူ တိုင်းလုပ်သောအလုပ် သည် အဘယ်သို့ သော အလုပ်ဖြစ် သည်ကို မီး သည်စစ်ကြော စုံစမ်းလိမ့်မည်။ ၁၄ ထို တိုက်မြစ်အပေါ် ၌ ထပ်ဆင့်၍ တည်ဆောက် သော အကြင်သူ ၏ အလုပ် သည်မြဲ ၏။ ထိုသူသည် အကျိုး ကို ခံရ လိမ့်မည်။ ၁၅ အကြင်သူ ၏အလုပ် သည် ကျွမ်းလောင် ၏၊ ထိုသူ သည် အနှုံး ခံရလိမ့်မည်။ သို့သော်လည်း ၊ မီး နှင့် လွတ် သကဲ့သို့ သူသည် ကယ်တင် ခြင်းသို့ ရောက်လိမ့်မည်။ ၁၆ သင်တို့သည် ဘုရားသခင် ၏ ဗိမာန် တော် ဖြစ် ကြသည်ကိုငင်း ၊ ဘုရားသခင် ၏ဝိညာဉ် တော်သည် သင် တို့အထဲ ၌ ကျိန်းဝပ် တော်မူသည်ကိုငင်း မ သိ ကြသလော။ ၁၇ အကြင်သူ သည် ဘုရားသခင် ၏ ဗိမာန် တော်ကို ဖျက်ဆီး ၏။ ထို သူကို ဘုရားသခင် ဖျက်ဆီး တော်မူလိမ့်မည်။ ဘုရားသခင် ၏ ဗိမာန် တော်သည် သန့်ရှင်း ရ၏။ သင် တို့သည်လည်း၊ ထိုဗိမာန် တော် ဖြစ် ကြ၏။ ၁၈ အဘယ်သူ မျှ ကိုယ် ကို မလှည့်ဖြား စေနှင့်။ သင် တို့တွင် အကြင်သူ သည် ဤ လောက ၌ ပညာရှိ ဖြစ် သည်ဟု ကိုယ်ကိုထင် ၏။ ထိုသူသည်ပညာရှိ အဖြစ် သို့ ရောက်လိုသောငှာ လူမိုက် ဖြစ် ပါစေ။ **(aiōn g165)** ၁၉ အကြောင်းမူကား ၊ လောကီ ပညာ သည် ဘုရားသခင့် ရှေ့၌ မိုက်မဲ ခြင်းဖြစ် ၏။ ကျမ်းစာ လာသည်ကား ၊ ဘုရားသခင် သည် ပညာရှိ တို့ကို သူ တို့၏ ပရိယာယ် အားဖြင့် ဘမ်းဆီး တော်မူ၏ဟု လာသတည်း။ ၂၀ တစ်ဖန်တုံ ၊ပညာရှိ တို့၏ အကြံအစည် တို့သည်

အချည်းနှီး ဖြစ် ကြောင်း ကို ထာဝရ ဘုရားသိ တော်မူ၏ဟု လာသတည်း။ ၂၁ ထိုသို့ ဖြစ်လျှင်၊ အဘယ်သူ မျှလူတို့ ၌ ဝါကြွား ခြင်းမရှိစေနှင့်။ ခပ်သိမ်း သောအရာတို့သည် သင် တို့ အဘို့ ဖြစ် ကြ၏။ ၂၂ ပေါလု ဖြစ်စေ ၊ အာပေါလု ဖြစ်စေ ၊ ကေဖ ဖြစ်စေ ၊ ဤလောက ဖြစ်စေ ၊ အသက် ရှင်ခြင်းဖြစ်စေ ၊ သေ ခြင်း ဖြစ်စေ ၊ မျက်မှောက် အရာဖြစ်စေ ၊ နောက် လာလတံ့သော အရာဖြူစေ ၊ ခပ်သိမ်း သော အရာတို့သည် သင် တို့အဘို့ ဖြစ်ကြ၏။ ၂၃ သင် တို့သည်လည်း ၊ ခရစ်တော် အဘို့ ဖြစ်ကြ၏။ ခရစ်တော် သည်လည်း ဘုရားသခင် အဘို့ ဖြစ်တော်မူ၏။

၄ ခရစ်တော် ၏ အစေအပါး ကဲ့သို့ ၎င်း ၊ ဘုရားသခင် ၏ နက်နဲ သောအရာတို့ကို စောင့်သော ဘဏ္ဍာစိုး ကဲ့သို့ဎင်း၊ သူတစ်ပါး သည် ငါ တို့ကို မှတ် ပါစေ။ ၂ ထိုမှတပါး ၊ ဘဏ္ဍာစိုး မည်သည်ကား၊ သစ္စာရှိ ရမည်။ ၃ သင် တို့မှစ၍အခြားသောလူ များတို့သည် ငါ့ ကို သစ္စာမရှိဟုစီရင် သော်လည်း ၊ ငါသည်အမှုမထား။ ငါ့ ကိုယ်ကိုငါမ စီရင် ။ ၄ အကြောင်းမူကား ၊ ကိုယ်စိတ် သည် ကိုယ် ကို အပြစ်မ တင်။ သို့သော်လည်း ၊ ထို အကြောင်းဖြင့် ငါသည် အပြစ် လွတ်သည်မ ဟုတ်။ ငါ့ ကို စီရင် သောသူ ကား ၊ ထာဝရ ဘုရားပေတည်း။ ၅ ထိုသို့ ဖြစ်လျှင်မှောင်မိုက် ၌ ဝှက်ထား သော အရာတို့ကို ပွင့်လင်း စေ၍ စိတ် နှလုံးအကြံအစည် များကို ထင်ရှား စေလတံ့သော သခင် ဘုရားကြွလာ တော်မ မူမှီ တိုင်အောင် အဘယ် အမှုကိုမျှ အဆုံးအဖြတ်မ စီရင် ကြနှင့်။ ကြွလာတော်မူသောအခါ၊ အသီးသီး တို့သည် ဘုရားသခင် ချီးမွမ်း တော်မူခြင်းကျေးဇူးကို ခံရ ကြလတံ့။ ၆ ညီအစ်ကို တို့၊ သင် တို့သည် ကျမ်းစာ ကို လွန် ၍ သူတစ်ပါးကို မ ရိုသေ အပ်ဟု ငါ တို့ကိုထောက်၍ နားလည် စေခြင်းငှာ ငှင်း၊ မာန စိတ်ထောင်လွှားသည်နှင့် တစ် ယောက်ကိုမှီဝဲ၍တစ် ယောက်ကိုငြင်းဆန် ခြင်းမ ရှိစေခြင်းငှာ ငှင်း၊ ငါဆိုခဲ့ပြီးသောအချက်၌ သင်တို့၏ အကျိုးကို ထောက်၍ ငါ နှင့် အာပေါလု ကို ပုံဆောင် လျက် ဆိုသတည်း။ ၇ ထိုမှတစ်ပါး၊ အဘယ်သူ သည် သင့် ကိုထူးခြား စေသနည်း။ သူတစ်ပါးလက်မှ မ ခံ မယူဘဲ အလိုအလျောက် ရသော အရာတစ်စုံတစ်ခုမျှ သင်၌ရှိ သလော။ သူတစ်ပါးလက်မှ ခံယူ သည်မှန် လျှင် ၊ မ ခံ မယူသကဲ့သို့ အဘယ်ကြောင့် ဝါကြွား သနည်း။ ၈ ယခု တွင်သင် တို့သည် ကြွယ်ဝကြ၏။ ငွေရတတ် ကြ၏။ ငါ တို့ မ ရှိစဉ်တွင်စိုးစံ ကြ၏။ ငါ တို့သည် သင် တို့နှင့်အတူစိုးစံ ရသော အခွင့်ရှိ မည်အကြောင်း၊ သင်တို့ကို အမှန် စိုးစံ စေခြင်းငှာ အလိုရှိ ၏။ ၉ သတ် ဘို့ရာထားသောသူကဲ့သို့ အခြားသော သူများနောက် ၌ တမန်တော် တည်းဟူသောငါ တို့ကို ဘုရားသခင် ထုတ်ပြ တော်မူသည်ဟု ငါထင် ၏။ အကြောင်းမူကား ၊ ငါတို့သည် လောကီသား များနှင့် ကောင်းကင် တမန်များ မျက်မှောက် ၌ ပွဲဝင် သောသူ ဖြစ်ကြ ၏။ ၁၀ ငါ တို့သည် ခရစ်တော် ၏ အကြောင်း ကြောင့် လူမိုက် ဖြစ်ကြ၏။ သင် တို့မူကား ၊ ခရစ်တော် ၌ ပညာရှိ ဖြစ်ကြ၏။ ငါ တို့သည် အားနည်း သောသူ ဖြစ်ကြ၏။ သင် တို့မူကား ၊ အစွမ်း သတ္တိနှင့် ပြည့်စုံသောသူ၊ အသရေ ရှိသောသူဖြစ်ကြ၏။ ငါ တို့သည် အရှက်အကြောက် ခံရသော သူဖြစ်၍ ၊ ၁၁ ယခု တိုင်အောင် အစား အသောက်ငတ်မွတ်ခြင်း၊ အဝတ် နွမ်းပါးခြင်း၊ ရိုက်ပုတ် ညှဉ်းဆဲခြင်းကို ခံရကြ၏။ နေရာ မကျသောသူ၊ ၁၂ ကိုယ် လက် နှင့် ပင်ပန်း စွာ လုပ်ဆောင် ရသောသူ ဖြစ်ကြ၏။ ကဲ့ရဲ့ ခြင်းကို ခံရသောအခါ မေတ္တာပို့ ကြ၏။ ညှဉ်းဆဲ နှိပ်စက်ခြင်းကို ခံရသောအခါ သည်းခံ ကြ၏။ ၁၃ အသရေ ရှုတ်ချခြင်းကို ခံရသောအခါ တောင်းပန်

ကြ၏။ ဤလောက ၏ အညစ်အကြေး ကဲ့သို့ ၎င်း၊ အရပ်ရပ် ထဲက လှည်းပစ်သော တန်မြက်ချေး အမှိုက် ကဲ့သို့ဥင်း၊ ယခု တိုင်အောင် ဖြစ် ကြ၏။ ၁၄ သင် တို့သည် ရှက် စေခြင်းငှာဤသို့ ငါရေး သည် မ ဟုတ်။ သင် တို့ကို ချစ် သား ကဲ့သို့ မှတ်၍ သတိပေး ၏။ ၁၅ သင် တို့တွင် ခရစ်တော် ၏အကြောင်း ကို သင်ပေး သော ဆရာတစ်သောင်း ရှိငြား သော်လည်း၊ အဘ အများ မ ရှိ။ ဧဝံဂေလိ တရားအားဖြင့် ငါ သည် သင် တို့ကို ယေရှု ခရစ် ၌ ဖြစ်ဘွား စေပြီ။ ၁၆ သို့ ဖြစ်၍၊ ငါ ကျင့်သည်နည်းတူသင် တို့သည် ကျင့် ကြမည်အကြောင်း ငါနှိုးဆော်တောင်းပန် ၏။ ၁၇ ထို အကြောင်း ကြောင့် သခင် ဘုရား၌ သစ္စာရှိ သောငါ ၏ချစ် သား တိမောသေ ကို သင် တို့ဆီသို့ ငါ စေလွှတ် ၏။ ခပ်သိမ်း သော အရပ်တို့ ၌ ခပ်သိမ်း သော အသင်းတော် တို့ကို ငါသွန်သင် သည်နှင့်အညီ ၊ ငါ သည် ခရစ်တော် ၌ ကျင့် သော အကျင့်ဓလေ့များကို သင် တို့သည် မှတ်မိ စေခြင်းငှာသူသည် ပြသတိုက်တွန်းလိမ့်မည်။ ၁၈ ငါ သည်သင် တို့ဆီသို့ ကိုယ်တိုင်မ လာ ဟု အချို့သော သူတို့သည် ထင်မှတ်သည်နှင့်၊ မာန ထောင်လွှားခြင်း ရှိကြ၏။ ၁၉ သို့သော်လည်း သခင် ဘုရားသည် အလို တော်ရှိ လျှင် ငါသည် မြန်မြန် လာ မည်။ လာသောအခါ မာန ထောင်လွှားသောသူ တို့၏ စကား ကို သိမှတ် မည်မ ဟုတ်။ သူတို့၏တန်ခိုး ကို သိမှတ်မည်။ ၂၀ အကြောင်းမူကား ၊ ဘုရားသခင် ၏နိုင်ငံ တော်သည် စကား ၌ တည်သည်မ ဟုတ်၊ တန်ခိုး ၌ တည်၏။ ၂၁ သင် တို့သည် အဘယ်သို့ အလိုရှိသနည်း။ ငါသည်နှင်တံ နှင့် သင် တို့ဆီသို့ လာရ မည်လော။ သို့မဟုတ် မေတ္တာ နှင့် ၎င်း၊ နူးညံ့ သိမ်မွေ့သော စိတ် နှင့် ၎င်း၊ လာရမည်လော။

၅ မတရား သောမေထုန်သာမည မဟုတ်၊ အဘ ၏ မယား ကို သိမ်းယူ ခြင်းတည်းဟူသောသာသနာပ လူတို့ တွင် ပင် မ ကြားရသော မေထုန် ၌မှီဝဲသော သူသည် သင် တို့တွင် ရှိကြောင်းကို အနှံ့အပြားကျော်စော ကြ၏။ ၂ ထိုသို့ပြူ သောသူ ကို သင် တို့အထဲ မှ နှင်ထုတ် မည် အကြောင်း ၊ စိတ်မသာ ညည်းတွားခြင်းကိုမ ပြု၊ မာန ထောင်လွှားလျက် နေ ကြ၏။ ၃ ထိုကြောင့် ငါ သည် ကိုယ်ခန္ဓါ အားဖြင့် သင်တို့နှင့်ကွာ လျက် ရှိသော်လည်း ၊ ဝိညာဉ် အားဖြင့် မ ကွာ၊ ကိုယ်တိုင်သင်တို့နှင့်အတူရှိ သကဲ့သို့ ထိုသို့ကျင့် သောသူ ကို ယခုပင် ငါစီရင် ပြီ။ ၄ စီရင်ချက်ဟူမူကား၊ ငါ တို့သခင် ယေရှု ခရစ်၏ အခွင့် အားဖြင့် သင် တို့သည် ငါ့ ဝိညာဉ် နှင့်အတူ စည်းဝေး ပြီးမှငါ တို့သခင် ယေရှု ခရစ်၏ တန်ခိုး တော်ကို အမှီပြု၍ ၊ ၅ ထိုသူ ၏ဝိညာဉ် သည် ယေရှု ခရစ်၏နေ့ရက် ၌ ကယ်တင် ခြင်းသို့ ရောက်မည်အကြောင်း ၊ သူ ၏ကိုယ်ခန္ဓါ ပျက်စီး ဘို့ရာ သူ့ကိုစာတန် လက်သို့ အပ်နှံ ကြစေဟု ငါစီရင်၏။ ၆ သင် တို့၏ ဝါကြွား ခြင်းသည် မ ကောင်း မသင့် ဖြစ်၏။ အနည်းငယ် သောတဆေး သည် မုန့်စိမ်းတပုံ လုံး ကို ဖောင်းကြွ စေတတ်သည်ကို မ သိ ကြသလော။ ၇ သင်တို့သည် တဆေးမဲ့ ဖြစ် သည်နှင့်အညီ ၊ အသစ် သော မုန့်စိမ်း ဖြစ် မည်အကြောင်း ၊ ဟောင်း သော တဆေး ကို သုတ်သင် ပယ်ရှင်းကြလော့။ အကြောင်းမူကား ၊ ခရစ်တော် တည်းဟူသောငါ တို့ပသခါ သိုးသငယ်သည် ငါတို့အဘို့ ယဇ် ပူဇော်ရာဖြစ်၏။ ၈ ထိုကြောင့် ၊ ဟောင်း သောတဆေး ၊ ဆိုးညစ် မိုက်မဲ ခြင်းတဆေး တို့ကို ပယ်ပစ်၍၊ တဆေးမဲ့ မုန့်တည်းဟူသောကြည်ဖြူ ခြင်း၊ သစ္စာစောင့် ခြင်းနှင့် ပွဲ ခံကြ ကုန်အံ့။ ၉ သင် တို့သည် မတရား သောမေထုန်၌ မှီဝဲသောသူတို့နှင့် မ ပေါင်းဘော်မည် အကြောင်း၊ အထက်ဩဝါဒစာ ၌ ငါရေး ထားခဲ့ပြီ။ ၁၀ ထိုသို့ ရေးထားသော်၊

မတရား သောမေထုန်၌ မှီဝဲခြင်း၊ လောဘ လွန်ကျူးခြင်း၊ အနိုင် အထက်လုယူခြင်း၊ ရုပ်တု ကိုကိုးကွယ်ခြင်းအမှုကို ပြုသော လောကီသား တို့ နှင့် အလျှင်း မ ပေါင်းဘော်ရဟုမဆိုလို။ ထိုသို့ဆိုလျှင်၊ သင်တို့သည်လောကီ မှ ထွက်သွား ရ ကြမည်။ ၁၁ ယခု မူကား ညီအစ်ကို ဟု ခေါ်ဝေါ် သော သူသည် မတရား သောမေထုန်၌မှီဝဲခြင်း၊ လောဘ လွန်ကျူးခြင်း၊ ရုပ်တု ကိုးကွယ်ခြင်း၊ ဆဲရေး ကဲ့ရဲ့ခြင်း၊ သေရည် သေရက်နှင့် ယစ်မူးခြင်း၊ အနိုင် အထက်လုယူ ခြင်းမှစ၍ထိုသို့သောအမှုကို ပြုသောသူနှင့်မ ပေါင်းဘော်ရ သည်သာမက၊ ထိုသူနှင့်အတူ စား သောက်ခြင်းကိစ္စကိုမျှ မ ပြုရဟုဝါရေး ထား၍ ပညတ်၏။ ၁၂ ပြင် လူ တို့ကို စီရင် ခြင်းအမှုနှင့် ငါ သည် အဘယ်သို့ ဆိုင်သနည်း။ အတွင်း လူ တို့ကို သင် တို့စီရင် ရသည် မ ဟုတ်လော။ ၁၃ ပြင် လူတို့ကို ဘုရားသခင် စီရင် တော်မူလိမ့်မည်။ သို့ ဖြစ်၍ ထို ဆိုးညစ် သောသူကိုသင် တို့အထဲ မှနှင်ထုတ် ကြလော့။

၆ သင် တို့သည် အချင်းချင်း အမှု ရှိ လျှင် ၊ သန့်ရှင်း သူတို့ရှေ့၌ တရား စီရင်ခြင်းကို မ ခံဘဲသာသနာပ လူတို့ ရှေ့၌ ခံ ဝံ့သောသူတစ်စုံတစ်ယောက် ရှိသလော။ ၂ သန့်ရှင်း သူတို့သည် လောကီ နိုင်ငံကို တရား စီရင်မည်ဟု မ သိ ကြသလော။ သင် တို့သည် လောကီ နိုင်ငံကို စီရင် ရသည်မှန်လျှင် ၊ အငယ်ဆုံး သော အမှုများကို မ စီရင် ထိုက်သလော။ ၃ ငါတို့သည်ကောင်းကင်တမန် တို့ကို တရား စီရင်မည်ဟု မ သိ ကြသလော။ သို့ ဖြစ်၍ လောကီ အမှုကို စီရင် ထိုက်သည်မ ဟုတ်လော။ ၄ ထိုကြောင့် သင် တို့သည် လောကီ အမှုကိုစီရင် စရာရှိလျှင် ၊ အသင်းတော် ၌ အသရေ နည်းသောသူ တို့ကို တရားသူကြီး အရာ၌ ခန့်ထား ကြလော့။ ၅ ထိုသို့ဆိုသော် ၊ သင် တို့ရှက် စေခြင်းငှာပြောဆို ၏။ သင် တို့တွင် ပညာရှိ တစ်စုံတစ်ယောက်မျှ မ ရှိ သလော။ ညီအစ်ကို ချင်းတို့၏ အမှုကို စီရင် ဆုံးဖြတ်နိုင် သောသူ တစ်စုံတစ်ယောက်မျှမရှိသလော။ ၆ ညီအစ်ကို ချင်းတို့သည် တရား တွေ့သည် သာမက၊ မယုံကြည် သော သူတို့ရှေ့ ၌ပင် တရားတွေ့ပါ သည်တကား။ ၇ ထိုသို့ သင် တို့သည် အချင်းချင်း တရား တွေ့သည် အမှုမှာ အလွန်ကြီးစွာသော အပြစ်ရှိ ကြ၏။ တရားမတွေ့ဘဲ ညှဉ်းဆဲ ခြင်းကို အဘယ်ကြောင့် မ ခံသနည်း။ ၈ ကိုယ်ဥစ္စာရှုံး ခြင်းကို အဘယ်ကြောင့် မ ခံသနည်း။ ထိုသို့ သင်တို့သည် မခံဘဲ၊ ညီအစ်ကိုချင်းတစ်ယောက်ကိုတစ်ယောက်ညှင်းဆဲ ၍ ၊ ညီအစ်ကို ချင်းတို့၏ ဥစ္စာကိုသိမ်းယူ ကြသည်တကား ၊ ၉ မတရား သောသူတို့သည် ဘုရားသခင် ၏ နိုင်ငံ တော်ကို အမွေ မ ခံရသည်ကို သင်တို့မ သိ ကြ သလော။ အလွဲ မ ယူကြနှင့်။ မတရား သောမေထုန်၌ မှီဝဲသောသူ၊ ရုပ်တု ကိုကိုးကွယ်သောသူ၊ သူ့ မယားကို ပြစ်မှားသောသူ၊ ယောကျ်ား ချင်းမေထုန်ကိုပြုသောသူ၊ ထိုအမှုကိုခံသောသူ၊ ၁၀ သူ့ ဥစ္စာကိုခိုးသောသူ၊ လောဘ လွန်ကျူးသောသူ၊ သေရည် သေရက်နှင့်ယစ်မူးသောသူ၊ ဆဲရေး ကဲ့ရဲ့သောသူ၊ အနိုင် အထက်လုယူသော သူတို့သည် ဘုရားသခင် ၏ နိုင်ငံ တော်ကို အမွေ မ ခံရကြ။ ၁၁ အထက်ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ် ကြသော်လည်း ၊ ယခုတွင်သခင် ယေရှု ၏ နာမ တော်အားဖြင့် ၎င်း၊ ငါ တို့ဘုရားသခင် ၏ ဝိညာဉ် တော်အားဖြင့် ၎င်း ၊ ဆေးကြော သန့်ရှင်း ၍ ဖြောင့်မတ် ရာ သို့ ရောက်ကြပြီ။ ၁၂ ငါ သည် အပြစ်မသင့်ဘဲလျက်ခပ်သိမ်း သော အမှုအရာကို ပြု နိုင်သည် မှန်စေတော့။ ခပ်သိမ်း သော အမှုအရာကို ပြု သင့်သည်မ ဟုတ်။ အပြစ်မသင့်ဘဲလျက် ခပ်သိမ်း သော

အမှုအရာကိုပြု နိုင်သည်မှန်စေတော့။ အဘယ် အမှုအရာ၌ မျှ ငါ သည်ကျွန် မ ခံ။ ၁၃ အစား အသောက်တို့သည် ဝမ်း အဘို့ ၊ ဝမ်း သည်လည်း အစား အသောက်တို့ အဘို့ ဖြစ်သည်မှန်စေတော့။ သို့သော်လည်း ဘုရားသခင် သည် ထို နှစ် ပါးကို ဖျက်ဆီး တော်မူလိမ့်မည်။ ကိုယ်ခန္ဓာ သည် မတရား သောမေထုန် အဘို့ ဖြစ်သည်မ ဟုတ်။ သခင် ဘုရားအဘို့ ဖြစ်၏။ သခင် ဘုရားသည်လည်း ကိုယ်ခန္ဓာ အဘို့ ဖြစ်တော်မူ၏။ ၁၄ ဘုရားသခင် သည် တန်ခိုး တော်အားဖြင့် သခင် ဘုရားကို ထမြောက် စေတော်မူသည်ဖြစ်၍ ၊ ငါ တို့ကိုလည်း ထမြောက် စေတော်မူလိမ့်မည်။ ၁၅ သင် တို့ကိုယ်ခန္ဓာ သည် ခရစ်တော် ၏ အင်္ဂါဖြစ် ကြောင်း ကို မ သိ ကြသလော။ သို့ ဖြစ်လျှင် ၊ ခရစ်တော် ၏ အင်္ဂါကိုယူ ၍ ပြည်တန်ဆာ ၏ အင်္ဂါဖြစ် စေအပ် သလော။ မ ဖြစ်စေ အပ်။ ၁၆ အဘယ်သို့ နည်း။ ပြည်တန်ဆာ ၌ မှီဝဲ သောသူ သည်ထိုပြည်တန်ဆာနှင့် တစ်သား တစ်ကိုယ်တည်း ဖြစ် ကြောင်း ကို မ သိ ကြသလော။ ထိုသူနှစ် ယောက်တို့သည် တစ်သား တစ်ကိုယ်တည်း ဖြစ် ရလိမ့်မည်ဟု ကျမ်းစာလာ ၏။ ၁၇ သခင် ဘုရား၌ မှီဝဲ သော သူ သည် ထိုသခင်နှင့် တစ် စိတ် တစ်ဝိညာဉ်တည်းဖြစ် ၏။ ၁၈ မတရား သောမေထုန်ကိုကြဉ်ရှောင် ကြလော့။ လူ ပြု တတ်သော အခြားဒုစရိုက် ရှိသမျှ တို့သည် ကိုယ် ပြင် ၌ ရှိ ၏။ မတရား သော မေထုန်ကို ပြုသောသူ မူကား ၊ မိမိ ကိုယ် ကိုပင်ပြစ်မှား ၏။ ၁၉ အဘယ်သို့နည်း။ သင် တို့ကိုယ်ခန္ဓာ သည် ဘုရားသခင် ပေး သနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင် တို့အထဲ ၌ ကျိန်းဝပ်၍ သန့်ရှင်း သော ဝိညာဉ် တော်၏ ဗိမာန် ဖြစ် ကြောင်း ကိုငင်း၊ မိမိ တို့ကို မိမိတို့မ ပိုင် ကြောင်းကိုငင်း၊ မ သိ ကြသလော။ ၂၀ သင်တို့သည် အဘိုး နှင့် ဝယ် တော်မူသော သူဖြစ်သောကြောင့် ၊ ဘုရားသခင် ပိုင်တော်မူသောသင် တို့၏ ကိုယ်ခန္ဓာ နှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ် တော်ကိုထင်ရှားစေကြလော့။

၇ သင်တို့သည် ငါ့ထံသို့ပေး လိုက်သောစာ ၌ ပါ သောအရာမှာ၊ ယောကျ်ား သည် မိန်းမ နှင့်မ ဆက်ဆံ ဘဲ နေလျှင် ၊ ၂ ကောင်း သော်လည်း ၊ မတရား သောမေထုန်နှင့် ကင်းလွတ်မည် အကြောင်း၊ ယောကျ်ား တိုင်း မိမိ မယား ရှိ စေလော့။ မိန်းမ တိုင်း မိမိ လင် ရှိ စေလော့။ ၃ ယောကျ်ား သည် ဆက်ဆံခြင်းဝတ်ကို မိမိမယား အား ပြု စေလော့။ ထိုနည်းတူ ၊ မိန်းမ သည်လည်း ဆက်ဆံခြင်းဝတ်ကို မိမိလင် အား ပြုစေလော့။ ၄ မိန်းမ သည် မိမိ ကိုယ် ကိုမ ပိုင် ၊ လင် သည်ပိုင်၏။ ထိုနည်းတူ ယောကျ်ား သည်လည်း မိမိ ကိုယ် ကိုမ ပိုင် ၊ မယား သည်ပိုင်၏။ ၅ အချင်းချင်း ခင်ပွန်းဝတ်ကို မ ပယ် မရှောင်ကြနှင့်။ ထိုသို့ဆိုသော်၊ ဆုတောင်း ခြင်းဝတ်ကိုပြုရသော အခွင့်ရှိစေခြင်းငှာ၊ သဘောတူ ၍ ခင်ပွန်းဝတ်ကိုခဏ မျှ မရှောင်ရဟု မဆိုလို ။ ထိုသို့ ရှောင် လျှင် ၊ ကိုယ် ကိုမချုပ်တည်းနိုင်သောအားဖြင့် စာတန် သည် အပြစ် သို့ သွေးဆောင်ရသော အခွင့်မ ရှိစေခြင်းငှာ ၊ နောက် တဖန် အတူ နေ ကြလော့။ ၆ သို့ရာတွင်ပညတ် မ ထားဘဲအခွင့် ပေးခြင်း အားဖြင့် သာ ငါဆို ၏။ ၇ လူ အပေါင်း တို့သည် ငါ ကဲ့သို့ ဖြစ် စေခြင်းငှာငါအလိုရှိ ၏။ သို့သော်လည်း ၊ လူအသီးအသီး တို့သည် ဘုရားသခင် ပေးသနားတော်မူသည်အတိုင်း အသီးအသီး သော ဆု ကျေးဇူးကို ခံရ ကြ၏။ ၈ ထိုကြောင့် မယား မရှိသောသူ တို့နှင့် မုတ်ဆိုးမ တို့ကို ငါဆို သည်ကား၊ ထို သူ တို့သည် ငါ ကဲ့သို့ နေလျှင် ကောင်း ၏။ ၉ သို့သော်လည်း ၊ ကာမဂုဏ်ကို မ ချုပ်တည်း နိုင်လျှင် ထိမ်းမြား စုံဘက်ခြင်းကို

ပြုကြစေ။ ကိလေသာ စိတ်ပူပန်ခြင်းရှိ သည်ထက် ထိမ်းမြား စုံဘက်ခြင်းပြုသော် သာ၍ ကောင်း၏။ ၁၀ ခင်ပွန်း ရှိသော သူ တို့ကိုလည်း ၊ ငါပညတ် သည် သာမက၊ သခင်ဘုရား ပညတ်တော်မူသည်ကား ၊ မယား သည် မိမိခင်ပွန်း ကို မ စွန့်ပစ် စေနှင့်။ ၁၁ စွန့်ပစ် လျှင် ခင်ပွန်း မရှိဘဲနေ စေ။ သို့မဟုတ် လျှင်၊ ခင်ပွန်း ဟောင်းထံသို့ ပြန်၍ အသင့်အတင့် နေစေ။ ယောကျ်ား သည်လည်း မိမိမယား နှင့် မ ကွာ စေနှင့်။ ၁၂ ကြွင်း သောသူ တို့ကိုသခင် ဘုရားသည် ကိုယ်တိုင်မ ပညတ်ဘဲ၊ ငါ ပညတ် သည်ကား ၊ တစ်စုံတစ်ယောက် သော ညီအစ်ကို သည်မယုံကြည် သော မယား ရှိ ၍၊ ထိုမယား သည် မိမိခင်ပွန်း နှင့် နေ ခြင်းဌာအလိုရှိ လျှင် မ ကွာ စေနှင့်။ ၁၃ ထိုနည်းတူမိန်းမ သည်လည်း ၊ မယုံကြည် သော ခင်ပွန်း ရှိ ၍၊ ထိုခင်ပွန်း သည် မိမိမယား နှင့် နေ ခြင်းဌာအလိုရှိ လျှင် မ ကွာ စေနှင့်။ ၁၄ အကြောင်းမူကား ၊ မယုံကြည် သောလင် သည် မိမိမယား အဘို့ စင်ကြယ် ၏။ မယုံကြည် သော မယား သည်လည်း မိမိလင် အဘို့ စင်ကြယ် ၏။ သို့မဟုတ် လျှင်သင် တို့၏ သားသမီး သည် မ စင်ကြယ်။ ယခု တွင် စင်ကြယ် ကြ ၏။ ၁၅ သို့သော်လည်း မယုံကြည် သောသူ သည် ကွာ သွားလိုလျှင် ကွာ သွားစေ။ ထိုသို့ပြုလျှင်တပည့်တော် သည် ယောကျ်ား ဖြစ်စေ ၊ မိန်းမ ဖြစ်စေ၊ ချည်နှောင် ခြင်းမ ရှိ။ ငါတို့သည် အသင့်အတင့်နေစေခြင်းဌာဘုရားသခင် ၏ ပညတ် တော်ရှိ၏။ ၁၆ အချင်းမိန်းမ ၊ သင်သည်ကိုယ် ခင်ပွန်း ကို ကယ်တင်မည် ၊ မကယ်တင်မည်ကို အဘယ်သို့သိ သနည်း။ အချင်းယောကျ်ား ၊ သင်သည် ကိုယ် ခင်ပွန်း ကို ကယ်တင်မည် ။ မကယ်တင်မည်ကို အဘယ်သို့ သိ သနည်း။ ၁၇ သခင် ဘုရားသည် လူ အသီးအသီးတို့အား ဝေ့ တော်မူ၍၊ ဘုရားသခင် သည် လူအသီးအသီး တို့ကို ခေါ် တော်မူသည်နှင့် လျော်စွာလူတိုင်းကျင့် နေစေ။ ခပ်သိမ်း သော အသင်းတော် တို့ကို ထိုသို့ ငါပညတ် ၏။ ၁၈ အရေဖျားလှီး ခြင်းကို ခံသောသူ သည် ခေါ် တော်မူခြင်းကျေးဇူးကိုခံရလျှင်၊ အရေဖျားလှီးခြင်းကို မ စွန့် စေနှင့်။ အရေဖျားလှီး ခြင်းကို မခံသောသူ သည်လည်း ခေါ် တော်မူခြင်းကျေးဇူးကိုခံရလျှင်၊ အရေဖျားလှီး ခြင်းကို မ ခံစေနှင့်။ ၁၉ အရေဖျားလှီး ခြင်းအားဖြင့် အကျိုး မ ရှိ။ မခံဘဲ နေခြင်းအားဖြင့် လည်း အကျိုးမ ရှိ ။ ဘုရားသခင် ၏ ပညတ် တော်တို့ကို စောင့်ရှောက် ခြင်းအားဖြင့်သာ အကျိုးရှိ၏။ ၂၀ ခေါ် တော်မူခြင်းကျေးဇူးကို ခံရသောသူ သည် အကြင်အမှု ကို လုပ် နေ၏။ ထိုသို့ လူတိုင်းလုပ်နေ စေ။ ၂၁ အစေခံ ကျွန်ဖြစ်၍ခေါ် တော်မူခြင်းကျေးဇူးကို ခံရ လျှင် စိုးရိမ် ခြင်းမ ရှိနှင့်။ သို့သော်လည်း လွတ် ခြင်းသို့ ရောက် နိုင်လျှင် လွတ် ရသော အခွင့်ကိုသာ၍ သုံးဆောင် လော့။ ၂၂ အကြောင်းမူကား ကျွန် ဖြစ်စဉ်၊ သခင် ဘုရား ခေါ် တော်မူခြင်းကို ခံရသောသူ သည် သခင် ဘုရား၏ လူ လွတ်ဖြစ် ၏။ ထိုနည်းတူ လူ လွတ်ဖြစ်စဉ်၊ ခေါ် တော်မူခြင်းကို ခံရသောသူ သည် ခရစ်တော် ၏ ကျွန် ဖြစ် ၏။ ၂၃ သင်တို့သည် အဘိုး နှင့်ဝယ် တော်မူသောသူ ဖြစ်၍၊ လူ ထံ၌အလိုအလျောက်ကျွန် မ ခံ ကြနှင့်။ ၂၄ ညီအစ်ကို တို့၊ ခေါ် တော်မူခြင်းကျေးဇူးကို ခံရသောသူသည် အကြင်အမှု ကို လုပ်နေ၏။ ထိုသို့ ဘုရားသခင့် ရှေ့တော်၌ လူ တိုင်းလုပ်နေ စေ။ ၂၅ ခင်ပွန်း မရှိသောသူ တို့၏ အမှု မှာ၊ သခင် ဘုရား၏ပညတ် တော်သည် ငါ ၌မ ရှိသော်လည်း ၊ ငါသည် သစ္စာ ရှိ သောသူဖြစ်အံ့သောဌာ၊ သခင် ဘုရား၏ ကျေးဇူးတော်ကို ခံရသောသူကဲ့သို့ စီရင် ၏။ ၂၆

စီရင်ချက်ဟူမူကား ၊ ယခု ညှဉ်းဆဲ ခြင်းအကြောင်း ကြောင့် ခင်ပွန်းမရှိ လျှင် ကောင်း ၏။ ၂၇ သင်သည်မယား ရှိ လျှင် လွတ် စေခြင်းငှာမ ကြံစည် နှင့်။ မယား နှင့် လွတ် လျှင် အခြားသောမယား ကို မ ရှာ နှင့်။ ၂၈ သို့သော်လည်း သင်သည် မယား နေလျှင် အပြစ် မ ရှိ။ လင် မနေဘူးသော မိန်းမသည်လည်း လင် နေလျှင် အပြစ် မ ရှိ။ သို့သော်လည်း ၊ ထိုသို့ ပြုသော သူတို့သည် လောက ညှဉ်းဆဲ ခြင်းဒုက္ခကို ခံရ ကြမည်။ ဤ အမှုအရာ၌ ကျုပ်တည်းစွာသော ပညတ်ကို ငါ မထားလို။ ၂၉ ညီအစ်ကို တို့၊ ငါဆို သည်ကား ၊ ကျန်ကြွင်းသော ကာလ သည် ကျဉ်းကျပ် သည်ဖြစ် ၍၊ မယားရှိ သောသူ သည် မယား မ ရှိ သကဲ့သို့ ဖြစ် ရမည်။ ၃၀ ငိုကြွေး သောသူ သည် မ ငိုကြွေး သကဲ့သို့ ဖြစ်ရမည်။ ဝမ်းမြောက် သောသူ သည် ဝမ်း မ မြောက်သကဲ့သို့ ဖြစ်ရမည်။ ဥစ္စာဝယ် သောသူ သည် အလျှင်းမ ရှိ သကဲ့သို့ ဖြစ်ရမည်။ ၃၁ ဤ လောက ကို သုံး သောသူ သည် မ သုံး သကဲ့သို့ ဖြစ်ရမည်။ အကြောင်းမူကား ၊ ဤ လောက ၏ အဆင်း သဏ္ဌာန်သည်ရွေ့သွားကွယ်ပျောက် တတ်၏။ ၃၂ သင် တို့သည် စိုးရိမ် ခြင်းနှင့်ကင်းလွတ်စေခြင်းငှာငါအလိုရှိ ၏။ ခင်ပွန်း မရှိသောသူ သည် သခင် ဘုရား၏ စိတ် တော်နှင့်တွေ့စေခြင်းငှာသခင် ဘုရား၏အမှု ကိုသာ သတိ ထားတတ်၏။ ၃၃ ခင်ပွန်း ရှိသောသူ မူကား ၊ မိမိ မယား ၏စိတ် နှင့် တွေ့စေခြင်းငှာလောကီ အမှု ကို သတိ ထားတတ်၏။ ၃၄ ထိုနည်းတူ၊ ခင်ပွန်း မရှိသောမိန်းမနှင့် ခင်ပွန်းရှိသော မိန်းမ သည် ခြားနား ခြင်းရှိ၏။ ခင်ပွန်း မရှိသော မိန်းမသည် ကိုယ်ခန္ဓာ စိတ်ဝိညာဉ် နှစ် ပါးကို သန့်ရှင်း စေခြင်းငှာ သခင် ဘုရား၏အမှု ကိုသာ သတိ ထားတတ်၏။ ခင်ပွန်း ရှိသောမိန်းမ မူကား ၊ မိမိ ခင်ပွန်း ၏စိတ် နှင့် တွေ့စေခြင်းငှာလောကီ အမှု ကို သတိ ထားတတ်၏။ ၃၅ ထိုသို့ ငါဆို သော်၊ သင် တို့အကျိုး ကိုသာ ထောက် ၍ဆို၏။ သင် တို့ကို နှောင့်ရှက် ချင်သောစိတ်နှင့် ဆိုသည် မ ဟုတ်။ သင်တို့သည် လျောက်ပတ် စွာကျင့်၍ စိတ် ရှုပ်ထွေးခြင်းမရှိဘဲ၊ သခင် ဘုရား၏ဝတ်ကို အမြဲ ပြုစေခြင်းငှာသာ ဤသို့ဆို၏။ ၃၆ အပျိုကညာသည် ခင်ပွန်းမရှိဘဲ အသက် အရွယ်လွန်လျှင် မ လျောက်ပတ်ဟု ထိုအပျိုကညာကို ပိုင်သောသူ သည် ထင်မှတ် ၍ ထိမ်းမြားစရာအကြောင်းလည်း ရှိ လျှင် ၊ ထိုသူသည် အလိုအလျောက် ပြု စေ။ အပြစ် မ ရှိထိမ်းမြား ကြစေ။ ၃၇ သို့သော်လည်း မိမိ စိတ် နှလုံးတည်ကြည် ခြင်းရှိ၍၊ ပြုလိုသည်အတိုင်း ပြုနိုင်သော အခွင့် နှင့် ကိုယ် စိတ် အလို ကို ချုပ်တည်း နိုင်သော အခွင့်ရှိသောကြောင့်၊ မ ထိမ်းမြား ဘဲနေ မည်ဟု ကိုယ် စိတ် နှလုံးထဲမှာ စီရင် ဆုံးဖြတ်သောသူသည်ကောင်း စွာပြု ၏။ ၃၈ သို့ရာတွင် မင်္ဂလာဆောင် သောသူ သည် ကောင်း စွာပြု ၏။ မ ဆောင် သောသူ မူကား ၊ သာ၍ ကောင်းစွာပြု ၏။ ၃၉ မိန်းမ သည် မိမိ ခင်ပွန်း မ သေမှီကာလ ပတ်လုံးတရားအားဖြင့် ချည်နှောင် လျက်ရှိ၏။ ခင်ပွန်း သေ လျှင် မူကား ၊ မိမိအလို အတိုင်း သခင် ဘုရား၌ သာ အခြား သော သူ၏ မယားဖြစ်ခြင်းငှာအခွင့် ရှိ ၏။ ၄၀ အခွင့်ရှိသော်လည်း ၊ အခြားသောသူ၏ မယား မဖြစ် ဘဲနေ လျှင် ၊ သာ၍မင်္ဂလာ ရှိသည်ဟု ငါ သဘော ရှိ၏။ ငါ ၌လည်း ဘုရားသခင် ၏ ဝိညာဉ် တော်ရှိ တော်မူသည်ဟု ငါ စွဲလမ်းခြင်းစိတ်ရှိ၏။

၈ ရုပ်တု ရှေ့၌ပူဇော်သော ယဇ်ကောင်အရာ မှာ၊ ငါတို့ရှိသမျှ သည် ပိုင်းခြားတတ်သော ဉာဏ် ရှိသည် ကို ငါတို့သိ ကြ၏။ ဉာဏ် သည် ထောင်လွှား စေတတ်၏။ မေတ္တာ မူကား တည်ဆောက် တတ်၏။ ၂ အကြင်သူ သည်၊ ငါကားပညာရှိ

ဖြစ်သည်ဟူ၍စိတ်ထင် ၏။ ထို သူသည် သိ အပ် သည်အတိုင်း အလျှင်း မ သိသေး။ ၃ ဘုရားသခင် ကိုချစ် သော သူ မည်သည်ကား ၊ ဘုရားသခင် သိ စေတော်မူသောသူ ဖြစ်၏။ ၄ ရုပ်တု ရှေ့၌ ပူဇော်သော ယဇ်ကောင်ကို စား ခြင်းအရာ မှာ၊ ရုပ်တု သည် ဤလောက ၌ အချည်းနှီး သက်သက်ဖြစ်သည်ကိုငင်း၊ တဆူတည်း သော ဘုရားသခင် မှတစ်ပါး အဘယ် ဘုရားသခင်မျှမ ရှိသည်ကိုငင်း၊ ငါတို့သိ ကြ၏။ ၅ ဘုရား များ ၊ အရှင် များ ဟုဆိုသည်အတိုင်း ကောင်းကင် ပေါ် ၊ မြေကြီး ပေါ်မှာ ဘုရား ဟူ၍ခေါ် ဝေါ် သမုတ်သော သူအများရှိ သော်လည်း ၊ ၆ အကြင်ဘုရားသခင်အထဲ က ခပ်သိမ်း သော အရာဖြစ်၍၊ အကြင်ဘုရားသခင် အဘို့ အလိုဌာဂါ တို့သည် ဖြစ်ကြ၏။ ထိုခမည်းတော် ဘုရားသခင် တစ်ပါးတည်း သာ ငါ တို့ ၌ ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါ တို့မှစ၍ ခပ်သိမ်း သောအရာဖြစ်ကြ၏။ ထိုသခင် ယေရှု ခရစ် တစ်ပါးတည်း သာငါတို့ ၌ရှိတော်မူ၏။ ၇ သို့သော်လည်း ထို ဉာဏ် ကို လူ တိုင်းမ ရ။ အချို့သော သူတို့သည် ယခု တိုင်အောင် ရုပ်တု ရှေ့၌ ပူဇော် သော ယဇ်ကောင်ကိုစား သော်၊ ရုပ်တု ကို ထောက်သော စိတ်နှင့်စားကြသည်ဖြစ်၍၊ သူ တို့ ၌ကိုယ်ကိုကိုယ် သိသော စိတ်သည်အားနည်း သောကြောင့် ညစ်ညူး ခြင်းသို့ ရောက်တတ်၏။ ၈ အစား အသောက်အားဖြင့်ဘုရားသခင် ရှေ့မှာ မျက်နှာရသည်မ ဟုတ်။ အစာကိုသုံး ကာ မျှဖြင့်မြတ် သည် မဟုတ်။ ရှောင် ကာ မျှဖြင့် ယုတ် သည်မ ဟုတ်။ ၉ သို့သော်လည်း ၊ သင် တို့အခွင့် ကိုအားနည်း သော သူ တို့ ၌ ထိမိ ၍ လဲစရာအကြောင်း မ ဖြစ် စေခြင်းဌာသတိပြု ကြလော့။ ၁၀ အကြောင်းမူကား ၊ သင် သည် ပိုင်းခြားတတ်သော ဉာဏ် ရှိ လျက်ပင်၊ ရုပ်တု စင်ထဲ၌ စားပွဲနားမှာ လျောင်း သည်ကို သူတစ်ပါး မြင် လျှင် ၊ ကိုယ်ကိုကိုယ် သိသော စိတ်အားနည်း သောသူ သည်၊ ရုပ်တု ရှေ့၌ ပူဇော်သော ယဇ်ကောင်ကို စား ခြင်းဌာရဲမည်မဟုတ်လော။ ၁၁ ထိုသို့ ဖြစ်လျှင်၊ အကြင်ညီအစ်ကို အဘို့ အလို့ဌာခရစ်တော် သည် အသေခံ တော်မူ၏။ အားနည်း သော ထို ညီအစ်ကိုသည် သင် ၏ဉာဏ် ကြောင့် ပျက်စီး ခြင်းသို့ ရောက်ရပါသည်တကား ၊ ၁၂ သင်တို့သည်၊ ညီအစ်ကို တို့ကို ထိုသို့ ပြစ်မှား ၍ သူ တို့ ၌ ကိုယ်ကိုကိုယ် သိသော အားနည်း သောစိတ်ကို ထိခိုက် သောအခါ၊ ခရစ်တော် ကိုလည်း ပြစ်မှား ရာသို့ ရောက်၏။ ၁၃ သို့ ဖြစ်၍ ၊ ငါ၏အစား အသောက်သည် ငါ့ ညီအစ်ကို ကို မှားယွင်း စေလျှင် ၊ ငါ့ ညီအစ်ကို ၌ မှားယွင်း စရာအကြောင်းမ ရှိစေခြင်းဌာ ၊ အမဲသား ကို အစဉ်မပြတ် ရှောင် မည်။ **(aiōn g165)**

၉ ငါပေါလုသည်ကျွန်မဟုတ်၊ လူ လွတ်ဖြစ် သည် မ ဟုတ်လော။ တမန်တော် ဖြစ် သည်မ ဟုတ်လော။ ငါ တို့ သခင် ယေရှု ခရစ်ကို မြင် ရပြီ မ ဟုတ်လော။ သင် တို့သည် သခင် ဘုရား၌ ငါ လုပ်သော အလုပ် ဖြစ် ကြသည် မ ဟုတ်လော။ ၂ ငါ သည် အခြား သောသူတို့အား တမန်တော် မ ဖြစ်သော်လည်း ၊ သင် တို့အားတမန်တော်အမှန် ဖြစ် ၏။ အကြောင်းမူကား ၊ ငါသည် တမန်တော် မှန်သည်ဟု သင် တို့သည် တပည့်တော်ဖြစ် သောအားဖြင့် ငါ့ ကို တံဆိပ် ခတ်ကြ၏။ ၃ ငါ့ ကိုစစ်ဆေး မေးမြန်းသော သူ တို့အား ငါ အပြစ် ဖြေရာစကားဟူမူကား၊ ၄ ငါ တို့သည် စား သောက်ခြင်းအခွင့် မ ရှိသလော။ ၅ ကေဖ နှင့် သခင် ဘုရား၏ညီ များမှစ၍ ကြွင်း သော တမန်တော် များကဲ့သို့ ၊ ငါ တို့သည်ဒေသစာရီ လှည့်လည် သည်တွင် နှမ ဖြစ်သော မယား ပါစေခြင်းဌာအခွင့် မ ရှိသလော။ ၆ ငါ နှင့်

ဗာနဗ သာ အလုပ်မ လုပ် ဘဲနေရသော အခွင့် မ ရှိ ဟု ဆိုရသလော။ ၇ အဘယ်သူ သည် ကိုယ် စရိတ် ကို သုံး၍ စစ်မှု ကို ထမ်းရသနည်း။ အဘယ်သူ သည် ဥယျာဉ် ကိုစိုက်ပျိုး ၍ အသီး ကိုမ စား ဘဲနေရသနည်း။ အဘယ်သူ သည် သိုး ထိန်း လုပ်၍ သိုး နို့ ကိုမ သုံး ဘဲနေရသနည်း။ ၈ လောကီ ဝေါဟာရအားဖြင့် သာ ဤသို့ ငါဆို သလော။ ပညတ် တရားသည်လည်း ဤသို့ပင်ဆို သည် မ ဟုတ်လော။ ၉ မောရှေ ၏ ပညတ္တိ ကျမ်းစာ၌ လာ သည်ကား ၊ စပါး နင်းနယ်သော နွား ၏ နှုတ်ကိုမ ချုပ်တည်း ရဟု လာ၏။ ဘုရားသခင် သည် နွား ကိုသာ ပမာဏ ပြုတော်မူသလော။ ၁၀ သို့မဟုတ် ငါ တို့ကြောင့် သာ ဤသို့ပညတ် တော်မူသလော။ လယ်ထွန် သောသူ သည် မြော်လင့် လျက် လယ်ထွန် စေခြင်းငှာ ၎င်း၊ မြော်လင့် လျက် စပါး နင်းနယ်သောသူ သည် မြော်လင့်သည်အတိုင်း ရ စေခြင်းငှာ၎င်း၊ ငါ တို့ကြောင့် သာဤသို့ကျမ်းစာ လာ၏။ ၁၁ ငါ တို့သည် သင် တို့ ၌ ဓမ္မ မျိုးစေ့ကို စိုက် ပြီးမှ သင် တို့၏လောကီ အသီးကို သုံးဆောင် လျှင် ကျေးဇူးကြီး မည်လော။ ၁၂ အခြား သောသူတို့သည် သင် တို့ထံမှာထိုအခွင့် ကိုရ လျှင် ငါ တို့သည် သာ၍ ရထိုက်သည်မ ဟုတ်လော။ သို့သော်လည်း ထို အခွင့် ကို ငါ တို့သည် မ သုံးဘဲ၊ ခရစ်တော် ၏ ဧဝံဂေလိ တရားကို ဆီးတား ခြင်းအကြောင်း မ ရှိ စေခြင်းငှာအရာရာ ၌ သည်းခံ ကြ၏။ ၁၃ ဓမ္မ ကိစ္စအမှုကို ဆောင်ရွက်သော သူ တို့သည် ဗိမာန် တော်ကို အမှီပြု ၍ စား ရသည်ကိုငင်း၊ ယဇ် ပူဇော် ခြင်းအမှုကို ဆောင်ရွက် သော သူ တို့သည် ယဇ်ပလ္လင် နှင့် ဆက်ဆံ၍ စားရသည်ကိုငင်း၊ သင်တို့ မ သိ ကြသလော။ ၁၄ ထိုနည်းတူ ၊ ဧဝံဂေလိ တရားကိုဟော သော သူ တို့သည် ဧဝံဂေလိ တရားကို အမှီပြု ၍ အသက် မွေးရမည်အကြောင်း၊ သခင် ဘုရား၏ ပညတ် တော်မူချက်ရှိ၏။ ၁၅ သို့သော်လည်း ထိုအခွင့်ကို ငါ သည် အလျှင်း မ သုံး ။ သင်တို့သည် ငါ့ အား ထိုသို့ ပြု စေခြင်းငှာ ဤ စကား ကို ငါရေး သည်မ ဟုတ်။ အကြောင်းမူကား ၊ ငါ ဝါကြွား ခြင်းအခွင့်ကိုသူတစ်ပါး ဖျက်ဆီး သည်ထက် ငါ သေ သော် သာ၍ ကောင်း၏။ ၁၆ ငါသည်ဧဝံဂေလိ တရားကို ဟောခဲ့ပြုလျှင် ဝါကြွား ခြင်းအကြောင်းမ ရှိ သေး။ အဘယ်ကြောင့် နည်းဟူမူကား၊ မဟောဘဲမနေနိုင်။ မ ဟော ဘဲနေလျှင် အမင်္ဂလာ ရှိ ၏။ ၁၇ သို့ ဖြစ်၍ အမှုတော်ကို အလိုအလျောက် ဆောင်ရွက် လျှင် အကျိုး ရှိ ၏။ ကိုယ် အလိုကိုငြင်းဆန်၍ ဆောင်ရွက်လျှင် အရာ တော်၌ ခန့်ထား သောသူဖြစ်၏။ ၁၈ သို့ ဖြစ်၍ ငါ ၏အကျိုး အဘယ်သို့ နည်းဟူမူကား၊ ဧဝံဂေလိ တရားကို ဟော သောအခါ၊ ဟောခြင်းနှင့် စပ်ဆိုင်သော အခွင့် ကို မ သုံး ဘဲလျက်၊ ခရစ်တော်၏ ဧဝံဂေလိ တရားကို နာသောသူတို့သည် အဘယ် စရိတ်ကိုမျှ မကုန်ဘဲနေစေခြင်းငှာ ပြု လျှင်ငါ၌အကျိုးရှိ၏။ ၁၉ ငါသည် အဘယ်သူ၏ကျွန်မဖြစ် သော်လည်းသာ၍ များ သော သူတို့ကိုရ ခြင်းအလို့ငှာ လူတကာ တို့၏ ကျွန် ခံရ၏။ ၂၀ ယုဒ လူတို့ကိုရ ခြင်းအလိုငှာ ယုဒ လူတို့ ၌ ယုဒ လူကဲ့သို့ ဖြစ် ၏။ ပညတ် တရားကိုကိုယ်တိုင် မ ဆည်းကပ် သော်လည်း၊ ပညတ် တရားကို ဆည်းကပ် သောသူ တို့ကို ရ ခြင်းအလို့ငှာ ၊ ပညတ် တရားကို ဆည်းကပ် သောသူ တို့ ၌ ပညတ် တရားကို ကျင့်သောသူကဲ့သို့ ဖြစ် ၏။ ၂၁ ဘုရားသခင် ရှေ့တော်၌ တရားမဲ့ မ နေ၊ ခရစ်တော် ၏တရား ကို ကျင့်သောသူဖြစ် သော်လည်း ၊ ပညတ် တရားမဲ့သောသူ တို့ကို ရ ခြင်းအလိုငှာ ပညတ် တရားမဲ့သောသူ တို့ ၌ ပညတ် တရားမဲ့သော သူကဲ့သို့ ဖြစ်၏။ ၂၂ အားနည်း သော

သူတို့ ၌ အားနည်း သော သူကဲ့သို့ ဖြစ် ၏။ အချို့သော သူတို့ကို တစ်စုံတစ်ခုသော အမှုအရာအားဖြင့်ကယ်တင်ခြင်းအလို့ငှာ၊ ခပ်သိမ်း သော သူတို့ ၌ ခပ်သိမ်း သောအရာဖြစ် ၏။ ၂၃ သင်တို့နှင့်အတူဧဝံဂေလိ တရားကို ဆက်ဆံခြင်းအလို့ငှာ ၊တရားကြောင့် ထိုသို့ငါပြု လေ့ရှိ၏။ ၂၄ မြေ တလင်း၌ ပြိုင်၍ ပြေး ကြသောသူ အပေါင်း တို့သည် ပြိုင်၍ ပြေး ကြသော်လည်း ၊ တစ်ယောက်တည်း သာလျှင် ဆု ကိုရ သည်ဟု သင်တို့ မ သိ ကြသလော။ ဆုကို ရ မည်အကြောင်း ပြေး ကြလော့။ ၂၅ ပွဲ၌ပြိုင်၍ အချင်းချင်း တိုက်သော သူမည်သည်ကား၊ အရာရာ ၌ တပ်မက် ခြင်းကို ချုပ်တည်း တတ်၏။ ထို သူတို့သည် ညှိုးနွမ်း ပျက်စီးတတ်သော ပန်း ဦးရစ်ကို ရခြင်း အလိုငှာ ပြုကြ၏။ ငါ တို့မူကား မ ညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကို ရခြင်းအလိုငှာ ပြုကြ၏။ ၂၆ ထိုကြောင့် ငါ ပြေး သောအခါ၊ အမှတ်တမဲ့ ပြေးသည်မ ဟုတ်၊ လက်ပွေ့ သတ်သောအခါအကာသ ကောင်းကင်ကိုသာ ထိုး ၍ သတ်သည်မ ဟုတ်။ ၂၇ သူတစ်ပါးကို ဆုံးမ ပြီးမှကိုယ်တိုင် ရှုံး သော သူမ ဖြစ် ရမည်အကြောင်း၊ ကိုယ် ကိုထိုး ၍ နှိပ်စက် လေ့ရှိ၏။

၁၀ ညီအစ်ကို တို့၊ ငါ တို့ဘိုးဘေး အပေါင်း တို့သည် မိုဃ်းတိမ် အောက် မှာရှိ ၍ ၊ ပင်လယ် အလယ် ၌ ရှောက်သွား ကြသည်ဟူ၍ငင်း၊ ၂ မိုဃ်းတိမ် နှင့် ပင်လယ် ထဲမှာ မောရှေ ၌ ဗတ္တိဇံ ကို ခံကြသည် ဟူ၍ငင်း၊ ၃ ဓမ္မ အစာ ကိုအတူ စား ကြသည်ဟူ၍ငင်း၊ ဓမ္မ ရေ ကို အတူ သောက် ကြသည်ဟူ၍ငင်း၊ သင် တို့ မ သိမမှတ် ဘဲနေစေခြင်းဘာငါအလို မ ရှိ၊ ၄ ထိုသူတို့နောက် ၌ လိုက်သောဓမ္မ ကျောက် မှ ထွက်သောရေကို သောက် ကြ၏။ ထို ကျောက် ကား ခရစ်တော်ဖြစ် သတည်း။ ၅ သို့သော်လည်း ထိုသူ တို့တွင် များစွာ သော သူတို့ကို ဘုရားသခင် သည် အားရ နှစ်သက်တော်မမူ။ သူတို့သည် တော ၌ သေကြေပျက်စီး ခြင်းသို့ ရောက်ကြ၏။ ၆ ထိုသူ တို့သည် မကောင်း သောအရာတို့ကို တပ်မက် သကဲ့သို့ ငါ တို့သည် မ တပ်မက် စေခြင်းဘာ ၊ ထို အကြောင်းအရာတို့သည် ငါ တို့အဘို့ ပုံ သက်သေဖြစ်ကြ၏။ ၇ လူ တို့သည် စား သောက် လျက် ထိုင် နေကြ၏။ နောက်တစ်ဖန် ကခုန် မြူးထူးခြင်းဘာထ ကြ၏ဟု ကျမ်းစာ လာသည်အတိုင်း ၊ ၈ ထိုသူ အချို့တို့သည် ရုပ်တု ကိုကိုးကွယ်သကဲ့သို့ မ ကိုးကွယ် ကြနှင့်။ ထိုသူ အချို့တို့သည် မတရား သော မေထုန်အမှုကိုပြု၍ တစ် နေ့ ခြင်းတွင် လူနှစ် သောင်း သုံး ထောင် လဲ ၍ သေသကဲ့သို့ မ ပြုဘဲ၊ မတရားသော မေထုန်ကိုရှောင်ကြကုန်အံ့။ ၉ ထိုသူ အချို့တို့သည် စုံစမ်း နှောင့်ရှက်ခြင်းကို ပြု၍၊ မြွေ ဖြင့် ပျက်စီး သကဲ့သို့ ငါတို့သည်မ ပြု၊ ခရစ်တော် ကို မစုံစမ်း မနှောင့်ရှက်ဘဲနေကြကုန်အံ့။ ၁၀ ထိုသူ အချို့တို့သည် မြည်တမ်း ခြင်းကိုပြု၍၊ ဖျက်ဆီး သောသူ ၏ လက်ဖြင့် ပျက်စီး သကဲ့သို့ မ ဟုတ်၊ မြည်တမ်း ခြင်းကိုမပြုကြနှင့်။ ၁၁ ထိုအကြောင်းအရာရှိသမျှတို့သည် ပုံ သက်သေဖြစ်အံ့သောဘုထိုသူ တို့ ၌ ရောက် ကြ၏။ ကပ် ကာလ အဆုံး တွင် ဖြစ် သောငါ တို့ကို ဆုံးမ စရာဘို့ ကျမ်းစာ၌ ရေး ထားလျက်ရှိသတည်း။ **(aiōn g165)** ၁၂ ထိုကြောင့် အကြင်သူ သည် မိမိတည်ကြည် လျက်နေသည်ဟု မိမိထင်မှတ် ၏။ ထိုသူသည် မ လဲခြင်းဘာ သတိပြု စေ။ ၁၃ လူ ၌ဖြစ်တတ်သော စုံစမ်း နှောင့်ရှက်ခြင်းကိုသာ သင် တို့သည် ခံရ ကြ၏။ ဘုရားသခင် သည် သစ္စာ နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့ မ ခံနိုင် သော စုံစမ်း နှောင့်ရှက်ခြင်းကို သင်တို့ ၌ ရောက်စိမ့်သောဘုအခွင့် ပေး တော်မမူ။ သင်တို့သည် ခံ နိုင်

မည်အကြောင်း စုံစမ်း နှောင့်ရှက်ခြင်းအရာနှင့်တကွ ၊ ထွက်မြောက် သော လမ်းကိုလည်း စီရင်ပြုပြင် တော်မူလိမ့်မည်။ ၁၄ ထိုကြောင့် ငါ့ ချစ်သူ တို့၊ ရုပ်တု ကို ကိုးကွယ်ခြင်း အမှုကို ကြဉ်ရှောင် ကြလော့။ ၁၅ သင် တို့ကို ပညာရှိ သကဲ့သို့ မှတ်၍ ပြော မည်။ ငါ့စကား ကို ဆင်ခြင် ကြလော့။ ၁၆ ငါတို့သည် ကျေးဇူး တော်ကို ချီးမွမ်း ရာ မင်္ဂလာ ခွက်ဖလားမူကား၊ ခရစ်တော် ၏အသွေး ကို ဆက်ဆံ ခြင်းဖြစ် သည် မ ဟုတ်လော။ ငါတို့ဖဲ့ သောမုန့် မူကား၊ ခရစ်တော် ၏ ကိုယ် ကို ဆက်ဆံ ခြင်းဖြစ် သည် မ ဟုတ်လော။ ၁၇ မုန့် တစ်လုံးတည်း ရှိသည်ဖြစ်၍ ၊ ငါတို့ရှိသမျှ သည် တစ်လုံးတည်း ဖြစ်သောထိုမုန့် ကို ဆက်ဆံလျက် ခံယူ ကြ သောကြောင့် ၊ အများ ဖြစ်သော ငါတို့သည် တစ် လုံးတစ်ကိုယ် တည်းဖြစ် ကြ၏။ ၁၈ ဇာတိ အားဖြင့် ဣသရေလ အမျိုးဖြစ်သော သူ တို့ကို ကြည့်ရှု ကြလော့။ ယဇ်ကောင် ကိုစား သော သူ တို့သည် ယဇ်ပလ္လင် နှင့် ဆက်ဆံ သောသူဖြစ် ကြသည် မ ဟုတ်လော။ ၁၉ ထိုသို့ဆိုသော်အဘယ်သို့ ငါဆိုလို သနည်း။ ရုပ်တု ကား မှတ်စရာရှိ သည်၊ ရုပ်တု ရှေ့၌ ပူဇော်သော ယဇ်ကောင်ကား မှတ်စရာရှိ သည်ဟု ဆိုလိုသလော။ ၂၀ ထိုသို့မဆိုလို။ သာသနာပလူတို့သည် ပူဇော်သောယဇ်ကို ဘုရားသခင် အား ပူဇော် ကြသည်မ ဟုတ်။ နတ်ဆိုး တို့အား ပူဇော် ကြ၏။ သင် တို့သည် နတ်ဆိုး တို့နှင့် ဆက်ဆံ စေခြင်းငှာငါအလို မ ရှိ ။ ၂၁ သခင် ဘုရား၏ ခွက် ဖလား၊ နတ်ဆိုး တို့၏ ခွက် ဖလားနှစ်ပါးကို သင်တို့မ သောက် နိုင် ကြ။ သခင် ဘုရား၏ စားပွဲ ၊ နတ်ဆိုး တို့၏စားပွဲ နှစ်ပါးကို သင်တို့ဝင် ၍ မ စားနိုင် ကြ။ ၂၂ သခင် ဘုရားအမျက် တော်ထွက်စေခြင်းငှာငါတို့ ပြုရကြသလော။ ငါတို့သည် သခင်ဘုရားထက်သာ၍တန်ခိုးကြီး ကြသလော။ ၂၃ ငါသည် အပြစ်မသင့်ဘဲ ခပ်သိမ်းသော အမှုအရာကို ပြု နိုင်သည် မှန်စေတော့။ ခပ်သိမ်းသော အမှုအရာကိုပြု သင့်သည်မ ဟုတ်။ အပြစ်မသင့်ဘဲ ခပ်သိမ်းသောအမှုအရာကို ပြု နိုင်သည် မှန်စေတော့။ ခပ်သိမ်းသော အမှုအရာတို့သည် သူတစ်ပါးကို တည်ဆောက် တတ်သည်မ ဟုတ်။ ၂၄ ကိုယ် အကျိုး ကို အဘယ်သူ မျှမရှာ စေနှင့်။ သူ့ အကျိုး ကို လူတိုင်းရှာစေ။ ၂၅ သြတ္တပ္ပစိတ်ကို ထောက်ရသောကြောင့် ၊ စျေး ၌ ရောင်း သမျှ ကို မ စစ်ကြော မမေးမြန်းဘဲ စား ကြလော့။ ၂၆ အကြောင်းမူကား ၊ ထာဝရ ဘုရားသည် မြေကြီး နှင့် မြေကြီး တန်ဆာကို ပိုင် တော်မူ၏။ ၂၇ မယုံကြည် သောသူ သည် သင် တို့ကိုခေါ်ဖိတ် ၍ သင် တို့သည် သွား လိုလျှင် ၊ သြတ္တပ္ပ စိတ်ကို ထောက်ရသောကြောင့် ၊ သင် တို့ရှေ့ ၌ ထည့်သမျှ ကို မ စစ်ကြော မမေးမြန်းဘဲ စား ကြလော့။ ၂၈ သို့သော်လည်း ဤမည်သောအရာသည် ရုပ်တု ရှေ့၌ ပူဇော်သော ယဇ်ကောင်ဖြစ် ၏ဟု တစ်စုံတစ်ယောက် သောသူဆို လျှင် ၊ ထိုသို့ဆိုသောသူ၏မျက်နှာကိုငဉ်း၊ သြတ္တပ္ပ စိတ်ကိုငဉ်း၊ ထောက် ၍မ စား ကြနှင့်။ ၂၉ သြတ္တပ္ပ စိတ်ဟုဆိုသော်ကိုယ် စိတ်ကိုမ ဆိုလို ၊ သူ့စိတ်ကို ဆိုလို၏။ အခြား သောသူ၏စိတ် သည် ငါ ၏အခွင့် ကို အဘယ်ကြောင့် စစ်ကြော စီရင်ရမည်နည်း။ ၃၀ ကျေးဇူး တော်အားဖြင့်ငါ သုံးဆောင်ရလျှင် ၊ ကျေးဇူး တော်ကို ချီးမွမ်း၍ သုံးဆောင် သည်တွင် အဘယ်ကြောင့် ကဲ့ရဲ့ ပြစ်တင်ခြင်းကို ခံရမည်နည်းဟု ဆိုလျှင် မူကား၊ ၃၁ သင်တို့သည်စား သော်ငင်း၊ သောက် သော်ငင်း၊ မည်သည့် အမှုကို ပြု သော်ငင်း၊ ဘုရားသခင် ၏ ဘုန်း တော်ကို ထောက် ၍ခပ်သိမ်း သောအမှုကိစ္စကို ပြု ကြလော့။ ၃၂ လူ များတို့သည် ကယ်တင် ခြင်းသို့ ရောက်စိမ့်သောငှာ ၊ ငါသည် ကိုယ် အကျိုး ကိုမ

ရှာ ဘဲ သူ့အကျိုးကို ရှာ၍၊ ၃၃ ခပ်သိမ်း သောလူ တို့၏ အလိုသို့အရာရာ၌ လိုက် သည်နည်းတူ ၊ သင်တို့သည်လည်း ယုဒ လူ၊ ဟေလသ လူ၊ ဘုရားသခင် ၏ အသင်းတော် ဝင်သူတို့ ၌ ထိမိ ၍ လဲစရာ အကြောင်းကို မပြုဘဲ၊

၁၀ ငါ သည်ခရစ်တော် ၏ နည်းတူကျင့်သကဲ့သို့ သင်တို့လည်း ငါ့ နည်းတူကျင့် ကြလော့။ ၂ ညီအစ်ကိုတို့၊ သင်တို့သည် အရာရာ ၌ ငါ့ ကို အောက်မေ့ ၍ ၊ ငါအပ်ပေး သောနည်းဥပဒေ တို့ကို စွဲလမ်း ကြသည်ဖြစ်၍သင် တို့ကို ငါချီးမွမ်း ၏။ ၃ ယောက်ျား ၏ခေါင်း ကား ခရစ်တော် ဖြစ် သည် ကိုဎ်း၊ မိန်းမ ၏ခေါင်း ကား ယောက်ျား ဖြစ် သည်ကိုဎ်း၊ ခရစ်တော် ၏ခေါင်း ကား ဘုရားသခင် ဖြစ်တော်မူသည်ကိုဎ်း၊ သင် တို့ သိမှတ် စေခြင်းငှာ ငါအလိုရှိ ၏။ ၄ ယောက်ျား မည်သည်ကား ၊ မိမိ ခေါင်း ကို ဖုံး လျက် ဆုတောင်း သော်ဎ်း၊ ပရောဖက် ပြုသော်ဎ်း၊ မိမိခေါင်း အသရေ ကို ရှုတ်ချ၏။ ၅ မိန်းမ မည်သည်ကား ၊ မိမိ ခေါင်း ကို မ ဖုံးဘဲ ဆုတောင်း သော်ဎ်း၊ ပရောဖက် ပြုသော်ဎ်း၊ မိမိခေါင်း အသရေကိုရှုတ်ချ ၏။ ၆ ထိုသို့ပြုလျှင်ဆံပင် ရိတ်သည်နှင့်တူ၏။ မိန်းမ သည် မိမိခေါင်းကို မ ဖုံး လျှင် ဆံပင်ကိုဖြတ် စေ။ ဆံပင်ဖြတ် ခြင်း၊ ဆံပင် ရိတ်ခြင်းအရာသည် ရှက် စရာရှိလျှင် ခေါင်းကိုဖုံး စေ။ ၇ ယောက်ျား သည် ဘုရားသခင် ၏ ပုံ သဏ္ဌာန်၊ ဘုန်း အသရေတော်ဖြစ် သောကြောင့် မိမိခေါင်း ကို မ ဖုံး ရ။ မိန်းမ မူကား ယောက်ျား ၏ဘုန်း အသရေဖြစ် ၏။ ၈ ယောက်ျား သည် မိန်းမ ကြောင့် ဖြစ် သည် မ ဟုတ်။ မိန်းမ သည် ယောက်ျား ကြောင့် ဖြစ်၏။ ၉ ယောက်ျား ကို မိန်းမ ဘို့ ဖန်ဆင်း သည်မ ဟုတ်။ မိန်းမ ကိုယောက်ျား ဘို့ ဖန်ဆင်း၏။ ၁၀ ထိုကြောင့် ၊ ကောင်းကင် တမန်များကို ထောက် ၍၊ မိန်းမ သည် မိမိခေါင်း ကို ဖုံးရ မည်။ ၁၁ သို့သော်လည်း သခင်ဘုရား၌ ယောက်ျား မ ပါဘဲ မိန်းမ ဖြစ်သည်မ ဟုတ်။ မိန်းမ မ ပါဘဲ ယောက်ျား ဖြစ်သည် မ ဟုတ်။ ၁၂ မိန်းမ သည် ယောက်ျား ကြောင့် ဖြစ် သကဲ့သို့ ယောက်ျား သည်လည်း မိန်းမ အားဖြင့် ဖြစ် ၏။ အလုံးစုံ တို့သည်လည်း ဘုရားသခင် ကြောင့် ဖြစ် ကြ၏။ ၁၃ မိန်းမ သည် ခေါင်းကိုမ ဖုံးဘဲလျက် ဘုရားသခင် ကို ဆုတောင်း လျှင်၊ လျောက်ပတ်သည် မလျောက်ပတ်သည်ကို သင် တို့ အလိုအလျောက် ဆင်ခြင်စီရင် ကြလော့။ ၁၄ ယောက်ျား သည် ရှည် သောဆံပင်ရှိလျှင် ၊ ရှက်ဘွယ် သော အကြောင်း ဖြစ် သည်ကို သင် တို့အား ပကတိ တရားပင် ဆုံးမ သွန်သင်သည် မ ဟုတ်လော။ ၁၅ မိန်းမ မူကား ၊ ရှည် သောဆံပင်ရှိလျှင် ၊ သူ ၏ ဘုန်း အသရေ ဖြစ် ၏။ အကြောင်းမူကား ၊ မိန်းမဆံပင် သည် မိမိ ခြုံ စရာဘို့ ဖြစ် ၏။ ၁၆ သို့သော်လည်း တစ်စုံတစ်ယောက် သောသူသည် ငြင်းခုံ လျှင် ၊ ငါ တို့ ၌ဎ်း၊ ဘုရားသခင် ၏ အသင်းတော် ၌ ဎ်း၊ ထိုသို့သော ထုံးစံ မ ရှိ ၏။ ၁၇ တဖန်တုံ၊ သင်တို့သည် အကျိုးကို ပြုစုခြင်းငှာ စည်းဝေးကြသည်မ ဟုတ်။ အကျိုးကို နည်းစေခြင်းငှာစည်းဝေး ကြသည်ဖြစ်၍၊ ငါသည် ပညတ် ထားစဉ်တွင်သင်တို့ကို မ ချီးမွမ်း ရ။ ၁၈ ပဌမ အကြောင်း ဟူမူကား၊ သင် တို့သည် အသင်းတော် ၌ စည်းဝေး ကြသောအခါ၊ အချင်းချင်း ကွဲပြား ခြင်းရှိ သည်ကို ငါကြား ရ၏။ ၁၉ ကြားရသည်အတိုင်း မှန်ကောင်းမှန်လိမ့်မည်။ အကြောင်းမူကား ၊ သင် တို့တွင် ကောင်းမွန် သော သူ တို့ကို ထင်ရှား စိမ့်သောငှာ သင်းခွဲ ခြင်းရှိ ရ မည်။ ၂၀ သင် တို့သည် အတူစည်းဝေး ကြသောအခါ၊ သခင် ဘုရား၏ ပွဲ တော်ကို စား အံ့သောငှာစည်းဝေးကြ သည်မ ဟုတ်။ ၂၁ အကြောင်းမူကား ၊ သင်တို့သည် စား ကြသည် တွင် ကိုယ်စီ ကိုယ်စီမိမိ

အစာ ကို အရင် ယူ၍၊ တချို့ကား ဆာမွတ် လျက် ၊ တချို့ကား စား သောက်ကြူးလျက်ရှိကြ၏။ ၂၂ သင် တို့သည် စား သောက် ရာဘို့ ကိုယ်အိမ် မ ရှိ သလော။ သို့မဟုတ် လျှင်၊ ဘုရားသခင် ၏ အသင်းတော် ကို မထီမဲ့မြင် ပြု၍ ၊ ဆင်းရဲ သောသူ တို့ကို ရှက်ကြောက် စေသလော။ အဘယ်သို့ ငါဆို ရမည်နည်း။ ဤ အမှုမှာ သင် တို့ကို ချီးမွမ်း ရမည်လော။ မ ချီးမွမ်း ရ။ ၂၃ အကြောင်းမူကား ၊ သင် တို့ ၌ ငါအပ်ပေး သော အရာကို သခင် ဘုရားထံ၌ ငါ ခံရ ပြီ။ ခံရသောအရာဟူမူကား၊ သခင် ယေရှု သည် ရန်သူလက်သို့ အပ်နှံ ခြင်းကို ခံသော နေ့ည မှာ မုန့် ကို ယူ ၍ ၊ ၂၄ ကျေးဇူး တော်ကို ချီးမွမ်းပြီးမှမုန့်ကိုဖဲ့ ၍ ၊ ဤ မုန့်ကား၊ သင်တို့အဘို့ အလိုငှာ ချိုးဖဲ့သော ငါ ၏ကိုယ် ဖြစ် ၏။ ယူ၍စားကြလော့။ ငါ့ ကို အောက်မေ့ ဘို့ရာ ဤသို့ ပြု ကြ လော့ဟု မိန့် တော်မူ၏။ ၂၅ ထိုနည်းတူ ၊ ညစာစား ပြီးမှ ခွက် ကိုလည်း ယူ၍၊ ဤ ခွက် ကား ငါ ၏အသွေး၌ တည်သောပဋိညာဉ် တရား သစ် ဖြစ် ၏။ ဤခွက်ကို သောက် သောအခါ ၊ ငါ့ ကို အောက်မေ့ ဘို့ရာ သောက် ကြလော့ဟု မိန့် တော်မူ၏။ ၂၆ အကြောင်းမူကား ၊ သင်တို့သည် ထို မုန့် ကိုစား ၍ ထို ခွက် ကို သောက် သောအခါ ခါ ၊ သခင် ဘုရားအသေခံ တော်မူခြင်းကို ကြွလာ တော် မ မူမီတိုင်အောင်ပြ ကြ၏။ ၂၇ ထိုကြောင့် သခင် ဘုရား၏ မုန့် နှင့် ခွက် ကို မ ထိုက်မတန်ဘဲ စား သောက် သောသူ မည်သည်ကား၊ သခင် ဘုရား၏ ကိုယ် တော်နှင့် အသွေး တော်ကို ပြစ်မှား ရာရောက် ၏။ ၂၈ သို့ ဖြစ်၍ လူ တိုင်းကိုယ်ကိုကိုယ် စစ်ကြော ပြီးမှမုန့် ကိုစား စေ။ ထိုနည်းတူ ခွက် ကိုလည်း သောက် စေ။ ၂၉ အကြောင်းမူကား ၊ မထိုက်မတန်ဘဲ စား သောက် သောသူ သည် သခင်ဘုရား၏ ကိုယ် တော်ကို ပိုင်းခြား ၍ မ သိသောကြောင့်၊ မိမိ အပေါ် သို့အပြစ် ရောက်စေခြင်းဌာနား သောက် သောသူဖြစ်၏။ ၃၀ ထို အကြောင်း ကြောင့်၊ သင်တို့တွင် အားနည်း သောသူ၊ မကျန်းမမာ သော သူအများ ရှိကြ၏။ သေ သော သူ အများလည်း ရှိကြ၏။ ၃၁ ငါတို့သည် ကိုယ်ကိုကိုယ် စစ်ကြော စီရင်လျှင် ၊ စစ်ကြော စီရင်တော်မူခြင်းနှင့် ကင်းလွတ် ကြလိမ့်မည်။ ၃၂ စစ်ကြော စီရင်တော်မူခြင်းကို ခံရကြသောအခါ၊ လောကီသား တို့နှင့်အတူ အပြစ် စီရင်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ဆုံးမ တော်မူခြင်းကို ခံရကြ၏။ ၃၃ ထိုကြောင့် ငါ့ ညီအစ်ကို တို့၊ သင်တို့သည် စား အံ့သောဌာစည်းဝေး သောအခါ၊ အချင်းချင်း တစ်ယောက်ကို တစ်ယောက်ငံ့လင့် ကြလော့။ ၃၄ တစ်စုံတစ်ယောက် သောသူသည် ဆာမွတ် လျှင် ၊ သင်တို့သည် အပြစ် ခံလျက် မ စည်းဝေး စေခြင်းဌာ ထိုသူ သည် မိမိအိမ် ၌ စား စေ။ ကြွင်း သော အမှုများကို ငါ လာသောအခါ စီရင် မည်။

၁၂ ညီအစ်ကို တို့၊ သင် တို့သည် ဝိညာဉ် ဆုကျေးဇူးအကြောင်း များကို မသိဘဲနေစေခြင်းဌာငါအလို မ ရှိ။ ၂ သင် တို့သည် အထက် ကသာသနာပ လူဖြစ်၍ ၊ သူတစ်ပါး သွေးဆောင် သဖြင့်၊ စကား မပြောနိုင်သော ရုပ်တု ရှိရာ သို့ ပါသွားသော သူဖြစ်ကြောင်းကို သင်တို့ သိ ကြ၏။ ၃ ထိုကြောင့် ဘုရားသခင် ၏ ဝိညာဉ် တော်အားဖြင့် ဟောပြော ၍ အဘယ်သူ မျှယေရှု ကို မကျိန်ဆဲ နိုင်သည်ကိုငင်း၊ ယေရှု သည် သခင် ဘုရား ဖြစ်တော်မူ၏ဟု သန့်ရှင်း သောဝိညာဉ် တော်ကို အမှီမ ပြု လျှင် ၊ အဘယ်သူ မျှမပြော နိုင် သည်ကိုငင်း၊ သင် တို့သည် သိ နားလည်စေခြင်းဌာ ငါသတိပေး၏။ ၄ ဆု ကျေးဇူးတော်အထူးထူး အထွေထွေ ရှိငြားသော်လည်းဝိညာဉ် တော်တစ်ပါးတည်း ရှိ ၏။ ၅ ဓမ္မဆရာ အမှု

အထူးထူး အထွေထွေရှိ ငြားသော်လည်း သခင် တစ်ပါးတည်း ရှိ၏။ ၆ ပြုပြင် ခြင်းအမှု အထူးထူး အထွေထွေရှိ ငြားသော်လည်း ၊ ခပ်သိမ်း သော သူတို့ ၌ ပြုပြင်သမျှ ကို ပြုပြင် တော်မူသော ဘုရားသခင် တစ်ပါးတည်း ရှိ၏။ ၇ ကောင်းသောအကျိုး အလိုငှာ သာ ဝိညာဉ် တော်ကို လူ အသီးအသီးတို့အား ထင်ရှား စွာ ပေး တော်မူလျက် ရှိ၏။ ၈ အဘယ်သို့ နည်းဟူမူကား၊ ဝိညာဉ် တော်အားဖြင့် တစ်ယောက်သောသူ အား ပညာ တရား ကို ပေး တော်မူ၏။ ထို ဝိညာဉ် တော်အားဖြင့် တစ်ယောက် သော သူအား ထိုးထွင်း ခြင်းတရား ကို ပေးတော်မူ၏။ ၉ ထို ဝိညာဉ် တော်အားဖြင့် တစ်ယောက် သော သူအားယုံကြည် ခြင်းကို ပေးတော်မူ၏။ ထို ဝိညာဉ် တော် အားဖြင့် တစ်ယောက် သောသူအား အနာ ရောဂါကို ငြိမ်းစေနိုင်သောအခွင့် ကို ပေးတော်မူ၏။ ၁၀ တစ်ယောက် သောသူအား၊ တန်ခိုး ကိုပြနိုင်သော အခွင့် ကိုဎင်း ၊ တစ်ယောက် သောသူအား ပရောဖက် ပြုနိုင်သော အခွင့်ကိုဎင်း ၊ တစ်ယောက် သောသူအား စိတ် ဝိညာဉ် တို့ကို ပိုင်းခြား ၍သိနိုင်သော အခွင့်ကိုဎင်း ၊ တစ်ယောက် သောသူအား အမျိုးမျိုး သော ဘာသာ စကားကို ပြောနိုင်သော အခွင့်ကိုဎင်း တစ်ယောက် သောသူအား ထိုဘာသာ စကား၏အနက် ကို ဖော်ပြနိုင်သော အခွင့်ကိုဎင်း ပေးတော်မူ၏။ ၁၁ ဤ အခွင့်ရှိသမျှ တို့ကို တစ်ပါးတည်း သော ဝိညာဉ် တော်သည် ပြုပြင် ၍ လူ အသီးအသီးတို့အား အသီးအသီး ခံရသောအခွင့်ကို အလိုတော်ရှိ သည်အတိုင်း ဝေ၄ ၍ ပေးတော်မူ၏။ ၁၂ ဥပမာ ကား၊ ကိုယ် တစ်ခု တည်း၌ အင်္ဂါအများ ရှိ သည်ဖြစ် ၍ ထို တစ်ခုတည်းသောကိုယ် အင်္ဂါအပေါင်း တို့သည် များ လျက်နှင့် ကိုယ် တစ်ခု တည်းဖြစ် သကဲ့သို့ ၊ ထိုနည်းတူ ခရစ်တော် ဖြစ်၏။ ၁၃ အကြောင်းမူကား ၊ ယုဒ လူဖြစ်စေ ၊ ဟေလသ လူဖြစ်စေ ၊ ကျွန် ဖြစ်စေ ၊ လူ လွတ်ဖြစ်စေ ၊ ငါ တို့ရှိသမျှ သည် ဝိညာဉ် တော်တစ်ပါးတည်း အားဖြင့် တစ် ကိုယ် တည်းထဲသို့ ဗတ္တိဇံ ကိုခံကြ၏။ ငါတို့ရှိသမျှ သည် တစ် စိတ် တစ်ဝိညာဉ် တည်းထဲသို့လည်း သောက် ကြ၏။ ၁၄ ကိုယ် သည် အင်္ဂါတစ်ခု တည်းရှိ သည်မ ဟုတ်၊ အများ ရှိသည်ဖြစ်၍၊ ၁၅ ခြေ က၊ ငါသည်လက် မ ဟုတ် သောကြောင့် ကိုယ် နှင့် မ စပ်ဆိုင် ဟုဆို လျှင် ၊ ထိုသို့ဆိုသောကြောင့် မ စပ်ဆိုင် သည် မှန်သလော။ ၁၆ နား ကလည်း ၊ ငါ သည် မျက်စိ မ ဟုတ်သောကြောင့် ကိုယ် နှင့် မ စပ်ဆိုင် ဟုဆို လျှင် ၊ ထိုသို့ ဆိုသောကြောင့်မ စပ်ဆိုင် သည် မှန်သလော။ ၁၇ တစ်ကိုယ်လုံးသည် မျက်စိ ဖြစ်လျှင် အဘယ်သို့ ကြား နိုင်မည်နည်း။ တစ်ကိုယ်လုံးသည် နား ဖြစ်လျှင် အဘယ်သို့ နမ်းနိုင်မည်နည်း။ ၁၈ ယခု မူကား ၊ ဘုရားသခင် သည် အလိုတော်ရှိ သည်အတိုင်း အင်္ဂါများအသီးသီး တို့ကို ကိုယ် ၌ စီရင် ခန့်ထား တော်မူ၏။ ၁၉ ထိုမှတစ်ပါး၊ အင်္ဂါအပေါင်း တို့သည် အင်္ဂါတစ်ခု တည်းဖြစ် လျှင် ကိုယ် သည်အဘယ်မှာ ရှိလိမ့်မည်နည်း။ ၂၀ ယခု တွင်အင်္ဂါအများ ရှိ လျက် နှင့် ကိုယ် တစ်ခု တည်းရှိ၏။ ၂၁ မျက်စိ က ၊ သင့် ကိုငါ အလို မ ရှိဟု လက် ကို မ ဆို ရ။ ထိုနည်းတူ၊ ဦးခေါင်း က၊ သင် တို့ကိုငါ အလို မ ရှိဟု ခြေ တို့ကို မဆိုရ။ ထိုမျှမကအားနည်းဟန်ရှိသော အင်္ဂါတို့သည် သာ၍အသုံးဝင်ကြ၏။ ၂၂ အသရေ နည်း ဟန် ရှိသော အင်္ဂါ တို့အား လည်း၊ သာ၍ကြီး သော အသရေကို ပေးတတ်၏။ ၂၃ တင့်တယ် ခြင်းမရှိသောအင်္ဂါတို့သည် သာ၍ ကြီးသော တင့်တယ် ခြင်းကို ခံရ ကြ၏။ ၂၄ တင့်တယ် လျက်ရှိသော အင်္ဂါတို့သည် အခြားသော တင့်တယ်ခြင်းကို မ လို ကြ။ ၂၅

ကိုယ်ခန္ဓာ ၌ အချင်းချင်းကွဲပြား ခြင်းမ ရှိ ဘဲ၊ အင်္ဂါများတို့သည် အချင်းချင်း သူ့ကို ကိုယ်နှင့်အမျှသတိပြု စေခြင်းငှာ၊ ဘုရားသခင် သည် ကိုယ်ခန္ဓာ ကိုမျှ စေ၍ ၊ ယုတ် သောအင်္ဂါအား သာ၍ များသော အသရေ ကို ပေး တော်မူ၏။ ၂၆ သို့ ဖြစ်၍ ၊ အင်္ဂါတစ်ခု တည်းဆင်းရဲခြင်း ကို ခံရလျှင် ၊ အင်္ဂါအပေါင်း တို့သည် အတူခံရ ကြ၏။ အင်္ဂါတစ်ခု သည်ချီးမွှော်က် ခြင်းကို ခံရလျှင် ၊ အင်္ဂါအပေါင်း တို့သည် အတူ ဝမ်းမြောက်ရကြ၏။ ၂၇ သင် တို့သည် ခရစ်တော် ၏ ကိုယ် ဖြစ် ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏။ ၂၈ ဘုရားသခင် သည်ပဌမ အရာ၌ တမန်တော် တို့ကိုဌင်း၊ ဒုတိယ အရာ၌ ပရောဖက် တို့ကိုဌင်း၊ တတိယ အရာ၌ ဆရာ တို့ကိုဌင်း၊ ထိုနောက် တန်ခိုး ပြသော သူတို့ကိုဌင်း၊ ထိုနောက် အနာ ရောဂါကို ငြိမ်းစေနိုင်သော အခွင့် ရှိသောသူတို့ကိုဌင်း၊ သင်းထောက် တို့ကိုဌင်း၊ စီရင် အုပ်စိုးသော သူတို့ကိုဌင်း၊ အမျိုးမျိုး သော ဘာသာ စကား ကိုပြောနိုင်သော သူတို့ကိုဌင်း၊ အသင်းတော် ၌ ခန့်ထား တော်မူ၏။ ၂၉ သင်းဝင်သူရှိသမျှ တို့သည် တမန်တော် ဖြစ်ကြ သလော။ ရှိသမျှ တို့သည် ပရောဖက် ဖြစ်ကြသလော။ ရှိသမျှ တို့သည် ဆရာ ဖြစ်ကြသလော။ ရှိသမျှ တို့သည် ဘုန်းတန်ခိုး ကို ပြနိုင်ကြသလော။ ၃၀ ရှိသမျှ တို့သည် အနာ ရောဂါကို ငြိမ်းစေနိုင်သော အခွင့် ရှိ ကြသလော။ ရှိသမျှ တို့သည် အမျိုးမျိုး သော ဘာသာစကားကို ပြော နိုင်ကြသလော။ ရှိသမျှ တို့သည် ထို ဘာသာစကား၏ အနက်ကို ဖော်ပြနိုင်ကြသလော။ ၃၁ သင်တို့သည် အမြတ်ဆုံး သော ဆု ကျေးဇူးတော်တို့ကို အလွန် အလိုရှိ ကြသည်တွင် ၊ သာ၍မြတ်သော လမ်း ကိုငါပြ ဦးမည်။

၁၃ ငါသည် လူ ဘာသာစကားကိုဌင်း ၊ ကောင်းကင်တမန် ဘာသာ စကားကိုဌင်း ပြော နိုင်သော်လည်း မေတ္တာ မ ရှိ လျှင် အသံ မြည်သော တံပိုး ခရာကဲ့သို့ဌင်း၊ တီး သံကိုသာ ပေးတတ်သော လင်းကွင်း ကဲ့သို့ဌင်း ဖြစ် ၏။ ၂ ပရောဖက် ဉာဏ်ကို ငါရ ၍ ၊ နက်နဲ သောအရာရှိသမျှ တို့နှင့် သိပ္ပံ အတတ်အမျိုးမျိုး ကို တတ် သော်ဌင်း၊ တောင် များကိုရွှေ့နိုင်သော ယုံကြည် ခြင်းအမျိုးမျိုး နှင့် ပြည့်စုံ သော်ဌင်း၊ မေတ္တာ မ ရှိ လျှင် အချည်းနှီး သက်သက်ဖြစ် ၏။ ၃ သူတစ်ပါးကို ငါ ကျွေးမွေး၍ ဥစ္စာ ရှိသမျှ ကို စွန့်ကြဲ သည်သာမက ၊ ကိုယ်ခန္ဓာ ကို မီးရှို့စေခြင်းငှာ အပ် သော်လည်း ၊ မေတ္တာ မ ရှိ လျှင် ၊ ငါ ၌အကျိုးမ ရှိ။ ၄ မေတ္တာ သည် စိတ်ရှည် တတ်၏။ ကျေးဇူး ပြုတတ်၏။ မေတ္တာ သည် ဂုဏ်ပြိုင် ခြင်းမ ရှိ၊ ဝါကြွား ခြင်းမ ရှိ၊ မာန် မာနမ ရှိ။ ၅ မ လျောက်ပတ် စွာမကျင့်တတ်၊ ကိုယ် အကျိုး ကို မ ရှာ တတ်၊ ဒေါသ အမျက်မ ထွက်တတ်၊ အပြစ် ရှိသည်ဟု မ ထင် တတ်၊ ၆ မတရား သော အမှု၌ ဝမ်းမြောက် ခြင်းမ ရှိတတ်၊ သမ္မာတရား ၌ ဝမ်းမြောက် တတ်၏။ ၇ ခပ်သိမ်း သောအရာကို ဖုံးအုပ် တတ်၏။ ခပ်သိမ်း သောအရာကို ယုံ တတ်၏။ ခပ်သိမ်း သောအရာကို မြော်လင့် တတ်၏။ ခပ်သိမ်း သောအရာကို သည်းခံ တတ်၏။ ၈ မေတ္တာ သည် ဖောက်ပြန် ခြင်းသဘောနှင့် အစဉ် ကင်းလွတ်၏။ ပရောဖက် ဉာဏ်သော်ဌင်း၊ အမျိုးမျိုး သော ဘာသာစကားကို ပြောနိုင်သောအခွင့်သော်ဌင်း၊ သိပ္ပံ အတတ်သော်ဌင်း၊ ကွယ်ပျောက် လိမ့်မည်။ ၉ ယခုမူကား ၊ ငါတို့သည် မစုံမလင်သိ တတ်ကြ၏။ ပရောဖက် ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏။ ၁၀ စုံလင် ခြင်းသို့ ရောက် သောအခါ မူကား ၊ မ စုံလင်သမျှတို့သည် ကွယ်ပျောက် ကြလိမ့်မည်။ ၁၁ ငါသည် သူငယ် ဖြစ် စဉ်အခါ ၊ သူငယ် လို စကား ပြော၏။ သူငယ်

လို စိတ်ထင် ၏။ သူငယ် လို ကြံစည် ၏။ အသက်ကြီးသောအခါ မူကား၊ သူငယ် ၏ အရာများကို ငါပယ်ရှား ၏။ ၁၂ ယခု တွင် ငါတို့သည် မှန် အားဖြင့် ရိပ်မိလျက် သာ နေကြ၏။ ထိုအခါ မူကား ၊ မျက်မှောက် ထင်ထင်မြင်ရကြလိမ့်မည်။ ယခု တွင် ငါအသိ အမြင်မ စုံလင်ဖြစ်၏။ ထိုအခါ မူကား ၊ သူတစ်ပါးသည် ငါ့ကို သိ သကဲ့သို့ ငါသိ ရလိမ့်မည်။ ၁၃ ယခု တွင်ယုံကြည် ခြင်း၊ မြော်လင့် ခြင်း၊ ချစ် ခြင်း၊ ဤ သုံး ပါးတည်လျက် ရှိ၏။ ဤ သုံးပါးတို့တွင် ချစ် ခြင်း၊ မေတ္တာသည် အမြတ်ဆုံး ဖြစ်သတည်း။

၁၄ ချစ် ခြင်းမေတ္တာကို မှီအောင်လိုက် ကြလော့။ ဝိညာဉ် ဆုကျေးဇူးတို့ကို အလွန်အလိုရှိ သည်တွင်၊ ပရောဖက် ပြုရသော အခွင့်ကိုသာ၍ လိုချင်သောစိတ်ရှိ ကြလော့။ ၂ အကြောင်းမူကား ၊ အခြား သောဘာသာစကားအားဖြင့်ပြော သောသူ သည် လူ တို့အားမ ပြော ၊ ဘုရားသခင် အားပြော၏။ သူ၏စကားကို အဘယ်သူ မျှနား မလည်။ နက်နဲ သောအရာတို့ကို ဝိညာဉ် တော်အားဖြင့်ပြော ၏။ ၃ ပရောဖက် ပြုသောသူ မူကား ၊ တည်ဆောက် ခြင်း၊ တိုက်တွန်း သွေးဆောင်ခြင်း၊ သက်သာ ခြင်းအလိုငှာ လူ တို့အားဟောပြော ၏။ ၄ အခြား သော ဘာသာစကားအားဖြင့်ပြော သောသူ သည် ကိုယ် ကိုသာ တည်ဆောက် ၏။ ပရောဖက် ပြုသောသူ မူကား ၊ အသင်းတော် ကို တည်ဆောက် ၏။ ၅ သင် တို့ရှိသမျှ သည် အခြား သော ဘာသာစကားဖြင့် ပြော စေခြင်းငှာငါအလိုရှိ ၏။ ပရောဖက် ပြုစေခြင်းငှာ သာ၍ အလိုရှိ၏။ အကြောင်းမူကား၊ အခြားသော ဘာသာ စကားဖြင့် ပြော သောသူ သည်၊ အသင်းတော် ကို တည်ဆောက် ခြင်းငှာ အနက် ကို မ ဖော်မပြလျှင် ၊ သူထက် ပရောဖက် ပြုသောသူ သည်သာ၍ မြတ်သတည်း။ ၆ ညီအစ်ကို တို့၊ ငါ သည် သင် တို့ရှိရာ သို့လာ၍ အခြား သော ဘာသာစကားဖြင့် ဟောပြော သော်လည်း ၊ ဗျာဒိတ် တော်ကိုပြန်ခြင်း၊ ပညာ အတတ်ကိုသင်ခြင်း၊ ပရောဖက် ပြုခြင်း၊ ဆုံးမ ဩဝါဒပေးခြင်းတစ်ခုခုကိုမ ပြုဘဲ လျက် ၊ သင်တို့အားပြော လျှင် အဘယ်အကျိုး ရှိအံ့နည်း။ ၇ ထိုနည်းတူ၊ အသံမြည် တတ် သော အဝိညာဏက စောင်း၊ ပုလွေ တို့သည် သေချာ သောအသံ နှင့် မ မြည် လျှင် ၊ စောင်း သံ၊ ပုလွေ သံတို့ကို အဘယ်သို့ သိ နိုင်မည်နည်း။ ၈ တံပိုး ခရာသည်လည်း ၊ မမှန် သောအသံ နှင့် မြည် လျှင် ၊ အဘယ်သူ သည်စစ်တိုက် ခြင်းငှာ မိမိကိုယ်ကို ပြင်ဆင် မည်နည်း။ ၉ ထိုနည်းတူ ၊ သင် တို့သည် နားလည် လွယ်သော စကား ကို နှုတ် ဖြင့် မ မြွက် လျှင် ၊ မြွက် သောစကားကို အဘယ်သို့ သိ နိုင်မည်နည်း။ အာကာသ ကောင်းကင်ကို ပြော သောသူကဲ့သို့ ဖြစ်လိမ့်မည်။ ၁၀ လူ ပြည်၌ ဘာသာ စကားမျိုး တို့သည် ဤမျှလောက် များ၍၊ ရှိသမျှတို့သည် အနက်နှင့်ပြည့်စုံသည် မှန်စေတော့။ ၁၁ ဘာသာ စကား၏ အနက် ကို ငါနား မ လည်လျှင် ၊ ပြော သော သူ အားငါသည် လူရိုင်း ဖြစ်လိမ့်မည် ။ ပြော သောသူ သည်လည်း ၊ ငါ့ အား လူရိုင်း ဖြစ်လိမ့်မည်။ ၁၂ သို့ ဖြစ်၍ သင်တို့သည် ဝိညာဉ် ဆုကျေးဇူးတော်တို့ကို အလွန် အလိုရှိ ကြသည်တွင်၊ အသင်းတော် ကို တည်ဆောက် ခြင်းငှာ ကြွယ်ဝ ပြည့်စုံမည်အကြောင်း ကြိုးစား ကြလော့။ ၁၃ ထိုကြောင့် အခြား သော ဘာသာစကားကို ပြန်ပြော သော သူ သည်၊ အနက် ကိုလည်း ဖော်ပြနိုင်မည် အကြောင်း ဆုတောင်း စေ။ ၁၄ အဘယ်ကြောင့် နည်းဟူမူကား၊ အခြား သော ဘာသာစကားဖြင့် ငါဆုတောင်း လျှင် ၊ ငါ့ စိတ် နှလုံးဆုတောင်း သော်လည်း ၊ ငါ့ ဉာဏ် သည် အကျိုး

ကိုမပေး။ ၁၅ သို့ ဖြစ်လျှင် ၊ အဘယ်သို့ ပြု ရမည်နည်း။ စိတ် နှလုံးနှင့် ၎င်း၊ ဉာဏ် နှင့် ၎င်း၊ ဆုတောင်း ရမည်။ စိတ် နှလုံးနှင့် ၎င်း၊ ဉာဏ် နှင့် ၎င်း သီချင်း ဆိုရမည်။ ၁၆ သို့မဟုတ် သင်သည် စိတ် နှလုံးနှင့် ကျေးဇူး တော်ကို ချီးမွမ်းသောအခါ ၊ မတတ် သော လူစုအဝင်ဖြစ်သော သူ သည် သင်၏စကား ကို နား မ လည်သောကြောင့် ၊ ကျေးဇူး တော်ကို ချီးမွမ်းခြင်းသို့လိုက်၍ ၊ အာမင် ဟု အဘယ်သို့ ဝန်ခံနိုင်မည်နည်း။ ၁၇ သင် သည် ကျေးဇူး တော်ကို ကောင်းမွန်စွာ ချီးမွမ်းသည် မှန် စေတော့။ အခြား သောသူမူကား ၊ တည်ဆောက် ခြင်းအကျိုးမ ရှိ။ ၁၈ ငါသည် သင်တို့ရှိသမျှ ထက် ၊ အခြား သော ဘာသာစကားဖြင့် ဟောပြော သောအရာကို ထောက်၍၊ ဘုရားသခင် ၏ကျေးဇူး တော်ကို ချီးမွမ်း၏။ ၁၉ သို့သော်လည်း ၊ အသင်းတော် ၌ အခြား သော ဘာသာစကားဖြင့် စကား တစ်သောင်း ကို ပြောနိုင်သည် ထက်၊ သူတစ်ပါးတို့ ကို သွန်သင် ခြင်းငှာ စကားငါး ခွန်း ကို ဉာဏ် နှင့်တကွပြော နိုင်သော အခွင့်ကို သာ၍ အလိုရှိ ၏။ ၂၀ ညီအစ်ကို တို့၊ သင်တို့သည် ဉာဏ် အရာ၌ သူငယ် မ ဖြစ် ကြနှင့်။ မတရားသောအမှုအရာ၌ နို့စို့ သူငယ်ဖြစ်ကြလော့။ ၂၁ ပညတ္တိကျမ်းစာ၌ လာ သည်ကား ၊ အခြား တစ်ပါးသောလျှာ၊ အခြား တစ်ပါးသောနှုတ် နှင့် ဤ လူမျိုး ကို ငါပြော မည်။ သို့သော်လည်းသူ တို့သည် နားမ ထောင်ကြဟု ထာဝရ ဘုရားမိန့် တော်မူ၏။ ၂၂ သို့ ဖြစ်၍ အခြား သော ဘာသာစကားတို့သည် ယုံကြည် သော သူ တို့အား နိမိတ် လက္ခဏာဖြစ် သည် မ ဟုတ်။ မယုံကြည် သောသူ တို့အား နိမိတ်လက္ခဏာ ဖြစ်သတည်း။ ပရောဖက် ပြုခြင်းအမှုမူကား ၊ မယုံကြည် သော သူ တို့အဘို့မ ဟုတ်၊ ယုံကြည် သော သူ တို့အဘို့ ဖြစ်သတည်း။ ၂၃ ထိုကြောင့် သင်းဝင်သူ အပေါင်း တို့သည် စည်းဝေး ၍ အခြား သော ဘာသာဖြင့် ဟောပြော လျက် နေကြစဉ်တွင် မယုံကြည် သောသူ၊ မတတ် သောသူသည် ဝင်လာ လျှင် ၊ သင်တို့ကို သူရူး ဖြစ်ကြသည်ဟု ပြော မည် မ ဟုတ်လော။ ၂၄ သို့မဟုတ် သင်းဝင်သူအပေါင်း တို့သည် ပရောဖက် ပြု၍ နေကြစဉ်တွင်၊ မယုံကြည် သောသူ ၊ မတတ် သောသူသည် ဝင်လာ လျှင် ၊ သင်းဝင်သူအပေါင်း တို့သည် သူ၏အပြစ်ကို ဖော်ပြ ၍ သူ့ကို စစ်ကြော စီရင် ကြ၏။ ၂၅ ထိုသို့ သူ ၏ စိတ် နှလုံး၌ မ ထင်ရှားသောအရာတို့သည် ထင်ရှား ပြန် ၍ သူသည် ပြပ်ဝပ် လျက် ၊ ဘုရားသခင် ကို ကိုးကွယ်လိမ့်မည် ။ ဘုရားသခင် သည် သင် တို့တွင် အမှန် ရှိ တော်မူသည်ဟု သက်သေခံ လိမ့်မည်။ ၂၆ ညီအစ်ကို တို့၊ အဘယ်သို့ နည်း။ သင်တို့စည်းဝေး ကြသောအခါ ၊ ဆာလံ သီချင်းကို ရ သောသူ၊ ဆုံးမ ဩဝါဒစကားကို ရ သောသူ၊ အခြား သောဘာသာစကားကို ရ သောသူ၊ ဗျာဒိတ် တော်ကိုရ သောသူ၊ အနက် ဖော်ပြရာ ကိုရ သောသူ၊ အသီးအသီး ရှိကြသည်ဖြစ်၍၊ ခပ်သိမ်း သောအမှုတို့ကို တည်ဆောက် ခြင်းအလိုဌာ စီရင် ကြ လော့။ ၂၇ အခြား သော ဘာသာစကားဖြင့် ဟောပြော သော သူ ရှိလျှင် ၊ နှစ် ယောက်ဖြစ်စေ၊ အများဆုံး ဆိုသော် သုံး ယောက်ဖြစ်စေ၊ တစ်ယောက်နောက်တစ်ယောက်ပြော၍ တစ်ယောက်သောသူ သည် အနက် ကိုဖော်ပြစေ။ ၂၈ စကားပြန် မ ရှိ လျှင် ၊ ဟောပြောသောသူသည် အသင်းတော် ၌ တိတ်ဆိတ် စွာနေ၍ မိမိ အားဌင်း ၊ ဘုရားသခင် အားဌင်း ပြော စေ။ ၂၉ ပရောဖက် နှစ် ယောက်ဖြစ်စေ၊ သုံး ယောက် ဖြစ်စေ၊ ဟောပြော ၍ အခြား သော သူတို့သည် စစ်ကြော ဆင်ခြင်ကြစေ။ ၃၀ ထိုင် လျက် နေသောသူ အား တစ်စုံတစ်ခုကို ဖွင့်ပြ တော်မူလျှင် ၊ အရင် ဟောပြောသောသူသည် တိတ်ဆိတ်

စွာနေစေ။ ၃၁ အကြောင်းမူကား ၊ ရှိသမျှ တို့သည် သင် ခြင်းငှာ ၎င်း၊ ရှိသမျှ တို့သည် သက်သာ ခြင်းငှာ၎င်း၊ သင်တို့ အသီးအသီး တစ်ယောက် နောက် တစ်ယောက်ပရောဖက် ပြုရသော အခွင့် ရှိကြ၏။ ၃၂ ပရောဖက် တို့သည်လည်း ၊ မိမိ တို့စိတ် ဝိညာဉ်ကို ချုပ်တည်း နိုင်ကြ၏။ ၃၃ ဘုရားသခင် သည် ရုန်းရင်းခတ် သောအမှုကို ပြုစုတော်မ မူ။ သန့်ရှင်း သူတို့၏ အသင်းတော် အပေါင်း တို့ ၌ ဖြစ်သကဲ့သို့ အသင့်အတင့်ငြိမ်ဝပ် ခြင်းကို ပြုစု တော်မူ၏။ ၃၄ သင်တို့၏ မိန်းမ တို့သည် အသင်းတော် ၌ တိတ်ဆိတ် စွာ နေကြစေ။ သူ တို့သည် ဟောပြော ရသော အခွင့် မ ရှိကြ။ ပညတ် တရားစီရင် သည်အတိုင်း သူ တို့ သည် ယောကျ်ား၏အုပ်စိုးခြင်းကို ဝန်ခံရကြမည်။ ၃၅ မိန်းမ တို့သည် တစ်စုံတစ်ခု ကိုသင် လိုလျှင် ၊ အိမ် ၌ မိမိ ခင်ပွန်း တို့ကို မေးမြန်း ကြစေ။ မိန်းမ သည်အသင်းတော် ၌ ဟောပြော လျှင် ရှက်ဘွယ် သော အကြောင်း ဖြစ် ၏။ ၃၆ ဘုရားသခင် ၏နှုတ်ကပတ် တရားတော်သည် သင် တို့မှ ထွက် သလော။ သို့မဟုတ် သင် တို့သို့ သာ ရောက် သလော။ ၃၇ ငါသည်သင် တို့အား ရေး ၍ပေးလိုက်သော စကား တို့သည် သခင် ဘုရား၏ ပညတ် တော်ဖြစ် ကြောင်း ကို၊ ပရောဖက် ဖြစ် သောသူ ၊ ဝိညာဉ် ဆုကျေးဇူးကို ခံရသောသူမည်သည်ကားဝန်ခံ ပါစေ။ တစ်စုံတစ်ယောက် သော သူသည် မ သိလျှင် မသိဘဲနေစေ။ ၃၈ အချုပ်အခြာဟူမူကား၊ ညီအစ်ကို တို့၊ သင်တို့သည် ပရောဖက် ပြုခြင်းငှာအလွန်အလိုရှိ ကြလော့။ ၃၉ အခြား သော ဘာသာစကားဖြင့် ဟောပြော ခြင်း အမှုတို့ကိုလည်း မ မြစ်တား ကြနှင့်။ ၄၀ ခပ်သိမ်း သောအမှုကို တင့်တယ် လျောက်ပတ်စွာ အစဉ် အတိုင်း စီရင် ကြ လော့။

၁၅ ညီအစ်ကို တို့၊ ငါသည်သင် တို့အား ဟောပြော ဘူးသည်နှင့်အညီ၊ သင်တို့သည် ခံယူ ၍ မှီဝဲ ဆည်းကပ်သော ဧဝံဂေလိ တရားကို သင် တို့အား တစ်ဖန် ငါကြား လိုက်၏။ ၂ အထက်ကငါဟောပြော သည် အကြောင်း များကို သင် တို့သည် အကျိုးမဲ့ မ ယုံဘဲစိတ်စွဲလမ်း လျှင် ၊ ထို ဧဝံဂေလိတရားအားဖြင့် ကယ်တင် တော်မူခြင်းသို့ ရောက်ကြ၏။ ၃ ငါသည် ကိုယ်တိုင်ခံယူ သည်အတိုင်း ၊ သင် တို့အား ရှေးဦးစွာ အပ်ပေး သောအကြောင်း အရာဟူမူကား ၊ ခရစ်တော် သည် ကျမ်းစာ လာသည်အတိုင်း ငါ တို့အပြစ် ကြောင့် အသေခံ တော်မူ၏။ ၄ သင်္ဂြိဟ ပြီးမှ ၊ ကျမ်းစာ လာသည်အတိုင်း သုံး ရက်မြောက်သောနေ့ ၌ ထမြောက် တော်မူ၏။ ၅ ကေဖ သည်ကိုယ်တော်ကို မြင် ပြီးမှ ၊ တစ်ကျိပ် နှစ်ပါးသော သူ တို့သည် မြင်ရကြ၏။ ၆ ထိုနောက် ညီအစ်ကို ငါးရာ မက ၊ တပြိုင်နက် မြင် ရကြ၏။ ထိုသူ တို့တွင် အများ သောသူတို့သည် ယခု တိုင်အောင် အသက် ရှင်ကြသေး၏။ အချို့ တို့သည် အိပ်ပျော် ကြပြီ။ ၇ ထိုနောက် ယာကုပ် မြင် ရ၏။ ထိုနောက် တမန်တော် အပေါင်း တို့သည် မြင်ရကြ၏။ ၈ နောက်ဆုံး ၌ အချိန် မတော်မတန်ဘွားသော သူ ကဲ့သို့ ဖြစ်သော ငါ ပင်မြင် ရ၏။ ၉ ငါသည် အထက်ကဘုရားသခင် ၏ အသင်းတော် ကို ညှဉ်းဆဲ သောကြောင့် ၊ အညံ့ဆုံး သော တမန်တော် ဖြစ် ၏။ တမန်တော် ဟု ခေါ် ဝေါ် ခြင်းကို မ ခံထိုက် ။ ၁၀ သို့သော်လည်း ဘုရားသခင် ၏ ကျေးဇူး တော်အားဖြင့်သာ ငါ ဖြစ်သည်အတိုင်း ငါဖြစ် ၏။ ငါ ခံရသော ကျေးဇူး တော်ကိုလည်း အကျိုးမဲ့ ခံရသည်မ ဟုတ်။ အခြား သော တမန်တော် အပေါင်း တို့ထက်၊ ငါသည် သာ၍ ကြိုးစား ခြင်းကိုပြု၏။ ထိုသို့ဆိုသော်လည်း ၊ ငါ ကြိုးစားသည်မ ဟုတ်။ ငါ နှင့်အတူ ရှိသောဘုရားသခင် ၏ ကျေးဇူး တော်သည် ကြိုးစားတော်မူ၏။ ၁၁ ထိုကြောင့်

၊ ငါ ဖြစ်စေ၊ သူ တို့ ဖြစ်စေ၊ ဤသို့ ငါတို့သည် ဟောပြော ကြ၏။ ဤသို့ လည်း သင်တို့သည် ယုံကြည် ကြ၏။ ၁၂ ယခုမှာ၊ ခရစ်တော် သည် သေ ခြင်းမှ ထမြောက် တော်မူကြောင်း ကို ဟောပြော ရသည်ဖြစ်၍ ၊ သေ သော သူတို့သည် ထမြောက် ခြင်းမ ရှိ ဟု သင် တို့တွင် အချို့သောသူတို့သည် အဘယ်ကြောင့် ဆို ရကြသနည်း။ ၁၃ သေ သောသူတို့သည် ထမြောက် ခြင်းမ ရှိ လျှင် ၊ ခရစ်တော် သည် ထမြောက် တော်မ မူ။ ၁၄ ခရစ်တော် သည် ထမြောက် တော်မ မူလျှင် ၊ ငါ တို့ ဟောပြော ခြင်း၌ အကျိုး မရှိ သင် တို့ယုံကြည် ခြင်း၌ လည်း အကျိုး မရှိ။ ၁၅ ထိုမျှမက၊ ငါတို့သည် ဘုရားသခင်၏အမှုမှာ မမှန် သော သက်သေခံဖြစ် ကြ၏။ ၁၆ အကြောင်းမူကား ၊ သေ လွန်သောသူတို့သည် ထမြောက် ခြင်းမ ရှိလျှင် ၊ ဘုရားသခင် သည် ခရစ်တော် ကို ထမြောက် စေတော်မ မူ၊ ယခုမှာ၊ ခရစ်တော်ကို ထမြောက် စေတော်မူပြီဟုငါတို့သည် ဘုရားသခင် ၏အကြောင်း ကို သက်သေခံ ကြ၏။ သေ လွန်သောသူတို့သည် ထမြောက် ခြင်းမ ရှိလျှင် ၊ ခရစ်တော် သည် ထမြောက် တော်မ မူ။ ၁၇ ခရစ်တော် သည် ထမြောက် တော်မ မူလျှင် ၊ သင် တို့သည် ယုံကြည် သော်လည်းအကျိုး မရှိ၊ ဒုစရိုက် အပြစ်အောက်၌ ရှိ ကြသေး ၏။ ၁၈ ထိုမှတစ်ပါး ၊ ခရစ်တော် ကို ယုံကြည်၍ အိပ်ပျော် သောသူ တို့သည် ဆုံးရှုံး ခြင်းသို့ရောက်ကြပြီ။ ၁၉ ငါတို့သည် ခရစ်တော် ကို အမှီပြု ၍ ယခု ဘဝ ၌ သာ မြော်လင့် စရာရှိ လျှင် ၊ အခြားသော သူ အပေါင်း တို့ထက်သာ၍ဆင်းရဲ သောသူ ဖြစ် ကြ၏။ ၂၀ ယခု မူကား ၊ ခရစ်တော် သည် သေ ခြင်းမှ ထမြောက် တော်မူ၍၊ အိပ်ပျော် သောသူ တို့တွင် အဦး သီး သော အသီးဖြစ်တော်မူပြီ။ ၂၁ သို့ ဖြစ်၍ လူ အားဖြင့် သေ ခြင်းတရားသည် တည်သကဲ့သို့ ၊ သေ သောသူတို့၏ ထမြောက် ခြင်းတရား သည် လူ အားဖြင့် တည်လျက်ရှိ၏။ ၂၂ လူအပေါင်း တို့သည် အာဒံ အားဖြင့် သေ ခြင်းသို့ ရောက်သည်နည်းတူ ၊ လူအပေါင်း တို့သည် ခရစ်တော် အားဖြင့် အသက် ရှင်ခြင်းသို့ ရောက်ရကြလတံ့။ ၂၃ သို့ရာတွင် လူအသီးအသီး တို့သည် မိမိ တို့အလှည့် အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော် သည် အဦး သီးသော အသီးဖြစ်တော်မူ၏၊ ခရစ်တော် သည် ကြွလာ တော်မူသောအခါ ၊ တပည့် တော်ဖြစ်သော သူ တို့ သည် ရှင်ခြင်းသို့ ရောက်ကြလိမ့်မည်။ ၂၄ ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ် အာဏာ တန်ခိုး အမျိုးမျိုး ကို ပယ်ရှင်း ၍ ၊ မိမိနိုင်ငံ ကို ဘုရားသခင် တည်းဟူသောခမည်းတော် ၌ အပ် ပြန်တော်မူပြီးမှ ကမ္ဘာကုန် ရလတံ့။ ၂၅ ခရစ်တော် သည် ရန်သူ အပေါင်း တို့ကို ခြေဖဝါး တော်အောက် ၌ ချထား တော်မ မူမှီတိုင်အောင်အုပ်စိုး တော်မူရ မည်။ ၂၆ နောက်ဆုံး သော ရန်သူ တည်းဟူသောသေမင်း သည် ဆုံးရှုံး ခြင်းသို့ ရောက်ရလတံ့။ ၂၇ ခပ်သိမ်း သောအရာတို့ကို လူ သား၏ ခြေ အောက် ၌ ချထား တော်မူသည်ဟု ကျမ်းစာလာ၏။ ခပ်သိမ်း သောအရာတို့သည် ချထား လျက်ရှိကြောင်း ကို ဆို သော် ၊ ခပ်သိမ်း သောအရာတို့ကို လူ သားအောက်၌ ချထား တော်မူသောသူ သည်ကြွင်း တော်မူကြောင်း ထင်ရှား သတည်း။ ၂၈ ခပ်သိမ်း သော အရာတို့သည် လူသားအောက်၌ ချထား လျက် ရှိသောအခါ ၊ ခပ်သိမ်း သောအရာတို့ကို သူ အောက်၌ ချထား တော်မူသော သူ ၏ အုပ်စိုးတော်မူခြင်းကို သား တော်သည် ကိုယ်တိုင် ဝန်ခံ လိမ့်မည်။ အကြောင်းမူကား ၊ ဘုရားသခင် သည် အလုံးစုံ ဖြစ် တော်မူမည်အကြောင်းတည်း။ ၂၉ သေ လွန်သောသူတို့သည် ထမြောက် ခြင်း အလျှင်း မ ရှိလျှင် ၊ သေ လွန်သော

သူတို့၏ ကိုယ်စား ဗတ္တိဇံ ကိုခံသော သူ တို့သည် အဘယ်သို့ ပြု ရမည်နည်း။ သေလွန်သော သူ တို့၏ကိုယ်စား အဘယ်ကြောင့် ဗတ္တိဇံ ကို ခံရကြသနည်း။ ၃၀ ငါ တို့သည်လည်း ဘေးရောက် အံ့သော အခြင်းအရာနှင့် အဘယ်ကြောင့် တွေ့ရကြသနည်း။ ၃၁ ငါသည် နေ့တိုင်း အသေခံ ရ၏ဟု ငါ တို့သခင် ယေရှု ခရစ် ၌ သင် တို့အကြောင်းကြောင့် ငါဝါကြွား ဝမ်းမြောက်ခြင်းကို တိုင်တည်၍ ငါဆိုဝံ၏။ ၃၂ သေ လွန်သောသူတို့သည် ထမြောက် ခြင်း မ ရှိလျှင် ၊ ဧဖက် မြို့၌ လောကီ ဝေါဟာရအားဖြင့် ၊ အထက် က ငါသည်သားရဲ တို့နှင့် တိုက်သော်လည်း၊ အဘယ် အကျိုး ရှိသနည်း။ စား ကြကုန်အံ့၊ သောက် ကြကုန်အံ့၊ နက်ဖြန် သေ ရကြမည်။ ၃၃ အလွဲ မ ယူကြနှင့်။ မကောင်း သော သူတို့နှင့် ပေါင်းဖော် ခြင်းအား ဖြင့်ကောင်း သော အကျင့် ဓလေ့ ယိုယွင်း တတ်၏။ ၃၄ တရား သဖြင့် နိုး ကြလော့။ ဒုစရိုက် ကိုမ ပြုကြနှင့်။ အချို့သော သူတို့သည် ဘုရားသခင် ကို မ သိကြ။ ထိုသို့ဆိုသော်၊ သင် တို့ကို ရှက်ကြောက် စေခြင်းငှာ ငါဆို ၏။ ၃၅ သေ လွန်သောသူတို့သည် အဘယ်သို့ ထမြောက် ကြမည်နည်း။ အဘယ်သို့ သော ကိုယ် နှင့် ပေါ် လာ ကြမည်နည်းဟု တစ်စုံတစ်ယောက် သောသူ မေး လိမ့်မည်။ ၃၆ အချင်းလူမိုက် ၊ သင် စိုက် သောမျိုးစေ့မ ပျက် လျှင် မ ရှင် တတ်။ ၃၇ ထိုမှတပါး မျိုးစေ့ကို စိုက် သောအခါ၊ နောက် ဖြစ် လတံ့သော ကိုယ် ကိုမ စိုက်၊ ဂျုံ စပါးဖြစ်စေ၊ အခြား သောစပါး ဖြစ်စေ၊ အစေ့ သက်သက်ကို စိုက် တတ်၏။ ၃၈ ဘုရားသခင် သည် အလို တော်ရှိသည်အတိုင်း ကိုယ် ကို ပေး တော်မူ၏။ မျိုးစေ့ အသီးအသီး တို့အား လည်း ၊ မိမိ တို့မျိုးအတိုင်း ကိုယ် ကိုပေးတော်မူ၏။ ၃၉ အသား ရှိသမျှ တို့သည် တမျိုး တည်းမ ဟုတ်။ လူ သား တမျိုး ၊ အမဲသား တမျိုး ၊ ငါး သားတမျိုး ၊ ငှက် သား တမျိုး ၊ အသီးအသီးရှိကြ၏။ ၄၀ ကောင်းကင် အကောင် အထည်လည်း ရှိ၏။ မြေကြီး အကောင် အထည်လည်း ရှိ၏။ ကောင်းကင် အကောင်အထည်၏ ဂုဏ် အသရေလည်း တမျိုး ၊ မြေကြီး အကောင်အထည်၏ ဂုဏ်အသရေလည်း တမျိုး ဖြစ်၏။ ၄၁ နေ ၏ဂုဏ် အသရေတမျိုး ၊ လ ၏ဂုဏ် အသရေတမျိုး ၊ ကြယ် တို့၏ ဂုဏ် အသရေတမျိုး အသီးအသီးရှိကြ၏။ ကြယ် တို့၏ ဂုဏ် အသရေသည်လည်း အသီးသီး အခြားခြားဖြစ်ကြ၏။ ၄၂ ထိုနည်းတူ ၊ သေသောသူတို့၏ ထမြောက် ခြင်းအကြောင်းအရာဖြစ်၏။ ကိုယ်သည်စိုက် သောအခါ၊ ပုပ် တတ်သောသဘောရှိ၏။ ထမြောက် သောအခါ မ ပုပ်နိုင်သောအဖြစ်၌ တည်၏။ ၄၃ စိုက် သောအခါဂုဏ် အသရေပျက်၏။ ထမြောက် သောအခါ ဂုဏ် အသရေနှင့် ပြည့်စုံ၏။ စိုက် သောအခါ အစွမ်း မရှိ။ ထမြောက် သောအခါ အစွမ်း နှင့်ပြည့်စုံ၏။ ၄၄ စိုက် သောအခါ ဇာတိ ပကတိကိုယ် ဖြစ်၏။ ထမြောက် သောအခါ ဝိညာဏ ကိုယ် ဖြစ်၏။ ဇာတိ ပကတိကိုယ် တမျိုး၊ ဝိညာဏ ကိုယ်တမျိုးရှိ ၏။ ၄၅ ကျမ်းစာ လာသည်ကား ၊ ရှေးဦးစွာ သော လူ အာဒံ သည် အသက် ရှင်သော သတ္တဝါ ဖြစ် ၏ဟု လာသတည်း။ ယခုတွင်နောက်ဆုံး ဖြစ်သော အာဒံ မူကား၊ အသက် ရှင်စေတတ်သော ဝိညာဉ် ဖြစ်၏။ ၄၆ ဝိညာဏ ကိုယ်သည် ရှေးဦးစွာ ဖြစ်သည်မ ဟုတ်၊ ဇာတိ ပကတိကိုယ်သည် ရှေးဦးစွာဖြစ်၏။ နောက်မှ ဝိညာဏ ကိုယ်ဖြစ်၏။ ၄၇ ရှေးဦးစွာ သော လူ သည်မြေကြီး က ဖြစ်သောကြောင့်မြေ သားဖြစ်၏။ ဒုတိယ လူ မူကား ၊ ကောင်းကင်ဘုံက ဖြစ်တော်မူသော သခင်ပေတည်း။ ၄၈ မြေ သား တို့သည် ထို မြေ သား ကဲ့သို့ ဖြစ်ကြ၏။ ကောင်းကင် သားတို့သည် ထို

ကောင်းကင် သားကဲ့သို့ ဖြစ်ကြလိမ့်မည်။ ၄၉ ငါ တို့သည် မြေ သား၏ ပုံ သဏ္ဌာန်ကို ဆောင်သကဲ့သို့ ၊ ကောင်းကင် သား၏ ပုံ သဏ္ဌာန်ကို ဆောင် ကြ လိမ့်မည်။ ၅၀ ညီအစ်ကို တို့၊ ငါဆို သည်ကား ၊ လူအသွေး အသား သည် ဘုရားသခင် ၏နိုင်ငံ တော်ကို အမွေ မ ခံနိုင် ၊ ပုပ် တတ်သောအရာသည် မ ပုပ်နိုင်သောအဖြစ်ကို အမွေ မ ခံနိုင်။ ၅၁ နက်နဲ သော အရာတစ်ခုကိုငါ ပြဦးမည်။ ငါတို့ ရှိသမျှ သည် အိပ်ပျော် ရကြမည်မ ဟုတ်။ ၅၂ သို့သော်လည်း ၊ နောက်ဆုံး သော တံပိုး မှုတ်သောအခါ ၊ တခဏခြင်း တွင် မျက်စိ တစ်မှိတ် ၌ ငါတို့ရှိသမျှ သည် ပြောင်းလဲ ခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုး မှုတ်ချိန်ရောက်သောအခါ ၊ သေ လွန်သောသူတို့သည်၊ မ ပုပ်နိုင် သောအဖြစ်၌ တည်လျက် ထမြောက် ၍၊ ငါ တို့ရှိသမျှသည် ပြောင်းလဲ ခြင်းသို့ ရောက်ရကြမည်။ ၅၃ ယခု မျက်မှောက်ပုပ် တတ်သော အရာသည် မ ပုပ်နိုင်သောအဖြစ်သို့ ဝင်စား ရမည်။ ယခု မျက်မှောက်သေ တတ်သော အရာသည် မ သေနိုင်သောအဖြစ်သို့ ဝင်စား ရမည်။ ၅၄ ဤ ပုပ် တတ်သောအရာသည် မ ပုပ်နိုင်သော အဖြစ်သို့ဝင်း၊ ဤ သေ တတ်သောအရာသည် မ သေနိုင် သောအဖြစ်သို့ဝင်း၊ ဝင်စား သောအခါ၊ သေ ခြင်းသည် အောင် ခြင်း၌ နစ်မြုပ် ပြီဟု ကျမ်းစာ ၌လာချက် ပြည့်စုံ လိမ့်မည်။ ၅၅ အိုသေမင်း ၊ သင် ၏လက်နက် သည်၊ အဘယ်မှာ ရှိသနည်း။ အို မရဏနိုင်ငံ၊ သင် ၏အောင် ခြင်းသည် အဘယ်မှာ ရှိသနည်း။ **(Hadēs g86)** ၅၆ သေမင်း ၏လက်နက် ကား ၊ ဒုစရိုက် အပြစ်ပေတည်း။ ဒုစရိုက် အပြစ်၏ တန်ခိုး ကား ၊ ပညတ် တရား ပေတည်း။ ၅၇ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ငါ တို့အား အောင် ခြင်းအခွင့်ကို ပေး တော်မူသော ဘုရားသခင် ၏ ကျေးဇူး တော်သည် ကြီးလှစွတကား ။ ၅၈ ထိုကြောင့် ငါ ချစ် သောညီအစ်ကို တို့၊ သင် တို့သည် သခင် ဘုရား၏အမှု တော်ကို ဆောင်ရွက်၍ အကျိုး ကြီးသည်ကို သိမှတ် သဖြင့် တည်ကြည် သော စိတ်နှင့် ပြည့်စုံ ၍၊ မ ရွေ့လျော့မတိမ်းယိမ်းဘဲလျက်၊ သခင် ဘုရားအမှု တော်ကို ကြိုးစားအားထုတ်ကြလော့။

၁၆ သန့်ရှင်း သူတို့အဘို့ လှူဒါန်း၍ စုထား ခြင်းအမှု မှာ ဂလာတိ ပြည်၌ အသင်းတော် များကို ငါမှာထား သည်အတိုင်း သင် တို့ပြု ကြလော့။ ၂ ငါရောက်လာ သောအခါ လှူဒါန်း၍ စုထား စရာ မ ရှိ စေခြင်းငှာ၊ ခုနစ် ရက်တွင် ပဌမ နေ့ရက်၌ အသီးအသီး ကောင်းစား သည်အတိုင်း၊ မိမိ တို့ ဥစ္စာ တ ဘို့ကို ထုတ် ၍ စုထား ကြလော့။ ၃ ငါရောက်လာ သောအခါ ၊ သင်တို့အလိုရှိ သော သူ တို့ကို ငါသည် လက်မှတ် စာပေး၍၊ သင် တို့လူသော အလှူ ကို ယေရုရှလင် မြို့သို့ ပို့ စိမ့်သောငှာစေလွှတ် မည်။ ၄ သို့မဟုတ်ငါ့ ကိုယ်တိုင်သွား သင့် လျှင် ၊ သူတို့သည် ငါ နှင့်အတူ လိုက် ရကြမည်။ ၅ မာကေဒေါနိ ပြည်လမ်းကိုငါသွား မည်ဖြစ်၍ ၊ ထိုပြည် မှ ထွက် ပြီးလျှင် သင် တို့ရှိရာ သို့လာ မည်။ ၆ နောက်မှအခြားသို့ ငါသွား သောအခါ ၊ သင် တို့ ပို့ သောကျေးဇူးကို ခံခြင်းငှာ၊ သင် တို့ဆီမှာ ငါတည်းခို ၍ ဆောင်း ကာလပတ်လုံးနေကောင်း နေလိမ့်မည်။ ၇ ယခု သွား စဉ်တွင်သင် တို့ကို တွေ့မြင် ခြင်းငှာသာ အလို မ ရှိ၊ နောက်မှသခင် ဘုရားသည် အခွင့် ပေးတော်မူလျှင် ၊ သင် တို့နှင့်အတူကြာမြင့် စွာနေ မည်ဟု မြော်လင့် ခြင်း ရှိ၏။ ၈ ပင်တေကုတ္တေ ပွဲနေ့တိုင်အောင် ဧဖက် မြို့၌ ငါနေ ရမည်။ ၉ အကြောင်းမူကား ၊ အလွန်ကြီးစွာ သော တံခါး သည် အဆင်သင့် ၍ ငါ့ အားဖွင့် လျက်ရှိ၏။ တားဆီး သော သူအများ လည်း ရှိကြ၏။ ၁၀ တိမောသေ သည် သင်တို့ဆီသို့ ရောက် လျှင် ၊ သူ

သည်စိုးရိမ် ခြင်း အကြောင်း မရှိဘဲ၊ သင် တို့နှင့်အတူ နေစေခြင်းငှာသတိပြု ကြလော့။ သူသည်ငါ ကဲ့သို့ ပင် သခင်ဘုရား၏အမှု တော်ကိုဆောင်ရွက်သော သူ ဖြစ်၏။ ၁၁ ထိုကြောင့် အဘယ်သူ မျှသူ့ ကို မထီမဲ့မြင် မ ပြုစေနှင့်။ သူသည် ငါ့ ထံသို့ ငြိမ်ဝပ် စွာ ပြန်ရ မည် အကြောင်း ပို့ဆောင် ခြင်း ကျေးဇူးကို ပြုကြလော့။ သူ သည် အခြားသော ညီအစ်ကို တို့နှင့်အတူ လာလိမ့်မည်ဟု ငါမြော်လင့် လျက်နေ၏။ ၁၂ ငါ့ညီ အာပေါလု ၏ အကြောင်း မှာ၊ ညီအစ်ကို တို့နှင့်အတူ သင် တို့ ဆီသို့ သွား မည်အကြောင်း ငါ သည် များစွာ ချော့မော့၍ တောင်းပန်သော်လည်း၊ သူသည် ယခုတွင်သွားခြင်းငှာ အလျှင်း အလို မ ရှိ ၊ နောက်မှ အဆင်သင့် လျှင် သွား လိမ့်မည်။ ၁၃ သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည် ခြင်း၌ တည် ကြလော့။ ယောကျ်ား အစွမ်းသတ္တိ နှင့်တကွခွန်အား စုံလင်လျက်နေကြလော့။ ၁၄ သင် တို့သည် ခပ်သိမ်း သော အမှုတို့ကို ချစ် ခြင်းမေတ္တာစိတ်နှင့် ဆောင်ရွက် ကြလော့။ ၁၅ ညီအစ်ကို တို့၊ သတေဖန် ၏အိမ်သူ အိမ်သားတို့သည် အခါယ ပြည်တွင်အဦး သီးသော အသီးဖြစ် ၍၊ သန့်ရှင်း သူတို့၏ အမှုကို ဆောင်ရွက်ခြင်းငှာ ကိုယ်ကိုကိုယ် အပ် ကြောင်း ကို သင်တို့ သိ ကြသည်နှင့်အညီ၊ ၁၆ ထိုသို့သော သူတို့၏ အုပ်စိုးခြင်းကိုငဲ့ ၊ ငါတို့နှင့်အတူလုပ်ကိုင် ၍ အမှုဆောင် သောသူ ရှိသမျှ တို့၏ အုပ်စိုးခြင်းကိုငဲ့၊ သင် တို့ဝန်ခံကြမည်အကြောင်း ငါ တောင်းပန် ၏။ ၁၇ သတေဖန် ၊ ဖော်တုနတ် ၊ အခါယကု တို့သည် ရောက်လာ သောကြောင့် ငါဝမ်းမြောက် ခြင်းရှိ၏။ ၁၈ အကြောင်းမူကား ၊ သင် တို့သည် ပြုစုရ၍မ ပြည့်စုံသမျှကို သူ တို့သည် ထပ်၍ပြည့်စုံသဖြင့်၊ ငါ့ စိတ် နှင့် သင် တို့စိတ်ကို သက်သာ စေကြပြီ။ ထိုသို့သော သူတို့ကို လက်ခံ ကြလော့။ ၁၉ အာရှ ပြည်၌ အသင်းတော် များတို့သည် သင် တို့ကို နှုတ်ဆက် ကြ၏။ အာကုလ နှင့် ပြစ်ကိလ တို့သည် သူ တို့ အိမ် ၌ ရှိသော အသင်းတော် နှင့်တကွ ၊ သခင် ဘုရားကို ထောက်၍ သင် တို့ကို များစွာ နှုတ်ဆက် ကြ၏။ ၂၀ ညီအစ်ကို အပေါင်းတို့သည် သင် တို့ကို နှုတ်ဆက် ကြ၏။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သန့်ရှင်း သော နမ်း ခြင်းနှင့် နှုတ်ဆက်ကြလော့။ ၂၁ ငါပေါလု သည်နှုတ်ဆက် ခြင်းအချက်ကို ကိုယ် လက် နှင့် ရေးထား၏။ ၂၂ အကြင်သူ သည် သခင်ယေရှုခရစ်ကို မ ချစ် ၊ ထိုသူသည် အနသေမာ ဖြစ်စေ သတည်း။ သခင် ဘုရား သည် ကြွလာတော်မူ၏။ ၂၃ ငါတို့သခင်ယေရှု ခရစ်၏ ကျေးဇူး တော်သည် သင် တို့ ၌ ရှိစေသတည်း။ ၂၄ ယေရှု ခရစ် ၏ တပည့်တော်ဖြစ် သမျှ သော သင်တို့ ၌ ငါ ၏ချစ် ခြင်းမေတ္တာရှိ၏။ အာမင်။

၁ ဘုရားသခင် ၏အလို တော်အားဖြင့် ယေရှု ခရစ် ၏ တမန်တော် ဖြစ်သော ငါ ပေါလုနှင့် ဘ်ညီ တိမောသေ
သည်၊ ကောရိန္သု မြို့၌ ရှိ သော ဘုရားသခင် ၏ အသင်းတော် မှစ၍ ၊ အခါယ ပြည် အရပ်ရပ် တို့ ၌ ရှိ သော
သန့်ရှင်း သူအပေါင်း တို့ကို ကြားလိုက်ပါ၏။ ၂ သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင်
အထံတော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ ၃ သနား ခြင်းကရုဏာ၏အဘ
၊ သက်သာ ခြင်းအမျိုးမျိုး တို့၏ အရှင် တည်းဟူသောငါ တို့သခင် ယေရှု ခရစ် ၏ ခမည်းတော် ဘုရားသခင်
သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၄ ငါတို့သည် ဘုရားသခင် ၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင် သက်သာ
ခြင်းရှိသကဲ့သို့ ၊ ဆင်းရဲ ခြင်းအမျိုးမျိုး ကို ခံရသောသူ တို့ အား သက်သာ စေနိုင် မည်အကြောင်း ၊ ဆင်းရဲ ခြင်းအမျိုးမျိုး
တို့ ၌ ဘုရားသခင် သည် ငါ တို့အားသက်သာ စေ တော်မူ၏။ ၅ အဘယ်သို့ နည်းဟူမူကား၊ ခရစ်တော် ကြောင့် ငါ
တို့ခံရသော ဆင်းရဲ ခြင်းသည် အလွန်များပြား သည် နည်းတူ ၊ ခရစ်တော် ၏ကျေးဇူးအားဖြင့် ငါ တို့ခံရသော သက်သာ
ခြင်းသည် အလွန်များပြား ၏။ ၆ သို့ ဖြစ်၍ ငါတို့သည် ဆင်းရဲ ခြင်းကိုခံရသော်ငင်း၊ သက်သာ ခြင်း သို့ရောက်သော်ငင်း၊
သင် တို့၏ သက်သာ ခြင်းနှင့် ကယ်တင် ခြင်း အကျိုး အလိုဌာဖြစ်၏။ ငါ တို့သည် ဆင်းရဲခြင်း ကိုခံရသကဲ့သို့
သင်တို့သည် သည်းခံသော စိတ် နှင့် ခံရသောအားဖြင့်၊ ထိုသက်သာခြင်းနှင့် ကယ်တင်ခြင်းသည်ပြည့်စုံတတ်၏။
၇ သင် တို့အတွက် ကြောင့်ငါ တို့သည် မ ရွေ့နိုင်သော မြော်လင့် ခြင်းရှိ၏။ သင်တို့သည် ဆင်းရဲ ခြင်းကိုဆက်ဆံ
သကဲ့သို့ ၊ ထိုနည်းတူ သက်သာ ခြင်းကို ဆက်ဆံကြ၏ဟုငါတို့သည်သိ ကြ၏။ ၈ ညီအစ်ကို တို့၊ အာရှိ ပြည်၌ ငါ
တို့ခံရသော ဆင်းရဲ ခြင်းတည်းဟူသော အသက် မ လွတ်နိုင်ဟု ထင်ရ၍၊ မခံနိုင်အောင်အတိုင်း ထက် အလွန် လေး
သော ဆင်းရဲခံရကြောင်း ကို သင် တို့မ သိဘဲ နေစေခြင်းငှာငါ တို့ အလိုမ ရှိ။ ၉ ငါ တို့သည်မိမိ ကိုယ်ကိုအစဉ်မ
ကိုးစား ဘဲ၊ သေ သောသူ တို့ကို ထမြောက် စေတော်မူသော ဘုရားသခင် ကို ကိုးစားမည်အကြောင်း သေ စေဟုစီရင်
ခြင်းကို ကိုယ်တိုင် ခံရသကဲ့သို့ ဖြစ် ၏။ ၁၀ ထိုဘုရားသခင် သည် ငါ တို့ကိုထိုမျှလောက်ကြီးစွာ သော သေ ဘေးမှ
ကယ်လွတ် တော်မူပြီ။ ယခုဥ် လည်း ကယ်လွတ် တော်မူသေး၏။ ၁၁ သင် တို့သည်ကူညီ ၍ ငါ တို့အဘို့ ဆုတောင်း
လျှင်၊ နောက်၌လည်း ကယ်လွတ်တော်မူလတံ့ဟု ငါတို့သည် ယုံကြည်မျှော်လင့် ခြင်းရှိ၏၊ ထိုသို့ ဖြစ်လျှင်အများ သော
သူတို့သည် ကူညီသောအားဖြင့် ငါ တို့ ၌ ရောက်သော ကျေးဇူး ကို အများ သောသူတို့သည်ထောက် ၍ ငါ တို့အတွက်
ကျေးဇူးတော်ကို ချီးမွမ်း ကြလိမ့်မည်။ ၁၂ ငါ တို့ဝါကြွား ဝမ်းမြောက်ခြင်း အကြောင်း ဟူမူကား၊ လောကီ ပညာ ကိုအမှီမ
ပြု ၊ ဘုရားသခင် ၏ ကျေးဇူး တော်ကို အမှီပြု၍ လျစ်လျူ သောစိတ်နှင့်ဝင်း ၊ ဘုရားသခင် အလိုတော်ရှိသောကြည်ဖြူ
ခြင်းနှင့်ဝင်း၊ ငါ တို့သည်ဤလောက ၌ ကျင့်ကြံပြုမူ ၍ သင် တို့ဆီမှာ လည်း ထိုသို့အထူးသဖြင့်ကျင့်ကြံ ပြုမူသည်ဟု
ကိုယ်ကိုကိုယ် သိသော စိတ်သည်သက်သေခံ သတည်း။ ၁၃ သင် တို့သည်ဖတ် ၍ ဝန်ခံ သောအရာ မှတပါး ၊ ၁၄ အခြား
သောအရာကို ငါတို့သည် ရေး ၍ ပေးလိုက်သည်မ ဟုတ်။ သင် တို့သည် သခင် ယေရှု ခရစ် နေ့ ၌ ငါတို့၏ဝါကြွား

ဝမ်းမြောက်ခြင်း အကြောင်း ဖြစ် သကဲ့သို့ ၊ ငါ တို့သည်သင် တို့၏ ဝါကြွားဝမ်းမြောက်ခြင်း အကြောင်းဖြစ်သည်ဟု သင်တို့သည်ငါ တို့ကို အနည်းငယ် အားဖြင့် ဝန်ခံသည်အတိုင်း အစဉ် ဝန်ခံ ကြလိမ့်မည်ဟု ငါတို့သည် မြော်လင့်လျက် နေကြ၏။ ၁၅ အစဉ်ဝန်ခံမည်ဟု ငါသဘောကျ လျက်ရှိ၍ ၊ သင်တို့သည်တဖန် ဆုကျေးဇူး တော်ကိုခံရစေခြင်းငှာ ငါ သည်သင် တို့ဆီသို့ အရင် လာ မည်ဟု အကြံရှိ ၏။ ၁၆ သင် တို့အနားမှာရှောက် ၍ မာကေဒေါနိ ပြည်သို့ သွား ပြီးလျှင်၊ တဖန် မာကေဒေါနိ ပြည်မှ သင် တို့ နေရာသို့ လာ ၍ ၊ ယုဒ ပြည်တိုင်အောင် သင် တို့ပို့ခြင်း ကျေးဇူးကို ခံမည်ဟုအကြံရှိ၏။ ၁၇ ထိုသို့ အကြံရှိ သောအခါ လျှပ်ပေါ် သော စိတ်ရှိ သလော။ သို့မဟုတ် ငါ့ စကားမှာ ဟုတ်မှန် ၏၊ ဟုတ်မှန် ၏ဟူ၍ငင်း ၊ မ ဟုတ်မမှန်၊ မ ဟုတ်မမှန်ဟူ၍ငင်း၊ ဖြစ် စေခြင်းငှာ ငါကြံစည် သောအရာ ကို ဇာတိ ပကတိ အတိုင်း ကြံစည် သလော။ ၁၈ ဘုရားသခင် သည် သစ္စာ နှင့်ပြည့်စုံတော်မူသကဲ့သို့ ၊ သင် တို့ဆီသို့ ငါ တို့ပေးလိုက်သော စကား သည် ဟုတ်မှန် ၏ ဟူ၍ငင်း ၊ မ ဟုတ်မမှန် ဟူ၍ငင်း၊ မ ဆိုလို ။ ၁၉ ငါ မှစ၍ သိလွှာနု နှင့် တိမောသေ တို့သည် သင် တို့အား ဟောပြော သော ဘုရားသခင် ၏သား တော် ယေရှု ခရစ် သည် ဟုတ်မှန် ဟူ၍ငင်း ၊ မ ဟုတ်မမှန်ဟူ၍ငင်းမ ဆိုလို ဘဲ၊ ကိုယ်တော် မှာ ဟုတ်မှန် ဟူ၍ သာဆိုလို သတည်း။ ၂၀ ထိုသခင်မှာ ဘုရားသခင် ၏ ဂတိ တော်ရှိသမျှ တို့သည် ငါ တို့ အားဖြင့် ဘုန်း အသရေတော်ကိုထင်ရှားစေခြင်းအလိုဌာ၊ ဟုတ်မှန် ၏ဟူ၍ငင်း ၊ အာမင် ဟူ၍ငင်းဖြစ် သတည်း။ ၂၁ သင် တို့နှင့် ငါ တို့ကို ခရစ်တော် ၌ တည် စေ၍ ဘိသိက်ပေးသော သူ ကား၊ ဘုရားသခင် ဖြစ်သတည်း။ ၂၂ ထိုဘုရားသခင် သည် ငါ တို့ကိုတံဆိပ် ခတ်၍ ငါ တို့စိတ် နှလုံးထဲ၌ ဝိညာဉ် တော်တည်းဟူသောစားရန် ကိုသွင်းပေး တော်မူ၏။ ၂၃ ငါ သည်သင် တို့ကို သနား သောကြောင့် သာ ယခု တိုင်အောင်ကောရိန္သု မြို့ သို့ မ လာ ဟု ငါ စိတ် ဝိညာဉ် ဘက်၌ ဘုရားသခင် ကို ငါတိုင်တည် ၏။ ၂၄ ထိုသို့ဆိုသော်လည်း၊ ငါတို့သည်သင် တို့၏ ယုံကြည် ခြင်းကို အစိုးရ သည်မ ဟုတ်။ သင် တို့၏ ဝမ်းမြောက် ခြင်းအကြောင်း ကို ကူမ၍သာပြု ကြ၏။ အဘယ်ကြောင့် နည်းဟူမူကား၊ ယုံကြည် ခြင်းအားဖြင့်သင်တို့သည်တည်နိုင် ကြ၏။

J ထိုမှတစ်ပါး၊ ဝမ်းနည်း ခြင်းနှင့်တကွ သင် တို့ဆီသို့ နောက် တဖန် ငါ မ လာ ဟု ငါစိတ်ပြဋ္ဌာန်း ခဲ့ပြီ။ ၂ အကြောင်းမူကား ၊ ငါ သည်သင် တို့ကို ဝမ်းနည်း စေလျှင် ၊ ထိုသို့ ဝမ်းနည်း စေသောသူ ကိုမှတပါး အဘယ်သူ သည် ငါ့ ကိုဝမ်းမြောက် စေမည်နည်း။ ၃ ငါ ဝမ်းမြောက် ခြင်း၏ အကြောင်းသည် သင် တို့ ရှိသမျှ ၏ ဝမ်းမြောက်ခြင်းအကြောင်း ဖြစ် သည်ကို ငါသဘောကျသည်ဖြစ်၍၊ ငါရောက် သောအခါ ငါ့ကို ဝမ်းမြောက်စေအပ်သောသူတို့သည် ဝမ်းနည်းခြင်းအကြောင်းကို မပြုစေခြင်းငှာ၊ အထက်စာကို ငါရေး ၍ ပေးလိုက်၏။ ၄ အလွန် ညှိုးငယ် ပူပန် သောစိတ် နှင့် မျက်ရည် အများ ကျလျက်၊ သင် တို့အား ငါရေး ၍ပေးလိုက်၏။ သင်တို့ကိုစိတ်နာ စေခြင်းငှာ ငါရေးသည်မ ဟုတ်။ ငါ သည် သင် တို့အား အလွန် ချစ် သောမေတ္တာစိတ်ကို သင်တို့ သိ စေခြင်းငှာ ငါရေး၏။ ၅ တစ်စုံတစ်ယောက် သောသူသည် ဝမ်းနည်း ခြင်းအကြောင်းကို ပြုသည်မှန်လျှင် ၊ သင်တို့တွင် အချို့သော သူတို့အားဖြင့်သာ ငါ့ ကို ဝမ်းနည်းစေ၏။ သင် တို့ရှိသမျှ ကို ကျပ်တည်း စွာမ စီရင်လို။ ၆ အများ သောသူတို့စီရင်သော ဒဏ် သည်ထိုသူ ၏ အပြစ်နှင့်

တန် ပြီ။ ၇ သို့ ဖြစ်၍ ထိုသို့သော သူသည် ဝမ်းနည်း ခြင်းအားကြီး လျက်၊ မိန်းမောတွေဝေခြင်း မရှိစေခြင်းငှာ၊ သင် တို့သည်ခြားနား သော အားဖြင့်သူ၏အပြစ် ကို လွှတ်၍ သူ့ကိုနှစ်သိမ့် စေခြင်းငှာပြုသင့်၏။ ၈ ထိုကြောင့် သင် တို့သည် သူ့ ကိုအမှန်ချစ် ကြသည်ကို ထင်ရှားစွာပြ မည်အကြောင်း ငါတောင်းပန် ၏။ ၉ ထိုမှတပါး၊ သင်သည်အရာရာ ၌ နားထောင် သည်၊ နားမထောင်သည်ကို ငါသိ လို၍၊ သင် တို့ကို စုံစမ်း သောအားဖြင့် အထက်က ရေး ၏။ ၁၀ အကြင်သူ ၏အပြစ်ကို သင်တို့သည် လွှတ် ၏၊ ထိုသူ ၏အပြစ်ကို ငါသည်လည်း လွှတ်၏။ အကြောင်းမူကား ၊ ငါ သည်တစ်စုံတစ်ယောက်သောသူ၏ အပြစ်ကို လွှတ်ဘူးလျှင် ၊ သင် တို့ကိုထောက် ၍ခရစ်တော် ၏ အခွင့်နှင့် လွှတ်ဘူး၏။ ၁၁ သို့မ ဟုတ်လျှင် ၊ စာတန် သည် ငါတို့ကိုနှိုင် မည်ဟု စိုးရိမ်စရာရှိ၏။ သူ ၏အကြံအစည် များကို ငါတို့သိ ကြ၏။ ၁၂ ထိုမှတစ်ပါး ၊ ခရစ်တော် ၏ ဧဝံဂေလိ တရားကို ဟောခြင်းငှာ တရော မြို့သို့ ငါရောက် ၍၊ သခင် ဘုရား သည် ငါ့ အားတံခါး ကို ဖွင့် တော်မူသောအခါ၊ ၁၃ ငါ့ ညီ တိတု ကို ငါ မ တွေ့ သောကြောင့် စိတ် မ သက်သာ သဖြင့် ၊ ထိုသူ တို့ကိုအခွင့်ပန် ပြီးမှမာကေဒေါနိ ပြည်သို့ ထွက်သွား လေ၏။ ၁၄ ငါ တို့သည် ခရစ်တော် နှင့်အတူ အောင်ပွဲ ကိုအစဉ် ခံစေခြင်းငှာ၎င်း၊ ထိုသခင် ကို သိ ခြင်း၏ အမွှေးအကြိုင် သည် ငါ တို့အားဖြင့် အရပ်ရပ် တို့ ၌ နှံ့ပြား စေခြင်းငှာ၎င်း၊ ပြုတော်မူသောဘုရားသခင် ၏ ကျေးဇူး တော်ကို ချီးမွမ်းခြင်းရှိစေသတည်း။ ၁၅ အဘယ်သို့ နည်းဟူမူကား၊ ငါတို့သည် ကယ်တင် သောသူ တို့ ၌ ၎င်း ၊ ဆုံးရှုံး သောသူ တို့ ၌ ၎င်း၊ ဘုရားသခင် အား ခရစ်တော် ၏ အမွှေးအကြိုင် ဖြစ် ကြ၏။ ၁၆ ဆုံးရှုံးသောသူ တို့ ၌ ကား၊ သေ ခြင်းတိုင်အောင် သေခြင်း ၏အမွှေးအကြိုင် ဖြစ်ကြ၏။ ကယ်တင်သော သူတို့ ၌ကား၊ အသက် ရှင်ခြင်းတိုင်အောင် အသက် ရှင်ခြင်း၏ အမွှေးအကြိုင် ဖြစ်ကြ၏။ သို့ ဖြစ်၍ ဤ အမှုအရာ တို့နှင့် အဘယ်သူ ထိုက်တန် သနည်း။ ၁၇ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို မှောက်လှန် သောသူများ တို့နှင့် ငါတို့သည်မ တူ ဘဲ ကြည်ဖြူ သောစိတ်ရှိ၍ ဘုရားသခင် ၏ အလိုတော်နှင့်အညီ ၊ ဘုရားသခင် ရှေ့ တော်၌ ခရစ်တော် ၏တရားကို ဟောပြော ကြ၏။

၂ ငါတို့သည် တဖန် ကိုယ်ကိုကိုယ် ချီးမွမ်း ကြ သလော။ သို့မဟုတ် ချီးမွမ်း သောစာ ကို သင် တို့ထံသို့ သူတစ်ပါးပေးစေခြင်းငှာ၎င်း၊ သင် တို့သည်သူတစ်ပါးထံသို့ ပေးစေခြင်းငှာ၎င်း၊ ငါတို့သည်အချို့ သောသူကဲ့သို့ အလိုရှိကြ သလော။ ၂ သင် တို့သည် ငါ တို့စိတ် နှလုံးပေါ်၌ ရေး ထားသောစာ၊ လူ အပေါင်း တို့သိ ၍ ဖတ် တတ်သောငါ တို့ စာ ပင်ဖြစ် ကြသတည်း။ ၃ အဘယ်သို့နည်းဟူမူကား ၊ သင်တို့သည် မှင် နှင့် ရေး ထားသော စာမ ဟုတ်။ အသက် ရှင်တော်မူသော ဘုရားသခင် ၏ ဝိညာဉ် တော်နှင့်ရေး၍ ၎င်း၊ ကျောက် ပြား ပေါ်၌ မ ရေးဘဲ အသား နှင့်ပြည့်စုံသော နှလုံး ပြား ပေါ်၌ ရေး၍ ၎င်း၊ ငါ တို့ပြုစု သော ခရစ်တော် ၏စာ ထင်ရှား စွာဖြစ် ကြ၏။ ၄ ငါတို့သည် ခရစ်တော် အားဖြင့် ဘုရားသခင့် ရှေ့ တော်၌ ထိုသို့သော ယုံမှတ် စွဲလမ်းခြင်းရှိ ၏။ ၅ သို့ရာတွင် ငါ တို့သည်ကိုယ် တန်ခိုး ကိုအမှီပြု ၍၊ ကိုယ်အလိုအလျောက် တစ်စုံတစ်ခု ကိုကြံစည် ခြင်းငှာတတ်နိုင်သည်မ ဟုတ်။ ဘုရားသခင် ကိုအမှီပြု ၍သာ တတ်နိုင်သည်နှင့်အညီ၊ ၆ ပဋိညာဉ် တရားသစ် ၏ ဆရာ ဖြစ်နိုင် သော အစွမ်းသတ္တိကို ဘုရားသခင်

သည် ငါ တို့အားပေးတော်မူ၏။ ထိုသို့ဆိုသော်ကျမ်းဟောင်းတရား ကိုမ ဆိုလို၊ ဝိညာဉ် တော်တရားကိုဆိုလို၏။ ကျမ်းဟောင်းတရား သည် အသက်ကိုသတ် တတ်၏။ ဝိညာဉ် တော်တရားမူကား ရှင် စေတတ်၏။ ၇ ထိုမှတစ်ပါး ပျောက် တတ်သော ရောင်ခြည်တည်းဟူသောမောရှေ ၏မျက်နှာ မှ ထွက်သောရောင်ခြည် ကြောင့် ၊ ဣသရေလ အမျိုးသား တို့သည် သူ ၏မျက်နှာ ကိုစေ့စေ့ မ ကြည့်ရှုနိုင် သည်တိုင်အောင် ၊ ကျောက် ပြားပေါ် ၌ အက္ခရာတင် ၍ ရေး ထားသောသေခြင်း ၏တရား သည် ဘုန်း အာနုဘော်နှင့် ပြည့်စုံ သည်မှန်လျှင် ၊ ၈ ထိုမျှမက ဝိညာဉ် တော်တရား သည် ဘုန်း အာနုဘော်နှင့် အလွန် ပြည့်စုံရ လိမ့်မည်မ ဟုတ်လော။ ၉ အပြုစ်စီရင်တတ် သောတရား သည် ဘန်းအာနုဘော် ရှိလျှင် ၊ ထိုမျှမက ဖြောင့်မတ် စေတတ်သော တရား သည် ဘုန်းအာနုဘော် နှင့် သာ၍ ကြွယ်ဝပြည့်စုံ လိမ့်မည်။ ၁၀ နောက်ဖြစ်သောဘုန်း သည် အလွန် မြတ် သောကြောင့် ၊ ဘုန်း ရှိဘူးသော အရာ သည် ဘုန်း ကွယ် လျက် ရှိ၏။ ၁၁ ပယ်ရှင်း ရသောအရာ သည် ဘုန်း ရှိလျှင် ၊ တည်နေ သောအရာ သည်သာ၍ ဘုန်း ရှိလိမ့်မည်။ ၁၂ ထိုသို့သော ယုံကြည်မြော်လင့် ခြင်းရှိ သည်ဖြစ်၍ ငါတို့သည် ထိမ်ဝှက် ခြင်း အလျှင်းမရှိ။ အတည့်အလင်း ဟောပြော ကြ၏။ ၁၃ ပယ်ရှင်း သောအရာ ၏အဆုံး ကို ဣသရေလ အမျိုးသား တို့သည် စေ့စေ့ မ ကြည့်ရှုစေခြင်းငှာ မောရှ သည် မိမိ မျက်နှာ ကို ဖုံးအုပ် သကဲ့သို့ ငါတို့သည်မ ပြု ကြ။ ၁၄ သူ တို့စိတ်နှလုံး သည် မိုက်မဲ လျက်ရှိ၍ ၊ ယခု တိုင်အောင် ဓမ္မကျမ်းစာ ကို ဖတ် ကြသောအခါ အနက် အဓိပ္ပါယ်သည် ဖုံးအုပ် လျက်ရှိ၏။ အကြောင်းမူကား ၊ ခရစ်တော် အားဖြင့် သာ ထိုဖုံးအုပ်ခြင်း အကြောင်းကို ပယ်ရှင်း ရ၏။ ၁၅ ယခု တိုင်အောင် လည်း ၊ မောရှ ၏ကျမ်းစာကို ဖတ် ကြသောအခါ ၊ သူ တို့စိတ် နှလုံးသည် ဖုံးအုပ် လျက် ရှိ သေး၏။ ၁၆ သို့သော်လည်း သခင် ဘုရားထံတော်သို့ ပြောင်းလဲ သောအခါ ၊ ထိုဖုံးအုပ်ခြင်း အကြောင်းကို ပယ်ရှင်း လိမ့်မည်။ ၁၇ သခင် ဘုရားဟုဆိုသော်ဝိညာဉ် တော်တရားကို ဆိုလို သတည်း။ သခင် ဘုရား၏ ဝိညာဉ် တော်တရားသည် လွတ် ခြင်းချမ်းသာကို ပေးတတ်၏။ ၁၈ ငါ တို့ရှိသမျှ သည် မျက်နှာ ဖုံးကိုဖွင့် လျက် မှန် ကို ကြည့်သကဲ့သို့ ၊ သခင် ဘုရား၏ ဘုန်း အသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား ၏ အရှင် သည် ရောင်ခြည် တော်ကို လွတ်တော်မူသည့်အတိုင်း ၊ ငါတို့သည် ဘုန်း အသရေ တိုးပွား၍ ပုံ သဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲ ခြင်း ရှိရကြ၏။

၄ ထိုကြောင့် ငါတို့သည် ထိုသို့သော တရား ၏ အမှုကိုဆောင်ရွက် သောသူဖြစ်၍၊ ကရုဏာ ကျေးဇူးတော်ကို ခံရသည်နှင့်အညီ ၊ အားလျော့ စိတ်ပျက်ခြင်းနှင့် ကင်းလွတ် ကြ၏။ ၂ ဆိတ်ကွယ် ရာအရပ်၌ပြုသော ရှက်ဘွယ် သော အမှုများကိုပယ် ကြ၏။ ပရိယာယ် ကိုမ သုံး ၊ ဘုရားသခင် နှုတ်ကပတ် တရားတော်ကိုထိမ်ဝှက် မှောက်လှန်ခြင်းမ ရှိ။ သမ္မာတရား ကိုအတည့်အလင်း ဖော်ပြ ၍ ၊ ဘုရားသခင့် ရှေ့တော်၌ လူ အပေါင်း တို့၏ စိတ် အထင်အတိုင်း ချီးမွမ်းဘွယ်သော အကျင့်ခလေ့ကို ကျင့်ကြ၏။ ၃ ငါ တို့ဟောပြောသော ဧဝံဂေလိ တရားသည် ဖုံးအုပ် လျက် ရှိ လျှင် ၊ ဆုံးရှုံး ခြင်းသို့ရောက်သော သူ တို့အားသာ ဖုံးအုပ် လျက်ရှိ ၏။ ၄ ထိုသို့ မယုံကြည် သောသူ တို့ကား၊ ဘုရားသခင် ၏ ပုံသဏ္ဌာန် တော် တည်းဟူသော ခရစ်တော် ၏ ဘုန်း အသရေနှင့်ပြည့်စုံသော ဧဝံဂေလိ တရား၏ အရောင် သည်

အလင်း ကိုမ ပေးစေခြင်းငှာ၊ ဤ လောက ကို အစိုးရသော ဘုရား သည်သူ တို့၏ ဉာဏ် မျက်စိကိုကွယ် စေ၏။ **(aiōn g165)**
၅ ငါတို့သည်ကိုယ် အကြောင်း ကို ဟောပြော ကြသည်မ ဟုတ်။ ယေရှု ခရစ် သည် သခင် ဖြစ်တော်မူကြောင်း ကို၎င်း ၊ ငါတို့သည်ယေရှု အတွက် သင် တို့၏ ကျွန် ဖြစ်ကြောင်းကို၎င်း ဟောပြောကြ၏။ ၆ မှောင်မိုက် ထဲက အလင်း ထွန်းလင်း မည်အကြောင်း မိန့် တော်မူသောဘုရားသခင် သည်၊ ယေရှု ခရစ် ၏ မျက်နှာ ၌ ထွန်းလင်းသော ဘုရားသခင် ၏ ဘုန်း တော်ကိုသိ သော ဉာဏ်၏အရောင် ကိုပေးလိုသောငှာ၊ ငါ တို့စိတ် နှလုံးထဲ၌ အလင်းကို ထွန်းလင်း စေတော်မူ၏။ ၇ သို့သော်လည်း တန်ခိုး တော်၏ဂုဏ်သရေ သည် ငါ တို့နှင့် မ ဆိုင်၊ ဘုရားသခင် နှင့် ဆိုင် မည်အကြောင်း ၊ ထို ဘဏ္ဍာ သည်မြေ အိုး ထဲမှာ ထည့်ထားလျက်ငါတို့ ၌ရှိ ၏။ ၈ ငါတို့သည်အမျိုးမျိုး သော နှောင့်ရှက် ခြင်းကို ခံရ သော်လည်း ၊ အကျိုး နည်းခြင်းသို့မ ရောက်။ မ ကြံစည်နိုင်အောင်ရှိသော်လည်း စိတ် မ ပျက်။ ၉ ညှင်းဆဲ ခြင်းကိုခံရသော်လည်း ဆုံးရှုံး ခြင်းမ ရှိ။ အောက် သို့လှဲခြင်းကိုခံရသော်လည်း ဆုံး ရာသို့မ ရောက်။ ၁၀ သခင်ယေရှု သည် အသက် ရှင်တော်မူကြောင်း ကို ငါ တို့ကိုယ်ခန္ဓါ ၌ ထင်ရှား စေခြင်းငှာ ။ ယေရှု ၏ သေ တော်မူခြင်းကိုအစဉ်မပြတ် ငါတို့၏ ကိုယ်ခန္ဓါ ၌ ဆောင် ရကြ၏။ ၁၁ အဘယ်သို့ နည်းဟူမူကား၊ ယေရှု သည်အသက် ရှင်တော်မူကြောင်း ကို၊ ငါ တို့၏သေ တတ်သော ခန္ဓာ ကိုယ်၌ ထင်ရှား စေခြင်းငှာ ၊ ငါ တို့သည်အသက် ရှင်စဉ်တွင်ယေရှု ကြောင့် သေ ခြင်းလက်သို့ အစဉ် အပ်နှံ ခြင်း ကို ခံရကြ၏။ ၁၂ သို့ ဖြစ်၍ သေ ခြင်းတရားသည် ငါ တို့ ၌ ပြုပြင် တတ်၏။ သင် တို့ ၌ ကား ၊ အသက် ရှင်ခြင်းတရားသည် ပြုပြင်တတ်၏။ ၁၃ ထိုသို့သောယုံကြည် ခြင်းစိတ် ရှိ သည်ဖြစ်၍ ၊ ငါသည်ယုံကြည် သောကြောင့် မြွတ်ဆို ၏ဟု ကျမ်းစာ လာ သည်နှင့်အညီ ၊ ငါ တို့သည် ယုံကြည် ခြင်းစိတ်ရှိသောကြောင့် မြွတ်ဆိုဟောပြော ကြ၏။ ၁၄ သခင် ယေရှု ကို ထမြောက် စေတော်မူသောသူ သည် ယေရှု အားဖြင့် ငါ တို့ကိုလည်း ထမြောက် စေ၍ ၊ သင် တို့နှင့်အတူ အထံတော်၌ သွင်းတော်မူမည်ဟု ငါတို့သိ ကြ၏။ ၁၅ အများ သောသူတို့သည် ကျေးဇူးတော်ကို ချီးမွမ်း သည်နှင့်၊ ထိုကြွယ်ဝ သောကျေးဇူးတော် သည် ဘုရားသခင် ၏ ဘုန်း အသရေတော်ကို ထင်ရှား စေမည် အကြောင်း ၊ ခပ်သိမ်း သော အရာတို့သည် သင် တို့အဘို့ အလို့ငှာဖြစ်သတည်း။ ၁၆ ထိုကြောင့် ငါတို့သည် အားလျော့ စိတ်ပျက်ခြင်းနှင့် ကင်းလွတ် ကြ၏။ ငါ တို့၏ပြင် လူ သည် ဖောက်ပြန် ပျက်စီးခြင်းသို့ရောက်သော်လည်း ၊ အတွင်း လူမူကား တစ်နေ့ ထက် တစ်နေ့ ပြုပြင် ခြင်းကိုခံရ၏။ ၁၇ အကြောင်းမူကား ၊ မျက်မှောက် ၌ထင်ရှား သော အရာ တို့သည် ခဏ သာတည်၍ မ ထင်ရှား သောအရာ တို့သည် အစဉ်အမြဲ တည်ကြောင်းကို ငါ တို့သည် ထောက်လျက်၊ ထင်ရှား သော အရာ တို့ကို မ ကြည့်မမှတ်ဘဲ မ ထင်ရှား သောအရာ တို့ကို ကြည့်မှတ်စဉ်အခါ။ **(aiōnios g166)** ၁၈ ယခုခဏ ခံရ၍ ပေါ့ပါး သော ဆင်းရဲ ခြင်းဒုက္ခသည် အတိုင်း ထက်အလွန်ကြီးမြတ် လေးလံ သော နိစ္စ ထာဝရဘုန်း အသရေကို ငါ တို့အဖို့ ဖြစ် စေတတ်၏။ **(aiōnios g166)**

၅ ယာယီတဲ ဖြစ်သော ငါ တို့မြေ အိမ် သည်ပျက် လျှင် ၊ ကောင်းကင် ဘုံ၌ လူလက် ဖြင့်မလုပ်ဘဲ၊ ဘုရားသခင် ဖန်ဆင်း တော်မူသော နိစ္စ ထာဝရအိမ် ရှိ ကြောင်း ကို ငါတို့ သိ ကြ၏။ **(aiōnios g166)** ၂ ငါ တို့သည် မြေ အိမ်၌ ရှိစဉ်တွင်၊

ကောင်းကင် အိမ် ထဲသို့ ဝင်စား ခြင်းငှာအလွန်တောင့်တလိုချင် သော စိတ် ရှိ၍၊ ညည်းတွားမြည်တမ်း လျက် ၊ နေကြ၏။ ၃ ထိုသို့ဝင်စားလျှင် နေရာမဲ့ ဖြစ်မည် မ ဟုတ်။ ၄ ဤတဲ့ ၌ နေ သော ငါ တို့သည် လေး သောဝန်ကို ထမ်း၍ ညည်းတွားမြည်တမ်း ကြ၏။ နေရာထဲက ထွက် ချင် သောကြောင့် ညည်းတွားသည် မဟုတ် ။ သေ တတ်သောအရာကို အသက် ရှင်ခြင်း၌ ဆုံးရှုံး စေခြင်းငှာ ၊ မြဲသောနေရာထဲသို့ ဝင်စား ချင်သောကြောင့် ညည်းတွားကြ၏။ ၅ ထိုသို့သော အကျိုး ကိုခံစေခြင်းငှာငါ တို့ကို ပြင်ဆင် သောသူ ကား ၊ ဘုရားသခင် ပေတည်း။ ထိုဘုရားသခင် သည် ဝိညာဉ် တော်တည်းဟူသောစားရန် ကို ငါ တို့အား ပေး တော်မူပြီ။ ၆ ထို့ကြောင့် ငါတို့သည် ကိုယ်ခန္ဓါ ၌ နေ မြဲနေစဉ်ကာလ ၊ သခင်ဘုရား နှင့် ကွာဝေးရာအရပ်၌ နေသည်ကို ငါတို့သည်သိ လျက် ၊ ၇ အစဉ် ရဲရင့်သောစိတ် ရှိကြ၏။ မျက်မှောက် မ မြင်ဘဲ ယုံကြည် မျှော်လင့်ခြင်းရှိသည်အတိုင်း ၊ ငါတို့သည် ကျင့်ဆောင် ပြုမူသည်ဖြစ်၍၊ ၈ ကိုယ်ခန္ဓါ နှင့် ကွာဝေး ရာအရပ်သို့သွား၍ ၊ သခင်ဘုရား ထံတော်၌ နေမြဲ နေခြင်းငှာ အလိုရှိ လျက် ၊ ရဲရင့် သောစိတ်နှင့်ပြည့်စုံကြ၏။ ၉ ထို့ကြောင့် ငါတို့သည် နေမြဲအရပ်၌ နေ သည် ဖြစ်စေ ၊ ကွာဝေး ရာအရပ်၌နေသည်ဖြစ်စေ ၊ သခင်ဘုရား နှစ်သက် တော်မူသော သူ ဖြစ် ခြင်းငှာစေတနာစိတ်ရှိ၍ ကြိုးစားအားထုတ် ကြ၏။ ၁၀ အကြောင်းမူကား၊ ငါ တို့ရှိသမျှ သည် ကိုယ်ခန္ဓါ ၌ကျင့် သောအကျင့် ၊ ကောင်း မကောင်း ရှိသည်အတိုင်း အကျိုးအပြစ် ကို အသီးအသီး ခံ ခြင်းငှာ ၊ ခရစ်တော် ၏ တရားပလ္လင် ရှေ့ ၌ ပေါ်လာ ရ ကြမည်။ ၁၁ သို့ ဖြစ်၍ သခင် ဘုရားနှင့်ဆိုင်သောကြောက်မက် ဖွယ်သော အကြောင်းအရာတို့ကို ငါတို့သည် သိ လျှင်၊ လူ များကိုနှိုးဆော် သွေးဆောင်ရသည်ဖြစ်၍ ၊ ဘုရားသခင် ရှေ့တော်၌ ထင်ရှား ကြ၏။ သင် တို့၏စိတ် ရှေ့၌ လည်း ထင်ရှား ကြသည်ဟု ငါထင်မှတ် ၏။ ၁၂ ငါ တို့သည်သင် တို့ရှေ့၌ တစ်ဖန် ကိုယ်ကိုကိုယ် ချီးမွမ်း ကြသည်မ ဟုတ်။ စိတ် သဘောကိုမ ထောက်၊ အသွေးအဆင်း ကိုထောက်၍ ဝါကြွား သောသူ တို့၏ စကားကို သင်တို့သည် ချေ နိုင်မည်အကြောင်း ၊ ငါတို့ ကြောင့် ဝါကြွား ခြင်းအခွင့် ကိုသာ ပေး ကြ၏။ ၁၃ ငါတို့သည် သူရူး ဖြစ်လျှင် ဘုရားသခင် အဘို့ ဖြစ်ကြ၏။ စိတ်ကောင်းသောသူဖြစ်လျှင် သင်တို့ အဘို့ ဖြစ်ကြ၏။ ၁၄ အကြောင်းမူကား ၊ တစ်ယောက် သောသူသည် လူအပေါင်း တို့အတွက် ကြောင့် အသေခံ သည်မှန်လျှင် ၊ ၁၅ လူအပေါင်း တို့သည် သေ လျက်နေကြသည် ဟူ၍ငင်း ၊ အသက် ရှင်သောသူ တို့သည် တဖန်ကိုယ် အလို သို့လိုက်၍ မ ရှင်၊ သူ တို့အတွက် ကြောင့် အသေခံ ပြီးမှ ထမြောက် တော်မူသော သူ ၏အလိုသို့လိုက်၍ ရှင်စေ မည်အကြောင်း ၊ လူအပေါင်း တို့အတွက် ကြောင့် အသေခံ တော်မူသည်ဟူ၍ငင်း၊ ငါ တို့သည်သဘောထား လျက်၊ ခရစ်တော် ၏ချစ် ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက်သွေးဆောင်၏။ ၁၆ သို့ ဖြစ်လျှင် ၊ ယခု မှစ၍ ငါ တို့သည် ဇာတိ အမျိုးကိုထောက် ၍ အဘယ်သူ ကိုမျှမသိ မမှတ်။ ဇာတိ အမျိုးကိုထောက် ၍ ခရစ်တော် ကို အထက်က သိမှတ် သော်လည်း ၊ ယခု မှစ၍ ထိုသို့သောသိမှတ် ခြင်းမ ရှိ။ ၁၇ လူ မည်သည်ကား ၊ ခရစ်တော် ၌ ရှိလျှင် အသစ် ပြုပြင် သောသတ္တဝါဖြစ်၏။ ဟောင်း သောအရာ တို့သည်ပြောင်းလဲ ၍ ခပ်သိမ်း သောအရာတို့သည် အသစ် ဖြစ် ကြပြီ။ ၁၈ ထိုသို့ ဖြစ်သော်ဘုရားသခင် ၏ တန်ခိုးတော်အားဖြင့်ဖြစ်ကြ၏။ ဘုရားသခင် သည် ယေရှုခရစ်

အားဖြင့် ငါ တို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော် နှင့် မိသွဟာယဖွဲ့ စေတော်မူ၏။ ထိုမိသဟာယ တရား ကို ဟောရသော အခွင့်အရာကို ငါ တို့ ၌အပ်ပေး တော်မူ၏။ ၁၉ ထိုတရား ဟူမူကား၊ ဘုရားသခင် သည် ခရစ်တော် အထဲ ၌ ရှိ နေလျက်၊ လောကီသား တို့၏ အပြစ် များ ကို မှတ် တော်မ မူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော် နှင့် မိသဟာယ ဖွဲ့စေတော်မူ၏။ ထိုမိသဟာယ တရား ကိုလည်း ငါ တို့ ၌ အပ်ပေး တော်မူ၏။ ၂၀ ထို့ကြောင့် ငါတို့သည်ခရစ်တော် ၏ သံတမန်ဖြစ် ကြ၏။ သင်တို့သည်ရန်ငြိမ်း၍ ဘုရားသခင် နှင့် မိသဟာယ ဖွဲ့ကြလော့ဟု ဘုရားသခင် သည် ငါ တို့အားဖြင့် နှိုးဆော်သွေးဆောင် တော်မူသကဲ့သို့ ၊ ငါတို့သည် ခရစ်တော် ၏ ကိုယ်စားဖြစ်၍သင်တို့ကို တောင်းပန် သွေးဆောင်ကြ၏။ ၂၁ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ် နှင့် ကင်းစင် သောသူ ကို ငါ တို့အတွက် ကြောင့် အပြစ် ရှိသောသူဖြစ် စေတော်မူ၏။ အကြောင်းမူကား ၊ ငါ တို့သည်ထိုသူ အားဖြင့်ဘုရားသခင် ရှေ့တော်၌ ဖြောင့်မတ် သောသူဖြစ် မည်အကြောင်းတည်း။

၆ သင် တို့သည် ဘုရားသခင် ၏ကျေးဇူး တော်ကို အကျိုးမဲ့ မ ခံ ကြနှင့်ဟု ငါတို့သည် အမှု တော်ကို ဆောင်ရွက်သောသူချင်းဖြစ်၍သင်တို့ကို နှိုးဆော်သွေးဆောင် ကြ၏။ ၂ ဗျာဒိတ် တော် အချက်ဟူမူကား ၊ နှစ်သက် ဖွယ်သောအချိန် ၌ သင် ၏စကားကို ငါနားထောင် ပြီး။ ကယ်တင် ရာနေ့ရက် ကာလ၌ သင့် ကို ငါမစ ပြီဟု လာသည်နှင့်အညီယခုပင် နှစ်သက် ဖွယ်သောအချိန် ရှိ၏။ ယခုပင် ကယ်တင် ရာ နေ့ရက် ကာလရှိ ၏။ ၃ တရား ဟောခြင်းအခွင့်အရာကို အပြစ်တင် ခြင်းနှင့် ကင်းလွတ် စိမ့်သောငှာ ၊ ထိမိ ၍လဲစရာအကြောင်း တစ်စုံတစ်ခု ကို မျှ မပြု ။ ၄ ညှင်းဆဲခံခြင်း ၊ ဆင်းရဲ ခြင်း၊ မလွတ်နိုင်သော ဘေးဥပဒ် နှင့်တွေ့ခြင်း၊ ၅ အရိုက်အပုတ် ခံခြင်း၊ ထောင် ထဲ၌နေခြင်း၊ သူတစ်ပါးရုန်းရင်းခတ် ပြုခြင်း၊ အမှုကိုလုပ်ဆောင်ခြင်း ၊ မအိပ်ဘဲစောင့် နေခြင်း၊ မွတ်သိပ် ခြင်းကို အလွန် သည်းခံ လျက်၊ ၆ စိတ်နှလုံးစင်ကြယ် ခြင်း၊ ပညာရှိ ခြင်း၊ စိတ်ရှည် ခြင်း၊ ကျေးဇူး ပြုခြင်း၊ သန့်ရှင်း သော ဝိညာဉ် တော်ကို ခံခြင်း၊ ချစ် ယောင်မဆောင် အမှန်ချစ်ခြင်း၊ ၇ သမ္မာတရား ကိုဟော ခြင်း ဘုရားသခင် ၏ တန်ခိုး တော်ကိုပြခြင်း၊ ဖြောင့်မတ် သောအကျင့်တည်းဟူသောလက်နက် များကို လက်ျာဘက် လက်ဝဲ ဘက်၌ ဝတ်ဆောင်ခြင်းအားဖြင့်၎င်း ၊ ၈ အသရေ ထင်ရှားခြင်းနှင့် ရှုတ်ချ ခြင်း၊ ချီးမွမ်း ခြင်းနှင့် ကဲ့ရဲ့ခြင်းကို ခံသဖြင့်၎င်း ၊ လှည့်စား သောသူ ကဲ့သို့ ဖြစ်သော်လည်း ၊ ဟုတ်မှန် သောသူ၊ ၉ အဘယ်သူမျှမ သိသော သူကဲ့သို့ ဖြစ်သော်လည်း ကျော်စော သောသူ၊ အသေခံ သောသူကဲ့သို့ ဖြစ်သော်လည်း ၊ အသက် ရှင်သောသူ၊ ဆုံးမ ခြင်းကိုခံသောသူကဲ့သို့ ဖြစ်သော်လည်း ၊ အသေ သတ်ခြင်းနှင့်ကင်းလွတ် သောသူ၊ ၁၀ ဝမ်းနည်း သောသူကဲ့သို့ ဖြစ်သော်လည်း ၊ အစဉ် ဝမ်းမြောက် သောသူ၊ ဆင်းရဲ သောသူကဲ့သို့ ဖြစ်သော်လည်း ၊ လူအများ ကိုရ တတ်စေသောသူ၊ ဥစ္စာတစ်စုံတစ်ခု ကိုမျှ မပိုင် သောသူကဲ့သို့ ဖြစ်သော်လည်း ၊ အလုံးစုံ သော သူတို့ကိုပိုင် သောသူဖြစ်သဖြင့်၎င်း ၊ ဘုရားသခင် ခန့်ထား တော်မူသော ဓမ္မဆရာ မှန်ကြောင်းကို အရာရာ ၌ ထင်ရှား စွာပြ၏။ ၁၁ အချင်းကောရိန္သု လူတို့၊ ငါ တို့နှုတ် သည် သင် တို့အား ဖွင့် လျက်ရှိ၏။ စိတ် နှလုံးသည်လည်း ကျယ်ဝန်း ၏။ ၁၂ ငါ တို့ ၌ သင်တို့သည် ကျဉ်းမြောင်း သည်

မ ဟုတ်။ ကိုယ် မေတ္တာ ကရုဏာ၌ သာ ကျဉ်းမြောင်း ကြ၏။ ၁၃ ငါတို့ကျေးဇူးကိုဆပ် ခြင်းအလို့ငှာ ကျယ်ဝန်း သောစိတ် ရှိကြလော့။ ထိုသို့ဆိုသော်ကိုယ်သား တို့ကို ဆိုသကဲ့သို့ ငါဆို ၏။ ၁၄ မယုံကြည် သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုး ကို မ ထမ်း ကြနှင့်။ တရား သော အမှုသည် မတရား သောအမှုကို အဘယ်သို့ လက်ခံ နိုင်မည်နည်း။ အလင်း သည်မှောင်မိုက် နှင့် အဘယ်သို့ ဆက်ဆံ နိုင်မည်နည်း။ ၁၅ ခရစ်တော် သည်ဗေလျာလ နှင့် အဘယ်သို့ သင့်တင့် နိုင်မည်နည်း။ ယုံကြည် သောသူသည် မယုံကြည် သောသူနှင့်အတူ အဘယ် အကျိုးအပြစ် ကို ခံရမည်နည်း။ ၁၆ ဘုရားသခင် ၏ဗိမာန် တော်သည် ရုပ်တု တို့နှင့် အဘယ်သို့ စပ်ဆိုင် ရမည်နည်း။ ဘုရားသခင် မိန့် တော်မူသည်ကား၊ သူ တို့တွင် ငါကျိန်းဝပ် မည်။ သူတို့တွင်လှည့်လည် ၍ သူ တို့၏ဘုရားသခင် ဖြစ် မည်။ သူ တို့သည်လည်း ငါ ၏လူ ဖြစ် ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည် အသက် ရှင်တော်မူသော ဘုရားသခင် ၏ ဗိမာန် တော်ဖြစ် ကြ၏။ ၁၇ ထိုကြောင့် ၊ ထာဝရ ဘုရားမိန့် တော်မူပြန်သည်ကား၊ သင်တို့သည်ထိုသူ တို့အထဲ မှ ထွက် ၍ အသီးအခြား နေကြလော့။ မ စင်ကြယ်သောအရာကိုလက်နှင့်မှု မတို့ ကြနှင့်။ ထိုသို့ပြုလျှင်သင် တို့ကိုငါ သည် လက်ခံ မည်။ ၁၈ သင် တို့၏အဘ ဖြစ် မည်။ သင် တို့သည်လည်း ငါ ၏သား သမီး ဖြစ် ကြလိမ့်မည်ဟု အနန္တ တန်ခိုးနှင့် ပြည့်စုံသောထာဝရ ဘုရား မိန့် တော်မူ၏။

၇ ထိုကြောင့် ချစ်သူ တို့၊ ထို ဂတိ တော်များနှင့် ငါတို့သည်ဆိုင်ကြသည်ဖြစ်၍၊ ကိုယ်ခန္ဓါ ၏ အညစ်အကြေး ၊ စိတ်ဝိညာဉ် ၏အညစ်အကြေးရှိသမျှ တို့နှင့် ကိုယ်ကိုကိုယ် ကင်းစင် စေလျက်၊ ဘုရားသခင် ကို ကြောက်ရွံ့ ၍ သန့်ရှင်း ခြင်းပါရမီနှင့် ပြည့်စုံ ကြကုန်အံ့။ ၂ ငါ တို့ကိုလက်ခံ ကြလော့။ ငါတို့သည် အဘယ်သူ ကိုမျှမပြစ်မှား ။ အဘယ်သူ ကိုမျှမယိုယွင်း စေ၊ အဘယ်သူ ၏ဥစ္စာကိုမျှပရိယာယ် အားဖြင့်မယူ။ ၃ သင်တို့ကိုအပြစ်တင် ၍ ဤသို့ငါ ဆိုသည်မ ဟုတ်။ သင်တို့နှင့်အတူအသက် ရှင်ခြင်းငှာထင်း ၊ သေ ခြင်းငှာထင်း၊ အလိုရှိသည်တိုင်အောင် ၊ ငါ တို့သည် သင်တို့ကိုချစ်ကြ၏ဟု အထက်ကငါပြော ခဲ့ပြီ။ ၄ သင် တို့ကြောင့် အလွန် ရဲရင့်ခြင်း ရှိ၏။ သင် တို့ကြောင့် အလွန် ကြွားဝါ ခြင်းရှိရ၏။ သက်သာ ခြင်းနှင့် ပြည့်စုံ ၏။ ညှင်းဆဲ ခြင်းကို ခံလေရာရာ ၌ အတိုင်း ထက် အလွန်ဝမ်းမြောက် ခြင်းရှိ၏။ ၅ ငါ တို့သည် မာကေဒေါနိ ပြည်သို့ ရောက် သောအခါ ၊ ကိုယ် ကာယငြိမ်ဝပ် ခြင်း အလျှင်း မ ရှိ၊ အရာရာ ၌ ညှဉ်းဆဲ ခြင်းကို ခံကြရ၏။ ပြင် ၌ ကား တိုက်လှန် ခြင်းရှိ၏။ အတွင်း ၌ကားစိုးရိမ် ခြင်းရှိ၏။ ၆ သို့သော်လည်း နှိမ့်ချ လျက်ရှိသော သူတို့ ကို သက်သာ စေတော်မူတတ်သော ဘုရားသခင် သည်၊ တိတု ရောက်လာ သောအားဖြင့် ငါ တို့ကို သက်သာ စေတော်မူ၏။ ၇ တိတု ရောက်လာ ခြင်းအားဖြင့် သာ သက်သာစေတော်မူသည်မ ဟုတ်။ တိတု သည် သင် တို့ဆီမှ ရသောသက်သာ ခြင်းအားဖြင့် လည်း သက်သာ စေတော်မူ၏။ အဘယ်သို့နည်းဟူမူကား၊ သင် တို့၏တောင့်တ ခြင်း၊ ညည်းတွား ခြင်း၊ ငါ ၏အကျိုးအလို့ငှာ စေတနာ စိတ်အားကြီးခြင်း အကြောင်းအရာများကို သူသည်ငါ တို့အား ကြားပြော ၏။ ထိုကြောင့် ငါ သည်သာ၍ ဝမ်းမြောက် ခြင်းရှိ၏။ ၈ အထက်ကပေးလိုက်သောစာ အားဖြင့် သင် တို့ကို ဝမ်းနည်း စေသောကြောင့် ၊ ငါသည်ယခင်အခါ၌ နောင်တ ရှိသော်လည်း ယခုအခါ၌ မ ရှိ။

အကြောင်းမူကား ၊ ထို စာ သည်သင် တို့ကို ခဏ သာ ဝမ်းနည်း စေသည် ကို ငါမြင် ၏။ ၉ သင်တို့ဝမ်းနည်း စေသောကြောင့် ငါဝမ်းမြောက်သည်မ ဟုတ်။ ဝမ်းနည်း စေ၍ နောင်တရ သောကြောင့် ငါဝမ်းမြောက်ခြင်းရှိ ၏။ ငါ တို့အားဖြင့် သင်တို့၏ အကျိုး အလျှင်း မပျက်ရမည်အကြောင်း ၊ ဘုရားသခင် ၏ အလို တော်နှင့်အညီ ဝမ်းနည်း စေကြ၏။ ၁၀ အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင် ၏ အလို တော်နှင့် ညီသော ဝမ်းနည်း ခြင်းသည် ကယ်တင် ခြင်းနှင့် ယှဉ်သောနောင်တ စိတ် တည်းဟူသော၊ မ ပြောင်းလဲနိုင်သောနောင်တစိတ်ကို ပြုပြင် တတ်၏။ လောကီ ဝမ်းနည်း ခြင်းမူကား ၊ သေ ခြင်းကိုပြုပြင် တတ်၏။ ၁၁ ဘုရားသခင် ၏အလိုတော်နှင့် ညီသော သင်တို့၏ ဝမ်းနည်း ခြင်းသည် သင် တို့ ၌ အဘယ်သို့ သော သတိပြု ခြင်း၊ ကိုယ်အပြစ်ကိုဖြေ ခြင်း၊ အမျက်ထွက် ခြင်း၊ ကြောက်ရွံ့ ခြင်း၊ အလွန်တောင့်တ ခြင်း၊ ငါ၏အကျိုး အလို့ငှာ စိတ် အားကြီးခြင်း၊ တရားသဖြင့် ဒဏ်စီရင်ခြင်း တို့ကို ပြုပြင် သည်ကို ကြည့်ရှု ကြလော့။ သင် တို့သည် ဤအမှု ၌ အပြစ်ကင်း သည်ကို အရာရာ အားဖြင့် ထင်ရှား ပြကြပြီ။ ၁၂ ထိုသို့နှင့်အညီ၊ ငါသည်သင် တို့အား ရေး ၍ ပေးလိုက်သောအခါ ၊ ပြစ်မှား သောသူ နှင့် ပြစ်မှား ခြင်း ခံရသောသူ ကိုသာ ထောက်၍ ရေး သည်မဟုတ်။ သင် တို့အကျိုးကိုငါ တို့သည် ဘုရားသခင် ရှေ့ တော်၌ ပြုစု ချင်သောစေတနာစိတ်ရှိကြောင်း ကိုသင် တို့အား ထင်ရှား စေခြင်းဟုရေးသတည်း။ ၁၃ ထိုကြောင့် သင်တို့၏ သက်သာ ခြင်းအကြောင်း အားဖြင့်၊ ငါတို့သည်လည်း သက်သာ ခြင်းသို့ရောက်သည် သာမက ၊ တိတု ၏ဝမ်းမြောက် ခြင်းအကြောင်း အားဖြင့်သာ၍အလွန် ဝမ်းမြောက် ကြ၏။ သင် တို့ရှိသမျှ သည် ထိုသူ ၏စိတ်နှလုံး ကို သက်သာ ဝမ်းမြောက်စေကြသည် ဖြစ်၍ ၊ ၁၄ အထက် ကငါသည် သင် တို့ကိုအကြောင်း ပြု၍ ဝါကြွား သော စကားကိုထိုသူ အားပြောပြီးလျှင် ၊ ယခု ရှက်ကြောက် ခြင်းမ ရှိ။ ငါတို့သည် အရာရာ ၌ သင် တို့အား ဟုတ်မှန် စွာပြော သည်နည်းတူ ၊ တိတု ရှေ့ ၌ ငါ ဝါကြွား သောစကားသည်လည်း မှန် သောစကားဖြစ် ကြောင်း ထင်ရှား ၏။ ၁၅ သင်တို့သည် ကြောက်ရွံ့ တုန်လှုပ် ခြင်းနှင့် သူ တို့ လက်ခံ ၍ နားထောင် ကြသည်ကို သူ သည် အောက်မေ့ သဖြင့် ၊ သင် တို့ကို ချစ် သနားခြင်းမေတ္တာကရုဏာစိတ်နှင့် အလွန် ပြည့်စုံ၏။ ၁၆ ငါသည်အရာရာ ၌ သင် တို့ကို ယုံ နိုင်သောကြောင့် ဝမ်းမြောက် ခြင်းရှိ၏။

၈ ညီအစ်ကို တို့၊ ဘုရားသခင် သည် မာကေဒေါနိ ပြည်၌ ရှိ သော အသင်းတော် များတို့အားပြု တော်မူသော ကျေးဇူး တော်အကြောင်းကို ငါတို့သည်သင် တို့အား ကြားပြော ကြ၏။ ၂ ထိုအသင်းတော် တို့သည် ညှဉ်းဆဲ ခြင်းအားဖြင့် များစွာ သောစုံစမ်း ခြင်းကို ခံရသော်လည်း ၊ အလွန်ကြီး သော ဝမ်းမြောက် ခြင်းနှင့် ၊ ဥစ္စာပြုန်းတီး သော ဆင်းရဲ ခြင်းအကြောင်းသည်၊ သူ တို့၏စွန့်ကြဲ ပေးကမ်းခြင်း စည်းစိမ် ကို ဖြစ်စေ၍ ကြွယ်ဝ ပြည့်စုံ၏။ ၃ အကြောင်းမူကား ၊ သူတို့သည်တတ်နိုင် သမျှ ထက်မက၊ အလိုအလျောက် စွန့်ကြဲ ချင်သော စေတနာ စိတ်ရှိကြသည်ဟု ငါသည်သက်သေခံ ၏။ ၄ သူတို့အလှူဒါန ကို ငါတို့သည်ယူ၍ သူ တို့နှင့် ကူညီလျက်၊ သန့်ရှင်း သူတို့အား လုပ်ကျွေးခြင်း အမှုကို ဆောင်ရွက် မည်အကြောင်း၊ သူတို့သည် တိုက်တွန်း သွေးဆောင်သော စကားများ အားဖြင့် ငါ တို့ကို တောင်းပန် ကြ၏။ ၅ ထိုသို့ပြုကြသော်၊ ငါတို့မျှော်လင့် သည်အတိုင်း ထက်မကပြု၍ ၊ ဘုရားသခင် ၏ အလို တော်နှင့်အညီရှေးဦးစွာ

သခင်ဘုရား ၌၎င်း ၊ ငါ တို့ ၌၎င်း၊ မိမိ တို့ကိုမိမိတို့ လှူ ကြ၏။ ၆ ထိုကြောင့် တိတု သည်သင် တို့ ၌ အဦး ပြုနှင့်သကဲ့သို့ ထို အလှူ ကျေးဇူးကို ပြီးစီး စေမည်အကြောင်း ၊ ငါ တို့သည်သူ့ကိုတောင်းပန် ကြ၏။ ၇ ထိုသို့နှင့်အညီ သင် တို့သည် ယုံကြည် ခြင်း၊ တရား ဟောခြင်း၊ ဉာဏ် ရှိခြင်း၊ အမျိုးမျိုး သောသတိ နှင့်ပြည့်စုံခြင်း၊ ငါ တို့ကိုချစ် ခြင်းမှစသော အလုံးစုံ တို့နှင့် ကြွယ်ဝ ပြည့်စုံသည်ဖြစ်၍ထို ကျေးဇူး နှင့်လည်း ကြွယ်ဝ ပြည်စုံခြင်းဖြစ်စေသတည်း။ ၈ ထိုသို့ဆိုသော်၊ ပညတ် အားဖြင့် ငါ ဆိုသည်မ ဟုတ်။ အခြား သောသူ တို့၏ ကြိုးစားအားထုတ်ခြင်း ကို အစွဲပြု ၍ ၊ သင် တို့၏မေတ္တာ သည် မှန်သည်မမှန်သည်ကို စုံစမ်း သောအားဖြင့်ဆိုသတည်း။ ၉ အကြောင်းမူကား ၊ ငါ တို့သခင် ယေရှု ခရစ် သည် စည်းစိမ်ရှိ သော်လည်း၊ ဆင်းရဲတော်မူခြင်း အားဖြင့်သင် တို့သည်စည်းစိမ် ရှိစေခြင်းဟု ၊ သင် တို့အတွက် ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသော ကျေးဇူး တော်ကို သင်တို့ သိ ကြ၏။ ၁၀ ဤ အမှု၌ ငါသည် ကိုယ်သဘော ကိုပြ၏ ။ မနှစ်ကပင် အဦး ပြု သည်သာမက ၊ စေတနာစိတ်နှင့် ပြည့်စုံသောသင် တို့သည် ဤအမှု ကိုပြီး စေလျှင် သာ၍ကောင်းလိမ့်မည်။ ၁၁ သို့ ဖြစ်၍ ၊ အထက်ကစေတနာ ရှိသည်နှင့်အညီ ၊ ယခု တွင်သင်တို့သည် တတ်နိုင် သည်အတိုင်း ပြု ၍ ဤ အမှုကို ပြီးစီး စေကြလော့။ ၁၂ အကြောင်းမူကား ၊ စေတနာစိတ် သည် အသင့် ရှိလျှင် ၊ မ တတ်နိုင်သောအမှုကိုမ ထောက် ဘဲ၊ တတ်နိုင်သောအမှုကိုထောက် ၍ နှစ်သက်တော်မူတွယ် ဖြစ် ၏။ ၁၃ ဤအမှုအရာ၌ အခြား သောသူတို့သည် ချမ်းသာ ရ၍ သင် တို့သည်ဆင်းရဲ စေခြင်းဟု ငါအကြံရှိသည် မ ဟုတ်။ ၁၄ များများ ရသောသူ မ ပို ။ နည်းနည်း ရသော သူ မ လို ဟူသော ကျမ်း စကားနှင့်အညီ ၊ ၁၅ မျှ ခြင်းတရားကိုထောက်၍ ၊ ယခု ၌ သင် တို့၏ စည်းစိမ် သည် သူ တို့၏ဆင်းရဲ ကို မစသဖြင့် ၎င်း၊ နောင်၌ သူ တို့၏စည်းစိမ် သည် သင် တို့၏ဆင်းရဲ ကိုမစသဖြင့် ၎င်း၊ အညီအမျှ ဖြစ်စေ ခြင်းဟု ငါအကြံရှိ၏။ ၁၆ ထိုသို့ သင် တို့၏ အကျိုးကိုပြုစု ချင် သော စေတနာစိတ် ကို ဘုရားသခင် သည် တိတု အားလည်း ပေး တော်မူသော ကျေးဇူး တော်ကြီးလှပေ၏။ ၁၇ ထိုသူသည် ငါတိုက်တွန်းသောစကားကို နားထောင် သည်သာမက ၊ အလွန် စေတနာစိတ် အားကြီး၍ သင် တို့ဆီသို့ အလိုအလျောက် သွား ၏။ ၁၈ ဧဝံဂေလိ တရားကိုဟောပြော၍ အသင်းတော် အပေါင်း တို့ ၌ ချီးမွမ်း ခြင်းကိုခံရသောညီ ကိုလည်း တိတု နှင့်အတူ ငါတို့စေလွှတ် ကြ၏။ ၁၉ ထိုညီမူကား၊ သခင် ဘုရား၏ ဂုဏ် အသရေတော်ကိုဂုဏ် ၊ ကိုယ် စေတနာစိတ် ကိုဂုဏ်၊ ငါ တို့သည် ထင်ရှားစေ၍၊ အသင်းတော် များ၏အလှူ ကျေးဇူးကို ပြုစု သည့်အမှုမှာ ငါ တို့နှင့်အတူ သွား စေခြင်းဟု၊ အသင်းတော်တို့သည် ရွေးကောက်၍ ခန့်ထား သောသူ ဖြစ်သတည်း။ ၂၀ ငါ တို့သည် ထို များစွာ သော အလှူကျေးဇူးကို ပြုစု ရာတွင် အပြစ်တင် စရာအကြောင်း အလျှင်းမ ရှိစေခြင်းဟုသတိပြုကြ၏။ ၂၁ သခင် ရှေ့ တော်၌သာမက ၊ လူတို့ ရှေ့ ၌ တင့်တယ် လျောက်ပတ်သော အကျင့်ကိုကြံစည် ကြ၏။ ၂၂ ထိုသူ နှစ်ယောက်နှင့်အတူအခြားသောညီ ကိုလည်း စေလွှတ် ကြ၏။ ထိုညီ မူကား၊ ငါ တို့သည်အရာရာ ၌ အဖန်ဖန် စုံစမ်း ၍သိသည်အတိုင်းလုံလ ပြုသောသူဖြစ်၏။ယခု ၌သင် တို့ကိုအလွန် ယုံ သောကြောင့်သာ၍ လုံလ ပြု၏။ ၂၃ တိတု သည်အဘယ်သို့သောသူနည်းဟု တစ်စုံတစ်ယောက်မေးလျှင်ငါ ၏အပေါင်းအဘော် ဖြစ်၏။ သင် တို့ အမှုကိုငါနှင့်အတူဆောင်ရွက်သောသူလည်း

ဖြစ်၏။ အခြားသော ညီအစ်ကို တို့မူကား၊ အဘယ်သို့သောသူ နည်းဟုမေးလျှင်၊ အသင်းတော် များ၏ တမန် ဖြစ်ကြ၏။ ခရစ်တော် ၏ဘုန်း အသရေလည်း ဖြစ်ကြ၏။ ၂၄ ထိုကြောင့် ၊ သင် တို့၏ချစ် ခြင်းမေတ္တာကိုငင်း ၊ ငါ တို့သည်သင် တို့ကြောင့် ကြွားဝါ ခြင်းအကြောင်း ကိုငင်း၊ အသင်းတော် များမျက်မှောက် ၌ ထိုသူ တို့အား ထင်ရှား စွာပြ ကြလော့။

၉ သန့်ရှင်း သူတို့ကို လုပ်ကျွေး ခြင်း၏ အမူအရာများကို သင် တို့အား ငါ ရေး ၍ကြားလိုက်သော် အကျိုးမရှိ။ ၂ အကြောင်းမူကား ၊ သင် တို့၏ စေတနာစိတ် ကိုငါသိ ၏။ သင် တို့ ၌ရှိ သောထိုစေတနာစိတ် ကို ငါဝါကြွား ၍ အခါယ ပြည်သူပြည်သားတို့သည် မနှစ် ကပင် အသင့်ရှိ ကြပြီဟုမာကေဒေါနိ လူတို့အား ငါဆို တတ်၏။ ထိုသို့သင် တို့ စေတနာစိတ်အားကြီးခြင်း အကြောင်းအရာသည် အများ သောသူတို့ကို နှိုးဆော်တိုက်တွန်း လေပြီ။ ၃ သို့သော်လည်း ငါ တို့သည် သင် တို့ကို ဝါကြွား သော စကားသည် ဤ အမှု၌ အချည်းနှီး မ ဖြစ်စေဘဲ၊ ထို စကား နှင့်အညီ သင်တို့သည်အသင့် ရှိ စေခြင်းငှာညီအစ်ကို အချို့ကို ငါစေလွှတ် ၏။ ၄ သို့မဟုတ် မာကေဒေါနိ လူတို့သည် ငါ နှင့်အတူ လာ ၍ သင် တို့သည်အသင့်မရှိ ကြသည်ကိုတွေ့ လျှင်၊ သင် တို့ရှက် ကြလိမ့်မည်ဟု မ ဆို ဘဲ၊ ငါ တို့သည် ရဲရင့်စွာ ဝါကြွားခဲ့ပြီးသည်ကို အရှက်ခံရကြလိမ့်မည်။ ၅ ထိုကြောင့် အထက် က ကြားပြောသော သင်တို့၏ အလှူကျေးဇူးသည် အနိုင်အထက် လှူရသော ဥစ္စာ ကဲ့သို့ မ ဟုတ်။ အလှူ ကျေးဇူးကဲ့သို့ အသင့် ရှိ စေခြင်းငှာ၊ ညီအစ်ကို တို့သည် သင် တို့ဆီသို့ အရင်သွား စေ၍ ထို အလှူကျေးဇူး ကို အရင်ပြည့်စုံစေခြင်းငှာ၊ ငါသည် မတိုက်တွန်း ဘဲ မနေကောင်း ဟုသဘော ရှိ၏။ ၆ အနည်းငယ် သောမျိုးစေ့ကိုကြဲ သောသူ သည်စပါးအနည်းငယ် သာ ရိတ် ရမည်။ များစွာ ကြဲ သောသူ သည် များစွာ ရိတ် ရမည်ဟု မှတ်ကြလော့။ ၇ လူ တိုင်း ကိုယ်အလိုအလျောက်လှူရ၏။ နှမြော သောစိတ်နှင့် မ လှူရ၊ မလှူဘဲ မနေရဟု စိတ်ထင်နှင့် မလှူရ၊ အကြောင်းမူကား ၊ စေတနာ စိတ်နှင့်လှူသော သူ ကိုသာ ဘုရားသခင် နှစ်သက် တော်မူ၏။ ၈ ကျမ်းစာ လာသည်ကား ၊ သူသည်စွန့်ကြဲ ပြီ၊ ဆင်းရဲ သောသူ တို့အား ပေးကမ်း ပြီ။ ၉ သူ ၏ဖြောင့်မတ်ခြင်း သည် အစဉ်အမြဲ တည် တတ်၏ဟုလာသည်နှင့်အညီ၊ သင် တို့သည်အရာရာ ၌ သုံး လောက်သောဥစ္စာအမျိုးမျိုး နှင့် အစဉ် ရှိ ၍၊ ကောင်း သော အကျင့် အမျိုးမျိုး နှင့် ထူးသဖြင့်ပြည့်စုံမည် အကြောင်း၊ အမျိုးစုံ သောမင်္ဂလာ ကျေးဇူးနှင့် အထူးသဖြင့်ပြည့်စုံ စေခြင်းငှာ ဘုရားသခင် တတ်နိုင် တော်မူ၏။ **(aiōn g165)** ၁၀ မျိုးစေ့ ကြဲ သော သူ အားမျိုးစေ့ ကိုငင်း ၊ အစာ အာဟာရကိုငင်း၊ ပေး တော်မူသောသူ သည်၊ သင် တို့အား မျိုးစေ့ ကို ပေး ၍ ပွားများ စေတော်မူမည်။ သင် တို့၏ ဖြောင့်မတ် ခြင်းကိုလည်း ကြွယ်ဝ စေတော်မူမည်။ ၁၁ ထိုသို့သင်တို့သည် စေတနာစိတ်နှင့် အမျိုးမျိုး သောစွန့်ကြဲ ပေးကမ်းခြင်းအလို့ငှာအရာရာ ၌ ကြွယ်ဝ ခြင်း ရှိသည်ဖြစ်၍၊ ငါ တို့အားဖြင့် ဘုရားသခင် ၏ ကျေးဇူး တော်ကို ချီးမွမ်းစရာအကြောင်းရှိ လိမ့်မည်။ ၁၂ အဘယ်သို့ နည်းဟူမူကား၊ ဤ လုပ်ကျွေး ခြင်းအမှု သည် သန့်ရှင်း သူတို့၏ ဆင်းရဲ ခြင်းကို မစ သည် သာမက ၊ ဘုရားသခင် ၏ကျေးဇူး တော်ကို ချီးမွမ်းစရာ အကြောင်းအများ နှင် ပြည့်စုံ လျက်ရှိ၏။ ၁၃ သင် တို့သည်ခရစ်တော် ၏ ဧဝံဂေလိ တရားအလိုသို့ ထင်ရှားစွာလိုက်ခြင်း အလိုကိုငင်း ၊ ထိုသန့်ရှင်း သူတို့မှစသော လူအပေါင်း တို့အား ကြည်ညိုသော စေတနာစိတ်နှင့် စွန့်ကြဲ ပေးကမ်းခြင်း

အရာကိုငင်း၊ သူတို့သည် အောက်မေ့ သောအခါ ၊ ဤ လုပ်ကျွေးခြင်း အမှု၏ လက္ခဏာ သက်သေ ကိုထောက် ၍ဘုရားသခင် ၏ ကျေးဇူးတော်ကို ချီးမွမ်း တတ်ကြ၏။ ၁၄ သင် တို့ ၌ ထူးမြတ် သောဘုရားသခင် ၏ ကျေးဇူး တော်ကိုလည်း သူ တို့သည်ထောက်လျှင် ၊ သင် တို့အဘို့ အလိုဌာဆုတောင်း ၍၊ အလွန် ချစ်ခင်မြတ်နိုးခြင်းစိတ် ရှိကြ၏။ ၁၅ ပြော ၍မကုန်နိုင်သော ဘုရားသခင် ၏ ဆုကျေးဇူး တော်ကို အောက်မေ့၍ ချီးမွမ်း ခြင်းရှိစေသတည်း။

၁၀ သင် တို့၏မျက်မှောက် ၌ နှိမ့်ချ ခြင်း၊ မျက်ကွယ် ၌ သင် တို့ အမှုကိုစီရင်၍ ရဲရင့် ခြင်းရှိသော ငါ ပေါလု သည်၊ ခရစ်တော် ၏နူးညံ့ သိမ်မွေ့ဖြည်းညှင်း တော်မူခြင်းကို အကြောင်းပြု၍ သင် တို့ကိုတောင်းပန် ပါ၏။ ၂ ငါ တို့သည်ဇာတိ ပကတိအလို သို့လိုက်၍ ကျင့် သောသူဖြစ်ကြသည်ဟု ထင်မှတ် သောသူ တို့အား၊ ငါကြံစည် သောရဲရင့် ခြင်းအတိုင်း သင်တို့ဆီသို့ ရောက်လာ သောအခါ၊ ထိုမျှလောက်ရဲရင့် ခြင်းမ ရှိမည်အကြောင်း ငါတောင်းပန် ပါ၏။ ၃ အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့သည် လူဇာတိ ၌ ကျင်လည် သော်လည်း၊ ဇာတိ ပကတိအလို သို့ လိုက်၍ စစ်တိုက်ကြ သည်မ ဟုတ်။ ၄ ငါ တို့စစ်တိုက် ၍သုံးစွဲ သောလက်နက် သည် ဇာတိ ပကတိလက်နက်မ ဟုတ်။ ဘုရားသခင် ၏ တန်ခိုး တော်အားဖြင့် မြို့ရိုး မြို့ပြတို့ကို ဖြိုဖျက် နိုင်သော လက်နက် ဖြစ်၏။ ၅ ထိုလက်နက်အားဖြင့်လူတို့၏အကြံအစည်တို့ကိုငင်း၊ ဘုရားသခင် ကိုသိသောပညာ ကို တားဆီး သော မာန် မာနရှိသမျှ တို့ကိုငင်း၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်း သောစိတ် တို့ကို ဖမ်း သွားချုပ်ထားလျက် ၊ ခရစ်တော် ၏ စကားကို နားထောင် စေကြ၏။ ၆ သင် တို့၏နားထောင်ခြင်း အမှုသည် ပြည့်စုံ ပြီးမှ ၊ နား မထောင်ဘဲနေသော သူအပေါင်း တို့ကို ဒဏ် ပေးခြင်းငှာ ငါတို့သည် အသင့် ရှိ ကြ၏။ ၇ မျက်နှာ ကိုသာ ကြည့်မှတ် ကြသလော။ အကြင်သူ က၊ ငါသည်ခရစ်တော် ၏လူဖြစ် သည်ဟု မိမိ ၌ စွဲလမ်း ခြင်း ရှိ၏၊ ထိုသူ သည် ခရစ်တော် ၏လူဖြစ်သကဲ့သို့ ၊ ငါ တို့ သည်လည်း ခရစ်တော်၏လူဖြစ်ကြောင်း ကို တဖန် အလိုအလျောက် ဆင်ခြင်သိမှတ် စေ။ ၈ သင် တို့ကို ပယ်ရှင်း ဖျက်ဆီးခြင်းအလိုငှာ မ ဟုတ်။ တည်ဆောက် ခြင်းအလိုငှာ သခင် ဘုရားသည် ငါတို့ ၌ အပ်ပေး တော်မူသော တန်ခိုး ကို ငါ သည်သာ၍ ဝါကြွား သော်လည်း ၊ ရှက်ကြောက် စရာအကြောင်းမ ရှိ၊ ၉ ငါရေး ၍ ပေးလိုက်သောစာ အားဖြင့် သာ သင် တို့ကို ခြိမ်းချောက် သကဲ့သို့ ငါမပြု လို။ ၁၀ အကြောင်းမူကား ၊ ထိုသူ၏ စာ သည် လေးလံ သောစာ၊ တန်ခိုးနှင့် ပြည့်စုံသော စာဖြစ် ၏။ ကိုယ်တိုင် ရှိ လျှင်မူကား ၊ သတ္တိမရှိ သောသူ၊ အချည်းနှီး သော စကား ကို ပြောသောသူဖြစ်သည်ဟုဆိုတတ် သောသူရှိ၏။ ၁၁ ငါတို့သည်ကိုယ်တိုင်မရှိ ၍ စာ ၌ပါသော စကား အားဖြင့် ဖြစ် သကဲ့သို့ ၊ ကိုယ်တိုင် မျက်မှောက် ရှိသောအခါ အမှုအားဖြင့်ဖြစ် လိမ့်မည်ဟု ထို သူသည် ဆင်ခြင်သိမှတ် စေ။ ၁၂ ကိုယ်ကိုကိုယ် ချီးမွမ်း သော သူ တို့နှင့် ရေတွက်ဝင်ခြင်း ကိုငင်း ၊ ပြိုင် နှိုင်းခြင်းကိုငင်း၊ ငါတို့မ ပြု ဝံ့။ ထိုသူ တို့သည် အချင်းချင်း တစ်ယောက် နှင့် တစ်ယောက်ခိုင်းနှိုင်း ခြင်း၊ ပြိုင် နှိုင်းခြင်းတို့ကိုပြု၍ ပညာ မဲ့ ဖြစ်ကြ၏။ ၁၃ ထိုမှတစ်ပါး ၊ ကိုယ်ငန်းကိုယ်တာကို လွန်ကျူး ၍ ပြုသောအမှုအရာ ကို ငါတို့ဝါကြွား ခြင်းမ ရှိဝံ့၊ ဘုရားသခင် ဝေ့ တော်မူသောအငန်းအတာ ၏ အတိုင်း အရှည် အတွင်း တွင်ပြုသော အရာကိုသာ ဝါကြွားခြင်းရှိဝံ့၏။ ထိုအတိုင်း အရှည်သည် သင် တို့တိုင်အောင် ပင် မှီ သတည်း။ ၁၄ သင်တို့တိုင်အောင်မမှီလျှင်၊

ငါတို့သည် လွန်ကျူး၍ ပြုကြသည်မဟုတ်။ အကြောင်းမူကား ၊ ခရစ်တော် ၏ ဧဝံဂေလိ တရားကိုဟောပြော၍ ၊ သင်
တို့ရှိရာသို့ တိုင်အောင်ရောက် ကြပြီ။ ၁၆ ငါတို့သည် ကိုယ်ငန်းကိုယ်တာကိုလွန်ကျူး ၍ ၊ သူတစ်ပါး အလုပ် ထဲသို့
ဝင်ခြင်းကြောင့် ဝါကြွား လေ့ရှိကြသည် မ ဟုတ်။ ထိုသို့သူ့ငန်း သူတာအတွင်း တွင်ပြင်ဆင် ပြီးသော အမှုအရာ ကို
ဝါကြွား ခြင်းမ ရှိဘဲ၊ သင် တို့ ပြည် တစ်ဘက် သို့ကူး၍ ဧဝံဂေလိ တရားကို ဟောပြောရသောအခွင့်ရှိစေခြင်းငှာ ၊ သင်
တို့ယုံကြည် ခြင်းပါရမီရင့် ပြီးမှ၊ ငါ တို့၏အင်န်းအတာ သည် အလွန် ကျယ်ဝန်းမည်ဟု မြော်လင့် ခြင်းရှိ ၏။ ၁၇
သို့ ဖြစ်၍ ဝါကြွား သောသူ မည်သည်ကား၊ သခင် ဘုရား၌ သာ ဝါကြွား စေ။ ၁၈ အကြောင်းမူကား ၊ ကိုယ်ကိုကိုယ်
ချီးမွမ်း သောသူ သည် ဝန်ခံတော်မူသော သူဖြစ်သည်မ ဟုတ်။ သခင် ဘုရားချီးမွမ်း တော်မူခြင်းကို ခံရသော သူသာလျှင်
ဝန်ခံ တော်မူသောသူ ဖြစ် သတည်း။

၁၁ ငါ မိုက်မဲ သောအပြစ်ကို သင်တို့သည် ခဏ သည်းခံ စေခြင်းငှာငါအလိုရှိ ၏။ ခဏသည်းခံ ကြပါလော့။
၂ အကြောင်းမူကား ၊ ငါသည်သင် တို့ကို သီလ နှင့် ပြည့်စုံသောသတို့သမီး ကညာကဲ့သို့ခရစ်တော် အား ဆက်
အံ့သောငှာ၊ သင် တို့ကို လင် တစ်ဦး နှင့် ထိမ်းမြား ဆောင်နှင်းပြီးသောကြောင့် ဘုရားသခင် ၏ အလိုတော်
အတိုင်း စိုးရိမ် သောစိတ်နှင့် သင်တို့ကို စောင့်ရှောက်လျက် နေ၏။ ၃ မြွေ သည် မိမိ ပရိယာယ် အားဖြင့် ဧဝ
ကိုလှည့်စား သကဲ့သို့ ၊ သင် တို့သည် စိတ် ဆွေးမြေ့ ယိုယွင်း၍၊ ခရစ်တော် ကို အကြွင်းမဲ့ချစ်သောစိတ် ပျောက်မည်ဟု
စိုးရိမ်ခြင်းရှိ၏။ ၄ သင်တို့ရှိရာသို့ ရောက်လာ သောသူ သည် ငါတို့ မ ဟော မပြောသေးသော ယေရှု တပါး ကို
ဟောပြော သော်၎င်း၊ သင်တို့သည်မ ခံရ သေးသော ဝိညာဉ် တော်တစ်ပါး ကို ခံရ သော်၎င်း၊ နားမ ထောင်သေးသော
ဧဝံဂေလိ တရားစကားကိုနားထောင်သော်၎င်း၊ ထိုသူကို သည်းခံ ကောင်း ၏။ ၅ ငါသည်အကြီးဆုံး သောတမန်တော်
အောက် အလျှင်းမ ယုတ်သည်ကို ငါသဘော ရှိ၏။ ၆ စကား အားဖြင့်လူရိုင်း ဟုတ်သော်လည်း ၊ ပညာ အားဖြင့်လူရိုင်း
မဟုတ်။ သင် တို့တွင် အရာရာ ၌ ငါတို့ သည်အစဉ် ကိုယ်ကိုကိုယ်ထင်ရှား စွာပြကြပြီ။ ၇ သင် တို့ကိုချီးမြှောက်
ခြင်းငှာ ၊ ကိုယ်ကိုကိုယ် နှိမ့်ချ လျက်၊ ကျေးဇူးဆပ် ခြင်းကိုမခံဘဲ၊ သင် တို့အား ဘုရားသခင် ၏ဧဝံဂေလိ တရားကို
ဟောပြော သည့်အရာမှာ ငါသည် အပြစ် ရှိ သလော။ ၈ သင် တို့အမှု ကိုဆောင်ရွက်မည်အကြောင်း၊ အခြား
သောအသင်းတော် များပေးသောစရိတ် ကို ငါခံ ၍၊ သူတို့ကို လုယူ ရာသို့ရောက်လေပြီတကား။ ၉ သင် တို့နှင့်အတူ ရှိ
နေ၍ တစ်စုံတစ်ခုကိုလို သောအခါ အဘယ်သူ ကိုမျှ ငါမ နှောင့်ရှက် ။ အကြောင်းမူကား ၊ မာကေဒေါနိ ပြည်က လာ
သော ညီအစ်ကို တို့သည် ငါ လို သမျှကိုပေး ကြ၏။ သင် တို့ကို အလျှင်းမ နှောင့်ယှက်ဘဲ သတိ နှင့်နေခဲ့ပြီ။ နောင်
၌လည်း သတိ နှင့်နေဦးမည်။ ၁၀ ခရစ်တော် ၏သစ္စာ တရားသည် ငါ ၌ ရှိ သည် ဖြစ်၍ ၊ အခါယ ပြည် များတို့ ၌
ဤသို့ ငါ ဝါကြွား သည်အမှု ကို အဘယ်သူ မျှမဆီးတား ရ။ ၁၁ အဘယ်ကြောင့် နည်း၊ သင် တို့ကိုငါမ ချစ် သလော။
ဘုရားသခင် သိ တော်မူ၏။ ၁၂ အခွင့် ရလို သောသူ တို့သည် အခွင့် မ ရစေခြင်းငှာ ၎င်း၊ ဝါကြွား ခြင်းအရာ၌ သူတို့သည်
ငါ ကဲ့သို့ ထင်ရှားစွာဖြစ် စေခြင်းငှာ ၎င်း၊ ငါပြုခဲ့ပြီးသည်အတိုင်း အစဉ်ပြု ဦးမည်။ ၁၃ အကြောင်းမူကား ၊ ထိုသူ တို့သည်

မိစ္ဆာ တမန်တော်ဖြစ်ကြ၏။ ခရစ်တော် ၏ တမန် ဖြစ်ယောင်ဆောင် လှည့်ဖြား တတ်သော အမှု စောင့်ဖြစ်ကြ၏။ ၁၄ ဤအမှုသည် အံ့သြဖွယ် ဖြစ်သည်မ ဟုတ်။ စာတန် ပင်လျှင် လင်း သောကောင်းကင်တမန် ဖြစ် ယောင်ဆောင် တတ်၏။ ၁၅ သို့ ဖြစ်၍ သူ၏ဆရာ တို့သည်လည်း ဖြောင့်မတ် ခြင်းတရား ကို ဟောသောဆရာဖြစ်ယောင်ဆောင် လျှင်၊ အဘယ်ဆိုဘွယ်ရှိသနည်း။ သူ တို့သည် ကိုယ်ကျင့်သောအကျင့် အတိုင်း နောက်ဆုံး ၌အကျိုးအပြစ်ကို ခံရ ကြ လတံ့။ ၁၆ တဖန် ငါဆို သည်ကား၊ ငါ့ ကိုသူရူး ဖြစ် သည်ဟု အဘယ်သူ မျှ မ ထင် စေနှင့်။ သို့မဟုတ် ငါဝါကြွား စရာ အခွင့်အနည်းငယ် ရှိစေခြင်းငှာ ငါ့ ကိုသူရူး ကဲ့သို့ မှတ်၍ သည်းခံ ကြလော့။ ၁၇ ဤသို့ငါပြော သောစကားမှာ သခင် ဘုရား၏ နည်းတူ ငါပြော သည်မ ဟုတ်။ သူရူး ကဲ့သို့ ရဲရင့် စွာဝါကြွား လျက်ပြောဆို၏။ ၁၈ လူ များတို့သည် လောကီ အခြင်းအရာ၌ ဝါကြွား သောကြောင့် ငါ သည်လည်းဝါကြွား ရ၏။ ၁၉ သင်တို့သည်လိမ္မာ သောသူဖြစ် သောကြောင့်၊ သူရူး တို့ကို စေတနာ စိတ်နှင့် သည်းခံ ကြ၏။ ၂၀ သူတစ်ပါးသည် သင် တို့ကို ကျွန် ခံစေခြင်း၊ ရောင်း ၍စားခြင်း၊ ဥစ္စာကိုလုယူ ခြင်း၊ ရန်တွေ့ခြင်း၊ ပါးပုတ် ခြင်းကိုပြုလျှင် သင်တို့သည် သည်းခံ ကြ၏။ ၂၁ ငါတို့သည်အစွမ်းသတ္တိမရှိဟုကဲ့ရဲ့ခြင်းကို အမှတ်ပြု၍ ငါပြော၏။ အကြင်အရာကို သူတစ်ပါး မှီဝဲ၍ ရဲရင့်၏။ ထိုအရာကိုငါမှီဝဲ၍ ရဲရင့် ခြင်းရှိ၏ဟု သူရူး ကဲ့သို့ငါဆို ၏။ ၂၂ သူတို့သည် ဟေဗြဲ လူဖြစ် ကြသလော။ ငါ သည်လည်းဖြစ်၏။ သူတို့သည် ဣသရေလ လူဖြစ် ကြသလော။ ငါ သည်လည်းဖြစ်၏။ သူတို့သည်အာဗြဟံ အမျိုး ဖြစ် ကြသလော။ ငါ သည်လည်းဖြစ်၏။ ၂၃ သူတို့သည်ခရစ်တော် ၏ ဓမ္မဆရာ ဖြစ် ကြသလော။ငါ သည် အထူးသဖြင့် ဖြစ်၏ဟု သူရူး ကဲ့သို့ဆို ရ၏။ ပင်ပန်းစွာအမှုကို အထူးသဖြင့်ဆောင်ရွက် သောသူ၊ ရိုက်ပုတ်ခြင်း၊ ထောင် ထဲ၌ လှောင်ထားခြင်းကို အထူးသဖြင့် ခံရသောသူ၊ သေ ဘေး နှင့် အကြိမ်ကြိမ် တွေ့ကြုံသောသူဖြစ်၏။ ၂၄ ငါးကြိမ် မြောက်အောင် ယုဒ လူတို့လက်တွင် ဒဏ်ချက်လေးဆယ် တစ်ခု ယုတ်ငါခံ ခဲ့ရပြီ။ ၂၅ သုံး ကြိမ်မြောက်အောင်ကြိမ်လုံး နှင့် ရိုက်ခြင်းကိုငင်း၊ တစ် ကြိမ်ခဲ နှင့်ပစ်ခြင်းကိုငင်း ငါခံရပြီ။ သုံး ကြိမ်မြောက်အောင် သင်္ဘော ပျက်ခြင်းကို ခံရပြီ။ တစ် နေ့နှင့် တညဉ့်ပတ်လုံးပင်လယ် ထဲမှာ နေ ရပြီ။ ၂၆ အကြိမ်ကြိမ် ဒေသစာရီ လှည့်လည်ပြီး။ မြစ် ကို ကူးသောဘေး ၊ ဓါးပြ တိုက်သောဘေး ၊ အမျိုးသား ချင်းပြုသောဘေး ၊ တစ်ပါး အမျိုးသားပြုသောဘေး ၊ မြို့ ရွာ၌ ရောက်သောဘေး ၊ တော ၌ ရောက်သောဘေး ၊ ပင်လယ် ဘေး ၊ ညီအစ်ကို ဖြစ်ယောင်ဆောင်သော သူတို့ပြုသော ဘေး ၊ ဤဘေးများကို ငါတွေ့ခဲ့ပြီ။ ၂၇ ပင်ပန်း စွာအမှု ဆောင်ရွက်ခြင်း၊ အကြိမ် များစွာမအိပ်ဘဲစောင့် နေခြင်း၊ မွတ်သိပ် ခြင်း၊ ရေငတ် ခြင်း၊ အကြိမ်ကြိမ် အစာရှောင် ခြင်း၊ အချမ်းအအေး ခံရခြင်း၊ အဝတ် အချည်းစည်းရှိခြင်း၊ ဤဆင်းရဲခြင်းများကို ငါခံ ခဲ့ပြီ။ ၂၈ ထိုအပမှုမှတပါး၊ အသင်းတော် အပေါင်း တို့ကို စိုးရိမ်သောစိတ်နှင့် ကြည့်ရှု ပြုစု၍ နေ့တိုင်း အစဉ် နှောင့်ရှက်ခြင်းကို ငါခံခဲ့ရ၏။ ၂၉ ငါမ နွမ်းရိ ဘဲအဘယ်သူ နွမ်းရိ သနည်း။ ငါ သည် စိတ် မ ပူပန်ဘဲ အဘယ်သူ ဖောက်ပြန် သနည်း။ ၃၀ ငါသည်မဝါကြွား ဘဲမနေရသည်မှန်လျှင် ၊ ကိုယ် နွမ်းရိ သောအဖြစ်ကိုသာ အကြောင်းပြု၍ ဝါကြွား မည်။ ၃၁ ငါသည်မုသာ မ ပြောသည်ကို ထာဝရ မင်္ဂလာ ရှိ တော်မူသော ငါတို့သခင် ယေရှု ခရစ်၏ခမည်းတော် ဘုရားသခင် သိ

တော်မူ၏။ (aiōn g165) ၃၂ ဒမာသက် မြို့၌ အရေတ မင်းကြီး ခန့်ထားသောမြို့ဝန် သည် ငါ့ ကို ဖမ်းဆီး ခြင်းငှာအလိုရှိ၍၊ ဒမာသက် မြို့ ကိုစောင့် စည်တွင်၊ ၃၃ တပည့်တော်တို့သည် ငါ့ကိုတောင်း ၌ ထည့်ပြီးလျှင် ၊ ပြတင်းပေါက် မှထုတ်၍ မြို့ရိုး ပေါ် က လျှောချ သဖြင့် ထိုမြို့ဝန်လက် မှ ငါပြေး၍လွတ် ရ၏။

၁၂ ငါသည်ဝါကြွား ခြင်းကိုမ ပြု သင့်လျှင်၊ သခင် ဘုရားပြတော်မူသော ထူးဆန်းသောရူပါရုံ နှင့် ဗျာဒိတ် တော်များကို တဖန်ပြောဦးမည်။ ၂ တစ်ဆယ့်လေး နှစ် အထက် က၊ ခရစ်တော် ၏ တပည့်ဖြစ်သော လူ တစ်ယောက်ကို တတိယ ကောင်းကင် သို့ တိုင်အောင်ချီဆောင် သည်အကြောင်းကို ငါသိ ၏။ ထိုအခါသူ၌ ကိုယ်ခန္ဓာပါသည်မပါသည်ကို ငါမ သိ ။ ဘုရားသခင် သိ တော်မူ၏။ ၃ ထိုသူသည်ပရဒိသု ဘုံသို့ ချီဆောင် ခြင်းကိုခံရ၍၊ လူ မ ပြော အပ် မပြောနိုင်သောစကား ကို ကြား သည့် အကြောင်း ကိုငါသိ ၏။ ၄ ထိုအခါ ကိုယ်ခန္ဓာ ပါသည် မပါသည်ကို ငါမ သိ ၊ ဘုရားသခင် သိ တော်မူ၏။ ၅ ထိုသို့သော သူကို ဝါကြွား မည်။ ခွမ်းရိအားနည်း ခြင်းမှတစ်ပါး ကိုယ် ဂုဏ်ကို မ ဝါကြွား ။ ၆ ဝါကြွား ခြင်းငှာအလိုရှိ လျှင် လည်း၊ သူရူး ဖြစ် သည်မ ဟုတ်။ အကြောင်းမူကား ၊ ငါသည်ဟုတ်မှန် စွာ ပြော တတ်၏။ တစ်စုံတစ်ယောက် သောသူသည် ငါ့ ကိုမြင် သည်ထက်၊ ငါ့ သတင်းကိုကြား သည်ထက်၊ ငါ့ကို သာ၍မ ထင် စေခြင်းငှာငါမပြောဘဲနေ၏။ ၇ ငါခံရသောဗျာဒိတ် တော် အလွန် ထူးမြတ်၍ ငါသည်ထောင်လွှား သောစိတ်မ ရှိစေခြင်းငှာ ၊ ငါ့ ကို ဒဏ်ခတ် သော စာတန် ၏တမန် တည်းဟူသောငါ့ ကိုယ် ၌ စူးသော ဆူးကို ပေး တော်မူ၏။ ၈ ထို ဆင်းရဲခြင်းနှင့်ကင်းလွတ် မည်အကြောင်း သုံး ကြိမ်မြောက်အောင် သခင် ဘုရားကိုငါဆုတောင်း၍ အသနားတော်ခံပြီးလျှင်၊ ၉ ငါ့ ကျေးဇူး သည် သင့် အတို့လောက် ပေ၏။ ငါ့တန်ခိုး သည် အားနည်း ခြင်းအဖြစ်၌ စုံလင် တတ်သည် ဟု မိန့် တော်မူ၏။ ထိုကြောင့် ခရစ်တော် ၏ တန်ခိုး သည် ငါ့ အပေါ် ၌ကျိန်းဝပ် မည်အကြောင်း ငါ ကိုယ်၌ အားနည်း ခြင်းအဖြစ်ကို ဝမ်းမြောက် သောစိတ်နှင့် ဝါကြွား ခြင်းငှာသာ၍ ငါအလိုရှိ၏။ ၁၀ သို့ ဖြစ်၍ ခရစ်တော် ကြောင့် ခံရသော အားနည်း ခြင်း၊ ကဲ့ရဲ့ ခြင်း၊ ဆင်းရဲ ခြင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်း၊ ကျပ်တည်းစွာသော ဒုက္ခ ဝေဒနာခံခြင်းတို့ကို ငါနှစ်သက် ၏။ အကြောင်းမူကား ၊ ငါသည် အားနည်း သောအခါ တန်ခိုး နှင့် ပြည့်စုံလျက်ရှိ ၏။ ၁၁ ငါသည် ဝါကြွားတတ်သော သူရူး ဖြစ် သလော။ ထိုသို့ ဖြစ်လျှင်၊ သင် တို့သည် ငါ့ ကိုအနိုင် အထက်ဖြစ်စေကြပြီ။ အဘယ်သို့နည်းဟူမူကား၊ သင် တို့ချီးမွမ်း ခြင်းကို ငါ ခံသင့်၏။ ငါသည် ဘာ မျှမဟုတ် သော်လည်း ၊ အကြီးဆုံး သောတမန်တော် အောက် အလျှင်းမ ယုတ်မည်ဟု။ ၁၂ အကယ်စင်စစ် သည်းခံ ခြင်းနှင့်တကွ နိမိတ် လက္ခဏာအံ့ဘွယ် သောအမှု၊ ထူးဆန်းသော တန်ခိုး များ အားဖြင့်တမန်တော် ၏လက္ခဏာ တို့ကို သင် တို့တွင် ထင်ရှား စွာပြပြီ။ ၁၃ ငါ သည်သင် တို့ကို မ နှောင့်ရှက် သော အရာ တစ်ခုကို ထားလျှင်၊ သင်တို့သည် အခြား သော အသင်းတော် ထက် အဘယ်သို့ ယုတ်ညံ့သနည်း။ထိုသို့ ငါ ပြစ်မှားသောအပြစ် ကို သည်းခံ ကြလော့။ ၁၄ ဤ တတိယ အကြိမ်သင် တို့ဆီသို့ သွား ခြင်းငှာငါသည်အသင့် ရှိ ၏။ သင်တို့ကိုနှောင့်ရှက် မည်ဟု အကြံ မ ရှိ။ သင် တို့ ဥစ္စာကို ငါရှာ သည်မ ဟုတ်။ သင် တို့ကိုသာ ရှာ၏။ သားသမီး တို့သည် မိဘ အတွက် ဥစ္စာ ကို ဆည်းပူးရသည်မ ဟုတ်။ မိဘ တို့သည်

သားသမီး တို့အတွက် ဆည်းပူးရ၏။ ၁၅ ငါ သည်သင် တို့ကို ချစ် ခြင်းမေတ္တာ စိတ်တိုးပွား သည်အတိုင်း သင်တို့သည် ငါ့ကိုချစ် ခြင်းမေတ္တာစိတ် ဆုတ်ယုတ် သော်လည်း ၊ သင် တို့ စိတ် ဝိညာဉ်၏ အကျိုး အလိုငှာ ငါသည်ကိုယ်ဥစ္စာကိုငင်း၊ ကိုယ်ကိုငင်း၊ ကုန်စေခြင်းငှာအလွန်စေတနာရှိ၏။ ၁၆ သင် တို့ကိုငါ မ နှောက်ယှက် သည် မှန်စေတော့။ သို့သော်လည်း ၊ လိမ္မာ သောသူဖြစ် ၍ပရိယာယ် အားဖြင့်သင် တို့ကိုဘမ်းဆီး ပြီဟုဆိုလျှင်၊ ၁၇ တစ်စုံတစ်ယောက် သောသူ ကို သင် တို့ဆီသို့ စေလွှတ် ၍၊ သင် တို့၏ဥစ္စာကို ပရိယာယ် အားဖြင့် ငါယူသလော။ ၁၈ တိတု သည် သင် တို့ဆီသို့ သွားမည်အကြောင်း ငါတောင်းပန် ၍၊ သူနှင့်တကွအခြားသော ညီ တစ်ယောက်ကို စေလွှတ် ၏။ တိတု သည် ပရိယာယ် အားဖြင့်သင်တို့၏ဥစ္စာကိုယူသလော။ ငါတို့သည် စိတ် သဘောချင်းတူ ၍ကျင့် ကြသည် မ ဟုတ်လော။ တလမ်းတည်း လိုက်ကြသည် မ ဟုတ်လော။ ၁၉ တဖန်တုံ၊ ငါတို့သည်သင် တို့ရှေ့၌ ကိုယ်အပြစ် ဖြေရာစကားကို ပြောသည်ဟုထင် ကြသလော။ ခရစ်တော် ကိုထောက်၍ ဘုရားသခင် ရှေ့၌ငါတို့ ပြော ကြ၏။ ချစ်သူ တို့၊ ငါတို့ပြုသမျှ မှာ သင် တို့ကို တည်ဆောက် ခြင်းအလိုငှာ ပြုကြ၏။ ၂၀ ငါရောက်လာ သောအခါ၊ သင် တို့သည် ငါ နှစ်သက် သောသူမ ဖြစ်၊ ငါ သည်လည်း သင် တို့ မ နှစ်သက် သောသူ ဖြစ်မည်ဟူ၍ငင်း၊ သင်တို့ ၌ရန်တွေ့ ခြင်း၊ ဂုဏ်ပြိုင် ခြင်း၊ အမျက်ထွက် ခြင်း၊ ငြင်းခုံခြင်း၊ သူ့ အသရေကိုရွှတ်ချခြင်း၊ ချောစားခြင်း၊ မာန ထောင်လွှားခြင်း၊ အချင်းချင်း အမှုလုပ်ခြင်းဖြစ်မည်ဟူ၍ငင်း၊ ၂၁ အထက် ကပြစ်မှား၍ ညစ်ညူး စွာကျင့်ခြင်း၊ မတရား သောမေထုန်၌ မှီဝဲခြင်း၊ ကိလေသာ လွန်ကျူးခြင်းအမှုတို့ကို ပြုမိ၍၊ ယခုတိုင်အောင်နောင်တ မ ရသော သူအများကြောင့် ငါစိတ်မသာညည်းတွားရသဖြင့်၊ သင် တို့ရှေ့၌ ဘုရားသခင် သည် ငါ့ ကိုနှိမ့်ချ တော်မူမည်ဟူ၍ငင်း စိုးရိမ် ခြင်းရှိ၏။

၁၃ ဤ တတိယ အကြိမ်တွင် သင် တို့ဆီသို့ ငါလာ မည်ဖြစ်၍၊ သက်သေခံ နှစ် ဦးသုံး ဦးအားဖြင့် စကား ရှိသမျှ တို့သည် တည် ရလိမ့်မည်။ ၂ တဖန် ငါရောက်လာ လျှင် သင်တို့ကိုမ သနား ရဟု ပြစ်မှားသော သူမှစ၍ ကြွင်း သောသူ အပေါင်း တို့အား အထက် က ငါပြောသည်သာမက၊ ယခုပင် သင်တို့နှင့်အတူမ ရှိသော်လည်း ၊ တဖန်ရှိ ဘိသကဲ့သို့ ငါပြော နှင့်၏။ ၃ သင် တို့တွင် အားနည်း တော်မ မူ၊ အားကြီး တော်မူသော ခရစ်တော် သည် ငါ၌ ဗျာဒိတ် ပြတော်မူခြင်းသက်သေ ကို သင်တို့သည် ရှာ သောကြောင့်၊ ငါရောက်လာသောအခါ မသနားရ။ ၄ အကြောင်းမူကား ၊ ထိုခရစ်တော်သည် အားနည်း ခြင်းနှင့် လက်ဝါးကပ်တိုင် မှာ အသေခံသော်လည်း၊ ဘုရားသခင် ၏တန်ခိုး တော်နှင့် အသက် ရှင်တော်မူ၏။ ငါ တို့သည်လည်း ခရစ်တော် ၏နည်းတူ အားနည်း သော်လည်း၊ သင် တို့တွင် ပြသော ဘုရားသခင် ၏ တန်ခိုး တော်အားဖြင့် ခရစ်တော် နှင့်အတူ အသက် ရှင်ခြင်း ရှိကြလိမ့်မည်။ ၅ သင်တို့သည်ယုံကြည် ခြင်း၌ တည် သလော၊ မတည်လောဟ ကိုယ်ကိုကိုယ် စစ်ကြော ကြလော့။ ကိုယ်ကိုကိုယ် စုံစမ်း ကြလော့။ အစစ် မခံနိုင်သော သူမမှန် လျှင် ၊ ယေရှု ခရစ် သည် သင် တို့ ၌ တည်တော်မူသည်ဟု ကိုယ် အကြောင်းကိုယ်မ သိ ကြလော။ ၆ ငါ တို့သည် အစစ် ခံနိုင်သောသူဖြစ် သည်ကိုသင်တို့သိ ကြလိမ့်မည်ဟု ငါထင်မှတ် မြော်လင့်ခြင်းရှိ၏။ ၇ ငါ တို့သည် အစစ် ခံနိုင်ကြောင်း ကို ထင်ရှား စေခြင်းငှာငါအလိုရှိသည်မ ဟုတ်။ အစစ် မခံနိုင်သော သူကဲ့သို့

ထင် သော်လည်း၊ သင် တို့သည် ကောင်းမွန် စွာ ကျင့် စေခြင်းငှာ ၊ မကောင်း သောအကျင့်တစ်စုံတစ်ခု ကိုမျှ မ ကျင့် မည်အကြောင်း၊ ငါသည် ဘုရားသခင် ကို ဆုတောင်း ပဌနာပြု၏။ ၈ ငါတို့သည်သမ္မာတရား ကို ဆီးတား ခြင်းငှာ အလျှင်း မ တတ်နိုင် ကြ။ ၉ သမ္မာတရား ဘက်၌နေ၍သာ တတ်နိုင်ကြ၏။ ငါ တို့သည်အားနည်း ၍ သင် တို့သည်အားကြီး သောအခါ ၊ ငါတို့သည် ဝမ်းမြောက် ခြင်းရှိ ကြ၏။ သင် တို့သည် စုံလင် မည်အကြောင်းကိုသာ အလိုရှိကြ၏။ ၁၀ ထိုကြောင့် ပယ်ရှင်း ဖျက်ဆီးခြင်းအလိုငှာ မ ဟုတ်၊ တည်ဆောက် ခြင်းအလိုငှာ သခင် ဘုရားသည် ငါ ၌ အပ်ပေး တော်မူသောတန်ခိုး ရှိသည်အတိုင်း ငါသည် ရောက်လာ သောအခါ ပြင်းစွာ သောဒဏ်ကို မ ပေး လို၍၊ ယခုသင်တို့နှင့် ကွာဝေး သေးသည်ကာလ ဤသို့ ငါရေး လိုက်၏။ ၁၁ ကြွင်း သေးသောစကားဟူမူကား၊ ညီအစ်ကို တို့၊ သင်တို့ ၌ မင်္ဂလာရှိပါစေသော။ စုံလင် ခြင်း၊ သက်သာ ဝမ်းမြောက် ခြင်းရှိကြလော့။ စိတ် တညီတညွတ် တည်းဖြစ်၍၊ အချင်းချင်းအသင့်အတင့် နေကြလော့။ သို့ ဖြစ်၍ မေတ္တာ ကိုဂင်း ၊ အသင့်အတင့် နေခြင်း ချမ်းသာကိုဂင်း ပေးတော်မူသော ဘုရားသခင် သည် သင် တို့နှင့်အတူ ရှိ တော်မူလတ္တံ့။ ၁၂ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သန့်ရှင်း သော နမ်း ခြင်းနှင့် နှုတ်ဆက် ကြလော့။ ၁၃ သန့်ရှင်း သူအပေါင်း တို့သည် သင် တို့ကို နှုတ်ဆက် ကြ၏။ ၁၄ သခင် ယေရှု ခရစ် ၏ ကျေးဇူး တော်ဂင်း ၊ ဘုရားသခင် ၏ မေတ္တာ တော်ဂင်း၊ သန့်ရှင်း သော ဝိညာဉ် တော်၏ မိဿဟာယ တော်ဂင်း၊ သင် တို့အပေါင်း ၌ ရှိစေသတည်း။ အာမင်။

၁ လူ နှင့်မ စပ်ဆိုင်၊ လူ ၏အခွင့် မ ရှိဘဲလျက်၊ ယေရှု ခရစ် ၏အခွင့် နှင့် ၎င်း၊ ထိုသခင် ကို သေ ခြင်းမှ ထမြောက်စေတော်မူသော ခမည်းတော် ဘုရားသခင် ၏ အခွင့်နှင့် ၎င်း၊ တမန်တော် ဖြစ်သောငါ ပေါလုမှစ၍ ၊ ၂ ငါ့ ထံမှာရှိသော ညီအစ်ကို အပေါင်း တို့သည် ဂလာတိ ပြည်၌ရှိသော အသင်းတော် များကို ကြား လိုက် ပါ၏။ ၃ သခင် ယေရှု ခရစ် နှင့် ခမည်းတော် ဘုရား ထံ တော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ ၄ ထိုသခင် သည် ငါ တို့အဘ တည်းဟူသောဘုရားသခင် ၏အလို တော်နှင့်အညီ ဆိုးညစ် သော ဤပစ္စုပ္ပန် ဘဝ မှ ငါ တို့ကို ကယ်နှုတ် ခြင်းငှာ ၊ ငါ တို့အပြစ် ကြောင့် ကိုယ်ကိုကိုယ် အပ်ပေး တော်မူ၏။ (aiōn g165) ၅ ထိုဘုရားသခင် သည်ကမ္ဘာ အဆက်ဆက်ဘုန်းကြီး တော်မူစေသတည်း။ အာမင် ။ (aiōn g165) ၆ ခရစ်တော် ၏ ကျေးဇူး အားဖြင့် သင် တို့ကို ခေါ် တော်မူသောသူ နှင့် ဤမျှလောက်မြန်မြန် ခွါ ၍ သင်တို့သည်အခြား သော ဧဝံဂေလိ တရားကို ခံယူကြရသောကြောင့်ငါသည်အံ့သြ ခြင်းရှိ၏။ ၇ ထိုဧဝံဂေလိ တရားသည် ဧဝံဂေလိ တရားမ ဟုတ် ။ သင် တို့ကို နှောက်ယှက် ၍ ခရစ်တော် ၏ ဧဝံဂေလိ တရားကို မှောက် လှန်ချင် သောသူ အချို့ ရှိ ကြ၏။ ၈ သို့သော်လည်း ၊ သင် တို့အားငါ ဟောပြောသော ဧဝံဂေလိတရားမှတစ်ပါးအခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်၎င်း၊ ကောင်းကင် ဘုံမှ လာသောကောင်းကင်တမန် ဟောပြော သော်၎င်း၊ ဟောပြောသောသူသည် ကျိန် တော်မူခြင်းကိုခံစေ။ ၉ တစ်ဖန်တုံ ၊ သင် တို့ခံယူ ပြီးသော ဧဝံဂေလိ တရားမှတစ်ပါးအခြားသော ဧဝံဂေလိ တရားကို တစ်စုံတစ်ယောက် သောသူဟောပြောလျှင် ၊ ထိုသူသည် ကျိန် တော်မူခြင်းကို ခံ စေဟု ငါတို့ဆို ခဲ့ပြီးသည်အတိုင်း ယခု ငါထပ် ၍ဆိုသေး၏။ ၁၀ အကြောင်းမူကား ၊ ယခု တွင် ငါသည် လူ တို့၏ အလို သို့လိုက်သလော။ ဘုရားသခင် ၏ အလိုတော်ကို လိုက်သလော။ လူတို့ စိတ် ကို နူးညွတ်စေခြင်းငှာကြသလော။ လူတို့ စိတ် ကိုနူးညွတ်စေခြင်းငှာကြံ သေးလျှင် ၊ ခရစ်တော် ၏ အစေခံ ကျွန်မ ဟုတ် ပြီ။ ၁၁ ညီအစ်ကို တို့၊ ငါ ဟောပြော သော ဧဝံဂေလိ တရားသည် လူ တို့၏တရားမ ဟုတ် ။ ၁၂ လူ ထံမှာ ငါ ခံရ သည်မ ဟုတ်။ ယေရှု ခရစ် ၏ ဗျာဒိတ် တော်မှတပါး အခြားသောဥပဒေသကို ငါမခံ သည်အကြောင်းကို သင်တို့အား ငါကြား လိုက်၏။ ၁၃ အဘယ်သို့ နည်းဟူမူကား၊ အထက် က ယုဒ ဘာသာ၌နေ၍ ငါ ကျင့်သောအကျင့် တည်းဟူသောဘုရားသခင် ၏အသင်းတော် ကို အတိုင်း ထက်အလွန် ညှဉ်းဆဲ ဖျက်ဆီးကြောင်းကို၎င်း ၊ ၁၄ ဘိုးဘေး တို့၏လက်မှ ငါ ခံရ သောနည်းဥပဒေသ ဘက်၌ အထူးသဖြင့်စိတ်အားသန် လျက် ၊ ငါ ၏ လူမျိုး ထဲ တွင် ငါ့ရွယ်တူ ချင်းအများ တို့ထက် ယုဒ ဘာသာကိုကျင့်လည်လေ့ကျက်ကြောင်းကို၎င်း သင်တို့ကြားသိကြရပြီ။ ၁၅ သို့သော်လည်း ၊ ငါ့ ကိုအမိ ဝမ်း ထဲက ပင်ရွေးချယ် ခွဲထား၍ ကျေးဇူး တော်အားဖြင့် ခေါ် တော်မူသော ဘုရားသခင် သည်၊ ၁၆ သားတော်၏ ဧဝံဂေလိတရားကို တစ်ပါး အမျိုးသားတို့ ၌ ဟောပြောစေမည်အကြောင်း ၊ မိမိ အလိုတော် နှင့်အညီသား တော်ကို ငါ့ အားပြ တော်မူသောအခါ၊ ငါသည်အသွေး အသားနှင့် တိုင်ပင် ခြင်းကိုမ ပြု။ ၁၇ ငါ့ အရင် တမန်တော် ဖြစ်နှင့်သောသူတို့ရှိရာ ယေရုရှလင် မြို့ သို့ လည်း မ သွား ၊

အာရပ် ပြည်သို့ ချက်ခြင်း သွား ၍ တစ်ဖန် ဒမာသက် မြို့သို့ ပြန် လေ၏။ ၁၈ ထိုနောက် သုံး နှစ် လွန် ပြီးမှပေတရု ကို အကျွမ်းဝင် လိုသောငှာ၊ ယေရှုရှလင် မြို့သို့ သွား ၍ သူ နှင့်အတူ တစ်ဆယ်ငါး ရက် နေ ၏။ ၁၉ သူနှင့်သခင် ဘုရား၏ ညီ တော် ယာကုပ် မှတစ်ပါး အခြား သော တမန်တော် တစ်ယောက်ကိုမျှငါမ တွေ့ မမြင်။ ၂၀ ဤသို့ သင် တို့အား ငါရေး ၍ ကြား လိုက်သည် တွင် မုသာ စကားကို ငါမ ပြောမသုံးဟု ဘုရားသခင် ရှေ့ တော်၌ငါဆို၏။ ၂၁ ထိုနောက် ရှုရိ ပြည်၊ ကိလိကိ ပြည်သို့ ငါသွား ၍ ၊ ၂၂ ယုဒ ပြည်၌ ခရစ်တော် ၏ဘာသာကို ခံယူသော သင်းဝင် သူ တို့သည် ငါ့မျက်နှာ ကိုမျှမ သိမမှတ်ဘဲနေ ၍ ၊ ၂၃ ငါ တို့ကိုညှင်းဆဲ ဘူးသောသူ သည် အထက် က မိမိ ဖျက်ဆီး သော ယုံကြည် ခြင်းတရားကို ယခု မိမိ ဟောပြော သည်ဟု သူတို့ကြား ရုံရှိ ကာမျှနှင့် ၊ ၂၄ ငါ့ အကြောင်းကြောင့် ဘုရားသခင် ကို ချီးမွမ်း ကြ၏။

J ထိုနောက် တဆယ်လေး နှစ် လွန်ပြီးမှ၊ ငါသည် တိတု ကိုခေါ် ၍ ဗာနဗ နှင့်အတူ ယေရုရှလင် မြို့သို့ တစ်ဖန် သွား လေ၏။ ၂ ဗျာဒိတ် တော်အတိုင်း ပင်သွား သည်ဖြစ်၍ ၊ တစ်ပါး အမျိုးတို့ ၌ ဟောပြော သော ဧဝံဂေလိ တရားကို ထိုအခါ ငါကြားပြော လေ၏။ ထိုသို့ဆိုသော်ငါဆောင်ရွက် ခဲ့ပြီးသောအမှုနှင့် နောက်၌ ဆောင်ရွက် လတံ့သော အမှုကို အချည်းနှီး မဖြစ်စေခြင်းငှာ၊ အသရေ ထင်ရှား သော သူ တို့အားသာ တိတ်ဆိတ် စွာကြားပြော၏။ ၃ သို့သော်လည်း ငါ နှင့်အတူ ပါသော ဟေလသ အမျိုးတိတုကို အရေဖျားလှီး ခြင်းကို မ ခံ စေ ကြ။ ၄ ယေရှု ခရစ် အားဖြင့် ငါ တို့ခံစား သော လွှတ် ခြင်းအခွင့်ကိုချောင်းကြည့် ၍ ငါ တို့ကို ကျွန် ခံစေမည် အကြံနှင့်၊ ပရိယာယ်အားဖြင့်သူတစ်ပါးသွင်း ၍ ငါတို့အထဲ သို့ဝင်သောညီအစ်ကို ၏အယောင်ကိုဆောင်သောသူတို့အကြောင်း ကြောင့် ထိုသို့ပြုကြ၏။ ၅ မှန် သော ဧဝံဂေလိ တရားသည် သင် တို့ ၌ တည်နေ မည်အကြောင်း ၊ ငါတို့သည်သူတို့စီရင်ခြင်းကို ခဏ မျှ ဝန် မ ခံကြ။ ၆ အသရေထင်ရှား သောသူတို့သည် အထက် က အဘယ်သို့ သော ဖြစ် ကြသည်ကိုငါမဆိုင်။ ဘုရားသခင် သည် လူ မျက်နှာ ကိုမှတ် တော်မ မူ။ ထိုသူ နှင့် ငါ သည် ပေါင်းဖော်၍ ထူးခြား သောအရာကိုမ ခံရ သည်သာမက၊ ၇ အရေဖျားလှီး ခြင်းကိုခံရသောသူ တို့တွင် ပေတရုကို တမန်တော်ဖြစ်စေခြင်းငှာ၊ ၈ ပေတရု ၌ပြုပြင် တော်မူသောသူ သည်၊ တစ်ပါး အမျိုးသားတို့တွင် ငါ့ ကိုတမန်တော် ဖြစ်စေခြင်းငှာ ငါ၌ လည်း ပြုပြင် တော်မူသည်ဖြစ်၍၊ အရေဖျားလှီး ခြင်းနှင့် စပ်ဆိုင်သော ဧဝံဂေလိ တရားကို ပေတရု ၌ အပ် တော်မူသည် နည်းတူ ၊ အရေဖျားလှီး ခြင်းနှင့်မစပ်ဆိုင်သော ဧဝံဂေလိတရားကိုငါ၌ အပ်တော်မူကြောင်း ကို သူတို့ သည် သိမြင် ကြ၏။ ၉ အမှီတကဲ ဖြစ်သောယာကုပ် ၊ ကေဖ ၊ ယောဟန် တို့သည်လည်း ၊ ငါ ရ သောကျေးဇူး တော်ကို သိ ကြသောအခါ ၊ မိမိ တို့သည် အရေဖျားလှီး ခြင်းကိုခံရသော သူတို့ ဆီသို့ သွားမည်အကြောင်းနှင့်၊ ငါ တို့သည်တစ်ပါး အမျိုးသားတို့ဆီသို့ သွားမည်အကြောင်း ၊ လက်ျာ လက်ခံခြင်းကို ဗာနဗ နှင့် ငါ့ အား ပေး ကြ၏။ ၁၀ ငါတို့သည်ဆင်းရဲ သောသူများကို အောက်မေ့ စေခြင်းငှာ သူတို့အလိုတစ်ခုတည်း ရှိ၏။ ထိုအမှု ကို ငါသည်အလိုအလျောက်ကြိုးစား အားထုတ်လေ့ရှိ၏။ ၁၁ ထိုနောက် ပေတရု သည် အန္တိအုတ် မြို့သို့ ရောက်လာ သောအခါ ၊ သူ၌အပြစ်တင် စရာ အခွင့်ရှိ သောကြောင့် သူ့ ကိုယ်တိုင်ကို ငါငြင်း၍

ဆီးတား ရ၏။ ၁၂ အကြောင်းမူကား ၊ လူအချို့သည် ယာကုပ် ထံမှ မ ရောက် မလာမီ၊ ပေတရုသည် တစ်ပါး အမျိုးသားတို့နှင့်အတူ စား ၏။ သူတို့ရောက်လာ သောနောက် ၊ ပေတရုသည် အရေဖျားလိုး ခြင်းကိုခံရသောသူ တို့၏မျက်နှာကိုထောက် ၍ တစ်ပါးအမျိုးသားတို့နှင့်မ ပေါင်းဝံ့။ တစ်ယောက်တခြားစီ နေ၏။ ၁၃ ကြွင်း သောယုဒ လူတို့သည် ပေတရု နှင့်အတူလျှို့ဝှက် ၍ ၊ သူတို့ လျှို့ဝှက် ခြင်းအားဖြင့်ဗာနဗ သည်လည်း သူ တို့ဘက်သို့ပါ သွား၏။ ၁၄ သူတို့သည်မှန် သော ဧဝံဂေလိ တရားနှင့်အညီ ဖြောင့်မတ်စွာ မ ကျင့် ကြောင်း ကိုငါသည်မြင် လျှင် ၊ ထိုသူ အပေါင်း တို့ရှေ့မှာ ပေတရု အား ငါဆို သည်ကား၊ သင်သည် ယုဒ လူဖြစ် လျက်ပင် ယုဒထုံးစံ အတိုင်းမ ကျင့် ဘဲ၊ တစ်ပါးအမျိုး ၏ထုံးစံအတိုင်းကျင့်လျှင်၊ တစ်ပါး အမျိုးသားတို့သည် ယုဒထုံးစံ အတိုင်းကျင့် စေခြင်းငှာအဘယ်ကြောင့် သူတို့ကို အနိုင်အထက်ပြုသနည်း။ ၁၅ လူ တို့သည် ပညတ် တရား၏အကျင့် အားဖြင့် ဖြောင့်မတ် ရာသို့ မ ရောက်၊ ၁၆ ယေရှု ခရစ် ကိုယုံကြည် ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊ အပြစ် ထင်ရှားသော တစ်ပါး အမျိုးသားမ ဟုတ်ဘဲ၊ ဇာတိ အမျိုးအားဖြင့်ယုဒ လူဖြစ်သောငါ တို့သည် အမှန်သိ သည်နှင့်အညီပညတ် တရား၏ အကျင့် အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော် ကိုယုံကြည် ခြင်းအားဖြင့် ဖြောင့်မတ် ရာသို့ ရောက်ခြင်းငှာ ၊ ငါ တို့ပင် ယေရှု ခရစ် ကိုယုံကြည် ကြပြီ။ အကြောင်းမူကား ၊ ပညတ် တရား၏ အကျင့် အားဖြင့် အဘယ်သူ မျှဖြောင့်မတ် ရာသို့ မ ရောက်နိုင်ရာ။ ၁၇ ခရစ်တော် အားဖြင့် ဖြောင့်မတ် ရာသို့ ရောက်ခြင်းငှာငါ တို့သည် ကြိုးစား လျက်ပင်၊ အပြစ် ထင်ရှားသောသူဖြစ်သေးသည်မှန်လျှင် ၊ ခရစ်တော် သည် အပြစ် တရားကို ပြုစု သောသူဖြစ်သလော။ ၁၈ ထိုသို့မ ဖြစ် နိုင်ရာ။ အထက်က ငါဖြိုဖျက် သော အရာ ကို နောက်တဖန် ငါတည်ဆောက် ပြန်လျှင် ၊ ကိုယ် အပြစ် ရှိသည်ကိုထင်ရှား စွာပြ၏။ ၁၉ ထိုမှတပါး၊ ငါ သည်ဘုရားသခင် နှင့် ဆိုင်သောအရာ၌ အသက် ရှင်မည်အကြောင်း ၊ ပညတ် တရားနှင့် ဆိုင်သောအရာ၌ ပညတ် တရားအားဖြင့် သေ လျက်နေ၏။ ၂၀ ငါသည်ခရစ်တော် နှင့်အတူလက်ဝါးကပ်တိုင် မှာအသေခံပြီ။ သို့သော်လည်း အသက် ရှင်သေး၏။ ထိုသို့ဆိုသော်ငါ သည် ကိုယ်တိုင်မ ရှင်၊ ခရစ်တော် သည် ငါ၌ ရှင် တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင် သော အသက် သည် ဘုရားသခင် ၏သား တော်ကို ယုံကြည် ခြင်းအားဖြင့် တည် ၏။ သား တော်သည်ငါ့ ကိုချစ် ၍ ငါ့ အတို့ ကိုယ်ကိုကိုယ် စွန့် တော်မူ၏။ ၂၁ ဘုရားသခင် ၏ကျေးဇူး တော်ကိုငါမ ပယ် ။ ပညတ် တရားကိုအမှီပြု ၍ ဖြောင့်မတ် ရာသို့ ရောက်နိုင် လျှင် ခရစ်တော် သည်အချည်းနှီး အသေခံ တော်မူပြီ။

၂ ပညာ မဲ့သောဂလာတိ လူတို့၊ လက်ဝါးကပ်တိုင် မှာအသေခံတော်မူသောယေရှု ခရစ် ကို သင် တို့ မျက်မှောက် ၌ ထင်ရှား စွာပြပြီးသည်ဖြစ်၍၊ သမ္မာတရားကို နားမထောင်စေခြင်းငှာသင် တို့ကို အဘယ်သူ ပြုစား သနည်း။ ၂ ပညတ် တရား၏အကျင့် အားဖြင့် ဝိညာဉ် တော်ကို ခံရကြသလော။ သို့မဟုတ် ယုံကြည် ခြင်းတရားကို ကြားနာ ခြင်းအားဖြင့် ခံရ ကြသလောဟူသောအရာ တစ်ခုကိုသာ သင် တို့ ၌ ငါသိ လို ၏။ ၃ ဤမျှလောက် ပညာ မဲ့ကြသလော။ ဝိညာဉ် တော်ကိုအမှီပြု၍ လုပ်စရှိ ပြီးမှ၊ ဇာတိ ကိုအမှီပြု၍ ပြီး စေကြသလော။ ၄ ဤမျှလောက် ဆင်းရဲ ခြင်းကို အချည်းနှီး ခံကြပြီလော။ အချည်းနှီး သက်သက် ဖြစ် ရမည်လော။ ၅ ထိုမှတပါးဝိညာဉ် တော်ကို သင် တို့အား ပေး ၍၊ သင် တို့ ၌

တန်ခိုး များကိုပြ သောသူသည်ပညတ် တရား၏ အကျင့် အားဖြင့် ပြသလော။ ယုံကြည် ခြင်းတရားကို နာ ခြင်းအားဖြင့် ပြသလော။ ၆ ထိုနည်းတူအာဗြဟံ သည် ဘုရားသခင် ကို ယုံကြည် သည်ဖြစ်၍ ၊ သူ ၏ယုံကြည်ခြင်းကို ဖြောင့်မတ် ခြင်းကဲ့သို့ မှတ် တော်မူ၏။ ၇ ယုံကြည် ခြင်းရှိသောသူ သည် အာဗြဟံ ၏သား ဖြစ် သည်ဟု အမှန်သိမှတ် ကြလော့။ ၈ ဘုရားသခင် သည် ယုံကြည် ခြင်းကိုထောက်၍ ၊ တစ်ပါး အမျိုးသားတို့ကို ဖြောင့်မတ် ရာ၌ တည်စေတော်မူမည်ဟု ကျမ်းစာ သည်မြော်မြင် လျက် ၊ အာဗြဟံ အား အမိန့်ရှိ၍၊ သင့် အားဖြင့် လူမျိုး အပေါင်း တို့သည် ကောင်းကြီး မင်္ဂလာကိုခံရကြလိမ့်မည်ဟု ဧဝံဂေလိ တရားကို ဟောနှင့်လေ၏။ ၉ သို့ ဖြစ်၍ ယုံကြည် ခြင်းရှိသောသူ တို့သည် ယုံကြည် သော အာဗြဟံ နှင့်အတူ ကောင်းကြီး မင်္ဂလာကိုခံရကြ၏။ ၁၀ ပညတ် တရား၏အကျင့် ကို အမှီပြု သောသူ ရှိသမျှ တို့သည် အကျိန် နှင့်စပ်ဆိုင်ကြ၏။ အကြောင်းမူကား ၊ ပညတ္တိ ကျမ်းစာ ၌ ပါ သမျှ သော စကား တို့ကို အမြဲ မ ကျင့်သောသူ တိုင်း ကျိန် တော်မူခြင်းကို ခံစေသတည်းဟု ကျမ်းစာ လာ၏။ ၁၁ တဖန်တုံ၊ ဖြောင့်မတ် သောသူသည် ယုံကြည် ခြင်းအားဖြင့် အသက် ရှင်လိမ့်မည်။ ၁၂ ပညတ် တရားမူကား ၊ ယုံကြည် ခြင်းနှင့် မ စပ်ဆိုင် ။ ထိုအကျင့်ကို ကျင့် သောသူ သည်၊ ထိုအကျင့် အားဖြင့် အသက် ရှင်လိမ့်မည်ဟု ဆိုသတည်း။ ၁၃ ထိုကြောင့် ဘုရားသခင် ရှေ့တော်၌ ပညတ် တရားအားဖြင့် အဘယ်သူ မျှဖြောင့်မတ် ရာသို့ မရောက် နိုင်ဟုထင်ရှား လျက်ရှိ၏။ သစ် တိုင်၌ ဆွဲ ထားခြင်း ခံရသောသူ တိုင်း ကျိန် ခြင်းကို ခံရသောသူဖြစ်သည်ဟု ကျမ်းစာလာ သည်နှင့်အညီ၊ ခရစ်တော်သည် ငါ တို့ အတွက် ကြောင့် ကျိန် ခြင်းကို ခံရ သောသူဖြစ်၍၊ ငါ တို့ကို ပညတ် တရား၏ကျိန် ခြင်းမှ ရွေးနှုတ် တော်မူပြီ။ ၁၄ အကြောင်းမူကား ၊ အာဗြဟံ ခံရသော ကောင်းကြီး မင်္ဂလာသည်ယေရှု ခရစ် အားဖြင့် တပါး အမျိုးသားတို့ ၌ သက်ရောက် သည်ဖြစ်၍ ၊ ငါတို့သည် ဂတိ တော်နှင့် ယှဉ်သော ဝိညာဉ် တော်ကိုယုံကြည် ခြင်းအားဖြင့် ခံရ ကြမည်အကြောင်းတည်း။ ၁၅ ညီအစ်ကို တို့၊ လောကီ ဝေါဟာရအားဖြင့် ငါပြော မည်။ လူ သော်လည်း ဝန်ခံ စာကိုချုပ် ပြီးမှအဘယ်သူ မျှမပယ် ရ။ ထပ်ဆင့် ၍စကားကို မသွင်းရ။ ၁၆ ဂတိ တော်တို့ကို အာဗြဟံ နှင့် သူ ၏အမျိုးအနွယ် ၌ ထား တော်မူ၏။ အမျိုးအနွယ်တို့ဟု အများ သောသူ တို့ကိုရည်မှတ် ၍ မိန့် တော်မူသည်မ ဟုတ်။ သင် ၏ အမျိုးအနွယ်ဟု တစ် ယောက်သောသူကို ရည်မှတ် ၍ မိန့် တော်မူ၏။ ထိုတစ်ယောက်သောသူ ကား ခရစ်တော် ဖြစ် သတည်း။ ၁၇ ငါဆို သည်ကား၊ ခရစ်တော်ကိုရည်မှတ် ၍ ဘုရားသခင် တည် စေတော်မူနှင့်သောပဋိညာဉ် တရားကို အနှစ် လေးရာ သုံးဆယ် လွန် ပြီးမှနောက်ဖြစ် သောပညတ် တရားသည်မ ပယ် နိုင်။ ဂတိ တော်ကို အချည်းနှီး မဖြစ်စေနိုင်။ ၁၈ ထိုမှတစ်ပါး၊ အမွေ တော်သည် ပညတ် တရားနှင့် စပ်ဆိုင် လျှင် ဂတိ တော်နှင့်မ စပ်ဆိုင် ။ ဘုရားသခင် သည် ဂတိ တော်အားဖြင့် အာဗြဟံ အား ထိုအမွေတော်ကို သနား တော်မူ၏။ ၁၉ သို့ ဖြစ်၍ ပညတ် တရားသည် အဘယ် အကျိုးရှိသနည်းဟူမူကား၊ ဂတိ တော်ကိုခံသော အမျိုးအနွယ် မ ဖြစ် မှီတိုင်အောင်၊ ဒုစရိုက် များကြောင့် ထိုတရားကို ထပ် ၍ပေးတော်မူ၏။ ထိုတရား ကိုကောင်းကင် တမန်များအားဖြင့် အာမခံ ၏ လက် ၌ထား တော်မူ၏။ ၂၀ အာမခံ မည်သည်ကား၊ တစ် ဘက်နှင့်သာဆိုင် သည်မ ဟုတ်။ ဘုရားသခင် မူကား တစ် ဘက်ဖြစ် တော်မူ၏။ ၂၁

သို့ ဖြစ်၍ ပညတ် တရားသည် ဘုရားသခင် ၏ ဂတိ တော်နှင့် ဆန့်ကျင်ဘက် ဖြစ်သလော။ ထိုသို့ မ ဖြစ် နိုင်ရာ။ အသက် ရှင်စေနိုင် သော ပညတ် တရားကို ပေး တော်မူသည်မှန်လျှင် ၊ အကယ်စင်စစ် ထိုတရား အားဖြင့် ဖြောင့်မတ် ခြင်းကိုရ လိမ့်မည် ။ ၂၂ ယခုမူကား ၊ ယုံကြည် သောသူ တို့သည် ယေရှု ခရစ် ကို ယုံကြည် ခြင်းနှင့် စပ်ဆိုင် သော ဂတိ တော်ကို ရ မည်အကြောင်း ကျမ်းစာ သည်လူအပေါင်း တို့ကို အပြစ် ၌ ချုပ် ထား၏။ ၂၃ ယုံကြည် ခြင်းတရားမ ရောက် မီ ပညတ် တရားသည်စောင့် နေသည်ဖြစ်၍၊ ထိုအခါငါတို့သည် နောက်၌ ထင်ရှား လတ္တံသော ယုံကြည် ခြင်းတရားကိုမျော်လင့်၍ ချုပ် ထားလျက်ရှိကြ၏။ ၂၄ ထိုကြောင့် ငါတို့သည်ယုံကြည် ခြင်းအားဖြင့် ဖြောင့်မတ် ရာသို့ ရောက်စေခြင်းငှါ ပညတ် တရားသည် ခရစ်တော် ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါ တို့၏ အထိန်း ဖြစ် သတည်း။ ၂၅ ယုံကြည် ခြင်းတရားသည် ရောက်လာ သောအခါ၊ ငါတို့သည် ထိုအထိန်း လက်မှ လွတ် ကြ၏။ ၂၆ အဘယ်သို့ နည်းဟူမူကား၊ သင်တို့အပေါင်း သည် ယေရှု ခရစ် ကို ယုံကြည် သဖြင့် ဘုရားသခင် ၏သား ဖြစ် ကြ၏။ ၂၇ ခရစ်တော် ၌ ဗတ္တိဇံ ကိုခံသောသူရှိသမျှ တို့သည် ခရစ်တော် ကို ယူတင်ဝတ်ဆောင် သောသူဖြစ်ကြ၏။ ၂၈ ယေရှု ခရစ် ၌ ယုဒ လူမ ရှိ ၊ ဟေလသ လူမ ရှိ၊ ကျွန် မ ရှိ ။ လူ လွတ်မ ရှိ၊ ယောကျ်ား မ ရှိ ၊ မိန်းမ မရှိ၊ ထိုသခင်၌ သင် တို့အပေါင်း သည် တလုံးတဝတည်း ဖြစ် ကြ၏။ ၂၉ ခရစ်တော် နှင့် စပ်ဆိုင်လျှင် အာဗြဟံ ၏ အမျိုးအနွယ်ပင်ဖြစ်၍ ၊ ဂတိ တော်အတိုင်း အမွေခံ ၏ အရာ၌ တည်ကြ၏။

၄ တဖန်တုံ၊ အမွေခံ မည်သည်ကား၊ ဥစ္စာရှိသမျှ ကို ပိုင်ထိုက်သော သူဖြစ်သော်လည်း၊ အရွယ် မရောက်မီ ကာလ အစေအပါးကျွန်နှင့် တူ၏။ ၂ အဘ စီရင်နှင့်သော အချိန် ကာလ မ ရောက်မီ တိုင်အောင်အစောင့် အထိန်းအအုပ်အချုပ် တို့ လက် ၌ ရှိ ၏။ ၃ ထိုနည်းတူ ငါ တို့သည် အရွယ် မရောက်မီ လောကီ တရားနုလက် ၌ ကျွန် ခံရ ကြ၏။ ၄ အချိန် ကာလစေ့ သောအခါ ၊ ငါတို့သည်သား ၏အခွင့်အရာကို ခံရမည်အကြောင်း၊ ၅ ပညတ် တရားလက် ၌ရှိ သောငါတို့ကို ရွေးနှုတ် စေခြင်းငှါ ၊ မိန်းမ ဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ် တရား အောက် ၌ဘွားမြင်ရသော သားတော်ကို ဘုရားသခင် သည်စေလွှတ် တော်မူ၏။ ၆ ထိုသို့သင်တို့သည်သား ဖြစ် သောကြောင့် အဗ္ဗ အဘ ဟု ခေါ် တတ်သော သား တော်၏ ဝိညာဉ် တော်ကို သင်တို့စိတ် နှလုံးထဲသို့ ဘုရားသခင် စေလွှတ် တော်မူ၏။ ၇ သို့ ဖြစ်၍ သင်တို့သည် နောက်တဖန်အစေအပါး ကျွန်မ ဖြစ် ၊ သား ပင် ဖြစ်ကြ၏။ သား ဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင် ၏ အမွေခံ လည်း ဖြစ်ကြ၏။ ၈ သို့သော်လည်း အထက်က သင်တို့သည် ဘုရားသခင် ကို မ သိ သောအခါ၊ ဇာတိ အားဖြင့်ဘုရား မ ဟုတ် သော သူတို့၏အမှုကိုဆောင်ရွက် ကြ၏။ ၉ ယခု မူကား သင်တို့သည် ဘုရားသခင် ကို သိ ပြီးမှဟု၍ မဆို၊ ဘုရားသခင် သည် သင်တို့ကို သိ တော်မူပြီးမှ၊ အား မရှိ၊ ချမ်းသာ မပေးနိုင်သော တရားနု ဘက်သို့ အဘယ်ကြောင့် တဖန် ပြောင်းလဲ ကြသနည်း။ ထို လောကီ တရား၌ တဖန် ကျွန် ခံခြင်းငှါအလိုရှိ ကြပြီတကား။ ၁၀ နှစ် ၊ လ ၊ နေ့ရက် ၊ အချိန် ကာလများကို စောင့် ကြပြီတကား။ ၁၁ ငါသည်သင် တို့ဆီမှအချည်းနှီး ကြိုးစား အားထုတ်သည်ဟု သင် တို့၏အကြောင်းကြောင့် စိုးရိမ် လျက်ရှိ၏။ ၁၂ ညီအစ်ကို တို့၊ သင် တို့ကဲ့သို့ ငါ ဖြစ်၏။ ငါ ကဲ့သို့ သင်တို့ ဖြစ်

ကြလောဟု ငါတောင်းပန် ၏။ သင်တို့သည် ငါ့ ကိုအလျှင်း မပြစ်မှား ကြ။ ၁၃ ငါသည် ကိုယ် နာ ခြင်းရောဂါနှင့်တကွ၊ ဧဝံဂေလိ တရားကို သင် တို့အား အထက် က ဟောပြော ကြောင်း ကို သင်တို့သိ ကြ၏။ ၁၄ ကိုယ် ကာယ၌ ငါ ခံရသော စုံစမ်း ခြင်းကို သင် တို့ သည်မထီမဲ့မြင် မ ပြု၊ ငါကိုမ ပယ် ၊ ဘုရားသခင် ၏ ကောင်းကင်တမန် ကဲ့သို့ ၎င်း ၊ ယေရှု ခရစ် ကဲ့သို့ ၎င်း၊ လက်ခံ ကြ၏။ ၁၅ သို့ ဖြစ်လျှင် သင် တို့ခံရသောမင်္ဂလာ ကားအဘယ် မင်္ဂလာနည်း။ အထက်ကကိုယ်မျက်စိ ကိုထုတ် ၍ ငါ့ အား ပေးနိုင် လျှင် ၊ ပေး ခြင်းငှါ သင်တို့အလိုရှိသည်ဟု ငါသက်သေခံ ၏။ ၁၆ ယခုမူကား၊ ငါသည်သမ္မာတရား ကို သင် တို့အား ဟောပြောသောကြောင့် သင် တို့၏ရန်သူ ဖြစ် သလော။ ၁၇ သူတထူးတို့သည် သင် တို့ကို အလွန်ချစ်ကြသည် မှန်စေတော့။ လျောက်ပတ် စွာ ချစ်ကြသည်မ ဟုတ်။ သင်တို့သည်သူ တို့ကို အလွန်ချစ် မည်အကြောင်း ၊ သူတို့သည် သင် တို့ကို ပယ် ခြင်းငှါအလိုရှိ ကြ၏။ ၁၈ သို့သော်လည်း သင် တို့နှင့်အတူ ငါ ရှိ နေစဉ် တွင်သာ ကောင်း သောအရာကို အလွန်ချစ်အပ်သည် မ ဟုတ်။ အစဉ်မပြတ် အလွန်ချစ်အပ်၏။ ၁၉ ခရစ်တော် သည်သင် တို့အထဲ ၌ တည် လျက် ရှိတော်မူသည်တိုင်အောင် သင်တို့အဘို့ သားဘွားခြင်း ဝေဒနာ ကို ငါခံရသောငါ့ ချစ်သား တို့၊ ၂၀ သင် တို့ကို ငါယုံမှား ခြင်းရှိသောကြောင့် ၊ ယခု သင် တို့ကို ကိုယ်တိုင်တွေ့၍ ထူးခြားသော စကားကို ပြောခြင်းငှါအလိုရှိ၏။ ၂၁ ပညတ် တရားအောက် ၌နေ ချင် သောသူ တို့၊ သင်တို့သည် ပညတ် တရားကိုနား မ လည်ကြသလော။ ၂၂ ပညတ္တိကျမ်းစာ၌ လာ သည်ကား ၊ အာဗြဟံ ၌ သား နှစ် ယောက်ရှိ ၏။ သားတစ် ယောက်ကား၊ ကျွန် မ၏ သားဖြစ်၏။ တစ် ယောက်ကား ကျွန် မမဟုတ်သော မိန်းမ၏ သားဖြစ်၏ဟု လာသတည်း။ ၂၃ ကျွန် မ၏ သား သည် ဇာတိ ပကတိအားဖြင့် ဘွား သောသားဖြစ်၏။ ကျွန် မဟုတ်သော မိန်းမ၏ သား သည် ဂတိ တော်အားဖြင့် ဘွားသောသားဖြစ်၏။ ၂၄ ထို အကြောင်းအရာကို ပုံပမာ အားဖြင့်ဆို သော်၊ ထို မိန်းမနှစ်ယောက်ကား ၊ ပဋိညာဉ် တရားနှစ် ပါးကို ဆိုလို သတည်း။ ဟာဂရ အမည်ရှိ သောမိန်းမ တည်းဟူသောပဋိညာဉ်တရားတပါး သည် သိနာ တောင် ပေါ် မှာစီရင်၍၊ ကျွန် များကိုဘွား တတ်သောတရားဖြစ်၏။ ၂၅ အကြောင်းမူကား၊ ဟာဂရ သည် အာရပ် ပြည်၌ ရှိသော သိနာ တောင် ဖြစ် ၏။ ယခု ရှိသောယေရုရှလင် မြို့နှင့် တူ၏၊ မိမိ သား များနှင့်တကွ ကျွန် ခံရ၏။ ၂၆ အပေါ် မှာ ရှိသော ယေရုရှလင် မြို့မူကား ၊ ခပ်သိမ်းသော ငါ တို့၏ အမိ တည်းဟူသောကျွန် မမဟုတ် သော မိန်းမဖြစ် သတည်း။ ၂၇ ကျမ်းစာလာ သည်ကား ၊ သားမ ဘွား သော အမြို့မ ၊ ဝမ်းမြောက် လော့။ သားဘွားခြင်းဝေဒနာ ကိုမ ခံသေးသောမိန်းမ ၊ ကြွေးကြော် အော်ဟစ်လော့။ အကြောင်းမူကား ၊ စွန့် ထားသောမိန်းမသည်လင် ရှိ သော မိန်းမ ထက် သာ၍ များ သော သား တို့ကို ဘွားမြင်ပြီဟု လာသတည်း။ ၂၈ ညီအစ်ကို တို့၊ ငါတို့သည်ဂျာက် ကဲ့သို့ ဂတိ တော်နှင့်စပ်ဆိုင်သော သား ဖြစ် ကြ၏။ ၂၉ ထိုအခါ ဇာတိ ပကတိအားဖြင့် ဘွား သောသား သည် ဝိညာဉ် တော်အားဖြင့် ဘွားသောသားကို ညှင်းဆဲ သကဲ့သို့ ၊ ထိုနည်းတူ ယခုပင် ဖြစ်၏။ ၃၀ သို့သော်လည်း အဘယ်သို့ ကျမ်းစာ လာသနည်းဟူမူကား၊ ကျွန် မနှင့် သူ ၏သား ကိုနှင်ထုတ် လော့။ ကျွန် မ၏သား သည် ကျွန် မမဟုတ်သော

မိန်းမ၏သား နှင့်အတူ အမွေ မ ခံရဟုလာသတည်း။ ၃၁ ယခုတွင်ညီအစ်ကို တို့၊ ငါတို့သည် ကျွန် မ၏ သားမ ဟုတ်၊ ကျွန် မမဟုတ်သော မိန်းမ၏ သား ဖြစ် ကြ၏။

၅ ထိုကြောင့် ခရစ်တော် သည် ငါ တို့ကို လွတ် တော်မူသောလွတ် ခြင်းအခွင့်၌တည်နေ သဖြင့် ၊ ကျွန်ခံရာ ထမ်းဘိုး ကိုထမ်း၍ ချည်နှောင် ခြင်းကို တဖန် မ ခံကြနှင့်။ ၂ ငါ ပေါလု ဆို သည်ကား၊ သင် တို့သည် အရေဖျားလှီး ခြင်းကိုခံလျှင် ၊ ခရစ်တော် အားဖြင့် အဘယ် အကျိုး ကိုမျှမရနိုင်ကြ။ ၃ အရေဖျားလှီး ခြင်းကို ခံသောလူ အပေါင်း တို့အား ငါတဖန် သက်သေခံ သည်ကား ၊ ထိုသို့သောသူသည် ပညတ် တရားကို အကြွင်းမဲ့ ကျင့် အံ့သောဘဲ ကြွေးတင် သောသူဖြစ် ၏။ ၄ ပညတ် တရားအားဖြင့် ဖြောင့်မတ် ရာသို့ ရောက်သမျှသောသင်တို့သည် ခရစ်တော် နှင့် ကွာ ၍ ကျေးဇူး တရား၌မတည်၊ ရွေ့လျော့ ကြပြီ။ ၅ ငါ တို့မူကား ၊ ယုံကြည် ခြင်းအားဖြင့် ဖြောင့်မတ် ရာသို့ရောက်မည်ဟု မြော်လင့် သောကျေးဇူးတော်ကို ဝိညာဉ် တော်အားဖြင့်ငံ့လင့် ၍နေကြ၏။ ၆ ယေရှု ခရစ်တော် ၌ အရေဖျားလှီး ခြင်းအကျိုးမ ရှိ၊ မခံဘဲနေခြင်းလည်း အကျိုးမရှိ။ မေတ္တာ အားဖြင့် ပြုပြင် တတ်သော ယုံကြည် ခြင်းသာ အကျိုးရှိ၏။ ၇ အထက်ကသင် တို့သည် ကောင်းမွန် စွာ ပြေး ကြ၏။ သို့ ဖြစ်၍သမ္မာတရား ကို နား မ ထောင်စေခြင်းငှါအဘယ်သူ ဆီးတား သနည်း။ ၈ ယခုယူသောအယူကား၊ သင် တို့ကို ခေါ် တော်မူသောသူ ၏ သြဝါဒကိုအမှီပြု၍ ယူသောအယူမ ဟုတ်။ ၉ အနည်းငယ် သောတဆေး သည် မုန့်စိမ်းတပုံ လုံး ကို ဖောင်းကြွ စေတတ်၏။ ၁၀ သင် တို့သည် ကွဲပြားသောအယူ ရှိသမျှကို ပယ် လိမ့်မည်ဟု သခင် ဘုရားကို ငါ အမှီပြု ၍ စိတ် စွဲလမ်းခြင်းရှိ၏။ သင် တို့ကို နှောက်ယှက် သော သူ မည်သည်ကား၊ မိမိ အပြစ် ဒဏ်ကိုခံရ လိမ့်မည်။ ၁၁ တဖန်တုံ ၊ ညီအစ်ကို တို့၊ ငါသည် အရေဖျားလှီး ခြင်းတရားကို ဟောပြော သေး သည်မှန်လျှင် ၊ အဘယ်ကြောင့် ညှဉ်းဆဲ ခြင်းကို ခံရသေး သနည်း။ ထိုသို့ပြောလျှင်၊ လက်ဝါးကပ်တိုင် တော်ကို ထိမိ ၍လဲစရာအကြောင်း ပယ်ရှင်း လျက်ရှိ၏။ ၁၂ သင် တို့ကို မှောက်မှား စေသောသူ တို့ကို ပယ်ရှား နှင်ထုတ်စေခြင်းငှါငါအလိုရှိ ၏။ ၁၃ ညီအစ်ကို တို့၊ သင် တို့သည်လွတ် ခြင်းအခွင့်ကို ရသောသူဖြစ်ကြ၏။ သို့သော်လည်းဇာတိ ပကတိအား အခွင့် ကိုပေး၍၊ ထိုလွတ် ခြင်းကို မ သုံးကြနှင့်။ အချင်းချင်း ချစ် ၍ အမှု ချင်းကို ဆောင်ရွက်ကြလော့။ ၁၄ အကြောင်းမူကား ၊ ကိုယ် နှင့်စပ်ဆိုင်သောသူ ကို ကိုယ် နှင့်အမျှ ချစ် လော့ဟူသော ပညတ်တပါးကို ကျင့် လျှင်၊ ပညတ် တရားရှိသမျှ ကို အကြွင်းမဲ့ ကျင့်ရာ ရောက်၏။ ၁၅ သို့မဟုတ်အချင်းချင်း ကိုက် စား လျှင် အချင်းချင်း ဖျက်ဆီး မည်ဟု စိုးရိမ်၍သတိ ရှိကြလော့။ ၁၆ ငါပညတ် သည်ကား၊ ဝိညာဉ် ပကတိအတိုင်း ကျင့် ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိ ပကတိ၏အလို သို့ မ လိုက် ဘဲနေကြလိမ့်မည်။ ၁၇ အကြောင်းမူကား ၊ ဇာတိ ပကတိနှင့် ဝိညာဉ် ပကတိသည် တပါးနှင့်တပါးဆန့်ကျင် သော အလိုရှိ ကြ၏။ တပါး နှင့်တပါး ဆန့်ကျင်ဘက် ဖြစ်၍၊ သင်တို့သည် ကျင့်ချင် သော အကျင့် ကို မ ကျင့် နိုင်ကြ။ ၁၈ သို့သော် ဝိညာဉ် ပကတိအလိုသို့ လိုက် လျှင် ပညတ် တရားနှင့် လွတ် ကြ၏။ ၁၉ ဇာတိ ပကတိအကျင့် တို့သည်ထင်ရှား ကြ၏။ ထိုအကျင့်တို့ မူကား၊ သူ့ မယားကိုပြစ်မှားခြင်း၊ မတရား သောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူး စွာကျင့်ခြင်း၊ ကိလေသာ လွန်ကျူးခြင်း၊

၂၀ ရုပ်တု ကိုကိုးကွယ်ခြင်း၊ သူတပါးကိုပြုစား ခြင်း၊ ရန်ငြိုး ဖွဲ့ခြင်း၊ ရန်တွေ့ ခြင်း၊ ဂုဏ်ပြိုင် ခြင်း၊ အမျက်ထွက် ခြင်း၊ ငြင်းခုန် ခြင်း၊ အချင်းချင်း ကွဲပြားခြင်း၊ သင်းခွဲ ခြင်း၊ ၂၁ သူ့ အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုး ကို သောက်ကြူးခြင်း၊ ပွဲ လုပ်ခြင်းမှစ၍ထိုသို့သောအကျင့် ပေတည်း။ ထိုသို့သောအကျင့်ကို ကျင့် သောသူတို့သည် ဘုရားသခင် ၏နိုင်ငံ တော်ကို အမွေ မ ခံကြရဟု အထက်ကငါပြော နှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြော နှင့်၏။ ၂၂ ဝိညာဉ် ပကတိ၏အကျိုး မူကား ၊ ချစ် ခြင်း၊ ဝမ်းမြောက် ခြင်း၊ ငြိမ်သက် ခြင်း၊ စိတ်ရှည် ခြင်း၊ ကျေးဇူး ပြုခြင်း၊ ကောင်းမြတ် ခြင်း၊ သစ္စာစောင့် ခြင်း၊ ၂၃ နူးညံ့ သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့် ကို အဘယ်တရား မျှ မ မြစ်တား ။ ၂၄ ခရစ်တော် နှင့်စပ်ဆိုင်သောသူ တို့သည် ဇာတိ ပကတိကိုငင်း၊ ဇာတိ ပကတိစိတ်များနှင့် အလိုဆန္ဒ များ ကိုငင်း၊ လက်ဝါးကပ်တိုင် မှာ ရိုက်ထားကြပြီ။ ၂၅ သို့ ဖြစ်၍ငါတို့သည်ဝိညာဉ် ပကတိကြောင့် အသက် ရှင်လျှင် ၊ ဝိညာဉ် ပကတိအတိုင်းကျင့် ကြကုန်အံ့။ ၂၆ အချည်းနှီး သော ကျော်စောကိတ္တိကို တပ်မက်ခြင်း၊ အချင်းချင်း ချုပ်ချယ် နှောင့်ရှက်ခြင်း၊ အချင်းချင်း ငြူစူ ခြင်းတို့ကို ရှောင် ၍နေ ကြကုန်အံ့။

၆ ညီအစ်ကို တို့၊ လူ သည်သတိလစ်၍ တစုံတခု သော ဒုစရိုက် ကိုပြုမိလျှင် ၊ ဝိညာဉ် ဆုကျေးဇူးကို ခံရသောသင် တို့သည် အပြစ်သွေးဆောင်ခြင်း နှင့် ကိုယ်တိုင်လွတ် မည်အကြောင်း၊ ကိုယ် ကိုသတိပြု လျက် သိမ်မွေ့ နူးညံ့သောသဘော နှင့် ထိုသို့သော သူ ကို မစ၍၊ သူ၏ နေရာ၌တည်မြဲ တည်စေပြန်ကြလော့။ ၂ ထမ်းရွက်စရာဝန်ချင်း တို့ကို အချင်းချင်း ကူညီ၍ ထမ်းရွက် သောအားဖြင့်ခရစ်တော် ၏တရား ကို ကျင့် ကြလော့။ ၃ အကြင်သူ သည်ဘာ မျှမဟုတ် ဘဲလျက်၊ ဤမျှလောက်ငါဖြစ် သည်ဟုစိတ်ထင် လျှင် ၊ ထိုသူသည် ကိုယ် ကို လှည့်ဖြား သောသူဖြစ်၏။ ၄ လူ တိုင်းကိုယ်တိုင် ပြုသောအမှု ကို စစ်ကြော စေ။ သို့ပြုလျှင် သူတပါး၌ မ ဆိုဘဲ ကိုယ် ၌ သာ ဝါကြွား ဝမ်းမြောက်စရာ အကြောင်းရှိ လိမ့်မည်။ ၅ အဘယ်ကြောင့် နည်းဟူမူကား၊ လူအသီးသီး တို့သည် မိမိ တို့ဝန် ကို ဆောင်ရွက် ရကြမည်။ ၆ နှုတ်ကပတ် တရားကို သင် သောသူ သည် သင်ပေး သောသူ အား ကောင်း သောအရာရှိသမျှ တို့ကို ဝေမျှ စေ။ ၇ အလွဲ မ ယူကြနှင့်။ ဘုရားသခင် သည် မထီမဲ့မြင် ပြုခြင်းကို ခံတော်မ မူ။ လူ သည်မျိုးစေ့ကြဲ သည်အတိုင်း အသီးအနှံကိုရိတ် ရလိမ့်မည်။ ၈ မိမိ ဇာတိ ပကတိ၌ မျိုးစေ့ ကြဲသောသူ သည် ဇာတိ ပကတိအားဖြင့်ပုပ်ပျက် ခြင်းအသီးအနှံကို ရိတ် ရလိမ့်မည်။ ဝိညာဉ် ပကတိ၌ မျိုးစေ့ ကြဲသောသူ သည် ဝိညာဉ် ပကတိအားဖြင့်ထာဝရ အသက် ရှင်ခြင်း အသီးအနှံကို ရိတ် ရလိမ့်မည်။ **(aiōnios g166)** ၉ ငါတို့သည်အား မ လျော့၊ စိတ်မပျက်ဘဲ ကောင်း သောအကျင့်ကို ကျင့် ကြကုန်အံ့။ ထိုသို့တည်ကြည် ၍ ကျင့်လျှင် အချိန်တန် သောကာလ၌ အသီးအနှံကို ရိတ် ရကြလိမ့်မည်။ ၁၀ ထိုကြောင့် ငါတို့သည် အဆင်သင့် သည်အတိုင်း ယုံကြည် ခြင်း၏ အိမ်သူ အိမ်သားတို့ ၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်း သောသူတို့အား ကျေးဇူး ပြု ကြကုန်အံ့။ ၁၁ အဘယ်မျှလောက် ကြီးသောစာ ကို ကိုယ် လက် နှင့်သင် တို့အား ငါရေး လိုက်သည်ကို သင်တို့ မြင် ကြ၏။ ၁၂ မိမိတို့အသွေးအဆင်း တင့်တယ် စေချင် သော သူရှိသမျှ တို့သည် ခရစ်တော် ၏လက်ဝါးကပ်တိုင် ကြောင့် ခံရသောညှဉ်းဆဲ ခြင်းနှင့် မိမိတို့ကင်းလွတ် လို၍၊ သင် တို့ကို အရေဖျားလှီး

ခြင်းကို ခံစေခြင်းငှါအနိုင် အထက်သွေးဆောင်တတ်ကြ၏။ **၁၃** အရေဖျားလှီး ခြင်းကိုခံသောသူ တို့သည် ပညတ်တရားကို ကိုယ်တိုင် မ ကျင့် သည်ဖြစ်၍၊ သင် တို့၏ အသွေးအဆင်း ကို အမှီပြု လျက်ဝါကြွား လို၍ သင် တို့ကို အရေဖျားလှီး ခြင်းကိုခံစေခြင်းငှါအလိုရှိ ကြ၏။ **၁၄** ငါ ဖြစ်လျှင်၊ ငါ တို့သခင် ယေရှု ခရစ် ၏ လက်ဝါးကပ်တိုင်တော်မှတပါး ဘယ်အရာ၌မျှ ဝါကြွား ခြင်းမ ရှိ ပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောက သည် ငါ့ အဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါ သည် လည်း ဤလောက အဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ **၁၅** အကြောင်းမူကား၊ ယေရှုခရစ်ထံ၌အရေဖျားလှီး ခြင်းအကျိုး မ ရှိ။ မ ခံဘဲနေခြင်းလည်း အကျိုးမ ရှိ။ သတ္တဝါ သစ် ဖြစ်ခြင်းသာ အကျိုးရှိ၏။ **၁၆** ဤ နည်း ဥပဒေသအတိုင်းကျင့် သော သူရှိသမျှ တို့အပေါ် ၌၎င်း၊ ဘုရားသခင် ၏ ဣသရေလ အမျိုးအပေါ် ၌၎င်း၊ ငြိမ်သက် ခြင်းနှင့် သနား တော်မူခြင်းသက်ရောက်ပါစေသော။ **၁၇** ယခု မှစ၍အဘယ်သူ မျှငါ့ ကို မနှောက်ယှက် စေနှင့်။ ငါ့ ကိုယ် ၌ သခင်ယေရှု ဒဏ်ချက်ရာ ကို ငါ ဆောင် ၏။ **၁၈** ညီအစ်ကို တို့၊ ငါ တို့သခင် ယေရှု ၏ ကျေးဇူး တော်သည် သင် တို့၏စိတ် နှလုံး၌ ရှိစေသတည်း။ အာမင်။

၁ ဘုရားသခင် ၏အလို တော်အားဖြင့် ၊ ယေရှု ခရစ် ၏တမန်တော် ဖြစ်သော ငါပေါလု သည် ဧဖက် မြို့၌ နေ သော သန့်ရှင်း သူတည်းဟူသောယေရှု ခရစ် ကိုယုံကြည် သောသူတို့ကို ကြားလိုက်ပါ၏။ ၂ သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင် ထံ တော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့၌ ရှိပါစေသော။ ၃ ငါ တို့သည်ဘုရားသခင့် ရှေ့ တော်၌ မေတ္တာ အားဖြင့် သန့်ရှင်း လျက်၊ အပြစ် ကင်းလွတ်လျက် ဖြစ် မည် အကြောင်း၊ ၄ ဤကမ္ဘာ မ တည် မရှိမီငါ တို့ကိုခရစ်တော် ၌ ရွေးကောက် တော်မူသည်နှင့်အညီ ။ ကောင်းကင် ဘုံနှင့် ဆိုင်သော အရာတို့ ၌ ခပ်သိမ်း သော ဓမ္မ မင်္ဂလာ တို့ကို ခရစ်တော် အားဖြင့် ငါ တို့အား ပေး သနားတော်မူသော ငါ တို့သခင် ယေရှု ခရစ် ၏ ခမည်းတော် ဘုရားသခင် သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၅ ထို ဘုရားသခင် သည် ချစ် တော်မူသောသားတော်ကြောင့် ၊ ငါ တို့အား ပေး တော်မူသောကျေးဇူး တော်၏ ဘုန်း အသရေကိုချီးမွမ်း စေခြင်းဌာ ၊ ၆ ငါ တို့သည် ယေရှု ခရစ် အားဖြင့် သား အရာကို ရမည်အကြောင်း ၊ အလို တော်ရှိသောစေတနာ အတိုင်း ရှေးမဆွက ခွဲခန့် မှတ်သားတော်မူ၏။ ၇ ခပ်သိမ်း သော သတိ ပညာ တော်နှင့် လျော် စွာငါ တို့ ၌ အတိုင်းထက်အလွန်များ လှစွာသော ကျေးဇူး တော်သည် ကြွယ်ဝ ပြည့်စုံသည်နှင့်အညီ ၊ ၈ ထိုသား တော်၏အသွေး အားဖြင့် အပြစ် လွှတ် တော်မူခြင်း တည်းဟူသောရွေးနှုတ် တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရ ကြ၏။ ၉ ဘုရားသခင် သည် နှလုံး သွင်းတော်မူသော စေတနာ တော်နှင့် လျော်သောအလို တော်၏ နက်နဲ သော အရာကို ငါ တို့အား ပြ တော်မူ၏။ ၁၀ ထိုနက်နဲသောအရာဟူမူကား၊ ကာလ အချိန်စေ့ စုံခြင်း၏ သာသနာ တွင် ကောင်းကင် ပေါ် ၊ မြေကြီး ပေါ်မှာ ရှိရှိသမျှ တို့ကိုပေါင်း ၍ ခရစ်တော် ၌ ချုပ်ခြာစေတော်မူလိမ့်သတည်း။ ၁၁ မိမိ စေတနာ ၏အလို တော်သို့လိုက်၍ အလုံးစုံ တို့ကို စီရင်ပြုပြင် တော်မူတတ်သော သူ ၏ကြံစည် ခြင်းရှိသည်အတိုင်း ၊ ရှေးမဆွက ခွဲခန့် မှတ်သားတော်မူသည်နှင့်အညီ ၊ ငါတို့သည် ထိုခရစ်တော် အားဖြင့် အမွေခံ ဖြစ်ကြ၏။ ၁၂ အကြောင်းမူကား ၊ ခရစ်တော် ကို မျှော်လင့် နှင့်သော ငါ တို့အားဖြင့်ဘုန်း တော်ကို ချီးမွမ်း စေခြင်း အကြောင်း ဖြစ် သတည်း။ ၁၃ သင် တို့သည်လည်း ကယ်တင် တော်မူခြင်းအကြောင်းနှင့်ယှဉ်သော ဧဝံဂေလိ တရားတည်းဟူသောသမ္မာတရား ကိုကြားနာ ၍ ထိုခရစ်တော် ကို ယုံကြည် ပြီးမှ၊ ဂတိ တော်နှင့်ယှဉ်သော သန့်ရှင်း သော ဝိညာဉ် တော်၏ တံဆိပ် ခတ်ခြင်းကို ခံရကြပြီ။ ၁၄ ပိုင်ထိုက် တော်မူသောသူ တို့သည် ဘုန်း တော်ကို ချီးမွမ်း ခြင်းအကြောင်း နှင့် ရွေးနှုတ် တော်မူခြင်းသို့ မရောက်မီကာလပတ်လုံးထိုဝိညာဉ်တော်သည် ငါ တို့ အမွေ ၏ စားရန် ဖြစ် တော်မူ၏။ ၁၅ ထိုကြောင့် သင် တို့သည်သခင် ယေရှု ကို ယုံကြည် ခြင်းနှင့် သန့်ရှင်း သူအပေါင်း တို့ကို ချစ် ခြင်းအကြောင်း ကို ငါ သည်ကြား ပြီးလျှင်၊ ၁၆ သင်တို့ကိုအကြောင်းပြု၍ ကျေးဇူး တော်ကို အစဉ် မ ပြတ်ချီးမွမ်းလျက်၊ သင် တို့အဘို့ အလိုငှာ ဆုတောင်း ပဌနာပြု လျက်နေ၏။ ၁၇ ဆုတောင်းသောအချက်ဟူမူကား၊ ငါ တို့သခင် ယေရှု ခရစ် ၏ ဘုရားသခင် ဖြစ်တော်မူသောဘုန်းကြီး သော အဘ ခမည်းတော်သည် ကိုယ်တော် မြတ်ကို သိ ခြင်း အလိုငှာ ပညာ ကိုငင်း ၊ ထိုးထွင်း သောဉာဏ် ကိုငင်း၊

သင် တို့အား ပေး ပါမည်အကြောင်း ၊ ၁၈ ခေါ် တော်မူသောကြောင့် မြော်လင့် ရသောအရာကား အဘယ် အရာဖြစ် သည်ကိုငင်း၊ သန့်ရှင်း သူတို့ သည် ခံရသောအမွေ တော်၏ ဘုန်း စည်းစိမ် ကား အဘယ်မျှလောက်ကြီးသည်ကိုငင်း၊ ၁၉ ယုံကြည် သောငါ တို့ ၌ ပြတော်မူသော အလွန် ကြီးလှ စွာသော တန်ခိုး တော်ကား အဘယ်မျှလောက်ကြီး သည်ကိုငင်း၊ သင် တို့သည်သိ စေခြင်းငှာ၊ သင် တို့၏ ဉာဏ် မျက်စိ ကို လင်း စေပါမည်အကြောင်း ဆုတောင်း ပဌနာပြု၏။ ၂၀ ထိုတန်ခိုးတော်ကား၊ ခရစ်တော် ကိုသေ ခြင်းမှ ထမြောက် စေတော်မူ၍ ခရစ်တော်၌ပြုပြင် သော မဟာ တန်ခိုး အာနုဘော်အရှိန်ကဲ့သို့ ဖြစ်၏။ ၂၁ ခပ်သိမ်း သော အထွဋ်အမြတ် ၊ အာဏာစက် ၊ တန်ခိုး ၊ အစိုးရ ခြင်းမှစ၍ယခု ဘဝ နောင် ဘဝ၌ ခေါ်ဝေါ် သမုတ်သောဘွဲ့နာမ အလုံးစုံ တို့အထက်၊ ကောင်းကင် အရပ်၌ မိမိ လက်ျာ တော်ဘက်မှာ အလွန်မြင့်မြတ် သောနေရာကို ခရစ်တော်အား ပေး တော်မူ၍ ၊ (aiōn g165) ၂၂ ခြေဘဝါး တော်အောက် သို့ အလုံးစုံ တို့ကို ချထား သဖြင့် ၊ အသင်းတော် ဘို့ အလိုငှာ၊ သူ့ ကိုအလုံးစုံ တို့၏ အချုပ်အခြာ ဦးခေါင်း ဖြစ် စေတော်မူ၏။ ၂၃ ထိုအသင်းတော်ကား၊ အလုံးစုံ တို့ကို အလုံးစုံ တို့နှင့် ပြည့်စုံ တော်မူသောသူ ၏ပြည့်စုံ ခြင်းတည်းဟူသောခရစ်တော် ၏ကိုယ် ဖြစ် သတည်း။

၂ သင်တို့သည် အထက် ကလောကီ တရားသို့လိုက်၍ အာကာသ ကောင်းကင်၏ တန်ခိုး ကို အစိုးရ သော မင်းတည်းဟူသောငြင်းဆန် သော သူတို့ ၌ ပြုပြင်သော ဝိညာဉ် ၏အလိုနှင့်အညီ၊ (aiōn g165) ၂ ဒုစရိုက်အပြစ် တို့ ၌ကျင်လည်ကြ၍ ၊ ထိုဒုစရိုက် အပြစ်၌ သေ လျက်ရှိ နေသော သင် တို့ကိုပင် ဘုရားသခင်သည်အသက်ရှင်စေတော်မူပြီ။ ၃ ထိုငြင်းဆန်သော သူတို့နှင့်တကွ၊ ငါ တို့ရှိသမျှ သည်အထက် က ကိုယ် ကာယ၏အလို သို့ငင်း ၊ စိတ် ၏ အလိုသို့ငင်း၊ လိုက် သဖြင့် ကာမဂုဏ် တို့ ၌ ကျင်လည် သည်ဖြစ်၍၊ ကြွင်း သောသူတို့ကဲ့သို့ ပင်ပကတိ အတိုင်း အမျက် တော်ကို ခံရသောသူဖြစ် ကြ၏။ ၄ သို့သော်လည်း ကရုဏာ တော်နှင့် ကြွယ်ဝ တော်မူသော ဘုရားသခင် သည် ငါ တို့ကို ချစ် တော်မူသော မဟာ မေတ္တာ တော်အားဖြင့် ၊ ၅ ဒုစရိုက် အပြစ်၌ သေ လျက်ရှိ နေသော ငါ တို့ကို ခရစ်တော် နှင့်အတူ အသက်ရှင်စေတော်မူပြီ။ ကျေးဇူး တော်ကြောင့်သာ ကယ်တင် ခြင်းသို့ရောက် ရ၏။ ၆ ယေရှု ခရစ် အားဖြင့် ငါတို့ကို ထမြောက် စေ၍ ကောင်းကင် အရပ်၌ နေရာ ပေးတော်မူပြီ။ ၇ အကြောင်းမူကား၊ ထိုသခင်အားဖြင့် ငါ တို့ ၌ ကျေးဇူး ပြု၍ ၊ ကျေးဇူး တော်၏အလွန် ကြွယ်ဝ ခြင်းကို နောင် ကပ် ကာလတို့ ၌ ထင်ရှား စေမည်အကြောင်း ဖြစ်သတည်း။ (aiōn g165) ၈ ယုံကြည် သောအားဖြင့် ကျေးဇူး တော်ကြောင့် ကယ်တင် ခြင်းသို့ ရောက် ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မ ဟုတ်။ ဘုရားသခင် သနား တော်မူရာဖြစ်သတည်း။ ၉ ကိုယ်ကုသိုလ် ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မ ဟုတ်။ သို့ ဖြစ်၍ အဘယ်သူ မျှ ဝါကြွား စရာ အခွင့်မ ရှိ။ ၁၀ အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့သည် ကောင်း သောအကျင့်တို့ကို ကျင့် ရမည်အကြောင်း ၊ ယေရှု ခရစ် ၌ ပြုပြင်၍ ဖန်ဆင်း တော်မူရာဖြစ်ကြ၏။ ထိုကောင်းသော အကျင့် တို့ ၌ ငါတို့သည် ကျင်လည်ရမည် အကြောင်း၊ ဘုရားသခင် သည် ငါတို့ကို ပြင်ဆင် တော်မူနှင့်ပြီ။ ၁၁ ထိုကြောင့်

၊ လက် ဖြင့် ကိုယ် ကာယ၌ ပြုသောဝေါဟာရ အရေဖျားလှီး ခြင်းကို ခံသောသူတို့ ခေါ်ဝေါ် သောအားဖြင့် ၊ အရေဖျားလှီး ခြင်းကို မခံသောလူ ဟူ၍ခေါ်ဝေါ် ကြသော သာသနာပ လူတို့အထဲ ၌ သင် တို့သည် အထက် က ပကတိ အတိုင်းဖြစ်ကြသည်ကိုငင်း၊ ၁၂ ထိုအခါ သင်တို့သည် ခရစ်တော် ကိုမ သိ၊ ကွသရေလ အပေါင်း ၌ မဝင်၊ ဂတိ တော်ပါသော ပဋိညာဉ် တရားတို့နှင့် မဆိုင်၊ မြော်လင့် ခြင်းမ ရှိ ၊ လောက ၌ ဘုရားမဲ့ နေကြသည်ကိုငင်း၊ အောက်မေ့ ကြလော့။ ၁၃ သင်တို့သည် အထက် ကဝေး လျက်ရှိ သော်လည်း ၊ ယခု မှာ ယေရှု ခရစ် ၌ ဖြစ်၍အသွေး တော်အားဖြင့် အနီး သို့ ရောက် ကြပြီ။ ၁၄ အဘယ်သို့ နည်းဟူမူကား၊ ထိုသခင် သည် ငါ တို့ ရန်ငြိမ်း ခြင်းအကြောင်း ဖြစ် တော်မူ၏။ ၁၅ ဝိနည်း အထုံးအဖွဲ့ နှင့် စပ်ဆိုင်သော ပညတ် တရားတည်းဟူသောရန်ငြိုး ဖွဲ့ခြင်း၏အကြောင်းကို ကိုယ်ခန္ဓာ တော်တွင် ပယ်ရှင်း တော်မူသဖြင့် ၊ ပိုင်းခြားလျက်ရှိသော စပ်ကြားအုတ်တန်တိုင်း နံရံ ကို ဖြိုဖျက် ၍ လူမျိုး နှစ် စုတို့ကို တစ်စုတည်းဖြစ် စေတော်မူ၏။ အကြောင်းမူကား၊ ရန်ကို ငြိမ်း စေပြီးလျှင်၊ ၁၆ ကိုယ်တော် ၌ ထိုလူ နှစ်စုတို့ကို လူ သစ် တစ်ဦးတစ်ကိုယ်တည်းဖြစ်စေခြင်းငှာ ပြင်ဆင် ၍၊ တလုံးတဝတည်း ဖြစ်ပြီးသော ထိုလူနှစ် စုတို့ကို၊ လက်ဝါးကပ်တိုင် တော်အားဖြင့် ရန် ကို သတ်ဖြတ် လျက်၊ ဘုရားသခင် နှင့် မိသ္ဟာယဖွဲ့ စေမည်အကြောင်းတည်း။ ၁၇ ထိုခရစ်တော်သည်လည်း ကြွလာ ၍၊ ဝေး လျက်ရှိသော သင် တို့အားဎင်း၊ နီး လျက်ရှိသောငါ တို့အားဎင်း၊ ရန်ငြိမ်း ခြင်းတရားတည်းဟူသောဧဝံဂေလိတရားကို ဟော တော်မူ၏။ ၁၈ ထိုသို့ ခရစ်တော် အားဖြင့် ငါတို့နှစ်ဦးသည် စိတ် ဝိညာဉ်တလုံးတဝတည်း ဖြစ်၍၊ ခမည်းတော် ထံသို့ တိုးဝင်ရမည်အခွင့်ကို ရကြ ပြီ။ ၁၉ ထိုကြောင့် ၊ သင်တို့သည် တ ကျွန်းတ နိုင်ငံသားမ ဟုတ်၊ ဧည့်သည်လည်းမဟုတ်၊ သန့်ရှင်း သူတို့၏ အမျိုးသား ချင်းဖြစ် ကြ၏။ ဘုရားသခင် အိမ်တော်သား လည်း ဖြစ်ကြ၏။ ၂၀ အဘယ်သို့နည်းဟူမူကား၊ တမန်တော် တို့မှစ၍ ပရောဖက်များတည်းဟူသောတိုက်မြစ် အပေါ် ၌သင်တို့သည် ထပ်ဆင့်၍ တည်ဆောက် လျက်ရှိ ကြ၏။ ၂၁ ထိုတိုက်ထောင့် အမြစ်ကျောက်ကား၊ ယေရှု ခရစ် ဖြစ်သတည်း။ ထိုကျောက် နှင့် တစ် တိုက်လုံး သည် စေ့စပ် ၍ ကြီးပွား သဖြင့်၊ သခင် ဘုရားအဘို့ အလိုဎာ သန့်ရှင်း သော ဗိမာန် တော်ဖြစ်၏။ ၂၂ ထိုဗိမာန် တော်၌ လည်း ၊ ဘုရားသခင် သည် ဝိညာဉ် တော်အားဖြင့် ကျိန်းဝပ် တော်မူခြင်းအလိုဎာ ၊ သင် တို့သည် ငါတို့နှင့်အတူတည်ဆောက်လျက်ရှိကြ၏။

၃ ထို အကြောင်းကြောင့် ငါ ပေါလု သည် ယေရှု ခရစ် နှင့် စပ်ဆိုင်သောအားဖြင့် အကျဉ်း ခံရ၏။ ၂ သင် တို့အကျိုးကို ထောက် ၍ ငါ့ အားအပ်ပေး တော်မူသောဘုရားသခင် ၏ကျေးဇူး တော်သာသနာ ကို သင်တို့ကြားသိ ရသည်နှင့်အညီ၊ တစ်ပါး အမျိုးသားဖြစ်သော သင် တို့အတွက် ကြောင့် ငါခံရ၏။ ၃ ကျေးဇူးတော်သာသနာကို အပ်ပေးသည် အကြောင်းဟူမူကား ၊ ငါသည်အထက် က အနည်းငယ် ရေးထားခဲ့သည်အတိုင်း ၊ ဘုရားသခင်သည် ဗျာဒိတ် တော်အားဖြင့် နက်နဲ သောအရာကို ငါ့ အားပြ တော်မူ၏။ ၄ ထိုစကား ကိုဘတ်ရွတ် လျှင် ၊ ခရစ်တော် ၏ နက်နဲ သောအရာ၌ ငါ လေ့ကျက် သည်ကို သင်တို့သည် သိ ရ ကြ မည်။ ၅ ထိုနက်နဲသောအရာကိုသန့်ရှင်း သော တမန်တော် တို့နှင့် ပရောဖက် တို့အား၊ ယခု ကာလ၌ ဝိညာဉ် တော်အားဖြင့် ဖွင့်လှစ် တော်မူသည်နည်းတူ ၊ အခြား သော ကာလတို့ ၌

လူမျိုး တို့အား ပြ တော်မ မူ။ ၆ ထိုနက်နဲသောအရာဟူကား၊ တစ်ပါး အမျိုးသားတို့သည် ဧဝံဂလိ တရားအားဖြင့် ယုဒလူမျိုးတို့နှင့်အတူ အမွေခံ၍ ၊ တစ်လုံးတစ်ဝ တစ်ကိုယ်တည်းဖြစ် လျက်၊ ခရစ်တော် နှင့် ဆိုင်သောဂတိ တော်ကို ဆက်ဆံကြရသတည်း။ ၇ တန်ခိုး တော်ပြုပြင် သောအားဖြင့် ငါ့ အားပေး သနားတော်မူသော ဘုရားသခင် ၏ ကျေးဇူး တော်ကို ခံရ သည်နှင့်အညီ ၊ ထိုတရားကို ဟောပြောသောဆရာ ၏ အဖြစ်သို့ ငါရောက် ရပြီ။ ၈ စစ် ၍မကုန်နိုင်သော ခရစ်တော် ၏ ကြွယ်ဝ ပြည့်စုံခြင်း၏ ဧဝံဂေလိ တရားကို တစ်ပါး အမျိုးသားတို့အား ဟောပြောခြင်းဌာနငှင်း၊ ၉ အလုံးစုံ တို့ကို ယေရှု ခရစ်အားဖြင့် ဖန်ဆင်း တော်မူသောဘုရားသခင် ၌ ရှေး ကပ်ကာလပတ်လုံးဝှက်ထား လျက်ရှိသော ထို နက်နဲ သောအရာနှင့် စပ်ဆိုင်သော သာသနာ သည် အဘယ်သို့ ဖြစ်သည်ကို လူအပေါင်း တို့အား ထင်ရှား စေခြင်းဌာငှင်း ၊ သန့်ရှင်း သူအပေါင်း တို့တွင် အငယ်ဆုံးသော သူထက်သာ၍ငယ် သော ငါ အားထို ကျေးဇူး တော်ကို ပေး တော်မူပြီ။ (aiōn g165) ၁၀ ကောင်းကင် အရပ်တို့ ၌ အထွဋ်အမြတ် အာဏာစက် တို့သည်၊ ဘုရားသခင် ၏ထူးဆန်း သော ပညတ် တော်ကို အသင်းတော် အားဖြင့် ယခု သိ ကြရမည် အကြောင်း တည်း။ ၁၁ အဘယ်ကြောင့်နည်းဟူမူကား၊ ငါ တို့သခင် ယေရှု ခရစ် ကို အကြောင်း ပြု၍ ထာဝရ အကြံ တော် ရှိသည်နှင့်အညီ ၊ (aiōn g165) ၁၂ ထိုသခင် ကိုယုံကြည် ခြင်းအားဖြင့် ငါတို့သည် ရဲရင့် သောစိတ်နှင့် တိုးဝင် ၍ အသနားတော်ခံရသော အခွင့် ကိုရ ကြပြီ။ ၁၃ ထိုကြောင့် သင် တို့၏အသရေ ကို ပြုစု ၍ သင် တို့အတွက် ကြောင့် ငါ ခံရသော ဆင်းရဲ ခြင်းကို မြင်လျှင်၊ ရွေ့လျော့ သော စိတ်မ ရှိကြပါစေနှင့်။ ၁၄ အထက်ဆိုခဲ့ပြီးသော အကြောင်းကြောင့်၊ ကောင်းကင် ၊ မြေကြီး ပေါ်မှာ ရှိသော တစ် အိမ်ထောင်လုံး တည်းဟူသောသားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်တော်မူသော၊ ၁၅ ငါတို့ သခင်ယေရှုခရစ်၏ ခမည်းတော် ရှေ့မှာ ငါ သည် ဒူး ထောက် ၍ ဆုတောင်းလေ့ရှိ၏။ ၁၆ ဆုတောင်းသောအချက်ဟူမူကား၊ ဝိညာဉ် တော်အားဖြင့် သင်တို့၏အတွင်း လူ ကို ခွန်အား နှင့် မြဲမြံ ခိုင်ခံ့စေ၍၊ ၁၇ ယုံကြည် ခြင်းအားဖြင့် ခရစ်တော် သည် သင် တို့၏ စိတ် နှလုံးအထဲ ၌ ကျိန်းဝပ် တော်မူမည်အကြောင်း၊ ဘုန်း တော်ကြွယ်ဝ ပြည့်စုံခြင်းနှင့် ညီလျော်စွာ သင် တို့အား ပေး တော်မူ၍၊ မေတ္တာ ၌ စိုက်ပျိုး ခြင်း၊ တိုက်မြစ်လည်းကျတည် ခြင်းရှိသဖြင့် ၊ ၁၈ သင် တို့သည်သန့်ရှင်း သူအပေါင်း တို့၏ နည်းတူ ၊ အနံ အလျား အနက် အမြင့် တို့ကို ပိုင်းခြား ၍ သိခြင်းဌာ ငှင်း၊ ၁၉ ကိုယ်ဉာဏ် နှင့် မသိနိုင်သော ခရစ်တော် ၏ မေတ္တာ တော်ကို သိ နားလည်ခြင်းဌာငှင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင် ၏ ပြည့်စုံ တော်မူခြင်းရှိသမျှ နှင့်အညီပြည့်စုံ ကြပါမည်အကြောင်း ၊ ငါသည် ဆုတောင်းလေ့ရှိ၏။ ၂၀ ငါ တို့ ၌ ပြုပြင်သောတန်ခိုး တော်အတိုင်း ၊ ငါတို့တောင်းပန် ကြံစည် သမျှ ထက် အလွန် ထူးခြား စွာ ပြု ခြင်းဌာတတ်နိုင် တော်မူသော ဘုရားသခင် သည်၊ ၂၁ ယေရှု ခရစ် အားဖြင့် အသင်းတော် ၌ ကမ္ဘာ အဆက်ဆက် ဘုန်းကြီး တော်မူစေသတည်း။ အာမင် ။ (aiōn g165)

၄ ခေါ် တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့် အထိုက်အလျောက် ကျင့်ဆောင် မည် အကြောင်း၊ သခင် ဘုရားအတွက် ကြောင့် အကျဉ်း ခံရသော ငါ သည် သင် တို့ကို တိုက်တွန်းနှိုးဆော်ပါ၏။ ၂ အရာရာ ၌ စိတ် နှိမ့်ချခြင်း၊ နူးညံ့ သိမ်မွေ့ခြင်း၊ စိတ်ရှည် ခြင်းနှင့် ပြည့်စုံသဖြင့်၊ မေတ္တာ စိတ်နှင့် တစ်ယောက် ကို တစ်ယောက်သည်းခံ

ခြင်းရှိကြ၍ ၊ ၃ အသင့်အတင့် ပေါင်းဖော်ခြင်း အဖွဲ့အစည်း အားဖြင့် ၊ သင်တို့သည် အချင်းချင်းစိတ် သဘော မခြားမနားတလုံးတဝတည်း ဖြစ် အံ့သောဌာကြိုးစား အားထုတ်ကြလော့။ ၄ သင် တို့ကို ခေါ် တော်မူခြင်းနှင့် စပ်ဆိုင်သော မြော်လင့် ခြင်းတစ်ပါး ထဲသို့ ခေါ်သွင်း တော်မူသည်နှင့်အညီ ၊ ကိုယ် တစ် ကိုယ်၊ ဝိညာဉ် တ ဝိညာဉ်တည်းရှိ၏။ ၅ သခင် တစ်ပါး ၊ ယုံကြည် ခြင်းတစ်ပါး ၊ ဗတ္တိဇံ တစ်ပါး ၊ ၆ ခပ်သိမ်း သော ငါတို့၏အဘ ဖြစ်သော ဘုရားသခင် တဆူတည်း ရှိတော်မူ၏။ ထိုဘုရားသခင် သည် ခပ်သိမ်း သော ငါတို့၏အပေါ်မှာ ရှိတော်မူ၏။ ခပ်သိမ်း သော ငါတို့ကို နှံ့ပြား တော်မူ၏။ ခပ်သိမ်း သော ငါတို့၏အထဲ ၌လည်း ရှိတော်မူ၏။ ၇ သို့သော်လည်း ခရစ်တော် သည် ဆု ပေး တော်မူသည်အတိုင်း ငါ တို့သည်ကျေးဇူး တော်ကို အသီးသီး ကိုယ် စီခံရကြပြီ။ ၈ ထိုသို့ နှင့်အညီကျမ်းစာ၌လာသည်ကား၊ မြင့် သောအရပ်သို့ တက်ကြွ တော်မူသဖြင့်၊ များစွာသော သူတို့ကို ဘမ်း သွားတော်မူ၍၊ လူ တို့အား ဆုလာဒ် များကို ပေး တော်မူသည်ဟုလာ သတည်း။ ၉ တက်ကြွ တော်မူသည်ဟုဆိုသော်၊ အစစွာမြေကြီး အောက် အရပ် သို့ ဆင်းသက် တော်မူကြောင်း ကို ရည်မှတ်၍ ဆိုသည် မဟုတ် လော။ ၁၀ ဆင်းသက် တော်မူသောသူ သည်အခြားသောသူမဟုတ်၊ အလုံးစုံ တို့ကို ပြည့်စုံ စေခြင်းငှာ ၊ ခပ်သိမ်း သော ကောင်းကင် တို့၏အထွဋ် ကို လွန်၍ တက်ကြွ တော်မူသော သူ ဖြစ် သတည်း။ ၁၁ ခရစ်တော် ၏ကိုယ် တော်ကို တည်ဆောက် ၍ ဓမ္မဆရာ ၏အမှု ကို ပြုတတ်မည်အကြောင်း၊ ၁၂ သန့်ရှင်း သူတို့ကို ပြင်ဆင် ခြင်းအလိုငှာ၊ ထိုသခင် သည် လူအချို့တို့ကို တမန်တော် အရာ၌ ၎င်း ၊ အချို့ကို ပရောဖက် အရာ၌ ၎င်း၊ အချို့ကို သာသနာပြု အရာ၌ ၎င်း ၊ အချို့တို့ကို သင်းအုပ် ဆရာ၊ ဆရာ အရာ၌ ၎င်း၊ ခန့်ထား တော်မူ၏။ ၁၃ ငါတို့ရှိသမျှ သည် ယုံကြည် ခြင်းသို့ ၎င်း၊ ဘုရားသခင် ၏သား တော်ကို သိကျွမ်း ခြင်းသို့ ၎င်း၊ တစ်ညီတစ်ညွတ် တည်းရောက်၍ ခရစ်တော် ၏ပြည့်စုံ ခြင်းပမာဏ အရပ် တည်းဟူသောကြီးရင့် သော လူ တို့၏ အဖြစ်သို့ ရောက် ကြသည်တိုင်အောင် ဖြစ်သတည်း။ ၁၄ အကြောင်းမူကား ၊ သူတစ်ပါးတို့သည် လူ ပရိယာယ် နှင့် အပြစ်သို့ သွေးဆောင် ခြင်းငှာ လှည့်ဖြား ပြောဆို သဖြင့် ၊ ငါ တို့သည်နောက်တဖန်ခပ်သိမ်း သော သြဝါဒ လေ တိုက် ၍ ဖရိုဖရဲ လွင့်သွားသော သူငယ် မ ဖြစ်ဘဲလျက်၊ ၁၅ မေတ္တာ စိတ်နှင့် သမ္မာတရား ကို ဟောပြောသဖြင့် ၊ ဦးခေါင်း တည်းဟူသော ခရစ်တော် မှာ အရာရာ တို့ ၌ ကြီးပွား ကြမည် အကြောင်း တည်း။ ၁၆ ထို ဦးခေါင်းမှ ၊ အဆစ် အပိုင်းများ တို့သည် အားဖြည့် သဖြင့် ၊ တစ်ကိုယ် လုံး သည် စေ့စပ် ထုံးဖွဲ့ လျက် ၊ အသီးအသီး အင်္ဂါများကိုယ်ငန်းကိုယ်တာ အတိုင်း ပြုပြင် သည်နှင့်အညီ၊ မိမိ ကိုယ်ကို မေတ္တာ ၌ တည်ဆောက် ခြင်းငှာ ကြီးပွား စေ တတ်၏။ ၁၇ ထိုကြောင့် ကြွင်းသောတစ်ပါး အမျိုးသားတို့သည် လျှပ်ပေါ် သောစိတ် နှင့် ကျင့် သည်နည်းတူ ၊ သင် တို့သည် နောက်တစ်ဖန် မကျင့် မည်အကြောင်း သခင် ဘုရားအခွင့် နှင့် ငါမှာ လိုက်၏။ ၁၈ ထိုသူ တို့သည် ဉာဏ် အလင်းကွယ် သည်ဖြစ် ၍၊ စိတ် နှလုံး မိုက်မဲ သောအားဖြင့် အလျှင်းမ သိသောကြောင့် ၊ ဘုရားသခင် ၏အသက် နှင့် ကွာရှင်း လျက်ရှိကြ၏။ ၁၉ ထိုသူ တို့သည် ရှက်ကြောက် ခြင်းမရှိ၊ တပ်မက် ခြင်းအလွန်ပြင်းသည်နှင့် ညစ်ညူး သောအကျင့်အမျိုးမျိုး ကို ကြိုးစား၍ ကျင့်လိုသောငှာ၊ မိမိ တို့ကို ကိလေသာ လက်သို့ အပ် လိုက်ကြ၏။ ၂၀ ထိုသို့

ဖြစ်စေခြင်းငှာသင် တို့သည် ခရစ်တော် တရားကို သင် ကြပြီမ ဟုတ်ဘဲ၊ ၂၁ အထက် ကကျင်လည်ကြသည်အရာမှာ လှည့်ဖြား တတ်သောလောဘ စိတ်တို့ ဖြင့် ပုပ်ပျက်သောလူ အဟောင်း ကိုချွတ်ပယ် ၍၊ ၂၂ စိတ် နှလုံး သဘောသစ် ကိုရပြီးလျှင် ၊ မှန်သောဖြောင့်မတ်ခြင်း၊ ၂၃ သန့်ရှင်း ခြင်းပါရမီ အားဖြင့် ဘုရားသခင် နှင့်အတူ အမျှ ဖန်ဆင်း သော လူသစ် ကို ယူတင်ဝတ်ဆောင် မည်အကြောင်း၊ ခရစ်တော်၏စကားကို ကြားနာရသည်ဖြစ်၍၊ ၂၄ ယေရှု ၌ သမ္မာတရား ရှိသည်နှင့်အညီ ၊ ထိုသခင် ထံ၌ နည်းခံ ကြပြီသတည်း။ ၂၅ ထိုကြောင့် မုသား စကားကိုပယ်ရှား ၍၊ မှန် သောစကားကိုသာ အချင်းချင်း တစ်ယောက် နှင့် တစ်ယောက် ပြော ကြလော့။ အကြောင်းမူကား ၊ ငါတို့သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏။ ၂၆ အမျက်ထွက် ရာတွင် အပြစ် မ ရှိစေနှင့်။ ၂၇ အမျက် မပြေဘဲ နေ မ ဝင် စေနှင့်။ မာရ်နတ် ကို အခွင့် မ ပေးကြနှင့်။ ၂၈ ခိုး တတ်သောသူ သည်နောက်တဖန်မ ခိုး ဘဲ၊ ဆင်းရဲသောသူ အားပေးကမ်း ဝေငှရန် ရှိ စေခြင်းငှာ ၊ မိမိ လက် နှင့် ကောင်း သောအလုပ် ကို လုပ်ဆောင် အားထုတ် စေ။ ၂၉ ညစ်ညူး သောစကား တစ် ခွန်းကိုမျှ သင် တို့နှုတ် ထဲက မ ထွက် စေနှင့်။ ကြားနာ သော သူ တို့၏အကျိုး ကို ပြုစုစေခြင်းငှာ ၊ တည်ဆောက် စရာဘို့ ကောင်းသော စကားကိုသာ သုံးဆောင်ကြလော့။ ၃၀ ရွေးနှုတ် ခြင်းနေ့ရက် တိုင်အောင် သင် တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင် ၏သန့်ရှင်း သော ဝိညာဉ် တော်ကို စိတ် မ နာစေကြနှင့်။ ၃၁ ခပ်သိမ်း သော စိတ်တို ခြင်း၊ စိတ်ဆိုး ခြင်း၊ အမျက်ထွက် ခြင်း၊ အော်ဟစ် ငေါက်ငေါ် ခြင်း၊ သူ့ အသရေ ပျက်အောင် ပြောဆိုခြင်းတို့ကိုလည်း၊ ခပ်သိမ်း သော မနာလို ခြင်းကိုလည်း၊ သင် တို့မှ ပယ်ရှား ကြလော့။ ၃၂ အချင်းချင်း ကျေးဇူး ပြုခြင်း၊ သနားစုံမက် ခြင်း၊ ဘုရားသခင် သည် ခရစ်တော် ကြောင့် သင် တို့၏အပြစ်ကို လွှတ် တော်မူသကဲ့သို့ အချင်းချင်း အပြစ်လွှတ် ခြင်း ရှိကြလော့။

၅ ထိုသို့ သင်တို့သည် ဘုရားသခင် ၏ ချစ် သား ဖြစ်ကြသည်နှင့်အညီ ၊ ဘုရားသခင်ကျင့်တော်မူသည် နည်းတူကျင့်ကြလော့။ ၂ ခရစ်တော် သည် ငါ တို့ကို ချစ် တော်မူသောအားဖြင့်ဘုရားသခင့် ရှေ့တော်၌ မွှေးကြိုင် သော အနံ့ ရှိစေခြင်းငှာ ၊ ကိုယ်ကိုကိုယ် ဆက်ကပ် ၍ ယဇ် ပူဇော်လျက် ၊ ငါ တို့အတွက် စွန့် တော်မူသည်နည်းတူ ၊ သင်တို့သည် မေတ္တာ တရား၌ ကျင်လည် ကြလော့။ ၃ မတရား သော မေထုန်၌မှီဝဲခြင်း၊ အမျိုးမျိုး သော ကိလေသာညစ်ညူး ခြင်း၊ လောဘ လွန်ကျူးခြင်းအမှုတို့ကို သန့်ရှင်း သူတို့သည် ရှောင် သင့်သည်အတိုင်း ၊ စကား ဖြင့်မျှ မ ဆက်ဆံကြနှင့်။ ၄ မတော် မလျော်သော ညစ်ညူး ပြက်ပြယ် ပြက်ယယ် သော စကားများကိုလည်း ပယ်၍ ကျေးဇူး တော်ချီးမွမ်းခြင်းစကားကို သုံးကြလော့။ ၅ မတရား သောမေထုန်၌ မှီဝဲသောသူ၊ ညစ်ညူး စွာ ပြုသောသူ၊ ရုပ်တု ကိုကိုးကွယ်သောသူဖြစ် သော လောဘ လွန်ကျူးသောသူ တစ်စုံတစ်ယောက်မျှ ခရစ်တော် နှင့် ဘုရားသခင် ၏နိုင်ငံ ၌ အမွေ မ ခံရ သည်ကို သင်တို့ သိ ကြ၏။ ၆ လျှပ်ပေါ် သောစကား ဖြင့် အဘယ်သူ မျှ သင် တို့ ကို မလှည့်ဖြား စေနှင့်။ ထိုအမှု ကြောင့် ဘုရားသခင် ၏ အမျက် တော်သည် ငြင်းဆန် တတ်သော သူ တို့ အပေါ် သို့ သင့်ရောက် ပေ၏။ ၇ ထိုကြောင့် သူ တို့နှင့်ဆက်ဆံ ၍ မ ကျင့် ကြနှင့်။ ၈ အထက် ကာလ၌သင်တို့သည် မှောင်မိုက် အတိုင်းဖြစ် ကြ၏။ ယခု မူကား ၊ သခင် ဘုရား၌ အလင်းဖြစ်ကြ၏။ သို့ ဖြစ်၍အလင်း ၏သား ကဲ့သို့ ကျင့် နေကြလော့။ ၉ အလင်း တော်၏ အကျိုး မူကား ၊ အလုံးစုံ သော

ကောင်းမွန် ခြင်း၊ ဖြောင့်မတ် ခြင်း၊ သစ္စာစောင့် ခြင်းဖြစ် သတည်း။ ၁၀ သခင် ဘုရားနှစ်သက် တော်မူသောအရာသည် အဘယ် အရာဖြစ် သည်ကို သင် ကြလော့။ ၁၁ အကျိုးမဲ့ သောမှောင်မိုက် အမှု တို့နှင့် မ ဆက်ဆံ သည်သာမက ၊ ထိုအမှုတို့၏ အပြစ်ကို ပြ ကြလော့။ ၁၂ အကြောင်းမူကား ၊ သူ တို့သည် ဆိတ်ကွယ် ရာ၌ ပြု သောအမှုအရာ တို့ကို စကားပြော ကာ မျှ၌ ညစ်ညူး ခြင်းပါ သေး၏။ ၁၃ အပြစ်ထင်ရှား သောအရာ ရှိသမျှ တို့သည် အလင်း ဖြင့် ထင်ရှား ကြ၏။ ထင်ရှား စေတတ်သော အရာရှိသမျှ တို့သည်လည်း အလင်း ဖြစ် ၏။ ၁၄ ထိုကြောင့် အိပ်ပျော် သူ နိုး လော့။ သေ ခြင်းမှ ထမြောက် လော့။ သို့ပြုလျှင် ခရစ်တော် သည် အလင်း ကို သင့် အား ပေးတော်မူမည်ဟု ဆို သတည်း။ ၁၅ ထိုကြောင့် ပညာ မဲ့ကဲ့သို့ မ ဟုတ်၊ ပညာရှိ ကဲ့သို့ စေ့စေ့ မြေမြေကျင့်ဆောင် မည်အကြောင်း သတိပြု ကြလော့။ ၁၆ ယခု နေ့ရက် ကာလတို့သည် ဆိုးယုတ် သောကြောင့် ကာလ အချိန်ကို ရွေးနှုတ် ကြ လော့။ ၁၇ ထိုကြောင့် သတိ မရှိသောသူမ ဖြစ် ၊ သခင် ဘုရား၏ အလို တော်ရှိရာကို ပိုင်းခြား၍ သိ သောသူ ဖြစ်ကြ လော့။ ၁၈ လွန်ကျူး စေတတ်သော စပျစ်ရည် နှင့် ယစ်မူး ခြင်းကိုရှောင် ၍ ဝိညာဉ် တော်နှင့် ပြည့်စုံ လျက်ရှိကြလော့။ ၁၉ ဆာလံ သီချင်းမှစသော ဓမ္မ သီချင်း အမျိုးမျိုးတို့ကို အချင်းချင်း ပြောဆို ဘတ်ရွတ်၍၊ နှုးညွတ်သော စိတ် နှလုံးနှင့် သခင် ဘုရားရှေ့တော်၌ ကျူးဇ ၍သီချင်း ဆို ကြလော့။ ၂၀ ခပ်သိမ်း သောအရာတို့ ၌ ကျေးဇူး တော်ကြီးလှပါ၏ဟု ငါ တို့သခင် ယေရှု ခရစ် ၏ နာမ တော်ကို ထောက်၍ ၊ ခမည်းတော် ဘုရားသခင် ရှေ့ ကာလအစဉ်မပြတ်ဝန်ခံကြလော့။ ၂၁ ခရစ်တော် ကို ခန်ညား သောအားဖြင့် ၊ အချင်းချင်း တစ်ယောက်အောက်တစ်ယောက်ကိုယ်ကို နှိမ့်ချ လျက်နေကြလော့။ ၂၂ အချင်းမိန်းမ တို့၊ သခင် ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ ၊ ကိုယ် ခင်ပွန်း ၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ ၂၃ အကြောင်းမူကား ၊ ခရစ်တော် သည် အသင်းတော် ၏ အပေါ်မှာခေါင်း ဖြစ်တော်မူသကဲ့သို့ ၊ ယောကျ်ား သည် မိမိခင်ပွန်း ၏အပေါ်မှာခေါင်း ဖြစ် ၏။ ခရစ်တော်သည်လည်း မိမိ ကိုယ် ကို ကယ်တင် သောသူ ဖြစ်တော်မူ၏။ ၂၄ အသင်းတော် သည် ခရစ်တော် ၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံ သကဲ့သို့ ၊ မိန်းမ တို့လည်း ကိုယ်ခင်ပွန်း ၏ အုပ်စိုးခြင်းကို အရာရာ ၌ ဝန်ခံရကြမည်။ ၂၅ အချင်းယောကျ်ား တို့၊ ခရစ်တော် သည် အသင်းတော် ကို ချစ် တော်မူသကဲ့သို့ ၊ သင်တို့လည်း ကိုယ် ခင်ပွန်း ကို ချစ် ကြလော့။ ၂၆ ထို အသင်းတော် သည် သန့်ရှင်း လျက် အပြစ် ကင်းလျက်ရှိ သည် ဖြစ်၍ ၊ ၂၇ အညစ်အကြေး တင် ခြင်း၊ အရေ တွန့်ခြင်းမှ စ သည်တို့နှင့် လွတ်လပ်သဖြင့်၊ အသရေ တင့်တယ်လျက် ရှိသော အသင်းတော် ကို ခရစ်တော် သည် မိမိ အားဆက်သ အံ့သောငှာ ၊ နှုတ်ကပတ် တော်ရေ ၌ ဆေးကြော ခြင်းအားဖြင့် စင်ကြယ် သန့်ရှင်း စေမည်အကြောင်း၊ ထို အသင်းတော်အဘို့ အလို့ငှာကိုယ်ကိုကိုယ် စွန့် တော်မူ၏။ ၂၈ ထိုနည်းတူ ယောကျ်ား တို့သည် မိမိ ကိုယ် ကို ချစ်သကဲ့သို့ မိမိ ခင်ပွန်း တို့ကိုချစ် ရကြမည်။ ခင်ပွန်း ကို ချစ် သောသူ သည် ကိုယ် ကိုချစ် သောသူဖြစ်၏။ ၂၉ ကိုယ် အသား ကို မုန်း သောသူတစ်ယောက် မျှမရှိ။ ခရစ်တော် သည် အသင်းတော် ကို ကျွေးမွေး ပြုစု တော်မူသကဲ့သို့ ၊ ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကို ကျွေးမွေးပြုစုတတ်ကြ၏။ ၃၀ အကယ်စင်စစ်ငါတို့သည် သခင် ဘုရား၏ သားတော်၊ အရိုးတော် တို့အဝင်ဖြစ်၍၊ ကိုယ်တော်မြတ်၏ အင်္ဂါဖြစ်

ကြ၏။ ၃၁ ထို အကြောင်းကြောင့် ယောကျ်ား သည် ကိုယ် မိဘ ကိုစွန့် ၍ ကိုယ် ခင်ပွန်း ၌ မှီဝဲ သဖြင့် ၊ ထိုသူနှစ်ယောက် တို့သည် တစ်သား တစ်ကိုယ်တည်း ဖြစ် ရလိမ့်မည်။ ၃၂ ဤ အရာသည် အလွန် နက်နဲ သောအရာဖြစ် ပေ၏။ ထိုသို့ ငါ ဆို သော် ၊ ခရစ်တော် နှင့် အသင်းတော် ကိုရည်မှတ် ၍ဆိုသတည်း။ ၃၃ သို့ရာတွင် သင် တို့သည် အသီးသီး ကိုယ်ကိုကိုယ် ချစ်သကဲ့သို့ ကိုယ် ခင်ပွန်း ကိုချစ် ကြလော့။ မိန်းမ သည်လည်း ကိုယ် ခင်ပွန်း ကို ရိုသေ ခြင်းရှိစေလော့။

၆ သားသမီး တို့၊ သခင် ဘုရား၏ အလိုတော်နှင့်အညီ မိဘ စကားကို နားထောင် ကြလော့။ မိဘစကား ကိုနားထောင်ခြင်းအမှုသည်တရား သောအမှုဖြစ် ၏။ ၂ မိဘ ကိုရိုသေ စွာပြုလော့။ ၃ ဤ ပညတ်တော်ကား၊ သင်သည် ပြည် တော်၌ ကောင်းစား ၍ အသက်တာ ရှည်မည် အကြောင်း ဟူ၍ဂတိ တော်နှင့် ဆိုင်သောပဌမ ပညတ် ဖြစ် ၏။ ၄ အဘ တို့၊ ကိုယ်သားသမီး ကို စိတ်ဆိုး စေခြင်းငှာမ ပြုကြနှင့်။ သခင် ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမ သွန်သင် ခြင်းကိုပြုလျက် ကျွေးမွေး ကြလော့။ ၅ အစေခံ ကျွန်တို့၊ ခရစ်တော် ၏စကားကို နားထောင်သကဲ့သို့ ကြောက်ရွံ့ တုန်လှုပ် လျက် ၊ စိတ်နှစ်ခွ မရှိဘဲ လောကီ သခင် ၏စကားကို နားထောင် ကြလော့။ ၆ လူ တို့၏စိတ်ကိုနူးညွတ်စေသောသူကဲ့သို့ မျက်မှောက်၌ သာ နားထောင်သည်မ ဟုတ်၊ ခရစ်တော် ၏ ကျွန် ကဲ့သို့ စေတနာစိတ် နှင့် ဘုရားသခင် ၏ အလို တော်ကို စောင့် ၍၊ ၇ လူ ၏အစေကိုသာ ခံသကဲ့သို့မ ဟုတ်၊ သခင် ဘုရား၏ အစေကို ခံသကဲ့သို့ ကြည်ညို သော သဘောနှင့် အစေကိုခံကြလော့။ ၈ ကောင်း သောအကျင့်ကို ကျင့် သောသူ မည်သည်ကား ၊ ကျွန် ဖြစ်စေ ၊ လူ လွတ်ဖြစ်စေ ၊ သခင် ဘုရား၏ လက်တော်မှ အကျိုးကိုခံရ လိမ့်မည်ဟု သိမှတ် ကြလော့။ ၉ သခင် တို့၊ ခြိမ်းချောက် ခြင်းကို ချုပ်တည်း ၍ ၊ ကိုယ်ကျွန် တို့ကို ထိုနည်းတူ ပြု ကြလော့။ သင် တို့၏ သခင် သည် ကောင်းကင် ဘုံ၌ ရှိ သည်ကိုငင်း၊ ထိုသခင်သည် အဘယ်သူ၏ မျက်နှာကို မှတ်တော်မ မူသည်ကိုငင်း၊ သိမှတ် ကြလော့။ ၁၀ ကြွင်း သေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင် ဘုရားအားဖြင့် ၎င်း ၊ တန်ခိုး တော်အရှိန်အားဖြင့် ၎င်း၊ ခိုင်ခံ့ ခြင်းရှိကြလော့။ ၁၁ မာရ်နတ် ၏ပရိယာယ် တို့ကို တားဆီး နိုင် မည်အကြောင်း ၊ ဘုရားသခင် သည်ပြင်ဆင်တော်မူသော လက်နက်စုံ ကို ဝတ်ဆောင်ကြလော့။ ၁၂ အကြောင်းမူကား ၊ ငါ တို့သည် အသွေး အသား ရှိ သော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ် တို့နှင့် ၎င်း၊ အာဏာစက် တို့နှင့် ၎င်း၊ လောကီမှောင်မိုက် ၌ အစိုးတရ ပြုလုပ်သော မင်းတို့နှင့် ၎င်း၊ မိုဃ်းကောင်းကင် ၌ နေသောနတ်ဆိုး တို့နှင့် ၎င်း၊ ဆိုင်ပြိုင် တိုက်လှန်ရကြ၏။ **(aiōn g165)** ၁၃ ထိုကြောင့် ၊ ခဲယဉ်းဆိုးယုတ် သော နေ့ရက် ကာလ ၌ ဆီးတား နိုင် သဖြင့် ၊ ကိစ္စအလုံးစုံ တို့ကို ပြီးစီး ၍ ခံရပ် နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံ ကိုယူဆောင် ကြလော့။ ၁၄ သစ္စာ တည်းဟူသောခါးပန်း ကိုစည်း လျက်၊ ဖြောင့်မတ် ခြင်းပါရမီတည်းဟူသောရင်အုပ် တန်ဆာကို ဝတ်ဆင် လျက် ၊ ၁၅ ငြိမ်သက် ခြင်းနှင့်ယှဉ်သော ဧဝံဂလိတရားကို ဟောပြောအံ့သောဘုံပြင်ဆင် သော အဖြစ်တည်းဟူသောခြေစွပ် ကိုစွပ် လျက် ခံရပ် ကြလော့။ ၁၆ မာရ်နတ် ပြုစ်ခတ်သော မီးစက် လက်နက် ကို ကာသတ် နိုင် သော ယုံကြည် ခြင်းတည်းဟူသောလွှား ကို လည်းခပ်သိမ်း သော လက်နက်တို့အပေါ် မှာထပ်ဆင့်၍ ယူဆောင် ကြလော့။ ၁၇ ကယ်တင် ခြင်းတည်းဟူသောသံ ခမောက်လုံးကိုငင်း

၊ ဘုရားသခင် ၏နှုတ်ကပတ် တည်းဟူသောဝိညာဉ် တော်၏ဓား ကိုငင်း ယူ ကြလော့။ ၁၈ ကာလ အစဉ် စိတ်နှလုံးပါလျက် ဆုတောင်း ပဌာနာ ပြုခြင်းအမျိုးမျိုး တို့ ဖြင့် ဆုတောင်း ကြလော့။ ထိုသို့ ဆုတောင်းခြင်းငှာ အားမလျော့ဘဲလျက် ၊ ငါမှစ၍သန့်ရှင်း သူအပေါင်း တို့အဘို့ ဆုတောင်း လျက် စောင့်ရှောက် ကြလော့။ ၁၉ ငါသည် ဧဝံဂေလိတရားကြောင့် သံကြိုး နှင့် ချည်နှောင်ခြင်းကိုခံလျက်၊ ၂၀ သံတမန် အမှုကို ပြုရသည်ဖြစ်၍၊ ထိုတရား၏ နက်နဲသောအရာကိုဖော်ပြ ခြင်းငှာငါ သည်နှုတ် ကို ရဲရင့် စွာ ဖွင့်လှစ် ခြင်း အခွင့်ရှိ မည်အကြောင်း ကိုငင်း၊ ထိုတရားကိုဟောပြောအပ် သည်နှင့်အညီ ၊ ရဲရင့် စွာဟောပြော မည်အကြောင်း ကိုငင်း၊ ငါ့ အဘို့ လည်း ဆုတောင်းကြလော့။ ၂၁ သင် တို့သည် ငါ ၌ ဖြစ်သော အကြောင်း အရာများကို သိ စေခြင်းငှာ ၊ သခင် ဘုရားထံ၌ သစ္စာ ရှိသော ဆရာတည်းဟူသောငါချစ် သောညီ တုခိတ် သည် အလုံးစုံ တို့ကို သင် တို့အား ဖော်ပြ လိမ့်မည်။ ၂၂ သင်တို့သည်ငါတို့၏အကြောင်း အရာများကို သိ မည်အကြောင်း နှင့်၊ ထို သူ သည်သင် တို့စိတ်နှလုံး ကို သက်သာ စေမည်အကြောင်း ၊ ထိုသူ ကိုသင် တို့ဆီသို့ ငါစေလွှတ် ၏။ ၂၃ ညီအစ်ကို တို့ ၌ ငြိမ်သက် ခြင်းရှိပါစေသော။ ခမည်းတော် ဘုရား နှင့် သခင်ယေရှု ခရစ် ပေးတော်မူသောယုံကြည် ခြင်းနှင့် ချစ် ခြင်းမေတ္တာရှိပါစေသော။ ၂၄ ငါ တို့သခင် ယေရှု ခရစ် ကို အမှန်ချစ် သော သူ အပေါင်း တို့ ၌ ကျေးဇူး တော်ရှိစေသတည်း။ အာမင်။

၁ ယေရှု ခရစ် ၏ ကျွန် ဖြစ်သောပေါလု နှင့် တိမောသေ သည်၊ ဖိလိပ္ပိ မြို့၌ ရှိ သော သင်းအုပ် တို့နှင့် သင်းထောက် တို့မှစ၍ ယေရှု ခရစ် ၏ သန့်ရှင်း သူအပေါင်း တို့ကို ကြားလိုက်ပါ၏။ ၂ သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင့် အထံ တော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ရှိပါစေသော။ ၃ ငါ သည်ဆုတောင်း ပဌနာပြုသောအခါ ၊ ၄ ဝမ်းမြောက် သောစိတ်နှင့် သင် တို့ရှိသမျှ အဘို့ ကို အစဉ် ဆုတောင်း ပဌနာပြု လျက်၊ သင် တို့ကို အောက်မေ့ သောအခါ၊ ၅ သင် တို့သည် ရှေ့ဦးစွာ သောနေ့ရက် မှစ၍ ယခု တိုင်အောင် ဧဝံဂလိ တရားကို ဆက်ဆံ ၍ ခံစား ကြောင်းကို ငါထောက်သဖြင့်၊ ဘုရားသခင် ၏ ကျေးဇူး တော်ကို ချီးမွမ်းပါ၏။ ၆ သင် တို့တွင် ကောင်း သောအမှုကို ပြုစ ပြုတော်မူသောသူ သည်၊ ယေရှု ခရစ် ၏နေ့ရက် တိုင်အောင် ပြီးစီး လျက်ပြု တော်မူမည်ဟု ငါသဘောကျ ၏။ ၇ ရှိသမျှ သောသင် တို့၏ အမှုအရာ၌ ဤသို့ ငါ ယူ အပ်၏။ အကြောင်းမူကား ၊ ငါ ခံရ သော ကျေးဇူး တော်ကို သင် တို့အပေါင်း သည် ဆက်ဆံကြသည်ဖြစ်၍၊ ငါ သည် အကျဉ်း ခံရသော်ငင်း၊ ဧဝံဂလိ တရားဘက်၌ သက်သေခံ ၍ ထိုတရားကို တည်စေသော်ငင်း၊ သင်တို့ကို အောက်မေ့၏။ ၈ ငါသည် သင် တို့အပေါင်း ကို ယေရှု ခရစ် ၏ မေတ္တာ ကရုဏာနှင့် အဘယ်မျှလောက်လွမ်း သည်ဟု ဘုရားသခင် သည် ငါ့ သက်သေ ဖြစ်တော်မူ၏။ ၉ ငါသည်အဘယ်သို့ဆုတောင်း သနည်းဟူမူကား၊ သင် တို့သည် ခြားနားသောအရာတို့ကို ပိုင်းခြား စေခြင်းငှာ ဉာဏ်ပညာ အမျိုးမျိုး ရှိ လျက် ၊ ၁၀ မေတ္တာ ပါရမီတိုးပွား ၍ ပြည့်စုံ မည်အကြောင်း ကိုငင်း၊ ၁၁ ယေရှု ခရစ် အားဖြင့် ဘုရားသခင် ၏ ဘုန်း အသရေတော်ကို ထင်ရှား စေတတ်သော ဖြောင့်မတ် ခြင်းအကျင့် နှင့် သင်တို့သည် ပြည့်စုံ ၍ ခရစ်တော် ၏ နေ့ရက် တိုင်အောင် စိတ်ကြည်ဖြူ လျက် ၊ တိမ်းလဲ ခြင်းအမှုနှင့် ကင်းလွတ် လျက်ရှိ မည်အကြောင်းကိုငင်း၊ ငါဆုတောင်း ပဌနာပြု၏။။။ ၁၂ ညီအစ်ကို တို့၊ ငါ ၌ရောက် သော အမှုအရာတို့သည် ဧဝံဂေလိ တရားကို မမြစ်တားသည်သာမက ၊ ပြုစု ရာဖြစ်သည်ဟု သင် တို့ သိ စေခြင်းငှာငါအလိုရှိ ၏။။။ ၁၃ ထိုသို့သော အားဖြင့်ခရစ်တော် ကြောင့် ငါ ခံရသော ချည်နှောင် ခြင်းအမှုအရာသည်၊ နန်းတော် ၌ အနှံ့အပြား ထင်ရှား သည်သာမက၊ ခပ်သိမ်း သောအရပ်၌ ထင်ရှား၏။။။ ၁၄ သခင် ဘုရား၌ ညီအစ်ကို အများ တို့သည် ငါ ခံရသော ချည်နှောင် ခြင်းကြောင့် ယုံမှားသောစိတ်နှင့် ကင်းလွတ် ၍ ကြောက်ရွံ့ ခြင်းမရှိဘဲ၊ နှုတ်ကပတ် တရားတော် ကို သာ၍ ဟောပြော ဝံ့ ကြ၏။။။ ၁၅ လူအချို့တို့သည် ငြူစူ ရန်တွေ့ ချင်သောသဘော နှင့် ခရစ်တော် ၏တရားကို ဟောပြော ကြ၏။ အချို့ တို့ သည် စေတနာ စိတ်နှင့် ဟောပြောကြ၏။။။ ၁၆ ငါသည် ဧဝံဂေလိ တရားကို ထောက်မ ဘို့ရာ ခန့်ထား သောသူဖြစ် ကြောင်းကို ဤ သူတို့သည်သိ ၍ ခရစ်တော် ၏တရားကို မေတ္တာ စိတ်နှင့် ဟောပြော ကြ၏။။။ ၁၇ ထိုသူတို့သည် ကြည်ဖြူ သောစိတ်မ ရှိ၊ ချည်နှောင် ခြင်းကို ငါ ခံရသည်တွင် သာ၍ဆင်းရဲ စေမည်ဟု အကြံရှိ ၍၊ ရန်တွေ့ ချင်သောစိတ်နှင့် ဟောပြောကြ၏။။။ ၁၈ သို့ ဖြစ်၍ အဘယ်သို့ နည်း၊ လျှို့ဝှက် ၍ ဟောပြောသည်ဖြစ်စေ ၊ သစ္စာ ရှိ၍ ဟောပြောသည်ဖြစ်စေ ၊ အဘယ်သို့သောအားဖြင့်ဟောပြောသည်ဖြစ်စေ၊ ခရစ်တော် ၏တရားကို

ဟောပြော ခြင်းရှိ၏။ ထိုအကြောင်း ကြောင့် ငါသည်ယခု ဝမ်းမြောက်၏ ။ နောင်၌ လည်း ဝမ်းမြောက် လိမ့်မည်။။ ၁၉ အဘယ်သို့ နည်းဟူမူကား၊ ငါ သည်အလျှင်း ရှက်ကြောက် ခြင်းမရှိ၊ ရဲရင့်ခြင်းနှင့်ပြည့်စုံ၍ အသက် ရှင်သည်ဖြစ်စေ ၊ သေ သည်ဖြစ်စေ၊ ငါ့ ကိုယ်ခန္ဓါ ၌ ခရစ်တော် သည် အစဉ်မပြတ် ဂုဏ် အသရေထင်ရှား တော်မူသကဲ့သို့ ၊ ၂၀ ယခုပင်ထင်ရှား တော်မူမည်ဟု ငါမြော်လင့် အားကြီး၍ တောင့်တသည်နှင့်အညီ သင် တို့ဆုတောင်း သဖြင့်ရင်း ၊ ယေရှု ခရစ် ၏ ဝိညာဉ် တော်မှစသဖြင့်ရင်း၊ ဤ အကြောင်း အရာသည် ငါ့ ကိုကယ်တင် သော အကြောင်းအရာဖြစ် မည်ဟု ငါသိ ၏။။။ ၂၁ အသက် ရှင်သည်အရာမှာ ခရစ်တော် ဖြစ်၏။ သေ လျှင် မူကား ၊ သာ၍အကျိုး ရှိ၏။။။ ၂၂ ဤကိုယ်ခန္ဓာ ၌ ငါသည်အသက် ရှင်လျှင် ၊ ငါ ပြုသောအမှု ၏ အကျိုးကား ထိုသို့သောအကျိုး ဖြစ်၏။ သို့သော်လည်း အဘယ်အကျိုးကို ရွေးယူ ရမည်ဟု ငါမ သိ ။။။ ၂၃ ထိုအကျိုးနှစ် ပါး၏အကြား၌ ငါသည်ယခု ကျဉ်းမြောင်းစွာ နေရ၏။ စုတ်၍ ခရစ်တော် နှင့်အတူ နေ ခြင်းငှာတောင့်တ လိုချင်သော စိတ်ရှိ ၏။ သာ၍ အလွန် ထူးမြတ် သောအကျိုးဖြစ်၏။။။ ၂၄ သို့သော်လည်း ကိုယ်ခန္ဓာ ၌ နေ ရလျှင် သင် တို့ ၌ သာ၍ အကျိုး ရှိလိမ့်မည်။။။ ၂၅ ထိုသို့ ရှိလိမ့်မည်ဟု ယုံမှားခြင်းနှင့် ကင်းလွတ်သည်ဖြစ်၍ ၊ သင်တို့ရှိရာသို့ ငါ တစ်ဖန် ရောက်လာ သော အားဖြင့် ၊ သင် တို့သည် ယေရှု ခရစ် ကိုအမှီပြု ၍ ငါ့ အတွက်ကြောင့် သာ၍ ဝါကြွား ဝမ်းမြောက်ခြင်း ရှိစေခြင်းငှာ၊ ၂၆ သင်တို့သည် ယုံကြည် ခြင်း၌ တိုးပွား ဝမ်းမြောက်မည်အကြောင်း ၊ ငါသည်ကိုယ်ခန္ဓါ၌နေ ၍ သင် တို့ရှိသမျှ နှင့် ပေါင်းဖော် ရမည်ဟု ငါသိ ၏။။။ ၂၇ သင်တို့သည် ရန်သူများကြောင့် အလျှင်း မ ကြောက်ရွံ့ မတုန်လှုပ်ဘဲ၊ တစ်ပါးတည်းသော စိတ် ဝိညာဉ် ၌ တည် ၍၊ ဧဝံဂေလိ တရားနှင့် ဆိုင် သော ယုံကြည် ခြင်းအဘို့ အလိုငှာ တစ်ညီတစ်ညွတ် တည်း ကြိုးစားအားထုတ်ကြသည် အကြောင်းအရာကို၊ ငါ ရောက်လျှင် သင် တို့နှင့် မျက်မှောက်တွေ့ သည်ဖြစ်စေ၊ ကွာ လျက်နေသည် ဖြစ်စေ၊ ငါကြားသိ ရပါမည်အကြောင်း ၊ ခရစ်တော် ၏ ဧဝံဂေလိ တရားနှင့် အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်များကို ပြု၍သာနေ ကြလော့။။။ ၂၈ ထိုသို့ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်သော အကြောင်းအရာသည်၊ သူ တို့ ၌ ပျက်စီး ခြင်း၏ နိမိတ်လက္ခဏာဖြစ် ၏။ဘုရားသခင် စီရင် တော်မူသောအားဖြင့် သင် တို့ ၌ကား ၊ကယ်တင် ခြင်း၏နိမိတ်လက္ခဏာဖြစ်၏။။။ ၂၉ အကြောင်းမူကား ၊ သင် တို့သည် အထက်ကမြင် သည်အတိုင်း၊ ယခု လည်း ကြား သည်အတိုင်း ငါ ခံရ သော တိုက်လှုန် ခြင်းကို ခံရသည်နည်းတူ ၊ ၃၀ သင်တို့သည် ခံရကြသည်ဖြစ်၍၊ ခရစ်တော် ကို ယုံကြည် ခြင်းအခွင့်မှတပါး ၊ ခရစ်တော် အတွက် ကြောင့် ဆင်းရဲ ခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏။

၂ ထိုကြောင့် ခရစ်တော် ၌ သက်သာ ခြင်း၊ မေတ္တာ နှင့်စပ်ဆိုင်သော ချမ်းသာ ခြင်း၊ ဝိညာဉ် တော်နှင့် မိသဟာယ ဖွဲ့ခြင်း၊ သနားစုံမက် ခြင်းတည်းဟူသောအရာ တစ်စုံတစ်ခုရှိလျှင် ၊ ၂ သင်တို့သည် အချင်းချင်း ချစ် ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘော တစ် ညီတစ်ညွတ်တည်းရှိသောအားဖြင့်၊ ငါ ဝမ်းမြောက်စရာအကြောင်း ကို စုံလင် စေကြလော့။ ၃ ရန်တွေ့ လိုသောစိတ်၊ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မ ပြုကြ နှင့်။ သူတစ်ပါး သည် ကိုယ် ထက် သာ၍ကောင်းမြတ်သည်ဟု နှိမ့်ချ သောစိတ်ရှိ၍

တစ်ယောက်ကိုတစ်ယောက် ထင်မှတ် ကြလော့။ ၄ ကိုယ် အမှုအရာကိုသာ မ ရှု မမှတ်ဘဲ၊ သူ့အမှုအရာ ကို အချင်းချင်း ရှုမှတ်ကြလော့။ ၅ ယေရှု ခရစ် ၌ ရှိသော ထို စိတ် သဘောကို သင် တို့ ၌ လည်း ရှိစေကြလော့။ ၆ ထိုသခင် သည် ဘုရားသခင် ၏ သဏ္ဌာန် တော်နှင့် ပြည့်စုံတော်မူသည်ဖြစ် ၍၊ ဘုရားသခင် နှင့် ပြိုင် သောအမှုကို လုယူ ခြင်းအမှုဟူ၍မ ထင် မမှတ်လျက်ပင်၊ ၇ မိမိ အသရေကိုစွန့် ၍ အစေခံ ကျွန်၏သဏ္ဌာန် ကို ယူဆောင် လျက်၊ လူ ကဲ့သို့သော အဖြစ်၌ ဘွားမြင် ခြင်းကို ခံတော်မူ၏။ ၈ ထိုသို့ လူ ၏ဂုဏ် အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံ ခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင် မှာ အသေခံ ခြင်းတိုင်အောင် အစေ ကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချ တော်မူ၏။ ၉ ထို့ကြောင့် ဘုရားသခင် သည် ကိုယ်တော် ကိုအလွန်ချီးမြှောက် ၍ ဘွဲ့နာမ တကာ တို့ထက် ကြီးမြတ်သော ဘွဲ့နာမ ကို ပေး သနားတော်မူ၏။။။ ၁၀ အကြောင်းမူကား၊ ကောင်းကင် သတ္တဝါ၊ မြေကြီး သတ္တဝါ၊ မြေကြီး အောက်၌ ရှိသော သတ္တဝါ တည်းဟူသောခပ်သိမ်း သော သတ္တဝါတို့သည် ယေရှု ၏ဘွဲ့နာမ တော်ကို ဒူး ထောက် ၍၊ ၁၁ ယေရှု ခရစ် သည် သခင် ဖြစ်တော်မူ၏ဟု နှုတ် နှင့် ဝန်ခံသဖြင့်၊ ခမည်းတော် ဘုရား ၏ ဘုန်း အသရေ တော်ကို ထင်ရှား စေကြမည်အကြောင်း တည်း။။။ ၁၂ သို့ ဖြစ်၍ ငါ့ ချစ်သူ တို့၊ သင်တို့သည် ငါ့ မျက်မှောက် ၌ နားထောင် သည်သာမက ၊ မျက်ကွယ် ၌ လည်း အစဉ်နားထောင်ကြသည်နှင့်အညီ၊ ကြောက်ရွံ့ တုန်လှုပ် သောစိတ်နှင့် ၊ ကိုယ် ကို ကယ်တင် ခြင်းဉာကိုယ်တိုင်ကြိုးစား အားထုတ်ကြလော့။။။ ၁၃ အကြောင်းမူကား ၊ သင် တို့သည် အလိုရှိ စေခြင်းဉာဌင်း ၊ အကျင့်ကျင့် စေခြင်းဉာဌင်း၊ သင်တို့အထဲ ၌ စေတနာ တော်အားဖြင့်ပြုပြင် တော်မူသောသူ ကား ဘုရားသခင် ပေတည်း။။။ ၁၄ သင်တို့သည် ပြုလေသမျှ တို့ ၌ မြည်တမ်း ခြင်း၊ ငြင်းခုံ ခြင်းမ ရှိဘဲ ပြု ကြလော့။။။ ၁၅ သို့ပြုလျှင် အပြစ်တင် ခွင့်မရှိ၊ အဘယ်သူကိုမျှ မ ပြစ်မှားဘဲနေ ၍ ၊ ၁၆ မဖြောင့် မမှန်ဖောက်ပြန် သောလူမျိုး အထဲ ၌ အဘယ် အပြစ်မျှမပါသော ဘုရားသခင် ၏ သား ဖြစ်ကြ လိမ့်မည်။ အသက် ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ် တရားတော်ကို ပြသ၍၊ စကြဝဠာ ၌ နေ၊ လ၊ ကြယ် နက္ခတ်ကဲ့သို့ ထိုလူမျိုး အထဲ ၌ ထွန်းလင်း ကြ၏။ သို့ပြုလျှင်ငါ သည် အကျိုး မရှိဘဲလျက် ပြေး သည်မ ဟုတ်၊ အကျိုး မရှိဘဲလျက် ကြိုးစား အားထုတ်သည်မ ဟုတ်ကြောင်း ကို ငါထောက်၍ ခရစ်တော် ၏နေ့ရက် ၌ ဝါကြွား ဝမ်းမြောက်ခြင်းရှိလိမ့်မည်။။။ ၁၇ ထိုမျှမက၊ သင် တို့၏ယုံကြည် ခြင်းကို တင်လှူ ပူဇော်သော ယဇ် အပေါ် မှာ ငါ့ကိုလောင်း သော်လည်း ဝမ်းမြောက်ခြင်းရှိ၏။ သင်တို့ရှိသမျှ နှင့်အတူ ငါဝမ်းမြောက် ခြင်းရှိ၏။။။ ၁၈ ထိုနည်းတူ သင် တို့သည်လည်း ဝမ်းမြောက် ကြလော့။ ငါ နှင့်အတူဝမ်းမြောက် ခြင်း ရှိကြလော့။။။ ၁၉ သင် တို့အကြောင်း အရာများကို ငါသိ ၍ စိတ်သက်သာ ခြင်းဉာ ၊ တိမောသေ ကို သင် တို့ရှိရာသို့ မျှားမကြာ စေလွှတ် မည်အကြောင်း၊ သခင် ယေရှု ခရစ်၌ ငါမှိုဝဲ ခြင်းရှိ၏။။။ ၂၀ အကြောင်းမူကား ၊ ထိုသူသည်သင် တို့အကျိုးကို ကြည့်ရှုချင်သော စေတနာစိတ်ရှိသကဲ့သို့စိတ်သဘောတူသော သူတယောက် မျှ ငါတို့ ၌မရှိ ။။။ ၂၁ လူခပ်သိမ်း တို့သည် ယေရှု ခရစ် ၏အကျိုးကို မ ရှာ၊ ကိုယ် အကျိုးကိုသာ ရှာ ကြ၏။။။ ၂၂ သို့သော်လည်း သား သည်အဘ နှင့်အတူဆောင်ရွက် သကဲ့သို့ ၊ သူသည်ငါ နှင့်အတူ ဧဝံဂေလိ တရားအမှုကို အမှန်ဆောင်ရွက်သည်ဟု သူ ပြသောသက်သေ ကို သင်တို့ သိ ကြ၏။။။ ၂၃

ထိုကြောင့် ငါ၌အဘယ်သို့ ဖြစ်မည်ဟု ငါ သိ သောအခါ ၊ သူ့ကို သင်တို့ရှိရာသို့ ချက်ခြင်း စေလွှတ် မည် ဟု ကြံစည် မြော်လင့်လျက် ငါနေ၏။။ ၂၄ ထိုမျှမက ၊ ငါ့ ကိုယ်တိုင်သင်တို့ရှိရာသို့ များမကြာ လာ မည်ဟု သခင် ဘုရားအားဖြင့် ယုံမှတ် စွဲလမ်းသောစိတ်ရှိ၏။။ ၂၅ သို့သော်လည်း ဆောင်ရွက် ခြင်း၊ စစ်တိုက်ခြင်းအမှု၌ ငါ ၏အပေါင်းအဘော်၊ ငါ့ ကိုပြုစု သောသူတည်းဟူသောသင် တို့တမန် ၊ ငါ့ညီ ဧပဖြောဒိတ် ကို သင် တို့ရှိရာ သို့ ယခုစေလွှတ် သင့်သည်ဟု ငါထင်မှတ် ၏။။ ၂၆ အကြောင်းမူကား၊ သူသည် နာ ကြောင်း ကို သင်တို့ကြားသိ သောကြောင့် ၊ သူသည် သင် တို့အပေါင်း ကို လွမ်းဆွတ် ၍ စိတ်မသာလျက် နေ ၏။။ ၂၇ သူသည် သေ လု အောင် နာ သည်မှန် ၏။ ထိုအခါ ဘုရားသခင် သည် သူ့ ကို သနား တော်မူ၏။ သူ့ ကိုသာ သနားတော်မူသည်မ ဟုတ်။ ငါ့ ၌ ဝမ်းနည်း ခြင်းအဆင့်ဆင့် အထပ်ထပ်မ ရှိ စေခြင်းငှာ ၊ ငါ့ကိုလည်း သနားတော်မူ၏။။ ၂၈ ထိုကြောင့် သင်တို့သည် သူ့ ကိုတစ်ဖန် တွေ့မြင် ၍ ဝမ်းမြောက် စေခြင်းငှာငင်း၊ ငါ သည်လည်း သက်သာ ခြင်းငှာ ၎င်း၊ သူ့ ကို သာ၍ကြိုးစား သည်နှင့် ငါစေလွှတ် ၏။။ ၂၉ သို့ ဖြစ်၍ သခင် ဘုရားကို ထောက် လျက်၊ ဝမ်းမြောက် သောစိတ်နှင့် သူ့ ကိုလက်ခံ ကြလော့။ ထိုသို့သော သူတို့ကို ရိုသေ လေးမြတ်ကြလော့။။ ၃၀ အကြောင်းမူကား ၊ သင် တို့သည် ငါ့ ကိုပြုစု ၍ မ ပြည့်စုံသေးသောဝတ်ကို သူသည် ပြည့်စုံ ခြင်းငှာ ၊ ကိုယ် အသက် ကို စွန့်စား ၍ ခရစ်တော် ၏အမှု ကြောင့် သေ ခြင်းသို့ ရောက် လုနီးပြီ။

၃ ကြွင်း သေးသော စကားဟူမူကား၊ ငါ့ ညီအစ်ကို တို့၊ သခင် ဘုရား၌ ဝမ်းမြောက် ခြင်းရှိကြလော့။ အထပ်ထပ် ငါ ရေး လိုက်သော်လည်းပင်ပန်း ခြင်းမ ရှိ။ သင် တို့မူကား လုံခြုံ ခြင်းရှိကြလိမ့်မည်။ ၂ ခွေး တို့ကိုရှောင် ကြလော့။ မကောင်း သော အကျင့်ကို ကျင့် သောသူတို့ကို ရှောင် ကြလော့။ အရေဖျားလှီးခြင်းကို ခံယောင်ဆောင် သော သူတို့ကို ရှောင် ကြလော့။ ၃ ငါ တို့သည် စိတ်ဝိညာဉ် အားဖြင့်ဘုရားသခင် ကို ကိုးကွယ် ၍ ၊ ဇာတိ ၌ ကိုးစား ခြင်းမ ရှိဘဲ၊ ယေရှု ခရစ် ၌ သာ ဝါကြွား ဝမ်းမြောက်သောသူ ဖြစ်၍၊ မှန်သောအရေဖျားလှီး ခြင်းကို ခံသောသူဖြစ် ကြ၏။ ၄ သို့သော်လည်း ငါ ဖြစ် လျှင် ဇာတိ ၌ ကိုးစား စရာအကြောင်းရှိ၏။ အခြား သူမည်သည်ကား ၊ ဇာတိ ၌ ကိုးစား စရာ အကြောင်းရှိသည်ဟု ထင် လျှင် ၊ ငါ မူကား သာ၍ ရှိ၏။ ၅ ငါသည်ရှစ် ရက်မြောက်သောနေ့၌ အရေဖျားလှီး ခြင်းကို ခံရ၏။ ဣသရေလ အမျိုး ၊ ဗင်္ယာမိန် အနွယ် ဖြစ်၏။ ဟေဗြဲ လူမှ ဆင်းသက်သော ဟေဗြဲ လူစစ်ဖြစ်၏။ တရား အားဖြင့် ဖာရိရှဲ ဖြစ်၏။ ၆ စိတ် အားကြီးခြင်းကို မေး သော်၊ ငါသည် အသင်းတော် ကို ညှင်းဆဲ သောသူဖြစ်၏။ ပညတ် တရား အားဖြင့် ရ သော ဖြောင့်မတ် ခြင်းကို မေးပြန်သော်၊ ငါသည် အပြစ်တင် ခွင့်နှင့် ကင်းလွတ်သောသူဖြစ်၏။ ၇ သို့သော်လည်း ငါ ၏ အကျိုး စီးပွားကို ပြုစုသောအရာ ရှိသမျှတို့ကို ရှုံး စေသောအရာကဲ့သို့ခရစ်တော် ကြောင့် ငါထင်မှတ် ၏။ ၈ ထိုမျှမက ငါ ၏ သခင် ယေရှု ခရစ် ကိုသိသော ပညာ သည် ဓ အဘယ်မျှလောက်မြတ် သည်ကိုထောက် ၍၊ ခပ်သိမ်း သောအရာတို့ကို ၁၀ ရှုံး စေ သောအရာကဲ့သို့ငါထင်မှတ် ၏။။ ၁၁ ထိုသခင် ကြောင့် ခပ်သိမ်း သောအရာတို့ကို အရှုံး ခံရပြီ။ သေ ခြင်းမှ ထမြောက် သောအခွင့်ကို ငါရ နိုင် ကောင်းလျှင် ၊ ကိုယ်တော် သည် အသေခံ တော်မူသည်နည်းတူ ၊ ငါသည်လည်းအသေခံ၍ ထိုသခင်ကိုငင်း၊ ထမြောက် တော်မူခြင်း၏ တန်ဖိုး ကိုငင်း၊ ဆင်းရဲ ခံတော်မူခြင်းကို ဆက်ဆံ၍ခံခြင်းကိုငင်း၊ သိကျွမ်း

ခြင်းငှာ၊ ပညတ် တရားအားဖြင့် ရသော ကိုယ် ဖြောင့်မတ် ခြင်းကို မ ကိုးစား ဘဲ၊ ခရစ်တော် ကို ယုံကြည် ခြင်းအားဖြင့် ရသောဖြောင့်မတ် ခြင်းတည်းဟူသောယုံကြည် ခြင်းအတွက် ကြောင့်ဘုရားသခင် ပေးတော်မူသောဖြောင့်မတ် ခြင်းကိုကိုးစားသဖြင့်၊ ခရစ်တော် ကို အမြတ်ရ ၍ ထိုသခင် ၌ တည် ပါမည်အကြောင်း ၊ ခပ်သိမ်းသောအရာတို့ကို မစင် ကဲ့သို့ငါထင်မှတ် ၏။။။ ၁၂ ထိုသို့ဆိုသော်အကျိုးကိုခံရ ပြီ၊ စုံလင် ခြင်းသို့ ရောက်ရပြီဟု ငါမ ဆိုလို၊ အကြင်အကျိုး ကိုပေးခြင်းငှာ ခရစ်တော် သည် ငါ့ကို ကိုင် ဘမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိ ခြင်းငှာငါပြေး၍ လိုက် သေး၏။။။ ၁၃ ညီအစ်ကို တို့၊ ငါ ကိုင်မိ ပြီဟု ကိုယ်ကိုကိုယ် မ ထင် သော်လည်း ၊ ငါပြုသောအမှုတစ်ခု ဟူမူကား၊ နောက်ကျ သောအရာ တို့ကို မ မှတ်ဘဲ၊ ရှေ့၌ ရှိသောအရာ တို့ကို လှမ်း ကမ်း၍ ၊ ၁၄ ယေရှု ခရစ် အားဖြင့် ဘုရားသခင် သည် အထက် အရပ်မှ ခေါ် တော်မူခြင်းနှင့် ဆိုင်သောဆု ကို ရခြင်းငှာ ၊ ပန်းတုံးတိုင် သို့ ငါလိုက်ပြေး ၏။။။ ၁၅ ထိုကြောင့် စုံလင် သောသူရှိသမျှ တို့သည် ဤသို့သော သဘော ကို စွဲလမ်း ရကြမည်။ သင်တို့သည် တစ်စုံတစ်ခု သောအရာ၌ သဘောခြားနား လျှင် ၊ ထို အရာကို ပင်ဘုရားသခင် ဖော်ပြ တော်မူလိမ့်မည်။။။ ၁၆ သို့မဟုတ် သော်လည်း၊ ယခုမှီ သမျှ အတိုင်း တနည်း တည်းကျင့် ၍ တစ်သဘောတည်းရှိရကြမည်။။။ ၁၇ ညီအစ်ကို တို့၊ ငါ ကျင့် သည်နည်းတူ သင်တို့သည် တစ် ညီတစ်ညွတ်တည်း ကျင့်ကြလော့။ ငါ တို့ပေးသော ပုံ သက်သေနှင့်အညီ ကျင့် သောသူ တို့ကိုလည်း ရှုမှတ် ကြလော့။။။ ၁၈ အကြောင်းမူကား ၊ အထက် အဖန်ဖန်ငါပြော ၍၊ ယခုပင် မျက်ရည် ကျလျက်နှင့် ပြော သည်အတိုင်း၊ ခရစ်တော် ၏ လက်ဝါးကပ်တိုင် ကို ရန်ဘက် ပြု၍ ကျင့် သောသူ အများ ရှိကြ၏။။။ ၁၉ ထိုသူ တို့သည် ပျက်စီး ခြင်း၌ လမ်းဆုံး တတ်ကြ၏။ သူတို့၏ ဘုရား မူကား၊ မိမိ တို့ဝမ်း ပေတည်း။ မိမိ တို့ ရှက်ကြောက် ဘွယ်သော အကျင့်၌ သာ မိမိတို့ဝါကြွား ကြ၏။ လောကီ အရာတို့ကိုသာ စိတ် စွဲလမ်းခြင်းရှိကြ၏။။။ ၂၀ ငါ တို့ကျင့်သော အကျင့်မူကား ၊ ကောင်းကင် ဘုံနှင့် စပ်ဆိုင် လျက်ရှိ ၏။ ကယ်တင် တော်မူသောအရှင် သခင်ယေရှု ခရစ် သည် ကောင်းကင် ဘုံမှ ကြွလာတော်မူမည်ဟု ငါတို့သည် မြော်လင့် လျက်နေကြ၏။။။ ၂၁ ထိုသခင် သည် ခပ်သိမ်း သောအရာကိုပင် မိမိ အောက်၌ နှိမ့်ချ နိုင် တော်မူသောပြုပြင် အားထုတ် ခြင်း အားဖြင့် ယုတ်ညံ့ သော ငါ တို့၏ ကိုယ်ခန္ဓါ ကိုပင်၊ ဘုန်း အသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓါ တော်၏နည်းတူဖြစ် စေခြင်းငှာအသစ် ပြင်ဆင်တော်မူလတံ့။

၄ ထိုကြောင့် ငါ ဝမ်းမြောက် ခြင်းအကြောင်း၊ ငါ့ဦးရစ် သရဖူတည်းဟူသော၊ ငါ ချစ် ၍ အလွန်လွမ်း သော ညီအစ်ကို တို့၊ ငါဆိုခဲ့ပြီးသည်အတိုင်း သခင် ဘုရား၌ တည်နေ ကြလော့၊ ငါ့ချစ်သူ တို့။ ၂ ဧဝေါဒိ နှင့် သုန္တုတ် တို့သည် သခင် ဘုရား၌ သဘော တစ် ညီတစ်ညွတ်တည်း ဖြစ်ရကြမည်အကြောင်းကို ငါ တောင်းပန်သွေးဆောင်ပါ၏။ ၃ အချင်း ငါ့လုပ်ဘော်ဆောင်ဘက် စစ် ၊ သင် တို့ကိုလည်း ငါတောင်းပန် ၏။ ငါ နှင့် ကလေမင် မှစ၍ အသက် စာရင်းဝင်သော အခြား သောငါ ၏လုပ်ဘော်ဆောင်ဘက် တို့နှင့်အတူ ၊ ဧဝံဂေလိ တရားကို ဟောပြောသောအမှု၌ ကူညီ ၍ ကြိုးစားအားထုတ်သော မိန်းမတို့ကို မစ ထောက်ပံ့ပါလော့။ ၄ သခင် ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက် ခြင်း ရှိကြလော့။ တစ်ဖန် ငါဆို သည်ကား ဝမ်းမြောက် ကြလော့။ ၅ လူ အပေါင်း တို့ရှေ့၌ သင် တို့၏ ဖြည်းညှင်း

ခြင်း သဘောကို ထင်ရှား စေကြလော့။ သခင် ဘုရားသည် အနီးအပါး ၌ ရှိတော်မူ၏။ ၆ အဘယ် အမှုကိုမျှ စိုးရိမ်ခြင်းမ ရှိဘဲအရာရာ၌ ကျေးဇူး တော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာပြုသောအားဖြင့်၊ သင် တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင် အား ကြားလျှောက် ကြလော့။ ၇ ထိုသို့ပြုလျှင်အဘယ်သူမျှကြုံ၍မမှီနိုင်သော ဘုရားသခင် ၏ ငြိမ်သက် ခြင်းသည် ယေရှု ခရစ် အားဖြင့် သင် တို့၏စိတ် နှလုံးတို့ကို စောင့်မ လိမ့်မည်။ ၈ ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကို တို့၊ သမ္မာတရား နှင့် ဆိုင်သောအကျင့်၊ လျောက်ပတ် သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ် သောအကျင့်၊ သူတစ်ပါးနှစ်သက် ဘွယ်သောအကျင့်၊ ချီးမွမ်း ဘွယ်သောအကျင့် ရှိသမျှတို့ကိုငင်း၊ ပါရမီ တပါးပါး ၊ ကောင်း သောသိတင်းတပါးပါး နှင့် ဆိုင်သောအကျင့်တို့ကိုငင်း၊ နှလုံး သွင်းကြလော့။ ၉ သင်တို့သည် အထက်ကသင် ယူ ၍ ငါ ၌ ကြား မြင် ခဲ့ပြီးသမျှတို့ကို ကျင့်ကြလော့။ ထိုသို့ ကျင့် လျှင်၊ ငြိမ်သက်ခြင်း၏ အရှင်ဘုရားသခင် သည် သင် တို့နှင့်အတူ ရှိ တော်မူလိမ့်မည်။။ ၁၀ ယခု ၌လည်း သင်တို့သည် ငါ့ ကို ကြည့်ရှုပြုစုချင်သော စေတနာ စိတ်နှင့် ပြည့်စုံပြန်သည်ဖြစ်၍၊ ငါသည် သခင် ဘုရား၌ အလွန် ဝမ်းမြောက် ခြင်းရှိ၏။ ထိုစေတနာ စိတ်သည် အထက် ကရှိသော်လည်း ပြုစုရသောအခွင့် မရှိပြီ။။ ၁၁ ထိုသို့ငါဆို သော်၊ ကိုယ်တိုင်ဆင်းရဲခြင်းကို ရည်မှတ် ၍ ဆိုသည်မ ဟုတ်။ အကြောင်းမူကား ၊ ငါ သည် တွေ့ကြုံသမျှသော အခြင်းအရာတို့ ၌ ရောင့်ရဲသောစိတ်ရှိ အံ့သောဌာသင် မိပြီ။။ ၁၂ ရှုတ်ချ ခြင်းကိုငင်း ၊ ကြွယ်ဝ ခြင်းကိုငင်း၊ ခံတတ်၏။ ဝ စွာစားခြင်း၊ မွတ်သိပ်ခြင်း၊ စည်းစိမ် ရှိခြင်း၊ ဆင်းရဲ ခြင်းတို့ကို ခံရအံ့သောဌာ၊ အရပ်ရပ် တို့တွင် အရာရာ ၌ သင် မိပြီ။။ ၁၃ ငါ့ ကို ခွန်အား နှင့်ပြည့်စုံစေတော်မူသော ခရစ်တော် အားဖြင့် ခပ်သိမ်း သောအမှုတို့ကို ငါတတ်စွမ်း နိုင်၏။။။ ၁၄ သို့သော်လည်း ဆင်းရဲ ဒုက္ခကိုငါ ခံရ စဉ်အခါ၊ သင် တို့သည် ငါနှင့်ဆက်ဆံ သောအားဖြင့်ကောင်းမွန် စွာ ပြု ကြပြီ။။ ၁၅ အချင်းဖိလိပ္ပိမြို့သားတို့၊ ဧဝံဂေလိ တရားကို ဟောစ ပြု၍ ၊ မာကေဒေါနိ ပြည်မှ ငါထွက် ဆဲရှိသောအခါ အလှူ လှူခြင်း၊ အလှူခံခြင်းအမှု၌ ၊ သင် တို့မှတစ်ပါး အဘယ် အသင်းတော် မျှငါ နှင့်မ ဆက်ဆံ ကြ။။ ၁၆ သက်သာလောနိတ် မြို့၌ ငါရှိစဉ်ပင်၊ ငါ လို သောအရာကို သင်တို့သည် နှစ်ကြိမ် တိုင်အောင်ပေး လိုက် ကြ၏။။။ ၁၇ ထိုသို့ ငါဆိုသော်၊ အလှူ ကို ရှာသည်မ ဟုတ်၊ သင် တို့ ၌ ကြွယ်ဝ သောအကျိုး ကို ရှာ ၏။။။ ၁၈ ယခုအခါ အရာရာ ၌ငါရ တတ်၏။ ဥစ္စာကြွယ်ဝ၏။ မွှေးကြိုင် သောအနံ့ နှင့် ပြည့်စုံ၍၊ ဘုရားသခင် နှစ်သက် အားရတော်မူသော ယဇ် တည်းဟူသောသင် တို့ပေးလိုက်သောအရာ တို့ကို ဧပဖြောဒိတ် လက်မှ ငါခံရ သည်ဖြစ်၍ကြွယ်ဝ လျက်ရှိ၏။။။ ၁၉ ငါ ၏ဘုရားသခင်သည် ဘုန်း အာနုဘော်၌ စံပယ်တော်မူသော စည်းစိမ် ရှိသည်အတိုင်း ၊ သင် တို့အလို ရှိသမျှ တို့ကို ယေရှု ခရစ်အားဖြင့် ပြည့်စုံ စေတော်မူလိမ့်မည်။။။ ၂၀ ငါ တို့အဘ တည်းဟူသောဘုရားသခင် သည် ကမ္ဘာ အဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင် ။။။ **(aiōn g165)** ၂၁ ယေရှု ခရစ် ၌ ရှိသော သန့်ရှင်း သူအပေါင်း တို့ကို နှုတ်ဆက် ကြလော့။။။ ၂၂ ငါ နှင့်အတူ ရှိသောညီအစ်ကို မှစ၍ သန့်ရှင်း သောသူအပေါင်း တို့သည် သင် တို့ကို နှုတ်ဆက် ကြ၏။ ကဲသာ

ဘုရင်၏ နန်းတော် ၌နေသော သန့်ရှင်း သူတို့သည် အထူးသဖြင့် နှုတ်ဆက် ကြ၏။။ ၂၃ ငါတို့သခင် ယေရှု ခရစ် ၏
ကျေးဇူး တော်သည် သင် တို့အပေါင်း၌ ရှိစေသတည်း။ အာမင်။

၁ ဘုရားသခင် ၏ အလို တော်အားဖြင့် ယေရှု ခရစ် ၏ တမန်တော် ဖြစ်သောငါ ပေါလုနှင့် ငါညီ တိမောသေ သည်၊ ၂ ကောလောသဲ မြို့၌ နေသော သန့်ရှင်း သူတည်းဟူသော၊ ခရစ်တော် ကို ယုံကြည် သောညီအစ်ကို တို့ကို ကြားလိုက်ပါ၏။ သခင်ယေရှုခရစ်နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင် အထံတော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ ၃ သင် တို့သည် ယေရှု ခရစ် ကို ယုံကြည် ၍၊ ၄ သမ္မာ တရား တည်းဟူသောဧဝံဂေလိ တရားကို သင်တို့သည်အထက်က ကြားသိ ကြသည်အတိုင်း၊ သင်တို့ အဘို့ကောင်းကင် ဘုံ၌ သိုထား သော မြော်လင့် ရာကို ထောက် သဖြင့်ထင်း၊ သင် တို့အဘို့ အစဉ်မပြတ် ဆုတောင်း ၍၊ ၅ ငါ တို့သခင် ယေရှု ခရစ် ၏ ခမည်းတော် တည်းဟူသောဘုရားသခင် ၏ ကျေးဇူး တော်ကို ချီးမွမ်းကြ၏။ ၆ ထိုတရားသည် လောကီ နိုင်ငံတရှောက် လုံးကို နှံ့ပြားသည်နှင့်အညီ ၊ သင်တို့ရှိရာသို့ ရောက်ခဲ့ပြီ။ သင် တို့ ၌ အသီး သီးခြင်း၊ တိုးပွား ခြင်းကို ပြုသည်နည်းတူ အရပ်ရပ်၌ပင် ပြုတတ်၏။ ၇ သင် တို့အမှုကို စောင့်၍၊ ခရစ်တော် ထံ၌သစ္စာရှိ သော ဆရာ တည်းဟူသောငါ တို့ချစ် သော ကျွန်ချင်း ဧပဖြ သည် သင်တို့ကို သွန်သင် သည်အတိုင်း သင်တို့သည် ကြား ၍ ၊ ဘုရားသခင် ၏ ကျေးဇူး တော်ကို မှန်ကန် စွာ ဝန်ခံ သောနေ့ မှစ၍ ထိုသို့သောအကျိုးရှိ၏။ ၈ သင် တို့ ၌ ရှိသော ဝိညာဉ် ပကတိမေတ္တာ ကို ဧပဖြ သည် ငါ တို့အားပြ ခဲ့ပြီ။ ၉ ထို့ကြောင့် ၊ ငါ တို့သည် ကြား ရသည်နေ့ မှစ၍ ၊ သင် တို့အဘို့ အလိုဌာ အစဉ်မပြတ် ဆုတောင်း ပဌနာပြုလျက် နေကြ၏။။။ ၁၀ ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့သည် ကောင်း သော အကျင့် အမျိုးမျိုး တည်းဟူသောအသီးကိုသီး ခြင်း၊ ဘုရားသခင် ကိုသိသော ဉာဏ် တိုးပွား ခြင်း ရှိသဖြင့် ၎င်း၊ ဝမ်းမြောက် သောစိတ်နှင့် အရာရာ ၌ သည်းခံ ခြင်း၊ စိတ်ရှည် ခြင်းအလိုဌာ၊ ဘုန်းကြီး သော တန်ခိုး တော်အတိုင်း ခွန်အား နှင့် ပြည့်စုံ သဖြင့်၎င်း၊ ၁၁ ခမည်းတော် ဘုရား၏ ကျေးဇူး တော်ကို ချီးမွမ်းလျက်၊ သခင် ဘုရားနှင့် ထိုက်လျောက် စွာ ကျင့် ၍ အရာရာ ၌ နှစ်သက် တော်မူစေခြင်းဌာ၊ ပညာ အမျိုးမျိုး ၊ ဓမ္မဉာဏ် အမျိုးမျိုးအားဖြင့်အလို တော်ကို အကုန်အစင်နားလည် ပါမည်အကြောင်း ဆုတောင်း ပဌနာပြု၏။။။ ၁၂ အလင်း ၌ နေသောသန့်ရှင်း သူတို့၏ အမွေကို ငါတို့သည် ဆက်ဆံ ဝင်စားထိုက် မည်အကြောင်း ကျေးဇူးပြုတော်မူ၏။။။ ၁၃ မှောင်မိုက် တန်ခိုး မှ လည်းငါ တို့ကိုနှုတ် ၍၊ ချစ် တော်မူသောသား တော်၏ နိုင်ငံ ထဲသို့ သွင်း တော်မူ၏။။။ ၁၄ ထိုသား တော်၏ အသွေးအားဖြင့် အပြစ် လွှတ် တော်မူခြင်းတည်းဟူသောရွေးနှုတ် တော်မူခြင်း ကျေးဇူးကို ငါတို့သည် ခံရ ကြ၏။။။ ၁၅ ထိုသား တော်သည် မျက်မြင် မရသော ဘုရားသခင် ၏ ပုံ သဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျ သတ္တဝါ အပေါင်း တို့တွင်လည်း သားဦး ဖြစ် တော်မူ၏။။။ ၁၆ အကြောင်းမူကား ၊ ထိုသား တော်သည် ကောင်းကင် ပေါ် ၊ မြေကြီး ပေါ် မှာ ရှိသမျှသောရူပ အရာ၊ အရူပ အရာ၊ ရာဇပလ္လင် ဖြစ်စေ ၊ အစိုးရ ခြင်းတန်ခိုးဖြစ်စေ ၊ အထွဋ်အမြတ် ဖြစ်စေ ၊ အာဏာစက် ဖြစ်စေ ၊ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်း တော်မူ၏။ ထိုသခင် အားဖြင့် ၎င်း ၊ ထိုသခင် အဘို့ အလိုဌာ၎င်း၊ ခပ်သိမ်း သောအရာတို့ သည် ဖန်ဆင်း လျက်ဖြစ်ကြ၏။။။ ၁၇ သား တော်သည်လည်း ခပ်သိမ်း သောအရာ မ ဖြစ်မှီ ဖြစ် တော်မူ၍ ခပ်သိမ်း

သောအရာတို့သည် တန်ခိုး တော်အားဖြင့် သာ တည် ကြ၏။။ ၁၈ အသင်းတော် တည်းဟူသောကိုယ် ၏ ဦးခေါင်း ဖြစ် တော်မူ၏။ အရာရာ ၌ ထူးမြတ် ခြင်းငှာ မူလ အရင်း ဖြစ် ၍၊ သေ သောသူတို့တွင် သားဦး ဖြစ်တော်မူ၏။။။ ၁၉ အကြောင်းမူကား ၊ ခပ်သိမ်း သောပြည့်စုံ ခြင်းကို သား တော်၌ ကျိန်းဝပ် စေခြင်းငှာငင်း ၊ ၂၀ လက်ဝါးကပ်တိုင် မှာ သွန်းသောအသွေး တော်အားဖြင့် ရန် ကိုငြိမ်းစေ၍၊ ကောင်းကင် အရာ ဖြစ်စေ ၊ မြေကြီး အရာ ဖြစ်စေ ၊ ခပ်သိမ်း သောအရာတို့ကို သား တော်အားဖြင့် ဘုရားသခင်နှင့် မိသွဟာယဖွဲ့စေခြင်းငှာငင်း အလိုရှိတော်မူ၏။။။ ၂၁ အထက် က ဘုရားသခင်နှင့် ကွာရှင်း ၍၊ ဆိုးညစ် သောအကျင့် ကို ကျင့်သဖြင့် စိတ် နှလုံး၌ ရန်သူ ဖြစ်သောသင် တို့ကို၊ ကိုယ် ခန္ဓာ တော်၌ အသေခံ တော်မူသော အားဖြင့် ၊ ယခု မိသဟာယ ဖွဲ့စေတော်မူ၏။။။ ၂၂ အကြောင်းမူကား၊ ကောင်းကင် အောက် ၌ ရှိသမျှ သော ဝေနေယျ သတ္တဝါတို့အား ဟောပြော သဖြင့်၊ သင်တို့သည် ကိုယ်တိုင်ကြား ရပြီးသော ဧဝံဂေလိ တရား၏ မြော်လင့် ခြင်းမှ မ ရွေ့လျော့ ဘဲ၊ ၂၃ တိုက်မြစ် ကျခြင်း၊ တည်ကြည် ခြင်းနှင့်တကွမြဲမြံ စွာယုံကြည် ကြလျှင် ၊ သန့်ရှင်း စင်ကြယ်လျက် အပြစ်တင် ခွင့်နှင့် ကင်းလွတ်လျက် ရှိသော သင် တို့ကို ရှေ့တော်၌ ဆက်သ မည်အကြောင်းတည်း။။။ ၂၄ ငါ ပေါလု သည်ထိုတရား ကို ဟောသောဆရာ ဖြစ်သည်နှင့် သင် တို့အဘို့ အလိုငှာ ဆင်းရဲ ခံခြင်း၌ ယခု ဝမ်းမြောက် ၍၊ ခရစ်တော် ၏ ဆင်းရဲ ဒုက္ခအကြွင်း အကျန်ကို အသင်းတော် တည်းဟူသောကိုယ်တော် အဘို့ အလိုငှာ ငါ့ ကိုယ်ခန္ဓာ ၌ ပြည့်စုံ စေ၏။။။ ၂၅ ရှေး ကပ်ကာလပတ်လုံးဝှက်ထား လျက်ရှိသော်လည်း ၊ ယခု တွင် သန့်ရှင်း သူတို့အား ဘော်ပြ သော နက်နဲ ရာတည်းဟူသောဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို အကုန်အစင် ဟောပြောစေခြင်းငှာ၊ **(aiōn g165)** ၂၆ သင်တို့အကျိုးကို ထောက်၍၊ ငါ အား အပ်ပေး တော်မူသော ဘုရားသခင် ၏ သာသနာ တော်နှင့်အညီ ၊ ငါ သည် အသင်းတော်၌ ဓမ္မဆရာ ၏ အဖြစ်သို့ရောက်ရပြီ။။။ ၂၇ တပါး အမျိုးသားတို့တွင် ဤ နက်နဲ သောအရာနှင့်ဆိုင်သောမဟာ စည်းစိမ်ကား၊ အဘယ်မျှလောက်ကြီး သည်ကို သန့်ရှင်း သူတို့သည် သိ စေခြင်းငှာ၊ ဘုရားသခင် အလိုရှိ တော်မူ၏။ ထို စည်းစိမ်ကား၊ ဘုန်း အသရေကို မြော်လင့် ခြင်းအကြောင်းတည်းဟူသောသင် တို့အထဲ ၌ တည် တော်မူသော ခရစ်တော် ပေတည်း။။။ ၂၈ ခရစ်တော် အားဖြင့် လူ တိုင်း စုံလင် ခြင်းသို့ ရောက် ၍ လူ ခပ်သိမ်း တို့ကို ဆက်သအံ့သောငှာ၊ ငါ တို့သည် လူ ခပ်သိမ်း တို့ကို သတိပေး ၍ ပညာ အမျိုးမျိုး နှင့် ဆုံးမ သွန်သင်လျက် ခရစ်တော်၏တရားကို ဟောပြော ကြ၏။။။ ၂၉ ထိုသို့ အလိုငှာ ငါသည် အမှုဆောင်ရွက် ၍၊ ငါ ၌ တန်ခိုး တော် ပြုပြင်အားထုတ် တော်မူသည်အတိုင်း ကြိုးစား အားထုတ်လေ့ရှိ၏။

J သင် တို့နှင့် လောဒိကိ မြို့သူမြို့သား တို့မှစ၍ ၊ ငါ့ မျက်နှာ ကို မ မြင် ဘူးသောသူ ရှိသမျှ တို့သည်။ ၂ မေတ္တာ ချင်းထုံးဖွဲ့ ၍၊ ခမည်းတော်ဘုရား နှင့် ခရစ်တော် ၏ နက်နဲ သောအရာကို နားလည် နိုင်သော ဝိစိကိစ္ဆာ နှင့် ကင်းစင်သော ဉာဏ် ၏စည်းစိမ် အပေါင်း နှင့် ပြည့်စုံ၍၊ စိတ်နှလုံး သက်သာ စေမည်အကြောင်း အဘယ်မျှလောက် ကြီးသော တိုက်လှန် ခြင်းကို ငါခံရ သည်ဟု သင် တို့သိ စေခြင်းငှာငါအလိုရှိ ၏။ ၃ ထိုနက်နဲ သောအရာ၌ ပညာ ဘဏ္ဍာ ၊ ဉာဏ် ဘဏ္ဍာရှိသမျှ တို့သည် ဝှက်ထား လျက် ရှိ ကြ၏။ ၄ အဘယ် မည်သောသူမျှ ဖြားယောင်း သောစကားအားဖြင့် သင်

တို့ကို မလှည့်ဖြား စေခြင်းငှာ ၊ စကားကို ငါ ပြောဆို၏။ ၅ ငါသည် ကိုယ်ခန္ဓာ အားဖြင့် သင်တို့နှင့် ကွာ၍ နေသော်လည်း ၊ စိတ်ဝိညာဉ် အားဖြင့် သင် တို့နှင့်အတူ ရှိ သည်ဖြစ်၍၊ သင် တို့သည် လျောက်ပတ် စွာ စီရင်ပြုပြင်တတ်သည်ကိုငင်း ၊ ခရစ်တော် ၌ ခိုင်ခံ့ စွာ ယုံကြည် သည် ကိုငင်း မြင် လျှင် ဝမ်းမြောက်ခြင်း ရှိ၏။ ၆ ထို့ကြောင့် သင်တို့သည် သခင် ယေရှု ခရစ် ကို ခံယူ ပြီးသည်ဖြစ်၍၊ ထိုသခင် ၌ စိုက်ပျိုး ခြင်း၊ တည်ဆောက် ခြင်း ရှိလျက် ၊ နည်းဥပဒေသကို ခံပြီးသည်အတိုင်း ယုံကြည် ခြင်း၌ မြဲမြံ စွာစွဲလမ်းလျက် ၊ ၇ ကျေးဇူး တော်ကို ချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်း တိုးပွား ပြည့်စုံလျက်၊ ထိုသခင် ၌ ကျင်လည် ကြလော့။ ၈ ခရစ်တော် ၏တရား ကို မ လိုက်၊ လူ အဆက်ဆက်ခံသော နည်း ဥပဒေသနှင့် လောကီ တရားနုကို လိုက် ၍၊ လောကီပညာ နှင့် အချည်းနှီး သောပရိယာယ် အားဖြင့် သင် တို့ကို အဘယ်သူ မျှမလုယူမဖျက်ဆီး စေခြင်းငှာသတိပြု ကြလော့။ ၉ အကြောင်းမူကား ၊ ဘုရားသခင် ၏ ဧာတိအဖြစ်တော်၏ ပြည့်စုံ ခြင်းအပေါင်း သည် ခရစ်တော် ၌ ကိုယ် ထင်ရှား၍ ကျိန်းဝပ် တော်မူ၏။။။ ၁၀ အထွဋ်အမြတ် အာဏာစက် ရှိသမျှ ကို အုပ်စိုး တော်မူသော ထိုသခင် ၌ သင်တို့သည် စုံလင် ခြင်းရှိ ကြ၏။။။ ၁၁ ခရစ်တော် ၏ အရေဖျားလှီး ခြင်းအားဖြင့် ဧာတိ ပကတိအပြစ်၏ ကိုယ် ကိုပယ်ရှင်း ၍၊ လက် ဖြင့်မလုပ်သော အရေဖျားလှီး ခြင်းကို ထိုသခင် ၌ သင်တို့သည် ခံကြသည်ဖြစ်၍၊ ၁၂ ဗတ္တိဇံ အားဖြင့် ထိုသခင် နှင့်အတူသင်္ဂြိဟ ခြင်းကို ခံကြ၏။ ခရစ်တော် ကို သေ ခြင်းမှ ထမြောက် စေတော်မူသောဘုရားသခင် ၏ ပြုပြင်အားထုတ် တော်မူခြင်းကို ယုံကြည် သောအားဖြင့် ၊ ဗတ္တိဇံကိုခံ၍ ထိုသခင် နှင့်အတူ ထမြောက် ခြင်းသို့ ရောက်ကြ၏။။။ ၁၃ ဒုစရိုက် အပြစ်၌ ၎င်း၊ ဧာတိ ပကတိ၏ အရေဖျားလှီး ခြင်းကို မခံသောအဖြစ်၌ပင်း သေ လျက်ရှိ နေသော သင် တို့ကို ခရစ်တော် နှင့်အတူ အသက် ရှင်စေ၍၊ သင် တို့ အပြစ် ရှိသမျှ တို့ကို လွှတ် တော်မူ၏။။။ ၁၄ ငါ တို့နှင့်ဆန့်ကျင်ဘက် ဖြစ်သောဝိနည်း အထုံးအဖွဲ့ နှင့် စပ်ဆိုင်သောလက်မှတ်ကို ချေ ၍၊ လက်ဝါးကပ်တိုင် မှာ ရိုက် ထားလျက်၊ ငါ တို့စပ်ကြား ထဲက ပယ်ရှင်း တော်မူပြီ။။။ ၁၅ အထွဋ်အမြတ် ၊ အာဏာစက် များကို လုယူ လျှင် ၊ ထင်ရှား စွာ ထုတ်ပြ ၍လက်ဝါးကပ်တိုင် တော်အားဖြင့် အောင်ပွဲ ကို ခံတော်မူပြီ။။။ ၁၆ ထို့ကြောင့် စား သောက် ခြင်းအမှု၊ ပွဲ နေ့၊ လ ဆန်းနေ့၊ ဥပုသ်နေ့ တို့ကို စောင့်ခြင်းအမှုတွင် သင် တို့ကို အဘယ်သူ မျှ မ စစ်ကြော မစီရင်စေနှင့်။။။ ၁၇ ထို အရာတို့သည် နောက်ဖြစ်လတ္တံ့သော အရာတို့၏ အရိပ် ဖြစ် ကြ၏။ ကိုယ်မူကား ခရစ်တော် ၏ ကိုယ် ဖြစ်၏။။။ ၁၈ ဦးခေါင်း တော်ကို အမှီ မ ပြု၊ ဧာတိ ပကတိ၏ စိတ် နှလုံးအချည်းနှီး ထောင်လွှား လျက်၊ မိမိ မသိ မမြင် သောအရာ ကို စူးစမ်း လျက်၊ စိတ် နှိမ့်ချခြင်း၌ ၎င်း၊ ကောင်းကင် တမန်ကို ကိုးကွယ် ခြင်း၌ ၎င်း မွေ့လျော် သောသူ တစ်စုံတစ်ယောက်မျှ သင် တို့ဆု ကို မ လုမယူစေနှင့်။။။ ၁၉ ဦးခေါင်း တော်မှ တစ်ကိုယ် လုံး သည် အဆစ် အပိုင်းအထုံးအဖွဲ့ များအားဖြင့် ၊ အားဖြည့် ၍ ထုံးဖွဲ့ လျက်၊ ဘုရားသခင် ၏ အလိုတော်နှင့်အညီ ကြီးပွား တတ်၏။။။ ၂၀ သင်တို့သည် ခရစ်တော် နှင့်အတူ သေ ၍ ၊ လောကီ တရားနု မှ စုတေ့ကြသည်မှန်လျှင်၊ ၂၁ မ တို့ နှင့်၊ မ မြည်း နှင့်၊ မ ကိုင် နှင့်ဟူသော ပညတ်စကားကို လောကီ အသက် ရှင်သေးသကဲ့သို့ ၊ အဘယ်ကြောင့် နားထောင်ကြသနည်း။။။ ၂၂ လူ တို့၏ ပညတ် ဩဝါဒ အတိုင်း စောင့်ရှောက် သော ထိုပညတ်ရှိသမျှ တို့သည် ပုပ်ပျက် စေခြင်းအကြောင်း ဖြစ် ကြ၏။။။

၂၃ ထိုသို့သောပညတ် တို့သည် ကိုယ် အသားကို ဝပြောစွာ ကျွေးမွေးခြင်းနှင့်မဆိုင်၊ ကိုယ်အလိုအလျောက်ကိုးကွယ်ခြင်း၊ စိတ် နှိမ့်ချခြင်း၊ ကိုယ် ကာယကို နှိပ်စက် ခြင်းနှင့်ဆိုင်၍ ၊ ပညာရှိ ယောင်ဆောင်ကြ၏။

၃ အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော် နှင့်အတူထမြောက် ကြသည်မှန်လျှင် ၊ ဘုရားသခင် ၏ လက်ျာ တော်ဘက်မှာ ခရစ်တော် သည် ထိုင် နေ တော်မူရာအရပ် ၌ရှိ သော အထက် အရာ တို့ကိုရှာ ကြလော့။ ၂ မြေကြီး ပေါ်မှာ ရှိသောအရာ တို့ကို စွဲလမ်းသောစိတ်မ ရှိကြနှင့်။ အထက် အရာ တို့ကိုသာစိတ် စွဲလမ်းခြင်း ရှိကြလော့။ ၃ အကြောင်းမူကား ၊ သင်တို့သည် သေ သောသူ ဖြစ်၍သင် တို့အသက် သည် ခရစ်တော် နှင့်အတူ ဘုရားသခင် ၌ ဝှက်ထား လျက်ရှိ၏။ ၄ ငါ တို့အသက် တည်းဟူသောခရစ်တော် သည် ထင်ရှား တော်မူသောအခါ ၊ ငါ တို့သည်လည်း ထိုသခင် နှင့်အတူ ဘုန်းကြီး ၍ ထင်ရှား ကြလတံ့။ ၅ ထိုကြောင့် မတရား သော မေထုန်၌မှီဝဲခြင်း၊ ညစ်ညူး စွာကျင့်ခြင်း၊ ကိလေသာ ပူပန်ခြင်း၊ ဆိုးညစ် သော တပ်မက် ခြင်း၊ ရုပ်တု ကိုကိုးကွယ်ခြင်းဖြစ်သောလောဘ လွန်ကျူးခြင်းတည်းဟူသော ၊ မြေကြီး ပေါ်မှာ ရှိသောသင်တို့၏ ကိုယ်အင်္ဂါတို့ကို သေ စေကြလော့။ ၆ ထိုအမှု များကြောင့် ဘုရားသခင် ၏ အမျက် တော်သည် ငြင်းဆန် သော သူတို့အပေါ် ၌သင့်ရောက် ပေ၏။ ၇ ထိုသူ တို့နှင့် သင် တို့သည်လည်း အထက် က ပေါင်းဖော် သောအခါ ၊ ထို အမှုများ၌ ကျင်လည် ကြ၏။ ၈ ယခု မူကား ၊ ထိုအမှုအလုံးစုံ တို့ကိုဎင်း၊ အမျက်ထွက် ခြင်း၊ စိတ်ဆိုး ခြင်း၊ မနာလို ခြင်း၊ သူ့ အသရေ ပျက်အောင် ပြောဆိုခြင်း၊ ညစ်ညူး သော စကားကို သုံးခြင်းတို့ကိုဎင်း၊ သင် တို့နှုတ် မှ ပယ်ရှင်း ကြလော့။ ၉ အချင်းချင်း မုသာ စကားကို မ ပြောမသုံးကြနှင့်။ အကြောင်းမူကား၊ သင်တို့သည် လူ ဟောင်း ၏ အကျင့် တို့ နှင့် လူဟောင်း ၏ ကိုယ်ကို ချွန်ပယ်၍၊ ၁၀ ဖန်ဆင်း တော်မူသောသူ ၏ ပုံ သဏ္ဌာန်နှင့်အညီ ၊ မှန်သောပညာ အားဖြင့် အသစ် ပြုပြင်သော လူသစ် ကို ယူတင်ဝတ်ဆောင် သောသူ ဖြစ်ကြ၏။။။ ၁၁ ထို ဖန်ဆင်းပြုပြင်တော်မူရာ၌ ဟေလသ လူမ ရှိ ၊ ယုဒ လူမရှိ၊ အရေဖျားလှီး မင်္ဂလာခံခြင်းမရှိ၊ မခံခြင်းမရှိ၊ လူရိုင်း မရှိ၊ သကုသိ လူမရှိ၊ ကျွန် မရှိ၊ လူ လွတ်မရှိ၊ ခရစ်တော် သည် အလုံးစုံ တို့ ၌ အလုံးစုံ ဖြစ်တော်မူ၏။။။ ၁၂ ထို့ကြောင့် သင်တို့သည် ဘုရားသခင် ရွေးကောက် သောသူ၊ သန့်ရှင်း သောသူ၊ ချစ် အပ်သောသူ ကဲ့သို့ ၊ သနားစုံမက် ခြင်း၊ ကျေးဇူး ပြုခြင်း၊ စိတ် နှိမ့်ချခြင်း၊ နူးညံ့ သိမ်မွေ့ခြင်း၊ စိတ်ရှည် ခြင်းတို့ကို ယူတင်ဝတ်ဆောင် ကြလော့။။။ ၁၃ တစ်ယောက် ၌ တစ်ယောက် အပြစ်တင် စရာအခွင့် ရှိ လျှင် ၊ အချင်းချင်း သည်းခံ၍ အပြစ်ကိုလွှတ် ကြလော့။ ခရစ်တော် သည် သင် တို့၏အပြစ်ကို လွှတ် တော်မူသကဲ့သို့ ၊ ထိုနည်းတူ ပြုကြလော့။။။ ၁၄ စုံလင် ခြင်းအဖွဲ့အစည်း တည်းဟူသော ချစ် ခြင်းမေတ္တာကို ထပ်၍ယူတင်ဝတ်ဆောင်ကြလော့။။။ ၁၅ သင် တို့စိတ်နှလုံးအထဲ ၌ ခရစ်တော် ၏ ငြိမ်သက် ခြင်းအုပ်စိုး စေ။ ထိုသို့အလိုဎာ သင် တို့သည် တစ် လုံးတစ်ကိုယ် တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည် ဖြစ်၍၊ ကျေးဇူး တော်ကို သိသောစိတ်ရှိ ကြလော့။။။ ၁၆ ခရစ်တော် ၏ နှုတ်ကပတ်တရားသည် ပညာ အမျိုးမျိုး နှင့် သင် တို့အထဲ ၌ ကြွယ်ဝ စွာ တည်နေ ၍ သင်တို့သည် ဆာလံ သီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးအားဖြင့် ၊ အချင်းချင်း တို့ကို ဆုံးမ သွန်သင် ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညွတ် သောစိတ်နှလုံးနှင့်

ဘုရားသခင် ရှေ့တော်၌ တင့်တယ် လျောက်ပတ်စွာ သီချင်း ဆို ကြလော့။။ ၁၇ စကား ပြောသော်၎င်း ၊ အမှုဆောင်ရွက်သော်၎င်း၊ သခင် ယေရှု ၏ နာမ တော်ကို ထောက်၍ ခပ်သိမ်း သောအမှုတို့ကို ပြုမူ လျက် ၊ ကျေးဇူး တော်ကြီးလှပါ၏ဟု ထိုသခင် ကို အမှီပြု ၍ ခမည်းတော် ဘုရားသခင် ရှေ့၌ ဝန်ခံကြလော့။။ ၁၈ အချင်းမိန်းမ တို့၊ သခင် ဘုရား၌ လျောက်ပတ် သည်အတိုင်း ၊ ကိုယ် ခင်ပွန်း ၏ အုပ်စိုးခြင်းကို ဝန်ခံ ကြ လော့။။ ၁၉ အချင်းယောကျ်ား တို့၊ ကိုယ် ခင်ပွန်း ကို ချစ် ကြလော့။ ကြမ်းတမ်း စွာမ ပြုကြနှင့်။။ ၂၀ သားသမီး တို့၊ မိဘ စကားကို အရာရာ ၌ နားထောင် ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် သခင် ဘုရားနှစ်သက် တော်မူသော အမှုဖြစ် ၏။။။ ၂၁ အဘ တို့၊ ကိုယ် သားသမီး ကို စိတ်ဆိုး စေခြင်းငှာ မ ပြုကြနှင့်။ ထိုသို့ပြုလျှင်၊ သူတို့သည် အားလျော့ စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။။ ၂၂ အစေခံကျွန် တို့၊ သခင် ဘုရားကို ကြောက်ရွံ့လျက်၊ သူ တို့၏စိတ်ကို နူးညွတ်စေသောသူကဲ့သို့ ၊ မျက်မှောက် ၌သာ နားထောင်သည်မ ဟုတ်၊ စိတ် နှစ်ခွ မရှိဘဲ၊ လောကီ သခင် ၏စကားကို အရာရာ ၌ နားထောင် ကြလော့။။။ ၂၃ လူ ၏အမှုကိုသာ ဆောင်ရွက်သကဲ့သို့မ ဟုတ်၊ သခင် ဘုရား၏ အမှုတော်ကို ဆောင်ရွက်သကဲ့သို့ ၊ ပြု လေသမျှ တို့ ၌ စေတနာစိတ် နှင့် ပြု ကြလော့။။။ ၂၄ သင်တို့သည် သခင် ခရစ်တော် ၏ အစေ ကို ခံကြသည်ဖြစ်၍၊ အမွေ တော်တည်းဟူသောအကျိုး ကို၊ ထို သခင်ဘုရား၏ လက်တော်မှ ခံရ လိမ့်မည်ဟု သိမှတ် ကြလော့။။။ ၂၅ မတရား သောအမှုကို ပြုသောအမှုမည်သည်ကား၊ မိမိ ပြုသောအမှု၏ အကျိုးအပြစ်ကို ခံရ လိမ့်မည်။ အဘယ်သူ ၏ မျက်နှာ ကို မှတ်တော်မ မူ။

၄ သခင် တို့၊ သင် တို့၏သခင် သည် ကောင်းကင် ဘုံ၌ ရှိ တော်မူသည်ကို သိမှတ် ၍၊ ဖြောင့်မတ် ခြင်းတရား၊ မျှ ခြင်းတရားနှင့်အညီကိုယ်ကျွန် တို့ကို ပြု ကြလော့။ ၂ ဆုတောင်း ပဌနာပြုခြင်းအမှုကို အမြဲ ပြု၍၊ ကျေးဇူး တော်ကို ချီးမွမ်းလျက် စောင့်ရှောက် ကြလော့။ ၃ ငါသည် ခရစ်တော် ၏ နက်နဲ သောအရာကြောင့် အချည်အနှောင် ခံရသည်ဖြစ်၍။ ၄ ထိုနက်နဲသောအရာကို ဟောပြောခြင်းငှာ၊ ဘုရားသခင် သည် တရား ဟောရာတံခါး ကို ငါ တို့အား ဖွင့် တော်မူမည်အကြောင်း ကိုၵင်း၊ ထို နက်နဲသောအရာကို ဟောပြော အပ်သည်နှင့်အညီ ငါ ဘော်ပြ မည် အကြောင်း ကိုၵင်း၊ ငါ တို့အဘို့ လည်း ဆုတောင်း ကြလော့။ ၅ ပြင်ပ လူ တို့၏ မျက်နှာကိုထောက်လျက်၊ ပညာ နှင့် ကျင့်ဆောင် ၍ ကာလ အချိန်ကို ရွေးနှုတ် ကြလော့။ ၆ လူ အသီးအသီးတို့အား အဘယ်သို့ ပြန်ပြော ရမည်ကိုသိ နိုင်မည်အကြောင်း ၊ သင် တို့စကား သည် ဆား အားဖြင့်ငန်သော အရသာ နှင့် ပြည့်စုံ လျက်၊ အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ။ ၇ သခင် ဘုရား၌ သစ္စာရှိ သောဆရာ ၊ ငါတို့ကျွန်ချင်း တည်းဟူသော၊ ငါချစ် သောညီ တုခိတ် သည် ငါ ၏ အကြောင်း အရာရှိသမျှ ကို သင် တို့အား ဘော်ပြ လိမ့်မည်။ ၈ သူသည် သင်တို့၏အကြောင်း အရာများကို သိ ၍၊ သင် တို့စိတ် နှလုံးကို သက်သာ စေခြင်းငှာ ၊ ထိုသူ ကိုၵင်း ၊ သင် တို့အထဲ ကဖြစ် ၍ သစ္စာရှိ သော ငါချစ် သောညီ ဩနေသိမ် ကိုၵင်း၊ သင် တို့ဆီသို့ ငါစေလွှတ် ၏။ ၉ သူတို့သည် ဤမြို့၌ဖြစ်သမျှ သော အကြောင်း အရာကို သင် တို့အား ဖော်ပြ ကြလိမ့်မည်။။ ၁၀ ငါ နှင့်အတူအကျဉ်း ခံရသောသူ အာရိတ္တာခု ၊ ဗာနဗ ၏ တူ မာကု ၊ ယုတ္တု ဟုခေါ်ဝေါ် သော

ယေရှု တို့ သည် သင် တို့ကို နှုတ်ဆက် ကြ၏။ မာကု အတွက် သင်တို့ကို ငါမှာ လိုက်ခဲ့ပြီ။ သူ သည် သင် တို့ဆီသို့ ရောက်လာ လျှင် လက်ခံ ကြလော့။။ ၁၁ အရေဖျားလှီး ခြင်းကိုခံသော သူ တို့တွင် ဤသူ တို့သာ ဘုရားသခင် ၏နိုင်ငံ တော်အဘို့ ငါနှင့်အတူ အမှုဆောင်သောသူဖြစ် ၍၊ ငါ့ စိတ်ကို သက်သာ စေ ကြ၏။။။ ၁၂ သင် တို့အထဲ ကဖြစ် သောခရစ်တော် ၏ကျွန် ဧပဖြ သည် သင် တို့ကို နှုတ်ဆက် ၏။ သင်တို့သည် စုံလင် လျက် ၊ ဘုရားသခင် ၏ အလို တော်ကို အကုန်အစင်လေ့ကျက်လျက် တည်ကြည် မည်အကြောင်း သူသည် သင် တို့အဘို့ ကာလအစဉ် ကြိုးစား ၍ ဆုတောင်း တတ်၏။။။ ၁၃ သင် တို့မှစ၍ လောဒိကိ မြို့နှင့် ဟေရပေါလိ မြို့၌ ရှိသော သူ တို့အဘို့ သူ သည် အလွန် စေတနာစိတ် အားကြီးသည်ဟု ငါသည် သူ၏သက်သေ ဖြစ်၏။။။ ၁၄ ငါချစ် သော ဆေးသမား လုကာ နှင့် ဒေမ သည် သင် တို့ကို နှုတ်ဆက် ကြ၏။။။ ၁၅ လောဒိကိ မြို့၌ ရှိသော ညီအစ်ကို တို့ကိုလည်း ၊ နှံဖ မှစ၍ သူ၏အိမ် ၌ ရှိသော အသင်းတော် ကိုလည်း နှုတ်ဆက် ကြလော့။။။ ၁၆ ဤစာ ကို သင် တို့သည် ဘတ် ပြီးမှ လောဒိကိ မြို့ အသင်းတော် ကို ဘတ် စေကြလော့။ ထိုမြို့မှရသောစာကိုလည်း သင် တို့ဘတ် ကြလော့။။။ ၁၇ အာခိပ္ပု ကိုလည်း ၊ သင်သည် သခင် ဘုရား၏ လက်တော်မှ ခံရ ပြီးသော ဓမ္မဆရာ ၏အမှုအရာကို ပြည့်စုံ ခြင်းငှာ သတိပြု ပါဟု ပြော ကြလော့။။။ ၁၈ ငါပေါလု သည်သင်တို့အား နှုတ်ဆက် သောအချက်ကို ကိုယ် လက် ဖြင့် ရေးထား၏။ ငါ ခံရသော ချည်နှောင် ခြင်းကို အောက်မေ့ ကြလော့။ သင် တို့ ၌ ကျေးဇူး တော်ရှိစေသတည်း ။ အာမင်။

၁ ပေါလု ၊ သိလွာနု ၊ တိမောသေ တို့သည် ခမည်းတော် ဘုရား နှင့် သခင် ယေရှု ခရစ် ၌ တည်ရှိသော သက်သာလောနိတ် မြို့သား အသင်းတော် ကို ကြား လိုက်ပါ ၏။ သခင် ယေရှု ခရစ် နှင့် ငါတို့ အဘ တည်း ဟူသော ဘုရား သခင့် အထံ တော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါ စေ သော။ ၂ ငါ တို့အဘ တည်းဟူသောဘုရားသခင့် ရှေ့ တော်၌၊ သင် တို့သည် ယုံကြည် သောစိတ်နှင့် အကျင့် ကို ကျင့် ခြင်း၊ ချစ် သော စိတ်နှင့် ကြိုးစား အားထုတ်ခြင်း၊ ၃ ငါ တို့သခင် ယေရှု ခရစ် ကို မြော်လင့် သော စိတ် နှင့် တည်ကြည် ခြင်းတို့ကို ငါ တို့သည် အစဉ်မပြတ် အောက်မေ့ လျက်၊ ဘုရား သခင် ချစ် တော်မူသော ညီအစ်ကို တို့၊ သင် တို့ခံရသော ရွေးကောက် တော်မူခြင်းကို သိ လျက်၊ သင် တို့အပေါင်း ကို အကြောင်း ပြုသဖြင့်၊ ၄ ဘုရားသခင် ၏ ကျေးဇူး တော်ကို ကာလအစဉ် ချီးမွမ်း၍၊ သင်တို့အဘို့ အလိုငှာ ဆုတောင်း ပဌနာပြု လျက် နေကြ၏။ ၅ ငါတို့သည် သင် တို့နှင့်အတူ နေသောအခါ သင် တို့အတွက် အဘယ်သို့ သော သူဖြစ် သည်ကို သင်တို့သိ ကြသည်နှင့်အညီ ၊ ငါ တို့ဟောပြောသော ဧဝံဂေလိ တရားသည်၊ သင် တို့ ၌ စကား သက်သက် ဖြစ်သည် မ ဟုတ်။ တန်ခိုး နှင့်ဂုဏ် ၊ သန့်ရှင်း သောဝိညာဉ် တော်နှင့် ဂုဏ်၊ ဝိစိကိစ္ဆာ မရှိဘဲ အမှန်သိခြင်းနှင့်ဂုဏ် ပြည့်စုံ သော တရားဖြစ်၏။ ၆ သင် တို့သည် ကြီးစွာ သောဆင်းရဲ ခြင်းကို ခံရသော်လည်း၊ သန့်ရှင်း သော ဝိညာဉ် တော်နှင့်ဆိုင်သော ဝမ်းမြောက် ခြင်းနှင့်တကွ နှုတ်ကပတ် တရားတော်ကို ခံယူ ၍၊ ငါ တို့ကဲ့သို့သောသူ၊ သခင် ဘုရား ကဲ့သို့ သော သူဖြစ် ကြ၏။ ၇ သို့ ဖြစ်၍ ၊ မာကေဒေါနိ ပြည်၊ အခါယ ပြည်၌ ယုံကြည် သော သူ အပေါင်း တို့အား သင် တို့သည် ပုံ သက်သေပေးသောသူ ဖြစ် ကြ၏။ ၈ အဘယ်သို့ နည်းဟူမူကား၊ သင် တို့ထံက ၊ သခင် ဘုရား၏ နှုတ်ကပတ် တရားတော်အသံ သည်၊ မာကေဒေါနိ ပြည်၊ အခါယ ပြည်၌ ကျော်စောသည်သာမက ၊ ဘုရားသခင် ကို သင် တို့ ယုံကြည် ခြင်း၏ သိတင်းသည် အရပ်ရပ် တို့ ၌ နှံ့ပြား လေ၏။ သို့ ဖြစ်၍ ငါ တို့သည် တစ်စုံတစ်ခု ကိုမျှ ပြော စရာအကြောင်း မ ရှိ ။ ၉ ငါ တို့သည် သင် တို့အထဲ သို့ အဘယ်သို့ ဝင် ကြသည် အကြောင်း အရာကို သူတို့သည် ကိုယ်တိုင် ကြားပြော ကြ၏။ အသက် နှင့် ပြည့်စုံလျက် မှန် တော်မူသော ဘုရားသခင် ၏ အမှု တော်ကို သင်တို့သည် ဆောင်ခြင်းဌာဂုဏ် ၊ ၁၀ ရောက် လတံ့သော ဘေးဒဏ် မှ ငါ တို့ကို ကယ်နှုတ် သော သခင်ယေရှု တည်းဟူသောသေ ခြင်းမှ ဘုရားသခင်ထမြောက် စေတော်မူသောသား တော်သည် ကောင်းကင် ဘုံမှ ကြွလာတော်မူမည် အရာကို ငံ့လင့် ခြင်းဌာဂုဏ်း၊ ရုပ်တု ဆင်းတုတို့ကို ပစ်ပယ်၍၊ ဘုရားသခင့် အထံ တော်သို့ ပြောင်းလဲ ကြသည် အကြောင်းအရာ ကိုလည်း ကြားပြောကြ၏။

၂ ညီအစ်ကို တို့၊ ငါ တို့သည် သင် တို့အထဲ သို့ဝင် ခြင်းအမှုသည် အချည်းနှီး မ ဖြစ် ကြောင်း ကို သင်တို့သည် ကိုယ်တိုင် သိ ကြ၏။ ၂ သင်တို့သိ ကြသည်နှင့်အညီ ၊ ငါ တို့သည် ဖိလိပ္ပိ မြို့၌ ဆင်းရဲ ခြင်းနှင့် ညှဉ်းဆဲ ခြင်းကို ခံပြီးမှ၊ ဘုရားသခင် ကို အမှီပြု ၍ ကြီးစွာ သော တိုက်လှန် ခြင်းနှင့်တကွ ၊ ဘုရားသခင် ၏ ဧဝံဂေလိ တရားကို

သင် တို့အား ရဲရင့် စွာ ဟောပြော ကြ၏။ ၃ ငါ တို့သည် မှားယွင်း ခြင်း၊ ညစ်ညူး ခြင်း၊ လှည့်ဖြား ခြင်းအားဖြင့် သင်တို့ကို တိုက်တွန်း သွေးဆောင်ကြသည်မ ဟုတ်။ ၄ ဧဝံဂေလိ တရားကို စောင့် ထိုက်သောသူဟု ငါတို့ကို ဘုရားသခင် လက်ခံ တော်မူသည်နှင့်အညီ ၊ လူ ကို နှစ်သက် စေသကဲ့သို့ မ ဟုတ်၊ ငါ တို့စိတ် နှလုံးကို စစ်ကြော စုံစမ်းတော်မူသော ဘုရားသခင် ကို နှစ်သက်စေသကဲ့သို့ဟောပြော ကြ၏။ ၅ အဘယ်သို့ နည်းဟူမူကား၊ သင်တို့သိ ကြသည်နှင့်အညီ ၊ ငါတို့သည် ချော့မော့ သောစကား ကို တခါမျှ မ သုံး ၊ ဝှက်ထား သောလောဘ စိတ်အလျှင်းမ ရှိကြောင်းကို ဘုရားသခင် သည် ငါတို့သက်သေ ဖြစ်တော်မူ၏။ ၆ ထိုမှတစ်ပါး၊ ခရစ်တော် ၏တမန်တော် ဖြစ် ၍၊ လေး သောဝန်ကို တင်ပိုင်သော်လည်း၊ လူ ပေးသော ဘုန်း အသရေကို သင် တို့တွင် မ ရှာ ၊ အခြား သူတို့တွင် လည်း မ ရှာဘဲ၊ ၇ သင်တို့တွင် ဖြည်းညှင်းစွာပြုကြ၏။ သင် တို့ကို ချစ်သောကြောင့်နို့ထိန်းသည် မိမိ သူငယ် ကို ကျွေးမွေးပြုစု သကဲ့သို့ ၊ ၈ ငါ တို့သည် သင် တို့ကို နှမြောစုံမက်ခြင်းနှင့်တကွ၊ ဘုရားသခင် ၏ ဧဝံဂေလိ တရားကိုမျှ မက၊ ကိုယ် အသက် ကို ပင်ပေး ချင်သော စေတနာ စိတ်ရှိကြ၏။ ၉ ညီအစ်ကို တို့၊ ငါ တို့သည် ပင်ပန်း စွာလုပ်ဆောင် ၍ ကြိုးစားအားထုတ်ကြောင်း ကို သင်တို့မှတ်မိ ကြ၏။ သင် တို့တွင် တစ်ယောက် ကိုမျှ မ နှောင့်ရှက် ခြင်းငှာ၊ ငါတို့သည် နေ့ ည၌ လုပ်ဆောင် လျက်၊ ဘုရားသခင် ၏ ဧဝံဂေလိ တရားကို သင် တို့အား ဟောပြော ကြ၏။ ၁၀ မိမိ နိုင်ငံ တော်နှင့် ဘုန်း တော်ထဲသို့ ၊ သင် တို့ကို ခေါ်သွင်း တော်မူသော ဘုရားသခင် နှင့် အထိုက်အလျောက် သင် တို့သည် ကျင့်ဆောင် စေခြင်းငှာ၊ ၁၁ ဘ သည် မိမိ သား တို့ကို ပြုသကဲ့သို့ ငါတို့သည် သင် တို့ရှိသမျှ ကို အဘယ်သို့ တိုက်တွန်း သွေးဆောင်၍ မှာထားသည်ကို သင်တို့သိ ကြသည်နှင့်အညီ ၊ ယုံကြည် ခြင်းသို့ရောက်သော သင် တို့တွင် ငါတို့သည် အဘယ်သို့ သန့်ရှင်း ဖြောင့်မတ် လျက် ၊ အပြစ်တင် ခွင့်နှင့် ကင်းလွတ်လျက် နေ ကြသည်ကို သင် တို့သည် သက်သေ ဖြစ်ကြ၏။ ၁၂ ဘုရားသခင် သည်လည်း သက်သေ ဖြစ်တော်မူ၏။ ၁၃ ငါ တို့ဟောပြော သော ဘုရားသခင် ၏ နှုတ်ကပတ် တရားကို သင်တို့သည် ခံယူ ကြသောအခါ ၊ လူ ၏ နှုတ်ထွက်စကား ကို မခံမယူဘဲ၊ ဘုရားသခင် ၏ နှုတ်ကပတ် တော်အမှန် ဖြစ် သည်နှင့်အညီ ၊ ယုံကြည် ခြင်း သို့ရောက်သော သင် တို့အထဲ ၌ ပြုပြင်သော ဘုရားသခင် ၏ နှုတ်ကပတ်တရားကို ခံယူ ကြသည် အကြောင်း အရာကို ငါ တို့သည် အစဉ်မပြတ် ချီးမွမ်း ကြ၏။ ၁၄ အဘယ်သို့နည်းဟူမူကား၊ ယုဒ ပြည်၌ ယေရှု ခရစ် ၏ဘာသာကို ခံယူသော ဘုရားသခင် ၏ သင်းဝင်သူ တို့သည် ယုဒ လူတို့လက်မှ ဆင်းရဲ ခံရသကဲ့သို့ ၊ ညီအစ်ကို တို့၊ သင် တို့သည် မိမိ တို့ အမျိုးသား ချင်းတို့ လက်မှ ထိုနည်းတူ ခံရသောအားဖြင့် ၊ ယုဒပြည်၌ရှိ သောတပည့်တော်ကဲ့သို့သောသူ ဖြစ် ကြ၏။ ၁၅ ယုဒလူတို့သည် သခင် ယေရှု မှစ၍ ပရောဖက် များကို အသေသတ် ကြပြီ။ ငါ တို့ကိုလည်း ညှဉ်းဆဲ ကြပြီ။ ဘုရားသခင် ၏ အလို တော် သို့မ လိုက်၊ ခပ်သိမ်း သောလူ တို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကြ၏။ ၁၆ တစ်ပါး အမျိုးသားတို့သည် ကယ်တင် ခြင်းသို့ ရောက်စေခြင်းငှာ ငါ တို့သည် ဟောပြော ကြသည်ကို သူတို့ သည် ဆီးတား ၍၊ မိမိ တို့အပြစ် ကို အစဉ် ပြည့်စုံ စေကြ၏။ သူ တို့အပေါ် ၌အမျက် တော်သည် အကုန်အစင် ရောက် ရ၏။ ၁၇ ညီအစ်ကို တို့၊ ငါ တို့သည် စိတ်

နှလုံးအားဖြင့်မ ဟုတ်၊ ကိုယ်အားဖြင့်သာ သင်တို့နှင့် ခဏ ကွာ သည်ရှိသော်၊ သင် တို့မျက်နှာ ကိုမြင် ခြင်းငှာ၊ အလွန် လွမ်း သော စိတ်နှင့် သာ၍ ကြိုးစား အားထုတ်ကြ၏။ ၁၈ ထိုကြောင့် ၊ ငါ ပေါလု သည်သင် တို့ရှိရာ သို့ လာ ခြင်းငှာ၊ နှစ်ကြိမ် မြောက်အောင် အလိုရှိ သော်လည်း ၊ စာတန် သည် ဆီးတား လေ၏။ ၁၉ ငါ တို့မြော်လင့် ခြင်းအကြောင်း၊ ဝမ်းမြောက် ခြင်းအကြောင်း၊ ဝါကြွား ခြင်း၏ ဦးရစ် သရဖူကား၊ အဘယ်သို့ သောအကြောင်းအရာနည်း။ ငါ တို့သခင် ယေရှု ခရစ် ကြွလာ တော်မူသောအခါ၊ ရှေ့ တော်၌ သင် တို့သည် ထိုသို့သောအကြောင်း အရာ ဖြစ်ကြသည် မ ဟုတ်လော။ ၂၀ သင် တို့သည် ငါ တို့၏ ဘုန်း အသရေ၊ ငါတို့၏ ဝမ်းမြောက် ခြင်းအကြောင်း ဖြစ် ကြသတည်း။

၃ ထိုကြောင့် ငါသည် တဖန်မ အောင့် နိုင်သောအခါ၊ အာသင် မြို့၌ တစ်ယောက်တည်း ကျန်ရစ် ၍ နေခြင်းငှာအလိုရှိ ၏။ ၂ ခရစ်တော် ၏ ဧဝံဂေလိ တရားကို ဟောပြော၍ ၊ ဘုရားသခင် ၏ အမှုတော်ကို လုပ်ဘော်ဆောင်ဘက် ဖြစ်သောငါ့ ညီ တိမောသေ ကို လွှတ် လိုက်၏။ ၃ ငါတို့ခံရသောဆင်းရဲ ခြင်းကြောင့် အဘယ်သူ မျှ မရွေ့လျော့ မည်အကြောင်း၊ သင် တို့ကိုမြဲမြံ စေ၍ ၊ ယုံကြည် ခြင်းအရာ ၌သင် တို့ကို တိုက်တွန်း နှိုးဆော်စေခြင်းငှာသူ့ကို ငါလွှတ်လိုက်၏။ ၄ ထိုဆင်းရဲ ခြင်းကို ခံစေမည်အကြောင်း ၊ ငါတို့ကို ခန့်ထား တော်မူသည်ဟု သင်တို့ကိုယ်တိုင် သိ ကြ၏။ အဘယ်သို့ နည်းဟူမူကား၊ ငါတို့သည် ဆင်းရဲခြင်းကို ခံရလိမ့်မည်ဟု သင် တို့နှင့်အတူ ရှိ စဉ်အခါငါတို့ပြော နှင့် ကြပြီ။ ထိုသို့ပြောသည်အတိုင်း ဖြစ် သည်ကို သင်တို့လည်း သိ ကြ၏။ ၅ စုံစမ်း သွေးဆောင်တတ်သောသူသည် သင် တို့ကို စုံစမ်း သွေးဆောင်သဖြင့် ၊ ငါ တို့ပင်ပန်း စွာ လုပ်ဆောင်ခြင်းအမှုသည် အချည်းနှီး ဖြစ် မည်ဟု စိုးရိမ်၍ မ အောင့် နိုင်သောအခါသင် တို့၏ ယုံကြည် ခြင်းကို သိ လိုသောဘုငါ စေလွှတ် ၏။ ၆ ယခု မူကား ၊ တိမောသေ သည် သင် တို့ထံက ပြန်လာ ၍၊ သင် တို့၏ ယုံကြည် ခြင်းနှင့် ချစ် ခြင်းတည် သည်ဟူ၍ငင်း၊ ငါ တို့သည် သင်တို့ကို လွမ်း သကဲ့သို့ သင် တို့သည် ငါ တို့ကို လွမ်း၍၊ အစဉ်မပြတ် ကောင်းမွန် စွာ အောက်မေ့ ကြသည်ဟူ၍ငင်း၊ ဝမ်းမြောက် စရာ သိတင်းကို ကြားပြောသည်ရှိ သော်၊ ၇ ညီအစ်ကို တို့၊ ငါ တို့သည် အရာရာ ၌ ဆင်းရဲ ၍ ခက်ခဲ စွာခံရသည်တွင်၊ သင် တို့၏ ယုံကြည် ခြင်းအားဖြင့် သက်သာ ခြင်းသို့ ရောက်ကြ၏။ ၈ ယခု မှာ သင် တို့သည် သခင် ဘုရား၌ တည်ကြည် လျှင် ၊ ငါ တို့သည် အသက်ရှင်ကြ၏။ ၉ ငါ တို့၏ ဘုရားသခင် ရှေ့၌ သင် တို့၏အကြောင်း ကြောင့် ငါတို့ခံရသော ဝမ်းမြောက် ခြင်းအပေါင်း ကို ထောက်၍၊ သင် တို့အကြောင်း ကြောင့် ဘုရားသခင် ၏ ကျေးဇူး တော်ကို အဘယ်သို့ ဆပ် နိုင် သနည်း။ ၁၀ သင် တို့မျက်နှာ ကိုမြင် ၍၊ သင် တို့ယုံကြည် ခြင်းလို သေးသမျှကို စုံလင် စေမည်အကြောင်း၊ ငါတို့သည် နေ့ ညဉ့် မပြတ်အလွန် တရာ ဆုတောင်း ပဌနာပြု၍ နေကြ၏။ ၁၁ သင် တို့ရှိရာ သို့ ငါ တို့သွားရာလမ်း ကို ငါ တို့အဘ တည်းဟူသောဘုရားသခင် နှင့် ငါ တို့သခင် ယေရှု ခရစ် သည် ပြင်ဆင် တော်မူပါစေသော။ ၁၂ ထိုသခင် သည် မိမိ သန့်ရှင်း သူ အပေါင်း တို့နှင့်အတူ ကြွလာ တော်မူသောအခါ ။ ၁၃ ငါ တို့အဘ တည်းဟူသောဘုရားသခင် ရှေ့မှာ အပြစ်တင် ခွင့်နှင့် ကင်းလွတ်သော သင် တို့၏ စိတ် နှလုံးကို ကိုယ်တော်သည် သန့်ရှင်း ခြင်းပါရမီ၌ မြဲမြဲ

ခိုင်ခံ့စိမ့်သောဌာဂါ တို့သည် သင် တို့ကို ချစ်သကဲ့သို့ သင်တို့သည် အချင်းချင်း ကိုင်း ၊ သူတစ်ပါးအပေါင်း တို့ကိုင်း ချစ်၍၊ ချစ် ခြင်းမေတ္တာနှင့် အထူးသဖြင့်ကြွယ်ဝ ပြည့်စုံမည်အကြောင်း သခင်ဘုရား ပြုတော်မူပါစေသော။

၄ ကြွင်း သေးသော စကားဟူမူကား ၊ ညီအစ်ကို တို့၊ သင် တို့သည် အဘယ်သို့ ကျင့် ရမည်၊ ဘုရားသခင် ကို အဘယ်သို့နှစ်သက် စေရမည်ကို ငါ တို့ထံ၌ နည်းခံ ကြသည်နှင့်အညီ တိုးပွား ၍ ကြွယ်ဝ ပြည့်စုံမည်အကြောင်း ၊ သခင် ယေရှု ကိုအမှီပြု လျက်၊ ငါတို့သည် တောင်းပန် ၍ တိုက်တွန်း သွေးဆောင်ကြ၏။ ၂ အဘယ်သို့ သော ပညတ်တို့ကို သခင် ယေရှု ၏အခွင့် တော်နှင့် ငါတို့သည်အပ်ပေး သည်ကို သင်တို့သိ ကြ ၏။ ၃ ဘုရားသခင် ၏ အလို တော်ဟူမူကား ၊ သင် တို့သည် မတရား သောမေထုန်ကို ကြဉ်ရှောင် ၍ သန့်ရှင်း စေခြင်းငှာထင်း၊ ၄ ဘုရားသခင် ကို မ သိ သော သာသနာပ လူတို့သည် ကိလေသာ တပ်မက် ခြင်းရှိသကဲ့သို့ မ ရှိ၊ ၅ သင် တို့အပေါင်းသည် သန့်ရှင်း ခြင်း၊ အသရေ တင့်တယ်ခြင်းနှင့် မိမိ ကိုယ်ကို မိမိထိန်း တက်စေခြင်းငှာထင်း၊ ၆ ဤ အမှုအရာ ၌ လွန်ကျူး ၍ ညီအစ်ကို ကို ပရိယာယ်အားဖြင့်မ ပြစ်မှား စေခြင်းငှာထင်း၊ အလိုတော် ရှိ၏။ ငါတို့သည် အထက် က ဟောပြော၍ သစ္စာ ပေးနှင့် သည်အတိုင်း ၊ သခင် ဘုရားသည် ထိုသို့သောပြစ်မှားခြင်းကိုခံသောသူအပေါင်း တို့ဘက်၌ တရား စီရင်တော်မူလိမ့်မည်။ ၇ ဘုရားသခင် သည် ညစ်ညူး စေခြင်းငှာငါ တို့ကို ခေါ်တော်မူသည်မ ဟုတ်၊ သန့်ရှင်း စေခြင်းငှာခေါ် တော်မူ၏။ ၈ ထိုကြောင့် ၊ ငါတို့ကိုငြင်းပယ် သောသူ သည် လူ ကိုသာငြင်းပယ် သည်မ ဟုတ်၊ ကိုယ်တော် ၏ သန့်ရှင်း သောဝိညာဉ် တော်ကို ငါ တို့အား ပေး တော်မူသော ဘုရားသခင် ကို ငြင်းပယ်၏။ ၉ ညီအစ်ကို ချင်း ချစ်ခြင်းအရာကို သင် တို့အား ရေး ၍ပေးလိုက်စရာအကြောင်း မ ရှိ ။ အဘယ်ကြောင့် နည်းဟူမူကား ၊ သင် တို့သည် အချင်းချင်း ချစ် စေခြင်းငှာ၊ ဘုရားသခင် ဆုံးမသွန်သင်တော်မူသော သူဖြစ် ကြ၏။ ၁၀ ထိုမျှမက၊ မာကေဒေါနိ ပြည်တွင် အရပ်ရပ် ၌ ရှိသော ညီအစ်ကို အပေါင်း တို့ကို ထိုသို့ပြု ကြ၏။ သို့သော်လည်း ၊ ညီအစ်ကို တို့၊ သင် တို့သည် တိုးပွား ၍ ကြွယ်ဝ ပြည့်စုံမည်အကြောင်းနှင့် ၊ ၁၁ ပြင်ပ လူ တို့ရှေ့ ၌ လျောက်ပတ် စွာကျင့် ၍ အဘယ် မျှမလို ရ အောင်၊ ၁၂ ငါတို့သည် အထက်က မှာထား သည်နှင့်အညီငြိမ်ဝပ် စွာနေ၍ ၊ ကိုယ် အမှုကိုဆောင်ရွက် လျက် ၊ ကိုယ် လက် နှင့် လုပ်ဆောင်ခြင်းငှာစေတနာစိတ်နှင့် ကြိုးစား အားထုတ်မည်အကြောင်းကို၊ ငါတို့သည် တိုက်တွန်းသွေးဆောင်ကြ၏။ ၁၃ ညီအစ်ကို တို့၊ မြော်လင့် ခြင်းမ ရှိ သော အခြား သူတို့သည် ဝမ်းနည်းသကဲ့သို့ ၊ သင် တို့သည် ဝမ်း မ နည်းမည်အကြောင်း ၊ အိပ်ပျော် သော သူ တို့၏ အမှုအရာ ကို မ သိဘဲနေစေခြင်းငှာငါ တို့အလိုမ ရှိ၊ ၁၄ ယေရှု သည် သေ ပြီးမှတဖန်ထမြောက် တော်မူသည်ကို ငါတို့သည် ယုံ လျှင် ၊ ထိုနည်းတူ ယေရှု ၌ အိပ်ပျော် သောသူ တို့ကိုလည်း ၊ ထိုသခင် နှင့်အတူ ဘုရားသခင် ပို့ဆောင် တော်မူလိမ့်မည်။ ၁၅ သခင် ဘုရား၏ ဗျာဒိတ် တော်အားဖြင့် တဖန် ငါတို့ဆို သည်ကား ၊ သခင် ဘုရား ကြွလာ တော်မူသောအခါ၊ အသက် ရှင်၍ ကျန်ကြွင်း သော ငါ တို့သည် အိပ်ပျော် ပြီးသော သူ တို့၏ အရင် အဦးနေရာ ကျရကြ မည်မ ဟုတ်။ ၁၆ သခင် ဘုရားသည် ကြွေးကြော် ခြင်း၊ ကောင်းကင် တမန်မင်းအသံ ပေးခြင်း၊ ဘုရားသခင် ၏ တံပိုး တော် ကို မှုတ်ခြင်းနှင့်တကွ ၊ ကောင်းကင်

ဘုံမှ ကိုယ်တိုင်ဆင်းသက် တော်မူ၍၊ ခရစ်တော် ၌ သေ လွန်သောသူ တို့သည် အဦး ထမြောက် ကြလိမ့်မည်။ ၁၇ ထိုအခါ အသက် ရှင်၍ ကျန်ကြွင်း သော ငါ တို့သည် အာကာသ ကောင်းကင်၌ သခင် ဘုရားထံတော်သို့ ရောက် စေခြင်းငှာ ၊ ထိုသူ တို့နှင့်တကွ မိုးတိမ် ပေါ် သို့ချီဆောင် ခြင်းကို ခံရသောအားဖြင့်သခင် ဘုရားနှင့်အတူ အစဉ်မပြတ် နေ ရကြလိမ့်မည်။ ၁၈ သို့ ဖြစ်၍ ၊ ဤ စကား များအားဖြင့် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သက်သာ စေကြလော့။

၅ ညီအစ်ကို တို့၊ ကပ်ကာလ အချိန် များကို သင်တို့အား ရေး ၍ ပေးလိုက်စရာအကြောင်း မ ရှိ။ ၂ အဘယ်ကြောင့် နည်းဟူမူကား၊ သူခိုး သည် ည၌ အခါလာသကဲ့သို့ ၊ သခင် ဘုရား၏ နေ့ရက် သည် လာ လိမ့်မည်ကို သင်တို့သည် သေချာ စွာသိ ကြ၏။ ၃ ငြိမ်ဝပ် ခြင်းရှိ၏၊ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏ဟု ဆိုစဉ်တွင်၊ ကိုယ်ဝန်ဆောင် သော မိန်းမ၌ သားဘွား ခြင်းဝေဒနာ ရောက် သကဲ့သို့ ၊ သူ တို့အပေါ် ၌ လျင်မြန် စွာသော ပျက်စီး ခြင်းရောက် ၍ လွတ် ခြင်းအခွင့် မ ရှိရကြ။ ၄ သို့သော်လည်း ၊ ညီအစ်ကို တို့၊ ထို နေ့ရက် သည် သူခိုး ကဲ့သို့ သင် တို့အပေါ် သို့ရောက်လာ မည် အကြောင်း၊ သင်တို့သည် မှောင်မိုက် ၌ နေ ကြသည်မ ဟုတ်။ ၅ သင် တို့အပေါင်း သည် အလင်း ၏သား ၊ နေ့ ၏သား ဖြစ် ကြ၏။ ည၌ ၏သား ၊ မှောင်မိုက် ၏သားမ ဟုတ်။ ၆ သို့ ဖြစ်၍ ၊ အခြား သော သူ တို့သည် အိပ်ပျော်သကဲ့သို့ ၊ ငါတို့သည် အိပ် မ ပျော်ဘဲ သမ္မာ သတိရှိ၍ စောင့် ကြကုန်အံ့။ ၇ အကြောင်းမူကား ၊ အိပ်ပျော် သော သူ တို့သည် ည၌ အခါ အိပ်ပျော် တတ်ကြ၏။ သေရည်သေရက်နှင့် ယစ်မူး သော သူ တို့သည်လည်း ည၌ အခါ ယစ်မူး တတ်ကြ၏။ ၈ နေ့ ၏သားဖြစ် သော ငါ တို့မူကား ၊ သမ္မာ သတိရှိကြကုန်အံ့။ ယုံကြည် ခြင်း၊ ချစ် ခြင်းတည်းဟူသောရင်အုပ် တန်ဆာကိုဝင်း ၊ ကယ်တင် ခြင်းသို့ ရောက်မည်ဟု မြော်လင့် ခြင်းတည်းဟူသောသံ ခမောက်လုံးကိုဝင်း ၊ ဝတ်ဆောင် ကြကုန်အံ့။ ၉ အမျက် တော်ကိုခံစေခြင်းငှာ ဘုရားသခင် သည် ငါ တို့ကို ခန့်ထား တော်မူသည်မ ဟုတ်။ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ကယ်တင် ခြင်းကို ပိုင်ရ စေခြင်းငှာ ခန့်ထားတော်မူ၏။ ၁၀ ငါတို့သည် နိုး လျက်ရှိသည်ဖြစ်စေ ၊ အိပ်ပျော် သည်ဖြစ်စေ ၊ ထိုသခင် နှင့်အတူ အသက် ရှင်မည် အကြောင်း ၊ ငါ တို့အဘို့ အသေခံ တော်မူပြီ။ ၁၁ ထိုကြောင့် ၊ သင်တို့သည်ယခုပင်ပြု သည်နည်းတူ ၊ အချင်းချင်း တိုက်တွန်း ၍ တစ်ယောက် ကိုတစ်ယောက် တည်ဆောက် ကြလော့။ ၁၂ ထိုမှတစ်ပါး၊ ညီအစ်ကို တို့၊ သင် တို့တွင် အမှုတော်ကိုဆောင်ရွက် ခြင်း၊ သခင် ဘုရား၊ အခွင့်နှင့် အုပ်စိုး ခြင်း၊ သတိပေး ခြင်း အမှုကိုပြုသောသူ တို့ကို သိမှတ် ၍၊ ၁၃ သူ တို့ပြုသောအမှု ကြောင့် မေတ္တာ စိတ်နှင့် အလွန် ချစ်ခင်လေးမြတ် မည်အကြောင်း၊ ငါတို့သည် တောင်းပန် ကြ၏။ အချင်းချင်း အသင့်အတင့် နေကြလော့။ ၁၄ တဖန်တုံ၊ ညီအစ်ကို တို့၊ မတရား စွာပြုသောသူ တို့ကို သတိပေး ကြလော့။ စိတ် ငယ်သောသူ တို့ကို အားပေး ကြလော့။ အားနည်း သော သူ တို့ကို ထောက်မ ကြလော့။ ခပ်သိမ်း သောသူတို့အား ရှည် သောစိတ်ရှိ စေကြလော့။ ၁၅ သူတစ်ပါး ၌အဘယ်သူ မျှရန်တုံ့ မ မူစေခြင်းငှာ သတိပြု ၍၊ အချင်းချင်း တို့ ၌ ၎င်း၊ ခပ်သိမ်း သောသူတို့ ၌ ၎င်း၊ ကာလအစဉ် ကြိုးစား ၍ ကျေးဇူး ပြုကြလော့။ ၁၆ အစဉ်မပြတ် ဝမ်းမြောက် ခြင်းရှိကြလော့။ ၁၇ မခြားမလပ်

ဆုတောင်း ပဌနာပြုကြလော့။ ၁၈ အရာရာ ၌ ကျေးဇူး တော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား ၊ သင် တို့သည် ထိုသို့ ကျင့်စေခြင်းငှာ၊ ယေရှု ခရစ် ၌ ဘုရားသခင် အလို တော်ရှိ၏။ ၁၉ ဝိညာဉ် တော်၏အရှိန်ကို မ ငြိမ်း စေကြနှင့် ။ ၂၀ ပရောဖက် ပြုခြင်းကို မထီမဲ့မြင် မ မှတ်ကြနှင့် ။ ၂၁ ခပ်သိမ်း သော အရာကိုစုံစမ်း ၍ ၊ ကောင်း သော အရာကို အမြဲ ကိုင်စွဲကြလော့ ။ ၂၂ မကောင်း သောအမှုအမျိုးမျိုးရှိသမျှ ကို ရှောင် ကြလော့။ ၂၃ ငြိမ်သက် ခြင်း၏အရှင်ဘုရားသခင် ကိုယ်တော် တိုင်လည်း၊ သင် တို့ကို အကုန်အစင် သန့်ရှင်း စေတော်မူပါစေသော။ ငါ တို့ သခင် ယေရှု ခရစ် ကြွလာ တော်မူသောအခါ ၊ သင် တို့၏ ကိုယ်ခန္ဓာ ၊ စိတ် ၊ ဝိညာဉ် အပေါင်း အပြစ်တင် ခွင့်နှင့် ကင်းလွတ်စေခြင်းငှာစောင့်မ တော်မူပါစေသော။ ၂၄ သင် တို့ကိုခေါ် တော်မူသောသူ သည်သစ္စာ နှင့် ပြည့်စုံသည် ဖြစ်၍၊ ထိုသို့ပြု တော်မူလိမ့်မည်။ ၂၅ ညီအစ်ကို တို့၊ ငါ တို့အတို့ ဆုတောင်း ကြလော့။ ၂၆ ညီအစ်ကို အပေါင်း တို့ကို သန့်ရှင်း သောနမ်း ခြင်းနှင့် နှုတ်ဆက် ကြလော့။ ၂၇ ဤ စာ ကို သန့်ရှင်းသော ညီအစ်ကို အပေါင်း တို့အား ဘတ် စေခြင်းငှာ၊ သခင် ဘုရားကို တိုင်တည် ၍ ငါသည် သင် တို့ကို အဓိဋ္ဌာန် သစ္စာပေး၏။ ၂၈ ငါ တို့သခင် ယေရှု ခရစ် ၏ ကျေးဇူး တော်သည် သင် တို့ ၌ ရှိစေသတည်း။ အာမင်။

၁ ပေါလု ၊ သိလွာနု ၊ တိမောသေ တို့သည်၊ သင်တို့အဘ တည်းဟူသောဘုရားသခင် နှင့် သခင် ယေရှု ခရစ် ၌ တည်ရှိ သောသက်သာလောနိတ် မြို့သားအသင်းတော် ကို ကြား လိုက်ပါ၏။ ၂ သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင့် အထံ တော်က ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ ၃ ညီအစ်ကို တို့၊ သင် တို့၏ယုံကြည် ခြင်းသည် အလွန် တိုးပွား၍ ၊ လူ တိုင်း အသီးသီး တို့သည် အချင်းချင်း ချစ် ခြင်းမေတ္တာနှင့် ပြည့်စုံ ကြသည်ဖြစ်၍ငါတို့သည် ပြု သင့်သည်အတိုင်း သင် တို့ကြောင့် ဘုရားသခင် ၏ ကျေးဇူး တော်ကို အစဉ်မပြတ် ချီးမွမ်းကြ၏။ ၄ သို့ ဖြစ်၍ ၊ သင် တို့သည် ညှဉ်းဆဲ ခြင်း၊ ဒုက္ခ ဆင်းရဲခြင်းကို ခံရ သမျှ တို့ ၌ သည်းခံ ၍ ယုံကြည် ခြင်းရှိ သည်ကို ငါ တို့သည် ထောက်၍၊ ဘုရားသခင် ၏ အသင်းတော် များတွင် သင် တို့ကြောင့် ဝါကြွား ကြ၏။ ၅ သင် တို့သည် ဘုရားသခင် ၏နိုင်ငံ တော်အတွက် ဆင်းရဲ ခံရ၍၊ ထိုနိုင်ငံတော်ကို ဝင်စားထိုက်သည်ဟု မှတ်တော်မူခြင်းကို ခံရစေခြင်းငှာ ၊ တရား သဖြင့် ဘုရားသခင် စီရင် တော်မူခြင်းအမှုသည် ထိုသို့သောအားဖြင့်ထင်ရှား လျက်ရှိ၏။ ၆ အဘယ်သို့နည်းဟူမူကား၊ သခင် ယေရှု သည် တန်ခိုး ရှိသော ကောင်းကင် တမန်တို့နှင့်အတူ ၊ ကောင်းကင် ဘုံက ပေါ်ထွန်း တော်မူ၍၊ ၇ ဘုရားသခင် ကို မ သိ သောသူ ၊ ငါ တို့သခင် ယေရှု ခရစ်၏ ဧဝံဂေလိ တရားကို နား မ ထောင်သောသူ တို့ကို မီး လျှံ အားဖြင့် ဒဏ် ပေး တော်မူသောအခါ၊ သင် တို့ကို ဆင်းရဲ စေဘူးသော သူ တို့ ၌ဆင်းရဲ ခြင်းကိုငင်း၊ ဆင်းရဲ ခံရဘူးသော သင် တို့ ၌ ငါ တို့နှင့်အတူ ချမ်းသာ ခြင်းကိုငင်း၊ ၈ ဘုရားသခင် ဆပ်ပေး ၍ တရားသဖြင့် စီရင်တော်မူ လိမ့်မည်။ ၉ ထိုသခင်သည် မိမိ သန့်ရှင်း သူတို့အားဖြင့် ဂုဏ် အသရေတော် ထင်ရှားခြင်းကိုငင်း ၊ ငါ တို့သက်သေ ကို သင် တို့သည် ယုံကြည် သည်ဖြစ်၍ ၊ ၁၀ ယုံကြည် သော သူ အပေါင်း တို့အားဖြင့် အံ့ဩ ချီးမွမ်းခြင်းကိုငင်း ၊ ခံအံ့သောဉာဏ်ကြွလာ တော်မူသောနေ့ရက် ၌ ၊ ထိုသူ တို့သည် သခင် ဘုရား၏ မျက်နှာ တော်နှင့် ငင်း၊ တန်ခိုး ရှိသော ဘုန်း တော်နှင့်ငင်းကွာ၍ ထာဝရ ပျက်စီး ခြင်းတည်းဟူသောအပြစ် ဒဏ်ကို ခံရ ကြလတံ့၊ **(aiōnios g166)** ၁၁ ထိုကြောင့် ငါ တို့ဘုရားသခင် နှင့် အရှင် ယေရှု ခရစ် ၏ ကျေးဇူး တော်အတိုင်း ၊ ထိုသခင် ၏နာမ တော်ကို သင် တို့အားဖြင့် ဘုန်း ထင်ရှားစေခြင်းငှာ ငင်း၊ သင် တို့ကိုလည်း ထိုသခင် အားဖြင့် ဘုန်းထင်ရှားစေခြင်းငှာငင်း၊ ၁၂ သင် တို့သည် ခေါ် တော်မူခြင်းကျေးဇူးကို ခံထိုက် ကြသည်ဟု မှတ်တော်မူ၍၊ ကောင်းမြတ် တော်မူခြင်း၏ စေတနာ အပေါင်း နှင့် သင်တို့၏ယုံကြည် ခြင်းအမှု ကို တန်ခိုး နှင့် ပြည့်စုံ စေတော်မူမည် အကြောင်း ၊ ငါတို့သည် သင် တို့အဘို့ အစဉ် ဆုတောင်း ပဌနာပြုကြ၏။

၂ ညီအစ်ကို တို့၊ ငါ တို့ သခင် ယေရှု ခရစ် ကြွလာ တော်မူ၍ ၊ ငါ တို့သည်အထံ တော်၌ စည်းဝေး ခြင်းအရာမှာ၊ သခင် ဘုရား၏ နေ့ရက် သည် ချက်ခြင်းရောက် မည်ဟူ၍စိတ်ဝိညာဉ် အားဖြင့် ဖြစ်စေ၊ နှုတ်ထွက်စကား အားဖြင့် ဖြစ်စေ၊ ငါ တို့စာ ကဲ့သို့သော စာအားဖြင့် ဖြစ်စေ၊ ၂ သင် တို့သည် စိတ် ရွေ့လျော့ ခြင်း၊ စိုးရိမ် တုန်လှုပ်ခြင်း၊

အလျင်တဆော မ ရှိမည်အကြောင်း ငါတို့သည် တောင်းပန်ကြ၏။ ၃ အဘယ်သူ မျှသင် တို့ကို အဘယ်သို့ သောအားဖြင့် မ လှည့်ဖြား စေနှင့်၊ ထိုနေ့ရက်မ ရောက် မှီ ဖောက်ပြန် သင်းခွဲသည့်အရင် ဖြစ်၍၊ ဒုစရိုက် လူ တည်းဟူသောပျက်စီး ခြင်း၏ သား သည်ပေါ်လာ ရလိမ့်မည်။ ၄ ထိုသူ သည် ဘုရားသခင်ဟူ၍ငင်း ၊ ဘုရား ဟူ၍ငင်း၊ ခေါ်ဝေါ် သမျှ သောအရာတို့ကို ရန်ဘက် ပြု၍၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောအားဖြင့်၊ ဘုရားသခင် ၏ ဗိမာန် တော်၌ ဘုရားသခင် ကဲ့သို့ ထိုင် ၍၊ ဘုရားသခင် ဖြစ်ယောင်ဆောင်လျက် ကိုယ် ကိုပြ သောသူဖြစ် သတည်း။ ၅ ငါသည် သင် တို့နှင့်အတူ ရှိ စဉ်အခါ ၊ ထို အကြောင်းအရာများကို ပြော ပြီဟုသင် တို့သည် သတိ မ ရ ကြသလော။ ၆ ထိုသူ သည် မိမိ ကာလ အချိန်၌ ထင်ရှား စေခြင်းငှာ၊ ယခု ဆီးတား သောအကြောင်း ကိုလည်း သင်တို့ သိ ကြ၏။ ၇ အဘယ်သို့ နည်းဟူမူကား၊ ဝှက်ထားလျက်ရှိသော ထိုအဓမ္မ အရာသည် ယခုပင် ပြုပြင် ဆဲရှိ၏။ သို့သော်လည်းဆီးတားသောသူ သည် ပယ်ရှင်းခြင်းသို့ မ ရောက်မှီတိုင်အောင်ဆီးတား လိမ့်မည်။ ၈ ပယ်ရှင်းခြင်းသို့ရောက်သောအခါ၊ ထို အဓမ္မ လူသည် ထင်ရှား လိမ့်မည်။ ထိုအဓမ္မ လူကို သခင် ယေရှု သည် နှုတ်ထွက် ဝိညာဉ် တော်အားဖြင့် ဖျက်ဆီး ၍၊ ကြွလာ တော်မူခြင်း၏ ရောင်ခြည် အားဖြင့် ပယ်ရှား တော်မူလိမ့်မည်။ ၉ ထိုအဓမ္မ လူ၏ လာ ခြင်းအကြောင်း ဟူမူကား၊ စာတန် ပြုပြင် သောအားဖြင့် မုသာ နှင့် စပ်ဆိုင်သော ထူးဆန်း သောတန်ခိုး ၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ်သောအမှုအမျိုးမျိုး နှင့်ငင်း ၊ ၁၀ ပျက်စီး ခြင်းသို့ရောက်သော သူ တို့တွင်၊ မတရား သော လှည့်ဖြား ခြင်းအမျိုးမျိုးနှင့်ငင်း လာလိမ့်မည်။ အကြောင်းမူကား ၊ ထိုသူ တို့သည် ကယ်တင် ခြင်းသို့ ရောက်အံ့သောငှာ သမ္မာတရား ၌ မွေ့လျော် သော စိတ်ကို မ ခံ မယူကြ။ ၁၁ ထိုကြောင့် ၊ သမ္မာတရား ကို မ ယုံ ဘဲ၊ မတရား သောအမှု၌ မွေ့လျော် သောသူ အပေါင်း တို့သည်။ ၁၂ တရား ရှုံးခြင်းသို့ရောက်မည်အကြောင်း ၊ မုသာ စကားကို ယုံ စိမ့်သောငှာ၊ မိစ္ဆာဒိဋ္ဌိ ပြုပြင်အားထုတ်ခြင်းအခွင့်ကိုသူ တို့ ၌ ဘုရားသခင် လွှတ် တော်မူလိမ့်မည်။ ၁၃ သို့သော်လည်း ၊ သခင် ဘုရား ချစ် တော်မူသော ညီအစ်ကို တို့၊ သင်တို့သည် စိတ် သန့်ရှင်း ခြင်း၊ သမ္မာတရား ကို ယုံကြည် ခြင်းအားဖြင့် ကယ်တင် ခြင်းသို့ရောက်စိမ့်သောငှာ ၊ ဘုရားသခင် သည် ရှေဦးစွာ ပင်သင် တို့ကို ရွေးကောက် တော်မူသည်ဖြစ်၍ ၊ ငါ တို့သည် သင် တို့ကြောင့် ဘုရားသခင် ၏ ကျေးဇူး တော်ကို အစဉ်မပြတ် ချီးမွမ်းရကြမည်။ ၁၄ ထိုသို့အလိုငှာ ငါ တို့ဧဝံဂေလိ တရားအားဖြင့် သင် တို့ကိုခေါ် တော်မူပြီ။ အကြောင်းမူကား၊ သင်တို့သည် ငါ တို့သခင် ယေရှု ခရစ် ၏ ဘုန်း ကို ပိုင်ရ မည်အကြောင်း တည်း။ ၁၅ ထိုကြောင့် ၊ ညီအစ်ကို တို့၊ ငါ တို့နှုတ်ထွက်စကား အားဖြင့် ဖြစ်စေ ၊ စာ အားဖြင့် ဖြစ်စေ ၊ သင်တို့သည် သင် ခဲ့ပြီးသော နည်း ဥပဒေသများကို တည်ကြည် လျက် ကိုင်ယူ စွဲလမ်းကြလော့။ ၁၆ ငါ တို့ကိုချစ် တော်မူ၍ ၊ ထာဝရ သက်သာ ခြင်းအကြောင်းကိုငင်း ၊ (aiōnios g166) ၁၇ ကျေးဇူး တော်အားဖြင့် ကောင်း သော မြော်လင့် ခြင်းအကြောင်းကိုငင်း ပေး တော်မူသောငါ တို့အဘ တည်းဟူသောဘုရားသခင် နှင့်၊ ငါ တို့သခင် ယေရှု ခရစ် သည် ကိုယ်တော် တိုင်၊ သင် တို့စိတ် နှလုံးကို သက်သာ စေ၍ ၊ ကောင်း သောစကား ၊ ကောင်းသောအမှု အမျိုးမျိုး ၌ သင်တို့ကို မြဲမြံ စေတော်မူပါစေသော။

၃ ကြွင်း သေးသော စကားဟူမူကား၊ ညီအစ်ကို တို့၊ သခင် ဘုရား၏ နှုတ်ကပတ် တရားသည် သင် တို့တွင် နှံ့ပြား၍ ဘုန်း ထင်ရှားခြင်းရှိသကဲ့သို့ ၊ အရပ်ရပ်တို့ ၌ ထင်ရှားမည်အကြောင်းနှင့်၊ ၂ အကျိုးအကြောင်းကို မသိမမှတ်၊ ဆိုးညစ်သော သူ တို့လက်မှ ငါတို့ကို ကယ်လွှတ် တော်မူမည် အကြောင်း ၊ ငါ တို့အဘို့ ဆုတောင်း ကြလော့။ လူ တိုင်း သစ္စာရှိသည် မ ဟုတ်။ ၃ သို့သော်လည်း ၊ သခင် ဘုရားသည် သစ္စာ နှင့် ပြည့်စုံတော်မူ၏။ သင် တို့ကိုမြဲမြံ စေ၍ ၊ မကောင်းအမှုအရာနှင့် ကင်းလွတ်စေခြင်းငှာစောင့်မ တော်မူလိမ့်မည်။ ၄ ငါတို့ပညတ် သည် အတိုင်း သင်တို့သည် ယခုကျင့်ကြ၏။ နောက်၌လည်း ကျင့် ကြလိမ့်မည်ဟု သခင် ဘုရားကို အမှီပြု ၍ ငါတို့သည် ယုံမှား ခြင်းမရှိ။ ၅ ဘုရားသခင် ကို ချစ် စေခြင်းငှာ၎င်း၊ ခရစ်တော် ၏နည်းတူသည်းခံ စေခြင်းငှာ၎င်း၊ သခင် ဘုရားသည် သင် တို့စိတ် နှလုံးကို ပြင်ဆင်တော်မူပါစေသော။ ၆ တနည်းကား၊ ညီအစ်ကို တို့၊ ငါ တို့ထံ၌ ခံ သော နည်း ဥပဒေသအတိုင်း မ ကျင့် ဘဲ၊ မတရားစွာပြုသော ညီအစ်ကို ရှိသမျှ တို့ကို ရှောင် ကြလော့ဟု ငါ တို့သခင် ယေရှု ခရစ် ၏ နာမ တော်အားဖြင့် ငါတို့သည် ပညတ် ထား ကြ၏။ ၇ အကြောင်းမူကား ၊ ငါ တို့ပေးသော ပုံသက်သေကိုလိုက် ၍ သင်တို့သည် အဘယ်သို့ ကျင့်ရမည်ဟု သင်တို့ ကိုယ်တိုင် သိ ကြ၏။ ငါတို့သည် သင် တို့တွင် မတရား စွာ ပြုကြသည်မ ဟုတ်။ ၈ အဘယ်သူ ၏ အစာကိုမျှအလိုအလျောက်မ စား ။ သင် တို့တွင် တစ်ယောက် ကိုမျှ မ နှောင့်ရှက် ခြင်းငှာ၊ ပင်ပန်း စွာ ကြိုးစား အားထုတ်၍ နေ့ ညဉ့် မပြတ်လုပ်ဆောင် ကြ၏။ ၉ ထိုသို့ပြုသော်လည်း ၊ မ ခံမယူပိုင် သောကြောင့် ပြုသည်မ ဟုတ်။ သင် တို့လိုက်စရာဘို့ ပုံ သက်သေဖြစ် စေခြင်းငှာ ပြုကြ၏။ ၁၀ အဘယ်သို့ နည်းဟူမူကား၊ သင် တို့နှင့်အတူ ရှိ နေစဉ်အခါ ၊ အလုပ်မလုပ် ချင် သောသူ မည်သည်ကား၊ အစာကိုလည်းမ စား စေနှင့်ဟု ပညတ် ထားကြပြီ။ ၁၁ မတရား စွာပြု၍ အဘယ်အလုပ် ကိုမျှ မလုပ်ဘဲ၊ ကိုယ်နှင့်မဆိုင်သောအမှု၌ ရောနှော သော သူအချို့ တို့သည် သင် တို့တွင် ရှိ ကြောင်းကို ငါတို့ကြား ရကြ၏။ ၁၂ ထိုသို့သော သူတို့သည် ငြိမ်ဝပ် စွာ လုပ်ဆောင် ၍၊ ကိုယ် အစာ ကို စား မည်အကြောင်း ၊ ငါတို့သခင် ယေရှု ခရစ် အားဖြင့် ငါတို့သည် ပညတ် ထား၍ ၊ တိုက်တွန်း သွေးဆောင်ကြ၏။ ၁၃ ညီအစ်ကို တို့အားလျော့စိတ်ပျက်ခြင်းမ ရှိဘဲကောင်း သောအကျင့်ကို ကျင့်ကြလော့။ ၁၄ ဤ စာ ၌ ငါ တို့ရေးထားသော ပညတ် စကားကို တစ်စုံတစ်ယောက် သောသူသည် နား မ ထောင်ဘဲ နေလျှင် ၊ ထို သူကိုမှတ် ကြလော့။ ရှက်ကြောက် စေခြင်းငှာ ၊ အပေါင်းအဖော် မ လုပ်ကြနှင့်။ ၁၅ သို့သော်လည်း ၊ ရန်သူ ကဲ့သို့ မ မှတ် ၊ ညီအစ်ကို ကဲ့သို့ မှတ်၍ သတိပေး ကြလော့။ ၁၆ ငြိမ်သက် ခြင်း၏ သခင် သည် ကိုယ်တော် တိုင် သင် တို့ ၌ အစဉ်မပြတ်ခပ်သိမ်း သော အမှုအရာ အားဖြင့် ငြိမ်သက် ခြင်းကို ပေး သနားတော်မူပါစေသော။ သခင် ဘုရားသည် သင် တို့အပေါင်း နှင့်အတူ ရှိတော်မူပါစေသော။ ၁၇ ငါ ပေါလု သည်သင်တို့ကို နှုတ်ဆက် ခြင်းအချက်ကို ကိုယ်လက် နှင့်ရေး ထား၏။ ဤသို့ရေးထား လေ့ရှိ၍၊ ငါရေးသမျှသော ဩဝါဒ၏ လက္ခဏာ ဖြစ် ၏။ ၁၈ ငါ တို့သခင် ယေရှု ခရစ် ၏ ကျေးဇူး တော်သည် သင် တို့အပေါင်း ၌ ရှိစေသတည်း။ အာမင်။

၁ ငါ တို့ကိုကယ်တင် တော်မူသောအရှင်ဘုရားသခင် နှင့်၊ ငါ တို့မြော်လင့် ခြင်းအကြောင်းဖြစ်သော ယေရှု ခရစ် ၏ ပညတ် တော်အားဖြင့် ၊ ထိုသခင်၏ တမန်တော် ဖြစ်သော ငါပေါလု သည် ၂ ယုံကြည် ခြင်းအားဖြင့် ငါသား စစ် ဖြစ်သော တိမောသေ ကို ကြားလိုက်ပါ၏။ ငါ တို့သခင် ယေရှု ခရစ် နှင့် ငါတို့အဘ တည်းဟူသောဘုရားသခင့် အထံ တော်က ကျေးဇူး ၊ ကရုဏာ ၊ ငြိမ်သက် ခြင်းရှိပါစေသော။ ၃ ခြားနားသော အယူဝါဒသစ်ကို မ သွန်သင် ကြနှင့်ဟူ၍ငင်း၊ ဒဏ္ဍာရီ စကားကို နားမထောင်နှင့်ဟူ၍ငင်း၊ ယုံကြည် ခြင်း၌ တည်သော ဘုရားသခင် ၏ သာသနာ တော်ကို ပြုစု သည်ထက် ၊ အချင်းချင်းငြင်းခုံခြင်းကိုသာ၍ပြုစုတတ်သော၊ ပြင်ဆင်၍ မ ကုန်နိုင်သော ဆွေစဉ်မျိုးဆက် စာရင်းများကို ပမာဏမပြုကြနှင့်ဟူ၍ငင်း၊ သင် သည် အချို့သော သူတို့ကို ပညတ်ထား၍ ၄ ဇဖက် မြို့၌ နေရစ် စေခြင်းဌာ၊ ငါသည် မာကေဒေါနိ ပြည်သို့ သွား သောအခါ၊ တောင်းပန် သည်အတိုင်း နေရစ်လော့။ ၅ ထိုသို့ပညတ် ထားခြင်း၏ အချုပ်အခြာ မူကား ၊ စင်ကြယ် သော စိတ် နှလုံးနှင့် ၎င်း၊ ကိုယ်ကိုကိုယ် သိသော စိတ်ကြည်လင် ခြင်းနှင့်၎င်း၊ မှန် သောယုံကြည် ခြင်းနှင့် ၎င်း၊ စပ်ဆိုင် သော ချစ် ခြင်းမေတ္တာဖြစ် သတည်း။ ၆ ထိုသို့သောအကျင့်ကိုလူအချို့တို့သည် အမြဲမကျင့်၊ အချည်းနှီး သောစကားပြောခြင်းသို့ လွှဲ သွားကြပြီ။ ထိုသူတို့သည် မိမိတို့ပြော သောအရာ ကို နား မ လည်။ ၇ အဘယ်သို့ သောတရားဘက်၌ မိမိတို့ခိုင်မာစွာနေသည်ကို မ သိဘဲလျက်၊ နိသရည်း ဆရာလုပ်ချင် ကြ သည်တကား ။ ၈ ပညတ် တရားကို တရား သဖြင့်ကျင့်သောသူ အဘို့ မ ထား ၊ မတရား သဖြင့် ကျင့်သောသူ၊ နား မထောင်သောသူ၊ ဘုရား ကိုမကိုးကွယ်သောသူ၊ အပြစ် ထင်ရှားသောသူ၊ မ သန့်ရှင်းသောသူ ၉ ဘုရားတရားကိုမရိုမသေ ပြုသောသူ၊ မိဘ ကိုညှဉ်းဆဲသောသူ၊ လူ အသက်ကိုသတ်သောသူ၊ မတရား သောမေထုန်၌မှီဝဲသောသူ၊ ယောကျ်ား ချင်းမေထုန်ကိုပြုသောသူ၊ လူ ကိုခိုးသွားသောသူ၊ မုသာ စကားကိုသုံးသောသူ ၁၀ မ ဟုတ်မမှန်ဘဲကျိန်ဆိုသောသူမှစ၍ ၊ စင်ကြယ် သောသြဝါဒ နှင့် ဆန့်ကျင်ဘက် ဖြစ်သမျှတို့အဘို့ ပညတ် တရားကို ထားသည်ဟု သိမှတ် ၍၊ ထိုတရားကိုတရားသဖြင့်သုံး သောသူ ၌ ပညတ်တရားသည် အကျိုးကိုပေးတတ်သည်ဟု ငါတို့ သိ ကြ၏။ ၁၁ ထိုသို့ဆိုသော်၊ မင်္ဂလာ ရှိတော်မူသော ဘုရားသခင် ၏ဘုန်းကြီး သော ဧဝံဂေလိ တရားနှင့်ညီသတည်း။ ၁၂ ထိုတရား ကို ငါ ၌အပ်ပေး တော်မူသည်ဖြစ်၍၊ ငါ့ ကိုခွန်အား နှင့် ပြည့်စုံစေတော်မူသော ငါ တို့သခင် ယေရှု ခရစ် ၏ကျေးဇူး တော်ကို ငါချီးမွမ်း၏။ ၁၃ ငါ သည်ကဲ့ရဲ့ သောသူ၊ ညှဉ်းဆဲ သောသူ၊ ကြမ်းကြုတ် သောသူဖြစ်ဘူးသော်လည်း ၊ သစ္စာ ရှိသောသူဟု ထိုသခင်သည် မှတ် ၍၊ ဓမ္မဆရာ အရာ၌ ခန့်ထား တော်မူ၏။ ထိုသို့ငါပြု သောအခါယုံ ခြင်းမရှိ ၊ အမှန်မ သိဘဲ ပြုသောကြောင့် ၊ ကရုဏာ တော်ကိုငါခံရပြီ။ ၁၄ ငါ တို့သခင် ဘုရား၏ ကျေးဇူး တော်သည်လည်း ယေရှု ခရစ် ၌ ယုံကြည် ခြင်း၊ ချစ် ခြင်းနှင့်တကွ ၊ အတိုင်း ထက်အလွန် ကြွယ်ဝပြီ။ ၁၅ ယေရှု ခရစ် သည် အပြစ် ရှိသောသူတို့ကို ကယ်တင် ခြင်းငှာ၊ ဤလောက သို့ ကြွလာ တော်မူသည် ဟူသော စကားသည် သစ္စာ စကားဖြစ် ၏။ အကြွင်းမဲ့ ခံယူ အပ် သောစကား လည်း ဖြစ်၏။ အပြစ်ရှိသော သူ တို့တွင် ငါ သည် အကြီးဆုံးဖြစ် ၏။ ၁၆ သို့သော်လည်း ၊ ထာဝရ

အသက် အလိုငှာ ယုံကြည် လတံ့သော သူ တို့လိုက်စရာ ပုံ သက်သေဖြစ်စေခြင်းငှာ၊ အကြီးဆုံး သောအပြစ်ရှိသော ငါ၌ ၊ ယေရှု ခရစ် သည် ခပ်သိမ်း သောခန္ဓီ တော်ကို ပြ တော်မူမည် အကြောင်း ၊ ငါ့ကိုသနား တော်မူပြီ။ **(aiōnios g166)** ၁၇ လောက ခါတ်တို့၏ ဘုရင် တည်းဟူသော၊ ဖောက်ပြန် ပျက်စီးခြင်းနှင့်ကင်းလွတ်တော်မူသော၊ မျက်မြင် မရ၊ အရူပဖြစ်တော်မူသော၊ တဆူတည်း သောဘုရားသခင် သည် ကမ္ဘာ အဆက်ဆက် ဂုဏ် အသရေ၊ ဘုန်း အာနုဘော်ရှိတော်မူစေသတည်း။ အာမင် ။ **(aiōn g165)** ၁၈ ငါ့သား တိမောသေ ၊ သင့်ကိုရည်မှတ်၍ ဟောပြောခဲ့ပြီးသော အနာဂတ္တိ စကားကို သင်သည်အမှီပြု၍၊ ယုံကြည်ခြင်းကိုဂင်း၊ ကိုယ်ကိုကိုယ်သိသော စိတ်ကြည်လင်ခြင်းကိုဂင်း စွဲလမ်း၍ ကောင်း သောစစ် ကို တိုက်စေခြင်းငှာ ၊ ထားခဲ့ပြီးသော ထိုအနာဂတ္တိစကားနှင့်အညီ၊ အထက် ငါဆိုခဲ့ပြီးသော ပညတ်ထားခြင်းအခွင့်ကိုသင်၌ ငါအပ်ပေး၏။ ၁၉ ထိုယုံကြည် ခြင်းမှစသည်တို့ကို အချို့သောသူ တို့သည် ပယ်ပြီးလျှင်၊ ယုံကြည် ခြင်းသင်္ဘော ပျက်၍ ဆုံးရှုံးကြပြီ။ ၂၀ ထိုသူ တို့တွင် ဟုမေနဲ နှင့် အာလေဇန္ဒြ ပါ သတည်း။ ထိုသူ တို့သည် ကဲ့ရဲ့သောစကားကို ကြဉ်ရှောင်ခြင်းငှာသင် ရမည်အကြောင်း ၊ စာတန် ၏ လက်သို့ငါအပ် လိုက်ခဲ့ပြီ။

J ငါတို့သည် ဘုရား ဝတ်၌ မွေ့လျော်ခြင်း၊ လျောက်ပတ် စွာ ကျင့်ခြင်းအမျိုးမျိုး ကိုပြု၍ ၂ ငြိမ်ဝပ် ဆိတ်ညံ စွာနေ ရမည်အကြောင်း ၊ ရှင်ဘုရင် မှစ၍ မင်းအာဏာ ရှိ သော သူ အပေါင်း တို့နှင့် လူ အမျိုးမျိုး တို့အဘို့ ဆုတောင်း ပဌနာပြုခြင်း၊ မေတ္တာပို့ ခြင်း၊ ကျေးဇူး တော်ကို ချီးမွမ်းခြင်းကို ရှေ့ဦးစွာ ပြု စေခြင်းငှာငါ တိုက်တွန်းသွေးဆောင်၏။ ၃ အကြောင်းမူကား၊ ထိုသို့သောအမှုသည် ကောင်း သောအမှုဖြစ်၏။ ငါ တို့ကိုကယ်တင် တော်မူသော အရှင်ဘုရားသခင် နှစ်သက် တော်မူသောအမှုလည်း ဖြစ်၏။ ၄ လူ အပေါင်း တို့သည် ကယ်တင် ခြင်းသို့ရောက် ၍ သမ္မာတရား ကို သိ စေခြင်းငှာ ၊ ဘုရားသခင် အလို တော် ရှိ၏။ ၅ ဘုရားသခင် တဆူတည်း ရှိတော်မူ၏။ ဘုရားသခင် နှင့် လူ တို့၏ စပ်ကြားမှာ၊ လူ ဖြစ်သော ယေရှု ခရစ် တည်းဟူသောအာမခံ တစ်ဦးတည်း ရှိ၏။ ၆ ထိုအာမခံသည် လူအပေါင်း တို့ကို ရွေး အံ့သောငှာ ကိုယ်ကိုကိုယ် စွန့် တော်မူပြီ။ ကာလ အချိန်တန်မှ သက်သေခံ ခြင်းရှိ၏။ ၇ ငါ သည်ထိုသက်သေခံ သောသူ အရာ၌ဌင်း ၊ တမန်တော် အရာ၌ဌင်း၊ ယုံကြည် ခြင်းတရားနှင့် သမ္မာတရား ကို တစ်ပါး အမျိုးသားတို့အား ဟောပြောသောဆရာ အရာ၌ဌင်း ခန့်ထားတော်မူသောသူ ဖြစ်သည်ဟု ငါဆိုသော်၊ မုသား စကားကိုမ ဆို၊ မှန် သောစကားကိုဆို ၏။ ၈ သို့ ဖြစ်၍ ၊ အရပ်ရပ် တို့ ၌ ယောကျ်ား တို့သည် အမျက်ထွက် ခြင်း၊ ငြင်းခုံ ခြင်းမ ရှိဘဲ၊ သန့်ရှင်း သောလက် ကိုချီ ၍ ဆုတောင်း စေခြင်းငှာငါအလိုရှိ ၏။ ၉ ထိုနည်းတူ ၊ မိန်းမ တို့သည် ကျစ် သောဆံပင်၊ ရွှေ တန်ဆာ၊ ကျောက်ပုလဲ အဘိုး ထိုက်သော အဝတ် နှင့် ကိုယ် ကိုမ ဆင် ဘဲ၊ ရှက်ကြောက် ခြင်း၊ ကျွန်ုပ် စောင့်ခြင်းအားဖြင့်၊ လျောက်ပတ် သော အဝတ်နှင့်ဌင်း ၁၀ ဘုရားသခင် အားရိုသေလေးမြတ်ခြင်းကို ဝန်ခံ ပြုစုသော မိန်းမ ဆင်သင့်သည်အတိုင်း ကောင်း သော အကျင့် နှင့်ဌင်း၊ ကိုယ်ကိုတန်ဆာဆင်စေခြင်းငှာငါအလိုရှိ၏။ ၁၁ မိန်းမ သည်အုပ်စိုး ခြင်းကို အစဉ် ဝန်ခံ၍ တိတ်ဆိတ် စွာသင် စေ။ ၁၂ မိန်းမ သည်ဆုံးမ ဩဝါဒပေးခြင်း၊ ယောကျ်ား ကို အစိုးတရ ပြုစေခြင်းအခွင့် ကိုငါမ ပေး။ သူသည် တိတ်ဆိတ် စွာ နေ အပ်၏။ ၁၃ အကြောင်းမူကား ၊ အာဒံ ကို ရှေ့ဦးစွာ

ဖန်ဆင်း တော်မူ၍၊ နောက်မှ ဧဝ ကိုဖန်ဆင်းတော်မူ၏။ ၁၄ ထိုမှတပါး၊ အာဒံ သည်လှည့်ဖြား ခြင်းကိုမ ခံ၊ မိန်းမ သည် လှည့်ဖြား ခြင်းကိုခံ ၍ လွန်ကျူး ၏။ ၁၅ သို့သော်လည်း ၊ ကလေ့ဖြစ် စောင့်ခြင်းနှင့်တကွ ယုံကြည် ခြင်း၊ ချစ် ခြင်း၊ သန့်ရှင်း ခြင်း၌ တည် လျှင် ၊ သားဘွား ခြင်းအမှု၌ ကယ်တင် ခြင်းသို့ရောက်လိမ့်မည်။

၂ သင်းအုပ် အရာကို တောင့်တ သောသူ သည် ကောင်း သော အမှုအရာ ကို တောင့်တ သည်ဟုသော စကားသည် မှန် သောစကား ဖြစ် ၏။ ၂ ထိုကြောင့် ၊ သင်းအုပ် သည် အပြစ်တင် ခွင့်နှင့် ကင်းလွတ်သောသူ၊ မယား တစ်ယောက်တည်း ရှိသောသူ၊ သမ္မာ သတိရှိသောသူ၊ ကလေ့ဖြစ် စောင့်သောသူ၊ လျောက်ပတ် စွာ ကျင့်သောသူ၊ ဧည့်သည် ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမ သြဝါဒပေးတတ်သောသူ ဖြစ် ရ မည်။ ၃ စပျစ်ရည် နှင့်ပျော်မွေ့ခြင်း၊ သူတစ်ပါးကိုရိုက်ပုတ်ခြင်း၊ မ စင်ကြယ်သော စီးပွားကိုတပ်မက်ခြင်းမ ရှိ၊ စိတ် ဖြည်းညှင်းသောသူ၊ ရန် မတွေ့တတ်သောသူ၊ ငွေ ကို မတပ်မက်သောသူဖြစ်ရမည်။ ၄ မိမိ အိမ် ကိုကောင်းမွန် စွာ အုပ်စိုး ၍ သမ္မာ သမာဓိရှိ သည်နှင့် ၊ မိမိ သားသမီး ကို ဆုံးမနိုင်သောသူ ဖြစ်ရမည်။ ၅ မိမိ အိမ် ကိုမ အုပ်စိုး တတ်လျှင် ၊ ဘုရားသခင် ၏ အသင်းတော် ကို အဘယ်သို့ ပြုစု လိမ့်မည်နည်း။ ၆ မာန နှင့်ယစ်မူးလျက်၊ မာရ်နတ် ၏ အပြစ် ရောက်မည်ဟု စိုးရိမ်စရာ ရှိ၍၊ ဘာသာဝင် လူသစ် မ ဖြစ်ရ။ ၇ ကဲ့ရဲ့ ပြစ်တင်ခြင်း၊ မာရ်နတ် ဘမ်းမိ ခြင်းနှင့် ကင်းလွတ် မည်အကြောင်း၊ ပြင်ပ လူတို့တွင် အသရေရှိ သောသူ ဖြစ်ရ မည်။ ၈ ထိုနည်းတူ ၊ သင်းထောက် တို့သည် တည်ကြည် သောသူ ဖြစ်ရကြမည်။ လျှာ နှစ်ခွနှင့်ပြောသောသူ၊ စပျစ်ရည် ကိုသောက်ကြူးသောသူ၊ မ စင်ကြယ်သော စီးပွားကို တပ်မက်သောသူ မ ဖြစ်ရကြ။ ၉ ကိုယ်ကိုကိုယ် သိသောစိတ် စင်ကြယ် သည်နှင့် ၊ ယုံကြည် ခြင်း၏ နက်နဲ သောအရာကို စွဲလမ်း သောသူ ဖြစ်ရကြမည်။ ၁၀ သူ တို့သည်လည်း ရှေ့ဆွ ကစုံစမ်း ခြင်းကို ခံကြစေ။ နောက်မှ အပြစ်တင် ခွင့်နှင့်ကင်းလွတ်လျှင်၊ သင်းထောက်လုပ် ကြစေ။ ၁၁ ထိုနည်းတူ ၊ မိန်းမ တို့သည် တည်ကြည် သောသူဖြစ်ရမည်။ ချောစား တတ်သောသူမ ဟုတ်။ သမ္မာ သတိရှိသောသူ၊ အရာရာ ၌ သစ္စာရှိ သောသူဖြစ်ရကြမည်။ ၁၂ သင်းထောက် သည် မယား တစ်ယောက်တည်း ရှိ ရမည်။ မိမိ သားသမီး နှင့် အိမ်သူ အိမ်သားတို့ကို ကောင်းမွန် စွာ အုပ်ချုပ် သောသူဖြစ်ရမည်။ ၁၃ အကြောင်းမူကား ၊ သင်းထောက်အမှုကို ကောင်း စွာရွက်ဆောင် သော သူ တို့သည် မိမိ တို့အဘို့ ကောင်း သောအရာကိုငှင်း၊ ယေရှု ခရစ် ၏ ယုံကြည် ခြင်း၌ ရဲရင့် ခြင်းသတ္တိကိုငှင်း အမြတ်ရကြ၏။ ၁၄ သင် ရှိရာသို့ ငါမြန်မြန် လာ မည်ဟု မြော်လင့် ခြင်းရှိသော်လည်း တာရှည် စွာနေလျှင် ၊ သင်သည် ဘုရားသခင် ၏အိမ် တော်၌ အဘယ်သို့ ကျင့်ကြံ ပြုမူရမည်ကို သိ စေခြင်းငှာ ဤသို့ငါရေး ၍ ပေးလိုက်၏။ ထိုအိမ် တော်ကား၊ အသက် ရှင်တော်မူသောဘုရားသခင် ၏အသင်းတော် ဖြစ် ၏။ ၁၅ ထိုအသင်းတော်ကား၊ သမ္မာတရား၏ အမှီတကဲ့ ဖြစ်၏။ သမ္မာတရား ၏တည် ရာလည်း ဖြစ်၏။ ၁၆ မှန် သောကိုးကွယ်ခြင်း၏ နက်နဲ သောအရာသည် ကြီးစွာ သောအရာဖြစ် သည်ဟု ငြင်းခုံ ရန်မရှိ။ ဘုရားသခင် သည် ကိုယ်ခန္ဓါ ၌ ပေါ်ထွန်း တော်မူပြီ။ ဟုတ်မှန် တော်မူခြင်းအကြောင်းသည် ဝိညာဉ် တော်အားဖြင့် ထင်ရှားပြီ။

ကောင်းကင်တမန် တို့သည် ကိုယ်တော်ကို ရှုမြင် ရကြပြီ။ တစ်ပါး အမျိုးသားတို့သည် သိတင်းတော်ကို ကြား ရကြပြီ။ လောကီသား တို့သည် ယုံကြည် ရကြပြီ။ ဘုန်း အသရေနှင့်တကွ အထက် သို့ ဆောင်ယူခြင်းကို ခံတော်မူပြီ။

၄ ဝိညာဉ် တော်သည် အတည့်အလင်း ဗျာဒိတ် ထားတော်မူသည်ကား ၊ နောင် ကာလ ၌ သြတ္တပ္ပ စိတ်တွင် သံ ပူနှင့်ခတ်ခြင်းကိုခံပြီးလျှင်၊ မုသာ စကားကို ပြောတတ်သော သူတို့၏ လျှို့ဝှက် ခြင်းအားဖြင့် ၊ လူအချို့တို့သည် ယုံကြည် ခြင်းကို စွန့်ပယ် ၍ ၂ လှည့်ဖြား တတ်သော စိတ် ဝိညာဉ်တို့ ၌ငင်း၊ နတ် ဘုရားတို့နှင့် စပ်ဆိုင်သော သြဝါဒ တို့ ၌ငင်း မှီဝဲ ဆည်းကပ်ကြလိမ့်မည်။ ၃ မင်္ဂလာဆောင် ခြင်းအမှုကို မ ပြုရဟူ၍ငင်း၊ ယုံကြည် ၍ သမ္မာတရား ကို သိ သောသူတို့သည် ကျေးဇူး တော်ကို သိသောစိတ်နှင့်တကွ သုံးဘို့ရာ၊ ဘုရားသခင် ဖန်ဆင်း တော်မူသော အစာ မျိုးကိုရှောင် ရမည် ဟူ၍ငင်း ပညတ်ထားကြလိမ့်မည်။ ၄ ဘုရားသခင် ဖန်ဆင်း တော်မူသမျှ သည် သုံးစရာကောင်း ၏။ ၅ ကျေးဇူး တော်ကို သိသောစိတ်နှင့် ခံယူ လျှင် ၊ အဘယ် အရာကိုမျှ မပယ် မရှောင်ရ။ အကြောင်းမူကား ၊ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်အားဖြင့် ၎င်း၊ ဆုတောင်း ခြင်းအားဖြင့်ငင်း၊ အရာရာတို့သည် စင်ကြယ် လျက်ရှိကြ၏။ ၆ ဤ စကားများကို သင်သည် ညီအစ်ကို တို့အား ကြားပြောလျှင်၊ ယုံကြည်ချက် စကား ၊ ကိုယ်တိုင်ရှာဖွေလေ့ကျက်သော သမ္မာသြဝါဒ စကားနှင့် မွေးပြုခြင်းကို ခံသောယေရှု ခရစ် ၏ ဓမ္မဆရာ ကောင်း ဖြစ် လိမ့်မည်။ ၇ မိန်းမ အိုပြော တတ်သော တရားမဲ့ ဖြစ်သော ဒဏ္ဍာရီစကားကို ပယ်ရှား၍ ဘုရား ဝတ်၌ မွေ့လျော်ခြင်း အားဖြင့်ကိုယ်ကိုကိုယ် ဆုံးမ လော့။ ၈ ကိုယ် ကာယကိုဆုံးမ ခြင်းသည် များစွာ သော အကျိုး ကို မပေးတတ်။ ဘုရား ဝတ်၌ မွေ့လျော်ခြင်း မူကား ၊ ယခု ဘဝ၊ နောင် ဘဝနှင့် စပ်ဆိုင်သော ဂတိ တော်ကို ရ သည်ဖြစ် ၍ ၉ အရာရာ ၌ အကျိုး ကိုပေးတတ်သည်ဟူသော စကားသည် သစ္စာ စကားဖြစ်၏။ အကြွင်းမဲ့ခံယူ အပ် သော စကား လည်း ဖြစ် ၏။ ၁၀ ထိုကြောင့်၊ အသက် ရှင်တော်မူသော၊ လူ အပေါင်း တို့ကို အထူးသဖြင့် ကယ်မ တော်မူသော ဘုရားသခင် ၌ ငါတို့သည်ကိုးစား သည်နှင့်အညီ၊ ပင်ပန်း စွာ အမှုဆောင်ရွက် ကြ၏။ ကဲ့ရဲ့ခြင်းကိုလည်း ခံရကြ၏။ ၁၁ ယခုဆိုခဲ့ပြီးသည်အတိုင်း ပညတ် ထားခြင်း၊ ဆုံးမ သြဝါဒပေးခြင်းကို ပြုလော့။ ၁၂ သင် ၏ အသက် အရွယ်နုပျိုသည်ကို အဘယ်သူ မျှမထီမဲ့မြင် မပြုစေနှင့်။ စကား ပြောခြင်း၊ ကျင့်ကြံ ပြုမူ ခြင်း၊ သူတစ်ပါးကိုချစ် ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့် ခြင်း၊ စင်ကြယ် ခြင်းအရာမှာ၊ ယုံကြည် သောသူတို့အား ပုံ သက်သေကို ပြ လော့။ ၁၃ ငါ မ လာမီတိုင်အောင်၊ ကျမ်းစာကိုဖတ် ခြင်း၊ တိုက်တွန်း သွေးဆောင်ခြင်း၊ ဆုံးမ သြဝါဒပေးခြင်းကို ကြိုးစား၍ ပြုလော့။ ၁၄ ဗျာဒိတ် တော်ကို ခံ၍၊ သင်းအုပ် များတို့သည် လက် တင် ခြင်းနှင့်တကွ ၊ သင် ၌ အပ်ပေးသော ဆု ကျေးဇူးကို မ ပြုစု ဘဲမနေနှင့်။ ၁၅ သင် ၏တိုးပွား ခြင်းကို လူအပေါင်း တို့အား ထင်ရှား စေခြင်းငှာ ။ ဤအရာ များကို စိတ်စွဲလမ်း၍ ကြိုးစား အားထုတ်လော့။ ၁၆ ကိုယ် ကိုငင်း ၊ ကိုယ် ဆုံးမ သြဝါဒကိုငင်း သတိပြု ၍ အမြဲတည်နေ လော့။ ထိုသို့ ပြု လျှင်၊ ကိုယ် ကိုငင်း ၊ နားထောင် သောသူ တို့ကိုငင်းကယ်တင် လိမ့်မည်။

၅ အသက်ကြီး သောသူကို ကျပ်တည်းစွာမ ဆုံးမ နှင့်။ အဘ ကဲ့သို့ မှတ်၍ တောင်းပန် လော့။ လူပျို တို့ကို ညီအစ်ကို ကဲ့သို့ ၎င်း ၂ အသက်ကြီး သောမိန်းမတို့ကို အမိ ကဲ့သို့ ၎င်း၊ မိန်းမ ပျိုတို့ကို အလွန်စင်ကြယ် သော အခြင်းအရာနှင့်တကွ၊ နှမ ကဲ့သို့ ၎င်း မှတ်၍ကျင့်လော့။ ၃ မုတ်ဆိုးမ အမှန် ဖြစ်သော မိန်းမ တို့ကို မစ လုပ်ကျွေးလော့။ ၄ သား မြေး ရှိ သော မုတ်ဆိုးမ ဖြစ်လျှင် ၊ ထိုသားမြေးတို့သည် ရှေးဦးစွာ ဘုရားဝတ်ကို ရည်မှတ် လျက် ၊ မိမိ အိမ် ကို ပြုစု၍ မိဘ ဘိုးဘွားဌ် ကျေးဇူး ဆပ် ခြင်းငှာသင် ကြစေ။ ထို အမှုသည် ဘုရားသခင် နှစ်သက် တော်မူသောအမှုဖြစ် ၏။ ၅ မုတ်ဆိုးမ အမှန် ဖြစ်၍တစ်ယောက်တည်း ကျန်ရစ်သောမိန်းမသည်၊ ဘုရားသခင် ကို ကိုးစား ၍ ဆုတောင်း ပဌာနပြုခြင်းဌ် နေ့ ညဉ့် မပြတ်တည်နေ တတ်၏။ ၆ ကာမဂုဏ် စည်းစိမ်ဌ်ပျော်မွေ့သော မုတ်ဆိုးမ မူကား ၊ အသက် ရှိလျက်ပင် အသေ ဖြစ်၏။ ၇ ထို သူတို့ကို အပြစ်တင် ခွင့်နှင့် ကင်းလွတ်စေခြင်းငှာ ဤသို့ပညတ် ထားလော့။ ၈ မိမိလူတို့ကိုမပြုစု၊ ထိုမျှမက၊ မိမိ အိမ်သူ အိမ်သားတို့ကို မ ပြုစုသောသူမည်သည်ကား ၊ ယုံကြည် ခြင်းတရားကို ငြင်းပယ် ၏။ မယုံကြည် ဘူးသော သူထက်သာ၍ယုတ်မာ၏ ။ ၉ မုတ်ဆိုးမ သည်အသက် ခြောက်ဆယ် မ ပြည့်လျှင်၊ စာရင်းအင်း မ ဝင်စေနှင့်။ လင် တစ်ယောက်တည်း ရှိဘူးသောသူ ၁၀ ကောင်း သောအကျင့် ကိုကျင့်၍ အသရေ ရှိသောသူ၊ သူငယ် တို့ကို ကျွေးမွေးခြင်း၊ ဧည့်သည် ဝတ်ပြုခြင်း၊ သန့်ရှင်းသူ တို့၏ခြေ ကိုဆေး ခြင်း၊ ဆင်းရဲ သောသူတို့ကို လုပ်ကျွေး ခြင်း၊ ကောင်း သောအမှု ရှိသမျှ တို့ ဌ် ကြိုးစားအားထုတ်ခြင်းကို ပြုဘူးသောသူဖြစ်လျှင် ၊ စာရင်းအင်းဝင်စေ။ ၁၁ အသက် အရွယ်နုပျိုသော မုတ်ဆိုးမ တို့ကို ပယ် လော့။ အကြောင်းမူကား ၊ ထိုသူတို့သည် ခရစ်တော် ၏ ဆုံးမခြင်းကို သည်းမခံ။ အိမ် သင့်ခြင်းငှာအလိုရှိ လျှင် ၁၂ အရင် သစ္စာ ကို ဖျက် သောကြောင့် အပြစ်သင့် ခြင်းသို့ ရောက် ကြလိမ့်မည်။ ၁၃ ထိုမှတစ်ပါး၊ တအိမ် မှတအိမ်သို့လည် ၍ ပျင်းရိ တတ်ကြ၏။ ပျင်းရိ သည်သာမက ၊ စကားများ၍ မပြော အပ်သောအရာကို ပြောသဖြင့်၊ ကိုယ်နှင့်မဆိုင်သောအမှုဌ် ရောနှောသောသူဖြစ်တတ်ကြ၏။ ၁၄ ထိုကြောင့် ၊ အသက် အရွယ်နုပျိုသော မုတ်ဆိုးမတို့သည် အိမ် သင့်ခြင်း၊ သားဘွား ခြင်း၊ အိမ်မှူ ကိုကြည့်ရှုပြုစုခြင်း၊ ကဲ့ရဲ့ စရာအခွင့် ကို ရန်သူ အား မ ပေး ဘဲနေခြင်း အမှုများကို ပြုစေခြင်းငှာငါအလိုရှိ ၏။ ၁၅ အကြောင်းမူကား ၊ ယခုပင် အချို့တို့သည် လမ်းလွဲ ၍ စာတန် နောက် သို့ လိုက်သွားကြပြီ။ ၁၆ ယုံကြည် သော ယောကျ်ားမိန်းမဌ် မုတ်ဆိုးမ ရှိ လျှင် ၊ ကိုယ်တိုင် လုပ်ကျွေး စေ။ သို့ပြုလျှင်၊ အမှန် ဖြစ် သော မုတ်ဆိုးမ တို့ကို အသင်းတော် သည် အနှောင့် အရှက်မ ရှိစေဘဲ လုပ်ကျွေး နိုင်လိမ့်မည်။ ၁၇ ကောင်းမွန် စွာ အုပ် သောသင်းအုပ် တို့သည် အလှူနှစ်ဆ ကို ခံထိုက်သောသူဖြစ်သည်ဟူ၍ငင်း၊ တရား ဟောခြင်း၊ ဆုံးမ ညြဝါဒပေးခြင်းအမှုကို ကြိုးစား အားထုတ်သောသူ တို့သည်။ အလှူနှစ်ဆကို အထူးသဖြင့် ခံထိုက် သောသူဖြစ်သည်ဟူ၍ငင်း မှတ်ရမည်။ ၁၈ အကြောင်းမူကား ၊ စပါး နင်းနယ်သောနွား ၏ နှုတ်ကိုမ ချုပ်တည်း ရဟုကျမ်းစာ လာ ၏။ တ ချက်ကား၊ လုပ်ဆောင် သောသူ သည် အခ ကို ခံထိုက် ပေသည်ဟု လာပြန်၏။ ၁၉ သက်သေခံ နှစ် ဦးသုံး ဦးမ ရှိလျှင် ၊ သင်းအုပ် ဌ် အပြစ်တင် သော စကားကို နား မ ထောင်နှင့်။ ၂၀ ကြွင်း သောသူတို့သည် ကြောက် စေခြင်းငှာ အပြစ် ရှိသော သူ တို့ကို လူအပေါင်း တို့ရှေ့ မှာ အပြစ်တင် ဆုံးမလော့။ ၂၁ ရှေ့မဆွကမစီရင်၊

ငဲ့ကွက်သောစိတ်နှင့်အလျှင်းမ ပြု ဘဲ၊ ဤပညတ် များကို စောင့်ရှောက် မည် အကြောင်း ၊ ဘုရားသခင် နှင့် သခင်ယေရှု ခရစ် မှာ၎င်း၊ ရွေးကောက် တော်မူသော ကောင်းကင် တမန်တို့ ရှေ့ မှာ၎င်း၊ ငါသည် သင့်ကို သစ္စာ ပေး၏။ ၂၂ အဘယ်သူ၏အပေါ် ၌ လက် ကို အလျင်တဆော မ တင် နှင့်။ သူတစ်ပါး အပြစ် ၌ မ ဆက်ဆံ နှင့်။ ကိုယ်ကိုကိုယ် စင်ကြယ် စေလော့။ ၂၃ သင် ၏ရင်ထဲ၌အကျိုးဖြစ်စေခြင်းငှာ၎င်း၊ မကြာမကြာ ခံရသော ရောဂါ ကြောင့် ၎င်း၊ ယခုမှစ၍ ရေ ကိုသာ မ သောက်ဘဲ၊ စပျစ်ရည် အနည်းငယ် ကိုသုံး လော့။ ၂၄ အချို့သော သူ တို့၏ဒုစရိုက် သည် ရှေ့မဆွကထင်ရှား ၍၊ အပြစ် စီရင်ခြင်းသို့ အရင် အဦးသွားတတ်၏။ အချို့သောသူတို့၏ ဒုစရိုက်သည် နောက် သို့လိုက်တတ်၏။ ၂၅ ထိုနည်းတူ ၊ အချို့သောသူတို့၏ သုစရိုက် သည် ထင်ရှား နှင့်တတ်၏။ မထင်ရှားသေးသော သုစရိုက်ကို လည်း ဝှက် ၍မ ထားနိုင် ။

၆ ဘုရားသခင် ၏ နာမ တော်နှင့်တရားတော်သည် ကဲ့ရဲ့ ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ၊ အစေခံ ကျွန် မည်သည်ကား၊ မိမိ သခင် ကို အလွန်ရိုသေ ထိုက် သော သူဟူ၍မှတ် စေ။ ၂ သခင် သည်ယုံကြည် သောသူ ဖြစ်လျှင် ၊ ညီအစ်ကို ဖြစ် သည်ဟု စိတ်ထင်နှင့်၊ မခန့်မညား မ ပြုစေနှင့်။ အစေခံခြင်း၏အကျိုးကို ခံရ သောသူသည် ယုံကြည် သောသူ၊ ချစ် အပ်သောသူ ဖြစ်သောကြောင့် သာ၍ အစေခံ စေ။ ဤသို့ ဆုံးမ သြဝါဒပေး၍ တိုက်တွန်း သွေးဆောင်လော့။ ၃ ခြားနားသောသြဝါဒကိုသင်ပေး ၍ ၊ ငါ တို့သခင် ယေရှု ခရစ် ၏ စကား တည်းဟူသောစင်ကြယ် သော စကားကိုငင်း၊ ဘုရား ဝတ်၌ မွေ့လျော်ခြင်းနှင့်အညီ ဖြစ်သော သြဝါဒ ကိုငင်း ဝန် မ ခံသောသူ မည်သည်ကား ၄ မာန နှင့်ယစ်မူး၍ အလျှင်းနား မ လည်ဘဲ၊ ပုစ္ဆာအမေးကို ဆွေးနွေး ၍ စကားကြောင့်သာ ငြင်းခုံ သော အားဖြင့်စိတ်ပေါ့သောသူဖြစ်၏။ ထိုသို့ပြုလျှင်၊ ငြူစူခြင်း၊ ရန်တွေ့ ခြင်း၊ သူ့ အသရေကိုရှုတ်ချခြင်း၊ မနာလို သော ကြံစည်ခြင်း ၅ စိတ် နှလုံးယိုယွင်း ၍ ၊ သမ္မာတရား နှင့်ကင်းသော သူတို့ အချည်းနှီးဆွေးနွေးခြင်းဖြစ်တတ်၏။ ဘုရား ဝတ်၌ မွေ့လျော်ခြင်းသည် အကျိုး စီးပွားဖြစ် သည်ဟု သူတို့သည် စိတ်ထင် ကြ၏။ ထိုသို့သောသူတို့ကို ရှောင်လော့။ ၆ ရောင့်ရဲ သောစိတ်ပါလျှင်၊ ဘုရား ဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာ သော အကျိုး စီးပွားမှန်၏။ ၇ အကြောင်းမူကား ၊ ငါတို့သည် ဤလောက ထဲသို့ အဘယ် အရာမျှမပါ ဘဲ လာသည်ဖြစ်၍၊ ထွက်သွားလျှင်လည်း၊ အဘယ် အရာကိုမျှ ယူ ၍ မ သွားနိုင် ဟု ထင်ရှားလျက်ရှိ၏။ ၈ သို့ ဖြစ်၍ ၊ စား ရန်၊ ဝတ် ရန်ရှိသမျှနှင့် ရောင့်ရဲ လျက်နေကြကုန်အံ့။ ၉ ငွေရတတ် ခြင်းဘာအလိုရှိ သောသူ တို့သည် အပြစ် သွေးဆောင်ခြင်း၊ ဘမ်းမိ ခြင်း၊ မိုက်မဲ ဖျက်ဆီး တတ်သော တပ်မက် ခြင်းများ ထဲသို့ ကျရောက် တတ်ကြ၏။ ထိုသို့သောအားဖြင့်လူ တို့သည် အကျိုးနည်းခြင်း၊ ပျက်စီး ခြင်း၌ နစ်မွန်း တတ်ကြ၏။ ၁၀ အကြောင်းမူကား ၊ ငွေ ကိုတပ်မက်ခြင်းသည် မကောင်း သော အမှုအပေါင်း တို့တွင် မူလအမြစ် ဖြစ် သတည်း။ လူအချို့ တို့သည်ငွေကို တပ်မက် သောကြောင့်ယုံကြည် ခြင်းတရားလမ်း မှ လွဲသွား၍၊ ပူပန် ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ် ထုတ်ချင်းခပ်အောင်ထိုး ကြပြီ။ ၁၁ သို့ ဖြစ်၍ ၊ အို ဘုရားသခင် ၏လူ ၊ သင် သည် ထို အပြစ်များကို ကြဉ်ရှောင် လော့။ ဖြောင့်မတ် စွာ ကျင့် ခြင်း၊ ဘုရား ဝတ်၌ မွေ့လျော်ခြင်း၊ ယုံကြည် ခြင်း၊ ချစ်

ခြင်း၊ သည်းခံ ခြင်း၊ နူးညံ့ သိမ်မွေ့ခြင်းတို့ကို မှီအောင် လိုက် လော့။ ၁၂ ယုံကြည် ခြင်းနှင့်ဆိုင်၍ကောင်း စွာသော တိုက်လှန် ခြင်းကို ပြုလော့။ ထာဝရ အသက် ကိုကိုင်ယူ လော့။ ထို အသက်ကိုရမည်အကြောင်း ၊ သင်သည်ခေါ် တော်မူခြင်းကိုခံရ၍ ၊ သက်သေ အများ တို့ ရှေ့၌ကောင်းမွန် စွာ ဝန်ခံ ပြီ။ **(aiōnios g166)** ၁၃ ငါ တို့သခင် ယေရှု ခရစ် ထင်ရှား ပေါ် ထွန်းတော်မူသည်တိုင်အောင် ၊ သင်သည်အညစ်အကြေးနှင့် ကင်းစင် ၍ အပြစ်တင် ခွင့် မရှိဘဲလျက်၊ ပညတ် တော်ကို စောင့်ရှောက် မည်အကြောင်း ၁၄ အလုံးစုံ တို့ကို အသက် ရှင်စေတော်မူသော ဘုရားသခင် ရှေ့ မှာငင်း ၊ ပုန္တိ ပိလတ် မင်းထံ ကောင်း သော ဝန်ခံ ခြင်းဘက်၌ သက်သေခံ တော်မူသော ယေရှု ခရစ် ရှေ့ မှာငင်း၊ ငါသည်သင့် ကိုပညတ် ထား၏။ ၁၅ မရဏာ နှင့်ကင်းလွတ်သော သူတစ်ပါး တည်းဖြစ် တော်မူသော၊ အဘယ်သူမျှမ ချဉ်းကပ်နိုင်သော အလင်း ထဲ၌နေ တော်မူသောအဘယ်သူ မျှမမြင် ဘူးရာ၊ မ မြင် နိုင် ရာ ဖြစ်တော်မူသော၊ မင်္ဂလာ ရှိသော တစ်ပါးတည်း သော အရှင် ဖြစ်တော်မူသော၊ ဘုရင် တကာ တို့၏ ဘုရင် ၊ သခင် တကာ တို့၏သခင် သည်၊ ကာလ အချိန်ရောက်သောအခါ၊ သခင်ယေရှုခရစ်၏ ထင်ရှားပေါ် ထွန်းခြင်းကို ပြ တော်မူလိမ့်မည်။ ၁၆ ထိုဘုရားသခင် သည် ထာဝရ ဂုဏ် အသရေ အစွမ်း သတ္တိရှိတော်မူစေသတည်း။ အာမင် ။ **(aiōnios g166)** ၁၇ ဤ ဘဝ ၌ ငွေရတတ် သောသူ တို့သည် မာန် မာန စိတ်နှင့် ကင်းလွတ် ၍၊ မ မြဲသောစည်းစိမ် ကို မ ကိုးစား ဘဲ၊ ငါ တို့ခံစားဘို့ရာအလုံးစုံ တို့ကိုကြွယ်ဝ စွာ ပေး သနားတော်မူသော၊ အသက်ရှင်တော်မူသော ဘုရားသခင် ကို ကိုးစားရမည်အကြောင်း နှင့် **(aiōn g165)** ၁၈ သူတစ်ပါးအားကျေးဇူး ပြုခြင်း၊ ကောင်း သောအကျင့် ၌ ကြွယ်ဝ ပြည့်စုံခြင်း၊ စွန့်ကြဲ ချင်သော စေတနာ စိတ်ရှိ ခြင်း၊ အချင်းချင်း ဆက်ဆံခြင်း ၁၉ မှန် သောအသက် ကို ဝင်စား လိုသောဌာ ၊ နောင် ဘဝ၌ ကောင်း သောဘဏ္ဍာ ကို မိမိ တို့အဘို့ ဆည်းဖူးခြင်းတို့ကို ပြုရမည်အကြောင်း ပညတ်ထားလော့။ ၂၀ အို တိမောသေ ၊ သင်၌အပ် ထားသော အရာကို စောင့်ရှောက် လော့။ တရားမဲ့ ဖြစ်သော အချည်းနှီး စကားပြောခြင်းကိုငင်း ၊ သိပ်ပံ အတတ်ဟူ၍အလွဲ ခေါ် ဝေါ် သော သိပ်ပံအတတ်ဆီးတားနှောင့်ရှက်ခြင်းကိုငင်း ရှောင် လော့။ ၂၁ ထိုသိပ်ပံအတတ်ကို လူအချို့တို့သည် ဝန်ခံ ပြုစုသောအားဖြင့်၊ ယုံကြည် ခြင်းတရားလမ်းမှ လွဲ ကြပြီ။ သင် ၌ ကျေးဇူး တော်ရှိစေသတည်း။ အာမင်။

၁ ယေရှု ခရစ် ၌ တည်သော အသက် ကိုပေးမည်ဟုဂတိ တော်နှင့်အညီ ၊ ဘုရားသခင် ၏ အလို တော်အားဖြင့် ၊ ယေရှု ခရစ် ၏ တမန်တော် ဖြစ်သော ငါပေါလု သည်ငါ့ချစ် သား တိမောသေ ကို ကြားလိုက်ပါ၏။ **၂** ငါ တို့သခင် ယေရှု ခရစ် နှင့် ခမည်းတော် ဘုရားသခင် အထံ တော်က ကျေးဇူး ၊ ကရုဏာ ၊ ငြိမ်သက် ခြင်းရှိ ပါစေသော။ **၃** သင် ၏မျက်ရည် ကို ငါအောက်မေ့ သောအခါ ၄ သင် ၏အဘွား လောဣ ၊ အမိ ဥနိတ် ၌ အရင် တည် သော ယုံကြည် ခြင်းတည်းဟူသော၊ ငါသဘောကျသည်အတိုင်း၊ သင် ၌ လည်း တည်သော ယုံကြည် ခြင်းစစ်ကို မှတ်မိသဖြင့် ၎င်း **၅** နေ့ ညဉ့် မပြတ်ဆုတောင်း ပဌနာပြုသည်တွင် ၊ သင့် ကိုမခြားမလပ် အောက်မေ့ သည်ဖြစ် ၍၊ ငါ့ဘိုးဘေး ကိုးကွယ် သည်အတိုင်း၊ ကိုယ်ကိုကိုယ် သိသော စိတ်စင်ကြယ် ခြင်းနှင့်တကွ ငါကိုးကွယ်သော ဘုရားသခင် ၏ ကျေးဇူး တော်ကို ငါချီးမွမ်း ၏။ **၆** ထိုသို့ ဖြစ်၍၊ ငါ လက် တင် သောအားဖြင့် ၊ သင် ၌ ဘုရားသခင် ပေးတော်မူသောဆု ကိုနှိုးဆော် မည် အကြောင်း ၊ ငါသည်သင့် ကို သတိပေး ၏။ **၇** အကြောင်းမူကား ၊ ဘုရားသခင် သည် ကြောက် တတ်သော စိတ် သဘောကို ငါ တို့အား ပေး တော်မူသည်မ ဟုတ်၊ တန်ခိုး ပါသောစိတ်၊ ချစ် တတ်သောစိတ်၊ ရှင်းလင်း သောစိတ်သဘောကို ပေးတော်မူ၏။ **၈** ထိုကြောင့် ၊ ငါ တို့သခင် ဘုရား၏ သက်သေ ကိုဎင်း၊ ထိုသခင် ကြောင့်အကျဉ်း ခံရသောသူဖြစ်သောငါ့ ကို ရှက်ကြောက် ခြင်းမ ရှိနှင့်။ ဘုရားသခင် ပေးတော်မူသော တန်ခိုး ကိုရသည်အတိုင်း ဧဝံဂေလိ တရားနှင့် ဆက်ဆံ၍ ဆင်းရဲ ဒုက္ခကိုခံလော့။ **၉** ဘုရားသခင်သည် ငါ တို့ကျင့်သောအကျင့် ကို ထောက်တော်မ မူ။ ရှေး ကပ်ကာလ မ ရောက်မီ၊ ယေရှု ခရစ် အားဖြင့် ငါ တို့အဘို့ ကိုယ်တော် တိုင်ကြဲစည် တော်မူသော ကျေးဇူး တော်နှင့်အညီငါ တို့ကိုကယ်တင် ၍၊ သန့်ရှင်း သောအရာ၌ ခေါ်သွင်း တော်မူ၏။ **(aiōnios g166)** **၁၀** ထိုကျေးဇူးတော်ကား၊ ငါ တို့ကိုကယ်တင် သော သခင်ယေရှု ခရစ် ပေါ်ထွန်း သည်အရာမှာ ယခု ထင်ရှား လျက်ရှိ၏။ ထိုသခင်သည် သေ ခြင်းအကြောင်းကို ပယ်ရှား ၍၊ အသက် ရှင်ခြင်းအကြောင်းနှင့် မ ဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိ တရားအားဖြင့် ထင်ရှား စေတော်မူပြီ။ **၁၁** ထိုတရားကို ဟောပြော သောသူအရာ၌ငင်း ၊ တမန်တော် အရာ၌ငင်း ၊ တစ်ပါးအမျိုးသားတို့၏ ဆရာ အရာ၌ငင်း ငါ့ ကိုခန့်ထား တော်မူပြီ **၁၂** ထို အကြောင်းကြောင့် ဤဆင်းရဲ ဒုက္ခကို ငါခံရ၏။ သို့သော်လည်း ရှက်ကြောက် ခြင်းမ ရှိ။ အဘယ်သူ ကိုငါယုံကြည် သည်ဟု ငါသိ ၏။ သူ၌ငါအပ် ထားသောအရာကိုလည်း၊ ထို နေ့ရက် တိုင်အောင်စောင့် နိုင် တော်မူသည်ဟု ငါသဘောကျ ၏။ **၁၃** ငါ့ ထံ၌ ကြား ရပြီးသော၊ စင်ကြယ် သောတရား စကားအချုပ်အခြာကို၊ ယေရှု ခရစ် ၌ ယုံကြည် ခြင်း၊ ချစ် ခြင်းနှင့်တကွ စွဲလမ်း လော့။ **၁၄** သင်၌အပ် ထားသော အရာမြတ် ကို ငါ တို့ ၌ ကျိန်းဝပ် တော်မူသော သန့်ရှင်း သော ဝိညာဉ် တော်အားဖြင့် စောင့်ရှောက် လော့။ **၁၅** အာရှိ ပြည်၌ နေသော သူ အပေါင်း တို့သည် ငါ့ ကိုပယ် ကြပြီဟု၊ သင်သည် ကြားသိ ၏။ ထိုသူ တို့တွင် ဖုဂေလု နှင့် ဟေရမောဂင် ပါသတည်း။ **၁၆** ထာဝရ ဘုရား၏ ကရုဏာ တော်သည် ဩနေသိဖော် ၏အိမ် ၌သက်ရောက် ပါစေသော။ သူသည်ငါ့ ကို အဖန်ဖန် သက်သာ စေပြီ။ ငါ ၌သံကြိုး ချည်နှောင်လျက် ရှိ သော်လည်း၊ သူ

သည် ရှက်ကြောက် ခြင်းမ ရှိဘဲ ၁၇ ရောမ မြို့သို့ ရောက် သောအခါ သာ၍ ကြိုးစားလျက်ငါ့ ကိုရှာ ၍တွေ့ ၏။ ၁၈ သူသည်ထို နေ့ရက် ၌ သခင် ဘုရား၏လက်မှ ကရုဏာ တော်ကို ခံရ မည်အကြောင်း၊ ထာဝရ ဘုရားသည် ပေးသနားတော်မူပါစေသော။ သူသည်ဖေဖက် မြို့၌ လည်း ငါ့ကို အဘယ်မျှလောက် ပြုစု သည်ကို သင် သည် အမှန် သိ ၏။

J ငါ့ သား ၊ သင် သည် ယေရှု ခရစ် ၌ ရှိသော ကျေးဇူး တော်အားဖြင့် ခိုင်ခံ့ ခြင်းရှိလော့။ ၂ သက်သေခံအများ ရှိသည်နှင့် ငါ့ ထံ၌ ကြား ရပြီးသော အရာ တို့ကို၊ သစ္စာ နှင့်ပြည့်စုံ၍ သူတစ်ပါး တို့ကို သွန်သင် ခြင်းငှာ၊ တတ်စွမ်းနိုင်သော သူ တို့ ၌ အပ်ပေး လော့။ ၃ ထိုသို့အလိုဌာ သင်သည်၊ ယေရှု ခရစ် ထံ၌ကောင်း သောစစ်သူရဲကဲ့သို့ ၊ ဆင်းရဲ ဒုက္ခကိုသည်းခံလော့ ၄ စစ်သူရဲ မည်သည်ကား၊ မိမိကိုစစ်သူရဲ အရာ၌ ခန့်ထားသောသူ ကို နှစ်သက်စေခြင်းဌာ ၊ လောကီမှု ရေးနှင့် ပြွမ်းနှော ရှုပ်ထွေးခြင်းကိုပယ်ရှားတတ်၏။ ၅ ပွဲ၌လူချင်းတိုက်သောသူမည်သည်ကား ၊ ထုံးတမ်း အတိုင်းမ တိုက် လျှင် ပန်း ဦးရစ်ကိုမ ရ။ ၆ လယ် လုပ်သောသူသည်လည်းအရင် လုပ်ပြီးမှအသီးအနှံ ကိုခံရ မည်။ ၇ ငါ့စကား ကိုဆင်ခြင် လော့။ ထာဝရ ဘုရားသည် အရာရာ တို့ ၌ ဉာဏ် ကို သင့် အားပေး သနားတော်မူပါစေသော။ ၈ ဒါဝိဒ် အမျိုး ဖြစ်သော ယေရှု ခရစ် သည်၊ ငါ ဟောသောဧဝံဂေလိ တရားအတိုင်း ၊ သေ ခြင်းမှ ထမြောက် တော်မူသည်ဟု အောက်မေ့ လော့။ ၉ ထိုတရား ကြောင့် ငါသည်လူဆိုး ကဲ့သို့ ချည်နှောင် ခြင်းတိုင်အောင် ဆင်းရဲ ဒုက္ခကိုခံရ၏။ သို့သော်လည်း ၊ ဘုရားသခင် ၏နှုတ်ကပတ် တရားတော်သည်ချည်နှောင် ခြင်းနှင့် ကင်းလွတ် ၏။ ၁၀ ထိုကြောင့် ရွေးကောက် တော်မူသော သူ တို့သည်၊ ထာဝရ ဘုန်း အသရေနှင့်တကွ ယေရှု ခရစ် အားဖြင့် ကယ်တင်ခြင်းသို့ရောက် စိမ့်သောငှာ၊ သူ တို့အဘို့ အရာရာ ကို ငါသည်းခံ ရ၏။ **(aiōnios g166)** ၁၁ သစ္စာ စကား ဟူမူကား၊ ထိုသခင်နှင့်အတူသေ လျှင် ၊ အတူ ရှင်လိမ့်မည်။ ၁၂ သည်းခံ လျှင် ၊ ထိုသခင်နှင့်အတူစိုးစံ လိမ့်မည်။ ထိုသခင်ကို ငါတို့သည် ငြင်းပယ် လျှင် ၊ ငါ တို့ကို ငြင်းပယ် တော်မူလိမ့်မည်။ ၁၃ ငါတို့သည်မယုံကြည် သော်လည်း ၊ ထိုသခင် သည် သစ္စာ တည် သဖြင့် ကိုယ် ကိုငြင်းပယ် တော်မ မူနိုင် ။ ၁၄ ဤ အကြောင်းအရာများကို သူတစ်ပါးတို့အား သတိပေးလော့။ အဘယ် အကျိုး ကိုမျှမပြုစု၊ ကြားနာ သောသူ တို့၏ စိတ်ကိုမှောက်လှန် လိုသောဌာ ၊ စကား ကြောင့်သာငြင်းခုံခြင်းကို မ ပြုမည်အကြောင်း၊ သခင် ဘုရားရှေ့ ၌ သစ္စာ ပေးလော့။ ၁၅ သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက် စရာအကြောင်းမရှိဘဲ၊ သမ္မာ တရား ကို မှန်ကန် စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင် ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သ ခြင်းဌာကြိုးစား အားထုတ်လော့။ ၁၆ တရားမဲ့ ဖြစ်သော အချည်းနှီး စကားကို ရှောင် လော့။ အကြောင်းမူကား ၊ ထိုစကားသည် မတရား သော အမှုတို့ကို ပွားများ စေလိမ့်မည်။ ၁၇ သူ တို့၏စကား သည် ခူနာ ကဲ့သို့ စား လိမ့်မည်။ ထိုသူ တို့တွင် ဟုမေနဲ နှင့် ဖိလက် ပါ သတည်း။ ၁၈ သူ တို့က သေလွန်သော သူတို့သည် ထမြောက် ကြပြီဟု ပြော လျက်၊ သမ္မာတရား လမ်းမှ လွဲ သွား၍ အချို့သောသူတို့၏ ယုံကြည် ခြင်းကို မှောက်လှန် တတ်ကြ၏။ ၁၉ သို့သော်လည်း ၊ သခင် ဘုရားသည် မိမိ လူ တို့ကို သိကျွမ်း တော်မူ၏ဟူ၍ဌင်း၊ တံဆိပ်ခတ်လျက်ရှိ သော ဘုရားသခင် ၏ တိုက်မြစ် သည် ခိုင်ခံ့ ၍တည် ၏။ ၂၀ ကြီးစွာ သောအိမ် ၌ ရွှေ တန်ဆာ ၊ ငွေ

တန်ဆာသာ ရှိ သည်မ ဟုတ်၊ သစ်သား တန်ဆာ၊ မြေ တန်ဆာရှိ၏။ အသရေ ရှိသောတန်ဆာ၊ အသရေ မရှိသော တန်ဆာရှိ၏။ ၂၁ သို့ ဖြစ်၍ ၊ အထက်ဆိုခဲ့ပြီးသောအကျင့်တို့ကို ပယ်၍၊ မိမိ ကို စင်ကြယ် စေသောသူမည်သည်ကား၊ အသရေ ရှိသောတန်ဆာ ၊ သန့်ရှင်း ၍ အိမ်ရှင် သုံး စရာ ကောင်းသောတန်ဆာ၊ ကောင်း သော အမှု များအဘို့ အလိုငှာ ပြင်ဆင် သောတန်ဆာဖြစ်လိမ့်မည်။ ၂၂ လူပျိုု တို့၏ တပ်မက် ခြင်းကိလေသာစိတ်ကို ကြဉ်ရှောင် လော့။ ဖြောင့်မတ် ခြင်း၊ သစ္စာ ရှိခြင်း၊ ချစ် ခြင်း၊ စင်ကြယ် သောစိတ် ရှိ၍ ၊ သခင် ဘုရားကိုပဌနာ ပြုသော သူ တို့နှင့် အသင့်အတင့် နေခြင်းတို့ကို မှီအောင်လိုက် လော့။ ၂၃ မိုက်မဲ ၍ ပညာ ကင်းသောပုဿာ အမေးတို့သည် ရန် ပွား စေတတ်သည်ဟု သိမှတ် ၍ပယ်ရှား လော့။ ၂၄ သခင် ဘုရား၏ ကျွန် သည် ရန် မ တွေ့ရ ။ ခပ်သိမ်း သော သူတို့အား ဖြည်းညှင်း စွာ ပြုသောသူ၊ ဆုံးမ ဩဝါဒပေးခြင်းအမှုဌ် လိမ္မာသောသူ၊ သည်းခံ နိုင်သောသူဖြစ် ရမည်။ ၂၅ ဆီးတား ငြင်းခုံသောသူ တို့ကို နူးညံ့ သိမ်မွေ့စွာ ဆုံးမ ရမည်။ သမ္မာတရား ကို ဝန်ခံ ခြင်းအလိုငှာ ၊ နောင်တ ကို ဘုရားသခင် ပေး ကောင်းပေးတော်မူ၍ ၂၆ မာရ်နတ် ၏ အလို အတိုင်းဘမ်းမိ သောထိုသူ တို့သည် သတိရ၍ ၊ ထိုဘမ်းမိ ရာမှ လွတ်ခြင်းသို့ ရောက် ကောင်း ရောက်ကြလိမ့်မည်။

၇ နောင် ကာလ သည် ခဲယဉ်း သော ကာလ ဖြစ် မည်ဟု သိမှတ် လော့။ အဘယ်သို့နည်းဟူမူကား ၂ လူ တို့သည် ကိုယ်ကိုကိုယ် ချစ်သောသူ၊ ငွေ ကိုတပ်မက်သောသူ၊ ဝါကြွား သောသူ၊ ထောင်လွှား စော်ကားသောသူ၊ သူ့ အသရေကိုရှုတ်ချသောသူ၊ မိဘ စကားကို နားမထောင် သောသူ၊ ကျေးဇူး မရှိသောသူ၊ သန့်ရှင်း ခြင်း မရှိသောသူ ၃ ပကတိ ကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုး ဖွဲ့သောသူ၊ ချောစား တတ်သောသူ၊ ကိုယ် ဣန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန် သူ၊ သူတော်ကောင်း ကို မုန်းသောသူ ၄ သစ္စာ ကိုဖျက်တတ်သောသူ၊ သတိပေး ခြင်းကို မခံသောသူ၊ မာန် မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင် ကို နှစ်သက်သည်ထက် ကာမဂုဏ် ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ ဘုရား ဝတ်၌မွေ့လျော်ယောင်ဆောင် ၍ ၅ မွေ့လျော်ခြင်းတန်ခိုး ကို ငြင်းပယ် သောသူ ဖြစ် ကြလိမ့်မည်။ ထိုသူ တို့ကို ရှောင် လော့။ ၆ ဒုစရိုက် အပြစ်ဝန်ကို ထမ်းချက် ၍၊ အထူးထူး အပြားပြားသော လောဘ ကိလေသာ သွေးဆောင် ရာ သို့လိုက်၍၊ အစဉ် သင် သော်လည်း ၇ သမ္မာတရား ကို လေ့ကျက် ခြင်းသို့ အလျှင်း မရောက် နိုင် သော မိန်းမမိုက် တို့ကို၊ အိမ် ထဲသို့ ဝင် ၍ ဘမ်း သွားသောသူတို့သည် ထိုသူတို့အဝင် ဖြစ်ကြ၏။ ၈ ယန္နေ နှင့် ယံဗြေ သည် မောရှေ ကိုတားဆီး သကဲ့သို့၊ ထိုသူ တို့သည် သမ္မာတရား ကိုတားဆီး ကြ၏။ စိတ် နှလုံးယိုယွင်း ၍ ယုံကြည် ယောင်ဆောင် သောသူ ဖြစ်ကြ၏။ ၉ ထိုသူ နှစ်ယောက်တို့၏ မိုက်မဲ ခြင်းသည် လူအပေါင်း တို့ရှေ့မှာ ထင်ရှား သကဲ့သို့ ၊ ဤ သူတို့၏ မိုက်မဲ ခြင်းသည်လည်း ထင်ရှား လိမ့်မည်။ သို့ ဖြစ်၍ သူတို့သည် တိုး ၍မ လွန် မသွားရကြ။ ၁၀ ငါ ဆုံးမ ဩဝါဒပေးခြင်း၊ အကျင့် ကျင့်ခြင်း၊ ကြံစည် ခြင်း၊ သစ္စာစောင့် ခြင်း၊ စိတ်ရှည် ခြင်း၊ ချစ် ခြင်း၊ သည်းခံ ခြင်းတို့ကိုငင်း၊ အန္တိအုတ် မြို့၊ ဣကောနိ မြို့၊ လုတ္တရ မြို့တို့ ၌ ငါ ခံရ သကဲ့သို့ ၊ အရပ်ရပ်တို့ ၌ ခံရ သော ညှဉ်းဆဲ ခြင်း၊ ဆင်းရဲ ခြင်းတို့ကိုငင်း၊ သင်သည် ရှာဖွေနားလည်ရပြီ။ ၁၁ ထိုသို့သောအမှုတို့ကို ငါတွေ့ရသော်လည်း ၊

တွေ့သမျှ ဘို့မှ သခင် ဘုရားသည် ငါ့ ကိုကယ်နှုတ် တော်မူပြီ။ ၁၂ ယေရှု ခရစ် ၏ တရားတော်နှင့်အညီ၊ ဘုရား ဝတ်၌ မွေ့လျော်၍ နေ ခြင်းငှာအလိုရှိ သောသူ အပေါင်း တို့သည် ညှဉ်းဆဲ ခြင်းကို ခံရကြလိမ့်မည်။ ၁၃ ဆိုးညစ် သောသူ၊ လှည့်ဖြား သောသူတို့မူကား ၊ သူတစ်ပါး ကိုငင်း၊ ကိုယ်ကိုငင်းလှည့်ဖြား ၍ ဆိုးညစ် ခြင်း၌ တရွေ့ရွေ့တိုးပွား ကြလိမ့်မည်။ ၁၄ သင် သည်အဘယ်သူ ထံ၌ နည်းခံ ခဲ့ပြီးသည်ကိုငင်း ၁၅ ယေရှု ခရစ် ကို ယုံကြည် ခြင်းအားဖြင့် ကယ်တင် ခြင်းအလိုငှာ ပညာကိုပေးနိုင် သော ဓမ္မ ကျမ်းစာ ကို ငယ် သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငင်း သိမှတ် သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့။ ၁၆ ထိုကျမ်းစာ ရှိသမျှ သည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍ ၁၇ ဘုရားသခင် ၏ လူ သည်စုံလင် သောသူ၊ ကောင်း သော အမှု အမျိုးမျိုး တို့ကို ပြုစုခြင်းအလိုငှာ ပြင်ဆင်သောသူ ဖြစ် မည်အကြောင်း ၊ သြဝါဒ ပေးခြင်း၊ အပြစ် ကိုဖော်ပြခြင်း၊ ၊ ဖြောင့်မတ် စွာ ပြုပြင် ခြင်း၊ တရားကိုသွန်သင် ခြင်း ကျေးဇူး များကို ပြုတတ်၏။

၄ ကိုယ်တော် တိုင်ပေါ်ထွန်း ၍ နိုင်ငံ တော်ထင်ရှားသောကာလ၊ အသက် ရှင်သောသူ၊ သေ သော သူတို့ကိုစစ်ကြော စီရင်တော်မူသော သခင် ယေရှု ခရစ် ရှေ့မှာငင်း၊ ဘုရားသခင် ရှေ့မှာငင်း ၊ ငါသည် သင့်ကို သစ္စာ ပေးသည်ကား ၂ နှုတ်ကပတ် တရားတော်ကို ပြော လော့။ အချိန် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြ လော့။ ဆုံးမ ခြင်းကိုပြုလော့။ အလွန် ရှည်သောစိတ်နှင့် သြဝါဒ မျိုးကိုပေး၍ တိုက်တွန်း သွေးဆောင်လော့။ ၃ အကြောင်းမူကား ၊ နောင် ကာလ ၌လူ တို့သည် စင်ကြယ် သော သြဝါဒ ကိုနား မ ခံနိုင်ဘဲ၊ ယား တတ်သော နား ရှိလျှင်၊ မိမိ တပ်မက် ခြင်းအတိုင်း များပြား သော ဆရာ တို့နောက်သို့ လိုက်ကြလိမ့်မည်။ ၄ သမ္မာတရား ကို နား မထောင်ဘဲ၊ ဒဏ္ဍာရီ စကားကို နားထောင်၍ လွဲ သွားကြလိမ့်မည်။ ၅ သင် မူကား ၊ အရာရာ ၌ သမ္မာ သတိရှိစေလော့။ ဆင်းရဲ ဒုက္ခကိုသည်းခံလော့။ သာသနာပြု ဆရာ ဆောင်ရွက်ရသောအမှု ကို ဆောင်ရွက် လော့။ ဓမ္မဆရာ အရာ၌ ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့။ ၆ အကြောင်းမူကား ၊ ငါ့ ကိုယဇ်ပေါ်မှာလောင်း ရသော အချိန်ရှိပြီ။ စုတေ့ ရသောအချိန် ရောက် လေပြီ။ ၇ ကောင်း စွာသော တိုက်လှန် ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်း ကို အဆုံး တိုင်အောင်ပြေးပြီ။ ယုံကြည် ခြင်းတရားကို စောင့်ရှောက် ပြီ။ ၈ ယခု မှစ၍ဓမ္မ သရဖူ သည် ငါ့ အတွက်သိုထား လျက်ရှိ၏။ ထို နေ့ရက် ၌ တရား သဖြင့် စီရင် သောသူ တည်းဟူသောသခင် ဘုရားသည် ထို သရဖူကို ငါ ၌အပ်ပေး တော်မူမည်။ ထိုမျှမက ၊ ပေါ်ထွန်း တော်မူခြင်းကို တောင့်တ သောသူ အပေါင်း တို့ ၌ လည်း အပ်ပေးတော်မူမည်။ ၉ ငါ့ ထံသို့ မြန်မြန် လာ ခြင်းငှာကြိုးစား လော့။ ၁၀ အကြောင်းမူကား၊ ဒေမ သည် ယခု ဘဝ ကို နှစ်သက် သော စိတ်ရှိသည်နှင့် ငါ့ ကိုစွန့်ပစ် ၍၊ သက်သာလောနိတ် မြို့သို့ သွား ပြီ။ ကရက္ကေ သည်ဂလာတိ ပြည်သို့ ၎င်း ၊ တိတု သည် ဒါလမာတိ ပြည်သို့ ၎င်း သွားပြီ။ (aiōn g165) ၁၁ လုကာ တယောက်တည်း သာ ငါ့ ထံမှာရှိ ၏။ မာကု ကိုသင် နှင့်အတူ ခေါ် ခဲ့လော့။ သူသည်ဆရာ အမှုကို ပြုရာမှာ ငါ အကျိုး ရှိ ၏။ ၁၂ တုခိတ် ကိုလည်း ဧဖက် မြို့သို့ ငါစေလွှတ် ပြီ။ ၁၃ တရော မြို့တွင် ကာပုလက် ၌ ငါထား ခဲ့သော ဝတ်လုံ ကိုငင်း ၊ စာစောင်ကိုငင်း၊ အထူးသဖြင့် သားရေ စာ ကိုငင်း၊ သင်သည်လာ

သောအခါယူခဲ့ လော့။ ၁၄ ပန်းတိမ် သမားအာလေဓြို့ သည် ငါ ၌မကောင်း သောအမှုအများ ကို ပြု လေပြီ။ ထိုသူ ကျင့်သော အကျင့် တို့၏ အကျိုး အပြစ်ကို သခင် ဘုရား ဆပ်ပေး တော်မူပါစေသော။ ၁၅ သူ တို့သတိပြု လော့။ ငါ တို့စကား ကို အလွန် ငြင်းပယ် လေပြီ။ ၁၆ ပဌမ အချိန်၌ အပြစ်တင် ခွင့်ကိုဖြေ၍ ငါ သည် အစီရင်ခံရသောအခါ၊ ငါ့ ဘက် ၌ အဘယ်သူ မျှမနေ။ လူအပေါင်း တို့သည် ငါ့ ကို စွန့်ပစ် ကြ၏။ ၁၇ သူ တို့ ၌ အပြစ်တင်တော်မ မူပါစေနှင့်။ လူအပေါင်းတို့သည် စွန့်ပစ်ကြသော်လည်း၊ ဒေသနာတော် ကို အကုန်အစင်ဟောပြော ၍၊ ခပ်သိမ်း သောလူမျိုး တို့သည် ကြားသိ စေခြင်းငှာ ၊ သခင် ဘုရားသည် ငါ့ ဘက်၌ နေ ၍ ငါ့ ကို ခွန်အား နှင့် ပြည့်စုံ စေတော်မူသောကြောင့် ၊ ခြင်္သေ့ ခံတွင်း မှ ကယ်နှုတ် ခြင်းချမ်းသာကို ငါ ရ၏။ ၁၈ ထိုမျှမက၊ သခင် ဘုရားသည် မကောင်း သော အမှု ရှိသမျှ ကို ငါ့ ကိုကယ်နှုတ် ၍၊ မိမိ ကောင်းကင် နိုင်ငံ တော်သို့ တိုင်အောင်မစ ပို့ဆောင်တော်မူလိမ့်မည်။ ထိုသခင် သည် ကမ္ဘာ အဆက်ဆက် ဘုန်းကြီး တော်မူစေ သတည်း။ အာမင် ။ **(aiōn g165)** ၁၉ ပြစ်ကိုလ နှင့် အာကုလ မှစ၍ သြနေသိဖော် ၏ အိမ်သူ အိမ်သားများကို နှုတ်ဆက် လော့။ ၂၀ ဧရတ္တ သည် ကောရိန္သု မြို့၌ နေ ၏။ တရောဖိမ် သည် နာ ၍ မိလက် မြို့၌ ငါထား ခဲ့၏။ ၂၁ ဆောင်း ကာလမ ရောက်မှီကြိုးစား ၍ လာ ခဲ့ လော့။ ဥဗုလု ၊ ပုဒေ ၊ လိနု ၊ ကလောဒိ မှစ၍ ညီအစ်ကို အပေါင်း တို့သည် သင့် ကို နှုတ်ဆက် ကြ၏။ ၂၂ သခင် ယေရှုခရစ်သည် သင် ၏စိတ် ဝိညာဉ်နှင့်အတူ ရှိတော်မူပါစေသော။ သင် ၌ ကျေးဇူး တော်ရှိစေသတည်း။ အာမင်။

၁ မုသာ နှင့် ကင်းစင် တော်မူ သော ဘုရားသခင် သည်၊ ရှေး ကပ်ကာလ မ ရောက်မီ ဂတိ ထားတော်မူ၍၊
ငါ တို့ကိုကယ်တင် သော အရှင်ဘုရားသခင် ၏ ပညတ် တော်အတိုင်း **၂** ငါ ၌အပ် ထားသော တရား
ဟောခြင်း၊ အခွင့်အားဖြင့် တော်လျော်သောအချိန် ၌၊ နှုတ်ကပတ် တရားတော်ကို ထင်ရှား စေတော်မူသောအရာနှင့်
စပ်ဆိုင်သောထာဝရ အသက် ကို မြော်လင့် သည်ဖြစ်၍၊ ဘုရား ဝတ်၌ မွေ့လျော်ခြင်းနှင့်ဆိုင်သော သမ္မာတရား
ကိုဝန်ခံ ခြင်းအလိုဌာဂင်း **(aiōnios g166)** **၃** ဘုရားသခင် ရွေးကောက် တော်မူသော သူတို့၏ ယုံကြည် ခြင်းအလိုဌာ ဂင်း၊
ဘုရားသခင် ၏ ကျွန် တည်းဟူသော၊ ယေရှု ခရစ် ၏ တမန်တော် ဖြစ်သောငါပေါလု သည် **၄** ဆက်ဆံ သောယုံကြည်
ခြင်းအားဖြင့် ငါ့သား စစ် ဖြစ်သော တိတု ကိုကြားလိုက်ပါ၏။ ငါ တို့ကိုကယ်တင် တော်မူသော အရှင်သခင်ယေရှု ခရစ်
နှင့် ခမည်းတော် ဘုရားသခင့် အထံ တော်က ကျေးဇူး ၊ ကရုဏာ၊ ငြိမ်သက် ခြင်းရှိပါစေသော။ **၅** ငါ သည် သင့် ကို
မှာထား ခဲ့နှင့်သည်အတိုင်း ၊ ကရေတေ ကျွန်း၌ မ စုံလင်သမျှ တို့ကို ပြင်ဆင် ၍ ၊ မြို့ ရွာ များ၌ သင်းအုပ် တို့ကို ခန့်ထား
စေခြင်းဌာ ၊ ထို ကျွန်း၌ သင့် ကို ငါထား ခဲ့သတည်း။ **၆** အပြစ်တင် ခွင့်နှင့်ကင်းလွတ်သောသူ၊ မယား တစ်ယောက်တည်း
ရှိသောသူ ဖြစ် လျှင် ၎င်း၊ သူ၏သားသမီး တို့သည် ကာမဂုဏ်၌ လွန်ကျူး သည်ဟု အပြစ်တင် ခြင်း၊ နား မထောင်ခြင်းနှင့်
လွတ်၍ ယုံကြည် လျှင်ဌင်း၊ ထိုသို့သောသူကို ခန့်ထားအပ်၏။ **၇** အကြောင်းမူကား ၊ သင်းအုပ် သည် ဘုရားသခင်
၏ ဘဏ္ဍာစိုး ကဲ့သို့ ၊ အပြစ်တင် ခွင့်နှင့် ကင်းလွတ်သော သူဖြစ် ရမည်။ ကိုယ် အလိုသို့ လိုက်တတ်သောသူ၊
စိတ်တို သောသူ၊ စပျစ်ရည် နှင့်ပျော်မွေ့သောသူ၊ သူတစ်ပါး ကို ရိုက်ပုတ်သောသူ၊ မ စင်ကြယ်သောစီးပွားကို
တပ်မက်သောသူ မ ဖြစ် ရဘဲ **၈** ဧည့်သည် ဝတ်ကိုပြုတတ်သောသူ၊ သူတော်ကောင်း နှင့်အဆွေဖွဲ့သောသူ၊ ဂ္ဂန္ဒြေ
စောင့်သောသူ၊ ဖြောင့်မတ် သောသူ၊ သန့်ရှင်း သောသူ၊ ကာမဂုဏ် ကို ချုပ်တည်းသောသူဖြစ်ရမည်။ **၉** စင်ကြယ်
သော သြဝါဒ အားဖြင့် တိုက်တွန်း သွေးဆောင်ခြင်းဌာဂင်း၊ ငြင်းခုံ သောသူ တို့၏ စကား ကို ချေခြင်းဌာဂင်း တတ်နိုင်
မည်အကြောင်း ၊ ကိုယ်တိုင်သင်ပြီးသောသစ္စာစကားတော်ကို အမြဲစွဲလမ်းသောသူ ဖြစ် ရမည်။ **၁၀** အကြောင်းမူကား၊
နား မထောင်ဘဲအချည်းနှီးသော စကားကိုပြော၍၊ လှည့်ဖြား တတ်သောသူအများ ရှိကြ၏။ အရေဖျားလှီး ခြင်းကို
ခံသောသူ တို့တွင်လည်း အထူးသဖြင့် ရှိကြ၏။ **၁၁** ထိုသူ တို့၏နှုတ် ကိုပိတ်ရ မည်။ သူတို့သည် မ စင်ကြယ်သော
စီးပွား ကိုတပ်မက်လျက်၊ မ ပေးအပ်သော သြဝါဒ ကိုပေး၍၊ တစ်အိမ်ထောင် လုံး ကို မှောက်လှန် တတ်ကြ၏။ **၁၂** သူ
တို့အပါအဝင် ၊ အမျိုးသား ချင်းပရောဖက် ဆရာတယောက်က၊ ကရက် သားမြဲ ၊ မုသာ စွဲလမ်း၊ သားရဲ ကြမ်းကြုတ် ၊
စားကြူး တုတ်တုတ်၊ လူယုတ် ပေဟု စပ်ဆို သတည်း။ **၁၃** ဤ သက်သေ မှန် ၏။ ထိုကြောင့် ၊ သူ တို့သည် ယုဒ ဒဏ္ဍာရီ
စကားကိုဌင်း ၊ သမ္မာတရား ကိုစွန့် သောလူ တို့၏ ပညတ် တို့ကိုဌင်း **၁၄** အမှု မ ထားဘဲ ယုံကြည် ခြင်းအမှု၌ စင်ကြယ်
စေခြင်းဌာ ၊ သူတို့ကို ကျပ်တည်း စွာ ဆုံးမ ပြစ်တင်လော့။ **၁၅** စင်ကြယ် သောသူတို့အား ခပ်သိမ်း သောအရာတို့သည်
စင်ကြယ် လျက်ရှိကြ၏။ မ စင်ကြယ်၊ မယုံကြည် သောသူတို့အား အဘယ် အရာမျှမစင်ကြယ် ။ သူ တို့၏ နှလုံးလည်း

မ စင်ကြယ်။ ကိုယ်ကိုကိုယ် သိသောစိတ် လည်း မစင်ကြယ်။ ၁၆ သူတို့သည် ဘုရားသခင် ကို သိ ယောင်ဆောင် သော်လည်း ။ အကျင့် အားဖြင့်ဘုရားသခင်ကို ငြင်းပယ် ကြ၏။ စက်ဆုပ် ရွံရှာဘွယ်သောသူ၊ နားမထောင် သောသူ၊ ကောင်း သောအမှု တစ်ခုကိုမျှ ပြုတတ်သော ဉာဏ် မရှိသောသူဖြစ် ကြ၏။

J သင် မူကား ၊ စင်ကြယ် သောဩဝါဒ နှင့်ထိုက်တန် သမျှ တို့ကို ဟောပြော လော့။ ၂ အသက် ကြီးရင့်သောယောကျ်ားတို့သည် သမ္မာ သတိရှိသောသူ၊ တည်ကြည် သောသူ၊ ဣန္ဒြေ စောင့် သောသူ၊ ယုံကြည် ခြင်း၊ ချစ် ခြင်း၊ သည်းခံ ခြင်း၌ စိတ်သန် သောသူ ဖြစ် ရကြမည်အကြောင်း ၃ ထိုနည်းတူ ၊ အသက် ကြီးရင့်သောမိန်းမတို့သည် ကျင့်ကြံ ပြုမူရာမှာ ဓမ္မ အမှုနှင့်ထိုက်တန်သောသူ၊ မ ချောစား တတ်သောသူ၊ စပျစ်ရည် ၌ မ လွန်ကြူးတတ်သောသူ၊ ကောင်း သောအတတ်ကို သင်ပေးတတ်သောသူ ကိုယ်တိုင်ဖြစ်၍ ၄ ဘုရားသခင် ၏ နှုတ်ကပတ် တရားတော်ကို ကဲ့ရဲ့ ခြင်းနှင့် ကင်းလွတ်စိမ့်သောဌာ ၊ အသက် ပျိုသော မိန်းမတို့သည် ကိုယ် ခင်ပွန်းကို ချစ်သောသူ၊ သားသမီး ကို ချစ်သောသူ ၅ ဣန္ဒြေ စောင့်သောသူ၊ စင်ကြယ် သောသူ၊ မိမိ အိမ်ကိုပြုစုသောသူ၊ ကောင်းမွန် သောသူ၊ ခင်ပွန်း ၏ အုပ်စိုးခြင်းကို ဝန်ခံ သောသူဖြစ်စေခြင်းဌာ ၊ အသက်ကြီးရင့်သောမိန်းမတို့သည် ဆုံးမပေးရကြမည်အကြောင်း ၆ ထိုနည်းတူ ၊ အသက် ပျိုသောယောကျ်ားတို့သည်လည်း၊ ဣန္ဒြေ စောင့်ရကြမည်အကြောင်း တိုက်တွန်း သွေးဆောင်လော့။ ၇ အရာရာ ၌ ကောင်း သောအကျင့် တို့၏ ပုံ သက်သေကိုကိုယ်တိုင် ပြ လော့။ ဆုံးမ သြဝါဒပေးသောအခါ ၊ မိစ္ဆာ ဒိဋ္ဌိနှင့်ကင်းခြင်း၊ တည်ကြည် ခြင်း ၈ အပြစ်တင် ဘွယ်မရှိ၊ စင်ကြယ် သောတရား စကားကို ဟောပြောခြင်းတို့ကို ပြုလော့။ သို့ ဖြစ်၍ ၊ တစ်ဘက် ၌ နေသောသူ သည်၊ ငါ တို့ကို ကဲ့ရဲ့ စရာအခွင့် မ ရ နိုင်သောကြောင့် ၊ ရှက်ကြောက် ခြင်းသို့ ရောက်လိမ့်မည်။ ၉ အစေခံ ကျွန်တို့သည်။ ငါ တို့ကို ကယ်တင် တော်မူသော အရှင်ဘုရားသခင် ၏ သြဝါဒ ကိုအရာရာ ၌ တန်ဆာ ဆင်ခြင်းဌာ ၊ မိမိ တို့ သခင် ၏အုပ်စိုးခြင်းကို ဝန်ခံ ၍၊ ငြင်းခုံ ခြင်းမ ရှိဘဲ၊ အရာရာ ၌ သခင်၏အလို သို့လိုက်မည်အကြောင်း နှင့် ၁၀ တိတ်ဆိတ်စွာ ခိုးယူ ခြင်းကိုမ ပြုဘဲ၊ ခပ်သိမ်း သောသစ္စာ ကို ထင်ရှား စွာ ပြ မည်အကြောင်းတိုက်တွန်းသွေးဆောင်လော့။ ၁၁ အကြောင်းမူကား ၊ မင်္ဂလာ ရှိသောမြော်လင့် ရာကိုငင်း ၊ ကြီးမြတ် သော ဘုရားသခင် တည်းဟူသော၊ ငါ တို့ကို ကယ်တင် တော်မူသောအရှင်သခင် ယေရှု ခရစ် ၏ ဘုန်း အသရေတော် ထင်ရှား ပေါ် ထွန်းခြင်းကိုငင်း ၁၃ ငါ တို့သည် မြော်လင့်လျက်၊ ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီ တပ်မက် ခြင်းကို ပယ်ရှား လျက် ၊ ယခု ဘဝ ၌ ဣန္ဒြေ စောင့်ခြင်း၊ တရား သဖြင့်ကျင့်ခြင်း၊ ဘုရား ဝတ်၌မွေ့လျော် ခြင်းတို့ကို ပြုနေရမည်အကြောင်း (aiōn g165) ၁၃ ငါတို့ကို ဆုံးမသွန်သင်၍၊ လူ အပေါင်း တို့ကို ကယ်တင် တတ်သော ဘုရားသခင် ၏ကျေးဇူး တော်သည် ထင်ရှား ပေါ် ထွန်းလျက်ရှိ၏။ ၁၄ ထိုသခင် ယေရှုခရစ်သည် ခပ်သိမ်း သော ဒုစရိုက် မှ ငါ တို့ကို ရွေးနှုတ် ခြင်းဌာ ၎င်း ၊ ကောင်း သော အကျင့် ဘက်၌ စိတ်အားကြီး ၍၊ ပိုင်ထိုက် တော်မူသော အမျိုး ကိုမိမိ အဘို့ စင်ကြယ် စေခြင်းဌာ၎င်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲ တော်မူပြီ။ ၁၅ ဤ တရားစကားကိုဟောပြော ခြင်း၊

တိုက်တွန်း သွေးဆောင်ခြင်း၊ ဆုံးမ ပြစ်တင်ခြင်းတို့ကို ခပ်သိမ်း သော အာဏာ နှင့်တကွ ပြုလော့။ အဘယ်သူ မျှသင့်
ကိုမထီမဲ့မြင် မပြုစေနှင့်။

၃ လူ တို့သည် အထွဋ်အမြတ်အာဏာစက် ၏ အုပ်စိုး ခြင်းကို ဝန်ခံ စေခြင်းငှာငင်း၊ မင်း၏စကားကို နားထောင်
စေခြင်းငှာငင်း၊ ကောင်း သောအမှု အမျိုးမျိုး တို့ကို ပြု၍ အသင့် ဖြစ် စေခြင်းငှာငင်း ၂ အဘယ်သူ ကိုမျှမကဲ့ရဲ့၊ ရန်တွေ့
ခြင်းကိုမပြု၊ ဖြည်းညှင်း သော သဘောရှိ၍၊ ခပ်သိမ်း သောသူ တို့ ၌ အလွန်နူးညံ့ သိမ်မွေ့စွာ ပြု စေခြင်းငှာငင်း သတိပေး
လော့။ ၃ အကြောင်းမူကား၊ အထက် က ငါ တို့သည် ပညာ မဲ့သောသူ၊ နားမထောင် သောသူ၊ မှားယွင်း သောသူ၊
အထူးထူး အပြားပြားသော တပ်မက် ခြင်း၊ ကာမဂုဏ် ခံစားခြင်း အမှု တို့ကို ဆောင်ရွက်သောသူ၊ မနာလို ခြင်း၊ ငြူစူ
ခြင်း၌ ကျင်လည် သောသူ၊ စက်ဆုပ် ရွံရှာဘွယ်သောသူ၊ အချင်းချင်း မုန်း သောသူဖြစ် ကြ၏။ ၄ ငါ တို့ကိုကယ်တင်
တော်မူသောအရှင်ဘုရားသခင် ၏ စေတနာ တော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာတော်သည် ပေါ်ထွန်း သောအခါ
၅ ငါ တို့ကျင့် သော ဖြောင့်မတ် ခြင်းအကျင့် အားဖြင့် မ ဟုတ်ဘဲ၊ မိမိ သနား ခြင်းကရုဏာတော်နှင့်အညီ ဒုတိယ
မွေးခြင်းနှင့်ဆိုင်သော ဆေးကြော ခြင်းအားဖြင့်ငင်း၊သန့်ရှင်း သောဝိညာဉ် တော်၏အသစ် ပြုပြင် ခြင်းအားဖြင့်
ငင်း၊ ငါ တို့ကို ကယ်တင် တော်မူ၏။ ၆ ငါ တို့ကို ကယ်တင် သော အရှင်ယေရှု ခရစ် အားဖြင့် ငါ တို့အပေါ် သို့
ထို ဝိညာဉ်တော်ကို ကြွယ်ဝ စွာသွန်းလောင်း တော်မူ၏။ ၇ အကြောင်းမူကား၊ ငါတို့သည် ဘုရားသခင် ၏ကျေးဇူး
တော်အားဖြင့် ဖြောင့်မတ် ရာသို့ရောက်၍ ထာဝရ အသက် ကို မြော်လင့် သည်နှင့်အညီ အမွေခံ ဖြစ် ကြမည်အကြောင်း
တည်း။ (aiōnios g166) ၈ ဤစကား သည် သစ္စာ စကားဖြစ် ၏။ ဘုရားသခင် ကို ယုံကြည် သောသူ တို့သည် ကောင်း
သောအကျင့် တို့ကို အမြဲကျင့်အံ့သောငှာသတိပြု ရကြမည်အကြောင်း ၊ သင် သည် ဤ အရာများကို ကြိုးစား၍
ဟောပြောစေခြင်းငှာငါအလိုရှိ ၏။ ထို အကျင့်တို့သည် ကောင်း သည်သာမက၊ လူ တို့၏အကျိုး ကို ပြုစုတတ်သော
အကျင့်ဖြစ် ကြ၏။ ၉ မိုက်မဲ သောပုဿာ အမေးတို့ကိုငင်း ၊ ဆွေစဉ်မျိုးဆက် စာရင်းတို့ကိုငင်း၊ ပညတ် တရားကြောင့်
ရန်တွေ့ ခြင်း၊ တိုက်လှန် ခြင်းတို့ကိုငင်း ရှောင် လော့။ အကြောင်းမူကား ၊ ထိုအရာတို့သည် အကျိုး မရှိ၊ အချည်းနှီး
သက်သက်ဖြစ် ကြ၏။ ၁၀ သင်းခွဲ သောသူ ကို နှစ် ကြိမ်မြောက်အောင်ဆုံးမ ပြီးမှ ပယ်ရှား နှင်ထုတ်လော့။ ၁၁
ထိုသို့သော သူသည် ကိုယ့် အပြစ်ကိုသိ လျက်ပင် အပြစ် ပြု၍ မှောက်လှန် သောစိတ် ရှိ သောသူ ဖြစ်သတည်း။ ၁၂
အာတေမ သော်ငင်း ၊ တုခိတ် သော်ငင်း၊ သင့် ဆီသို့ ငါစေလွှတ် သောအခါ နိကောပလိ မြို့တိုင်အောင် ငါ့ ထံသို့ လာ
ခြင်းငှာကြိုးစား လော့။ ဆောင်း ကာလပတ်လုံး ထိုမြို့ ၌ ငါနေမည်ဟုအကြံရှိ ၏။ ၁၃ ကျမ်း ဆရာဇေန နှင့် အာပေါလု ၌
အဘယ် အရာမျှမလို စေခြင်းငှာ ကြိုးစား ၍လမ်း၌ ပို့လော့။ ၁၄ ငါ တို့၏လူ များသည်လည်း အသီး မဲ့သောသူမ
ဖြစ် ၊ ကိုယ်သုံးစရာဘို့ရှိရမည်အကြောင်း ၊ ကောင်း သောအကျင့် တို့ကိုအမြဲကျင့်အံ့သောငှာသင် ကြစေ။ ၁၅ ငါ့
ထံမှရှိသောသူ အပေါင်း တို့သည် သင့် ကိုနှုတ်ဆက် ကြ၏။ ယုံကြည် ခြင်းနှင့်တကွ ငါ တို့ကိုချစ် သောသူ များကို
နှုတ်ဆက် လော့။ သင် တို့အပေါင်း ၌ ကျေးဇူး တော်ရှိ စေသတည်း။ အာမင်။

၁ ယေရှု ခရစ် နှင့်စပ်ဆိုင်သောအားဖြင့်အကျဉ်း ခံရသော ငါ ပေါလုနှင့် ငါ့ညီ တိမောသေ သည်၊ ငါ တို့ ချစ် သော
လုပ်ဘော်ဆောင်ဘက် ချင်းဖိလေမုန် ၂ ငါတို့ချစ်သော နှမ အပို၊ ငါ တို့စစ်သူရဲ ချင်း အာခိပ္ပု မှစ၍ သင် ၏ အိမ် ၌
ရှိသော အသင်းတော် ကို ကြားလိုက်ပါ၏။ ၃ ငါတို့သခင် ယေရှု ခရစ် နှင့် ငါ တို့အဘ တည်းဟူသောဘုရားသခင့်
အထံ တော်ကကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌ ရှိပါစေသော။ ၄ သင် သည်သခင် ယေရှု ခရစ်ကို
ယုံကြည် ၍ သန့်ရှင်း သူအပေါင်း တို့ကို ချစ် သည်ဟု ငါသည်ကြား လျှင် ၅ ငါ ၏ဘုရားသခင့် ကျေးဇူး တော်ကို
အစဉ် ချီးမွမ်း၍၊ သင့် အဘို့ အလိုငှာ ဆုတောင်း ပဌနာပြုလျက်နေ၏။ ၆ ဆုတောင်းသောအချက်ဟူမူကား၊ သင်
သည် ယုံကြည် ခြင်းကို ဆက်ဆံ သော အရှိန် ကြီး၍၊ သူတစ်ပါးတို့ သည် ယေရှုခရစ် အဘို့ အလိုငှာ ငါ တို့ ၌
ကောင်း သောအရာ ရှိသမျှ တို့ကို ဝန်ခံ မည်အကြောင်း ဆုတောင်း ပဌနာပြု၏။ ၇ အချင်းငါ့ညီ ၊ သင် သည် သန့်ရှင်း
သူတို့၏ စိတ် နှလုံးကို သက်သာ စေသောကြောင့် ၊ သင် ၏မေတ္တာ ကို ထောက်၍ငါတို့သည် အလွန် ဝမ်းမြောက်
ချမ်းသာ ခြင်းရှိ ၏။ ၈ ထိုကြောင့် ၊ သင် သည်ပြုသင့်သောအမှုအရာကို ပညတ် ထားခြင်းငှာ၊ ငါသည် ခရစ်တော်
အားဖြင့် အလွန် ရဲရင့် စရာ အခွင့် ရှိ သော်လည်း ၉ အသက်ကြီး သော ပေါလု တည်းဟူသောယေရှု ခရစ် ကြောင့်
အကျဉ်း ခံရသောသူ ဖြစ် လျက်ပင်၊ မေတ္တာ အားဖြင့် သာ သင့်ကို တောင်းပန် ပါ၏။ ၁၀ ချည်နှောင် ခြင်းကိုခံစဉ် တွင်
ငါဖြစ်ဘွား စေသော သား တည်းဟူသော ၁၁ သင် သည် အထက် ကအသုံး မရသောသူ ၊ ယခု တွင် ငါ နှင့် သင် သည်
အသုံးရ သောသူ ဩနေသိမ် အဘို့ ငါ တောင်းပန် ပါ၏။ ၁၂ ထိုသူ ကိုသင့် ထံသို့ငါပြန် စေသည်ဖြစ်၍၊ သူ့ ကို ငါ့ ရင်
သွေးကဲ့သို့မှတ်လျက် လက်ခံလော့။ ၁၃ ဧဝံဂေလိ တရားကြောင့် ချည်နှောင် ခြင်းကို ငါခံစဉ် တွင် ၊ သူသည် သင် ၏
ကိုယ်စားငါ့ ကို ပြုစုစေမည် အကြောင်း ၊ သူ့ကို ငါ ထား ချင် သော်လည်း ၁၄ သင် သည်ငါ၌ ကျေးဇူး ပြုရာတွင် အနိုင်ပြု
ရသကဲ့သို့ မ ဟုတ်၊ အလိုအလျောက်ပြုစေချင် သော စိတ် ရှိ သည်ဖြစ်၍၊ သင် ၏ အခွင့် မ ရှိလျှင် အလျှင်းမ ပြု
လို ။ ၁၅ ထိုမှတစ်ပါး၊ သင်သည်သူ့ ကို အစဉ် ရ စေခြင်းငှာ ၊ သူသည်သင်နှင့်ခဏ ကွာ သွားသည်ဟု ဆိုစရာရှိ၏။
(aiōnios g166) ၁၆ ထိုသို့ဆိုသော်၊ အစေခံ ကျွန်ကဲ့သို့ ရမည်ဟု မဆိုလို၊ ငါ ၌ အထူးသဖြင့် ချစ် ညီ သော၊ သင် ၌ကား၊
ဧာတိ အားဖြင့် ၎င်း ၊ သခင် ဘုရားအားဖြင့် ၎င်း၊ သာ၍ ချစ်သော ညီကဲ့သို့ရမည်ဟု ဆိုလိုသတည်း။ ၁၇ သို့ ဖြစ်၍
သင်သည်ငါ့ ကို အပေါင်းအဘော် ကဲ့သို့မှတ် လျှင် ၊ သူ့ ကိုငါ ကဲ့သို့ ပင်လက်ခံ လော့။ ၁၈ သူသည်သင် ၌ပြစ်မှား ခြင်း၊
ကြွေးတင် ခြင်း တစ်စုံတစ်ခု ရှိလျှင် ၊ ငါ့ အတွက်အတာ မှတ် လော့။ ၁၉ ဆပ်ပေး မည်ဟု ငါ ပေါလု သည် ကိုယ် လက်
နှင့် ရေး ထား၏။ သို့ရာတွင်သင် ၏ကိုယ် တည်းဟူသောကြွေး ကိုပင် ငါ့ အားဆပ်ပေးရသောအကြောင်း ရှိသည်ဟု ငါမ
ဆို ။ ၂၀ အချင်းငါ့ ညီ ၊ သခင် ဘုရား၌ ငါ့ကို ကျေးဇူး ပြုပါလော့။ ခရစ်တော် ၌ ငါ့ စိတ်နှလုံးကို သက်သာ စေပါလော့။
၂၁ သင် သည်နားထောင် မည်ဟု ယုံမှား ခြင်းမရှိသည် သာမက၊ ငါပြော သည်ထက် သာ၍ပြု မည်ဟု အမှန်သိ လျက်
ငါရေး လိုက်ပါ၏။ ၂၂ ထိုမှတစ်ပါး၊ ငါ တည်းခို စရာအရပ်ကိုလည်း ပြင် လော့။ အကြောင်းမူကား ၊ သင် တို့သည်

ဆုတောင်း ပဌနာပြုသောအားဖြင့် သင် တို့ရှိရာသို့ ငါရောက်ရသော အခွင့်ကို ပေး တော်မူမည်ဟု မြော်လင့် ခြင်းရှိ၏။ ၂၃ ယေရှု ခရစ် ကြောင့် ငါ နှင့်အတူ အကျဉ်းခံရသော ဧပြဖြ မှစ၍ ၂၄ ငါ ၏ လုပ်ဘော်ဆောင်ဘက် မာကု ၊ အာရိတ္တာခု ၊ ဒေမ ၊ လုကာ တို့သည် သင့် ကို နှုတ်ဆက် ကြ၏။ ၂၅ ငါတို့ သခင် ယေရှု ခရစ် ၏ ကျေးဇူး တော်သည် သင် တို့၏ စိတ် ဝိညာဉ်နှင့်အတူ ရှိပါစေသတည်း။ အာမင်။

၁ ရှေး လွန်လေပြီး သောအခါ ပရောဖက် များအားဖြင့် ဘိုးဘေး တို့အား အထပ်ထပ် အနည်းနည်းဗျာဒိတ်
ပေးတော်မူသော ဘုရားသခင် သည်၊ ဤ နောက်ဆုံး ကာလ အခါ မိမိသား တော်အားဖြင့် ငါ တို့အား ဗျာဒိတ်
ပေးတော်မူပြီ ၂ ထိုသား တော်ကို အလုံးစုံ တို့၏ အမွေခံ သခင် အရာ၌ ခန့်ထား တော်မူ၏။ သား တော်အားဖြင့် လည်း
လောက ဓါတ်တို့ကို တည် တော်မူ၏ (aiōn g165) ၃ ထိုသား တော်သည် ဘုရားသခင်၏ ဘုန်း တော် ရောင်ခြည် နှင့်
ဇာတိ အဖြစ်တော်၏ ပုံ သဏ္ဌာန်ဖြစ် ၍၊ တန်ခိုး နှင့်ပြည့်စုံသော မိမိ အမိန့် တော်အားဖြင့်ခပ်သိမ်း သော အရာတို့ကို
မစ တော်မူသောသူဖြစ် လျက်၊ ၊ ငါတို့ အပြစ် များကို ကိုယ်တော်တိုင်အားဖြင့်သုတ်သင် ပယ်ရှင်းပြီးလျှင်၊ မြင့်
သောအရပ်မှာ တန်ခိုး အာနုဘော်တော်၏ လက်ျာဘက် ၌ ထိုင် တော်မူ၏ ၄ ကောင်းကင်တမန်တို့ရသော ဘွဲ့နာမထက်
ထူးမြတ် သော ဘွဲ့နာမ တော်ကို ခံရ သည်နှင့်အညီ၊ ကောင်းကင်တမန် တို့ထက် ကြီးမြတ် သော သူဖြစ် တော်မူ၏ ၅
အကြောင်းမူကား ၊ သင် သည်ငါ့ သား ဖြစ် ၏။ ယနေ့ ပင်သင့် ကို ငါ ဖြစ်ဘွား စေပြီဟူ၍ငင်း၊ ငါ သည်သူ ၏ အဘ ဖြစ်
မည်၊ သူ သည်လည်း ငါ ၏သား ဖြစ် လိမ့်မည်ဟူ၍ငင်း၊ အဘယ် မည်သော ကောင်းကင် တမန်ကို တစ်ခါမျှ မိန့်
တော်မူသနည်း ၆ တနည်း ကား၊ သားဦး ကို ဤလောက သို့ သွင်း တော်မူသောအခါ ၊ ဘုရားသခင် ၏ ကောင်းကင်တမန်
အပေါင်း တို့သည် ထိုသူ ကို ပြပ်ဝပ် ကိုးကွယ်ကြစေဟု လာ သတည်း ၇ တနည်း ကား၊ မိမိ တမန် တို့ကို လေ ကဲ့သို့ငင်း
၊ မိမိ အစေအပါး တို့ကို မီးလျှံ ကဲ့သို့ငင်း၊ ဖြစ် စေတော်မူထ သောဟု ကောင်းကင်တမန် တို့ကို ရည်ဆောင်၍ ဆို
သတည်း ၈ သား တော်ကိုကား၊ အိုဘုရားသခင် ၊ ကိုယ်တော် ၏ ပလ္လင် သည် နိစ္စ ထာဝရပလ္လင် ဖြစ်ပါ၏။ ကိုယ်တော်
နိုင်ငံ သည် တရား သဖြင့် စီရင်သော နိုင်ငံဖြစ်ပါ၏ (aiōn g165) ၉ ကိုယ်တော်သည် ဖြောင့်မတ် ခြင်းတရားကို နှစ်သက်
၍၊ မတရား သောအမှုကို မုန်း တော်မူ၏။ ထိုကြောင့် အိုဘုရားသခင် ၊ ကိုယ်တော် ၏ ဘုရားသခင် သည် ကိုယ်တော် ၏
အပေါင်းအဖော် တို့ထက် ကိုယ်တော်ကို ချီးမြှောက်၍၊ ဝမ်းမြောက် ခြင်းဆီ နှင့် ဘိသိက် ပေးတော်မူပြီဟု လာသတည်း
၁၀ တဖန် ကျမ်းစာလာသည်ကား၊ အိုထာဝရ ဘုရား၊ ကိုယ်တော် သည် ရှေးဦးစွာ ၌ မြေကြီး ကို တည် တော်မူပြီ။
မိုဃ်း ကောင်းကင်သည်လည်း လက် တော်နှင့် ဖန်ဆင်း သောအရာ ဖြစ် ပါ၏ ၁၁ ထိုအရာ တို့သည် ပျက်စီး ခြင်းသို့
ရောက်သော်လည်း ကိုယ်တော် သည် အမြဲတည် တော်မူ၏။ ထိုအရာရှိသမျှ တို့သည် အဝတ် ကဲ့သို့ ဟောင်းနွမ်း
ခြင်းသို့ရောက်၍ ၊ ကိုယ်တော်သည် ဝတ်လုံ ကို လိပ် သကဲ့သို့ လိပ် တော်မူသဖြင့်ပြောင်းလဲ ခြင်းရှိကြသော်လည်း ၁၂
ကိုယ်တော် သည် ပြောင်းလဲ တော်မမူပါ။ အသက် တော်လည်း မ ကုန် မဆုံးရပါဟု လာသတည်း ၁၃ ထိုမှတစ်ပါး၊ သင်
၏ရန်သူ တို့ကို သင် ၏ ခြေ တင်ရာ ငါချ မ ထားမှီတိုင်အောင်ငါ့ လက်ျာဘက် ၌ ထိုင် နေ လော့ဟု၊ အဘယ် မည်သော
ကောင်းကင် တမန်ကို တစ်ခါမျှ မိန့် တော်မူဘူးသနည်း ၁၄ ကောင်းကင်တမန်များတို့ကား၊ ကယ်တင် တော်မူခြင်း
ကျေးဇူးကို အမွေခံ လတံ့ သော သူ တို့ကို ပြုစု စေခြင်းငှာ၊ စေလွှတ် တော်မူသော အစေခံ နံဝိညာဉ် ဖြစ် ကြသည် မ
ဟုတ်လော။

J ထို့ကြောင့် ၊ ငါ တို့သည် ကြား ရသော ဒေသနာတော်ကို မ မေ့ မလျော့မည်အကြောင်း၊ စိတ်နှလုံး၌သာ၍ မှတ်မိ စွဲလမ်းခြင်းရှိရကြမည် ၂ ကောင်းကင် တမန်များအားဖြင့် ထား တော်မူသော ဗျာဒိတ် တော်သည် တည် ၍ ပြစ်မှား လွန်ကျူး ခြင်း အမှု အမျိုးမျိုး တို့သည် ခံထိုက် သော အပြစ် ဒဏ်ကို ခံရ သည်မှန်လျှင် ၊ ၃ အစအဦး ၌ သခင် ဘုရားဟော တော်မူ၍ ဒေသနာစကားတော်ကို ကြား ရသောသူ တို့သည်၊ ယုံလောက်သော သက်သေအားဖြင့် ငါ တို့အား ဆင့်ဆို၍ ဟောပြောသော၊ ဤမျှလောက်ကြီးစွာ သော ကယ်တင် တော်မူခြင်းတရားကို ငါ တို့သည် နား မထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့ လွတ် ကြလိမ့်မည်နည်း ၄ ထိုသက်သေခံသောသူတို့နှင့်အတူဘုရားသခင် သည် နိမိတ် လက္ခဏာ၊ အံ့ဘွယ် သော အမှုအားဖြင့် ၎င်း၊ ထူးဆန်းသောတန်ခိုး အထူးထူး အပြားပြားအားဖြင့်၎င်း၊ သန့်ရှင်း သော ဝိညာဉ် တော်သည် မိမိ အလို တော်အတိုင်း ဝေ့ သော ဆုကျေးဇူးအားဖြင့်၎င်း သက်သေခံ တော်မူပြီ ၅ ငါတို့ပြောဆို သော နောင် ကပ်ကမ္ဘာ ကို အုပ်စိုးရသောအခွင့်ကို ကောင်းကင်တမန် တို့ ၌ အပ်ပေး တော်မူသည်မ ဟုတ်၊ ၆ ကျမ်းစာတစ် ချက်၌ တစ် ယောက်သောသူက၊ လူ သည် အဘယ်သို့ သောသူ ဖြစ် ၍ ကိုယ်တော်သည် အောက်မေ့ တော်မူရသနည်း။ လူ သား သည် အဘယ်သို့သောသူ ဖြစ်၍ အကြည့်အရှု ကြွလာတော်မူရသနည်း ၇ သူ့ ကို ကောင်းကင် တမန်တို့အောက်၌ အနည်းငယ် နှိမ့် တော်မူပြီ။ သူ ၏ခေါင်းကို ဘုန်း အသရေ နှင့် ပတ်ရစ် တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကို အုပ်စိုးစေ၍၊ ၈ ခပ်သိမ်း သောအရာတို့ကို သူ ၏ခြေ အောက် ၌ ချထား တော်မူပြီဟု သက်သေခံ သတည်း။ ခပ်သိမ်း သော အရာတို့ကို ချထား တော်မူ၏ဟုဆိုသော်၊ မချမထား ဘဲ ကျန်ရစ် သောအရာတစ်စုံတစ်ခု မျှ မရှိရ။ ယခု မူကား ၊ ခပ်သိမ်း သောအရာတို့သည် ချထား လျက်ရှိသည်ကို ငါတို့ မ မြင် ရကြသေး ၉ ယေရှု သည် ဘုရားသခင် ၏ ကျေးဇူး တော်အားဖြင့်လူအပေါင်း တို့အတွက် ကြောင့် အသေခံ ရသော အခွင့်ရှိစေခြင်းဌာ ၊ ကောင်းကင်တမန် တို့အောက် ၌ အနည်းငယ် နှိမ့် ပြီးမှ၊ အသေ ခံရသောကြောင့် ခေါင်းတော်၌ ဘုန်း အသရေ ပတ်ရစ် လျက်ရှိသည်ကို ငါတို့ မြင် ကြ၏ ၁၀ အကြောင်းမူကား ၊ များစွာ သော သား တို့ကို ကယ်တင် ၍၊ ဘုန်း စည်းစိမ်စံစားရာသို့ ပို့ဆောင် သော အရှင် သည်၊ ဒုက္ခ ဝေဒနာအားဖြင့် စုံလင် ခြင်းသို့ ရောက် ရမည်အကြောင်း၊ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်း၍ အုပ်စိုးတော်မူသောဘုရားသည် စီရင်တော်မူအပ်၏ ၁၁ သန့်ရှင်း စေတတ်သောသူနှင့် သန့်ရှင်း စေအပ်သောသူ များတို့သည် တစ်ပါးတည်းသော ပကတိရှိ ကြ၏။ ထိုကြောင့် ၊ သန့်ရှင်းစေတတ်သောသူသည် သန့်ရှင်းစေအပ်သောသူ တို့ကို ညီအစ်ကို ဟူ၍ခေါ် ခြင်းဌာန၌ကြောက် တော်မ မူ။ ထိုသို့ ခေါ်သောအချက် ဟူမူကား ၁၂ သိတင်း တော်ကို အကျွန်ုပ် ညီအစ်ကို တို့အား အကျွန်ုပ်ကြားပြော ပါမည်။ ပရိသတ် အလယ် မှာ ကိုယ်တော် ကို ချီးမွမ်း ၍ သီချင်းဆိုပါမည်ဟု လာ သတည်း ၁၃ တ ချက်ကား၊ ငါ သည်ဘုရားသခင် ကို ကိုးစား မည်ဟု လာသတည်း။ တဖန် ကား၊ ငါ မှစ၍ ငါ့ အား ဘုရားသခင် ပေး တော်မူသောသူငယ် တို့သည် ရှိ ကြ၏ဟု လာသတည်း ၁၄ ထိုသူငယ် တို့သည် အသွေး အသား နှင့် ဆက်ဆံ ကြသောကြောင့် ၊ ခရစ်တော်သည် အသေခံ တော်မူသောအားဖြင့် ၊ သေ ခြင်းတရားကို အစိုးရ သော သူတည်းဟူသောမာရ်နတ် ၏ တန်ခိုးကိုချိုးဖဲ့ ဖျက်ဆီးခြင်းဌာ

ငင်း ၁၅ သေ ဘေးကိုကြောက် ၍ တစ်သက်လုံး ကျွန် ခံရ သော သူ တို့ကို ကယ်လွှတ် ခြင်းငှာငင်း ၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအသားကို ဆောင်ယူ တော်မူ၏ ၁၆ အကြောင်းမူကား ၊ ခရစ်တော်သည် ကောင်းကင်တမန် တို့ကို မစ တော်မူသည်မ ဟုတ်၊ အာဗြဟံ အမျိုး ကို မစ တော်မူ၏ ၁၇ ထိုကြောင့် ၊ ခရစ်တော်သည် လူ တို့၏ အပြစ် ဖြေစရာအကြောင်း ကို စီရင်၍၊ ဘုရားသခင် နှင့် စပ်ဆိုင်သောအရာတို့ ၌ ကရုဏာ နှင့်ငင်း ၊ သစ္စာ နှင့်ငင်း ပြည့်စုံသော ယဇ်ပုရောဟိတ် အကြီးဖြစ် အံ့သောငှာ ၊ မိမိညီအစ်ကို တို့နှင့် လုံးလုံး တူ ရသော အကြောင်း ရှိ၏ ၁၈ ထိုသို့စုံစမ်း နှောင့်ရှက်ခြင်းကို ကိုယ်တော် တိုင်ခံ၍ ဒုက္ခ ဆင်းရဲခြင်း၌ ကျင်လည်သောကြောင့်၊ စုံစမ်း နှောင့်ရှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူ တို့ကို မစ ခြင်းငှာတတ်နိုင် တော်မူ၏။

၂ ထိုသို့ ဖြစ်လျှင် ၊ ကောင်းကင် ဘုံနှင့်စပ်ဆိုင် သော ခေါ်ဘိတ်တော်မူခြင်းကျေးဇူးကို ခံရသောသူ၊ သန့်ရှင်း သော ညီအစ်ကို တို့၊ ငါ တို့ဝန်ခံ သောတမန်တော် နှင့် ယဇ်ပုရောဟိတ် မင်းတည်းဟူသောယေရှု ၏ အကြောင်းကို စေ့စေ့ဆင်ခြင် ကြလော့ ၂ မောရှေ သည် ဘုရားသခင် ၏ အိမ် တော်တစ် အိမ်လုံး၌ သစ္စာစောင့်သကဲ့သို့ ၊ ယေရှုသည် မိမိ ကိုခန့်ထား တော်မူသောသူ ၏ အမှုတော်၌ သစ္စာစောင့် တော်မူ၏ ၃ အိမ် ကိုဆောက် သောသူ သည် အိမ် ထက် သာ၍ကြီးသောအသရေ ရှိ သကဲ့သို့ ၊ ယေရှု သည် မောရှေ ထက် သာ၍ ကြီးသော အသရေ ကိုခံထိုက် သောသူဖြစ်သည်ဟု ထင်မှတ်စရာအကြောင်း ရှိ၏ ၄ အိမ် မည်သည်ကား၊ တစ်စုံတစ်ယောက် သောသူ ဆောက် သောကြောင့် ဖြစ်၏။ အလုံးစုံ တို့ကို တည်ဆောက် သောသူ ကား ၊ ဘုရားသခင် ပေတည်း ၅ မောရှေ သည်၊ နောက်ဟောပြော လတံ့သော အရာ တို့ကို သက်သေခံ ခြင်းအလိုဌာ ၊ အစေခံ ကဲ့သို့ အိမ် တော်တစ်အိမ်လုံး ၌ သစ္စာစောင့် ၏ ၆ ခရစ်တော် မူကား ၊ သား ကဲ့သို့ အိမ် တော်ကို အုပ်စိုး ၍ သစ္စာစောင့်တော်မူ၏။ ငါ တို့သည်ကား၊ ရဲရင့် ခြင်း၌ရင်း ၊ မြော်လင့် ခြင်းနှင့်စပ်ဆိုင်သောဝါကြွား ဝမ်းမြောက်ခြင်း၌ရင်း၊ အဆုံးတိုင်အောင်တည်ကြည် လျှင်၊ ထို အိမ် တော်ဖြစ် သတည်း ၇ ထိုကြောင့် ၊ သန့်ရှင်း သောဝိညာဉ် တော် မိန့် တော်မူသည်ကား၊ ယနေ့ တွင် သင်တို့သည် ဗျာဒိတ် တော်အသံ ကို ကြား လျက်ရှိသည် ဖြစ်၍၊ ၈ ခိုင်မာ သော စိတ် နှလုံးမ ရှိကြနှင့်။ သင် တို့အဘ များသည် အနှစ် လေးဆယ် ပတ်လုံးငါ့ ကို အနည်းနည်းစုံစမ်း ၍ ၊ ၉ ငါ ၏အမှု တို့ကို မြင် ရသော တော တွင် ငါ့ကိုဆန့်ကျင်ဘက် ပြု၍ စုံစမ်း ရာကာလ ၌ ရှိသကဲ့သို့ မရှိစေကြနှင့် ၁၀ ထို လူမျိုး ကို ငါခွဲ သည်ဖြစ်၍ ၊ သူတို့သည် အစဉ် စိတ် သဘော မှားယွင်း တတ်ကြ၏။ ငါ ၏ အလေ့အလာ တို့ကို နား မ လည်ကြဟု ငါဆို ရ၏ ၁၁ ထိုကြောင့်၊ သူတို့သည် ငါ ၏ချမ်းသာ ထဲသို့ မဝင်ရ ကြဟု အမျက်ထွက် ၍ ငါကျိန်ဆို သည်ဟု မိန့်တော်မူချက်ရှိသည်နှင့်အညီ ၁၂ ညီအစ်ကို တို့၊ သင် တို့သည် အသက် ရှင်တော်မူသော ဘုရားသခင် ထံ တော်မှ ထွက်သွား သောအားဖြင့် မယုံကြည် တတ်၊ ဆိုးညစ် သော စိတ် နှလုံးမ ရှိ စေခြင်းငှာသတိပြု ကြလော့ ၁၃ ဒုစရိုက် ၏ လှည့်ဖြား ခြင်းအားဖြင့်သင် တို့ စိတ်နှလုံးမ ခိုင်မာ စေခြင်းငှာ ၊ ယနေ့ ဟူ၍ခေါ်ဝေါ် သော အချိန်၊ နေ့ တိုင်း အစဉ် အချင်းချင်း တစ်ယောက်ကိုတစ်ယောက် တိုက်တွန်း နှိုးဆော်ကြလော့ ၁၄ ငါတို့သည် စိတ်စွဲလမ်း ခြင်းကို အစ ပြုသကဲ့သို့အဆုံး တိုင်အောင် တည်ကြည် လျှင် ၊ ခရစ်တော်

နှင့် ဆက်ဆံ သောသူ ဖြစ်ကြ၏ ၁၅ ယနေ့ တွင် သင်တို့သည် ဗျာဒိတ်တော်အသံ ကို ကြား လျက် ရှိသည်ဖြစ်၍၊ ဆန့်ကျင်ဘက် ပြုရာကာလ၌ ရှိသကဲ့သို့ ၊ ခိုင်မာ သော စိတ် နှလုံးမ ရှိကြနှင့်ဟု ကျမ်းစာလာသည်အရာမှာ ၁၆ ကြား ပြီးမှဆန့်ကျင်ဘက် ပြုသော သူတို့ကား၊ အဘယ်သူ နည်း၊ မောရှေ နောက်သို့လိုက်၍ အဲဂုတ္တု ပြည်မှ ထွက်လာ သော သူ အပေါင်း တို့သည် ထိုသို့ပြုကြသည် မ ဟုတ်လော ၁၇ အနှစ် လေးဆယ် ပတ်လုံးနှစ်သက် တော်မမူသော သူတို့ကား၊ အဘယ်သူ နည်း။ ဒုစရိုက် အပြစ်ကို ပြုသောကြောင့် တော ၌ လဲ ၍ သေ သောသူ ပင် မ ဟုတ်လော ၁၈ သင်တို့သည် ငါ၏ချမ်းသာ ထဲသို့ မ ဝင် ရကြဟု ကျိန်ဆို တော်မူသော သူ တို့ကား၊ မယုံကြည် သော သူ မှတစ်ပါး အဘယ်သူနည်း ၁၉ သို့ ဖြစ်၍ ၊ သူတို့သည် မယုံကြည် သောကြောင့် သာ မ ဝင် နိုင် သည်ကို ငါတို့သိမြင် ကြ၏။

၄ ထို့ကြောင့် ၊ ဘုရားသခင်၏ ချမ်းသာ ထဲသို့ ဝင် ရသောအခွင့်ကို ပေးသော ဂတိ တော်သည် ငါတို့ ၌ရှိ ရစ် လျက်နှင့်၊ သင် တို့တွင် အချို့ တို့သည် မ မှီဘဲနေမည်ကို စိုးရိမ် ကြကုန်အံ့ ၂ ငါတို့သည် ဝမ်းမြောက်စရာသိတင်း ကို ထိုသူ တို့ကဲ့သို့ ကြားရကြပြီ။ သို့ရာတွင် သူ တို့ကြား ရသော တရား စကားသည်၊ ကြား ရသောသူ တို့အထဲ၌ ယုံကြည် ခြင်းနှင့် မ ရောနှော သောကြောင့် အကျိုး ကိုမ ပေး ၃ ငါတို့မူကား ၊ ယုံကြည် သောသူ ဖြစ်၍ဘုရားသခင်၏ ချမ်းသာ ထဲသို့ ဝင် ကြရ၏။ ထိုသို့နှင့်အညီဗျာဒိတ် တော်ကား၊ သူတို့သည် ငါ ၏ချမ်းသာ ထဲသို့ မဝင်ရ ကြဟု အမျက်ထွက် ၍ ငါ ကျိန်ဆို သည်ဟု လာ၏။ ချမ်းသာဟုဆိုသော်၊ ကမ္ဘာ ဦး ကပင် အမှုအရာ တို့ကို ပြီးစီး ၍ ငြိမ်ဝပ်တော်မူရာ ချမ်းသာဟု ဆိုလိုသတည်း ၄ ခုနစ် ရက်မြောက်သောနေ့ကို အကြောင်း ပြု၍ ကျမ်းစာတ ချက်၌ လာသည်ကား၊ ဘုရားသခင် သည် မိမိ အမှုအရာ အလုံးစုံ တို့ကို ပြီးစီး၍ ခုနစ် ရက်မြောက်သောနေ့ ၌ ငြိမ်ဝပ် စွာနေတော်မူ၏ဟု လာ သတည်း ၅ ထို ကျမ်းစာ၌ တဖန် လာသည်ကား၊ သူတို့သည် ငါ ၏ ချမ်းသာ ထဲသို့ မ ဝင်ရ ကြဟုလာသတည်း ၆ ထို့ကြောင့် ၊ အချို့ တို့သည် ဝင် ရကြ၏။ ဝမ်းမြောက် စရာ သိတင်းကို ရှေ့ဦးစွာ ကြားရသော သူ တို့ သည် မယုံကြည် သောကြောင့် မ ဝင် ရကြပြီ ၇ တဖန်တုံ ၊ ယနေ့ တွင် သင်တို့သည် ဗျာဒိတ်တော်အသံ ကို ကြား လျက်ရှိသည်ဖြစ်၍ ခိုင်မာ စိတ် နှလုံး မ ရှိကြနှင့်ဟုဆို သည်ဖြစ်၍ ၊ ဤမျှလောက် ကာလ ကြာပြီးမှ ၊ ယနေ့ ဟု ဒါဝိဒ် ကျမ်းစာ၌ လာသောအခါ၊ တစ်စုံတစ်ခု သော နေ့ရက် ကို သေချာစွာမှတ်သား သတည်း ၈ ယောရှု သည် ထိုသူ တို့ကို ချမ်းသာ ပေးသည် မှန် လျှင် ၊ ထိုနောက် အခြား သောနေ့ရက် ကို အဘယ် ဆို ဘွယ်ရှိသနည်း ၉ ထို့ကြောင့် ၊ ဘုရားသခင် ၏လူ တို့အဘို့အလိုငှာ ငြိမ်ဝပ် ခြင်း ချမ်းသာတမျိုးသည် ကျန်ရစ် သေး၏ ၁၀ ဘုရားသခင် သည် မိမိ အမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်စွာ နေတော်မူသည် နည်းတူ ၊ ထိုချမ်းသာ ထဲသို့ ဝင် ရသောသူ သည်လည်း မိမိ အမှုအရာ တို့ကို ပြီးစီး၍ ငြိမ်ဝပ် စွာနေရ၏။ ၁၁ ထို့ကြောင့်၊ ကျသရေလလူတို့သည် မယုံကြည် သော စိတ်ရှိသဖြင့် လဲ သကဲ့သို့ ငါတို့သည်မ လဲ၊ ထို ချမ်းသာ ထဲသို့ ဝင် ရမည် အကြောင်း ကြိုးစား အားထုတ်ကြကုန်အံ့ ၁၂ ဘုရားသခင် ၏နှုတ်ကပတ် တရားတော်သည် အသက် ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင် ခြင်း၊ သန်လျက် တကာ တို့ထက် ထက် ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ၊ အသက် နှင့် စိတ် ဝိညာဉ်ကိုငင်း၊ အရိုးဆစ် နှင့် ခြင်ဆီ ကိုငင်း ပိုင်းခြား ထုတ်ချင်းခွင်း တတ်၏။ စိတ် နှလုံးအကြံအစည် များကိုလည်း

သိမြင် တတ်၏ ၁၃ ငါ တို့ကိုစစ်ကြော စီရင်တော်မူသော သူ ရှေ့၌ မ ထင်ရှားသော အရာ တစ်စုံတစ်ခု မျှမရှိ ၊ ခပ်သိမ်း သော အရာတို့သည် အကွယ်အကာ မရှိဘဲ၊ မျက်မှောက် တော်၌ လှန် ထားလျက် ရှိကြ၏ ၁၄ ယခုမူကား၊ ကောင်းကင် ဘုံထဲသို့ကြွဝင် တော်မူသော ယဇ်ပုရောဟိတ် မင်းအကြီး တည်းဟူသောဘုရားသခင် ၏ သား တော်ယေရှု သည် ငါတို့ ၌ ယဇ်ပုရောဟိတ်မင်း ဖြစ် တော်မူသောကြောင့် ၊ ငါတို့သည် ဝန်ခံ ခဲ့ပြီးသောအရာ၌ တည်ကြည် ကြကုန်အံ့ ၁၅ ငါ တို့ယဇ်ပုရောဟိတ် မင်းသည် ငါတို့ခံရ သော ဆင်းရဲ ဒုက္ခများကြောင့် မ ကြင်နာ နိုင် သောသူမ ဟုတ်။ ငါတို့ခံရသည်နည်းတူ ၊ အမျိုးမျိုး သော စုံစမ်း နှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ၊ ဒုစရိုက် အပြစ်နှင့် ကင်းလွတ် တော်မူ၏ ၁၆ ထို့ကြောင့် ၊ ငါတို့သည် သနား ခြင်းကရုဏာကိုငင်း ၊ တော်လျော် သောမစ ခြင်း ကျေးဇူး တော်ကိုငင်း ခံရ မည်အကြောင်း ၊ ရဲရင့် သောစိတ်နှင့် ကျေးဇူး ပလ္လင် တော်သို့ တိုးဝင် ချဉ်းကပ်ကြကုန်အံ့။

၅ လူတို့ တွင် ရွေးကောက်သော ယဇ်ပုရောဟိတ် မင်း မည်သည်ကား ၊ ပူဇော် သက္ကာကိုငင်း ၊ အပြစ် ဖြေ ရာ ယဇ် ကိုငင်း ပူဇော် ၍၊ လူတို့ အတွက် ဘုရား ဝတ်ပြု စေခြင်းငှာခန့်ထား တော်မူသောသူဖြစ်၏ ၂ သူ သည် ကိုယ်တိုင်နွမ်းရိ အားနည်းခြင်းရှိသည်ဖြစ်၍၊ မိုက် သောသူ၊ မှားယွင်း သောသူတို့ကို သည်းခံ ခြင်းငှာတတ်နိုင် ၏ ၃ ထို အကြောင်း ကြောင့်လည်း ၊ လူ များအပြစ်နှင့် မိမိ အပြစ် ကို ဖြေခြင်းငှာပူဇော် ရ၏ ၄ ဘုရားသခင် သည် အာရုန် ကိုခေါ်တော်မူသကဲ့သို့ ခေါ် တော်မူသောသူမှတစ်ပါး၊ အဘယ်သူ မျှ ထိုအရာ မြတ်ကို မ သိမ်း မယူရ ၅ ထိုနည်းတူ ၊ ခရစ်တော် သည် ယဇ်ပုရောဟိတ် မင်းအရာ၌ မိမိ ကို မိမိချီးမွှောက် သည်မ ဟုတ်။ သင် သည် ငါ့ သား ဖြစ် ၏။ ယနေ့ ပင် သင့် ကို ငါ ဖြစ်ဘွား စေပြီဟု မိန့် တော်မူသောသူသည် ခရစ်တော်ကို ချီးမွှောက်တော်မူ၏ ၆ ထိုသို့နှင့်အညီကျမ်းစာတ ချက်လာ သည်ကား၊ သင် သည် မေလခိဒေဒက် နည်းတူ ထာဝရ ယဇ် ပုရောဟိတ်ဖြစ်သည်ဟု လာသတည်း (aiōn g165) ၇ ထိုခရစ်တော် သည် လူ ဇာတိအဖြစ်၌ နေစဉ်ကာလ ၊ သေ ခြင်းမှ ကယ်လွတ် နိုင် တော်မူသောသူ ကို၊ ကြီးစွာ သော ကြွေးကြော် ခြင်း၊ မျက်ရည် ကျခြင်းနှင့် ဆုတောင်း ပဌနာပြုသဖြင့်၊ ကြောက်ရွံ ရာအမှု၌ ချမ်းသာ ရသည်ဖြစ်၍၊ ၈ ဘုရားသခင်၏ သား တော်မှန် သော်လည်း ၊ ဆင်းရဲ ဒုက္ခကို ခံသောအားဖြင့် နားထောင် ခြင်း အကျိုး အကြောင်းကို သင် တော်မူ၏ ၉ ထိုသို့စုံလင် ခြင်းသို့ရောက်ပြီးမှ ၊ ယုံကြည်နားထောင် သော သူ အပေါင်း တို့အား ထာဝရ ကယ်တင် ခြင်း ကျေးဇူးကို ပြု သောသူဖြစ် တော်မူ၍ (aiōnios g166) ၁၀ မေလခိဒေဒက် ကဲ့သို့သောယဇ်ပုရောဟိတ် မင်းဟု ဘုရားသခင် သမုတ် တော်မူခြင်းကို ခံရ၏ ၁၁ ထိုမေလခိဒေဒက် ၏အကြောင်း ကို ငါ တို့ ပြော စရာစကား အများ ရှိ၏။ သို့သော်လည်း၊ သင်တို့သည် ဉာဏ် နုန့်သောကြောင့် အပြော ခက်လှ၏ ၁၂ သင်တို့သည် ကာလ ကြာသောကြောင့် ဆရာ အဖြစ် သို့ ရောက် သင့်သော်လည်း ၊ ဘုရားသခင် ၏ ဗျာဒိတ် တော်၌ ရှေ့ဦးစွာ သင်ရသောတရားနုတို့ကို သူတစ်ပါးထံ၌တဖန် သင် ရသော အကြောင်း ရှိ သည် ဖြစ်၍၊ ကြေခဲ သောအစာ ကို မ သုံးဆောင်၊ နို့ ကိုသာ သုံးဆောင် ရသောသူဖြစ် ကြ၏ ၁၃ နို့ ကိုသာသုံးဆောင် သောသူ မည်သည်ကား၊ သူငယ် ဖြစ် သောကြောင့် ဖြောင့်မတ် ခြင်းတရား ၌ လေ့လာ ခြင်းမရှိ ၁၄ ကောင်းကျိုး မ

ကောင်းကျိုးကို ပိုင်းခြား ၍ သိနိုင်သောဉာဏ်ပေးတတ်သော၊ အကြားအမြင် အတွေ့အစမ်း များသော သူတည်းဟူသော၊ စုံလင် သော အရွယ်ရှိသော သူတို့မူကား ၊ ကြေခဲ သော အစာ အာဟာရကို သုံးဆောင် ရကြ၏။

၆ ထိုကြောင့် ၊ သေ ခြင်းနှင့်စပ်ဆိုင်သော အကျင့် ကို နောင်တရ ခြင်း၊ ၂ ဘုရားသခင် ကို ယုံကြည် ခြင်း၊ ဗတ္တိဇံ တရားကိုသွန်သင် ခြင်း၊ လက် ကိုတင် ခြင်း၊ သေ လွန်သော သူတို့၏ထမြောက် ခြင်း၊ ထာဝရ စီရင် ဆုံးဖြတ်ခြင်းတည်းဟူသောမူလ အမြစ်ကို ငါတို့သည် ပြန် ၍ မ တည် ဘဲ၊ ခရစ်တော် ၏ဘာသာ၌ အစအဦး ဖြစ် သော အကြောင်း အရာတို့ကိုထား ၍၊ စုံလင် သောအဖြစ်သို့ တက် ကြကုန်အံ့ (aiōnios g166) ၃ ဘုရားသခင် အခွင့် ပေးတော်မူလျှင် ၊ ငါတို့သည် ထိုသို့ ပြုကြ မည် ၄ အလင်းသို့တစ်ခါ ရောက်၍ ကောင်းကင် ဆုကျေးဇူး ကို မြည်းစမ်း ခြင်း၊ သန့်ရှင်း သော ဝိညာဉ် တော် ကိုခံယူ ခြင်း၊ ၅ ဘုရားသခင် ၏ ကောင်းမြတ် သော တရား စကားကို၎င်း ၊ နောင် ကပ် ကာလ၏ တန်ခိုး များကို၎င်း ၊ မြည်းစမ်း ခြင်းရှိပြီးမှ၊ (aiōn g165) ၆ ရွေ့လျော့ဖောက်ပြန်သောသူတို့သည်၊ မိမိတို့တွင် ဘုရားသခင် ၏သား တော်ကို လက်ဝါးကပ်တိုင် မှာ ကွပ်မျက်၍ အသရေတော်ကို ရှုတ်ချ သောသူဖြစ်သောကြောင့်၊ နောက် တဖန်နောင်တရ အံ့သောငှာ အသစ် ပြုပြင်ခြင်းသို့ မ ရောက်နိုင်ကြ ၇ ဥပမာကား၊ အကြင်မြေ သည် မိမိ အပေါ်သို့ အဖန်ဖန် ကျ သော မိုးယိုးရေ ကိုသောက် ၍၊ လုပ် သော သူ သုံး ဘို့ ဟင်းသီး ဟင်းရွက်ကို ဖြစ် စေတတ်၏။ ထိုမြေ သည်ဘုရားသခင် ၏ ကောင်းကြီး မင်္ဂလာကိုခံ တတ်၏ ၈ အကြင်မြေသည် ဆူးပင် အမျိုးမျိုးကိုဖြစ် စေတတ်၏။ ထိုမြေသည် ပြုစုခြင်းကိုမခံထိုက်။ ကျိန် ခြင်းကို ခံရသော အချိန်နီး သည် ဖြစ်၍၊ နောက်ဆုံး ၌ မီးရှို့ ခြင်းသို့ ရောက်တတ်၏ ၉ ထိုသို့ ပြော သော်လည်း ၊ ချစ်သူ တို့၊ သင်တို့သည် ကယ်တင် ခြင်းနှင့် ယှဉ်သောအရာ၊ သာ၍ ကောင်းသောအရာ တို့နှင့်ဆိုင် သည်ကို၊ ငါတို့သည် သဘောကျ လျက်ရှိကြ၏။ ၁၀ အကြောင်းမူကား ၊ သင်တို့သည် သန့်ရှင်း သူတို့ကို အထက်က လုပ်ကျွေး သည်သာမက၊ ယခုပင်လုပ်ကျွေး ခြင်းအမှုကို၎င်း၊ ထိုသို့ပြုသောအားဖြင့်နာမ တော်ကိုထောက်၍ ပြ သောမေတ္တာ ကို၎င်း၊ ဘုရားသခင် သည် မေ့လျော့ သည်တိုင်အောင်အဓမ္မ အမှုကို ပြုတော်မူသည်မ ဟုတ် ၁၁ သင် တို့ရှိသမျှ သည် ပျင်းရိ ခြင်းနှင့် ကင်းလွတ် ၍၊ ယုံကြည် ခြင်းနှင့် သည်းခံ ခြင်းအားဖြင့် ဂတိ တော် တို့ကို အမွေခံ ရသောသူ တို့နည်းတူကျင့် နိုင်မည်အကြောင်း ၁၂ ထိုသို့သောလုံလ ဝိရိယကို ထုတ် ၍၊ အဆုံး တိုင်အောင် ယုံမှား ခြင်းနှင့်ကင်းသော မြော်လင့် ခြင်းနှင့် ပြည့်စုံစေခြင်းငှာ ငါတို့သည် အလိုရှိ ကြ၏ ၁၃ ဘုရားသခင် သည် အာဗြဟံ ၌ ဂတိ ထားတော်မူသောအခါ၊ ကိုယ်တော်ထက်သာ၍ကြီးမြတ် သောသူကို တိုင်တည် ၍ ကျိန်ဆိုရန် မ ရှိ သောကြောင့် ၊ ကိုယ်တော် ကို တိုင်တည် ၍ ၁၄ ငါသည်သင့် အား အစဉ်အမြဲကောင်းကြီး ပေးမည်။ သင့် ကို အစဉ်အမြဲပွားများ စေမည်ဟု ကျိန်ဆို တော်မူ၏။ ၁၅ ထိုသို့ နှင့်အညီအာဗြဟံသည် သည်းခံ လျက် စောင့်နေပြီးမှ ၊ ဂတိ တော်ကိုဝင်စား လေ၏ ၁၆ လူ တို့သည် မိမိထက်ကြီးမြတ် သောသူ ကို တိုင်တည် ၍ ကျိန်ဆိုလေ့ရှိကြ၏။ မြဲမြံ စေတတ်သော အကျိန် သည် ငြင်းခုံ ခြင်းရှိသမျှ ကို ဖြေ တတ်၏ ၁၇ ထိုကြောင့်၊ ဂတိ တော်ကို အမွေခံ ရသောသူတို့သည်၊ ဘုရားသခင် ၏ အကြံအစည်

တော်မ ဖောက်ပြန်နိုင် ကြောင်းကို အတပ် သိစေခြင်းငှာ၊ ဘုရားသခင်သည် အကျိန် အားဖြင့်အာမခံ တော်မူ၏ ၁၈ အကြောင်းမူကား ၊ ဘုရားသခင် သည် မုသာ မ သုံးနိုင်သော အရာတည်းဟူသောမ ဖောက်ပြန်မပြောင်းလဲနိုင်သော အရာ နှစ် ပါးကို အမှီပြု ၍၊ ကိုယ် ရှေ့၌ထားသော မြော်လင့် ရာကို ခိုလှုံ ခြင်းငှာပြေး သော ငါတို့သည် သက်သာ အားကြီး ကြမည်အကြောင်းတည်း ၁၉ ထိုမြော်လင့်ခြင်းမူကား၊ ကုလားကာ အတွင်း ၌ ချ ၍ မြဲမြံ ခိုင်ခံ့ သော စိတ် နှလုံး၏ကျောက်ဆူး ကဲ့သို့ ငါတို့ ၌ရှိ သတည်း ၂၀ မေလခိဒေဒက် နည်းတူ ထာဝရ ယဇ်ပုရောဟိတ် မင်း ဖြစ် သော ယေရှု သည်၊ ငါ တို့အတွက် ၊ ထိုအတွင်း အရပ်ထဲသို့ရှေ့ဆောင် ၍ ဝင် သောသူဖြစ်တော်မူ၏။ **(aiōn g165)**

၇ မင်းကြီး များကို လုပ်ကြံ ရာမှ ပြန်လာ သော အာဗြဟံ ကို ခရီးဦးကြိုပြု ၍ ကောင်းကြီး ပေးပြီးလျှင် ၊ ၂ အာဗြဟံ လူ သောလက်ရဥစ္စာရှိသမျှ ကို ဆယ်ဘို့တဘို့ ခံယူသော ထိုရှာလင် မင်းကြီး တည်းဟူသောအမြင့်ဆုံး သော ဘုရားသခင် ၏ ယဇ် ပုရောဟိတ်မေလခိဒေဒက် သည်၊ နာမရင်းအနက် အားဖြင့်တရား မင်း ၊ ထိုမှတစ်ပါး၊ ငြိမ်သက် ခြင်းမင်း ဟုဆိုလို သော ရှာလင် မင်း ဖြစ် လျက်၊ ၃ အဘ မရှိ၊ အမိ မရှိ၊ ရှေး မျိုးစဉ်မရှိ၊ အသက် အပိုင်းအခြားမရှိဘဲ၊ ဘုရားသခင် ၏ သား တော်နှင့် တူ ၍၊ ယဇ် ပုရောဟိတ်အရာ၌ အစဉ်အမြဲ တည် ၏ ၄ အမျိုး၏အဘ အာဗြဟံ သည်၊ လက်ရ ဥစ္စာများကို ဆယ်ဘို့တဘို့ လူ ၍ အလှူခံသောထို မင်း သည် အဘယ်မျှလောက် ကြီးမြတ်သည်ကို ဆင်ခြင် ကြလော့ ၅ ယဇ် ပုရောဟိတ်အရာကိုခံ သော လေဝိ သား တို့သည် အာဗြဟံ အမျိုး ဖြစ်သောသူတည်းဟူသော၊ မိမိ တို့ ညီအစ်ကို များလက်မှ ပညတ် တရားအတိုင်း ဆယ်ဘို့တဘို့ ကို ခံရသော အခွင့် ရှိ ကြ၏ ၆ သူ တို့ အမျိုး မ ဟုတ်သော ထိုမင်း မူကား ၊ အာဗြဟံ ၏ လက်မှ ဆယ်ဘို့တစ်ဘို့ ကို ခံလေ၏။ ဂတိ တော်တို့ကိုခံရ သော သူ ကိုလည်း ကောင်းချီး ပေးလေ၏ ၇ ကြီး သောသူသည် ငယ် သောသူကို ကောင်းကြီး ပေးတတ်သည်ကို ငြင်းခုံ ဘွယ်မ ရှိ ၈ ထိုမှတစ်ပါး ၊ သေ တတ်သောသူ တို့သည် ယခုအခါ ဆယ်ဘို့တစ်ဘို့ ကို ခံ လေ့ရှိ၏။ ထိုအခါမူကား အသက် ရှင် သည်ဟု သက်သေခံ ခြင်းကို ရသောသူသည် ဆယ်ဘို့တစ်ဘို့ကိုခံရ၏ ၉ ထိုမှတစ်ပါး ၊ ဆယ်ဘို့တဘို့ ကိုခံ တတ်သော လေဝိ သည် အာဗြဟံ အားဖြင့် ဆယ်ဘို့တဘို့ ကို ပေးပြီဟု ဆို စရာ အခွင့် ရှိ၏ ၁၀ အကြောင်းမူကား ၊ မေလခိဒေဒက် သည် အာဗြဟံ ကိုတွေ့ သောအခါ ၊ လေဝိသည် မိမိအဘ ၏ ကိုယ် ၌ ရှိ သတည်း ၁၁ တနည်းကား၊ လေဝိ မှဆင်းသက်သော ယဇ် ပုရောဟိတ်အမျိုးနှင့် စပ်ဆိုင်လျက်လူ များတို့သည် ပညတ် တရားတော်ကို ခံကြသောကြောင့် ၊ ထိုအမျိုးအားဖြင့် စုံလင် ခြင်းသို့ ရောက် နိုင်သည်မှန် လျှင် ၊ အခြား သော ယဇ် ပုရောဟိတ်သည်၊ အာရုန် နည်းတူ မ ခေါ် ဝေါ် ဘဲ၊ မေလခိဒေဒက် နည်းတူ ပေါ် ထွန်း စရာအကြောင်း အဘယ်သို့ ရှိ သေး သနည်း ၁၂ ယဇ် ပုရောဟိတ်အမျိုးသည် ပြောင်းလဲ လျှင်၊ ပညတ် တရားသည် မပြောင်းလဲ ဘဲမနေနိုင်ရာ ၁၃ ထို ဗျာဒိတ်တော်ကို ခံရသောသူ သည်၊ ယဇ်ပလ္လင် ဝတ် ကို တစ် ယောက်မျှမပြုရသောအမျိုး နှင့် စပ်ဆိုင် ပေ၏ ၁၄ အကြောင်းမူကား ၊ ငါ တို့သခင် သည် ယုဒ အမျိုးထဲ၌ ပေါ် ထွန်း သည်ဟု ထင်ရှား လျက်ရှိ၏။ ထို အမျိုး သည် ယဇ် ပုရောဟိတ်အရာနှင့် စပ်ဆိုင် သည်ဟု မောရှေ သည် တစ်ခွန်းကို မျှမပြော ၁၅ ထိုမှတစ်ပါး ၊ မေလခိဒေဒက် နည်းတူ အခြား သော ယဇ် ပုရောဟိတ်သည် ပေါ် ထွန်း သည်မှန်လျှင်၊

ယဇ်ပုရောဟိတ်အမျိုး ပြောင်းလဲပြီဟု သာ၍ ထင်ရှား ၏ ၁၆ ထိုယဇ် ပုရောဟိတ်သည် ကိုယ်ခန္ဓာ နှင့် စပ်ဆိုင် သော တရား အတိုင်း ခန့်ထား လျက်ရှိသည်မ ဟုတ်။ ထာဝရ အသက် ၏ တန်ခိုး အာနုဘော်အတိုင်း ခန့်ထားလျက်ရှိသတည်း ၁၇ အကြောင်းမူကား ၊ သင် သည် မေလခိဒေဒက် နည်းတူ ၊ ထာဝရ ယဇ် ပုရောဟိတ်ဖြစ်သည်ဟု သက်သေခံ တော်မူသတည်း (aiōn g165) ၁၈ ပညတ် တရားသည် အဘယ်သူ ကိုမျှ စုံလင် ခြင်းသို့ မပို့ နိုင်သည် ဖြစ်၍ ၁၉ ရှေး ပညတ် တရားဟောင်းသည်၊ အား မရှိ၊ အကျိုး ကိုမပေးနိုင်သောကြောင့် ၊ ပယ်ရှင်း ခြင်းသို့ ရောက် ရ၏။ သို့သော်လည်း ၊ သာ၍ မြတ်သော မြော်လင့် ခြင်းအခွင့်သည် နေရာကျ၏။ ထိုမြော်လင့်ခြင်းအားဖြင့် ငါတို့သည် ဘုရားသခင့် အထံတော်သို့ တိုးဝင် ချဉ်းကပ်ရကြ၏ ၂၀ ထိုသူ တို့သည် အကျိန် တော်မ ရှိဘဲယဇ် ပုရောဟိတ်အရာကို ရ ကြ၏ ၂၁ ယေရှုမူကား၊ အကျိန် တော်မရှိဘဲ ယဇ်ပုရောဟိတ်အရာကိုမရ၊ ထာဝရ ဘုရားက၊ သင် သည် မေလခိဒေဒက်နည်းတူထာဝရ ယဇ် ပုရောဟိတ်ဖြစ်သည်ဟု ကျိန်ဆို၍၊ နောက်တဖန်စိတ် ပြောင်းလဲခြင်းရှိတော် မ မူသည်နှင့်အညီ၊ ယေရှုသည် အကျိန်တော်ကိုခံ၍ ယဇ်ပုရောဟိတ်အရာကို ရသည်အတိုင်း၊ (aiōn g165) ၂၂ သာ၍ မြတ်သော ပဋိညာဉ် တရား၏ အာမခံ ဖြစ် ၏ ၂၃ ထိုသူ တို့သည်လည်း သေ ရသောကြောင့် အစဉ် မ တည်နိုင်သည် ဖြစ်၍အများ ရှိ ရကြ၏ ၂၄ ယေရှု မူကား ၊ နိစ္စ ထာဝရတည် သောကြောင့် မ ပြောင်းမလဲသော ယဇ် ပုရောဟိတ်အရာ၌ ခန့်ထားလျက်ရှိ၏ (aiōn g165) ၂၅ ထိုကြောင့် ၊ အကြင်သူတို့သည် ယေရှု အားဖြင့် ဘုရားသခင့် အထံတော်သို့ ချဉ်းကပ် ကြ၏၊ ထိုသူ တို့၏ အမှုကို ကိုယ်တော်သည် စောင့် လျက်၊ ကာလအစဉ် အသက် ရှင်သောကြောင့် ၊ သူတို့ကို အစဉ် ကယ်တင် ခြင်းငှာ တတ်နိုင် တော်မူ၏ ၂၆ ထိုသို့သောယဇ်ပုရောဟိတ် မင်းသည် သန့်ရှင်း စင်ကြယ်၍ အညစ်အကြေး နှင့် ကင်းလွတ်လျက် အပြစ် ရှိသော သူတို့နှင့် မ ဆက်ဆံ၊ ကောင်းကင် သားအပေါင်းတို့ထက် မြင့်မြတ် သောသူဖြစ် ၍၊ ငါ တို့နှင့် တော် သင့်တော်မူ၏ ၂၇ အခြားသော ယဇ်ပုရောဟိတ် မင်းတို့သည် ကိုယ် အပြစ် ကြောင့် ၎င်း၊ လူ များအပြစ်ကြောင့်၎င်း၊ နေ့တိုင်း ယဇ် ပူဇော် ရသကဲ့သို့ ၊ ထိုသခင် သည် ယဇ်ပူဇော်စရာအကြောင်း မ ရှိ၊ အဘယ်ကြောင့်နည်းဟူမူကား၊ မိမိ ကိုယ်ကိုတစ်ခါ တည်း ယဇ် ပူဇော်၍ ထိုအမှုကို ပြီးစီး တော်မူပြီ ၂၈ ပညတ် တရားသည် အပြစ် ရှိ သောသူ တို့ကို ယဇ်ပုရောဟိတ် အရာ၌ ခန့်ထား ၏။ ပညတ်တရား နောက် ၌ ကျိန်ဆို တော်မူသော ဗျာဒိတ် တော်မူကား ၊ အစဉ်အမြဲ စုံလင် ခြင်းသို့ရောက်သော သား တော်ကို ခန့်ထား သတည်း။ (aiōn g165)

၈ ယခု ဆို ခဲ့ပြီး သော အကြောင်း အရာတို့၏ အချုပ်အခြာ ဟူမူကား၊ ထိုသို့သော ယဇ်ပုရောဟိတ် မင်းသည် ငါတို့ ၌ရှိ ၏။ ကောင်းကင် ဘုံ၌ တန်ခိုး အာနုဘော်တော်၏ ပလ္လင် လက်ျာဘက် မှာ ထိုင် နေတော်မူ၏ ၂ လူ မ ဆောက်ဘဲ ထာဝရ ဘုရား ဆောက် တော်မူသော တဲ တော်စစ် တည်းဟူသော၊ သန့်ရှင်း ရာဌာန၌ ဘုရား ဝတ်ကိုပြုသောသူဖြစ်တော်မူ၏ ၃ ယဇ်ပုရောဟိတ် မင်းမည်သည်ကား၊ ပူဇော် သက္ကာနှင့် ယဇ် ကိုပူဇော် စေခြင်းငှာခန့်ထား လျက်ရှိသည် ဖြစ်၍၊ ငါတို့ ယဇ်ပုရောဟိတ်မင်းသည်လည်း ပူဇော် စရာယဇ်တစ်စုံတစ်ခုရှိ ရ၏ ၄ ပညတ် တရားအတိုင်း ပူဇော် သက္ကာကို ဆက်ကပ် သော ယဇ် ပုရောဟိတ်များ ရှိ ကြသည်ဖြစ်၍၊ ထိုသခင်သည် မြေကြီး ပေါ်မှာ ရှိ နေလျှင် ယဇ် ပုရောဟိတ်မ

လုပ် ရ ၅ မောရှေ သည် တဲ တော်ကို ဆောက်လုပ် အံ့သောအခါ၊ တောင် ပေါ်မှာ သင့် အားပြ ခဲ့ပြီးသောပုံ နှင့် ညီလျော်စွာ အလုံးစုံ တို့ကို လုပ် ခြင်းငှာသတိပြုရမည်ဟု ဗျာဒိတ် တော်ကို ခံရသည်ဖြစ်၍၊ ထိုယဇ် ပုရောဟိတ်တို့သည် ကောင်းကင် အရာတို့၏ ပုံပမာ အရိပ် နှင့်သာဆိုင်လျက် ဝတ် ကိုပြုနေကြ၏ ၆ ထိုမှတစ်ပါး၊ ယေရှုသည် သာ၍ မြတ်သော ဂတိ တော်တို့ ၌ တည် သော၊ သာ၍ မြတ်သော ပဋိညာဉ် တရား၏ အာမခံ ဖြစ်သည်နှင့်အညီ၊ သာ၍မြတ်သော ဝတ်ပြု ခြင်း အခွင့်အရာကို ရတော်မူ ၏ ၇ ပဌမ ပဋိညာဉ် တရားသည်၊ အပြစ်တင် ခွင့်မရှိသည်မှန်လျှင်၊ ဒုတိယ ပဋိညာဉ်တရား တည် ရသော အခွင့်ကို အဘယ်ကြောင့်ရှာ ရသနည်း ၈ ပဌမပဋိညာဉ် တရားကို ထာဝရ ဘုရားသည် အပြစ်တင် ၍ မိန့် တော်မူသည်ကား၊ ၉ ငါ သည် ဣသရေလူမျိုး ၏ ဘိုးဘေး တို့ကိုလက် ဆွဲ ၍ အဲဂုတ္တုပြည် မှ ဆောင်သွား သောအခါ၊ သူတို့ ၌ ငါပေး သော ပဋိညာဉ် တရားနှင့် ခြားနား သော ပဋိညာဉ် တရားသစ် ကို ဣသရေလ အမျိုးသား၊ ယုဒ အမျိုးသား တို့ ၌ ငါပေးသော အချိန် ကာလရောက် လိမ့်မည်။ အရင် ငါ ပေးဘူးသော ပဋိညာဉ် တရား၌ သူ တို့သည် မ တည် ကြ၊ ငါ သည်လည်း သူ တို့ကို မ ကြည့်ရှုမပြုစုဘဲနေ၏ ၁၀ နောင် ကာလ အခါ ဣသရေလ အမျိုးသား တို့ ၌ ငါပေး အံ့သော ပဋိညာဉ် တရားဟူမူကား၊ ငါထာဝရ ဘုရားသည် ငါ့ ပညတ် တို့ကို သူ တို့ စိတ် ဝိညာဉ်ထဲသို့ သွင်း မည်။ သူ တို့နှလုံး ပေါ်မှာ ရေး ထားမည်။ ငါသည် သူ တို့၏ ဘုရား ဖြစ် မည်။ သူ တို့သည်လည်း ငါ ၏လူ ဖြစ် ကြလိမ့်မည် ၁၁ ထိုသူတို့က၊ ထာဝရဘုရား ကို သိ လော့ဟု၊ အမျိုးသား ချင်း၊ ညီအစ်ကို အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ဆုံးမ သြဝါဒမ ပေးရကြ၊ အကြောင်းမူကား၊ အငယ်ဆုံး သောသူမှစ၍ အကြီးဆုံး သောသူတိုင်အောင် ထိုသူ အပေါင်း တို့သည် ငါ့ ကိုသိ ကြလိမ့်မည် ၁၂ ထိုအခါငါသည် သူ တို့အပြစ် များကို သည်းခံ မည်။ သူ တို့ ပြစ်မှား ခြင်း၊ လွန်ကျူးခြင်းများကို မ အောက်မေ့ ဘဲနေမည်ဟု ထာဝရ ဘုရား မိန့် တော်မူ၏ ၁၃ ပဋိညာဉ်တရားသစ် ဟူ၍မိန့် တော်မူသည်တွင် ပဌမ ပဋိညာဉ်တရားကို ဟောင်း စေတော်မူ၏။ ရွေ့လျော့ ၍ ဟောင်း သောအရာ မည်သည်ကား၊ ကွယ်ပျောက် ခြင်း သို့ရောက်လုနီး သတည်း။

၉ တနည်း ကား၊ ပဌမ ပဋိညာဉ်တရားသည် ဝတ်ပြု ရာစီရင်ချက် နှင့်ဂင်း၊ လောကီ သန့်ရှင်း ရာ ဌာနတော်နှင့်ဂင်း စပ်ဆိုင် ၏ ၂ အဘယ်သို့နည်းဟူမူကား၊ ဟဂ္ဂ ဟုခေါ်ဝေါ် သော ပဌမ တဲ တော်သည်၊ ဆီမီးခုံ၊ စားပွဲ၊ ရှေ့တော်မုန့် နှင့် ပြင်ဆင် လျက်ရှိ၏ ၃ ဒုတိယ ကုလားကာ အတွင်း၌၊ ဟဂ္ဂဟဂ္ဂုန် ဟု ခေါ်ဝေါ် သော တဲ တော်ရှိ၏ ၄ ထိုတဲတော်၌ ရွှေလင်ပန်းနှင့် ရွှေ ဖြင့်မွမ်းမံ သော ပဋိညာဉ် တရားသေတ္တာ ရှိ၏။ ထို သေတ္တာ၌ မန္နာ ကိုထား သောရွှေအိုး၊ အပွင့်ပွင့် သော အာရုန် ၏ လုံးတံ၊ ပဋိညာဉ် တရားကို ရေးထားသော ကျောက် ပြားတို့ သည်ရှိ ကြ၏ ၅ ထိုသေတ္တာ ပေါ်မှာ ဘုန်းကြီး သော ခေရုဗိမ် တို့သည် အပြစ် ဖြေရာပလ္လင်ကို လွှမ်းမိုး လျက်ရှိကြ၏။ ထို အရာများကို ယခု သေချာ စွာ ပြော စရာအကြောင်း မ ရှိ ၆ ထိုသို့ ခပ်သိမ်း သောအရာတို့သည် ပြင်ဆင် လျက် ရှိသောအခါ၊ ယဇ် ပုရောဟိတ်တို့သည် ဝတ်ပြု ၍ ပဌမ တဲ တော်အတွင်း သို့ အစဉ် ဝင် ကြရ၏ ၇ ဒုတိယ တဲတော်အတွင်း သို့ ယဇ်ပုရောဟိတ် မင်းတစ်ပါးတည်းသာ မိမိ အပြစ် ကြောင့် ၎င်း၊ လူ များအပြစ် ကြောင့်၎င်း၊ ပူဇော် သောအသွေး

ကိုဆောင်၍ တနှစ် လျှင် တစ်ခါ တည်းသာဝင်ရ၏ ၈ ပဌမ တဲ့ တော်မပျက်မီ တိုင်အောင်၊ သန့်ရှင်း ရာ ဌာနသို့ သွားသောလမ်း မ ဖွင့် သေးသော အကြောင်းကို ထိုအမှုအရာအားဖြင့်သန့်ရှင်း သော ဝိညာဉ် တော်သည် အရိပ် ပေးတော်မူ၏ ၉ ထိုတဲတော်ကား၊ ပူဇော် သက္ကာနှင့် ယဇ် များကို ပူဇော် သော ကာလ တည်းဟူသောမျက်မှောက် ကာလ ပတ်လုံးပုံပမာ ဖြစ်၏။ ထို ပူဇော်သက္ကာနှင့် ယဇ်များတို့သည် ကိုယ်ကိုကိုယ် သိသောစိတ်ကိုထောက် လျှင်လည်း၊ ဝတ်ပြု သောသူအား စုံလင် ခြင်းအကျိုးကို မ ပေးနိုင် သည်ဖြစ်၍ ၁၀ စားစရာ ၊ သောက် စရာ၊ အမျိုးမျိုး သော နှစ် စရာတည်းဟူသော၊ ကိုယ်ခန္ဓာ နှင့်ဆိုင်သော အထုံးအဖွဲ့ များ နှင့်တကွအသစ် ပြုပြင် ခြင်း ကာလ တိုင် ရုံမျှသာ တည် ရကြ၏ ၁၁ ယခုမှာလူလက် ဖြင့်မ လုပ်၊ ဤ လောက ဓါတ်နှင့် မ စပ်ဆိုင် ၊ သာ၍ကြီးမြတ် စုံလင် သောတဲ တော်၌၊ နောက် မင်္ဂလာ အကျိုးတို့၏ ယဇ်ပုရောဟိတ် မင်းဖြစ်သော ခရစ်တော် သည် ၁၂ ငါတို့အဘို့ထာဝရ ရွေးနှုတ် ခြင်းကျေးဇူးကိုခံရ၍ ဆိတ် အသွေး ၊ နွားကလေး အသွေးနှင့် မ ဟုတ်၊ မိမိ အသွေး တော်နှင့် သန့်ရှင်း ရာဌာနထဲသို့ တစ်ခါ တည်း ဝင် တော်မူ၏ (aiōnios g166) ၁၃ အကြောင်းမူကား ၊ အညစ်အကြေး ရှိသော သူ တို့ အပေါ်၌ ဖြန်း သောနွား အသွေး ၊ ဆိတ် အသွေး၊ နွားမ ကလေး၏ပြာ သည်၊ သူတို့ ကိုယ်ခန္ဓာ ၌ စင်ကြယ် ခြင်းကို ပြုနိုင်သည်မှန်လျှင် ၁၄ ထိုမျှမက၊ အပြစ် ကင်းသော ကိုယ်တော် ကို၊ ထာဝရ ဝိညာဉ် တော်အားဖြင့် ၊ ဘုရားသခင့် ရှေ့၌ တင်လှူပူဇော် သော ခရစ်တော် ၏ အသွေး သည်၊ သေ ခြင်းနှင့် စပ်ဆိုင်သောအကျင့် ကို ပယ်ရှင်း၍၊ သင်တို့သည် အသက် ရှင်တော်မူသော ဘုရားသခင် ကို ဝတ်ပြု မည်အကြောင်း ၊ သင် တို့ ၌ ကိုယ်ကိုကိုယ် သိသော စိတ်ကို စင်ကြယ် စေခြင်းငှာ၊ သာ၍တတ်နိုင်တော်မူသည်မဟုတ်လော (aiōnios g166) ၁၅ ထိုကြောင့် ပဌမ ပဋိညာဉ် တရားလက်ထက် ၌ ပြစ်မှားသောအပြစ် ကိုလည်း လွတ် စေခြင်းငှာ၊ ခရစ်တော်သည် အသေခံ တော်မူသည် ဖြစ်၍ ၊ ခေါ် တော်မူသော သူ တို့သည် ဂတိ တော်နှင့်ယှဉ်သော ထာဝရ အမွေ ကို ခံရ မည်အကြောင်း ၊ ထိုသခင်သည် ပဋိညာဉ် တရားသစ် ၏ အာမခံ ဖြစ်တော်မူ ၏ (aiōnios g166) ၁၆ အမွေခံစေခြင်းငှာအခွင့်ပေး၍ စာချုပ်သည် အမှုမှာ လည်း စာချုပ် တည်လျှင် စာချုပ်သောသူသည် ဧကန် သေ ရမည်မှန်ပြီ ၁၇ အကယ်၍ မ သေလျှင်၊ ထိုစာချုပ်သည်မ တည်၊ သေမှသာတည် ၏ ၁၈ ထို့ကြောင့် ပဌမ ပဋိညာဉ်တရားကို စီရင်သောအခါ၊ အသွေး နှင့် ကင်း ၍မ စီရင် ၁၉ တရား တော်၌ ပါ သမျှသော ပညတ် တို့ကို မောရှေ သည် လူ အပေါင်း တို့အား ဟောပြော ပြီးမှ၊ ရေ နှင့် ရောနှောသောနွား ၊ ဆိတ် ၏အသွေး ကိုယူ ၍၊ အနီ ဆိုးသော သိုးမွေး တပ်သောဟုဿုပ် ပင်ညွှန့်နှင့်၊ ကျမ်းစာ ကိုဂင်း လူ အပေါင်း တို့ကိုဂင်း ဖြန်း လျက်၊ ၂၀ ဤ အသွေးကား၊ သင် ၌ ဘုရားသခင် ဝန်ခံ တော်မူသော ပဋိညာဉ် ၏ အသွေး ဖြစ်သည်ဟု ပြောဆို ၏ ၂၁ တဲ တော်နှင့် ဝတ်ပြု သော တန်ဆာ များကိုလည်း ထိုနည်းတူ သွေး နှင့်ဖြန်း ရ၏ ၂၂ ပညတ် တရားအတိုင်း ခပ်သိမ်း သောအရာတို့ကို ကုန်မတတ် အသွေး အားဖြင့် စင်ကြယ် စေတတ်၏။ အသွေး မ သွန်းလောင်းဘဲ အပြစ်လွတ် ခြင်းမ ရှိ ၂၃ ထို့ကြောင့် ကောင်းကင် ဘုံ၌ ရှိသောအရာ တို့ ၌ ပုံ များကိုထိုသို့သောယဇ် ပူဇော်ခြင်းအားဖြင့်စင်ကြယ် စေ ရသည်ဖြစ်၍၊ ကောင်းကင် အရာတို့ကိုသာ၍ မြတ်သော ယဇ်ပူဇော်ခြင်းအားဖြင့်စင်ကြယ်စေရ၏ ၂၄ ထိုသို့နှင့်အညီ၊

မှန် သောသန့်ရှင်းရာဌာနတို့၏ ပုံ ဖြစ်သော၊ လူတို့လက် ဖြင့်လုပ်သော သန့်ရှင်း ရာဌာန ထဲသို့ ခရစ်တော် သည်မ ဝင် ဘဲ၊ ငါ တို့ အတွက် ကြောင့် ယခု ဘုရားသခင် ၏ ရှေ့ တော်၌ကိုယ်ကိုပြ ခြင်းငှာ၊ ကောင်းကင် ကိုယ် ထဲသို့ ဝင်တော်မူပြီ၊ ၂၅ သို့သော်လည်း၊ ယဇ်ပုရောဟိတ် မင်းသည် သန့်ရှင်း ရာဌာနထဲသို့ သူတစ်ပါး အသွေး နှင့် နှစ် တိုင်း အစဉ် ဝင် ရသကဲ့သို့ ခရစ်တော် သည် အဖန် များစွာကိုယ်ကို ပူဇော်ရသည်မ ဟုတ် ၂၆ ထိုသို့ ပူဇော်ရသည်မှန် လျှင်၊ ကမ္ဘာ ဦး မှစ၍ အဖန် များစွာအသေခံ တော်မူရ၏။ ယခု မူကား ၊ ဤကမ္ဘာ ကာလအဆုံး ၌ တစ်ခါ တည်း ကိုယ် ကိုပူဇော် သောအားဖြင့် အပြစ် များကို သုတ်သင် ပယ်ရှင်းခြင်းငှာ ပေါ်ထွန်း တော်မူ၏ (aiōn g165) ၂၇ လူ သည် တစ်ခါ တည်းသေ ၍ ထိုနောက်မှ တရား စီရင်တော်မူခြင်းကိုခံရ သကဲ့သို့ ၊ ၂၈ ထိုနည်းတူ ၊ ခရစ်တော် သည် လူများ အပြစ် တို့ကို ခံခြင်းငှာတစ်ခါ တည်းကိုယ်ကိုပူဇော် ပြီးမှ၊ နောက်တစ်ဖန် ထိုသခင် ကို မြော်လင့် လျက် နေသောသူ တို့ကို ကယ်တင် ခြင်းအလိုငှာ ၊ အပြစ် နှင့်မ ဆိုင်ဘဲ ပေါ်ထွန်း တော်မူလတံ့။

၁၀ တနည်းကား၊ ပညတ် တရားသည် နောက်ဖြစ် လတံ့သော မင်္ဂလာ အကျိုးတို့၏ သေချာသော ပုံ သဏ္ဌာန် ကိုမ ပြ၊ အရိပ် ကိုသာပြ သည်ဖြစ်၍၊ နှစ် စဉ်မပြတ်ပူဇော် သောယဇ် အားဖြင့် အထံတော်သို့ ချဉ်းကပ် သောသူ တို့ကို စုံလင် ခြင်းအဖြစ်၌ မ တည် စေနိုင် ရာ ၂ တည်စေနိုင်လျှင်၊ ဝတ်ပြု သောသူ တို့သည် တစ်ခါ တည်းနှင့် စင်ကြယ် ခြင်းသို့ ရောက်ပြီးမှ၊ နောက်တဖန်သံဝေဂ တရားရ စရာအကြောင်း အလျှင်းမ ရှိသည်ဖြစ်သောကြောင့် ၊ ထိုယဇ်တို့ကို တစ်ခါတည်းသာပူဇော်၍၊ နောက်တဖန်မ ပူဇော် ဘဲနေ ရကြမည်မဟုတ်လော ၃ ယခုမူကား ယဇ် ပူဇော်သည်တွင် အပြစ် များကို နှစ် တိုင်းအောက်မေ့ ခြင်းရှိ၏ ၄ အကြောင်းမူကား ၊ နွား ၊ ဆိတ် ၏အသွေး သည် အပြစ် ကို မ ပယ် နိုင်ရာ ၅ ထိုကြောင့် ၊ ခရစ်တော်သည် ဤလောက သို့ ကြွလာ သောအခါ၊ အိုဘုရားသခင် ၊ ကိုယ်တော်သည် ယဇ် နှင့် ပူဇော်သက္ကာ ကို အလို တော်မ ရှိ သည်ဖြစ်၍၊ အကျွန်ုပ် အဘို့ကိုယ်ခန္ဓာ ကို ပြင်ဆင် တော်မူပြီ ၆ မီးရှို့ ရာယဇ်နှင့် အပြစ် ဖြေရာ ယဇ်များကို အားရနှစ်သက် တော် မ မူသောအခါ၊ ကျမ်းစာ လိပ် ၌ အကျွန်ုပ် ကို အမှတ် ပြု၍ ရေး ထားသည်နှင့်အညီ၊ ၇ အကျွန်ုပ်သည် ကိုယ်တော် ၏အလို ကို ဆောင် အံ့သောဘုသွား ပါမည်ဟု အကျွန်ုပ်ဝန်ခံ ပါသည်ဟု လျှောက်ဆို ၏ ၈ ပညတ် တရားအတိုင်း ပြုရသော ဝတ် ကိုရည်ဆောင်လျက် ခရစ်တော်က၊ မီးရှို့ ရာယဇ်၊ အပြစ် ဖြေရာ ယဇ်အစ ရှိသောယဇ် များနှင့် ပူဇော် သက္ကာများတို့ကို ကိုယ်တော်သည် အလို တော်မ ရှိ၊ အားရနှစ်သက် တော် မ မူဟု အထက် ကဆို နှင့်ပြီးမှ၊ ၉ တဖန်တုံ ၊ အိုဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော် ၏ အလို ကို ဆောင် အံ့သောဘုသွား ပါမည်ဟု ဆို သည်တွင်၊ ဒုတိယ ဝတ်ကို တည် စေခြင်းငှာ ပဌမ ဝတ်ကို ပယ် ၏ ၁၀ ထို အလို တော်နှင့်အညီ ယေရှု ခရစ် ၏ ကိုယ် တော်ကို တစ်ခါ တည်း ပူဇော် သောအားဖြင့် ၊ ငါတို့သည် စင်ကြယ် ခြင်းသို့ ရောက် ကြ၏ ၁၁ ယဇ် ပုရောဟိတ်မည်သည်ကား ၊ နေ့တိုင်း ဝတ်ပြု လျက်၊ အပြစ် ကို မ ဖြေ နိုင် သော ယဇ် ကို အထပ်ထပ် အဖန်ဖန်ပူဇော် လျက်ရပ် နေရ၏ ၁၂ ထိုသခင် မူကား ၊ အပြစ် ကိုဖြေခြင်းငှာ ယဇ် တစ်ခု တည်းကို ပူဇော် ပြီးမှစ၍၊ ဘုရားသခင် ၏ လက်ျာ တော်ဘက်၌ အစဉ်အမြဲ ထိုင် ၍ ၁၃ မိမိ ရန်သူ တို့ကို မိမိ ခြေ တင် ရာမ ချ

မထားမှီတိုင်အောင်မြော်လင့် လျက် နေ တော်မူ၏ ၁၄ အကြောင်းမူကား ၊ စင်ကြယ် သောသူ တို့သည် ထာဝရ စုံလင်ခြင်းဌာ၊ တစ်ခါ တည်းပူဇော် ခြင်းအားဖြင့် ပြုတော်မူ၏ ၁၅ ထိုသို့နှင့်အညီ၊ သန့်ရှင်း သောဝိညာဉ် တော်သည် ငါတို့အား သက်သေ ပေးတော်မူသည်မှာ ၁၆ နောင် ကာလ အခါသူ တို့ ၌ ငါပေး သော ပဋိညာဉ် တရား ဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ ပညတ် တို့ကို သူ တို့နှလုံး ထဲမှာ ပေးသွင်း မည်။ သူ တို့စိတ် ဝိညာဉ်၏အပေါ်မှာ ရေးထားမည်ဟု အထက်ကမိန့်တော်မူပြီးမှ ၁၇ တဖန်တုံ ၊ သူ တို့ ပြစ်မှား ခြင်း၊ လွန်ကျူး ခြင်း အမျိုးမျိုးကို ငါမ အောက်မေ့ဘဲ နေ မည်ဟု လာ သတည်း ၁၈ ထိုအပြစ် တို့ကို လွှတ် ပြီးလျှင် နောက်တစ်ဖန်အပြစ် ဖြေသော ပူဇော်သက္ကာ ကို ပြုစရာအကြောင်း မရှိ ၁၉ ထိုကြောင့် ညီအစ်ကို တို့၊ ယေရှု ၏ကိုယ်ခန္ဓာ တော်တည်းဟူသော ကုလားကာ အားဖြင့် ထိုသခင် ပြင်ဆင် တော်မူသော အသက် လမ်း သစ် တွင်၊ ၂၀ ငါတို့သည် သန့်ရှင်း ရာဌာနထဲသို့၊ အသွေး တော်ကိုအမှီပြု၍ အဆီးအတား မရှိ၊ ဝင် ရသောအခွင့်ရှိသဖြင့်၎င်း၊ ၂၁ ဘုရားသခင် ၏အိမ် တော်ကို အုပ်စိုးသော ယဇ် ပုရောဟိတ်မင်း ရှိသဖြင့်၎င်း၊ ၂၂ ငါတို့သည် သစ္စာ နှင့် ပြည့်စုံသော သဘော ရှိ၍၊ ဝိစိကိစ္ဆာ နှင့် ကင်းသောယုံကြည် ခြင်း၌ တည်လျက်၊ စိတ်နှလုံး ကို သံဝေဂ တရားနှင့်လွတ်အောင်ဖြန်း ခြင်း၊ ကိုယ် ကာယကိုလည်း ကြည်သာ ရေ ဖြင့် ဆေးကြော ခြင်း ရှိပြီးမှ ၊ အထံတော်သို့ တိုးဝင် ချဉ်းကပ်ကြကုန်အံ့ ၂၃ မြော်လင့် ခြင်းအကြောင်းကို ဝန်ခံ ၍ မတိမ်းယိမ်း မရွေ့လျော့ဘဲ တည်ကြည် ကြကုန်အံ့အကြောင်းမူကား ၊ ဂတိ ထားတော်မူသော သူ သည် သစ္စာ နှင့်ပြည့်စုံတော်မူ၏ ၂၄ ထိုမှတစ်ပါး မေတ္တာ စိတ် ရှိစေခြင်းငှာ၎င်း၊ ကောင်း သောအကျင့် ကို ကျင့်စေခြင်းငှာ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကိုရှာ၍၊ အချင်းချင်း တစ်ယောက်ကို တစ်ယောက် ထောက်စာ ကြည့်ရှုကြကုန်အံ့ ၂၅ လူအချို့ တို့၏ ထုံးစံ ရှိသည်အတိုင်း ၊ အချင်းချင်း စည်းဝေး ခြင်းအမှုကို မ ရှောင် မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်း နှိုးဆော်ကြလော့။ ကာလ အချိန် ရောက် လုနီးသည်ကို ထောက် သဖြင့်၊ သာ၍ ကြိုစား ကြလော့ ၂၆ အကြောင်းမူကား ၊ သမ္မာတရား ကို သိ ပြီးမှ ကိုယ် အလိုသို့လိုက်၍ပြစ်မှား ပြန်လျှင်၊ နောက်တဖန်အပြစ် ဖြေသောယဇ်ကို ပူဇော် ရာအခွင့် မ ရှိ ဘဲ၊ ၂၇ ဒဏ် စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက် ဘွယ်သော မြော်လင့် ရသောအကြောင်း၊ ငြင်းဆန် သော သူတို့ကို ဖျက်ဆီး ဘို့ရာအမျက် တော် မီး လောင်ခြင်းကို ခံရ သောအကြောင်းရှိ၏ ၂၈ မောရှေ ၏ တရား ကိုပယ် သော သူမည်သည်ကား၊ သက်သေခံ နှစ် ဦးသုံး ဦးရှိလျှင်၊ သနား ခြင်းကို မ ခံရဘဲ သေ ရ၏ ၂၉ ထိုမျှမက၊ ဘုရားသခင် ၏ သား တော်ကို ခြေဖြင့်ကျော်နင်း လျက်၊ မိမိကိုစင်ကြယ် စေသော ပဋိညာဉ် တရား၏ သေး ကိုအပြစ်တင်လျက်၊ ဆုကျေးဇူးကိုပေးသော ဝိညာဉ် တော်ကို မထီမဲ့မြင် ပြုလျက်ရှိသော သူသည်၊ အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့် ခံထိုက် သည်ကို သင်တို့ ထင် ကြသနည်း ၃၀ ငါ သည်အပြစ်တရားကိုစီရင် ပိုင်၏။ အပြစ်နှင့်အလျောက် ငါ ဆပ်ပေး မည်ဟူ၍ဌင်း၊ ထာဝရ ဘုရားသည် မိမိ လူ တို့အဘို့ တရား စီရင်မည်ဟူ၍ဌင်း မိန့် တော်မူသောသူ ကို ငါတို့သည် အမှန်သိ ကြ၏ ၃၁ အသက် ရှင်တော်မူသော ဘုရားသခင် ၏လက် တော်သို့ ကျရောက် ခြင်း အမှုသည် ကြောက်မက် ဘွယ်သောအမှုဖြစ်သတည်း ၃၂ သင်တို့သည် အလင်း သို့ ရောက်ပြီးသည်နောက်၊ လူများရှေ့မှာ

ကဲ့ရဲ့ညှဉ်းဆဲ ခြင်းကို ခံရသဖြင့်၎င်း၊ ထိုသို့ ခံရသောသူ တို့နှင့် ဆက်ဆံ သော အပေါင်းအဖော်ဖြစ် သဖြင့်၎င်း၊ ၃၃ ကြီးစွာသော ဆင်းရဲ ဒုက္ခဝေဒနာ များကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် တွေ့ကြုံသော အထက် ကာလ အချိန်ကို အောက်မေ့ကြလော့ ၃၄ ထိုအခါသင်တို့သည် အကျဉ်း ခံရသော သူ တို့အတွက် ကြောင့် ကြင်နာ သော စိတ်ရှိရသည်သာမက၊ ကိုယ် ပစ္စည်း ဥစ္စာများကို သူတစ်ပါးလုယူ ဖျက်ဆီးသော်လည်း၊ ကိုယ် သုံးစရာဘို့ ကောင်းကင်ဘုံ၌သာ၍ မြတ်သော အမြဲ တည်သောဘဏ္ဍာ ရှိ သည်ကိုသိ ၍၊ လုယူဖျက်ဆီးခြင်းကို ဝမ်းမြောက် သောစိတ်နှင့် ဝန်ခံ ကြ၏ ၃၅ ထိုကြောင့်၊ ကြီးစွာ သောအကျိုး နှင့်ယှဉ်သော သင် တို့၏ ရဲရင့် ခြင်းစိတ်ကို မ စွန့် ကြနှင့် ၃၆ ဘုရားသခင် ၏အလို တော်ကိုဆောင်ပြီးမှ၊ ဂတိ တော်အတိုင်း အကျိုးကိုရ မည်အကြောင်း သည်းခံ ခြင်းစိတ်ရှိ ရမည် ၃၇ အဘယ်ကြောင့် နည်းဟူမူကား၊ ကြွလာ လတံ့သောသူ သည် မ ဆိုင်း မလင့်ဘဲ၊ မ ကြာမမြင့်မှီ ရောက် တော်မူလိမ့်မည် ၃၈ ဖြောင့်မတ် သောသူသည် ယုံကြည် ခြင်းအားဖြင့် အသက်ရှင် လိမ့်မည်။ သို့သော်လည်း၊ ရွေ့လျော့ လျှင် ငါ့ စိတ် ဝိညာဉ်သည် ထိုသူ ကို အားရ နှစ်သက်ခြင်းမ ရှိဟုဘုရားသခင် အမိန့်တော်ရှိ ၏ ၃၉ ငါ တို့မူကား၊ ပျက်စီး ခြင်းသို့ ရောက် အံ့သောဌာရွေ့လျော့ သော သူမ ဟုတ်။ စိတ် ဝိညာဉ်သည် ကယ်တင် ခြင်းသို့ ရောက်အံ့သောဌာယုံကြည် သောသူ ဖြစ်ကြ၏။

၁၁ ယုံကြည် ခြင်းသည် မြော်လင့် သောအရာတို့ကို မျက်မှောက် ပြု ခြင်းဖြစ် ၏။ ၂ မြင် သေးသော အရာ တို့ကို သိမှတ် စွဲလမ်းခြင်းအကြောင်းဖြစ်၏ ၃ ထို ပါရမီကြောင့်၊ ရှေး လူဟောင်းတို့သည် ချီးမွမ်းတော်မူခြင်းကို ခံရကြ၏ ၄ ယခုမြင် ရသောအရာ တို့သည်၊ အရင်ထင်ရှား သော အရာထဲက မ ဖြစ် ဘဲ၊ လောက ဓါတ်တို့သည် ဘုရားသခင်၏အမိန့် တော်ကြောင့်သာ တည် သည်ကို ငါတို့သည် ယုံကြည် ခြင်းအားဖြင့်သိကြ ၏ (aiōn g165) ၅ အာဗေလ သည်၊ ကာဣန ပူဇော် သော ယဇ်ထက် သာ၍ မြတ်သောယဇ်ကို၊ ယုံကြည် ခြင်းအားဖြင့်ဘုရားသခင် အားပူဇော် ၏။ ထိုသို့သောယဇ်ကိုပူဇော်၍၊ မိမိဖြောင့်မတ် သည်ဟု သက်သေခံ တော်မူခြင်းကို ရ လေ၏။ အဘယ်သို့နည်းဟူမူကား၊ သူ လှူသောအလှူ ကို ဘုရားသခင် သည် လက်ခံ တော်မူ၏။ သို့ ဖြစ်၍ ၊ အာဗေလသည် သေ လွန်သော်လည်း ယခုပင်တရားဟော သေး ၏ ၅ နောက် သည် ယုံကြည် ခြင်းအားဖြင့်သေ ခြင်းနှင့်လွတ် ၍ ဘဝပြောင်း ရ၏။ ဘုရားသခင် သည် သူ့ ကို ဘဝပြောင်း စေတော်မူသောကြောင့်၊ သူသည် နောက်တစ်ဖန်မ ပေါ် မရှိ။ သူသည်ဘဝမ ပြောင်း မှီ ဘုရားသခင် ၏ စိတ်တော်နှင့်တွေ့ သောသူဖြစ်သည်ဟု သက်သေခံ ခြင်းကို ရလေ၏ ၆ ယုံကြည် ခြင်းမ ရှိလျှင်၊ ဘုရားသခင်၏ စိတ် တော်နှင့်မ တွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ် သောသူ သည်၊ ဘုရားသခင်ရှိ တော်မူသည်ကိုဎင်း၊ ကိုယ်တော် ကို ရှာ သောသူ အား အကျိုးပေး တော်မူသည်ကိုဎင်း၊ ယုံကြည် ရ မည် ၇ နောဧ သည်မ မြင် သေးသော အမှုအရာ တို့ကို ဖော်ပြ သော ဗျာဒိတ် တော်ကိုခံရပြီးမှ၊ ယုံကြည် ခြင်းအားဖြင့်ကြောက်ရွံ့ လာသောစိတ်ရှိ၍၊ မိမိ အိမ်သူ အိမ်သားတို့ကို ကယ်တင် ခြင်းငှာ သင်္ဘော ကိုတည် လေ၏ ထိုယုံကြည်ခြင်းအားဖြင့် လောကီသား တို့ကို အပြစ်တင် ၍ ယုံကြည် ခြင်းနှင့် ယှဉ် သော ဖြောင့်မတ် ခြင်းကိုလည်း အမွေ ခံရ၏ ၈ အာဗြဟံ သည် အမွေ ခံရ လတံ့သောပြည် သို့ ထွက်သွား မည်အကြောင်း၊ ဘုရားသခင်ခေါ်

တော်မူသောအခါ၊ သူသည်အဘယ် အရပ်သို့သွားသည် ကို ကိုယ်တိုင်မ သိ ဘဲလျက်၊ ယုံကြည် ခြင်းအားဖြင့်နားထောင်
၍ ထွက်သွား လေ၏ ၉ သူတစ်ပါး ပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့ ၊ ဂတိ တော်နှင့် စပ်ဆိုင်သော ပြည်
၌ယုံကြည် ခြင်းအားဖြင့်နေ့သည် ဖြစ်၍နေ၏။ ထိုဂတိ တော်ကို အမွေ ခံရသော အဖော်အဖက်တည်းဟူသောဣဇာက်
၊ ယာကုပ် တို့နှင့်အတူ တဲ ၌ နေ လေ၏ ၁၀ အကြောင်းမူကား ၊ ဘုရားသခင် တည်ထောင် ပြုစု တော်မူသော၊
ခိုင်ခံ့မြဲမြံသောမြို့ ကိုမြော်လင့် သတည်း ၁၁ သူ ၏ခင်ပွန်းစာရာ သည်လည်း အရွယ် လွန် သောအခါ ၊ ပဋိသန္ဓေ ယူ
နိုင်သော အခွင့် တန်ခိုးကို ယုံကြည် ခြင်းအားဖြင့်ခံရလေ၏။ အကြောင်းမူကား ၊ ဂတိ ထားတော်မူသောသူ သည်
သစ္စာရှိ သည်ဟု စိတ် စွဲလမ်းခြင်းရှိ၏ ၁၂ သို့ ဖြစ်၍ ၊ ထိုအမှုအရာ၌ လူသေ နှင့်တူသော သူတစ်ယောက်သည်၊
အရေအတွက်အားဖြင့်ကောင်းကင် ကြယ် ကဲ့သို့ ၎င်း ၊ သမုဒ္ဒရာ ကမ်း နား၌မ ရေတွက်နိုင်သောသဲလုံး ကဲ့သို့ ၎င်း၊
များစွာ သောသူတို့၏ အဘ ဖြစ် သတည်း ၁၃ ယခုဆိုခဲ့ပြီးသောသူ အပေါင်း တို့သည်၊ ဂတိ တော်နှင့်စပ်ဆိုင်သော
အကျိုးကျေးဇူးကိုမ ခံရ ဘဲ၊ အဝေး ကမြော်မြင် လျက်၊ စိတ်နှလုံးနှင့် ဖက်ယမ်း လျက်၊ မိမိတို့သည် မြေကြီး ပေါ်မှာ
တစ်ကျွန်း သူတစ်နိုင်ငံသား၊ ဧည့်သည် အာဂန္တုဖြစ်သည် ကို ထင်ရှားစွာဝန်ခံ လျက်၊ ယုံကြည် ခြင်းစိတ်နှင့်သေ
လွန်ကြ၏ ၁၄ ထိုသို့ ဝန်ခံသောသူတို့သည် မိမိတို့အဘ ပြည်ကို ရှာ ကြသည်ဟု အတည့်အလင်း ပြောဆို ကြ၏ ၁၅
ထိုသူတို့သည် အထက်ကထွက်သွား သော ပြည် ကို အောက်မေ့ သည်မှန် လျှင် ၊ ထိုပြည်သို့ ပြန် ရသော အခွင့် ရှိ
ကြ၏ ၁၆ ထိုပြည်ကိုမအောက်မေ့ဘဲ၊ ကောင်းကင် ပြည် တည်းဟူသောသာ၍ မြတ်သောပြည်ကို တောင့်တ ခြင်း
ရှိကြ၏။ ထိုကြောင့် ၊ ဘုရားသခင် သည် သူ တို့၏ ဘုရား ဟူ၍ခေါ် ဝေါ် ခြင်းကိုရှက် တော်မ မူ၊ သူ တို့နေစရာဘို့ မြို့ ကို
တည်ထောင် တော်မူပြီ ၁၇ အာဗြဟံ သည် စုံစမ်း တော်မူခြင်းကို ခံရသောအခါ၊ ယုံကြည် ခြင်းအားဖြင့်ဣဇာက်
ကိုပူဇော် ၏ ၁၈ ဣဇာက် ၌ သာသင် ၏ အမျိုး တည်လိမ့်မည်ဟူသောဗျာဒိတ် တော်မှစ၍ ဂတိ တော်များကို
ခံရ သော သူ သည်၊ မိမိ၌ တစ်ယောက်တည်းသောထိုသားကို ပူဇော် ၏ ၁၉ ထိုသို့ပူဇော်သောအခါသေ ခြင်းမှ
ထမြောက် စေခြင်းငှာ ၊ ဘုရားသခင် တတ်နိုင် တော်မူသည်ကို သူသည် အောက်မေ့ ၏။ ထိုသား ကို ပုံ စကားအားဖြင့်
သေခြင်းထဲက ရ ၏ ၂၀ ဣဇာက် သည်လည်း၊ ယုံကြည် ခြင်းအားဖြင့်အနာဂတ် အရာတို့ ကိုအမှတ် ပြု၍ ယာကုပ် နှင့်
ဧသော ကို ကောင်းကြီး ပေး၏ ၂၁ ယာကုပ် သည်လည်း၊ သေ ချိန်နီးသောအခါ၊ ယုံကြည် ခြင်းအားဖြင့်ယောသပ် ၏
သား နှစ်ယောက်ကို ကောင်းကြီး ပေး၍ ၊ တောင်ဝေး ထိပ် အပေါ်မှာ ကိုးကွယ် လေ၏ ၂၂ ယောသပ် သည်သေ
ဆဲရှိသောအခါ၊ ယုံကြည် ခြင်းအားဖြင့်ဣသရေလ အမျိုးသား တို့၏ ထွက်မြောက် ခြင်းအရာ ကိုပြ ၍ ၊ မိမိ အရိုး တို့၏
အကြောင်း ကိုမှာထား လေ၏ ၂၃ မောရှေ ကို ဘွားမြင် ပြီးမှအဆင်းလှ သော သူငယ် ဖြစ်သည်ကို မိဘတို့သည်မြင်
လျှင်၊ ယုံကြည် ခြင်းအားဖြင့်ရှင်ဘုရင် အမိန့် တော်ကို မ ကြောက် ဘဲ သုံး လပတ်လုံးသူ့ကို ဝှက်ထား လေ၏ ၂၄
မောရှေ သည် အသက်အရွယ်ကြီး သောအခါအပြစ် ရှိသော ကာမဂုဏ် ကို ခဏ ခံစား ခြင်းထက် ၊ ဘုရားသခင် ၏လူ
တို့နှင့်အတူညှဉ်းဆဲ ခံရခြင်းကိုသာ၍ အလိုရှိသဖြင့်ငင်း၊ ၂၅ အဲဂုတ္တု ပြည်၏ စည်းစိမ်ထက် ခရစ်တော် ကြောင့် ကဲ့ရဲ့

ခြင်းဒုက္ခသည် သာ၍ မြတ်သော စည်းစိမ် ဖြစ်သည်ကို စိတ်ထင် သဖြင့်၎င်း၊ ယုံကြည် ခြင်းစိတ်ရှိ၍ ဖာရော ဘုရင်သမီး ၏သား ဟူ၍ခေါ် ဝေါ် ခြင်းအခွင့်ကိုပယ် ၏ ၂၆ အကြောင်းမူကား ၊ နောက် ရလတံ့သောအကျိုး ကို ထောက်စာ မြော်လင့်လျက်နေ၏ ၂၇ ယုံကြည် ခြင်းအားဖြင့်ရှင်ဘုရင် အမျက် ကို မ ကြောက် ဘဲ၊ အဲဂုတ္တ၊ ပြည်ကိုစွန့်သွား ၏။ အကြောင်းမူကား ၊ မျက်မြင် မရသော ဘုရားသခင်ကို မြင် ရဘိသကဲ့သို့ တည်ကြည် ခြင်းရှိ၏ ၂၈ သားဦး များကို ဖျက်ဆီး သောသူ သည် ဣသရေလ လူတို့ကို ဒဏ် မ ခတ်စေခြင်းငှာ ၊ ယုံကြည် ခြင်းအားဖြင့်ပသခါ ပွဲကိုဂင်း ၊ အသွေး ဖြန်းဆွတ် ခြင်းကိုဂင်း စောင့် လေ၏ ၂၉ ဣသရေလလူတို့သည် ကုန်းကြောင်း သွား သကဲ့သို့ ၊ ယုံကြည် ခြင်းအားဖြင့်ဇဒုံ ပင်လယ် အလယ်၌ ချောက်သွား ရကြ၏။ ထို သူတို့ နည်းတူအဲဂုတ္တ၊ လူတို့သည် သွား မည်အားထုတ် သောအခါ နစ်မြုပ် ကြ၏ ၃၀ ယေရိခေါ မြို့ကို ခုနစ် ရက် ပတ်လုံး ဝိုင်း ၍ လှည့်ပြီးမှ၊ ယုံကြည် ခြင်းအားဖြင့်မြို့ ရိုး သည် ပြိုလဲ ၏ ၃၁ ပြည်တန်ဆာ ရာခပ် သည် သူလျှို တို့ကို အဆွေ ဖွဲ့၍ လက်ခံ သောကြောင့်၊ မယုံကြည် သောသူ တို့နှင့်အတူမ ပျက်စီး ဘဲ၊ ယုံကြည် ခြင်းအားဖြင့်ချမ်းသာရ၏ ၃၂ ထိုမှတစ်ပါး ၊ အဘယ်သို့ ပြော စရာရှိသေး သနည်း။ ဂိဒေါင် ၊ ဗာရက် ၊ ရှံဆုန် ၊ ယေဖသ ၊ ဒါဝိဒ် ၊ ရှမွေလ မှစ၍ ပရောဖက် တို့အကြောင်း များကို ပြော ၍မကုန်နိုင် ၃၃ ထိုသူ တို့သည် ယုံကြည် ခြင်းအားဖြင့် အခြားသောတိုင်း နိုင်ငံကိုအောင် ခြင်း၊ တရား သဖြင့် စီရင် ခြင်း၊ ဂတိ တော်ကိုဝင်စား ခြင်း၊ ခြင္သေ့ နှုတ် ကိုပိတ် ခြင်း၊ ၃၄ မီး အရှိန် ကိုငြိမ်း စေခြင်း ဓား လက်နက်ဘေး နှင့်ကင်းလွတ် ခြင်း၊ အနာ မှ ထမြောက်၍ကျန်းမာ ခြင်း၊ စစ်တိုက် သောအခါ ခွန်အား နှင့်ပြည့်စုံ ခြင်း၊ တစ်ပါး အမျိုးသားတို့၏ တပ် များကို ဖျက်ဆီး ခြင်းအမှုများကို ပြုကြ၏ ၃၅ မိန်းမ တို့သည်လည်း၊ သေ ခြင်းမှ ထမြောက် သော မိမိ တို့သားကို ရ ပြန်ကြ၏။ အချို့သောသူတို့သည်၊ သာ၍ မြတ်သော ထမြောက် ခြင်းသို့ ရောက် လိုသောငှာ၊ လွှတ် ခြင်းကိုမ ခံ မယူဘဲ ပြင်းစွာ သောညှဉ်းဆဲခြင်းကို ခံကြ၏ ၃၆ အချို့သောသူတို့သည် ကဲ့ရဲ့ ရိုက်ပုတ် ခြင်း၊ ချည်နှောင် ခြင်းကိုခံ၍ ထောင် ထဲမှာနေရသဖြင့်၊ စုံစမ်း ခြင်း ကို ခံရ ကြ၏ ၃၇ ကျောက်ခဲ နှင့်ပစ်ခြင်း၊ လွှ နှင့်အပိုင်းပိုင်းတိုက်ဖြတ်ခြင်း၊ စုံစမ်း နှောင့်ရှက်ခြင်း၊ ဓား လက်နက်နှင့် ကွပ်မျက် ခြင်းခံရကြ၏။ အလွန်ဆင်းရဲ လျက် ညှဉ်းဆဲ နှိပ်စက်ခြင်းကိုခံလျက်၊ သိုးရေ၊ ဆိတ် ရေ ကို ဝတ်၍ လှည့်လည် ရကြ၏ ၃၈ ဤလောက သည် ထိုသူ တို့နှင့် မ ထိုက် မတန်။ သူတို့သည် တော ကြိုတောင် ကြား၊ ဥမင် မြေ တွင်း ထဲမှာ အပြောင်းပြောင်း အလည်လည်နေရကြ၏ ၃၉ ထိုသူ အပေါင်း တို့သည် ယုံကြည် ခြင်းအားဖြင့် ချီးမွမ်းခြင်းသို့ ရောက်သော်လည်း၊ ဂတိ တော်အတိုင်း အကျိုးကျေးဇူးကို မ ခံရ ကြ ၄၀ အဘယ်ကြောင့်နည်း ဟူမူကား၊ ထိုသူတို့သည် ငါ တို့မ ပါဘဲ စုံလင် ခြင်းသို့မ ရောက်ရမည်အကြောင်း ၊ ဘုရားသခင် သည် ငါ တို့အဘို့ အလိုဌာသာ၍ မြတ်သော ကျေးဇူး ကိုကြံစည် တော်မူ၏။

၁၂ ထိုကြောင့် ၊ ဤမျှလောက် များစွာသော သက်သေ အပေါင်းတို့သည် ငါ တို့ကို ဝိုင်းရံ လျက်ရှိ ကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်း သော ဝန် တို့ကိုဂင်း ၊ နှောင့်ရှက် တတ်သောဒုစရိုက် ကိုဂင်း ပယ်ရှား ၍၊ ငါ တို့ မျက်မှောက် ၌ ထားသောပန်းတုံးတိုင် သို့ရောက်ခြင်းဌာ၊ အားမလျော့ ဘဲ ပြေး ကြကုန်အံ့ ၂ ယုံကြည် ခြင်းကို အစအဦး စီရင်၍ စုံလင်

စေတော်မူသော သခင်ယေရှု ကို စေ့စေ့ထောက်ရှု ကြကုန်အံ့။ ထိုသခင် သည် မိမိ ရှေ့၌ ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့် ၊ ရှက်ကြောက် သောအရာ ကိုမ မှတ်ဘဲ လက်ဝါးကပ်တိုင် ၌ခံ ပြီးမှ၊ ဘုရားသခင် ၏ ပလ္လင်တော် လက်ျာဘက် ၌ ထိုင် နေတော်မူ၏ ၂ အပြစ် ရှိသောသူတို့လက်တွင်၊ ထိုမျှလောက် ကြီးစွာသော ဆီးတားနှောင့်ရှက်ခြင်းကို ခံ တော်မူသော သခင် ကို ထောက်ရှု ဆင်ခြင်သောအားဖြင့် ၊ အားလျော့ စိတ်ပျက် ခြင်းနှင့် ကင်းလွတ် အံ့သောဌာ ကြိုးစားလော့ ၄ သင်တို့သည် ဒုစရိုက် အပြစ်ကို ဆိုင်ပြိုင် တိုက်လှန် ၍ ကိုယ်အသွေးထွက်သည်တိုင်အောင် မ ခံရကြ သေး ၅ ထိုမှတစ်ပါး ၊ ငါ့ သား ၊ ထာဝရ ဘုရား ဆုံးမ တော်မူခြင်းကို မမှတ်ဘဲ မနေနှင့်။ သင်၏အပြစ်ကို စစ်ဆေး တော်မူသောအခါစိတ် မ ပျက်နှင့် ၆ ထာဝရ ဘုရားသည် ချစ် တော်မူသောသူ ကို ဆုံးမ တော်မူတတ်၏။ လက်ခံ တော်မူသမျှ သော သား တို့ ကို ဒဏ်ခတ် တော်မူတတ်၏ဟု သူငယ် တို့ကို ဆို သကဲ့သို့ ၊ သင် တို့ကို ပြောဆိုသောဩဝါဒစကား ကို မေ့လျော့ ကြ သလော ၇ သင်တို့သည် ဆုံးမ တော်မူခြင်းကို ခံ လျှင် ၊ သား တို့ကိုပြုသကဲ့သို့ ၊ ဘုရားသခင် သည်သင် တို့ကို ပြု တော်မူ၏။ အကြောင်းမူကား ၊ အဘ မ ဆုံးမ သောသား တစ်စုံတစ်ယောက်ရှိသလော ၈ သားအပေါင်း တို့သည် ခံ တတ်သောဆုံးမ ခြင်းကို သင် တို့သည် မ ခံဘဲနေလျှင် ၊ သား ရင်းမ ဟုတ်၊ မင်းဦးမင်းလွင်ရသော သား ဖြစ် ကြ၏ ၉ တနည်း ကား၊ ကိုယ် ကာယနှင့်စပ်ဆိုင်သော အဘ တို့လက်ဖြင့် ငါတို့သည် ဆုံးမ ခြင်းကို ခံရ သောအခါ၊ သူတို့ကို ရိုသေ ကြ၏။ ထိုမျှမက ၊ စိတ် ဝိညာဉ်တို့၏ အဘ အလိုသို့လိုက် ၍၊ အသက် ချမ်းသာရကြမည် မဟုတ်လော ၁၀ အကြောင်းမူကား ၊ ထိုအဘတို့သည် မိမိ အလို သို့လိုက် ၍ တခဏ သာဆုံးမ ပေးကြ၏။ ကိုယ်တော် မူကား ၊ မိမိ သန့်ရှင်း ခြင်းပါရမီတော်ကိုငါတို့သည် ဆက်ဆံစေခြင်းဌာ ၊ ငါတို့အကျိုး ကိုထောက် ၍သာ ဆုံးမပေးတော်မူ၏ ၁၁ ဆုံးမ ခြင်းမည်သည်ကား၊ ခံရ စဉ်အခါဝမ်းမြောက် စရာမ ထင် ၊ ဝမ်းနည်း စရာထင် တတ်၏။ သို့သော်လည်း ၊ ဆုံးမခြင်းကိုခံရသောသူတို့သည်၊ နောက်မှ ငြိမ်သက် ခြင်းနှင့် စပ်ဆိုင် သော ဖြောင့်မတ် ခြင်းအကျိုး ကို ခံရ ကြ၏ ၁၂ ထိုကြောင့် ၊ တွဲလွဲ နေသောလက် တို့နှင့် အား မရှိသောဒူး တို့ကို ခိုင်ခံ့ စေကြလော့ ၁၃ ခြေမစွမ်း သောသူ တို့သည် အဆစ်မ ပြုတ် သည် သာမက ၊ ချမ်းသာ ရစေခြင်းဌာ ၊ သင် တို့သွားဘို့ရာဖြောင့် သောလမ်း တို့ကို ပြင်ဆင် ကြလော့ ၁၄ လူအပေါင်း တို့နှင့် အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုငင်း၊ သန့်ရှင်း ခြင်းပါရမီကိုငင်း၊ မျှအောင် လိုက် ကြလော့။ သန့်ရှင်းခြင်းပါရမီမ ရှိလျှင်၊ အဘယ်သူ မျှ ထာဝရ ဘုရားကို မဖူး မမြင်ရ ၁၅ သင်တို့တွင် တစ်စုံတစ်ယောက်မျှ ဘုရားသခင် ၏ ကျေးဇူး တော်ကို မ ရဘဲမနေစေခြင်းဌာငင်း ၊ ခါး စွာသော ပင် မြစ်ပေါက် ၍ သင်တို့နှောင့်ရှက် သဖြင့်၊ လူအများ တို့သည် အပြစ်နှင့်မညစ်ညူး စေခြင်းဌာငင်း ၁၆ မတရား သော မေထုန်မှီဝဲသောသူမ ရှိစေခြင်းဌာငင်း ၊ တနပ်စာ အဘိုးနှင့်သားဦး အရာကို ရောင်း သော ဧသော ကဲ့သို့ ဘုရားတရားကို မရိုမသေ ပြုသောသူ မ ရှိစေခြင်းဌာငင်း၊ သတိနှင့်ကြည့်ရှု ကြလော့ ၁၇ သင်တို့သိ သည်အတိုင်း ၊ ဧသောသည်နောက်မှ ကောင်းကြီး မင်္ဂလာကိုအမွေခံ ခြင်းဌာအလိုရှိ သောအခါ ၊ ငြင်းပယ် ခြင်းကိုခံရ၏။ မျက်ရည် ကျ၍ ကောင်းကြီး မင်္ဂလာကိုအလွန်ရှာ သော်လည်း ၊ မိမိအဘ၏ စိတ် ပြောင်းလဲခြင်းအခွင့် ကို မ တွေ့ မရ ၁၈ ထိုမှတစ်ပါး၊

သင်တို့သည် လက်နှင့်တွေ့ နိုင်သော တောင်သို့၎င်း၊ လောင် သောမီး သို့၎င်း၊ မည်း သော တိမ်တိုက်၊ မှောင်မိုက် ၊ မိုးယံသက်မုန်တိုင်း သို့၎င်း ၁၉ တံပိုး မှုတ်ခြင်းအသံ သို့၎င်း ၊ နှုတ်ကပတ် တော် အသံ သို့၎င်း၊ ရောက် ကြသည်မ ဟုတ်။ ထိုအသံ တော်ကို ကြား သောသူတို့သည်၊ ထပ် ၍ မိန့် တော်မ မူမည်အကြောင်းတောင်းပန် ကြ၏ ၂၀ အဘယ်ကြောင့် နည်းဟူမူကား၊ တိရစ္ဆာန် သော်လည်း ထိုတောင် ကို ထိမိ လျှင်၊ ကျောက်ခဲ နှင့်ပစ်၍ သေစေဟုပညတ် တော်မူသံကို လူတို့သည်နား မ ခံနိုင်ကြ ၂၁ ထိုသို့ ထင်ရှား ကြသောအရာသည် အလွန်ကြောက်မက် ဘွယ်ဖြစ် ၍၊ မောရှေ က၊ ငါ သည် ကြောက်ရွံ့ တုန်လှုပ် ခြင်းရှိသည်ဟုဆို ၏ ၂၂ သင်တို့သည် ဇိအုန် တောင် သို့၎င်း ၊ အသက် ရှင်တော်မူသော ဘုရားသခင် ၏ မြို့ တော်တည်းဟူသောကောင်းကင် ယေရုရှလင် မြို့သို့၎င်း၊ အတိုင်းမသိ များစွာသော ကောင်းကင် တမန်တို့၏ စည်းဝေး ခြင်းသို့၎င်း၊ ၂၃ ကောင်းကင် စာရင်း ၌ ဝင်သော သားဦး တို့၏ အသင်းတော် သို့၎င်း ၊ ခပ်သိမ်း သောသူတို့ကို တရား စီရင် တော်မူသော ဘုရားသခင် အထံတော်သို့၎င်း ၊ စုံလင် ခြင်းသို့ရောက်သောသူတော်ကောင်း တို့၏ စိတ် ဝိညာဉ်တို့ ထံသို့၎င်း ၊ ၂၄ ပဋိညာဉ် တရားသစ် ၏ အာမခံ တည်းဟူသောယေရှု ထံတော်သို့၎င်း ၊ အာဗေလ ၏ အသွေး ပြောဆို သောအရာထက် သာ၍ မြတ်သောအရာကို ပြောဆိုသော ဖြန်းဆွတ် ခြင်း၏ အသွေးထံသို့၎င်း ရောက် ကြ၏ ၂၅ သင်တို့သည် မိန့် တော်မူသော သူ ၏စကားတော်ကို မ ငြင်း မပယ်မည်အကြောင်း သတိပြု ကြလော့။ မြေကြီး ပေါ်မှာ ဗျာဒိတ် တော်ကို ဆင့်ဆိုသောသူ ၏စကားကို ငြင်းပယ် သောသူတို့သည် အပြစ်မ လွတ် ရသည်မှန်လျှင် ၊ ထိုမျှမက ၊ ကောင်းကင် ဘုံက မိန့်တော်မူသော သူ ၏စကားကို ငါ တို့သည် နားမထောင်ဘဲ နေလျှင်၊ သာ၍ကြီးစွာသောအပြစ်နှင့် အဘယ်သို့ကင်းလွတ်နိုင်မည်နည်း ၂၆ အထက် ကဗျာဒိတ်တော်အသံ သည် မြေကြီး ကိုလှုပ် သည် ဖြစ်၍၊ ယခု တဖန် ငါ သည် မြေကြီး နှင့် ကောင်းကင် ကိုလှုပ် ဦးမည်ဟု ဂတိ တော်ရှိ ၏ ၂၇ တဖန် ဟူသောစကား၏အဓိပ္ပါယ်ကား၊ မ လှုပ် သောအရာ တို့ကို တည် စေခြင်းငှာ ၊ လှုပ် သောအရာ တို့ကို လောကီအရာကဲ့သို့ ပယ်ဖျက် လိမ့်မည်ဟု ဆိုလို သတည်း ၂၈ ထိုကြောင့် ၊ ငါတို့သည်မ လှုပ်နိုင်သောနိုင်ငံ ကိုရ သည်ဖြစ်၍၊ ခန့်ညား ကြောက်ရွံ့ သောသဘောနှင့် ဘုရားသခင် ကို လျောက်ပတ် စွာ ဝတ်ပြု နိုင်မည်အကြောင်း ၊ ကျေးဇူး တော်ကို စွဲလမ်း ကြကုန်အံ့ ၂၉ ငါ တို့ဘုရားသခင် သည် လောင် သောမီး ဖြစ် တော်မူ၏။

၁၃ ညီအစ်ကို ချင်းချစ်ခြင်းမေတ္တာ၌တည် ကြလော့။ ဧည့်သည် ဝတ်ပြုခြင်းအမှုကို မ မေ့ မလျော့ကြနှင့် ၂ အချို့ သောသူတို့သည် ဧည့်သည်ဝတ်ကို ပြုသည်တွင်၊ ကောင်းကင်တမန် တို့ကို အမှတ်တမဲ့ ဧည့်ခံ ကြပြီ ၃ အကျဉ်း ခံရသော သူ တို့နှင့်အတူကိုယ်ခံရသကဲ့သို့ မှတ် ၍၊ သူတို့ကို အောက်မေ့ကြလော့။ သင်တို့သည် ကိုယ်ခန္ဓာ နှင့် မကင်းလွတ်သောသူဖြစ် ၍၊ ညှဉ်းဆဲ ခံရသောသူ တို့ကို အောက်မေ့ကြလော့ ၄ ခပ်သိမ်း သော သူတို့ ၌ မင်္ဂလာဆောင် ခြင်းအမှုနှင့် သစ္စာ သံဝါသပြုခြင်းအမှုသည် အသရေ ရှိစေလော့။ မတရား သော မေထုန်ကိုပြုသောသူနှင့်သူ မယားကို ပြစ်မှားသောသူကို ဘုရားသခင် စစ်ကြော စီရင်တော်မူလိမ့်မည် ၅ သင်တို့၏ကျင့်ကြံ ပြုမူခြင်းသည် ငွေ ကိုတပ်မက်ခြင်းနှင့် ကင်းလွတ်၍၊ ကိုယ်၌ရှိ သောဥစ္စာနှင့် ရောင့်ရဲ ခြင်းရှိကြလော့။ အကြောင်းမူကား ၊ ငါသည်

သင့် ကိုမ စွန့် ၊ သင့် ကိုအလျှင်း ပစ် ၍မ ထားဟု ဂတိတော်ရှိ ၏ ၆ ထိုကြောင့် ထာဝရ ဘုရားသည် ငါ့ ကိုမစ တော်မူသည်ဖြစ်၍၊ လူ သည် ငါ ၌ပြု နိုင်သမျှ ကိုငါမ ကြောက် ဟု၊ ငါ တို့သည် ရဲရင့် သောစိတ်နှင့် ပြောဆို ရသောအခွင့် ရှိကြ၏ ၇ ဘုရားသခင် ၏နှုတ်ကပတ် တရားတော်ကို သင် တို့အား ဟောပြော ၍၊ သင် တို့ကိုအုပ် သောသူ တို့ကို အောက်မေ့ ကြလော့။ သူ တို့သည် အဘယ်သို့ကျင့်ကြံ ပြုမူ ၍ စုတေ့သည်ကို စေ့စေ့ဆင်ခြင် လျက်၊ သူ တို့၏ယုံကြည် ခြင်းကို မှီအောင် လိုက်ကြလော့ ၈ ယေရှု ခရစ် သည် မနေ့ ၊ ယနေ့ ၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲနေတော်မူ၏ (aiōn g165) ၉ အထူးထူး အပြားပြားသော အယူဝါဒ သစ် ကို လိုက်၍ မ ဖောက်ပြန် ကြနှင့်။ အစာ များအားဖြင့်စိတ် ခိုင်ခံ့မြဲမြံခြင်းမ ရှိဘဲ၊ ကျေးဇူး တော်အားဖြင့်ခိုင်ခံ့ မြဲမြံလျှင် အကျိုး ရှိ၏။ အစာ များကို အမှု ထားသော သူ တို့သည် အကျိုး ကိုရကြပြီမ ဟုတ် ၁၀ တဲ တော်၌ ဝတ်ပြု သောသူ တို့စား ရသောအခွင့် မ ရှိ သောယဇ်ပလ္လင် သည် ငါတို့ ၌ရှိ ၏ ၁၁ အကြောင်းမူကား ၊ ယဇ်ပုရောဟိတ် မင်းသည် အပြစ် ဖြေသောယဇ်ကောင် ၏ အသွေး ကို သန့်ရှင်း ရာ ဌာနထဲသို့ သွင်း ပြီးမှ၊ ယဇ်အသေ ကောင်တို့ကို တပ် ပြင် ၌ မီးရို့ ရ၏ ၁၂ ထိုသို့ နှင့်အညီ၊ ယေရှု သည်မိမိ အသွေး အားဖြင့် လူ များကို စင်ကြယ် စေခြင်းငှာ ၊ မြို့တံခါး အပြင် ၌ အသေခံ တော်မူ၏ ၁၃ သို့ ဖြစ်၍ ၊ ငါတို့သည် ထိုသခင် နှင့်အတူကဲ့ရဲ့ ခြင်းကိုခံ ၍၊ တပ် ပြင် ၊ အထံ တော်သို့ ထွက်သွား ကြ ကုန်အံ့ ၁၄ အကြောင်းမူကား ၊ ငါ တို့သည် ဤ ဘဝ၌ အမြဲ တည်သော မြို့ မ ရှိ၊ နောက်ဖြစ် လတ့်သော မြို့ကိုရှာ ကြ၏ ၁၅ ထိုကြောင့် ၊ ငါတို့သည် ဘုရားသခင် ၏ ကျေးဇူး တော်ကို ဝန်ခံ လျက်၊ နှုတ်ခမ်း အသီး တည်းဟူသောချီးမွမ်း ခြင်းယဇ် ကို သခင် ယေရှုခရစ်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ အစဉ် ပူဇော် ကြကုန်အံ့ ၁၆ ကျေးဇူး ပြုခြင်း၊ ဥစ္စာဝေမျှ ခြင်းအမှုတို့ကို မ မေ့ မလျော့ကြနှင့်။ ထိုသို့သော ယဇ် ကို ဘုရားသခင် သည် အားရ နှစ်သက်တော်မူ၏ ၁၇ သင် တို့ကို အုပ် သောသူ တို့၏ စကားကို နားထောင် ၍ နှိမ့်ချ လျက်နေကြလော့၊ သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကိုခံရသောသူကဲ့သို့၊ သင် တို့ စိတ် ဝိညာဉ်၏ အကျိုး အလိုငှာစောင့် နေကြကုန်၏။ သင် တို့ အကျိုး ကို မဖြစ်စေတတ်သော ဝမ်းနည်း ခြင်းမ ရှိ၊ ဝမ်းမြောက် ခြင်း ရှိ၍၊ သူတို့သည်စစ်ကြောခြင်းကို ခံရမည်အကြောင်း သတိပြုလျက်နေကြလော့ ၁၈ ငါ တို့အဘို့ ဆုတောင်း ကြလော့။ ငါတို့သည် ကိုယ်ကိုကိုယ် သိသောစိတ်ကြည်လင် လျက်၊ အရာရာ တို့ ၌ ကောင်းမွန် စွာကျင့် နေခြင်းငှာအလိုရှိ သောသူဖြစ်သည်ဟု စိတ်စွဲလမ်း ခြင်းရှိကြ၏ ၁၉ ငါသည် သင် တို့ရှိရာသို့ အလျင်အမြန် ပြန် ရသောအခွင့်ရှိစေခြင်းငှာ ၊ ငါတို့အဘို့ ဆုတောင်းမည် အကြောင်း ငါသည်သာ၍ နှိုးဆော် တောင်းပန်၏ ၂၀ ထာဝရ ပဒ္မညာဉ် တရား၏ အသွေး တော်အားဖြင့် ၊ သိုး များကိုထိန်းသော သိုးထိန်း ကြီး ဖြစ်သော ငါ တို့သခင် ယေရှု ကိုသေ ခြင်းမှ နှုတ်ဆောင် တော်မူသော၊ ငြိမ်သက် ခြင်း၏အရှင်ဘုရားသခင် သည်၊ (aiōnios g166) ၂၁ မိမိ နှစ်သက် တော်မူသော အမှုအရာ ကို ယေရှု ခရစ် အားဖြင့် သင် တို့ ၌ ပြု တော်မူ၍၊ သင်တို့သည် အလို တော်သို့ လိုက် မည်အကြောင်း ၊ ကောင်း သောအကျင့်အမျိုးမျိုး ၌ သင် တို့ကိုပြုပြင် တော်မူပါစေသော။ ထို သခင် ယေရှုခရစ်သည် ကမ္ဘာ အဆက်ဆက်ဘုန်းကြီး တော်မူစေသတည်း။ အာမင် (aiōn g165) ၂၂ ညီအစ်ကို တို့၊ ငါသည် အကျဉ်း အားဖြင့် ရေးထား၍ ကြား လိုက်သော

ဤဆုံးမခြင်းဩဝါဒစကား ကို သည်းခံ မည်အကြောင်း၊ ငါသည် သင် တို့ကို နှိုးဆော် တောင်းပန်၏ ၂၃ ငါ တို့ ညီ တိမောသေ ကို အခြားသို့ လွှတ် လိုက်သည်အရာကို သိမှတ် ကြလော့။ သူသည် မ ကြာမမြင့်မီ ရောက် လျှင် ၊ ငါသည်သူ နှင့်အတူ လာ၍ သင် တို့ကို တွေ့မြင် လိမ့်မည် ၂၄ သင် တို့ကို အုပ် သောသူ အပေါင်း တို့ကိုဂင်း ၊ သန့်ရှင်း သူအပေါင်း တို့ကိုဂင်း၊ နှုတ်ဆက် ကြလော့။ ဣတလိ ပြည်သူပြည်သားတို့သည် သင် တို့ကို နှုတ်ဆက် ကြ၏ ၂၅ သင် တို့အပေါင်း၌ ကျေးဇူး တော်ရှိစေသတည်း။ အာမင်။

၁ ဘုရားသခင် နှင့် အရှင် ယေရှု ခရစ် ၏ကျွန် ငါယာကုပ် သည်၊ အရပ်ရပ် တို့ ၌ ကွဲပြား သော တဆယ်
နှစ်ပါးသောအမျိုး တို့ကို မေတ္တာနှင့် ကြား လိုက်ပါ၏။ ၂ ငါ့ ညီအစ်ကို တို့၊ သင် တို့၏ယုံကြည် ခြင်းကို စစ်ကြော
စုံစမ်းခြင်းအရာ သည် သည်းခံ ခြင်းကို ပွားစေ တတ် သည်ဟုသိမှတ် လျက်၊ အထူးထူး အပြားပြားစုံစမ်း
နှောင့်ရှက်ခြင်းနှင့် တွေ့ကြုံ သောအခါ၊ ၃ ဝမ်းမြောက် စရာ အကြောင်း သက်သက်ဖြစ်သည်ဟု မှတ် ကြလော့။ ၄
သင်တို့သည်အလျှင်း မချို့တဲ့ ဘဲ စေ့စပ် စုံလင် မည်အကြောင်း၊ သည်းခံ ခြင်းစိတ်သည် အကုန်အစင်ပြုပြင် ပါ
စေ။ ၅ သင် တို့တွင် တစ်စုံတစ်ယောက် သောသူသည် ပညာ ကိုလို လျှင်၊ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ပြုတော်မ မူဘဲ၊
ခပ်သိမ်း သော သူတို့အား စေတနာ စိတ်နှင့် ပေး သနားတော်မူသော ဘုရားသခင် ကို တောင်း စေ၊ တောင်းလျှင် ရ
လိမ့်မည်။ ၆ သို့ရာတွင် တွေးတော ခြင်းမ ရှိဘဲယုံကြည် သောစိတ်နှင့် တောင်း ရမည်။ တွေးတော ခြင်းရှိသော သူ
သည် ကား၊ လေ ခတ် ၍ လှုပ်ရှားတတ်သော လှိုင်း တံပိုးနှင့်တူ ၏။ ၇ ထိုသို့သောသူ သည် စိတ် နှစ်ခွရှိသောသူ၊
ပြု လေသမျှ တို့ ၌ မ တည်ကြည်သောသူဖြစ်၍၊ ၈ ထာဝရ ဘုရား၏ လက်တော်မှ တစ်စုံတစ်ခု ကို ရ မည်ဟုမ
ထင် မမှတ်စေနှင့်။ ၉ အောက်လျှိုး နှိမ့်ချသော ညီအစ်ကို သည်မိမိ ချီးမွှောက် ခြင်းအရာ၌ ဝါကြွား ဝမ်းမြောက်စေ။
၁၀ ငွေရတတ် သော ညီအစ်ကိုသည် မိမိ နှိမ့်ချ ဆင်းရဲခြင်းအရာ၌ ဝါကြွားဝမ်းမြောက်စေ။ အကြောင်းမူကား၊
သူသည်မြက် ပွင့် ကဲ့သို့ ဖောက်ပြန် ခြင်းသဘောရှိ၏။ ၁၁ နေ သည်ပူ သော အရှိန်နှင့် ထွက် သောအခါ၊ မြက်ပင်
သည် သွေ့ခြောက် ခြင်းသို့ရောက်၍ အပွင့် လည်း ကြွေ တတ်၏။ တင့်တယ် သော အသွေးအဆင်း လည်း ပျောက်ပျက်
တတ်၏။ ထိုနည်းတူ၊ ငွေရတတ် သောသူ သည် မိမိ အမှုအရာတို့ ၌ ညှိုးနွမ်း ပျောက်ပျက်ခြင်းသို့ရောက်တတ်၏။
၁၂ စုံစမ်းနှောင့်ရှက်ခြင်း ကို သည်းခံ သောသူ သည် မင်္ဂလာ ရှိ၏။ အကြောင်းမူကား၊ စစ်ကြော စုံစမ်းခြင်းကို ခံ
ပြီးမှသခင် ဘုရားကို ချစ် သော သူ တို့အား ဂတိ ထားတော်မူသောအသက် သရဖူ ကို ရ လိမ့်မည်။ ၁၃ အပြစ်
သွေးဆောင်ခြင်းကို ခံရသောသူ မည်သည်ကား၊ ဘုရားသခင် သည် ငါ့ကိုသွေးဆောင် တော်မူသည်ဟု မ ပြော
စေနှင့်။ မ ကောင်းသောအရာသည် ဘုရားသခင် ကိုမ သွေးဆောင်နိုင် ရာ။ ကိုယ်တော်သည်လည်း အဘယ်သူ ကိုမျှ
အပြစ်သို့ သွေးဆောင် တော်မမူ။ ၁၄ မိမိ တပ်မက်သောစိတ် ဆွဲငင် ဖြားယောင်း ခြင်းကို ခံသောသူ မည်သည်ကား
၊ အပြစ်သွေးဆောင် ခြင်းသို့ ရောက်တတ်၏။ ၁၅ တပ်မက်သောစိတ် သည် ပဋိသန္ဓေ ယူ၍ဒုစရိုက် သည်လည်း
ပြည့်စုံ လျှင်သေ ခြင်းကို ဘွား တတ်၏။ ၁၆ ငါ ချစ် သောညီအစ်ကို တို့၊ အလွဲ မ ယူကြနှင့်။ ကောင်းမြတ် စုံလင်
သော ဆု ကျေးဇူး ရှိသမျှ တို့သည် အလင်း တို့၏ အဘ ထံ တော်က သက်ရောက် သည်ဖြစ်၍၊ အထက် အရပ်မှ
လာ ကြ၏။ ၁၇ ထိုအဘ သည် ရွေ့လျော့ တိမ်းယိမ်းခြင်းမ ရှိ၊ ပြောင်းလဲ ခြင်းအရိပ် နှင့် ကင်းလွတ်တော်မူ၏။ ၁၈
နိမ္မိတ သတ္တဝါတို့တွင် ငါ တို့သည် အဦး သီးသောအသီးကဲ့သို့ ဖြစ် စေခြင်းငှာ၊ သမ္မာတရား စကား အားဖြင့်မိမိ
အလို တော်အတိုင်း ငါ တို့ကို ဖြစ် ဘွား စေတော်မူ၏။ ၁၉ သို့ဖြစ်၍၊ ငါ ချစ် သော ညီအစ်ကို တို့၊ ခပ်သိမ်း သောသူ

တို့သည် နားကြား ခြင်းငှာ လျင်မြန် ကြစေ။ စကား ပြောခြင်းငှာ ၎င်း ၊ အမျက်ထွက် ခြင်းငှာ ၎င်း နှေး ကြစေ။ ၂၀ လူ ၏ဒေါသအမျက် သည် ဘုရားသခင် ၏ ဖြောင့်မတ် ခြင်းတရားကို မ ပြုစု တတ်။ ၂၁ ထိုကြောင့် ၊ ခပ်သိမ်း သောညစ်ညူး ခြင်း၊ မနာလို သောစိတ်လွန်ကျူးခြင်းကို ပယ်ရှား ၍ ၊ သင် တို့စိတ် ဝိညာဉ်ကို ကယ်တင် နိုင် သော၊ အထဲ ၌ စိုက်ပျိုး သောနှုတ်ကပတ် တရားကို နူးညံ့ သိမ်မွေ့သော စိတ်နှင့် ခံယူ ကြ လော့။ ၂၂ ကိုယ်ကိုကိုယ် လှည့်ဖြား ၍ ၊ နှုတ်ကပတ် တရားကို နာ ရုံမျှသာ ပြုသောသူမ ဟုတ်၊ တရားကိုကျင့်သောသူ ဖြစ် ကြလော့။ ၂၃ တရား ကိုမ ကျင့် ဘဲနာ ရုံမျှသာပြုသောသူ မည်သည်ကား၊ မှန် ၌ မိမိ ပကတိ မျက်နှာ ကို ကြည့် သော သူ နှင့်တူ ၏။ ၂၄ အကြောင်းမူကား ၊ ကိုယ်ကိုကိုယ် ကြည့် ပြီးမှ၊ အခြားသို့သွား ၍ မိမိအဆင်းသဏ္ဌာန် ကို ချက်ခြင်း မေ့လျော့ တတ်၏။ ၂၅ လွတ် ခြင်းနှင့် စပ်ဆိုင် ၍စုံလင် သောတရား ၌ စေ့စေ့ကြည့်ရှု ၍ တည်ကြည်သောသူမူကား၊ တရားနာ ၍ မေ့လျော့ သောသူမ ဟုတ်၊ အကျင့် ကျင့် သောသူဖြစ် သဖြင့်၊ မိမိ ကျင့် သောအကျင့်၌ မင်္ဂလာ ရှိသောသူ ဖြစ် ၏။ ၂၆ သင်တို့တွင် အကြင်သူ သည် သီလ ဆောက်တည်ဟန် ပြု သော်လည်း၊ မိမိ နှုတ် ကို မ ချုပ်တည်း ၊ မိမိ နှလုံး ကို လှည့်ဖြား ၏။ ထိုသူ ၏ သီလ သည် အချည်းနှီး သက်သက်ဖြစ်၏။ ၂၇ ခမည်းတော် ဘုရားသခင့် ရှေ့ ၌ စင်ကြယ်သန့်ရှင်း သော သီလ ဟူမူကား ၊ မိဘမရှိ သောသူငယ်တို့နှင့် မုဆိုးမ တို့သည် ဆင်းရဲ ခံရသောအခါ၊ သူ တို့ကို ကြည့်ရှု ပြုစုခြင်း၊ ကိုယ်တိုင် လည်းလောကီ အညစ်အကြေး နှင့် ကင်းစင် အံ့သောဘုံစောင့်ရှောက် ခြင်းပေတည်း။

J ငါ့ ညီအစ်ကို တို့၊ ဘုန်းကြီး တော်မူသော ငါ တို့ သခင် ယေရှု ခရစ် ကို ယုံကြည် ခြင်းအမှုမှာ၊ လူမျက်နှာ ကို ထောက် ခြင်းမ ရှိ ကြနှင့်။ ၂ ရွှေ လက်စွပ်နှင့် တင့်တယ် သော အဝတ်ကို ဝတ်ဆင် သောသူ ၊ ညစ် သောအဝတ်ကိုဝတ် ၍ ဆင်းရဲ သောသူနှစ်ဦးသည် သင် တို့၏ တရားစရပ် ထဲသို့ ဝင် သောအခါ ၊ ၃ တင့်တယ် သောအဝတ် ကို ဝတ်ဆင် သောသူ ကိုကြည့် ၍ ၊ ကောင်းမွန် သော ဤအရပ် မှာထိုင် ပါဟူ၍ဝင်း ၊ ဆင်းရဲ သောသူ ကို၊ ဟိုမှာ နေ လော့၊ သို့မဟုတ် ဤအရပ်မှာ ငါ့ ခြေ တင်ခုံအောက် ၌ ထိုင် လော့ဟူ၍ဝင်း၊ သင် တို့သည် ပြောဆို လျှင် ၊ ၄ တစ်ဘက်၌ငဲ့ကွက်သောစိတ် ရှိ၍ မကောင်း သောအကြံအစည် နှင့် စီရင် သောသူ ဖြစ် ကြသည်မ ဟုတ်လော။ ၅ ငါ ချစ် သောညီအစ်ကို တို့၊ နားထောင် ကြလော့။ လောက တွင် ဆင်းရဲ သောသူ တို့သည် ယုံကြည် ခြင်းရတနာကို ရ တတ်စေခြင်းငှာဝင်း ၊ ဘုရားသခင် ကို ချစ် သောသူ တို့အား ပေးမည်ဟုဝန်ခံ တော်မူသော နိုင်ငံ တော်၏အမွေခံ ဖြစ်စေခြင်းငှာဝင်း၊ ထိုသူတို့ကို ရွေးကောက် တော်မူသည် မ ဟုတ်လော။ ၆ သင် တို့သည် ဆင်းရဲ သောသူ ကို မထီမဲ့မြင် ပြုကြသည်တကား ။ ငွေရတတ် သော သူ တို့သည် သင် တို့ကို ညှဉ်းဆဲ နှိပ်စက်ကြသည်မ ဟုတ်လော။ တရား ပလ္လင် ရှေ့သို့ ဆွဲငင် ကြသည်မဟုတ်လော။ ၇ သင် တို့ကို သမုတ် သော နာမ တော်မြတ် ကို သူ တို့သည်ကဲ့ရဲ့ ကြသည်မ ဟုတ်လော။ ၈ ကိုယ် နှင့်စပ်ဆိုင်သောသူကို ကိုယ် နှင့်အမျှ ချစ် လော့ဟု ကျမ်းစာ ၌ ပါသော ရွှေ ပညတ် တော်ကို သင်တို့သည် စောင့်ရှောက် လျှင် ၊ ကောင်း သောအကျင့်ကို ကျင့် ရာသို့ရောက်ကြ၏။ ၉ သို့မဟုတ် လူမျက်နှာကိုထောက် လျှင် ၊ ဒုစရိုက် ကို ပြုသောသူ ဖြစ်ကြ၏။ တရားကို လွန်ကျူး သောသူဟု ပညတ် တော်အားဖြင့် ထင်ရှား စွာဖြစ်ကြ၏။ ၁၀

အဘယ်သို့ နည်းဟူမူကား၊ ပညတ် တရားအလုံးစုံ ကို စောင့်ရှောက် သည်တွင် တစ်စုံတစ်ခုၭ် မှား မိလျှင် ၊ ပညတ် တရားကို လွန်ကျူးသောအပြစ် ရှိ ၏။ ၁၁ သူ့ မယားကိုမ ပြစ်မှားနှင့်ဟု ပညတ် တော်မူသောသူ က၊ လူအသက်ကို မ သတ် နှင့်ဟု ပညတ် တော်မူသေး၏။ သို့ ဖြစ်၍ သင်သည်သူ့ မယားကိုမ ပြစ်မှားဘဲနေသော်လည်း ၊ သူအသက်ကိုသတ် လျှင် ၊ ပညတ် တရားကို လွန်ကျူး သောသူဖြစ် ၏။ ၁၂ လွတ် ခြင်းတရား အတိုင်း စီရင် ခြင်းကို ခံရ လတံ့ သောသူကဲ့သို့ ၊ စကား ပြောခြင်း၊ အမှုပြုခြင်းကို စီရင်ကြ လော့။ ၁၃ ကရုဏာ မရှိသောသူ သည်၊ ကရုဏာ ကိုမ ရ ဘဲ၊ တရား စီရင်ခြင်းကိုခံရလိမ့်မည်။ ကရုဏာ သည် တရား စီရင်ခြင်းကိုအောင်၍ ဝါကြွား တတ်၏။ ၁၄ ငါ့ ညီအစ်ကို တို့၊ တစ်စုံတစ်ယောက်သောသူက၊ ငါသည်ယုံကြည် ခြင်းရှိ ၏ဟုပြော လျက် ၊ အကျင့် ကို မ ကျင့် ဘဲနေ လျှင် အဘယ် အကျိုး ရှိသနည်း။ ထိုယုံကြည်ခြင်း သည် ထိုသူ ကို ကယ်တင် နိုင် သလော။ ၁၅ ညီအစ်ကို နှမ တို့သည် အဝတ် အချည်းစည်းရှိ၍၊ နေ့တိုင်း စားရ သောအစာ မရှိ သောအခါ ၊ ၁၆ သင် တို့တွင် တစ်စုံတစ်ယောက် သောသူက၊ ငြိမ်ဝပ် စွာသွား ကြလော့။ နွေး ကြလော့။ ဝ ကြလော့ဟု ပြော လျက် ၊ သူ တို့ကိုယ် နှင့်တော်လျော် သော အသုံးအဆောင်ကို မ ပေး ဘဲနေလျှင် အဘယ် အကျိုး ရှိသနည်း။ ၁၇ ထိုနည်းတူ ၊ အကျင့် နှင့် ကင်း သော ယုံကြည် ခြင်းသည် တစ်ပါးတည်းရှိ သောကြောင့် အသေ ဖြစ်၏။ ၁၈ တနည်းကား၊ သင် သည်ယုံကြည် ခြင်းရှိ ၏။ ငါ သည်အကျင့် ရှိ ၏။ သို့ ဖြစ်၍သင် သည်အကျင့် မ ရှိဘဲ သင် ၏ယုံကြည် ခြင်းကို ပြ လော့။ ငါ မူကား၊ အကျင့် အားဖြင့် ငါ ၏ယုံကြည် ခြင်းကို ပြ မည်ဟုပြော စရာရှိ၏။ ၁၉ ဘုရားသခင် တစ်ဆူတည်း ရှိ သည်ဟု သင် သည်ယုံ ၏။ ကောင်း ပေ၏။ နတ်ဆိုး တို့သည် ယုံ ၍ ကြောက်ရွံတုန်လှုပ် ကြ၏။ ၂၀ လျှပ်ပေါ် သောလူ ၊ အကျင့် နှင့်ကင်း သော ယုံကြည် ခြင်းသည် အသေ ဖြစ် သည်ကို သိ ချင် သလော။ ၂၁ ငါ တို့အဘ အာဗြဟံ သည်၊ မိမိ သား ဣဇာက် ကို ယဇ်ပလ္လင် ပေါ်မှာ တင်လှူ ပူဇော်သောအခါ၊ အကျင့် အားဖြင့် ဖြောင့်မတ် ရာသို့ ရောက်သည်မ ဟုတ်လော။ ၂၂ ယုံကြည် ခြင်းသည် အကျင့် နှင့်အတူ ပြူပြင် ၍၊ အကျင့် အားဖြင့် စုံလင် သည်ကိုသိမြင် ရ၏။ ၂၃ အာဗြဟံ သည် ဘုရားသခင် ကို ယုံကြည် သည်ဖြစ်၍ ၊ သူ ၏ ယုံကြည်ခြင်းကို ဖြောင့်မတ် ခြင်းကဲ့သို့ မှတ် တော်မူ၏ဟူသော ကျမ်း စကား ပြည့်စုံ လေ၏။ အာဗြဟံသည်လည်း ၊ ဘုရားသခင် ၏အဆွေ ဟူ၍ခေါ် ဝေါ် ခြင်းကိုခံရ၏။ ၂၄ လူ သည်ယုံကြည် ခြင်းအားဖြင့် သာ ဖြောင့်မတ် ရာသို့ရောက်သည်မ ဟုတ်။ အကျင့် အားဖြင့် ရောက် သည်ကို သင်တို့သိမြင် ရကြ၏။ ၂၅ ထိုနည်းတူ ၊ ပြည်တန်ဆာ ရာခပ် သည်၊ တမန် တို့ကိုလက်ခံ ပြီးမှ အခြား သောလမ်း ဖြင့် လွှတ် လိုက်၍ ၊ အကျင့် အားဖြင့် ဖြောင့်မတ် ရာသို့ ရောက်သည်မ ဟုတ်လော။ ၂၆ ဝိညာဉ် နှင့်ကင်း သောကိုယ် သည် အသေ ဖြစ် သကဲ့သို့ ၊ အကျင့် နှင့်ကင်း သော ယုံကြည် ခြင်းသည် အသေ ဖြစ် ၏။

၂ ငါ့ ညီအစ်ကို တို့၊ ငါတို့သည်သာ၍ ကျပ်တည်းသော စစ်ကြော စီရင်ခြင်းကိုခံရ မည်ဟု သင်တို့သိ ၍ အများ သောဆရာ မ ဖြစ် ကြနှင့်။ ၂ ငါတို့ရှိသမျှ သည် အများ သောအားဖြင့် မှား တတ်ကြ၏။ စကား အားဖြင့် မှား ခြင်းမရှိ သောသူ မည်သည်ကား ၊ စုံလင် သောသူ ဖြစ်၏။ မိမိကိုယ်ကို တကိုယ် လုံး ကို ချုပ်တည်း နိုင် သောသူဖြစ်၏။

၃ မြင်း ကိုနိုင် ခြင်းငှာ ပစပ် ကိုဇက် ခွံ့ တတ်၏။ သို့ပြု၍ မြင်း ကိုယ် တကိုယ်လုံး ကို လှည့် စေတတ်၏။ ၄ ထိုမှတစ်ပါး၊ အလွန်ကြီး သောသင်္ဘော သည်ပြင်းစွာ သောလေဟုန် နှင့် လွင့် သွားသော်လည်း၊ တက်မ ကိုင်အလိုရှိ သည်အတိုင်း၊ ငယ် သောတက်မ ဖြင့် လှည့် တတ်၏။ ၅ ထိုနည်းတူ၊ လျှာ သည်ငယ် သော အင်္ဂါဖြစ် သော်လည်း အလွန် ဝါကြွား တတ်၏။ အဘယ်မျှလောက်များစွာသောထင်း ကို အနည်းငယ် သာ မီး သည်ညှို နိုင်သည်ကို ကြည့်ပါလော့။ ၆ လျှာ သည် မီး ဖြစ်၏။ ဒုစရိုက် ၏ လောက ခါတ်လည်းဖြစ်၏။ ထိုသို့နှင့်အညီ၊ လျှာ သည်ငါ တို့၏ အင်္ဂါတို့တွင် တည် ၍ တစ်ကိုယ် လုံး ကို ညစ်ညူး စေ၏။ ဇာတိ စက်ကိုလည်း ရှို့ တတ်၏။ မိမိသည်လည်း ငရဲ မီးရှို့ခြင်းကိုခံလျက်ရှိ၏။ **(Geenna g1067)** ၇ သားရဲ မျိုး၊ ငှက် မျိုး၊ တွား တတ်သောတိရစ္ဆာန်မျိုး၊ ငါး မျိုးတို့ကို လူ မျိုးသည် အောင် တတ်သည်အတိုင်း အောင် ခဲ့ပြီ။ ၈ လျှာ ကိုကား၊ အဘယ် လူ မဆိုမအောင် နိုင်၊ မ ဆုံးမနိုင်သော အဆိုးအညစ် ဖြစ်၏။ သေ စေတတ်သော အဆိပ် အတောက်နှင့်ပြည့်စုံ ၏။ ၉ ငါတို့သည်လျှာ ဖြင့် ခမည်းတော် ဘုရားသခင် ကို ကောင်းကြီး ပေးတတ်ကြ၏။ ဘုရားသခင် ၏ ပုံ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်း သော လူ တို့ကို လျှာ ဖြင့် ကျိန်ဆဲ တတ်ကြ၏။ ၁၀ နှုတ် တစ်ပါးတည်းအထဲ က၊ ထောမနာ ချီးမွမ်းခြင်းနှင့် ကျိန်ဆဲ ခြင်းထွက် တတ်ပါသည်တကား၊ ငါ့ ညီအစ်ကို တို့၊ ထိုသို့မ ဖြစ်ကောင်း ရာ။ ၁၁ စမ်း ရေပေါက် တစ်ပေါက်တည်း အထဲ ကချို သောရေနှင့် ခါး သောရေထွက် တတ်သလော။ ၁၂ ငါ့ ညီအစ်ကို တို့၊ သင်္ဘော်သဖန်း ပင်သည် သံလွင် သီးကို သီးနိုင်သလော။ စပျစ် ပင်သည် သင်္ဘော်သဖန်း သီးကို သီးနိုင် သလော။ ထိုအတူ၊ ငန် သောရေ သည် ချို သောရေကိုမ ဖြစ် စေနိုင်။ ၁၃ သင် တို့တွင် အတတ်အလိမ္မာနှင့်ပြည့်စုံ သော ပညာရှိ တစ်စုံတစ်ယောက်ရှိလျှင်၊ ထိုသူသည် ပညာ ၏ နူးညံ့ သိမ်မွေ့ခြင်းနှင့်တကွ၊ ကောင်းမြတ် သော ကျင့်ကြံ ပြုမူခြင်းအားဖြင့် မိမိ အမှု တို့ကို ပြ ပါစေ။ ၁၄ သို့မဟုတ် သင် တို့စိတ် ထဲမှာ ခါး စွာသော ဂုဏ်ပြိုင် ခြင်း၊ ရန်တွေ့ ခြင်းရှိ လျှင်၊ သမ္မာတရား ကို မုသာ ဖြင့် ဆန် ၍ မ ဝါကြွား ကြနှင့်။ ၁၅ ထိုသို့သောပညာ သည် အထက် မှသက်ရောက် သောပညာမ ဟုတ်။ မြေကြီး ပညာ၊ ဇာတိ ပကတိပညာ၊ နတ်ဆိုး ပညာဖြစ် ၏။ ၁၆ အကြောင်းမူကား၊ ဂုဏ်ပြိုင် ခြင်း၊ ရန်တွေ့ ခြင်းရှိလျှင်၊ မငြိမ်မဝပ် ရုန်းရင်းခတ်ခြင်း၊ ဆိုးညစ် စွာပြုမူ ခြင်း အမျိုးမျိုး ရှိ တတ်၏။ ၁၇ အထက် မှ သက်ရောက်သောပညာ မူကား၊ ရှေ့ဦးစွာ စင်ကြယ် ၏။ ထိုမှတပါး၊ အသင့်အတင့်နေ တတ်ကြ၏။ ဖြည်းညှင်း သောသဘောရှိ၏။ သွေးဆောင် လွယ်၏။ ကရုဏာ နှင့်ငင်း၊ ကောင်းကျိုး နှင့်ငင်း ပြည့်စုံ ၏။ လျစ်လျူသောစိတ် ရှိ၏။ လျှို့ဝှက် ခြင်းနှင့်ကင်းစင်၏။ ၁၈ အသင့်အတင့် နေခြင်းငှာ ပြုစု တတ်သော သူ တို့သည် ဖြောင့်မတ် ခြင်းတရား၏ မျိုးစေ့ ကိုငြိမ်သက် စွာကြဲ တတ်ကြ၏။

၄ သင် တို့တွင် စစ်တိုက် ခြင်း၊ ရန်တွေ့ခြင်း သည် အဘယ် အကြောင်းကြောင့်ဖြစ် သနည်း။ သင် တို့အင်္ဂါများ၌ စစ် ပြိုင်သော ကိလေသာ ကာမစိတ် ကြောင့် ဖြစ်သည်မ ဟုတ်လော။ ၂ သင် တို့သည် တပ်မက် ၍ မ ရ ကြ။ လူအသက်ကို သတ် ၍ ၎င်း၊ အလွန်လိုချင်သောလောဘစိတ် ရှိ၍၎င်း၊ အလို မ ပြည့်စုံနိုင် ကြ။ ရန်တွေ့ ခြင်း၊ စစ်တိုက် ခြင်းကိုလည်း ပြု၍မ ရကြ ။ အကြောင်းမူကား၊ ဆုမ တောင်း ဘဲ နေကြ၏။ ၃ ဆုတောင်း လျှင်လည်း

ကာမဂုဏ် ခံစားစရာတို့ရှိစေခြင်းငှာ ၊ အလွဲ တောင်း သောကြောင့် မ ရ ကြ။ ၄ မတရား သောမေထုန်၌မှီဝဲသော ယောကျ်ားမိန်းမတို့၊ လောကီ မိဿဟာယ သည် ဘုရားသခင် နှင့် ဆန့်ကျင်ဘက် ဖြစ် သည်ကို မ သိ ကြသလော။ ဤလောက နှင့် မိသ္ဟာယ ဖွဲ့လို သောသူ သည် ဘုရားသခင် ၏ ရန်သူ ဖြစ် ၏။ ၅ ကျမ်းစာ ချက် အချည်းနှီး သက်သက်ဖြစ်သည်ဟူ၍ငင်း ၊ ငါ တို့ ၌ တည်နေ သော ဝိညာဉ် တော်သည် ငြူစူ စေချင်သော သဘော ရှိသည်ဟူ၍ငင်း၊ ထင် ကြသလော။ ၆ ထိုဝိညာဉ်တော်သည် သာ၍ များသောကျေးဇူး ကိုပြု တော်မူ၏။ ထိုသို့ နှင့်အညီကျမ်းစာလာ သည်ကား၊ ထောင်လွှား စော်ကားသောသူတို့ကို ဘုရားသခင် ဆီးတား တော်မူ၏။ စိတ် နှိမ့်ချသော သူတို့အား ကျေးဇူး ပြု တော်မူ၏ဟုလာသတည်း။ ၇ ထိုကြောင့် ၊ ဘုရားသခင် ၏အလိုတော်သို့ လိုက် ကြလော့။ မာရ်နတ် ကို ဆီးတား ကြလော့။ သို့ပြုလျှင် ၊ သူသည် သင် တို့ထံက ပြေးသွား လိမ့်မည်။ ၈ ဘုရားသခင် ၌ချဉ်းကပ် ကြလော့။ သို့ပြုလျှင် ၊ သင် တို့ ၌ချဉ်းကပ် တော်မူလိမ့်မည်။ အပြစ် ရှိသောသူတို့၊ သင်တို့လက် ကို စင်ကြယ် စေကြလော့။ စိတ် နှစ်ခွရှိသောသူတို့၊ သင်တို့စိတ် နှလုံးကို သန့်ရှင်း စေကြလော့။ ၉ ဆင်းရဲ ငိုငြင်ခြင်း၊ စိတ်မသာ ညည်းတွားခြင်း၊ ငိုကြွေး မြည်တမ်းခြင်းရှိကြလော့။ သင် တို့ရယ် ခြင်းကို စိတ်မသာညည်းတွား ခြင်း၊ ဖြစ် စေကြလော့။ ဝမ်းမြောက် ခြင်းကိုလည်း ဝမ်းနည်း ခြင်းဖြစ်စေကြလော့။ ၁၀ ဘုရားသခင့် ရှေ့ တော်၌ ကိုယ်ကိုကိုယ်နှိမ့်ချ ကြလော့။ သို့ပြုလျှင် ၊ သင် တို့ကို ချီးမွှောက် တော်မူလိမ့်မည်။ ၁၁ ညီအစ်ကို တို့၊ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ကဲ့ရဲ့ ခြင်းကိုမ ပြုကြနှင့်။ ညီအစ်ကို ချင်းကို ကဲ့ရဲ့ ၍ ၊ သူ ၌အပြစ်ရှိသည်ဟု စီရင် သောသူ သည် တရား ကို ကဲ့ရဲ့ ၏။ တရား ၌အပြစ်ရှိသည်ဟုစီရင် ၏။ ထိုသို့ ပြုလျှင် ၊ သင်သည်တရား ကို ကျင့် သောသူမ ဟုတ်၊ တရား ကို စစ်ကြော စီရင်သောသူဖြစ် ၏။ ၁၂ ပညတ် တရားကို ထားပိုင်သောသူ၊ စစ်ကြော စီရင်ပိုင်သောသူ တစ်ပါးတည်း ရှိ တော်မူ၏။ ထိုသူ သည် ကယ်တင် ခြင်းငှာငင်း ၊ ဖျက်ဆီး ခြင်းငှာငင်း၊ တတ်နိုင် တော်မူ၏။ သူ တစ်ပါး ကိုစစ်ကြော စီရင်သောသင် သည်ကား အဘယ်သူ နည်း ။ ၁၃ ယနေ့ နက်ဖြန် ဤမည်သော မြို့ သို့ သွား ကြကုန်အံ့။ ထိုမြို့ ၌ တနှစ် ပတ်လုံးနေ၍ ကုန်သွယ် သဖြင့် အမြတ်ရ အောင် ပြု ကြကုန်အံ့ဟု ဆို တတ်သောသူ တို့၊ နားထောင် ကြလော့။ ၁၄ နက်ဖြန်နေ့ ၌အဘယ်သို့ ဖြစ်မည်ကိုသင်တို့မ သိ ကြ။ သင် တို့ အသက် သည် အဘယ်သို့ သောအရာ ဖြစ်သနည်း။ ခဏ ထင်ရှား ပြီးမှကွယ်ပျောက် တတ် သော အခိုးအငွေ့ ဖြစ် ၏။ ၁၅ ထာဝရ ဘုရားသည် အလို တော်ရှိ၍ ၊ ငါ တို့သည်လည်း အသက် ရှင်လျှင် ၊ ဤသို့ပြုကြကုန်အံ့၊ ထိုသို့ ပြု ကြ ကုန်အံ့ဟု သင်တို့ဆို သင့် ရာဖြစ်၏။ ၁၆ ယခု သင် တို့သည် မိမိထောင်လွှား ခြင်း၌ ဝါကြွား ကြသေး၏။ ထိုသို့သောဝါကြွား ခြင်းရှိသမျှ သည် မကောင်း မသင့်ဖြစ် ၏။ ၁၇ ထိုကြောင့် ၊ ကောင်း သောအကျင့် ကို သိ လျက် မ ကျင့် ဘဲနေသော သူ သည်အပြစ် ရှိ ၏။

၅ အချင်းသူငှေး၊ သူကြွယ်တို့ ၊ ယခု လာ ကြ၊ သင် တို့အပေါ် ၌ရောက် လတံ့သော ဆင်းရဲဒုက္ခဝေဒနာ ကြောင့် ငိုကြွေး အော်ဟစ် ကြ။ ၂ သင် တို့ ဥစ္စာပစ္စည်း သည် ပုပ်စပ် လျက်ရှိ၏။ အဝတ် ကိုလည်း ပိုးကိုက်စား လေပြီ။ ၃ ရွှေ ငွေ လည်း အချေး တက်၍ ပျက်ကုန်ပြီ။ ထိုအချေး သည် သင် တို့တစ်ဘက်၌ သက်သေ ဖြစ်၍၊ မီး ကဲ့သို့ သင်

တို့အသား ကိုစား လိမ့်မည်။ နောက်ဆုံး သောနေ့ရက် ကာလအဘို့ ဘဏ္ဍာ ကို ဆည်းဖူးကြပြီတကား၊ ၄ နားထောင်ကြ၊ သင် တို့လယ်ကွက် ၌ ရိတ် သောသူ တို့ကို လှည့်စား ၍၊ အခ မပေးဘဲနေသောကြောင့်၊ ထိုအခ သည် ကြွေးကြော်လေ၏။ ရိတ် သောသူ တို့၏ အော်ဟစ် ခြင်းအသံသည်လည်း ၊ ကောင်းကင် ဗိုလ်ခြေအရှင်ထာဝရ ဘုရား၏ နားတော်ထဲသို့ ဝင် လေပြီ။ ၅ သင်တို့သည်မြေကြီး ပေါ်မှာ ကာမဂုဏ် ခံစား၍ အလွန်ပျော်မွေ့ ကြပြီ။ သတ် ရသောနေ့ ၌ ကဲ့သို့၊ မိမိ တို့ နှလုံး ကို မွေးမြူ ကြပြီ။ ၆ ဖြောင့်မတ် သောသူ ကို အပြစ်စီရင် ၍ ကွပ်မျက် ကြပြီ။ သူသည်လည်း သင် တို့ကို မ ဆီးတား ။ ၇ ထိုကြောင့် ၊ ညီအစ်ကို တို့၊ သခင် ဘုရားကြွလာ တော်မူသည်တိုင်အောင် သည်းခံလျက် စောင့် နေကြ လော့။ အကယ်၍လယ် လုပ်သော သူသည်အရင် မိုယ်း၊ နောက် မိုယ်းကိုရ သည်တိုင်အောင် ၊ အဘိုး ထိုက်သော မြေ အသီး ကို သည်းခံ လျက် စောင့် နေ၍ မြော်လင့် တတ်၏။ ၈ သင် တို့သည်လည်း သည်းခံလျက်စောင့် နေကြလော့။ ကိုယ် စိတ် နှလုံး ကိုမြဲမြံ စေကြလော့။ သခင် ဘုရား ကြွလာ တော်မူသောအချိန်ရောက်လုနီးပြီ။ ၉ ညီအစ်ကို တို့၊ စစ်ကြော စီရင်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ၊ အချင်းချင်း ငြင်းခုံ ပြစ်တင်ခြင်း ကို မ ပြုကြနှင့်။ တရား စီရင် ပိုင်သောသူ သည် တံခါး နား မှာ ရှိ တော်မူ၏။ ၁၀ ငါ့ညီအစ်ကို တို့၊ ထာဝရ ဘုရား၏ နာမ တော်ကို အမှီပြု ၍ ဟောပြော သော ပရောဖက် တို့သည် ဆင်းရဲ ဒုက္ခတွေ့ခြင်း၊ သည်းခံ ခြင်း၏ ပုံ သက်သေကို ပြကြပြီဟုမှတ်ကြလော့။ ၁၁ သည်းခံ နိုင်သောသူ တို့သည် မင်္ဂလာ ရှိသောသူဟူ၍ငါတို့သည် ခေါ်ကြ၏။ ယောဘ သည် သည်းခံ ကြောင်းကို သင်တို့ကြား ရကြပြီ။ ထာဝရ ဘုရားသည် မိမိအမှုကို လက်စသတ် တော်မူရာမှာ အလွန်သနား စုံမက် တော်မူကြောင်းကိုလည်း သိမြင် ရ ကြပြီ။ ၁၂ ငါ့ ညီအစ်ကို တို့၊ ခပ်သိမ်း သောအမှုအရာတို့တွင် ကျိန်ဆို ခြင်းကိုသာ၍ရှောင် ကြလော့။ ကောင်းကင် ဘုံကို တိုင်တည် ၍ မ ကျိန်ကြနှင့်။ မြေကြီး ကိုတိုင်တည်၍ မ ကျိန်ကြနှင့်။ ထိုမှတပါး ၊ အဘယ် အကျိန်အားဖြင့်မျှ မ ကျိန်ကြနှင့်။ အပြစ် စီရင်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ၊ သင် တို့စကားမှာ ၊ ဟုတ် သည်ကို အဟုတ် ၊ မ ဟုတ်သည်ကို မ ဟုတ်ဖြစ် စေကြလော့။ ၁၃ သင် တို့တွင် ဆင်းရဲ ခံရသောသူ ရှိလျှင် ဆုတောင်း စေ။ ချွင်လန်း သောသူ ရှိလျှင် ဆာလံသီချင်း ကိုဆို စေ။ ၁၄ နာ သောသူ ရှိလျှင်၊ သင်းအုပ် ကိုခေါ် ၍ သူတို့ သည် သခင် ဘုရား၏ နာမ တော်ကို အမှီပြု လျက်၊ လူနာ ကိုဆီ နှင့်လူး ၍ သူ့အပေါ်မှာ ဆုတောင်း ကြစေ။ ၁၅ ထိုသို့ပြုလျှင်၊ ယုံကြည် ခြင်း၏ပဌနာ သည် လူနာ ကို ကယ်ဆယ် ၍ ၊ သခင် ဘုရားသည် သူ့ ကိုထမြောက် စေတော်မူမည်။ သူ သည်အပြစ် ပြု မိ သော်လည်း ထိုအပြစ် ကို လွှတ်တော်မူမည်။ ၁၆ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ၊ ကိုယ်အပြစ် ကို ဖော်ပြ တောင်းပန်ကြလော့။ ချမ်းသာ ရမည် အကြောင်း ၊ အချင်းချင်းတို့အဘို့ ဆုတောင်း ကြလော့။ သူတော်ကောင်း ဆုတောင်း ၍ အရှိန် ကြီးသောပဌနာ သည် အလွန်တန်ခိုး ပါ၏။ ၁၇ ဧလိယ သည် ငါ တို့ကဲ့သို့လောကခံ တရား၌ ကျင်လည်သောသူ ဖြစ် သော်လည်း ၊ မိုယ်း မ ရွာမည် အကြောင်း အထူးသဖြင့်ဆုတောင်းသောအခါ၊ သုံး နှစ် နှင့် ခြောက် လ ပတ်လုံးမြေ ပေါ်သို့ မိုယ်း မ ရွာဘဲနေ၏။ ၁၈ တဖန် ဆုတောင်း သောအခါ ၊ မိုယ်းကောင်းကင် သည် မိုယ်းရွာ စေ၏။ မြေကြီး သည်လည်း မိမိ အသီး ကိုသီး လေ၏။

၁၉ ညီအစ်ကို တို့၊ သင် တို့တွင် တစ်စုံတစ်ယောက် သောသူသည် သမ္မာတရား လမ်းမှ လွဲ သွား၍ သူတစ်ပါး သည် ထိုသူ ကို ပြန် စေလျှင်မူကား၊ ၂၀ အပြစ် ရှိသောသူကို မှားယွင်း သောလမ်း မှ ပြန် စေသောသူ သည်၊ ဝိညာဉ် ကို သေခြင်းမှ ကယ်တင် ၍ များစွာ သောအပြစ် တို့ကို ဖုံးအုပ် တတ် သည်ဟု ထိုသူသည် သိမှတ် စေ။

၁ ယေရှု ခရစ် ၏ တမန်တော် ငါပေတရု သည်၊ နားထောင် ခြင်းကျေးဇူး၊ ယေရှု ခရစ် ၏ အသွေး တော်နှင့် ဖြန်း ခြင်းကျေးဇူးကိုခံရမည်အကြောင်း၊ ဝိညာဉ် တော်အားဖြင့် သန့်ရှင်း ခြင်းသို့ရောက်၍၊ ခမည်းတော် ဘုရားသခင် ၏ အနာဂတံသဉာဏ် တော်အတိုင်း ရွေးကောက် တော်မူသောသူတည်းဟူသော၊ ၂ ပုန္တု ပြည်၊ ဂလာတိ ပြည်၊ ကပ္ပဒေါကိ ပြည်၊ အာရှိ ပြည်၊ ဗိသုနိ ပြည်၊ အရပ်ရပ်တို့ ၌ ကွဲပြား သော ဧည့်သည်အာဂန္တုတို့ကို ကြားလိုက်ပါ၏။ ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌များပြား ပါစေသော။ ၃ အသက် ရှင်ခြင်းနှင့်စပ်ဆိုင်သော မြော်လင့် ခြင်းအကြောင်း ရှိစေခြင်းငှာ၊ ဖောက်ပြန် ခြင်း၊ ညစ်စွန်း ခြင်း၊ ညှိုးနွမ်း ခြင်းနှင့်ကင်းစင်သောအမွေ တော်ကို ငါတို့သည် ခံရစေမည်အကြောင်း ၊ ယေရှု ခရစ် ကို သေ ခြင်းမှ ထမြောက် စေတော်မူသောအားဖြင့် ၊ ကြီးစွာ သောကရုဏာ တော်နှင့်အညီ ငါ တို့ကို တစ်ဖန်ဖြစ်ဘွား စေတော်မူသော၊ ငါ တို့သခင် ယေရှု ခရစ် ၏ ခမည်းတော် ဘုရားသခင် သည် မင်္ဂလာ ရှိတော်မူစေသတည်း။ ၄ ထိုအမွေတော်သည်ကား၊ နောက်ဆုံး သောကာလ ၌ ထင်ရှား စေခြင်းငှာပြင်ဆင် သော ကယ်တင် ခြင်းသို့ ရောက်စေမည်အကြောင်း ၊ ၅ ယုံကြည် ခြင်းအားဖြင့် ဘုရားသခင် ၏ တန်ခိုး တော်သည် စောင့်ရှောက် တော်မူသော သင် တို့အတို့ ကောင်းကင် ဘုံ၌ သိုထား လျက်ရှိသောအမွေတည်း။ ၆ အရည် ကျိုး၍ စုံစမ်း ခြင်းကိုခံနိုင်သော်လည်း ၊ ပျက်စီး တတ်သော ရွှေ ကိုစစ်ကြောစုံစမ်းခြင်းထက်၊ သင် တို့ယုံကြည် ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်သာ၍မြတ် သည်နှင့်၊ ယေရှု ခရစ် ပေါ်ထွန်း တော်မူသောအခါအခိုးအမွှမ်း ၊ ဂုဏ်သရေ ၊ ဘုန်း အာနုဘော် အလိုဌာ ဖြစ် မည်အကြောင်း၊ အထူးထူး အပြားပြားသော စုံစမ်း နှောင့်ရှက်ခြင်းကို ခံရသောအကြောင်းရှိလျှင် ၊ ၇ သင်တို့သည် ယခု ခဏ ခံရ၍ ဝမ်းနည်း သော်လည်း၊ အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကိုထောက်၍ ရွှင်လန်း သောစိတ်ရှိကြ၏။ ၈ ထိုသခင် ကိုသင်တို့သည် မ မြင် ဘူးသော်လည်းချစ် ကြ၏။ ယခု မှာ လည်းမ မြင် ဘဲလျက်၊ ယုံကြည် သော အားဖြင့်ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော ၍မဖို့နိုင်သော ရွှင်လန်း ခြင်းစိတ်နှင့် ဝမ်းမြောက် ကြသည်ဖြစ်၍၊ ၉ စိတ် ဝိညာဉ်ကို ကယ်တင် ခြင်းတည်းဟူသောယုံကြည် ခြင်း၏ အကျိုး ကိုခံရ ကြ၏။ ၁၀ ထို ကယ်တင် ခြင်းအကြောင်း အရာကို ပရောဖက် တို့သည် စေ့စေ့ စစ်ကြောမေးမြန်းရှာဖွေ ၍၊ သင် တို့ ခံရသော ကျေးဇူး တော်အကြောင်း ကို ဟောပြော ကြပြီ။ ၁၁ ခရစ်တော် ခံတော်မူရသော ဆင်းရဲကိုငင်း ၊ ဆင်းရဲ ခံပြီးမှ ဝင်စားတော်မူရသော ဘုန်း စည်းစိမ်ကိုငင်း၊ သူ တို့အထဲ ၌ရှိသောခရစ်တော် ၏ဝိညာဉ် သည် သက်သေခံနှင့်သောအခါ၊ အဘယ် မည်သောသူကိုငင်း၊ အဘယ်သို့ သောအချိန်ကာလကို ငင်း ဆိုလို တော်မူသည်ဟု မေးမြန်း ရှာဖွေကြ၏။ ၁၂ ကိုယ်ဟောပြော ပြုစုသော အရာ များတို့သည်၊ ကိုယ် အဘို့မ ဟုတ်၊ သင် တို့အဘို့ ဖြစ်သည်ဟု ထိုသူ တို့ အားဖွင့်ပြ တော်မူ၏။ ကောင်းကင် ဘုံမှ စေလွှတ် တော်မူသောသန့်ရှင်း သော ဝိညာဉ် တော်ပါလျက် ၊ သင် တို့အား ဧဝံဂေလိ တရားကို ဟောပြောသောသူ တို့သည်၊ ထို အရာများကို သင် တို့အား ယခု ကြားပြော ကြပြီ။ ထိုအရာ တို့ကို ကောင်းကင်တမန် တို့သည် စေ့စေ့ကြည့်ရှု စဉ်းစားချင် သောစေတနာ စိတ်ရှိကြ၏။ ၁၃ သို့ ဖြစ်၍

၊ သင် တို့စိတ် နှလုံးကို ခါးပန်း စည်း ၍ သမ္မာ သတိရှိကြလော့။ ယေရှု ခရစ် ပေါ် ထွန်း တော်မူသောအခါ ၊ သင် တို့ဆီသို့ရောက် လတ္တံသောဆု ကျေးဇူးကို အဆုံး တိုင်အောင်မြော်လင့် ကြလော့။ ၁၄ အထက် က သင် တို့သည် မှောင်မိုက် ထဲမှာကျင့်သော တပ်မက် ခြင်းတရားကို ယခုမ လိုက် မကျင့်ဘဲ၊ နားထောင် တတ်သော သူငယ် ကဲ့သို့ ဖြစ်၍၊ ၁၅ သင် တို့ကိုခေါ် တော်မူသော သူ သည်သန့်ရှင်း တော်မူသည်နည်းတူ ၊ ကျင့်ကြံ ပြုမူသမျှ တို့ ၌ သန့်ရှင်း ခြင်း ရှိ ကြလော့။ ၁၆ အကြောင်းမူကား ၊ ငါ သည်သန့်ရှင်း တော်မူသောကြောင့် ၊ သင်တို့သည်လည်း သန့်ရှင်း ခြင်းရှိ ကြလော့ ဟု ကျမ်းစာ လာသတည်း။ ၁၇ လူမျက်နှာကိုမ ငဲ့၊ ခပ်သိမ်းသောသူ တို့၏ အကျင့် အတိုင်း စီရင် တော်မူသောခမည်းတော် ကို သင်တို့သည် ဆုတောင်း ကိုးကွယ်လျှင် ၊ ဧည့်သည် ဖြစ် စဉ် ကာလ ပတ်လုံးကြောက်ရွံ့ သောစိတ်နှင့် ကျင့် နေကြ လော့။ ၁၈ မိ စဉ်ဘဆက်ကျင်လည်သော အချည်းနှီး ကျင့်ကြံ ပြုမူခြင်းမှ ၊ ရွှေ ငွေ အစရှိသောဖောက်ပြန် ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေး တော်မူသည်မ ဟုတ်။ ၁၉ အဘယ်အပြစ် မျှမရှိ၊ အညစ်အကြေး နှင့် ကင်းစင်သော သိုးသငယ် ကဲ့သို့သော ခရစ်တော် ၏ အသွေး တော်မြတ် နှင့်ရွေးတော်မူသည်ကို သိမှတ် ကြလော့။ ၂၀ ထိုခရစ်တော်ကား၊ ဤကမ္ဘာ မ တည် မရှိမီခန့်ထား တော်မူခြင်းကို ခံနှင့်သည်ဖြစ်၍၊ ကိုယ်တော် အားဖြင့် ဘုရားသခင် ကို ယုံကြည် သော သင် တို့အဘို့ ၊ ဤနောက်ဆုံး သော ကာလ ၌ ထင်ရှား တော်မူပြီ။ ၂၁ သင် တို့သည် ဘုရားသခင် ကို ထောက်လျက်ယုံကြည် ခြင်း၊ မြော်လင့် ခြင်းရှိ စေခြင်းငှာ၊ ထိုသခင် ကို ဘုရားသခင် သည် သေ ခြင်းမှ ထမြောက် စေ၍ ဘုန်း အသရေကို ပေး သနားတော်မူပြီ။ ၂၂ သင်တို့သည် ဖောက်ပြန် ပျက်စီးတတ်သော မျိုးစေ့ အားဖြင့် ဖြစ်ဘွား သည်မ ဟုတ်၊ ၂၃ မ ဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသောအသက် ရှင်၍ အစဉ်အမြဲတည် တော်မူသော ဘုရားသခင် ၏နှုတ်ကပတ် တော်အားဖြင့် ဖြစ်ဘွားသောကြောင့်၊ ညီအစ်ကို များကိုချစ်ယောင်မဆောင် ၊ အမှန်ချစ်ခြင်းအလိုငှာ စိတ်ထဲမှသမ္မာတရား ကို နားထောင် လျက်၊ ကိုယ် စိတ် နှလုံးကို စင်ကြယ် စေပြီးသည်နှင့်အညီ၊ စင်ကြယ် သော စိတ် နှင့်အချင်းချင်း အားကြီး သောချစ် ခြင်းမေတ္တာရှိကြလော့။ (aiōn g165) ၂၄ လူမျိုး ရှိသမျှ သည်လည်း မြက် ပွင့်ကဲ့သို့ ဖြစ်၏။ လူမျိုး ၏ ဘုန်း ရှိသမျှ သည်လည်း မြက် ပွင့်ကဲ့သို့ ဖြစ်၏။ မြက်ပင် သည်ညှိုးနွမ်း သွေ့ခြောက်တတ်၏။ အပွင့် လည်း ကြွေ တတ်၏။ ၂၅ ထာဝရ ဘုရား၏ နှုတ်ကပတ် တရားမူကား ၊ ကာလအစဉ်အမြဲ တည် ၏။ ထို နှုတ်ကပတ် တော်သည်၊သင် တို့အား ဟောပြော သော ဧဝံဂေလိတရားဖြစ် သတည်း။ (aiōn g165)

၂ ထိုကြောင့် ၊ သင်တို့သည် သခင် ဘုရား၏ ကျေးဇူးတော်ကို မြည်းစမ်း ကြသည်ဖြစ်၍ ၊ ၂ အမျိုးမျိုး သော မနာလို ခြင်း၊ လှည့်ဖြား ခြင်း၊ လျှို့ဝှက် ခြင်း၊ ငြူစူ ခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှ ကို ပယ်ရှား ၍၊ ကယ်တင် ခြင်းအလိုငှာ နှုတ်ကပတ် တရား၏ နို့စစ် အားဖြင့် ကြီးပွား မည်အကြောင်း ၊ ၃ ဘွားစ သောသူငယ် ကဲ့သို့ ၊ ထိုတရားနို့ကို အလွန် လိုချင် သော စိတ်ရှိကြလော့။ ၄ လူတို့ ပယ် ထား၍ ဘုရားသခင် ရွေးချယ် တော်မူသော အသက် ကျောက် မြတ် တည်းဟူသောထိုသခင် ထံသို့ သင်တို့သည်ရောက် ၍၊ ၅ အသက် ကျောက် များကဲ့သို့ အဆင့်ဆင့်အထပ်ထပ်တည်ဆောက် လျက်ရှိသဖြင့်

ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှု ခရစ် အားဖြင့် ဘုရားသခင် နှစ်သက် တော်မူရာ ဓမ္မ ယဇ် ကိုပူဇော် ရသော သန့်ရှင်း သော ယဇ် ပုရောဟိတ်မျိုး လည်း ဖြစ် ကြ၏။ ၆ ထိုသို့ နှင့်အညီ ကျမ်းစာ လာသည်ကား၊ ရွေးချယ် သော တိုက်ထောင့် အမြစ်ကျောက် မြတ် ကို ဇိအုန် တောင်ပေါ်မှာ ငါချိတ် ထား၏။ ထိုကျောက် ကို အမှီပြု သောသူ သည် ရှက်ကြောက် ခြင်းမ ရှိနိုင်ရာဟု လာသတည်း။ ၇ သို့ ဖြစ်၍ ယုံကြည် ခြင်းရှိသော သင် တို့ ၌ကားဘုန်း အသရေရှိ၏။ နားမထောင် သောသူတို့ ၌ကား ၊ တိုက်ကိုတည်လုပ် သောသူ များ ပယ် ထားသော ကျောက် သည် နောက်တဖန်တိုက်ထောင့် အထွဋ် ဖျားသို့ ရောက် ပြန်၏။ ၈ နားမထောင် ဘဲ နှုတ်ကပတ် တရားတော်ကို ထိမိ ၍ လဲ သောသူ တို့သည် ထိမိ ၍ လဲစရာကျောက် ၊ မှားယွင်းစရာကျောက် လည်း ဖြစ်၏။ ထိုအမှု နှင့် တွေ့စေခြင်းငှာ ထိုသူတို့ကို ခန့်ထား တော်မူသတည်း။ ၉ သင် တို့မူကား ၊ မှောင်မိုက် ထဲမှ အံ့ဘွယ် သော အလင်း တော်သို့ ခေါ်သွင်း တော်မူသော သူ ၏ဂုဏ် ကျေးဇူးများကို ဖော်ပြ စေခြင်းငှာ ၊ ရွေးချယ် တော်မူသော အမျိုး ဖြစ်ကြ၏။ မင်း စည်းစိမ်ရှိသော ယဇ် ပုရောဟိတ်မျိုး၊ သန့်ရှင်း သောလူမျိုး ၊ ပိုင်ထိုက် တော်မူသော အပေါင်း အသင်းဖြစ်ကြ၏။ ၁၀ အထက် ကအပေါင်း အသင်းမ ဟုတ်၊ ယခု တွင် ဘုရားသခင် အပေါင်း အသင်းဖြစ်ကြ၏။ ကရုဏာ ကျေးဇူးတော်ကို အထက်ကမ ခံရသော်လည်း ယခု တွင် ခံရ ကြ၏။ ၁၁ ချစ်သူ တို့၊ ဝိညာဉ် နှင့်စစ် ပြိုင် တတ်သော ကိုယ် ကာယတပ်မက် ခြင်းတို့ကို ရှောင် မည်အကြောင်း၊ ဧည့်သည် အာဂန္တုကဲ့သို့သောသင်တို့ကို ငါတောင်းပန် ၏။ ၁၂ သာသနာပ လူတို့သည် သင် တို့ကိုကဲ့ရဲ့ ပြစ်တင်ကြသည်အမှု မှာ၊ ဘုရားသခင် ကြည့်ရှု စီရင်တော်မူသော နေ့ရက် ၌ ၊ သင်တို့၏ ကောင်း သောအကျင့် ကို သူ တို့သည် ထောက်ရှု ၍ ဘုရားသခင်ကိုချီးမွမ်း မည်အကြောင်း၊ သူတို့ ရှေ့၌တင်တယ် လျောက်ပတ်စွာ ကျင့် နေကြလော့။ ၁၃ သခင် ဘုရား၏မျက်နှာတော်ကို ထောက်လျက်၊ အထွဋ်အမြတ်တည်းဟူသောရှင်ဘုရင် ဖြစ်စေ ၊ လူဆိုး တို့ကို ဒဏ်စီရင် စေခြင်းငှာငင်း၊ လူကောင်း တို့ကို ချီးမွမ်းစေခြင်းငှာငင်း၊ ၁၄ ရှင်ဘုရင်ခန့်ထားသော ဝန်မင်း ဖြစ်စေ ၊ လူ တို့တွင် စီရင် ခန့်ထားသမျှ သောမင်း၏အုပ်စိုးခြင်းကို ဝန်ခံ ကြလော့။ ၁၅ အကြောင်းမူကား ၊ သင်တို့သည် ကောင်းသောအကျင့်ကို ကျင့် သောအားဖြင့်လူမိုက် တို့၏ မိုက်မဲ သောစကားကို ချေ စေခြင်းငှာ၊ ဘုရားသခင် သည် ထိုသို့သော အလို တော်ရှိ ၏။ ၁၆ လူ လွတ်ဖြစ်သော်လည်း၊ လွတ် ခြင်းအကြောင်းဖြင့် မကောင်း သောအမှုတို့ကို ဖုံးအုပ် သောသူကဲ့သို့ မ ကျင့် ၊ ဘုရားသခင် ၏ ကျွန် ကဲ့သို့ ကျင့်နေကြလော့။ ၁၇ ခပ်သိမ်း သောသူတို့ကို ရိုသေ ကြလော့။ ညီအစ်ကို များကို ချစ် ကြလော့။ ဘုရားသခင် ကို ကြောက်ရွံ့ခြင်း၊ ရှင်ဘုရင် ကိုရိုသေ ခြင်း ရှိကြလော့။ ၁၈ အစေခံငယ်သား တို့၊ အလွန် ကြောက်ရွံ့ခြင်းနှင့်တကွကိုယ်သခင် တို့၏ အုပ်စိုးခြင်းကို ဝန်ခံ ကြလော့။ သခင်သည်စိတ်ကောင်း ၍ ဖြည်းညှင်း သောသဘောရှိသည်ဖြစ်စေ၊ ကြမ်းတမ်း သောသဘောရှိသည်ဖြစ်စေဝန်ခံကြလော့။ ၁၉ အကြောင်းမူကား ၊ ဘုရားသခင် ၏မျက်နှာ တော်ကိုထောက်၍ ၊ မတရား သောညှဉ်းဆဲ ခြင်းကို နာကျင် စွာခံရလျှင် ကျေးဇူး ရှိ၏။ ၂၀ ကိုယ်အပြစ် ကြောင့် ဒဏ် ခံရသောအခါသည်းခံ လျှင် ၊ အဘယ် ချီးမွမ်း စရာရှိသနည်း။ ကောင်းမွန် စွာပြု၍ ဆင်းရဲ ခံရသောအခါသည်းခံ လျှင် ၊ ဘုရားသခင့် ရှေ့တော်၌ ကျေးဇူး ရှိ၏။ ၂၁ အကြောင်းမူကား ၊ ထိုသို့ အလိုငှာ

သင်တို့ကိုခေါ် တော်မူပြီ၊ ခရစ်တော် သည် ငါ တို့အတွက် ခံ တော်မူသည်ဖြစ်၍ ၊ ခြေ တော်ရာကို ရှောက်လိုက်စေခြင်းငှာ ပုံ သက်သေကိုထား တော်မူပြီ။ ၂၂ ထိုသခင် သည် ဒုစရိုက် ကိုမ ပြု ၊ နှုတ် တော်၌ လည်း မုသာ ကိုရှာ မတွေ့၊ ကဲ့ရဲ့ခြင်းကို ခံရသောအခါပြန် ၍မ ကဲ့ရဲ့။ ၂၃ အသေခံ ရသောအခါခြိမ်းချောက် ခြင်းကိုမ ပြု။ တရား သဖြင့် စီရင်တော်မူသောသူ ၌ ကိုယ်ကိုကိုယ်အပ်နှံ တော်မူ၏။ ၂၄ ငါတို့သည်အပြစ် နှင့်ဆိုင်သောအရာ၌ အသေ ဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက် ရှင်စေမည် အကြောင်း ၊ ငါ တို့အပြစ် များကို ကိုယ်တော် တိုင် သစ် တိုင်မှာ ခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာ ပျောက်လျက်ရှိကြ၏။ ၂၅ သင်တို့သည် အထက်ကလမ်းလွဲ ၍ ပျောက်သောသိုး ကဲ့သို့ ဖြစ်ကြ ၏။ ယခု မူကား ၊ သိုးထိန်း တည်းဟူသောသင် တို့၏ဝိညာဉ် တို့ကို အုပ်စိုး ကြည့်ရှုတော်မူသောအရှင်ထံသို့ ပြန်ရောက် ကြပြီ။

၃ အထက်ဆိုခဲ့ပြီးသည်နည်းတူ မိန်းမ တို့၊ ကိုယ် ခင်ပွန်း ၏ အုပ်စိုးခြင်းကို ဝန်ခံ ကြလော့။ ၂ သို့ပြု၍၊ နှုတ်ကပတ်ဘုရားတော်ကို နားမထောင်သော ယောကျ်ားအချို့ရှိလျှင်၊ ထိုသူ တို့သည် တရားမ နာသော်လည်း ၊ သင်တို့၏ ကြောက်ရွံ့ခြင်းနှင့် စင်ကြယ် သောအကျင့် တို့ကို ထောက်ရှု ၍၊ မိမိမယား ၏ အကျင့် အားဖြင့် သွေးဆောင်လျက် အတူပါ မည် အကြောင်း ရှိ၏။ ၃ သင်တို့ ၌ တန်ဆာဆင်ခြင်းမူကား၊ ဆံပင် ကျစ် ခြင်း၊ ရွှေ ဆင် ခြင်း၊ အဝတ်ဝတ် ခြင်းတည်းဟူသောအပြင် တန်ဆာဆင်ခြင်းမ ဖြစ် စေဘဲ၊ ၄ ဘုရားသခင့် ရှေ့မှာ အဘိုး များစွာထိုက်သော နူးညံ့ငြိမ်သက် ခြင်းသဘော တည်းဟူသောမ ဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ် နှလုံး၏ အတွင်းလူ ဖြစ် စေကြလော့။ ၅ ဘုရားသခင် ကို ကိုးစား ၍သန့်ရှင်း သော မိန်းမ တို့သည် ရှေး ကထိုသို့ ကိုယ် ကိုတန်ဆာဆင်လျက်၊ စာရာ သည် အာဗြဟံ ကို သခင် ဟုခေါ် ဝေါ် ၍ သူ ၏စကားကို နားထောင် သကဲ့သို့ ၊ ကိုယ် ခင်ပွန်း ၏ အုပ်စိုးခြင်းကို ဝန်ခံ ကြ၏။ သင်တို့သည် ကောင်းမွန် စွာကျင့်၍ ၊ ကြောက်ရွံ့တုန်လှုပ် ခြင်းအလျှင်း မ ရှိဘဲနေလျှင် စာရာ ၏သမီး ဖြစ် ကြ၏။ ၆ ထိုနည်းတူ ၊ ယောကျ်ား တို့၊ ဆုတောင်း ခြင်းအမှု၌ အဆီးအတား မ ရှိစေခြင်းငှာ အသက်ရှင်ခြင်းကျေးဇူး တော်ကို ဆက်ဆံ၍အမွေ ခံရသော သူချင်းကဲ့သို့ ၊ သတိ ပညာနှင့် လျော် စွာကိုယ်ခင်ပွန်းနှင့်အတူနေ၍၊ ၇ အားနည်း သောသူကို ပြုသင့်သည်အတိုင်း သူ့ ကို စောင့်မ ပြုစုကြလော့။ ၈ အချုပ်အခြာ စကားဟူမူကား၊ သင်တို့အပေါင်း သည် စိတ် တစ်ညီတစ်ညွတ်တည်းရှိကြလော့။ စိတ်ကြင်နာ ခြင်း၊ ညီအစ်ကို ချင်းကဲ့သို့ချစ်ခြင်း၊ သနားစုံမက် ခြင်း၊ စိတ် နှိမ့်ချခြင်းရှိကြလော့။ ၉ သင်တို့သည် ကောင်းကြီး မင်္ဂလာကိုအမွေခံ စေခြင်းအလိုဌာ ခေါ် တော်မူသောသူ ဖြစ်သည်ဟု သိမှတ် ၍၊ အချင်းချင်းရန်တို့ မ မူ၊ ပြန်၍ မကဲ့ရဲ့၊ မေတ္တာပို့ ခြင်းကို ပြုကြလော့။ ၁၀ အသက် ကိုမွေ့လျော် စေ၍ ၊ ကောင်းမွန် သော နေ့ရက် တို့ကို တွေ့မြင် ခြင်းငှာအလိုရှိ သောသူ သည်၊ မိမိလျှာကိုမကောင်း သောအရာနှင့် ကင်းလွတ် စေ။ မိမိနှုတ်ခမ်း လည်း မုသား စကားကို မ ပြော စေနှင့်။ ၁၁ ဒုစရိုက် ကိုလွှဲရှောင်၍ သုစရိုက် ကိုပြု စေ။ သူတစ်ပါးနှင့် အသင့်အတင့် နေခြင်းကိုရှာ ၍ မှီအောင် လိုက် စေ။ ၁၂ အကြောင်းမူကား ၊ ထာဝရ ဘုရားသည် ဖြောင့်မတ် သောသူတို့ကို ကြည့်ရှု တော်မူ၏။ သူ တို့ ဆုတောင်း ခြင်းကိုလည်း နားထောင်

တော်မူ၏။ ဒုစရိုက် ပြု သော သူတို့ကိုကား ၊ ထာဝရ ဘုရားသည် မျက်နှာ လွှဲ တော်မူ၏။ ၁၃ သင် တို့သည်ကောင်း သောတရားကို ကျင့် သောသူဖြစ် လျှင် ၊ အဘယ်သူ ညှဉ်းဆဲ မည်နည်း။ ၁၄ ဖြောင့်မတ် ခြင်းတရားကြောင့် ဆင်းရဲ ခံရလျှင် မူကား ၊ မင်္ဂလာ ရှိကြ၏။ သူ တို့၏ခြိမ်းချောက် ခြင်းကို မ ကြောက် ကြနှင့်၊ မ ထိတ်လန့် ကြနှင့်။ ၁၅ စိတ် နှလုံးထဲ၌ ထာဝရ အရှင်ဘုရားသခင်ကို ရိုသေ ခြင်းရှိကြလော့။ သင် တို့မြော်လင့် ခြင်း၏အကြောင်း ကို မေးမြန်း သောသူရှိသမျှ တို့အား၊ နူးညံ့ သောသဘော၊ ကြောက်ရွံ့ သောသဘောနှင့် ပြန်ပြော ခြင်းငှာ ၊ ကာလအစဉ်မပြတ် အသင့် ရှိနေကြလော့။ ၁၆ ခရစ်တော် ၌ သင် တို့ကျင့်သော အကျင့် ကောင်း ကို ရှုတ်ချ သော သူ တို့သည် ကဲ့ရဲ့ ပြစ်တင်သောအခါ ၊ ကိုယ်တိုင်ရှက်ကြောက် ခြင်းမရှိမည်အကြောင်း ၊ သင်တို့သည် ကိုယ်ကိုကိုယ် သိသောစိတ် ကြည်လင် လျက် နေ ကြလော့။ ၁၇ ဘုရားသခင့် အလို တော်ရှိလျှင် ၊ သုစရိုက် ကိုပြု၍ ဆင်းရဲ ခံခြင်းသည်၊ ဒုစရိုက် ကိုပြု၍ ခံခြင်းထက် သာ၍ကောင်း ၏။ ၁၈ ခရစ်တော် သည် ကိုယ်ခန္ဓာ အားဖြင့်အသေ သတ်ခြင်းကိုခံ၍၊ ဝိညာဉ် တော်အားဖြင့်အသက် ရှင်ခြင်း သို့ ရောက်တော်မူသည်ဖြစ်၍ ငါ တို့ကို ဘုရားသခင့် အထံတော်သို့ ပို့ဆောင် ခြင်းငှာ ၊ ဖြောင့်မတ် တော်မူသောသူသည်၊ မ ဖြောင့်မတ်သော သူတို့အတွက် ၊ ဒုစရိုက် အပြစ်များကြောင့် တစ်ခါ ခံ တော်မူ၏။ ၁၉ ထိုဝိညာဉ် တော်အားဖြင့် လည်း ကြွသွား တော်မူ၍၊ ယခုထောင် ထဲမှာ လှောင်ထားသော ဝိညာဉ် တို့အား တရားဟော တော်မူ၏။ ၂၀ ထိုဝိညာဉ်တို့မူကား ရှေးကာလ၊ နောဧ လက်ထက် ၌ ၊ နည်း သောသူတည်းဟူသောလူ ရှစ် ယောက်တို့ကို ရေ အားဖြင့် ကယ်ဆယ် သောသင်္ဘော ကိုတည်လုပ် စဉ် တွင်၊ ဘုရားသခင် ၏ ခန္တီ တော်သည်ဆိုင်းလင့် တော်မူသော်လည်း၊ နားမထောင် သောဝိညာဉ် ဖြစ်သတည်း။ ၂၁ ထိုသို့သောဥပမာ အတိုင်း ၊ ယခု တွင်ဗတ္တိဇံ သည် ယေရှု ခရစ် ထမြောက် တော်မူသောအားဖြင့် ၊ ငါ တို့ကို ကယ်တင် တတ်၏။ ဗတ္တိဇံဟုဆိုသော်၊ ကိုယ် ကာယ၏ အညစ်အကြေး ဆေးကြော ခြင်းကို မ ဆိုလို။ ကိုယ်ကိုကိုယ် သိသောစိတ်ကြည်လင် ၍၊ ဘုရားသခင့် ရှေ့၌ ဝန်ခံ ခြင်းကို ဆိုလိုသတည်း။ ၂၂ ထိုသခင် သည် ကောင်းကင် ဘုံသို့ ကြွ တော်မူသည်ဖြစ်၍၊ ကောင်းကင်တမန် အစ ရှိသော အာဏာစက် တန်ခိုး များတို့ကို အုပ်စိုး လျက်၊ ဘုရားသခင် ၏ လက်ျာ တော်ဘက်၌ ရှိ တော်မူ၏။

၄ ထိုသို့ ခရစ်တော် သည် ကိုယ်ခန္ဓာ တော်၌ ငါတို့အတွက်ခံ တော်မူသည်မှန်သောကြောင့်၊ သင် တို့လည်း ထိုသို့သောသဘော ကို လက်နက် ပြု၍သုံးစွဲကြလော့။ အကြောင်းမူကား ၊ ကိုယ်ခန္ဓာ ၌ခံ သောသူ သည် ဒုစရိုက် တို့နှင့် လွတ်ငြိမ်း သည်ဖြစ်၍၊ ၂ နောက် တဖန်သူ တို့၏ တပ်မက် ခြင်းတရားကို မကျင့်၊ ဘုရားသခင် ၏ အလို တော်အတိုင်း ကျင့်လျက်၊ ကိုယ်ခန္ဓာ အသက် အပိုင်းအခြားကျန်ရစ် သောကာလ ကို လွန် စေတတ်၏။ ၃ သာသနာပ လူတို့၏အလို သို့လိုက်၍ ၊ ကိလေသာ ညစ်ညူးခြင်း၊ ကာမ တပ်မက်ခြင်း၊ စပျစ်ရည်နှင့် ယစ်မူး ခြင်း၊ ပွဲ လုပ်ခြင်း၊ သောက်ကြူး ခြင်း၊ အဓမ္မ ရုပ်တု ကို ကိုးကွယ်ခြင်း၌ကျင်လည်၍၊ ငါတို့လွန် စေပြီးသော အသက်ကာလ သည် ငါတို့အားလောက် ပေ၏။ ၄ ယခုမှာသင် တို့သည် သူတို့နှင့်အတူမ ဆက်ဆံ၊ ကာမဂုဏ်၌ လွန်ကျူး ညစ်ညူးစွာမပြုသည်အရာကို သူတို့သည်အံ့သြ ၍ ကဲ့ရဲ့ တတ်ကြ၏။ ၅ သို့ ဖြစ်၍၊ အသက် ရှင်သော သူ တို့ကိုငင်း ၊ သေ သောသူတို့ကိုငင်း

တရား စီရင်ခြင်းငှာအသင့် ရှိ တော်မူသောသူ ရှေ့၌၊ ထိုသူတို့သည် စစ်ကြော ခြင်းကို ခံရ ကြလတံ့။ ၆ ထို အကြောင်း ကြောင့် လူတို့ ရှေ့၌ ကိုယ်ခန္ဓာ အားဖြင့်အပြစ် စီရင်ခြင်းကိုခံရသော်လည်း ၊ ဘုရားသခင့် ရှေ့ တော်၌ စိတ်ဝိညာဉ် အားဖြင့်အသက် ရှင်မည်အကြောင်း ၊ သေ သောသူတို့သည် ဧဝံဂေလိ တရားကို ကြားရကြ၏။ ၇ ခပ်သိမ်း သောအမှုအရာတို့သည် အဆုံး သို့ရောက် လုသည် ဖြစ်သောကြောင့် ၊ သမ္မာ သတိရှိကြလော့။ ဆုတောင်း ခြင်းအလိုဌာ စောင့် နေကြလော့။ ၈ အခြားသောအမှုအရာထက်မက၊ အချင်းချင်း အားကြီး သော ချစ် ခြင်းမေတ္တာသည် များစွာ သော အပြစ် တို့ကို ဖုံးအုပ် တတ်၏။ ၉ မြည်တမ်း ခြင်းမ ရှိဘဲ အချင်းချင်း ဧည့်သည် ဝတ်ကိုပြုကြလော့။ ၁၀ သင်တို့သည် ဆု ကျေးဇူးတော်ကို အသီးသီး ခံရ ကြသည်နှင့်အညီ ၊ ဘုရားသခင် ၏ အထူးထူး အပြားပြားသော ကျေးဇူး တော်ဘဏ္ဍာစိုး ကောင်း ကဲ့သို့ ၊ အချင်းချင်း ဝေ့ ပေးကမ်းကြလော့။ ၁၁ ဘုရားသခင် သည် အရာရာ ၌ ယေရှု ခရစ် အားဖြင့် ဘုန်းတော်ထင်ရှား စေမည်အကြောင်း ၊ ဟောပြော သောသူ သည်ဘုရားသခင် ၏ ဗျာဒိတ် တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင်ရွက် သောသူ သည်၊ ဘုရားသခင် ပေး သနားတော်မူသော အစွမ်း သတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင် သည် ကမ္ဘာ အဆက်ဆက်ဘုန်း အသရေ အစွမ်းသတ္တိရှိ တော်မူစေသတည်း။ အာမင် ။ **(aiōn g165)** ၁၂ ချစ်သူ တို့၊ သင် တို့ကို စုံစမ်း စရာဘို့ ယခုခံရသော မီး စစ်ခြင်းအရာကိုကား၊ သင် တို့ ၌ အံ့ဩဘွယ် သောအရာဖြစ်သည်ဟု ထင်မှတ်၍၊ အံ့ဩ ခြင်းမ ရှိကြနှင့်။ ၁၃ သင်တို့သည် ခရစ်တော် ၏ဆင်းရဲ ကိုဆက်ဆံ ကြသည်ဖြစ်၍ ၊ ဘုန်း တော်ပေါ်ထွန်း သောအခါအလွန်ဝမ်းမြောက် ရွှင်လန်း မည်အကြောင်း ၊ ယခုပင်ဝမ်းမြောက် ကြလော့။ ၁၄ ခရစ်တော် ၏ နာမ ကြောင့် ကဲ့ရဲ့ ခြင်းကိုခံရလျှင် မင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ဘုရားသခင် ၏ ဘုန်းကြီး သောဝိညာဉ် တော်သည် သင် တို့အပေါ်မှာ ကျိန်းဝပ် တော်မူ၏။ သူတို့ ၌ကား ကဲ့ရဲ့ခြင်း၊ သင်တို့ ၌ကား ချီးမွမ်းခြင်းရှိတော်မူ၏။ ၁၅ လူ အသက်ကိုသတ်သောအပြစ်၊ သူ့ ဥစ္စာကို ခိုးသောအပြစ်၊ ဒုစရိုက် ကိုပြုသောအပြစ်၊ သူတစ်ပါး အမှု၌ ရောနှောသောအပြစ်ရှိ၍၊ သင် တို့တွင် အဘယ်သူ မျှမ ခံ စေနှင့်။ ၁၆ ခရစ်ယာန် ဖြစ်သောကြောင့် ခံရလျှင် မူကား ၊ ရှက်ကြောက် ခြင်း မ ရှိစေနှင့်။ ထို အမှု ကြောင့် ခံရလျှင် ဘုရားသခင် ၏ ဂုဏ် တော်ကိုချီးမွမ်းစေ။ ၁၇ ဘုရားသခင် ၏အိမ်တော်သား တို့ကို ရှေ့ဦးစွာ စစ်ကြော စီရင်ရသော အချိန် ရှိပြီ။ ငါတို့ကို ရှေ့ဦးစွာစစ်ကြောအချိန်ရှိပြီ။ ငါ တို့ကို ရှေ့ဦးစွာ စစ်ကြောစီရင်လျှင် ၊ ဘုရားသခင် ၏ ဧဝံဂလိ တရားစကားကို နားမထောင် သောသူ တို့၏ အမှုသည် အဘယ်သို့ ပြီး လိမ့်မည်နည်း။ ၁၈ ဖြောင့်မတ် သောသူသည် ကယ်တင် ခြင်းသို့ ရောက်နိုင်ခဲ သည်မှန်လျှင် ၊ ဘုရားသခင်ကို မ ကိုးကွယ်သောသူ၊ အပြစ် ထင်ရှားသောသူသည် အဘယ်မှာ ပေါ် လိမ့်မည်နည်း။ ၁၉ ထို့ကြောင့် ၊ ဘုရားသခင် ၏အလို တော်အတိုင်း ဆင်းရဲခံရ သောသူ တို့သည်၊ ဘုရားသခင်ကို သစ္စာရှိ သော အသက် သခင်ကဲ့သို့မှတ်လျက်၊ ကောင်း သောအကျင့်ကိုကျင့်နေ၍ ၊ ကိုယ်တော်၌မိမိ တို့အသက် ဝိညာဉ်ကိုအပ်နှံ ကြစေ။

၅ သင်းအုပ် အရာ၌၎င်း ၊ ခရစ်တော် ၏ ဆင်းရဲ ဒုက္ခဝေဒနာကို သိမြင်သောသက်သေ အရာ၌၎င်း ခန့်ထားသောသူ၊ ထင်ရှား စေတော်မူလတံ့ သော ဘုန်း အသရေတော်ကို ဆက်ဆံ သောသူဖြစ်သော ငါပေတရုသည်၊ သင် တို့တွင် ရှိသော သင်းအုပ် ချင်းတို့ကို တောင်းပန် ပါ၏။ ၂ သင် တို့နှင့်အတူ ရှိသောဘုရားသခင် ၏ သိုး တော်စုကို ထိန်း ခြင်းအမှုမှာ၊ အနိုင် ထိန်းရသောကြောင့် မ ဟုတ်၊ မ စင်ကြယ်သောစိတ်ဖွားကို တပ်မက်သောကြောင့်မ ဟုတ်ဘဲ၊ အလိုလို စေတနာ စိတ်ရှိ၍ ကြည့်ရှု အုပ်ထိန်းကြလော့။ ၃ အသီးအသီးအုပ်သော အသင်းတော်တို့ကို အာဏာထား၍ အစိုးတရ ပြုသည်မ ဟုတ်ဘဲ၊ သိုး တော်စု ရှေ့မှာပုံ သက်သေကိုပြသောသူ ဖြစ် ကြလော့။ ၄ သို့ ဖြစ်လျှင် ၊ သိုးထိန်း အကြီး ပေါ် ထွန်း တော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်း တတ်သော ဘုန်းကြီး သော ပန်း ဦးရစ်သရဖူကို ခံရ ကြလိမ့်မည်။ ၅ ထိုနည်းတူ ၊ အသက် ပျိုသောသူတို့၊ အသက်ကြီး သော သူတို့၏ စကားကိုနားထောင် ကြလော့။ ထိုမျှမက ၊ အချင်းချင်း တစ်ယောက်အောက်တစ်ယောက်နှိမ့်ချ လျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကိုဆင် ကြလော့။ အကြောင်းမူကား ၊ ထောင်လွှား စော်ကားသော သူတို့ကို ဘုရားသခင် တားဆီး တော်မူ၏။ စိတ် နှိမ့်ချသောသူတို့အား ကျေးဇူး ပြု တော်မူ၏။ ၆ ထိုကြောင့် ကာလ အချိန်တန်လျှင် ၊ ဘုရားသခင် သည် သင် တို့ကိုချီးမြှောက် တော်မူမည်အကြောင်း ၊ တန်ခိုး ကြီးသော လက် တော်အောက် ၌ ကိုယ်ကိုကိုယ်နှိမ့်ချ ကြလော့။ ၇ သင် တို့ကိုသတိ နှင့်ကြည့်ရှုတော်မူသောကြောင့် ၊ သင် တို့ ၌ စိုးရိမ် ခြင်းအမှုရှိသမျှ တို့ကို ကိုယ်တော် ၌ အပ်နှံ ကြလော့။ ၈ သမ္မာ သတိရှိလျက် မအိပ်ဘဲစောင့် နေကြလော့။ သင် တို့၏ ရန်သူ တည်းဟူသောမာရ်နတ် သည်၊ ဟောက် သောခြင်္သေ့ ကဲ့သို့ အဘယ်သူ ကို မျိုရ မည်နည်းဟူ၍လှည့်လည် ရှာဖွေ လျက်ရှိ၏။ ၉ သို့ ဖြစ်၍၊ လူ ပြည်အရပ်ရပ်တို့ ၌ ရှိသော သင် တို့ ညီအစ်ကို များတို့သည် ထိုသို့သောဆင်းရဲကို ခံရ ကြသည်ဟုသိမှတ် လျက်၊ ယုံကြည် ခြင်း၌တည် ၍မာရ်နတ် ကို ဆီးတား ကြလော့။ ၁၀ ခရစ်တော် ယေရှု အားဖြင့် ငါ တို့ကို ထာဝရ ဘုန်း အသရေတော်သို့ ခေါ် တော်မူသော၊ ခပ်သိမ်း သော ကျေးဇူး ကိုပြုတော်မူသော ဘုရားသခင် သည် ခဏ ဆင်းရဲ ခံပြီးသော သင်တို့ကိုစုံလင် တည်ကြည် ခိုင်ခံ့ မြဲမြံ စေ တော်မူလိမ့်မည်။ **(aiōnios g166)** ၁၁ ထိုဘုရားသခင် သည် ကမ္ဘာ အဆက်ဆက်ဘုန်းအသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင် ။ **(aiōn g165)** ၁၂ ငါသည်သင်တို့ကို တိုက်တွန်းသွေးဆောင် လျက်၊ သင်တို့မှီဝဲ ဆည်းကပ်သောဤ အရာများသည် ဘုရားသခင် ၏ကျေးဇူး တော်အမှန် ဖြစ် သည်ဟု သက်သေခံ လျက် ၊ ဤစာကို အကျဉ်း အားဖြင့် ရေး ပြီးမှ၊ ငါစိတ်ထင် သည်အတိုင်း သင် တို့အမှု၌ သစ္စာရှိ သောညီအစ်ကို သိလွှာနှ လက်ဖြင့် ယခုပေးလိုက်၏။ ၁၃ ငါ့ သား မာကု မှစ၍ ဗာဗုလုန် မြို့၌ ရှိသော သင်တို့နှင့်အတူရွေးချယ် တော်မူသော အသင်းတော် သည် သင် တို့ကိုနှုတ်ဆက် ကြ၏။ ၁၄ အချင်းချင်း တစ်ယောက်ကိုတစ်ယောက်မေတ္တာ နမ်း ခြင်းနှင့် နှုတ်ဆက် ကြလော့။ ခရစ်တော် နှင့် ဆိုင်သော သင် တို့အပေါင်း ၌ ငြိမ်သက် ခြင်းရှိစေသတည်း။ အာမင်။

၁ ယေရှု ခရစ် ၏ကျွန် တမန်တော် ငါရှိမုန် ပေတရု သည် ကယ်တင် တော်မူသောအရှင်၊ ငါ တို့ဘုရားသခင် ယေရှု ခရစ် ၏ ဖြောင့်မတ် ခြင်းတရားကို ငါ တို့ ယုံကြည် သည်နည်းတူ ၊ မြတ်စွာသော ယုံကြည်ခြင်း ကို ရသောသူ တို့အား ကြားလိုက်ပါ၏။ **၂** ဘုရားသခင် ကို၎င်း ၊ ငါ တို့သခင် ယေရှု ကို၎င်း၊ သိသောဉာဏ် အားဖြင့် ၊ ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည် သင် တို့ ၌များပြား ပါစေသော။ **၃** ထိုသို့နှင့်အညီ ငါ တို့ကိုဘုန်းတန်ခိုး တော်နှင့် ခေါ် တော်မူသော ဘုရား ကို သိသောဉာဏ် အားဖြင့် ၊ ငါ တို့အားအသက် ရှင်ခြင်း၊ ဘုရား ဝတ်၌ မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှ တို့ကို ဘုရား တန်ခိုး တော်သည် ပေး သနားတော်မူပြီ။ **၄** ထိုသို့သောအားဖြင့် လည်း အလွန်ကြီးမြတ် ၍ အဘိုး ထိုက်သော ဂတိ များကို ငါ တို့ ၌အပ်ပေး တော်မူပြီ။ အကြောင်းမူကား၊ ထို ဂတိတော် များ ကို အမှီပြု ၍ သင်တို့သည် လောကီ တပ်မက် ခြင်းအညစ်အကြေး နှင့် ကင်းလွတ် သဖြင့်၊ ဘုရား ပကတိ ကိုဆက်ဆံ ရသောသူ ဖြစ် ကြမည်အကြောင်း တည်း။ **၅** ထိုသို့ အလိုဌာ၊ သင် တို့သည် ယုံကြည် ခြင်း၌ သီလ ကို၎င်း ၊ သီလ ၌ ပညာ ကို၎င်း၊ **၆** ပညာ ၌ ကာမဂုဏ် ချုပ်တည်းခြင်းကို၎င်း ၊ ကာမဂုဏ် ချုပ်တည်းခြင်း၌ သည်းခံ ခြင်းကို၎င်း၊ သည်းခံ ခြင်း၌ ဘုရား ဝတ်ကိုပြု၍ မွေ့လျော်ခြင်းကို၎င်း၊ **၇** ထိုမွေ့လျော် ခြင်း၌ ညီအစ်ကို စုံမက်ခြင်းကို၎င်း ၊ ညီအစ်ကို စုံမက်ခြင်း၌ ချစ် ခြင်းမေတ္တာကို၎င်း၊ အလွန် ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့။ **၈** အကြောင်းမူကား ၊ ထိုပါရမီ တို့သည် သင် တို့ ၌ ရှိ ၍ ကြွယ်ဝ လျှင်၊ ငါ တို့သခင် ယေရှု ခရစ် ကို သိကျွမ်း ခြင်း၌ မ ပျင်းရိ စေခြင်းငှာ၎င်း၊ အကျိုးမဲ့ မ ဖြစ်စေခြင်းငှာ၎င်း၊ ပြုပြင်တတ်ကြ၏။ **၉** ထို ပါရမီနှင့် ကင်း သောသူ မူကား ၊ မျက်စိ ကန်း၏။ ကိုယ်မျက်စိကိုကိုယ်ပိတ် ၏။ မိမိ အပြစ် ဟောင်း ဆေးကြော ကြောင်းကို မေ့လျော့ ၏။ **၁၀** ထိုကြောင့် ၊ ညီအစ်ကို တို့၊ သင် တို့ခံရ သော ခေါ် တော်မူခြင်းနှင့် ရွေးချယ် တော်မူခြင်းကို တည်မြဲ စေခြင်းငှာသာ၍ ကြိုးစား အားထုတ်ကြလော့။ သို့ပြုလျှင်၊ ရွေ့လျော့ခြင်းနှင့်အစဉ်ကင်းလွတ်သည်ဖြစ်၍၊ **၁၁** ငါ တို့ကို ကယ်တင် တော်မူသောအရှင်သခင် ယေရှု ခရစ် ၏ ထာဝရ နိုင်ငံ တော်ထဲသို့ ဝင်စား ခြင်းအခွင့် ကို သင် တို့အားကြွယ်ဝ စွာပေး သနားတော်မူလတံ့။ **(aiōnios g166)** **၁၂** ထိုကြောင့် ၊ ယခု ဟောပြောသောသမ္မာတရား ကို သင်တို့သည် နားလည် ၍ တည်ကြည် ခြင်းရှိသော်လည်း ၊ ဤသို့သောစကားများနှင့် သင် တို့အား အစဉ်မပြတ် သတိပေး မည် အမှုကို ငါမမေ့မလျော့။ **၁၃** ငါ တို့သခင် ယေရှု ခရစ် သည် ဗျာဒိတ် ပေးတော်မူသည်အတိုင်း ၊ **၁၄** ငါ တည်းခို ရာတဲကို မ ကြာမမြင့်မီ ငါပစ် သွားရမည်အရာ ကို ငါသိမှတ် ၍၊ ဤ တဲ ၌ ရှိ နေစဉ်ကာလ ပတ်လုံး ၊ သင် တို့ကို သတိပေး ၍ နှိုးဆော် အပ်သည်ဟု ငါသဘော ရှိ၏။ **၁၅** ထိုမှတစ်ပါး ၊ ငါ စုတေ့သည်နောက် ၊ သင် တို့သည် ဤ အရာများကို အစဉ် မှတ်မိ စေခြင်းငှာငါ ကြိုးစားအားထုတ်မည်။ **၁၆** ငါ တို့သခင် ယေရှု ခရစ် ၏ တန်ခိုး တော်ကို၎င်း ၊ ကြွလာ တော်မူခြင်းကို၎င်း၊ သင် တို့အား ကြားပြော သောအခါ၊ ငါတို့သည် ပရိယာယ် နှင့် ပြင်ဆင် သော ဒဏ္ဍာရီ စကားကိုမ လိုက် ၊ ဘုန်း အာနုဘော်တော်ကို ကိုယ်တိုင် မြင် သော သူ ဖြစ် ကြ၏။ **၁၇** အဘယ်သို့ နည်းဟူမူကား၊ ဤသူ သည် ငါ နှစ်သက် မြတ်နိုးရာ၊ ငါ ၏ ချစ်သား ပေတည်းဟူသောအသံ တော်သည်၊ ထူးမြို့တ် သောအရောင်အဝါ

တော်ထဲက၊ ထိသခင် သို့ရောက် သောအခါ၊ ခမည်းတော် ဘုရားသခင့် အထံ တော်မှ ဂုဏ်သရေ ဘုန်း အာနုဘော်ကိုခံရ
တော်မူ၏။ ၁၈ ကောင်းကင် က ရောက်လာ သော ထို အသံ တော် ကို ငါ တို့သည် သန့်ရှင်း သောတောင် ပေါ်မှာ သခင်
ဘုရား နှင့်အတူ ရှိ သောအခါကြား ရကြ၏။ ၁၉ ထိုမှတစ်ပါး၊ သာ၍ မြဲမြံသော အနာဂတ္တိ စကား တော်သည် ငါတို့ ၌
ရှိသေး၏။ စိတ် နှလုံးထဲ၌ အာရုဏ်တက် ၍ ကြယ်နီပေါ်ထွက် သည် ကာလ တိုင်အောင် ၊ ထို အနာဂတ္တိ စကား
တော်ကို မှောင်မိုက် အရပ် ၌ ထွန်းလင်း သောဆီမီး ကဲ့သို့ မှတ် ၍၊ သင်တို့သည် အမှီပြုသင့်ကြ၏။ ၂၀ ကျမ်းစာ
၌ပါသော အနာဂတ္တိ စကားမည်သည်ကား ၊ ကိုယ် အလိုအလျောက်အနက် မ ပေါ်ဟု ရှေ့ဦးစွာ သိမှတ် ကြလော့။ ၂၁
အကြောင်းမူကား ၊ အနာဂတ္တိ စကားသည် လူ အလို အားဖြင့်ဖြစ် ဘူးသည်မ ဟုတ်၊ ဘုရားသခင် ၏ သန့်ရှင်း သောသူ
တို့သည် သန့်ရှင်းသော ဝိညာဉ် တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ ၍ ဟောပြော ကြ၏။

J သို့သော်လည်း ၊ ယုဒလူ တို့တွင် မိစ္ဆာ ပရောဖက် ရှိ ကြ၏။ ထိုနည်းတူ ဖျက်ဆီး တတ်သော မိစ္ဆာ ဒိဋ္ဌိ အယူများကို
ပရိယာယ် အားဖြင့်သွင်း၍၊ မိမိ တို့ကို ဝယ် တော်မူသောအရှင် ကိုငြင်းပယ် လျက်၊ မိမိ အပေါ် သို့လျင် စွာသောဖျက်ဆီး
ခြင်းကို ရောက် စေသော မိစ္ဆာ ဆရာတို့သည် သင် တို့တွင် ရှိ ကြလိမ့်မည်။ ၂ သူ တို့ ညစ်ညူး သော အကျင့်ဓလေ့တို့ကို
အများ သောသူတို့သည် လိုက် သောအားဖြင့်သမ္မာတရား လမ်း အသရေ သည် ပျက်စီးလိမ့်မည်။ ၃ သူ တို့သည်
လောဘ လွန်ကျူးလျက် ချောမော့ သော စကား နှင့် သင် တို့ကိုကုန်သွယ် ကြလိမ့်မည်။ သူတို့အပြစ် စီရင်ခြင်းသည်
ရှေး ကာလ မှစ၍မ ဖင့် မန္တဲ့ သူ တို့ဖျက်ဆီး ခြင်းသည်လည်း အိပ် ၍မ ပျော်။ ၄ အကြောင်းမူကား ၊ ပြစ်မှား သော
ကောင်းကင်တမန် တို့ကို ဘုရားသခင် သည်နှမြော တော်မ မူ၊ ငရဲ ထဲသို့ချလိုက်ပြီးမှစစ်ကြော စီရင်ခြင်း အလို့ငှာ ချုပ်
ထား၍၊ မှောင်မိုက် သံကြိုး နှင့်ချည်နှောင် တော်မူ၏။ **(Tartaroō g5020)** ၅ ရှေး လောက ဓါတ်ကိုလည်း နှမြော တော်မ မူ။
ဖြောင့်မတ် ခြင်းတရားကိုဟော သောနောဧ နှင့် လူခုနစ် ယောက်တို့ကို စောင့်မ တော်မူ၍ ၊ ဘုရား ကို မကိုးကွယ်သော
လောကီသား အပေါင်းတို့ကို ရေလွှမ်းမိုး စေတော်မူ၏။ ၆ သောဒုံ မြို့ နှင့် ဂေါမောရ မြို့တို့ကို မီးရို့ ၍ ဖျက်ဆီး ရာ၊ ဒဏ်
စီရင်တော်မူသဖြင့် နောင်၌ မတရား သော အကျင့်ကို ကျင့် အံ့သောသူတို့ အားပုံ သက်သေကိုထား တော်မူ၏။ ၇ ထိုအခါ
မတရား သော သူ တို့၏ ညစ်ညူး သော အကျင့် အားဖြင့် နှောင့်ရှက် ခြင်းကို ခံရသောသူ၊ ဖြောင့်မတ် သော လောတ ကို
ကယ်နှုတ် တော်မူ၏။ ၈ ထိုဖြောင့်မတ် သောသူ သည် မတရားသော သူ တို့တွင် နေ စဉ်အခါ၊ သူတို့၏ မတရား သောအမှု
များကို နေ့တိုင်း မပြတ်မျက်စိမြင် လျက်၊ နားကြား လျက်ရှိသဖြင့်၊ မိမိဖြောင့်မတ် သော စိတ် နှလုံးကို ပြင်းစွာညှဉ်းဆဲ
ရ၏။ ၉ ဘုရားဝတ်၌ မွေ့လျော် သော သူတို့ကို စုံစမ်း နှောင့်ရှက်ခြင်းအထဲ က ကယ်နှုတ် ခြင်းဌာငဉ်း၊ ၁၀ မတရား
သောသူတို့ကို ဒဏ်ခံစေမည် အကြောင်း၊ ညစ်ညူး သော တပ်မက် ခြင်းကိလေသာနှင့်တကွ ၊ ကာမဂုဏ် အလိုသို့လိုက်၍
၊ အာဏာစက် ကို မထီမဲ့မြင် ပြုသော သူ တို့ကို အထူးသဖြင့် ဒဏ် ခံစေမည် အကြောင်း၊ တရား ဆုံးဖြတ်သောနေ့ အဘို့
ချုပ် ထား ခြင်းဌာငဉ်း ၊ ထာဝရ ဘုရားသည် တတ်နိုင် တော်မူ၏။ ထိုသူတို့သည် ရဲရင့် သောသူ၊ ကိုယ် အလိုသို့
လိုက်တတ် သော သူဖြစ်၍၊ ဘုန်း တန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့ ဝံ့ကြ ၏။ ၁၁ ကောင်းကင် တမန်တို့မူကား၊ သူ

တို့ထက် ခွန်အား တန်ခိုး ကြီးသော်လည်း ၊ ထာဝရ ဘုရားရှေ့တော်၌ သူတို့အားကဲ့ရဲ့ စွာသော ပြစ်တင်ခြင်းကိုမ ပြု
ကြ။ ၁၂ သူ တို့မူကား ၊ ဘမ်း ၍ ဖျက်ဆီး ဘို့ရာ ဖန်ဆင်း သော တိရစ္ဆာန် သက်သက်ကဲ့သို့ ၊ မိမိတို့နားမလည် သော
အရာ ကို ကဲ့ရဲ့ လျက် ၊ မိမိ တို့ပုပ်ပျက် သောအားဖြင့် အကုန်အစင်ပျက်စီး ခြင်းသို့ရောက်၍၊ မတရား သော အမှု၏
အပြစ်ကိုခံရကြလိမ့်မည်။ ၁၃ နေ့ အချိန်၌ ပင် လွန်ကျူးစွာ ကာမဂုဏ် ခံစားခြင်း အမှုသည် ပျော်မွေ့ ရာဖြစ်သည်ဟု
သူတို့သဘော ရှိ၏။ သင် တို့နှင့်အတူစား သောက်ပွဲလုပ်သောအခါ မိမိ တို့မှားယွင်းသောသဘောနှင့် လွန်ကျူးစွာ
ကာမဂုဏ် ခံစား၍၊ သင်တို့ ၌ အညစ်အကြေးအစွန်းအကွက် ဖြစ်ကြ၏။ ၁၄ သူတို့သည်သူ့ မယားကိုပြစ်မှားသော
ကိလေသာနှင့် ပြည့်စုံ သော မျက်စိ ရှိ ၍၊ ဒုစရိုက် ကို မပြုဘဲ မ နေနိုင်ကြ။ စိတ် နှလုံး မ တည်ကြည်သော သူတို့ကို
အပြစ် သို့ သွေးဆောင် တတ်ကြ၏။ လောဘ လွန်ကျူးခြင်း၌ ကျင်လည်၍၊ ကျိန် တော်မူခြင်း၏ သား ဖြစ်ကြ၏။ ၁၅
ဖြောင့်မတ် သောလမ်း ထဲကထွက် ၍ လွဲ သွားသဖြင့်၊ ဗောသော် ၏ သား ဗာလမ် ၏လမ်း ကိုလိုက် ကြ၏။ ၁၆
ထိုဗာလမ်သည် မတရား သော အမှု၏အခ ကို တပ်မက် ၍၊ မိမိဒုစရိုက် အတွက်ကြောင့် ဆုံးမ ခြင်း ကိုခံရ ၏။
အဘယ်သို့နည်းဟူမူကား၊ စကား မပြောနိုင် သော မြည်း သည်လူ ဘာသာ အားဖြင့် မြွက် ၍၊ ထို ပရောဖက် ၏ မိုက်မဲ
ခြင်းကိုမြစ်တား လေ၏။ ၁၇ ထိုသူ တို့သည် ရေ မရှိသော ရေတွင်း ကဲ့သို့ၚင်း ၊ လေ တိုက်၍ လွင့် သောမိုးယံတိမ်
ကဲ့သို့ၚင်း ဖြစ် ကြ၏။ သူ တို့အဘို့ တခဲနက် သော ထာဝရမှောင်မိုက် ကို သိုထား ချက်ရှိ၏။ **(questioned)** ၁၈
အကြောင်းမူကား ၊ မှားယွင်း ခြင်း၌ ကျင်လည် သော သူ တို့အထဲက ပြေးထွက် လု သောသူ တို့ကို၊ ထောင်လွှား သော
အချည်းနှီးစကား ပြော သည်နှင့်၊ ဇာတိ ပကတိ တပ်မက် ခြင်း၊ ကိလေသာ လွန်ကျူးခြင်းအားဖြင့် အပြစ်သို့ သွေးဆောင်
တတ်ကြ၏။ ၁၉ လွတ် ခြင်းအခွင့်ရှိသည်ဟု ဝန်ခံ လျက်ပင်၊ ကိုယ်တိုင် ပုပ်ပျက် ခြင်း၏ကျွန် ဖြစ် ကြ၏။ အဘယ်သို့
နည်းဟူမူကား၊ လူကို နိုင် သောအရာသည် လူ၏ သခင် ဖြစ်၏။ ၂၀ ကယ်တင် တော်မူသော အရှင် သခင် ယေရှု ခရစ်
ကိုသိကျွမ်း ခြင်းအားဖြင့် ၊ လောကီ ညစ်ညူး ခြင်းနှင့် ကင်းလွတ် ပြီးမှ ၊ တဖန် ကျော့မိ ၍ ရှုံး လျှင်၊ နောက် ဖြစ်ဟန်
သည် ရှေး ဖြစ်ဟန်ထက် သာ၍ဆိုး၏။ ၂၁ ဖြောင့်မတ် ခြင်းတရားလမ်းကိုသိ ၍၊ မိမိ ခံခဲ့ပြီး သော သန့်ရှင်း သော
ပညတ် ကိုတဖန်စွန့်ပစ် သည်ထက် ၊ ထိုလမ်း ကိုမ သိ ဘဲနေသော် သာ၍ ကောင်း၏။ ၂၂ ခွေး သည်မိမိ အန်ဖတ် ကိုပြန်
၍စား၏။ ဝက် သည်လည်း ဆေး ပြီးမှ၍ တွင်းလူး ပြန်၏ဟု မှန် သော စကားပုံ သည် ထိုသူ တို့ ၌ပြည့်စုံ သတည်း။

၂ ချစ်သူ တို့၊ ဤ ဒုတိယ ဩဝါဒစာ ကို သင် တို့အား ယခု ငါရေး ၍ ပေးလိုက်၏။ ၂ သန့်ရှင်း သော ပရောဖက်
တို့သည်၊ အထက်က ဟောပြော သော စကား များကိုၚင်း ၊ ကယ်တင် တော်မူသော အရှင်သခင် ဘုရား၏ တမန်တော်
ဖြစ်သော ငါတို့ ပညတ် ကိုၚင်း၊ သင် တို့သည် အောက်မေ့ စေခြင်းငှာ၊ ဤ စာနှစ်စောင်၌ သင် တို့၏ ကြည်ဖြူ သော
စိတ် ဝိညာဉ် တို့ကို ငါသတိပေး ၍ နှိုးဆော် ၏။ ၃ ရှေ့ဦးစွာ သိမှတ် အပ်သောအရာ ဟူမူကား၊ နောက်ဆုံး သော ကာလ
၌ ပြက်ယယ်ပြူ တတ်သော သူတို့သည်၊ မိမိ တို့တပ်မက် ခြင်းအတိုင်း ကျင့် နေ၍ ၊ ၄ သခင် ဘုရားကြွလာ မည်ဟူသော
ဂတိ တော် သည် အဘယ်မှာ ရှိ သနည်း။ ဘိုးဘေး များ အိပ်ပျော် သည်နောက်၊ ခပ်သိမ်း သော အရာတို့သည် ဖန်ဆင်း

စ က ဖြစ်သကဲ့သို့ ၊ ဖြစ်မြဲ ဖြစ်ကြလိမ့်မည်။ ၅ ရှေး ကာလ၌ မိုဃ်း ကောင်းကင်ကိုငဲ့၊ ရေ ထဲက ထွက်၍ရေ ဖြင့် တည် သောမြေကြီး ကိုငဲ့၊ ဘုရားသခင် ၏ နှုတ်ကပတ် တော်သည် ဖြစ်စေတော်မူကြောင်းနှင့်၊ ၆ ဖြစ်ဘူးသောလောက ဓါတ်ကို ထိုသို့ အားဖြင့် ရေ နှင့် လွှမ်း မြုပ်၍ ဖျက်ဆီး ကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ်မရှိကြ။ ၇ ယခု ရှိသော မိုဃ်း ကောင်းကင်နှင့် မြေကြီး မူကား ၊ တရား ဆုံးဖြတ်၍ အဓမ္မ လူ တို့ကို ဖျက်ဆီး သော နေ့ရက် တိုင်အောင်၊ ထိုနှုတ်ကပတ် တော်အားဖြင့် သိုထား လျက် ရှိ ၍၊ မီးရှို့ ခြင်းအတို့အလိုငှာ နေရစ်သတည်း။ ၈ ချစ်သူ တို့၊ ထာဝရ ဘုရားမှာ ကာလ တ ရက် သည်၊ အနှစ် တထောင် ကဲ့သို့ ၎င်း ၊ အနှစ် တထောင် သည် တ ရက် ကဲ့သို့ ၎င်း ဖြစ် သည် အရာ တစ်ခုကို မ မေ့လျော့ ကြ နှင့်။ ၉ လူအချို့တို့သည်၊ နှေး ခြင်းကိုမှတ် သည်အတိုင်း ၊ ထာဝရ ဘုရားသည် ဂတိ တော်အရာ မှာ နှေး တော်မ မူ။ ငါတို့တွင်အဘယ်သူ မျှမ ပျက်စီး ဘဲ၊ ရှိသမျှ တို့သည် နောင်တရ စေခြင်းဘာအလို တော်ရှိ၍၊ ငါ တို့ကို သည်းခံ တော်မူ၏။ ၁၀ သူခိုး သည် ညဉ့်အခါလာသကဲ့သို့ ၊ ထာဝရ ဘုရား၏ နေ့ရက် သည် လာ လိမ့်မည်။ ထိုနေ့ ၌ မိုဃ်း ကောင်းကင်သည် ကြီးစွာ သောအသံနှင့်တကွပျောက်သွား လိမ့်မည်။ မြေကြီး ကိုယ်မှစ၍ ၊ မြေကြီးပေါ်မှာပြုလုပ် သမျှသောအရာတို့သည် လောင်ကျွမ်း ကြလိမ့်မည်။ ၁၁ သို့ ဖြစ်၍ ၊ ဤ အရာအလုံးစုံ တို့သည် ကုန်စင်မည်မှန်သောကြောင့်၊ ၁၂ မိုဃ်း ကောင်းကင်သည် မီး နှင့်ပျက် ၍ လောကဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကို ခံရသော နေ့တည်းဟူသော၊ ဘုရားသခင် ၏ နေ့ ရောက် လိမ့်မည်ဟုသင် တို့သည် မြော်လင့် တောင့်တလျက်၊ သန့်ရှင်း သောအကျင့်ကိုကျင့် ခြင်း၊ ဘုရား ဝတ်၌ မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့ သောသူ ဖြစ် အပ် ကြသနည်း။ ၁၃ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း ၊ ဖြောင့်မတ် ခြင်းတရားတည်နေရာမိုဃ်း ကောင်းကင်သစ် နှင့် မြေကြီး သစ် ကို ငါတို့သည် ဂတိ တော် နှင့်အညီ မြော်လင့် ကြ၏။ ၁၄ ထိုသို့ မြော်လင့် ခြင်းရှိသောကြောင့်၊ ချစ်သူ တို့၊ သင်တို့သည် အညစ်အကြေး နှင့် ကင်းစင်၍ အဘယ် အပြစ် မျှမပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ် စွာရောက်မည် အကြောင်း ကြိုစား အားထုတ်ကြလော့။ ၁၅ ငါ တို့ချစ် သော ညီ ပေါလု သည်၊ မိမိခံရသော ဉာဏ် ပညာအတိုင်း သင် တို့အား ရေး ၍ ပေး လိုက်သော စာ၌ငင်း၊ သူ သည်ဤ အရာများ ကိုပြော ၍ စီရင်သော ဩဝါဒစာရှိသမျှတို့ ၌ ငင်း ပါသည်နှင့်အညီ ၊ ငါ တို့ သခင် ဘုရားသည်းခံ တော်မူခြင်းသည် ကယ်တင် မည် အကြောင်း ဖြစ်သည်ဟုမှတ် ကြလော့။ ၁၆ ထို စာ တို့ ၌ ခက်ခဲ သောအရာအချို့ ရှိ ၏။ မတတ် သောသူ၊ တည်ကြည် ခြင်းမရှိသောသူ တို့သည်၊ ထို အရာမှစ၍ ကြွင်းသောကျမ်းစာ ၏ အနက်ကို မှောက်လှန်၍၊ ကိုယ်ကိုကိုယ် ဖျက်ဆီး တတ်ကြ၏။ ၁၇ သို့ ဖြစ်၍ ၊ ချစ်သူ တို့၊ မတရား သော သူ တို့၏ ပရိယာယ် အားဖြင့် ၊ သင် တို့သည်လည်း သွေးဆောင်ရာသို့ လိုက်၍၊ သင်တို့တည်ကြည် ခြင်းမှ မ ရွေ့လျော့ မည် အကြောင်း၊ ဤအရာများကို သိ နှင့်ပြီဖြစ်၍၊ ကိုယ်ကိုကိုယ်စောင့်ရှောက် ကြလော့။ ၁၈ ကျေးဇူး တော်၌ ၎င်း ၊ ငါ တို့ကို ကယ်တင် တော်မူသော အရှင် သခင် ယေရှု ခရစ် ကို သိကျွမ်း ခြင်း၌ ၎င်း ကြီးပွား ကြလော့။ ထိုသခင် သည် ယခု မှစ၍ ထာဝရ နေ့ရက် ကာလပတ်လုံးဘုန်း အသရေရှိ တော်မူစေ သတည်း။ အာမင် ။ **(aiōn g165)**

၁ ရှေ့ဦးစွာ ကပင် ဖြစ် ၍၊ ငါတို့သည် ကိုယ်တိုင်ကြား လျက်၊ ကိုယ် မျက်စိ နှင့် မြင် လျက်၊ စေ့စေ့ကြည့်ရှု ၍ လက် နှင့် စမ်းသပ် ခဲ့ပြီးသောအရာ တည်းဟူသောအသက် ရှင်သောနှုတ်ကပတ် တော်နှင့်ဆိုင် သောအရာကို သင်တို့အားပြသကြ၏။ ၂ ထိုအသက် သည်ထင်ရှား ခဲ့ပြီ။ ငါတို့လည်း မြင်ရ ကြပြီ။ ခမည်းတော် နှင့်အတူ ရှိ ဘူး၍၊ ငါတို့အား ထင်ရှား ခဲ့ပြီးသော ထိုထာဝရ အသက် ကို၊ ငါ တို့သည် သင် တို့အား သက်သေခံ ၍ ပြသ ကြ၏။ **(aiōnios g166)** ၃ ငါ တို့သည် ခမည်းတော် နှင့် ၎င်း ၊ သား တော်ယေရှု ခရစ် နှင့် ၎င်း၊ မိဿဟာယဖွဲ့ ရသည်ဖြစ်၍ ၊ သင် တို့သည် ငါ တို့နှင့် မိဿဟာယဖွဲ့ စေခြင်းငှာ ၊ ငါတို့ကြား မြင် ရသောအရာကို သင် တို့အား ပြသ ကြ၏။ ၄ သင်တို့၏ ဝမ်းမြောက် စရာအကြောင်း စုံလင် စေခြင်းငှာ လည်း ၊ ဤအရာ များကို ငါ တို့သည် ရေး လိုက်ကြ၏။ ၅ ထို နှုတ်ကပတ် တော်ထံ၌ ငါတို့သည်ကြား ရ၍၊ သင် တို့အား ပြသ သောတရား စကားဟူမူကား၊ ဘုရားသခင် သည်အလင်း ဖြစ် တော်မူ၏။ ဘုရားသခင် ၌ မှောင်မိုက် အလျှင်း မ ရှိ ။ ၆ ငါတို့သည် ဘုရားသခင် နှင့် မိဿဟာယဖွဲ့ ပြီဟုဆို လျက်ပင် ၊ မှောင်မိုက် ၌ ကျင်လည် လျှင် ၊ သစ္စာ တရား ကိုမ ကျင့် ။ မုသာ ကိုသုံးသောသူ ဖြစ်ကြ၏။ ၇ ဘုရားသခင် သည်အလင်း ၌ ရှိ တော်မူသကဲ့သို့ ၊ ငါတို့သည်အလင်း ၌ ကျင်လည် လျှင် ၊ အချင်းချင်း မိဿဟာယဖွဲ့ ခြင်း ရှိ ကြသည်ဖြစ်၍၊ ဘုရားသခင် ၏သား တော်ယေရှု ခရစ်၏အသွေး တော်သည်၊ ငါ တို့အပြစ် ရှိသမျှ ကို ဆေးကြော တော်မူ၏။ ၈ ကိုယ်အပြစ် မ ရှိ ဟုငါတို့သည်ဆို လျှင် ၊ ကိုယ်ကိုကိုယ် လှည့်ဖြား ကြ၏။ ငါ တို့ ၌ သစ္စာ တရားမ ရှိ ။ ၉ ကိုယ် အပြစ် တို့ကို ဖော်ပြ တောင်းပန်လျှင် ၊ ငါ တို့အပြစ် များကိုလွှတ် ၍ ဒုစရိုက် ရှိသမျှ နှင့် ကင်းစင် စေခြင်းငှာ ဘုရားသခင်သည် သစ္စာ တရားနှင့်ငြင်း ၊ ဖြောင့်မတ် ခြင်းတရားနှင့် ငြင်း ပြည့်စုံတော်မူ၏။ ၁၀ ဒုစရိုက် ကိုမ ပြူ ပြီဟု ငါတို့သည်ဆို လျှင် ၊ ဘုရားသခင် ကို မုသာ အပြစ်တင်ကြ၏။ နှုတ်ကပတ် တော် လည်း ငါ တို့ ၌ မ ရှိ ။

၂ ချစ်သား တို့၊ သင် တို့သည်ဒုစရိုက်ကိုမ ပြူ စေခြင်းငှာ ဤအရာ များကိုသင်တို့အား ငါရေး ၍ပေးလိုက်၏။ တစ်စုံတစ်ယောက် သောသူသည် ဒုစရိုက် ကိုပြုမိလျှင် ၊ ဖြောင့်မတ် တော်မူသောအရှင်ယေရှု ခရစ် တည်းဟူသောငါတို့အမှုဆောင် သခင်သည် ခမည်းတော် ထံ၌ ရှိ တော်မူ၏။ ၂ ထိုသခင် သည်ငါ တို့၏အပြစ် မက ၊ လောကီသား အပေါင်း တို့၏ အပြစ် ဖြေစရာအကြောင်း ဖြစ် တော်မူ၏။ ၃ ထို သခင်ကို ကိုယ်တိုင် သိကျွမ်း သည်ကိုအဘယ်သို့သိ ရသနည်းဟူမူကား၊ ပညတ် တော်တို့ကို စောင့်ရှောက် လျှင် သိရသတည်း။ ၄ ထိုသခင် ကို ငါသိ ၏ဟုပညတ် တော်တို့ကို မ စောင့် ဘဲလျက် ဆို သောသူ သည် မုသာ ကိုသုံးသောသူ ဖြစ်၍ထိုသူ ၌ သစ္စာ မ ရှိ ။ ၅ ထိုသခင် ၏စကား တော်ကို နားထောင် သောသူ မည်သည်ကား၊ ဘုရားသခင် ကို ချစ် ခြင်းမေတ္တာနှင့် အမှန် ပြည့်စုံ ၏။ ငါတို့သည် သခင် ၌ ရှိကြောင်း ကို ထိုသို့ အားဖြင့် သိ ရကြ၏။ ၆ ထိုသခင် ၌ ငါတည် ၏ဟုဆို သောသူ သည်၊ ထိုသခင် ကျင့် တော်မူသည်နည်းတူ ကျင့် ရမည်။ ၇ ချစ်သူ တို့၊ သင် တို့အား ငါရေး ထားသော ပညတ်

သည် ပညတ်သစ် မ ဟုတ်။ ရှေ့ဦးစွာ ကပင် သင်တို့ ၌ ရှိ သော ပညတ် ဟောင်း ဖြစ်၏။ ပညတ် ဟောင်း ကား၊ ရှေ့ဦးစွာကပင် သင်တို့ကြား ရသော ဒေသနာ တော်ဖြစ် ၏။ ၈ တဖန်တုံ ၊ ပညတ် သစ် ကို သင် တို့အား ငါရေး ထား၏။ ထိုသခင် အားဖြင့် ၎င်း ၊ သင် တို့အားဖြင့် ၎င်း၊ အသစ်မှန် ပေ ၏။ အကြောင်းမူကား မှောင်မိုက် ပျောက်လွင့် ၍ မှန် သောအလင်း သည် ထွန်းတောက် လျက်ရှိ၏။ ၉ မိမိ ညီအစ်ကို ကိုမုန်း လျက် ပင်၊ ငါသည် အလင်း ၌ ရှိ ၏ ဟုဆို သောသူ သည်ယခု တိုင်အောင် မှောင်မိုက် ၌ ရှိ သေး၏။ ၁၀ မိမိ ညီအစ်ကို ကိုချစ် သောသူ သည် အလင်း ၌ တည်နေ ၏။ ထိမိ ၍ လဲစရာအကြောင်းသည်ထိုသူ ၌ မ ရှိ ။ ၁၁ မိမိ ညီအစ်ကို ကို မုန်း သောသူ သည် မှောင်မိုက် ၌ ရှိ ၏။ မှောင်မိုက် ၌ လည်း ကျင်လည် သွားလာ၏။ မှောင်မိုက် ကြောင့် သူ ၏မျက်စိ မ မြင်နိုင်သဖြင့် ၊ အဘယ် အရပ်သို့ ကိုယ်သွား သည်ကိုကိုယ်မ သိ ။ ၁၂ ချစ်သား တို့၊ သင် တို့သည် ထိုသခင် ၏ နာမ တော်အားဖြင့် အပြစ် များနှင့်ကင်းလွတ် သောကြောင့် ၊ သင် တို့အားငါရေး ၍ပေးလိုက်၏။ ၁၃ အဘ တို့၊ သင်တို့သည် ရှေ့ဦးစွာ ကပင် ရှိတော်မူသောသူ ကိုသိ သောကြောင့် ၊ သင် တို့အားငါရေး ၍ ပေးလိုက်၏။ လူပျိုု တို့၊ သင်တို့သည် မာရ်နတ် ကိုအောင် သောကြောင့် ၊ သင် တို့အားငါရေး ၍ ပေးလိုက်၏။ သူငယ် တို့၊ သင်တို့သည် ခမည်းတော် ကိုသိ သောကြောင့် ၊ သင် တို့အား ငါရေး ၍ပေးလိုက်၏။ ၁၄ အဘတို့၊ သင်တို့သည် ရှေ့ဦးစွာကပင်ရှိတော်မူသောသူကိုသိသောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်ခဲ့ပြီ။ လူပျိုု တို့၊ သင်တို့သည် ခွန်အား နှင့်ပြည့်စုံ၍၊ ဘုရားသခင် ၏နှုတ်ကပတ် တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ် ကိုအောင် သောကြောင့် ၊ သင် တို့အား ငါရေး ၍ ပေးလိုက်ခဲ့ပြီ။ ၁၅ လောက ကိုဇင်း၊ လောက ၌ရှိသောအရာ တို့ကိုဇင်း၊ မ ချစ် ကြနှင့်။ လောက ကိုချစ် သောသူမည်သည်ကား၊ ခမည်းတော် ကို ချစ် ခြင်းမေတ္တာမ ရှိ ။ ၁၆ လောက ၌ ရှိသမျှ သော အရာတည်းဟူသောကိုယ် ကာယတပ်မက် ခြင်း၊ မျက်စိ တပ်မက် ခြင်း၊ လောကီ စည်းစိမ် ၌ဝါကြွား ခြင်းတို့သည် ခမည်းတော် နှင့်မ စပ်ဆိုင် ၊ လောက နှင့်သာစပ်ဆိုင် ကြ၏။ ၁၇ လောက နှင့် လောကီတပ်မက် ခြင်းသည် ရွေ့သွားကွယ်ပျောက် တတ်၏။ ဘုရားသခင် ၏ အလို တော်နှင့်အညီကျင့် သောသူ မူကား ၊ နိစ္စ ထာဝရတည် ၏။ **(aiōn g165)** ၁၈ ချစ်သား တို့၊ ယခုကာလ သည် နောက်ဆုံး သောကာလဖြစ် ၏။ ခရစ်တော်၏ ရန်သူတည်းဟူသောအန္တိခရစ် ပေါ် လာ ကြောင်း ကို သင်တို့ကြား ရသည်အတိုင်း ၊ ယခုပင် အန္တိခရစ် အများ ရှိ ကြ၏။ ထိုကြောင့် ၊ ယခု ကာလသည်နောက်ဆုံး သောကာလ ဖြစ် သည်ကိုသိ ရ၏။ ၁၉ ထိုသူတို့သည် ငါတို့ထံမှထွက်သွားကြ၏။ သို့သော်လည်း အထက်ကငါ တို့နှင့်မ စပ်ဆိုင် ကြ။ ငါ တို့နှင့်စပ်ဆိုင် လျှင် ငါ တို့နှင့်အတူ နေ ကြလိမ့်မည် ။ ထိုသူအပေါင်း တို့သည် ငါ တို့နှင့်မ စပ်ဆိုင် ကြောင်း ကို ထင်ရှား စေခြင်းငှာ ၊ ငါ တို့ထံမှ ထွက်သွား ကြ၏။ ၂၀ သင် တို့သည် သန့်ရှင်း တော်မူသောဘုရား၏ လက်မှ ဘိသိတ် ကျေးဇူးတော်ကိုခံရ ၍ ၊ ခပ်သိမ်း သောအရာတို့ကို သိ ကြ၏။ ၂၁ သမ္မာတရား ကို သင် တို့မ သိ သောကြောင့် ၊ ငါရေး ၍ ပေးလိုက်သည်မ ဟုတ်။ သင်တို့သည် သမ္မာတရား ကို၎င်း ၊ မုသာ ရှိသမျှ တို့သည် သမ္မာတရား နှင့် မ စပ်ဆိုင် သည်ကို၎င်း၊ သိ သောကြောင့် ငါရေး၍ပေးလိုက်၏။ ၂၂ မုသာ ကိုသုံးသောသူကားအဘယ်သူ နည်း ။ ယေရှု သည်ခရစ်တော် မဟုတ်ဟု ငြင်းပယ် သောသူ ဖြစ် သတည်း။

ခမည်းတော် နှင့် သား တော်ကို ငြင်းပယ် သော သူ သည် အန္တိခရစ် ဖြစ် ၏။ ၂၃ သား တော်ကိုငြင်းပယ် သောသူ
မည်သည်ကား၊ ခမည်းတော် ကိုမ သိ ။ သား တော်ကို ဝန်ခံ သောသူ မည်သည်ကား၊ ခမည်းတော် ကိုသိ ၏။ ၂၄
ထိုကြောင့်၊ သင်တို့သည် ရှေ့ဦးစွာ ကပင် ကြား ရသော ဒေသနာကို သင် တို့ ၌ တည် စေကြလော့။ ထိုဒေသနာသည်
သင် တို့ ၌ တည် လျှင် ၊ သင် တို့သည် သား တော်၌ ၎င်း ၊ ခမည်းတော် ၌ ၎င်း၊ တည် ရကြလိမ့်မည်။ ၂၅ ငါ တို့အား
ပေးတော်မူသောဂတိ တော်မူကား ၊ ထာဝရ အသက် ကို ဝန်ခံတော်မူသောဂတိ တော်ပေတည်း။ (aiōnios g166) ၂၆
သင် တို့ကို လှည့်ဖြား သောသူ တို့၏အကြောင်း ကို ဤသို့ သင် တို့အား ငါရေး ၍ပေးလိုက်၏။ ၂၇ သို့သော်လည်း
သန့်ရှင်းတော်မူသောဘုရား ၏လက်မှ သင် တို့ခံရ သောဘိသိတ် ကျေးဇူးတော်သည် သင် တို့ ၌ ရှိ သည်ဖြစ်၍၊
အဘယ်သူ မျှ သင် တို့ကို ဆုံးမ ဩဝါဒပေးစရာအကြောင်း မ ရှိ ။ ထိုဘိသိတ် ကျေးဇူးတော်သည် ဖြစ် ယောင်ဆောင်
သည်မ ဟုတ်၊ အမှန် ဖြစ် လျက် ခပ်သိမ်း သောအရာတို့ကို သင် တို့အား သွန်သင် တော်မူသည်အတိုင်း ၊ သင်တို့သည်
သား တော်၌ တည်နေ ကြလော့။ ၂၈ ချစ်သား တို့၊ သားတော်သည်ထင်ရှား ပေါ် ထွန်းတော်မူသောအခါ ၊ ငါ တို့သည်
အထံ တော်သို့ ရောက် လျှင်၊ ရဲရင့် ရသောအခွင့်ရှိ၍ ၊ ရှက်ကြောက် ခြင်းနှင့် ကင်းလွတ် မည်အကြောင်း သား တော်၌
တည်နေ ကြလော့။ ၂၉ ဘုရားသခင်သည် ဖြောင့်မတ် တော်မူသည်ကို သင်တို့သည်သိ လျှင် ၊ ဖြောင့်မတ် ခြင်းတရားကို
ကျင့် သောသူ မည်သည်ကား၊ ဘုရားသခင် ဖြစ် ဘွား စေတော်မူသောသူဖြစ်သည်ကို သိ ရကြ၏။

၃ ဘုရားသခင် ၏ သား တော်ဟုခေါ် ဝေါ် ခြင်းအခွင့်ကို ငါ တို့သည်ရ မည်အကြောင်း၊ ဘုရားသခင်သည်
ငါတို့ကိုအဘယ်မျှလောက် ချစ် တော်မူသည်ကို ကြည့်ရှု ဆင်ခြင်ကြလော့။ လောကီသား တို့သည် ဘုရားသခင် ကို မ သိ
သောကြောင့် ၊ ငါ တို့ကိုလည်း မ သိ ကြ။ ၂ ချစ်သူ တို့၊ ယခု တွင်ငါတို့သည် ဘုရားသခင် ၏သား ဖြစ် ကြ၏။ နောက်မှ
အဘယ်သို့ သောသူဖြစ် မည်ဟု မ ထင်ရှား သေး။ သို့သော်လည်းကိုယ်တော်သည် ထင်ရှား ပေါ် ထွန်းတော်မူသောအခါ
၊ ငါတို့သည် ကိုယ်တော် နှင့် တူကြလတံ့ဟု ငါတို့သိ ကြ၏။ အကြောင်းမူကား ၊ ကိုယ်တော် ဖြစ် တော်မူသည်အတိုင်း
ကို ငါတို့သည် မြင် ရကြလတံ့။ ၃ ထိုသို့ မြော်လင့် သောသူမည်သည်ကား ၊ ကိုယ်တော် သန့်ရှင်း တော်မူသည်နည်းတူ ၊
ကိုယ်ကိုကိုယ် သန့်ရှင်း စေတတ်၏။ ၄ ဒုစရိုက် ကို ပြု သောသူမည်သည်ကား ၊ ပညတ်တော်ကို လွန်ကျူး ၏။ ဒုစရိုက်
သည်ကား ပညတ်တော်ကို လွန်ကျူး ခြင်းဖြစ် သတည်း။ ၅ ကိုယ်တော်သည် ငါတို့၏အပြစ် များကို ဆောင်သွား
ခြင်းဟု ထင်ရှား ပေါ် ထွန်းတော်မူသည်ကို သင်တို့ သိ ကြ၏။ ကိုယ်တော် ၌ လည်း အပြစ် မ ရှိ ။ ၆ ကိုယ်တော် ၌
တည်နေ သောသူမည်သည်ကား ၊ ဒုစရိုက် ကို မ ပြုတတ်၊ ဒုစရိုက် ကို ပြုတတ်သောသူ မည်သည်ကား၊ ကိုယ်တော်
ကိုမ သိ မ မြင် ရသေး။ ၇ ချစ်သား တို့၊ သင် တို့ကို အဘယ်သူ မျှ မလှည့်ဖြား စေနှင့်။ အကြင်သူ သည် ဖြောင့်မတ်
ခြင်းတရားကို ကျင့် ၏။ ကိုယ်တော်ဖြောင့်မတ် တော်မူသည်နည်းတူ ၊ ထိုသူ သည်ဖြောင့်မတ် ခြင်းရှိ ၏။ ၈ မာရ်နတ်
သည်ရှေ့ဦးစွာ မှစ၍ ဒုစရိုက် ကိုပြု သောသူ ဖြစ် သောကြောင့် ၊ အကြင်သူသည်ဒုစရိုက် ကို ပြု၏။ ထိုသူသည်မာရ်နတ်
နှင့် ဆိုင်၏။ မာရ်နတ် အမှု တို့ကို ပယ်ဖျက် ခြင်းဟု ၊ ဘုရားသခင် ၏ သား တော်သည် ထင်ရှား ပေါ် ထွန်းတော်မူ၏။ ၉

ဘုရားသခင် ဖြစ်ဘွား စေတော်မူသောသူ မည်သည်ကား၊ ဒုစရိုက် ကိုမ ပြု တတ်။ အကြောင်းမူကား ၊ ထိုသူ ၌ မျိုးစေ့ တော်တည် လျက်ရှိ၏။ ထိုသူသည် ဘုရားသခင် ဖြစ်ဘွား စေတော်မူသောသူ ဖြစ်သောကြောင့် ဒုစရိုက် ကိုမ ပြုနိုင် ။ ၁၀ ထိုသို့သော လက္ခဏာအားဖြင့် ဘုရားသခင် ၏ သား တို့နှင့် မာရ်နတ် ၏သား တို့သည် ထင်ရှား ကြ၏။ ဖြောင့်မတ် ခြင်းတရားကို မ ကျင့် သောသူ၊ မိမိ ညီအစ်ကို ကိုမ ချစ် သောသူ မည်သည်ကား ၊ ဘုရားသခင် နှင့်မ ဆိုင် ။ ၁၁ သင်တို့သည်ရှေ့ဦးစွာ ကပင် ကြား ရသောတရား စကားဟူမူကား ၊ မာရ်နတ် နှင့်ဆိုင် ၍ မိမိ ညီ ကိုသတ် သော ကာဣန ကဲ့သို့ မ ဟုတ်၊ ငါတို့သည် အချင်းချင်း ချစ် ရကြမည်ဟုလာသတည်း။ ၁၂ ကာဣနသည် မိမိ ညီကို အဘယ်ကြောင့် သတ် သနည်းဟူမူကား ၊ မိမိ အကျင့် သည် ဆိုးယုတ် ၍၊ ညီ ၏အကျင့်သည် ဖြောင့်မတ် သတည်း။ ၁၃ ညီအစ်ကို တို့၊ လောကီသား တို့သည် သင် တို့ကို မုန်း သော်လည်း အံ့ဩ ခြင်းမ ရှိကြနှင့်။ ၁၄ ငါတို့သည် ညီအစ်ကို ချင်းတို့ကို ချစ် သောကြောင့် ၊ သေ ခြင်းမှ အသက် ရှင်ခြင်းသို့ ကိုယ် ကူးမြောက် သည်ကို ကိုယ်သိ ရကြ၏။ မိမိ ညီအစ်ကိုကို မ ချစ် သောသူ သည် သေ ခြင်း၌ တည် ၏။ ၁၅ မိမိ ညီအစ်ကို ကိုမုန်း သောသူ မည်သည်ကား၊ လူ အသက်ကို သတ်သောသူဖြစ် ၏။ လူ အသက်ကို သတ်သောသူ တစ်စုံတစ်ယောက်၌ မျှ ထာဝရ အသက် မတည် သည်ကို သင်တို့သိ ကြ၏။ **(aiōnios g166)** ၁၆ ခရစ်တော် သည် ငါ တို့အဘို့ အလိုငှာ အသက် တော်ကို စွန့် တော်မူသည်အရာကို ငါတို့သည် ထောက်၍ ၊ မေတ္တာ တော်ကို သိ ရကြပြီ။ ငါ တို့သည်လည်း ညီအစ်ကို ချင်းတို့အဘို့ အလိုငှာ အသက် ကိုစွန့် ရကြ၏။ ၁၇ အကြင်သူ သည် လောကီ စည်းစိမ် ဥစ္စာရှိ လျက်ပင်၊ မိမိ ညီအစ်ကို ဆင်းရဲခြင်းကိုမြင် ၍ ၊ သနား ခြင်းကရုဏာစိတ်ကို ချုပ်တည်း ၏။ ထိုသူ ၌ ဘုရားသခင် ၏ မေတ္တာ တော်သည် အဘယ်သို့ တည် မည်နည်း။ ၁၈ ချစ်သား တို့၊ ငါတို့သည် စကား ပြော ကာမျှအားဖြင့် သာ မ ချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ဧကန်အမှန် ချစ် ကြကုန်အံ့။ ၁၉ ထိုသို့ ချစ်လျှင်၊ ကိုယ်တိုင်သမ္မာတရား နှင့် ဆိုင် သည်ကို ကိုယ်သိ ရ၍၊ ဘုရားသခင့် ရှေ့ တော်၌ ကိုယ်စိတ်နှလုံး ကို သက်သာစေကြလိမ့်မည်။ ၂၀ အကြောင်းမူကား ၊ ကိုယ် စိတ် နှလုံးသည် ကိုယ် ကိုအပြစ်တင် လျှင် ၊ ဘုရားသခင် သည် ငါ တို့၏ စိတ် နှလုံး ထက်သာ၍ကြီးမြတ် သည်ဖြစ် ၍၊ အလုံးစုံ တို့ကို သိ တော်မူသည်ကို ငါတို့သိကြ၏။ ၂၁ ချစ်သူ တို့၊ ကိုယ် စိတ်နှလုံးသည် ကိုယ် ကို အပြစ် မ တင်လျှင် ၊ ဘုရားသခင့် ရှေ့ တော်၌ ရဲရင့် ရသော အခွင့် ရှိ ကြ၏။ ၂၂ ငါတို့သည် ပညတ် တော်တို့ကို စောင့်ရှောက် ၍ ၊ နှစ်သက် တော်မူသောအကျင့် တို့ကို ကျင့်သောကြောင့် ၊ ဆုတောင်း သမျှ တို့ကိုဘုရားသခင့် ထံ တော်မှရ ကြ၏။ ၂၃ ဘုရားသခင်၏ပညတ် တော်ဟူမူကား၊ သား တော်ယေရှု ခရစ် ကို ယုံကြည် ရမည်။ သားတော်ပညတ် တော်မူသည်အတိုင်း ၊ အချင်းချင်း ချစ် ရမည်ဟူသော ပညတ်တော်ပေတည်း။ ၂၄ ပညတ် တော်တို့ကို စောင့် သောသူ သည် ဘုရားသခင် ၌ တည် ၏။ ထိုသူ ၌ လည်း ဘုရားသခင်တည်တော်မူ၏။ ငါ တို့အားပေး တော်မူသောဝိညာဉ် တော်ကို ငါတို့သည်အမှီပြု၍၊ ဘုရားသခင်သည်ငါ တို့ ၌ တည် တော်မူသည်ကိုသိ ရကြ၏။

၄ ချစ်သူ တို့၊ ခပ်သိမ်း သောစိတ် ဝိညာဉ်တို့ကို မ ယုံ ကြနှင့်။ စိတ် ဝိညာဉ်တို့သည် ဘုရားသခင် နှင့် စပ်ဆိုင် သည် မစပ်ဆိုင်သည်ကိုစုံစမ်း ကြလော့။ အကြောင်းမူကား ၊ မိစ္ဆာ ပရောဖက်အများ တို့သည် ဤလောက သို့ သွား ကြပြီ။ ၂ ဘုရားသခင် ၏ဝိညာဉ် တော်ကို အဘယ်သို့သိ နိုင်သနည်းဟူမူကား၊ လူဇာတိ အားဖြင့် ကြွလာ တော်မူသောယေရှု ခရစ် ကို ဝန်ခံ သောဝိညာဉ် မည်သည်ကား၊ ဘုရားသခင် နှင့် စပ်ဆိုင် ၏။ ၃ လူဇာတိအားဖြင့်ကြွလာတော်မူသောယေရှု ခရစ်ကိုဝန် မ ခံသောဝိညာဉ် မည်သည်ကား ၊ ဘုရားသခင် နှင့်မ စပ်ဆိုင် ။ ထိုသို့သော ဝိညာဉ်ကား၊ သင်တို့သည် ကြား ခဲ့ပြီးသည်အတိုင်း ဤလောက သို့လာမည်ဖြစ် ၍ ၊ ယခုပင် လာ လျက်ရှိသော အန္တိခရစ် ၏ ဝိညာဉ် ဖြစ် ၏။ ၄ ချစ်သား တို့၊ သင် တို့သည် ဘုရားသခင် နှင့်စပ်ဆိုင် ကြ၏။ ထိုသူ တို့ကိုလည်း အောင် ကြပြီ။ အကြောင်းမူကား ၊ သင် တို့ဘက်၌ ရှိ သောသူ သည် လောက ဘက်၌ ရှိသောသူ ထက် သာ၍ကြီး တော်မူ၏။ ၅ ထိုသူ တို့သည် လောက နှင့်စပ်ဆိုင် သောကြောင့် ၊ လောကီ အကြောင်းအရာကို ပြောတတ်ကြ၏။ လောကီသား တို့သည်လည်း သူတို့စကား ကို နားထောင် တတ်ကြ၏။ ၆ ငါ တို့မူကား၊ ဘုရားသခင် နှင့်စပ်ဆိုင်ကြ၏။ ဘုရားသခင် ကိုသိ သောသူ သည် ငါ တို့စကားကို နားထောင် တတ်၏။ ဘုရားသခင် နှင့် မ စပ်ဆိုင် သောသူ သည် ငါ တို့စကားကိုနား မ ထောင်တတ်။ ထို အရာကို ငါတို့သည်ထောက်၍၊ သမ္မာ ဝိညာဉ် ကိုငင်း ၊ မိစ္ဆာ ဝိညာဉ် ကိုငင်း သိ ရကြ၏။ ၇ ချစ်သူ တို့၊ ငါတို့သည် အချင်းချင်း ချစ် ကြကုန်အံ့၊ အကြောင်းမူကား ၊ ချစ် ခြင်းမေတ္တာသည် ဘုရားသခင် နှင့် စပ်ဆိုင် ၏။ ချစ် တတ်သောသူမည်သည်ကား၊ ဘုရားသခင် ဖြစ်ဘွား စေတော်မူသောသူဖြစ်၏။ ဘုရားသခင် ကို သိ သောသူလည်း ဖြစ် ၏။ ၈ ချစ် ခြင်းမ ရှိသောသူ သည် ဘုရားသခင် ကိုမ သိ ။ အကြောင်းမူကား ၊ ဘုရားသခင် သည် ချစ် ခြင်းမေတ္တာ ဖြစ် တော်မူ၏။ ၉ သား တော်အားဖြင့် ငါတို့သည် အသက် ရှင်စေခြင်းငှာ ၊ ဘုရားသခင် သည်တစ်ပါးတည်း သော သား တော်ကို ဤလောက သို့ စေလွှတ် တော်မူသောအရာ၌၊ ငါ တို့ကို ချစ် တော်မူသောမေတ္တာတော်သည် ထင်ရှား လျက်ရှိ၏။ ၁၀ ငါ တို့သည် ဘုရားသခင် ကိုချစ် ကြသည်ဟု မ ဆို။ ဘုရားသခင် သည် ငါ တို့ကိုချစ် ၍ ငါ တို့၏အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ၊ သား တော်ကို စေလွှတ် တော်မူသောအရာ ၌ ချစ် ခြင်းမေတ္တာရှိ ၏။ ၁၁ ချစ်သူ တို့၊ ဘုရားသခင် သည် ငါ တို့ကို ဤမျှလောက် ချစ် တော်မူသည်မှန်လျှင် ၊ ငါ တို့သည်လည်း အချင်းချင်း ချစ် ရကြမည်။ ၁၂ ဘုရားသခင် ကို အဘယ်သူ မျှမမြင် စဖူး ။ သို့သော်လည်း၊ အချင်းချင်း ချစ် ကြလျှင် ၊ ဘုရားသခင် သည် ငါ တို့ ၌ တည် တော်မူ၍ ၊ ငါ တို့သည် ချစ် ခြင်းမေတ္တာနှင့် ပြည့်စုံ လျက်ရှိ ကြ၏။ ၁၃ ဘုရားသခင် သည် ဝိညာဉ် တော်၏ ကျေးဇူးကို ငါ တို့အား ပေး တော်မူသောကြောင့် ၊ ငါ တို့သည် ဘုရားသခင် ၌ တည် သည်ကိုငင်း ၊ ဘုရားသခင် သည် ငါတို့ ၌ တည်တော်မူသည်ကိုငင်း သိ ရကြ၏။ ၁၄ လောကီသား တို့ကို ကယ်တင် သောသခင်ဖြစ်စေခြင်းငှာ ၊ ခမည်းတော် သည် သား တော်ကို စေလွှတ် တော်မူသည်ဟု ငါ တို့သည် သိမြင် ၍ သက်သေခံ ကြ၏။ ၁၅ ယေရှု သည် ဘုရားသခင် ၏သား တော်ဖြစ် တော်မူသည်ကို ဝန်ခံ သောသူမည်သည်ကား၊ ဘုရားသခင် ၌ တည်၏။ ဘုရားသခင် သည်လည်း ထိုသူ ၌ တည် တော်မူ၏။ ၁၆ ဘုရားသခင် သည် ငါ တို့ကိုချစ် တော်မူခြင်းမေတ္တာတော်ကိုငါ တို့သည်သိ ၍ ယုံကြည်

ကြ၏။ ဘုရားသခင် သည် ချစ် ခြင်းမေတ္တာဖြစ် တော်မူ၏။ ချစ် ခြင်းမေတ္တာ၌ တည် သောသူ သည် ဘုရားသခင် ၌ တည် ၏။ ဘုရားသခင် သည်လည်း ထိုသူ ၌ တည် တော်မူ၏။ ၁၇ ထိုသို့ ငါ တို့သည် ချစ် ခြင်းမေတ္တာနှင့် ပြည့်စုံ သောအားဖြင့် ၊ တရား ဆုံးဖြတ်တော်မူသောနေ့ ၌ ရဲရင့် ရသော အခွင့်ရှိ ကြလိမ့်မည်။ အကြောင်းမူကား ၊ ငါ တို့သည် ကိုယ်တော် ၏နည်းတူ ဤ လောက ၌ ဖြစ် ကြ၏။ ၁၈ ချစ် ခြင်းမေတ္တာသည် ကြောက် ခြင်းသံဝေဂနှင့် မ ပေါင်းနိုင်ရာ။ သံဝေဂသည် ပူပန် ခြင်းဝေဒနာကို ဖြစ် စေသောကြောင့် ၊ စုံလင် သောမေတ္တာ သည် သံဝေဂ ကိုပယ်ရှား တတ်၏။ သံဝေဂ ရှိသောသူ သည် မေတ္တာ နှင့် မ ပြည့်စုံ သေး။ ၁၉ ဘုရားသခင် သည် ငါ တို့ကိုရှေ့ဦးစွာ ချစ် တော်မူသောကြောင့် ၊ ငါ တို့သည် ဘုရားသခင်ကိုချစ် ကြ၏။ ၂၀ တစ်စုံတစ်ယောက် သောသူက၊ ငါသည် ဘုရားသခင် ကိုချစ် ၏ဟု ဆို လျက်ပင် မိမိ ညီအစ်ကို ကိုမုန်း လျှင် ၊ ထိုသူသည် မုသာ ကိုသုံးသောသူဖြစ် ၏။ မိမိမြင် ရသော မိမိ ညီအစ်ကို ကိုမ ချစ် လျှင်၊ မ မြင် သေးသောဘုရားသခင် ကို အဘယ်သို့ ချစ် နိုင် မည်နည်း။ ၂၁ ဘုရားသခင် ကို ချစ် သောသူ သည် မိမိ ညီအစ်ကို ကို ချစ် ရမည်ဟူသော ပညတ် တော်ကို ငါတို့သည် ခရစ်တော် ထံ၌ ခံရ ကြပြီ။

၅ ယေရှု သည် ခရစ်တော် ဖြစ် တော်မူသည်ကို ယုံကြည် သောသူ မည်သည်ကား ၊ ဘုရားသခင် ဖြစ်ဘွား စေတော်မူသောသူဖြစ်၏။ အဘကိုချစ်သောသူသည် သားကိုလည်းချစ်တတ်သည်နှင့်အညီ၊ ၂ ငါတို့သည် ဘုရားသခင် ကိုချစ် ၍၊ ပညတ် တော်တို့ကို စောင့် ကြည့်လျှင်၊ ဘုရားသခင် ၏သား တို့ကို ချစ် ကြသည်ကို ငါတို့သိ ရကြ၏။ ၃ ပညတ် တော်တို့ကို စောင့် ခြင်းအရာသည် ဘုရားသခင် ကိုချစ် ရာရောက် ၏။ ပညတ် တော်တို့ကို စောင့် ခဲ သည်မ ဟုတ်။ ၄ ဘုရားသခင် ၏သား ဖြစ်သောသူ မည်သည်ကား၊ လောက ကို အောင် တတ်၏။ လောက ကို အောင် ခြင်း အကြောင်းမူကား၊ ငါ တို့၏ ယုံကြည် ခြင်းပေတည်း။ ၅ ယေရှု သည် ဘုရားသခင် ၏ သား တော်ဖြစ် သည်ကို ယုံကြည် သောသူ မှတပါး ၊ အဘယ်သူ သည်လောက ကို အောင် နိုင်သနည်း ။ ၆ ထိုသခင် ကား ၊ ရေ အားဖြင့် ၎င်း ၊ အသွေး အားဖြင့်၎င်း ကြွလာ သောသူ တည်းဟူသောယေရှု ခရစ် ပေတည်း။ ရေ အားဖြင့် သာ မ ဟုတ်၊ ရေ အားဖြင့် ၎င်း ၊ အသွေး အားဖြင့် ၎င်း ကြွလာတော်မူ၏။ သက်သေခံ ဟူမူကား၊ ဝိညာဉ် တော်သည် သမ္မာတရား ဖြစ် ၍ သက်သေခံတော်မူ၏။ ၇ သို့ ဖြစ်လျှင် ၊ ကောင်းကင်ဘုံ၌ ခမည်းတော်တစ်ပါး နှုတ်ကပတ်တော်တစ်ပါး၊ သန့်ရှင်းသော ဝိညာဉ်တော်တစ်ပါး၊ သက်သေခံ သုံး ပါးရှိ ၍ ထိုသုံး ပါးတို့သည် တလုံးတဝတည်း ဖြစ် တော်မူ၏။ ၈ မြေကြီးပေါ်၌လည်း ဝိညာဉ် တော်တစ်ပါး၊ ရေ တစ်ပါး၊ အသွေး တစ်ပါး၊ သက်သေခံသုံးပါးရှိ၍ ထိုသုံးပါး တို့သည် တစ်ညီတစ်ညွတ်တည်းဖြစ်၏။ ၉ လူ ၏သက်သေ ကိုယုံ ရလျှင် ၊ ဘုရားသခင် ၏ သက်သေ တော်ကိုသာ၍ ယုံဘွယ်ရာအကြောင်း ရှိ ၏။ ယခု ဆိုခဲ့ပြီးသော သက်သေ ကား၊ ဘုရားသခင် သည် မိမိ သား တော်၏အကြောင်း ကို သက်သေခံ တော်မူချက်ဖြစ် သတည်း။ ၁၀ ဘုရားသခင် ၏သား တော်ကို ယုံကြည် သောသူ သည်၊ မိမိ အထဲ ၌ ထိုသက်သေ ကိုရ ၏။ ဘုရားသခင် ကို မ ယုံကြည် သောသူ မူကား၊ ဘုရားသခင် ကို မုသာ အပြစ်တင် ၏။ အဘယ်သို့ နည်းဟူမူကား၊ ဘုရားသခင် သည် မိမိ သား တော်၏အကြောင်း မှာ သက်သေခံ တော်မူသောစကားတော်ကို

ထိုသူသည် မ ယုံ ဘဲနေ၏။ ၁၁ သက်သေခံ တော်မူချက်ဟူမူကား၊ ဘုရားသခင် သည် ငါ တို့အား ထာဝရ အသက် ကိုပေး တော်မူ၍ ၊ ထို အသက် သည်လည်း သား တော်၌ ပါ၏ ။ **(aiōnios g166)** ၁၂ သား တော်ကိုရ သောသူ သည် အသက် ကိုရ ၏။ ဘုရားသခင် ၏သား တော်ကို မ ရ သောသူ မူကား အသက် ကိုမ ရ ။ ၁၃ ဘုရားသခင် ၏သား တော်ကို ယုံကြည် သောသင်တို့သည် ထာဝရ အသက် ကိုကိုယ်တိုင်ရ သည်ဟု သိ စေခြင်းငှာ ၊ ဤအရာ များကို သင် တို့အား ငါရေး ၍ပေးလိုက်၏။ **(aiōnios g166)** ၁၄ ငါ တို့သည် ဘုရားသခင့် အထံ တော်၌ ရဲရင့် ခြင်းအကြောင်း ဟူမူကား၊ ငါတို့သည်အလို တော်နှင့်အညီ တစ်စုံတစ်ခု သောဆုကိုတောင်း လျှင် ၊ ဘုရားသခင် သည် နားထောင် တော်မူ၏။ ၁၅ ဆုတောင်း သမျှ သောစကားတို့ကို နားထောင် တော်မူသည်ကို ငါတို့သိ လျှင် ၊ အထံ တော်၌ တောင်း သောဆုတို့ကို ရ မည်ဟုသိ ရကြ၏။ ၁၆ ညီအစ်ကို ချင်းသည် သေ ပြစ်မ သင့် သောဒုစရိုက် ကို ပြု မိသည်ကို တစ်စုံတစ်ယောက် သောသူသည် မြင် လျှင် ၊ ထိုသူသည် ဆုတောင်း ရမည်။ သေ ပြစ် ကို မ ပြု သောသူ တို့အဘို့အလိုငှာ၊ ဘုရားသခင်သည် ထိုသူ အား အသက် ကိုပေး တော်မူမည်။ သေ ပြစ်သင့် သောဒုစရိုက် ရှိ ၏။ ထိုဒုစရိုက် အပြစ်ကို လွှတ်စေခြင်းငှာ ဆုတောင်း ရမည်ဟုငါမ ဆို ။ ၁၇ မတရား သောအမှုမည်သည်ကား ဒုစရိုက် ဖြစ် ၏။ သို့သော်လည်း သေ ပြစ်မ သင့် သောဒုစရိုက် ရှိ ၏။ ၁၈ ဘုရားသခင် ၏သား ဖြစ်သမျှ သောသူတို့သည် ဒုစရိုက် ကိုမ ပြုတတ်သည်ကို ငါတို့သိ ကြ၏။ ဘုရားသခင် ဖြစ်ဘွား စေတော်မူသောသူ သည်၊ မိမိ ကိုမိမိစောင့်ရှောက် သဖြင့် ၊ မာရ်နတ် သည်ထိုသူ ကို မ ထိ မခိုက်နိုင်ရာ။ ၁၉ ငါတို့သည် ဘုရားသခင် နှင့်စပ်ဆိုင် သည်ကိုငင်း ၊ လောကီသား အပေါင်း တို့သည် မာရ်နတ် ၏လက်၌ ရှိကြသည်ကိုငင်း ငါတို့သိ ကြ၏။ ၂၀ ဘုရားသခင် ၏သား တော်သည်ကြွလာ ၍ ၊ မှန် သောဘုရားသခင်ကို သိသောဉာဏ် ကို ငါ တို့အား ပေး တော်မူသည်ကိုလည်း ငါတို့သိ ကြ၏။ မှန် သောဘုရားသခင်၌ ၎င်း ၊ သား တော်ယေရှု ခရစ် ၌ ၎င်းငါတို့သည် တည်လျက်ရှိ ကြ၏။ ထိုသူ သည်မှန် သော ဘုရားသခင် ဖြစ်တော်မူ၏။ ထာဝရ အသက် လည်း ဖြစ် တော်မူ၏။ **(aiōnios g166)** ၂၁ ချစ်သား တို့၊ ရုပ်တု ဆင်းတုကို ကြဉ်ရှောင် ကြလော့။

၁ အသက်ကြီး သူ သည် မြတ်သော သခင်မ ကိုဂင်း ၊ သားသမီး တို့ကို ၎င်း ကြား လိုက်ပါ ၏။ ငါ တို့ ၌ တည် ၍ ငါ တို့တွင် အစဉ်မပြတ် ရှိ လတ္တံ့သော သမ္မာတရား ကြောင့် ၊ **(aiōn g165)** ၂ ငါ မှစ၍ သမ္မာတရား ကို သိ သောသူ အပေါင်း တို့ သည်၊ သခင်မ နှင့် သားသမီး တို့ ၌ မှန်ကန် သောချစ် ခြင်း မေတ္တာ ရှိပါ၏။ ၃ ခမည်းတော် ဘုရား ထံတော်ကဂင်း ၊ ခမည်းတော် ၏သား တော်ယေရှု ခရစ် အထံ ကဂင်း၊ သမ္မာတရား ၊ မေတ္တာ တရားနှင့်တကွ ၊ ကျေးဇူး ၊ ကရုဏာ ၊ ငြိမ်သက် ခြင်းသည် သင်တို့ ၌ ရှိ ပါစေသော။ ၄ ငါတို့သည် ခမည်းတော် ဘုရားထံ၌ ပညတ် တော်ကို ခံရ သည်အတိုင်း ၊ သင် ၏သားသမီး အချို့တို့သည် သမ္မာတရား ၌ ကျင်လည် ၍ နေသည်ကို ငါတွေ့ သောအခါ၊ အလွန် ဝမ်းမြောက် ခြင်းရှိ၏။ ၅ ယခု တွင် ပညတ် တော်သစ် ကို မ ရေး ဘဲလျက် ၊ ငါတို့ ၌ရှေ့ဦးစွာ ကပင် ရှိ သော ပညတ်တော် ကို ရေးထား ၍၊ သခင်မ ၊ အချင်းချင်း ချစ် ခြင်းမေတ္တာရှိကြကုန်အံ့ဟု ငါတောင်းပန် ၏။ ၆ ပညတ် တော်တို့အတိုင်း ကျင့်စောင့် ခြင်းအရာ သည် ချစ် ရာရောက် ၏။ သင်တို့သည် ပညတ် တော်နှင့်အညီကျင့် မည်အကြောင်း ၊ ရှေ့ဦးစွာ ကပင် သင် တို့ ကြားရသည်အတိုင်း ၊ ပညတ် တော်သည်ထိုသို့သောသဘောရှိ ၏။ ၇ လူဧာတိ အားဖြင့် ကြွလာ တော်မူသော ယေရှု ခရစ် ကို ငြင်းပယ် လျက်၊ လှည့်ဖြား သော သူအများ တို့သည် လောက ထဲသို့ ဝင် ကြပြီ။ ထိုသို့သောသူသည် လှည့်ဖြား သောသူ ဖြစ် ၏။ အန္တိခရစ် လည်း ဖြစ်၏။ ၈ ငါတို့သည် ကိုယ်ပြုစု သောအရာ မ ပျောက် မပျက်၊ စုံလင် သောအကျိုး ကို ရ မည်အကြောင်း ၊ သင် တို့သည် ကိုယ်ကိုကိုယ်သတိပြု၍ စောင့်ရှောက် ကြလော့။ ၉ ခရစ်တော် ၏ဒေသနာ ၌ မ တည် ဘဲ လွန်ကျူး သောသူ မည်သည်ကား၊ ဘုရားသခင် ကိုမ သိ ။ ခရစ်တော်ဒေသနာ ၌ တည် သောသူ သည် ခမည်းတော် နှင့် သား တော်ကိုသိ ၏။ ၁၀ ထို ဒေသနာ တော်မ ပါ သောသူ သည် သင် တို့ထံသို့ လာ လျှင် ၊ သူ့ ကိုသင့်အိမ် ၌ လက် မ ခံနှင့်။ မင်္ဂလာရှိစေသောဟု နှုတ် မ ဆက်နှင့်။ ၁၁ မင်္ဂလာရှိစေသောဟုထိုသူ ကိုနှုတ်ဆက် လျှင် ၊ သူ ၏ဆိုးယုတ် သောအကျင့် တို့နှင့် ဆက်ဆံ ရာသို့ ရောက်၏။ ၁၂ သင် တို့အား ငါရေး စရာအကြောင်း အများ ရှိ သော်လည်း ၊ စက္ကူ ပေါ် ၌မှင် နှင့်ရေးခြင်းငှာအလို မ ရှိ၊ သင် တို့ဆီသို့ ငါလာ၍၊ အချင်းချင်း အားရဝမ်းမြောက် ခြင်းစုံလင် မည်အကြောင်း ၊ သင်တို့နှင့် နှုတ်ဆက်၍ စကားပြော မည်ဟုမြော်လင့် လျက်နေ ၏။ ၁၃ သင် ၏မြတ်သောညီမ ၏ သားသမီး တို့သည် သင့် ကိုနှုတ်ဆက် ကြ၏။

၁ အသက်ကြီး သူ သည်ချစ် အပ်သောဂါယု ကိုကြားလိုက်၏။ ငါ သည်သင်၌ မှန်ကန် သောချစ် ခြင်းမေတ္တာရှိ၏။ ၂ အချင်းချစ်သူ ၊ သင် ၏စိတ် နှလုံးသည် ကောင်းစား သကဲ့သို့ ၊ သင် သည်အရာရာ ၌ကောင်းစား ခြင်းနှင့် ကျန်းမာ ခြင်းရှိမည်အကြောင်း ငါဆုတောင်း ၏။ ၃ သင် သည်သမ္မာတရား ၌ ကျင်လည် သည်အတိုင်း သင် ၌ရှိသောသမ္မာတရား ၏အကြောင်းကို ညီအစ်ကို တို့သည်လာ ၍ သက်သေခံ ကြသောအခါ ၊ ငါသည် အလွန် ဝမ်းမြောက် ခြင်းရှိ၏။ ၄ ငါ ၏သားသမီး တို့သည် သမ္မာတရား ၌ ကျင်လည် သည်ကို ငါကြား ၍ ဝမ်းမြောက် ခြင်းထက် သာ၍ ဝမ်းမြောက်ခြင်းမ ရှိ ။ ၅ အချင်းချစ်သူ ၊ သင်သည်ညီအစ်ကို တို့အားငင်း၊ အာဂန္တု တို့အားငင်း ပြု သမျှသောဝတ်တို့ကို သစ္စာ နှင့်အညီပြု တတ်၏။ ၆ ထိုသူ တို့သည် သင် ၏ချစ် ခြင်းမေတ္တာအကြောင်းကို အသင်းတော် ရှေ့ ၌ သက်သေခံ ကြ၏။ သင်သည်ထိုသူ တို့ကို ဘုရားသခင် ၏ အလိုတော်နှင့်အညီပို့ လိုက်ပြန်လျှင်၊ ကောင်း သောအမှုကိုပြု လိမ့်မည်။ ၇ အကြောင်းမူကား ၊ ထိုသူတို့သည် နာမ တော်ကိုထောက် ၍၊ သာသနာပ လူတို့တွင် အလှူ မ ခံဘဲသွား ကြ၏။ ၈ ငါ တို့သည် သမ္မာတရား ကို ကူမ သောသူ ဖြစ် အံ့သောဟု ၊ ထိုသို့သော သူတို့အား ဧည့်သည် ဝတ်ကို ပြုအပ် ကြ၏။ ၉ အသင်းတော် ထံသို့မှာစာကိုငါရေး ၍ ပေးလိုက်လေပြီ။ သို့သော်လည်း ၊ အကဲအမှူး လုပ်ချင်သော ဒယောတရပ် သည် ငါ တို့အားအခွင့် မ ပေး။ ၁၀ ထိုကြောင့် ၊ ငါလာ သောအခါ သူသည် မိမိပြု သော အမှု ကို မိမိ သတိရ စေခြင်းငှာငါပြုမည်။ ထိုသူ သည်၊ ငြူစူ သောစကား နှင့် ငါ တို့ကို ကဲ့ရဲ့ သည်သာမက ၊ ကဲ့ရဲ့ ခြင်းနှင့် စိတ် မ ပြေဘဲလျက်၊ ညီအစ်ကို တို့ကို ကိုယ်တိုင် လက် မ ခံ၊ လက်ခံ ချင်သောသူ တို့ကိုလည်း မြစ်တား ၍ ၊ အသင်းတော် ထဲက နှင်ထုတ် တတ်၏။ ၁၁ အချင်းချစ်သူ ၊ မကောင်း သောနည်းကို မ လိုက် နှင့်၊ ကောင်း သောနည်းကိုသာ လိုက်လော့။ ကောင်းသောအကျင့်ကို ကျင့် သောသူ သည် ဘုရားသခင် နှင့်စပ်ဆိုင် ၏ ။ မကောင်းသောအကျင့်ကို ကျင့် သောသူ မူကား၊ ဘုရားသခင် ကို မ သိ မမြင်ရပြီ။ ၁၂ လူအပေါင်း တို့သည် ဒေမေတရိ ၏ သက်သေ ဖြစ်ကြ၏။ သမ္မာတရား သည်လည်း သူ ၏ သက်သေဖြစ်၏။ ငါ တို့သည်လည်း ထိုသူဘက်၌ သက်သေခံ ကြ၏။ ငါ တို့၏ သက်သေခံ ခြင်းသည် ဟုတ် မှန် သည်ကို သင်တို့ သိ ကြ၏။ ၁၃ ငါ ရေး စရာအကြောင်းအများ ရှိသော်လည်း ၊ မှင် နှင့် မှင်တံ ဖြင့် ရေး ခြင်းငှာအလို မ ရှိ၊ ၁၄ မ ကြာမမြင့်မီသင့် ကို ငါတွေ့မြင် လျှင် အချင်းချင်း နှုတ်ဆက်၍ စကားပြော မည်ဟု မြော်လင့် လျက် နေ၏။ သင် ၌ငြိမ်သက် ခြင်းရှိပါစေသော။ အဆွေ တို့သည် သင့် ကိုနှုတ်ဆက် ကြ၏။ သင်၌ရှိသောအဆွေ တို့၏ နာမည် ကို ထုတ် ၍နှုတ်ဆက် လော့။

၁ ယေရှု ခရစ် ၏ ကျွန် ဖြစ်သောယာကုပ် ညီ ငါယုဒ သည် ခမည်းတော် ဘုရားသခင် သန့်ရှင်း စေတော်မူ၍၊ ယေရှု ခရစ် ခေါ် ထားစောင့်မ တော်မူသောသူတို့ကို ကြားလိုက်ပါ၏။ **၂** သင် တို့ ၌ကရုဏာ ရှိပါစေသော။ ငြိမ်သက်ခြင်းနှင့် ချစ် ခြင်းများပြား ပါစေသော။ **၃** ချစ်သူ တို့၊ အညီအမျှဆက်ဆံသော ကယ်တင် ခြင်းအကြောင်း အရာကို သင် တို့ထံသို့ရေး ၍ ပေးလိုက် ခြင်းငှာငါ သည်အလွန် ကြိုးစား သည်တွင်၊ သန့်ရှင်း သူတို့ ၌ အထက် ကအပ်ပေးခဲ့ပြီးသော ယုံကြည် ခြင်းတရား ဘက်မှာ သင် တို့သည် ကြိုးစား ၍တိုက်လှန်စေခြင်းငှာနှိုးဆော် သွေးဆောင်၍ ရေး လိုက်ရသောအကြောင်း ရှိ ၏။ **၄** အဘယ်ကြောင့် နည်းဟူမူကား၊ ငါ တို့ဘုရားသခင် ၏ ကျေးဇူး တော်ကို ကိလေသာ ၏ ညစ်ညူး ခြင်းအလိုငှာမှောက်လှန် လျက်၊ တစ်ပါးတည်း အစိုးရတော်မူသောအရှင် ၊ ငါ တို့သခင် ယေရှု ခရစ် ကို ငြင်းပယ် လျက်၊ အပြစ် ခံစေခြင်းငှာ ရှေး ကစီရင် မှတ်သားနှင့်သောအဓမ္မလူ အချို့တို့သည် ပရိယာယ်နှင့် အမှတ်တမဲ့ဝင်ကြပြီ။ **၅** ထို့ကြောင့်သင် တို့သည်သိ နှင့်သော်လည်း ငါသည် သတိပေး ၍ ပြောချင် သောအကြောင်း အရာ ဟူမူကား ၊ ထာဝရ ဘုရားသည် ဣသရေလ လူ တို့ကို အဲဂုတ္တု ပြည် မှ ကယ်လွတ် တော်မူပြီးလျှင်၊ မယုံကြည် သော သူ တို့ကိုတဖန် ဖျက်ဆီး တော်မူ၏။ **၆** ထိုမှတပါး၊ မိမိ တို့အခွင့် အရာကိုမ စောင့် ၊ မိမိ တို့ နေရာအရပ်ကို စွန့်ပစ် သော ကောင်းကင်တမန် တို့ကို၊ ကြီးစွာ သောနေ့ ၌ စစ်ကြော စီရင်ခြင်းအလိုဌာ ၊ ထာဝရ ချည်နှောင်ခြင်းအားဖြင့် မှောင်မိုက် ထဲမှာချုပ် ထားတော်မူ၏။ **(aïdios g126)** **၇** ထိုနည်းတူ ၊ သောဒုံ မြို့နှင့် ဂေါမောရ မြို့မှစ၍ ပတ်ဝန်းကျင် ၌ ရှိသောမြို့ တို့သည်၊ အထက်က ဆိုခဲ့ပြီး သော လူဆိုးကဲ့သို့ မတရား သော မေထုန်ကိုအလွန်ပြု၍ ကိုယ်ခင်ပွန်းမဟုတ်သော သူတို့နှင့်မှားယွင်းခြင်းအမှု၌ ကျင်လည် သောကြောင့်၊ ထာဝရ မီး နှင့်ကျွမ်းလောင် ခြင်းဒဏ်ကိုခံရ ၍ ပုံ သက်သေထင်ရှား လျက်ရှိကြ၏။ **(aiōnios g166)** **၈** ယခု ယောင်ယမ်း သောအဓမ္မလူတို့သည်၊ ရှေးနည်းတူ မိမိတို့ ကိုယ် ကိုညစ်ညူး စေ၍၊ အာဏာစက် ကိုပယ် လျက် ၊ ဘုန်း တန်ခိုးကြီးသောသူတို့ကို ကဲ့ရဲ့ တတ်ကြ၏။ **၉** ကောင်းကင် တမန် မင်းမိကေလ မူကား ၊ မောရှေ ၏ ကိုယ် ကို အကြောင်း ပြု၍ မာရ်နတ် နှင့် ငြင်းခုံ သောအခါ ၊ ကဲ့ရဲ့စွာသော ပြစ်တင် ခြင်းကိုမ ပြု ဝံ့ဘဲ၊ ထာဝရ ဘုရားသည် သင့် ကိုဆုံးမ တော်မူစေသတည်းဟူ၍သာ ပြောဆို ၏။ **၁၀** ထိုသူ တို့မူကား ၊ မိမိတို့နား မ လည်သောအရာ များကို ကဲ့ရဲ့ တတ်ကြ၏။ တိရစ္ဆာန် ကဲ့သို့ ပကတိ အတိုင်းမိမိတို့နားလည်သော အရာ များဖြင့် မိမိတို့ကိုပုပ်ပျက် စေတတ်ကြ၏။ **၁၁** သူ တို့သည် အမင်္ဂလာ ရှိကြ၏။ အကြောင်းမူကား ၊ ကာဣန် နောက် သို့လိုက်ကြ၏။ အခ ကိုရခြင်းငှာဗာလမ် မှားယွင်း သကဲ့သို့အလွန်မှားယွင်းခြင်းရှိကြ၏။ ကောရ ၏ငြင်းခုံခြင်းအပြစ်နှင့် ဖျက်ဆီး ခြင်းသို့ရောက် ကြ၏။ **၁၂** မေတ္တာ ပွဲလုပ် ၍ သင် တို့နှင့်အတူစား သောက်သောအခါ အားမနာဘဲ၊ မိမိ တို့ကိုဝ စွာကျွေး၍ ပွဲ၌ အစွန်းအကွက် ဖြစ်ကြ၏။ ရေ မရှိ၊ လေ တိုက်၍လွင့် သော မိုးတိမ် ကဲ့သို့ဇင်း၊ ညှိုးနွမ်း ၍ အသီး မတင်၊ နှစ် ကြိမ် သေ ၍ နူတ် ပစ်သော သစ်ပင် ကဲ့သို့ဇင်း၊ **၁၃** မိမိ ရှက် ခြင်းအကြောင်းကို ပွက်စေတတ်သော လှိုင်း တံပိုးရိုင်း ကဲ့သို့ဇင်း၊ ကြယ် ပျံ ကဲ့သို့ဇင်းဖြစ်ကြ၏။ ထို ကြယ်ပျံတို့အတွက် သော ထာဝရ

မှောင်မိုက် ကို သိုထား လျက်ရှိ၏။ **(aiōn g165)** ၁၄ အာဒံ မှ ဆင်းသက်၍ ခုနှစ် ဆက်မြောက်သောသူ ဧနောက် က၊ ထာဝရ ဘုရားသည် ခပ်သိမ်း သော သူ တို့ကို တရား စီရင်တော်မူ၍ ၊ မတရား သောသူတို့သည် မတရား သဖြင့် ပြုသောအဓမ္မအမှု ရှိသမျှ တို့၏ အပြစ်ကိုငင်း၊ မတရား သောလူဆိုး တို့သည် ဘုရားသခင် ကို ပြစ်မှား ၍ ပြော သောကြမ်းတမ်း သော စကား ရှိသမျှ တို့၏ အပြစ် ကိုဖော်ပြ ခြင်းငှာ၊ ၁၅ အတိုင်းမသိများစွာသော မိမိ သန့်ရှင်း သူတို့နှင့်တကွ ကြွလာ တော်မူလိမ့်မည်ဟု ပရောဖက် ပြု၍ ဟောပြော လေ၏။ ၁၆ ထိုသူ တို့သည် မြည်တမ်း ၏ အပြစ်တင် တတ်သောသူ၊ ကိုယ် တပ်မက် ခြင်းအတိုင်း ကျင့် တတ်သောသူ၊ ထောင်လွှား သော စကား ကိုပြော တတ်သောသူ ၊ ကိုယ် အကျိုးစီးပွားကြောင့် သူ့မျက်နှာ ကို ထောက်ထား ခန့်ညားတတ်သော သူဖြစ် ကြ၏။ ၁၇ ချစ်သူ တို့၊ နောက်ဆုံး သောကာလ ၌ ၊ မိမိ တို့မတရား သော တပ်မက် ခြင်းအတိုင်း ကျင့် နေ၍၊ ပြက်ယယ်ပြု တတ်သော သူတို့သည် ပေါ် ကြလိမ့်မည်ဟု ၁၈ ငါ တို့သခင် ယေရှု ခရစ် ၏ တမန်တော် တို့သည် ဟောပြော နှင့်သော စကား များကိုအောက်မေ့ ကြလော့။ ၁၉ ထို သူတို့သည်သင်းခွဲ သောသူ ၊ ဝိညာဉ် တော်နှင့် ကင်း သော ဇာတိ ပကတိလူဖြစ် ကြ၏။ ၂၀ ချစ်သူ တို့၊ သင် တို့သည် မိမိ တို့အလွန် သန့်ရှင်းသော ယုံကြည် ခြင်းအပေါ်မှာမိမိ တို့ကို တည်ဆောက် လျက်၊ သန့်ရှင်း သောဝိညာဉ် တော်အားဖြင့် ဆုတောင်း ပဌနာပြုလျက်၊ ၂၁ ဘုရားသခင် ကို ချစ် ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ် စောင့်ရှောက် ၍ ထာဝရ အသက် အလိုငှာ ၊ ငါ တို့သခင် ယေရှု ခရစ် ၏ ကရုဏာ တော်ကို မျော်လင့် ၍ နေကြလော့။ **(aiōnios g166)** ၂၂ ပိုင်းခြား ၍သိတတ်သော ဉာဏ်ရှိ၍ အချို့တို့ကို သနား ကြလော့။ ၂၃ ကိုယ် ကာယနှင့် ညစ်ညူး စွန်းကွက်သော အဝတ် ကိုပင် စက်ဆုပ် ရွံရှာ၍ ကြောက်ရွံ့ခြင်းနှင့်တကွ ၊ အချို့တို့ကို မီး ထဲမှ ဆယ် နှုတ်ကယ်တင် ကြလော့။ ၂၄ ထိမိ ၍ လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း သင် တို့ကို စောင့်ရှောက် ခြင်းဉာဉ်ရင်း၊ အပြစ် မရှိဘဲဝမ်းမြောက် ခြင်းနှင့် ပြည့်စုံလျက်ရှိသောသင်တို့ကို ဘုန်း အသရေတော်ရှေ့၌ ဆက်သ ခြင်းဉာဉ်ရင်း တတ်နိုင် တော်မူသော သူ တည်းဟူသော။ ၂၅ ငါ တို့ကို ကယ်တင် တော်မူသောအရှင်၊ တဆူတည်း သောဘုရားသခင် သည်၊ ငါ တို့သခင် ယေရှု ခရစ် အားဖြင့် ၊ ယခု မှစ၍ကမ္ဘာ အဆက်ဆက်ဘုန်း တန်ခိုး အာနုဘော် နှင့် အစွမ်းသတ္တိအာဏာစက် ရှိတော်မူစေသတည်း အာမင် **(aiōn g165)**

၁ ကာလ မကြာမမြင့်မှီဖြစ် ရမည် အမှုအရာ များကို ယေရှု ခရစ် သည် မိမိ အစေခံ ကျွန်တို့အား ပြ စေခြင်းငှာ၊ ဘုရားသခင် အပ်ပေး တော်မူသောထို သခင် ၏ ဗျာဒိတ် တော်ကို ဆိုပေအံ့။ ထိုသခင်သည် မိမိ ကောင်းကင် တမန်ကို စေလွှတ် ၍ ၊ မိမိ အစေခံ ကျွန်ယောဟန် အား ဗျာဒိတ် တော် အရိပ်ကို ပြတော်မူ၏။ **၂** ယောဟန် သည်လည်း ဘုရားသခင် ၏ နှုတ်ကပတ် တော်နှင့် ယေရှု ခရစ် ၏ သက်သေခံ တော်မူချက်ကို မြင် သမျှ အတိုင်း သက်သေခံ ၏။ **၃** ကာလ အချိန်ရောက်လုနီး ပြီဖြစ်၍ ၊ ဤ အနာဂတ်တို့ ကျမ်းစကား ကိုကြည့်ရှုဘတ်ရွတ် နားထောင် ၍ ၊ ရေး ထားသမျှတို့ကို စောင့်ရှောက် သော သူတို့သည် မင်္ဂလာ ရှိကြ၏။ **၄** ငါယောဟန် သည် အာရှိ ပြည်၌ ရှိသော အသင်းတော် ခုနှစ် ပါးကို ကြား လိုက်ပါ၏။ ပစ္စုပ္ပန်၊ အတိတ် ၊ အနာဂတ် ကာလအစဉ် ရှိ တော်မူသော ဘုရားသခင် အထံတော်က ၎င်း၊ ပလ္လင် တော်ရှေ့၌ရှိ သော ဝိညာဉ် ခုနှစ် ပါးအထံ ကဌင်း၊ **၅** သစ္စာစောင့် သော သက်သေခံ ဖြစ်တော်မူထသော၊ သေ သောသူတို့တွင် သားဦး ဖြစ်တော်မူထသော၊ လောကီ ဘုရင် တို့၏ အထွဋ်ဖြစ်တော်မူသော ယေရှု ခရစ် အထံတော်က ၎င်း၊ ကျေးဇူး တော်နှင့် ငြိမ်သက် ခြင်းသည်သင် တို့ ၌ရှိပါစေသော။ ငါ တို့ကိုချစ် ၍ မိမိ အသွေး နှင့် ငါ တို့အပြစ် များကို ဆေးကြော တော်မူ၍၊ **၆** မိမိ ခမည်းတော် ဘုရားသခင့် ရှေ့၌ ငါ တို့ကို ရှင်ဘုရင် အရာ၌ဌင်း၊ ယဇ် ပုရောဟိတ်အရာ၌ ခန့်ထား တော်မူသောသူသည်၊ ကမ္ဘာ အဆက်ဆက်ဘုန်း အသရေ၊ အစွမ်း သတ္တိရှိ တော်မူစေသတည်း။ အာမင် ။ **(aiōn g165)** **၇** ကြည့်ရှု လော့။ မိုဃ်းတိမ် နှင့်တကွ ကြွလာ တော်မူသည်ဖြစ်၍ ၊ ကိုယ်တော် ကို ထိုးဖောက် သော သူ တို့နှင့် ရှိသမျှ သောသူတို့သည် ကိုယ်တော် ကို ရှုမြင် ရ ကြလိမ့်မည်။ မြေကြီး သားအမျိုးမျိုး ရှိသမျှ တို့သည် ကိုယ်တော် ကြောင့် ဝိုကြွေး မြည်တမ်းရကြလိမ့်မည်။ မှန် ပေ၏။ အာမင် ။ **၈** ငါ သည် အာလဖ ဖြစ် ၏။ ဩမေဃ လည်း ဖြစ်၏ ဟု အနန္တ တန်ခိုးနှင့်ပြည့်စုံတော်မူ၍ ၊ ပစ္စုပ္ပန် ၊ အတိတ် ၊ အနာဂတ် ကာလအစဉ် ရှိတော်မူသော ထာဝရ အရှင် ဘုရားသခင် မိန့် တော်မူ၏။ **၉** ယေရှု ခရစ်၏ ဆင်းရဲ ခြင်းဒုက္ခမှစ၍ နိုင်ငံ တော်ကိုဌင်း၊ သည်းခံ တော်မူခြင်းကိုဌင်း၊ သင်တို့နှင့်အတူဆက်ဆံသော အဘော်အဘက်က၊ သင် တို့အစ်ကို ငါ ယောဟန် သည်၊ ဘုရားသခင် ၏ နှုတ်ကပတ် နှင့် ယေရှု ခရစ်၏ သက်သေခံ တော်မူချက်ကြောင့်၊ ပတ်မု ကျွန်း မှာ နေ ရစဉ်တွင်၊ **၁၀** သခင် ဘုရားနေ့ ၌ ဝိညာဉ် တော်ကိုခံရ ၍ ၊ တံပိုး ခရာ အသံ ကဲ့သို့ ငါ့ နောက် ၌ မြည်သော အသံကြီး ကို ကြား ၏။ **၁၁** မြည်သောအချက်ဟူမူကား၊ သင်သည်မြင် သော အရာ ကို စာစောင် ၌ ရေး ထား၍၊ ဧဖက် မြို့၊ စမုရန မြို့၊ ပေရဂံ မြို့၊ သွာတိရ မြို့၊ သာဒိ မြို့၊ ဖိလဒေလဖိ မြို့၊ လောဒိကိ မြို့၌ ရှိသော အသင်းတော် ခုနှစ် ပါးထံသို့ပေး လိုက် လော့ဟုဆို သတည်း။ **၁၂** ထိုသို့ ငါ နှင့် စကား ပြော၍ အသံမြည် သော သူ ကိုမြင် ခြင်းငှာငါသည်လှည့်ကြည့် လျှင် ၊ ရွှေ မီးခွက် ခုနှစ် လုံးကိုဌင်း ၊ **၁၃** ထို မီးခွက် ခုနှစ်လုံးအလယ် ၌ လူ သားတော်နှင့် တူ သောသူတစ်ဦးကိုဌင်း မြင် ၏။ ထိုသူသည်ခြေ သို့ တိုင်အောင်ဝတ် ခြုံလျက်၊ ရင် တော်၌ ရွှေ ခါးပန်း ကို စည်း လျက်ဖြစ်၏။ **၁၄** ခေါင်း တော်နှင့် ဆံပင် တော်သည် ဖြူ သော သိုးမွေး ကဲ့သို့ ၎င်း ၊ မိုဃ်းပွင့် ကဲ့သို့ ၎င်းဖြူ ၏။ မျက်စိ တော် သည်လည်း မီး လျှံ ကဲ့သို့ ဖြစ်၏။

၁၅ ခြေ တော်သည်လည်း မီး ၌ ချွတ် ပြီးသော ကြေးဝါ စစ်နှင့် တူ ၏။ အသံ တော်သည်လည်း သမုဒ္ဒရာ သံ ကဲ့သို့ ဖြစ်၏။ ၁၆ လက်ျာ လက် တော်သည်လည်း ကြယ် ခုနှစ် လုံးကို ကိုင် ၏။ ခံတွင်း တော်ထဲက လည်း ထက် သော သန်လျက် ထွက် ၏။ မျက်နှာ တော်သည်အရှိန် တန်ခိုးနှင့် ထွန်းတောက် သောနေ ကဲ့သို့ ဖြစ်၏။ ၁၇ ထိုသူ ကိုငါမြင် သောအခါ ၊ သေ မတတ်ဖြစ်၍ခြေ တော်ရင်း၌ လဲ လျက်နေ၏။ ထိသူ သည်လက်ျာ လက်တော်ကို ငါ့ အပေါ် သို့ တင် လျက် ၊ ကြောက်ရွံ့ ခြင်းမ ရှိနှင့်။ ငါ သည်အဦးဆုံး သောသူ ၊ နောက်ဆုံး သော သူ ဖြစ် ၏။ ၁၈ အသက် ရှင်သောသူ လည်း ဖြစ် ၏။ ငါ သည် အရင်သေ သည် ဖြစ်၍ ၊ ကမ္ဘာ အဆက်ဆက်အသက် နှင့် ပြည့်စုံ၏။ မရဏာ နှင့် မရဏာ နိုင်ငံ ကိုလည်း ငါအစိုးရ ၏။ **(aiōn g165, Hadēs g86)** ၁၉ ထိုကြောင့် ၊ သင်သည်မြင် ပြီးသော အရာ တို့ကိုငင်း ၊ ယခုရှိ သော အရာ တို့ကိုငင်း၊ နောင် ဖြစ် လတ္တံသော အရာ တို့ကိုငင်း ရေး ထားလော့။ ၂၀ ငါ့ လက်ျာ လက်၌ ထင်ရှားသောကြယ် ခုနှစ် လုံးနှင့် ရွှေ မီးခွက် ခုနှစ် လုံး၏ နက်နဲ ခြင်းအရာဟူမူကား ၊ မီးခွက် ခုနှစ် လုံးသည်အသင်းတော် ခုနှစ် ပါးဖြစ် ၏။ ကြယ် ခုနှစ် လုံးသည်လည်း ထို ခုနှစ် ပါးသော အသင်းတော် တို့ကို အုပ်သောတမန် ဖြစ် ကြ၏။

၂ ဧဖက် မြို့၌ ရှိသော အသင်းတော် ၏တမန် ကို ဤသို့ ရေး ၍မှာ လိုက်လော့။ လက်ျာ လက်၌ ကြယ် ခုနစ် လုံးကိုကိုင် ၍၊ ရွှေ မီးခွက် ခုနစ် လုံးအလယ် ၌ သွားလာ သောသူ ၏အမိန့် တော်ကား၊ သင် အကျင့် ကျင့်ခြင်း၊ ပင်ပန်း စွာ လုပ်ဆောင်ခြင်း၊ သည်းခံ ခြင်းကိုငါသိ ၏။ ၂ သင်သည်မတရား သောသူတို့ကို လက် မ ခံနိုင် ကြောင်း ကိုငင်း၊ တမန်တော်မ ဟုတ် ဘဲ၊ တမန်တော် ဖြစ် ယောင်ဆောင်သောသူ တို့ကို စစ်ဆေး ၍ လှည့်ဖြား သော သူဖြစ်သည်ဟု သိ ကြောင်းကိုငင်း ၊ ၃ ခန္တီ နှင့် ပြည့်စုံ ၍။ ငါ ၏နာမ ကြောင့် ဆင်းရဲ ခံ၍ အား မ လျော့ကြောင်းကိုငင်းငါသိ၏။ ၄ သို့သော်လည်း ၊ သင်သည် ရှေးဦးစွာ သော ချစ် ခြင်းမေတ္တာလျော့ပြီ ဟုသင် ၌ အပြစ်တင်စရာရှိ ၏။ ၅ ထိုကြောင့် ၊ သင်သည်မရွေ့လျော့ မှီ ၊ အရင် နေရာ အရပ်ကို အောက်မေ့ လော့၊ နောင်တရ လော့။ ရှေးဦးစွာ သော အကျင့် ကို ကျင့် လော့၊ သို့မဟုတ်သင် ရှိရာ သို့ငါသည်အလျင်အမြန်လာ မည်။ နောင်တ မ ရလျှင် ၊ သင် ၏မီးခွက် ကိုနေရာ မှ ရွှေ့ မည်။ ၆ သို့သော်လည်း ငါမုန်း သောနိကောလ တပည့်တို့၏ အကျင့် ကို သင်လည်း မုန်း သည်ဟု ပြောစရာရှိ ၏။ ၇ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို၊ နား ရှိ သောသူ မည်သည်ကားကြား ပါစေ။ အကြင်သူသည်အောင်မြင် ၏။ ထိုသူသည်ငါ၏ဘုရားသခင် ပရဒိသု ဥယျာဉ်၌ ရှိ သော အသက် ပင် ၏ အသီးကိုစား စေခြင်းငှာအခွင့်ပေး မည်။ ၈ စမုရန မြို့၌ ရှိသော အသင်းတော် ၏ တမန် ကို ဤသို့ ရေး ၍ မှာလိုက်လော့။ အဦးဆုံး သောသူ ၊ နောက်ဆုံး သော သူ တည်းဟူသော၊ အရင်သေ ၍ အသက် ရှင်လျက်ရှိ သော သူ ၏ အမိန့် တော်ကား၊ ၉ သင် အကျင့်ကျင့်ခြင်း၊ ဒုက္ခ ခံခြင်း၊ ဆင်းရဲ ခြင်းကိုငါသိ ၏။ သို့သော်လည်း ၊ သင်သည် ကြွယ်ဝ ပြည့်စုံခြင်း ရှိ ၏။ ယုဒ လူဖြစ် ယောင်ဆောင်၍ ယုဒလူမှန်မ ဟုတ်၊ စာတန် ၏ အပေါင်းအသင်းဖြစ်သော သူတို့၏ ကဲ့ရဲ့ခြင်း ကိုလည်း ငါသိ၏။ ၁၀ သင်သည်ခံရမည့်အရာ တစ်စုံတစ်ခုကိုမျှ မ ကြောက် နှင့်။ သင်တို့သည် စုံစမ်း ခြင်းကိုခံရမည် အကြောင်း ၊ မာရ်နတ် သည် သင် တို့တွင် အချို့ကို ထောင် ထဲ၌ လှောင် ထား၍၊ သင်တို့သည် ဆယ် ရက် ပတ်လုံးဆင်းရဲ ဒုက္ခကိုခံရ

ကြလိမ့်မည်။ သေ သည်တိုင်အောင် သစ္စာစောင့် လော့။ သို့ ဖြစ်လျှင် ၊ အသက် သရဖူ ကို ငါပေး မည်။ ၁၁ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို နား ရှိ သောသူ မည်သည်ကားကြား ပါစေ။ အောင်မြင် သော သူ ကို ဒုတိယ သေ ခြင်းသည် မ ညှဉ်းဆဲ ရ။ ၁၂ ပေရဂံ မြို့၌ ရှိသော အသင်းတော် ၏ တမန် ကို ဤသို့ ရေး ၍ မှာ လိုက်လော့။ ထက် သောသန်လျက် ရှိ သော သူ ၏ အမိန့် တော်ကား၊ ၁၃ သင်အကျင့်ကျင့်ခြင်းကိုငင်း၊ စာတန် ၏ ရာဇပလ္လင် ရှိရာ အရပ် တည်းဟူသောသင်၏နေရာ အရပ် ကိုငင်း ငါသိ ၏။ စာတန် ၏ နေရာ အရပ် ၌ သင် တို့တွင် အသေ သတ်ခြင်းကိုခံရသော အန္တိပ သည် သစ္စာရှိ ၍ ငါ့ ဘက်၌သက်သေခံ ရသောနေ့ရက် ကာလတွင် ပင်၊ သင်သည်ငါ ၏နာမ ကို စွဲကိုင် ၏။ ငါ ၏ယုံကြည် ခြင်းတရားကို မ စွန့် မပယ်။ ၁၄ သို့သော်လည်း ဣသရေလ အမျိုးသား တို့သည် ရုပ်တု ရှေ့မှာ ပူဇော်သောယဇ်ကောင်ကို စား စေခြင်းငှာငင်း ၊ မတရား သော မေထုန်ကို ပြုစေခြင်းငှာငင်း ၊ ထိမိ ၍ လဲစရာအရာကို သူတို့ရှေ့၌ ချထား မည်အကြောင်း၊ ဗာလက် မင်းကိုအကြံ ပေးသောသူ တည်းဟူသောဗာလမ် ၏ အယူ ကို စွဲလမ်း သောသူတို့သည် သင်၏နေရာ ၌ရှိ ကြသည်ဖြစ်၍ ၊ သင် ၌အနည်းငယ်သော အပြစ်တင်စရာရှိ ၏။ ၁၅ ထို အယူနှင့်သဘောတူသော နိကောလ တပည့်တို့၏ အယူ ကို စွဲလမ်း သော သူတို့သည် ထိုနည်းတူ သင် ၌ ရှိ ကြ၏။ ၁၆ ထိုကြောင့် နောင်တရ လော့။ မ ရလျှင် သင် ရှိရာသို့ငါသည် အလျင်အမြန် လာ မည်။ ထိုသူ တို့ကို ငါ့ ခံတွင်း ၏သန်လျက် နှင့် စစ်တိုက် မည်။ ၁၇ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို၊ နား ရှိ သောသူ မည်သည်ကားကြား ပါစေ။ အကြင်သူသည် အောင်မြင် ၏။ ဝှက်ထား သောမန္နာ ကိုငင်း ၊ ကျောက် ဖြူ လက်ဖွဲ့ကိုငင်း၊ ထို ကျောက် ပေါ်၌ အက္ခရာတင် သောနာမ သစ် ကိုငင်း ထိုသူ အား ငါပေး မည်။ ထိုကျောက်ကိုရ သော သူ မှတစ်ပါး အဘယ်သူ မျှ ထိုနာမကို မသိ နိုင်ရာ။ ၁၈ သွာတိရ မြို့၌ ရှိသောအသင်းတော် ၏ တမန် ကို ဤသို့ ရေး ၍ မှာ လိုက်လော့။ မီး လျှံ ကဲ့သို့သော မျက်စိ နှင့်၊ ကြေးဝါ စစ်နှင့်တူ သောခြေ နှင့် ငင်း၊ ပြည့်စုံ သော ဘုရားသခင့် သား တော်၏ အမိန့် တော်ကား၊ ၁၉ သင် အကျင့် ကျင့်ခြင်း၊ ချစ် ခြင်း၊ အမှုဆောင် ခြင်း၊ ယုံကြည် ခြင်း၊ သည်းခံ ခြင်းကိုငင်း နောက် ကျင့် သောအကျင့် တို့သည် အရင် ကျင့်သောအကျင့်ထက် သာ၍များကြောင်းကိုငင်း ငါသိ ၏။ ၂၀ သို့သော်လည်း ၊ ငါ ၏အစေခံ ကျွန်တို့သည် မတရား သော မေထုန်ကို ပြုစေခြင်းငှာငင်း ၊ ရုပ်တု ရှေ့မှာ ပူဇော်သော ယဇ်ကောင်ကို စား စေခြင်းငှာငင်း၊ ပရောဖက်မ ဟူ၍ကိုယ် ကိုခေါ်ဝေါ်သောသင်၏ ခင်ပွန်း ယေဇေဗေလ သည် သွန်သင် ၍ မှားယွင်း စေရသောအခွင့်ကို သင်သည်ပေး သောကြောင့်၊ သင် ၌ အပြစ်တင်စရာ ရှိ ၏။ ၂၁ နောင်တရ သင့်သောကာလ ကို ငါပေး သော်လည်း ၊ သူသည် မိမိ မတရား သောမေထုန်ကို နောင်တရ ချင်သော စိတ်မ ရှိ။ ၂၂ ထိုကြောင့်၊ သူ့ ကိုအိပ်ရာ ၌ ငါချထား မည်။ သူ နှင့်အတူ မတရား သော မေထုန်ကိုပြု၍ ၊ ထိုသို့သောအကျင့် ကိုနောင်တ မ ရသောသူတို့ကိုလည်း၊ ကြီးစွာ သော ဆင်းရဲ ခြင်းသို့ ရောက်စေမည်။ ၂၃ သူ ၏သားသမီး တို့ကိုလည်း အသေ သတ် မည်။ ငါ သည် နှလုံး ကျောက်ကပ် ကို စစ်ဆေး တော်မူသောသူ ဖြစ် ကြောင်းကို ထိုသို့သောအားဖြင့် ခပ်သိမ်း သော အသင်းတော် တို့သည် သိ ရကြလိမ့်မည်။ သင် တို့သည် အသီးအသီး ကျင့်သော

အကျင့် နှင့် အလျောက်အကျိုးအပြစ်ကို ငါပေး မည်။ ၂၄ ထို မိစ္ဆာဒိဋ္ဌိအယူကို ယူသောသူတို့ ခေါ် ဝေါ် သည်နှင့်အညီ ၊ စာတန် ၏ နက်နဲ သောအရာဟုခေါ် ဝေါ် သောအရာတို့ကို မကျွမ်း၊ ထိုမိစ္ဆာဒိဋ္ဌိအယူကိုမယူ၊ ကြွင်း သောသွာတိရ ိုဖြို့သားတို့ကို ငါဆို သည်ကား၊ သင်တို့ သည် ရ သမျှကို ငါ လာ သည်တိုင်အောင် စွဲကိုင် ကြလော့။ ၂၅ ထိုမှတစ်ပါး အခြား သောဝန် ကို သင် တို့အပေါ် ၌ငါ မ တင်။ ၂၆ အကြင်သူ သည်အောင်မြင် ၍ အဆုံး တိုင်အောင် ငါ့ အကျင့် ကိုကျင့် ၏။ ငါ့ ခမည်းတော် သည် ငါ့ အား အခွင့် ပေးတော်မူသကဲ့သို့ ၊ လူမျိုး တို့ကို အုပ်စိုး စေခြင်းငှာထိုသူ အား ငါ သည် အခွင့်ပေးမည်။ ၂၇ ထိုသူသည် သူ တို့ကိုသံ လှံတံ နှင့် အုပ်စိုး ၍ ၊ မြေ အိုး ကိုခွဲဖျက် သကဲ့သို့ ခွဲဖျက်လိမ့်မည်။ ၂၈ မိုဃ်းသောက် ကြယ် ကိုလည်း ထိုသူ အား ငါပေး မည်။ ၂၉ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို နား ရှိ သောသူ မည်သည်ကားကြား ပါစေ။

၃ သာဒိ မြို့၌ ရှိသောအသင်းတော် ၏ တမန် ကို ဤသို့ ရေး ၍ မှာလိုက်လော့။ ဘုရားသခင် ၏ ဝိညာဉ် ခုနစ် ပါးနှင့်ကြယ် ခုနစ် လုံး ရှိ သောသူ ၏အမိန့် တော်ကား၊ သင် ၏အကျင့် ကိုငါသိ ၏။ သင် သည် အသက်ရှင်ဟန် ရှိ သော်လည်း သေ လျက် နေ သည်ကို ငါသိ၏။ ၂ မအိပ်ဘဲစောင့် ၍နေ လော့။ ကျန်ရစ် ၍ သေ လု သောအရာ တို့ ကို ပြုစု လော့။ သင် ၏အကျင့် သည် ငါ ၏ဘုရားသခင် ရှေ့၌မ စုံ မလင်ရှိသည်ကိုငါတွေ့ ပြီ။ ၃ ထိုကြောင့် ၊ သင်သည်ခံယူ ၍ နားထောင် ပြီးသည်အရာကို အောက်မေ့ ၍ စောင့်ရှောက် လော။ နောင်တရ လော့။ စောင့် ၍ မ နေလျှင် သူခိုး ကဲ့သို့ သင်ရှိရာသို့ ငါလာ မည်။ လာ မည့်အချိန် နာရီကိုလည်း သင်မ သိ ရ။ ၄ သို့သော်လည်း ၊ သာဒိ မြို့၌ ပင် သင်တို့တွင် ကိုယ် အဝတ် ကို မ ညစ်ညူး စေသော သူနည်းနည်း ရှိသေး ၏။ ထိုသူတို့သည် ထိုက်တန် သောသူဖြစ် ၍၊ အဖြူ ဝတ်လျက် ငါ နှင့်အတူ သွားလာ ကြလိမ့်မည်။ အောင်မြင် သော သူ သည် ဖြူ သောအဝတ် ကို ဝတ်ဆင် လိမ့်မည်။ ၅ ထိုသူ ၏နာမ ကို အသက် စာစောင် မှ ငါသည် အလျှင်း မ ချေ ။ ငါ့ ခမည်းတော် ရှေ့၌ဌင်း ၊ ကောင်းကင် တမန်တော်တို့ ၌ ဌင်း သူ ၏နာမ ကို ငါဝန်ခံ မည်။ ၆ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို နား ရှိ သောသူ မည်သည်ကားကြား ပါစေ။ ၇ ဖိလဒေလဖိ မြို့၌ ရှိသော အသင်းတော် ၏ တမန် ကိုဤသို့ ရေး ၍ မှာလိုက်လော့။ သန့်ရှင်း သောသူ ၊ ဟုတ်မှန် သောသူ ၊ ဒါဝိဒ် မင်း၏ တံခါးသော့ ကို ကိုင် သော သူ ၊ အဘယ်သူ မျှ မပိတ် နိုင်အောင် ဖွင့် ၍၊ အဘယ်သူ မျှ မဖွင့် နိုင်အောင် ပိတ် သောသူ ၏ အမိန့် တော်ကား။ ၈ သင် ၏အကျင့် ကိုငါသိ ၏။ အဘယ်သူ မျှ မပိတ် နိုင် သောတံခါး ကို သင့် ရှေ့၌ငါဖွင့် ထားပြီ၊ အကြောင်းမူကား ၊ သင်သည်အနည်းငယ် သောခွန်အား ရှိသည် နှင့်၊ ငါ ၏နှုတ်ကပတ် ကို စောင့်ရှောက် ခဲ့ပြီ။ ၉ ငါ ၏နာမ ကိုလည်း မ စွန့် မပယ်။ ယုဒ လူ ဖြစ် ယောင်ဆောင်၍ အမှန် မ ဟုတ်ဘဲ ၊ မုသာ စကားကိုပြော သောသူတည်းဟူသော၊ စာတန် ၏ အပေါင်းအသင်းဝင်သူ အချို့တို့ကို သင်၌ငါအပ်ပေး မည်။ သူ တို့သည်လာ ၍ သင် ၏ခြေ ရင်း၌ ပြပ်ဝပ် စေခြင်းငှာ ၎င်း ၊ ငါ သည်သင့် ကို ချစ် သည်ဟု သိ စေရခြင်းငှာ ၎င်း ငါပြု မည်။ ၁၀ သင်သည် ငါ ၏သည်းခံ ခြင်းနှင့် စပ်ဆိုင်သော နှုတ်ကပတ် တရားကိုစောင့်ရှောက် သောကြောင့် ၊ မြေကြီး အပေါ် ၌နေ သောသူ တို့ကိုစုံစမ်း စေခြင်းငှာ၊ လောကီ

နိုင်ငံအရပ်ရပ် တို့ကို နှံ့ ပြား လတ်သော စုံစမ်း ရာ ကာလ တွင် ၊ သင့် ကိုငါ စောင့်ရှောက် မည်။ ၁၁ ငါသည်အလျင်အမြန် လာ မည်။ သင် ၏ သရဖူ ကို အဘယ်သူ မျှမယူ စေခြင်းငှာ ၊ ရ ခဲ့ပြီးသော အရာ ကို စွဲကိုင် လော့။ ၁၂ အကြင်သူ သည် အောင်မြင် ၏။ ထိုသူ ကို ငါသည်ငါ ၏ဘုရားသခင် ဗိမာန် တော်၌ တိုင် ဖြစ်စေ မည်။ နောင်တဖန် သူသည်ပြင် သို့ မ ရွေ့ ရှ။ ငါ ၏ ဘုရားသခင် နာမ တော်ကိုငင်း ၊ ငါ ၏ဘုရားသခင့် အထံတော် မှ ထွက်၍၊ ကောင်းကင် ဘုံမှ ဆင်းသက် သောယေရုရှလင် မြို့သစ် တည်းဟူသော၊ ငါ ၏ဘုရားသခင် မြို့ တော်၏ နာမ ကိုငင်း၊ ငါ ၏နာမ သစ် ကိုငင်း ၊ ထိုသူ အပေါ် ၌ငါသည် အက္ခရာတင် မည်။ ၁၃ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို နား ရှိ သော သူ မည်သည်ကားကြား ပါစေ။ ၁၄ လောဒိကိ မြို့၌ ရှိသော အသင်းတော် ၏ တမန် ကိုဤသို့ ရေး ၍ မှာလိုက်လော့။ ဘုရားသခင် ၏ ဝေနေယျ သတ္တဝါတို့အထွဋ်ဦး ၊ သစ္စာရှိ ၍ ဟုတ်မှန် သော သက်သေခံ ၊ အာမင် ၏ အမိန့် တော်ကား၊ ၁၅ သင် ၏အကျင့် ကိုငါသိ ၏။ သင်သည် အဧ မ ဟုတ် ၊ အပူ မဟုတ်သည်ကို ငါသိ၏။ ဧ ခြင်းဖြစ်စေ။ ပူ ခြင်းဖြစ်စေ၊ တခုခုကိုငါအလိုရှိ ၏။ ၁၆ ထိုသို့ အဧ မ ဟုတ်၊ အပူ မ ဟုတ်၊ နွေး ရုံရှိ သောကြောင့် ငါ ၏ခံတွင်း သည် သင့် ကိုထွေး လု ပြီ။ ၁၇ သင်ကလည်း၊ ငါသည်ဥစ္စာ ရတတ်၏။ ဘဏ္ဍာ များကိုဆည်းပူးပြီး။ တစ်စုံတစ်ခု ကိုမျှမလို ဟုပြောဆို ၍ ကိုယ်တိုင်ပင်ပန်း ခြင်း၊ သနား ဘွယ်ဖြစ်ခြင်း၊ ဆင်းရဲ ခြင်း၊ မျက်စိ ကန်းခြင်း၊ အဝတ် အချည်းစည်းရှိခြင်း ဖြစ် သည်ကို မ သိ ပါတကား ။ ၁၈ သင်သည်ဥစ္စာ ရတတ်ခြင်းငှာ ၊ မီး နှင့် ချွတ် ပြီးသောရွှေ ကိုငင်း၊ အဝတ် အချည်းစည်းရှိ၍၊ သူတစ်ပါး ရှေ့တွင် မ ရှက် စေခြင်းငှာ ခြုံ စရာဘို့၊ ဖြူ သောအဝတ် ကိုငင်း ငါ့ ထံမှာ ဝယ် လော့။ သင် ၏မျက်စိ မြင် စေခြင်းငှာ ၊ မျက်စိ ၌မျက်စဉ်း ခတ်လော့ဟု သင့် အားငါ သည် အကြံပေး၏။ ၁၉ ငါ ချစ် သမျှ သော သူတို့၏အပြစ်ကိုငါစစ်ဆေး ၍ သူတို့ကိုဆုံးမ တတ်၏။ ထိုကြောင့် ကိုယ် စိတ်ကို ကိုယ်နှိုးဆော်လော့။ နောင်တရ လော့။ ၂၀ ငါ သည်တံခါး ရှေ့ မှာရပ်၍ ခေါက် လျက်နေ၏။ အကြင်သူ သည် ငါ ၏အသံ ကို ကြား ၍ တံခါး ကိုဖွင့် အံ့၊ ထိုသူ ရှိရာ သို့ငါဝင် ၍ သူ နှင့်အတူ စား သောက်မည်။ သူ သည်လည်း ငါ နှင့်အတူ စားသောက်ရလိမ့်မည်။ ၂၁ ငါ သည်အောင်မြင် ၍ ငါ့ ခမည်းတော် ၏ ပလ္လင် တော်ပေါ်မှာ ခမည်းတော် နှင့်အတူ ထိုင် နေသကဲ့သို့ ၊ အောင်မြင် သော သူ သည်ငါ ၏ ပလ္လင် ပေါ်မှာ ငါ နှင့်အတူ ထိုင် နေရသောအခွင့်ကိုငါပေး မည်။ ၂၂ ဝိညာဉ် တော်သည် အသင်းတော် တို့အား အဘယ်သို့ မိန့် တော်မူသည်ကို နား ရှိ သောသူ မည်သည်ကားကြား ပါစေဟုမိန့်တော်မူ၏။

၄ ထိုနောက်မှ ငါကြည့် လျှင် ၊ ကောင်းကင် ၌ တံခါး ဖွင့် ထားလျက်ရှိ၏။ ရှေ့ဦးစွာ ကြား ရသော အသံ ဟူမူကား၊ ဤအရပ် သို့တက် လော့။ နောင် ကာလ၌ ဖြစ် ရ မည်အရာ တို့ကို ငါပြ မည်ဟု ငါ နှင့် ပြော လျက်ရှိ သောတံပိုး ခရာသံ ကဲ့သို့ မြည်လေ၏။ ၂ ထိုအခါဝိညာဉ် တော်ကို ငါ သည်ချက်ခြင်း ခံရ၍၊ ကောင်းကင် ဘုံ၌ ပလ္လင် တစ်ခုတည် လျက်ရှိ၏။ ပလ္လင် ပေါ်မှာ ထိုင် သော သူလည်း ရှိ၏။ ၃ ထိုသူ ၏ အဆင်း အရောင်သည် နဂါးသွဲ့ ကျောက် ၊ ပတ္တမြား ကျောက်နှင့်တူ ၏။ ပလ္လင် ၏ ပတ်ဝန်းကျင် ၌ကား ၊ မြ ကျောက် အဆင်း အရောင်နှင့်တူ သော သက်တံ့ ရှိ၏။ ၄ ထို ပလ္လင် ၏ ပတ်ဝန်းကျင် ၌ အခြားသော ပလ္လင် နှစ်ဆယ် လေး ပလ္လင် ရှိ၏။ ထို ပလ္လင် တို့အပေါ် ၌အသက်ကြီး

သူနှစ်ဆယ် လေး ပါးတို့သည် ဖြူ သောအဝတ် ကို ဝတ်ဆင် လျက်၊ ခေါင်း ပေါ် ၌ ရွှေ သရဖူ ကို ဆောင်းလျက် ထိုင် နေကြ၏။ ၅ ပလ္လင် တော်ထဲက လျှပ်စစ် ပြတ် ၏။ စကားပြော သံ၊ မိုးယံကြိုး သံလည်း မြည်၏။ ပလ္လင် တော်ရှေ့ ၌ ဘုရားသခင် ၏ဝိညာဉ် ခုနစ် ပါးတည်းဟူသောမီးခွက် ခုနစ် လုံးတို့သည် ထွန်း လျက်ရှိ ကြ၏။ ၆ ပလ္လင် တော်ရှေ့ ၌လည်း ၊ ကျောက် သလင်းနှင့် တူ သော ဖန် ရေကန် ရှိ၏။ ပလ္လင် တော်၏အတွင်း ၌ ၎င်း၊ ပတ်ဝန်းကျင် ၌၎င်း၊ မျက်စိ နှင့်တစ်ကိုယ်လုံးပြည့် သော သတ္တဝါ လေး ပါးရှိ၏။ ၇ ပဌမ သတ္တဝါ သည် ခြင်္သေ့ နှင့်တူ ၏။ ဒုတိယ သတ္တဝါ သည် နွား သူငယ်နှင့်တူ ၏။ တတိယ သတ္တဝါ သည် လူ မျက်နှာ ရှိ ၏။ စတုတ္ထ သတ္တဝါ သည် ပျံ လျက်ရှိသော ရွှေလင်းတ နှင့်တူ ၏။ ၈ ထိုသတ္တဝါ လေး ပါးတို့၏ ကိုယ်ပတ်ဝန်းကျင်၌၊ တစ် ပါးတစ် ပါးလျှင် အတောင် ခြောက် ခုစီ ရှိ ၍၊ အတွင်း ၌ မျက်စိ နှင့်ပြည့် ကြ၏။ သူတို့ကလည်း၊ အနန္တ တန်ခိုးနှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန် ၊ အတိတ် ၊ အနာဂတ် ကာလ အစဉ် ရှိတော်မူသော ထာဝရ အရှင်ဘုရားသခင် သည် သန့်ရှင်း တော်မူ၏။ သန့်ရှင်း တော်မူ၏ နေ့ ညဉ့် မပြတ်ငြိမ် ၍ မ နေ ဘဲ ပြောဆို ကြ၏။ ၉ ပလ္လင် တော်ပေါ် မှာ ထိုင် ၍ ကမ္ဘာ အဆက်ဆက် အသက် ရှင်တော်မူသောသူ ၏ ဘုန်း အသရေ ၊ ဂုဏ် ကျေးဇူးတော်ကို ထို သတ္တဝါ တို့သည်ချီးမွမ်း ကြသောအခါ ၊ **(aiōn g165)** ၁၀ အသက်ကြီး သူနှစ်ဆယ် လေး ပါးတို့သည် ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူသောသူ ရှေ့ ၌ ပြပ်ဝပ် လျက် ၊ ကမ္ဘာ အဆက်ဆက် အသက် ရှင် တော်မူသော သူ ကို ကိုးကွယ် လျက် ၊ **(aiōn g165)** ၁၁ အိုထာဝရ ဘုရား၊ ကိုယ်တော် သည် ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်း တော်မူပြီ။ ထိုအရာတို့သည် အလို တော်ကြောင့် ဖြစ်၍ ဖန်ဆင်း လျက်ရှိ ကြပါ၏။ ထိုကြောင့် ၊ ကိုယ်တော် သည်ဘုန်း အသရေ တန်ခိုး တော် ကို ခံစား ထိုက် တော်မူ၏ဟုလျှောက်ဆို ၍၊ ပလ္လင် တော် ရှေ့ ၌ မိမိ တို့သရဖူ များကိုချထား ကြ၏။

၅ ထိုအခါ တစ်ဘက်တစ်ချက် ၌ အကွရာတင် ၍ တံဆိပ် ခုနစ် ချက် ခတ်သော စာစောင် ကို ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူသောသူ ၏ လက်ျာ လက်၌ ငါမြင် ၏။ ၂ အားကြီး သောကောင်းကင် တမန်တစ်ပါးက၊ ထို စာစောင် ကိုဖွင့် ၍ တံဆိပ် တို့ကိုခွာ ခြင်းငှာအဘယ်သူ ထိုက် သနည်းဟု ကြီး သောအသံ နှင့် ကြွေးကြော် လျက်ရှိသည်ကို ငါမြင် ၏။ ၃ ထို စာစောင် ကိုဖွင့် ၍ကြည့် ခြင်းငှာကောင်းကင် ၊ မြေကြီး ၊ မြေကြီး အောက် ၌ အဘယ်သူ မျှမတတ်နိုင် ။ ထို စာစောင် ကိုဖွင့် ၍ ကြည့် ထိုက် သောသူ တစ်ယောက် ကိုမျှ ရှာ၍မတွေ့ သောကြောင့် ၊ ငါသည် များစွာ ငိုကြွေး လေ၏။ ၄ ထိုအခါ အသက်ကြီး သောသူတစ်ပါးက ၊ မ ငိုကြွေး နှင့်၊ ယုဒ အမျိုး ခြင်္သေ့ တည်းဟူသောဒါဝိဒ် ၏။ အမြစ် သည် ထို စာစောင် ကိုဎင်း၊ ၅ တံဆိပ် ခုနစ် ချက်တို့ကိုဎင်း၊ ဖွင့် ခြင်းငှာအောင်မြင် လေပြီဟု ငါ့ ကို ပြောဆို ၏။ ၆ ထိုအခါ ပလ္လင် တော်မှစသော သတ္တဝါ လေး ပါး နှင့် အသက်ကြီး သူ တို့အလယ် ၌ ၊ အသေ သတ်ပြီးသကဲ့သို့ သောသိုးသူငယ် သည် ရပ် လျက်ရှိ သည်ကို ငါမြင် ၏။ ထိုသိုးသူငယ် သည် မြေကြီး တပြင်လုံး ၌ လွှတ် သော ဘုရားသခင် ၏ ဝိညာဉ် ခုနစ် ပါးတည်းဟူသောမျက်စိ ခုနစ် လုံးနှင့် ချို ခုနစ် ချောင်းရှိ ၏။ ၇ သူသည်လာ ၍ ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူသော သူ ၏ လက်ျာ လက်မှ စာစောင်ကို ခံယူ လေ၏။ ၈ ထို စာစောင် ကိုခံယူ သောအခါ

၊ သတ္တဝါ လေး ပါးနှင့် အသက်ကြီး သူနှစ်ဆယ် လေး ပါးတို့သည်၊ သန့်ရှင်း သူ တို့၏ ပဌနာ တည်းဟူသောမီးရှို့ ရာနှုံ့သာပေါင်းနှင့် ပြည့် သော ရွှေ ဖလား တို့ကိုငင်း ၊ စောင်း တို့ကိုငင်း၊ အသီးသီး ကိုင် ၍ သိုးသူငယ် ရှေ့၌ပြပ်ဝပ် လျက်၊ ၉ ကိုယ်တော်သည် အသေ သတ်ခြင်းကို ခံတော်မူသောအားဖြင့် ၊ အသီးအသီး ဘာသာ စကားကို ပြောသော လူ အမျိုး အနွယ် ခပ်သိမ်းတို့အထဲ မှအကျွန်ုပ် တို့ကိုယူ၍၊ အသွေး တော်နှင့် ဘုရားသခင် အဘို့ ရွေးနှုတ် တော်မူ၏။ ၁၀ အကျွန်ုပ် တို့၏ ဘုရားသခင် ရှေ့မှာ၊ ရှင်ဘုရင် အရာ၌ငင်း ၊ ယဇ် ပုရောဟိတ်အရာ၌ငင်း၊ ခန့်ထား ၍ ၊ မြေကြီး ပေါ်မှာ စိုးစံ ရသော အခွင့်ကိုပေးတော်မူ၏။ ထိုကြောင့်၊ ကိုယ်တော်သည် စာစောင် ကို ခံယူ ၍တံဆိပ် တို့ကို ဖွင့် ထိုက် တော်မူ၏ဟု အသစ် သောသီချင်း ကိုသီ ၍ လျှောက်ဆို ကြ၏။ ၁၁ ထိုအခါ ငါကြည့် ၍ ပလ္လင် တော်မှစသော သတ္တဝါ တို့နှင့် အသက်ကြီး သူ တို့၏ ပတ်ဝန်းကျင် ၌ ကုဋေ သန်း မက အတိုင်းမသိ များစွာ သော ကောင်းကင် တမန် တို့၏ အသံ ကို ငါကြား ၏။ ၁၂ ထိုသူတို့ကလည်း၊ အသေ သတ်ခြင်းကိုခံ ခဲ့ပြီးသော သိုးသူငယ် သည်၊ တန်ခိုး ၊ စည်းစိမ် ၊ ပညာ ၊ အစွမ်း သတ္တိ၊ ဂုဏ် အသရေ၊ ဘုန်း အာနုဘော်၊ ကောင်းကြီး မင်္ဂလာကိုခံထိုက် တော်မူ၏ဟု ကြီး သောအသံ နှင့် ပြောဆို ကြ၏။ ၁၃ ကောင်းကင် ၊ မြေကြီး ၊ မြေကြီး အောက် ၊ သမုဒ္ဒရာ အထဲ ၊ အရုပ်ရုပ်တို့ ၌ ရှိရှိသမျှ သော ဝေနေယျ သတ္တဝါ အပေါင်း တို့က၊ ပလ္လင် တော်ပေါ်မှာ ထိုင် တော်မူသောသူ နှင့် သိုးသူငယ် သည် ကမ္ဘာ အဆက်ဆက်ကောင်းကြီး မင်္ဂလာ၊ ဂုဏ် အသရေ၊ ဘုန်း အာနုဘော်၊ အစွမ်း သတ္တိရှိတော်မူစေသတည်းဟု ပြောဆို ကြသည်ကို ငါကြား လေ၏။ **(aiōn g165)** ၁၄ သတ္တဝါ လေး ပါးတို့ကလည်း အာမင် ဟုခေါ်ဝေါ် ကြ၏။ အသက်ကြီး သူ တို့သည်လည်း ပြပ်ဝပ် ၍ ကိုးကွယ် ကြ၏။

၆ သိုးသူငယ် သည် တံဆိပ် ခုနစ် ချက်တွင် တစ် ချက်ကိုဖွင့် သောအခါ ငါကြည့် လျှင် ၊ မိုဃ်းကြိုး သံ မြည် သကဲ့သို့ ၊ သတ္တဝါ လေး ပါးတွင် တစ်ပါး က၊ လာ ၍ ကြည့်လော့ဟု ဆို သည်ကို ငါကြား ၏။ ၂ ထိုအခါ ငါကြည့် လျှင် ၊ မြင်း ဖြူ တစ်စီးရှိ ၏။ မြင်း စီး သောသူ သည် လေး ကိုကိုင် ၏။ သူ ၌သရဖူ ကို ပေး တော်မူ၏။ အောင်မြင် လျက်၎င်း ၊ အောင်မြင် ခြင်းငှာ ၎င်း ထွက်သွား ၏။ ၃ ဒုတိယ တံဆိပ် ကိုဖွင့် သောအခါ ၊ ဒုတိယ သတ္တဝါ က၊ လာ ၍ကြည့်လော့ဟုဆို သည်ကို ငါကြား ၏။ ၄ ထိုအခါ မြင်း နီ တစ်စီးထွက် ၍၊ စီး သောသူ သည် ငြိမ်ဝပ် ခြင်းကို မြေကြီး က ရုပ်သိမ်း ခြင်းငှာ၎င်း ၊ မြေကြီး သားတို့ကို အချင်းချင်း အသေ သတ်စေခြင်းငှာ ၎င်း အခွင့် ရ၏။ သူ ၌ခါး ကြီး ကိုပေး တော်မူ၏။ ၅ တတိယ တံဆိပ် ကိုဖွင့် သောအခါ ၊ တတိယ သတ္တဝါ က၊ လာ ၍ကြည့်လော့ဟု ဆို သည်ကို ငါကြား ၏။ ထိုအခါ ငါကြည့် လျှင် မြင်း နက် တစ်စီးရှိ ၏။ မြင်း စီး သောသူ သည် ချိန်ခွင် ကိုကိုင် ၏။ ၆ သတ္တဝါ လေး ပါးအလယ် ၌ ပြောသံ ဟူမူကား၊ ဒေနာရိ တစ်ပြားနှင့် ဂျုံဆန် တစ်ခွက် ကိုရ၏။ မုယော ဆန် သုံး ခွက် ကိုရ၏။ ဆီ နှင့် စပျစ်ရည် ကို မ ပျက် စေနှင့် ဟုဆို သည်ကိုငါကြား ၏။ ၇ စတုတ္ထ တံဆိပ် ကိုဖွင့် သောအခါ ၊ စတုတ္ထ သတ္တဝါ က၊ လာ ၍ ကြည့်လော့ဟုဆို သည်ကို ငါကြား ၏။ ၈ ထိုအခါ ငါကြည့် လျှင် ၊ မြင်း မဲ့ တစ်စီးရှိ ၏။ မြင်း စီး သောသူ သည် မရဏာ ဟူသောအမည် ရှိ ၏။ မရဏာ နိုင်ငံသည် ထိုသူ နောက် သို့ လိုက်လေ၏။ သူသည် မြေကြီး လေး စိတ်တစ်စိတ်ကို

အစိုးရ ၍ ဓါး ဘေး၊ မွတ်သိပ် ခြင်းဘေး၊ နာ ၍သေဘေး၊ မြေ သားရဲ ဘေးအားဖြင့် သတ် ပိုင် သော အခွင့်ကိုရ ၏။

(Hadēs g86) ၉ ပဉ္စမ တံဆိပ် ကိုဖွင့် သောအခါ ၊ ဘုရားသခင် ၏ နှုတ်ကပတ် တော်ကြောင့် ၎င်း ၊ မိမိတို့သက်သေခံ ချက်ကြောင့် ၎င်း၊ အသေ သတ်ခြင်းကိုခံရသောသူ တို့၏ ဝိညာဉ် များကို ယဇ်ပလ္လင် အောက် ၌ ငါမြင် ၏။ ၁၀ သူတို့ကလည်း ၊ သန့်ရှင်း ဟုတ်မှန် ၍ အစိုးပိုင်တော်မူသောအရှင် ၊ မြေ ပေါ်မှာ နေ သော သူ တို့သည် ငါ တို့အသွေး ကို သွန်းကြသော အပြစ်နှင့်အလျောက် ဒဏ် မ ပေးဘဲ အဘယ်မျှလောက်ကာလပတ်လုံးနေ တော်မူမည်နည်းဟုကြီးမား သော အသံ နှင့် ကြွေးကြော် ကြ၏။ ၁၁ ထိုသူ တို့ ၌ဖြူ သောဝတ်လုံ ကို ပေး တော်မူ၏။ သူ တို့နည်းတူ အသေ သတ်ခြင်းကိုခံရလတံ့ သော မိမိ လုပ်ဘော် ဆောင်ဘက်ညီအစ်ကို တို့သည် ပြည့်စုံ ခြင်းသို့မ ရောက်မှီ၊ ခဏ ငြိမ်သက် စွာ နေရကြဦး မည်ဟု သူ တို့အားမိန့် တော်မူ၏။ ၁၂ ဆဋ္ဌမ တံဆိပ် ကိုဖွင့် သောအခါ ငါကြည့် လျှင် ကြီးစွာ သော မြေလှုပ် ခြင်းဖြစ် ၏။ နေ သည်အမွေး ဖြင့် ရက်သောအဝတ် ကြမ်းကဲ့သို့ မည်း ၏။ လ အလုံး သည် အသွေး ကဲ့သို့ ဖြစ် ၏။ ၁၃ သဘော် သဖန်းပင်ကို ပြင်းစွာ သော လေ တိုက် လျှင်၊ အချိန် မတန်သော အသီးကြွေ သကဲ့သို့ ၊ ကောင်းကင် ကြယ် တို့သည် မြေ ပေါ်သို့ ကျ ကြ၏။ ၁၄ မိုဃ်း ကောင်းကင်သည် စာစောင် လိပ် သကဲ့သို့ လွှင့် သွား၏။ တောင် များ၊ ကျွန်း များအပေါင်း တို့သည် မိမိ တို့နေရာ အရပ်မှ ရွေ့ ကြ၏။ ၁၅ လောကီ ဘုရင် ၊ မှူးမတ် ၊ စစ်သူကြီး ၊ သူဌေး ၊ သူကြွယ်၊ ခွန်အား ကြီးသောသူ မှစ၍ ကျွန် များ၊ လူ လွတ် များအပေါင်း တို့သည် မြေတွင်း ၌ ၎င်း ၊ တောင် ပေါ်မှာရှိသော ကျောက် များ၌ ၎င်း၊ ပုန်းရှောင် လျက်နေ၍၊ ထိုတောင် များ၊ ကျောက် များတို့ကို ခေါ် လျက် ၊ ၁၆ ငါ တို့အပေါ်သို့ ကျ ကြပါ။ ပလ္လင် ပေါ်မှာ ထိုင် တော်မူသောသူ ၏ မျက်နှာ နှင့် သိုးသူငယ် ၏ အမျက် တော်ကို ကွယ်ကာ၍ ၊ ငါ တို့ကိုဖုံးအုပ် ကြပါ။ ၁၇ အမျက် တော် ထင်ရှားသောနေ့ ကြီး ရောက် ပါပြီ တကား။ အဘယ်သူ သည် ခံရပ် နိုင် မည်နည်းဟု ပြောဆိုကြ၏။

၇ ထို နောက်မှ မြေကြီး ၊ ပင်လယ် ၊ သစ်ပင် များ တို့ ၌ လေ မ လာ စေခြင်းငှာ ၊ ကောင်းကင်တမန် လေး ပါးတို့သည် မြေ ၏ လေး မျက်နှာလေ တို့ကိုကိုင် ၍၊ မြေ လေး မျက်နှာ ၌ ရပ် နေသည်ကို ငါမြင် ၏။ ၂ အသက် ရှင်တော်မူသော ဘုရားသခင် ၏ တံဆိပ် ပါ သော ကောင်းကင်တမန် တစ်ပါး သည် အရှေ့ မျက်နှာ က တက်လာ သည်ကို ငါမြင် ၏။ သူသည်လည်း မြေ နှင့် ပင်လယ် ကိုညှင်းဆဲ ရသောအခွင့် ရှိသော ကောင်းကင်တမန် လေး ပါးကိုအသံ လွှင့် ၍၊ ၃ ငါ တို့ဘုရားသခင် ၏ ကျွန် တို့ကိုနဖူး ၌ တံဆိပ် မ ခတ်မှီ တိုင်အောင်၊ မြေ ၊ ပင်လယ် ၊ သစ်ပင် တို့ကို မ ညှင်းဆဲ ပါနှင့်ဟုကြီးသောအသံနှင့် ကြွေးကြော် လေ၏။ ၄ တံဆိပ် ခတ်ခြင်းကိုခံရသောသူ အရေအတွက် ကို ငါကြား ၍ ၊ ဣသရေလ အမျိုးသား တို့၌ အသီးသီး သော အမျိုးအနွယ် ထဲက လူတစ်သိန်း လေးသောင်းလေးထောင်တို့သည် တံဆိပ် ခတ်ခြင်းကိုခံရကြ၏။ ၅ ယုဒ အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ရုဗင် အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ဂဒ် အမျိုး ထဲက တစ်သောင်း နှစ်ထောင်။ ၆ အာရှာ အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ နဿလိ အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ မနာရှေ အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ၇ ရှိမောင် အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊

လေဝိ အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ဣသခါ အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ၈ ဇာဗုလုန် အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ယောသပ် အမျိုး ထဲက တစ်သောင်း နှစ်ထောင်၊ ဗင်္ယာမိန် အမျိုး ထဲက တစ်သောင်း နှစ်ထောင်တို့သည် တံဆိပ် ခတ် ခြင်းကိုခံရကြ၏။ ၉ ထို့နောက်မှ ငါကြည့် လျှင်၊ အသီးအသီးဘာသာ စကားကို ပြောသော လူ အမျိုးအနွယ် ခပ်သိမ်း တို့ အထဲ မှထွက်၍၊ အဘယ်သူ မျှ မရေတွက် နိုင် သော လူ များ အပေါင်းတို့သည် ဖြူ သော ဝတ်လုံ ကို ဝတ်ဆင် လျက်၊ စွန်ပလွံ ခက်ကိုကိုင် လျက်၊ ပလ္လင် တော်ရှေ့၊ သိုးသူငယ် ရှေ့မှာရပ် နေကြ၏။ ၁၀ သူတို့ကလည်း ၊ ပလ္လင် ပေါ်မှာ ထိုင် တော်မူသော ငါ တို့၏ ဘုရားသခင် နှင့် သိုးသူငယ် သည် ကယ်တင် တော်မူခြင်းချမ်းသာရှိတော်မူစေသတည်းဟု ကြီး သော အသံ နှင့်ကြွေးကြော် ကြ၏။ ၁၁ ပလ္လင် တော်မှစသော အသက်ကြီး သူ တို့နှင့် သတ္တဝါ လေး ပါး၏ ပတ်ဝန်းကျင် ၌ ရပ် နေသော ကောင်းကင်တမန် အပေါင်း တို့သည်၊ ပလ္လင် တော်ရှေ့ မှာ ပြပ်ဝပ် ၍ ဘုရားသခင် ကို ကိုးကွယ် လျက် ၊ ၁၂ အာမင် ။ ငါ တို့၏ ဘုရားသခင် သည် ကမ္ဘာ အဆက်ဆက်ကောင်းကြီး မင်္ဂလာ၊ ဘုန်း ၊ ပညာ နှင့်တကွ ကျေးဇူး ချီးမွမ်းခြင်း၊ ဂုဏ် အသရေ၊ တန်ခိုး သတ္တိ ရှိတော်မူစေသတည်း။ အာမင် ဟုပြောဆို ကြ၏။ **(aiōn g165)** ၁၃ အသက်ကြီး သူ တစ်ပါး က လည်း ၊ ဖြူ သော ဝတ်လုံ ကို ဝတ်ဆင် သော ဤ သူ တို့သည် အဘယ်သူ နည်း။ အဘယ် အရပ်က လာ ကြသနည်းဟု ငါ အားမေးမြန်း လျှင်၊ ၁၄ ငါ က၊ သခင် ၊ ကိုယ်တော် သိ ပါ၏ဟု ပြန် လျှောက်၏။ သူကလည်း ၊ ဤ သူတို့သည် ကြီးစွာ သော ဆင်းရဲ ဒုက္ခအထဲ ကထွက်မြောက် ၍၊ မိမိ တို့ဝတ်လုံ ကို သိုးသူငယ် ၏ အသွေး ၌ လျှော် ၍ ဖြူ စေသော သူဖြစ် ကြ သတည်း။ ၁၅ ထိုကြောင့် ၊ ဘုရားသခင် ၏ ပလ္လင် တော်ရှေ့ မှာ နေရာကိုရ ၍၊ ဗိမာန် တော်၌ ဘုရား ဝတ်ကိုနေ့ ညဉ့် မပြတ်ပြုရကြ၏။ ပလ္လင် ပေါ်မှာ ထိုင် တော်မူသော သူ သည် သူ တို့တွင် ကျိန်းဝပ် တော်မူမည်။ ၁၆ သူတို့သည် နောက် တဖန် ရေ စာကို မ ငတ်မွတ်ရ ကြ။ နေရောင်ခြည် အလျှင်းမ ထိ ရ။ အဘယ် အပူ ကိုမျှ မခံရကြ။ ၁၇ အကြောင်းမူကား ၊ ပလ္လင် တော်အတွင်း ၌ ရှိသောသိုးသူငယ် သည် သူ တို့ကို လုပ်ကျွေး ၍ ၊ အသက် စမ်း ရေ တွင်း သို့ လမ်းပြ လိမ့်မည်။ ဘုရားသခင် သည်လည်း သူ တို့မျက်စိ ၌ မျက်ရည် ရှိသမျှ တို့ကို သုတ် တော်မူမည်ဟုဆို လေ၏။

၈ သတ္တမ တံဆိပ် ကိုဖွင့် သောအခါ ၊ ကောင်းကင် ဘုံ၌ နာရီဝက် မျှ တိတ်ဆိတ် စွာ နေ ကြ၏။ ၂ ဘုရားသခင့် ရှေ့ တော်၌ ရပ် နေသောကောင်းကင်တမန် ခုနစ် ပါးကို ငါမြင် ၏။ သူ တို့ ၌ တံပိုး ခုနစ် လုံးကို ပေး ၏။ ၃ ကောင်းကင်တမန် တစ်ပါး သည်လာ ၍ ရွှေ လင်ပန်း ကို ကိုင် လျက် ယဇ်ပလ္လင် နား မှာရပ် နေ၏။ ပလ္လင် တော်ရှေ့၌ရှိသော ရွှေ ယဇ်ပလ္လင် ပေါ်မှာ သန့်ရှင်း သူ အပေါင်း တို့၏ ပဌနာ နှင့်အတူ ဆက်ကပ် ခြင်းငှာ ၊ မီးရှို့ သောနံ့သာပေါင်းအများ ကို ထိုသူ ၌ပေး ၏။ ၄ မီးရှို့ သော နံ့သာပေါင်း၏ အခိုးအငွေ့ သည် သန့်ရှင်း သူ တို့၏ ပဌနာ များနှင့်အတူ ကောင်းကင် တမန်၏ လက် ထဲက ဘုရားသခင့် ရှေ့ တော်သို့ တက် လေ၏။ ၅ ကောင်းကင်တမန် သည် လင်ပန်း ကိုယူ ၍ ယဇ်ပလ္လင် ၏ မီး နှင့် ပြည့် စေပြီးမှ ၊ မြေကြီး အပေါ် သို့ ချ လိုက် သည်ဖြစ်၍ ၊ အသံမြည် ခြင်း၊ မိုးယံချုန်း ခြင်း၊ လျှပ်စစ် ပြက်ခြင်း၊ မြေကြီး လှုပ်ခြင်းဖြစ် ကြ၏။ ၆ တံပိုး ခုနစ် လုံးရှိ သော ကောင်းကင်တမန် ခုနစ် ပါးတို့သည် မှုတ် အံ့သောငှာ မိမိ တို့ကို

ပြင်ဆင် ကြ၏။ ၇ ပဌမ သူ သည် တံပိုး မှုတ်သောအခါ မိုဃ်းသီး ဖြစ် ၏။ အသွေး နှင့် ရောနှော သော မီး လည်း ဖြစ်၏။ မြေကြီး အပေါ် သို့ ချ လိုက်၍ ၊ မြေ သုံးစု တစ်စု၊ သစ်ပင် သုံးစု တစ်စု၊ စိမ်း သော မြက်ပင် ရှိသမျှ တို့ကို လောင်ကျွမ်း လေ၏။ ၈ ဒုတိယ ကောင်းကင်တမန် သည် တံပိုး မှုတ်သောအခါ ၊ မီး လောင် သော တောင် ကြီး ကို ပင်လယ် ထဲသို့ ချ လိုက်သကဲ့သို့ ဖြစ်၍ ၊ ပင်လယ် သုံးစု တစ်စုသည်အသွေး ဖြစ် ၏။ ၉ ပင်လယ် ၌ အသက်ရှင်သော သတ္တဝါ သုံးစု တစ်စုလည်း သေ ၏။ သင်္ဘော သုံးစု တစ်စုလည်း ပျက် ၏။ ၁၀ တတိယ ကောင်းကင်တမန် သည် တံပိုး မှုတ်သောအခါ ၊ မီးခွက် ကဲ့သို့ ထွန်းတောက် သော ကြယ် ကြီး သည် ကောင်းကင် က ကျ ၍ ၊ မြစ် သုံးစု တစ်စုသို့ ၎င်း၊ စမ်း ရေ တွင်းသို့ ၎င်း ရောက် ၏။ ၁၁ ထိုကြယ် သည် ဒေါနရွက် ဟူသောအမည် ရှိ ၏။ ရေ သုံးစု တစ်စုသည်ဒေါနရွက် ဖြစ် ၍ ရေ ခါး သောကြောင့် ၊ လူ အများ တို့သည် သေ ကြ၏။ ၁၂ စတုတ္ထ ကောင်းကင်တမန် သည် တံပိုး မှုတ်သောအခါ ၊ နေ သုံးစု တစ်စု၊ လ သုံးစု တစ်စု၊ ကြယ် သုံးစု တစ်စုကြတ် ၍ သုံးစု တစ်စုမိုက် လေ၏။ နေ့ သုံးစု တစ်စု၊ ည၌ သုံးစုတစ်စုသည် အလင်း မ ရှိ၊ ၁၃ ထိုအခါ ငါကြည့် လျှင် ၊ ရွှေလင်းတ တ ကောင်က၊ ကြွင်း သေးသော ကောင်းကင်တမန် သုံး ပါးမှုတ် လု လတံ့သော တံပိုး သံ ကြောင့် မြေကြီး သားတို့သည် အမင်္ဂလာ ၊ အမင်္ဂလာ ၊ အမင်္ဂလာ ရှိကြ၏ဟု ကောင်းကင် အလယ်၌ ပျံဝဲ ၍ကြီး သောအသံ နှင့် ဆို သည်ကိုငါကြား ၏။

၉ ပဉ္စမ ကောင်းကင်တမန် သည် တံပိုး မှုတ်သောအခါ ၊ ကြယ် တစ်လုံးသည် ကောင်းကင် က မြေကြီး ပေါ် သို့ ကျ သည်ကို ငါမြင် ၏။ သူ ၌အနက်ဆုံး သော တွင်း ၏ သော့ ကို အပ်ပေး သည်ဖြစ်၍ ၊ **(Abyssos g12)** ၂ သူသည်အနက်ဆုံး သော တွင်း ကိုဖွင့် လျှင် ၊ ကြီးစွာ သော မီးဖို ၏ အခိုး ကဲ့သို့သော အခိုး သည် တွင်း ထဲက တက် လေ၏။ ထိုတွင်း ၏ မီးခိုး ကြောင့် ၊ နေ နှင့် အာကာသ ကောင်းကင်သည် မှောင်မိုက် လေ၏။ **(Abyssos g12)** ၃ ကျိုင်းကောင် တို့သည် မီးခိုး အထဲ ကမြေကြီး အပေါ် သို့ ထွက် ၍ မြေ ကင်းမြီးကောက် တန်ခိုး ကဲ့သို့သော တန်ခိုး ကိုရ ကြ၏။ ၄ မြေ ၏မြက်ပင် မှစ၍ စိမ်း သောအရာများ၊ သစ်ပင် များအပေါင်း တို့ကို ထား၍၊ နဖူး ၌ ဘုရားသခင် တံဆိပ် ခတ်ခြင်းကို မ ခံ သော လူ တို့ကိုညှဉ်းဆဲ မည် အကြောင်း သူ တို့အား ပညတ် ထား၏။ ၅ တံဆိပ်ခတ်ခြင်းကို မခံသောသူတို့ကိုကား သတ်ရသောအခွင့်မရှိ။ ငါး လ ပတ်လုံးပြင်းစွာ သော ဝေဒနာ ဖြစ်စေသော အခွင့်ရှိ၏။ ထိုကျိုင်းကောင်ဖြစ်စေသော ဝေဒနာသည်ကား၊ ကင်းမြီးကောက် သည် လူ ကိုထိုး သော ဝေဒနာ ကဲ့သို့ ဖြစ်သတည်း။ ၆ ထို နေ့ရက် ကာလ၌ လူ တို့သည် သေ ခြင်းကို ရှာ ကြလိမ့်မည်။ ရှာသော်လည်းမ တွေ့ ရကြ။ အလွန် သေ ချင် သော်လည်း သေမင်း သည် သူ တို့ထံမှ ပြေးသွား လိမ့်မည်။ ၇ ထိုကျိုင်းကောင် တို့၏ အဆင်း သဏ္ဌာန်သည် စစ်တိုက် ခြင်းငှာ ပြင်ဆင် သောမြင်း ၏ အဆင်းသဏ္ဌာန် နှင့် တူ၏။ ခေါင်း ပေါ် မှာ ရွှေ သရဖူ ကို ဆောင်းဟန်ရှိ၏။ မျက်နှာ သည်လူ မျက်နှာ ကဲ့သို့ ဖြစ်၏။ ၈ ဆံပင် သည်မိန်းမ ဆံပင် ကဲ့သို့ ဖြစ် ၏။ သွား သည်လည်း ခြင်္သေ့ သွားကဲ့သို့ ဖြစ် ၏။ ၉ ရင်အုပ် တန်ဆာသည် သံ ရင်အုပ် တန်ဆာကဲ့သို့ ဖြစ် ၏။ အတောင် ခတ်သော အသံ သည် စစ်တိုက် ၍ ပြေးလာ သော မြင်း ရထား အများ ၏ အသံ ကဲ့သို့ ဖြစ်၏။ ၁၀ အမြီး သည် ကင်းမြီးကောက် နှင့် တူ ၏။ အမြီး ၌ လည်း ဆူး ရှိ၏။ လူ တို့ကို ငါး လ

ပတ်လုံးညှဉ်းဆဲ ရသော အခွင့် တန်ခိုးရှိ၏။ ၁၁ သူ တို့၏ ရှင်ဘုရင် မူကား ၊ ဟေဖြဲ ဘာသာအားဖြင့်အဗဒ္ဒန် ဟူ၍ဂင်း၊ ဟေလသ ဘာသာအားဖြင့် အပေါ်လျှန် ဟူ၍ဂင်း ခေါ်ဝေါ် သော အနက်ဆုံး သောတွင်း တမန် ဖြစ် ၏။ **(Abyssos g12)** ၁၂ အမင်္ဂလာ တစ်ပါး လွန် ပြီ။ ထိုနောက်မှ အမင်္ဂလာ နှစ် ပါးလာ လေဦး မည်။ ၁၃ ဆဋ္ဌမ ကောင်းကင်တမန် သည် တံပိုး မှုတ်သောအခါ ၊ ဘုရားသခင် ရှေ့ တော်၌ရှိသော ရွှေ ယဇ်ပလ္လင် ၏ ချို လေး ချောင်းထဲက ထွက်သော အသံ ကား၊ ၁၄ ဥဖရတ် မြစ် ကြီး နား မှာ ချည်နှောင် လျက်ရှိသော ကောင်းကင်တမန် လေး ပါးကို လွှတ် လော့ဟု တံပိုး ရှိ သော ဆဋ္ဌမ ကောင်းကင်တမန် အား ဆို သည်ကို ငါကြား ၏။ ၁၅ ထိုအခါ လူ သုံးစု တစ်စုကို အသေ သတ်ခြင်းငှာ ။ တစ်နာရီ ၊ တစ်ရက် ၊ တစ်လ ၊ တစ်နှစ် အဘို့ ပြင်ဆင် သော ကောင်းကင်တမန် လေး ပါးတို့ကို လွှတ် လေ၏။ ၁၆ မြင်း စီးသူရဲ တို့၏ အရေအတွက် ကား ၊ နှစ်သန်း၌ဖြစ်၏။ ထို အရေအတွက် ကို ငါကြား ရ၏။ ၁၇ ထိုအတူ ဗျာဒိတ် ရူပါရုံ၌ ထင်ရှားသော မြင်း တို့ကိုဂင်း၊ ကန့် ၊ မီး ၊ ဗာကိန္သျကျောက်နှင့်ပြီးသော ရင်အုပ် တန်ဆာရှိ သောမြင်းစီး သူရဲ တို့ကိုဂင်း ငါမြင် ရ၏။ မြင်း တို့၏ ခေါင်း သည်ခြင်္သေ့ ခေါင်း ကဲ့သို့ ဖြစ်၏။ သူ တို့၏ ခံတွင်း ထဲက လည်း ကန့် ၊ မီးလျှံ ၊ မီးခိုး ထွက် ကြ၏။ ၁၈ သူ တို့၏ခံတွင်း ထဲက ထွက် သော ကန့် ၊ မီးလျှံ ၊ မီးခိုး တည်းဟူသောဘေး သုံး ပါးကြောင့် ၊ လူ သုံးစုတစု သေ ကြ၏။ ၁၉ အကြောင်းမူကား ၊ သူ တို့တန်ခိုး သည် ခံတွင်း ၌ ၎င်း ၊ အမြီး ၌ ၎င်းတည် ၏။ အမြီး သည် ခေါင်း နှင့် ပြည့်စုံ ၍ မြွေ နှင့်တူ ၏ ။အမြီးအားဖြင့် ညှင်းဆဲ တတ်ကြ၏။ ၂၀ ထို ဘေးဒဏ် ကြောင့် မ သေ ဘဲကြွင်း သော လူ တို့သည် နတ် တို့ကိုဂင်း၊ မ မြင် နိုင် ၊ မ ကြား နိုင်၊ မ သွားလာ နိုင်သောရွှေ ရုပ်တု ၊ ငွေ ရုပ်တု၊ ကြေးနီ ရုပ်တု၊ ကျောက် ရုပ်တု၊ သစ်သား ရုပ်တုတို့ကိုဂင်း မ ကိုးကွယ် ဘဲ နေခြင်းငှာ ၊ ကိုယ် လက် နှင့် လုပ် သော အရာများကို နောင်တ မ ရဘဲနေကြ၏။ ၂၁ ကိုယ်ကျင့်သော အကျင့်တည်းဟူသောလူ အသက်ကို သတ်ခြင်း၊ သူတစ်ပါး ကိုပြုစား ခြင်း ၊ မတရား သောမေထုန်၌မှီဝဲခြင်း ၊ သူ့ ဥစ္စာ ကိုခိုးခြင်း ၊ အမှုများကို လည်း နောင်တ မ ရဘဲနေကြ၏။

၁၀ ခွန်အား ကြီးသော ကောင်းကင်တမန် တစ်ပါး သည် မိုးတိမ် ကို ဝတ် လျက်၊ ကောင်းကင် က ဆင်းသက် သည်ကို ငါမြင် ၏။ သူ ၏ခေါင်း ပေါ်၌ သက်တံ ရှိ၏။ သူ ၏ မျက်နှာ သည်နေ ကဲ့သို့ ဖြစ်၏။ သူ ၏ ခြေ သည်လည်း မီးခဲ တိုင် ကဲ့သို့ ဖြစ်၏။ ၂ ဖွင့် ထားသော စာစောင် ငယ်ကိုကိုင် လျက်ရှိ ၏။ လက်ျာ ခြေ သည်ပင်လယ် ပေါ် မှာ ၎င်း ၊ လက်ဝဲ ခြေသည် မြေကြီး ပေါ် မှာ နင်း ၍ ၊ ၃ ခြင်္သေ့ ဟောက် သကဲ့သို့ ကြီး သောအသံ နှင့် ကြွေးကြော် လေ၏။ ကြွေးကြော် ပြီးမှ မိုဃ်းကြိုး သံ ခုနစ် ချက်မြည် လေ၏။ ၄ မိုဃ်းကြိုး သံ ခုနစ် ချက်မြည် ပြီးမှ ငါသည်ရေးမှတ် မည်ဟု အားထုတ် သော် ၊ ကောင်းကင် မှ ထွက်သော အသံ ကား၊ မိုဃ်းကြိုး သံခုနစ် ချက်မြည် သောအရာ ကို တံဆိပ် ခတ်လော့။ မ ရေး မမှတ်နှင့်ဟု ဆို သည်ကို ငါကြား ၏။ ၅ ထိုအခါ ငါမြင် ၍ မြေ နှင့် ပင်လယ် ပေါ် မှာ ရပ် နေသော ကောင်းကင်တမန် သည်၊ လက်ျာ လက် ကို ကောင်းကင် သို့ ချီ ပြီးလျှင်၊ ၆ ဘုရားသခင် ၏ ကျွန် တော်မျိုးပရောဖက် တို့အား ဝမ်းမြောက် စရာသိတင်းကို ဗျာဒိတ်ထားတော်မူသည် နှင့်စပ်ဆိုင်သော ဘုရားသခင် ၏ နက်နဲ သောအရာ သည်၊ ကာလ မ နှေး ဘဲ သတ္တမ ကောင်းကင်တမန် တံပိုး မှုတ်ခြင်း အသံ မြည်သော နေ့ရက် ကာလ၌ ပြည့်စုံ ခြင်းသို့

ရောက်မည်ဟုကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ ကို၎င်း ၊ အရပ်ရပ်၌ရှိရှိသမျှတို့ကို၎င်း၊ **(aiōn g165)** ၇ ဖန်ဆင်း ၍ ကမ္ဘာ အဆက်ဆက်အသက် ရှင်တော်မူသောသူ ကို တိုင်တည် ကျိန်ဆိုခြင်းကို ပြုလေ၏။ ၈ ငါကြား ရသော ကောင်းကင် အသံ သည် တစ်ဖန် ငါ့ အား ပြော သည်ကား၊ မြေ နှင့် ပင်လယ် ပေါ်မှာ ရပ် နေသော ကောင်းကင် တမန်၏ လက် ၌ ဖွင့် ထားလျက်ရှိသော စာစောင် ငယ်ကို သွား ၍ ယူ လော့ဟု ဆို လျှင် ၊ ၉ ငါသည် ကောင်းကင်တမန် ထံသို့ သွား ၍ စာစောင် ငယ်ကို ပေး ပါဟု တောင်း ၏။ သူကလည်း ယူ ၍ စား လော့။ ဝမ်း ကိုခါး စေလိမ့်မည် ။ သို့သော်လည်း ပါးစပ် ၌ ပျားရည် ကဲ့သို့ ချို လိမ့်မည် ဟုဆို လျှင် ၊ ငါ သည် စာစောင် ကို ကောင်းကင် တမန်၏လက် မှ ယူ၍ စား ၏။ ပါးစပ် ၌ ပျားရည် ကဲ့သို့ ချို ၏။ စား ပြီးမှ ဝမ်း ၌ခါး ၏။ ၁၁ ကောင်းကင်တမန်ကလည်း ၊ သင် သည် အသီးအသီးဘာသာ စကားကို ပြောသော လူ အမျိုးမျိုး တို့ ၌ဌင်း၊ ရှင်ဘုရင် တို့ ၌ဌင်း၊ တဖန် ပရောဖက် ပြု၍ ဟောပြော ရ မည်ဟု ဆို လေ၏။

၁၁ တစ်ဖန်လှံတံ နှင့်တူ သော ကျူပင် တစ်လုံးကို ငါ့ အား ပေး ၍ ငါ့ကို ပြောဆို သည်ကား၊ ထ လော့။ ဘုရားသခင် ၏ ဗိမာန် တော်နှင့် ယဇ်ပလ္လင် ကို တိုင်း လော့။ ဗိမာန် တော် ၌ ကိုးကွယ် သော သူ တို့ကိုလည်း ရေတွက်လော့။ ၂ ဗိမာန် တော်တန်တိုင်း ကို မ တိုင်း နှင့်၊ ပယ် ထားလော့။ တစ်ပါး အမျိုးသားတို့ ၌ အပ်ပေး ပြီ။ သူတို့သည် သန့်ရှင်း သော မြို့ တော်ကို ၊ လ လေးဆယ် နှစ် လပတ်လုံးနင်းကြ လိမ့်မည်။ ၃ ငါ ၏သက်သေခံ နှစ် ပါးကို ငါ အခွင့်ပေးမည်။ သူ တို့သည် လျှော်တေ အဝတ်ကိုဝတ် လျက် ၊ အရက် တစ်ထောင် နှစ်ရာ ခြောက်ဆယ် ပတ်လုံးပရောဖက်ပြုကြလိမ့်မည်။ ၄ ထိုသူ တို့သည်ကား၊ မြေကြီး အရှင် ၏ ရှေ့ တော် ၌ စိုက် ထားသော သံလွင် ပင်နှစ် ပင်နှင့် မီးခွက် နှစ် လုံး ဖြစ် သတည်း။ ၅ တစ်စုံတစ်ယောက် သော သူသည် သူ တို့ကို ညှင်းဆဲ ခြင်းငှာအလိုရှိ လျှင် ၊ သူ တို့၏ ခံတွင်း ထဲက မီး ထွက် ၍ ရန်သူ တို့ကို မျိ ု တတ်၏။ တစ်စုံတစ်ယောက် သော သူသည် ထိုသူ တို့ကို ညှဉ်းဆဲ ခြင်းငှာအလိုရှိ လျှင် ၊ ထိုသို့ အသေ သတ်ခြင်းကို ခံရ မည်။ ၆ ထိုသူ တို့သည် ပရောဖက် ပြုသော နေ့ရက် ကာလ၌ မိုးယံ မ ရွာ စေခြင်းငှာ ၊ မိုးယံ ကောင်းကင်ကို ပိတ် ရသောအခွင့် ၊ မြစ်ရေ၊ တွင်းရေ ကိုအသွေး ဖြစ် စေ ရသောအခွင့်၊ မိမိ တို့အလိုရှိသမျှသောအခါ ၌ ဘေး အမျိုးမျိုး ဖြင့် မြေကြီး ကို ဒဏ်ခတ် ရသော အခွင့် ကို ရ ကြ၏။ ၇ သူ တို့သည် သက်သေခံ ပြီး သောအခါ ၊ အနက်ဆုံး သောတွင်းထဲက တက် သော သားရဲ သည်သူ တို့ကို စစ်တိုက် ၍ အောင် လိမ့်မည်။ အသက်ကိုသတ် ပြီးမှ ၊ **(Abyssos g12)** ၈ သူ တို့သခင် သည် လက်ဝါးကပ်တိုင် မှာ အသေခံတော်မူသော အရပ် တည်းဟူသောသော်ဒုံ ဟူ၍ဌင်း၊ အဲဂုတ္တု ဟူ၍ဌင်း အတွင်းအနက်အားဖြင့်ခေါ် ဝေါ် သော မြို့ ကြီး ၏ လမ်း ၌ အလောင်း ကောင်တို့သည် နေရစ်ကြလိမ့်မည်။ ၉ အသီးအသီးဘာသာ စကားကို ပြောသော လူ အမျိုးအနွယ် တို့သည် သုံး ရက် ခွဲ ပတ်လုံးအလောင်း ကောင်တို့ကို မြင် ရ၍၊ သင်္ဂြိုဟ်ခြင်းကို မြစ်တား ကြလိမ့်မည်။ ၁၀ မြေကြီး ပေါ်မှာ နေ သော သူ တို့သည် ထိုအလောင်းကောင်တို့ကို မြင်သောအခါ၊ ဝမ်းမြောက် ၍ ပျော်မွေ့ ခြင်းကို ပြုကြလိမ့်မည်။ တစ်ယောက် ကိုတစ်ယောက် လက်ဆောင် ပေး လိုက်ကြလိမ့်မည်။ အကြောင်းမူကား ၊ အထက်က ထိုပရောဖက် နှစ် ပါးတို့သည်

မြေကြီး ပေါ်မှာ နေ သောသူ တို့ကို ပြင်းစွာနှောင့်ရှက် ညှင်းဆဲကြသည်ဟု ငါ့အား ပြောဆိုလေ၏။ ၁၁ ထိုနောက် သုံး ရက် ခွဲ လွန်ပြီးလျှင်၊ ဘုရားသခင့် အထံ တော်က အသက် ဝိညာဉ် သည် သူ တို့ ၌ ဝင် သဖြင့် ၊ သူတို့သည် မတ်တတ် ထ၍ မြင် သမျှသောသူ တို့သည် အလွန် ကြောက်ရွံ့ ကြ၏။ ၁၂ ကောင်းကင် က ထွက်သောအသံ ကြီး ကား၊ ဤအရပ် သို့တက် ကြလော့ဟု မိမိ တို့အား ပြောဆို သည်ကို သူတို့သည်ကြား လျှင် ၊ မိုဃ်းတိမ် ဖြင့် ကောင်းကင် သို့ တက် ၍ ရန်သူ တို့သည် မြင် ကြ၏။ ၁၃ ထို အချိန် နာရီ၌ ကြီးစွာ သော မြေလှုပ် ခြင်း ဖြစ် ၍ ၊ မြို့ရိုး ဆယ်စု တစ်စုပြို လေ၏။ ထို မြေလှုပ် ခြင်း၌ လူ ခုနစ် ထောင် သေ ကြ၏။ ကြွင်း သော သူတို့သည် ကြောက်ရွံ့၍ ကောင်းကင် ဘုံ၏ အရှင်ဘုရားသခင် ကို ချီးမွမ်း ကြ၏။ ၁၄ ဒုတိယ အမင်္ဂလာ လွန် ပြီ။ တတိယ အမင်္ဂလာ သည်အလျင်အမြန် လာ လိမ့်မည်။ ၁၅ သတ္တမ ကောင်းကင်တမန် သည် တံပိုး မှုတ်သောအခါ ၊ ကောင်းကင် ဘုံ၌ ကြီး သော အသံ တို့ကား ၊ လောကီ နိုင်ငံ သည် ငါ တို့အရှင် ၏ နိုင်ငံဖြစ် လေပြီ။ ထိုအရှင် ၏ ခရစ်တော် နိုင်ငံဖြစ် လေပြီ။ သူသည်လည်း ကမ္ဘာ အဆက်ဆက်စိုးစံ တော်မူမည်ဟု ပြောဆို ကြ၏။ **(aiōn g165)** ၁၆ ဘုရားသခင် ရှေ့တော်၌ မိမိ တို့ပလ္လင် ပေါ်မှာ ထိုင် သော အသက်ကြီး သူ နှစ်ဆယ် လေး ပါးတို့သည် ပြပ်ဝပ် ၍ ဘုရားသခင် ကို ကိုးကွယ် လျက် ၊ ၁၇ အနန္တ တန်ခိုးနှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန် ၊ အတိတ် ၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ထာဝရ အရှင် ဘုရားသခင် ၊ ကိုယ်တော် ၏ မဟာတန်ခိုး တော်ကို ယူဆောင် ၍ စိုးစံ တော်မူသော ကျေးဇူး တော်ကို အကျွန်ုပ်တို့သည် ချီးမွမ်းပါ၏။ ၁၈ လူမျိုး တို့သည် အမျက်ထွက် ကြသည်ဖြစ်၍ ၊ အမျက် တော်သည်လည်း ရောက် ပါပြီ။ သေ လွန်သော သူ တို့ကို တရား စီရင်ဆုံးဖြတ်တော်မူ၍၊ ကိုယ်တော် ၏ ကျွန် တည်းဟူသောပရောဖက် တို့အား ၎င်း ၊ သန့်ရှင်း သူတို့အား ၎င်း၊ ကိုယ်တော် ကိုကြောက်ရွံ့ ရိုသေသော သူ အကြီး အငယ် တို့အားဟူ၎င်း၊ ဆု ကျေးဇူးကို ပေး သနား တော်မူ၍ မြေကြီး ကို ဖျက်ဆီး သော သူ တို့ကို ဖျက်ဆီး တော်မူသောအချိန်ရောက်ပါပြီဟုလျှောက်ဆို ကြ၏။ ၁၉ တဖန်ကောင်းကင် ဘုံ၌ ဘုရားသခင် ၏ ဗိမာန် တော်ကို ဖွင့် ထား၍ ၊ ဗိမာန် တော်ထဲမှာ ပဋိညာဉ် သေတ္တာ တော် ထင်ရှား လေ၏။ လျှပ်စစ် ပြက်ခြင်း၊ အသံမြည် ခြင်း၊ မိုဃ်းချုန်း ခြင်း၊ မြေလှုပ် ခြင်း၊ အလုံးကြီးစွာ သော မိုဃ်းသီး ကျခြင်းဖြစ် ကြ၏။

၁၂ ကောင်းကင် ၌ ကြီးစွာ သော နိမိတ် လက္ခဏာ ဟူမူကား ၊ မိန်းမ တစ်ဦးသည် နေ ကိုဝတ် လျက်၊ လ ကို ခြေ ဖြင့်နင်း လျက် ၊ မိမိ ခေါင်း ပေါ်၌ ကြယ် ဆယ်နှစ် လုံးဖြင့်ပြီးသော သရဖူ ကို ဆောင်းလျက်ပေါ်လာ ၏။ ၂ ထိုမိန်းမသည်ကိုယ်ဝန်ဆောင် ၍ ဘွား အံ့သော ဝေဒနာ ပြင်း သောကြောင့် အော်ဟစ် လေ၏။ ၃ ကောင်းကင် ၌ အခြား သော နိမိတ် လက္ခဏာပေါ်လာ သည်ကား ၊ အဆင်းနီ သော နဂါး ကြီး သည် ခေါင်း ခုနစ် လုံး၊ ချို ဆယ် ချောင်းနှင့်တကွ ခေါင်း ပေါ်၌ သရဖူ ခုနစ် ဆူကို ဆောင်းလျက်ရှိ ၏။ ၄ သူ ၏အမြီး သည် ကောင်းကင် ကြယ် သုံးစုတစု ကိုဆွဲငင် ၍ မြေကြီး သို့ ချ လိုက်လေ၏။ သားကိုဘွား လု သော မိန်းမသည် ဘွား သောအခါ ၊ နဂါး သည် ထို သား ကို ကိုက်စား မည့်အကြံနှင့် မိန်းမ ရှေ့၌ရပ် နေ၏။ ၅ ထို မိန်းမသည်လူမျိုး တကာ တို့ကို သံ လှံတံ နှင့် အုပ်စိုး လတ့် သော သား ယောကျ်ား ကို ဘွားမြင်၏ ။ ထို သား ကို ဘုရားသခင် ထံသို့ ၎င်း ၊ ပလ္လင် တော်သို့

ငင်း ချီယူ တော်မူ၏။ ၆ မိန်းမ သည် အရက် တစ်ထောင် နှစ်ရာ ခြောက်ဆယ် ပတ်လုံးတော ၌ ကျွေးမွေး ခြင်းကို ခံရမည်အကြောင်း ဘုရားသခင် ပြင်ဆင် တော်မူသော အရပ် သို့ ပြေး လေ၏။ ၇ ကောင်းကင် ၌ စစ် ဖြစ် ၏။ မိကျောလ နှင့် သူ ၏ ကောင်းကင်တမန် တို့သည် နဂါး ကို စစ်တိုက် ကြ၏။ နဂါး နှင့် သူ ၏တမန် တို့သည် စစ်တိုက် ၍ မ နိုင် ကြ။ ကောင်းကင် ၌ လည်း သူ တို့နေစရာ မ ရှိ ။ ၈ ထိုအခါကြ၍ လောက တစ်နိုင်ငံလုံး ကို လှည့်ဖြား ၍ မာရ်နတ် စာတန် အမည် ရှိသော ရှေး မြွေ ဟောင်းတည်းဟူသောနဂါး ကြီး ကိုငင်း၊ ၉ သူ နှင့်အတူ သူ ၏တမန် တို့ကိုငင်း၊ မြေကြီး သို့ ချ လိုက်ကြ၏။ ၁၀ ကောင်းကင် ဘုံ၌ ကြီး သောအသံ ကား ၊ ယခု မှာ ကယ်တင် ခြင်းဖြစ် ၏။ တန်ခိုး တော်လည်း ဖြစ်၏။ ငါ တို့ ဘုရားသခင် ၏ နိုင်ငံ တော်နှင့် သူ ၏ ခရစ်တော် ၏ အာဏာ တော်စက်လည်းဖြစ်၏။ အကြောင်းမူကား ၊ ငါ တို့ ညီအစ်ကို များကို ငါ တို့ဘုရားသခင် ရှေ့ တော်၌ နေ့ ညဉ့် မပြတ်အပြစ်တင် သောရန်သူ ကို အောက်သို့ ချ လေပြီ။ ၁၁ သူ တို့သည် သိုးသူငယ် ၏ အသွေး အားဖြင့် ၎င်း၊ မိမိ တို့သက်သေခံ ချက်နှုတ်ကပတ် တရားအားဖြင့် အောင်မြင် ၍ ၊ အသေခံ သည်တိုင်အောင် ကိုယ် အသက် ကို မ နှမြော ကြ။ ၁၂ ထိုကြောင့် ကောင်းကင် နှင့် ကောင်းကင် သားတို့ ရွှင်လန်း ကြလော့။ မြေကြီး နှင့် ပင်လယ် သည် အမင်္ဂလာ ရှိ၏။ အကြောင်းမူကား ၊ မာရ်နတ် သည် မိမိကာလ တခဏ သာရှိသည် ကို သိ ၍၊ ပြင်းစွာ သော ဒေါသ အမျက်နှင့်တကွသင် တို့ရှိ ရာသို့ ဆင်း လေပြီဟု ဆိုကြသည်ကို ငါကြား၏။ ၁၃ ထို နဂါး သည် မြေကြီး သို့ ကိုယ်ကျ သည်ကို သိမြင် လေသော် ၊ သား ယောကျ်ားကို ဘွားမြင် သော မိန်းမ ကို ညှဉ်းဆဲ ၏။ ၁၄ မိန်းမ သည် ထို မြွေ နှင့်လွတ်၍၊ တစ်ကာလ ၊ နှစ်ကာလ ၊ ကာလ တစ်ဝက် ပတ်လုံးကျွေးမွေး ခြင်းကို ခံရာ အရပ် တည်းဟူသောတော အရပ် သို့ ပျံ နိုင်မည့် အကြောင်း၊ ဧွေလင်းတ ကြီး ၏ အတောင် နှစ် ဘက်ကို ရ လေ၏။ ၁၅ ထိုအခါ ၊ မိန်းမ ကို ရေ အဟုန်ဖြင့်မျောသွားစေခြင်းငှာ ၊ နဂါး သည် မိမိ ခံတွင်း ထဲက မြစ် ရေစီးသကဲ့သို့ ရေ ကို မိန်းမ နောက် ၌ ထုတ်ပစ် လေ၏။ ၁၆ မြေကြီး သည် မိန်းမ ကို မစ ၍ မိမိ ခံတွင်း ကို ဖွင့် ပြီးလျှင် ၊ နဂါး ၏ ခံတွင်း ထဲက ထုတ်ပစ် သော မြစ် ရေကို မျိ လေ၏။ ၁၇ နဂါး သည် မိန်းမ ကို အငြိုး ထား၏။ ဘုရားသခင် ၏ ပညတ် တော်တို့ကို ကျင့် ၍ ယေရှု ၏ သက်သေခံ တော်မူချက်ကို စွဲလမ်း သောသူတည်းဟူသောထိုမိန်းမ ၌ ကြွင်း သော အမျိုးအနွယ် ကို စစ်တိုက် ခြင်းငှာ သွား ၏။

၁၃ ပင်လယ် နား၌ သဲ ပေါ်မှာ ငါရပ် ၍ ၊ သားရဲ တစ်ကောင်သည် ခေါင်း ခုနစ် လုံး၊ ချို ဆယ် ချောင်းနှင့်တကွ ချို ပေါ်၌ သရဖူ ဆယ် ဆူကို ဆောင်းလျက်၊ ခေါင်း ပေါ်၌ လည်း ဘုရားသခင် ၏ အသရေ တော်ကို ရွှတ်ချသော နာမ ရှိလျက်၊ ပင်လယ် ထဲက တက် သည်ကို မြင် ၏။ ၂ ထိုသို့ ငါမြင် သောသားရဲ သည်ကျားသစ် နှင့် တူ ၏။ သူ ၏ခြေ သည် ဝံ ခြေကဲ့သို့ ဖြစ်၏။ သူ ၏နှုတ် သည် လည်း ခြင်္သေ့ နှုတ် ကဲ့သို့ ဖြစ်၏။ နဂါး သည် မိမိ တန်ခိုး နှင့် မိမိ ပလ္လင် ကိုငင်း ၊ ကြီးစွာ သော အာဏာစက် ကိုငင်း သားရဲ ၌ အပ်ပေး ၏။ ၃ သားရဲ ၏ ခေါင်း တစ် လုံးသည် သေ အောင်ကွပ်မျက် ပြီးသကဲ့သို့ ဖြစ်၍ ၊ သေ စေသောဒဏ်ချက် သည် ပျောက် လျက်ရှိ၏။ မြေကြီး သားအပေါင်း တို့သည် သားရဲ နောက် သို့ လိုက်၍ အံ့သြ ကြ၏။ ၄ ထိုသားရဲ ၌ အာဏာစက် ကို အပ်ပေး သော နဂါး ကို ကိုးကွယ် ကြ၏။

သားရဲ ကိုလည်း ကိုးကွယ် ၍၊ အဘယ်သူ သည် သားရဲ နှင့်တူ သနည်း။ အဘယ်သူ သည်သူ့ ကိုစစ် ပြိုင်နိုင် သနည်းဟု ပြောဆို ကြ၏။ ၅ ထိုသားရဲသည်လည်း ကြီးစွာသော စကားကိုဂင်း၊ ဘုရားသခင် ကို ပြစ်မှားသောစကားကိုဂင်း၊ ပြော တတ်သော နှုတ် နှင့်ပြည့်စုံ ၍၊ လ လေးဆယ် နှစ် လပတ်လုံးစီရင် ရသောအခွင့် ကိုရ ၏။ ၆ ဘုရားသခင် ကို ပြစ်မှား သောစကားအားဖြင့်နာမ တော်နှင့် တဲ တော်ကိုဂင်း၊ ကောင်းကင် သားတို့ကိုဂင်း၊ ပြစ်မှား ခြင်းငှာ နှုတ် ကို ဖွင့် ထား၏။ ၇ သန့်ရှင်း သူ တို့ကို စစ် တိုက် ၍ နိုင် ရသောအခွင့် ကိုရ ၏။ အသီးအသီးဘာသာ စကားကို ပြောသော လူ အမျိုးအနွယ် ခပ်သိမ်း တို့ကို အုပ်စိုး ရသော အခွင့် ကိုလည်း ရ ၏။ ၈ ကွပ်မျက် သောသိုးသူငယ် ၏ အသက် စာစောင် ၌ ကမ္ဘာ ဦး ကပင် စာရင်း မ ဝင် သော မြေကြီး သား အပေါင်း တို့သည် သားရဲ ကို ကိုးကွယ် ကြ၏။ ၉ နား ရှိ သောသူ မည်သည်ကား ကြား ပါစေ။ ၁၀ သူတစ်ပါး ကို ဘမ်းဆီး ယူသွားသောသူသည် ကိုယ်တိုင်ဘမ်းဆီး ယူသွားခြင်းကို ခံရ လိမ့်မည်။ ဓါး ဖြင့် သတ် တတ်သော သူ သည်လည်း ကိုယ်တိုင် ဓါး ဖြင့် သေ ရမည်။ ဤ အရာ၌ သန့်ရှင်း သူ တို့လည်း သည်းခံ စရာ အကြောင်း၊ ယုံကြည် စရာအကြောင်းရှိ ၏။ ၁၁ အခြား သော သားရဲ တစ်ကောင်သည်၊ သိုးသူငယ် ၏ ချိုနှင့်တူ သော ချို နှစ် ချောင်းရှိ ၍ ၊ နဂါး ကဲ့သို့ စကား ပြောလျက် ၊ မြေကြီး ထဲက ထွက် သည်ကို ငါမြင် ၏။ ၁၂ ထိုသားရဲသည် သူ့ အရင် ဖြစ်သော ပဌမ သားရဲ ၏ အာဏာစက် ရှိသမျှ ကို သုံးစွဲ ၏။ သေ စေသော ဒဏ်ချက် ပျောက် ခဲ့ပြီးသော ပဌမ သားရဲ ကို မြေကြီး မှစ၍ မြေကြီး သားတို့သည် ကိုးကွယ် စေခြင်းငှာ ပြု ၏။ ၁၃ ကြီးစွာ သော နိမိတ် လက္ခဏာတို့ကိုလည်း ပြ ၏။ လူတို့ မျက်မှောက် ၌ ကောင်းကင် က မြေကြီး အပေါ် သို့ မီး ကို ဆင်း စေ၏။ ၁၄ ပဌမသားရဲ ရှေ့၌ ပြ ပိုင်သောနိမိတ် လက္ခဏာတို့အားဖြင့် မြေကြီး သား တို့ကို လှည့်ဖြား ၏။ ဓါး နှင့် ခုတ်သောဒဏ်ချက် ကို ခံရ ၍ အသက် ရှင်သေးသော သားရဲ ၏ ရုပ်တု ကို လုပ် စေခြင်းငှာမြေကြီး သား တို့ကို မှာထား ၏။ ၁၅ သားရဲ ၏ ရုပ်တု သည် စကား ပြောနိုင်မည်အကြောင်း နှင့်၊ မိမိကို မ ကိုးကွယ် သောသူရှိသမျှ တို့ကို သတ် ခြင်းငှာပြု နိုင်မည်အကြောင်း ၊ ရုပ်တု ၌ အသက် ကို သွင်းပေး ရသော အခွင့်ကိုလည်းရ ၏။ ၁၆ ငွေရတတ် သောသူ ၊ ဆင်းရဲ သောသူ ၊ ကျွန် ခံရသောသူ ၊ လွတ် သောသူ ၊ အကြီး အငယ် ရှိသမျှ တို့သည် လက်ျာ လက် ၌ ဖြစ်စေ၊ နဖူး ၌ ဖြစ်စေ၊ တံဆိပ် လက်မှတ်ကို ခံ စေခြင်းငှာ ၎င်း၊ ၁၇ ထို တံဆိပ် လက်မှတ်တည်းဟူသောသားရဲ ၏ နာမ ဖြစ်စေ ၊ နာမ ၏ အရေအတွက် ဖြစ်စေ၊ တခုခုကို မ ခံ သောသူ တစ်ယောက် မျှ မရောင်း မဝယ် စေခြင်းငှာ ၎င်း စီရင်၏။ ၁၈ ဤ အရာ၌ပညာ ရှိ ၏။ ဉာဏ် ရှိ သောသူ သည် သားရဲ ၏ အရေအတွက် ကို ရေတွက် စေ။ လူ ၏ အရေအတွက် ဖြစ် ၏။ ခြောက် ရာခြောက်ဆယ် ခြောက် လည်း ဖြစ်၏။

၁၄ ထိုနောက်မှ ငါကြည့် လျှင် ၊ သိုးသူငယ် သည် ဇိအုန် တောင် ပေါ် မှာ ရပ် နေ၏။ သူ ၏ နာမ နှင့် ခမည်းတော် ၏ နာမ ကိုနဖူး ၌ အကွရာတင် သောသူ တစ်သိန်း လေး သောင်းလေး ထောင် လည်း သူ နှင့်အတူ ရှိ ကြ၏။ ၂ သမုဒ္ဒရာရေ သံ ၊ ကြီးစွာ သော မိုးယံကြိုး သံ ကဲ့သို့ ကောင်းကင် က အသံ ကို ငါကြား ၏။ ထိုသို့ ငါကြား သော အသံသည် စောင်း သမားများ စောင်း တီးသော အသံ ကဲ့သို့ ဖြစ်၏။ ၃ ပလ္လင် တော်ရှေ့၌ဂင်း၊ သတ္တဝါ လေး ပါးနှင့်

အသက်ကြီး သူ တို့ရှေ့ ၌ဌင်း၊ သူတို့သည် အသစ် သော သီချင်း ကို ဆို ကြ၏။ မြေကြီး မှ ရွေးနှုတ် သောသူ တစ်သိန်း လေးသောင်းလေးထောင်မှတစ်ပါး ၊ အဘယ်သူ မျှ ထို သီချင်း ကို သင် ၍မရနိုင် ။ ၄ ထို သူတို့သည် ကညာ ဖြစ်၍မေထုန်အမှုနှင့် မ ညစ်ညူး သော သူ ဖြစ် ကြ၏။ သိုးသူငယ် သွား လေရာရာအရပ် သို့ နောက် တော်၌ လိုက်သောသူ ဖြစ်ကြ၏။ လူတို့ အထဲ ကရွေးနှုတ် ၍ ဘုရားသခင် နှင့် သိုးသူငယ် အဘို့ အဦး သီးသော အသီးဖြစ်ကြ၏။ ၅ အပြစ် နှင့်ကင်းလွတ်ကြသည်ဖြစ် ၍ သူ တို့နှုတ် ၌ မုသာ မ ရှိ ။ ၆ မြေကြီး ပေါ်မှာ နေ သော သူ တည်းဟူသော အသီးအသီးဘာသာ စကားကိုပြောသော လူ အမျိုး အနွယ် ခပ်သိမ်း တို့အား ထာဝရ ဧဝံဂေလိ တရားကို ဟော ရသော ကောင်းကင်တမန် တစ်ပါး က၊ **(aiōnios g166)** ၇ ဘုရားသခင် ကိုကြောက်ရွံ့ ၍ ချီးမွမ်း ကြလော့။ တရား စီရင်တော်မူသော အချိန် ရောက်လာ ပြီ။ ကောင်းကင် ၊ မြေကြီး ၊ သမုဒ္ဒရာ နှင့် စမ်း ရေ တွင်းတို့ကို ဖန်ဆင်း တော်မူသောအရှင် ကို ကိုးကွယ် ကြလော့ဟု ကြီး သော အသံ နှင့် ပြောဆို ၍ ကောင်းကင် အလယ်၌ ပျံဝဲ လျက် ရှိသည်ကို ငါမြင် ၏။ ၈ ကောင်းကင်တမန် တစ်ပါး ကလည်း ၊ ဗာဗုလုန် မြို့ကြီး ပြိုလဲ ပြီ။ မိမိ မတရား သော မေထုန်၏ အဆိပ် အတောက်တည်းဟူသောစပျစ်ရည် ကို လူမျိုး အပေါင်း တို့အား တိုက် လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲ ပြီဟုလိုက် ၍ပြောဆို ၏။ ၉ ထိုမှတပါး၊ တတိယ ကောင်းကင် တမန်က၊ အကြင်သူ သည် သားရဲ နှင့် သူ ၏ရုပ်တု ကိုကိုးကွယ် ၍၊ သူတံဆိပ် လက်မှတ်ကို နဖူး ၌ ခံ သည်ဖြစ်စေ၊ လက် ၌ ခံသည်ဖြစ်စေ ၊ ၁၀ ထိုသူ သည်ဘုရားသခင် ၏ ဒေါသ ဖလား ၌ လောင်း သော အမျက် တော်စပျစ်ရည် စစ်ကို သောက် ရ လိမ့်မည်။ သန့်ရှင်း သောကောင်းကင် တမန်တို့ရှေ့ ၊ သိုးသူငယ် ရှေ့ တွင်၊ ကန့် နှင့်ရောသောမီး ထဲမှာ ပြင်းစွာသော ညှဉ်းဆဲ ခြင်းကို ခံရလိမ့်မည်။ ၁၁ ထိုညှဉ်းဆဲ ခြင်း၏ မီးခိုး သည် ကမ္ဘာ အဆက်ဆက်တက် လျက်ရှိ၏။ သားရဲ နှင့် သူ ၏ရုပ်တု ကို ကိုးကွယ် ၍၊ သူ ၏နာမ တံဆိပ် လက်မှတ်ကို ခံ သောသူ တို့သည် နေ့ ညဉ့် မပြတ် သက်သာ မ ရ ကြဟု၊ လိုက်၍ကြီးသော အသံနှင့် ပြောဆို၏။ **(aiōn g165)** ၁၂ ဘုရားသခင် ၏ပညတ် တို့ကိုထိန်း ၊ ယေရှု ၏ ယုံကြည် ခြင်းကိုထိန်း၊ စောင့်ရှောက် သော သန့်ရှင်း သူတို့သည် ဤ အရာ၌ သည်းခံ စရာအကြောင်းရှိ ၏။ ၁၃ တစ်ဖန်တုံ၊ ကောင်းကင် အသံ ကား ၊ ယခု မှစ၍ သခင် ဘုရား၌ သေ သောသူ တို့သည် မင်္ဂလာ ရှိကြ၏ဟု ရေး ထားလော့ဟု ပြောဆို သည်ကို ငါကြား ၏။ ဝိညာဉ် တော်ကလည်း၊ ထိသို့ မှန် ပေ၏။ ထိုသူ တို့သည် ပင်ပန်း ခြင်းဌိမ်း မည်အကြောင်း ရှိ၍၊ သူ တို့၏ အကျင့် တို့သည်လည်း သူ တို့နှင့်အတူ လိုက် ကြ၏ဟုမိန့် တော်မူ၏။ ၁၄ တဖန် ငါကြည့် လျှင် ၊ ဖြူ သောမိုယ်းတိမ် ရှိ ၏။ လူ သား တော်နှင့်တူ သောသူ သည် ခေါင်း တော်ပေါ်၌ ရွှေ သရဖူ ကိုဆောင်း လျက်၊ ထက် သော တံစဉ် ကို ကိုင် လျက် ၊ မိုယ်းတိမ် ပေါ်မှာ ထိုင် တော်မူ၏။ ၁၅ ကောင်းကင်တမန် တစ်ပါး သည် ဗိမာန် တော်ထဲက ထွက် ၍၊ ကိုယ်တော် ၏တံစဉ် ကိုလွှတ် ၍ စပါးကို ရိတ် တော်မူပါ။ ရိတ် ရသောအချိန် ရောက် ပါပြီ။ မြေကြီး ၌ ရိတ် စရာစပါးမှည့် ပါပြီဟု မိုယ်းတိမ် ပေါ်မှာ ထိုင် သောသူ ကို ကြီး သောအသံ နှင့် ဟစ် လေ၏။ ၁၆ မိုးတိမ် ပေါ်မှာ ထိုင် သောသူ သည် မိမိ တံစဉ် ကို မြေကြီး ၌ သွင်း ၍ မြေကြီး ၏ စပါးကိုရိတ် တော်မူ၏။ ၁၇ ကောင်းကင်တမန် တစ်ပါး သည်

ကောင်းကင် ဘုံ၌ ရှိသော ဗိမာန် တော်ထဲက ထွက် ၍ သူ ၌လည်း ထက် သော တံစဉ် ပါ ၏။ ၁၈ မီး ကိုအစိုးရ သော ကောင်းကင်တမန် တစ်ပါး သည် ယဇ်ပလ္လင် ထဲက ထွက် ၍ ထက် သော တံစဉ် ပါ သော သူ ကို ကြီးစွာ သော ကြွေးကြော် ခြင်းနှင့်ခေါ် လျက် ၊ သင် ၏ ထက် သောတံစဉ် ကိုလွှတ် ၍ မြေကြီး ၏ စပျစ်သီး ပြွတ် တို့ကိုရိတ် လော့။ အသီး မှည့် ပြီဟုပြောဆို ၏။ ၁၉ ကောင်းကင်တမန် သည်လည်း မိမိ တံစဉ် ကို မြေကြီး ၌ သွင်း ၍ မြေကြီး ၏စပျစ်သီး ကိုရိတ် ပြီးမှ ၊ ဘုရားသခင် ၏ အမျက် တော်တည်းဟူသောနယ်ရာ တန်ဆာကြီး ထဲသို့ ချ လေ၏။ ၂၀ မြို့ ပြင် ၌ နယ်ရာ တန်ဆာကိုဖိနှင်း ၍ အသွေး သည် တဆယ်ခြောက်ယူဇနာခရီးတရှောက်လုံး၌ မြင်း ဇက်ကြိုး ကို မှီသည်တိုင်အောင် နယ်ရာ တန်ဆာထဲက ထွက် လေ၏။

၁၅ တဖန်တုံ ၊ ဘုရားသခင် ၏အမျက် တော်ကို ပြီးစီး စေသော နောက်ဆုံး ဘေးဒဏ် ခုနစ် ပါးရှိ သော ကောင်းကင်တမန် ခုနစ် ပါးတည်းဟူသော၊ ကောင်းကင် ၌ အံ့ဘွယ် သော နိမိတ် ကြီး အခြား တစ်ပါးကို ငါမြင် ရ၏။ ၂ မီး နှင့်ရော သော ဖန် ရေကန် ကဲ့သို့ ရှိသည်ကိုလည်း မြင် ရ၏။ သားရဲ နှင့်ငင်း၊ သူ ၏ရုပ်တု နှင့်ငင်း၊ သူ ၏နာမ အရေအတွက် နှင့်ငင်း၊ လွတ်၍ အောင်မြင် သော သူ တို့သည်၊ ဘုရားသခင် ၏ စောင်း တော်တို့ကို ကိုင် လျက်၊ ဖန် ရေကန် နား မှာ ရပ် နေကြသည်ကို မြင်ရ၏။ ၃ ထိုသူတို့သည် ဘုရားသခင် ၏ ကျွန် မောရှေ ၏ သီချင်း နှင့်သိုးသူငယ် ၏သီချင်း ကိုသီ ၍ ၊ အနန္တ တန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရ အရှင်ဘုရားသခင် ၊ ကိုယ်တော် ၏ အပြုအမူ တို့သည် ကောင်းမြတ် ၍ အံ့သြဘွယ် ဖြစ်ကြပါ၏။ လူမျိုး တို့၏ဘုရင် ၊ ကိုယ်တော် ၏ အကျင့် ဓလေ့တို့သည် ဖြောင့်မတ် ဟုတ်မှန် ကြပါ၏။ ၄ အိုထာဝရ ဘုရား၊ ကိုယ်တော် ကိုမ ကြောက်ရွံ့ ဘဲ၊ နာမ တော်ကို မချီးမွမ်း ဘဲ အဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်း သာလျှင် သန့်ရှင်း တော်မူ၏။ တရား သဖြင့် စီရင်တော်မူခြင်းအရာတို့သည် ထင်ရှား သည်ဖြစ်၍ ၊ လူမျိုး အပေါင်း တို့သည်လာ ၍ ရှေ့ တော်၌ ကိုးကွယ် ကြပါလိမ့်မည်ဟု လျှောက်ဆို ကြ၏။ ၅ ထိုနောက် ငါကြည့် လျှင် ၊ ကောင်းကင် ဘုံ၌ သက်သေခံ တော်မူချက် ဌာပနာရာ တဲ တော်ရှိသောဗိမာန် တော်ကို ဖွင့် ထားပြီ။ ၆ ဘေးဒဏ် ခုနစ် ပါးရှိ သော ကောင်းကင်တမန် ခုနစ် ပါးတို့သည် စင်ကြယ် ပြောင်လက် သော ပိုက်ဆန် အဝတ်ကို ဝတ် လျက် ၊ ရင် ၌ ရွှေ ရင်စည်း ကို စည်း လျက် ဗိမာန် တော်ထဲက ထွက်လာ ကြ၏။ ၇ သတ္တဝါ လေး ပါးတွင် တစ်ပါး သည် ကမ္ဘာ အဆက်ဆက် အသက် ရှင်တော်မူသော ဘုရားသခင် ၏ အမျက် တော်နှင့် ပြည့် သောရွှေ ဖလား ခုနစ် လုံးကို ကောင်းကင်တမန် ခုနစ် ပါးတို့အား ပေး ၏။ **(aiōn g165)** ၈ ဘုရားသခင် ၏ ဘုန်း တန်ခိုး အာနုဘော်တော် ကြောင့် ၊ ဗိမာန် တော်သည် မီးခိုး နှင့်ပြည့် ၍ ကောင်းကင်တမန် ခုနစ် ပါး၏ ဘေးဒဏ် ခုနစ် ပါး မ ကုန် မှီတိုင်အောင်ဗိမာန် တော်ထဲသို့ အဘယ်သူ မျှ မဝင် နိုင် ။

၁၆ ဗိမာန် တော်ထဲက ကြီး သောအသံ ကား ၊ သွား ကြလော့။ ဘုရားသခင် ၏ အမျက် တော် ဖလား ခုနစ် လုံးကို မြေကြီး ပေါ် သို့ သွန်းလောင်း ကြလော့ဟု ကောင်းကင်တမန် ခုနစ် ပါးတို့အား ပြောဆို သည်ကို ငါကြား ၏။ ၂ ပဌမ

သူသည် သွား ၍ မိမိ ဖလား ကို မြေကြီး ပေါ် သို့ သွန်းလောင်း လျှင် ၊ သားရဲ ၏တံဆိပ် လက်မှတ်ကို ခံ ၍ သူ ၏ရုပ်တု ကိုကိုးကွယ် သော လူတို့ ၌ အလွန် ဆိုး သော အနာစိမ်း ပေါက် လေ၏။ ၃ ဒုတိယ ကောင်းကင်တမန်သည် မိမိ ဖလား ကို ပင်လယ် ပေါ် သို့ သွန်းလောင်း လျှင် ၊ ပင်လယ်သည် လူသေ ၏ အသွေး ကဲ့သို့သော အသွေးဖြစ်၏ ။ ပင်လယ် ၌ အသက် ရှင်သော သတ္တဝါ အပေါင်း တို့သည် သေ ကြ၏။ ၄ တတိယ ကောင်းကင်တမန်သည် မိမိ ဖလား ကို မြစ် ပေါ် သို့ ၎င်း၊ စမ်း ရေ တွင်းပေါ် သို့၎င်း သွန်းလောင်း လျှင် ထိုအရာတို့သည် အသွေး ဖြစ်ကြ ၏။ ၅ ကောင်းကင် တမန်ကလည်း ၊ ပစ္စုပ္ပန် ၊ အတိတ် ၊ အနာဂတ်ကာလ အစဉ်ရှိတော်မူသော အရှင် ၊ ကိုယ်တော် သည် ဤသို့တရားစီရင်တော်မူသည်အမှု မှာ ဖြောင့်မတ် တော်မူ၏။ ၆ ထိုသူတို့သည် သန့်ရှင်း သူတို့၏ အသွေး ၊ ပရောဖက် တို့၏ အသွေးကို သွန်းလောင်း ကြသည်ဖြစ်၍ ၊ သူ တို့အား အသွေး ကို တိုက် တော်မူပြီ။ သူတို့လည်း ခံ ထိုက် ကြပါ၏ဟု လျှောက်ဆို သည်ကို ငါကြား ၏။ ၇ ယဇ်ပလ္လင် ကလည်း ၊ မှန် ပါ၏။ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရ အရှင်ဘုရားသခင် ၊ ကိုယ်တော် စီရင် တော်မူခြင်းအရာတို့သည် ဟုတ်မှန် ဖြောင့်မတ် ကြပါ၏ဟု လျှောက်ဆို သောအသံကို ငါကြား ၏။ ၈ စတုတ္ထ ကောင်းကင်တမန်သည် မိမိ ဖလား ကို နေ ပေါ် သို့ သွန်းလောင်း လျှင်၊ နေ သည်လူ တို့ကို မီး လောင် ရသော အခွင့်ကိုရ ၏။ ၉ ပူ အားကြီး သောအရှိန်ဖြင့် လူ တို့သည် လောင် ခြင်းကိုခံရ၍ ၊ ထိုဘေးဒဏ် တို့ကို အစိုးပိုင် တော်မူသော ဘုရားသခင် ၏ နာမ တော်ကို ကျိန်ဆဲ ကြ၏။ ဘုရားသခင် ကို ချီးမွမ်း ခြင်းအလိုငှာ နောင်တ မ ရကြ။ ၁၀ ပဉ္စမ ကောင်းကင်တမန်သည် မိမိ ဖလား ကို သားရဲ ၏ ပလ္လင် ပေါ် သို့ သွန်းလောင်း လျှင် ၊ သူ ၏နိုင်ငံ သည် မှောင်မိုက် အတိဖြစ် လေ၏။ နိုင်ငံသားတို့သည် ပင်ပန်း အားကြီးသည်နှင့် မိမိ တို့လျှာ ကို ကိုက်ခဲ ကြ၏။ ၁၁ မိမိ တို့ခံရသော ဝေဒနာ နှင့် အနာစိမ်း များကြောင့် ကောင်းကင် ဘုံ၏ အရှင်ဘုရားသခင် ကို ကျိန်ဆဲ ကြ၏။ မိမိ တို့အကျင့် ကိုလည်း နောင်တ မ ရကြ။ ၁၂ ဆဋ္ဌမ ကောင်းကင်တမန်သည် မိမိ ဖလား ကို ဥဖရတ် မြစ် ကြီး ပေါ် သို့ သွန်းလောင်း လျှင် ၊ အရှေ့မျက်နှာ ဘုရင် တို့ သွားရာလမ်း ကို ပြင်ဆင် စေခြင်းအလိုငှာ ထိုမြစ် ရေ သည် ခန်းခြောက် လေ၏။ ၁၃ ထိုအခါ ၊ နဂါး ၏ခံတွင်း ထဲက ၎င်း ၊ သားရဲ ၏ ခံတွင်း ထဲက ၎င်း၊ မိစ္ဆာ ပရောဖက်၏ ခံတွင်း ထဲက ၎င်း ၊ ဖား ကောင်ကဲ့သို့ ညစ်ညူး သော ဝိညာဉ် သုံး ပါးထွက်သည် ကို ငါမြင် ၏။ ၁၄ နိမိတ် လက္ခဏာတို့ကိုပြ သော နတ်ဆိုး ၏ ဝိညာဉ် ဖြစ် သတည်း။ ထိုဝိညာဉ်တို့သည် လောကီ တ နိုင်ငံလုံးတွင်ရှိသော ရှင်ဘုရင် တို့ထံသို့ ထွက်သွား ၍ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင် ၏ နေ့ ကြီး ၌ စစ်တိုက် ခြင်းအလိုငှာ စုဝေး စေကြ၏။ ၁၅ ဟေဗြဲ ဘာသာအားဖြင့်အာမဂေဒုန် အမည် ရှိသောအရပ် ၌ စုဝေး စေကြ၏။ ၁၆ အသံတော်ကား၊ သူခိုး ကဲ့သို့ ငါလာ ၏။ အဝတ် အချည်းစည်းနှင့် သွားလာ ၍ သူတစ်ပါး ရှေ့ ၌ ရှက် စရာအကြောင်း မ ရှိစေခြင်းငှာ နိုး လျက်နေ၍ ၊ ကိုယ် အဝတ် ကို စောင့် သောသူ သည် မင်္ဂလာ ရှိ၏။ ၁၇ သတ္တမ ကောင်းကင်တမန်သည် မိမိ ဖလား ကို အာကာသ ကောင်းကင်ပေါ် သို့ သွန်းလောင်း လျှင် ၊ ပြီးပြီဟု ကြီး သောအသံ သည် ကောင်းကင်ဗိမာန် တော်၌ ရှိသောပလ္လင် တော်ထဲက ထွက် ၏။ ၁၈ လျှပ်စစ် ပြက်ခြင်း၊ အသံမြည် ခြင်း၊ မိုဃ်းချုန်း ခြင်း၊ ကြီးစွာ သော မြေလှုပ် ခြင်းဖြစ်

ကြ၏။ မြေကြီး အပေါ်မှာ လူတို့ ဖြစ် သည့် ကာလ မှစ၍ ထိုသို့သော လက္ခဏာနှင့် ထိုမျှလောက်ပြင်းထန် စွာသော မြေလှုပ် ခြင်းသည်မ ဖြစ် စဖူး။ ၁၉ မြို့ ကြီး သည်သုံး ဖြာ ကွဲပြား ၍ လူ အမျိုးမျိုးနေသော မြို့ တို့သည် ပြိုလဲ ကြ၏။ ဘုရားသခင် သည် ပြင်းစွာသော ဒေါသ အမျက် တော်၏ စပျစ်ရည် ဖလား ကို တိုက် ခြင်းဌာဗာဗုလုန် မြို့ကြီး ကို အောက်မေ့ တော်မူ၏။ ကျွန်း ရှိသမျှ တို့သည် လွင့် ပြေးကြ၏။ တောင် များတို့သည် ပျောက်ကွယ် ကြ၏။ ၂၀ အချိန်အခွက်တစ်ဆယ် ရှိသော မိုးယံးသီး သည် ကောင်းကင် က လူတို့ အပေါ် သို့ ကျ လေ၏။ ၂၁ ထိုမိုးယံးသီး ဘေးဒဏ် အလွန် ကြီး သည်ဖြစ် ၍ ၊ လူ တို့သည် မိုးယံးသီး ဘေးဒဏ် ကြောင့် ဘုရားသခင် ကို ကျိန်ဆဲ ကြ၏။

၁၇ ဖလား ခုနစ် လုံးရှိ သော ကောင်းကင်တမန် ခုနစ် ပါးတို့တွင် တစ်ပါး သည်လာ ပြီးလျှင် ၊ ငါ့ ကိုနှုတ်ဆက် ၍ ၊ လာ ခဲ့ပါ။ ရေ အပေါ်မှာ ထိုင် သော ပြည်တန်ဆာ ကြီး ၌ စီရင် ခြင်းအမှုကို ငါပြ မည်။ ၂ လောကီ ရှင်ဘုရင် တို့သည် မတရား သော မေထုန်ကို သူ နှင့် ပြုကြပြီ။ မြေကြီး သား တို့သည် သူ ၏ မတရား သောမေထုန်၏ စပျစ်ရည် နှင့် ယစ်မူး ကြပြီဟု ပြောဆို လျက်၊ ၃ ငါ့ ကို ဝိညာဉ် တော်အားဖြင့် တော သို့ ဆောင်သွား လေ၏။ ခေါင်း ခုနစ် လုံးနှင့် ချို ဆယ် ချောင်းရှိ ၍၊ ဘုရားသခင်၏ အသရေ တော်ကို ရွတ်ချသောနာမ တို့နှင့် အပြည့် ရှိသော သားရဲ နီ အပေါ်မှာ ထိုင် လျက်ရှိသောမိန်းမ တစ်ဦးကို ငါမြင် ၏။ ၄ ထိုမိန်းမ သည်အဝတ်နီ ၊ အဝတ်မောင်း ကို ဝတ် လျက်၊ ရွှေ တန်ဆာ၊ ကျောက် မြတ် တန်ဆာ၊ ပုလဲ တန်ဆာကိုဆင် လျက်ရှိ ၏။ စက်ဆုတ် ရွံရှာဘွယ်သော အရာနှင့်ငင်း၊ မိမိ မတရား သော မေထုန်၏ ညစ်ညူး ခြင်း နှင့် ငင်း ပြည့် သောရွှေ ဖလား ကို ကိုင် လျက် ရှိ ၏။ ၅ နဖူး ၌ အက္ခရာတင် သော ဘွဲ့ မူကား၊ နက်နဲ သော အရာ၊ ဗာဗုလုန် မြို့ကြီး ၊ ပြည်တန်ဆာ တို့၏ အမိ ၊ မြေ ၌ စက်ဆုပ် ရွံရှာဘွယ်သော အရာတို့၏ အမိပေတည်း။ ၆ ထို မိန်းမ သည် သန့်ရှင်း သူ တို့၏ အသွေး ၊ ယေရှု ၏ သက်သေခံ တို့၏ အသွေး နှင့် ယစ်မူး သည်ကို ငါမြင် ၏။ ထိုသို့ မြင် သောအခါအလွန် အံ့သြ မိန်းမောလျှ နေ၏။ ၇ ကောင်းကင် တမန်ကလည်း ၊ အဘယ်ကြောင့် အံ့သြ သနည်း။ ထိုမိန်းမ ၏ နက်နဲ သောအရာကိုငင်း၊ ခေါင်း ခုနစ် လုံးနှင့် ချို ဆယ် ချောင်းရှိ ၍ ထိုမိန်းမ ကိုဆောင် သော သားရဲ ၏ နက်နဲသောအရာကိုငင်း၊ ငါ ပြော မည်။ ၈ ယခုမြင် သော သားရဲ သည် ဖြစ် ဘူးပြီ၊ ဖြစ် ဆဲမ ရှိ၊ အနက်ဆုံး သော တွင်းထဲက တက် ၍ ဖျက်ဆီး ခြင်းသို့ ရောက် လိမ့်မည်။ ကမ္ဘာ ဦး ကပင် အသက် စာစောင် ၌ စာရင်း မ ဝင် သော မြေကြီး သား တို့သည် ဖြစ် ဘူး၍ ၊ ဖြစ် ဆဲမ ရှိ၊ ဖြစ် လတ္တံ့သောသားရဲ ကို မြင် ရသောအခါ၊ အံ့သြ ကြလိမ့်မည်။ **(Abyssos g12)** ၉ ဤ အရာ၌ ပညာ နှင့်ပြည့်စုံသော ဉာဏ် ရှိ ၏။ ခေါင်း ခုနစ် လုံးကား၊ မိန်းမ ထိုင် သော တောင် ခုနစ် လုံး ဖြစ် ၏။ ၁၀ ရှင်ဘုရင် ခုနစ် ပါးလည်း ဖြစ် ၏။ ငါး ပါးကျ ပြီး၊ တစ်ပါး ရှိ သေး၏။ တစ်ပါး ဖြစ် လေဦး မည်။ ဖြစ် သောအခါ တခဏ သာ တည် လိမ့်မည်။ ၁၁ ဖြစ် ဘူး၍ ဖြစ် ဆဲမရှိ သောသားရဲ သည် ရှစ် ပါးမြောက်သော ရှင်ဘုရင်ဖြစ် ၏။ ခုနစ် ပါးအဝင်လည်း ဖြစ် ၏။ ဖျက်ဆီး ခြင်းသို့ ရောက် ရလိမ့်မည်။ ၁၂ ယခုမြင် သော ချို ဆယ် ချောင်းကား ၊ မင်း အာဏာစက်ကို မ ရ သေးသော ရှင်ဘုရင် ဆယ် ပါး ဖြစ် ၏။ ရှင်ဘုရင် ၏ အာဏာစက် ကို သားရဲ နှင့်အတူ တစ် ချက် တည်း ရ ကြလိမ့်မည်။ ၁၃ ထိုသူတို့သည် သဘော တူ ၍ မိမိ တို့တန်ခိုး

အာဏာစက် ကို သားရဲ၌ အပ်ပေး ကြလိမ့်မည်။ ၁၄ သူ တို့သည် သိုးသူငယ် ကို စစ်တိုက် ၍ သိုးသူငယ် သည် နိုင်တော်မူမည်။ အကြောင်းမူကား ၊ သိုးသူငယ်သည် သခင် တို့၏သခင် ဘုရင် တို့၏ဘုရင် ဖြစ် တော်မူ၏။ ကိုယ်တော်နှင့်အတူ ရှိသော သူ တို့သည် လည်း ခေါ် တော်မူသောသူ၊ ရွေးချယ် တော်မူသောသူ၊ သစ္စာရှိ သောသူ ဖြစ်ကြ၏။ ၁၅ ယခုမြင် ၍ ပြည်တန်ဆာ ထိုင် သော ရေ ကား ၊ အသီးအသီးဘာသာ စကားကို ပြောသော လူ အမျိုးမျိုး အစုစု ဖြစ်သတည်း။ ၁၆ ယခုမြင် သော ချိုး ဆယ် ချောင်းနှင့် သားရဲ သည် ပြည်တန်ဆာ ကို မုန်း ၍ သူ၏စည်းစိမ်ကို ဖျက်ဆီးလိမ့်မည်။ သူ ၏အဝတ် တန်ဆာကိုချွတ်၍ သူ ၏အသား ကို ကိုက်စား လိမ့်မည်။ ၁၇ သူ၏ကိုယ်ကိုလည်း မီး ရှို့လိမ့်မည်။ အကြောင်းမူကား ၊ သူတို့သည် ဘုရားသခင် ၏ အလို တော်ကို ပြု ခြင်းငှာငင်း ၊ နှုတ်ကပတ် တော်မ ပြည့်စုံမှီတိုင်အောင်သဘောတူ၍ မိမိ တို့နှိုင်ငံ များကို သားရဲ ၌ အပ်ပေး ခြင်းငှာငင်း၊ ဘုရားသခင် သည် သူ တို့ ၌ အကြံ ပေးတော်မူ၏။ ၁၈ ယခုမြင် သော မိန်းမ သည်လည်း ၊ လောကီ ရှင်ဘုရင် တို့ကို အုပ်စိုး သော မြို့ ကြီး ဖြစ် သတည်းဟု ကောင်းကင်တမန် ပြောဆို၏။

၁၈ ထိုနောက်မှ ကောင်းကင်တမန် တစ်ပါး သည် ကြီးစွာ သော တန်ခိုး နှင့်ပြည့်စုံ ၍ ကောင်းကင် က ဆင်းသက်သည်ကို ငါမြင် ၏။ သူ ၏ ရောင်ခြည် အားဖြင့် မြေကြီး ထွန်းလင်း လျက်ရှိ၏။ ၂ သူသည်ကျယ် သောအသံ နှင့် ကြွေးကြော် ၍ ၊ ဗာဗုလုန် မြို့ကြီး ပြိုလဲ ပြီ။ ပြိုလဲ ပြီ။ နတ်ဆိုး နေရာ ဖြစ် လေ ပြီ။ ညစ်ညူး သော ဝိညာဉ် မျိုး ၏ တွင်းဖြစ်လေပြီ။ ညစ်ညူး ၍ စက်ဆုပ်ဘွယ်သော ငှက် မျိုး ၏ မှီခိုရာ ဖြစ်လေပြီ။ ၃ အကြောင်းမူကား ၊ လူမျိုး အပေါင်းတို့သည် သူ ၏ မတရား သော မေထုန်၏ အဆိပ် အတောက်တည်းဟူသောစပျစ်ရည် ကိုသောက် ကြပြီ။ လောကီ ရှင်ဘုရင် တို့သည် မတရား သော မေထုန်ကို သူ နှင့် ပြုကြပြီ။ လောကီ ကုန်သည် တို့သည် သူ ၏ ကာမဂုဏ် စည်းစိမ်ကြွယ်ဝခြင်းအားဖြင့် ဥစ္စာ ရတတ်ကြပြီဟု ပြောဆို ၏။ ၄ အခြား သော ကောင်းကင် အသံ ကား၊ ငါ ၏ လူမျိုး တို့၊ သူ ၏ အပြစ် တို့ကို ဆက်ဆံ ခြင်းနှင့်ငင်း၊ သူ ၏ ဘေးဒဏ် များကို ခံ ခြင်းနှင့်ငင်း၊ ကင်းလွတ်အံ့သောဟု ၊ သူ ၏အထဲကထွက်ကြလော့။ ၅ သူ ၏အပြစ် တို့သည် ကောင်းကင် ဘုံတိုင်အောင် မှီ ကြသည်ဖြစ်၍ ၊ သူ ၏မတရား သောအမှုတို့ကို ဘုရားသခင် သတိရ တော်မူပြီ။ ၆ သူ သည် အကျိုးအပြစ်ကို ဆပ်ပေး သည်နည်းတူ သူ ၌ ဆပ်ပေး ကြလော့။ သူ ၏အကျင့် အတိုင်း နှစ်ဆ ထပ်၍ စီရင် ကြလော့။ သူ လောင်း သော ဖလား ၌ သူ့ အဘို့ နှစ်ဆ တိုး၍ လောင်း ကြလော့။ ၇ သူသည်ကိုယ် ကိုချီးမွှောက် ၍ ကာမဂုဏ် ၌ ပျော်မွေ့သည်အတိုင်း သူ ၌ ပြင်းစွာ သော ဆုံးမခြင်း၊ စိတ်မသာ ညည်းတွားခြင်းကို ဖြစ် စေကြလော့။ ငါကား မိဖုရား ဖြစ် ၏။ မုတ်ဆိုးမ မ ဟုတ်။ စိတ်မသာ ညည်းတွားခြင်းကို မ သိရဟု သူ သည် အောက်မေ့ တတ်၏။ ၈ ထိုကြောင့် ၊ သူ ခံရသောသေခြင်းဘေး၊ စိတ်မသာ ညည်းတွားခြင်းဘေး၊ မွတ်သိပ် ခြင်း ဘေးဒဏ်များ တို့နှင့် တစ် နေ့ ခြင်းတွင် တွေ့၍၊ မီး ဖြင့် လည်း ကျွမ်းလောင် ခြင်းကို ခံရလိမ့်မည်။ သူ့ကို စီရင် တော်မူသော ထာဝရ အရှင်ဘုရားသခင် သည် ခွန်အား ဗလကြီးတော်မူ၏။ ၉ မတရား သောမေထုန်ကို သူ နှင့်ပြု၍ ကာမဂုဏ် ၌ ပျော်မွေ့သော လောကီ ရှင်ဘုရင် တို့သည်၊ သူ ကျွမ်းလောင် ရာ မီးခိုး ကို မြင် သောအခါ ၊ ၁၀ သူ

ခံရသော ညှဉ်းဆဲ ခြင်းဝေဒနာကို ကြောက် ၍ အဝေး က ရပ် လျက်၊ ဖြစ်ရ လေခြင်း၊ ဖြစ်ရ လေခြင်း။ ဗာဗုလုန် မြို့ ကြီး ၊ မြို့ စွမ်း၊ သင် သည်တစ် နာရီ ခြင်းတွင် အပြစ် စီရင်ခြင်းသို့ ရောက် ပါပြီတကားဟူ၍သူ့ ကြောင့် ဝိုကြွေး မြည်တမ်း ကြလိမ့်မည်။ ၁၁ လောကီ ကုန်သည် တို့သည် ထိုအတူဝိုကြွေး ၍ စိတ်မသာ ညည်းတွားကြလိမ့်မည်။ အကြောင်းမူကား ၊ သူ တို့ ကုန်သွယ် ဥစ္စာတည်းဟူသော၊ ၁၂ ရွှေ ၊ငွေ ၊ ကျောက် ကောင်း ၊ ပုလဲ ၊ ပိတ်ချော ၊ ကတ္တီပါ ၊ ဖဲ၊ ပုဆိုးနီ ၊ အမျိုးမျိုး သောသွိန် သစ်သား ၊ အမျိုးမျိုး သောဆင်စွယ် တန်ဆာ ၊ အမျိုးမျိုး သော သစ် ကောင်း တန်ဆာ ၊ ကြေးဝါ တန်ဆာ၊ သံ တန်ဆာ၊ ကျောက်ဖြူ တန်ဆာ၊ ၁၃ သစ်ကြံပိုး ၊ အမေမုန်၊ နံ့သာပေါင်း ၊ ဆီမွှေး ၊ လောဗန် ၊ စပျစ်ရည် ၊ ဆီ ၊ မုန့်ညက် ၊ ဂျုံဆန် ၊ နွား ၊ သိုး ၊ မြင်း ၊ ရထား ၊ အစေခံ ကျွန် ၊ လူ ဝိညာဉ် တို့ကို အဘယ်သူ မျှ နောက်တဖန် မဝယ် ရ။ ၁၄ သင် သည် အလွန်တပ်မက် သော သစ်သီး မျိုးလည်း ပျောက် ကုန်ပြီ ဆူဖြိုးသောအရာ၊ တင့်တယ် သော အရာရှိသမျှ တို့လည်း ပျောက် ကုန်ပြီ။ နောက်တစ်ဖန် မ တွေ့ ရ။ ၁၅ သူ့ကိုအမှီပြု၍ ထိုအရာများကို ရောင်းဝယ်သဖြင့်၊ ငွေရတတ် သော ကုန်သည် တို့သည် သူ ခံရသော ညှဉ်းဆဲ ခြင်းဝေဒနာကို ကြောက် ၍ အဝေး က ရပ် လျက်၊ ၁၆ ဖြစ်ရ လေခြင်း၊ ဖြစ်ရ လေခြင်း၊ ပိတ်ချော ၊ အဝတ်နီ ၊ အဝတ်မောင်း ကို ဝတ် ၍၊ ရွှေ တန်ဆာ၊ ကျောက် မြတ် တန်ဆာ၊ ပုလဲ တန်ဆာကို ဆင် သောမြို့ ကြီး ၊ ၁၇ ဤမျှလောက် ကြီးစွာ သော စည်းစိမ် သည် တ နာရီ ခြင်းတွင် ပျက်စီး ပါပြီတကားဟု ဝိုကြွေး ၍ စိတ်မသာ ညည်းတွားကြလိမ့်မည်။ ခပ်သိမ်း သောသဘော်သူကြီး၊ အရပ်ရပ် သို့ လွှင့်ကူး တတ်သော သူအပေါင်း တို့နှင့် သဘော်သား ၊ ပင်လယ် ကုန်သည် ရှိသမျှ တို့သည် အဝေး က ရပ် ၍ ၁၈ သူ ကျွမ်းလောင် ရာမီးခိုး ကိုမြင် လျှင်၊ ထိုမြို့ နှင့် အဘယ် မြို့ တူ သနည်းဟူ၍ငင်း၊ ၁၉ ဖြစ်ရ လေခြင်း၊ ဖြစ်ရ လေခြင်း၊ ပင်လယ် ကူး သော သဘော်ကိုပိုင် သော သူ အပေါင်း တို့အား ကိုယ် စည်းစိမ်ကိုပေး၍ ငွေရတတ်စေသော မြို့ ကြီး ၊ တစ် နာရီ ခြင်းတွင် ပျက်စီး ပါပြီ တကားဟူ၍ငင်း အော်ဟစ် လျက်၊ မြေမှုန့် ကို မိမိ တို့ခေါင်း ပေါ်မှာ ပစ်တင် လျက် ဝိုကြွေး ၍ စိတ်မသာ ညည်းတွားကြလိမ့်မည်။ ၂၀ ကောင်းကင် မှစ၍ သန့်ရှင်း သူ တမန်တော် ပရောဖက် တို့၊ သူ ကို ကြည့်ရှု၍ ဝမ်းမြောက် ကြလော့။ ဘုရားသခင် သည် သင် တို့ဘက်၌ နေ၍၊ သူ့ ကို တရား စီရင် တော်မူပြီဟုပြောဆိုသည်ကို ငါကြား၏။ ၂၁ ခွန်အား ကြီးသော ကောင်းကင်တမန် တစ်ပါး သည် ကြီးစွာ သော ကြိတ်ဆုံ ကျောက်ကဲ့သို့သော ကျောက် ကို ချီယူ ၍ ပင်လယ် ထဲသို့ ချပစ် ပြီးလျှင် ထိုနည်းတူ ၊ ဗာဗုလုန် မြို့ ကြီး ကို ပြင်းထန် စွာ ချပစ် ၍ နောက်တစ်ဖန် မ ပေါ် မရှိရ။ ၂၂ စောင်း သမား၊ အငြိမ့်သမား၊ ပုလွေ သမား၊ တံပိုး သမားများ တီးမှုတ်သော အသံ လည်း သင့် အထဲ ၌ နောက်တစ်ဖန် မ မြည် ရ။ အမျိုးမျိုး သော လက်တတ် သမား တို့တွင် တစ်ယောက်မျှ သင့် အထဲ ၌ နောက်တစ်ဖန် မ ပေါ် မရှိရ။ ကြိတ်ဆုံ သံ လည်း သင့် အထဲ ၌ နောက်တစ်ဖန် မ မြည် ရ။ ၂၃ ဆီမီး အလင်း လည်း သင့် အထဲ ၌ နောက်တစ်ဖန် မ ထွန်း မလင်းရ။ မင်္ဂလာဆောင်သတို့သား သတို့သမီး အသံ ကိုလည်း သင့် အထဲ ၌ နောက်တစ်ဖန် မ ကြား ရ။ အကြောင်းမူကား ၊ လောကီ မူးမတ် တို့သည် သင် ၏ ကုန်သည် ဖြစ် ကြပြီ။ လူ အမျိုးမျိုး တို့သည် သင် ၏ ပြုစား ခြင်း

ပရိယာယ်အားဖြင့် လှည့်ဖြား ခြင်းကို ခံရကြ ပြီဟု ကောင်းကင်တမန် ပြောဆို၏။ ၂၄ ပရောဖက် တို့၏ အသွေး၊ သန့်ရှင်း သူတို့၏ အသွေး၊ မြေကြီး ပေါ် မှာ ကွပ်မျက် သောသူ အပေါင်း တို့၏ အသွေးကို ထိုမြို့ ၌ တွေ့ ၏။

၁၉ ထိုနောက်မှ ကောင်းကင် ဘုံ၌ စည်းဝေး သော သူအများ တို့၏ အသံ ကြီး ကား၊ ဟာလေလုယ၊ ငါ တို့ဘုရားသခင် ၏ ကယ်တင် တော်မူခြင်းချမ်းသာ၊ ဘုန်း အသရေတန်ခိုး တော်ပေတည်း။ ၂ စီရင် တော်မူခြင်းအရာတို့သည် ဟုတ်မှန် ဖြောင့်မတ် ကြ၏။ မိမိ မတရား သော မေထုန်အားဖြင့် မြေကြီး ကို ပုပ်ပျက် စေသော ပြည်တန်ဆာ ကြီး ကို စစ်ကြော စီရင်တော်မူပြီ။ ကိုယ်တော် ကျွန် တို့၏ အသွေး ကို သူ ၏ လက် ဖြင့် သွန်းသော အပြစ်နှင့်အလျောက် ဒဏ် ပေးတော်မူပြီဟု ပြောဆို ကြသည်ကို ငါကြား ၏။ ၃ တဖန်တုံ၊ ဟာလေလုယ ဟူ၍ငင်း၊ သူ ၏ မီးခိုး သည် ကမ္ဘာ အဆက်ဆက်တက် သည်ဟူ၍ငင်း ပြောဆို ကြ၏။ **(aiōn g165)** ၄ အသက်ကြီး သူ နှစ်ဆယ် လေး ပါးနှင့် သတ္တဝါ လေး ပါးတို့သည် ပြပ်ဝပ် ၍၊ ပလ္လင် တော်ပေါ် မှာ ထိုင် တော်မူသော ဘုရားသခင် ကို ကိုးကွယ် လျက်၊ အာမင်၊ ဟာလေလုယ ဟုလျှောက်ဆို ကြ၏။ ၅ ပလ္လင် တော်ပေါ် က ထွက် သောအသံ ကား၊ ဘုရားသခင် ၏ ကျွန် အပေါင်း တို့နှင့် ဘုရားသခင် ကို ကြောက်ရွံ့ သောသူ အကြီး အငယ် အပေါင်းတို့၊ ငါ တို့ ဘုရားသခင် ကို ချီးမွမ်း ကြလော့ဟု ဆို သတည်း။ ၆ တဖန်တုံ၊ ဟာလေလုယ၊ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရ အရှင်၊ ငါ တို့ဘုရားသခင် သည် စိုးစံ တော်မူ၏။ ၇ ငါတို့သည် ဝမ်းမြောက် ရွှင်လန်း ကြကုန်အံ့၊ ဂုဏ် တော်ကို ချီးမွမ်းကြကုန်အံ့၊ အကြောင်းမူကား၊ သိုးသူငယ် ၏ မင်္ဂလာဆောင် ပွဲကိုခံ ချိန်ရှိပြီ။ သူ ၏ မိန်းမ သည်ကိုယ် ကို တန်ဆာ ဆင်ပြီဟု စည်းဝေး သော သူအများ တို့၏ အသံ၊ သမုဒ္ဒရာ သံ၊ ပြင်းစွာ သောမိုးကြိုး သံ ကဲ့သို့ ငါကြား ၏။ ၈ ထို မိန်းမ သည်စင်ကြယ် ပြောင်လက် သော ပိတ်ချော ကိုဝတ်ဆင် ရသောအခွင့်ကို ရ ၏။ ထိုပိတ်ချော မူကား၊ သန့်ရှင်း သူ တို့၏ ဖြောင့်မတ် ခြင်းဖြစ် သတည်း။ ၉ ကောင်းကင်တမန်ကလည်း၊ သိုးသူငယ် ၏ မင်္ဂလာဆောင် ပွဲ သို့ ခေါ် ဘိတ် ခြင်းကို ခံရသောသူ တို့သည် မင်္ဂလာ ရှိကြ၏ဟု ရေး ထားလော့ဟူ၍ငင်း၊ ဤ စကား သည် ဘုရားသခင် ၏ နှုတ်တော်ထွက်စင်စစ် ဖြစ် ၏ဟူ၍ငင်း ငါ့ အားပြောဆို ၏။ ၁၀ ငါသည် ထိုသူ ကို ကိုးကွယ် ခြင်းဌာသူ ၏ခြေ ရင်း၌ ပြပ်ဝပ် ၏ သူကလည်း၊ မ ပြုပါနှင့်၊ ငါကား သင် ၏ လုပ်ဘော် ဆောင်ဘက်ဖြစ် ၏။ ယေရှု ၏ သက်သေခံ တော်မူချက်ကို ဆောင် သော သင် ၏ ညီအစ်ကို တို့၏ လုပ်ဘော်ဆောင်ဘက်လည်းဖြစ်၏။ ဘုရားသခင် ကို ကိုးကွယ် လော့။ အကြောင်းမူကား၊ ပရောဖက်ဟောသော စကားချက်သဘောသည် ယေရှု ၏ သက်သေ ဖြစ် သတည်းဟု ငါ့ အားပြောဆို ၏။ ၁၁ ထိုအခါ ကောင်းကင် ဘုံဖွင့်လှစ် လျက်ရှိသည်ကို ငါမြင် လျှင်၊ မြင်း ဖြူ ရှိ ၏။ မြင်းစီးသော သူသည် သစ္စာ ဟူသောအမည်၊ သမ္မာ ဟူသော အမည် ရှိသတည်း။ ထိုသူ သည် တရား သဖြင့်စီရင် တတ်၏။ တရားသဖြင့် စစ်တိုက် တတ်၏။ ၁၂ မျက်စိ တော်သည် မီး လျှံ ကဲ့သို့ ဖြစ်၏။ ခေါင်း တော်ပေါ် ၌ သရဖူ များ ကို ဆောင်း ၏။ ကိုယ်တိုင်မှတစ်ပါး၊ အဘယ်သူ မျှမသိ သော နာမ တော်သည် ရေး ထားလျက်ရှိ၏။ ၁၃ အသွေး ၌နှစ် ပြီးသောအဝတ် ကို ဝတ် ၏။ ဘုရားသခင် ၏ နှုတ်ကပတ် တော်ဟူသော အမည် ရှိ၏။ ၁၄ ကောင်းကင် ဗိုလ်ခြေ တို့သည် မြင်း ဖြူ ကို စီးလျက်၊ စင်ကြယ် သော

ပိတ်ချော ဖြူ ကိုဝတ် လျက်၊ နောက်တော်သို့ လိုက် ကြ၏။ ၁၅ လူမျိုး တို့ကို ဒဏ်ခတ် စရာဘို့၊ ထက် သောသန်လျက် သည် ခံတွင်း တော်ထဲက ထွက် ၏။ သူ တို့ကို သံ လှံတံ နှင့် အုပ်စိုး တော်မူမည်။ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင် ၏ ဒေါသ အမျက် တော် စပျစ် သီးနယ်ရာ တန်ဆာကို ဖိနင်း တော်မူမည်။ ၁၆ ဘုရင် တို့၏ဘုရင် ၊ သခင် တို့၏သခင် ဟု ဘွဲ့နာမ တော်သည် အဝတ် တော်၌ ၎င်း ၊ ပေါင် တော်၌ ၎င်း ရေး ထားလျက်ရှိ ၏။ ၁၇ ကောင်းကင်တမန် တစ်ပါး သည် နေ ထဲမှာ ရပ် လျက်ရှိသည်ကို ငါမြင် ၏။ ၁၈ သူသည် မိုဃ်း ကောင်းကင်အလယ်၌ ပျံ တတ် သော ငှက် အပေါင်း တို့ကို ကြီး သောအသံ နှင့် ခေါ် ၍၊ လာ ကြလော့။ ရှင်ဘုရင် အသား ၊ စစ်သူကြီး အသား ၊ သူရဲ အသား ၊ မြင်း အသား ၊ မြင်းစီး သောသူ အသား၊ အစေခံ ကျွန်၊ လူ လွတ်၊ အကြီး အငယ် အမျိုးမျိုး သော လူတို့၏ အသား ကို စား အံ့သောငှာ၊ ကြီးမြတ် တော်မူသော ဘုရားသခင် ၏ ပွဲ တော်သို့ စည်းဝေး ကြလော့ဟု ဟစ်ကြော် ၏။ ၁၉ သားရဲ မှစ၍ လောကီ ရှင်ဘုရင် တို့နှင့် သူ တို့၏ ဗိုလ်ခြေ များတို့သည်၊ မြင်း စီး တော်မူသောသူ နှင့် ဗိုလ်ခြေ တော်ကို စစ်တိုက်ခြင်းငှာစည်းဝေး ကြသည်ကိုငါမြင် ၏။ သားရဲ ကိုဘမ်းမိ ကြ၏။ ၂၀ သားရဲ ၏တံဆိပ် လက်မှတ်ကိုခံ ၍၊ သူ ၏ရုပ်တု ကိုကိုးကွယ် သောသူ တို့ကို လှည့်ဖြား ၍ သားရဲ ရှေ့၌ နိမိတ် များကို ပြ တတ်သော မိစ္ဆာ ပရောဖက်ကိုလည်း ဘမ်းမိကြ၏။ အသက် ရှင် လျက်ရှိသောထိုသူနှစ်ဦးကို ကန့် နှင့် လောင် သော မီး အိုင် ထဲသို့ ပစ်ချ ကြ၏။ **(Limnē Pyr g3041 g4442)** ၂၁ ကြွင်း သောသူ တို့သည်၊ မြင်း စီး တော်မူသော သူ ၏ခံတွင်း တော်ထဲက ထွက် သော သန်လျက် နှင့် ကွပ်မျက် ခြင်းကို ခံရကြ၏။ သူ တို့၏ အသား ကို ငှက် အပေါင်း တို့သည် ဝ စွာစားရကြ၏။

၂၀ တဖန် ကောင်းကင်တမန် သည် အနက်ဆုံး သောတွင်း၏ သော့ နှင့် သံကြိုး ကြီး ကိုကိုင် လျက် ကောင်းကင် က ဆင်းသက် သည်ကို ငါမြင် ၏။ **(Abyssos g12)** ၂ ရှေး မြွေ ဟောင်း၊ မာရ်နတ် စာတန် တည်းဟူသော နဂါး ကို ကိုင်ဖမ်း ၍ ၊ အနှစ် တစ်ထောင် ဘို့ ချည်နှောင် လေ၏။ ၃ အနှစ် တစ်ထောင် မ ကုန် မှီ တိုင်အောင် ၊ လူ အမျိုးမျိုးတို့ကို မလှည့်ဖြား ရမည်အကြောင်း ၊ အနက်ဆုံး သော တွင်းထဲသို့ ပစ်ချ လှောင် ထား၍ တံဆိပ် ခတ်လေ၏။ အနှစ်တစ်ထောင်ကုန်ပြီးမှတစ်ဖန် ခဏ လွှတ် ရဦးမည်။ **(Abyssos g12)** ၄ ပလွင် များကိုလည်း ငါမြင် ၏။ ပလွင် ပေါ် မှာ ထိုင် သော သူ တို့သည် တရား စီရင်ရသောအခွင့်ကို ရကြ၏။ သားရဲ နှင့် သူ ၏ရုပ်တု ကိုမ ကိုးကွယ် ၊ သူ တို့၏ တံဆိပ် လက်မှတ်ကို နဖူး ၌ မ ခံ ၊ လက် ၌ မခံဘဲနေ၍ ယေရှု ၏ သက်သေခံ တော်မူချက်နှင့် ဘုရားသခင် ၏ နှုတ်ကပတ် တော်ကြောင့် ၊ လည်ပင်း ဖြတ်ခြင်းကို ခံရသော သူ တို့၏ ဝိညာဉ် များကို ငါမြင်၏။ သူတို့သည် အသက် ရှင်၍ အနှစ် တစ်ထောင် ပတ်လုံးခရစ်တော် နှင့်အတူ စိုးစံ ရကြ၏။ ၅ ကြွင်း သော လူသေ တို့သည် ထိုအနှစ် တစ်ထောင် မ ကုန် မှီ အသက် မ ရှင်ရကြ။ ဤ ထမြောက် ခြင်းကား၊ ပဌမ ထမြောက်ခြင်းဖြစ်သတည်း။ ၆ ပဌမ ထမြောက် ခြင်းကို ဝင်စားသောသူ သည် မင်္ဂလာ ရှိသောသူ၊ သန့်ရှင်း သောသူ ဖြစ်၏။ ထိုသို့သော သူသည် ဒုတိယ သေခြင်း ၏ လက်နှင့် ကင်းလွတ်လျက်၊ ဘုရားသခင် ၏ ယဇ် ပုရောဟိတ်၊ ခရစ်တော် ၏ ယဇ်ပုရောဟိတ်ဖြစ် ၍အနှစ် တစ်ထောင် ပတ်လုံးခရစ်တော် နှင့်အတူ စိုးစံ ရကြလိမ့်မည်။ ၇ ထိုအနှစ် တစ်ထောင် ကုန် ပြီးမှ ၊ စာတန် သည် ထောင် ထဲက လွှတ်

သောအခွင့်ကိုရ၍၊ ၈ အရေအတွက် အားဖြင့် သမုဒ္ဒရာ သဲလုံး နှင့်အမျှ များသောဂေါဂ ၊ မာဂေါဂ တည်းဟူသောမြေကြီး လေး မျက်နှာ ပေါ်မှာ နေသော လူ အမျိုးမျိုးတို့ကို လှည့်ဖြား အံ့သောဌာဂင်း၊ စစ်တိုက် ဘို့ စည်းဝေး စေခြင်းဌာဂင်း တက် လိမ့်မည်။ ၉ ထိုသူများတို့သည် မြေကြီး မျက်နှာပေါ်သို့ တက် ၍ ၊ သန့်ရှင်း သူ တို့၏တပ် ကိုဂင်း ၊ ချစ် ဘွယ်သော မြို့ တော်ကိုဂင်း၊ ဝိုင်း ကြ၏။ ထိုအခါ ဘုရားသခင်အထံတော်၊ ကောင်းကင် မှ မီး ကျ ၍ သူ တို့ကို မျိုလေ၏။ ၁၀ သူ တို့ကိုလှည့်ဖြား သောမာရ်နတ် ကိုလည်း ၊ သားရဲ နှင့် မိစ္ဆာ ပရောဖက်ရှိရာ ၊ ကန့် နှင့် ရောနှောသော မီး အိုင် ထဲသို့ ချပစ် လျှင်၊ သူတို့သည် နေ့ ညဉ့် မပြတ် ကမ္ဘာ အဆက်ဆက်ပြင်းစွာ သောဝေဒနာကို ခံရကြ လတံ့။ **(aiōn g165, Limnē Pyr g3041 g4442)** ၁၁ တစ်ဖန်တုံ ၊ ဖြူ သောပလ္လင် ကြီး ကိုဂင်း ၊ ပလ္လင် ပေါ်မှာ ထိုင် တော်မူသောသူ ကိုဂင်း ငါမြင် ၏။ ကောင်းကင် နှင့် မြေကြီး သည် မျက်နှာ တော်ရှေ့မှ ပြေး လွင့်၍ သူ တို့နေစရာအရပ် မ ရှိ ။ ၁၂ သေ လွန်သောသူ အကြီး အငယ် တို့သည် ပလ္လင် တော်ရှေ့မှာ ရပ် နေကြသည်ကို ငါမြင် ၏။ စာစောင် များ ကို ဖွင့် ထား၏ အသက် စာစောင်တည်းဟူသော အခြား တစ်ပါးသောစာစောင် ကိုလည်း ဖွင့် လေ၏။ သေ လွန်သောသူ တို့သည် မိမိ တို့အကျင့် အတိုင်း ၊ စာစောင် တို့ ၌ ရေး ထားချက်များနှင့်အညီတရား စီရင်ခြင်းကို ခံရကြ၏။ ၁၃ သမုဒ္ဒရာ သည် မိမိ ၌ ရှိသော လူသေ တို့ကို အပ်ပေး ၏။ မရဏာ နှင့် မရဏာ နိုင်ငံသည်လည်း မိမိ တို့ ၌ ရှိသော လူသေ တို့ကို အပ်ပေး ကြ၏။ လူအသီးအသီး တို့သည် မိမိ တို့အကျင့် အတိုင်း တရား စီရင်ခြင်းကို ခံရကြ၏။ **(Hadēs g86)** ၁၄ ထိုအခါ မရဏာ နှင့် မရဏာ နိုင်ငံကို မီး အိုင် ထဲသို့ ချပစ် လေ၏။ ထို သေခြင်းကားဒုတိယ သေ ခြင်း ဖြစ် သတည်း။ **(Hadēs g86, Limnē Pyr g3041 g4442)** ၁၅ အသက် စာစောင် ၌ စာရင်းမ ဝင်သောသူ ရှိသမျှ တို့ကိုလည်း မီး အိုင် ထဲသို့ ချပစ် လေ၏။ **(Limnē Pyr g3041 g4442)**

၂၁ ကောင်းကင် သစ် နှင့် မြေကြီး သစ် ကိုလည်း ငါမြင် ၏။ အဘယ်သို့ နည်းဟူမူကား၊ ရှေး ကောင်းကင် နှင့် ရှေး မြေကြီး သည် ရွေ့သွား ကြပြီ။ ထိုအခါ မှစ၍သမုဒ္ဒရာ မ ရှိ ။ ၂ သန့်ရှင်း သောမြို့ တည်းဟူသောယေရုရှလင် မြို့ သစ် သည် မိမိ ခင်ပွန်း ဘို့ တန်ဆာ ဆင်သောမင်္ဂလာဆောင်သတို့သမီး ကဲ့သို့ ပြင်ဆင် လျက်၊ ဘုရားသခင် အထံ တော်၊ ကောင်းကင် ဘုံမှ ဆင်းသက် သည်ကို ငါမြင် ၏။ ၃ ကောင်းကင်မှ ကြီး သောအသံ ကား၊ ဘုရားသခင် ၏ တဲ တော်သည် လူတို့ တွင် ရှိ ၏။ လူ တို့နှင့်အတူ ကျိန်းဝပ် တော်မူမည်။ သူ တို့သည် ကိုယ်တော် ၏လူ ဖြစ် ကြလိမ့်မည်။ဘုရားသခင် သည် ကိုယ်တော် တိုင်သူ တို့နှင့်အတူ ရှိ နေ၍ သူ တို့၏ ဘုရားသခင် ဖြစ်တော်မူမည်။ ၄ ဘုရားသခင်သည် သူ တို့၏ မျက်စိ ၌ မျက်ရည် ရှိသမျှ တို့ကို သုတ် တော်မူမည်။နောက်တစ်ဖန် သေ ဘေး မ ရှိ ရ။စိတ်မသာညည်းတွား ခြင်း၊အော်ဟစ် ခြင်း၊ပင်ပန်း ခြင်းလည်း မ ရှိ ရ။အကြောင်းမူကား ၊ရှေး ဖြစ် ဘူးသောအရာတို့သည် ရွေ့သွား ကြပြီ။ ၅ ပလ္လင် တော်ပေါ်မှာ ထိုင် တော်မူသောသူ ကလည်း ၊ ငါသည် ခပ်သိမ်း သောအရာတို့ကို အသစ် ဖန်ဆင်း သည်ဟု မိန့် တော်မူ၏။ တစ်ဖန်တုံ ၊ ရေး ထား လော့။ ဤ စကား သည် သစ္စာ စကား၊ ဟုတ်မှန် သောစကားဖြစ် ၏ ဟူ၍ငှင်း၊ ၆ အမှု ပြီးပြီ။ ငါ သည် အာလဖ ဖြစ် ၏။ ဩမေဃ လည်း ဖြစ်၏။ အစ နှင့် အဆုံး လည်းဖြစ်၏။ ရေငတ် သောသူ အား အသက်

စမ်း ရေ ကို အဘိုး မယူဘဲ ငါ ပေး မည်။ ၇ အောင်မြင် သောသူ သည် ဤ အရာတို့ကို အမွေ ခံရလိမ့်မည်။ ငါသည် သူ ၏ ဘုရားသခင် ဖြစ် မည်။ သူ သည်လည်း ငါ ၏သား ဖြစ် လိမ့်မည်။ ၈ ကြောက် တတ်သောသူ၊ မယုံကြည် သောသူ၊ စက်ဆုပ် ရွံရှာဘွယ်သောသူ၊ လူ အသက်ကိုသတ်သောသူ၊ မတရား သောမေထုန်၌မှီဝဲသောသူ၊ ပြုစား တတ်သောသူ၊ ရုပ်တု ကိုးကွယ်သောသူ၊ သစ္စာ ပျက်သောသူ အပေါင်း တို့မူကား၊ ဒုတိယ သေ ခြင်းတည်းဟူသောကန့် နှင့်လောင် သောမီး အိုင် ထဲ၌ မိမိ တို့အဘို့ကို ရကြလိမ့်မည်ဟူ၍ဝင်း ငါ့ အား မိန့် တော်မူ၏။ **(Limnē Pyr g3041 g4442)** ၉ နောက်ဆုံး သော ဘေးဒဏ် ခုနစ် ပါးနှင့် ပြည့် သောဖလား ခုနစ် လုံးကို ဆောင် သော ကောင်းကင်တမန် ခုနစ် ပါးတွင် တစ် ပါးသည် လာ ပြီးလျှင် ငါ့ ကိုနှုတ်ဆက် ၍ ၊ လာ ခဲ့ပါ။ သိုးသူငယ် ၏ ခင်ပွန်း တည်းဟူသောမင်္ဂလာဆောင်သတို့သမီး ကို ငါပြ မည်ဟု ပြောဆို လျက် ၊ ၁၀ ကြီး မြင့် သောတောင် သို့ ဝိညာဉ် တော်အားဖြင့် ငါ့ ကိုဆောင်သွား ၍ သန့်ရှင်း သောယေရုရှလင် မြို့ သည် ဘုရားသခင် ၏ ဘုန်း တော်နှင့် ပြည့်စုံ လျက်၊ ဘုရားသခင့် အထံ တော်၊ ကောင်းကင် ဘုံမှ ဆင်းသက် သည်ကို ငါ့ အားပြ လေ၏။ ၁၁ ထိုမြို့ ၏ အရောင်အဝါ သည်၊ ကျောက် သလင်း နဂါးသွဲ့ ကဲ့သို့ ၊ အမြတ်ဆုံး သော ကျောက် မျက်မွန်နှင့် တူ ၏။ ၁၂ ကြီး မြင့် သောမြို့ရိုး လည်း ရှိ ၏။ ၁၃ အရှေ့ ဘက်၌ တံခါး သုံး ပေါက်၊ မြောက် ဘက်၌ သုံး ပေါက်၊ တောင် ဘက်၌ သုံး ပေါက်၊ အနောက် ဘက်၌ သုံး ပေါက်၊ တံခါး တစ်ဆယ့်နှစ် ပေါက်ရှိ ၏။ ထိုတံခါး တစ်ဆယ့်နှစ် ပေါက်၌ ကောင်းကင်တမန် တစ်ဆယ့်နှစ်ပါး ရှိ၏။ ဣသရေလ အမျိုး တစ်ဆယ့်နှစ် မျိုး၏ နာမ တို့သည် ထိုတံခါးပေါ်၌ရေး ထားလျက်ရှိ ၏။ ၁၄ မြို့ ရိုး အမြစ် သည် တစ်ဆယ့်နှစ် ထပ်ရှိ ၏။သိုးသူငယ် ၏တမန်တော် တစ်ဆယ့်နှစ် ပါး၏ နာမ တို့ သည် မြို့ရိုး အမြစ်ပေါ်၌ ရေးထားလျက်ရှိကြ၏။ ၁၅ ငါ နှင့် စကားပြော သောသူ သည်၊ မြို့ ကိုငင်း ၊ တံခါး တို့ကိုငင်း၊ မြို့ရိုး ကိုငင်း တိုင်း ခြင်းငှာ ၊ တိုင်း စရာ ရွေ ကျူလုံး ပါ ၏။ ၁၆ မြို့ သည် စတုရန်းလေး ထောင့်ဖြစ်၏။ ထိုသူ သည် ကျူလုံး နှင့် မြို့ ကိုတိုင်း ၍ မြို့ ၏ အနံ ၊ အလျား ၊ အမြင့် ၊ ယူဇနာတရာနှစ်ဆယ်စီရှိ၏။ ၁၇ မြို့ရိုး ဒုကို တိုင်း ၍ ၊ လူ အတောင် ကဲ့သို့သောကောင်းကင်တမန် အတောင်အားဖြင့်၊ တစ်ရာ လေးဆယ် လေး တောင် ရှိ ၏။ ၁၈ မြို့ရိုး ကိုယ်သည် နဂါးသွဲ့ ကျောက်ဖြစ်၏။ မြို့ သည်လည်း ကြည်လင် သောဖန် နှင့် တူ သော ရွှေ စင် ဖြစ်၏။ ၁၉ မြို့ ရိုး အမြစ် တို့သည် ကျောက် မြတ် အမျိုးမျိုး နှင့် ပြည့်စုံကြ၏။ ပဌမ အမြစ် ကားနဂါးသွဲ့ ဖြစ်၏။ ဒုတိယ အမြစ်ကား နီလာ ၊ တတိယ အမြစ်ကား မဟူရာ ၊ စတုတ္ထ အမြစ်ကား မြ ၊ ၂၀ ပဉ္စမ အမြစ်ကား ကြောင် ၊ ဆဋ္ဌမ အမြစ် ကား ကျောက်နီ၊ သတ္တမ အမြစ်ကား ခရုသုလိတ် ၊ အဋ္ဌမ အမြစ်ကား မျက်ရွဲ ၊ နဝမ အမြစ်ကား ဥသ္သဖရား ၊ ဒသမ အမြစ်ကား ခရုသုပြတ် ၊ ဧကဒသမ အမြစ်ကား ဗုကိဿ ၊ ဒွါဒသမ အမြစ်ကား ဂေါ်မုတ် ဖြစ်သတည်း။ ၂၁ တံခါး ရွက် တစ်ဆယ့်နှစ် ရွက်အသီးအသီး တို့သည် ပုလဲ တစ် ပြားစီ ဖြင့်ပြီး၍ ပုလဲ တစ်ဆယ့်နှစ် ပြားဖြစ်ကြ၏။ မြို့ လမ်းမ သည် ကြည်လင် သောဖန် ကဲ့သို့သော ရွှေ စင် ဖြစ်၏။ ၂၂ မြို့ ထဲ၌ ဗိမာန် တော်ကိုငါမ မြင် ၊ အကြောင်းမူကား ၊ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရ အရှင် ဘုရားသခင် နှင့် သိုးသူငယ် သည် ထိုမြို့ ၏ ဗိမာန် ဖြစ် တော်မူ၏။ ၂၃ ထိုမြို့ သည် နေ ၏အရောင်၊ လ ၏ အရောင်ကို အလို မ ရှိ ။ အကြောင်းမူကား ၊ ဘုရားသခင် ၏ ဘုန်း တော်သည် ထိုမြို့ ကို လင်း

စေ၏။ သိုးသူငယ် သည်လည်း ထိုမြို့ ၏ ဆီမီး ဖြစ်၏။ ၂၄ လူ အမျိုးမျိုးတို့သည် ထိုမြို့ ၏ အလင်း ကို အမှီပြု သွားလာ ကြလိမ့်မည်။ လောကီ ရှင်ဘုရင် တို့သည်လည်း မိမိ တို့ဘုန်း အသရေကို ထိုမြို့ ထဲသို့ ဆောင်ခဲ့ ကြလိမ့်မည်။ ၂၅ မြို့ တံခါး တို့ကို နေ့ အချိန်၌ အလျှင်း မ ပိတ် တတ်။ ညဉ့် မူကား မ ရှိ ။ ၂၆ လူ အမျိုးမျိုးတို့သည် မိမိတို့ ဘုန်း အသရေ ကို ထိုမြို့ ထဲသို့ ဆောင်ခဲ့ ကြလိမ့်မည်။ ၂၇ ညစ်ညူး သောအရာ၊ စက်ဆုပ် ဘွယ်သောအရာ၊ သစ္စာ ပျက်သောအရာ တစ်စုံတစ်ခုမျှမဝင်ရဘဲ၊ သိုးသူငယ် ၏ အသက် စာစောင် ၌ စာရင်းဝင် သော သူတို့သာလျှင် ဝင် ရ၏။

၂၁ တဖန် ၊ ကျောက် သလင်းကဲ့သို့ ကြည်လင် ၍၊ ဘုရားသခင် နှင့် သိုးသူငယ် ၏ ပလ္လင် တော်ထဲက ထွက် သော၊ အသက် ရေစီး ရာမြစ် ကို ကောင်းကင်တမန်သည် ငါ့ အား ပြ လေ၏။ ၂ မြို့ လမ်းမ အလယ် ၌ ၎င်း၊ ထိုမြစ် နှစ်ဘက်၌၎င်း၊ အသက် ပင် ရှိ၏။ ထိုအသက်ပင်သည် အသီး တဆယ့်နှစ် မျိုးကို သီး တတ်၏။ မိမိအသီး ကိုလည်း လ တိုင်းပေး တတ်၏။ အရွက် သည်လည်း လူ အမျိုးမျိုးတို့၏ အနာ ရောဂါငြိမ်းစရာတို့ ဖြစ်၏။ ၃ နောက်တစ်ဖန် ကျိန် ခြင်းတော်တစုံတခု မျှမ ရှိ ။ ထိုမြို့ ၌ ဘုရားသခင် နှင့် သိုးသူငယ် ၏ ပလ္လင် တော်ရှိ ၍ ဘုရားသခင် ၏ ကျွန် တို့ သည် ဘုရား ဝတ်ကို ပြုကြ လိမ့်မည်။ ၄ မျက်နှာ တော်ကိုမြင် ရ၍ သူ တို့နဖူး ၌ လည်း နာမ တော်ရေးထား လျက်ရှိလိမ့်မည်။ ၅ ထိုမြို့၌ညဉ့် မ ရှိ ရာ၊ ဆီမီး ကိုအလို မ ရှိ ။ နေ ၏ အရောင် ကိုလည်း အလိုမရှိ။ အကြောင်းမူကား၊ ထာဝရ အရှင်ဘုရားသခင် သည် သူ တို့ ၌ ရောင်ခြည် တော်ကို လွှတ်တော်မူ၍ သူတို့သည် ကမ္ဘာ အဆက်ဆက်စိုးစံ ရ ကြလတံ့။ (aiōn g165) ၆ ကောင်းကင်တမန်ကလည်း ၊ ဤ စကား သည် သစ္စာ စကား၊ ဟုတ်မှန် သောစကားဖြစ်၏။ ပရောဖက် တို့၏ ဝိညာဉ် ကို အစိုးရသော ထာဝရ အရှင်ဘုရားသခင် သည်၊ ကာလ မကြာမမြင့်မီဖြစ် ရ မည် အမှုအရာ များကို မိမိ ကျွန် တို့အား ပြ စေခြင်းငှာ၊ ကောင်းကင် တမန်တော်ကို စေလွှတ် တော်မူပြီ။ ၇ ငါသည်အလျင်အမြန် လာ မည်။ ဤ စာစောင် ၏ အနာဂတ္တိ စကား ကိုစောင့်ရှောက် သောသူ သည် မင်္ဂလာ ရှိ၏ဟု ပြောဆို ၏။ ၈ ငါ ယောဟန် သည် ဤအရာ များကို ကြား မြင် ၏။ ကြား မြင် ပြီးလျှင် ၊ ထို အရာများကို ပြ သော ကောင်းကင် တမန်၏ ခြေ ရင်း၌ ကိုးကွယ် အံ့သောငှာပြပ်ဝပ် ၏။ ၉ သူကလည်း ၊ မ ပြုပါနှင့်။ ငါကား၊ သင် ၏ လုပ်ဘော် ဆောင်ဘက်ဖြစ် ၏။ သင် ၏ အစ်ကို ပရောဖက် တို့နှင့် ဤ စာစောင် ၏ စကား ကို စောင့်ရှောက် သော သူ တို့၏ လုပ်ဘော်ဆောင်ဘက်လည်း ဖြစ်၏။ ဘုရားသခင် ကိုကိုးကွယ် လော့ဟုပြောဆို ၏။ ၁၀ တစ်ဖန်တုံ ၊ ငါ့ အားမိန့် တော်မူသည်ကား၊ ဤ စာစောင် ၏ အနာဂတ္တိ စကား ကို တံဆိပ် မ ခတ်နှင့်။ အကြောင်းမူကား၊ ကာလ အချိန် ရောက် လုနီးပြီ။ ၁၁ မတရား သောသူ သည် မတရား သဖြင့် ပြုစေ ဦး။ ညစ်ညူး သောသူ သည် ညစ်ညူး စေဦး။ ဖြောင့်မတ် သောသူ သည်ဖြောင့်မတ် စေဦး။ သန့်ရှင်း သောသူ သည် သန့်ရှင်း စေဦး ။ ၁၂ ငါသည်အလျင်အမြန် လာ မည်။ ငါ သည် အကျိုး အပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍ ၊ လူအသီးသီး တို့အား မိမိ တို့အကျင့် အတိုင်း ဆပ်ပေး မည်။ ၁၃ ငါ သည် အာလဖ ဖြစ်၏ ဩမေဃ လည်း ဖြစ်၏။ အဦးဆုံး သောသူ ၊ နောက်ဆုံး သော သူ ဖြစ်၏။ အစ နှင့် အဆုံး လည်း ဖြစ်၏။ ၁၄ အသက် ပင် နှင့်ဆိုင်၍၊ မြို့ တံခါး အတွင်း သို့ ဝင် အံ့သောငှာပညတ်တော်တို့ကို ကျင့်သောသူတို့သည် မင်္ဂလာ ရှိကြ၏။ ၁၅ ပြင်

၌ကား၊ ခွေး ဖြစ်သောသူ ၊ ပြုစား တတ်သောသူ၊ မတရား သောမေထုန်၌မှီဝဲသောသူ၊ လူ အသက်ကို သတ်သောသူ၊ ရုပ်တု ကိုကိုးကွယ်သောသူ၊ သစ္စာ ပျက် ခြင်းကို နှစ်သက် ၍ ပြု သောသူအပေါင်း တို့သည် ရှိကြ၏။ ၁၆ ငါ ယေရှု သည် အသင်းတော် တို့အဘို့ ဤအရာ များကို သင် တို့အားသက်သေခံ စေခြင်းငှာ၊ ငါ ၏ ကောင်းကင် တမန်ကို စေလွှတ် ၏။ ငါ သည်ကား၊ ဒါဝိဒ် ၏ အမြစ် ဖြစ် ၏။ အနွယ် လည်း ဖြစ်၏။ ထွန်းတောက် သောမိုဃ်းသောက် ကြယ် လည်းဖြစ်၏။ ၁၇ ဝိညာဉ် တော်နှင့် မင်္ဂလာဆောင်သတို့သမီး က လာ ခဲ့ပါဟု ဆို ကြ၏။ ကြား သောသူ ကလည်း ၊ လာ ခဲ့ပါ ဟုဆို ပါစေ ၊ ရေငတ် သောသူ သည် လာ ပါစေ။ အလိုရှိ သော သူ သည် အဘိုး ကိုမပေးဘဲ အသက် ရေ ကို ယူ ပါစေ။ ၁၈ ဤ စာစောင် ၏ အနာဂတ်တွ် စကား ကို ကြား သော သူအပေါင်း တို့အားငါ သက်သေခံ သည်ကား၊ အကြင်သူ သည် ဤအရာတို့ ၌၍ ထပ် အသစ်သွင်း၏။ ဤ စာစောင် ၌ ရေး ထားသော ဘေးဒဏ် တို့ကို ထိုသူ အပေါ် သို့ ဘုရားသခင် သက်ရောက် စေတော်မူမည်။ ၁၉ အကြင်သူ သည် ဤ စာစောင် ၏ အနာဂတ်တွ် စကား အချို့ကို နှုတ်ပယ် ၏။ ဤ စာစောင် ၌ ရေး ထား သော အသက် ပင် နှင့် ၎င်း၊ သန့်ရှင်း သောမြို့ တော်နှင့် ၊ ထိုသူ စပ်ဆိုင်သော အခွင့်ကိုဘုရားသခင် နှုတ်ပယ် တော်မူမည်။ ၂၀ ငါသည် အလျင်အမြန် လာ မည်မှန် ပေ၏ဟု၊ ၂၁ ဤအရာ များကို သက်သေခံ သောသူ မိန့် တော်မူ၏ အာမင် ၊ သခင် ယေရှု ကြွလာ တော်မူပါ။ ငါတို့သခင် ယေရှု ခရစ်၏ ကျေးဇူး တော်သည် သန့်ရှင်းသူ အပေါင်း တို့ ၌ ရှိစေသတည်း ။



သန့်ရှင်း သောမြို့ တည်းဟူသောယေရုရှလင် မြို့ သစ် သည် မိမိ ခင်ပွန်း ဘို့ တန်ဆာ ဆင်သောမင်္ဂလာဆောင်သတို့သမီး ကဲ့သို့ ပြင်ဆင် လျက်၊ ဘုရားသခင် အထံ တော်၊ ကောင်းကင် ဘုံမှ ဆင်းသက် သည်ကို ငါမြင် ၏။ ကောင်းကင်မှ ကြီး သောအသံ ကား။ ဘုရားသခင် ၏ တဲ တော်သည် လူတို့ တွင် ရှိ ၏။ လူ တို့နှင့်အတူ ကျိန်းဝပ် တော်မူမည်။ သူ တို့သည် ကိုယ်တော် ၏လူ ဖြစ် ကြလိမ့်မည်။ဘုရားသခင် သည် ကိုယ်တော် တိုင်သူ တို့နှင့်အတူ ရှိ နေ၍ သူ တို့၏ ဘုရားသခင် ဖြစ်တော်မူမည်။

ဗျာဒိတ်ကျမ်း ၂၁:၂-၃

စာဖတ်သူလမ်းညွှန်

မြန်မာဘာသာ at AionianBible.org/Readers-Guide

The Aionian Bible republishes public domain and Creative Common Bible texts that are 100% free to copy and print. The original translation is unaltered and notes are added to help your study. The notes show the location of eleven special Greek and Hebrew Aionian Glossary words to help us better understand God's love for individuals and for all mankind, and the nature of afterlife destinies.

Who has the authority to interpret the Bible and examine the underlying Hebrew and Greek words? That is a good question! We read in 1 John 2:27, *"As for you, the anointing which you received from him remains in you, and you do not need for anyone to teach you. But as his anointing teaches you concerning all things, and is true, and is no lie, and even as it taught you, you remain in him."* Every Christian is qualified to interpret the Bible! Now that does not mean we will all agree. Each of us is still growing in our understanding of the truth. However, it does mean that there is no infallible human or tradition to answer all our questions. Instead the Holy Spirit helps each of us to know the truth and grow closer to God and each other.

The Bible is a library with 66 books in the Protestant Canon. The best way to learn God's word is to read entire books. Read the book of Genesis. Read the book of John. Read the entire Bible library. Topical studies and cross-referencing can be good. However, the safest way to understand context and meaning is to read whole Bible books. Chapter and verse numbers were added for convenience in the 16th century, but unfortunately they can cause the Bible to seem like an encyclopedia. The Aionian Bible is formatted with simple verse numbering, minimal notes, and no cross-referencing in order to encourage the reading of Bible books.

Bible reading must also begin with prayer. Any Christian is qualified to interpret the Bible with God's help. However, this freedom is also a responsibility because without the Holy Spirit we cannot interpret accurately. We read in 1 Corinthians 2:13-14, *"And we speak of these things, not with words taught by human wisdom, but with those taught by the Spirit, comparing spiritual things with spiritual things. Now the natural person does not receive the things of the Spirit of God, for they are foolishness to him, and he cannot understand them, because they are spiritually discerned."* So we cannot understand in our natural self, but we can with God's help through prayer.

The Holy Spirit is the best writer and he uses literary devices such as introductions, conclusions, paragraphs, and metaphors. He also writes various genres including historical narrative, prose, and poetry. So Bible study must spiritually discern and understand literature. Pray, read, observe, interpret, and apply. Finally, *"Do your best to present yourself approved by God, a worker who does not need to be ashamed, properly handling the word of truth."* 2 Timothy 2:15. *"God has granted to us his precious and exceedingly great promises; that through these you may become partakers of the divine nature, having escaped from the corruption that is in the world by lust. Yes, and for this very cause adding on your part all diligence, in your faith supply moral excellence; and in moral excellence, knowledge; and in knowledge, self-control; and in self-control patience; and in patience godliness; and in godliness brotherly affection; and in brotherly affection, love. For if these things are yours and abound, they make you to be not idle nor unfruitful to the knowledge of our Lord Jesus Christ,"* 2 Peter 1:4-8.

ခက်ဆစ်

မြန်မာဘာသာ at AionianBible.org/Glossary

The Aionian Bible un-translates and instead transliterates eleven special words to help us better understand the extent of God's love for individuals and all mankind, and the nature of afterlife destinies. The original translation is unaltered and a note is added to 64 Old Testament and 200 New Testament verses. Compare the meanings below to the Strong's Concordance and Glossary definitions.

Abyssos g12

Greek: proper noun, place
Usage: 9 times in 3 books, 6 chapters, and 9 verses
Meaning:

Temporary prison for special fallen angels such as Apollyon, the Beast, and Satan.

aïdios g126

Greek: adjective
Usage: 2 times in Romans 1:20 and Jude 6
Meaning:

Lasting, enduring forever, eternal.

aiōn g165

Greek: noun
Usage: 127 times in 22 books, 75 chapters, and 102 verses
Meaning:

A lifetime or time period with a beginning and end, an era, an age, the completion of which is beyond human perception, but known only to God the creator of the aiōns, Hebrews 1:2. Never meaning simple endless or infinite chronological time in Greek usage. Read Dr. Heleen Keizer and Ramelli and Konstan for proofs.

aiōnios g166

Greek: adjective
Usage: 71 times in 19 books, 44 chapters, and 69 verses
Meaning:

From start to finish, pertaining to the age, lifetime, entirety, complete, or even consummate. Never meaning simple endless or infinite chronological time in Koine Greek usage. Read Dr. Heleen Keizer and Ramelli and Konstan for proofs.

eleēsē g1653

Greek: verb, aorist tense, active voice, subjunctive mood, 3rd person singular
Usage: 1 time in this conjugation, Romans 11:32
Meaning:

To have pity on, to show mercy. Typically, the subjunctive mood indicates possiblity, not certainty. However, a subjunctive in a purpose clause is a resulting action as certain as the causal action. The subjunctive in a purpose clause functions as an indicative, not an optative. Thus, the grand conclusion of grace theology in Romans 11:32 must be clarified. God's mercy on all is not a possibility, but a certainty. See ntgreek.org.

Geenna g1067
Greek: proper noun, place
Usage: 12 times in 4 books, 7 chapters, and 12 verses
Meaning:
Valley of Hinnom, Jerusalem's trash dump, a place of ruin, destruction, and judgment in this life, or the next, though not eternal to Jesus' audience.

Hadēs g86
Greek: proper noun, place
Usage: 11 times in 5 books, 9 chapters, and 11 verses
Meaning:
Synonomous with Sheol, though in New Testament usage Hades is the temporal place of punishment for deceased unbelieving mankind, distinct from Paradise for deceased believers.

Limnē Pyr g3041 g4442
Greek: proper noun, place
Usage: Phrase 5 times in the New Testament
Meaning:
Lake of Fire, final punishment for those not named in the Book of Life, prepared for the Devil and his angels, Matthew 25:41.

Sheol h7585
Hebrew: proper noun, place
Usage: 66 times in 17 books, 50 chapters, and 64 verses
Meaning:
The grave or temporal afterlife world of both the righteous and unrighteous, believing and unbelieving, until the general resurrection.

Tartaroō g5020
Greek: proper noun, place
Usage: 1 time in 2 Peter 2:4
Meaning:
Temporary prison for particular fallen angels awaiting final judgment.

ခက်ဆစ် +

AionianBible.org/Bibles/Myanmar---Burmese-Judson/Noted

Glossary references are below. Strong's Hebrew and Greek number notes are added to 64 Old Testament and 200 New Testament verses. Questioned verse translations do not contain Aionian Glossary words and may wrongly imply *eternal* or *Hell*. * The note placement is skipped or adjusted for verses with non-standard numbering.

Abyssos

လုကာ ၈:၃၁
ရောမ ၁၀:၇
ဗျာဒိတ်ကျမ်း ၉:၁
ဗျာဒိတ်ကျမ်း ၉:၂
ဗျာဒိတ်ကျမ်း ၉:၁၁
ဗျာဒိတ်ကျမ်း ၁၁:၇
ဗျာဒိတ်ကျမ်း ၁၇:၈
ဗျာဒိတ်ကျမ်း ၂၀:၁
ဗျာဒိတ်ကျမ်း ၂၀:၃

aïdios

ရောမ ၁:၂၀
ယုဒ ၁:၆

aiōn

မဿဲ ၁၂:၃၂
မဿဲ ၁၃:၂၂
မဿဲ ၁၃:၃၉
မဿဲ ၁၃:၄၀
မဿဲ ၁၃:၄၉
မဿဲ ၂၁:၁၉
မဿဲ ၂၄:၃
မဿဲ ၂၈:၂၀
မာကု ၃:၂၉
မာကု ၄:၁၉
မာကု ၁၀:၃၀
လုကာ ၁:၃၃
လုကာ ၁:၅၅
လုကာ ၁:၇၀
လုကာ ၁၆:၈
လုကာ ၁၈:၃၀
လုကာ ၂၀:၃၄
လုကာ ၂၀:၃၅
ယောဟန် ၄:၁၄
ယောဟန် ၆:၅၁
ယောဟန် ၆:၅၈
ယောဟန် ၈:၃၅
ယောဟန် ၈:၅၁
ယောဟန် ၈:၅၂
ယောဟန် ၉:၃၂
ယောဟန် ၁၀:၂၈
ယောဟန် ၁၁:၂၆
ယောဟန် ၁၂:၃၄
ယောဟန် ၁၃:၈
ယောဟန် ၁၄:၁၆
တမန်တော်၀တ္ထု ၃:၂၁
တမန်တော်၀တ္ထု ၁၅:၁၈
ရောမ ၁:၂၅
ရောမ ၉:၅
ရောမ ၁၁:၃၆
ရောမ ၁၂:၂
ရောမ ၁၆:၂၇
၁ ကောရိန္သု ၁:၂၀
၁ ကောရိန္သု ၂:၆
၁ ကောရိန္သု ၂:၇
၁ ကောရိန္သု ၂:၈
၁ ကောရိန္သု ၃:၁၈
၁ ကောရိန္သု ၈:၁၃
၁ ကောရိန္သု ၁၀:၁၁
၂ ကောရိန္သု ၄:၄
၂ ကောရိန္သု ၉:၉
၂ ကောရိန္သု ၁၁:၃၁
ဂလာတိ ၁:၄
ဂလာတိ ၁:၅
ဧဖက် ၁:၂၁
ဧဖက် ၂:၂*
ဧဖက် ၂:၇
ဧဖက် ၃:၉
ဧဖက် ၃:၁၁
ဧဖက် ၃:၂၁
ဧဖက် ၆:၁၂
ဖိလိပ္ပိ ၄:၂၀
ကောလောသဲ ၁:၂၆*
၁ တိမောသေ ၁:၁၇
၁ တိမောသေ ၆:၁၇
၂ တိမောသေ ၄:၁၀
၂ တိမောသေ ၄:၁၈
တိတု ၂:၁၂
ဟေဗြဲ ၁:၂
ဟေဗြဲ ၁:၈
ဟေဗြဲ ၅:၆
ဟေဗြဲ ၆:၅
ဟေဗြဲ ၆:၂၀
ဟေဗြဲ ၇:၁၇
ဟေဗြဲ ၇:၂၁
ဟေဗြဲ ၇:၂၄
ဟေဗြဲ ၇:၂၈
ဟေဗြဲ ၉:၂၆
ဟေဗြဲ ၁၁:၃
ဟေဗြဲ ၁၃:၈
ဟေဗြဲ ၁၃:၂၁
၁ ပေတရု ၁:၂၃
၁ ပေတရု ၄:၁၁
၁ ပေတရု ၅:၁၁
၂ ပေတရု ၃:၁၈
၁ ယောဟန် ၂:၁၇
၂ ယောဟန် ၁:၂*
ယုဒ ၁:၁၃
ယုဒ ၁:၂၅
ဗျာဒိတ်ကျမ်း ၁:၆
ဗျာဒိတ်ကျမ်း ၁:၁၈
ဗျာဒိတ်ကျမ်း ၄:၉
ဗျာဒိတ်ကျမ်း ၄:၁၀
ဗျာဒိတ်ကျမ်း ၅:၁၃
ဗျာဒိတ်ကျမ်း ၇:၁၂
ဗျာဒိတ်ကျမ်း ၁၀:၆
ဗျာဒိတ်ကျမ်း ၁၁:၁၅
ဗျာဒိတ်ကျမ်း ၁၄:၁၁
ဗျာဒိတ်ကျမ်း ၁၅:၇
ဗျာဒိတ်ကျမ်း ၁၉:၃
ဗျာဒိတ်ကျမ်း ၂၀:၁၀
ဗျာဒိတ်ကျမ်း ၂၂:၅

aiōnios

မဿဲ ၁၈:၈
မဿဲ ၁၉:၁၆
မဿဲ ၁၉:၂၉
မဿဲ ၂၅:၄၁
မဿဲ ၂၅:၄၆
မာကု ၃:၂၉
မာကု ၁၀:၁၇
မာကု ၁၀:၃၀
လုကာ ၁၀:၂၅
လုကာ ၁၆:၉
လုကာ ၁၈:၁၈
လုကာ ၁၈:၃၀
ယောဟန် ၃:၁၅
ယောဟန် ၃:၁၆
ယောဟန် ၃:၃၆
ယောဟန် ၄:၁၄
ယောဟန် ၄:၃၆
ယောဟန် ၅:၂၄
ယောဟန် ၅:၃၉
ယောဟန် ၆:၂၇
ယောဟန် ၆:၄၀
ယောဟန် ၆:၄၇
ယောဟန် ၆:၅၄
ယောဟန် ၆:၆၈

ယောဟန် ၁၀:၂၈
ယောဟန် ၁၂:၂၅
ယောဟန် ၁၂:၅၀
ယောဟန် ၁၇:၂
ယောဟန် ၁၇:၃
တမန်တော်၀တ္ထု ၁၃:၄၆
တမန်တော်၀တ္ထု ၁၃:၄၈
ရောမ ၂:၇
ရောမ ၅:၂
ရောမ ၆:၂၂
ရောမ ၆:၂၃
ရောမ ၁၆:၂၅
ရောမ ၁၆:၂၆
၂ ကောရိန္သု ၄:၁၇
၂ ကောရိန္သု ၄:၁၈
၂ ကောရိန္သု ၅:၁
ဂလာတိ ၆:၈
၂ သက်သာလောနိတ် ၁:၉*
၂ သက်သာလောနိတ် ၂:၁၆
၁ တိမောသေ ၁:၁၆
၁ တိမောသေ ၆:၁၂
၁ တိမောသေ ၆:၁၆
၂ တိမောသေ ၁:၉
၂ တိမောသေ ၂:၁၀
တိတု ၁:၂
တိတု ၃:၇
ဖိလေမုန် ၁:၁၅
ဟေဗြဲ ၅:၉
ဟေဗြဲ ၆:၂
ဟေဗြဲ ၉:၁၂
ဟေဗြဲ ၉:၁၄
ဟေဗြဲ ၉:၁၅
ဟေဗြဲ ၁၃:၂၀
၁ ပေတရု ၅:၁၀
၂ ပေတရု ၁:၁၁
၁ ယောဟန် ၁:၂
၁ ယောဟန် ၂:၂၅
၁ ယောဟန် ၃:၁၅
၁ ယောဟန် ၅:၁၁
၁ ယောဟန် ၅:၁၃
၁ ယောဟန် ၅:၂၀
ယုဒ ၁:၇
ယုဒ ၁:၂၁
ဗျာဒိတ်ကျမ်း ၁၄:၆

eleēsē

ရောမ ၁၁:၃၂

Geenna

မဿဲ ၅:၂၂
မဿဲ ၅:၂၉
မဿဲ ၅:၃၀
မဿဲ ၁၀:၂၈
မဿဲ ၁၈:၉
မဿဲ ၂၃:၁၅
မဿဲ ၂၃:၃၃
မာကု ၉:၄၃*
မာကု ၉:၄၅*
လုကာ ၁၂:၅
ယာကုပ် ၃:၆

Hadēs

မဿဲ ၁၁:၂၃
မဿဲ ၁၆:၁၈
လုကာ ၁၀:၁၅
လုကာ ၁၆:၂၃
တမန်တော်၀တ္ထု ၂:၂၇
တမန်တော်၀တ္ထု ၂:၃၁
၁ ကောရိန္သု ၁၅:၅၅
ဗျာဒိတ်ကျမ်း ၁:၁၈
ဗျာဒိတ်ကျမ်း ၆:၈
ဗျာဒိတ်ကျမ်း ၂၀:၁၃
ဗျာဒိတ်ကျမ်း ၂၀:၁၄

Limnē Pyr

ဗျာဒိတ်ကျမ်း ၁၉:၂၀
ဗျာဒိတ်ကျမ်း ၂၀:၁၀
ဗျာဒိတ်ကျမ်း ၂၀:၁၄
ဗျာဒိတ်ကျမ်း ၂၀:၁၅
ဗျာဒိတ်ကျမ်း ၂၁:၈

Sheol

ကမ္ဘာဦး ၃၇:၃၅
ကမ္ဘာဦး ၄၂:၃၈
ကမ္ဘာဦး ၄၄:၂၉
ကမ္ဘာဦး ၄၄:၃၁
တောလည်ရာ ၁၆:၃၀
တောလည်ရာ ၁၆:၃၃
တရားဟောရာ ၃၂:၂၂
၁ ဓမ္မရာဇဝင် ၂:၆
၂ ဓမ္မရာဇဝင် ၂၂:၆
၃ ဓမ္မရာဇဝင် ၂:၉
ယောဘ ၇:၉
ယောဘ ၁၁:၈
ယောဘ ၁၄:၁၃
ယောဘ ၁၇:၁၃
ယောဘ ၁၇:၁၆
ယောဘ ၂၁:၁၃
ယောဘ ၂၄:၁၉
ယောဘ ၂၆:၆
ဆာလံ ၆:၅
ဆာလံ ၉:၁၇
ဆာလံ ၁၆:၁၀
ဆာလံ ၁၈:၅
ဆာလံ ၃၀:၃
ဆာလံ ၃၁:၁၇
ဆာလံ ၄၉:၁၄
ဆာလံ ၄၉:၁၅
ဆာလံ ၅၅:၁၅
ဆာလံ ၈၆:၁၃
ဆာလံ ၈၈:၃
ဆာလံ ၈၉:၄၈
ဆာလံ ၁၁၆:၃
ဆာလံ ၁၃၉:၈
ဆာလံ ၁၄၃:၇
သုတ္တံကျမ်း ၁:၁၂
သုတ္တံကျမ်း ၅:၅
သုတ္တံကျမ်း ၇:၂၇
သုတ္တံကျမ်း ၉:၁၈
သုတ္တံကျမ်း ၁၅:၁၁
သုတ္တံကျမ်း ၁၅:၂၄
သုတ္တံကျမ်း ၂၃:၁၄
သုတ္တံကျမ်း ၂၇:၂၀
သုတ္တံကျမ်း ၃၀:၁၆
ဒေသနာ ၉:၁၀
ရှောလမုန်သီချင်း ၈:၆
ဟေရှာယ ၅:၁၄
ဟေရှာယ ၇:၁၁
ဟေရှာယ ၁၄:၉
ဟေရှာယ ၁၄:၁၁
ဟေရှာယ ၁၄:၁၅
ဟေရှာယ ၂၈:၁၅
ဟေရှာယ ၃၈:၁၀
ဟေရှာယ ၃၈:၁၈
ဟေရှာယ ၅၇:၉
ယေဇကျေလ ၃၁:၁၅
ယေဇကျေလ ၃၁:၁၆
ယေဇကျေလ ၃၁:၁၇
ယေဇကျေလ ၃၂:၂၁
ယေဇကျေလ ၃၂:၂၇
ဟောရှေ ၁၃:၁၄
အာမုတ် ၉:၂
ယောန ၂:၂
ဟဗက္ကုတ် ၂:၅

Tartaroō

၂ ပေတရု ၂:၄

Questioned

၂ ပေတရု ၂:၁၇



အာဗြဟံ သည် အမွေ ခံရ လတံ့သောပြည် သို့ ထွက်သွား မည်အကြောင်း၊ ဘုရားသခင်ခေါ် တော်မူသောအခါ၊ သူသည်အဘယ် အရပ်သို့သွားသည် ကို ကိုယ်တိုင်မ သိ ဘဲလျက်၊ ယုံကြည် ခြင်းအားဖြင့်နားထောင် ၍ ထွက်သွား လေ၏ - ဟေဗြဲ ၁၁:၈



ဣသရေလလူ တို့ကို ဖာရော ဘုရင်လွှတ် သောနောက် ၊ ဖိလိတ္တိ ပြည် ကို ရှောက်သောလမ်း သည် ဖြောင့် သော်လည်း ၊ ထို လမ်းဖြင့် ဘုရား သခင်ဆောင် တော်မ မူ။ အကြောင်းမူကား ၊
သူ တို့သည် စစ်မှု ကို တွေ့မြင် သောအခါ စိတ်ပျက် ၍ ၊ အဲဂုတ္တုပြည်သို့ ပြန်ကောင်းပြန် ကြလိမ့်မည်ဟု သိ တော်မူ၏။ - ထွက်မြောက်ရာ ၁၃:၁၇


Caesarea-
Philippi
Tyre
Capernaum
Galilee
Nazareth
Samaria
Sychar
Jericho
Jerusalem
Bethany
Bethlehem
Judea
N
Jesus' Journeys

လူဇာတိ အားဖြင့် ဒါဝိဒ် အမျိုး ဖြစ် တော်မူထသော၊ - ရောမ ၁:၁


Creation 4004 B.C.
New Heavens and Earth
Adam and Eve created 4004
Tubal-cain forges metal 3300
Enoch walks with God 3017
Methuselah dies at age 969 2349
God floods the Earth 2349
Tower of Babel thwarted 2247
Abraham sojourns to Canaan 1922
Jacob moves to Egypt 1706
Moses leads Exodus from Egypt 1491
Gideon judges Israel 1245
Ruth embraces the God of Israel 1168
David installed as King 1055
King Solomon builds the Temple 1018
Elijah defeats Baal's prophets 896
Jonah preaches to Nineveh 800
Assyrians conquer Israelites 721
King Josiah reforms Judah 630
Babylonians capture Judah 605
Persians conquer Babylonians 539
Cyrus frees Jews, rebuilds Temple 537
Nehemiah rebuilds the wall 454
Malachi prophecies the Messiah 416
Greeks conquer Persians 331
Seleucids conquer Greeks 312
Hebrew Bible translated to Greek 250
Maccabees defeat Seleucids 165
Romans subject Judea 63
Herod the Great rules Judea 37
(The Annals of the World, James Uusher)
Christ returns for his people
1956 Jim Elliot martyrd in Ecuador
1830 John Williams reaches Polynesia
1731 Zinzendorf leads Moravian mission
1614 Japanese kill 40,000 Christians
1572 Jesuits reach Mexico
1517 Martin Luther leads Reformation
1455 Gutenberg prints first Bible
1323 Franciscans reach Sumatra
1276 Ramon Llull trains missionaries
1100 Crusades tarnish the church
1054 The Great Schism
997 Adalbert marytyrd in Prussia
864 Bulgarian Prince Boris converts
716 Boniface reaches Germany
635 Alopen reaches China
569 Longinus reaches Alodia / Sudan
432 Saint Patrick reaches Ireland
397 Carthage ratifies Bible Canon
341 Ulfilas reaches Goth / Romania
325 Niceae proclaims God is Trinity
250 Denis reaches Paris, France
197 Tertullian writes Christian literature
70 Titus destroys the Jewish Temple
61 Paul imprisoned in Rome, Italy
52 Thomas reaches Malabar, India
39 Peter reaches Gentile Cornelius
33 Holy Spirit empowers the Church
(Wikipedia, Timeline of Christian missions)
Jesus Christ born 4 B.C.
Resurrected 33 A.D.

What are we?			Genesis 1:26 - 2:3		Mankind is created in God's image, male and female He created us				
How are we sinful?			Romans 5:12-19		Sin entered the world through Adam and then death through sin				
Where are we?			**When are we?**						
			Innocence		Fallen				Glory
			Eternity Past	Creation 4004 B.C.	Fall to sin No Law	Moses' Law 1500 B.C.	Christ 33 A.D.	Church Age Kingdom Age	New Heavens and Earth
Who are we?	God	Father	John 10:30 God's perfect fellowship	Genesis 1:31 God's perfect fellowship with Adam in The Garden of Eden	1 Timothy 6:16 Living in unapproachable light				Acts 3:21 Philippians 2:11 Revelation 20:3 God's perfectly restored fellowship with all Mankind praising Christ as Lord in the Holy City
		Son			John 8:58 Pre-incarnate		John 1:14 Incarnate	Luke 23:43 Paradise	
		Holy Spirit			Psalm 139:7 Everywhere		John 14:17 Living in believers		
	Mankind	Living	Genesis 1:1 No Creation No people		Ephesians 2:1-5 Serving the Savior or Satan on Earth				
		Deceased believing			Luke 16:22 Blessed in Paradise				
		Deceased unbelieving			Luke 16:23, Revelation 20:5,13 Punished in Hades until the final judgment				
	Angels	Holy			Hebrews 1:14 Serving mankind at God's command				
		Imprisoned		Genesis 1:31 No Fall No unholy Angels	2 Peter 2:4, Jude 6 Imprisoned in Tartarus				Matthew 25:41 Revelation 20:10 Lake of Fire prepared for the Devil and his Angels
		Fugitive			1 Peter 5:8, Revelation 12:10 Rebelling against Christ Accusing mankind			Revelation 20:13 Thalaasa	
		First Beast						Revelation 19:20 Lake of Fire	
		False Prophet							
		Satan						Revelation 20:2 Abyss	
Why are we?			Romans 11:25-36, Ephesian 2:7		For God has bound all over to disobedience in order to show mercy to all				

မြန်မာဘာသာ at AionianBible.org/Destiny

The Aionian Bible shows the location of eleven special Greek and Hebrew Aionian Glossary words to help us better understand God's love for individuals and for all mankind, and the nature of after-life destinies. The underlying Hebrew and Greek words typically translated as *Hell* show us that there are not just two after-life destinies, Heaven or Hell. Instead, there are a number of different locations, each with different purposes, different durations, and different inhabitants. Locations include 1) Old Testament *Sheol* and New Testament *Hadēs*, 2) *Geenna*, 3) *Tartaroō*, 4) *Abyssos*, 5) *Limnē Pyr*, 6) *Paradise*, 7) *The New Heaven*, and 8) *The New Earth*. So there is reason to review our conclusions about the destinies of redeemed mankind and fallen angels.

The key observation is that fallen angels will be present at the final judgment, 2 Peter 2:4 and Jude 6. Traditionally, we understand the separation of the Sheep and the Goats at the final judgment to divide believing from unbelieving mankind, Matthew 25:31-46 and Revelation 20:11-15. However, the presence of fallen angels alternatively suggests that Jesus is separating redeemed mankind from the fallen angels. We do know that Jesus is the helper of mankind and not the helper of the Devil, Hebrews 2. We also know that Jesus has atoned for the sins of all mankind, both believer and unbeliever alike, 1 John 2:1-2. Deceased believers are rewarded in Paradise, Luke 23:43, while unbelievers are punished in Hades as the story of Lazarus makes plain, Luke 16:19-31. Yet less commonly known, the punishment of this selfish man and all unbelievers is before the final judgment, is temporal, and is punctuated when Hades is evacuated, Revelation 20:13. So is there hope beyond Hades for unbelieving mankind? Jesus promised, *"the gates of Hades will not prevail,"* Matthew 16:18. Paul asks, *"Hades where is your victory?"* 1 Corinthians 15:55. John wrote, *"Hades gives up,"* Revelation 20:13.

Jesus comforts us saying, *"Do not be afraid,"* because he holds the keys to *unlock* death and Hades, Revelation 1:18. Yet too often our *Good News* sounds like a warning to *"be afraid"* because Jesus holds the keys to *lock* Hades! Wow, we have it backwards! Hades will be evacuated! And to guarrantee hope, once emptied, Hades is thrown into the Lake of Fire, never needed again, Revelation 20:14.

Finally, we read that anyone whose name is not written in the Book of Life is thrown into the Lake of Fire, the second death, with no exit ever mentioned or promised, Revelation 21:1-8. So are those evacuated from Hades then, *"out of the frying pan, into the fire?"* Certainly, the Lake of Fire is the destiny of the Goats. But, do not be afraid. Instead, read the Bible's explicit mention of the purpose of the Lake of Fire and the identity of the Goats, *"Then he will say also to those on the left hand, 'Depart from me, you cursed, into the consummate fire which is prepared for... the devil and his angels,'"* Matthew 25:41. Bad news for the Devil. Good news for all mankind!

Faith is not a pen to write your own name in the Book of Life. Instead, faith is the glasses to see that the love of Christ for all mankind has already written our names in Heaven. Jesus said, *"You did not choose me, but I chose you," John 15:16*. Though unbelievers will suffer regrettable punishment in Hades, redeemed mankind will never enter the Lake of Fire, prepared for the devil and his angels. And as God promised, all mankind will worship Christ together forever, Philippians 2:9-11.

သင်တို့သွား ၍ လူမျိုး တကာ တို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော် ၊ သား တော်၊ သန့်ရှင်း သော ဝိညာဉ် တော်၏နာမ ၌ ဗတ္တိဇံ ကို ပေးကြလော့။ - မဿဲ ၂၈:၁၉